ငါးဆယ်တို့တွင် ငါးယောက်မပြည့်လျှင်၊ ထိုငါးယောက်မပြည့်သော အတွက်ကြောင့်၊ ထိုမြို့လုံးကို ဖျက်ဆီးတော်မူမည်လောဟု
မေးလျှောက်ပြန်သော်၊ ထိုမြို့၌ လေးဆယ့်ငါးယောက်ကို ငါတွေ့လျှင်၊ ငါမဖျက်ဆီးဟု မိန့်တော်မူ၏။ 29 တဖန်တုံ၊ ထိုမြို့၌
လေးဆယ်ကိုတွေ့ကောင်းတွေ့တော် မူလိမ့်မည်ဟု လျှောက်ဆိုပြန်လျှင်၊ ထိုလေးဆယ်အတွက် ငါမပြုဘဲနေမည်ဟု မိန့်တော်မူ၏။ 30
တဖန်တုံ၊ အိုဘုရားရှင်၊ စိတ်ရှိတော်မမူပါနှင့်၊ အကျွန်ုပ် လျှောက်ပါရစေ။ ထိုမြို့၌သုံးဆယ်ကို တွေ့ ကောင်းတွေ့တော်မူလိမ့်မည်ဟု
လျှောက်ဆိုပြန်လျှင်၊ ထိုမြို့၌ သုံးဆယ်ကိုငါတွေ့လျှင်၊ ငါမပြုဟုမိန့်တော်မူ၏။ 31 တဖန်တုံ၊ အကျွန်ုပ်သည် ထာဝရဘုရားကို ယခု
လျှောက်မည်ဟု အားထုတ်ပါ၏။ ထိုမြို့၌ နှစ်ဆယ်ကို တွေ့ကောင်းတွေ့တော်မူလိမ့်မည်ဟု လျှောက်ဆိုပြန်လျှင်၊ နှစ်ဆယ်အတွက်
ငါမဖျက်ဆီးဘဲနေမည်ဟု မိန့်တော်မူ၏။ 32 အိုဘုရားရှင်၊ စိတ်ရှိတော်မမူပါနှင့်။ သည် တကြိမ် အကျွန်ုပ်လျှောက်ပါရစေဦး။ ထိုမြို့၌
တဆယ်ကို တွေ့ကောင်းတွေ့တော်မူလိမ့်မည်ဟု လျှောက်ဆိုပြန်လျှင်၊ တဆယ်အတွက် ငါမဖျက်ဆီးဘဲနေမည်ဟု မိန့်တော်မူ၏။ 33

 generated on Tue Jul 2 12:50:28 2024

ထာဝရဘုရားသည် အာဗြံဟံနှင့် နှုတ်ဆက်ခြင်း အမှုကုန်စင်ပြီးမှ ကြွသွားတော်မူ၏။ အာဗြံဟံသည် လည်း မိမိနေရာအရပ်သို့ ပြန်လေ၏။

---


generated on Tue Jul 2 12:50:28 2024

## Chapter 19

[1] ကောင်းကင်တမန်နှစ်ပါးတို့သည် ညဦးအချိန်၌ သောဒုံမြို့သို့ ရောက်လာ၏။ လောတသည် မြို့တံခါးဝ၌ ထိုင်လျက်
သူတို့ကိုမြင်လျှင်၊ ခရီးဦးကြိုပြုခြင်းငှါ ထ၍ မြေ၌ ဦးညွတ်ချလျက်၊ [2] အကျွန်ုပ်သခင်တို့၊ ကိုယ်တော်တို့ ကျွန်၏အိမ်သို့ ဝင်၍
တညဥ့်လုံးနေကြပါ။ ခြေကိုဆေးကြပါ။ နံနက် စောစောထ၍ ကြွသွားကြပါလော့ဟု ဆိုလေ၏။ ကောင်းကင်တမန်တို့က၊
ငါတို့သည်မဝင်၊ တညဥ့်လုံးလမ်း၌ နေတော့မည်ဟု ဆိုသော်လည်း၊ [3] ကျပ်ကျပ်သွေးဆောင်သောကြောင့် တဖန် လောတနောသို့
လှည့်၍ သူ၏အိမ်သို့ဝင်ကြ၏။ လောတ လည်း သူတို့အဘို့ ပွဲလုပ်၍ တဆေးမပါသော မုန့်ကို ပေါင်းပြီးမှ သူတို့သည်စားကြ၏။ [4]
ထိုသူတို့သည် မအိပ်မီ သောဒုံမြို့သား ယောက်ျားအကြီးအငယ်၊ အရပ်ရပ်ကလာသော သူအပေါင်း တို့သည် အိမ်ကို ဝိုင်း၍၊ [5]
လောတကို ဟစ်ခေါ်လျက် ယနေ့ညမှာ သင့် အိမ်သို့ ဝင်သော လူတို့သည် အဘယ်မှာရှိသနည်း။ ထိုသူတို့နှင့်ငါတို့သည်
ဆက်ဆံလိုသည် ဖြစ်၍ ငါတို့ထံသို့ ထွက်စေလော့ဟု ဆိုကြ၏။ [6] လောတသည်လည်း၊ တံခါးပြင်မှာ သူတို့ထံသို့ ထွက်၍၊ မိမိနောက်၌
တံခါးကို ပိတ်ပြီးလျှင်၊ [7] ညီအစ်ကိုတို့၊ အဓမ္မအမှုကို ဤမျှလောက် မပြုကြပါနှင့်။ [8] အကျွန်ုပ်၌ ယောကျာ်းနှင့် မဆက်ဆံသော
သမီးနှစ်ယောက်ရှိပါ၏။ သူတို့ကို သင်တို့ထံသို့ထုတ်ရသော အခွင့်ကိုပေးကြပါလော့။ သူတို့၌ ပြုချင်သမျှပြုကြပါလော့။ ဤလူတို့၌
အလျှင်မပြုကြပါနှင့်။ အကြောင်းမူကား၊ သူတို့သည် အကျွန်ုပ်အိမ်မိုးအရိပ်ကို ခိုနေပါ၏ဟု တောင်းပန်သော်လည်း၊ [9] သူတို့က
ဆုတ်လော့ဟုဆိုကြ၏။ တဖန်ကား၊ သင်သည် တည်းခိုးခြင်းငှာ သာရောက်လာသည်နှင့် တရားသူကြီးလုပ်ရမည်လော။ ယခုမှာ
ထိုသူတို့၌ ပြုသည်ထက်၊ သင်၌သာ၍ဆိုးသောအမှုကိုပြုမည်ဟုဆိုလျက်၊ လောတကို ကျပ်ကျပ်ဖိ၍ တံခါးကိုလည်း ပေါက်ခွဲချိုးဖဲ့
ခြင်းငှါ ချဉ်းလာကြ၏။ [10] ထိုအခါ ကောင်းကင်တမန်တို့သည် လက်ကိုဆန့်၍ လောတကို မိမိတို့နေရာအိမ်အတွင်းသို့ ဆွဲသွင်း
ပြီးလျှင် တံခါးကို ပိတ်ကြ၏။ [11] အိမ်တံခါးနားမှာ ရှိသောသူအကြီးအငယ်တို့ကို မျက်စိကန်းစေခြင်းငှါ ဒဏ်ခတ်သဖြင့် သူတို့သည်
တံခါး ကိုရှာ၍ ပင်ပန်းခြင်းသို့ ရောက်ကြ၏။ [12] ကောင်းကင်တမန်တို့ကလည်း၊ ဤအရပ်၌ သင်နှင့်ဆိုင်သောသူ ရှိသေးသလော။
သားသမီး၊ သမက်၊ မြို့ထဲမှာ သင်၌ရှိသမျှကို ဤအရပ်က ထုတ်ဆောင် လော့။ [13] ဤအရပ်ကို ငါတို့သည် ဖျက်ဆီးရမည်။
အကြောင်းမူကား၊ အရပ်သားတို့သည် ထာဝရဘုရား ရှေ့တော်မှာ အလွန်ကြွေးကြော်ခြင်းရှိသည်ဖြစ်၍၊ ဖျက်ဆီးစေခြင်းငှါ
ထာဝရဘုရားသည် ငါတို့ကို စေလွှတ် တော်မူပြီဟု လောတအား ပြောဆိုကြ၏။ [14] လောတထွက်၍ သမီးနှင့်စုံဘက်သောသူ၊ မိမိ
သမက်တို့အား ထကြ၊ ဤအရပ်မှ ထွက်သွားကြ၊ ဤမြို့ကို ထာဝရဘုရား ဖျက်ဆီးတော်မူမည်ဟုဆိုသော်လည်း၊ ကျီးစားဟန်သည်ဟု
သမက်တို့ ထင်ကြ၏။ [15] မိုဃ်းသောက်သောအခါ၊ ကောင်းကင်တမန် တို့သည် လောတကို ဆော်လျက်၊ သင်သည်ထ၍
ဤအရပ်၌ရှိသော မယားနှင့်သမီး နှစ်ယောက်တို့ကို ယူသွားလော့။ သို့မဟုတ်၊ မြို့၏အပြစ်၌ဆုံးခြင်းသို့ ရောက်လိမ့်မည်ဟု
ဆိုသော်လည်း၊ [16] သူသည်ဖင့်နွဲ့သောခါ ထာဝရဘုရားသနား တော်မူသောကြောင့် ကောင်းတမန်တို့သည် သူနှင့်သူ၏ မယား၊
သူ၏သမီးနှစ်ယောက်တို့ကို လက်ဆွဲ၍ မြို့ပြင်သို့ ထုတ်ဆောင်ကြ၏။ [17] ပြင်သို့ရောက်သောအခါ၊ သင်သည် အသက်
ချမ်းသာရခြင်းငှါ ပြေးလော့။ နောက်သို့လှည့်၍ မကြည့် နှင့်၊ မြေညီသောအရပ်၌ အလျှင်းမနေနှင့်။ တောင်ပေါ်သို့ ပြေးလော့။
သို့မဟုတ်ဆုံးလိမ့်မည်ဟု ဆိုလေ၏။ [18] လောတ ကလည်း၊ အကျွန်ုပ်သခင် ထိုသို့မဆိုပါနှင့်။ [19] ယခုမှာ ကိုယ်တော်ကျွန်သည်
ရှေ့တော်၌ မျက်နှာရပါပြီ။ အကျွန်ုပ်အသက်ချမ်းသာစေသဖြင့်၊ အကျွန်ုပ်၌ ပြုတော်မူသောကရုဏာ ကျေးဇူးများပြားလှပါ၏။
ဘေးလွတ်၍ တောင်ပေါ်သို့ မပြေးနိုင်ပါ။ ဘေးတစုံ တခုတွေ့၍ သေမည်ကို စိုးရိမ်ပါ၏။ [20] ကြည့်ပါ။ ထိုမြို့နီးပါ၏ ပြေးသာပါ၏။
ငယ် သောမြို့လည်း ဖြစ်ပါ၏။ ဘေးလွတ်၍ ထိုအရပ်သို့ ပြေးပါရစေ။ ထိုမြို့သည် ငယ်သောမြို့ မဟုတ်လော။ သို့ပြေးလျှင်
အသက်ချမ်းသာရပါမည်ဟု လျှောက်ဆို၏။ [21] ထိုသူကလည်း၊ ကြည့်ပါ။ ဤအမှုအရာ၌လည်း သင်၏ စကားကို
ငါနားထောင်စေခြင်းငှါ ထိုမြို့အတွက် တောင်းပန်သောကြောင့် ငါမဖျက်ဆီး။ [22] ဘေးလွတ်ခြင်းငှါ ထိုမြို့သို့ အလျင်အမြန်ပြေး
လော့။ ထိုမြို့သို့ မရောက်မီ ငါသည် အဘယ်အမှုကိုမျှ မပြုနိုင်ဟုဆိုလေ၏။ ထိုကြောင့် ထိုမြို့ကို ဇောရမြို့ဟု သမုတ်ကြ၏။ [23]
လောတသည် ဇောရမြို့သို့ ဝင်သောအခါ၊ မြေကြီးပေါ်မှာ နေထွက်ချိန်ဖြစ်သတည်း။ [24] ထိုအခါ ထာဝရဘုရားသည်
ကောင်းကင်ထက်၊ အထံတော်မှ သောဒုံမြို့နှင့် ဂေါမောရမြို့အပေါ်သို့ ကန့်နှင့် မီးမိုဃ်းကို ရွာစေတော်မူ၏။ [25] ထိုမြို့တို့ကိုငှင်း၊
ချိုင့်အရပ် တရှောက်လုံးကိုငှင်း၊ မြို့သားအပေါင်းတို့ကိုငှင်း မြေ၌ ပေါက်သမျှကိုငှင်း၊ မှောက်လဲတော်မူ၏။ [26] လောတ၏
မယားမူကား နောက်သို့ လှည့်ကြည့် ၍ ဆားတိုင်ဖြစ်လေ၏။ [27] နံနက်စောစော အာဗြဟံသည် ထ၍၊ ထာဝရ ဘုရားရှေ့တော်၌
ရပ်နေသော အရပ်သို့ သွားပြီးလျှင်၊ [28] သောဒုံမြို့နှင့် ဂေါမောရမြို့မှ စသောချိုင့် အရပ်တရှောက်လုံးကို ကြည့်ရှု၍၊ မီးဖိုခ်၌ အခိုးကဲ့သို့၊
တပြည်လုံးအခိုးတက်သည်ကို မြင်လေ၏။ [29] ထိုသို့ဘုရားသခင်သည် ချိုင့်ထဲမှာ ရှိသောမြို့ တို့ကို ဖျက်ဆီးသောအခါ အာဗြဟံကို
အောက်မေ့တော် မူ၏။ လောတနေသော မြို့တို့ကို မှောက်လှဲသောအခါ မောက်လှဲထဲကလောတကို လွှတ်လိုက်တော်မူ၏။ [30]
လောတသည် ဇောရမြို့မှ ထွက်၍၊ သမီး နှစ်ယောက်နှင့်တကွ တောင်ပေါ်မှာနေ၏။ ဇောရမြို့၌ မနေဝံ့၍၊ သမီးနှစ်ယောက်နှင့်တကွ
ဥမင်၌ နေ၏။ [31] သမီးအကြီးက၊ ငါတို့အဘ အိုပြီး မြေကြီးသား အပေါင်းတို့၏ ဘာသာအတိုင်း ငါတို့ထံသို့ ဝင်ရသော
ယောကျာ်းတယောက်မျှ မြေပေါ်မှာ မရှိ။ [32] လာကြ။ ငါတို့အဘကိုစပျစ်ရည်တိုက်ကြစို့။ ငါတို့အဘ၏ အမျိုးအနွယ်ကို စောင့်မ၍
သူနှင့်အိပ်ကြ စို့ဟု ညီမကိုပြောဆို၏။ [33] ထိုနေ့ညမှာ သူတို့သည် အဘကို စပျစ်ရည် တိုက်ပြီးလျှင်၊ သမီးအကြီးသည် ဝင်၍ အဘနှင့်


generated on Tue Jul 2 12:50:28 2024

အိပ်လေ ၏။ သူအိပ်ကြောင်းကိုင်း၊ ထကြောင်းကိုင်း အဘ မသိ။ 34 နက်ဖြန်နေ့တွင် အကြီးကလည်း မနေ့ညမှာ ငါသည် အဘနှင့်
အိပ်လေပြီ။ ယနေ့ညတဖန်သူ့ကို စပျစ် ရည်တိုက်ကြစို့။ သင်သည်ဝင်၍ အဘ၏အမျိုးအနွယ်ကို စောင့်မခြင်းငှါ၊ သူနှင့်အိပ်လော့ဟု
ညီမကို ပြောဆို၏။ 35 ထိုနေ့ည၌လည်း သူတို့သည် အဘကို စပျစ်ရည် တိုက်ပြီးလျှင်၊ အငယ်သည်ဝင်၍အဘနှင့် အိပ်လေ၏။
အိပ်ကြောင်းကိုင်း၊ တကြောင်းကိုင်း အဘမသိ။ 36 ထိုသို့လောတ၏ သမီးနှစ်ယောက်တို့သည်၊ မိမိအဘအားဖြင့် ပဋိသန္ဓေစွဲနေ၏။
37 သမီးအကြီးသည် သားကို ဘွား၍မောဘအမည် ဖြင့် မှည့်လေ၏။ ထိုသူသည် ယနေ့တိုင်အောင်ရှိသော မောဘအမျိုးသားတို့၏
အဘဖြစ်သတည်း။ 38 သမီးအငယ်သည်လည်း သားကိုဘွား၍ ဗေနမ္မိ အမည်ဖြင့် မှည့်လေ၏။ ထိုသူသည် ယနေ့တိုင်အောင် ရှိသော
အမ္မုန်အမျိုးသားတို့၏ အဘဖြစ်သတည်း။

## Chapter 20

1 တဖန်အာဗြဟံသည် တောင်ပြည်သို့ ခရီးသွား သဖြင့်၊ ကာဒေရှမြို့နှင့် ရှုရမြို့စပ်ကြားမှာနေ၍၊ ဂေရာမြို့ သို့ တည်းခို၏။ 2 ထိုအခါ
မိမိမယားစာရာသည် မိမိနှမဖြစ်သည် ဟု၊ သူတပါးတို့အား အာဗြဟံဆိုသောကြောင့်၊ ဂေရာ မင်းကြီးအဘိမလက်သည် မိမိလူကို
စေလွှတ်၍၊ စာရာကို ယူစေ၏။ 3 ညဉ့်အချိန်တွင် အိပ်မက်အားဖြင့် ဘုရားသခင်သည် အဘိမလက်ဆီသို့ကြွလာ၍၊ သင်သည် လူသေ
ဖြစ်၏။ အကြောင်းမူကား၊ သင်ယူသော မိန်းမသည် သူ့မယားဖြစ်၏ဟု မိန့်တော်မူ၏။ 4 အဘိမလက်သည်၊ ထိုမိန်းမနှင့်
မပေါင်းဘော်သေးသည်ဖြစ်၍၊ အိုဘုရားရှင်၊ ဖြောင့်မတ်သော လူမျိုးကို ကွပ်မျက်တော်မူမည်လော။ 5 သူသည် ငါနှမဖြစ်၏ဟု
အကျွန်ုပ်အားယောကျ်ားဆိုသည် မဟုတ်ပါလော။ အကျွန်ုပ်အား သူသည်ငါ့မောင့်ဖြစ်၏ဟု မိန်းမလည်း ဆိုသည် မဟုတ် ပါလေ။
ဖြောင့်မတ်သော သဘောရှိ၍ သန့်ရှင်းသော လက်နှင့် ဤအမှုကို အကျွန်ုပ်ပြုပါပြီဟု လျှောက်ဆို၏။ 6 ထိုအိပ်မက်၌
ဘုရားသခင်ကလည်း၊ မှန်ပေ၏။ သင်သည် ဖြောင့်မတ်သောသဘောနှင့် ပြုသည်ကို ငါသိ၏။ သင်သည်ငါ့ကို မပြစ်မှားစေခြင်းငှါ၊
သင့်ကို ငါ ဆီးတားပြီး။ သို့ဖြစ်၍ ထိုမိန်းမနှင့် ပေါင်းဘော်ရသော အခွင့်ကို ငါမပေး။ 7 ယခုမှာ သူ၏မယားကို သူ့အားပြန်ပေးလော့။
သူသည် ပရောဖက်ဖြစ်၏။ သင့်အဘို့ ဆုတောင်းလျက်၊ သင်သည် အသက်ချမ်းသာရလိမ့်မည်။ ပြန်၍ မပေးဘဲ နေလျှင် သင်မှစ၍
သင်နှင့်ဆိုင်သော သူအပေါင်းတို့ သည် ဧကန်အမှန်သေမည်ဟု မိန့်တော်မူ၏။ 8 နံနက်စောစောအဘိမလက်သည် ထ၍၊
မိမိကျွန်အပေါင်းတို့ကိုခေါ် ပြီးမှ အမှုအရာအလုံးစုံကို ပြောသဖြင့်၊ ထိုသူတို့သည် အလွန်ကြောက်ကြ၏။ 9 အာဗြဟံကိုလည်း
အဘိမလက်ခေါ်၍၊ သင် သည် ငါတို့၌ အဘယ်သို့ ပြုသနည်း။ သင့်ကိုငါတို့သည် အဘယ်သို့ပြစ်မှားသောကြောင့်၊ သင်သည် ငါ၌၎င်း
ငါ့နိုင်ငံ၌၎င်း၊ ကြီးစွာသော အပြစ်ကိုရောက်စေသနည်း။ သင်သည် မပြုအပ်သောအမှုကို ငါ၌ပြုပါသည်တကားဟု ဆိုလေ၏။ 10
တဖန်အဘိမလက်က၊ သင်သည် အဘယ်အမှုကို မြင်၍ ဤသို့ပြုသနည်းဟု အာဗြဟံကိုမေးလျှင်၊ 11 အာဗြဟံက၊
ဤအရပ်သားတို့သည် ဘုရား သခင်ကို မကြောက်၊ အကျွန်ုပ်၏မယားအတွက် အကျွန်ုပ်ကို သတ်ကြလိမ့်မည်ဟု
အကျွန်ုပ်ထင်သောကြောင့်၊ ထိုသို့ပြုမိ ပါပြီ။ 12 သို့သော်လည်း သူသည်အကျွန်ုပ် နှမမှန်ပါ ၏။ အကျွန်ုပ် အဘ၏သမီးဖြစ်၏။
အမိ၏သမီးမဟုတ်။ အကျွန်ုပ်မယားလည်း ဖြစ်ပါ၏။ 13 ဘုရားသခင်သည် အကျွန်ုပ်ကိုအဘ၏ အိမ်မှ ခေါ်၍
လည်စေတော်မူသောအခါ၊ အကျွန်ုပ်က၊ သင်သည် ငါ၌ပြုရသောကျေးဇူးဟူမူကား၊ ငါသည် သင်၏မောင် ဖြစ်ကြောင်းကို
ရောက်လေရာရာ၌ ပြောရမည်ဟု၊ မယားကိုမှာထားပါသည်ဟု ပြန်ပြောလေ၏။ 14 ထိုအခါ အဘိမလက်သည်၊ သိုး၊ နွား၊ ကျွန်
ယောကျ်ား၊ ကျွန်မိန်းမတို့ကိုယူ၍ အာဗြဟံအား ပေးလေ ၏။ မယားစာရာကိုလည်း ပြန်ပေး၏။ 15 အဘိမလက်ကလည်း၊ ငါ့မြေသည်
သင့်ရှေ့မှာ ရှိ၏။ အလိုရှိသည်အတိုင်း နေပါဟု အမိန့်ရှိ၏။ 16 စာရာကိုလည်း သင်နှင့်သင့်အပေါင်းအဘော်တို့ အဘို့ မျက်နှာဖုံးများကို
ဝယ်စရာဖို့ သင်၏မောင်အား ငွေတထောင်ကို ငါပေးပြီဟု အမိန့်ရှိသဖြင့် သူသည် လည်း အရာရာ၌ အဆုံးအမခံရ၏။ 17
အာဗြဟံသည်လည်း၊ ဘုရားသခင်ကို ဆုတောင်း၍၊ ဘုရားသခင်သည် အဘိမလက်နှင့်သူ၏ မယား၊ သူ၏ကျွန်မတို့ကို
အနာပျောက်စေတော်မူသဖြင့်၊ သူတို့သည် သားကိုဘွားကြ၏။ 18 အထက်က အာဗြဟံ၏ မယားစာရာကြောင့် ထာဝရဘုရားသည်
အဘိမလက်၏အိမ်သူ၊ မိန်းမ တယောက်မျှ ပဋိသန္ဓေမယူစေခြင်းငှါ စစီရင်တော်မူသတည်း။

---

Genesis 01

ရှုရမြို့
အဲဂုတ္တုပြည် အရှေ့နယ်စပ်တွင် ရှိသော ကန္တာရဒေသဖြစ်သည်။

မိမိလူကို စေလွှတ်၍၊ စာရာကို ယူစေ၏
"မိမိလူတို့ကို စေလွှတ်ရာ၊ သူတို့သည် စာရာကို
ခေါ်ဆောင်လေ၏"

ဘုရားသခင်သည် အဘိမလက်ဆီသို့ ကြွလာ၍
"ဘုရားသခင်သည် အဘိမလက်ရှေ့တွင် ပေါ်လာ၍"

သင်သည် လူသေဖြစ်၏
မင်းကြီး သေမည်အကြောင်း ပြင်းထန်စွာ ပြောဆိုခြင်းဖြစ်သည်။
အခြားသော ဘာသာပြန်ဆိုချက်၊ "သင်သည် မကြာခင် သေမည်"
သို့မဟုတ် "သင့်အသက်ကို ငါနုတ်မည်"

သူ့မယား
"အိမ်ထောင်သည် အမျိုးသမီး"

Genesis 04

အဘိမလက်သည်၊ ထိုမိန်းမနှင့် မပေါင်းဘော်သေးသည်ဖြစ်၍
သံဝါသ မပြုသေးကြောင်း ယဉ်ကျေးစွာ
ဖော်ပြထားခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊
"အဘိမလက်သည်၊ စာရာနှင့် မပေါင်းဘော်သေးသည်ဖြစ်၍"
သို့မဟုတ် "အဘိမလက်သည်၊ စာရာကို မထိရသေးသည်ဖြစ်၍"

ဖြောင့်မတ်သောလူမျိုးကို
"လူမျိုး" ဟူသည်မှာ ထိုလူမျိုးစုတွင် ပါဝင်သမျှသောသူများကို
ပုံဆောင်သည်။ အဘိမလက်က မိမိအပေါ် ဘုရားသခင်
အပြစ်ဒဏ် စီရင်လျှင်၊ မိမိပြည်သူများကလည်း ခံစားရမည်ကို


generated on Tue Jul 2 12:50:28 2024

စိုးရိမ်ခြင်း ရှိ၏။ အခြားသော ဘာသာပြန်ဆိုချက်၊ "အပြစ်ကင်းသောသူတို့ကိုပင်လျှင်"

သူသည် ငါ့နှမဖြစ်၏ဟု အကျွန်ုပ်အား ယောကျ်ားဆိုသည် မဟုတ်ပါလော။ အကျွန်ုပ်အား သူသည် ငါ့မောင့်ဖြစ်၏ဟု မိန်းမလည်းဆိုသည် မဟုတ်ပါလော
ပြောခဲ့ပြီးသောစကားကို ပြန်လည် ကိုးကားထားသည်။ ၎င်းကို အပြောခံစကားမျိုးအဖြစ် ပြောင်းဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မိမိနှမဖြစ်ကြောင်း ယောကျ်ားဆိုသည် မဟုတ်ပါလော။ မိန်းမကလည်း မိမိမောင်အဖြစ် ဆိုသည် မဟုတ်ပါလော"

သူသည် ငါ့နှမဖြစ်၏ဟု အကျွန်ုပ်အား ယောကျ်ားဆိုသည် မဟုတ်ပါလော
ဘုရားသခင် သိပြီးသောအရာကို အောက်မေ့ရန် လျှောက်ဆိုသော မေးခွန်းဖြစ်သည်။ ဖြစ်ကြောင်းပြစာစီအဖြစ် ပြောင်းဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အာဗြဟံက 'သူသည် ငါ့နှမဖြစ်၏' ဟု အကျွန်ုပ်ထံ ဆိုခဲ့သည် မဟုတ်ပါလော"

သူသည် . . . မိန်းမလည်း . . .
"သူသည်" နှင့် "မိန်းမလည်း" ဟူသည်မှာ ပြစ်မှားသောသူမှာ အာဗြဟံနှင့် စာရာတို့သာ ဖြစ်ကြောင်း ထင်ရှားစေရန် အသုံးပြုထားသည်။

ဖြောင့်မတ်သော သဘောရှိ၍ သန့်ရှင်းသောလက်နှင့် ဤအမှုကို အကျွန်ုပ်ပြုပါပြီ
"သဘော" ဟူသည်မှာ အတွေးနှင့် အကြံကို ပုံဆောင်သည်။ ထို့အပြင် "လက်" ဟူသည်မှာ လုပ်ဆောင်ချက်ကို ပုံဆောင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အပြစ်ရှိသော အတွေးနှင့် အပြုအမူဖြစ်စေရန် လုပ်ဆောင်ခဲ့သည် မဟုတ်ပါ"

## Genesis 06

ဘုရားသခင်ကလည်း . . . မိန့်တော်မူ၏
"ဘုရားသခင်ကလည်း အဘိမလက်အား ... မိန့်တော်မူ၏"

သင်သည် ဖြောင့်မတ်သောသဘောနှင့် ပြုသည်
"သဘော" ဟူသည်မှာ အတွေးနှင့် အကြံကို ပုံဆောင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်သည် ကောင်းသော အကြံအစည်ဖြင့် ပြုသည်" သို့မဟုတ် "သင်သည် အပြစ်ကင်းစွာဖြင့် ပြုသည်"

ထိုမိန်းမနှင့် ပေါင်းဘော်ရသောအခွင့်
သံဝါသပြုခြင်းကို ယာဉ်ကျေးစွာ ဖော်ပြသောစကားဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူမနှင့် အိပ်ရသောအခွင့်"

သူ၏မယား
"အာဗြဟံ၏ မယား"

သင်သည် အသက်ချမ်းသာရလိမ့်မည်
"ငါသည် သင့်ကို အသက်ချမ်းသာစေမည်"

သင်နှင့်ဆိုင်သောသူအပေါင်းတို့
"သင်တို့အားလုံး"

## Genesis 08

အမှုအရာအလုံးစုံကို ပြောသဖြင့်
"ဘုရားသခင် မိန့်တော်မူသမျှ အလုံးစုံကို ပြောသဖြင့်"

သင်သည် ငါတို့၌ အဘယ်သို့ ပြုသနည်း
အာဗြဟံကို စွပ်စွဲလိုသောကြောင့် မေးလိုက်ခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်သည် ငါတို့အပေါ် ဆိုးသောအမှုကို ပြုလေပြီ" သို့မဟုတ် "ငါတို့အပေါ် သင် ပြုသောအမှုကို ကြည့်လော့"

ငါတို့၌
"ငါတို့" ဟူသည်မှာ အာဗြဟံနှင့် စာရာတို့ မပါသော မိမိအချင်းချင်းကို ညွှန်းသော နာမ်စားဖြစ်သည်။ "ငါတို့" သို့မဟုတ် "ကျွန်တော်တို့" စသဖြင့် ပြန်ဆိုမည့် ဘာသာစကား၏ အသုံးအနှုန်းကို ပြောင်းထည့်နိုင်သည်။

သင့်ကိုငါတို့သည် အဘယ်သို့ပြစ်မှားသောကြောင့်၊ သင်သည် . . . အပြစ်ကို ရောက်စေသနည်း
အဘိမလက်က မိမိသည် အာဗြဟံအပေါ် အပြစ်မပြုခဲ့ကြောင်း ထင်ရှားစေရန် မေးလိုက်ခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "... အပြစ်ကို ရောက်စေရသည့် ပြစ်မှားမှု တစုံတခုကိုမျှ သင့်အပေါ် ငါတို့ မပြုခဲ့"

သင်သည် ငါ၌၎င်း ငါ့နိုင်ငံ၌၎င်း၊ ကြီးစွာသောအပြစ်ကို ရောက်စေသနည်း
လူတစ်ဦး၏ ခေါင်းပေါ်တွင် တင်၍ရသကဲ့သို့ "အပြစ်" ကို တင်စားထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါနှင့် ငါ့နိုင်ငံ၌၊ ကြီးစွာသော အပြစ်ကို ရောက်စေရသည့်"

ငါ့နိုင်ငံ၌၎င်း
"နိုင်ငံ" က နိုင်ငံသားကို ပုံဆောင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါ့နိုင်ငံရှိ ပြည်သူတို့၌လည်းကောင်း"

သင်သည် မပြုအပ်သောအမှုကို ငါ၌ပြုပါသည်တကား
"ငါ့အပေါ်၌ ဤအမှုကို ပြုရန်မသင့်"

## Genesis 10

သင်သည် အဘယ်အမှုကို မြင်၍ ဤသို့ပြုသနည်း
"အဘယ်က ဤသို့ ပြုစေသနည်း" သို့မဟုတ် "အဘယ့်ကြောင့် ဤသို့ ပြုသနည်း။" တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အဘယ့်ကြောင့် စာရာကို သင့်နှမဟု ပြောရသနည်း"

ဤအရပ်သားတို့သည် ဘုရားသခင်ကို မကြောက်၊ အကျွန်ုပ်၏မယားအတွက် အကျွန်ုပ်ကို သတ်ကြလိမ့်မည်ဟု အကျွန်ုပ်ထင်သောကြောင့်
ပြောခဲ့ပြီးသောစကားကို ပြန်လည် ကိုးကားထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဤအရပ်၌ ဘုရားသခင်ကို ကြောက်ရွံ့ခြင်း မရှိသောကြောင့်၊ အကျွန်ုပ်၏ မယားအတွက် ကျွန်ုပ်ကို သတ်ကြလိမ့်မည်ဟု ထင်သောကြောင့်"


generated on Tue Jul 2 12:50:28 2024

ဤအရပ်သားတို့သည် ဘုရားသခင်ကို မကြောက်
အခြားသော ဘာသာပြန်ဆိုချက်၊ "ဂေရာမြို့တွင် ဘုရားသခင်ကို မည်သူမျှ မကြောက်"

ဘုရားသခင်ကို မကြောက်
ဘုရားသခင်ကို ရိုသေလေးမြတ်ခြင်းနှင့် နာခံခြင်း မရှိကြောင်း ဆိုလိုသည်။

သို့သော်လည်း သူသည် အကျွန်ုပ်နှမ မှန်ပါ၏
"သို့ရာတွင်၊ စာရာမှာ အကျွန်ုပ်နှမ မှန်ပါ၏" သို့မဟုတ် "ထို့ပြင်၊ စာရာသည် အကျွန်ုပ်နှမ မှန်ပါ၏"

အကျွန်ုပ်အဘ၏သမီးဖြစ်၏။ အမိ၏သမီးမဟုတ်
"အဘ တူသော်လည်း၊ အမိ ကွဲပါ၏"

Genesis 13

ယေဘုယျ အချက်အလက်
အငယ် ၁၃ တွင် အဘိမလက်ကို အာဗြဟံ လျှောက်ထားသည်။

အဘ၏အိမ်
"အိမ်" ဟူသည်မှာ အာဗြဟံ၏ မိသားစုကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အဘနှင့် ဆွေမျိုးသားချင်း ရှိရာ" သို့မဟုတ် "အဘ၏ အိမ်ထောင်"

အကျွန်ုပ်က၊ သင်သည် ငါ၌ပြုရသောကျေးဇူးဟူမူကား၊ ငါသည် သင်၏မောင်ဖြစ်ကြောင်းကို ရောက်လေရာရာ၌ ပြောရမည်ဟု၊ မယားကိုမှာထားပါသည်
ပြောခဲ့ပြီးသောစကားကို ပြန်လည်ကိုးကားထားသည်။ သွယ်ဝိုက်စကားအဖြစ် ပြောင်းဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အကျွန်ုပ်က ရောက်လေရာရာ၌ ငါသည် သင်၏မောင်ဖြစ်ကြောင်း ပြောခြင်းဖြင့် ငါ၌ သစ္စာရှိပါဟု မယားကိုမှာထားပါသည်"

အဘိမလက်သည် . . . တို့ကိုယူ၍
"အဘိမလက်သည် ... အချို့ကို ယူ၍" (UDB)

Genesis 15

အဘိမလက်ကလည်း . . . အမိန့်ရှိ၏
"အဘိမလက်ကလည်း အာဗြဟံအား ... အမိန့်ရှိ၏"

ငါ့မြေသည် သင့်ရှေ့မှာ ရှိ၏
"ငါ့မြေသည် သင့်အတွက် ဖြစ်၏" ဟူသော သဘောသက်ရောက်သည်။

အလိုရှိသည်အတိုင်းနေပါ
"နေချင်ရာ၌ နေပါ"

သင်နှင့် သင့်အပေါင်းအဘော်တို့အဘို့ မျက်နှာဖုံးများကို ဝယ်စရာဖို့
စာရာ အပြစ်ကင်းကြောင်း သက်သေကို မျက်နှာဖုံးကဲ့သို့ တင်စားထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင် အပြစ်ကင်းသည်ကို သင့်အပေါင်းအဘော်တို့ သိရန်အလို့ငှါ"

ငွေတထောင်
"ငွေ ၁၀၀၀"

Genesis 17

အာဗြဟံ၏မယား စာရာကြောင့်
တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အဘိမလက်သည် အာဗြဟံ၏မယား စာရာကို ယူသဖြင့်"

တယောက်မျှ ပဋိသန္ဓေမယူစေခြင်းငှါ
"အားလုံး မြုံစေခြင်းငှါ"

# Translation Questions

## Genesis 20:1

အာဗြဟံသည် ဂေရာမြို့သားများနှင့်အတူ နေစဉ် စာရာကို မည်သို့ပြောသနည်း။

အာဗြဟံက စာရာသည် သူ၏ နှမဖြစ်သည်ဟု ပြောပါသည်။

စာရာကိုယူပြီးနောက် အဘိမလက်အား ဘုရားသခင်ကမည်သို့ပြောသနည်း။

ဘုရားသခင်က အဘိမလက်အား သင်သည် သူများမိန်းမကိုယူသောကြောင့် လူသေဖြစ်သည်ဟု ပြောပါသည်။

## Genesis 20:4

အာဗြဟံနှင့်စာရာက သူ့အားမည်သို့ပြောသည်ဟု အဘိမလက်က ဘုရားသခင်ကို ပြောသနည်း။

အဘိမလက်က အာဗြဟံသည် စာရာအား သူ၏နှမဟူ၍လည်းကောင်း၊ စာရာသည်အာဗြဟံအားသူမ၏အစ်ကိုဟူ၍လည်းကောင်း ပြောကြသည်ဟု ဘုရားသခင်အား ပြောပါသည်။

## Genesis 20:6

ဘုရားသခင်က အဘိမလက်အား မည်သို့လုပ်ရန်ပြောပြီး၊ အကယ်၍ မလုပ်ပါက မည်သို့ဖြစ်မည်ဟု ပြောသနည်း။

ဘုရားသခင်က အဘိမလက်အား စာရာကို အာဗြဟံထံပြန်ပေးရန်ပြောပြီး၊ အကယ်၍မပေးပါက အဘိမလက်နှင့်သူ၏ လူအပေါင်းတို့သည် သေရကြမည်ဟု ပြောပါသည်။

## Genesis 20:8

အဘိမလက်၏ လူတို့သည် ဘုရားသခင်က အဘိမလက်အား ပြောသည်ကိုကြားကြသောအခါ မည်သို့တုံ့ပြန်ကြသနည်း။

အဘိမလက်၏ လူတို့သည် ဘုရားသခင်ပြောသည်ကိုကြားကြသောအခါ ကြောက်ရွံ့သည်။

## Genesis 20:10

အာဗြဟံက အဘိမလက်အား စာရာသည် သူ၏နှမဖြစ်သည်ဟု အဘယ်ကြောင့်ပြောသနည်း။

အာဗြဟံက စာရာကြောင့် အဘိမလက်သည်သူ့အားသတ်မည်ကိုစိုးရိမ်သောကြောင့် ပြောခြင်းဖြစ်ပါသည်။

အမှန်အားဖြင့် စာရာသည် မည်သည့်နည်းဖြင့် အာဗြဟံ၏ နှမဖြစ်သနည်း။

စာရာသည် အာဗြဟံ ဖခင်၏ သမီးဖြစ်ပြီး၊ မိခင်၏ သမီးမဟုတ်သောကြောင့် ဖြစ်ပါသည်။

## Genesis 20:15

အဘိမလက်သည် အာဗြဟံအား မည်သည့်တိရစ္ဆာန်များကို ပေးသနည်း။

အဘိမလက်က အာဗြဟံအား သိုး၊ နွား၊ ကျွန်ယောကျ်ား နှင့်ကျွန်မိန်းမတို့ကို ပေးပါသည်။

အဘိမလက်သည် စာရာ၏ မောင်အား ငွေတထောင် မည်သည့်အကြောင်းကြောင့် ပေးခြင်းဖြစ်သနည်း။

အဘိမလက်က သူမ၏ အစ်ကိုအား ငွေတထောင်ပေးခြင်းမှာ စာရာနှင့်တကွ သူမ၏မိတ်ဆွေများအတွက် မျက်နှာဖုံးကို ဝယ်ယူရန် ပေးခြင်းဖြစ်ပါသည်။

## Genesis 20:17

အာဗြဟံသည်အဘိမလက်နှင့် သူ၏လူအပေါင်းတို့အတွက် ဘုရားသခင်ထံ ဆုတောင်းသောအခါ မည်သို့ဖြစ်သနည်း။

ဘုရားသခင်က အဘိမလက်နှင့်တကွ သူ၏ မိန်းမနှင့်ကျွန်မိန်းမတို့ကို အနာပျောက်စေသဖြင့် မီးဖွားလျက် ကလေးရရှိကြပါသည်။

## Chapter 21

1 ထာဝရဘုရားသည်၊ အမိန့်တော်ရှိသည်အတိုင်း၊ စာရာကို အကြည့်အရှုကြွတော်မူ၍၊ ဂတိတော် ရှိသည်နှင့် လျော်စွာ
သူ၌ပြုတော်မူသဖြင့်၊ 2 စာရာသည် ပဋိသန္ဓေစွဲယူ၍၊ ဘုရားသခင် အမိန့်တော်နှင့် ချိန်းချက်သောအချိန်၌၊ အာဗြဟံအသက်
ကြီးသောအခါ၊ သူ့အားသားကို ဘွားလေ၏။ 3 အာဗြဟံသည်လည်း၊ မိမိရသောသားတည်း ဟူသော၊ စာရာဘွားသောသားကို
ဣဇာက်အမည်ဖြင့် မှည့်လေ၏။ 4 ဘုရားသခင်မှာထားတော်မူသည်အတိုင်း၊ အာဗြဟံသည်ရှစ်ရက်မြောက်သောနေ့၌၊ သားဣဇာက်
ကို အရေဖျားလှီးမင်္ဂလာပေးလေ၏။ 5 သားဣဇာက်ကိုမြင်ရသောအခါ အာဗြဟံသည် အသက်တရာ ရှိသတည်း။ 6 စာရာကလည်း၊
ငါရယ်ရသော အခွင့်ကို ဘုရား သခင်ပေးတော်မူပြီ။ ဤသိတင်းကို ကြားသောသူ အပေါင်းတို့သည်လည်း၊ ငါနှင့်အတူ
ရယ်ကြလိမ့်မည်ဟူ၍ ၎င်း၊ 7 စာရာသည် သားကိုနို့တိုက်လိမ့်မည်ဟု အာဗြဟံ အား အဘယ်သူပြောနိုင်ရသနည်း။ သူသည်
အသက်ကြီး သောအခါ၊ ငါသည် သားကို ဘွားပြီးဟူ၍၎င်း ဆိုလေ၏။ 8 ထိုသူငယ်ဣဇာတ်သည် ကြီးပွား၍ နို့နှင့် ကွာလေ၏။
နို့ကွာသောနေ့၌ အာဗြဟံသည် ပွဲကြီး လုပ်လေ၏။ 9 အဲဂုတ္တအမျိုးသားဟာဂရတွင် အာဗြဟံရသော သားသည် ဆဲရေးသည်ကို
စာရာသိမြင်လျှင်၊ 10 ဤကျွန်မ၏သားသည် အကျွန်ုပ်၏သာဣဇာက် နှင့်အတူ အမွေမခံရဟု အာဗြဟံအား ဆိုလေ၏။ 11
အာဗြဟံလည်း၊ မိမိသားဖြစ်သောကြောင့်၊ ထိုအမှု အလွန်ခက်သည်ဟု ထင်လေ၏။ 12 သို့ရာတွင် ဘုရားသခင်က၊ ထိုသူငယ်နှင့်
သင်၏ ကျွန်မကြောင့်၊ ဤအမှုခက်သည်ဟု မထင်နှင့်။ စာရာ ပြောလေရာရာ၌ သူ၏စကားကို နားထောင်လော့။ အကြောင်းမူကား၊
ဣဇာက်၌သာ သင်၏ အမျိုးတည်လိမ့်မည်။ 13 ကျွန်မ၏သားသည် သင်၏အမျိုးဖြစ်သောကြောင့်၊ သူ့ကိုလည်း လူမျိုးဖြစ်စေမည်ဟု
အာဗြဟံအား မိန့်တော်မူ၏။ 14 အာဗြဟံသည် နံနက်စောစောထ၍၊ မုန့်နှင့် ရေဘူးကိုယူသဖြင့်၊ ဟာဂရပခုံး၌တင်ပြီးလျှင်၊ သူငယ်ကို
အပ်၍ ကျွန်မကို လွှတ်လိုက်လေ၏။ သူသည်လည်း သွား၍ ဗေရရှေဘ တော၌ လှည့်လည်လျက် နေ၏။ 15 ဘူး၌ရေကုန်သောအခါ၊
သူငယ်ကို ချုံဖုတ် အောက်၌ ထား၍၊ 16 ငါသည်သူငယ်သေသည်ကို မမြင် လိုဟုဆိုလျက်၊ ခပ်ဝေးဝေးလေးတပစ်ခန့်လောက်
သွားပြီးလျှင်၊ သူငယ်ရှေ့မှာ ထိုင်၍နေလေ၏။ ထိုသို့တိုင်၍နေစဉ် သူသည်အသံ ကို လွှင့်၍ ငိုကြွေးလေ၏။ 17 ဘုရားသခင်သည်
လုလင်၏အသံကို ကြားတော် မူ၍ ဘုရားသခင်၏၊ ကောင်းကင်တမန်က၊ ဟာဂရ၊ သင်၌အဘယ်အမှုရှိသနည်း။ မစိုးရိမ်နှင့်။ လုလင်
နေသော အရပ်ထဲက သူ၏အသံကို ဘုရားသခင် ကြား တော်မူပြီ။ 18 ထလော့။ လုလင်ကိုကြွ၍ လက်နှင့်မလော့။ ငါသည်သူ့ကို
လူမျိုးကြီးဖြစ်စေမည်ဟု ကောင်းကင်ထဲက ခေါ်၍ ဟာဂရအား မြွက်ဆို၏။ 19 ထိုအခါ ဘုရားသခင်သည် ဟာဂရ၏ မျက်စိကို
ဖွင့်တော်မူသဖြင့်၊ သူသည်ရေတွင်းကို မြင်လေသော်၊ သွား၍ဘူးကို ရေဖြည့်ပြီးလျှင်၊ လုလင်အား ရေကို တိုက်လေ၏။ 20
ထိုလုလင်ဘက်၌လည်း၊ ဘုရားသခင် ရှိတော် မူ၏။ သူသည် ကြီးပွား၍ တော၌နေသဖြင့်၊ လေးသမား ဖြစ်လေ၏။ 21 ပါရန်တော၌
နေသည်ဖြစ်၍ သူ့အမိသည် အဲဂုတ္တုပြည်မှ မိန်းမတယောက်ကိုခေါ်၍ သူနှင့်စုံဘက် စေ၏။ 22 ထိုရောအခါ၊ အဘိမလက်မင်းနှင့်
ဗိုလ်ချုပ် မင်းဖိကောလတို့သည် အာဗြဟံကို ခေါ်၍၊ သင်သည် ပြုလေရာရာ၌ သင့်ဘက်မှာ ဘုရားသခင်ရှိတော်မူ၏။ 23 သို့ဖြစ်၍
သင်သည်ငါ့ကိုငှင်း၊ ငါ့သားကိုငှင်း၊ ငါ့မြေးကိုငှင်း၊ မလှည့်စား၊ ငါသည် သင်၌ကျေးဇူးပြု သကဲ့သို့ ငါ၌၎င်း၊ သင်တည်းနေရာ
ငါ့ပြည်၌၎င်း၊ ကျေးဇူးပြုမည်ဟု ဘုရားသခင်ကို တိုင်တည်၍ ငါ့အား ကျိန်ဆိုပါလော့ဟုပြောဆို၏။ 24 အာဗြဟံကလည်း၊
ထိုအတိုင်းငါကျိန်ဆိုပါမည်ဟု ပြန်ပြောလေ၏။ 25 အဘိမလက်မင်း၏ ကျွန်တို့သည် အနိုင်အထက် လုယူသော
ရေတွင်းအကြောင်းကြောင့်၊ အာဗြဟံသည် လည်း အဘိမလက်မင်းကို အပြစ်တင်လေ၏။ 26 အဘိမလက်မင်းကလည်း၊ ဤအမှုကို
အဘယ် သူပြုသည်ကို ငါမသိ။ သင်သည့်ငါ့ကိုမပြော။ ငါလည်း ယနေ့တိုင်အောင် မကြားရဟု ဆို၏။ 27 အာဗြဟံသည်လည်း သိုး၊
နွားတို့ကို ယူပြီးလျှင်၊ အဘိမလက်အား ပေး၍ထိုနှစ်ပါးတို့သည် ပဋိညာဉ်ပြုကြ ၏။ 28 အာဗြဟံသည်လည်းသိုးသငယ်မ ခုနစ်ကောင်
တို့ကို သိုးစုနှင့်ခွဲထားလေ၏။ 29 အဘိမလက်ကလည်း၊ ခွဲထားသော ဤသိုး သငယ်မခုနစ်ကောင်တို့သည်၊ အဘယ်သို့နည်းဟု
မေးသော်၊ 30 အာဗြဟံက၊ ဤရေတွင်းကို ငါတူးပြီးဟု ဤသိုး သငယ်မခုနစ်ကောင်တို့သည် ငါ့ဘက်၌ သက်သေဖြစ်မည်
အကြောင်းသူတို့ကို သင်သည်ငါ့လက်မှ ခံယူရမည်ဟု ဆိုလေ၏။ 31 သို့ဖြစ်၍ထိုအရပ်၌ ထိုနှစ်ပါးတို့သည် ကျိန်ဆို သောကြောင့်၊
ထိုအရပ်ကို ဗေရရှေဘဟု တွင်ကြ၏။ 32 ထိုသို့ဗေရရှေဘအရပ်၌ ပဋိညာဉ်တို့သည်ထ၍ ဖိလိတ္တပြည်သို့ ပြန်ကြ၏။ 33 အာဗြဟံသည်
ဗေရရှာ အရပ်၌ မန်ကျည်း ပင်ကိုစိုက်၍၊ အစဉ်အမြဲတည်တော်မူသော ဘုရားသခင် တည်းဟူသော၊ ထာဝရဘုရား၏ နာမတော်ကို
ပဌနာ ပြုလေ၏။ 34 ဖိလိတ္တပြည်မှာ ကာလရှည်ကြာစွာ တည်းနေ သတည်း။


generated on Tue Jul 2 12:50:28 2024

## Chapter 22

1 ထိုနောက်မှ ဘုရားသခင်သည်၊ အာဗြဟံကို စုံစမ်းခြင်းငှါ၊ အာဗြဟံဟု ခေါ်တော်မူ၍ အာဗြဟံက၊ အကျွန်ုပ်ရှိပါ၏ဟု လျှောက်လျှင်၊
2 သင်သည် အလွန်ချစ်သော တယောက်တည်း သော သားဣဇာတ်ကိုယူ၍ မောရိပြည်သို့သွားလော့။ ငါပြလတံ့သော တောင်ပေါ်မှာ
သူ့ကိုမီးရှို့ရာ ယဇ်ပြု၍ ပူဇော်လော့ဟု မိန့်တော်မူ၏။ 3 အာဗြဟံသည် နံနက်စောစောထ၍၊ မြည်းကို ကုန်းနှီးတင်ပြီးလျှင်၊
မိမိသားဣဇာက်နှင့် ငယ်သား နှစ်ယောက်ကိုခေါ်၍ ယဇ်ရှို့စရာ ထင်းကိုခွဲပြီးမှ၊ ဘုရားသခင်မိန့်တော်မူသော အရပ်သို့ ထသွားလေ၏။
4 သုံးရက်မြောက်သောနေ့၌ မျှော်ကြည့်၍၊ ထိုအရပ်ကို အဝေးက မြင်လျှင်၊ 5 ငယ်သား နှစ်ယောက်တို့အား၊ သင်တို့သည်
ဤအရပ်၌မြည်းနှင့် အတူနေရစ်ကြလော့။ ငါသည် သားနှင့်အတူ ထိုအရပ်သို့သွား၍၊ ကိုးကွယ်ခြင်းကိုပြုအံ့။ ထိုအမှုပြီးမှ၊
သင်တို့ဆီသို့ပြန်လာဦးမည်ဟု ဆိုလေ၏။ 6 ထိုအခါ ယဇ်ရှို့စရာထင်းကိုယူ၍ သားဣဇာတ် အပေါ်မှာ တင်ပြီးလျှင်၊ မီးနှင့်ထားကို
မိမိလက်၌ ကိုင် လျက်၊ နှစ်ယောက်အတူသွားကြ၏။ 7 သွားကြစဉ်တွင်၊ ဣဇာက်သည် အဘအာဗြဟံကို အဘဟုခေါ်လျှင်၊ ငါ့သား၊
ငါရှိ၏ဟု ထူးလေ၏။ ဣဇာက်ကလည်း မီးပါ၏၊ ထင်းလည်းပါ၏။ ယဇ်ရှို့စရာတို့သိုးသငယ်သည် အဘယ်မှာ ရှိသနည်းဟု မေးလျှင်၊
8 အာဗြဟံက ငါ့သား၊ ယဇ်ရှို့စရာဘို့ သိုးသငယ်ကို ဘုရားသခင်သည် မိမိအဘို့ ပြင်ဆင်တော်မူလိမ့်မည်ဟု ဆိုလေ၏။ 9
ထိုသို့နှစ်ယောက်အတူသွား၍၊ ဘုရားသခင် မိန့်တော်မူသော အရပ်သို့ ရောက်ကြသောအခါ၊ အာဗြဟံ သည် ယဇ်ပလ္လင်ကိုတည်၍
ထင်းကိုခင်းပြီးလျှင်၊ သား ဣဇာက်ကိုချည်နှောင်၍၊ ယဇ်ပလ္လင်၌ ထင်းပေါ်မှာ တင်ထား၏။ 10 မိမိလက်ကို ဆန့်၍
သားကိုသတ်ခြင်းငှါ၊ ထားကို ကိုင်ယူလေ၏။ 11 ထိုအခါ၊ ထာဝဘုရား၏ ကောင်းကင်တမန်က၊ အာဗြဟံ၊ အာဗြဟံဟု
ကောင်းကင်ပေါ်က ခေါ်လေ၏။ အာဗြဟံက၊ အကျွန်ုပ်ရှိပါ၏ဟု လျှောက်လျှင်၊ 12 ထိုလုလင်ကို မထိမခိုက်နှင့်။ အလျှင်းမပြုနှင့်။
သင်သည် ဘုရားသခင်ကို ကြောက်ရွံ့သည်ဟု ယခု ငါသိ ၏။ အကြောင်းမူကား၊ သင်၏သား သင်၌တယောက်
တည်းသောသားကိုငါတောင်း၍ သင်သည် ငါ့ကိုမငြင်းဟု မိန့်တော်မူ၏။ 13 ထိုအခါ အာဗြဟံသည် မျှော်ကြည့်၍ မိမိ နောက်မှ
ချုံဖုတ်၌ ချိုညိလျက် ရှိသောသိုးကိုမြင်လေ၏။ ထိုသိုးကိုသွား၍ ယူပြီးလျှင် မိမိသားကိုယ်စား မီးရှို့ယဇ် ပြု၍ ပူဇော်လေ၏။ 14
ထိုအရပ်ကို ယေဟောဝါယိရဟု အာဗြဟံ သမုတ်လေ၏။ ထိုသို့နှင့်အညီ တောင်ပေါ်မှာ ထာဝရ ဘုရားပြင်ဆင်တော်မူမည်ဟု
ယနေ့တိုင်အောင် ဆိုလေ့ ရှိသတည်း။ 15 တဖန် ထာဝရဘုရား၏ ကောင်းကင်းတမန် သည် ကောင်းကင်ပေါ်က အာဗြဟံကို ခေါ်လျက်၊
16 သင်သည် ဤအမှုကိုပြု၍၊ သင်၏သားသင်၌ တယောက်တည်းသောသားကို၊ ငါ့အား မငြင်း သောကြောင့်၊ 17 ငါသည် သင့်အား
အစဉ်အမြဲကောင်းကြီး ပေးမည်။ သင်၏အမျိုးအနွယ်ကိုလည်း ကောင်းကင် ကြယ်ကဲ့သို့၎င်း၊ သမုဒ္ဒရာသဲလုံးကဲ့သို့၎င်း၊ အစဉ်အမြဲ
ပွားများစေမည်။ သင်၏အမျိုးအနွယ်သည် ရန်သူတို့၏ မြို့တံခါးများကို အစိုးရလိမ့်မည်။ 18 သင်၏အမျိုးအနွယ်အားဖြင့်၊
လူမျိုးပေါင်း တို့သည် ကောင်းကြီးမင်္ဂလာကို ခံရကြလိမ့်မည်ဟု ငါ၏ စကားကို သင်နားထောင်သောကြောင့်၊ ငါသည်ကိုယ်ကို
ကိုယ်တိုင်တည်၍ ကျိန်ဆို၏ဟု ထာဝရဘုရား၏ အမိန့် တော်ကို ဆင့်ဆိုလေ၏။ 19 ထိုအခါအာဗြဟံသည် ငယ်သားတို့ ရှိရာသို့
ပြန်၏။ သူတို့သည် ထပြီးလျှင် ဗေရာရှဗတအရပ်သို့ လိုက်သွားကြ၏။ ထိုအရပ်၌ အာဗြဟံနေလေ၏။ 20 ထိုနောက်မှ၊
အာဗြဟံကြားသော သိတင်းစကား ဟုမူကား၊ သင်၏အစ်ကိုနာခေါ်မယားမိလခါသည် သားကိုဘွားမြင်လေပြီ။ 21 သားအကြီးဟုဇ၊
သူ့ညီဗုဇ၊ အာရံအဘကေမွေလ၊ 22 ခေသက်၊ဟာဇော၊ ပိလဒါရှ၊ ယိဒလပ်၊ ဗေသွေလတည်းဟူသော၊ 23 သားရှစ်ယောက်တို့ကို၊
အာဗြဟံအစ်ကို နာခေါ် ၏ မယားမိလအခါ ဘွားမြင်လေ၏။ ဗေသွေလကား၊ ရေဗက္ကအဘတည်း။ 24 ရုမာ အမည်ရှိသော နာခေါ်၏
မယားငယ်သည်လည်း တေဘဂါဟံ၊ သဟာရှမာခါတို့ကို ဘွားမြင်လေ၏။


generated on Tue Jul 2 12:50:28 2024

## Chapter 23

1 စာရာသည် အသက်တရာနှစ်ဆယ်ခုနစ်နှစ်ရှိ ၏။ ထိုမျှလောက် အသက်ကြီးသော်၊ 2 ခါနာန်ပြည်၊ ဟေဗြုန်မြို့တည်းဟူသော၊ ကိရယ
သာဘမြို့၌ သေလေ၏။ အာဗြဟံသည်လည်း စာရာ ကြောင့် ညည်းတွားငိုကြွေးခြင်းငှါ လာ၏။ 3 အာဗြဟံသည်
မိမိမယားအသေကောင်ရှေ့က ထ၍၊ ဟေသအမျိုးသားတို့အား၊ 4 ငါသည် သင်တို့ထံမှာ ဧည့်သည်အာဂန္တုဖြစ်ပါ ၏။
ငါ၏မယားအသေကောင်ကို မျက်ကွယ်မြှုပ်မည် အကြောင်း၊ သင်တို့တွင် သင်္ချိုင်းကို ငါ့အားအခွင့်ပေးပါ လော့ဟု ဆို၏။ 5
ဟေသအမျိုးသားတို့က၊ အကျွန်ုပ်တို့သခင်၊ နား ထောင်ပါ။ 6 ကိုယ်တော်သည်၊ အကျွန်ုပ်တို့တွင်၊ ဘုရားသခင် နှင့်ဆိုင်သောမင်း
ဖြစ်ပါ၏။ အကျွန်ုပ်တို့၏သင်္ချိုင်းများ တွင် ရွေး၍၊ ကိုယ်တော်၏မယား အသေကောင်ကို သင်္ဂြိုဟ်ပါလော့။
ကိုယ်တော်၏မယားအသေကောင်ကို မသင်္ဂြိုဟ်စေခြင်းငှါ၊ အကျွန်ုပ်တို့တွင် အဘယ်သူမျှ မိမိ သင်္ချိုင်းကို မပေးဘဲမနေပါဟု၊
အာဗြဟံအား ပြန်ပြောကြ ၏။ 7 အာဗြဟံသည် ထ၍၊ ထိုပြည်သားတည်းဟူသော ဟေသအမျိုးသားများရှေ့မှာ ဦးညွတ်ချလျက်၊ 8
ငါသည် ငါ၏မယားအသေကောင်ကို မျက်ကွယ် မြှုပ်စေခြင်းငှါ သင်တို့ အလိုရှိလျှင်၊ ငါ့စကားကို နား ထောင်ကြပါလော့။ 9
သင်တို့တွင် ငါပိုင်ထိုက်သောသင်္ချိုင်းရှိစေခြင်းငှါ၊ ဇောဟာသား ဧဖရုန်သည်၊ မိမိလယ်ပြင်အစွန်း၌ ရှိသော မပွေလပြေတွင်းကို၊
အဘိုးထိုက်သမျှ ငွေနှင့်ငါ့အား ရောင်းစေခြင်းငှါ၊ ငါ့အတွက်သူ့ကို တောင်းပန်ကြပါလော့ ဟု နှုတ်ဆက်၍ ပြောဆို၏။ 10 ထိုအခါ
ဧဖရုန်သည်၊ ဟေသအမျိုးသားတို့တွင် ထိုင်လျက်ရှိ၏။ သို့ဖြစ်၍ မြို့တံခါးသို့ ဝင်သော သူ အပေါင်းတည်းဟူသော
ဟေသအမျိုးသား ပရိတ်သတ်၌၊ ဟိတ္တိအမျိုးသားဧဖရုန်က၊ ထိုသို့မဟုတ်ပါ။ 11 အကျွန်ုပ်သခင်၊ အကျွန်ုပ်စကားကို နားထောင် ပါ။
ထိုလယ်ပြင်ကိုငှင်း၊ ကိုယ်တော်အား အကျွန်ုပ်ပေး ပါ၏။ အကျွန်ုပ်အမျိုးသားများ ရှေ့၌၊ ကိုယ်တော်အား အကျွန်ုပ်ပေးပါ၏။
ကိုယ်တော်၏ မယားအသေကောင်ကို သင်္ဂြိုဟ်ပါဟု၊ အာဗြဟံအား ပြန်ပြောလေ၏။ 12 အာဗြဟံသည်လည်း၊ ထိုပြည်သားများ ရှေ့မှာ
ဦးညွတ်ချလျက်၊ အကယ်၍ ငါ့စကားကို နားထောင်ပါ။ 13 ထိုလယ်ပြင်အဘိုးငွေကို ငါပေးမည်။ ငွေကိုယူပါ၊ သို့ဖြစ်လျှင်၊ ထိုအရပ်၌
ငါ၏မယားအသေကောင်ကို ငါသင်္ဂြိုဟ်ပါမည်ဟု ပြည်သား ပရိသတ်တို့ရှေ့မှာ၊ ဧဖရုန် အား ပြောဆို၏။ 14 ဧဖရုန်ကလည်း၊
အကျွန်ုပ်သခင်၊ နားထောင်ပါ။ 15 ထိုမြေသည် ငွေလေးပိဿာအဘိုးထိုက်ပါ၏။ ကိုယ်တော်နှင့် အကျွန်ုပ်၌
အဘယ်အတွက်ရှိသနည်း။ ကိုယ်တော်၏မယား အသေကောင်ကို သင်္ဂြိုဟ်ပါလော့ဟု၊ အာဗြဟံအားပြန်ပြော၏။ 16
အာဗြဟံသည်လည်း၊ ဧဖရုန်စကားကို နားထောင်သည်ဖြစ်၍၊ ကုန်သည်သုံးတတ်သော ငွေမျိုး၊ ဟေသအမျိုးသား ပရိသတ်ရှေ့၊
ဧဖရုန် အဘိုးပြတ်သည် အတိုင်း၊ ငွေလေးပိဿာကို ချိန်၍၊ သူ့အားပေးလေ၏။ 17 ထိုသို့မံရေမြို့ရှေ့မှာ၊ မပွေလအရပ်၌ရှိသော
ဧဖရုန်၏လယ်ပြင်ကိုငှင်း၊ လယ်ပြင်၌ ရှိသောမြေတွင်း နှင့်သစ်ပင်များ၊ ပတ်ဝန်းကျင်သစ်ပင်များကိုငှင်း၊ 18
ဟေသအမျိုးသားပရိတ်သတ်၌၊ မြို့တံခါးသို့ ဝင် သောသူအပေါင်းတို့ရှေ့မှာ၊ အာဗြဟံဥစ္စာဘို့ လုံခြုံစွာ အပ်ပေးလေ၏။ 19
ထိုနောက်မှ အာဗြဟံသည်၊ မံရေမြို့ရှေ့မှာ၊ မပွေလလယ်ပြင် မြေတွင်း၌ မယားစာရာကို သင်္ဂြိုဟ်ရလေ ၏။ ထိုအရပ်ကား၊
ခါနာန်ပြည် ဟေဗြုန်အရပ် ဖြစ်သ တည်း။ 20 ထိုလယ်ပြင်နှင့်မြေတွင်းကို၊ အာဗြဟံပိုင်ထိုက် သော သင်္ချိုင်းဖြစ်စေခြင်းငှါ၊
ဟေသအမျိုးသားတို့သည် လုံခြုံစွာ အပ်ပေးကြ၏။


generated on Tue Jul 2 12:50:28 2024

## Chapter 24

1 အာဗြဟံသည်အိုး၍၊ အသက်အရွယ်ကြီးရင့်လှပြီ။ ထာဝရဘုရားသည်၊ အရာရာ၌ သူ့ကို ကောင်းကြီး ပေးတော်မူပြီ။ 2 အာဗြဟံသည်၊
မိမိအိမ်သားတို့တွင် အသက်ကြီး ၍ ဘဏ္ဍာစိုးလုပ်သောသူကိုခေါ်လျက်၊ 3 သင်သည်၊ ငါနေသော ခါနာန်အမျိုးသမီးတို့ တွင်၊ ငါ့သားဘို့
မယားကို မရွေးမယူဘဲ၊ 4 ငါ့ပြည်ငါ့အမျိုးသားချင်းတို့ထံသို့သွား၍၊ ငါ့သား ဣဇာက်အဘို့ မယားကိုယူရမည်ဟု၊ သင်၏လက်ကို ငါ့
ပေါင်အောက်၌ထားပြီးမှ၊ ကောင်းကင်မြေကြီးအရှင် ဘုရားသခင်၊ ထာဝရဘုရားကို တိုင်တည်၍၊ ငါကျိန်ဆိုစေ ပါမည်ဟုဆို၏။ 5
ကျွန်ကလည်း၊ မိန်းမသည်ဤပြည်သို့ ကိုယ်တော် ၏သားကို တဖန်ကျွန်တော်ခေါ်သွားရပါမည်လောဟု မေးလေသော်၊ 6 အာဗြဟံက၊
ထိုပြည်သို့ ငါ့သားကိုခေါ်၍ မသွား နှင့်။ သတိပြုလော့။ 7 ငါ့အဘ၏အိမ်မှငှင်း၊ ငါ့အမျိုးသားနေရာပြည်မှ ငှင်း ငါ့ကိုခေါ်၍၊
သင်၏အမျိုးအနွယ်အား ဤပြည်ကို ငါပေးမည်ဟု၊ငါ့အား ဗျာဒိတ်တော်ပေး၍ ကျိန်ဆိုတော်မူ သော ကောင်းကင်ဘုံရှင်ဘုရားသခင်
ထာဝရဘုရားသည်၊ မိမိကောင်းကင်တမန်ကို သင့်ရှေ့၌ စေလွှတ်တော်မူ သဖြင့်၊ သင်သည်ထိုပြည်မှ ငါ့သားဘို့ မယားကို ယူရလိမ့်
မည်။ 8 မိန်းမသည်သင်နှင့်အတူ မလိုက်လိုလျှင်၊ သင် သည်၊ ယခုငါပေးသောကျိန်ဆိုခြင်းနှင့် ကင်းလွတ်စေ။ ငါ့သားကို
ထိုပြည်သို့ခေါ်၍ မသွားနှင့်ဟုဆိုပြီးမှ၊ 9 ကျွန်သည် သခင်အာဗြဟံ၏ ပေါင်အောက်၌ လက်ကိုထား၍ ထိုအမှု၌ကျန်ဆိုလေ၏။ 10
ထိုကျွန်သည်လည်း၊ မိမိသခင်၏ဥစ္စာရှိသမျှကို စီရင်သောသူဖြစ်၍၊ သခင်၏ကုလားအုပ်စုထဲက၊ ကုလား
အုပ်ဆယ်စီးကိုယူ၍ထသွားသဖြင့်၊ မေသောပေါတာမိ တိုင်း၊ နာခေါ် မြို့သို့ ရောက်လေ၏။ 11 မိန်းမများရေခပ်သော ညဦးယံအချိန်၌၊
မြို့ပြင် ရေတွင်းနားမှာ ကုလားအုပ်တို့ကို ဝပ်စေပြီးလျှင်၊ 12 အကျွန်ုပ်၏သခင်၊ အာဗြဟံ၏ ဘုရားသခင် ထာဝရဘုရား ယနေ့
အကျွန်ုပ်အကြံကို ထမြောက်စေ၍၊ အကျွန်ုပ်၏သခင် အာဗြဟံ၌ ကျေးဇူးပြုတော်မူပါဟု၊ အကျွန်ုပ်ဆုတောင်းပါ၏။ 13
အကျွန်ုပ်သည်၊ ဤရေတွင်းနားမှာ ရပ်နေ၍၊ ထိုမြို့သူသတို့ သမီးတို့သည်၊ ရေခပ်ခြင်းငှါလာကြသည် တွင်၊ 14 အကြင်သတို့သမီးကို၊
ကျွန်ုပ်သောက်ခြင်းငှါ သင်ရေဘူးကို ချပါဟုဆိုသော်၊ သောက်ပါ၊ သင်၏ကုလား အုပ်တို့ကိုလည်း ရေတိုက်ပါမည်ဟု၊ ပြန်ဆိုသော
သမီး သည်၊ ကိုယ်တော်၏ကျွန်ဣဇာက်ဘို့ ခန့်ထားတော် မူသောသူဖြစ်ပါစေသော။ ထိုသို့အားဖြင့်၊ အကျွန်ုပ်၏ သခင်၌
ကျေးဇူးပြုတော်မူကြောင်းကို၊ အကျွန်ုပ်သိရပါ မည်ဟု လျှောက်ဆို၏။ 15 ထိုသို့လျှောက်ဆို၍မပြီးမှ၊ အာဗြဟံအစ်ကိုနာခေါ်မယား
မိလခါသား၊ ဗေသွေလ၏သမီး ရေဗက္ကသည်၊ ရေဘူးကိုထမ်းလျက် ထွက်လာသည်ကိုမြင်၏။ 16 ထိုသတို့သမီးသည်၊
အလွန်အဆင်းလှ၍၊ ယောကျ်ားနှင့် မဆက်ဆံသေးသော ကညာဖြစ်၏။ ရေတွင်းသို့ဆင်း၍၊ ရေဘူးကို ရေနှင့်ဖြည့်ပြီးမှ တက်လာ ၏။
17 ကျွန်သည်လည်း၊ ထိုမိန်းမနှင့်တွေ့ခြင်းငှါပြေး၍၊ သင်၏ရေဘူး၌ ရေအနည်းငယ်ကို သောက်ပါရစေဟု ဆိုလေသော်၊ 18 မိန်းမက၊
သောက်ပါလောအရှင်ဟုဆိုသဖြင့်၊ မိမိလက်ပေါ်မှာ၊ အလျင်အမြန်ရေဘူးကို ချ၍၊ ရေကို ပေးလေ၏။ 19 ရေကိုပေးပြီးလျှင်၊
သင်၏ကုလားအုပ်တို့သည် လည်း၊ ဝစွာ သောက်စရာဘို့ရေခပ်ပါမည်ဟု ဆိုသည် အတိုင်း၊ 20 အလျင်အမြန်ဘူး၌ရှိသော
ရေကိုရေတိုက်ခွက် ထဲ၌ လောင်းပြီးလျှင်၊ တဖန်ခပ်ခြင်းငှါ ရေတွင်းသို့ပြေး၍၊ ကုလားအုပ်အဘို့ ရေခပ်လေ၏။ 21 ယောကျ်ားသည်
ထိုမိန်းမကို အံ့သြ၍၊ မိမိ ရောက်လာသော အမှုကို ထာဝရဘုရားပြုစုတော်မူသည်၊ မမူသည်ကို သိလို၍၊ တိတ်ဆိတ်စွာ နေလေ၏။ 22
ကုလားအုပ်များကို ရေသောက်စေပြီးသော နောက်၊ ယောကျ်ားသည်၊ အချိန်ငါးမူးရှိသော ရွှေနှာဆွဲ၊ အကျပ်တဆယ်အချိန်ရှိသော
ရွှေလက်ကောက်တရံကို ထုတ်၍၊ 23 သင်သည် အဘယ်သူ၏သမီးဖြစ်သနည်း။ ကျွန်ုပ်ကို ပြောပါ။ သင်၏အဘအိမ်၌
ကျွန်ုပ်တို့တည်းခို စရာအရပ်ရှိသလောဟု မေးလေသော်၊ 24 မိန်းမက၊ ကျွန်ုပ်သည် နာခေါ်၏မယားမိလခါ ဘွားမြင်သော၊
ဗေသွေလ၏သမီးဖြစ်သည်ဟူ၍ငှင်း၊ 25 ကျွန်ုပ်တို့၌ မြက်ခြောက်များ၊ စားဘွယ်သောက် ဘွယ်များနှင့် တည်းခိုစရာအရပ်လည်း
ရှိသည်ဟူ၍ငှင်း ဆိုလေ၏။ 26 ထိုအခါယောကျ်ားသည် ဦးညွှတ်ချ၍ ထာဝရ ဘုရားကိုကိုးကွယ်လျက်၊ 27 ကရုဏာ၊ သစ္စာတော်ကို
အကျွန်ုပ်သခင်မှ ရုပ်သိမ်းတော်မမူသော၊ အကျွန်ုပ်သခင်အာဗြဟံ၏ ဘုရားသခင် ထာဝရဘုရားသည် မင်္ဂလာရှိတော်မူစေ သတည်း။
လမ်းမှာ သွားလျက်ရှိသော အကျွန်ုပ်ကို ထာဝရဘုရားသည် အကျွန်ုပ်သခင်၏ညီအစ်ကိုတို့အိမ်သို့ ပို့ဆောင်တော်မူပါသည်တကားဟု
မြွက်ဆို၏။ 28 သတို့သမီးသည်လည်းပြေး၍ အမိ၏အိမ်၌ ဤအရာများကို ကြားပြောလေ၏။ 29 ရေဗက္က၌ လာဗန်အမည်ရှိသော
မောင် တယောက်ရှိ၏။ လာဗန်သည် ယောကျ်ားရှိရာ ရေတွင်း သို့ပြေး၏။ 30 သူသည်နှာဆွဲကိုငှင်း၊ နှမလက်၌ လက်ကောက် ကိုငှင်း
မြင်၍၊ ထိုယောကျ်ားသည်ကျွန်ုပ်ကို ဤသို့ ပြောသည်ဟု၊ နှမရေဗက္ကဆိုသော စကားကို ကြားသော အခါ၊ ရေတွင်း၌
ကုလားအုပ်အနားမှာရပ်နေသော ယောကျ်ားထံသို့ ရောက်သောအခါ၊ 31 ထာဝရဘုရားကောင်းကြီးပေးတော်မူသော သူ၊ ကျွန်ုပ်အိမ်သို့
ဝင်ပါလော့။ ပြင်၌အဘယ်ကြောင့် ရပ်နေ သနည်း။ အိမ်ကိုငှင်း၊ ကုလားအုပ် များနေရာအရပ်ကို ငှင်း၊ ကျွန်ုပ်ပြင်ပါပြီဟုဆိုသဖြင့်၊ 32
ယောကျ်ားကိုအိမ်သို့သွင်း၍ ကုလားအုပ်တို့ တန်ဆာကို ချွတ်ပြီးမှ၊ သူတို့အားမြက်ခြောက်နှင့်စားစရာ ကို ပေး၏။ ယောကျ်ားခြေ၊
လိုက်သော သူတို့ခြေဆေးဘို့ ရေကိုလည်းပေးလေ၏။ 33 သူ့ရှေ့မှာ စားစရာကို ထည့်သောအခါ၊ သူက၊ ကျွန်ုပ်သည်
ကိုယ်အမှုကိုမပြောမှီမစားလိုပါဟုဆိုလျှင်၊ ပြောပါဟုဆို၏။ 34 ယောကျ်ားကလည်း၊ ကျွန်ုပ်ကားအာဗြဟံ၏ ကျွန်ဖြစ်ပါ၏။ 35
ထာဝရဘုရားသည် ကျွန်ုပ်၏သခင်ကို အလွန် ကောင်းကြီးပေးတော်မူသဖြင့်၊ သူသည်ကြီးမြတ်ခြင်းသို့ ရောက်လေပြီ။ သိုးစု၊ နွားစု၊
ရွှေ၊ ငွေ၊ ကျွန်ယောကျ်ား၊ ကျွန်မိန်းမ၊ ကုလားအုပ်နှင့်မြည်းများတို့ကို ပေးတော်မူပြီ။ 36 ကျွန်ုပ်သခင်၏မယားစာရာသည်၊ သခင်
အသက်အိုသောအခါ၊ သူ့အားသားကို ဘွားမြင်သဖြင့်၊ ထိုသားအားဥစ္စာရှိသမျှကိုသခင်သည် အပ်ပေးပြီ။ 37 ကျွန်ုပ်၏သခင်ကလည်း၊


generated on Tue Jul 2 12:50:28 2024

သင်သည်ငါနေသော ခါနာန်အမျိုးသမီးတို့တွင်၊ ငါ့သားဘို့ မယားကို မရွေးဘဲ၊ 38 ငါ့အဘ၏အိမ်၊ ငါ့အမျိုးသားချင်းတို့ထံသို့ သွား၍၊
ငါ့သားဘို့ မယားကို ယူရမည်ဟု အကျွန်ုပ်ကို ကျိန်ဆိုစေ၏။ 39 အကျွန်ုပ်ကလည်း၊ မိန်းမသည်မလိုက်လိုလျှင် အဘယ်သို့နည်းဟု
သခင်ကိုမေးလေသော်၊ 40 သခင်က၊ အကြင်ထာဝရဘုရားသခင်ရှေ့တော် ၌ ငါသွားလာ၏၊ ထိုဘုရားသည် မိမိကောင်းကင်တမန် ကို
သင်နှင့်အတူစေလွှတ်၍၊ သင်သွားသောအမှုကို ပြုစုတော်မူသဖြင့်၊ ငါ့အမျိုးသားချင်း၊ ငါ့အဘ၏အိမ်ထဲ က ငါ့သားဘို့
မယားကိုယူရမည်။ 41 ငါ့အမျိုးသားချင်းတို့ထံသို့ရောက်သောအခါ၊ သင်သည် ငါပေးသော ကျိန်ဆိုခြင်းနှင့်ကင်းလွတ်စေ။
ထိုသူတို့သည်မိန်းမကိုမပေးသော်လည်း၊ သင်သည် ငါပေးသော ကျိန်ဆိုခြင်းနှင့်ကင်းလွတ်စေမည်ဟု ပြော၏။ 42
ကျွန်ုပ်သည်ယနေ့ရေတွင်းသို့ ရောက်ပြီးလျှင်၊ ကျွန်ုပ်သခင် အာဗြဟံ၏ဘုရားသခင်ထာဝရဘုရား၊ အကျွန်ုပ်ရောက်လာသော အမှုကို
ယခုပြုစုတော်မူလျှင်၊ 43 အကျွန်ုပ်သည် ရေတွင်းနားမှာရပ်နေ၍၊ ရေခပ် ခြင်းငှါ လာသော အကြင်သမီးကညာကို၊ ကျွန်ုပ်သောက် ဘို့
သင်၏ရေဘူး၌ရေအနည်းငယ်ကို ပေးပါဟုတောင်း သော်၊ 44 သောက်ပါ။သင်၏ကုလားအုပ်တို့ဘို့လည်း ရေခပ်ပါမည်ဟု
ပြန်ဆိုသောသမီးကညာသည်၊ ကိုယ် တော်ကျွန်၏သားဘို့၊ ခန့်ထားတော်မူသော မိန်းမဖြစ်ပါ စေသောဟု လျှောက်ဆို၏။ 45
ထိုသို့စိတ်နှလုံး၌ လျှောက်ဆို၍မပြီးမှီ၊ ရေဗက္ကသည် ရေဘူးကို ထမ်းလျက်ထွက်လာသဖြင့်၊ ရေတွင်းသို့ ဆင်း၍ ရေခပ်သည်ကို
ကျွန်ုပ်မြင်လျှင်၊ ရေသောက်ပါရ စေဟု သူ့ကိုတောင်းလေသော်၊ 46 သူသည်အလျင်အမြန်ပခုံးပေါ်က ရေဘူးကို ချလျက်၊
သောက်ပါလော့။ သင်၏ ကုလားအုပ်တို့ကို လည်း၊ ရေတိုက်ပါမည်ဟုဆိုသည်အတိုင်း၊ ကျွန်ုပ်သောက် ရ၏။ ကုလားအုပ်တို့ကိုလည်း
ရေတိုက်လေ၏။ 47 ကျွန်ုပ်ကလည်း၊ သင်သည် အဘယ်သူ၏ သမီးဖြစ်သနည်းဟုမေးသော်၊ သူက၊ ကျွန်ုပ်သည် မိလခါ
ဘွားမြင်သော နာခေါ်သားဗေသွေလ ၏သမီးဖြစ်သည် ဟုပြောဆို၏။ ကျွန်ုပ်သည် မိလခါဘွားမြင်သော နာခေါ်
သားဗေသွေလ၏သမီးဖြစ်သည်ဟုပြောဆို၏။ ကျွန်ုပ် သည်လည်း၊ သူ၏ မျက်နှာ၌နှာဆွဲကိုဝင်း၊ သူ၏လက်၌
လက်ကောက်တို့ကိုဝင်းထည့်ပြီးလျှင်၊ 48 ဦးညွှတ်ချ၍၊ ကျွန်ုပ်သခင်အစ်ကို၏ မြေးကို သခင်၏သားဘို့ ယူစေခြင်းငှါ၊
မှန်သောလမ်းဖြင့် ပို့ဆောင်တော်မူသော ကျွန်ုပ်သခင် အာဗြဟံ၏ ဘုရား သခင် ထာဝရဘုရားကို ကောင်းကြီးပေး၍ ကိုးကွယ် လေ၏။
49 ယခုတွင်သင်တို့သည်၊ ကျွန်ုပ်သခင်၌ သစ္စာနှင့် ကျေးဇူးပြုမည်၊ မပြုမည်ကိုပြောပါ။ ကျွန်ုပ်သည်လည်း၊ လက်ျာလမ်းဖြစ်စေ၊
လက်ဝဲလမ်းဖြစ်စေ၊ တလမ်းလမ်းသို့ လိုက်သွားပါမည်ဟု ပြောဆို၏။ 50 လာဗန်နှင့်ဗေသွေလတို့ကလည်း၊ ဤအမှုသည်
ထာဝရဘုရား စီရင်တော်မူသောအမှုဖြစ်၏။ အကျွန်ုပ်တို့ သည်၊ သင့်အား ကောင်းမကောင်းကို မပြောနိုင်ပါ။ 51 ရေဗက္ကသည်
သင့်ရှေ့၌ရှိပါ၏။ ယူသွားပါ လော့။ ထာဝရဘုရား မိန့်တော်မူသည်အတိုင်း၊ သင်၏ သခင်သား၏ မယားဖြစ်စေဟုပြန်ဆို၏။ 52
ထိုစကားကိုကြားလျှင်၊ အာဗြဟံကျွန်သည် ဦးညွှတ်ချ၍၊ ထာဝရဘုရားကို ကိုးကွယ်ပြီးမှ၊ 53 ငွေဖလား၊ ရွှေဖလား၊
အဝတ်တန်ဆာများကို ထုတ်၍ ရေဗက္ကအားပေး၏။ သူ၏အမိ၊ မောင်အားလည်း၊ အဘိုးထိုက်သော လက်ဆောင်ကိုပေး၏။ 54
သူနှင့်သူ၏အဘော်အပေါင်းတို့သည်၊ စား သောက်၍ ညဉ့်ကို လွန်စေပြီးမှ၊ နံနက်ယံ၌ထလျက်၊ ကျွန်ုပ်သည်၊
သခင်ထံသို့ပြန်ပါရစေဟု ဆိုလေသော်၊ 55 မောင်နှင့်အမိက၊ မိန်းမကလေးသည်၊ ကျွန်ုပ်တို့ ထံမှာ၊ ဆယ်ရက်ခန့်လောက်နေပါစေဦး။
နောက်မှ၊ သူ့ကိုသွားပါစေမည်ဟု ဆိုကြ၏။ 56 ထိုသူကလည်း၊ ကျွန်ုပ်ကို မဆီးတားပါနှင့်။ ထာဝရဘုရားသည်၊
ကျွန်ုပ်ရောက်လာသောအမှုကို ပြုစုတော်မူပြီ။ ကျွန်ုပ်သည် သခင်ထံသို့ သွားရသော အခွင့်ကို ပေးပါလော့ဟုဆိုလျှင်၊ 57 သူတို့က၊
မိန်းကလေးကိုခေါ်၍၊ သူ့အလိုကို မေးပါဦးမည်ဟု ဆိုသည်နှင့်၊ 58 ရေဗက္ကကိုခေါ်၍ သင်သည်ဤလူနှင့်အတူ ယခုလိုက်မည်လောဟု
မေးသောအခါ၊ ကျွန်ုပ်လိုက်ပါမည် ဟုဆို၏။ 59 သို့ဖြစ်၍၊ မိမိနှမရေဗက္ကနှင့် သူ၏အထိန်းကိုဝင်း၊ အာဗြဟံကျွန်နှင့် သူ၏လူတို့ကိုဝင်း
လွှတ်လိုက် ကြ၏။ 60 ရေဗက္ကကိုလည်း၊ သင်သည် ကျွန်ုပ်တို့၏နှမ ဖြစ်၏။ အသောင်းအသိန်းတို့၏အမိဖြစ်ပစေသော။
သင်၏အမျိုးအနွယ်သည် ရန်သူတို့၏ တံခါးများကို အစိုးရပါစေသောဟု ကောင်းကြီးပေးကြ၏။ 61
ရေဗက္ကနှင့်သူ၏မိန်းမငယ်တို့သည်ထ၍၊ ကုလားအုပ်ကိုစီးလျက်၊ ထိုယောက်ျားနှင့်အတူ လိုက်ကြ ၏။ ထိုသို့ အာဗြဟံကျွန်သည်
ရေဗက္ကကို ဆောင်သူ သွားလေ၏။ 62 ထိုအခါ တောင်ပြည်အတွင်း၌ နေသော ဣဇာက်သည်၊ ဗေရလဟဲရောလမ်းဖြင့်
ရောက်လာသည် ဖြစ်၍၊ 63 ညဦးအချိန်၌ ဆင်ခြင်လိုသောငှါ၊ တောအရပ် သို့ထွက်သွား၍၊ မျှော်ကြည့်လျှင်၊ ကုလားအုပ်များ
လာသည်ကို မြင်လေ၏။ 64 ရေဗက္ကသည်လည်း၊ မျှော်ကြည့်၍ ဣဇာက်ကို မြင်သောအခါ၊ ကုလားအုပ်အပေါ်မှဆင်းပြီးလျှင်၊ 65
ကျွန်ုပ်တို့ကို ကြိုဆိုခြင်းငှါ၊ တော၌လာသော ထိုသူကား၊ အဘယ်သူနည်းဟု ကျွန်ကိုမေးလေသော်၊ ကျွန်က၊ ထိုသူသည်
ကျွန်ုပ်သခင်ဖြစ်ပါ၏ဟု ပြောဆို သောစကားကိုကြားလျှင်၊ ရေဗက္ကသည် မျက်နှာဖုံးကို ယူ၍ ဖုံးလေ၏။ 66 ကျွန်သည်လည်း၊
မိမိပြုလေသမျှတို့ကို ဣဇာက် အား ကြားပြောပြီးမှ၊ 67 ဣဇာက်သည် မိမိအမိစာရာ၏ တဲသို့ ရေဗက္က ကို ဆောင်ယူ၍ စုံဘက်လေ၏။
ရေဗက္ကကိုချစ်နှစ်မြို့ သဖြင့်၊ အမိသေသောအမှု၌ သက်သာခြင်းသို့ ရောက် လေ၏။



generated on Tue Jul 2 12:50:28 2024

## Chapter 25

1 တဖန်အာဗြဟံသည်၊ ကေတုရအမည်ရှိသော မိန်းမနှင့် စုံဘက်၍၊ 2 ထိုမိန်းမသည် ဇိမရံ၊ ယုတ်ရှန်၊ မေဒန်၊ မိဒျန်၊ ဣရှဗက်၊
ရှုအာတို့ကို ဘွားမြင်လေ၏။ 3 ယုတ်ရှန်သားကား၊ ရှေဘနှင့်ဒေဒန်တည်း။ ဒေဒန်သားကား၊ အာရှုရိမ်လူ၊ လေတုရှိမ်လူ၊ လုမ်မိမ်
လူတည်း။ 4 မိဒျိန် သားကား၊ ဧဖါ၊ ဧဖေရ၊ ဟာနုတ်၊ အဘိဒ၊ ဧလဒါတည်း။ ထိုသူအပေါင်းတို့ကား ကေတုရအနွယ် ဖြစ်ကြသတည်း။ 5
အာဗြဟံသည်၊ မိမိဥစ္စာရှိသမျှကို ဣဇာက်အား ပေးလေ၏။ 6 မယားငယ်တို့၌ ရသောသားတို့အားလည်း၊ မိမိအသက်ရှင်စဉ်တွင်
ဆုလပ်များကိုဝေပေး၍၊ သား ဣဇာတ်ထံမှ အရှေ့ပြည်သို့ လွှတ်လိုက်လေ၏။ 7 ထိုနောက်အာဗြဟံသည် အသက်ကြီးရင့်၍၊
အိုမင်းခြင်း၊ နေ့ရက် ကာလပြည့်စုံခြင်းနှင့်တကွ၊ အသက်ပေါင်း တရာခုနစ်ဆယ်ငါးနှစ်ရှိသော်၊ 8 အသက်ချုပ်၍ အနိစ္စဖြစ်သဖြင့်၊
မိမိလူမျိုး စည်းဝေးရာသို့ရောက်လေ၏။ 9 သားဣဇာက်နှင့် ဣရှမေလတို့သည်၊ မံရေမြို့ ရှေ့မှာ၊ ဟိတ္တိအမျိုးသား၊
ဇောရသားဇေရုန်၏လယ်ပြင် တွင်၊ မပွေလမြေတွင်း၌ အဘကို သင်္ဂြိုဟ်ကြ၏။ 10 ဟေသအမျိုးသားတို့အား အဘိုးပေး၍ အာဗြဟံ
ဝယ်သောလယ်ပြင်၌၊ အာဗြဟံနှင့် မယားစာရာတို့ကို သင်္ဂြိုဟ်ကြသတည်း။ 11 အာဗြဟံ သေသောနောက်၊ သားဣဇာက်ကို
ဘုရားသခင် ကောင်းကြီးပေးတော်မူ၏။ ဣဇာက်သည် ဗေရလဟဲရောမြို့မှာ နေသတည်း။ 12 စာရာ၏ကျွန်မ၊ အဲဂုတ္တု၊ အမျိုးသား
ဟာဂရ ဘွားမြင်သော အာဗြဟံသား ဣရှမေလ၏ သားစဉ် မြေးဆက်တည်းဟူသော၊ 13 မိမိအမျိုးအနွယ်အလိုက်၊
ဣရှမေလသားများအမည်ဟူမူကား၊ သားအကြီး နာဗာယုတ်။ ထိုနောက် ကေဒါ၊ အာဒဗေလ၊ မိဗသံ၊ 14-15 မိရှမ၊ ဒုမာ၊ မာစ၊ - ဟာဒဒ်၊
တေမ၊ ယေတုရ၊ နာဖိရှ၊ ကေဒမာတည်းဟူသော၊ 16 ဣရှမေလသားတည်း။ ထိုသို့အမည်ရှိသော သူတို့သည်၊ မိမိမြို့၊
မိမိရဲတိုက်အလိုက်၊ အမျိုးမျိုးသော မင်းဆယ်နှစ်ပါးဖြစ်သတည်း။ 17 ဣရှမေလသည် အသက်တရာသုံးဆယ်ခုနစ်နှစ်ရှိသော်၊
အသက်ချုပ်၍သေသဖြင့်၊ မိမိလူမျိုးစည်းဝေးရာသို့ ရောက်လေ၏။ 18 သူတို့သည်လည်း၊ အာရှုရိပြည်သို့သွားရာလမ်း အရှေ့၊ ရှုရမြို့
တိုင်အောင် နေကြ၏။ ထိုသို့ ဣရှမေလ၏ နေရာသည်၊ မိမိ ညီအစ်ကို အပေါင်းအနား၌ ကျသတည်း။ 19 အာဗြဟံသား
ဣဇာက်၏အဆက်အနွယ်ဟူ မူကား၊ အာဗြဟံသားကား ဣဇာက်တည်း။ 20 ဣဇာက်သည်၊ အသက်လေးဆယ်ရှိသောအခါ၊
ပါဒနာရံအရပ်သူ၊ ရှုရိအမျိုးဗေသွေလ၏သမီး၊ ရှုရိလူ လာဗန်၏ နှမရေဗက္ကနှင့် အိမ်ထောင်လေ၏။ 21 ဣဇာက်သည်၊ မိမိမယား
ရေဗက္ကမြုံသော ကြောင့်၊ ထာဝရဘုရားကို တောင်းပန်၍၊ ထာဝရဘုရား နားထောင်တော်မူသဖြင့်၊ သူ၏မယားသည် ပဋိသန္ဓေ
စွဲယူလေ၏။ 22 ဝမ်းအတွင်း၌ တည်သောသူငယ်တို့သည်၊ အချင်းချင်း တိုက်ခိုက်ကြ၏။ အမိကလည်း၊ ထိုသို့ဖြစ်၍
ငါ၌အဘယ်အမှုရောက်ပါလိမ့်မည်နည်းဟု ဆိုသဖြင့်၊ ထာဝရဘုရားကို မေးလျှောက်ခြင်းငှါသွားလေ၏။ 23 ထာဝရဘုရားကလည်း၊
သင်၏ ဝမ်းအတွင်း၌ လူမျိုးနှစ်မျိုးရှိ၏။ သင်၏ဝမ်းထဲက ခြားနားသော လူစု နှစ်စုကို ဘွားရလိမ့်မည်။ လူတမျိုးသည် တမျိုးထက်
အားကြီးလိမ့်မည်။ အကြီးသည်အငယ်၌ ကျွန်ခံရလိမ့် မည်ဟု မိန့်တော်မူ၏။ 24 ဘွားချိန်စေ့သောအခါ၊ သူ၏ဝမ်း၌သားအမွှာ
ရှိသဖြင့်၊ 25 အဦးဘွားသောသားသည်၊ အမွေးပါသော ဝတ်ကဲ့သို့ဖြစ်၍၊ တကိုယ်လုံးအဆင်းနီ၏။ သူ့ကို ဧသော ဟူသောအမည်ဖြင့်
မှည့်ကြ၏။ 26 ထိုနောက်မှ သူ့ညီသည်၊ အစ်ကိုဧသော၏ ဖနှောင့်ကို ကိုင်လျက် ဘွားလာ၏။ သူ့ကိုကား၊ ယာကုပ် အမည်ဖြင့်
မှည့်ကြ၏။ ထိုသားနှစ်ယောက်ကို ဘွားသော အခါ၊ ဣဇာက်သည် အသက်ခြောက်ဆယ်ရှိသတည်း။ 27 သူငယ်တို့သည် ကြီးပွား၍၊
ဧသောကား လိမ္မာ သော တောသားမုဆိုးဖြစ်လေ၏။ ယာကုပ်ကားတဲ၌ နေတတ်၍ စိတ်ကောင်းသောသူဖြစ်၏။ 28 ဣဇာက်သည်၊
ဧသောပေးသောအမဲသားကို စားလေ့ရှိသောကြောင့် သူ့ကိုချစ်၏။ ရေဗက္ကမူကား ယာကုပ်ကို ချစ်၏။ 29 တနေ့သ၌၊ ယာကုပ်သည်
စားစရာကို ချက် ပြုတ်စဉ်တွင်၊ ဧသောသည် တောမှလာ၍ မောသော ကြောင့်၊ 30 ယာကုပ်အား၊ ထိုနီသောစားစရာနှင့် ငါ့ကို
ကျွေးပါလော့၊ ငါမောပါသည်ဟုဆိုလေ၏။ ထိုကြောင့် သူ၏နာမည်ကို ဧဒုံဟုတွင်သတည်း။ 31 ယာကုပ်ကလည်း၊ ယနေ့ပင်
သင်၏သားဦး အရာကို၊ ငါ့အား ရောင်းပါဟုဆိုလျှင်၊ 32 ဧသောက၊ ငါသေလုပြီ။ သားဦးအရာအားဖြင့် အဘယ်အကျိုး
ရှိပါလိမ့်မည်နည်းဟုဆို၏။ 33 ယာကုပ်ကလည်း၊ ယနေ့ပင်ငါ့အား ကျိန်ဆိုခြင်း ကို ပြုပါဟုဆိုသော်၊ သူသည်ကျိန်ဆိုသဖြင့်၊
ယာကုပ်အား မိမိသားဦးအရာကို ရောင်းလေ၏။ 34 ထိုအခါ ယာကုပ်သည်၊ မုန့်နှင့်ပဲဟင်းကို ဧသော အားပေးသဖြင့်၊ သူသည်
စားသောက်ပြီးမှထ၍ သွားလေ ၏။ ထိုသို့ဧသောသည်၊ မိမိနှင့် ဆိုင်သောသားဦးအရာကို မထီမဲ့မြင်ပြုသတည်း။


generated on Tue Jul 2 12:50:28 2024

# Chapter 26

1 အာဗြဟံလက်ထက် ထိုပြည်၌ဖြစ်ဘူးသော အစာခေါင်းပါးခြင်းမှတပါး၊ နောက်တဖန် အစာခေါင်း ပါးခြင်း ရှိပြန်သည်ဖြစ်၍၊
ဣဇာက်သည် ဖိလိတ္တိမင်းကြီး အဘိမလက်နေရာဂေရာမြို့သို့ သွားလေ၏။ 2 ထာဝရဘုရားသည်လည်း သူ့အားထင်ရှား၍၊ သင်သည်
အဲဂုတ္တုပြည်သို့မသွားနှင့်၊ ငါပြောလတံ့သော ပြည်၌နေလော့။ 3 ယခုဤပြည်၌ တည်းခို၍နေလော့။ သင့်ဘက် မှာ ငါနေ၍
ကောင်းကြီးပေးမည်။ အကြောင်းမူကား၊ သင်နှင့်သင်၏အမျိုးအနွယ်အား ဤပြည်ရှိသမျှတို့ကို ငါပေးမည်။
သင်၏အဘအာဗြဟံအား ငါကျိန်ဆိုသော စကားရှိသည်အတိုင်းငါပြုမည်။ 4 သင်၏အမျိုးအနွယ်ကို ကောင်းကင်ကြယ်ကဲ့သို့
များပြားစေမည်။ သင်၏အမျိုးအနွယ်အားလည်း၊ ဤပြည် ရှိသမျှတို့ကို ငါပေးမည်။ သင်၏အမျိုးအနွယ် အားဖြင့်လည်း၊
လူမျိုးအပေါင်းတို့သည် ကောင်းကြီး မင်္ဂလာကို ခံရကြလိမ့်မည်။ 5 အကြောင်းမူကား၊ အာဗြဟံသည် ငါ့စကားကို နားထောင်၍၊
ငါစီရင်မှာထားသော ပညတ်တရား အမျိုးမျိုးတို့ကို စောင့်ရှောက်သတည်း ဟုမိန့်တော်မူ၏။ 6 ဣသရေလဇာက်သည် ဂေရာမြို့၌
နေစဉ်တွင်၊-မြို့သားတို့သည် သူ၏မယားအကြောင်းကို မေးသော အခါ၊ ရေဗက္ကသည် လှသောအဆင်းအရောင် ရှိသောကြောင့်၊ 7
ဤပြည်သား ယောကျ်ားတို့သည် သူ့အကြောင်းကြောင့် ငါ့ကို သတ်မည်ဟုစိုးရိမ်၍၊ သူ သည် ငါ့မယားဖြစ်သည်ဟု မပြောမဆိုဝံ့၊
ငါ့နှမဖြစ်သည် ဟု ပြောဆို၏။ 8 ထိုမြို့၌ ကာလအင်တန်ကြာနေပြီးမှ၊ တနေ့သ၌၊ ဣဇာက်သည် မိမိမယားရေဗက္ကနှင့် ကစားသည်။
ဖိလိတ္တိမင်းကြီးအဘိမလက်သည် ပြတင်းပေါက်ဝက ကြည့်မြင်လျှင်၊ 9 ဣဇာက်ကိုခေါ်၍၊ ထိုမိန်းမသည်၊ အကယ်စင် စစ်
သင်၏မယားဖြစ်၏။ သို့ရာတွင်၊ သူသည် ငါ့နှမဖြစ်၏ဟု အဘယ်ကြောင့် သင်ပြောရ သနည်းဟုမေးသော်၊ ဣဇာက်က၊
သူ့အတွက်ကြောင့် ကျွန်ုပ်သေမည်ကို စိုးရိမ်ပါသည်ဟု လျှောက်ဆို၏။ 10 အဘိမလက်မင်းကလည်း၊ ငါတို့၌ သင်ပြုသော အမှုကား
အဘယ်သို့နည်း။ တစုံတယောက်သော သူသည်၊ သင်၏မယားနှင့် အမှတ်တမဲ့သင့်နေလျှင်၊ ငါတို့ ခေါင်းပေါ်မှာ သင်သည်
အပြစ်ရောက်စေလိမ့်မည် တကားဟု ဆိုပြီးမှ၊ 11 ဤလင်မယားကို ပြစ်မှားသောသူသည် ဆက်ဆက်အသေခံရမည်ဟု
မိမိလူအပေါင်းတို့ကို မှာထားသနည်း။ 12 ထိုပြည်၌ ဣဇာက်သည် မျိုးစေ့ကိုကြဲ၍၊ တနှစ် ခြင်းတွင် အဆတရာသော အသီးအနှံကို
ရလေ၏။ ထာဝရဘုရားသည်လည်း၊ ကောင်းကြီးပေးတော်မူသဖြင့်၊ 13 သူသည်ကြီးပွါး၍၊ အလွန်စည်းစိမ်းကြီးသည် တိုင်အောင်
တိုးတက်လျက်၊ စီးပွါးဥစ္စာများပြားစွာ ဖြစ်လေ၏။ 14 သိုးစု၊ နွားစုများ၊ ကျွန်များနှင့်ပြည့်စုံ ကြွယ်ဝ၏။ ထိုကြောင့်၊ ဖိလိတ္တိလူတို့သည်
သူ့ကိုငြူစူကြ၏။ 15 အဘအာဗြဟံလက်ထက်၌၊ အဘ၏ကျွန်တို့ တူးသော ရေတွင်းရှိသမျှတို့ကို မြေနှင့်ဖို့ပိတ်ကြ၏။ 16
အဘိမလက်မင်းကလည်း၊ သင်သည် ငါ့တို့ထက် တန်ခိုးကြီး၏။ ငါတို့ထံမှထွက်သွားလော့ဟု၊ ဣဇာက်ကို အမိန့်ရှိသောကြောင့်၊ 17
ဣဇာက်သည် ထိုမြို့မှ ထွက်သွားပြီးလျှင်၊ ဂေရာချိုင့်၌တဲကို ဆောက်၍နေလေ၏။ 18 ထိုအခါ ဣဇာက်သည်၊ အဘအာဗြဟံ ကျွန်တို့
တူး၍၊ အဘသေသောနောက်၊ ဖိလိတ္တိလူတို့ဖို့သော ရေတွင်းတို့ကို တူးဘော်ပြန်၍၊ အထက်က အဘသမုတ် သော အမည်ဖြင့်
သမုတ်လေ၏။ 19 ဣဇာက်ကျွန်တို့လည်း၊ ချိုင့်ထဲ၌တူး၍ စမ်း ရေတွင်းကို တွေ့ကြ၏။ 20 ဂေရာအမျိုးသား နွားကျောင်းတို့ကလည်း၊
ဤရေသည် ငါတို့ရေဖြစ်၏ဟု၊ ဣဇာက်၏နွားကျောင်းတို့ နှင့် လုယက်ပြောဆိုကြ၏။ ထိုသို့အချင်းချင်းလုယက် ကြသောကြောင့်၊
ထိုရေတွင်းကို ဧသက်အမည်ဖြင့်မှည့် လေ၏။ 21 နောက်တဖန် အခြားသောရေတွင်းကို တူးပြန် ကြ၏။ ထိုရေတွင်းကိုလည်း
တဖန်လုကြသောကြောင့်၊ သိတနအမည်ဖြင့် မှည့်လေ၏။ 22 ထိုအရပ်မှ နေရာပြောင်း၍၊ အခြားသော ရေတွင်းကို တူးကြ၏။
ထိုရေတွင်းကို အဘယ်သူမျှ မလုယက်သောကြောင့်၊ ငါတို့ နေစရာအခွင့်ကို ယခု ထာဝရဘုရားပေးတော်မူပြီ ဖြစ်၍၊ ဤပြည်၌
ငါတို့သည် စီးပွါးများကြလိမ့်မည်ဟုဆိုလျက်၊ ထိုရေတွင်းကို ရဟောဘုတ်အမည်ဖြင့် မှည့်သတည်း။ 23 တဖန် ထိုအရပ်မှ
ဗေရရှေဘအရပ်သို့ ပြောင်း လေ၏။ 24 ထိုနေ့ညမှာ ထာဝရဘုရားသည် ထင်ရှား၍၊ ငါသည် သင်၏အဘ အာဗြဟံ၏ ဘုရားဖြစ်၏။
မစိုးရိမ် နှင့်။ ငါသည်သင့်ဘက်မှာရှိ၏။ ငါသည်ကောင်းကြီးပေး မည်။ ငါ၏ကျွန်အာဗြဟံအတွက်၊ သင်၏အမျိုးအနွယ်ကို
ငါများပြားစေမည်ဟု မိန့်တော်မူ၏။ 25 ထိုအရပ်၌ ယဇ်ပလ္လင်ကို တည်၍၊ ထာဝရ ဘုရား၏ နာမတော်ကို မဌာနာပြု၏။ တဲကိုလည်း
တည်ဆောက်၍၊ ကျွန်တို့သည် ရေတွင်းကို တူးကြ၏။ 26 ထိုအခါ အဘိမလက်မင်းသည်၊ အဆွေတော် အဟုဇာတ်နှင့်
ဗိုလ်ချုပ်မင်းဖိကောလတို့ကို ခေါ်၍၊ ဂေရာမြို့မှ ဣဇာက်ရှိရာသို့သွား၏။ 27 ဣဇာက်ကလည်း၊ သင်တို့သည် ငါ့ကို မြင်ပျင်း၍
နှင်ထုတ်ပြီးမှ၊ အဘယ်ကြောင့် လာကြသနည်းဟု မေးလျှင်၊ 28 ထိုသူတို့က၊ ထာဝရဘုရားသည် သင့်ဘက်မှာ ရှိတော်မူကြောင်းကို၊
ငါတို့အမှန် သိမြင်သည်ဖြစ်၍၊ 29 ငါတို့သည် သင့်ကိုမထိမခိုက်၊ ကျေးဇူးကိုသာပြု၍၊ ငြိမ်ဝပ်စွာလွှတ် လိုက်သည်နည်းတူ၊
သင်သည်ငါတို့ကို အပြစ်မပြုရဟု၊ ငါတို့တဘက်၊ သင့်တဘက်၊ နှစ်ဘက်သား တို့သည်၊ သစ္စာဂတိထား၍ မိဿဟာယဖွဲ့ကြစို့။ သင်
သည် ထာဝရဘုရားကောင်းကြီးပေးတော်မူသောသူ ဖြစ်ပါ၏ဟု ဆိုကြလေသော်၊ 30 ဣဇာက်သည်၊ သူတို့အဘို့ စားသောက်ပွဲကို
လုပ်၍၊ အတူစားသောက်ကြ၏။ 31 နံနက်စောစောထ၍၊ အချင်းချင်းတဦးနှင့် တဦး သစ္စာပြုလိုက်ပြီးမှ၊ ဣဇာက်သည်။ ဣဇာက်သည်
သူတို့ကို လွှတ်လိုက်၍၊ သူတို့သည် ငြိမ်ဝပ်စွာသွားရကြ၏။ 32 ထိုနေ့၌ပင် ဣဇာက်ကျွန်တို့သည် လာ၍၊ မိမိတို့ တူးသောတွင်း၌
ရေတွေ့ကြောင်းကို ပြောဆိုကြလျှင်၊ 33 ထိုရေတွင်းကို ရှေဘအမည်ဖြင့် မှည့်လေ၏။ ထိုကြောင့် ထိုအရပ်၌ တည်သောမြို့ကို
ဗေရရှေဘမြို့ဟု ယနေ့တိုင်အောင်တွင်လေသတည်း။ 34 ဧသောသည် အသက်လေးဆယ်ရှိသောအခါ၊ ဟိတ္တိအမျိုးသား


generated on Tue Jul 2 12:50:28 2024

ဗေရိ၏သမီးယုဒိတ်၊ ဟိတ္တိအမျိုးသား ဧလုန်၏သမီး ဗာရှမတ်တို့နှင့် အိမ်ထောင်လေ၏။ 35 ထိုမိန်းမတို့သည် ဣဇာက်နှင့်ရေဗက္က၌
စိတ် နှလုံးပူပန်စရာအကြောင်းဖြစ်သတည်း။

 generated on Tue Jul 2 12:50:28 2024

## Chapter 27

1 ထိုနောက် ဣဇာက်သည် အိုချ၍ မျက်စိမှုန်သဖြင့် မမြင်နိုင်သောအခါ၊ သားအကြီးဧသောကို၊ ငါ့သားဟု ခေါ်လျှင်၊ အကျွန်ုပ်ရှိပါ၏ဟု
ထူးလေ၏။ 2 အဘကလည်း၊ ယခုငါအိုလှပြီ။ အဘယ်သော အခါ သေရမည်ကို ငါမသိ။ 3 မသေမှီ ငါ့ဝိညာဉ်သည် သင့်ကို
ကောင်းကြီး ပေးမည်အကြောင်း၊ သင်၏လက်နက်တည်းဟူသော လေးနှင့်မြားတောင့်ကို ဆောင်ယူလျက် တောသို့သွား၍၊
ငါစားစရာဘို့ အမဲကောင်ကို ရအောင်ရှာပြီးလျှင်၊ 4 ငါမြိန်ရှက်တတ်သော အမဲဟင်းလျာကို ချက်၍ ငါ့ထံသို့ ယူခဲ့ပါလော့ဟု
ပြောဆို၏။ 5 ထိုသို့ ဣဇာက်သည် သားဧသောအား ပြောဆို သောစကားကို၊ ရေဗက္ကကြားသည်ဖြစ်၍၊ ဧသောသည် အမဲသားကို
ရအောင်တောသို့ အရှာသွားစဉ်တွင်၊ 6 ရေဗက္ကသည် သားယာကုပ်ကို ခေါ်၍၊ 7 သင်၏အဘက၊ ငါမသေမှီ ထာဝရဘုရား၏
ရှေ့တော်မှာ သင့်ကို ငါကောင်းကြီးပေးမည်အကြောင်း၊ ငါစားစရာဘို့ အမဲသားကို ယူခဲ့၍၊ အမဲဟင်းလျာကို ချက်ပါဟု သင်၏အစ်ကို
ဧသောအား ပြောသည်ကို ငါကြား ပြီ။ 8 သို့ဖြစ်၍ ငါ့သား၊ ငါမှာထားသမျှသော စကားကို နားထောင်ပါ လော့။ 9 ယခုဆိတ်စုရှိရာသို့
သွား၍၊ ကောင်းသော ဆိတ် သငယ်နှစ်ကောင်ကို ငါ့ထံသို့ယူခဲ့ပါလော့။ သင်၏အဘ မြိန်ရှက်တတ်သော အမဲဟင်းလျာကို
ငါချက်မည်။ 10 သင်၏အဘမသေမှီ သင့်ကို ကောင်းကြီးပေး မည်အကြောင်း၊ ထိုအစာကို အဘစားစေခြင်းငှါ သင် သည်
အဘထံသို့ပို့ဆောင်ရမည်ဟု ဆိုလေ၏။ 11 ယာကုပ်ကလည်း၊ ကျွန်ုပ်အစ်ကို ဧသောကား အမွေးရှိသောသူ၊
ကျွန်ုပ်ကားချောမွတ်သောသူ ဖြစ်၏။ 12 ကျွန်ုပ်အဘသည် ကျွန်ုပ်ကို စမ်းသပ်ကောင်း စမ်းသပ်လိမ့်မည်။ သို့ဖြစ်လျှင်
ကျွန်ုပ်ကိုလှည့်စားသော သူဟူ၍ ထင်သဖြင့်၊ ကျွန်ုပ်သည် မင်္ဂလာကိုမရဘဲ ကျိန်ခြင်းအမင်္ဂလာကိုသာ ခံရလိမ့်မည်ဟု အမိကိုဆို
လေ၏။ 13 အမိရေဗက္ကကလည်း၊ ငါ့သား၊ သင်ခံရသော ကျိန်ခြင်းအမင်္ဂလာသည် ငါ၌သင့်ရောက်ပါစေ။ ငါ့စကား ကို နားထောင်၍
ဆိတ်သငယ်တို့ကိုသာ ယူခဲ့ပါဟု ဆိုသည်အတိုင်း၊ 14 သူသည် သွား၍ ဆိတ်သငယ်တို့ကို အမိထံသို့ ယူခဲ့သဖြင့်၊ အမိသည်လည်း
အဘမြိန်ရှက်တတ်သော အမဲဟင်းလျာကို ချက်လေ၏။ 15 ထိုအခါ ရေဗက္ကသည် အိမ်တွင် မိမိလက်၌ ရှိသော
သားကြီးဧသော၏အဝတ်၊ ကောင်းမွန်သော အဝတ်ကိုယူ၍၊ သားငယ်ယာကုပ်ကို ဝတ်စေလျက်၊ 16 ဆိတ်သငယ်၏
သားရေကိုလည်းယူ၍ သူ၏ လက်၌ရှင်း၊ လည်ပင်ချောသော ဘက်၌ရှင်း ဆင်ယင်ပြီး လျှင်၊ 17 မိမိချက်သော အမဲဟင်းနှင့်
မုန့်ကိုသားယာကုပ် လက်၌အပ်ပေး၏။ 18 ယာကုပ်လည်း အဘထံသို့ သွား၍၊ အဘဟု ခေါ်လေ၏။ အဘကလည်း၊ ငါရှိ၏ငါ့သား။
သင်သည် အဘယ်သူနည်းဟု မေး၏။ 19 ယာကုပ်ကလည်း၊ အကျွန်ုပ်ကား သားအကြီး ဧသောဖြစ်ပါ၏။
အဘမှာထားသည်အတိုင်းပြုပါပြီ။ ထ၍ထိုင်ပါ။ အဘ၏ဝိညာဉ်သည် အကျွန်ုပ်ကို ကောင်း ကြီးပေးမည်အကြောင်း၊
အကျွန်ုပ်၏အမဲသားကို စား ပါလော့ဟု ဆိုလေ၏။ 20 အဘဣဇာက်ကလည်း၊ ငါ့သား၊ ဤမျှလောက်
လျင်မြန်စွာတွေ့ရသောအကြောင်းကား၊ အဘယ်သို့နည်း ဟု သားအားမေးလျှင်၊ အဘ၏ ဘုရားသခင် ထာဝရ ဘုရားသည်
အကျွန်ုပ်ရှိရာသို့ ဆောင်ခဲ့တော်မူသော ကြောင့်၊ လျင်မြန်စွာတွေ့ရပါသည်ဟု ပြန်ဆိုလေ၏။ 21 ဣဇာက်ကလည်း၊ ငါ့သား၊ သင်သည်
ငါ့သား ဧသောမှန်သည် မမှန်သည်ကိုသိလို၍၊ သင့်ကို ငါစမ်း သပ်စေခြင်းငှါ၊ ငါ့ထံပါးသို့ချဉ်းကပ်ပါလော့ဟုဆိုလျှင်၊ 22 ယာကုပ်သည်
အဘထံပါးသို့ချဉ်းကပ်၍၊ အဘ သည် စမ်းသပ်လျက်၊ အသံကား ယာကုပ်၏အသံ၊ လက်တို့ကား ဧသော၏လက်ဖြစ်ပေသည်ဟု
ဆိုလေ၏။ 23 ထိုသို့သူ၏ လက်တို့သည် ဧသော၏လက်ကဲ့သို့ အမွေးပါသောကြောင့်၊ ယာကုပ်ဖြစ်မှန်းကို အဘမရိပ်မိ သဖြင့်၊
ကောင်းကြီးပေးလေ၏။ 24 သို့ရာတွင် တဖန်ကား၊ သင်သည် ငါ့သားဧသော စင်စစ်အမှန်ပင် ဖြစ်သလောဟု မေးပြန်လျင်၊ မှန်ပါ
သည်ဟု ဆို၏။ 25 အဘကလည်း၊ ငါ့ထံပါးသို့ သွင်းခဲ့ပါ။ ငါ့ဝိညာဉ်သည် သင့်ကို ကောင်းကြီးပေးမည်အကြောင်း၊ ငါ့သား၏
အမဲသားကို ငါစားအံ့ဟုဆိုလျှင်၊ ယာကုပ်သည် အဘထံပါးသို့ သွင်း၍၊ အဘစားလေ၏။ စပျစ်ရည်ကို လည်း ပေး၍
အဘသောက်လေ၏။ 26 ထိုနောက် အဘက၊ ငါ့သားချဉ်းကပ်၍ ငါ့ကို နမ်းပါလော့ဟု ဆိုလျှင်၊ ယာကုပ်သည် ချဉ်းကပ်၍ အဘ ကို
နမ်းလေ၏။ 27 အဘဣဇာက်ကလည်း၊ သူ့အဝတ်၏ အနံ့ကို ခံ၍ကြည့်ပါ။ ငါ့သား၏အနံ့သည်၊ ထာဝရဘုရား
ကောင်းကြီးပေးတော်မူသော လယ်၏အမွှေးအကြိုင်နှင့် တူ၏။ 28 ထိုကြောင့် ဘုရားသခင်ပင် မိုယ်းကောင်းကင် နှင့်ကိုရင်း၊
မြေကြီး၏ဆီဥကိုရင်း၊ များစွာသော ဆန်စပါး၊ စပျစ်ရည်ကိုရင်း၊ သင့်အား ပေးတော်မူစေသတည်း။ 29 သူတပါးတို့သည်
သင်၌ကျွန်ခံ၍၊ အပြည်ပြည် တို့သည် သင့်ရှေ့မှာ ဦးညွှတ်ကြရစေသတည်း။ သင်သည် သင်၏ညီအစ်ကိုတို့၌ အရှင်ဖြစ်၍၊
သင့်အမိသားတို့သည် သင့်ရှေ့မှာ ဦးညွှတ်ရကြစေသတည်း။ သင့်ကို ကျိန်ဆဲ သောသူအပေါင်းတို့သည် ကျိတ်ဆဲခြင်းကို ခံရကြစေ
သတည်း။ သင့်ကို ကောင်းကြီးပေးသောသူအပေါင်းတို့ သည် ကောင်းကြီးကို ခံရကြစေသတည်းဟု ကောင်းကြီး ပေးလေ၏။ 30
ယာကုပ်သည်၊ အဘဣဇာက်ပေးသော ကောင်း ကြီးမင်္ဂလာကို ခံ၍၊ အဘထံမှ ထွက်သွားသော ခဏခြင်း တွင်၊ အစ်ကိုဧသောသည်
မုဆိုးပြုရာမှ ရောက်လာ၏။ 31 သူသည်လည်း အမဲဟင်းလျာကို ချက်၍ အဘ ထံသို့ ဆောင်ခဲ့ပြီးလျှင်၊
အကျွန်ုပ်အဘ၏ဝိညာဉ်သည်၊ အကျွန်ုပ်ကိုကောင်းကြီးပေးမည်အကြောင်း၊ သား၏ အမဲသားကို ထ၍စားပါလော့ဟုဆိုလေ၏။ 32
အဘဣဇာက်ကလည်း၊ သင်သည် အဘယ်သူ နည်းဟု မေးလျှင်၊ အကျွန်ုပ်ကား သားအကြီး ဧသော ဖြစ်ပါ၏ဟု ဆိုလေသော်၊
အဘဣဇာက်သည် အလွန် တုန်လှုပ်၍ အဘယ်သူနည်း၊ 33 အမဲသားကိုရ၍၊ ငါ့ထံသို့ ဆောင်ခဲ့ပြီးသော သူသည် အဘယ်မှာ ရှိသနည်း။
သင်မရောက်မှီ ငါသည် အကုန်အစင်စားပြီး၍၊ သူ့ကို ကောင်းကြီးပေးမိပြီ။ သူ သည် ကောင်းကြီးမင်္ဂလာကို ဧကန်အမှန်ခံရလိမ့်မည်ဟု


generated on Tue Jul 2 12:50:28 2024

ဆိုလေ၏။ 34 အဘဆိုသော စကားကိုဧသောကြားလျှင်၊ အလွန်ပြင်းသောအသံနှင့် သည်းထန်စွာ ငိုကြွေးလျက်၊ အိုအဘ၊
အကျွန်ုပ်ကိုလည်း ကောင်းကြီးပေးပါလော့၊ ပေးပါလော့ဟုဆိုလေသော်၊ 35 အဘက၊ သင့်ညီသည် လိမ္မာစွာလာ၍၊ သင်၏
ကောင်းကြီးမင်္ဂလာကို ယူသွားပြီဟု ဆိုလေ၏။ 36 ဧသောကလည်း၊ သူ့ကို ယာကုပ်ဟူသော အမည်ဖြင့် လျောက်ပတ်စွာ မှည့်ပါပြီ
မဟုတ်လော။ အကျွန်ုပ်ကို နှစ်ကြိမ်လှည့်စား၍ နိုင်ပါပြီ။ သားဦးအရိပ် အရာကို အရင်ယူသွားပါပြီ။ ယခုလည်း တဖန် အကျွန်ုပ်
၏ကောင်းကြီးမင်္ဂလာကို ယူသွားပါပြီဟူ၍၎င်း၊ အကျွန်ုပ် အဘို့ ကောင်းကြီးမင်္ဂလာတပါးကိုမျှ မခြွင်းပါသလော ဟူ၍၎င်း ဆိုလေ၏။
37 ဣဇာက်ကလည်း၊ သူ့ကို သင်၏အရှင်ဖြစ် စေပြီ။ ညီအစ်ကိုအပေါင်းတို့ကို သူ၌ကျွန်ခံစေပြီ။ ဆန်စပါး၊ စပျစ်ရည်နှင့်သူ့ကို
ထောက်မပြီး။ သို့ဖြစ်၍ ငါ့သား၊ သင်၌ အဘယ်သို့ပြုနိုင်တော့အံ့နည်းဟု၊ ဧသော အား ပြန်ပြောလျှင်၊ 38 ဧသောက၊ အိုအဘ၊
ကောင်းကြီးမင်္ဂလာ တစုံတခုမျှ မရှိပါသလော၊ အိုအဘ၊ အကျွန်ုပ်ကိုလည်း ကောင်းကြီးပေးပါလော့၊ ပေးပါလောဟု အဘအား
ပြောဆိုလျက်၊ တဖန်အသံကိုလွှင့်၍ ငိုကြွေးလေ၏။ 39 အဘဣဇာက်ကလည်း၊ ကြည့်ရှုပါ။ သင်၏ နေရာသည်
မြေကြီး၏ဆီဥနှင့်၎င်း၊ အထက်မိုယ်း ကောင်းကင်၏နှင်းနှင့်၎င်း ပြည့်စုံလိမ့်မည်။ 40 ထားဖြင့် အသက်ကိုမွေးရလိမ့်မည်။ ညီ၌ ကျွန်
ခံရလိမ့်မည်။ နောက်တဖန် အစိုးရသောအခါ၊ သူတင် သောထမ်းဘိုးကို သင်၏လည်ပင်းမှ ချိုးပယ်လိမ့်မည်ဟု ပြန်၍ဆိုလေ၏။ 41
အဘသည် ယာကုပ်အား ပေးသော ကောင်းကြီး မင်္ဂလာကြောင့်၊ ဧသောသည် ယာကုပ်ကို အငြိုးထား၍၊ ငါ့အဘကြောင့်
ညည်းတွားရသော နေ့ရက်ကာလ အချိန် နီးပြီ။ ထိုအခါ ငါ့ညီယာကုပ်ကို ငါသတ်မည်ဟု၊ အကြံနှင့် ပြောလေ၏။ 42 ထိုသို့သားကြီး
ဧသောပြောသောစကားကို အမိ အရဗက္ကကြားလျှင်၊ သားငယ်ယာကုပ်ကိုခေါ်၍၊ သင်၏ အစ်ကိုဧသောသည် သင့်ကိုသတ်သဖြင့်၊
သင့်အမှု၌ စိတ်ပြေလိမ့်မည်။ 43 ထိုကြောင့်၊ ငါ့သား၊ ငါ့စကားကို နားထောင်ပါ။ ငါ့မောင်လာဗန် နေရာခါရန်မြို့သို့ ထ၍ ပြေးသွား
ပါလော့။ 44 သင်၏အစ်ကိုစိတ်ပြေသည်တိုင်အောင်၊ သူ့ထံမှာ ခဏရှောင်၍ နေပါလော့။ 45 သင်၏အစ်ကို စိတ်ပြေ၍၊ သင်သည် သူ၌
ပြုသောအမှုကို သူမေ့လျော့သောအခါ၊ ငါမှာလိုက်၍၊ ထိုအရပ်မှသင့်ကို ဆောင်ခဲ့စေမည်။ ငါ့သားနှစ်ယောက် လုံးကို တနေ့ခြင်းတွင်
အဘယ်ကြောင့် ငါရှုံးရမည်နည်း ဟု ဆိုလေ၏။ 46 တဖန်ရေဗက္ကသည် ဣဇာက်ထံသို့သွား၍၊ ကျွန်မသည်
ဟေသအမျိုးသမီးတို့ကြောင့်၊ ကိုယ်အသက် ကို ငြီးငွေ့လှ၏။ ဤပြည်သူသမီးကဲ့သို့သောသူ၊ ဟေသ အမျိုးသမီးနှင့်
ယာကုပ်အိမ်ထောင်ဘက်ပြုလျှင်၊ ကျွန်မ အသက်ရှင်၍ အဘယ်ကျေးဇူးရှိပါလိမ့်မည်နည်းဟု ပြောဆိုလေ၏။

## Chapter 28

1 ထိုအခါ ဣဇာက်သည် ယာကုပ်ကို ခေါ်၍၊ သင်သည် ခါနာန်အမျိုးသမီးနှင့် အိမ်ထောင်ဘက်မပြုရ။ 2 အမိ၏အဘ
ဗေသွေလအမျိုးသားနေရာ ပါဒ နာရံအရပ်သို့ ထ၍ သွားလော့။ သင့်ဦးရီးလာဗန်၏ သမီးတစုံတယောက်နှင့်
အိမ်ထောင်ဘက်ပြုလော့။ 3 အနန္တတန်ခိုးရှင် ဘုရားသခင်သည် ကောင်းကြီး ပေး၍ တိုးပွားစေသဖြင့်၊ သင်သည် အမျိုးကြီးဖြစ်မည်
ဘုရားသခင်ထာဝရဘုရား မိန့်တော်မူသည် အကြောင်းကိုပြောလော့ဟု မောရှေအား မိန့်တော်မူ၏။ 6 နက်ဖြန်နေ့၌
ထိုအမှုကိုပြုတော်မူသဖြင့်၊ အဲဂုတ္တုလူတို့၏ တိရစ္ဆာန်အမျိုးမျိုးသေကြ၏။ ဣသ ရေလလူတို့၏ တိရစ္ဆာန်တကောင်မျှမသေ။ 7
ဖါရောဘုရင်သည် လူကိုစေလွှတ်၍၊ ဣသ ရေလအမျိုးသားတို့၏ တိရစ္ဆာန်တကောင်မျှ မသေ ကြောင်းကို သိရ၏။ သို့သော်လည်း
နှလုံးခိုင်မာပြန်၍၊ ဣသရေလလူတို့ကို မလွှတ်ဘဲနေလေ၏။ 8 ထာဝရဘုရားကလည်း၊ မီးဖိုထဲကပြာကို လက် နှင့်ယူ၍ မောရှေသည်
ဖါရောဘုရင်ရှေ့၌ မိုဃ်းကောင်း ကင်သို့ပစ်လွှင့်စေ။ 9 ထိုပြာသည် အဲဂုတ္တုပြည်တရှောက်လုံး၌ နံ့ပြား သော အမှုန့်ဖြစ်၍၊
ပြည်တရှောက်လုံးတွင် လူနှင့် တိရစ္ဆာန်တို့၌ အခဲအကျိတ်ပြည့်သော အနာဆိုးဖြစ်လိမ့် မည်ဟု မောရှေနှင့် အာရုန်တို့အား
မိန့်တော်မူသည်အ တိုင်း၊ 10 သူတို့သည် မီးဖိုထဲကပြာကိုယူ၍၊ ဖါရောဘုရင် ရှေ့မှာရပ်လျက်၊ မောရှေသည် မိုဃ်းကောင်းကင်သို့ ပစ်
လွှင့်သဖြင့်၊ ထိုပြာသည် လူနှင့်တိရစ္ဆာန်တို့၌ အခဲ အကျိတ်ပြည့်သော အနာဆိုးဖြစ်လေ၏။ 11 ဝိဇ္ဇာဆရာတို့သည် အနာဆိုးကြောင့်၊
မောရှေ ရှေ့၌မရပ်မနေနိုင်။ ထိုအနာဆိုးသည် ဝိဇ္ဇာဆရာတို့၌၎င်း၊ အဲဂုတ္တုလူအပေါင်းတို့၌၎င်း စွဲသတည်း။ 12 ထာဝရဘုရားသည်
ဖါရောဘုရင်၏နှလုံးကို ခိုင်မာစေတော်မူသည်ဖြစ်၍၊ မောရှေအား မိန့်တော်မူ သည်အတိုင်း၊ သူတို့စကားကို နားမထောင်ဘဲ
နေလေ၏။ 13 တဖန်ထာဝရဘုရားက၊ နံနက်စောစောထ၍၊ ဖါရောဘုရင်ရှေ့မှာရပ်လျက်၊ ဟေဗြဲလူတို့၏ ဘုရား သခင်
ထာဝရဘုရားက၊ ငါ၏လူတို့သည် ငါ့အား ဝတ်ပြု မည်အကြောင်း၊ သွားရသောအခွင့်ကိုပေးလော့။ 14 သို့မဟုတ် ယခုကာလအခါ
သင်၏နှလုံး၌၎င်း၊ သင်၏ကျွန်များ၊ လူများ၌၎င်း၊ ငါ၏ဘေးဒဏ်အလုံးစုံ တို့ကို သင့်ရောက်စေမည်။ မြေကြီးတရှောက်လုံး၌
ငါကဲ့သို့သောသူ မရှိကြောင်းကိုသင်သည် သိရလိမ့်မည်။ 15 ငါ့လက်ကို ငါဆန့်၍ သင်နှင့်သင်၏လူတို့ကို ကာလနာဖြင့် ဒဏ်ခတ်မည်။
သင့်ကိုလည်း မြေကြီးပေါ်က သုတ်သင်ပယ်ရှင်းမည်။ 16 အကယ်စင်စစ် ငါ့တန်ခိုးကို သင်၌ ငါပြခြင်းငှါ၎င်း၊ ငါ့နာမကို
မြေကြီးတပြင်လုံးတွင် ကျော်စောစေခြင်း ငှါ၎င်း၊ သင့်ကို ငါချီးမြှောက်ခဲ့ပြီ။ 17 သင်သည် ငါ၏လူတို့ကိုမလွှတ်ဘဲ၊ သူတို့ကို
စော်ကားသေးသလော။ 18 ကြည့်ရှုလော့။ အဲဂုတ္တုပြည် တည်သည်ကာလမှ စ၍ ယခုတိုင်အောင် မရွာဘူးသော အလွန်ကြီးစွာသော
မိုဃ်းသီးရွာခြင်းကို နက်ဖြန်နေ့ ဤအချိန်၌ ငါဖြစ်စေ မည်။ 19 ထိုကြောင့်ယခုစေလွှတ်၍၊ လယ်ပြင်၌ရှိသော တိရစ္ဆာန်များနှင့်
ရှိလေသမျှတို့ကို သိမ်းယူလော့။ အိမ်သို့ မဆောင်လျင်၊ လယ်ပြင်၌ တွေ့သမျှသောလူနှင့် တိရစ္ဆာန်တို့အပေါ်မှာ မိုဃ်းသီးကျ၍၊
သူတို့သည် သေကြလိမ့်မည်အကြောင်းကို ပြောလော့ဟု မောရှေ အား မိန့်တော်မူ၏။ 20 ထာဝရဘုရား၏ နှုတ်ကပတ်တော်ကို
ကြောက်ရွံ့သော ဖါရောဘုရင်၏ ကျွန်တို့သည်၊ မိမိကျွန်နှင့် မိမိတိရစ္ဆာန်တို့ကို အိမ်သို့ ပြေးစေကြ၏။ 21 ထာဝရဘုရား၏
နှုတ်ကပတ်တော်ကို ပမာဏမပြုသောသူတို့သည်၊ မိမိကျွန်၊ မိမိတိရစ္ဆာန်တို့ကို လယ်ပြင်၌ ထားကြ၏။ 22 ထာဝရဘုရားကလည်း၊
အဲဂုတ္တုပြည်တရှောက်လုံး၌ လူတို့အပေါ်မှာ၎င်း၊ တိရစ္ဆာန်တို့အပေါ်မှာ၎င်း၊ လယ်ပြင်၌ရှိလေသမျှသော အပင်များအပေါ်မှာ၎င်း၊
မိုဃ်းသီးရွာစေခြင်းငှာ၊ သင်၏လက်ကို မိုဃ်းကောင်းကင်သို့ ဆန့်လော့ဟု မောရှေအား မိန့်တော်မူ၏။ 23 မောရှေသည် မိမိလှံတံကို
မိုဃ်းကောင်းကင်သို့ ဆန့်၍၊ ထာဝရဘုရားသည် မိုဃ်းကြိုးနှင့် မိုဃ်းသီးကို လွှတ်တော်မူ၏။ မီးသည်လည်း မြေပေါ်မှာပြေးလေ၏။
ထိုသို့ ထာဝရဘုရားသည်၊ အဲဂုတ္တုပြည်၌ မိုဃ်းသီးရွာစေ တော်မူသဖြင့်၊ 24 အဲဂုတ္တုပြည် တည်ထောင်သည်ကာလမှစ၍
တခါမျှမဖြစ်ဘူးသော မိုဃ်းသီး၊ မီးနှင့်ရော၍ အလွန် ပြင်းထန်စွာသော မိုဃ်းသီး ဖြစ်လေ၏။ 25 အဲဂုတ္တုပြည် တရှောက်လုံး၌၊
လယ်ပြင်မှာရှိသမျှသော လူနှင့်တိရစ္ဆာန်များ၊ မြက်ပင်များ၊ သစ်ပင်များ တို့ကို မိုဃ်းသီးထိလေ၏။ 26 သို့ရာတွင်
ဣသရေလအမျိုးသားနေရာဂေါရှင်ပြည်၌ မိုဃ်းသီးမကျမရွာ။ 27 ထိုအခါ ဖါရောဘုရင်သည် လူကိုစေလွှတ်၍၊ မောရှေနှင့် အာရုန်ကို
ခေါ်ပြီးလျှင်၊ ဤအမှု၌ ငါပြစ်မှားပြီ။ ထာဝရဘုရားသည် ဖြောင့်မတ်တော်မူ၏။ ငါနှင့် ငါ၏လူတို့သည် အပြစ်များပါ၏။ 28
တန်ပါပြီ။ အားကြီးသော မိုဃ်းကြိုးနှင့် မိုဃ်းသီးစဲမည်အကြောင်း၊ ထာဝရဘုရားကို တောင်းပန်ပါ။ သင်တို့ကို ငါမဆီးမတား
အလျင်အမြန်လွှတ်မည်ဟု ဆိုလေ၏။ 29 မောရှေကလည်း၊ မြို့ထဲက ကျွန်ုပ်ထွက်သွားသောအခါ၊ ထာဝရဘုရားရှေ့တော်၌
ကျွန်ုပ်လက်ဝါးတို့ကို ဖြန့်ပါမည်။ ထာဝရဘုရားသည် မြေကြီးကို အစိုးရတော်မူကြောင်းကို ကိုယ်တော်သိစေခြင်းငှာ မိုဃ်းကြိုးစဲလိမ့်
မည်။ မိုဃ်းသီးလည်း မကျမရွာရ။ 30 သို့သော်လည်း ကိုယ်တော်နှင့် ကိုယ်တော်၏ကျွန်တို့သည်၊ ထာဝရအရှင် ဘုရားသခင်ကို
မကြောက်သေး ကြောင်းကို အကျွန်ုပ်သိပါသည်ဟု လျှောက်ဆို၏။ 31 ပိုက်ဆန်ပင်၊ မုယောပင်ကို မိုဃ်းသီးထိ၏။ မုယောပင်သည်
အသီးအနှံနှင့်ပြည့်စုံပြီ။ ပိုက်ဆံပင်လည်း အသီးမှည့်ပြီ။ 32 ဂျုံစပါး၊ ကောက်စပါးပင်ကိုကား မထိ။ ထိုအပင်တို့သည်
မပေါက်ကြသေး။ 33 မောရှေသည် ဖာရောဘုရင်ထံမှထွက်၍ မြို့ပြင်သို့သွားပြီးလျှင်၊ ထာဝရဘုရားရှေ့တော်၌ လက်ဝါးတို့ကို
ဖြန့်သဖြင့်၊ မိုဃ်းကြိုးနှင့် မိုဃ်းသီးစဲလေ၏။ မြေပေါ်၌လည်း မိုဃ်းမရွာ။ 34 ထိုသို့ မိုဃ်းမရွာ၍ မိုဃ်းသီးနှင့် မိုဃ်းကြိုးစဲသည်ကို


generated on Tue Jul 2 12:50:28 2024

ဖာရောဘုရင်မြင်လျှင်၊ တဖန်ပြစ်မှား၍၊ ကျွန်များနှင့်တကွ နှလုံးခိုင်မာလျက်နေ၏။ [35] ထိုသို့ ဖာရောဘုရင်သည် နှလုံးခိုင်မာသည်ဖြစ်၍၊ မောရှေ၌ ထာဝရဘုရားမိန့်တော်မူသည်အတိုင်း၊ ဣသရေလအမျိုးသားတို့ကို မလွှတ်ဘဲနေပြန်သတည်း။

---

Exodus 01

ယေဘုယျအချက်အလက်
ထာဝရဘုရားသည် ဖာရောဘုရင်ကိစ္စနှင့်စပ်လျဉ်း၍ သော်လည်းကောင်း၊ ဟေဗြဲလူမျိုးအား အဲဂုတ္တုပြည်မှကယ်တင်ရေးကိစ္စနှင့် စပ်လျဉ်း၍ မောရှေအားဆက်လက်ညွှန်ကြားသည်ကား

မလွှတ်ဘူးဟုငြင်း၍ ဆီးတားသေးလျှင်
"မလွှတ်ဘူး" နှင့် "ဆီးတားသေးလျှင်" ဟူသော စကားစု နှစ်ခုသည် အဓိပ္ပာယ်အားဖြင့် အတူတူပင်ဖြစ်သည်။ ဖာရောဘုရင်က ဤနည်းအတိုင်းဆက်လက်လုပ်ဆောင်နေလျှင် သူ့အားဒဏ်ခတ်မည်ဟုဖော်ပြလိုသောစကားစုများဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် သူတို့အား လွတ်လပ်ခွင့်ပေးရန် ဆက်လက်ငြင်းပယ်သေးလျှင်"

ထာဝရဘုရား၏လက်တော်သည် လယ်ပြင်၌ ရှိသော တိရစ္ဆာန်၊ မြင်း၊ မြည်း၊ ကုလားအုပ်၊ သိုး၊ နွားတို့အပေါ်၌ ရောက်၍
"လက်တော်" သည် တိရစ္ဆာန်များအား ရောဂါဖြစ်စေနိုင်သော ထာဝရဘုရား၏ တန်ခိုးတော်ကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ " ထာဝရဘုရားသည်သူ၏ တန်ခိုးတော်အားဖြင့် သင်တို့၏ ခြံမွေးတိရစ္ဆာန်များကို ရောဂါဖြစ်စေလိမ့်မည်"။

ဣသရေလလူတို့၏ တိရစ္ဆာန်
အခြားသော ဘာသာပြန်ဆိုချက်၊ "ဣသရေလလူတို့ ပိုင်ဆိုင်သော တိရစ္ဆာန်များ"

အဲဂုတ္တုလူတို့၏ တိရစ္ဆာန်
အခြားသော ဘာသာပြန်ဆိုချက်၊ "အဲဂုတ္တုလူတို့ ပိုင်ဆိုင်သော တိရစ္ဆာန်များ"

Exodus 05

မှန်သောအချိန်ကို ချိန်းချက်တော်မူပြီ
"မှန်သောအချိန်ကို သတ်မှတ်တော်မူပြီ"။

အဲဂုတ္တုလူတို့၏ တိရစ္ဆာန်အမျိုးမျိုးသေကြ၏။
အလွန်အကျူး ဖော်ပြထားခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အဲဂုတ္တုပြည်တွင် တိရစ္ဆာန်အများအပြား သေဆုံးခဲ့သည်"။

အဲဂုတ္တုလူတို့၏ တိရစ္ဆာန်
အခြားသော ဘာသာပြန်ဆိုချက်၊ "အဲဂုတ္တုလူတို့ ပိုင်ဆိုင်သော တိရစ္ဆာန်များ"

ဖါရောဘုရင်သည် လူကိုစေလွှတ်၍၊ ဣသရေလအမျိုးသားတို့၏ တိရစ္ဆာန်တစ်ကောင်မျှ မသေ ကြောင်းကို သိရ၏။
"ဖာရောဘုရင် သည် လူကိုစေလွှတ်၍ စုံစမ်းစစ်ဆေးခြင်း အမှုကို ပြုစေ၏"။

နှလုံးခိုင်မာပြန်၍
"နှလုံး" သည် ဖာရောမင်းကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "စိတ်ပြောင်းဖို့ ငြင်းပယ်၍"

Exodus 08

မီးဖို
မီးဖိုတစ်ခု

ဖြစ်လေ၏။
"အလျှင်အမြန် ဖြစ်လာသည်"။

Exodus 11

ထာဝရဘုရားသည် ဖါရောဘုရင်၏နှလုံးကို ခိုင်မာစေတော်မူသည်ဖြစ်၍
"နှလုံး" သည် ဖာရောဘုရင်ကို ရည်ညွှန်းခြင်းဖြစ်သည်။ နှလုံးခိုင်မာခြင်းသည် မြန်မာစကား ခေါင်းမာခြင်းနှင့် အတူတူပင်ဖြစ်သည်။

Exodus 13

သင်၏နှလုံး၌ငုင်း
ဖာရောဘုရင်ကိုပင် ထိခိုက်စေမည့် ဘေးဒဏ်ကို ထာဝရ ဘုရား ပေးမည်ဖြစ်ကြောင်း ဖော်ပြခြင်းဖြစ်သည်။

Exodus 15

ငါ့လက်ကို ငါဆန့်၍ သင်နှင့်သင်၏လူတို့ကို ကာလနာ ဖြင့် ဒဏ်ခတ်မည်။
"လက်" သည် ဘုရားသခင်၏ တန်ခိုးတော်ကို ရည်ညွှန်းခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် "ငါ့တန်ခိုးတော်အားဖြင့် သင့်အား ဒဏ်ခတ်မည်။"

ငါ့နာမကို မြေကြီးတပြင်လုံးတွင် ကျော်စောစေခြင်း ငှါ
"ငါ့နာမ" သည် ထာဝရဘုရား၏ ဖြစ်ခြင်းကို ဆိုလိုက်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အရပ်ရပ်ရှိ လူတို့သည် ငါ၏ ကြီးမြတ်ခြင်းကို သိနိုင်မည်အကြောင်း"

သင်သည် ငါ၏လူတို့ကိုမလွှတ်ဘဲ၊ သူတို့ကို စော်ကားသေးသလော။
ဣသရေလလူမျိုးအား ဝတ်ပြုကိုးကွယ်ခြင်းမပေးဘဲ ဆန့်ကျင်တားမြစ်ခြင်းသည် ဣသရေလူမျိုးကိုသာမက ထာဝရဘုရားကိုလည်း စော်ကားခြင်းဖြစ်သည်။


generated on Tue Jul 2 12:50:28 2024

Exodus 18

ကြည့်ရှုလော့

"ငါပြောမည့်စကားကို ဂရုတစိုက် နားထောင်လော့"။

Exodus 27

ခေါ်ပြီးလျှင်

"ဆင့်ခေါ်ပြီးလျှင်" "စုဝေးစေပြီးလျှင်"

Exodus 29

မောရှေကလည်း

"မောရှေသည် ဖာရောဘုရင်အား ပြောသည်"။

ထာဝရဘုရားရှေ့တော်၌ ကျွန်ုပ်လက်ဝါးတို့ကို ဖြန့်ပါမည်။

ဆုတောင်းခြင်းကိုပုံဆောင်သောအမူအရာတစ်မျိုးဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် "လက်ကိုမြှောက်၍ ထာဝရဘုရားထံ ဆုတောင်းမည်"။

ထာဝရအရှင် ဘုရားသခင်ကို မကြောက်သေးကြောင်း

ဤနေရာ၌ "ကြောက်ရွံ့ခြင်း" သည် ရိုသေခြင်းကို ဆိုလို သည်။ ထာဝရဘုရားကို ရိုသေလျှင် သူ့စကားကို နားထောင်ရမည်။ သူ့ဘုန်းတော်ထင်ရှားစေသော နည်းလမ်းအတိုင်း အသက်ရှင်ရမည်။

Exodus 31

ပိုက်ဆန်ပင်

လျှော်ပင်တစ်မျိုးဖြစ်၍ ၎င်း၏ ချည်မျှင်များဖြင့် အဝတ်များ ရက်လုပ်နိုင်သည်။

မုယောပင်

ပေါင်မုန့် လုပ်နိုင်သည်သာမက ကျွဲ၊ နွား များကိုပါကျွေး၍ ရသော ဂျုံစပါးတစ်မျိုး။

ထာဝရဘုရားရှေ့တော်၌ လက်ဝါးတို့ကို ဖြန့်သဖြင့်

ဆုတောင်းခြင်းကိုပုံဆောင်သောအမူအရာတစ်မျိုးဖြစ်သည်။

Exodus 34

နှလုံးခိုင်မာလျက်နေ၏

"နှလုံး" သည် ဖာရောဘုရင်ကို ရည်ညွှန်းသည်။ နှလုံးခိုင်မာခြင်းသည် မြန်မာစကား ခေါင်းမာခြင်းနှင့် အတူတူပင်ဖြစ်သည်။အခြားသောဘာသာပြန်ဆိုချက်၊ "အာခံသောသူ ဖြစ်လာသည်။"

ဖာရောဘုရင်သည် နှလုံးခိုင်မာသည်ဖြစ်၍

"နှလုံး" သည် ဖာရောဘုရင်ကို ရည်ညွှန်းသည်။ နှလုံးခိုင်မာခြင်းသည် မြန်မာစကား ခေါင်းမာခြင်းနှင့် အတူတူပင်ဖြစ်သည်။ (ရှု၊ 7:11) အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် ဖာရောဘုရင်အား အာခံသောသူ ဖြစ်စေသည်။"

---

## Translation Questions

Exodus 9:1

ဣသရေလလူတို့အား စေလွှတ်ခြင်း မပြုလျှင် ထာဝရဘုရား၏ လက်တော်သည် အဘယ်အရာတို့အပေါ်၌ ကျရောက်ပြီး ဒဏ်ခတ်မည်နည်း။

ထာဝရဘုရား၏လက်တော်သည် လယ်ပြင်၌ ရှိသော တိရစ္ဆာန်၊ မြင်း၊ မြည်း၊ ကုလားအုပ်၊ သိုး၊ နွားတို့အပေါ်၌ ကျရောက်၍ အလွန်ပြင်းစွာသော ရောဂါစွဲလိမ့်မည်ဖြစ်သည်။

Exodus 9:5

အဲဂုတ္တုလူတို့၏ တိရစ္ဆာန်အမျိုးမျိုးသေဆုံးသွားသော်လည်း၊ ဖာရောဘုရင်သည် အဘယ်ကြောင့် ဣသရေလလူတို့ကို မစေလွှတ်ဘဲ နေသနည်း။

ဖာရောဘုရင်၏ နှလုံးသည် ခိုင်မာပြန်၍ ဣသရေလလူတို့ကို မလွှတ်ဘဲနေလေ၏။

Exodus 9:8

မည်သည့်အရာသည် အဲဂုတ္တုပြည်တရှောက်လုံး၌ နံ့ပြားသောအမှုန့် အဖြစ် ဖုံးလွှမ်းသွားသနည်း။

မီးဖိုထဲကပြာသည် အဲဂုတ္တုပြည်တလျှောက်လုံး၌ နံ့ပြားသောအမှုန့် အဖြစ် ဖုံးလွှမ်းသွားသည်။

Exodus 9:11

အဲဂုတ္တုပြည်မှ ဝိဇ္ဇာဆရာတို့သည် အဘယ်ကြောင့် မောရှေ၏ ရှေ့၌ မရပ်တည်နိုင်ကြသနည်း။

အဲဂုတ္တုပြည်မှ ဝိဇ္ဇာဆရာတို့သည်အနာဆိုးကြောင့် မောရှေ၏ ရှေ့၌ မရပ်တည်နိုင်ကြပါ။



generated on Tue Jul 2 12:50:28 2024

Exodus 9:15

ထာဝရဘုရားသည် အဘယ်ကြောင့် လက်တော်ကို ဆန့်၍ အဲဂုတ္တုရှင်ဘုရင်၊ နောက်လိုက်နောက်ပါများအား ဒဏ်ခတ်ခြင်း မပြုသနည်း။ မြေကြီးပေါ်မှ သုတ်သင်ခြင်း မပြုသနည်း။

ထာဝရဘုရားသည် တန်ခိုးတော်ကို အဲဂုတ္တုလူတို့အား ပြရန်အတွက်လည်းကောင်း၊ နာမတော်ကို မြေကြီးတခွင် ကျော်စောစေရန်အတွက် လည်းကောင်း၊ ဖာရောဘုရင်နှင့် သူ၏လူတို့ကို ဒဏ်ခတ်ခြင်း မပြုခဲ့ပေ။

Exodus 9:18

မိုးသီးများနှင့် ပတ်သက်၍ ထာဝရဘုရားသည် မည်သို့သတိပေးခဲ့သနည်း။

လယ်ပြင်၌ တွေ့သမျှသောလူနှင့် တိရစ္ဆာန်တို့အပေါ်မှာ မိုးသီးကျ၍၊ သူတို့သည် သေကြလိမ့်မည်ဟု ထာဝရဘုရား သတိပေးခဲ့သည်။

Exodus 9:20

မည်သူတို့သည် မိမိ၏ကျွန်နှင့် တိရစ္ဆာန်တို့ကို အိမ်သို့ခေါ်ဆောင်ပြီး မိုးသီးရန်မှ ကာကွယ်ပေးသနည်း။

ထာဝရဘုရား၏ နှုတ်ကပတ်တော်ကို ကြောက်ရွံ့သော ဖာရောဘုရင်၏ ကျွန်တို့သည် မိမိ၏ကျွန်နှင့် တိရစ္ဆာန်တို့ကို အိမ်သို့ခေါ်ဆောင်ပြီး မိုးသီးရန်မှ ကာကွယ်ပေးသည်။

Exodus 9:25

အဲဂုတ္တုပြည် တရှောက်၌ မိုးသီးသည် အဘယ်အရာတို့ကို ထိရိုက်ခဲ့သနည်း။

အဲဂုတ္တုပြည် တလျှောက်လုံး၌ လယ်ပြင်မှာရှိသမျှသော လူနှင့်တိရစ္ဆာန်များ၊ မြက်ပင်များ၊ သစ်ပင်များ တို့ကို မိုးသီးထိရိုက်လေသည်။

Exodus 9:27

မိုးသီးများ ကျရောက်သည့်အတွက် ဖာရောဘုရင်သည် အဘယ်သို့ ဝန်ခံခဲ့သနည်း။

ဖာရောဘုရင်က "ငါပြစ်မှားပြီ။ ထာဝရဘုရားသည် ဖြောင့်မတ်တော်မူ၏။ ငါနှင့် ငါ၏လူတို့သည် အပြစ်များပါ၏"ဟု ဝန်ခံခဲ့သည်။

Exodus 9:31

မည်သည့်အပင်များကို မိုးသီးထိရိုက်ခြင်း မရှိသနည်း။ အဘယ့်ကြောင့်နည်း။

ဂျုံစပါး၊ ကောက်စပါးပင်များသည် မပေါက်ကြသေးသည့်အတွက် မိုးသီးထိရိုက်ခြင်း မရှိပေ။

## Chapter 10

[1] တဖန် ထာဝရဘုရားက၊ သင်သည် ဖာရောဘုရင်ထံသို့ ဝင်လော့။ ငါသည် ဤနိမိတ်တို့ကို သူရှေ့၌ ပြခြင်းငှာ၎င်း၊ [2] အဲဂုတ္တုပြည်၌
ငါပြုသောအမှု၊ အဲဂုတ္တုလူတို့တွင် ငါပြသောနိမိတ်တို့ကို၊ သင်၏သားမြေးတို့အား ကြားပြောသဖြင့်၊ ငါသည်
ထာဝရဘုရားဖြစ်ကြောင်းကို သင်တို့သိစေခြင်းငှာ၎င်း၊ သူ၏နှလုံး၊ သူ၏ကျွန်တို့နှလုံး ကို ငါခိုင်မာစေပြီဟု မောရှေအား
မိန့်တော်မူ၏။ [3] မောရှေနှင့် အာရုန်တို့သည်၊ ဖာရောဘုရင်ထံသို့ ဝင်ပြီးလျှင်၊ ဟေဗြဲလူတို့၏ ဘုရားသခင်ထာဝရ ဘုရားက၊ သင်သည်
ငါ့ရှေ့မှာ ကိုယ်ကိုကိုယ် မနှိမ့်ချဘဲ အဘယ်မျှကာလပတ်လုံး နေလိမ့်မည်နည်း။ ငါ၏လူတို့ သည် ငါ့အား ဝတ်ပြုမည်အကြောင်း၊
သွားရသောအခွင့်ကို ပေးလော့။ [4] သို့မဟုတ် ငါ၏လူတို့ကို မလွှတ်ဘဲနေလျှင်၊ ကြည့်ရှုလော့။ ကျိုင်းကောင်တို့ကို သင်၏ပြည်သို့
နက်ဖြန် ငါဆောင်ခဲ့မည်။ [5] မြေမထင်ပေါ်နိုင်အောင် သူတို့သည် မြေမျက်နှာကို ဖုံးလွှမ်းကြလိမ့်မည်။ မိုဃ်းသီးမဖျက်၊ သင်တို့၌
ကျန်ကြွင်းသေးသမျှကို၎င်း၊ သင်တို့အဘို့ မြေ၌ ပေါက်သမျှသော အပင်တို့ကို၎င်း စားကြလိမ့်မည်။ [6] သင်၏ဘိုးဘေးတို့သည်
မြေပေါ်မှာဖြစ်သည် ကာလမှစ၍၊ ယနေ့တိုင်အောင် မမြင်ဘူးသကဲ့သို့၊ သင်၏အိမ်များ၊ သင်၏ကျွန်တို့အိမ်များ၊
အဲဂုတ္တုလူအပေါင်းတို့၏ အိမ်များတို့ကို ဖြည့်ကြလိမ့်မည်ဟု ဆိုပြီးလျှင်၊ လှည့်၍ ဖာရောဘုရင်ထံမှ ထွက်သွားလေ၏။ [7]
ဖာရောဘုရင်၏ ကျွန်တို့ကလည်း၊ ဤလူသည် ငါတို့ကို အဘယ်မျှ ကာလပတ်လုံး နှောင့်ရှက်ပါလိမ့် မည်နည်း။ ထိုသူတို့သည်
သူတို့၏ဘုရားသခင် ထာဝရဘုရားအား ဝတ်ပြုမည်အကြောင်း အခွင့်ပေးတော်မူပါ။ အဲဂုတ္တုပြည်ပျက်ကြောင်းကို
သိတော်မမူသေးသလောဟု လျှောက်ကြလျှင်၊ [8] မောရှေနှင့် အာရုန်ကို တဖန် ဖာရောဘုရင်ထံသို့ သွင်းပြန်၍၊ သင်တို့၏ဘုရားသခင်
ထာဝရဘုရားအား ဝတ်ပြုခြင်းငှာ သွားကြလော့။ သို့ရာတွင် သွားရသောသူတို့သည် အဘယ်သူနည်းဟု မေးလျှင်၊ [9] မောရှေက၊
အကျွန်ုပ်တို့သည် သူငယ်၊ သူအို၊ သားသမီး၊ သိုး၊ နွားပါလျက် သွားပါမည်။ အကြောင်းမူကား၊ ထာဝရဘုရားရှေ့တော်၌
ပွဲခံရပါမည်ဟု ပြန်ဆိုလေသော်၊ [10] ဖာရောမင်းက၊ သင်တို့နှင့် သူငယ်များကို ငါလွှတ်သည်အတိုင်း၊ ထာဝရဘုရားသည် သင်တို့၌
ရှိစေသော။ သတိပြု၊ မကောင်းသောအကြံကို ကြံကြသည်တကား။ [11] ထိုသို့ မဖြစ်ရာ။ အရင်တောင်းလျှောက်သည်အတိုင်း၊
ယောကျ်ားဖြစ်သောသူတို့သာသွား၍ ထာဝရဘုရားအား ဝတ်ပြုကြသည်ဟု မိန့်တော်မူသဖြင့်၊ သူတို့ကို အထံတော်မှ နှင်ကြလေ၏။ [12]
ထာဝရဘုရားကလည်း၊ ကျိုင်းတို့သည် အဲဂုတ္တုပြည်သို့ရောက်လာ၍ မိုဃ်းသီးမဖျက်၊ မြေပေါ်မှာ ကျန်ရစ်သောအပင် ရှိသမျှတို့ကို
စားစေခြင်းငှာ၊ အဲဂုတ္တုပြည်အပေါ်မှာ လက်ကိုဆန့်လော့ဟု မောရှေအား မိန့်တော်မူသည်အတိုင်း၊ [13] မောရှေသည် မိမိလှံတံကို
အဲဂုတ္တုပြည်အပေါ်မှာ ဆန့်သဖြင့်၊ ထိုနေ့နှင့် ထိုည၌ပတ်လုံး၊ အရှေ့လေကို မြေပေါ်မှာ ထာဝရဘုရားလာစေတော်မူ၍၊ နံနက်ရောက်မှ
အရှေ့လေသည် ကျိုင်းတို့ကို ဆောင်ခဲ့လေ၏။ [14] ထိုကျိုင်းတို့သည် အဲဂုတ္တုပြည်လုံးကို လွှမ်းမိုး၍၊ ပြည်နယ်နိမိတ်ရှိသမျှအပေါ်မှာ
နားသဖြင့် အလွန်များပြားကြ၏။ ထိုသို့သော ကျိုင်းတို့သည် ရှေးကမဖြစ်စဖူး၊ နောက်၌လည်း မဖြစ်ရလတံ့။ [15]
မြေမည်းသည်တိုင်အောင် မြေတပြင်လုံးကို ဖုံးအုပ်၍ တပြည်လုံးတွင် မြက်ပင်ရှိသမျှ မိုဃ်းသီးနှင့် လွတ်သောသစ်သီး ရှိသမျှကို
စားကြသဖြင့်၊ အဲဂုတ္တုပြည်တရှောက်လုံးတွင် သစ်ပင်မြက်ပင်တို့၌ စိမ်းသောအရာ တစုံတခုမျှ မကျန်ရစ်။ [16] ထိုအခါ
ဖာရောဘုရင်သည် မောရှေနှင့် အာရုန်ကို အလျင်အမြန်ခေါ်၍၊ သင်တို့၏ဘုရားသခင် ထာဝရဘုရားကို၎င်း၊ သင်တို့ကို၎င်း
ငါပြစ်မှားပါပြီ။ [17] သို့ဖြစ်၍ သည်တခါ ငါ့အပြစ်ကို သည်းခံပါလော့။ သင်တို့၏ဘုရားသခင် ထာဝရဘုရားသည်၊
ဤသေဘေးတခုကိုသာ ငါမှပယ်ရှားပါမည်အကြောင်း တောင်းပန်ပါဟု ဆိုသည်ရှိသော်၊ [18] မောရှေသည် အထံတော်မှထွက်၍၊
ထာဝရဘုရားကို တောင်းပန်လေ၏။ [19] ထာဝရဘုရားသည် အားကြီးသော အနောက်လေကို လွှတ်တော်မူသဖြင့်၊ ထိုလေသည်
ကျိုင်းတို့ကို ဆောင်သွား၍ ဧဒုံပင်လယ်၌ ချပစ်လေ၏။ အဲဂုတ္တုပြည်တရှောက်လုံး၌ ကျိုင်းတကောင်မျှ မကျန်ရစ်။ [20] သို့သော်လည်း၊
ထာဝရဘုရားသည် ဖာရောဘုရင်၏နှလုံးကို ခိုင်မာစေတော်မူသဖြင့်၊ သူသည် ဣသရေလအမျိုးသားတို့ကို မလွှတ်ဘဲနေပြန်လေ၏။
[21] တဖန် ထာဝရဘုရားက၊ အဲဂုတ္တုပြည်တရှောက်လုံး၌ မှောင်မိုက်သာမည်မဟုတ်၊ စမ်းသပ်၍ တွေ့ရသော မှောင်မိုက်ဖြစ်စေခြင်းငှာ၊
သင်၏လက်ကို မိုဃ်းကောင်းကင်သို့ ဆန့်လော့ဟု မောရှေအား မိန့်တော်မူသည်အတိုင်း၊ [22] မောရှေသည် မိမိလက်ကို
မိုဃ်းကောင်းကင်သို့ဆန့်၍၊ အဲဂုတ္တုပြည်တရှောက်လုံး၌ ထူထပ်သော မှောင်မိုက်သည် သုံးရက်ပတ်လုံး ဖြစ်လေ၏။ [23] ထိုအခါ
တယောက်ကိုတယောက် မမြင်နိုင်ကြ။ သုံးရက်ပတ်လုံး အဘယ်သူမျှ မိမိနေရာမှ မထရကြ။ သို့ရာတွင်
ဣသရေလအမျိုးသားအပေါင်းတို့သည်၊ မိမိတို့နေရာ၌ အလင်းကို ရကြ၏။ [24] ထိုအခါ ဖာရောဘုရင်သည် မောရှေနှင့်
အာရုန်ကိုခေါ်၍ ထာဝရဘုရားအား ဝတ်ပြုခြင်းငှာ သွားကြလော့။ သို့ရာတွင် သိုးနွားများကို ထားခဲ့ကြစေ။ သူငယ်များကို
ခေါ်ကြစေဟု မိန့်တော်မူ၏။ [25] မောရှေကလည်း၊ ကျွန်ုပ်တို့ဘုရားသခင် ထာဝရဘုရားအား ယဇ်ပူဇော်စရာဘို့ ယဇ်ကောင်များ၊
မီးရှို့ရာပူဇော်သက္ကာများကို ကိုယ်တော်ပေးရမည်။ [26] ကျွန်ုပ်တို့သည် တိရစ္ဆာန်များကို ဆောင်သွားရမည်။ တကောင်မျှ မကျန်ရစ်ရ။
အကြောင်းမူကား၊ သူတို့အထဲက ကျွန်ုပ်တို့ဘုရားသခင် ထာဝရဘုရားအား ဝတ်ပြုစရာဘို့ ရွေးယူရမည်။ ထာဝရဘုရားအား
အဘယ်မည်သောအကောင်နှင့် ဝတ်ပြုရမည်ကို ထိုအရပ်သို့မရောက်မှီ မသိပါဟု ဆိုလေသော်၊ [27] ထာဝရဘုရားသည်
ဖာရောဘုရင်၏ နှလုံးကို ခိုင်မာစေတော်မူသဖြင့်၊ သူသည် ဣသရေလအမျိုးသား တို့ကို မလွှတ်။ [28] မောရှေကိုလည်း၊ ငါ့ထံမှ

 generated on Tue Jul 2 12:50:28 2024

ထွက်သွားလော့။ နောက်တဖန် ငါ့မျက်နှာကို မမြင်အောင် သတိပြုလော့။ ငါ့မျက်နှာကို မြင်သောနေ့၌ သေမည်ဟု မိန့်တော်မူ၏။ 29
မောရှေကလည်း၊ မိန့်တော်မူချက်သည် လျောက်ပတ်ပါ၏။ မျက်နှာတော်ကို နောက်တဖန်မမြင်ပါဟု လျှောက်ဆို၏။

---

Exodus 01

သူ၏နှလုံး၊ သူ၏ကျွန်တို့နှလုံး ကို ငါခိုင်မာစေ
ဘုရားသခင်သည် ဖာရောဘုရင်နှင့် သူ၏ ကျွန်များကို ခေါင်းမာစေကြောင်းဖော်ပြလိုခြင်းဖြစ်သည်။ (ရှု၊ 9:11)

Exodus 03

ကြည့်ရှုလော့
ဤစကားကို ပြောခြင်းသည်နောက်ပြောမည့်အရာများကို လေးနက်စေလို၍ ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင့်အား ငါပြောပြမည့်အရာများကို ဂရုတစိုက်နားထောင်လော့"။

Exodus 05

မိုဃ်းသီး
မိုးတိမ်ပေါ်မှကျလာစဉ် ခဲသွားသော မိုးရေစက်များဖြစ်သည်။

မမြင်ဘူးသကဲ့သို့
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "လူတို့ သမိုင်းတွင် မဖြစ်ပေါ်ဖူးသော"

Exodus 07

နှောင့်ရှက်
လူတို့ကို အန္တရာယ်ပြုသည်။

ဤလူသည် ငါတို့ကို အဘယ်မျှ ကာလပတ်လုံး နှောင့်ရှက်ပါလိမ့် မည်နည်း။
ဖာရောဘုရင်၏ကျွန်များက အဲဂုတ္တုပြည်သည်မည်မျှအတိုင်းတာထိ ပျက်စီးနေပြီဖြစ်ကြောင်းပြသရန် ဖာရောမင်းအားမေးသောမေးခွန်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဤလူ ကျွန်ုပ်တို့အား ဒုက္ခထပ်ပေးပြီးရင်းပေးနေသည်ကို ထိုင်လက်ပိုက်ကြည့်နေရုံနှင့် မဖြစ်တော့ဘူး"။

အဲဂုတ္တုပြည်ပျက်ကြောင်းကို သိတော်မမူသေးသလော
ဖာရောဘုရင်ကိုယ်တိုင် သူ့ငြင်းချက်၏ ဆိုးကျိုးကို မြင်သင့်ပြီဖြစ်ကြောင်း သူ့ကျွန်များက မေးသောမေးခွန်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် "ကိုယ်တော်သည်အဲဂုတ္တုပြည် ပျက်စီးနေပြီဖြစ်ကြောင်း သဘောပေါက်သင့်ပြီ"။ (ရှု၊ igs_rquestion)

အဲဂုတ္တုပြည်ပျက်ကြောင်းကို
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကပ်ဘေးများသည် အဲဂုတ္တုပြည်ကို ဖျက်ဆီးသဖြင့်" သို့မဟုတ် "သူတို့၏ ဘုရားသခင်သည် အဲဂုတ္တုပြည်ကို ဖျက်ဆီးသဖြင့်"

Exodus 09

သင်တို့နှင့် သူငယ်များကို ငါလွှတ်သည့်အတိုင်း
ဖာရောဘုရင်သည် မောရှေ တောင်းဆိုသည့်အတိုင်း လူတို့နှင့် သူငယ်များအား ထာဝရဘုရားကို ကိုးကွယ်ရန် အခွင့်မပြု။

သူတို့ကို အထံတော်မှ နှင်ကြလေ၏။
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထို့နောက် ဖာရောဘုရင်သည် မောရှေနှင့် အာရုန်ကို နှင်ထုတ်လေ၏" သို့မဟုတ် "ထို့နောက် ဖာရောဘုရင်သည် သူ့ကျွန်တို့အား မောရှေနှင့် အာရုန်ကို နှင်ထုတ်ကြလေ၏"

Exodus 14

မြေမည်းသည်တိုင်အောင်
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ ကျိုင်းကောင်အရေအတွက်များလွန်းသောကြောင့် နေကိုပင်မမြင်နိုင်ဘဲ မြေပြင်မှာ အမှောင်ထုကြီးဖုံးလွှမ်းသွားသည်ကို ရည်ညွှန်းခြင်းဖြစ်သည်။

Exodus 16

သည်တခါ
"ဤတစ်ကြိမ်"

ဤသေဘေးတခုကိုသာ ငါမှပယ်ရှားပါမည်အကြောင်း
ဤနေရာ၌ "သေဘေး" ဟူသည် ကျိုင်းကောင်များ၏ လက်ချက်ကြောင့် သေဆုံးသွားရသော သစ်ပင်များကို ဆိုလိုခြင်းဖြစ်သည်။ သစ်ပင်၏ သေဘေးသည် လူ့သေ ဘေးကို ဖြစ်စေနိုင်သည်။ သစ်ပင်မရှိလျှင် အစားအစာလည်းရှိမည်မဟုတ်သောကြောင့် လူသည် မုချသေရမည်သာဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါတို့ကိုသေစေနိုင်သော ဤဖျက်ဆီးခြင်းကို ရပ်တန့်စေတော်မူပါမည့်အကြောင်း"

Exodus 19

ကျိုင်းတို့ကို ဆောင်သွား၍
ကျိုင်းကောင်တို့ကို အထက်အရပ်သို့ ဆောင်ခဲ့သဖြင့်

ထာဝရဘုရားသည် ဖာရောဘုရင်၏နှလုံးကို ခိုင်မာစေတော်မူသဖြင့်
"နှလုံး" သည် ဖာရောဘုရင်ကို ရည်ညွှန်းခြင်းဖြစ်သည်။ နှလုံးခိုင်မာခြင်းသည် မြန်မာစကား ခေါင်းမာခြင်းနှင့် အတူတူပင်ဖြစ်သည်။

Exodus 21

စမ်းသပ်၍ တွေ့ရသော မှောင်မိုက်

ထာဝရဘုရားသည် နက်နဲမှောင်မိုက်အတိ ဖြစ်ခြင်းကို လူတို့ လက်ဖြင့်ပင် စမ်းသပ်နိုင်ကြောင်း ဖော်ပြထားသည်။ ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မှောင်မိုက်သည် အလွန်ထူထပ်သဖြင့် လူတို့သည် လက်ဖြင့်ပင် ကိုင်ကြည့်၍ ရလောက်သော"

Exodus 24

တကောင်မျှ မကျန်ရစ်ရ

ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါတို့သည် တိရစ္ဆာန်တစ်ကောင်မျှ ထားခဲ့ခွင့်မရှိပါ"။

Exodus 27

ထာဝရဘုရားသည် ဖာရောဘုရင်၏ နှလုံးကို ခိုင်မာစေတော်မူသဖြင့်၊

"နှလုံး" သည် ဖာရောဘုရင်ကို ရည်ညွှန်းခြင်းဖြစ်သည်။ နှလုံးခိုင်မာခြင်းသည် မြန်မာစကား ခေါင်းမာခြင်းနှင့် အတူတူပင်ဖြစ်သည်။

သူသည် ဣသရေလအမျိုးသား တို့ကို မလွှတ်

"ဖာရောသည် ဣသရေလအမျိုးသား တို့ကို မလွှတ်"

ငါ့မျက်နှာကို မြင်သောနေ့၌

ဤနေရာ၌ "မျက်နှာ" သည် လူပုဂ္ဂိုလ်တစ်ယောက်လုံးအားရည်ညွှန်းခြင်းဖြစ်သည်။

မိန့်တော်မူချက်သည် လျောက်ပတ်ပါ၏။

မောရှေသည် ဖာရောဘုရင်၏ စကားကို အခိုင်အမာ ဖြစ်စေချင်သည့် သဘောဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်ပြောသောအရာသည် မှန်ကန်ပါသဖြင့်"

---

## Translation Questions

Exodus 10:1

ထာဝရဘုရားသည် အဘယ်ကြောင့် ဖာရောဘုရင်နှင့် ဖာရောကျွန်တို့၏ နှလုံးကိုခိုင်မာစေသနည်း။ (ခေါင်းမာစေသနည်း။)

ထာဝရဘုရားသည် သူ၏ဘုန်းတန်ခိုးကြီးသော နိမိတ်တို့ကို အဲဂုတ္တုလူတို့အား ပြသရန်အတွက်လည်းကောင်း၊ ထာဝရဘုရား ဤသို့သော အမှုကို တတ်နိုင်ကြောင်း၊ ပြုလုပ်ခဲ့ကြောင်း ဣသရေလလူမျိုး နောင်လာနောက်သား သားမြေးတို့အား လက်ဆင့်ကမ်း ပြောကြားစေရန်အတွက်လည်းကောင်း ထာဝရဘုရားသည် ဖာရောဘုရင်နှင့် ဖာရောကျွန်တို့၏ နှလုံးကိုခိုင်မာစေသည်။

Exodus 10:5

မည်သည့် သတ္တဝါသည် မြေမထင်ပေါ်နိုင်သည်အထိ မြေမျက်နှာပြင်ကို ဖုံးလွှမ်းမည်နည်း။

ကျိုင်းကောင်တို့သည် မြေမထင်ပေါ်နိုင်သည်အထိ မြေမျက်နှာပြင်ကို ဖုံးလွှမ်းမည်။

Exodus 10:9

မောရှေက ဣသရေလလူမျိုးတို့သည် မိမိတို့၏ သူငယ်၊ သူအို၊ သားသမီး၊ သိုး၊ နွားများနှင့်အတူ သွားပါမည်ဟု ပြောသောအခါ ဖာရောဘုရင်သည် မည်သို့ တုံ့ပြန်သနည်း။

ဖာရောဘုရင်က "ထိုသို့မဖြစ်ရ။ ယောကျ်ားတို့သာ သွား၍ ထာဝရဘုရားအား ဝတ်ပြုကြချေ"ဟု တုံ့ပြန်ခဲ့သည်။

Exodus 10:12

ကျိုင်းကောင်တို့ကို အဘယ်အရာက သယ်ဆောင်လာသနည်း။

ထာဝရဘုရားသည် အရှေ့လေကို တိုက်စေသဖြင့် ၄င်းအရှေ့လေသည် ကျိုင်းကောင်တို့ကို သယ်ဆောင်လာသည်။

Exodus 10:16

ဖာရောဘုရင်သည် ထာဝရဘုရားနှင့် ပတ်သက်၍ မည်သို့ဆောင်ရွက်မိပါသည်ဟု ပြောခဲ့သနည်း။

ဖာရောဘုရင်က မိမိသည် ထာဝရဘုရား မောရှေ၏ဘုရားကို ပြစ်မှားမိပါပြီဟု ဝန်ခံပြောကြားခဲ့သည်။

Exodus 10:19

ထာဝရဘုရားက အားကြီးသော အနောက်လေကို လွှတ်တော်မူသောအခါ အဲဂုတ္တုပြည်၌ ကျိုင်းကောင် မည်မျှကျန်ခဲ့သနည်း။

ထာဝရဘုရားက အားကြီးသော အနောက်လေကို လွှတ်တော်မူသောအခါ အဲဂုတ္တုပြည်၌ ကျိုင်းကောင် တစ်ကောင်မျှ မကျန်ရစ်ပေ။

Exodus 10:21

အဲဂုတ္တုပြည်တလျှောက်၌ သုံးရက်လုံး ထူထပ်သောမှောင်မိုက် ကျရောက်သောအခါ အဲဂုတ္တုလူတို့သည် မည်သို့နေထိုင်ကြရသနည်း။

သုံးရက်လုံး ထူထပ်သောမှောင်မိုက် ကျရောက်စဉ် အဲဂုတ္တုလူတို့သည် တစ်ယောက်ကို တစ်ယောက် မမြင်ရကြ၊ သုံးရက်လုံး မည်သူမှ မိမိနေရာမှ မထရကြ။

Exodus 10:24

သုံးရက် မှောင်မိုက်ကျပြီးနောက် ဖာရောဘုရင်သည် ဣသရေလလူမျိုးတို့အား ထွက်ခွာခွင့်ပေးသော်လည်း မည်သည့်အရာကို ချန်ထားခိုင်းသနည်း။
ဖာရောဘုရင်သည် ဣသရေလလူမျိုးတို့ကို ထာဝရဘုရားအား သွားရောက်ဝတ်ပြုရန် ခွင့်ပြုသော်လည်း သိုးနွားတို့ကို ချန်ထားခဲ့ရန် မိန့်တော်မူသည်။

Exodus 10:27

ဖာရောဘုရင်က မိမိအား မောရှေ နောက်တစ်ကြိမ် ထပ်တွေ့ပါက မည်သို့ဖြစ်မည်ဟု ခြိမ်းခြောက်သနည်း။
ဖာရောဘုရင်က မိမိမျက်နှာအား မောရှေ နောက်တစ်ကြိမ် ထပ်မြင်လျှင် ထိုနေ့၌ သူသည်သေရမည်ဟု မိန့်တော်မူသည်။

## Chapter 11

[1] ထိုအခါ ထာဝရဘုရားက၊ ဖာရောဘုရင်နှင့် အဲဂုတ္တုပြည်အပေါ်မှာ ဘေးတပါးကို ငါရောက်စေဦးမည်။ ထိုနောက် သင်တို့ကို
လွှတ်လိမ့်မည်။ လွှတ်သောအခါ၌လည်း၊ အကယ်၍ သင်တို့ကို တပြိုင်နက် နှင်လိမ့်မည်။ [2] ဣသရေလလူယောကျ်ားသည်၊
အိမ်နီးချင်းယောကျ်ား၌၎င်း၊ မိန်းမသည် အိမ်နီးချင်းမိန်းမ၌၎င်း၊ ငွေတန်ဆာ၊ ရွှေတန်ဆာ၊ အဝတ်တန်ဆာတို့ကို တောင်းစေခြင်းငှာ၊
လူများတို့အား ပြောလော့ဟု မောရှေအား မိန့်တော်မူ၏။ [3] သူတို့တောင်းသည်အတိုင်း၊ အဲဂုတ္တုလူတို့သည်
ပေးချင်သောစေတနာစိတ်ကို ထာဝရဘုရားဖြစ်စေ တော်မူ၏။ မောရှေသည်လည်း၊ အဲဂုတ္တုပြည်တွင် ဖာရောဘုရင်၏ ကျွန်များ၊
လူများရှေ့၌ ကြီးစွာသော အသရေရှိလေ၏။ [4] ထိုအခါ မောရှေက၊ ထာဝရဘုရားမိန့်တော်မူသည်ကား၊ သန်းခေါင်အချိန်၌
အဲဂုတ္တုပြည်အလယ်သို့ ငါထွက်သွားမည်။ [5] နန်းထိုင်သော ဖာရောဘုရင်၏ သားဦးမှစ၍၊ ကြိတ်ဆုံနောက်၌ ထိုင်သော
ကျွန်မ၏သားဦး တိုင်အောင်၊ အဲဂုတ္တုပြည်၌ ရှိသမျှသော သားဦးတို့နှင့် တိရစ္ဆာန်တို့၏ သားဦးရှိသမျှတို့သည် သေကြလိမ့်မည်။ [6]
အဲဂုတ္တုပြည်တရှောက်လုံးတွင်၊ ရှေးကာလ၌ မဖြစ်စဖူး၊ နောင်ကာလ၌လည်း မဖြစ်လတံ့သော ကြီးစွာသော ငိုကြွေးခြင်း
ဖြစ်ရလိမ့်မည်။ [7] သို့ရာတွင် ထာဝရဘုရားသည်၊ အဲဂုတ္တုလူတို့နှင့် ဣသရေလလူတို့ကို ခြားနားစေတော်မူကြောင်းကို
သင်တို့သိစေခြင်းငှာ၊ ဣသရေလလူတစုံတယောက်ကို ခွေးတကောင်မျှ မဟိန်းရဟု မိန့်တော်မူ၏။ [8] ကိုယ်တော်၏ ကျွန်ဖြစ်သော
ဤလူအပေါင်းတို့သည်လည်း ကျွန်ုပ်ထံသို့ လာ၍ ပြပ်ဝပ်လျက် ထွက်သွားပါ။ ကိုယ်တော်နှင့် ကိုယ်တော်နောက်၌လိုက်သော
လူအပေါင်းတို့ ထွက်သွားကြပါဟု ပြောဆိုပြီးမှ ကျွန်ုပ်ထွက်သွားပါမည်ဟု လျှောက်ဆိုသဖြင့်၊ အမျက်ထွက်၍ ဖာရောဘုရင်ထံမှ
ထွက်သွားလေ၏။ [9] ထာဝရဘုရားကလည်း၊ အံ့ဘွယ်သော အမှုတော်တို့သည် အဲဂုတ္တုပြည်၌ များပြားမည်အကြောင်း၊
ဖာရောဘုရင်သည် သင်တို့၏စကားကို နားမထောင်ဘဲနေလိမ့်မည်ဟု မောရှေအား မိန့်တော်မူသည်အတိုင်း၊ [10]
မောရှေနှင့်အာရုန်တို့သည် ဖာရောဘုရင်ရှေ့မှာ ဤအံ့ဘွယ်သော အမှုအလုံးစုံတို့ကို ပြုသော်လည်း၊ ထာဝရဘုရားသည်
ဖာရောဘုရင်၏ နှလုံးကို ခိုင်မာစေတော်မူသဖြင့်၊ ဣသရေလအမျိုးသားတို့ကို ပြည်တော်မှ ထွက်သွားရသောအခွင့်ကို မပေးဘဲ
နေသတည်း။

---


generated on Tue Jul 2 12:50:28 2024

## Chapter 12

1 ထာဝရဘုရားသည် အဲဂုတ္တုပြည်၌ မောရှေနှင့်အာရုန်တို့အား မိန့်တော်မူသည်ကား၊ 2 ဤလသည် သင်တို့၌ လဦးတည်းဟူသော
နှစ်စဉ်တွင် ပဌမလဖြစ်ရမည်။ 3 သင်တို့သည် ဣသရေလအမျိုး ပရိသတ်အပေါင်းတို့ကို မှာထားရသောစကားဟူမူကား၊
ဤလဆယ်ရက် နေ့၌ သင်တို့ရှိသမျှသည်၊ မိမိအိမ်ထောင်အသီးအသီးအတိုင်း တအိမ်ထောင်လျှင် သိုးသငယ်တကောင်စီ ယူရမည်။ 4
အိမ်ထောင်ငယ်၍ သိုးသငယ်တကောင်နှင့် မတန်လျှင်၊ နီးစပ်သော အိမ်နီးချင်းနှင့် စပ်ဘက်၍ လူမည်မျှရှိသည်ဟု ရေတွက်ပြီးလျှင်၊
တကောင်ကို စားလောက်သောသူများကို ထောက်၍ သိုးသငယ် တကောင်ကို ယူရမည်။ 5 သိုးသငယ်ဖြစ်စေ၊ ဆိတ်သငယ်ဖြစ်စေ၊
သင်တို့ယူသော အကောင်သည် အပြစ်မပါ၊ အခါမလည်သော အထီးဖြစ်ရမည်။ 6 ထိုသိုးသငယ်တို့ကို၊
ထိုလဆယ်လေးရက်တိုင်အောင် စောင့်ထားပြီးမှ၊ ညဦးအချိန်၌ ဣသရေလအမျိုး အစည်းအဝေးပရိသတ်အပေါင်းတို့သည်
သတ်ရကြမည်။ 7 သိုးသငယ်၏အသားကို စားရသောအိမ်၏ တံခါးထုပ်နှင့် တံခါးတိုင်နှစ်ဘက်၌၊ သိုးသငယ်၏အသွေးကို ယူ၍
ထိုးရမည်။ 8 အသားကို မီးနှင့်ကင်ပြီးမှ၊ ထိုညဉ့်ခြင်းတွင် တဆေးမပါသောမုန့်၊ ခါးသော ဟင်းသီးဟင်းရွက်နှင့် စားရမည်။ 9
အသားစိမ်းသည်ဖြစ်စေ၊ ရေနှင့်ပြုတ်သည်ဖြစ်စေ မစားရ။ ခေါင်း၊ ခြေထောက်၊ အသည်း၊ နှလုံး စသည်တို့နှင့်တကွ မီးကင်ပြီးမှ
စားရမည်။ 10 နံနက်တိုင်အောင် ထိုအသားကို မကြွင်းစေရ။ အနည်းငယ်ကြွင်းလျှင် မီးနှင့်ရှို့ရမည်။ 11
အဘယ်သို့စားရမည်နည်းဟူမူကား၊ ခါးစည်းကို စည်းလျက်၊ ခြေနင်းကို စီးလျက်၊ တောင်ဝေးကို ကိုင်လျက် အလျင်အမြန်စားရမည်။
ထာဝရဘုရား၏ ပသခါဖြစ်သတည်း။ 12 အကြောင်းမူကား၊ ယနေ့ညဉ့်တွင် အဲဂုတ္တုပြည်ကို ငါသည် ထုတ်ချင်းခပ်သွား၍၊
အဲဂုတ္တုပြည်၌ရှိသော လူတို့၏ သားဦးများနှင့် တိရစ္ဆာန်တို့၏ သားဦးများအပေါင်းတို့ကို ဒဏ်ခတ်၍၊ အဲဂုတ္တုပြည်၏ ဘုရားတို့ကို
တရားစီရင်မည်။ ငါသည် ထာဝရဘုရားဖြစ်၏။ 13 သိုးသငယ်၏ အသွေးသည် သင်တို့နေရာအိမ်၌
သင်တို့၏လက္ခဏာသက်သေဖြစ်၍၊ ထိုအသွေးကို ငါမြင်သောအခါ၊ သင်တို့ကို ငါလွန်သွားမည်။ ထိုသို့ အဲဂုတ္တုပြည်ကို ငါသည်
ဒဏ်ခတ်သောအခါ၊ ဖျက်ဆီးခြင်း ဘေးဥပဒ်သည် သင်တို့ကို မသင့်မရောက်ရ။ 14 ဤနေ့ရက်သည်လည်း
သင်တို့အောက်မေ့စရာဘို့ဖြစ်၍၊ သင်တို့၏အမျိုး အစဉ်အဆက်မပြတ် ဤနေ့ရက်၌ ထာဝရဘုရားအား ပွဲခံရကြမည်။
ပညတ်တော်ရှိသည်ဖြစ်၍၊ ထိုပွဲကို အစဉ်အမြဲ ခံရကြမည်။ 15 ခုနစ်ရက်ပတ်လုံး တဆေးမပါသောမုန့်ကို စားရမည်။ ပဌမနေ့ရက်၌
တဆေးကို အိမ်များမှပယ်ရမည်။ ပဌမနေ့မှစ၍ ခုနစ်ရက်နေ့တိုင်အောင်၊ တဆေးပါသောမုန့်ကို စားသောသူမည်သည်ကား၊
ဣသရေလအမျိုးမှ ပယ်ရှင်းခြင်းကို ခံရမည်။ 16 ပဌမနေ့၌၎င်း၊ ခုနစ်ရက်နေ့၌၎င်း၊ ဓမ္မစည်းဝေးခြင်းကို ပြုရမည်။ ထိုနေ့ရက်၌
လူတိုင်း စားခြင်းကိစ္စနှင့်ဆိုင်သော အလုပ်အဆောင်မှတပါး အခြားသောအလုပ်ကို မလုပ်မဆောင်ရ။ 17 ထိုအဇုမပွဲကိုခံရသော
အကြောင်းဟူမူကား၊ ထိုနေ့ရက်၌ သင်တို့ ဗိုလ်ခြေများကို၊ အဲဂုတ္တုပြည်ထဲက ငါနှုတ်ဆောင်သည်ဖြစ်၍၊ ထိုအကြောင်းကြောင့်
ပညတ်တော်ရှိသည်အတိုင်း၊ သင်တို့၏အမျိုးအစဉ်အဆက် မပြတ် ထိုနေ့ရက်ကို အမြဲစောင့်ရကြမည်။ 18
ပဌမလဆယ်လေးရက်နေ့ညဦးမှစ၍ နှစ်ဆယ်တရက်နေ့ ညဦးတိုင်အောင်၊ သင်တို့သည် တဆေး မပါသောမုန့်ကို စားရကြမည်။ 19
ခုနစ်ရက်ပတ်လုံး သင်တို့အိမ်များ၌ တဆေးမရှိရ။ တဆေးပါသောမုန့်ကို စားသောသူမည်သည်ကား၊ တကျွန်းတနိုင်ငံသားဖြစ်စေ၊
ပြည်သားဖြစ်စေ၊ ဣသရေလအမျိုး ပရိသတ်မှ ပယ်ရှင်းခြင်းကို ခံရမည်။ 20 သင်တို့နေရာအရပ်ရပ်တို့၌ တဆေးပါသောမုန့်ကို
မစားရ။ တဆေးမပါသောမုန့်ကိုသာ စားရမည်ဟု မိန့်တော်မူ၏။ 21 ထိုအခါ မောရှေသည် ဣသရေလအမျိုး
အသက်ကြီးသူအပေါင်းတို့ကိုခေါ်၍၊ သင်တို့သည် အိမ်ထောင်များ အသီးအသီး ကိုယ်စီကိုယ်စီ သိုးသငယ်တို့ကို ယူ၍ ပသခါပွဲဘို့
သတ်ကြလော့။ 22 ဟုဿုပ်ပင်ညွန့်တစည်းကို ယူ၍ အင်တုံ၌ထည့်သော အသွေးထဲမှာနှစ်ပြီးလျှင်၊ တံခါးထုပ်တံခါးတိုင်
နှစ်ဘက်တို့ကို ထိုးသုတ်ကြလော့။ ထိုနောက်မှ နံနက်တိုင်အောင် အဘယ်သူမျှ မိမိအိမ်တံခါးပြင်သို့ မထွက် မသွားရ။ 23
အကြောင်းမူကား၊ ထာဝရဘုရားသည် အဲဂုတ္တုလူတို့ကို ဒဏ်ခတ်ခြင်းငှာ ထုတ်ချင်းခတ်သွားတော်မူ မည်။ တံခါးထုပ်နှင့်
တံခါးတိုင်နှစ်ဘက်၌ရှိသော အသွေးကို မြင်သောအခါ၊ ထာဝရဘုရားသည် တံခါးကို လွန်သွားတော်မူမည်။ ဖျက်ဆီးသောသူသည်
သင်တို့ကို ဒဏ်ခတ်ခြင်းငှာ၊ အိမ်ထဲသို့ဝင်ရသောအခွင့်ကို ပေးတော်မမူ။ 24 သင်တို့နှင့် သင်တို့၏သားများ၌
ပညတ်တော်ရှိသည်ဖြစ်၍၊ ဤအမှုကို အစဉ်အမြဲ စောင့်ရကြမည်။ 25 ဂတိတော်ရှိသည်အတိုင်း၊
ထာဝရဘုရားပေးတော်မူလတံ့သောပြည်သို့ သင်တို့သည် ရောက်ကြ သောအခါ ဤဝတ်ကို ပြုရမည်။ 26 သင်တို့၏ သားမြေးတို့က၊
ဤဝတ်ကိုပြု၍ အဘယ်သို့ဆိုလိုသနည်းဟု မေးမြန်းကြလျှင်၊ 27 ထာဝရဘုရားသည် အဲဂုတ္တုလူတို့ကို ဒဏ်ခတ်၍၊ ငါတို့အိမ်များကို
ချမ်းသာပေးတော်မူသောအခါ၊ အဲဂုတ္တုပြည်၌ ဣသရေလအမျိုးသားတို့၏အိမ်များကို လွန်သွားတော်မူသော ထာဝရဘုရား၏
ပသခါယဇ် ဖြစ်သတည်းဟု ပြန်ပြောရကြမည်ဟု မောရှေဆိုပြီးလျှင်၊ ထိုသူတို့သည် ဦးညွှတ်ချ၍ ကိုးကွယ်ကြ၏။ 28 ထိုသို့
မောရှေနှင့် အာရုန်တို့ကို ထာဝရဘုရား မှာထားတော်မူသည်အတိုင်း၊ ဣသရေလအမျိုးသားတို့ သည် ပြုကြ၏။ 29 သန်းခေါင်အချိန်၌၊
ထာဝရဘုရားသည် နန်းထိုင်သော ဖာရောဘုရင်၏ သားဦးမှစ၍ ထောင်ထဲမှာ အချုပ်ခံရသော သူ၏သားဦးတိုင်အောင်၊
အဲဂုတ္တုပြည်၌ သားဦးရှိသမျှကို၎င်း၊ တိရစ္ဆာန်တို့၏ သားဦးရှိသမျှကို ၎င်း ဒဏ်ခတ်တော်မူ၏။ 30 ထိုညဉ့်တွင်၊ ဖာရောဘုရင်နှင့်
သူ၏ကျွန်များ၊ အဲဂုတ္တုလူများတို့သည် ထကြ၍၊ အသေကောင် ကင်းသောအိမ်တအိမ်မျှ မရှိသောကြောင့်၊ အဲဂုတ္တုပြည်၌


generated on Tue Jul 2 12:50:28 2024

ကြီးစွာသော ငိုကြွေးခြင်း ဖြစ်လေ၏။ 31 ထိုညဉ့်ခြင်းတွင် မောရှေနှင့် အာရုန်ကို ခေါ်တော်မူလျှင်၊ သင်တို့မှစ၍
ဣသရေလအမျိုးသားတို့၊ ထ၍ ငါ့လူစုထဲက ထွက်သွားကြလော့။ သင်တို့တောင်းသည်အတိုင်း ထာဝရဘုရားအား သွား၍
ဝတ်ပြုကြလော့။ 32 သင်တို့တောင်းသည်အတိုင်း သိုးနွားများကို ယူ၍ သွားကြလော့။ ငါ့ကိုလည်း ကောင်းကြီးပေးကြလော့ဟု
မိန့်တော်မူ၏။ 33 အဲဂုတ္တုလူတို့ကလည်း၊ ငါတို့ရှိသမျှသည် အသေကောင်ဖြစ်ကြပြီဟုဆိုလျက်၊ ဣသရေလလူတို့ကို
အဲဂုတ္တုပြည်ထဲက အလျင်အမြန်လွှတ်ခြင်းငှာ ကျပ်ကျပ်နှိုးဆော်ကြ၏။ 34 ထိုလူတို့သည် တဆေးမရောသေးသော မုန့်စိမ်းကိုယူ၍
မုန့်နယ်သောခွက်တို့ကိုလည်း အဝတ်နှင့်တကွ ထုပ်၍ ထမ်းကြ၏။ 35 မောရှေစီရင်သည်အတိုင်း၊ ဣသရေလအမျိုးသားတို့သည်
ငွေတန်ဆာ၊ ရွှေတန်ဆာ၊ အဝတ်တန်ဆာ များကို အဲဂုတ္တုလူတို့၌ တောင်းကြ၏။ 36 တောင်းသည်အတိုင်းလည်း၊
ပေးချင်သောစေတနာစိတ်ကို အဲဂုတ္တုလူတို့အား ထာဝရဘုရား ပေးတော်မူ သဖြင့်၊ အဲဂုတ္တုလူတို့၏ ဥစ္စာများကို လုယူကြ၏။ 37
ဣသရေလအမျိုးသားမိန်းမနှင့် သူငယ်ကို မဆိုဘဲ၊ ယောကျ်ားအရေအတွက်အားဖြင့် ခြောက်သိန်းခန့်မျှ ရှိသောသူတို့သည်၊
ရာမသက်မြို့မှ ထွက်၍ သုကုတ်အရပ်သို့ ခရီးသွားကြ၏။ 38 အမျိုးမျိုးသော လူအများတို့သည်လည်း၊ သိုးနွားအစရှိသော
များစွာသောတိရစ္ဆာန်တို့နှင့်တကွ လိုက်ကြ၏။ 39 တဆေးမရောဘဲ အဲဂုတ္တုပြည်မှ ဆောင်ခဲ့သော မုန့်စိမ်းကိုယူ၍၊
တဆေးမပါသောမုန့်ကို ဖုတ်ရကြ၏။ အကြောင်းမူကား၊ အဲဂုတ္တုပြည်၌ မနှံ့မဖင့် အနှင်ခံရသောကြောင့်၊ ကိုယ်စားစရာကို မပြင်မဆင်နိုင်ကြ။
40 ဣသရေလအမျိုးသားတို့သည် အဲဂုတ္တုပြည်၌ ဧည့်သည်ဖြစ်၍၊ တည်နေကြသော ကာလနှစ်ပေါင်း လေးရာသုံးဆယ် ဖြစ်သတည်း။
41 အနှစ်လေးရာသုံးဆယ်စေ့သောနေ့ခြင်းတွင်၊ ထာဝရဘုရား၏ ဗိုလ်ခြေအပေါင်းတို့သည်၊ အဲဂုတ္တုပြည် မှ ထွက်သွားကြ၏။ 42
အဲဂုတ္တုပြည်မှ နှုတ်ဆောင်တော်မူသောအတွက်ကြောင့်၊ ထိုနေ့ညဉ့်ကို အထူးသဖြင့် ထာဝရဘုရား၌ စောင့်စရာကောင်း၏။
ဣသရေလအမျိုးသားတို့၏ အမျိုးအစဉ်အဆက်မပြတ်စောင့်ရသော ထာဝရဘုရား၏ ညဉ့်ကား၊ ဤသည်ညဉ့်ပေတည်း။ 43
ပသခါပွဲတရားဟူမူကား၊ တပါးအမျိုးသားမစားရ။ 44 သို့ရာတွင် ငွေနှင့်ဝယ်သော ကျွန်သည် အရေဖျားလှီးမင်္ဂလာကို ခံပြီးလျှင်
စားရ၏။ 45 တကျွန်းတနိုင်ငံသားဖြစ်စေ၊ အခစားသောကျွန်ဖြစ်စေ၊ မစားရ။ 46 တအိမ်တည်း၌ တကောင်ကိုစားရ၏။ အသားကို
အိမ်ပြင်သို့ ယူမသွားရ။ အရိုးကိုလည်း မချိုးရ။ 47 ဣသရေလအမျိုးသား ပရိသတ်အပေါင်းတို့သည် ထိုပွဲကို ခံရကြမည်။ 48
သင်တို့ထံမှာ တည်းခိုသော တပါးအမျိုးသားသည် ထာဝရဘုရားအဘို့ ပသခါပွဲကို ခံခြင်းငှာ အလိုရှိလျှင်၊ သူ၌ရှိသော
ယောကျ်ားအပေါင်းတို့သည် အရေဖျားလှီးမင်္ဂလာကို ခံကြစေ။ သို့ပြီးမှ ထိုသူသည် ပြည်သားကဲ့သို့ ဖြစ်သောကြောင့်၊ ချဉ်း၍
ထိုပွဲသို့ဝင်စေ။ အရေဖျားလှီးမင်္ဂလာကို မခံသောသူမည်သည်ကား၊ ထိုပွဲ၌ ဝင်၍ မစားရ။ 49 အမျိုးသားချင်းဖြစ်သောသူ၊ သင်တို့တွင်
တည်းခိုသော တပါးအမျိုးသားဖြစ်သောသူတို့သည်၊ တပါးတည်းသောတရားနှင့် ဆိုင်ကြ၏ဟု ထာဝရဘုရားသည် မောရှေနှင့်
အာရုန်၌ ပညတ်ထားတော်မူ၏။ 50 ထိုသို့ မောရှေနှင့်အာရုန်၌ ထာဝရဘုရားပညတ်ထားတော်မူသည်အတိုင်း၊ ဣသရေလအမျိုးသား
အပေါင်းတို့သည် ပြုကြ၏။ 51 ထိုနေ့ခြင်းတွင် ထာဝရဘုရားသည်၊ ဣသရေလအမျိုးသား ဗိုလ်ခြေတို့ကို အဲဂုတ္တုပြည်မှ ဆောင်သွား
တော်မူပြီးလျှင်၊


generated on Tue Jul 2 12:50:28 2024

## Chapter 13

1 မောရှေကို ခေါ်၍ ဣသရေလအမျိုးသားတို့တွင် အဦးဘွားသောသူ၊ 2 လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ၊ သားဦးအပေါင်းတို့ကို ငါ့အဘို့
သန့်ရှင်းစေလော့။ ငါ့ဥစ္စာဖြစ်ကြသည်ဟု မိန့်တော်မူ၏။ 3 မောရှေကလည်း၊ သင်တို့သည် ကျွန်ခံနေရာ အဲဂုတ္တုပြည်မှ ထွက်သွားသော
ဤနေ့ရက်ကို အောက်မေ့ ကြလော့။ ထာဝရဘုရားသည် အားကြီးသောလက်တော်ဖြင့် သင်တို့ကို ထိုပြည်မှ နှုတ်ဆောင်တော်မူပြီ။
တဆေးပါသောမုန့်ကို မစားရ။ 4 အဗိဗလ၊ ယနေ့၌ပင် သင်တို့သည် ထွက်လာကြပြီ။ 5 သင်တို့အားပေးခြင်းငှာ ဘိုးဘေးများ၌
ထာဝရဘုရားကျိန်ဆိုတော်မူသောပြည်၊ ခါနနိလူ၊ ဟိတ္တိလူ၊ အာမောရိလူ၊ ဟိဝိလူ၊ ယေဗုသိလူတို့နေရာတည်းဟူသော
နို့နှင့်ပျားရည်စီးသောပြည်သို့ ပို့ဆောင်တော်မူပြီးမှ၊ ယခုလတွင် သင်တို့သည် ဤဝတ်ကိုပြုရကြမည်။ 6 ခုနစ်ရက်ပတ်လုံး
တဆေးမပါသောမုန့်ကို စားပြီးမှ၊ ခုနစ်ရက်မြောက်သောနေ့တွင်၊ ထာဝရဘုရား အဘို့ ပွဲခံရကြမည်။ 7 တဆေးမပါသောမုန့်ကို
စားရသော ခုနစ်ရက်ပတ်လုံး သင်တို့၌ တဆေးကို မတွေ့မမြင်ရ။ သင်တို့နေ သောအရပ်ရပ်တို့၌လည်း မတွေ့မမြင်ရ။ 8 ငါတို့သည်
အဲဂုတ္တုပြည်မှထွက်သောကာလ၊ ထာဝရဘုရားပြုတော်မူသော ကျေးဇူးတော်ကြောင့် ဤသို့ပြုရ၏ဟု ထိုနေ့၌ သားမြေးတို့အား
ကြားပြောရမည်။ 9 ထာဝရဘုရား၏ တရားသည်၊ သင်၏နှုတ်၌ တည်မည်အကြောင်း၊ ဤအရာသည် သင်၏လက်၌
လက္ခဏာသက်သေ၊ သင်၏မျက်စိကြားမှာ အောက်မေ့ဘို့ရာ ဖြစ်ရမည်။ အားကြီးသောလက်တော်ဖြင့် ထာဝရဘုရားသည်၊ သင့်ကို
အဲဂုတ္တုပြည်မှ နှုတ်ဆောင်တော်မူပြီ။ 10 ထို့ကြောင့် စီရင်တော်မူသော ဤထုံးစံကို၊ မိမိအချိန်၌ နှစ်စဉ်အတိုင်း စောင့်ရကြမည်။ 11
သင်တို့၌၎င်း၊ ဘိုးဘေး၌၎င်း၊ ကျိန်ဆိုတော်မူသည်အတိုင်း၊ ထာဝရဘုရားသည် သင်တို့ကို ပို့ဆောင်၍၊ ထိုပြည်ကို
ပေးသနားတော်မူသောအခါ၊ 12 သင်တို့၌ အဦးဘွားသောသားအပေါင်းတို့နှင့် သင်တို့၌ရှိသော တိရစ္ဆာန်တို့၏ သားဦးအပေါင်းတို့ကို၊
ထာဝရဘုရားအဘို့ အသီးအခြား ခွဲထားရကြမည်။ အထီးရှိသမျှတို့သည်၊ ထာဝရဘုရား၏ ဥစ္စာဖြစ်ရကြမည်။ 13 မြည်းမ၌
အဦးဘွားသော မြည်းသငယ်ကို၊ သိုးသငယ်နှင့် ရွေးရမည်။ မရွေးလိုလျှင်၊ မြည်းသငယ် လည်ပင်းကို ချိုးရမည်။ လူသားတို့တွင်
သားဦးအပေါင်းကို ရွေးရမည်။ 14 နောင်ကာလ၌ သင်၏သားကလည်း၊ အဘယ်သို့နည်းဟု မေးမြန်းလျှင်၊ သင်ကလည်း ကျွန်ခံနေရာ
အဲဂုတ္တုပြည်မှ၊ ထာဝရဘုရားသည် အားကြီးသော လက်တော်ဖြင့် ငါတို့ကို နှုတ်ဆောင်တော်မူ၏။ 15 ဖာရောဘုရင်သည်၊ ငါတို့ကို
အလွယ်တကူ မလွှတ်ဘဲနေသောအခါ၊ အဲဂုတ္တုပြည်၌ လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ၊ သားဦးအပေါင်းတို့ကို ထာဝရဘုရား
ကွပ်မျက်တော်မူ၏။ ထိုကြောင့် အဦးဘွားသော တိရစ္ဆာန် အထီးရှိသမျှတို့ကို ထာဝရဘုရားအား ယဇ်ပူဇော်ရမည်။ ကိုယ်သားတို့တွင်
သားဦးကို ရွေးရမည်ဟု ပြန်ဆိုရမည်။ 16 ဤအရာသည်လည်း၊ သင်၏လက္ခဏာ သက်သေ၊ သင်၏မျက်စိကြားမှာ
သင်းကျပ်ဖြစ်ရမည်။ အကြောင်းမူကား၊ ထာဝရဘုရားသည် အားကြီးသောလက်တော်ဖြင့် ငါတို့ကို အဲဂုတ္တုပြည်မှ နှုတ်ဆောင်တော်
မူပြီဟု လူများတို့အား ပြောဆိုလေ၏။ 17 ဣသရေလလူတို့ကို ဖာရောဘုရင်လွှတ်သောနောက်၊ ဖိလိတ္တိပြည်ကို ရှောက်သောလမ်းသည်
ဖြောင့်သော်လည်း၊ ထိုလမ်းဖြင့် ဘုရားသခင်ဆောင်တော်မမူ။ အကြောင်းမူကား၊ သူတို့သည် စစ်မှုကို တွေ့မြင်သောအခါ စိတ်ပျက်၍၊
အဲဂုတ္တုပြည်သို့ ပြန်ကောင်းပြန်ကြလိမ့်မည်ဟု သိတော်မူ၏။ 18 ထိုကြောင့် ဘုရားသခင်သည်၊ သူတို့ကို ဧဒုံပင်လယ်နားတောလမ်းဖြင့်
ဝိုင်း၍ ဆောင်တော်မူ၏။ ဣသရေလအမျိုးသားတို့သည်၊ ခင်းကျင်းသော တပ်အစဉ်အတိုင်း အဲဂုတ္တုပြည်မှ ထွက်သွားကြ၏။ 19
အထက်ကာလ၌ ယောသပ်က၊ အကယ်စင်စစ် ဘုရားသခင်သည် သင်တို့ကို အကြည့်အရှု ကြွလာ တော်မူမည်။ ကျွန်ုပ်အရိုးတို့ကို
ဤအရပ်မှ ယူသွားရမည်ဟူ၍ ဣသရေလအမျိုးသားတို့ကို ကျပ်ကျပ် ကျိန်ဆိုစေသောကြောင့်၊ သူ၏အရိုးတို့ကို မောရှေသည် မိမိ၌
ယူဆောင်လေ၏။ 20 တဖန် သူတို့သည် သုကုတ်အရပ်မှ ထွက်သွား၍ တောအနား၊ ဧသံမြို့၌ စားခန်းချကြ၏။ 21 သူတို့သည်
နေ့ညသွားနိုင်အောင် ထာဝရဘုရားသည် နေ့၌ကား၊ လမ်းပြဘို့ မိုဃ်းတိမ်တိုင်အားဖြင့် ၎င်း၊ ညဥ့်၌ကား၊ အလင်းပေးဘို့
မီးတိုင်အားဖြင့်၎င်း၊ သူတို့ရှေ့က ကြွတော်မူ၏။ 22 နေ့အချိန်၌ မိုဃ်းတိမ်တိုင်၊ ညဥ့်အချိန်၌ မီးတိုင်ကို သူတို့ရှေ့မှ ရုပ်သိမ်းတော်မမူ။


generated on Tue Jul 2 12:50:28 2024

# Chapter 14

1 ထာဝရဘုရားကလည်း၊ ဣသရေလအမျိုးသားတို့သည် လှည့်၍၊ ပိဟဟိရုတ်မြို့နား၊ 2 မိဂဒေါလမြို့နှင့် ပင်လယ်စပ်ကြား၊
ဗာလဇေဖုန်မြို့ရှေ့မှာ တပ်ချစေခြင်းငှာ မှာလိုက်လော့။ ထိုမြို့ရှေ့၊ ပင်လယ်ကမ်းနားမှာ တပ်ချရကြမည်။ 3 အကြောင်းမူကား၊
ဖာရောဘုရင်က၊ ဣသရေလအမျိုးသားတို့သည် ကျဉ်းကျပ်ရာသို့ ရောက်ကြပြီ။ တောလမ်းပိတ်လျက်ရှိ၏ဟု ဆိုလိမ့်မည်။ 4
ငါသည်လည်း၊ ဖာရောဘုရင်၏ နှလုံးကို ခိုင်မာစေ၍၊ သူသည် ဣသရေလတို့ကို လိုက်လိမ့်မည်။ ငါသည် ထာဝရဘုရားဖြစ်ကြောင်းကို
အဲဂုတ္တုလူတို့သည် သိစေခြင်းငှာ၊ ထိုမင်းနှင့် သူ၏စစ်သူရဲအလုံးအရင်း အားဖြင့် ငါ့ဘုန်းပွင့်လိမ့်မည်ဟု မောရှေအား
မိန့်တော်မူသည်အတိုင်း၊ ထိုသူတို့သည် ပြုကြ၏။ 5 ထိုလူတို့ထွက်ပြေးကြောင်းကို၊ အဲဂုတ္တုရှင်ဘုရင်အား ကြားရှောက်သဖြင့်၊
သူမှစ၍ ကျွန်များတို့သည် မနာလိုသောစိတ် ဖောက်ပြန်လျှင်၊ ငါတို့သည် ဤသို့ပြု၍ ဣသရေလလူတို့ကို ငါတို့စေခိုင်းရာမှ
အဘယ်ကြောင့် လွှတ်ရသနည်းဟု ပြောဆိုကြ၏။ 6 ထိုအခါ ဖာရောဘုရင်သည်၊ ရထားတော်ကို ပြင်၍၊ မိမိလူအပေါင်းတို့ကို
ခေါ်လေ၏။ 7 ရွေးသော ရထားခြောက်ရာ၊ အဲဂုတ္တုမြင်းစီးသူရဲအပေါင်းနှင့်တကွ၊ ဗိုလ်မင်းအသီးအသီးတို့ကို ခေါ်ယူလေ၏။ 8
ထာဝရဘုရားသည်၊ ဖာရောဘုရင်၏ နှလုံးကို ခိုင်မာစေတော်မူသဖြင့်၊ သူသည် ဣသရေလအမျိုးသား တို့ကို လိုက်လေ၏။
သို့သော်လည်း၊ ဣသရေလလူတို့သည် ဝါကြွားသောအခြင်းအရာနှင့် ထွက်သွားကြ၏။ 9 ထိုသို့ ဖာရောဘုရင်၏ မြင်းတော်၊
ရထားတော်၊ မြင်းစီးသူရဲဗိုလ်ပါ၊ အဲဂုတ္တုလူအပေါင်းတို့သည် လိုက်၍ ပိဟဟိရုတ်မြို့နား၊ ဗာလဇေဖုန်မြို့ရှေ့၌ ပင်လယ်ကမ်းနားမှာ
တပ်ချလျက်နေသော ဣသရေလလူတို့ကို မှီကြ၏။ 10 ဖာရောဘုရင်သည် ချဉ်းလာသောအခါ၊ ဣသရေလအမျိုးသားတို့သည်
မျှော်ကြည့်၍၊ အဲဂုတ္တုလူတို့ စစ်ချီလာကြောင်းကို မြင်လျှင်၊ အလွန်ကြောက်လန့်၍ ထာဝရဘုရားအား အော်ဟစ်ကြ၏။ 11
မောရှေကိုလည်း၊ အဲဂုတ္တုပြည်၌ သင်္ချိုင်းမရှိသောကြောင့်၊ ဤတော၌ သေစေခြင်းငှာ ငါတို့ကို ဆောင်ခဲ့သလော။ ငါတို့ကို ဤသို့ပြု၍၊
အဲဂုတ္တုပြည်မှ အဘယ်ကြောင့် ဆောင်ခဲ့သနည်း။ 12 ငါတို့သည် အဲဂုတ္တုလူတို့ထံ၌ အစေကျွန်ခံနေလျက် ရှိကြပါစေဟု အဲဂုတ္တုပြည်၌
ငါတို့ပြောရာတွင်၊ ဤအမှုကို ရည်ဆောင်၍ ပြောသည်မဟုတ်လော။ ငါတို့သည် ဤတော၌ သေရသည်ထက်၊ အဲဂုတ္တုလူတို့ထံ၌
အစေကျွန်ခံလျှင် သာ၍ကောင်းသည်ဟု ဆိုကြ၏။ 13 မောရှေကလည်း မစိုးရိမ်ကြနှင့်။ ငြိမ်ဝပ်စွာရပ်နေကြ။ ထာဝရဘုရားသည်၊
ယနေ့ပြတော်မူသော ကယ်တင်ခြင်းကို ကြည့်ရှုကြလော့။ သင်တို့သည် ယနေ့မြင်သော အဲဂုတ္တုလူတို့ကို၊ နောက်တဖန်
အလျှင်းမမြင်ရကြ။ 14 သင်တို့ဘက်၌ ထာဝရဘုရားသည် စစ်တိုက်တော်မူလိမ့်မည်။ သင်တို့သည် ငြိမ်ဝပ်စွာနေရကြမည်ဟု
လူများတို့အား ဆို၏။ 15 ထာဝရဘုရားကလည်း၊ အဘယ်ကြောင့် ငါ့ကို အော်ဟစ်သနည်း။ ဣသရေလအမျိုးသားတို့သည်
တက်သွားစေခြင်းငှာ မှာလိုက်လော့။ 16 သင်မူကား၊ လှံတံကို ချီပြီးလျှင်၊ ပင်လယ်ပေါ်မှာ လက်ကိုဆန့်၍ ပင်လယ်ရေကို ခွဲလော့။
ဣသရေလ အမျိုးသားတို့သည် ပင်လယ်အလယ်၌ မြေပေါ်မှာ ရှောက်သွားရကြမည်။ 17 ငါသည်လည်း အဲဂုတ္တုလူတို့၏ နှလုံးကို
ခိုင်မာစေသဖြင့်၊ သူတို့သည် လိုက်ကြလိမ့်မည်။ ဖာရောဘုရင်နှင့် သူ၏ဗိုလ်ခြေ၊ ရထား၊ မြင်းစီးသူရဲများအားဖြင့်
ငါ့ဘုန်းပွင့်လိမ့်မည်။ 18 ထိုသို့ ဖာရောဘုရင်နှင့် သူ၏ရထားများ၊ မြင်းစီးသူရဲများအားဖြင့် ငါ့ဘုန်းပွင့်သောအခါ၊ ငါသည်
ထာဝရဘုရားဖြစ်ကြောင်းကို၊ အဲဂုတ္တုလူတို့သည် သိရကြလိမ့်မည်ဟု မောရှေအား မိန့်တော်မူ၏။ 19 ထိုအခါ
ဣသရေလတပ်ရှေ့မှာသွားသော ဘုရားသခင်၏ ကောင်းကင်တမန်သည် နောက်၌ လိုက်သဖြင့်၊ မိုဃ်းတိမ်တိုင်သည်
သူတို့ရှေ့ကရွှေ့၍ နောက်၌ ရပ်နေလေ၏။ 20 ထိုသို့ အဲဂုတ္တုတပ်နှင့် ဣသရေလတပ်စပ်ကြားသို့ ရောက်လျှင်၊ အဲဂုတ္တုလူတို့၌
မိုက်သော မိုဃ်းတိမ် ဖြစ်၍၊ ဣသရေလလူတို့အား အလင်းကို ပေးလျက်နေသဖြင့်၊ တညဉ့်လုံး တပ်တဦးနှင့်တဦး မချဉ်းနိုင်ရာ။ 21
မောရှေသည် ပင်လယ်ပေါ်မှာ လက်ကိုဆန့်၍၊ ထာဝရဘုရားသည် တညဉ့်လုံး၌ အားကြီးသော အရှေ့လေအားဖြင့် ပင်လယ်ရေကို
လှန်ပြန်၍၊ မြေကို ပေါ်စေတော်မူသည်နှင့်၊ ရေသည် ကွဲပြတ်လျက်ရှိ၏။ 22 ဣသရေလအမျိုးသားတို့သည် ပင်လယ်အလယ်၌
မြေပေါ်မှာ ရှောက်သွားကြ၍၊ ရေသည် သူတို့ လက်ျာဘက်၊ လက်ဝဲဘက်မှာ ကျောက်ထရံကဲ့သို့ ရှိနေ၏။ 23 အဲဂုတ္တုလူများ၊
ဖာရောဘုရင်၌ပါသော မြင်း၊ ရထား၊ မြင်းစီးသူရဲအပေါင်းတို့သည်၊ ပင်လယ်အလယ်သို့ လိုက်ဝင်ကြ၏။ 24 နံနက်ယံ၌
ထာဝရဘုရားသည် မီးမိုဃ်းတိမ်တိုင်အားဖြင့် အဲဂုတ္တုတပ်ကို ကြည့်ရှု၍ နှောင့်ရှက်တော်မူ၏။ 25 သူတို့ရထား အသွားခက်စေခြင်းငှာ
ရထားဘီးများကို ချို့တဲ့စေတော်မူ၏။ အဲဂုတ္တုလူတို့ကလည်း၊ ဣသရေလလူတို့ထံမှ ပြေးကြစို့။ ထာဝရဘုရားသည် သူတို့ဘက်၊
အဲဂုတ္တုလူတို့တဘက်၌ စစ်တိုက်သည်ဟု ပြောဆိုကြ၏။ 26 ထာဝရဘုရားကလည်း၊ ပင်လယ်ရေသည် အဲဂုတ္တုလူများ၊ ရထားများ၊
မြင်းစီးသူရဲများတို့အပေါ်သို့ ပြန်စေခြင်းငှာ၊ ပင်လယ်အပေါ်မှာ လက်ကိုဆန့်လော့ဟု မောရှေအား မိန့်တော်မူသည်အတိုင်း၊ 27
မိုဃ်းလင်းသောအခါ၊ မောရှေသည် လက်ကို ပင်လယ်ပေါ်မှာ ဆန့်သဖြင့်၊ ပင်လယ်ရေသည် အားကြီး၍ ပြန်လာသည်ကို၊
အဲဂုတ္တုလူတို့သည် ပြေးကြသော်လည်း၊ ထာဝရဘုရားသည် သူတို့ကို ပင်လယ် အလယ်၌ လှဲတော်မူ၏။ 28 ထိုသို့ ပင်လယ်ရေသည်
ပြန်လာ၍၊ ပင်လယ်ထဲသို့ လိုက်ဝင်သော ဖာရောဘုရင်၏ ရထား၊ မြင်းစီးသူရဲ၊ ဗိုလ်ခြေအပေါင်းတို့ကို လွှမ်းမိုးသဖြင့်၊
တစုံတယောက်မျှ မကျန်ရစ်ရ၊ 29 ဣသရေလအမျိုးသားတို့မူကား၊ ပင်လယ်အလယ်၌ မြေပေါ်မှာရှောက်သွား၍၊ ရေသည်
သူတို့လက်ျာ ဘက်၊ လက်ဝဲဘက်မှာ ကျောက်ထရံကဲ့သို့ ရှိနေ၏။ 30 ထိုသို့ ထာဝရဘုရားသည် ထိုနေ့၌ ဣသရေလလူတို့ကို၊
အဲဂုတ္တုလူတို့လက်မှ ကယ်လွှတ်တော်မူသဖြင့်၊ ပင်လယ်ကမ်းနားမှာ အဲဂုတ္တုလူ အသေကောင်တို့ကို မြင်ရကြ၏။ 31 ထိုသို့

 generated on Tue Jul 2 12:50:28 2024

အဲဂုတ္တုလူတို့၌ ထာဝရဘုရားပြုတော်မူသောအမှုကြီးကို၊ ဣသရေလလူတို့သည် မြင်၍၊ ထာဝရဘုရားကို ကြောက်ရွံ့ကြ၏။ ထာဝရဘုရားနှင့် ကိုယ်တော်၏ ကျွန်မောရှေကို ယုံကြည်ကြ၏။

---


generated on Tue Jul 2 12:50:28 2024

## Chapter 15

1 ထိုအခါ မောရှေနှင့် ဣသရေလအမျိုးသားတို့သည်၊ ထာဝရဘုရားအား သီချင်းဆိုသော စကား ဟူမူကား၊ ထာဝရဘုရားသည်
ဘုန်းပွင့်လျက် အောင်ပွဲခံတော်မူသည်ဖြစ်၍၊ ကိုယ်တော်အား သီချင်းဆိုပါအံ့။ မြင်းနှင့် မြင်းစီးသူရဲကို ပင်လယ်ထဲသို့ လှဲချတော်မူပြီ။
2 ထာဝရဘုရားသည် ငါ့အစွမ်းသတ္တိ၊ ငါသီချင်းဆိုကြောင်း၊ ငါ့ကို ကယ်တင်သော အရှင်ဖြစ်တော်မူ၏။ ထိုဘုရားသည်
ငါကိုးကွယ်သော ဘုရားသခင် ဖြစ်တော်မူ၍၊ ထောမနာပြုပါမည်။ ငါ့ဘိုးဘေးတို့၏ ဘုရားသခင် ဖြစ်တော်မူ၍၊ ငါချီးမြှောက်ပါမည်။
3 ထာဝရဘုရားသည် စစ်သူရဲဖြစ်တော်မူ၏။ ထာဝရဘုရားတည်းဟူသော နာမတော်ရှိတော်မူ၏။ 4 ဖာရောဘုရင်၏ ရထားနှင့်
ဗိုလ်ခြေတို့ကို ပင်လယ်ထဲသို့ လှဲချတော်မူပြီ။ ရွေးသော ဗိုလ်မင်းတို့သည်၊ ဧဒုံပင်လယ်ထဲ၌ မြုပ်လျက်ရှိကြ၏။ 5 နက်စွာသောအရပ်၌
လွှမ်းမိုးလျက်ရှိကြ၏။ ကျောက်ကဲ့သို့ အောက်သို့ဆင်းကြ၏။ 6 အို ထာဝရဘုရား၊ လက်ျာလက်တော်သည် တန်ခိုးအားဖြင့်
ဘုန်းကြီးတော်မူ၏။ အို ထာဝရဘုရား၊ လက်ျာလက်တော်သည် ရန်သူတို့ကို ချိုးဖွဲ့ဖျက်ဆီးတော်မူ၏။ 7 ကိုယ်တော် တဘက်၌
ထသောသူတို့ကို၊ ဘုန်းတန်ခိုးအာနုဘော်တော်တို့နှင့် လှဲတော်မူ၏။ အမျက်တော်ကို လွှတ်၍၊ သူတို့ကို အမှိုက်ကဲ့သို့
မီးလောင်စေတော်မူ၏။ 8 နှာခေါင်းတော်လေအားဖြင့် ရေသည် စုဝေး၍၊ စီးသောရေသည် ပုံပုံကြွ၍၊ ပင်လယ်၏အထဲ၌ပင်
နက်သောရေသည် တောင့်မာလျက်နေရ၏။ 9 ရန်သူက၊ ငါလိုက်မည်။ သူတို့ကို မှီလိမ့်မည်။ လုယူသောဥစ္စာကို ဝေ၍ သူတို့၌
ငါချင်ရဲပြေလိမ့်မည်။ ထားကို အိမ်မှ ထုတ်၍ သူတို့ကို ငါ့လက်နှင့် ဖျက်ဆီးမည်ဟု ဆိုသတည်း။ 10 ကိုယ်တော်သည် လေကို
မှုတ်တော်မူသဖြင့်၊ ပင်လယ်သည် သူတို့ကို လွှမ်းမိုး၍ သူတို့သည် အားကြီးသောရေထဲမှာ ခဲကဲ့သို့ ဆင်းကြလေ၏။ 11 အို
ထာဝရဘုရား၊ ဘုရားများတို့တွင် အဘယ်မည်သော ဘုရားသည် ကိုယ်တော်နှင့်တူပါသနည်း။ သန့်ရှင်းခြင်းအားဖြင့်
ဘုန်းကြီးတော်မူထသော၊ ချီးမွမ်းခြင်းကို ခံစဉ်တွင်၊ ကြောက်မက်ဘွယ် ဖြစ်တော်မူထသော၊ အံ့ဘွယ်သောအမှုတို့ကို ပြုတော်မူသော၊
ကိုယ်တော်နှင့် အဘယ်ဘုရား တူပါသနည်း။ 12 လက်ျာလက်တော်ကို ဆန့်တော်မူသဖြင့်၊ သူတို့ကို မြေမြုပ်လေ၏။ 13
ရွေးတော်မူသော လူမျိုးကို ကရုဏာတော်အားဖြင့် ပို့ဆောင်တော်မူ၏။ သန့်ရှင်းသော နေတော်မူရာသို့ တန်ခိုးတော်အားဖြင့်
လမ်းပြတော်မူ၏။ 14 လူမျိုးတို့သည် သိတင်းကြား၍ ကြောက်လန့်ကြလိမ့်မည်။ ပါလေတ္တိနပြည်သူပြည်သားတို့သည် ပူပန်ခြင်းသို့
ရောက်ကြလိမ့်မည်။ 15 ဧဒုံဗိုလ်တို့သည် မိန်းမောတွေဝေခြင်း၊ မောဘသူရဲတို့သည် တုန်လှုပ်ခြင်း၊ ခါနာန်ပြည်သားအပေါင်းတို့ သည်
စိတ်ပျက်ခြင်းသို့ ရောက်ကြလိမ့်မည်။ 16 အို ထာဝရဘုရား၊ ကိုယ်တော်၏လူတို့သည် လွန်သွားသောအခါ၊ ရွေးတော်မူသော
ကိုယ်တော်၏လူတို့ သည် လွန်သွားသောအခါ၊ ထိုလူအမျိုးမျိုးတို့သည် ကြောက်သောစိတ်၊ ထိတ်လန့်သောစိတ်အားကြီး၍
လက်ရုံးတော်တန်ခိုးကြောင့်၊ သူတို့သည် ကျောက်ကဲ့သို့ ငြိမ်ငြိမ်နေကြလိမ့်မည်။ 17 အို ထာဝရဘုရား၊ အမွေခံတော်မူရာ
တောင်တည်းဟူသော ကျိန်းဝပ်တော်မူရာဘို့ ဖန်ဆင်းတော်မူ သော အရပ်ထဲသို့ ကိုယ်တော်၏လူတို့ကို သွင်းတော်မူလိမ့်မည်။ အို
ထာဝရဘုရား၊ လက်တော်နှင့် တည်တော်မူ သော သန့်ရှင်းရာဌာနတော်၌ နေရာချတော်မူလိမ့်မည်။ 18 ထာဝရဘုရားသည်
ကာလအစဉ်အမြဲ စိုးစံတော်မူစေသတည်းဟု သီချင်းဆိုကြလေ၏။ 19 အကြောင်းမူကား၊ ဖာရောဘုရင်၏ မြင်းများ၊ ရထားများ၊
မြင်းစီးသူရဲများတို့သည် ပင်လယ်ထဲသို့ဝင်၍၊ ထာဝရဘုရားသည် သူတို့အပေါ်မှာ ပင်လယ်ရေကို လွှမ်းမိုးစေတော်မူ၏။
ဣသရေလအမျိုးသားတို့မူကား၊ ပင်လယ်အလယ်၌ မြေပေါ်မှာ ရှောက်သွားကြ၏။ 20 အာရုန်၏ အစ်မဖြစ်သော ပရောဖက်မ
မိရိအံသည် ပတ်သာကို ကိုင်၍၊ မိန်းမအပေါင်းတို့သည် ပတ်သာတီးလျက် ကလျက် လိုက်သွားကြ၏။ 21 မိရိအံကလည်း၊
ထာဝရဘုရားသည် ဘုန်းပွင့်လျက် အောင်ပွဲကို ခံတော်မူသည်ဖြစ်၍၊ ကိုယ်တော်အား သီချင်းဆိုကြလော့။ မြင်းနှင့် မြင်းစီးသူရဲကို
ပင်လယ်ထဲသို့ လှဲချတော်မူပြီဟု သူတို့နှင့် အသံပြိုင်၍ ဆိုလေ၏။ 22 ထိုနောက် မောရှေသည် ဣသရေလလူတို့ကို၊ ဧဒုံပင်လယ်မှ
ဆောင်သွား၍၊ သူတို့သည် ရှုရတောသို့ ရောက်ကြ၏။ ထိုတော၌ သုံးရက်ခရီးသွား၍ ရေကို မတွေ့မရကြ။ 23
မာရအရပ်သို့ရောက်သောအခါ၊ မာရရေသည် ခါးသောကြောင့် မသောက်နိုင်ကြ။ ထိုကြောင့် ထိုအရပ်ကို မာရဟု သမုတ်ကြသတည်း။
24 လူများတို့သည် မောရှေကို အပြစ်တင်၍ မြည်တမ်းလျက်၊ အဘယ်သို့ သောက်ရပါမည်နည်းဟု ဆိုကြ၏။ 25 မောရှေသည်
ထာဝရဘုရားအား အော်ဟစ်၍ ထာဝရဘုရားသည် သစ်ပင်တပင်ကို ပြတော်မူ၏။ ထိုအပင်ကို ရေထဲသို့ ချပြီးလျှင်၊ ရေသည်
ချိုလေ၏။ ထိုအရပ်၌ သူတို့ကို စုံစမ်း၍ စီရင်ထုံးဖွဲ့တော်မူသည်ကား၊ 26 သင်တို့သည် သင်တို့၏ ဘုရားသခင် ထာဝရဘုရား၏
စကားကို စေ့စေ့နားထောင်၍ နှစ်သက်တော်မူ သောအကျင့်ကို ကျင့်လျှင်၎င်း၊ ပညတ်တရားတော်အလိုသို့ လိုက်၍
စီရင်တော်မူချက်တို့ကို စောင့်ရှောက်လျှင် ၎င်း၊ ငါသည် အဲဂုတ္တုလူတို့၌ စွဲစေသော ရောဂါတစုံတခုကိုမျှ သင်တို့၌ မစွဲစေ။ ငါသည်
သင်တို့၏ ရောဂါကို ငြိမ်းစေသော ထာဝရဘုရားဖြစ်သည်ဟု မိန့်တော်မူ၏။ 27 ထိုနောက်မှ ရေတွင်းဆယ်နှစ်တွင်း၊ စွန်ပလွံပင်
ခုနစ်ဆယ်နှင့် ပြည့်စုံရာ ဧလိမ်ရွာသို့ရောက်၍၊ ထိုအရပ်တွင် ရေရှိရာအနားမှာ တပ်ချကြ၏။


generated on Tue Jul 2 12:50:28 2024

## Chapter 16

1 တဖန် ဣသရေလအမျိုးသား ပရိသတ်အပေါင်းတို့သည်၊ ဧလိမ်အရပ်မှ ထွက်၍ ခရီးသွားကြ၏။ အဲဂုတ္တုပြည်မှ
ထွက်သွားသောနောက်၊ ဒုတိယလ ဆယ်ငါးရက်နေ့တွင်၊ ဧလိမ်အရပ်နှင့် သိနာတောင် စပ်ကြားမှာ သိန်တောသို့ ရောက်ကြ၏။ 2
ထိုတော၌ ဣသရေလအမျိုးသား ပရိသတ်အပေါင်းတို့က၊ 3 ငါတို့သည် အဲဂုတ္တုပြည်၌ အမဲသားချက်သော အိုးကင်းနားမှာ ထိုင်၍
ဝစွာစားရသောအခါ၊ ထာဝရဘုရား၏ လက်တော်ဖြင့် သေလျှင် သာ၍ကောင်း၏။ ယခုမူကား၊ ဤစည်းဝေးလျက်ရှိသော လူအပေါင်း
တို့ကို ငတ်မွတ်ခြင်းအားဖြင့် သတ်လိုသောငှာ၊ ဤတောအရပ်သို့ ဆောင်ခဲ့ပြီတကားဟု မောရှေနှင့် အာရုန်ကို အပြစ်တင်၍
မြည်တမ်းလျက်ဆိုကြ၏။ 4 ထိုအခါ ထာဝရဘုရားက ကြည့်ရှုလော့။ ငါသည် သင်တို့အဘို့ မိုဃ်းကောင်းကင်က မုန့်မိုဃ်းကို
ရွာစေမည်။ လူတို့သည် နေ့တိုင်းထွက်၍ တနေ့စားလောက်အောင် သိမ်းယူရကြမည်။ ငါ၏တရားအတိုင်း ကျင့်မည်လော၊
မကျင့်လောဟု ထိုသို့သောအားဖြင့် သူတို့ကို ငါစုံစမ်းမည်။ 5 နေ့တိုင်းသိမ်းယူသော အရာထက်၊ ခြောက်ရက်မြောက်သောနေ့၌
နှစ်ဆကို သိမ်းယူ၍ ပြင်ရကြမည်ဟု မောရှေအား မိန့်တော်မူ၏။ 6 မောရှေနှင့် အာရုန်တို့ကလည်း၊ ထာဝရဘုရားသည် သင်တို့ကို
အဲဂုတ္တုပြည်မှ နှုတ်ဆောင်တော်မူ သည်ဟု ယနေ့ ညဦးယံ၌ သင်တို့ သိကြလိမ့်မည်။ 7 နံနက်ယံ၌လည်း၊ ထာဝရဘုရား၏
ဘုန်းတော်ကို မြင်ရကြလိမ့်မည်။ ထာဝရဘုရားကို အပြစ်တင်လျက် မြည်တမ်းကြသောအသံကိုကြားတော်မူပြီ။ ငါတို့ကို
အပြစ်တင်လျက် မြည်တမ်းစေခြင်းငှာ၊ ငါတို့သည် အဘယ်သို့သော သူဖြစ်သနည်းဟု ဣသရေလအမျိုးသားအပေါင်းတို့အား
ဆိုလေ၏။ 8 တဖန်လည်းမောရှေက၊ ထာဝရဘုရားသည် ညဦးယံ၌သင်တို့စားစရာအမဲသားကိုငင်၊ နံနက်ယံ၌ ဝလောက်အောင်
မုန့်ကိုငင်းပေးတော်မူသောအခါ၊ ဤစကားပြည့်စုံလိမ့်မည်။ သင်တို့သည် အပြစ်တင်လျက် မြည်တမ်းကြသောအသံကို
ထာဝရဘုရားကြားတော်မူပြီ။ ငါတို့သည် အဘယ်သို့သော သူဖြစ်သနည်း။ သင်တို့သည် အပြစ်တင်လျက် မြည်တမ်းကြသော
စကားသည်၊ ငါတို့ကို မထိမခိုက်၊ ထာဝရဘုရားကို ထိခိုက်သည်ဟု ဆိုလေ၏။ 9 တဖန်သင်တို့သည် အပြစ်တင်လျက်၊
မြည်တမ်းသောအသံကို ထာဝရ ဘုရားကြားတော်မူသည် ဖြစ်၍၊ အထံတော်သို့ ချဉ်းကပ်ကြလော့ဟု ဣသရေလအမျိုးသား
ပရိသတ်အပေါင်းတို့အား ဆင့်ဆိုလော့ဟု အာရုန်ကို မှာထားသည်အတိုင်း၊ 10 အာရုန်သည် ဣသရေလအမျိုးသား
ပရိသတ်အပေါင်းတို့အား ဆင့်ဆိုသောအခါ၊ သူတို့သည် တောသို့ မျှော်ကြည့်၍၊ မိုဃ်းတိမ်၌ ထင်ရှားသော ထာဝရဘုရား၏
ဘုန်းတော်ကို မြင်ရကြ၏။ 11 ထာဝရဘုရားကလည်း၊ ဣသရေလအမျိုးသားတို့သည် အပြစ်တင်လျက် မြည်တမ်းသောအသံကို
ငါကြားရပြီ။ 12 ညဦးယံ၌ သင်တို့သည် အမဲသားကို စားရကြလိမ့်မည်။ နံနက်ယံ၌လည်း မုန့်နှင့် ဝရကြလိမ့်မည်။ ငါသည်
သင်တို့၏ဘုရားသခင် ထာဝရဘုရားဖြစ်ကြောင်းကို သိကြလိမ့်မည်ဟု သူတို့က ပြောလော့ဟု မောရှေအား မိန့်တော်မူ၏။ 13
ညဦးယံ၌ ငုံးငှက်တို့သည် တပ်ကိုအနှံ့အပြား တက်လာကြ၏။ နံနက်ယံ၌လည်း တပ်ပတ်လည် အရပ်ရပ်တွင် နှင်းကျလျက်ရှိ၏။ 14
နှင်းတက်ပြီးသောအခါ၊ နှင်းခဲကဲ့သို့ သေးသေးလုံးလုံးအရာသည် မြေမျက်နှာပေါ်မှာ ရှိရစ်လေ၏။ 15 ထိုအရာကို
ဣသရေလအမျိုးသားတို့သည် မြင်သောအခါ၊ အဘယ်အရာနည်းဟု မသိသောကြောင့်၊ တယောက်ကို တယောက် မေးကြ၏။
မောရှေကလည်း၊ ဤအရာသည် သင်တို့စားစရာဘို့ ထာဝရဘုရား ပေးသနားတော်မူသောမုန့်ဖြစ်၏။ 16 လူတိုင်း
မိမိတဲ၌ရှိသောသူအရေအတွက်နှင့်အညီ၊ လူအသီးအသီးစားလောက်အောင် တယောက် တဩမဲစီ သိမ်းယူကြလော့ဟု ထာဝရဘုရား
မိန့်တော်မူကြောင်းကို ပြန်ပြောလေ၏။ 17 ဣသရေလအမျိုးသားတို့သည် ထိုသို့ပြု၍၊ အနည်းအများအလိုက် သိမ်းယူကြ၏။ 18
ဩမဲတောင်းနှင့် ခြင်ကြသောအခါ၊ များများရသောသူမပို၊ နည်းနည်းရသောသူ မလို၊ အသီးအသီး တို့သည် စားလောက်အောင်
သိမ်းယူကြ၏။ 19 မောရှေကလည်း၊ နံနက်တိုင်အောင် အဘယ်သူမျှ မကျန်စေနှင့်ဟု ဆိုသော်လည်း၊ 20 အချို့တို့သည်
မောရှေစကားကို နားမထောင်ဘဲ၊ နံနက်တိုင်အောင် ကျန်စေသဖြင့်၊ ပိုးဖြစ်၍ နံလေသော်၊ မောရှေသည် အမျက်ထွက်၏။ 21 ထိုသူ
အသီးအသီးတို့သည် နေ့တိုင်း မိမိတို့စားလောက်သမျှကို သိမ်းယူကြ၏။ နေပူသောအခါ အရေဖြစ်လေ၏။ 22
ခြောက်ရက်မြောက်သောနေ့၌၊ မုန့်နှစ်ဆတည်းဟူသော တယောက်နှစ်ဩမဲစီ သိမ်းရကြ၏။ ထိုအကြောင်းကို
ပရိသတ်အုပ်အပေါင်းတို့သည် မောရှေအား ကြားပြောလေ၏။ 23 သူကလည်း၊ နက်ဖြန်နေ့သည် ထာဝရဘုရားရှေ့၌
သန့်ရှင်းသောဥပုသ်နေ့၊ ငြိမ်ဝပ်စွာနေရသောနေ့ ဖြစ်၏။ မုန့်ကို ပေါင်းချင်သည်အတိုင်း ပေါင်းကြလော့။ ပြုတ်ချင်သည်အတိုင်း
ပြုတ်ကြလော့။ ကျန်သောအရာ ကို နံနက်တိုင်အောင် စောင့်၍ သိုထားကြလော့ဟု ထာဝရဘုရား မိန့်တော်မူကြောင်းကို
ပြန်ပြောလေ၏။ 24 မောရှေမှာထားသည်အတိုင်း၊ နံနက်တိုင်အောင် သိုထားကြ၏။ နံခြင်းနှင့် ကင်းလွတ်၏။ ပိုးလည်းမရှိ။ 25
မောရှေကလည်း၊ ကျန်သောအရာကို ယနေ့စားကြလော့။ ယနေ့သည် ထာဝရဘုရား၏ ဥပုသ်နေ့ ဖြစ်၏။ ယနေ့တွင် ထိုအရာကို
တော၌ မတွေ့ရ။ 26 ခြောက်ရက်ပတ်လုံး သိမ်းယူရကြ၏။ ဥပုသ်နေ့တည်းဟူသော ခုနစ်ရက်မြောက်သောနေ့တွင် မရှိမတွေ့ရဟု
ဆိုလေ၏။ 27 ခုနစ်ရက်မြောက်သောနေ့၌၊ အချို့တို့သည် သိမ်းယူခြင်းငှာ ထွက်သွားရာတွင်၊ ရှာ၍ မတွေ့ရကြ။ 28
ထာဝရဘုရားကလည်း၊ သင်တို့သည် ငါ့ပညတ်တရားများတို့ကို အဘယ်မျှကာလပတ်လုံး ငြင်းပယ်ကြ လိမ့်မည်နည်း။ 29
ထာဝရဘုရားသည် ဥပုသ်နေ့ကို သင်တို့အား ပေးတော်မူပြီ။ ထိုကြောင့် ခြောက်ရက်မြောက်သောနေ့၌ နှစ်ရက်အတွက်မုန့်ကို
ပေးတော်မူ၏။ လူတိုင်း မိမိနေရာ၌ နေစေ၊ ခုနစ်ရက်မြောက်သောနေ့၌ မိမိနေရာမှ အဘယ်သူမျှ မသွားစေနှင့်ဟု မောရှေအား
မိန့်တော်မူ၏။ 30 ထိုကြောင့် လူများတို့သည် ခုနစ်ရက်မြောက်သောနေ့၌ ငြိမ်ဝပ်စွာနေကြ၏။ 31 ဣသရေလအမျိုးသားတို့သည်

 generated on Tue Jul 2 12:50:28 2024

ထိုစားစရာကို မန္နဟုခေါ်ဝေါ်ကြ၏။ နံနံစေ့ကဲ့သို့ဖြစ်၍ ဖြူသောအဆင်းရှိ၏။ ပျားရည်နှင့် ရောသောမုန့်ကြွပ်နှင့် အရသာတူ၏။ 32
မောရှေကလည်း၊ သင်တို့ကို အဲဂုတ္တုပြည်မှ ငါနှုတ်ဆောင်သောအခါ၊ တော၌ သင်တို့အား ကျွေးသော မုန့်ကို၊
သင်တို့အမျိုးအစဉ်အဆက်တို့သည် မြင်စေခြင်းငှာ၊ သူတို့အဘို့ သိုထားရသော ဩမဲတဩမဲကို ဖြည့်ကြလော့ဟု ထာဝရဘုရား
မိန့်တော်မူကြောင်းကို ပြန်ပြောလေ၏။ 33 တဖန် အာရုန်ကိုလည်း၊ အိုးတလုံးကို ယူ၍ မန္နတဩမဲကို အပြည့်ထည့်ပြီးလျှင်၊
သင်တို့လူမျိုး အစဉ်အဆက်ဘို့ စောင့်စေခြင်းငှာ၊ ထာဝရဘုရားရှေ့တော်၌ သိုထားလော့ဟု ဆို၍၊ 34 မောရှေကို ထာဝရဘုရား
မှာထားတော်မူသည်အတိုင်း၊ ထိုမန္နကို အာရုန်စောင့်စေခြင်းငှာ၊ သက်သေတော်ရှေ့မှာ သိုထားလေ၏။ 35
ဣသရေလအမျိုးသားတို့သည်၊ လူနေရာပြည်သို့ မရောက်မှီတိုင်အောင်၊ အနှစ်လေးဆယ်ပတ်လုံး မန္နကို စားကြ၏။ ခါနာန်ပြည်
နယ်နိမိတ်သို့ မရောက်မှီတိုင်အောင် မန္နကို စားကြ၏။ 36 ဩမဲမူကား၊ ဧဖာဆယ်စုတစုဖြစ်သတည်း။



generated on Tue Jul 2 12:50:28 2024

## Chapter 17

1 ဣသရေလအမျိုးသားပရိသတ်အပေါင်းတို့သည်၊ ထာဝရဘုရား မိန့်တော်မူသည်အတိုင်း၊ သိန်တောထဲက ထွက်၍ ခရီးသွားသဖြင့်၊
ရေဖိဒိမ်အရပ်၌ စားခန်းချကြ၏။ ထိုအရပ်၌ လူများသောက်ဘို့ရာ ရေမရှိ။ 2 ထိုကြောင့် လူများတို့က၊ သောက်ဘို့ရေပေးပါဟု ဆို၍
မောရှေကို ရန်တွေ့ကြ၏။ မောရှေကလည်း၊ ငါ့ကို အဘယ်ကြောင့် ရန်တွေ့ကြသနည်း။ ထာဝရဘုရားကို အဘယ်ကြောင့်
စုံစမ်းကြသနည်းဟု ဆိုလေ၏။ 3 လူများတို့သည် ရေငတ်၍ မောရှေကို အပြစ်တင် မြည်တမ်းလျက်၊ ငါတို့မှစ၍
သားသမီးတိရစ္ဆာန်တို့ကို အငတ်ထား၍ သတ်ခြင်းအလိုငှာ၊ အဲဂုတ္တုပြည်မှ အဘယ်ကြောင့် ဆောင်ခဲ့သနည်းဟု ဆိုကြ၏။ 4 ထိုအခါ
မောရှေသည် ထာဝရဘုရားအား အော်ဟစ်၍၊ ဤလူတို့အား အကျွန်ုပ်သည် အဘယ်သို့ ပြုရပါမည်နည်း။ အကျွန်ုပ်ကို ခဲနှင့်
ပစ်လုကြပါပြီဟု လျှောက်လေ၏။ 5 ထာဝရဘုရားကလည်း၊ လူများရှေ့သို့သွား၍ ဣသရေလအမျိုး အသက်ကြီးသူတို့ကို ခေါ်လော့။
မြစ်ကို ရိုက်သော သင်၏လှံတံကို ကိုင်လျက်၊ ဟောရပ်အရပ်သို့ သွားလော့။ 6 ထိုအရပ်၌ရှိသော ကျောက်ပေါ်တွင် သင့်ရှေ့မှာ
ငါရပ်နေမည်။ သင်သည် ထိုကျောက်ကို ရိုက်ရမည်။ လူများသောက်ဘို့ ထိုကျောက်ထဲက ရေထွက်လိမ့်မည်ဟု မောရှေအား
မိန့်တော်မူ၏။ မောရှေသည်လည်း ဣသရေလအမျိုး အသက်ကြီးသူတို့ရှေ့မှာ ထိုသို့ပြုလေ၏။ 7 ဣသရေလအမျိုးသားတို့က၊
ထာဝရဘုရားသည် ငါတို့တွင် ရှိသလော မရှိလောဟု ထာဝရဘုရားကို စုံစမ်း၍ ရန်တွေ့သောအကြောင်းကြောင့်၊ ထိုအရပ်ကို မဿာနှင့်
မေရိဘာဟု သမုတ်သတည်း။ 8 ထိုအခါ အာမလက်လူတို့သည် လာ၍၊ ရေဖိဒိမ်အရပ်၌ ဣသရေလလူတို့ကို စစ်တိုက်ကြ၏။ 9
မောရှေကလည်း၊ လူတို့ကို ရွေး၍ အာမလက်လူတို့ကို စစ်တိုက်ခြင်းငှာ ထွက်လော့။ နက်ဖြန်နေ့၌ ဘုရားသခင်၏လှံတံကို ကိုင်လျက်၊
တောင်ထိပ်ပေါ်မှာ ငါရပ်နေမည်ဟု ယောရှုအားဆို၏။ 10 မောရှေမှာလိုက်သည်အတိုင်း ယောရှုပြု၍၊ အာမလက်လူတို့ကို
စစ်တိုက်လေ၏။ မောရှေ၊ အာရုန်၊ ဟုရတို့သည် တောင်ထိပ်ပေါ်သို့ တက်ကြ၏။ 11 မောရှေသည် လက်ကို ချီသောအခါ၊
ဣသရေလလူတို့သည် နိုင်ကြ၏။ လက်ကို ချသောအခါ၊ အာမလက်လူတို့သည် နိုင်ကြ၏။ 12 သို့ရာတွင် မောရှေ၏လက်သည်
ညောင်းသောကြောင့်၊ သူတို့သည် ကျောက်ကိုယူ၍ မောရှေကို ထိုင်စေပြီးလျှင်၊ အာရုန်နှင့် ဟုရတို့သည် တယောက်တဘက်နေ၍
သူ၏လက်ကို မကြ၏။ သို့ဖြစ်၍ နေဝင်သည်တိုင်အောင် သူ၏လက်တို့သည် အမြဲနေလေ၏။ 13 ယောရှုသည်လည်း
အာမလက်မင်းနှင့် လူများတို့ကို ထားလက်နက်ဖြင့် လုပ်ကြံလေ၏။ 14 ထာဝရဘုရားကလည်း၊ ဤအမှုကို အောက်မေ့စရာဘို့
စာရေးထား၍ ယောရှုအား ဘတ်ရွတ်လော့။ အကြောင်းမူကား၊ ကောင်းကင်အောက်၌ အာမလက်၏ အမှတ်ရှိသမျှကို
ငါပယ်ရှင်းမည်ဟု မောရှေအား မိန့်တော်မူ၏။ 15 မောရှေသည်လည်း ယဇ်ပလ္လင်ကို တည်၍၊ ယေဟောဝါနိဿိဟု သမုတ်လေ၏။ 16
အကြောင်းမူကား၊ အာမလက်လူမျိုး၏ လက်သည် ထာဝရဘုရား၏ ရာဇပလ္လင်တော်၏ ရန်ဘက်ဖြစ် သောကြောင့်၊
ထာဝရဘုရားသည် ကာလအစဉ်အဆက် အာမလက်အမျိုးကို စစ်တိုက်တော်မူလိမ့်မည်ဟု ဆိုသတည်း။

---


generated on Tue Jul 2 12:50:28 2024

## Chapter 18

1 ဘုရားသခင်သည် မောရှေမှစ၍ ကိုယ်တော်၏ လူဣသရေလအမျိုးအဘို့ ပြုတော်မူသမျှကိုငင်း၊ ထာဝရဘုရားသည်
ဣသရေလအမျိုးကို အဲဂုတ္တုပြည်မှ နှုတ်ဆောင်တော်မူကြောင်းကိုငင်း၊ မိဒျန် ယဇ်ပုရောဟိတ်ဖြစ်သော မောရှေ၏ ယောက္ခမ
ယေသရော ကြားသည်ရှိသော်၊ 2 မောရှေလွှတ်ခဲ့သော မယားနှင့် 3 သူ၏သားနှစ်ယောက်ကို ယူ၍ သွားလေ၏။ သားတယောက်ကား၊
ဂေရရှုံ အမည်ရှိ၏။ အကြောင်းမူကား၊ ငါသည် တကျွန်းတနိုင်ငံ၌ ဧည့်သည်အာဂန္တုဖြစ်ရပြီဟု အဘဆိုသတည်း။ 4
သားတယောက်ကား၊ ဧလျေဇာ အမည်ရှိ၏။ အကြောင်းမူကား၊ ငါ့ဘိုးဘေးတို့၏ ဘုရားသခင်သည် ငါ့ကို မစ၍ ဖာရောဘုရင်၏
ထားမှ ကယ်လွှတ်တော်မူပြီဟု ဆိုသတည်း။ 5 မောရှေ၏ ယောက္ခမ ယေသရောသည် မောရှေမယားနှင့် သားတို့ကို ယူ၍၊ တော၌
ဘုရားသခင်၏ တောင်တော်နား၊ မောရှေတပ်ချရာအရပ်သို့ ရောက်လာလျှင်၊ 6 ကိုယ်တော်၏ယောက္ခမ ယေသရောနှင့် ကိုယ်တော်၏
မယား၊ သားနှစ်ယောက်တို့သည် ကိုယ်တော်ထံသို့ ရောက်လာပါပြီဟု မောရှေအား ကြားပြောသော်၊ 7 မောရှေသည် ယောက္ခမကို
ခရီးဦးကြိုပြုခြင်းငှာ ထွက်၍ ဦးချနမ်းရှုပ်လျက်၊ ကျန်းမာကြောင်းကို တယောက်နှင့်တယောက် မေးမြန်းလျက် တဲသို့ဝင်ကြ၏။ 8
ထာဝရဘုရားသည် ဣသရေလအမျိုးအတွက် ဖာရောဘုရင်နှင့် အဲဂုတ္တုလူတို့၌ ပြုတော်မူသမျှကို ငင်း၊ လမ်းခရီးတွင် ခံရသော
ဆင်းရဲဒုက္ခအလုံးစုံကိုငင်း၊ ထိုဆင်းရဲဒုက္ခမှ ထာဝရဘုရား ကယ်လွှတ်တော်မူ ကြောင်းကိုငင်း၊ မောရှေသည် ယောက္ခမအား
ကြားပြောလေ၏။ 9 ထာဝရဘုရားသည် ဣသရေလအမျိုးကို အဲဂုတ္တုလူတို့လက်မှ ကယ်နှုတ်၍၊ ပြုတော်မူသော ကျေးဇူးကြောင့်
ယေသရောသည် ဝမ်းမြောက်လျက်၊ 10 အဲဂုတ္တုလူတို့လက်မှငင်း၊ ဖာရောဘုရင်လက်မှငင်း၊ သင့်ကို ကယ်နှုတ်တော်မူထသော၊
လူများတို့ကို အဲဂုတ္တုလူတို့လက်မှ ကယ်နှုတ်တော်မူသော ထာဝရဘုရားသည် မင်္ဂလာရှိတော်မူစေသတည်း။ 11 ထာဝရဘုရားသည်
အခြားသောဘုရား ရှိသမျှတို့ထက် သာ၍ ကြီးမြတ်တော်မူကြောင်းကို ယခု ငါသိ၏။ အကြောင်းမူကား၊ လူတို့သည်
မာနထောင်လွှားသော အမှုအရာတွင်၊ ထာဝရဘုရားနိုင်တော်မူ၏ဟု ဆိုပြီးမှ၊ 12 မောရှေ၏ ယောက္ခမ ယေသရောသည်၊
မီးရှို့စရာယဇ်နှင့် ဘုရားသခင်အဘို့ ယဇ်များကို ဆောင်ခဲ့၍၊ အာရုန်နှင့် ဣသရေလအမျိုး အသက်ကြီးသူအပေါင်းတို့သည်၊
မောရှေ၏ ယောက္ခမနှင့်အတူ ဘုရားသခင့် ရှေ့တော်၌ အစာစားခြင်းငှာ လာကြ၏။ 13 နက်ဖြန်နေ့၌ မောရှေသည်၊ လူများကို
တရားစီရင်ခြင်းငှာ ထိုင်လေ၏။ နံနက်မှစ၍ ညဦးတိုင်အောင်၊ လူများတို့သည် မောရှေရှေ့မှာ နေကြ၏။ 14 မောရှေသည်
လူများတို့အား ပြုသမျှကို ယောက္ခမမြင်လျှင်၊ ဤလူများတို့အား ပြုသောအမှု အဘယ်သို့နည်း။ သင်သည်
တယောက်တည်းထိုင်လျက်၊ လူအပေါင်းတို့သည် နံနက်မှစ၍ ညဦးတိုင်အောင် သင့်ရှေ့မှာ အဘယ်ကြောင့် နေရကြသနည်းဟု ဆို၏။
15 မောရှေကလည်း၊ ဤသူတို့သည် ဘုရားသခင်၏ အယူတော်ကို ခံလို၍ ကျွန်ုပ်ထံသို့ လာသောကြောင့် ဤသို့ဖြစ်၏။ 16 သူတို့သည်
အမှုရှိလျှင် အကျွန်ုပ်ထံသို့လာ၍ သူတို့၏အမှုကို ကျွန်ုပ်ဆုံးဖြတ်ရ၏။ ဘုရားသခင်၏ ပညတ်တရားများကို သင်ချရ၏ဟု
ယောက္ခမအား ပြောလျှင်၊ 17 ယောက္ခမက၊ သင်ပြုသောအမှုသည် မတော်မသင့်ဖြစ်၏။ 18 သင်မှစ၍ သင်၌ပါသော
ဤလူများတို့သည် အမှန် အားလျော့ကြလိမ့်မည်။ ဤအမှုသည် သင်၌ အလွန်လေး၏။ တယောက်တည်း မတတ်နိုင်သောအမှုဖြစ်၏။
19 ငါ့စကားကို နားထောင်လော့။ ငါအကြံပေးမည်။ ဘုရားသခင်သည်လည်း သင့်ဘက်၌ ရှိတော်မူလိမ့် မည်။ သင်သည်
ဘုရားသခင်နှင့်ဆိုင်သော အမှု၌ လူများတို့၏ အမှုကို စောင့်လျက် ဘုရားသခင်အထံတော်သို့ ဝင်၍ လျှောက်ရမည်။ 20
သူတို့အားလည်း ပညတ်တရားတော်များကို သင်ချရမည်။ သူတို့သွားရာလမ်း၊ ပြုရသောအမှုကိုလည်း ပြရမည်။ 21 ထိုမှတပါး
ဘုရားသခင်ကို ကြောက်ရွံ့လျက်၊ သစ္စာနှင့်ပြည့်စုံလျက်၊ လောဘကို ရွံရှာလျက်၊ တတ်စွမ်းနိုင်သောသူတို့ကို လူအပေါင်းတို့အထဲက
ရွေးကောက်၍၊ တထောင်အုပ်၊ တရာအုပ်၊ ငါးဆယ်အုပ်၊ တဆယ်အုပ်အရာ၌ ခန့်ထားရမည်။ 22 ထိုသူတို့သည် ခပ်သိမ်းသောအချိန်၌
လူများတို့ကို တရားစီရင်ကြစေ။ ကြီးသောအမှု၌ သင်၏အယူကို ခံကြစေ။ ငယ်သောအမှုကို အလိုလို စီရင်ကြစေ။ သို့ဖြစ်လျှင်
သူတို့သည် ဝိုင်းညီ၍ အမှုထမ်းသဖြင့် သင်သည် သက်သာလိမ့်မည်။ 23 ထိုသို့ ဘုရားသခင် အခွင့်နှင့်ပြုလျှင် သင်သည်
ခိုင်ခံ့လိမ့်မည်။ ဤလူအပေါင်းတို့သည် မိမိနေရာပြည် သို့ ငြိမ်ဝပ်စွာ သွားကြလိမ့်မည်ဟု ပြောဆို၏။ 24 မောရှေသည်လည်း
ယောက္ခမ၏စကားကို နားထောင်၍ စကားရှိသည်အတိုင်း ပြုလျက်၊ 25 တတ်စွမ်းနိုင်သောသူတို့ကို ဣသရေလအမျိုးထဲက
ရွေးကောက်၍ လူတထောင်အုပ်၊ တရာအုပ်၊ ငါးဆယ်အုပ်၊ တဆယ်အုပ် အသီးအသီး ခေါင်းအရာ၌ ခန့်ထားလေ၏။ 26 ထိုသူတို့သည်
ခပ်သိမ်းသောအချိန်၌ လူတို့ကို တရားစီရင်ကြ၏။ ခက်သောအမှု၌ မောရှေ၏အယူကို ခံကြ၏။ လွယ်သောအမှုကို အလိုလို
စီရင်ကြ၏။ 27 ထိုနောက် မောရှေသည် ယောက္ခမသွားရသောအခွင့်ကို ပေး၍၊ သူသည် မိမိနေရာသို့ သွားလေ၏။


generated on Tue Jul 2 12:50:28 2024

## Chapter 19

1 ဣသရေလအမျိုးသားတို့သည် အဲဂုတ္တုပြည်မှ ထွက်သွားသောနောက်၊ တတိယလ တရက်နေ့၌ သိနာတောသို့ ရောက်ကြ၏။ 2
ရေဖိဒိမ်အရပ်က ထွက်သွားပြီးမှ သိနာတောသို့ ရောက်၍၊ ထိုတော၌ တောင်ရှေ့မှာ တပ်ချကြ၏။ 3 မောရှေသည်
ဘုရားသခင့်ထံတော်သို့ တက်သွားလျှင်၊ ထာဝရဘုရားသည် တောင်ပေါ်က ခေါ်တော်မူ၍၊ သင်သည် ယာကုပ်အမျိုး၊
ဣသရေလသားတို့အား ပြန်ပြောရသော အမိန့်တော်ဟူမူကား၊ 4 ငါသည် အဲဂုတ္တုလူတို့၌ ပြုသောအကြောင်း၊ သင်တို့ကို
ရွှေလင်းတအတောင်ဖြင့် ထမ်း၍ ကိုယ်ဘို့ သိမ်းယူသောအကြောင်းကို သင်တို့သည် သိမြင်ရကြပြီ။ 5 ထိုကြောင့် ယခုတွင်
သင်တို့သည် ငါ့စကားကို အမှန်နားထောင်၍ ငါ့ပဋိညာဉ်ကို စောင့်ရှောက်လျှင် အခြားသောလူမျိုးတကာတို့ထက် သင်တို့သည်
ငါပိုင်ထိုက်သော ဘဏ္ဍာတော်ဖြစ်ရကြလိမ့်မည်။ မြေကြီးရှိသမျှ သည် ငါ၏ဥစ္စာဖြစ်၏။ 6 သင်တို့သည်လည်း မင်းစည်းစိမ်ရှိသော
ယဇ်ပုရောဟိတ်မျိုး၊ သန့်ရှင်းသောလူမျိုး ဖြစ်ရကြလိမ့်မည် ဟူသော အမိန့်တော်ကို ဣသရေလအမျိုးသားတို့အား ဆင့်ဆိုလော့ဟု
မိန့်တော်မူ၏။ 7 မောရှေသည် ပြန်လာ၍ လူတို့တွင် အသက်ကြီးသူတို့ကို ခေါ်ပြီးလျှင်၊ ထာဝရဘုရားမှာထားတော်မူ သော
စကားအလုံးစုံတို့ကို ပြန်ပြောလေ၏။ 8 လူအပေါင်းတို့ကလည်း ထာဝရဘုရားမိန့်တော်မူသမျှတို့ကို အကျွန်ုပ်တို့သည် ပြုပါမည်ဟု
တညီ တညွတ်တည်း ပြန်ပြောကြ၏။ မောရှေသည်လည်း သူတို့၏စကားကို ထာဝရဘုရားအား ပြန်လျှောက်လေ၏။ 9
ထာဝရဘုရားကလည်း ကြည့်ရှုလော့။ သင်နှင့်ငါပြောသောအခါ လူများတို့သည် ကြား၍ အစဉ်အမြဲ သင့်ကို ယုံမည်အကြောင်း၊
မိုဃ်းတိမ်တိုက်၌ သင့်ဆီသို့ ငါလာမည်ဟု မောရှေအား မိန့်တော်မူ၏။ မောရှေသည်လည်း ထာဝရဘုရား၏ စကားတော်ကို
လူများတို့အား ပြန်ပြောလေ၏။ 10 ထာဝရဘုရားကလည်း လူတို့ရှိရာသို့ သွား၍၊ ယနေ့နှင့်နက်ဖြန်၌ သူတို့ကို သန့်ရှင်းစေလော့။
သူတို့အဝတ်ကို လျှော်စေ၍၊ 11 သုံးရက်မြောက်သောနေ့၌ အသင့်ရှိနေစေလော့။ အကြောင်းမူကား၊ သုံးရက်မြောက်သောနေ့၌
ထာဝရဘုရားသည် လူအပေါင်းတို့ရှေ့ ၊သိနာတောင်ပေါ်သို့ ဆင်းသက်တော်မူမည်။ 12 လူတို့မကျော်ရသော အဆီးအကာတို့ကို
တောင်ပတ်လည်၌ စီရင်၍၊ သင်တို့သည် တောင်ပေါ်သို့ မတက်၊ တောင်ခြေရင်းကို မထိရအောင် သတိပြုကြဟု ပြောလော့။ တောင်ကို
ထိမိသောသူမည်သည်ကား၊ ဧကန်အမှန် အသေခံစေ။ 13 ထိုသူကို လက်နှင့်မထိရ။ အကယ်စင်စစ် ကျောက်ခဲနှင့်ပစ်ရမည်။ သို့မဟုတ်
လှံနှင့်ထိုးရမည်။ လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ၊ အသက်မရှင်ရ။ တံပိုးသည် ကြာကြာမြည်သောအခါ၊ လူများတို့သည် တောင်သို့လာရ
ကြမည်ဟု မောရှေအား မိန့်တော်မူ၏။ 14 မောရှေသည် တောင်ပေါ်မှ လူတို့ရှိရာသို့ ဆင်းသက်၍၊ သူတို့ကို သန့်ရှင်းစေ၏။ သူတို့သည်
မိမိအဝတ်များကို လျှော်ကြ၏။ 15 မောရှေကလည်း၊ သုံးရက်မြောက်သောနေ့၌ အသင့်ရှိစေကြလော့။ မယားကို မချဉ်းကြနှင့်ဟု
လူတို့အား ဆိုလေ၏။ 16 သုံးရက်မြောက်သောနေ့၊ နံနက်အချိန်၌ တောင်ပေါ်မှာ မိုဃ်းချုန်းခြင်း၊ လျှပ်ပြက်ခြင်းနှင့်တကွ
မိုဃ်းတိမ်တိုက်လွှမ်းမိုး၍ ကြီးသောအသံနှင့် တံပိုးမြည်သဖြင့်၊ တပ်၌ရှိသောလူအပေါင်းတို့သည် တုန်လှုပ်ကြ၏။ 17
မောရှေသည်လည်း ဘုရားသခင်နှင့် တွေ့စေခြင်းငှာ၊ လူများတို့ကို တပ်ထဲကဆောင်ခဲ့သဖြင့်၊ သူတို့သည် တောင်ခြေရင်းအောက်၌
ရပ်နေကြ၏။ 18 ထာဝရဘုရားသည် မီးဖြင့်လွှမ်းလျက်၊ သိနာတောင်ပေါ်သို့ ဆင်းသက်တော်မူသောကြောင့်၊ တတောင်လုံး
မီးခိုးထွက်လေ၏။ မီးခိုးသည်လည်း မီးဖို၏မီးခိုးကဲ့သို့ တက်၍ တတောင်လုံး ပြင်းစွာလှုပ်လေ၏။ 19 တံပိုးမြည်သံသည်
ကြာကြာမြည်လျက်၊ အသံတိုး၍ ကြီးသောအခါ၊ မောရှေသည် ခေါ်၍၊ ဘုရားသခင်သည် စကားသံနှင့် ထူးတော်မူ၏။ 20
ထာဝရဘုရားသည်လည်း သိနာတောင်ထိပ်ပေါ်သို့ ဆင်းသက်၍၊ မောရှေကို တောင်ထိပ်ပေါ်သို့ ခေါ်တော်မူလျှင်၊ မောရှေသည်
တက်လေ၏။ 21 ထာဝရဘုရားကလည်း၊ လူတို့သည် ကြည့်ရှုခြင်းငှာ ထာဝရဘုရားထံသို့ ကျော်ဝင်၍၊ အများတို့သည်
သေကြလိမ့်မည်ဟု စိုးရိမ်စရာရှိသောကြောင့် ဆင်း၍ သတိပေးလော့။ 22 ထာဝရဘုရားထံသို့ ချဉ်းကပ်သော
ယဇ်ပုရောဟိတ်တို့သည်လည်း၊ ကိုယ်ကိုကိုယ် သန့်ရှင်းစေရမည်။ သို့မဟုတ် ထာဝရဘုရားသည် ဒဏ်ခတ်တော်မူမည်ဟု မောရှေအား
မိန့်တော်မူ၏။ 23 မောရှေကလည်း၊ လူတို့သည် သိနာတောင်သို့ မတက်နိုင်ကြပါ။ အကြောင်းမူကား၊ မကျော်ရသော အဆီးအကာတို့ကို
တောင်ပတ်လည်၌ စီရင်၍၊ သန့်ရှင်းစေလော့ဟု မှာထားတော်မူပြီဟု ထာဝရဘုရားအား ပြန်လျှောက်လေ၏။ 24
ထာဝရဘုရားကလည်း၊ ဆင်းသွားလော့။ သင်နှင့်အာရုန်သာလျှင် တက်ရမည်။ ယဇ်ပုရောဟိတ်များ၊ လူများတို့သည်
ထာဝရဘုရားထံသို့ တက်ခြင်းငှာ မကျော်မဝင်စေနှင့်။ သို့မဟုတ် သူတို့ကို ဒဏ်ခတ်တော်မူမည် ဟု မိန့်တော်မူ၏။ 25
မောရှေသည်လည်း လူများတို့ရှိရာသို့ ဆင်း၍ ကြားပြောလေ၏။

---


generated on Tue Jul 2 12:50:28 2024

## Chapter 20

[1] ထိုအခါ ဘုရားသခင် မိန့်တော်မူသော စကားများဟူမူကား၊ [2] ငါသည် သင့်ကို ကျွန်ခံနေရာ အဲဂုတ္တုပြည်မှ
ကယ်နှုတ်ဆောင်ယူခဲ့ပြီးသော သင်၏ဘုရားသခင် ထာဝရဘုရားဖြစ်၏။ [3] ငါမှတပါး အခြားသောဘုရားကို မကိုးကွယ်နှင့်။ [4]
အထက်မိုယ်းကောင်းကင်၌၎င်း၊ အောက်အရပ် မြေကြီးပေါ်၌၎င်း၊ မြေကြီးအောက်ရေထဲ၌၎င်း ရှိသော အရာနှင့် ပုံသဏ္ဍာန်တူအောင်၊
ရုပ်တုဆင်းတုကို ကိုယ်အဘို့မလုပ်နှင့်။ [5] ဦးမချဝတ်မပြုနှင့်။ အကြောင်းမူကား၊ သင်၏ဘုရားသခင် ငါထာဝရဘုရားသည်၊
သင်၌အပြစ်ရှိသည် ဟု ယုံလွယ်သောဘုရား၊ ငါ့ကို မုန်းသောသူတို့၏ အမျိုးအစဉ်အဆက်၊ တတိယအဆက်၊ စတုတ္ထအဆက်
တိုင်အောင်၊ အဘတို့၏ အပြစ်ကို သားတို့၌ ဆပ်ပေးစီရင်သောဘုရား၊ [6] ငါ့ကိုချစ်၍ ငါ့ပညတ်တို့ကို ကျင့်သောသူတို့၏
အမျိုးအစဉ်အဆက် အထောင်အသောင်းတိုင်အောင်၊ ကရုဏာကို ပြသော ဘုရားဖြစ်၏။ [7] သင်၏ဘုရားသခင် ထာဝရဘုရား၏
နာမတော်ကို မုသာနှင့်ဆိုင်၍ မမြွက်မဆိုနှင့်။ အကြောင်းမူကား၊ နာမတော်ကို မုသာနှင့်ဆိုင်၍ မြွက်ဆိုသောသူကို အပြစ်မရှိဟု
ထာဝရဘုရား မှတ်တော်မမူ။ [8] ဥပုသ်နေ့ကို သန့်ရှင်းစေခြင်းငှာ၊ ထိုနေ့ရက်ကို အောက်မေ့လော့။ [9] ခြောက်ရက်ပတ်လုံး အလုပ်မျိုးကို
ကြိုးစား၍ လုပ်ဆောင်လော့။ [10] သတ္တမနေ့ရက်သည် သင်၏ဘုရားသခင် ထာဝရဘုရား၏ ဥပုသ်နေ့ဖြစ်၏။ ထိုနေ့၌ သင်မှစ၍
သင်၏သားသမီး၊ ကျွန်ယောကျ်ား မိန်းမ၊ တိရစ္ဆာန်၊ သင်၏ တံခါးအတွင်း၌နေသော ဧည့်သည်အာဂန္တုသည် အလုပ်မလုပ်ရ။ [11]
အကြောင်းမူကား၊ ထာဝရဘုရားသည် မိုယ်းကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာ၊ အရပ်ရပ်၌ရှိသမျှတို့ကို ခြောက်ရက်တွင် ဖန်ဆင်း၍
သတ္တမနေ့ရက်၌ ငြိမ်ဝပ်စွာနေတော်မူ၏။ ထို့ကြောင့် ထာဝရဘုရားသည် သတ္တမနေ့ရက်ကို ကောင်းကြီးပေး၍ သန့်ရှင်းစေတော်မူ၏။
[12] သင်၏ဘုရားသခင် ထာဝရဘုရား ပေးသနားတော်မူသောပြည်၌ သင်၏အသက်တာ ရှည်မည် အကြောင်း၊ သင်၏မိဘကို
ရိုသေစွာပြုလော့။ [13] လူအသက်ကို မသတ်နှင့်။ [14] သူ့မယားကို မပြစ်မှားနှင့်။ [15] သူ့ဥစ္စာကို မခိုးနှင့်။ [16]
ကိုယ်နှင့်စပ်ဆိုင်သောသူတဘက်၌ မမှန်သောသက်သေကို မခံနှင့်။ [17] ကိုယ်နှင့်စပ်ဆိုင်သောသူ၏ အိမ်ကို
တပ်မက်လိုချင်သောစိတ်မရှိစေနှင့်။ ကိုယ်နှင့်စပ်ဆိုင်သောသူ၏ မယား၊ သူ၏ကျွန် ယောကျ်ား မိန်းမ၊ နွား၊ မြည်းမှစ၍
ကိုယ်နှင့်စပ်ဆိုင်သောသူ၏ ဥစ္စာ တစုံတခုကိုမျှ တပ်မက်လိုချင်သောစိတ် မရှိစေနှင့်ဟု မိန့်တော်မူ၏။ [18] လူအပေါင်းတို့သည်
မိုယ်းချုန်းခြင်း၊ လျှပ်ပြက်ခြင်း၊ တံပိုးသံမြည်ခြင်း၊ တောင်ထဲကမီးခိုးထွက်ခြင်း အကြောင်းအရာတို့ကို မြင်သောအခါ၊
ကြောက်သောကြောင့် ရွှေ့၍ အဝေး၌ ရပ်နေကြ၏။ [19] မောရှေကိုလည်း၊ အကျွန်ုပ်တို့အား ကိုယ်တော်မိန့်တော်မူပါ၊ အကျွန်ုပ်တို့သည်
နားထောင်ပါမည်။ အကျွန်ုပ်တို့အား ဘုရားသခင်မိန့်တော်မမူပါစေနှင့်။ အကျွန်ုပ်တို့သည် သေမည်ကို စိုးရိမ်ပါသည်ဟု
လျှောက်ဆိုကြ၏။ [20] မောရှေကလည်း၊ မစိုးရိမ်ကြနှင့်။ သင်တို့ကို စုံစမ်းခြင်းငှာ၎င်း၊ သင်တို့သည် ပြစ်မှားခြင်းနှင့်
လွတ်မည်အကြောင်း ကိုယ်တော်ကို ကြောက်စေခြင်းငှာ၎င်း၊ ဘုရားသခင်ကြွလာတော်မူပြီဟု လူများတို့အား ပြောဆို၏။ [21]
လူများတို့သည်လည်း အဝေး၌ ရပ်နေကြ၏။ မောရှေမူကား၊ ဘုရားသခင်ရှိတော်မူရာ ထူထပ်သော မှောင်မိုက်သို့ ချဉ်းကပ်လေ၏။ [22]
ထာဝရဘုရားကလည်း၊ ဣသရေလအမျိုးသားတို့အား ပြန်ပြောရသော စကားဟူမူကား၊ ငါသည် ကောင်းကင်ဘုံမှ သင်တို့နှင့်
နှုတ်ဆက်ကြောင်းကို သင်တို့သည် သိမြင်ကြပြီ။ [23] ငါ့ကို ကိုးကွယ်သောအမှု၌ ကိုယ်သုံးဘို့ ငွေဘုရား၊ ရွှေဘုရားကို မလုပ်ရ။ [24]
ငါ့အဘို့ မြေယဇ်ပလ္လင်ကို တည်ရမည်။ ထိုပလ္လင်ပေါ်မှာ သင်၏မီးရှို့သောယဇ်၊ မိဿဟာယယဇ် တည်းဟူသော သင်၏သိုးနွားတို့ကို
ယဇ်ပူဇော်ရမည်။ ငါ့အခွင့်ရှိ၍၊ ငါ့နာမကို ကိုးကွယ်ရာအရပ်ခပ်သိမ်းတို့၌၊ သင့်ဆီသို့ ငါကြွလာ၍ ကောင်းကြီးပေးမည်။ [25] သင်သည်
ကျောက်ယဇ်ပလ္လင်ကို ငါ့အဘို့ တည်လျှင်၊ ဆစ်သောကျောက်ကို မတည်ရ။ သံတန်ဆာပါ၍ တည်သောယဇ်ပလ္လင်သည်
ညစ်ညူးခြင်းရှိ၏။ [26] သင်၌ ရှက်စရာအကြောင်း မထင်မပေါ်စေခြင်းငှာ၊ ယဇ်ပလ္လင်ပေါ်သို့ လှေကားဖြင့် မတက်ရဟု မိန့်တော်မူ၏။

---

Exodus 01

ကျွန်ခံနေရာ
"သင်တို့ ကျွန်ခံသည့် အရပ်"

ငါမှတပါး အခြားသောဘုရားကို မကိုးကွယ်နှင့်
"အခြားသော ဘုရားများကို ဝတ်ပြုခြင်း မပြုရ"

Exodus 04

ပုံသဏ္ဍာန်တူအောင်
"သင်တို့သည် ပုံသဏ္ဍာန်တူအောင် မပြုလုပ်ရ"။

ဦးမချဝတ်မပြုနှင့်
"ရုပ်တုတို့ ရှေ့တွင် ဦးမချရ"။

အပြစ်ရှိသည် ဟု ယုံလွယ်သောဘုရား
"သဝန်တိုတတ်သောဘုရား"

တတိယအဆက်၊ စတုတ္ထအဆက်
သုံးဆက်မြောက်၊ လေးဆက်မြောက်

အဘတို့၏ အပြစ်ကို သားတို့၌ ဆပ်ပေးစီရင်သောဘုရား
မိဘတို့၏ အပြစ်ကြောင့် သားသမီး၊ မြေး၊ မြစ် များအထိ
ဒဏ်စီရင်သောဘုရား


generated on Tue Jul 2 12:50:28 2024

မျိုးအစဉ်အဆက် အထောင်အသောင်းတိုင်အောင်၊ ကရုဏာကို ပြသော
"ငါ၏ ပညတ်ချက်များကြောင့် ငါသည် သူ့အား
အထောင်အသောင်း ထက်မက" သို့မဟုတ် "ငါသည် သူ့အား
အထောင်အသောင်း ချစ်၍"

အမျိုးအစဉ်အဆက် အထောင်အသောင်းတိုင်အောင်
"များစွာသော မျိုးရိုးစဉ်ဆက် တိုင်အောင်"

Exodus 07

နာမတော်ကို ... မမြွက်မဆိုနှင့်။
"နာမတော်ကို ... မသုံးနှင့်"။

မုသာနှင့်ဆိုင်၍
"မမှန်မကန်" သို့မဟုတ် "မရှိမသေ"

အပြစ်မရှိဟု ထာဝရဘုရား မှတ်တော်မမူ။
"အပြစ်ရှိသည်ဟု မှတ်တော်မူမည်"။

Exodus 08

သတ္တမနေ့ရက်
"၇ နှစ်ရက်မြောက်သောနေ့"

သင်၏ တံခါးအတွင်း၌နေသော
မြို့များတွင် ရန်သူ့ဘေးကာကွယ်ရန် မြို့ရိုးများ၊
ဝင်ထွက်သွားလာ၍ရသော မြို့ဝင်ပေါက်များ ရှိသည်။
အခြားသောဘာသာပြန်ဆိုချက် "သင့်ပတ်ဝန်းကျင်၌နေသောသူ"
သို့မဟုတ် "သင့်မြို့ထဲ၌နေသောသူ"

သတ္တမနေ့ရက်ကို ကောင်းကြီးပေး၍
ဖြစ်နိုင်ခြေရှိသောအဓိပ္ပာယ်များမှာ (၁) ဘုရားသခင်သည်
သတ္တမနေ့ကို ကောင်းသောနေ့ဖြစ်စေသည်၊ သို့မဟုတ် (၂)
ဘုရားသခင်က သတ္တမနေ့သည် ကောင်းသေနေ့ဖြစ်သည်
ဟုမိန့်တော်မူသည်။

သန့်ရှင်းစေတော်မူ
"တစ်စုံတစ်ခုအတွက် သီးသန့်ထားသည်"။

Exodus 12

သူ့မယားကို မပြစ်မှားနှင့်
သင့်ဇနီးသည်မှလွဲ၍ မည်သူနှင့်မျှ လိင်မဆက်ဆံနှင့်။

Exodus 15

မမှန်သောသက်သေကို မခံနှင့်။
"သူများအကြောင်း မဟုတ်မမှန် မပြောနှင့်"။

တပ်မက်လိုချင်သောစိတ်မရှိစေနှင့်။
လိုချင်သောစိတ် အလွန်အကျွံမဖြစ်စေနှင့်။

Exodus 18

သံမြည်
အသံ

တောင်ထဲကမီးခိုးထွက်ခြင်း
"မီးခိုး လျှံထွက်လာသော တောင်"

ကြောက်သောကြောင့်
"ကြောက်၍ တုန်လှုပ်ကြသည်"။

အဝေး၌ ရပ်နေကြ၏။
"ဝေးရာအရပ်၌ နေကြသည်" ။

သင်တို့သည် ပြစ်မှားခြင်းနှင့် လွတ်မည်အကြောင်း ကိုယ်တော်ကို
ကြောက်စေခြင်းငှာ
"သင်တို့သည် အပြစ်မပြုဘဲ ကိုယ်တော်ကို ကြည်ညို (ရိုသေ)
စေခြင်းငှါ"

ချဉ်းကပ်လေ၏။
"အနီးသို့သွားလေ၏"။

Exodus 22

ဣသရေလအမျိုးသားတို့အား ပြန်ပြောရသော စကား
"ဣသရေလလူတို့အား ပြောလော့"။

ငါသည် ကောင်းကင်ဘုံမှ သင်တို့နှင့် နှုတ်ဆက်ကြောင်းကို သင်တို့သည်
သိမြင်ကြပြီ
"ငါသည် ကောင်းကင်မှ စကားပြောသည်ကို သင်တို့ ကြားပြီးပြီ" ။

ဘုရားကို မလုပ်ရ။
"သင်တို့သည် ငါ့အစား ဘုရားအဖြစ် ရုပ်တုတို့ကို မလုပ်ရ"။

ငွေဘုရား၊ ရွှေဘုရားကို မလုပ်ရ
"ရွှေ၊ ငွေ ဖြင့်ထုလုပ်သောဘုရား" သို့မဟုတ် "ရွှေ၊ ငွေ ဖြင့်
ထုလုပ်သော ရုပ်တု"

Exodus 24

မြေယဇ်ပလ္လင်
မြေမှရသော ရွှံ့၊ ကျောက် စသည်တို့ဖြင့် တည်လုပ်သော
ယဇ်ပလ္လင်

သင်၌ ရှက်စရာအကြောင်း မထင်မပေါ်စေခြင်းငှာ
"အဝတ်မဲ့ ခန္ဓာကဲ့သို့ အရှက်မရစေခြင်းငှါ"

ယဇ်ပလ္လင်ပေါ်သို့ လှေကားဖြင့် မတက်ရ။
"လှေကားထစ်ပါသော ယဇ်ပလ္လင် မဆောက်လုပ်ရ"။


generated on Tue Jul 2 12:50:28 2024

# Translation Questions

## Exodus 20:1

ဣသရေလလူတို့သည် ထာဝရဘုရားမှ လွဲ၍ မည်သည့်အရာကို ငြင်းပယ်ရမည်နည်း။

ဣသရေလလူတို့သည် ထာဝရဘုရားမှ လွဲ၍ အခြားသောဘုရားကို မကိုးကွယ်ရ။

## Exodus 20:4

ဣသရေလလူတို့သည် အဘယ်ကြောင့် ရုပ်တုဆင်းတုများကို ထုလုပ်ခြင်း၊ ဦးချခြင်းမပြုလုပ်နိုင်သနည်း။

ထာဝရဘုရားသည် လူတို့၌အပြစ်ရှိသည်ဟု ယုံလွယ်သောဘုရားဖြစ်သဖြင့် ဣသရေလလူတို့သည် ရုပ်တုဆင်းတုများကို ထုလုပ်ခြင်း၊ ဦးချခြင်း မပြုလုပ်နိုင်ပေ။

ထာဝရဘုရားသည် ဆွေစဉ်မျိုးဆက် မည်မျှတိုင်အောင် ဒဏ်ခတ်အပြစ်ပေးတတ်သော ဘုရားဖြစ်သနည်း။

ထာဝရဘုရားသည် မိမိကို မုန်းသောသူတို့၏ အမျိုးအစဉ်အဆက်၊ တတိယအဆက်၊ စတုတ္ထအဆက် တိုင်အောင်၊ အဘတို့၏ အပြစ်ကို သားတို့၌ ဆပ်ပေးစေရန် စီရင်သောဘုရားဖြစ်သည်။

## Exodus 20:7

ဣသရေလလူတို့သည် မည်သူ၏အမည်ကို မုသာနှင့်ဆိုင်၍ မြွက်ဆိုခြင်း မပြုရမည်နည်း။

ဣသရေလလူတို့သည် ထာဝရဘုရား၏ နာမတော်ကို မုသာနှင့် ဆိုင်၍ မြွက်ဆိုခြင်းမပြုရကြ။

## Exodus 20:8

ဣသရေလလူတို့သည် အဘယ်ကြောင့် ဥပုသ်နေ့ကို သန့်ရှင်းစေပြီး ထိုနေ့၌ အလုပ်မလုပ်ဘဲ နေရမည်နည်း။

ထာဝရဘုရားသည် မိုးကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာ၊ အရပ်ရပ်၌ရှိသမျှတို့ကို ခြောက်ရက်တွင် ဖန်ဆင်း၍ သတ္တမနေ့ရက်၌ ငြိမ်ဝပ်စွာနေတော်မူသည့်အတွက် ဣသရေလလူတို့သည်လည်း ဥပုသ်နေ့ကို သန့်ရှင်းစေပြီး ထိုနေ့၌ အလုပ်မလုပ်ဘဲ နေရမည်ဖြစ်သည်။

မည်သူတို့သည် ဥပုသ်နေ့ကို သန့်ရှင်းစေပြီး အလုပ်မလုပ်ဘဲ နေရမည်နည်း။

ဣသရေလလူတို့နှင့် သားသမီး၊ ကျွန်ယောကျ်ား မိန်းမ၊ တိရစ္ဆာန်နှင့် ဧည့်သည်အာဂန္တုတို့သည် ဥပုသ်နေ့ကို သန့်ရှင်းစေပြီး အလုပ်မလုပ်ဘဲ နေရမည်။

## Exodus 20:12

ဣသရေလလူတို့သည် မိမိတို့၏ မိဘကို ရိုသေစွာ ပြုမူဆက်ဆံပါက မည်သို့ခံစားရမည်နည်း။

ဣသရေလလူတို့သည် မိမိတို့၏ မိဘကို ရိုသေစွာ ပြုမူဆက်ဆံပါက ထာဝရဘုရား ပေးသနားတော်မူသောပြည်၌ အသက်တာရှည်စွာ နေရမည် ဖြစ်သည်။

## Exodus 20:18

ဣသရေလလူတို့သည် အဘယ်ကြောင့် တုန်လှုပ်ကြောက်ရွံ့စွာ အဝေး၌ရပ်နေကြသနည်း။

ဣသရေလလူတို့သည် မိုးချုန်းခြင်း၊ လျှပ်ပြက်ခြင်း၊ တံပိုးသံမြည်ခြင်း၊ တောင်ထဲကမီးခိုးထွက်ခြင်းတို့ကို မြင်တွေ့ရသည့်အတွက် တုန်လှုပ်ကြောက်ရွံ့စွာ အဝေး၌ရပ်နေကြသည်။

ဣသရေလလူတို့သည် မိမိတို့အား ထာဝရဘုရားစကားပြောကြားပါက မည်သို့ဖြစ်ပေါ်မည်ကို စိုးရိမ်ကြသနည်း။

ဣသရေလလူတို့သည် ထာဝရဘုရားစကားပြောကြားပါက မိမိတို့ အသက်သေဆုံးမည်ကို စိုးရိမ်ကြသည်။

## Exodus 20:24

ဣသရေလလူတို့သည် ကျောက်ယဇ်ပလ္လင်တည်ဆောက်ရာတွင် မိမိတို့၏ သံတန်ဆာကို အသုံးပြုပါက မည်သို့အကျိုးသက်ရောက်မည်နည်း။

ဣသရေလလူတို့သည် ကျောက်ယဇ်ပလ္လင်တည်ဆောက်ရာတွင် မိမိတို့၏ သံတန်ဆာကို အသုံးပြုပါက ထိုယဇ်ပလ္လင်သည် ညစ်ညူးခြင်းရှိသည်။

## Chapter 21

[1] ထာဝရဘုရားကလည်း၊ သင်သည် ဣသရေလအမျိုးသားတို့၌ စီရင်ရသော ဓမ္မသတ်ဟူမူကား၊ [2] ဟေဗြဲအမျိုးဖြစ်သောကျွန်ကို
ဝယ်လျှင်၊ ခြောက်နှစ်သာ အစေကျွန်ခံစေရမည်။ သတ္တမနှစ်ရောက် သော်၊ ကိုယ်ဘိုးကို မတောင်းဘဲ လွှတ်ရမည်။ [3] ကျွန်ခံစက
တယောက်တည်းခံလျှင်၊ တယောက်တည်းထွက်ရမည်။ လင်မယားနှစ်ယောက်ခံလျှင်၊ မယားနှင့်တကွ ထွက်စေရမည်။ [4] သို့မဟုတ်
သခင်ပေးစားသောမယားရှိ၍ ထိုမယားသည် သားသမီးကို ဘွားမြင်လျှင်၊ မယားနှင့် သားသမီးတို့ကို သခင်ပိုင်ရမည်။ ကျွန်မူကား၊
တယောက်တည်းထွက်ရမည်။ [5] သို့မဟုတ် ကျွန်က၊ ကျွန်တော်သခင်နှင့် မယားသားသမီးတို့ကို ကျွန်တော်ချစ်ပါ၏။
မထွက်မသွားလိုပါ ဟု အတည့်အလင်းပြောဆိုလျှင်၊ [6] သခင်သည် ဘုရားသခင်ရှေ့တော်သို့၎င်း၊ အိမ်တံခါးတိုင်သို့၎င်း ဆောင်ယူ၍၊
နားရွက်ကို စူးဖြင့် ဖောက်ပြီးမှ၊ ထိုကျွန်သည် အစဉ်အမြဲ ကျွန်ခံရမည်။ [7] အဘသည် သမီးကို ကျွန်ခံစေခြင်းငှာ ရောင်းလျှင်
ထိုမိန်းမသည် ကျွန်ယောက်ျားကဲ့သို့ လွတ်ရသည် မဟုတ်။ [8] သခင်သည် ထိုမိန်းမကို သိမ်းယူ၍ မကြိုက်လျှင်၊ ရွေးစေခြင်းငှာ
အခွင့်ပေးရမည်။ သူ့ကို လှည့်ဖြားမိ သောကြောင့်၊ တပါးအမျိုးသားတို့သို့ ရောင်းချပိုင်သောအခွင့်မရှိ။ [9] မိမိသား၌
ပေးစားလျှင်မူကား၊ သမီးကဲ့သို့ ပြုစုရမည်။ [10] အခြားမိန်းမကို သိမ်းပြန်လျှင်၊ အရင်သိမ်းသော မိန်းမ၏ အဝတ်အစားနှင့်
မယားဝတ်ကို မလျှော့ရ။ [11] ထိုသုံးပါးကို မပြုလျှင်၊ ကိုယ်ဘိုးကို မတောင်းဘဲ လွှတ်ရမည်။ [12] လူကို အသေသတ်သောသူသည်
အသေသတ်ခြင်းကို အမှန်ခံရမည်။ [13] အသေသတ်မည် အကြံမရှိဘဲ၊ သူ၏လက်၌ လူအသက်ကို ဘုရားသခင် အပ်တော်မူလျှင်၊
ပြေးရသော အရပ်ကို ငါခန့်ထားမည်။ [14] အိမ်နီးချင်းကို သတ်မည်အကြံရှိ၍ အနိုင်တိုက်သောသူကိုကား၊ ငါ့ယဇ်ပလ္လင်၌
ခိုလှုံသော်လည်း၊ ဆွဲယူ၍ သတ်ရမည်။ [15] မိဘကို အသေသတ်သောသူသည်၊ အသေသတ်ခြင်းကို အမှန်ခံရမည်။ [16] လူကို
ခိုးသောသူသည်၊ ရောင်းသည်ဖြစ်စေ၊ သူ၏လက်၌ ရှိသည်ဖြစ်စေ၊ အသေသတ်ခြင်းကို အမှန်ခံရမည်။ [17] မိဘကို
ကျိန်ဆဲသောသူသည် အသေသတ်ခြင်းကို အမှန်ခံရမည်။ [18] လူချင်းခိုက်ရန် ပြု၍ တယောက်သည် ကျောက်ခဲနှင့် ထုသည်ဖြစ်စေ၊
လက်သီးနှင့်ထိုးသည်ဖြစ်စေ၊ အရိုက်ခံရသောသူသည် မသေသော်လည်း၊ အိပ်ရာ၌ တုံးလုံးနေရလျှင်၎င်း၊ [19] တဖန်ထ၍
တောင်ဝေးနှင့်သွားလျှင်၎င်း၊ ရိုက်သောသူကို အပြစ်လွှတ်ရမည်။ သို့ရာတွင် နာသော သူသည် အလုပ်ပျက်ရသည်အတွက်၊
အနာပျောက်စေခြင်းငှါ ကုသရသည်အတွက်၊ ငွေကို လျော်ရမည်။ [20] သခင်သည် ကျွန်ယောက်ျားကျွန်မိန်းမကို
ဒုတ်နှင့်ရိုက်၍ထိုကျွန်သေလျှင်၊ သခင်သည် လေးသော ဒဏ်ကို ခံရမည်။ [21] သို့ရာတွင် ကျွန်သည် တရက်နှစ်ရက်နာ၍
မသေဘဲနေလျှင်၊ သခင်သည် ထိုကျွန်ကို ပိုင်သောကြောင့် ဒဏ်နှင့် လွတ်ရမည်။ [22] လူချင်းခိုက်ရန် ပြုကြ၍၊ ကိုယ်ဝန်ဆောင်သော
မိန်းမကို ထိခိုက်သဖြင့် ကိုယ်ဝန်ပျက်၍ အခြားသော အနာမဖြစ်လျှင်၊ မိန်းမလင်စီရင်သည်အတိုင်း ဒဏ်ခံရမည်။
မင်းစီရင်သည်အတိုင်းလည်း ငွေကို လျော်ရမည်။ [23] အခြားသော အနာဖြစ်လျှင်၊ အသက်အတွက် အသက်ကို၎င်း၊ [24] မျက်စိအတွက်
မျက်စိကို၎င်း၊ သွားအတွက် သွားကို၎င်း၊ လက်အတွက် လက်ကို၎င်း၊ ခြေအတွက် ခြေကို၎င်း၊ [25] မီးလောင်ခြင်းအတွက်
မီးလောင်ခြင်းကို၎င်း၊ ရှနခြင်းအတွက် ရှနခြင်းကို၎င်း၊ ဒဏ်ချက်ရာအတွက် ဒဏ်ချက်ရာကို၎င်း ခံရမည်။ [26] သခင်သည်
ကျွန်ယောက်ျား ကျွန်မိန်းမ၏ မျက်စိကို ပျက်အောင်ရိုက်လျှင်၊ မျက်စိပျက်သည်အတွက် လွှတ်ရမည်။ [27] ထိုအတူ ကျွန်ယောက်ျား
ကျွန်မိန်းမ၏ သွားကို ကျိုးအောင်ရိုက်လျှင်၊ သွားကျိုးသည်အတွက် လွှတ်ရမည်။ [28] နွားသည် လူယောက်ျားမိန်းမကို ခွေ့၍
လူသေလျှင်၊ စင်စစ်ထိုနွားကို ကျောက်ခဲနှင့် ပစ်၍ သတ်ရမည်။ အသားကိုလည်း မစားရ။ နွားရှင်ကိုကား၊ အပြစ်လွှတ်ရမည်။ [29]
၎င်းနည်းနွားသည် အထက်က ခွေ့ဘူး၍၊ ခွေ့ကြောင်းကို နွားရှင်ကြားသိလျက် မချည်မနှောင် အလွတ်ထား၍၊ နွားသည်
ယောက်ျားမိန်းမကို သတ်မိလျှင်၊ ထိုနွားကို ကျောက်ခဲနှင့် ပစ်သတ်ရမည်။ နွားရှင်ကို လည်း အသေသတ်ရမည်။ [30] သို့မဟုတ်
ငွေလျော်စေဟု စီရင်လျှင်၊ စီရင်သည်အတိုင်း မိမိအသက်ရွေးရန် အဘိုးကို လျော်ရမည်။ [31] သူတပါး၏ သားသမီးကို ခွေ့လျှင်၊
စီရင်သည်အတိုင်း ခံရမည်။ [32] ကျွန်ယောက်ျားကျွန်မိန်းမကို ခွေ့လျှင်မူကား၊ နွားရှင်သည် ကျွန်ရှင်အား ငွေအကျပ်သုံးဆယ်ကို
လျော်ရမည်။ နွားကိုလည်း ကျောက်ခဲနှင့် ပစ်သတ်ရမည်။ [33] လူသည် တွင်းကို ဖွင့်၍ ထားသည်ဖြစ်စေ၊ တွင်းကိုတူး၍ မပိတ်ဘဲ
ထားသည်ဖြစ်စေ၊ သူတပါး၏ မြင်း၊ နွားသည် ထိုတွင်း၌ကျလျှင်၊ [34] တွင်းရှင်သည် မြင်း၊ နွားအဘိုးကို လျော်၍ အသေကောင်ကို
ယူရမည်။ [35] အကြင်သူ၏ နွားသည်၊ သူတပါး၏ နွားကို အသေခွေ့လျှင်၊နွားရှင်နှစ်ဦးတို့သည်၊ အသက်ရှင်သော နွားကို ရောင်း၍
အဘိုးကို ဝေယူရမည်။ သေသောနွားကိုလည်း ဝေယူရမည်။ [36] ၎င်းနည်းနွားသည် အထက်က ခွေ့ဘူးကြောင်းကို၊ နွားရှင်သိလျက်နှင့်
မချည်မနှောင် အလွတ် ထားလျှင်၊ နွားသေကောင်ကို ကိုယ်တိုင်ယူရမည်။ ထိုနွားတကောင်အတွက် တကောင်ကို အမှန်လျော်ရမည်။


generated on Tue Jul 2 12:50:28 2024

## Chapter 22

1 လူသည် သိုးနွားကိုခိုး၍သတ်သည်ဖြစ်စေ၊ ရောင်းသည်ဖြစ်စေ၊ နွားတကောင်အတွက် နွားငါးကောင် ကိုဒင်း၊ သိုးတကောင်အတွက်
သိုးလေးကောင်ကိုဒင်း ပြန်ပေးရမည်။ 2 သူခိုးသည် အိမ်ကိုထွင်းဖောက်စဉ်၊ သူတပါးတွေ့၍ သေအောင်သတ်သော်လည်း၊သေစား
မသေစေရ။ 3 သို့သော်လည်း နေထွက်လျှင် သေစားသေစေရမည်။ အကြောင်းမူကား၊ ပြန်ပေးစရာအကြောင်းရှိ၏။
ဥစ္စာအလျှင်းမရှိလျှင်၊ ခိုးသည်ဥစ္စာအတွက် ကိုယ်ကိုရောင်းရမည်။ 4 သူခိုးလက်၌ ခိုးသောနွား၊ သိုးကို အသက်ရှင်လျက်
အမှန်တွေ့လျှင်၊ နှစ်ဆပြန်ပေးရမည်။ 5 သူ့လယ်၊ သူ့စပျစ်ဥယျာဉ်ကို စားစေသော်ငင်၊ မိမိတိရိစ္ဆာန်ကို သူ့လယ်၌
ထိန်းကျောင်းသော်ငင်၊ မိမိလယ်၊ မိမိစပျစ်ဥယျာဉ်ထဲကအကောင်းဆုံးကို ထုတ်၍ ပြန်ပေးရမည်။ 6 မီးရှို့သောအခါ မြက်ပင်ကြောင့်
အစဉ်အတိုင်း ရောက်၍လောင်လျက်၊ ကောက်လှိုင်း၊ စပါးပင်၊ လယ်၌ရှိသောအရာတို့ကို လောင်လျှင်၊ မီးရှို့သောသူသည်
အမှန်လျော်ရမည်။ 7 လူတဦးသည် အိမ်နီးချင်းတဦး၌ ရွှေငွေအစရှိသော ဥစ္စာတစုံတခုကို အပ်နှံ၍၊ အပ်နှံခံသော သူ၏အိမ်မှ
သူခိုးခိုးသွားလျှင်၊ သူခိုးကို တွေ့မိသောအခါ နှစ်ဆလျော်စေ။ 8 သူခိုးကို မတွေ့လျှင်၊ အိမ်ရှင်သည် မိမိအိမ်နီးချင်းဥစ္စာကို ယူသလော
မယူလောဟု ဘုရားသခင့် ရှေ့တော်၌ အစစ်ခံရမည်။ 9 သူ့ဥစ္စာကို ပြစ်မှားသည် အမှုမှာ၊ နွား၊ မြည်း၊ သိုး၊ အဝတ်အစ ရှိသော
ပျောက်သော ဥစ္စာတစုံတခုကို တွေ့၍၊ ဤဥစ္စာကား၊ ငါ၏ဥစ္စာဖြစ်သည်ဟု တစုံတယောက်ဆိုလျှင်၊ အမှုသည် နှစ်ဦးတို့သည်
ဘုရားသခင် ရှေ့တော်၌အစစ်ခံရ၍၊ တရားရှုံးသောသူသည် နှစ်ဆလျော်ရမည်။ 10 လူသည် အိမ်နီးချင်းလယ်၌ မြည်း၊ နွား၊
သိုးအစရှိသော တိရစ္ဆာန်တစုံတခုကို အပ်နှံ၍၊ ထိုတိရစ္ဆာန် သေသော်ငင်၊ ထိခိုက်၍နာသော်ငင်၊ သက်သေမရှိဘဲ
သူတပါးမောင်း၍သွားသော်ငင်၊ 11 အပ်နှံခံသောသူသည် ငါ့အိမ်နီးချင်း၏ဥစ္စာကို ငါမယူဟု နှစ်ဦးသဘောတူလျက်၊
ထာဝရဘုရားရှေ့မှာ အကျိန်ခံရလျှင်၊ ဥစ္စာရှင်သည် ဝန်ခံရမည်။ အပ်နှံခံသူလည်း မလျော်ရ။ 12 သို့ရာတွင် သူတပါးခိုးသွားလျှင်၊
အပ်နှံခံသူသည် ဥစ္စာရှင်အား ပြန်ပေးရမည်။ 13 သားရဲကိုက်လျှင် သက်သေဘို့ အသေကောင်ကိုပြစေ။ ပြနိုင်လျှင် အလျော်မခံရ။ 14
လူသည် အိမ်နီးချင်း၌ တစုံတခုကို ငှါး၍ ဥစ္စာရှင်မပါဘဲ သေသော်ငင်၊ ထိခိုက်၍ နာသော်ငင်၊ အမှန်လျော်ရမည်။ 15 ဥစ္စာရှင်ပါလျှင်၊
ငှါးသောသူသည် မလျော်ရ။ အခနှင့် ငှါးလျှင်မူကား၊ ဥစ္စာရှင်သည် အခကိုသာ တောင်းရမည်။ 16 မပေးစားလိုသော အပျိုကို၊
အကြင်ယောက်ျားသည် ချော့မော့၍ သင့်နေလျှင်၊ ကန်တော့ဥစ္စာကို ပေး၍ ထိုမိန်းမကို မယားအရာ၌ မြှောက်ထားရမည်။ 17
မိန်းမ၏အဘ သဘောမတူမပေးစားလိုလျှင်၊ ကန်တော့ရသည်နှင့်အမျှ ငွေကို လျော်ရမည်။ 18 စုန်းမကို အသက်ရှင်စေခြင်းငှါ
အခွင့်မပေးရ။ 19 တိရစ္ဆာန်နှင့်သင့်နေသော သူသည် အသေသတ်ခြင်းကို အမှန်ခံရမည်။ 20 ထာဝရဘုရားမှတပါး အခြားသော
ဘုရားရှေ့မှာ ယဇ်ပူဇော်သောသူကို ရှင်းရှင်းဖျက်ဆီးရမည်။ 21 တပြည်တနိုင်ငံသားဖြစ်သော ဧည့်သည်ကို မနှောင့်ရှက်မညှဉ်းဆဲရ။
သင်တို့သည် အဲဂုတ္တုပြည်၌ ဧည့်သည်ဖြစ်ကြဘူးပြီ။ 22 မိဘမရှိသောသူငယ်နှင့် မုတ်ဆိုးမကို သင်တို့သည် မနှောင့်ရှက်ရ။ 23
နှောင့်ရှက်ခြင်းတစုံတခုကို ပြု၍ သူတို့သည် ငါ့အား အနည်းငယ်အော်ဟစ်လျှင်၊ ငါသည် ထိုအသံကို အမှန်ကြား၍၊ 24
ငါအမျက်ပြင်းစွာ ထွက်လျှက် သင်တို့ကို ထားဘေးဖြင့် ကွပ်မျက်မည်။ သင်တို့မယားများသည်လည်း မုတ်ဆိုးမဖြစ်၍၊
သားသမီးများသည်လည်း မိဘမရှိသော သူငယ်ဖြစ်ကြလိမ့်မည်။ 25 ငါ့လူဖြစ်သော ဆင်းရဲသား အိမ်နီးချင်းအား သင်သည် ငွေကို
ချေးလျှင်၊ အတိုးစားသော သူကဲ့သို့ သူ၌မပြု၊ အတိုးကို မတောင်းရ။ 26 အိမ်နီးချင်းသည် မိမိစောင်ကို သင်၌ ပေါင်ထားလျှင်၊
မိုးမချုပ်မှီ ပြန်ပေးရမည်။ 27 အကြောင်းမူကား၊ အခြားသောခြုံစရာမရှိ။ ကိုယ်ခြုံဘို့ ဖြစ်၏။ သူသည် အဘယ်သို့ အိပ်နိုင်သနည်း။
ငါ့အား အော်ဟစ်လျှင် ငါကြားမည်။ ငါသည် သနားသော သဘောရှိ၏။ 28 ဘုရားသခင်ကို လွန်ကျူး၍ မပြောရ။ သင်၏အမျိုးကို
အုပ်စိုးသော မင်းကို မကျိန်ဆဲရ။ 29 အဦးမှည့်သောအသီး၊ အဦးညှစ်သောအရည်ကို မထိမ်မဝှက်ဘဲ ဆက်ကပ်ရမည်။ အဦးဘွားသော
သားယောက်ျားကိုလည်း ငါ့အား ဆက်ကပ်ရမည်။ 30 ထိုနည်းတူ သိုးနွားတို့ကို ပြုရမည်။ ခုနစ်ရက်ပတ်လုံး သိုးနွားသငယ်ကို
အမိနှင့်အတူ နေစေ၍၊ အဋ္ဌမနေ့ရောက်မှ ငါ့အား ဆက်ကပ်ရမည်။ 31 သင်တို့သည် ငါ့ထံ၌ သန့်ရှင်းသောသူ ဖြစ်ရကြမည်။ တော၌
သားရဲကိုက်သော အမဲသားကို မစားရ။ ခွေးတို့အား ပစ်ပေးရမည်။

## Chapter 23

1 သင်သည် မှားသော သိတင်းစကားကို မကြားမပြောရ။ မတရားသောသူတို့နှင့် ဝိုင်းညီ၍ မမှန်သော သက်သေကို မခံရ။ 2
လူများနောက်သို့ လိုက်၍ မတရားသဖြင့် မပြုရ။ တရားတွေ့သည်အမှုမှာ ကြီးသောသူဘက်၌ နေ၍၊ တရားလမ်းမှ လွဲစေခြင်းငှါ
မပြောရ။ 3 ဆင်းရဲသောသူဘက်၌လည်း မငဲ့ကွက်ရ။ 4 သင်သည် ရန်သူ၏မြင်းနွား လမ်းလွဲသည်ကို တွေ့မြင်လျှင်၊ အမှန်ပြန်ပို့ရမည်။
5 သင့်ကို မုန်းသော သူ၏မြည်းသည်၊ မိမိဆောင်ရွက်သော ဝန်အောက်မှာ လဲနေသည်ကို တွေ့မြင်လျှင်၊ မ မစဘဲ နေနိုင်သလော။
အမှန်ဝိုင်းညီ၍ မစရမည်။ 6 သင်၌ ဆင်းရဲသော သူသည် တရားတွေ့သောအခါ၊ သူ့ကို မတရားသဖြင့် မစီရင်ရ။ 7 မဟုတ်မမှန်သော
အမှုကို ရှောင်ရမည်။ အပြစ်မရှိသောသူ၊ ဖြောင့်မတ်သောသူကို မကွပ်မျက်ရ။ အကြောင်းမူကား၊ ငါသည် မတရားသော သူကို
အပြစ်မလွှတ်။ 8 သင်သည် တံစိုးမစားရ။ တံစိုးသည် ပညာရှိတို့၏မျက်စိကို ကွယ်စေ၍၊ ဖြောင့်မတ်သောသူတို့၏ စကားကို
လွဲစေတတ်၏။ 9 တကျွန်းတနိုင်ငံသားဖြစ်သော ဧည့်သည်ကို မညှဉ်းဆဲရ။ သင်တို့သည် အဲဂုတ္တုပြည်၌ ဧည့်သည်ဖြစ်ခဲ့
ဘူးသောကြောင့်၊ ဧည့်သည်၏စိတ်သဘောကို သိကြ၏။ 10 ခြောက်နှစ်ပတ်လုံး လယ်လုပ်၍ အသီးကို သိမ်းရမည်။ 11 သတ္တမနှစ်တွင်
လယ်ကို မလုပ်ဘဲ အလွတ်ထားရမည်။ သို့ပြုလျှင် ဆင်းရဲသောအမျိုးသားချင်းတို့သည်၊ စားရသောအခွင့် ရှိလိမ့်မည်။
ကြွင်းသောအရာကိုလည်း၊ မြေတိရစ္ဆာန်တို့သည် စားရကြလိမ့်မည်။ ထိုနည်းတူ၊ စပျစ်ဥယျာဉ်၊ သံလွင်ဥယျာဉ်ကိုလည်း ပြုရမည်။ 12
ခြောက်ရက်ပတ်လုံး အလုပ်လုပ်ရမည်။ သတ္တမနေ့ရက်၌ ငြိမ်ဝပ်စွာနေရမည်။ သို့ပြုလျှင် သင်၏နွား မြည်းတို့သည် ငြိမ်ဝပ်စွာ
နေရသောအခွင့် ရှိလိမ့်မည်။ သင်၏ ငယ်သားများ၊ ဧည့်သည်များတို့လည်း သက်သာရ ကြလိမ့်မည်။ 13 ငါပညတ်သမျှတို့၌
သတိပြုကြလော့။ အခြားသောဘုရား၏ နာမကို မမြွက်မဆိုနှင့်။ သင်၏နှုတ်ထဲက မြွက်သံကို သူတပါးမကြားစေနှင့်။ 14 တနှစ်တွင်
သုံးကြိမ် ငါ့အဘို့ ပွဲခံရမည်။ ငါမှာထားခဲ့ပြီးသည်အတိုင်း၊ အဗိဗလချိန်းချက်သော နေ့ရက်အချိန်၌ အဇုမပွဲကိုခံ၍၊ ခုနစ်ရက် ပတ်လုံး
တဆေးမဲ့သောမုန့်ကို စားရမည်။ 15 ငါမှာထားခဲ့ပြီးသည်အတိုင်း၊ အဗိဗလ ချိန်းချက်သော နေ့ရက်အချိနျ၌ အဇုမပွဲကိုခံ၍၊
ခုနစ်ရက်ပတ်လုံး တဆေးမဲ့သော မုန့်ကို စားရမည်။ အကြောင်းမူကား၊ ထိုလတွင် သင်သည် အဲဂုတ္တုပြည်က ထွက်လာသတည်း။
ထိုပွဲကို ခံစဉ် ငါ့ထံသို့ အဘယ်သူမျှ လက်ချည်းမပေါ်မလာရ။ 16 လယ်လုပ်၍ အသီးအနှံကို သိမ်းစရှိသည်ကာလ၊ သိမ်းပွဲကိုငှင်း၊
လယ်လုပ်၍ အသီးအနှံကို သိုထားသည်ကာလ၊ နှစ်လဲသောအခါ၊ သိုထားပွဲကိုငှင်း ခံရမည်။ 17 သင်တို့တွင်
ယောကျ်ားအပေါင်းတို့သည်၊ တနှစ်လျှင်သုံးကြိမ် ထာဝရအရှင်ဘုရားသခင့် ရှေ့တော်၌ မျက်နှာပြရကြမည်။ 18 ငါ့ယဇ်ကောင်၏
အသွေးကို၊ တဆေးပါသောမုန့်နှင့် ရော၍ မပူဇော်ရ။ ငါ့ယဇ်ကောင် ဆီဥကို နံနက်တိုင်အောင် မကြွင်းစေရ။ 19 သင်၏မြေ၌
အဦးသီးသော အသီးအနှံ အကောင်းဆုံးကို၊ သင်၏ဘုရားသခင် ထာဝရဘုရား၏ အိမ်တော်ထဲသို့ ဆောင်သွင်းရမည်။ ဆိတ်သငယ်ကို
အမိနို့ရည်နှင့် မပြုတ်မချက်ရ။ 20 ကြည့်ရှုလော့။ လမ်းခရီး၌ သင့်ကို စောင့်ရှောက်၍၊ ငါပြင်ဆင်နှင့်သောအရပ်သို့ ပို့စေခြင်းငှာ၊
ကောင်းကင်တမန်ကို သင့်ရှေ့၌ ငါစေလွှတ်၏။ 21 ထိုတမန်ကို ရိုသေစွာပြုလော့။ စကားတော်ကို နားထောင်လော့။ အာဏာတော်ကို
မဆန်နှင့်။ သင်တို့ပြစ်မှားသောအပြစ်ကို သူသည် မလွှတ်။ ငါ့နာမသည် သူ၌တည်ရှိ၏။ 22 အကယ်စင်စစ် သင်သည် သူ့စကားကို
နားထောင်၍ ငါပညတ်သမျှအတိုင်းပြုလျှင်၊ သင်၏ ရန်သူတို့ကို ငါသည် ရန်ဘက်ပြုမည်။ သင့်ကို ဆီးတားသောသူတို့ကိုလည်း
ငါဆီးတားမည်။ 23 ငါ့တမန်သည် သင့်ရှေ့၌သွား၍ သင့်ကို အာမောရိလူ၊ ဟိတ္တိလူ၊ ဖေရဇိလူ၊ ခါနနိလူ၊ ဂိရဂါရှိလူ၊ ဟိဝိလူ၊
ယေဗုသိလူတို့ရှိရာသို့ ဆောင်သွင်း၍၊ သူတို့ကို ပယ်ရှင်းမည်။ 24 သူတို့ဘုရားများကို ဦးမချဝတ်မပြုရ။ သူတို့ဘာသာအတိုင်း
မကျင့်ရ။ သူတို့ကို အကုန်အစင် မှောက်လှဲ၍၊ ရုပ်တုဆင်းတုများကိုလည်း ရှင်းရှင်းဖြိုဖျက်ရမည်။ 25 သင်တို့၏ဘုရားသခင်
ထာဝရဘုရားကို ဝတ်ပြုရမည်။ သင်၏မုန့်ကိုငှင်း၊ ရေကိုငှင်း၊ ကောင်းကြီးပေး တော်မူမည်။ အနာရောဂါကိုလည်း သင်၏အထဲက
နှုတ်ယူပယ်ရှားတော်မူမည်။ 26 သင်၏ပြည်တွင် ကိုယ်ဝန်ပျက်သော သတ္တဝါ၊ မြုံသောသတ္တဝါနှင့် ကင်းလွတ်လိမ့်မည်။
သင်၏အသက်တန်းကို ငါစုံလင်စေမည်။ 27 ငါ့ကိုကြောက်တတ်သော သဘောကို သင့်ရှေ့သို့ ငါစေလွှတ်၍၊
သင်ရောက်လေရာရာအရပ်၌ ခပ်သိမ်းသောလူမျိုးကို ငါဖျက်ဆီးမည်။ သင်၏ရန်သူအပေါင်းတို့ကို နောက်သို့ လှည့်စေမည်။ 28
ပျားတူများကိုလည်း သင့်ရှေ့သို့ ငါစေလွှတ်၍၊ သူတို့သည် ဟိဝိလူ၊ ခါနနိလူ၊ ဟိတ္တိလူတို့ကို သင့်ရှေ့မှာ နှင်ထုတ်ကြလိမ့်မည်။ 29
ထိုလူများကို တနှစ်ခြင်းတွင် သင့်ရှေ့မှာ ငါမနှင်ထုတ်။ သို့ပြုလျှင် ပြည်သည် လူဆိတ်ညံ၍ သားရဲသည် သင့်တဘက်၌
များပြားလိမ့်မည်။ 30 သင်သည် တိုးပွား၍ တပြည်လုံးကို ဝင်စားသည်တိုင်အောင်၊ သူတို့ကို သင့်ရှေ့မှာ ဖြည်းဖြည်းငါနှင် ထုတ်မည်။
31 သင့်နေရာ နယ်အပိုင်းအခြားကို၊ ဧဒုံပင်လယ်မှသည် ဖိလိတ္တိပင်လယ်တိုင်အောင်ငှင်း၊ တောမှသည် မြစ်တိုင်အောင်ငှင်း
ငါမှတ်သားမည်။ ထိုအရပ်သားများကို သင့်လက်သို့ ငါအပ်၍၊ သင်သည် နှင်ထုတ်ရလိမ့် မည်။ 32 သူတို့နှင့်ငှင်း၊
သူတို့ဘုရားများနှင့်ငှင်း၊ သင်သည် မိဿဟာယမဖွဲ့ရ။ 33 သင်သည် ငါ့ကို ပြစ်မှားစေခြင်းငှာ၊ သူတို့သည် ပြုမည်ကို
စိုးရိမ်စရာရှိသောကြောင့်၊ သူတို့သည် သင့်ပြည်၌ မနေရကြ။ သင်သည် သူတို့ဘုရားကို ဝတ်ပြုလျှင်၊ ထိမိ၍ လဲစရာအကြောင်းအမှန်
ဖြစ်လိမ့်မည်ဟု မောရှေအား မိန့်တော်မူ၏။


generated on Tue Jul 2 12:50:28 2024

## Chapter 24

1 တဖန် ထာဝရဘုရားက၊ သင်သည် အာရုန်၊ နာဒပ်၊ အဘိဟု အစရှိသော ဣသရေလအမျိုး အသက်ကြီးသူ ခုနစ်ကျိပ်နှင့်တကွ၊
ထာဝရဘုရားထံတော်သို့ တက်၍၊ သူတို့သည် ဝေးဝေးကိုးကွယ်ကြစေ။ 2 သင်တယောက်တည်းသာ ထာဝရဘုရားထံတော်သို့
ချဉ်းကပ်ရမည်။ အခြားသောသူ မချဉ်းမကပ်ရ။ လူများတို့သည် သင်နှင့်အတူ မတက်ရကြဟု မောရှေအား မိန့်တော်မူ၏။ 3
မောရှေသည်လည်း လူများတို့ရှိရာသို့လာ၍၊ ထာဝရဘုရား၏ စကားတော်အလုံးစုံကိုင်၎င်း၊ စီရင်တော်မူချက်အလုံးစုံကို၎င်း
ပြန်ကြား၍၊ လူများအပေါင်းကလည်း၊ ထာဝရဘုရားမိန့်တော်မူသမျှအတိုင်း အကျွန်ုပ်တို့ ပြုပါမည်ဟု တသံတည်းပြန်ပြောကြ၏။ 4
မောရှေသည် ထာဝရဘုရား၏ စကားတော်အလုံးစုံတို့ကို ရေးထားပြီးမှ၊ နံနက်စောစောထ၍၊ တောင်ခြေရင်း၌ ယဇ်ပလ္လင်ကို၎င်း၊
ဣသရေလအမျိုး တဆယ်နှစ်မျိုးနှင့်အမျှ ကျောက်တိုင်တဆယ်နှစ်တိုင်ကို ၎င်း တည်လေ၏။ 5 ဣသရေလအမျိုးသား လူပျိုတို့ကို
စေခိုင်းသည်အတိုင်း၊ သူတို့သည် နွားများကိုယူ၍ ထာဝရဘုရား ရှေ့မှာ မီးရှို့သောယဇ်၊ မိဿဟာယယဇ်ကို ပူဇော်ကြ၏။ 6
မောရှေသည်လည်း၊ အသွေးတဝက်ကို အင်တုံ၌ထည့်၍၊ တဝက်ကို ယဇ်ပလ္လင်ပေါ်မှာ ဖြန်းလေ၏။ 7 ပဋိညာဉ်စာကိုလည်း ယူ၍၊
ပရိသတ်များရှေ့မှာ ဘတ်ပြီးလျှင်၊ သူတို့ကလည်း၊ ထာဝရဘုရားမိန့်တော် မူသမျှအတိုင်း အကျွန်ုပ်တို့ပြုပါမည်၊ နားထောင်ပါမည်ဟု
ပြောဆိုကြ၏။ 8 မောရှေသည်လည်း၊ အသွေးကို ယူ၍ လူများအပေါ်မှာ ဖြန်းလျက်၊ ဤအသွေးကား ဤအမှုအရာ တို့တွင် သင်တို့၌
ထာဝရဘုရားဝန်ခံတော်မူသော ပဋိညာဉ်၏အသွေးဖြစ်သည်ဟု ပြောဆို၏။ 9 ထိုအခါ မောရှေ၊ အာရုန်၊ နာဒပ်၊ အဘိဟု အစရှိသော
ဣသရေလအမျိုး အသက်ကြီးသူ ခုနစ်ကျိပ်တို့ သည် တက်၍၊ 10 ဣသရေလအမျိုး၏ ဘုရားသခင်ကို မြင်ကြ၏။ ခြေတော်အောက်၌
နီလာကျောက်ဖြင့်ပြီးသော ကျောက်ခင်းကဲ့သို့၎င်း၊ ကြည်လင်သော ကောင်းကင်မျက်နှာကဲ့သို့၎င်း ထင်လေ၏။ 11
ဣသရေလအမျိုးသား မှူးမတ်တို့ကို အပြစ်ပေးတော်မမူ။ သူတို့သည် ဘုရားသခင်ကို မြင်ရသော် လည်း၊ စားသောက်လျက်နေကြ၏။
12 ထာဝရဘုရားကလည်း၊ ငါရှိရာတောင်ပေါ်သို့ တက်၍နေလော့။ လူများတို့အား သွန်သင်ဘို့ရာ ကျောက်ပြားပေါ်မှာ ငါရေးထားသော
ပညတ်တရားများကို သင်၌ ငါအပ်ပေးမည်ဟု မောရှေအား မိန့်တော်မူလျှင်၊ 13 မောရှေသည် မိမိလက်ထောက်ယောရှုနှင့် အတူထ၍
ဘုရားသခင်၏ တောင်တော်ပေါ်သို့ တက်သွား၏။ 14 အသက်ကြီးသူတို့အားလည်း၊ ငါတို့မလာမီတိုင်အောင် ဤအရပ်၌
ငံ့နေကြလော့။ အာရုန်နှင့် ဟုရသည် သင်တို့၌ ရှိသည်ဖြစ်၍၊ မည်သည့်သူမဆို အမှုအခင်းရှိလျှင်၊ သူတို့ထံသို့ သွားစေဟု
မှာထားလေ၏။ 15 မောရှေသည် တောင်တော်ပေါ်သို့တက်၍၊ မိုဃ်းတိမ်သည် တောင်တော်ကို လွှမ်းမိုး၏။ 16 ထာဝရဘုရား၏
ဘုန်းတော်သည် သိနာတောင်ပေါ်မှာထိ၍၊ မိုဃ်းတိမ်သည် ခြောက်ရက်ပတ်လုံး လွှမ်းမိုး၏။ သတ္တမနေ့ရက်၌ မိုဃ်းတိမ်အထဲက
အသံတော်ထွက်၍၊ မောရှေကို ခေါ်တော်မူ၏။ 17 ထာဝရဘုရား၏ ဘုန်းတော်သည် တောင်ထိပ်ပေါ်မှာလောင်သော မီးကဲ့သို့ ထင်၍၊
ဣသရေလ အမျိုးသားတို့သည် မြင်ရကြ၏။ 18 မောရှေသည် မိုဃ်းတိမ်အထဲသို့ ဝင်သဖြင့် တောင်ပေါ်သို့ရောက်၍
အရက်လေးဆယ်ပတ်လုံး တောင်ပေါ်မှာ နေလေ၏။

---



generated on Tue Jul 2 12:50:28 2024

## Chapter 25

1 ထာဝရဘုရားကလည်း၊ ဣသရေလအမျိုးသားတို့သည်၊ 2 ငါ့အား လက်ဆောင်ပဏ္ဏာကို ဆောင်ခဲ့ရမည်အကြောင်း ဆင့်ဆိုလော့။
ကြည်ညိုသောစေတနာစိတ် နှင့် ငါ့အား လှူသမျှသောသူတို့၌ သင်သည် အလှူကို ခံရမည်။ 3 ခံရသောအလှူဟူမူကား၊ ရွှေ၊ ငွေ၊
ကြေးဝါ၊ 4 ပြာသောအထည်၊ မောင်းသောအထည်၊ နီသောအထည်၊ ပိတ်ချော၊ ဆိတ်မွေး။ 5 အနီဆိုးသောသိုးရေ၊ တဟာရှသားရေ၊
အကာရှသစ်သား။ 6 လိမ်းရန်ဆီဘော်ဘို့၊ မီးရှို့ရာနံ့သာပေါင်းမွှေးဘော်ဘို့ရာ၊ နံ့သာမျိုး၊ မီးထွန်းစရာဆီ၊ 7 ရှဟံကျောက်၊
ယဇ်ပုရောဟိတ် သင်တိုင်းနှင့် ရင်ဖုံး၌ စီစရာကျောက်မြတ်တည်းဟူသော အလှူကို ခံရမည်။ 8 ငါသည် သင်တို့တွင် ကျိန်းဝပ်ရာဘို့
သန့်ရှင်းရာဌာနကို လုပ်ကြစေ။ 9 ငါပြသမျှသော တဲတော်ပုံ၊ တဲတော်တန်ဆာပုံနှင့်အညီ လုပ်ရမည်။ 10 အလျားနှစ်တောင်ထွာ၊
အနံတတောင်ထွာ၊ စောက်တတောင်ထွာရှိသော သေတ္တာကို၊ အကာရှသား နှင့်လုပ်၍၊ သေတ္တာအတွင်းအပြင်ကို ရွှေစင်နှင့်
မွမ်းမံရမည်။ 11 သေတ္တာအပေါ်နားပတ်လည်၌ ကွပ်သော ရွှေတန်ဆာကိုလည်း လုပ်ရမည်။ 12 ရွှေလေးကွင်းကို သွန်း၍၊
သေတ္တာလေးထောင့်၌ တမျက်နှာ နှစ်ကွင်းစီ တပ်ရမည်။ 13 အကာရှသားထမ်းဘိုးကို လုပ်၍ ရွှေနှင့်မွမ်းမံပြီးမှ၊ 14
သေတ္တာထမ်းစရာဘို့ တဘက်တချက် ရွှေကွင်းထဲသို့ လျှိုထားရမည်။ 15 ထိုထမ်းဘိုးကိုလည်း သေတ္တာရွှေကွင်းထဲက မနှုတ်အစဉ်
ရှိစေရမည်။ 16 ငါပေးသော သက်သေခံချက်ကို၊ ထိုသေတ္တာထဲမှာ ထားရမည်။ 17 အလျားနှစ်တောင်ထွာ၊ အနံတတောင်ထွာရှိသော
သေတ္တာအဖုံးကိုလည်း ရွှေနှင့်လုပ်ရမည်။ 18 ရွှေခေရုဗိမ်နှစ်ပါးကိုလည်း သေတ္တာအဖုံးတွင် အလျားတဘက်တချက်၌ ထုလုပ်ရမည်။
19 ထိုခေရုဗိမ်နှစ်ပါးကို သေတ္တာဖုံး ကိုယ်ထဲကထုတ်၍၊ သေတ္တာဖုံးအပေါ်၌ တဘက်တပါးစီ လုပ်ပြီးလျှင်၊ 20 ခေရုဗိမ်နှစ်ပါးတို့သည်
မျက်နှာချင်းဆိုင်၍၊ သေတ္တာဖုံးကို ရှုလျက်၊ မိမိအတောင်ကို ဖြန့်၍ သေတ္တာဖုံးကို မိုးရမည်။ 21 သေတ္တာအဖုံးကို သေတ္တာပေါ်မှာ
တင်ရမည်။ ငါပေးသော သက်သေခံချက်ကိုလည်း သေတ္တာထဲမှာ ထားရမည်။ 22 ထိုအရပ်၌ ငါသည် သင်နှင့်တွေ့၍၊
သက်သေခံချက်ထားသော သေတ္တာဖုံးအပေါ်၊ ခေရုဗိမ်နှစ်ပါး စပ်ကြားမှာ သင်နှင့် နှုတ်ဆက်သဖြင့်၊ ဣသရေလအမျိုးသားတို့၌
ဆင့်ဆိုရာသမျှတို့ကို စီရင်မည်။ 23 အလျားနှစ်တောင်၊ အနံတတောင်၊ အမြင့်တတောင်ထွာရှိသော စားပွဲကိုလည်း အကာရှသားနှင့်
လုပ်၍၊ 24 ရွှေစင်နှင့် မွမ်းမံရမည်။ စားပွဲအပေါ်နားပတ်လည်၌ ကွပ်သော ရွှေတန်ဆာကိုရင်း၊ 25 အနံလက်တဝါးရှိသော ခါးပန်းကိုရင်း၊
ခါးပန်းအပေါ်နားပတ်လည်၌ ကွပ်သော ရွှေတန်ဆာကိုရင်း လုပ်ရမည်။ 26 ရွှေလေးကွင်းကိုလည်း လုပ်၍၊ ခြေထောက်လေးခု
အထက်စားပွဲလေးထောင့်၌ တပ်ရမည်။ 27 ထိုရွှေကွင်းတို့သည် ခါးပန်းပေါ်မှာရှိ၍၊ စားပွဲထမ်းစရာ ထမ်းဘိုးနေရာဖြစ်ရမည်။ 28
စားပွဲထမ်းစရာ အကာရှသားထမ်းဘိုးကို လုပ်၍ ရွှေနှင့်မွမ်းမံရမည်။ 29 စားပွဲနှင့်ဆိုင်သော လင်ပန်း၊ ဇွန်း၊ အင်တုံ၊
လောင်းစရာဖလားများကိုလည်း ရွှေစင်နှင့် လုပ်ရမည်။ 30 ငါ့ရှေ့၊ စားပွဲပေါ်မှာ ရှေ့တော်မုန့်ကို အစဉ်တင်ရမည်။ 31 မီးခုံကိုလည်း
ရွှေစင်နှင့်လုပ်၍၊ မီးခုံတိုင်အစရှိသော အလက်များ၊ ခွက်များ၊ ဘူးသီးများ၊ ကြာပွင့်များတို့ကို တစပ်တည်းထုရမည်။ 32
မီးခုံတိုင်တဘက်တချက်သုံးလက်စီထွက်၍၊ အလက်ခြောက်လက်ရှိရမည်။ 33 မီးခုံတိုင်ထဲက ထွက်သော အလက်သုံးလက်တွင်၊
တလက် တလက်၌ ဘူးကြာပွင့်နှင့်တကွ၊ ဗာတံသီးနှင့် ပုံတူသော ခွက်သုံးခွက် ရှိရမည်။ 34 မီးခုံတိုင်၌လည်း ဘူးကြာပွင့်နှင့်တကွ၊
ဗာတံသီးနှင့်ပုံတူသော ခွက်လေးခွက် ရှိရမည်။ 35 မီးခုံတိုင်ထဲကထွက်သော အလက်ခြောက်လက်ရှိသည်အတိုင်း၊
အလက်နှစ်ဘက်အောက်၌လည်း ဘူးသီးတလုံးစီ ရှိရမည်။ 36 ဘူးများ၊ အလက်များတို့ကို တကိုယ်တစပ်တည်းဖြစ်စေ၍၊
မီးခုံတကိုယ်လုံးကို ရွှေစင်နှင့် ထုလုပ်ရမည်။ 37 မီးခွက်ခုနစ်လုံးကိုလည်း လုပ်ရမည်။ စားပွဲကို လင်းစေခြင်းငှာ ထိုမီးခွက်ကို
ထွန်းရမည်။ 38 မီးညှပ်နှင့် မီးညှပ်ခံစရာခွက်တို့သည်လည်း ရွှေစင်ဖြစ်ရမည်။ 39 မီးခုံနှင့် မီးခုံတန်ဆာရှိသမျှတို့ကို၊
ရွှေစင်အခွက်တဆယ်နှင့် လုပ်ရမည်။ 40 တောင်ပေါ်မှာ သင့်အား ပြခဲ့ပြီးသောပုံနှင့် ညီလျော်စွာ လုပ်ခြင်းငှာ သတိပြုရမည်။


generated on Tue Jul 2 12:50:28 2024

## Chapter 26

1 တနည်းကား၊ ပြာသောအထည်၊ မောင်းသောအထည်၊ နီသောအထည်ဖြင့် ပြီးသော ခေရုဗိမ်အရုပ်နှင့် ချယ်လှယ်သော၊
ပိတ်ချောကုလားကာဆယ်ထည်ဖြင့် တဲတော်ကို လုပ်ရမည်။ 2 ကုလားကာသည် အလျားနှစ်ဆယ်ရှစ်တောင်၊ အနံလေးတောင်ရှိ၍၊
ကုလားကာချင်း အလျားအနံ တူရမည်။ 3 ကုလားကာငါးထည်စီ တစပ်တည်းချုပ်ရမည်။ 4 ကုလားကာတထည်ပြင်ဘက်မှာ၊
ကုလားကာနားချင်းဆက်မှီရာ၌ ကွင်းများကို ပြာသောအထည်နှင့် လုပ်ရမည်။ အခြားသော ကုလားကာ ပြင်ဘက်မှာ၊
ကုလားကာနားချင်း ဆက်မှီရာ၌လည်း ထိုအတူလုပ်ရမည်။ 5 ကုလားကာတထည်၌ ကွင်းငါးဆယ်ကိုငင်း၊ အခြားသောကုလားကာ
အနားဆက်မှီရာ၌ ကွင်းငါးဆယ် ကိုငင်း၊ ကွင်းချင်းဆိုင်မိအောင် လုပ်ရမည်။ 6 ရွှေချောင်းငါးဆယ်ကိုလည်း လုပ်၍၊ ထိုရွှေချောင်းဖြင့်
ကုလားကာများကို ပူးတွဲသဖြင့်၊ တဲတော် တဆောင်တည်း ဖြစ်ရမည်။ 7 တဲတော်ဖုံးအုပ်ဘို့ အခြားသော ကုလားကာဆယ်တထည်ကို
ဆိတ်မွေးနှင့် လုပ်ရမည်။ 8 ကုလားကာသည် အလျားအတောင်သုံးဆယ်၊ အနံလေးတောင်ရှိ၍၊ ကုလားကာ ဆယ်တထည်တို့သည်
အလျားအနံချင်းတူရမည်။ 9 ကုလားကာငါးထည် တစပ်၊ ခြောက်ထည် တစပ်တည်း ချုပ်၍၊ ဆဋ္ဌမကုလားကာကို တဲတော်ဦး၌
ခေါက်ထားရမည်။ 10 ကုလားကာများ ဆက်မှီရာ၌၊ ပြင်ဘက်ကနေသော ကုလားကာတထည်အနားမှာ၊ ကွင်းငါးဆယ်ကို ငင်း၊
ဆက်မှီသော အခြားကုလားကာအနားမှာ၊ ကွင်းငါးဆယ်ကိုငင်း လုပ်ရမည်။ 11 ကြေးဝါချောင်း ငါးဆယ်ကိုလည်း လုပ်၍၊ ကွင်းတို့၌
လျှိုပြီးလျှင်၊ အပေါ်တဲတပိုင်းနှင့် တပိုင်း ပူးတွဲသဖြင့်၊ တဲတဆောင်တည်း ဖြစ်ရမည်။ 12 ထိုအပေါ်တဲ၌ ပိုသော ကုလားကာ
တဝက်ကိုကား၊ တဲတော်နောက်ဖေးမှာ တွဲလွဲဆွဲထားရမည်။ 13 အပေါ်တဲ၌ပိုသော ကုလားကာ အလျားနှစ်တောင်တွင်၊
တဲတော်ဖုံးအုပ်ဘို့ တဘက်တချက် တတောင်စီ တွဲလွဲဆွဲထားရမည်။ 14 အပေါ်တဲဖုံးအုပ်ဘို့ အနီးဆုံးသောသိုးရေကိုငင်း၊
ထိုသိုးရေအပေါ်၌ တဟာရှသားရေကိုငင်း လုပ်ရမည်။ 15 တဲတော်ကာရန်ထောင်ထားရသော အကာရှပျဉ်ပြားတို့ကိုလည်း လုပ်ရမည်။
16 ပျဉ်ပြားသည် အလျားဆယ်တောင်၊ အနံတတောင်ထွာ ရှိရမည်။ 17 ထိုပျဉ်ပြားရှိသမျှတို့၌ ခြေထောက်နှစ်ခုစီ
တတန်းတည်းရှိစေခြင်းငှာ လုပ်ရမည်။ 18 တဲတော်တောင်ဘက်၌ ကာရန်ပျဉ်ပြား နှစ်ဆယ်ကို လုပ်ရမည်။ 19 ထိုပျဉ်ပြားနှစ်ဆယ်တွင်၊
တပြားတပြားအောက်၌ ခြေထောက်နှစ်ခုစီစွပ်စရာဘို့ ငွေခြေစွပ် လေးဆယ်ကို လုပ်ရမည်။ 20 ထိုအတူ တဲတော်မြောက်ဘက်၌
ကာရန်ပျဉ်ပြား နှစ်ဆယ်ရှိရမည်။ 21 ထိုပျဉ်ပြား၌လည်း ငွေခြေစွပ်လေးဆယ်၊ တပြားနှစ်ခုစီရှိရမည်။ 22 တဲတော်အနောက်ဘက်၌
ကာရန် ပျဉ်ပြားခြောက်ပြားကိုငင်း၊ 23 ထောင့်တဘက်တချက်၌ ကာရန် ပျဉ်ပြားနှစ်ပြားကိုငင်း လုပ်ရမည်။ 24 အထက်၌ငင်း၊
အောက်၌ငင်း၊ ကွင်းကိုတပ်၍ စေ့စပ်လျက် ထောင့်နှစ်ခုကို ပြီးစေရမည်။ 25 ပျဉ်ပြားရှစ်ပြား၊ ငွေခြေစွပ်ဆယ်ခြောက်ခု၊ တပြားနှစ်ခုစီ
ရှိရမည်။ 26 တဲတော်၌ ကာရသော ပျဉ်ပြားကို လျှိုစရာဘို့ အကာရှသား ကန့်လန့်ကျင်တို့ကို တဘက်ငါးချောင်းစီ လုပ်ရမည်။ 27
တဲတော်နောက်ဖေး၌ ကာရသော ပျဉ်ပြားကို လျှိုစရာဘို့ ကန့်လန့်ကျင်ငါးချောင်းကိုလည်း လုပ်ရမည်။ 28 အလယ်ကန့်လန့်ကျင်ကို၊
ထောင့်တဘက်တချက်၌ ဆုံးစေရမည်။ 29 ပျဉ်ပြားတို့ကို ရွှေနှင့်မွမ်းမံရမည်။ ကန့်လန့်ကျင်လျှိုဘို့ရာ ရွှေကွင်းကိုလည်း လုပ်၍၊
ကန့်လန့်ကျင်တို့ကို ရွှေနှင့်မွမ်းမံရမည်။ 30 တောင်ပေါ်မှာ သင့်အားပြသောပုံနှင့်အညီ၊ တဲတော်ကို တည်ဆောက်ရမည်။ 31
တနည်းကား၊ ပြာသောအထည်၊ မောင်းသောအထည်၊ နီသောအထည်၊ ပိတ်ချောဖြင့်ပြီး၍၊ ခေရုဗိမ်အရုပ်နှင့် ချယ်လှယ်သော
ကုလားကာတထည်ကို ချုပ်ရမည်။ 32 ရွှေချသော အကာရှသား တိုင်လေးတိုင်အပေါ်မှာ၊ ထိုကုလားကာကို ဆွဲထားရမည်။
ထိုတိုင်တို့သည် ရွှေတံစို့နှင့်ငင်း၊ ငွေခြေစွပ်လေးခုနှင့်ငင်း ပြည့်စုံရမည်။ 33 သက်သေခံချက်ထားသော သေတ္တာကို၊
ကုလားကာအတွင်းသို့ သွင်းစရာဘို့ ထိုကုလားကာကို ရွှေချောင်းဖြင့် ဆွဲကာ၍၊ ဟဂျာအရပ်၊ ဟဂျာဟဂျုံအရပ် နှစ်ပါးစပ်ကြား၌
အပိုင်းအခြား ဖြစ်ရမည်။ 34 ဟဂျာဟဂျုံ အရပ်၌ သက်သေခံချက်သေတ္တာအပေါ်မှာ၊ သေတ္တာအဖုံးကို တင်ထားရမည်။ 35
ကုလားကာပြင်မှာ စားပွဲကို ထားရမည်။ တဲတောင်တောင်ဘက်နားမှာ မီးခုံကိုငင်း၊ မြောက်ဘက်နားမှာ စားပွဲကိုငင်း၊
တဘက်နှင့်တဘက် ဆိုင်မိအောင် ထားရမည်။ 36 တဲတော်တံခါးဝ၌ ကာရန်၊ ပြာသောအထည်၊ မောင်းသောအထည်၊ နီသောအထည်၊
ပိတ်ချောဖြင့် ပြီး၍၊ ချယ်လှယ်သော ကုလားကာတထည်ကို လုပ်ရမည်။ 37 ထိုကုလားကာဘို့ ရွှေတံစို့နှင့်ပြည့်စုံသော
အကာရှတိုင်ငါးတိုင်ကို လုပ်၍ ရွှေနှင့်မွမ်းမံရမည်။ ကြေးဝါခြေစွပ်ငါးခုကိုလည်း သွန်းရမည်။


generated on Tue Jul 2 12:50:28 2024

## Chapter 27

[1] တနည်းကား၊ အလျားငါးတောင်၊ အနံငါးတောင်ရှိ၍ စတုရန်းလေးထောင့်ဖြစ်သော ယဇ်ပလ္လင်ကို၊ အကာရှသားနှင့်လုပ်ရမည်။
အမြင့်လည်း သုံးတောင်ရှိရမည်။ [2] ယဇ်ပလ္လင် လေးထောင့်အပေါ်မှာ၊ ဦးချိုလေးချောင်းကို အကာရှသားနှင့်လုပ်၍ ကြေးဝါနှင့်
မွမ်းမံရမည်။ [3] ပြာခံစရာအိုးနှင့်တကွ တူးရွင်းပြား၊ အင်တုံ၊ အမဲသားချိတ်၊ လင်ပန်း အစရှိသော ယဇ်ပလ္လင်နှင့် ဆိုင်သော
တန်ဆာရှိသမျှတို့ကို ကြေးဝါနှင့် လုပ်ရမည်။ [4] ကြေးဝါ ဆန်ခါကိုငင်း၊ ဆန်ခါလေးထောင့်အပေါ်မှာ ကြေးဝါလေးကွင်းကိုငင်း
လုပ်ပြီးလျှင်၊ [5] ယဇ်ပလ္လင်ခါးပန်းအောက်၊ အလယ်၌ ထားရမည်။ [6] ယဇ်ပလ္လင်ထမ်းစရာ အကာရှသားထမ်းဘိုးတို့ကို လုပ်၍
ကြေးဝါနှင့် မွမ်းမံပြီးမှ၊ [7] ယဇ်ပလ္လင်ကို ထမ်းစရာဘို့ တဘက်တချက် ကွင်းများ၌ လျှိုထားရမည်။ [8] တောင်ပေါ်မှာ သင့်အား
ပြသည်အတိုင်း၊ ထိုယဇ်ပလ္လင်ကို အပေါ်အောက် ဟင်းလင်းဖြစ်စေခြင်းငှာ၊ ပျဉ်ပြားနှင့် လုပ်ရမည်။ [9] တဲတော်ဝင်း ကာရန်မူကား၊
အလျားအတောင်တရာရှိသော ပိတ်ချောနှင့် တောင်ဘက်၌ ကုလားကာကို လုပ်ရမည်။ [10] ထိုကုလားကာဘို့ တိုင်နှစ်ဆယ်၊
တိုင်ခြေစွပ်နှစ်ဆယ်ကို ကြေးဝါနှင့်လုပ်၍ တိုင်တံစို့၊ တိုင်တန်းတို့ကို ငွေဖြင့် ပြီးစေရမည်။ [11] ထိုနည်းတူ၊ မြောက်ဘက်၌ ကာရန်
အလျားအတောင် တရာရှိသော ကုလားကာနှင့်တကွ ငွေတံစို့၊ ငွေတန်းပါသော ကြေးဝါထိုင်နှစ်ဆယ်၊ ကြေးဝါခြေစွပ်နှစ်ဆယ်
ရှိရမည်။ [12] ဝင်းအနောက်ဘက် အနံ၌ ကာရန်၊ အလျားအတောင်ငါးဆယ်ရှိသော ကုလားကာနှင့်တကွ တိုင်တဆယ်၊
ခြေစွပ်တဆယ်ရှိရမည်။ [13] ဝင်းအရှေ့ဘက်၌လည်း အနံအတောင်ငါးဆယ်ရှိရမည်။ [14] တံခါးဝတဘက်တချက်၌ ကာရန်၊
အလျားဆယ်ငါးတောင်ရှိသော ကုလားကာနှင့်တကွ တိုင်သုံးတိုင်၊ [15] ခြေစွပ်သုံးခုရှိရမည်။ [16] ဝင်းတံခါးဝ၌ ကာရန်၊ ပြာသောအထည်၊
မောင်းသောအထည်၊ နီသောအထည်၊ ပိတ်ချောဖြင့်ပြီး၍၊ ချယ်လှယ်သော ကုလားကာအတောင်နှစ်ဆယ်နှင့်တကွ တိုင်လေးတိုင်
ခြေစွပ်လေးခုရှိရမည်။ [17] ဝင်းပတ်လည်၌ တိုင်ရှိသမျှတို့သည် ငွေတံစို့၊ ငွေတန်း၊ ကြေးဝါခြေစွပ်နှင့် ပြည့်စုံရမည်။ [18] ဝင်းသည်
အလျားအတောင်တရာ၊ အနံငါးဆယ်၊ အမြင့်ငါးတောင်ရှိ၍၊ ပိတ်ချောနှင့်ကြေးဝါ ခြေစွပ်ဖြင့် ပြီးရမည်။ [19] အမှုတော်ထမ်းဘို့
တဲတော်အသုံးအဆောင်ရှိသမျှကိုငင်း၊ တဲတော်တံသင်၊ ဝင်းနှင့်ဆိုင်သော တံသင်ရှိသမျှကိုငင်း ကြေးဝါနှင့်လုပ်ရမည်။ [20]
ပရိသတ်စည်းဝေးရာ တဲတော်တွင်၊ သက်သေခံချက်ထားရာအရပ်ကို ကာသော ကုလားကာပြင်မှာ၊ မီးခုံ၌ အစဉ်မပြတ်
မီးထွန်းစရာဘို့၊ သံလွင်သီးကို ထောင်း၍ယူသော သံလွင်ဆီစစ်ကို၊ ဣသရေလအမျိုးသား တို့သည် ဆောင်ခဲ့ရကြမည်အကြောင်း
ဆင့်ဆိုလော့။ [21] အာရုန်နှင့် သူ၏သားတို့သည်၊ ညဦးမှသည် နံနက်တိုင်အောင်၊ ထာဝရဘုရားရှေ့တော်၌ ထိုအမှုကို စီရင်ရမည်။
ဣသရေလအမျိုးတို့သည်၊ သားအစဉ်အဆက်စောင့်ရသော ပညတ်တော် ဖြစ်သတည်း။


generated on Tue Jul 2 12:50:28 2024

## Chapter 28

1 သင်၏ အစ်ကိုအာရုန်သည်၊ ငါ့ရှေ့မှာ ယဇ်ပုရောဟိတ်အမှုကို ဆောင်ရမည်အကြောင်း၊ သူနှင့်သူ၏ သားတည်းဟူသော နာဒပ်၊
အဘိဟု၊ ဧလာဇာ၊ ဣသမာတို့ကို၊ ဣသရေလအမျိုးသားတို့အထဲက ရွေးချယ်၍ သင့်အောက်၌ခန့်ထားလော့။ 2
သင်၏အစ်ကိုအာရုန်၌ဘုန်း အသရေ ထင်ပေါ်စေခြင်းငှာ၊ သန့်ရှင်းသော အဝတ်ကို လုပ်၍ပေး ရမည်။ 3 အာရုန်သည် ငါ့ရှေ့မှာ
ယဇ်ပုရောဟိတ်အမှုကို ဆောင်ရွက်ရသော အခွင့်ရှိ၍၊ သူ့ကို သန့်ရှင်းစေခြင်းငှါ၊ ငါပေးသော ဉာဏ်ကိုရသော ပညာရှိအပေါင်းတို့သည်
ထိုအဝတ်ကို လုပ်ရမည် အကြောင်း မှာထားရမည်။ 4 လုပ်ရသောအဝတ်ဟူမူကား၊ ရင်ဖုံး၊ သင်တိုင်း၊ ဝတ်လုံ၊ ချယ်လှယ်သောအင်္ကျီ၊
ဖေါင်း၊ ခါးပန်းတည်း ဟူသော သင်၏အစ်ကိုအာရုန်နှင့် သူ၏သားတို့သည်၊ ငါ့ရှေ့မှာ ယဇ်ပုရောဟိတ်အမှုကို ဆောင်ရွက်
ရမည်အကြောင်း၊ သန့်ရှင်းသောအဝတ်ကို လုပ်ခြင်းငှါ၊ 5 ရွှေနှင့်ပြာသောအထည်၊ မောင်းသောအထည်၊ နီသောအထည်၊
ပိတ်ချောတို့ကို ယူရမည်။ 6 ထိုရွှေအစရှိသည်တို့နှင့် သင်တိုင်းကို ထူးဆန်းစွာ လုပ်ရမည်။ 7 သိုင်းကြိုးနှစ်ပင်ရှိ၍၊ သင်တိုင်းအပေါ်
နားချင်းတွဲမိစေခြင်းငှာ၊ တဘက်တချက်ကို ဆွဲချုပ်ရမည်။ 8 သင်တိုင်းအပေါ်နား၌ ထူးဆန်းသော ရင်စည်းကိုလည်း၊
သင်တိုင်းကိုယ်ကဲ့သို့ ရွှေနှင့်ငှင်း၊ ပြာ သောအထည်၊ မောင်းသောအထည်၊ နီသောအထည်၊ ပိတ်ချောတို့ကိုငှင်း လုပ်ရမည်။ 9
ရှဟံကျောက်နှစ်လုံးကိုယူ၍၊ ဣသရေလအမျိုးတဆယ်နှစ်မျိုးကို၊ 10 အသက်အကြီးအငယ် အလိုက်၊ ကျောက်နှစ်လုံးပေါ်မှာ
အမျိုးနာမည်ခြောက်ခုစီ အက္ခရာ တင်ရမည်။ 11 တံဆိပ်ပေါ်မှာ အက္ခရာတင်သကဲ့သို့၊ ကျောက်လုပ်သော အလုပ်နှင့်တကွ၊
ဣသရေလအမျိုး၏ နာမည် တို့ကို ထိုကျောက်နှစ်လုံးအပေါ်မှာ အက္ခရာတင်၍ ရွှေကျောက်အိုး၌ ထည့်ရမည်။ 12
ဣသရေလအမျိုးသားတို့ကို အောက်မေ့စေခြင်းငှါ၊ ထိုကျောက်နှစ်လုံးကို သင်တိုင်းသိုင်းကြိုးပေါ်မှာ တပ်ရမည်။ ထိုသို့
ဣသရေလအမျိုးသားတို့ကို အောက်မေ့စေခြင်းငှါ၊ သူတို့နာမည်များကို အာရုန် သည် ထာဝရဘုရားရှေ့တော်၌ မိမိပခုံးပေါ်မှာ
ဆောင်ရမည်။ 13 ကျောက်အိုးတို့ကို ရွှေနှင့်လုပ်ရမည်။ 14 အဆုံးနှင့်တပ်ရသော ကြိုးနှစ်ပင်တို့ကို ရွှေစင်နှင့်ကျစ်၍ လုပ်ပြီးမှ
ကျောက်အိုး၌ တွဲရမည်။ 15 ရွှေနှင့်ငှင်း၊ ပြာသောအထည်၊ မောင်းသောအထည်၊ နီသောအထည်၊ ပိတ်ချောနှင့်ငှင်း၊ သင်တိုင်းကို
လုပ်သည်နည်းတူ၊ ဗျာဒိတ် ရင်ဖုံးကို ထူးဆန်းစွာ လုပ်ရမည်။ 16 နှစ်ထပ်ခေါက်လျက်၊ အလျားတထွာ၊ အနံတထွာ၊ စတုရန်း
လေးထောင့် ဖြစ်ရမည်။ 17 ထိုရင်ဖုံး၌ ကျောက်မြတ်ကို လေးတန်းစီရမည်။ ပဌမအတန်းကား၊ ကျောက်နီ၊ ဥဿဖရား၊ ပတ္တမြား၊ 18
ဒုတိယအတန်းကား၊ မြ၊ နီလာ၊ စိန်၊ 19 တတိယအတန်းကား၊ ဝှါကိန္တမှတ်ဟူရာ၊ ဂေါမိတ်။ 20 စတုတ္ထအတန်းကား၊ မျက်ရွဲ၊ ကြောင်၊
နဂါးသွဲ့ဖြစ်၍၊ အသီးအသီးတို့ကို ရွှေအိုး၌ စီရမည်။ 21 ဣသရေလအမျိုး တဆယ်နှစ်မျိုး ရှိသည်အတိုင်း၊ တံဆိပ်ပေါ်မှာ
အက္ခရာတင်သကဲ့သို့ ထိုကျောက် တို့၌၊ ထိုတဆယ့်နှစ်ပါးသော နာမည်အသီးသီးတို့ကို တင်လျက်၊ 22 ကျောက်တလုံးလျှင်
နာမည်တပါးစီပါရမည်။ 23 ရင်ဖုံးအပေါ် ထောင့်နှစ်ခု၌ ရွှေနှစ်ကွင်းကိုငှင်း၊ 24 ကျစ်သော ရွှေကြိုးနှစ်ပင်ကိုငှင်း လုပ်ပြီးမှ၊
ထိုရွှေနှစ်ကွင်း၌ တပ်၍၊ 25 သင်တိုင်း သိုင်းကြိုးပေါ်မှာရှိသော ကျောက်အိုးတို့၌ တွဲရမည်။ 26 တဖန် ရွှေနှစ်ကွင်းကိုလုပ်၍
သင်တိုင်းအောက်နားမှာရှိသော ရင်ဖုံးအောက် ထောင့်နှစ်ခု၌ တပ်ရမည်။ 27 အခြားသော ရွှေနှစ်ကွင်းကိုလည်း လုပ်၍၊
သင်တိုင်းရှေ့ဘက်အောက်နား၌ ထူးဆန်းသော ရင်စည်း အပေါ်နားဆက်မှီရာတွင်၊ သင်တိုင်းကိုယ် တဘက်တချက်၌ တပ်ရမည်။ 28
ရင်ဖုံးရွှေနှစ်ကွင်းကို သင်တိုင်း ရွှေနှစ်ကွင်းနှင့်တွဲ၍၊ ပြာသောကြိုးဖြင့် ပြီးစေရမည်။ ထိုသို့ ရင်ဖုံးကို ထူးဆန်းသော
ရင်စည်းအပေါ်နားမှာ ဆွဲ၍၊ သင်တိုင်းနှင့်မကွာ အမြဲရှိစေရမည်။ 29 အာရုန်သည်လည်း၊ သန့်ရှင်းရာအရပ်ဌာနတော်ထဲသို့
ဝင်သောအခါ၊ ဣသရေလအမျိုးသားတို့ကို ထာဝရဘုရား အစဉ်အောက်မေ့တော်မူစေခြင်းငှါ၊ ဗျာဒိတ်ရင်ဖုံး၌ပါသော
သူတို့နာမည်များကို မိမိနှလုံးပေါ်မှာ ဆောင်ရမည်။ 30 ဗျာဒိတ်ရင်ဖုံးအထဲ၌ ဥရိမ်နှင့် သုမိမ်ကို သွင်းထားရမည်။ အာရုန်သည်
ထာဝရဘုရား ရှေ့တော်သို့ ဝင်သောအခါ မိမိနှလုံးအပေါ်မှာ ဥရိမ်နှင့် သုမိမ်ပါသည်ဖြစ်၍၊ ဣသရေလအမျိုးသားတို့အမှု၌
စီရင်တော်မူချက်ကို ထာဝရဘုရားရှေ့၊ မိမိနှလုံးပေါ်မှာ ဆောင်ရမည်။ 31 သင်တိုင်းနှင့်ဆိုင်သော ဝတ်လုံကို၊ ပြာသောအထည်နှင့်သာ
လုပ်ရမည်။ 32 ဝတ်လုံ၌ လည်စွပ်ပါ၍ လည်စါပ်ကို မစုပ်စေခြင်းငှါ၊ သံချပ်လည်စွပ်ကွပ်သကဲ့သို့၊ ရက်သောအထည် နှင့် ကွပ်ရမည်။
33 ပြာသောအထည်၊ မောင်းသောအထည်၊ နီသောအထည်နှင့် လုပ်သော သလဲသီးများကိုငှင်း၊ ရွှေ ဆည်းလည်းများကိုငှင်း၊
ဝတ်လုံအောက်စွန်းနားပတ်လည်၌၊ 34 သလဲသီးတလုံး၊ ရွှေဆည်းလည်းတလုံးစီခြားလျက်၊ 35 အစဉ်အတိုင်း ဆွဲထားရမည်။
အာရုန်သည် အမှုတော်ကို ဆောင်၍၊ သန့်ရှင်းရာအရပ် ဌာနတော်ထဲ မှာ၊ ထာဝရဘုရားရှေ့တော်၌ ထွက်ဝင်သောအခါ၊ သေဘေးနှင့်
ကင်းလွတ်မည်အကြောင်း၊ ထိုဝတ်လုံကို ဝတ်၍ သူ၏ အသံကို ကြားရမည်။ 36 ရွှေစင်သင်းကျစ်ကိုလည်း လုပ်၍၊ တံဆိပ်ပေါ်မှာ
အက္ခရာတင်သကဲ့သို့၊ ထာဝရဘုရားအား သန့်ရှင်း ခြင်းဟု အက္ခရာတင်၍၊ 37 ပြာသောကြိုးနှင့်ဖေါင်းရှေ့၌ ချည်ထားရမည်။ 38
အာရုန်သည် ထိုသင်းကျစ်ကို နဖူး၌ ဆင်သဖြင့်၊ ဣသရေလအမျိုးသားတို့၏ သန့်ရှင်းသော အလှူ ဒါနနှင့်ဆိုင်၍၊
သန့်ရှင်းစေသမျှသောအရာတို့၌ ပါသောအပြစ်ကို ဆောင်ရမည်။ သူတို့သည် ထာဝရဘုရား၏ စိတ်တော်နှင့် တွေ့ခြင်းငှါ၊ အာရုန်၏
နဖူး၌ အစဉ်ဆင်ရမည်။ 39 ပိတ်ချောအင်္ကျီကိုလည်း လုပ်၍ ချယ်လှယ်ရမည်။ ဖေါင်းကိုလည်း ပိတ်ချောနှင့်လုပ်ရမည်။ ခါးပန်းကို
လည်း ချယ်လှယ်သော အလုပ်နှင့် ပြီးစေရမည်။ 40 အာရုန်၏သားတို့ ဘုန်းအသရေကို ထင်ပေါ်စေခြင်းငှါ၊ အင်္ကျီ၊ ခါးပန်း၊
ဦးထုပ်များကို လုပ်ပေးရမည်။ 41 ထိုသို့ သင်၏ အစ်ကိုအာရုန်နှင့် သူ၏သားတို့ကို ဝတ်ဆင်စေပြီးမှ၊ သူတို့သည် ငါ့ရှေ့မှာ ယဇ်ပုရော


generated on Tue Jul 2 12:50:28 2024

ဟိတ်အမှုကို ဆောင်ရွက်မည်အကြောင်း၊ သူတို့ကို ဆီနှင့်လိမ်းသဖြင့် အရာ၌ ခန့်ထား၍ သန့်ရှင်း စေရမည်။ 42
သူတို့၌ရှက်စရာအကြောင်း၊ မထင်မပေါ်စေခြင်းငှါ၊ ခါးမှပေါင်သို့အထိ ပိတ်ပေါင်းဘီကို ချုပ်၍ ပေးရမည်။ 43
အာရုန်နှင့်သူ၏သားတို့သည်၊ ပရိတ်သတ်စည်းဝေးရာ တဲတော်ထဲသို့ ဝင်သော်၎င်း၊ သန့်ရှင်းရာ အရပ်၌အမှု၌ ယဇ်ပလ္လင်အနားသို့ ချည်းကပ်သော်၎င်း၊ အပြစ်ရောက်၍ မသေစေခြင်းငှါ ထိုသို့ ဝတ်ရမည်။ အာရုန်မှစ၍ သူ၏အမျိုး အစဉ်အဆက်တို့သည် စောင့်ရသော ပညတ်တော် ဖြစ်သတည်း။

 generated on Tue Jul 2 12:50:28 2024

## Chapter 29

1 သူတို့သည် ငါ့ရှေ့၌ ယဇ်ပုရောဟိတ်အမှုကို ဆောင်ရွက်မည်အကြောင်း၊ အဘယ်သို့ သန့်ရှင်းစေရမည် နည်းဟူမူကား၊
အပြစ်မပါသော နွားသငယ်အထီးနှင့် သိုးနှစ်ကောင်တို့ကိုငင်း၊ 2 တဆေးမပါသော ဂျုံမုန့်၊ တဆေးမပါဘဲ ဆီနှင့်လုပ်သော ဂျုံမုန့်ပြား၊
တဆေးမပါဘဲ ဆီနှင့်လုပ်သော ဂျုံမုန့်ကြွပ်တို့ကိုငင်း ယူရမည်။ 3 ထိုမုန့်များကို တောင်းတလုံးထဲ၌ ထည့်ပြီးမှ၊ နွားတကောင်၊
သိုးနှစ်ကောင်နှင့်တကွ ဆောင်ခဲ့ရမည်။ 4 အာရုန်နှင့်သူ၏သားတို့ကို၊ ပရိသတ် စည်းဝေးရာ တံခါးနားသို့ ခေါ်ခဲ့၍ ရေချိုးရမည်။ 5
အဝတ်တန်ဆာများကိုယူ၍၊ အင်္ကျီ၊ ဝတ်လုံ၊ သင်တိုင်း၊ ရင်ဖုံးနှင့် အာရုန်ကို ဝတ်စေ၍၊ ထူးဆန်းသော သင်တိုင်းရင်စည်းနှင့်
စည်းရမည်။ 6 သူ၏ ခေါင်းပေါ်မှာ ဖေါင်းကိုတင်၍၊ ဖေါင်း၌သန့်ရှင်းသော သင်းကျစ်ကို တပ်ရမည်။ 7 ထိုအခါ လိမ်းစရာ ဆီကိုယူ၍
သူ၏ ခေါင်းပေါ်၌ လောင်းသဖြင့် သူ့ကိုလိမ်းရမည်။ 8 သူ၏သားတို့ကိုလည်း ခေါ်ခဲ့၍ အင်္ကျီဝတ်စေရမည်။ 9 ခါးပန်းကိုလည်း
စည်း၍၊ ဦးထုပ်ကိုလည်း ဆောင်းစေပြီးလျှင်။ သူတို့သည် ထာဝရပညတ်တော် အတိုင်း ယဇ်ပုရောဟိတ်အရာကို ဆိုင်ရမည်။ ထိုသို့
အာရုန်နှင့် သူ၏သားတို့ကို၊ ယဇ်ပုရောဟိတ် အရာ၌ ခန့်ထားရမည်။ 10 ထိုနောက်၊ နွားထီးတကောင်ကို ပရိသတ်စည်းဝေးရာ
တဲတော်ရှေ့သို့ ဆောင်ခဲ့၍၊ အာရုန်နှင့် သူ၏ သားတို့သည်၊ မိမိတို့ လက်ကို နွားခေါင်းပေါ်မှာ တင်ရကြမည်။ 11 ပရိသတ်စည်းဝေးရာ
တဲတော်တံခါးနားမှာ ထာဝရဘုရားရှေ့တော်၌ ထိုနွားကို သတ်ရမည်။ 12 အသွေးကို ယူ၍ ယဇ်ပလ္လင်ဦးချိုတို့၌
လက်ညှိုးနှင့်ထည့်ပြီးမှ၊ ကြွင်းသောအသွေးကို ယဇ်ပလ္လင် ခြေရင်းနား၌ သွန်ရမည်။ 13 အအူကို ဖုံးသောဆီဥရှိသမျှ၊ အသည်းပေါ်၌
ရှိသောအမြှေး၊ ကျောက်ကပ်နှစ်ခုနှင့် ကျောက်ကပ် ဆီဥကိုယူ၍ ယဇ်ပလ္လင်ပေါ်မှာ မီးရှို့ရမည်။ 14 နွား၏အသား၊ အရေး၊
ချေးနုကိုကား၊ တပ်ပြင်မှာ မီးရှို့ရမည်။ အပြစ်ဖြေရာယဇ် ဖြစ်၏ 15 သိုးထီးတကောင်ကိုလည်း ယူ၍၊ အာရုန်နှင့် သူ၏သားတို့သည်၊
မိမိတို့လက်ကို သိုးခေါင်းပေါ်မှာ တင်ရမည်။ 16 ထိုသိုးကို သတ်ပြီးလျှင် အသွေးကိုယူ၍ ယဇ်ပလ္လင်အပေါ်နား ပတ်လည်၌ ဖြန်းရမည်။
17 သိုးကိုလည်း အပိုင်းပိုင်းဖြတ်၍ ဝမ်းထဲ၌ရှိသောအရာနှင့်ခြေတို့ကို ဆေးကြောပြီးလျှင်၊ ခေါင်းနှင့် သားတစ်များကို စုထား၍၊ 18
သိုးတကောင်လုံးကို ယဇ်ပလ္လင်ပေါ်မှာ မီးရှို့ရမည်။ ထာဝရဘုရားအား မီးရှို့သောယဇ်ဖြစ်၏။ ထာဝရဘုရားအား မီးဖြင့် ဆက်ကပ်၍၊
မွှေးကြိုင်သော ပူဇော်သက္ကာဖြစ်၏။ 19 အခြားသော သိုးကိုလည်းယူ၍၊ အာရုန်နှင့် သူ၏သားတို့သည် မိမိတို့လက်ကို သိုးခေါင်းပေါ်မှာ
တင်ရမည်။ 20 ထိုသိုးကို သတ်ပြီးလျင် အသွေးကိုယူ၍ အာရုန်၏ လက်ျာနားပျဉ်း၌ငင်း၊ သူ၏သားတို့၏ လက်ျာနားပျဉ်း၌ငင်း။
သူတို့၏ လက်ျာလက်မ၌ငင်း၊ လက်ျာခြေမ၌ငင်း ထည့်၍၊ ယဇ်ပလ္လင်အပေါ်ပတ်လည်၌ ဖြန်းရမည်။ 21 ယဇ်ပလ္လင်ပေါ်မှာရှိသော
အသွေးနှင့် လိမ်းစရာဆီကိုယူ၍ အာရုန်နှင့် သူ၏ အဝတ်၌ငင်း၊ သူ၏ သားတို့နှင့်သူတို့ အဝတ်၌ငင်း၊ ဖြန်းသဖြင့်၊ အာရုန်မှစ၍
သားများ၊ အဝတ်များတို့သည် သန့်ရှင်း ကြလိမ့်မည်။ 22 ထိုသိုးသည် အရာ၌ ခန့်ထားရာသိုး ဖြစ်သောကြောင့်၊ ဆီဥ၊ အမြီး၊ အအူကို
ဖုံးသောဆီဥ၊ အသည်း ပေါ်၌ ရှိသောအမြှေး ကျောက်ကပ်နှစ်ခုနှင့် ကျောက်ကပ်ကိုဖုံးသော ဆီဥ၊ လက်ျာပခုံး၊ 23 ထာဝရဘုရား
ရှေ့တော၌ထားသော တဆေးမဲ့ မုန့်တောင်းထဲက မုန့်တလုံး၊ ဆီနှင့် လုပ်သော မုန့်ပြားတပြား၊ မုန့်ကြွပ်တချပ်ကို ယူ၍၊ 24 အာရုန်လက်၊
သူ၏ သားတို့လက်၌ ထိုအရာတို့ကို ထားပြီးလျှင်၊ ထာဝရ ဘုရားရှေ့တော်၌ ချီလွှဲ၍၊ ချီလွှဲသော ပူဇော်သက္ကာ ပြုရမည်။ 25
ထိုအရာတို့ကို သူတို့လက်မှ ခံယူ၍၊ ထာဝရဘုရား ရှေ့တော်တွင် မွှေးကြိုင်သောအနံ့ ဖြစ်စေခြင်းငှါ၊ ယဇ်ပလ္လင်၌ မီးရှို့ရာ
ယဇ်အပေါ်မှာ ရှို့ရမည်။ ထာဝရဘုရားအား မီးဖြင့် ပြုသော ပူဇော်သက္ကာ ဖြစ်၏။ 26 အာရုန်၏အရာ၌ ခန့်ထားရာ သိုး၏ရင်ပတ်ကို
ယူ၍၊ ထာဝရဘုရား ရှေ့တော်၌ ချီလွှဲသဖြင့်၊ ချီလွှဲသော ပူဇော်သက္ကာပြုပြီးမှ၊ သိုး၏ ရင်ပတ်သည် သင်၏အဘို့ ဖြစ်ရမည်။ 27 ထိုသို့
အာရုန်နှင့်သားတို့၏ အရာ၌ ခန့်ထားသော သိုးထဲက၊ ချီလွှဲသော ပူဇော်သက္ကာပြု၍၊ ချီလွှဲ သော ရင်ပတ်ကိုငင်း၊ ချီမြှောက်သော
ပူဇော်သက္ကာပြု၍၊ ချီမြှောက်သော ပခုံးကိုငင်း သန့်ရှင်းစေ ပြီးမှ၊ 28 ထိုရင်ပတ်၊ ပခုံးတို့သည် ထာဝရပညတ်တော်အတိုင်း၊
ဣသရေလအမျိုးသားလှူသော အာရုန်၏ အဘို့၊ သူ့သားတို့၏အဘို့ ဖြစ်ရမည်။ ဣသရေလအမျိုးသားပြုသော
မိဿဟာယယဇ်ထဲက၊ ထာဝရ ဘုရား ရှေ့တော်၌ ချီးမြှောက်၍၊ ချီးမြှောက်ရာ ပူဇော်သက္ကာ ဖြစ်၏။ 29 အာရုန်၏ သန့်ရှင်းသော
အဝတ်တန်ဆာကို၊ သူ၏သားတို့သည် အမွေခံသဖြင့်၊ ဆီလိမ်းခြင်း မင်္ဂလာနှင့် ယဇ်ပုရောဟိတ်အရာ၌ ခန့်ထားသောအခါ၊ 30
အာရုန်ကိုယ်စား ယဇ်ပုရောဟိတ်လုပ်သော သားသည်၊ သန့်ရှင်းရာဌာန၌ အမှုတော်ကို ဆောင်ခြင်းငှါ၊ ပရိသတ်စည်းဝေးရာ တဲတော်သို့
ဝင်သောအခါ ခုနစ်ရက်ပတ်လုံး ဝတ်ဆင်ရမည်။ 31 အရာ၌ခန့်ထားရာ သိုး၏အသားကို ယူ၍၊ သန့်ရှင်းရာဌာန၌ ပြုတ်ပြီးမှ၊ 32
အာရုန်နှင့် သူ၏သားတို့သည် ထိုအသားကိုငင်း၊ တောင်းထဲ၌ ရှိသောမုန့်ကိုငင်း၊ ပရိသတ်စည်းဝေးရာ တဲတော်တံခါးနားမှာ
စားရကြမည်။ 33 သူတို့ကို သန့်ရှင်းစေ၍၊ အရာ၌ ခန့်ထားစေခြင်းငှါ၊ အပြစ်ဖြေရာ မင်္ဂလာပြုခြင်းနှင့် ဆိုင်သော အရာတို့ကို၊
သူတို့သည် စားရကြမည်။ ထိုအရာတို့သည် သန့်ရှင်းသောကြောင့်၊ မဆိုင်သောသူ မစားရ။ 34 အရာ၌ ခန့်ထားရာနှင့် ဆိုင်သော
အမဲသားဖြစ်စေ၊ မုန့်ဖြစ်စေ၊ နံနက်တိုင်အောင် ကျန်ကြွင်းလျှင်၊ ထိုအကြွင်းကို မီးရှို့ရမည်။ သန့်ရှင်းသောကြောင့်၊ အဘယ်သူမျှ
မစားရ။ 35 ထိုသို့ ငါပညတ်သမျှအတိုင်း အာရုန်နှင့် သူ၏ သားတို့ အားပြု၍၊ ယဇ်ပုရောဟိတ်အရာ၌ ခန့် ထားခြင်း မင်္ဂလာကို၊
ခုနစ်ရက်ပတ်လုံးဆောင်ရမည်။ 36 ထိုမှတပါး၊ အပြစ်ဖြေခြင်းအလိုငှါ၊ နေ့တိုင်း နွားထီးတကောင်ကို ပူဇော်၍၊ အပြစ်ဖြေရာယဇ်
ပြုရမည်။ ထိုသို့ ယဇ်ပလ္လင်ဘို့ အပြစ်ဖြေခြင်းကို ပြုပြီးမှ၊ ပလ္လင်ကို စင်ကြယ်စေရမည်။ ထို့နောက် သန့်ရှင်း စေခြင်းငှါ ဆီနှင့်
လိမ်းရမည်။ 37 ခုနစ်ရက်ပတ်လုံး ယဇ်ပလ္လင်ဘို့ အပြစ်ဖြေခြင်းကို ပြု၍ သန့်ရှင်းစေပြီးမှ၊ အလွန်သန့်ရှင်းသော ယဇ်ပလ္လင်ဖြစ်၍၊

 generated on Tue Jul 2 12:50:28 2024

ထိုပလ္လင်နှင့် တွေ့သမျှသောအရာတို့သည် သန့်ရှင်းသောအရာ ဖြစ်ရမည်။ [38] ယဇ်ပလ္လင်ပေါ်မှာ ပူဇော်ရသောအရာ ဟူမူကား၊
အခါမလည်သော သိုးသငယ် နှစ်ကောင်ကို ယူ၍၊ [39] နေ့တိုင်းအစဉ်မပြတ် နံနက်ယံ၌ တကောင်၊ ညဦးယံ၌ တကောင်ကို ပူဇော်ရမည်။
[40] သိုးသငယ်တကောင်ကို ပူဇော်သောအခါ၊ သံလွင်သီးကိုထောင်း၍၊ ရသော သံလွင်ဆီသုံးလောယ နှင့် ရောသော
မုန့်ညက်တဩမဲကိုင်၊ သွန်းလောင်းရာ ပူဇော်သက္ကာဘို့ စပျစ်ရည် သုံးလောယကို ၎င်း၊ သိုးသငယ်နှင့် အတူ ပူဇော်ရမည်။ [41]
အခြားသော သိုးသငယ်ကို ညဦးယံ၌ ပူဇော်သောအခါ၊ နံနက်ယံ၌ ဘောဇဉ် ပူဇော်သက္ကာ၊ သွန်းလောင်းရာ
ပူဇော်သက္ကာပါသည်နည်းတူပါလျက်၊ ထာဝရဘုရားအား မီးဖြင့် ဆက်ကပ်၍၊ မွှေးကြိုင်သော ပူဇော်သက္ကာပြုရမည်။ [42] ထိုသို့
သင်တို့သားစဉ်မြေးဆက်တို့သည် သင်နှင့်ငါတွေ့၍ နှုတ်ဆက်ရာအရပ်၊ ထာဝရဘုရား ရှေ့တော် ၌၊ ပရိသတ်စည်းဝေးရာ
တဲတော်တံခါးနားမှာ အစဉ်မပြတ် မီးရှို့သောယဇ်ကို ပူဇော်ရကြမည်။ [43] ထိုအရပ်၌ ဣသရေလအမျိုးသားတို့နှင့် ငါတွေ့၍၊
တဲတော်နှင့် တဲတော်တန်ဆာရှိသမျှတို့ကို သန့်ရှင်းစေရမည်။ ထိုသို့ တဲတော်သည် သန့်ရှင်းရလိမ့်မည်။ 10 ယဇ်ကောင်ရှို့ရာပလ္လင်နှင့်
တန်ဆာရှိသမျှတို့ကို လိမ်း၍ သန့်ရှင်းစေသဖြင့်၊ ထိုပလ္လင်သည် အလွန် သန့်ရှင်းသော ပလ္လင်ဖြစ်ရမည်။ 11 အင်တုံနှင့်
ခြေထောက်ကိုလည်း လိမ်း၍ သန့်ရှင်းစေရမည်။ 12 အာရုန်နှင့် သူ၏သားတို့ကို၊ ပရိသတ်စည်းဝေးရာ တံခါးနားသို့ ခေါ်ခဲ့၍
ရေချိုးရမည်။ 13 အာရုန်သည် ငါ့ရှေ့၌၊ ယဇ်ပုရောဟိတ်အမှုကို ဆောင်ရွက်မည်အကြောင်း၊ သန့်ရှင်းသောအဝတ်နှင့် ဝတ်စေ၍
ဆီလိမ်းသဖြင့် သန့်ရှင်းစေရမည်။ 14 သူ၏သားတို့သည်လည်း ငါ့ရှေ့၌ ယဇ်ပုရောဟိတ်အမှုကို ဆောင်ရွက်မည်အကြောင်း၊ သူတို့ကို
ခေါ်ခဲ့၍ အင်္ကျီဝတ်စေလျက်၊ သူတို့အဘကို ဆီလိမ်းသကဲ့သို့၊ သူတို့ကို ဆီလိမ်းရမည်။ 15 အကယ်စင်စစ် သူတို့ ဆီလိမ်းခြင်း
ဘိသိက်သည် သားစဉ်မြေးဆက်ပတ်လုံး၊ ထာဝရယဇ်ပုရောဟိတ် အရာဖြစ်သတည်းဟု၊ 16 ထာဝရဘုရား မိန့်တော်မူသမျှအတိုင်း
မောရှေပြုလေ၏။ 17 သက္ကရာဇ်နှစ်ခု၊ ပဌမလ၊ ပဌမနေ့၌ မောရှေသည် တဲတော်ကို ဆောက်လေ၏။ 18 ထာဝရဘုရား
မှာထားတော်မူသည်အတိုင်း၊ ခြေစွပ်များကို နေရာချ၍၊ ပျဉ်ပြားများကို ထောင်ပြီးလျှင်၊ ကန့်လန့်ကျင်များကို လျှို၍၊ တိုင်တို့ကို
ထူလေ၏။ 19 တဲတော်အပေါ်မှာ တဲကို ဖြန့်မိုး၍ ထိုတဲအပေါ်မှာလည်း အထပ်ထပ် မိုးပြန်လေ၏။ 20 ထာဝရဘုရား
မှာထားတော်မူသည်အတိုင်း၊ သက်သေခံချက်ကို သေတ္တာထဲမှာ သွင်းထား၍၊ သေတ္တာ ကွင်းတို့၌ ထမ်းဘိုးကို လျှို၍၊
သေတ္တာပေါ်မဖုံးကိုတင်ပြီးမှ၊ 21 သေတ္တာကို တဲတော်၌ သွင်း၍ ကွယ်ကာရာ အတွင်းကုလားကာကို ကာထားသဖြင့်၊ သက်သေခံချက်
သေတ္တာကို ကွယ်ကာလေ၏။ 22 ထာဝရဘုရားမှာထားတော်မူသည်အတိုင်း၊ စားပွဲကိုလည်း ပရိသတ်စည်းဝေးရာ တဲတော်အတွင်း
မြောက်ဘက်နား ကုလားကာပြင်မှာ ထား၍၊ 23 စားပွဲပေါ်မှာ ထာဝရဘုရားရှေ့တော်၌ မုန့်ကို ပြင်ဆင်လေ၏။ 24 ထာဝရဘုရား
မှာထားတော်မူသည်အတိုင်း၊ မီးခုံကိုလည်း ပရိသတ် စည်းဝေးရာ တဲတော်အတွင်း၊ တောင်ဘက်နား စားပွဲဆိုင်ရာတွင် ထား၍၊ 25
ထာဝရဘုရားရှေ့တော်၌ မီးခွက်များကို ထွန်းလေ၏။ 26 ထာဝရဘုရား မှာထားတော်မူသည်အတိုင်း၊ ရွှေပလ္လင်ကိုလည်း
ပရိသတ်စည်းဝေးရာ တဲတော်အတွင်း ကုလားကာပြင်မှာ ထား၍၊ 27 ထိုပလ္လင်ပေါ်၌ မွှေးသော နံ့သာပေါင်းကို မီးရှို့လေ၏။ 28
တဲတော်တံခါးဝ၌လည်း၊ ကုလားကာကို ဆွဲကာလေ၏။ 29 ထာဝရဘုရား မှာထားတော်မူသည်အတိုင်း၊ မီးရှို့ရာ ယဇ်ပလ္လင်ကိုလည်း၊
ပရိသတ်စည်းဝေးရာ တဲတော်တံခါးရှေ့မှာ ထား၍၊ ထိုပလ္လင်ပေါ်၌ မီးရှို့ရာ ယဇ်ကိုင်း၊ ဘောဇဉ်ပူဇော်သက္ကာကိုင်း ပူဇော်လေ၏။ 30
အင်တုံကိုလည်း ပရိသတ်စည်းဝေးရာတဲနှင့် ယဇ်ပလ္လင်စပ်ကြား မှာထား၍၊ ဆေးစရာရေကို အင်တုံ၌ ထည့်လေ၏။ 31 ထာဝရဘုရား
မှာထားတော်မူသည်အတိုင်း၊ မောရှေနှင့် အာရုန်မှစ၍ သူ၏သားတို့သည် ပရိသတ် စည်းဝေးရာ တဲတော်အထဲသို့ ဝင်သော်၎င်း၊ 32
ယဇ်ပလ္လင်အနီးသို့ ချဉ်းကပ်သော်၎င်း၊ လက်ခြေတို့ကို ဆေးရကြ၏။ 33 တဲတော်နှင့် ယဇ်ပလ္လင်ပတ်လည်ဝင်းကိုထူ၍၊ ဝင်းတံခါးဝ၌
ကာသော ကုလားကာကို ဆွဲလေ၏။ ထိုသို့ မောရှေသည် အလုပ်ကို ပြီးစီးစေသတည်း။ 34 ထိုအခါ မိုဃ်းတိမ်သည်
ပရိသတ်စည်းဝေးရာ တဲတော်ကို လွှမ်းမိုး၍၊ ထာဝရဘုရား၏ ဘုန်းတော်သည် တဲတော်ကို ဖြည့်လေ၏။ 35 ထိုသို့ မိုဃ်းတိမ်သည်
ပရိသတ်စည်းဝေးရာ တဲတော်အပေါ်၌ နေသောကြောင့်၊ မောရှေသည် အထဲသို့မဝင်ရ။ ထာဝရဘုရား၏ ဘုန်းတော်သည် တဲတော်ကို
ဖြည့်လျက်နေ၏။ 36 ဣသရေလအမျိုးသားတို့သည် ခရီးသွားလေရာရာတွင်၊ မိုဃ်းတိမ်သည် တဲတော်အပေါ်မှ ကွာမြောက်သောအခါ
ခရီးသွားကြ၏။ 37 မိုဃ်းတိမ်မကွာ မမြောက်လျှင်၊ မကွာမမြောက်မှီနေ့တိုင်အောင်၊ ခရီးမသွားဘဲ နေကြ၏။ 38
ခရီးသွားလေရာရာတွင် ဣသရေလအမျိုးသားအပေါင်းတို့ရှေ့မှောက်၌ ထာဝရဘုရား၏ မိုဃ်းတိမ်သည် နေ့အခါ တဲတော်အပေါ်မှာ
တည်နေ၏။ ညဉ့်အခါ မီးလျှံဖြစ်လျက် တည်နေလေသတည်း။



generated on Tue Jul 2 12:50:28 2024

Exodus 01

ပဌမလ၊ ပဌမနေ့
အဲဂုတ္တုပြည်မှဘုရားသခင်ကယ်နှုတ်ခဲ့သောအချိန်ကို ပထမနှစ်၊ ပထမလ၊ ပထမနေ့ အဖြစ်သတ်မှတ်ကြသည်။ ဤပထမလသည် အနောက်တိုင်းပြက္ခဒိန်အရ မတ်လလယ်လောက်တွင်ကျရောက်သည်။

Exodus 03

ယေဘုယျအချက်အလက်
ထာဝရဘုရားသည် ဣသရေလလူတို့ပြုရမည့်အရာများကို မောရှေအား ဆက်ပြောပြနေသည်။

သက်သေခံချက် သေတ္တာကို သွင်းထား၍
"သန့်ရှင်းသော သေတ္တာတော်ထဲတွင် ပညတ်တော်ကို ထားသည်"။

အတွင်းကုလားကာဖြင့် ကွယ်ကာရမည်
"သေတ္တာတော်ကို ကုလားကာနောက်တွင် ထားသည်"။

Exodus 05

ယေဘုယျအချက်အလက်
ထာဝရဘုရားသည် ဣသရေလလူတို့ ပြုရမည့်အရာများကို မောရှေအား ဆက်လက်ပြောပြနေသည်။

သက်သေခံချက် သေတ္တာရှေ့၌
"သန့်ရှင်းရာဌာန၌"

Exodus 08

ယေဘုယျအချက်အလက်
ထာဝရဘုရားသည် ဣသရေလလူတို့ပြုရမည့်အရာများကို မောရှေအားဆက်လက်ပြောပြနေသည်။

တဲတော်တန်ဆာရှိသမျှတို့ကို
"တဲတော်တွင် အသုံးပြုသည် တန်ဆာဟူသမျှတို့ကို"

Exodus 12

ယေဘုယျအချက်အလက်
ထာဝရဘုရားသည် မောရှေနှင့် စကားဆက်ပြောနေသည်။

ခေါ်ခဲ့၍
မောရှေအား စေခိုင်းခြင်း ဖြစ်သည်။

သန့်ရှင်းစေရမည်
ဤဟာကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် ငါ့အတွက် သီးသန့်ထားရမည်"။

Exodus 14

ယေဘုယျအချက်အလက်
ထာဝရဘုရားသည် မောရှေနှင့်စကားဆက်ပြောနေသည်။

သားစဉ်မြေးဆက်ပတ်လုံး
"သူတို့နှင့် သူတို့၏ သားစဉ်မြေးဆက် ကာလအစဉ်အဆက်"

Exodus 17

ပဌမလ၊ ပဌမနေ့
အဲဂုတ္တုပြည်မှ ဘုရားသခင်ရွေးနှုတ်ခဲ့သည့်အချိန်ကို ပထမနှစ်၊ ပထမလ၊ ပထမနေ့ ဟုသတ်မှတ်ခဲ့သည်။ ထိုပထမလသည် အနောက်တိုင်းပြက္ခဒိန် မတ်လလယ်တွင် ကျရောက်သည်။

သက္ကရာဇ်နှစ်ခု
လူမျိုးတော်ကို အဲဂုတ္တုပြည်မှ ထာဝရဘုရား ရွေးနှုတ်ပြီးနောက် ဒုတိယမြောက်နှစ်။

မောရှေသည် တဲတော်ကို ဆောက်လေ၏
တဲတော်ဆောက်ရာ၌ မောရှေသည် အမှူးဖြစ်၍ လူတို့သည် သူ့အား ကူညီရိုင်းပင်းရသည်။

တိုင်
မတ်မတ်ထောင်၍ အဆောက်အဦးအတွက် အထောက်အကန်အဖြစ်အသုံးပြုရသော သစ်သား

Exodus 21

ကာထားသဖြင့်
"အရှေ့တွင်"

Exodus 24

မီးခုံကိုလည်း ပရိသတ် စည်းဝေးရာ တဲတော်အတွင်း
မောရှေသည် လုပ်သားများအား မီးခုံကို ရွှေ့ရန် ခိုင်းစေသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မောရှေ၏ လုပ်သားတို့သည် သန့်ရှင်းသော တဲတော်အတွင်း မီးခုံကို ထားကြသည်"။

Exodus 26

ကုလားကာပြင်မှာ
အသန့်ရှင်းဆုံးဌာနနှင့် သန့်ရှင်းရာဌာနကို ကုလာဖြင့် ခြားထားသည်။ အခြားသောဘာသာပြန်ဆိုချက် "အသန့်ရှင်းဆုံးဌာနတော်ကိုခြားသောကုလားကာအပြင်ဘက်တွင်"

Exodus 31

လက်ခြေတို့ကို ဆေးရကြ၏
အခြားသောဘာသာပြန်ဆိုချက် "ကြေးဝါအင်တုံ၌ ရှိသောရေဖြင့် လက်ခြေတို့ကို ဆေးရကြ၏"။


generated on Tue Jul 2 12:50:28 2024

ထိုသို့
"ထိုသို့ပြုခြင်းအားဖြင့်"

Exodus 34

ထာဝရဘုရား၏ ဘုန်းတော်သည် တဲတော်ကို ဖြည့်လေ၏။
"ထာဝရဘုရား၏ အံ့ဖွယ်မျက်မှောက်တော်သည် တဲတော်ကိုဖြည့်လေ၏"။

Exodus 36

ကွာမြောက်သောအခါ
ဤဟာကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ချီမြှောက်၍"

မကွာ မမြောက်လျှင်
"မရွေ့လျားပါက"

---

## Translation Questions

Exodus 40:1

မောရှေသည် ပရိသတ်စည်းဝေးရာ တဲတော်ကို မည်သည့်အချိန်တွင် ဆောက်ရမည်နည်း။
မောရှေသည် ပရိသတ်စည်းဝေးရာ တဲတော်ကို နှစ်သစ်၏ပဌမလ၊ ပဌမနေ့၌ တည်ဆောက်ရမည်။

Exodus 40:3

သက်သေခံချက် သေတ္တာကို မည်သည့်အရာဖြင့် ကွယ်ကာထားရမည်နည်း။
သက်သေခံချက် သေတ္တာကို အတွင်းကုလားကာဖြင့် ကွယ်ကာရမည်။

Exodus 40:5

မောရှေသည်အင်တုံကို မည်သည့်နေရာတွင် ထားရမည်နည်း။
မောရှေသည် အင်တုံကို ပရိသတ်စည်းဝေးရာ တဲတော်နှင့် ယဇ်ပလ္လင် စပ်ကြားမှာ တည်ထားရမည်။

Exodus 40:8

အင်တုံနှင့် ခြေထောက်ကို အဘယ်ကြောင့် မောရှေကဆီလိမ်း၍ သန့်စင်စေရမည်နည်း။
ထာဝရဘုရား၏ရှေ့တော်မှောက်၌ မောရှေက သန့်ရှင်းစင်ကြယ်စေရန် ဖြစ်သည်။

Exodus 40:17

ထာဝရဘုရား၏ သက်သေခံချက်ကို မည်သည့်နေရာတွင် မောရှေကထားရှိရမည်နည်း။
ထာဝရဘုရား၏ သက်သေခံချက်ကို သေတ္တာအတွင်း မောရှေက ထည့်သွင်းထားသည်။

Exodus 40:26

မောရှေက နံ့သာပေါင်းမီးရှို့ရာ ရွှေယဇ်ပုလ္လင်ကို မည်သည့်နေရာတွင် ထားသနည်း။
မောရှေက နံ့သာပေါင်းမီးရှို့ရာ ရွှေယဇ်ပုလ္လင်ကို ပရိသတ်စည်းဝေးရာ တဲတော်အတွင်း ကုလားကာပြင်မှာ ထားသည်။

Exodus 40:31

မောရှေနှင့် အာရုန်မှစ၍ သူ၏သားတို့သည် ဇလုံမှရေဖြင့် သူတို့၏ခြေလက်များကို ဘယ်နှကြိမ် ဆေးရမည်နည်း။
မောရှေနှင့် အာရုန်မှစ၍ သူ၏သားတို့သည် ပရိသတ် စည်းဝေးရာ တဲတော်အထဲသို့ ဝင်လျှင်သော်လည်းကောင်း၊ ယဇ်ပလ္လင်အနီးသို့ ချဉ်းကပ်လျှင်သော်လည်းကောင်း၊ ဇလုံမှရေဖြင့် လက်ခြေတို့ကို ဆေးရကြ၏။

Exodus 40:34

မောရှေသည် ပရိသတ်စည်းဝေးရာ တဲတော်ထဲသို့ အဘယ်ကြောင့် မဝင်နိုင်သနည်း။
မိုးတိမ်သည် ပရိသတ်စည်းဝေးရာ တဲတော်ကို လွှမ်းမိုး၍၊ ထာဝရဘုရား၏ ဘုန်းတော်သည် တဲတော်ကို ဖြည့်သဖြင့် မောရှေသည် ပရိသတ်စည်းဝေးရာ တဲတော်ထဲသို့ မဝင်နိုင်ချေ။

Exodus 40:36

ဣသရေလလူတို့သည် မည်သည့်အချိန်တွင် ခရီးသွားကြသနည်း။
မိုးတိမ်သည် တဲတော်အပေါ်မှ ကွာမြောက်သောအခါတိုင်း ဣသရေလလူတို့သည် ခရီးသွားကြ၏။

# Leviticus

## Chapter 1

1 ထာဝရဘုရားသည် ပရိသတ်စည်းဝေးရာ တဲတော်ထဲက အသံကို လွှင်လျက် မောရှေကို ခေါ်တော်မူ၍၊ 2 သင်သည်
ဣသရေလအမျိုးသားတို့ကို ဆင့်ဆိုရမည်မှာ၊ သင်တို့တွင် တစုံတယောက်သောသူသည် ထာဝရဘုရားအား ပူဇော်သက္ကာကို
ပြုလိုလျှင်၊ ယဉ်သောတိရစ္ဆာန်တည်းဟူသော နွား၊ သိုး၊ ဆိတ်ကို ဆောင်ခဲ့၍ ဆက်ရမည်။ 3 နွားကို မီးရှို့ရာယဇ် ပြုလိုလျှင်၊
အပြစ်မပါသော အထီးကို ဆောင်ခဲ့၍၊ ထာဝရဘုရား စိတ်တော်နှင့် တွေ့ခြင်းငှါ၊ ပရိသတ်စည်းဝေးရာ တဲတော် တံခါးအနားမှာ
ဆက်ရမည်။ 4 ပူဇော်သော နွား၏ခေါင်းပေါ်မှာ မိမိလက်ကို တင်ရသဖြင့်၊ သူ၏အပြစ်ကို ဖြေမည်အကြောင်း လက်ခံတော်မူမည်။ 5
ထာဝရဘုရားရှေ့တော်၌ ထိုနွားကို သတ်ပြီးလျှင်၊ အာရုန်၏သားယဇ်ပုရောဟိတ်တို့သည် အသွေး ကိုယူ၍၊ ပရိသတ်စည်းဝေးရာ
တဲတော်တံခါးအနားယဇ်ပလ္လင် အပေါ်၌ ပတ်လည်ဖြန်းရမည်။ 6 ပူဇော်သောသူသည် ထိုအကောင်၏ အရေကို ချွတ်၍ အပိုင်းပိုင်း
ဖြတ်ရမည်။ 7 အာရုန်၏သား၊ ယဇ်ပုရောဟိတ်တို့သည်၊ ယဇ်ပလ္လင်ပေါ်မှာ မီးကိုထည့်၍ မီးပေါ်မှာ ထင်းကိုခင်းပြီးမှ၊ 8 ထင်းပေါ်မှာ
ခေါင်း၊ ဆီဥ၊ သားတများကို တင်ရမည်။ 9 ခြေထောက်နှင့် အအူအစရှိသည်တို့ကို ရေနှင့်အရင်ဆေးရမည်။ ယဇ်ပုရောဟိတ်သည်၊
ထိုယဇ်တ ကောင်လုံးကို ယဇ်ပလ္လင်ပေါ်မှာ မီးရှို့ရမည်။ မီးရှို့ရာယဇ် ဖြစ်သတည်း။ ထာဝရဘုရားအား မီးဖြင့် ဆက်ကပ်၍
မွှေးကြိုင်သော ပူဇော်သက္ကာ ဖြစ်သတည်း။ 10 သိုး၊ ဆိတ်ကို မီးရှို့ရာယဇ်ပြုလိုလျှင်၊ အပြစ်မပါသော အထီးကို ဆောင်ခဲ့၍၊ 11
ထာဝရဘုရားရှေ့တော်၌ ယဇ်ပလ္လင် မြောက်ဘက်နားမှာ သတ်ပြီးလျှင်၊ အာရုန်၏သား ယဇ်ပုရောဟိတ်တို့သည်၊ အသွေးကို
ယဇ်ပလ္လင်အပေါ်၌ ပတ်လည်ဖြန်းရမည်။ 12 ပူဇော်သောသူသည် အပိုင်းပိုင်းဖြတ်၍ ခေါင်းနှင့်ဆီဥကို စုထားပြီးလျှင်
ယဇ်ပုရောဟိတ်သည်၊ ယဇ်ပလ္လင်ပေါ်၌ ရှိသော ထင်းမီးအပေါ်မှာ ခင်းရမည်။ 13 ခြေထောက်နှင့် အအူအစရှိသည်တို့ကို ရေနှင့်အရင်
ဆေးရမည်။ ယဇ်ပုရောဟိတ်သည် တကောင် လုံးကို ဆောင်ခဲ့၍၊ ယဇ်ပလ္လင်ပေါ်မှာ မီးရှို့ရမည်။ မီးရှို့သော ယဇ်ဖြစ်သတည်း။
ထာဝရဘုရားအား မီးဖြင့်ဆက်ကပ်၍ မွှေးကြိုင်သော ပူဇော်သက္ကာဖြစ်သတည်း။ 14 ထာဝရဘုရားအား ငှက်ကို
မီးရှို့ရာယဇ်ပြုလိုလျှင်၊ ခိုဖြစ်စေ၊ ချိုးကလေးဖြစ်စေ ဆောင်ခဲ့၍ ဆက်ရမည်။ 15 ယဇ်ပုရောဟိတ်သည်၊ ယဇ်ပလ္လင်သို့ ဆောင်ခဲ့၍၊
ခေါင်းကို လိမ်ဖြတ်ပြီးလျှင် ယဇ်ပလ္လင်ပေါ်မှာ မီးရှို့ရမည်။ အသွေးကို ယဇ်ပလ္လင်နားမှာ ညှစ်ရမည်။ 16 စာလုတ်မှစ၍ စာလုတ်၌
ရှိသောအရာကို ချွတ်ပြီးလျှင်၊ ပြာစုထားရာအရပ်၊ ယဇ်ပလ္လင် အရှေ့ဘက်နား၌ ပစ်ထားရမည်။ 17 အတောင်ပါလျက်
ငှက်ကောင်ကိုခွဲဖွင့်၍၊ ယဇ်ပုရောဟိတ်သည်၊ ယဇ်ပလ္လင်ပေါ်၌ရှိသော ထင်းမီး အပေါ်မှာ မီးရှို့ရမည်။ မီးရှို့သောယဇ် ဖြစ်သတည်း။
ထာဝရဘုရားအား မီးဖြင့် ဆက်ကပ်၍ မွှေးကြိုင်သော ပူဇော်သက္ကာဖြစ်သတည်း။

---

### Leviticus 01

ထာဝရဘုရား

ဓမ္မဟောင်းကျမ်းတွင် သူ့လူမျိုးတော်များကို ဖွင့်ပြသောဘုရား၏ နာမတော်ဖြစ်သည်။

ပရိသတ်စည်းဝေးရာ တဲတော်ထဲက အသံကို လွှင့်လျက်၊ ဣသရေလအမျိုးသားတို့ကို ဆင့်ဆိုရမည်မှာ၊ သင်တို့တွင် တစုံတယောက်သောသူသည်

ဤနေရာတွင် ထာဝရဘုရားသည် မောရှေကို စတင်စကားဆင့်ဆိုပြီး ၃:၁၇တွင် အဆုံးသတ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ပရိတ်သတ်စည်းဝေးရာ တဲတော်မှ ဣသရေလအမျိုးသားတို့အား ဤစကားဆင့်ဆိုရန် မောရှေအားပြောခဲ့သည်၊ တစ်စုံတစ်ယောက်သောသူ"

သင်တို့တွင် တစုံတယောက်သောသူ

"သင်တို့ထဲမှ တစ်စုံတစ်ယောက်" သို့မဟုတ် "သင်တို့တွင်မည်သူမဆို"

### Leviticus 03

ယေဘုယျ အချက်အလက်

ဣသရေလအမျိုးသားတို့ ပူဇော်သော ယဇ်အား ထာဝရဘုရားစိတ်တော်နှင့် တွေ့စေခြင်းငှါ မည်သို့ ပြုလုပ်ရမည်အကြောင်း မောရှေအား ထာဝရဘုရားဆင့်ဆိုသည်။

ယဇ် ပြုလိုလျှင်....ယဇ်ကောင်ဆောင်လာရမည်။

ဤတွင် "သူ၏" နှင့် "သူ"ဆိုတာ ထာဝရဘုရားထံ ယဇ်ကောင်ယူဆောင်လာသော ပုဂ္ဂိုလ်ကိုရည်ညွှန်းသည်။ ၎င်းကို ၁:၁ထဲ့ကအတိုင်း တစ်ဆင့်ခံပုဂ္ဂိုလ်ဖြင့် ဘာသာပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယဇ်ပြုလိုလျှင်....သင်ကိုယ်တိုင်ပူဇော်ရမည်။" (ရှု၊|First, Second or Third Person)

ထာဝရဘုရား စိတ်တော်နှင့် တွေ့ခြင်းငှါ၊

ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား စိတ်တော်နှင့်တွေ့ရန် အလို့ငှါ" (ရှု၊|Active or Passive)

ခေါင်းပေါ်မှာ မိမိလက်ကို တင်ရသဖြင့်၊
ဤသည် ယဇ်ကောင်နှင့်အတူ ယဇ်ပူဇော်သော ပုဂ္ဂိုလ်ကိုကိုယ်စားပြုသော သင်္ကေတ အပြုအမူတစ်ခုဖြစ်သည်။ ဤနည်းအားဖြင့် တိရစ္ဆာန်ကို သတ်သောအခါ သူ၏ အပြစ်ကို ထာဝရဘုရားခွင့်လွှတ်ခြင်းအလို့ငှါတိရစ္ဆာန်ကိုသတ်ခြင်းဖြင့် သူတို့ကိုယ်သူတို့ ပူဇော်ကြသည်။

သူ၏အပြစ်ကို ဖြေမည်အကြောင်း လက်ခံတော်မူမည်။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် သူ့နေရာ၌လက်ခံ၍ သူ၏အပြစ်ကို လွှတ်လိမ့်မည်။" (ရှု၊ | Active or Passive)

Leviticus 05

ယေဘုယျ အချက်အလက်
ဣသရေလအမျိုးသားများ မည်သို့ လုပ်ရမည်အကြောင်းမောရှေအား ထာဝရဘုရား ဆက်လက်စကားပြောတော်မူ၏။

ထိုနွားကို သတ်ပြီးလျှင်
ဒီနေရာ၌ "သူ"သည် ပူဇော်သောသူကို ရည်ညွှန်းသည်။ ၎င်းကို တစ်ဆင့်ခံပုဂ္ဂိုလ်အဖြစ် ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထိုနွားကို သတ်ရမည်"။

ထာဝရဘုရားရှေ့တော်၌
"ထာဝရဘုရားရှေ့တော်မှောက်၌"

အသွေး ကိုယူ၍၊
ယဇ်ပုရောဟိတ်မှ စီးထွက်လာသော တိရိစ္ဆာန်၏ အသွေးကို ဇလုံတစ်ခုဖြင့် ယူဆောင်လာမည့်အရာကို ရည်ညွှန်းခြင်းဖြစ်သည်။ ပြီးမှသူတို့သည် အသွေးထည့်ထားသော ဇလုံကို ယူလာပြီးယဇ်ပလ္လင်၌ ထာဝရဘုရားအား ပူဇော်ရမည်။

ပူဇော်သောသူသည် ထိုအကောင်၏ အရေကို ချွတ်၍ အပိုင်းပိုင်း ဖြတ်ရမည်။
၁:၉တွင်ဖော်ပြသည့်အတိုင်း တိရစ္ဆာန်၏ အတွင်းပိုင်းနှင့်ခြေများကို ရေနှင့်ဆေးကြောရမည်။ ယဇ်ပလ္လင်ပေါ်မှာ သူတို့ ယူဆောင်သွားနိုင်စေရန် ယဇ်ပုရောဟိတ်ထံ အပိုင်းအစများ မပေးအပ်ခင် ဤဆေးကြောခြင်းအမှုကို လုပ်ဆောင်ရမည်။ UDB ထဲက အတိုင်း ခြေထောက်များ၊အတွင်းအစိတ်ပိုင်းများနှင့် ပတ်သက်သော သွန်သင်ချက်များကို ဖော်ပြနိုင်သည်။

ပူဇော်သောသူသည် အရေကို ချွတ်ရမည်။
"သူ" ဆိုသည်မှာ ပူဇော်နေသော သူကို ရည်ညွှန်းသည်။

Leviticus 07

ယေဘုယျ အချက်အလက်
လူတို့ ပူဇော်သော ယဇ်အား ထာဝရဘုရားစိတ်တော်နှင့် တွေ့စေခြင်းငှါ မည်သို့ လုပ်ရမည်အကြောင်း မောရှေအား ထာဝရဘုရားဆင့်ဆိုသည်။

ယဇ်ပလ္လင်ပေါ်မှာ မီးကိုထည့်၍ မီးပေါ်မှာ ထင်းကိုခင်းပြီးမှ၊
ယဇ်ပုရောဟိတ်များသည် ယဇ်ပလ္လင်ပေါ်မ ပူသော မီးခဲကိုထားပြီး မီးခဲပေါ် ထင်းကို ထားကြောင်းဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယဇ်ပလ္လင်ပေါ်တွင်ထင်းကိုခင်းပြီး ယဇ်ကောင်ကို မီးရှို့သည်။"

မီးစွဲရန်
မီးထဲသို့ ထင်းထည့်ခြင်းကို ဆိုလိုသောအသုံးအနှုန်းတစ်ခုဖြစ်သည်။ ယဇ်ပလ္လင်ထဲက ထင်းသည်လောင်ကျွမ်းနေရမည်ဆိုတာကို နားလည်ပြီးသားအနေဖြင့် ဘာသာပြန်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လောင်ကျွမ်းနေသော မီး ဆက်လက်လောင်ကျွမ်းစေရန်"

ခြေထောက်နှင့် အအူအစရှိသည်တို့ကို ရေနှင့်အရင်ဆေးရမည်။
ယဇ်ပလ္လင်ပေါ်မှာ ချထားဖို့ ယဇ်ပုရောဟိတ်ထံ မယူဆောင်ခင် လုပ်ဆောင်ရမည်။ ဤအရာကို ၁း၅အဆုံးပိုင်းတွင် ဖော်ပြနိုင်သည်။

အအူအစများ
ဤသည်အစာအိမ်နှင့်အူများဖြစ်သည်။

သူဆေးရမည်
ဒီနေရာတွင် "သူ"ဆိုတာ ယဇ်ပူဇော်နေသူကိုရည်ညွှန်းသည်။

မွှေးကြိုင်သော ပူဇော်သက္ကာ ဖြစ်သတည်း။
မွှေးကြိုင်သော ပူဇော်သက္ကာအားဖြင့် ထာဝရဘုရားကျေနပ်သည့်အတိုင်း ရိုးဖြောင့်သော ပူဇော်သက္ကာပြုသူအားဖြင့်လည်း ထာဝရဘုရား စိတ်တော်ကို ကျေနပ်စေတော်မူ၏။

မီးရှို့ရာယဇ် ဖြစ်သတည်း။
မီးရှို့ရာယဇ်တို့သည် လောင်ကျွမ်းသောယဇ်ဖြစ်ကြောင်းမောရှေအား ထာဝရဘုရားပြောကြားတော်မူ၏။ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့အတွက် လောင်ကျွမ်းသော ယဇ်"

Leviticus 10

ယေဘုယျ အချက်အလက်
ဣသရေလအမျိုးသားများ မည်သို့ လုပ်ရမည်အကြောင်း မောရှေအား ထာဝရဘုရား မိန့်တော်မူ၏။

ထာဝရဘုရားရှေ့တော်၌
"ထာဝရဘုရား၏ မျက်မှောက်တော်၌"

Leviticus 12

ယေဘုယျ အချက်အလက်
ဣသရေလအမျိုးသားများ မည်သို့ လုပ်ရမည်အကြောင်း မောရှေအား ထာဝရဘုရား မိန့်တော်မူ၏။

ပူဇော်သောသူသည်အပိုင်းပိုင်းဖြတ်၍ ...မီးဖြင့်ဆက်ကပ်၍
၁:၁၂-၁၃ အတွက် ၁:၇တွင် ဤစကားလုံးများကို ဘယ်လိုဘာသာပြန်ကြောင်းကြည့်ပါ။

ပူဇော်သောသူသည် အပိုင်းပိုင်းဖြတ်၍
ဒီမှာ "သူ"ဆိုတာက ယဇ်ကောင်ပူဇော်သောပုဂ္ဂိုလ်ကိုရည်ညွှန်းသည်။ ၎င်းကို တစ်ဆင့်ခံပုဂ္ဂိုလ်အဖြစ် ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် ၎င်းကို ဖြတ်ရမည်။"

ယဇ်ပုရောဟိတ်သည် တကောင် လုံးကို ဆောင်ခဲ့၍၊ ယဇ်ပလ္လင်ပေါ်မှာ မီးရှို့ရမည်။
"ယဇ်ပုရောဟိတ်သည် ယဇ်ပလ္လင်ပေါ်မှာ တစ်ခုလုံးကိုမီးရှို့ရလိမ့်မည်။"

ထာဝရဘုရားအတွက် မွှေးကြိုင်သော ပူဇော်သက္ကာဖြစ်သတည်း။
မွှေးကြိုင်သော ပူဇော်သက္ကာအားဖြင့် ထာဝရဘုရားကျေနပ်သည့်အတိုင်း ရိုးဖြောင့်သော ပူဇော်သက္ကာပြုသူအားဖြင့်လည်း ထာဝရဘုရား စိတ်တော်ကို ကျေနပ်စေတော်မူ၏။ ဤအရာကို ၁:၇တွင် မည်သို့ ဘာသာပြန်ကြောင်းကြည့်ပါ။

မီးဖြင့်ဆက်ကပ်သော ပူဇော်သက္ကာဖြစ်သတည်း။
ယဇ်ပရောဟိတ်တို့သည် သူတို့၏ ပူဇော်သက္ကာကို မီးရှို့ရမည့်အကြောင်းမောရှေအား ထာဝရဘုရားပြောတော်မူ၏။ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မီးရှို့ရာယဇ်ကို ငါ့အားဆက်သရမည်။" သို့မဟုတ် " ထာဝရဘုရားအားဆက်သရမည်"

Leviticus 14

ယေဘုယျ အချက်အလက်
ဣသရေလအမျိုးသားများ မည်သို့ လုပ်ရမည်အကြောင်း မောရှေအား ထာဝရဘုရား မိန့်တော်မူ၏။

ခေါင်းကို လိမ်ဖြတ်ပြီးလျှင်
"၎င်း၏ ခေါင်းကို လိမ်၍ ဖြတ်သည်"

အသွေးကို ယဇ်ပလ္လင်နားမှာ ညှစ်ရမည်။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယဇ်ပုရောဟိတ်သည် အသွေးကိုညှစ်ရမည်။

Leviticus 16

သူ....လုပ်ရမည်
"ယဇ်ပုရောဟိတ် .......လုပ်ရမည်"

စာလုတ်မှစ၍ စာလုတ်၌ ရှိသော
စာလုတ်သည် ငှက်များ၏ လည်ချောင်းရှိ အစာချေသိုလှောင်ရာ အိတ်ငယ်ဖြစ်သည်။

ယဇ်ပလ္လင် အရှေ့ဘက်နား၌ ပစ်ထားရမည်။
ဤသည် စာလုတ်ကို ရည်ညွှန်းသည်။

ထာဝရဘုရားအတွက် မွှေးကြိုင်သော ပူဇော်သက္ကာဖြစ်သတည်း။
မွှေးကြိုင်သော ပူဇော်သက္ကာအားဖြင့် ထာဝရဘုရားအားကျေနပ်စေသကဲ့သို့ ပူဇော်သက္ကာပြုသူ၏ ရိုးဖြောင့်ခြင်းအားဖြင့်လည်း ထာဝရဘုရား ကျေနပ်လျှက်ရှိ၏။ အခန်းကြီး ၁ အငယ် ၇ တွင် မည်သို့ ဘာသာပြန်သည်ကိုကြည့်ပါ။

ထာဝရဘုရားအား မီးဖြင့် ဆက်ကပ်သော ပူဇော်သက္ကာဖြစ်သတည်း။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မီးရှို့သောယဇ်ကို ငါ့အား" သို့မဟုတ် "ထာဝရဘုရားအား ဆက်သရမည်"

---

## Translation Questions

Leviticus 1:3

ထာဝရဘုရားက မောရှေကို ဣသရေလလူမျိုးများက မီးရှို့ရာယဇ်ပူဇော်ရန်အတွက် မည်သို့သော တိရစ္ဆာန်ယူလာရန် ပြောခဲ့သနည်း။
ထာဝရဘုရားက မောရှေကို ဣသရေလ လူမျိုးများက မီးရှို့ရာယဇ်ပူဇော်ရန်အတွက် အပြစ်အနာဆာ ကင်းစင်သော နွားထီးကို ယူဆောင်ရန် ပြောခဲ့သည်။

ထာဝရဘုရားသည် လူတို့ကို သူတို့၏ အပြစ် ဖြေလွှတ်ဖို့ ရန်အတွက် သူတို့ ကိုယ်စား ယူဆောင်လာသော ယဇ်ပူဇော်ခြင်းကို မည်သို့ပြုရန် ပြောခဲ့သနည်း။
ထာဝရဘုရားသည် လူတွေကို သူတို့ ကိုယ်စား ယူဆောင်လာသော ယဇ်ကောင်၏ ခေါင်းပေါ်မှာ လက်တင်ဖို့ရန် အတွက် ပြောခဲ့သည်။


generated on Tue Jul 2 12:50:28 2024

Leviticus 1:5

ယဇ်ပုရောဟိတ်များက တိရစ္ဆာန်၏ အသွေးနဲ့ ဘာလုပ်ခဲ့သနည်း။
ယဇ်ပုရောဟိတ်များက တိရစ္ဆာန်၏ အသွေးဖြင့် တဲတော်တံခါးအနားယဇ်ပလ္လင် အပေါ်၌ ပတ်လည်ဖြန်းခဲ့သည်။

Leviticus 1:7

ယဇ်ပုရောဟိတ်များက အဘယ်သူနည်း။
ယဇ်ပုရောဟိတ်များမှာ အာရုန်၏သားများ ဖြစ်သည်။

မီးရှို့ရာယဇ်ပလ္လင်ပေါ် မထားရှိခင်တွင် ခြေထောက် နှင့် အတွင်းရှိ ကလီစာများကို ဘာလုပ်ခဲ့သနည်း။
မီးရှို့ရာယဇ်ပလ္လင်ပေါ် မထားရှိခင်တွင် ခြေထောက် နှင့် အတွင်းရှိ ကလီစာများကို ရေဖြင့် သန့်စင်ခဲ့ရသည်။

မီးရှို့ပူဇော်ခြင်းသည် ထာဝရဘုရားကို စိတ်ကျေနပ်စေသည့် အရာက ဘယ်အရာနည်း။
မီးရှို့ပူဇော်ခြင်းက ထာဝရဘုရားကို စိတ်ကျေနပ်စေသည့် မွှေးကြိုင်သော ပူဇော်သက္ကာကို ဖြစ်ပေါ်စေသည်။

Leviticus 1:10

ထာဝရဘုရားက မောရှေအား မီးရှို့ရာ ယဇ်အတွက် လူများတို့ကို မည်သည့် တိရစ္ဆာန်မျိုး ယူဆောင်လာရန် ပြောခဲ့သနည်း။
ထာဝရဘုရားက မီးရှို့ရာ ယဇ်အတွက်လူများတို့ကို တိရစ္ဆာန်အုပ်ထဲမှ အပြစ်ကင်းစင်သော သိုးထီး သို့မဟုတ်ဆိတ်ထီးများ ယူဆောင်လာရန် ပြောခဲ့သည်။

သိုးထီး သို့မဟုတ် ဆိတ်ထီးကို ယဇ်ပလ္လင်၏မည်သည့်အခြမ်းတွင် သတ်ရမည်နည်း။
ယဇ်ပလ္လင်၏ မြောက်ဘက်တွင် သိုးထီး သို့မဟုတ် ဆိတ်ထီးကို သတ်ရမည်။

မည်သည့်နေရာတွင် အာရုန်၏သားများက သိုး သို့မဟုတ် ဆိတ်တို့၏ အသွေးများကို ပက်ဖျန်းရမည်နည်း။
အာရုန်၏သားများက အသွေးများကို ယဇ်ပလ္လင်၏ ပတ်လည်၌ ပက်ဖျန်းရမည်။

Leviticus 1:14

မည်သည့် ငှက်အမျိုးအစားများကို ထာဝရဘုရားက ယဇ်ပူဇော်ရန်အတွက် ယူဆောင် ခိုင်းသနည်း။
ထာဝရဘုရားက ယဇ်ပူဇော်ရန်အတွက် ချိုးကလေး သို့မဟုတ် ခို များကို ယူဆောင်ခိုင်းခဲ့သည်။

## Chapter 2

1 ထာဝရဘုရားအား ဘောဇဉ် ပူဇော်သက္ကာပြုလိုလျှင်၊ မုန့်ညက်ကို ဆက်ရမည်။ မုန့်ညက်အပေါ်မှာ ဆီကိုလောင်း၍၊
လောဗန်ကိုလည်း ထည့်ပြီးမှ၊ 2 အာရုန်၏သားယဇ်ပုရောဟိတ်ထံသို့ ဆောင်ခဲ့၍၊ ယဇ်ပုရောဟိတ်သည် မုန့်ညက်တလက်ဆွန်း၊
ဆီအချို့၊ လောဗန်ရှိသမျှကို ယူ၍၊ ထိုအတွက် အတာကို ယဇ်ပလ္လင်ပေါ်မှာ မီးရှို့ရမည်။ ထာဝရဘုရားအား မီးဖြင့် ဆက်ကပ်၍၊
မွှေးကြိုင်သော ပူဇော်သက္ကာ ဖြစ်သတည်း။ 3 ကျန်ကြွင်းသော ဘောဇဉ် ပူဇော်သက္ကာမူကား၊ အာရုန်နှင့် သူ၏သားတို့အဘို့ ဖြစ်ရမည်။
ထာဝရ ဘုရားအား မီးဖြင့် ပြုသော ပူဇော်သက္ကာထဲက အလွန်သန့်ရှင်းသော အရာဖြစ်၏။ 4 မီးဖို၌ ဖုတ်သောမုန့်ကို ဘောဇဉ်
ပူဇော်သက္ကာပြုလိုလျှင်၊ ဆီနှင့် မုန့်ညက်ဖြင့် လုပ်သော တဆေးမဲ့ မုန့်ပြားသော်၎င်း၊ ဆီလူးသော တဆေးမဲ့ မုန့်ကြွပ်သော်၎င်း
ဖြစ်ရမည်။ 5 သံပြားပူနှင့်လုပ်သောမုန့်ကို ဘောဇဉ် ပူဇော်သက္ကာပြုလိုလျှင်၊ ဆီရောစပ်၍ တဆေးမပါသော မုန့်ညက် နှင့် လုပ်ရမည်။ 6
ထိုမုန့်ကို ချိုးဖဲ့၍ ဆီကို လောင်းရမည်။ ဘောဇဉ် ပူဇော်သက္ကာ ဖြစ်သတည်း။ 7 အိုးကင်းနှင့် ကြော်သောမုန့်ကို
ဘောဇဉ်ပူဇော်သက္ကာပြုလိုလျှင်၊ ဆီရောသော မုန့်ညက်နှင့် လုပ်ရမည်။ 8 ထိုဘောဇဉ် ပူဇော်သက္ကာအမျိုးမျိုးတို့ကို၊ ထာဝရဘုရား
အထံတော်သို့ ဆောင်ခဲ့၍၊ ယဇ်ပုရောဟိတ် အား ဆက်ပြီးမှ၊ သူသည် ယဇ်ပလ္လင်သို့ ဆောင်ခဲ့ရမည်။ 9 ထိုဘောဇဉ် ပူဇော်သက္ကာထဲက
အတွက်အတာကို နှိုက်ယူ၍ ယဇ်ပလ္လင်ပေါ်မှာ မီးရှို့ရမည်။ ထာဝရဘုရားအား မီးဖြင့် ဆက်ကပ်၍ မွှေးကြိုင်သော
ပူဇော်သက္ကာဖြစ်သတည်း။ 10 ကျန်ကြွင်းသော ဘောဇဉ်ပူဇော်သက္ကာမူကား၊ အာရုန်နှင့် သူ၏သားတို့အဘို့ ဖြစ်ရမည်။ ထာဝရ
ဘုရားအား မီးဖြင့်ပြုသော ပူဇော်သက္ကာထဲက အလွန်သန့်ရှင်းသော အရာဖြစ်၏။ 11 ထာဝရဘုရားအား ဆက်သော
ဘောဇဉ်ပူဇော်သက္ကာ၌ တဆေးမပါရ။ ထာဝရဘုရားအား မီးဖြင့် ပူဇော်သက္ကာပြုသောအခါ၊ တဆေးကို မီးမရှို့ရ။ ပျားရည်ကိုလည်း
မရှို့ရ။ 12 အဦးသီးသော အသီးအနှံကို ပူဇော်သော အမှုမှာ၊ တဆေးနှင့် ပျားရည်ကို၊ ထာဝရဘုရားအား ပူဇော်ရသော်လည်း၊
မွှေးကြိုင်ရာဘို့ ယဇ်ပလ္လင်ပေါ်မှာ မီးမရှို့ရ။ 13 ဘောဇဉ် ပူဇော်သက္ကာပြုလေရာရာ၌ ဆားခပ်ရမည်။ သင်ပြုသော ဘောဇဉ်
ပူဇော်သက္ကာ၌၊ သင်၏ ဘုရားသခင် ပဋိညာဉ်ဆားကို မခပ်ဘဲမနေရ။ 14 အဦးသီးသော အသီးအနှံကို၊ ထာဝရဘုရားအား
ဘောဇဉ်ပူဇော်သက္ကာပြုလိုလျှင်၊ စပါးနှံကို အရည်စစ် အောင် မီးနားမှာ ထား၍၊ စပါးစေ့ကို ပွတ်ယူပြီးမှ၊- 15 ဆီကိုလောင်း၍၊
လောဗန်ကိုတင်လျက်၊ ပူဇော်သက္ကာကို ပြုရမည်။ ဘောဇဉ် ပူဇော်သက္ကာ ဖြစ်သတည်း။ 16 ပွတ်ယူသော စပါးစေ့အချို့၊ ဆီအချို့၊
လောဗန်ရှိသမျှတည်းဟူသော ထိုဘောဇဉ် ပူဇော်သက္ကာအတွက် အတာကို၊ ယဇ်ပုရောဟိတ်သည် မီးရှို့ရမည်။ ထာဝရဘုရားအား
မီးဖြင့်ပြုသော ပူဇော်သက္ကာ ဖြစ်သတည်း။

---

---

Leviticus 01

ယေဘုယျ အချက်အလက်
ကလသရေလအမျိုးသားများ မည်သို့ လုပ်ရမည်အကြောင်း မောရှေအား ထာဝရဘုရား မိန့်တော်မူ၏။

မုန့်ညက်
အဆင့်မြင့်မုန့်ညက် သို့မဟုတ် အကောင်းဆုံး မုန့်ညက်

မုန့်ညက်
ဂျုံဖြင့် ပြုလုပ်သောအမှုန့်

ဆောင်ခဲ့၍
သူဆောင်ရမည်

တလက်ဆွန်းယူ၍
"သူ့လက်၌ ကိုင်နိုင် သလောက်ကို ယူ၍"

ပူဇော်သက္ကာအတာ
မုန့်ညက် လက်တဆွန်းသည် မုန့်ညက်တစ်ခုလုံးကိုကိုယ်စားပြုသည်။ ပူဇော်သက္ကာတခုလုံးသည် ထာဝရဘုရားနှင့် သက်ဆိုင်ကြောင်း ဆိုလိုသည်။

ထာဝရဘုရားအတွက် မွှေးကြိုင်သော ပူဇော်သက္ကာဖြစ်သတည်း။
မွှေးကြိုင်သော ပူဇော်သက္ကာအားဖြင့် ထာဝရဘုရားအားကျေနပ်စေသကဲ့သို့ ပူဇော်သက္ကာပြုသူ၏ ရိုးဖြောင့်ခြင်းအားဖြင့်လည်း ထာဝရဘုရား ကျေနပ်လျှက်ရှိ၏။ အခန်းကြီး ၁ အငယ် ၇ တွင် မည်သို့ ဘာသာပြန်သည်ကိုကြည့်ပါ။

ထာဝရဘုရားအား မီးဖြင့် ဆက်ကပ်သော ပူဇော်သက္ကာဖြစ်သတည်း။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မီးရှို့သောယဇ်ကို ငါ့အား" သို့မဟုတ် "ထာဝရဘုရားအား ဆက်သရမည်"

Leviticus 04

ယေဘုယျ အချက်အလက်
ဣသရေလအမျိုးသားများနှင့် ယဇ်ပုရောဟိတ်တို့အား ထာဝရဘုရား စိတ်တော်နှင့် တွေ့ခြင်းငှါ မည်သို့ လုပ်ရမည်အကြောင်း မောရှေအား ထာဝရဘုရား ဆက်လက်စကားပြောတော်မူ၏။


generated on Tue Jul 2 12:50:28 2024

မီးဖိုခ်၌ ဖုတ်သော
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဒယ်အိုး၌ သင်ဖုတ်သော အရာ"

မီးဖို
ရွှံ့စေးဖြင့် ပြုလုပ်သော အိုးဖြစ်နိုင်သည်။ မီးကိုဒယ်အိုးအောက်၌ ထည့်ပြီး အပူရှိန်သည် ဒယ်အိုးထဲရှိ မုန့်ညက် အား ကျက်စေမည်။

မုန့်ညက်ဖြင့် လုပ်သောမုန့်ပြား
တဆေးမပါသော မုန့်ပြားအဖြစ် နားလည်ရသည်။

ဆီလူးသော
မုန့်ထဲသို့ ဆီ ပျံ့နှံ့ကြောင်းကို ညွှန်ပြသော စကားစုဖြင့်ဘာသာပြန်ပါ။ အခြားသောဘာသာပြန်ဆိုချက်၊ "ဆီလူးသော မုန့်"

သံပြားပူနှင့်လုပ်သောမုန့်ကို ဘောဇဉ် ပူဇော်သက္ကာပြုလိုလျှင်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သံပြားပူနှင့်လုပ်သော မုန့်ကို ဘောဇဉ် ပူဇော်သက္ကာပြုလိုလျှင်"

သံပြားပူ
သတ္တု သို့မဟုတ် ရွှံ့စေးဖြင့်ပြုလုပ်သော သံပြားထူဖြစ်သည်။ သံပြားကို မီးပေါ်တွင်တင်ပြီး သံပြားပူပေါ် ဂျုံညက်ကို ချက်ရသည်။

## Leviticus 06

ယေဘုယျ အချက်အလက်
ပူဇော်သော ယဇ်ကို ထာဝရဘုရား လက်ခံနိုင်ရန် လူတို့ အား မည်သို့ လုပ်ဆောင်ရမည်ကို ထာဝရဘုရားသည်မောရှေကို ဆက်လက် ဆင့်ဆိုသည်။

ထိုမုန့်ကို ချိုးဖဲ့၍
ဤနေရာတွင် သံပြားပူနှင့်ချက်ထားသော ဘောဇဉ်ပူဇော်သက္ကာကို ရည်ညွှန်းသည်။

ကြော်သောမုန့်ကို ဘောဇဉ်ပူဇော်သက္ကာပြုလိုလျှင်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဘောဇဉ် ပူဇော်သက္ကာပြုလိုလျှင်"

အိုးကင်းနှင့်
အိုးကင်း သို့မဟုတ် ဒယ်အိုးသည် အစွန်အဖျားဝိုင်းစက်သော သတ္တုပန်းကန်ပြား တစ်ခုဖြစ်သည်။ မုန့်ညက်ကို ဒယ်အိုးထဲ ထည့်၍ ချက်ရသည်။

ပြုလုပ်ရမည်။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "၎င်းကိုသင်ပြုလုပ်ရမည်"

## Leviticus 08

ယေဘုယျ အချက်အလက်
ထာဝရဘုရား လက်ခံနိုင်သောယဇ်ပူဇော်ခြင်း ဖြစ်စေရန် လူတို့ သည် မည်သို့ လုပ်ဆောင်ရမည်ကို မောရှေအား ထာဝရဘုရား ဆက်လက်မိန့်တော်မူ၏။

ထိုအရာများဖြင့်ပြုလုပ်သော
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဆီနှင့် မုန့်ညက်ဖြင့်ပြုလုပ်သောအရာ"

ယဇ်ပုရောဟိတ် အား ဆက်မည်။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် ၎င်းအား ဆက်သ ရလိမ့်မည်"

ထို့နောက်ယဇ်ပုရောဟိတ်------မီးဖြင့် ဆက်ကပ်၍
အခန်းကြီး ၂ အငယ် ၉-၁၀အတွက် အခန်းကြီး ၂ အငယ် ၁ တွင် ဤစကားလုံးများကို မည်သို့ ဘာသာပြန်ကြောင်းကြည့်ပါ။

ဘောဇဉ် ပူဇော်သက္ကာထဲက အတွက်အတာ
လက်တစ်ဆုပ်စာ ပူဇော်သက္ကာသည် ပူဇော်သက္ကာအားလုံးကို ကိုယ်စားပြုသည်။ ဤသည်မှာ ပူဇော်သက္ကာအားလုံး ထာဝရဘုရားနှင့်သက်ဆိုင်သည်ကို ဆိုလိုသည်။ အခန်းကြီး ၂ အငယ် ၁တွင် မည်သို့ ဘာသာပြန်ကြောင်းကြည့်ပါ။

မီးဖြင့် ဆက်ကပ်၍
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "၎င်းသည် မီးရှို့သော ပူဇော်သက္ကာဖြစ်ရလိမ့်မည်"

ထာဝရ ဘုရားအား မွှေးကြိုင်သော ပူဇော်သက္ကာဖြစ်သတည်း။
မွှေးကြိုင်သော ပူဇော်သက္ကာအားဖြင့် ထာဝရဘုရားကျေနပ်သည့်အတိုင်း ရိုးဖြောင့်သော ပူဇော်သက္ကာပြုသူအားဖြင့်လည်း ထာဝရဘုရား စိတ်တော်ကို ကျေနပ်စေတော်မူ၏။ ဤအရာကို ၁:၇တွင် မည်သို့ ဘာသာပြန်ကြောင်းကြည့်ပါ။

ထာဝရ ဘုရားအား မီးဖြင့်ပြုသော ပူဇော်သက္ကာထဲက
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားအား မီးရှို့သော ပူဇော်သက္ကာထဲမှ"

## Leviticus 11

ယေဘုယျ အချက်အလက်
ထာဝရဘုရား လက်ခံနိုင်သောယဇ်ပူဇော်ခြင်းမျိုး ဖြစ်စေရန် လူတို့ သည် မည်သို့ လုပ်ဆောင်ရမည်ကို မောရှေအား ထာဝရဘုရား ဆက်လက်မိန့်တော်မူ၏။


generated on Tue Jul 2 12:50:28 2024

ထာဝရဘုရားအား ဆက်သော ဘောဇဉ်ပူဇော်သက္ကာ၌ တဆေးမပါရ။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားအား ဆက်သော ဘောဇဉ်ပူဇော်သက္ကာ၌ တဆေးမသုံးပါနဲ့ "

မီးဖြင့် ပြုသောပူဇော်သက္ကာ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "မီးရှို့သော ပူဇော်သက္ကာတစ်ခုကဲ့သို့"

ထိုအရာများကို ပူဇော်ရမည်
"ပျားရည်နှင့်တဆေးဖြင့်ပြုလုပ်သော ပူဇော်သက္ကာ ကိုပူဇော်ရမည်။"

မွှေးကြိုင်ရာဘို့ ယဇ်ပလ္လင်ပေါ်မှာ မီးမရှို့ရ။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သင်ထိုအရာများကို မွှေးကြိုင်ရာဘို့ ယဇ်ပလ္လင်ပေါ်မှာ မသုံးရ။" သို့မဟုတ် "ယဇ်ပလ္လင်ပေါ်မှာထိုအရာများကို မီးမရှို့ရ။"

သင်၏ ဘုရားသခင် ပဋိညာဉ်ဆား
ဆားသည် ဘုရားသခင်၏ ပဋိညာဉ်ကို ကိုယ်စားပြုသော အမှတ်အသားတစ်ခု ဖြစ်ကြောင်း ဖော်ညွှန်းသည်။

Leviticus 14

ယေဘုယျ အချက်အလက်
ထာဝရဘုရား လက်ခံနိုင်သောယဇ်ပူဇော်ခြင်းမျိုး ဖြစ်စေရန် လူတို့ သည် မည်သို့ လုပ်ဆောင်ရမည်ကို မောရှေအား ထာဝရဘုရား ဆက်လက်မိန့်တော်မူ၏။

စပါးနှံကို အရည်စစ် အောင် မီးနားမှာ ထား၍၊ ပွတ်ယူပြီးမှ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "မီးဖြင့် ချက်ပြုတ်၍ ဆုပ္ပွက်စေပြီးမှ"

ဘောဇဉ် ပူဇော်သက္ကာအတွက်အတာ
လက်တစ်ဆုပ်စာ ပူဇော်သက္ကာသည် ပူဇော်သက္ကာအားလုံးကို ကိုယ်စားပြုသည်။ ဤသည်မှာ ပူဇော်သက္ကာအားလုံး ထာဝရဘုရားနှင့်သက်ဆိုင်သည်ကို ဆိုလိုသည်။ အခန်းကြီး ၂ အငယ် ၁ တွင် မည်သို့ ဘာသာပြန်ကြောင်းကြည့်ပါ။

ထာဝရ ဘုရားအား မီးဖြင့်ပြုသော ပူဇော်သက္ကာဖြစ်သည်။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရ ဘုရားအား မီးရှို့သောပူဇော်သက္ကာဖြစ်သည်။"

---

## Translation Questions

Leviticus 2:1

မည်သည့် ဘောဇဉ်ပူဇော်သက္ကာကို ထာဝရဘုရားအား ဆက်ကပ်ရမည်နည်း။
မုန့်ညက်ကို ထာဝရဘုရားအား ပူဇော်ဆက်ကပ်ရမည်။

ထာဝရဘုရားအား မဆက်ကပ်မီ မုန့်ညက်ကို မည်ကဲ့သို့ ပြုလုပ်ရမည်နည်း။
ထာဝရဘုရားအား မဆက်ကပ်မီ မုန့်ညက်ကို ဆီအချို့နှင့် မွှေးကြိုင်သော နံ့သာများကို ပြုလုပ်ရမည်။

ကျန်ကြွင်းသော ဘောဇဉ်ပူဇော်သက္ကာများသည် မည်သူ့ အတွက် ဖြစ်သနည်း။
ကျန်ကြွင်းသော ဘောဇဉ်ပူဇော်သက္ကာများသည် အာရုန်နှင့် သူ၏သားများ အတွက် ဖြစ်သည်။

Leviticus 2:4

အကယ်၍ မုန့်ညက်ကို ဘောဇဉ် ပူဇော်သက္ကာပြုလို၍ သံပြားပေါ်တင်ကာ မီးဖုတ်လျှင် မည်သို့ ဖြစ်လာမည်နည်း။
အကယ်၍ မုန့်ညက်ကို ဘောဇဉ် ပူဇော်သက္ကာပြုလို၍ သံပြားပေါ်တင်ကာ မီးဖုတ်လျှင် ဆီရော၍ တဆေးမပါသော မုန့်ညက် ဖြစ်လာမည်။

Leviticus 2:11

ဘောဇဉ် ပူဇော်သက္ကာတွင် မည်သည့်အရာများ မပါဝင်သင့်သနည်း။
ဘောဇဉ် ပူဇော်သက္ကာတွင် တဆေးနှင့် ပျားရည်များ မပါရပါ။

ဘောဇဉ် ပူဇော်သက္ကာတွင် မည်သည့်အရာများ ပါဝင်ရမည်နည်း။
ဘောဇဉ် ပူဇော်သက္ကာတွင် ဆားပါဝင်ရမည်။

---


generated on Tue Jul 2 12:50:28 2024

## Chapter 3

1 နွားကို မိဿဟာယယဇ်ပြုလိုလျှင်၊ အပြစ်မပါသော အထီးအမ တကောင်ကောင်ကို ၊ ထာဝရဘုရား ရှေ့တော်၌ ဆက်ရမည်။ 2
ပူဇော်သော နွား၏ ခေါင်းပေါ်မှာ မိမိလက်ကို တင်၍၊ ပရိသတ်စည်းဝေးရာ တဲတော်တံခါးနားမှာ သတ်ပြီးလျှင်၊ အာရုန်၏သား
ယဇ်ပုရောဟိတ်တို့သည်၊ အသွေးကို ယဇ်ပလ္လင်အပေါ်၌ ပတ်လည် ဖြန်းရမည်။ 3 အအူကို ဖုံးသောဆီဥ၊ - 4 အအူနှင့် ဆိုင်သမျှသော
ဆီဥ၊ ခါးအတွင်းနား၌ ရှိသော ကျောက်ကပ်နှစ် ခုနှင့် ကျောက်ကပ်ဆီဥ၊ ကျောက်ကပ်နှင့်တကွ အသည်းပေါ်၌ ရှိသော အမြေးတို့ကို၊
မိဿဟာယ ယဇ်ကောင်ထဲက ယူ၍ ထာဝရဘုရားအား မီးဖြင့်ပြုသော ပူဇော်သက္ကာဘို့ ဆက်ပြီးမှ၊ 5 အာရုန်၏ သားတို့သည်
ယဇ်ပလ္လင်အပေါ်၌ရှိသော ထင်းမီးပေါ်မှာ တင်သော ယဇ်ကောင်နှင့်အတူ မီးရှို့ရမည်။ ထာဝရဘုရားအား မီးဖြင့် ဆက်ကပ်၍၊
မွှေးကြိုင်သော ပူဇော်သက္ကာ ဖြစ်သတည်း။ 6 ထာဝရဘုရားအား သိုး၊ ဆိတ်ကို၊ မိဿဟာယယဇ်ပြုလိုလျှင်၊ အပြစ်မပါသော အထီး
အမတကောင် ကောင်ကို ဆက်ရမည်။ 7 သိုးသငယ်ကို ပူဇော်လိုလျှင်၊ ထာဝရဘုရား ရှေ့တော်၌ ဆက်ပြီးမှ၊ 8 ပူဇော်သော သိုး၏
ခေါင်းပေါ်မှာ မိမိလက်ကို တင်၍ ပရိသတ်စည်းဝေးရာ တဲတော်ရှေ့မှာ သတ်ပြီးလျင်၊ အာရုန်၏ သားတို့သည် အသွေးကို
ယဇ်ပလ္လင်အပေါ်၌ ပတ်လည် ဖြန်းရမည်။ 9 အကောင်ဆီဥ၊ ကျောရိုးကတိတိဖြတ်သော အမြီးရှိသမျှ၊ အအူကို ဖုံးသော အဆီဥ၊
အအူနှင့် ဆိုင်သမျှသော အဆီဥ၊ - 10 ခါးအတွင်းနား၌ ရှိသော ကျောက်ကပ်နှစ်ခုနှင့် ကျောက်ကပ် ဆီဥ၊ ကျောက်ကပ်နှင့်တကွ
အသည်းပေါ်၌ရှိသော အမြေးတို့ကို၊ မိဿဟာယ ယဇ်ကောင်ထဲက ယူ၍ ထာဝရဘုရားအား မီးဖြင့် ပြုသော ပူဇော်သက္ကာဘို့
ဆက်ပြီးမှ၊- 11 ယဇ်ပုရောဟိတ်သည် ယဇ်ပလ္လင်ပေါ်မှာ မီးရှို့ရမည်။ ထာဝရဘုရားအား မီးဖြင့်ပြုသော ပူဇော်သက္ကာ အစာအဟာရ
ဖြစ်သတည်း။ 12 ဆိတ်ကို ပူဇော်လိုလျှင်၊ ထာဝရဘုရားရှေ့တော်၌ ဆက်ပြီးမှ၊- 13 ဆိတ်ခေါင်းပေါ်မှာ မိမိလက်ကိုတင်၍၊
ပရိသတ်စည်းဝေးရာ တဲတော်ရှေ့မှာ သတ်ပြီးလျှင်၊ အာရုန်၏ သားတို့သည် အသွေးကို ယဇ်ပလ္လင်အပေါ်၌ ပတ်လည်ဖြန်းရမည်။ 14
အအူကို ဖုံးသော ဆီဥ၊ အအူနှင့်ဆိုင်သမျှသော ဆီဥ၊- 15 ခါးအတွင်းနား၌ရှိသော ကျောက်ကပ်နှစ်ခုနှင့် ကျောက်ကပ် ဆီဥ၊
ကျောက်ကပ်နှင့်တကွ အသည်းပေါ ်၌ရှိသော အမြေးတို့ကို၊ မိမိပူဇော်သက္ကာထဲတွင် ယူ၍ ထာဝရဘုရားအား မီးဖြင့် ပြုသော
ပူဇော်သက္ကာဘို့ ဆက်ပြီးမှ၊- 16 ယဇ်ပုရောဟိတ်သည် ယဇ်ပလ္လင်ပေါ်မှာ မီးရှို့ရမည်။ မွှေးကြိုင်ရာဘို့ မီးဖြင့် ပြုသော ပူဇော်သက္ကာ
အစာအဟာရ ဖြစ်သတည်း။ ဆီဥရှိသမျှကို ထာဝရဘုရားဆိုင်တော်မူ၏။ 17 သင်တို့အမျိုး အစဉ်အဆက်တို့သည်၊ နေလေရာရာ၌
ဆီဥကိုမစားရ၊ အသွေးကို မစားရဟု ထာဝရ ပညတ်တော် ဖြစ်သည်ဟု မိန့်တော်မူ၏။

---

Leviticus 01

ယေဘုယျ အချက်အလက်
ထာဝရဘုရားက ဣသရေလအမျိုးသားတို့အား မည်သို့ လုပ်ဆောင်စေလိုကြောင်းကို မောရှေသည် သူတို့အားဆက်လက်၍ ဆင့်ဆိုသည်။

ထာဝရဘုရား ရှေ့တော်၌
"ထာဝရဘုရားမျက်မှောက်တော်၌" သို့မဟုတ် "ထာဝရဘုရားထံတော်သို့"

ခေါင်းပေါ်မှာ မိမိလက်ကို တင်၍
ဤသည် ယဇ်ကောင်ဖြင့် ပူဇော်သောသူကို ကိုယ်စားပြုသော သင်္ကေတ အပြုအမူတစ်ခု ဖြစ်သည်။ ဤနည်းဖြင့် ထာဝရဘုရားအား သူ့ကိုယ်သူ တိရိစ္ဆာန်အားဖြင့် ပူဇော်ရသည်။ အခန်းကြီး ၁ အငယ် ၃ တွင် အဘယ်သို့ဘာသာပြန်ကြောင်းကြည့်ပါ။

အာရုန်၏သား ယဇ်ပုရောဟိတ်တို့သည်၊ အသွေးကို ဖြန်းရမည်။
ဤသည် အသွေးကို မဖြန်းခင် တိရိစ္ဆာန်မှ စီးထွက်သောအသွေးကို ဇလုံထဲ ထည့်ရမည်ကို ရည်ညွှန်းသည်။

Leviticus 03

အအူအစများ
ဤအရာသည် အစာအိမ် နှင့်အူများကို ဆိုလိုသည်။

ခါးအတွင်းနား၌ ရှိသော
တင်ပါးရိုးနှင့် နံရိုးများကြား ကျောရိုး၏ ပတ်လည်ရှိ ကိုယ်အင်္ဂါ အစိတ်အပိုင်းကို ဆိုလိုသည်။

အသည်းပေါ်၌ ရှိသော အမြေး
ဤအရာသည် အသည်းပတ်လည်၌ရှိသော အစိတ်အပိုင်းဖြစ်သည်။ အစာစားရန် အကောင်းဆုံးသော အသည်း၏ အစိတ်အပိုင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အသည်း၏ အကောင်းဆုံးသော အစိတ်အပိုင်း"

ထာဝရ ဘုရားအား မွှေးကြိုင်သော ပူဇော်သက္ကာဖြစ်သတည်း။
မွှေးကြိုင်သော ပူဇော်သက္ကာအားဖြင့် ထာဝရဘုရားအားကျေနပ်စေသကဲ့သို့ ပူဇော်သက္ကာပြုသူ၏ ရိုးဖြောင့်ခြင်းအားဖြင့်လည်း ထာဝရဘုရား ကျေနပ်လျက်ရှိ၏။ အခန်းကြီး ၁ အငယ် ၇ တွင် မည်သို့ ဘာသာပြန်သည်ကိုကြည့်ပါ။

 

ထာဝရ ဘုရားအား မီးဖြင့်ပြုသော ပူဇော်သက္ကာဖြစ်သည်။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားအား မီးရှို့သော ပူဇော်သက္ကာဖြစ်သည်။"

Leviticus 06

ထာဝရဘုရား ရှေ့တော်၌ ဆက်သပါ
"ထာဝရဘုရား မျက်မှောက်တော်၌ ဆက်သပါ" သို့မဟုတ် "ထာဝရဘုရားထံသို့ ဆက်သပါ"

ခေါင်းပေါ်မှာ မိမိလက်ကို တင်၍
ဤသည် ယဇ်ကောင်ဖြင့် ပူဇော်သောသူကို ကိုယ်စားပြုသော အပြုအမူတစ်ခု ဖြစ်သည်။ ဤနည်းဖြင့် တိရစ္ဆာန်အားဖြင့် ထာဝရဘုရားအား သူ့ကိုယ်သူ ပူဇော်ရသည်။

အာရုန်၏သားများတို့သည်၊ အသွေးကို ဖြန်းရမည်။
ဤသည် အသွေးကို မဖြန်းခင် တိရစ္ဆာန်မှ စီးထွက်သော အသွေးကို ဇလုံထဲ ထည့်ရမည်ကို ဖော်ညွှန်းသည်။

Leviticus 09

မီးဖြင့် ပြုသောပူဇော်သက္ကာ
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "မီးရှို့သော ပူဇော်သက္ကာတစ်ခုလို"

အဆီဥ၊ အဆီဥရှိသမျှ-----ကျောက်ကပ် များ------သူဤအရာအားလုံးကို ဖယ်ရှား၊ ယူမည်။
"သူဤအရာအားလုံးကို ဖယ်ရှား၊ ယူမည်။" ဟူသောဖော်ပြချက်ကို ဝါကျ၏ အစတွင် ထားနိုင်သည်။
အခြားသော ဘာသာပြန်ဆိုချက်၊ "သူသည် အဆီဥ၊ အဆီဥရှိသမျှ-----ကျောက်ကပ် များ ကိုဖယ်ရှား၊ ယူမည်။"

အအူအစများ
အစာအိမ် နှင့် အူများကို ဆိုလိုသည်။

အအူအစများအနား၌ရှိသည်၊ကျောက်ကပ်နှစ်ခု
အခြားသော ဘာသာပြန်ဆိုချက်၊ "အအူအစများအနား၌ ရှိသည့် ကျောက်ကပ်နှစ်ခုကို ဖယ်ရှားရမည်။"

ခါးအတွင်းနား၌ ရှိသော
တင်ပါးရိုးနှင့် နံရိုးများကြားကျောရိုး၏ ပတ်လည်ရှိ ကိုယ်အစိတ်ပိုင်းကို ဆိုလိုသည်။

အသည်းပေါ်၌ ရှိသော အမြှေး
အသည်း၏ ပတ်ပတ်လည် အစိတ်အပိုင်းဖြစ်သည်။အစာစားရန် အကောင်းဆုံးသော အသည်း အစိတ်အပိုင်းဖြစ်သည်။
အခြားသော ဘာသာပြန်ဆိုချက်၊ "အသည်း၏ အကောင်းဆုံးသော အစိတ်အပိုင်း"

ယဇ်ပုရောဟိတ်သည် ယဇ်ပလ္လင်ပေါ်မှာ မီးရှို့ရမည်။ ထာဝရဘုရားအား မီးဖြင့်ပြုသော ပူဇော်သက္ကာ အစာအဟာရ ဖြစ်သတည်း။
ထာဝရဘုရားသည် အမှန်တကယ် အစာမစားကြောင်းရှင်းလင်းစေသောနည်းဖြင့် ဘာသာပြန်ပါ။
အခြားသော ဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားအား ပူဇော်သက္ကာအဖြစ်ထိုအရာများကို ယဇ်ပလ္လင်ပေါ်မှာ မီးရှို့ရမည်။ ထိုအရာများသည် သင့်အစာဟာရ ပေးသွန်းခြင်းများမှ ဖြစ်လာသည်။"

Leviticus 12

ထာဝရဘုရားရှေ့တော်
"ထာဝရဘုရားမှက်မှောက်တော်၌" သို့မဟုတ် "ထာဝရဘုရားထံသို့"

ခေါင်းပေါ်မှာ မိမိလက်ကို တင်၍
ဤသည် ယဇ်ကောင်ဖြင့် ပူဇော်သောသူကို ကိုယ်စားပြုသော သင်္ကေတ အပြုအမူ တစ်ခုဖြစ်သည်။ ဤနည်းဖြင့် တိရစ္ဆာန်အားဖြင့် ထာဝရဘုရားအား သူ့ကိုယ်သူ ပူဇော်ရသည်။ အခန်းကြီး ၁ အငယ် ၃ တွင် အဘယ်သို့ဘာသာပြန်ကြောင်းကြည့်ပါ။

အာရုန်၏သား တို့သည် အသွေးကို ဖြန်းရမည်။
ဤသည် အသွေးကို မဖြန်းခင် တိရစ္ဆာန်မှ စီးထွက်သောအသွေးကို ဇလုံထဲ ထည့်ရမည်ကို ဖော်ညွှန်းသည်။

မီးဖြင့် ပြုသော ပူဇော်သက္ကာပူဇော်ရမည်။
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊
"မီးအားဖြင့်သူ၏ပူဇော်သက္ကာပူဇော်ရမည်" သို့မဟုတ် "ပူဇော်သက္ကာကို မီးရှို့ ရမည်"

Leviticus 15

သူလည်းပဲ
ဤနေရာတွင် "သူ"ဆိုတာပူဇော်သက္ကာ ပူဇော်သော သူကို ရည်ညွှန်းသည်။

ယဇ်ပလ္လင်ပေါ်မှာ မီးရှို့ရမည်၊မီးဖြင့် ပြုသော ပူဇော်သက္ကာ အစာအဟာရ ဖြစ်သတည်း။
ထာဝရဘုရားသည် တကယ်အစာမစားသော နည်းလမ်းဖြင့် ဘာသာပြန်ပါ။အခြားသော ဘာသာပြန်ဆိုချက်-
ထာဝရဘုရားအားပူဇော်သက္ကာဘို့ ယဇ်ပလ္လင်ပေါ်မှာ မီးရှို့ရမည်။ ၎င်းသည် ထာဝရဘုရားအားပေးသော အစာအဟာရဖြစ်သည်။

မွှေးကြိုင်ရာဘို့ မီးဖြင့် ပြုသော ပူဇော်သက္ကာ အစာအဟာရ ဖြစ်သတည်း။
မွှေးကြိုင်သော ပူဇော်သက္ကာအားဖြင့် ထာဝရဘုရားအားကျေနပ်စေသကဲ့သို့ ပူဇော်သက္ကာပြုသူ၏ ရိုးဖြောင့်ခြင်းအားဖြင့်လည်း ထာဝရဘုရားကျေနပ်လျက်ရှိ၏။ အခန်းကြီး ၁ အငယ် ၇တွင် မည်သို့ ဘာသာပြန်သည်ကိုကြည့်ပါ။



generated on Tue Jul 2 12:50:28 2024

ဤသည်သင်တို့အမျိုး အစဉ်အဆက် တစ်လျှောက် ထာဝရ ပညတ်တော် ဖြစ်သည်ဟု မိန့်တော်မူ၏။
ဤသည်မှာ သူတို့နှင့် သူတို့မျိုးဆက်တိုင်း ဤပညတ်ကိုထာဝရလိုက်နာကြရမည် ဟု ဆိုလိုသည်။

သွေး
"စားသုံးသော သွေး"

## Translation Questions

### Leviticus 3:1

ယဇ်ကောင်ကို မိဿဟာယယဇ်ပူဇော်ခြင်းအနေဖြင့် မည်ကဲ့သို့ အသုံးပြုနိုင်သနည်း။
မိဿဟာယယဇ်ပြုလုပ်လျှင် အပြစ်မပါသော အထီး သို့မဟုတ် အမ တစ်ကောင်ကောင်ကို အသုံးပြုရမည်။

မိဿဟာယယဇ် ပူဇော်သောအကောင်ကို မည်သည့်နေရာတွင် သတ်ကြသနည်း။
မိဿဟာယယဇ် ပူဇော်သောအကောင်ကို ပရိသတ်စည်းဝေးရာ တဲတော်တံခါးနားတွင် သတ်ကြသည်။

### Leviticus 3:3

မိတ်သဟာယယဇ်ပူဇော်ရာတွင် မည်သည့်အပိုင်းကို ဖယ်၍ ပူဇော်ရမည်နည်း။
အအူကို ဖုံးသောဆီဥ၊ အအူနှင့် ဆိုင်သမျှသော ဆီဥ၊ ခါးအတွင်းနား၌ ရှိသော ကျောက်ကပ်နှစ် ခုနှင့် ကျောက်ကပ်ဆီဥ၊ ကျောက်ကပ်နှင့်တကွ အသည်းပေါ်၌ ရှိသော အမြေးတို့ကို ဖယ်၍ ယဇ်ပလ္လင်ပေါ်တွင် ပူဇော်ရပါမည်။

### Leviticus 3:6

မိတ်သဟာယယဇ် ပူဇော်ရာတွင် သိုးတစ်ကောင်သုံးခြင်း သို့မဟုတ် ဆိတ်တစ်ကောင်သုံးခြင်းသည် ခြားနားမှုကို ဖြစ်စေနိုင်သနည်း။
အတူတူပင် ဖြစ်သည်။

### Leviticus 3:9

မိတ်သဟာယယဇ် ပူဇော်ရာတွင် အကောင်၏ မည်သည့်အပိုင်းများကို ဖယ်ထုတ်ရမည်နည်း။
သိုး၏ ဆီဥ၊ ကျောရိုးကတိတိဖြတ်သော အမြီးရှိသမျှ၊ အအူကို ဖုံးသော အဆီဥ၊ အအူနှင့် ဆိုင်သမျှသော အဆီဥ၊ ခါးအတွင်းနား၌ ရှိသော ကျောက်ကပ်နှစ်ခုနှင့် ကျောက်ကပ် ဆီဥ၊ ကျောက်ကပ်နှင့်တကွ အသည်းပေါ်၌ရှိသော အမြေးတို့ကို ဖယ်၍ မိတ်သဟာယယဇ် ပူဇော်ရပါသည်။

### Leviticus 3:15

ဆီဥများသည် မည်သူနဲ့ ဆိုင်သနည်း။
ဆီဥများသည် ထာဝရဘုရားနဲ့ ဆိုင်ပါသည်။

ထာဝရဘုရားက လူများတို့အား သူတို့ အသက်ရှင်စဉ် ကာလပတ်လုံး မည်သည့်အရာများကို မစားရန် ပြောခဲ့သနည်း။
ထာဝရဘုရားက လူများတို့အား သူတို့ အသက်ရှင်စဉ် ကာလပတ်လုံး ဆီဥ သို့မဟုတ် အသွေးကို မစားရန် ပြောခဲ့သည်။



generated on Tue Jul 2 12:50:28 2024

## Chapter 4

1-2 တဖန် မောရှေအား ထာဝရဘုရားက၊ သင်သည် ဣသရေလအမျိုးသားတို့အား ဆင့်ဆိုရမည်မှာ၊ တရားကိုမသိ၊ ထာဝရဘုရား၏
ပညတ်တော်ကို လွန်ကျူးပြစ်မှား၍ မပြုအပ်သော အမှုကိုပြု မိသည် အရာတွင်၊- 3 ဘိသိက်ခံသော ယဇ်ပုရောဟိတ်သည် လူများကို
အပြစ်ထဲသို့ သွေးဆောင်၍ ကိုယ်တိုင် ပြစ်မှားလျှင်၊ ထိုအပြစ်အတွက် အပြစ်ဖြေရာယဇ်ဘို့ အပြစ်မပါ၊ အသက်ပျိုသော နွားထီးကို၊ -
4 ပရိသတ်စည်းဝေးရာ တဲတော် တံခါးနား၊ ထာဝရဘုရားရှေ့တော် သို့ ဆောင်ခဲ့၍၊ ထာဝရဘုရားအား ဆက်ရမည်။ 5 ဘိသိက်ခံသော
ယဇ်ပုရောဟိတ်သည်၊ နွား၏ အသွေးကို ယူ၍၊ ပရိသတ်စည်းဝေးရာ တဲတော်သို့ ဆောင်ခဲ့ပြီးလျှင်၊- 6 မိမိလက်ညှိုးကို အသွေး၌နှစ်၍
သန့်ရှင်းရာဌာနတော် ကုလားကာရှေ့၊ ထာဝရဘုရား ရှေ့တော်၌ ခုနစ်ကြိမ်ဖြန်းရမည်။ 7 တဖန်ယဇ်ပုရောဟိတ်သည်၊
ပရိသတ်စည်းဝေးရာ တဲတော်အတွင်း၊ ထာဝရဘုရားရှေ့တော်မှာ ရှိသော နံ့သာပေါင်းမွှေးကို မီးရှို့ရာ ပလ္လင်ဦးချိုတို့၌ နွားအသွေးကို
ထည့်၍၊ ကြွင်းသော အသွေးကို၊ ပရိသတ် စည်းဝေးရာ တဲတော်တံခါးရှေ့၌ရှိသော မီးရှို့ရာ ယဇ်ပလ္လင်ခြေရင်းနားမှာ သွန်ရမည်။ 8
မိဿဟာယယဇ် ပြုသော နွား၏ဆီဥကိုယူသကဲ့သို့၊ အပြစ်ဖြေရာ ယဇ်ပြုသော နွားအအူကို ဖုံးသော ဆီဥ၊ အအူနှင့်ဆိုင်သမျှသော
ဆီဥ၊- 9 ခါးအတွင်းနား၌ရှိသော ကျောက်ကပ်နှစ်ခုနှင့် ကျောက်ကပ်ဆီဥ၊ ကျောက်ကပ်နှင့်တကွ အသည်း ပေါ်၌ရှိသော
အမြှေးတည်းဟူသော၊ နွားဆီဥရှိသမျှကို ယူ၍၊ 10 မီးရှို့ရာယဇ်ပလ္လင်ပေါ်မှာ ရှို့ရမည်။ 11 နွား၏ ခေါင်း၊ ခြေထောက်၊ အအူ၊
ချေးနှင့်တကွ အရေ၊ အသားရှိသမျှ တည်းဟူသော၊- 12 နွားတကောင်လုံးကို၊ တပ်ပြင်မှာ ပြာသွန်ထားရာ ရှင်းလင်းသော
အရပ်သို့ယူသွား၍ ထင်းအပေါ်၌ မီးရှို့ရမည်။ ပြာသွန်း၍ ထားရာအရပ်၌ မီးရှို့ရမည်။ 13 ဣသရေလအမျိုးသား ပရိအပေါင်းတို့သည်
တရားကိုမသိ၊ အကျိုးအပြစ်ကို မရိပ်မိဘဲ၊ ထာဝရဘုရား၏ ပညတ်တော်ကို လွန်ကျူးပြစ်မှား၍ မပြုအပ်သောအမှုကို ပြုမိသဖြင့်
အပြစ်ရောက် လျှင်၊- 14 ထိုသို့ ပြစ်မှားမိသော အပြစ်ကိုသိသောအခါ၊ ထိုအပြစ်အတွက် ပရိသတ်တို့သည် အသက်ပျိုသော နွားထီးကို၊
ပရိသတ်စည်းဝေးရာ တဲတော်ရှေ့သို့ ဆောင်ခဲ့၍ ဆက်ရမည်။ 15 ပရိသတ်တွင် အသက်ကြီးသော သူတို့သည်၊
ထာဝရဘုရားရှေ့တော်၌ မိမိတို့လက်ကို နွားခေါင်းပေါ်မှာ တင်၍၊ ထိုနွားကို ရှေ့တော်၌ သတ်ရကြမည်။ 16 ဘိသိက်ခံသော
ယဇ်ပုရောဟိတ်သည် နွားအသွေးကို ပရိသတ် စည်းဝေးရာ တဲတော်သို့ ဆောင်ခဲ့ ပြီးလျှင်၊- 17 မိမိလက်ညှိုးကို အသွေး၌ နှစ်၍၊
ကုလားကာရှေ့ ထာဝရရှေ့တော်၌ ခုနစ်ကြိမ် ဖြန်းရမည်။ 18 တဖန် ယဇ်ပုရောဟိတ်သည်၊ ပရိတ်သတ်စည်းဝေးရာ တဲတော်အတွင်း၊
ထာဝရဘုရားရှေ့တော်မှာ ရှိသော ပလ္လင်ဦးချိုတို့၌ အသွေးကို ထည့်၍၊ ကြွင်းသောအသွေးကို၊ ပရိသတ်စည်းဝေးရာ
တဲတော်တံခါးရှေ့၌ရှိသော မီးရှို့ရာယဇ်ပလ္လင်ခြေရင်းနားမှာ သွန်ရမည်။ 19 နွားဆီဥ ရှိသမျှကို ယူ၍ ယဇ်ပလ္လင်ပေါ်မှာ မီးရှို့ရမည်။ 20
အပြစ်ဖြေရာ ယဇ်ပြုသော နွားကို ပြုသကဲ့သို့၊ ထိုနည်းတူ ဤနွားကို ပြုသဖြင့်၊ ယဇ်ပုရောဟိတ် သည် လူများတို့အဘို့
အပြစ်ဖြေခြင်းကို ပြုလျှင်၊ သူတို့အပြစ် လွတ်လိမ့်မည်။ 21 ထိုနောက်မှ နွားကို တပ်ပြင်သို့ဆောင်သွား၍၊ အရင်နွားကို မီးရှို့သကဲ့သို့
ရှို့ရမည်။ ပရိသတ်အဘို့ အပြစ်ဖြေစရာ ယဇ်ဖြစ်သတည်း။ 22 မင်းသည်လည်း တရားကိုမသိ၊ မိမိဘုရားသခင် ထာဝရဘုရား၏
ပညတ်တော်ကို လွန်ကျူးပြစ်မှား ၍ မပြုအပ်သော အမှုကို ပြုမိသဖြင့် အပြစ်ရောက်လျှင်၊- 23 မိမိပြစ်မှားမိသော အပြစ်ကို
သိသောအခါ၊ အပြစ်မပါသော ဆိတ်သငယ်အထီးကို ပူဇော်သက္ကာဘို့ ဆောင်ခဲ့ရမည်။ 24 ဆိတ်ခေါင်းပေါ်မှာ မိမိလက်ကိုတင်၍
ထာဝရဘုရားရှေ့တော်၌ မီးရှို့ရာယဇ်ကောင်သတ်ရာ အရပ်တွင် သတ်ရမည်။ အပြစ်ဖြေရာ ယဇ်ဖြစ်သတည်း။ 25
ယဇ်ပုရောဟိတ်သည် ထိုအပြစ်ဖြေရာယဇ်၏ အသွေးကို လက်ညှိုးနှင့်ယူ၍ မီးရှို့ရာ ယဇ်ပလ္လင်ဦး ချိုတို့၌ ထည့်ပြီးမှ၊ ကြွင်းသော
အသွေးကို ထိုပလ္လင်ခြေရင်းနား၌ သွန်ရမည်။ 26 မိဿဟာယယဇ်ကောင်ဆီဥကို ပြုသကဲ့သို့ ဆီဥရှိသမျှကို ယဇ်ပလ္လင်ပေါ်မှာ
မီးရှို့ရမည်။ ထိုသို့ ယဇ်ပုရောဟိတ်သည် မင်း၏ အပြစ်အတွက် အပြစ်ဖြေခြင်းကိုပြုလျှင်၊ သူ၏ အပြစ်လွတ်လိမ့်မည်။ 27
ဆင်းရဲသားတစုံတယောက်သည် တရားကို မသိ၊ ထာဝရဘုရား၏ ပညတ်တော်ကို လွန်ကျူးပြစ် မှား၍၊ မပြုအပ်သော အမှုကို
ပြုမိသဖြင့် အပြစ်ရောက်လျှင်၊- 28 မိမိပြစ်မှားမိသော အပြစ်ကို သိသောအခါ၊ ထိုအပြစ်အတွက် ပူဇော်သက္ကာဘို့ အပြစ်မပါသော
ဆိတ်သငယ်အမကို ဆောင်ခဲ့ရမည်။ 29 အပြစ်ဖြေရာ ယဇ်ပြုသော ဆိတ်ခေါင်းပေါ်မှာ မိမိလက်ကိုတင်၍ မီးရှို့ရာယဇ်ကောင်ကို
သတ်ရာ အရပ်၌ ထိုဆိတ်ကို သတ်ရမည်။ 30 ယဇ်ပုရောဟိတ်သည် အသွေးကို လက်ညှိုးနှင့်ယူ၍ မီးရှို့ရာ ယဇ်ပလ္လင် ဦးချိုတို့၌
ထည့်ပြီးမှ၊ ကြွင်းသော အသွေးကို ယဇ်ပလ္လင်ခြေရင်းနား၌ သွန်ရမည်။ 31 မိဿဟာယယဇ်ကောင်ဆီဥကို ယူသကဲ့သို့၊ ဆီဥရှိသမျှကို
ယူ၍ ထာဝရဘုရားအား မွှေးကြိုင်စရာ ဘို့ ယဇ်ပလ္လင်ပေါ်မှာ မီးရှို့ရမည်။ ထိုသို့ ယဇ်ပုရောဟိတ်သည် ထိုသူအဘို့ အပြစ်ဖြေခြင်းကို
ပြုလျှင်၊ သူ၏ အပြစ်လွတ်လိမ့်မည်။ 32 သိုးသငယ်ကို အပြစ်ဖြေရာယဇ် ပြုလိုလျှင်၊ အပြစ်မပါသော အမကို ဆောင်ခဲ့ရမည်။ 33
အပြစ်ဖြေရာ ယဇ်ပြုသော သိုးခေါင်းပေါ်မှာ မိမိလက်ကို တင်၍ မီးရှို့ရာယဇ်ကောင်ကို သတ်ရာ အရပ်၌ အပြစ်
ဖြေရာယဇ်ဖြစ်စေခြင်းငှါ သတ်ရမည်။ 34 ယဇ်ပုရောဟိတ်သည်၊ ထိုယဇ်ကောင် အသွေးကို လက်ညှိုးနှင့် ယူ၍ မီးရှို့ရာ
ယဇ်ပလ္လင်ဦးချိုတို့၌ ထည့်ပြီးမှ ဖြန်းသော အသွေးကို ထိုပလ္လင် ခြေရင်းနား၌ သွန်ရမည်။ 35 မိဿဟာယယဇ်ကောင်
သိုးသငယ်ဆီဥကို ပြုသကဲ့သို့၊ ဆီဥရှိသမျှကို ယူ၍၊ ထာဝရဘုရားအား မီးဖြင့် ပူဇော်သက္ကာနှင့်အတူ ယဇ်ပလ္လင်ပေါ်မှာ မီးရှို့ရမည်။
ထိုသို့ ယဇ်ပုရောဟိတ်သည် ထိုသူ ပြစ်မှားမိသော အပြစ်အတွက် အပြစ်ဖြေခြင်းကို ပြုလျှင်၊ သူ၏ အပြစ်လွတ်လိမ့်မည်။


generated on Tue Jul 2 12:50:28 2024

## Leviticus 01

တဖန် မောရှေအား ထာဝရဘုရားက၊ သင်သည် ဣသရေလအမျိုးသားတို့အား ဆင့်ဆိုရမည်မှာ၊ မပြုအပ်သော အမှုကိုပြု မိသည် အရာတွင်၊
ဤတွင် ကိုးကားချက်ထဲမှ အကိုးအကားတစ်ခု ရှိသည်။ တိုက်ရိုက်ကိုးကားချက်ကို သွယ်ဝိုက်ကိုးကားချက်ဖြင့်ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မောရှေအား ထာဝရဘုရားက၊ သင်သည် ဣသရေလအမျိုးသားတို့အား ဆင့်ဆိုရမည်မှာ၊ တစ်စုံတစ်ယောက်အပြစ်ပြု မိရာတွင်" (ရှု၊ နှင့်

ထာဝရဘုရားသည် မလွန်ကျူးမပြစ်မှားရန်ပညတ်တော်မူပြီ။
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် ဣသရေလအမျိုးသားတို့အား မလွန်ကျူး မပြစ်မှားရန် ပညတ်ပြုတော်မူပြီ"

မပြုအပ်သော (တားမြစ်သော) အမှုကိုပြု မိသည် အရာတွင်
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အကယ်၍ ထာဝရဘုရား ခွင့်မပြုသော တစ်စုံတစ်ခုကို ပြုမိရာတွင်"

ပြုလုပ်ရမည့်အရာများသည်ကား
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်အောက်ပါတို့ကို လုပ်ဆောင်ရမည်"

လူများကို အပြစ်ထဲသို့ သွေးဆောင်၍
"အပြစ်"ဟူသောစိတ္တဇနာမ် အား နာမဝိသေသန အဖြစ်ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဒါကြောင့် လူတို့အား ပြစ်မှားဘို့ သွေးဆောင်သည်"

## Leviticus 04

ယေဘုယျ အချက်အလက်
ဣသရေလအမျိုးသားများအား မည်သို့ လုပ်ဆောင်ရမည်အကြောင်းကို ထာဝရဘုရားသည် မောရှေအား ဆက်လက်မိန့်ကြားတော်မူ၏။

နွားထီးကိုဆောင်ခဲ့ရမည်။
"ဘိသိက်ခံသော (အမြင့်ဆုံးသော) ယဇ်ပုရောဟိတ်သည်နွားထီးကိုဆောင်ခဲ့ရမည်။"

ခေါင်းပေါ်မှာ မိမိလက်ကို တင်၍
ဤသည် ယဇ်ကောင်ဖြင့် ပူဇော်သောသူကို ကိုယ်စားပြုသောသင်္ကေတ အပြုအမူတစ်ခု ဖြစ်သည်။ ဤနည်းဖြင့် ထာဝရဘုရားအား သူ့ကိုယ်သူ တိရိစ္ဆာန်အားဖြင့် ပူဇော်ရသည်။ အခန်းကြီး ၁ အငယ် ၃ တွင် အဘယ်သို့ဘာသာပြန်ကြောင်းကြည့်ပါ။

ဘိသိက်ခံသော ယဇ်ပုရောဟိတ်သည် အသွေးအချို့ကို ယူရမည်။
ယဇ်ပုရောဟိတ်သည် တိရိစ္ဆာန်မှ စီးထွက်လာသောသွေးအား ဇလုံထဲ ထည့်ရမည်ကို ဖော်ညွှန်းသည်။

## Leviticus 06

ထိုအရာမှအချို့အားဖြန်းရမည်။
"ထိုအရာမှအချို့အားကျခြင်း" သို့မဟုတ် "ထိုအရာမှအချို့အားဖိတ်ကျခြင်း"

ပလ္လင်ဦးချို
ယဇ်ပလ္လင်၏ ထောင့်များ ကို ရည်ညွှန်းပြီး ၎င်းတို့အား နွားထီးဦးချိုကဲ့သို့ ပုံဖော်ထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယဇ်ပလ္လင်၏ ထောင့်များ၌ စီမံခြင်း"

သွန်ရမည်
"ကြွင်းသော အသွေးမရှိခြင်း"

ယဇ်ပလ္လင်ခြေရင်းနားမှာ
"ယဇ်ပလ္လင် အောက်ခြေမှာ"

## Leviticus 08

သူဖြတ်ရမည်
"ယဇ်ပုရောဟိတ်က ဖြတ်ယူသွားရလိမ့်မည်"

အအူများကို ဖုံးသော ဆီဥ----ကျောက်ကပ်နှစ်ခုနှင့် ---သူအားလုံးဖြတ်ယူရမည်
"သူအားလုံးကိုဖြတ်ယူသွားရလိမ့်မည်"ဟူသော ဖော်ပြချက်အား ဝါကျ၏အစတွင် ထားနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကျောက်ကပ်နှစ်ခုနှင့် ---အူများကို ဖုံးသော ဆီဥကို ဖြတ်ယူရလိမ့်မည်။"

အအူအစများ
ဤအရာသည် အစာအိမ် နှင့် အူများကို ဆိုလိုသည်။

ခါးအတွင်းနား၌ ရှိသော
တင်ပါးရိုးနှင့် နံရိုးများကြား၊ ကျောရိုး၏ ပတ်လည်ရှိကိုယ်အစိတ်ပိုင်းကို ဆိုလိုသည်။

အသည်းပေါ်၌ ရှိသော အမြှေး
အသည်း၏ ပတ်လည်တွင်ရှိသော အစိတ်အပိုင်းဖြစ်သည်။ အစာစားရန် အကောင်းဆုံးသော အသည်းအစိတ်အပိုင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အသည်း၏ အကောင်းဆုံးသော အစိတ်အပိုင်း"


generated on Tue Jul 2 12:50:28 2024

## Leviticus 11

အရေ......နွား၏အစိတ်အပိုင်းများ-
ထိုအစိတ်အပိုင်းများကိုအပြင်သို့ဆောင်ယူရမည်။
"အစိတ်အပိုင်းအားလုံးကိုဆောင်ယူရမည်"ဟူသောဖော်ပြချက်ကို ဝါကျ၏အစတွင်ထားနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊"ယဇ်ပုရောဟိတ်သည် နွား၏ အရေ... အစိတ်ပိုင်းများအား အပြင်သို့ ဆောင်ယူရလိမ့်မည်။"

ငါ့အဖို့သန့်ရှင်းစေပြီးရာအရပ်
ရုပ်ပိုင်းဆိုင်ရာ သန့်ရှင်းစေသည့် နည်းတူ ထာဝရဘုရားအား အစေခံရန် သင့်တော်သည့်နေရာနှင့်
ရိုးရာဓလေ့အရသန့်စင်စေပြီးသောနေရာကို ဆိုလိုသည်။ (ရှု၊ figs -metaphor)

ငါ့အဖို့သူတို့သန့်ရှင်းစေပြီ
"သူတို့"ဟူသည် ယဇ်ပုရောဟိတ်တို့ကိုလည်းကောင်း "ငါ" ဟူသည် ထာဝရဘုရားကိုလည်းကောင်း ရည်ညွှန်းသည်။

## Leviticus 13

တရားကိုမသိ
"ဘာမှမသိ"

မပြုမိရန် ပညတ်ခဲ့သည်
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့အား မပြုလုပ်ရန် ပညတ်ခဲ့သည်"

လွန်ကျူးပြစ်မှား၍
"လွန်ကျူးပြစ်မှား၍" သို့မဟုတ်
"သူတို့သည်ဘုရားအဘို့ပြစ်ဒဏ်ခံရန် ထိုက်တန်ကြသည်။"

ပြစ်မှားမိသော အပြစ်ကိုသိသောအခါ
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့ ပြစ်မှားကြောင်း သိရှိနားလည်လာသောအခါ"

မိမိတို့လက်ကို နွားခေါင်းပေါ်မှာ တင်၍
ဤသည် ယဇ်ကောင်ဖြင့်ပူဇော်သောသူကို ကိုယ်စားပြုသောသင်္ကေတ အပြုအမူ တစ်ခုဖြစ်သည်။
ဤနည်းဖြင့် ထာဝရဘုရားအား သူ့ကိုယ်သူတိရိစ္ဆာန်အားဖြင့် ပူဇော်ရသည်။ အခန်းကြီး ၁ အငယ် ၃ တွင် အဘယ်သို့ဘာသာပြန်ကြောင်းကြည့်ပါ။

နွားကို ရှေ့တော်၌ သတ်ရကြမည်
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ပြီးမှသူတို့သည် နွားထီးကို သတ်ရမည်။"

## Leviticus 16

ယေဘုယျ အချက်အလက်
ဣသရေလအမျိုးသားများ မည်သို့လုပ်ရမည်အကြောင်း ထာဝရဘုရားသည် မောရှေအား ဆက်လက် မိန့်ကြားတော်မူ၏။

ဘိသိက်ခံသော ယဇ်ပုရောဟိတ်သည် အသွေးအချို့ကို ဆောင်ခဲ့ ပြီးလျှင်
ယဇ်ပုရောဟိတ်သည် တိရိစ္ဆာန်မှ စီးထွက်လာသောသွေးအား ဇလုံထဲ ထည့်ရမည်ကို ဖော်ညွှန်းသည်။

ကုလားကာရှေ့
ဤသည် အသန့်ရှင်းဆုံးသော နေရာရှေ့တွင်ရှိသော ကုလားကာ ဖြစ်ကြောင်းကို ရည်ညွှန်းသည်။

## Leviticus 18

သူထည့်ရမည်
"ယဇ်ပုရောဟိတ်သည် ထည့်ရလိမ့်မည်"

ပလ္လင်ဦးချိုတို့
ယဇ်ပလ္လင်၏ ထောင့်များကို ရည်ညွှန်းပြီး ၎င်းတို့အား နွားထီးဦးချိုကဲ့သို့ ပုံဖော်ထားသည်။ ဤသည်ကို ၄း၆ တွင် ဘာသာပြန်ထားသည်ကို ကြည့်ရှုပါ။

ကြွင်းသောအသွေးကိုသွန်းရမည်
"သူသည် ကျန်ကြွင်းသော အသွေးကို သွန်းရမည်"

နွားဆီဥ ရှိသမျှကိုယူ၍ မီးရှို့ရမည်
နွားထီးမှ ဆီဥအားလုံးနှင့် မီးရှို့ရသော ဆီဥ"

## Leviticus 20

သူပြုရမည်
"ယဇ်ပုရောဟိတ်သည် ပြုရမည်"

ယဇ်ပုရောဟိတ် သည် လူများတို့အဘို့ အပြစ်ဖြေခြင်းကို ပြုလျှင်
"အပြစ်ဖြေခြင်း"ဟူသောစိတ္တဇနာမ်ကိုကြိယာအဖြစ်ဖော်ပြနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ယဇ်ပုရောဟိတ်သည် လူတွေရဲ့ အပြစ်များအတွက် အပြစ်ဖြေရမည်။"

သူတို့အပြစ် လွတ်လိမ့်မည်
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ ထာဝရဘုရားသည်သူတို့အပြစ် ကိုလွတ်လိမ့်မည်။

## Leviticus 22

မပြစ်မှားရန် ထာဝရဘုရားပညတ်တော်မူပြီ။
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊
"သူတို့အားမပြုလုပ်ရန်ထာဝရဘုရားပညတ်ခဲ့သည်"

မိမိပြစ်မှားမိသော အပြစ်ကို သိသောအခါ
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူ
ပြစ်မှားကြောင်းသိရှိလာပြီးသောအခါ"

Leviticus 24

သူတင်ရမည်
"အုပ်ချုပ်သူ တင်ရမည်"

ခေါင်းပေါ်မှာ မိမိလက်ကိုတင်၍
ဤသည် ယဇ်ကောင်ဖြင့် ပူဇော်သောသူကို
ကိုယ်စားပြုသောသင်္ကေတ အပြုမူတစ်ခု ဖြစ်သည်။ဤနည်းဖြင့်
ထာဝရဘုရားအား သူ့ကိုယ်သူ တိရိစ္ဆာန်အားဖြင့် ပူဇော်ရသည်။
အခန်းကြီး ၁ အငယ် ၃ တွင်
အဘယ်သို့ဘာသာပြန်ကြောင်းကြည့်ပါ။

သတ်ရာ အရပ်
"ယဇ်ပုရောဟိတ်များသတ်ရာ အရပ်"

ထာဝရဘုရားရှေ့တော်
"ထာဝရဘုရားမျက်မှောက်တော်၌" သို့မဟုတ်
"ထာဝရဘုရားထံတော်သို့"

ယဇ်ပုရောဟိတ်သည် အသွေးကို ယူရမည်
ယဇ်ပရောဟိတ်သည်တိရိစ္ဆာန်မှ
စီးထွက်လာသောသွေးအားဇလုံထဲ့ထည့်ရမည်ကို ဖော်ညွှန်းသည်။

ပလ္လင်ဦးချိုများ
နွားထီးဦးချိုကဲ့သို့ ပုံဖော်ထားသောယဇ်ပလ္လင်၏ ထောင့်များကို
ရည်ညွှန်းသည်။ အခန်းကြီး ၄ အငယ် ၆
တွင်ဘယ်လိုဘာသာပြန်ကြောင်း ကြည့်ပါ။

Leviticus 26

မီးရှို့ရမည်
"ယဇ်ပုရောဟိတ်သည် မီးရှို့ရမည်"

ထိုသို့ ယဇ်ပုရောဟိတ်သည် မင်း၏ အပြစ်အတွက် အပြစ်ဖြေခြင်းကိုပြုလျှင်
"အပြစ်ဖြေခြင်း" စိတ္တဇနာမ် အား ကြိယာအဖြစ် ဖော်ပြနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ယဇ်ပုရောဟိတ်သည်
အစိုးရမင်း အတွက် အပြစ်ဖြေရမည်။"

သူ၏ အပြစ်လွတ်လိမ့်မည်
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊
"ထာဝရဘုရားသည်မင်း၏အပြစ်ဖြေရမည်"

Leviticus 27

ထာဝရဘုရားသည် သူ့အားမပြစ်မှားရန် ပညတ်တော်မူပြီ
ဣသရေလအမျိုးသားများအား
အပြစ်မလုပ်ကြရန်ပညတ်တော်မူသည်။ ဤသည်ကို
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည်
ဣသရေလအမျိုးသားများကို အပြစ်မလုပ်ကြရန်
ပညတ်တော်မူသည်။"

မိမိပြစ်မှားမိသော အပြစ်ကို သိသောအခါ
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် သူ၏
ပြစ်မှားသောအပြစ်အား သိရှိနားလည်လာသည်။"

Leviticus 29

ခေါင်းပေါ်မှာ မိမိလက်ကိုတင်၍
ဤသည် ယဇ်ကောင်ဖြင့်ပူဇော်သောသူကို ကိုယ်စားပြုသော
သင်္ကေတ အပြုအမူ တစ်ခုဖြစ်သည်။ ဤနည်းဖြင့်
ထာဝရဘုရားအား သူ့ကိုယ်သူ တိရိစ္ဆာန်အားဖြင့် ပူဇော်ရသည်။
အခန်းကြီး ၁ အငယ် ၃ တွင် အဘယ်သို့
ဘာသာပြန်ကြောင်းကြည့်ပါ။

ယဇ်ပုရောဟိတ်သည် အသွေးကို ယူ၍
ယဇ်ပုရောဟိတ်သည် တိရိစ္ဆာန်မှ စီးထွက်လာသောသွေးအား
ဇလုံထဲ ထည့်ရမည်ကို ဖော်ညွှန်းသည်။

ယဇ်ပလ္လင်ဦးချိုများ
နွားထီးဦးချိုကဲ့သို့ ပုံဖော်ထားသော ယဇ်ပလ္လင်၏ ထောင့်များကို
ရည်ညွှန်းသည်။ အခန်းကြီး ၄ အငယ် ၆ တွင် မည်သို့
ဘာသာပြန်ကြောင်း ကြည့်ပါ။

ကြွင်းသော အသွေး
"ဇလုံ၌ ကျန်ကြွင်းသော အသွေးအားလုံး"

Leviticus 31

သူယူဆောင်ရမည်။
ဤနေရာတွင် "သူ"ဆိုသည်မှာ ယဇ်ပူဇော်သော ပုဂ္ဂိုလ်ကို
ရည်ညွှန်းသည်။

ဆီဥကို ယူသကဲ့သို့
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "တစ်စုံတစ်ယောက်သည်
ဆီဥကို ယူသကဲ့သို့"

မီးရှို့ရမည်။
"ဆီဥကိုမီးရှို့ရမည်။"

ထာဝရဘုရားအား မွှေးကြိုင်စရာ ဘို့

မွှေးကြိုင်သော
ပူဇော်သက္ကာအားဖြင့်ထာဝရဘုရားအားကျေနပ်စေသကဲ့သို့
ပူဇော်သက္ကာပြုသူ၏ ရိုးဖြောင့်ခြင်းအားဖြင့်လည်း
ထာဝရဘုရားကျေနပ်လျက်ရှိ၏။ အခန်းကြီး ၁ အငယ် ၇
တွင်ဘယ်လိုဘာပြန်သည်ကိုကြည့်ပါ။

ထိုသို့ ယဇ်ပုရောဟိတ်သည် ထိုသူအဘို့ အပြစ်ဖြေခြင်းကို ပြုလျှင်

"အပြစ်ဖြေခြင်း"စိတ္တဇနာမ် အား ကြိယာအဖြစ် ဖော်ပြနိုင်သည်။
အခြားသော ဘာသာပြန်ဆိုချက်၊ "ယဇ်ပုရောဟိတ်သည် ထိုသူ၏
အပြစ်အတွက်အပြစ်ဖြေရမည်။"

သူ၏ အပြစ်လွှတ်လိမ့်မည်

ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် ထိုသူ၏
အပြစ်ကိုဖြေရမည်။"

Leviticus 32

ခေါင်းပေါ်မှာ မိမိလက်ကိုတင်၍

ဤသည် ယဇ်ကောင်ဖြင့်ပူဇော်သောသူကို
ကိုယ်စားပြုသောသင်္ကေတ အပြုမူတစ်ခုဖြစ်သည်။ ဤနည်းဖြင့်
ထာဝရဘုရားအား သူ့ကိုယ်သူ တိရိစ္ဆာန်အားဖြင့် ပူဇော်ရသည်။
အခန်းကြီး ၁ အငယ် ၃ တွင်
အဘယ်သို့ဘာသာပြန်ကြောင်းကြည့်ပါ။

သတ်ရာ အရပ်

"ယဇ်ပရောဟိတ်များသတ်ရာ အရပ်"

Leviticus 34

ယဇ်ပလ္လင်ဦးချိုများ

နွားထီးဦးချိုကဲ့သို့ပုံဖော်ထားသော ယဇ်ပလ္လင်၏ ထောင့်များကို
ရည်ညွှန်းသည်။ အခန်းကြီး ၄ အငယ် ၆
တွင်ဘယ်လိုဘာသာပြန်ကြောင်းကြည့်ပါ။

သူအသွေးအားလုံးကိုသွန်ရမည်

"သူကျန်ကြွင်းသော အသွေးကို သွန်ရမည်။"

သူယူဆောင်ရမည်

ဤနေရာတွင် "သူ"ဆိုတာ
ယဇ်ပူဇော်သောပုဂ္ဂိုလ်ကိုရည်ညွှန်းသည်။

သိုးသငယ်ဆီဥကို ပြုသကဲ့သို့

ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်-"တစ်စုံတစ်ယောက်သည်
သိုးသူငယ်ဆီဥကို ယူသကဲ့သို့"

ယဇ်ပုရောဟိတ်သည်၎င်းကို မီးရှို့ရမည်

ယဇ်ပုရောဟိတ်သည် ဆီဥကို မီးရှို့ရမည်။

ထာဝရဘုရားအား မီးဖြင့် ပူဇော်သက္ကာနှင့်အတူ

ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်- "ထာဝရဘုရားဘို့
မီးရှို့သောပူဇော်သက္ကာ"

ထိုသူ ပြစ်မှားမိသော အပြစ်အတွက် အပြစ်ဖြေခြင်းကို ပြုလျှင်

"အပြစ်ဖြေခြင်း"စိတ္တဇနာမ်အား ကြိယာအဖြစ် ဖော်ပြနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်- " လူပုဂ္ဂိုလ်ပြစ်မှားသော
အပြစ်အတွက် အပြစ်ဖြေရမည်"

သူ၏ အပြစ်လွှတ်လိမ့်မည်

ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်- "ထာဝရဘုရားသည်
အပြစ်ရှိသောလူ၏ အပြစ်များကို ဖြေလွှတ်လိမ့်မည်။"

---

## Translation Questions

Leviticus 4:1

ဝတ်ပြုရာကျမ်း၏ အခန်းကြီးလေးတွင် မည်သည့် ယဇ်အကြောင်း
ဖော်ပြထားသနည်း။

ဝတ်ပြုရာကျမ်း၏ အခန်းကြီးလေးတွင်
အပြစ်ဖြေရာယဇ်အကြောင်းကို ဖော်ပြထားသည်။

Leviticus 4:6

သန့်ရှင်းရာဌာနတော်၏ ကုလားကာရှေ့တွင် ယဇ်ပုရောဟိတ်က
ထာဝရဘုရား၏ ရှေ့တော်မှာ အသွေးကို ဘယ်နှကြိမ် ဖြန်းရမည်နည်း။

သန့်ရှင်းရာဌာနတော်၏ ကုလားကာရှေ့တွင် ယဇ်ပုရောဟိတ်က
ထာဝရဘုရား၏ ရှေ့တော်မှာ အသွေးကို ခုနစ်ကြိမ်ဖြန်းရမည်။



generated on Tue Jul 2 12:50:28 2024

Leviticus 4:11

ထာဝရဘုရားအဘို့ ပြာသွန်ထားရာ ရှင်းလင်းသော အရပ်သို့ နွား၏ မည်သည့် အစိတ်အပိုင်းကို ယူသွားခဲ့ရသနည်း။
ထာဝရဘုရားအဘို့ ပြာသွန်ထားရာ ရှင်းလင်းသော အရပ်သို့ နွား၏ ခန္ဓာ၊ ခေါင်း၊ ခြေထောက်၊ အအူ၊ ချေးနနှင့်တကွ အရေ၊ အသားရှိသမျှ တို့ကို ယူသွားရပါသည်။

Leviticus 4:13

ဣသရေလအမျိုးသား ပရိတ်သတ်အပေါင်းတို့သည် အကျိုးအပြစ်ကို မရိပ်မိဘဲ အပြစ်လုပ်မိလျှင် အဘယ်သူသည် အပြစ်ဖြေရာယဇ်ပေါ်၌ လက်ကိုဝင်ရမည်နည်း။
ဣသရေလအမျိုးသား ပရိသတ်အပေါင်းတို့သည် အကျိုးအပြစ်ကို မရိပ်မိဘဲ အပြစ်လုပ်မိလျှင် အသက်ကြီးသူတို့သည် အပြစ်ဖြေရာယဇ်ပေါ်၌ လက်ကို တင်ထားရသည်။

Leviticus 4:20

အပြစ်ဖြေရာယဇ်အတွက် ဣသရေလအမျိုးပရိသတ်တို့သည် ပညတ်ချက်တို့ လိုက်နာပါက မည်သို့ ဖြစ်လာမည်နည်း။
အပြစ်ဖြေရာယဇ်အတွက် ဣသရေလအမျိုးပရိသတ်တို့သည် လမ်းညွှန်ချက်များကို လိုက်နာပါက အပြစ်လွတ်ခြင်း ခံရမည်။

Leviticus 4:22

မင်းသည် အပြစ်ပြုမိလျှင် မည်သည့် တိရစ္ဆာန်ကို ပူဇော်ရသနည်း။
မင်းသည် အပြစ်ပြုမိလျှင် အပြစ်မပါသော ဆိတ်သငယ် အထီးကို ပူဇော်ရသည်။

Leviticus 4:27

သာမန်ပြည်သူများသည် အပြစ်ကို ပြုမိလျှင် အဘယ်အရာကို ယူလာ၍ ပူဇော်ရသနည်း။
သာမန်ပြည်သူများသည် အပြစ်ကို ပြုမိလျှင် အပြစ်မပါသော ဆိတ်သငယ်အမကို ယူလာ၍ ပူဇော်ရသည်။

Leviticus 4:32

လူတစ်ယောက်သည် အပြစ်ဖြေရာယဇ်ပြုလိုလျှင် အပြစ်မပါသော သိုးသငယ်အမကို ဆောင်ခဲ့၍ ပူဇော်လို့ရပါသလား။
ရပါသည်။ အပြစ်ဖြေရာယဇ်ပြုလိုလျှင် အပြစ်မပါသော သိုးသငယ်အမကို ဆောင်ခဲ့၍ ပူဇော်လို့ရပါသည်။


generated on Tue Jul 2 12:50:28 2024

## Chapter 5

1 တစုံတယောက်သောသူသည် အမှုကို မြင်သည်ဖြစ်စေ၊ သိသည်ဖြစ်စေ၊ ကျိန်ဆိုစေသော စကားကို ကြား၍၊ သက်သေဖြစ်လျက်နှင့်
ပြန်မပြောဘဲနေသဖြင့် ပြစ်မှား၍၊ မိမိ ဒုစရိုက် အပြစ်ကို ခံရသော်၎င်း၊ 2 တစုံတယောက်သောသူသည် မစင်ကြယ်သော သားရဲ၊
သားယဉ်၊ တွားတတ်သော တိရစ္ဆာန်၏ အသေကောင် အစရှိသော မစင်ကြယ်သော အရာတစုံတခုကို အမှတ်တမဲ့ ထိမိသဖြင့်၊
မစင်ကြယ် ရာသို့ ရောက်၍ အပြစ်ရှိသော်၎င်း၊ 3 လူ၌ ကပ်သော မစင်ကြယ်သော အရာတစုံတခုကိုလည်း၊ မသိဘဲ ထိမိ၍
နောက်တဖန် သိလျှင်၊ အပြစ်ရှိရာသို့ ရောက်သော်၎င်း၊ 4 တစုံတယောက်သော သူသည် ကောင်းသောအမှု၊ မကောင်းသောအမှုကို
ထာဝရဘုရားသည် အာရုန်နှင့်သူ၏ သားများနှင့်အတူ မည်သည့်အရာကို လုပ်ရန် မိန့်တော်မူခဲ့သနည်း။
ပရိသတ်စည်းဝေးရာ တဲတော်တံခါးဝမှ အာရုန်နှင့် သူ၏ သားများ၊ အဝတ်များ လိမ်းရန်ဆီ၊ အပြစ်ဖြေရာ ယဇ်ဘို့နွားထီး၊ သိုးထီးနှစ်ကောင်၊ တဆေးမဲ့မုန့်တတောင်းကို ယူရန် ထာဝရဘုရားသည် မောရှေအား မိန့်တော်မူခဲ့သည်။

ပရိသတ်စည်းဝေးရာ တဲတော်တံခါးဝသို့ ခေါ်ခြင်းငှါ အဘယ်သူသည် မောရှေအား မိန့်တော်မူခဲ့သနည်း။
ပရိတ်သတ် စည်းဝေးရာ တဲတော်တံခါး ရှေ့သို့ ပရိသတ်အပေါင်းကို စည်းဝေးလော့ဟု ထာဝရဘုရားသည် မောရှေအား မိန့်တော်မူ၏။

Leviticus 8:6

မောရှေသည် အာရုန်အား မည်သည့် အဝတ်အစားကို ဝတ်စေတော်မူခဲ့သနည်း။
မောရှေသည် အာရုန်ကို အင်္ကျီဝတ်စေ၍၊ ခါးပန်းကို စည်းစေသည်။

Leviticus 8:8

မောရှေ၏ ရင်ဖုံးအမဲမှာ မည်သည့်အရာကို သွင်းထားတော်မူခဲ့သနည်း။
မောရှေ၏ ရင်ဖုံးအထဲ၌ ဥရိမ်နှင့် သုမိမ်ကို သွင်းထားတော်မူ၏။

သန့်ရှင်းသော သူသည် မည်သည့်အရာကို ဆိုလိုသနည်း။
သန့်ရှင်းသော သရဖူသည် ရွှေသင်းကျစ်ပြားကို ဆိုလိုသည်။

Leviticus 8:10

မောရှေသည် လိမ်းရန် ဆီကိုယူ၍ မည်ကဲ့သို့ ပြုလုပ်ခဲ့သနည်း။
မောရှေသည် လိမ်းရန်ဆီကို ယူ၍ တဲတော်နှင့် တဲတော်တန်ဆာရှိသမျှကို လိမ်းသဖြင့် သန့်ရှင်းစေ၏။

Leviticus 8:12

မောရှေက အာရုန်ကို မည်ကဲ့သို့ သန့်ရှင်းစေခဲ့သနည်း။
မောရှေသည် လိမ်းဆီနှင့်အတူ အာရုန်ကို လိမ်း၍ သန့်ရှင်းစေတော်မူခဲ့သည်။

Leviticus 8:14

မောရှေသည် အပြစ်ဖြေရာယဇ်ဘို့ ဆောင်ခဲ့သော နွားအသွေးကို မည်ကဲ့သို့ ပြုလုပ်ခဲ့သနည်း။
မောရှေသည် အပြစ်ဖြေရာယဇ်ဘို့ သွေးကို ဆောင်ခဲ့၍ မိမိတို့လက်ကို ဦးချိုပေါ်မှာ တင်ကြ၏။ အသွေးကို ယဇ်ပလ္လင် ခြေရင်းနား၌ သွန်းခဲ့သည်။

Leviticus 8:18

မောရှေသည် မီးရှို့ရာယဇ်ဘို့ အသုံးပြုသော သိုးအသွေးကို အဘယ်သို့ ပြုလုပ်ခဲ့သနည်း။
မောရှေသည် သိုးကို သတ်ပြီးလျှင် အသွေးကို ယဇ်ပလ္လင်အပေါ်၌ ပတ်လည်ဖြန်းလေ၏။

Leviticus 8:22

မောရှေသည် အခြားသော သိုးထီးတစ်ကောင်၏ သွေးအချို့နှင့်အတူ မည်ကဲ့သို့ ပြုလုပ်ခဲ့သနည်း။
မောရှေသည် အခြားသော သိုးထီးတစ်ကောင်၏ သွေးအချို့ကို ယူ၍ အာရုန်၏ လက်ယာနားပျဉ်း၌လည်းကောင်း၊ လက်ယာလက်မ၌လည်းကောင်း၊ လက်ယာခြေမ၌လည်းကောင်း ထည့်လေ၏။

Leviticus 8:34

ယဇ်ပုရောဟိတ်သည် ပရိသတ်စည်းဝေးရာ တဲတော်တံခါးနားမှာ အဘယ်ချိန်ထိစောင့်ရမည်နည်း။
ယဇ်ပုရောဟိတ်သည် ပရိသတ်စည်းဝေးရာ တဲတော်တံခါးနားမှာ ခုနစ်ရက်ပတ်လုံး နေ့ညဥ့်မပြတ်နေ၍ စောင့်ရသည်။

ထာဝရဘုရားသည် သူတို့ကို မှာထားတော်မူသမျှအတိုင်း အာရုန်နှင့် သူ၏ သားတို့သည် မည်ကဲ့သို့ တုံ့ပြန်ခဲ့သနည်း။
မောရှေအားဖြင့် ထာဝရဘုရား မှာထားတော်မူသမျှအတိုင်း အာရုန်နှင့်သူ၏ သားတို့သည် ပြုကြ၏။

## Chapter 9

1 အဋ္ဌမနေ့၌ မောရှေသည် အာရုန်နှင့်သူ၏သားများ၊ ဣသရေလ အမျိုးအသက်ကြီးသူများတို့ကို ခေါ်၍၊ 2 အာရုန်အား၊ သင်သည်
အပြစ်ဖြေရာယဇ်ဘို့ အပြစ်မပါသော နွားသငယ်တကောင်၊ မီးရှို့ရာ ယဇ်ဘို့ အပြစ်မပါသော သိုးထီးတကောင်ကိုယူ၍
ထာဝရဘုရားရှေ့တော်၌ ပူဇော်လော့။ 3 ဣသရေလ အမျိုးသားတို့အားလည်း သင်တို့သည် အပြစ်ဖြေရာယဇ်ဘို့
ဆိတ်သငယ်တကောင်၊ မီးရှို့ရာယဇ်ဘို့ အပြစ်မပါ အခါမလည်သော နွားသငယ်တကောင်၊ သိုးသငယ်တကောင်၊ - 4
ထာဝရဘုရားရှေ့တော်၌ ပူဇော်သော မိဿဟာယယဇ်ဘို့ နွားထီးတကောင်၊ သိုးထီးတကောင်၊ ဆီနှင့်ရောသော
ဘောဇဉ်ပူဇော်သက္ကာကို ယူကြလော့။ ယနေ့ထာဝရဘုရားသည် သင်တို့အား ထင်ရှားတော်မူမည်ကို ပြောလော့ဟု ဆိုလေ၏။ 5
မောရှေမှာထားသောအရာတို့ကို ပရိသတ်စည်းဝေးရာ တဲတော်ရှေ့သို့ ဆောင်ခဲ့ပြီးမှ၊ ပရိသတ် အပေါင်းတို့သည် ချဉ်းကပ်၍
ထာဝရဘုရားရှေ့တော်၌ ရပ်နေကြ၏။ 6 မောရှေကလည်း၊ သင်တို့သည် ထာဝရဘုရား မိန့်တော်မူသည်အတိုင်း ဤသို့ပြုကြ၍၊
ထာဝရဘုရား၏ ဘုန်းတော်သည် သင်တို့အား ထင်ရှားမည်ဟူ၍ဆင်း၊ 7 အာရုန်အားလည်း၊ သင်သည် ယဇ်ပလ္လင်သို့သွား၍
ထာဝရဘုရား မှာထားတော်မူသည်အတိုင်း၊ သင်၏ အပြစ်ဖြေရာယဇ်၊ မီးရှို့ရာယဇ်ကို ပူဇော်သဖြင့်၊ သင်နှင့်လူများအတွက်
အပြစ်ဖြေခြင်းကို ပြုလော့။ လူများ ဆောင်ယူခဲ့သော ပူဇော်သက္ကာကိုလည်း ပူဇော်၍၊ သူတို့အတွက် အပြစ်ဖြေခြင်းကို ပြုလော့ဟူ၍
ဆင်းဆိုလေ၏။ 8 အာရုန်သည်လည်း၊ ယဇ်ပလ္လင်သို့သွား၍ မိမိနှင့် ဆိုင်သော အပြစ်ဖြေရာယဇ် နွားသငယ်ကို သတ်လေ၏။ 9 သူ၏
သားတို့လည်း အသွေးကို ယူဆောင်ခဲ့သဖြင့်၊ အာရုန်သည် မိမိလက်ညှိုးကို အသွေး၌နှစ်၍ ယဇ်ပလ္လင်ဦးချိုတို့၌ ထည့်ပြီးမှ၊
ကြွင်းသောအသွေးကို ယဇ်ပလ္လင်ခြေရင်းနား၌ သွန်လေ၏။ 10 အပြစ်ဖြေရာ ယဇ်ကောင်ဆီဥ၊ ကျောက်ကပ်၊ အသည်းပေါ်၌ရှိသော
အမြှေးကို ယဇ်ပလ္လင်ပေါ်မှာ မီးရှို့လေ၏။ ထိုသို့ ထာဝရဘုရားသည် မောရှေအားမှာ ထားတော်မူ၏။ 11 အသားနှင့်အရေကို
တပ်ပြင်မှာ မီးရှို့လေ၏။ 12 မီးရှို့ရာယဇ်ကောင်ကိုလည်း သတ်၍၊ သူ၏သားတို့သည် အသွေးကို ဆက်ပြီးလျှင်၊ သူသည် ယဇ်ပလ္လင်
အပေါ် ပတ်လည်၌ ဖြန်းလေ၏။ 13 သူတို့သည် မီးရှို့ရာယဇ်ကောင်သားတစ်များနှင့် ခေါင်းကိုဆက်၍၊ သူသည် ယဇ်ပလ္လင်ပေါ်မှာ မီးရှို့
လေ၏။ 14 ဝမ်းထဲ၌ ရှိသောအရာများနှင့် ခြေတို့ကို ဆေးကြော၍ ယဇ်ပလ္လင်ပေါ်မှာ မီးရှို့ရာယဇ်နှင့် အတူ ရှို့လေ၏။ 15 လူများ
ပူဇော်သက္ကာကိုလည်း ဆောင်ခဲ့၍၊ လူများအပြစ်ဖြေရာယဇ်ဖြစ်သော ဆိတ်ကိုယူ သတ်ပြီးလျှင်၊ ရှေ့နည်းအတူ အပြစ်အတွက်
ပူဇော်လေ၏။ 16 မီးရှို့ရာ ယဇ်ကောင်ကိုလည်း ဆောင်ခဲ့၍၊ ထိုနည်းတူ ပူဇော်လေ၏ 17 ဘောဇဉ်ပူဇော်သက္ကာကိုလည်း
ဆောင်းခဲ့ပြီးလျှင်၊ တလက်ဆွန်းကိုယူ၍ ယဇ်ပလ္လင်၌ နံနက်မီးရှို့ ရာယဇ်နားမှာ မီးရှို့လေ၏။ 18 လူများအတွက် မိဿဟာယယဇ်
နွားထီး၊ သိုးထီးကိုလည်း သတ်၍၊ သူ၏ သားတို့သည် အသွေးကို ဆက်ပြီးလျှင်၊ သူသည် ယဇ်ပလ္လင်အပေါ် ပတ်လည်၌ ဖြန်းလေ၏။
19 အမြီးနှင့်တကွ အအူကိုဖုံးသော ဆီဥ၊ ကျောက်ကပ်၊ အသည်းအမြှေးတည်းဟူသော သိုးနွားဆီဥကို- 20 ရင်ပတ်ပေါ်မှာ တင်၍
ယဇ်ပလ္လင်၌ မီးရှို့လေ၏။ 21 ရင်ပတ်နှင့်လက်ျာပခုံးကို ထာဝရဘုရားရှေ့တော်၌ ချီလွှဲ၍၊ ချီလွှဲသော ပူဇော်သက္ကာကို ပြုလေ၏။
ထိုသို့ပြုရမည်ဟု မောရှေမှာထားသတည်း။ 22 အာရုန်သည် မိမိလက်ကို လူများရှေ့သို့ ချီလျက်၊ ကောင်းကြီးပေး၍၊
အပြစ်ဖြေရာယဇ်၊ မီးရှို့ရာယဇ်၊ မိဿဟာယယဇ်ကို ပူဇော်ရာမှ ဆင်းလေ၏။ 23 တဖန် မောရှေနှင့် အာရုန်တို့သည်
ပရိသတ်စည်းဝေးရာ တဲတော်ထဲသို့ ဝင်၍ ထွက်ပြီးမှ၊ လူများကို ကောင်းကြီးပေးသဖြင့်၊ ထာဝရဘုရား၏ ဘုန်းတော်သည်
လူများတို့အား ထင်ရှားလေ၏။ 24 ထာဝရဘုရားတော်ထံမှ မီးထွက်၍ ယဇ်ပလ္လင်ပေါ်မှာရှိသော မီးရှို့ရာယဇ်နှင့်ဆီဥကို လောင်လေ၏။
ထိုအကြောင်းအရာကို လူများတို့သည် မြင်သောအခါ ကြွေးကြော်၍ ပြပ်ဝပ်ကြ၏။

---

Leviticus 01

အဋ္ဌမနေ့
"အဋ္ဌမ"စကားလုံးသည် ရိုးရိုးရှစ်နံပါတ်ဖြစ်သည်။

ထာဝရဘုရားရှေ့တော်၌
"ထာဝရဘုရားထံတော်သို့" သို့မဟုတ်
"ထာဝရဘုရားမျက်မှောက်တော်၌"

Leviticus 03

ယေဘုယျ အချက်အလက်
မောရှေသည် အာရုန်အား ဆက်လက် စကားပြောနေသည်။

ဣသရေလ အမျိုးသားတို့အားဆင့်ဆိုရမည်မှာ
ဆိတ်သူငယ်တကောင်ယူကြလော့၊......သင်တို့အား ထင်ရှားတော်မူမည်။
မောရှေသည် အာရုန်အား ဆက်လက်စကားပြောနေသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဣသရေလအမျိုးသားတို့အား
ဆိတ်ထီးတစ်ကောင်ကို
ယူဆောင်ရန်ဆင့်ဆိုလော့........လူသားအားလုံးတို့အား
ထင်ရှားတော်မူမည်။ "

အခါလည်
"အသက်တစ်ဆယ့်နှစ်လ" သို့မဟုတ် "အသက်တစ်နှစ်"

ထာဝရဘုရားရှေ့တော်၌ ပူဇော်ရန်
"ထာဝရဘုရားအား ပူဇော်ရန်"

Leviticus 06

သင်တို့အား ပြုလုပ်ရန်မိန့်တော်မူသည့်အတိုင်း
"သင်တို့" ဆိုတာ ဣသရေလအမျိုးသားတို့ကို ရည်ညွှန်းသည်။

ထာဝရဘုရား၏ ဘုန်းတော်သည် သင်တို့အား ထင်ရှားမည်ဟူ၍ရင်း
"ဘုန်းတော်"ဆိုသည်မှာ ထာဝရဘုရား၏ မျက်မှောက်တော်ကို ကိုယ်စားပြုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်တို့အား ထာဝရဘုရား၏ ဘုန်းတော်ကိုထင်ရှားပြသနိုင်ရန် အလို့ငှါ"

သင်နှင့်လူများအတွက် အပြစ်ဖြေခြင်းကို ပြုလော့။ လူများ ဆောင်ယူခဲ့သော ပူဇော်သက္ကာကိုလည်း ပူဇော်၍၊ သူတို့အတွက် အပြစ်ဖြေခြင်းကို ပြုလော့။
ပူဇော်သက္ကာနှစ်မျိုး ရှိသည်။ ပထမတစ်မျိုးမှာ မြင့်မြတ် သော ယဇ်ပုရောဟိတ်၏ အပြစ်အတွက်အပြစ်ဖြေရန်ဖြစ်သည်။ မြင့်မြတ်သော ယဇ်ပုရောဟိတ် ပြစ်မှားလျှင် အပြစ်ကို ဖြစ်စေသည်။ (ရှု၊ ၄:၁)။ ဒုတိယမှာ လူများကိုယ်တိုင် ပြစ်မှားသော အပြစ်ဖြေရန်ပူဇော်သက္ကာဖြစ်သည်။

Leviticus 08

သူ၏ သားတို့လည်း အသွေးကို ယူဆောင်ခဲ့သဖြင့်
တိရစ္ဆာန်၏ အသွေးကို လူတို့သည်ဇလုံထဲ ထည့်ကြမည်ကို ရည်ညွှန်းသည်။ ဖော်ပြချက် အဓိပ္ပာယ်အပြည့်အစုံကို ရှင်းရှင်းလင်းလင်း ပြုလုပ်နိုင်သည်။

ယဇ်ပလ္လင်ဦးချို
ဤသည် ယဇ်ပလ္လင်၏ ထောင့်များကို ရည်ညွှန်းသည်။ သူတို့သည် နွားထီး၏ ဦးချို ကဲ့သို့ ပုံဖော်ခဲ့ကြသည်။၄:၆ တွင် ပြန်ဆိုသည့်အတိုင်း ပြန်ဆိုနိုင်သည်။

ယဇ်ပလ္လင်ခြေရင်းနား၌
"ယဇ်ပလ္လင်၏ အောက်ခြေ၌"

Leviticus 10

သူမီးရှို့လေ၏။
"အာရုန်သည် မီးရှို့လေ၏။

ကျောက်ကပ်၊ အသည်း
၃:၃ ကဲ့သို့ ဘာသာပြန်ပါ။

အရေ
ဤသည် တိရစ္ဆာန်အုပ်၏အရေပြား သို့မဟုတ် ကိုယ် ဖြစ်သည်။ ၇:၇ တွင် ပြန်ဆိုသည့်အတိုင်း ပြန်ဆိုနိုင်သည်။

Leviticus 12

သူ၏သားတို့သည် အသွေးကို ဆက်ပြီးလျှင်
တိရစ္ဆာန်၏ အသွေးကို လူတို့သည် ဇလုံထဲ ထည့်ရကြမည်ကို ရည်ညွှန်းသည်။ ဖော်ပြချက်အဓိပ္ပါယ် အပြည့်အစုံကို ရှင်းရှင်းလင်းလင်း ပြုလုပ်နိုင်သည်။

ဝမ်းထဲ၌ ရှိသောအရာများ
ဝမ်းထဲ၌ ရှိသောအရာများ၊ ဤသည် အူများနှင့်အစာအိမ်ကို ဆိုလိုသည်။ ၁:၇ တွင် ပြန်ဆိုသည့်အတိုင်း ပြန်ဆိုနိုင်သည်။

Leviticus 15

ပထမဆိတ်
"ပထမ"သည် ရိုးရိုးနံပါတ်တစ်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူကိုယ်တိုင်၏ ပူဇော်သက္ကာအတွက် ဆိတ်"

နံနက်မီးရှို့ ရာယဇ်နားမှာ
ဤသည် နေ့စဉ်၏ ပထမပူဇော်သက္ကာကို ရည်ညွှန်းသည်။ ယဇ်ပုရောဟိတ်သည် ဤပူဇော်သက္ကာကို မည်သည့် ပူဇော်သက္ကာကိုမှ မပြုခင် မနက်ပိုင်းတွင် ပူဇော်ရသည်။

Leviticus 18

သူသတ်လေ၏။
အာရုန်သည် သတ်လေ၏။

သူ၏ သားတို့သည် အသွေးကို ဆက်ပြီးလျှင်
အသွေးသည် ဇလုံထဲ၌ ရှိကြောင်းကို ဆိုလိုသည်။ အဓိပ္ပာယ်ကို ရှင်းရှင်းလင်းလင်း ပြုလုပ်နိုင်သည်။

အအူများ
ဤသည် အူများနှင့် အစာအိမ်ကို ဆိုလိုသည်။ ၁:၇ တွင် ပြန်ဆိုသည့်အတိုင်း ပြန်ဆိုနိုင်သည်။

ကျောက်ကပ်၊ အသည်း
၃:၃ တွင် ပြန်ဆိုသည့်အတိုင်း ပြန်ဆိုနိုင်သည်။

Leviticus 20

သူတို့ အစိတ်ပိုင်းကိုယူကြ၏။
"အာရုန်၏ သားများက အစိတ်အပိုင်းကို ယူကြ၏။

ဤအရာများကိုတင်၍
"ဤအရာများ" စကားလုံးသည် အစက ပြုစုသော အအူများနှင့် အဆီဥများကို ရည်ညွှန်းသည်။

ရင်ပတ်
လည်ပင်းအောက်ရှိ တိရစ္ဆာန်ကိုယ်၏ ရှေ့ပိုင်းအစိတ်အပိုင်းဖြစ်သည်။ ၇:၂၈ တွင် ပြန်ဆိုသည့်အတိုင်း ပြန်ဆိုနိုင်သည်။

လက်ျာပခုံး (သို့) လက်ျာပေါင်
ဤသည် ဒူးအပေါ်ရှိခြေထောက်၏ အပေါ်ပိုင်း အစိတ်အပိုင်းဖြစ်သည်။ ၇:၃၁ တွင် ပြန်ဆိုသည့်အတိုင်း ပြန်ဆိုနိုင်သည်။

ထာဝရဘုရားရှေ့တော်၌
"ထာဝရဘုရားအာတွက်"

Leviticus 22

ဆင်းလေ၏။
လူတွေ မတ်တပ်ရပ်ရသော နေရာထက် ယဇ်ပလ္လင်နေရာသည် ပိုမြင့်သောကြောင့် "ဆင်းလေ၏" ဟူသော စကားစုကို သုံးထားသည်။

ထာဝရဘုရား၏ ဘုန်းတော်သည် လူများတို့အား ထင်ရှားလေ၏။
"ဘုန်းတော်"သည် ထာဝရဘုရား၏ မျက်မှောက်တော်ကိုကိုယ်စားပြုသည်။

အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် သူ၏ မျက်မှောက်တော်ဘုန်းကို လူတို့အား ပြသလေ၏။

ထာဝရဘုရားတော်ထံမှ မီးထွက်၍လောင်လေ၏။
"ထာဝရဘုရားသည် လောင်သောမီးကို လွှတ်လေ၏။"

မီးရှို့ရာယဇ်ကို လောင်လေ၏။
မီးရှို့ရာယဇ် သို့မဟုတ် လောင်စေသော မီးကဲ့သို့သော ယဇ်ပလ္လင်သည် လုံးလုံးလောင်ကျွမ်းသော မီးကို ဆိုလိုသည်။

ပြပ်ဝပ်ကြ၏။
"မြေပြင်သို့ သူတို့မျက်နှာကို မှောက်၍ လဲကြ၏။ ပြပ်ဝပ်ကြ၏။" ဤသည် ရိုသေလေးစားခြင်း လက္ခဏာဖြစ်သည်။

---

## Translation Questions

Leviticus 9:1

ဘယ်နေ့၌ မောရှေသည် အာရုန်နှင့် သူ၏သားများ၊ ဣသရေလအမျိုး အသက်ကြီးသူများတို့ကို ခေါ်ခဲ့သနည်း။
အဋ္ဌမနေ့၌ မောရှေသည် အာရုန်နှင့် သူ၏သားများ၊ ဣသရေလအမျိုး အသက်ကြီးသူများတို့ကို ခေါ်ခဲ့ပါသည်။

ထာဝရဘုရား ရှေ့တော်၌ ပူဇော်ဖို့ရန်အတွက် မောရှေသည် အာရုန်နှင့် သူ၏သားများအား မည်သည့် တိရစ္ဆာန်နှစ်မျိုးကို ယူလာစေခဲ့သနည်း။
အပြစ်မပါသော သိုးထီးတစ်ကောင်နှင့် နွားသူငယ်တစ်ကောင်ကို မောရှေသည် အာရုန်အား ယူလာစေခဲ့သည်။

Leviticus 9:3

ထာဝရဘုရားအား ပူဇော်ရန် ဣသရေလအမျိုးသားတို့ကို ယူလာဖို့ မောရှေသည် အာရုန်အား မည်ကဲ့သို့ မိန့်တော်မူခဲ့သနည်း။
လူတို့သည် ထာဝရဘုရားအား ပူဇော်ရန် ဆိတ်သူငယ်တစ်ကောင်၊ အခါမလည်သော နွားသူငယ်တစ်ကောင်၊ သိုးသူငယ်တစ်ကောင်၊ သိုးထီးတစ်ကောင်ကို ယူလာဖို့ မောရှေသည် အာရုန်ကို မိန့်တော်မူခဲ့သည်။

Leviticus 9:6

အဘယ်ကြောင့် ထာဝရဘုရားသခင်သည် သူတို့ကို ဤသို့ ပြုကြစေရန် မိန့်တော်မူခဲ့သနည်း။
ထာဝရဘုရား၏ ဘုန်းတော်သည် သူတို့အား ထင်ရှားမည်ဟူသောကြောင့် ထာဝရဘုရားသည် ဤသို့ပြုကြစေရန် မိန့်တော်မူခဲ့ပါသည်။

Leviticus 9:22

မောရှေမိန့်တော်မူသည့်အတိုင်း ယဇ်ပူဇော်ပြီးနောက် အာရုန်သည် လူများအတွက် မည်ကဲ့သို့ ပြုလုပ်ခဲ့ရသနည်း။
အာရုန်သည် ယဇ်ပူဇော်ပြီးနောက် သူ၏ လက်ကို လူများရှေ့သို့ ချီပြီး ကောင်းကြီးပေးရသည်။

ထာဝရဘုရား၏ ဘုန်းတော်သည် လူများတို့အား ထင်ရှားသောအခါ မည်ကဲ့သို့ ဖြစ်ခဲ့သနည်း။
ထာဝရဘုရား၏ ဘုန်းတော်သည် လူများတို့အား ထင်ရှားသောသအခါ မီးထွက်၍ ယဇ်ပလ္လင်ပေါ်မှာရှိသော မီးရှို့ရာယဇ်နှင့် ဆီဥကို လောင်လေသည်။

ထာဝရဘုရားထံတော်မှ မီးထွက်သောအခါ လူများတို့သည် မည်ကဲ့သို့ ပြုလုပ်ခဲ့ကြသနည်း။
ထာဝရဘုရားထံတော်မှ မီးထွက်သောအခါ လူများတို့သည် ကြွေးကြော်၍ ပြပ်ဝပ်ကြ၏။


generated on Tue Jul 2 12:50:28 2024

## Chapter 10

1 အာရုန်၏သားနာဒပ်နှင့် အတိဟုတို့သည်၊ ကိုယ်စီဆိုင်သော လင်ပန်းတို့ကို ယူလျက်၊ မီးကိုထည့်၍ လောဗန်ကို တင်ပြီးလျှင်၊
ထာဝရဘုရား မှာထားတော်မူသော မီးမဟုတ်၊ ထူးခြားသော မီးကို ရှေ့တော်၌ ပူဇော်၏။ 2 ထိုအခါ ထာဝရဘုရားထံတော်မှ မီးထွက်၍၊
သူတို့ကို လောင်သဖြင့် ရှေ့တော်၌ သေကြ၏။ 3 ထိုအခါ၊ မောရှေသည် အာရုန်ကိုခေါ်၍၊ ထာဝရဘုရားက၊ ငါသည်
သန့်ရှင်းခြင်းရှိသည်ဟု ငါ့ထံ သို့ ချဉ်းကပ်သူတို့သည် မှတ်ရမည်။ လူအပေါင်းတို့သည် ငါ့ဘုန်းကို ချီးမြှင့်ရကြမည်ဟု မိန့်တော်မူ ရာ၌၊
ထိုသို့သော အမှုကို ရည်ဆောင်၍ မိန့်တော်မူသည်ဟု ဆိုလျှင်၊ အာရုန်သည် တိတ်ဆိတ်စွာ နေလေ၏။ 4 မောရှေသည် အာရုန်၏
ဘထွေး ဩဇေလသားမိရှေလနှင့် ဧလဇာဖန်ကိုခေါ်၍၊ လာကြ။ သင်တို့ ပေါက်ဘော်တို့ကို သန့်ရှင်းရာ ဌာနတော်က၊ တပ်ပြင်သို့
ယူသွားကြလော့ဟု ဆိုသည်အတိုင်း၊ 5 သူတို့သည် လာ၍ အင်္ကျီဝတ်လျက်ရှိသော အသေကောင်ကို တပ်ပြင်သို့ယူသွားကြ၏။ 6
မောရှေသည် အာရုန်နှင့် သူ၏သားဧလာဇာနှင့် ဣသမာတို့ကိုခေါ်၍၊ သင်တို့လည်းသေမည်။ လူအပေါင်းတို့အပေါ်မှာ
အမျက်တော်သင့်ရောက်မည်ကို စိုးရိမ်သည်ဖြစ်၍၊ သင်တို့ ဦးထုပ်ကို မချွတ်နှင့်။ အဝတ်ကို မဆုတ်နှင့်။ သင်တို့ ညီအစ်ကို ဣသရေလ
အမျိုးသားရှိသမျှတို့သည် ထာဝရ ဘုရားပြုတော်မူသော မီးလောင်ခြင်းကိုသာ ငိုကြွေးမြည်တမ်းကြစေ။ 7
သင်တို့သေမည်ကိုစိုးရိမ်သည်ဖြစ်၍၊ ပရိသတ်စည်းဝေးရာ တံခါးပြင်သို့ မထွက်နှင့်။ ထာဝရဘုရား၏ ဘိသိက်ဆီသည်
သင်တို့အပေါ်၌ရှိသည်ဟု ဆိုသည်အတိုင်း သူတို့ပြုကြ၏ 8 တဖန် အာရုန်အား ထာဝရဘုရားက၊- 9 သင်နှင့်သင်၏ သားတို့သည်
သေဘေးနှင့် ကင်းလွတ်ခြင်းငှါရင်း၊ သန့်ရှင်းသောအရာ၊ မသန့်ရှင်း သောအရာ၊ စင်ကြယ်သောအရာ၊ 10 မစင်ကြယ်သောအရာတို့ကို
ပိုင်းခြားတတ်ခြင်းငှါရင်း၊ ထာဝရ ဘုရားသည် မောရှေအားဖြင့် မှာထားသမျှသော ပညတ်တို့ကို ဣသရေလ အမျိုးသားတို့၌ သွန်
သင်တတ်ခြင်းငှါရင်း၊ ပရိသတ်စည်းဝေးရာ တဲတော်သို့ ဝင်သောအခါ၊ စပျစ်ရည်အစရှိသော ယစ် မျိုးကို မသောက်နှင့်။ 11 သင်တို့
အမျိုးအစဉ်အဆက် စောင့်ရသော ပညတ်ဖြစ်သတည်းဟု မိန့်တော်မူ၏။ 12 မောရှေသည်လည်း၊ အာရုန်နှင့်ကြွင်းသော သားဧလာဇာ၊
ဣသမာတို့ကိုခေါ်၍၊ သင်တို့သည် ထာဝရ ဘုရားအား မီးဖြင့်ပြုသော ဘောဇဉ်ပူဇော်သက္ကာ အကြွင်းကိုယူ၍ တဆေးမပါဘဲ
ယဇ်ပလ္လင်နားမှာ စားကြလော့။ အလွန်သန့်ရှင်းပေ၏။ 13 ထိုအကြွင်းသည် ထာဝရဘုရားအား မီးဖြင့်ပြုသော ပူဇော်သက္ကာထဲက
သင်နှင့်သင်၏ သားတို့ ခံထိုက်သောအဘို့ ဖြစ်၍ သန့်ရှင်းရာဌာနတော်၌ စားရကြမည်။ ထိုပညတ်တော်ကို ငါခံရပြီ။ 14
ချီလှဲ့သောရင်ပတ်၊ ချီမြှောက်သော ပခုံးကိုကား၊ သင်နှင့်တကွသင်၏ သားသမီးတို့သည် စင်ကြယ် သောအရပ်၌ စားရကြမည်။
ဣသရေလအမျိုးသားတို့သည် ပူဇော်သော မိဿဟာယယဇ်ထဲက၊ သင်နှင့်သင်၏သားတို့သည် ခံထိုက်သောအဘို့ ဖြစ်သတည်း။ 15
မီးဖြင့် ပူဇော်သော ယဇ်ကောင်ဆီဥနှင့်တကွ၊ ချီမြှောက်ရာပခုံး၊ ချီလှဲ့ရာရင်ပတ်ကို ထာဝရဘုရား ရှေ့တော်၌ ချီလှဲ့၍၊ ချီလှဲ့သော
ပူဇော်သက္ကာကို ပြုခြင်းငှါ ဆောင်ခဲ့ရကြ၍၊ ထာဝရ ပညတ်တော် အတိုင်း၊ သင်နှင့်သင်၏ သားတို့သည် ကိုယ်အဘို့ယူရကြမည်။
ထိုသို့ ထာဝရဘုရား မှာထားတော်မူပြီ ဟုဆိုလေ၏။ 16 တဖန် မောရှေသည် အပြစ်ဖြေရာ ယဇ်ပြုသော ဆိတ်ကို ကြိုးစား၍
ရှာသော်လည်း မတွေ့။ မီးရှို့ နှင့်ပြီ။ ထိုကြောင့် ကြွင်းသော အာရုန်သား ဧလာဇာ၊ ဣသမာတို့ကို အမျက်ထွက်လျက် ဆိုသည်ကား၊ 17
အပြစ်ဖြေရာယဇ်သားသည် အလွန်သန့်ရှင်း၏။ သင်တို့သည် ပရိသတ်တို့ အပြစ်ကိုခံ၍၊ ထာဝရ ဘုရားရှေ့တော်၌ သူတို့အဘို့
အပြစ်ဖြေခြင်းကို ပြုစေခြင်းငှါ ထိုယဇ်သားကို ပေးတော်မူသည်ဖြစ်၍၊ သန့်ရှင်းရာ ဌာနတော်၌ အဘယ်ကြောင့် မစားသနည်း။ 18
ထိုယဇ်သား အသွေးကိုလည်း သန့်ရှင်းရာဌာနထဲသို့ မသွင်းပါတကား။ အကယ်၍ ငါမှာထားခဲ့သည် အတိုင်း၊ ထိုယဇ်သားကို
သန့်ရှင်းရာဌာနတော်၌ စားရမည်ဟုဆိုလျှင်၊- 19 အာရုန်က၊ ယနေ့ သူတို့သည် လူများတို့ အပြစ်ဖြေရာယဇ်၊ မီးရှို့ရာယဇ်ကို
ပူဇော်ပါပြီ။ အကျွန်ုပ် ၌ ထိုသို့သော အမှုရောက်သည်တွင် ၊ ယနေ့အပြစ်ဖြေရာ ယဇ်သားကို စားမိလျှင်၊ ထာဝရဘုရား
နှစ်သက်တော်မူပါမည်လောဟု မောရှေကို ပြောဆို၏။ 20 မောရှေသည် ထိုစကားကို ကြားလျှင် ဝန်ခံလေ၏။

---

Leviticus 01

နာဒပ်နှင့် အတိဟု
အာရုန်၏ သားများအမည် ဖြစ်သည်။

လင်ပန်း
ယဇ်ပုရောဟိတ်များ မီးရှို့ပူဇော်ရသောအမွှေးတိုင် သို့မဟုတ် ကျောက်မီးသွေးပူကို သယ်ဆောင်ရန်သုံးသောသံပြားတစ်ခု

မီးကိုထည့်၍
"လောင်ကျွမ်းသော မီးသွေးခဲကို ထည့်သည်။"

ထာဝရဘုရား မှာထားတော်မူသော မီးမဟုတ်၊ ထူးခြားသော မီးကို ရှေ့တော်၌ ပူဇော်၏။
"ပူဇော်ရန် သူတို့ကို မှာထားတော်မူသောအရာအတိုင်းမဟုတ်သောကြောင့် သူတို့၏ ပူဇော်သက္ကာကို ထာဝရဘုရား အသိအမှတ်မပြု။"

ထာဝရဘုရားရှေ့တော်မကြိုက်သောမီး
"ထာဝရဘုရား မနှစ်သက်သော မီး"

ထိုအခါ ထာဝရဘုရားထံတော်မှ မီးထွက်၍
"ထို့ကြောင့် ထာဝရဘုရားသည် မီးကို စေလွှတ်တော်မူ၏"


generated on Tue Jul 2 12:50:28 2024

ထာဝရဘုရားထံတော်မှထွက်၍
"ထာဝရဘုရားထံတော်မှ ထွက်၍"

သူတို့ကို လောင်သဖြင့်
မီးသည် လူတွေကို လုံးလုံးလောင်ကျွမ်းခြင်းကိုဆိုလိုသည်။

ရှေ့တော်၌ သေကြ၏။
"သူတို့သည် ထာဝရဘုရား မျက်မှောက်တော်၌ သေကြ၏။"

Leviticus 03

ထာဝရဘုရားက၊ ငါသည် သန့်ရှင်းခြင်းရှိသည်ဟု ငါ့ထံ သို့ ချဉ်းကပ်သူတို့သည် မှတ်ရမည်။
တိုက်ရိုက်ကိုးကားချက်ကို
သွယ်ဝိုက်ကိုးကားချက်ဖြင့်ဖော်ပြနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဤသည် လူအပေါင်းတို့ သူ့ကို ချီးမြှောက်ရန် သူ့ထံသို့ ချဉ်းကပ်သော သူတို့အား သူ၏ သန့်ရှင်းခြင်းကို ဖော်ပြမည်အကြောင်း ထာဝရဘုရား ဆိုလိုသည်။"

ငါ့ထံသို့ချဉ်းကပ်လာသောသူတို့အားငါ၏သန့်ရှင်းခြင်းကိုဖော်ပြမည်
"ငါ့ထံသို့ ချဉ်းကပ်လာသော သူတို့အား" စကားစုသည် ထာဝရဘုရား အစေခံသော ယဇ်ပုရောဟိတ်တို့ကို ရည်ညွှန်းသည်။ "ငါ့ကို အစေခံရန် ငါ့ထံသို့ ချဉ်းကပ်လာသောသူတို့ ငါ့ကို သန့်ရှင်းသူကဲ့သို့ ဆက်ဆံရမည်။" သို့မဟုတ် "ငါ့ကို အစေခံရန် ငါ့ထံသို့ ချဉ်းကပ်လာသောသူတို့အား ငါသည် သန့်ရှင်းကြောင်းကို ပြသမည်။"

လူအပေါင်းတို့သည် ငါ့ဘုန်းကို ချီးမြင့်ရကြမည်
ဤထာဝရဘုရား၏ ဖော်ပြချက် ဒုတိယ အစိတ်အပိုင်းသည် လည်း ထာဝရဘုရားအနီးသို့ ချဉ်းကပ်လာသောယဇ်ပုရောဟိတ်နှင့် ပတ်သက်သည်။ ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် လူမျိုးအပေါင်းတို့ရှေ့မှာ ငါ့ကိုချီးမြှောက် ကြရမည်။" သို့မဟုတ် "လူတို့၏ မျက်မှောက်တော်မှာ သူတို့သည် ငါ့ကို လေးစားရမည်။"

မိရှေလ.... ဧလဇာ....ဩဇေလ
ဤအရာများသည် လူတွေ၏ အမည်နာမများဖြစ်သည်။

သင်တို့ ပေါက်ဘော်တို့ကို
ဤသည် ညီအစ်ကိုအရင်းများကို မဆိုလို။ "ညီအစ်ကိုများ"ဆိုသည်မှာ ဆွေမျိုးများ သို့မဟုတ် ဝမ်းကွဲညီကိုများကို ဆိုလိုသည်။

Leviticus 05

သူတို့သည် လာ၍
"မိရှေလ နှင့် ......တို့သည် အနီးသို့လာ၍"

အင်္ကျီဝတ်လျက်ရှိသော အသေကောင်ကို တပ်ပြင်သို့ယူသွားကြ၏
ယဇ်ပုရောဟိတ်နှင့်ဆိုင်သော အင်္ကျီဝတ်ထားသော နာဒပ်နှင့် အဘိဟုတို့၏ ခန္ဓာကိုယ်ကို သယ်ဆောင်ကြ၏။

ဧလာဇာနှင့် ဣသမာ
ဤအရာများသည် အာရုန်၏ သားများအမည်နာမဖြစ်သည်။

သင်တို့ ဦးထုပ်ကို မချွတ်နှင့်။ အဝတ်ကို မဆုတ်နှင့်။
ထာဝရဘုရားသည် အာရုန်နှင့်သားများအား ဝမ်းနည်းပူဆွေးသောက၏ အပြင်ပိုင်းလက္ခဏာကို မပြရန်မိန့်တော်မူ၏။

သင်မသေနိုင်မည့်မလို့ငှါ
"သင် မသေမည့် အလို့ငှါ"

အစည်းအဝေးများနဲ့စိတ်မဆိုးရန်
အစည်းအဝေးသည် ခေါင်းဆောင်အုပ်စုမျှသာ မဟုတ်၊ ဣသရေလလူစုလူဝေးကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဣသရေလအမျိုးသာများနှင့် အမျက်မထွက်နဲ့ "

ဣသရေလ အမျိုးသားရှိသမျှတို့
"အိမ်"သည် လူများကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဣသရေလလူများအားလုံး"

ထာဝရ ဘုရားပြုတော်မူသော မီးလောင်ခြင်းကိုသာ ငိုကြွေးမြည်တမ်းကြစေ
"ထာဝရဘုရားသည် သူတို့အတွက် မီးနှင့်သတ်တော်မူသော "

Leviticus 08

ဤသည်ဖြစ်လိမ့်မည်။
"ဤ"သည် တဲတော်အစည်းအဝေးသို့ ဝင်သောအခါ ယဇ်ပုရောဟိတ်တို့သည် စပျစ်ရည်ကို မသောက်ရန်အတွက် ပညတ်ထားခြင်းကို ပြန်ရည်ညွှန်းသည်။

သင့်လူမျိုးစဉ်ဆက်တစ်လျှောက် အမြဲတမ်းဥမဒေတစ်ခု
၃:၁၇ တွင်ပြုခဲ့သကဲ့သို့ ဤစကားလုံးတွေကို ဘာသာပြန်ပါ။

ပိုင်းခြားတတ်ခြင်းငှါ
"သင်ပိုင်းခြားတတ်နိုင်ခြင်းငှါ ဤအရာကို သင်လုပ်ရမည်။"

သန့်ရှင်းခြင်းနှင့် အများဆိုင်ကြား
အခြားသောဘာသာပြန်ဆိုချက်၊ "ဘယ်ဟာသည် သန့်ရှင်းသည် နှင့် အများဆိုင်သည် တို့အကြား" သို့မဟုတ် "ဘယ်ဟာသည် ဘုရားအား ဆက်ကပ်သည် နှင့် ရိုးရိုးဖြစ်သည်တို့အကြား"

စင်ကြယ်သောနှင့်မစင်ကြယ်သော အကြား
အခြားသောဘာသာပြန်ဆိုချက်၊ "ဘယ်ဟာသည် မစင်ကြယ်သည် နှင့် စင်ကြယ်သည်တို့အကြား" သို့မဟုတ် "ဘယ်ဟာသည် ဘုရားလက်မခံသည် နှင့် လက်ခံသည်တို့အကြား"


generated on Tue Jul 2 12:50:28 2024

မစင်ကြယ်သော
ရုပ်ပိုင်းဆိုင်ရာမစင်ကြယ်သူကဲ့သို့ ထိတွေ့ရန် မသင့်တော်ကြောင်း ထာဝရဘုရား ဖော်ပြသောလူပုဂ္ဂိုလ် သို့မဟုတ် အရာဝတ္ထုတစ်ခု၊

စင်ကြယ်သော
ရုပ်ပိုင်းဆိုင်ရာ မစင်ကြယ်သူကဲ့သို့ ထိတွေ့ရန် သင့်တော်ကြောင်း ထာဝရဘုရား ဖော်ပြသောလူပုဂ္ဂိုလ် သို့မဟုတ် အရာဝတ္ထုတစ်ခု၊

Leviticus 12

အလွန်သန့်ရှင်းပေ၏။
"မုယောပူဇော်သက္ကာသည် အလွန်သန့်ရှင်းပေ၏။"

ထာဝရ ဘုရားအား မီးဖြင့်ပြုသော ဘောဇဉ်ပူဇော်သက္ကာ
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားအား မီးရှို့ရာပူဇော်သက္ကာ"

ထိုပညတ်တော်ကို ငါခံရပြီ။
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့အား ထာဝရဘုရား ပညတ်ထားတော်မူသောအရာ ဖြစ်သည်။"

Leviticus 14

ထာဝရဘုရားအားဆက်သသည့်ချီလွှဲသောရင်ပတ်၊ ချီမြှောက်သော ပခုံး
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူပုဂ္ဂိုလ်မှ ထာဝရဘုရားအား ဆက်သသည့် ရင်ပတ်၊ ချီမြှောက်သော ပခုံး"

ရင်ပတ်
လည်ပင်းအောက်ရှိ တိရစ္ဆာန်၏ ရှေ့ပိုင်းကိုယ်အစိတ်အပိုင်း

ပခုံး (ပေါင်)
ဒူးအပေါ်ရှိခြေထောက်၏ အပေါ်ပိုင်း အစိတ်အပိုင်း

စင်ကြယ် သောအရပ်၌
ရုပ်ပိုင်းဆိုင်ရာ စင်ကြယ်သကဲ့သို့ ဘုရားသခင်အတွက်သုံးရန်သင့်တော်သော နေရာတစ်ခု၊

သင်၏ရှယ်ယာအဖြစ်သူတို့အားပေးသောကြောင့်
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ ရှယ်ယာအဖြစ်ထာဝရဘုရားသည် သူတို့အားပေးပြီးသောကြောင့်၊"

သင်နှင့်သင်၏ သား သမီးတို့
"သင်" သည် အာရုန်ကို ရည်ညွှန်းသည်။

သင်နှင့်သင်၏ သားတို့သည် ကိုယ်အဘို့ယူရကြမည်။
ဤဝေစုများသည် အာရုန်နှင့် သားများနှင့် သက်ဆိုင်ကြောင်းနားလည်ပြီးသားအဖြစ် ဘာသာပြန်ပါ။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဤဝေစုသည် သင်နှင့်သင်၏ သားများအတွက် အမြဲတမ်း ဖြစ်လိမ့်မည်။"

Leviticus 16

မီးရှို့ နှင့်ပြီ
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယဇ်ပုရောဟိတ်များသည် ၎င်းအားလုံးကို မီးရှို့ပြီ။"

ဧလောဇာ၊ ဣသမာ
၁၀:၅ တွင် ပြန်ဆိုသည့်အတိုင်း ပြန်ဆိုနိုင်သည်။

သန့်ရှင်း တော်၌အဘယ်ကြောင့် မစားသနည်း။
မောရှေသည်လောဇာနှင့် ဣသမာတို့အား အပြစ်တင်ရန် မေးခွန်းတစ်ခုကို အသုံးပြုသည်။ ဤဆွဲဆောင်မှုရှိသောမေးခွန်းကို ဖော်ပြချက်တစ်ခုအဖြစ် ဘာသာပြန်နိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် သန့်ရှင်းမှာ စား သင့်သည်။"

အလွန်သန့်ရှင်း၏။
"အပြစ်ဖြေရာယဇ်သည် အလွန်သန့်ရှင်းပေ၏။ "

ပရိသတ်တို့ အပြစ်ကိုခံ၍
မတရားမှုသည် ထာဝရဘုရား လူတွေထံမှ ယူဆောင်လာသော ခံရသူဖြစ်သကဲ့သို့ ဣသရေလလူတို့ကို ထာဝရဘုရားခွင့်လွှတ်ကြောင်းကို ဆိုလိုသည်။

သန့်ရှင်း တော်၌
"သူ၏ မျက်မှောက်တော်၌"

အသွေးကို မသွင်းပါတကား
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထိုအသွေးကို သင် မယူဆောင်ခဲ့ဘူး။"

Leviticus 19

ဤအရာများဖြစ်ပျက်ပြီ
အာရုန်သည် သူ့သားနှစ်ယောက်၏ သေခြင်းကို ရည်ညွှန်းသည်။

ထာဝရဘုရား နှစ်သက်တော်မူပါမည်လော
ဤပူဇော်သက္ကာများကို ရှင်လန်းဝမ်းမြောက်ခြင်းနှင့် စားသောက်ရမည်။ အာရုန်သည် သူ၏ သားများ သေခြင်းကြောင့် ဝမ်းနည်းချိန် ထာဝရဘုရားသည် ပူဇော်သက္ကာကို စားရန် ကျေနပ်မည်မဟုတ်ကြောင်း အလေးနက်ထားရန် အာရုန်သည် မေးခွန်းကို အသုံးပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား၏ စိတ်တော် ထိတွေ့မည်မဟုတ်။"


generated on Tue Jul 2 12:50:28 2024

# Translation Questions

## Leviticus 10:1

အဘယ်သူသည် အခွင့်မရှိသော မီးကို ထာဝရဘုရားထံတော်သို့ ပူဇော်ခဲ့သနည်း။
အာရုန်၏ သားနာဒပ်နှင့် အဘိဟုတို့သည် အခွင့်မရှိသော မီးကို ထာဝရဘုရားထံတော်သို့ ပူဇော်ခဲ့သည်။

ဒီလုပ်ဆောင်ခြင်း၏ ရလဒ်အတိုင်း ဤလူနှစ်ယောက်၌ မည်ကဲ့သို့ ဖြစ်ပျက်ခဲ့သနည်း။
ထာဝရဘုရားထံတော်မှ မီးထွက်၍ သူတို့ကို လောင်ခဲ့သည်။

## Leviticus 10:3

မောရှေသည် သန့်ရှင်းရာဌာနတော်ထဲမှ အလောင်းများကို ယူသွားစေရန် အဘယ်သူအား ခေါ်ခဲ့ရသနည်း။
မောရှေသည် အလောင်းတွေကို ယူသွားစေရန် အာရုန်၏ ဘထွေး ဩဇေလသား မိရှေလနှင့် ဧလဇာဖန်ကို ခေါ်ခဲ့သည်။

## Leviticus 10:5

မောရှေသည် အာရုန်နှင့်သူ၏ သားတို့ကို မည်ကဲ့သို့ ပြောဆိုခဲ့သနည်း။
မောရှေသည် ပရိသတ်စည်းဝေးရာ တဲတော်ပြင်သို့ မထွက်ရန် သူတို့ကို ပြောဆိုခဲ့သည်။ သူတို့သည် သေလိမ့်မည်။

## Leviticus 10:8

အာရုန်နှင့် သူ၏သားတို့ မသောက်ရန် ထာဝရဘုရားသည် မည်သည်တို့ကို မိန့်တော်မူခဲ့သနည်း။
ပရိသတ်စည်းဝေးရာ အိမ်တော်မဝင်ခင် ထာဝရဘုရားသည် အာရုန်နှင့် သူ၏သားတို့ကို စပျစ်ရည်အစရှိသော ယဇ်မျိုးကို မသောက်ရန် မိန့်တော်မူခဲ့ပါသည်။

## Leviticus 10:16

ကြွင်းသောအာရုန်သား ဧလာဇာ၊ ဣသမာတို့ကို မောရှေသည် အဘယ်ကြောင့် အမျက်ထွက်ခဲ့သနည်း။
ဧလာဇာနှင့် ဣသမာတို့ကို မောရှေသည် အမျက်ထွက်ရခြင်းမှာ အပြစ်ဖြေရာ ယဇ်ပြုသော ဆိတ်ကို သူတို့သည် ဟုားရမ်းသောကြောင့်ဖြစ်သည်။


generated on Tue Jul 2 12:50:28 2024

## Chapter 11

1 တဖန် ထာဝရဘုရားသည် မောရှေနှင့် အာရုန်တို့ကို ခေါ်တော်မူ၍၊- 2 သင်တို့သည် ဣသရေလ အမျိုးသားတို့အား ဆင့်ဆိုရမည်မှာ၊
မြေကြီးပေါ်မှာရှိသော သားတကာ တို့တွင်၊ - 3 ခွါကွဲပြား၍ စားမြုံ့ပြန်သော သားများကို သင်တို့သည် စားရသော အခွင့်ရှိ၏။ 4
သို့သော်လည်း၊ စားမြုံ့ပြန်သောသား၊ ခွါကွဲပြားသော သားတို့တွင် မစားရသော သားဟူမူကား၊ ကုလားအုပ်သည်
စားမြုံ့ပြန်သော်လည်း ခွါမကွဲပြားသောကြောင့် သင်တို့၌ မစင်ကြယ်။ 5 ရှာဖန်သည် စားမြုံ့ပြန်သော်လည်း၊ ခွါမကွဲပြားသောကြောင့်
သင်တို့၌ မစင်ကြယ်။ 6 အာရနဘက်သည် စားမြုံ့ပြန်သော်လည်း ခွါမကွဲပြားသောကြောင့် သင်တို့၌ မစင်ကြယ်။ 7 ဝက်သည်
ခွါကွဲပြားသော်လည်း၊ စားမြုံ့မပြန်သောကြောင့် သင်တို့၌ မစင်ကြယ်။ 8 ထိုသို့သော တိရစ္ဆာန်အသားကို မစားရ။
အသေကောင်ကိုလည်း မထိရ။ မစင်ကြယ်ဟု သင်တို့ မှတ်ရကြမည်။ 9 ပင်လယ်ရေ၊ မြစ်ရေ အစရှိသော ရေ၌နေသော
တိရစ္ဆာန်တကာတို့တွင်၊ အယပ်နှင့် အကြေးရှိ သော တိရစ္ဆာန်ကိုသာ စားရမည်။ 10 အယပ်နှင့် အကြေးမရှိ၊ ပင်လယ်ရေ၊
မြစ်ရေအစရှိသော ရေ၌ လှုပ်ရှားလျက် အသက်ရှင်လျက် နေသော တိရစ္ဆာန်ရှိသမျှတို့သည် သင်တို့၌ ရွံရှာဘွယ် ဖြစ်ရကြမည်။ 11
အယပ်အကြေးနှင့် မပြည့်စုံသော ရေတိရစ္ဆာန်အသားကို သင်တို့သည် မစားရ။ 12 သူတို့ အသေကောင်ကိုလည်း ရွံ့ရှာရကြမည်။ 13
သင်တို့သည် ရွံ့ရှာဘွယ်မှတ်၍ မစားရသော ငှက်မျိုးဟူမူကား၊ ရွှေလင်းတ၊ ပင်လယ်လင်းတ၊ လင်းယုန်၊- 14 ဒါဟ၊ စွန်မျိုး၊ 15
ကျီးမျိုးရှိသမျှ 16 ကုလားအုပ်ငှက်၊ ငှက်ဆိုး၊ ဥဇျိုင်း၊ 17 သိမ်းမျိုး၊ ဇီးကွက်၊ 18 ကြိုးကြာ၊ ဣဗိတ်၊ ငှက် 19 ကျား၊ ဝံပို၊ ဝံလို-တောင်နီး၊
ဒုံးစပ်မျိုး၊ ဒုံးကုလား၊ လင်းနို့မှစ၍၊- 20 အတောင်ရှိလျက် ခြေလေးချောင်းနှင့် တွားတတ်သော တိရစ္ဆာန်မျိုးရှိသမျှတို့သည် သင်တို့၌
ရွံရှာ ဘွယ်ဖြစ်ရကြမည်။ 21 သို့ရာတွင် အတောင်ရှိလျက် ခြေလေးချောင်းနှင့် တွားတတ်၍၊ မြေပေါ်မှာ ခုန်စရာဘို့ အခြားခြေ
ထက်ရှည်သော ခြေထောက်ရှိသော တိရစ္ဆာန်တို့တွင်၊- 22 အာရာဘကျိုင်းမျိုး၊ သလောင်ကျိုင်းမျိုး၊ ခရဂလကျိုင်းမျိုး၊
ခါဂပ်ကျိုင်းမျိုးကို စားရမည်။ 23 အတောင်ရှိ၍ ခြေလေးချောင်းနှင့် တွားတတ်သော အခြားတိရစ္ဆာန်တို့သည် သင်တို့၌ ရွံရှာဘွယ်
ဖြစ်ရကြမည်။ 24 ထိုတိရစ္ဆာန်အားဖြင့် သင်တို့ စင်ကြယ်ခြင်း ပျက်တတ်၏။ သူတို့အသေကောင်ကို ထိသောသူသည်၊
ညဦးတိုင်အောင် မစင်ကြယ်။ 25 ထိုအသေကောင်ကို ဆောင်သွားသောသူသည် မိမိအဝတ်ကိုလျှော်ရမည်။ ညဦးတိုင်အောင်လည်း
မစင်ကြယ်။ 26 ခွါမကွဲပြားသော တိရစ္ဆာန်၊ စားမြုံ့မပြန်သော တိရစ္ဆာန်ရှိသမျှတို့သည် သင်တို့၌ မစင်ကြယ်။ သူတို့ အသေကောင်ကို
ထိသမျှသော သူတို့သည် မစင်ကြယ်ကြ။ 27 ခွါမရှိသောသားအမျိုးမျိုးတို့သည် သင်တို့၌ မစင်ကြယ်ကြ။ သူတို့အသေကောင်ကို
ထိသော သူသည် ညဦးတိုင်အောင် မစင်ကြယ်။ 28 သူတို့ အသေကောင်ကို ဆောင်သွားသောသူသည် မိမိအဝတ်ကို လျော်ရမည်။
ညဦးတိုင်အောင်လည်း မစင်ကြယ်။ 29 မြေပေါ်မှာ တွားတတ်သော တိရစ္ဆာန်တို့တွင် ပွေး၊ ကြွက်၊ အိမ်မြှောင်မျိုး၊- 30 တောက်တဲ့၊
မြွေပါ၊ သင်းချော၊ ပုတတ်၊ ပုတ်သင်တို့သည် သင်တို့၌ မစင်ကြယ်ကြ။ 31 သူတို့အသေကောင်ကို ထိသောသူသည် ညဦးတိုင်အောင်
မစင်ကြယ်။ 32 ထိုအသေကောင်သည် သစ်ခွက်၊ အဝတ်၊ အရေ၊ အမွေး၊ အိတ်အစရှိသော အသုံးအဆောင် တစုံ တခုပေါ်သို့ကျလျှင်
ထိုအသုံးအဆောင် မစင်ကြယ်။ ရေ၌နှစ်ရမည်။ ညဦးတိုင်အောင်လည်း မစင်ကြယ်။ ထိုနောက် စင်ကြယ်လိမ့်မည်။ 33
မြေခွက်တစုံတခုပေါ်သို့ အသေကောင်ကျလျှင် ထိုမြေခွက် မစင်ကြယ်သောကြောင့် ခွဲရမည်။ 34 ထိုမြေခွက်ရေသည်၊ စားစရာ
အမဲသားပေါ်သို့ ကျလျှင်၊ အမဲသားမစင်ကြယ်။ ထိုမြေခွက်၌ သောက်စရာရေလည်း မစင်ကြယ်။ 35 အကြင်အရာအပေါ်၌
ထိုအသေကောင်ကျ၏။ ထိုအရာသည် မီးဖိုဖြစ်စေ၊ ခံ့လောက်ဖြစ်စေ၊ မစင် ကြယ်ရာသို့ ရောက်၍ သင်တို့၌ မစင်ကြယ်သောကြောင့်
ဖြိုဖျက်ရမည်။ 36 သို့ရာတွင် ရေစုဝေးရာ စမ်းရေတွင်း၊ တူးသော ရေတွင်းသည် မစင်ကြယ်ရာသို့ မရောက်။ အသေ ကောင်ကို
ထိမိသော အရာသာ မစင်ကြယ်ရာသို့ရောက်၏။ 37 ကြဲစရာ မျိုးစေ့အပေါ်၌ ထိုအသေကောင်ကျလျှင်၊ မျိုးစေ့သည်
မစင်ကြယ်ရာသို့မရောက်။ 38 ရေ၌စိမ်ထားပြီးသော မျိုးစေ့အပေါ်၌ ထိုအသေကောင်ကျလျှင်၊ မျိုးစေ့သည် သင်တို့၌ မစင်ကြယ်။ 39
သင်တို့စားအပ်သော တိရစ္ဆာန်သေလျှင်၊ အသေကောင်ကို ထိမိသောသူသည် ညဦးတိုင်အောင် မစင်ကြယ်။ 40 ထိုအသေကောင်ကို
စားသောသူသည်၊ မိမိအဝတ်ကို လျှော်ရမည်။ ညဦးတိုင်အောင် မစင်ကြယ်။ ထိုအသေကောင်ကို ဆောင်သွားသောသူသည်လည်
မိမိအဝတ်ကို လျှော်ရမည်။ ညဦးတိုင်အောင် မစင်ကြယ်။ 41 မြေပေါ်မှာ တွားတတ်သော တိရစ္ဆာန်ရှိသမျှတို့သည် ရွံရှာဘွယ်ဖြစ်၍
သင်တို့မစားရ။ 42 ခြေမရှိ၊ ဝမ်းဖြင့် သွားသည်ဖြစ်စေ၊ ခြေလေးချောင်းဖြင့် သွားသည်ဖြစ်စေ၊ ခြေလေးချောင်းမက များသော
ခြေဖြင့်သွားသည်ဖြစ်စေ၊ မြေပေါ်တွားတတ်သော တိရစ္ဆာန် တစုံတခုကိုမျှ မစားရ။ ရွံရှာဘွယ် ဖြစ်၏။ 43 တွားတတ်သော တိရစ္ဆာန်
တစုံတခုအားဖြင့် သင်တို့သည် ကိုယ်ကို ရွံ့ရှာဘွယ် မဖြစ်စေရ။ ထိုသို့ အားဖြင့် ကိုယ်ညစ်ညူးအောင် ကိုယ်၌မစင်ကြယ်သည်ကို
မပြုရ။ 44 ငါသည် သင်တို့ ဘုရားသခင် ထာဝရဘုရားဖြစ်၏။ ငါသည် သန့်ရှင်းသောကြောင့်၊ သင်တို့သည်လည်း ကိုယ့်ကိုကိုယ်
သန့်ရှင်းစေ၍ သန့်ရှင်းခြင်းရှိရကြမည်။ မြေပေါ်မှာ တွားတတ်သော တိရစ္ဆာန် တစုံ တခုအားဖြင့်မျှ သင်တို့သည် ကိုယ်ကိုကိုယ်
မညစ်ညူးစေရကြ။ 45 ငါသည် သင်တို့၏ ဘုရားသခင်ဖြစ်ခြင်းငှါ၊ သင်တို့ကို အဲဂုတ္တုပြည်မှ ကယ်နုတ်သော ထာဝရဘုရား ဖြစ်၏။
ငါသည် သန့်ရှင်းသောကြောင့်၊ 46 သင်တို့သည် သန့်ရှင်းခြင်း ရှိရကြမည်။ 47 ဤရွေ့ကားစင်ကြယ်၊ မစင်ကြယ်၊ စားအပ်၊

မစားအပ်သော တိရစ္ဆာန်တို့ကို ပိုင်းခြားစေခြင်းငှါ၊ သား၊ ငှက်၊ ရေ၌သွား၍ အသက်ရှင်သော တိရစ္ဆာန်၊ မြေပေါ်မှာ တွားတတ်သော တိရစ္ဆာန်ရှိသမျှ နှင့် ဆိုင်သောတရားဟု မိန့်တော်မူ၏။

---

## Chapter 12

1 တဖန်မောရှေအား ထာဝရဘုရားက၊ သင်သည် ဣသရေလအမျိုးသားတို့အား ဆင့်ဆိုရမည်မှာ - 2 မိန်းမသည် ပဋိသန္ဓေယူ၍
သားယောက်ျားကို ဘွားမြင်ပြီးလျှင်၊ ဥတုရောက်၍ ခုနစ်ရက်မစင်ကြယ် သကဲ့သို့ ခုနစ်ရက် မစင်ကြယ်နေရမည်။ 3 အဋ္ဌမနေ့၌
သားယောက်ျားအား အရေဖျားလှီးခြင်းကို ပြုရမည်။ 4 ထိုနောက် အမိသည် စင်ကြယ်စေခြင်းနှင့် ဆိုင်သော အသွေးရှိ၍၊
အရက်သုံးဆယ်သုံးရက်ပတ်လုံး နေရမည်။ စင်ကြယ်စေခြင်းနေ့ရက် မစေ့မှီတိုင်အောင် သန့်ရှင်းသောအရာကို မကိုင်ရ။ သန့်ရှင်း ရာ
ဌာနတော်ကို မသွားရ။ 5 သားမိန်းမကို ဘွားမြင်လျှင်၊ ဥတုရောက်သကဲ့သို့ တဆယ်လေးရက်ပတ်လုံး မစင်ကြယ်နေရမည်။
စင်ကြယ်စေခြင်းနှင့် ဆိုင်သောအသွေးရှိ၍၊ အရက် ခြောက်ဆယ်ခြောက်ရက်ပတ်လုံး နေရမည်။ 6 သားယောက်ျားဖြစ်စေ၊
မိန်းမဖြစ်စေ၊ စင်ကြယ်စေခြင်းနေ့ရက် ကာလစေ့သောအခါ၊ မီးရှို့ရာယဇ် ဘို့ အခါမလည်သော သိုးသငယ်တကောင်၊
အပြစ်ဖြေရာယဇ်ဘို့ ချိုးကလေးတကောင်၊ သို့မဟုတ် ခိုတကောင်ကို၊ ပရိသတ်စည်းဝေးရာ တဲတော်တံခါးရှေ့၊ ယဇ်ပုရောဟိတ်ထံသို့
ဆောင်ခဲ့ရမည်။ 7 ယဇ်ပုရောဟိတ်သည် ထာဝရဘုရားရှေ့တော်၌ ပူဇော်၍၊ ထိုမိန်းမအဘို့ အပြစ်ဖြေခြင်းကို ပြုသဖြင့်၊ သူသည်
အသွေးသွန်ခြင်းအပြစ်မှ သန့်ရှင်းရလိမ့်မည်။ 8 သိုးသငယ်ကို မတတ်နိုင်လျှင် ခိုနှစ်ကောင်ဖြစ်စေ၊ ချိုးကလေးနှစ်ကောင်ဖြစ်စေ၊
မီးရှို့ရာယဇ်ဘို့ တကောင်၊ အပြစ်ဖြေရာယဇ်ဘို့တကောင်ကို ဆောင်ခဲ့၍၊ ယဇ်ပုရောဟိတ်သည် သူ့အဘို့ အပြစ်ဖြေခြင်းကို ပြုသဖြင့်၊
သူသည် သန့်ရှင်းရလိမ့်မည်။ ဤရွေ့ကား၊ သားယောက်ျား၊ သားမိန်းမ ကိုး ဘွားမြင်သော အမိနှင့် ဆိုင်သောတရားဖြစ်သတည်းဟု
မိန့်တော်မူ၏။

 generated on Tue Jul 2 12:50:28 2024

## Chapter 13

1 တဖန် ထာဝရဘုရားသည်၊ မောရှေနှင့် အာရုန်အား မိန့်တော်မူသည်ကား၊ 2 လူသည် ကိုယ်အရေ၌ အဖုးဖြစ်စေ၊ ယားနာဖြစ်စေ၊
နူကွက်ဖြစ်စေ၊ နူသောလက္ခဏာပေါ်လျှင်၊ ထိုသူကို ယဇ်ပုရောဟိတ်အာရုန်ထံသို့ ဖြစ်စေ၊ သူ၏သား ယဇ်ပုရောဟိတ်
တစုံတယောက်ထံသို့ ဖြစ်စေ ခေါ်ခဲ့ရမည်။ 3 ယဇ်ပုရောဟိတ်သည်၊ ထိုသူ၏ အရေ၌ ပေါ်သော အနာကို ကြည့်ရှုသောအခါ၊
အနာ၌ရှိသော အမွေးသည် ဖြူလျှင်၎င်း၊ အနာသည် အရေအောက်၌ စွဲဟန်ရှိလျှင်၎င်း နူနာမှန်၏။ ယဇ်ပုရောဟိတ်သည် ထိုသူကို
ကြည့်ရှုပြီးမှ၊ မစင်ကြယ်ဟု စီရင်ရမည်။ 4 ကိုယ်အရေ၌ရှိသော နူကွက်သည် ဖြူလျှင်၎င်း၊ အရေအောက်၌ စွဲဟန်မရှိ၊
အမွေးမဖြူလျှင်၎င်း၊ ယဇ် ပုရောဟိတ်သည်၊ အနာရှိသောသူကို ခုနစ်ရက် ပတ်လုံး ချုပ်ထားရမည်။ 5 သတ္တမနေ့၌
ယဇ်ပုရောဟိတ်သည် ကြည့်ရှု၍၊ အနာသည် အရေ၌ မတိုးမလျော့နေလျှင်၊ တဖန် ခုနစ်ရက်ပတ်လုံး ချုပ်ထားရမည်။ 6 တဖန်
သတ္တမနေ့၌ ကြည့်ရှု၍ အနာသည် အရေ၌ မတိုးပွား၊ ခပ်မည်းမည်းဖြစ်လျှင်၊ ထိုသူသည် စင်ကြယ်၏ဟု ယဇ်ပုရောဟိတ်စီရင်ရမည်။
ယားနာသက်သက် ဖြစ်၏။ မိမိအဝတ်ကို လျှော်၍ စင်ကြယ်ရ၏။ 7 စင်ကြယ်စေခြင်းငှါ ယဇ်ပုရောဟိတ်သည် ကြည့်ရှုပြီးမှ၊
နောက်တဖန် ယားနာတိုးပွားပြန်လျှင်၊ ယဇ် ပုရောဟိတ်ကြည့်ရှုပြန်၍၊- 8 ယားနာ တိုးပွားသည်ကိုမြင်သောအခါ၊ ထိုသူသည်
မစင်ကြယ်ဟု စီရင်ရမည်။ နူနာဖြစ်၏။ 9 နူနာစွဲသောသူကို ယဇ်ပုရောဟိတ်ထံသို့ ခေါ်ခဲ့ရမည်။ 10 ယဇ်ပုရောဟိတ်ကြည့်ရှု၍၊
အရေ၌ထသော အဖုးနှင့်တကွ အမွေးသည် ဖြူလျှင်၎င်း၊ အဖုး၌ အသားစိုရှိလျှင်၎င်း၊- 11 ကိုယ်အရေ၌ ဟောင်းသော နူနာဖြစ်၏။
ထိုသူသည် မစင်ကြယ်ဟု ယဇ်ပုရောဟိတ် စီရင်၍ ချုပ်ထားသဖြင့်၊ သူသည် မစင်ကြယ်ဘဲနေရမည်။ 12 နူနာသည် အရေ၌ တိုးပွား၍
အနာစွဲသော သူတကိုယ်လုံး၊ ခေါင်းထိပ်မှသည် ခြေဘဝါးတိုင်အောင်၊ ယဇ်ပုရောဟိတ်ကြည့်ရှု လေရာရာ၌ နူနာနှံ့ပြားလျှင်၊ - 13 ထိုသို့
တကိုယ်လုံး အနာနှံ့ပြားသောသူသည် စင်ကြယ်၏ဟု ယဇ်ပုရောဟိတ် ဆင်ခြင်၍ စီရင်ရမည်။ တကိုယ်လုံးဖြူသည်ဖြစ်၍
စင်ကြယ်၏။- 14 သို့မဟုတ် အသားစိုပေါ်လျှင် မစင်ကြယ်။ 15 ယဇ်ပုရောဟိတ်သည် အသားစိုကို ကြည့်ရှု၍ ထိုသူသည် မစင်ကြယ်ဟု
စီရင်ရမည်။ အသားစိုသည် မစင်ကြယ်။ နူနာအမှန်ဖြစ်၏။ 16 အသားစိုသည် ခြားနား၍ ဖြူပြန်လျှင်၊ ယဇ်ပုရောဟိတ်ထံသို့
တဖန်လာရမည်။ 17 ယဇ်ပုရောဟိတ်သည် ကြည့်ရှု၍၊ အနာဖြူပြန်သည်ကိုမြင်လျှင်၊ ထိုအနာရှိသောသူ စင်ကြယ်၏ဟု
ယဇ်ပုရောဟိတ် စီရင်ရသဖြင့် သူသည် စင်ကြယ်၏။ 18 ကိုယ်အရေ၌ အနာစိမ်းဖြစ်၍ ပျောက်ပြီးမှ၊- 19 အနာရွတ်၌
ဖြူသောအဖုးဖြစ်စေ၊ ဖြူနီသော အနူကွက်ဖြစ်စေ၊ ပေါ်လာသည်ကို ယဇ်ပုရောဟိတ်သည် ကြည့်ရှု၍၊ 20 အရေအောက်၌ စွဲဟန်ရှိ၍
အမွေးဖြူလျှင်၊ ထိုသူသည် မစင်ကြယ်ဟု ယဇ်ပုရောဟိတ် စီရင်ရမည်။ အနာစိမ်းထဲက ထွက်သော နူနာဖြစ်၏။- 21
ယဇ်ပုရောဟိတ်သည် ကြည့်ရှုသောအခါ၊ ဖြူသောအမွေးမရှိ၊ အရေအောက်၌ မစွဲ၊ ခပ်မည်းမည်း ဖြစ်လျှင်၊ ယဇ်ပုရောဟိတ်သည်
ထိုသူကို ခုနစ်ရက်ပတ်လုံး ချုပ်ထားရမည်။ 22 အရေ၌ တိုးပွားလျှင်၊ ထိုသူသည် မစင်ကြယ်ဟု ယဇ်ပုရောဟိတ် စီရင်ရမည်။
နူနာဖြစ်၏။ 23 သို့မဟုတ် နူကွက်မရွေ့၊ မတိုးပွားလျှင် အနာစိမ်းရွတ်ဖြစ်၏။ ထိုသူစင်ကြယ်၏ဟု စီရင်ရမည်။ 24 အရေအသား၌
မီးလောင်နာရှိ၍၊ မီးလောင်နာ အသားစို၌ ဖြူနီသော နူကွက်ရှိလျှင်၊- 25 ယဇ်ပုရောဟိတ်သည် ကြည့်ရှုရမည်။ နူကွက်အမွေးဖြူ၍
အရေအောက်၌ စွဲဟန်ရှိလျှင်၊ မီးလောင်နာ ထဲကထွက်သော နူနာဖြစ်၏။ ထိုသူသည် မစင်ကြယ်ဟု ယဇ်ပုရောဟိတ် စီရင်ရမည်။
နူနာမှန်၏။ 26 ယဇ်ပုရောဟိတ်သည် ကြည့်ရှုသောအခါ၊ နူကွက်၌ဖြူသော အမွေးမရှိ၊ အရေအောက်၌မစွဲ၊ ခပ်မည်းမည်းဖြစ်လျှင်၊
ယဇ်ပုရောဟိတ်သည် ထိုသူကို ခုနစ်ရက်ပတ်လုံး ချုပ်ထားရမည်။ 27 သတ္တမနေ့၌ ယဇ်ပုရောဟိတ်သည် ကြည့်ရှု၍ နူကွက်သည်
အရေ၌ တိုးပွားလျှင်၊ ထိုသူသည် မစင်ကြယ်ဟု ယဇ်ပုရောဟိတ် စီရင်ရမည်။ နူနာဖြစ်၏။ 28 သို့မဟုတ် နူကွက်မရွေ့ အရေ၌မတိုးပွား
ခပ်မည်းမည်းဖြစ်လျှင်၊ မီးလောင်နာ အဖုးဖြစ်၏။ ထိုသူသည် စင်ကြယ်၏ဟု ယဇ်ပုရောဟိတ် စီရင်ရမည်။ မီးလောင်သော
အနာရွတ်သက်သက်ဖြစ်၏။ 29 ယောကျ်ားမိန်းမသည်လည်း၊ ခေါင်း၌ဖြစ်စေ၊ မေး၌ဖြစ်စေ၊ အနာပေါက်၍၊- 30 ယဇ်ပုရောဟိတ်သည်
ကြည့်ရှုသောအခါ၊ အရေအောက်၌ စွဲဟန်နှင့်တကွ အမွေးဝါဝါပါးပါးရှိလျှင်၊ ထိုသူ မစင်ကြယ်ဟု ယဇ်ပုရောဟိတ် စီရင်ရမည်။
ခေါင်း၌ဖြစ်စေ၊ မေး၌ဖြစ်စေ၊ ဖောက်နူနာဖြစ်၏။ 31 ထိုအနာကို ယဇ်ပုရောဟိတ်သည် ကြည့်ရှုသောအခါ၊ အရေအောက်၌ စွဲဟန်မရှိ၊
နက်သော အမွေး လည်းမရှိလျှင်၊ ထိုအနာပေါက်သောသူကို၊ ယဇ်ပုရောဟတ်သည် ခုနစ်ရက်ပတ်လုံး ချုပ်ထားရမည်။ 32 သတ္တမနေ့၌
ယဇ်ပုရောဟိတ်သည် ကြည့်ရှု၍ အနာမတိုးပွား၊ ပါးသောအမွေးမရှိ၊ အရေအောက်၌ စွဲဟန်လည်းမရှိလျှင်၊- 33 ထိုသူ၏ အမွေးကို
ရိတ်ရမည်။ အနာအမွေးကိုကား မရိတ်ရ။ တဖန် ခုနစ်ရက်ပတ်လုံး ချုပ်ထားရမည်။ 34 သတ္တမနေ့၌ ယဇ်ပုရောဟိတ်သည် ကြည့်ရှု၍
အရေ၌ အနာမတိုးပွါး၊ အရေအောက်၌ မစွဲလျှင်၊ ထိုသူသည် စင်ကြယ်၏ဟု ယဇ်ပုရောဟိတ် စီရင်ရမည်။ မိမိအဝတ်ကို လျှော်၍
စင်ကြယ်ရ၏။ 35 စင်ကြယ်စေပြီးမှ၊ နောက်တဖန် ဖောက်နူနာတိုးပွါးလျှင်၊- 36 ယဇ်ပုရောဟိတ်သည် ကြည့်ရှုပြန်၍
အနာတိုးပွါးသည်မှန်လျှင်၊ ယဇ်ပုရောဟိတ်သည် ဝါသောအမွေး ကို မရှာရ။ ထိုသူသည် မစင်ကြယ်။ 37 သို့မဟုတ် ဖောက်နူနာသည်
ရပ်နေဟန်ရှိ၍ နက်သော အမွေးပေါက်လျှင်၊ အနာပျောက်၍ ထိုသူသည် စင်ကြယ်သောကြောင့်၊ ယဇ်ပုရောဟိတ်က ထိုသူသည်
စင်ကြယ်၏ဟု စီရင်ရမည်။ 38 ယောကျ်ားမိန်းမသည်လည်း၊ ကိုယ်အရေ၌ ဖြူသောနူကွက်ရှိ၍၊- 39 ယဇ်ပုရောဟိတ်သည်
ကြည့်ရှုသောအခါ မွဲသောအဆင်းရှိလျှင်၊ အရေ၌ပေါက်သော ညှင်းဖြစ်၏။ ထိုသူသည် စင်ကြယ်၏။ 40 ဆံပင်ကျွတ်သောသူသည်၊
ခေါင်းပြောင်သော်လည်း စင်ကြယ်၏။ 41 နဖူးဆံကျွတ်သောသူသည် နဖူးပြောင်သော်လည်း စင်ကြယ်၏။ 42

 generated on Tue Jul 2 12:50:28 2024

ပြောင်သောခေါင်း၌ဖြစ်စေ၊ ပြောင်သောနဖူး၌ဖြစ်စေ၊ ဖြူနီသောအနာပေါက်လျှင်၊ ထိုပြောင်ရာ၌ ပေါက်သော နူနာဖြစ်၏။ [43] ထိုအခါ
ယဇ်ပုရောဟိတ်သည် ကြည့်ရှု၍၊ ကိုယ်အရေ၌ နူနာထင်သကဲ့သို့၊ ပြောင်ရာ၌ ပေါက်သော အနာ၏အဖူးဖြူနီလျှင်၊- [44] ထိုသူသည်
မစင်ကြယ်။ လူနူဖြစ်၏။ ခေါင်း၌ အနာပေါက်သောကြောင့်၊ အလျှင်းမစင်ကြယ်ဟု ယဇ်ပုရောဟိတ် စီရင်ရမည်။ [45]
နူနာစွဲသောသူသည် စုတ်သော အဝတ်ကို ဝတ်ရမည်။ ခေါင်းကို မဖုံး၊ အထက်နှုတ်ခမ်းကို ဖုံးလျက်၊ မစင်ကြယ်၊ မစင်ကြယ်ဟု
ဟစ်ကြော်ရမည်။ [46] ထိုအနာစွဲသည် ကာလပတ်လုံး၊ သူသည် ညစ်ညူး၏ မစင်ကြယ်သည်ဖြစ်၍ တယောက်တည်း နေရမည်။
သူ့နေရာသည် တပ်ပြင်မှာ ရှိရမည်။ [47] ၎င်းနည်းနူနာစွဲသော အဝတ်သည်၊ ပိတ်အဝတ်ဖြစ်စေ၊ သိုးမွေးအဝတ်ဖြစ်စေ၊- [48]
ရက်ကန်းပင်ဖြစ်စေ၊ ရက်ကန်းသားဖြစ်စေ၊ သားရေဖြစ်စေ၊ သားရေနှင့်လုပ်သော အသုံးအဆောင် ဖြစ်စေ၊- [49] အဝတ်၌
စွဲသောအနာသည် ခပ်စိမ်းစိမ်း၊ ခပ်နီနီရှိလျှင်၊ နူနာဖြစ်၏။ ယဇ်ပုရောဟိတ်အား ပြရမည်။ [50] ယဇ်ပုရောဟိတ်သည် အနာစွဲသော
အဝတ်ကို ကြည့်ရှု၍ ခုနစ်ရက်ပတ်လုံး လုံခြုံစွာ ထားရမည်။ [51] သတ္တမနေ့၌ တဖန်ကြည့်ရှု၍ အဝတ်၌ အနာတိုးပွါးလျှင်၊
ရက်ကန်းပင်ဖြစ်စေ၊ ရက်ကန်းသားဖြစ်စေ၊ သားရေဖြစ်စေ၊ သားရေနှင့် လုပ်သောအရာဖြစ်စေ၊ မစင်ကြယ်။ စားတတ်သော နူနာစွဲပြီ။
[52] ထိုအဝတ်ကို မီးရှို့ရမည်။ စားတတ်သော နူနာစွဲသော ရက်ကန်းပင်၊ ရက်ကန်းသား၊ ပိတ်အဝတ်၊ သိုးမွေးအဝတ်၊
သားရေအသုံးအဆောင်ကို မီးရှို့ရမည်။ [53] ယဇ်ပုရောဟိတ်သည် ကြည့်ရှု၍၊ ရက်ကန်းပင်၊ ရက်ကန်းသားအဝတ်၊
သားရေအသုံးအဆောင်၌ အနာမတိုးပွါးလျှင်၊- [54] အနာစွဲသောအရာကို ဆေးလျှော်စေမည်အကြောင်း၊ ယဇ်ပုရောဟိတ် စီရင်၍ တဖန်
ခုနစ်ရက်ပတ် လုံး လုံခြုံစွာ ထားရမည်။ [55] ဆေးလျှော် ပြီးမှ ယဇ်ပုရောဟိတ်သည် ကြည့်ရှုပြန်၍၊ အနာမတိုးပွါးသော်လည်း၊
အဆင်းမခြားနားလျှင်၊ မစင်ကြယ်။ မီးရှို့ရမည်။ အတွင်း၌ဖြစ်စေ၊ ပြင်၌ဖြစ်စေ၊ ဆွေးမြေ့ခြင်းရှိ၏။ [56] ဆေးလျှော်ပြီးမှ၊
ယဇ်ပုရောဟိတ်သည် ကြည့်ရှု၍ အနာသည် ခပ်မည်းမည်းဖြစ်လျှင်၊ အဝတ်၊ သားရေ၊ ရက်ကန်းပင်၊ ရက်ကန်းသားထဲက
အနာကွက်ကို ဆုတ်ဖဲ့ရမည်။ [57] နောက်တဖန် ထိုရက်ကန်းပင်၊ ရက်ကန်းသားအဝတ်၊ သားရေအသုံးအဆောင်၌ အနာပေါ်ပြန်လျှင်၊
တိုးပွားတတ်သောအနာ ဖြစ်၏။ ထိုသို့အနာစွဲသောဥစ္စာကို မီးရှို့ရမည်။ [58] ရက်ကန်းပင်၊ ရက်ကန်းသားအဝတ်၊
သားရေအသုံးအဆောင်ဟူသမျှကို ဆေးလျှော်၍ အနာပျောက် လျှင်၊ ဒုတိယအကြိမ် ဆေးလျှော်၍ စင်ကြယ်ရ၏။ [59] ဤရွေ့ကား
စင်ကြယ်သည်၊ မစင်ကြယ်သည်ကို စီရင်စေခြင်းငှါ နူနာစွဲသော ပိတ်အဝတ်၊ သိုးမွေးအဝတ်၊ ရက်ကန်းပင်၊ ရက်ကန်းသား၊
သားရေအသုံးအဆောင်တို့နှင့်ဆိုင်သောတရား ဖြစ်သတည်းဟု မိန့်တော်မူ၏။


generated on Tue Jul 2 12:50:28 2024

## Chapter 14

1-2 တဖန် မောရှေအား ထာဝရဘုရားက၊ - နူနာစွဲသောသူသည် စင်ကြယ်စေသောနေ့၌ ကျင့်ရသော တရားဟူမူကား၊- 3 ထိုသူကို
ယဇ်ပုရောဟိတ်ထံသို့ ခေါ်ခဲ့ပြီးမှ ယဇ်ပုရောဟိတ်သည် တပ်ပြင်သို့ထွက်၍ ကြည့်ရှုသော အခါ၊ နူနာပျောက်သည်မှန်လျှင်၊- 4
စင်ကြယ်စေခြင်းကို ခံရသောထိုသူအဘို့ အသက်ရှင်၍ စင်ကြယ်သော ငှက်နှစ်ကောင်၊ အာရဇ်သစ် သား၊ နီမောင်းသောကြိုး၊ ဟု
သုပ်ပင်ညွှန့်တို့ကို မှာလိုက်၍၊- 5 စီးသောရေကိုထည့်သော မြေအိုးထဲ၌ ငှက်တကောင်ကို သတ်စေပြီးမှ၊- 6 အာရဇ်သစ်သား၊
နီမောင်းသောကြိုး၊ ဟု သုပ်ပင်ညွှန့်နှင့်တကွ အသက်ရှင်သော ငှက်ကိုယူ၍၊ ငှက်သွေးရောပြီးသော ရေ၌နှစ်ပြီးလျှင်၊- 7
နူနာစင်ကြယ်စေရသော လူအပေါ်မှာ ခုနစ်ကြိမ်တိုင်အောင် ဖြန်း၍၊ ထိုသူသည် စင်ကြယ်သည်ဟု စီရင်ရမည်။ ထိုနောက်
အသက်ရှင်သော ငှက်ကို ဟင်းလင်းသော အရပ်၌ လွှတ်လိုက်ရမည်။ 8 စင်ကြယ်စေရသော သူသည် မိမိအဝတ်ကို လျှော်၍၊
မိမိဆံပင်ကို အကုန်အစင် ရိတ်ပြီးမှ၊ စင်ကြယ် စေခြင်းငှါ ရေချိုးရမည်။ ထိုနောက်၊ တပ်ထဲသို့ ဝင်၍၊ မိမိတဲပြင်၌ ခုနစ်ရက်နေရမည်။
9 သတ္တမနေ့၌ မိမိဆံပင်၊ မုတ်ဆိတ်၊ မျက်ခုန်းမွေး အစရှိသော ကိုယ်မွေးရှိသမျှကို ရိတ်၍၊ မိမိအဝတ်ကို လျှော်ပြီးမှ၊ ရေချိုး၍
စင်ကြယ်ရ၏။ 10 အဋ္ဌမနေ့၌လည်း၊ အပြစ်မရှိ၊ အခါမလည်သော သိုးသငယ်အထီးနှစ်ကောင်၊ အမတကောင်ကိုငှင်း၊
ဘောဇဉ်ပူဇော်သက္ကာဘို့ ဆီရောသော မုန့်ညက်သုံးဩမဲနှင့် ဆီတလောဃကိုငှင်း ယူပြီးလျှင်၊ 11 စင်ကြယ်စေသော
ယဇ်ပုရောဟိတ်သည်၊ စင်ကြယ်စေအပ်သော လူကို၊ ပရိသတ်စည်းဝေးရာ တဲတော်တံခါးနား၊ ထာဝရဘုရားရှေ့တော်၌
ထိုပူဇော်သက္ကာနှင့်တကွ ဆက်ရမည်။ 12 သိုးသငယ်အထီးတကောင်ကို ယူပြီးလျှင် ဒုစရိုက်ဖြေရာယဇ်ဘို့ ပူဇော်၍၊
ထာဝရဘုရားရှေ့တော် ၌ ချီလွှဲသော ပူဇော်သက္ကာဘို့ ဆီတလောဃနှင့်တကွ ချီလွှဲရမည်။ 13 ထိုသိုးသငယ်ကို အပြစ်ဖြေရာ
ယဇ်ကောင်၊ မီးရှို့ရာယဇ်ကောင်ကို သတ်ရာအရပ်၊ သန့်ရှင်းရာဌာန ၌ သတ်ရမည်။ အကြောင်းမူကား၊ အပြစ်ဖြေရာ ယဇ်ကောင်ကို၊
ယဇ်ပုရောဟိတ် ယူပိုင်သကဲ့သို့ ဒုစရိုက်ဖြေရာယဇ်ကောင်ကို ယူပိုင်၏။ အလွန်သန့်ရှင်းပေ၏။ 14 ယဇ်ပုရောဟိတ်သည်
ဒုစရိုက်အပြစ်ဖြေရာ ယဇ်ကောင်အသွေးကိုယူ၍ စင်ကြယ်စေရသောသူ၏ လက်ျာနားပျဉ်း၌ငှင်း၊ လက်ျာလက်မ၊ လက်ျာခြေမ၌ငှင်း၊
ထည့်ရမည်။ 15 ဆီအချို့ကိုလည်း ယူ၍၊ မိမိလက်ဝဲလက်ဝါး၌ လောင်းပြီးလျှင်၊- 16 ထိုဆီကို မိမိလက်ျာလက်ညှိုးနှင့် တို့ယူ၍
ထာဝရဘုရားရှေ့တော်၌ ခုနစ်ကြိမ်တိုင်အောင် ဖြန်းရမည်။ 17 မိမိလက်၌ ကြွင်းသောဆီကို စင်ကြယ်စေရသော သူ၏
လက်ျာနားပျဉ်း၌ငှင်း၊ လက်ျာလက်မ၊ လက်ျာခြေမ၌ငှင်းရှိသော ဒုစရိုက်ဖြေရာ ယဇ်ကောင်အသွေးအပေါ်မှာ ထည့်ရမည်။ 18
မိမိလက်၌ ကြွင်းသေးသောဆီကို၊ စင်ကြယ်စေရသော သူ၏ခေါင်းပေါ်မှာ လောင်း၍ ထိုအဘို့ အပြစ်ဖြေခြင်းကို
ထာဝရဘုရားရှေ့တော်၌ ပြုရမည်။ 19 ထိုမှတပါး၊ စင်ကြယ်စေရသော သူအဘို့ အပြစ်ဖြေခြင်းငှါ၊ အပြစ်ဖြေရာယဇ်ကို ပူဇော်၍၊
နောက် တဖန် မီးရှို့ရာယဇ်ကောင်ကို သတ်ရမည်။ 20 မီးရှို့ရာယဇ်ကောင်နှင့် ဘောဇဉ်ပူဇော်သက္ကာကို ယဇ်ပလ္လင်ပေါ်မှာ ပူဇော်သဖြင့်
ထိုလူအဘို့ အပြစ်ဖြေခြင်းကို ပြု၍ သူသည်သန့်ရှင်းရ၏။ 21 ထိုသူသည် ဆင်းရဲ၍ ဤမျှလောက်မတတ်နိုင်လျှင်၊ ချီလွှဲ၍
မိမိအပြစ်ဖြေခြင်းကို ပြုစရာဘို့၊ ဒုစရိုက်ဖြေရာယဇ် သိုးငယ်တကောင်ကိုငှင်း၊ ဘောဇဉ်ပူဇော်သက္ကာဘို့ ဆီရောသော မုန့်ညက်တဩ
မဲနှင့် ဆီတလောဃကိုငှင်း၊- 22 တတ်နိုင်သမျှအတိုင်း၊ ခိုနှစ်ကောင်၊ သို့မဟုတ် ချိုးကလေးနှစ်ကောင်၊ အပြစ်ဖြေရာ ယဇ်ဘို့တကောင်၊
မီးရှို့ရာယဇ်ဘို့တကောင်ကိုငှင်း ယူ၍၊ 23 မိမိစင်ကြယ်ခြင်းအလိုငှါ၊ ထာဝရဘုရားရှေ့တော်တွင် ပရိသတ်စည်းဝေးရာ
တဲတော်တံခါးနား၊ ယဇ်ပုရောဟိတ်ထံသို့၊ အဋ္ဌမနေ့၌ ဆောင်ခဲ့ပြီးမှ၊- 24 ယဇ်ပုရောဟိတ်သည် ဒုစရိုက်အပြစ်ဖြေရာ
ယဇ်သိုးသငယ်နှင့်ဆီတလောဃကို ယူ၍ ထာဝရဘုရား ရှေ့တော်၌ ချီလွှဲရာ၊ ပူဇော်သက္ကာဘို့ ချီလွှဲရမည်။ 25 ထိုသိုးသငယ်ကို
သတ်ပြီးလျှင်၊ အသွေးကိုယူ၍ စင်ကြယ်စေရသောသူ၏ လက်ျာနားပျဉ်း၌ငှင်း၊ လက်ျာလက်မ၊ လက်ျာခြေမ၌ငှင်း ထည့်ရမည်။ 26
ဆီအချို့ကိုလည်း မိမိလက်ဝဲလက်ဝါး၌ လောင်းပြီးလျှင်၊- 27 ထိုဆီကို မိမိလက်ျာလက်ညှိုးနှင့် ထာဝရဘုရားရှေ့တော်၌
ခုနစ်ကြိမ်တိုင်အောင် ဖြန်းရမည်။ 28 မိမိလက်၌ ကြွင်းသောဆီကို စင်ကြယ်စေရသောသူ၏ လက်ျာနားပျဉ်း၌ငှင်း၊ လက်ျာလက်မ၊
လက်ျာ ခြေမ၌ငှင်း ရှိသော ဒုစရိုက်ဖြေရာ ယဇ်ကောင်အသွေးပေါ်မှာထည့်၍၊ 29 မိမိ၌ကြွင်းသေးသောဆီကို ထိုလူခေါင်းအပေါ်မှာ
လောင်း၍၊ သူ့အဘို့ အပြစ်ဖြေခြင်းကို ထာဝရဘုရား ရှေ့တော်၌ ပြုရမည်။ 30 ထိုသူသည် တတ်နိုင်သမျှအတိုင်း ခိုနှစ်ကောင်ဖြစ်စေ၊
ချိုးကလေးနှစ်ကောင်ဖြစ်စေ- 31 အပြစ်ဖြေရာယဇ်ဘို့ တကောင်၊ ဘောဇဉ်ပူဇော်သက္ကာနှင့်တကွ မီးရှို့ရာယဇ်ဘို့တကောင်ကို
ဆောင်ခဲ့၍၊ ယဇ်ပုရောဟိတ်သည် ပူဇော်လျက်၊ ထိုသူအဘို့ အပြစ်ဖြေခြင်းကို ထာဝရဘုရား ရှေ့တော်၌ ပြုရမည်။ 32 ဤရွေ့ကား၊
နူနာစွဲ၍ မိမိစင်ကြယ်စေ မိမိစင်ကြယ်စေခြင်းငှါ မတတ်နိုင်အောင် ဆင်းရဲသောသူနှင့် ဆိုင်သော တရားဖြစ်သတည်းဟု မိန့်တော်မူ၏။
33 ထာဝရဘုရားသည် မောရှေနှင့် အာရုန်အား မိန့်တော်မူသည်ကား၊- 34 သင်တို့ ပိုင်ထိုက်ရာ၊ ငါပေးသော ခါနာန်ပြည်သို့
သင်တို့ရောက်သောအခါ၊ သင်တို့နေရာ ထိုပြည်တွင် အိမ်ထစုံတခု၌ နူနာကို ငါစွဲစေလျှင်ငှင်း၊- 35 အိမ်ရှင်သည်
ယဇ်ပုရောဟိတ်ထံသို့သွား၍၊ အကျွန်ုပ်အိမ်ကို နူနာစွဲဟန်ရှိပါ၏ဟု ပြောဆိုလျှင်ငှင်း၊- 36 ထိုအိမ်၌ရှိသမျှတို့သည်၊ မစင်ကြယ်ရာသို့
ရောက်မည်ကို စိုးရိမ်၍၊ ယဇ်ပုရောဟိတ်သည် နူနာက အကြည့်အရှုမဝင်မှီ၊ ရှိသမျှကို ထုတ်စေခြင်းငှါ စီရင်ရမည်။ ထိုနောက်
ယဇ်ပုရောဟိတ်သည် ထိုအိမ်ကို အကြည့်အရှုဝင်၍၊- 37 အနာကို ကြည့်ရှုသောအခါ၊ ကျောက်ထရံချိုင့်ရာတို့၌ ခပ်စိမ်းစိမ်း၊
ခပ်နီနီဖြစ်၍၊ ကျောက်ထရံထဲ၌ အနာစွဲဟန်ရှိလျှင်၊ - 38 အိမ်တံခါးပြင်သို့ ထွက်၍၊ ထိုအိမ်ကို ခုနစ်ရက်ပတ်လုံး ပိတ်ထားရမည်။ 39

 generated on Tue Jul 2 12:50:28 2024

သတ္တမနေ့၌ ယဇ်ပုရောဟိတ်သည် အကြည့်အရှုလာ၍၊ ကျောက်ထရံ၌ အနာတိုးပွားလျှင်၊ [40] အနာစွဲသော ကျောက်တို့ကို နှုတ်ပယ်၍၊ မြို့ပြင်မစင်ကြယ်သော အရပ်၌ ပစ်ထားစေခြင်းငှါ ယဇ် ပုရောဟိတ်စီရင်၍၊ [41] ထိုအိမ်ကို အတွင်းပတ်လည်၌ ခြစ်စေရမည်။ ခြစ်၍ကျသော အမှုန့်ကိုလည်း မြို့ပြင်မစင်ကြယ် သောအရပ်၌ သွန်ပစ်ရမည်။ [42] အရင်ကျောက်အစား၌ အခြားသော ကျောက်ကိုယူ၍ ထည့်ပြီးလျှင်၊ အသစ်သော အင်္ဂတေနှင့် မွမ်းမံရမည်။ [43] ထိုသို့ ကျောက်ကို နှုတ်ပယ်၍ အိမ်ကိုခြစ်ခြင်း၊ အသစ်မွမ်းမံခြင်းကို ပြုပြီးမှ၊ တဖန် အနာစွဲ ပြန်လျှင်၊- [44] ယဇ်ပုရောဟိတ်လည်း အကြည့်အရှုလာ၍ ထိုအိမ်၌ အနာတိုးပွါးသည် မှန်လျှင်၊ စားတတ်သော နူနာဖြစ်၏။ [45] ထိုအိမ်သည် မစင်ကြယ်သောကြောင့်၊- ကျောက်၊ သစ်သား၊ မင်္ဂတေရှိသမျှကို ဖြိုဖျက်၍၊ မြို့ပြင် မစင်ကြယ်သော အရပ်သို့ ယူသွားရမည်။ [46] ထိုမှတပါး၊ ထိုအိမ်ကို ပိတ်ထားသည် ကာလပတ်လုံး၊ အထဲသို့ ဝင်မိသောသူသည်၊ ညဦးတိုင်အောင် မစင်ကြယ်။ [47] ထိုအိမ်၌ အိပ်သောသူ၊ စားသောက်သောသူသည်၊ မိမိအဝတ်ကို လျှော်ရမည်။ [48] ယဇ်ပုရောဟိတ်သည် အကြည့်အရှုလာသောအခါ၊ အိမ်ကို အသစ်မွမ်းမံပြီးမှ အနာမတိုးပွါးလျှင်၊ အနာပျောက်သောကြောင့် ထိုအိမ်သည် စင်ကြယ်၏ဟု စီရင်ရမည်။ [49] ထိုအိမ်ကို စင်ကြယ်စေခြင်းငှါ ငှက်နှစ်ကောင်၊ အာရဇ်သစ်သား၊ နီမောင်းသောကြိုး၊ဟု သုပ်ပင်ညွန့် တို့ကိုယူ၍၊- [50] စီးသောရေကို ထည့်သောမြေအိုးထဲ၌ ငှက်တကောင်ကို သတ်ပြီးမှ၊ [51] အာရဇ်သစ်သား၊ဟု သုပ်ပင်ညွန့်၊ နီသောကြိုး၊ အသက်ရှင်သော ငှက်ကို ယူ၍ ငှက်သွေးရောသော ရေ၌ နှစ်ပြီးလျှင်၊ ထိုအိမ်ကို ခုနစ်ကြိမ်တိုင်အောင် ဖြန်းရမည်။ [52] ထိုသို့ ငှက်သွေးအစရှိသည်တို့နှင့် ထိုအိမ်ကို စင်ကြယ်စေပြီးမှ၊- [53] အသက်ရှင်သော ငှက်ကို မြို့ပြင် ဟင်းလင်းသောအရပ်၌ လွှတ်လိုက်၍၊ ထိုအိမ်အဘို့၊ အပြစ်ဖြေ ခြင်းကို ပြုလျှင်၊ စင်ကြယ်ခြင်း ရှိလိမ့်မည်။ [54-57] ဤရွေ့ကား၊ စင်ကြယ်သည်၊ မစင်ကြယ်သည်ကို ပိုင်းခြား၍ သိစေခြင်းငှါ၊ ဖောက်နူနာအစရှိသော နူနာအမျိုးမျိုး၊ အဝတ်၌ စွဲသောနူနာ၊ အိမ်၌စွဲသောနူနာ၊ အဖူး၊ ယားနာ၊ နူကွက်နှင့်ဆိုင်သော နူနာတရားဖြစ်သတည်းဟု မိန့်တော်မူ၏။


generated on Tue Jul 2 12:50:28 2024

## Chapter 15

1 တဖန် မောရှေနှင့် အာရုန်အား ထာဝရဘုရားက၊- 2 သင်တို့သည် ဣသရေလအမျိုးသားတို့အား ဆင့်ဆိုရမည်မှာ၊ ရိနာစွဲသော
ယောကျ်ားသည် မစင်ကြယ်။ 3 အစဉ်ယိုသည်ဖြစ်စေ၊ တခါတလေ ရပ်သည်ဖြစ်စေ၊ ထိုသူသည် မစင်ကြယ်။ 4
အိပ်သမျှထိုင်သမျှသော အိပ်ရာထိုင်ရာတို့သည်လည်း မစင်ကြယ်။ 5 သူ၏အိပ်ရာကိုထိသောသူ၊ သူ့ထိုင်ရာအပေါ်မှာ ထိုင်သောသူ၊ 6
သူ၏ ကိုယ်ကို ထိသောသူ၊ 7 သူ၏ တံထွေးထိမိသောသူသည်၊ မိမိအဝတ်ကို လျှော်၍ ကိုယ်ကိုရေးချိုးရမည်။ 8 ညဦးတိုင်အောင်
မစင်ကြယ်ဖြစ်၏။ 9 ရိနာစွဲသော သူစီးသော ကုန်းနီးလည်းမစင်ကြယ်။ 10 သူ့အောက်၌ရှိသောအရာကို ထိသောသူသည်
ညဦးတိုင်အောင် မစင်ကြယ်။ ထိုအရာ တစုံတခုကို ဆောင်သောသူသည်၊ မိမိအဝတ်ကို လျှော်၍ ကိုယ်ကို ရေချိုးရမည်။
ညဦးတိုင်အောင် မစင်ကြယ်ဖြစ်၏။ 11 ရိနာစွဲသောသူသည်၊ လက်မဆေးဘဲ သူတပါးကို လက်နှင့်ထိလျှင်၊ ထိုသူသည် မိမိအဝတ်ကို
လျှော်၍ ကိုယ်ကို ရေချိုးရမည်။ ညဦးတိုင်အောင် မစင်ကြယ်ဖြစ်၏။ 12 ရိနာစွဲသောသူ ထိသော မြေတန်ဆာကို ခွဲရမည်။ သစ်သား
တန်ဆာကို ရေနှင့်ဆေးရမည်။ 13 ရိနာစွဲသောသူသည် အနာပျောက်သောအခါ၊ ပျောက်သောနေ့ကစ၍၊ ခုနစ်ရက်လွန်မှ မိမိအဝတ်ကို
လျှော်၍၊ စီးသောရေနှင့် ကိုယ်ကိုချိုးသဖြင့် စင်ကြယ်ရ၏။ 14 အဋ္ဌမနေ့၌လည်း၊ ခိုနှစ်ကောင်ဖြစ်စေ၊ ချိုးကလေးနှစ်ကောင်ဖြစ်စေ၊
တခုခုကို ထာဝရဘုရား ရှေ့တော်၌ ပရိသတ်စည်းဝေးရာ တံခါးနားသို့ ဆောင်ခဲ့၍၊ ယဇ်ပုရောဟိတ်အား ပေးရမည်။ 15
ယဇ်ပုရောဟိတ်သည် အပြစ်ဖြေရာယဇ်ဘို့တကောင်၊ မီးရှို့ရာယဇ်ဘို့တကောင်ကို ပူဇော်၍၊ ရိနာစွဲသော သူအဘို့
ထာဝရဘုရားရှေ့တော်၌ အပြစ်ဖြေခြင်းကို ပြုရမည်။ 16 ယောကျ်ားသည် သုတ်ရည်ထွက်လျှင် တကိုယ်လုံး ရေချိုးရမည်။
ညဦးတိုင်အောင် မစင်ကြယ်ဖြစ်၏။ 17 သုတ်ရည်ထိသောအဝတ်၊ သားရေရှိသမျှတို့ကို ရေနှင့်လျှော်ရမည်။ 18 ညဦးတိုင်အောင်
မစင်ကြယ်ဖြစ်၏။ ယောကျ်ားသည် မိန်းမနှင့် သံဝါသပြုလျှင်၊ နှစ်ယောက်စလုံး ရေချိုးရမည်။ ညဦးတိုင်အောင် မစင်ကြယ်ဖြစ်၏။
19 မိန်းမသည် ဥတုရောက်လျှင်၊ ခုနစ်ရက်ပတ်လုံး ဥတုမစင်ကြယ်ရာ၌ နေရမည်။ သူ့ကို ထိသောသူ သည် ညဦးတိုင်အောင်
မစင်ကြယ်ဖြစ်၏။ 20 ဥတုမစင်ကြယ်လျက် အိပ်သမျှ၊ ထိုင်သမျှတို့သည် မစင်ကြယ်ဖြစ်၏။ 21 သူ၏အိပ်ရာ၊ သူ၏ထိုင်ရာကို
ထိသောသူသည် မိမိအဝတ်ကိုလျှော်၍ ကိုယ်ကို ရေချိုးရမည်။ 22 ညဦးတိုင်အောင် မစင်ကြယ်ဖြစ်၏။ 23 သူ၏နေရာထိုင်ရာစွန်းလျှင်၊
ထိုနေရာထိုင်ရာကို ထိသောသူသည် ညဦးတိုင်အောင် မစင်ကြယ်ဖြစ်၏။ 24 ဥတုရောက်သော မိန်းမနှင့် သံဝါသပြုသောသူသည်
ခုနစ်ရက်ပတ်လုံး မစင်ကြယ်၊ အိပ်ရာရှိသမျှ လည်း မစင်ကြယ်ဖြစ်၏။ 25 ဥတုမစင်ကြယ်ရာ ကာလလွန်မှ၊ သွေးယိုနာမပျောက်လျှင်၊
အနာမပျောက်မှီတိုင်အောင် ဥတုမစင် ကြယ်လျက် နေရသကဲ့သို့ မစင်ကြယ်ဖြစ်၏။ 26 အနာမပျောက်မှီတိုင်အောင် သူ၏အိပ်ရာသည်
ဥတုမစင်ကြယ်ရာ အိပ်ရာကဲ့သို့ငှင်း၊ ထိုင်ရာသည် ငှင်း မစင်ကြယ်ဖြစ်၏။ 27 ထိုအရာတို့ကို ထိသောသူသည်လည်း
မစင်ကြယ်သောကြောင့်၊ မိမိအဝတ်ကို လျှော်၍ ကိုယ်ကို ရေချိုးရမည်။ ညဦးတိုင်အောင် မစင်ကြယ်ဖြစ်၏။ 28 ထိုမိန်းမသည်
သွေးယိုနာပျောက်၍ ခုနစ်ရက်လွန်လျှင် စင်ကြယ်လိမ့်မည်။ 29 အဋ္ဌမနေ့၌ ခိုနှစ်ကောင်ဖြစ်စေ၊ ချိုးကလေးနှစ်ကောင်ဖြစ်စေ၊
တခုခုကို ပရိသတ်စည်းဝေးရာ တဲတော်တံခါးနား၊ ယဇ်ပုရောဟိတ်ထံသို့ ဆောင်ခဲ့ရမည်။ 30 ယဇ်ပုရောဟိတ်သည်
အပြစ်ဖြေရာယဇ်ဘို့တကောင်၊ မီးရှို့ရာယဇ်ဘို့တကောင်ကို ပူဇော်၍၊ ဥတုမစင် ကြယ်သော မိန်းမအဘို့ ထာဝရဘုရား ရှေ့တော်၌
အပြစ်ဖြေခြင်းကို ပြုရမည်။ 31 ထိုသို့ ဣသရေလအမျိုးသားတို့သည် မိမိတို့တွင်ရှိသော ငါ့တဲတော်ကို ညစ်ညူးစေ၍၊ မိမိတို့ မစင်
ကြယ်ရာ၌ မသေစေခြင်းငှါ၊ သူတို့ကို မစင်ကြယ်ခြင်းနှင့် ကင်းစင်စေရမည်။ 32 ဤရွေ့ကား၊ ရိနာစွဲသောသူ၊ 33 သုတ်ရည်ထွက်၍
ညစ်ညူးသောသူ၊- ဥတုရောက်သော မိန်းမ၊ သံဝါသပြုသော ယောကျ်ားမိန်းမ၊ မစင်ကြယ်သောမိန်းမနှင့် သံဝါသပြုသောယောကျ်ား
စောင့်ရသောတရား ဖြစ်သတည်းဟု မိန့်တော် မူ၏။

## Chapter 16

1 အာရုန်၏ သားနှစ်ယောက်တို့သည်၊ ထာဝရဘုရားရှေ့တော်၌ ပူဇော်၍ သေသောနောက်၊ ထာဝရဘုရားသည် မောရှေအား
မိန့်တော်မူသည်ကား၊- 2 သင်၏အစ်ကိုအာရုန်သည် သေဘေးနှင့်ကင်းလွတ်မည်အကြောင်း၊ သန့်ရှင်းရာဌာနတော်အထဲ၊
သေတ္တာအပေါ်မှာ တင်သောအဖုံးကို ကွယ်ကာသော ကုလားကာ အတွင်းသို့ အခါခပ်သိမ်း မဝင်စေ ခြင်းငှါ ဆင့်ဆိုလော့။ ငါသည်
သေတ္တာအဖုံးအပေါ်၊ မိုဃ်းတိမ်၌ ထင်ရှားမည်။ 3 အာရုန်သည် သန့်ရှင်းရာဌာနတော်အထဲသို့ အဘယ်သို့ ဝင်ရမည်နည်းဟူမူကား၊
အပြစ်ဖြေရာယဇ် ဘို့ အသက်ပျိုသော နွားထီးတကောင်၊ မီးရှို့ရာယဇ်ဘို့ သိုးထီးတကောင် ပါရမည်။ 4 သန့်ရှင်းသော ပိတ်ချောအင်္ကျီ၊
ပိတ်ချောပေါင်းဘီကို ဝတ်၍၊ ပိတ်ချောခါးပန်းကို စည်းရမည်။ ပိတ်ချောဖေါင်းကိုလည်း ဆောင်းရမည်။ ထိုအဝတ်တန်ဆာတို့သည်
သန့်ရှင်းသောကြောင့်၊ ကိုယ်ကို ရေချိုးပြီးမှ ဝတ်ဆင်ရမည်။ 5 အပြစ်ဖြေရာယဇ်ဘို့ ဆိတ်သငယ်နှစ်ကောင်၊ မီးရှို့ရာယဇ်ဘို့
သိုးတကောင်ကို၊ ဣသရေလအမျိုးသား ပရိသတ် လက်မှခံယူရမည်။ 6 အာရုန်သည် မိမိနှင့်ဆိုင်သော မိမိအပြစ်ဖြေရာယဇ်နွားကို
ပူဇော်၍၊ မိမိအဘို့နှင့် မိမိအိမ်သူများ အဘို့ အပြစ်ဖြေခြင်းကို ပြုရမည်။ 7 ဆိတ်နှစ်ကောင်ကိုလည်းယူ၍ ပရိသတ်စည်းဝေးရာ
တဲတော်တံခါးနား၊ ထာဝရဘုရား ရှေ့တော်၌ ဆက်ရမည်။ 8 အာရုန်သည် ထိုဆိတ်နှစ်ကောင်ကို ထာဝရဘုရားအဘို့ စာရေးတံတတံ၊
လွတ်လပ်လဟာအဘို့ တတံ၊ စာရေးတံနှစ်တံချ၍၊ 9 ထာဝရဘုရားအဘို့ စာရေးတံကျသော ဆိတ်ကို ဆောင်ခဲ့၍ အပြစ်ဖြေရာယဇ်ဘို့
ပူဇော်ရမည်။ 10 လွတ်လပ်လဟာအဘို့ စာရေးတံကျသော ဆိတ်ကို၊ အသက်ရှင်လျက် ထာဝရဘုရားရှေ့တော်၌ ဆက်၍၊ သူ့အပေါ်မှာ
အပြစ်ဖြေခြင်းကို ပြုပြီးလျှင်၊ တော၌ လွတ်လပ်လဟာသို့ လွှတ်လိုက်ရမည်။ 11 အာရုန်သည် မိမိနှင့်ဆိုင်သော
အပြစ်ဖြေရာယဇ်နွားကို ဆောင်ခဲ့ပြီးလျှင်၊ မိမိအဘို့နှင့် မိမိအိမ်သူ အိမ်သားများအဘို့ အပြစ်ဖြေခြင်းကို ပြု၍၊ မိမိနှင့်ဆိုင်သော
အပြစ်ဖြေရာယဇ်နွားကို သတ်ရမည်။ 12 ထာဝရဘုရားရှေ့တော် ယဇ်ပလ္လင် မီးခဲနှင့် ပြည့်သောလင်ပန်းကို ကိုင်လျက်၊ ညက်စွာသော
နံ့သာ ပေါင်းမွှေးအမှုန့်ကို မိမိလက်၌ အပြည့်ယူ၍၊ ကုလားကာအတွင်းသို့ ဆောင်သွားရမည်။ 13 ထိုအခါ သူသည်သေဘေးနှင့်
ကင်းလွတ်မည်အကြောင်း၊ နံ့သာပေါင်းအခိုးအငွေ့သည် သက်သေခံ ချက် အပေါ်မှာရှိသော သေတ္တာအဖုံးကို မွှန်းစေခြင်းငှါ၊
ထာဝရဘုရားရှေ့တော်၌ နံ့သာပေါင်းကို မီးပေါ်မှာ တင်ရမည်။ 14 နွားအသွေးအချို့ကိုလည်း ယူ၍ အရှေ့မျက်နှာဘက်
သေတ္တာဖုံးအပေါ်၌ လက်ညှိုးနှင့် ဖြန်းရမည်။ သေတ္တာဖုံး ရှေ့၌လည်း ခုနစ်ကြိမ်တိုင်အောင် လက်ညှိုးနှင့်ဖြန်းရမည်။ 15 ထိုနောက်
လူများနှင့်ဆိုင်သော အပြစ်ဖြေရာယဇ်ဆိတ်ကိုသတ်၍၊ အသွေးကို ကုလားကာအတွင်း သို့ ဆောင်ခဲ့ပြီးလျှင်၊ နွားအသွေးကို
ဖြန်းသကဲ့သို့၊ သေတ္တာဖုံးအပေါ်၌၎င်း၊ ရှေ့၌၎င်း ဖြန်းရမည်။ 16 ဣသရေလအမျိုးသားတို့၏ မစင်ကြယ်သော အပြစ်ကြောင့်၎င်း၊
ပြစ်မှားသော အပြစ်အမျိုးမျိုးတို့ ကြောင့်၎င်း၊ သန့်ရှင်းရာ ဌာနတော်အဘို့ အပြစ်ဖြေခြင်းကို ပြုရမည်။ ထိုသို့ ဣသရေလအမျိုးသား
တို့၏ မစင်ကြယ်သော အပြစ်ထဲမှာနေရသော ပရိသတ်စည်းဝေးရာ တဲတော်အဘို့ ပြုရမည်။ 17 သန့်ရှင်းရာဌာနတော်၌
အပြစ်ဖြေခြင်းကို ပြုအံ့သောငှါ ဝင်သောအခါ၊ မိမိအဘို့၊ မိမိအိမ်သူအိမ် သားများအဘို့၊ ဣသရေလပရိသတ်အပေါင်းတို့အဘို့၊
အပြစ်ဖြေခြင်းကိုပြု၍ မထွက်မှီတိုင်အောင်၊ ပရိသတ်စည်းဝေးရာ တဲတော်ထဲမှာ အဘယ်သူမျှ မနေရ။ 18 နောက်တဖန်
ထာဝရဘုရားရှေ့တော် ယဇ်ပလ္လင်သို့ ထွက်လာ၍ ထိုပလ္လင်အဘို့ အပြစ်ဖြေခြင်းကို ပြုအံ့သောငှါ၊ နွားအသွေး၊ ဆိတ်အသွေးကိုယူ၍
ယဇ်ပလ္လင်ပတ်လည် ဦးချိုတို့၌ ထည့်ရမည်။ 19 ယဇ်ပလ္လင်အပေါ်၌လည်း ထိုအသွေးကို လက်ညှိုးနှင့် ခုနစ်ကြိမ်တိုင်အောင် ဖြန်း၍
ဣသရေလ အမျိုးသားတို့၏ မစင်ကြယ်သောအပြစ်မှ စင်ကြယ်သန့်ရှင်းစေရမည်။ 20 ထိုသို့ သန့်ရှင်းရာ ဌာနတော်အဘို့၊
ပရိသတ်စည်းဝေးရာ တဲတော်အဘို့၊ ယဇ်ပလ္လင်အဘို့၊ အပြစ်ဖြေခြင်းကို ပြီးစီးပြီးမှ၊ အသက်ရှင်သော ဆိတ်ကို ဆောင်ခဲ့ရမည်။ 21
အာရုန်သည် အသက်ရှင်သော ဆိတ်ခေါင်းပေါ်မှာ လက်နှစ်ဘက်ကို တင်လျက်၊ ဣသရေလအမျိုး သားတို့၏ ဒုစရိုက်မှစ၍
ပြစ်မှားသောအပြစ် အမျိုးမျိုးရှိသမျှတို့ကို ဘော်ပြ၍၊ ဆိတ်ခေါင်းပေါ်မှာ တင်ထားပြီးလျှင်၊ တော်လျော်သော လူတွင် တောသို့
စေလွှတ်ရမည်။ 22 သူတို့အပြစ်ရှိသမျှကို၊ လူမနေသော အရပ်သို့ ဆောင်သွားသော ထိုဆိတ်ကို တော၌ လွှတ်လိုက်ရမည်။ 23 တဖန်
အာရုန်သည် ပရိသတ်စည်းဝေးရာ တဲတော်ထဲသို့ဝင်၍၊ သန့်ရှင်းရာဌာနတော်ထဲသို့ အရင် ဝင်သောအခါ၊ ဝတ်သော ပိတ်ချော
အဝတ်ကို ချွတ်၍ ထိုအရပ်၌ ထားရမည်။ 24 သန့်ရှင်းရာ ဌာန၌ ကိုယ်ကို ရေချိုး၍၊ မိမိအဝတ်ကို ဝတ်ပြီးမှ တဖန်ထွက်လာ၍၊
မိမိမီးရှို့ရာယဇ်၊ လူများမီးရှို့ရာယဇ်ကို ပူဇော်သဖြင့်၊ မိမိအဘို့နှင့် လူများအဘို့ အပြစ်ဖြေခြင်းကို ပြုရမည်။ 25 အပြစ်ဖြေရာ
ယဇ်ကောင်ဆီဥကို ယဇ်ပလ္လင်ပေါ်မှာ မီးရှို့ရမည်။ 26 လွတ်လပ်လဟာသို့ ဆိတ်ကို လွှတ်လိုက်သောသူသည်လည်း မိမိအဝတ်ကို
လျှော်၍ ကိုယ်ကို ရေချိုး ရမည်။ ထိုနောက်မှ တပ်ထဲသို့ ဝင်ရမည်။ 27 သန့်ရှင်းရာဌာနတော်၌ အပြစ်ဖြေခြင်းကို ပြုအံ့သောငှါ
ဆောင်သွင်းသော အသွေးနှင့်ဆိုင်သော အပြစ်ဖြေရာယဇ်နွားကို၎င်း၊ အပြစ်ဖြေရာယဇ် ဆိတ်ကို၎င်း၊ တပ်ပြင်သို့ ယူသွား၍ အရေ၊
အသား၊ ချေးနှင့် မီးရှို့ရမည်။ 28 မီးရှို့သောသူသည်လည်း မိမိအဝတ်ကို လျော်၍ ကိုယ်ကို ရေချိုးရမည်။ ထိုနောက်မှ တပ်ထဲသို့
ဝင်ရမည်။ 29 သင်တို့သည် အစဉ်စောင့်ရသော ပညတ်တော်ဟူမူကား၊ အမျိုးသားချင်းဖြစ်စေ၊ သင်တို့တွင် တည်းနေ သော
တပါးအမျိုးသားဖြစ်စေ၊ သတ္တမလ ဆယ်ရက်နေ့၌ အလုပ်ကို အလျှင်းမလုပ်၊ ခြိုးခြံစွာ ကျင့်လျက်နေရကြမည်။ 30
အကြောင်းမူကား၊ သင်တို့သည် ထာဝရဘုရားရှေ့တော်၌ အပြစ်ရှိသမျှတို့နှင့် ကင်းစင်မည်အကြောင်း၊ ထိုနေ့ရက်၌
ယဇ်ပုရောဟိတ်သည် သင်တို့ကို စင်ကြယ်စေခြင်းငှါ၊ အပြစ်ဖြေခြင်းကို ပြုရမည်။ 31 ထိုနေ့ရက်သည် ထာဝရပညတ်တော်အတိုင်း၊

 generated on Tue Jul 2 12:50:28 2024

သင်တို့ ငြိမ်ဝပ်ရာ ဥပုသ်နေ့၊ မြိုးမြိစွာကျင့်ရသော နေ့ဖြစ်သတည်း။ [32] အဘအရာ၌ ယဇ်ပုရောဟိတ်အမှုကို ဆောင်စေခြင်းငှါ၊ အရင်ယဇ်ပုရောဟိတ်လက်မှ ဘိသိက်နှင့် တကွ ယဇ်ပုရောဟိတ်အရာကို ခံသောသူသည်၊ ထိုအပြစ်ဖြေခြင်းကို ပြုရမည်။ ထိုယဇ်ပုရောဟိတ် သည် သန့်ရှင်းသော ပိတ်ချောအဝတ်ကို ဝတ်၍- [33] သန့်ရှင်းရာဌာနတော်အဘို့၊ ပရိသတ်စည်းဝေးရာ တဲတော်အဘို့၊ ယဇ်ပလ္လင်အဘို့၊ ယဇ်ပုရောဟိတ် များအဘို့၊ ပရိသတ်အပေါင်းတို့အဘို့ အပြစ်ဖြေခြင်းကို ပြုရမည်။ [34] ဤရွေ့ကား၊ ဣသရေလအမျိုးသားတို့၏ အပြစ်ရှိသမျှတို့ကြောင့် တနှစ်တခါ အပြစ်ဖြေခြင်းကို ပြုမည်အကြောင်း၊ သင်တို့သည် အစဉ်စောင့်ရသော ပညတ်တော်ဖြစ်သတည်းဟု မောရှေအား ထာဝရဘုရားမှာထားတော်မူသည်အတိုင်း အာရုန်ပြုလေ၏။


generated on Tue Jul 2 12:50:28 2024

## Chapter 17

1 တဖန်မောရှေအား ထာဝရဘုရားက၊ 2 သင်သည် အာရုန်နှင့် သူ၏သား၊ - ဣသရေလအမျိုးသားတို့အား ဆင့်ဆိုရမည်မှာ၊ 3
ဣသရေလအမျိုးသား တစုံတယောက်သည် သိုး၊ ဆိတ်၊ နွားကို တပ်ထဲမှာ သတ်သည်ဖြစ်စေ၊ တပ်ပြင်မှာ သတ်သည်ဖြစ်စေ၊ 4
ထာဝရဘုရား၏ တဲတော်ရှေ့တွင် ထာဝရဘုရားအား ပူဇော်သက္ကာ ပြုခြင်းငှါ ပရိသတ်စည်းဝေးရာ တဲတော်တံခါးသို့ မဆောင်ခဲ့လျှင်၊
ထိုသူသည် အသက်သတ်သော အပြစ်ရှိသည်ဟု မှတ်ရမည်။ အသက်သတ်သော ထိုသူကို သူ၏အမျိုးမှ ပယ်ရှင်းရမည်။ 5
ဣသရေလအမျိုးသားတို့သည် တော၌ ပူဇော်သောယဇ်တို့ကို၊ ပရိသတ်စည်းဝေးရာ တဲတော်တံခါး ရှေ့တွင် ထာဝရဘုရားထံတော်မှာ
ယဇ်ပုရောဟိတ်ရှေ့သို့ ဆောင်ခဲ့၍၊ ထာဝရဘုရားအား မိဿ ဟာယယဇ် ပူဇော်စေခြင်းငှါ ထိုသို့ စီရင်ရသတည်း။ 6
ယဇ်ပုရောဟိတ်သည်၊ ထိုယဇ်ကောင်အသွေးကို ပရိသတ်စည်းဝေးရာ တဲတော်တံခါးနား၌ရှိသော ထာဝရဘုရား၏ ယဇ်ပလ္လင်ပေါ်မှာ
ဖြန်း၍၊ ဆီဥကိုလည်း ထာဝရဘုရားအား မွှေးကြိုင်ရာဘို့ မီးရှို့ရမည်။ 7 သူတို့သည် အထက်က မှားယွင်းသကဲ့သို့ နောက်တဖန်
နတ်ဆိုးတို့အား ယဇ်မပူဇော်ရ။ ဤပညတ် သည် သူတို့အမျိုးအစဉ်အဆက် စောင့်ရသော ပညတ်တော် ဖြစ်သတည်း။ 8
ဣသရေလအမျိုးသားချင်း ဖြစ်စေ၊ သင်တို့တွင် တည်းနေသော တပါး အမျိုးသားဖြစ်စေ၊ မီးရှို့ရာ ယဇ် အစရှိသော အခြားသောယဇ်
တစုံတခုကို ပူဇော်သောအခါ၊- 9 ထာဝရဘုရားအား ပူဇော်သက္ကာပြုခြင်းငှါ၊ ပရိသတ်စည်းဝေးရာ တံခါးသို့ မဆောင်ခဲ့လျှင်၊ ထိုသူကို
သူ၏အမျိုးမှ ပယ်ရှင်းရမည်ဟု သူတို့အား ဆင့်ဆိုရမည်။ 10 ဣသရေလအမျိုးသားမှစ၍၊ သင်တို့တွင် တည်းနေသော
တပါးအမျိုးသား တစုံတယောက်သည်၊ အသွေး တမျိုးမျိုးကို စားလျှင်၊ ထိုသူကို ငါသည် မျက်နှာထား၍ သူ၏ အမျိုးမှ
ပယ်ရှင်းမည်။ 11 အကြောင်းမူကား၊ ကိုယ်ခန္ဓာ အသက်သည် အသွေး၌ တည်၏။ သင်တို့ပြုသောအပြစ်ကို ဖြေစေ ခြင်းငှါ၊
ထိုအသွေးကို သင်တို့အား ယဇ်ပလ္လင်ပေါ်မှာ ငါပေးပြီ။ လူအပြစ်ကို ဖြေသောအရာကား၊ အသွေး ဖြစ်သတည်း။ 12 ထိုကြောင့်
သင်တို့၌ အဘယ်သူမျှ အသွေးကို မစားရ။ သင်တို့တွင် တည်းနေသော တပါးအမျိုး သားလည်း အသွေးကို မစားရဟု
ဣသရေလအမျိုးသားတို့အား ငါ့အမိန့်တော်ရှိ၏။ 13 ဣသရေလအမျိုးသားမှစ၍ သင်တို့တွင် တည်းနေသော တပါးအမျိုးသား
တစုံတယောက်သည်၊ မုဆိုးလုပ်၍ စားစရာဘို့ သား၊ ငှက်ကို ဘမ်းမိလျှင်၊ အသွေးကို သွန်၍ မြေနှင့်ဖုံးရမည်။ 14 အသွေးသည်
ခပ်သိမ်းသော ကိုယ်ခန္ဓာ အသက်ရှင်ရာအကြောင်း ဖြစ်၏။ ထိုကြောင့် သင်တို့သည် တစုံတခုသော ကိုယ်ခန္ဓာ၏ အသွေးကို မစားရဟု
ဣသရေလအမျိုးသားတို့အား ငါ့အမိန့်တော်ရှိ၏။ ခပ်သိမ်းသော ကိုယ်ခန္ဓာအသက်သည် အသွေး၌ တည်သောကြောင့်၊ အသွေးကို
စားသောသူ မည်သည်ကား၊ ပယ်ရှင်းခြင်းကို ခံရမည်။ 15 အလိုလို သေသောအကောင်၊ သားရဲကိုက်၍သေသော
အကောင်၏အသားကို စားသော ကိုယ် အမျိုးသား၊ တပါးအမျိုးသား မည်သည်ကား၊ စားလျှင် မိမိအဝတ်ကိုလျှော်၍ ကိုယ်ကို
ရေချိုးရမည်။ ညဦးတိုင်အောင် မစင်ကြယ်ဖြစ်၏။ ထိုနောက် စင်ကြယ်ခြင်းရှိ၏။ 16 အဝတ်ကို မလျှော် ရေမချိုးလျှင်၊
ကိုယ်အပြစ်ကို ကိုယ်ခံရမည်ဟု ထာဝရဘုရားသည် ပညတ်တော် မူ၏။

## Chapter 18

1 တဖန်မောရှေအား ထာဝရဘုရားက၊- 2 သင်သည် ဣသရေလအမျိုးသားတို့အား ဆင့်ဆိုရမည်မှာ၊ ငါသည် သင်တို့၏ ဘုရားသခင်
ထာဝရဘုရား ဖြစ်၏။ 3 သင်တို့ နေဘူးသော အဲဂုတ္တုပြည်၏ အကျင့်ကိုင်၊ သင်တို့ကို ငါပို့ဆောင်လတံ့သော ခါနာန်ပြည်၏
အကျင့်ကိုင်၊ သင်တို့သည် မကျင့်၊ သူတို့ တရားလမ်းသို့ မလိုက်ရကြ။ 4 ငါစီရင်ချက်ရှိသည်အတိုင်း ကျင့်၍၊
ငါ့ပညတ်တရားလမ်းသို့ လိုက်ခြင်းငှါ စောင့်ရှောက်ရကြမည်။ ငါသည် သင်တို့၏ ဘုရားသခင် ထာဝရဘုရားဖြစ်၏။ 5 ထိုကြောင့်
ငါ့စီရင်ထုံးဖွဲ့ချက်တို့ကို စောင့်ရှောက်ရကြမည်။ ထိုအကျင့်ကို ကျင့်သောသူသည် ထိုအကျင့်အားဖြင့် အသက်ရှင်လိမ့်မည်။ ငါသည်
ထာဝရဘုရားဖြစ်၏။ 6 သင်တို့တွင် အဘယ်သူမျှ ကိုယ်ပေါက်ဘော်တော်သောသူကို ချဉ်း၍ သံဝါသမပြုရ။ ငါသည်
ထာဝရဘုရားဖြစ်၏။ 7 သင်၏ အဘနှင့်သာဆိုင်သော သင်၏ အမိကို မချဉ်းရ။ ကိုယ်အမိ ဖြစ်သောကြောင့် သံဝါသမပြုရ။ 8
ကိုယ်အဘ၏ မယားမည်သည်ကို မချဉ်းရ။ အဘနှင့်သာဆိုင်၏။ 9 တအိမ်တည်း၌ မွေးဘွားသည်ဖြစ်စေ၊ အခြားသော အရပ်၌
မွေးဘွားသည်ဖြစ်စေ၊ သင်၏ နှမကို မချဉ်းရ။ 10 ကိုယ်ရင်သွေးဖြစ်သော သင်၏မြေးကို မချဉ်းရ။ 11 အမိခြားသော်လည်း
တဘတည်းဖြစ်သော နှမကို မချဉ်းရ။ 12 သင့်အဘ၏ ပေါက်ဘော်ရင်းဖြစ်သော အဘ၏ နှမကိုင်၊ 13 သင့်အမိ၏
ပေါက်ဘော်ရင်းဖြစ်သော အမိ၏ ညီအစ်မကိုင်၊ 14 အဘ၏ ညီအစ်ကိုနှင့်သာဆိုင်သော မိကြီး မိထွေးဖြစ်သော အဘ၏ ညီအစ်ကို
မယားကိုင်၊ 15 သား၏မယားတည်းဟူသော ချွေးမကိုင်၊ 16 ညီအစ်ကိုနှင့်သာဆိုင်သော ညီအစ်ကို၏ မယားကိုင်၊ မချဉ်းရ။ 17
ကိုယ်မယား၏ ပေါက်ဘော်ရင်းဖြစ်သော မယား၏သမီး၊ မယား၏ မြေးကို မချဉ်းရ။ မတရားသောအမှုဖြစ်၏။ 18 ကိုယ်မယားကို
နှောင့်ရှက်ခြင်းငှါ သူအသက်ရှင်စဉ်တွင် သူ၏ ညီအစ်မကို မသိမ်းရ။ 19 ဥတုရောက်၍ မစင်ကြယ်သော မိန်းမကိုလည်း မချဉ်းရ။ 20
ကိုယ်ကို ညစ်ညူးစေလျက်၊ သူ့မယားကို မပြစ်မှားရ။ 21 သင်၏ သားသမီးတို့ကို၊ မောလုတ်ဘုရားအား မီးဖြင့် ပူဇော်ရ။ သင်၏
ဘုရားသခင် နာမတော်ကို မရှုတ်မချရ။ ငါသည် ထာဝရဘုရားဖြစ်၏။ 22 မိန်းမနှင့် ပေါင်းဘော်သကဲ့သို့ ယောက်ျားချင်း
မပေါင်းဘော်ရ။ ရွံရှာဘွယ်အမှုဖြစ်၏။ 23 ကိုယ့်ကိုကိုယ် ညစ်ညူးစေ၍ တိရစ္ဆာန်နှင့်မပေါင်းဘော်ရ။ မိန်းမသည်လည်း မိမိနှင့်
တိရစ္ဆာန်၏ ပေါင်းဘော်ခြင်းကို မခံရ။ ရွံရှာဘွယ်သော ရောနှောခြင်းဖြစ်၏။ 24 ထိုသို့သော အမှုအားဖြင့် ကိုယ်ကို ကိုယ်
မညစ်ညူးစေရ။ သင်တို့ရှေ့မှာ ငါနှင်ထုတ်သော လူအမျိုး မျိုးတို့သည်၊ ထိုသို့သောအမှုကို ပြု၍ ညစ်ညူးကြ၏။ 25 သူတို့
ပြည်သည်လည်း ညစ်ညူး၏။ ညစ်ညူးသော အပြစ်ကြောင့် ငါဆုံးမ၍၊ ထိုပြည်သည် မိမိ သားတို့ကို အော့အန်လိမ့်မည်။ 26
သင်တို့မူကား၊ ငါ့စီရင်ထုံးဖွဲ့ချက်တို့ကို စောင့်ရှောက်ရကြမည်။ ထိုပြည်သည် သင်တို့ရှေ့၌ရှိသော လူအမျိုးမျိုးတို့ကို
အော့အန်သကဲ့သို့ တဖန် ညစ်ညူးခြင်းကိုခံ၍၊ သင်တို့ကို မအော့အန်စေခြင်းငှါ၊ ကိုယ်အမျိုးသားဖြစ်စေ၊ 27 သင်တို့တွင်
တည်းနေသော တပါးအမျိုးသားဖြစ်စေ၊ ထိုသို့သော ရွံရှာဘွယ် အမှုတို့ကို မပြုရ။ 28 သင်တို့ရှေ့၌ရှိသော ပြည်သားတို့သည်
ထိုသို့သော ရွံရှာဘွယ်အမှုတို့ကို ပြုသော အားဖြင့် သူတို့ပြည်သည် ညစ်ညူးခြင်းရှိ၏။ 29 ထိုသို့သော ရွံရှာဘွယ်အမှုတို့ကို
ပြုသောသူ မည်သည်ကား၊ သူ၏အမျိုးမှ ပယ်ရှင်းခြင်း ခံရမည်။ 30 သို့ဖြစ်၍ သင်တို့ရှေ့၌ ပြုဘူးသော ထိုရွံရှာဘွယ် ထုံးစံဓလေ့သို့
သင်တို့သည် လိုက်၍၊ ကိုယ့်ကိုကိုယ် မညစ်ညူးစေခြင်းငှါ၊ ငါ့ပညတ်တရားကို စောင့်ရှောက်ရကြမည်။ ငါသည် သင်တို့၏
ဘုရားသခင် ထာဝရဘုရားဖြစ်၏ဟု မိန့်တော်မူ၏။

---

 generated on Tue Jul 2 12:50:28 2024

## Chapter 19

[1] တဖန်မောရှေအား ထာဝရဘုရားက၊ [2] သင်သည် ဣသရေလအမျိုးသား ပရိသတ်အပေါင်းတို့အား ဆင့်ဆိုရမည်မှာ၊ သင်တို့၏
ဘုရားသခင် ငါထာဝရဘုရားသည် သန့်ရှင်းသောကြောင့်၊ သင်တို့လည်း သန့်ရှင်းခြင်းရှိကြလော့။ [3] လူတိုင်း ကိုယ်မိဘကို
ရိုသေရမည်။ ငါ့ဥပုသ်နေ့တို့ကိုလည်း စောင့်ရမည်။ ငါသည် သင်တို့၏ ဘုရားသခင် ထာဝရဘုရားဖြစ်၏။ [4] ရုပ်တုဆင်းတုကိုလည်း
မချဉ်းမကပ်ရ။ ကိုယ်အဘို့သွန်းသော ဘုရားတို့ကို မလုပ်ရ။ ငါသည် သင်တို့၏ ဘုရားသခင် ထာဝရဘုရားဖြစ်၏။ [5]
မိဿဟာယယဇ်ကို ထာဝရဘုရားအား ပူဇော်လျှင်၊ စိတ်တော်နှင့်တွေ့အောင် ပူဇော်ရမည်။ [6] ပူဇော်သောနေ့နှင့် နက်ဖြန်နေ့၌
စားရမည်။ သန်ဘက်နေ့တိုင်အောင် ကျန်ကြွင်းလျှင် မီးရှို့ရမည်။ [7] သန်ဘက်နေ့၌ အနည်းငယ်ကိုမျှ စားလျှင် ရွံရှာဘွယ်ဖြစ်၏။
စိတ်တော်နှင့်မတွေ့။ [8] စားသောသူသည် ထာဝရဘုရား၏ သန့်ရှင်းသောအရာကို ရှုတ်ချသောကြောင့် မိမိအပြစ်ကို ခံရမည်။ ထိုသူကို
သူ၏အမျိုးမှ ပယ်ရှင်းရမည်။ [9] ကိုယ်မြေ၌ဖြစ်သော စပါးကိုရိတ်သောအခါ၊ လယ်ထောင့်တို့ကို အကုန်အစင် မရိတ်ရ။ သိမ်းရာတွင်
ကျန်ကြွင်းသော အရာကို ပြန်၍ မကောက်မသိမ်းရ။ [10] ကိုယ်စပျစ်သီးကိုလည်း အကုန်အစင် မသိမ်းရ။ ကျန်ကြွင်းသော အသီးကို
ပြန်၍ မဆွတ်ရ။ ထိုအသီးကို ဆင်းရဲသောသူ ဧည့်သည် အာဂန္တုအဘို့ ချန်ခြွင်းရမည်။ ငါသည် သင်တို့၏ ဘုရားသခင် ထာဝရဘုရား
ဖြစ်၏။ [11] သူ့ဥစ္စာကို မခိုးရ။ သူတပါးကို မလှည့်စားရ။ တယောက်ကိုတယောက် မုသာစကားမပြောရ။ [12] ငါ့နာမကို တိုင်တည်၍
မဟုတ်မမှန်ဘဲ ကျိန်ဆိုခြင်းကို မပြုရ။ သင်၏ ဘုရားသခင်နာမကို မရှုတ် မချရ။ ငါသည် ထာဝရဘုရား ဖြစ်၏။ [13]
ကိုယ်နှင့်စပ်ဆိုင်သော သူ၏ဥစ္စာကို မတရားသဖြင့် မသိမ်းရ။ အနိုင်အထက်ပြု၍ မယူရ။ သူငှါးခံ ထိုက်သော အခကို တညဉ့်လုံး
နံနက်တိုင်အောင် မထားရ။ [14] နားပင်းသော သူကို မကျိန်ဆဲရ။ မျက်စိမမြင်သောသူရှေ့မှာ ထိမိ၍ လဲစရာကို မထားရ။ သင်၏
ဘုရားသခင်ကို ကြောက်ရွံ့ရမည်။ ငါသည် ထာဝရဘုရားဖြစ်၏။ [15] တရားတွေ့သည်အမှုမှာ မတရားသဖြင့် မစီရင်ရ။
ဆင်းရဲသောသူဘက်၌ မငဲ့ကွက်၊ ကြီးသောသူ၏ မျက်နှာကို မထောက်ဘဲ၊ ကိုယ်အမျိုးသားချင်းကို တရားသဖြင့် စီရင်ရမည်။ [16]
သူ့အသရေပျက်သော သိတင်းကို ကြားပြောခြင်းငှါ၊ ကိုယ်အမျိုးသားချင်းတို့တွင် မလှည့်လည်ရ။ ကိုယ်နှင့်စပ်ဆိုင်သောသူကို
သေစေခြင်းငှါ မကြံစည်ရ။ ငါသည် ထာဝရဘုရား ဖြစ်၏။ [17] သင်၏ ညီအစ်ကိုကို စိတ်အခုအခံမရှိရ။ ကိုယ်နှင့် စပ်ဆိုင်သော
သူ၌ရှိသော အပြစ်ကို တတ်တိုင်း မရှိစေဘဲ၊ သူ့ကို အမှန်ဆုံးမရမည်။ [18] သင့်အမျိုးသားချင်းသည် သင့်ကို ပြစ်မှားလျှင်၊ ကိုယ်တိုင်
အပြစ်ပြန်၍ မတုံ့ရ။ အငြိုးမထားရ။ ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်ရမည်။ ငါသည် ထာဝရဘုရားဖြစ်၏။ [19] ငါ၏
ပညတ်တရားကို သင်တို့သည် စောင့်ရကြမည်။ အမျိုးခြားသော တိရစ္ဆာန် အထီးအမတို့ကို မရှက်မတင်စေရ။ ခြားနားသော မျိုးစေ့ကို
ရောနှော၍ လယ်၌ မကြဲရ။ ဝါနှင့်သိုးမွေး ရော၍ ရက်သောအဝတ်ကို မဝတ်ရ။ [20] ထိမ်းမြားဆောင်နှင်းလျက်၊ မရွေးမလွှတ်သေးသော
ကျွန်မိန်းမနှင့် သင့်နေသောသူသည် ရိုက်နှက် ခြင်းကို ခံရမည်။ ထိုမိန်းမသည် သူ့ကျွန်ဖြစ်သောကြောင့် သေပြစ်နှင့် လွတ်ရမည်။ [21]
ယောကျ်ားသည်လည်း၊ ဒုစရိုက်ဖြေရာယဇ်ဘို့ သိုးထီးတကောင်ကို ပရိသတ်စည်းဝေးရာ တဲတော် တံခါးနား ထာဝရဘုရားထံတော်သို့
ဆောင်ခဲ့ရမည်။ [22] ထိုယောကျ်ားပြုမိသောအပြစ်ကို ဖြေခြင်းငှါ၊ ဒုစရိုက်ဖြေရာယဇ် သိုးကို၊ ယဇ်ပုရောဟိတ်သည်
ထာဝရဘုရားရှေ့မှာ ပူဇော်ရမည်။ ထိုယောကျ်ားသည် အပြစ်လွတ်ခြင်းသို့ ရောက်လိမ့်မည်။ [23] သင်တို့သည် ငါပေးသောပြည်သို့
ရောက်၍၊ စားအပ်သော အပင်အမျိုးမျိုးကို စိုက်ပြီးမှ၊ သုံးနှစ်ပတ် လုံးသီးသော အသီးကို၊ အရေဖျားလှီးခြင်းကို မခံသော အသီးဟူ၍
မှတ်ရမည်။ ထိုအသီးကို မစားရ။ [24] စတုတ္ထနှစ်တွင် သီးသောအသီးရှိသမျှသည် သန့်ရှင်း၍၊ ထာဝရဘုရား၏ ကျေးဇူးတော်ကို ချီးမွမ်း
ဘို့ရာ ဖြစ်ရမည်။ [25] ပဉ္စမနှစ်တွင် သီးသောအသီးကို စားရမည်။ ထိုသို့ပြုလျှင် အပင်တို့သည် သာ၍ သီးကြလိမ့်မည်။ ငါသည်
သင်တို့၏ဘုရားသခင် ထာဝရဘုရားဖြစ်၏။ [26] အသွေးပါသော အသေကောင်ကို မစားရ။ မကောင်းသော အတတ်ကို မပြုစုရ။
ကာလဗေဒင်ကို မကြည့်ရ။ [27] ဦးခေါင်းအနားပတ်လည်၌ ဆံပင်ကိုဝန်း၍ မရိတ်ရ။ ပါးမုန်းကိုလည်း မရိတ်ရ။ [28] သေသောသူအတွက်
ကိုယ်အသားကို မခုတ်မရှရ။ သံပူမထိုးရ။ ငါသည် ထာဝရဘုရားဖြစ်၏။ [29] ကိုယ်သမီးကို ပြည်တန်ဆာဖြစ်စေခြင်းငှါ မရှုတ်မချရ။
သို့ပြုလျှင် တပြည်လုံးသည် မတရားသော မေထုန်သို့လိုက်၍၊ အဓမ္မအမှုနှင့် ပြည့်လိမ့်မည်။ [30] ငါ့ဥပုသ်နေ့တို့ကို စောင့်၍၊
ငါ့သန့်ရှင်းရာဌာနတော်ကို ရိုသေရမည်။ ငါသည် ထာဝရဘုရားဖြစ်၏။ [31] ကိုယ်ကိုကိုယ် ညစ်ညူးစေခြင်းငှါ၊ နတ်ဝင်သူကို မမှီဝဲရ။
စုန်းလုပ်သူကိုလည်း မရှာဖွေရ။ ငါသည် သင်တို့၏ ဘုရားသခင် ထာဝရဘုရားဖြစ်၏။ [32] ဆံပင်ဖြူသောသူရှေ့မှာ ထရမည်။
အသက်ကြီးသောသူ၏ မျက်နှာကို ရိုသေရမည်။ သင်၏ ဘုရားသခင်ကို ကြောက်ရွံ့ရမည်။ ငါသည် ထာဝရဘုရားဖြစ်၏။ [33] သင်၏
ပြည်၌ တည်းနေသော ဧည့်သည်ကို မညှဉ်းဆဲရ။ [34] သင်နှင့်အတူနေသော ဧည့်သည်ကို ကိုယ်အမျိုးသားချင်းကဲ့သို့ မှတ်ရမည်။
ကိုယ်နှင့်အမျှ ချစ်ရမည်။ သင်တို့သည် အဲဂုတ္တုပြည်၌ ဧည့်သည်ဖြစ်ကြဘူးပြီ။ ငါသည် သင်တို့၏ ဘုရားသခင် ထာဝရဘုရား ဖြစ်၏။
[35] တိုင်းထွာသောအမှု၊ ချိန်တွယ်သောအမှု၊ ခြင်တွက်သောအမှု၌ မတရားစွာ မပြုရ။ [36] မှန်သောချိန်ခွင်၊ မှန်သောအလေး၊
မှန်သောဧဖာ၊ မှန်သောဟိန်တို့ကို သုံးရမည်။ ငါသည်သင်တို့ကို အဲဂုတ္တုပြည်မှ နှုတ်ဆောင်သော သင်တို့၏
ဘုရားသခင်ထာဝရဘုရားဖြစ်၏။ [37] သင်တို့သည် ငါ့စီရင်ထုံးဖွဲ့ချက် အလုံးစုံတို့ကို စောင့်ရှောက်ရကြမည်။ ငါသည် ထာဝရဘုရား
ဖြစ်သည်ဟု မိန့်တော်မူ၏။


generated on Tue Jul 2 12:50:28 2024

## Chapter 20

1 တဖန် မောရှေအား ထာဝရဘုရားက၊ သင်သည် ဣသရေလအမျိုးသားတို့အား ဆင့်ဆိုရမည်မှာ၊- 2 ဣသရေလအမျိုးသားဖြစ်စေ၊
ဣသရေလအမျိုး၌ တည်းနေသော တပါးအမျိုးသားဖြစ်စေ၊ မိမိသားကို မောလုတ်ဘုရားအား ဆက်ကပ်သောသူသည်
အသေသတ်ခြင်းကို အမှန်ခံရမည်။ ပြည်သားတို့လည်း ခဲနှင့် ပစ်ရကြမည်။ 3 ငါ့သန့်ရှင်းရာဌာနတော်ကို ညစ်ညူးစေလျက်၊
ငါ့သန့်ရှင်းသော နာမတော်ကို ရှုတ်ချလျက်၊ မိမိ သားကို မောလုတ်ဘုရားအား ဆက်ကပ်သောသူကို၊ ငါသည် မျက်နှာထား၍ သူ၏
အမျိုးမှ ပယ်ရှင်းမည်။ 4 မိမိသားကို မောလုတ်ဘုရားအား ဆက်ကပ်သော သူကို ပြည်သားတို့သည် အမှုမထား မသတ်ဘဲ နေလျှင်၊- 5
ထိုသို့ နေသောသူနှင့် သူ၏ အိမ်သူအိမ်သားတို့ကို ငါသည် မျက်နှာထား၍ ထိုသူကိုင်း၊ သူနှင့်အတူ မောလုတ်ဘုရားထံ၌
မှားယွင်းသောသူကိုင်း၊ သူတို့အမျိုးမှ ပယ်ရှင်းမည်။ 6 လမ်းလွှဲ၍ နတ်ဝင်သူ၊ စုန်းလုပ်သူနောက်သို့ လိုက်လျက်၊ မှားယွင်းသောသူကို
ငါသည် မျက်နှာထား၍ သူ၏ အမျိုးမှ ပယ်ရှင်းမည်။ 7 သင်တို့၏ ဘုရားသခင် ငါထာဝရဘုရားသည် သန့်ရှင်းသောကြောင့်၊
သင်တို့သည် ကိုယ်ကိုသန့်ရှင်း စေ၍၊ သန့်ရှင်းခြင်းရှိကြလော့။ 8 ငါ့နည်းနိဿယတို့ကို ကျင့်ဆောင်ရကြမည်။ ငါသည် သင်တို့ကို
သန့်ရှင်းစေသော ထာဝရဘုရား ဖြစ်၏။ 9 မိဘကို ကျိန်ဆဲသောသူတိုင်း အသေသတ်ခြင်းကို အမှန်ခံရမည်။ မိဘကို
ကျိန်ဆဲသောကြောင့် သေထိုက်သော အပြစ်ရှိ၏။ 10 သူ့မယားကို ပြစ်မှားသောသူသည် မှားယွင်းသော မိန်းမနှင့်တကွ
အသေသတ်ခြင်းကို အမှန်ခံရမည်။ 11 ကိုယ်အဘ၏ မယားနှင့်သင့်နေသောသူသည် အဘနှင့်သာဆိုင်သောအရာကို
ပြစ်မှားသောကြောင့်၊ ထိုမိန်းမနှင့်တကွ အသေသတ်ခြင်းကို အမှန်ခံရမည်။ သေထိုက်သော အပြစ်ရှိ၏။ 12 ယောက်ျားသည်
ကိုယ်ချွေးမနှင့် သင့်နေလျှင်၊ ထိုသူနှစ်ယောက်တို့သည် ရွံရှာဘွယ်သော ရောနှောခြင်း ကို ပြုသောကြောင့် အသေသတ်ခြင်းကို
အမှန်ခံရမည်။ သေထိုက်သော အပြစ်ရှိ၏။ 13 မိန်းမနှင့်ပေါင်းဘော်သကဲ့သို့ ယောက်ျားခြင်းပေါင်းဘော်လျှင်
ထိုသူနှစ်ယောက်တို့သည်၊ ရွံရှာဘွယ် သောအမှုကို ပြုသောကြောင့်၊ အသေသတ်ခြင်းကို အမှန်ခံရမည်။ သေထိုက်သော အပြစ်ရှိ၏။
14 ယောက်ျားသည် သမီးနှင့်အမိကို မယားပြုလျှင်၊ မတရားသောအမှုဖြစ်၏။ သင်တို့တွင် မတရားသော အမှုမရှိစေခြင်းငှါ၊
ထိုသူသုံးယောက်တို့ကို မီးရှို့ရမည်။ 15 ယောက်ျားသည် တိရစ္ဆာန်နှင့် ပေါင်းဘော်လျှင် အသေသတ်ခြင်းကို အမှန်ခံရမည်။
ထိုတိရစ္ဆာန်ကို လည်း သတ်ရမည်။ 16 မိန်းမသည်လည်း၊ မိမိနှင့်တိရစ္ဆာန်၏ ပေါင်းဘော်ခြင်းကိုခံလျှင်၊ ထိုမိန်းမနှင့် တိရစ္ဆာန်သည်
အသေသတ်ခြင်းကို အမှန်ခံရမည်။ သေထိုက်သော အပြစ်ရှိ၏။ 17 ယောက်ျားသည် အဘ၏သမီး၊ အမိ၏သမီးဖြစ်သော
မိမိနှမနှင့်သင့်နေလျှင်၊ မတရားသော အမှုဖြစ်၏။ ထိုသူတို့သည် အမျိုးသားချင်းတို့ ရှေ့မှောက်၌ ပယ်ရှင်းခြင်းကို ခံရကြမည်။
ထိုယောက်ျား သည် နှမနှင့်သင့်နေသောကြောင့်၊ မိမိအပြစ်ကို ခံရမည်။ 18 ယောက်ျားသည် ဥတုရောက်လျက်ရှိသော
မိန်းမနှင့်သင့်နေလျှင်၊ ထိုသူတို့သည် သဘောတူ၍ သွေး သွန်အနာကို ထင်ရှားစေသောကြောင့်၊ သူတို့အမျိုးမှ ပယ်ရှင်းခြင်းကို
ခံရကြမည်။ 19 အဘ၏နှမ၊ အမိ၏ညီမနှင့်မသင့်မနေရ။ ထိုသို့သော ပေါက်ဘော်ရင်းနှင့် သင့်နေသောသူတို့သည် မိမိအပြစ်ကို
ခံရကြမည်။ 20 အဘ၏ ညီအစ်ကိုမယားနှင့် သင့်နေလျှင်၊ အဘ၏ ညီအစ်ကိုနှင့်သာဆိုင်သော အရာကို ပြစ်မှား သောကြောင့်၊
ထိုသူတို့သည် မိမိအပြစ်ကိုခံရသဖြင့်၊ တသက်လုံးသားမရဘဲ နေရလိမ့်မည်။ 21 ညီအစ်ကို၏ မယားနှင့် သင့်နေလျှင်
ညစ်ညူးသောအမှုဖြစ်၏။ ညီအစ်ကိုနှင့်သာ ဆိုင်သောအရာ ကိုပြစ်မှားသောကြောင့် ထိုသူတို့သည် သားမရဘဲနေရလိမ့်မည်။ 22
သင်တို့ကို ငါ ပို့ဆောင်၍ နေရာချသော ပြည်သည် မအော့အန်စေခြင်းငှါ၊ သင်တို့သည် ငါစီရင် ထုံးဖွဲ့သမျှတို့ကို ကျင့်ဆောင်ရမည်။ 23
သင်တို့ရှေ့မှ ငါနှင်ထုတ်သော လူအမျိုးမျိုးတို့၏ ဘာသာဓလေ့သို့ မလိုက်ရ။ သူတို့သည် ထိုသို့သော အမှုခပ်သိမ်းတို့ကို
ပြုသောကြောင့် ငါရွံရှာ၏။ 24 သူတို့ပြည်တည်းဟူသော နို့နှင့်ပျားရည်စီးသောပြည်ကို သင်တို့သည် အမွေခံစေခြင်းငှါ ငါအပိုင်ပေး
မည်ဟု ငါ့အမိန့်တော်ရှိပြီ။ ငါသည် သင်တို့ကို အခြားသော အမျိုးနှင့်ခွဲထားသော သင်တို့ဘုရားသခင် ထာဝရဘုရားဖြစ်၏။ 25
ထိုအကြောင်းကြောင့်၊ စင်ကြယ်သောသား၊ မစင်ကြယ်သောသား၊ စင်ကြယ်သောငှက်၊ မစင်ကြယ် သောငှက်တို့ကို ပိုင်းခြားရမည်။
ငါခွဲထားသည်အတိုင်း၊ မစင်ကြယ်သောသား၊ ငှက်၊ မြေပေါ်မှာ တွားတတ်သော တိရစ္ဆာန်တစုံတခုအားဖြင့် ကိုယ်ကိုကိုယ် ရွံရှာဘွယ်
မဖြစ်စေရ။ 26 ငါထာဝရဘုရား သန့်ရှင်းသည်ဖြစ်၍၊ သင်တို့ကို ငါအလိုရှိသဖြင့်၊ အခြားသော အမျိုးနှင့် ခွဲထားသောကြောင့်၊ ငါ့အဘို့
သန့်ရှင်းခြင်းရှိရကြမည်။ 27 ယောက်ျားဖြစ်စေ၊ မိန်းမဖြစ်စေ၊ နတ်ဝင်သောသူ၊ စုန်းလုပ်သောသူသည် အသေသတ်ခြင်းကို
အမှန်ခံရမည်။ ထိုသို့သောသူကို ခဲနှင့်ပစ်ရကြမည်။ သူ၌ သေထိုက်သော အပြစ်ရှိသည်ဟု မိန့်တော်မူ၏။

---

Leviticus 01

မိမိသားကို မောလုတ်ဘုရားအား ဆက်ကပ်သောသူသည်
မောလုတ်ဘုရားကိုကိုးကွယ်သောသူတို့သည်
သူတို့ကလေးများကိုမီးဖြင့်မောလုတ်ဘုရားအားပူဇော်ကြသည်။

ဖော်ပြချက်အဓိပ္ပါယ်အပြည့်စုံကိုရှင်းရှင်းလင်းလင်းဖော်ပြနိုင်ရမည်။
အခြားသောဘာသာပြန်ဆိုချက်၊ "မောလုတ်ဘုရားအား
ပူဇော်ရန်အတွက်သားသမီးများကိုသတ်သည်။"


generated on Tue Jul 2 12:50:28 2024

ဆက်ကပ်သောသူသည် အသေသတ်ခြင်းကို အမှန်ခံရမည်။
ပြည်သားတို့လည်း ခဲနှင့် ပစ်ရကြမည်။
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊
"ပြည်သားတို့သည်သူ့ကိုခဲနှင့်အသေသတ်ရမည်။"

Leviticus 03

ငါသည်ထိုသူ့ကို ဆန့်ကျင်၍ မျက်နှာထားမည်။
"ဆန့်ကျင်၍ မျက်နှာထား"စကားစုသည် "ဆန့်ကျင်ရန်" သို့
"အတိုက်ခံလုပ်ရန်" ဟူ၍အဓိပ္ပာယ်ရှိသော အသုံးနှုန်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည်သူ့ကိုငြင်းပယ်မည်"
သို့မဟုတ် "ငါသည် သူ့ကို အတိုက်အခံလည်း လုပ်မည်။"

သူသည်သူ့သားကိုပေးအပ်ပြီ
"သူသည်သူ့သားကို ယဇ်ပူဇော်ခဲ့ပြီ။"

ငါ့သန့်ရှင်းရာဌာနတော်ကို ညစ်ညူးစေလျက်၊ ငါ့သန့်ရှင်းသော နာမတော်ကို
ရှုတ်ချလျက်
"ထိုအရာကိုပြုလုပ်ခြင်းဖြင့် သူသည် ငါ့သန့်ရှင်းရာဌာနတော်ကို
ညစ်ညူးစေလျက် ငါ့သန့်ရှင်းသော နာမတော်ကို ရှုတ်ချသည်။"

ငါ့သန့်ရှင်းသော နာမတော်ကို ရှုတ်ချလျက်
ဘုရားနာမသည် ဘုရားနှင့် ဂုဏ်သတင်းကို ကိုယ်စားပြုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါ၏ ဂုဏ်သတင်းကို မရိုသေ
မလေးစား" သို့မဟုတ် "ငါကို မရိုသေမလေးစား"

သူတို့မျက်စိများကိုပိတ်ကြသည်။
"သူတို့မျက်စိများကိုပိတ်ရန်"စကားစုသည် သူတို့
"မမြင်နိုင်ကြ"ကိုစောင်းပြောပြီး
နားလည်ဖို့ရန်သူတို့၏မစွမ်းဆောင်နိုင်မှုကိုကိုယ်စားပြုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဂရုမစိုက်ခြင်း" သို့
"လျစ်လျူရှုခြင်း"

မောလုတ်ဘုရားနှင့်ပြည့်တန်ဆာလုပ်ဖို့လို့ငှါ
သူ့ကိုယ်သူပြည့်တန်ဆာပြုသောသူ
ဤစကားစုသည် ပြည့်တန်ဆာလုပ်ဖို့ရန် ထာဝရဘုရားအား
သစ္စာမရှိသောသူတို့ကို နှိုင်းယှဥ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားအား
သစ္စာမဲ့သောသူ"

Leviticus 06

သူတို့နှင့်အတူ သူတို့ကိုယ်သူတို့ ပြည့်တန်ဆာလုပ်ဖို့အလို့ငှါ
ဤစကားစုသည်
ပြည့်တန်ဆာလုပ်ဖို့ရန်လူတို့အားသစ္စာမရှိသောသူတို့ကို
နှိုင်းယှဥ်သည်။အခြားသောဘာသာပြန်ဆိုချက်၊ "ထိုအရာကို
ပြုလုပ်ခြင်းအားဖြင့်၊ သူတို့သည် ငါ့ထံမှအကြံရှာဖို့ထက်
စုန်းများထံ အကြံရှာဖွေကြသည်။

ဆန့်ကျင်၍မျက်နှာပြုသည်
"ငြင်းပယ်ရန်" သို့ "ဆန့်ကျင်ရန်" ။ ၂၀:၃ တွင် သင်ဘယ်လို
ဘာသာပြန်ကြောင်းကြည့်ပါ။

Leviticus 08

ယေဘုယျ အချက်အလက်
လူတို့ မည်သို့ ပြုလုပ်ရမည်ကို မောရှေအား ထာဝရဘုရား
ဆက်လက်မိန့်တော်မူ၏။

ငါ့နည်းနိသယတို့ကို ထိန်းသိမ်းပြီးကျင့်ဆောင်ရကြမည်။
"ထိန်းသိမ်း" နှင့် "ကျင့်ဆောင်" စကားလုံးတို့သည်
အခြေခံအားဖြင့် တူညီသောအရာတို့ကို ဆိုလိုသည်။
လူတို့သည်ဘုရားကို နာခံကြကြောင်း အလေးနက်စေဖို့အလို့ငှါ
သူတို့ကိုအတူတကွ အသုံးပြုလျက်ရှိသည်။

အသေသတ်ခြင်းကို အမှန်ခံရမည်။
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သင် အသေသတ်ခြင်းကို
အမှန်ခံရမည်။"

Leviticus 10

သူ့မယားကို ပြစ်မှားသောသူ၊
အိမ်နီးနားချင်းမိန်းမနှင့်မှားယွင်းပြစ်မှားသူမည်သူမဆို
ဤအရာ၏ပြည့်စုံသောအဓိပ္ပာယ်ကိုရှင်းရှင်းလင်းလင်းပြုလုပ်နိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊"တစ်စုံတယောက်မိန်းမနှင့်ပြစ်မှားသောသူ"

အသေသတ်ခြင်းကို အမှန်ခံရမည်။
ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သင် သူတို့နှစ်ယောက်လုံးကို
အသေသတ်ခြင်းကို အမှန်ခံစေရမည်။"

သူ့မနှင့်အတူအိပ်ဖို့လို့ငှါကိုယ်အဘ၏ မယားနှင့်လဲလျောင်းသောသူ
ဤအရာသည် သူ့အဖေ မိန်းမနှင့်
ကာမဆက်ဆံကြောင်းယဥ်ကျေးသောနည်းဖြင့်
ပြောဆိုခြင်းဖြစ်သည်။ တစ်ချို့ဘာသာစကားများသည်
သူ့အဖေမိန်းမနှင့် ကာမဆက်ဆံသည်ဟူ၍ သုံးနှုန်းကြသည်။

သူတို့သည်လိင်ဆက်ဆံမှုကိုကျူးလွန်ကြပြီ။
သူ့သားမယားနှင့် လိင်ဆက်ဆံမှုပြုသော လူကို
ဘုရားကတကယ့်အပြစ်တစ်ခုအဖြစ် ခေါ်သည်။ ၁၈:၂၂
တွင်ဘယ်လိုဘာသာပြန်ကြောင်းကြည့်ပါ။

Leviticus 13

ယောက်ျားချင်း ပေါင်းဘော်သူ
ဤသည် ယောက်ျားခြင်းပေါင်းဘော်သူကို
ရိုးသားသောနည်းဖြင့်ပြောဆိုခြင်း ဖြစ်သည်။
တစ်ချို့ဘာသာစကားများသည် ယောက်ျားခြင်းနှင့်
ကာမဆက်ဆံသည်ဟူ၍ သုံးနှုန်းကြသည်။


generated on Tue Jul 2 12:50:28 2024

မိန်းမနှင့်ပေါင်းဘော်သကဲ့သို့
ယောကျာ်နှင့် ဆက်ဆံသောနည်းလမ်းသည် မိန်းမကိုဆက်ဆံမည့်
နည်းလမ်းအတိုင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊
"မိန်းမနှင့်သူ ဆက်ဆံမည့်နည်းကဲ့သို့"

ရှံရှာဘွယ် သောအမှု၊ အရာ
" ရှက်စရာကောင်းသောအရာ" သို့မဟုတ်
"မနှစ်မြို့ဖွယ်သောအရာ"

အသေသတ်ခြင်းကို အမှန်ခံရမည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သင်သူတို့ကို
အသေသတ်ခြင်းကို အမှန်ခံစေရမည်။"

ထိုသူသုံးယောက်တို့ကို မီးရှို့ရမည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သင် သူတို့
မိန်းမနှင့်ယောကျာ်းတို့ကို မီးရှို့ အသေသတ်ရမည်။"

Leviticus 15

သူအသေသတ်ခြင်းကို အမှန်ခံရမည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သင် သူ့ကို အသေသတ်ခြင်းကို
အမှန်ခံစေရမည်။"

သင်မိန်းမနှင့်တိရ စ္ဆာန်တို့ကိုသတ်ရမည်။သူတို့ကိုအသေသတ်ခြင်းကို
အမှန်ခံရမည်။
စကားစုနှစ်စုသည် တူညီသောအရာကိုဆိုလိုသည်။ သူတို့သည်
မိန်းမနှင့်တိရ စ္ဆာန်တို့သည်သေရမည်အကြောင်းကို
အလေးပေးသည်။

သူတို့သည်အသေသတ်ခြင်းကို အမှန်ခံရမည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သင်
သူတို့ကိုအမှန်အသေသတ်ခြင်းကို ခံစေရမည်။"

Leviticus 17

ယောကျာ်းချင်း ပေါင်းဘော်သူ
ဤသည် သူ့အစ်မနှင့် ကာမဆက်ဆံသောသူကို
ရိုးသားသောနည်းဖြင့် ပြောဆိုခြင်းဖြစ်သည်။
တစ်ချို့ဘာသာစကားများသည်
ကာမဆက်ဆံသည့်ယောကျာ်းဟူ၍ သုံးနှုန်းကြသည်။

အဘ၏သမီး၊ အမိ၏သမီး
ဤသည် အမိနှင့်အဖ ကွဲရင်တောင်
သူ၏နှမနှင့်မအိပ်နိုင်သောလူကိုဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "၎င်းသည် ဝမ်းကွဲနှမဖြစ်စေ၊
နှမအရင်းဖြစ်စေ။"

ပယ်ရှင်းခြင်းကို ခံရကြမည်။
အပင်တစ်ပင်မှအကိုင်းခက်ကိုဖြတ်ခြင်း သို့မဟုတ်
အဝတ်အစားအစကို ဖြတ်သောသူကဲ့သို့၊ အမျိုးမှ
ပယ်ရှင်းခြင်းခံရသူကဲ့သို့သောသူကို သူ၏အဖွဲ့စည်းထဲမှ
ဖယ်ရှားခြင်းခံရသူဟုဆိုလိုသည်။ ၇:၁၉
တွင်ဘယ်လိုဘာသာပြန်ကြောင်းကြည့်ပါ။
အခြားသောဘာသာပြန်ဆိုချက်၊ " ထိုပုဂ္ဂိုလ်သည်
သူ့လူတို့အကြား ကြာရှည်မနေနိုင်" သို့မဟုတ် "သင်သည်
ထိုပုဂ္ဂိုလ်ကို သူ့လူတို့ထံမှ ခွဲခြားရမည်။"

မိမိအပြစ်ကို ခံရမည်။
ဤစကားစုသည်သူ့အဖြစ်အတွက်တာဝန်ယူသောလူကိုဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူသည်သူ့အဖြစ်အတွက်
တာဝန်ရှိသည်။" သို့မဟုတ် "သင်သည် သူ့ကိုဒဏ်ပေးရမည်"

ဥတုရောက်သောကာလ
မိန်းမတစ်ယောက်သူ့ဗိုက်မှ သွေးထွက်သောအချိန်

ထိုသူတို့သည် သဘောတူ၍ သွေး သွန်အနာကို ထင်ရှားစေသောကြောင့်၊
ဤစကားစုသည် တစ်ခုခု ထိမ်ဝှက်သင့်သော အရာကိုပယ်ရှားရန်
သူမဥတုရောက်ချိန်ကာမဆက်ဆံခြင်းကို နှိုင်းယှဥ်သည်။
ဤသည်ရှက်စရာကောင်းသောအရာဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူမ၏သွေးစီးဆင်းမှုကို
ဖုံးကွယ်စေခြင်းဖြင့် သူရှက်စရာကိုပြုမိပြီ။

မိန်းမ နှင့်ယောကျာ်းနှစ်ယောက်လုံးကို ပယ်ရှင်းရမည်။
ဤအရာသည်အဘယ့်ကြောင့်ပြုလုပ်ရကြောင်းရှင်းလင်းစွာဖော်ပြနိုင်သည်။
"အဘယ့်ကြောင့်ဆိုသော်
သူတို့သည်ရှက်ကြောက်ဖွယ်အရာကိုပြုလုပ်ကြပြီ
မိန်းမနှင့်ယောကျာ်းနှစ်ယောက်လုံးတို့ကို ပယ်ရှင်းရမည်။"

Leviticus 19

...နှင့်အိပ်
ဤသည် သူ့အဒေါ်နှင့် ကာမဆက်ဆံသောသူကို
ရိုးသားသောနည်းဖြင့် ပြောဆိုခြင်းဖြစ်သည်။
တစ်ချို့ဘာသာစကားများသည်
ကာမဆက်ဆံပြီဟူ၍တိုက်သုံးနှုန်းကြသည်။

သင်အပြစ်ကို ခံရကြမည်။
"သင်အပြစ်ကို ခံရကြမည်"ဟူသောအသုံးသည်
သင့်ကိုယ်ပိုင်အဖြစ်အတွက်တာဝန်ရှိသည်ကို ဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊
"သင်သည်သင့်အပြစ်အတွက်တာဝန်ရှိသည်" သို့မဟုတ်
"ငါသင့်ကိုဒဏ်ပေးမည်။

ညီအစ်ကိုနှင့်သာ ဆိုင်သောအရာကို ပြစ်မှားသောကြောင့် ထိုသူတို့သည်
သားမရဘဲနေရလိမ့်မည်။
ကျမ်းစာဘာသာပြန်များစွာက ဤအရာကို
"သူတို့ကလေးမဲ့သေကြရမည်" ဟူ၍ ဘာသာပြန်ကြသည်။"

Leviticus 22

သင်တို့ကို ငါ ပို့ဆောင်၍ နေရာချသော ပြည်သည် မအော့အန်စေခြင်းငှါ၊
ဤစကားစုသည်
မကောင်းသောအစာကိုငြင်းပယ်ရန်လိုအပ်သောအော့အန်သူ


generated on Tue Jul 2 12:50:28 2024

လူပုဂ္ဂိုလ်ကဲ့သို့ပြည်ကိုဖော်ပြသည်။ မကောင်းသောအစာကို ငြင်းပယ်မည့်အစား ပြည်သည်လူတို့ကို ငြင်းပယ်ပြီး သူတို့ကိုဖယ်ရှားသည်။ ၁၈:၂၄ တွင် ဤအရာကို ဘယ်လိုဘာသာပြန်ကြောင်းကြည့်ပါ။ အခြားသောဘာသာပြန်ဆိုချက်၊ "သင့်ကို ပို့ဆောင်သောပြည်သည် သင့်ကိုငြင်းပယ်လိမ့်မည်။

သင်မလိုက်ရ။

ရုပ်တုကို ကိုးကွယ်သောသူ၏ အပြုအမူ လုပ်ဆောင်ချက်သည် သူတို့လမ်းထဲလျှောက်နေသော သူတို့အဖြစ်ပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ " သင်မလိုက်ရ"

မောင်းထုတ်

"ရွှေ့သည်"

Leviticus 24

နို့နှင့်ပျားရည်စီးသောပြည်

ဤစကားစုသည် လူတိုင်းအတွက်လုံလောက်သောအစာနှင့်ချမ်းသာစေသော"နို့နှင့်ပျားရည်စီးဆင်းခြင်း"ကိုဆိုလိုသည်။

အခြားသောဘာသာပြန်ဆိုချက်၊ " လယ်၊ ကျွဲနွားများအတွက်အထူးကောင်းသောပြည်" သို့မဟုတ် " ထုတ်လုပ်သောပြည်"

Leviticus 26

သင့်ကိုငါခွဲခြားပြီ

"ငါသင့်ကို သီးသန့်ခွဲခြားပြီ။" သို့မဟုတ် "ငါသင့်ကိုခွဲခြားပြီ။

Leviticus 27

ပြောပါ။

"ဆက်သွယ်ဖို့ရန် ကြိုးစားပါ"

အသေသတ်ခြင်းကို အမှန်ခံရမည်။

ဤသည်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ သူတို့သည်အမှန်သေခြင်းကိုခံရကြမည်။"

---

## Translation Questions

Leviticus 20:1

မိမိသားတို့ကို မောလုတ်ဘုရားအား ဆက်ကပ်သောသူသည် မည်ကဲ့သို့ ဖြစ်လိမ့်မည်နည်း။

မိမိသားတို့ကို မောလုတ်ဘုရားအား ဆက်ကပ်သောသူသည် အသေသတ်ခြင်းကို ခံရမည်။

Leviticus 20:3

အသေမသတ်ဘဲနေလျှင် ထာဝရဘုရားသည် သူ့အား မည်ကဲ့သို့ လုပ်မည်နည်း။

မသတ်ဘဲနေလျှင် ထာဝရဘုရားသည် သူ့ကို အမျိုးမှ ပယ်ရှင်းလိမ့်မည်။

Leviticus 20:6

ထာဝရဘုရားသည် လူတို့အား မည်သူတို့ထံမှ ကြဉ်ရှောင်ရန် မိန့်တော်မူခဲ့သနည်း။

နတ်ဝင်သူ သို့မဟုတ် စုန်းလုပ်သောသူနောက်သို့ လိုက်၍ စကားမပြောရဟု ထာဝရဘုရားသည် လူတို့အား မိန့်တော်မူသည်။

Leviticus 20:13

ယောက်ျားခြင်း ပေါင်းဘော်သောသူသည် မည်သို့ ခံရမည်နည်း။

ယောက်ျားခြင်း ပေါင်းဘော်သောသူသည် ရွံ့ရှာဘွယ်သော အမှုကို ပြုသောကြောင့် အသေသတ်ခြင်းကို ခံရမည်။

Leviticus 20:15

လူသည် တိရိစ္ဆာန်နှင့် သံဝါသပြု ပေါင်းဘော်လျှင် မည်ကဲ့သို့ ပြုလုပ်ရမည်နည်း။

ယောက်ျား၊ မိန်းမနှင့် တိရိစ္ဆာန်တို့ အသေသတ်ခြင်းကို ခံရမည်။

Leviticus 20:24

ထာဝရဘုရားသည် ဣသရေလလူတို့ကို ပေးထားခဲ့သော ပြည်ကို မည်သို့ဖော်ပြခဲ့သနည်း။

ထာဝရဘုရားသည် ထိုပြည်ကို "နို့နှင့်ပျားရည် စီးသောပြည်" ဟု ခေါ်ခဲ့သည်။

---

## Chapter 21

1 တဖန် မောရှေအား ထာဝရဘုရားက၊ သင်သည် အာရုန်၏သား၊ ယဇ်ပုရောဟိတ်တို့အားဆင့်ဆို ရမည်မှာ၊ အမျိုးသားချင်း
သေသောအတွက် သင်တို့တွင် အဘယ်သူမျှ ညစ်ညူးခြင်းမရှိရ။ 2 သို့ရာတွင် ပေါက်ဘော်ရင်းတည်းဟူသော မိဘ၊ သားသမီး၊
ညီအစ်ကို၊- 3 လင်မနေသော ကညာနှမရင်းအတွက် ညစ်ညူးခြင်းကို ခံရသော အခွင့်ရှိ၏။ 4 အမျိုးသားချင်း သူကြီးအတွက်၊
ကိုယ်ကိုကိုယ်ရှုတ်ချ၍ ညစ်ညူးခြင်းမရှိရ။ 5 ယဇ်ပုရောဟိတ်သည် ဆံပင်ကို မရိတ်ရ။ ပါးမုန်းကို မရိတ်ရ။ အသား၌ ခုတ်ရှခြင်းကို
မပြုရ။ 6 သူသည် မိမိဘုရားသခင်အဘို့ သန့်ရှင်းရမည်။ မိမိဘုရားသခင်၏ နာမတော်ကို မရှုတ်မချရ။ ထာဝရဘုရားအား
မီးဖြင့်ပြုသော ပူဇော်သက္ကာ၊ မိမိဘုရားသခင်၏ အစာအာဟာရကို ပူဇော်သော ကြောင့် သန့်ရှင်းခြင်းရှိရမည်။ 7 သူသည်
ပြည်တန်ဆာမိန်းမ၊ သီလပျက်သောမိန်းမ၊ လင်နှင့်ကွာသောမိန်းမနှင့် မစုံဘက်ရ။ မိမိဘုရား သခင်အဘို့ သန့်ရှင်း၏။ 8 သင်၏
ဘုရားသခင်ပွဲတော်ကို ဆက်သောကြောင့်၊ သူ့ကို သန့်ရှင်းစေ၍၊ သူသည် သင့်အဘို့ သန့်ရှင်းရမည်။ သင်တို့ကို သန့်ရှင်းစေသော
ငါထာဝရဘုရား သန့်ရှင်း၏။ 9 ယဇ်ပုရောဟိတ်သမီးသည်၊ ပြည်တန်ဆာလုပ်၍ ကိုယ့်ကိုကိုယ်ရှုတ်ချလျှင်၊ မိမိအဘကို ရှုတ်ချရာ
ရောက်၏။ ထိုသူကို မီးရှို့ရမည်။ 10 မိမိအမျိုးသားချင်းတို့တွင်၊ အဝတ်တန်ဆာဆင်လျက်၊ အရာ၌ ခန့်ထား၍ မိမိခေါင်းပေါ်မှာ
ဆီလောင်းခြင်း ဘိသိက်ကိုခံသော ယဇ်ပုရောဟိတ်မင်းသည်၊ မိမိခေါင်း၌ တန်ဆာကို မချွတ်ရ။ မိမိအဝတ်ကို မဆုတ်ရ။ 11
အသေကောင်ကို မချဉ်းရ။ မိဘအတွက် ညစ်ညူးခြင်းကို မခံရ။ 12 သန့်ရှင်းရာဌာနတော်ထဲက မထွက်ရ။ မိမိဘုရားသခင်၏
သန့်ရှင်းရာဌာနတော်ကို မရှုတ်မချရ။ အကြောင်းမူကား၊ မိမိဘုရားသခင်၏ ဘိသိက်ဆီနှင့်ဆိုင်သော သင်းကျစ်ကို ဆောင်းရသောသူ
ဖြစ်၏။ ငါသည် ထာဝရဘုရား ဖြစ်၏။ 13 ယဇ်ပုရောဟိတ်မင်းသည်၊ အပျိုကညာနှင့်သာစုံဘက်ရမည်။ 14 မုတ်ဆိုးမ၊
လင်နှင့်ကွာသောမိန်းမ၊ သီလပျက်သောမိန်းမ၊ ပြည်တန်ဆာမိန်းမနှင့် မစုံဘက်ရ။ မိမိအမျိုးသားချင်း အပျိုကညာနှင့်သာ
စုံဘက်ရမည်။ 15 မိမိသားကို၊ အမျိုးသားချင်းတို့တွင် မရှုတ်မချရ။ ငါထာဝရဘုရားသည်၊ ယဇ်ပုရောဟိတ်မင်းကို
သန့်ရှင်းစေသည်ဟု မိန့်တော်မူ၏။ 16 တဖန်မောရှေအား ထာဝရဘုရားက၊ သင်သည် အာရုန်အား ဆင့်ဆိုရမည်မှာ၊- 17 သင်၏
အမျိုးအစဉ်အဆက်တွင် ကိုယ်၌အပြစ်ရှိသောသူသည်၊ မိမိဘုရားသခင်၏ ပွဲတော်ကို ဆက်ကပ်အံ့သောငှါ မချဉ်းမကပ်ရ။ 18
မျက်စိကန်းသောသူ၊ ခြေဆွံ့သောသူ၊ နှာခေါင်းပိသောသူ၊ အင်္ဂါပိုလွန်သောသူ၊- 19 လက်ကျိုးသောသူ၊ ခြေကျိုးသောသူ၊ 20
ကျောကုန်းသောသူ၊ ပုသောသူ၊ မျက်စိနာသောသူ၊ ဝဲစွဲသောသူ၊ ယားနာစွဲသောသူ၊ ဝှေးစေ့ပျက်သော သူသည် မချဉ်းမကပ်ရ။- 21
ယဇ်ပုရောဟိတ် အာရုန်အမျိုးတွင်၊ ကိုယ်၌ အပြစ်ပါသောသူ တစုံတယောက်မျှ ထာဝရဘုရားအား မီးဖြင့်ပြုသော ပူဇော်သက္ကာကို
ဆက်ကပ်အံ့သောငှါ မချဉ်းမကပ်ရ။ ကိုယ်၌ အပြစ်ပါသောကြောင့်၊ မိမိဘုရားသခင်၏ မုန့်တော်ကို ဆက်ကပ်အံ့သောငှါ
မချဉ်းမကပ်ရ။ - 22 သန့်ရှင်းသော မုန့်ဖြစ်စေ၊ အလွန်သန့်ရှင်းသော မုန့်ဖြစ်စေ၊ မိမိဘုရားသခင်၏ မုန့်တော်ကို စားရမည်။ 23 ကိုယ်၌
အပြစ်ပါသောကြောင့်၊ ငါ့သန့်ရှင်းရာ ဌာနအရပ်တို့ကို ရှုတ်ချမည်ကို စိုးရိမ်၍၊ ကုလားကာ အတွင်းသို့ မဝင်ရ။ ယဇ်ပလ္လင်သို့
မချဉ်းမကပ်ရ။ ငါထာဝရဘုရားသည် ထိုအရပ်တို့ကို သန့်ရှင်းစေ သည်ဟု မိန့်တော်မူ၏။ 24 မောရှေသည် အာရုန်နှင့် သူ၏သား
ဣသရေလ အမျိုးသားအပေါင်းတို့အား ဆင့်ဆိုလေ၏။


generated on Tue Jul 2 12:50:28 2024

## Chapter 22

1 တဖန်ထာဝရဘုရားသည် မောရှေအား မိန့်တော်မူသည်ကား၊- 2 အာရုန်နှင့်သူ၏သားတို့သည် ငါ့အဘို့ သန့်ရှင်းစေသောအရာအားဖြင့်၊
သန့်ရှင်းသော ငါ၏ နာမတော်ကို မရှုတ်မချဘဲ၊ ဣသရေလအမျိုးသားတို့၏ သန့်ရှင်းသော အရာများနှင့် ကိုယ်ကိုကိုယ် ကွာစေရမည်
အကြောင်း ဆင့်ဆိုလော့။ ငါသည် ထာဝရဘုရားဖြစ်၏။ 3 ထာဝရဘုရားအဘို့ ဣသရေလအမျိုးသား သန့်ရှင်းစေသဖြင့်၊
သန့်ရှင်းခြင်းရှိသော အရာတို့ကို၊ ကိုယ်မစင်ကြယ်လျက်နှင့် ချဉ်းကပ်သော ယဇ်ပုရောဟိတ် အမျိုးသား မည်သည်ကား၊ ငါ့ထံမှ
ပယ်ရှင်းခြင်းကို ခံရမည်။ ငါသည် ထာဝရဘုရားဖြစ်၏။ 4 နူနာ၊ ရိနာစွဲသော အာရုန်၏ အမျိုးသား မည်သည်ကား၊
မစင်ကြယ်မှီတိုင်အောင် သန့်ရှင်းသော အရာကို မစားရ။ အသေကောင်နှင့်ဆိုင်၍ မသန့်ရှင်းသောအရာကို ထိသောသူ၊
သုတ်ရည်ထွက်သောသူ၊- 5 ညစ်ညူးစေ၍ တွားတတ်သော တိရစ္ဆာန်ကိုထိသောသူ၊ ညစ်ညူးခြင်းတစုံတခုစွဲ၍ ညစ်ညူးသောသူ၊
ထိုသို့သောသူကို ထိသမျှသော သူတို့သည်၊- 6 ညဦးတိုင်အောင် မစင်ကြယ်ဖြစ်လိမ့်မည်။ ကိုယ်ကို ရေမချိုးဘဲနေလျှင်၊
သန့်ရှင်းသောအရာကို မစားရ။ 7 နေဝင်သောနောက်မှ သန့်ရှင်းခြင်းသို့ ရောက်သည်ဖြစ်၍၊ သန့်ရှင်းသောအရာသည် သူတို့
စားစရာဖြစ်သောကြောင့်၊ ထိုနောက်မှ စားရကြမည်။ 8 အလိုလိုသေသောအကောင်၊ သားရဲကိုက်၍ သေသောအကောင်အားဖြင့်
ကိုယ်ကိုညစ်ညူးစေ၍ မစားရ။ ငါသည် ထာဝရဘုရားဖြစ်၏။ 9 ယဇ်ပုရောဟိတ်တို့သည် ငါ့ပညတ်တော်ကို ဖျက်သဖြင့်၊
ကိုယ်အပြစ်ကိုခံလျက် မသေရမည်အကြောင်း ငါ့ပညတ်တရားကို စောက်ရှောက်ရကြမည်။ ငါထာဝရဘုရားသည် သူတို့ကို
သန့်ရှင်းစေ၏။ 10 တပါးအမျိုးသားသည် သန့်ရှင်းသောအရာကို မစားရ။ ယဇ်ပုရောဟိတ်၌ တည်းနေသော ဧည့်သည် မစားရ။
သူငှါးလည်း မစားရ။ 11 ယဇ်ပုရောဟိတ်သည် ကိုယ်ငွေနှင့် ဝယ်သောသူ၊ သူ၏ အိမ်၌မွေးသောသူသည် သူ၏အစာကို စားရမည်။ 12
ယဇ်ပုရောဟိတ်သမီးသည် တပါးအမျိုးသား၏ မယားဖြစ်လျှင်၊ သန့်ရှင်းသော ပူဇော်သက္ကာအရာကို မစားရ။ 13 သို့ရာတွင်
လင်သေသော်ငှင်း၊ လင်နှင့်ကွာသော်ငှင်း၊ သားမရှိဘဲ မိမိအဘအိမ်သို့ပြန်၍ ငယ်စဉ် အခါနေသကဲ့သို့ နေပြန်လျှင်၊ အဘ၏အစာကို
စားရမည်။ တပါးအမျိုးသားမစားရ။ 14 လူသည် သန့်ရှင်းသောအရာကို မသိဘဲ စားမိလျှင်၊ စားမိသောအရာ၏ အဘိုးနှင့်တကွ
ငါးစုတစု ကိုထပ်၍ ယဇ်ပုရောဟိတ်အား ပေးရမည်။ 15 ဣသရေလအမျိုးသားတို့သည် ထာဝရဘုရားအား ပူဇော်၍၊
သန့်ရှင်းသောအရာတို့ကို မရှုတ်မချရ။ 16 ထိုအရာတို့ကို စားမိ၍ ပြစ်မှားသောအပြစ်ကို မခံစေရ။ ငါထာဝရဘုရားသည် သူတို့ကို
သန့်ရှင်းစေ သည်ဟု မိန့်တော်မူ၏။ 17 တဖန်မောရှေအား ထာဝရဘုရားက သင်သည် အာရုန်နှင့် သူ၏သား ဣသရေလအမျိုးသား
အပေါင်းတို့အား ဆင့်ဆိုရမည်မှာ၊- 18 ဣသရေလအမျိုးသားဖြစ်စေ၊ ဣသရေလအမျိုး၌ တည်းနေသော တပါး အမျိုးသားဖြစ်စေ၊
သစ္စာဂတိ ရှိ၍ ပြုသော ပူဇော်သက္ကာ၊ အလိုလိုပြုသော ပူဇော်သက္ကာတည်းဟူသော မီးရှို့ရာယဇ်ကို ထာဝရ ဘုရားအား ပူဇော်လိုလျှင်၊-
19 စိတ်တော်နှင့်တွေ့ခြင်းငှါ၊ အပြစ်မပါသောသိုး၊ ဆိတ်၊ နွားအထီးကို ပူဇော်ရမည်။ 20 အပြစ်ပါသော အကောင်ကို မပူဇော်ရ။
ပူဇော်လျှင် စိတ်တော်နှင့်မတွေ့။ 21 သစ္စာဂတိရှိ၍ ပြုသော ပူဇော်သက္ကာ၊ အလိုလိုပြုသော ပူဇော်သက္ကာ သိုး၊ ဆိတ်၊ နွားကို
ထာဝရဘုရားအား ယဇ်ပူဇော်လိုလျှင်၊ စိတ်တော်နှင့် တွေ့ခြင်းငှါ စုံလင်ရမည်။ အပြစ်တစုံတခုမျှ မရှိရ။ 22 မျက်စိကန်းသောအပြစ်၊
အရိုးကျိုးသောအပြစ်၊ အင်္ဂါချို့တဲ့သောအပြစ်၊ မြင်းဖုရှိသောအပြစ်၊ ဝဲနာ၊ ယားနာစွဲသောအပြစ်၊ တစုံတခုရှိလျှင်၊ ထာဝရဘုရားအား
မပူဇော်ရ။ ယဇ်ပလ္လင်ပေါ်မှာ ထာဝရ ဘုရားအား မီးဖြင့် ပူဇော်သက္ကာမပြုရ။ 23 သို့ရာတွင် အင်္ဂါပိုခြင်း၊ ချို့တဲ့ခြင်း အပြစ်ရှိသော သိုး၊
ဆိတ်၊ နွားကို အလိုလို ပူဇော်သက္ကာဘို့ ပူဇော်ရမည်။ သစ္စာဂတိနှင့်ဆိုင်၍ ပူဇော်လျှင် စိတ်တော်နှင့်မတွေ့။ 24 ကြိတ်နယ် စုတ်ပြတ်ရာ
အနာရှိသော အထီးကို ထာဝရဘုရားအား မပူဇော်ရ။ သင်တို့ပြည်၌ ထိုသို့သောအကောင်ကို ပူဇော်သက္ကာမပြုရ။ 25
ထိုသို့သောအကောင်ကို တပါးအမျိုးသား ဆက်သော်လည်း ပျက်သောအပြစ်ပါသောကြောင့်၊ သင်တို့၏ ဘုရားသခင့်ပွဲတော်ဘို့
မပူဇော်ရ။ ပူဇော်လျှင် စိတ်တော်နှင့်မတွေ့ဟု မိန့်တော်မူ၏။ 26 တဖန်ထာဝရဘုရားသည် မောရှေအား မိန့်တော်မူသည်ကား၊- 27 သိုး၊
ဆိတ်၊ နွားတို့သည် မွေးဘွားသောအခါ ခုနစ်ရက်အတွင်းတွင် သားငယ်ကို အမိနှင့် မကွာစေရ။ အဋ္ဌမနေ့မှစ၍ ထာဝရဘုရားအား
မီးဖြင့် ပူဇော်သက္ကာဘို့တော်သင့်၏။ 28 နွားဖြစ်စေ၊ သိုးဆိတ်ဖြစ်စေ၊ သားအမိနှစ်ကောင်ကို တနေ့ခြင်းတွင် မသတ်ရ။- 29
ကျေးဇူးတော်ဝန်ခံရာယဇ်ကို ထာဝရဘုရားအား ပူဇော်လိုလျှင်၊ စိတ်တော်နှင့်တွေ့ခြင်းငှါ ပူဇော်လော့။ တနေ့ခြင်းတွင် စားရမည်။
နက်ဖြန်နေ့တိုင်အောင် မကြွင်းစေရ။ ငါသည် ထာဝရဘုရားဖြစ်၏။ 30 သင်တို့သည် ငါ့ပညတ်တို့ကို ကျင့်စောင့်ရကြမည်။ ငါသည်
ထာဝရဘုရားဖြစ်၏။ 31 သန့်ရှင်းသော ငါ၏နာမတော်ကို မရှုတ်မချရ။ ထာဝရဘုရား သန့်ရှင်းတော်မူသည်ဟု ဣသရေလ
အမျိုးသားတို့သည် ထင်မှတ်ရကြမည်။ 32-33 ငါသည် သင်တို့၏ ဘုရားသခင်ဖြစ်ခြင်းငှါ သင်တို့ကို အဲဂုတ္တုပြည်မှ နှုတ်ဆောင်၍၊
သန့်ရှင်းစေသော ထာဝရဘုရားဖြစ်၏။ ငါသည် ထာဝရဘုရားဖြစ်သည်ဟု မိန့်တော်မူ၏။



generated on Tue Jul 2 12:50:28 2024

## Chapter 23

1 တဖန် မောရှေအား ထာဝရဘုရားက၊ သင်သည် ဣသရေလအမျိုးသားတို့အား ဆင့်ဆိုရမည်မှာ၊- 2 သင်တို့သည် စီရင်ရသော
ဓမ္မစည်းဝေးခြင်းတည်းဟူသော ငါ ထာဝရဘုရား၏ ပွဲတော်များဟူမူကား၊- 3 ခြောက်ရက်ပတ်လုံး အလုပ်လုပ်ရမည်။
သတ္တမနေ့ရက်သည် ငြိမ်ဝပ်စွာနေရသော ဥပုသ်နေ့၊ ဓမ္မ စည်းဝေးခြင်းကို ပြုရသောနေ့ဖြစ်၏။ ထိုနေ့၌ သင်တို့သည်
အလုပ်မလုပ်ရကြ။ သင်တို့နေရာအရပ် ရပ်၌ ထာဝရဘုရား၏ ဥပုသ်နေ့ဖြစ်၏။ 4 အချိန်တန်မှ သင်တို့ကြော်ငြာရသော
ဓမ္မစည်းဝေးခြင်းတည်းဟူသော ထာဝရဘုရား၏ ပွဲတော်များ ဟူမူကား၊- 5 ပဌမလဆယ်လေးရက်နေ့ ညဦးယံ၌ ထာဝရဘုရား၏
ပသခါပွဲဖြစ်၏။ 6 ၎င်းလ ဆယ်ငါးရက်နေ့၌ ထာဝရဘုရားအဘို့ အဇုမပွဲကို ခံရကြမည်။ ခုနစ်ရက်ပတ်လုံး တဆေးမဲ့မုန့်ကို
စားရကြမည်။ 7 ပဌမနေ့၌ ဓမ္မစည်းဝေးခြင်းကို ပြုရမည်။ လောကီအလုပ်ကို မလုပ်ရ။ 8 ခုနစ်ရက်ပတ်လုံး ထာဝရဘုရားအား
မီးဖြင့်ပူဇော်သက္ကာကို ပြုရမည်။ သတ္တမနေ့၌လည်း ဓမ္မစည်း ဝေးခြင်းကို ပြုရမည်။ လောကီအလုပ်ကို မလုပ်ရဟု မိန့်တော်၏။ 9
တဖန် မောရှေအား ထာဝရဘုရား မိန့်တော်မူသည်ကား၊ သင်သည် ဣသရေလအမျိုးသားတို့အား ဆင့်ဆိုရမည်မှာ၊- 10 သင်တို့သည်
ငါပေးသော ပြည်သို့ရောက်၍ စပါးကို ရိတ်သောအခါ၊ အဦးရိတ်သော ကောက်လှိုင်း တစည်းကို ယဇ်ပုရောဟိတ်ထံသို့
ဆောင်ခဲ့ရမည်။ 11 သင်တို့သည် စိတ်တော်နှင့် တွေ့ခြင်းငှါ ယဇ်ပုရောဟိတ်သည် ဥပုသ်နေ့လွန်မှ၊ နက်ဖြန်နေ့တွင် ထိုကောက်လှိုင်းကို
ထာဝရဘုရား ရှေ့တော်၌ ချီလွှဲရမည်။ 12 ကောက်လှိုင်းကို ချီလွှဲသောနေ့၌ အခါမလည် အပြစ်မပါသော သိုးသငယ်အထီးကို
ထာဝရဘုရား အဘို့ မီးရှို့ရာယဇ်ပြု၍ ပူဇော်ရမည်။ 13 ထိုယဇ်နှင့်ဆိုင်သော ဘောဇဉ်ပူဇော်သက္ကာကား၊ ထာဝရဘုရားအား
မွှေးကြိုင်ရာဘို့ မီးဖြင့်ပြုသော ပူဇော်သက္ကာတည်းဟူသော ဆီနှင့်ရောသော မုန့်ညက်နှစ်သြမဲ ဖြစ်ရမည်။ သွန်းလောင်းရာ
ပူဇော်သက္ကာကား၊ စပျစ်ရည်သုံးလောဃ ဖြစ်ရမည်။ 14 သင်တို့၏ ဘုရားသခင်ထံတော်သို့ ပူဇော်သက္ကာကို ဆောင်ခဲ့သောနေ့
မရောက်မှီ၌ မုန့်၊ ဆန်လှော်၊ စိမ်းသောအသီးအနှံကို မစားရ။ သင်တို့နေရာ အရပ်ရပ်၌ သင်တို့ အမျိုးအစဉ်အဆက် စောင့်ရ သော
ပညတ်တော်ဖြစ်သတည်း။ 15 ချီလွှဲရာ ပူဇော်သက္ကာကောက်လှိုင်းကို ဆောင်ခဲ့သောနေ့၊ ဥပုသ်နေ့အလွန် နက်ဖြန်နေ့ကစ၍
သီတင်းခုနစ်သီတင်းစေ့အောင် ရေတွက်ရမည်။ 16 သတ္တမဥပုသ်နေ့အလွန် နက်ဖြန်နေ့အထိ အရက်ငါးဆယ်တိုင်တိုင်
ရေတွက်ပြီးလျှင်၊ ထာဝရဘုရား အား ဘောဇဉ်ပူဇော်သက္ကာ အသစ်ကို ဆက်ရကြမည်။ 17 ထာဝရဘုရားအဘို့ အဦးသီးသော အသီး၊
တဆေးဖြင့် ဖောင်းကြွသော မုန့်ညက် နှစ်သြမဲနှင့် လုပ်သော ချီလွှဲရာမုန့်နှစ်လုံးကို သင်တို့အိမ်မှ ထုတ်ဆောင်ခဲ့၍၊- 18 ထိုမုန့်နှင့်တကွ
အခါမလည် အပြစ်မပါသော သိုးသငယ်ခုနစ်ကောင်၊ နွားသငယ် အထီးတကောင်၊ ဆိတ်နှစ်ကောင်ကို ဆက်၍၊ ဘောဇဉ် ပူဇော်သက္ကာ၊
သွန်းလောင်းရာ ပူဇော်သက္ကာနှင့်တကွ၊ ထာဝရဘုရားအား မွှေးကြိုင်ရာသို့ မီးဖြင့်ပြုသောပူဇော်သက္ကာ တည်းဟူသောမီးရှို့ရာယဇ်ကို
ထာဝရ ဘုရားအား ပူဇော်ရမည်။ 19 အပြစ်ဖြေရာယဇ်ဘို့ ဆိတ်သငယ်တကောင်ကိုငင်း၊ မိဿဟာယယဇ်ဘို့ အခါမလည်သော
သိုးသငယ်နှစ်ကောင်ကိုငင်း ပူဇော်၍၊- 20 ယဇ်ပုရောဟိတ်သည် အဦးသီးသော အသီးမုန့်နှင့်တကွ ချီလွှဲသဖြင့်၊
သိုးသငယ်နှစ်ကောင်ပါလျက် ထာဝရဘုရားရှေ့တော်၌ ချီလွှဲရာ ပူဇော်သက္ကာ ပြုရမည်။ ထိုအရာတို့သည်လည်း၊ ယဇ်ပုရောဟိတ်
အဘို့ ထာဝရဘုရားရှေ့မှာ သန့်ရှင်းသော အရာဖြစ်သတည်း။ 21 ထိုနေ့၌လည်း ဓမ္မစည်းဝေးခြင်းကို စီရင်ရကြမည်။
လောကီအလုပ်ကို မလုပ်ရ။ သင်တို့နေရာ အရပ်ရပ်၌ သင်တို့ အမျိုးအစဉ်အဆက် စောင့်ရသော ပညတ်ဖြစ်သတည်း။ 22 ကိုယ်မြေ၌
ဖြစ်သောစပါးကို ရိတ်သောအခါ၊ လယ်ထောင့်တို့ကို အကုန်အစင် မရိတ်ရ။ သိမ်းရာတွင် ကျန်ကြွင်းသောအရာကို ပြန်၍
မကောက်မသိမ်းရ။ ထိုအရာကို ဆင်းရဲသောသူ ဧည့်သည်အာဂန္တု အဘို့ ချန်ခြင်းရမည်။ ငါသည် သင်တို့၏ ဘုရားသခင်
ထာဝရဘုရားဖြစ်သည်ဟု မိန့်တော်မူ၏။ 23 တဖန် မောရှေအား ထာဝရဘုရားက၊ သင်သည် ဣသရေလအမျိုးသားတို့အား
ဆင့်ဆိုရမည်မှာ၊ 24 သင်တို့သည် သတ္တမလ၊ ပဌမနေ့ရက်၌ တံပိုးမှုတ်ပွဲ၊ ဓမ္မစည်းဝေးခြင်းကို ပြုရသော ဥပုသ်နေ့ကို စောင့်ရကြမည်။
25 လောကီအလုပ်ကို မလုပ်ရ။ ထာဝရဘုရားအား မီးဖြင့်ပြုသော ပူဇော်သက္ကာကို ဆက်ရမည်ဟု မိန့်တော်မူ၏။ 26 တဖန်
ထာဝရဘုရားသည် မောရှေအား မိန့်တော်မူသည်ကား၊- 27 သတ္တမလ၊ ဒသမနေ့သည်လည်း အပြစ်ဖြေရာနေ့၊ ဓမ္မစည်းဝေးခြင်းကို
ပြုသောနေ့ဖြစ်၏။ ခြိုးခြံစွာ ကျင့်ရမည်။ ထာဝရဘုရားအား မီးဖြင့်ပြုသော ပူဇော်သက္ကာကို ဆက်ကပ်ရမည်။ 28 ထိုနေ့၌
အဘယ်အလုပ်ကိုမျှ မလုပ်ရ။ သင်တို့ ဘုရားသခင် ထာဝရဘုရားရှေ့တော်၌ ကိုယ်အပြစ် ဖြေခြင်းကို ပြုရသောနေ့ဖြစ်၏။ 29 ထိုနေ့၌
ခြိုးခြံစွာ မကျင့်သောသူမည်သည်ကား မိမိအမျိုးမှ ပယ်ရှင်းခြင်းကို ခံရမည်။ 30 ထိုနေ့၌ အလုပ်တစုံတခုကို လုပ်သောသူ
မည်သည်ကို၊ သူ၏အမျိုးမှ ငါပယ်ရှား ဖျက်ဆီးမည်။- 31 အဘယ်အလုပ်ကိုမျှ မလုပ်ရ။ သင်တို့နေရာအရပ်ရပ်၌
သင်တို့အမျိုးအစဉ်အဆက် စောင့်ရသော ပညတ်တော်ဖြစ်သတည်း။ 32 ထိုနေ့သည် ငြိမ်ဝပ်စွာ နေရသောနေ့၊ ခြိုးခြံစွာကျင့်ရသောနေ့
ဖြစ်၏။ နဝမနေ့ညဦးမှစ၍ နက်ဖြန် ညဦးတိုင်အောင် ဥပုသ်စောင့်ရမည်ဟု မိန့်တော်မူ၏။ 33 တဖန် မောရှေအား ထာဝရဘုရားက၊
သင်သည် ဣသရေလအမျိုးသားတို့အား ဆင့်ဆိုရမည်မှာ၊- 34 သင်တို့သည် သတ္တမလ၊ ဆယ်ငါးရက်နေ့မှစ၍ ခုနစ်ရက်ပတ်လုံး
ထာဝရဘုရားအဘို့ သင်္ကေနေပွဲ ကို ခံရကြမည်။- 35 ပဌမနေ့၌ ဓမ္မစည်းဝေးခြင်းကို ပြုရမည်။ အလုပ်ကို မလုပ်ရ။ 36
ခုနစ်ရက်ပတ်လုံး ထာဝရဘုရားအား မီးဖြင့်ပြုသော ပူဇော်သက္ကာကို ဆက်ကပ်ရမည်။ အဋ္ဌမနေ့၌ လည်း၊ ဓမ္မစည်းဝေးခြင်းကို ပြု၍၊
ထာဝရဘုရားအား မီးဖြင့်ပြုသော ပူဇော်သက္ကာကို ဆက်ကပ်ရ မည်။ 37 ထူးဆန်းသော စည်းဝေးခြင်းဖြစ်၍ လောကီအလုပ်ကို


generated on Tue Jul 2 12:50:28 2024

မလုပ်ရ။ 38 ဤရွေ့ကား၊ ထာဝရဘုရား၏ ဥပုသ်နေ့၊ ထာဝရဘုရားအား ဆက်ကပ်ရသော အလှူဒါန၊ သစ္စာဂတိနှင့်ဆိုင်သော
ပူဇော်သက္ကာ၊ အလိုလိုပြုသော ပူဇော်သက္ကာမှတပါး၊ နေ့ရက်အသီးအသီးတို့ ၌ ထာဝရဘုရားအား မီးဖြင့်ပြုသော ပူဇော်သက္ကာ၊
မီးရှို့ရာယဇ်၊ ဘောဇဉ်ပူဇော်သက္ကာ၊ ယဇ်ပူဇော် ခြင်း၊ သွန်းလောင်းရာ ပူဇော်သက္ကာကို ပြုစေခြင်းငှါ စီရင်ရသော ဓမ္မစည်းဝေးခြင်း၊
ထာဝရဘုရား ၏ ပွဲတော်များ ဖြစ်သတည်း။ 39 ထိုမှတပါး၊ သင်တို့သည် မြေအသီးအနှံကို သိမ်းယူသောနောက်၊ သတ္တမလ
ဆယ်ငါးရက်နေ့မှစ၍ ခုနှစ်ရက်ပတ်လုံး ထာဝရဘုရားအား ပွဲခံကြရမည်။ ပဌမနေ့နှင့် အဋ္ဌမနေ့၌ ဥပုသ်စောင့်ကြရမည်။ 40 ပဌမနေ့၌
ကောင်းမွန်သော သစ်သီး၊ စွန်ပလွံခက်၊ မိုဃ်းမခပင် အစရှိသော အရွက်များသော အပင်၏ အကိုင်းအခက်တို့ကိုယူ၍၊ သင်တို့၏
ဘုရားသခင်ထာဝရဘုရားရှေ့တော်၌ ခုနစ်ရက်ပတ်လုံး ရွှင်လန်းခြင်းကို ပြုရကြမည်။ 41 ထိုပွဲတော်ကို တနှစ်တနှစ်လျှင်
ခုနစ်ရက်ပတ်လုံး ထာဝရဘုရားအဘို့ ခံရကြမည်။ သင်တို့ အမျိုး အစဉ်အဆက် စောင့်ရသော ပညတ်တော်ဖြစ်သတည်း။
ထိုပွဲတော်ကို သတ္တမလ၌ ခံရကြမည်။ 42 ဣသရေလအမျိုးသားတို့ကို အဲဂုတ္တုပြည်မှ နှုတ်ဆောင်သောအခါ၊ 43 သစ်ခက်တဲ၌
နေစေကြောင်းကို သင်တို့ အမျိုးအစဉ်အဆက်တို့သည် သိမှတ်မည်အကြောင်း၊ ဣသရေလအမျိုးသားအပေါင်းတို့သည် သစ်ခက်တဲ၌
ခုနှစ်ရက်ပတ်လုံး နေရကြမည်။ ငါသည် သင်တို့၏ ဘုရားသခင် ထာဝရဘုရား ဖြစ်သည်ဟု မိန့်တော်မူ၏။ 44 မောရှေသည်လည်း၊
ထာဝရဘုရား၏ ပွဲတော်များကို ဣသရေလအမျိုးသားတို့အား ပြန်ကြားလေ၏။

---


generated on Tue Jul 2 12:50:28 2024

## Chapter 24

1 တဖန် ထာဝရဘုရားသည် မောရှေအား မိန့်တော်မူသည်ကား၊- 2 ပရိသတ်စည်းဝေးရာ တဲတော်တွင် သက်သေခံချက်
ကုလားကာပြင်မှာ မီးခွံ၌ အစဉ်မပြတ် မီးထွန်းရာဘို့၊ သံလွင်သီးကို ထောင်း၍ ယူသော သံလွင်ဆီစစ်ကို၊
ဣသရေလအမျိုးသားတို့သည် သင့်ထံသို့ ဆောင်ခဲ့ရမည်အကြောင်း ဆင့်ဆိုလော့။ 3 အာရုန်သည်လည်း၊ ညဦးမှသည်
နံနက်တိုင်အောင် ထာဝရဘုရားရှေ့တော်၌ ထိုအမှုကို စီရင်ရမည်။ သင်တို့ အမျိုးအစဉ်အဆက် စောင့်ရသော
ပညတ်တော်ဖြစ်သတည်း။ 4 စင်ကြယ်သော မီးခွံ၌ မီးခွက်များကို အာရုန်သည် ထာဝရဘုရား ရှေ့တော်မှာ အစဉ်အမြဲ ပြင်ဆင် ရမည်။
5 သင်သည် မုန့်ညက်ကိုယူ၍၊ မုန့်တလုံးသည် နှစ်သြမဲစီ၊ မုန့်ဆယ်နှစ်လုံးကို လုပ်ပြီးလျှင်၊- 6 ထာဝရဘုရားရှေ့ စင်ကြယ်သော
စားပွဲပေါ်မှာ မုန့်တလုံးပေါ်၌ တလုံးကို ထပ်ဆင့်၍၊ တပုံခြောက်လုံးစီ၊ နှစ်ပုံပုံရမည်။ 7 ထာဝရဘုရားအား မီးဖြင့်ပြုသော
ပူဇော်သက္ကာတည်းဟူသော အောက်မေ့တော်မူဘို့ရာ ဖြစ်စေခြင်း ငှါ ထိုမုန့်နှစ်ပုံပေါ်မှာ စင်ကြယ်သော လောဗန်ကို တင်ထားရမည်။- 8
ထာဝရဘုရား ပဋိညာဉ်နှင့်အညီ၊ ဣသရေလအမျိုးသားတို့ လက်မှခံယူသောထိုမုန့်ကို၊ အာရုန်သည် ထာဝရဘုရားရှေ့တော်
ဥပုသ်နေ့တိုင်းအစဉ်အမြဲပြင်ဆင်ရမည်။ 9 ထိုမုန့်ကို အာရုန်နှင့်သူ၏သားတို့သည် ပိုင်၍၊ သန့်ရှင်းရာ ဌာနတော်၌ စားရကြမည်။
ထာဝရဘုရား အား မီးဖြင့်ပြုသော ပူဇော်သက္ကာထဲက ထိုမုန့်သည်၊ ထာဝရပညတ်တော်အတိုင်း၊ အာရုန်အဖို့ အလွန်သန့်ရှင်းသော
အရာဖြစ်သည်ဟု မိန့်တော်မူ၏။ 10 အဲဂုတ္တုလူနှင့် ဣသရေလမိန်းမရ၍ ဣသရေလအမျိုးသားတို့နှင့်အတူ လိုက်လာသော
သားတယောက်သည်၊ တပ်တဲမှာ ဣသရေလလူနှင့် ရန်တွေ့သဖြင့်၊- 11 နာမတော်ကို ပြစ်မှားလျက် ကျိန်ဆဲလေ၏။ ထိုသူ၏ အမိကား၊
ဒန်အမျိုး၊ ဒိဗရိသမီး ရှေလောမိတ် ဖြစ်သတည်း။- 12 ပြစ်မှားသောသူကို မောရှေထံသို့ ဆောင်ယူခဲ့၍ ထာဝရဘုရား၏ အလိုတော်ကို
မသိမှီတိုင်အောင် ချုပ်ထားကြ၏။ 13 ထာဝရဘုရားကလည်း၊ ကျိန်ဆဲသောသူကို တပ်ပြင်သို့ ဆောင်သွား၍၊ 14 သူ၏စကားကို
ကြားသော သူအပေါင်းတို့သည် သူ၏ခေါင်းပေါ်မှာ လက်ကိုတင်ပြီးမှ၊ ပရိသတ်အပေါင်းတို့သည် ကျောက်ခဲနှင့် ပစ်ကြစေ။- 15
သင်သည် ဣသရေလအမျိုးသားတို့အား ဆင့်ဆိုရမည်မှာ၊ မိမိဘုရားသခင်ကို ကျိန်ဆဲသောသူသည် မိမိအပြစ်ကို ခံရမည်။- 16
ထာဝရဘုရား၏ နာမတော်ကို ပြစ်မှားသောသူသည် အသေသတ်ခြင်းကို အမှန်ခံရမည်။ ပရိသတ် အပေါင်းတို့သည် ထိုသူကို အမှန်
ကျောက်ခဲနှင့် ပစ်ရကြမည်။ အမျိုးသားချင်းဖြစ်စေ၊ တပါး အမျိုးသားဖြစ်စေ၊ နာမတော်ကို ပြစ်မှားလျှင် အသေသတ်ခြင်းကို
ခံရမည်။ 17 လူအသက်ကို သတ်သောသူသည်လည်း အသေသတ်ခြင်းကို အမှန်ခံရမည်။ 18 တိရစ္ဆာန်အသက်ကို
သတ်သောသူသည်လည်း ဥစ္စာရှင်အား တကောင်အတွက် တကောင်ကို လျော်ရမည်။ 19 လူသည် အိမ်နီးချင်းကို နာအောင်ပြုလျှင်၊
သူ့ကိုပြုသည်အတိုင်း ကိုယ်ခံရမည်။ 20 အရိုးကို ချိုးသည်အတွက် အရိုးချိုးခြင်းကိုဒင်း၊ မျက်စိကိုဖျက်သည့်အတွက်၊
မျက်စိဖျက်ခြင်းကိုဒင်း၊ သွားကိုချိုးသည်အတွက်၊ သွားချိုးခြင်းကိုဒင်း၊ သူ့ကို နာကျင်စွာပြုသည်အတိုင်း၊ ကိုယ်တိုင်နာကျင် စွာ
ခံရမည်။- 21 တိရစ္ဆာန်အသက်ကို သတ်သောသူသည်၊ တကောင်အတွက်၊ တကောင်ကို ပြန်ပေးရမည်။ လူအသက် ကို
သတ်သောသူသည် အသေသတ်ခြင်းကို ခံရမည်။ 22 ကိုယ်အမျိုးသားဖြစ်စေ၊ သူတပါးအမျိုးသားဖြစ်စေ၊
တပါးတည်းသောတရားနှင့်သာ စီရင်ခြင်းကို ခံရမည်။ ငါသည် သင်တို့၏ ဘုရားသခင် ထာဝရဘုရားဖြစ်သည်ဟု မောရှေအား
မိန့်တော်မူ၏။- 23 ဣသရေလအမျိုးသားတို့သည်၊ ကျိန်ဆဲသောသူကို တပ်ပြင်သို့ ဆောင်သွား၍၊ ကျောက်ခဲနှင့် ပစ်ရမည် အကြောင်း
မောရှေဆင့်ဆိုသည်ဖြစ်၍ ထာဝရဘုရားသည် မောရှေအား မှာထားတော်မူသည် အတိုင်း သူတို့သည် ပြုကြ၏။

---


generated on Tue Jul 2 12:50:28 2024

## Chapter 25

1 တဖန် သိနာတောင်ပေါ်မှာ၊ မောရှေအား ထာဝရဘုရားက၊ သင်သည် ဣသရေလအမျိုးသားတို့ အား ဆင့်ဆိုရမည်မှာ၊- 2 သင်တို့သည်
ငါပေးသော ပြည်သို့ ရောက်သောအခါ၊ ထိုပြည်သည် ထာဝရဘုရားအဘို့ ဥပုသ်စောင့်ရမည်။ 3 ခြောက်နှစ်ပတ်လုံး လယ်လုပ်လျက်
စပျစ်ဥယျာဉ်ကို သုတ်သင်၍ အသီးကို သိမ်းလျက် နေရမည်။ 4 သတ္တမနှစ်သည်၊ ထာဝရဘုရားအဘို့ ဥပုသ်နှစ်၊ တပြည်လုံး
ငြိမ်ဝပ်စွာနေ၍ ဥပုသ်စောင့်ရသော နှစ်ဖြစ်၏။ လယ်မလုပ်ရ၊ စပျစ်ဥယျာဉ်ကို မသုတ်သင်ရ၊ 5 လယ်၌ အလိုလိုပေါက်သော
အသီးအနှံကိုမျှ မရိတ်ရ။ မသုတ်သင်သော စပျစ်ဥယျာဉ် အသီးကိုမျှ မဆွတ်ရ။ တပြည်လုံး ငြိမ်ဝပ်စွာ နေရသော နှစ်ဖြစ်၏။ 6
ပြည်ဥပုသ်တည်းဟူသော အလိုလို ဖြစ်ပွားသော အရာရှိသမျှသည်၊ သင်ကိုယ်မှစ၍ သင်၏ ကျွန်၊ ကျွန်မ၊ သူငှါး၊ ဧည့်သည်စားစရာ၊-
7 သင်၏ ပြည်၌ရှိသော သားယဉ် သားရဲစားစရာဖြစ်ရသည်။ 8 ဥပုသ်နှစ် ခုနှစ်နှစ်ကို ရေတွက်၍၊ ခုနှစ်နှစ်ခု နှစ်လီတည်းဟူသော
လေးဆယ်ကိုးနှစ်စေ့ပြီးမှ၊- 9 သတ္တမလ ဆယ်ရက်နေ့၊ အပြစ်ဖြေခြင်းပြုရာနေ့၌၊ ယုဘိလတံပိုးကို တပြည်လုံး မှုတ်စေရမည်။ 10
ငါးဆယ်မြောက်သောနှစ်ကို သန့်ရှင်းစေသဖြင့်၊ တပြည်လုံး၌ ပြည်သားအပေါင်းတို့အား၊ လွတ်ရာ အခွင့်ကို ကြွေးကြော်ရမည်။
ယုဘိလနှစ်ဖြစ်၍၊ လူတိုင်း မိမိပိုင်သောမြေ၊ မိမိအဆွေအမျိုးထံသို့ ပြန်ရမည်။ 11 ငါးဆယ်မြောက်သောနှစ်သည်
ယုဘိလနှစ်ဖြစ်သောကြောင့် လယ်မလုပ်ရ။ အလိုလိုပေါက်သော အပင်ကိုမျှ မရိတ်ရ။ မသုတ်သင်သော စပျစ်ဥယျာဉ်အသီးကိုမျှ
မဆွတ်ရ။ 12 ယုဘိလနှစ်သည် သန့်ရှင်းသော နှစ်ဖြစ်သောကြောင့်၊ လယ်၌ရသော အသီးအနှံကိုသာ စားရမည်။ 13 ယုဘိလနှစ်တွင်
လူတိုင်း မိမိပိုင်သော မြေသို့ ပြန်ရမည်။ 14 သင်တို့သည် အချင်းချင်းရောင်းဝယ်မှုကို ပြုလျှင်၊ တယောက်ကို တယောက် မညှဉ်းဆဲရ။
15 ယုဘိလနှစ်လွန်၍ လိုသေးသော နှစ်ပေါင်း၊ အသီးအနှံ သီးလတံ့သော နှစ်ပေါင်းကို ရေတွက်၍ ရောင်းဝယ်မှုကို ပြုရမည်။ 16 ထိုသို့
အသီးသီးရသော နှစ်များကို လိုက်၍ ရောင်းသောကြောင့်၊ နှစ်ပေါင်း အနည်းအများအလိုက် အဘိုးလျော့လျက်၊ တိုးလျက်
ရောင်းဝယ်ရမည်။ 17 သင်တို့သည် တယောက်ကိုတယောက် မညှဉ်းဆဲရ။ သင်တို့၏ ဘုရားသခင်ကို ကြောက်ရွံ့ရမည်။ ငါသည်
သင်တို့၏ ဘုရားသခင်ထာဝရဘုရား ဖြစ်၏။ 18 သင်တို့သည် ငါ့စီရင်ထုံးဖွဲ့ချက်တို့ကို ကျင့်စောင့်လျှင်၊ ထိုပြည်၌
ဘေးလွတ်လျက်နေရကြလိမ့်မည်။ 19 မြေသည်လည်း မိမိ အသီးအနှံကို ပေးသဖြင့်၊ သင်တို့သည် ဝစွာစား၍ ဘေးလွတ်လျက်
နေရကြ လိမ့်မည်။ 20 သင်တို့ကလည်း၊ သတ္တမနှစ်တွင် ငါတို့သည် အဘယ်သို့ စားရမည်နည်း။ လယ်မလုပ်ရ။ အသီးအနှံကို
မသိမ်းရပါတကားဟု ဆိုလျှင်၊- 21 ဆဋ္ဌမနှစ်တွင် သင်တို့ကို ငါကောင်းကြီးပေး၍၊ ထိုနှစ်တွင် သုံးနှစ်အဘို့ အသီးအနှံကို ဖြစ်စေမည်။
22 သင်တို့သည် အဋ္ဌမနှစ်တွင် လယ်လုပ်၍ နဝမနှစ်တွင် အသီးအနှံကို သိမ်းရာ ကာလတိုင်အောင် ဟောင်းသော အသီးအနှံကို
စားရကြမည်။ 23 မြေကို သူတပါး အစဉ်ပိုင်စေခြင်းငှါ မရောင်းရ။ မြေသည် ငါ့ဥစ္စာဖြစ်၏။ သင်တို့သည် ငါ၌ တည်းသော ဧည့်သည်
အာဂန္တုဖြစ်ကြ၏။ 24 သင်တို့သည် မြေကို ပိုင်လေရာရာ၌ ရွေးနှုတ်ရသော အခွင့်ကို ပေးရကြမည်။ 25 သင်၏ အမျိုးသားချင်းသည်
ဆင်းရဲ၍၊ မိမိပိုင်သောမြေကို ရောင်းလျှင်၎င်း၊ သူ၏ပေါက်ဘော် တစုံတယောက်သည် ဝယ်ခြင်းငှါလာလျှင်၎င်း၊ မိမိပေါက်ဘော်
ရောင်းသောဥစ္စာကို ရွေးနှုတ်ရသော အခွင့်ရှိရမည်။ 26 ထိုမြေကို ရွေးနှုတ်သောသူတယောက်မျှ မပေါ်မရှိ၍၊ မြေရှင်ဟောင်းသည်
ကိုယ်တိုင်ရွေးနှုတ်နိုင်လျှင်၊- 27 မိမိမြေသို့ ပြန်အံ့သောငှါ၊ ရောင်း၍လွန်သော နှစ်ပေါင်းကို ရေတွက်ပြီးမှ၊ လိုသေးသော အဘိုးကို
အထက်က ရောင်းခဲ့သောသူအား ပြန်ပေးရမည်။ 28 ပြန်၍မပေးနိုင်လျှင် ရောင်းခဲ့သောဥစ္စာကို ယုဘိလနှစ်တိုင်အောင်
ဝယ်သောသူလက်၌ ရှိစေရမည်။ ယုဘိလနှစ်တွင် လက်လွတ်၍ အရှင်ဟောင်းလက်သို့ ရောက်စေရမည်။ 29 မြို့ထဲ၌ရှိသော အိမ်ကို
အိမ်ရှင်ရောင်းလျှင်၊ တနှစ်အတွင်းတွင် ရွေးနှုတ်သော အခွင့်ရှိစေရမည်။ 30 တနှစ်အတွင်းတွင် မရွေးနှုတ်လျှင်၊ ထိုအိမ်ကို
ဝယ်သောသူမှစ၍ သားစဉ်မြေးဆက်တို့သည် အမြဲပိုင်ရ ကြမည်။ ယုဘိလနှစ်ရောက်သော်လည်း လက်မလွှတ်ရ။ 31 မြို့ရိုးမရှိ၊
ရွာ၌ရှိသောအိမ်ကို လယ်ယာကဲ့သို့ မှတ်၍ ရွေးနှုတ်ရသော အခွင့်ရှိ၏။ ယုဘိလနှစ် ရောက်သောအခါ လက်လွှတ်ရမည်။ 32 သို့ရာတွင်
လေဝိသားပိုင်သော မြို့နှင့်မြို့အိမ်တို့ကို၊ အဘယ်ကာလအချိန်မဆိုဘဲ ရွေးနှုတ်ရသော အခွင့်ရှိ၏။ 33 လေဝိသားပိုင်သော မြို့ကို၎င်း၊
အိမ်ကို၎င်း၊ သူတပါးဝယ်လျှင်၊ ယုဘိလနှစ်ရောက်သောအခါ လက်လွှတ်ရမည်။ အကြောင်းမူကား၊ ဣသရေလ လူအမျိုးသားတို့တွင်
လေဝိသားတို့သည်၊ ကိုယ် နေရာ မြို့အိမ်မှတပါး အခြားသော ဥစ္စာမရှိ။ 34 သို့ဆိုသော်လည်း၊ လေဝိသားမြို့နယ်၌ရှိသော
လယ်ယာတို့ကို မရောင်းရ။ အစဉ်အမြဲပိုင်ရမည်။ 35 သင်၏ အမျိုးသားချင်းသည် ဆင်းရဲ၍ လက်အားလျော့သဖြင့် တပါးအမျိုးသား
ဧည့်သည်အာဂန္တု ကဲ့သို့ဖြစ်လျှင်၊ သင့်ထံမှာ နေစေခြင်းငှါ သူ့ကို မစရမည်။ 36 သူ၌ အတိုးအပွားကို မယူရ။ သင်၏
အမျိုးသားချင်းသည် သင့်ထံမှာ နေစေခြင်းငှါ၊ သင်၏ ဘုရားသခင်ကို ကြောက်ရွံ့လော့။ 37 အတိုးအပွါးကို မျော်လင့်၍ ငွေကို၎င်း၊
စားစရာကို၎င်း၊ သူ၌ မချေးမငှါးရ။ 38 ငါသည် ခါနာန်ပြည်ကို သင်တို့အားပေး၍၊ သင်တို့၏ ဘုရားသခင်ဖြစ်အံ့သောငှါ၊ သင်တို့ကို
အဲဂုတ္တု ပြည်မှ နှုတ်ဆောင်သော သင်တို့၏ ဘုရားသခင်၏ ထာဝရဘုရားဖြစ်၏။ 39 သင်၏ အမျိုးသားချင်းသည် ဆင်းရဲ၍ သင်၌
အရောင်းခံလျှင်၊ အစေခံကျွန်ကိုပြုသကဲ့သို့ သူ့ကို အနိုင်မပြုရ။ 40 သူသည် သူငှါးကဲ့သို့၎င်း၊ ဧည့်သည်ကဲ့သို့၎င်း၊ သင့်ထံမှာနေ၍
ယုဘိလနှစ်တိုင်အောင် အစေခံရမည်။ 41 ထိုအခါ သူသည် သားသမီးနှင့်တကွ ထွက်၍၊ မိမိအဆွေအမျိုး၊ မိမိ ဘိုးဘပိုင်သောမြေသို့
ပြန်ရမည်။ 42 အကြောင်းမူကား၊ သူတို့သည် အဲဂုတ္တုပြည်မှ ငါနှုတ်ဆောင်သော ငါ၏ အမှုထမ်းဖြစ်၍၊ အစေခံ ကျွန်ဖြစ်စေခြင်းငှါ၊

မရောင်းရ။ [43] သူ့ကို ကြမ်းတမ်းစွာ မစီရင်ရ။ သင်၏ ဘုရားသခင်ကို ကြောက်ရွံ့ရမည်။ [44] သင်သည် စေခိုင်းသောကျွန်၊ ကျွန်မတို့ကို၊ သင့် ပတ်လည်ဝန်းကျင်တို့၌ နေသော သာသနာပလူတို့ တွင် ဝယ်ရမည်။ [45] ထိုမှတပါး၊ သင်တို့တွင် တည်းနေသော တကျွန်းတနိုင်ငံသားတို့ကိုငှင်း၊ သင်တို့ပြည်၌ သူတို့ရသော သားသမီးများကိုငှင်း ဝယ်၍ ပိုင်ရမည်။ [46] သူတို့သည် ကျွန်သားပေါက်ဖြစ်၍၊ သင်တို့နှင့် သင်တို့သားသမီးတို့သည် အမွေခံ၍ ပိုင်ရမည်။ ကိုယ်အမျိုးသားချင်းတည်းဟူသော ဣသရေလအမျိုးသားဖြစ်လျှင်၊ တယောက်ကိုတယောက် ကြမ်း တမ်းစွာ မစီရင်ရ။ [47] သင့်အနားမှာတည်းနေသော တကျွန်းတနိုင်ငံသားသည် ငွေရတတ်၍ သူ၏အနားမှာနေသော သင်၏ အမျိုးသားချင်း ဆင်းရဲသဖြင့်၊ သင့်အနားမှာ တည်းနေသော တကျွန်းတနိုင်ငံသား၌ငှင်း၊ သူ၏ သားမြေး၌ငှင်း၊ ကိုယ်ကိုရောင်းချလျှင်၊- [48] ရောင်းပြီးမှ ရွေးနှုတ်သော အခွင့်ရှိစေရမည်။ မိမိအမျိုးသား တစုံတယောက်သည် ရွေးနှုတ်ရမည်။ [49] ဘကြီး၊ ဘထွေး၊ ညီအစ်ကိုတော်မှစ၍ အဆွေအမျိုးပေါက်ဘော်ရင်း တစုံတယောက်သည် ရွေးနှုတ် ရမည်။ ကိုယ်တိုင်တတ်နိုင်လျှင်လည်း ကိုယ်ကိုရွေးနှုတ်ရမည်။ [50] သခင်နှင့် ကျွန်တို့သည်၊ ရောင်းဝယ်သော နှစ်မှစ၍ ယုဘိလနှစ်တိုင်အောင် နှစ်ပေါင်းကို ရေတွက် ပြီးလျှင်၊ နှစ်ပေါင်းအနည်းအများကို ထောက်၍ငှင်း၊ သူငှါးလုပ်ရသည် ကာလကို ထောက်၍ငှင်း၊ ကိုယ်အဘိုးကို စီရင်ရမည်။ [51] ယုဘိလနှစ်မရောက်မှီ၊ အစေခံရသော နှစ်ပေါင်း အနည်းအများကို ရေတွက်၍၊- [52] လိုသေးသော နှစ်ပေါင်း အနည်းအများအလိုက် ရွေးရန်အဘိုးကို၊ ဝယ်ရင်းငွေထဲက နှုတ်၍ ပြန်ပေး ရမည်။ [53] ထိုသူသည် တနှစ် နောက်တနှစ်၊ သူငှါးကဲ့သို့ နေရမည်။ သင့်မျက်မှောက်၌ ညှဥ်းဆဲခြင်းကို မခံရ။ [54] ထိုသို့သောနည်းဖြင့် မရွေးမနှုတ်လျှင်၊ ယုဘိလနှစ်ရောက်သောအခါ၊ သူ့ကိုသားမယားနှင့်တကွ သခင်လက်မှ လွှတ်ရမည်။ [55] အကြောင်းမူကား ဣသရေလအမျိုးသားတို့သည်၊ ငါ၏ အမှုထမ်းဖြစ်ကြ၏။ အဲဂုတ္တုပြည်မှ ငါနှုတ် ဆောင်ခဲ့သော ငါ၏ အမှုထမ်းဖြစ်ကြ၏။ ငါသည် သင်တို့၏ ဘုရားသခင် ထာဝရဘုရားဖြစ်၏။


generated on Tue Jul 2 12:50:28 2024

## Chapter 26

1 သင်တို့သည် ကိုယ်အဘို့ ထုလုပ်သော ရုပ်တုဆင်းတုကို မရှိစေရ။ သင်တို့ပြည်၌ ကိုးကွယ်စရာ မှတ်တိုင်ကို မစိုက်ရ။
ထုသောကျောက်ကို ထောင်၍မထားရ။ ငါသည် သင်တို့၏ ဘုရားသခင် ထာဝရဘုရား ဖြစ်၏။ 2 ငါ့ဥပုသ်နေ့တို့ကိုစောင့်၍၊
ငါ့သန့်ရှင်းရာဌာနတော်ကို ရိုသေရမည်။ ငါသည် ထာဝရဘုရားဖြစ်၏။ 3 သင်တို့သည်၊ ငါ့ထုံးဖွဲ့ရာလိမ်းသို့လိုက်၍၊ ငါပညတ်တို့ကို
ကျင့်စောင့်လျှင်၊- 4 အချိန်တန်မှ ငါသည် သင်တို့အဘို့ မိုယ်းရွာစေသဖြင့်၊ မြေသည် မိမိဘဏ္ဍာကိုပေး၍၊ ဥယျာဉ်အပင် တို့သည်
အသီးသီးကြလိမ့်မည်။ 5 စပါးနင်းနယ်သော အမှုသည်၊ စပျစ်သီးညှစ်ရာ ကာလတိုင်အောင်ငင်း၊ စပျစ်သီးညှစ်သောအမှုသည်၊
မျိုးစေ့ကြဲရာ ကာလတိုင်အောင်ငင်း မှီသဖြင့်၊ သင်တို့သည် ဝစွာစား၍၊ ကိုယ်ပြည်၌ ဘေးလွတ်လျက် နေရကြလိမ့်မည်။ 6
သင်တို့ပြည်၌ စစ်မှုကို ငါငြိမ်းစေ၍၊ ခြိမ်းချောက်သောသူ မရှိဘဲ သင်တို့သည် အိပ်ရကြလိမ့်မည်။ ဆိုးသော သားရဲတို့ကိုလည်း
ငါပယ်ရှားမည်။ တပြည်လုံးသည် ထားဘေးနှင့် ကင်းလွတ်လိမ့်မည်။ 7 သင်တို့သည် ရန်သူများကို လိုက်၍ ထားလက်နက်ဖြင့်
အောင်ကြလိမ့်မည်။ 8 သင်တို့တွင် လူငါးယောက်သည် ရန်သူတရာကို လိုက်လိမ့်မည်။ လူတရာသည် ရန်သူတသောင်းကို ပြေးစေ၍
ထားလက်နက်ဖြင့် အောင်ကြလိမ့်မည်။ 9 သင်တို့ကို ငါစောင့်မသဖြင့် တိုးပွားများပြားစေ၍၊ သင်တို့နှင့် ငါပြုသော ပဋိညာဉ်ကို
ငါမြဲမြံစေမည်။ 10 သိုထားသော စပါးဟောင်းကို စား၍ မကုန်မှီ၊ စပါးသစ်ပေါ်သောကြောင့်၊ အဟောင်းကို ထုတ်ရကြ မည်။ 11 ငါသည်
စက်ဆုပ်ရွံရှာခြင်းမရှိဘဲ သင်တို့တွင် တဲတော်ကို တည်မည်။ 12 သင်တို့တွင်လည်း လှည့်လည်၍ သင်တို့၏ ဘုရားသခင်ဖြစ်မည်။
သင်တို့သည်လည်း ငါ၏ လူဖြစ်ကြလိမ့်မည်။ 13 အဲဂုတ္တုပြည်၌ အစေကျွန်ခံရသော သင်တို့ကို ငါလွှတ်၍ နှုတ်ဆောင်သော သင်တို့၏
ဘုရားသခင် ထာဝရဘုရားဖြစ်၏။ သင်တို့၏ ထမ်းဘိုးကြိုးကို ငါဖြတ်၍ သင်တို့ကို တည့်မတ်စေပြီ။ 14 သင်တို့သည် ငါ့စကားကို
နားမထောင်၊ ဤပညတ်အလုံးစုံကို မစောင့်၊- 15 ငါ့စီရင်ထုံးဖွဲ့ချက်များကို ရွံရှာ၍၊ မထီမဲ့မြင်ပြုလျက်၊ ငါ့ပညတ်တရားကိုမကျင့်၊
ငါ့ပဋိညာဉ်သစ္စာကို ဖျက်လျှင်၊- 16 သင်တို့၌ ငါပြုလတံ့သောအမှုဟူမူကား၊ သင်တို့၌ မျက်စိပျက်လျက်၊ စိတ်ပူပန်လျက် ရှိစေခြင်းငှါ၊
ထိတ်လန့်သော သဘော၊ တူလာ၊ ဖျားနာတို့ကို သင်တို့အပေါ်မှာ ငါခန့်ထားမည်။ သင်တို့သည် မျိုးစေ့ကို ကြဲသော်လည်း အကျိုးမရှိ။
ရန်သူတို့သည် အသီးအနှံကို စားကြလိမ့်မည်။ 17 သင်တို့ကို ငါ မျက်နှာထား၍၊ ရန်သူရှေ့မှာ ဆုံးစေမည်။ သင်တို့သည် ရန်သူ၏
အုပ်စိုးခြင်းကို ခံရ၍၊ အဘယ်သူမျှ မလိုက်သော်လည်း၊ ပြေးကြလိမ့်မည်။ 18 ထိုမျှလောက် ခံရသော်လည်း၊ ငါ့စကားကို
နားမထောင်ဘဲ နေသေးလျှင်၊ သင်တို့အပြစ်ကြောင့် ခုနစ်ဆသော ဒဏ်ကို ငါပေးဦးမည်။ 19 သင်တို့ မာနအစွယ်ကို ငါချိုးမည်။
မိုယ်းကောင်းကင်ကို သံကဲ့သို့၎င်း၊ မြေကြီးကို ကြေးဝါကဲ့သို့၎င်း၊ ငါဖြစ်စေသဖြင့်၊ 20 သင်တို့သည် အချည်းနှီး
ကြိုးစားအားထုတ်ကြလိမ့်မည်။ သင်တို့မြေသည် မိမိဘဏ္ဍာကို မပေး။ ဥယျာဉ်အပင်တို့သည် အသီးမသီးကြ။ 21 သင်တို့သည်
ငါ့စကားကို နားမထောင်၊ ငါ့ကို ဆန့်ကျင်ဘက်ပြုလျှင်၊ သင်တို့အပြစ်အလျောက် ခုနစ်ဆ သောဘေးကြီးကို ငါသက်ရောက်စေမည်။
22 သင်တို့၏ သားသမီးများကို ချီသွား၍၊ သင်တို့၏ တိရစ္ဆာန်များကို ဖျက်ဆီးလျက်၊ သင်တို့ကို နည်းစေခြင်း ငှါ၊ သားရဲများကို
ငါစေလွှတ်သဖြင့်၊ သင်တို့သွားရာ လမ်းမတို့သည် လူဆိတ်ညံရာ ဖြစ်ကြလိမ့်မည်။ 23 ထိုသို့ ခံရသော်လည်း၊ သင်တို့သည် သတိမရ၊
ငါ့ကို ဆန့်ကျင်ဘက် ပြုသေးလျှင်၊- 24 ငါသည်လည်း သင်တို့ကို ဆန့်ကျင်ဘက်ပြု၍၊ သင်တို့အပြစ်ကြောင့် ခုနစ်ဆသော ဒဏ်ကို
ပေးဦးမည်။ 25 ငါ့ပဋိညာဉ်ဘက်၌ နေ၍၊ တရားစီရင်ရသော ထားဘေးကိုသင်တို့အပေါ်မှာ ငါသက်ရောက်စေမည်။ သင်တို့သည်
မြို့ထဲ၌၊ စုဝေးသောအခါ၊ ကာလနာဘေးကို ငါစေလွှတ်၍၊ ရန်သူလက်သို့ ရောက်စေမည်။ 26 သင်တို့၏ အစာအာဟာရ
အထောက်အပင့်ကို ငါ ပယ်ရှားသောအခါ၊ မိန်းမတကျိပ်တို့သည် သင်တို့၏ မုန့်ကို မီးဖိုတဖို၌ ဖုတ်ပြီးမှ၊ ထိုမုန့်ကို ချိန်ပေးသဖြင့်
သင်တို့သည် ဝစွာမစားရကြ။ 27 ထိုမျှလောက် ခံရသော်လည်း၊ ငါ့စကားကို နားထောင်၊ ငါ့ကို ဆန့်ကျင်ဘက် ပြုသေးလျှင်၊- 28
ငါသည်လည်း အမျက်ထွက်၍ သင်တို့ကို ဆန့်ကျင်ဘက်ပြုသဖြင့်၊ သင်တို့အပြစ်ကြောင့် ခုနစ်ဆ သော ဒဏ်ကို ပေးဦးမည်။- 29
သင်တို့သည် ကိုယ်သားသမီးတို့၏ အသားကို စားရကြလိမ့်မည်။ 30 သင်တို့မြင့်သော အရပ်များကို ငါဖြိုဖျက်၍၊
ရုပ်တုဆင်းတုများကို ခုတ်လှဲမည်။ သင်တို့ အသေကောင် များကို၊ ရုပ်တုဆင်းတု အသေကောင်အပေါ်မှာ ပစ်ချ၍၊ သင်တို့ကို
စက်ဆုပ်ရွံရှာမည်။ 31 သင်တို့မြို့များကို ငါဖျက်ဆီး၍၊ သန့်ရှင်းရာဌာနတော်ကို သုတ်သင်ပယ်ရှင်းသဖြင့်၊ သင်တို့ နံ့သာ ပေါင်း
အမွှေးအကြိုင်ကို ငါမနမ်း။ 32 တပြည်လုံးကို ငါသုတ်သင် ပယ်ရှင်းသော အမှုကို၊ ထိုပြည်၌နေသော သင်တို့၏ ရန်သူတို့သည် မြင်၍
မိန်းမောတွေဝေကြလိမ့်မည်။ 33 သာသနာပလူတို့တွင် သင်တို့ကို အရပ်ရပ် ငါကွဲပြားစေ၍၊ ထားမိုးလျက် လိုက်မည်။ သင်တို့ပြည်
သည်လည်း လူဆိတ်ညံလျက်၊ မြို့သည်လည်း ပျက်စီးလျက်ရှိလိမ့်မည်။ 34 ထိုသို့ သင်တို့သည် ရန်သူပြည်၌နေ၍၊ ကိုယ်ပြည်သည်
လူဆိတ်ညံလျက်နေသော ကာလပတ်လုံး ငြိမ်ဝပ်စွာနေ၍၊ မိမိဥပုသ်နေ့တို့၌ မွေ့လျော်ရလိမ့်မည်။ 35 လူဆိတ်ညံလျက်နေရသော
ကာလပတ်လုံး ငြိမ်ဝပ်လိမ့်မည်။ သင်တို့ရှိနေသောအခါ၊ ဥပုသ်နေ့တို့၌ ပြည်သည် မငြိမ်မဝပ်ရ။ 36 ရန်သူပြည်မှာ ကျန်ကြွင်းသော
သင်တို့ စိတ်နှလုံးထဲသို့၊ ထိတ်လန့်သော သဘောကို ငါပေးသွင်းသဖြင့်၊ သစ်ရွက်လှုပ်သံကြောင့် သင်တို့သည် ကြောက်၍၊ ထားဘေးမှ
ပြေးသကဲ့သို့ ပြေးကြလိမ့်မည်။ အဘယ် သူမျှ မလိုက်သော်လည်း လဲကြလိမ့်မည်။ 37 အဘယ်သူမျှမလိုက်ဘဲ ထားဘေးမှ
ပြေးသောသူကဲ့သို့ တယောက်အပေါ်မှာ တယောက်လဲကြလိမ့် မည်။ ရန်သူရှေ့မှာ ရပ်နိုင်သော တန်ခိုးမရှိရ။ 38 ရန်သူပြည်သည်

သင်တို့ကို မျိုးစား၍၊ သာသနာပလူတို့တွင် ဆုံးရှုံးကြလိမ့်မည်။ [39] ကျန်ကြွင်းသော သင်တို့သည်၊ ရန်သူပြည်၌ ကိုယ်အပြစ်၊ ဘိုးဘတို့အပြစ်ကို ခံလျက်၊ ဘိုးဘနှင့်တကွ အားလျော့ကြလိမ့်မည်။ [40] သို့ရာတွင် သူတို့သည် ငါ့ကို ပြစ်မှား၍၊ ငါ့ကို ဆန့်ကျင်ဘက်ပြုသောကြောင့်၊- [41] ငါသည် သူတို့ကို ဆန့်ကျင်ဘက်ပြု၍ ရန်သူပြည်သို့ ပို့ဆောင်သော အကြောင်းများနှင့်တကွ၊ ကိုယ်အပြစ်၊ ဘိုးတတို့ အပြစ်များကို ဘော်ပြတောင်းပန်လျှင်၎င်း၊ အရေဖျားလှီးခြင်းကို မခံသော မိမိတို့ နှလုံးကို နှိမ့်ချ၍၊ မိမိတို့အပြစ်ကြောင့် ခံရသောဒဏ်ကို ဝန်ခံလျှင်၎င်း၊- [42] ငါသည် ယာကုပ်နှင့်ပြုသော ပဋိညာဉ်၊ ဣဇာက်နှင့်ပြုသော ပဋိညာဉ်၊ အာဗြဟံနှင့်ပြုသော ပဋိညာဉ်ကို ၎င်း၊ ထိုပြည်ကို၎င်း ငါအောက်မေ့မည်။ [43] ထိုပြည်သည် သူတို့ လက်မှလွတ်၍၊ သူတို့မရှိဘဲ လူဆိတ်ညံလျက်နေစဉ်တွင် မိမိဥပုသ်နေ့တို့၌ မွေ့လျော်လိမ့်မည်။ သူတို့သည် ငါ့စီရင်ထုံးဖွဲ့ချက်များကို ရွံရှာ၍ မထီမဲ့မြင်ပြုသောအပြစ်ကြောင့်၊ ခံရသောဒဏ်ကို ဝန်ခံရကြလိမ့်မည်။ [44] သို့ရာတွင် ရန်သူပြည်၌ နေကြသောအခါ၊ သူတို့ကို ရှင်းရှင်းဖျက်ဆီး၍၊ သူတို့နှင့်ငါပြုသော ပဋိညာဉ်ကို ပယ်သည်တိုင်အောင် သူတို့ကို ငါမစွန့်ပစ် မရွံရှာ။ ငါသည် သူတို့၏ ဘုရားခင်ထာဝရဘုရား ဖြစ်၏။ [45] ငါသည် သူတို့၏ ဘုရားသခင် ဖြစ်အံ့သောငှါ သာသနာပလူတို့ မျက်မှောက်၌၊ အဲဂုတ္တုပြည်မှ ငါနှုတ်ဆောင်သော သူတို့ဘိုးဘေးနှင့် ငါပြုသော ပဋိညာဉ်ကို သူတို့အတွက် ငါအောက်မေ့မည်၊ ငါသည် ထာဝရဘုရားဖြစ်သည်ဟု မိန့်တော်မူ၏။ [46] ဤရွေ့ကား ထာဝရဘုရားသည်၊ သိနာတောင်ပေါ်မှာ ဣသရေလအမျိုးသားတို့အဘို့ မောရှေလက် တွင် ထားတော်မူသော စီရင်ထုံးဖွဲ့ချက် ပညတ်တရား ဖြစ်သတည်း။

## Chapter 27

1 တဖန် မောရှေအား ထာဝရဘုရားက၊ သင်သည် ဣသရေလအမျိုးသားတို့အား ဆင့်ဆိုရမည်မှာ၊ 2 လူသည် သစ္စာဂတိပြု၍
ပူဇော်လျှင်၊ ပူဇော်အပ်သော သူသည်၊ သင်အဘိုးပြတ်သည်အတိုင်း ထာဝရ ဘုရား၏ ဘဏ္ဍာတော် ဖြစ်ရမည်။ 3 သင်သည် အဘယ်မျှ
အဘိုးပြတ်ရမည်နည်းဟူမူကား၊ ယောကျ်ားကို အသက်နှစ်ဆယ်မှသည် ခြောက်ဆယ်တိုင်အောင်၊ အကျပ်တော်အလိုက်
ငွေအကျပ်ငါးဆယ်နှင့် အဘိုးပြတ်ရမည်။ 4 မိန်းမဖြစ်လျှင်၊ ငွေအကျပ်သုံးဆယ်နှင့် အဘိုးပြတ်ရမည်။ 5 အသက်ငါးနှစ်မှသည်
ဆယ်နှစ်တိုင်အောင်၊ ယောကျ်ားကို အကျပ်နှစ်ဆယ်၊ မိန်းမကို အကျပ်တဆယ် နှင့် အဘိုးပြတ်ရမည်။ 6 အသက်တလမှသည်
ငါးနှစ်တိုင်အောင်၊ ယောကျ်ားကို ငွေငါးကျပ်၊ မိန်းမကို သုံးကျပ်နှင့် အဘိုး ပြတ်ရမည်။ 7 အသက်ခြောက်ဆယ်လွန်လျှင်၊
ယောကျ်ားကို ဆယ်ငါးကျပ်၊ မိန်းမကို တဆယ်နှင့် အဘိုးပြတ်ရမည်။ 8 သင်အဘိုးပြတ်သည်အတိုင်း၊ မတတ်နိုင်လျှင်၊
ယဇ်ပုရောဟိတ်ထံသို့ ချဉ်းကပ်၍၊ ယဇ်ပုရောဟိတ် သည် သစ္စာဂတိပြုသောသူ တတ်နိုင်သမျှအတိုင်း အဘိုးပြတ်ရမည်။ 9 လူသည်
တိရစ္ဆာန်ကို ထာဝရဘုရားအား ပူဇော်လျှင်၊ ပူဇော်သမျှသည် သန့်ရှင်းရမည်။ 10 ကောင်းသည်ဖြစ်စေ၊ ညံ့သည်ဖြစ်စေ၊
တကောင်အတွက် တကောင်ကို မလဲရ။ လဲလိုလျှင်၊ နှစ်ကောင် စလုံး သန့်ရှင်းရမည်။ 11 ထာဝရဘုရားအား မပူဇော်အပ်၊
ခင်း၍၊ လင်ပန်း၊ ဇွန်း၊ လောင်းစရာဖလားများနှင့်တကွ၊ အမြဲထည့်ရသော မုန့်ကို တင်ပြီးမှ၊ [8] ထိုအရာတို့ကို၊ နီသောအထည်နှင့်
အုပ်ရမည်။ တဖန် တဟာရှသားရေနှင့် အုပ်ပြန်၍ ထမ်းဘိုးတို့ကို လျှိုထားရမည်။ [9] မီးထွန်းရာ မီးခုံ၊ မီးခွက်၊ မီးညှပ်၊ မီးညှပ်ခံရာ ခွက်၊
ဆီအိုး အစရှိသည်တို့ကို ပြာသောအထည်နှင့် အုပ်ပြီးမှ၊ [10] ထိုတန်ဆာရှိသမျှတို့ကို၊ တဟာရှသားရေအိတ် ထဲ၌ သွင်းထား၍၊
ထမ်းဘိုးကို တပ်ရမည်။ [11] ရွှေယဇ်ပလ္လင်ပေါ်မှာ ပြာသောအထည်ကို ခင်း၍၊ တဟာရှသားရေနှင့်အုပ်ပြီးလျှင်၊ ထမ်းဘိုးတို့ကို
လျှိုထားရမည်။ [12] သန့်ရှင်းရာဌာန၌ အမှုတော်ကို ဆောင်ရွက်ရန် တန်ဆာရှိသမျှတို့ကို ပြာသောအထည်အိတ်ထဲ၌ သွင်းထား၍၊
တဟာရှသားရေဖြင့် အုပ်ပြီးမှ ထမ်းဘိုးကို တပ်ရမည်။ [13] ယဇ်ပလ္လင်မှ ပြာကိုပယ်ရှင်း၍ ပလ္လင်ပေါ်မှာ မောင်းသောအထည်ကို
ခင်းပြီးလျှင်၊ [14] ထိုပလ္လင်နှင့်ဆိုင်သော အမှုတော်ထမ်းရန် တန်ဆာတည်းဟူသော လင်ပန်း၊ အမဲသားချိတ်၊ တူးရွင်း ပြား၊ အင်တုံ
အစရှိသော ယဇ်ပလ္လင်တန်ဆာရှိသမျှတို့ကို တင်၍၊ တဟာရှသားရေနှင့် အုပ်ပြီးမှ ထမ်းဘိုးတို့ကို လျှိုထားရမည်။ [15] ထိုသို့
တပ်ချီချိန်ရောက်သောအခါ အာရုန်နှင့် သူ၏သားတို့သည် သန့်ရှင်းရာဌာနတော်နှင့် သန့်ရှင်း သော တန်ဆာရှိသမျှတို့ကို
ဖုံးအုပ်သောနောက်၊ ကောဟယ်သားတို့သည် ထမ်းခြင်းငှါ ချဉ်းကပ်ရကြမည်။ သို့ရာတွင် သူတို့သည် သေဘေးနှင့်
လွတ်မည်အကြောင်း သန့်ရှင်းသောအရာကို မကိုင်ရ၊ ဤရှေ့ကား ပရိသတ် စည်းဝေးရာ တဲတော်၌ ကောဟတ်သားများ ဆောင်ရွက်
ရသော အမှုပေတည်း။ [16] ယစ်ပုရောဟိတ် အာရုန်သား ဧလောဇာ၏ အရာနှင့်ဆိုင်သော အမှုဟူမူကား မီးထွန်းစရာ မီးရှို့ရာ
နံ့သာပေါင်းမွှေး၊ နေ့ရက်အစဉ်အတိုင်း ဆက်ကပ်ရသော ဘောဇဉ်ပူဇော်သက္ကာ လိမ်းရန်ဆီ အစရှိသော တဲတော် နှင့် တဲတော်တန်ဆာ
ရှိသမျှတို့ကို သန့်ရှင်းရာဌာန တော်နှင့် သန့်ရှင်းသော တန်ဆာရှိသမျှတို့ကိုငင်း ကြည့်ရှု ပြုစုရမည်။ [17] တဖန် ထာဝရဘုရားသည်
မောရှေနှင့် အာရုန် အား မိန့်တော်မူသည်ကား၊ [18] ကောဟတ် အဆွေအမျိုးအနွယ်သားတို့ကို လေဝိသားစုထဲက မပယ်မဖြတ်နှင့်။ [19]
သူတို့သည် အလွန်သန့်ရှင်းသောအရာတို့ကို ချဉ်းကပ်သောအခါ သေဘေးလွတ်၍ အသက်ရှင်မည် ဖြစ်ကြောင်း အာရုန်နှင့်
သူ၏သားတို့သည် အရင်ဝင်၍ လူအသီးသီးစောင့်ရသောအမှု၊ ထမ်းရသောဝန်တို့ကို ခွဲခန့်ရမည်။ [20] သို့ရာတွင်
သန့်ရှင်းသောအရာတို့ကို ဖုံးအုပ်စဉ်အခါ ကောဟိတ် သားတို့သည် သေဘေးနှင့် လွတ်မည်အကြောင်း၊ အထဲ သို့ဝင်၍ မကြည့်ရဟု
မိန့်တော်မူ၏။ [21] တဖန်ထာဝရဘုရားသည် မောရှေအား မိန့်တော်မူသည်ကား၊ [22] ဂေရရှုန် အနွယ်သားတို့တွင်၊ အသက်သုံးဆယ်လွန်၍
ငါးဆယ်မမှီ၊ [23] ပရိသတ် စည်းဝေးရာ တဲတော်အမှုကို ဆောင်းခြင်းငှါ အလုံးအရင်း ဝင်သော သူအပေါင်းတို့ကို၊
ဘိုးဘေးအဆွေအမျိုး အလိုက် စာရင်းယူလော့။ [24] ဂေရရှုန်အဆွေအမျိုးတို့သည် စောင့်ရသော အမှု၊ ထမ်းရသောဝန်ဟူမူကား၊ [25]
အတွင်းတဲတော် ကုလားကာ၊ ပရိသတ်စည်း ဝေးရာ တဲတော်ကုလားကာ၊ အပေါ်တဲ၊ တဟာရှသား ရေအဖုံး၊ ပရိသတ်စည်းဝေးရာ
တဲတော်ကုလားကာ၊ အပေါ်တဲ၊ တာဟာရှသားရေအဖုံး၊ ပရိသတ်စည်းဝေး ရာ တဲတော်တံခါးဝ၌ ကာသောကုလားကာ၊ [26] တဲတော်နှင့်
ယဇ်ပလ္လင် ပတ်လည်ဝင်းကုလား ကာ၊ ဝင်းတံခါးဝ၌ကာသော ကုလားကာ၊ ကြိုးများအစရှိ သည်တို့ကိုငင်း၊ ထိုအရာများနှင့် ဆိုင်၍
အမှုတော်ထမ်း ရန် တန်ဆာရှိသမျှတို့ကိုငင်း ထမ်းရွက်ရကြမည်။ [27] ဂေရရှုန်သားများ အမှုစောင့်လေရာရာ၊ ဝန် ထမ်းလေရာရာ၌၊
အာရုန်နှင့် သူ၏သားတို့ ခွဲခန့်စီရင် သည်အတိုင်း ဆောင်ရွက်ရကြမည်။ [28] ဤရွေ့ကား ပရိသတ်စည်းဝေးရာ တဲတော်၌
ဂေရရှုန်အဆွေအမျိုးသားများ ဆောင်ရွက်ရသော အမှု ပေတည်း။ ယဇ်ပုရောဟိတ် အာရုန်၏ သားဣသမာ သည် သူတို့ကိုအုပ်ရမည်။
[29] မေရာရိသားတို့တွင်လည်း၊ အသက်သုံးဆယ် လွန်၍ ငါးဆယ်မမှီ၊ [30] ပရိသတ်စည်းဝေးရာ တဲတော်အမှုကို ဆောင် ခြင်းငှါ၊
အလုံးအရင်းဝင်သောသူ အပေါင်းတို့ကို ဘိုးဘ အဆွေအမျိုးအလိုက် စာရင်းယူလော့။ [31] သူတို့သည် ပရိသတ်စည်းဝေးရာ တဲတော်၌
စောင့်ရသောအမှု၊ ထမ်းရသောဝန်ဟူမူကား၊ တဲတော် ပျဉ်ပြား၊ ကန့်လန့်ကျင်၊ တိုင်၊ ခြေစွပ်၊ [32] ဝင်းတိုင်၊ ခြေစွပ် တံသင်၊
ကြိုးများတို့ကိုငင်း ထိုအရာများနှင့်ဆိုင်၍ အမှုတော်ထမ်းရန် တန်ဆာရှိ သမျှတို့ကိုငင်း ထမ်းရွက်ကြရမည်။ သူတို့ထမ်းရွက်ရ သော
တန်ဆာတို့ကို အမည်မှတ်၍ ရေတွက်ရမည်။ [33] ဤရွေ့ကား ယဇ်ပုရောဟိတ်အာရုန်၏ သားဣ သမာအုပ်၍ ပရိသတ်အစည်းဝေးရာ
တဲတော်၌ မေရာရိ အဆွေအမျိုးသားများ ဆောင်ရွက်ရသော အမှုပေတည်း။ [34] မောရှေနှင့် အာရုန်အစရှိသော ပရိသတ်သူ
ကြီးတို့သည် ကောဟတ်သားတို့တွင် အသက်သုံးဆယ်လွန် ၍ ငါးဆယ်မမှီ၊ [35] ပရိသတ်စည်းဝေးရာ တဲတော်အမှုကို ဆောင်ခြင်းငှါ၊
အလုံးအရင်းဝင်သောသူ အပေါင်းတို့ကို၊ [36] ဘိုးဘ အဆွေအမျိုးအလိုက် ရေတွက်၍ စာရင်းသွင်း သော လူပေါင်းကား၊
နှစ်ထောင်ခုနစ်ရာငါးဆယ် ရှိသ တည်း။ [37] ဤသူတို့သည် မောရှေ၌ ထာဝရဘုရားမှာထား တော်မူသည်အတိုင်း
မောရှေနှင့်အာရုန်သည် ရေတွက် ၍ ပရိသတ်စည်းဝေးရာ တဲတော်အမှုကို ဆောင်ရွက်ရ သော ကောဟတ်အဆွေအမျိုးသားပေတည်း။

 generated on Tue Jul 2 12:50:28 2024

38 ဂေရှုန်သားတို့တွင် အသက်သုံးဆယ်လွန်၍ ငါးဆယ်မမှီ၊ 39 ပရိသတ်စည်းဝေးရာ တဲတော်အမှုကို ဆောင်ခြင်းငှါ၊ 40
အလုံးအရင်းဝင်သော သူအပေါင်းတို့ကို ဘိုးဘ အဆွေအမျိုးအလိုက် ရေတွက်၍ စာရင်းသွင်း သော လူပေါင်းကား
နှစ်ထောင်ခြောက်ရာ သုံးဆယ် ရှိ သတည်း။ 41 ဤသူတို့သည် ထာဝရဘုရား မှာထားတော်မူ သည်အတိုင်း၊ မောရှေနှင့်အာရုန်သည်
ရေတွက်၍ ပရိသတ်စည်းဝေးရာ တဲတော်အမှုကို ဆောင်ရွက်နေရ သော ဂေရှုန်အဆွေအမျိုးသားပေတည်း။ 42 မေရာရိသားတို့တင်
အသက်သုံးဆယ်လွန်၍ ငါးဆယ်မမှီ၊ 43 ပရိသတ်စည်းဝေးရာတဲတော်အမှုကို ဆောင် ခြင်းငှါ၊ အလုံးအရင်းဝင်သော သူအပေါင်းတို့ကို
ဘိုးဘ အဆွေအမျိုးအလိုက် ရေတွက်၍ 44 စာရင်းသွင်းသော လူပေါင်းကား သုံးထောင်နှစ်ရာရှိသတည်း။ 45 ဤသူတို့သည် မောရှေ၌
ထာဝရဘုရား မှာထားတော်မူသည်အတိုင်း မောရှေနှင့် အာရုန်သည် ရေတွက်သော မေရာရိအဆွေအမျိုးသားပေတည်း။ 46 ထိုသို့နှင့်
အညီ၊ လေဝိသားတို့တွင် အသက်သုံး ဆယ်လွန်၍ ငါးဆယ်မမှီ၊ 47 ပရိသတ်စည်းဝေးရာ တဲတော အမှုတော်ကို စောင့်၍ ဝန်များကို
ထမ်းခြင်းငှါ ဝင်သော သူအပေါင်းတို့ကို၊ 48 ဘိုးဘအဆွေအမျိုးအလိုက် မောရှေနှင့် အာရုန်အစရှိသော ဣသရေလအမျိုး
သူကြီးတို့သည် ရေတွက်၍ စာရင်းသွင်းသော လူပေါင်းကား ရှစ်ထောင် ငါးရာရှစ်ဆယ်ရှိသတည်း။ 49 မောရှေ၌
ထာဝရဘုရားထားတော်မူသော ပညတ်တော်အတိုင်း လူအသီးသီး စောင့်ရသောမှု အသီး အသီးထမ်းရသော ဝန်တို့ကို ထောက်၍မရ၊
မောရှေ ရေတွက်သတည်း။

---

---

Numbers 01

ကောဟတ်
၃:၁၇ ၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်သည်။

အသက်သုံးဆယ်လွန် ငါးဆယ်မမှီ
"အသက်

အမှုဆောင်ခြင်းငှာ
"အမှုတော်" ဆိုသည်မှာ ပရိသတ် စည်းဝေးရာတဲတော်၌ အလုပ်လုပ်ကြသည့်လူများကို ဆိုလိုသည်။

ကျွန်ုပ်အတွက်ထားခြင်း
ပြုသူဝါကျပုံစံ အဖြစ် ရေးနိုင်သည်။ အခြားဘာသာပြန်ဆိုချက်များ၊ "ကျွန်ုပ်ကိုယ်တိုင်အတွက် အထူးရွေးချယ်ထားသည့်အရာများ"

Numbers 05

စခန်းပြင်ဆင်ချိန်
"စခန်း" စကားလုံးသည် စခန်းရှိလူအားလုံးကို ရည်ညွှန်းထားသည်။ အခြားဘာသာပြန်ဆိုချက်များ၊ "လူများပြင်ဆင်ချိန်တွင်" သို့မဟုတ်

ရွှေ့သို့ချီသည်
လူများ အခြားနေရာသို့ရွှေ့ပြောင်းကြသည်ကို ဆိုလိုသည်။ အခြားဘာသာပြန်ဆိုချက်များ၊ "အခြားနေရာသို့ပြောင်းရွှေ့ခြင်း"

သက်သေခံချက်သေတ္တာကို ၎င်းနဲ့အုပ်ရမည်
"၎င်း" စကားလုံးသည် သန့်ရှင်းရာနေရာနှင့် အသန့်ရှင်းဆုံးနေရာတို့ကို ပိုင်းခြားပေးသည့် ကုလားကာကိုဆိုလိုပါသည်။

ထမ်းဘိုးတို့ကို လျှိုထားရမည်
ပဋိညာဉ်သေတ္တာ၏ဘေးနှစ်ပေါက်တွင်ထမ်းဘိုးများလျှိုထားရမည်။ ထို့ကြောင့် ပဋိညာဉ်သေတ္တာကိုသယ်ယူနိုင်မည်ဖြစ်သည်။ ၎င်းကို ရှင်းလင်းစွာဖြင့် ရေးသားနိုင်သည်။ အခြားဘာသာပြန်ဆိုချက်များ၊ "ပဋိညာဉ်သေတ္တာ၏ ဘေးနှစ်ဘက်တွင် ထမ်းဘိုးများကို လျှိုထားရမည်"

Numbers 07

ရှေ့တော်မုန့်စားပွဲ
ဤမုန့်သည် ဘုရားသခင်၏မျက်မှောက်တော်ကို ကိုယ်စားပြုသည်။ အခြားဘာသာပြန်ဆိုချက်များ၊ "ဘုရားသခင်မျက်မှောက်တော်ဆောင်သော မုန့်"

၎င်းအပေါ်၌သူတို့တင်ရမည်
"၎င်း" စကားလုံးသည် ပြာသောအထည်ကို ဆိုလိုသည်။

လင်ပန်းများနှင့် လောင်းစရာဖလားများ
ဤအဆို၏ ဆိုလိုချက်ကို ရှင်းလင်းစွာဖော်ပြနိုင်သည်။ အခြားဘာသာပြန်ဆိုချက်များ၊ "သောက်စရာ ယဇ်များကို ရေလောင်းသည့်အချိန်၌ သုံးသည့် ဇလုံများနှင့် ဖလားများ"

သူတို့ ၎င်းတို့ကို အုပ်ထားရမည်
"၎င်းတို့ကို" စကားလုံးသည် "ပန်းကန်များ၊ ဇွန်းများ၊ လင်ပန်းများနှင့် ဖလားများ" ကို ဆိုလိုခြင်းဖြစ်သည်။

အမြဲထည့်ရသော မုန့်ကို တင်ပြီးမှ
ထိုနေရာတွင် အစဉ်အမြဲ မုန့်ရှိရမည်။

နီသောအထည်
"နီသောအဝတ်"


generated on Tue Jul 2 12:50:28 2024

ထမ်းဘိုးတို့ကို လျှိုထားရမည်
စားပွဲကိုသယ်ယူနိုင်ဖို့ရန် စားပွဲ၏ထောင့်အပေါက်များတွင် ထမ်းဘိုးများကို လျှိုထားရမည်။ ၎င်းကို ရှင်းလင်းစွာ ဖော်ပြရမည်။ အခြားဘာသာပြန်ဆိုချက်များ၊ "စားပွဲထောင့်ရှိ အပေါက်များတွင် ထမ်းဘိုးများကို လျှိုထားရမည်"

Numbers 09

တဟာရှသားရေအိတ်ထဲ၌ သွင်းထား၍ ထမ်းဘိုးကို တပ်ရမည်
"တဟာရှသားရေအိတ်နှင့်...... ဖုံးထားရမည်"

တဟာရှသားရေနှင့်အုပ်ပြီးလျှင်
"၎င်းတို့ကိုသယ်ယူဖို့ရန် ထိုတန်ဆာရှိသမျှတို့ကို သွင်းထားရမည်" (UDB)

ထမ်းဘိုးတို့ကို လျှိုထားရမည်
ယဇ်ပလ္လင်ကို သယ်ယူနိုင်ဖို့ရန် ၎င်း၏ ထောင့်အပေါက်များတွင် ထမ်းဘိုးများကို လျှိုထားရမည်။ ၎င်းကိုရှင်းလင်းစွာ ဖော်ပြရမည်။ အခြားဘာသာပြန်ဆိုချက်များ၊ "ယဇ်ပလ္လင်ထောင့်ရှိ အပေါက်များတွင် ထမ်းဘိုးများကို လျှိုထားရမည်"

Numbers 12

တန်ဆာသယ်ရန် သေတ္တာ
အရာဝတ္ထုသယ်ယူနိုင်ရန် သစ်သားဖြင့်ပြုလုပ်ပြီး အပေါက်များပါသည့် ထောင့်မှန်ပုံ သေတ္တာ

သန့်ရှင်းရာဌာန၌အမှုတော်ဆောင်ခြင်း
"အမှုတော်" ဟူသည့် စိတ္တဇနာမ်စာလုံးကို ကြိယာ "အမှုဆောင်ရွက်သည်" ဟုရေးနိုင်သည်။ အခြားဘာသာပြန်ဆိုချက်များ၊ "သန့်ရှင်းရာဌာန၌ ဘုရားသခင်၏အမှုတော်ဆောင်ရွက်ချိန်၌ သုံးသည်"

ပလ္လင်နှင့်ဆိုင်သော အမှုတော်ထမ်းရန်
"အမှုတော်" ဟူသည့် စိတ္တဇနာမ်စာလုံးကို ကြိယာ "အမှုဆောင်ရွက်သည်" ဟုရေးနိုင်သည်။ အခြားဘာသာပြန်ဆိုချက်များ၊ "ပလ္လင်၌ အမှုတော်ဆောင်ခြင်း"

ထမ်းဘိုးတို့ကို လျှိုထားရမည်
ယဇ်ပလ္လင်ကိုသယ်ယူနိုင်ဖို့ရန် ၎င်း၏ ထောင့်အပေါက်များတွင် ထမ်းဘိုးများကို လျှိုထားရမည်။ ၎င်းကိုရှင်းလင်းစွာ ဖော်ပြရမည်။ အခြားဘာသာပြန်ဆိုချက်များ၊ "ယဇ်ပလ္လင်ထောင့်ရှိ အပေါက်များတွင် ထမ်းဘိုးများကို လျှိုထားရမည်"

Numbers 15

သန့်ရှင်းရာဌာနတော်သို့ သယ်သွားရန်
သန့်ရှင်းရာဌာနတော်တည်း ဟူသည့်စကားလုံးက အာရုန်နှင့်သားများသည် သန့်ရှင်းရာနေရာ ပြင်ဆင်ရာ၌ အသုံးပြုသည့် အဝတ်နှင့်သားရေများဖြင့် ဖုံးအုပ်သည့်အရာများကို ဆိုလိုခြင်းဖြစ်သည်။ အခြားဘာသာပြန်ဆိုချက်များ၊ "သန့်ရှင်းရာဌာနတော်ရှိ တန်ဆာရှိသမျှကို သယ်သွားရန်"

ရှေ့သို့ စခန်းပြောင်းသွားသည့်အချိန်တွင်
"စခန်း" ဟူသည့်စကားလုံးက စခန်းအတွင်းရှိ လူအားလုံးကို ကိုယ်စားပြုသည်။ အခြားဘာသာပြန်ဆိုချက်များ၊ "လူများရှေ့သို့ ချီသွားကြချိန်တွင်"

ကောဟတ်
၃:၁၇ ၌ ဘာသာပြန်ထားသကဲ့သို့ ဘာသာပြန်ရန် လိုအပ်သည်။

သန့်ရှင်းသောတန်ဆာဗလာများ
"သန့်ရှင်းသော အသုံးကိရိယာများ"

မီးအိမ်အတွက်ဆီ
"အလင်း" ဟူသော စကားလုံးက "မီးအိမ်" ကိုဆိုလိုခြင်းဖြစ်သည်။ အခြားဘာသာပြန်ဆိုချက်များ၊ "မီးအိမ်များအတွက် ဆီ"

ကြည့်ရှုပြုစုရမည်
"ကြည့်ရှုပြုစုသည်" ဟူသော နာမ်အသုံးအနှုန်းကို ကြိယာဖြင့်လည်း သုံးနိုင်သည်။ အခြားဘာသာပြန်ဆိုချက်များ၊ "ကြည့်ရှုပြုစုသူများ"

Numbers 17

ကောဟတ် အဆွေအမျိုးအနွယ်သားများ
ကောဟတ်ဆွေစဉ်မျိုးဆက်များကို ဆိုလိုခြင်းဖြစ်သည်။ 3:27 ၌ ဘာသာပြန်ထားသကဲ့သို့ ဘာသာပြန်ရန်ဖြစ်သည်။

လေဝိသားစုထဲက မပယ်မဖျက်နှင့်
ကောဟတ်အမျိုးအနွယ်တို့၏သေဘေးကို ဆိုလိုခြင်းဖြစ်သည်။ ပြုသူဝါကျပုံစံဖြင့်လည်း ရေးနိုင်သည်။ အခြားဘာသာပြန်ဆိုချက်များ၊ "လေဝိအမျိုးထဲမှ လုံးဝပယ်ဖျက်စေမည့် အပြုအမူ"

အထဲသို့ဝင်၍ မကြည့်ရ
အပေါ်က ဘုရားသခင်ပြောပြချက်များကို ဆိုလိုခြင်းဖြစ်သည်။ မောရှေက ကောဟတ်အမျိုးသားတို့သည် သန့်ရှင်းရာဌာနတော်၏ အထဲသို့မဝင်ရောက် မကြည့်ရှုစေခြင်းဌာ သူတို့ကို အကာအကွယ်ပေးလိမ့်မည်ဖြစ်သည်။

သူ့အလုပ်၊ သူထမ်းရသောတာဝန်များ
ဤစကားစု နှစ်ခုလုံး၏ ဆိုလိုရင်းမှာ အခြေခံအားဖြင့််တူညီသော်လည်း အလေးအနက်ပေးလိုသည့်အတွက် သုံးထားခြင်းဖြစ်သည်။

Numbers 21

ဂေရရှုန်အနွယ်သားများ
ယောက်ျားများကိုသာ ရည်ညွှန်းထားသည်။ အခြားဘာသာပြန်ဆိုချက်များ၊ " ဂေရရှုန်၏မျိုးနွယ်သားများမှ ယောက်ျားများ"

ဂေရရှုန်
၃:၁၇ ၌ ဘာသာပြန်ထားသည့်အတိုင်း သူ၏နာမည်ကို ဘာသာပြန်ပါ။

အသက်သုံးဆယ်လွန်၍ ငါးဆယ်မမှီ
"အသက်

ပရိသတ်စည်းဝေးရာ တဲတော်အမှုကိုဆောင်ခြင်းငှါ
ဤအသုံးအနှုန်းသည် ပရိသတ်စည်းဝေးရာတဲတော်၌အမှုတော်ဆောင်သူများအားလုံးကို ဆိုလိုခြင်းဖြစ်သည်။ ၄:၁ ၌ မည်ကဲ့သို့ သင်ဘာသာပြန်ထားသည်ကို ကြည့်ပါ။

Numbers 24

ဂေရရှုန်အဆွေအမျိုးတို့ စောင့်ရသောအမှု၊ ထမ်းရသောဝန်
အထက်ဖော်ပြပါ စာပိုဒ်များ၏ ဆိုလိုရင်းကို ဖော်ပြသော ဝါကျဖြစ်သည်။ ဤဝါကျသည် ကော်လံဖြင့်သာ အဆုံးသတ်နိုင်ပြီး၊ UDB ၌ဖော်ပြထားသည့်အတိုင်းဖြစ်သည်။

ဂေရရှုန်အဆွေအမျိုးများ
ဂေရရှုန်မျိုးဆက်များကို ဆိုလိုခြင်းဖြစ်သည်။ ၃:၂၁တွင် ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရန် ဖြစ်သည်။

တဟာရှသားရေ အဖုံး
ပရိသတ်စည်းဝေးရာတဲတော်အဖုံး၏ထိပ်တွင်ထားရှိသည့် အပြင်အဖုံးဖြစ်သည်။ အခြားဘာသာပြန်ဆိုချက်များ၊ "၎င်း၏ ထိပ်တွင်ထားသည့် ပင်လယ်သတ္တဝါ အရေခွံ" သို့မဟုတ် "အဖုံးအဖြစ် အသုံးပြုရသော ပင်လယ်သတ္တဝါ၏ အရေခွံ"

ထိုအရာများနှင့်ဆိုင်၍ အမှုတော်ထမ်းရန် တန်ဆာရှိသမျှကို ထမ်းရွက်ရကြမည်
ဤအသုံးအနှုန်းကို ပြုသူဝါကျပုံစံဖြင့်လည်း ပြန်ရေးနိုင်သည်။ အခြားဘာသာပြန်ဆိုချက်များ၊ "မည်သည့်အရာလုပ်သည်ဖြစ်စေ ထိုအလုပ်ကို လိုအပ်သည်" (ရှု၊

Numbers 27

ခွဲခန့်စီရင်သည်
"ကြီးကြပ်ရေးမှူး"

ပရိသတ်စည်းဝေးရာတဲတော်၌ ဂေရရှုန်အဆွေအမျိုးသားများ ဆောင်ရွက်ရသော အမှုပေတည်း။
"အမှု" ဟူသော နာမ် အသုံးအနှုန်းကို ကြိယာဖြင့်လည်း ရေးနိုင်သည်။ "ဤဟာ" ဟူသည့်စကားလုံးသည် ဘုရားသခင်ပြောဆိုခဲ့သည့် စကားကို ဆိုလိုခြင်းဖြစ်သည်။ အခြားဘာသာပြန်ဆိုချက်များ၊ "ပရိသတ်စည်းဝေးရာတဲတော်၌ ဂေရရှုန်အဆွေအမျိုးသားတို့ ဆောင်ရွက်ရမည့်အမှုပေတည်း"

ဣသမာ
ဤလူ၏နာမည်ကို ၃:၁ ၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရမည်။

Numbers 29

မေရာရိအဆွေအမျိုးများ
အမျိုးသားများကိုသာ ဆိုလိုခြင်းဖြစ်သည်။ အခြားဘာသာပြန်ဆိုချက်များ၊ "မေရာရိမျိုးနွယ်၏ မျိုးဆက်များဖြစ်သော အမျိုးသားများ"

မေရာရိ
၃:၁၇ ၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ပါ။

စာရင်းယူလော့ှ
"စာရင်းပြုစုပါ"

အသက် (၃၀) မှ (၅၀) ရှိသောသူ
"အသက်

ပရိသတ်စည်းဝေးရာ တဲတော်အမှုကိုဆောင်ခြင်းငှါ
ဤအသုံးအနှုန်းသည် ပရိသတ်စည်းဝေးရာတဲတော်၌ အမှုဆောင်သူများအားလုံးကို ဆိုလိုခြင်းဖြစ်သည်။ ၄:၁ ၌ မည်ကဲ့သို့ သင်ဘာသာပြန်ထားသည်ကို ကြည့်နိုင်သည်။

Numbers 31

သူတို့ထမ်းရွက်ရမည့် တာဝန်များ
"ဤ" ဟူသည့်စကားလုံးက ဘုရားသခင်ပြောလာမည့်စကားကို ဆိုလိုခြင်းဖြစ်သည်။

ခြေစွပ်များ၊ ခြေစွပ်တံတင်များ၊ နှင့် ကြိုးများ၊ တန်ဆာရှိသမျှတို့ကို
"သူတို့" ဟူသည့်အသုံးအနှုန်းက "တဲတော်တိုင်များ" ကိုဆိုလိုခြင်းဖြစ်သည်။

ကန့်လန့်ကျင်၊ တိုင်၊ ခြေစွပ်....နှင့် ကြိုးများ
တဲတော်၏အစိတ်အပိုင်းအားလုံးဖြစ်ပါသည်။ ၄:၃၁ တွင်မည်ကဲ့သို့ဘာသာပြန်ထားသည်ကို ကြည့်ပါ။

သူတို့ထမ်းရွက်ရသောတန်ဆာတို့ကို အမည်မှတ်၍ ရေတွက်ရမည်။
"လူတစ်ဦးစီတိုင်း သယ်ရမည့် ပစ္စည်းစာရင်းများနှင့် နာမည်ကို စာရင်းယူပါ"

Numbers 33

ယဇ်ပရောဟိတ် အာရုန်၏သား ဣသမာ၏လမ်းညွှန်မှုအောက်မှာ
"လမ်းညွှန်မှု" ဆိုသည့်နာမ်အသုံးအနှုန်းကို ကြိယာဖြင့် ဖော်ပြထားသည်။ အခြားဘာသာပြန်ဆိုချက်များ၊


generated on Tue Jul 2 12:50:28 2024

"ယဇ်ပရောဟိတ် အာရုန်၏သား ဣသမာက သူတို့ကို လမ်းညွှန်မှုပေးသည်"

ဣသမာ
ဤလူ၏နာမည်ကို ၃:၁ ၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပါ။

Numbers 34

ကောဟတ်မျိုးနွယ်ဆက်များ
အမျိုးသားများကိုဆိုလိုသည်။ အခြားဘာသာပြန်ဆိုချက်၊ "ကောဟတ် အမျိုးအနွယ်မှ အမျိုးသားများ"

ကောဟတ်သားများ
ကောဟတ်မျိုးနွယ်မှ ဆင်းသက်လာသူများကို ဆိုလိုခြင်းဖြစ်သည်။ 3:27 ၌ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရန်ဖြစ်သည်။

အသက် (၃၀) မှ (၅၀) နှစ်ရှိသူ
"အသက်

ပရိသတ်စည်းဝေးရာတဲတော်အမှုကိုဆောင်ခြင်းငှါ
ဤအသုံးအနှုန်းသည် "ရွေးချယ်ခြင်း" ကိုဆိုလိုခြင်းမဟုတ်ဘဲ၊ "တာဝန်ပေးခြင်း" ကိုသာ ဆိုလိုခြင်းဖြစ်သည်။ အခြားဘာသာပြန်ဆိုချက်၊ "ပရိသတ်စည်းဝေးရာတဲတော်အမှုကို ဆောင်ခြင်းငှာ တာဝန်ပေးခြင်းကို ခံရသူအားလုံး"

အလုံးအရင်းဝင်သောသူအပေါင်းတို့
"အလုံးအရင်း" ဟူသည့် စကားလုံးက ပရိသတ်စည်းဝေးရာ တဲတော်အတွင်း၌ အမှုဆောင်သည့် လူများကို ဆိုလိုခြင်းဖြစ်သည်။ ၄:၁၃၌ မည်ကဲ့သို့ဘာသာပြန်ထားသည်ကို ပြန်ကြည့်နိုင်သည်။

အမျိုးသား နှစ်ထောင်ခုနှစ်ရာငါးဆယ်ယောက်
"နှစ်ထောင့်၊ခုနှစ်ရာ၊ငါးဆယ်ယောက်"

Numbers 38

ဂေရရှုန်သားများ
အမျိုးသားများကိုသာ ဆိုလိုသည်။ အခြားဘာသာပြန်ဆိုချက်၊ "ဂေရရှုန်မျိုးနွယ်မှ ယောကျ်ားများ"

ဂေရရှုန်အမျိုးသားများကို ရေတွက်သည်
၎င်းကို ပြုသူဝါကျပုံစံဖြင့်လည်း ရေးနိုင်သည်။ အခြားဘာသာပြန်ဆိုချက်၊ "မောရှေနှင့်အာရုံတို့သည် ဂေရရှုန်အမျိုးသားများကို ရေတွက်ကြသည်"

အသက် သုံးဆယ်လွန်၍ ငါးဆယ်မမှီ
"အသက်

ပရိသတ်စည်းဝေးရာတဲတော်အမှုကိုဆောင်ခြင်းငှါ
ဤအသုံးအနှုန်းသည် "ရွေးချယ်ခြင်း" ကိုဆိုလိုခြင်းမဟုတ်ဘဲ၊ "တာဝန်ပေးခြင်း" ကိုသာဆိုလိုခြင်းဖြစ်သည်။ အခြားဘာသာပြန်ဆိုချက်၊ "ပရိသတ်စည်းဝေးရာတဲတော်အမှုကိုဆောင်ရွက်စေခြင်းငှာ တာဝန်ပေးအပ်ခြင်းခံရသူအားလုံး"

အလုံးအရင်းဝင်သောသူအပေါင်းတို့
"အလုံးအရင်း" ဟူသည့်စကားလုံးက ပရိသတ်စည်းဝေးရာတဲတော်အတွင်း၌ အမှုဆောင်သည့်လူများကို ဆိုလိုခြင်းဖြစ်သည်။ ၄:၁၃၌ မည်ကဲ့သို့ဘာသာပြန်ထားသည်ကို ပြန်ကြည့်နိုင်သည်။

ဘိုးဘေးအဆွေအမျိုးလိုက် ရေတွက်ရန်
ပြုသူဝါကျပုံစံဖြင့်လည်း ရေးနိုင်သည်။ အခြားဘာသာပြန်ဆိုချက်၊ "မောရှေနှင့်အာရုံတို့ မျိုးနွယ်စုအလိုက် ရေတွက်သောသူများ"

နှစ်ထောင့်ခြောက်ရာသုံးဆယ်
"ယောကျ်ား နှစ်ထောင့်ခြောက်ရာသုံးဆယ် ယောက်"

Numbers 41

သူတို့ သည် အမိန့်နာခံကြသည်
"သူတို့"ဟူသော စကားလုံးသည် မောရှေနှင့်အာရုံကို ဆိုလိုသည်။

Numbers 42

မေရာရိအမျိုးသားများကို ရေတွက်သည်
၎င်းကို ပြုသူဝါကျပုံစံဖြင့်လည်း ရေးနိုင်သည်။ အခြားဘာသာပြန်ဆိုချက်၊ "မောရှေနှင့် အာရုံတို့သည် မေရာရိအမျိုးသားများကို ရေတွက်ကြသည်"

အသက် သုံးဆယ်လွန်၍ ငါးဆယ်မမှီ
"အသက်

ပရိသတ်စည်းဝေးရာတဲတော်အမှုကိုဆောင်ခြင်းငှါ
ဤအသုံးအနှုန်းသည် "ရွေးချယ်ခြင်း" ကိုဆိုလိုခြင်းမဟုတ်ဘဲ၊ "တာဝန်ပေးခြင်း" ကိုသာဆိုလိုခြင်းဖြစ်သည်။ အခြားဘာသာပြန်ဆိုချက်၊ "ပရိသတ်စည်းဝေးရာတဲတော်အမှုကိုဆောင်စေခြင်းငှာ တာဝန်ပေးခြင်းခံရသူအားလုံး"

အလုံးအရင်းဝင်သောသူအပေါင်းတို့
"အလုံးအရင်း" ဟူသည့်စကားလုံးက ပရိသတ်စည်းဝေးရာတဲတော်အတွင်း၌ အမှုဆောင်သည့်လူများကို ဆိုလိုခြင်းဖြစ်သည်။ ၄:၁၃၌ မည်ကဲ့သို့ဘာသာပြန်ထားသည်ကို ပြန်ကြည့်နိုင်သည်။

ဘိုးဘေးအဆွေအမျိုးလိုက် ရေတွက်ရန်
ပြုသူဝါကျပုံစံဖြင့်လည်း ရေးနိုင်သည်။ အခြားဘာသာပြန်ဆိုချက်၊ "မျိုးနွယ်စုအလိုက် မောရှေနှင့်အာရုံတို့ကရေတွက်သောသူများ"


generated on Tue Jul 2 12:50:28 2024

Numbers 45

သူတို့ အမိန့်နာခံကြသည်
"သူတို့" စကားလုံးသည် မောရှေနှင့်အာရုံကို ဆိုလိုသည်။

Numbers 46

အသက်သုံးဆယ်လွန်၍ ငါးဆယ်မမှီ
အမျိုးသားများကိုသာ ဆိုလိုသည်။ အခြားဘာသာပြန်ဆိုချက်၊ "အသက်သုံးဆယ်မှ ငါးဆယ်ရှိသူအမျိုးသားများ" (ရှု၊ gs_explicit)

သုံးဆယ်မှ ငါးဆယ်ထိ
"သုံးဆယ် မှ ငါးဆယ် ထိ"

Numbers 49

ထာဝရဘုရား၏ ပညတ်တော်၌
ထာဝရဘုရား ပညတ်တော်ထားသည့်အတိုင်း

အလုပ်အမျိုးအစားအလိုက် တာဝန်အသီးသီးပေးအပ်သည်
ပြုသူဝါကျပုံစံဖြင့်လည်း ရေးနိုင်သည်။ အခြားဘာသာပြန်ဆိုချက်၊ "အလုပ်အမျိုးအစားအလိုက် ခန့်အပ်သော တာဝန်" သို့မဟုတ် "အလုပ် အမျိုးအစားအလိုက် တာဝန်အသီးသီး ပေးသည်"

တာဝန်အလိုက် လူအသီးသီးကို ရေတွက်သည်.......သူထမ်းရမည့်ဝန်အမျိုးအစားအလိုက် လူအသီးသီးကို ရေတွက်သည်
ဤစကားစု နှစ်ခု၏ဆိုလိုရင်းမှာ အတူတူဖြစ်ပြီး မောရှေကမည်သို့ ရေတွက်သည်ကို အလေးအနက်ပေးချင်သောကြောင့် နှစ်ခုစလုံးကို တစ်ပြိုင်တည်းသုံးထားခြင်းဖြစ်သည်။

အသီးသီးထမ်းရမည့်ဝန်
"ထမ်းရွက်ရမည့် တာဝန်"

ထာဝရဘုရားမိန့်တော်မူသမျှကို သူတို့လိုက်လျှောက်ကြ၏
"သူတို့" နှင့် "သူတို့ကို" ဟူသည့်စကားလုံးများသည် မောရှေနှင့် အာရုန်ကို ဆိုလိုသည်။

---

## Translation Questions

Numbers 4:1

မည်သည့်အရာများကို မောရှေနှင့် အာရုန်က စီမံခန့်ခွဲရသနည်း။
လေဝိအမျိုး၊ ကောဟတ်အနွယ်သားတို့တွင် အသက်သုံးဆယ်လွန်၍ ငါးဆယ်မမှီ၊ ဘိုးဘဆွေမျိုးအလိုက် စာရင်းယူခြင်းကို စီမံခန့်ခွဲရသည်။

ကောဟတ်၏ သားများက ပရိသတ်စည်းဝေးရာတဲတော်တွင် မည်သည့်အရာများကို ထိန်းသိမ်းကြသနည်း။
ကောဟတ်၏ သားများက ပရိသတ်စည်းဝေးရာတဲတော်တွင် အလွန်သန့်ရှင်းသော အရာတို့နှင့်ဆိုင်သော အရာများကို ထိန်းသိမ်းကြသည်။

Numbers 4:5

တပ်ချီချိန်ရောက်သောအခါ အာရုန်နှင့် သူ၏သားများက မည်သည့်အရာကို ချခဲ့ကြသနည်း။
အာရုန်နှင့်သူ၏သားများက တဲတော်သို့သွား၍ အတွင်းကုလားကာကို ချခဲ့ပြီး ကုလားကာအပေါ်မှာ တဟာရှသားရေနှင့် အုပ်ပြန်၍ သားရေအပေါ်မှာ ပြာသောအထည်ကို ခင်းပြီးမှ ထမ်းဘိုးတို့ကို လျှိုထားခဲ့ကြသည်။

Numbers 4:7

အာရုန်နှင့်သူ၏ သားများသည် မည်သည့်အပေါ်တွင် ပြာသောအထည်ကို ခင်း၍ လင်ပန်း၊ ဇွန်း၊ လောင်းစရာဖလားများကို တင်ထားသနည်း။
အာရုန်နှင့်သူ၏ သားများသည် ရှေ့တော်မုန့်စားပွဲအပေါ်တွင် ပြာသောအထည်ကို ခင်း၍ လင်ပန်း၊ ဇွန်း၊ လောင်းစရာဖလားများကို တင်ထားသည်။

ရှေ့တော်မုန့်စားပွဲပေါ်တွင် အမြဲထားလေ့ရှိသောအရာမှာ အဘယ်နည်း။
ရှေ့တော်မုန့်စားပွဲပေါ်တွင် အမြဲထည့်ရသောမုန့်ကို ထားလေ့ရှိသည်။

Numbers 4:9

မီးထွန်းရာ မီးခွက်များနှင့် ထိုတန်ဆာရှိသမျှတို့ကို ပြောင်းရွှေ့ရာ၌ မည်ကဲ့သို့ ပြင်ဆင်ရမည်နည်း။
တန်ဆာရှိသမျှတို့ကို တဟာရှသားရေအိတ်ထဲတွင် သွင်းထား၍ ထမ်းဘိုးကို တပ်ရန် ပြင်ဆင်ရမည်။

ရှေ့တော်မုန့်ကို ဖုံးအုပ်ရန် မည်သည့်အရာကို အသုံးပြု၍ ထိုအရာကို သယ်ဆောင်ရန် မည်သည့်အရာကို စားပွဲ၌ လျှိုထားရမည်နည်း။
ရှေ့တော်မုန့်ကို ဖုံးအုပ်ရန် ပြာသောအထည်နှင့် တဟာရှသားရေကို အသုံးပြု၍ ထိုအရာကို သယ်ဆောင်ရန် ထမ်းဘိုးတို့ကို လျှိုထားရမည်။


generated on Tue Jul 2 12:50:28 2024

ရွှေယဇ်ပလ္လင်နှင့် ၎င်း၏ တန်ဆာပလာများကို ပြောင်းရွှေ့ရန်အတွက် မည်ကဲ့သို့ ပြင်ဆင်ရမည်နည်း။
ရွှေယဇ်ပလ္လင်ပေါ်မှာ ပြာသောအထည်ကို ခင်း၍၊ တဟာရှုသားရေနှင့်အုပ်ပြီးလျှင်၊ ထမ်းဘိုးတို့ကို လျှိုထားရန် ပြင်ဆင်ရမည်။

Numbers 4:12

သန့်ရှင်းရာဌာနတွင် အမှုတော်ကို ဆောင်ရွက်ရန်အတွက် တန်ဆာရှိသမျှတို့ကို မည်ကဲ့သို့ ပြင်ဆင်ရမည်နည်း။
သန့်ရှင်းရာဌာနတွင် အမှုတော်ကို ဆောင်ရွက်ရန်အတွက် တန်ဆာရှိသမျှတို့ကို ပြာသောအထည်အိတ်ထဲ၌ သွင်းထား၍ တဟာရှုသားရေဖြင့် အုပ်ပြီးမှ ထမ်းဘိုးကို တပ်ခြင်းဖြင့် ပြင်ဆင်ရမည်။

ယဇ်ပလ္လင်မှ မည်သည့်အရာကို ပယ်ရှား၍ မည်သည့်အရာကို ခင်းသနည်း။
ယဇ်ပလ္လင်မှ ပြာကိုပယ်ရှင်း၍ မောင်းသောအထည်ကို ခင်းသည်။

ထိုယဇ်ပလ္လင်နှင့် ဆိုင်သော အမှုထမ်းရန် တန်ဆာများကို မည်သည့်နေရာတွင် ထားရမည်နည်း။
ထိုယဇ်ပလ္လင်နှင့် ဆိုင်သော အမှုထမ်းရန် တန်ဆာများကို ထမ်းဘိုးပေါ်တွင်ထားရှိရမည်။

ထမ်းဘိုးတို့ကို လျှိုမထားမှီ ယဇ်ပလ္လင်ကို မည်သည့်အရာနှင့် ဖုံးအုပ်သနည်း။
ထမ်းဘိုးတို့ကို လျှိုမထားမှီ ယဇ်ပလ္လင်ကို တဟာရှုသားရေနှင့် ဖုံးအုပ်ရမည်။

Numbers 4:15

တပ်ချီချိန်ရောက်သောအခါ အာရုန်နှင့် သူ၏သားတို့သည် သန့်ရှင်းရာဌာနတော်နှင့် သန့်ရှင်း သော တန်ဆာရှိသမျှတို့ကို ဖုံးအုပ်သောနောက် မည်သူများက ထမ်းရန်ရောက်လာခဲ့သနည်း။
တပ်ချီချိန်ရောက်သောအခါ အာရုန်နှင့် သူ၏သားတို့သည် သန့်ရှင်းရာဌာနတော်နှင့် သန့်ရှင်း သော တန်ဆာရှိသမျှတို့ကို ဖုံးအုပ်သောနောက် ကောဟယ်သားတို့သည် ထမ်းရန်ရောက်လာကြသည်။

အာရုန်၏သား ဧလောဇာသည် မည်သည့်အရာကို ကြည့်ရှု ပြုစုရသနည်း။
အာရုန်၏သား ဧလောဇာသည် မီးထွန်းစရာ မီးရှို့ရာ နံ့သာပေါင်းမွှေး၊ ပုံမှန်ဆက်ကပ်ရသော ဘောဇဉ်ပူဇော်သက္ကာ လိမ်းရန်ဆီ အစရှိသော တဲတော် နှင့် တဲတော်တန်ဆာ ရှိသမျှတို့ကို သန့်ရှင်းရာဌာန တော်နှင့် သန့်ရှင်းသော တန်ဆာရှိသမျှတို့ကိုငင်း ကြည့်ရှု ပြုစုရသည်။

Numbers 4:17

သေဘေးမှလွတ်၍ အသက်ရှင်ရန် ကောဟတ်၏ အမျိုးအနွယ်သားများကို မည်သည့် နေရာမှ မပယ်မဖြတ်ရမည်နည်း။
သေဘေးမှလွတ်မြောက်ပြီး အသက်ရှင်ကြရန် ကောဟတ်၏ အမျိုးအနွယ်သားများကို လေဝိသားစုထဲမှ ပယ်ဖြတ်ခြင်းမပြုရပါ။

ကောဟတ်၏ အမျိုးအနွယ်သားတို့သည် မည်သည့်အရာကို ဝင်မကြည့်ရန် မောရှေနှင့် အာရုန်ကို ထာဝရဘုရားသတိပေးသနည်း။
ကောဟတ်သားတို့သည် သေဘေးနှင့် လွတ်မည်အကြောင်း သန့်ရှင်းရာအရပ်သို့ ဝင်၍ မကြည့်ရဟု သတိပေးသည်။

သန့်ရှင်းရာအရပ်သို့ မည်သူများကို ဝင်ခွင့်ပြုထားသနည်း။
အာရုန်နှင့် သူ၏သားတို့ကို သန့်ရှင်းရာအရပ်သို့ ဝင်ခွင့်ပြုထားသည်။

Numbers 4:21

ပရိတ်သတ်စည်းဝေးရာတဲတော်၌ အမှုထမ်းနေသော ဂေရရှုန် အမျိုးအနွယ်တို့အား ရေတွက်ခြင်းအမှုနှင့်ပတ်သက်၍ ထာဝရဘုရားသည် မောရှေအား အဘယ်သို့မိန့်တော်မူသနည်း။
မောရှေသည် ဂေရရှုန်အမျိုးအနွယ်တို့တွင် အသက်သုံးဆယ်လွန်၍ ငါးဆယ်မမှီသူများကို စာရင်းယူခြင်းကို စီမံခန့်ခွဲသည်။

Numbers 4:24

ဂေရရှုန်အဆွေအမျိုးတို့၏ လုပ်ဆောင်ရမည့်အရာမှာ အဘယ်နည်း။
ဂေရရှုန်အဆွေအမျိုးတို့၏ လုပ်ဆောင်ရမည့်အရာမှာ အတွင်းတဲတော် ကုလားကာ၊ ပရိသတ်စည်း ဝေးရာ တဲတော်ကုလားကာ၊ အပေါ်တဲ၊ တဟာရှုသား ရေအဖုံး၊ ပရိသတ်စည်းဝေးရာ တဲတော်ကုလားကာ၊ အပေါ်တဲ၊ တာဟာရှုသားရေအဖုံး၊ ပရိသတ်စည်းဝေး ရာ တဲတော်တံခါးဝ၌ ကာသောကုလားကာ၊ တဲတော်နှင့် ယဇ်ပလ္လင် ပတ်လည်ဝင်းကုလား ကာ၊ ဝင်းတံခါးဝ၌ကာသောကုလားကာ၊ ကြိုးများတို့ကိုငင်း၊ ထိုအရာများနှင့် ဆိုင်သောအရာများကို လုပ်ဆောင်ရမည်။

Numbers 4:27

မည်သူ၏ ခွဲခန့်သည့်အတိုင်း ဂေရရှုန်အမျိုးအနွယ်များက ဆောင်ရွက်ရမည်နည်း။
အာရုန်နှင့် သူ၏သားတို့ ခွဲခန့်သည့်အတိုင်း ဂေရရှုန်အမျိုးအနွယ်များကဆောင်ရွက်ရကြသည်။

Numbers 4:31

မေရာရိအဆွေအမျိုးသားများသည် တဲတော်အတွက် မည်သည့်အရာကို လုပ်ဆောင်ပေးသနည်း။
မေရာရိအဆွေအမျိုးသားများသည် တဲတော် ပျဉ်ပြား၊ ကန့်လန့်ကျင်၊ တိုင်၊ ခြေစွပ်၊ ဝင်းတိုင်၊ ခြေစွပ် တံသင်၊ ကြိုးများတို့ကို အမည်မှတ်၍ ရေတွက်ခြင်းကို လုပ်ဆောင်ရသည်။


generated on Tue Jul 2 12:50:28 2024

## Numbers 4:34

ထာဝရဘုရားကို နာခံလိုက်လျှောက်ရန် မောရှေ၊ အာရုန်နှင့် ဣသရေလအကြီးအကဲများက မည်သည့်အရာကို ပြုလုပ်ခဲ့သနည်း။
သူတို့သည် ကောဟတ်သားတို့တွင် အသက်သုံးဆယ်လွန်၍ ငါးဆယ်မမှီ၊ ပရိသတ်စည်းဝေးရာတဲတော်အမှုတွင် ပါဝင်လုပ်ဆောင်သောသူများတို့ကို ဘိုးဘေးအဆွေအမျိုးအလိုက် ရေတွက်ခြင်းကို ပြုလုပ်ခဲ့သည်။

## Numbers 4:41

မည်သူများကို အသက် ၃၀နှင့် ၅၀ အတွင်းမှ သူတို့၏ အဆွေအမျိုးအလိုက် ရေတွက်သနည်း။
ဂေရရှုန် အဆွေအမျိုးသားများကို သူတို့၏ အဆွေအမျိုးအလိုက် ရေတွက်သည်။

## Numbers 4:42

မည်သူများကို မောရှေနှင့်အာရုန်က အသက်သုံးဆယ်နှင့်ငါးဆယ် အတွင်းမှ သူတို့၏ မျိုးနွယ်စုအလိုက် ရေတွက်သနည်း။
မေရာရိ၏ အဆွေအမျိုးသားများကို သူတို့၏ မျိုးနွယ်စုအလိုက် ရေတွက်သည်။

## Numbers 4:46

မောရှေသည် အသက်သုံးဆယ်နှင့်ငါးဆယ်အတွင်းမှ သူတို့၏ မျိုးနွယ်စုအလိုက်ရေတွက်သောအခါ မည်ကဲ့သို့ ရေတွက်သနည်း။
ပရိသတ်စည်းဝေးရာ တဲတော်အမှုတော်ကို စောင့်၍ ဝန်များကို ထမ်းရန် ဝင်သောသူတို့ကို၊ ဘိုးဘအဆွေအမျိုးအလိုက် ရေတွက်သည်။

---


generated on Tue Jul 2 12:50:28 2024

## Chapter 5

1 တဖန် ထာဝရဘုရားသည် မောရှေအား မိန့်တော်မူသည်ကား၊ 2 ငါနေသောတပ်ကို မညစ်ညူးစေခြင်းငှါ၊ 3
ဣလသရေလအမျိုးသားတို့သည် နူသောသူ၊ ရိနာ စွဲသောသူ၊ အသေကောင်ထိ၍ မစင်ကြယ်သောသူ ယောကျ်ားမိန်းမအပေါင်းတို့ကို၊
တပ်ပြင်မှာ နေရာချထား ရမည်အကြောင်း ဆင့်ဆိုလော့ဟု 4 မောရှေအား မိန့်တော်မူသည်အတိုင်း ဣလသ ရေလအမျိုးသားတို့သည်
ပြုကြ၏။ 5 တဖန်မောရှေအား ထာဝရဘုရားက၊ သင်သည် ဣလသရေလအမျိုးသားတို့အား ဆင့်ဆိုရမည်မှာ၊ 6 လူပြုတတ်သော
ဒုစရိုက်ကိုပြု၍၊ ထာဝရဘုရား ကို ပြစ်မှားသဖြင့် အပြစ်ရောက်သော ယောကျ်ားမိန်းမ သည်၊ 7 ထိုအပြစ်ကို ဘော်ပြ၍
တောင်းပန်ရမည်။ ပြစ် မှားသောအတွက်၊ ငါးစုတစုကိုထပ်၍ ပြစ်မှားခံသော သူအားပေးရမည်။ 8 ထိုအပြစ်အတွက်
ပေးသောဥစ္စာကိုခံထိုက်သော အမျိုးသားချင်းမရှိလျှင်၊ ယဇ်ပုရောဟိတ်အဘို့ ထာဝရ ဘုရားအားပူဇော်ရမည်။ ထိုမှတပါး
အပြစ်ဖြေစေခြင်းငှါ အပြစ်ဖြေရာယဇ်ဘို့ သိုးတကောင်ကို ပူဇော်ရမည်။ 9 ယဇ်ပုရောဟိတ်အား ဣလသရေလအမျိုးသား ပူဇော်၍
သန့်ရှင်းသောအရာရှိသမျှတို့သည်၊ ယဇ်ပုရော ဟိတ်၏ဥစ္စာ ဖြစ်ရမည်။ 10 လူတိုင်းသန့်ရှင်းစေ၍ ယဇ်ပုရောဟိတ်အား လှူ
သမျှတို့သည်လည်း ယဇ်ပုရောဟိတ်အား လှူသမျှတို့ သည်လည်း ယဇ်ပုရောဟိတ်၏ ဥစ္စာဖြစ်ရမည်ဟု မိန့် တော်မူ၏။ 11
တဖန်မောရှေအားထာဝရဘုရားက သင်သည် ဣလသရေလအမျိုးသားတို့အား ဆင့်ဆိုရမည်မှာ၊ 12 လင်ရှိသော မိန်းမသည်
အခြားတပါးသော ယောကျ်ားနှင့် မှားယွင်း၍ လင်ကိုပြစ်မှားလျှင်ငှင်း၊ 13 မှားယွင်းစဉ်တွင် သူတပါးမတွေ့မိ သက်သေမရှိ၊ သီလပျက်
သော်လည်း ထိုအမှုကို ဖုံးကွယ်ထား၍ လင်မသိလျှင်ငှင်း၊ 14 သီလပျက်သည်ဖြစ်စေ ပျက်သည်ဖြစ်စေ၊ လင် သည် မယားကို
မယုံလျှင်ငှင်း 15 ထိုမိန်းမပြုရသော ပူဇော်သက္ကာဘို့မှယောမုန့်၊ တသြမဲပါလျက် သူ့ကိုယဇ်ပုရောဟိတ်ထံသို့ ခေါ်သွားရမည်။
မုန့်ညက်ပေါ်မှာ ဆီကိုမလောင်းရ။ လောဗန်ကိုမတင်ရ။ မယားကိုမယုံခြင်း ပူဇော်သက္ကာအပြစ်ကို ဖေါ်တင်ရာ ပူဇော်သက္ကာဖြစ်၏။ 16
ယဇ်ပုရောဟိတ်သည်၊ ထိုပူဇော်သက္ကာကို ယူ၍ ထာဝရဘုရားရှေ့တော်၌ ထားရမည်။ 17 ယဇ်ပုရောဟိတ်သည် သန့်ရှင်းသော ရေကို
မြေအိုး၌ လောင်းပြီးလျှင်၊ တဲတော်၌ရှိသော မြေမှုန့်ကို ယူ၍ ရေထဲမှာ ထည့်ရမည်။ 18 ထိုမိန်းမကို ထာဝရဘုရားရှေ့တော်မှာထားပြီး
လျှင်၊ ခေါင်း၌ အချည်းစည်းရှိစေ၍၊ မယားကိုမယုံခြင်း၊ ပူဇော်သက္ကာတည်းဟူသော သတိပေးရာ ပူဇော်သက္ကာကို မိန်းမလက်၌
ထည့်ရမည်။ ကျိန်ခြင်းဘေးကိုဖြစ်စေသော ရေခါးကို၊ ယဇ်ပုရောဟိတ်ကိုယ်တိုင်ကိုင်ရမည်။ 19 ထိုအခါ ယဇ်ပုရောဟိတ်သည်၊
ထိုမိန်းမကို အကျိန်တိုက်လျက် သင်သည် ကိုယ်ခင်ပွန်းမှ တပါး အခြားသော ယောကျ်ားနှင့် မှားယွင်းခြင်း ညစ်ညူးခြင်း မရှိလျှင်၊
ကျိန်ခြင်းဘေးကိုဖြစ်စေသော၊ ဤရေခါးနှင့် ကင်းလွတ်စေသတည်း။ 20 ကိုယ်ခင်ပွန်းမှ တပါးအခြားသော ယောကျ်ား နှင့် မှားယွင်း၍
ညစ်ညူးခြင်းရှိလျှင်၊ 21 ထာဝရဘုရားသည်၊ သင်၏ပေါင်ကို ပိန်စေ၍ ဝမ်းကိုလည်း ရောင်စေသဖြင့်၊ သင့်ကိုကျိန်အပ်သောသူ၊
အထိမ်းအမှတ်ပြု၍ လူများကျိန်ဆိုခြင်းကို ခံရသောသူ ဖြစ်စေခြင်းငှါ စီရင်တော်မူစေသတည်း။ 22 ကျိန်ခြင်းဘေး ဖြစ်စေသော
ဤရေသည်သင်၏ ဝမ်းထဲသို့ ဝင်၍ ဝမ်းရောင်းခြင်း၊ ပေါင်ပိန်ခြင်းကိုဖြစ်စေ သတည်းဟု ယဇ်ပုရောဟိတ်သည်
ကျိန်ခြင်းအကျိန်တိုက် လျှင် မိန်းမက၊ အာမင်၊ အာမင်ဟု ဝန်ခံရမည်။ 23 ယဇ်ပုရောဟိတ်သည်လည်း၊ ထိုအကျိန်တို့ကို ရေးမှတ်၍
တဖန် ရေခါးနှင့်ချေပြီးမှ၊ 24 ကျိန်ခြင်းဘေးဖြစ်စေသောရေခါးကို မိန်းမအား တိုက်ရမည်။ ထိုရေသည် မိန်းမထဲသို့ဝင်၍ ခါးလိမ့်မည်။
25 ထိုအခါ ယဇ်ပုရောဟိတ်သည်၊ မယားကို မယုံ ခြင်း၊ ပူဇော်သက္ကာကို မိန်းမလက်မှ ယူ၍ ထာဝရဘုရား ရှေ့တော်၌ ချီလွှဲလျက်
ယဇ်ပလ္လင်ပေါ်မှာဆက်ပြီးလျှင်၊ 26 မုန့်ညက်တလက်ဆွန်းတည်းဟူသော ပူဇော် သက္ကာအတွက်အတာကို ယဇ်ပလ္လင်ပေါ်မှာ မီးရှို့၍
ထိုနောက် အကျိန်ရေကို မိန်းမသောက်စေရမည်။ 27 ထိုမိန်းမသည် လက်ကိုပြစ်မှား၍ ညစ်ညူးခြင်း ရှိလျှင် ကျိန်ခြင်း
ဘေးဖြစ်စေသော ရေကိုသောက်ပြီးမှ သူ့အထဲ၌ ရေဝင်၍ ခါးသဖြင့် ဝမ်းရောင်ခြင်း၊ ပေါင်ပိန် ခြင်းသို့ရောက်၍ ထိမိန်းမသည်
မိမိအမျိုး၌ ကျိန်အပ် သောသူဖြစ်လိမ့်မည်။ 28 သို့မဟုတ် ထိုမိန်းမသည် မညစ်ညူး၊ စင်ကြယ် ခြင်းရှိလျှင်၊ ဘေးနှင့်လွတ်၍
ပဋိသန္ဓေယူသော အခွင့် ရှိလိမ့်မည်။ 29 ဤရှေ့ကား၊ မိန်းမသည် ကိုယ်ခင်ပွန်းမှတပါး အခြားသော ယောကျ်ားနှင့် မှားယွင်း၍
ညစ်ညူးခြင်း ရှိသော်ငှင်း၊ 30 ယောကျ်ားသည် မယားကို မယုံသောသဘော စွဲလမ်းသော်ငှင်း၊ စောင့်ရသော တရားပေတည်း။
ယောကျ်ားသည် မယားကိုမယုံ ထာဝရဘုရားရှေ့တော်၌ ထားသောအခါ ယဇ်ပုရောဟိတ်သည် ဤတရားအတိုင်း စီရင်သဖြင့်၊ 31
ယောကျ်ားသည် အပြစ်နှင့် ကင်းလွတ်၍ မိန်းမသည် မိမိအပြစ်ကို ခံရမည်ဟု မိန့်တော်မူ၏။

---

Numbers 01

နူနာရောဂါစွဲသောသူ
အလွယ်တကူ ကူးစက်နိုင်သည့် အရေပြားရောဂါ၊ နူနာရောဂါကို ဆိုလိုသည်။

ရိနာစွဲသောသူ
အရည်များ စိမ့်ထွက်လာသည့်အနာကို ဆိုလိုသည်။

အသေကောင်ထိ၍ မစင်ကြယ်သောသူဟူသမျှ
လူတစ်ဦးက အသေကောင်ကို ထိမိလျှင် မစင်ကြယ်သူဟု သတ်မှတ်ကြသည်။ ခန္ဓာပိုင်းအရ မစင်ကြယ်သောသူသည်

 generated on Tue Jul 2 12:50:28 2024

ဘုရားသခင်၏ အလိုတော်လုပ်ဆောင်မှုကို လက်ခံရန် မသင့်တော်သည့် ပုဂ္ဂိုလ်ဖြစ်သည်။

သင်တို့သည် ပို့ရမည်
"သင်တို့"ဟူသောစကားလုံး သည်အများကိန်းဖြစ်ပြီး ဣသရေလလူများကို ဆိုလိုခြင်းဖြစ်သည်။

ဣသရေလအမျိုးသားတို့သည် ပြုကြ၏
မသန့်ရှင်းသောလူများကို အဝေးသို့နှင်ထုတ်ကြသည်။ ဤဝါကျ၏ အဓိပ္ပါယ် အပြည့်အစုံကို ရှင်းလင်းစွာဖော်ပြနိုင်သည်။ အခြားဘာသာပြန်ဆိုချက်၊ "ဣသရေလလူတို့သည် မသန့်ရှင်းသောသူများကို တဲတော်အပြင်သို့နှင်ထုတ်ကြ၏"

Numbers 05

အခြားလူအပေါ်ပြုသော ဒုစရိုက်အပြစ်
"လူတစ်ဦးနှင့်တစ်ဦး ပြုတတ်သော ဒုစရိုက်အပြစ်များ"

ထာဝရဘုရားကို ပြစ်မှားသဖြင့်
လူတစ်ဦးသည် အခြားလူအပေါ်ပြစ်မှားခြင်းသည် ထာဝရဘုရားကို ပြစ်မှားခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ၎င်းပုဂ္ဂိုလ်သည် ထာဝရဘုရားရှေ့၌ သစ္စာမရှိသောသူဟု သတ်မှတ်ထားသည်။ အခြားဘာသာပြန်ဆိုချက်၊ "ငါ့ကိုလည်း ပြစ်မှားကြသည်"

လူပြုသော ဒုစရိုက်ကြေး
လူ၏ "အပြစ်" ကို သူ၏ဒုစရိုက်ဟုသုံးနှုန်းထားသည်။ အခြားဘာသာပြန်ဆိုချက်၊ "သူပြုသော ပြစ်မှုနှင့်ထိုက်တန်သည့် ငွေပမာဏ"

ငါးစုတစုကိုထပ်၍ပေးရမည်
လူတစ်ဦးသည် သူပိုင်သည့်အရာမှ ငါးပုံတစ်ပုံကို ထပ်၍ ပေးရန်ဖြစ်သည်။

ငါးစုတစု
ငါကြိမ်မြောက် - ငါးပုံ ပုံပြီး တစ်ပုံ

Numbers 08

ထိုအပြစ်အတွက် ပေးသောဥစ္စာကို ခံထိုက်သော အမျိုးသားချင်းမရှိလျှင်
အပြစ်ပြုခြင်းခံရသူကသာ လျော်ကြေးကို လက်ခံထိုက်သည်။ သို့သော် ထိုသူသည် ကွယ်လွန်သွားလျှင် အနီးစပ်ဆုံးသော ဆွေမျိုးက လက်ခံနိုင်သည်။ ဤအကြောင်းကို ရှင်းလင်းစွာ ဖော်ပြရန် လိုသည်။ အခြားဘာသာပြန်ဆိုချက်၊ "အပြစ်ပြုခြင်းခံရသူသည် သေဆုံးသွားပြီး လျော်ကြေးလက်ခံရန် အနီးစပ်ဆုံးသော ဆွေမျိုးမရှိလျှင်"

ပြစ်မှားသောသူ
ပြုသူဝါကျပုံစံဖြင့် ရေးနိုင်သည်။ အခြားဘာသာပြန်ဆိုချက်၊ "အပြစ်ပြုသူ၏ ပြစ်မှားခြင်း ခံသောသူ"

ယဇ်ပရောဟိတ်မှတဆင့် သူ့အပြစ်၏အဖိုးအခကို ငါ့အားပေးရမည်
လူတစ်ဦးသည် သူ့အပြစ်၏အဖိုးအခကို ယဇ်ပရောဟိတ်အားပေးခြင်းသည် ထာဝရဘုရားအား ပေးခြင်းနဲ့ အတူတူပင်ဖြစ်သည်။

သူကိုယ်တိုင်၏ အပြစ်ဖြေရာယဇ်
အပြစ်ဖြေရာယဇ်သည် သူတစ်ဦး၏အပြစ်အတွက် လုပ်သောအရာဖြစ်သည်။ ထာဝရဘုရားက လူတစ်ဦး၏ အပြစ်ကို "သူကိုယ်တိုင်" ဟုသုံးထားပါသည်။ အခြားဘာသာပြန်ဆိုချက်၊ "သူ့အပြစ်အတွက် ဖြေသောယဇ်"

ယဇ်ပုရောဟိတ်အား ဣသရေလအမျိုးသား ပူဇော်သည့်အရာဟူသမျှ
ဤဝါကျကို ပြုသူဝါကျပုံစံဖြင့်လည်း ရေးနိုင်သည်။ အခြားဘာသာပြန်ဆိုချက်၊ "ဣသရေလအမျိုးသားတို့က ယဇ်ပုရောဟိတ်ထံသို့ ယူလာသည့် အရာများ"

လူတိုင်း သန့်ရှင်းစေ၍ ယဇ်ပုရောဟိတ်အားလှူသမျှတို့သည်လည်း၊ ယဇ်ပုရောဟိတ်အားလှူသမျှတို့သည်လည်း၊ ယဇ်ပရောဟိတ်၏ ဥစ္စာဖြစ်ရမည်။
စကားစုနှစ်ခု၏
ဆိုလိုရင်းမှာအခြေခံအားဖြင့်အတူတူပင်ဖြစ်သည်။ လူတစ်ဦးမှ ယဇ်ပရောဟိတ်အားပေးသော အလှူသည် ၎င်းယဇ်ပုရောဟိတ်၏ ဥစ္စာဖြစ်သည် ဟုနှစ်ခုကို ပေါင်းပြီးလည်း ရေးနိုင်သည်။

Numbers 11

လူတစ်ဦး၏မိန်းမသည်
အခြားတစ်ပါးသောယောက်ျားနှင့်မှားယွင်း၍လင်ကိုပြစ်မှားလျှင်
ဤအရာသည် ဖြစ်တတ်သည့် အခြေအနေတစ်ခုဖြစ်သည်။ ထာဝရဘုရားက မောရှေအား ထိုသို့ဖြစ်ပျက်လာလျှင် မည်သို့လုပ်ဆောင်ရမည့်အရာကို ပြောပြသည်။

လင်ရှိသောယောက်ျားသည် မှားယွင်းလျှင်
ယောက်ျားအပေါ်သစ္စာမရှိဘဲ တခြားယောက်ျားနှင့်မှားယွင်းခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ချက်၊ "လူတစ်ဦး၏ မိန်းမသည် သစ္စာမရှိ"

သူမလင်ကိုပြစ်မှားသောအပြစ်
သူမယောက်ျားအပေါ် သစ္စာမရှိပဲ တခြားအမျိုးသားနှင့် အိပ်သည့်အပြစ် ဆိုလိုသည်။ ဤအသုံးအနှုန်းကို ရှင်းလင်းစွာ ဖော်ပြသင့်သည်။ အခြားသောဘာသာပြန်ချက်၊ "အခြားသော ယောက်ျားနှင့် အတူအိပ်ပြီး သူမယောက်ျားကို ပြစ်မှားသော အပြစ်"

Numbers 13

အခြားလူသည် သူမနှင့်အတူအိပ်လျှင်
"အခြားလူသည် သူမနှင့်အတူအိပ်လျှင်" ဤဝါကျကို ရှေ့က စာပိုဒ်လိုပုံစံဖြင့်ရေးနိုင်သည်။ သူမသည် သူမယောက်ျားအပေါ် မည်ကဲ့သို့ပြစ်မှားသည်ကို ရှင်းပြပေးမည်။ ဤစာပိုဒ်သည်


generated on Tue Jul 2 12:50:28 2024

ဖြစ်တတ်သည့် သဘောတရားဖြစ်သည်။ဘုရားသခင်က မောရှေအား ထို့ကဲ့သို့ဖြစ်လာပါက မည်ကဲ့သို့ လုပ်ဆောင်မည်ကို ညွှန်ကြားထားခြင်းဖြစ်သည်။

သူမသည် သီလပျက်သည်.....သူ့မယားသည် သီလပျက်သည်.......သူ့မယားသည် သီလမပျက်
ဤစကားစုများကို ပြုသူဝါကျပုံစံဖြင့် ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူမကိုယ်တိုင် သီလပျက်သည်... သူ့မယားသည် သူမကိုယ်တိုင်သီလပျက်သည်.... သူ့မယားသည် သူမကိုယ်တိုင် သီလမပျက်"

အပြုအမူ
လင်ငယ်နေခြင်းဟု ရှင်းလင်းစွာ ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လင်ငယ်နေခြင်းအပြုအမူ" သို့မဟုတ် "သူနှင့်အတူ အိပ်ခြင်း"

လင်ယောက်ျားကို မနာလိုခြင်းဖြစ်စေနိုင်သည်
ဝိညာဉ်" ဆိုတာ လူတစ်ယောက်၏ စိတ်နေစိတ်ထားကို ဆိုလိုသည်။ မနာလိုခြင်းသည် လူပုဂ္ဂိုလ်ကဲ့သို့ သူ့ဆီစကားလာပြောသည့်ဟန်ဖြင့် တင်စားထားခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လင်ယောက်ျားသည် မနာလိုဖြစ်ပြီး သံသယ ရှိလာနိုင်သည်"

မနာလိုခြင်းသည် လူတစ်ဦးအပေါ်ရောက်လာနိုင်သည်
"ဝိညာဉ်" ဆိုတာ လူတစ်ယောက်၏ စိတ်နေစိတ်ထားကို ဆိုလိုသည်။ လူတစ်ဦးအပေါ်သို့ မနာလိုစိတ် ဖြစ်ပေါ်လာခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အကျိုးမဲ့စွာ မနာလိုစိတ် ရှိလျှင်"

Numbers 15

ဆယ်ပုံတစ်ပုံ
ဆယ်ပုံ၏ တစ်ပုံ

တသြမဲ
မျက်မှောက်ခေတ် အသုံးအနှုန်း၊အတိုင်းအတာ စနစ်ကို သုံးနှုန်းရန်လိုအပ်သည်။ အခြားသောဘာသာပြန်ချက်၊ "တသြမဲ

မယုံကြည်ခြင်း ပူဇော်သက္ကာ
"မနာလိုခြင်း ပူဇော်သက္ကာ"

အပြစ်ဖော်တင်ရာ
"ဖော်တင်ရာ" သည် တစ်စုံတစ်ခုကို သက်သေအဖြစ်ပြသည့်အရာဖြစ်သည်။ ဤနေရာ၌ သူ့မယားသည် အပြစ်လုပ်၊ မလုပ်ကိုဆုံးဖြတ်ပေးရန် ပေးသည့် ပူဇော်သက္ကာဖြစ်သည်။

Numbers 16

ထာဝရဘုရားရှေ့တော်၌ထားပြီးလျှင်
"ထာဝရဘုရားရှေ့တော်၌" ယဇ်ပုရောဟိတ်သည်ထိုပူဇော်သက္ကာကို တဲတော်နားသို့ ယူလာရမည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တဲတော်နား၊ ထာဝရဘုရားရှေ့တော်၌ ထိုပူဇော်သက္ကာကို ထားလျက်"

Numbers 18

ထာဝရဘုရားရှေ့တော်၌
"ထာဝရဘုရားရှေ့မှောက်၌"

မယုံကြည်ခြင်း ပူဇော်သက္ကာ
၅:၁၅ ၌ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရမည်။

သင်သည် မှားယွင်းခြင်း ညစ်ညူးခြင်းမရှိလျှင်
"လမ်းလွဲခြင်း" စကားလုံးသည် "သစ္စာမရှိခြင်း" ကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင့်ယောက်ျားအပေါ် သစ္စာမရှိလျှင်"

မစင်ကြယ်သောအပြစ်
"မစင်ကြယ်သောအပြစ်" သည် "အိမ်ထောင်ရေးဖောက်ပြန်မှု "အပြစ်" ကိုဆိုလိုသည်။

သင်သည် ဤရေခါးနှင့် ကင်းလွတ်မည်
"လွတ်မည်" ဟူသည့်စကားလုံးသည် "ဒုက္ခမကြုံရ" သည်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဤရေခါးသည် သင့်ကို အန္တရာယ်မပြု"

ကျိန်ခြင်းဘေးကိုဖြစ်စေသော ရေခါး
ရေခါးသည် ကျိန်ခြင်း ယူလာစေနိုင်သည်ကို ဖော်ပြသည်။ ထိုရေခါး သောက်သည့်အခါ ထိုမိန်းမသည် အပြစ်ပြုလုပ်လျှင် ကလေးမမွေးနိုင်မည်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဤရေခါးသည် ကျိန်ခြင်းဘေးကို သင့်အပေါ်၌ ဖြစ်စေနိုင်သည်"

Numbers 20

သင့်ခင်ပွန်း၏အုပ်ထိန်းခြင်းအောက်၌
ဤစကားစုသည် သူမခင်ပွန်း၏ အုပ်ထိန်းမှု အောက်တွင် ဟု ဆိုလိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူမခင်ပွန်း၏ ထိန်းချုပ်မှု အောက်တွင်"

မှားယွင်း၍ ညစ်ညူးခြင်း
"လမ်းလွဲခြင်း" စကားလုံးသည် "သစ္စာမရှိခြင်း" ကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင့်ယောက်ျားအပေါ်သစ္စာမရှိလျှင်"

သင်သည် သီလပျက်သည်
ပြုသူ ဝါကျပုံစံဖြင့်လည်းရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင့်ကိုယ်သင် သီလပျက်ပြားစေသည်"

သူမအပေါ် ကျိန်ခြင်းကို ကျရောက်စေနိုင်သည်
"ကျရောက်စေနိုင်သည်" စကားလုံးသည် သူမအပေါ် ကျိန်ခြင်းရောက်လာခြင်းကိုဆိုလိုခြင်းဖြစ်သည်။

 generated on Tue Jul 2 12:50:28 2024

အခြားသောဘာသာပြန်ဆိုချက်၊ "သူမအပေါ် ကျိန်ခြင်းကို ဖြစ်စေနိုင်သည်"

ထာဝရဘုရားက သင့်ကိုကျိန်ခြင်းဖြစ်စေ၍...သင့်လူများကို ပြသမည်
စာရေးသူက ဘုရားသခင်ပေးသည့် ကလေးမမွေးနိုင်သော ကျိန်ခြင်းသည် လူများ ကျိန်သည့်ကျိန်ခြင်း အကြောင်းကို ဆိုလိုသည်။ အမျိုးသမီး ကိုယ်တိုင် ကျိန်ခြင်းဖြစ်လာသည်ကို ပြောခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် သင့်ကို ကျိန်သောကြောင့်၊ လူများသည်လည်း သင့်ကို ကျိန်ဆိုကြလိမ့်မည်။ သင်သည် ကျိန်ခြင်းခံသောသူ ဖြစ်ကြောင်းထာဝရဘုရားသည် လူများကို ပြမည်"

သင့်လူများကို ပြသမည်
ပြသူဝါကျပုံစံဖြင့်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကျိန်ခြင်းဖြစ်ကြောင်း သင်၏ လူများကို ပြသမည်"

ပေါင်ပိတ်၍ ဝမ်းရောင်ခြင်းကိုဖြစ်စေမည်
ဖြစ်နိုင်သည့်အသုံးအနှုန်း (၁) မိန်းမသည် ကလေးမမွေးနိုင် (၂) မိန်းမကိုယ်ဝန်သည် စောစောပျက်ကျသွားပြီး ကလေးသည်လည်း သေလိမ့်မည် ဟူ၍ဖြစ်သည်။

ပေါင်ပိန်ခြင်းကို ဖြစ်စေသည်
"ပေါင်" ဟူသောအသုံးအနှုန်းသည် မိန်းမအင်္ဂါ သို့မဟုတ် သားအိမ်ကို ယဉ်ကျေးသည့်အသုံးအနှုန်းဖြင့် ပြောဆိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင့်သားအိမ်သည် အသုံးမဲ့ ဖြစ်သည်"

Numbers 23

အကျိန်တို့ကို ရေခါးနှင့် ချေပြီးမှ
စာလိပ်၌ရေးထားသည့် မှင်များကို ဖျက်ပြီးမှ ဟုဆိုလိုခြင်းဖြစ်သည်။

အကျိန်တို့ကို
ပြသူဝါကျပုံစံဖြင့် ရေးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူရေးပြီးသော ကျိန်စာများ"

Numbers 24

အထွေထွေအချက်အလက်
ဖြစ်ရပ်၊ဖြစ်စဉ် များသည် အလွန်ရှုပ်ထွေးသည်။ မည်ကဲ့သို့ ရေခါးသည် ကျိန်ခြင်းကိုဖြစ်စေသည်ကို အလေးအနက်ပေးချင်သည့်အတွက် ထိုကဲ့သို့ရေးခြင်းဖြစ်သည်။ ဤစာပိုဒ်အတိုင်း နားလည်နိုင်သည်မှာ မိန်းမသည် ရေကိုသောက်သည်၊ ပြီးနောက် ယဇ်ပုရောဟိတ်သည် ပူဇော်သက္ကာကို မီးရှို့သည်၊ ထို့နောက် မိန်းမသည် ရေကိုတစ်ခါသောက်ပြန်သည့် သဘောဖြစ်သည်။ မိန်းမက ရေကို တစ်ကြိမ်သာသောက်သည်ဟု UDB ဘာသာပြန်ကျမ်းတွင် ရှင်းလင်းစွာဘာသာပြန်ထားသည်။

ယဇ်ပုရောဟိတ်သည် အကျိန်ရေကို မိန်းမအားသောက်စေရမည်၊ ထိုရေသည် မိန်းမထဲဝင်၍ ခါးလိမ့်မည်
မိန်းမရေသောက်သည့်အကြောင်းသည် အပိုဒ်ငယ် (၂၆) နောက်၌ လာသည်။ ဤစာပိုဒ်ကို အပိုဒ်ငယ် (၂၇) တွင်ပြန်ထားပြီး အစဉ်ကို ရှေ့နောက်ပြန်ညှိမည်ဆိုပါက ပို၍ကောင်းလာနိုင်မည်ဖြစ်သည်။ UDB ကလည်း ထိုနည်းအတိုင်းသာ ဘာသာပြန်ထားပါသည်။

မုန့်ညက်တလက်ဆွန်းတည်းဟူသောပူဇော်သက္ကာ
လက်တစ်ဆုတ်သော မုန့်ညက်အားလုံးကို ကိုယ်စားပြုသည်။ မုန့်ညက်အားလုံးသည် ထာဝရဘုရားနဲ့ သက်ဆိုင်သည့်အကြောင်းကို ဆိုလိုခြင်းဖြစ်သည်။

မုန့်ညက်တလက်ဆွန်းတည်းဟူသော မယုံကြည်ခြင်း ပူဇော်သက္ကာ
"မုန့်ညက်တလက်ဆွန်းတည်းဟူသော မယုံကြည်ခြင်း ပူဇော်သက္ကာ" ၅:၁၅ ၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရန်ဖြစ်သည်။

Numbers 27

သူမသည် ညစ်ညူး၍ သီလပျက်လျှင်
ပြသူဝါကျပုံစံဖြင့် ရေးနိုင်သည်။ အခြားဘာသာပြန်ဆိုချက်၊ "အပြစ်လုပ်ခြင်းဖြင့် ညစ်ညူးလျှင်"

ညစ်ညူးခြင်းရှိလျှင်
"အပြစ်" ဟူသောစကားလုံးသည် အိမ်ထောင်ရေးဖောက်ပြန်ခြင်းကို ဆိုလိုသည်ဟု ရှင်းလင်းစွာ ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လင်ငယ်နေခြင်း"

ဝမ်းရောင်၍ ပေါင်ပိန်လိမ့်မည်
ဖြစ်နိုင်ခြေ အဓိပ္ပါယ် 5:20 ၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်နိုင်သည်။

မိန်းမသည် သူ့လူများကြား၌ ကျိန်ခြင်းကို ခံရမည်
ပြသူဝါကျပုံစံဖြင့် ရေးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူ့မ၏လူများသည် သူမကို ကျိန်ဆိုကြလိမ့်မည်"

သီလမပျက်
ပြသူဝါကျပုံစံဖြင့် ရေးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူမကိုယ်တိုင် ညစ်ညူးခြင်း မပြု"

သူမသည် စင်ကြယ်ခြင်းရှိလျှင်
"အပြစ်ကင်းခြင်း" ကို "သန့်ရှင်းခြင်း" ဟု သုံးနှုန်းထားပါသည်။

သူမသည် ဘေးနှင့်လွတ်မည်
ဖြစ်နိုင်ခြေရှိသည့်အဓိပ္ပါယ်များမှာ (၁) သူမသည် ကျိန်ခြင်းကို မခံရ သို့မဟုတ် (၂) သူမသည် ကျိန်ခြင်းမှလွတ်မည်"


generated on Tue Jul 2 12:50:28 2024

ပဋိသန္ဓေယူသောအခွင့်
"ကိုယ်ဝန်ဆောင် လာသည်"

Numbers 29

မယုံသောသဘော စွဲလမ်းခြင်း
"မယုံသောသဘော စွဲလမ်းခြင်း"

သူမယောက်ျားမှ အဝေးကိုထွက်သွားသောသူ
"အဝေးကိုထွက်သွားသူ" စကားလုံးသည်"သစ္စာမရှိခြင်း" ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ့ယောက်ျားအပေါ် သစ္စာမရှိသောသူ"

ညစ်ညူးသည်
ပြသူဝါကျပုံစံဖြင့် ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူမကိုယ်တိုင် ညစ်ညူးခြင်း"

မနာလိုသည့် စိတ်
ဤအသုံးအနှုန်းသည် လူတစ်ဦး၏ မနာလိုသောစိတ်နေသဘောထားကို ရည်ညွှန်းထားသည်။ 5:13 ၌ မည်ကဲ့သို့ ဘာသာပြန်ထားသည်ကို ကြည့်နိုင်သည်။

သူ့မိန်းမကို မယုံကြည်လျှင်
မိန်းမသည်အခြားယောက်ျားနှင့်အတူအိပ်ပြီး သူ့ယောက်ျားအပေါ်သစ္စာမရှိသည်ဟု ယောက်ျားသည် သံသယရှိလျှင် ဟုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ့အပေါ်၌သစ္စာမရှိသည်ဟု သံသယရှိလျှင်" သို့မဟုတ် "အခြားယောက်ျားနှင့်အတူအိပ်သည်ဟု သံသယရှိလျှင်"

ထာဝရဘုရားရှေ့တော်၌
"ထာဝရဘုရား ရှေ့မှောက်၌"

Numbers 31

ယဇ်ပရောဟိတ်ထံသို့ သူ့မိန်းမကို ခေါ်လာခြင်းအားဖြင့် အပြစ်မှလွတ်လိမ့်မည်
"ယဇ်ပုရောဟိတ်ထံသို့ သူ့မိန်းမခေါ်လာခြင်း အမှားမျိုး ကျူးလွန်သော်လည်း အပြစ်ရှိလိမ့်မည် မဟုတ်"

ခံရမည်
"သည်းခံရမည်"

---

## Translation Questions

Numbers 5:1

ယောက်ျားမိန်းမတို့ကို အဘယ်ကြောင့် တပ်အပြင်တွင် နေရာချထားရန် ထာဝရဘုရားက မောရှေအား မိန့်တော်မူခဲ့သနည်း။
တပ်ကို မညစ်ညူးစေရန် နူသောသူ၊ ရိနာစွဲသောသူ၊ အသေကောင်ကို ထိ၍ မစင်ကြယ်သောသူ ယောက်ျားမိန်းမတို့ကို တပ်အပြင်တွင် နေရာချထားရန် ထာဝရဘုရားက မောရှေအား မိန့်တော်မူခဲ့သည်။

Numbers 5:5

အခြားသောသူတို့ ပြုလုပ်သော အပြစ်များကို ပြစ်မှားသော ယောက်ျားမိန်းမတို့အဖို့ မောရှေကို ထာဝဘုရားက မည်သို့ ပြောခဲ့သနည်း။
လူများပြုတတ်သော ဒုစရိုက်ကိုပြု၍၊ ထာဝရဘုရား ကို ပြစ်မှားသောကြောင့် အပြစ်ရောက်သော ယောက်ျားမိန်းမတို့သည်၊ ထိုအပြစ်ကို ဘော်ပြ၍ တောင်းပန်ရမည်။ ပြစ် မှားသောအတွက်ကြောင့် ငါးစုတစုကိုထပ်၍ ပြစ်မှားခံသော သူကိုပေးရမည်။

Numbers 5:8

ထိုအပြစ်အတွက် ပေးသောဥစ္စာကိုခံထိုက်သော သူမရှိလျှင် မည်သည့်အရာကို ပေး၍ ပူဇော်ရမည်နည်း။
ယဇ်ပုရောဟိတ်အဘို့ ထာဝရ ဘုရားအားပူဇော်ရ၍ ထိုမှတပါး အပြစ်ဖြေစေရန် အပြစ်ဖြေရာယဇ်ဘို့ သိုးတကောင်ကိုလည်း ပူဇော်ရမည်။

Numbers 5:15

ယောက်ျားကို ဆန့်ကျင်၍ အပြစ်ဖြစ်ခဲ့သော မိန်းမကို ထာဝရဘုရားသည် မောရှေအား မည်သည့်အရာ လုပ်ရန်ပြောခဲ့သနည်း။
အပြစ်ဖော်ပြသော ပူဇော်သက္ကာဘို့မှ ယောမုန့်၊ တသြမဲပါလျက် သူ့ကို ယဇ်ပုရောဟိတ်ထံသို့ ခေါ်သွား၍၊ သူမအတွက် ယောက်ျားသည် မိန်းမအဘို့ ပူဇော်သက္ကာနှင့်အတူ သွန်းလောင်းရာပူဇော်သက္ကာနှင့်အတူယောက်ျားသည် မိမိမယားကို ဆောင်ခဲ့ရမည်။

Numbers 5:16

ယဇ်ပုရောဟိတ်တို့သည် မည်သည့်အရာကို ဦးစွာပြုလုပ်ရသနည်း။
ယဇ်ပုရောဟိတ်တို့သည် ထိုပူဇော်သက္ကာကို ယူ၍ ထာဝရဘုရားရှေ့တော်၌ ထား၍ သန့်ရှင်းသောရေကို မြေအိုး၌ လောင်းပြီးလျှင် တဲတော်၌ ရှိသော မြေမှုန့်ကို ယူ၍ရေထဲမှာ ထည့်ခြင်းကို ပြုလုပ်ရသည်။

Numbers 5:18

မည်သည့်အရာကို ယဇ်ပုရောဟိတ်က ပြုလုပ်ခဲ့သနည်း။
ထိုမိန်းမကို ထာဝရဘုရားရှေ့တော်မှာထားပြီးလျှင် ခေါင်း၌ အချည်းစည်းရှိစေ၍ မယားကို မယုံခြင်း ပူဇော်သက္ကာကို မိန်းမလက်၌ ထည့်၍ ကျိန်ခြင်းဘေးကို ဖြစ်စေသော ရေခါးကို ယဇ်ပုရောဟိတ်ကိုယ်တိုင်ကိုင်၍ ပြုလုပ်ရသည်။

Numbers 5:20

သူမတွင် အပြစ်ရှိလျှင် ကျိန်ခြင်းတရားက မည်ကဲ့သို့ ဖြစ်စေမည်နည်း။
သူမ၏ ပေါင်ကို ပိန်စေ၍ ဝမ်းကို ရောင်စေသော ကျိန်ခြင်းကို ဖြစ်စေမည်။

Numbers 5:24

ကျိန်ခြင်းဘေးကို ဖြစ်စေသော ရေခါးကို ယဇ်ပုရောဟိတ်က မည်သူ့ကို သောက်ရန် ပြုလုပ်သနည်း။
ကျိန်ခြင်းဘေးကို ဖြစ်စေသော ရေခါးကို မိန်းမကို သောက်ရန် ပြုလုပ်သည်။

ယဇ်ပုရောဟိတ်သည် ပူဇော်သက္ကာနဲ့ မည်သည့်အရာကို ပြုလုပ်ခဲ့သနည်း။
ယဇ်ပုရောဟိတ်သည် ပူဇော်သက္ကာကို မိန်းမလက်မှ ယူ၍ ထာဝရဘုရားရှေ့တော်၌ ချီလွှဲလျက် ယဇ်ပလ္လင်ပေါ်တွင် ဆက်သခြင်းကို ပြုလုပ်ခဲ့သည်။

ယဇ်ပုရောဟိတ်သည် အကျိန်ရေဖြင့် မည်သည့်အရာကို ပြုလုပ်ခဲ့သနည်း။
ယဇ်ပုရောဟိတ်သည် မိန်းမအား အကျိန်ရေကို သောက်ရန် ပေးခဲ့သည်။

Numbers 5:27

သူမ၏ အမျိုးသားကို ဆန့်ကျင့်ခြင်းအားဖြင့် သူမ ဘာဖြစ်ခဲ့သနည်း။
ထိုမိန်းမသည် ဝမ်းရောင်ခြင်းနှင့် ပေါင်ပိန်ခြင်းဖြစ်လာ၍ မိမိအမျိုး၌ ကျိန်အပ်သောသူ ဖြစ်လာခဲ့သည်။

ထိုမိန်းမသည် ညစ်ညူးခြင်းမရှိခဲ့လျှင် မည်ကဲ့သို့ ဖြစ်လာမည်နည်း။
ထိုမိန်းမသည် ဘေးနှင့် လွတ်၍ ပဋိသန္ဓေယူသော အခွင့်ရှိလာမည်။

Numbers 5:29

မနာလို မယုံကြည်ခြင်းဆိုသည်မှာ အဘယ်နည်း။
မနာလို မယုံကြည်ခြင်းဆိုသည်မှာ ထိုမိန်းမသည် ကိုယ်ခင်ပွန်းမှတပါး အခြားသော ယောကျ်ားနှင့် မှားယွင်း၍ ညစ်ညူးခြင်းရှိလျှင် ယောကျ်ားသည် မယားကို မယုံသောသဘော စွဲလမ်းသောကြောင့် စောင့်ရသောအရာ ဖြစ်သည်။



generated on Tue Jul 2 12:50:28 2024

## Chapter 6

1 တဖန်မောရှေအား ထာဝရဘုရားက၊ သင်သည် ဣသရေလအမျိုးသားတို့အား ဆင့်ဆိုရမည်မှာ၊ 2 ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ၊
ထာဝရဘုရား အဘို့ မိမိကိုခြား နားစေ၍ နာဇရိသစ္စာပြုခြင်း၄ါ မိမိကို မိမိခွဲထားသောအခါ၊ 3 စပျစ်ရည်နှင့်ယစ်မျိုးကို ရှောင်ရမည်။
စပျစ် ရည်ချဉ်နှင့် ယစ်မျိုးချဉ်ကိုလည်း မသောက်ရ။ စပျစ်သီးဖြင့် လုပ်သောအရည်ကိုအလျှင်း မသောက်ရ။ စပျစ်သီး
အစိမ်းအခြောက်ကိုလည်း မစားရ။ 4 ခြားနားလျက်နေသော ကာလပတ်လုံး စပျစ်သီး အဆန်၊ စပျစ်သီးအခွံမှစ၍ စပျစ်ပင်က
ဖြစ်သမျှကို မစားရ။ 5 ခြားနားခြင်းသစ္စာစောင့်သော ကာလပတ်လုံး၊ ဦးဆံကို မရိတ်ရ။ ထာဝရဘုရားအဘို့ မိမိကို ခြားနားစေ သော
ကာလမစေ့မှီတိုင်အောင် သူသည် သန့်ရှင်းရသဖြင့်၊ မိမိဆံပင်ကို အလိုအလျောက် တိုးပွားစေမည်။ 6 ထာဝရဘုရားအဘို့
မိမိကိုခြားနားစေသော ကာလပတ်လုံး၊ အသေကောင်ကို မချဉ်းမကပ်ရ။ 7 သူ၏ဘုရားသခင်အဘို့ သူ၏ခေါင်းကို ခြားနား
စေသောကြောင့်၊ မိဘ၊ ညီအစ်ကို၊ နှမသေသော်လည်း ညစ်ညူးခြင်းကိုမခံရ။ 8 ခြားနားလျက်နေသော ကာလပတ်လုံး၊ ထာဝရ
ဘုရားအဘို့ သန့်ရှင်းရမည်။ 9 သူ့အနားမှာ တစုံတယောက်သောသူသည် ချက်ခြင်းသေ၍၊ သူသည် ခြားနားစေသောခေါင်းကို
ညစ်ညူးစေလျှင်၊ စင်ကြယ်စေသော နေ့တည်းဟူသော သတ္တမနေ့၌ ဦးဆံကို ရိတ်ရမည်။ 10 အဋ္ဌမနေ့၌ ခိုနှစ်ကောင်ဖြစ်စေ၊
ချိုးကလေး နှစ်ကောင်ဖြစ်စေ၊ တခုခုကို ပရိသတ်စည်းဝေးရာ တဲ တော်တံခါးရှေ့ ယဇ်ပုရောဟိတ်ထံသို့ ဆောင်ခဲ့ရမည်။ 11
ယဇ်ပုရောဟိတ်သည်လည်း၊ အပြစ်ဖြေရာယဇ် ဘို့တကောင်၊ မီးရှို့ရာယဇ်ဘို့ကကောင်ကို ပူဇော်၍ ထိုသူ၌ အသေကောင်အားဖြင့်
ရောက်သော အပြစ်ဖြေခြင်းကို ပြုပြီးမှ၊ ထိုနေ့ခြင်းတွင်သူ၏ခေါင်းကို သန့်ရှင်းစေ ရမည်။ 12 အရင်ခြားနားစေသော ကာလကို ထာဝရ
ဘုရားအဘို့ တဖန် ခြားနားစေ၍ အခါမလည်သော သိုးသငယ်တကောင်ကို ဒုစရိုက်ဖြေရာ ယဇ်ပြု၍ ပူဇော် ရမည်။
အရင်းခြားနားခြင်းပျက်သောကြောင့် လွန်သော ကာလပျောက်ရမည်။ 13 ခြားနား၍ နေသောကာလစေ့ပြီးမှ၊ နာဇရိလူ စောင့်ရသော
တရားဟုမူကား၊ သူသည် ပရိသတ်စည်း ဝေးရာ တဲတော်တံခါးရှေ့သို့ လာ၍၊ 14 မီးရှို့ရာယဇ်ဘို့ အခါမလည် အပြစ်မပါသော သိုး
သငယ်အထီးတကောင် အပြစ်ဖြေရာယဇ်ဘို့အခါမလည် အပြစ်မပါသော သိုးသငယ်အမတကောင် မိဿဟာယ ယဇ်ဘို့
အပြစ်မပါသောဆိတ်တကောင်၊ 15 ဆီရောသောမုန့်ညက်နှင့်လုပ်သော မုန့်ပြား၊ ဆီလူးသော တဆေးမဲ့ မုန့်ကြွပ်တည်းဟူသော
တဆေးမဲ့ မုန့်တတောင်း၊ ဘောဇဉ်ပူဇော်သက္ကာ၊ သွန်းလောင်းရာ ပူဇော်သက္ကာကို ထာဝရဘုရားအား ဆက်ရမည်။ 16
ထိုပူဇော်သက္ကာများကို ယဇ်ပုရောဟိတ်သည် ထာဝရဘုရားထံတော်သို့သွင်း၍ အပြစ်ဖြေရာ ယဇ်၊ မီးရှို့ ရာယဇ်ကို ပူဇော်ရမည်။ 17
တဆေးမဲ့ မုန့်တတောင်းနှင့်တကွ၊ မိဿဟာယ ယဇ်ဆိတ်ကိုငင်း ဘောဇဉ်ပူဇော်သက္ကာ သွန်းလောင်းရာ ပူဇော်သက္ကာကိုငင်း၊
ထာဝရဘုရားအားပူဇော်ရမည်။ 18 နာဇရိလူသည်၊ ပရိသတ်စည်းဝေးရာ တဲတော် တံခါးနားမှာ မိမိခြားနားသော ဦးဆံကို ရိတ်၍၊
ထိုဆံကို မိဿဟာယယဇ်အောက်၌ရှိသော မီးထဲမှာထည့်ရမည်။ 19 ခြားနားသော ဦးဆံကို ရိတ်ပြီးမှ၊ ယဇ်ပုရော ဟိတ်သည်
ပြုတ်သော ဆိတ်ပခုံးတဘက်၊ တောင်းထဲက တဆေးမဲ့မုန့်ပြားတပြား၊ တဆေးမဲ့မုန့်ကြွပ်တချက်ကို ယူ၍ နာဇရိလူလက်၌
ထည့်ပြီးလျှင်၊ 20 ထာဝရဘုရားရှေ့တော်၌ ချီလွှဲရာပူဇော် သက္ကာဘို့ ချီလွှဲရမည်။ ထိုအရာတို့သည်၊ ချီလွှဲရာရင်ပတ်၊ ချီလွှဲရာ
ပခုံးနှင့်တကွ ယဇ်ပုရောဟိတ်အဘို့ သန့်ရှင်းရမည်။ ထိုနောက်မှ နာဇရိလူသည် စပျစ်ရည်ကို သောက်ရသောအခွင့်ရှိ၏။ 21
ဤရှေ့ကား၊ သစ္စာပြုသောနာဇရိလူသည် အလို အလျောက် တက်နိုင်သမျှတပါး မိမိခြားနားခြင်းအတွက် ထာဝရဘုရားအား
ဆက်ရသော ပူဇော်သက္ကာနှင့် ဆိုင် သော တရားပေတည်း။ သစ္စာပြုသည်အတိုင်း ခြားနား ခြင်းတရားနှင့် အညီပြုရမည်ဟု
မိန့်တော်မူ၏။ 22 တဖန်မောရှေအား ထာဝရဘုရားက၊ သင်သည် အာရုန်နှင့်သူ၏သားတို့အား ဆင့်ဆိုရမည်မှာ၊ 23 သင်တို့သည်၊
ဣသရေလအမျိုးသားတို့အား ကောင်းကြီးပေး၍ မြွက်ရသော စကားဟူမူကား၊ 24 ထာဝရဘုရားသည်၊ သင့်ကို ကောင်းကြီးပေး၍
စောင့်မတော်မူပါစေသော။ 25 ထာဝရဘုရားသည်သင်၌ မျက်နှာတော်အလင်း ကို လွှတ်၍ ကရုဏာကျေးဇူးပြုတော်မူပါစေသော။ 26
ထာဝရဘုရားသည် သင့်ကို မြော်ကြည့်၍ ချမ်းသာပေးတော်မူပါစေသောဟု 27 ဣသရေလအမျိုးသားတို့ အပေါ်မှာ ငါ့နာမကို
မြွက်ဆို၍ တင်လျှင် ငါသည်ထိုသူတို့ကို ကောင်းကြီး မင်္ဂလာပေးမည်ဟု မိန့်တော်မူ၏။

---

Numbers 01

မိမိကို မိမိခွဲထားသောအခါ
"တစ်စုံတစ်ဦးထံမှသင့်ကိုသင် ခွဲထားရန်" စကားစုသည် ပုဂ္ဂိုလ်တစ်ဦးဆီ၌ "သင့်ကိုယ်သင် ဆက်ကပ်အပ်နှံခြင်း" ကိုဆိုလိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ့ကိုယ်သူ ဆက်ကပ်အပ်နှံသည်"

မစားမသောက်ရ
ဤအသုံးအနှုန်းက ယစ်မူးစေနိုင်သည့်အရာကို မသောက်၊ မစားရန် ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် မစားမသောက်ရ"


generated on Tue Jul 2 12:50:28 2024

စပျစ်သီးဖြင့်လုပ်သော အရည်
ပြုသူဝါကျပုံစံဖြင့် ရေးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဝိုင်မှလူများပြုလုပ်သော ယဇ်မျိုး"

ဝိုင်
ကြာရှည်ထား၍ ပြင်းသောအရည်၊ ချဉ်လာသောအရည် ဖြစ်လာသည့် သောက်စရာ

ယဇ်မျိုးချဉ်
ရှင်းလင်းစွာသိထားပြီးဖြစ်သည်။ အခြားဘာသာပြန်ဆိုချက်၊ "မူးနိုင်သောယဇ်၊ လူလုပ်ဝိုင်"

စပျစ်သီးခြောက်
"စပျစ်ခြောက်"

သူ့ကိုသူ ငါ့ဆီမှခွဲထားသည်
ပြုသူဝါကျပုံစံဖြင့် ရေးနိုင်သည်။ အခြားဘာသာပြန်ဆိုချက်၊ "သူ့ကိုသူ ငါ့ဆီ၌ ခွဲထား၏။

စပျစ်ပင်ဖြစ် မည်သည့်အရာမျှ
ပြုသူဝါကျပုံစံဖြင့် ရေးနိုင်သည်။ အခြားဘာသာပြန်ဆိုချက်၊ "စပျစ်ပင်မှလူတွေလုပ်သည့် မည်သည့်အရာမှ"

စပျစ်သီးအခွံမှစ၍ စပျစ်ပင်က ဖြစ်သမျှ
ဤစကားစုနှစ်ခုက စပျစ်ပင်တစ်ပင်လုံးကို မစားမသောက်ရန် အလေးနက်ပေးထားခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ချက်၊ "စပျစ်ပင်၏ မည်သည့် အစိတ်အပိုင်းကိုမျှ"

Numbers 05

ခြားနားခြင်းသစ္စာကတိ
"ခြားနားခြင်း" သည် "ဆက်ကပ်အပ်နှံခြင်း" ကိုဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ခြားနားခြင်း သစ္စာကတိ"

သူ့ခေါင်းပေါ်၌ မည်သည့်ဆံပင်ရိတ်ဓါးမျှ မသုံးရ
ပြုသူဝါကျပုံစံဖြင့်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မည်သူကမျှ သူ့ခေါင်းပေါ်၌ ဆံရိတ်ဓါး မသုံးရ"

ထာဝရဘုရားထံ၌ ခြားနားခြင်းကာလပတ်လုံး
"ခြားနားခြင်း" စာလုံးသည် စိတ္တဇနာမ်ဖြစ်ပြီး၊ ကြိယာအနေဖြင့်လည်း ရေးနိုင်သည်။ "ခြားနားခြင်း" သည် "ဆက်ကပ်အပ်နှံခြင်း" ကိုဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားထံ၌ သူ့ကိုယ်သူ ခြားနားသည့် အချိန်ကာလ" သို့မဟုတ် "ထာဝရဘုရားထံ၌ သူ့ကိုယ်သူ ဆက်ကပ်အပ်နှံသည့် အချိန်ကာလ"

ထာဝရဘုရားထံ၌ ပြည့်စုံပြီး
ပြုသူဝါကျပုံစံဖြင့်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားထံ၌ ပြီးပြည့်စုံပြီး"

ထာဝရဘုရားအဘို့ မိမိကိုခြားနားစေရမည်
ပြုသူဝါကျပုံစံဖြင့်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ့ကိုယ်သူ ထာဝရဘုရားထံ၌ ခြားနားစေရမည်"

Numbers 06

ခြားနားသည်....ခြားနားခဲ့သည်......ခြားနားခြင်း
"ခြားနားခြင်း" စကားလုံးသည် "ဆက်ကပ်အပ်နှံခြင်း" ကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဆက်ကပ်သည်... ဆက်ကပ်ခဲ့သည်.... ဆက်ကပ်ခြင်း"

ညစ်ညူးခြင်း
ခန္ဓာကိုယ်အရ မစင်ကြယ်သောသူသည်ဘုရားသခင်၏ အကြံအစည်နှင့် ထိတွေ့စရာမရှိသောပုဂ္ဂိုလ်ဟု သတ်မှတ်သည်။

သူသည် ခြားနားထားသည်
ပြုသူဝါကျပုံစံဖြင့်လည်း ရေးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူ့ကိုယ်သူ ခြားနားထားသည်"

သူ၏ခြားနားခြင်း
"ခြားနားခြင်း" နာမ်အသုံးအနှုန်းကို ကြိယာဖြင့်ရေးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူ့ကိုယ်သူ ခွဲခြားထားသည်"

ထာဝရဘုရားအဘို့ ခြားနားသည်
ပြုသူဝါကျပုံစံဖြင့်လည်း ရေးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူ့ကိုယ်သူ ထာဝရဘုရားအတွက် သီးသန့်ထားသည်" သို့မဟုတ် "ထာဝရဘုရားအတွက် သီးသန့်ခွဲထားသည်"။

Numbers 09

ခြားနားစေသောခေါင်းကို ညစ်ညူးစေလျှင်
"ခေါင်း" သည် သစ္စာကတိပြုသည့် နာဇရိလူ၏ ဆံပင်ကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်ထံ၌ ခြားနားထားကြောင်း လူတိုင်းကို ပြသသည့် ရှည်သောဆံပင်ကို ညစ်ညူးစေခြင်း" သို့မဟုတ် " ညစ်ညူးလာသည်"။

စင်ကြယ်စေသောနေ့
"စင်ကြယ်ခြင်း" တည်းဟူသော စိတ္တဇနာမ်အသုံးအနှုန်းကို ကြိယာဖြင့်လည်းရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ့ကိုယ်သူ ဘုရားသခင် လက်ခံနိုင်အောင်လုပ်သည့်နေ့မှာ"

သတ္တမနေ့
"ခုနှစ်ရက်မြောက်နေ့"

Numbers 10

အဋ္ဌမနေ့
"ရှစ်ရက်မြောက်နေ့"

Numbers 12

အရင်ခြားနားစေသော ကာလ
"နောက်ထပ် ခြားနားစေသော ကာလအတိုးအတွင်း"

ဒုစရိုက်ဖြေရာယဇ်အဖြစ် သိုးသငယ်တကောင်ကို ယူလာရမည်
လူသည် သိုးသငယ်တကောင်ကို ယဇ်ပူဇော်ဖို့ရန် ယဇ်ပုရောဟိတ်ထံသို့ ယူလာရမည်ဟု အကြောင်းအရာကို ရှင်းလင်းစွာ ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဒုစရိုက်ဖြေရာယဇ်အဖြစ် တစ်နှစ်ပြည့်သော သိုးသငယ်တကောင်ကို ယဇ်ပုရောဟိတ်ဆီသို့ ယူလာရမည်"

သူ့ကိုသူ ညစ်ညူးစေသည့်နေ့မတိုင်ခင် နေ့များကို မရေတွက်ရ
ပြုသူဝါကျပုံစံဖြင့် ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ့ကိုသူ ညစ်ညူးစေသည့် နေ့မတိုင်မှီ နေ့များကို မရေတွက်ရ"

အရင်းခြားနားခြင်းပျောက်သောကြောင့်
ပြုသူဝါကျပုံစံဖြင့် ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ့ကိုယ်သူ ညစ်ညူးစေသည်" သို့မဟုတ် "သူ့ကိုယ်သူ လက်မခံနိုင်အောင် ပြုလုပ်သည်"

Numbers 13

သူ၏ခြားနားသော
"ခြားနားခြင်း" စကားလုံးသည် "ဆက်ကပ်အပ်နှံခြင်း" ကိုဆိုလိုသည်။ စိတ္တနာမ်ဖြစ်သော်လည်း ကြိယာအနေဖြင့်လည်း ရေးနိုင်သည်။ အခြားဘာသာပြန်ဆိုချက်၊ "သူ၏ ဆက်ကပ်ခြင်း" သို့မဟုတ် "သူ့ကိုယ်သူ ဆက်ကပ်ထားသည်"

သူ့ကိုခေါ်လာရမည်
ပြုသူဝါကျပုံစံဖြင့်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တစ်စုံတစ်ယောက်က သူ့ကို ခေါ်လာရမည်" သို့မဟုတ် "သူသည် သွားရမည်"

သူသည် သူ၏ပူဇော်သက္ကာကို ထာဝရဘုရားအားဆက်သရမည်
ထာဝရဘုရားအားဆက်သဖို့ရန် သူသည် သူ၏ပူဇော်သက္ကာကို ယဇ်ပရောဟိတ်ထံသို့ယူလာရမည်ဟု စာကြောင်း၏ဆိုလိုရင်းကို ရှင်းလင်းစွာဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ၏ ပူဇော်သက္ကာကို ထာဝရဘုရားအား ဆက်သဖို့ရန် ယဇ်ပုရောဟိတ်ထံသို့ ယူလာရမည်" သို့မဟုတ် " ယဇ်ပူဇော်မည့် ယဇ်ပုရောဟိတ်ထံသို့ သူ၏ ပူဇော်သက္ကာကို ယူလာပြီး ထာဝရဘုရားအား ဆက်သရမည်"

တဆေးမဲ့မုန့်
ပြုသူဝါကျပုံစံဖြင့်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တဆေးမပါသော မုန့် "

ဆီရောသောမုန့်ညက်နှင့်လုပ်သော မုန့်ပြား
ပြုသူဝါကျပုံစံဖြင့်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဆီရောထားသည့် မုန့်ညက်နှင့်လုပ်သော မုန့်ပြား "

ဆီလူးသော တဆေးမဲ့မုန့်ကြွပ်
ပြုသူဝါကျပုံစံဖြင့်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဆီလူးသော တဆေးမဲ့မုန့်ကြွပ်"

တဆေးမဲ့မုန့်ကြွပ်
သေးငယ်သော မုန့်ပြားပိုင်းစလေးများ

ဘောဇဉ်ပူဇော်သက္ကာနှင့် သွန်းလောင်းရာပူဇော်သက္ကာတို့နှင့်အတူ
"သူတို့၏" ဆိုသည်မှာနာဇရိလူတစ်ယောက်က ယူဆောင်လာရမည့် အခြားသောပူဇော်သက္ကာများကို ဆိုလိုခြင်းဖြစ်သည်။ တခါတရံ ဘောဇဉ်ပူဇော်သက္ကာနှင့် သွန်းလောင်းရာ ပူဇော်သက္ကာတို့သည် အခြားယဇ်ပူဇော်စရာနှင့်အတူ လိုအပ်လေ့ရှိသည်။ ဤဝါကျ၏ ဆိုလိုရင်းကို ရှင်းလင်းစွာဖော်ပြရန်လိုအပ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား တောင်းဆိုသည့်အရာမှာ အခြားယဇ်ပူဇော်စရာနှင့်အတူ ဘောဇဉ်ပူဇော်သက္ကာနှင့် သွန်းလောင်းရာ ပူဇော်သက္ကာတို့ဖြစ်သည်"

Numbers 16

သူသည် သူ၏အပြစ်ဖြေရာယဇ်ကို ပူဇော်ရမည်
"သူ" သည်"ယဇ်ပုရောဟိတ်" ကိုရည်ညွှန်းသည်။ "သူ၏" သည် ကတိသစ္စာပြုသော လူကို ဆိုလိုသည်။

မိဿဟာယ ယဇ်
"မိဿဟာယ ယဇ်အဖြစ်"

ယဇ်ပုရောဟိတ်သည် သွန်းလောင်းရာပူဇော်သက္ကာကို ပူဇော်ရမည်
ရှင်းလင်းစွာဖော်ပြရမည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယဇ်ပုရောဟိတ်သည် သွန်းလောင်းရာပူဇော်သက္ကာကို ထာဝရဘုရားကို ပူဇော်ရမည်"

Numbers 18

သူ၏ဆက်ကပ်ခြင်းကိုရည်ညွှန်းသည်
"ခြားနားခြင်း" စကားလုံးသည် "ဆက်ကပ်အပ်နှံခြင်း" ကိုဆိုလိုသည်။ စိတ္တနာမ်ဖြစ်သော်လည်း ကြိယာအနေဖြင့်လည်း ရေးနိုင်သည်။ အခြားဘာသာပြန်ဆိုချက်၊ "သူ၏ ဆက်ကပ်ခြင်းကို ရည်ညွှန်းသည်" သို့မဟုတ် "သူ့ကိုယ်သူမည်ကဲ့သို့ ဆက်ကပ်ထားသည်ကို ရည်ညွှန်းသည်"

Numbers 19

ပြုတ်သော သိုးပခုံးတဘက်
ပြုတ်ထားသော သိုး၏ ပခုံးကိုဆိုလိုသည်။ ပြုသူဝါကျပုံစံဖြင့်လည်းရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ပြုတ်ထားပြီးသော သိုး၏ ပခုံး"


generated on Tue Jul 2 12:50:28 2024

ဆက်ကပ်ခြင်းကိုရည်ညွှန်းသည်
"ခြားနားခြင်း" စကားလုံးသည် "ဆက်ကပ်အပ်နှံခြင်း" ကိုဆိုလိုသည်။ စိတ္တနာမ်ဖြစ်သော်လည်း ကြိယာအနေဖြင့်လည်း ရေးနိုင်သည်။ အခြားဘာသာပြန်ဆိုချက်၊ "ဆက်ကပ်ခြင်းကို ရည်ညွှန်းသည်" သို့မဟုတ် "သူ့ကိုယ်သူ ထာဝရဘုရားထံ ဆက်ကပ်ထားသည်ကို ရည်ညွှန်းသည်"

ယဇ်ပုရောဟိတ်သည် သူတို့ကို သန့်ရှင်းစေရမည်
နာဇရိလူကိုထိုအရာများကို ပေးပြီးနောက် ထာဝရဘုရားထံသို့ချီလွှဲဖို့ရန် ယဇ်ပုရောဟိတ်က ယူရမည်ဟုစာကြောင်း၏ ဆိုလိုရင်းကို ရှင်းလင်းစွာဖော်ပြနိုင်သည်။အခြားသောဘာသာပြန်ဆိုချက်၊ "ယဇ်ပုရောဟိတ်သည်သူတို့ကို ပြန်ယူပြီးနောက် သူတို့ကို သန့်ရှင်းရေးလုပ်ရမည်"

နှင့်တကွ
"အတူတကွ"

ယဇ်ပုရောဟိတ်သန့်ရှင်းပေးသောအရာ
ပြုသူဝါကျပုံစံဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယဇ်ပုရောဟိတ်က သန့်ရှင်းပေးသောအရာ"

ချီလွှဲရမည်
ပြုသူဝါကျပုံစံဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူချီလွှဲသော အရာ"

## Numbers 21

သူ၏ဆက်ကပ်ခြင်း
"ခြားနားခြင်း" စကားလုံးသည် "ဆက်ကပ်အပ်နှံခြင်း" ကိုဆိုလိုသည်။ စိတ္တနာမ်ဖြစ်သော်လည်း ကြိယာအနေဖြင့်လည်း ရေးနိုင်သည်။ အခြားဘာသာပြန်ဆိုချက်၊ "သူ၏ ဆက်ကပ်ခြင်း" သို့မဟုတ် "သူ့ကိုယ်သူ ဆက်ကပ်ထားသည်"

မည်သည့်အရာမဆို ဆက်သနိုင်သည်
ထာဝရဘုရားတောင်းလျှောက်သည့်အရာများအပြင် အခြားသောပူဇော်သက္ကာကို နာဇရိလူများပေးနိုင်ကြောင်းကို ဆိုလိုသည်။ ၎င်းဝါကျ၏ ဆိုလိုရင်းကို ရှင်းလင်းစွာဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အခြားသော ပူဇော်သက္ကာကို ပေးဖို့ ဆုံးဖြတ်လျှင်"

သူသစ္စာကတိပြုထားသည့် တာဝန်များကိုလိုက်နာရမည်
"သူသစ္စာဆိုထားသည့်အတိုင်း လိုအပ်ချက်များကို ဆက်လက်လိုက်နာရမည်"

စကားကို ငါနားထောင်ဦး မည်ဟု ပြန်ဆို၏။ [9] ထိုအခါ မောရှေအား ထာဝရဘုရားက၊ သင် သည် ဣသရေလအမျိုးသားတို့အား
ဆင့်ဆိုရမည်မှာ၊ [10] သင်တို့ အမျိုးသားသည် အသေကောင်အားဖြင့် ညစ်ညူးခြင်းရှိသော်ငှင်း၊ ဝေးသောအရပ်သို့ ခရီးသွား သော်ငှင်း၊
ထာဝရဘုရားအဘို့ ပသခါပွဲကိုခံရမည်။ [11] ဒုတိယလတဆယ်လေးရက်နေ့ညဦးယံ၌ ပွဲခံ၍၊ သိုးသငယ်အသားကို တဆေးမပါသော
မုန့်၊ ခါးသော ဟင်းသီးဟင်းရွက်နှင့် စားရမည်။ [12] ထိုအသားကို နံနက်တိုင်အောင် မကြွင်းစေရ။ အရိုးကိုလည်း မချိုးရ။ ပသခါပွဲနှင့်
ဆိုင်သောအထုံးအဖွဲ့ ရှိသမျှတို့ကို လိုက်၍ ပွဲခံရသော အခွင့်ရှိ၏။ [13] ညစ်ညူးခြင်းမရှိ၊ အခြားတပါးသို့ ခရီးမသွား သော သူသည်
ပသခါပွဲကို မခံပဲနေလျှင် ထိုသူကို သူ၏ အမျိုးမှပယ်ရှင်းရမည်။ ချိန်းချက်သော အချိန်၌ ထိုသူ သည် ထာဝရဘုရားအဘို့
ပူဇော်သက္ကာကို မဆောင်ခဲ့ သောကြောင့် မိမိအပြစ်ကို ခံရမည်။ [14] သင်တို့ထံမှာ တည်းခိုသော တပါးအမျိုးသား သည်
ထာဝရဘုရားအဘို့ ပသခါပွဲကို ခံခြင်းငှါ အလိုရှိ လျှင်၊ စီရင်ထုံးဖွဲ့၍ ခံရသော ထုံးစံအတိုင်း ပွဲခံရမည်။ သင်တို့တွင် တည်းခိုသော
တပါးအမျိုးသား၊ ဖြစ်သောသူ၊ အမျိုးသားချင်းဖြစ်သောသူတို့သည် ထုံးစံတပါးတည်း သော ရှိရကြမည်ဟုမိန့်တော်မူ၏။ [15]
တဲတော်ကို ထူထောင်သောနေ့၌၊ မိုဃ်းတိမ်သည် တဲတောင်ပေါ်မှာ တည်၍၊ သက်သေခံချက် တဲတော်ကို ဖုံးအုပ်လေ၏။ ညဦးမှစ၍
နံနက်တိုင်အောင် တဲတော်ပေါ်မှာ မီးကဲ့သို့ ထင်လေ၏။ [16] ထိုသို့အစဉ်ဖြစ်၍ နေ့အချိန်၌မိုဃ်းတိမ်ဖုံးအုပ်လျက်၊ ညအချိန်၌မီးကဲ့သို့
ထင်လျက်ရှိ၏။ [17] မိုဃ်းတိမ်သည် တဲတော်အပေါ်မှ ကွာမြောက်သောအခါ၊ ဣသရေလအမျိုးသားတို့သည် ခရီးသွားကြ၏။
မိုဃ်းတိမ်တည်လေရာရာ၌လည်း၊ တဲများကို ဆောက်ပြန်ကြ၏။ [18] ထာဝရဘုရား မိန့်တော်မူသည်အတိုင်း၊
ဣသရေလအမျိုးသားတို့သည် ခရီးသွားကြ၏။ ထာဝရဘုရား မိန့်တော်မူသည် အတိုင်းလည်း တဲများကို ဆောက်ကြ၏။ မိုဃ်း
တိမ်သည် တဲတော်အပေါ်မှာ တည်နေသမျှသော ကာလ ပတ်လုံး သူတို့သည် တဲ၌နေကြ၏။ [19] မိုဃ်းတိမ်သည် တဲတော်အပေါ်မှာ
နေ့ရက် ကြာမြင့်စွာတည်နေသောအခါ၊ ဣသရေလ အမျိုးသားတို့ သည် ခရီးမသွားဘဲ ထာဝရဘုရားထံတော်၌ စောင့်နေ ကြ၏။ [20]
မိုဃ်းတိမ်သည် တဲတော်အပေါ်မှာ နေ့ရက် အနည်းငယ်မျှ တည်နေသောအခါ၊ ထာဝရဘုရား အမိန့် တော်အတိုင်း၊ သူတို့သည် တဲ၌
နေကြ၏။ ထာဝရဘုရား အမိန့်တော်အတိုင်းလည်း၊ ခရီးသွားကြ၏။ [21] ညဦးယံမှစ၍ နံနက်အချိန်တိုင်အောင် မိုဃ်း တိမ်တည်နေ၍
နံနက်အချိန်၌ မြောက်သောအခါ ခရီး သွားကြ၏။ နေ့ဖြစ်စေ၊ ညဖြစ်စေ၊ မိုဃ်းတိမ်မြောက် သောအခါ ခရီးသွားကြ၏။ [22]
နှစ်ရက်ဖြစ်စေ၊ တလဖြစ်စေ၊ တနှစ်ဖြစ်စေ၊ မိုဃ်းတိမ်သည် တဲတော်ပေါ်မှာ တည်နေသမျှသော ကာလပတ်လုံး
ဣသရေလအမျိုးသားတို့သည် ခရီး မသွားဘဲ တဲ၌နေကြ၏။ တဖန်မိုဃ်းတိမ်မြောက်ပြန် သောအခါ ခရီးသွားကြ၏။ [23]
ထာဝရဘုရားအမိန့်တော်အတိုင်း တဲ၌ နေကြ ၏။ ထာဝရဘုရား အမိန့်တော်အတိုင်းတဲ၌ နေကြ၏။
ထာဝရဘုရားအမိန့်တော်အတိုင်းလည်း ခရီးသွားကြ၏။ ထာဝရဘုရားသည် မောရှေအားဖြင့် မိန့်တော်မူသည် အတိုင်း
ထာဝရဘုရားအထံတော်၌ စောင့်နေကြ၏။

---

Numbers 01

ပဌမလ၌
"ပဌမလ၌" သည် ဟေဗြဲပြက္ခဒိန်အရ ပထမလကို ဆိုလိုခြင်းဖြစ်သည်။ ဣသရေလလူများကို ထာဝရဘုရားသည် အဲဂုတ္တုပြည်မှ ပြန်ခေါ်ဆောင်သည့်အချိန် အမှတ်အသားဖြစ်သည်။

ဒုတိယနှစ်
"ဒုတိယနှစ်" သို့မဟုတ် "နှစ် နှစ်"

သူတို့သည် အဲဂုတ္တုပြည်မှထွက်၍
"သူတို့သည်" ဟူသည့်စကားလုံးသည် ဣသရေလလူမျိုးများကို ဆိုလိုခြင်းဖြစ်သည်။ "ထွက်လာသည်" ဟူသည့်စကားလုံးသည် "ထွက်သွားခြင်း" ကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အဲဂုတ္တုပြည်မှထွက်သွားကြပြီးနောက်"

 generated on Tue Jul 2 12:50:28 2024

လူတို့က...တစ်နှစ်အတွင်း သတ်မှတ်သောအချိန်၌
"သတ်မှတ်သော" စကားလုံးသည် "အရင်ကသတ်မှတ်ပြီးသား" ကိုဆိုလိုသည်။ နှစ်စဉ်နှစ်တိုင်းကျင်းပသည့်အရာကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူတို့က...နှစ် တစ်နှစ်၏ သတ်မှတ်ထားသောအချိန်၌ စောင့်ထိန်းကြလေ့ရှိသည်"

ဆယ့်လေးရက်နေ့၌....ချိန်းချက်သောကာလအချိန်၌
ပသခါပွဲကို တစ်နှစ်အတွင်းသတ်မှတ်သည့် အချိန်၌ကျင်းပခြင်းဖြစ်သည်။ အဓိပ္ပါယ်အပြည့်အစုံကို ရှင်းလင်းစွာဖော်ပြရန်လိုအပ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဆယ့်လေးရက်နေ့မြောက်၌...နှစ်စဉ်ကျင်းပရမည်ကို ထိန်းသိမ်းလော့"

ဆယ့်လေးရက်နေ့
"ဆယ့်လေးကြိမ်မြောက်နေ့ "

စီရင်ထုံးဖွဲ့သမျှသော ထုံးစံအတိုင်း လိုက်နာရမည်
စကားစုနှစ်ခု၏ဆိုလိုရင်းမှာ အခြေခံအားဖြင့်အတူတူဖြစ်သော်လည်း မိန့်တော်မူချက်များကို လိုက်နာရန်အတွက် အလေးအနက်ပေးချင်သည့်သောကြောင့် သုံးထားခြင်းဖြစ်သည်။

သင်တို့ စောင့်ရကြမည်
"စောင့်ရကြမည်" စကားလုံးသည် အီဒီယမ်ဖြစ်ပြီး သေချာထိန်းသိမ်းခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်ထိုအရာများကို ထိန်းသိမ်းရမည်"

Numbers 04

ပသခါပွဲကို စောင့်ထိန်းကြပါ
စောင့်ထိန်းပါစကားလုံးသည် သေချာထိန်းသိမ်းခြင်း ကို ဆိုလိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ပသခါပွဲကို ထိန်းသိမ်းကြပါ" သို့မဟုတ် "ပသခါပွဲကို ကျင်းပကြပါ"

ပဌမလ၌၊ လ၏ဆယ့်လေးရက်နေ့၌
"ပဌမလ၏ ဆယ့်လေးရက်နေ့မြောက်၌"

Numbers 06

အသေကောင်ကြောင့် ညစ်ညူးခြင်းသို့ရောက်သည်
သူတို့ကို ညစ်ညူးစေသည့် လူအသေကောင်အလောင်းကို သူကိုယ်တိုင် တို့ထိခြင်းကို ဆိုလိုသည်။ ရှင်းလင်းစွာပြန်လည်ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူသေအလောင်းကို သူတို့ကိုယ်တိုင် ထိခြင်းကြောင့် ညစ်ညူးခြင်းသို့ ရောက်ကြ၏"

ညစ်ညူးခြင်း
ဝိညာဉ်ပိုင်းဆိုင်ရာ မသန့်ရှင်းသူကို ဘုရားသခင်သည် ခန္ဓာပိုင်းဆိုင်ရာ မသန့်ရှင်းသူအဖြစ် သတ်မှတ်သည်။

ပသခါပွဲကို စောင့်ထိန်းပါ
"စောင့်ထိန်းပါ" ဟူသည့်စကားလုံးသည် ထိန်းသိမ်းခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ပသခါပွဲကို ထိန်းသိမ်းပါ" သို့မဟုတ် "ပသခါပွဲကို ကျင်းပပါ"

လူအသေကောင်အားဖြင့်
လူအသေကောင်၏အလောင်းကို သူတို့ထိခြင်းကို ဆိုလိုသည်။ ၎င်းကို ရှင်းလင်းစွာပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူသေ၏အလောင်းကို ကျွန်ုပ်တို့သည် ထိခဲ့သည့်အတွက်"

ပူဇော်သက္ကာကို မပြုစေခြင်းငှာ ဆီးတားပါမည်လော...ဣသရေလလူမျိုးများကြား၌
သူတို့ကို ပသခါပွဲကျင်းပရာ၌ ပါဝင်ခြင်းမပြုသည့်အတွက် စောသကတက်မေးမြန်းသည့် မေးခွန်းဖြစ်သည်။ အဖြေမတောင်းသည့်မေးခွန်းမျိုးကို ထွက်ဆိုချက်ဝါကျမျိုးဖြင့် ဘာသာပြန်နိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဣသရေလလူတို့ကြား၌...ပူဇော်သက္ကာပြုလုပ်ခြင်းမှ မပါဝင်စေခြင်းသည် မတရားဘူး"

သတ်မှတ်ထားသော
သတ်မှတ်သည်၊ ကြိုတင်ဆုံးဖြတ်ထားသည်

Numbers 09

ညစ်ညူးခြင်း
လူတစ်ဦးသည် ဝိညာဉ်ပိုင်းအရ ညစ်ညူးလျှင် ခန္ဓာပိုင်းအရ ညစ်ညူးခြင်းအဖြစ် ဘုရားသခင်က သတ်မှတ်သည်။

လူအသေကောင်၏အလောင်းအားဖြင့်
တစ်စုံတစ်ယောက်မှ လူအသေကောင်၏အလောင်းထိခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်။ "သင်သည် လူသေအလောင်းကို ထိခြင်းကြောင့်"

ပသခါပွဲကို စောင့်ထိန်းကြပါ
"စောင့်ထိန်းကြပါ" ဟူသည့်စကားလုံးသည် ထိန်းသိမ်းခြင်းကို ရည်ညွှန်းပါသည်။ အခြားဘာသာပြန်ဆိုချက်၊ "ပသခါပွဲကို ထိန်းသိမ်းပါ" သို့မဟုတ် "ပသခါပွဲကို ကျင်းပကြပါ"

Numbers 11

ပသခါပွဲကို စောင့်ထိန်းပါ
"စောင့်ထိန်းပါ" စကားလုံးသည် "ပသခါပွဲကို စောင့်ထိန်းခြင်း" သို့မဟုတ် "ပသခါပွဲ ကျင်းပခြင်း" ကို ဆိုလိုသည်။

ဒုတိယလ၏ ဆယ့်လေးရက်မြောက်
" ဆယ့်လေးရက်နေ့၏ ဒုတိယလ၊


generated on Tue Jul 2 12:50:28 2024

ညနေ၌
"နေဝင်ချိန်၌"

သူတို့သည် ၎င်းကိုစားကြရမည်
"သူတို့သည် ပသခါပွဲရှိ သိုးသငယ်ကို စားရကြမည်"

တဆေးမပါသောမုန့်
"တဆေးမထည့်ဘဲ ပြုလုပ်ထားသောမုန့်" သို့မဟုတ်
"တဆေးမပါသော မုန့်"

ခါးသော ဟင်းသီးဟင်းရွက်
အနံ့ပြင်းပြီး အရသာဆိုးသည့် အပင်သေးတစ်မျိုးဖြစ်သည်။

မည်သည့်အရိုးမျှ မချိုးရ
"သူတို့သည် ၎င်းအရိုး၏ မည်သည့် ကိုမျှ မချိုးရ"

Numbers 13

ညစ်ညူးခြင်းမရှိသောသူ
ဝိညာဉ်ပိုင်းအရ သန့်ရှင်းသောသူသည် ခန္ဓာပိုင်းအရ
မညစ်ညူးသောသူ၊ လက်ခံဖွယ်သောသူအဖြစ် ဘုရားသခင်သည်
မှတ်တော်မူသည်။

ပသခါပွဲကို စောင့်ထိန်းပါ
"စောင့်ထိန်း" ဟူသောအသုံးအနှုန်းသည် စောင့်ထိန်းခြင်းကို
ဆိုလိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ပသခါပွဲ
ထိန်းသိမ်းသည်" သို့မဟုတ် "ပသခါပွဲကျင်းပသည်"

ထိုသူကို သူ၏အမျိုးမှ ပယ်ရှင်းရမည်
"ဖြတ်ရမည်" ဟူသော အသုံးအနှုန်းသည်
မပတ်သက်တော့ကြောင်း၊ နှင်ထုတ်လိုက်ကြောင်းကို
ဆိုလိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထိုသူကို
နှင်ထုတ်ရမည်" သို့မဟုတ် "ထိုသူကို အဝေးကို ပို့ရမည်"

သတ်မှတ်ထားသော
သတ်မှတ်ပြီးသား သို့မဟုတ် ကြိုတင်
ပိုင်းဖြတ်ထားပြီးသောအရာ

မိမိအပြစ်ကို ခံရမည်
ဤနေရာတွင်
လူတစ်ယောက်၏အပြစ်ကြောင့်ဖြစ်လာမည့်နောက်ဆက်တွဲတွေကို
ထိုသူကသာ ပြန်၍ခံရမည် ဖြစ်ကြောင်းကို
လေးလံပြီးသယ်ဆောင်ရမည့်အရာသဖွယ်
တင်ပြထားခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊
"မိမိအပြစ်၏ ပြစ်ဒဏ်ကို မိမိကသာ ခံရမည်ဖြစ်သည်"

သင်တို့ထံမှာ တည်းခိုသော တပါးအမျိုးသား
"သင်တို့" သည် အများကိန်းနာမ်ဖြစ်ပြီး ဣသရေလလူမျိုးများကို
ရည်ညွှန်းထားပါသည်။

၎င်းတို့ကို စောင့်ထိန်းပြီး အမိန့်တော်အားလုံးကို ပြုလုပ်ရမည်
"သူစိမ်းက ၎င်းတို့ကို စောင့်ထိန်းပြီး
ထာဝရဘုရားမိန့်တော်မူသမျှကို ပြုလုပ်ရမည်"

ပသခါပွဲ၏စည်းမျဉ်းများ ထိန်းသိမ်းခြင်းနှင့် ပညတ်တော်များလိုက်နာခြင်း
ဤစကားစုနှစ်ခု၏ဆိုလိုရင်းမှာ အခြေခံအားဖြင့် အတူတူဖြစ်ပြီး
သူစိမ်းများက ပသခါပွဲ၏ စည်းမျဉ်းအားလုံးကို လိုက်နာကြရန်
လိုအပ်ကြောင်း အလေးအနက်ပေးချင်သောကြောင့် နှစ်ခုစလုံးကို
သုံးထားခြင်းဖြစ်သည်။

နိုင်ငံ၌
"ဣသရေလနိုင်ငံ၌"

Numbers 15

တဲတော်ကို ထူထောင်ကြသည်
ပြုသူဝါကျပုံစံဖြင့် ပြန်ရေးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "လေဝိတို့သည် တဲတော်ကို
ထူထောင်ကြ၏"

သက်သေခံချက် တဲတော်
ဤစကားလုံးသည် တဲတော်၏အခြားနာမည်ဖြစ်သည်။ 1:50 ၌
"သက်သေခံချက်တဲတော်" ကို မည်ကဲ့သို့ဘာသာပြန်သည်ကို
ပြန်ကြည့်နိုင်သည်။

နံနက်တိုင်အောင် မီးကဲ့သို့ ပေါ်လေ၏
ညအချိန်၌ မိုဃ်းတိမ်၏ အဆင်းသဏ္ဌာန်ကို
ဖော်ပြခြင်းဖြစ်သည်။ မိုဃ်းတိမ်သည် မီးနှင့်ဆင်တူကြောင်းကို
နှိုင်းယှဉ်ထားခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊
"ညအချိန်မှစ၍ နံနက်တိုင်အောင် မိုဃ်းတိမ်သည် ကြီးမားသော
မီးလျှံကဲ့သို့ ပေါ်လေ၏"

တဲတော်ပေါ်မှာ တည်၍
တဲတော်ပေါ်မှာ မိုဃ်းတိမ်ရပ်နေကြောင်းကို ဖော်ပြနိုင်မည်ဆိုပါက
ပိုကောင်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တဲတော်ပေါ်မှာ
ထိုအတိုင်း မိုဃ်းတိမ်သည် ရပ်လေ၏"

ည၌ မီးကဲ့သို့ထင်လေ၏
မိုဃ်းတိမ်သည် ကြီးမားသောမီးလျှံကဲ့သို့ ပေါ်လေ၏။
အခြားသောဘာသာပြန်ဆိုချက်၊ "ညမှာ မီးလျှံကြီးကဲ့သို့
ဖြစ်လေ၏"

မိုဃ်းတိမ်သည် တဲတော်ပေါ်မှ ကွာ၍
ပြုသူဝါကျပုံစံအဖြစ် ပြန်ရေးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ရွေ့လျားသည်" သို့မဟုတ်
"ထာဝရဘုရားသည်မိုဃ်းတိမ်ကို ရုတ်သိမ်းသည်"

မိုဃ်းတိမ်သည် တဲတော်ပေါ်မှာ တည်၍
"မိုဃ်းတိမ်သည် မရွေ့လျားတော့ပေ"


generated on Tue Jul 2 12:50:28 2024

Numbers 18

ထာဝရဘုရားမိန့်တော်မူသည့်အတိုင်း
"မိန့်တော်မူချက်" ကို ကြိယာအနေဖြင့်လည်း ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား မိန့်တော်မူသည့်အချိန်၌"

Numbers 20

တဲတော်ပေါ်၌
"တဲတော်၏ အပေါ်၌"

တဲတော်ပြုလုပ်သည်
"ပြုလုပ်သည်" ဟူသည့်စကားလုံးသည် "တည်ဆောက်ခြင်း" ကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့၏ တဲများ တည်ဆောက်ကြသည်"

ညဦးယံမှ နံနက်အချိန်တိုင်အောင်
တဲတော်ပေါ်၌ မိုဃ်းတိမ်သည် တစ်ညလုံးတည်ရှိနေခြင်းကို ဆိုလိုသည်။ ဆိုလိုရင်းကို ရှင်းလင်းစွာဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ညနေမှစ၍ နံနက်တိုင်အောင်" သို့မဟုတ် "တဲတော်ပေါ်၌တစ်ညလုံး"

မိုဃ်းတိမ်တည်နေ၍
အဓိပ္ပါယ်အပြည့်စုံနဲ့ ရှင်းလင်းစွာဖော်ပြနိုင်သည်။ "တဲတော်ပေါ်၌ မိုဃ်းတိမ်တည်နေလျှင်"

မိုဃ်းတိမ်သည်ရွှေ့ပြောင်းသောအခါ၌သာ သူတို့သည် ခရီးသွားကြ၏
"မိုဃ်းတိမ် ရွေ့လျားသွားပြီးနောက် သူတို့ ခရီးသွားကြသည်"

Numbers 22

မိုဃ်းတိမ်သည် ပြောင်းပြန်သောအခါ
ပြုသူဝါကျပုံစံဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မိုဃ်းတိမ် တက်သွားသည်" သို့မဟုတ် "ထာဝရဘုရားသည် မိုဃ်းတိမ်ကို ပြောင်းစေသည်"

ထာဝရဘုရား၏အမိန့်တော်အတိုင်း
"အမိန့်တော်" ဟူသောနာမ်အသုံးအနှုန်းကို "ထာဝရဘုရား မိန့်တော်မူသည်ကား" ဟူ၍လည်း ကြိယာဖြင့် ပြန်ရေးနိုင်သည်။

မောရှေမှတဆင့် ထာဝရဘုရား၏မိန့်တော်မူချက်
ပြုသူဝါကျပုံစံဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မောရှေမှတဆင့် ပေးတော်မူသော ထာဝရဘုရား၏ မိန့်တော်မူချက်"

---

## Translation Questions

Numbers 9:1

အဘယ်သူသည် သိနတောင်၌ မောရှေကို ပြောခဲ့သနည်း။
ထာဝရဘုရားသည် သိနတောင်၌ မောရှေကို ပြောခဲ့သည်။

ထာဝရဘုရားသည် မောရှေကို အဘယ်အချိန်၌ ပြောခဲ့သနည်း။
ထာဝရဘုရားသည် မောရှေကို အဲဂုတ္တုပြည်မှ ထွက်ခဲ့ပြီးသည့် ဒုတိယနှစ်၊ ပထမလတွင် ပြောခဲ့သည်။

ဣသရေလ လူတို့သည် ချိန်းချက်သည့်ကာလ၌ ရှိခဲ့သည့် အချိန်တွင် ပသခါပွဲကို အဘယ်ချိန်တွင် သတိပြုမှတ်သားခဲ့ကြသနည်း။
နှစ်တိုင်း နှစ်တိုင်း သူတို့သည် ပထမလ၏ တစ်ဆယ့်လေးရက်နေ့တွင် ပသခါပွဲကို သတိပြုမှတ်သားခဲ့ကြသည်။

Numbers 9:6

မောရှေသည် ဘာမေးခွန်းနှင့် ထာဝရဘုရားထံသွားခဲ့သနည်း။
မောရှေသည် မေးခွန်းတခုနှင့် ထာဝရဘုရားထံသွားခဲ့သည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် သန့်စင်ခြင်း မရှိခဲ့သောသူတွေဖြစ်သော်လည်း ပသခါပွဲကို ကြည့်ရှုဖို့ရန် လိုချင်ခဲ့သောသူတွေကြောင့် ဖြစ်သည်။

Numbers 9:9

ထာဝရဘုရား၏ အဖြေသည် ဘာဖြစ်ခဲ့သနည်း။
ထာဝရဘုရားသည် မောရှေကို ပြောခဲ့သည်မှာ လူတယောက်သည် အသေကောင်ကြောင့် သို့မဟုတ် ခရီးဝေးရာကို သွားခဲ့ခြင်းကြောင့် ညစ်ညူးခဲ့သည်ဆိုလျှင် သူသည် ပသခါပွဲကို ကြည့်ရှုနိုင်သေးသည်ဟု ပြောခဲ့သည်။

Numbers 9:11

ထိုသူတို့သည် ပထမလ၏ တစ်ဆယ့်လေးရက်နေ့၌ အခွင့်မရလျှင် ဘယ်အချိန်တွင် ပသခါပွဲကို စောင့်ထိန်းရမည်နည်း။
ညစ်ညူးသောသူ သို့မဟုတ် ခရီးဝေးသွားသောသူတို့သည် ဒုတိယ၏ တစ်ဆယ့်လေးရက်နေ့တွင် ပသခါပွဲကို စောင့်ထိန်းရကြသည်။

ပသခါပွဲကို စောင့်ရှောက်ခြင်းအတွက် လိုက်နာရသောစည်းမျဥ်းများသည် ဘာဖြစ်သနည်း။
သူတို့သည် ပသခါပွဲကို တဆေးမပါဘဲ ပေါင်မုန့်နှင့် စားရမည်။ ခါးသောဟင်းသီးဟင်းရွက်နှင့် စားရမည်။ တိရိစ္ဆာန်၏ အရိုးကိုလည်း မချိုးဘဲ မနက်တိုင် ထိုအရာများကို မကြွင်းစေရ။

Numbers 9:13

ဘာဖြစ်သော လူတွေသည် သူ့အမျိုးမှ ဖယ်ရှားခြင်းကို ခံရလိမ့်မည်နည်း။
သန့်ရှင်းသောသူနှင့် ခရီးမသွားသူဖြစ်လျက် ပသခါပွဲကို မခံသောသူသည် သူ့အမျိုးထဲမှ ဖယ်ရှားခြင်းကို ခံရလိမ့်မည်။

ဣသရေလ နိုင်ငံတွင် နေထိုင်သော နိုင်ငံသားအတွက် ပသခါပွဲစည်းမျဉ်းသည် ဘာဖြစ်သနည်း။
သူသည် ပသခါပွဲကို ခံရမည်၊ မိန့်မှာသည့်အရာအားလုံးကို လုပ်ရမည်၊ တောင်းဆိုသည့် စည်းမျဉ်းများကို လိုက်နာရမည်ဖြစ်သည်။

Numbers 9:15

ညချိန်တွင် တဲတော်၏ အပေါ်တွင် ဘာဖြစ်ပျက်ခဲ့သနည်း။
မိုးတိမ်သည် ညချိန်တွင် မီးကဲ့သို့ ရောက်လာခဲ့သည်။

လူတို့သည် ခရီးသွားဖို့ရန် သို့မဟုတ် နားဖို့ရန် မည်သို့သိခဲ့ကြသနည်း။
မိုဃ်းတိမ်သည် တဲတော်အပေါ်မှ ကွာပြောက်သောအခါ၊ ဣသရေလအမျိုးသားတို့သည် ခရီးသွားကြ၏။ မိုဃ်းတိမ်တည်လေရာရာ၌လည်း၊ တဲများကို ဆောက်ပြန်ကြ၏။

Numbers 9:18

လူတို့သည် တဲပေါ်တွင် မိုးတိမ် ရက်ပေါင်းများစွာ ရှိနေသည့် အချိန်တွင် ဘာလုပ်ကြလိမ့်မည်နည်း။
လူတို့သည် ထာဝရဘုရား၏ ပြောဆိုသည့် အရာကို နာခံ၍ ခရီးမပြုပေ။

Numbers 9:20

ခရီးသွားနိုင်မည့် နေ့ရက်သည် မည်သည့်အချိန်နည်း။
ထာဝရဘုရား မိန့်မှာသည့်အချိန်၊ မိုးတိမ် ချီပြောက်သည့်အချိန်တွင် ခရီးထွက်နိုင်ပါသည်။

Numbers 9:22

ဣသရေလ လူတို့သည် မည်သည့်အချိန်တွင်ခရီးမသွားဘဲ သူတို့၏ တဲထဲတွင် နေခဲ့ကြသနည်း။
မိုးတိမ်သည် တဲတော်ပေါ်တွင် ရှိနေခဲ့သည့်အချိန်တွင် ဣသရေလ လူတို့သည် ခရီးမသွားဘဲ သူတို့၏ တဲထဲတွင် နေခဲ့ကြသည်။

ဣသရေလ လူတို့သည် ထာဝရဘုရား၏ မိန့်မှာချက်များကို မည်သို့ ရှာဖွေခဲ့ကြသနည်း။
ဣသရေလ လူတို့သည် မောရှေအားဖြင့် ထာဝရဘုရား၏ မိန့်မှာချက်များကို ရှာဖွေခဲ့ကြသည်။



generated on Tue Jul 2 12:50:28 2024

## Chapter 10

1 တဖန် ထာဝရဘုရားသည် မောရှေအား မိန့်တော်မူသည်ကား 2 သင်သည် ပရိသတ်စည်းဝေးစေခြင်းငှါ၎င်း၊ တပ်တို့ကို
ချီစေခြင်းငှါ၎င်း၊ မှုတ်ရသော ငွေတံပိုးနှစ်လုံး ကို၊ တလုံးလျှင် ငွေတတုံးစီဖြင့် မဆက်ဘဲလုပ်ရမည်။ 3 တံပိုးမှုတ်သောအခါ၊
ပရိသတ်အပေါင်းတို့သည် ပရိသတ်စည်းဝေးရာ တဲတော်တံခါးရှေ့၊ သင့်ထံ၌ စည်းဝေးရကြမည်။ 4 တံပိုးတလုံးတည်းကို မှုတ်လျှင်၊
ဣသရေလ အမျိုး၌ လူတထောင်ကို အုပ်သောမင်းတို့သည် သင့်ထံ၌ စည်းဝေးရကြမည်။ 5 နှိုးဆော်သံနှင့်မှုတ်သောအခါ၊
အရှေ့တပ်တို့ သည် ချီသွားရကြမည်။ 6 ဒုတိယအကြိမ်နှိုးဆော်သံနှင့် မှုတ်သောအခါ၊ တောင်တပ်တို့ သည် ချီသွားရကြမည်။
တတိယအကြိမ် နှိုးဆော်သံနှင့် မှုတ်သောအခါ၊ အနောက်တပ်တို့သည် ချီသွားရကြမည်။ စတုတ္ထအကြိမ်နှိုးဆော်သံနှင့် မှုတ်သော
အခါ၊ မြောက်တပ်တို့သည် ချီသွားရကြမည်။ အစဉ်အတိုင်း ချီသွားစေခြင်းငှာနှိုးဆောင်သံနှင့်မှုတ်ရ မည်။ 7
ပရိသတ်စည်းဝေးစေခြင်းငှါ နှိုးဆော်သံကို မပြု ဘဲ တံပိုးမှုတ်ရမည်။ 8 အာရုန်၏ သား၊ ယဇ်ပုရောဟိတ်တို့သည် ထိုတံပိုးကို
မှုတ်ရကြမည်။ သင်တို့ အမျိုးအစဉ်အဆက် စောင့်ရသော ပညတ်ဖြစ်သတည်း။ 9 သင်တို့သည် ကိုယ်ပြည်၌ နေသောအခါ၊ တိုက်
လာသောရန်သူတို့ကို စစ်ချီလျှင်၊ နှိုးဆော်သံနှင့် တံပိုး မှုတ်ရမည်။ ထိုအခါ သင်တို့၏ ဘုရားသခင်ထာဝရဘုရား သည် သင်တို့ကို
အောက်မေ့၍၊ ရန်သူလက်မှ ကယ်တင် တော်မူမည်။ 10 သင်တို့သည် ရွှင်လန်းခြင်းကို ပြုသောနေ့၊ ပွဲ သဘင်နေ့လဆန်း နေ့တို့၌
သင်တို့ဘုရားသခင် အောက် မေ့တော်မူဘို့ရာ၊ သင်တို့ မီးရှို့ရာယဇ်၊ မိဿဟာယဇ် ပူဇော်သက္ကာများ၊ အပေါ်မှာ တံပိုးမှုတ်ရကြမည်။ ငါ
သည် သင်တို့၏ဘုရားသခင်၊ ထာဝရဘုရားဖြစ်သည်ဟု မိန့်တော်မူ၏။ 11 ဒုတိယနှစ်၊ ဒုတိယလ အရက်နှစ်ဆယ်မြောက် သော
နေ့ရက်၌၊ မိုဃ်းတိမ်သည် သက်သေခံချက်တဲတော် မှ ကွာမြောက်သည်ဖြစ်၍၊ 12 ဣသရေလအမျိုးသားတို့သည် သိနာတောင်မှ
ခရီးသွားကြ၏။ နောက်တဖန် မိုဃ်းတိမ်သည် ပါရန်တော ၌ တည်နေ၏။ 13 ထိုသို့ထာဝရဘုရားသည် မောရှေအားဖြင့် မိန့်
တော်မူသည်အတိုင်း၊ ပဌမခရီးသွားခြင်းကို ပြုကြ၏။ 14 ယုဒတပ်အစဉ်အတိုင်း အလုံးအရင်းတို့သည်၊ အလံနှင့်တကွ ရှေ့ဦးစွာ
ချီသွားကြ၏။ ယုဒတပ်ကို၊ အမိနဒပ်သားနာရှုန်အုပ်ရ၏။ 15 ဣသခါတပ်ကို၊ ဇုအာသားနာသနေလအုပ်၏။ 16 ဇာဗုလုန်တပ်ကို၊
ဟေလုန်သားဧလျာဘအုပ်ရ၏။ 17 တဲတော်ကိုဖြုတ်ချ၍ ဂေရရှုန်သား၊ မေရာရိသား တို့သည် တဲတော်ကို ထမ်းလျက်ချီသွားကြ၏။
18 ရုဗင်တပ်အစဉ်အတိုင်း၊ အလုံးအရင်းတို့သည် အလံနှင့်တကွ ချီသွားကြ၏။ ရုဗင်တပ်ကို ရှေဒုရသား ဧလိဇုရအုပ်ရ၏။ 19
ရှိမောင်တပ်ကို ဇုရိရှဒ္ဒဲသားရှေလုမျေလအုပ် ရ၏။ 20 ဂဒ်တပ်ကို ဒွေလသားဧလျာသပ်အုပ်ရ၏။ 21 ကောဟတ်သားတို့သည်
သန့်ရှင်းရာဌာန တန်ဆာတို့ကို ထမ်းလျက် ချီသွားကြ၏။ သူတို့မရောက်မှီ အရင်သွားသော သူတို့သည် တဲတော်ကို ထူထောင် ရကြ၏။
22 ဧဖရိမ်တပ်အစဉ်အတိုင်း အလုံးအရင်းတို့သည် အလံနှင့်တကွ ချီသွားကြ၏။ ဧဖရိမ်တပ်ကို အမိဟုဒ် သား ဧလိရှမာအုပ်ရ၏။ 23
မနာရှေတပ်ကို ပေဒါဇုရသား ဂါမလျေလ အုပ်ရ၏။ 24 ဗယ်္ဂာမိန်တပ်ကို ဂိဒေါနိသား အဘိဒန်အုပ် ရ၏။ 25
နောက်ဆုံးတပ်တည်းဟူသော ဒန်တပ်အစဉ် အတိုင်း အလုံးအရင်းတို့သည် အလံနှင့်တကွ ချီသွားကြ ၏။ ဒန်တပ်ကို အမိရှဒ္ဒဲသား
အဟေဇာအုပ်ရ၏။ 26 အာရှာတပ်ကို ဩကရန်သားပါဂျေလအုပ် ရ၏။ 27 နဿလိတပ်ကိုနေန်သားအဟိရအုပ်ရ၏။ 28
ထိုသို့ဣသရေလ အစဉ်အတိုင်း ချီ၍ ခရီးသွား ကြ၏။ 29 မောရှေကလည်း၊ ထာဝရဘုရားသည် ဂတိ တော်အတိုင်း ငါတို့အား
ပေးတော်မူမည်အရပ်သို့ ငါတို့ သည် ယခုခရီးသွားကြ၏။ ငါတို့နှင့် အတူလိုက်၍လာပါ။ ငါတို့သည် ကျေးဇူးပြုပါမည်။
ထာဝရဘုရားသည် ဣသရေလအမျိုးသားတို့၌ ကျေးဇူးပြုတော်မူမည် ဂတိရှိပါ၏ဟု မိမိယောက္ခမမိဒျန်အမျိုး၊ ရွေလသား၊
ဟောဗပ်အားဆိုလျှင်၊ 30 ဟောဗပ်က ငါမလိုက်မသွားပါ၊ ငါ့နေရင်းပြည်၊ ငါ့အဆွေအမျိုးရှိရာ သို့ ပြန်သွားပါမည်ဟု မောရှေအား
ဆို၏။ 31 မောရှေကလည်း၊ ငါတို့ကို စွန့်ပစ်၍ မသွားပါ နှင့်။ သင်သိသည်အတိုင်း ငါတို့သည်တောခ၌ စားခန်းချရမည်။ သင်သည်
ငါတို့မျက်စိဖြစ် ရပါ၏။ 32 ငါတို့နှင့် အတူလိုက်လျှင် ထာဝရဘုရားပြုတော် မူသော ကျေးဇူးတော်ကို ငါတို့သည် ခံရသည်အတိုင်း
သင့်၌ကျေးဇူးပြုပါမည်ဟု ဆိုလေ၏။ 33 ဣသရေလအမျိုးသားတို့သည် ထာဝရဘုရား၏ တောင်တော်မှထွက်၍၊ သုံးရက်ကွာသော
ခရီးကို သွားကြ ၏။ ထိုသုံးရက်ကွာသော ခရီးကိုသွားကြစဉ်၊ ထာဝရ ဘုရား၏ ပဋိညာဉ်သေတ္တာသည် သူတို့အဘို့ စားခန်း
ချရာအရပ်ကို ရှာ၍ သူတို့ရှေ့ကသွားလေ၏။ 34 သူတို့သည် နေ့အချိန်၌ တပ်ချီ၍ သွားသော အခါ၊ ထာဝရဘုရား၏ မိုဃ်းတိမ်သည်
သူတို့အပေါ်မှာ ရှိလေ၏။ 35 သေတ္တာတော်သွားသောအခါ၊ မောရှေက အိုထာဝရဘုရား ထတော်မူပါ။ ကိုယ်တော်၏ ရန်သူတို့ သည်
လွင့်ကြပါစေသော။ ကိုယ်တော်ကို မုန်းသောသူတို့ သည် ရှေ့တော်မှ ပြေးကြပါစေသောဟူ၍၎င်း၊ 36 သေတ္တာတော်မသွားဘဲ
ရပ်နေသောအခါ၊ အမျိုးသားအထောင်၊ အသောင်းရှိရာသို့ ပြန်လာတော်မူ ပါဟူ၍၎င်း လျှောက်ဆိုလေ့ရှိ၏။


generated on Tue Jul 2 12:50:28 2024

Numbers 01

ငွေတံပိုးနှစ်လုံး လုပ်ရမည်
ထာဝရဘုရားက တစ်စုံတစ်ယောက်အား တံပိုးပြုလုပ်ရန်အတွက် မောရှေအား မိန့်တော်မူချက်ကို ဆိုလိုသည်။ သူကိုယ်တိုင် တံပိုးပြုလုပ်ရန် မဟုတ်ပါ။ အခြားသောဘာသာပြန်ဆိုချက်၊ "ငွေတံပိုးနှစ်ခုပြုလုပ်ရန်တစ်ယောက်ယောက်ကို ပြောပါ"

သင်တို့ တံပိုးများကို သုံးရမည်
မောရှေသည် သူကိုယ်တိုင် တံပိုးမမှုတ်ရသော်လည်း၊ ယဇ်ပုရောဟိတ်များကို တံပိုးမှုတ်ရန် အမိန့်ပေးခြင်းဖြစ်သည်။

Numbers 03

သင့်ထံ၌
"သင်ရှိနေသည့်နေရာ၌" မောရှေသည် တံပိုးမှုတ်သည့်အချိန်တွင် ယဇ်ပုရောဟိတ်များနှင့်အတူ ထိုနေရာတွင် ရှိနေခြင်းကို ဆိုလိုသည်။

ဣသရေလအမျိုး၌ လူတထောင်ကိုအုပ်သော မင်းများ
"ခေါင်းဆောင်များ၊ ဣသရေလအမျိုး၌ လူတထောင်ကိုအုပ်သော မင်းများ"။ ဤစကားစုနှစ်စု၏ ဆိုလိုရင်းမှာ အတူတူပင်ဖြစ်သည်။ ပထမစာပိုဒ်ကို အလေးနက်ပေးချင်သည့်အတွက် ဒုတိယစာပိုဒ်ကို သုံးခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဣသရေလလူမျိုးများ မျိုးနွယ်စုအလိုက် ခေါင်းဆောင်များ"

နှိုးဆော်သံနှင့် မှုတ်သောအခါ
"သင်တို့" သည် အများကိန်းဖြစ်သည်။ ထာဝရဘုရားသည် မောရှေကို စကားပြောသော်လည်း၊ ယဇ်ပုရောဟိတ်များကို ရည်ညွှန်းခြင်းဖြစ်သည်။ မောရှေသည် တံပိုးကို မှုတ်ရမည်မဟုတ်ပါ၊ ယဇ်ပုရောဟိတ်များကသာ မှုတ်ကြမည်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် ကျယ်လောင်စွာ မှုတ်ကြသည့်အခါ"

Numbers 06

ဒုတိယ
"နှစ်ကြိမ်"

သင်တို့သည် နှိုးဆော်အသံကို မှုတ်သောအခါ
"သင်တို့" သည်အများကိန်းဖြစ်သည်။ ထာဝရဘုရားသည် မောရှေကိုစကားပြောသော်လည်း ယဇ်ပုရောဟိတ်များကို ဆိုလိုခြင်းဖြစ်သည်။ မောရှေသည် တံပိုးကို မှုတ်ရမည်မဟုတ်ဘဲ ယဇ်ပုရောဟိတ်များကသာ မှုတ်ရမည်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့ပိုကျယ်သောအသံဖြင့် မှုတ်ကြသည့်အခါ"

ပရိသတ်စည်းဝေးစေခြင်းငှါ
"ပရိသတ်များ အတူတကွ စုရုံးလာကြရန်"

အစဉ်အတိုင်း ချီသွားစေခြင်းငှာနှိုးဆော်သံနှင့်မှုတ်ရ မည်။
"သူတို့" သည် ယဇ်ပုရောဟိတ်များကို ဆိုလိုခြင်းဖြစ်သည်။ "သူတို့၏" ဟူသောစကားလုံးသည် ဣသရေလများကို ဆိုလိုခြင်းဖြစ်သည်။

သင်တို့အမျိုးအစဉ်အဆက်စောင့်ရသော ပညတ်
"သင်တို့အမျိုးအစဉ်အဆက်စောင့်ရသော ပညတ်" "သင်တို့" ဟူသောစကားသည် အများကိန်းဖြစ်ပြီး ဣသရေလလူမျိုးများကို ဆိုလိုခြင်းဖြစ်သည်။

Numbers 09

သင်တို့သည်....တိုက်လာသောရန်သူတို့ကိုစစ်ချီလျှင်
ထာဝရဘုရားသည် မောရှေကို စကားပြောသည့်အခါ "သင်"ဟူသော စကားလုံးကို အသုံးပြုခဲ့သော်လည်း ဣသရေလလူများကို ရည်ညွှန်းခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဣသရေလလူမျိုးတို့သည် စစ်ချီကြသောအခါ...ဣသရေလတို့၏ ရန်သူတို့လက်မှ"

သင်သည် နှိုးဆော်သံတံပိုးကို မှုတ်ရမည်
"သင်" ဟူသောစကားလုံးဖြင့် ထာဝရဘုရားသည် မောရှေကို စကားပြောပြန်သော်လည်း မောရှေက ယဇ်ပုရောဟိတ်များအား မှုတ်စေလိုခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တံပိုးများကို နှိုးဆော်သံဖြင့်မှုတ်ကြရန် သင်သည် ယဇ်ပုရောဟိတ်များကို အမိန့်ပေးရမည်"

သင်တို့ကို အောက်မေ့၍
"အောက်မေ့၍" ဟူသောစကားလုံးသည် သတိရခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင့်ကိုသတိရသည်"

Numbers 10

ရွှင်လန်းခြင်းကို ပြုသော
"ကျင်းပခြင်း" နာမ်အသုံးအနှုန်းကို "ကျင်းပသည်" ဟုကြိယာဖြင့် ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့ ကျင်းပကြသည့်အခါ"

လဆန်းနေ့
ဟေဗြဲ ပြက္ခဒိန်၌ လပေါင်း

သင်တို့ဘုရားသခင်အောက်မေ့တော်မူဘို့
"သင်တို့ဘုရားသခင်အောက်မေ့တော်မူဖို့ရာ" "အောက်မေ့ခြင်း" ဟူသောစကားလုံးကို ကြိယာပုံစံဖြင့် "အောက်မေ့သည်" ဟု၍ ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့ကို ငါ၏အဘို့ သတိပေးဘို့ရာ"

သင်တို့မီးရှို့ရာယဇ်
"လေးစားမှုပြသော ယဇ်ပူဇော်ခြင်း"


generated on Tue Jul 2 12:50:28 2024

သင်တို့၏ မီးရှို့ရာယဇ်....၊ မိဿဟာယယဇ်ပူဇော်သက္ကာများ... ငါ့ဆီ၌
ဤစကားစုများရှိ "သင်တို့၏" "သင်တို့" တို့သည် အများကိန်းများဖြစ်ပြီး ဣသရေလလူမျိုးများကို ဆိုလိုခြင်းဖြစ်သည်။

တံပိုးများကို သင်တို့မှုတ်ရကြမည်
ထာဝရဘုရားသည် ဤနေရာတွင်လည်း "သင်" ဟူသောစကားလုံးဖြင့် မောရှေကို စကားပြောပြန်ပြီး၊ အမှန်တကယ် ယဇ်ပုရောဟိတ်များကို တံပိုးမှုတ်စေရန်အတွက် ရည်ညွှန်းခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် ယဇ်ပုရောဟိတ်များကို တံပိုးမှုန်ကြရန် အမိန့်ပေးရမည်"

Numbers 11

ဒုတိယနှစ်
"ဒုတိယနှစ်" သို့မဟုတ် "နှစ်ကြိမ်မြောက်နှစ်" ဤနှစ်သည် ဘုရားသခင်က ဣသရေလလူမျိုးများကို အဲဂုတ္တုပြည်မှ ပြန်ကယ်တင်ပြီးနောက် ဒုတိယနှစ်မြောက်နှစ်ဖြစ်သည်။

ဒုတိယလ၊ လ၏ အရက်နှစ်ဆယ်မြောက်သောနေ့
"ဒုတိလ၏ အရက်နှစ်ဆယ်ရက်မြောက်သောနေ့" သည် ဟေဗြဲပြက္ခဒိန်၏ ဒုတိယလကို ဆိုလိုသည်။

မိုဃ်းတိမ်သည် ကွာမြောက်သည်ဖြစ်၍
ပြုသူဝါကျပုံစံဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တိမ်သည် ပြန်တက်သည်" သို့မဟုတ် "ထာဝရဘုရားသည် တိမ်ကို မတင်သည့်အခါ"

သက်သေခံချက်တဲတော်
တဲတော်ကို နာမည်ရှည်ဖြင့် သက်သေခံချက်တဲတော် ဟုလည်းခေါ်ကြသည်။ ဘုရားသခင်၏ပညတ်တော်ကို ဤသေတ္တာထဲ၌ ထားခြင်းကြောင့်လည်း ခေါ်ခြင်းဖြစ်သည်။ 1:50 ၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရန် လိုအပ်သည်။

ထာဝရဘုရားသည် မောရှေအားဖြင့် မိန့်တော်မူခြင်း
ပြုသူဝါကျပုံစံဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မောရှေမှတဆင့် ထာဝရဘုရားပေးတော်မူသော မိန့်တော်မူချက်များ"

Numbers 14

ယုဒတပ်အစဉ်အတိုင်း အလုံးအရင်းတို့သည်
ယုဒအမျိုးအနွယ်တပ် အောက်တွင် တပ်စု သုံးစုဖြစ်သည့် ယုဒတပ်၊ ဣသခါတပ်နှင့် ဇာဗုလုန်တပ်တို့ပါဝင်ကြသည်။

ရှေးဦးစွာ ချီသွားကြရမည်
"ပထမဦးဆုံး ထွက်သွားသည်" ဟူသည့်စကားစုသည် သူတို့၏ စခန်းမှ စတင်ထွက်ခွာခြင်းကို ဆိုလိုသည်။

အမိနဒပ်သား နာရှုန်
ဤလူ၏နာမည်ကို 1:7 ၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရန်လိုအပ်သည်။

ဇုအာသား နာသနေလ
ဤလူ၏နာမည်ကို 1:7 ၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရန်လိုအပ်သည်။

ဟေလုန်သား ဧလျာဘ
ဤလူ၏နာမည်ကို 1:7 ၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရန်လိုအပ်သည်။

Numbers 17

ဂေရရှုန်.....မေရာရိ
ဤလူတို့၏နာမည်ကို 3:17 ၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရန်လိုအပ်သည်။

ရုဗင်တပ်အစဉ်အတိုင်း၊ အလုံးအရင်းတို့သည်
ရုဗင်အမျိုးအနွယ်တပ် အောက်တွင် တပ်စု သုံးစုဖြစ်သည့် ရုဗင်တပ်၊ ရှိမောင်တပ်နှင့် ဂဒ်တပ်တို့ ပါဝင်ကြသည်။

ရှေဒုရသား ဧလိဇုရ
ဤလူ၏နာမည်ကို 1:4 ၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရန်လိုအပ်သည်။

ဇုရိရှဒ္ဒဲသား ရှေလုမျေလ
ဤလူ၏နာမည်ကို 1:4 ၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရန်လိုအပ်သည်။

ဒွေလသား ဧလျာသပ်
ဤလူ၏နာမည်ကို 1:12 ၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရန်လိုအပ်သည်။

Numbers 21

ကောဟတ်သားတို့
ကောဟတ်၏အမျိုးအနွယ်များကို ဆိုလိုသည်။ 3:27 ၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရန် ဖြစ်သည်။

ဧဖရိမ်တပ်အစဉ်အတိုင်း အလုံးအရင်းတို့သည်
ဧဖရိမ်တပ်အောက်ရှိ တပ်စုများမှာ၊ ဧဖရိမ်တပ်၊ မနာရှေတပ်နှင့် ဗယ်္ယာမိန်တပ်တို့ဖြစ်ကြသည်။

အမိဟုဒ်သား ဧလိရှမာ
ဤလူ၏နာမည်ကို 1:10. ၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရန်လိုအပ်သည်။

ပေဒါဇုရသား ဂါမလျေလ
ဤလူ၏နာမည်ကို 1:10. ၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရန်လိုအပ်သည်။


generated on Tue Jul 2 12:50:28 2024

ဂိဒေါနိသား အဘိဒန်
ဤလူ၏နာမည်ကို 1:10 ၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရန်လိုအပ်သည်။

Numbers 25

ဒန်တပ်အစဉ်အတိုင်းအလုံးအရင်းတို့သည်
ဒန်အမျိုးအနွယ်အောက်ရှိတပ်များမှာ၊ ဒန်တပ်၊ အာရှာတပ် နှင့် နဿလိတပ် တို့ဖြစ်ကြသည်။

အမိရှဒ္ဒဲသား အဟေဇာ
ဤလူ၏နာမည်ကို 1:12 ၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရန်လိုအပ်သည်။

ဩကရန်သား ပါဂျေလ
ဤလူ၏နာမည်ကို 1:12 ၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရန်လိုအပ်သည်။

ဧနန်သား အဟိရ
ဤလူ၏နာမည်ကို 1:12 ၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရန်လိုအပ်သည်။

Numbers 29

ထာဝရဘုရားဂတိတော်အတိုင်း
"ငါတို့ဆီပေးသည့် ထာဝရဘုရား ဂတိတော်အတိုင်း"

ငါတို့သည် ကျေးဇူးပြုပါမည်
"ငါတို့သည် ကောင်းကောင်းမွန်မွန်ဆက်ဆံမည်"

ရွှေလာသား ဟောဗပ်
လူ့နာမည်ဖြစ်သည်။

Numbers 31

ငါတို့ကို စောင့်ကြည့်တော်မူပါ
"စောင့်ကြည့်တော်မူပါ" သည် လမ်းပြရန်နှင့် စောင့်ရှောက်ရန် ဟုဆိုလိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် ငါတို့ကို လမ်းပြပြီး သဲကန္တာရ၌ မည်ကဲ့သို့အသက်ရှင်ရမည်ကို လမ်းညွှန်နိုင်သည်"

Numbers 33

ထာဝရဘုရား၏ တောင်
သိနတောင်ကို ဆိုလိုသည်။ အဓိပ္ပါယ်အပြည့်အစုံကို ရှင်းလင်းအောင်ဖော်ပြရမည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သိနတောင်၊ ထာဝရဘုရား၏ တောင်"

ထာဝရဘုရား၏ပဋိညာဉ်သေတ္တာတော်သည် သူတို့ရှေ့၌သွားလေသည်
လေဝိလူတို့သည် ပဋိညာဉ်သေတ္တာတော်ကို ခရီးထွက်သည့်အခါ ဣသရေလတို့၏ ရှေ့၌သွားပြီး သယ်သွားကြရသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ခရီးထွက်ကြသည့်အခါ လူယောက်ျားတို့သည် ထာဝရဘုရား၏ ပဋိညာဉ်သေတ္တာတော်ကို သူတို့၏ ရှေ့၌ သယ်သွားကြရသည်"

သူတို့
"သူတို့" သည် ဣသရေလများကို ဆိုလိုသည်။

နေ့အချိန်
"နေ့တိုင်း" သို့မဟုတ် "နေ့အတွင်း၌"

Numbers 35

သေတ္တာတော်သွားသောအခါ
သေတ္တာတော်ကို လူပုဂ္ဂိုလ်တစ်ယာက်ခရီးသွားသည့်ပုံစံဖြင့် ပြောခြင်းဖြစ်သည်။ အမှန်မှာ သေတ္တာတော်ကို လူများကသာသယ်သွားကြခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သေတ္တာတော်ကို လူတို့သည် ဘယ်နေရာမဆို သယ်သွားကြသည်ဖြစ်စေ"

ထာဝရဘုရားထတော်မူပါ
"ထလော့" ဟူသည့် အသုံးအနှုန်းသည် ထာဝရဘုရား စတင်လှုပ်ရှားပြီး သူတို့၏ ရန်သူများကို ပြန့်လွင့်စေရန် ခေါ်ဆိုခြင်းဖြစ်သည်။

ကိုယ်တော်ကို မုန်းသောသူတို့သည် ရှေ့တော်မှ ပြေးကြပါစေ
ထာဝရဘုရားကို တိုင်တည်ပြီး သူတို့၏ရန်သူများ ထွက်သွားစေချင်ကြောင်းကိုမောရှေအား ပြောခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင့်ကို မုန်းသောသူသည် သင်၏သေတ္တာတော်နှင့် သင့်လူများရှေ့မှ ထွက်သွားကြပါစေ"

သေတ္တာတော်မသွားဘဲရပ်နေသောအခါ
သေတ္တာတော်ကို လူပုဂ္ဂိုလ်တစ်ယာက်ခရီးသွားသည့်ပုံစံဖြင့် ပြောခြင်းဖြစ်သည်။ အမှန်မှာ ထိုသေတ္တာတော်ကို လူများကသာ သယ်သွားကြရသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူတို့သည် မည်သည့်နေရာတွင်မဆို သေတ္တာတော်ကို သယ်သွားသည့် နေရာတိုင်း"

အမျိုးသား အထောင် အသောင်း
လူဦးရေကို ဆိုလိုသည်။ ရှင်းလင်းစွာဖော်ပြရန် လိုအပ်သည်။ အခြားသောဘာပြန်ဆိုချက်၊ "လူပေါင်း အထောင်အသောင်း"


generated on Tue Jul 2 12:50:28 2024

# Translation Questions

## Numbers 10:1

ငွေတံပိုးနှစ်လုံးကို လုပ်ဖို့ရန် ဘုရားသခင်သည် မောရှေအား မည်သို့ ခိုင်းစေသနည်း။
တပ်တို့ကို ချီစေခြင်း သို့မဟုတ် ပရိသတ်စည်းဝေးစေခြင်းအတွက် အသုံးပြုဖို့ရန် ငွေတံပိုးနှစ်လုံးကို ပြုလုပ်ရန် ဘုရားသခင်သည် မောရှေကို ပြောသည်။

## Numbers 10:3

မည်သူက တံပိုးမှုတ်ဖြစ်သနည်း။
ယဇ်ပုရောဟိတ်တို့သည် တံပိုးကိုမှုတ်၏။

မောရှေက လူစုရုံးဖို့ရန် မည်သို့အချက်ပြသနည်း။
ယဇ်ပုရောဟိတ်တစ်ဦးက တံပိုးမှုတ်သောအခါ မောရှေက လူစုရုံးဖို့ရန်အတွက် အချက်ပြသည်။

သူတို့ခရီးစတင်ဖို့ရန် အရှေ့မျက်နှာရပ်မှ လူတွေကိုမည်ကဲ့သို့အချက်ပေးခဲ့သနည်း။
တံပိုးကို ကျယ်လောင်စွာ မှုတ်သောအခါ သူတို့ခရီးစတင်ဖို့ရန် အရှေ့မျက်နှာရပ်မှ လူတွေကို အချက်ပေးခဲ့သည်။

## Numbers 10:6

တံပိုးတံကိုမှုတ်သောအခါ မည်သို့ပြုရမည်နည်း။
တံပိုးတံကို မှုတ်သောအခါ အတူတကွစုဝေးရမည်။

တံပိုးတံကို မည်သူက အမြဲတမ်းမှုတ်ရမည်နည်း။
တံပိုးတံကို အာရုန်၏သား ယဇ်ပုရောဟိတ်တို့သည် မှုတ်ရသည်။

## Numbers 10:9

သူတို့သည်စစ်တိုက်ဖို့ရန် နှိုးဆော်သံနှင့် တံပိုးတံ တို့ကိုမှုတ်သောအခါ ထာဝရဘုရားသည် မည်သို့ပြုသနည်း။
သူတို့သည်စစ်တိုက်ဖို့ရန် နှိုးဆော်သံနှင့် တံပိုးတံ တို့ကိုမှုတ်သောအခါ ရန်သူလက်မှ ကယ်တင်တော်မူသောထာဝရဘုရားကို သတိရ ရမည်။

## Numbers 10:10

ဘုရားသခင်သည် သူတို့၏ ဘုရားဖြစ်ကြောင်း အောင်ပွဲခံသည့် အချိန်တွင် ဘုရားသခင်သည် မည်သို့သတိပေးခဲ့သနည်း။
မိဿဟာယဇ် ပူဇော်သက္ကာများနှင့် သူတို့၏ မီးရှို့ရာယဇ်တွင် သူတို့သည် တံပိုးကို မှုတ်ရမည်။

## Numbers 10:11

ဒုတိယနှစ်၊ ဒုတိယလ အရက်နှစ်ဆယ်မြောက် သော နေ့ရက်တွင် မည်သို့ဖြစ်သနည်း။
ဒုတိယနှစ်၊ ဒုတိယလ အရက်နှစ်ဆယ်မြောက် သော နေ့ရက်တွင် မိုဃ်းတိမ်သည် တဲတော်မှ ကွာမြောက်ခဲ့သည်။

သိနာတောင်ရဲ့ သဲကန္တာရမှ မထွက်ခွာမီ ဣသရေလလူတို့သည် မည်သို့ပြုသနည်း။
လူတို့သည် ပါရန်တော် နှင့် သိနာတောင်မှ ထွက်ခဲ့သည်။

## Numbers 10:14

အဘယ်တပ်သည် ပထမသွားခဲ့သနည်း။
ယုဒတပ်သည် ပထမသွားခဲ့သည်။

## Numbers 10:17

တဲတော်ကို မည်သူက ဂရုစိုက်ခဲ့သနည်း။
ဂေရရှုန်သားနှင့် မေရာရိသား ဆင်းသက်လာသူဖြစ်သည်။

## Numbers 10:21

သန့်ရှင်းမြင့်မြတ်သော ဌာန တန်ဆာတို့ကိုမည်သူကထမ်းခဲ့သနည်း။
သန့်ရှင်းမြင့်မြတ်သော ဌာန တန်ဆာတို့ကိုကောဟတ်သားတို့ ထမ်းခဲ့သည်။

မည်သည့်တပ်သည် အလုံးအရင်းဖြင့် အလံနှင့်တကွ ချီသွားမည်နည်း။
ဧဖရိမ်တပ်သည် အစဉ်အတိုင်း အလုံးအရင်းဖြင့် အလံနှင့်တကွ ချီသွားရသည်။

## Numbers 10:25

မည်သည့်တပ်သည် အလုံးအရင်းဖြင့် အလံနှင့်တကွ နောက်ဆုံးတွင် ချီသွားမည်နည်း။
ဒန်တပ်သည် အလုံးအရင်းဖြင့် အလံနှင့်တကွ နောက်ဆုံးတွင် ချီသွားရသည်။

## Numbers 10:29

ရွေလသည် မည်သူနည်း။
ရွေလသည် မောရှေ၏ ယောက္ခမဖြစ်သည်။

မောရှေသည်ဣသရေလလူတွေနှင့်အတူ ကြွလာဖို့ရန် မည်သူအား ဖိတ်ခေါ်ခဲ့သနည်း။
သူ့ယောက္ခမသား ဟောဗပ်ကို မောရှေက ဖိတ်ခေါ်ခဲ့သည်။

ဟောဗသည် မည်သည့်နေရာကို သွားချင်ခဲ့သနည်း။
ဟောဗသည် သူ၏နေရင်းပြည် သူ၏လူမျိုးနေထိုင်သောပြည်ကို သွားချင်ခဲ့သည်။

 generated on Tue Jul 2 12:50:28 2024

Numbers 10:31

မောရှေသည် သူတို့နှင့်အတူ လိုက်ဖို့ရန် ဟောဗပ်ကို မည်ကဲ့သို့ လုပ်သနည်း။
တောဥ္စမည်သို့ တပ်ချရမည်ကို သိသောကြောင့် မောရှေသည် ဟောဗပ်အား လိုက်စေချင်ခဲ့ခြင်းဖြစ်သည်။

Numbers 10:33

သူတို့သည်ပဋိညာဉ်သေတ္တာနှင့် အတူနေ့အချိန်၌ ခရီးသွားကြစဉ်တွင် အဘယ်အရာသည် သူတို့အပေါ်၌ ရှိသနည်း။
သူတို့သည်ပဋိညာဉ်သေတ္တာနှင့် အတူနေ့အချိန်၌ ခရီးသွားကြစဉ်တွင်မိုဃ်းတိမ်တိုင်သည်သူတို့အပေါ်တွင်ရှိသည်။

Numbers 10:35

သူတို့ခရီးထွက်ဖို့ရန်အတွက် မောရှေသည် ထာဝရဘုရားကို မည်သို့မေးခဲ့သနည်း။
ကိုယ်တော်ကို မုန်းသောသူတို့သည် ရှေ့တော်မှ၍သူတို့သည် ရန်သူများကိုလွင့်စေခြင်းငှာ
ထာဝရဘုရားကိုမောရှေကမေးခဲ့သည်။

သူတို့ရပ်နေသည့်အချိန် မောရှေသည် ထာဝရဘုရားကိုမည်သို့ပြောခဲ့သနည်း။
သူတို့ရပ်နေသည့်အချိန် မောရှေသည် အမျိုးသားအထောင် အသောင်းရှိရာသို့ ပြန်လာတော်မူ ပါဟုထာဝရဘုရားကို ပြောဆိုခဲ့သည်။

 

## Chapter 11

1 တဖန်လူများတို့သည် အလိုတော်မရှိသော မြည်တမ်းခြင်းကို ပြုကြသဖြင့်၊ ထာဝရဘုရားတို့သည် သူတို့ စကားကိုကြား၍
အမျက်ထွက်တော်မူ၏။ ရှို့တော်မူသောမီးသည် သူတို့တွင်လောင်၍ တပ်အစွန်အနား၌ ရှိသော သူအချို့တို့ကို သေစေလေ၏။ 2
လူများတို့သည် မောရှေအား အော်ဟစ်၍၊ မောရှေသည် ထာဝရဘုရားကို ဆုတောင်းသဖြင့် မီးငြိမ်း လေ၏။ 3 ထာဝရဘုရား၏
မီးသည် သူတို့တွင် လောင် သောကြောင့် ထိုအရပ်ကို တဗေရဟုသောအမည်ဖြင့် မှည့်လေ၏။ 4 ဣသရေလအမျိုးသားတို့နှင့်
ရောနှောလျက် ပါသော တပါးအမျိုးသားတို့သည် တောင့်တသော စိတ်စွဲ လမ်းကြ၏။ ဣသရေလအမျိုးသားတို့သည်လည်း
တဖန်ငိုကြွေးလျက် ငါတို့စားစရာဘို့ အမဲသားကို အဘယ်သူပေးလိမ့်မည်နည်း။ 5 အဲဂုတ္တုပြည်၌ အလိုအလျောက်စားရသော ငါးသား၊
သခွါးသီး၊ ဖရဲသီး၊ ကြက်သွန်၊ အနီ၊ အဖြူ၊ အရိုင်းအမျိုးမျိုးတို့ကို အောက်မေ့၏။ 6 ယခုမှာ ငါတို့အသက်သည် အားလျော့ပြီ။
ဤမန္နမှတပါး တစုံတခုကိုမျှ မမြင်ရဟုဆိုကြ၏။ 7 မန္နသည် နံနံစေ့နှင့်တူ၍ ဗဒေလသစ်စေ့ကဲ့သို့ အဆင်းဖြစ်၏။ 8
လူများတို့သည်လှည့်လည်လျက် မန္နကိုစုသိမ်း၍ ဆုံ၌ကြိတ်ခြင်း၊ ထောင်းခြင်းကိုပြုပြီးမှ အိုးနှင့် ပြုတ်ကြ၏။ မုန့်ပြားကိုလည်း
လုပ်ကြ၏။ အရသာသည် မုန့်ဆီကြော် အရသာနှင့်တူ၏။ 9 စားခန်းချရာအရပ်၌ ညဉ့်အခါနှင်းနှင့်အတူ မနက်ကျတတ်၏။ 10
ထိုအခါလူများအသီးအသီးတို့သည် မိမိတဲတံခါး ဝ၌ မိမိအိမ်ထောင်နှင့်တကွ ငိုကြွေးကြသည်ကို မောရှေကြားရ၏။
ထာဝရဘုရားသည် ပြင်းစွာ အမျက် ထွက်တော်မူ၏။ အပြစ်ရှိသည်ကို မောရှေသိမြင်လျှင်၊ 11 ဤလူအပေါင်းတို့ကို ထမ်းစေဟု
သူတို့ကို ကိုယ်တော်ကျွန်အပေါ်မှာ တင်၍ အဘယ်ကြောင့် အကျွန်ုပ် ကို ညှဉ်းဆဲတော်မူပါသနည်း။ အဘယ်ကြောင့် ရှေ့တော်၌
မျက်နှာမရဘဲ နေရပါသနည်း။ 12 သူတို့ဘိုးဘေးများ၌ ကျိန်ဆိုတော်မူသော ပြည်သို့သွား၍၊ အထိန်းသည်
နို့စို့သူငယ်ကိုဆောင်သကဲ့သို့ ဤလူတို့ကို ပိုက်ချီလျက်ဆောင်လော့ဟု အကျွန်ုပ်အား မိန့်တော်မူမည်အကြောင်း၊ ဤလူအပေါင်းတို့ကို
အကျွန်ုပ် သည် ကိုယ်ဝန်ဆောင်ပါသလော။ ဘွားမြင်ပါသလော။ 13 ဤလူအပေါင်းတို့အား ကျွေးစရာဘို့ အမဲသားကို အကျွန်ုပ်သည်
အဘယ်မှာရနိုင်ပါအံ့နည်း။ သူတို့က အကျွန်ုပ်တို့ စားစရာဘို့ အမဲသားကိုပေးပါဟု ငိုကြွေးလျက် အကျွန်ုပ်ကိုတောင်းကြပါ၏။ 14
ဤလူအပေါင်းတို့ကို အကျွန်ုပ်တယောက်တည်းသာ မဆောင်ရွက်နိုင်ပါ။ ဆောင်ရွက်ရသော ဝန်လည်း လေးလွန်းပါ၏။ 15
ထိုသို့အကျွန်ုပ်၌ ပြုတော်မူလျှင်ငင်း၊ စိတ်တွေ့တော်မူလျှင်ငင်း၊ အကျွန်ုပ်ကိုအလျင်အမြန် သေစေတော် မူပါ။ ကိုယ်ဆင်းရဲကို
ကိုယ်မသိမမြင်ပါစေနှင့်ဟု ဘုရားအား လျှောက်ဆို၏။ 16 ထာဝရဘုရားကလည်း၊ သင်ကျွမ်းကျင်သော ဣသရေလအမျိုးသား
အသက်ကြီးခုနစ်ကျိပ်တို့ကို ငါ့ရှေ့မှာ စုဝေးစေပြီးလျှင်၊ ပရိသတ်စည်းဝေးရာ တဲတော် သို့ ခေါ်ခဲ့၍ သင်နှင့်အတူ ရပ်နေကြစေလော့။
17 ငါသည်လည်း ထိုအရပ်သို့ ဆင်းသက်၍ သင်နှင့်နှုတ်ဆက်မည်။ သင့်အပေါ်မှာ ကျိန်းဝပ်သော ဝိညာဉ်အချို့ကို ငါယူ၍
သူတို့အပေါ်မှာ တင်မည်။ ဤလူ တို့ကို သင်တယောက်တည်းသာ ဆောင်ရွက်ရမည် မဟုတ်၊ ထိုအသက်ကြီးသူတို့သည် ဝိုင်းညီ၍
ဆောင်ရွက် ရကြမည်။ 18 သင်သည်လည်း လူများတို့အားဆင့်ဆိုရမည်မှာ၊ နက်ဖြန်နေ့အဘို့ ကိုယ်ကိုသန့်ရှင်းစင်ကြယ်လော့။ အမဲ
သားကိုစားရကြမည်။ သင်တို့က အဘယ်သူသည် ငါတို့ အား အမဲသားကို ပေးလိမ့်မည်နည်း။ အဲဂုတ္တုပြည်၌ နေစဉ်၊ ငါတို့သည်
ချမ်းသာစွာနေကြ၏ဟု ငိုကြွေးလျက် ပြောဆိုသံကို ထာဝရဘုရားကြားသောကြောင့်၊ အမဲသား ကို ပေးတော်မူသဖြင့် သင်တို့သည်
စားရကြမည်။ 19 တရက်၊ နှစ်ရက်၊ ငါးရက်၊ ဆယ်ရက်၊ အရက် နှစ်ဆယ်သာ စားရကြမည်မဟုတ်။ 20 သင်တို့နှာခေါင်းထဲက
အမဲသားထွက်၍ ရွံစရာ ဖြစ်သည်တိုင်အောင် တလပတ်လုံး စားရကြမည်။ အကြောင်းမူကား၊ သင်တို့တွင်ရှိတော်မူသော ထာဝရ
ဘုရားကို၊ သင်တို့သည် မထီမဲ့မြင်ပြုလျက်၊ ငါတို့သည် အဲဂုတ္တုပြည်မှ အဘယ်ကြောင့် ထွက်လာရကြသနည်းဟု ရှေ့တော်၌
ငိုကြွေးလျက် ပြောဆိုကြပြီ တကားဟု မောရှေအား မိန့်တော်မူ၏။ 21 မောရှေကလည်း၊ အကျွန်ုပ်နှင့် ဆိုင်သော လူယောကျ်ားအပေါင်း
ခြောက်သိန်းရှိကြသည်ဖြစ်၍ ကိုယ်တော်က တလစားစရာဘို့ သူတို့အား အမဲသားကို ငါပေးမည်ဟု မိန့်တော်မူပါသည်တကား၊ 22
သူတို့ကို ဝစွာကျွေးခြင်းငှါ၊ သိုးဆိတ်နွားစုတို့ကို သတ်ရပါမည်လော။ သို့မဟုတ် ဝစွာကျွေးခြင်းငှါ၊ ပင်လယ်ငါးရှိသမျှ
တို့ကိုစုဝေးရပါမည်လောဟု လျှောက် လျှင်၊ 23 ထာဝရဘုရားက ထာဝရဘုရား လက်တို သလော။ ငါ့စကား တည်မည် မတည်မည်ကို
သင်သိလိမ့် မည်ဟု မောရှေအား မိန့်တော်မူ၏။ 24 မောရှေသည် ထွက်၍ ထာဝရဘုရား၏ စကား တော်ကို လူများတို့အား
ဆင့်ဆိုပြီးလျှင် အမျိုးသား၊ အသက်ကြီးသူခုနစ်ကျိပ်တို့ကို စုဝေးစေ၍၊ ပရိသတ် စည်းဝေးရာ တဲတော်ပတ်လည်၌ ထားလေ၏။ 25
ထာဝရဘုရားသည် မိုဃ်းတိမ်ဖြင့် ဆင်းသက်၍ မောရှေနှင့် နှုတ်ဆက်တော်မူ၏။ မောရှေအပေါ်မှာ ကျိန်းဝပ်သော ဝိညာဉ်အချို့ကို
ယူ၍ အသက်ကြီးသူ ခုနစ်ကျိပ်တို့အပေါ်မှာ တင်တော်မူသဖြင့်၊ထိုဝိညာဉ်သည် သူတို့အပေါ်မှာ ကျိန်းဝပ်သောအခါ၊ သူတို့သည်
ပရောဖက်ပြု၍ မပြတ်မစဲဟောကြ၏။ 26 ထိုလူစု၌ ပါသောသူ ဧလဒဒ်နှင့် မေဒဒ်တို့သည် စာရင်းဝင်သော်လည်း၊ တဲတော်သို့မသွားဘဲ
တပ်ထဲမှာ နေရစ်စဉ်တွင် သူတို့အပေါ်မှာ ထိုဝိညာဉ်ကျိန်းဝပ်သဖြင့် သူတို့သည်လည်း ပရောဖက်ပြု၍ တပ်ထဲမှာ ဟောကြ၏။ 27
လုလင်တယောက်သည်လည်း မောရှေထံသို့ ပြေး၍၊ ဧလဒဒ်နှင့် မေဒဒ်တို့သည် တပ်ထဲမှာ ပရောဖက် ပြု၍ဟောပါ၏ဟု
လျှောက်လျှင်၊ 28 မောရှေ၏ လက်ထောက်ဖြစ်သော လုလင်နုန် သား ယောရှုက၊ သခင်မောရှေ၊ သူတို့ကို ဆီးတားတော်မူ
ပါဟုဆိုသော်၊ 29 မောရှေက၊ သင်သည် ငါ့အတွက် ငြူစူသော စိတ်ရှိသလော။ ထာဝရဘုရား၏ လူအပေါင်းတို့သည်
ပရောဖက်ဖြစ်ကြပါစေသော။ ထာဝရဘုရားသည် ဝိညာဉ်တော်ကို သူတို့အပေါ်မှာ တင်တော်မူပါစေသောဟု ဆိုပြီးမှ၊ 30 ဣသရေလ


generated on Tue Jul 2 12:50:28 2024

အမျိုးသားအသက်ကြီးသူတို့နှင့် အတူ တပ်ထဲသို့ ပြန်သွားလေ၏။ [31] ထိုအခါ ထာဝရဘုရားသည် လေကိုစေလွှတ်၍၊ ငုံးများကို ပင်လယ်မှ ဆောင်ခဲ့သဖြင့်၊ တပ်ပတ်လည် တရက်ခရီးစီတိုင်တိုင်ကွာသော အရပ်တို့၌၊ မြေပေါ်မှာ ဒုနှစ်တောင်ခန့်မျှ ဆင်းစေတော်မူ၏။ [32] လူများတို့သည် တနေ့လုံး၊ တညဉ့်လုံး၊ နက်ဖြန် လည်း တနေ့လုံးထ၍ ငုံးများကို စုသိမ်းကြ၏။ နည်းနည်း သိမ်းသော သူသည် ဆယ်ဟောမဲကို သိမ်းရ၏။ တပ်ပတ် လည်အရပ်ရပ်၌ ဖြန့်ထားကြ၏။ [33] သို့ရာတွင် ငုံးသားကို ကိုက်၍ မဝါးမှီ၊ ထာဝရ ဘုရားသည် သူတို့ကို အမျက်တော်ထွက်၍ အလွန်ပြင်း သော ဘေးနှင့်ဒဏ်ခတ်တော်မူ၏။ [34] တောင့်တသောသူတို့ကို သင်္ဂြိုဟ်ရာထိုအရပ်ကို ကိဗြုတ်သတ္တဝါဟူသော အမည်ဖြင့် မှည့်လေ၏။ [35] လူများတို့သည် ကိဗြုဟ်ဟတ္တဝါအရပ်မှ ထွက် ပြီးလျှင်၊ ဟာဇရုတ်အရပ်သို့ ရောက်၍နေကြ၏။

## Chapter 12

1 မောရှေသည် ကုရှအမျိုးသားမိန်းမနှင့် စုံဘက် သည်ဖြစ်၍၊ ထိုမိန်းမကြောင့် မိရိအံနှင့် အာရုန်သည် မောရှေကို အပြစ်တင်လျက်၊ 2
အကယ်၍ ထာဝရဘုရားသည်၊ မောရှေအား ဖြင့်သာ ဗျာဒိတ်ပေးတော်မူသလော။ ငါတို့အားဖြင့်လည်း ပေးတော်မမူလောဟု
ဆိုကြ၏။ ထိုစကားကို ထာဝရ ဘုရားကြားတော်မူ၏။ 3 မောရှေသည် မြေကြီးပေါ်မှာရှိနေသော သူ အပေါင်းတို့ထက် သာ၍
နူးညံ့သိမ်မွေ့သော သဘော ရှိ၏။ 4 ထာဝရဘုရားကလည်း၊ သင်တို့သုံးယောက် သည် ပရိသတ်စည်းဝေးရာ တဲတော်သို့ ထွက်သွားကြ
လော့ဟု မောရှေ၊ အာရုန်၊ မိရိအံတို့အား ချက်ခြင်း မိန့်တော်မူ၍ သူတို့သည် ထွက်သွားကြ၏။ 5 ထာဝရဘုရားသည် မိုဃ်းတိမ်တိုင်ဖြင့်
ဆင်း သက်၍၊ ပရိသတ်စည်းဝေးရာ တဲတော်တံခါးဝ၌ ရပ် လျက်၊ အာရုန်နှင့် မိရိအံကို ခေါ်တော်မူ၍၊ သူတို့သည် ချဉ်းကပ်ကြ၏။ 6
ထာဝရဘုရားကလည်း၊ ငါ့စကားကို နားထောင် ကြလော့။ သင်တို့တွင် ပရောဖက်ရှိလျှင်၊ ငါထာဝရဘုရား သည် ထိုသူ၌ ထူးဆန်းသော
ရူပါရုံအားဖြင့် ကိုယ်ကို ပြမည်။ သို့မဟုတ် အိပ်မက်အားဖြင့် ဗျာဒိတ်ပေးမည်။ 7 အိမ်တော်တအိမ်လုံး၌ သစ္စာစောင့်သော ငါ့
ကျွန်မောရှေသည် ထိုသို့မဟုတ်။ 8 သူ၌ ဗျာဒိတ်ပေးသောအခါ၊ နက်နဲသောစကား အားဖြင့် မပေး၊ ကိုယ်တိုင်ကိုယ်ကြပ် ထင်ရှားစွာ
ဗျာဒိတ် ပေးမည်။ သူသည် ထာဝရဘုရား၏ ပုံသဏ္ဌာန်ကိုလည်း မြင်ရမည်။ သို့ဖြစ်၍ သင်တို့သည် ငါ့ကျွန်မောရှေကို အဘယ့်ကြောင့်
အပြစ်တင်ဝံ့သနည်းဟု မိန့်တော်မူ လျက်၊ 9 အမျက်တော်ထွက်၍ ထာဝရဘုရား ကြွသွား တော်မူသဖြင့်၊ 10 မိုဃ်းတိမ်သည်
တဲတော်အပေါ်မှ ကွာသွား၏။ မိရိအံသည်လည်း၊ နူနာစွဲ၍ မိုဃ်းပွင့်ကဲ့သို့ ဖြူလေ၏။ အာရုန်ကြည့်၍ မိရိအံနူသည်ကိုမြင်လျှင်၊ 11 အို
အကျွန်ုပ်သခင်၊ အကျွန်ုပ်တို့သည် မိုက်သောအမှုကို ပြုမိ၍ ပြစ်မှားသောအပြစ်ကို အကျွန်ုပ်တို့အပေါ်မှာ တင်တော်မမူပါနှင့်၊
အကျွန်ုပ်တောင်းပန်ပါ၏။ 12 ဘွားစကပင် ကိုယ်အသား တဝက်ပျက်သော အသေကောင်ကဲ့သို့ သူသည် မဖြစ်ပါစေနှင့်ဟု တောင်း
ပန်လျှင်၊ 13 မောရှေက၊ အို ဘုရားသခင်၊ သူ၏အနာကို ပျောက်စေတော်မူပါ။ အကျွန်ုပ် တောင်းပန်ပါ၏ဟု ထာဝရဘုရားအား
အော်ဟစ်လေ၏။ 14 ထာဝရဘုရားကလည်း၊ သူ၏ အဘသည် သူ၏ မျက်နှာကို တံထွေးနှင့် ထွေးရုံမျှသာပြုလျှင်၊ သူသည်
ခုနစ်ရက်ပတ်လုံး အရှက်ကွဲခြင်းကို ခံရမည် မဟုတ်လော။ ယခုတွင် သူ့ကိုနှင်ထုတ်၍ ခုနစ်ရက်ပတ်လုံး တပ်ပြင်မှာ နေစေ။
ထို့နောက်မှ တပ်ထဲသို့ တဖန်ဝင်စေဟု မောရှေ အား မိန့်တော်မူသည်အတိုင်း၊ 15 မိရိအံကို နှင်ထုတ်၍ သူသည် ခုနစ်ရက်ပတ်လုံး
တပ်ပြင်မှာ နေရ၏။ မိရိအံအနာမပျောက်မှီတိုင်အောင် လူများတို့သည် ခရီးမသွားဘဲ နေကြ၏။ 16 ထို့နောက် ဟာဇရုတ် အရပ်မှ
ပြောင်း၍ ပါရန် တော၌ တဲဆောက်ကြ၏။

## Chapter 13

1 တဖန် ထာဝရဘုရားသည် မောရှေအား မိန့်တော်မူသည်ကား၊ 2 ဣသရေလ အမျိုးသားတို့အား ငါပေးသော ခါနာန်ပြည်ကို
စူးစမ်းစေခြင်းငှါ၊ အမျိုးအနွယ်အသီး အသီးထဲက အဆွေအမျိုးသူကြီးဖြစ်သောသူ တမျိုး တယောက်စီ ရွေးကောက်၍
စေလွှတ်လော့ဟု၊ 3 ထာဝရဘုရားမှာ ထားတော်မူသည်အတိုင်း၊ မောရှေသည် လူတို့ကို ပါရန်တောက စေလွှတ်လေ၏။
စေလွှတ်သောသူအပေါင်းတို့သည် ဣသရေလအမျိုး၌ အကဲအမှူးဖြစ်ကြ၏။ 4 သူတို့အမည်ကား၊ ရုဗင်အမျိုး၊ ဇက္ကုရသားရှမ္မွာ။ 5
ရှိမောင်အမျိုး၊ ဟောရိသား၊ ရှာဖတ်။ 6 ယုဒအမျိုး၊ ယေဖုန္နသားကာလက်၊ 7 ဣသခါမအမျိုး၊ ယောသပ်သားဣဂါလ။ 8 ဧဖရိမ်အမျိုး၊
နုန်သားဩရှေ 9 ဗယ်္ာမိန်အမျိုး၊ ရာဖုသားပါလတိ။ 10 ဇာဗုလုန်အမျိုး၊ သောဒိသား ဂါဒျေလ။ 11 ယောသပ်သားတွင် မနာရှေအမျိုး၊
သုသိသား ဂဒ္ဒိ။ 12 ဒန်အမျိုး၊ ဂေမလ္လိသားအမျေလ။ 13 အာရှာအမျိုး၊ မိက္ခေလသား သေသုရ။ 14 နဿလိအမျိုး၊ ဝါဖသိသားနာဘိ၊
15 ဂဒ်အမျိုး မာခိသားဂွေလတည်းဟူသော၊ 16 ခါနာန်ပြည်ကို စူးစမ်းစေခြင်းငှါ မောရှေ စေလွှတ်သော သူတို့၏အမည်တည်း။
နုန်၏သားဩရှေကို ယောရှုဟူသောအမည်ဖြင့် မောရှေမှည့်လေ၏။ 17 ခါနာန်ပြည်ကို စူးစမ်းစေခြင်းငှါ မောရှေ စေလွှတ်လျက်၊
သင်တို့သည် တောင်မျက်နှာလမ်းဖြင့် သွား၍ တောင်ရိုးပေါ်သို့ တက်ကြလော့။ 18 ထိုပြည်သည် အဘယ်သို့သော ပြည်ဖြစ် သနည်း။
ပြည်သားတို့သည် အားကြီးသလော၊ အား နည်းသလော။ များသလော၊ နည်းသလော။ 19 သူတို့နေသောပြည် သည် ကောင်းသလော၊
မကောင်းလော။ သူတို့နေသော မြို့ရွာတို့သည် အဘယ်သို့နည်း တဲနှင့်နေကြသလော။ ခိုင်ခံ့သော မြို့နှင့်နေကြသလော။ 20
ထိုမြေသည် ကောင်းသလော၊ မကောင်းလော၊ တောများသလော၊ နည်းသလောဟုကြည့်ရှုကြလော့။ ရဲရင့်သောစိတ်ရှိကြလော့။
သစ်သီးအချို့ကိုလည်း ယူခဲ့ ကြလော့ဟု မှာလိုက်လေ၏။ ထိုကာလသည် စပျစ်သီး မှည့်စကာလဖြစ်သတည်း။ 21 ထိုသူတို့သည်
ဇိနတောမှသွား၍ ဟာမတ်မြို့သို့ ရောက်သော လမ်းနား၊ ရဟောဘမြို့တိုင်အောင် ခါနာန် ပြည်ကို စူးစမ်းကြ၏။ 22 တောင်မျက်နှာ၌
ရှောက်သွား၍ အာနက အမျိုး သားအဟိမန်၊ ရှေရှဲ တာလမဲနေသော ဟေဗြုန်မြို့သို့ ရောက်ကြ၏။ ဟေဗြုန်မြို့ကား၊ အဲဂုတ္တုပြည်၌
ဇောနမြို့ မတည်မှီ ခုနစ်နှစ်ကတည်းသော မြို့ဖြစ်သတည်း။ 23 ဧရှကောလချိုင့်သို့ ရောက်လျှင် အသီးတပြွတ် ပါသောစပျစ်နွယ်ပင်
အခက်တခက်ကို ခုတ်၍ လူ နှစ်ယောက်တို့သည် ထမ်းဘိုးနှင့်ထမ်းကြ၏။ သလဲသီး၊ သင်္ဘောသဖန်းသီးများကိုလည်း ဆောင်ခဲ့ကြ၏။
24 ဣသရေလအမျိုးသားခုတ်ယူသော စပျစ်သီး ပြွတ်ကို ထောက်၍၊ ထိုချိုင့်ကို ဧရှကောလချိုင့်ဟူသော အမည်ဖြင့် မှည့်သတည်း။ 25
အရက်လေးဆယ်လွန်မှ ခါနာန်ပြည်ကို စူးစမ်း သော အမှုပြီး၍ ပြန်လာကြ၏။ 26 မောရှေနှင့် အာရုန်မှစ၍ ဣသရေလအမျိုး
သားပရိသတ်အပေါင်းတို့နေရာ ပါရန်တော၊ ကာဒေရှ အရပ်သို့ ရောက်သောအခါ ပရိသတ်အပေါင်းတို့အား သိတင်းကြားပြော၍
ထိုပြည်၌ သီးသော အသီးကို ပြကြ၏။ 27 မောရှေအားလည်း၊ အကျွန်ုပ်တို့သည်ကိုယ်တော် စေလွှတ်သော ပြည်သို့ရောက်ခဲ့ပါပြီ။
အကယ်စင်စစ် ထိုပြည်သည် နို့နှင့်ပျားရည်စီးသော ပြည်ဖြစ်ပါ၏။ ဤအသီးတို့ ကား ထိုပြည်၌သီးသော အသီးဖြစ်ပါ၏။ 28
သို့ရာတွင် ပြည်သူပြည်သားတို့သည် အားကြီး ပါ၏။ ခိုင်ခံ့သော မြို့ကြီးနှင့်နေကြပါ၏။ ထိုမျှမက အာနကအမျိုးသားတို့ကိုလည်း
မြင်ရပါ၏။ 29 အာမလက်အမျိုးသားတို့သည် တောင်ဘက် ၌ငှင်း၊ ဟိတ္တိလူ၊ ယေဗုသိလူ၊ အာမောရိလူတို့သည် တောင်ရိုးပေါ်၌ငှင်း၊
ခါနာနိလူတို့သည် ပင်လယ်နား ယော်ဒန်မြစ်နား၌ငှင်း၊ နေကြပါသည်ဟု လျှောက်ဆိုကြ ၏။ 30 ကာလက်ကလည်း ချက်ခြင်းချီသွား၍
ထိုပြည် ကို သိမ်းယူကြစို့။ အောင်နိုင်ကောင်းသည်ဟု ဆို၍ မောရှေရှေ့မှာ လူများတို့ကို ငြိမ်းစေ၏။ 31 သူနှင့်အတူလိုက်သွားသော
သူတို့က ထိုပြည် သားတို့ကို ငါတို့ မတိုက်နိုင်။ သူတို့သည် ငါတို့ထက် သာ၍ အားကြီးကြသည်ဟူ၍ငှင်း၊ 32 ငါတို့သွား၍
စူးစမ်းသောပြည်သည် မိမိသား တို့ကို ဖျက်ဆီးတတ်၏။ ငါတို့တွေ့မြင်သော ပြည်သား အပေါင်းတို့သည် အလွန်အရပ်မြင့်ကြ၏။ 33
ကိုယ်ကြီးသော လူအမျိုးအနွယ် အာနကအမျိုး အနွယ်ဖြစ်၍ အလွန်ကြီးမားသော သူတို့ကိုလည်း မြင်ခဲ့ ကြပြီ။ သူတို့ရှေ့မှာ
ငါတို့သည် ကိုယ်အထင်တိုင်း နှံကောင်ကဲ့သို့ဖြစ်ကြသည်ဟူ၍ငှင်း၊ မိမိတို့စူးစမ်းသော ပြည်ကို ဣသရေလအမျိုးသားတို့အား
မကောင်းသော သိတင်းကို ကြားပြောကြလေ၏။

 generated on Tue Jul 2 12:50:28 2024

## Chapter 14

[1] ထိုအခါ ပရိသတ်အပေါင်းတို့သည် အသံကို လွှင့်၍ မြည်တမ်းသဖြင့်၊ တညဉ့်လုံး ငိုကြွေးကြ၏။ [2] ဣသရေလအမျိုးသား
ပရိသတ်အပေါင်းတို့ သည်၊ မောရှေနှင့် အာရုန်ကို အပြစ်တင်သော စကားနှင့် မြည်တမ်းလျက်၊ ငါတို့သည် အဲဂုတ္တုပြည်၌
မသေပါလေ။ ဤတော၌ မသေပါလေ။ [3] ငါတို့သည် ထားဖြင့်သေ၍ သားမယားတို့သည် ရန်သူလက်သို့ ရောက်စေခြင်းငှါ
ထာဝရဘုရားသည် အဘယ်ကြောင့် ငါတို့ကို ဤအရပ်သို့ ဆောင်ခဲ့တော်မူသနည်း။ အဲဂုတ္တု ပြည်သို့ပြန်ကောင်းသည်မဟုတ်လောဟု
မောရှေနှင့် အာရုန်အားဆိုပြီးမှ၊ [4] တဖန် လူတစုံတယောက်ကိုချီးမြှောက်၍၊ အဲဂုတ္တုပြည်သို့ ပြန်ကြစို့ဟု တယောက်ကို တယောက်
ဆိုကြ၏။ [5] မောရှေနှင့် အာရုန်တို့သည် ဣသရေလအမျိုး သားပရိသတ်အပေါင်းတို့ရှေ့မှာ ပြပ်ဝပ်လျက် နေကြ၏။ [6] ခါနာန်ပြည်ကို
စူးစမ်းသောလူစုထဲက နုန်၏ သားယောရှု၊ ယေဖုန္နာ၏သားကာလတ်တို့သည် မိမိတို့ဝတ်ကို ဆုတ်၍၊ [7]
ဣသရေလအမျိုးသားအပေါင်းတို့အား ခေါ်လျက်၊ ငါတို့ရှောက် သွား၍စူးစမ်းသော ပြည်သည် အလွန်တရာကောင်းသော
ပြည်ဖြစ်ပါ၏။ [8] ထာဝရဘုရားသည် ငါတို့ကိုနှစ်သက်လျှင်၊ နို့နှင့် ပျားရည်စီးသော ထိုပြည်သို့ ငါတို့ကို ဆောင်သွင်း၍
အပိုင်ပေးတော်မူလိမ့်မည်။ [9] ထာဝရဘုရားကို မပုန်ကန်ကြပါနှင့်။ ထိုပြည်သူ ပြည်သားတို့ကို မကြောက်ကြနှင့်။ သူတို့သည် ငါတို့ စား
စရာဘို့ဖြစ်ကြ၏။ သူတို့၌ အမှီတကဲမရှိ။ ထာဝရဘုရား သည် ငါတို့ဘက်၌ ရှိတော်မူ၏။ သို့ဖြစ်၍ သူတို့ကို မကြောက်ကြနှင့်ဟု
ပြောဆိုကြလေသော်။ [10] ပရိသတ်အပေါင်းတို့သည် ထိုသူနှစ်ယောက်ကို ကျောက်ခဲနှင့် ပစ်စေခြင်းငှါ စီရင်ကြ၏။ ထိုအခါထာဝရ
ဘုရား၏ဘုန်းတော်သည် ဣသရေလအမျိုးသားအပေါင်း တို့ ရှေ့မှာ ပရိသတ်စည်းဝေးရာ တဲတော်၌ ထင်ရှားလေ ၏။ [11]
ထာဝရဘုရားကလည်း၊ ဤလူမျိုးသည် အဘယ် မျှကာလပတ်လုံး ငါ့ကို မရိုမသေပြုကြလိမ့်မည်နည်း။ သူတို့၌ ငါပြခဲ့ပြီးသမျှသော
နိမိတ်လက္ခဏာတို့ကို မြင်ရ သော်လည်း အဘယ်မျှ ကာလပတ်လုံးငါ့ကို မယုံဘဲ နေကြလိမ့်မည်နည်း။ [12] သူတို့ကိုကာလနာဘေးဖြင့်
ငါသည် ဒဏ်ခတ်၍ သား၏ အရာကိုနှုတ်မည်။ သူတို့ထက် သင့်ကိုသာ၍ စည်ပင်သောအမျိုး၊ သာ၍ တန်ခိုးကြီးသောအမျိုး
ဖြစ်စေမည်ဟု မောရှေအား မိန့်တော်မူ၏။ [13] မောရှေကလည်း၊ ကိုယ်တော်သည် ဤလူမျိုးကို တန်ခိုးတော်အားဖြင့်
အဲဂုတ္တုလူတို့ထဲက နှုတ်ဆောင်ခဲ့ တော်မူသည်ဖြစ်၍၊ နောက်တဖန် ဤသိတင်းကို အဲဂုတ္တု လူတို့သည် ကြားပြန်လျှင်၊ [14] ဤပြည်၌
နေသောသူတို့အား သိတင်းပြောကြ လိမ့်မည်။ ထာဝရဘုရား၊ ကိုယ်တော်သည် ဤလူမျိုး၌ ရှိတော်မူကြောင်းကိုငှင်း၊ ထာဝရဘုရား၊
ကိုယ်တော်သည် ထင်ရှားတော်မူကြောင်းကိုငှင်း၊ မိုဃ်းတိမ်တောသည် သူတို့ကို လွှမ်းမိုးကြောင်းကိုငှင်း။ ကိုယ်တော်သည် နေ့ အချိန်၌
မိုဃ်းတိမ်တိုင်၊ ညဉ့်အချိန်၌ မီးတိုင်ဖြင့် သူတို့ ရှေ့က ကြွတော်မူကြောင်းကိုငှင်း ကြားရကြပြီ။ [15] ယခုမှာ၊ ဤလူမျိုးကို
လူတယောက်ကဲ့သို့မှတ်၍ သုတ်သင်ပယ်ရှင်းတော်မူလျှင်၊ သိတင်းတော်ကို ကြားဘူး သော လူအမျိုးမျိုးတို့က၊ [16] ထာဝရဘုရားသည်
ထိုလူတို့အား ဤမည်သော ပြည်ကို ငါပေးမည်ဟု ကျိန်ဆိုသော်လည်း၊ ထိုပြည်သို့ သူတို့ကို ဆောင်သွင်းခြင်းငှါ
မတတ်နိုင်သောကြောင့်၊ တော၌ သုတ်သင်ပယ်ရှင်းပြီဟု ပြောဆိုကြပါလိမ့် မည်။ [17] ကိုယ်တော်က၊
ထာဝရဘုရားသည်သည်းခံသောသဘော၊ သနားသောသဘောနှင့် ပြည့်စုံတော်မူထသော၊ အဓမ္မကျင့်ခြင်း၊ တရားတော်ကို
လွန်ကျူးခြင်း အပြစ်တို့ကို ဖြေလွှတ်သော်လည်း၊ အချည်းနှီး သက်သက်ဖြေလွှတ် တော်မမူထသော လူအစဉ်အဆက်၊
တတိယအဆက်၊ စတုတ္ထအဆက်တိုင်အောင်၊ [18] အဘတို့၏ အပြစ်ကိုသားတို့၌ ဆပ်ပေးစီရင်တော်မူသောဘုရားသခင်ဖြစ်၏ဟု
မိန့်တော်မူသည်အတိုင်း၊ အကျွန်ုပ်တို့၏ဘုရားရှင် တန်ခိုးတော်သည် ကြီးပါစေသော။ [19] အဲဂုတ္တုပြည်ကထွက်သော နေ့မှစ၍
ယခုတိုင်အောင် ဤလူမျိုး၏အပြစ်ကို လွှတ်တော်မူသည်။ နည်းတူ ကရုဏာတော်များပြားသည်နှင့်အညီ ယခုလည်း လွှတ်တော်မူပါ။
အကျွန်ုပ်တောင်းပန်ပါ၏ဟု ထာဝရဘုရား အား လျှောက်ဆိုလျှင်၊ [20] ထာဝရဘုရားက၊ သင်တောင်းပန်သည်အတိုင်း ငါလွှတ်၏။ [21]
ငါအသက်ရှင်သည်ဖြစ်၍၊ ထာဝရဘုရား၏ ဘုန်းတော်သည် မြေတပြင်လုံး၌ နှံ့ပြားလိမ့်မည်။ [22] ငါ့ဘုန်းတော်ကိုငှင်း၊
အဲဂုတ္တုပြည်မှစ၍ ဤ တော၌ ထူးဆန်းသော တန်ခိုးတော်ကိုငှင်း မြင်ရသော လူအပေါင်းတို့သည်၊ ငါ့စကားကိုနားမထောင်၊ ဆယ်ကြိမ်
တိုင်အောင် ငါ့ကိုစုံစမ်းသောကြောင့်၊ [23] သူတို့ဘိုးဘေးတို့အား ငါကျိန်ဆိသောပြည်ကို အကယ်စင်စစ် သူတို့သည်မမြင်ရကြ။
ငါ့ကိုမရိုမသေပြု သော သူတစုံတယောက်မျှ မမြင်ရ။ [24] ငါ့ကျွန်ကာလက်မူ ကား ထူးခြားသော သဘောရှိ၍၊ ငါ့နောက်သို့ လုံးလုံး
လိုက်သောကြောင့် သူသွားခဲ့ပြီးသောပြည်သို့ သူ့ကို ငါဆောင်သွင်းသဖြင့် သူ၏သားမြေးတို့သည် အမွေခံရကြ လိမ့်မည်။ [25]
အာမလက်အမျိုးသားနှင့် ခါနာန်အမျိုးသားတို့သည် ချိုင့်မှာနေကြသည်ဖြစ်၍ သင်တို့သည် နက်ဖြန်နေ့၌လှည့် လည်၍
ဧဒုံပင်လယ်လမ်းဖြင့် တောသို့သွားကြလော့ဟု မိန့်တော်မူ၏။ [26] တဖန်ထာဝရဘုရားသည် မောရှေနှင့် အာရုန် အား
မိန့်တော်မူသည်ကား၊ [27] ငါ့ကို အပြစ်တင်၍၊ ကာလပတ်လုံး ဤပရိသတ် ဆိုးတို့ကို အဘယ်မျှကာလပတ်လုံး ငါသည် သည်းခံရ
အံ့နည်း။ ဣသရေလအမျိုးသားတို့သည် ငါ့ကိုအပြစ်တင် ၍ မြည်တမ်းသော စကားတို့ကို ငါကြားရပြီ။ [28] သင်သည် သူတို့အား
ဆင့်ဆိုရမည်မှာ၊ ထာဝရ ဘုရားက ငါအသက်ရှင်သည်ဖြစ်၍၊ သင်တို့သည် ငါ့ကို ကြားစေခြင်းငှါ ပြောကြသော စကားအတိုင်း
သင်တို့ကို ငါပြုမည်။ [29] သင်တို့ကို ရေတွက်၍ စာရင်းယူသည်အတိုင်း၊ အသက်နှစ်ဆယ်လွန်သောသူ၊ ငါ့ကို အပြစ်တင်၍ မြည်
တမ်းသောသူအပေါင်းတို့သည် သေ၍ ဤတော၌ အသေ ကောင်ဖြစ်လျက် နေရစ်ကြလိမ့်မည်။ [30] ငါသည် ဤမည်သောပြည်၌
သင်တို့ကို နေရာ ချမည်ဟု ငါကျိန်ဆို၏။ ထိုပြည်သို့ ယေဖုန္နာ၏သား ကာလက်၊ နုန်၏သားယောရှုမှ တပါးအဘယ်သူမျှ မရောက်ရ။


generated on Tue Jul 2 12:50:28 2024

31 ရန်သူလုယူရာ ဖြစ်လိမ့်မည်ဟု သင်တို့ဆိုသော သူငယ်တို့ကို ငါဆောင်သွင်း၍ သင်တို့ပယ်သောပြည်ကို
သူတို့သည်သိရကြလိမ့်မည်။ 32 သင်တို့မူကား၊ ဤတောခွင်၌သေ၍ အသေကောင် ဖြစ်လျက်၊ နေရစ်ရကြလိမ့်မည်။ 33 ဤတောခွင်၌
သင်တို့အသေကောင်များ ပျောက် ပျက်သည်တိုင်အောင်၊ ကိုယ်သားသမီးတို့သည် မိဘ မှားယွင်းခြင်းအပြစ်များကို ဆောင်၍၊
ဤတောခွင်၌ အနှစ် လေးဆယ်ပတ်လုံး လှည့်လည်ရကြလိမ့်မည်။ 34 ထိုပြည်ကို စူးစမ်းရာ နေ့ရက်ပေါင်းအရက် လေးဆယ်နှင့်အညီ၊
တရက်ကို တနှစ်ထား၍ အနှစ် လေးဆယ်ပတ်လုံး ကိုယ်အပြစ်ကိုဆောင်လျက်၊ ငါ့စွန့်ပစ် ခြင်းကို သိရကြလိမ့်မည်။ 35 အကယ်စင်စစ်
ငါတဘာကၡ် စည်းဝေးသော ဤပရိသတ်ဆိုးအပေါင်းတို့ကို ထိုသို့ငါပြု၍ သူတို့သည် ဤတောခွင်၌ သေကြပျောက်ပျက်ကြ လိမ့်မည်ဟု
ငါထာဝရ ဘုရားမိန့်တော်မူ၏။ 36 မောရှေစေလွှတ်သော အခွင့်နှင့် ခါနာန်ပြည်ကို စူးစမ်း၍ ပြန်လာသောအခါ၊ ထိုပြည်ကို ကဲ့ရဲ့သဖြင့်
ပရိသတ်အပေါင်းမြည်တမ်းစေခြင်းငှါတိုက်တွန်းသောသူ၊ 37 ခါနာန်ပြည်ကို မကောင်းသောသိတင်း ကြား ပြောသော သူတို့သည်၊
ထာဝရဘုရားရှေ့တော်၌ ကာလ နာဘေးနှင့် သေကြလေ၏။ 38 ထိုပြည်ကို စူးစမ်း၍ သွားသောလူတို့တွင် နုန်၏ သား ယောရှုနှင့်
ယေဖုန္န၏သား ကာလက်တို့သာ အသက်ချမ်းသာရကြ၏။ 39 မောရှေသည် ဣသရေလအမျိုးသားအပေါင်းတို့ အား
စကားတော်များကို ဆင့်ဆိုသောအခါ၊ လူများတို့ သည် အလွန်ညည်းတွားလျက် နေကြ၏။ 40 နံနက်စောစောထ၍
တောင်ထိပ်ပေါ်သို့တက်ပြီး လျှင် ငါတို့သည် ပြစ်မှားပြီ။ သို့သော်လည်း ယခုအသင့် ရှိပါ၏။ ထာဝရဘုရား
ဂတိထားတော်မူသောပြည်သို့ သွားပါမည်ဟုဆိုကြသော်၊ 41 မောရှေက၊ ထာဝရဘုရား၏ အမိန့်တော်ကို အဘယ်ကြောင့်
လွန်ကျူးကြသနည်း။ သင်တို့အကြံမထ မြောက်ရ။ 42 မသွားကြနှင့်၊ ထာဝရဘုရားသည် သင်တို့ဘက် ၌ရှိတော်မမူ။ သွားလျှင်
ရန်သူရှေ့မှာ ရှုံးရကြလိမ့်မည်။ 43 အာမလက်အမျိုးသားနှင့် ခါနာန်အမျိုးသားတို့ သည် သင်တို့မရောက်မီရောက်နှင့်သည်ဖြစ်၍၊
သင်တို့ သည် ထားဖြင့်ဆုံးကြလိမ့်မည်။ ထာဝရဘုရားထံတော်မှ လွှဲသွားသောကြောင့် ထာဝရဘုရားသည် သင်တို့ဘက်၌
နေတော်မမူဟုဆိုသော်လည်း၊ 44 သူတို့သည်ခိုင်ခံ့သောစိတ်နှင့် တောင်ထိပ်ထက် သို့ တဖန်တက်ကြ၏။ သို့ရာတွင်၊ ထာဝရဘုရား၏
ပဋိညာဉ်သေတ္တာတော်နှင့်တကွ၊ မောရှေသည် တပ်ပြင် သို့ မထွက်မသွားဘဲ နေလေ၏။ 45 ထိုအခါ တောင်ပေါ်မှာရှိနှင့်သော
အာမလက်အမျိုးသားနှင့် ခါနာန်အမျိုးသားတို့သည် ဆင်းလာလျက်၊ ဣသရေလအမျိုးသားတို့ကို တိုက်၍ အောင်သဖြင့်
ဟောမာမြို့တိုင်အောင် လိုက်ကြလေ၏။


generated on Tue Jul 2 12:50:28 2024

## Chapter 15

1 တဖန်မောရှေအား ထာဝရဘုရားက၊ သင်သည် ဣသရေလအမျိုးသားတို့ကို ဆင့်ဆိုရမည်မှာ၊ 2 သင်တို့နေရာဖြစ်သော ငါပေးသော
ပြည်သို့ ရောက်၍ နေကြသောအခါ 3 သစ္စာဂတိရှိ၍ ပူဇော်သော်၎င်း၊ အလိုလို ပူဇော် သော်၎င်း၊ ပွဲသဘင်ခံ၍ ပူဇော်သော်၎င်း၊
မီးရှို့ရာယဇ် အစရှိသော အခြားသောယဇ်ကို မီးဖြင့်ပူဇော်၍ သိုးနွား အားဖြင့် ထာဝရဘုရားအဘို့ မွှေးကြိုင်သော အနံ့ကို
ပြုခြင်းငှါအလိုရှိလျှင်၊ 4 ထာဝရဘုရားအား ပူဇော်သက္ကာကို ပြုသောသူသည်၊ သိုးသငယ်ကို ပူဇော်လျှင် မီးရှို့ရာယဇ်ဖြစ်စေ၊
အခြားသောယဇ်ဖြစ်စေ၊ 5 ယဇ်နှင့်တကွ ဘောဇဉ်ပူဇော်သက္ကာကို ဆီသုံးလောဃရောသော မုန့်ညက်တဩမဲကိုင်း။ သွန်းလောင်းရာ
ပူဇော်သက္ကာကို စပျစ်ရည် သုံးလောဃကိုင်း၊ ပြင်ဆင်၍ ဆောင်ခဲ့ရမည်။ 6 သိုးကိုပူဇော်လျှင်၊ ထာဝရဘုရားအဘို့
မွှေးကြိုင်သောအနံ့ရှိစေ ခြင်းငှါ၊ 7 ဘောဇဉ်ပူဇော်သက္ကာဘို့ ဆီလေး လောဃရောသော မုန့်ညက်နှစ်ဩမဲကို ပြင်ဆင်၍
သွန်းလောင်းရာ ပူဇော်သက္ကာဘို့ စပျစ်ရည်လေးလောဃကို ပူဇော်ရမည်။ 8 ထာဝရဘုရားအား မီးရှို့ရာယဇ်၊ သစ္စာဂတိရှိ၍
ပူဇော်သောယဇ်၊ မိဿဟာယယဇ်ဘို့ နွားကို ပြင်ဆင်လျှင်၊ 9 မီးဖြင့်ပူဇော်၍ ထာဝရဘုရားအဘို့ မွှေးကြိုင် သော အနံ့ရှိစေခြင်းငှါ၊ 10
နွားနှင့်တကွ ဘောဇဉ်ပူဇော်သက္ကာဘို့ ဆီ ခြောက်လောဃရောသော မုန့်ညက်သုံးဩမဲကိုင်း၊ သွန်း လောင်းရာ ပူဇော်သက္ကာဘို့
စပျစ်ရည် ခြောက်လောဃ ကိုင်း ဆောင်ခဲ့ရမည်။ 11 နွားတကောင်၊ သိုးတကောင်၊ သိုးသငယ်တကောင်၊ ဆိတ်သငယ်တကောင်ကို
ယဇ်ပူဇော်သောအခါ ထိုသို့ပြုရမည်။ 12 ပြင်ဆင်သော သိုး နွားအရေအတွက်သို့ လိုက်၍၊ တကောင် ကောင်ကို ထိုသို့ပြုရမည်။ 13
ပြည်သားအပေါင်းတို့သည် မီးဖြင့် ပူဇော်၍ ထာဝရဘုရားအဘို့ မွှေးကြိုင်သော အနံ့ရှိစေခြင်းငှါ၊ ထိုသို့နှင့်အညီ ပြုရကြမည်။ 14
သင်တို့တွင် တည်းခိုသော တပါးအမျိုးသား ဖြစ်စေ၊ အခြားတပါးသောသူဖြစ်စေ၊ မီးဖြင့် ပူဇော်၍ ထာဝရဘုရားအဘို့
မွှေးကြိုင်သောအနံ့ရှိစေခြင်းငှါ အလို ရှိလျှင်၊ သင်တို့ပြုသည်နည်းတူ သူသည်လည်း ပြုရမည်။ 15 ပရိသတ်အဝင်ဖြစ်သောသူ၊
သင်တို့တွင် တည်း ခိုသော တပါးအမျိုးသားဖြစ်သောသူတို့သည်၊ သင်တို့ အမျိုးအစဉ်အဆက်စောင့်ရသော တပါးတည်းသော
ထုံးစံရှိ၍၊ ထာဝရဘုရားရှေ့တော်၌ သင်တို့သည် ဖြစ် သည်နည်းတူ သူသည်လည်း ဖြစ်ရမည်။ 16 သင်တို့ကိုယ်တိုင်မှစ၍ သင်တို့တွင်
တည်းခို သော တပါးအမျိုးသားတို့သည် တပါးတည်းသော တရား၊ တပါးတည်းသော ထုံးစံရှိရကြမည်ဟု မိန့်တော်မူ၏။ 17
တဖန်မောရှေအား ထာဝရဘုရားက၊ သင်သည် ဣသရေလအမျိုးသားတို့အား ဆင့်ဆိုရမည်မှာ၊ 18 ငါပို့ဆောင်သော ပြည်သို့
သင်တို့သည် ရောက်၍၊ 19 ထိုပြည်၌ဖြစ်သော မုန့်ကို စားကြသောအခါ၊ ထာဝရဘုရားအား ချီးမြှောက်ရာ ပူဇော်သက္ကာကို ဆက်ရ
မည်။ 20 အဦးနယ်သော မုန့်စိမ်းဖြင့် လုပ်သော မုန့်ပြား ကို ချီမြှောက်ရာ ပူဇော်သက္ကာပြု၍ ကောက်နယ်တလင်း ထဲက ချီမြှောက်ရာ
ပူဇော်သက္ကာကို ပြုသကဲ့သို့ ချီမြှောက် ရမည်။ 21 သင်တို့အမျိုးအစဉ်အဆက်တို့သည်၊ အဦးနယ် သော မုန့်စိမ်းထဲက ချီမြှောက်ရာ
ပူဇော်သက္ကာကိုထာဝရ ဘုရားအား ဆက်ရကြမည်။ 22 ထာဝရဘုရားသည် မောရှေကို မှာထားသော နေ့မှစ၍၊ မောရှေအားဖြင့်
သင်တို့၌ ထားတော်မူသော ပညတ်၊ 23 သင်တို့အမျိုးအစဉ်အဆက်၌ ထားတော်မူလတံ့ သော ပညတ်အလုံးစုံတို့ကို သင်တို့သည်
မစောင့် မှား ယွင်းခြင်းသို့ ရောက်ကြသည်အမှုမှာ၊ 24 ပရိသတ်အပေါင်းတို့သည် မသိဘဲ သတိလစ်၍ မှားယွင်းခြင်းသို့ရောက်လျှင်၊
ပရိသတ်အပေါင်းတို့သည် ထာဝရဘုရားအဘို့ မွှေးကြိုင်သောအနံ့ရှိစေခြင်းငှါ၊ ထုံးဖွဲ့သော ထုံးစံရှိသည်အတိုင်း ဘောဇဉ်ပူဇော်သက္ကာ၊
သွန်းလောင်းရာ ပူဇော်သက္ကာနှင့်တကွ၊ အသက်ပျိုသော နွားထီးဖြင့် မီးရှို့ရာယဇ်ကိုင်း၊ ဆိတ်ဖြင့် အပြစ်ဖြေရာ ယဇ်ကိုင်း
ပူဇော်ရကြမည်။ 25 ယဇ်ပုရောဟိတ်သည်၊ ဣသရေလအမျိုးသား ပရိသတ်အပေါင်းတို့အဘို့ အပြစ်ဖြေခြင်းကို ပြုရသဖြင့်၊
သူတို့သည် သတိလစ်၍ ပြစ်မှားသောကြောင့်၊ ထိုအပြစ် ကို လွှတ်ရလိမ့်မည်။ သူတို့သည်လည်း သတိလစ်သော အပြစ်ကြောင့်၊
အပြစ်ဖြေရာယဇ်နှင့်တကွ၊ မီးဖြင့်ပြုသော ပူဇော်သက္ကာကို ထာဝရဘုရားထံတော်သို့ ဆောင်ခဲ့ရ ကြမည်။ 26 ထိုသို့ပြုလျှင်၊
လူအပေါင်းတို့သည် ပြစ်မှားသော် လည်း၊ သတိလစ်၍ ပြစ်မှားသောကြောင့်၊ ဣသရေလ အမျိုးသားပရိသတ်အပေါင်းကိုင်း၊
သူတို့ထံမှာ တည်းခို သော တပါးအမျိုးသားကိုင်း ထိုအပြစ်မှ လွှတ်ရလိမ့် မည်။ 27 လူတစုံတယောက်သည် သတိလစ်၍ ပြစ်မှား
လျှင်၊ အပြစ်ဖြေရာ ယဇ်ဘို့အခါမလည်သော ဆိတ်မ တကောင်ကို ဆောင်ခဲ့ရမည်။ 28 ထာဝရဘုရားရှေ့တော်၌ သတိလစ်၍ ပြစ်မှား
မိသော ထိုသူအဘို့ ယဇ်ပုရောဟိတ်သည် အပြစ်ဖြေခြင်း ကို ပြုရသဖြင့် ထိုအပြစ်ကို လွှတ်ရလိမ့်မည်။ 29
ဣသရေလအမျိုးသားဖြစ်သောသူ၊ တည်းခို သော တပါးအမျိုးသားဖြစ်သောသူတို့သည် သတိလစ်၍ ပြစ်မှားသောအခါ၊
တပါးတည်းသော တရားကို စောင့်ရ ကြမည်။ 30 ဣသရေလအမျိုးသားဖြစ်စေ၊ တပါးအမျိုးသား ဖြစ်စေ၊ ရဲရင့်စွာပြစ်မှားလျှင်၊
ထာဝရဘုရားကို မရိုသေ ရာသို့ ရောက်သည်ဖြစ်၍၊ ထိုသူကို သူ၏အမျိုးမှ ပယ်ရှင်း ရမည်။ 31 ထာဝရဘုရား၏စကားတော်ကို
မထီမဲ့မြင်ပြု၍ ပညတ်တော်ကို လွန်ကျူးသောကြောင့်၊ ထိုသူကို ရှင်းရှင်း ပယ်ရှားရမည်။ မိမိအပြစ်ကို မိမိခံရမည်ဟု မိန့်တော်မူ ၏။
32 ဣသရေလအမျိုးသားတို့သည် တော၌ ရှိကြ သောအခါ၊ တနေ့သောဥပုသ်နေ့၌ ထင်းခွေသောသူ တယောက်ကို တွေ့လေ၏။ 33
တွေ့သောသူတို့သည်၊ ထိုသူကို မောရှေ၊ အာရုန်၊ ပရိသတ်အပေါင်းတို့ ရှေ့သို့ ခေါ်ခဲ့ကြ၏။ 34 သူ၏အမှုကို
စီရင်ရာလမ်းမထင်ရှားသေးသော ကြောင့် ချုပ်ထားကြ၏။ 35 ထာဝရဘုရားကလည်း၊ ထိုသူသည် အသေ သတ်ခြင်းကို
အမှန်ခံရမည်။ ပရိသတ်အပေါင်းတို့သည် တပ်ပြင်မှာ သူ့ကို ကျောက်ခဲနှင့်ပစ်ရကြမည်ဟု မောရှေ အား မိန့်တော်မူ၍၊ 36
ထိုအမိန့်တော်အတိုင်း ပရိသတ်အပေါင်းတို့ သည် ထိုသူကို တပ်ပြင်သို့ ဆောင်သွား၍၊ ကျောက်ခဲနှင့် ပစ်ကြသဖြင့် သူသည်

အသေခံရ၏။ [37] တဖန် မောရှေအား ထာဝရဘုရားက၊ သင် သည် ဣသရေလအမျိုးသားတို့အား ဆင့်ဆိုရမည်မှာ၊ [38] သူတို့အမျိုး
အစဉ်အဆက်တို့သည်၊ အဝတ်စွန်း တို့၌ ဆွဲစရာဘို့ ပန်းပွားတို့ကို လုပ်၍၊ ပြာသော ကြိုးနှင့် ချည်တွဲရကြမည်။ [39] ထိုပန်းပွားတို့ကို
သင်တို့သည် ကြည့်မြင်သော အခါ၊ ထာဝရဘုရား ပညတ်တော်မူသမျှတို့ကို အောက် မေ့၍ ကျင့်ကြမည်အကြောင်း၊ အထက်က
ကိုယ်အလိုသို့ လိုက်လျက်၊ ကိုယ်ဉာဏ်ကို မှီဝဲလျက် မှားယွင်းသကဲ့သို့ မလိုက် မမှီဝဲ၊ [40] ငါပညတ်သမျှတို့ကို အောက်မေ့၍
ကျင့်သဖြင့်၊ သင်တို့ ဘုရားသခင်အဘို့ သန့်ရှင်းမည်အကြောင်း ထိုသို့ ပြုရမည်။ [41] ငါသည် သင်တို့၏ ဘုရားသခင်ဖြစ်ခြင်းငှါ၊
သင်တို့ကို အဲဂုတ္တုပြည်မှ နှုတ်ဆောင်ခဲ့သော သင်တို့၏ ဘုရားသခင်ထာဝရဘုရားဖြစ်၏။ ငါသည် သင်တို့၏ ဘုရားသခင်
ထာဝရဘုရားဖြစ်သည်ဟု မိန့်တော်မူ၏။

 generated on Tue Jul 2 12:50:28 2024

## Chapter 16

1 လေဝိအမျိုး၊ ကောဟတ်သားဣဇဟာ၏ သားကောရသည်၊ ရုဗင်အမျိုးဧလျာဘ၏သား ဒါသန်နှင့် အဘိရံ၊ ပေလက်၏သား
ဩနတို့ကို ခေါ်ပြီးလျှင်၊ 2 ပရိသတ်၌ ကျော်စော၍ ဂုဏ်အသရေရှိသော သူ၊ အစည်းအဝေး၌ မင်းပြုသောသူ၊ ဣသရေလအမျိုး
သားနှစ်ရာငါးဆယ်နှင့်တကွ၊ မောရှေကို ပုန်ကန်၍၊ 3 မောရှေနှင့် အာရုန်တဘက်၌ စုဝေးလျက်၊ သင်တို့သည် အမှုတော်ကို
စောင့်လွန်း၏။ ပရိသတ်ရှိ သမျှအပေါင်းတို့သည် သန့်ရှင်းကြ၏။ ထာဝရဘုရား သည် သူတို့တွင်ရှိတော်မူ၏။ သို့ဖြစ်၍ သင်တို့သည်
ထာဝရဘုရား၏ပရိသတ်အပေါ်မှာ အဘယ်ကြောင့် ကိုယ်ကိုကိုယ် ချီးမြှောက်ရသနည်းဟု ဆိုလေ၏။ 4 ထိုစကားကို
မောရှေကြားလျှင် ပြပ်ဝပ်လျက် နေ၏။ 5 တဖန်မောရှေက၊ အဘယ်သူသည် ထာဝရ ဘုရား၏လူဖြစ်သည်ကိုငင်း၊
အဘယ်သူသန့်ရှင်းသည်ကို ငင်း၊ အဘယ်သူကို ချဉ်းကပ်စေမည်ကိုငင်း၊ နက်ဖြန်နေ့၌ ထာဝရဘုရား ပြတော်မူမည်။
ရွေးကောက်တော်မူသောသူကိုလည်း အနီးအပါးသို့ ချဉ်း ကပ်စေတော်မူမည်။ 6 အိုကောရနှင့် ကောရ၏အပေါင်းအသင်းရှိသမျှ တို့၊
သင်တို့ပြုရမည်အမှုဟူမူကား၊ လင်ပန်းတို့ကို ယူ၍၊ 7 နက်ဖြန်နေ့ ထာဝရဘုရားရှေ့တော်၌ မီးနှင့် လောဗန်ကို တင်ကြလော့။ ထိုအခါ
ထာဝရဘုရား ရွေးကောက်တော်မူသော သူသည်၊ သန့်ရှင်းသောသူ ဖြစ်စေ။ အိုလေဝိသားတို့၊ သင်တို့သည် အမှုတော်ကို
စောင့်လွန်းကြသည်ဟု ဆိုလေ၏။ 8 တဖန်မောရှေက၊ အိလေဝိသားတို့၊ နားထောင် ကြပါလော့။ 9 သင်တို့သည် ထာဝရဘုရား၏
တဲတော်အမှုကို ဆောင်ရွက်၍၊ ပရိသတ်ရှေ့မှာ ရပ်လျက်၊ သူတို့အမှုကို လည်း စောင့်စေမည်အကြံရှိတော်မူသည်နှင့်၊ ဣသရေလ
အမျိုး၏ဘုရားသခင်သည်၊ သင်တို့ကို အနီးအပါးသို့ ခေါ်၍ နေရာချခြင်းငှါ၊ ဣသရေလအမျိုး ပရိသတ်နှင့် ခွဲထား၍၊ 10 သင့်ကိုငင်း၊
သင့်ညီအစ်ကို လေဝိသားအပေါင်း တို့ကိုငင်း၊ အနီးအပါး၌ နေရာချတော်မူသော ကျေးဇူး တော်ကို မထီမဲ့မြင်ပြု၍၊
ယဇ်ပုရောဟိတ်အရာကိုလည်း ရှာကြသည်တကား။ 11 ထိုကြောင့် သင်နှင့်သင်၏အပေါင်းအသင်းရှိ သမျှတို့သည်
ထာဝရဘုရားတဘက်၌ စုဝေးကြပြီ တကား။ အာရုန်ကို အပြစ်တင်၍ မြည်တမ်းရမည် အကြောင်း၊ သူသည် အဘယ်သို့သော
သူဖြစ်သနည်းဟု ကောရအား ဆိုပြီးမှ၊ 12 ဧလျာဘသား ဒါသန်နှင့် အဘိရံတို့ကို ခေါ်ခြင်း ငှါ စေလွှတ်လေ၏။ သူတို့ကလည်း
ငါတို့မလာ။ 13 သင်သည် ဤတော၌ ငါတို့ကို သတ်လို၍ နို့နှင့် ပျားရည်စီးသော ပြည်မှ ဆောင်ခဲ့သော်လည်း၊ ငါတို့ အပေါ်၌
လုံးလုံးမင်းမပြုရလျှင်၊ စိတ်မပြေသေးသည် တကား။ 14 ထိုမှတပါး နို့နှင့် ပျားရည်စီးသော ပြည်သို့ ငါတို့ကို မဆောင်၊ လယ်ယာများ၊
စပျစ်ဥယျာဉ်များကို မပေးဘဲ၊ ဤလူတို့၏မျက်စိကို ဖောက်ချင်သလော။ ငါတို့သည် သင့်ထံသို့ မလာဟု ပြန်ဆို၏။ 15 မောရှေသည်
အလွန်အမျက်ထွက်၍၊ ဤသူတို့ ပူဇော်သက္ကာကို ပမာဏပြုတော်မမူပါနှင့်။ သူတို့ဥစ္စာ မြည်းတကောင်ကိုမျှ အကျွန်ုပ်မသိမ်းပါ။
သူတို့တွင် တယောက်ကိုမျှ မညှဉ်းဆဲပါဟု ထာဝရဘုရားအား လျှောက်၍၊ 16 ကောရအားလည်း၊ အာရုန်နှင့် သင်အစရှိသော
သင်၏အပေါင်းအသင်းရှိသမျှတို့သည်၊ နက်ဖြန်နေ့ ထာဝရဘုရားရှေ့တော်၌ ရှိကြလော့။ 17 လူအသီးအသီးတို့သည် မိမိတို့
လင်ပန်းများကို ယူ၍ လောဗန်ကို တင်ပြီးမှ၊ သင်နှင့် အာရုန်သည်လည်း မိမိတို့ လင်ပန်းပါလျက်၊ လူအပေါင်းတို့သည် လင်ပန်း
နှစ်ရာငါးဆယ်တို့ကို ထာဝရဘုရား ရှေ့တော်သို့ ဆောင်ခဲ့ ကြလော့ဟု ဆိုသည်အတိုင်း၊ 18 ထိုသူအသီးအသီးတို့သည် မိမိတို့
လင်ပန်းများ ကို ယူ၍ မီးနှင့်လောဗန်ကို တင်ပြီးမှ၊ မောရှေ၊ အာရုန်နှင့် အတူ၊ ပရိသတ်စည်းဝေးရာ တဲတော်တံခါးဝ၌ ရပ်နေ ကြ၏။ 19
ကောရသည်လည်း၊ ပရိသတ်စည်းဝေးရာ တဲတော်တံခါးဝ၌ ပရိသတ်အပေါင်းတို့ကို မောရှေနှင့် အာရုန်တဘက်၌ စုဝေးစေပြီးမှ၊
ထာဝရဘုရား၏ ဘုန်းတော်သည် ပရိသတ်အပေါင်းတို့၌ ထင်ရှားလေ၏။ 20 ထာဝရဘုရားကလည်း၊ ဤပရိသတ်တို့နှင့် ခွာ၍
တခြားစီနေလော့။ 21 ငါသည် သူတို့ကို ချက်ခြင်း ဖျက်ဆီးမည်ဟု မောရှေနှင့် အာရုန်အား မိန့်တော်မူလျှင်၊ 22 သူတို့က ပြပ်ဝပ်လျက်၊
အိုဘုရားသခင်၊ ခပ် သိမ်းသော သတ္တဝါတို့၏ အသက်ဝိညာဉ်များကို အစိုးရ တော်မူသော အပြစ်ကြောင့် ပရိသတ်အပေါင်းတို့ကို
အမျက်ထွက်တော်မူမည်လောဟု လျှောက်ဆိုလေ၏။ 23 ထာဝရဘုရားကလည်း၊ ကောရ၊ ဒါသန်၊ အဘိရံ တို့၏ တဲများကို ရှောင်၍
နေစေခြင်းငှါ၊ 24 ပရိသတ်တို့အား ဆင့်ဆိုလော့ဟု မောရှေအား မိန့်တော်မူသည်အတိုင်း၊ 25 မောရှေထ၍ ဣသရေလအမျိုး
အသက်ကြီးသူ တို့နှင့်တကွ၊ ဒါသန်၊ အဘိရံနေရာသို့ သွားပြီးမှ၊ 26 ဤလူဆိုးတို့၏နေရာ တဲများကို ရှောင်၍ နေကြ ပါလော့။
သူတို့၏ဥစ္စာတစုံတခုကိုမျှ မထိကြပါနှင့်။ သို့မဟုတ် သူတို့နှင့်အတူ၊ သူတို့အပြစ်ကြောင့် ပျက်စီး ခြင်းသို့ ရောက်ကြလိမ့်မည်ဟု
ပရိသတ်တို့အား ဆင့်ဆို လျှင်၊ 27 လူများတို့သည် ကောရ၊ ဒါသန်၊ အဘိရံတဲ ပတ်ဝန်းကျင်၌မနေဘဲ ရှောင်လွှဲ၍ သွားကြသဖြင့်၊
ဒါသန်၊ အဘိရံသည်၊ သားမယား အကလေးများနှင့်တကွ ထွက်၍ မိမိတို့တဲတံခါးဝ၌ ရပ်နေကြ၏။ 28 မောရှေကလည်း၊
ဤအမှုအလုံးစုံတို့ကို ငါသည် အလိုလိုမပြု၊ ထာဝရဘုရား စေခိုင်းတော်မူ၍ ငါပြုသည် အကြောင်းကို သင်တို့သည် အဘယ်သို့
သိရမည်နည်း ဟူမူကား၊ 29 ခပ်သိမ်းသော လူသတ္တဝါတို့ခံရသော သေခြင်း၊ ခပ်သိမ်းသော လူသတ္တဝါတို့ ခံရသော ဆုံးမခြင်းကိုသာ
ဤလူတို့ ခံရလျှင်၊ ထာဝရဘုရားသည် ငါ့ကို စေလွှတ် တော်မမူ။ 30 သို့မဟုတ် ထာဝရဘုရားသည် အသစ်ဖန်ဆင်း တော်မူသဖြင့်၊
မြေကြီးကွဲပွင့်လျက် ဤလူတို့ကိုငင်း၊ သူတို့ နှင့်ဆိုင်သမျှကိုငင်း မျို၍၊ သူတို့သည် အသက်ရှင်လျက် သေမင်းနိုင်ငံသို့ ဆင်းသွားလျှင်၊
ထာဝရဘုရား၌ ပြစ်မှား ကြောင်းကို သင်တို့သည် သိနားလည်ကြရလိမ့်မည်ဟု၊ 31 ပြောဆိုပြီးသည်အဆုံး၌၊ သူတို့နင်းရာ မြေကြီး
သည် ကွဲ၍၊ 32 မိမိခံတွင်းကို ဖွင့်သဖြင့်၊ သူတိုနှင့် သူတို့အိမ် များကိုငင်း၊ ကောရနှင့် ဆိုင်သမျှသော သူတို့နှင့် သူတို့ ဥစ္စာရှိသမျှကိုငင်း
မျိုလေ၏။ 33 ထိုသူတို့သည် ကိုယ်တိုင်မှစ၍၊ ဆိုင်သမျှသော သူတို့နှင့်တကွ၊ အသက်ရှင်လျက် သေမင်းနိုင်ငံသို့ ဆင်း သက်၍၊


generated on Tue Jul 2 12:50:28 2024

သူတို့အပေါ်မှာ မြေစေ့ပြန်သဖြင့်၊ သူတို့သည် ပရိသတ်မှ ပယ်ရှင်းခြင်းကို ခံရကြ၏။ 34 သူတို့အော်ဟစ်သံကို ပတ်ဝန်းကျင်၌ရှိသော
ဣသရေလအမျိုးသားတို့သည် ကြားလျှင်၊ ငါတို့ကိုလည်း မြေမျိုကောင်းမျိုလိမ့်မည်ဟု စိုးရိမ်လျက် ပြေးကြ၏။ 35 နံ့သာပေါင်းကို
မီးရှို့၍ ပူဇော်သောသူ နှစ်ရာ ငါးဆယ်တို့ကိုလည်း၊ ထာဝရဘုရားထံတော်က မီးထွက်၍ လောင်လေ၏။ 36-37 ထာဝရဘုရားကလည်း၊
ထိုသန့်ရှင်းသော လင်ပန်းတို့ကို မီးလောင်ရာထဲက ကောက်ယူ၍၊ မီးကို ပစ်ချပြီးမှ၊ 38 ကိုယ်အသက်ကို သေစေခြင်းငှါ ပြစ်မှားသော
သူတို့၏ လင်ပန်းတို့ဖြင့် ယဇ်ပလ္လင်ကို ဖုံးအုပ်စရာ ကြေးဝါပြားတို့ကို လုပ်ရမည်အကြောင်း၊ ယဇ်ပုရောဟိတ် အာရုန်၏သား
ဧလာဇာကို ဆင့်ဆိုလော့။ ထာဝရဘုရား ရှေ့တော်၌ ပူဇော်သောကြောင့်၊ ထိုလင်ပန်းတို့သည် သန့်ရှင်းသည်ဖြစ်၍၊
ဣသရေလအမျိုးသားတို့အား နိမိတ်ဖြစ် ရကြမည်ဟု မောရှေအား မိန့်တော်မူသည်အတိုင်း၊ 39 ယဇ်ပုရောဟိတ်ဧလာဇာသည်၊
မီးလောင်ခြင်း ကို ခံရသော သူတို့ ပူဇော်သော လင်ပန်းများကို ယူ၍ ယဇ်ပလ္လင်ကို ဖုံးအုပ်စရာ ကြေးဝါပြားတို့ကို လုပ်လေ၏။ 40
ထိုသို့ အာရုန်အမျိုးမဟုတ်။ အခြားတပါးသော အမျိုးသားသည်၊ ထာဝရဘုရားရှေ့တော်၌ နံ့သာပေါင်း ကို မီးရှို့၍
ပူဇော်သောအားဖြင့်၊ ကောရနှင့် သူ၏ အပေါင်းအသင်းကဲ့သို့ မဖြစ်စေမည်အကြောင်း၊ ထာဝရ ဘုရားသည် မောရှေအားဖြင့်
မှာထားတော်မူသည် အတိုင်း၊ ထိုလင်ပန်းတို့သည် ဣသရေလအမျိုးသားတို့ အား သတိပေးရာနိမိတ်ဖြစ်ရကြ၏။ 41 နက်ဖြန်နေ့၌
ဣသရေလအမျိုးသား ပရိသတ် အပေါင်းတို့က၊ သင်တို့သည် ထာဝရဘုရား၏လူတို့ကို သတ်ကြပြီဟုဆိုလျက်၊ မောရှေနှင့်
အာရုန်တို့ကို အပြစ် တင်၍ မြည်တမ်းကြ၏။ 42 ပရိသတ်အပေါင်းတို့သည် မောရှေနှင့် အာရုန် တဘက်၌ စုဝေးကြသောအခါ၊
ပရိသတ်စည်းဝေးရာ တဲတော်သို့ မျှော်ကြည့်၍၊ မိုဃ်းတိမ်သည် တဲတော်ကို လွှမ်းမိုး၍၊ ထာဝရဘုရား၏ဘုန်းတော်သည် ထင်ရှား
လေ၏။ 43 မောရှေနှင့် အာရုန်တို့သည် ပရိသတ်စည်းဝေး ရာ တဲတော်ရှေ့သို့ ချဉ်းကပ်ကြ၏။ 44 ထာဝရဘုရားကလည်း၊ 45
ဤပရိသတ်တို့ကိုရှောင်၍ နေကြလော့။ ငါ သည် သူတို့ကို ချက်ခြင်းဖျက်ဆီးမည်ဟု မောရှေအား မိန့်တော်မူလျှင်၊ သူတို့သည်
ပြပ်ဝပ်လျက် နေကြ၏။ 46 မောရှေကလည်း၊ သင်သည် လင်ပန်းကို ကိုင်၍ ယဇ်ပလ္လင်ပေါ်က မီးကို ယူထည့်ပြီးလျှင်၊ လောဗန်ကို
လည်း တင်လျက်၊ ပရိသတ်ရှိရာသို့ အလျင်အမြန်သွား၍ အပြစ်ဖြေခြင်းကို ပြုလော့။ ထာဝရဘုရားထံတော်က အမျက်တော်ထွက်၍
ဘေးဥပဒ်ရောက်လျက် ရှိပြီဟု၊ 47 အာရုန်အား မှာထားသည်အတိုင်း၊ အာရုန် သည် ယူ၍ ပရိသတ်ထဲသို့ ပြေးလေ၏။ ထိုအခါ လူတို့ ၌
ဘေးဥပဒ်ရောက်စရှိသည်ဖြစ်၍၊ လောဗန်ကို တင် သဖြင့် လူများတို့အဘို့ အပြစ်ဖြေခြင်းကို ပြု၏။ 48 အသက်ရှင်သောသူ၊
သေသောသူ စပ်ကြားမှာ ရပ်နေ၍၊ ဘေးဥပဒ် ငြိမ်းလေ၏။ 49 ကောရ အမှုကြောင့် သေသောသူတို့ကို ထား၍ ထိုဘေးဥပဒ်ဖြင့်
သေသော လူပေါင်းကား၊ တသောင်း လေးထောင်ခုနစ်ရာ ရှိသတည်း။ 50 ထိုဘေးဥပဒ်ငြိမ်းပြီးမှ၊ အာရုန်သည် ပရိသတ် စည်းဝေးရာ
တဲတော်တံခါးဝ၊ မောရှေထံသို့ ပြန်လာ၏။

## Chapter 17

1 တဖန် ထာဝရဘုရားသည် မောရှေအား မိန့်တော်မူသည်ကား၊ 2 သင်သည် ဣသရေလအမျိုးသားတို့အား ဆင့် ဆိုပြီးမှ၊
ဘိုးဘအဆွေအမျိုးအလိုက် ဣသရေလ ဆယ်နှစ် မျိုး၌ မင်းပြုသောသူအသီးအသီးပေးရသော လှံတံဆယ် နှစ်ချောင်းတို့ကို ယူ၍၊
လူတိုင်းအမည်ကို သူ့လှံတံပေါ်မှာ ရေးထားလော့။ 3 လေဝိအမျိုး၏လှံတံပေါ်မှာ အာရုန်အမည်ကို ရေးထားလော့။
ဘိုးဘအဆွေအမျိုးသူကြီးတဦးလျှင် လှံတံတချောင်းစီရှိရမည်။ 4 ထိုလှံတံတို့ကို ငါဗျာဒိတ်ပေးရာ အရပ်၊ ပရိသတ် စည်းဝေးရာ
တဲတော်အတွင်း၊ သက်သေခံချက်ရှေ့မှာ တင်ထားလော့။ 5 ငါရွေးကောက်သောသူ၏ လှံတံသည် အပွင့် ပွင့်လိမ့်မည်။ ထိုသို့ပြုမှ
ဣသရေလအမျိုးသားတို့သည် သင်၌ အပြစ်တင်၍ မြည်တမ်းခြင်းကို နောက်တဖန် ငါနားမငြီးရာဟု မိန့်တော်မူသည်အတိုင်း၊ 6
မောရှေသည် ဣသရေလအမျိုးသားတို့အား ဆင့်ဆို၍၊ မင်းအပေါင်းတို့သည် ဘိုးဘအဆွေအမျိုး အလိုက်၊ မင်းတဦးလျှင်
လှံတံတချောင်းစီ လှံတံဆယ်နှစ် ချောင်းတို့ကို ပေးကြ၏။ အာရုန်၏လှံတံသည် လှံတံများ ၌ ပါသတည်း။ 7 မောရှေသည်
ထိုလှံတံတို့ကို သက်သေခံချက် တဲတော်အတွင်း၊ ထာဝရဘုရားရှေ့တော်၌ တင်ထား လေ၏။ 8 နက်ဖြန်နေ့၌
သက်သေခံချက်တဲတော်အတွင်း သို့ မောရှေဝင်သောအခါ၊ လေဝိအမျိုးနှင့်ဆိုင်သော အာရုန်၏လှံတံသည် အရွက်ထွက်လျက်၊
ငုံလျက်၊ ပွင့် လျက်၊ ဗာဒံသီးကို သီးလျက်ရှိ၏။ 9 မောရှေသည် လှံတံရှိသမျှတို့ကို ထာဝရဘုရား ထံတော်က
ဣသရေလအမျိုးသားတို့ ရှေ့သို့ ထုတ်ဆောင် သဖြင့်၊ သူတို့သည် ကြည့်ရှု၍၊ လူတိုင်း မိမိလှံတံကို ယူပြန် လေ၏။ 10
ထာဝရဘုရားကလည်း၊ ပုန်ကန်သောသူတို့ တဘက်၌ သက်သေဖြစ်စေခြင်းငှါ၊ အာရုန်၏ လှံတံကို သက်သေခံချက်ရှေ့၌ ပြန်ထား၍
အမြဲရှိစေလော့။ ထိုသို့ သူတို့သည် သေဘေးနှင့် လွတ်မည်အကြောင်း၊ သူတို့ အပြစ်တင်၍ မြည်တမ်းခြင်းကို ငါနားမငြီးရာဟု၊ 11
မောရှေအား မှာထားတော်မူသည်အတိုင်း၊ မောရှေသည် ပြုလေ၏။ 12 ဣသရေလအမျိုးသားတို့ကလည်း၊ အကျွန်ုပ်တို့ သည်
သေကြေပျက်စီးကြပါ၏။ တယောက်မျှမကြွင်း ပျက်စီးရကြပါ၏။ 13 ထာဝရဘုရား၏ တဲတော်ကို ချဉ်းကပ်သော သူ တိုင်း
သေပါလိမ့်မည်။ အကျွန်ုပ်တို့ ရှိသမျှသည် သေဘေး သင့်၍ ဆုံးရှုံးခြင်းသို့ ရောက်ရကြပါဦးမည်လောဟု မောရှေအား
လျှောက်ဆိုကြ၏။


generated on Tue Jul 2 12:50:28 2024

## Chapter 18

1 တဖန် ထာဝရဘုရားသည် အာရုန်အား မိန့် တော်မူသည်ကား၊ သင်နှင့် သင်၏သားမြေးအဆွေအမျိုး တို့သည်၊
သန့်ရှင်းရာဌာနတော်နှင့်ဆိုင်သောအပြစ်၊ သင်တို့ ယဇ်ပုရောဟိတ်အရာနှင့် ဆိုင်သော အပြစ်ကို ခံရကြမည်။ 2 သင်၏
ဘိုးဘအဆွေအမျိုး၊ လေဝိအမျိုးသား ညီအစ်ကိုချင်းတို့သည်၊ သင်နှင့်အတူ ကူညီ၍ အမှုတော် ကို ဆောင်ရွက်စေခြင်းငှါ
ခေါ်ထားလော့။ သို့ရာတွင် သင်နှင့်တကွ သင်၏သားတို့သည်၊ သက်သေခံချက် တဲတော်ရှေ့မှာ အမှုတော်ကို ဆောင်ရွက်ရကြမည်။ 3
လေဝိသားတို့သည် သင့်ကိုင်ရင်း၊ တဲတော်ရှိသမျှ ကိုင်ရင်း စောင့်ရကြမည်။ သို့ရာတွင် သင်တို့နှင့် သူတို့ သည်
သေဘေးလွတ်မည်အကြောင်း၊ သူတို့သည် တဲတော် တန်ဆာ၊ ယဇ်ပလ္လင်တန်ဆာများကို မချဉ်းကပ်ရကြ။ 4 သူတို့သည်
သင်တို့နှင့်အတူ ကူညီ၍၊ ပရိသတ် စည်းဝေးရာ တဲတော်ကို စောင့်လျက်၊ တဲတော်အမှု ရှိသမျှကို ထမ်းရကြမည်။ မဆိုင်သောသူသည်
သင်တို့ အနီးသို့ မချဉ်းမကပ်ရ။ 5 နောက်တဖန် အမျက်တော်ထွက်၍ ဣသရေလ အမျိုးသားတို့အပေါ်သို့ မရောက်မည်အကြောင်း၊
သင်တို့ သည် သန့်ရှင်းရာဌာနတော်နှင့် ယဇ်ပလ္လင်ကို စောင့်ရကြ မည်။ 6 ထိုသို့ သင်တို့၏ ညီအစ်ကိုလေဝိသားတို့ကို၊
ဣသရေလအမျိုးသားတို့ထဲက ရွေးယူ၍၊ ပရိသတ်စည်း ဝေးရာ တဲတော်အမှုကို ထမ်းစေခြင်းငှါ၊ ထာဝရဘုရား အား ပြုသော
ပူဇော်သက္ကာကဲ့သို့ သင်တို့အား ငါပေး၏။ 7 ထိုကြောင့် သင်နှင့်သင်၏သားတို့သည် ယဇ် ပလ္လင်နှင့်ဆိုင်သောအမှု၊
ကုလားကာအတွင်း၌ ဆောင် ရွက်စရာအမှုရှိသမျှတို့ကို၊ ယဇ်ပုရောဟိတ်ပြု၍ ဆောင် ရွက်ရကြမည်။ သင်တို့အား ကျေးဇူးပြု၍
ယဇ်ပုရော ဟိတ်အရာကို ငါပေးပြီ။ မဆိုင်သော သူသည် အနီးအပါး သို့ ချဉ်းကပ်လျှင်၊ အသေသတ်ခြင်းကို ခံရမည်ဟု မိန့်
တော်မူ၏။ 8 တဖန် ထာဝရဘုရားသည် အာရုန်အား မိန့် တော်မူသည်ကား၊ ဣသရေလအမျိုးသားတို့သည် သန့် ရှင်းစေ၍
ဆက်ကပ်သမျှသော ပူဇော်သက္ကာတို့အထဲက၊ ငါ့အား ချီးမြှောက်သော ပူဇော်သက္ကာတို့ကို သင်၌အပ်၍၊ သင်နှင့်သင်၏သားတို့အဘို့
ဖြစ်စေခြင်းငှါ၊ ထာဝရ ပညတ်တရားအားဖြင့် ငါပေး၏။ 9 မီးသို့မရောက်၊ သန့်ရှင်းသော အရာထဲက သင် တို့ဆိုင်သောအရာဟူမူကား၊
ဣသရေလအမျိုးသား လှူသောဥစ္စာ၊ ဘောဇဉ်ပူဇော်သက္ကာ၊ အပြစ်ဖြေရာယဇ်၊ ဒုစရိုက်ဖြေရာယဇ်ပူဇော်လေသမျှတို့သည် သင်နှင့်
သင် ၏သားတို့အဘို့ သန့်ရှင်းရကြမည်။ 10 သန့်ရှင်းရာဌာန၌ စားရမည်။ ယောကျ်ား အပေါင်းတို့သည် စားရသောအခွင့်ရှိ၏။
သင်တို့အဘို့ သန့်ရှင်းပေ၏။ 11 ထိုမှတပါး ဣသရေလအမျိုးသားတို့ ပူဇော် သော ချီးမြှောက်ရာ ပူဇော်သက္ကာ၊ ချီလွှဲရာ ပူဇော်သက္ကာ
တို့ကို၊ သင်နှင့် သင်၏သားသမီးတို့အား ထာဝရပညတ် တရားအားဖြင့် ငါပေးပြီ။ သင့်အိမ်၌ သန့်ရှင်းသော သူ အပေါင်းတို့သည်
စားရသောအခွင့်ရှိ၏။ 12 ဣသရေလအမျိုးသားရွေး၍ ထာဝရဘုရား အား ပူဇော်သမျှ အကောင်းဆုံးသောဆီ၊ အကောင်းဆုံး သော
စပျစ်ရည်၊ အကောင်းဆုံးသော ဂျုံစပါးကို သင်တို့ အား ငါပေးပြီ။ 13 ထာဝရဘုရားထံတော်သို့ ဆောင်ခဲ့သမျှ အဦး မှည့်သော
သစ်သီးကိုလည်း သင်ဆိုင်ရမည်။ သင့်အိမ်၌ သန့်ရှင်းသော သူအပေါင်းတို့သည် စားရသောအခွင့် ရှိ၏။ 14 ဣသရေလအမျိုး၌
ကျိန်ဆို၍ ပူဇော်သမျှတို့ကို လည်း သင်ဆိုင်ရမည်။ 15 အဦးဘွားသောသား၊ လူဖြစ်စေ၊ တိရစ္ဆာန် ဖြစ်စေ၊ ထာဝရဘုရားထံတော်သို့
ဆောင်ခဲ့သမျှတို့ကို သင်ဆိုင်ရမည်။ သို့ရာတွင် လူ၏သားဦးနှင့် မစင်ကြယ် သော တိရစ္ဆာန်၏သားဦးကို အမှန်ရွေးရမည်။ 16
ရွေးရသော သားတို့ကို အသက်တလလွန်မှ၊ သင်အဘိုး ပြတ်သည်အတိုင်း ဂေရနှစ်ဆယ်နှင့်မျှသော အကျပ်တော်အလိုက်
ငွေငါးကျပ်နှင့် ရွေးရမည်။ 17 နွားသားဦး၊ သိုးသားဦး၊ ဆိတ်သားဦးသည် သန့်ရှင်းသောကြောင့် မရွေးရ။ သူ၏အသွေးကို ယဇ်
ပလ္လင်ပေါ်မှာ ဖြန်းရမည်။ ဆီဥကိုလည်း ထာဝရဘုရား အဘို့ မွှေးကြိုင်သောအနံ့ရှိစေ၍၊ မီးဖြင့် ပူဇော်သက္ကာ ပြုရမည်။ 18
အသားမူကား ချီလွှဲရာပူဇော်သက္ကာ၏ရင်ပတ် နှင့် လက်ျာပခုံးကဲ့သို့ သင့်အဘို့ ဖြစ်ရမည်။ 19 ဣသရေလအမျိုးသားတို့သည်
သန့်ရှင်းစေ၍ ထာဝရဘုရားအား ဆောင်ခဲ့သော ပူဇော်သက္ကာရှိသမျှ တို့ကို သင်နှင့်သင်၏ သားသမီးတို့အား ထာဝရပညတ်
တရားအားဖြင့် ငါပေးပြီ။ သင်အစရှိသော သင်၏အမျိုး အနွယ်နှင့်ဆို၍ ထာဝရဘုရား ရှေ့တော်၌ ဆားနှင့်ယှဉ် သော
ထာဝရပဋိညာဉ်ဖြစ်သတည်းဟု မိန့်တော်မူ၏။ 20 တဖန် ထာဝရဘုရားသည် အာရုန်အား မိန့် တော်မူသည်ကား၊
ဣသရေလအမျိုးသားတို့ နေရာပြည်၌ သင့်အမွေခံရာမြေ၊ သူတို့နှင့်ရော၍ ပိုင်သောအဘို့ မရှိရ။ ငါသည်ကား သူတို့တွင်
သင်ပိုင်သောအဘို့ သင့်အမွေ ဥစ္စာဖြစ်၏။ 21 လေဝိသားတို့သည် ပရိသတ်စည်းဝေးရာ တဲတော်အမှုကို ဆောင်ရွက်သောကြောင့်၊
သူတို့အမွေခံ စရာ ဣသရေလအမျိုးသားတို့၏ ဥစ္စာဆယ်ဘို့တဘို့ကို ငါပေးပြီ။ 22 ယခုမှစ၍ ဣသရေလအမျိုးသားတို့သည်
ကိုယ်အပြစ်ကို ခံ၍ သေဘေးနှင့် မတွေ့မည်အကြောင်း၊ ပရိသတ်စည်းဝေးရာ တဲတော်အနီးအပါးသို့ မချဉ်းမကပ် ရကြ။ 23
လေဝိသားတို့သည် ပရိသတ်စည်းဝေးရာ တဲ တော်အမှုကို ဆောင်ရွက်၍၊ ကိုယ်အပြစ်ကို ကိုယ်ခံရကြ မည်။ သူတို့သည်
ဣသရေလအမျိုးသားတို့နှင့် ရော၍ အမွေမခံရကြဟု သင်တို့အမျိုးအစဉ်အဆက် စောင့်ရ သော ပညတ်ဖြစ်သတည်း။ 24
ဣသရေလအမျိုးသားတို့သည် ထာဝရဘုရား အား ပူဇော်သကာပြုသော ကိုယ်ဥစ္စာဆယ်ဘို့တဘို့ကို၊ လေဝိသားအမွေခံစရာဘို့
ငါပေးပြီ။ ထို့ကြောင့် သူတို့ သည် ဣသရေလအမျိုးသားတို့နှင့် ရော၍ အမွေမခံရဟု ငါ့အမိန့်တော်ရှိ၏။ 25 တဖန် မောရှေအား
ထာဝရဘုရားက၊ သင် သည် လေဝိသားတို့အား ဆင့်ဆိုရမည်မှာ၊ 26 သင်တို့အမွေခံစရာ ငါပေးသော ဣသရေလ အမျိုးသားတို့၏
ဥစ္စာဆယ်ဘို့တဘို့ကို သင်တို့သည် ခံယူ သောအခါ၊ ထိုအဘို့ကို ဆယ်ဘို့ဘို့ ပြန်၍ တဘို့ကို ထာဝရ ဘုရားအား
ပူဇော်သက္ကာပြုရကြမည်။ 27 ထိုပူဇော်သက္ကာကို၊ ကောက်နယ်တလင်းထဲက ယူသော ဆန်စပါးကဲ့သို့၎င်း၊ စပျစ်သီးနယ်ရာ ကျင်းထဲက


generated on Tue Jul 2 12:50:28 2024

ယူသောစပျစ်ရည်ကဲ့သို့၎င်း၊ သင်တို့အဘို့ မှတ်ရလိမ့် မည်။ [28] ထိုသို့ သင်တို့သည် ဣသရေလအမျိုးသားတို့မှ ခံယူသော
ဆယ်ဘို့တဘို့ထဲက၊ ထာဝရဘုရားအား ပူဇော် သက္ကာပြုရကြမည်။ ထိုပူဇော်သက္ကာကိုလည်း၊ ယဇ်ပုရော ဟိတ်အာရုန်အား
လှူရကြမည်။ [29] သင်တို့ခံရသမျှသော အလှူတို့အထဲက အကောင်းဆုံးသောအဘို့ သန့်ရှင်းသောအဘို့ကို နှုတ်ယူ ၍ထာဝရဘုရားအား
ပူဇော်သက္ကာပြုရကြမည်။ [30] သို့ဖြစ်၍ သူတို့အား ဆင့်ဆိုရမည်မှာ၊ လေဝိသား တို့သည် အကောင်းဆုံးသောအဘို့ကို
နှုတ်ယူပူဇော်ပြီးမှ၊ ကြွင်းသောအဘို့ကို ကောက်နယ်တလင်း၏ ကျေးဇူး၊ စပျစ်သီးနယ်ရာကျင်း၏ ကျေးဇူးကဲ့သို့ မိမိတို့အဘို့ မှတ်ရ
လိမ့်မည်။ [31] ထိုကြွင်းသောအဘို့ကို၊ ကိုယ်တိုင်မှစ၍ အိမ်သူ အိမ်သားတို့သည် စားချင်သောအရပ်ရပ်၌ စားရသော အခွင့်ရှိ၏။
ပရိသတ်စည်းဝေးရာတဲတော်၌ အမှုစောင့် သောအတွက် ငါချသောဆု ဖြစ်၏။ [32] အကောင်းဆုံးသော အဘို့ကို နှုတ်ယူပူဇော်ပြီးမှ၊
ကြွင်းသောအဘို့အားဖြင့် အပြစ်ရောက်စရာအကြောင်း မရှိ။ သေဘေးနှင့် မတွေ့မည်အကြောင်း၊ ဣသရေလ အမျိုးသားတို့၏
သန့်ရှင်းသော အရာတို့ကို မညစ်ညျူးစေ ရဟု မိန့်တော်မူ၏။


generated on Tue Jul 2 12:50:28 2024

## Chapter 19

1 တဖန် ထာဝရဘုရားသည် မောရှေနှင့် အာရုန် တို့ကို ခေါ်၍ ထာဝရဘုရား စီရင်ထုံးဖွဲ့တော်မူသော ပညတ်တရားဟူမူကား၊ 2
အပြစ်မပါ၊ တခါမျှ ထမ်းဘိုးမတင်၊ ကွက်ကျား ခြင်းမရှိ၊ အဆင်းနီသော နွားမပျိုကို၊ ဣသရေလအမျိုး သားတို့သည်
ဆောင်ခဲ့မည်အကြောင်း ဆင့်ဆိုလော့။ 3 ယဇ်ပုရောဟိတ်ဧလောဇာ၌ အပ်၍ တပ်ပြင်သို့ ဆောင်သွားပြီးမှ၊ သူ့ရှေ့၌ အခြားသူ
သတ်ရမည်။ 4 ယဇ်ပုရောဟိတ်ဧလောဇာသည် အသွေးကို လက် နှင့်ယူ၍ ပရိသတ်စည်းဝေးရာ တဲတော်ရှေ့စူးစူး၌ ခုနစ် ကြိမ်
ဖြန်းရမည်။ 5 ယဇ်ပုရောဟိတ်ရှေ့မှာ ထိုနွားမ၏ အရေ၊ အသား၊ အသွေး၊ ချေးနှင့်တကွ တကောင်လုံးကို အခြား သူသည်
မီးရှို့ရမည်။ 6 ယဇ်ပုရောဟိတ်သည်လည်း အကာရှသစ်သား၊ ဟုဿုပ်ပင်ညွန့်နှင့် နီမောင်းသော အထည်ကို ယူ၍၊ နွားမ
မီးလောင်ရာထဲသို့ ပစ်ချရမည်။ 7 ထိုနောက် မိမိအဝတ်ကို လျှော်၍ ကိုယ်ကို လည်း ရေချိုးပြီးမှ၊ တပ်ထဲသို့ဝင်၍ ညဦးတိုင်အောင်
မစင်ကြယ်ဖြစ်လိမ့်မည်။ 8 မီးရှို့သော သူသည်လည်း၊ မိမိအဝတ်ကို လျှော် ၍ ကိုယ်ကိုလည်း ရေချိုးပြီးမှ၊ ညဦးတိုင်အောင် မစင်
ကြယ် ဖြစ်လိမ့်မည်။ 9 စင်ကြယ်သောသူ တစုံတယောက်သည် နွားမ၏ ပြာကို စုသိမ်း၍၊ တပ်ပြင်မှာ စင်ကြယ်သော အရပ်၌
ထားရမည်။ ဣသရေလအမျိုး ပရိသတ်အဘို့ စင်ကြယ် စေသော ရေဘော်ဘို့၊ ထိုပြာကို သိုထားရမည်။ အပြစ်နှင့်
ကင်းစင်စေစရာဘို့ဖြစ်သတည်း။ 10 နွားမ၏ပြာကို စုသိမ်းသောသူသည်လည်း၊ မိမိ အဝတ်ကိုလျှော်၍ ညဦးတိုင်အောင် မစင်ကြယ်
ဖြစ်လိမ့် မည်။ ဤရွေ့ကား၊ ဣသရေလအမျိုးသား၊ တည်းခိုသော တပါးအမျိုးသားတို့သည် အစဉ်အမြဲ စောင့်ရသော
ပညတ်ဖြစ်သတည်း။ 11 လူသေကောင်ကို ထိသောသူသည် ခုနစ်ရက် မစင်ကြယ်ဖြစ်လိမ့်မည်။ 12 သုံးရက်မြောက်သောနေ့၌
ထိုပြာနှင့် ကိုယ်ကို သန့်ရှင်းစေ၍၊ ခုနစ်ရက်မြောက်သောနေ့၌ စင်ကြယ်လိမ့် မည်။ သုံးရက်မြောက်သောနေ့၌ ကိုယ်ကို မသန့်ရှင်းစေ
လျှင်၊ ခုနစ်ရက်မြောက်သောနေ့တိုင်အောင် မစင် ကြယ်ရ။ 13 လူသေကောင်ကိုထိ၍ ကိုယ်ကို မသန့်ရှင်းစေ သောသူသည်၊
ထာဝရဘုရား၏ တဲတော်ကို ညစ်ညူးစေ ၏။ ထိုသူကို ဣသရေလအမျိုးမှ ပယ်ရှင်းရမည်။ စင် ကြယ်စေသောရေဖြန်းခြင်းကို
မခံသောကြောင့် မစင် ကြယ်ဖြစ်၏။ စင်ကြယ်ခြင်းသို့ မရောက်သေး။ 14 တဲ၌လူသေလျှင် စောင့်ရသောတရားဟူမူကား၊
တဲသို့ဝင်သောသူ၊ တဲ၌ရှိနေသောသူအပေါင်းတို့သည် ခုနစ်ရက်ပတ်လုံး မစင်ကြယ်ဖြစ်ကြလိမ့်မည်။ 15 မဖုံးဘဲ
ဖွင့်ထားသောအိုးရှိသမျှတို့သည်လည်း မစင်ကြယ်ဖြစ်ကြလိမ့်မည်။ 16 သတ်၍သေသောသူ၊ နာ၍သေသောသူ၊ လူသေ အရိုး၊
လူသင်္ချိုင်းကို လယ်ပြင်၌ တွေ့၍ထိလျှင်၊ ခုနစ်ရက် ပတ်လုံး မစင်ကြယ်ဖြစ်လိမ့်မည်။ 17 မစင်ကြယ်သောသူဘို့ အပြစ်ကင်းစေရာ
မီးရှို့ သောနွားမ၏ပြာအချို့ကို ယူ၍၊ စီးသောရေနှင့်အတူ အိုး၌ထည့်ပြီးမှ၊ 18 စင်ကြယ်သောသူသည်၊ ဟုဿုပ်ပင်ညွန့်ကို ရေ၌နှစ်၍
တဲပေါ်မှာရင်း၊ တန်ဆာများ၊ တဲ၌ရှိသော လူများပေါ်မှာရင်း၊ လူသေအရိုး၊ သတ်၍သေသောသူ၊ နာ၍သေသောသူ၊ လူသင်္ချိုင်းကို
ထိသောသူပေါ်မှာရင်း၊ ထိုရေကို ဖြန်းရမည်။ 19 စင်ကြယ်သောသူသည် မစင်ကြယ်သောသူကို သုံးရက်မြောက်သောနေ့၊
ခုနစ်ရက်မြောက်သောနေ့၌ ဖြန်းရ မည်။ ခုနစ်ရက်မြောက်သောနေ့၌ ကိုယ်ကို သန့်ရှင်းစေ လျက်၊ မိမိအဝတ်ကို လျှော်၍ ရေချိုးလျှင်၊
ညဦးအချိန် တွင် စင်ကြယ်လိမ့်မည်။ 20 မစင်ကြယ်သောသူသည် ကိုယ်ကို သန့်ရှင်း စေခြင်းငှါမပြုလျှင်၊ ထာဝရဘုရား၏
သန့်ရှင်းရာဌာန တော်ကို ညစ်ညူးစေသောကြောင့်၊ ပရိသတ်မှ ပယ်ရှင်း ခြင်းကို ခံရမည်။ စင်ကြယ်စေသော ရေဖြန်းခြင်းကို
မခံသောကြောင့်၊ မစင်ကြယ်ဘဲနေ၏။ 21 အစဉ်အမြဲစောင့်ရသော ပညတ်ဟူမူကား၊ စင်ကြယ်သော ရေကို ဖြန်းသောသူသည်
မိမိအဝတ်ကို လျှော်ရမည်။ ထိုရေကို ထိသောသူလည်း၊ ညဦးတိုင် အောင် မစင်ကြယ်ဖြစ်လိမ့်မည်။ 22 မစင်ကြယ်သောသူ
ထိသမျှသော အရာသည် လည်း မစင်ကြယ်ဖြစ်လိမ့်မည်။ ထိုအရာကို ထိသောသူ လည်း ညဦးတိုင်အောင် မစင်ကြယ်ဖြစ်လိမ့်မည်ဟု
မိန့်တော်မူ၏။


generated on Tue Jul 2 12:50:28 2024

## Chapter 20

1 သက္ကရာဇ်လေးဆယ်၊ ပဌမလ၌ ဣသရေလ အမျိုးသား ပရိသတ်အပေါင်းတို့သည်၊ ဇိနတောသို့ ရောက်၍၊ ကာဒေရှအရပ်၌
နေကြ၏။ ထိုအရပ်၌ မိရိအံသေ သင်္ဂြိုဟ် လေ၏။ 2 ပရိသတ်တို့သောက်စရာ ရေမရှိသောကြောင့်၊ မောရှေနှင့်အာရုန်တဘက်၌
စုဝေးကြလျက်၊ 3 ထာဝရဘုရားရှေ့မှာ ငါတို့အစ်ကိုများသေသော အခါ၊ ငါတို့လည်း မသေပါလေ။ 4 ငါတို့နှင့် ငါတို့တိရစ္ဆာန်များကို
သေစေခြင်းငှါ၊ ထာဝရဘုရား၏ပရိသတ်ကို ဤတောသို့ အဘယ်ကြောင့် ဆောင်ခဲ့သနည်း။ 5 ငါတို့ကို အဲဂုတ္တုပြည်မှ ထွက်စေ၍၊
ဤဆိုးသော အရပ်သို့ အဘယ်ကြောင့် ဆောင်ခဲ့သနည်း။ ဤအရပ် သည် လယ်လုပ်စရာမကောင်း၊ သင်္ဘောသဖန်းပင်၊ စပျစ် နွယ်ပင်၊
သလဲပင်စိုက်စရာမကောင်း။ သောက်စရာရေမျှ မရှိဟု မောရှေကို အပြစ်တင်၍ ဆိုကြ၏။ 6 မောရှေနှင့် အာရုန်တို့သည်
လူအစုအဝေးမှ ထွက်၍၊ ပရိသတ်စည်းဝေးရာ တဲတော်တံခါးဝသို့ သွား သဖြင့်၊ ပြပ်ဝပ်လျက် နေကြစဉ်၊ ထာဝရဘုရား၏ ဘုန်း
တော်သည် ထင်ရှားလေ၏။ 7 ထာဝရဘုရားကလည်း၊ 8 လှံတံတော်ကို ကိုင်ယူ၍ သင်၏အစ်ကိုအာရုန် ပါလျက်၊ ပရိသတ်များကို
စုဝေးစေလော့။ သူတို့ရှေ့မှာ ကျောက်ကိုမှာထားလော့။ ကျောက်သည် မိမိရေကို ထွက် စေ၍၊ ပရိသတ်များနှင့်
သူတို့တိရစ္ဆာန်များတို့အား သောက်ဘို့ ရေကို ပေးရမည်ဟု၊ 9 မောရှေအား မိန့်တော်မူသည်အတိုင်း၊ မောရှေ သည် လှံတံတော်ကို
ထာဝရဘုရားရှေ့တော်ကယူ၍၊ 10 အာရုန်ပါလျက်၊ ပရိသတ်တို့ကို ကျောက်ရှေ့မှာ စုဝေးစေပြီးလျှင်၊ အချင်းသူပုံတို့၊
နားထောင်ကြလော့။ ငါတို့သည် သင်တို့အဘို့ ဤကျောက်ထဲက ရေကို ထွက်စေ ရမည်လောဟု ဆိုလျက်၊ 11 မိမိလက်ကို ဆန့်၍
ကျောက်ကို လှံတံနှင့် နှစ်ကြိမ်ရိုက်သဖြင့်၊ ရေသည် များစွာထွက်၍၊ လူပရိသတ် တို့နှင့် တိရစ္ဆာန်တို့သည် သောက်ရကြ၏။ 12
ထာဝရဘုရားကလည်း၊ သင်တို့သည် ငါ့ကို မယုံ ကြည်၊ ဣသရေလအမျိုးသားတို့ရှေ့မှာ ငါ့ကိုမရိုမသေ ပြုသောကြောင့်၊
ဤပရိသတ်တို့အား ငါပေးသောပြည်သို့ သင်တို့သည် ပို့ဆောင်သောအခွင့်ကို မရကြဟု မောရှေ နှင့် အာရုန်တို့အား မိန့်တော်မူ၏။ 13
ဣသရေလအမျိုးသားတို့သည် ထာဝရဘုရား ကို ဆန့်ကျင်ဘက်ပြုသော်လည်း၊ သူတို့တွင် ရိုသေ လေးမြတ်ခြင်းကို
ခံတော်မူသောကြောင့်၊ ထိုရေသည် မေရိဘရေဖြစ်သတည်း။ 14 မောရှေသည် ကာဒေရှအရပ်မှ ဧဒုံရှင်ဘုရင်ထံ သို့ သံတမန်တို့ကို
စေလွှတ်၍၊ ကိုယ်တော့်ညီ ဣသရေလ က၊ အကျွန်ုပ်တို့ တွေ့ရသောအမှု အလုံးစုံတည်းဟူသော၊ 15 အကျွန်ုပ်တို့ဘိုးဘေးသည်
အဲဂုတ္တုပြည်သို့သွား၍ အကျွန်ုပ်တို့ သည်အဲဂုတ္တုပြည် မှာကာလကြာမြင့်စွာနေသဖြင့်၊ အဲဂုတ္တုလူတို့သည် အကျွန်ုပ် တို့နှင့်
ဘိုးဘေးများကို ညှဉ်းဆဲကြောင်း၊ 16 အကျွန်ုပ်တို့သည် ထာဝရဘုရားကို အော်ဟစ် သောအခါ၊ ကောင်းကင်တမန်ကို စေလွှတ်၍၊
အကျွန်ုပ် တို့ကို အဲဂုတ္တုပြည်မှ နှုတ်ဆောင်တော်မူကြောင်းကို ကိုယ်တော်သိပါ၏။ ယခုမှာ အကျွန်ုပ်တို့သည် ကိုယ်တော် ၏
နိုင်ငံအစွန်အနား၊ ကာဒေရှအရပ်၌ ရှိကြပါ၏။ 17 ကိုယ်တော့်ပြည်အလယ်၌ရှောက်၍ သွားပါရ စေ။ လယ်ယာများ၊
စပျစ်ဥယျာဉ်များကို မနင်းပါ။ တွင်း ရေကိုလည်း မသောက်ပါ။ ကိုယ်တော့်ပြည်နယ်ကို မလွန် မှီတိုင်အောင်၊ လက်ျာဘက်၊
လက်ဝဲဘက်သို့ မလွှဲ၊ မင်း လမ်းသို့သာ ရှောက်လိုက်ပါမည်ဟု တောင်းပန်စေ၏။ 18 ဧဒုံကလည်း၊ သင်သည် ငါ့ပြည်အလယ်၌
မရှောက်မသွားရ။ ရှောက်သွားလျှင်၊ ထားလက်နက်နှင့် ဆီးတားမည်ဟု ပြန်ပြော၏။ 19 ဣသရေလအမျိုးသားတို့ကလည်း၊
မင်းလမ်းသို့ သာ ရှောက်လိုက်ပါမည်။ ကိုယ်တိုင်မှစ၍ တိရစ္ဆာန်တို့ သည် ကိုယ်တော့်ရေကို သောက်လျှင် အဘိုးကို ပေးပါ မည်။
အခြားသောအမှုကို မပြုဘဲ၊ ခြေဖြင့် သွားရုံမျှသာ ပြုပါမည်ဟု ဆိုသော်လည်း၊ 20 ဧဒုံက၊ သင်သည် ရှောက်၍မသွားရဟုဆိုလျက်၊
များစွာသော ဗိုလ်ခြေအလုံးအရင်းနှင့်တကွ ဆီးတားခြင်း ငှါ ထွက်လာ၏။ 21 ထိုသို့ ဧဒုံသည် သူ၏ပြည်အလယ်၌ရှောက်သွား သော
အခွင့်ကို ဣသရေလအား မပေးသောကြောင့်၊ ဣသရေလသည် လွှဲရှောင်လေ၏။ 22 ဣသရေလအမျိုးသား ပရိသတ်အပေါင်းတို့
သည် ကာဒေရှအရပ်မှ ပြောင်း၍ ဟောရတောင်သို့ ရောက်ကြ၏။ 23 ဧဒုံပြည်စွန်နား၊ ဟောရတောင်ပေါ်မှာ ထာဝရ ဘုရားသည်
မောရှေနှင့်အာရုန်တို့ကို ခေါ်၍၊ 24 သင်တို့သည် မေရိဘစမ်းရေနားမှာ ငါ့စကားကို ဆန့်ကျင်သောကြောင့်၊
ဣသရေလအမျိုးသားတို့အား ငါပေးသော ပြည်သို့အာရုန်သည် မဝင်ရ။ မိမိလူမျိုးစည်း ဝေးရာသို့ သွားရမည်။ 25 သို့ဖြစ်၍ အာရုန်နှင့်
သူ၏သား ဧလာဇာကို ခေါ်၍ ဟောရတောင်ပေါ်သို့ ဆောင်သွားပြီးလျှင်၊ 26 အာရုန်၏အဝတ်ကို ချွတ်၍ သူ၏သား ဧလာဇာကို
ဝတ်စေပြီးမှ၊ အာရုန်သည် ထိုအရပ်၌သေ၍ မိမိလူမျိုးစည်းဝေးရာသို့ သွားရမည်ဟု၊ 27 မိန့်တော်မူသည်အတိုင်း၊ မောရှေပြု၍၊ သူတို့
သည် ပရိသတ်အပေါင်းတို့ရှေ့မှာ ဟောရတောင်ပေါ်သို့ တက်ကြ၏။ 28 မောရှေသည် အာရုန်၏အဝတ်ကို ချွတ်၍ သား ဧလာဇာကို
ဝတ်စေပြီးမှ၊ အာရုန်သည် တောင်ထိပ်၌ သေလေ၏။ မောရှေနှင့် ဧလာဇာတို့သည် တောင်ပေါ်က ဆင်းလာကြ၏။ 29 အာရုန်သည်
အနိစ္စရောက်ကြောင်းကို ပရိသတ် အပေါင်းတို့သည် သိမြင်သောအခါ၊ ဣသရေလအမျိုး သားရှိသမျှတို့သည်၊ အာရုန်အတွက်
အရက်သုံးဆယ်ပတ် လုံး ငိုကြွေးမြည်တမ်းခြင်းကို ပြုကြ၏။


generated on Tue Jul 2 12:50:28 2024

Numbers 01

ဇိနတော
ဟေဗြဲနာမည် ဇိနတောဖြစ်သည်။ အင်္ဂလိပ်စာရှိ "sin" အပြစ် မဟုတ်ကြောင်း ရှင်းလင်းပါစေ။

ပဋမလ
ဟေဗြဲ ပြက္ခဒိန်ရှိ ပဋမလကို ဆိုလိုခြင်းဖြစ်သည်။ အဲဂုတ္တုလူများထံမှ ဣသရေလများကို ဘုရားသခင် ပြန်ကယ်တင်သည့် အမှတ်အသားဖြစ်သည်။ ပဋမလသည် အနောက်တိုင်း ပြက္ခဒိန်တွင်မူ မတ်လ၏ နောက်ဆုံးပတ်နှင့် ဧပြီလ၏ ပထမပတ်အတွင်းဖြစ်သည်။

သင်္ဂြိုဟ်လေ၏
ပြသူဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူမကို သူတို့ သင်္ဂြိုလ်ကြသည်"။

Numbers 02

စုဝေးကြလျက်
"သူတို့" သည် ပရိသတ်ကို ဆိုလိုသည်။

စုဝေးကြလျက်
"လူအုပ်အဖြစ်လာကြသည်"

ထာဝရဘုရားရှေ့မှာ
ထာဝရဘုရား၏ တဲတော်ရှေ့ကို ဆိုလိုသည်။

Numbers 04

ဆက်စပ်မှုဖော်ပြချက်
ဣသရေလလူများသည် မောရှေနှင့် အာရုန်ကို ဆက်လက် စောဒကတက်နေကြသည်။

ငါတို့နှင့် ငါတို့တိရစ္ဆာန်များကို သေစေခြင်းငှါ၊ ထာဝရဘုရား၏ပရိသတ်ကို ဤတောသို့ အဘယ်ကြောင့် ဆောင်ခဲ့သနည်း။
မောရှေနှင့်အာရုန်ကို ဣသရေလလူများက စောဒကတက်၍ မေးသည့်မေးခွန်းဖြစ်သည်။ ရှင်းလင်းချက်တစ်ခုအနေဖြင့် ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် ထာဝရဘုရား၏ ပရိသတ်၊ ငါတို့နှင့် ငါတို့တိရစ္ဆာန်များကို ဤတော၌ သေစေခြင်းငှာ၊ မခေါ်ဆောင်သင့်ပေ"

ငါတို့ကို အဲဂုတ္တုပြည်မှ ထွက်စေ၍၊ ဤဆိုးသော အရပ်သို့ အဘယ်ကြောင့် ဆောင်ခဲ့သနည်း။
မောရှေနှင့်အာရုန်ကို ဣသရေလလူများက စောဒကတက် မေးသည့်မေးခွန်းဖြစ်သည်။ ရိုးရိုးဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဤနေရာဆိုးကို ခေါ်လာဖို့ရန် အဲဂုတ္တုပြည်မှ ကျွန်ုပ်တို့ကို မခေါ်ဆောင်သင့်ပါ"

Numbers 06

ပြပ်ဝပ်လျက်
မောရှေနှင့်အာရုန်တို့သည် ဘုရားသခင် ရှေ့၌ နှိမ့်ချခြင်းကို ဆိုလိုသည်။

Numbers 07

သူတို့ရှေ့မှာ
"သူတို့ရှေ့မှာ " သည် မောရှေပြုလုပ်နေသည်ကို လူများမြင်နေကြခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် သင့်ကို စောင့်ကြည့်နေကြသည့်အခါတွင်"

ထာဝရဘုရားရှေ့တော်
ထာဝရဘုရား၏တဲတော်ကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား၏ တဲတော်မှ"

Numbers 10

ငါတို့သည် သင်တို့အဘို့ ဤကျောက်ထဲက ရေကို ထွက်စေ ရမည်လော
မောရှေက လူများ၏စောဒကတက်သံကို ပုတ်ခတ်သည့်အနေဖြင့် သုံးသည့် မေးခွန်းဖြစ်သည်။ ဖော်ပြချက်တစ်ခုအနေဖြင့် ဘာသာပြန်နိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဒီမှာရေမရှိဘူးဟု သင်တို့ စောဒကတတ်ကြသည်။ ကောင်းပြီ၊ ကျောက်ကနေ ရေထွက်လာအောင် ငါတို့ လုပ်မယ်" သို့မဟုတ် "ဤကျောက်ကနေ ငါတို့ ရေကိုထွက်စေမည်ဆိုလျှင် သင်တို့ ဝမ်းသာကြလိမ့်မည်မဟုတ်၊ သို့သော် ငါသည် မည်သည့်နည်းမဆို ထွက်စေမည်"

ထွက်စေ ရမည်
"ငါတို့" သည် မောရှေနှင့် အာရုန်တို့ကိုဆိုလိုပြီး ထာဝရဘုရားလည်းဖြစ်ကောင်းဖြစ်နိုင်သည်။ သို့သော် ပရိသတ်များကို မဆိုလိုပေ။

Numbers 12

သင်တို့သည် ငါ့ကို မယုံ ကြည်၊ ဣသရေလအမျိုးသားတို့ရှေ့မှာ ငါ့ကိုမရိုမသေ ပြုသောကြောင့်
မောရှေသည် ဘုရားသခင်ကို မယုံကြည်၊ မလေးစားသည့်အကြောင်းကို ရှင်းလင်းစွာ ဖော်ပြထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် ငါ့ကို ဣသရေလလူတို့၏အမြင့်၌ သန့်ရှင်းသူအဖြစ် မယုံကြည်၊ မလေးစားသောကြောင့် သင်စကားပြောနေမည့်အစား ငါပြောသည့်အတိုင်း ကျောက်တုံးကို ရိုက်ပါ"

ဣသရေလအမျိုးသားတို့ရှေ့မှာ
မျက်စိသည် မောရှေဘာလုပ်ခဲ့လဲဆိုတာကို လူတွင်မြင်နေခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဣသရေလလူတို့သည် သင့်ကို ကြည့်နေကြစဉ်"


generated on Tue Jul 2 12:50:28 2024

ထိုရေသည် ...ဖြစ်သတည်း။
ပြုသူဝါကျပုံစံဖြင့် ပြန်ရေးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "လူတို့သည် ထိုနေရာကို ခေါ်ကြသည်"

Numbers 14

ကိုယ်တော့်ညီ ဣသရေလ
မောရှေက ယာကုပ်နှင့်ဧသောတို့သည် ညီအစ်ကိုများဖြစ်ကြသည့်အတွက် ဣသရေလများနှင့် ဧဒုံလူတို့သည် သူတို့ဘိုးဘေး များအရ ဆက်နွယ်မှုရှိကြောင်းကို အလေးအနက် ပေးချင်သည့်အတွက်ဖြစ်သည်။

အကျွန်ုပ်တို့သည် ထာဝရဘုရားကို အော်ဟစ် သောအခါ၊
"ကျွန်ုပ်တို့ကိုကူညီရန် ထာဝရဘုရား ကျွန်တော်တို့ဆုတောင်းသည့်အခါ"

ကိုယ်တော်သိပါ၏
"အသံ" သည် သူတို့၏ ငိုသံ၊ သူ့ဆီစကားပြောသံများကို ဆိုလိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်တို့၏ ငိုသံကို ကြားသည်" သို့မဟုတ် "ကျွန်ုပ်တို့တောင်းဆိုချက်ကို သူကြားသည်"

ယခုမှာ
"ယခုမှာ" ခေါင်းစဉ်အပြောင်းအလဲ၏ အမှတ်အသားဖြစ်သည်။ သူတို့၏အတိတ်အကြောင်းကို သူတို့သည်ပြောဆိုနေကြသည်။ ရှင်ဘုရင်ကို တစ်ခုခုလုပ်ရန်အလို့ငှာ သူတို့ မေးရန် ပြင်ဆင်သောအခါ ယခု သူတို့၏ လက်ရှိအခြေအနေ အကြောင်းကို ပြောဆိုနေကြသည်။

Numbers 17

ဆက်စပ်မှု ဖော်ပြချက်
သတင်းပေးသူများသည် ဧဒုံရှင်ဘုရင်ကို ဆက်လက်စကားပြောနေကြသည်။

လက်ကျာဘက်၊လက်ဝဲဘက်သို့ မလွဲ
"မလျှောက်ပါ" ဟူသည် လမ်းမကို လွှဲ့ပြီးသွားခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မည်သည့်ဘက်မှ လမ်းကို လွှဲပြီးကျွန်တော်တို့ မသွားပါ"

ကိုယ်တော့်ပြည်အလယ်၌
မြောက်ဘက်က ဒမာဒက်မြို့နှင့် တောင်ဖက်က အဂဖ အငူတို့ကို ဆက်သွယ်ပေးသည့် အဓိက လမ်းမကြီးဖြစ်သည်။

Numbers 18

သင်သည် ငါ့ပြည်အလယ်၌ မရှောက်မသွားရ.....ဆီးတားမည်
"သင်" သည် အနည်းကိန်းဖြစ်ပြီး ဣသရေလလူများကို ကိုယ်စားပြုသော မောရှေကို ဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ လူများသည် မရှောက်မသွားနိုင်......သူတို့ကို တိုက်ခိုက်ရန်"

ထားလက်နက်နှင့် ဆီးတားမည်
ထားလက်နက်သည် ရှင်ဘုရင်၏ စစ်တပ်ကို ဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါ၏ စစ်တပ်ကို ပို့လာမည်"

ဣသရေလအမျိုးသားတို့
ဤစကားစုက ဣသရေလအမျိုးအတွက် သတင်းဆောင်သူများကို ဆိုလိုသည်။

ခြေဖြင့်သွားရုံမျှသာ
ဧရိယာတစ်လျှောက်လုံးကို ခြေကျင်နှင့်သူတို့သွားကြရုံလေးကိုသာ ဆိုလိုသည်။ သူတို့သည် မြင်းရထားများနှင့်လာပြီး ဧဒုံလူများကို လာတိုက်မည် မဟုတ်ပါ။

Numbers 20

များစွာသော ဗိုလ်ခြေအလုံးအရင်းနှင့်တကွ ဆီးတားခြင်း ငှါ ထွက်လာ၏။
လက်များသည် ရှင်ဘုရင်၏အင်အားတောင့်တင်းသော တပ်မတော်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဧဒုံရှင်ဘုရင်သည် ဣသရေလလူများကို တိုက်ခိုက်ရန် ဗိုလ်ခြေအလုံးအရင်းတောင့်တင်းသာတပ်မတော်ကိုစေလွှတ်လိုက်သည်။"

ပြည်အလယ်၌ရှောက်သွား သော အခွင့်
"သူတို့၏" သည် ဧဒုံလူများကို ရည်ညွှန်းသည်။

Numbers 22

ဣသရေလအမျိုးသား ပရိသတ်အပေါင်းတို့
"ပရိသတ်အပေါင်းတို့" ဟူသည့် စကားစုသည် ခြွင်းချက်မရှိဘဲ ဣသရေလလူများမှ အရောက်စီတိုင်းကို ဆိုလိုသည်။

မိမိလူမျိုးစည်း ဝေးရာသို့ သွားရမည်။
အာရုန်သေဆုံးမည်ကို ယဉ်ကျေးသည့်စကားဖြင့် သုံးခြင်းဖြစ်သည်။ အာရုန်သည် ကွယ်လွန်ရန် နှင့် သူ့ဝိညာဉ်သည် သူ့ ဘိုးဘွားများဆီသွားရန် အချိန်တန်သည်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အာရုန်သည် သေရမည်"

ငါ့စကားကို ဆန့်ကျင်သောကြောင့်
"ငါ့စကား" သည် ဘုရားသခင် ပြောထားသည့်စကားကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါပြောထားသည့်အရာကို လုပ်ဖို့ ငြင်းဆန်ကြသည်"

Numbers 25

ဆက်စပ်မှု ဖော်ပြချက်
ဘုရားသခင်သည် မောရှေကို ဆက်လက်စကားပြောနေသည်။

သေ၍ မိမိအမျိုးစည်းဝေးရာသို့ သွားရမည်။
ဤစကားစုနှစ်ခု၏ ဆိုလိုရင်းမှာအတူတူဖြစ်သည်။ အာရုန်သည် ကွယ်လွန်ရန် နှင့် သူ့ဝိညာဉ်သည် သူ့ ဘိုးဘွားများဆီသွားရန်


generated on Tue Jul 2 12:50:28 2024

အချိန်တန်သည်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အာရုန်သည် သေရမည်"

Numbers 27

အရက်သုံးဆယ်
"

## Translation Questions

Numbers 20:1

ကာဒေရှအရပ်၌ နေခဲ့ကြသော ပထမလတွင် ဇိနတောထဲတွင် အဘယ်သူတို့သည် သွားခဲ့သနည်း။
ဣသရေလ အမျိုးသားအပေါင်းတို့သည် ဇိနတောထဲသို့ သွားခဲ့ကြသည်။

ကာဒေရှ အရပ်၌ မိရိအံသည် ဘာဖြစ်ခဲ့သနည်း။
မိရိအံကို ကာဒေရှအရပ်၌ သင်္ဂြိုဟ်ခဲ့ကြသည်။

Numbers 20:2

လူတို့သည် မည်သည့်အတွက်ကြောင့် မောရှေနှင့် အာရုန်တို့အား ပြစ်တင်ကြသနည်း။
ထိုနေရာတွင် ရေမရှိသောကြောင့် ဖြစ်သည်။

Numbers 20:4

လူတို့သည် ထာဝရဘုရား၏ လူမျိုးစု မောရှေနှင့် အာရုန်ကို ဘာမေးခဲ့ကြသနည်း။
လူတို့သည် မောရှေနှင့်အာရုန်ကို အဘယ်ကြောင့် သူတို့နှင့် တိရိ စ္ဆာန်များကို တောထဲ၌ သေဖို့ရန် ခေါ်ဆောင်လာခဲ့ကြသနည်းဟု မေးခဲ့ကြသည်။

လူတို့အတွက် ဇိနတောထဲတွင် ဘာမရှိခဲ့သနည်း။
လူတို့အတွက် အပင်မရှိ၊ သဖန်းသီးများမရှိ၊ နွယ်ပင်များမရှိ၊ သလဲသီးများမရှိ၊ သောက်စရာရေမရှိ ဖြစ်ခဲ့ကြသည်။

Numbers 20:6

မောရှေနှင့် အာရုန်သည် မျက်နှာကို မှောက်လျက်စုဝေးရာ တဲတော်၏ အဝင်တွင် သွားသောအခါ ဘာရောက်ရှိလာခဲ့သနည်း။
ထာဝရဘုရား၏ ဝင်းလက်တောက်ပသောဘုန်းတော်သည် တဲတော်၏ အဝင်၌ မျက်နှာကို မှောက်လျက်နေသောအခါ သူတို့ဆီကို ရောက်ရှိလာခဲ့သည်။

Numbers 20:7

ထာဝရဘုရားသည် မောရှေကို စုဝေးသော လူတို့၏ ရှေ့တွင် သူ၏ လှံတံကို ယူဖို့ရန်နှင့် ကျောက်ကို စကားပြောဖို့ရန် အဘယ်ကြောင့်ပြောခဲ့သနည်း။
ထာဝရဘုရားသည် မောရှေကို ကျောက်သည် လူတွေအတွက်နှင့် ကျွဲနွား၊ တိရိ စ္ဆာန်တွေအတွက် သောက်စရာအဖို့ ရေကို ထုတ်ပေးလိမ့်မည်ဖြစ်သောကြောင့် ပြောခဲ့ခြင်းဖြစ်သည်။

Numbers 20:10

မောရှေသည် ကျောက်ကို မထုခင်တွင် လူများကို မည်သို့ သဘောထားသနည်း။
မောရှေသည် လူတို့ကို ပုန်ကန်သူများဟု ခေါ်ခဲ့သည်။

မောရှေသည် သူ့လှံတံနှင့် ကျောက်ကို နှစ်ကြိမ်ထုသောအခါ ဘာဖြစ်ခဲ့သနည်း။
မောရှေသည် ကျောက်ကို ထုသောအခါ ကျောက်မှ များစွာသော ရေ ထွက်လာပြီး လူစုများနှင့် သူတို့၏ တိရိ စ္ဆာန်များသည် ရေကို သောက်ခဲ့ကြသည်။

Numbers 20:12

ထာဝရဘုရားသည် မောရှေနှင့် အာရုန်အား ဣသရေလ လူတွေ၏ မျက်စိတွင် ထာဝရဘုရားကို အလေးအမြတ် ထားခြင်းမရှိ သို့မဟုတ် ယုံကြည်ခြင်းမရှိခဲ့သောကြောင့် ဘာဖြစ်ပျက်လာလိမ့်မည်ဟု ပြောခဲ့သနည်း။
ထာဝရဘုရားသည် သူတို့အား ပေးခဲ့ပြီးသော ပြည်သို့ စုဝေးသော လူတွေကို ခေါ်ဆောင်လိမ့်မည်မဟုတ်ဟု ပြောခဲ့သည်။

Numbers 20:14

မောရှေသည် မည်သူ့ဆီသို့ သူ၏လူများ အမှုရောက်ကြောင်းကို သတင်းကြားပြောသနည်း။
မောရှေသည် ဧဒုံရှင်ဘုရင်ထံသို့ သံတမန်တို့ကို စေလွှတ်ခဲ့သည်။

Numbers 20:17

မောရှေသည် ဧဒုံဘုရင်ကို မည်သို့ အကူအညီတောင်းခံသနည်း။
မောရှေသည် ဘုရင်ကို ဣသရေလလူတို့အား ပြည်ကို ဖြတ်သန်းခွင့်ပြုရန် တောင်းခံသည်။

မောရှေ၏ လူတို့သည် ဘုရင်၏ ပြည်ကို မည်သို့မပြုမည်အကြောင်း ကတိပေးသနည်း။
လယ်ယာများ၊ စပျစ်ဥယျာဉ်များကို မနင်းပါ။ တွင်း ရေကိုလည်း မသောက်ပါ။ ကိုယ်တော့်ပြည်နယ်ကို မလွန် မှီတိုင်အောင်၊ လက်ျာဘက်၊ လက်ဝဲဘက်သို့ မလွှဲ၊ မင်း လမ်းသို့သာ ရှောက်လိုက်ပါမည်ဟု ကတိပေးသည်။

Numbers 20:18

ဘုရင်သည် မောရှေကို မည်သို့ အကြောင်းပြန် သနည်း။
ဣသရေလ လူတို့သည် သူ့နယ်မြေကို မဖြတ်သွားနိုင်ကြောင်းနှင့် သူတို့သည် ကျော်ဖြတ်ဖို့ရန် ကြိုးစားခဲ့လျှင် ဓားဖြင့် သူတို့ကို တိုက်ခိုက်လိမ့်မည်ဟု အကြောင်းပြန်သည်။

ဣသရေလ လူတို့သည် ဧဒုံဘုရင်ကို မည်သို့ တောင်းပန်သနည်း။
ဣသရေလအမျိုးသားတို့ကလည်း၊ မင်းလမ်းသို့ သာ ရှောက်လိုက်ပါမည်။ ကိုယ်တိုင်မှစ၍ တိရစ္ဆာန်တို့ သည် ကိုယ်တော့်ရေကို သောက်လျှင် အဘိုးကို ပေးပါ မည်။ အခြားသောအမှုကို မပြုဘဲ၊ ခြေဖြင့် သွားရုံမျှသာ ပြုပါမည်ဟု တောင်းပန်သည်။

Numbers 20:20

ဧဒုံဘုရင်သည် ဣသရေလ လူတွေ သူ့ပြည်ကို ဖြတ်သန်းမပြုဘဲ မည်သို့ ပြုသနည်း။
ဧဒုံဘုရင်သည် စစ်သားပေါင်းများစွာနှင့်တကွ ဣသရေလ လူတို့ကို ဆီးတားဖို့ရန် သွားခဲ့သည်။

ဣသရေလ လူတို့သည် ဧဒုံဘုရင်က ဖြတ်သွားခွင့်မပြုသောအခါ မည်သို့ လုပ်ခဲ့ကြသနည်း။
ဣသရေလ လူတို့သည် ဧဒုံပြည်မှ အဝေးကို ပြန်လှည့်သွားခဲ့ကြသည်။

Numbers 20:22

ဣသရေလ လူတို့သည် ကာဒေရှအရပ်မှ ထွက်သွားသောအခါ အဘယ်နေရာသို့ သွားခဲ့ကြသနည်း။
ဣသရေလ လူတို့သည် ဟောရတောင်ကို ထွက်သွားခဲ့ကြသည်။

ထာဝရဘုရားသည် သူတို့၏ ပုန်ကန်ခြင်း၏ အကျိုးဆက်အဖြစ် ဟောရတောင်တွင် မောရှေနှင့် အာရုန်အား ဘာပြောခဲ့သနည်း။
ထာဝရဘုရားသည် အာရုန်သည် သူ့လူတို့ကို စုရုံးရမည်၊ အာရုန်သည် ဣသရေလ လူတို့ကို ပေးခဲ့သောပြည်ကို ဝင်စားလိမ့်မည်မဟုတ်၊ အဘယ်ကြောင့်ဆိုသော် မေရိဘစမ်းရေနားတွင် ထာဝရဘုရား၏ စကားကို ဆန့်ကျင်ပုန်ကန်သောကြောင့်ဟု ပြောခဲ့သည်။

Numbers 20:25

ထာဝရဘုရားသည် မောရှေနှင့် အာရုန်က ဟောရတောင်သို့ သူတို့နှင့် မည်သူအား ခေါ်ဆောင်သင့်သည်ဟု ပြောခဲ့သနည်း။
ထာဝရဘုရားသည် မောရှေနှင့်အာရုန်ကို အာရုန်၏သား ဧလောဇာကို ဟောရတောင်သို့ ခေါ်ဆောင်သွားဖို့ရန် ပြောခဲ့သည်။

ထာဝရဘုရားသည် အဘယ်ကြောင့် အာရုန်၏ ယဇ်ပုရောဟိတ်အဝတ်တန်ဆာကို ချွတ်ပြီး သူ့သား ဧလောဇာပေါ်တွင် ထားဖို့ရန် ပြောခဲ့သနည်း။
အာရုန်သည် သူ့လူတို့နှင့်အတူ စုရုံးရပြီး သေရမည်ဟု ထာဝရဘုရား ပြောခဲ့သည်။

Numbers 20:27

အာရုန်သေသည်ကို သိရှိပြီး လူမျိုးစုအပေါင်းတို့သည် ဘာလုပ်ခဲ့ကြသနည်း။
လူမျိုးစုအားလုံးသည် အာရုန်သေသည်ကို တွေ့ပြီး ကြသောအချိန်တွင် ဣသရေလ အမျိုးသားအားလုံးသည် အာရုန်အတွက် ရက်ပေါင်းသုံးဆယ်ပတ်လုံး ဝမ်းနည်းငိုကြွေးခဲ့ကြသည်။

# Chapter 21

[1] ကာနာန်ရှေလအမျိုးသည် အသရိမ်လမ်းဖြင့် လာကြသည်သိတင်းကို တောင်မျက်နှာ၌နေသော ခါနာန် အမျိုး
အာရဒ်မင်းကြီးကြားလျှင်၊ ကာနာန်ရှေလအမျိုးကို စစ်တိုက်၍ လူအချို့တို့ကို ဘမ်းဆီးသိမ်းသွားလေ၏။ [2] ကာနာန်ရှေလအမျိုးကလည်း၊
ကိုယ်တော်သည် ဤလူမျိုးကို အကျွန်ုပ်တို့လက်သို့ အပ်တော်မူလျှင်၊ သူတို့ မြို့များကို ရှင်းရှင်းဖျက်ဆီးပါမည်ဟု ထာဝရဘုရားအား
သစ္စာဂတိပြုလေ၏။ [3] ထာဝရဘုရားသည်လည်း၊ ကာနာန်ရှေလအမျိုး၏ စကားကို နားထောင်၍၊ ထိုခါနာန်အမျိုးသားတို့ကို
အပ်တော်မူ၏။ သူတို့နှင့် သူတို့မြို့များကို ကာနာန်ရှေလ လူတို့သည် ရှင်းရှင်းဖျက်ဆီး၍၊ ထိုအရပ်ကို ဟော်မာ အမည်ဖြင့် သမုတ်ကြ၏။
[4] ဟောရတောင်မှ ထွက်၍ ဧဒုံပြည်ကို ဝိုင်းခြင်းငှါ၊ ဧဒုံကင်လယ်လမ်းဖြင့် ချီသွားကြစဉ်၊ အသွားခက်သော ကြောင့်၊ လူများတို့သည်
စိတ်အားလျော့ကြ၍၊ [5] သင်သည် ငါတို့ကို ဤတော၌ သေစေခြင်းငှါ၊ အဲဂုတ္တုပြည်မှ အဘယ်ကြောင့် ဆောင်ခဲ့သနည်း။ မုန့်မရှိ၊
ရေလည်းမရှိ၊ ဤပေါ့ပျက်သောစားစရာကိုလည်း ငါတို့သည် အလွန်ရွံရှာ၏ဟု ဘုရားသခင်နှင့် မောရှေကို ဆန့်ကျင်ဘက်ပြု၍
ဆိုကြ၏။ [6] ထိုအခါ ထာဝရဘုရားသည်၊ ကာနာန်ရှေလအမျိုး သားတို့တွင် မီးမြွေများကို စေလွှတ်တော်မူ၍၊ လူအများ တို့သည်
အကိုက်ခံရသဖြင့် သေကြ၏။ [7] ထိုကြောင့် လူများတို့သည် မောရှေထံသို့ လာ၍ အကျွန်ုပ်တို့သည် ထာဝရဘုရားနှင့် ကိုယ်တော်ကို
ဆန့် ကျင်လျက် ပြောဆို၍ ပြစ်မှားပါပြီ။ ထာဝရဘုရားသည် မြွေများကို အကျွန်ုပ်တို့မှ ပယ်ရှားတော်မူမည်အကြောင်း
ဆုတောင်းပါဟု လျှောက်လျှင်၊ မောရှေသည် လူများအဘို့ ဆုတောင်းလေ၏။ [8] ထာဝရဘုရားကလည်း၊ မီးမြွေရုပ်ကိုလုပ်၍
တိုင်ပေါ်မှာ မြှောက်ထားလော့။ အကိုက်ခံရသော သူတိုင်း ကြည့်ရှုလျှင် အသက်ချမ်းသာရလိမ့်မည်ဟု မောရှေအား
မိန့်တော်မူသည်အတိုင်း၊ [9] မောရှေသည် ကြေးဝါဖြင့် မြွေကို လုပ်၍ တိုင် ပေါ်မှာ မြှောက်ချီထားပြီးလျှင်၊ မြွေကိုက်သောသူမည်
သည်ကား၊ ကြေးဝါမြွေကို ကြည့်ရှုသောအခါ အသက် ချမ်းသာရကြ၏။ [10] တဖန် ကာနာန်ရှေလအမျိုးသားတို့သည် နေရာ ပြောင်း၍
ဩဗုတ်အရပ်၌ စားခန်းချကြ၏။ [11] ဩဗုတ်အရပ်မှ ပြောင်းပြန်၍၊ နေထွက်ရာ ဘက်၊ မောဘပြည်ရှေ့တွင်ရှိသော တောမှာ၊
ကာဗာဗာရိမ် အရပ်၌ စားခန်းချကြ၏။ [12] ထိုအရပ်မှ ပြောင်း၍၊ ဇာရက် ချောင်းနား၌ စားခန်းချကြ၏။ [13] ထိုအရပ်မှ
တဖန်ပြောင်းပြန်၍၊ အာမောရိပြည် နယ်နှင့် စပ်သော တော၌ရှိသော အာနုန်ချောင်းနား တဘက်တချက်၌ စားခန်းချကြ၏။
အာနုန်ချောင်းကား၊ မောဘပြည်၊ အာမောရိပြည်စပ်ကြားအပိုင်းအခြား ဖြစ်သတည်း။ [14] ထိုသို့နှင့်အညီ၊
ထာဝရဘုရားစစ်တိုက်စာ၌ကား၊ ဇာရက်အရပ်၊ သုပအရပ်၊ အာနုန်ချောင်းတို့၊ [15] အာရပြည်သို့ စီး၍ မောဘပြည်အနား၌
ရောက်သွားသော ချောင်းအသွယ်သွယ်ဟု လာသတည်း။ [16] အာနုန်ချောင်းမှ ဗေရရေတွင်းသို့ ခရီးသွားကြ၏။ ထိုရေတွင်းကား
အခြားမဟုတ်၊ ထာဝရဘုရားက၊ လူများကို စုဝေးစေလော့၊ ရေကို ငါပေးမည်ဟု မောရှေအား မိန့်တော်မူရာ၌ ရည်ဆောင်သော
ရေတွင်းဖြစ် သတည်း။ [17] ထိုအခါ ကာနာန်ရှေလအမျိုးက၊ အိုတွင်းရေ၊ ထွက် လော့၊ ထွက်အောင် သီခြင်းဆိုကြလော့။ [18]
တရားမင်းစီရင်သည်အတိုင်း၊ မှူးမတ်တို့သည် ရေတွင်းကို တူးကြပြီ။ လူတို့တွင် အကဲအမှူးတို့သည် တောင်ဝေးတို့နှင့် ရေတွင်းကို
တူးကြပြီဟု သီခြင်း ဆိုလေ၏။ [19] ထိုတောမှ မတ္တနာအရပ်သို့၎င်း၊ မတ္တနာအရပ်မှ နဟာလျေလအရပ်သို့၎င်း၊ နဟာလျေလအရပ်မှ
ဗာမုတ် အရပ်သို့၎င်း၊ [20] ဗာမုတ်အရပ်မှ မောဘချိုင့်သို့၎င်း၊ ယေရှိမုန်မြို့ကို မျက်နှာပြုသော ပိသဂါတောင်ထိပ်သို့၎င်း ခရီးသွား
ကြ၏။ [21] ထိုအခါ ကာနာန်ရှေလအမျိုးသားတို့သည်၊ အာ မောရိရှင်ဘုရင် ရှိဟုန်မင်းထံသို့ သံတမန်တို့ကို စေလွှတ် လျက်၊ [22]
အကျွန်ုပ်တို့သည် မင်းကြီးပြည်အလယ်၌ ရှောက်၍ သွားပါရစေ။ လယ်ယာသို့၎င်း၊ စပျစ်ဥယျာဉ် သို့၎င်း မဝင်ပါ။ တွင်းရေကိုလည်း
မသောက်ပါ။ မင်းကြီး ပြည်ကို မလွန်မှီတိုင်အောင်၊ မင်းလမ်းသို့သာ ရှောက် လိုက်ပါမည်ဟု အခွင့်တောင်းကြ၏။ [23]
ထိုပြည်အလယ်၌ ရှောက်သွားရသော အခွင့်ကို၊ ရှိဟုန်မင်းသည် ကာနာန်ရှေလအမျိုးသားတို့အား မပေး။ မိမိလူအပေါင်းတို့ကို
စုဝေးစေ၍၊ ကာနာန်ရှေလအမျိုးသား တို့ကို ဆီးတားခြင်းငှါ၊ သူတို့ရှိရာတောသို့ ထွက်၍ ယာဟတ်မြို့သို့ ရောက်ပြီးလျှင်
စစ်တိုက်လေ၏။ [24] ထိုမင်းကို၊ ကာနာန်ရှေလအမျိုးသားတို့သည် ထား နှင့် လုပ်ကြံ၍၊ အာနုန်ချောင်းမှသည် ယဗ္ဗုတ်ချောင်း
တိုင်အောင်၎င်း၊ အမ္မုန်အမျိုးသား နေရာတိုင်အောင်၎င်း၊ ထိုမင်းပိုင်သော မြေကို သိမ်းယူကြ၏။ အမ္မုန်အမျိုးသား နေရာ နယ်စပ်ကား
အားကြီး၏။ [25] ထိုသို့ ကာနာန်ရှေလအမျိုးသားတို့သည်၊ ဟေရှဘုန် မြို့မှစ၍ အာမောရိအမျိုးသားနေသော မြို့ရွာရှိသမျှ တို့ကို
သိမ်းယူ၍ နေကြ၏။ [26] ဟေရှဘုန်မြို့ကား၊ မောဘပြည်ကို အစိုးရသော အရင်ရှင်ဘုရင်နှင့် စစ်တိုက်၍ အာနုန်ချောင်းတိုင် အောင်
ပြည်ကို လုယူသော အာမောရိရှင်ဘုရင် ရှိဟုန် မင်းနေသောမြို့ ဖြစ်သတည်း။ [27] ထိုအကြောင်းကို ရည်ဆောင်၍ လင်္ကာဆရာတို့ က၊
ဟေရှဘုန်မြို့သို့ သွား၍ တဖန်တည်ကြစို့။ ရှိဟုန် ဘုရင်နေသောမြို့ကို ပြင်ဆင်ကြစို့။ [28] ရှိဟုန်ဘုရင်နေရာ ဟေရှဘုန်မြို့မှ
မီးလျှံထွက် ၍ မောဘပြည်အာရမြို့နှင့်တကွ၊ အာနုန်ချောင်းနား၊ မြင့်သောအရပ်၌ အစိုးရသော မင်းတို့ကို လောင်လေပြီ။ [29]
အိုမောဘပြည်၊ သင်သည် အမင်္ဂလာရှိ၏။ အိုခေမုရှတပည့်တို့၊ သင်တို့သည် အကျိုးနည်းကြပြီ။ ပြေး ရသော မိမိသားသမီးတို့ကို
အာမောရိရှင်ဘုရင်ရှိဟုန် လက်သို့ ရောက်စေခြင်းငှါ၊ ထိုဘုရားသည် အခွင့်ပေးပြီ တကား။ [30] တဖန် ငါတို့သည် အာမောရိသားတို့ကို
တိုက် ပြန်သောကြောင့်၊ ဟေရှဘုန်ပြည်သည် ဒိဘုန်မြို့တိုင် အောင် ပျက်လေပြီ။ မေဒဘမြို့နှင့် နီးစပ်သော နောဖာ မြို့တိုင်အောင်
သူတို့ကို သုတ်သင်ပယ်ရှင်းကြပြီဟု ဆိုသတည်း။ [31] ထိုသို့ ကာနာန်ရှေလအမျိုးသားတို့သည် အာမောရိ ပြည်၌ နေရကြ၏။ [32]
မောရှေသည်လည်း၊ ယာဇာမြို့ကို စူးစမ်းခြင်းငှါ လူကို စေလွှတ်ပြီးလျှင်၊ ထိုမြို့ရွာတို့ကို သိမ်းယူ၍ အရင် နေသော

 generated on Tue Jul 2 12:50:28 2024

အာမောရိအမျိုးသားတို့ကို နှင်ထုတ်ကြ၏။ [33] တဖန် ဣသရေလအမျိုးသားတို့သည် လှည့်၍၊ ဗာရှန်ပြည်သို့ ခရီးသွားကြ၏။
ဗာရှန်ရှင်ဘုရင်ဩဃ သည်၊ မိမိလူအပေါင်းတို့နှင့် ဧဒြိအရပ်မှာ စစ်တိုက်ခြင်းငှါ ချီသွား၏။ [34] ထာဝရဘုရားကလည်း၊ သူ့ကို
မကြောက်နှင့်။ သူနှင့်တကွ သူ၏လူအပေါင်းကိုငှင်း၊ သူ၏မြေကိုငှင်း၊ သင့်လက်၌ ငါအပ်ပေးပြီ။ ဟေရှဘုန်မြို့နေ အာမောရိ
ရှင်ဘုရင်ရှိဟုန်ကို ပြုသကဲ့သို့၊ ဤမင်းကိုလည်း ပြုရမည် ဟု မောရှေအား မိန့်တော်မူသည်အတိုင်း၊ [35] ထိုမင်းနှင့်သားများ၊
လူများအပေါင်းတို့ကို တယောက်မျှ မကြွင်းလုပ်ကြံ၍ သူ၏ပြည်ကို သိမ်းယူ ကြ၏။

 generated on Tue Jul 2 12:50:28 2024

## Chapter 22

1 တဖန် ဣသရေလအမျိုးသားတို့သည် ခရီး သွား၍ မောဘလွင်ပြင်၊ ယော်ဒန်မြစ်နား၊ ယေရိခေါမြို့ တဘက်၌ တဲဆောက်ကြ၏။ 2
အာမောရိအမျိုးသားတို့၌ပြုကြသော အမှုအလုံး စုံကို၊ ဇိဖေါ်သားဗာလက်မင်းသိမြင်လျှင်၊ 3 ဣသရေလအမျိုးသားတို့သည်
များပြားသော ကြောင့်၊ မောဘပြည်သားတို့သည် အလွန်ကြောက်ရွံ့ ကြ၍၊ 4 နွားသည် မြက်ပင်ကို လှမ်း၍ စားသကဲ့သို့
ဤအလုံးအရင်းသည် ငါတို့ပတ်လည်၌ ရှိသမျှကို လှမ်း၍ စားလိမ့်မည်ဟု ပူပန်သောစိတ်ရှိလျက်၊ မိဒျန်ပြည်သား
အသက်ကြီးသူတို့အား ဆိုကြ၏။ ထိုအခါ ဇိဖေါ်သား ဗာလက်သည်၊ မောဘရှင်ဘုရင်ဖြစ်သည်နှင့်၊ 5 အမ္မုန်ပြည်၌
စီးသောမြစ်၏အနားမှာရှိသော ပေသော်မြို့နေ ဗောရသားဗာလမ်ကို ခေါ်ပင့်ခြင်းငှါ၊ သံတမန်တို့ကို စေလွှတ်၍၊ အဲဂုတ္တုပြည်မှ
ရောက်လာ သော လူတမျိုးသည် မြေမျက်နှာကို ဖုံးလွှမ်းလျက် ငါ့အနား ၌ နေရာချကြပြီ။ 6 သို့ဖြစ်၍၊ ကြွလာပါ။ ဤလူမျိုးသည်
ငါ့ထက် အားကြီးသောကြောင့် သူတို့ကို ငါ့အဘို့ ကျိန်ဆဲပါ။ သို့ ပြုလျှင် သူတို့ကို ငါတိုက်၍ ငါ့ပြည်မှ နှင်ထုတ်နိုင်ကောင်း
နှင်ထုတ်နိုင်လိမ့်မည်။ ကိုယ်တော် ကောင်းကြီးပေးသော သူသည် ကောင်းကြီးမင်္ဂလာခံရသည်ကိုငင်း၊ ကိုယ်တော်
ကျိန်ဆဲသောသူသည် ကျိန်ဆဲအပ်သောသူဖြစ်သည်ကိုငင်း ငါသိသည်ဟု မှာလိုက်လေ၏။ 7 မောဘပြည်သား အသက်ကြီးသူတို့နှင့်
မိဒျန် ပြည်သား အသက်ကြီးသူတို့သည် ပြုစားခြင်းလက်ဆောင် ပါလျက်သွား၍၊ ဗာလမ်ထံသို့ ရောက်သောအခါ၊ ဗာလက်
မင်းစကားကို ကြားလျှောက်လေ၏။ 8 ဗာလမ်က၊ ယနေ့ညမှာ ဤအရပ်၌နေကြပါဦး။ ထာဝရဘုရားမိန့်တော်မူသည်အတိုင်း
ငါပြန်ပြောမည်ဟု ဆိုလျှင်၊ မောဘအရာရှိတို့သည် ဗာလမ်ထံမှာ နေကြ၏။ 9 ဘုရားသခင်သည် ဗာလမ်ရှိရာသို့ လာ၍၊ သင်၌ ရှိသော
ဤလူတို့သည် အဘယ်သူနည်းဟု မေးတော်မူ လျှင်၊ 10 ဗာလမ်က၊ မောဘရှင်ဘုရင် ဇိဖေါ်သား ဗာလက်သည် အကျွန်ုပ်ဆီသို့ လူကို
စေလွှတ်၍၊ 11 အဲဂုတ္တုပြည်မှ ရောက်လာသော လူအများ သည်၊ မြေမျက်နှာကို ဖုံးလွှမ်းလျက်နေကြပြီ။ သို့ဖြစ်၍ ကြွလာပါ။
ဤလူမျိုးကို ငါ့အဘို့ ကျိန်ဆဲပါ။ သို့ပြုလျှင်၊ သူတို့ကို ငါတိုက်၍ နှင်ထုတ်နိုင်ကောင်းနှင်ထုတ်နိုင်လိမ့် မည်ဟု ခေါ်ပင့်ကြောင်းကို၊
ဘုရားသခင်အား လျှောက် ဆို၏။ 12 ဘုရားသခင်ကလည်း၊ သင်သည် ဤလူတို့နှင့် အတူ မလိုက်မသွားရ။ ထိုလူမျိုးကို မကျိန်ဆဲရ။
ကောင်း ကြီးမင်္ဂလာကို ခံရသော လူမျိုးဖြစ်သည်ဟု ဗာလမ်အား မိန့်တော်မူ၏။ 13 နံနက်ရောက်မှ၊ ဗာလမ်သည် ထ၍ သင်တို့သည်
ကိုယ်ပြည်သို့ ပြန်သွားကြပါလော့။ သင်တို့နှင့်အတူ ငါလိုက်ရသောအခွင့်ကို ထာဝရဘုရားပေးတော်မမူဟု ဗာလက်မင်းစေလွှတ်သော
အရာရှိတို့အား ပြန်ပြော လေ၏။ 14 ထိုအခါ မောဘပြည်အရာရှိတို့သည် ဗာလက် မင်းထံသို့ ပြန်သွား၍၊ ဗာလမ်သည် ကျွန်တော်တို့နှင့်
အတူ မလိုက်လိုပါဟု လျှောက်ကြ၏။ 15 တဖန် ဗာလက်မင်းသည်၊ အရင်ထက်အရေ အတွက်အားဖြင့် များ၍ အရာအားဖြင့်
ဘုန်းကြီးသော မှူးမတ်တို့ကို စေလွှတ်ပြန်သည်အတိုင်း၊ 16 သူတို့သည် ဗာလမ်ထံသို့ ရောက်လာ၍ ဇိဖေါ်သားဗာလက်မင်းက၊
ကိုယ်တော်သည် ငါ့ထံသို့ မလာမည် အကြောင်း အဘယ်အဆီးအတားမျှ မရှိပါစေနှင့်။ 17 ငါသည် ကိုယ်တော်ကို
အလွန်ချီးမြှောက်မည်။ ကိုယ်တော်တောင်းသမျှကို ပေးမည်။ သို့ဖြစ်၍ ကြွလာပါ။ ဤလူမျိုးကို ငါ့အဘို့ ကျိန်ဆဲပါဟု
မိန့်တော်မူကြောင်းကို ပြန်ပြောကြ၏။ 18 ဗာလမ်ကလည်း၊ ဗာလက်မင်းသည် ရွှေငွေနှင့် ပြည့်သော မိမိနန်းတော်ကိုပင်
ပေးသော်လည်း၊ ငါကိုး ကွယ်သော ဘုရားသခင်ထာဝရဘုရား၏ စကားတော်ကို လွန်ကျူး၍ အမှုအကြီးအငယ် တစုံတခုကိုမျှ
ငါမပြုနိုင်။ 19 သို့ရာတွင် ထာဝရဘုရားသည် အဘယ်သို့ ထပ်၍ မိန့်တော်မူမည်ကို ငါသိမည်အကြောင်း၊ ယနေ့ည မှာ ဤအရပ်၌
နေကြပါဦးဟု ဗာလက်မင်းကျွန်တို့အား ပြန်ပြော၏။ 20 ညအချိန်၌ ဘုရားသခင်သည် ဗာလမ်ရှိရာသို့ လာ၍၊ ထိုလူတို့သည်
သင့်ကိုခေါ် ခြင်းငှါလာလျှင်၊ သူတို့ နှင့်အတူ ထ၍ လိုက်လော့။ သို့ရာတွင် ငါမှာထားသမျှ အတိုင်းသာ ပြုရမည်ဟု မိန့်တော်မူ၏။ 21
နံနက်ရောက်မှ ဗာလမ်ထ၍ မြည်းကို ကုန်းနှီး ထင်ပြီးလျှင်၊ မောဘအရာရှိတို့နှင့်အတူ လိုက်လေ၏။ 22 ထိုသို့ လိုက်သောကြောင့်၊
ဘုရားသခင် အမျက် တော်ထွက်၍၊ ထာဝရဘုရား၏ ကောင်းကင်တမန်သည် သူ့ကို ဆီးတားခြင်းငှါ လမ်း၌ ရပ်နေ၏။ ထိုအခါ
ဗာလမ် သည် မြည်းကို စီး၍ ငယ်သားနှစ်ယောက်နှင့် သွားစဉ် တွင်၊ 23 ထာဝရဘုရား၏ ကောင်းကင်တမန်သည် ထားကို မိုးလျက်၊
လမ်း၌ ရပ်နေသည်ကို မြည်းသည် မြင်လျှင်၊ လမ်းလွှဲ၍ လယ်သို့ ဝင်လေ၏။ ဗာလမ်လည်း မြည်းကို လမ်းသို့ ပြန်စေခြင်းငှါ
ရိုက်လေ၏။ 24 ထာဝရဘုရား၏ ကောင်းကင်တမန်သည်၊ စပျစ်ဥယျာဉ်စောင်ရန်းနှစ်ဘက်စပ်ကြားလမ်း၌ တဖန် ရပ်နေ၏။ 25
ထာဝရဘုရား၏ ကောင်းကင်တမန်ကို မြည်း သည် မြင်ပြန်သောအခါ၊ စောင်ရန်းတဘက်၌ တိုး၍ ဗာလမ်၏ခြေကို ဖိလေ၏။
ဗာလမ်လည်း တဖန် ရိုက်ပြန်လေ၏။ 26 ထာဝရဘုရား၏ ကောင်းကင်တမန်သည် လွန် သွား၍ လမ်းတဘက်ဘက်မျှ မလွှဲနိုင်အောင်
ကျဉ်း မြောင်းသော အရပ်၌ ရပ်နေ၏။ 27 မြည်းသည်လည်း ထာဝရဘုရား၏ကောင်းကင် တမန်ကို မြင်ပြန်သောအခါ၊
ဗာလမ်အောက်၌ ဝပ်လျက် နေ၏။ ဗာလမ်သည် အမျက်ထွက်၍ တောင်ဝေးနှင့် မြည်းကိုရိုက်လေ၏။ 28 ထိုအခါ ထာဝရဘုရားသည်
မြည်း၏နှုတ်ကို ဖွင့်တော်မူ၍၊ မြည်းက သင်သည် ငါ့ကို သုံးကြိမ်တိုင် အောင် ရိုက်ရမည်အကြောင်း၊ ငါသည် သင်၌ အဘယ်သို့
ပြုဘိသနည်းဟု ဗာလမ်အားမေးလျှင်၊ 29 ဗာလမ်က၊ သင်သည် ငါ့ကို ကျီစားပါသည် တကား။ ငါ၌ ထားရှိပါစေသော။ ထားရှိလျှင်
သင့်ကို ယခုသတ်မည်ဟု မြည်းအားဆို၏။ 30 မြည်းကလည်း၊ ငါသည် ယနေ့တိုင်အောင် သင် ၏အစီးကို အစဉ်ခံရသော သင်၏
မြည်းဖြစ်သည်မဟုတ် လော။ သင်၌တခါမျှ ဤသို့ ငါပြုဘူးသလောဟု ဗာလမ် အား မေးလျှင်၊ မပြုဘူးဟု ပြန်ပြော၏။ 31 ထိုအခါ
ထာဝရဘုရားသည် ဗာလမ်မျက်စိကို ဖွင့်တော်မူ၍၊ ထာဝရဘုရား၏ ကောင်းကင်တမန်သည် ထားကိုမိုးလျက်၊ လမ်း၌ ရပ်နေသည်ကို


generated on Tue Jul 2 12:50:28 2024

ဗာလမ်သည် မြင်သဖြင့် ဦးချ၍ ပြပ်ဝပ်လေ၏။ 32 ထာဝရဘုရား၏ကောင်းကင်တမန်ကလည်း၊ သင်၏မြည်းကို သုံးကြိမ်တိုင်အောင်
အဘယ်ကြောင့် ရိုက်သနည်း။ သင်သွားသောလမ်းသည် ငါနှင့် ဆန့်ကျင် ဘက်ဖြစ်သောကြောင့်၊ သင့်ကို ဆီးတားခြင်းငှါ ငါထွက်
လာပြီ။ 33 မြည်းသည် ငါ့ကို မြင်၍ သုံးကြိမ်ရှောင်ခဲ့ပြီ။ ထိုသို့မရှောင်လျှင်၊ အကယ်စင်စစ် သင့်ကိုငါသတ်၍ မြည်းကို
အသက်ချမ်းသာပေးလေပြီဟု ဆို၏။ 34 ဗာလမ်ကလည်း၊ အကျွန်ုပ်ပြစ်မှားပါပြီ။ ကိုယ် တော်သည် လမ်း၌
ကန့်လန့်နေတော်မူသည်ကို အကျွန်ုပ် မသိပါ။ ယခုမှာ အလိုတော်မရှိလျှင် အကျွန်ုပ်ပြန်သွားပါ မည်ဟု ထာဝရဘုရား၏
ကောင်းကင်တမန်အား ဆိုလျှင်၊ 35 ထာဝရဘုရား၏ကောင်းကင်တမန်က၊ သူတို့နှင့် အတူ လိုက်လော့။ သို့ရာတွင် ငါမှာထားသော
စကားကို သာ ဟောပြောရမည်ဟု ဗာလမ်အား မိန့်တော် မူသည်အတိုင်း၊ သူသည် ဗာလက်မင်း၏ ကျွန်တို့နှင့်အတူ လိုက်သွားလေ၏။
36 ဗာလမ်ရောက်သောသိတင်းကို ဗာလက်မင်း ကြားလျှင်၊ ခရီးဦးကြိုပြုခြင်းငှါ၊ မောဘပြည်စွန် အာနုန် ချောင်းနားမှာရှိသော
မြို့တမြို့သို့ ထွက်သွား၏။ 37 ဗာလက်မင်းကလည်း၊ ကိုယ်တော်ကို ခေါ်ပင့် စေခြင်းငှါ ငါသည် အထပ်ထပ် စေလွှတ်သည်မဟုတ်
လော။ အဘယ်ကြောင့် နေးပါသနည်း။ ကိုယ်တော်ကို ငါချီးမြှောက်နိုင်သည်မဟုတ်လောဟု ဗာလမ်အား ဆိုလျှင်၊ 38 ဗာလမ်က၊
မင်းကြီးထံသို့ ငါလာပါပြီ။ သို့ရာတွင် ငါသည် စကားတခွန်းကိုမျှ ပြောပိုင်သလော။ ငါ့နှုတ်၌ ဘုရားသခင်ထားတော်မူသော
စကားကိုသာ ငါပြောပါ မည်ဟု ပြန်ပြောပြီးမှ၊ 39 ဗာလက်မင်းနှင့်အတူ လိုက်၍ ကိရယသုဇုတ် မြို့သို့ ရောက်ကြ၏။ 40
ဗာလက်မင်းသည်လည်း၊ သိုးနွားတို့ကို ပူဇော်၍ ဗာလမ်နှင့်အရာရှိတို့အား ပေးလိုက်လေ၏။ 41 နက်ဖြန်နေ့၌ ဗာလက်မင်းသည်
ဗာလမ်ကို ခေါ်၍ ဣသရေလအမျိုးသားအပေါင်းတို့ကို အကုန် အစင်ပြခြင်းငှါ ဗာလဘုရားနှင့်ဆိုင်သော ကုန်းရိုးပေါ်သို့
ပို့ဆောင်လေ၏။


generated on Tue Jul 2 12:50:28 2024

## Chapter 23

1 ထိုအခါ ဗာလမ်က၊ ဤအရပ်၌ ငါ့အဘို့ ယဇ် ပလ္လင်ခုနစ်ခုကို တည်လော့။ နွားထီးခုနစ်ကောင်၊ သိုးထီးခုနစ်ကောင်တို့ကို
ပြင်ဆင်လော့ဟု ဗာလက်မင်း အား ဆိုသည်အတိုင်း၊ 2 ဗာလက်မင်းသည် ပြုပြီးလျှင်၊ ထိုသူနှစ်ပါးတို့ သည်
ယဇ်ပလ္လင်တခုတခုအပေါ်မှာ နွားတကောင်စီနှင့် သိုးတကောင်စီကို ပူဇော်ကြ၏။ 3 ဗာလမ်ကလည်း၊ မင်းကြီးပူဇော်သော မီးရှို့ရာ
ယဇ်နားမှာရပ်လော့။ ငါသည် အခြားတပါးသို့ သွားပါ မည်။ ထာဝရဘုရားသည် ငါ့ကို ကြိုဆိုခြင်းငှါ ကြွလာ
ကောင်းကြွလာတော်မူလိမ့်မည်။ ငါ့အား ပြတော်မူသမျှကို မင်းကြီးအား ငါကြားပြောပါမည်ဟု ဗာလက်မင်းအား ဆိုပြီးမှ
ကုန်းတခုပေါ်သို့ တက်သွား၏။ 4 ဘုရားသခင်သည် ဗာလမ်ကို ကြိုဆိုတော်မူ လျှင်၊ ဗာလမ်က အကျွန်ုပ်သည် ယဇ်ပလ္လင်ခုနစ်ခုကို
ပြင်ဆင်၍ ပလ္လင်တခုတခုအပေါ်မှာ နွားထီးတကောင် စီနှင့် သိုးထီးတကောင်စီကို ပူဇော်ပါပြီဟု လျှောက် လေ၏။ 5
ထာဝရဘုရားသည် ဗာလမ်နှုတ်၌ စကားကို ထားလျက်၊ သင်သည် ဗာလက်မင်းထံသို့ ပြန်၍ ဤသို့ ပြောလော့ဟု
မိန့်တော်မူသည်အတိုင်း၊ 6 ဗာလမ်ပြန်သောအခါ၊ ဗာလက်မင်းသည် မောဘမှူးမတ်အပေါင်းတို့နှင့်တကွ၊ မိမိပူဇော်သော မီးရှို့
ရာယဇ်နားမှာ ရပ်နေ၏။ 7 ထိုအခါ ဗာလမ်သည်၊ ပရောဖက်စကားအား ဖြင့် မြွက်ဆိုသည်ကား၊ မောဘရှင်ဘုရင် ဗာလက်က၊ လာပါ။
ငါ့အဘို့ ယာကုပ်အမျိုးကို ကျိန်ဆဲပါ။ လာပါ။ ဣသရေလအမျိုးကို ပျက်စီးခြင်းသို့ အပ်လိုက်ပါဟု ခေါ်၍ ငါ့ကို
အာရံပြည်အရှေ့တောင်ရိုးမှ ဆောင်ခဲ့ပြီ။ 8 ဘုရားသခင်ကျိန်ဆဲတော်မမူသော သူကို အဘယ်သို့ ငါကျိန်ဆဲနိုင်မည်နည်း။
ဘုရားသခင်သည် ပျက်စီးခြင်းသို့ အပ်တော်မမူသောသူကို အဘယ်သို့ ငါအပ်နိုင်မည်နည်း။ 9 ကျောက်ပေါ်က သူ့ကို ငါမြင်၏။
တောင်ပေါ်က သူ့ကို ငါကြည့်ရှု၏။ ထိုလူမျိုးသည် တမျိုးတည်းနေ၍ အခြားတပါးသော လူမျိုးတို့နှင့် မရောနှောရ။ 10
ယာကုပ်အမျိုးမြေမှုန့်ကို အဘယ်သူရေတွက် နိုင်သနည်း။ ဣသရေလအမျိုးလေးစုတစုကိုမျှ အဘယ် သူရေတွက်နိုင်သနည်း။
ဖြောင့်မတ်သောသူသေသကဲ့သို့ ငါသေပါစေသော။ ငါ့အဆုံးသည် သူ၏အဆုံးကဲ့သို့ဖြစ်ပါ စေသောဟု မြွက်ဆို၏။ 11
ဗာလက်မင်းကလည်း၊ သင်သည် ငါ၌ အဘယ် သို့ပြုသနည်း။ ငါ၏ရန်သူတို့ကို ကျိန်ဆဲစေခြင်းငှါ သင့်ကို ငါခေါ်ခဲ့ပြီ။ သို့သော်လည်း
သင်သည် လုံးလုံးကောင်းကြီး ပေးလေပြီတကားဟု ဗာလမ်အားဆိုလျှင်၊ 12 ဗာလမ်က၊ ထာဝရဘုရားသည် ငါ့နှုတ်၌
ထားတော်မူသောစကားကို ပြောရအောင် ငါသတိမပြုရ သလောဟု ပြန်ဆို၏။ 13 ဗာလက်မင်းကလည်း၊ ဣသရေလအမျိုးသား
အပေါင်းတို့ကို တပြိုင်နက် မမြင်ရဘဲ တပိုင်းကိုမျှသာ ကြည့်မြင်ရာ၊ အခြားသောအရပ်သို့ ငါနှင့်အတူ လိုက်ပါ လော့။ ထိုအရပ်၌
သူတို့ကို ငါ့အဘို့ ကျိန်ဆဲပါဟု ဆိုလျက်၊ 14 ပိသဂါ တောင်ပေါ်၊ ဇောဖိမ်လယ်ပြင်သို့ ဆောင်သွား၍ ယဇ်ပလ္လင်ခုနစ်ခုကို တည်ပြီးမှ၊
ပလ္လင်တခု တခုအပေါ်မှာ နွားတကောင်စီနှင့် သိုးတကောင်စီကို ပူဇော်လေ၏။ 15 ဗာလမ်ကလည်း၊ မင်းကြီးပူဇော်သော မီးရှို့ရာ
ယဇ်နားမှာ ရပ်လော့။ ငါသည် ထာဝရဘုရားကို ခရီး ဦးကြိုပြုခြင်းငှါ အခြားတပါးသို့ သွားပါမည်ဟု ဗာလက် မင်းအား ဆို၏။ 16
ထာဝရဘုရားသည် ဗာလမ်ကို ကြိုဆို၍ သူ၏ နှုတ်၌စကားကိုထားလျက်၊ သင်သည် ဗာလက်မင်းထံသို့ ပြန်၍ ဤသို့ ပြောလော့ဟု
မိန့်တော်မူသည်အတိုင်း၊ 17 ဗာလမ်ပြန်သောအခါ၊ ဗာလက်မင်းသည် မောဘမှူးမတ်တို့နှင့်တကွ၊ မိမိပူဇော်သော မီးရှို့ရာယဇ် နားမှာ
ရပ်နေလျက်၊ ထာဝရဘုရားသည် အဘယ်သို့ မိန့်တော်မူသနည်းဟု မေးလေ၏။ 18 ထိုအခါ ဗာလမ်သည်၊ ပရောဖက်စကားအား ဖြင့်
မြွက်ဆိုသည်ကား၊ ဇိပ္ပေါ်သား ဗာလက်မင်း၊ ထလော့။ ငါ့စကားကို စေ့စေ့နားထောင်လော့။ 19 ဘုရားသခင်သည် မုသာစကားကို
ပြောအံ့သော ငှါ လူဖြစ်တော်မူသည်မဟုတ်။ နောင်တရအံ့သောငှါ လူသားဖြစ်တော်မူသည်မဟုတ်။ မိန့်တော်မူပြီးမှ၊
စကားတော်အတိုင်း မပြုဘဲ နေတော်မူမည်လော။ ဂတိထားတော်မူပြီးမှ၊ ဂတိတော် မတည်ဘဲနေတော်မူမည်လော။ 20
ကောင်းကြီးပေးရမည်အကြောင်း၊ အမိန့်တော် ကို ငါခံရပြီ။ ဘုရားသခင် ကောင်းကြီးပေးတော်မူပြီ။ ထိုကောင်းကြီးကို ငါမဖျက်နိုင်။
21 ယာကုပ်အမျိုးကို ညှဉ်းဆဲသောအမှု၊ ဣသ ရေလအမျိုးတဘက်၌ ပြုသော နှောင့်ရှက်ခြင်းအမှုကို ဘုရားသခင်သည် ကြည့်ရှု၍
နေတော်မမူ။ သူတို့ ဘုရား သခင် ထာဝရဘုရားသည် သူတို့နှင့်အတူ ရှိတော်မူ၏။ ရှင်ဘုရင်ကြွေးကြော်ခြင်းအသံကို သူတို့တွင်
ကြားရ၏။ 22 ဘုရားသခင်သည် အဲဂုတ္တုပြည်မှ နှုတ်ဆောင် တော်မူသည်ဖြစ်၍၊ ဣသရေလအမျိုးသည် ကြံ့အား ကြီးသကဲ့သို့
အားကြီး၏။ 23 အကယ်စင်စစ် ယာကုပ်အမျိုးကို၊ ထူးဆန်း သော အတတ်အားဖြင့် မနိုင်ရာ။ ဣသရေလအမျိုးကို အဘယ်သူမျှ
မပြုစားရာ။ ဘုရားသခင်သည် အဘယ်သို့ ပြုတော်မူပြီတကားဟု ယခုကာလကို ထောက်၍ ယာကုပ် အမျိုး၊ ဣသရေလအမျိုးကို
ရည်ဆောင်လျက် ဆိုလေ့ရှိ လိမ့်မည်။ 24 ဤလူမျိုးသည် ခြင်္သေ့ကဲ့သို့ ထလိမ့်မည်။ ခြင်္သေ့ ပျိုကဲ့သို့ ထလိမ့်မည်။ ဘမ်းမိသော
အကောင်ကို မစားမှီ၊ သတ်အပ်သော တိရစ္ဆာန်အသွေးကို မသောက်မှီ တိုင်အောင် ငြိမ်ဝပ်စွာမနေဟု မြွက်ဆို၏။ 25
ဗာလက်မင်းကလည်း၊ သူတို့ကို အလျှင်းမကျိန် ဆဲပါနှင့်။ ကောင်းကြီးကိုလည်း အလျှင်းမပေးပါနှင့်ဟု ဗာလမ်အားဆိုလျှင်၊ 26
ဗာလမ်က၊ ထာဝရဘုရားမိန့်တော်မူသမျှ အတိုင်း ငါပြုရပါမည်ဟု မင်းကြီးအား အရင်ပြောနှင့်ပြီ မဟုတ်လောဟု ဗာလက်မင်းအား
ပြန်ပြော၏။ 27 တဖန် ဗာလက်မင်းက၊ လာပါတော့။ အခြား သော အရပ်သို့ ဆောင်သွားပါမည်။ ထိုအရပ်၌ သူတို့ကို ငါ့အဘို့
ကျိန်ဆဲစေခြင်းငှါ ဘုရားသခင်အလိုတော် ရှိကောင်းရှိတော်မူလိမ့်မည်ဟု ဗာလမ်အား ဆိုလျက်၊ 28 ယေရှိမုန်မြို့ကို မျက်နှာပြုသော
ပေဂုရတောင် ထိပ်သို့ ဆောင်သွားလေ၏။ 29 ဗာလမ်ကလည်း၊ ဤအရပ်၌ ငါ့အဘို့ ယဇ်ပလ္လင် ခုနစ်ခုကို တည်လော့။ နွားထီး

ခုနစ်ကောင်၊ သိုး ထီး ခုနစ်ကောင်တို့ကို ပြင်ဆင်လော့ဟု ဗာလက်မင်းအား ဆိုသည်အတိုင်း၊ 30 ဗာလက်မင်းသည်ပြု၍၊ ယဇ်ပလ္လင်
တခုတခု အပေါ်မှာ နွားတကောင်စီနှင့် သိုးတကောင်စီကို ပူဇော် လေ၏။

## Chapter 24

1 ထာဝရဘုရားသည်၊ ဣသရေလ အမျိုးကို ကောင်းကြီးပေးခြင်းငှါ အလိုရှိတော်မူကြောင်းကို ဗာလမ် သိမြင်လျှင်၊ ထူးဆန်းသော
အတတ်ကို ရှာခြင်းငှါ အရင် သွားသကဲ့သို့ မသွားဘဲ၊ တောသို့ မျက်နှာပြုလေ၏။ 2 သို့ရာတွင်၊ မျှော်ကြည့်၍ ဣသရေလ အမျိုးသား
တို့သည် အမျိုးအနွယ်အလိုက် အသီးအသီး တပ်ချလျက် နေကြသည်ကို မြင်သောအခါ၊ ဘုရားသခင်၏ ဝိညာဉ်တော်သည်
သူ့အပေါ်မှာ သက်ရောက်တော်မူလျှင်၊ 3 သူသည် ပရောဖက် စကားအားဖြင့် မြွက်ဆိုလေသည်မှာ၊ မျက်စိ ပွင့်သောသူ၊ ဗောရသား
ဗာလမ်၏ စကား၊ 4 ဘဝင်ဖြစ်၍ မျက်စိပွင့်လျက် အနန္တတန်ခိုးရှင် ၏ ရူပါရုံကိုမြင်၍၊ ဘုရားသခင်၏ အမိန့်တော်ကို ကြားသောသူ၏
စကားဟူမူကား၊ 5 အိုယာကုပ်အမျိုး၊ သင်တို့၏တဲများ၊ အိုဣသရေ လအမျိုး၊ သင်တို့၏ ဘုံဗိမာန်များတို့သည် အဘယ်မျှ လောက်
တင့်တယ်ကြသည်တကား။ 6 ကျယ်ဝန်းသော ချိုင့်များ၊ မြစ်နားမှာရှိသော ဥယျာဉ်များ၊ ထာဝရဘုရား စိုက်တော်မူသော အကျော်
ပင်များ၊ ရေနားမှာပေါက်သော အာရဇ်ပင်များကဲ့သို့ ဖြစ် ကြသည်တကား၊ 7 ထိုအမျိုး၏ ရေပုံးတို့မှ ရေစီးလိမ့်မည်။ ရေပေါ သော
အရပ်၌ မျိုးစေ့ ကျလိမ့်မည်။ သူ၏ ရှင်ဘုရင်သည် အာဂတ်မင်းထက် ဘုန်းကြီး၍၊ နိုင်ငံတော်သည် ချီးမြှောက် သော
နိုင်ငံဖြစ်လိမ့်မည်။ 8 ဘုရားသခင်သည် အဲဂုတ္တုပြည်မှ နှုတ်ဆောင် တော်မူသည်ဖြစ်၍၊ ဣသရေလအမျိုးသည်၊ ကြံ့အားကြီး သကဲ့သို့
အားကြီး၏။ ရန်သူဖြစ်သော လူမျိုးတို့ကို ကိုက် ဝါး၍၊ အရိုးတို့ကို ချိုးဖဲ့လိမ့်မည်။ မြှားဖြင့် ထုတ်ချင်း ခပ်အောင် ခွင်းလိမ့်မည်။ 9
ဝပ်လျက်နေ၏။ ခြင်္သေ့ကဲ့သို့၎င်း၊ ခြင်္သေ့မကဲ့ သို့၎င်း ဝပ်တွားလေ၏။ အဘယ်သူ နှိုးဆော်ဝံ့မည်နည်း။ သင့်ကို ကောင်းကြီးပေးသော
သူသည် ကောင်းကြီး မင်္ဂလာရှိ၏။ သင့်ကို ကျိန်ဆဲသော သူသည် ကျိန်ဆဲခြင်း ကို ခံရသည်ဟု မြွက်ဆို၏။ 10 ထိုအခါ
ဗာလက်မင်းသည်၊ ဗာလမ်ကို အမျက် ထွက်၍ လက်ခုပ်တီးလျက်၊ ငါ၏ ရန်သူတို့ကို ကျိန်ဆဲ စေခြင်းငှါ သင့်ကို ငါခေါ်ခဲ့၏။
သင်သည် သုံးကြိမ်တိုင် အောင် အကြွင်းမဲ့ ကောင်းကြီးပေးလေပြီတကား။ 11 ထိုကြောင့် သင့်နေရာပြည်သို့ ပြေးသွားလော့။ သင့်ကို
ချီးမြှောက်မည်ဟု အထက်က ငါအကြံရှိ၏။ သို့ရာ တွင် ထာဝရဘုရားသည် သင်၏ဘုန်းကို မတိုးပွားစေ ခြင်းငှါ ဆီးတားလေပြီဟု
ဆို၏။ 12 ဗာလမ်ကလည်း၊ ဗာလက်မင်းသည် ရွှေငွေနှင့် ပြည့်သော မိမိနန်းတော်ကိုပင် ပေးသော်လည်း၊ 13 ထာဝရဘုရား၏
ပညတ်တော်ကို လွန်ကျူး၍ ကောင်းသောအမှု၊ မကောင်းသောအမှုတစုံတခုကို ကိုယ်အလိုအလျောက် ငါမပြုနိုင်။
ထာဝရဘုရားမိန့်တော် မူသမျှကို ငါပြောပါမည်ဟု မင်းကြီးစေလွှတ်သော သံတမန်တို့အား ငါပြောနှင့်ပြီ မဟုတ်လော။ 14 ယခုမူကား၊
ငါ့အဆွေအမျိုးတို့ထံသို့ ငါသွား တော့မည်။ နားထောင်ပါ။ နောင်ကာလ၌ ဤလူမျိုးသည် မင်းကြီး၏လူမျိုး၌ အဘယ်သို့
ပြုမည်အရာကို မင်းကြီး အား ကြားပြောပါမည်ဟု ဗာလက်မင်းအား ပြန်ဆိုပြီးမှ၊ 15 ပရောဖက်စကားအားဖြင့် မြွက်ဆိုလေသည်မှာ၊
မျက်စိပွင့်သောသူ ဗောရသား ဗာလမ်၏စကား၊ 16 ဘဝင်ဖြစ်၍ မျက်စိပွင့်လျက်၊ အနန္တတန်ခိုးရှင် ၏ ရူပါရုံကို မြင်၍၊ အမြင့်ဆုံးသော
ဘုရားပေးတော်မူ သော ဉာဏ်ကို ရ၍၊ ဘုရားသခင်၏အမိန့်တော်ကို ကြား သောသူ၏စကားဟူမူကား၊ 17 ထိုအရာကို ငါမြင်၏။
သို့သော်လည်း ယခု မဖြစ်ရသေး။ ထိုအရာကို ငါရှု၏။ သို့သော်လည်း ဖြစ်ရသော အချိန် မနီးသေး။ ကြယ်တလုံးသည် ယာကုပ်
အမျိုး၌ ပေါ်ထွန်း၍၊ ရာဇလှံတံသည် ဣသရေလအမျိုး ၌ ထင်ရှားလိမ့်မည်။ မောဘပြည်စွန်းတိုင်အောင် ထိခိုက် ၍
မငြိမ်မဝပ်ရုန်းရင်းခပ် ပြုတတ်သော သူအပေါင်းတို့ကို ဖျက်ဆီးလိမ့်မည်။ 18 ဧဒုံပြည်ကိုလည်း သိမ်းယူလိမ့်မည်။ စိရတောင်
သည်လည်း ရန်သူလက်သို့ ရောက်လိမ့်မည်။ ဣသရေလ အမျိုးသည် ရဲရင့်စွာ ပြုလိမ့်မည်။ 19 အစိုးရသော သူတပါးသည်၊
ယာကုပ်အမျိုးထဲက ထွက်၍၊ ကျန်ကြွင်းသောမြို့သူမြို့သားတို့ကို ဖျက်ဆီးလိမ့် မည်ဟု မြွက်ဆို၏။ 20 တဖန်အာမလက်ပြည်ကို
ကြည့်ရှု၍ ပရောဖက် စကားအားဖြင့် မြွက်ဆိုပြန်သည်ကား၊ အာမလက်အမျိုး သည် လူမျိုးတကာတို့ထက်
အထွဋ်ဖြစ်ဘူးသော်လည်း၊ အဆုံး၌ ရှင်းရှင်းပျက်စီးခြင်းသို့ ရောက်လိမ့်မည်ဟု မြွက် ဆို၏။ 21 တဖန် ကေနိအမျိုးသားတို့ကို
ကြည့်ရှု၍ ပရော ဖက်စကားအားဖြင့် မြွက်ဆိုပြန်သည်ကား၊ သင်တို့ နေရာ သည် အားကြီး၏။ ကျောက်ပေါ်မှာ အသိုက်ကို လုပ်ကြ ပြီ။
22 သို့သော်လည်း အာရှုရိမင်းသည် သိမ်းယူ၍ မသွားမီတိုင်အောင်၊ ကေနိအမျိုးသည် အမျက်ကို ခံရလိမ့် မည်ဟု မြွက်ဆို၏။ 23
တဖန် ပရောဖက်စကားအားဖြင့် မြွက်ဆိုပြန် သည်ကား၊ အလိုလေ့၊ ဤအမှုကို ဘုရားသခင် စီရင် တော်မူသောအခါ၊ အဘယ်သူသည်
အသက်ချမ်းသာ ရလိမ့်မည်နည်း။ 24 သင်္ဘောတို့သည်လည်း ခိတ္တိမ်ပြည်မှလာ၍ အာရှုရိပြည်ကို၎င်း၊ ဟေဗာပြည်ကို၎င်း
နှောင့်ရှက်ကြ လိမ့်မည်။ သူတို့သည်လည်း ရှင်းရှင်းပျက်စီးကြလိမ့်မည် ဟု မြွက်ဆိုပြီးမှ၊ 25 ဗာလမ်သည် ထ၍ မိမိနေရာအရပ်သို့ ပြန်
သွား၏။ ဗာလက်မင်းသည်လည်း သွားလေ၏။


generated on Tue Jul 2 12:50:28 2024

## Chapter 25

[1] ကြာသရေလ အမျိုးသားတို့သည် ရှိတ္တိမ်အရပ်၌ နေသောအခါ၊ အချို့တို့သည် မောဘမိန်းမတို့နှင့် မတရား သော မေထုန်ကိုပြုကြ၏။
[2] ထိုမိန်းမတို့သည် မိမိတို့ ဘုရားရှေ့မှာ ယဇ် ပူဇော်ရာပွဲသို့ ဣသရေလ လူတို့ကို ခေါ်သွားသဖြင့်၊ ယောကျ်ားတို့ သည် ယဇ်သားကို
စား၍ ထိုဘုရား ရှေ့မှာ ဦးချကြ၏။ [3] ထိုသို့ဣသရေလ အမျိုးသားတို့သည်၊ ဗာလ ပေဂုရဘုရားကို ဆည်းကပ်သောကြောင့်၊
ထာဝရဘုရား သည် အမျက်ထွက်တော်မူ၏။ [4] ထာဝရဘုရားကလည်း၊ ငါသည်ပြင်းစွာသော အမျက်တော်ကို ဣသရေလအမျိုးမှ
လွှဲစေခြင်းငှာ၊ ဣသရေလမင်းအပေါင်းတို့ကို ခေါ်၍၊ ပြစ်မှားသော သူတို့ကို ဘုရားရှေ့မှာ ထင်ရှားစွာ ဆွဲထားလော့ဟု မောရှေအား
မိန့်တော်မူ၏။ [5] မောရှေ့သည် ဣသရလမင်းတို့ကို ခေါ်၍၊ ဗာလပေဂုရ ဘုရားကို ဆည်းကပ်သော သူတို့ကို သင်တို့
အသီးသီးဆိုင်သည်အတိုင်း ကွပ်မျက်ကြလော့ဟု မှာထားလေ၏။ [6] ထိုအခါ ဣသရေလ အမျိုးသားတယောက် သည်၊
မောရှေ့ရှေ့၌၎င်း၊ ပရိသတ်စည်းဝေးရာ တဲတော် တံခါးနားမှာ ငိုကြွေးသော ဣသရေလအမျိုးသား ပရိသတ်အပေါင်းတို့ရှေ့၌၎င်း၊
မိဒျန်မိန်းမကိုလည်း၊ မိမိညီအစ်ကိုတို့ ထံသို့ဆောင်ခဲ့လေ၏။ [7] ထိုအမှုကို ယဇ်ပုရောဟိတ်အာရုန်၏သား ဧလာဇာ၏သား
ဖိနဟတ်သည် မြင်လျှင်၊ ပရိသတ်ထဲမှာ ထ၍ လှံကိုကိုင်လျက်၊ [8] ထိုဣသရေလလူကို တဲအတွင်းသို့ လိုက်ပြီးမှ၊ ယောကျ်ားကို
ထုတ်ချင်းခပ်အောင်၎င်း၊ မိန်းမကို ဝမ်းပေါက်အောင်၎င်း ထိုးလေ၏။ ထိုသို့ပြုသောအားဖြင့် ဣသရေလအမျိုးသားတို့တွင်
ဘေးငြိမ်းလေ၏။ [9] ထိုဘေးဖြင့် သေသောလူပေါင်းကား၊ နှစ်သောင်း လေးထောင်ရှိသတည်း။ [10] ထာဝရဘုရားကလည်း၊ ငါသည်
အမျက်ထွက်၍ ဣသရေလ အမျိုးသား တို့ကို မဖျက်ဆီးမည်အကြောင်း၊ [11] ယဇ်ပုရောဟိတ် အာရုန်၏သား ဧလာဇာ၏ သား၊
ဖိနဟတ်သည် သူတို့တွင် ငါ့ဘက်၌ စိတ်အားကြီး၍ ငါ့အမျက်ကို သူတို့မှလွှဲပြီ။ [12] သို့ဖြစ်၍ သင်ပြောရသည်ကား၊ ငါ၏ချမ်းသာ
ပဋိညာဉ်ကို သူ့အား ငါပေး၏။ [13] သူသည် မိမိဘုရားသခင်ဘက်၌ စိတ်အားကြီး ၍ ဣသရေလအမျိုးသားတို့အဘို့ အပြစ်ဖြေခြင်းကို
ပြုသောကြောင့်၊ သူမှစ၍ သားစဉ်မြေးဆက်တို့သည် ထိုပဋိညာဉ်တည်းဟူသော ထာဝရယဇ်ပုရောဟိတ် အရာနှင့်ဆိုင်သော
ပဋိညာဉ်ကို ရပြီဟု မောရှေအား မိန့် တော်မူ၏။ [14] မိဒျန်မိန်းမနှင့် အသေသတ်ခြင်းကိုခံရသော ဣသရေလလူ၏ အမည်ကား၊
ရှိမောင်အမျိုး၌ ထင်ရှား သော အဆွေအမျိုးတွင် အကဲအမှူးသော လု၏သား ဇိမရိဖြစ်သတည်း။ [15] အသေသတ်ခြင်းကိုခံရသော မိဒျန်
မိန်းမ အမည်ကား၊ မိဒျန်အမျိုး၌ ထင်ရှားသော အဆွေအမျိုး တွင် အကဲအမှူးဇုရ၏ သမီး ကောဇဘိဖြစ် သတည်း။ [16]
ထာဝရဘုရားကလည်း၊ မိဒျန်အမျိုးသားတို့ကို နှောင့်ရှက်၍ လုပ်ကြံကြလော့။ [17-18] အကြောင်းမူကား၊ သူတို့သည် ပေဂုရဘုရား
အမှု၌၎င်း၊ ပေဂုရဘုရားကြောင့် ဘေးရောက်သောနေ့၌ အသေသတ်ခြင်းကို ခံရသော သူတို့နှမ မိဒျန်မင်းသမီး ကောဇဘိ အမှု၌၎င်း၊
သင်တို့ကို ပရိယာယ်များ အားဖြင့် လှည့်စားနှောင့်ရှက်ကြပြီဟု မောရှေ့အား မိန့်တော်မူ၏။



generated on Tue Jul 2 12:50:28 2024

# Chapter 26

1 ထိုဘေးငြိမ်းသောနောက်၊ ထာဝရဘုရားက၊- 2 အသက် နှစ်ဆယ်လွန်၍ စစ်တိုက်နိုင်သော ဣသရေလ အမျိုးသား
ပရိသတ်အပေါင်းတို့ကို၊ ဘိုးဘ အဆွေအမျိုးအလိုက် စာရင်းယူကြလော့ဟု မောရှေနှင့် ယဇ်ပုရောဟိတ်ဧလော ဇာတို့အား
မိန့်တော်မူသည် အတိုင်း၊ 3 သူတို့သည် မောဘ လွင်ပြင်၊ ယော်ဒန်မြစ်နား၊ ယေရိခေါ မြို့တဘက်၌၊ 4
အသက်နှစ်ဆယ်လွန်သောသူတို့ကို စာရင်းယူရ မည်အကြောင်း ဆင့်ဆိုကြ၏။ 5 အဲဂုတ္တုပြည်မှ ထွက်လာသော ဣသရေလ
အမျိုးသားတို့တွင်၊ ဣသရေလ၏ သားဦးရုဗင်၏သား ဟူမူကား ဟာနုတ်မှဆင်းသက်သော ဟာနောခိအဆွေ အမျိုး၊
ဖါလုမှဆင်းသက်သော ဖာလွိအဆွေအမျိုး၊ 6 ဟေဇရုံမှ ဆင်းသက်သော ဟေဇရောနိ အဆွေ အမျိုး၊ ကာမိမှ ဆင်းသက်သော ကာမိတ်
အဆွေအမျိုး တည်း။ 7 ဤသူတို့သည် ရုဗင်အဆွေအမျိုးဖြစ်၍၊ စာရင်း ဝင်သော လူပေါင်းကား၊ လေးသောင်းသုံးထောင် ခုနစ်ရာ
သုံးဆယ်ရှိသတည်း။ 8 ဖာလု၏သား ဧလျာဘ၊ လျောဘ၏သား နေမွေလ၊ ဒါသန်၊ အဘိရံတည်း။ 9 ဤဒါသန်၊ အဘိရံတို့သည်
အခြားမဟုတ်၊ ကောရအပေါင်းအသင်းသည် ထာဝရဘုရားနှင့် ဆန့်ကျင်ဘက် ပြုသောအခါ၊ ပရိသတ် ၌ ကျော်စော၍ မောရှေနှင့်
အာရုန်ကို ဆန့်ကျင်ဘက်ပြု သော ဒါသန်၊ အဘိရံ ဖြစ်ကြ၏။ 10 မြေကြီးသည် မိမိခံတွင်းကိုဖွင့်၍ သူတို့ကိုငင်၊
ကောရကိုငင်းမျိုသဖြင့်၊ ထိုအပေါင်းအသင်း ဝင်သူတို့ သည် သေကြ၏။ မီးသည် လည်း လူနှစ်ရာငါးဆယ်တို့ကို အသက်ဆုံးစေ၏။
ထိုသူတို့သည် သတိပေးသော သက်သေဖြစ်သတည်း။ 11 သို့ရာတွင် ကောရ၏ သားသမီးတို့သည် သေဘေးနှင့် လွတ်ကြ၏။ 12
ဘိုးဘ အဆွေအမျိုးအလိုက် ရှိမောင်၏သားဟူမူ ကား၊ ယေမွေလမှ ဆင်းသက်သော ယေမွေလိအဆွေ အမျိုး၊
ယာမိန်မှဆင်းသက်သော ယာမိနိ အဆွေအမျိုး၊ ယာခိန်မှ ဆင်းသက်သော ယာခိနိ အဆွေအမျိုး၊ 13
ဇေရမှဆင်းသက်သောဇေရဟိအဆွေ အမျိုး ရှောလမှ ဆင်းသက်သော ရှောလိ အဆွေအမျိုး တည်း။ 14 ဤသူတို့သည် ရှိမောင်
အဆွေအမျိုးဖြစ်၍ လူပေါင်းကား၊ နှစ်သောင်း နှစ်ထောင်နှစ်ရာ ရှိသတည်း။ 15 ဘိုးဘ အဆွေအမျိုးအလိုက် ဂဒ်၏သားဟူမူ ကား၊
ဇေဖုန်မှ ဆင်းသက်သော ဇေဖေါနိအဆွေအမျိုး၊ ဟဂ္ဂိမှ ဆင်းသက်သော ဟဂ္ဂိတ် အဆွေအမျိုး၊ ရှုနိမှ ဆင်းသက်သော
ရှုနိတ်အဆွေအမျိုး၊ 16 ဩဇနိမှ ဆင်းသက်သော ဩဇနိတ် အဆွေ အမျိုး၊ ဧရိမှ ဆင်းသက် သော ဧရိတ်အဆွေအမျိုး၊ 17 အာရုဒ်မှ
ဆင်းသက်သော အာရောဒိ အဆွေ အမျိုး၊ အရေလိမှ ဆင်းသက်သော အရေလိတ်အဆွေ အမျိုးတည်း။ 18
ဤသူတို့သည်ဂဒ်အဆွေအမျိုးဖြစ်၍၊ စာရင်းဝင် သော လူပေါင်းကား၊ လေးသောင်းငါးရာရှိသတည်း။ 19 ယုဒ၏သားဟူမူကား၊
ခါနာန်ပြည်၌သေသော ဧရနှင့် ဩနန် အစရှိသော၊ 20 ဘိုးဘ အဆွေအမျိုးအလိုက်၊ ရှေလမှဆင်းသက် သော ရှေလနိအဆွေအမျိုး၊
ဖါရဇ်မှဆင်းသက်သော ဖါရဇိ အဆွေအမျိုး၊ ဇေရမှ ဆင်းသက်သော ဇေရဟိ အဆွေအမျိုးတည်း။ 21 ဖါရဇ်၏သား၊ ဟေဇရုံမှ
ဆင်းသက်သော ဟေဇရောနိ အဆွေအမျိုး၊ ဟာမုလမှဆင်းသက်သော ဟာမုလိ အဆွေ အမျိုးတည်း။ 22 ဤသူတို့သည်
ယုဒအဆွေအမျိုးဖြစ်၍၊ စာရင်း ဝင်သော လူပေါင်းကား၊ ခုနစ်သောင်းခြောက်ထောင် ငါးရာ ရှိသတည်း။ 23 ဘိုးဘ
အဆွေအမျိုးအလိုက် ဣသခါ၏သား ဟူမူကား၊ တောလမှဆင်းသက်သော တောလိအဆွေ အမျိုး၊ ဖုဝါမှဆင်းသက်သော ဖုဝနိအဆွေ
အမျိုး၊ 24 ယာရှုပ်မှ ဆင်းသက်သော ယာရှုဘိအဆွေ အမျိုး၊ ရှိမရုန်မှ ဆင်းသက်သော ရှိမရောနိအဆွေ အမျိုးတည်း။ 25
ဤသူတို့သည် ဣသခါအဆွေအမျိုးဖြစ်၍၊ စာရင်းဝင်သော လူပေါင်းကား၊ ခြောက်သောင်း လေးထောင်သုံးရာ ရှိသတည်း။ 26
ဘိုးဘအဆွေအမျိုးအလိုက် ဇာဗုလုန်၏သား ဟူမူကား၊ သရက်မှ ဆင်းသက်သော သရဒိအဆွေအမျိုး၊ ဧလုန်မှဆင်းသက်သော
ဧလောနိ အဆွေအမျိုး၊ ယာလေ လမှဆင်းသက်သော ယာလေလိ အဆွေအမျိုးတည်း။ 27 ဤသူတို့သည် ဇာဗုလုန်
အဆွေအမျိုးဖြစ်၍၊ စာရင်းဝင်သော လူပေါင်းကား၊ ခြောက်သောင်းငါးရာ ရှိသတည်း။ 28 ဘိုးဘ အဆွေအမျိုးအလိုက်
ယောသပ်၏သား မနာရှေနှင့် ဧဖရိမ်တို့တွင် 29 မနာရှေ၏သားဟူမူကား၊ မာခိရမှ ဆင်းသက် သော မာခိရိ အဆွေအမျိုး၊ 30
ယေဇေရမှဆင်းသက်သော ယေဇေရိအဆွေ အမျိုး၊ ဟေလက်မှ ဆင်းသက်သော ဟေလကိ အဆွေ အမျိုး၊ 31
အသရေလမှဆင်းသက်သော အာသရေလိ အဆွေအမျိုး၊ ရှေခင်မှ ဆင်းသက်သော ရှေခေမိ အဆွေအမျိုး၊ 32 ရှမိဒမှ ဆင်းသက်သော
ရှမိဒိအဆွေအမျိုး၊ ဟေဖါမှဆင်းသက်သော ဟေဖေရိ အဆွေအမျိုးတည်း။ မာခိရ၏သားဂိလဒ်မှ ဆင်းသက်သော ဂိလဒိအဆွေ
အမျိုးတည်း။ 33 ဟေဖါ၏သား ဇလောဖဒ်၌ကား၊ သား ယောကျ်ားမရှိ၊ သမီး သက်သက်သာရှိ၏။ ဇလောဖဒ်၏ သမီးတို့ အမည်ကား၊
မာလာ၊ နောအာ၊ ဟောဂလာ၊ မိလကာ၊ တိရဇာတည်း။ 34 ဤသူတို့သည် မနာရှေအဆွေအမျိုး ဖြစ်၍၊ စာရင်းဝင်သော လူပေါင်းကား၊
ငါးသောင်းနှစ်ထောင် ခုနစ်ရာ ရှိသတည်း။ 35 ဘိုးဘအဆွေအမျိုးအလိုက် ဧဖရိမ်၏သား ဟူမူကား၊ ရှုသလမှ ဆင်းသက်သော
ရှုသလိအဆွေအမျိုး၊ ဗေခါမှဆင်းသက်သော ဗေခရိ အဆွေအမျိုး၊ တာဟန်မှ ဆင်းသက်သော တာဟနိအဆွေအမျိုးတည်း။ 36
ရှုသေလ၏သား ဧရန်မှဆင်းသက်သော ဧရနိအဆွေအမျိုးတည်း။ 37 ဤသူတို့သည် ဧဖရိမ်အဆွေအမျိုးဖြစ်၍၊ စာရင်းဝင်သော
လူပေါင်းကား၊ သုံးသောင်းနှစ်ထောင် ငါးရာရှိသတည်း။ ဤသူတို့သည် ဘိုးဘအဆွေအမျိုး အလိုက် ယောသပ်၏သား
စဉ်မြေးဆက်ဖြစ်သတည်း။ 38 ဘိုးဘအဆွေအမျိုးအလိုက် ဗယ်မိန်၏သား ဟူမူကား၊ ဗေလမှ ဆင်းသက်သော ဗေလိအဆွေအမျိုး၊
အာရှဗေလမှ ဆင်းသက်သော အာရှဗေလိအဆွေအမျိုး၊ အဟိရံမှဆင်းသက်သော အဟိရ မိအဆွေအမျိုး။ 39 ရှုဖံမှဆင်းသက်သော
ရှုဖမိ အဆွေအမျိုး၊ ဟုဖံမှဆင်းသက်သော ဟုဖမိအဆွေအမျိုးတည်း။ 40 ဗေလသား အာရဒမှဆင်းသက်သော အာရဒိ အဆွေအမျိုး၊

 generated on Tue Jul 2 12:50:28 2024

နေမန်မှ ဆင်းသက်သော နေမနိ အဆွေ အမျိုးတည်း။ 41 ဤသူတို့သည် ဗယ်ာမိန်အဆွေအမျိုးဖြစ်၍၊ စာရင်းဝင်သော လူပေါင်းကား
လေးသောင်းငါးထောင် ခြောက်ရာ ရှိသတည်း။ 42 ဘိုးဘ အဆွေအမျိုးအလိုက် ဒန်၏သား ဟူမူ ကား၊ ရှုဟံမှဆင်းသက်သော
ရှုဟမိအဆွေအမျိုးတည်း။ ဤသူတို့သည် ဒန်အဆွေအမျိုး ဖြစ်၍၊ 43 စာရင်းဝင်သော ရှုလမိလူပေါင်းကား၊ ခြောက်
သောင်းလေးထောင်လေးရာ ရှိသတည်း။ 44 ဘိုးဘ အဆွေအမျိုးအလိုက် အာရှာ၏သား ဟူမူကား၊ ယိမနမှဆင်းသက်သော
ယိမနိအဆွေအမျိုး၊ ယေသဝိမှဆင်းသက်သော ယေသဝိ အဆွေအမျိုး၊ ဗေရိတ်မှဆင်းသက်သော ဗေရိတ် အဆွေအမျိုးတည်း။ 45
ဗေရိ၏သား ဟေဗေရမှဆင်းသက်သော ဟေဗေရိအဆွေ အမျိုး၊ မာလချေလမှ ဆင်းသက်သော မာလချေလိ အဆွေအမျိုးတည်း။ 46
အာရှာ၏ သမီးအမည်ကား၊ စာရာတည်း။ 47 ဤသူတို့သည် အာရှာအဆွေအမျိုးဖြစ်၍၊ စာရင်းဝင်သော လူပေါင်းကား၊
ငါးသောင်းသုံးထောင် လေးရာ ရှိသတည်း။ 48 ဘိုးဘ အဆွေအမျိုးအလိုက် နဿလိ၏သား ဟူမူကား၊ ယာဇေလမှ ဆင်းသက်သော
ယာဇေလိအဆွေ အမျိုး၊ ဂုနိမှဆင်းသက်သော ဂုနိတ်အဆွေအမျိုး၊ 49 ယေဇေရမှ ဆင်းသက်သော ယေဇေရိအဆွေ အမျိုး၊ ရှိလ္လင်မှ
ဆင်းသက်သော ရှိလ္လမိအဆွေအမျိုး တည်း။ 50 ဤသူတို့သည် နဿလိအဆွေ အမျိုးဖြစ်၍၊ စာရင်းဝင်သော လူပေါင်းကား၊
လေးသောင်းငါးထောင် လေးရာရှိသတည်း။ 51 ထိုသို့ ဣသရေလအမျိုး၊ စာရင်းဝင်သူ လူပေါင်း ကား ခြောက်သိန်း
တထောင်ခုနစ်ရာငါးဆယ် ရှိ သတည်း။ 52 ထာဝရဘုရားကလည်း၊ ဤသူတို့အား အရေ အတွက် ရှိသည်အတိုင်း၊ 53 ခါနန်ပြည်ကို
ဝေရမည်။ 54 လူများလျှင်များသော အမွေမြေကိုဝင်း၊ လူနည်းလျှင် နည်းသော မွေမြေကိုဝင်း၊ အနည်းအများ အလိုက်
အသီးသီးတို့အား အမွေမြေကို ဝေပေးရမည်။ 55 သို့ရာတွင် ထိုပြည်ကို စာရေးတံချ၍ ဝေရမည်။ ဘိုးဘ အမျိုးအနွယ်အလိုက်
အမွေခံရကြမည်။ 56 စာရေးတံကျသည်အတိုင်း မြေကိုဝေ၍ အနည်း အများအလိုက် ပိုင်ရကြမည်ဟု မောရှေအား မိန့်တော်မူ ၏။ 57
ဘိုးဘ အဆွေအမျိုးအလိုက် စာရင်းဝင်သော လေဝိ၏သား ဟူမူကား၊ ဂေရရှုန် မှ ဆင်းသက်သော ဂေရရှောနိအဆွေအမျိုး၊ ကော
ဟတ်မှ ဆင်းသက်သော ကောဟသိအဆွေအမျိုး၊ မေရာရိမှ ဆင်းသက် သော မေရာရိတ်အဆွေအမျိုး တည်း။- 58 ဤသည်လျှင်
လေဝိအဆွေအမျိုးဖြစ်၍၊ လိဗနိအဆွေအမျိုး၊ ဟေဗြောနိ အဆွေအမျိုး၊ မာလိ အဆွေအမျိုး၊ မုရှိအဆွေအမျိုး၊
ကောရသိအဆွေအမျိုး ပါသတည်း။ ကောဟတ်၏ သားကား၊ အာမရံတည်း။ 59 အာမရံ၏ မယားကား၊ အဲဂုတ္တုပြည်၌ လေဝိ မယား
ဘွားမြင်သော လေဝိ၏ သမီးယောခေဗက်တည်း။ ထိုမိန်းမသည် အာမရံ၏ မယားဖြစ်၍၊ အာရုန်၊ မောရှေ၊ နှမမိရိအံတို့ကို
ဘွားမြင်လေ၏။ 60 အာရုန်၏သားကား၊ နာဒပ်၊ အဘိဟု၊ ဧလာဇာ၊ ဣသမာတည်း။ 61 နာဒပ်နှင့် အဘိဟုတို့သည် ထာဝရဘုရားရှေ့
တော်၌ ထူးခြားသောမီးကို ပူဇော်သောအခါ သေကြ၏။ 62 အသက် တလလွန်၍ စာရင်းဝင်သော လေဝိ သား ယောကျ်ားပေါင်းကား၊
နှစ်သောင်းသုံးထောင် ရှိသတည်း။ သူတို့သည် ဣသရေလ အမျိုးသားတို့နှင့်အတူ အမွေမခံရသောကြောင့်၊ ရောနှော၍
စာရင်းမဝင်ရကြ။ 63 ဤရွေ့ကား၊ မောရှေနှင့် ယဇ်ပုရောဟိတ် ဧလာဇာတို့သည်၊ မောဘလွင်ပြင်၊ ယော်ဒန်မြစ်နား၊
ယေရိခေါမြို့တဘက်၌ စာရင်းယူသော ဣသရေလ အမျိုးသားပေတည်း။ 64 မောရှေနှင့် ယဇ်ပုရောဟိတ်အာရုန်တို့သည်၊ သိနာတော၌
ဣသရေလအမျိုးသားတို့ကို စာရင်းယူ၍၊ ထိုစာရင်း၌ ဝင်သောသူ တယောက်မျှ မပါ။ 65 အကြောင်းမူကား၊ ထိုသူတို့သည်တော၌
အမှန် သေရကြမည်ဟု ထာဝရဘုရား မိန့်တော်မူပြီ။ ယေဖုန္နာ ၏သား ကာလက်နှင့် နုန်၏သား ယောရှုမှတပါး၊ အရင်းလူတယောက်မျှ
မကြွင်းမကျန်ရ။


generated on Tue Jul 2 12:50:28 2024

## Chapter 27

1 ထိုအခါ ယောသပ်၏သား၊ မနာရှေအဆွေ အမျိုး၌ပါလျက်၊ မနာရှေ၊ မာခိရ၊ ဂိလဒ်၊ ဟေဖေရတို့မှ ဆင်းသက်သော
ဇလောဖဒ်၏သမီး မာလာ၊ နောအာ၊ ဟောဂလာ၊ မိလကာ၊ တိရဇာတို့သည်လာ၍၊ 2 ပရိသတ်စည်းဝေးရာ တဲတော်တံခါး နား၊
မောရှေနှင့် ယဇ်ပုရော ဟိတ် ဧလောဇာ၊ မင်းများ၊ ပရိသတ်များအပေါင်းတို့ ရှေ့မှာရပ်လျက်၊ 3 အကျွန်ုပ်တို့၏အဘသည်
တော၌သေပါ၏။ ထာဝရဘုရား တဘက်၌ စုဝေးသော အပေါင်းအသင်း၊ ကောရ၏အပေါင်းအသင်း၌ မပါ။ မိမိအပြစ်ကြောင့်
သေပါ၏။ သူ၌ သားယောကျ်ား မရှိပါ။ 4 ထိုသို့ သားယောကျ်ားမရှိ သောကြောင့်၊ အကျွန်ုပ်တို့အဘ၏ အမည်သည်
အကျွန်ုပ်တို့အဆွေ အမျိုး၌ ပျောက်ရပါမည်လော။ အကျွန်ုပ်တို့အဘ၏ ညီအစ်ကိုတို့နှင့်အတူ၊ အကျွန်ုပ်တို့အား အမွေပေးပါဟု
လျှောက်ကြ၏။ 5 သူတို့အမှုကို မောရှေသည် ထာဝရဘုရားရှေ့ တော်၌ ထားလေ၏။ 6 ထာဝရဘုရားကလည်း၊ ဇလောဖဒ် သမီးတို့၏
စကားသည် လျောက်ပတ်ပေ၏။ 7 အကယ်စင်စစ် သူတို့အဘ၏ ညီအစ်ကိုတို့နှင့် အတူ အမွေခံရသောအခွင့်ကို သူတို့အားပေးရမည်။
သူတို့အဘ၏အမွေဥစ္စာသည် သူတို့လက်သို့ ရောက်စေရ မည်။ 8 သင်သည် ဣသရေလအမျိုးသားတို့အား ဆင့်ဆိုရမည်မှာ၊ လူသည်
သားယောကျ်ားမရှိဘဲသေလျှင်၊ သူ၏အမွေဥစ္စာကို သူ၏သမီးလက်သို့ ရောက်စေရမည်။ 9 သမီးမရှိလျှင်၊ သူ၏ အမွေဥစ္စာကို သူ၏
ညီအစ်ကိုတို့အား ပေးရမည်။ 10 ညီအစ်ကိုမရှိလျှင်၊ အမွေဥစ္စာကို ဘကြီး ဘထွေး တို့အား ပေးရမည်။ 11 ဘကြီးဘထွေးမရှိလျှင်၊
သူ၏အဆွေအမျိုး၌ နီးစပ်ရင်းခြာသော ပေါက်ဘော်အား ပေး၍၊ ထိုသူသည် ပိုင်ရမည်။ ဤရွေ့ကား၊ ထာဝရဘုရားသည် မောရှေအား
မှာထားတော်မူသည်အတိုင်း၊ ဣသရေလအမျိုးသားတို့၌ စီရင်ထုံးဖွဲ့ချက်ဖြစ်စေဟု မောရှေအား မိန့်တော်မူ၏။ 12 တဖန်
ထာဝရဘုရားက၊ သင်သည် ဤအာဗရိမ် တောင်ပေါ်သို့ တက်လော့။ ဣသရေလအမျိုးသားတို့ အား ငါပေးသောပြည်ကို
ကြည့်ရှုလော့။ 13 သို့ပြီးမှ၊ သင်၏အစ်ကိုအာရုန်သည် မိမိလူမျိုး စည်းဝေးရာသို့ သွားသကဲ့သို့၊ သင်သည်လည်း သွားရ မည်။ 14
အကြောင်းမူကား၊ ပရိသတ်တို့သည် ဇိနတော၊ ကာဒေရှအရပ်၊ မေရိဘစမ်းရေအနား၌ ရုန်းရင်းခတ်ပြု ကြသောအခါ၊ သင်တို့သည်
ငါ့စကားကို ဆန့်ကျင်ဘက် ပြု၍၊ သူတို့ရှေ့မှာ ငါ့ကို မရိုမသေပြုသော အပြစ်ရှိ သည်ဟု မောရှေအား မိန့်တော်မူ၏။ 15-17
မောရှေကလည်း၊ ထာဝရဘုရား၏ ပရိသတ် တို့သည် အထိန်းမရှိသော သိုးကဲ့သို့ မဖြစ်မမည် အကြောင်း၊ ခပ်သိမ်းသော သတ္တဝါတို့၏
အသက်ဝိညာဉ် ကို အစိုးရတော်မူသော ဘုရားသခင် ထာဝရဘုရားသည်၊ ဤပရိသတ်တို့ရှေ့၌ ထွက်ဝင်နိုင်သောသူ၊ ပြင်သို့ ထုတ်
ခြင်း၊ အတွင်းသို့ သွင်းခြင်းအမှုကို တတ်နိုင်သောသူ တစုံတယောက်ကို သူတို့အပေါ်မှာ ခန့်ထားတော်မူပါစေ သောဟု
ထာဝရဘုရားအား လျှောက်လေ၏။ 18 ထာဝရဘုရားကလည်း၊ ဝိညာဉ်တော်ကိုရသော နုန်၏သား ယောရှုကိုခေါ်၍၊ သင်၏လက်ကို
သူ့အပေါ်မှာတင်လော့။ 19 ယဇ်ပုရောဟိတ် ဧလောဇာရှေ့၊ ပရိသတ် အ ပေါင်းတို့ရှေ့၌ သူ့ကိုထား၍ မှာခဲ့လော့။ 20
ဣသရေလအမျိုးသားအပေါင်းတို့သည်၊ သူ၏ စကားကို နားထောင်မည်အကြောင်း၊ သင်၏ ဘုန်း အသရေအချို့ကို သူ့အပေါ်၌
တင်ထားလော့။ 21-22 ထိုသူသည် ယဇ်ပုရောဟိတ် ဧလောဇာရှေ့မှာ ရပ်သောအခါ၊ ယဇ်ပုရောဟိတ်သည် ထာဝရဘုရား ရှေ့တော်၌
ဥရိမ်စီရင်ဆုံးဖြတ်သော တရားအတိုင်း၊ သူ့အတွက် မေးမြန်းရမည်။ သူစီရင်သည်အတိုင်း၊ သူနှင့်အတူ ဣသရေလအမျိုးသား
ပရိသတ် အပေါင်းတို့ သည် ထွက်ဝင်ရကြမည်ဟု ထာဝရဘုရားသည် မောရှေ အား မှာထားတော်မူသည်အတိုင်း မောရှေပြုလျှက်၊
ယောရှုကိုခေါ်၍ ယဇ်ပုရောဟိတ် ဧလောဇာရှေ့၊ ပရိသတ် အပေါင်းတို့ရှေ့၌ ထားပြီးလျှင်၊ 23 သူ့အပေါ်မှာ လက်ကိုတင်၍ မှာခဲ့လေ၏။
ထိုသို့ ထာဝရဘုရားသည် မောရှေအားဖြင့် ပညတ်ထားတော် မူ၏။

 generated on Tue Jul 2 12:50:28 2024

## Chapter 28

1 တဖန် မောရှေအား ထာဝရဘုရားက၊ သင်သည် ဣသရေလအမျိုးသားတို့အား ဆင့်ဆိုရ မည်မှာ၊ ငါ၏ပူဇော်သက္ကာကိုင်၊ 2 ငါ့အဘို့
မွှေးကြိုင် သောအနံ့ရှိစေခြင်းငှာ မီးဖြင့်ပြုသော ငါ၏အစာ အာဟာရကိုင်၊ အချိန်တန်မှ ငါ့အားပူဇော်ခြင်းငှာ သတိပြုရကြမည်။ 3
တဖန်ဆင့်ဆိုရမည်မှာ၊ နေ့တိုင်းအစဉ်အမြဲ မီးရှို့ရာယဇ်ဘို့၊ အခါမလည် အပြစ်မပါသော သိုးသငယ် နှစ်ကောင်ကို ထာဝရဘုရားအား
မီးဖြင့်ပူဇော်ရမည်။ 4 နံနက်ယံ၌ သိုးသငယ်တကောင်၊ ညဦးယံ၌ တကောင်ကို ပူဇော်ရမည်။ 5 သံလွင်သီးကို ထောင်း၍ရသော
သံလွင်ဆီ သုံးလောဃနှင့် ရောသော မုန့်ညက်တဆယ်ဖို့ကိုလည်း ပူဇော်ရမည်။ 6 ဤရွေ့ကား၊ သိနာတောင်ပေါ်မှာ စီရင်တော်
မူသည်အတိုင်း၊ ထာဝရဘုရားအဘို့ မွှေးကြိုင်သော အနံ့နှင့် မီးဖြင့်ပြုသော ပူဇော်သက္ကာ၊ အစဉ်အမြဲပြု ရသော
မီးရှို့ရာယဇ်ဖြစ်သတည်း။ 7 သိုးသငယ်တကောင်နှင့်အတူ သွန်းလောင်းရာ ပူဇော်သက္ကာဘို့၊ စပျစ်ရည်သုံးလောဃကို ပူဇော်၍၊
သန့်ရှင်းရာဌာန၌ သွန်းလောင်းရာ ပူဇော်သက္ကာဘို့၊ ထာဝရဘုရားအား သွန်းလောင်းရမည်။ 8 အခြားသော သိုးသငယ်ကို ညဦးယံ၌
ပူဇော် သောအခါ၊ နံနက်ယံ၌ ဘောဇဉ် ပူဇော်သက္ကာ၊ သွန်း လောင်းရာ ပူဇော်သက္ကာပါသည်နည်းတူ ပါလျက်၊ ထာဝရဘုရားအဘို့
မွှေးကြိုင်သောအနံ့နှင့် ပြည့်စုံ၍ မီးဖြင့်ပူဇော်သော ယဇ်ကို ပြုရမည်။ 9-10 နေ့တိုင်း အစဉ်ပူဇော်သော မီးရှို့ရာယဇ်၊ သွန်းလောင်းရာ
ပူဇော်သက္ကာမှတပါး၊ ဥပုပ်နေ့ရက်၌ အခါမလည် အပြစ်မပါသော သိုးသငယ်နှစ်ကောင်ကိုင်၊ သွန်းလောင်းရာ ပူဇော်သက္ကာပါလျက်၊
ဘောဇဉ် ပူဇော်သက္ကာဘို့၊ ဆီရောသောမုန့်ညက်နှစ်ဆယ်ဖို့ကိုင် ပူဇော်ရမည်။ 11 လဆန်းတရက်နေ့၌၊ အသက်ပျိုသော နွားထီး
နှစ်ကောင်၊ သိုးထီးတကောင်၊ အခါမလည်၊ အပြစ် မပါသော သိုးသငယ်ခုနစ်ကောင်တို့ကို၊ ထာဝရဘုရား အား မီးရှို့ရာယဇ်ပြု၍
ပူဇော်ရမည်။ 12 နွားတကောင်အဘို့၊ ဆီရောသော မုန့်ညက် သုံးဆယ်ဖို့၊ သိုးတကောင်အဘို့၊ ဆီရောသော မုန့်ညက် နှစ်ဆယ်ဖို့၊ 13
သိုးသငယ်တကောင်အဘို့၊ ဆီရောသော မုန့်ညက်တဆယ် ဖို့စီတည်း ဟူသော ဘောဇဉ်ပူဇော်သက္ကာ နှင့်တကွ၊ ထာဝရဘုရားအား
မီးဖြင့်ပူဇော်၍ မီးရှို့ရာ ယဇ်ကို ပြုရမည်။ 14 သွန်းလောင်းရာ ပူဇော်သက္ကာဘို့ကား၊ နွား တကောင်နှင့် စပျစ်ရည် ခြောက်လောဃ၊
သိုးတကောင် နှင့် လေးလောဃ၊ သိုးသငယ်တကောင်နှင့် သုံးလောဃ ကို ပူဇော်ရမည်။ ထိုသို့ လတိုင်း အစဉ်မပြတ် မီးရှို့ရာ ယဇ်ကို
ပူဇော်ရမည်။ 15 နေ့တိုင်း အစဉ်ပူဇော်သော မီးရှို့ရာယဇ်၊ သွန်းလောင်းရာ ပူဇော်သက္ကာမှတပါး၊ အပြစ်ဖြေရာ ယဇ်ဘို့
ထာဝရဘုရားအား ဆိတ်သငယ်တကောင်ကို လည်း ပူဇော်ရမည်။ 16 ပဌမလတဆယ်လေးရက်နေ့၌၊ ထာဝရဘုရား၏
ပသခါပွဲဖြစ်၏။ 17 ၎င်းလ တဆယ်ငါးရက်နေ့၌ ပွဲကိုခံရမည်။ ခုနစ်ရက်ပတ်လုံး တဆေးမဲ့မုန့်ကို စားရကြမည်။ 18 ပဌမနေ့၌
ဓမ္မစည်းဝေးခြင်းကို ပြုရမည်။ လောကီအလုပ်ကို မလုပ်ရ။ 19 ထာဝရဘုရားအား မီးဖြင့်ပြုသော ယဇ်တည်းဟူ သော
အသက်ပျိုသော နွားထီးနှစ်ကောင်၊ သိုးထီး တကောင်၊ အခါမလည် အပြစ်မပါသော သိုးသငယ် ခုနစ်ကောင်တို့ကို မီးရှို့ရာယဇ်ပြု၍
ပူဇော်ရမည်။ 20 နွားတကောင်လျှင် ဆီရောသော မုန့်ညက် သုံးဆယ်ဖို့၊ သိုးတကောင်လျှင် နှစ်ဆယ်ဖို့၊ 21 သိုးသငယ်ခုနစ်ကောင်စေ့အောင်၊
တကောင် လျှင် တဆယ်ဖို့စီနှင့် ဘောဇဉ်ပူဇော်သက္ကာပြုရမည်။ 22 အပြစ်ဖြေခြင်းကို ပြုအံ့သောငှာ၊ အပြစ်ဖြေရာ ယဇ်ဘို့
ဆိတ်တကောင်ကိုလည်း ပူဇော်ရမည်။ 23 နေ့ရက်အစဉ် နံနက်တိုင်းပူဇော်သော မီးရှို့ရာ ယဇ်မှတပါး၊ ထိုယဇ်များကို ထပ်၍
ပူဇော်ရမည်။ 24 ထိုသို့ အစဉ်အမြဲ ပူဇော်သောမီးရှို့ရာယဇ်၊ သွန်း လောင်းရာ ပူဇော်သက္ကာမှတပါး ခုနစ်ရက်ပတ်လုံး တနေ့တနေ့လျှင်
ထာဝရဘုရားအဘို့ မွှေးကြိုင်သောအနံ့ နှင့် မီးဖြင့်ပြုသော ပူဇော်သက္ကာ အစာအာဟာရကို ပူဇော်ရမည်။ 25 သတ္တမနေ့၌လည်း၊
ဓမ္မစည်းဝေးခြင်းကို ပြုရ မည်။ လောကီအလုပ်ကို မလုပ်ရ။ 26 ထိုမှတပါး၊ သိတင်းခုနစ်သိတင်းစေ့ပြီးမှ၊ ဘောဇဉ်
ပူဇော်သက္ကာအသစ်ကို ထာဝရဘုရားထံတော် သို့ ဆောင်ခဲ့သောနေ့ အဦးသီးသောအသီး နေ့ရက်၌ ဓမ္မစည်းဝေးခြင်းကို ပြုရမည်။
လောကီအလုပ်ကို မလုပ်ရ။ 27 ထာဝရဘုရားအဘို့ မွှေးကြိုင်သောအနံ့နှင့် မီးရှို့ရာယဇ်ဘို့ အသက်ပျိုသော နွားထီးနှစ်ကောင်၊
သိုးထီးတကောင်၊ အခါမလည်သော သိုးသငယ်ခုနစ် ကောင်တို့ကို ပူဇော်ရမည်။ 28 နွားတကောင်လျှင် ဆီရောသောမုန့်ညက် သုံးဆယ်ဖို့၊
သိုးတကောင်လျှင် နှစ်ဆယ်ဖို့၊ 29 သိုးသငယ်ခုနစ်ကောင်စေ့အောင်၊ တကောင် လျှင် တဆယ်ဖို့စီနှင့် ဘောဇဉ်ပူဇော်သက္ကာပြုရမည်။ 30
အပြစ်ဖြေခြင်းကို ပြုအံ့သောငှါ၊ ဆိတ်သငယ် တကောင်ကိုလည်း ပူဇော်ရမည်။ 31 ထိုသို့ အစဉ်အမြဲပူဇော်သော မီးရှို့ရာယဇ်၊
ဘောဇဉ် ပူဇော်သက္ကာမှတပါး၊ သွန်းလောင်းရာ ပူဇော် သက္ကာနှင့်တကွ၊ အပြစ်မပါသော ယဇ်ကောင်များတို့ကို ထပ်၍ ပူဇော်ရမည်။


generated on Tue Jul 2 12:50:28 2024

## Chapter 29

1 သတ္တမလ၊ ပဌမနေ့ရက်၌ ဓမ္မစည်းဝေးခြင်းကို ပြုရမည်။ လောကီအလုပ်ကို မလုပ်ရ။ တံပိုးမှုတ်ခြင်းကို ပြုရသောနေ့ဖြစ်၏။ 2
ထာဝရဘုရားအဘို့ မွှေးကြိုင်သော အနံ့နှင့် မီးရှို့ရာယဇ်ဘို့ အသက်ပျိုသော နွားထီးတကောင်၊ သိုးထီးတကောင်၊ အခါမလည်
အပြစ်မပါသော သိုးသငယ်ခုနစ်ကောင်တို့ကို ပူဇော်ရမည်။ 3 နွားတကောင်လျှင် ဆီရောသောမုန့်ညက် သုံးဩမဲ၊ သိုးတကောင်လျှင်
နှစ်ဩမဲ၊ 4 သိုးသငယ်ခုနစ်ကောင်စေ့အောင်၊ တကောင် လျှင် တဩမဲစီနှင့် ဘောဇဉ်ပူဇော်သက္ကာပြုရမည်။ 5 အပြစ်ဖြေခြင်းကို
ပြုအံ့သောငှါ၊ အပြစ်ဖြေရာ ယဇ်ဘို့ ဆိတ်သငယ်တကောင်ကိုလည်း ပူဇော်ရမည်။ 6 ထိုသို့ ထုံးစံရှိသည့်အတိုင်း၊ လဆန်းနေ့မီးရှို့ရာ
ယဇ်နှင့် သူ၏ဘောဇဉ်ပူဇော်သက္ကာ၊ နေ့တိုင်းပြုသော မီးရှို့ရာယဇ်နှင့် သူ၏ဘောဇဉ် ပူဇော်သက္ကာ၊ သွန်း လောင်းရာ
ပူဇော်သက္ကာမှတပါး၊ ထာဝရဘုရားအဘို့ မွှေးကြိုင်သောအနံ့နှင့် မီးဖြင့်ပြုသော ယဇ်ပူဇော်သက္ကာ ကို ပူဇော်ရမည်။ 7 ၎င်းလ၊
ဒသမနေ့ရက်၌ ဓမ္မစည်းဝေးခြင်းကို ပြု၍ ခြိုးခြံစွာ ကျင့်ရမည်။ အဘယ်အလုပ်ကိုမျှ မလုပ်ရ။ 8 ထိုနေ့၌ ထာဝရဘုရားအဘို့
မွှေးကြိုင်သောအနံ့ နှင့် မီးရှို့ရာယဇ်ဘို့ အသက်ပျိုသော နွားထီးတကောင်၊ သိုးထီးတကောင်၊ အခါမလည် အပြစ်မပါသော
သိုးသငယ်ခုနစ်ကောင်တို့ကို ပူဇော်ရမည်။ 9 နွားတကောင်လျှင် ဆီရောသောမုန့်ညက် သုံးဩမဲ၊ သိုးတကောင်လျှင်နှစ်ဩမဲ၊ 10
သိုးသငယ်ခုနစ်ကောင်စေ့အောင်၊ တကောင် လျှင် တဩမဲစီနှင့် ဘောဇဉ်ပူဇော်သက္ကာပြုရမည်။ 11 အပြစ်ဖြေခြင်းကို ပြုအံ့သောငှါ၊
အပြစ်ဖြေရာ ယဇ်ဘို့ ဆိတ်သငယ်တကောင်ကို ပူဇော်ရမည်။ ထိုသို့ အပြစ်ဖြေခြင်းငှါ အပြစ်ဖြေရာယဇ်၊ အစဉ်အမြဲပြုသော
မီးရှို့ရာယဇ်၊ သူ၏ဘောဇဉ် ပူဇော်သက္ကာ၊ သွန်း လောင်းရာ ပူဇော်သက္ကာမှတပါး ထပ်၍ ပြုရမည်။ 12 ၎င်းလ တဆယ်ငါးရက်နေ့၌
ဓမ္မစည်းဝေး ခြင်းကို ပြုရမည်။ လောကီအလုပ်ကို မလုပ်ဘဲ ခုနစ်ရက် ပတ်လုံး ထာဝရဘုရားအဘို့ ပွဲခံရမည်။ 13 ပဌမနေ့၌
ထာဝရဘုရားအဘို့ မွှေးကြိုင်သော အနံ့နှင့် မီးဖြင့်ပြုသော မီးရှို့ရာယဇ်ဘို့ အသက်ပျိုသော နွားထီးဆယ်သုံး ကောင်၊
သိုးထီးနှစ်ကောင်၊ အခါမလည် အပြစ်မပါသော သိုးသငယ်ဆယ်လေးကောင်တို့ကို ပူဇော်ရမည်။ 14 နွားဆယ်သုံးကောင်စေ့အောင်၊
တကောင်လျှင် ဆီရောသောမုန့်ညက် သုံးဩမဲစီ၊ သိုးနှစ်ကောင်စေ့ အောင်၊ တကောင်လျှင် နှစ်ဩမဲစီ၊ 15
သိုးသငယ်ဆယ်လေးကောင်စေ့အောင်၊ တကောင်လျှင် တဩမဲစီနှင့် ဘောဇဉ်ပူဇော်သက္ကာပြုရ မည်။ 16 အပြစ်ဖြေရာယဇ်ဘို့
ဆိတ်သငယ်တကောင်ကို အစဉ်အမြဲပြုသော မီးရှို့ရာယဇ်နှင့် ဘောဇဉ်ပူဇော် သက္ကာ၊ သွန်းလောင်းရာ ပူဇော်သက္ကာမှတပါး ထပ်၍
ပူဇော်ရမည်။ 17 ဒုတိယနေ့၌၊ အသက်ပျိုသော နွားထီးဆယ်နှစ် ကောင်၊ သိုးထီး နှစ်ကောင်၊ အခါမလည် အပြစ်မပါသော သိုးသငယ်
ဆယ်လေးကောင်ကိုင၎်း၊ 18 သိုး၊နွား၊သိုးသငယ် အနည်းအများအလိုက်၊ ထုံးစံရှိသည်အတိုင်း ဘောဇဉ်ပူဇော်သက္ကာ၊ သွန်း လောင်းရာ
ပူဇော်သက္ကာကိုင၎်း၊ 19 အပြစ်ဖြေရာယဇ်ဘို့ ဆိတ်သငယ် တကောင်ကို င၎်း၊ အစဉ်အမြဲပြုသော မီးရှို့ရာယဇ်နှင့် ဘောဇဉ်ပူဇော်
သက္ကာ၊ သွန်းလောင်းရာ ပူဇော်သက္ကာမှတပါး၊ ထပ်၍ ပူဇော်ရမည်။ 20 တတိယနေ့၌၊ နွားထီးဆယ်တကောင်၊ သိုးထီး နှစ်ကောင်၊
အခါမလည် အပြစ်မပါသော သိုးသငယ် ဆယ်လေးကောင်ကိုင၎်း၊ 21 သိုး၊နွား၊သိုးသငယ် အနည်းအများအလိုက်၊
ထုံးစံရှိသည်အတိုင်း ဘောဇဉ်ပူဇော်သက္ကာ၊ သွန်းလောင်း ရာ ပူဇော်သက္ကာကိုင၎်း၊ 22 အပြစ်ဖြေရာယဇ်ဘို့ ဆိတ်တကောင်ကိုင၎်း၊
အစဉ်အမြဲပြုသော မီးရှို့ရာယဇ်နှင့် ဘောဇဉ်ပူဇော် သက္ကာ၊ သွန်းလောင်းရာ ပူဇော်သက္ကာမှတပါး၊ ထပ်၍ ပူဇော်ရမည်။ 23 စတုတ္ထနေ့၌
နွားထီးဆယ်ကောင်၊ သိုးထီး နှစ်ကောင်၊ အခါမလည် အပြစ်မပါသော သိုးသငယ် ဆယ်လေးကောင်ကိုင၎်း၊ 24 သိုး၊နွား၊ သိုးသငယ်
အနည်းအများအလိုက်၊ ထုံးစံရှိသည်အတိုင်း ဘောဇဉ်ပူဇော်သက္ကာ၊ သွန်းလောင်း ရာ ပူဇော်သက္ကာကိုင၎်း၊ 25 အပြစ်ဖြေရာယဇ်ဘို့
ဆိတ်တကောင်ကိုင၎်း၊ အစဉ်အမြဲပြုသော မီးရှို့ရာယဇ်နှင့် ဘောဇဉ်ပူဇော် သက္ကာ၊ သွန်းလောင်းရာ ပူဇော်သက္ကာမှတပါး၊ ထပ်၍
ပူဇော်ရမည်။ 26 ပဉ္စမနေ့၌ နွားထီးကိုးကောင်၊ သိုးထီးနှစ် ကောင်၊ အခါမလည် အပြစ်မပါသော သိုးသငယ် ဆယ်လေးကောင်ကိုင၎်း၊
27 သိုး၊နွား၊ သိုးသငယ် အနည်းအများအလိုက်၊ ထုံးစံရှိသည်အတိုင်း ဘောဇဉ်ပူဇော်သက္ကာ၊ သွန်းလောင်း ရာ ပူဇော်သက္ကာကိုင၎်း၊ 28
အပြစ်ဖြေရာယဇ်ဘို့ ဆိတ်သငယ်တကောင်ကိုင၎်း၊ အစဉ်အမြဲပြုသော မီးရှို့ရာယဇ်နှင့် ဘောဇဉ်ပူဇော် သက္ကာ၊ သွန်းလောင်းရာ
ပူဇော်သက္ကာမှတပါး၊ ထပ်၍ ပူဇော်ရမည်။ 29 ဆဌမနေ့၌၊ နွားထီးရှစ်ကောင်၊ သိုးထီးနှစ် ကောင်၊ အခါမလည် အပြစ်မပါသော
သိုးသငယ် ဆယ်လေးကောင်ကိုင၎်း၊ 30 သိုး၊နွား၊ သိုးသငယ် အနည်းအများအလိုက်၊ ထုံးစံရှိသည်အတိုင်း၊ ဘောဇဉ်ပူဇော်သက္ကာ၊
သွန်းလောင်း ရာ ပူဇော်သက္ကာကိုင၎်း၊ 31 အပြစ်ဖြေရာယဇ်ဘို့ ဆိတ်တကောင်ကိုင၎်း၊ အစဉ်အမြဲပြုသော မီးရှို့ရာယဇ်နှင့်
ဘောဇဉ်ပူဇော် သက္ကာ၊ သွန်းလောင်းရာ ပူဇော်သက္ကာမှတပါး၊ ထပ်၍ပူဇော်ရမည်။ 32 သတ္တမနေ့၌ နွားထီးခုနစ်ကောင်၊ သိုးထီးနှစ်
ကောင်၊ အခါမလည် အပြစ်မပါသော သိုးသငယ်ဆယ် လေးကောင်ကိုင၎်း၊ 33 သိုး၊နွား၊ သိုးသငယ် အနည်းအများအလိုက်၊
ထုံးစံရှိသည်အတိုင်း ဘောဇဉ်ပူဇော်သက္ကာ၊ သွန်းလောင်း ရာ ပူဇော်သက္ကာကိုင၎်း၊ 34 အပြစ်ဖြေရာယဇ်ဘို့ ဆိတ်တကောင်ကိုင၎်း၊
အစဉ်အမြဲပြုသော မီးရှို့ရာယဇ်နှင့် ဘောဇဉ်ပူဇော် သက္ကာ၊ သွန်းလောင်းရာ ပူဇော်သက္ကာမှတပါး၊ ထပ်၍ ပူဇော်ရမည်။ 35 အဋ္ဌမနေ့၌
ဓမ္မစည်းဝေးခြင်းကို ပြုရမည်။ လောကီအလုပ်ကို မလုပ်ရ။ 36 ထိုနေ့၌ ထာဝရဘုရားဘို့ မွှေးကြိုင်သော အနံ့နှင့် မီးဖြင့်ပြု သော
မီးရှို့ရာယဇ်ဘို့ နွားထီးတကောင်၊ သိုးထီးတကောင်၊ အခါမလည် အပြစ်မပါသော သိုးသငယ် ခုနစ်ကောင်ကိုင၎်း၊ 37 သိုး၊နွား၊
သိုးသငယ် အနည်းအများအလိုက်၊ ထုံးစံရှိသည်အတိုင်း ဘောဇဉ်ပူဇော်သက္ကာ၊ သွန်းလောင်း ရာ ပူဇော်သက္ကာကိုင၎်း၊ 38
အပြစ်ဖြေရာယဇ်ဘို့ ဆိတ်တကောင်ကိုင၎်း၊ အစဉ်အမြဲပြုသော မီးရှို့ရာယဇ်နှင့် ဘောဇဉ်ပူဇော် သက္ကာ၊ သွန်းလောင်းရာ


generated on Tue Jul 2 12:50:28 2024

ပူဇော်သက္ကာမှတပါး၊ ထပ်၍ ပူဇော်ရမည်။ 39 ထိုသို့ သစ္စာဂတိရှိ၍ ပြုသော ပူဇော်သက္ကာ။ အလိုလိုပြုသော ပူဇော်သက္ကာ၊
မီးရှို့ရာပူဇော်သက္ကာ၊ ဘောဇဉ်ပူဇော်သက္ကာ၊ သွန်းလောင်း ရာပူဇော်သက္ကာ၊ မိဿဟာယ ပူဇော်သက္ကာမှတပါး၊ ချိန်းချက်သော ပွဲတို့၌
ထာဝရဘုရားအား ထပ်၍ ပူဇော်ရမည်ဟု မိန့်တော်မူ၏။ 40 ထိုသို့မောရှေသည်၊ မိမိအား ထာဝရဘုရား မှာထားတော်မူ သမျှတို့ကို၊
ဣသရေလအမျိုးသားတို့အား ဆင့်ဆိုလေ၏။


generated on Tue Jul 2 12:50:28 2024

## Chapter 30

[1] တဖန်ထာဝရဘုရားမိန့်တော်မူသော စကားကို မောရှေသည်၊ ဣသရေလ အမျိုးသားတို့တွင် အမျိုး အနွယ်တို့၌
မင်းဖြစ်သောသူတို့အား ဆင့်ဆိုသည်ကား၊ [2] လူယောက်ျားသည် ထာဝရဘုရားအား သစ္စာ ဂတိပြုသော်၎င်း၊ ကိုယ်စိတ်ဝိညာဉ်၌
ချည်နှောင်၍ ကျိန်ဆိုခြင်းကို ပြုသော်၎င်း၊ မိမိပြောသောစကားကို မဖျက်ဘဲ၊ မိမိနှုတ်ထွက်ရှိသည်အတိုင်း ပြုရမည်။ [3] မိန်းမသည်
အဘအိမ်၌ အသက်ငယ်စဉ်အခါ၊ ထာဝရဘုရားအား သစ္စာဂတိပြုသော်၎င်း၊ [4] ထိုသစ္စာစကား၊ ကိုယ်စိတ်ဝိညာဉ်၌ ချည်နှောင်
သောစကားကို အဘသည် ကြားလျက် တိတ်ဆိတ်စွာ နေလျှင် ထိုသစ္စာစကားရှိသမျှတို့နှင့် ကိုယ်စိတ်ဝိညာဉ်၌ ချည်နှောင်သော
စကားဟူသမျှတို့သည် တည်ရကြမည်။ [5] သို့မဟုတ် အဘသည် ကြားသောနေ့၌ မြစ်တား လျှင်၊ ထိုသစ္စာစကားမည်မျှ၊
ကိုယ်စိတ်ဝိညာဉ်၌ ချည်နှောင်သောစကား မည်မျှမတည်ရ။ အဘမြစ်တား သောကြောင့်၊ ထာဝရဘုရား လွှတ်တော်မူမည်။ [6]
မိန်းမသည် လင်ရှိလျက်၊ သစ္စာဂတိပြု၍ ကိုယ်စိတ်ဝိညာဉ်၌ ချည်နှောင်ခြင်းငှာ နှုတ်မြွက်သော အခါ၊ [7] လင်သည် ကြားလျှင်၎င်း၊
ကြားသောနေ့၌ တိတ်ဆိတ်စွာနေလျှင်၎င်း၊ ထိုသစ္စာစကား၊ ကိုယ်စိတ်ဝိညာဉ်၌ ချည်နှောင်သောစကား တည်ရမည်။ [8] သို့မဟုတ်
လင်သည် ကြားသောနေ့၌ မြစ်တား လျှင်၊ ထိုသစ္စာစကား၊ ကိုယ်စိတ်ဝိညာဉ်၌ ချည်နှောင် သောစကားကို လင်သည်ပယ်၍၊
ထာဝရဘုရားလည်း လွှတ်တော်မူမည်။ [9] လင်သေသောမိန်းမ၊ လင်နှင့်ကွာသော မိန်းမ သည် ကိုယ်စိတ်ဝိညာဉ်၌ ချည်နှောင်သော
သစ္စာဂတိ အလုံးစုံတို့သည် တည်ရကြမည်။ [10] လင်အိမ်၌ ရှိစဉ်အခါ၊ သစ္စာဂတိပြုသော်၎င်း၊ ကျိန်ဆိုခြင်းအားဖြင့် ကိုယ်စိတ်ဝိညာဉ်၌
ချည်နှောင် သော်၎င်း၊ [11] လင်သည် ကြားသော်လည်း မမြစ်တား တိတ်ဆိတ်စွာနေလျှင်၊ ထိုသစ္စာဂတိရှိသမျှ ကိုယ်စိတ်ဝိညာဉ်၌
ချည်နှောင်ခြင်းရှိသမျှတို့သည် တည်ရကြမည်။ [12] သို့မဟုတ် လင်သည် ကြားသောနေ့၌ ရှင်းရှင်း ပယ်ဘူးလျှင်၊ သစ္စာဂတိနှင့်၎င်း၊
စိတ်ဝိညာဉ်၌ ချည် နှောင်ခြင်းနှင့်၎င်း ဆိုင်သော စကားမည်မျှ မတည်ရ။ လင်သည် ပယ်သောကြောင့်၊ ထာဝရဘုရားလည်း
လွှတ်တော်မူမည်။ [13] ခပ်သိမ်းသောသစ္စာဂတိ၊ ခြိုးခြံစွာ ကျင့်ခြင်းနှင့် ဆိုင်သမျှသော အချည်အနှောင်ကျိန်ဆိုခြင်းတို့ကို၊ လင်သည်
တည်စေပိုင်သောအခွင့်၊ ပယ်ပိုင်သော အခွင့်ရှိ၏။ [14] လင်သည် တနေ့ထက်တနေ့ တိတ်ဆိတ်စွာနေ လျှင်၊ မယားပြုသော
သစ္စာဂတိရှိသမျှတို့နှင့် မယား၌ ချည်နှောင်ခြင်း ရှိသမျှတို့ကို တည်စေ၏။ ကြားသောနေ့၌ တိတ်ဆိတ်စွာ နေသောကြောင့်
တည်စေပြီ။ [15] ထိုစကားကို ကြားသောနေ့နောက်မှ၊ လင်သည် ပယ်အံ့သောငှါ ပြုလျှင်၊ မယားအပြစ်ကို ကိုယ်တိုင် ခံရမည်။ [16]
ဤရွေ့ကား၊ မယားနှင့်လင်စပ်ကြား၌၎င်း၊ အဘအိမ်မှာ အသက်နုငယ်သောသမီးနှင့် အဘစပ်ကြား ၌၎င်း၊ မောရှေအားဖြင့်
ထာဝရဘုရားထားတော်မူသော ပညတ်တရားဖြစ်သတည်း။

---

---

Numbers 01

တစ်စုံတစ်ဦးက ထာဝရဘုရားထံသို့ သစ္စာဆို၊ ကျမ်းကျိန်သည့်အခါ
ဤစကားစုနှစ်ခု၏ ဆိုလိုရင်းမှာ အတူတူဖြစ်ပြီး ကျမ်းကျိန်ခြင်း၊ ကတိပြုခြင်းများကို အလေးအနက် ပေးချင်သည့်အတွက် ယှဉ်တွဲသုံးခြင်းဖြစ်သည်။

ကတိဖြင့် သူ့ကိုယ်သူ ချဉ်နှောင်ရန်
လူတစ်ဦးက တစ်ခုခုလုပ်ဆောင် ကတိထားခြင်းကို သူ့ကိုယ်သူချည်နှောင်သည့်အရာဟု မောရှေက သုံးနှုန်းထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကတိပြည့်စုံရန် ဆက်ကပ်ခြင်း" သို့မဟုတ် "တစ်စုံတစ်ခုလုပ်ဆောင်ရန် ကတိထားခြင်း"

သူသည် သူ့စကားကို မချိုးဖောက်ရ။ သူ့ပါးစပ်မှာလုပ်ရန်ဟု ထွက်လာသမျှကို သူသည် ပြည့်စုံစေရမည်။
ဤဝါကျနှစ်ခုစလုံး၏ဆိုလိုရင်းမှာ အတူတူဖြစ်ပြီး သူ၏ကတိများ ပြည့်စုံရမည်ကို အလေးအနက်ပေးထားသည့်အတွက်ဖြစ်သည်။ "စကား" စကားလုံးသည် သူဘာသာ ပြောဆိုခဲ့သည်ဟု ဆိုလိုခြင်းဖြစ်သည်။

သူ၏စကားကို သူကမချိုးဖောက်ရ
"သူ၏စကား" သည် လူတစ်ဦး၏ကျမ်းသစ္စာ၊ ကတိကို ဆိုလိုသည်။ မပြည့်စုံနိုင်သည့်အရာကို လူတစ်ယောက်က ချိုးဖျက်စေနိုင်သည် အရာဝတ္ထုကဲ့သို့ မောရှေက ပြောခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ၏ ကတိများကို သူက ပြည့်စုံစေရမည်"

သူ၏ပါးစပ်မှထွက်သမျှသောအရာ
"ပါးစပ်" စကားလုံးသည် လူတစ်ဦး စကားပြောခြင်းကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လုပ်ရန် သူပြောသမျှကို သူလုပ်လိမ့်မည်။"

Numbers 03

ကတိဖြင့် သူမကိုယ်သူမ ချဉ်နှောင်သည်
မိန်းမတစ်ဦးက တစ်ခုခုလုပ်ဆောင် ကတိထားခြင်းကို သူမကိုယ်သူမ ချည်နှောင်သည့်အရာဟု မောရှေက သုံးနှုန်းထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကတိပြည့်စုံရန် သူမကိုယ် သူမ ဆက်ကပ်ခြင်း" သို့မဟုတ် "တစ်စုံတစ်ခု လုပ်ဆောင်ရန် ကတိထားခြင်း"

 generated on Tue Jul 2 12:50:28 2024

ကျမ်းသစ္စာနှင့် ကတိ
ဤစကားလုံးနှစ်လုံးသည် ဆင်တူသည့် စကားလုံးများဖြစ်ကြသည်။ သူမ လုပ်ရန်ကတိထားသည်ကို အလေးအနက်ပေးထားသည့်အတွက်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကျမ်းသစ္စာ"

သူမကိုယ်သူမ ချည်နှောင်သည့်အရာအားဖြင့်
မိန်းမတစ်ဦးက ကတိပြည့်စုံစေရန် မည်ကဲ့သို့ သူမကိုယ်သူမ ဆက်ကပ်ထားခြင်းကို သူမခန္ဓာကိုယ်သူမ ချည်နှောင်သည့်အရာဟု မောရှေက သုံးနှုန်းထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကတိပြည့်စုံရန် သူမကိုယ်သူမ ဆက်ကပ်ခြင်း" သို့မဟုတ် "တစ်စုံတစ်ခုလုပ်ဆောင်ရန် ကတိထားခြင်း"

သူမကို နောက်ဆုတ်စေရန်
"သူမပြောခဲ့သည့်အရာများကို ပြန်ရုပ်သိမ်းရန်"

သူမ၏ကျမ်းသစ္စာများအားလုံးဆက်တည်နေမည်...ကတိတိုင်း....ဆက်တည်နေမည်
ဤစကားစုနှစ်ခု၏ ဆိုလိုရင်းမှာ အတူတူဖြစ်ပြီး သူမ၏ ကျမ်းသစ္စာများကို ပြည့်စုံစေရမည်ကို အလေးအနက်ပေးချင်သည့်အတွက် ဖြစ်သည်။

ကျမ်းသစ္စာများ ဆက်လက်တည်နေမည်။
အီဒီယမ်အသုံးဖြစ်သည်။ သူမ၏ကျမ်းသစ္စာများသည် ဆက်လက်တည်နေမည်ဖြစ်ပြီး ထိုအရာများ ပြည့်စုံဖို့ရန် လိုအပ်သည်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူမသည် ထိုအရာများ ပြည့်စုံစေရန် တာဝန်ရှိသည်။"

Numbers 05

သူမ၏ကျမ်းသစ္စာနှင့် သူမကတိ
ဤစကားလုံးနှစ်လုံးသည် ဆင်တူသည့် စကားလုံးများဖြစ်ကြသည်။ သူမ လုပ်ရန်ကတိထားသည်ကို အလေးအနက်ပေးထားသည့်အတွက်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကျမ်းသစ္စာ"

သူမကိုယ်တိုင် တည်ထားသောအရာ
အမျိုးသမီးက သူမ၏သစ္စာစကားပြည့်စုံစေဖို့ရန် ဆက်ကပ်ထားခြင်းအား ဝတ်လုံကို သူမကိုယ်တိုင်အပေါ်ထားပြီး ဝတ်ထားသည့်ဟန်ဖြင့် သုံးနှုန်းခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူမ ကိုယ်တိုင် ဆက်ကပ်ထားသောအရာ" သို့မဟုတ် "သူမ ပြုလုပ်သောအရာ"

ကျမ်းသစ္စာများ ဆက်လက်တည်နေမည်။
အီဒီယမ်အသုံးဖြစ်သည်။ သူမ၏ကျမ်းသစ္စာများသည် ဆက်လက်တည်နေမည်ဖြစ်ပြီး ထိုအရာများပြည့်စုံဖို့ရန် လိုအပ်သည်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူမသည် ထိုအရာများ ပြည့်စုံစေရန် တာဝန်ရှိသည်။"

Numbers 06

သူမကိုယ်တိုင် ချည်နှောင်သော သူမ၏ သစ္စာစကား
မိန်းမတစ်ဦးက ကတိပြည့်စုံစေရန် မည်ကဲ့သို့ သူမကိုယ်သူမ ဆက်ကပ်ထားခြင်းကို သူမခန္ဓာကိုယ်သူမ ချည်နှောင်သည့်အရာဟု မောရှေက သုံးနှုန်းထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကတိပြည့်စုံရန် သူမကိုယ်သူမ ဆက်ကပ်ခြင်း"

သူသည် သူမအပေါ် ထိန်းချုပ်လျှင်
အမျိုးသမီး၏သစ္စာစကားများအပေါ် သူမအဖေထိန်းချုပ်ထားခြင်းကို သူမကို သူက ထိန်းချုပ်ထားသည်ဟု သုံးနှုန်းထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူမ သစ္စာစကားအပေါ် သူမ ထိန်းချုပ်လျှင်" သို့မဟုတ် "သူမ ကတိများကို သူမ ပျက်ကွက်လျှင်"

ကျမ်းသစ္စာများ အကျုံးမဝင်တော့ပေ
အီဒီယမ်အသုံးဖြစ်သည်။ သူမ၏ကျမ်းသစ္စာများသည် အကျုံးဝင်တော့မည် မဟုတ်ပါ၊ ထို့ကြောင့် ပြည်စုံစေဖို့ရန် မလိုအပ်ပေ။ အခြားသောဘာသာပြန်ဆိုချက်၊ "သူမသည် ထိုအရာများ ပြည့်စုံစေရန် မလိုအပ်ပါ။"

ထာဝရဘုရားသည် သူမကို ခွင့်လွှတ်လိမ့်မည်။
သူမသစ္စာစကား မပြည့်စုံစေခြင်းကို ထာဝရဘုရားက သူမကို ခွင့်လွှတ်ခြင်းကို ဆိုလိုသည်။ ဆိုလိုရင်းကို ရှင်းလင်းစွာဖော်ပြရန် လိုအပ်သည်။ အခြားသောဘာသာ ပြန်ဆိုချက်၊ "သူမ သစ္စာစကားများ မပြည့်စုံသော်လည်းအတွက် သူမကို ထာဝရဘုရားက ခွင့်လွှတ်လိမ့်မည်။"

သူမသည် ထိုသစ္စာစကားများအောက်၌နေစဉ်
အီဒီယမ်အသုံးအနှုန်းဖြစ်သည်။ သူမ၏ သစ္စာစကားများ "အောက်" ၌ရှိခြင်းသည် သူမဆက်ကပ်ထားသည့်အရာများသည် အကျုံးဝင်သေးသည်ကို ဆိုလိုသည်။ အခြား သောဘာသာပြန်ဆိုချက်၊ "သူမသည် ထိုသစ္စာစကားများကို ဆက်လက်ဆက်ကပ်ရန် ကြိုးစားနေဆဲ"

အလောတကြီး
မစဉ်းစားဘဲ လုပ်ဆောင်သည့်အရာ

ထိုတာဝန်ဝတ္တရားများ
"တာဝန်ဝတ္တရားများ" ကို ကြိယာဖြင့် "တာဝန်" ဟုသုံးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူမကိုယ်တိုင် တာဝန်ကျေပွန်ရမည့် အရာများ"

Numbers 08

သူမပြုလုပ်သော သစ္စာစကား.....သူမပြောသော အလောတကြီးစကား
"သူမပြုလုပ်သော သစ္စာစကား....သူမပြောသော အလောတကြီးစကား" ဤစကားစုနှစ်ခုသည်


generated on Tue Jul 2 12:50:28 2024

အတူတူပင်ဖြစ်သည်။ ဒုတိယစကားစုက အမျိုးသမီးက ပြုသော သစ္စာစကားကို ဖော်ပြသည်။

သူမနှုတ်ခမ်းမှ အလောတကြီးပြောသောစကားများ
"အလောတကြီးစကား" သည် သူမက
အလောတကြီးလုပ်ဆောင်သည့်အရာကို ဆိုလိုသည်။
"သူမနှုတ်ခမ်း" သည် အမျိုးသမီးကိုယ်တိုင်ကို ဆိုလိုသည်။
သူမကို "သူမနှုတ်ခမ်း" ဟု ကိုယ်စားပြုသုံးထားသည်။
အဘယ့်ကြောင့်ဆိုသော် နှုတ်ခမ်းများသည်
သူမပြောခဲ့သည့်အရာများနှင့် ဆက်စပ်မှုရှိသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူမ
အလောတကြီးပြောဆိုသည့်အရာများ" သို့မဟုတ် "သူမ၏
အလောတကြီးပေးသော ကတိ"

သူမကိုယ်တိုင် သူမ ချည်နှောင်သည့်အရာနှင့်
အမျိုးသမီးက သူမကတိများ မည်ကဲ့သို့ ပြည့်စုံစေမည်ကို
သူမကိုယ်ခန္ဓာကို ချည်နှောင်ထားသည့်အရာ ဟုမောရှေက
ပြောဆိုထားသည်။ အခြားသောဘာသာ ပြန်ဆိုချက်၊ "သူမ
ကိုယ်တိုင် ပြည့်စုံစေရန် ဆက်ကပ်ထားသည့်အရာ"

ထာဝရဘုရားက လွှတ်တော်မူမည်။
အမျိုးသမီးက သူမ၏ သစ္စာစကားများ မပြည့်စုံစေခြင်းအပေါ်
ထာဝရဘုရားခွင့်လွှတ်တော်မူသည်ကို မောရှေက သူမကို
ချည်နှောင်သည့်အရာမှ လွှတ်မြောက်သည်ဟု
သုံးနှုန်းထားသည်။ ဆိုလိုရင်းကို ရှင်းလင်းစွာ ဖော်ပြရန်
လိုအပ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊
"ထာဝရဘုရားသည် သူမကို ခွင့်လွှတ်လိမ့်မည်။" သို့မဟုတ်
"သူမက သူမ သစ္စာစကားများ မပြည့်စုံစေခြင်းအပေါ်
ထာဝရဘုရားက ခွင့်လွှတ်လိမ့်မည်။"

## Numbers 09

ဘေယုယျအချက်အလက်
ထာဝရဘုရားမိန့်တော်မူသမျှကို မောရှေက မျိုးနွယ်စုလိုက်
ခေါင်းဆောင်များကို ဆက်လက်စကားပြောနေသည်။

လင်နှင့်ကွာသော မိန်းမ
ပြုသူဝါကျဖြင့် ပြန်ရေးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ယောက်ျားနှင့် ကွဲကွာပြီးသော
အမျိုးသမီး"

သူမကိုယ်တိုင် ချည်နှောင်ထားသည့်အရာအားဖြင့်
အမျိုးသမီးက သူမပြုသော
သစ္စာကတိပြည့်စုံစေရန်လိုအပ်သည်ကို သူမခန္ဓာကိုယ်တိုင်
ချည်နှောင်ထားသည့်အရာဟု မောရှေက သုံးနှုန်းထားပါသည်။
အခြားသော ဘာသာပြန်ဆိုချက်၊ "သူမကိုယ်တိုင် ပြည့်စုံစေရန်
ဆက်ကပ်ထားသည့်အရာ"

သူမပြုထားသောအရာ ဆက်လက်တည်နေမည်
အီဒီယမ်အသုံးနှုန်းဖြစ်သည်။ "ဆက်လက်တည်မည်"
စကားစုသည် သူမ၏သစ္စာစကားများသည် ဆက်အကျုံးဝင်ပြီး၊
ပြည့်စုံစေရန် လိုအပ်သည်ကို ဆိုလိုသည်။ 30:3 ၌
မည်သို့ဘာသာပြန်ထားသည်ကို ပြန်ကြည့်နိုင်သည်။ အခြားသော
ဘာသာပြန်ဆိုချက်၊ "သူမသည် သူမ၏
သစ္စာစကားများအားလုံးကို ပြည့်စုံစေရမည်"

မိန်းမတစ်ဦးသည် သူမလင်ယောကျာ်းအိမ်၌ သစ္စာဆိုလျှင်
အိမ်ထောင်ပြုပြီးသော အမျိုးသမီးကို ဆိုလိုသည်။ ဆိုလိုရင်းကို
ရှင်းလင်းစွာ ဖော်ပြရန်လိုအပ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "လင်ရှိသော မိန်းမက
သစ္စာကတိပြုလျှင်"

သူမ၏ သစ္စာကတိအားလုံးတည်ရမည်.....ဆက်လက်တည်မည်။
"ဆက်လက်တည်မည်။" စကားစုသည်
သူမ၏သစ္စာစကားများသည် ဆက်အကျုံးဝင်ပြီး၊ ပြည့်စုံစေရန်
လိုအပ်သည်ကို ဆိုလိုသည်။ 30:3 ၌ မည်သို့
ဘာသာပြန်ထားသည်ကို ပြန်ကြည့်နိုင်သည်။ အခြားသော
ဘာသာပြန်ဆိုချက်၊ "သူမသည် သူမ၏
သစ္စာစကားများအားလုံးကို ပြည့်စုံစေရမည်.....သူမ
ပြည့်စုံစေရမည်။"

သူမသစ္စာကတိအားလုံး တည်ရမည်....သူမပြုသောတာဝန်များသည်
ဆက်တည်နေမည်
ဤအဆိုနှစ်ခုကို နှစ်ကြိမ် သုံးထားသည်မှာ
အလေးအနက်ပေးချင်သည့်အတွက်
ယှဉ်တွဲသုံးထားခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊
"သူမ ပြုလုပ်သော သူမ သစ္စာကတိများ အားလုံးသည်
ဆက်လက်တည်နေမည်။"

## Numbers 12

သူမနှုတ်ခမ်းမှ မည်သည့်အရာမဆိုထွက်လာလျှင်
အမျိုးသမီးပြောသည့်အရာကို သူမ နှုတ်ခမ်းမှ
ထွက်လာသည့်အရာဟု သုံးနှုန်းထားသည်။
အခြားသောဘာသာပြန် ဆိုချက်၊ "သူမ ဘာမဆိုပြောသည့်အရာ"

ကျမ်းသစ္စာများ အကျုံးမဝင်တော့ပေ။
သူမ၏ ကျမ်းသစ္စာများသည် အကျုံးဝင်တော့မည် မဟုတ်ပါ။
ထို့ကြောင့် ပြည့်စုံစေဖို့ရန် မလိုအပ်ပေ။
အခြားသောဘာသာပြန်ဆိုချက်၊ "သူမသည် ထိုအရာများ
ပြည့်စုံစေရန် မလိုအပ်ပါ။"

ထာဝရဘုရားက လွှတ်တော်မူမည်။
အမျိုးသမီးက သူမ၏ သစ္စာစကားများ မပြည့်စုံစေခြင်းအပေါ်
ထာဝရဘုရား ခွင့်လွှတ်တော်မူသည်ကို မောရှေက သူမကို
ချည်နှောင်သည့်အရာမှ လွှတ်မြောက်သည်ဟု
သုံးနှုန်းထားသည်။ ဆိုလိုရင်းကို ရှင်းလင်းစွာဖော်ပြရန်
လိုအပ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊
"ထာဝရဘုရားသည် သူမကို ခွင့်လွှတ်လိမ့်မည်။" သို့မဟုတ်
"သူမက သူမ သစ္စာစကားများ မပြည့်စုံစေခြင်းအပေါ်
ထာဝရဘုရားက ခွင့်လွှတ်လိမ့်မည်။"


generated on Tue Jul 2 12:50:28 2024

Numbers 13

ကတိသစ္စာတိုင်း....သူမလင်ယောကျ်ားက တည်စေနိုင်သည်၊ ပယ်ဖျက်နိုင်သည်။
ပြဿနာဝါကျဖြင့် ပြန်ရေးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူမကိုယ်တိုင် ငြင်းဆိုရန် ခက်ခဲသည့် မည်သည့် ကတိသစ္စာစကားမဆို သူမ၏ လင်ယောကျ်ားက တည်စေနိုင်သည်၊ ပယ်ဖျက်နိုင်သည်"

သူမကို ချည်နှောင်သည့်အရာ
သူမဆက်ကပ်ထားသည့် အမျိုးသမီး၏ကတိကဝတ်ကို ခန္ဓာကိုယ်ကိုချည်နှောင်သည့်အရာဟု မောရှေကို ဖော်ပြထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူမဆက်ကပ်ထားသည့်အရာ"

ချည်နှောင်ထားသော ကတိများ
အမျိုးသမီး၏ ကတိကဝတ်များကို ခန္ဓာကိုယ်ကိုချည်နှောင်သည့်အရာဟု မောရှေကို ဖော်ပြထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တာဝန်များ" သို့မဟုတ် "ကတိကဝတ်များ"

သူသည် သူမကို မပြောသည့်အတွက်
ရှင်းလင်းစွာ သတင်းအချက်လက်ကို ဖော်ပြရန်လိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့အကြောင်းကို သူမအား မည်သည့်အရာမျှ မပြောပြသည့်အတွက်"

Numbers 15

သူမအပြစ်အတွက် သူကတာဝန်ယူရလိမ့်မည်
သူမ၏ကတိသစ္စာစကားများ မပြည့်စုံစေလျှင် သူမအပြစ်များအတွက် သူသာလျှင် အပြစ်ရှိသည်ဟု ဆိုလိုခြင်းဖြစ်သည်။ ဆိုလိုရင်းကို ရှင်းလင်းစွာ ဖော်ပြရန်လိုအပ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူမသည် သူမကတိသစ္စာစကားကို မပြည့်စုံစေလျှင်၊ သူမအပြစ်အတွက် သူမ၌ အပြစ်မရှိ၊ သူမအစား သူ၌သာလျှင် အပြစ်ရှိသည်။"

---

## Translation Questions

Numbers 30:1

သစ္စာကတိကို ပြုလုပ်သောသူသည် မည်သည့်အရာကို မလုပ်ရမည်နည်း။
သူသည် သူ့စကားကို မဖျက်ဆီးရပါ။

Numbers 30:3

အဘအိမ်၌ နေသော မိန်းမသည် ထာဝရဘုရားကို သစ္စာကတိပြုပြီး အဘသည် သူမ၏ သစ္စာကတိကို ကြားလျက် သစ္စာကတိကို ပြန်လုန်ဖို့ရန် တခုမျှ မပြောဆိုဘဲ နေခဲ့လျှင် အင်အားရှိသော သစ္စာကတိဖြစ်သလော။
ဟုတ်ပါသည်။ ထိုအရာသည် အတည်ဖြစ်ရပါမည်။

Numbers 30:5

အဘအိမ်၌ နေသောမိန်းမသည် ထာဝရဘုရားကို သစ္စာကတိပြုပြီး အဘသည် သူမ၏ သစ္စာကတိကို ထိုနေ့တွင် ဖျက်ဖို့ရန် ပြောခဲ့လျှင် ထိုသစ္စာကတိသည် အင်အားဖြစ်အုံးမည်လော။
သစ္စာကတိသည် အတည်မဖြစ်ပါ။

Numbers 30:6

အိမ်ထောင်ရှိသော အမျိုးသမီးသည် သစ္စာကတိပြု၍ လင်သည် ကြားသော်လည်း တားဆီးခြင်း မပြုလျှင် ထိုသစ္စာကတိသည် အတည်ဖြစ်မည်လော။
ထိုသစ္စာကတိများသည် အတည်ဖြစ်ရပါမည်။

Numbers 30:8

မိန်းမ၏ လင်သည် ထိုသစ္စာကတိအကြောင်းကို ကြားသောနေ့တွင် တားဆီးခြင်းကို ပြုလျှင် ထိုသစ္စာကတိများသည် အတည်ဖြစ်အုံးမည်လော။
ထိုသစ္စာကတိများသည် အတည်မဖြစ်တော့ပါ။

Numbers 30:9

မုဆိုးမ(သို့) ကွာရှင်းပြီးသော မိန်းမသည် ထာဝရဘုရားထံသစ္စာကတိပြုလျှင် ထိုသစ္စာကတိသည် အတည်ဖြစ်မည်လော။
ထိုသစ္စာကတိသည် အတည်ဖြစ်ရပါမည်။

သူ့လင်၏ မိသားစုထဲတွင် နေသောမိန်းမသည် သစ္စာကတိပြုပြီး သူ့လင်သည် ထိုအရာကို ကြားသောနေ့တွင် ဖျက်သိမ်းခဲ့လျှင် ထိုသစ္စာကတိသည် အတည်ဖြစ်အုံးမည်လော။
သူမ၏ သစ္စာကတိသည် အတည်ဖြစ်နေအုံးမည်မဟုတ်ပါ။

Numbers 30:15

မိန်းမ၏ လင်သည် ထိုအရာကို ကြားပြီးနောက်အချိန်ကြာသောအခါ သူမ၏ သစ္စာကတိကို ဖျက်သိမ်းခဲ့လျှင် ထိုသစ္စာကတိသည် အတည်ဖြစ်အုံးမည်လော။
ထိုအရာသည် အတည်ဖြစ်အုံးမည်။ သူသည် ထိုအရာကို ဖျက်သိမ်းခဲ့လျှင် သူသည် ထိုအရာကို ဖျက်ဆီးခြင်းအတွက် ပြစ်ဒဏ်ကို ခံစားပြီး သူမ၏ အပြစ်အတွက် တာဝန်ရှိသွားလိမ့်မည်။

## Chapter 31

1-2 တဖန် ထာဝရဘုရားက၊ မိဒျန်အမျိုးသားတို့ သည် ဣသရေလအမျိုးသားတို့ကို ပြစ်မှားသောအပြစ် အလျောက်
ဣသရေလအမျိုးသားဘက်၌ နေ၍ တရားစီရင်လော့။ သို့ပြီးမှ သင်သည် မိမိလူမျိုးစည်း ဝေးရာသို့ သွားရမည်ဟု မောရှေအား
မိန့်တော်မူ၏။ 3 မောရှေသည်လည်း လူများတို့ကိုခေါ်၍၊ အချို့တို့သည် လက်နက်ကို ကိုင်လျက်၊ မိဒျန်အမျိုးသား တို့သို့ စစ်ချီ၍
ထာဝရဘုရားဘက်၌ တရားစီရင်စေ။ 4 ဣသရေလအမျိုးအနွယ်တို့တွင် တမျိုးတမျိုး ထဲက၊ လူတထောင်စီရွေး၍ စစ်ချီစေဟု
စီရင်သည် အတိုင်း၊ 5 ဣသရေလအမျိုးသား အထောင်အသောင်းတို့ တွင် တမျိုးတမျိုးထဲက၊ စစ်တိုက်လက်နက်ပါသောသူ
တထောင်စီ၊ လူပေါင်း တသောင်းနှစ်ထောင်ကို အပ်၍၊ 6 မောရှေသည် ထိုသူတို့ကိုငှင်း၊ သန့်ရှင်းသော လက်နက်နှင့်တကွ၊
မှုတ်ရာတံပိုးတို့ကို ကိုင်သော ယဇ်ပုရောဟိတ် ဧလောဇာသား ဖိနဟတ်ကိုငှင်း စစ်ချီ စေ၏။ 7 မောရှေအား ထာဝရဘုရား မှာထားတော်မူ
သည်အတိုင်း၊ ထိုသူတို့သည် မိဒျန်အမျိုးသားတို့ကို တိုက်၍ လူယောကျ်ားအပေါင်းတို့ကို သတ်ကြ၏။ 8 အသေသတ်ခြင်းကို
ခံရသောသူတို့တွင် ဧဝိ၊ ရေကင်၊ ဇုရ၊ ဟုရ၊ ရေဘတည်းဟူသော မိဒျန်မင်းကြီး ငါးပါးပါကြ၏။ ဗောရသား ဗာလမ်ကိုလည်း ထားနှင့်
သတ်ကြ၏။ 9 ဣသရေလအမျိုးသားတို့သည်၊ မိဒျန်မိန်းမများ၊ သူငယ်များတို့ကို လက်ရသိမ်းယူ၍၊ သိုး၊ ဆိတ်၊ နွား အစရှိသော
ဥစ္စာအလုံးစုံတို့ကို လုယူကြ၏။ 10 မိဒျန်အမျိုးသားတို့ နေသောမြို့ရွာရှိသမျှတို့ကို မီးရှို့ကြ၏။ 11 ဘမ်းရသောလူ၊ တိရစ္ဆာန်နှင့်တကွ၊
လက်ရဥစ္စာ အလုံးစုံတို့ကို သိမ်းသွား၍၊ 12 မောဘလွင်ပြင် ယော်ဒန်မြစ်နား၊ ယေရိခေါမြို့ တဘက်၌ တပ်ချလျက်နေသော မောရှေ၊
ယဇ်ပုရော ဟိတ် ဧလောဇာ၊ ဣသရေလအမျိုးသား ပရိသတ်တို့ထံသို့ ဆောင်ခဲ့ကြ၏။ 13 မောရှေနှင့် ယဇ်ပုရောဟိတ်ဧလောဇာမှစ၍
ပရိသတ်တို့၌ မင်းအပေါင်းတို့သည် ကြိုဆိုခြင်းငှာ တပ်ပြင်သို့ ထွက်သွားကြ၏။ 14 မောရှေသည် စစ်တိုက်ရာမှ ပြန်လာသော
တပ်မှူးများ၊ ဗိုလ်မင်းများတို့ကို အမျက်ထွက်၍၊ 15 သင်တို့သည် မိန်းမအပေါင်းတို့ကို အဘယ် ကြောင့် အသက်ရှင်စေကြသနည်း။ 16
ဣသရေလအမျိုးသား တို့သည်၊ ပေဂုရဘုရားအမှု၌ ထာဝရဘုရားကို ပြစ်မှားစေခြင်းငှာ၊ ဤမိန်းမတို့သည် ဗာလမ်းပေးသောအကြံကို
လိုက်၍ ပြုကြသောကြောင့်၊ ထာဝရဘုရား၏ ပရိသတ်၌ ဘေးရောက်လေသည် တကား။ 17 ထိုကြောင့်၊
သူငယ်ယောကျ်ားအပေါင်းကိုငှင်း၊ ယောကျ်ားနှင့် ဆက်ဆံဘူးသော မိန်းမအပေါင်း ကိုငှင်း၊ သတ်ကြလော့။ 18 ယောကျ်ားနှင့်
မဆက်ဆံဘူးသော မိန်းမငယ် အပေါင်းတို့ကို၊ မိမိတို့အဘို့ အသက်ချမ်းသာပေးကြလော့။ 19 သင်တို့သည် ခုနစ်ရက်ပတ်လုံး
တပ်ပြင်မှာ နေရကြမည်။ လူကို သတ်သောသူ၊ အသေကောင်ကို ထိသောသူ အပေါင်းတို့ ကိုယ်ကိုငှင်း၊ သိမ်းယူသော သူတို့ကိုငှင်း၊
တတိယနေ့၊ သတ္တမနေ့၌ စင်ကြယ်စေ ကြလော့။ 20 သင်တို့အဝတ်နှင့် သားရေတန်ဆာရှိသမျှ၊ ဆိတ်မွေးဖြင့် ရက်သောအရာ၊
သစ်သားဖြင့် လုပ်သော အရာရှိသမျှတို့ကို စင်ကြယ်စေကြလော့ဟု မှာထား လေ၏။ 21 ယဇ်ပုရောဟိတ် ဧလောဇာသည်လည်း၊
စစ်တိုက် သွားသော စစ်သူရဲတို့ကိုခေါ်၍၊ မောရှေ၌ ထာဝရဘုရား ထားတော်မူသော ပညတ်တရားဟူမူကား၊ 22 ရွှေ၊ ငွေ၊ ကြေးဝါ၊ သံ၊
ကြေးဖြူ၊ ခဲ အစရှိသော၊ 23 မီးကိုခံနိုင်သောအရာရှိသမျှတို့ကို မီးအလယ် ၌ သွားစေ သဖြင့် စင်ကြယ်စေရမည်။ သို့ရာတွင်
စင်ကြယ်စေသောရေ ဖြင့်လည်း စင်ကြယ်စေရမည်။ မီးမခံနိုင်သောအရာ ရှိသမျှတို့ကို ရေအလယ်၌ သွားစေရမည်။ 24 သတ္တမနေ့၌
မိမိအဝတ်ကို လျှော်ပြီးမှ၊ စင်ကြယ် ခြင်းရှိ၍၊ တပ်ထဲသို့ဝင်ရကြမည်ဟု မှာထားလေ၏။ 25 ထာဝရဘုရားကလည်း၊ သင်နှင့်
ယဇ်ပုရောဟိတ် ဧလောဇာ၊ 26 ပရိသတ်အဆွေအမျိုး သူကြီးတို့သည်၊ ယခု လက်ရသိမ်းယူခဲ့သော ဥစ္စာ၊ လူ၊ တိရစ္ဆာန်အပေါင်းတို့ကို
ယူ၍၊ 27 ထက်ဝက်ခွဲပြီးလျှင် တဝက်ကို စစ်မှုထမ်း၍ အတိုက်သွားသော သူတို့အားငှင်း၊ တဝက်ကို ပရိသတ် အပေါင်းတို့အားငှင်း
ပေးဝေလော့။ 28 စစ်တိုက်သွားသော စစ်သူရဲတို့သည်၊ ထာဝရ ဘုရားအား ပေးရသောအခွန်ကို ခွဲ၍ လူ၊ နွား၊ မြည်း၊
သိုးအကောင်ငါးရာတွင် တကောင်ကို ကောက်ယူပြီးလျှင်၊ 29 သူတို့ခံရသော ထက်ဝက်အဘို့ထဲကနှုတ်၍၊ ထာဝရဘုရားရှေ့တော်၌
ချီမြှောက်ရာ ပူဇော်သက္ကာပြု ဘို့ရာ ယဇ်ပုရောဟိတ် ဧလောဇာအား ပေးရမည်။ 30 ဣသရေလအမျိုးသား ခံရသော ထက်ဝက်
အဘို့ထဲကလည်း လူ၊ နွား၊ မြည်း၊ သိုးအစရှိသော တိရစ္ဆာန်မျိုး အကောင်ငါးဆယ်တို့တွင် တကောင်ကို ကောက်ယူ၍ ထာဝရဘုရား၏
တဲတော်ကို စောင့်သော လေဝိသားတို့အား ပေးရမည်ဟု၊ 31 မောရှေအား ထာဝရဘုရားမှာထားတော်မူ သည်အတိုင်း မောရှေနှင့်
ယဇ်ပုရောဟိတ် ဧလောဇာတို့ သည် ပြုလေ၏။ 32 စစ်သူရဲတို့သည် လက်ရသိမ်းယူခဲ့၍ ကျန်ကြွင်း သော ဥစ္စာပေါင်းကား
သိုးခြောက်သိန်း ခုနစ်သောင်း ငါးထောင်၊ 33 နွားခုနစ်သောင်းနှစ်ထောင်၊ 34 မြည်းခြောက်သောင်းတထောင် 35 ယောကျ်ားနှင့်
မဆက်ဆံဘူးသောမိန်းမ သုံးသောင်းခုနစ်ထောင် ရှိသတည်း။ 36 စစ်တိုက်သွားသော သူတို့ခံရသော ထက်ဝက် အဘို့ကား၊ သိုး
သုံးသောင်းခုနစ်ထောင်ငါးရာ ရှိသည်ဖြစ်၍၊ 37 ထာဝရဘုရားခံရသောအခွန်ကား၊ သိုးခြောက် ရာခုနစ်ဆယ်ငါးကောင်တည်း။ 38
နွားသုံးသောင်းခြောက်ထောင်ရှိသည်ဖြစ်၍၊ ထာဝရဘုရားခံရသော အခွန်ကား၊ နွားခုနစ်ဆယ် ခုနစ်ကောင်တည်း။ 39
မြည်းသုံးသောင်းငါးရာရှိသည်ဖြစ်၍ ထာဝရ ဘုရားခံရသော အခွန်ကား၊ မြည်းခြောက်ဆယ်တကောင် တည်း။ 40
လူတသောင်းခြောက်ထောင် ရှိသည်ဖြစ်၍ ထာဝရဘုရားခံရသော အခွန်ကား၊ လူသုံးဆယ် နှစ်ယောက်တည်း။ 41
ထာဝရဘုရားမှာထားတော်မူသည်အတိုင်း၊ မောရှေသည် ရှေ့တော်၌ ချီးမြှောက်ရာ ပူဇော်သက္ကာပြု ဘို့ရာ အခွန်ကို ယဇ်ပုရောဟိတ်
ဧလောဇာအား အပ်ပေး လေ၏။ 42 တဖန် စစ်တိုက်သောသူတို့လက်မှ မောရှေယူ၍၊ ဣသရေလအမျိုးသား၊ 43 ပရိသတ်တို့ခံရသော

ထက်ဝက်အဘို့ကား၊ သိုးသုံးသိန်းသုံးသောင်း ခုနစ်ထောင်ငါးရာ၊ [44] နွားသုံးသောင်းခြောက်ထောင်၊ [45] မြည်းသုံးသောင်းငါးရာ၊ [46]
လူတသောင်းခြောက်ထောင်ရှိသည်ဖြစ်၍ [47] ဣသရေလအမျိုးသားခံရသော ထက်ဝက်အဘို့ လူ၊ တိရစ္ဆာန် အကောင်ငါးဆယ်တို့တွင်
တကောင်ကို မောရှေကောက်ယူ၍ ထာဝရဘုရား၏ တဲတော်ကို စောင့်သော လေဝိသားတို့အား ပေး၏။ ထိုသို့ ထာဝရ
ဘုရားမှာထားတော်မူ၏။ [48] လူတရာ၊ တထောင်ကိုအုပ်သော တပ်မှူးများ၊ ဗိုလ်များတို့သည်လည်း၊ မောရှေထံသို့ ချဉ်းကပ်၍၊ [49]
ကိုယ်တော် ကျွန်တို့သည် အုပ်သောစစ်သူရဲတို့ ကို စာရင်းယူပြန်၍၊ လူတယောက်မျှ မလျော့ပါ။ [50] ထိုကြောင့် ထာဝရဘုရားရှေ့တော်၌
အသက် အဘိုးကို ဖြေဘို့ ရာ လူအသီးအသီးရသော ရွှေတန်ဆာ၊ လည်ဆွဲ၊ လက်ကောက်၊ လက်စွပ်၊ နားတောင်း၊ နှာခေါင်း
ဆွဲဘူးတို့ကို ထာဝရဘုရားအား ပူဇော်လျက် ဆောင်ခဲ့ ပါပြီဟု လျှောက်ဆိုလျှင်၊ [51] မောရှေနှင့် ယဇ်ပုရောဟိတ် ဧလာဇာတို့သည်၊
ထိုရွှေတည်းဟူသော လုပ်ပြီးသောတန်ဆာ ရှိသမျှတို့ကို ခံယူကြ၏။ [52] ထိုသို့ စစ်သူရဲအသီးအသီးတို့သည် မိမိတို့အဘို့ သိမ်းယူ၍၊ [53]
တပ်မှူးများ၊ ဗိုလ်များတို့သည် ထာဝရဘုရား အား ပူဇော်သော ရွှေချိန်ပေါင်းကား၊ တရာခြောက်ဆယ် ခုနှစ်ပိဿာနှင့် အကျပ်ငါးဆယ်
ရှိသတည်း။ [54] တပ်မှူးများ၊ ဗိုလ်များ ပူဇော်သောရွှေကို မောရှေနှင့် ယဇ်ပုရောဟိတ် ဧလာဇာတို့သည်ယူ၍၊
ဣသရေလအမျိုးသားတို့ကို ထာဝရဘုရား အောက်မေ့ တော်မူဘို့ရာ ပရိသတ်စည်းဝေးရာတဲတော်၌ သွင်းထား ကြ၏။


generated on Tue Jul 2 12:50:28 2024

## Chapter 32

1 ရုဗင်အမျိုးသားနှင့် ဂဒ်အမျိုးသားတို့သည် အလွန်များပြားသော တိရစ္ဆာန်တို့နှင့် ကြွယ်ဝသည်ဖြစ်၍၊ ယာဇာပြည်၊ ဂိလဒ်ပြည်တို့၌
တိရစ္ဆာန် ကျက်စားစရာကို ကောင်းသည်ကို မြင်ကြလျှင်၊- 2 မောရှေနှင့် ယဇ်ပုရောဟိတ် ဧလောဇာ အစရှိ သော ပရိသတ်တို့တွင်
မင်းများတို့ထံသို့ လာ၍၊ 3 အတရုတ်၊ ဒိဘုန်၊ ယာဇာ၊ နိမရ၊ ဟေရှဘုန်၊ ဧလာလေ၊ ရှေဘံ၊ နေဗော၊ ဗောန တည်းဟူသော၊ 4
ဣသရေလပရိသတ်ရှေ့မှာ ထာဝရဘုရား လုပ်ကြံတော်မူသော ဤပြည်သည် တိရစ္ဆာန်နှင့် တော်လျော်ပါ၏။ ကိုယ်တော်
ကျွန်တို့၌လည်း တိရစ္ဆာန် များပြားပါ၏။ 5 သို့ဖြစ်၍ ကျွန်တော်တို့သည် ရှေ့တော်၌ မျက်နှာရလျှင်၊ ဤပြည်ကို ကိုယ်တော်
ကျွန်တို့အား အပိုင်ပေးတော်မူပါ။ ကျွန်တော်တို့ကို ယော်ဒန်မြစ်တဘက်သို့ ပို့ဆောင်တော်မမူပါနှင့်ဟု လျှောက်ကြ၏။ 6
မောရှေကလည်း၊ သင်တို့သည် ဤအရပ်၌ နေရစ်၍၊ သင်တို့ ညီအစ်ကိုများတို့သည် စစ်တိုက်သွား ရမည်လော။ 7 ထာဝရဘုရား
ပေးတော်မူသော ပြည်သို့ ဣသရေလအမျိုးသားတို့သည် မကူးမသွားမည် အကြောင်း၊ သူတို့စိတ်ကို အဘယ်ကြောင့် ဖျက်ကြ
သနည်း။ 8 ပြည်တော်ကို ကြည့်ရှုစေခြင်းငှါ၊ သင်တို့ အဘ တို့ကို ကာဒေရှဗာနာအရပ်က ငါစေလွှတ်သောအခါ ထိုသို့ပြုကြ၏။ 9
ဧရှကောလချောင်းသို့ သွား၍ ပြည်တော်ကို ကြည့်မြင်ပြီးမှ၊ ထာဝရဘုရားပေးတော်မူသော ပြည်သို့ ဣသရေလအမျိုးသားတို့သည်
မသွားမည်အကြောင်း သူတို့စိတ်ကို ဖျက်ကြ၏။ 10-12 ထိုအခါ ထာဝရဘုရားသည် အမျက်တော်ထွက် လျက်၊ အကယ်စင်စစ်
အာဗြဟံ၊ ဣဇာတ်၊ ယာကုပ်တို့ အား ငါကျိန်ဆို၍ ပေးသောပြည်ကို၊ အဲဂုတ္တုပြည်မှ ထွက်လာသောသူတို့တွင် ကေနက်အမျိုး
ယေဖုန္နာ၏သား ကာလက်နှင့် နုန်၏သား ယောရှုမှတပါး၊ အဘယ်သူမျှ ငါ့နောက်သို့ လုံးလုံး မလိုက်သောကြောင့်၊ အသက်
နှစ်ဆယ်လွန်သောသူ တစုံတယောက်မျှ မမြင်ရ။ ထိုသူ နှစ်ယောက်သာ ထာဝရဘုရားနောက်သို့ လုံးလုံးလိုက်ကြ ပြီဟု
ကျိန်ဆိုတော်မူ၏။ 13 ထိုသို့ ထာဝရဘုရားရှေ့တော်၌ ဆိုးသောအမှု ကို ပြုသောလူအပေါင်းတို့သည် မပျက်စီးမှီတိုင်အောင်၊
ထာဝရဘုရားသည် ဣသရေလအမျိုးသားတို့ကို အမျက် ထွက်၍ အနှစ်လေးဆယ်ပတ်လုံး တော၌ လှည့်လည်စေ တော်မူ၏။ 14
ယခုမူကား၊ ထာဝရဘုရားသည် ဣသရေလ အမျိုးသားတို့ကို သာ၍ ပြင်းစွာအမျက်တော်ထွက်စေ မည်အကြောင်း၊
သာ၍ဆိုးသောသူတည်းဟူသော သင်တို့ သည် သင်တို့အဘများကိုယ်စား ပေါ်ထကြပြီတကား။ 15 သင်တို့သည်
နောက်တော်သို့မလိုက်ဘဲ လွှဲသွား ကြလျှင်၊ တဖန် ဣသရေလအမျိုးသားတို့ကို တော၌ စွန့်ပစ်တော်မူသဖြင့်၊ သင်တို့သည်
ဤလူမျိုးအပေါင်းကို ဖျက်ဆီးကြလိမ့်မည်ဟု ဂဒ်အမျိုးသား၊ ရုဗင်အမျိုးသားတို့ အား ပြန်ပြော၏။ 16 ထိုသူတို့သည်၊
အနီးအပါးသို့ချဉ်းကပ်၍၊ ကျွန်တော်တို့သည် ကျွန်တော်တို့ တိရစ္ဆာန်များအဘို့ ဤအရပ်၌ သိုးခြံတို့ကိုင်၎င်း၊ ကျွန်တော်တို့ သူငယ်များ
အဘို့ မြို့တို့ကို၎င်း တည်ပါမည်။ 17 သို့ရာတွင် ဣသရေလအမျိုးသားတို့ကို သူတို့ နေရာအရပ်သို့ မပို့မဆောင်မှီတိုင်အောင်၊
ကျွန်တော် တို့သည် လက်နက်ကိုင်လျက် သူတို့ရှေ့မှာ သွားပါမည်။ ဤပြည်၌ ကျန်ကြွင်းသေးသော လူတို့ကြောင့် ကျွန်တော်
တို့သူငယ်များသည် ခိုင်ခံ့သောမြို့၌ နေရပါမည်။ 18 ဣသရေလအမျိုးသားအပေါင်းတို့သည် အမွေခံ ရသောမြေကို
မဝင်စားမှီတိုင်အောင် ကျွန်တော်တို့သည် ကိုယ်အိမ်သို့ မပြန်မလာပါ။ 19 ကျွန်တော်တို့သည် ယော်ဒန်မြစ်တဘက်၌ သူတို့ နှင့်အတူ
အမွေကို မတောင်းမခံပါ။ ကျွန်တော်တို့အမွေ ခံရာမြေသည် ယော်ဒန် မြစ်အရှေ့ဘက်၌ ကျပါသည်ဟု လျှောက် ပြန်ကြ၏။ 20
မောရှေကလည်း၊ သို့ဖြစ်၍ သင်တို့သည် ထာဝရဘုရားရှေ့တော်၌ လက်နက်ကိုင်လျက် စစ်တိုက်သွား လျှင်၎င်း၊ 21
ထာဝရဘုရားသည် ရန်သူတို့ကို ရှေ့တော်မှ နှင်ထုတ်၍ ထိုပြည်ကို အောင်တော်မမူမှီတိုင်အောင်၊ 22 သင်တို့ရှိသမျှသည်
လက်နက်ကိုင်လျက် ထာဝရ ဘုရားရှေ့တော်၌ ယော်ဒန်မြစ်တဘက်သို့ ကူးသွားလျှင် ၎င်း၊ ထိုနောက်မှ ထာဝရဘုရားရှေ့၊
ဣသရေလအမျိုး သားရှေ့၌ အပြစ်ကင်းလွတ်လျက်၊ ဤပြည်သို့ ပြန်လာ၍ ထာဝရဘုရားအခွင့်နှင့် အမွေခံရကြမည်။ 23
ထိုသို့မပြုလျှင်မူကား၊ သင်တို့သည် ထာဝရ ဘုရားကို ပြစ်မှားခြင်းရှိသည်အတိုင်း၊ ထိုအပြစ်သည် သင်တို့ကို လိုက်၍ မှီလိမ့်မည်။ 24
သူငယ်များအဘို့ မြို့တို့ကို၎င်း၊ သိုးများအဘို့ သိုးခြံတို့ကို၎င်း၊ တည်လုပ်ကြလော့။ ယခုပြောသမျှ အတိုင်း ပြုကြလော့ဟုဆိုလျှင်၊ 25
ဂဒ်အမျိုးသားနှင့် ရုဗင်အမျိုးတို့က၊ ကိုယ်တော် ကျွန်တို့သည် သခင်မိန့်တော်မူသည်အတိုင်း ပြုပါ မည်။ 26 ကျွန်တော်တို့
မယားသားသူငယ်များနှင့် သိုးနွား အလုံးစုံတို့သည် ဤအရပ်၊ ဂိလဒ်မြို့တို့၌ နေရစ်ရပါမည်။ 27 ကိုယ်တော် ကျွန်အပေါင်းတို့မူကား၊
သခင် မိန့်တော်မူသည်အတိုင်း၊ လက်နက်ကိုင်လျက် ထာဝရ ဘုရားရှေ့တော်၌ စစ်တိုက်ခြင်းငှါ ကူးသွားပါမည်ဟု
လျှောက်ထားကြ၏။ 28 ထိုအမှုကြောင့်၊ မောရှေသည် ယဇ်ပုရောဟိတ် ဧလာဇာ၊ နုန်၏သားယောရှု အစရှိသော ဣသရေလ
အမျိုးသား အဆွေအမျိုး သူကြီးများတို့ကို ခေါ်၍၊ 29 ဂဒ်အမျိုးသားနှင့် ရုဗင်အမျိုးသားတို့သည် စစ်တိုက်ခြင်းငှါ
အသီးအသီးလက်နက်ကိုင်လျက် ထာဝရ ဘုရားရှေ့တော်၌ သင်တို့နှင့်အတူ ယော်ဒန်မြစ်တဘက် သို့ ကူးသွား၍၊ သင်တို့သည်
ထိုပြည်ကို အောင်ပြီးလျှင်၊ ထိုအမျိုးသားတို့အား ဂိလဒ်ပြည်ကို အပိုင်ပေးရကြမည်။ 30 သို့မဟုတ် သူတို့သည်လက်နက်ကိုင်လျက်
သင်တို့နှင့်အတူ မကူးမသွားလျှင်၊ ခါနာန်ပြည်၌ သင်တို့ တွင် ကိုယ်ပိုင်ရာမြေကို ခံယူရကြမည်ဟု မှာထားလေ၏။ 31
ဂဒ်အမျိုးသားနှင့် ရုဗင်အမျိုးသားတို့ကလည်း၊ ထာဝရဘုရားသည် ကိုယ်တော် ကျွန်တို့အား မိန့်တော်မူ သည်အတိုင်း၊
ကျွန်တော်တို့သည် ပြုကြပါမည်။ 32 ယော်ဒန်မြစ်အရှေ့ဘက်၌ အမွေခံရပါမည် အကြောင်း၊ ကျွန်တော်တို့သည် လက်နက်ကိုင်လျက်
ထာဝရဘုရားရှေ့တော်၌ ခါနာန်ပြည်သို့ ကူးသွားပါ မည်ဟု ပြန်လျှောက်ကြ၏။ 33 ထိုအခါ မောရှေသည် အာမောရိရှင်ဘုရင် ရှိဟုန်၏

 generated on Tue Jul 2 12:50:28 2024

နိုင်ငံဆိုင်သမျှ၊ ဗာရှန်ရှင်ဘုရင် ဩဃ၏ နိုင်ငံဆိုင်သမျှသောနယ်မြေ မြို့ရွာတို့ကို ဂဒ်အမျိုးသား၊ ရုဗင်အမျိုးသား၊ ယောသပ်၏သား
မနာရှေမှ ဆင်းသက် သော မနာရှေအမျိုးသား တဝက်၌ အပ်ပေးလေ၏။ 34 ဂဒ်အမျိုးသားတို့သည် ဒိဗုန်၊ အတရုတ်၊ အာရော်၊ 35
အာတရုတ်၊ ရှောဖန်၊ ယာဇာ၊ ယုဗ္ဗေဟ၊ 36 ဗက်နိမရာ၊ ဗေသာရန်မြို့များကိုင်၎င်း၊ သိုးခြံများ ကိုင်၎င်း တည်လုပ်ကြ၏။ 37
ရုဗင်အမျိုးသားတို့သည် ဟေရှဘုန်၊ ဧလာလေ၊ ကိရယသိမ်၊ 38 နေဗော၊ ဗာလမောန၊ ရှိဗမမြို့များကို အသစ် သောအမည်ဖြင့်
သမုတ်၍ တည်ကြ၏။ 39 မနာရှေမှ ဆင်းသက်သော မာခိရအမျိုးသား တို့သည်၊ ဂိလဒ်မြို့သို့ သွား၍သိမ်းယူပြီးလျှင်၊ အရင် မြို့သား
အာမောရိလူတို့ကို နှင်ထုတ်ကြ၏။ 40 မောရှေသည် ဂိလဒ်မြို့ကို မနာရှေ၏သား မာခိရအမျိုးသားတို့အား ပေး၍ သူတို့သည်
နေကြ၏။ 41 မနာရှေအမျိုးသား ယာဣရသည်လည်း သွား၍ ဂိလဒ်ရွာများကို သိမ်းယူပြီးမှ၊ ဟာဝုတ်ယာဣရ အမည် ဖြင့်
သမုတ်လေ၏။ 42 နောဗာသည်လည်း သွား၍ ကေနတ်မြို့ရွာတို့ကို သိမ်းယူပြီးမှ၊ မိမိအမည်ဖြင့် နောဗာမြို့ဟု သမုတ် လေ၏။


generated on Tue Jul 2 12:50:28 2024

## Chapter 33

1 မောရှေနှင့် အာရုန်စီရင်၍ အဲဂုတ္တုပြည်မှ ထွက်လာသော ဣသရေလအမျိုးသား အလုံးအရင်းတို့ သည် ခရီးသွားခြင်း
အကြောင်းအရာများကို၊ 2 ထာဝရဘုရား အမိန့်တော်အတိုင်း မောရှေမှတ် သား၍၊ ထိုခရီးသွားခြင်း အကြောင်းအရာပါသော စာရင်း
ဟူမူကား၊ 3 ပဌမလ တဆယ်ငါးရက်နေ့၌ ရာမသက်မြို့မှ ထွက်လာကြ၏။ ပသခါပွဲကို ခံပြီးသောနောက်၊ နက်ဖြန် နေ့၌
ဣသရေလအမျိုးသားတို့သည် အဲဂုတ္တုလူအပေါင်း တို့ရှေ့မှာ ဝါကြွားသောအခြင်းအရာနှင့် ထွက်လာကြ၏။ 4 အကြောင်းမူကား၊
ထာဝရဘုရား ဒဏ်ခတ် တော်မူသော သားဦးအပေါင်းတို့ကို အဲဂုတ္တုလူတို့သည် သင်္ဂြိုဟ်ရကြ၏။ သူတို့၏ ဘုရားများကိုလည်း၊
ထာဝရ ဘုရားသည် တရားစီရင်တော်မူ၏။ 5 ဣသရေလအမျိုးသားတို့သည် ရာမသက်မြို့မှ ပြောင်း၍ သုကုတ်အရပ်၌
စားခန်းချကြ၏။ 6 သုကုတ်အရပ်မှပြောင်း၍ တောစပ်နား၊ ဧသံမြို့၌ စားခန်းချကြ၏။ 7 ဧသံမြို့မှပြောင်း၍ ဗာလဇေဖုန်မြို့ရှေ့မှာရှိ
သော ပိဟဟိရုတ်မြို့သို့ တဖန်လည်၍ မိဂဒေါလမြို့ရှေ့၌ စားခန်းချကြ၏။ 8 ပိဟဟိရုတ်မြို့မှပြောင်း၍ ပင်လယ်အလယ်၌
ရှောက်သွား သဖြင့် ဧသံတောသို့ ရောက်၍၊ ထိုတောထဲ၌ သုံးရက်ခရီးသွားပြီးလျှင်၊ မာရအရပ်၌ စားခန်းချကြ၏။ 9
မာရအရပ်မှပြောင်း၍ ရေတွင်းဆယ်နှစ်တွင်း နှင့် စွန်ပလွံပင် ခုနစ်ဆယ်ရှိသော ဧလိမ်ရွာသို့ရောက်၍ စားခန်းချကြ၏။ 10
ဧလိမ်ရွာမှပြောင်း၍ ဧဒုံပင်လယ်နားမှာ စားခန်း ချကြ၏။ 11 ဧဒုံပင်လယ်မှပြောင်း၍ သိန်တော၌ စားခန်းချ ကြ၏။ 12
သိန်တောမှပြောင်း၍ ဒေါဖကာအရပ်၌ စားခန်းချကြ၏။ 13 ဒေါဖကာအရပ်မှပြောင်း၍ အာလုရှအရပ်၌ စားခန်းချကြ၏။ 14
အာလုရှအရပ်မှပြောင်း၍ လူများသောက်စရာ ရေမရှိသော ရေဖိဒိမ်အရပ်၌ စားခန်းချကြ၏။ 15 ရေဖိဒိမ်အရပ်မှပြောင်း၍
သိနာတော၌ စားခန်းချကြ၏။ 16 သိနာတောမှပြောင်း၍ ကိဗြုတ်ဟတ္တဝါအရပ်၌ စားခန်းချကြ၏။ 17
ကိဗြုတ်ဟတ္တဝါအရပ်မှပြောင်း၍ ဟာဇရုတ် အရပ်၌ စားခန်းချကြ၏။ 18 ဟာဇရုတ်အရပ်မှပြောင်း၍ ရိသမအရပ်၌ စားခန်းချကြ၏။
19 ရိသမအရပ်မှပြောင်း၍ ရိမ္မုန်ဖါရက်၌ စားခန်း ချကြ၏။ 20 ရိမ္မုန်ဖါရက်အရပ်မှပြောင်း၍ လိဗနရွာ၌ စားခန်းချကြ၏။ 21
လိဗနရွာမှပြောင်း၍ ရိဿအရပ်၌ စားခန်း ချကြ၏။ 22 ရိဿအရပ်မှပြောင်း၍ ကေဟလာသအရပ်၌ စားခန်းချကြ၏။ 23
ကေဟလာသအရပ်မှပြောင်း၍ ရှာဖါတောင်၌ စားခန်းချကြ၏။ 24 ရှာဖါတောင်မှပြောင်း၍ ဟာရဒအရပ်၌ စားခန်းချကြ၏။ 25
ဟာရဒအရပ်မှပြောင်း၍ မက္ကလုတ်အရပ်၌ စားခန်းချကြ၏။ 26 မက္ကလုတ်အရပ်မှပြောင်း၍ တာဟတ်အရပ်၌ စားခန်းချကြ၏။ 27
တာဟတ်အရပ်မှပြောင်း၍ တာရအရပ်၌ စားခန်းချကြ၏။ 28 တာရအရပ်မှပြောင်း၍ မိသကာအရပ်၌ စားခန်းချကြ၏။ 29
မိသကာအရပ်မှပြောင်း၍ ဟာရှမောနအရပ်၌ စားခန်းချကြ၏။ 30 ဟာရှမောနအရပ်မှပြောင်း၍ မောသရုတ် အရပ်၌ စားခန်းချကြ၏။
31 မောသရုတ်အရပ်မှပြောင်း၍ ဗယာကန်အရပ် ၌ စားခန်းချကြ၏။ 32 ဗယာကန်အရပ်မှပြောင်း၍ ဟောရဂိဒ်ဂဒ် အရပ်၌
စားခန်းချကြ၏။ 33 ဟောရဂိဒ်ဂဒ်အရပ်မှပြောင်း၍ ယုပ္ဗသအရပ်၌ စားခန်းချကြ၏။ 34 ယုပ္ဗသအရပ်မှပြောင်း၍ ဧဗြောနအရပ်၌
စားခန်းချကြ၏။ 35 ဧဗြောနအရပ်မှပြောင်း၍ ဧဇယုန်ဂါဗာအရပ် ၌ စားခန်းချကြ၏။ 36 ဧဇယုန်ဂါဗာအရပ်မှပြောင်း၍ ဇိနတော၊
ကာဒေရှအရပ်၌ စားခန်းချကြ၏။ 37 ကာဒေရှအရပ်မှပြောင်း၍ ဧဒုံပြည်အနားမှာ ဟောရတောင်၌ စားခန်းချကြ၏။ 38
ဣသရေလအမျိုးသားတို့သည် အဲဂုတ္တုပြည်မှ ထွက်သောနောက်၊ သက္ကရာဇ်လေးဆယ်၊ ပဥ္စမလ ပဌမ နေ့ရက်၌ ထာဝရဘုရား
အမိန့်တော်ရှိသည်တိုင်း၊ ယဇ်ပုရောဟိတ်အာရုန်သည် ဟောရတောင်ပေါ်သို့ တက်၍ အနိစ္စရောက်လေ၏။ 39 အာရုန်သည်
ဟောရတောင်ပေါ်မှာ အနိစ္စ ရောက်သောအခါ၊ အသက် တရာနှစ်ဆယ်သုံးနှစ် ရှိသတည်း။ 40 ခါနာန်ပြည်တောင်ပိုင်း၌နေသော ခါနနိ
ရှင်ဘုရင် အာရဒ်သည် ဣသရေလအမျိုးသား ရောက် ကြောင်းကို ကြားလေ၏။ 41 သူတို့သည် ဟောရတောင်မှပြောင်း၍၊ ဇာလ
မောနအရပ်၌ စားခန်းချကြ၏။ 42 ဇာလမောနအရပ်မှပြောင်း၍ ပုနုန်အရပ်၌ စားခန်းချကြ၏။ 43 ပုနုန်အရပ်မှပြောင်း၍
ဩဗုတ်အရပ်၌ စားခန်း ချကြ၏။ 44 ဩဗုတ်အရပ်မှပြောင်း၍ ဣဇာဗာရိမ်အရပ်၌ စားခန်းချကြ၏။ 45 ဣဇာဗာရိမ်အရပ်မှပြောင်း၍
ဒိဗုန်ဂဒ်အရပ်၌ စားခန်းချကြ၏။ 46 ဒိဗုန်ဂဒ်အရပ်မှပြောင်း၍ အာလမုန်ဒိဗလ သိမ်အရပ်၌ စားခန်းချကြ၏။ 47
အာလမုန်ဒိဗလသိမ်အရပ်မှပြောင်း၍ နေဗော တောင်ရှေ့တွင် အာဗရိမ်တောင်ရိုး၌ စားခန်းချကြ၏။ 48 အာဗရိမ်တောင်ရိုးမှပြောင်း၍
မောဘလွင်ပြင်၊ ယော်ဒန်မြစ်နား၊ ယေရိခေါမြို့တဘက်၌ စားခန်းချ ကြ၏။ 49 ထိုသို့ မောဘလွင်ပြင်၊ ယော်ဒန်မြစ်နားမှာ
ဗက်ယေရှိမုတ်မြို့မှ အာဗေလရှိတ္တိမ်မြို့ တိုင်အောင် စားခန်းချကြ၏။ 50 မောဘလွင်ပြင်၊ ယော်ဒန်မြစ်နား၊ ယေရိခေါမြို့ တဘက်၌
ထာဝရဘုရားသည် မောရှေကိုခေါ်၍၊ 51 သင်သည် ဣသရေလအမျိုးသားတို့အား ဆင့်ဆိုရမည်မှာ၊ သင်တို့သည် ယော်ဒန်မြစ်ကိုကူး၍
ခါနာန်ပြည်သို့ ရောက်ကြသောအခါ၊ 52 ထိုပြည်သူပြည်သားအပေါင်းတို့ကို နှင်ထုတ်ရ ကြမည်။ သူတို့ရေးသော အရုပ်၊ သွန်းသော
ရုပ်တုဆင်းတု ရှိသမျှတို့ကို ဖျက်ရကြမည်။ သူတို့လုပ်သော ကုန်းရှိသမျှ တို့ကို ဖြိုချရကြမည်။ 53 ထိုပြည်ကို သင်တို့အား
ငါအပိုင်ပေးသော ကြောင့်၊ ထိုပြည်သားတို့ကို နှင်ထုတ်၍ သင်တို့ကိုယ်တိုင် နေရကြမည်။ 54 သင်တို့ အဆွေအမျိုးတို့အား
စာရေးတံချ၍ ထိုမြေကို ဝေရမည်။ လူများလျှင်များသောမြေ၊ လူနည်း လျှင် နည်းသောမြေကို ပေးရမည်။ အသီးအသီးတို့သည်
စာရေးတံကျသည်အတိုင်း၊ ဘိုးဘအမျိုးအနွယ်အလိုက် အမွေခံရကြမည်။ 55 သင်တို့သည် ထိုပြည်သူပြည်သားတို့ကို အကုန် အစင်

 generated on Tue Jul 2 12:50:28 2024

မနှင်ထုတ်လျှင်၊ ကျန်ကြွင်းသော သူတို့သည် သင်တို့မျက်စိ၌ အပ်ဖျားကဲ့သို့၎င်း၊ သင်တို့နံဘေး၌ ဆူးကဲ့သို့၎င်း ဖြစ်၍၊ သင်တို့နေသော
ပြည်မှာ သင်တို့ကို နှောင့်ရှက်ကြလိမ့်မည်။ 56 ထိုမှတပါး၊ သူတို့အား ငါကြံစသည်သည်အတိုင်း သင်တို့ကို ငါပြုမည်ဟု မိန့်တော်မူ၏။

 generated on Tue Jul 2 12:50:28 2024

## Chapter 34

1 တဖန် မောရှေအား ထာဝရဘုရားက၊ သင်သည် ဣသရေလအမျိုးသားတို့အား ဆင့်ဆိုရ မည်မှာ၊ 2 သင်တို့သည် ခါနာန်ပြည်သို့
ရောက်ကြသော အခါ၊ သင်တို့အမွေခံရသော ခါနာန်ပြည်နယ် အပိုင်း အခြားဟူမူကား၊ 3 တောင်မျက်နှာတွင် ဇိနတောင်မှ ဧဒုံပြည်
အနား၌ ရှောက်လျှင်၊ သောဒုံအိုင် အရှေ့စွန်းသည် တောင်ဘက်အပိုင်းအခြား ဖြစ်ရမည်။ 4 တောင်ဘက်အပိုင်းအခြားသည် တောင်
မျက်နှာမှလည်၍၊ အာကရဗ္ဗိမ်ကုန်းကို ရှောက်လျက် ဇိနရွာသို့ ရောက်ရမည်။ ထိုရွာကပြန်၍ ကာဒေရှဗာနာရွာ၊ ဟာဇ ရဒ္ဒါရွာ၊
အာဇမုန်ရွာကိုရှောက်သဖြင့်၊ 5 အာဇမုန်ရွာမှပြန်၍ အဲဂုတ္တုချောင်းကို လိုက် လျက် ပင်လယ်၌ ဆုံးရမည်။ 6 အနောက်ဘက်၌
ပင်လယ်ကြီးသည် အနောက် အပိုင်းအခြား ဖြစ်ရမည်။ 7 မြောက်ဘက်အပိုင်းအခြားသည် ကြီးသော ပင်လယ်ကထွက်၍
ဟောရတောင်ကို ရှေ့ရှုသွားပြီးလျှင်၊ 8 ထိုတောင်မှ ဟာမတ်လမ်းဝ၊ ဇေဒဒ်ရွာ၊ 9 ဇိဖြုန်ရွာကို ရှောက်၍ ဟာဇရေနန်ရွာ၌ ဆုံးရမည်။ 10
အရှေ့အပိုင်းအခြားသည် ဟာဇရေနန်ရွာမှ ထွက်၍ ရှေဖံရွာသို့ ရောက်ပြီးလျှင်၊ 11 အဗ္ဗနရွာအရှေ့၌ ရှောက်၍ ရိဗလရွာသို့ သွား
ရမည်။ ထိုရွာမှထွက်၍ ဂနေသရက်အိုင် အရှေ့ကမ်းကို ရှောက်သဖြင့်၊ 12 ယော်ဒန်မြစ်ကို လိုက်၍ သောဒုံအိုင်၌ ဆုံးရ မည်။
ဤရွေ့ကား၊ သင်တို့ အမွေခံရသော ပြည်နယ် အပိုင်းအခြားဖြစ်သတည်းဟု မိန့်တော်မူ၏။ 13 မောရှေကလည်း၊ ဤရွေ့ကား၊
သင်တို့သည် စာရေးတံချ၍ အမွေခံရသောပြည်၊ ထာဝရဘုရား မှာထားတော်မူသည်အတိုင်း၊ အမျိုးကိုးမျိုးနှင့် အမျိုး တဝက်၌
ဝေပေးရသော ပြည်ဖြစ်သတည်း။ 14-15 ရုဗင်အမျိုးသား၊ ဂဒ်အမျိုးသား၊ မနာရှေအမျိုး သား တဝက်တည်းဟူသော အမျိုးနှစ်မျိုးနှင့်
တဝက်တို့ သည် မိမိတို့အမွေခံသောမြေကို ယော်ဒန်မြစ်အရှေ့၊ ယေရိခေါမြို့တဘက်၊ နေထွက်ရာဘက်၌ ဘိုးဘအဆွေ
အမျိုးအလိုက် ခံရကြပြီဟု ဣသရေလအမျိုးသားတို့အား မှာထားလေ၏။ 16 တဖန် ထာဝရဘုရားသည် မောရှေအား မိန့်
တော်မူသည်ကား၊ 17 အမျိုးသားတမျိုးလျှင် မင်းတပါးစီရွေး၍၊ ထိုမင်းတို့သည် ယဇ်ပုရောဟိတ်ဧလာဇာ၊ နုန်၏သား ယောရှုတို့နှင့်
ဝိုင်းလျက်၊ 18 ခါနာန်ပြည်ကို ဝေ၍ သင်တို့အား အမွေပေးရကြ မည်။ 19 ရွေးရသော မင်းတို့၏အမည်ကား၊ ယုဒအမျိုးသား ထဲက
ယေဖုန္နာသား ကာလက်။ 20 ရှိမောင်အမျိုးသားထဲက အမိဟုဒ်သား ရှေမွေလ။ 21 ဗယ်္ယာမိန်အမျိုးထဲက ခိသလုန်သား ဧလိဒဒ်။ 22
ဒန်အမျိုးကို အုပ်စိုးသောသူ၊ ယောဂလိသား ဗုက္ကိ။ 23 ယောသပ်သားတို့တွင် မနာရှေအမျိုးကို အုပ်စိုး သောသူ၊ ဧဖုဒ်သား ဟံယေလ။
24 ဧဖရိမ်အမျိုးကို အုပ်စိုးသောသူ၊ ရှိဖတန်သား ကေမွေလ။ 25 ဇာဗုလုန်အမျိုးကို အုပ်စိုးသောသူ၊ ပါနက်သား ဧလိဇဖန်။ 26
ဣသခါအမျိုးကို အုပ်စိုးသောသူ၊ အဇ္ဇန်သား ပါလတေလ။ 27 အာရှာအမျိုးကို အုပ်စိုးသောသူ၊ ရှေလောမိ သား အဘိဟုဒ်။ 28
နဿလိအမျိုးကို အုပ်စိုးသောသူ၊ အမိဟုဒ်သား ပေဒဟေလတည်း။ 29 ဤသူတို့သည် ခါနာန်ပြည်၌ ဣသရေလအမျိုး သားတို့အား
အမွေမြေကို ဝေပေးစေခြင်းငှါ ထာဝရ ဘုရား ခန့်ထားတော်မူသောသူ ဖြစ်ကြသတည်း။


generated on Tue Jul 2 12:50:28 2024

## Chapter 35

1 မောဘလွင်ပြင်၊ ယော်ဒန်မြစ်နား၊ ယေရိခေါမြို့ တဘက်၌ ထာဝရဘုရားသည် မောရှေကို ခေါ်တော် မူ၍၊ 2 သင်သည်
ဣသရေလအမျိုးသားတို့အား ဆင့်ဆိုရမည်မှာ၊ သူတို့သည် အမွေခံသောမြေ၌ လေဝိ သားတို့နေစရာဘို့ မြို့တို့ကိုငှင်း၊
မြို့ပတ်လည်နယ် တို့ကိုငှင်း၊ ပေးရကြမည်။ 3 ထိုမြို့တို့သည် လေဝိသားနေစရာဘို့ဖြစ်၍၊ မြို့ ပတ်လည်နယ်တို့၌ သိုးနွား အစရှိသော
တိရစ္ဆာန်များနှင့် ဥစ္စာများကို ထားရမည်။ 4 လေဝိသားတို့အားပေးသော မြို့နယ်တို့ကို မြို့ပြင်ပတ်လည်၌ အတောင် တထောင်
ကျယ်စေရမည်။ 5 မြို့ပြင်၊ အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်လေးမျက်နှာ၌ နှစ်ထောင်စီ တိုင်းထွာ၍၊ ထိုမြေ အလယ်ချက်၌
မြို့တည်ရမည်။ ဤရွေ့ကား၊ မြို့နယ် အတိုင်း အရှည်ဖြစ်ရသတည်း။ 6 လေဝိသားတို့အား ပေးသောမြို့တို့တွင်၊ လူကို
သတ်သောသူသည် ပြေး၍မှီခိုရာမြို့ ခြောက်မြို့တို့ကို ရွေးထားရမည်။ ထိုမြို့မှတပါး အခြားသော မြို့လေးဆယ် နှစ်မြို့တို့ကို
ပေးရမည်။ 7 ထိုသို့ လေဝိသားတို့အား ပေးရသော မြို့ပေါင်း ကား၊ နယ်နှင့်တကွ လေးဆယ်ရှစ်မြို့ဖြစ်သတည်း။ 8 ထိုမြို့တို့ကို
ဣသရေလအမျိုးသားပိုင်သော မြေထဲက နှုတ်ရမည်။ များသောမြေကို ရသောသူသည် များသောမြို့၊ နည်းသောမြေကို
ရသောသူသည် နည်းသောမြို့တို့ကို ပေးရမည်။ လူအသီးသီးတို့သည် အမွေခံရသည်အတိုင်း၊ မိမိတို့မြို့များထဲက နှုတ်၍
လေဝိသားတို့အား ပေးရမည်။ 9 တဖန်မောရှေအား ထာဝရဘုရားက၊ သင်သည် ဣသရေလအမျိုးသားတို့အား ဆင့်ဆိုရမည်မှာ၊ 10
သင်တို့သည် ယော်ဒန်မြစ်ကို ကူး၍၊ ခါနာန် ပြည်သို့ ရောက်ကြသောအခါ၊ 11 လူအသက်ကို အမှတ်တမဲ့သတ်မိသောသူပြေး၍
မှီခိုရာမြို့တို့ကို ရွေးထားရမည်။ 12 ထိုမြို့တို့ကား၊ လူအသက်ကို သတ်သောသူသည် ပရိသတ်ရှေ့သို့ ရောက်၍၊ တရားစီရင်ခြင်းကို
မခံမှီ တိုင်အောင်၊ သေစားသေစေသောသူ၏လက်မှ လွတ်၍ မှီခိုရာမြို့ ဖြစ်ရသတည်း။ 13 လေဝိသားတို့အား ပေးသောမြို့တို့တွင်
ယော်ဒန် မြစ်အရှေ့ဘက်၌ မှီခိုရာမြို့သုံးမြို့၊ 14 ခါနာန်ပြည်၌ မှီခိုရာမြို့သုံးမြို့၊ ပေါင်းခြောက်မြို့ တို့ကို ရွေးထားရမည်။ 15
ထိုမြို့ခြောက်မြို့တို့ကား၊ လူအသက်ကို အမှတ် တမဲ့ သတ်မိသော ဣသရေလအမျိုးသား၊ သင်တို့တွင် တည်းခိုသော တပါးသော
အမျိုးသားတို့သည် ပြေး၍ မှီခိုရာမြို့ ဖြစ်သတည်း။ 16 သို့ရာတွင် လူအသက်ကို သေစေခြင်းငှါ၊ သံ လက်နက်နှင့် ရိုက်လျှင်
လူသတ်ဖြစ်၏၊ လူသတ်သည် အသေသတ်ခြင်းကို အမှန်ခံရမည်။ 17 လူအသက်ကို သေစေခြင်းငှာ ကျောက်ခဲနှင့် ပစ်လျှင်
လူသတ်ဖြစ်၏။ အသေသတ်ခြင်းကို အမှန်ခံ ရမည်။ 18 လူအသက်ကို သေစေခြင်းငှာ သစ်သားလက် နက်နှင့် ရိုက်လျှင်
လူသတ်ဖြစ်၏။ အသေသတ်ခြင်းကို အမှန်ခံရမည်။ 19 သေစားသေစေသောသူသည် လူသတ်ကို တွေ့သောအခါ၊
ကိုယ်တိုင်သတ်ရမည်။ 20 သူတပါးကို အငြိုးထား၍ တွန်းချသော်၎င်း၊ သေစေခြင်းငှါ ချောင်းမြောင်း၍ တစုံတခုနှင့် ပစ်သော်၎င်း၊ 21
သေစေခြင်းငှါ မုန်းသောစိတ်ရှိ၍ လက်နှင့်ရိုက် သော်၎င်း၊ ထိုသို့ပြုသောသူသည် လူသတ်ဖြစ်သော ကြောင့်၊ အသေသတ်ခြင်းကို
အမှန်ခံရမည်။ သေစားသေ စေသောသူသည် တွေ့သောအခါ သတ်ရမည်။ 22 သို့မဟုတ် မုန်းသောစိတ်မရှိဘဲ အမှတ်တမဲ့
တွန်းချသော်၎င်း၊ မချောင်းမြောင်းဘဲ တစုံတခုနှင့် ပစ်မိ သော်၎င်း၊ 23 သူ၏ရန်သူမဟုတ်၊ မုန်းသောစိတ်မရှိ၊ သူ့ကို မမြင်ဘဲလျက်
သေအောင် ကျောက်ခဲနှင့် ပစ်မိသော်၎င်း၊ 24 ယခုစီရင်ထုံးဖွဲ့သည်အတိုင်း၊ ပရိသတ်တို့သည် သတ်သောသူနှင့် သေစားသေစေသောသူ
စပ်ကြား၌ တရားစီရင်၍၊ 25 သတ်သောသူကို သေစားသေစေသောသူ၏ လက်မှ နှုတ်သဖြင့်၊ အထက်ကပြေး၍ မှီခိုသောမြို့သို့
ပြန်ပို့ရမည်။ ဒမ္မဆီလောင်းခြင်းကို ခံရသော ယဇ်ပုရော ဟိတ်မင်း မသေမှီတိုင်အောင် ထိုမြို့၌ နေရမည်။ 26 လူအသက်ကို
သတ်မိသောသူသည် ပြေး၍ မှီခိုသောမြို့နယ်ပြင်သို့ ထွက်သော်၊ 27 သေစားသေစေသော သူသည် မြို့နယ်ပြင်မှာ ထိုသူကို တွေ့၍
သတ်လျှင်၊ လူအသက်ကို သတ်သောအပြစ်မရှိ။ 28 အကြောင်းမူကား၊ ထိုသူသည် ယဇ်ပုရောဟိတ် မင်း မသေမှီတိုင်အောင်၊
မိမိမှီခိုသော မြို့ထဲမှာ နေရ မည်။ ယဇ်ပုရောဟိတ်မင်း သေသောနောက်မှ၊ ထိုသူ သည် မိမိပိုင်သောမြေသို့ ပြန်ရသောအခွင့်ရှိ၏။ 29
ဤရွေ့ကား၊ သင်တို့သည် နေလေရာရာ၌ သားမြေးအစဉ်အဆက် စောင့်ရသော စီရင်ထုံးဖွဲ့ချက် ဖြစ်သတည်း။ 30 လူအသက်ကို
သတ်၍ လူသတ်ဖြစ်သောသူ မည်သည်ကား၊ သက်သေခံချက် ရှိသည်အတိုင်း အသေ သတ်ခြင်းကို အမှန်ခံရမည်။ သို့ရာတွင်
သက်သေ တယောက်တည်းသာရှိလျှင် မသတ်ရ။ 31 အသေခံထိုက်သော လူသတ်၏ အသက်ဘိုးငွေ ကို မခံမယူရ။ သူသည်
အသေသတ်ခြင်းကို အမှန် ခံရမည်။ 32 မှီခိုရာမြို့သို့ ပြေးသောသူသည်၊ ယဇ်ပုရော ဟိတ်မင်း မသေမှီ၊ မိမိနေရင်းအရပ်သို့ ပြန်၍
နေမည် အကြောင်း၊ အရွေးငွေကို မခံမယူရ။ 33 ထိုသို့ သင်တို့နေသောပြည်ကို ညစ်ညူးစေတတ်၏။ လူအသွေးကို သွန်းသောသူ၏
အသွေးအားဖြင့်သာ ထိုညစ်ညူးခြင်းကို စင်ကြယ်စေနိုင်၏။ 34 ငါကျိန်းဝပ်၍ သင်တို့နေသောပြည်ကို မညစ် ညူးစေရ။
ငါထာဝရဘုရားသည် ဣသရေလအမျိုးသား တို့တွင် ကျိန်းဝပ်သည်ဟု မိန့်တော်မူ၏။


generated on Tue Jul 2 12:50:28 2024

## Chapter 36

1 ယောသပ်အမျိုးဖြစ်သော မနာရှေနှင့် မာခိရတို့ မှ ဆင်းသက်သော ဂိလဒ်၏သား အဆွေအမျိုးသူကြီး တို့သည်၊ မောရှေအစရှိသော
ဣသရေလအမျိုးသား အဆွေအမျိုး သူကြီးတို့ထံသို့ လာ၍၊ 2 အကျွန်ုပ်တို့သခင်သည် စာရေးတံချသဖြင့်၊
ဣသရေလအမျိုးသားတို့အား ခါနာန်ပြည်ကို အမွေပေး စေခြင်းငှါရင်း၊ အကျွန်ုပ်တို့အစ်ကို ဇလောဖဒ်၏ အမွေမြေကို
သူ၏သမီးတို့အား ပေးစေခြင်းငှါရင်း၊ ထာဝရဘုရားအမိန့်တော် ရှိပါ၏။ 3 ထိုမိန်းမတို့သည် မိမိအမျိုးမှတပါး၊ အခြားသော
ဣသရေလအမျိုးသားနှင့် စုံဘက်လျှင်၊ သူတို့အမွေမြေကို အကျွန်ုပ်တို့ မိဘအစဉ်အဆက် အမွေမှနှုတ်၍ သူတို့ ဝင်သောအမျိုး၏
အမွေထဲ၌ ပါသွားသဖြင့်၊ အကျွန်ုပ်တို့ အမွေမြေသည် လျော့ပါလိမ့်မည်။ 4 ဣသရေလအမျိုးသား တို့၌ ယုဘိလနှစ်ရောက်သောအခါ၊
သူတို့အမွေမြေသည် သူတို့ဝင်သောအမျိုး၏ အမွေ၌ အမြဲတည်သဖြင့်၊ အကျွန်ုပ်တို့၏ မိစဉ်ဘဆက် အမွေမှ အစဉ်နှုတ်လျက်
ရှိပါလိမ့်မည်ဟု လျှောက်ထားကြ၏။ 5 ထိုအခါ မောရှေသည် ထာဝရဘုရား၏ အမိန့် တော်အတိုင်း၊ ဣသရေလအမျိုးသားတို့အား
မှာထားလေ သည်မှာ၊ ယောသပ်အမျိုးသားတို့၏ စကားသည် လျောက်ပတ်ပေ၏။ 6 ဇလောဖဒ်သမီးတို့၏ အမှု၌ ထာဝရဘုရား
မိန့်တော်မူသည်ကား၊ သူတို့သည် အလိုရှိသောသူနှင့် စုံဘက်ပါလေစေ။ သို့ရာတွင် မိစဉ်ဘဆက် အမျိုးသားမှ တပါး၊ အခြားသူနှင့်
စုံဘက်ခြင်းကို မပြုစေနှင့်။ 7 ဣသရေလအမျိုးသားတို့၏ အမွေမြေသည် တမျိုးမှတမျိုးသို့ မပြောင်းရ။ ဣသရေလအမျိုးသား
အပေါင်းတို့သည်၊ အသီးအသီး မိမိတို့မိစဉ်ဘဆက် အမွေမြေ၌ မေရကြမည်။ 8 ဣသရေလအမျိုး တစုံတမျိုး၌ အမွေမြေရှိ သော
မိန်းမသည် မိမိတို့ မိစဉ်ဘဆက် အမျိုးသားနှင့် စုံဘက်ရမည်။ ထိုသို့ ဣသရေလအမျိုးသား အသီး အသီးတို့သည် မိမိတို့
မိစဉ်ဘဆက်အမွေမြေကို ခံစား ရကြမည်။ 9 အမွေမြေသည် တမျိုးမှတမျိုးသို့ မပြောင်းရ။ ဣသရေလအမျိုးသား
အသီးအသီးတို့သည် မိမိတို့အမွေ မြေ၌ နေကြရမည်ဟု မိန့်တော်မူ၏။ 10 ထာဝရဘုရားသည် မောရှေအား မှာထားတော်
မူသည်အတိုင်း၊ ဇလောဖဒ်၏ သမီး မလာ၊ 11 တိရဇာ၊ စောဂလာ၊ မိလကာ၊ နောအာတို့သည် ပြု၍၊ ဘကြီးသား၊ ဘထွေသားတို့နှင့်
စုံဘက်ကြ၏။ 12 ထိုသို့ ယောသပ်တွင်မြင်သော မနာရှေသား အဆွေအမျိုး၌ စုံဘက်ခြင်းအမှုကို ပြု၍၊ သူတို့အမွေမြေ သည်
သူတို့မိစဉ်ဘဆက်အမျိုး တည်နေ၏။ 13 ဤရွေ့ကား၊ မောဘလွင်ပြင်၊ ယော်ဒန်မြစ်နား ယေရိခေါမြို့တဘက်၌ ထာဝရဘုရားသည်
မောရှေအား ဖြင့် ဣသရေလအမျိုးသားတို့အား ထားတော်မူသော စီရင်ထုံးဖွဲ့ချက် ဖြစ်သတည်း။

 generated on Tue Jul 2 12:50:28 2024

# Deuteronomy

## Chapter 1

1 တောကြီးလွင်ပြင်၊ ယော်ဒန်မြစ်နား၊ သုဖမြို့ တဘက်၊ ပါရန်မြို့၊ တောဖလမြို့၊ လာဗန်မြို့၊ ဟာဇရုတ် မြို့၊ ဒိဇဟတ်မြို့တို့အလယ်၌
မောရှေသည် ဣသရေလ အမျိုးသားတို့အား ဟောပြောသောစကားများကို ပြန်ရ လေသည်မှာ၊ 2 ကာဒေရှဗာနာ အရပ်သည်၊
စိရတောင်လမ်း ဖြင့် ဟောရပ်အရပ်နှင့် ဆယ်တရက်ခရီး ကွာသတည်း။ 3 မောရှေသည် ဟေရှဘုန်မြို့၌နေသော အာမော ရိရှင်ဘုရင်
ရှိဟုန်ကိုဒင်း၊ 4 ဧဒြေပြည်၊ အာရှတရုတ်မြို့ ၌နေသော ဗာရှန်ဘုရင် ဩဃကိုဒင်း လုပ်ကြံပြီးမှ၊ သက္ကရာဇ် လေးဆယ်ပြည့်၊
ဧကာသမလ၊ 5 ပဌမနေ့ရက်၌ မောဘပြည်၊ ယော်ဒန် မြစ်နားမှာ ထာဝရဘုရား မှာထားသော် မူနှင့်သမျှ အတိုင်း၊
ဣသရေလအမျိုးသား တို့အား ဆင့်ဆို၍ ဟောပြောသော တရားစကားဟူမူ ကား၊ 6 ငါတို့ဘုရားသခင် ထာဝရဘုရားသည်၊ ဟောရပ်
အရပ်၌ ငါတို့အား မိန့်တော်မူသည်ကား၊ သင်တို့သည် ကာလအချိန်စေ့အောင် ဤတောင်၌ နေကြပြီ။ 7 လှည့်လည်၍
ခရီးသွားကြလော့။ အာမောရိ တောင်သို့ဒင်း၊ ထိုတောင်နှင့် နီးသောအရပ်၊ လွင်ပြင်၊ တောင်ရိုး၊ ချိုင့်၊ တောင်မျက်နှာ၊
ပင်လယ်နားသို့ဒင်း၊ ခါနာန်ပြည်၊ လေဗနုန်တောင်၊ ဥဖရတ်မြစ်ကြီး တိုင်အောင်ဒင်း သွားကြလော့။ 8 ထိုပြည်ကို သင်တို့ရှေ့မှာ
ငါထားပြီ။ ထာဝရ ဘုရားသည် သင်တို့အဘ အာဗြဟံ၊ ဣဇာက်၊ ယာကုပ်မှ စ၍၊ သူတို့အမျိုးအနွယ်အား ပေးမည်ဟု ကျိန်တော်မူ
သောပြည်ကို ဝင်၍ သိမ်းယူကြလော့ဟု မိန့်တော်မူ၏။ 9 ထိုအခါ သင်တို့အား ငါပြောသည်ကား၊ သင်တို့ အမှုကို ငါတယောက်တည်း
မထမ်းနိုင်။ 10 သင်တို့၏ ဘုရားသခင် ထာဝရဘုရားသည် သင်တို့ကို များပြားစေတော်မူ၍၊ သင်တို့သည် အရေ အတွက်အားဖြင့်
ကောင်းကင်ကြယ်ကဲ့သို့ ယနေ့ ဖြစ်ကြ၏။ 11 သင်တို့အဘများ၏ ဘုရားသခင် ထာဝရဘုရား သည် သင်တို့ကို အဆအထောင်အားဖြင့်
များပြားစေ တော်မူပါစေသော။ ဂတိတော်ရှိသည်အတိုင်း ကောင်း ကြီးပေးတော်မူပါစေသော။ 12 သင်တို့ပင်ပန်းခြင်း၊
အမှုဆောင်ရွက်ခြင်း၊ ရန် တွေ့ခြင်းဝန်ကို ငါတယောက်တည်း အဘယ်သို့ ထမ်းနိုင် မည်နည်း။ 13 ဉာဏ်ပညာနှင့်ပြည့်စုံ၍
အသရေရှိသောသူတို့ ကို သင်တို့အမျိုးများထဲက ရွေးပေးကြလော့။ သူတို့ကို မင်းအရာ၌ ငါခန့်ထားမည်ဟု ပြောဆိုလျှင်၊ 14 သင်တို့က
ကိုယ်တော်ပြောသည်အတိုင်း ပြုကောင်း ပါသည်ဟု ပြန်ဆိုကြ၏။ 15 ထိုကြောင့် သင်တို့အမျိုးများ၌ အသရေရှိသော လူကြီး၊
ပညာရှိတို့ကို ငါရွေးချယ်ပြီးလျှင်၊ သင်တို့တွင် မင်းလုပ်ရသောသူတည်း ဟူသော လူတထောင်အုပ်၊ တရာအုပ်၊ ငါးဆယ်အုပ်၊
တဆယ်အုပ်၊ အကြပ်အဆော် အရာ၌ ခန့်ထား၏။ 16 တရားသူကြီးတို့အားလည်း၊ သင်တို့ ညီအစ်ကို ၏ အမှုတို့ကို နားထောင်၍
အမျိုးသားချင်း တရားတွေ့ သည်ဖြစ်စေ၊ တပါးအမျိုးသားနှင့် တွေ့သည်ဖြစ်စေ၊ တရားသဖြင့် စီရင်ကြလော့။ 17 တရားအမှုကို
စီရင်သောအခါ အဘယ်သူ၏ မျက်နှာကို မထောက်ရ။ လူငယ်စကားကို လူကြီးစကားကဲ့ သို့ မှတ်ရမည်။ အဘယ်လူကိုမျှ
မကြောက်ရ။ အကြောင်း မူကား၊ တရားအမှုကို ဘုရားသခင်ပိုင်တော်မူသော ကြောင့်တည်း။ ကိုယ်တိုင်မစီရင်တတ်သော အမှုကို
ငါ့ထံမှာ အယူခံရမည်။ ငါလည်း နားထောင်မည်ဟု မှာခဲ့၏။ 18 သင်တို့ပြုရသမျှသော အမှုတို့ကိုလည်း ထိုအခါ ငါမှာထားခဲ့၏။ 19
ငါတို့သည် ဟောရပ်အရပ်မှ ထွက်သောနောက်၊ အာမောရိတောင်သို့ သွားသော လမ်းနားမှာ ကြောက် မက်ဘွယ်ဖြစ်၍
သင်တို့တွေ့မြင်သော တောကြီးအလယ် ၌၊ ငါတို့ဘုရားသခင် ထာဝရဘုရား မှာထားတော်မူ သည်အတိုင်း ရှောက်သွား၍၊
ကာဒေရှဗာနာအရပ်သို့ ရောက်ကြ၏။ 20 ထိုအခါ ငါကလည်း၊ ငါတို့ဘုရားသခင် ထာဝရ ဘုရားပေးတော်မူသော အာမောရိတောင်သို့
သင်တို့ သည် ရောက်ကြပြီ။ 21 သင်တို့ဘုရားသခင် ထာဝရဘုရားသည် ပြည် တော်ကို သင်တို့ရှေ့မှာ ထားတော်မူပြီ။ သင်တို့အဘ
များ၏ ဘုရားသခင် ထာဝရဘုရား မိန့်တော်မူသည် အတိုင်း၊ တက်သွား၍ သိမ်းယူကြလော့။ မကြောက်ကြ နှင့်။ စိတ်လည်း
မပျက်ကြနှင့်ဟု ပြောဆို၏။ 22 ထိုအခါ သင်တို့ရှိသမျှသည် ငါ့ထံသို့ ချဉ်းကပ် ၍၊ အကျွန်ုပ်တို့ရှေ့၌ လူတို့ကို စေလွှတ်ပါမည်။
သူတို့သည် ထိုပြည်ကို စူးစမ်းပြီးမှ၊ အကျွန်ုပ်တို့သည် အဘယ်လမ်းသို့သွားလျှင် အဘယ်မြို့သို့ ရောက်ရ မည်ကို ကြားပြောကြပါ
လိမ့်မည်ဟု၊ 23 လျှောက်ဆိုသောစကားကို ငါနှစ်သက်၍၊ သင်တို့တွင် တမျိုးတယောက်စီ၊ လူပေါင်း တကျိပ် နှစ်ယောက်တို့ကို
ရွေးထား၏။ 24 ထိုသူတို့သည် တောင်ပေါ်သို့ လှည့်သွား၍၊ ဧရှကောလချိုင့်သို့ ရောက်သဖြင့် စူးစမ်းကြ၏။ 25 ထိုပြည်၌ရသော
သစ်သီးကို ထမ်း၍ ဆောင်ခဲ့ လျက်၊ ငါတို့ဘုရားသခင် ထာဝရဘုရားပေးတော်မူ သောပြည်သည် ကောင်းသော ပြည်ဖြစ်၏ဟု
ကြားပြော ကြသော်လည်း၊ 26 သင်တို့သည် မသွားဘဲ၊ သင်တို့ဘုရားသခင် ထာဝရဘုရား၏ အမိန့်တော်ကို ဆန်လျက်၊ 27
ထာဝရဘုရားသည် ငါတို့ကိုမုန်း၍ ဖျက်ဆီးချင် သောကြောင့်၊ အာမောရိလူတို့ လက်၌ အပ်လိုသောငှါ၊ အဲဂုတ္တုပြည်မှ
နှုတ်ဆောင်တော်မူသည်တကား။ 28 ငါတို့သည် အဘယ်သို့ သွားရမည်နည်း။ ညီအစ်ကိုတို့က၊ ထိုပြည်သားတို့သည် ငါတို့ထက်သာ၍
ကြီး၏။ အရပ်လည်း သာ၍မြင့်၏။ မြို့လည်း မိုဃ်း ကောင်းကင်သို့ထိသော မြို့ရိုးလည်းရှိ၏။ ထိုပြည်၌ လည်း၊
အာနကအမျိုးသားတို့ကို မြင်ရ၏ဟု ငါတို့စိတ်ကို ဖျက်ကြပြီဟု သင်တို့သည် တဲများ၌ ဆန့်ကျင်ဘက်ပြု ကြ၏။ 29 ထိုအခါ ငါက၊
မထိတ်လန့်ကြနှင့်၊ သူတို့ကို မကြောက်ကြနှင့်။ 30 သင်တို့ရှေ့မှာကြွတော်မူသော သင်တို့၏ ဘုရား သခင် ထာဝရဘုရားသည်
သင်တို့မျက်မှောက်၊ အဲဂုတ္တုပြည်၌ဒင်း၊ 31 သင်တို့လိုက်လာသော လမ်းတလျှောက်လုံး၊ ဤအရပ်တိုင်အောင် အဘသည် သားကို
ချီပိုက်သကဲ့သို့၊ သင်တို့၏ ဘုရားသခင် ထာဝရဘုရားသည် သင်တို့ကို ချီပိုက်တော်မူသော ကျေးဇူးတော်ကို ခံရာတော၌ဒင်း၊


generated on Tue Jul 2 12:50:28 2024

သင်တို့အဘို့ ပြတော်မူသကဲ့သို့၊ သင်တို့ဘက်၌ စစ်ကူ တော်မူမည်ဟု ဆိုသော်လည်း၊ [32] သင်တို့တဲစားခန်းချရာအရပ်ကို ရှာ၍ သင်တို့
သွားလတံ့သောလမ်းကို ပြခြင်းငှါ၊ ညဉ့်ခါ မီး၌၎င်း၊ နေ့အခါ မိုဃ်းတိမ်၌၎င်း၊ [33] သင်တို့ရှေ့မှာ ကြွတော်မူသော သင်တို့ဘုရားသခင်
ထာဝရဘုရား၏ စကားတော်ကို ထိုအမှု၌ သင်တို့ မယုံကြပါတကား။ [34] သင်တို့စကားသံကို ထာဝရဘုရားကြား၍
မျက်တော်ထွက်လျက်၊ [35] သူတို့ဘိုးဘေးတို့အား ငါပေးမည်ဟု ငါကျိန်ဆို သော ပြည်ကောင်းကို၊ ယေဖုန္နာ၏သား ကာလက်မှ တပါး၊
ဤဆိုးသောလူမျိုး တစုံတယောက်မျှ ဆက်ဆက် မမြင်ရ။ [36] ထိုသူသည် ထာဝရဘုရားနောက်တော်သို့ လုံးလုံးလိုက်သော ကြောင့်
မြင်ရ၏။ သူနင်းသောပြည်ကို သူမှစ၍ သူ၏သားမြေးတို့အား ငါပေးမည်ဟု ကျိန်ဆို တော်မူ၏။ [37] သင်တို့အတွက်
ထာဝရဘုရားသည် ငါ့ကိုလည်း အမျက်တော်ထွက်၍၊ သင်သည် ထိုပြည်သို့ မဝင်စားရ။ [38] သင့်လက်ထောက် နုန်၏သား ယောရှုသည်
ဝင်စားရမည်။ သူသည် ဣသရေလအမျိုးသား အမွေခံ စေမည့်သူ ဖြစ်သောကြောင့်၊ သူ့ကို အားပေးလော့။ [39]
ရန်သူလုယူရာဖြစ်မည်ဟု သင်တို့ဆိုသော သူငယ်များ၊ ထိုအခါ ကောင်းမကောင်းကို ပိုင်းခြား မသိနိုင်သေးသော
သားသမီးများတို့သည် ထိုပြည်ကို ဝင်စား၍၊ ငါပေးသည်အတိုင်း သိမ်းယူကြလိမ့်မည်။ [40] သင်တို့မူကား၊
လှည့်၍ဧဒုံပင်လယ်လမ်းဖြင့် တောသို့ခရီးသွားကြဦးလော့ဟု မိန့်တော်မူ၏။ [41] သင်တို့ကလည်း၊ အကျွန်ုပ်တို့သည် ထာဝရ ဘုရားကို
ပြစ်မှားမိပါပြီ။ အကျွန်ုပ်တို့ ဘုရားသခင် ထာဝရဘုရား မှာထားတော်မူသမျှအတိုင်း၊ ယခုသွား၍ စစ်တိုက်ပါမည်ဟု ငါ့အား
လျှောက်ဆိုလျက်၊ လူအပေါင်း တို့သည် လက်နက်စွဲကိုင်လျက်၊ တောင်ပေါ်သို့ တက်ခြင်း ငှါ အသင့်နေကြ၏။ [42]
ထာဝရဘုရားကလည်း၊ တက်၍ မတိုက်ကြနှင့်။ သင်တို့ဘက်၌ ငါမရှိ။ တိုက်လျှင် ရန်သူရှေ့မှာ ရှုံးရကြ လိမ့်မည်ဟု သင်တို့အား
ဆင့်ဆိုရမည်အကြောင်း၊ ငါ့အား မိန့်တော်မူသည်အတိုင်း၊ [43] ငါဆင့်ဆိုသော်လည်း သင်တို့သည် နား မထောင်၊ ထာဝရဘုရား၏
အမိန့်တော်ကို ငြင်းဆန်၍ ခိုင်ခံ့သောစိတ်နှင့် တောင်ပေါ်သို့ တက်ကြ၏။ [44] ထိုအခါ တောင်ပေါ်မှာရှိနှင့်သော အာမောရိ
အမျိုးသားတို့သည် သင်တို့တဘက်၌ ထွက်လာလျက်၊ ပျားများအုံ၍ လိုက်သကဲ့သို့ သင်တို့ကိုလိုက်၍၊ စိရအရပ်၊
ဟောမာမြို့တိုင်အောင် ဖျက်ဆီးကြ၏။ [45] သင်တို့သည်လည်း ပြန်လာ၍ ထာဝရဘုရား ရှေ့တော်၌ ငိုကြွေးကြ၏။ သို့သော်လည်း
သင်တို့စကား ကို ထာဝရဘုရား နားထောင် နားယူတော်မမူ။ [46] ထိုကြောင့် ကာဒေရှအရပ်၌ အရင်နေသကဲ့သို့ ကြာမြင့်စွာ
နေပြန်ရကြ၏။

---

Deuteronomy 01

ယော်ဒန်မြစ်နား

ဤနေရာသည် ဣသရေလပြည်အရှေ့ဘက်ခြမ်း ယော်ဒန်မြစ် တစ်ဘက်ကမ်းဒေသကို ညွှန်းဆိုသည်။ မောရှေသည် ဟောပြောသည့်အချိန်တွင် ယော်ဒန်မြစ်အရှေ့ဘက်တွင်ရှိနေသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယော်ဒန်မြစ်၏ အရှေ့ဘက်"

သုဖမြို့ တဘက်၊ ပါရန်မြို့၊ တောဖလမြို့၊ လာဗန်မြို့၊ ဟာဇရုတ် မြို့၊ ဒိဇဟတ်မြို့

မြို့များ၏ နာမည်ဖြစ်သည်။ (ရှု၊ |How to Translate Names)

ဟောရပ်အရပ်မှ အကာဒေရှဗာနာ အရပ်သို့ဆယ်တရက်ခရီး

"၎င်းသည် ဟောရပ်အရပ်မှ အကာဒေရှဗာနာ အရပ်သို့ဆယ်တရက်ကြာသည့် ခြေကျင်ခရီး"

စိရတောင်

ပင်လယ်သေတောင်ပိုင်းတွင် ရှိသောတောင်တန်းများရှိသည့်နေရာဖြစ်သည်။ ဤဒေသကို ဧဒုံဟုလည်းခေါ်သည်။

တစ်ဆယ်တစ်

"၁၁" (ရှု၊ |Numbers)

Deuteronomy 03

၎င်းအဖြစ်အပျက်သည်သက္ကရာဇ် လေးဆယ်ပြည့်၊ ဧကာသမလ၊ ပဌမနေ့ရက်၌မောရှေဟောပြောသောစကားဖြစ်သည်။

အစဉ်ပြကိန်းများကို မူလသင်္ချာနံပါတ်ကဲ့သို့ ဘာသာပြန်နိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မောရှေဟောကြားပြောဆိုသောအချိန်တွင် သူတို့သည် သဲကန္တာရတွင် နှစ် ၄၀၊ ၁၁ လ၊ ၁ ရက်ကြာ နေထိုင်ခဲ့သည်။

လေးဆယ်

၄၀

သက္ကရာဇ် လေးဆယ်ပြည့်၊ ဧကာသမလ၊ ပဌမနေ့ရက်

၎င်းသည် ဟေဗြဲပြက္ခဒိန်၏ တစ်ဆယ့်တစ်လဖြစ်သည်။ ပဌမနေ့ရက်သည် အနောက်တိုင်းပြက္ခဒိန်တွင်ဇန်နဝါရီလအလယ်ပိုင်းနှင့် နီးစပ်မှုရှိသည်။

ထာဝရဘုရား

ဤအမည်သည် ဓမ္မဟောင်းကျမ်းစာတွင် သူ့လူမျိုးများထံသို့ ဖွင့်ဟပြောဆိုသော ဘုရားသခင်၏ နာမတော်ဖြစ်ပါသည်။

ထာဝရဘုရားလုပ်ကြံသည်၊ သတ်ဖြတ်သည်

"ထာဝရဘုရားသည် ဣသရေလလူမျိုးများကို အနိုင်ယူသည်"



generated on Tue Jul 2 12:50:28 2024

ရှိဟုန် .... ဩဃ
ဤအမည်များသည် ရှင်ဘုရင်များ၏ အမည်များဖြစ်သည်။

ဟေရှဘုန် .... အာရှတရုတ်
ဤအမည်များသည် မြို့များ၏ နာမည်များဖြစ်သည်။

Deuteronomy 05

ငါတို့အားမိန့်တော်မူသည်။
ငါတို့ ဟူသောစကားလုံးသည် မောရှေနှင့် အခြားသော ဣသရေလလူမျိုးတို့ကို ဆိုလိုသည်။

ယော်ဒန်မြစ်တစ်ဖက်ကမ်း
ဤနေရာသည် ဣသရေလပြည်အရှေ့ပိုင်းရှိ ယော်ဒန်မြစ်တစ်ဖက်ကမ်းကို ဆိုလိုပါသည်။ မောရှေသည် ဤအကြောင်းကို ပြောသောအချိန်တွင် ယော်ဒန်အရှေ့ပိုင်းတွင်ရှိသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယော်ဒန်မြစ်အရှေပိုင်း". ၁:၁ အတိုင်း ဘာသာပြန်ရန်။

သင်တို့သည် ကာလအချိန်စေ့အောင် ဤတောင်၌ နေကြပြီ။
ၡင်းသည် ကာလဒေသအလိုက် သုံးသောစကားဖြစ်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့သည်ဤတောင်နားတွင် အချိန်ပို၍ ကြာမြင့်စွာ နေရန်မလိုအပ်ပါ"

Deuteronomy 07

ယေဘုယျအချက်အလက်
မောရှေသည် ထာဝရဘုရား၏ကြားပြောချက်များကို ဣသရေလလူမျိုးများထံသို့ ဆက်လက် သတိပေးပါသည်။

လှည့်လည်၍ ခရီးသွားကြလော့။
လှည့်လည်ဟူသော စကားလုံးသည် လှုပ်ရှားမှုအစ၏ နေရာဒေသ စကားအသုံးအနှုန်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ ခရီးကို ပြန်လည်အစပြုကြစို့"

တောင်အရပ်
ဤဒေသသည် အာမောရိလူမျိုးများ နေထိုင်ရာဒေသနှင့်နီးသော တောင်ကုန်းဒေသဖြစ်သည်။

တောင်အရပ် .... ဥဖရတ်မြစ်
ထာဝရဘုရားသည် ဣသရေလလူမျိုးတို့အား သူကတိတော်ထားရှိသည့်အတိုင်း ပေးထားမည်ဟု ဖော်ပြသောနေရာ။

ချိုင့်
မြေနိမ့်ပိုင်းဖြစ်၍ ပြန့်ပြူးသော ဒေသ။

ကြည့်
"ငါ ပြောထားသည့်အကြောင်းကို အာရုံစိုက်၍ ကြည့်လော့"

သင်တို့ရှေ့မှာဤအရပ်ကိုငါထား၏။
"ဤအရပ်ကို ယခုသင်တို့အား ငါပေး၏။"

အဘ
အဘ ဟူသော စကားလုံးသည် ဘိုးဘေးဘီဘင်အားလုံးအတွက် ကိုယ်စားပြုပါသည်။

Deuteronomy 09

ယေဘုယျအချက်အလက်
မောရှေသည် ထာဝရဘုရားက သူတို့ထံပြောသော အရာများကို ဣသရေလလူမျိုးများအား ဆက်လက်သတိရစေသည်။

ထိုအခါ သင်တို့အား ငါပြောသည်ကား
ဤတွင် ငါ ဟူသည် မောရှေကို ရည်ညွှန်းပါသည်။ စကားအသုံးအနှုန်း "ထိုအခါ" သည် ဣသရေလလူမျိုးများ သိနတောင်မှာနေတဲ့ အချိန်ကဲ့သို့ ဟောရပ်တောင်မှာ နေရသည့်အချိန်ကို ညွှန်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါတို့ ဟောရပ်မှာနေတဲ့အချိန် သင်တို့အဖို့ ငါပြော၏"

သင်တို့အမှုကို ငါတစ်ယောက်တည်းမထမ်းနိုင်
ဤတွင် "သင်တို့အမှု" သည် "သင်တို့ကိုဦးဆောင်ရန်" သို့မဟုတ် "သင်တို့ကိုအုပ်ချုပ်ရန်" ဟုအဓိပ္ပါယ်ရှိပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါကိုယ်တိုင် သင်တို့ဦးဆောင်ရန် ၎င်းကို ငါတတ်နိုင်မည်မထင်"

အရေ အတွက်အားဖြင့် ကောင်းကင်ကြယ်ကဲ့သို့
ၡင်းသည် ထာဝရဘုရားက ဣသရေလလူမျိုးများ၏ အရေအတွက်ကို ကြီးမားစွာ ပုံကြီးချဲ့၍ ပြောဆိုခြင်းကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကြီးမား သော လူထုအစုအဝေး"

အဆအထောင်အားဖြင့်
စကားအသုံးအနှုန်း "အဆအထောင်" သည် "အလွန်များပြားခြင်း" ကို ဥပစာဖော်ပြခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အဆပေါင်းများစွာအလွန်များပြားခြင်း"

အဆအထောင်
၁၀၀၀

Deuteronomy 12

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးတို့အား ဆက်လက်ပြောကြားသည်။

သင်တို့ပင်ပန်းခြင်း၊ အမှုဆောင်ရွက်ခြင်း၊ ရန် တွေ့ခြင်းဝန်ကို ငါတယောက်တည်း အဘယ်သို့ ထမ်းနိုင် မည်နည်း။
မောရှေသည် သူကိုယ်တိုင်သူတို့၏ ပြဿနာအားလုံးကိုဖြေရှင်းနိုင်မည်မဟုတ်ကြောင်း အလေးထားပြီး မေးခွန်း သုံးပါသည်။

အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည်သင်တို့၏ ပင်ပန်းခြင်း၊ အမှုဆောင်ရွက်ခြင်း၊ ရန်တွေ့ခြင်းဝန်ကို မထမ်းနိုင်"

သင်၏ရန်တွေ့ခြင်းဝန်
"သင်၏ ငြင်းခုံခြင်း" သို့မဟုတ် "သင်၏ သဘောကွဲလွဲခြင်း"

သင်တို့အမျိုးများထဲက ရွေးပေးကြလော့။
ဣသရေလလူမျိုးများ ထဲမှ

Deuteronomy 15

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများကို ဆက်လက်ပြောဆိုသည်။

အသရေရှိသော လူကြီး
လူများလေးစားသောသင်၏လူကြီး။ ရှု၊ 1:12 ၌ ဘာသာပြန်သည့်အတိုင်း ပြန်ဆိုနိုင်သည်။

လူတထောင်အုပ်၊ တရာအုပ်၊ ငါးဆယ်အုပ်၊ တဆယ်အုပ်
လူတထောင်အုပ်၊ တရာအုပ်၊ ငါးဆယ်အုပ်၊ တဆယ်အုပ်

မင်းလုပ်ရသောသူ
ၒင်းတို့သည် ဣသရေလလူမျိုး၏ ခေါင်းဆောင်အသီးသီးများဖြစ်သည်။

သင်တို့အမျိုးများ၌
သင်၏ အမျိုးများအသီးသီးမှ

သင်တို့ ညီအစ်ကို ၏ အမှုတို့ကို နားထောင်၍ အမျိုးသားချင်း တရားတွေ့သည်။
"ဣသရေလလူမျိုးများ အချင်းချင်းအငြင်းပွါးမှုများမှန်ကန်စွာနှင့် တရားမျှတစွာ ဆုံးဖြတ်ပေးသည်"

Deuteronomy 17

ယေဘုယျအချက်အလက်
မောရှေသည် တရားသူကြီးများအား ဆက်လက်၍ များပြားစွာ အမိန့်ပေးခဲ့သည်။

မျက်နှာကို မထောက်ရ
"ဘက်လိုက်မှု မရှိရ"

လူငယ်စကားကို လူကြီးစကား ကဲ့သို့မှတ်ရမည်။
ဤအစွန်းရောက်မှု နှစ်ခုဖြစ်သော "အငယ်" နှင့် "အကြီး" သည် လူအားလုံးကို ကိုယ်စားပြုပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် လူများအားလုံးကိုထပ်တူထပ်မျှ ဆက်ဆံရမည်။"

သင်သည်အဘယ်လူကိုမျှ မကြောက်ရ။
"မျက်နှာ " ဟူသောစကားလုံးသည် လူထုတစ်ရပ်လုံးနှင့်နှီးနွယ်သောစကားဖြစ်သည်။ "သင်မလုပ်ရ" သည် "တစ်စုံတစ်ယောက်ကို မကြောက်ရ" ဟု မှတ်ချက်ချပါသည်။

ထိုအခါ
ဤအရာများသည် သိနတောင်ရှိ ဟောရပ်မှာ နေခဲ့တဲ့အချိန်ဟု အဓိပ္ပါယ်ရပါသည်။

Deuteronomy 19

ယေဘုယျအချက်အလက်
မောရှေသည် အရင်က ဣသရေလမျိုးဆက်များကဲ့သို့လုပ်ဆောင်ရန် ဆက်လက်၍ အသိပေးပါသည်။

သင်တို့တွေ့မြင်သော တောကြီးအလယ် ၌
"သင်တို့ ဖြတ်ကျော်သော ကန္တာရသည်ကြီးမား၍ ကြောက်မက်ဘွယ် ကောင်းပါသည်။"

Deuteronomy 20

ယေဘုယျအချက်အလက်
မောရှေသည် အရင်ကဣသရေလမျိုးဆက်များကဲ့သို့လုပ်ဆောင်ရန် ဆက်လက်၍ အသိပေးပါသည်။

ပြည် တော်ကို သင်တို့ရှေ့မှာ ထားတော်မူပြီ။
"ယခု သင်တို့အား ဤမြေကို ငါပေး၏" (ရှု၊ 1:7 ၌ ဘာသာပြန်သည့်အတိုင်း ပြန်ဆိုနိုင်သည်။)

Deuteronomy 22

ယေဘုယျအချက်အလက်
မောရှေသည် အရင်က ဣသရေလမျိုးဆက်များကဲ့သို့လုပ်ဆောင်ရန် ဆက်လက်၍ အသိပေးပါသည်။

လူပေါင်းတစ်ကျိပ် နှစ်ယောက်
"လူပေါင်း ၁၂ ယောက်"

ထိုသူတို့သည် လှည့်သွား၍
သူတို့ ထိုနေရာလှည့်၍သွားသည်။

ဧကောလချိုင့်
ဤနေရာသည် ယေရုရှလင်တောင်ပိုင်းရှိ ဟေဗြုန်ချိုင့်ဝှမ်းဒေသဖြစ်သည်။

စူးစမ်းကြ၏
သူတို့ တိုက်ခိုက်မည့်နေရာကိုလေ့လာရှာဖွေကြသည်။

Deuteronomy 25

ယေဘုယျအချက်အလက်
မောရှေသည်
အရင်ကဣသရေလမျိုးဆက်များကဲ့သို့လုပ်ဆောင်ရန်
ဆက်လက်၍ အသိပေးပါသည်။

ရသော သစ်သီးကို ထမ်း၍
"မြေမှရသော သစ်သီးကို ကောက်ယူ၍"

သူတို့ဆောင်ခဲ့လျှက်
" လူ ၁၂ ယောက်ဆွဲသည်"

ကြားပြော ကြသော်လည်း
ပြောကြားသူပြောသော "စကားလုံး"
သည်တစ်ယောက်ယောက်က ယူဆောင်လာရန်
ရုပ်ပိုင်းဆိုင်ရာပြောကြားခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါတို့အား ပြောပါ"

ထာဝရဘုရားပေးတော်မူ သောပြည်သည် ကောင်းသော ပြည်ဖြစ်၏။
တိုက်ရိုက်ကိုးကားချက်ကို
သွယ်ဝိုက်ကိုးကားချက်ကဲ့သို့ဘာသာပြန်ဆိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါတို့ ထာဝရဘုရား
ပေးသောမြေသည် ကောင်း၏ဟု ပြောပါသည်။"

Deuteronomy 26

သင်တို့သည် မသွားဘဲ
ဘုရားသခင်က ဣသရေလလူမျိုးတို့အား အာမောရိလူမျိုးတို့ကို
တိုက်ခိုက်ရန်နှင့် ဖျက်ဆီးရန် အမိန့်ပေးသော်လည်း
ဣသရေလလူမျိုးတို့သည် ကြောက်ရွံ့၍ စိုးရိမ်ရပါသည်။

ယေဘုယျအချက်အလက်
မောရှေသည် အရင်က
ဣသရေလမျိုးဆက်များကဲ့သို့လုပ်ဆောင်ရန် ဆက်လက်၍
အသိပေးပါသည်။

ငါတို့သည် အဘယ်သို့ သွားရမည်နည်း။
ဤမေးခွန်းသည်
သူတို့စိုးရိမ်ရသည့်အကြောင်းကိုအသားပေးပါသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါတို့ သွားစရာ မရှိတော့ပါ။"

အာမောရိလူတို့ လက်၌
ဤတွင် "လက်၌" ဟူသည်
ဣသရေလများကိုအနိုင်ယူရန်အာမောရိလူတို့ကို တန်ခိုးပေး၏
ဟုအဓိပ္ပါယ်ရပါသည်။

ငါတို့စိတ်ကို ဖျက်ကြပြီ။
ရင်းသည် သူတို့ စိုးရိမ်လာခြင်းကို ဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊

မိုဃ်း ကောင်းကင်သို့ထိသော
အမှန်အတိုင်းထက် ချဲ့ပြောဆိုခြင်းအားဖြင့်
မြို့ရိုးလည်းကြီးမား၍ သန်စွမ်းသည့်အတွက်
မည်ကဲ့သို့ကြောက်စရာကောင်းကြောင်း ထင်ရှားစေသည်။

မိုဃ်း ကောင်းကင်သို့ထိသော
"နံရံများ၏ အမြင့်"

အာနကအမျိုးသား
ဤလူများသည် အာနကအမျိုးအနွယ်များဖြစ်၍
အင်မတန်ကြီးမားပြီး ရက်စက်သော လူများဖြစ်သည်။

Deuteronomy 29

ယေဘုယျအချက်အလက်
မောရှေသည်
အရင်ကဣသရေလမျိုးဆက်များကဲ့သို့လုပ်ဆောင်ရန်
ဆက်လက်၍ အသိပေးပါသည်။

သင်တို့မျက်မှောက်
ဥပမာစကား "သင်၏ မျက်မှောက်တွင်" သူတို့ မြင်သည့်အရာကို
ရည်ညွှန်းပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့
ကိုယ်တိုင်မြင်တွေ့သော"

သင်တို့အားငါပြောသည်။
"သင်တို့၏ ဘိုးဘေးဘီဘင်များအား ငါပြောသည်။"

သင်တို့၏ ဘုရားသခင် ထာဝရဘုရားသည် သင်တို့ကို ချီပိုက်တော်မူသော
မောရှေသည် ဣသရေလလူမျိုးများထံသို့ ပြောကြားရာတွင်
သူတို့ဟာ လူတစ်ယောက်ပမာ "သင်" နှင့် "သင်၏" ကို
ထူးခြားစွာသုံးပါသည်။

အဘသည် သားကို ချီပိုက်သကဲ့သို့၊ သင်တို့၏ ဘုရားသခင်
ထာဝရဘုရားသည် သင်တို့ကို ချီပိုက်တော်မူသော
ဤတွင် ထာဝရဘုရား၏ သူ့လူမျိုးများ စောင့်ရှောက်ပုံသည်
ဖခင်တစ်ယောက်ကဲ့သို့ နှိုင်းယှဉ်ထားပါသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် ဖခင်က
သူ့သားကို စောင့်ရှောက်သကဲ့သို့ သင်တို့ကို စောင့်ရှောက်သည်။"

ဤအရပ်တိုင်အောင်
"ထာဝရဘုရားပေးရန် ကတိပေးသော နေရာသို့
ရောက်သည့်အချိန်အထိ"

Deuteronomy 32

သင်တို့ရှေ့မှာ ကြွတော်မူသောသင်တို့ဘုရားသခင်
မောရှေသည် ကုန်လွန်လေပြီးသောအချိန်များတွင်
ဣသရေလလူမျိုးတို့၏ လမ်းခရီးလမ်းတစ်လျှောက်၌
ထာဝရဘုရားသခင်၏ လမ်းပြဦးဆောင်ခြင်းကို
ပြန်လည်သတိရစေသည်။


generated on Tue Jul 2 12:50:28 2024

ယေဘုယျအချက်အလက်
မောရှေသည်
အရင်ကက္ကလသရေလမျိုးဆက်များကဲ့သို့လုပ်ဆောင်ရန်
ဆက်လက်၍ အသိပေးပါသည်။

တဲစားခန်းချ
"သင်တို့၏ တဲများ ထိုးပါ"

Deuteronomy 34

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား
ထာဝရဘုရားပြောသောစကားကို ပြန်လည်သတိရစေသည်။

သင်တို့စကားသံကို ထာဝရဘုရားကြား၍
"သူတို့ ပြောသမျှကို ကြားသည်"

ငါကျိန်ဆို သော
ထာဝရဘုရားသခင်သည်သူ့ကိုဆန့်ကျင်ပုန်ကန်သောသူများကို
သူကတိပေးသော နယ်မြေသို့ဝင်ခွင့်မပေးရန် ကျိန်ဆိုသည်။

မြင်ရမည်။
"ဝင်ရမည်။"

ယေဖုန္နာ
ကာလက်အဖေ၏နာမည်ဖြစ်သည်။

ထိုသူသည် ထာဝရဘုရားနောက်တော်သို့ လုံးလုံးလိုက်သော ကြောင့်
ထာဝရဘုရားသည် တစ်စုံတစ်ယောက်ကဲ့သို့ ပြောသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် ငါ့ကို
ပြည့်စုံစွာနာခံသည်။"

Deuteronomy 37

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား ထာဝရဘုရားပြောသော
စကားကို ပြန်လည်သတိရစေသည်။

သင်တို့အတွက် ထာဝရဘုရားသည် ငါ့ကိုလည်း အမျက်တော်ထွက်၍
ထာဝရဘုရား၏မှာထားချက်များကို မောရှေသည်မနာခံဘဲ
ဣသရေလလူမျိုးများအား ဒေါသထွက်သည့်အကြောင်းကို
ရည်ညွှန်းပါသည်။

နုန်
ယောရှု၏အဖေနာမည်ဖြစ်သည်။

သင့်လက်ထောက်
အဘယ်ကြောင့် ယောရှုသည် မောရှေဘက်တွင် ရပ်တည်သည်ကို
ရှင်းလင်းစွာဖော်ပြထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "
သင်၏ဘက်၌ လုပ်ဖော်ဆောင်ဖက်ကဲ့သို့ရပ်တည်တဲ့သူ"
သို့မဟုတ် "သင့်ကိုကူညီတဲ့သူ"

Deuteronomy 39

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား
သူတို့အရင်ဘိုးဘေးများ လုပ်ဆောင်ရန် ထာဝရဘုရားပြောသော
စကားကို ပြန်လည်သတိရစေသည်။

ကောင်းမကောင်းကို ပိုင်းခြား မသိနိုင်သေးသော
သူတို့သည် ကောင်းသောအရာ
မကောင်းသောအရာများမသိကြသေးပါ။

သင်တို့မူကား၊ လှည့်၍ခရီးသွားကြဦးလော့။
"သင်တို့ ပြန်လှည့်၍ သင်တို့သွားခဲ့သည့်
လမ်းအတိုင်းပြန်လာကြပါ။"

Deuteronomy 41

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား သူတို့ ဘိုးဘေးများ
လုပ်ဆောင်ရန် ထာဝရဘုရားပြောသော စကားကို
ပြန်လည်သတိရစေသည်။

ထာဝရ ဘုရားကို ပြစ်မှားမိပါပြီ။
"ငါတို့သည် ထာဝရဘုရားကို မနာခံခြင်းဖြင့်
ဆန့်ကျင်နေပါသည်။"

ငါတို့သွား၍
"ငါတို့ နာခံ၍"

လက်နက်စွဲကိုင်လျက်၊ တောင်ပေါ်သို့ တက်ခြင်း
ဤတွင် ဥပမာစကား"တောင်ကုန်း"သည်လူများနေထိုင်
သည့်ဒေသနေရာကိုရည်ညွှန်းပါသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "တောင်ကုန်းတွင်
နေထိုင်သောသူများကိုတိုက်ခိုက်သွားရန်"

သင်တို့ဘက်၌ ငါမရှိ။ တိုက်လျှင် ရန်သူရှေ့မှာ ရှုံးရကြ လိမ့်မည်ဟု
ဒေသကတ္တားဝါကျဖြင့် ဖော်ပြနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့နှင့်အတူ
မရှိသည့်အတွက်သင်တို့ရန်သူကို ရှုံးလိမ့်မည်"

Deuteronomy 43

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား
ဆက်လက်ပြောဆိုသည်။

တောင်ပေါ်သို့ တက်ကြ
ဤတွင် ဥပမာစကား"တောင်ကုန်း"သည် လူများနေထိုင်
သည့်ဒေသနေရာကို ရည်ညွှန်းပါသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "တောင်ကုန်းတွင်
နေထိုင်သောသူများကိုတိုက်ခိုက်သွားရန်"

ပျားများအုံ၍ လိုက်သကဲ့သို့ သင်တို့ကိုလိုက်၍
"ပျား"သည် သေးငယ်ပြီး ပျံသန်းနိုင်သည့် အင်းဆက်ပိုးဖြစ်၍ အဖွဲ့လိုက်ပျံသန်းပြီး လူများကို စူး၍ နိုပ်စက်တတ်ပါသည်။ ၎င်းသည် အလွန်များပြားသော အာမောရိလူမျိုးများသည် ဣသရေလစစ်သည်များကိုတိုက်ခိုက်အနိုင်ယူသည့် အကြောင်းကိုဆိုလိုသည်။

စိရ
၎င်းသည် ကုန်းမြေအပိုင်းအစ၏ နာမည်ဖြစ်သည်။

ဟောမာ
၎င်းသည် မြို့နာမည်ဖြစ်သည်။

သင်တို့ကိုလိုက်၍ဖျက်ဆီး
"သင်တို့၏စစ်သည်အများအပြားကို သတ်သည်"

Deuteronomy 45

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား သူတို့အရင် ဘိုးဘေးများ လုပ်ဆောင်ရန် ထာဝရဘုရား ပြောသောစကားကို ဆက်လက်၍ ပြန်လည် သတိရစေသည်။

ပြန်လာ
"ကာဒေရှအရပ်သို့ ပြန်လာသည်။"

---

## Translation Questions

### Deuteronomy 1:1

မောရှေသည် မည်သည့်နေရာတွင် ဣသရေလလူတို့ကို ပြောခဲ့သနည်း။
မောရှေသည် ယော်ဒန်မြစ်နား တောကြီးလွင်ပြင်တွင်စကားပြောခဲ့သည်။

### Deuteronomy 1:3

ထာဝရဘုရား မှာထားတော်မူသောအရာကို မောရှေသည် မည်သည့်အချိန်တွင် ပြောခဲ့သနည်း။
လ၏ပထမဆုံးနေ့ ၌ ဒသမလ၏ ပထမဦးဆုံးနေ့ အနှစ်လေးဆယ်နှစ်တွင် ပြောခဲ့သည်။

### Deuteronomy 1:7

ထာဝရဘုရားသည် ထိုပြည်ပေးရန် မည်သူတို့ကို ကျိန်ဆိုခဲ့သနည်း။
ထာဝရဘုရားသည် ထိုပြည်ပေးဖို့ရန် အာဗြဟံ၊ ဣဇာက်၊ ယာကုပ်မှ စ၍သူတို့အမျိုးအနွယ်အား ကျိန်ဆိုခဲ့သည်။

### Deuteronomy 1:9

အဘယ့်ကြောင့် မောရှေသည် သူတစ်ဦးတည်း မကိုင်တွယ်နိုင်ဟုဆိုခဲ့သနည်း။
ဘုရားသခင်သည် သူတို့ကို ကောင်းကင်ကြယ်ကဲ့သို့များပြားစေခဲ့သောကြောင့် ဖြစ်သည်။

### Deuteronomy 1:12

မောရှေ၏ ဝန်တို့ကို မည်သူတို့သည် ထမ်းကူမည်နည်း။
ဉာဏ်ပညာနှင့်ပြည့်စုံ၍ အသရေရှိသော သူတို့အမျိုးနွယ်တို့သည် ဤသူတို့အပေါ်မှာ ဦးဆောင်၍ အကြီးအကဲလုပ်လိမ့်မည်။

### Deuteronomy 1:15

မောရှေသည် တရားသဖြင့်လုပ်ဆောင်ဖို့ မည်သို့ အမိန့်ပေးသနည်း။
မောရှေသည် တရားသဖြင့်လုပ်ဆောင်ဖို့ရန် အသရေရှိသော လူကြီးတို့နှင့် ပညာရှိတို့ကို ရွေးချယ်၍ အမိန့်ပေးခဲ့သည်။

### Deuteronomy 1:19

ဟောရပ်အရပ်မှ ထွက်လာပြီးနောက် အာမောရိတောင်သို့ သွားသော လမ်းတွင် ဣသရေလလူတို့သည် မည်သို့ လျှောက်သွားခဲ့သနည်း။
ကြောက်မက်ဖွယ်ကောင်း၍ ကြီးမားသောတောကြီးတွင် လျှောက်သွားခဲ့သည်။

### Deuteronomy 1:22

လူတို့သည် မောရှေအား ရှေ့ပြေးလူကို စေလွှတ်သင့်ကြောင်း အဘယ်ကြောင့် ဆိုကြသနည်း။
သူတို့သည် ထိုပြည်ကို စူးစမ်းပြီးမှ၊ ဣသရေလလူတို့သည် အဘယ်လမ်းသို့ သွားလျှင် အဘယ်မြို့သို့ ရောက်ရမည်ကို ကြားပြောကြပါ လိမ့်မည်။

မောရှေသည် ထိုပြည်ကို စုံစမ်းရန် မည်သူတို့ကို ရွေးချယ်သနည်း။
မောရှေသည် တမျိုးတယောက်စီ၊ လူပေါင်း တကျိပ် နှစ်ယောက်တို့ကို ရွေးထား၏။

### Deuteronomy 1:25

ထိုပြည်၏ အကြောင်းကို သူတို့သည် မည်ကဲ့သို့အစီရင်ခံသနည်း။
ထာဝရဘုရား ပေးတော်မူသော ပြည်သည် ကောင်းသော ပြည်ဖြစ်သည်ဟု သူတို့က ပြောကြသည်။

Deuteronomy 1:26

လူတို့သည် သူတို့ကို ထာဝရဘုရားက အဘယ်ကြောင့် အဲဂုတ္တုပြည်မှ ဆောင်ခဲ့သည်ဟု ပြောမည်နည်း။

ထာဝရဘုရားသည် သူတို့ကိုမုန်း၍ ဖျက်ဆီးချင် သောကြောင့် အဲဂုတ္တုပြည်မှ နှုတ်ဆောင်တော်မူသလောဟု သူတို့သည် ပြောကြသည်။

စူးစမ်း၍ သွားခဲ့သောလူတို့သည် ထိုပြည်အကြောင်းကို မည်သို့ ပြောကြသနည်း။

သူတို့ပြည်မှလူများတို့သည် ငါ့သရေလ လူတို့ထက် ပို၍ကြီးပြီး ပို၍အရပ်ရှည်သည်ဟု ပြောခဲ့ကြသည်။

Deuteronomy 1:29

လူတွေမကြောက်ဖို့ရန် ထိုအကြောင်းကို မောရှေကမည်သို့ပြောသနည်း။

သူသည် အဲဂုတ္တုပြည်နှင့် တောၚ္ဂ လုပ်ခဲ့သကဲ့သို့ သင်တို့ဘက်၌ စစ်ကူသဖြင့် ထာဝရဘုရားသည် သင်တို့ ရှေ့၌ သွား၏ဟု မောရှေသည် သူတို့ကို ပြောခဲ့သည်။

Deuteronomy 1:34

အမျက်တော်ထွက်သောကြောင့် ထာဝရဘုရားသည် မည်သို့ပြောခဲ့သနည်း။

ဆိုးသောမျိုးဆက်တို့သည် ကာလက်မှ တပါး တစုံတယောက်မျှ ဆက်ဆက် မမြင်ရဟု ထာဝရဘုရား ကျိန်ဆိုခဲ့သည်။

Deuteronomy 1:37

နုန်၏သား ယောရှုအတွက် ထာဝရဘုရားသည် မောရှေကို မည်သို့ပြောခဲ့သနည်း။

သူသည် ငါ့သရေလအမျိုးသားတို့ကို ဦးဆောင်၍ အမွေခံမည့်သူဖြစ်သည့်အတွက် ယောရှုကို အားပေးရမည်ဟု ထာဝရဘုရားက မောရှေကိုပြောသည်။

Deuteronomy 1:39

အဘယ်သူတို့သည် ပြည်တော်ကို ဝင်စားဖို့ရန် ထာဝရဘုရား ပြောခဲ့သနည်း။

ကောင်းမကောင်းကို ပိုင်းခြား မသိနိုင်သေးသော သားသမီးများတို့သည် ထိုပြည်ကို ဝင်စားလိမ့်မည်ဟုထာဝရဘုရား ပြောခဲ့သည်။

Deuteronomy 1:43

တောင်ပေါ်သို့ တက်၍ မတိုက်ရန် ဘုရားသခင်ပြောသောအခါ လူတို့သည် မည်ကဲ့သို့ပြုသနည်း။

ထာဝရဘုရား၏ အမိန့်တော်ကို ငြင်းဆန်၍ ခိုင်ခံ့သောစိတ်နှင့် တောင်ပေါ်သို့ တက်တိုက်ကြသည်။ ထိုအခါ တောင်ပေါ်မှာရှိနှင့်သော အာမောရိ အမျိုးသားတို့သည် ပျားများအုံသကဲ့သို့ သူတို့ကို လိုက်၍ ဖျက်ဆီးသည်။

## Chapter 2

1 တဖန် ထာဝရဘုရားသည် ငါ့အား မိန့်တော်မူ သည်အတိုင်း၊ ငါတို့သည် လှည့်၍၊ ဧဒုံပင်လယ်လမ်းဖြင့် တောသို့ ခရီးသွားလျက်၊
စိရတောင်ကို ကြာမြင့်စွာ လှည့်လည်ကြ၏။ 2 ထာဝရဘုရားကလည်း၊ သင်တို့သည် ကာလ အချိန်စေ့အောင် ဤတောင်ကို
လှည့်လည်ကြပြီ။ 3 တဖန် မြောက်မျက်နှာသို့ သွားကြဦးလော့။ 4 သင်သည် လူများတို့အား ဆင့်ဆိုရမည်မှာ၊ သင်တို့၏ညီအစ်ကို
ဧသောအမျိုးသားတို့ နေသော စိရပြည်အနားမှာ သင်တို့ရှောက်သွားသောအခါ၊ သူတို့ သည် ကြောက်ကြလိမ့်မည်။ ထို့ကြောင့်
သတိပြုကြ လော့။ 5 သူတို့ကို အလျှင်းမပြုကြနှင့်။ သူတို့ပြည်ကို သင်တို့အား ငါမပေး။ ခြေနင်းရာခန့်ကိုမျှ မပေး။ စိရတောင်ကို
ဧသောအားငါ အပိုင်ပေးပြီ။ 6 သင်တို့သည် စားဘို့ရာအစာကိုငှင်း၊ သောက်ဘို့ ရာရေကိုငှင်း သူတို့ထံ ငွေနှင့်ဝယ်ရကြမည်။ 7
သင်တို့ပြုလေရာရာ၌ သင်တို့၏ ဘုရားသခင် ထာဝရဘုရားသည် ကောင်းကြီးပေးတော်မူပြီ။ ဤတော ကြီး၌ သင်တို့လှည့်လည်သော
အကြောင်းအရာတို့ကို သိတော်မူ၏။ အနှစ်လေးဆယ်ပတ်လုံး သင်တို့၏ ဘုရားသခင် ထာဝရဘုရားသည် သင်တို့နှင့်အတူ
ရှိတော်မူသည်ဖြစ်၍၊ သင်တို့၌ ဘာမျှမလိုဟု ဆင့်ဆို ရ၏။ 8 စိရပြည်မှာနေသော ငါတို့ညီအစ်ကို ဧသော အမျိုးသားတို့အနား၌
ရှောက်လျက် ဧလပ်မြို့၊ ဧဇယုန် ဂါဗါမြို့မှသွားသော လွင်ပြင်လမ်းသို့ လိုက်ပြီးလျှင်၊ တဖန် လှည့်၍ မောဘတောလမ်းဖြင့်
သွားကြ၏။ 9 ထာဝရဘုရားကလည်း၊ မောဘပြည်သားတို့ကို မနှောင့်ရှက်နှင့်။ စစ်မတိုက်နှင့်။ သူတို့ပြည်ကို သင့်အား ငါအပိုင်မပေး။
အာရပြည်ကို လောတအမျိုးသားတို့အား ငါအပိုင်ပေးပြီဟု ငါ့အား မိန့်တော်မူ၏။ 10 ရှေးကာလ၌ အာနကအမျိုးသားကဲ့သို့ ကြီးမြင့်
များပြားသောလူ၊ ဧမိမ်အမျိုးသားတို့သည် ထိုပြည်မှာ နေကြ၏။ 11 ထိုသူတို့သည် အာနကအမျိုးသားကဲ့သို့ အလွန် ကြီးမားသော
လူတို့အဝင်ဖြစ်သည်ကို လူများ ထင်မှတ် ကြ၏။ သို့ရာတွင် မောဘပြည်သားတို့သည် ထိုသူတို့ကို ဧမိမ်ဟူ၍ ခေါ်ကြ၏။ 12
ရှေးကာလ၌ ဟောရိလူတို့သည်လည်း စိရပြည် မှာနေကြ၏။ ထိုသူတို့ကို ဧသောအမျိုးသားတို့သည် သုတ်သင်ပယ်ရှင်း၍
သူတို့နေရာ၌ နေကြ၏။ ထိုအတူ ထာဝရဘုရား အပိုင်ပေးတော်မူသော ပြည်ကို ဣသရေလအမျိုးသားတို့သည် ပြုရကြသတည်း။ 13
ယခုထ၍ ဇေရက်ချောင်းကို ကူးကြလော့ဟု မိန့်တော်မူသည်အတိုင်း၊ သင်တို့သည် ဇေရက်ချောင်းကို ကူးကြ၏။ 14
ကာဒေရှဗာနာအရပ်သို့ အရင်ရောက်သော ကာလမှစ၍ ဇေရက်ချောင်းကို ကူးသောကာလ တိုင်အောင် နှစ်ပေါင်းသုံးဆယ်ရှစ်နှစ်
လွန်သတည်း။ ထာဝရဘုရား ကျိန်ဆိုတော်မူသည်အတိုင်း။ အရင်စစ် သူရဲမျိုးအပေါင်းတို့သည် လူအလုံးအရင်းထဲက သေကြေ
ကွယ်ပျောက်ရကြ၏။ 15 ထိုသူတို့ မကွယ်မပျောက်မှီတိုင်အောင်၊ ထာဝရ ဘုရားသည် သူတို့ကို အလုံးအရင်းထဲက ပယ်ရှားခြင်းငှါ
လက်တော်ကို ဆန့်တော်မူ၏။ 16 စစ်သူရဲအပေါင်းတို့သည် လူစုထဲက သေကြေ ကွယ်ပျောက်ပြီးမှ၊ 17 ထာဝရဘုရားက၊ သင်သည်
မောဘပြည်၊ အာရနယ်အလယ်၌ ယနေ့ ရှောက်သွားရမည်။ 18 အမ္မုန်အမျိုးသားတို့ အနီးသို့ရောက်သောအခါ သူတို့ကို
မနှောင့်ရှက်နှင့်၊ အလျှင်းမပြုနှင့်။ 19 အမ္မုန်အမျိုး သားနေသောပြည်ကို သင့်အား ငါအပိုင်မပေး၊ ထိုပြည်ကို
လောတအမျိုးသားတို့အား ငါအပိုင်ပေးပြီဟု ငါ့အား မိန့်တော်မူ၏။ 20 ထိုပြည်ကိုလည်း၊ အလွန်ကြီးမားသော သူတို့၏
နေရာဖြစ်သည်ဟု လူများထင်မှတ်ကြ၏။ ရှေးကာလ၌ ထိုသို့သောလူတို့သည် နေကြ၏။ သူတို့ကို အမ္မုန်ပြည်သား တို့သည်
ဇံဇုမ္မိမ်ဟူ၍ ခေါ်ကြ၏။ 21 ထိုလူမျိုးသည် အာနကအမျိုးသားကဲ့သို့ ကြီးမြင့် များပြားသော လူဖြစ်ကြ၏။ 22 သို့သော်လည်း
စိရပြည်၌ နေသော ဧသောအမျိုးသားရှေ့မှာ ဟောရိလူတို့ကို ထာဝရဘုရား ဖျက်ဆီးတော်မူသဖြင့်၊ သူတို့နေရာ၌
ဧသောအမျိုးသားတို့သည် ယနေ့တိုင်အောင် နေကြ သကဲ့သို့၊ အမ္မုန်အမျိုးသားတို့သည် နေကြ၏။ 23 ထိုအတူ၊ ဟာဇရိမ်မြို့မှစ၍
အဇ္ဇာမြို့တိုင် အောင် နေဘူးသော အာဝိမ်လူတို့ကို၊ ကတ္တောရမြို့မှ ထွက်သော ကတ္တောရိမ်လူတို့သည် ဖျက်ဆီး၍ သူတို့ နေရာ၌
နေကြ၏။ 24 သင်တို့သည် ထ၍ ခရီးသွားသဖြင့် အာနုန်မြစ် ကို ကူးကြလော့။ အာမောရိအမျိုး၊ ဟေရှဘုန်ရှင်ဘုရင် ရှိဟုန်နှင့်
သူ၏မြေကို သင်တို့လက်၌ ငါအပ်သော ကြောင့်၊ ထိုမြေကို သိမ်းစပြု၍ ထိုမင်းကို စစ်တိုက် ကြလော့။ 25 မိုဃ်းကောင်းကင်အောက်၌
ရှိသမျှသောလူမျိုး တို့သည် ယနေ့ သင်တို့ကို ကြောက်ရွံ့ထိတ်လန့်စရှိ မည်အကြောင်း ငါပြုမည်။ သင်တို့၏သိတင်းကို ကြား၍
တုန်လှုပ်ခြင်း၊ စိုးရိမ်ကြောင့်ကြခြင်းသို့ ရောက်ကြလိမ့် မည်ဟု မိန့်တော်မူ၏။ 26 ငါသည်လည်း၊ ကေဒမုတ်တောမှ ဟေရှဘုန်
ရှင်ဘုရင်ရှိဟုန်မင်းထံသို့ သံတမန်တို့ကို စေလွှတ်လျက်၊ 27 မင်းကြီး၏ ပြည်အလယ်၌ ကျွန်ုပ်ရှောက်သွားပါရစေ။ မင်းလမ်းသို့သာ
လိုက်ပါမည်။ လက်ျာဘက်လက်ဝဲ ဘက်သို့မလွဲပါ။ 28 စိရပြည်၌နေသော ဧသောအမျိုးသား၊ အာရ ပြည်၌နေသော
မောဘအမျိုးသားတို့သည် ကျွန်ုပ်၌ ပြုသကဲ့သို့ ကျွန်ုပ်စားဘို့ရာ အစာကိုငှင်း၊ သောက်ဘို့ ရာ ရေကိုငှင်း၊ မင်းကြီးသည်
ငွေနှင့်ရောင်းပါလော့။ 29 ကျွန်ုပ်တို့ဘုရားသခင် ထာဝရဘုရား ပေးတော်မူသော ပြည်သို့ ကျွန်ုပ်သည် ယော်ဒန်မြစ်ကို ကူး၍ မရောက်မှီ
တိုင်အောင် မင်းကြီး ပြည်အလယ်၌ ခြေဖြင့်သွားရုံမျှသာ ပြုပါမည်ဟု မိဿဟာယစကားနှင့် ပြောဆိုသော်လည်း၊ 30 ကျွန်ုပ်တို့
ရှောက်သွားရသော အခွင့်ကို ဟေရှဘုန်ရှင်ဘုရင် ရှိဟုန်မင်းသည် မပေး။ အကြောင်း မူကား၊ ယနေ့ ထင်ရှားသည်အတိုင်း၊ သင်တို့၏
ဘုရားသခင် ထာဝရဘုရားသည် ထိုမင်းကို သင်တို့ လက်၌ အပ်ခြင်းငှါ၊ ခက်ထန်သော စိတ်သဘော၊ ခိုင်မာသောနှလုံးကို သူ၌
ပေးသွင်းတော်မူ၏။ 31 ထာဝရဘုရားကလည်း၊ ရှိဟုန်မင်းနှင့် သူ၏ မြေကို သင့်အား ငါပေးစပြု၏။ ထိုမြေကို အမွေခံအံ့ သောငှါ၊
သိမ်းစပြုလော့ဟု ငါ့အား မိန့်တော်မူ၏။ 32 ထိုအခါ ရှိဟုန်မင်းသည် သူ၏လူအပေါင်းတို့ နှင့်တကွ ယာဟတ်မြို့မှာ
ငါတို့ကိုတိုက်ခြင်းငှါ ထွက်လာ၏။- 33 ငါတို့ဘုရားသခင်ထာဝရဘုရားသည်ထိုမင်းကို ငါတို့၌ အပ်တော်မူသဖြင့် သူမှစ၍ သားများ၊


generated on Tue Jul 2 12:50:28 2024

လူများအပေါင်းတို့ကို ငါတို့သည် လုပ်ကြံကြ၏။ [34] ထိုအခါ သူ၏မြို့ရှိသမျှတို့ကို တိုက်ယူ၍၊ ယောကျ်ားမိန်းမ သူငယ်တို့ကို
တယောက်မျှ မကြွင်း စေခြင်းငှါ ရှင်းရှင်းဖျက်ဆီးကြ၏။ [35] တိရစ္ဆာန်များ၊ မြို့ရွာ၌လက်ရဥစ္စာများကိုသာ ကိုယ်ဘို့ သိမ်းယူကြ၏။ [36]
အာနုန်မြစ်နား၌ရှိသော အာရော်မြို့မှစ၍ ဂိလဒ်မြို့တိုင်အောင်၊ မြစ်နား၌ ရှိသမျှသော မြို့တို့တွင် ငါတို့မအောင်နိုင်သော
မြို့တမြို့မျှမရှိ။ ငါတို့ဘုရား သခင် ထာဝရဘုရားသည် အလုံးစုံတို့ကို ငါတို့၌ အပ်တော်မူ၏။ [37] သို့ရာတွင်
အမ္မုန်အမျိုးသားနေသောမြေ၊ ယဗ္ဗုတ်မြစ်နှင့်ဆိုင်သော မြေ၊ တောင်ရိုးမြို့ အစရှိသော၊ ငါတို့ဘုရားသခင် ထာဝရဘုရား
မြစ်တားတော်မူသော အရာတစုံတခုကိုမျှ မချဉ်းရကြ။

---

---

Deuteronomy 01

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား သူတို့ ဘိုးဘေးများ လုပ်ဆောင်ရန် ထာဝရဘုရားပြောသော စကားကို ပြန်လည်သတိရစေသည်။

ငါတို့သည် လှည့်၍တောသို့ ခရီးသွားလျက်
"ငါတို့ လှည့်လည်၍ သွားကြပါသည်။"

စိရတောင်ကို ကြာမြင့်စွာ လှည့်လည်ကြ၏။
ဖြစ်နိုင်ခြေရှိသောအဓိပ္ပါယ်များမှာ (၁) ဣသရေလလူမျိုးများ စိရတောင်တွင် အချိန်ကြာမြင့်စွာ ခရီးထွက်နေသည်၊ သို့မဟုတ် (၂)ဣသရေလလူမျိုးများသည် စိရတောင်တွင်ကြာရှည်စွာ လှည့်လှည်နေသည်။

စိရတောင်
ဤနေရာသည်ပင်လယ်သေ၏တောင်ဘက်ရှိတောင်များရှိသောဒေသဖြစ်သည်။ ဧဒုံဟုလည်းခေါ်သောဒေသဖြစ် သည်။ " 1:1 ၌ ဘာသာပြန်သည့်အတိုင်း ပြန်ဆိုနိုင်သည်။

ကြာမြင့်စွာ
တချို့သောဘာသာစကားများတွင် "ညပေါင်းများစွာ" ဟုဘာသာပြန်ပါသည်။

Deuteronomy 04

ယေဘုယျအချက်အလက်
ထာဝရဘုရားသည် မောရှအား ဆက်လက်၍ စကားပြောဆိုသည်။

သင်တို့၏ညီအစ်ကို ဧသောအမျိုးသားတို့
"ဧသောမျိုးနွယ်စုဖြစ်သော သင်၏ အမျိုးများ"

စိရတောင်ကို ဧသောအားငါ အပိုင်ပေးပြီ။
ထာဝရဘုရားသည် ဧသောမျိုးနွယ်များထံသို့ပိုင်နယ်မြေပေးအပ်သည့် အကြောင်း ဣသရေလလူမျိုးများအားပြန်လည်သတိရစေသည်။

Deuteronomy 06

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား သူတို့သည် ဧသော မျိုးနွယ်တို့အား ဆက်ဆံရန် ဆက်လက်ညွှန်ကြားသည်။

သင်တို့သည် စားဘို့ရာအစာကိုငှင်း
ထာဝရဘုရားသည် သူတို့အား 'သူများ ဥစ္စာမခိုးရန်' ဟူသောအချက်ကို အမိန့်ပေးခြင်းအဖြစ်မဟုတ်ဘဲ ခွင့်ပြုချက် သို့မဟုတ် ညွှန်ကြားချက်အဖြစ်ပေးပါသည်။

သူတို့ထံ
"ဧသောမျိုးနွယ်တို့မှ"

သင်တို့ပြုလေရာရာ၌
"ပြုလေရာရာ၌"ဟူသောစကားလုံးသည် သူတို့ လုပ်ဆောင်ခဲ့သော အရာအားလုံးကို ဆိုလိုပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ လုပ်သောအရာအားလုံး"

သင်တို့လှည့်လည်သော အကြောင်းအရာတို့ကို သိတော်မူ၏။
၎င်းသည် သင်တို့ လှည့်လှည်သွားရသည့် အချိန်တွင် ဖြစ်ပျက်ခဲ့ရသည့် အကြောင်းအရာအားလုံးကို သူ သိရှိခဲ့သည့်အကြောင်း ကိုယ်စားပြုသည့်စကား အလင်္ကာဖြစ်သည်။

အနှစ်လေးဆယ်ပတ်လုံး
"အနှစ် ၄၀ "

သင်တို့၌ ဘာမျှမလို
၎င်းသည် "သင်တို့သည် သင်တို့လိုအပ်သည့်အရာအားလုံးကို ပိုင်ဆိုင်ပါသည်ဟု ဆန့်ကျင်ဘက် စကားသုံး၍ လျှော့ပေါ့ပြောဆိုခြင်း ဖြစ်ပါသည်။

Deuteronomy 08

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား ဆက်လက်၍ ပြောကြားသည်။

ငါတို့ညီအစ်ကို
"ငါတို့ အမျိုးအနွယ်"


generated on Tue Jul 2 12:50:28 2024

လေပ်မြို့၊ ဇေယုန် ဂါဗါမြို့
ငှင်းတို့သည် မြို့များ၏ အမည်များဖြစ်သည်။

တဖန် လှည့်၍
ငှင်းသည် ကာလဒေသအလိုက် အသုံးအနှုန်းဖြစ်သည်။

Deuteronomy 09

ယေဘုယျအချက်အလက်
ငှင်းသည် ထာဝရဘုရားသည် ဣသရေလလူမျိုးများအား သဲကန္တာရထဲတွင် မည်ကဲ့သို့ လမ်းပြသည်ကို ပြန်လည်သတိရစေရန် မောရှေ၏ နောက်ဆုံးပိုင်းပြောသော စကားဖြစ်သည်။

မောဘပြည်သားတို့ကိုမနှောင့်ရှက်နှင့်။
"မောဘ"ဟူသောစကားလုံးသည် မောဘလူမျိုးများကိုကိုယ်စားပြုသည့် စကားအလင်္ကာဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မောဘလူမျိုးတို့အား မနှောင့်ယှက်နှင့်"

အာရ
ငှင်းသည် မောဘပြည်ရှိ မြို့နာမည်ဖြစ်သည်။

လောတအမျိုးသား
ဣသရေလလူမျိုးများသည် မောဘအမျိုးအနွယ်များနှင့်ဆက်စပ်မှုရှိသည်။ မောဘသည် လောတ၏သားဖြစ်သည်။ လောတသည် အာဗြဟံ၏တူ ဖြစ်သည်။

Deuteronomy 10

ယေဘုယျအချက်အလက်
စာရေးသူသည်နယ်မြေပိုင်လူမျိုးတို့၏နောက်ခံသတင်းအချက်အလက်များဖြင့်အစပြုပါသည်။ ထိုစကားလုံးများသည်ဣသရေလလူမျိုးများထံသို့ မောရှေပြောသောစကားများနှင့် မကင်းကွာပါ။

ဧမိမ်အမျိုးသားတို့သည် ထိုပြည်မှာ နေကြ၏။
ဤစကားလုံးများသည်မောဘပြည်ရှေ့တွင်နေထိုင်သောဧမိမ်လူမျိုး[illegible] အလက် များဖြစ်သည်။ သင်၏ဘာသာစကားသည်နောက်ခံ သတင်းအချက်အလက်များကိုအထူးအစွန်းအထင်း ဖြစ်စေသည်။

ဧမိမ်....လူတို့အဝင်
ဤလူမျိုးကိုဘီလူးဟု ထင်ခဲ့ကြရသည်။

အာနက
ငှင်းတို့သည်ကြီးမား၍ ရက်စက်သည့်လူမျိုးအနွယ်များဖြစ်ကြသည်။ (ရှု၊ 1:26 ၌ ဘာသာပြန်သည့်အတိုင်း ပြန်ဆိုနိုင်သည်။)

Deuteronomy 12

ယေဘုယျအချက်အလက်
ငှင်းသည် ထိုနယ်မြေတွင် နေထိုင်သော ထူးခြားသည့်လူ့အဖွဲ့၏ အကြောင်းကို ဆက်လက်၍ နောက်ခံအခြေအနေ အသိပေးခြင်းဖြစ်သည်။

ဟောရိ
ငှင်းသည် လူစုနာမည်ဖြစ်သည်။

သုတ်သင်ပယ်ရှင်း၍ သူတို့နေရာ၌
"သူတို့အားလုံးကို တစ်ဦးမှအရှင်မထားပဲ သို့မဟုတ် သူတို့ကိုသတ်၍ဖယ်ရှားသည်။"

Deuteronomy 13

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား သဲကန္တာရတောထဲ၌ ဖြစ်ပျက်ခဲ့သည့်အရာများ ပြန်လည်သတိရစေသည်။

ယခုထ၍ ဇေရက်ချောင်းကို ကူးကြလော့ဟု မိန့်တော်မူသည်အတိုင်း
ငှင်းသည် သွယ်ဝိုက်နည်းဖြင့် တစ်ဦးတစ်ယောက်၏ အဆိုကို ကိုးကား၍ ဘာသာပြန်ဆိုခြင်း ဖြစ်နိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထို့နောက် ထာဝရဘုရားက၊ ထ၍ ဇေရက်ချောင်းကို ကူးကြလော့ဟု မိန့်တော်မူသည်အတိုင်း"

ထ၍
တစ်ခုခုလုပ်ဆောင်ရန် စတင်ခြင်း

ဇေရက်ချောင်း
ဤချောင်းသည် ဧဒုံနှင့်မောဘအကြားနယ်နိမိတ်ဖြစ်ပြီး၊ အရှေ့တောင်ဘက်မှ ပင်လယ်သေထဲသို့ စီးဆင်းပါသည်။

ယခုကာလများ
"ယခု"ဟူသောစကားလုံးသည် ဣသရေလလူမျိုးများ ခရီးနှင်ရာမှ သူတို့သားစဉ်မြေးဆက်များအချိန်ထိ ထာဝရဘုရားကိုဒေါသထွက်ခိုင်းရာမှ သူတို့သမိုင်းနောက်ခံအခြေအနေများ [illegible] သင်၏ ဘာသာစကားသည်နောက်ခံအချက်အလက်များနှင့် လိုက်ဖက်အသုံးပြုရန် ဤတွက်ဖော်ပြသည်။

နှစ်ပေါင်းသုံးဆယ်ရှစ်နှစ်
"၃၈ နှစ်" (ရှု၊ translate numbers)

ထာဝရဘုရား၏လက်တော်ကို ဆန့်တော်မူ၏။
ဤတွင် "ထာဝရဘုရား၏ လက်တော်" သည် ထာဝရ ဘုရား၏ တန်ခိုးကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် သူ၏ တန်ခိုးကို သုံးသည်" သို့မဟုတ် "ထာဝရဘုရားက ပြစ်ဒဏ်ပေးသည်"


generated on Tue Jul 2 12:50:28 2024

Deuteronomy 16

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား ပြီးခဲ့သည့်အချိန်၌ ဖြစ်ပျက်ခဲ့ရသည့်အရာများ ပြန်လည်သတိရစေသည်။

အာရနယ်အလယ်၌ ယနေ့ရှောက်သွားရမည်။
၎င်းသည် မောဘပြည်တွင် ရှိသော မြို့အမည်ဖြစ်သည်။ "Ar" ကို 2:9 ၌ ဘာသာပြန်သည့်အတိုင်း ပြန်ဆိုနိုင်သည်။

လောတအမျိုးသားတို့အား
ဣသရေလလူမျိုးတို့သည် အမ္မုန်အမျိုးသားများနှင့် ဆက်သွယ်မှုရှိသည်။ အမ္မုန်သည် လောတ၏သားဖြစ်သည်။ လောတသည် ဤအာဗြဟံ၏ တူဖြစ်သည်။

Deuteronomy 20

ယေဘုယျအချက်အလက်
ဤကျမ်းပိုဒ်သည် ထိုနယ်မြေတွင် နေထိုင်သူလူစုတို့၏ နောက်ခံအကြောင်းအရာများ တင်ပြခြင်းဖြစ်သည်။ အကယ်၍ သင်၏ ဘာသာစကားသည် နောက်ခံသတင်းအချက်အလက်များနှင့် လိုက်ဖက်ခဲ့လျှင် ဤသို့ သုံးနိုင်သည်။

အလွန်ကြီးမားသောလူတို့
၎င်းသည် လူစုတစ်ဖွဲ့၏နာမည်ဖြစ်သည်။ 2:10 ၌ ဘာသာပြန်သည့်အတိုင်း ပြန်ဆိုနိုင်သည်။

ဇံဇုမ္မိမ်
၎င်းသည်အလွန်ကြီးမားသောဧမိမ် သို့မဟုတ် ရဲ့ဖိမ်လူမျိုး ၏အခြားနာမည်ဖြစ်သည်။

အာနက
၎င်းသည်
ကြီးမားကြမ်းကြုတ်သောလူစုတစ်စု၏နာမည်ဖြစ်သည်။ 1:26 ၌ ဘာသာပြန်သည့်အတိုင်း ပြန်ဆိုနိုင်သည်။

အမ္မုန်အမျိုးသားရှေ့မှာသူတို့ကိုဖျက်ဆီးသည်။
"အမ္မုန်အမျိုးသားများအား သူတို့ကို ဖျက်ဆီးရန်ခွင့်ပြုသည်" သို့မဟုတ် "အမ္မုန်အမျိုးသားများအား သူတို့ကို သတ်ဖြတ်ရန် ခွင့်ပြုသည်"

သူတို့နေရာ၌ ဧသောအမျိုးသားတို့သည်ယနေ့တိုင်အောင်နေကြသကဲ့သို့၊ အမ္မုန်အမျိုးသားတို့သည်နေကြ၏။
"အမ္မုန်အမျိုးသားများသည် အလွန်ကြီးမားသောဟောရိလူများပိုင်ဆိုင်သော နယ်မြေဒေသများတွင် နေထိုင်ကြပါသည်။"

ဟောရိလူမျိုး
၎င်းသည် လူစုတစ်စု၏ အမည်ဖြစ်သည်။ 1:12 ၌ ဘာသာပြန်သည့်အတိုင်း ပြန်ဆိုနိုင်သည်။

Deuteronomy 23

ယေဘုယျအချက်အလက်
စားရေးသူသည်ဘုရားသခင်က ဧသောအား ပိုင်နယ်မြေသိမ်းပိုက်စေပြီး ယခုအခြေချနေထိုင်ခဲ့ကြကြောင်း ဖော်ပြဖွဲ့ဆိုပြီးခဲ့ပါသည်။

အာဝိမ်လူ၊ ကတ္တောရိမ်လူ
၎င်းတို့သည် လူမျိုးများ၏ နာမည်ဖြစ်သည်။

ကတ္တောရ
ဤအမည်သည် ဒေသတစ်ခု၏ နာမည်ဖြစ်သည်။ ၎င်းသည် မြေထဲပင်လယ်မှာတည်ရှိသည့် ကရေတေကျွန်း၏ အခြားအမည်လည်း ဖြစ်နိုင်သည်။

သူတို့ကိုဖျက်စီး၍
"အာဝိမ်လူတို့ကို ဖျက်ဆီး၍"

သူတို့ နေရာ၌ နေကြ၏
"အာဝိမ်လူတို့ နေသည့်နေရာတွင် နေထိုင်ကြပါသည်။"

Deuteronomy 24

ယေဘုယျအချက်အလက်
စာရေးသူသည် ဣသရေလလူမျိုးများအား မောရှေပြောသောစကားကို နောက်ခံ အချက်အလက်များနှင့်ဆိုင်သောအရာများ ပြန်လည်သတိရစေသည်။

သင်တို့သည် ထ၍
ထာဝရဘုရားသည် သူ၏လူမျိုးများလုပ်ရမည့် အရာများကို မောရှေအား ပြောကြားပါသည်။

ခရီးသွားသဖြင့်
"သင်၏ခရီးကိုဆက်ပါ"

အာနုန်မြစ်
၎င်းသည် အာနုန်မြစ်ဝှမ်းဒေသ၏ နာမည်ဖြစ်သည်။ ယင်းသည် မောဘနှင့် အာမောရိနယ်နိမိတ်အကြား၌ရှိသည်။

သင်တို့လက်၌ ငါအပ်သော ကြောင့်
ဥပမာစကားဖြစ်သော "သင်တို့လက်၌" သည် " သင်၏ ထိန်းချုပ်မှု သို့မဟုတ် တန်ခိုးအောက်၌" ဟု အဓိပ္ပါယ်သက်ရောက်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် သင်တို့အား တိုက်ခိုက်နိုင်မည့် တန်ခိုးကို ပေးသည်။

ထိုမြေကို သိမ်းစပြု၍ ထိုမင်းကို စစ်တိုက် ကြလော့။
မောရှေသည် ဣသရေလလူမျိုးတို့အား ပြောကြားသော "သည်" နှင့် "သင်၏" ဖြစ်စဉ်များနှင့် သူအမိန့်ပေးသော "စသိမ်းပိုက်ကြစို့"နှင့် "တိုက်ခိုက်" စကားလုံးတို့သည် လူတစ်ဦးတယောက်ပမာ ပြောဆိုထားပါသည်။


generated on Tue Jul 2 12:50:28 2024

ရှိဟုန်
၎င်းသည် ရှင်ဘုရင်တစ်ပါး၏နာမည်ဖြစ်သည်။ 1:3 ၌ ဘာသာပြန်သည့်အတိုင်း ပြန်ဆိုနိုင်သည်။

ဟေရှဘုန်
၎င်းသည် မြို့တစ်မြို့၏ အမည်ဖြစ်သည်။ 1:3 ၌ ဘာသာပြန်သည့်အတိုင်း ပြန်ဆိုနိုင်သည်။

ထိုမင်းကို စစ်တိုက် ကြလော့။
"သူနှင့် သူ့စစ်တပ်များကို တိုက်ခိုက်ချေမှုန်းကြလော့"

ကြောက်ရွံ့ထိတ်လန့်စရို
"ကြောက်ရွံ့ခြင်း"နှင့်"ကြောက်လန့်ခြင်း"အဓိပ္ပါယ်သည်အခြေခံအားဖြင့် အတူတူဖြစ်ပြီး အလွန်ကြီးမားသောကြောက်ရွံ့ခြင်းကို အသားပေးဖော်ပြပါသည်။

မိုယ်းကောင်းကင်အောက်၌ ရှိသမျှသောလူမျိုး တို့
၎င်းသည် စကားအသုံးအနှုန်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "နယ်မြေတိုင်းတွင်ရှိသော လူမျိုးများ"

တုန်လှုပ်ခြင်း၊ စိုးရိမ်ကြောင့်ကြခြင်းသို့
၎င်းသည် လူတို့မှာ "စိုးရိမ်ကြောင့်ကြခြင်း၌ တုန်လှုပ်ခြင်း" ကိုအသားပေး ပြောဆိုခြင်းဖြစ်ပါသည်။

Deuteronomy 26

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးတို့အား ဆက်လက်ပြောကြားသည်။

ငါစေလွှတ်သည်။
ဤတွင် "ငါ" သည် မောရှေကို ရည်ညွှန်းပါသည်။

ကေဒမုတ်တော
၎င်းသည် အာနုန်မြစ်ဝှမ်းအနီးရှိ ဒေသတစ်ခု၏ နာမည်ဖြစ်သည်။

ရှိဟုန်....ဟေရှဘုန်မင်း
၎င်းတို့သည် လူတစ်ယောက်နှင့် နေရာတစ်ခု၏ နာမည်ဖြစ်သည်။ 1:3 ၌ ဘာသာပြန်သည့်အတိုင်း ပြန်ဆိုနိုင်သည်။

လက်ျာဘက်လက်ဝဲ ဘက်သို့မလွှဲပါ။
ဤစကားစုသည် သူတို့အမြဲတမ်း အတူတူ ဦးတည်သွားရန် အလေးပေးပါသည်။ ၎င်းသည် အပြုသဘောပုံစံဖြင့်ဖော်ပြခြင်းဖြစ်သည်။ "ငါ ဦးတည်ရာ မပြောင်းဘူး" သို့မဟုတ် "ငါ့ လမ်းကြောင်းတွင် အမြဲတမ်းနေပါမည်" (ရှု၊ figs litotes)

Deuteronomy 28

ယေဘုယျအချက်အလက်
မောရှေသည် ရှိဟုန်ဘုရင်ထံသို့ သတင်းစကားဆက်လက်ပြောကြားသည်။

ကျွန်ုပ်စားဘို့ရာ အစာကိုငင်း၊ သောက်ဘို့ ရာ ရေကိုငင်း၊ မင်းကြီးသည် ငွေနှင့်ရောင်းပါလော့။
မောရှေသည် ရှိဟုန်အား ဣသရေလလူမျိုးများသည် အာမောရိလူမျိုးများထံမှ မခိုးဘဲ ရှိဟုန်နှင့် သူ့လူတို့သည် ဣသရေလလူမျိုးများထံသို့ အစာနှင့်သောက်ရေကို ရောင်းချရန် တောင်းဆိုပါသည်။ သူသည် အမိန့်မပေးပါ။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် စားဘို့ရန် အစာကိုပေးပြီး သောက်ဘို့ရန် ရေကိုပေးနိုင်ရန် မျှော်လင့်သည်။"

ရောင်းပါ... ငါစားဘို့.. ပေးပါ... ငါသောက်ဘို့။
မောရှေသည် ဣသရေလလူမျိုးများအား သူတို့သည်မောရှေကိုယ်တိုင်အဖြစ် ကိုးကားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါနှင့် ငါ့လူမျိုးတို့ ထံသို့ ရောင်းပါ... ငါတို့ စားဘို့.. ပေးပါ... ငါတို့ သောက်ဘို့။"

ခြေဖြင့်သွားရုံမျှသာ ပြုပါမည်။
"သင်၏ နယ်မြေကို ဖြတ်၍ ငါတို့ခြေဖြင့် လျှောက်သွားရုံမျှသာပြုပါမည်။"

အာရ
၎င်းသည် နေရာဒေသတစ်ခု၏ နာမည်ဖြစ်သည်။ 2:9 ၌ ဘာသာပြန်သည့်အတိုင်း ပြန်ဆိုနိုင်သည်။

Deuteronomy 30

ယေဘုယျအချက်အလက်
မောရှေသည် လူမျိုးများအား ပြီးခဲ့သည့်အချိန်တွင် ဖြစ်ပျက်ခဲ့ရသည့်အရာများကို ဆက်လက်၍ ပြန်လည် သတိရစေသည်။

ရှိဟုန် .... ဟေရှဘုန်
ဤများသည် လူတစ်ဦးနှင့် နေရာဒေသတစ်ခု၏ နာမည်ဖြစ်သည်။ 1:3 ၌ ဘာသာပြန်သည့်အတိုင်း ပြန်ဆိုနိုင်သည်။

သင်တို့၏ ဘုရားသခင် ထာဝရဘုရားသည်
မောရှေသည် ဣသရေလလူမျိုးတို့အား လူတစ်ဦးတစ်ယောက်ကဲ့သို့ "သင်"ဟုရေးသော ဖြစ်စဉ်များဖြင့် တစ်မူထူးခြားစွာ ပြောဆိုပါသည်။

ခက်ထန်သော စိတ်သဘော၊ ခိုင်မာသောနှလုံး
ဤဖွဲ့ဆိုခြင်း နှစ်ခုစလုံးသည် အဓိပ္ပါယ်အတူတူဖြစ်၍ ရှင်ဘုရင်၏ အလွန်ခေါင်းမာခြင်းကို အသားပေးဖော်ပြထားပါသည်။


generated on Tue Jul 2 12:50:28 2024

ရှိဟုန်မင်းနှင့်သူ၏ မြေကို သင့်အား ငါပေးစပြု၏။
"ရှိဟုန်မင်းနှင့် သူ၏ မြေကို သူ၏လူများထံပေးရန်"

ထိုမြေကို အမွေခံအံ့ သောငှါ၊ သိမ်းစပြုလော့ဟု ငါ့အား မိန့်တော်မူ၏။
"သူ၏ ပိုင်ဆိုင်သောမြေကို ယူ၍ ၎င်းကိုအမွေဆက်ခံရန်"

Deuteronomy 32

ယေဘုယျအချက်အလက်
မောရှေသည် လူမျိုးများအားပြီးခဲ့သည့်အချိန်တွင် ဖြစ်ပျက်ခဲ့ရသည့်အရာများကို ပြန်လည်သတိရစေသည်။

ရှိဟုန်မင်း
လူတစ်ယောက်၏ နာမည်ဖြစ်သည်။ 1:3 ၌ ဘာသာပြန်သည့်အတိုင်း ပြန်ဆိုနိုင်သည်။

ယာဟတ်
မောဘပြည်ရှိမြို့တစ်မြို့၏ နာမည်ဖြစ်သည်။

Deuteronomy 34

ယေဘုယျအချက်အလက်
မောရှေသည် လူမျိုးများအား ပြီးခဲ့သည့်အချိန်တွင် ဖြစ်ပျက်ခဲ့ရသည့်အရာများကို ပြန်လည် သတိရစေသည်။

သူ၏မြို့ရှိသမျှတို့ကို တိုက်ယူ၍
"ငါတို့သည် ရှိဟုန်ရှင်ဘုရင်၏ မြို့များတို့ကို ဖျက်ဆီး၍"

မြို့ရှိသမျှ မကြွင်း စေခြင်းငှါ ရှင်းရှင်းဖျက်ဆီးကြ၏။
"မြို့တိုင်းတွင် နေထိုင်သော သူအားလုံးကို သတ်ဖြတ်ကြ၏။"

Deuteronomy 36

အာရော်
၎င်းသည် အာနုန်မြစ်၏ မြောက်ပိုင်းကမ်းခြေတွင် ရှိသောမြို့တစ်မြို့၏ နာမည်ဖြစ်သည်။

အာနုန်မြစ်နား
"အာနုန်" သည် မြစ်တစ်ခု၏ နာမည်ဖြစ်သည်။ 2:24 ၌ ဘာသာပြန်သည့်အတိုင်း ပြန်ဆိုနိုင်သည်။

ငါတို့မအောင်နိုင်သော မြို့တမြို့မျှမရှိ။
ဤတွင် သူတို့စစ်ပွဲ၌ အောင်မြင်ခြင်းကိုဖော်ပြရန် ဆန့်ကျင်ဘက်စကားဖြင့် အသားပေး သုံးနှုန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါတို့သည် မြို့ရိုးများ မြင့်မားစွာ ဝန်းရံထားသော်လည်း မြို့တိုင်းမှာ ရှိသောလူများကိုတိုက်ခိုက် ချေမှုန်းနိုင်ပါသည်။"

ယဗ္ဗုတ်မြစ်
၎င်းသည် ရှိဟုန်လူတို့၏ နယ်မြေနှင့် အာမောနိလူတို့၏ နယ်မြေအကြားတွင် စီးဆင်းသောမြစ်၏ အမည်ဖြစ်သည်။

---

## Translation Questions

Deuteronomy 2:1

သူတို့သည် မည်သည့်လမ်းသို့ သွားမည်ဟု မောရှေပြောသနည်း။
သူတို့သည် ဧဒုံပင်လယ်လမ်းဖြင့် တောသို့ ခရီးသွားလျက်၊ စိရတောင်ကို ကြာမြင့်စွာ လှည့်လည်ကြ၏။

Deuteronomy 2:4

သတိပြုဖို့ရန် ထဝရဘုရားသည် မည်သို့သတိပေးသနည်း။
ထာဝရဘုရားသည် သူတို့၏ ပြည်ကို မပေးသည့်အတွက် ဧသော၏ သားမြေးစဥ်ဆက်ကို အလျှင်းမပြုဖို့ရန် သတိပြုဖို့ပြောခဲ့သည်။

Deuteronomy 2:6

သူတို့သည် ရေနှင့် အစားစာကို မည်သို့ရရှိခဲ့သနည်း။
စားသောက်ဖို့ရန် စိရလူတို့ထံမှ ငွေနှင့် ဝယ်ရမည်။

Deuteronomy 2:9

သူတို့သည် မောဘပြည်ကို မည်သို့မလုပ်ဖို့ရန် ထာဝရဘုရားပြောခဲ့သနည်း။
မောဘပြည်မနှောင့်ရှက်ဖို့ရန်နှင့် စစ်မတိုက်ဖို့ရန် ပြောခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် သူတို့ပြည်ကို ထာဝရဘုရားသည် မပေးသောကြောင့်ဖြစ်သည်။

Deuteronomy 2:13

ကာဒေရှဗာနာအရပ်မှ ဇေရက်ချောင်းကို ဣသရေလလူတို့ ကူးသောကာလ မည်မျှလောက်ကြာခဲ့သနည်း။
သူတို့သည် ဇေရက်ချောင်းကို နှစ်ပေါင်း သုံးဆယ်ရှစ်နှစ်ကြာခဲ့သည်။

Deuteronomy 2:16

စစ်တိုက်သော သူတို့သည် မည်သို့ဖြစ်ကြသနည်း။
စစ်တိုက်သော သူတို့သည် လူစုထဲကပျောက်ကွယ်ပြီး သေကြေခဲ့ကြသည်။



generated on Tue Jul 2 12:50:28 2024

ထာဝရဘုရားသည် အမ္မုန်အမျိုးသားတို့ နေသောပြည်ကို မည်သူတို့ကို ပေးခဲ့သနည်း။
အမ္မုန်အမျိုးသားတို့ နေသောပြည်ကို လောတအမျိုးသားတို့ထံ ပေးခဲ့သည်။

Deuteronomy 2:24

ဣသရေလအမျိုးသားတို့နှင့် ပတ်သက်၍ သတင်းကိုကြားလျှင် အခြားလူမျိုးတို့သည် အဘယ်သို့ပြုကြလိမ့်မည်နည်း။
ဣသရေလအမျိုးသားတို့ သိတင်းကို ကြား၍ တုန်လှုပ်ခြင်း၊ စိုးရိမ်ကြောင့်ကြခြင်းသို့ ရောက်ကြလိမ့်မည်။

Deuteronomy 2:26

ရှင်ဘုရင်ဟေရှဘုန်ထံသို့ မောရှေသည် မည်သို့ သံတမန် စေလွှတ်သနည်း။
မင်းကြီး၏ ပြည်အလယ်၌ ကျွန်ုပ်ရောက်သွားပါရစေ။ မင်းလမ်းသို့သာ လိုက်ပါမည်။ လက်ျာဘက်လက်ဝဲဘက်သို့မလွှဲပါ။

Deuteronomy 2:28

လူတွေအတွက် နှင့် စားစရာကို မောရှေသည် မည်သို့ စီစဥ်သနည်း။
မောရှေသည် မင်းကြီးအား စားဘို့ရာ အစာကိုလည်းကောင်း၊ သောက်ဘို့ ရာ ရေကိုလည်းကောင်း မင်းကြီးသည် ငွေနှင့်ရောင်းပါလော့ဟု လျှောက်လေသည်။

Deuteronomy 2:32

ရှိဟုန်မင်းသည် စစ်တိုက်ရန် ထွက်လာသောအခါ မည်သို့ဖြစ်သနည်း။
ထာဝရဘုရားသည် သူ့ကို မောရှေ လက်သို့အပ်သဖြင့် သူနှင့်တကွ သူ၏သားများ၊ သူ၏ လူများ အသတ်ခံရသည်။

Deuteronomy 2:34

မြို့ကြီးများတွင်နေထိုင်သော သူအပေါင်းတို့သည် မည်သို့ဖြစ်သနည်း။
ထိုမြို့ထဲတွင် ရှိသော သူမှန်သမျှ ယောကျ်ား မိန်းမ သူငယ်တို့ကို တယောက်မျှ မကြွင်း စေခြင်းဖို့အတွက် ရှင်းရှင်းဖျက်ဆီးရန် မောရှေသည် ပြောခဲ့သည်။

## Chapter 3

1 ထိုအခါ ငါတို့သည်လှည့်၍၊ ဗာရှန်ပြည်သို့ ခရီးသွားကြ၏။ ဗာရှန်ရှင် ဘုရင် ဩဃသည်လည်း မိမိလူအပေါင်းတို့နှင့်တကွ
အမျက်တော်ထွက်စေခြင်းငှာ၊ တော၌ပြုမိသည်ကို မမေ့နှင့်၊ အောက်မေ့လော့။ သင်သည် အဲဂုတ္တုပြည်ထဲက ထွက်သောနေ့မှစ၍
ဤအရပ်သို့ ရောက်သည် တိုင် အောင် ထာဝရဘုရားကို ပုန်ကန်ပြီ။ 8 ဟောရပ်အရပ်၌ ထာဝရဘုရားကို အမျက် တော်ထွက်စေသဖြင့်၊
သင့်ကို ဖျက်ဆီးလောက်အောင် အမျက်ထွက်တော်မူ၏။ 9 ထာဝရဘုရားသည် သင်တို့နှင့်ဖွဲ့သော ပဋိညာဉ် တရားကို ရေးထားသော
ကျောက်ပြားတို့ကို ခံယူခြင်းငှာ၊ တောင်ပေါ်သို့ငါတက်သောအခါ၊ အရက်လေးဆယ်ပတ်လုံး မုန့်ကိုမစား၊ ရေကို မသောက်ဘဲ
တောင်ပေါ် မှာနေလေ၏။ 10 သင်တို့သည် စည်းဝေးကြသောနေ့၌ ထာဝရ ဘုရားသည် တောင်ပေါ်မှာ မီးထဲက မြွက်ဆိုတော်မူ သော
စကားတော်အလုံးစုံတို့ကို လက်ညှိုးတော်ဖြင့် ရေးထားသော ကျောက်ပြားနှစ်ပြားတို့ကို ထာဝရဘုရား သည် ငါ့အား
အပ်ပေးတော်မူ၏။ 11 အရက်လေးဆယ်စေ့သောအခါ၊ ထိုပဋိညာဉ် ကျောက်ပြား နှစ်ပြားကို ထာဝရဘုရားသည် ငါ့အား
ပေးတော်မူလျှင်၊ 12 သင်သည် ထ၍ အလျင်အမြန်ဆင်းသွားလော့။ အဲဂုတ္တုပြည်မှ သင်နှုတ်ဆောင်ခဲ့သော သင်၏ လူတို့သည်
ဖောက်ပြန်၍၊ ငါမှာထားသောလမ်းမှ အလျင်အမြန်လွှဲ၍၊ ရုပ်တုကို သွန်းကြပြီဟု မိန့်တော်မူ၏။ 13 တဖန် ထာဝရဘုရားက၊
ဤလူမျိုးကို ငါကြည့် မြင်ပြီ။ လည်ပင်းခိုင်မာသော အမျိုးဖြစ်၏။ 14 သို့ဖြစ်၍ ငါ့ကိုရှိစေလော့။ သူတို့ကို ငါဖျက်ဆီး မည်။
သူတို့နာမကိုလည်း ကောင်းကင်အောက်မှာ ငါချေ မည်။ သင့်ကိုမူကား၊ သူတို့ထက် အားကြီး၍ များပြား သော အမျိုးဖြစ်စေမည်ဟု
ငါ့အား မိန့်တော်မူ၏။ 15 ထိုအခါ ငါသည် ပဋိညာဉ်ကျောက်ပြား နှစ်ပြား ကို ကိုင်လျက်၊ လှည့်၍ မီးလောင်သော တောင်ပေါ်က
ဆင်းလာ၏။ 16 သင်တို့သည် သင်တို့ဘုရားသခင် ထာဝရဘုရား ကို ပြစ်မှား၍၊ နွားသငယ်ရုပ်တုကို သွန်းကြောင်းနှင့်
ထာဝရဘုရားမှာထားတော်မူသောလမ်းမှ အလျင်အမြန် လွှဲသွားကြောင်းကို ငါသည် ကြည့်မြင်လျှင်၊ 17 လက်နှစ်ဘက်နှင့်ကိုင်သော
ကျောက်ပြားတို့ကို ချ၍၊ သင်တို့မျက်မှောက်၌ ငါချိုးဖွဲ့၏။ 18 သင်တို့သည် ထာဝရဘုရားကို အမျက်တော် ထွက်စေခြင်းငှာ၊
ရှေ့တော်၌ ဒုစရိုက်ကို ပြုမိသောအပြစ် ရှိသမျှတို့ကြောင့်၊ ငါသည် အရင်ပြုသကဲ့သို့ ထာဝရ ဘုရားရှေ့တော်၌ ပြပ်ဝပ်၍
အရက်လေးဆယ်ပတ်လုံး မုန့်ကိုမစား၊ ရေကို မသောက်ဘဲနေရ၏။ 19 အကြောင်းမူကား၊ ထာဝရဘုရားသည် သင်တို့ ကို
ဖျက်ဆီးခြင်းငှာ အလွန်ပြင်းစွာထွက်သော အမျက် တော်အရှိန်ကို ငါကြောက်၏။ သို့ရာတွင် ထာဝရဘုရား သည် ငါ့စကားကို တဖန်
နားထောင်တော်မူ၏။ 20 ထာဝရဘုရားသည်လည်း၊ အာရုန်ကို ဖျက်ဆီးခြင်းငှါ အလွန်အမျက်ထွက်တော်မူသောကြောင့်၊
အာရုန်အဘို့ကိုလည်း ဆုတောင်းလေ၏။ 21 သင်တို့ဒုစရိုက်တည်းဟူသော သင်တို့လုပ်သော နွားသငယ်ကို ငါယူသဖြင့် အရည်ကျို၍၊
အမှုန့်ဖြစ် အောင် ညက်ညက်ချေပြီးလျှင်၊ တောင်ထဲက ထွက်သော ချောင်းရေပေါ်မှာ ချပစ်လေ၏။ 22 တဗေရအရပ်၊ မဿာအရပ်၊
ကိဗြုတ်ဟတ္တဝါ အရပ်၌လည်း၊ သင်တို့သည် ထာဝရဘုရားကို အမျက် တော်ထွက်အောင် ပြုကြ၏။ 23 ကာဒေရှဗာနာအရပ်၌လည်း၊
ထာဝရဘုရားက၊ သွား၍ ငါပေးသောပြည်ကို သိမ်းယူကြလော့ဟု သင်တို့ကို စေခိုင်းတော်မူသောအခါ၊ သင်တို့သည် သင်တို့၏
ဘုရားသခင် ထာဝရဘုရား အမိန့်တော်ကို ငြင်းဆန်ကြ၏။ ကိုယ်တော်ကို မယုံ၊ စကားတော်ကို နားမထောင်ဘဲနေကြ၏။ 24
ငါသိကျွမ်းသော နေ့မှစ၍၊ သင်တို့သည် ထာဝရဘုရားကို ပုန်ကန်လျက်နေကြပြီ။ 25 ထာဝရဘုရားသည် သင်တို့ကို ဖျက်ဆီးမည်ဟု
မိန့်တော်မူသောကြောင့်၊ ငါသည် အရင်ပြပ်ဝပ်သကဲ့သို့၊ အရက်လေးဆယ်ပတ်လုံး ပြပ်ဝပ်လျက်နေရ၏။ 26 ထာဝရဘုရားအားလည်း၊
အိုအရှင် ဘုရားသခင်၊ တန်ခိုးတော်အားဖြင့် ရွေးတော်မူ၍၊ အားကြီးသော လက်တော်နှင့် အဲဂုတ္တုပြည်မှ နှုတ်ဆောင် တော်မူသော
ကိုယ်တော်၏အမွေဥစ္စာဖြစ်သော ဤလူတို့ ကို ဖျက်ဆီးတော်မမူပါနှင့်။ 27 ကိုယ်တော်၏ကျွန် အာဗြဟံ၊ ဣဇာက်၊ ယာကုပ် တို့ကို
အောက်မေ့တော်မူပါ။ ဤလူမျိုးသည် ခိုင်မာသော သဘောရှိ၍၊ ပြစ်မှားမိသော ဒုစရိုက်အပြစ်ကို မှတ်တော် မမူပါနှင့်။ 28 သို့မဟုတ်
အကျွန်ုပ်တို့ကို နှုတ်ဆောင်တော်မူသော ပြည်သားတို့က၊ ထာဝရဘုရားသည် ဂတိထားသော ပြည်သို့ သူတို့ကို ဆောင်သွင်းခြင်းငှာ

 generated on Tue Jul 2 12:50:28 2024

မတတ်နိုင်သော ကြောင့်၎င်း၊ သူတို့ကို မုန်းသောကြောင့်၎င်း၊ တောချ၌ သတ်လိုသောငှာ ထုတ်သွားပြီဟု ဆိုကြပါ လိမ့်မည် တကား။ 29
ဤလူတို့သည်ကား၊ မဟာတန်ခိုးတော်နှင့် လက်ရုံးတော်ကို ဆန့်သဖြင့် နှုတ်ဆောင်တော်မူသော ကိုယ်တော်၏
အမွေလူဖြစ်ကြပါသည်ဟု ငါသည် ဆုတောင်းလေ၏။

---

Deuteronomy 01

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား
လူတစ်ဦးတစ်ယောက်ပမာ ဆက်လက်ပြောဆိုသည်။

အို ၊ ဣသရေလအမျိုးနားထောင်လော့။
"ဣသရေလအမျိုး" ဟူသော
စကားသည်ဣသရေလလူမျိုးများအတွက်
ဥပမာပြောဆိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊
"နားထောင်လော့၊ ဣသရေလလူမျိုးများ။"

တိုက်ယူခြင်းငှာ
"နယ်မြေကို ရယူရန်"

မိုယ်းကောင်းကင်ကိုထိသော မြို့ရိုးနှင့် ပြည့်စုံ
၎င်းသည် မြို့များကြီးမား၍ အားသန်ခြင်းကြောင့်လူမျိုးများ
ဘက်လောက်အထိကြောက်လန့်သည်ကို ပြောဆိုခြင်းဖြစ်သည်။
1:26 ၌ ဘာသာပြန်သည့်အတိုင်း ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "အလွန်ရှည်လျားသော
မြို့ရိုးများရှိသည်။"

အာနကအမျိုးသား
အင်အားကြီးအား၍ ရက်စက်သော
အာနကလူမျိုးနွယ်များဖြစ်သည်။ 1:26 ၌
ဘာသာပြန်သည့်အတိုင်း ပြန်ဆိုနိုင်သည်။

အာနကအမျိုးသားရှေ့မှာ အဘယ်သူရပ်နိုင်သနည်း။
၎င်းသည် အာနက အမျိုးသားများ တန်ခိုးကြီးမား၍ သူတို့ကို
လူမျိုးများက ကြောက်ရွံ့နေကြောင်းကိုဆိုလိုသည်။
၎င်းစကားပြောနည်းအတတ်နှင့်ဆိုင်သောမေးခွန်းသည်အဆိုပြုဝါကျအဖြစ်
ဘာသာပြန်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊
"သူတို့ကိုယ်တိုင်ကာကွယ်နိုင်စွမ်းရှိသော သူများတောင်မှ
အာနကအမျိုးသားများအား
တော်လှန်နိုင်သူတစ်ဦးတစ်ယောက်မျှမရှိ။"

Deuteronomy 03

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား
လူတစ်ဦးတစ်ယောက်ပမာ ဆက်လက်ပြောဆိုသည်။

ယခု
"ယခုအချိန်"

လောင်သောမီးကဲ့သို့
ထာဝရဘုရား၏ ဘုန်းတန်ခိုးနှင့်လုပ်နိုင်စွမ်းသည်
အခြားလူမျိုးများ၏ စစ်တပ်များကို ဖျက်ဆီးနိုင်သည်။

သင့်မျက်မှောက်၌ နှိမ့်ချတော်မူမည်အကြောင်း
"သူတို့ကို အားနည်းစေပြီး သူတို့ကို သင်ထိန်းချုပ်နိုင်ရမည်။"

Deuteronomy 04

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား
လူတစ်ဦးတစ်ယောက်ပမာ ဆက်လက်ပြောဆိုသည်။

စိတ်ထဲမှာမအောက်မေ့ရ။
ဤတွင် "စိတ်ထဲမှာ" သည် "သင်၏ အတွေးထဲတွင်"
ဟုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊
"သင့်ကိုယ်တိုင်အတွက်မစဉ်းစားရ"

သူတို့ကို ငါ့ရှေ့မှ နှင်ထုတ်တော်မူသည်။
"အခြား လူမျိုးများကို မောင်းထုတ်သည်။"

Deuteronomy 05

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား
လူတစ်ဦးတစ်ယောက်ပမာ ဆက်လက်ပြောဆိုသည်။

သင်ပြုသောဖြောင့်မတ် သော သဘောကြောင့်
"အဘယ်ကြောင့်ဆိုသော် သင်သည် မှန်သော အတွေးနှင့်
ဆန္ဒများသာ လိုချင်သောကြောင့်"

စကားတော်ကို တည်စေလိုသောငှာ
ဤတွင် "စကား"
သည်ထာဝရဘုရားကတိပေးသောအရာကိုပြောဆိုခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူသည်ကတိတည်စေရန်"

သင်၏အဘ အာဗြဟံ၊ ဣဇာက်၊ ယာကုပ်တို့အား
အာဗြဟံ၊ ဣဇာက်၊ ယာကုပ်တို့သည် မောရှေပြောသော
"ဘိုးဘေးဘီဘင်"များဖြစ်သည်။

Deuteronomy 07

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား
လူတစ်ဦးတစ်ယောက်ပမာ ဆက်လက်ပြောဆိုသည်။



generated on Tue Jul 2 12:50:28 2024

မမေ့နှင့်၊ အောက်မေ့လော့။
မောရှေသည် မှတ်မိခြင်း၏
အရေးကြီးကြောင်းကိုအပြုသဘောနှင့်အပျက်သဘော
အတူတူဆောင်ခြင်းအားဖြင့်ပြန်လည်အလေးပေးပြောဆိုပါသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "မှတ်မိရန်သတိပြုပါ"

သင်သည်ထာဝရဘုရားကို ပုန်ကန်ပြီ။
ဤတွင် "သင်" သည် မောရှေနှင့်အတူနေသော
ဣသရေလလူမျိုးများကို ဆိုလိုသည်။

ဤအရပ်သို့ ရောက်သည် တိုင် အောင် ထာဝရဘုရားကို ပုန်ကန်ပြီ။
ဟောရပ်အရပ်၌ ထာဝရဘုရားကို အမျက် တော်ထွက်စေသဖြင့်၊ သင့်ကို
ဖျက်ဆီးလောက်အောင် အမျက်ထွက်တော်မူ၏။
"သင်" ဖြစ်စဉ်များအားလုံးသည် အများကိန်းနှင့်ဖော်ပါသည်။

ဤအရပ်သို့
၎င်းသည် ယော်ဒန်မြစ်ဝှမ်းဒေသကို ဆိုလိုသည်။

Deuteronomy 09

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား ပြီးခဲ့သည့်အချိန်များ၌
ဖြစ်ပျက်ခဲ့သည့်အရာများကို သတိပေးသည်။

ထာဝရဘုရားသည် သင်တို့နှင့်ဖွဲ့သော ပဋိညာဉ် တရားကို ရေးထားသော
ကျောက်ပြားတို့ကို ခံယူခြင်းငှာ
ဒုတိယစကားစုတွင်
ထာဝရဘုရားရေးသောပဋိညာဉ်ဆယ်ပါးသည် တစ်ခုတည်းသော
ထာဝရဘုရား ၏ ကျောက်ပြား၌
ရေးထားသောစာဟုဖော်ပြထားပါသည်။

အရက်လေးဆယ်ပတ်လုံး
"၄၀ ရက် နှင့် ၄၀ ည"

စကားတော်အလုံးစုံတို့ကို လက်ညှိုးတော်ဖြင့် ရေးထားသော
ကျောက်ပြားနှစ်ပြားတို့ကို ထာဝရဘုရားသည် ငါ့အား အပ်ပေးတော်မူ၏။
၎င်းကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊
"ထာဝရဘုရားသည်သင်တို့အားပြောသည့်စကားနှင့်အတူသင်တို့အတွက်ရေးသားထားပါသည်။"

ထာဝရ ဘုရားသည် တောင်ပေါ်မှာ မီးထဲက မြွက်ဆိုတော်မူ သော စကားတော်
ဤတွင် ထာဝရဘုရားသည် လူတစ်ဦးတစ်ယောက်
ပမာမီးအလယ်တွင် မတ်တပ်ထပြီး ကျယ်လောင်စွာ
စကားပြောနေပါသည်။

သင်တို့သည် စည်းဝေးကြသောနေ့၌
စိတ္တဇနာမ်ဖြစ်သော "စည်းဝေး" သည်
"အတူတကွစုရုံးခြင်း"ကိုဖော်ပြခြင်းဖြစ်ပါသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ထိုအချိန်တွင်
ဣသရေလလူမျိုးများအားလုံးလာရောက်ပြီး တစ်နေရာတွင်
အတူတကွတွေ့ဆုံသည်။"

Deuteronomy 11

အရက်လေးဆယ်
"၄၀ ရက်နှင့်၄၀ ည"

ထိုပဋိညာဉ် ကျောက်ပြား နှစ်ပြားကို ထာဝရဘုရားသည် ငါ့အား
ပေးတော်မူလျှင်
ဤတွင် ဒုတိယစကားစုတွင်
ထာဝရဘုရားရေးသောပဋိညာဉ်ဆယ်ပါးသည် တစ်ခုတည်းသော
ထာဝရဘုရား၏ ကျောက်ပြား၌ရေးထားသော
စာဟုဖော်ပြထားပါသည်။

သင်၏ လူတို့သည် ဖောက်ပြန်၍
"သင်၏ လူတို့သည် အမှားများကိုပြုလုပ်သည်။" 4:15 ၌
ဘာသာပြန်သည့်အတိုင်း ပြန်ဆိုနိုင်သည်။

ငါမှာထားသောလမ်းမှ အလျင်အမြန်လွှဲ၍
မောရှေသည် ထာဝရဘုရား
အမိန့်ပေးချက်များနာခံခြင်းသည်သူ၏
လမ်းကြောင်းတစ်ခုကိုလျှောက်သွားခြင်းဖြစ်သည်ဟုပြောဆိုပါသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် ငါ၏ အမိန့်တော်ကို
မနာခံပါ။"

Deuteronomy 13

သူတို့နာမကိုလည်း ကောင်းကင်အောက်မှာ ငါချေ မည်။
"သူတို့ နာမည်ကို လုံးလုံးလျားလျား မတွေ့တော့ပါ။" သို့မဟုတ်
"သူတို့အားလုံးကို သတ်ဖြတ်ပြီး ဘယ်သူကမှသူတို့ကို
သတိမရတော့ပါ။" 7:23 ၌ ဘာသာပြန်သည့်အတိုင်း
ပြန်ဆိုနိုင်သည်။

Deuteronomy 15

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား အတိတ်တွင်
ဖြစ်ပျက်ခဲ့သည့်အရာများကို ပြန်၍ သတိရစေသည်။

ကြည့်မြင်လျှင်
ဤတွင် "ကြည့်မြင်လျှင်"ဟူသော စကားမှာ မောရှေသည်
သူတွေ့မြင်သောအရာကို အံ့သြခဲ့ပါသည်။

နွားသငယ်ရုပ်တုကို သွန်းကြောင်း
ဣသရေလလူမျိုးအရင်မျိုးဆက်များသည်
သူတို့ကိုးကွယ်ရန်အတွက် နွားသငယ်ရုပ်တုကို ပြုလုပ်ရန်
အာရုန်အား မေးမြန်းခဲ့ပါသည်။ ဤတွင်
အဓိပ္ပါယ်အပြည့်အစုံကိုရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။

ထာဝရဘုရားမှာထားတော်မူသောလမ်းမှ အလျင်အမြန် လွှဲသွားကြောင်း
ထာဝရဘုရား အမိန့်ပေးချက်များ နာခံခြင်းသည် သူ၏
လမ်းကြောင်းတစ်ခုကို လျှောက်သွားခြင်းဖြစ်သည်ဟု
မောရှေကပြောဆိုပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊


generated on Tue Jul 2 12:50:28 2024

"သင်တို့သည် ထာဝရဘုရား၏ အမိန့်တော်ကို လျင်မြန်စွာမနာခံပါ။"။ 9:11 ၌ ဘာသာပြန်သည့်အတိုင်း ပြန်ဆိုနိုင်သည်။

Deuteronomy 17

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား အတိတ်တွင် ဖြစ်ပျက်ခဲ့သည့်အရာများကို ပြန်၍ သတိရစေသည်။

သင်တို့မျက်မှောက်၌ ငါချိုးဖွဲ၏။
ဤတွင် "သင်တို့မျက်မှောက်" ဟူသည် ဣသရေလလူမျိုးများကိုကိုယ်စားပြုသည့် စကားအလင်္ကာဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် သင်တို့၏ ရှေ့မှောက်တွင် သူတို့ကို အမှန်တကယ် ချိုးဖွဲ့သည်" သို့မဟုတ် "သင်တို့မြင်တွေ့နိုင်မည့်နေရာတွင် သူတို့ကို ငါချိုးဖွဲ့သည်။"

ထာဝရ ဘုရားရှေ့တော်၌ ပြပ်ဝပ်၍
"ငါ၏ မျက်နှာကို မြေကြီးပေါ်တွင်ချ၍" ၎င်းကို ဘာမှ မဟုတ်သော မောရှေသည် ထာဝရဘုရား၏ ကြီးမြတ်တော်မူခြင်းကို ပြသခြင်းဖြစ်သည်။

အရက်လေးဆယ်ပတ်လုံး
"၄၀ ရက် နှင့် ၄၀ ည"

Deuteronomy 19

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား အတိတ်တွင် ဖြစ်ပျက်ခဲ့သည့်အရာများကို ပြန်၍ သတိရစေသည်။

ထာဝရဘုရားသည် သင်တို့ ကို ဖျက်ဆီးခြင်းငှာအလွန်ပြင်းစွာသောအမျက်တော်အရှိန် ကိုငါကြောက်၏။
"အလွန်ပြင်းစွာ ထွက်သော အမျက်တော်အရှိန်" ဟူသောစကားသည် ထာဝရဘုရား၏ လုပ်ဆောင်ချက်များသည်သူပြင်းစွာအမျက်ထွက်ခြင်းကြောင့် ဖြစ်သည်ဟု ရေးသားခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် သင့်ထံတွင်စိတ်ဆိုးသည်။ သူသည် သင့်အား အလွန် မကျေမနပ်ဖြစ်ခဲ့သည်။ သူသည် သင့်အား ဖျက်ဆီးရန် လွန်စွာ အမျက်ထွက်ခဲ့သဖြင့် သူဘယ်လို ဖြစ်မည်ကို ငါအံ့ဩမိပါသည်။"

Deuteronomy 21

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား အတိတ်တွင် ဖြစ်ပျက်ခဲ့သည့်အရာများကို ပြန်၍ သတိရစေသည်။

သင်တို့လုပ်သော နွားသငယ်ကို ငါယူသဖြင့် အရည်ကျို၍၊ အမှုန့်ဖြစ် အောင် ညက်ညက်ချေပြီးလျှင်
မောရှေသည် တစ်ခြားလူများပြုလုပ်မည့် အမှန်တကယ်အလုပ်ကိုသေချာစွာမိန့်မှာခဲ့ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါယူ၍.. မီးရှို့သည်..ရိုက်သည်... ကိုက်သည်... လွှင့်ပစ် လိုက်သည်။"

သင်တို့ဒုစရိုက်
ရွှေဖြင့် ပြုလုပ်သော နွားသငယ်ရုပ်။
အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့ ပြုလုပ်သော ရုပ်တုကို ပြစ်မှားသည်။"

Deuteronomy 22

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား အတိတ်တွင် ဖြစ်ပျက်ခဲ့သည့်အရာများကို ပြန်၍ သတိရစေသည်။

တဗေရအရပ်၊ မဿာအရပ်၊ ကိဗြုတ်ဟတ္တဝါ အရပ်၌
၎င်းတို့သည် ဣသရေလလူမျိုးများ ဖြတ်ကျော်သောသဲကန္တာရတွင်ရှိသည့် နေရာဒေသနာမည်များဖြစ်သည်။

သွား၍ ငါပေးသောပြည်ကိုသိမ်းယူကြလော့။
သူတို့သည် မြေနိမ့်ပိုင်းတွင်နေ၍ ထာဝရဘုရားပြောသည့်အတိုင်း တောင်ကုန်းဘက်သို့ တက်ပြီးနေရာယူကြပါသည်။

အမိန့်တော်ကို ငြင်းဆန်ကြ၏။
"အမိန့်တော်"ဟူသော ဝေါဟာရသည် ထာဝရဘုရားကိုယ်တိုင်၏ပြောစကား ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားကို ငြင်းဆန်သည်၊ သင်သည်အမိန့်တော်ကိုမနာခံခြင်း"

သူ၏စကားတော်ကို နားထောင်
ဤတွင် "သူ၏စကားတော်" သည် ထာဝရဘုရားပြောသော စကားကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ၏ ပြောကြားချက်ကို နာခံပါ။"

ငါသိကျွမ်းသော နေ့မှစ၍
"ငါဦးဆောင်သောအချိန်မှစ၍"
တစ်ချို့သောဘာသာပြန်ဆိုချက်များတွင် "သင့်ကို သူသိသောနေ့မှ စ၍" ထာဝရဘုရားကို စသိကျွမ်းသောနေ့။

Deuteronomy 25

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား အတိတ်တွင် ဖြစ်ပျက်ခဲ့သည့်အရာများကို ပြန်၍ သတိရစေသည်။


generated on Tue Jul 2 12:50:28 2024

ငါသည် အရင်ပြပ်ဝပ်သကဲ့သို့
"ငါ၏မျက်နှာကိုမြေကြီးပေါ်တွင်ချသည်" 9:17 ၌
ဘာသာပြန်သည့်အတိုင်း ပြန်ဆိုနိုင်သည်။

အရက်လေးဆယ်ပတ်လုံး
"၄၀ ရက် နှင့် ၄၀ ည"

နှုတ်ဆောင် တော်မူသော
ကျွန်ဖြစ်ခြင်းမှ ထာဝရဘုရား၏ ကယ်ဆယ်ခြင်းအကြောင်းကို သူတို့
လွတ်မြောက်နိုင်ရန်ငွေကြေးဖြင့်ဝယ်ယူရသကဲ့သို့မောရှေပြောထားပါသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သင့်ကို ကယ်ဆယ်သည်။"

တန်ခိုးတော်အားဖြင့်
"တန်ခိုးတော်" ဟူသည့် စကားသည် ထာဝရဘုရား၏
အားကြီးသော ဘုန်းတန်ခိုးကိုပြောဆိုခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ အားကြီးသော
ဘုန်းတန်ခိုးဖြင့်"

အားကြီးသော လက်တော်နှင့်
ဤတွင်"အားကြီးသော လက်တော်" သည် ထာဝရ ဘုရား၏
တန်ခိုးကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏
အားကြီးသောတန်ခိုးဖြင့်" 4:34 ၌ ဘာသာပြန်သည့်အတိုင်း
ပြန်ဆိုနိုင်သည်။

Deuteronomy 27

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများ
မဖျက်ဆီးရန်ထာဝရဘုရားထံသို့ ဆက်လက် ဆုတောင်းသည်။

အောက်မေ့တော်မူပါ။
အခြားသောဘာသာပြန်ဆိုချက်၊ "သတိရ"

အကျွန်ုပ်တို့ကို နှုတ်ဆောင်တော်မူသော ပြည်သားတို့
"ပြည်"ဟူသောစကားလုံးသည် အဲဂုတ္တုလူမျိုးတို့အတွက်
ဥပမာတင်စား ပြောဆိုခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ထိုအဲဂုတ္တုလူမျိုး"

ဆိုကြပါ လိမ့်မည်
"ဆိုနိုင်ပါသည်"

မဟာတန်ခိုးတော်နှင့် လက်ရုံးတော်ကို ဆန့်သဖြင့်
ဤစကားစုများသည် ထာဝရဘုရား၏
သူ့လူမျိုးများကယ်တင်နိုင်ရန် သူ၏ အားကြီးသော
ဘုန်းတန်ခိုးကိုအသားပေးသည်။

---

## Translation Questions

### Deuteronomy 9:1

ဣသရေလအမျိုးတို့သည် မည်သည့်နေရာကိုသွားဖို့ ပြင်ဆင်နေကြသနည်း။
ဣသရေလ အမျိုးတို့သည် ယော်ဒန်မြစ်ကို ကူးရန် ဖြစ်သည်။

### Deuteronomy 9:3

ဣသရေလလူတို့သည် ယော်ဒန်မြစ်ကို မကူးခင် မည်ကဲ့သို့
ဖြစ်ပျက်လိမ့်မည်နည်း။
လောင်သောမီးကဲ့သို့ ဖြစ်လျက် သူတို့ကို ဖျက်ဆီးရန်
ထာဝရဘုရားသည် ကြွတော်မူလိမ့်မည်။

### Deuteronomy 9:4

ထာဝရဘုရားသည် ပြည်ထဲက သူတို့၏ ရန်သူများကို
နှင်ထုတ်တော်မူပြီးနောက် အဘယ်အရာကို မအောက်မေ့ရန် မောရှေသည်
လူတို့အား မိန့်တော်မူခဲ့သနည်း။
ဣသရေလလူတို့၏ ကုသိုလ်ကြောင့် ထာဝရဘုရားသည် ပြည်ကို
အပိုင်ပေးတော်မူသည် ဟူ၍ မအောက်မေ့ရန် ဣသရေလတို့အား
မိန့်တော်မူသည်။

### Deuteronomy 9:5

ဣသရေလ အမျိုးသည် ယော်ဒန်မြစ်ကို ဖြတ်ကူးမသွားမီ ဘုရားသခင်သည်
တစ်ပါးတစ်မျိုးကို အဘယ်ကြောင့် နှင်ထုတ်ခဲ့သနည်း။
သူတို့၏ မကောင်းမှုကြောင့်လည်းကောင်း၊ ဣသရေလတို့၏
အဘအာဗြဟံ၊ ဣဇာက်၊ ယာကုပ်တို့အား ကျိန်ဆိုတော်မူသော
စကားတော်ကို တည်စေလိုသောကြောင့် ထာဝရဘုရားသည်
သူတို့ကို နှင်ထုတ်တော်မူသည်။

### Deuteronomy 9:7

ဣသရေလတို့၏ ထာဝရဘုရားသည် အဘယ်ကြောင့်
အမျက်တော်ထွက်ခဲ့သနည်း။
အဘယ်ကြောင့်ဆိုသော် သူတို့သည် ထာဝရဘုရားကို
ပုန်ကန်သောကြောင့် သူသည် သူတို့ကို ဖျက်ဆီးလောက်အောင်
အမျက်တော်ထွက်ခဲ့သည်။

### Deuteronomy 9:9

မောရှေသည် တောင်ပေါ်တွင် မည်သည့်တို့ကို စားသောက်ခဲ့ သနည်း။
သူသည် အရက်လေးဆယ်ပတ်လုံး မုန့်ကို မစား၊
ရေကိုမသောက်ဘဲ တောင်ပေါ်တွ၌ နေသည်။

Deuteronomy 9:11

တောင်ပေါ်မှ အလျင်အမြန်ဆင်းသွားရန် ထာဝရဘုရားသည် အဘယ်ကြောင့် မောရှေအား မိန့်တော်မူခဲ့သနည်း။

လူတို့သည် ဖောက်ပြန်၍ ထာဝရဘုရား မှာထားသောလမ်းမှ လွှဲ၍၊ ရုပ်တုကို သွန်းကြပြီဟု ထာဝရဘုရားသည် သူ့အား မိန့်တော်မူသည်။

Deuteronomy 9:13

အဘယ်ကြောင့် ထာဝရဘုရားသည် ဣသရေလလူတို့ကို ပယ်ဖျက်၍ သူတို့ထက် အားကြီးသော အမျိုးဖြစ်စေမည်ဟု ဆိုခဲ့သနည်း။

ဤလူမျိုးသည် လည်ပင်းခိုင်မာသော အမျိုးဖြစ်သည်ဟု ထာဝရဘုရား ဆိုခဲ့သည်။

Deuteronomy 9:15

ဣသရေလလူတို့သည် မည်ကဲ့သို့ အပြစ်ကို လုပ်ခဲ့သနည်း။

နွားသငယ်ရုပ်တုကို သွန်းသောကြောင့် သူတို့သည် ထာဝရဘုရားကို ပြစ်မှားတော်မူသည်။

Deuteronomy 9:17

ထာဝရဘုရား၏ မျက်မှောက်တော်၌ လူတို့သည် မကောင်းမှုပြုကြောင်းကို သူမြင်ပြီးနောက် မောရှေသည် အဘယ်သို့ပြုလုပ်ခဲ့သနည်း။

သူသည် ကျောက်ပြားပစ်ချ၍ သူတို့ မျက်မှောက်၌ ချိုးဖဲ့ပြီး ထာဝရဘုရားရှေ့တော်၌ ပြပ်ဝပ်၍ အရက်လေးဆယ်ပတ်လုံး မုန့်ကို မစား၊ ရေကိုမသောက်ဘဲ နေသည်။

Deuteronomy 9:19

အဘယ်ကြောင့် မောရှေသည် အာရုန်နှင့်လူတို့အဘို့ ဆုတောင်းခဲ့သနည်း။

ထာဝရဘုရားသည် အာရုန်နှင့် လူတို့ကို ဖျက်ဆီးခြင်းငှါ ပြင်းစွာသော အမျက်တော်အရှိန်ကြောင့် သူသည် ဆုတောင်းခဲ့သည်။

Deuteronomy 9:21

မောရှေသည် သူတို့ လုပ်သော နွားသငယ်ရုပ်ကို အဘယ်သို့ ပြုခဲ့သနည်း။

မောရှေသည် သူတို့လုပ်သော နွားသငယ်ရုပ်ကို အရည်ကျို၍ အမှုန့်ဖြစ်အောင် ညက်ညက်ချေပြီးလျှင်၊ တောင်ထဲက ထွက်သော ချောင်းရေတွင် ချပစ်သည်။

Deuteronomy 9:22

လူတို့သည် ထာဝရဘုရားကို အမျက်တော်ထွက်အောင် မည်ကဲ့သို့ ပြုခဲ့ကြသနည်း။

သူတို့သည် ထာဝရဘုရား၏ အမိန့်တော်ကို ငြင်းဆန်ကြသည်။ သူတို့သည် ကိုယ်တော်ကို မယုံ၊ စကားတော်ကို နားမထောင်ဘဲနေကြသည်။

Deuteronomy 9:25

အရက်လေးဆယ်ပတ်လုံး ပြပ်ဝပ်လျက် မောရှေသည် မည်ကဲ့သို့ ဆုတောင်းခဲ့သနည်း။

ထာဝရဘုရား၏ အမွေဥစ္စာဖြစ်သော လူတို့ကို ဖျက်ဆီးတော်မမူပါနှင့်ဟု သူသည် ဆုတောင်းခဲ့သည်။

Deuteronomy 9:27

ထိုပြည်သားတို့သည် သူတို့အား မည်သို့ဖြစ်သည်ဟု မပြောရန် ထာဝရဘုရားထံ မောရှေဆုတောင်းသနည်း။

ထာဝရဘုရားသည် ပြည်သားတို့ကို ဆောင်သွားရန် မတတ်နိုင်သောကြောင့်လည်းကောင်း၊ ထိုသူတို့ကို မုန်းသွားသောကြောင့်လည်းကောင်း၊ တော၌သတ်လိုသောကြောင့်လည်းကောင်း သူတို့ကို ထာဝရဘုရား ထုတ်ဆောင်ခဲ့သည်ဟု ထိုပြည်သားတို့ မပြောကြရန် မောရှေ တောင်းဆိုခဲ့သည်။



generated on Tue Jul 2 12:50:28 2024

## Chapter 10

1 ထိုအခါ ထာဝရဘုရားက၊ အရင်ကျောက်ပြား နှစ်ပြားနည်းတူ၊ ကျောက်ပြားနှစ်ပြားကို ခုတ်ဦးလော့။ ငါရှိရာသို့ တက်လာလော့။
သေတ္တာကိုလည်း လုပ်လော့။ 2 သင်ချိုးဖဲ့သော အရင်ကျောက်ပြား၌ စကားပါ သည်အတိုင်း၊ နောက်ကျောက်ပြားပေါ်မှာ ငါရေးထားဦး
မည်။ သင်သည် ထိုကျောက်ပြားကို သေတ္တာထဲမှာ ထားရမည်ဟု ငါ့အား မိန့်တော်မူ၏။ 3 ငါသည်လည်း၊ အကာရှသစ်သားဖြင့်
သေတ္တာ ကို လုပ်၍၊ အရင်ကျောက်ပြားနည်းတူ ကျောက်ပြား နှစ်ပြားကို ခုတ်ပြီးမှ၊ ထိုကျောက်ပြားကို ကိုင်လျက် တောင်ပေါ်သို့
တက်လေ၏။ 4 သင်တို့စည်းဝေးသောနေ့၌ ထာဝရဘုရားသည် တောင်ပေါ်မှာ မီးထဲက မိန့်မြွက်တော်မူသော ပညတ်
တော်ဆယ်ပါးတို့ကို၊ အရင်စာ၌ လာသည်အတိုင်း၊ ထာဝရဘုရားသည် ရေးထား၍ ငါ့အားပေးတော်မူ၏။ 5 ငါသည်လည်း လှည့်၍
တောင်ပေါ်က ဆင်းသ ဖြင့်၊ လုပ်ပြီးသော သေတ္တာထဲ၌ ထိုကျောက်ပြားကို ထား၍၊ ထာဝရဘုရား မှာထားတော်မူသည်အတိုင်း၊
ထိုသေတ္တာထဲ၌ ယခုရှိ၏။ 6 ငါသည်တောင်ပေါ်မှာ အရင်နေသောကာလ နှင့်အမျှ၊ အရက်လေးဆယ်ပတ်လုံး တဖန်နေပြန်၍၊
ထိုအခါ၌လည်း ထာဝရဘုရားသည် သင်တို့ကို မဖျက်ဆီး မည်အကြောင်း၊ ငါ့စကားကို နားထောင်တော်မူ၏။ 7
ထာဝရဘုရားကလည်း၊ ထလော့။ ဤလူမျိုးအား ပေးခြင်းငှာ၊ သူတို့ဘိုးဘေးတို့အား ငါကျိန်ဆိုသောပြည်သို့ သူတို့သည် သွား၍
သိမ်းယူမည်အကြောင်း၊ သူတို့ရှေ့မှာ ခရီးသွားလော့ဟု ငါ့အား မိန့်တော်မူ၏။ 8 ဣသရေလအမျိုးသားတို့သည် မောသရုတ် အရပ်မှ
ခရီးသွား၍၊ ဗယ်ာကန်အရပ်၌ စားခန်းချကြ၏။ 9 ထိုအရပ်မှ ခရီးသွား၍ ဟောရဂိဒ်ဂဒ်အရပ်၌ စားခန်းချကြ၏။ ထိုအရပ်မှ
ခရီးသွား၍ ဧဗြောနအရပ်၌ စားခန်းချကြ၏။ ထိုအရပ်မှ ခရီးသွား၍ ဇေယုန်ဂါဗာ အရပ်၌ စားခန်းချကြ၏။ ထိုအရပ်မှ ခရီးသွား၍
ဇိနတောကာဒေရှအရပ်၌ စားခန်းချကြ၏။ ထိုအရပ်မှ ခရီးသွား၍ ဟောရတောင်၌ စားခန်းချကြ၏။ ထိုအရပ်၌ အာရုန်သည်
အနိစ္စရောက်၍၊ သူ့ကို သင်္ဂြိုဟ်ရ၏။ သူ၏သား ဧလာဇာသည် အဘ၏အရာ၌ ယဇ်ပုရော ဟိတ်အမှုကို ဆောင်ရ၏။ 10
လေဝိသားတို့သည် ထာဝရဘုရား၏ ပဋိညာဉ် သေတ္တာကို ထမ်းစေခြင်းငှာရင်း၊ ရှေ့တော်၌ ရပ်၍ အမှုတော်ကို
ဆောင်ရွက်စေခြင်းငှာရင်း၊ အခွင့်တော်နှင့် ကောင်းကြီးပေးစေခြင်းငှာရင်း၊ ယနေ့တိုင်အောင် ထိုသူ တို့ကို ခွဲခန့်တော်မူ၏။ 11
ထို့ကြောင့် လေဝိသားတို့သည် ညီအစ်ကိုတို့နှင့် ရော၍ အဘို့ကိုမပိုင်၊ အမွေကိုမခံရ။ သင်၏ ဘုရား သခင် ထာဝရဘုရားသည်
သူတို့ခံရသောအမွေ ဖြစ် တော်မူ၏။ 12 အို ဣသရေလအမျိုး၊ သင်၏ဘုရားသခင် ထာဝရဘုရားကို ကြောက်ရွံ့၍၊ လမ်းတော်သို့
လိုက်သွား ခြင်း၊ သင်၏ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံး အကြွင်းမဲ့ချစ်၍ အမှုတော်ကို ဆောင်ရွက်ခြင်း၊ 13 သင်၏အကျိုးကို
ထောက်၍ ယနေ့ ငါဆင့်ဆို သော ထာဝရဘုရား၏ ပညတ်တော်ကို စောင့်ရှောက် ခြင်းအမှုမှတပါး၊ သင်၏ဘုရားသခင် ထာဝရဘုရား
သည် အဘယ်အမှုကို တောင်းတော်မူသနည်း။ 14 မိုဃ်းကောင်းကင်နှင့် ကောင်းကင်ဘဝဂ်ကိုငှင်း၊ မြေကြီးနှင့်
မြေကြီးတန်ဆာရှိသမျှကိုငှင်း၊ သင်၏ဘုရား သခင် ထာဝရဘုရား ပိုင်တော်မူ၏။ 15 သို့ရာတွင် ထာဝရဘုရားသည် သင်၏ဘိုးဘေး
တို့ကို ချစ်ခင်မြတ်နိုး၍၊ ယနေ့ရှိသကဲ့သို့၊ သူတို့အမျိုး အနွယ်တည်းဟူသော သင့်ကို၊ အခြားသော လူမျိုးတကာ တို့တွင်
ရွေးကောက်တော်မူ၏။ 16 သို့ဖြစ်၍ သင်၏နှလုံးအရေဖျားကို လှီးဖြတ် လော့။ နောက်တဖန် ခိုင်မာသောလည်ပင်း မရှိစေနှင့်။ 17
အကြောင်းမူကား၊ သင်၏ဘုရားသခင် ထာဝရ ဘုရားသည်၊ ဘုရားတို့၏ ဘုရား၊ သခင်တို့၏သခင်၊ ကြီးမြတ်သောဘုရား၊
တန်ခိုးနှင့်ပြည့်စုံ၍ ကြောက်မက် ဘွယ်သောဘုရား၊ လူမျက်နှာကို မထောက်၊ တံစိုးကို မစားဘဲ၊ 18 မိဘမရှိသော သူငယ်၊
မုတ်ဆိုးမဘက်၌ တရား စီရင်၍၊ ဧည့်သည်အာဂန္တုတို့ကို စုံမက်သဖြင့်၊ အဝတ် အစားတို့ကို ပေးသနားသော ဘုရားဖြစ်တော်မူ၏။ 19
သို့ဖြစ်၍ ဧည့်သည်တို့ကို ချစ်ကြလော့။ အကြောင်းမူကား၊ သင်တို့သည် အဲဂုတ္တုပြည်၌ ဧည့်သည် ဖြစ်ကြဘူးပြီ။ 20
သင်၏ဘုရားသခင် ထာဝရဘုရားကို ကြောက် ရွံ့၍ အမှုတော်ကို ဆောင်ရွက်ရမည်။ ကိုယ်တော်၌ ဆည်းကပ်ရမည်။
နာမတော်အားဖြင့် ကျိန်ဆိုခြင်းကို ပြုရမည်။ 21 ထာဝရဘုရားသည် သင်၏ဂုဏ်အသရေ၊ သင်၏ဘုရားသခင် ဖြစ်တော်မူ၏။
သင်သည် ကိုယ် မျက်စိနှင့် မြင်သည်အတိုင်း၊ ကြောက်မက်ဘွယ်သော အမှုအရာကြီးတို့ကို သင့်အဘို့ပြုတော်မူပြီ။ 22 သင်၏
ဘိုးဘေးတို့သည်၊ အရေအတွက်အား ဖြင့် လူခုနစ်ဆယ်မျှသာ ရှိလျက်၊ အဲဂုတ္တုပြည်သို့ ဆင်းသွားကြ၏။ ယခုမူကား၊
အရေအတွက်အားဖြင့် မိုဃ်းကောင်းကင်ကြယ်နှင့်အမျှ သင်၏ဘုရားသခင် ထာဝရဘုရားသည် များပြားစေတော်မူပြီ။

---

Deuteronomy 01

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား အတိတ်တွင်
ဖြစ်ပျက်ခဲ့သည့် အရာများကို ပြန်၍ သတိရစေသည်။

ထိုအခါ
"ငါ၏ ဆုတောင်းခြင်းအပြီးတွင်"

အရင်
"အရင်" သည် အစဉ်လိုက် ကိန်းနံပါတ်တစ်ဖြစ်သည်။ ၎င်းသည်
မောရှေချိုးဖဲ့သော အရင်ကျောက်ပြားကိုဆိုလိုသည်။

တောင်ပေါ်မှာ
ဤတွင် "တောင်ပေါ်" သည် သိနတောင်ကို ဆိုလိုသည်။


generated on Tue Jul 2 12:50:28 2024

## Deuteronomy 03

ယေဘုယျအချက်အလက်

မောရှေသည် ဣသရေလလူမျိုးများအား အတိတ်တွင် ဖြစ်ပျက်ခဲ့သည့်အရာများကို ပြန်၍ သတိရစေသည်။

အရင်ကျောက်ပြားနည်းတူ

ဤတွင် "အရင်ကျောက်ပြား" သည် ပထမကျောက်ပြားကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အရင်ကျောက်ပြား နှစ်ပြားအတိုင်း"

တောင်ပေါ်သို့ တက်လေ၏။

"သိနတောင်ပါ်သို့တက်၏။"

မီးထဲက မိန့်မြွက်တော်မူသော

ထာဝရဘုရားသည် လူတစ်တစ်ယောက်ကဲ့သို့ မီးတောက်အလယ်၌ မတ်တပ်ထပြီး ကျယ်လောင်စွာ စကားပြောသည်။ 9:9 ၌ ဘာသာပြန်သည့်အတိုင်း ပြန်ဆိုနိုင်သည်။

စည်းဝေးသောနေ့၌

"စည်းဝေး" သည် "အတူတကွ စုရုံးခြင်း"ကို ဖော်ပြခြင်းဖြစ်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထိုအချိန်တွင် ဣသရေလ လူမျိုးများအားလုံး လာရောက်ပြီး တစ်နေရာတွင် အတူတကွတွေ့ဆုံသည်" 9:9 ၌ ဘာသာပြန်သည့်အတိုင်း ပြန်ဆိုနိုင်သည်။

## Deuteronomy 05

ယေဘုယျအချက်အလက်

မောရှေသည် ဣသရေလလူမျိုးများအား အတိတ်တွင် ဖြစ်ပျက်ခဲ့သည့်အရာများကို ပြန်၍ သတိရစေသည်။

ငါသည်လည်း လှည့်၍

ဤတွင်"ငါ" သည် မောရှေကို ဆိုလိုသည်။

တောင်ပေါ်က ဆင်း

"သိနတောင်ပေါ်မှဆင်းလာသည်"

သေတ္တာထဲ၌

"သေတ္တာထဲ၌ " သို့မဟုတ် "ခိုင်ခန့်သည့် သေတ္တာထဲ၌" (UDB)

## Deuteronomy 06

ယေဘုယျအချက်အလက်

စာရေးသူသည် ဣသရေလလူမျိုးတို့၏ လမ်းခရီးကိုအတိုချုပ်အားဖြင့် မှတ်တမ်းတင်သည်။

ဣသရေလအမျိုးသားတို့သည်...ငါကျိန်ဆိုသောပြည်သို့

ဣသရေလလူမျိုးများ၏ ခရီးသွားခဲ့သောဒေသ၏ နောက်ခံ အချက်အလက်များကို သိရပါသည်။ ၎င်းသည် အာရုန်အနိစ္စရောက်သည့် ဟောရတောင်လည်း အပါအဝင်ဖြစ်သည်။

မောသရုတ် အရပ်မှ

ဗယ်္ဘကန်...ဟောရဂိဒ်ဂဒ်...ဧမြောန...ဇေယုန်ဂါဗာ...ဇိနတောကာဒေရှ...ဟောရတောင်

၎င်းတို့သည်ဣသရေလလူမျိုးများသဲကန္တာရတွင်ဖြတ်ကျော်ခဲ့သောနေရာဒေသအ

ဗယ်္ဘကန်

ဘာသာပြန်သူသည်ရှင်းလင်းချက်ထည့်ထားပါသည်။ "ဗယ်္ဘကန်" သည်"ယာကန်လူမျိုးများပိုင်သော ရေတွင်း" ကိုဆိုလိုသည်။

ထိုအရပ်၌ သူ့ကိုသင်္ဂြိုဟ်ရ၏။

၎င်းကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် သူ့ကိုသင်္ဂြိုဟ်သောနေရာ" သို့မဟုတ် "ဣသရေလလူမျိုးများသည် သူ့ကို ထိုနေရာတွင်သင်္ဂြိုဟ်ပါသည်။"

ဧလာဇာ

၎င်းသည်အာရုန်၏သားနာမည်ဖြစ်သည်။

## Deuteronomy 08

ယေဘုယျအချက်အလက်

စာရေးသူသည် လေဝိမျိုးနွယ်စုများ၏ နောက်ခံအကြောင်း အရာများကို ရေးသားပါသည်။

ရှေ့တော်၌ ရပ်၍ အမှုတော်ကို ဆောင်ရွက်စေခြင်းငှာ

အရပ်သုံးစကား.."ထာဝရ ဘုရားအလိုရှိသော ယဇ်ပူဇော်ခြင်း"

ယနေ့တိုင်အောင်

"ယနေ့ သူတို့ လုပ်ဆောင်သကဲ့သို့"

ညီအစ်ကိုတို့နှင့် ရော၍ အဘို့ကိုမပိုင်

လေဝိမျိုးနွယ်စုများ ထိုနေရာရောက်သောအချိန်တွင် ကတိတော်နယ်၌ သူတို့ခွဲတမ်း မရရှိပါ။ ဤတွင် ပြည့်စုံသောအဓိပ္ပါယ်ကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။

ထာဝရဘုရားသည် သူတို့ခံရသောအမွေ ဖြစ် တော်မူ၏။

ထာဝရဘုရားသည် အာရုန်နှင့် သူ၏သားစဉ်မြေးဆက်များအား သူကိုယ်တိုင်သည်သူတို့ခံရသောအမွေတစ်စုံတစ်ရာကဲ့သို့အထူး ပြောထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့၏ပိုင်ဆိုင်မှုသည် ထာဝရဘုရား သာလျှင်ဖြစ်သည်။" သို့မဟုတ် "ထာဝရဘုရားသည် သူ့အမှုကို ထမ်းဆောင်ရန် သူတို့ကိုသာ ခွင့်ပြု၍၊ ၎င်းအမှုထမ်းရွက်ခြင်းအားဖြင့် သူတို့ကို ထောက်ပံ့ပေးပါသည်။"

သင်၏ဘုရား သခင်ထာဝရဘုရားသည်။

မောရှေသည်ဣသရေလလူမျိုးများအားလူတစ်ဦးတစ်ယောက်ပမာဖြင့် "သင်၏" ဟု တစ်ဦးဆိုင်နာမ်အသုံးပြုပါသည်။

စကားပြောခဲ့၏။

"လေဝိမျိုးနွယ်များအားစကားပြောခဲ့၏"



generated on Tue Jul 2 12:50:28 2024

## Deuteronomy 10

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား အတိတ်တွင် ဖြစ်ပျက်ခဲ့သည့် အရာများကို ပြန်၍ သတိရစေသည်။

အရင်အတိုင်း
"အရင်" သည် အစဉ်လိုက် ကိန်းနံပါတ်တစ်ဖြစ်သည်။ ၎င်းသည် အစပထမဆုံးအချိန်၌ မောရှေသည် သိနတောင်ပေါ်သို့ ထာဝရဘုရားထံမှ ကျောက်ပြားလက်ခံခြင်းကိုဆိုလိုသည်။ "အရင်က ငါလုပ်ခဲ့သည့်အတိုင်း"

အရက်လေးဆယ်ပတ်လုံး
"၄၀ ရက်" နှင့် "၄၀ ည"

သင့်ကိုဖျက်စီးစေခြင်းငှါ
မောရှေသည်ဣသရေလလူမျိုးများအားလူတစ်ဦးတစ်ယောက်ကဲ့သို့ "သင်" ဟု တစ်ဦးဆိုင်နာမ်သုံးပါသည်။

နယ်မြေပိုင်ဆိုင်သည်။
"နယ်မြေယူသည်" သို့မဟုတ် "ပိုင်ဆိုင်သောနယ်မြေယူသည်။"

သူတို့၏အဘ
၎င်းသည် အာဗြဟံ၊ ဣဇာက် နှင့်ယာကုပ် တို့ကိုဆိုလိုသည်။

သူတို့ခံရသောအမွေ ဖြစ် တော်မူ၏။
"သင့်အားငါပေး၏၊ သူတို့၏ သားစဉ်မြေးဆက်များ"

## Deuteronomy 12

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား လူတစ်ဦးတစ်ယောက်ပမာ ဆက်လက်ပြောဆိုသည်။

အို ဣသရေလအမျိုး
ဤတွင်
"ဣသရေလအမျိုး"သည်ဣသရေလလူမျိုးများကိုဆိုလိုသည်။

သင်၏ဘုရားသခင် ထာဝရဘုရားကို ကြောက်ရွံ့၍၊ လမ်းတော်သို့ လိုက်သွားခြင်း၊ သင်၏ဘုရားသခင် ထာဝရ ဘုရားကို စိတ်နှလုံး အကြွင်းမဲ့ချစ်၍ အမှုတော်ကို ဆောင်ရွက်ခြင်း၊ သင်၏ အကျိုးကို ထောက်၍ ယနေ့ ငါဆင့်ဆိုသော ထာဝရဘုရား၏ ပညတ်တော်ကို စောင့်ရှောက် ခြင်းအမှုမှတပါး
မောရှေသည် ဣသရေလလူမျိုးတို့အား မေးခွန်းမေးခြင်းဖြင့် သင်ပြခြင်းကို အသုံးပြုပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ ထာဝရဘုရားက သင်တို့ကို လုပ်ဆောင်စေလိုသည့် အရာများဖြစ်သည်။ ကြောက်ရွံ့ရန်...သင်တို့ ကောင်းလာစေရန်အတွက်"

လမ်းတော်သို့ လိုက်သွား ခြင်း
မောရှေသည် ထာဝရဘုရား၏ အလိုတော်နာခံခြင်းသည်သူ၏ လမ်းကြောင်းသို့ လျှောက်သွားခြင်းဖြစ်သည်ဟုပြောပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ၏အမိန့်တော်ကို နာခံရန်"

စိတ်နှလုံး အကြွင်းမဲ့ချစ်၍
စကားအသုံးအနှုန်း"သင်၏ စိတ်နှလုံး အကြွင်းမဲ့ " သည် "လုံးလုံးလျားလျား" ဆိုလိုခြင်းဖြစ်၍ "သင့်နာမ်ဝိညာဉ်နှင့်" သည် "သင်၏ ဖြစ်တည်နေသည့်အရာအားလုံး" ကိုဆိုလိုသည်။ ဤစကားစုနှစ်ခုသည် အဓိပ္ပါယ်တူညီပါသည်။ 4:29 ၌ ဘာသာပြန်သည့်အတိုင်း ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ ဖြစ်တည်မှုအားလုံးနှင့်" သို့မဟုတ် "သင်၏ အားထုတ်မှုအားလုံး"

## Deuteronomy 14

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား လူတစ်ဦးတစ်ယောက်ပမာ ဆက်လက်ပြောဆိုသည်။

ကောင်းကင်... မြေကြီး
ဤစကားလုံးသည် ထူးကဲသောအရာနှစ်ခု ပေါင်းစပ်ခြင်းအဓိပ္ပါယ်သက်ရောက်ပြီး အရာအားလုံးသည် ထာဝရ ဘုရားနှင့် သက်ဆိုင်သည်ဟု ဆိုလိုပါသည်။

မိုဃ်းကောင်းကင်နှင့် ကောင်းကင်ဘဝင်
ကောင်းကင်ရှိ အမြင့်ဆုံးသောနေရာကို ဆိုလိုသည်။ ကောင်းကင်တွင်ရှိသော အရာအားလုံးသည် ထာဝရဘုရားနှင့် ဆက်နွယ်နေသည်။

သင့်ကို ရွေးကောက်တော်မူ၏
ဤတွင်"သင်" သည် ဣသရေလလူမျိုးများကိုအများဆိုင်ရာနာမည်ဖြင့်ရည်ညွှန်းပါသည်။

## Deuteronomy 16

သို့ဖြစ်၍
"အဘယ်ကြောင့်ဆိုသော်"

သင်၏နှလုံးအရေဖျားကို လှီးဖြတ် လော့။
"အရေဖျားလှီးခြင်း" သည်လူတစ်ယောက်၏ လိင်အင်္ဂါထိပ်ဖျားပိုင်းရှိအရေခွံကို လှီးဖြတ်ခြင်းကို ဆိုလိုသည်။ ဤတွင်မောရှေသည် ဝိညာဉ်အရေဖျားလှီးခြင်းကို ရည်ညွှန်းပါသည်။ ၎င်းသည် လူတစ်ယောက်၏ အသက်တာ၌ ပါရှိသောအပြစ်များ ဖယ်ရှားခြင်းကို ဆိုလိုသည်။

ဘုရားတို့၏ ဘုရား
"အကြီးမြတ်ဆုံးသောဘုရား" သို့မဟုတ် "စစ်မှန်သောတစ်ဆူတည်းသောဘုရား"

သခင်တို့၏သခင်
"အကြီးမြတ်ဆုံးသောသခင်" သို့မဟုတ် "အကြီးမားဆုံးသောသခင်"

ကြောက်မက် ဘွယ်သောဘုရား
"လူများက ကြောက်ရွံ့ရသောသူ"


generated on Tue Jul 2 12:50:28 2024

Deuteronomy 18

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးတို့အား ဆက်လက်ပြောဆိုသည်။

မုတ်ဆိုးမဘက်၌ တရား စီရင်၍
"လူများကမိဘမဲ့များကို ဖြောင့်မတ်စွာ တရားစီရင်ရန်ထာဝရဘုရားက လုပ်စေသည်။"

မိဘမရှိသော သူငယ်
၎င်းသည် ပြုစုမည့်သူ ဆွေမျိုးမရှိသော၊ မိဘနှစ်ပါးသေဆုံးသည့်ကလေးသူငယ်များ

မုတ်ဆိုးမ
မုဆိုးမဆိုသည်မှာသူမ၏ ယောကျ်ားသေဆုံးပြီးသူမအသက်အိုမင်းသည်အထိ ပြုစုမည့်သူမရှိသောမိန်းမကိုဆိုလိုသည်။

အကြောင်းမူကား
"ဤအကြောင်းများကြောင့်"

Deuteronomy 20

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား လူတစ်ဦးတစ်ယောက်ပမာ စကားပြောကြားရာတွင်၊ "သင်" နှင့် "သင်၏" စကားလုံးများသည် အများကို ရည်ညွှန်းသည်။

အမှုတော်ကို ဆောင်ရွက်ရမည်။
"သူ့အားကိုးကွယ်ရမည့် တစ်ဆူတည်းသော ဘုရားဖြစ်သည်။"

ကိုယ်တော်၌ ဆည်းကပ်ရမည်။
ထာဝရဘုရားနှင့် ကောင်းသော ဆက်သွယ်မှုပြု၍ လူတို့သည် ထာဝရဘုရားထံသို့ တွယ်ဖက်ထားခြင်းအားဖြင့်သူ့ကို လုံးလုံးလျားလျား မှီခိုရပါမည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည်သူ့ထံသို့ မှီခိုအားထားရမည်။" သို့မဟုတ် "တစ်ဆူတည်းသော တွယ်ဖက် ထားရမည့်သူ"

နာမတော်အားဖြင့် ကျိန်ဆိုခြင်းကို ပြုရမည်။
ထာဝရဘုရား၏ နာမတော်အားဖြင့် ကျိန်ဆိုခြင်းဆိုသည်မှာ ထာဝရဘုရားကိုသာအခြေခံထားခြင်း သို့မဟုတ် သူ၏ ဘုန်းတန်ခိုးအားဖြင့် ကျမ်းကျိန်ခြင်းဖြစ်သည်။ 6:13 ၌ ဘာသာပြန်သည့်အတိုင်း ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားကိုကျမ်းကျိန်၍ စကားပြောခြင်းဖြင့် အတည်ပြုရန်" သို့မဟုတ် "သင်ကျမ်းကျိန်သောအခါ သူ့နာမည်ကို ပြောဆိုရမည်"

သင်သည် ကိုယ် မျက်စိနှင့် မြင်သည်အတိုင်း
ဤတွင် "မျက်စိ" သည် လူတစ်ယောက်၏ တစ်ကိုယ်လုံးကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်ကိုယ်တိုင် မြင်တွေ့ရမည်"

ထာဝရဘုရားသည် သင်၏ဂုဏ်အသရေ
ဖြစ်နိုင်ခြေရှိသောအဓိပ္ပါယ်များမှာ (၁) "သူသည် တစ်ဆူတည်းသော ချီးမွမ်းရမည့်သူ ဖြစ်သည်" သို့မဟုတ် (၂) "အခြားသော သူများလည်း ချီးမွမ်းကြသဖြင့် သင် ချီးမွမ်းရမည့်သူ"

Deuteronomy 22

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးများအား လူတစ်ဦးတစ်ယောက်ပမာ စကားပြောကြားရာတွင်၊ "သင်" နှင့် "သင်၏" စကားလုံးများသည် အများကို ရည်ညွှန်းသည်။

အဲဂုတ္တုပြည်သို့ ဆင်းသွားကြ၏။
"အဲဂုတ္တုပြည် တောင်ပိုင်းသို့ ခရီးသွားခဲ့သည်။" သို့မဟုတ် "အဲဂုတ္တုပြည်သို့ သွားသည်။"

လူခုနစ်ဆယ်မျှသာ
"လူအယောက် ၇၀ "

အရေအတွက်အားဖြင့် မိုဃ်းကောင်းကင်ကြယ်နှင့်အမျှ
မောရှေနှင့် အတူရှိသော ဣသရေလလူမျိုးများ များပြားခြင်းကို ဖော်ပြပါသည်။

---

## Translation Questions

Deuteronomy 10:1

ပညတ်တော်ကို ရေးထားသည့် ကျောက်ပြားနှစ်ပြားကို ထာဝရဘုရားက မောရှေကို မည်ကဲ့သို့ဆိုခဲ့သနည်း။
သစ်သား သေတ္တာကို လုပ်၍ ပညတ်တော်ကို ရေးထားသည့် ကျောက်ပြားနှစ်ပြားအား ထားရန် ထာဝရဘုရားက မောရှေကို ဆိုခဲ့သည်။

Deuteronomy 10:3

မောရှေသည် တောင်ပေါ်သို့ တက်လာသောအခါ ထာဝရဘုရားသည် ကျောက်ပြားပေါ်တွင် မည်သည့်အရာကို ရေးစေတော်မူခဲ့သနည်း။
ပညတ်တော်ဆယ်ပါးတို့ကို အရင်စာ၌လာသည်အတိုင်း၊ ထာဝရဘုရားသည် ရေးထားတော်မူခဲ့သည်။


generated on Tue Jul 2 12:50:28 2024

Deuteronomy 10:5

မောရှေသည် တောင်ပေါ်မှ ပြန်လာသောအခါ မည်သည့်နေရာ၌ ကျောက်ပြားနှစ်ပြားကို ထားခဲ့သနည်း။

သူသည် သေတ္တာထဲ၌ ကျောက်ပြားကို ထား၍ ထာဝရဘုရား မှာထားတော်မူသည်အတိုင်း လုပ်သည်။

Deuteronomy 10:6

မောသရုတ်အရပ်တွင် အာရုန်သည် မည်ကဲ့သို့ ဖြစ်ပျက်ခဲ့သနည်း။

မောသရုတ်အရပ်တွင် အာရုန် အနိစ္စရောက်၍ သင်္ဂြိုဟ်ခြင်းခံခဲ့သည်။

Deuteronomy 10:8

ထာဝရဘုရား၏ ပဋိညာဉ်သေတ္တာကို ထမ်းရန်နှင့် ထာဝရဘုရားရှေ့တော်၌ ရပ်၍ အမှုတော်ကို ဆောင်ရွက်ရန် မည်သည့် လူမျိုးတို့အား ရွေးကောက်တော်မူသနည်း။

ထာဝရဘုရား၏ ပဋိညာဉ်သေတ္တာကို ထမ်းရန်နှင့် ထာဝရဘုရားရှေ့တော်၌ ရပ်၍ အမှုတော်ကို ဆောင်ရွက်ရန် မည်လေဝိလူတို့အား ရွေးကောက်တော်မူသည်။

Deuteronomy 10:10

ဤအကြိမ်တွင် မောရှေသည် တောင်ပေါ်တွင် မည်မျှ ကာလပတ်လုံး နေခဲ့ရသနည်း။

မောရှေသည် တောင်ပေါ်တွင် ပထမအကြိမ်အဖြစ် အရက်လေးဆယ် နေ့ ညဥ့်ကာလပတ်လုံး နေခဲ့ရသည်။

Deuteronomy 10:12

ထာဝရဘုရားသည် ဣသရေလတို့အား မည်သို့ပြုရန် ဖြစ်ကြောင်း မောရှေကို ပြောထားတော်မူသနည်း။

ထာဝရဘုရားကို ကြောက်ရွံ့ခြင်း၊ လမ်းတော်သို့ လိုက်သွားခြင်း၊ စိတ်နှလုံးအကြွင်းမဲ့ချစ်၍ အမှုတော်ကို ဆောင်ရွက်ခြင်း၊ ထာဝရဘုရား၏ ပညတ်တော်ကို စောင့်ရှောက်ခြင်းတို့ဖြစ်သည်။

Deuteronomy 10:16

အဘယ်ကြောင့် မောရှေသည် လူတို့အား အရေဖျားလှီးရမည်ဟု ပြောဆိုခဲ့သနည်း။

မောရှေသည် သူတို့ကို သင်တို့၏ နှလုံး အရေဖျားကို လှီးဖြတ်ရမည်ဟု ပြောဆိုခဲ့ပါသည်။

Deuteronomy 10:18

အဘယ်ကြောင့် ဣသရေလတို့သည် ဧည့်သည်တို့ကို ချစ်ရသနည်း။

ဣသရေလတို့သည် ဧည့်သည်တိုကို ချစ်ရခြင်းမှာ သူတို့သည် အဲဂုတ္တုပြည်၌ ဧည့်သည်ဖြစ်ခဲ့သောကြောင့် ဖြစ်သည်။

Deuteronomy 10:22

ဘုရားသခင်သည် အရေအတွက်အားဖြင့် အဲဂုတ္တုပြည်သို့ ဆင်းသွားဘိုးဘေးတို့အား မည်ကဲ့သို့ မင်္ဂလာရှိခဲ့သနည်း။

သူတို့ အရေအတွက်အားဖြင့် ခုနှစ်ဆယ်မျှသာ ရှိလျက် အဲဂုတ္တုပြည်သို့ ဆင်းသွားကြသည်။ မိုဃ်းကောင်းကင်ကြယ်နှင့် အမျှ သူတို့၏ ဘုရားသခင်သည် များပြားစေတော်မူသည်။



generated on Tue Jul 2 12:50:28 2024

## Chapter 11

1 သို့ဖြစ်၍ သင်သည် သင်၏ဘုရားသခင် ထာဝရ ဘုရားကို ချစ်ရမည်။ စီရင်ထုံးဖွဲ့တော်မူချက်၊ မှာထား တော်မူသော
ပညတ်တော်တို့ကို အစဉ်စောင့်ရှောက် ရမည်။ 2 သင်၏ဘုရားသခင် ထာဝရဘုရား ဆုံးမတော်မူ ခြင်းကိုငှင်း၊
ဘုန်းအာနုဘော်တော်ကိုငှင်း၊ အားကြီးသော လက်ရုံးဆန့်တော်မူခြင်းကိုငှင်း၊ 3 ထူးဆန်းသော တန်ခိုးတော်ကိုငှင်း၊ အဲဂုတ္တုပြည် ၌၊
အဲဂုတ္တုရှင်ဘုရင် ဖါရောမင်းနှင့် ပြည်သူပြည်သား များတို့အား ပြုတော်မူသော အမှုကိုငှင်း၊ 4 အဲဂုတ္တုစစ်သူရဲ
အလုံးအရင်းတည်းဟူသော မြင်းစီးသူရဲ၊ ရထားစီးသူရဲတို့အား ပြုတော်မူသော အမှုကို ငှင်း၊ သင်တို့ကိုလိုက်သော သူတို့ကို
ဧဒုံပင်လယ်ရေ လွှမ်းမိုးစေ၍၊ ယနေ့တိုင်အောင် ဖျက်ဆီးတော်မူကြောင်း ကိုငှင်း၊ 5 ဤအရပ်သို့ မရောက်မှီ၊ တော၌ လှည့်လည်စဉ်
တွင် သင်တို့အား ပြုတော်မူသော အမှုကိုငှင်း၊ 6 ရုဗင်အမျိုး၊ ဧလျာဘသားဒါသန်နှင့် အဘိရံတို့ အား ပြုတော်မူသောအမှုကိုငှင်း၊
မြေကြီးသည် မိမိ ခံတွင်းကို ဖွင့်၍ သူတို့နှင့် အိမ်သူအိမ်သားများ၊ တဲများ၊ သူတို့၌ ရတတ်သမျှသော ဥစ္စာပစ္စည်းများကို၊ ဣသရေလ
အမျိုးသားတို့ အလယ်၌၊ မျိုကြောင်းကိုငှင်း မသိမမြင် သော သင်တို့၏ သားသမီးတို့အား ငါမပြော၊ သင်တို့ကိုယ် တိုင်
သိမှတ်ကြလော့။ 7 ထာဝရဘုရားပြုတော်မူသော အမှုကြီးအလုံးစုံ တို့ကို သင်တို့သည် ကိုယ်တိုင်မြင်ကြပြီ။ 8 ထို့ကြောင့်၊
သင်တို့သည်သွား၍ ဝင်စားလတံ့ သောပြည်ကို ကြီးစွာသောခွန်အားနှင့် ဝင်စားမည် အကြောင်း၊ 9 ထာဝရဘုရားသည် သင်တို့၏
ဘိုးဘေးတို့နှင့် သူတို့အမျိုးအနွယ်အား ပေးခြင်းငှာ ကျိန်ဆိုတော်မူသော ပြည်၊ နို့နှင့်ပျားရည်စီးသောပြည်၌ သင်တို့အသက်
တာရှည်မည်အကြောင်း၊ ယနေ့ ငါမှာထားသမျှသော ပညတ်တို့ကို စောင့်ရှောက်ရကြမည်။ 10 သင်တို့သွား၍ ဝင်စားလတံ့သော
ပြည်သည် ကား၊ ယာလုပ်သကဲ့သို့ မျိုးစေ့ကြဲ၍ ခြေဖြင့်ရေလောင်း ရသော ပြည်တည်းဟူသော သင်တို့ထွက်လာသော အဲဂုတ္တုပြည်နှင့်
တူသည်မဟုတ်။ 11 သင်တို့သွား၍ ဝင်စားလတံ့သောပြည်သည် တောင်များ၊ ချိုင့်များနှင့် ပြည့်စုံ၍ မိုဃ်းရေကို သောက် သောပြည်၊ 12
သင်တို့၏ဘုရားသခင် ထာဝရဘုရားပြုစု၍ တနှစ်ပတ်လုံး ကြည့်ရှုတော်မူသောပြည် ဖြစ်၏။ 13 သင်တို့ဘုရားသခင် ထာဝရဘုရားကို
စိတ်နှလုံး အကြွင်းမဲ့ချစ်၍ အမှုတော်ကို ဆောင်ရွက်မည် အကြောင်း၊ ယနေ့ ငါမှာထားသမျှသော ပညတ်တို့ကို စေ့စေ့နားထောင်လျှင်၊
14 သင်တို့သည် စပါး၊ စပျစ်ရည်၊ ဆီတို့ကို စုသိမ်း စေခြင်းငှာ အရင်မိုဃ်း၊ နောက်မိုဃ်း တည်းဟူသော သင်တို့ပြည်နှင့်ဆိုင်သော
မိုဃ်းရေကို ငါပေးမည်။ 15 သင်တို့သည် ဝစွာစားရမည်အကြောင်း၊ သင်တို့ တိရစ္ဆာန်များအဘို့ လွင်ပြင်၌ မြက်ပင်ကို ငါပေါက်စေ
မည်။ 16 သင်တို့သည် မိစ္ဆာဒိဋ္ဌိအယူကိုစွဲ၍ လမ်းမလွဲ၊ အခြားတပါးသော ဘုရားတို့ကို ဝတ်ပြု၊ ကိုးကွယ်ခြင်းနှင့်
ကင်းလွတ်မည်အကြောင်း၊ ကိုယ်ကိုကိုယ် သတိပြုကြ လော့။ 17 သို့မဟုတ် ထာဝရဘုရားသည် အမျက်တော် ထွက်၍ မိုဃ်းမရွာ၊
မြေ၏အသီးအနှံကို မဖြစ်စေခြင်းငှာ။ မိုဃ်းကောင်းကင်ကို ပိတ်တော်မူမည်။ ထာဝရဘုရား ပေးတော်မူသော ကောင်းမွန်သောပြည်၌
သင်တို့သည် အလျှင်အမြန် ပျောက်ပျက်ကြလိမ့်မည်။ 18 သို့ဖြစ်၍ ငါဟောပြောသော ဤစကားကို စိတ်နှလုံး၌ သွင်းထား၍၊ လက်၌
လက္ခဏာသက်သေ ဘို့ရာငှင်း၊ မျက်စိကြားမှာ သင်းကျစ်ကဲ့သို့ငှင်း ချည်ထားရ ကြမည်။ 19 ထိုစကားကို သင်တို့သည် အိမ်၌
ထိုင်လျက် နေသည်ဖြစ်စေ၊ ခရီးသွားသည်ဖြစ်စေ၊ အိပ်လျက်ထ လျက်ရှိသည်ဖြစ်စေ ဟောပြော၍၊ သားသမီးတို့အား
သွန်သင်ရကြမည်။ 20 အိမ်တံခါးမြို့တံခါး၌လည်း ရေးထားရကြမည်။ 21 သို့ပြုလျှင် ထာဝရဘုရားသည် ဘိုးဘေးတို့အား ပေးခြင်းငှာ
ကျိန်ဆိုတော်မူသောပြည်၌ သင်တို့အသက်၊ သားသမီးများ အသက်တာသည်၊ ကောင်းကင်၌ အသက် တာ ရှည်သကဲ့သို့၊
မြေကြီးပေါ်မှာ တာရှည်ရလိမ့်မည်။ 22 သင်တို့သည် သင်တို့၏ဘုရားသခင် ထာဝရ ဘုရားကို ချစ်သောစိတ်နှင့် လမ်းတော်သို့လိုက်၍၊
ကိုယ် တော်၌ ဆည်းကပ်မှီဝဲမည်အကြောင်း၊ ငါမှာထားသမျှ သော ဤပညတ်တို့ကို ကျင့်အံ့သောငှာ သတိနှင့် စောင့် ရှောက်လျှင်၊ 23
ထာဝရဘုရားသည် ဤလူမျိုးခပ်သိမ်းတို့ကို သင်တို့ရှေ့မှ နှင်ထုတ်တော်မူသဖြင့်၊ သင်တို့သည် ကိုယ်ထက်အားကြီး၍ များပြားသော
လူမျိုးတို့ကို အစိုးရ ကြလိမ့်မည်။ 24 သင်တို့သည် ခြေနှင့်နင်းသမျှသောအရပ်ကို ပိုင်သဖြင့်၊ တောမှစ၍
လေဗနုန်တောင်တိုင်အောင်ငှင်း၊ ဥဖရတ်မြစ်ကြီးမှစ၍ ပင်လယ်ကမ်းနား တိုင်အောင်ငှင်း၊ မြေတရှောက်လုံးသည် သင်တို့၏
နိုင်ငံအဝင် ဖြစ်လိမ့် မည်။ 25 သင်တို့ရှေ့မှာ အဘယ်သူမျှ မရပ်မနေနိုင် အောင်၊ သင်တို့နင်းသော မြေအရပ်၌ ရှိသောသူ
အပေါင်းတို့သည် သင်တို့ကို ကြောက်ရွံ့ ထိတ်လန့်မည် အကြောင်း၊ သင်တို့ ၏ဘုရားသခင် ထာဝရဘုရားသည်၊
ဂတိတော်ရှိသည်အတိုင်း ပြုတော်မူမည်။ 26 ယနေ့ ကောင်းကြီးပေးခြင်းနှင့် ကျိန်ခြင်းတည်း ဟူသော ဤနှစ်ပါးကို သင်တို့ရှေ့မှာ
ငါထား၏။ 27 ယနေ့ ငါဆင့်ဆိုသော သင်တို့ဘုရားသခင် ထာဝရဘုရား၏ ပညတ်တော်တို့ကို နားထောင်လျှင်မူ ကား၊
ကောင်းကြီးပေးခြင်း၊ 28 သင်တို့ဘုရားသခင် ထာဝရဘုရား၏ ပညတ် တော်တို့ကို နားမထောင်၊ ယနေ့ ငါမှာထားသောလမ်းမှ
လွှဲရှောင်၍၊ မသိဘူးသော အခြားတပါးသောဘုရားကို မှီဝဲဆည်း ကပ်လျှင်မူကား ကျိန်ခြင်းကို ငါထား၏။ 29 သင်တို့သည်သွား၍
ဝင်စားလတံ့သောပြည်သို့ သင်တို့၏ ဘုရားသခင် ထာဝရဘုရားသည် ဆောင်သွင်း တော်မူပြီးမှ၊ ကောင်းကြီးမင်္ဂလာကို ဂေရဇိမ်
တောင်ပေါ်၌ငှင်း၊ ကျိန်ခြင်းကို ဧဗလတောင်ပေါ်၌ငှင်း တင်ထားရ ကြမည်။ 30 ထိုတောင်တို့သည် ယော်ဒန်မြစ်အနောက်၊
နေဝင်ရာဘက်မှာ ခါနနိလူတို့နေရာ အရပ်တည်းဟူ သော၊ မောရေသပိတ်တောအနား၊ ဂိလဂါလမြို့နှင့် ဆိုင်သော လွင်ပြင်၌
ရှိသည်မဟုတ်လော။ 31 သင်တို့၏ဘုရားသခင် ထာဝရဘုရား ပေးတော် မူသော ပြည်ကို ဝင်စားခြင်းငှာ၊ ယော်ဒန်မြစ်တဘက်သို့


generated on Tue Jul 2 12:50:28 2024

ကူးသွား၍၊ ထိုပြည်ကို ဝင်စားလျက် နေရကြမည်။ [32] ယနေ့ ငါထားသမျှသော စီရင်ထုံးဖွဲ့ချက်တို့ကို ကျင့်အံ့သောငှာ
စောင့်ရှောက်ရကြမည်။



generated on Tue Jul 2 12:50:28 2024

## Chapter 12

[1] သင်တို့သည် မြေကြီးပေါ်မှာ အသက်ရှင်သမျှ သော ကာလပတ်လုံး ဝင်စားစေခြင်းငှာ သင်တို့ဘိုးဘေး ကိုးကွယ်သော ဘုရားသခင်
ထာဝရဘုရားပေးတော်မူ သောပြည်၌ ကျင့်အံ့သောငှာ စောင့်ရှောက်ရသော စီရင် ထုံးဖွဲ့ချက်များ ဟူမူကား၊ [2] သင်တို့
အစိုးရသောလူမျိုးတို့သည် တောင်ကြီး၊ တောင်ငယ်အပေါ်၊ စိမ်းသော သစ်ပင်အောက်၌ မိမိတို့ ဘုရားများကို ဝတ်ပြုရာအရပ်
ရှိသမျှတို့ကို ရှင်းရှင်း ဖျက်ဆီးရမည်။ [3] သူတို့ယဇ်ပလ္လင်များကိုလည်း ဖျက်ရမည်။ ရုပ်တု များကို ဖြိုချရမည်။ အာရှရပင်များကို
မီးရှို့ရမည်။ ထုလုပ်သော ဘုရားဆင်းတုများကို ခုတ်လှဲရမည်။ ထိုအရပ်၌ ထိုဘုရားတို့၏ နာမကိုပင် ပယ်ရှင်းရမည်။ [4]
သူတို့ပြုသကဲ့သို့၊ သင်တို့သည် သင်တို့၏ ဘုရားသခင် ထာဝရဘုရားအား မပြုရဘဲ၊ [5] သင်တို့၏ဘုရားသခင် ထာဝရဘုရားသည်၊
သင်တို့အမျိုးအနွယ် ရှိသမျှတို့တွင် နာမတော်ကို တည် စေဘို့ရာ ရွေးကောက်တော်မူသော အရပ်တည်းဟူသော
ကျိန်းဝပ်တော်မူရာအရပ်ကို ရှာ၍ လာရကြမည်။ [6] ထိုအရပ်သို့ သင်တို့သည် မီးရှို့ရာယဇ်အစရှိ သော ယဇ်များ၊ ဆယ်ဘို့တဘို့
ပူဇော်သက္ကာချီမြှောက်ရာပူဇော်သက္ကာ၊ သစာဂတိနှင့်ဆိုင်သော ပူဇော်သက္ကာ၊ အလိုလိုပြုသော ပူဇော်သက္ကာမှစ၍၊ သိုးနွား တွင်
အဦးဘွားသော သားငယ်တို့ကို ဆောင်ခဲ့ရကြမည်။ [7] ထိုအရပ်၌ သင်တို့၏ဘုရားသခင် ထာဝရ ဘုရားရှေ့တော်၌ စားရကြမည်။
ပြုလေရာရာ၌ သင်တို့ ၏ ဘုရားသခင် ထာဝရဘုရား ကောင်းကြီးပေးတော်မူ သဖြင့်၊ ကိုယ်တိုင်မှစ၍ အိမ်သူအိမ်သားတို့သည်
ရွှင်လန်း ခြင်းကို ပြုရကြမည်။ [8] ယခုကာလ၊ ဤအရပ်၌ပြုသကဲ့သို့၊ ထိုအရပ်၌ လူတိုင်း ကိုယ်ဉာဏ်ကို လိုက်၍ မပြုရကြ။ [9]
သင်တို့၏ဘုရားသခင် ထာဝရဘုရားပေးတော်မူ သော အမွေခံရာ ချမ်းသာထဲသို့ သင်တို့သည် မဝင်ရ ကြသေး။ [10] သင်တို့သည်
ယော်ဒန်မြစ်တဘက်သို့ကူး၍၊ သင်တို့အမွေခံရာဘို့ သင်တို့၏ ဘုရားသခင် ထာဝရ ဘုရားပေးတော်မူသော ပြည်၌ နေကြသောအခါ၊
ရန်သူအပေါင်းတို့လက်မှ သင်တို့ကို ကယ်နှုတ်တော်မူ သဖြင့် ငြိမ်ဝပ်စွာ နေကြသောအခါ၊ [11] နာမတော်ကို တည်စေဘို့ရာ၊ သင်တို့၏
ဘုရားသခင် ထာဝရဘုရား ရွေးကောက်တော်မူသော အရပ် ရှိရမည်။ ထိုအရပ်သို့ ငါမှာထားသမျှအတိုင်း၊ သင်တို့မီးရှို့ရာယဇ်
အစရှိသောယဇ်များ၊ ဆယ်ဘို့တဘို့ ပူဇော်သက္ကာ၊ ချီးမြှောက်ရာ ပူဇော်သက္ကာ၊ ထာဝရဘုရား အား ဂတိရှိသည်အတိုင်း၊ မြတ်သော
ပူဇော်သက္ကာတို့ကို ဆောင်ခဲ့ရကြမည်။ [12] ကိုယ်တိုင်မှစ၍၊ သားသမီး၊ ကျွန်ယောက်ျား မိန်းမတို့နှင့် ကိုယ်အဘို့မရှိ၊ အမွေမခံရဘဲ၊
သင်တို့၌ တည်းခိုသော လေဝိသားတို့သည် သင်တို့၏ ဘုရားသခင် ထာဝရဘုရား ရှေ့တော်၌ ရွှင်လန်းခြင်းကို ပြုရကြမည်။ [13]
တွေ့မြင်ရာအရပ်၌ မီးရှို့ရာယဇ်ကို မပူဇော်ရ မည်အကြောင်း သတိပြုကြလော့။ [14] သင်တို့အမျိုးတမျိုးတွင် ထာဝရဘုရား ရွေး
ကောက်တော်မူသော အရပ်၌ မီးရှို့ရာယဇ်ကို ပူဇော်၍၊ ငါမှာထားသမျှတို့ကို ပြုရကြမည်။ [15] သို့ရာတွင် သင်၏ဘုရားသခင်
ထာဝရဘုရား ကောင်းကြီး ပေးတော်မူ သည်အတိုင်း၊ သင်တို့နေရာ အရပ်ရပ်၌ စားချင်သော အလိုသို့လိုက်၍ သတ်စားရ သော
အခွင့်ရှိကြ၏။ သမင်၊ ဒရယ်ကို စား သကဲ့သို့၊ စင်ကြယ်သောသူ၊ မစင်ကြယ်သောသူတို့သည် အတူစား ရ ကြမည်။ [16] သို့ရာတွင်
အသွေးကိုမစားရ။ ရေကိုသွန်သကဲ့ သို့ မြေပေါ်မှာ သွန်ရမည်။ [17] စပါး၊ စပျစ်ရည်၊ ဆီဆယ်ဘို့တွင် ပူဇော်သော တဘို့၊ သိုးနွားတွင်
အဦးဘွားသော သားငယ်၊ သစ္စာဂတိ နှင့်ဆိုင်သော ပူဇော်သက္ကာ၊ အလိုလိုပြုသော ပူဇော် သက္ကာ၊ ချီမြှောက်ရာ ပူဇော်သက္ကာ
တစုံတခုကိုမျှ၊ သင်တို့ သည် ကိုယ်နေရာအရပ်၌ မစားရ ကြ။ [18] သင်တို့၏ဘုရားသခင် ထာဝရဘုရား ရွေး ကောက်တော်မူသော
အရပ်၌၊ သင်တို့၏ ဘုရားသခင် ထာဝရဘုရားရှေ့မှာ ကိုယ်တိုင်မှစ၍သားသမီး၊ ကျွန်ယောက်ျားမိန်းမ၊ တည်းခိုသော လေဝိ
သားတို့သည် စားရကြမည်။ ပြုလေရာရာ၌ သင်တို့၏ဘုရား သခင် ထာဝရဘုရားရှေ့တော်မှာ ရွှင်လန်းခြင်းကို ပြုရကြမည်။ [19]
မြေကြီးပေါ်မှာ အသက်ရှင်သမျှသော ကာလ ပတ်လုံး၊ လေဝိသားတို့ကို မမေ့လျော့မည်အကြောင်း သတိပြုကြလော့။ [20]
သင်၏ဘုရားသခင် ထာဝရဘုရားသည် ဂတိ တော်ရှိသည်အတိုင်း၊ သင်၏နေရာ ပြည်ကို ကျယ်စေ တော်မူသောအခါ၊ သင်သည်
အမဲသားကို စားချင်သော စိတ်ရှိ၍၊ အမဲသားကို ငါစားမည်ဟုဆိုလျှင်၊ စားချင်တိုင်း စားရသောအခွင့်ရှိ၏။ [21] သင်၏ဘုရားသခင်
ထာဝရဘုရားသည် နာမ တော်ကို တည်စေဘို့ရာ ရွေးကောက်တော်မူသော အရပ် သည် သင့်နေရာနှင့် ဝေးလွန်းလျှင်၊
ထာဝရဘုရားပေး တော်မူသော သိုးနွားကို၊ ငါမှာထားသည်အတိုင်းသတ်၍၊ သင့်နေရာအရပ်၌ စားချင်တိုင်းစားရသော အခွင့်ရှိ၏။ [22]
သမင်၊ ဒရယ်ကို စားသကဲ့သို့ စားရမည်။ စင်ကြယ်သောသူ၊ မစင်ကြယ်သောသူတို့သည် ရောနှော၍ စားရသောအခွင့်ရှိကြ၏။ [23]
သို့ရာတွင်၊ အသွေးကို မစားမည်အကြောင်း၊ သတိပြုလော့။ အသက်သည် အသွေး၌ တည်၏။ အသား နှင့်တကွ အသက်ကို မစားရ။
[24] ထို့ကြောင့် အသွေးကို မစားရ။ ရေကို သွန်သကဲ့ သို့ မြေပေါ်မှာ သွန်ရမည်။ [25] သင်သည် ထာဝရဘုရားနှစ်သက်တော်မူဘွယ်
သောအမှုကို ပြုသဖြင့်၊ ကိုယ်တိုင်မှစ၍ သားမြေးတို့သည် ချမ်းသာစွာ နေရမည်အကြောင်း၊ အသွေးကို ရှောင်ရ မည်။ [26] သင်၌
သန့်ရှင်းသော ပူဇော်သက္ကာ၊ သစ္စာဂတိ အတိုင်းပြုသော ပူဇော်သက္ကတို့ကို ယူ၍၊ ထာဝရဘုရား ရွေးကောက်တော်မူသောအရပ်သို့
သွားရမည်။ [27] အသားနှင့်အသွေးကို ရောနှော၍၊ မီးရှို့ရာယဇ် တို့ကို၊ သင်၏ ဘုရားသခင် ထာဝရဘုရား၏ ယဇ်ပလ္လင် ပေါ်မှာ
ပူဇော်ရမည်။ ယဇ်ကောင်အသွေးကို၊ သင်၏ ဘုရားသခင် ထာဝရဘုရား၏ ယဇ်ပလ္လင်ပေါ်မှာ သွန်းလောင်း၍၊ အသားကို စားရမည်။
[28] သင်၏ဘုရားသခင် ထာဝရဘုရား နှစ်သက် မြတ်နိုးတော်မူဘွယ်သောအမှုကို ပြုသဖြင့်၊ ကိုယ်တိုင်မှ စ၍
သားမြေးအစဉ်အဆက်တို့သည် ချမ်းသာစွာ နေရမည်အကြောင်း၊ ငါမှာထားသမျှသော ဤစကား တို့ကို စေ့စေ့နားထောင်၍
စောင့်ရှောက်လော့။ [29] သင်သွား၍ ဝင်စားလတံ့သောပြည်၌ရှိသော လူမျိုးတို့ကို၊ သင်၏ဘုရားသခင် ထာဝရဘုရားသည်

 generated on Tue Jul 2 12:50:28 2024

သင့်ရှေ့မှာပယ်ရှင်းတော်မူသဖြင့်၊ သူတို့နေရာပြည်၌ သင်သည် ဝင်၍နေသောအခါ၊ [30] သူတို့သည် သင့်ရှေ့မှာ ပျက်စီးသောနောက်၊
သူတို့အကျင့်အတိုင်း သင်ကျင့်၍ အပြစ်မရောက်မည်အ ကြောင်း၊ ထိုလူမျိုးတို့သည် သူတို့ဘုရားများကို အဘယ်သို့ ဝတ်ပြုသနည်း။
ထိုနည်းတူ ငါပြုမည်ဟု သူတို့ဘုရား ဝတ်ကို မမေးမြန်းမည်အကြောင်း၊ ကိုယ်ကိုကိုယ် သတိပြု လော့။ [31] သူတို့ပြုသကဲ့သို့
သင်၏ဘုရားသခင် ထာဝရ ဘုရားအား သင်မပြုရ။ သူတို့သည်၊ ထာဝရဘုရား စက်ဆုပ် ရွံရှာတော်မူသမျှတို့ကို သူတို့ဘုရား၌
ပြုကြပြီ။ ကိုယ်သား သမီးကိုပင် သူတို့ဘုရားအား ဝတ်ပြု၍ မီးရှို့ကြပြီ။ [32] ငါမှာထားသမျှတို့ကို ကျင့်အံ့သောငှာ စောင့် ရှောက်လော့။
ထပ်၍ မပိုရ၊ နှုတ်၍ မလျှော့စေရ။

---


generated on Tue Jul 2 12:50:28 2024

## Chapter 13

1 သင်တို့တွင် ပရောဖက်ပြုသောသူ၊ အိပ်မက်ကို မြင်သောသူသည် ပေါ်လာ၍၊ 2 သင်တို့မသိသော အခြားတပါးသောဘုရားကို
ဆည်းကပ်၍ ဝတ်ပြုကြစို့ဟု ပြောဆိုလျက်၊ နိမိတ် လက္ခဏာ၊ အံ့ဘွယ်သောအမှုကို ပေး၍၊ ထိုနိမိတ် လက္ခဏာ၊
အံ့ဘွယ်သောအမှုသည် ပြည့်စုံသော်လည်း၊ 3 ထိုပရောဖက်ပြုသောသူ၊ အိပ်မက်ကို မြင်သော သူတို့၏ စကားကို နားမထောင်ရ။
အကြောင်းမူကား၊ သင်တို့သည် သင်တို့၏ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ ချစ်သည်မချစ်သည်ကို၊ သင်တို့၏
ဘုရားသခင် ထာဝရဘုရားသည် စုံစမ်းတော်မူ၏။ 4 သင်တို့၏ ဘုရားသခင် ထာဝရဘုရားနောက် တော်သို့ လိုက်ရကြမည်။
ကြောက်ရွံ့သောစိတ်နှင့် ပညတ်တော်တို့ကို စောင့်ရကြမည်။ စကားတော်ကို နားထောင်လျက် ဝတ်ပြု၍၊ ကိုယ်တော်၌ ဆည်းကပ်မှီဝဲရ
ကြမည်။ 5 ကျွန်ခံနေရာအဲဂုတ္တုပြည်မှ သင်တို့ကို ကယ်နှုတ် ဆောင်ယူခဲ့တော်မူသော သင်တို့၏ဘုရားသခင် ထာဝရ
ဘုရားထံတော်မှလွဲစေခြင်းငှာရင်း၊ သင်တို့၏ဘုရား သခင် ထာဝရဘုရားသည်၊ သင်တို့လိုက်စရာဘို့ မှာထား တော်မူသောလမ်းမှ
ထွက်စေခြင်းငှာရင်း ဟောပြော သောကြောင့်၊ ထိုပရောဖက်ပြုသူနှင့် အိပ်မက်မြင်သူ တို့သည် အသေသတ်ခြင်းကို ခံရကြမည်။ ထိုသို့
ဒုစရိုက် အပြစ်ကို သင်တို့အထဲက ပယ်ရှင်းရကြမည်။ 6 သင်၏ညီအစ်ကိုရင်း၊ သင်၏သားသမီး၊ သင်၏ ရင်ခွင်၌နေသောမယား၊
ကိုယ်ကဲ့သို့ မှတ်တတ်သော အဆွေခင်ပွန်းတစုံတယောက်က၊ သွားကြစို့။ သင်လည်း မသိ၊ ဘိုးဘေးတို့လည်းမသိသော
အခြားတပါးသော ဘုရား၊ 7 သင့်ပတ်လည်အနီးအဝေး၌ နေသောသူ၊ မြေကြီးစွန်းတဘက်မှသည် တဘက်တိုင်အောင်၊ ကိုးကွယ်
သောဘုရားကို ဝတ်ပြုကြစို့ဟု တိတ်ဆိတ်စွာ သွေး ဆောင်လျှင်၊ 8 သင်သည် ဝန်မခံရ။ သူ၏စကားကို နားမထောင် ရ။ သူ့ကို
မြင်သောအခါ မသနားရ။ နှမြောသဖြင့် ဖွက်၍ မထားရဘဲ၊ သူ့ကို အမှန်သတ်ရမည်။ 9 သူသည် အသေသတ်ခြင်းကို ခံစိမ့်သောငှာ၊
သင်သည် အဦးပြုပြီးမှ၊ လူအပေါင်းတို့သည် ပြုရကြမည်။ 10 ကျွန်ခံနေရာ အဲဂုတ္တုပြည်မှ သင်တို့ကို နှုတ် ဆောင်တော်မူသော
သင်၏ဘုရားသခင် ထာဝရဘုရား ထံတော်မှ လွဲစေခြင်းငှာ ကြံစည်သောကြောင့်၊ ထိုသူကို ကျောက်ခဲနှင့်ပစ်၍ အသေသတ်ရကြမည်။
11 ထိုသိတင်းကို ဣသရေလအမျိုးသားအပေါင်းတို့ သည် ကြား၍၊ ထိုသို့သော အဓမ္မအမှုကို သင်တို့တွင် နောက်တဖန်မပြုဝံ့ဘဲ
နေကြလိမ့်မည်။ 12 အဓမ္မလူတို့သည် သင်တို့အထဲကထွက်၍၊ သင်တို့မသိသော၊ 13 အခြားတပါးသော ဘုရားထံသို့ သွား၍ ဝတ်ပြု
ကြစို့ဟု ပြောဆိုလျက်၊ သူတို့မြို့သူ မြို့သားတို့ကို သွေး ဆောင်ကြောင်းကို၊ သင်၏ဘုရားသခင် ထာဝရဘုရား သည် သင့်နေစရာဘို့
ပေးတော်မူသော မြို့တစုံတမြို့၌ သင်သည် သိတင်းကြားလျှင်၊ ထိုအမှုကို စေ့စေ့မေးမြန်း စစ်ကြောရမည်။ 14
သိတင်းကြားသည်အတိုင်း ထင်ရှားစွာ ဧကန် မှန်၍၊ ထိုသို့သော စက်ဆုပ်ဘွယ်အမှုကို သင်တို့တွင် အမှန်ပြုမိလျှင်၊ 15
ထိုမြို့သူမြို့သားတို့ကို ထားနှင့်လုပ်ကြံရမည်။ မြို့မှစ၍ မြို့၌ရှိသော လူနှင့်တိရစ္ဆာန်အပေါင်းတို့ကို ထားနှင့် ရှင်းရှင်းဖျက်ဆီးရမည်။
16 လုယူရာဥစ္စာရှိသမျှကို မြို့လမ်းမအလယ်၌ စုပုံ၍၊ ထိုမြို့နှင့်တကွ လုယူရာဥစ္စာရှိသမျှကို သင်၏ ဘုရားသခင် ထာဝရဘုရားအဘို့
မီးရှို့ရမည်။ ထိုမြို့သည် အစဉ်အမြဲ အမှိုက်ပုံဖြစ်ရမည်။ နောက်တဖန် မတည် မဆောက်ရ။ 17 ထာဝရဘုရားသည်
အမျက်တော်အရှိန်ကို ငြိမ်းစေ၍၊ သင်၏ဘိုးဘေးတို့အား ဂတိတော်ရှိသည် အတိုင်း၊ သင့်ကို ကယ်မသနားတော်မူသဖြင့် များပြားစေ
တော်မူမည်အကြောင်း၊ ကျိန်အပ်သောဥစ္စာ တစုံတခုကို မျှ မသိမ်းမယူဘဲ၊ အလုံးစုံတို့ကို စွန့်ပစ်ရမည်။ 18 ယနေ့
ငါမှာထားသည်အတိုင်း သင်၏ဘုရား သခင် ထာဝရဘုရား၏ စကားတော်ကို နားထောင်၍ ပညတ်တော်အလုံးစုံတို့ကို ကျင့်သဖြင့်၊
သင်၏ဘုရား သခင် ထာဝရဘုရား နှစ်သက်တော်မူဘွယ်ပြုသော အခါ၊ ရှေးဂတိတော်အတိုင်း ပြုတော်မူမည်။


generated on Tue Jul 2 12:50:28 2024

## Chapter 14

1 သင်တို့သည် သင်တို့ဘုရားသခင် ထာဝရဘုရား ၏ သားဖြစ်ကြ၏။ သေသောသူအတွက် အသားကို မခုတ်မရှရ။
မျက်မှောင်ကြားမှာ အမွေးကို မရိတ်ရ။ 2 သင်တို့သည် သင်တို့၏ ဘုရားသခင် ထာဝရ ဘုရားအဘို့၊ သန့်ရှင်းသောလူမျိုး ဖြစ်ကြ၏။
ထာဝရ ဘုရားသည် မြေကြီးပေါ်မှာရှိသမျှသော လူမျိုးထက်၊ ကိုယ်တော် ပိုင်ထိုက်သော အမျိုးဖြစ်စေခြင်းငှာ သင်တို့ကို
ရွေးချယ်တော်မူပြီ။ 3 စက်ဆုပ်ရွံ့ရှာဘွယ်သော အရာကို သင်တို့ မစားရ။ 4 စားရသော တိရစ္ဆာန်ဟူမူကား၊ နွား၊ သိုး၊ ဆိတ်၊ 5 သမင်၊
ဒရယ်၊ ဆတ်၊ ဂျီ၊ ဒိရှုန်၊ စိုင်၊ ဇမေရ အစရှိသော၊ 6 ခွါကွဲပြား၍ စားမြုံ့ပြန်သော သားများကို စားရသောအခွင့်ရှိ၏။ 7 သို့သော်လည်း
စားမြုံ့ပြန်သောသား၊ ခွာကွဲပြား သော သားတို့တွင် မစားရသော သားဟူမူကား၊ ကုလား အုပ်၊ အာရနဘက်၊ ရှာဖန်တို့သည်
စားမြုံ့ပြန်သော်လည်း၊ ခွာမကွဲပြားသောကြောင့် သင်တို့၌ မစင်ကြယ်။ 8 ဝက်သည် ခွာကွဲပြားသော်လည်း၊ စားမြုံ့မပြန် သောကြောင့်
သင်တို့၌ မစင်ကြယ်။ အသားကို မစားရ။ အသေကောင်ကိုလည်း မထိရ။ 9 ရေ၌နေသော တိရစ္ဆာန်တကာတို့တွင် အယပ် နှင့်
အကြေးရှိသော တိရစ္ဆာန်ကိုသာ စားရ၏။ 10 အယပ်နှင့် အကြေးမရှိသော တိရစ္ဆာန်ကို မစားရ။ သင်တို့၌ မစင်ကြယ်။ 11
စင်ကြယ်သော ငှက်အမျိုးမျိုးကို စားရသော အခွင့်ရှိ၏။ 12 မစားရသော ငှက်ဟူမူကား၊ ရွှေလင်းတ၊ ပင်လယ်လင်းတ၊ လင်းယုန်၊
13-14 ဒါဟ၊ စွန်၊ လင်းတကြမ်းမျိုး၊ 15 ကျီးမျိုးရှိသမျှ၊ ကုလားအုပ်ငှက်၊ ငှက်ဆိုး၊ ဥဖျိုင်း၊ သိမ်းမျိုး၊ 16 ဇီကွက်၊ ဣဗိတ်၊ ငှက်ကျား၊ 17
ဝံပို၊ ဝံလို၊ ကြိုးကြာ၊ 18 တောငန်း၊ ဒုံးစပ်မျိုး၊ ဒုံးကုလား၊ လင်းနို့မှစ၍၊ 19 အတောင်ရှိလျက် တွားတတ်သော တိရစ္ဆာန် ရှိသမျှတို့သည်
သင်တို့၌ မစင်ကြယ်သည်ဖြစ်၍ အသား ကို မစားရ။ 20 စင်ကြယ်သော ငှက်အမျိုးမျိုးကို စားရသော အခွင့်ရှိ၏။ 21
အလိုလိုသေသောအကောင်ကို မစားရ။ သင်တို့ ၌ တည်းခိုသော တပါးအမျိုးသားစားစရာဘို့ ပေးရမည်။ သို့မဟုတ် တကျွန်း
တနိုင်ငံသားတို့အား ရောင်းရမည်။ သင်တို့သည် သင်တို့၏ဘုရားသခင် ထာဝရဘုရားအဘို့ သန့်ရှင်းသော လူမျိုးဖြစ်ကြ၏။
ဆိတ်သငယ်ကို အမိ နို့ရည်နှင့် မပြုတ်မချက်ရ။ 22 လယ်ယာ၌ တနှစ်တနှစ်တွင် သိမ်းရသော အသီးအနှံဆယ်ဘို့တဘို့ကို
အမှန်ခွဲထားရမည်။ 23 သင်တို့၏ ဘုရားသခင် ထာဝရဘုရားသည်၊ နာမတော်ကို တည်စေဘို့ရာ ရွေးကောက်တော်မူသော အရပ်၌
စပါး၊ စပျစ်ရည်၊ ဆီမှစ၍၊ သိုး၊ နွားတွင် အဦးဘွားသော သားငယ်ဆယ်ဘို့တဘို့ကို ရှေ့တော်မှာ စားရကြမည်။ ထိုသို့ပြုလျှင်၊
သင်တို့၏ ဘုရားသခင် ထာဝရဘုရားကို အစဉ်ကြောက်ရွံ့ရမည်အကြောင်း၊ သင်ရကြလိမ့်မည်။ 24 သင်တို့၏ ဘုရားသခင်
ထာဝရဘုရား ကောင်းကြီးပေးတော်မူသောအခါ၊ နာမတော်ကို တည်စေ ဘို့ရာ ရွေးကောက်တော်မူသော အရပ်သည် ဝေးလွန်း၍
ခရီးရှည်လျားသဖြင့်၊ ဥစ္စာဆယ်ဘို့တဘို့ကို ဆောင်၍ မသွားနိုင်လျှင်၊ 25 ထိုဥစ္စာကို ရောင်းပြီးမှ၊ ငွေကိုကိုင်လျက်၊
သင်တို့၏ဘုရားသခင် ထာဝရဘုရား ရွေးကောက်တော်မူ သော အရပ်သို့သွား၍၊ 26 စားချင်သော စိတ်အလိုရှိသည်အတိုင်း၊ နွား၊ သိုး၊
စပျစ်ရည်၊ သေရည်အစရှိသော စားချင်သမျှကို ဝယ်၍၊ သင်တို့၏ ဘုရားသခင် ထာဝရဘုရားရှေ့တော် မှာ၊
အိမ်သူအိမ်သားများနှင့်တကွ စားသောက်လျက်၊ ရွှင်လန်းခြင်းကို ပြုရကြမည်။ 27 သို့ရာတွင်၊ သင်တို့၌တည်းခိုသော လေဝိသား
ဟူမူကား၊ သင်တို့နှင့်ရော၍၊ အဘို့မရှိ၊ အမွေကို မခံရ သောကြောင့်၊ သူ့ကို မစွန့်မပစ်ရဘဲ၊ 28 တတိယနှစ်တွင် သိမ်းသောအသီးအနှံ
ဆယ်ဘို့တဘို့ ရှိသမျှကို ထုတ်၍ မြို့ထဲမှာ သိုထားရမည်။ 29 သင်တို့နှင့်ရော၍ အဘို့မရှိ၊ အမွေကို မခံရသော လေဝိသား၊
သင်တို့နေရာအရပ်၌ ရှိသော တပါးအမျိုး သား၊ မိဘမရှိသော သူငယ်၊ မုတ်ဆိုးမများတို့သည် လာ၍ ဝစွာစားရကြမည်။ သို့ဖြစ်လျှင်
သင်တို့၏ ဘုရားသခင် ထာဝရဘုရားသည်၊ သင်တို့ပြုလေရာရာ၌ ကောင်းကြီး ပေးတော်မူမည်။


generated on Tue Jul 2 12:50:28 2024

## Chapter 15

1 ခုနစ်နှစ်တခါ လွှတ်ခြင်းကို ပြုရမည်။ 2 လွှတ်ခြင်းတရား ဟူမူကား၊ ကိုယ်နှင့်စပ်ဆိုင် သောသူအား ဥစ္စာကို ချေးငှားသော
ကြွေးရှင်မည်သည် ကား၊ ထိုကြွေးကို လွှတ်ရမည်။ ထာဝရဘုရားလွှတ်ခြင်း ကာလဖြစ်သောကြောင့်၊ ထိုကြွေးကို အိမ်နီးချင်း၊
ညီအစ်ကိုချင်း၌ မတောင်းရ။ 3 တကျွန်းတနိုင်ငံသား၌ တောင်းရသောအခွင့် ရှိ၏။ ညီအစ်ကို၌ရှိသော ကိုယ်ဥစ္စာကို မတောင်းဘဲ
လွှတ်ရမည်။ 4 သင်၌ ဆင်းရဲသား မရှိစေခြင်းငှာ၊ ထိုသို့ပြုရ မည်။ သင်၏ဘုရားသခင် ထာဝရဘုရားသည် အမွေခံ ဘို့ရာ
အပိုင်ပေးတော်မူသောပြည်၌ သင့်ကို အလွန် ကောင်းကြီးပေးတော်မူမည်။ 5 ယနေ့ ငါမှာထားသမျှသော ဤပညတ်တို့ကို
ကျင့်မည်အကြောင်း စောင့်ရှောက်ခြင်းငှာ၊ သင်၏ဘုရား သခင် ထာဝရဘုရား၏ စကားတော်ကို စေ့စေ့နားထောင် လော့။ 6
သင်၏ဘုရားသခင် ထာဝရဘုရားသည်၊ ဂတိ တော်ရှိသည်အတိုင်း ကောင်းကြီးပေးတော်မူသဖြင့်၊ သင်သည် လူမျိုးများတို့အား
ချေးငှားရသော အခွင့်ရှိလိမ့် မည်။ သူတို့သည် သင့်အား ချေးငှားသော အခွင့်မရှိရ။ သင်သည် လူမျိုးများတို့ကို အစိုးပိုင်ရလိမ့်မည်။
သူတို့ သည် သင့်ကို အစိုးမပိုင်ရကြ။ 7 သင်၏ဘုရားသခင် ထာဝရဘုရား ပေးတော်မူ သောပြည်တွင်၊ မြို့တစုံတမြို့၌ ဆင်းရဲသော
ညီအစ်ကို ချင်း ရှိလျှင်၊ ထိုဆင်းရဲသော ညီအစ်ကို၌ သင်သည် သနားသောစိတ်ကို မချုပ်တည်းရ။ လက်ကိုလည်း မပိတ်ရ။ 8
သင်၏လက်ကို သူ့အဘို့ ကျယ်ကျယ်ဖွင့်၍၊ သူ၏ ဆင်းရဲ ပျောက်လောက်အောင် ချေးငှားရမည်။ 9 သင့်စိတ်နှလုံး၌ ဆိုးညစ်သော
သဘောရှိ၍၊ သတ္တမနှစ်တည်းဟူသော လွှတ်ရာနှစ်နီးပြီဟု အောက်မေ့ လျက်၊ ထိုဆင်းရဲသော ညီအစ်ကိုကို မနာလိုသောစိတ်ရှိ ၍၊
ဘာမျှမပေးဘဲနေလျှင် သူသည် ထာဝရဘုရားအား အော်ဟစ်သဖြင့်၊ သင်၌ အပြစ်မရောက်မည်အကြောင်း သတိပြုလော့။ 10
အကယ်စင်စစ် သူ့အားပေးရမည်။ ပေးသော အခါ နှမြောသောစိတ်မရှိရ။ အကြောင်းမူကား၊ ထိုဒါန ကြောင့် သင်၏ဘုရားသခင်
ထာဝရဘုရားသည်၊ သင်ပြု လေရာရာ၊ လုပ်ဆောင်လေရာရာ၌ ကောင်းကြီးပေးတော်မူ မည်။ 11 သင့်နေရာပြည်၌
ဆင်းရဲသားမပြတ်ရ။ ထို့ကြောင့်၊ သင့်ပြည်၌ ဆင်းရဲငတ်မွတ်သော ညီအစ်ကိုချင်းတို့အား သင်၏လက်ကို
ကျယ်ကျယ်ဖွင့်ရမည်အကြောင်း ငါမှာ ထား၏။ 12 သင်၏ညီအစ်ကိုချင်း၊ ဟေဗြဲအမျိုးယောက်ျား မိန်းမသည် သင်၌ ကျွန်ဖြစ်၍၊
ခြောက်နှစ်အစေခံပြီးမှ၊ သတ္တမနှစ်ရောက်လျှင် လွှတ်ရမည်။ 13 လွှတ်သောအခါ၊ လက်ချည်း မလွှတ်ဘဲ၊ 14 သင်၏ဘုရားသခင်
ထာဝရဘုရားသည် ကောင်း ကြီးပေးတော်မူသည်အတိုင်း၊ သင်၏သိုးစု၊ ကောက်နယ် တလင်း၊ စပျစ်သီးနယ်ရာကျင်းထဲက
များစွာပေးရမည်။ 15 သင်သည် အဲဂုတ္တုပြည်၌ ကျွန်ခံခဲ့ဘူးကြောင်းကို ၎င်း၊ သင်၏ဘုရားသခင် ထာဝရဘုရားသည် သင့်ကို
ရွေးနှုတ်တော်မူကြောင်းကို၎င်း၊ အောက်မေ့ရမည်။ ထို့ကြောင့် ဤပညတ်ကို ယနေ့ငါထား၏။ 16 သို့ရာတွင် ကျွန်က၊ ကျွန်တော်သည်
မထွက် မသွားလိုပါ။ ကိုယ်တော်နှင့် ကိုယ်တော် အိမ်သူအိမ်သား တို့ကို ချစ်ပါ၏။ နေ၍ပျော်ပါ၏ ဟုဆိုလျှင်၊ 17 သင်သည် စူးကိုယူ၍
တံခါး၌ ကျွန်၏နားရွက်ကို ဖောက်ပြီးမှ၊ သူသည် အစဉ်အမြဲ ကျွန်ခံရမည်။ ထိုအတူ ကျွန်မ၌လည်း ပြုရမည်။ 18 သင်၏ကျွန်ကို
လွှတ်သောအခါ ခက်သည်ဟူ၍ မထင်ရ။ အကြောင်းမူကား၊ ခြောက်နှစ်ပတ်လုံး အစေခံ သဖြင့်၊ သူငှားဆောင်ရွက်သောအမှု နှစ်ဆကို
သူသည် ဆောင်ရွက်လေပြီ။ သင်၏ဘုရားသခင် ထာဝရဘုရား သည်လည်း သင်ပြုလေရာရာ၌ ကောင်းကြီးပေးတော်မူ မည်။ 19
သင်၏သိုးနွားတို့တွင် အဦးဘွားသော အထီးရှိ သမျှတို့ကို သင်၏ဘုရားသခင် ထာဝရဘုရားအဘို့ သန့်ရှင်းစေရမည်။
အဦးဘွားသောနွား၊ အဦးဘွားသော သိုးကို မသုံးဆောင်ရ။ 20 ထာဝရဘုရား ရွေးကောက်တော်မူသော အရပ် ၌ သင်၏ဘုရားသခင်
ထာဝရဘုရားရှေ့တော်မှာ ထိုသိုးနွားတို့ကို နှစ်စဉ်မပြတ် အိမ်သူအိမ်သားတို့နှင့် တကွ ကိုယ်တိုင်စားရမည်။ 21 ထိုသိုးနွားတို့၌ ခြေဆွံ့၊
မျက်စိကန်း အစရှိသော အင်္ဂါချို့တဲ့ခြင်းအပြစ်၊ အခြားသောအပြစ် တစုံတခု ရှိလျှင်၊ သင်၏ဘုရားသခင် ထာဝရဘုရားအား ယဇ်မပူ
ဇော်ရ။ 22 သင့်နေရာအရပ်၌ စားရမည်။ သမင်၊ ဒရယ်ကို စားသကဲ့သို့ စင်ကြယ်သောသူ၊ မစင်ကြယ်သောသူတို့ သည်
အတူစားရကြမည်။ 23 သို့ရာတွင် အသွေးကို မစားရ။ ရေကို သွန်သကဲ့ သို့ မြေပေါ်မှာသွန်ရမည်။


generated on Tue Jul 2 12:50:28 2024

## Chapter 16

1 သင်၏ဘုရားသခင် ထာဝရဘုရားသည် အဗိ ဗလ၊ ညဥ့်အခါ၌ သင့်ကို အဲဂုတ္တုပြည်မှ နှုတ်ဆောင် တော်မူသောကြောင့်၊ အဗိဗလကို
မှတ်၍၊ သင်၏ဘုရား သခင် ထာဝရဘုရားအား ပသခါပွဲကို ခံလော့။ 2 ထာဝရဘုရားသည် နာမတော်ကို တည်စေဘို့ ရာ
ရွေးကောက်တော်မူသောအရပ်၌ သိုးနွားတို့ကို ယဇ်ပူဇော်၍၊ သင်၏ဘုရားသခင် ထာဝရဘုရားအား ပသခါပွဲကို ခံရမည်။ 3 သင်သည်
အဲဂုတ္တုပြည်မှထွက်လာသော နေ့ရက်ကို တသက်လုံး အောက်မေ့ဘို့ရာ ပသခါပွဲခံစဉ်၊ တဆေးပါ သော မုန့်ကို မစားရဘဲ၊
တဆေးမပါသော မုန့်တည်းဟူ သော ဒုက္ခမုန့်ကို ခုနစ်ရက်ပတ်လုံးစားရမည်။ အကြောင်း မူကား၊ သင်သည် အဲဂုတ္တုပြည်မှ
အလျင်တဆောထွက် လာသတည်း။ 4 ခုနစ်ရက်ပတ်လုံး၊ သင့်နေရာပြည်၌ တဆေးပါ သောမုန့်မရှိရ။ ပဌမနေ့ညဦးယံ၌
ပူဇော်သောယဇ်၏အ သားကို တညဥ့်လုံး နံနက်တိုင်အောင် မကျန်ကြွင်းစေရ။ 5 သင်၏ဘုရားသခင် ထာဝရဘုရားပေးတော်မူ သော
မြို့အရပ်ရပ်တို့တွင် ပသခါ ယဇ်ကို ပူဇော်ရသော အခွင့် ရှိသည်မဟုတ်။ 6 သင်၏ဘုရားသခင် ထာဝရဘုရားသည်၊ နာမ တော်ကို
တည်စေဘို့ရာ ရွေးကောက်တော်မူသော အရပ် တွင်၊ သင်သည် အဲဂုတ္တုပြည်မှ ထွက်လာသောအချိန်၊ နေဝင်ရာညဦးယံအချိန်၌
ပသခါယဇ်ကို ပူဇော်ရမည်။ 7 သင်၏ဘုရားသခင် ထာဝရဘုရား ရွေးကောက် တော်မူသောအရပ်မှာ မီးနှင့်ကင်၍စားပြီးမှ၊
နံနက်အချိန် ၌ အိမ်သို့ ပြန်သွားရမည်။ 8 ခြောက်ရက်ပတ်လုံး တဆေးမဲ့မုန့်ကို စားရမည်။ သတ္တမနေ့၌ သင်၏ဘုရားသခင်
ထာဝရဘုရားအဘို့ ဓမ္မ စည်းဝေးခြင်းကို ပြုရမည်။ ထိုနေ့ရက်၌ အလုပ်မလုပ်ရ။ 9 စပါးကို ရိတ်စကာလနောက်၊ အရေအတွက်
အားဖြင့် ခုနစ်သိတင်းလွန်မှ၊ 10 သင်၏ ဘုရားသခင် ထာဝရဘုရားရှေ့တော်၌ ကိုယ်တိုင်မှစ၍ သင်၏ဘုရားသခင် ထာဝရဘုရား
ကောင်းကြီးပေးတော်မူသည်အတိုင်း၊ အလိုလိုပြုသော ပူဇော်သက္ကာကို ဆောင်ခဲ့ရမည်။ 11 သင်၏ဘုရားသခင် ထာဝရဘုရားသည်
နာမ တော်တည်စေဘို့ရာ ရွေးကောက်တော်မူသော အရပ် တွင်၊ သင်၏ဘုရားသခင် ထာဝရဘုရားအဘို့ ခုနစ် သိတင်းပွဲကိုခံ၍
သားသမီး၊ ကျွန်ယောကျာ်း မိန်းမ၊ သင့်နေရာ၌ တည်းခိုသော လေဝိသား၊ ဧည့်သည်အာဂန္တု၊ မိဘမရှိသောသူ၊ မုတ်ဆိုးမတို့သည်
ရွှင်လန်းခြင်းကို ပြုရကြမည်။ 12 သင်သည် အဲဂုတ္တုပြည်၌ ကျွန်ခံခဲ့ဘူးကြောင်းကို အောက်မေ့၍၊ ဤပညတ်တရားတို့ကို
ကျင့်စောင့်ရမည်။ 13 စပါးနှင့် စပျစ်ရည်ကို သိမ်းယူပြီးမှ၊ ခုနစ်ရက် ပတ်လုံး သကေနေပွဲကို ခံရကြမည်။ 14 ထိုပွဲခံစဉ်၊
ကိုယ်တိုင်မှစ၍၊ သား သမီး၊ ကျွန် ယောကျာ်း မိန်းမ၊ သင့်နေရာ၌ တည်းခိုသော လေဝိသား၊ ဧည့်သည် အာဂန္တု၊ မိဘမရှိသောသူ၊
မုတ်ဆိုးမတို့သည် ရွှင်လန်းခြင်းကို ပြုရကြမည်။ 15 ထာဝရဘုရား ရွေးကောက်တော်မူသော အရပ်၌၊ ခုနစ်ရက်ပတ်လုံး
သင်၏ဘုရားသခင် ထာဝရ ဘုရားအဘို့ ဓမ္မပွဲကို ခံရမည်။ သင်၏ ဘုရားသခင် ထာဝရဘုရားသည်၊ တိုးပွားလေရာရာ၊
သင်လုပ်ဆောင် လေရာရာ၌ ကောင်းကြီးပေးတော်မူသောကြောင့်၊ အမှတ်ရွှင်လန်းခြင်းကို ပြုရမည်။ 16 အဇုမပွဲခံချိန်၊
ခုနစ်သိတင်းပွဲခံချိန်၊ သကေနေ ပွဲခံချိန်တည်းဟူသော တနှစ်တွင် သုံးကြိမ်မြောက်အောင် သင်တို့ယောကျာ်းအပေါင်းတို့သည်၊
သင်၏ဘုရားသခင် ထာဝရဘုရား ရွေးကောက်တော်မူသော အရပ်၌ ရှေ့တော်မှာ မျက်နှာပြရကြမည်။ ထိုအခါ ထာဝရဘုရား
ထံတော်သို့ အဘယ်သူမျှလက်ချည်း မပေါ်မလာရ။ 17 သင်၏ဘုရားသခင် ထာဝရဘုရား ကောင်းကြီး ပေးတော်မူသဖြင့်၊
လူအသီးသီးတို့သည် တတ်နိုင်သည် အတိုင်း ဆက်ရကြမည်။ 18 သင်၏ဘုရားသခင် ထာဝရဘုရားပေးတော်မူ သောမြို့
ရှိသမျှတို့တွင်၊ တရားသူကြီး၊ အရာရှိတို့ကို သင့်နေရာခရိုင်များ၌ အနှံ့အပြား ခန့်ထားရမည်။ သူတို့ သည်၊ လူမျိုးတို့တွင် တရားမှုကို
တရားသဖြင့် စီရင်ရကြ မည်။ 19 သင်သည် တရားလမ်းမှ မလွှဲရ။ လူမျက်နှာကို မထောက်ရ။ တံစိုးကို မစားရ။ တံစိုးသည် ပညာရှိ
မျက်စိကို ကွယ်စေတတ်၏။ ဖြောင့်မတ်သောသူ၏ စကားကို ကောက်စေတတ်၏။ 20 သင်၏ဘုရားသခင် ထာဝရဘုရားပေးတော်မူ
သောပြည်ကို သင်သည် အသက်ရှင်၍ အမွေခံမည်အ ကြောင်း၊ ဖြောင့်သောတရားလမ်းသို့သာ လိုက်ရမည်။ 21 သင်၏ဘုရားသခင်
ထာဝရဘုရားအဘို့ သင် တည်သော ယဇ်ပလ္လင်အနားမှာ အဘယ်သို့ သော အာရှရပင်ကိုမျှ မစိုက်ရ။ 22 သင်၏ဘုရားသခင်
ထာဝရဘုရား မုန်းတော်မူ သော ရုပ်တုဆင်းတုကို မတည်မထားရ။



generated on Tue Jul 2 12:50:28 2024

## Chapter 17

1 အပြစ်ပါသော သိုး၊ နွား၊ ယုတ်သောလက္ခဏာ ပါသော သိုး၊ နွားကို၊ သင်၏ဘုရားသခင် ထာဝရဘုရား အား ယဇ်မပူဇော်ရ။
ထိုသို့သော ယဇ်ကို သင်၏ဘုရား သခင် ထာဝရဘုရားသည် စက်ဆုပ်ရွံရှာတော်မူ၏။ 2 သင်၏ဘုရားသခင် ထာဝရဘုရားပေးတော်မူ
သော မြို့တို့တွင်၊ 3 နေ၊ လ၊ မိုဃ်းကောင်းကင် တန်ဆာအစရှိသော ငါမြစ်တားသမျှ အခြားတပါးသော ဘုရားတို့ကို သွား၍
ဝတ်ပြုကိုးကွယ်သဖြင့်၊ သင်၏ဘုရားသခင် ထာဝရ ဘုရား၏ ပဋိညာဉ်ကို လွန်ကျူး၍၊ ရှေ့တော်၌ ဒုစရိုက်ကို ပြုမိသော
ယောက်ျားမိန်းမရှိသည်ဟု၊ 4 သင်သည် သိတင်းကြား၍ စေ့စေ့မေးမြန်းသော အခါ၊ ဣသရေလအမျိုး၌ ထိုစက်ဆုပ်ရွံရှာဘွယ်သော
အမှုကို ပြုမိသည်မှန်လျှင်၊ 5 ထိုဒုစရိုက်ကို ပြုမိသော ယောက်ျား မိန်းမကို မြို့တံခါးဝသို့ ထုတ်ပြီးလျှင်၊ ကျောက်ခဲနှင့်ပစ်၍ အသေ
သတ်ရမည်။ 6 သက်သေခံနှစ်ယောက် သုံးယောက်ရှိလျှင် သေထိုက်သော သူသည် အသေခံရမည်။ သက်သေခံ
တယောက်တည်းရှိလျှင် အသေမခံရ။ 7 ထိုသူကို အသေသတ်စိမ့်သောငှာ၊ သက်သေခံ တို့သည် အဦးပြုပြီးမှ၊ လူအပေါင်းတို့သည်
ပြုရကြမည်။ ထိုသို့ပြုလျှင် သင်တို့မှ ဒုစရိုက်ကို ပယ်ရကြလိမ့်မည်။ 8 သင့်နေရာမြို့တွင် လူအသက်ကို သတ်ခြင်းအမှု၊
တရားတွေ့ခြင်းအမှု၊ လူချင်းရိုက်ပုတ်ခြင်းအမှုတို့သည် မင်းရှေ့သို့ရောက်၍ မစီရင် မဆုံးဖြတ်နိုင်လျှင်၊ သင်၏ ဘုရားသခင်
ထာဝရဘုရား ရွေးကောက်တော်မူသော အရပ်သို့ သွား၍၊ 9 ထိုကာလအခါ တရားသူကြီး လုပ်သောသူ၊ ယဇ်ပုရောဟိတ်၊
လေဝိသားတို့ရှေ့မှာ အစီရင်ခံရမည်။ သူတို့သည်လည်း စီရင်ချက်ကို ဘော်ပြရမည်။ 10 ထာဝရဘုရား ရွေးကောက်တော်မူသော အရပ်
သားတို့သည် ဘော်ပြသော စီရင်ချက်အတိုင်း၊ သင်သည် ပြုရမည်။ သူတို့သွန်သင်သည်အတိုင်း ပြုရခြင်းငှာ စောင့်ရှောက်ရမည်။ 11
သူတို့ဘော်ပြသော ဓမ္မသတ်စီရင်ချက်၊ ကြား ပြောသော ဆုံးဖြတ်ချက်ရှိသည်အတိုင်း ပြုရမည်။ သူတို့ပြ သော စီရင်ချက်မှ
လက်ျာဘက်၊ လက်ဝဲဘက်သို့ မလွှဲရ။ 12 သင်၏ ဘုရားသခင် ထာဝရဘုရားရှေ့တော်၌ အမှုတော်ကို စောင့်သော ယဇ်ပုရောဟိတ်၊
တရားသူကြီး စကားကို နားမထောင်ဘဲ ရဲရင့်စွာပြုသောသူကို အသေ သတ်သဖြင့် ဣသရေလအမျိုးမှ ဒုစရိုက်ကို ပယ်ရမည်။ 13
ထိုသိတင်းကို လူခပ်သိမ်းတို့သည် ကြားလျှင် ကြောက်ရွံ့သောစိတ်ရှိသဖြင့် နောက်တဖန် ရဲရင့်စွာ မပြုဘဲနေကြလိမ့်မည်။ 14
သင်၏ဘုရားသခင် ထာဝရဘုရား ပေးတော်မူ သောပြည်ကို သင်သည် ဝင်စား၍ နေသောအခါ၊ သင်က၊ ငါ့ပတ်လည်၌ နေသော
တပါးသော လူမျိုးအပေါင်းတို့ နည်းတူ၊ ငါသည် ရှင်ဘုရင်အရာ၌ တစုံတယောက်ကို ချီးမြှောက်မည်ဟု ဆိုလျှင်၊ 15
သင်၏ဘုရားသခင် ထာဝရဘုရား ရွေးကောက် တော်မူသောသူ၊ ညီအစ်ကို အမျိုးသားချင်းကိုသာ ရှင်ဘုရင်အရာ၌ ချီးမြှောက်ရမည်။
ညီအစ်ကို အမျိုးသား ချင်းမဟုတ်သော တပါးအမျိုးသားကို မချီးမြှောက်ရ။ 16 ထိုရှင်ဘုရင်သည် ကိုယ်အဘို့ များစွာသော မြင်း တို့ကို
မမွေးရ။ မြင်းများပြားစေခြင်းငှာ အဲဂုတ္တုပြည်သို့ လူကို မပြန်စေရ။ အကြောင်းမူကား၊ ထိုလမ်းသို့ မပြန်မသွားရဟု ထာဝရဘုရား
အမိန့်တော်ရှိ၏။ 17 သူ၏ စိတ်နှလုံးသည် ဖောက်ပြန်ခြင်းနှင့် ကင်းလွတ်မည်အကြောင်း များစွာသော မယားတို့ကို မယူ ရ။
ရွှေငွေကိုလည်း များစွာမဆည်းဖူးရ။ 18-20 ထိုရှင်ဘုရင်သည် သားစဉ်မြေးဆက်နှင့်တကွ၊ ဣသရေလအမျိုး၌ အသက်တာရှည်စွာ
စိုးစံခြင်းအလို့ငှာ၊ သူ၏ဘုရားသခင်ကို ကြောက်ရွံ့၍ ဤပညတ်တရား စကားတော်အလုံးစုံတို့ကို ကျင့်စောင့်အောင် သွန်သင်
မည်အကြောင်း၊ သူ၏ညီအစ်ကိုတို့ကို မထီမဲ့မြင်ပြု၍ မာနထောင်လွှားသဖြင့်၊ တရားလမ်းမှ လက်ျာဘက်၊ လက်ဝဲဘက်သို့
မလွှဲမည်အကြောင်း၊ နန်းတော်ပေါ်မှာ ထိုင်သောအခါ လေဝိသား ယဇ်ပုရောဟိတ်၌ ရှိသော ဤဓမ္မပညတ်တရားစာကို ရေးကူး၍
လက်ခံစာကို တသက်လုံး စောင့်ရှောက်ကြည့်ရှု ဘတ်ရွတ်ရမည်။



generated on Tue Jul 2 12:50:28 2024

## Chapter 18

1 လေဝိသားယဇ်ပုရောဟိတ် အစရှိသော လေဝိ သားအပေါင်းတို့သည် ဣသရေလအမျိုးသားတို့နှင့် ရော၍ အဘို့မရှိ အမွေမခံရဘဲ၊
ထာဝရဘုရား၏ အမွေတည်းဟူသော မီးဖြင့်ပြုသော ပူဇော်သက္ကာတို့ကို စားရကြမည်။ 2 ထို့ကြောင့်၊ သူတို့သည်
ညီအစ်ကိုများနှင့်အတူ အမွေမခံရကြ။ ထာဝရဘုရားသည် အမိန့်တော်ရှိသည် အတိုင်း သူတို့၏ အမွေဖြစ်တော်မူ၏။ 3 လူတို့သည်
ယဇ်ပူဇော်သောအခါ၊ နွားဖြစ်စေ၊ သိုးဖြစ်စေ၊ ယဇ်ပုရောဟိတ် ခံရသောအဘို့ ပခုံးတဘက်၊ ပါးနှစ်ဘက်၊ အအူများကိုငင်း၊ 4
အဦးသိမ်းသော စပါး၊ စပျစ်ရည်၊ ဆီ၊ သိုးမွေးကို ငင်း လှူရမည်။ 5 အကြောင်းမူကား၊ သူမှစ၍ သားစဉ်မြေးဆက် တို့သည်
ထာဝရဘုရားအခွင့်နှင့် အမှုတော်ကို အစဉ် ဆောင်ရွက်စေခြင်းငှာ၊ သင်၏ဘုရားသခင် ထာဝရ ဘုရားသည်၊ သင်၏
အမျိုးအနွယ်အပေါင်းတို့တွင် သူ့ကို ရွေးကောက်တော်မူပြီ။ 6 ဣသရေလမြို့ရွာတို့၌ တည်းခိုသော လေဝိသား တစုံတယောက်သည်၊
ထာဝရဘုရား ရွေးကောက်တော်မူ သောအရပ်ကို ကြည်ညိုသောစိတ်အားကြီး၍ ရောက်လာ လျှင်၊ 7 ထာဝရဘုရားရှေ့တော်၌
နေရာရသော ညီအစ် ကို လေဝိသားအပေါင်းတို့နည်းတူ သူ၏ဘုရားသခင် ထာဝရဘုရားအခွင့်နှင့် အမှုတော်ကို ဆောင်ရွက်ရမည်။ 8
သူ၏အမွေကို ရောင်း၍ရသော ဥစ္စာမှတပါး၊ လေဝိသားများတို့နှင့်အတူ အညီအမျှခံရမည်။ 9 သင်၏ဘုရားသခင်
ထာဝရဘုရားပေးတော်မူ သောပြည်သို့ သင်သည် ဝင်စားသောအခါ၊ ထိုပြည်၌နေ သော လူမျိုးတို့ပြုတတ်သော
စက်ဆုပ်ရွံရှာဘွယ်အမှု တို့ကို ပြုခြင်းငှာ မသင်ရ။ 10 သင်တို့တွင် မိမိသားသမီးကို မီးဖြင့်ပူဇော်သော သူ၊ ဖြစ်လတံ့သောအမှုကို
ကိုယ်ဉာဏ်နှင့် ဟောပြော သောသူ၊ ကာလဗေဒင်ကို ကြည့်သောသူ၊ မကောင်းသော အတတ်ကို ပြုစုသောသူ၊ 11 ပြုစားတတ်သောသူ၊
နတ်ဆိုးနှင့်ပေါင်းသောသူ၊ ဝိဇ္ဇာအတတ်ကို ပြုစုသောသူ၊ လူသေကို မေးမြန်းသောသူ တစုံတယောက်မျှ မရှိရ။ 12 ထိုသို့
ပြုတတ်သောသူ အပေါင်းတို့ကို ထာဝရ ဘုရား စက်ဆုပ်ရွံရှာတော်မူ၏။ ထိုစက်ဆုပ် ရွံရှာဘွယ် သော အမှုများတို့ကြောင့် သင်၏
ဘုရားသခင် ထာဝရ ဘုရားသည် ထိုလူမျိုးတို့ကို သင့်ရှေ့မှ နှင်ထုတ်တော်မူ၏။ 13 သင်သည်၊ သင်၏ဘုရားသခင် ထာဝရဘုရား
ရှေ့တော်၌ စုံလင်ခြင်းရှိရမည်။ 14 သင်အစိုးရအံ့သော လူမျိုးတို့သည်၊ ကာလ ဗေဒင်ကို ကြည့်သောသူ၊ ဖြစ်လတံ့သောအမှုကို ကိုယ်
ဉာဏ်အားဖြင့် ဟောပြောသောသူတို့ စကားကို နား ထောင်တတ်ကြ၏။ သင်မူကား ထိုသို့ ပြုရအောင် သင်၏ ဘုရားသခင်
ထာဝရဘုရားသည် အခွင့်ပေးတော်မမူ။ 15 သင်၏ဘုရားသခင် ထာဝရဘုရားသည်၊ သင်၏ အမျိုးသားချင်းတို့အထဲ၌ ငါနှင့်တူသော
ပရော ဖက်တပါးကို သင့်အဘို့ ပေါ်ထွန်းစေတော်မူမည်။ ထိုပရောဖက်၏ စကားကို နားထောင်ရမည်။ 16 ဟောရပ်အရပ်တွင်
စည်းဝေးကြသော နေ့၌ သင်က၊ နောက်တဖန် အကျွန်ုပ်ဘုရားသခင် ထာဝရဘုရား၏ စကားတော်အသံကို မကြားရပါစေနှင့်။
ထိုကြီးစွာသော မီးကို မမြင်ရပါစေနှင့်။ အကျွန်ုပ်သေမည် ကို စိုးရိမ်ပါသည်ဟု သင်၏ဘုရားသခင် ထာဝရဘုရား ရှေ့တော်၌
တောင်းပန်သမျှအတိုင်း၊ 17 ထာဝရဘုရားက၊ သူတို့ စကားသည် လျောက် ပတ်ပေ၏။ 18 သူတို့အမျိုးသားချင်းတို့အထဲ၌
သင်နှင့်တူသော ပရောဖက်တပါးကို သူတို့အဘို့ ငါပေါ်ထွန်းစေ၍၊ ထိုပရောဖက်နှုတ်၌ ငါ့စကားကို ငါအပ်သဖြင့် ငါမှာထား သမျှတို့ကို
သူတို့အား ဆင့်ဆိုရလိမ့်မည်။ 19 ထိုပရောဖက်သည် ငါ့အခွင့်နှင့် ဟောပြော သော ငါ့စကားတို့ကို အကြင်သူသည် နားမထောင်ဘဲ
နေအံ့၊ ထိုသူကို ငါစစ်ကြောမည်။ 20 ငါမမှာထားဘဲ ငါ့အခွင့်ကို ဆောင်၍ ရဲရင့်စွာ ဟောပြောသော ပရောဖက်၊ အခြားတပါးသော
ဘုရား အခွင့်နှင့် ဟောပြောသော ပရောဖက်သည် အသေသတ် ခြင်းကို ခံရမည်ဟု ငါ့အား မိန့်တော်မူ၏။ 21 သင်ကလည်း
ထာဝရဘုရား မိန့်တော်မူသည် မမူသည်ကို ငါတို့သည် အဘယ်သို့ သိနိုင်သနည်းဟု တွေး တောလျှင်၊ 22 ပရောဖက်သည်
ထာဝရဘုရား၏ အခွင့်ကို ဆောင်၍ ဟောပြောသည်အတိုင်း အမှုမဖြစ်၊ ဟောပြော သောစကားမပြည့်စုံလျှင်၊ ထိုစကားကို
ထာဝရဘုရား မိန့်တော်မမူ၊ ပရောဖက်သည် ရဲရင့်စွာဟောပြောပြီ။ သူ့ကို မကြောက်ရ။


generated on Tue Jul 2 12:50:28 2024

## Chapter 19

1 သင်၏ဘုရားသခင် ထာဝရဘုရား ပေးတော်မူ သော ပြည်၌နေသော လူမျိုးတို့ကို သင်၏ဘုရားသခင် ထာဝရဘုရား
ပယ်ဖြတ်တော်မူသဖြင့်၊ သင်သည် သူတို့ အရာ၌ ဝင်စား၍၊ သူတို့မြို့၊ သူတို့အိမ်၌ နေသောအခါ၊ 2 သင်၏ဘုရားသခင်
ထာဝရဘုရားသည် အပိုင် ပေးတော်မူသော ထိုပြည်အတွင်း၌ မြို့သုံးမြို့တို့ကို ခွဲထား ရမည်။ 3 လူအသက်ကို
သတ်မိသောသူအပေါင်းတို့သည် ထိုမြို့သို့ ပြေးနိုင်မည်အကြောင်း၊ သင့်အမွေခံစရာဘို့ သင်၏ဘုရားသခင်
ထာဝရဘုရားပေးတော်မူသော ပြည် ကို သုံးပိုင်းပိုင်း၍ လမ်းခရီးကိုလည်း ပြင်ဆင်ရမည်။ 4 လူအသက်ကို သတ်မိ၍၊ ကိုယ်အသက်
ချမ်းသာ စေခြင်းငှာ၊ ထိုမြို့သို့ပြေးရသော သူ၏အမှုဟူကား၊ 5 လူ သည် ထင်းခုတ်ခြင်းငှာ အဘော်နှင့် တောသို့သွား၍ သစ်ပင်ကို
ခုတ်လှဲစဉ်အခါ၊ ပုဆိန်သည် အရိုးကျွတ်၍ အဘော်ကို ထိသောကြောင့်၊ မိမိအဘော်သေအောင် ပြုမိ သောသူနှင့်တူ၍၊
ရန်ငြိုးဖွဲ့ခြင်းမရှိဘဲ မိမိအဘော်ကို အမှတ်တမဲ့ သတ်မိသောသူသည်၊ ထိုမြို့တစုံတမြို့သို့ ပြေး၍ အသက်ချမ်းသာရလိမ့်မည်။ 6
သို့မဟုတ် သေစားသေစေသောသူသည် စိတ် မာန်ထစဉ်အခါ၊ လူသတ်ကို လိုက်လျက် ခရီးဝေးသော ကြောင့် မှီ၍ သတ်လိမ့်မည်။
ထိုသို့ မသတ်သင့်။ အကြောင်းမူကား၊ ထိုသူသည် မိမိအဘော်ကို ရန်ငြိုးဖွဲ့ ခြင်း မရှိသောကြောင့် အသေသတ်ခြင်းကို မခံထိုက်။ 7
ထိုကြောင့် မြို့သုံးမြို့ကို ခွဲထားရမည်ဟု ငါမှာ ထား၏။ 8 ယနေ့ ငါမှာထားသမျှသော ဤပညတ်တော် တို့ကို ကျင့်စောင့်၍၊
သင်၏ဘုရားသခင် ထာဝရဘုရား ကို ချစ်သောစိတ်နှင့် အစဉ်အမြဲ လမ်းတော်သို့လိုက်လျှင် ၎င်း၊ 9 သင်၏ဘုရားသခင်
ထာဝရဘုရားသည်၊ သင်၏ ဘိုးဘေးတို့အား ပေးခြင်းငှာ ဂတိထားသော ပြည်ရှိသမျှ ကို သင့်အား ပေးတော်မူ၍၊
သင်၏ဘိုးဘေးတို့အား ကျိန်ဆိုသည်အတိုင်း၊ သင့်နေရာပြည်ကို ကျယ်ဝန်းစေ တော်မူလျှင်၎င်း၊ 10 သင်၏ဘုရားသခင်
ထာဝရဘုရားသည် သင့်အမွေခံစရာဘို့ ပေးတော်မူသောပြည်၌ အသေမခံ ထိုက်သောသူသည် အသေခံ၍ လူ့အသက်ကို သတ်သော
အပြစ်သည် သင့်အပေါ်မှာ မရောက်မည်အကြောင်း၊ ယခုဆိုခဲ့ပြီးသော မြို့သုံးမြို့မှတပါး၊ အခြားသော မြို့သုံးမြို့ကို
ထပ်၍ခွဲထားရမည်။ 11 တနည်းကား၊ မိမိအဘော်ကို ရန်ငြိုးဖွဲ့သဖြင့် ချောင်းမြောင်း၍ သေအောင်တိုက်သောသူသည် ထိုမြို့
တစုံတမြို့သို့ ပြေး၍ ရောက်သော်လည်း၊ 12 သူ့နေရာမြို့၌ အသက်ကြီးသူတို့သည် လူကို စေလွှတ်၍ ထိုသူကို ဆောင်ခဲ့သဖြင့်၊
သေစေခြင်းငှာ သေစားသေစေသောသူ၏ လက်၌ အပ်လိုက်ရကြမည်။ 13 သင်၏မျက်စိသည် သူ့ကို မသနားရ၊ သင်သည်
ချမ်းသာရမည်အကြောင်း၊ လူ့အသက်သတ်ခြင်းအပြစ်ကို ဣသရေလအမျိုးမှ ပယ်ရှင်းရမည်။ 14 သင်၏ဘုရားသခင်
ထာဝရဘုရားသည် သင့်အား အပိုင်ပေးတော်မူသောပြည်မှာ အမွေခံရာ မြေ၌ ရှေးလူဟောင်းတို့သည် စိုက်ထားနှင့်သော အိမ်နီး
ချင်း၏ မြေမှတ်တိုင်ကို မရွှေ့ရ။ 15 လူသည် ပြုမိသော ဒုစရိုက်၊ ပြစ်မှားမိသော အပြစ်ကို စစ်ကြောသောအခါ၊
သက်သေခံတဦးတည်း ရှိလျှင် သူ၏စကားမတည်ရ။ သက်သေခံနှစ်ဦး၊ သုံးဦး အားဖြင့် စကားရှိသမျှတို့သည် တည်ရလိမ့်မည်။ 16
မမှန်သော သက်သေခံတယောက်သည်၊ သူတပါးတဘက်၌ မမှန်သောသက်သေကို ခံလျှင်၊ 17 တရားတွေ့သောသူနှစ်ယောက်တို့သည်
ထာဝရ ဘုရားရှေ့တော်သို့၎င်း၊ ထိုကာလ၌ရှိသော ယဇ်ပုရောဟိတ်၊ တရားသူကြီးရှေ့သို့၎င်း လာသဖြင့်၊ 18 တရားသူကြီးတို့သည်
စေ့စေ့စစ်ကြော၍ ထိုသက်သေခံသောသူသည် မိမိအဘော်တဘက်၌ မမှန် သောသက်သေကို ခံပြီးလျှင်၊ 19 မိမိအဘော်၌ ပြုမည်ဟု
အကြံရှိသည်အတိုင်း သူ့၌ ပြုရမည်။ ဒုစရိုက်အပြစ်ကို သင်တို့အထဲက ထိုသို့ ပယ်ရှားရမည်။ 20 ကြွင်းသောသူတို့သည်လည်း
ထိုသိတင်းကို ကြား၍ ကြောက်သောကြောင့်၊ နောက်တဖန် ထိုသို့သော ဒုစရိုက်ကို မပြုဘဲနေကြလိမ့်မည်။ 21 သင်၏မျက်စိသည်
မသနားရ။ အသက် အတွက် အသက်ကို၎င်း၊ မျက်စိအတွက် မျက်စိကို၎င်း၊ သွားအတွက် သွားကို၎င်း၊ လက်အတွက် လက်ကို၎င်း၊
ခြေအတွက် ခြေကို၎င်း ဒဏ်ပေးရမည်။


generated on Tue Jul 2 12:50:28 2024

## Chapter 20

1 သင်သည် ရန်သူတို့ကို စစ်တိုက်ခြင်းငှာ ချီသွား သောအခါ၊ ကိုယ်ထက်သာ၍ များသောမြင်း၊ ရထား၊ လူတို့ကို မြင်သော်လည်း
မကြောက်နှင့်။ သင့်ကို အဲဂုတ္တု ပြည်မှ နှုတ်ဆောင်သော သင်၏ဘုရားသခင် ထာဝရ ဘုရားသည် သင့်ဘက်၌ ရှိတော်မူ၏။ 2
စစ်တိုက်ချိန်နီးသောအခါ၊ ယဇ်ပုရောဟိတ်တို့ သည် ချဉ်း၍၊ 3 အိုဣသရေလအမျိုးသားတို့၊ ယနေ့ သင်တို့သည် စစ်တိုက်ခြင်းငှာ
ရန်သူတို့ကို ချဉ်းကြပြီ။ သူတို့ကြောင့် စိတ်ပျက်ခြင်း၊ ကြောက်ရွံ့ခြင်း၊ တုန်လှုပ်ခြင်း၊ ထိတ်လန့် ခြင်း မရှိကြနှင့်။ 4 အကြောင်းမူကား၊
သင်တို့၏ဘုရားသခင် ထာဝရဘုရားသည် ရန်သူတို့ကို စစ်တိုက်၍ သင်တို့ကို ကယ်တင်ခြင်းအလိုငှာ၊ သင်တို့နှင့်အတူ
ကြွတော်မူသည် ဟု လူတို့အား ပြောဆိုရကြမည်။ 5 ဗိုလ်တို့ကလည်း၊ အိမ်သစ်ကို ဆောက်၍ ဘုရား သခင်၌
မအပ်ရသေးသောသူရှိလျှင်၊ မိမိအိမ်သို့ပြန်၍ အပ်ပါလေစေ။ သို့မဟုတ် စစ်တိုက်ရာတွင် သေ၍ အခြား သောသူသည် ထိုအိမ်ကို
အပ်လိမ့်မည်ဟု စိုးရိမ်စရာရှိ၏။ 6 စပျစ်ဥယျာဉ်ကို စိုက်၍ စပျစ်သီးကို မစားရ သေးသောသူရှိလျှင်၊ မိမိအိမ်သို့ ပြန်သွားပါလေစေ။
သို့မဟုတ် စစ်တိုက်ရာတွင် သေ၍ အခြားသောသူသည် ထိုစပျစ်သီးကို စားလိမ့်မည်ဟု စိုးရိမ်စရာရှိ၏။ 7 မိန်းမနှင့်လက်ထပ်၍
မသိမ်းရသေးသောသူရှိ လျှင်၊ မိမိအိမ်သို့ ပြန်သွားပါလေစေ။ သို့မဟုတ် စစ်တိုက် ရာတွင် သေ၍ အခြားသောသူသည် ထိုမိန်းမကို
သိမ်း လိမ့်မည်ဟု စိုးရိမ်စရာရှိသည်ဟု လူများတို့အား ပြောရကြမည်။ 8 တဖန်လည်း၊ ဗိုလ်တို့က ကြောက်တတ်သော သဘောရှိ၍
စိတ်ပျက်သောသူရှိလျှင်၊ မိမိအိမ်သို့ ပြန်သွားပါလေစေ။ သို့မဟုတ်လျှင် ထိုသူစိတ်ပျက်သကဲ့သို့ သူ၏အဘော်တို့သည်
စိတ်ပျက်ကြလိမ့်မည်ဟု စိုးရိမ် စရာရှိသည်ဟု လူများတို့အား ပြောရကြမည်။ 9 ဗိုလ်တို့သည် လူများတို့အား ထိုသို့ပြောပြီးမှ
တပ်မှူးတို့သည် လူများကို စစ်ချီစေရကြမည်။ 10 သင်သည် မြို့တစုံတမြို့ကို တိုက်ခြင်းငှာ ချဉ်း သောအခါ၊
စစ်ငြိမ်းမည်အကြောင်းကို ဟစ်ကြော်ရမည်။ 11 ထိုမြို့သည် စစ်ငြိမ်းရာစကားပြေကို ပြန်ပြော၍ မြို့တံခါးကို ဖွင့်ထားလျှင်၊
ထိုမြို့၌ရှိသောသူအပေါင်းတို့ သည် သင့်အား အခွန်ပေး၍ သင့်အမှုကို ထမ်းရကြမည်။ 12 သို့မဟုတ် စကားပြေမပြောဘဲ သင့်ကို
စစ်တိုက် လျှင်၊ ထိုမြို့ကို ဝိုင်းထား၍၊ 13 သင်၏ဘုရားသခင် ထာဝရဘုရားသည် သင့် လက်၌ အပ်တော်မူသောအခါ၊
ယောကျ်ားရှိသမျှတို့ကို ထားနှင့်လုပ်ကြံရမည်။ 14 မိန်းမ၊ သူငယ်၊ တိရစ္ဆာန်အစရှိသော မြို့၌တွေ့ သော ဥစ္စာရှိသမျှကို
ကိုယ်ဘို့သိမ်း၍၊ သင်၏ဘုရားသခင် ထာဝရဘုရားပေးတော်မူသော သင်၏ရန်သူလက်မှ ရသော ဥစ္စာကို စားရမည်။ 15
ဤလူမျိုးနေသော မြို့မှတပါး သင်နှင့်ဝေးသော မြို့ရှိသမျှတို့အား ထိုသို့ပြုရမည်။ 16 သင်၏ဘုရားသခင် ထာဝရဘုရားသည် သင့်
အမွေခံစရာဘို့ ဤလူမျိုးနေရာမြို့တို့၌ အသက်ရှူသော လူသတ္တဝါတစုံတယောက်ကိုမျှ အသက်မရှင်စေရ။ 17 ဟိတ္တိလူ၊ အာမောရိလူ၊
ခါနနိလူ၊ ဖေရဇိလူ၊ ဟိဝိလူ၊ ယေဗုသိ လူတို့သည် မိမိတို့ဘုရားများ၌ ပြုသော စက်ဆုပ်ရွံရှာဘွယ်အမှုတို့ကို သင့်အား သွန်သင်၍၊ 18
သင်သည် သင်၏ဘုရားသခင် ထာဝရဘုရားကို မပြစ်မှားမည်အကြောင်း သင်၏ဘုရားသခင် ထာဝရ
ဘုရားမှာထားတော်မူသည်အတိုင်း၊ ထိုလူမျိုးအပေါင်းတို့ ကို ရှင်းရှင်းဖျက်ဆီးရမည်။ 19 သင်သည် မြို့တစုံတမြို့ကို တိုက်ယူခြင်းငှာ
ကြာမြင့်စွာ ဝိုင်းထားလျှင်၊ သစ်ပင်များကို မခုတ်မဖြတ် ရ။ မြေ၌ပေါက်သော အပင်တို့သည် လူအသက်မွေးဘို့ရာ ဖြစ်သောကြောင့်
အသီးကိုသာ စားရမည်။ မြို့ကို ဝိုင်းထားရာ အမှုကို ဆောင်၍ အပင်ကို မလှဲရ။ 20 သို့ရာတွင် မစားရသော သစ်ပင်တို့ကို ခုတ်လှဲ၍၊
သင်နှင့်စစ်တိုက်သောမြို့ကို မအောင်မီတိုင်အောင်၊ စစ်တိုက်ရာ တန်ဆာတို့ကို ဆောက်လုပ်ရသော အခွင့်ရှိ၏။

---

---

### Deuteronomy 01

ယေဘုယျအချက်အလက်

မောရှေသည် ဣသရေလလူမျိုးတို့အား ဆက်လက်ပြောဆိုသည်။

သင်သည် ရန်သူတို့ကို စစ်တိုက်ခြင်းငှာ ချီသွား သောအခါ

"သင်သည် သင်၏ ရန်သူတို့ကို တော်လှန်ရန်အတွက်စစ်တိုက်ရန် ထွက်သွားသောအခါ"

ကိုယ်ထက်သာ၍ များသောမြင်း၊ ရထား၊ လူတို့ကို မြင်သော်လည်း မကြောက်နှင့်။

လူမျိုးတို့သည် စစ်တပ်များအပြင် မြင်းများနှင့် ရထားများသည် အလွန် အားသန်နေပါသည်ဟုတွေးတောပါသည်။ အစိပ္ပါယ်အပြည့်အစုံကို ရှင်းလင်းစွာ ဖော်ပြပါသည်။

သင့်ကို အဲဂုတ္တု ပြည်မှ နှုတ်ဆောင်သော သင်၏ဘုရားသခင် ထာဝရ ဘုရား

ထာဝရဘုရားသည် အဲဂုတ္တုပြည်မှ ခါနန်ပြည်ကို လူမျိုးများနှုတ်ဆောင်သည်။ ၎င်းသည် သုံးနေကျစကားလုံး "နှုတ်ဆောင်" သည် အဲဂုတ္တုပြည်မှ ခါနန်ပြည်သို့ ခရီးပြုခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် သင်တို့အား အဲဂုတ္တုပြည်မှခေါ်ဆောင်လာသည်။"

### Deuteronomy 02

ယေဘုယျအချက်အလက်

မောရှေသည် ဣသရေလလူမျိုးတို့အား ဆက်လက်ပြောဆိုသည်။



generated on Tue Jul 2 12:50:28 2024

လူတို့အား ပြောဆိုရကြမည်။
"ဣသရေလစစ်တပ်များအားပြောဆိုသည်"

သူတို့ကြောင့် စိတ်ပျက်ခြင်း၊ ကြောက်ရွံ့ခြင်း၊ တုန်လှုပ်ခြင်း၊ ထိတ်လန့် ခြင်း မရှိကြနှင့်
ဤမျက်နှာအမူအရာ လေးခုသည် သူတို့ကြောက်လန့်ခြင်း မရှိကြရန် အဓိပ္ပါယ်တူပြီး ခိုင်မာစွာ အသားပေးပါသည်။ အကယ်၍ သင်၏ဘာသာစကားဖြင့် ဤခံယူချက်လေးခုကိုကို မဖော်ပြနိုင်ပါက လေးခု အောက်လျှော့နိုင်ပါသည်။

သူတို့ကြောင့် စိတ်ပျက်ခြင်း ........... မရှိကြနှင့်
ဤတွင် "စိတ်" သည် လူမျိုးတို့၏ သတ္တိကို ကိုယ်စားပြုသည်။ စိတ်ဓါတ်အားနည်းခြင်းသည် "ကြောက်လန့်မှု မရှိနှင့်" ဟု ဆိုလိုသည်။

သင်တို့၏ဘုရားသခင် ထာဝရဘုရားသည် ရန်သူတို့ကို စစ်တိုက်၍ သင်တို့ကို ကယ်တင်ခြင်းအလို့ငှာ
ထာဝရဘုရားသည် ဣသရေလ လူမျိုးများနှင့်အတူစစ်တိုက်သကဲ့သို့ သူတို့၏ ရန်သူများကို အနိုင်ယူ ချေမှုန်းခဲ့ပါသည်

သင်တို့ကို ကယ်တင်ခြင်းအလို့ငှာ
"သင်တို့ကို အောင်မြင်ခြင်းပေးရန်"

Deuteronomy 05

ယေဘုယျအချက်အလက်
စစ်တိုက်ခြင်းမပြုလုပ်မှီ ဣသရေလလူမျိုးများထံသို့စစ်တပ်အရာရှိများ ပြောပြရန် မောရှေပြောပါသည်။

ဗိုလ်တို့ကလည်း ...
အရာရှိ၏ အလုပ်သည် စစ်တပ်မှထွက်ခွါသည့်သူများဆုံးဖြတ်ရန်ဖြစ်သည်။ ဤဖော်ပြချက်၏ အဓိပ္ပါယ်အပြည့်အစုံကို ရှင်းလင်းဖော်ပြပါသည်။

အိမ်သစ်ကို ဆောက်၍ ဘုရား သခင်၌ မအပ်ရသေးသောသူရှိလျှင်၊ မိမိအိမ်သို့ပြန်၍ အပ်ပါလေစေ
"အကယ်၍ ဤစစ်တပ်များသည် အိမ်သစ်ဆောက်လုပ်၍ မအပ်ရသေးပါကသူသည် သူ့အိမ်သို့ ပြန်သွားရမည်"

စစ်တိုက်ရာတွင် သေ၍ အခြား သောသူသည် ထိုအိမ်ကို အပ်လိမ့်မည်ဟု စိုးရိမ်စရာရှိ၏
အရာရှိသည် ဖြစ်နိုင်ခြေရှိသောအကြောင်းအရာများကိုစစ်တပ်ထံသို့ ဖော်ပြရသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် တိုက်ပွဲတွင် သေဆုံးပါက အခြားသောသူတစ်ယောက်သည် သူ၏ အိမ်ကို သူ့အစားမအပ်ရပါ"

Deuteronomy 06

ယေဘုယျအချက်အလက်
မောရှေသည် အခြေအနေတစ်ခုခုကြောင့် စစ်တပ်မှထွက်ခဲ့သူများ ခွင့်ပြုနိုင်ရန် ဆက်လက်ဖော်ပြသည်။

စပျစ်ဥယျာဉ်ကို စိုက်၍ စပျစ်သီးကို မစားရ သေးသောသူရှိလျှင်၊ မိမိအိမ်သို့ ပြန်သွားပါလေစေ
"အကယ်၍စစ်သားတစ်ယောက်ယောက်ကစပျစ်ဥယျာဉ်အသစ်စိုက်သော်လည်း အသီးမခူးသေးသရွေ့ သူ့အိမ်သို့ပြန်သွားရပါမည်"

စစ်တိုက်ရာတွင် သေ၍ အခြားသောသူသည် ထိုစပျစ်သီးကို စားလိမ့်မည်ဟု စိုးရိမ်စရာရှိ၏
အရာရှိသည်စစ်သားများထံသို့ ဖြစ်နိုင်ခြေရှိသောအခြေအနေများကိုဖော်ပြပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တိုက်ပွဲ၌ သေဆုံးခဲ့ပါက အခြားသောသူတစ်ယောက်သည်သူ့အစား ၎င်းအသီးကို မခူးပေးရပါ"

မိန်းမနှင့်လက်ထပ်၍ မသိမ်းရသေးသောသူရှိ လျှင်၊ မိမိအိမ်သို့ ပြန်သွားပါလေစေ။
"စစ်သားတစ်ယောက်သည်အမျိုးသမီး တစ်ယောက်ကိုလက်ထပ်ရန်ကတိပေးခဲ့ပြီးသောလည်းသူမကိုလက်မထပ်ခဲ့လျှင် သူသည် မိမိအိမ်သို့ပြန်သွားရပါမည်"

စစ်တိုက် ရာတွင် သေ၍ အခြားသောသူသည် ထိုမိန်းမကို သိမ်း လိမ့်မည်
အရာရှိသည်စစ်သားများထံသို့ဖြစ်နိုင်ခြေရှိသောအခြေ အနေများကိုဖော်ပြပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ တိုက်ပွဲ၌သေဆုံးခဲ့ပါကအခြားသောသူတစ်ယောက်သည် သူ့အစား သူမကို မလက်ထပ်ရပါ"

Deuteronomy 08

ယေဘုယျအချက်အလက်
မောရှေသည် အခြေအနေတစ်ခုခုကြောင့် စစ်တပ်မှထွက်ခဲ့သူများ ခွင့်ပြုနိုင်ရန် ဆက်လက်ဖော်ပြသည်။

ကြောက်တတ်သော သဘောရှိ၍ စိတ်ပျက်သောသူရှိလျှင်၊ မိမိအိမ်သို့ ပြန်သွားပါလေစေ
"စစ်သားတစ်ယောက်သည် ကြောက်တတ်၍ ရဲရင့်မှု မရှိလျှင် မိမိအိမ်သို့ ပြန်သွားရပါမည်"

ကြောက်တတ်သော သဘောရှိ၍ စိတ်ပျက်သောသူရှိလျှင်
ဤစကားလုံးနှစ်ခုသည် အဓိပ္ပါယ်အတူတူဖြစ်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တိုက်ပွဲသို့ စစ်တိုက်ရန်ကြောက်သည်။"

ထိုသူစိတ်ပျက်သကဲ့သို့ သူ၏ အဘော်တို့သည် စိတ်ပျက်ကြလိမ့်မည်
အခြားသောဘာသာပြန်ဆိုချက်၊ "သူကြောက်တတ်သကဲ့သို့ အခြားသော ဣသရေလလူမျိုးတို့ မကြောက်ရပါ"


generated on Tue Jul 2 12:50:28 2024

သူစိတ် ... သူ၏အဘော်တို့ စိတ်
ဤတွင် "စိတ်" သည်လူတစ်ယောက်၏ သတ္တိကို ကိုယ်စားပြုသည်။

တပ်မှူးတို့သည် လူများကို စစ်ချီစေရကြမည်
"အရာရှိများသည် လူမျိုးများကို အုပ်ချုပ်သူအရာရှိများအား ခန့်၍ ဣသရေလ လူမျိုးများအား ဦးဆောင်ရမည်။"

Deuteronomy 10

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးတို့အား ဆက်လက်ပြောဆိုသည်။

မြို့တစုံတမြို့ကို တိုက်ခြင်းငှာ ချဉ်း သောအခါ
ဤတွင်"မြို့" သည် လူကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည်မြို့ကြီးမှာ ရှိသည့် လူများအား စစ် တိုက်ရန်ထွက်သွားသောအခါ"

စစ်ငြိမ်းမည်အကြောင်းကို ဟစ်ကြော်ရမည်
"မြို့ထဲမှာရှိသောလူများလက်နက်ချရန်အခွင့်အလမ်းပေးရမည်"

မြို့တံခါးကို ဖွင့်ထားလျှင်
ဤတွင်"တံခါး" သည်မြို့တံခါးကိုဆိုလိုသည်။ စကားစုဖြစ်သော " မြို့တံခါးကို ဖွင့်ထား" သည် လက်နက်ချသောလူများနှင့် သူတို့မြို့ထဲသို့ဝင်ရန်ဣသရေလလူမျိုးများခွင့်ပြုထားသူများကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့သည် သူတို့၏ မြို့သို့ ငြိမ်းချမ်းစွာ ဝင်ကြပါ"

ထိုမြို့၌ရှိသောသူအပေါင်းတို့ သည်
၎င်းကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မြို့ကြီးတွင်နေသော လူအားလုံး"

သင့်အား အခွန်ပေး၍ သင့်အမှုကို ထမ်းရကြမည်။
"သင်၏ အိမ်ဖော်ဖြစ်လာမည်"

Deuteronomy 12

စကားပြေမပြောဘဲ သင့်ကို စစ်တိုက် လျှင်
ဤတွင် "ထို" သည် မြို့ထဲမှာရှိသည် လူများကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မြို့ထဲရှိလူများက လက်နက်မချပါက" သို့မဟုတ် " မြို့ထဲရှိလူတို့သည် သင်တို့ပေးထားသော ငြိမ်းချမ်းရေးကို လက်မခံပါက"

Deuteronomy 14

သူငယ်
"သားသမီးများ"

ဥစ္စာရှိသမျှ
"အဖိုးတန်သောအရာများအားလုံး"

ကိုယ်သို့သိမ်း၍
၎င်းတို့သည် လူမျိုးတို့စစ်တိုက်ရာမှ အနိုင်ယူပြီးသူတို့ထံမှယူသော အဖိုးတန်ပစ္စည်းများဖြစ်သည်။

မြို့ရှိသမျှတို့အား
ဤတွင် "မြို့ရှိသမျှတို့" သည်လူကိုကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မြို့ကြီးတွင် နေထိုင်သော လူမျိုးများအားလုံး"

Deuteronomy 16

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးတို့အား ဆက်လက်ပြောဆိုသည်။

သင်၏ဘုရားသခင် ထာဝရဘုရားသည် သင့် အမွေခံစရာဘို့၊
ခါနန်ပြည်မှာ ရှိသည့်မြို့များကို ထာဝရဘုရားက လူမျိုးတို့အား ပေးသကဲ့သို့ ၎င်းမြို့များသည် လူမျိုးတို့၏ အမွေဖြစ်သည်။

အသက်ရှူသော လူသတ္တဝါတစုံတယောက်ကိုမျှ အသက်မရှင်စေရ
"သင်သည်အသက်ရှင်သော ဘယ်သတ္တဝါမျှ အသက်မရှင်စေရ"။ ၎င်းသည် အပြုသဘောပုံစံဖြင့် ဖော်ပြပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည်အသက်ရှင်သော အရာအားလုံးကို သတ်ရမည်"

ရှင်းရှင်းဖျက်ဆီးရမည်
"သင်သည် ဤလူမျိုးစုတို့အား လုံးလုံးလျားလျား ဖျက်ဆီးရမည်"

မှာထားတော်မူသည်အတိုင်း
"၎င်းလူမျိုးများဖျက်စီးပြီးမှ"

လူတို့သည် မိမိတို့ဘုရားများ၌ ပြုသော စက်ဆုပ်ရွံရှာဘွယ်အမှုတို့ကို
"ဤလူမျိုးတို့သည် သူတို့ ပြုလုပ်သော ဘုရားများနှင့်စက်ဆုပ်ရွံရှာဘွယ်ကောင်းလောက်အောင် ပြုမူသည်"

သင်၏ဘုရားသခင် ထာဝရဘုရားကို မပြစ်မှားမည်အကြောင်း
"ဤလူမျိုးများပြုသကဲ့သို့ သင်၏ဘုရား ထာဝရဘုရားကိုမပြစ်မှားနှင့်"

Deuteronomy 19

ယေဘုယျအချက်အလက်
မောရှေသည် ဣသရေလလူမျိုးတို့အား ဆက်လက်ပြောဆိုသည်။

တိုက်ယူခြင်းငှာ
"စစ်တိုက်သည်"

မစားရသောသစ်ပင်များကို ခုတ်လှဲ၍
"ပုဆိန်ဖြင့် သစ်ပင်များ ဖြတ်ကြခြင်း"


generated on Tue Jul 2 12:50:28 2024

တိုက်ယူခြင်းငှာ ကြာမြင့်စွာ ဝိုင်းထားလျှင်၊ သစ်ပင်များကို မခုတ်မဖြတ် ရ

ဤစကားပြောနည်းအတက်နှင့်ဆိုင်သောမေးခွန်းသည်လူမျိုးများသိ[illegible]
ဎင်းမေးခွန်းကိုဖော်ပြချက်ကဲ့သို့ဘာသာပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "အသီးများသည်
လူမဟုတ်သည့်အတွက် သင်တို့ ရန်သူလည်းမဟုတ်"

လူအသက်မွေးဘို့ရာ ဖြစ်သောကြောင့်

"သင်မသိသည့် အပင်များကို အသီးစားနိုင်ရန်ကြီးထွားစေသည်"

စစ်တိုက်ရာ တန်ဆာတို့ကို

[illegible]
လှေကားများနှင့် မျှော်စင်များဖြစ်ရာ ၎င်းတို့ကို မြို့အတွင်း
လက်နက်ဖြင့် ဝိုင်းရံထားရန်အတွက် ချထားရန်လိုအပ်သည်။

မအောင်မှီတိုင်အောင်

၎င်းသည် စကားအသုံးအနှုန်းတစ်ခုဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "မြို့အတွင်းရှိ
လူမျိုးများစစ်ရှုံးသည်အထိ"

---

## Translation Questions

### Deuteronomy 20:1

ရန်သူတို့သည် စစ်တိုက်ခြင်းငှါ ထွက်ချီတက်လာသောအခါ အဘယ်ကြောင့် ဣသရေလလူတို့သည် အဘယ်သူမျှကြောက်လန့်ခြင်းမရှိခဲ့သနည်း။

အဲဂုတ္တုပြည်မှ နှုတ်ဆောင်သောသူတို့၏ ဘုရားသခင် ထာဝရဘုရားသည် သူတို့နှင့်အတူရှိလိမ့်မည်ဖြစ်သောကြောင့် ဣသရေလလူတို့သည် ကြောက်လန့်ခြင်းမရှိခဲ့ပေ။

### Deuteronomy 20:2

ဣသရေလလူတို့သည် စစ်တိုက်ခြင်းငှါ ချဉ်းကပ်လာသောအခါ အဘယ်သို့ ဖြစ်ပျက်ရလိမ့်မည်နည်း။

ယဇ်ပုရောဟိတ်သည် လူများတို့အား ပြောဆိုသည်မှာ ရန်သူတို့အား ကြောက်ရွံ့ခြင်းမရှိနှင့်၊ ထာဝရဘုရားသည် ရန်သူတို့အား စစ်တိုက်ခြင်းငှါ သင်တို့နှင့်အတူ ရှိသည်ဟု ပြောခဲ့သည်။

### Deuteronomy 20:5

ယောကျ်ားတစ်ဦးသည် အိမ်အသစ်တစ်ခုကို ဆောက်သဖြင့် ၎င်းအား ဘုရားသခင်၌ မအပ်သေးလျှင် သူသည် အဘယ်သို့ ပြုသင့်သနည်း။

သူသည် ၎င်းအား မအပ်သေးသဖြင့် စစ်ပွဲမှ မိမိအိမ်သို့ ပြန်သင့်သည်။

### Deuteronomy 20:6

ယောကျ်ားတစ်ဦးသည် မိန်းမတစ်ယောက်နှင့် စေ့စပ်၍ သူမအား လက်မထပ်ရသေးလျှင် သူသည် အဘယ်သို့ ပြုသင့်သနည်း။

သူမအား လက်မထပ်သေးသဖြင့် သူသည်လည်း စစ်ပွဲမှ မိမိအိမ်ပြန်၍ သူမအား လက်ထပ်သင့်သည်။

### Deuteronomy 20:10

ဝေးလံသော မြို့ ရှိ လူတို့သည် စစ်ပြေငြိမ်းခြင်းကိုလက်ခံခဲ့လျှင် အဘယ်သို့ ဖြစ်မည်နည်း။

မြို့ ၌ လူအပေါင်းတို့သည် ဣသရေလအမျိုး၏ အစေခံ အမှုထမ်းများ ဖြစ်လာရမည် ဖြစ်သည်။

### Deuteronomy 20:12

မြို့သည် ငြိမ်းချမ်းခြင်း ကမ်းလှမ်းမှုအား လက်မခံဘဲ ဣသရေလတဖက်၌ စစ်တိုက်ခြင်းကို ပြုခဲ့လျှင် အဘယ်သို့ဖြစ်ရမည်နည်း။

ထာဝရဘုရားသည် ဣသရေလအမျိုးအား အောင်မြင်ခြင်းကို ပေးသောအခါ မြို့ ၌ ရှိသမျှသော ယောကျ်ားအားလုံးကို သူတို့သည် သတ်ရမည်။

### Deuteronomy 20:16

ဣသရေလလူတို့အား ထာဝရဘုရားသည် အမွေအဖြစ် သူတို့အား ပေးသောပြည်၏ မြို့များ၌ သက်ရှိ လူသတ္တဝါအရာအားလုံးကို အဘယ်ကြောင့် ဖျက်ဆီးရပါမည်နည်း။

ပြည်မှ လူတို့သည် စက်ဆုပ်ရွံ့ရှာဘွယ်သော အကျင့်တို့ကို မလုပ်ဆောင်ဖို့ ထာဝရဘုရားကို ပြစ်မှားသောအပြစ်များ မပြုဖို့ သူတို့အား မသွန်သင်သောကြောင့် သူတို့သည် အရာအားလုံးကို ဖျက်ဆီးရမည်။

### Deuteronomy 20:19

ဣသရေလအမျိုးသားတို့သည် သူတို့တိုက်ခိုက်ခဲ့သော မြို့ကြီးများရှိ သစ်ပင်တို့အား မည်သို့ လုပ်သင့်သနည်း။

ဣသရေလအမျိုးသည် အစားအစာအဘို့ အသုံးပြုကြသည့် သစ်ပင်များကို ခုတ်မလှဲသင့်ပေ။ သို့သော် သူတို့သည် မြို့တစ်မြို့ အား တိုက်ခိုက်ရန် မြေခံတပ်တည်ဆောက်ရန် အစားအစာအတွက် အသုံးမပြုသေးသော သစ်ပင်များကို ခုတ်လှဲနိုင်သည်။

---



generated on Tue Jul 2 12:50:28 2024

## Chapter 21

1 သင်၏ဘုရားသခင် ထာဝရဘုရား အပိုင်ပေး တော်မူသောပြည်တွင်၊ လွတ်လပ်သောအရပ်၌ လူအသေ ကောင်ရှိသည်ကို တွေ့၍၊
အဘယ်သူသတ်သည်ကို မသိ လျင်၊ 2 သင်၌ အသက်ကြီးသူ၊ တရားသူကြီးတို့သည် ထွက်၍၊ ပတ်ဝန်းကျင်မြို့ရွာများတိုင်အောင်
တိုင်းထွာ ရကြမည်။ 3 အသေကောင်နှင့် အနီးဆုံးသောမြို့၌ အသက် ကြီးသူတို့သည် ထမ်းဘိုးတင်ခြင်း၊ စေခိုင်းခြင်းကို မပြုဘူး
သေးသော နွားသငယ်ကို ယူ၍၊ 4 လယ်မလုပ်မျိုးစေ့ မကြဲနိုင်အောင် ရေမပြတ် သော ချောင်းသို့ ဆောင်သွား၍၊ ထိုချောင်း၌ နွား
လည်ပင်းကို ဖြတ်ပြီးမှ၊ 5 သင်၏ဘုရားသခင် ထာဝရဘုရား အမှုတော်ကို ဆောင်ရွက်စေခြင်းငှါ၎င်း၊ ထာဝရဘုရား အခွင့်နှင့်
ကောင်းကြီးပေးစေခြင်းငှါ၎င်း ရွေးချယ်တော် မူသော လေဝိသား ယဇ်ပုရောဟိတ်တို့သည် ချဉ်း၍ တရားတွေ့ခြင်းအမှု၊
ရိုက်ပုတ်ခြင်းအမှု ရှိသမျှတို့ကို စီရင်ဆုံးဖြတ်ရကြမည်။ 6 အသေကောင်နှင့် အနီးဆုံးသောမြို့သား အသက်ကြီးသူ အပေါင်းတို့သည်၊
ထိုချောင်း၌ လည်ပင်း ဖြတ်ပြီးသော နွားမအပေါ်မှာ မိမိတို့လက်ကို ဆေးလျက်၊ 7 ငါတို့လက်သည် ဤအသွေးကို မသွန်း၊ ငါတို့
မျက်စိသည် မမြင်။ 8 အိုထာဝရဘုရား၊ ရွေးတော်မူသော ကိုယ်တော် ၏လူ ဣသရေလအမျိုးကို သနားတော်မူပါ။ မသေထိုက်
သောသူကို သတ်သောအပြစ်သည် ကိုယ်တော်၏လူ ဣသရေလအမျိုးအပေါ်သို့ ရောက်စေတော်မမူပါနှင့်ဟု မြွက်ဆိုရကြမည်။
သို့ပြုလျှင် အသက်ကို သတ်သော အပြစ်လွတ်လိမ့်မည်။ 9 ထိုသို့ သင်သည် ထာဝရဘုရားရှေ့တော်၌ ကောင်းသောအမှုကို
ပြုသောအခါ၊ မသေထိုက်သော သူ၏ အသွေးကို ပယ်ရှင်းရလိမ့်မည်။ 10 သင်သည် ရန်သူတို့ကို စစ်တိုက်သွား၍ သင်၏ ဘုရားသခင်
ထာဝရဘုရားသည် သူတို့ကို သင့်လက်၌ အပ်တော်မူသဖြင့်၊ သင်သည် ဘမ်းယူသောအခါ၊ 11 ဘမ်းယူသောသူတို့တွင်
အဆင်းလှသော မိန်းမ ကို မြင်၍ စုံဘက်ခြင်းငှာ အလိုရှိလျှင်၊ 12 သင့်အိမ်သို့ သူ့ကိုခေါ်သွား၍၊ သူသည် ဦးဆံရိတ်ခြင်း၊
လက်သည်းလှီးဖြတ်ခြင်းကို ပြုလျက်၊ 13 ဘမ်းယူရာအဝတ်ကို ချွတ်ပယ်၍ တလပတ်လုံး မိဘတို့ကို မြည်တမ်းလျက် သင့်အိမ်၌
နေပြီးသောနောက်၊ သင်သည် သူနှင့်စုံဘက်၍ သူသည် သင်၏မယား ဖြစ်မည်။ 14 နောက်တဖန် သူ့ကို မချစ်လျှင်၊ သူ့အလိုအ
လျောက်သွားသောအခွင့်ကို ပေးရမည်။ သူ့ကိုရှုတ်ချ သောကြောင့် ငွေနှင့်မရောင်းရ၊ ကျွန်အရာ၌ မထားရ။ 15 လင်ချစ်သော မယား၊
မုန်းသော မယားနှစ် ယောက်တို့သည် သားကိုဘွား၍၊ အဦးဘွားသော သားသည် မုန်းသောမယား၏ သားဖြစ်လျှင်၊ 16 ထိုသူသည်
မိမိအမွေဥစ္စာကို ဝေသောအခါ၊ မုန်းသောမယား၏ သားဦးကို နှိမ့်ချ၍ ချစ်သောမယား၏ သားကို သားဦးအရာ၌ မချီးမြှောက်ရ။ 17
မုန်းသောမယား၏ သားသည် သားဦးဖြစ်သည် ဟု ဝန်ခံ၍၊ နှစ်ဆသော အမွေဥစ္စာကို သူ့အားပေးရမည်။ အကြောင်းမူကား၊
ထိုသားသည် အဘ၏ ခွန်အားအစဦး ဖြစ်၏။ သားဦးအရိပ်အရာနှင့် ဆိုင်ပေ၏။ 18 အဘ၌ ဆိုးသောသား၊ ခက်ထန်သောသဘော ရှိ၍
မိဘစကားကို နားမထောင်သောသား၊ မိဘတို့ ဆုံးမသော်လည်း ဆုံးမခြင်းကို မခံသောသားရှိလျှင်၊ 19 မိဘတို့သည် ထိုသားကို
ဆွဲကိုင်၍၊ မြို့၌ အသက်ကြီးသူတို့ရှိရာ မြို့တံခါးဝသို့ ဆောင်ခဲ့ပြီးလျှင်၊ 20 အကျွန်ုပ်တို့သားသည် ဆိုးသောသူ၊ ခက်ထန်
သောသဘောရှိ၍ အကျွန်ုပ်တို့စကားကို နားမထောင် သောသူ ဖြစ်ပါ၏။ စားကြူးသောသူ၊ သောက်ကြူးသော သူ ဖြစ်ပါ၏ဟု မြို့၌
အသက်ကြီးသူတို့အား လျှောက်ဆို ရမည်။ 21 မြို့သားယောက်ျားအပေါင်းတို့သည် ထိုသားကို ကျောက်ခဲနှင့်ပစ်၍
အသေသတ်ရကြမည်။ ထိုသို့ သင်တို့ တွင် ဒုစရိုက်အပြစ်ကို ပယ်ရှားသဖြင့်၊ ဣသရေလအမျိုး သားအပေါင်းတို့သည် ထိုသိတင်းကို
ကြား၍ ကြောက်ရွံ့ ခြင်း ရှိကြလိမ့်မည်။ 22 သေထိုက်သော အပြစ်ရှိသောသူကို သစ်တိုင်၌ ဆွဲ၍သတ်လျှင်၊ 23 အသေကောင်ကို
သစ်တိုင်၌ တညဉ့်လုံးမထား ရ။ ထိုနေ့ခြင်းတွင် မြေ၌ ဆက်ဆက်မြှုပ်ရမည်။ သစ်တိုင်၌ ဆွဲထားခြင်းကို ခံရသောသူသည်
ကျိန်ခြင်းကို ခံရသော သူဖြစ်၏။ သင်၏ဘုရားသခင် ထာဝရဘုရားသည် သင့်အမွေခံစရာဘို့ ပေးတော်မူသော ပြည်သည် မညစ်
ညူးစေမည် အကြောင်း ထိုသို့ပြုရမည်။


generated on Tue Jul 2 12:50:28 2024

## Chapter 22

1 သင့်ညီအစ်ကို၏ သိုးနွားသည် လမ်းလွဲသည်ကို ကြည့်၍မနေရ။ ညီအစ်ကိုထံသို့ ဆက်ဆက်ပြန်ပို့ရမည်။ 2 ညီအစ်ကို ဝေးသော်ငင်း၊
သူ့ကို မသိသော်ငင်း၊ ထိုသိုးနွားကို ကိုယ်အိမ်သို့ ဆောင်ခဲ့ရမည်။ ညီအစ်ကို သည်မရှာ၊ သူ၌ မအပ်မှီတိုင်အောင် ကိုယ်အိမ်၌ ထားရ
မည်။ 3 မြည်းဖြစ်စေ၊ အဝတ်ဖြစ်စေ၊ ညီအစ်ကို၏ဥစ္စာ တစုံတခုပျောက်၍ သင်တွေ့မိလျှင်၊ ကြည့်၍မနေဘဲ ထိုအတူ ပြုရမည်။ 4
ညီအစ်ကို မြည်းနွားသည် လမ်း၌ လဲလျက်ရှိ သည်ကို ကြည့်၍မနေရ။ ညီအစ်ကိုနှင့်ဝိုင်း၍ ဆက်ဆက် မစရမည်။ 5 မိန်းမသည်
ယောကျာ်းအဝတ်ကို မဝတ်ရ။ ယောကျာ်းသည်လည်း မိန်းမအဝတ်ကို မဝတ်ရ။ ထိုသို့ ဝတ်သောသူရှိသမျှတို့ကို သင်၏ဘုရားသခင်
ထာဝရ ဘုရားသည် စက်ဆုပ်ရွံ့ရှာတော်မူ၏။ 6 သစ်ပင်ပေါ် မြေပေါ်မှာ ငှက်သိုက်၌ ငှက်မ သည် အဥများ၊ သားငယ်များကို ဝပ်လျက်
နေသည်ကို တွေ့လျှင်၊ သားငယ်တို့နှင့်အတူ အမိကိုမယူရ။ 7 သင်သည် ကောင်းစား၍ အသက်တာရှည်မည် အကြောင်း၊
သားငယ်တို့ကို သိမ်းယူလျှင်လည်း အမိကို လွှတ်လိုက်ရမည်။ 8 လူသည် အိမ်မိုးပေါ်ကကျ၍ လူအသက်ကို သတ်သော
အပြစ်မရောက်မည်အကြောင်း၊ အိမ်အသစ် ကို ဆောက်သောအခါ၊ အမိုးနားပတ်လည်၌ အဆီးအ တားကို လုပ်ရမည်။ 9
စပျစ်ဥယျာဉ်၌ ခြားနားသော မျိုးစေ့တို့ကို ရောနှော၍ မကြဲရ။ ထိုသို့ကြဲလျှင်၊ မျိုးစေ့အသီး၊ စပျစ်ပင် အသီး နှစ်ပါးစလုံး
ပျက်လိမ့်မည်။ 10 နွားနှင့် မြည်းကို ဘက်၍ လယ်မထွန်ရ။ 11 ဝါနှင့်သိုးမွေးကို ရောနှော၍ ရက်သောအဝတ် ကို မဝတ်ရ။ 12
သင်ခြုံသောအဝတ်စွန် လေးဘက်၌ ပန်းပွားတို့ ကို ဆွဲရမည်။ 13 လူသည် မယားနှင့်ထိမ်းမြားဆက်ဆံပြီးမှ၊ တဖန် ထိုမိန်းမကို မုန်း၍၊
14 ငါသည် ဤမိန်းမနှင့် ထိမ်းမြားဆက်ဆံသော အခါ၊ ကညာမစစ်ကြောင်းကို သိရပြီဟု ထိုမိန်းမ၌ ကဲ့ရဲ့စရာအကြောင်းကို ပြု၍
သူ့အသရေကို ဖျက်လျှင်၊ 15 ထိုမိန်းမ၏ မိဘတို့သည် ကညာ၏ လက္ခဏာ သက်သေကို ဆောင်လျက်၊ မြို့၌ အသက်ကြီးသူတို့ရှိရာ
မြို့တံခါးဝသို့ သွား၍၊ 16 ထိုမိန်းမ၏အဘက၊ အကျွန်ုပ်သမီးကို ဤလူ၌ အကျွန်ုပ်ပေးစားပါပြီ။ သူသည် အကျွန်ုပ်သမီးကို မုန်း၍၊ 17
သင်၏သမီးသည် ကညာမစစ်ကြောင်းကို ငါတွေ့ပြီဟု ဆိုလျက် ကဲ့ရဲ့စရာအကြောင်းကို ပြုပါ၏။ သို့ရာတွင် ဤသည်ကား၊
အကျွန်ုပ်သမီး၏ ကညာ လက္ခဏာ သက်သေဖြစ်ပါ၏ဟု အသက်ကြီးသူတို့အား လျှောက်ဆိုလျက် ထိုအဝတ်ကို သူတို့ရှေ့မှာလှန်၍
ပြရမည်။ 18 ထိုအခါ မြို့၌ အသက်ကြီးသူတို့သည် ထိုလူကို ယူ၍ ရိုက်ပြီးမှ၊ 19 ငွေတပိဿာကို လျော်စေ၍၊ မိန်းမ၏ အဘ အား
ပေးရမည်။ အကြောင်းမူကား၊ ဣသရေလအမျိုး ကညာ၏ အသရေကို ထိုသူဖျက်လေပြီ။ ထိုမိန်းမသည် သူ၏မယားဖြစ်ရမည်။
တသက်လုံး ထိုမိန်းမနှင့်မကွာရ။ 20 သို့မဟုတ် လင်စကားမှန်၍၊ ထိုမိန်းမ၌ ကညာ လက္ခဏာသက်သေ မရှိလျှင်၊ 21
မြို့သားယောကျာ်းတို့သည် ထိုမိန်းမကို အဘ အိမ်တံခါးသို့ ဆောင်ခဲ့ပြီးလျှင် ကျောက်ခဲနှင့်ပစ်၍ အသေသတ်ရကြမည်။
အကြောင်းမူကား၊ သူသည် အဘ အိမ်၌ မတရားသော မေထုန်သို့လိုက်၍ ဣသရေလ အမျိုး၌ မိုက်မဲသောအမှုကို ပြုလေပြီ။ ထိုသို့
သင်တို့တွင် ဒုစရိုက်အပြစ်ကို ပယ်ရှားရကြမည်။ 22 လင်ရှိသောမိန်းမနှင့် အခြားသောယောကျာ်း သင့်နေသည်ကို တွေ့မိလျှင်၊
ထိုယောကျာ်းနှင့် မိန်းမ နှစ်ယောက်တို့သည် အသေသတ်ခြင်းကို ခံရမည်။ ထိုသို့ ဒုစရိုက်အပြစ်ကို ဣသရေလအမျိုးမှ ပယ်ရှားရမည်။
23 အပျိုကညာကို ယောကျာ်းနှင့် ထိမ်းမြားဆောင် နှင်းပြီးမှ၊ အခြားသောယောကျာ်းသည် မြို့ထဲမှာတွေ့၍ သင့်နေလျှင်၊ 24
ထိုသူနှစ်ယောက်တို့ကို မြို့တံခါးဝသို့ ထုတ်ဆောင် ပြီးလျှင် ကျောက်ခဲနှင့်ပစ်၍ အသေသတ်ရကြမည်။ မိန်းမသည် မြို့ထဲမှာ
ရှိလျက်ပင် မအော်မဟစ်သော ကြောင့်ငင်း၊ ယောကျာ်းလည်း သူ့မယားကို ရှုတ်ချသော ကြောင့်ငင်း၊ ထိုသူနှစ်ယောက်တို့သည်
အသေသတ်ခြင်း ကို ခံရမည်။ ထိုသို့ သင်တို့တွင် ဒုစရိုက်အပြစ်ကို ပယ်ရှား ရကြမည်။ 25 အပျိုကို ယောကျာ်းနှင့်
ထိမ်းမြားဆောင်နှင်းပြီး မှ အခြားသော ယောကျာ်းသည် တော၌ တွေ့၍ အနိုင် အထက်ပြုလျှင်၊ ထိုယောကျာ်း
တယောက်တည်းကိုသာ အသေသတ်ရမည်။ 26 သေထိုက်သော အပြစ်မရှိသော ထိုမိန်းမကို သင်သည် အဘယ်သို့မျှ မပြုရ။ 27
အကြောင်းမူကား၊ ယောကျာ်းသည် ထိုမိန်းမကို တော၌တွေ့၍ မိန်းမအော်ဟစ်သော်လည်း ကူညီသောသူ မရှိသောကြောင့်၊
ထိုအမှုသည် လူချင်းတယောက်ကို တယောက် ရန်ပြု၍ သတ်သောအမှုနှင့်တူ၏။ 28 ယောကျာ်းနှင့် မထိမ်းမြား မဆောင်နှင်းသေး
သော အပျိုကညာကို အခြားသောယောကျာ်းသည် တွေ့၍ ကိုင်ဆွဲသင့်နေသည်ကို တွေ့မိလျှင်၊ 29 ထိုယောကျာ်းသည် မိန်းမ၏
အဘအား ငွေ ငါးဆယ်ကို လျော်ရမည်။ ထိုမိန်းမသည်လည်း သူ၏ မယားဖြစ်ရမည်။ သူ့ကို ရှုတ်ချသောကြောင့် တသက်လုံး မကွာရ။
30 လူသည် မိမိအဘနှင့်သာဆိုင်သော အဘ၏ မယားကို မသိမ်းရ။


generated on Tue Jul 2 12:50:28 2024

## Chapter 23

1 ယောက်ျား၏ အင်္ဂါလက္ခဏာ မစုံလင်၊ ချို့တဲ့ သောယောက်ျားသည် ထာဝရဘုရား၏ ပရိသတ်တော်၌ အပါအဝင်မဖြစ်ရ။ 2
မျောက်မထား၍ ရသောသားသည် ထာဝရ ဘုရား၏ ပရိသတ်တော်၌ အပါအဝင်မဖြစ်ရ။ ဆယ် ဆက်မြောက်အောင် မဝင်ရ။ 3
အမ္မုန်အမျိုးသား၊ မောဘအမျိုးသားသည် လည်း၊ ထာဝရဘုရား၏ ပရိသတ်တော်၌ အပါအဝင် မဖြစ်ရ။ ကာလအစဉ်မကုန်၊
ဆယ်ဆက်မြောက်အောင် မဝင်ရ။ 4 အကြောင်းမူကား၊ သင်သည် အဲဂုတ္တုပြည်မှ ထွက်လာသောအခါ၊ သူတို့သည် မုန့်နှင့်ရေကို
ဆောင်၍ ခရီးဦးကြို မလာကြ။ သင့်ကို ကျိန်ဆဲစေခြင်းငှာ၊ မေသောပေါတာမိပြည်၊ ပေသော်မြို့၌ နေသော ဗောရ သား ဗာလမ်ကို
ငှားကြ၏။ 5 သို့ရာတွင် သင်၏ဘုရားသခင် ထာဝရဘုရား သည် ဗာလမ်စကားကို နားမထောင်။ သင့်ကိုချစ်သော ကြောင့်
ကျိန်ဆဲခြင်းကို သင်၌ ကောင်းကြီးမင်္ဂလာ ဖြစ်စေတော်မူ၏။ 6 သင်သည် သူတို့ချမ်းသာ၊ သူတို့စည်းစိမ်ကို တသက်လုံးအစဉ်မပြုစုရ။
7 ဧဒုံအမျိုးသားကိုမူကား၊ မမုန်းရ။ သူသည် သင်၏ ညီအစ်ကို ဖြစ်၏။ အဲဂုတ္တုအမျိုးသားကိုလည်း မမုန်းရ။ သူ၏ပြည်၌ သင်သည်
ကျွန်ခံခဲ့ဘူးပြီ။ 8 သူတို့အမျိုးအနွယ်သည် သုံးဆက်မြောက်မှသာ ထာဝရဘုရား၏ ပရိသတ်တော်၌ အပါအဝင်ဖြစ်ရသော အခွင့်ရှိ၏။
9 ရန်သူတို့ကို စစ်တိုက်သွားသောအခါ၊ မတရား သောအမှု ရှိသမျှကို ရှောင်လော့။ 10 ညဥ့်အချိန်၌ ရောက်တတ်သော မစင်ကြယ် သော
အကြောင်းကြောင့် မစင်ကြယ်သောသူသည် သင်တို့တွင်ရှိလျှင် သူသည် တပ်ပြင်သို့ ထွက်ရမည်။ တပ်ထဲသို့မဝင်ရ။ 11
မိုယ်းချုပ်သောအခါ ရေချိုး၍၊ နေဝင်ပြီးမှ တပ်ထဲသို့ ဝင်ရမည်။ 12 သင့်ကျင်ကြီးစွန့်ရာ အရပ်သည် တပ်ပြင်၌ရှိရ မည်။ 13
တပ်ပြင်သို့ထွက်၍ စွန့်သောအခါ၊ ကိုယ်၌ပါ သော သစ်သားတူးရွင်းနှင့် မြေ၌တူးရမည်။ နောက်တဖန် လှည့်၍ မစင်ကို ဖုံးအုပ်ရမည်။
14 အကြောင်းမူကား၊ သင်၏ဘုရားသခင် ထာဝရ ဘုရားသည် သင့်ကိုကယ်တင်၍ ရန်သူတို့ကို သင့်လက်၌ အပ်ခြင်းငှာ၊
သင်၏တပ်ထဲမှာ သွားလာတော်မူ၏။ ထို့ကြောင့်၊ သင့်အထဲ၌ မစင်ကြယ်သောအရာ တစုံတခု ကို မြင်၍ သင်မှ ရှောင်သွားတော်
မမူမည်အကြောင်း၊ သင်၏ တပ်သည် သန့်ရှင်းရမည်။ 15 မိမိသခင်ထံကပြေး၍ သင့်ထံသို့ ရောက်သော ကျွန်ကို သခင်၌ မအပ်ရ။ 16
ထိုကျွန်သည် အလိုအလျောက်နေချင်သော အရပ်၊ သင့်နေရာမြို့ တစုံတမြို့၌ သင့်ထံမှာနေရသော အခွင့်ရှိ၏။ သူ့ကို မညှဉ်းဆဲရ။ 17
ဣသရေလအမျိုးသမီးတို့တွင် ပြည်တန်ဆာ မရှိရ။ ဣသရေလအမျိုးသားတို့တွင် ယောက်ျားအလိုသို့ လိုက်တတ်သော
မိန်းမလျှာမရှိရ။ 18 ပြည်တန်ဆာလုပ်၍ ရသောငွေ၊ ခွေးကိုရောင်း ၍ ရသောငွေကို သစ္စာဂတိပြေစေခြင်းငှာ၊ သင်၏ဘုရား သခင်
ထာဝရဘုရား၏ အိမ်တော်သို့ မသွင်းရ။ ထိုသို့ သောငွေကို စက်ဆုပ်ရွံရှာတော်မူ၏။ 19 သင်၏အမျိုးသားချင်း၌ အတိုးယူ၍၊ ငွေ၊
စားစရာ၊ အသုံးအဆောင်ကို မချေးမငှားရ။ 20 တပါးအမျိုးသား၌ အတိုးယူ၍ ချေးငှားရ၏။ သင်သွား၍ ဝင်စားသောပြည်တွင်
သင်ပြုလေရာရာ၌ သင်၏ဘုရားသခင် ထာဝရဘုရားသည် ကောင်းကြီးပေး တော်မူမည်အကြောင်း၊ အမျိုးသားချင်း၌ အတိုးယူ၍
ချေးငှားခြင်းကို ရှောင်ရမည်။ 21 သင်၏ဘုရားသခင် ထာဝရဘုရားအား သစ္စာ ဂတိထားလျှင်၊ ထားသည်အတိုင်း မပြုဘဲမနေရ။
သင်၏ ဘုရားသခင် ထာဝရဘုရားသည် ဧကန်အမှန်တောင်း တော်မူမည်။ သင်သည် မပြုဘဲနေလျှင် အပြစ်ရောက် လိမ့်မည်။ 22
သစ္စာဂတိ မထားဘဲနေလျှင် အပြစ်မရောက်။ 23 သင်သည် သင်၏ ဘုရားသခင် ထာဝရဘုရား အား ကိုယ်အလိုအလျောက်
သစ္စာဂတိထား၍၊ ကိုယ်နှုတ် နှင့် မြွက်ဆိုသောစကားကို တည်စေ၍၊ ဂတိရှိသည်အ တိုင်း ပြုရမည်။ 24 သင်သည် အိမ်နီးချင်း၏
စပျစ်ဥယျာဉ်ထဲသို့ ဝင်သောအခါ၊ အလိုအလျောက် စပျစ်သီးကို ဝစွာစားရ သော်လည်း မသိမ်းမယူရ။ 25 အိမ်နီးချင်း၏
စပါးလယ်ထဲသို့ ဝင်သောအခါ၊ စပါးနှံကိုလက်နှင့် ဆွတ်ရသော်လည်း တံစဉ်နှင့်မရိတ်ရ။

---

 generated on Tue Jul 2 12:50:28 2024

## Chapter 24

[1] တစုံတယောက်သောသူသည် မယားနှင့်ထိမ်း မြား၍ ဆက်ဆံပြီးမှ တဖန် အပြစ်တင်စရာ အကြောင်း ရှိသောကြောင့် စိတ်မတွေ့လျှင်၊
ဖြတ်စာကို ရေး၍ သူ၌ အပ်ပေးသဖြင့် လွှတ်လိုက်ရမည်။ [2] ထိုမိန်းမသည် လင်အိမ်မှထွက်သွားသော နောက်၊ အခြားသော
သူ၏မယား ဖြစ်ရသောအခွင့်ရှိ၏။ [3] နောက်နေသောလင်သည်လည်း သူ့ကိုမုန်းလျှင်၊ ဖြတ်စာကို ရေး၍ သူ၌အပ်သဖြင့်
လွှတ်လိုက်သည် ဖြစ်စေ၊ ထိုလင်သေသည်ဖြစ်စေ၊ [4] အရင်လွှတ်လိုက်သော လင်ဟောင်းသည် ညစ်ညူးခြင်းရှိသော ထိုမိန်းမကို
နောက်တဖန်မသိမ်းရ။ ထာဝရဘုရားရှေ့တော်၌ စက်ဆုပ်ဘွယ်သောအမှုဖြစ် ၏။ သင်၏ဘုရားသခင် ထာဝရဘုရားသည် သင့်အမွေခံ
စရာဘို့ ပေးတော်မူသောပြည်၌ အပြစ်မရောက်စေရ။ [5] အိမ်ထောင်ဘက်ပြုစရှိသောသူသည် စစ်တိုက် မသွားရ။ မင်းအမှုကို
မဆောင်ရ။ တနှစ်ပတ်လုံး ကိုယ်အိမ်၌ မလွတ်နေ၍ မယားကို ကျွေးမွေးပြုစုရမည်။ [6] ကြိတ်ဆုံအပေါ်ကျောက်ပြားကို ဖြစ်စေ၊
အောက်ကျောက်ပြားကို ဖြစ်စေ၊ အဘယ်သူမျှ အပေါင် မယူရ။ ထိုသို့ယူလျှင်၊ သူ့အသက်ကို အပေါင်ယူသည်နှင့် တူ၏။ [7] လူသည်
မိမိအမျိုးသားချင်းဖြစ်သော ဣသရေ လအမျိုးသားကို ခိုး၍ ကျွန်အရာ၌ ထားသည်ဖြစ်စေ၊ ရောင်းသည်ဖြစ်စေ၊ ထိုသူခိုးကို
တွေ့မိလျှင် အသေသတ် ရမည်။ သင်တို့တွင် ဒုစရိုက်အပြစ်ကို ထိုသို့ ပယ်ရှားရကြ မည်။ [8] နူနာဘေးရောက်သောအခါ၊ လေဝိသား
ယဇ် ပုရောဟိတ်တို့ သွန်သင်သမျှအတိုင်း သတိပြု၍ စေ့စေ့ စောင့်ရှောက်လော့။ သူတို့ကို ငါမှာထားသည်အတိုင်း
ကျင့်စောင့်ကြလော့။ [9] သင်တို့သည် အဲဂုတ္တုပြည်မှထွက်၍ ခရီးသွားကြ စဉ်တွင်၊ သင်တို့၏ဘုရားသခင် ထာဝရဘုရားသည်၊ မိရိအံ၌
ပြုတော်မူသောအမှုကို အောက်မေ့ကြလော့။ [10] သင်သည် အမျိုးသားချင်း၌ တစုံတခုကို ချေး ငှားလျှင်၊ အပေါင်ထားသောဥစ္စာကို
ယူခြင်းငှာ သူ့အိမ်ထဲ သို့ မဝင်ရ။ [11] သင်သည် အိမ်ပြင်မှာရပ်နေ၍၊ ထိုသူသည် အပေါင်ထားသော ဥစ္စာကို သင့်ရှိရာအိမ်ပြင်သို့
ဆောင်ခဲ့ ရမည်။ [12] ထိုသူသည် ဆင်းရဲလျှင်၊ ပေါင်၍ထားသော ဥစ္စာကို ပြန်မအပ်ဘဲ ညဉ့်ကိုမလွန်စေရ။ [13] သူသည် မိမိအဝတ်ကို
ဝတ်ခြုံလျက် အိပ်ပျော်၍ သင့်ကိုကောင်းကြီးပေးမည် အကြောင်း၊ သူပေါင်၍ထား သော ဥစ္စာကို နေဝင်လျှင်
ဆက်ဆက်ပြန်အပ်ရမည်။ ထိုသို့ပြုသော အမှုသည် သင်၏ဘုရားသခင် ထာဝရ ဘုရားရှေ့တော်၌ ဖြောင့်မတ်သောအမှု ဖြစ်လိမ့်မည်။
[14] အမျိုးသားချင်းဖြစ်စေ၊ သင့်နေရာမြို့ရွာတို့၌ တည်းခိုသော တပါးအမျိုးသားဖြစ်စေ၊ ဆင်းရဲငတ်မွတ် သောသူငှားကို မညှဉ်းဆဲရ။
[15] နေ့စဉ်မပြတ် သူ့အခကို ပေးရမည်။ မပေးဘဲ နေမဝင်စေနှင့်။ သူသည် ဆင်းရဲသောကြောင့် ရထိုက် သော အခကိုလည်း
စိတ်စွဲလမ်းလျက် ရှိလိမ့်မည်။ မပေးဘဲနေလျှင် သူသည် သင့်ကို အပြစ်တင်၍ ထာဝရ ဘုရားကို အော်ဟစ်သဖြင့် သင်၌
အပြစ်ရောက်မည်ဟု စိုးရိမ်စရာရှိ၏။ [16] အဘသည် သား၏အပြစ်ကြောင့်ငှင်း၊ သား သည် အဘ၏အပြစ်ကြောင့်ငှင်း၊ အသေမခံရ။
လူတိုင်း မိမိအပြစ်ကြောင့်သာ အသေခံရမည်။ [17] တရားရှာတွေ့ခြင်းအမှုမှာ တပါးအမျိုးသားနှင့် မိဘမရှိသောသူကို အရှုံးမပေးရ။
မုတ်ဆိုးမအဝတ်ကို အပေါင်မယူရ။ [18] သင်သည် အဲဂုတ္တုပြည်၌ ကျွန်ခံခဲ့ဘူးကြောင်းကို ငှင်း၊ သင်၏ဘုရားသခင် ထာဝရဘုရားသည်
သင့်ကို ထိုပြည်မှ ရွေးနှုတ်တော်မူကြောင်းကိုငှင်း အောက်မေ့ရ မည်။ ထို့ကြောင့် ဤပညတ်ကို ငါထား၏။ [19] သင်သည် ကိုယ်လယ်၌
အသီးအနှံကို ရိတ် သောအခါ၊ မေ့လျော့သောကောက်လှိုင်းကို ပြန်၍ မယူရ။ သင်ပြုလေရာရာ၌ သင်၏ဘုရားသခင် ထာဝရဘုရား
သည် သင့်ကို ကောင်းကြီးပေးတော်မူမည်အကြောင်း၊ ထိုကောက်လှိုင်းကို တပါးအမျိုးသား၊ မိဘမရှိသောသူ၊ မုတ်ဆိုးမအဘို့
ထားရမည်။ [20] သင်၏သံလွင်သီးကို ရိုက်ချွေသောအခါ၊ ကျန် ကြွင်းသောအသီးကို ပြန်၍ မရိုက်ချွေရ။ တပါးအမျိုး သား၊
မိဘမရှိသောသူ၊ မုတ်ဆိုးမအဘို့ ထားရမည်။ [21] သင်၏စပျစ်ဥယျာဉ်၌ စပျစ်သီးကို ဆွတ်ယူ သောအခါ ပြန်၍ ကောက်သိမ်းခြင်းကို
မပြုရ။ ကျန်ကြွင်း သောအသီးသည် တပါးအမျိုးသား၊ မိဘမရှိသောသူ၊ မုတ်ဆိုးမအဘို့ ဖြစ်ရမည်။ [22] သင်သည် အဲဂုတ္တုပြည်၌
ကျွန်ခံခဲ့ဘူးကြောင်းကို အောက်မေ့ရမည်။ ထို့ကြောင့် ဤပညတ်ကို ငါထား၏။


generated on Tue Jul 2 12:50:28 2024

## Chapter 25

1 လူချင်းအမှုရှိ၍ မင်းထံ၌ အစီရင်ခံလျက်၊ မင်းရှေ့မှာ တရားတွေ့ကြသောအခါ၊ ဖြောင့်မတ်သောသူ ကို အပြစ်လွတ်စေခြင်းငှာရင်း၊
ဆိုးသောသူကို အရှုံးခံ စေခြင်းငှာရင်း စီရင်ရမည်။ 2 ဆိုးသောသူသည် အရိုက်ခံထိုက်လျှင်၊ တရားသူ ကြီးသည် ကိုယ်မျက်မှောက်၌
သူ့ကို ချ၍၊ အပြစ်နှင့် အလျောက် မည်မျှသော ဒဏ်ချက်ဖြင့် ရိုက်စေရမည်။ 3 သို့သော်လည်း ဒဏ်ချက်လေးဆယ်ထက် မလွန် စေရ။
လွန်၍ များစွာသော ဒဏ်ချက်ဖြင့် ရိုက်လျှင်၊ သင်၏အမျိုးသားချင်းသည် ယုတ်ညံ့သောသူ ဖြစ်ဟန်ရှိ မည်ဟု စိုးရိမ်စရာရှိ၏။ 4
စပါးနင်းနယ်သော နွား၏နှုတ်ကို မချုပ်တည်းရ။ 5 အတူနေသော ညီအစ်ကို တို့တွင်၊ တစုံတ ယောက်သောသူသည်
သားမရှိဘဲသေလျှင်၊ သေသောသူ ၏ မယားသည် အခြားတပါးသောလူစိမ်းနှင့် စုံဘက်ခြင်း ကို မပြုရ။ သူ၏လင်ညီသည် သူ့ကို
သိမ်းယူဆက်ဆံ၍ မရီး၌ ပြုအပ်သောဝတ်ကို ပြုရမည်။ 6 ဣသရေလအမျိုး၌ အစ်ကိုအမည်ကို မပျောက် စေခြင်းငှာ၊
အဦးဘွားသော သားသည် သေသောဘကြီး ၏ အရိပ်အရာကို ခံရမည်။ 7 ညီသည် အစ်ကိုမယားကို မယူလိုလျှင်၊ မိန်းမ သည်
အသက်ကြီးသူတို့ရှိရာ မြို့တံခါးဝသို့သွား၍၊ ကျွန်မ ၏ လင်ညီသည် အစ်ကိုအမည်ကို ဣသရေလအမျိုး၌ မတည်စေလိုပါ။
သူပြုအပ်သောဝတ်ကို မပြုလိုပါဟု လျှောက်လျှင်၊ 8 မြို့၌ အသက်ကြီးသူတို့သည် ထိုသူကို ခေါ်၍ မေးမြန်းရကြမည်။ သူကလည်း၊
ထိုမိန်းမကို အကျွန်ုပ် မယူလိုပါဟုဆို၍ ခိုင်မာစွာနေလျှင်၊ 9 သူ၏မရီးသည် အသက်ကြီးသူတို့ရှေ့မှာ သူ့အပါးသို့ ချဉ်း၍
သူ၏ခြေနင်းကို ချွတ်လျက်၊ သူ၏ မျက်နှာ၌ တံထွေးထွေးလျက်၊ မိမိအစ်ကို အိမ်ကို မဆောက်လိုသောသူ၌ ဤသို့ ပြုသင့်သည်ဟု
သူ့အား ပြန်ပြောရမည်။ 10 နောက်မှ၊ ထိုသူကို ခြေနင်းချွတ်ရသော အမျိုးဟူ၍ ဣသရေလအမျိုး၌ ခေါ်ဝေါ်သမုတ်ရမည်။ 11
လူချင်းခိုက်ရန်ပြုကြစဉ်တွင်၊ တယောက်သော သူ၏မယားသည် အပါးသို့ချဉ်း၍ မိမိလင်ကို ကူညီလို သောငှာ ခိုက်ရန်ပြုသော သူ၏
ယောကျ်ားတန်ဆာကို ကိုင်ဆွဲမိလျှင်၊ 12 ထိုမိန်းမလက်ကို ဖြတ်ရမည်။ သင်၏ မျက်စိ သည် သူ့ကို မသနားရ။ 13 သင့်အိတ်၌
ကြီးသောအလေး၊ ငယ်သောအ လေးတည်းဟူသော ခြားနားသော အလေးကို မရှိစေရ။ 14 သင့်အိမ်၌ ခြားနားသော ခြင်စရာတန်ဆာ
အကြီးအငယ်ကို မရှိစေရ။ 15 သင်၏ဘုရားသခင် ထာဝရဘုရားပေးတော်မူ သောပြည်၌ သင်၏အသက် တာရှည်မည်အကြောင်း၊
မှန်ကန်သောအလေး၊ မှန်ကန်သောခြင်စရာ တန်ဆာ များကိုသာ သုံးရမည်။ 16 အထက်ဆိုခဲ့ပြီးသော အမှုကို ပြုသောသူအ
ပေါင်းတို့နှင့် မတရားသဖြင့် ပြုသောသူအပေါင်းတို့ကို၊ သင်၏ဘုရားသခင် ထာဝရဘုရား စက်ဆုပ်ရွံရှာတော်မူ ၏။ 17 သင်သည်
အဲဂုတ္တုပြည်မှ ထွက်၍ ခရီးသွား သောအခါ၊ 18 သင်သည် အားကုန်၍ မောလျက်နေစဉ်တွင်၊ သင့်နောက်၌ လိုက်သောသူ၊
အားနည်းသော သူတို့ကို အာမလက် အမျိုးသားတို့သည် လမ်း၌ ဆီးကြို၍ လုပ်ကြံ ကြောင်းကိုငင်း၊ ဘုရားသခင်ကို
မကြောက်ရွံ့ကြောင်းကို ငင်း၊ အောက်မေ့လော့။ 19 သို့ဖြစ်၍ သင်၏ဘုရားသခင် ထာဝရဘုရား သည် သင့်အမွေခံစရာဘို့
အပိုင်ပေးတော်မူသောပြည်၌ သင့်ပတ်လည်၌ နေသောရန်သူအပေါင်းတို့၏ လက်မှ ကယ်လွှတ်၍ ချမ်းသာပေးတော်မူသောအခါ၊
အာမလက် အမျိုးကို အောက်မေ့စရာ မရှိစေခြင်းငှာ၊ ကောင်းကင် အောက်၌ သုတ်သင်ပယ်ရှင်းရမည်။ ထိုအမှုကို မမေ့ မလျော့ရ။


generated on Tue Jul 2 12:50:28 2024

## Chapter 26

[1] သင်၏ဘုရားသခင် ထာဝရဘုရားသည်၊ သင့်အမွေခံစရာဘို့ ပေးတော်မူသောပြည်သို့ သင်သည် ဝင်စား၍ နေသောအခါ၊ [2]
သင်၏ဘုရားသခင် ထာဝရဘုရားပေးတော်မူ သောပြည်၌ အဦးသီးသော အသီးအမျိုးမျိုးကိုယူ၍ ခြင်တောင်း၌ ထည့်ပြီးမှ
သင်၏ဘုရားသခင် ထာဝရ ဘုရား၏ နာမတော်တည်စရာဘို့ ရွေးကောက်တော်မူ သော အရပ်သို့ သွား၍၊ [3] ထိုကာလ၌
ယဇ်ပုရောဟိတ်လုပ်သော သူထံသို့ ချဉ်းလျက်၊ ထာဝရဘုရားသည် ငါ့အားပေးခြင်းငှာ၊ ဘိုးဘေးတို့အား ကျိန်ဆိုတော်မူသောပြည်သို့
အကျွန်ုပ် ရောက်ပါပြီဟု ကိုယ်တော်၏ဘုရားသခင် ထာဝရဘုရား အား ယနေ့ အကျွန်ုပ်ဝန်ခံပါသည်ဟု ယဇ်ပုရောဟိတ် အား
ပြောဆိုရမည်။ [4] ယဇ်ပုရောဟိတ်သည်လည်း ခြင်းတောင်းကို သင့်လက်မှယူ၍ သင်၏ဘုရားသခင် ထာဝရဘုရား၏ ယဇ်ပုလ္လင်ရှေ့မှာ
ချထားရမည်။ [5] သင်ကလည်း၊ အရပ်ရပ်သို့ လှည့်လည်သော ရှုရိအမျိုးသားသည် အကျွန်ုပ်အဘ ဖြစ်ပါ၏။ သူသည် အဲဂုတ္တုပြည်သို့
သွား၍ လူအနည်းငယ်နှင့်တကွ တည်းခို စဉ်တွင် ကြီးမားများပြားသော လူမျိုးဖြစ်ပါ၏။ [6] အဲဂုတ္တုလူတို့သည် အကျွန်ုပ်တို့ကို
ညှဉ်းဆဲနှိပ် စက်၍ ကျပ်တည်းစွာ ကျွန်ခံစေကြ၏။ [7] ဘိုးဘေးတို့ကိုးကွယ်သော ဘုရားသခင် ထာဝရ ဘုရားကို အော်ဟစ်၍
လျှောက်ကြသောအခါ၊ ထာဝရ ဘုရားသည် နားထောင်တော်မူသဖြင့်၊ အကျွန်ုပ်တို့ ခံရသော ညှဉ်းဆဲနှိပ်စက်ခြင်း၊ ပင်ပန်းခြင်းတို့ကို
ကြည့်ရှု တော်မူ၏။ [8] ထိုအခါ ထာဝရဘုရားသည် တန်ခိုးကြီးသော လက်ရုံးတော်ကို ဆန့်၍ ကြောက်မက်ဘွယ်သော နိမိတ် လက္ခဏာ
အံ့ဘွယ်သောအမှုတို့ဖြင့် အကျွန်ုပ်တို့ကို အဲဂုတ္တုပြည်မှ နှုတ်ပြီးလျှင်၊ [9] နို့နှင့်ပျားရည်စီးသော ဤပြည်သို့ ပို့ဆောင်၍
ပေးသနားတော်မူ၏။ [10] ယခုမှာ အိုထာဝရဘုရား၊ ကိုယ်တော်ပေးသနား တော်မူသောပြည်၌ အဦးသီးသော အသီးကို အကျွန်ုပ်
ဆောင်ခဲ့ပါပြီဟု သင်၏ဘုရားသခင် ထာဝရဘုရားအား လျှောက်ဆိုလျက်၊ ထိုအသီးကို သင်၏ဘုရားသခင် ထာဝရဘုရားရှေ့တော်၌
ထားရမည်။ ရှေ့တော်၌လည်း ကိုးကွယ်ခြင်းကို ပြုရမည်။ [11] သင်၏ဘုရားသခင် ထာဝရဘုရားသည်၊ သင်နှင့်
သင်၏အိမ်သူအိမ်သားတို့အား ပြုတော်မူသမျှ သော ကျေးဇူး၌၊ သင်သည် သင်နှင့်အတူ တည်းခိုသော လေဝိသားမှစ၍
တပါးအမျိုးသားတို့နှင့်တကွ ပျော်မွေ့ ခြင်းကို ပြုရမည်။ [12] သုံးနှစ်တွင် ဆယ်ဘို့တဘို့ပေးရသော တတိယ နှစ် ရောက်သောအခါ၊
အစီးအပွားရှိသမျှတို့ကို ဆယ်ဘို့ တဘို့ ကောက်ယူ၍၊ လေဝိသား၊ တပါးအမျိုးသား၊ မိဘမရှိ သောသူ၊ မုတ်ဆိုးမတို့ကို
သင့်နေရာမြို့များ၌ ဝစွာကျွေး မွေးပြီးမှ၊ [13] သင်၏ဘုရားသခင် ထာဝရဘုရားအား၊ ကိုယ် တော်သည် အကျွန်ုပ်ကို
မှာထားတော်မူသမျှအတိုင်း၊ သန့်ရှင်းသောဥစ္စာတို့ကို အိမ်မှထုတ်၍ လေဝိသား၊ တပါး အမျိုးသား၊ မိဘမရှိသောသူ၊ မုတ်ဆိုးမတို့အား
ပေးပါပြီ။ ပညတ်တော်တို့ကို မလွန်ကျူး၊ မမေ့လျော့ပါ။ [14] မသာအမှုကို ဆောင်စဉ်အခါ ထိုဥစ္စာကို အကျွန်ုပ်မစားပါ။
မစင်ကြယ်သော အသုံးအဆောင်ဘို့ အနည်းငယ်ကိုမျှ မယူပါ။ သေသောသူတို့အဘို့ အနည်း ငယ်ကိုမျှ မပေးပါ။
အကျွန်ုပ်ဘုရားသခင် ထာဝရဘုရား ၏ စကားတော်ကို နားထောင်ပါပြီ။ ကိုယ်တော်မှာထား တော်မူသမျှအတိုင်း ပြုပါပြီ။ [15]
ကိုယ်တော်၏ သန့်ရှင်းသော နေရာကောင်းကင် ဘုံမှ ငုံ့ကြည့်၍၊ ကိုယ်တော်၏ လူဣသရေလအမျိုးကိုငှင်း၊ ဘိုးဘေးတို့အား
ကျိန်ဆိုတော်မူသည်အတိုင်း၊ အကျွန်ုပ်တို့ အား ပေးတော်မူသောပြည်၊ နို့နှင့် ပျားရည်စီးသော ပြည်ကိုငှင်း ကောင်းကြီးပေးတော်မူပါဟု
လျှောက်ဆို ရမည်။ [16] ယခုစီရင်ထုံးဖွဲ့သမျှအတိုင်း ကျင့်ရမည်ဟု သင်၏ဘုရားသခင် ထာဝရဘုရား မှာထားတော်မူသည် ဖြစ်၍
စိတ်နှလုံးအကြွင်းမဲ့ ကျင့်စောင့်ရမည်။ [17] ထာဝရဘုရားသည် သင်၏ဘုရားသခင် ဖြစ်တော်မူသည်ဟူ၍ငှင်း၊ လမ်းတော်သို့
လိုက်ပါမည်၊ စီရင်ထုံးဖွဲ့တော်မူသော ပညတ်တရားတော်ကို စောင့် ရှောက်ပါမည်၊ စကားတော်ကို နားထောင်ပါမည်ဟူ၍ ငှင်း၊ ယနေ့
သင်သည် ဝန်ခံပြီ။ [18] ထာဝရဘုရားသည်လည်း ဂတိထားတော်မူသမျှ အတိုင်း၊ သင်သည် ပညတ်တော် အလုံးစုံတို့ကို စောင့်
ရှောက်စေခြင်းငှာ၊ အထူးသဖြင့် ကိုယ်တော်၏ လူမျိုး ဖြစ်သည်ဟူ၍ငှင်း၊ [19] ဖန်ဆင်းတော်မူသော လူမျိုးတကာတို့ထက်
သင်၏ဂုဏ်အသရေကျော်စော ကိတ္တိကို လွန်ကဲစေတော် မူမည်ဟူ၍၊ ငှင်းဂတိတော်ရှိသည်အတိုင်း၊ သင်၏ဘုရား သခင်
ထာဝရဘုရားအဘို့ သန့်ရှင်းသောလူမျိုး ဖြစ်စေ ခြင်းငှာငှင်း ယနေ့ ဝန်ခံတော်မူပြီဟု ဣသရေလအမျိုး သားတို့အား
ဟောပြောလေ၏။

 generated on Tue Jul 2 12:50:28 2024

# Chapter 27

1 တဖန် မောရှေသည်၊ ဣသရေလအမျိုး၌ အသက်ကြီးသူတို့နှင့်တကွ လူများတို့ကို မှာထားသည်ကား၊ ယနေ့ ငါထားသမျှသော
ပညတ်တို့ကို စောင့်ရှောက်ကြ လော့။ 2 သင်သည် ယော်ဒန်မြစ်ကို ကူး၍၊ သင်၏ဘုရား သခင် ထာဝရဘုရားပေးတော်မူသော ပြည်သို့
ရောက် သောအခါ၊ ကြီးသောကျောက်တို့ကို ထူထောင်၍ အင်္ဂတေနှင့် မွမ်းမံရမည်။ 3 ဘိုးဘေးတို့ ကိုးကွယ်သော ဘုရားသခင်
ထာဝရဘုရားသည်၊ ဂတိတော်ရှိသည်အတိုင်း သင့်အား ပေးတော်မူသောပြည်၊ နို့နှင့် ပျားရည်စီးသောပြည်သို့ ဝင်စားအံ့သောငှာ
ကူးသွားပြီးမှ၊ ဤတရား စကားတော် အလုံးစုံတို့ကို ထိုကျောက်ပေါ်မှာ ရေးထားရမည်။ 4 ယော်ဒန်မြစ်ကို ကူးပြီးမှ၊
ယနေ့ငါမှာထားသော ကျောက်တို့ကို ဧဗလတောင်ပေါ်မှာ ထူထောင်၍ အင်္ဂ တေနှင့် မွမ်းမံရမည်။ 5 ထိုအရပ်၌လည်း
သင်၏ဘုရားသခင် ထာဝရ ဘုရားအဘို့၊ 6 ယဇ်ပလ္လင်ကို ကျောက်နှင့်တည်ရမည်။ သံ တန်ဆာကို မသုံးဆောင်ဘဲ၊ မကွဲမပြတ်သော
ကျောက် တို့နှင့် တည်ရမည်။ သင်၏ဘုရားသခင် ထာဝရဘုရား အား မီးရှို့ရာယဇ်တို့ကို ထိုပလ္လင်ပေါ်မှာ ပူဇော်ရမည်။ 7
မိဿဟာယယဇ်တို့ကိုလည်း ပူဇော်၍၊ ထိုအရပ် တွင် စားသောက်လျက် ရှေ့တော်၌ ပျော်မွေ့ခြင်းကို ပြုရမည်။ 8 ထိုကျောက်ပေါ်မှာ
ဤတရား စကားတော် အလုံးစုံတို့ကို သေချာစွာ ရေးထားရမည်ဟု ပြောဆိုကြ၏။ 9 တဖန် မောရှေနှင့် ယဇ်ပုရောဟိတ်များ၊ လေဝိ
သားများတို့က၊ အိုဣသရေလအမျိုး၊ သတိနှင့် နားထောင် လော့။ ယနေ့သင်သည် သင်၏ဘုရားသခင် ထာဝရ ဘုရား၏
လူမျိုးဖြစ်လေပြီ။ 10 သို့ဖြစ်၍၊ သင်၏ဘုရားသခင် ထာဝရဘုရား၏ စကားတော်ကို နားထောင်ရမည်။ ယနေ့ငါတို့ ဆင့်ဆို သော
စီရင်ထုံးဖွဲ့တော်မူချက်တို့ကို ကျင့်ရမည်ဟု ဣသရေလအမျိုးသားအပေါင်းတို့အား ပြောဆိုကြ၏။ 11 တဖန် မောရှေသည် ထိုနေ့၌
လူများတို့ကို မှာထားသည်မှာ၊ 12 သင်တို့သည် ယော်ဒန်မြစ်ကို ကူးသောနောက်၊ လူများတို့အား ကောင်းကြီးပေးခြင်းအလိုငှာ ဂေရဇိမ်
တောင်ပေါ်မှာ ရပ်ရသော သူဟူမူကား၊ ရှိမောင်၊ လေဝိ၊ ယုဒ၊ ဣသခါ၊ ယောသပ်၊ ဗင်္ယာမိန်တည်း။ 13 ကျိန်ခြင်းအလိုငှာ၊
ဧဗလတောင်ပေါ်မှာ ရပ်ရ သော သူဟူမူကား၊ ရုဗင်၊ ဂဒ်၊ အာရှာ၊ ဇာဗုလုန်၊ ဒန်၊ နဿလိတည်း။ 14 ထိုအခါ လေဝိသားတို့သည်
ကြီးသောအသံနှင့် ဣသရေလအမျိုးသားအပေါင်းတို့အား ဟစ်ကြော်ရ သော စကားဟူမူကား၊ 15 ထာဝရဘုရား
စက်ဆုပ်ရွံရှာသောအရာ၊ လက်သမားလက်နှင့် ထုလုပ်သော ရုပ်တု၊ သွန်းသော ဆင်းတုကို လုပ်၍ မထင်ရှားသော အရပ်၌
ထားသောသူ သည် အမင်္ဂလာရှိစေသတည်းဟု ကျိန်လျှင်၊ လူအပေါင်း တို့က အာမင်ဟု ဝန်ခံရကြမည်။ 16 မိဘကို
မထီမဲ့မြင်ပြုသောသူသည် အမင်္ဂလာ ရှိစေသတည်းဟု ကျိန်လျှင်၊ လူအပေါင်းတို့က အာမင်ဟု ဝန်ခံရကြမည်။ 17 အိမ်နီးချင်း၏
မြေမှတ်တိုင်ကို ရွှေ့သောသူသည် အမင်္ဂလာရှိစေသတည်းဟု ကျိန်လျှင်၊ လူအပေါင်းတို့က အာမင်ဟု ဝန်ခံရကြမည်။ 18
မျက်စိမမြင်သောသူကို လမ်းလွဲစေသောသူ သည် အမင်္ဂလာရှိစေသတည်းဟု ကျိန်လျှင်၊ လူအပေါင်း တို့က အာမင်ဟု ဝန်ခံရကြမည်။
19 တရားတွေ့ခြင်းအမှုမှာတပါး အမျိုးသား၊ မိဘ မရှိသောသူ၊ မုတ်ဆိုးမကို မတရားသဖြင့် အရှုံးပေးသော သူသည်
အမင်္ဂလာရှိစေသတည်းဟု ကျိန်လျှင်၊ လူ အပေါင်းတို့က အာမင်ဟု ဝန်ခံရကြမည်။ 20 အဘနှင့်သာဆိုင်သော အဘ၏ မယားနှင့်
ပေါင်းဘော်သောသူသည် အမင်္ဂလာရှိစေသတည်းဟု ကျိန်လျှင်၊ လူအပေါင်းတို့က အာမင်ဟု ဝန်ခံရကြမည်။ 21
တိရစ္ဆာန်တစုံတမျိုးနှင့် ပေါင်းဘော်သော သူသည် အမင်္ဂလာရှိစေသတည်းဟု ကျိန်လျှင်၊ လူ အပေါင်းတို့က အာမင်ဟု ဝန်ခံရကြမည်။
22 အဘ၏ သမီး၊ အမိ၏ သမီးတည်းဟူသော မိမိအစ်မ နှမနှင့် ပေါင်းဘော်သောသူသည် အမင်္ဂလာ ရှိစေသတည်းဟု ကျိန်လျှင်၊
လူအပေါင်းတို့က အာမင်ဟု ဝန်ခံရကြမည်။ 23 မယား၏ အမိနှင့် ပေါင်းဘော်သောသူသည် အမင်္ဂလာ ရှိစေသတည်းဟု ကျိန်လျှင်၊
လူအပေါင်းတို့က အာမင်ဟု ဝန်ခံရကြမည်။ 24 အိမ်နီးချင်းကို မထင်မရှား ရိုက်သောသူသည် အမင်္ဂလာရှိစေသတည်းဟု ကျိန်လျှင်၊
လူအပေါင်းတို့က အာမင်ဟု ဝန်ခံရကြမည်။ 25 အပြစ်မရှိသော သူ၏ အသက်ကို သတ်ခြင်းငှာ အခကို ယူသောသူသည်
အမင်္ဂလာရှိစေသတည်းဟု ကျိန်လျှင်၊ လူအပေါင်းတို့က အာမင်ဟု ဝန်ခံရကြမည်။ 26 ဤပညတ်တရားစကားတို့ကို အမြဲမကျင့်သော
သူသည် အမင်္ဂလာရှိစေသတည်းဟု ကျိန်လျှင်၊ လူအ ပေါင်းတို့က အာမင်ဟု ဝန်ခံရကြမည်။


generated on Tue Jul 2 12:50:28 2024

## Chapter 28

1 ယနေ့ ငါဆင့်ဆိုသမျှသော ပညတ်တော်တို့ကို သင်သည် ကျင့်စောင့်ခြင်းငှာ၊ သင်၏ဘုရားသခင် ထာဝရဘုရား၏ စကားတော်ကို
စေ့စေ့နားထောင်လျှင်၊ သင်၏ဘုရားသခင် ထာဝရဘုရားသည် လူမျိုးတကာတို့ ထက် သင့်ကို ချီးမြှောက်တော်မူမည်။ 2
သင်၏ဘုရားသခင် ထာဝရဘုရား၏ စကား တော်ကို နားထောင်လျှင်၊ သင့်အပေါ်မှာ သက်ရောက် လတံ့သော ကောင်းကြီးမင်္ဂလာများ
ဟူမူကား။ 3 သင်သည် မြို့၌ မင်္ဂလာရှိလိမ့်မည်၊ တော၌ မင်္ဂလာ ရှိလိမ့်မည်။ 4 သားသမီးအားဖြင့်၎င်း၊ မြေအသီးအနှံအားဖြင့် ၎င်း၊
တိရစ္ဆာန်ဘွားသော သားငယ်အားဖြင့်၎င်း၊ သိုးနွား အစီးအပွားအားဖြင့်၎င်း မင်္ဂလာရှိလိမ့်မည်။ 5 ခြင်တောင်း၌၎င်း၊ မုန့်နယ်သော
ခွက်၌၎င်း မင်္ဂလာရှိလိမ့်မည်။ 6 မိမိအိမ်ထဲသို့ ဝင်သောအခါ မင်္ဂလာ ရှိလိမ့် မည်၊ ပြင်သို့ထွက်သောအခါ မင်္ဂလာရှိလိမ့်မည်။ 7
သင့်တဘက်၌ ထသော ရန်သူတို့ကို သင့်မျက် မှောက်၌ ထာဝရဘုရားသည် ဒဏ်ခံစေတော်မူမည်။ သူတို့သည် တလမ်းတည်းဖြင့်
သင်ရှိရာသို့ လာသော် လည်း၊ လမ်းခုနစ်သွယ်ဖြင့် သင့်ရှေ့မှ ပြေးကြလိမ့်မည်။ 8 သင်၏ ဘဏ္ဍာတိုက်၌၎င်း၊ သင်ပြုလေရာရာ၌ ၎င်း၊
ထာဝရဘုရားသည် သင့်အပေါ်မှာ မင်္ဂလာ ရောက် စေခြင်းငှာ မိန့်တော်မူမည်။ သင်၏ ဘုရားသခင် ထာဝရ
ဘုရားပေးတော်မူသောပြည်၌ သင့်ကို ကောင်းကြီး မင်္ဂလာပေးတော်မူမည်။ 9 သင်သည် သင်၏ ဘုရားသခင် ထာဝရဘုရား၏ 10
သင်သည် ထာဝရဘုရား၏ နာမတော်ဖြင့် ခေါ်ဝေါ်သမုတ်ခြင်းကို ခံရသည်ဟု လူမျိုးခပ်သိမ်းတို့ သည် သိမြင်၍ သင့်ကို
ကြောက်ရွံ့ကြလိမ့်မည်။ 11 ထာဝရဘုရားသည် သင့်အား ပေးခြင်းငှာ ဘိုးဘေးတို့အား ကျိန်ဆိုတော်မူသောပြည်၌ ဥစ္စာပစ္စည်း၊
သားသမီး၊ တိရစ္ဆာန်အတိုးအပွား၊ မြေအသီးအနှံများကို ကြွယ်ဝစေတော်မူမည်။ 12 ထာဝရဘုရားသည် အချိန်တန်မှ သင်၏ပြည်၌
မိုဃ်းရွာစေခြင်းငှာ၎င်း၊ သင်ပြုလေရာရာ၌ ကောင်းကြီးပေးခြင်းငှာ၎င်း၊ ဘဏ္ဍာတော်တိုက် တည်းဟူ သော မိုဃ်းကောင်းကင်ကို
ဖွင့်တော်မူမည်။ သင်သည် လူမျိုးများတို့အား ချေးငှားရသောအခွင့် ရှိလိမ့်မည်။ သူတို့သည် သင့်အား ချေးငှားရသောအခွင့် မရှိရ။ 13
ထာဝရဘုရားသည် သင့်ကို အမြီးမဖြစ်စေဘဲ ခေါင်းဖြစ်စေတော်မူသဖြင့်၊ သင်သည် အောက်၌မနေရ ဘဲ အပေါ်၌သာ နေရသောအခွင့်
ရှိလိမ့်မည်။ ယနေ့ ငါဆင့်ဆိုသော၊ သင်၏ဘုရားသခင် ထာဝရဘုရား၏ ပညတ်တော်တို့ကို ကျင့်စောင့်ခြင်းငှာ နားထောင်လျှင်၎င်း၊ 14
ယနေ့ ငါဆင့်ဆိုသော စကားတော်လမ်းမှထွက် ၍ လက်ျာဘက်၊ လက်ဝဲဘက်သို့မလွှဲ၊ အခြားတပါးသော ဘုရားနောက်သို့ လိုက်၍
ဝတ်မပြုဘဲနေလျှင်၎င်း၊ ထိုသို့ သော ကျေးဇူးတော်ကို ခံရလိမ့်မည်။ 15 ယနေ့ ငါဆင့်ဆိုသော သင်၏ဘုရားသခင် ထာဝရဘုရား
စီရင်ထုံးဖွဲ့တော်မူချက် အလုံးစုံတို့ ကို ကျင့်စောင့်ခြင်းငှာ စကားတော်ကို နားမထောင်လျှင်၊ သင့်အပေါ်မှာ သက်ရောက်လတံ့သော
ကျိန်ခြင်း အမင်္ဂ လာများဟူမူကား၊ 16 သင်သည် မြို့၌ အမင်္ဂလာရှိလိမ့်မည်၊ တော၌ အမင်္ဂလာရှိလိမ့်မည်။ 17 ခြင်တောင်း၌၎င်း၊
မုန့်နယ်သော ခွက်၌၎င်း အမင်္ဂလာရှိလိမ့်မည်။ 18 သားသမီးအားဖြင့်၎င်း၊ မြေအသီးအနှံအားဖြင့် ၎င်း၊ သိုးနွားအစီးအပွားအားဖြင့်၎င်း
အမင်္ဂလာရှိလိမ့် မည်။ 19 မိမိအိမ်ထဲသို့ ဝင်သောအခါ အမင်္ဂလာရှိလိမ့် မည်။ ပြင်သို့ ထွက်သောအခါ အမင်္ဂလာရှိလိမ့်မည်။ 20
ထာဝရဘုရားကို စွန့်၍ ပြုမိသော ဒုစရိုက် အပြစ်ကြောင့် အလျင်အမြန် ပျက်စီးဆုံးရှုံးခြင်းသို့ မရောက်မီတိုင်အောင်၊ ပြုလေရာရာ၌
ကျိန်ဆဲခြင်း၊ နှောင့်ရှက်ခြင်း၊ ကဲ့ရဲ့ခြင်းတို့ကို သင့်အပေါ်မှာ သက် ရောက်စေတော်မူမည်။ 21 သင်သွား၍ ဝင်စားလတံ့သောပြည်မှ
သုတ် သင်ပယ်ရှင်းတော်မမူမီ တိုင်အောင်၊ ကာလနာကို သင်၌ စွဲစေတော်မူမည်။ 22 ထာဝရဘုရားသည် သင့်ကို တူလာ၊ ဖျားနာ၊
ဒလခက်နာ၊ ခရခရနာဖြင့်၎င်း၊ ထားဘေး၊ လေထိ၍ အပင်သေဘေး၊ အရည်ယို၍ အပင်သေဘေးဖြင့်၎င်း ဒဏ်ခတ်တော်မူ၍၊
သင်သည် မပျက်စီးမီတိုင်အောင် ထိုဘေးတို့သည် လိုက်ကြလိမ့်မည်။ 23 သင့်ခေါင်းပေါ်မှာ မိုဃ်းကောင်းကင်သည် ကြေးဝါကဲ့သို့၎င်း၊
သင့်အောက်၌ မြေသည် သံကဲ့သို့၎င်း ဖြစ်လိမ့်မည်။ 24 ထာဝရဘုရားသည် သင့်နေရာပြည်၌ ရွာသော မိုဃ်းရေကို မြေမှုန့်၊
ဖုံဖြစ်စေတော်မူသဖြင့်၊ သင်သည် မပျက်စီးမီတိုင်အောင် သင့်အပေါ်မှာ ကျရလိမ့်မည်။ 25 သင်၏ရန်သူရှေ့မှာ ထာဝရဘုရားသည်
သင့်ကို ဒဏ်ပေးတော်မူမည်။ သင်သည် တလမ်းတည်းဖြင့် သူတို့ ရှိရာသို့ သွားသော်လည်း၊ လမ်းခုနစ်သွယ်ဖြင့် သူတို့ရှေ့မှ ပြေး၍
မြေပေါ်မှာရှိသော အတိုင်းတိုင်း အပြည်ပြည်သို့ ပြောင်းသွားရလိမ့်မည်။ 26 သင်၏အသေကောင်သည် မိုဃ်းကောင်းကင် ငှက်၊
တောသားရဲစားစရာဘို့ ဖြစ်ရလိမ့်မည်။ ထိုတိရစ္ဆာန် တို့ကို အဘယ်သူမျှ မမောင်းရ။ 27 ထာဝရဘုရားသည် သင့်ကို အဲဂုတ္တုအနာစိမ်း၊
မြင်းသရိုက်နာ၊ ဝဲနာ၊ မပျောက်နိုင်သော ယားနာဖြင့် ဒဏ်ခတ်တော်မူမည်။ 28 ရူးသောအနာ၊ မျက်စိကန်းသောအနာ၊
ဤနေရာတွင် ယောရှုသည် သူရှိသောနေ့အချိန်ကို တစ်ရက် အဖြစ် ရေတွက်သည်။ အခြားသောဘာသာပြန်ချက်၊ "အခုမှစ နှစ်ရက်မြောက်" သို့မဟုတ် "တဖက်ခါ။"

ဒီယော်ဒန်မြစ်ကို ကူး၍
ကူး၍ ဟူသောစကားလုံးသည် မြစ်တဘက်သို့ သွားရခြင်းကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ချက်၊ "ယော်ဒန်မြစ် တဘက်သို့ ခရီးသွားသည်။"

## Joshua 12

ယေဘုယျအချက်အလက်
ရုဗင်အမျိုးသား၊ ဂဒ်အမျိုးသား၊ မနာရှေအမျိုးသား တဝက်တို့သည် ယော်ဒန်မြစ်အရှေ့ဘက်၌ နေထိုင်ကြရန် ရွေးချယ်ကြ၏။


generated on Tue Jul 2 12:50:28 2024

ရုဗင်အမျိုးသား

ဤလူမျိုးတို့သည် ရုဗင်မှ ဆင်းသက်လာသော လူမျိုးများ ဖြစ်ကြသည်။

ဂဒ်အမျိုးသား

ဤလူမျိုးတို့သည် ဂဒ်အမျိုးမှ ဆင်းသက်လာသော လူမျိုးများ ဖြစ်ကြသည်။

Joshua 14

ယေဘုယျ အချက်အလက်

ယောရှုသည် ရုဗင်အမျိုးသား၊ ဂဒ်အမျိုး သား၊ မနာရှေအမျိုးသား တဝက်တို့ဆီသို့ ဆက်လက်၍ စကားပြောတော်မူ၏။

သင်တို့၏ သူငယ်များ ။

သင်တို့၏ ကလေးများ။

ယော်ဒန်မြစ်တဘက်

ယော်ဒန်မြစ်၏ အရှေ့ဘက်ကမ်းကို ရည်ညွှန်းသည်။ နောက်ပိုင်းတွင် ဣသရေလအမျိုးတို့သည် ယော်ဒန်မြစ်၏ အနောက်ဘက်ကမ်းတွင် နေထိုင်ကြသောကြောင့် ယော်ဒန်မြစ်ကို ကျော်၍ အရှေ့ပိုင်း ဟုခေါ်ကြသည်။ သို့သော် ယခုချိန်အထိ သူတို့သည် အရှေ့ပိုင်းတွင် နေထိုင်ကြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယော်ဒန်မြစ်၏ အရှေ့ဘက်ကမ်း။"

သင်တို့၏ ညီအကိုများအား နားရသောအခွင့်ပေး၏။

ဤနေရာ၌ ဣသရေလအမျိုးသားများသည် ခါနန်ပြည်၌ရှိသော သူတို့၏ ရန်သူအပေါင်းတို့ကို အနိုင်ယူခြင်းကို ရည်ညွှန်းသည်။

သင်တို့ပိုင်မည့် မြေ။

ဤနေရာတွင် သူတို့ ပိုင်သောမြေ၌ ငြိမ်းချမ်းစွာ အသက်ရှင်နေထိုင်ခြင်းကို ရည်ညွှန်းသည်။

ယော်ဒန်မြစ် နေထွက်ရာ ဘက်

ယော်ဒန်မြစ် အရှေ့ဘက်ကို ရည်ညွှန်းသည်။

Joshua 16

ယေဘုယျအချက်အလက်

ဤဣသရေလအမျိုးတို့၌ ယောရှုကို ပြန်ပြောသောသူတို့သည် အဓိကအားဖြင့် ရုဗင်အမျိုးသား၊ ဂဒ်အမျိုး သား၊ မနာရှေအမျိုးသားတဝက်တို့ ဖြစ်ကြသည်။

အာဏာတော်ကို ဆန်၍၊ မှာထားတော်မူသမျှ သောစကားကို နားမထောင်သောသူ ။

ဒီစာကြောင်းနှစ်ခုတွင် မည်သည့် ဆန့်ကျင်မှုကိုမဆို ပြုသောသူသည် အပြစ်ပေးခြင်း ခံထိုက်သည်ဟူသော တူညီသောအဓိပ္ပါယ်များကို ဖေါ်ပြသည်။

အသေသတ်ခြင်းကို ခံစေရမည်။

အခြားသောဘာသာပြန်ဆိုချက်၊ "အသေသတ်ရမည်။"

အားယူ၍ ရဲရင့်ခြင်းရှိတော်မူလော့။

ဣသရေလအမျိုးနှင့် ထာဝရဘုရားသခင်တို့က ယောရှုသည် သူတို့၏ ခေါင်းဆောင်ဖြစ်သည်နှင့်အမျှ ဤအမှုအား အရေးတကြီးလိုက်ရန် ဆန္ဒရှိကြသည်။

---

## Translation Questions

### Joshua 1:1

မောရှေအနိစ္စရောက်ပြီးနောက် ထာဝရဘုရားသည် ယောရှုအား မည်သည့်အရာများကို မိန့်တော်မူခဲ့သနည်း။

ထာဝရဘုရားသည် ယောရှုကို သူ၏ ဣသရေလလူမျိုးများကို ဦးဆောင်၍ ယော်ဒန်မြစ်တဘက်ကမ်းရှိ ထာဝရဘုရားပေးထားသော ကတိတော် မြေကို ဝင်စားဖို့ ကူးကြလေ၏။

### Joshua 1:4

ထာဝရဘုရားသခင်သည် ယောရှုဘက်၌ လုံးလုံးရပ်တည်မည်ဖြစ်ကြောင်း အဘယ်ကြောင့်ပြောဆိုသနည်း။

ထာဝရဘုရားသည် မောရှေဘက်၌ရပ်တည်သကဲ့သို့ ယောရှုဘက်၌လည်း အစဉ်အဆက် ကာလပတ်လုံးရပ်တည်သွားမည် ဖြစ်ကြောင်း မိန့်တော်မူလေသည်။

### Joshua 1:6

ထာဝရဘုရားသည် ယောရှုကို မည်သည့် စောင့်ထိန်းရမည့်အရာ သုံးခုကို တောင်းဆိုသနည်း။

ထာဝရဘုရားသည် ယောရှုကို သန်မာခြင်း၊ ရဲရင့်ခြင်းရှိဖို့နှင့် တရားတော်ကို လိုက်နာဖို့တောင်းဆိုသည်။

### Joshua 1:8

ထာဝရဘုရားသည် ယောရှုအား မည်သည့်အရာကို နေ့ညမပြတ် ဆင်ခြင်အောက်မေ့ရန် တောင်းဆိုသနည်း။

ထာဝရဘုရားသည် ယောရှုကို ပညတ္တိကျမ်းစာကို နေ့ညမပြတ် ဖတ်ရွတ်ဆင်ခြင်အောက်မေ့ရမည်ဟု မိန့်တော်မူသည်။



generated on Tue Jul 2 12:50:28 2024

Joshua 1:10

ယောရှုသည် ခေါင်းဆောင်ကြီးဖြစ်သော ဗိုလ်မင်းတို့ကို မည်ကဲ့သို့ အမိန့်ပေးခဲ့သနည်း။

ယောရှုသည် စစ်ဗိုလ်မင်းတို့ကို ယော်ဒန်မြစ်တဘက်သို့ကူးဖြတ်ရန်အတွက် သုံးရက်အတွင်း စားနပ်ရိက္ခာ ပြင်ဆင်ရန် ဤလသရေလ လူတို့အား အမိန့်ပေးရန် မိန့်ကြားခဲ့သည်။

Joshua 1:12

ယောရှုသည် ရုဗင်အမျိုးသား၊ ဂဒ်အမျိုး သား၊ မနာရှေအမျိုးသားတဝက်တို့ကို ထာဝရဘုရားက မောရှေအားဖြင့် မည်သည့်အချက် ၂ ချက်ကို အောက်မေ့စေခဲ့သနည်း။

ထိုအချက်နှစ်ချက်မှာ ထာဝရဘုရားသည် မောရှေအားဖြင့် ရုဗင်အမျိုးသား၊ ဂဒ်အမျိုးသား၊ မနာရှေအမျိုးသားတဝက်တို့ကို အနားယူစေပြီး ဤအရပ်ကို သူတို့အဖို့ ပေးမည် ဟူ၍ ဖြစ်သည်။

Joshua 1:14

ယောရှုသည် ရုဗင်အမျိုးသား၊ ဂဒ်အမျိုးသား၊ မနာရှေအမျိုးသားတဝက်တို့ကို ခေါ်၍ မည်သည့်အရာလုပ်ရန် မှာကြားခဲ့သနည်း။

ယောရှုသည် ထိုမျိုးနွယ်စုသုံးခုကို မိန့်မှာသောအရာမှာ သူတို့၏ ဇနီးမယား၊ သားသမီး နှင့် သိုးနွားများကို မောရှေ ခွဲဝေပေးသော ယောဒန်မြစ်၏ အလွန်တွင် ရှိသည့်အရပ်၌ ချန်ရစ်စေသော်လည်း စစ်သူရဲအပေါင်းတို့သည် ယော်ဒန်မြစ်ကို ဖြတ်ပြီး သူတို့၏ညီအကိုတို့ကို ကူ၍စစ်တိုက်ပေးရမည်။

Joshua 1:16

ထိုလူများသည် ယောရှုမိန့်တော်မူသောစကားကို မည်ကဲ့သို တုန့်ပြန်ခဲ့သနည်း။

လူမျိုးများသည် ယောရှုစေလွှတ်သောအရပ်သို့သွား၍ မှာထားသမျှတို့ကို လုပ်ဆောင်မည်ဟု တုန့်ပြန်ဖြေကြားခဲ့သည်။

## Chapter 2

1 နုန်၏သားယောရှုသည် သူလျှိုနှစ်ယောက်ကို ရှိတ္တိမ်မြို့မှ တိတ်ဆိတ်စွာစေလွှတ်လျက်၊ ခါနာန်ပြည် ယေရိခေါမြို့ကို သွား၍
ကြည့်ရှုကြလော့ဟု မှာထားလိုက် သည်အတိုင်း၊ သူတို့သည် သွားပြီးလျှင် ရာခပ်အမည်ရှိ သော ပြည်တန်ဆာမိန်းမအိမ်သို့
ဝင်၍နေလေ၏။ 2 ပြည်သားအချို့တို့ကလည်း၊ ဤပြည်ကို စူးစမ်း ခြင်းငှါ ဣသရေလအမျိုးသားအချို့တို့သည် ယနေ့ည မှာ
မြို့တွင်းသို့ ဝင်ပါပြီဟု ယေရိခေါမင်းကြီးအား လျှောက်ကြားကြသည် ရှိသော်၊ 3 ယေရိခေါမင်းကြီးသည် ရာခပ်အား သင့်ဆီသို့
ရောက်လာ၍၊ သင့်အိမ်သို့ဝင်သောသူတို့ကို အပ်လော့။ သူတို့သည် တပြည်လုံးကို စူးစမ်းခြင်းငှါ ရောက်လာပြီဟု အမိန့်တော်နှင့်
စေလွှတ်လေ၏။ 4 ရာခပ်သည် ထိုသူနှစ်ယောက်တို့ကို ဝှက်ထား နှင့်ပြီးမှ ကျွန်မဆီသို့ လူရောက်သည် မှန်ပါ၏။ သို့ရာ တွင်
အဘယ်အရပ်ကလာသည်ကို မသိပါ။ 5 မိုဃ်းချုပ်၍ တံခါးပိတ်ချိန်ရှိသောအခါ၊ သူတို့ သည် ထွက်သွားကြပါ၏။ အဘယ်အရပ်သို့
ထွက်သွား သည်ကို မသိပါ။ အလျင်အမြန်လိုက်ကြလော့။ မှီကောင်း မှီပါလိမ့်မည်ဟု ပြန်ပြော၏။ 6 သို့ဆိုသော်လည်း ထိုသူတို့ကို
အိမ်အပေါ်သို့ တက်စေ၍၊ အမိုးပေါ်မှာဖြန့်ထားသော ပိုက်ဆန်ရိုးထဲ၌ ဝှက်ထားနှင့်ပြီ။ 7 မင်းလုလင်တို့သည်
ယော်ဒန်မြစ်ကူးရာလမ်းသို့ လိုက်ကြ၏။ မြို့ပြင်သို့ရောက်ကြပြီးမှ မြို့တံခါးများကို ပိတ်ကြ၏။ 8 သူလျှိုတို့သည် မအိပ်မှီ မိန်းမသည်
သူတို့ရှိရာ အိမ်မိုးပေါ်သို့တက်၍၊ 9 ထာဝရဘုရားသည် သင်တို့အား ဤပြည်ကို ပေး တော်မူကြောင်းကိုငှင်း၊ သင်တို့ကို
ငါတို့ကြောက်လန့်အား ကြီး၍ သင်တို့ကြောင့် ပြည်သူပြည်သားအပေါင်းတို့သည် စိတ်ပျက်ကြောင်းကိုငှင်း ကျွန်မသိပါ၏။ 10
သင်တို့သည် အဲဂုတ္တုပြည်မှထွက်လာသောအခါ၊ ဧဒုံပင်လယ်ရေကို ထာဝရဘုရား ခန်းခြောက်စေတော်မူ ကြောင်းကိုငှင်း၊
ယော်ဒန်မြစ်တဘက်၌နေ၍ သင်တို့ ရှင်းရှင်းဖျက်ဆီးသော အာမောရိရှင်ဘုရင် ရှိဟုန်နှင့် ဩဃတို့၌ သင်တို့ပြုသောအမှုကိုငှင်း၊
အကျွန်ုပ်တို့ကြား ရကြပြီ။ 11 ထိုသိတင်းကိုကြားသောအခါ၊ အကျွန်ုပ်တို့သည် စိတ်ပျက်၍ သင်တို့ကြောင့်
တစုံတယောက်သောသူ၌မျှ ရဲရင့်ခြင်းသတ္တိ အလျှင်းမကျန်ကြွင်းပါ။ အကြောင်းမူ ကား၊ သင်တို့၏ဘုရားသခင် ထာဝရဘုရားသည်
အထက် ကောင်းကင်ဘုံ၌ငှင်း၊ အောက်အရပ်မြေကြီး၌ငှင်း၊ အစိုး ရသော ဘုရားသခင်ဖြစ်တော်မူ၏။ 12 သို့ဖြစ်၍ သင်တို့၌
ကျွန်မသည် ကျေးဇူးပြုသော ကြောင့် သင်တို့သည် ကျွန်မပေါက်ဘော်တို့၌ ကျေးဇူးပြု ၍၊ 13 ကျွန်မမိဘ၊ ညီအစ်မ၊ မောင်အစရှိသော
သူတို့ နှင့်ဆိုင်သမျှသော သူတို့ကို မသတ်ဘဲ အသက်ချမ်းသာ ပေးမည်ဟု ထာဝရဘုရားကို တိုင်တည်၍ ကျိန်ဆိုကြပါ။
မှန်သောလက္ခဏာသက်သေကိုလည်း ပေးခဲ့ကြပါဟုဆို လျှင်၊ 14 ထိုသူတို့က၊ သင်သည် ငါတို့အမှုကို မဘော်မပြ လျှင်
သင့်အသက်အတွက် ငါတို့အသက်သည် အာမခံ ဖြစ်စေတော့။ ဤပြည်ကို ထာဝရဘုရားပေးတော်မူသော အခါ၊ သင်၌ သစ္စာစောင့်၍
ကျေးဇူးပြုမည်ဟု ဝန်ခံကြ၏။ 15 ထိုမိန်းမနေရာ အိမ်သည် မြို့ရိုးနားမှာရှိသော ကြောင့်၊ ထိုသူတို့ကို ပြတင်းပေါက်ကကြိုးနှင့်
လျှော့ချ လျက်၊ 16 သင်တို့သည် လိုက်၍ရှာသောသူတို့နှင့် လွတ် မည်အကြောင်း တောင်ပေါ်သို့ပြေး၍ သုံးရက်ပုန်းနေကြ ပါ။
ရှာသောသူတို့သည် ပြန်သောနောက်မှ သွားကြပါဟု ဆိုလျှင်၊ 17 ထိုသူတို့က၊ သင်သည် ကျိန်ဆိုစေသောအကျိန် ကြောင့်၊ ငါတို့၌
အပြစ်မရောက်ပါစေနှင့်။ 18 ဤပြည်သို့ ငါတို့ရောက်လာသောအခါ၊ ယခု လျှော့ချသော ပြတင်းပေါက်၌ ဤကြိုးနီကို ချည်ထား၍၊
သင့်မိဘ၊ သင့်မောင်များနှင့် ပေါက်ဘော်များအပေါင်းတို့ ကို သင့်အိမ်၌ ခေါ်ထားရမည်။ 19 ထိုအခါ သင့်အိမ်ထဲက
လမ်းသို့ထွက်သွားသော သူမည်သည်ကား၊ သေလျှင်သေပြစ်ကို ကိုယ်တိုင်ခံစေ၊ ငါတို့သည် အပြစ်လွတ်စေ။ သင့်အိမ်၌
ရှိသောသူမည် သည်ကို အသေသတ်လျှင် သေပြစ်ကို ငါတို့သည် ခံစေ။ 20 ငါတို့အမှုကိုလည်း သင်သည် ဘော်ပြလျှင်၊
သင်ယခုကျိန်ဆိုစေသော အကျိန်နှင့် ငါတို့သည် လွတ်စေ ဟုဆိုလျှင်၊ 21 မိန်းမက၊ သင်တို့စကားရှိသည်အတိုင်း ဖြစ်ပါ စေတော့ဟု
ဝန်ခံလျက် လွှတ်လိုက်၍ သူတို့သည် သွားကြ ၏။ မိန်းမသည်လည်း ထိုကြေးနီကို ပြတင်းပေါက်၌ ချည်ထားလေ၏။ 22
ထိုသူတို့သည် တောင်ပေါ်သို့ရောက်အောင် သွား၍ လိုက်ရှာသောသူတို့ မပြန်မှီတိုင်အောင် သုံးရက် နေကြ၏။
ရှာသောသူတို့သည်လည်း လမ်းတရှောက်လုံး ရှာ၍ မတွေ့ကြ။ 23 ထိုလူနှစ်ယောက်တို့သည် လှည့်၍ တောင်ပေါ်က ဆင်းပြီးမှ မြစ်ကို
ကူးသဖြင့်၊ နုန်၏သား ယောရှုထံသို့ ရောက်၍၊ မိမိတို့၌ ဖြစ်သမျှတို့ကို ပြန်ကြားလျက်၊ 24 အကယ်စင်စစ် ထာဝရဘုရားသည် ထိုပြည်
တရှောက်လုံးကို ငါတို့လက်သို့ အပ်တော်မူပြီ။ ငါတို့ ကြောင့် ပြည်သူပြည်သားအပေါင်းတို့သည် စိတ်ပျက် လျက် ရှိကြပါ၏ဟု
ယောရှုအား လျှောက်ဆို၏။

---

Joshua 01

နုန်
နုန်သည် ယောရှု၏ ဖခင်ဖြစ်သည်။

ရှိတ္တိမ်
ရှိတ္တိမ်သည် ယော်ဒန်မြစ်၏ အရှေ့ဘက်တွင်တည်ရှိသော နေရာ၏ အမည်ဖြစ်သည်။ အဓိပ္ပါယ်မှာ အကေရှပင် ဖြစ်သည်။


generated on Tue Jul 2 12:50:28 2024

သူလျှိုများကဲ့သို့
ဤလူများသည် ခါနာန်ပြည် ယေရိခေါမြို့ ကိုသွား၍ ဣသရေလအမျိုးတို့သည် ဤပြည်ကို မည်သို့ သိမ်းပိုက်နိုင်မည်အကြောင်း လေ့လာရန် စေလွှတ်ခံရသော အဖွဲ့များဖြစ်သည်။

Joshua 04

ယေဘုယျအချက်အလက်
ဣသရေလ သူလျှိုနှစ်ဦးအား အန္တရာယ်မှ လွတ်မြောက်ရန် ရာခပ်က ဝှက်ထားသည်။

မိန်းမသည် ထိုသူနှစ်ယောက်တို့ကိုခေါ်၍ ဝှက်ထားလေ၏
မင်းကြီး၏ အမိန့်တော်နှင့် စေလွှတ်သောသူ နှစ်ဦးတို့သည် ရာခပ်ဆီသို့မရောက်ခင် ဤအရာဖြစ်ပျက်သည်။

မိန်းမ
ဤမိန်းမသည် ပြည့်တန်ဆာမ ရာခပ်ကို ရည်ညွှန်းသည်။

မိုယ်းချုပ်ခါစ
ဤအချိန်သည် မိုယ်းချုပ်ခါစအချိန် စမှောင်သောည အချိန်ဖြစ်သည်။

Joshua 06

သို့ဆိုသော်လည်း သူမသည် ထိုသူတို့ကို အိမ်အပေါ်သို့ တက်စေ၍
ဤအကြောင်းအရာသည် နောက်ခံအကြောင်းအရာနှင့် သူလျှိုတို့ကို ဝှက်ထားသောအကြောင်း ရှင်းပြခြင်းဖြစ်သည်။

အမ်မိုး
အိမ်ခေါင်မိုးသည် ညီညာပြန့်၍ ခိုင်ခန့်သည်။ ထို့ကြောင် အိမ်မိုးပေါ်တွင် လူများတက်၍ သွားလာနိုင်သည်။

ပိုက်ဆန်ရိုး
အမျှင်များအတွက် စိုက်ပျိုးသောအပင် တစ်မျိုးဖြစ်၍ အဝတ်အထည် အတွက် အသုံးပြုကြသည်။

မင်းလုလင်တို့သည် သူတို့ကို လိုက်ကြ၏
ရာခပ်၏ ပြောစကားကြောင့် မင်းလုလင်တို့သည် သူလျှိုတို့ကို လိုက်သွားကြ၏။ 2:4.

မြစ်ကူးရာလမ်း
မြစ်ကူးရာလမ်း သီးသန့်ရှိသော နေရာများ

Joshua 08

မအိပ်မှီ
ညအိပ်ရန် ပြင်ဆင်ခြင်းကို ရည်ညွှန်းသည်။

ထာဝရဘုရားသည် သင်တို့အား ဤပြည်ကို ပေး တော်မူကြောင်းငါသိ၏
ဤနေရာ၌ သင် ဟူသောစကားလုံးသည် ဣသရေလအမျိုးကို ရည်ညွှန်းသည်။

သင်တို့ကို ငါတို့ကြောက်လန့်အား ကြီး၍
ကြောက်လန့်ခြင်း ဟူသောစကားလုံးကို အမျိုးမျိုးဖေါ်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ ငါတို့သည် သင်တို့ကို ကြောက်၍။

သင်တို့၏ မျက်စိရှေ့တွင် စိတ်ပျက်ကြလိမ်မည်
ကြောက်ရွံသောလူတို့ကို ရေခဲကဲ့သို့ အရည်ပျော်၍ စီးဆင်းသွားကြသည့် အကြောင်းနှင့် နှိုင်းယှဉ်သည်။ အနီးစပ်ဆုံးအဓိပ္ပါယ်မှာ၊

Joshua 10

ယေဘုယျအချက်အလက်
ရာခပ်သည် ဣသရေလအမျိုး သူလျှိုတို့ကို ဆက်၍ စကားပြောလေ၏။

ဧဒုံပင်လယ်
ပင်လယ်နီ၏ အခြားသောအမည်တမျိုး ဖြစ်သည်။

ရှိဟုန်နှင့် သြဃ
အာမောရိရှင်ဘုရင်တို့၏ နာမည်များဖြစ်သည်။

အကျွန်ုပ်တို့သည် စိတ်ပျက်၍ တစုံတယောက်သောသူ၌မျှ ရဲရင့်ခြင်းသတ္တိ အလျှင်းမကျန်ကြွင်း
ဒီစာကြောင်းနှစ်ခုတွင် အဓိပ္ပါယ်တူညီသော ဖေါ်ပြချက်များ ဖြစ်သည်။ "အကျွန်ုပ်တို့သည် စိတ်ပျက်၍" ဟူသောစာကြောင်းတွင် လူတို့ အလွန်ကြောက်လန့်၍ ရေခဲကဲ့သို့ အရည်ပျော်သွားသော ယေရိခေါမြို့ ကို နှိုင်းယှဉ်ထားသည်။

Joshua 12

ယေဘုယျအချက်အလက်
ရာခတ်သည် ဣသရေလအမျိုး သူလျှိုတို့ကို ဆက်၍ စကားပြောလေ၏။

ကျေးဇူးပြု ၍ ထာဝရဘုရားကို တိုင်တည်၍ ကျိန်ဆိုကြပါ၊ မှန်သောလက္ခဏာသက်သေကိုလည်း ပေးခဲ့ကြပါ
ဤနေရာတွင် ရာခတ်သည် ဣသရေလသူလျှိုတို့ထံ သေချာသော လက္ခဏာသက်သေ တောင်းခြင်းကို ဖေါ်ပြထားသည်။

ကျွန်မသည် သင်တို့ထံ ကျေးဇူးပြုသော
"သင်" ဟူသောစကားလုံးသည် သူလျှိုနှစ်ယောက်ကို ရည်ညွှန်းသည်။

မသတ်ဘဲ အသက်ချမ်းသာ ပေးပါ
"မသတ်ဘဲ အသက်ချမ်းသာ ပေးပါ" ဟု ရိုသေလေးစားစွာဖြင့် ပြောသောစကားဖြစ်သည်။


generated on Tue Jul 2 12:50:28 2024

Joshua 14

ယေဘုယျအချက်အလက်
ဣသရေလသူလျှိုတို့သည် ရာခပ် တောင်းသော အရာများကိုလုပ်ပေးရန် ကတိပေးကြသည်။

အသက်အတွက် ငါတို့အသက်သည် အာမခံ ဖြစ်စေတော့။
သူတို့ကတိပြုထားသောအရာကို မလုပ်လျှင် ကျိန်ဆို၍ ဘုရားသခင်ထံ တောင်းဆိုခြင်းမျိုးဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကျွန်တော်တို့ ကတိပြုထားသည့်အတိုင်း မလုပ်လျှင် ထာဝရဘုရားသည် ကျွန်တော်တို့ကို အသေသတ်ပါစေ။"

Joshua 15

ယေဘုယျအချက်အလက်
ဣသရေလအမျိုးသူလျှိုတို့သည် ရာခပ်ထံ စကားဆက်ပြောကြသည်။

သင်ကျိန်ဆိုသကဲ့သို့ မဖြစ်လျှင်
ဤနေရာတွင် သူလျှိုတို့သည် ရာခပ်ထံ ပြုသောကျိန်ခြင်းကတိသည် အခြေအနေအပေါ် မူတည်ကြောင်း ဖော်ပြသည်။

Joshua 18

ယေဘုယျ အချက်အလက်
ဣသရေလသူလျှိုတို့ ရာခပ်ဆီသို့ စကားဆက်လက်ပြောဆိုကြသည်။

ဆက်စပ်မှု ဖော်ပြချက်
ဣသရေလသူလျှိုတို့သည် သူတို့ပြောသော အခြေအနေကို ပြန်၍ ရှင်းပြကြသည်။ 2:15 ထဲ၌။

သင့်အိမ်ထဲက လမ်းသို့ထွက်သွားသော သူမည်သည်ကား
ဒီစာကြောင်းက အခြေအနေအပေါ် မူတည်မှုကို ဖော်ပြ၍ ဖြစ်နိုင်ဖွယ်ရာ မှန်းဆချက် အခြေအနေကို ဖန်တီးသည်။

သူတို့၏ သွေးသည် သူတို့ခေါင်းပေါ်သို့ ကျစေ
ဤနေရာ၌ "အသွေး" သည် သေခြင်းကို ရည်ညွှန်းထားသည်။ သူတို့၏သေခြင်းသည် သူတို့၏ တာဝန်ဖြစ်ကြောင်း ဖော်ပြခြင်းကို သူတို့၏ သွေးသည် သူတို့ခေါင်းပေါ်သို့ ကျရောက်ရန် ဟူ၍ ရေးသားဖော်ပြထားသည်။

ငါတို့၌ အပြစ်မရှိ
ငါတို့သည် အပြစ်ကင်းသောသူ ဖြစ်ကြ၏။

တစ်စုံတစ်ယောက်သောသူ၏ လက်သည် တစ်စုံတစ်ယောက်သောသူ၏ ခေါင်းပေါ်တို့ကျလျှင်
ဤနေရာတွင် "တစ်စုံတစ်ယောက်သော သူ၏ လက်သည် တစ်စုံတစ်ယောက်သော သူ၏ ခေါင်းပေါ်တို့ကျလျှင် " ဟူသော စကားသည် တစ်စုံတစ်ယောက်သောသူကို တစ်စုံတစ်ယောက်သော သူအား နာကျင်စေမှုကို ယဉ်ကျေးသော စကားဖြင့် ဖော်ပြထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါတို့သည် တစ်စုံတစ်ယောက်သောသူကို နာကျင်စေလျှင်"။

Joshua 20

ယေဘုယျအချက်အလက်
ဣသရေလသူလျှို နှစ်ယောက်တို့သည် ရာခပ်ထံ သူတို့၏ ကတိပြုသော အကြောင်းအရာကို ဆက်လက်ပြောဆိုကြသည်။

ယေဘုယျအချက်အလက်
ဣသရေလ သူလျှိုတို့သည် သူတို့၏ သူလျှိုဖြစ်ရခြင်းအကြောင်းကို မည်သူ့ကိုမှ မပြောရန်နှင့် သို့မဟုတ် လျှင်သူမ၏ မိသားစုကို ကာကွယ်ကြမည် မဟုတ်ကြောင်း သူမအား ပြောကြသည်။

သင်သည် ပြောလျှင်
"သင်" ဟူသောစကားသည် ရာခပ်ကို ရည်ညွှန်းသည်။

သင်တို့စကားရှိသည်အတိုင်း ဖြစ်ပါ စေတော့
ရာခပ်သည် သူမ၏ မိသားစုကို ကာကွယ်ရန် ကျိန်ဆိုခြင်းကို လက်ခံလေ၏။

Joshua 22

ယေဘုယျအချက်အလက်
ဣသရေလသူလျှို နှစ်ယောက်တို့သည် ယေရိခေါမှ ထွက်သွားကြ၏။

ရှာသောသူတို့ ပြန်လှည့်လာကြ၏
ရှာသော သူတို့သည် မြို့သို့ ပြန်လှည့်လာကြသည်။

ရှာ၍မတွေ့
ဣသရေလသူလျှိုများကို ရှာသော လုလင်တို့သည် မတွေ့၍ ပြန်လှည့်လာသည်ကို ရည်ညွှန်းသည်။

Joshua 23

ထိုလူနှစ်ယောက်တို့ ပြန်လှည့်ကြ၏
ထို လူနှစ်ယောက်တို့သည် ဣသရေလ အမျိုးတို့၏ စခန်းသို့ ပြန်လှည့်လာကြသည်။

ပြန်လှည့်လာကြသည်၊ မြစ်ကိုကူး၍ ပြန်လာကြသည်
ဤဖော်ပြချက်များသည် ဣသရေလအမျိုးတို့ နေထိုင်ရာသို့ ပြန်လည် လှည့်လာခြင်းကို ဖော်ပြခြင်းပင်ဖြစ်သည်။

တဘက်ကမ်းသို့ ကူးသည်
"တဘက်ကမ်းသို့ ကူးသည်" ဆိုသည်မှာ မြစ်၏ တဘက်ကမ်းသို့ သွားခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ချက်၊ "ယော်ဒန်မြစ်ကမ်း တဘက်မှ အခြားတဘက်သို့ ခရီးသွားသည်။"

နုန်
ယောက်ျား၏ နာမည်ဖြစ်သည်။ ယောရှု၏ အဖေဖြစ်သည်။


generated on Tue Jul 2 12:50:28 2024

မိမိတို့၌ ဖြစ်သမျှ
သူလျှို နှစ်ဦးတို့ တွေ့ကြုံသမျှ။

ငါတို့
ငါတို့၊ ဟူသော စကားလုံးသည် ဣသရေလ အမျိုးတို့ကို ရည်ညွှန်းသည်။

ပြည်သူပြည်သားအပေါင်းတို့သည် စိတ်ပျက် လျက် ရှိကြပါ၏
ထိုပြည်၌ ရှိသော ပြည်သူပြည်သား အပေါင်းတို့သည် ဣသရေလအမျိုးတို့ကြောင့် အရာဝတ္ထုတစ်ခုသည် အပူရှိန်ကြောင့် အရည်ပျော်သွားသကဲ့သို့ ဖြစ်ကြသည်။

---

# Translation Questions

## Joshua 2:1

ယောရှုစေလွှတ်သော သူလျှိုနှစ်ယောက်သည် ရှိတ္တိမ်မြို့မှ တိတ်ဆိတ်စွာထွက်လျက် မည်သူ့အိမ်တွင် ဝင်ရောက် ပုန်းခိုခဲ့သနည်း။
ယောရှုစေလွှတ်သော သူလျှိုနှစ်ယောက်သည် ရှိတ္တိမ်မြို့ရှိ ရာခပ်အမည်ရှိသော ပြည့်တန်ဆာ၏အိမ်တွင် ပုန်းခိုခဲ့သည်။

## Joshua 2:4

ရာခပ်သည် ယေရိခေါမင်းကြီး၏ လူတို့ သူလျှိုနှစ်ယောက်ကို ရှာဖွေရန် လာသောအခါ မည်ကဲ့သို့လုပ်ဆောင်ခဲ့သနည်း။
ယေရိခေါမင်းကြီး၏ လူတို့သည် သူလျှိုနှစ်ယောက်ကို ရှာဖွေရန် လာသောအခါ ရာခပ်သည် သူတို့ကို ဝှက်ထားခဲ့သည်။

ရာခပ်သည် ယေရိခေါမင်းကြီး၏လူတို့ကို မည်သို့ပြောဆိုခဲ့သနည်း။
ရာခပ်က သူမထံသို့ လူနှစ်ယောက်ရောက်ခဲ့သည်မှာ မှန်ပါ၏။ သို့သော်လည်း ထိုနှစ်ယောက်သည် ထွက်သွားကြနှင့်ပြီးဖြစ်သည်ဟု ယေရိခေါမင်းကြီး၏ လူတို့ကို ပြောခဲ့သည်။

## Joshua 2:8

ရာခပ်သည် သူလျှိုနှစ်ယောက်ကို အဘယ်ကြောင့် ဝှက်ထားခြင်းဖြစ်သည်ဟု ပြောခဲ့သနည်း။
ရာခပ်သည် သူတို့ကို ဝှက်ထားရသည့် အကြောင်းအရင်းမှာ ထာဝရဘုရားက သူတို့ကို ဤမြေကို ပေးတော်မူမည်ဟု ယုံကြည်သောကြောင့် ဖြစ်သည်။

## Joshua 2:10

မည်သည့်အကြောင်းအရာက ထာဝရဘုရားသခင်မှ ဤပြည်အား သူတို့ကို ပေးမည်ဟု ရာခပ်အားယုံကြည်စေသနည်း။
ဣသရေလ အမျိုးသားလုံးအဖို့ ဒေိပင်လယ်ရေအား ခန်းခြောက်စေသော၊ အာမောရိရှင်ဘုရင်တို့အား ပျက်စီးစေသောထာဝရဘုရား၊ သူတို့အား အဲဂုတ္တုပြည်မှ လွှတ်မြောက်စေသော ထာဝရဘုရားကို ရာခပ်သည် ယုံကြည်သောကြောင့် ဟူ၍ ဖြစ်သည်။

## Joshua 2:12

ရာခပ်သည် သူလျှိုနှစ်ယောက်အား မည်သို့ တောင်းဆိုခဲ့သနည်း။
ရာခပ်သည် ထိုသူတို့အား ဤမြေသို့ ဝင်ရောက်တိုက်ခိုက်သောအခါ သူမနှင့်သူမ၏ မိသားစုကို သက်ညှာသောအားဖြင့် အသက်ချမ်းသာပေးရန် တောင်းဆိုခဲ့သည်။

## Joshua 2:14

သူလျှိုနှစ်ဦးသည် ရာခပ်ကို မည်သို့ ကတိပေးခဲ့သနည်း။
သူတို့ လာရင်းအကြောင်းအရင်းကို မပြောလျှင် သူမအား သက်ညှာပြီး သစ္စာရှိမည်ဟု သူတို့သည် ရာခပ်အား ကတိပေးခဲ့သည်။

## Joshua 2:18

သူလျှိုနှစ်ဦးသည် ရာခပ်အား လုံခြုံအောင် မည်ကဲ့သို့ လုပ်ဆောင်ရမည်ဟု မှာကြားခဲ့သနည်း။
သူလျှိုတို့သည် နီသောကြိုးကို သူမ၏ပြတင်းပေါက်တွင် ချီထားပြီး သူမ၏မိသားစု အကုန်လုံးကို သူ့အိမ်၌ စုဝေးစေရန် ရာခပ်အား မှာကြားခဲ့သည်။

## Joshua 2:23

ခါနန်ပြည်မှ လာသောသူလျှိုနှစ်ဦးသည် ယောရှုထံသို့ မည်သည့်အရာများကို ပြန်ကြားခဲ့သနည်း။
သူလျှိုတို့သည် ခါနန်ပြည်၌ ဖြစ်ပျက်ခဲ့သမျှနှင့် ထာဝရဘုရားသည် သူတို့အား ဤပြည်ကို ပေးမည်ဖြစ်ကြောင်း ပြန်ကြားခဲ့သည်။

---

## Chapter 3

1 ယောရှုသည် နံနက်စောစောထ၍ ဣသရေလ အမျိုးသားအပေါင်းတို့နှင့်တကွ ရှိတ္တိမ်မြို့မှပြောင်း၍ ယော်ဒန်မြစ်ကို မကူးမှီ
မြစ်နားတွင် စားခန်းချကြ၏။ 2 သုံးရက်စေ့သောအခါ၊ တပ်မှူးတို့သည် တပ်တ ရှောက်လုံးသို့သွား၍၊ 3 သင်တို့ဘုရားသခင်
ထာဝရဘုရား၏ ပဋိညာဉ် သေတ္တာကိုငင်း၊ သေတ္တာထမ်းသော ယဇ်ပုရောဟိတ် လေဝိသားတို့ကိုငင်း မြင်လျှင်၊ သင်တို့သည် နေရာ
ပြောင်း၍ လိုက်ရကြမည်။ 4 သေတ္တာတော်နှင့် သင်တို့စပ်ကြားကို အတောင် နှစ်ထောင်ခြား၍ ခရီးကွာစေရမည်။ လိုက်ရသောလမ်း ကို
သိမည်အကြောင်း၊ သေတ္တာတော်အနီးသို့ မချဉ်းဘဲ လိုက်ရမည်။ ဤလမ်းသို့ သင်တို့သည် တခါမျှမလိုက်ကြ သေးဟု
လူအပေါင်းတို့အား မှာထားကြ၏။ 5 ယောရှုကလည်း၊ သင်တို့သည် ကိုယ်ကိုကိုယ် သန့်ရှင်းစေကြလော့။ အကြောင်းမူကား၊
နက်ဖြန်နေ့၌ ထားဝရဘုရားသည် အံ့ဘွယ်သောအမှုတို့ကို သင်တို့တွင် ပြုတော်မူမည်ဟု လူများတို့အား မှာထားလေ၏။ 6 တဖန်
ယဇ်ပုရောဟိတ်တို့ကို ခေါ်၍ သင်တို့ သည် ပဋိညာဉ်သေတ္တာတော်ကို ထမ်းလျက်၊ လူများရှေ့ သို့ကူးသွားကြလော့ဟု
ယောရှုဆိုသည့်အတိုင်း သူတို့သည် ပဋိညာဉ်သေတ္တာတော် ကိုထမ်း၍လူများရှေ့သို့ သွားကြ၏။ 7 ထာဝရဘုရားကလည်း၊
ယောရှုကိုခေါ်၍ ငါသည် မောရှေနှင့်အတူရှိသကဲ့သို့ သင်နှင့်အတူရှိသည် ကို ဣသရေလအမျိုးသားအပေါင်းတို့သည် သိကြမည်
အကြောင်း၊ သူတို့မျက်မှောက်၌ သင့်ကို ယနေ့ ငါချီးမြှင့် စပြုမည်။ 8 ပဋိညာဉ်သေတ္တာကို ထမ်းသော ယဇ်ပုရော ဟိတ်တို့သည်၊
ယော်ဒန်မြစ်ရေနားသို့ ရောက်သောအခါ၊ ယော်ဒန်မြစ်၌ ရပ်နေရမည်အကြောင်းကို ဆင့်ဆိုလော့ဟု မိန့်တော်မူ၏။ 9 ယောရှုကလည်း၊
လာကြလော့။ သင်တို့ဘုရား သခင် ထာဝရဘုရား၏ စကားတော်ကို နားထောင်ကြ လော့ဟု ဣသရေလအမျိုးသား အပေါင်းတို့ကို
ခေါ်လျက်၊ 10 အသက်ရှင်တော်မူသော ဘုရားသခင်သည် သင်တို့တွင်ရှိ၍၊ သင်တို့ရှေ့မှ ခါနနိလူ၊ ဟိတ္တိလူ၊ ဟိဝိလူ၊ ဖေရဇိလူ၊
ဂိရဂါရှိလူ၊ အာမောရိလူ၊ ယေဗုသိလူတို့ကို စင်စစ်နှင်ထုတ်တော်မူမည် အကြောင်းကို အဘယ်သို့ သိရမည်နည်းဟူမူကား၊ 11
မြေကြီးတပြင်လုံးကို အစိုးရတော်မူသော ထာဝရ ဘုရား၏ ပဋိညာဉ်သေတ္တာသည် သင်တို့ရှေ့မှာ၊ ယော်ဒန်
မြစ်ထဲသို့ကူးသွားလိမ့်မည်။ 12 သို့ဖြစ်၍ ဣသရေလအမျိုးများထဲက တမျိုးတ ယောက်စီ၊ လူတဆယ်နှစ်ယောက်တို့ကို
ရွေးကောက်ကြ လော့။ 13 မြေကြီးတပြင်လုံးကို အစိုးရတော်မူသော အရှင် ထာဝရဘုရား၏ သေတ္တာတော်ကိုထမ်းသော ယဇ်ပုရော
ဟိတ်ခြေဘဝါးတို့သည်၊ ယော်ဒန်မြစ်ရေကို နင်းသော ခဏခြင်းတွင်၊ မြစ်ညာရေသည် ပြတ်၍ ပုံ့ပုံ့ကြွလျက် နေလိမ့်မည်ဟု
ဆိုလေ၏။ 14 လူများတို့သည် ယော်ဒန်မြစ်ကို ကူးအံ့သောငှါ၊ တဲတို့မှပြောင်း၍ ပဋိညာဉ်သေတ္တာကို ထမ်းသောယဇ်
ပုရောဟိတ်တို့သည် လူများရှေ့မှာသွားလျက်၊ 15 ယော်ဒန်မြစ်နားသို့ရောက်၍ ခြေဘဝါးတို့သည် လျှံသောရေကို နင်းသောအခါ၊
စပါးရိတ်ရာကာလ၌ ထိုမြစ်ရေသည် ကမ်းတရှောက်လုံးကို လျှံလေ့ရှိသော် လည်း၊ 16 မြစ်ညာက စီးလာသောရေသည် တန့်ရပ်၍
ဝေးသောအရပ်၊ ဇာရတန်မြို့နားမှာရှိသော အာဒံမြို့တိုင် အောင် ပုံ့ပုံ့ကြွလျက်နေ၏။ လွင်ပြင်အိုင်တည်းဟူသော သောဒုံအိုင်သို့
စီးသွားသောရေသည်လည်း အကုန်အစင် ပြတ်၍၊ လူများတို့သည် ယေရိခေါမြို့သို့ ရှေ့ရှုကူးကြ၏။ 17 လူများအပေါင်းတို့သည်
ယော်ဒန်မြစ်တဘက် သို့ မရောက်မှီတိုင်အောင် ထာဝရဘုရား၏ ပဋိညာဉ် သေတ္တာကို ထမ်းသော ယဇ်ပုရောဟိတ်တို့သည်၊ မြစ်
အလယ်တွင် မြေပေါ်၌ မြဲမြံစွာနင်း၍၊ ဣသရေလအမျိုး သားအပေါင်းတို့သည် မြေပေါ်၌ ရှောက်သွားရကြ၏။

---

Joshua 01

ထ၍
ထ၍ ဟူသောစကားလုံးသည် "နိုးသည်" ဟုအဓိပ္ပါယ် ရှိသည်။

ရှိတ္တိမ်
ဣသရေလအမျိုးတို့ ခါနန်ပြည်တို့ မဝင်ခင် စခန်းချသော၊ မောဘပြည် ယော်ဒန်မြစ်၏ အနောက်ဘက်တွင် တည်ရှိသော နေရာတစ်ခုဖြစ်သည်။

Joshua 02

တပ်မှူးတို့
အမိန့်ပေးနိုင်သောသူ သို့မဟုတ် အာဏာရှိသော သူများ ဖြစ်ကြသည်။

လူများ
ဣသရေလ အမျိုးဖြစ်ကြသည်။

အတောင် နှစ်ထောင်
"အတောင် ၂၀၀၀" သည် တံတောင်ဆစ်ချိုးမှ လက်ချောင်းဖျားအထိ တိုင်းထွာသော အကွာအဝေးဖြစ်သည်။

Joshua 05

ကိုယ့်ကိုကိုယ် သန့်ရှင်းစေကြလော့
ထာဝရဘုရားသခင်၏ ရှေ့မှောက်တော်၌ ဘာသာရေးထုံးတမ်း အစဉ်အလာအရ သန့်ရှင်းရန် ပြင်ဆင်ခြင်းကို ရည်ညွှန်းသည်။

ထားဝရဘုရားသည် အံ့ဘွယ်သောအမှုတို့ကို ပြုတော်မူမည်
ထာဝရဘုရားသည် အံ့ဘွယ်သော အမှုတို့ကို လူများအတွက် တွေ့မြင်ခံစားရန် ပြုတော်မူမည်။


generated on Tue Jul 2 12:50:28 2024

ပဋိညာဉ်သေတ္တာတော်ကို ထမ်းလျက်
တစ်နေရာမှတစ်နေသို့ ပဋိညာဉ်သေတ္တာတော်ကို ထမ်းသော လေဝိအမျိုးတို့ကို ရည်ညွှန်းသည်။

Joshua 07

ယေဘုယျအချက်အလက်
ယဇ်ပုရောဟိတ်တို့ ပြုလုပ်မည့် အလုပ်ကို ထာဝရဘုရားသည် ယောရှုအား ခေါ်၍ ပြောတော်မူ၏။

ဣသရေလအမျိုးတို့၏ မျက်မှောက်၌ သင့်ကို ယနေ့ ငါချီးမြှင့်မည်
မျက်မှောက်၌ ဟူသော စကားလုံးသည် လူတွေ တွေ့မြင်ရမည်ကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ချက်၊ ငါပြုသောအမှုကို လူမျိုးအပေါင်းတို့သည် မြင်၍
သင့်ကိုငါချီးမြှောက်သည့်အကြောင်းကို သိကြ လိမ့်မည်။

ယော်ဒန်မြစ်ရေနား
ယော်ဒန်မြစ်ရေနားသို့ ယောရှုသည် ချည်းကပ်မည့်အကြောင်း ဖြစ်သည်။

Joshua 09

ယေဘုယျအချက်အလက်
ယောရှုသည်ထာဝရဘုရားသခင် လုပ်မည့် အကြောင်းကို ဣသရေလအမျိုးတို့အား ပြောလေ၏။

သင်တို့ရှေ့မှ နှင်ထုတ်တော်မူမည်
ထာဝရဘုရားသခင်သည် ထိုပြည်၌နေသော လူမျိုးတို့ကို နှင်ထုတ်ရန် သို့မဟုတ် သတ်ရန် အမိန့်ပေးမည် ဖြစ်သည်။

ကူးသွားသည်
"ကူးသွားသည်" ဟူသည့် စကားလုံးသည် မြစ်၏ တဘက်ကမ်းသို့ သွားခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဒီဘက်ကမ်းမှသည် ဟိုဘက်ကမ်းသို့ သွားမည်။"

Joshua 12

ယေဘုယျအချက်အလက်
ယောရှုသည် ဘုရားသခင်၏ အံ့ဖွယ်လုပ်ရပ်တွေကို ဣသရေလအမျိုးတို့အား ဆက်လက်ပြောဆိုလေ၏။

ယေဘုယျအချက်အလက်
ဣသရေလအမျိုးတို့၏ ဘိုးဘွားတို့သည် ပင်လယ်နီကိုဖြတ်သန်းသကဲ့သို့ သူတို့သည်လည်း ကုန်းမြေပေါ်တွင် ယောဒန်မြစ်ကို ဖြတ်ကျော်ကြလိမ့်မည်။

ယဇ်ပုရောဟိတ် ခြေဘဝါး
ခြေဖဝါး အောက်ပိုင်းကို ဆိုလိုသည်။

မြစ်ညာရေ
ဣသရေလအမျိုးဘက်သို့ စီးဆင်းသော ယော်ဒန်မြစ်၏ ဦးတည်ရာကို ရည်ညွှန်းသည်။

အပုံကြီး
ရေသည် တစ်နေရာတွင် ရှိလိမ့်မည်။ ယဇ်ပုရောဟိတ်တို့၏ ဝန်းကျင်တွင် စီးဆင်းမည်မဟုတ်။

Joshua 14

ပဋိညာဉ်သေတ္တာ
ဤနေရာတွင် "သေတ္တာ" ဟူသော စကားလုံးသည် အထဲ၌ ကျောက်ပြားရှိသော ခိုင်ခံ့သော သေတ္တာကြီးကိုဆိုသည်။

မြစ်ဖျား
ရေမျက်နှာပြင် ဟူ၍ လည်းကောင်း၊ ကုန်းပြင်သို့ ရေစီးဆင်းသော ကမ်းဟူ၍ လည်းကောင်း ခေါ်နိုင်သည်။

စပါးရိတ်ရာကာလ၌ ယော်ဒန်မြစ်ရေသည် ကမ်းတရှောက်လုံးကို လျှံလေ့ရှိ၏
နောက်ခံအကြောင်းအရာနှင့် ထာဝရဘုရားသခင်၏ လုပ်နေသော အတိုင်းအတာကို ဖော်ပြသည်။

Joshua 17

ယေဘုယျအချက်အလက်
ထူးဆန်းအံ့သြဖွယ်ရာ ယော်ဒန်မြစ်ကူးခြင်းကို ဆက်လက်ဖော်ပြသည်။

ယော်ဒန်မြစ်
ယော်ဒန်မြစ်အောက်ကြမ်းပြင်ကို ရည်ညွှန်းသည်။

တဘက်ကမ်းသို့ကူးသည်
မြစ်၏ တဘက်ကမ်းသို့ သွားခြင်းကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဒီဘက်ကမ်းမှသည် ဟိုဘက်ကမ်းသို့ ခရီးသွားသည်။"



generated on Tue Jul 2 12:50:28 2024

# Translation Questions

Joshua 3:2

တပ်မှူးတို့သည် ယဇ်ပုရောဟိတ် လေဝိသားတို့ သေတ္တာ သယ်သွားသောအခါ လူတို့အား မည်ကဲ့သို့ လုပ်ရမည်ဟု မှာကြားခဲ့သနည်း။
တပ်မှူးတို့သည် လူတို့အား ယဇ်ပုရောဟိတ်တို့ သေတ္တာတော်သယ်သွားသောအခါ သူတို့နောက် လိုက်သွားရန် မှာကြားထားသည်။

ယဇ်ပုရောဟိတ်တို့သည် အဘယ်ကြောင့် လူတို့အား သေတ္တာတော်မှ အတောင် ၂၀၀၀ အကွာတွင် လိုက်ပါစေသနည်း။
သေတ္တာတော်မှ အတောင် ၂၀၀၀ အကွာတွင် လိုက်ရမည်ဟု ပြောရခြင်းမှာ ထိုခရီးလမ်းသည် သူတို့အတွက် မရင်းနှီးသဖြင့် မည်သည့်လမ်းမှ သွားရမည်ကို သိစေခြင်းငှါ ပြောခြင်း ဖြစ်သည်။

Joshua 3:5

ယောရှုသည် လူတို့အား ထာဝရဘုရား မည်ကဲ့သို့ ပြုလုပ်မည်ကို ပြောဆိုခဲ့သနည်း။
ဣသရေလ လူတို့အား ယောရှုသည် ထာဝရဘုရားက အံ့သြဖွယ်အမှုတို့ကို လူတို့အရှေ့၌ ဖြစ်စေမည်ဟု လူတို့အား ပြောသည်။

Joshua 3:7

ပဋိညာဉ်သေတ္တာကို ထမ်းသော ယဇ်ပုရောဟိတ်တို့အား ယော်ဒန်မြစ်နားသို့ရောက်သောအခါ မည်သည့်အမှုကို လုပ်ဆောင်ရမည်ဟု ယောရှုအားဖြင့် ထာဝရဘုရားက မည်ကဲ့သို့ မိန့်မှာခဲ့သနည်း။
ထာဝရဘုရားက ယောရှုအား ယဇ်ပုရောဟိတ်တို့ကို ယော်ဒန်မြစ်နား ရောက်သွားသောအခါ ရပ်နေဖို့ပြောရန် မိန့်ကြားခဲ့သည်။

Joshua 3:12

ယောရှုသည် ပဋိညာဉ်သေတ္တာထမ်းသောယဇ်ပုရောဟိတ်တို့၏ ခြေသည် ယော်ဒန်မြစ်ကို ထိသောအခါ မည်ကဲ့သို့ ဖြစ်မည်ဟု လူတို့အား ပြောခဲ့သနည်း။
ယောရှုက ယဇ်ပုရောဟိတ်တို့၏ ခြေသည် ယော်ဒန်မြစ်ကို ထိသောအခါ မြစ်ရေသည် ပြတ်၍ ကမ်းဘေးနှစ်ဖက်သို့ လျှံသွားမည်ဟု လူတို့ကို မှာကြားထားခဲ့သည်။

Joshua 3:14

ဣသရေလလူတို့သည် မည်သည့်နေရာမှ ယော်ဒန်မြစ်ကို ကူးဖြတ်ကြသနည်း။
ဣသရေလလူတို့သည် ယေရိခေါမြို့အနားတွင် ယော်ဒန်မြစ်ကို ကျော်ဖြတ်ကြလေသည်။

Joshua 3:17

ပဋိညာဉ်သေတ္တာကို သယ်ဆောင်သော ယဇ်ပုရောဟိတ်များသည် ယော်ဒန်မြစ်လယ်သို့ ရောက်သောအခါမည်ကဲ့သို့ လုပ်ဆောင်ကြသနည်း။
သေတ္တာတော်ကို သယ်ဆောင်သော ယဇ်ပုရောဟိတ်များသည် မြစ်အလယ်သို့ ရောက်သောအခါ မြဲမြံစွာနင်း၍ ရပ်နေကြစဉ် ဣသရေလ လူတို့က တဘက်ကမ်းသို့ ကျော်ဖြတ်ကြလေသည်။

## Chapter 4

1 လူအပေါင်းတို့သည် တယောက်မျှမကြွင်း ယော် ဒန်မြစ်ကို ကူးကြပြီးမှ၊ ထာဝရဘုရားက၊ 2 လူများတို့တွင် တမျိုးတယောက်စီ၊
လူတဆယ် နှစ်ယောက်ကို ရွေးကောက်၍၊ 3 သူတို့သည် ယော်ဒန်မြစ်အလယ်၊ ယဇ်ပုရောဟိတ်တို့ မြဲမြဲစွာနင်းရာ၊ ဤအရပ်ထဲက
ကျောက်တဆယ် နှစ်လုံးကို ယူပြီးလျှင် ထမ်းသွား၍၊ ယနေ့ညဥ့်စားခန်းချ ရာအရပ်၌ ထားရမည်အကြောင်း ဆင့်ဆိုလော့ဟု ယောရှု
အား မိန့်တော်မူသည်အတိုင်း၊ 4 ယောရှုသည် ခန့်ထားနှင့်သော ဣသရေလ အမျိုးတမျိုးတယောက်စီ၊ လူတဆယ်နှစ်ယောက်ကို
ခေါ်၍၊ 5 သင်တို့ဘုရားသခင် ထာဝရဘုရား၏ သေတ္တာ တော်ရှေ့၊ ယော်ဒန်မြစ်အလယ်သို့ ကူးသွား၍၊ ဣသရေလ
အမျိုးအရေအတွက်အတိုင်း၊ လူတယောက် ကျောက် တလုံးစီယူ၍ ထမ်းသွားကြလော့။ 6 သို့ပြုလျှင် သက်သေကို ရကြလိမ့်မည်။
နောင် ကာလ၌ သင်တို့၏ သားသမီးတို့က၊ ဤကျောက်တို့သည် အဘယ်သို့ဆိုလိုသနည်းဟု မေးမြန်းလျှင်၊ 7 သင်တို့က၊
ထာဝရဘုရား၏ သေတ္တာတော်သည် ယော်ဒန်မြစ်ကို ကူးသောအခါ၊ သေတ္တာတော်ရှေ့မှာ မြစ်ရေပြတ်လေသည်ဟု ပြန်ပြောရကြမည်။
ထိုသို့ ဤကျောက်တို့သည် အစဉ်မပြတ် ဣသရေလအမျိုးသား အောက်မေ့စရာဘို့ ဖြစ်ကြလိမ့်မည်ဟု ယောရှုမှာထား သည်အတိုင်း၊ 8
ဣသရေလအမျိုးသားတို့သည် ပြုကြ၏။ ထာဝရဘုရားသည် ယောရှုအား မိန့်တော်မူသည်နှင့် အညီ၊ ဣသရေလအမျိုး
အရေအတွက်အတိုင်း၊ ယော်ဒန် မြစ်ထဲက ကျောက်တဆယ်နှစ်လုံးကို ယူပြီးမှ၊ စားခန်းချ ရာအရပ်သို့ ထမ်းသွား၍ ထားကြ၏။ 9
တဖန်တုံ၊ ပဋိညာဉ်သေတ္တာတော်ကို ထမ်းသော ယဇ်ပုရောဟိတ်တို့နင်းရာအရပ် ယော်ဒန်မြစ်အလယ်၌ ကျောက်တဆယ်နှစ်လုံးကို
ယောရှုသည် စိုက်ထား၍ ယနေ့တိုင်အောင် ရှိကြ၏။ 10 ယောရှုသည် မောရှေမှာထားသည်အတိုင်း၊ လူများတို့အား ဆင့်ဆိုစေခြင်းငှါ
ထာဝရဘုရား မိန့်တော် မူသမျှတို့ကို အကုန်အစင်ပြုသည်တိုင်အောင် သေတ္တာ တော်ကို ထမ်းသော ယဇ်ပုရောဟိတ်တို့သည်၊ ယော်ဒန်
မြစ်အလယ်၌ ရပ်နေကြ၏။ လူများတို့သည်လည်း ကြိုးစား၍ ကူးကြ၏။ 11 လူများအပေါင်းတို့သည် အကုန်အစင်ကူးကြပြီး မှ၊
ထာဝရဘုရား၏ သေတ္တာတော်နှင့်တကွ ယဇ်ပုရော ဟိတ်တို့သည် လူများမျက်မှောက်တွင် ကူးကြ၏။ 12 ရုဗင်အမျိုးသား၊
ဂဒ်အမျိုးသား၊ မနာရှေ အမျိုး သားတဝက်တို့သည် မောရှေမှာခဲ့သည်အတိုင်း လက်နက် ကို စွဲကိုင်၍၊ ဣသရေလအမျိုးသားတို့ရှေ့မှာ
ကူးသွား ကြ၏။ 13 ထိုအမျိုးသားတို့သည် အရေအတွက်အားဖြင့် လေးသောင်းခန့်မျှရှိ၍၊ စစ်တိုက်ခြင်းငှါ ပြင်ဆင်လျက်
ထာဝရဘုရားရှေ့တော်၌ ယေရိခေါလွင်ပြင်သို့ ကူးသွား ကြ၏။ 14 ထိုနေ့၌ ထာဝရဘုရားသည် ဣသရေလအမျိုး
သားအပေါင်းတို့ရှေ့မှာ ယောရှုကို ချီးမြှင့်တော်မူ၍၊ သူတို့ သည် မောရှေကို ကြောက်ရွံ့သကဲ့သို့ ယောရှုကိုလည်း
သူ၏အသက်တည်သည် ကာလပတ်လုံးကြောက်ရွံ့ကြ၏။ 15 တဖန် ထာဝရဘုရားက၊ သက်သေခံချက် သေတ္တာတော်ကို ထမ်းသော
ယဇ်ပုရောဟိတ်တို့သည်၊ 16 ယော်ဒန်မြစ်ထဲက တက်လာရမည် အကြောင်း၊ ဆင့်ဆိုလော့ဟု မိန့်တော်မူသည်အတိုင်း၊ 17
ယော်ဒန်မြစ်ထဲက တက်လာကြလော့ဟု ယဇ်ပု ရောဟိတ်တို့အား ယောရှုသည် ဆင့်ဆိုလေ၏။ 18 ထာဝရဘုရား၏
ပဋိညာဉ်သေတ္တာကို ထမ်း သော ယဇ်ပုရောဟိတ်တို့သည်၊ ယော်ဒန်မြစ်အလယ်ထဲ က တက်လာ၍၊ ခြေဘဝါးတို့သည် ကုန်းကို
နင်းမိကြ သောအခါ၊ ယော်ဒန်မြစ်ရေသည် မိမိနေရာသို့ ပြန်လာ၍၊ အရင်ကဲ့သို့ ကမ်းတရှောက်လုံးကို လျှံလျက်နေ၏။ 19 ပဌမလ၊
ဒသမ နေ့ရက်တွင်၊ လူများတို့သည် ယော်ဒန်မြစ်ထဲကတက်လာ၍၊ ယေရိခေါမြို့အရှေ့ဘက် နားမှာ၊ ဂိလဂါလအရပ်၌ တပ်ချကြ၏။
20 ယော်ဒန်မြစ်ထဲက ထုတ်ယူသော ကျောက်တ ဆယ်နှစ်လုံးကို ယောရှုသည် ဂိလဂါလအရပ်၌ စိုက်ထား ၏။ 21
ဣသရေလအမျိုးသားတို့အားလည်း၊ နောင်ကာ လ၌ သင်တို့၏သားသမီးတို့က၊ ဤကျောက်တို့သည် အဘယ်သို့ ဆိုလိုသနည်းဟု
အဘတို့အား မေးမြန်းလျှင်၊ 22 သင်တို့က၊ ဣသရေလလူတို့သည် မြေပေါ်မှာ ရှောက်သကဲ့သို့ ဤယော်ဒန်မြစ်ကို ကူးလာကြသည်ဟု
သားသမီးတို့အား ကြားပြောရကြမည်။ 23 ထာဝရဘုရားသည် တန်ခိုးကြီးတော်မူသည်ကို မြေကြီးသားအပေါင်းတို့သည်
သိကြမည်အကြောင်းနှင့် သင်တို့၏ဘုရားသခင် ထာဝရဘုရားကို သင်တို့သည် အစဉ်အမြဲ ကြောက်ရွံ့ရမည်အကြောင်း၊ ငါတို့သည်
ဧဒုံပင်လယ်ကို ကူး၍ ကမ်းတဘက်သို့ မရောက်မှီတိုင် အောင်၊ 24 သင်တို့၏ဘုရားသခင် ထာဝရဘုရားသည် ငါတို့ရှေ့မှာ
ပင်လယ်ရေကို ခန်းခြောက်စေတော်မူသည် နည်းတူ၊ သင်တို့သည် ယော်ဒန်မြစ်ကိုကူး၍ ကမ်းတ ဘက်သို့ မရောက်မှီတိုင်အောင်၊
သင်တို့ရှေ့မှာ မြစ်ရေကို ခန်းခြောက်စေတော်မူသည်ဟု ယောရှုမှာထားလေ၏။

---

Joshua 01

ယေဘုယျအချက်အလက်
ထာဝရဘုရားသခင်သည် ယောရှုထံ
တိုက်ရိုက်စကားပြောသော်လည်း 'သင်' ဟူသော သုံးနှုန်းမှု
အားလုံးတွင် ဣသရေလအမျိုးအားလုံးကို ရည်ညွှန်းသည်။

တဘက်ကမ်းသို့ကူးသည်
'တဘက်ကမ်းသို့ ကူးသည်' ဟူသောစကားလုံးသည် မြစ်၏
တဘက်ကမ်းသို့ သွားခြင်းကို ရည်ညွှန်းသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "တဘက်ကမ်းသို့ သွားသည်။"

ယော်ဒန်
ယော်ဒန်မြစ်။

 generated on Tue Jul 2 12:50:28 2024

ဆင့်ဆိုလော့
ဤကိုးကားချက်ကို သွယ်ဝိုက်၍ ပြောနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် ယော်ဒန်မြစ်အလယ်၊ ယဇ်ပုရောဟိတ်တို့ မြဲမြံစွာ နင်းရာ၊ ဤအရပ်ထဲက ကျောက်တဆယ် နှစ်လုံးကို ယူပြီးလျှင် ထမ်းသွား၍၊ ယနေ့ ညဥ့်စခန်းချ ရာအရပ်၌ ထားရမည်။"

Joshua 04

ယေဘုယျအချက်အလက်
ယောရှုသည် ဣသရေလ အမျိုးတမျိုးတယောက်စီ၊ လူတဆယ်နှစ်ယောက်ကို ခေါ်၍ သူတို့လုပ်မည့် အလုပ်ကို ပြောတော်မူ၏။

ယော်ဒန်မြစ်အလယ်သို့ ကူးသွား၍၊ လူတယောက် ကျောက် တလုံးစီယူ၍ ထမ်းသွားရမည်
လူ တစ်ဆယ့်နှစ်ယောက်တို့သည် တစ်ယောက် ကျောက်တစ်လုံးစီကို ယော်ဒန်မြစ်အောက်ကြမ်းက ယူ၍ အထိမ်းအမှတ် ကျောက်တိုင်ဆောက်ဖို့ တဘက်ကမ်းသို့ယူသွားရမည်။

Joshua 06

ယေဘုယျအချက်အလက်
ယောရှုသည် ကျောက်ပုံ တစ်ဆယ့်နှစ် လုံး၏ ဆိုလိုရင်းအဓိပ္ပါယ်ကို ရှင်းပြလေ၏။

ထာဝရဘုရား၏ သေတ္တာတော်သည် ယော်ဒန်မြစ်ကို ကူးသောအခါ၊ သေတ္တာတော်ရှေ့မှာ မြစ်ရေပြတ်လေသည်
အခြားသောဘာသာပြန်ချက်၊ "ထာဝရဘုရားသခင်သည် ယော်ဒန်မြစ်ရေအား သေတ္တာတော်ရှေ့မှာ ဖြတ်လေ၏။"

ယော်ဒန်ရေ
"ယော်ဒန်မြစ်ရေ"

သေတ္တာတော်ရှေ့မှာ ဖြတ်တောက်လေ၏
ယဇ်ပုရောဟိတ်တို့သယ်ဆောင်သော သေတ္တာ၏ ရှေ့တော်သို့ ယော်ဒန်မြစ် စီးဆင်းခြင်းကို ဘုရားသခင် တားမြစ်တော်မူ၏။

ယော်ဒန်မြစ်ရေတို့ကို ဖြတ်တောက်လေ၏
စီးဆင်းနေသော ယော်ဒန်မြစ်ရေသည် သေတ္တာရှေ့၌ ရပ်တော်မူသောကြောင့် သေတ္တာနှင့် လူတို့သည် ခြောက်သွေ့သော မြစ်ရေကြမ်းပြင်ပေါ်သို့ လျှောက်သွားကြ၏။

Joshua 08

ယေဘုယျအချက်အလက်
ယောရှုနှင့် ဣသရေလအမျိုးတို့သည် ထာဝရဘုရားသခင် မှာထားသကဲ့သို့ ဆက်လက်လုပ်ဆောင်ကြ၏။

သူတို့သည် ယော်ဒန် မြစ်လယ်ထဲက ကျောက်တဆယ်နှစ်လုံးကို ကောက်ယူကြ၏
ယော်ဒန်မြစ်ထဲက ကျောက်ကို ယူကြသော လူတဆယ့်နှစ်ဦးကို ရည်ညွှန်းပြောဆိုသည်။

ထို့နောက် ယောရှုသည် ယော်ဒန်မြစ်အလယ်၌ ကျောက်တဆယ်နှစ်လုံးကို စိုက်ထား၏
ဤကျောက်တဆယ့်နှစ်လုံးသည် သီးသန့် စိုက်ထားသောကျောက်ဖြစ်သည်။ လူတဆယ့်နှစ်ဦးတို့ မြစ်အောက်ကြမ်းပြင်မှ သယ်ဆောင်ထားသောကျောက် မဟုတ်ပါ။

ထိုအထိမ်းအမှတ်သည် ယနေ့တိုင်အောင်ရှိလေ၏
စာရေးဆရာသည် ဤစာအုပ်ကို ရေးသောအချိန်အထိ ထိုအထိမ်းအမှတ်ကျောက်တိုင်သည် ရှိနေသေးသည်ဟု သိနိုင်သည်။

Joshua 10

ယော်ဒန်
ယော်ဒန်မြစ်ရေကို ရည်ညွှန်းသည်။

လူများ
ဣသရေလအမျိုးတို့ကို ရည်ညွှန်းသည်။

ကျော်ဖြတ်သည်
မြစ်၏ တဘက်ကမ်းသို့ သွားခြင်းကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တဘက်ကမ်းမှ အခြားတဘက်ကမ်းသို့ ခရီးသွားသည်။"

လူများမျက်မှောက်တွင်
လူများ၏ မျက်စိရှေ့တွင် ဟူ၍ အဓိပ္ပါယ်ရသည်။ ယဇ်ပုရောဟိတ်တို့သည် သေတ္တာသယ် သွားသည်ကို လူတိုင်းမြင်ကြ၏။

Joshua 12

ရုဗင်အမျိုးသား၊ ဂဒ်အမျိုးသား၊ မနာရှေ အမျိုး သားတဝက်တို့သည် ဣသရေလအမျိုးသားတို့ရှေ့မှာ ကူးသွား ကြ၏
ယော်ဒန်မြစ်အရှေ့ဘက်နေရာကို ယူရန်အတွက် တိုက်ပွဲဝင်သော ဣသရေလအမျိုးထဲက မျိုးနွယ်စုသုံးမျိုးတို့၏ စစ်ရေးပြင်ဆင်မှုအကြောင်း ဖြစ်သည်။

သူတို့ သည်
သူတို့ ဟူသော စကားလုံးသည် ဣသရေလအမျိုးတို့ကို ရည်ညွှန်းသည်။

မောရှေကို ကြောက်ရွံ့၍
ဤဖော်ပြချက်တွင် မောရှေကို ကြောက်ရွံ့ခြင်းသက်သက်မဟုတ်ဘဲ၊ မောရှေထံ ပေးဆပ်အပ်နှံခြင်းနှင့် စစ်သူကြီး ခေါင်းဆောင်အနေဖြင့် သူ၏ စကား အမိန့်ပေးခြင်းကိုလည်း နာခံခြင်းမျိုး ဖြစ်သည်။


generated on Tue Jul 2 12:50:28 2024

Joshua 15

ယေဘုယျအချက်အလက်
ယဇ်ပုရောဟိတ်တို့သည် ယော်ဒန်မြစ်ထဲက တက်လာရမည်
အကြောင်း၊ ထာဝရဘုရားက ယောရှုအား မိန့်တော်မူ၏။

Joshua 17

ယေဘုယျအချက်အလက်
ယော်ဒန်မြစ်ကို ခွဲခြင်းနှင့် ပင်လယ်နီကို ခွဲခြင်းတို့သည်
ကွာခြားမှုမရှိကြောင်းကို စာရေးရာက ရှင်းအောင် ရေးချင်သည်။

ယော်ဒန်မြစ်ရေသည် မိမိနေရာသို့ ပြန်လာ၍၊ အရင်ကဲ့သို့ ကမ်းတရှောက်လုံးကို
လျှံလျက်နေ၏
ဣသရေလအမျိုးတို့သည် ကုန်းပေါ်သို့ လျှောက်ကြပြီးသောအခါ
ယော်ဒန်မြစ်သည် မိမိနေရာသို့ ပြန်လာ၍ ကမ်းတရှောက်လုံးကို
လျှံလျက်နေ၏။

လေးရက်
"၄ ရက်" (ရှု၊ anslate_numbers)

Joshua 19

ယော်ဒန်မြစ်ထဲက တက်လာ၍
ဣသရေလအမျိုးတို့သည် ခြောက်သွေ့သောမြေပေါ်လျှောက်ပြီး
ယော်ဒန်မြစ်ကို ကူးရသည့်အကြောင်းကို ရည်ညွှန်းသည်။

ပဌမလ၊ ဒသမ နေ့ရက်တွင်
ဟေဗြဲပြက္ခဒိန်တွင် ပထမလ ဖြစ်သည်။ ဒသမ နေ့ရက်သည်
အနောက်တိုင်းပြက္ခဒိန်တွင် မတ်လကုန်ပိုင်းဖြစ်သည်။

ယော်ဒန်မြစ်ထဲက ထုတ်ယူသော ကျောက်တ ဆယ်နှစ်လုံး
ယောရှုသည် မြစ်ကိုကူးရသော
အထိမ်းအမှတ်အတွက်မှတ်တိုင်စိုက်ထူရန် မျိုးနွယ်စု
တစ်စုတိုင်းသည် ယော်ဒန်မြစ်မှ ကျောက်တစ်လုံးစီ
ကောက်ယူရန်ဖြစ်သည်။

Joshua 22

ယေဘုယျအချက်အလက်
ကျောက်ပုံကြီးပုံရသည့် အကြောင်းရင်းကို ယောရှုသည်
လူတို့အား ဆက်လက်၍ သတိရစေသည်။

သားသမီးတို့အား ကြားပြောရကြမည်
ဣသရေလလူတို့သည် ထာဝရဘုရားပြုသောအမှုကို သူတို့၏
သားသမီးတို့အား ပြောပြရန်ဖြစ်သည်။ သို့မှသာ သူတို့၏
သားသမီးတို့သည် ထာဝရဘုရားကို ကြောက်ရွံ့ကြမည်ဖြစ်သည်။

ထာဝရဘုရားသည် တန်ခိုးကြီးတော်မူသည်
ထာဝရဘုရား၏ တန်ခိုးကြီးတော်မူခြင်းကို ရည်ညွှန်းသည်။
အခြားသောဘာသာပြန်ချက်၊ "ထာဝရဘုရားသည်
တန်ခိုးကြီးတော်မူ၏"။

## Translation Questions

Joshua 4:1

ထာဝရဘုရားသခင်သည် ယောရှုကို ဣသရေလလူမျိုး (၁၂) နွယ်မှ တစ်ဦးစီကို ရွေးနှုတ်၍ လူ (၁၂) ယောက်ကို မည်သို့ လုပ်ဆောင်ရန် မိန့်တော်မူခဲ့သနည်း။
လူမျိုး (၁၂) နွယ်မှ တစ်ဦးစီသည် ယော်ဒန်မြစ်လယ်မှ ကျောက်တုံး (၁၂) တုံးကို ယူ၍ ထမ်းပြီး ဣသရေလများ စခန်းချရာအရပ်၌ ဆင့်၍ ပြုလုပ်ထားရမည် ဖြစ်ကြောင်း ထာဝရဘုရားသည် ယောရှုအား မိန့်တော်မူခဲ့သည်။

Joshua 4:6

ယော်ဒန်မြစ်လယ်မှ ကျောက်တုံးများထမ်း၍ သူတို့ရပ်နားသည့်စခန်း၌ တစ်ညထားရှိခြင်း၏ ရည်ရွယ်ချက်ကို ယောရှု မည်ကဲ့သို့ ပြောဆိုခဲ့သနည်း။
ယော်ဒန်မြစ်လယ်မှ ယူလာ၍ သူတို့ရပ်နားရာစခန်း၌ ဆင့်၍ ထားရှိခြင်းမှာ ထာဝရဘုရားသခင်သည် ဣသရေလလူတို့အပေါ် ပြုခဲ့သော အရာများအတွက် ထာဝရအောက်မေ့ဖို့ရန် ရည်ရွယ်ခြင်းဖြစ်သည်။

Joshua 4:8

ကျောက်တုံး (၁၂) တုံးကို ယောရှုသည် မည်သည့်နေရာ၌ စိုက်ထူ၍ မော်ကွန်းတင် အထိမ်းအမှတ် အဖြစ် ပြုလုပ်ခဲ့သနည်း။
ထိုကျောက်တုံး (၁၂) တုံးကို ယနေ့တိုင် အထိမ်းအမှတ် အဖြစ် စိုက်ထူထားသောနေရာမှာ ယော်ဒန်မြစ်လယ်၌ ယဇ်ပုရောဟိတ်များ ရပ်တန့်သောနေရာ၌ ပြုလုပ်ထားသည်။

Joshua 4:12

ထာဝရဘုရားနှင့်အတူ ယေရိခေါလွင်ပြင်သို့ စစ်တိုက်နိုင်သော သူ့ရဲအရေအတွက် မည်မျှလောက် ဖြတ်ကျော်သွားကြသနည်း။
စစ်သူရဲ ၄၀၀၀၀ (လေးသောင်း) လောက်သည် ထာဝရဘုရားသခင်နှင့် အတူ တိုက်ပွဲဝင်ဖို့ရန် ယေရိခေါလွင်ပြင်သို့ ချီတက်သွားကြသည်။

Joshua 4:17

ပဋိညာဉ်သေတ္တာထမ်းသော ယဇ်ပုရောဟိတ်တို့ ယော်ဒန်မြစ်ကမ်းသို့ တက်လာသောအခါ မည်သို့ ဖြစ်ခဲ့သနည်း။
သေတ္တာတော်ထမ်းသော ယဇ်ပုရောဟိတ်များသည် ယော်ဒန်မြစ်လယ်မှ ကမ်းသို့ တက်နင်းလာသောအခါ မြစ်ရေသည်မိမိနေရာသို့ ပြန်လာ၍ ရေပြင် ပြန်ဖြစ်သွားလေသည်။

Joshua 4:19

ယော်ဒန်မြစ်လယ်မှ သယ်ဆောင်လာသော ကျောက်တုံးတို့ကို ယောရှုသည် မည်သည့်နေရာတွင် စိုက်ထူထားသနည်း။
ဂိလဂါလအရပ်၌ တပ်စခန်းချသောနေရာတွင် ထိုကျောက်တုံးတို့ကို စိုက်ထူထားသည်။

Joshua 4:22

နောင်လာနောက်သားများကို လူမျိုးတော်တို့သည် ထာဝရဘုရား ပြုမူလုပ်ဆောင်ခဲ့သောအရာများကို အဘယ်ကြောင့် ပြောကြားရမည် ဖြစ်ကြောင်း ယောရှုဆင့်ဆိုခဲ့သနည်း။
ဤကမ္ဘာမြေပေါ်ရှိ လူမျိုးအားလုံးသည် ထာဝရဘုရားသခင်၏ တန်ခိုးကြီးသော လက်ရာကို သိမြင်စေဖို့ သူတို့၏ သားသမီးများကို ဆင့်၍ ကြားပြောရမည်။

## Chapter 5

[1] ထာဝရဘုရားသည် ဣသရေလအမျိုးသားတို့ ကူးစေခြင်းငှါ၊ ယော်ဒန်မြစ်ရေကို ခန်းခြောက်စေတော် မူသည်အကြောင်းကို၊
ယော်ဒန်မြစ်အနောက်ဘက်၌ နေသော အာမောရိမင်းကြီးအပေါင်း၊ ပင်လယ်နားမှာ နေသောခါနနိမင်းကြီးအပေါင်းတို့သည်
ကြားသိသော အခါ၊ ရဲရင့်ခြင်းသတ္တိ အလျှင်းမကြွင်း၊ ဣသရေလအမျိုး သားတို့ကြောင့် စိတ်ပျက်ကြ၏။ [2] ထိုအခါ
ထာဝရဘုရားသည် ယောရှုကိုခေါ်၍၊ သင်သည် ကျောက်ထားများကို လုပ်ပြီးလျှင်၊ ဣသရေလ အမျိုးသားတို့အား
အရေဖျားလှီးမင်္ဂလာကို တဖန်ပေး လော့ဟု မိန့်တော်မူသည်အတိုင်း၊ [3] ယောရှုသည် ကျောက်ထားများကို လုပ်၍
ဂိဘာရာလုတ်အရပ်၌ ဣသရေလအမျိုးသားတို့အား အရေဖျားလှီးမင်္ဂလာကို ပေးလေ၏။ [4] ထိုသို့ အရေဖျားလှီးမင်္ဂလာကို
ပေးရသောအ ကြောင်း ဟူမူကား၊ အဲဂုတ္တုပြည်မှထွက်လာသော စစ်သူရဲ ယောကျ်ားအပေါင်းတို့သည် တော၌သေကြ၏။ [5]
ထိုပြည်မှထွက်လာသော သူအပေါင်းတို့သည် အရေဖျားလှီးမင်္ဂလာကို ခံနှင့်ကြပြီ။ တော၌ ခရီးသွားရာ တွင် ဘွားမြင်သော
သူအပေါင်းတို့မူကား အရေဖျားလှီး မင်္ဂလာကို မခံရကြသေး။ [6] အဲဂုတ္တုပြည်မှထွက်လာသော စစ်သူရဲအပေါင်း တို့သည်
ထာဝရဘုရား၏ စကားတော်ကို နားမထောင်ဘဲ နေ၍၊ မသေမပျောက်မှီတိုင်အောင် ဣသရေလအမျိုး သားတို့သည်
အနှစ်လေးဆယ်ပတ်လုံး တော၌ လှည့် လည်ရကြ၏။ ထာဝရဘုရားသည်၊ ငါပေးမည်ဟု ဘိုး ဘေးတို့အား ကျိန်ဆိုတော်မူသောပြည်၊
နို့နှင့်ပျားရည်စီး သောပြည်ကို ထိုသူတို့သည် မမြင်ရကြဟု ကျိန်ဆိုတော် မူ၏။ [7] သူတို့ကိုယ်စား ဖြစ်စေတော်မူသော သူတို့၏
သားများတို့သည်၊ လမ်း၌ အရေဖျားလှီးမင်္ဂလာကို မခံရ သေးသောကြောင့်၊ ယောရှုသည် အရေဖျားလှီးမင်္ဂလာကို ပေးလေ၏။ [8]
လူအပေါင်းတို့သည် အရေဖျားလှီးမင်္ဂလာကို ခံပြီးမှ၊ အနာမပျောက်မှီတိုင်အောင် တပ်ထဲ၌ နေကြ၏။ [9] ထာဝရဘုရားကလည်း၊
အဲဂုတ္တုပြည်နှင့် ဆိုင် သော ကဲ့ရဲ့စရာအကြောင်းကို သင်တို့မှ ယနေ့ ငါပယ် ရှင်းပြီဟု ယောရှုအား မိန့်တော်မူ၏။ သို့ဖြစ်၍ ထိုအရပ် ကို
ဂိလဂါလဟု ယနေ့တိုင်အောင် ခေါ်ဝေါ်သတည်း။ [10] ဣသရေလအမျိုးသားတို့သည် ဂိလဂါလအရပ် တွင် တပ်ချ၍၊
ထိုလတဆယ်လေးရက်နေ့ ညဦးယံ၌ ယေရိခေါလွင်ပြင်မှာ ပသခါပွဲကို ခံကြ၏။ [11] ပသခါပွဲကို ခံပြီးမှ၊ နက်ဖြန်နေ့၌ ခါနာန်စပါးဖြင့်
လုပ်သော တဆေးမဲ့မုန့်နှင့် ပေါက်ပေါက်ကို တနေ့ခြင်း တွင် စားရကြ၏။ [12] ခါနာန်ပြည် စပါးကို စား၍၊ နက်ဖြန်နေ့၌ မန္န
ပြတ်လေ၏။ နောက်တဖန် ဣသရေလအမျိုးသားတို့ သည် မန္နကိုမရကြ။ ထိုနှစ်တွင် ခါနာန်ပြည်၌ဖြစ်သော အသီးအနှံ့ကို
စားရကြ၏။ [13] ယောရှုသည် ယေရိခေါမြို့အနားမှာ ရှိနေစဉ် မျှော်ကြည့်၍၊ လူတယောက်သည် ထားကိုထားအိမ်မှ ထုတ်ကိုင်လျက်၊
ကန့်လန့်ရပ်နေသည်ကို မြင်လျှင်၊ သူ့ထံသို့ သွား၍ သင်သည်ငါတို့ဘက်၌နေသောသူလော၊ ငါတို့ရန်
သူဘက်၌နေသောသူလောဟုမေးသော်၊ [14] ထိုသူက၊ ထိုသို့မဟုတ်၊ ထာဝရဘုရား၏ဗိုလ်ခြေ ကိုအုပ်စိုးသော ဗိုလ်မှူးဖြစ်၍
ယခုငါလာသည်ဟုဆို၏။ ယောရှုသည်လည်း မြေပေါ်မှာ ပြပ်ဝပ်ကိုးကွယ်လျက်၊ ကိုယ်တော်ကျွန်အား အဘယ်သို့
မိန့်တော်မူမည်နည်းဟု မေးလျှောက်သော်၊ [15] ထာဝရဘုရား၏ ဗိုလ်ခြေကိုအုပ်စိုးသော ဗိုလ် မှူးက၊ သင်၏ခြေနင်းကို ချွတ်လော့။
သင်နင်းသောအ ရပ်ကား မြေမြတ်ဖြစ်သည်ဟု ဆိုသည်အတိုင်း ယောရှုပြု လေ၏။

---

Joshua 01

သူတို့၏စိတ်သည် အရည်ပျော်၍၊ ရဲရင့်ခြင်းသတ္တိ အလျှင်းမကြွင်း

ဤစာကြောင်းနှစ်ကြောင်းသည် တူညီသော ထိုသူတို့၏ အတိုင်းမသိကြောက်ရွံ့ခြင်းကို ဖေါ်ပြထားသည်။

သူတို့၏စိတ် အရည်ပျော်၏

ဤနေရာ၌ "စိတ်" ဟူသော စကားလုံးသည် "ရဲရင့်ခြင်းသတ္တိ" ကို ဖေါ်ပြသည်။ သူတို့သည် အလွန်ကြောက်လန့်အားကြီး၍ သူတို့၏ ရဲရင့်ခြင်းသတ္တိသည် ရေခဲကဲ့သို့ အရည်ပျော်သွားသည်။ အခြားသောဘာသာပြန်ချက်၊ "သူတို့၏ ရဲရင့်ခြင်းသတ္တိ ပျောက်ကွယ်၏"။

ရဲရင့်ခြင်းသတ္တိ အလျှင်းမကြွင်း

ဤနေရာ၌ "စိတ်" ဟူသောစကားလုံးသည် "စစ်တိုက်ရန် ဆန္ဒ" ကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ချက်၊ "သူတို့မှာ စစ်တိုက်ရန် ဆန္ဒ မရှိတော့ပါ"။

Joshua 02

ယောရှုသည် ကျောက်ထားများကို လုပ်၍ အမျိုးသားတို့အား အရေဖျားလှီးလေ၏

အမျိုးသား ၆၀၀,၀၀၀ ရှိသည်။ ယောရှုသည် ထိုတာဝန်ကို ထမ်းဆောင်သောအခါ လူအများကသူ့ကို ကူညီကြသည်ဟု သိရသည်။ သင်၏ စာဖတ်သူများကို ရှုပ်ထွေးစေမည်ဟုယူဆလျှင် အကျယ်ချဲ့ပြီး ဘာသာပြန်နိုင်သည်။ အခြားသောဘာသာပြန်ချက်၊ "ယောရှုနှင့် ဣသရေလ အမျိုးသားတို့သည် ကျောက်ဖြင့် ဓါးများကို ကိုယ်တိုင်လုပ်၍ အမျိုးသားတို့ကို အရေဖျားလှီးမင်္ဂလာကို ပေးကြ၏"။

ဂိဘာရာလုတ်အရပ်

ထာဝရဘုရားသခင်ထံ ဣသရေလ အမျိုးသားများ ပြန်လည်အပ်နှံခြင်းပြုလုပ်သော နေရာ၏ အမည်ဖြစ်သည်။ "ထိပ်ငုံအရေပြားတောင်" ဟု အဓိပ္ပါယ်ရသည်။

 generated on Tue Jul 2 12:50:28 2024

Joshua 04

ယေဘုယျအချက်အလက်
ဣသရေလ အမျိုးသားများ၏ အရေဖျားလှီး မင်္ဂလာပြုရသောအကြောင်းရင်းကို ရှင်းပြထားသည်။

စစ်သူရဲ ယောက်ျားအပေါင်းတို့
စစ်တိုက်ရန် အရွယ်ရောက်သော ယောက်ျား ဖြစ်သည်။

Joshua 06

ထာဝရဘုရား၏ အသံတော်ကို နားထောင်ကြ၏
ဤနေရာ၌ "အသံ" ဟူသော စကားလုံးသည်၊ ထာဝရဘုရား၏ ပြောသမျှ" ဟူ၍ အဓိပ္ပါယ်ရှိသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား ပြောသမျှသောအရာကို နားထောင်ကြ၏"။

နို့နှင့်ပျားရည်စီး သောပြည်က
ဘုရားသခင်သည် တိရိစ္ဆာန်နှင့် အပင်တို့အတွက် အလွန်ကောင်းပြီး ထိုတိရိစ္ဆာန်နှင့် အပင်တို့မှထွက်သော နို့နှင့်ပျားရည်စီးသောပြည်ဟု ပြောဆိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ချက်၊ "တိရိစ္ဆာန်များမွေး၍ အပင်များ စိုက်ရန်အလွန်ကောင်းသောပြည်"။

Joshua 08

အဲဂုတ္တုပြည်နှင့် ဆိုင် သော ကဲ့ရဲ့စရာအကြောင်းကို သင်တို့မှ ယနေ့ ငါပယ် ရှင်းပြီ
ကြီးမားသော ကျောက်တုံးကြီးက သူတို့၏ လမ်းကို ကာထားသကဲ့သို့ သူတို့၏ ဂုဏ်သိုးငယ်ခြင်းကို ဖေါ်ပြထားသည်။ ဤနေရာ၌ "လှိမ့်သည်" ဟူသော အသုံးအနှုန်းကို "ဖယ်ရှင်း" သည်ဟု အဓိပ္ပါယ်ရသည်။ အခြားသောဘာသာပြန်ချက်၊ "ယနေ့တွင် အဲဂုတ္တုပြည်နှင့် ဆိုင် သော ကဲ့ရဲ့စရာအကြောင်းကို သင်တို့မှ ငါပယ်ရှင်းပြီ"။

Joshua 10

ထိုလတဆယ်လေးရက်နေ့
အနောက်တိုင်းပြက္ခဒိန်တွင် မတ်လကုန်ပိုင်းဖြစ်သည်။ အခြားသောဘာသာပြန်ချက်၊ "ပထမလ၏ တစ်ဆယ့်လေးရက်မြောက်"

Joshua 13

ယောရှုသည် မျှော်ကြည့်၍၊ လူတယောက်သည် ကန့်လန့်ရပ်နေသည်ကို မြင်လျှင်
ဤနေရာတွင် ယောရှုသည် မျှော်ကြည့်၍တကယ် မြင်သကဲ့သို့ ပြောဆိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ချက်၊ "သူသည် အပေါ်သို့ မျှော်ကြည့်၍ လူတစ်ယောက်ရပ်နေသည်ကို မြင်လေ၏။"

ကြည့်လော့
"ကြည့်လော့" ဟူသော စကားလုံးသည် သတင်းတခုခုကို အထူးဂရုစိုက် နားထောင်ရန် အချက်ပေးခြင်းဖြစ်သည်။ သင်၏ ဘာသာစကား၌ အခြားသော အသုံးအနှုန်း ရှိနိုင်သည်။

လူတယောက်သည် ထားကိုထားအိမ်မှ ထုတ်ကိုင်လျက် ထားသည်သူ၏လက်၌ ရှိတော်မူ၏။
ဤနေရာတွင်"သူ" နှင့် "သူ၏" ဟူသော စကားလုံးသည် ယောရှု၏ ရှေ့၌ ရပ်နေသောသူကို ရည်ညွှန်းသည်။

Joshua 14

ထိုသူကပြောသည်
ထိုသူ၊ ဟူသောစကားလုံးသည် ယောရှု၏ရှေ့၌ ရပ်နေသောသူကို ရည်ညွှန်းသည်။

ထိုသို့မဟုတ်
ဤဟာသည် "သင်သည် ငါတို့ဘက်၌ ရှိသလော ငါတို့၏ ရန်သူများ ဘက်ကလော" ဟူသော ယောရှုမေခွန်း၏ အဖြေဖြစ်သည်။ အခြားသောဘာသာပြန်ချက်၊ "ငါသည်သင်တို့ဘက်က လည်းမဟုတ်၊ သင်တို့၏ ရန်သူဘက် ကလည်း မဟုတ်"။

ယောရှုသည်လည်း ကိုးကွယ်ရန် မြေပေါ်မှာ ပြပ်ဝပ်လျှက်
ကိုးကွယ်ခြင်း လုပ်ရပ်ဖြစ်သည်။

သင်၏ခြေနင်းကို ချွတ်လော့
လေးစားကြည်ညိုခြင်း၏ လက္ခဏာ တခုဖြစ်သည်။


generated on Tue Jul 2 12:50:28 2024

# Translation Questions

## Joshua 5:2

ထာဝရဘုရားသည် ယောရှုကို ကျောက်ဓားများဖြင့် မည်သို့ ပြုလုပ်ရန် မိန့်တော်မူခဲ့သနည်း။

ထာဝရဘုရားက ကျောက်ဓါးများဖြင့် ဣသရေလအမျိုးသားတို့အား အရေဖျားလှီးခြင်း မင်္ဂလာကျင်းပဖို့ရန် မိန့်တော်မူခဲ့သည်။

## Joshua 5:6

ယောရှုသည် ဣသရေလအမျိုးသားအားလုံးကို အရေဖျားလှီးရန် အဘယ်ကြောင့် မိန့်မှာခဲ့သနည်း။

ဣသရေလအမျိုးသားများသည် အနှစ်လေးဆယ်ပတ်လုံး တောခွင်၌ သွားလာစဉ် မွေးဖွားကြီးပြင်းလာသော သူတို့၏ သားများ အရေဖျားလှီးမင်္ဂလာမခံရသေးသောကြောင့် ထိုအရာကို လုပ်ဆောင်ရန် ယောရှု မိန့်မှာလေသည်။

## Joshua 5:10

ဣသရေလအမျိုးသားတို့သည် ယေရိခေါလွင်ပြင်၌ ထိုလ၏ တဆယ့်လေးရက်နေ့ ညဦးယံတွင် မည်သည့်ပွဲကို ကျင်းပခဲ့သနည်း။

ဣသရေလအမျိုးသားတို့သည် ထိုလ၏တဆယ့်လေးရက် ညဦးယံတွင် ပသခါပွဲကို ယေရိခေါလွင်ပြင်၌ ကျင်းပခဲ့လေသည်။

## Joshua 5:12

ခါနန်ပြည်၌ ထွက်ရှိသော အသီးအနှံကို စားရသောနေ့၌ ဣသရေလအမျိုးသားများသည် မည်သည့်အစားအစာကို ဖြတ်တောက်ခြင်းခံခဲ့ရပါသနည်း။

ခါနန်ပြည်၌ ထွက်ရှိသော အသီးအနှံကို စားရသောနေ့မှစ၍ ဘုရားသခင်သည် ကောင်းကင်မှ မန္နမုန့်ကို မချပေးတော့ပါ။

## Joshua 5:13

ယောရှုသည် ယေရိခေါမြို့နားတွင် ရှိနေစဉ် မည်သူနှင့် တွေ့ဆုံခဲ့သနည်း။

ယောရှုသည် ယေရိခေါမြို့နားတွင် ရှိနေစဉ် ဓါးကို ဓါးအိမ်မှ ထုတ်၍ ဆုပ်ကိုင်ထားသောလူတစ်ယောက်နှင့် တွေ့ဆုံခဲ့လေသည်။

## Joshua 5:14

ယောရှုသည် ဓါးဆုပ်ကိုင်ထားသော ထိုလူပုဂ္ဂိုလ်ကို မည်သို့ ပြောဆိုခဲ့သနည်း။

ယောရှုသည် ထိုလူပုဂ္ဂိုလ်ကို မိမိတို့ဘက်၌ ရှိသော သူလော သို့မဟုတ် ရန်သူလောဟူ၍ ပြောဆိုခဲ့လေသည်။

ဓါးကိုင်ထားသော လူပုဂ္ဂိုလ်သည် ယောရှုကို မည်ကဲ့သို့ တုန့်ပြန်သနည်း။

ဓါးကိုင်ထားသော ပုဂ္ဂိုလ်သည် ထာဝရဘုရား၏ ဗိုလ်ခြေကို အုပ်စိုးသော ဗိုလ်မှူးဖြစ်ကြောင်း ယောရှုကို ပြောကြားခဲ့လေသည်။

ထာဝရဘုရား၏ ဗိုလ်ခြေကို အုပ်စိုးသော ဗိုလ်မှူးသည် ယောရှုကို မည်သို့ မိန့်မှာခဲ့သနည်း။

ထာဝရဘုရား၏ ဗိုလ်ခြေကို အုပ်စိုးသောဗိုလ်မှူးသည် ယောရှုကို ခြေနင်းချွတ်လော့၊ ဤနေရာသည် သန့်ရှင်းသော မြေဖြစ်သည်ဟူ၍ မိန့်ဆိုခဲ့သည်။



generated on Tue Jul 2 12:50:28 2024

## Chapter 6

[1] ထိုအခါ ဣသရေလအမျိုးသားတို့ကြောင့်၊ ယေ ရိခေါမြို့သည် ကျပ်တည်းစွာ ပိတ်ထားလျက် ရှိ၍၊ ထွက် သောသူ၊ ဝင်သောသူ
တစုံတယောက်မျှမရှိသည်နှင့်အညီ၊ [2] ထာဝရဘုရားက၊ ကြည့်ရှုလော့။ ယေရိခေါမြို့၊ ယေရိခေါမင်းကြီးနှင့်တကွ ခွန်အားကြီးသော
စစ်သူရဲတို့ ကို သင့်လက်၌ ငါအပ်လေပြီ။ [3] သို့ဖြစ်၍ မြို့ကိုလှည့်ပတ်ရကြမည်။ ဣသရေလ စစ်သူရဲအပေါင်းတို့သည်
ခြောက်ရက်ပတ်လုံးလှည့်ပတ် ခြင်းအမှုကို ပြုရကြမည်။ [4] ယဇ်ပုရောဟိတ်ခုနစ်ယောက်တို့သည် သေတ္တာ တော်ရှေ့မှာ
ယုဘိလတံပိုးခုနစ်လုံးကို ဆောင်ရကြမည်။ သတ္တမနေ့ရက်၌ ခုနစ်ကြိမ်တိုင်အောင် မြို့ကိုလှည့်ပတ် ၍ ယဇ်ပုရောဟိတ်တို့သည်
တံပိုးကိုမှုတ်ရကြမည်။ [5] ယုဘိလတံပိုးတို့ကို ရှည်သောအသံနှင့် မှုတ်၍၊ တံပိုးသံကိုကြားလျှင် လူအပေါင်းတို့သည် ကျယ်သောအ
သံနှင့် ကြွေးကြော်၍၊ မြို့ရိုးသည် အကုန်အစင် ပြိုလဲရလိမ့် မည်။ ထိုအခါ လူများတို့သည် တည့်တည့်တက်ရကြမည် ဟု ယောရှုအား
မိန့်တော်မူ၏။ [6] နုန်၏သား ယောရှုသည် ယဇ်ပုရောဟိတ်တို့ကို ခေါ်၍၊ သင်တို့သည် ပဋိညာဉ် သေတ္တာတော်ကို ထမ်း သွားသဖြင့်၊
ထာဝရဘုရား၏ သေတ္တာတော်ရှေ့မှာ ခုနစ် ယောက်တို့သည် ယုဘိလတံပိုးခုနစ်လုံးကို ဆောင်သွား ကြလော့ဟူ၍ငင်း၊ [7]
လူများတို့အားလည်း၊ သင်တို့သွား၍ မြို့ကိုလှည့် ပတ်ကြလော့။ လက်နက်ကိုင်တို့သည် ထာဝရဘုရား၏ သေတ္တာတော်ရှေ့မှာ
သွားကြလော့ဟူ၍ငင်းမှာထားလေ ၏။ [8] ယောရှုသည် လူများတို့အား မှာထားပြီးမှ၊ ယု ဘိလတံပိုး ခုနစ်လုံးကို ဆောင်သော
ယဇ်ပုရောဟိတ်ခု နစ်ယောက်တို့သည် ထာဝရဘုရားရှေ့တော်၌ တံပိုးမှုတ် လျက်သွားကြ၏။ ထာဝရဘုရား၏ ပဋိညာဉ်သေတ္တာ
တော်သည် သူတို့နောက်သို့ လိုက်လေ၏။ [9] တံပိုးမှုတ်သော ယဇ်ပုရောဟိတ်တို့ရှေ့မှာ လက် နက်ကိုင်တို့သည် သွား၍၊
ယဇ်ပုရောဟိတ်များ တံပိုးမှုတ် လျက်သွားကြစဉ်၊ နောက်တပ်သားတို့သည် သေတ္တာ တော်နောက်သို့ လိုက်ကြ၏။ [10] ယောရှုကလည်း၊
သင်တို့သည် ကြွေးကြော်စေ ခြင်းငှါ ငါမှာထားသောနေ့မရောက်မီတွင် မကြွေးကြော် ရ၊ အသံတစုံတခုကိုမျှ မပြုရ၊ စကားတခွန်းကိုမျှ
မပြော ရ။ ထိုနေ့ရောက်မှ ကြွေးကြော်ရကြမည်ဟု လူများတို့အား မှာနှင့်လေပြီ။ [11] ထိုသို့ ထာဝရဘုရား၏ သေတ္တာတော်သည် မြို့
ကိုတကြိမ်လှည့်ပတ်ဝိုင်းသွားပြီးလျှင်၊ တပ်ထဲသို့ ဝင်ပြန်၍ ညဉ့်ကိုလွန်စေကြ၏။ [12] နံနက်စောစော ယောရှုသည်ထ၍ ယဇ်ပုရော
ဟိတ်တို့သည် ထာဝရဘုရား၏ သေတ္တာတော်ကို ထမ်းယူ ကြ၏။ [13] ထာဝရဘုရား၏ သေတ္တာတော်ရှေ့မှာ ယုဘိလ တံပိုးခုနစ်လုံးကို
ဆောင်သော ယဇ်ပုရောဟိတ် ခုနှစ် ယောက်တို့သည် သွားမြဲသွား၍ တံပိုးမှုတ်ကြ၏။ လက် နက်ကိုင်တို့သည် သူတို့ရှေ့မှာသွား၍
ယဇ်ပုရောဟိတ် များ တံပိုးမှုတ်လျက် သွားကြစဉ်၊ နောက်တပ်သားတို့ သည် ထာဝရဘုရား၏ သေတ္တာတော်နောက်သို့ လိုက်ကြ ၏။
[14] ဒုတိယနေ့၌ မြို့ကိုတကြိမ်လှည့်ပတ်ပြီးမှ တပ် ထဲသို့ ပြန်လာကြ၏။ ထိုသို့ ခြောက်ရက်ပတ်လုံး ပြုကြ၏။ [15] သတ္တမနေ့
နံနက်စောစော မိုဃ်းလင်းစက ထ၍ အရင်နည်းတူ၊ ခုနစ်ကြိမ်တိုင်အောင် မြို့ကို လှည့်ပတ်ကြ ၏။ ထိုနေ့၌သာ ခုနစ်ကြိမ်တိုင်အောင်
မြို့ကို လှည့်ပတ်ရ ကြ၏။ [16] သတ္တမအကြိမ်တွင် ယဇ်ပုရောဟိတ်တို့သည် တံပိုးမှုတ်သောအခါ၊ ယောရှုက၊ ကြွေးကြော်ကြလော့။
ထာဝရဘုရားသည် သင်တို့အား မြို့ကို ပေးတော်မူမည်။ [17] မြို့နှင့်တကွ မြို့၌ရှိသမျှတို့ကို ကျိန်၍ ထာဝရ ဘုရား၌ အပ်ရမည်။
သို့ရာတွင် ပြည်တန်ဆာရာခပ်သည် ငါတို့စေလွှတ်သော တမန်တို့ကို ဝှက်ထားသောကြောင့်၊ သူနှင့်တကွ သူ၏အိမ်၌ ရှိသမျှတို့အား
အသက်ချမ်းသာ ပေးရမည်။ [18] သင်တို့သည် ကျိန်အပ်သောအရာကို သတိနှင့် ရှောင်ကြလော့။ သို့မဟုတ် ထိုအရာကို သိမ်းယူလျှင်
မိမိ တို့ကိုငင်း၊ ဣသရေလတပ်ကိုငင်း အကျိန်ခံစေ၍၊ နှောင့် ရှက်မည်ကို စိုးရိမ်စရာရှိ၏။ [19] ရွှေငွေကိုငင်း၊ ကြေးဝါတန်ဆာ၊
သံတန်ဆာရှိ သမျှတို့ကိုငင်း၊ ထာဝရဘုရားအဘို့ သန့်ရှင်းစေ၍၊ ဘဏ္ဍာတော်ထဲသို့ သွင်းထားရကြမည်ဟု လူများတို့အား ယောရှုသည်
မှာထားလေ၏။ [20] ထိုသို့နှင့်အညီ တံပိုးကိုမှုတ်၍၊ လူများတို့သည် ကြွေးကြော်ကြ၏။ တံပိုးသံကို ကြား၍ ကျယ်သောအသံ နှင့်
ကြွေးကြော်ကြသောအခါ၊ မြို့ရိုးသည် အကုန်အစင် ပြိုလဲ၍၊ လူများအပေါင်းတို့သည် မြို့ထဲသို့ တည့်တည့်ဝင် ပြီးလျှင်
သိမ်းယူကြ၏။ [21] မြို့ထဲ၌ ရှိသမျှသော ယောကျ်ား၊ မိန်းမ၊ အကြီး အငယ်၊ သိုး၊ နွား၊ မြည်းရှိသမျှတို့ကို ထားနှင့် ရှင်းရှင်းဖျက်
ဆီးကြ၏။ [22] ထိုပြည်ကို စူးစမ်းသော လူနှစ်ယောက်တို့အား ယောရှုက၊ သင်တို့သည် ကျိန်ဆိုသည်အတိုင်း၊ ပြည်တန်
ဆာမိန်းမအိမ်သို့ သွား၍၊ သူနှင့်တကွ သူ၌ရှိသမျှတို့ကို ဆောင်ခဲ့ကြလော့ဟု မှာလိုက်သည်အတိုင်း၊ [23]
တံလျှိုလုပ်သောလုလင်တို့သည် ဝင်၍၊ ရာခပ် နှင့်သူ့မိဘ၊ သူ့မောင်များ၊ သူ၌ရှိသမျှတို့ကိုငင်း၊ သူ့ပေါက် ဘော်အပေါင်းတို့ကိုငင်း
ထုတ်ဆောင်ခဲ့၍၊ ဣသရေလတပ် ပြင်မှာ ထားပြီးလျှင်၊ [24] မြို့နှင့်တကွ မြို့၌ရှိသမျှတို့ကို မီးရှို့ကြ၏။ သို့ရာ တွင် ရွှေငွေကိုငင်း၊
ကြေးဝါတန်ဆာ၊ သံတန်ဆာတို့ကိုငင်း၊ ထာဝရဘုရား၏ ဘဏ္ဍာတော်ထဲသို့ သွင်းထားကြ၏။ [25] ယောရှုသည်လည်း၊ ပြည်တန်ဆာ
ရာခပ်နှင့် သူ့ပေါက်ဘော်၊ သူ၌ရှိသမျှတို့ကို အသက်ချမ်းသာပေး၍၊ သူသည် ဣသရေလအမျိုးသားတို့တွင် ယနေ့တိုင်အောင်
နေရလေ၏။ အကြောင်းမူကား၊ ယေရိခေါမြို့ကို စူးစမ်း စေခြင်းငှါ၊ ယောရှုစေလွှတ်သော တမန်တို့ကို သူသည်
ဝှက်ထားသောကြောင့်တည်း။ [26] ထိုအခါ ယောရှုက၊ အကြင်သူသည် ထ၍ ယေရိခေါမြို့ကို တည်ပြန်၏။ ထိုသူသည် ထာဝရဘုရား
ရှေ့တော်၌ ကျိန်အပ်သောသူဖြစ်ပါစေ။ သူသည် သားဦး လက်ထက်၌ မြို့ရိုးအမြစ်ကိုတည်၍ သားထွေးလက်ထက် ၌ မြို့တံခါးတို့ကို
ထောင်ပါစေဟု ကျိန်ဆို၏။ [27] ထိုသို့ ထာဝရဘုရားသည် ယောရှုနှင့်အတူ ရှိတော်မူ၍၊ သူ၏ သိတင်းသည် တပြည်လုံး၌ နှံ့ပြားကျော်
စောလေ၏။

 generated on Tue Jul 2 12:50:28 2024

Joshua 01

ထိုအခါ
ဤစကားလုံးသည် အဓိက ပုံပြင်ထဲ၌ ခြားနားသည့် အမှတ်အသားလုပ်ရန် သုံးထားခြင်းဖြစ်သည်။ ဤနေရာတွင် ဘာအကြောင်းကြောင့် ယေရိခေါ တံခါးတွေကို ပိတ်ကြသည်ကို ဇာတ်ကြောင်းပြန်သူက ပြောသည်။

ယေရိခေါမြို့၊ ယေရိခေါမင်းကြီးနှင့်တကွ ခွန်အားကြီးသော စစ်သူရဲတို့ ကို သင့်လက်၌ ငါအပ်လေပြီ
ထာဝရဘုရားသည် ဤကဲ့သို့ အမှန်တကယ်လုပ်မည့်အကြောင်းကို ယောရှုထံသို့ ဤနည်းဖြင့် ပြောခြင်းဖြစ်သည်။

သင့်လက်၌
သင်၏ "အုပ်စိုးခြင်းအောက်၌" ဟု အဓိပ္ပါယ်ရှိသည်။

Joshua 03

ဆက်စပ်မှုဖော်ပြချက်
လူတို့လုပ်ရမည့် အရာကို ဆက်လက်၍ ဘုရားသခင်က ယောရှုထံ ပြောသည်။

ခြောက်ရက်ပတ်လုံးလှည့်ပတ် ခြင်းအမှုကို ပြုရကြမည်
"ဤဟာကို တစ်နေ့ တစ်ခါ၊ ခြောက်ရက်အတွင်း၊ နေ့တိုင်းလုပ်ရမည်"

ယဇ်ပုရောဟိတ်ခုနစ်ယောက်တို့သည် သေတ္တာ တော်ရှေ့မှာ ယုဘိလတံပိုးခုနစ်လုံးကို ဆောင်ရကြမည်
ယဇ်ပုရောဟိတ်ခုနစ်ယောက်တို့သည် သေတ္တာထမ်းသော ယဇ်ပုရောဟိတ်တို့၏ရှေ့တွင် လျှောက်၍ မြို့ကိုပတ်ကြရန်ဖြစ်သည်။

Joshua 05

ဆက်စပ်မှုဖော်ပြချက်
လူတို့လုပ်ရမည့် အရာကို ဆက်လက်၍ ဘုရားသခင်က ယောရှုထံ ပြောသည်။

သူတို့သည် ယုဘိလတံပိုးတို့ကို ရှည်သောအသံနှင့် မှုတ်ရမည်
"သူတို့" ဟူသော စကားလုံးသည် ယဇ်ပုရောဟိတ်ခုနစ်ယောက်တို့ကို ရည်ညွှန်းသည်။ "ယုဘိလတံပိုး" သည် ယဇ်ပုရောဟိတ်တို့ မှုတ်သည့် ဦးချိုဖြင့် လုပ်သော တံပိုးခရာဖြစ်သည်။ (၆း၃)

မြို့ရိုး
"မြို့၏အပြင် ခြံစည်းရိုး" သို့မဟုတ် "မြို့ကို ပတ်ပတ်လည်ကာထားသော ခြံစည်းရိုး"

Joshua 06

နန်
ယောရှု၏ ဖခင်ဖြစ်သည်။

ပဋိညာဉ် သေတ္တာတော်ကို ထမ်း သွားသဖြင့်
"ပဋိညာဉ် သေတ္တာတော်ကို ယူ သွားသဖြင့်"

Joshua 08

ထာဝရဘုရားရှေ့တော်၌
ဖြစ်နိုင်ဘွယ် အဓိပ္ပါယ်များမှာ၊

ယဇ်ပုရောဟိတ်များ တံပိုးမှုတ် လျက်
"သူတို့သည် တံပိုးကို ကျယ်လောင်စွာ မှုတ်ကြလျှက်" သို့မဟုတ် "ယဇ်ပုရောဟိတ်တို့သည် ယုဘိလတံပိုး ကိုမှုတ်ကြလျှက်"

ထာဝရဘုရား၏ ပဋိညာဉ်သေတ္တာ တော်သည် သူတို့နောက်သို့ လိုက်လေ၏
ပဋိညာဉ်သေတ္တာတော် သယ်သောသူများကို ရှင်းလင်းစွာ ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ချက်၊ "ထာဝရဘုရား၏ ပဋိညာဉ်သေတ္တာတော်ကို သယ်သော ယဇ်ပုရောဟိတ်များ"။

Joshua 10

သင်တို့၏ ပါးစပ်မှ အသံတစုံတခုမှ မထွက်စေရ
တစုံတယောက်သောသူ၏ ပါးစပ်မှအသံထွက်ခြင်းသည်၊ ထိုသူ၏ စကားပြောခြင်းကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ချက်၊ "စကားမပြောရ" သို့မဟုတ် "မဆူညံရ"။

ယောရှုသည် လူတို့အား မှာထားတော်မူ၏
မြို့ရိုးကို ပတ်၍ မလျှောက်ခင် ယောရှုသည် လူများကို မှာထားတော်မူ၏။ အခြားသောဘာသာပြန်ချက်၊ "ယောရှုသည် လူများအား မှာထား၏"။

Joshua 12

တံပိုးခုနစ်လုံးကို ဆောင်သော ယဇ်ပုရောဟိတ် ခုနစ် ယောက်
"တံပိုး ၇ ခု ..... ယဇ်ပုရောဟိတ် ၇ ယောက်"

တံပိုးမှုတ်ကြ လျက်
သူတို့၏ တံပိုးများမှုတ်ကြလျှက်၊ အကြိမ်ပေါင်းများစွာ ကျယ်လောင်သောအသံကို ပြုကြသည်ဟု အဓိပ္ပါယ်ရသည်။ အခြားသောဘာသာပြန်ချက်၊ "တံပိုးကို ကျယ်လောင်စွာ မှုတ်ကြသည်" သို့မဟုတ် "ယုဘိလတံပိုးကို ဆက်၍ မှုတ်ကြသည်"။

ဒုတိယနေ့
နောက်တနေ့


generated on Tue Jul 2 12:50:28 2024

ထိုသို့ ပြုကြ၏

ဣသရေလအမျိုးတို့သည် ယေရိခေါမြို့ကို တစ်နေ့တစ်ခါ ပတ်ကြသည်။

ခြောက်ရက်

"၆ ရက်" (ရှု၊ ranslate_numbers)

Joshua 15

လူများ

ဣသရေလအမျိုးကို ရည်ညွှန်းသည်။

ပိုးမှုတ်ကြ လျက်

"ကျယ်လောင်စွာ တံပိုးများကို မှုတ်ကြ၏" သို့မဟုတ် " ယုဘိလ တံပိုးများကို မှုတ်ကြ၏"။

ထာဝရဘုရားသည် သင်တို့အား ပေးတော်မူ၏

ထာဝရဘုရားသခင်သည် မြို့ကို သူတို့ထံ ပေးမည်မှာ သေချာကြောင်းကို ယောရှုအား ပြောခြင်းဖြစ်သည်။

သင်တို့အား ပေးတော်မူပြီ

"သင်" ဟူသော စကားလုံးသည် ဣသရေလအမျိုး အားလုံးကို ရည်ညွှန်းခြင်းဖြစ်သည်။

Joshua 17

ဆက်စပ်မှုဖော်ပြချက်

ယေရှုသည် ဣသရေလအမျုးတို့အား ဆက်လက်မိန့်မှာတော်မူ၏။

မြို့နှင့်တကွ မြို့၌ရှိသမျှတို့ကို ဖျက်စီးခြင်းငှာ ထာဝရ ဘုရား၌ အပ်ရမည်

အခြားသောဘာသာပြန်ချက်၊ "မြို့နှင့်တကွ မြို့၌ ရှိသမျှတို့ကို ဖျက်စီးခြင်းငှာ သင်သည် ထာဝရ ဘုရား၌ အပ်ရမည်" သို့မဟုတ် "သင်သည် မြို့နှင့်တကွ မြို့၌ ရှိသမျှတို့ကို ဖျက်ဆီး၍ ထာဝရ ဘုရား၌ အပ်ရမည်"။

ရှိသမျှကိုယူရာ၌ သတိနှင့် ရှောင်ကြလော့

သူတို့ကိုသူတို့ စောင့်ရှောက်ကြရန် သတိရှိခြင်းအကြောင်းကို ပြောသည်။ "ရှိသမျှကို မယူကြရန် သတိနှင့် ရှောင်ကြလော့"

သင်တို့သည် အကျိန်ခံခြင်းကို ဖြစ်စေပေါ်စေလိမ့်မည်

မကောင်းသော လုပ်ရပ်ကို လုပ်ခြင်းအားဖြင့် မြို့သို့ ရောက်ရှိလာမည့် မကောင်းသောကျိန်ဆိုခြင်းအကြောင်းကို ပြောခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ချက်၊ "သင်တို့ကြောင့် ပျက်စီးခြင်းသည် ဤနေရာ၌ ရောက်လာမည်"။

ထာဝရဘုရားအဘို့ ဘဏ္ဍာတော်

ထာဝရဘုရားကို ကိုးကွယ်ဘို့ အလို့ငှာ ရွေးချယ်ထားသော အရာများ ဖြစ်သည်။

Joshua 20

လူများတို့သည် ကြွေးကြော်ကြ၏

ဣသရေလ အမျိုးသားတို့သည် ကြွေးကြော်ကြ၏။

တံပိုးကို မှုတ်ကြ၏

"တံပိုးသံကို ကျယ်သောအသံ နှင့်မှုတ်ကြ၏" သို့မဟုတ် "ယုဘိလ တံပိုးများကို မှုတ်ကြ၏"။

သူတို့သည် ရှင်းရှင်းဖျက် ဆီးကြ၏

သူတို့ဟူသည် ဣသရေလစစ်သားများကို ပြောခြင်း ဖြစ်သည်။

Joshua 23

မီးရှို့ကြ၏

ဣသရေလအမျိုး စစ်တပ်များ၏ လုပ်ရပ်ကို ရည်ညွှန်းသည်။ ရာခပ်နှင့် သူ၏ မိသားစုဝင်ကို ကယ်သော လုလင်နှစ်ဦးကိုသာ ရည်ညွှန်းသည် မဟုတ်ပါ။

Joshua 25

သူမသည် ဣသရေလအမျိုးသားတို့ နေထိုင်ရာဒေသ၌ နေလေ၏

သူမ၊ ဟူသောစကားလုံးသည် ရာခပ်နှင့် သူမ၏ သားစဉ်မြေးဆက်များကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ချက်၊ "သူမ၏ သားစဉ်မြေးဆက်တို့သည် ဣသရေလအမျိုးသားများနေရာ အရပ်၌ နေလေ၏"။

ယနေ့တိုင်အောင်

မူရင်းစာရေးသူ၏ ရေးသားချက်အရ ရာခပ်နှင့် သူမ၏ သားစဉ်မြေးဆက်တို့သည် ဣသရေလအမျိုးသားများနေထိုင်ရာအရပ်၌ "အခု" သို့မဟုတ် "ယနေ့တိုင်" နေထိုင်ကြ၏။

Joshua 26

ယေရိခေါမြို့ကို ပြန်တည်သောသူသည် ထာဝရဘုရား ရှေ့တော်၌ ကျိန်အပ်သောသူဖြစ်ပါစေ

ထာဝရဘုရား ရှေ့တော်၌ ကျိန်ခြင်းကို ခံသောသူသည် ထာဝရဘုရား၏ ကျိန်ခြင်း ခံသောသူ ဖြစ်၏။ အခြားသောဘာသာပြန်ချက်၊ "မြို့ကို ပြန်တည်သောသူသည် ထာဝရဘုရား၏ ကျိန်ခြင်းကို ခံစေ"။

သူ၏သားဦးလက်ထက်၌ မြို့ရိုးအမြစ်ကိုသူ တည်လိမ့်မည်

ယေရိခေါမြို့ကို တည်သောသူ၏ အကျိုးဆက်သည် သားဦးသေခြင်း ဖြစ်သည်။ မြို့ကို ပြန်လည်တည်သောသူ၏ အဖိုးအခကို ပြောခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ချက်၊ "မြို့ရိုးကို တည်သောသူသည် သူ၏ သားဦးကို ဆုံးရှုံးလိမ့်မည်" သို့မဟုတ် "မြို့ရိုးကိုတည်သောသူတွင် သူ၏သားဦး သေလိမ့်မည်"။



generated on Tue Jul 2 12:50:28 2024

သူ၏ သားထွေးလက်ထက်၌ မြို့တံခါးတို့ကို သူထောင်လိမ့်မည်
ယေရိခေါမြို့တံခါးကို တည်သောသူ၏ အကျိုးဆက်သည် သားထွေးသေခြင်းဖြစ်သည်။ မြို့တံခါးကို ပြန်လည်တည်သောသူ၏ အဖိုးအခကို ပြောခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ချက်၊ "မြို့တံခါးကို တည်သောသူသည် သူ၏ သားထွေးကို ဆုံးရှုံးလိမ့်မည်" သို့မဟုတ် "မြို့တံခါးကို တည်သောသူသည် သူ၏ သားထွေး သေလိမ့်မည်"။

သူ၏ သိတင်းသည် တပြည်လုံး၌ နံ့ပြားကျော် စောလေ၏
ဤနေရာ၌ "ပါးစပ်" ဟူသောစကားလုံးသည် ဒေသိယစကားဖြစ်ပြီး "ဝင်ပေါက်" ဟု အဓိပ္ပါယ်ရသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လှိုဏ်ခေါင်း၏ ဝင်ပေါက်ကို ဖွင့်ပြီး"။

ယာမုတ်၊ လာခိရှ၊ ဧဂလုန်
နေရာဒေသ၏ အမည်များဖြစ်ကြသည်။

Joshua 24

ဣသရေလလူအပေါင်း
ဣသရေလစစ်သည်တော် အားလုံး။

Joshua 26

ယနေ့တိုင် အောင်
"စာရေးသူသည် ဤပုံပြင်ကို ရေးနေသည့် အချိန်အထိ"


generated on Tue Jul 2 12:50:28 2024

Joshua 28

မက္ကဒါ
မြို့၏ အမည်ဖြစ်သည်။

ယောရှုသည် မက္ကဒါမြို့ကို တိုက်ယူ၍ မြို့နှင့် မင်းကြီးကို ထားနှင့်လုပ်ကြံပြီးလျှင်၊ မြို့သားအပေါင်းတို့ကို တယောက်မျှ မကျန်ကြွင်းရဘဲ ရှင်းလင်းဖျက်ဆီးလေ၏
ယောရှုသည် တစ်စုံတစ်ယောက်မျှမချန်ဘဲ အကုန်လုံး သတ်ပစ်သည်ကို ဒုတိယစာကြောင်းအားဖြင့် ဖော်ပြထားသည်။

Joshua 29

လိဗန
မြို့ အမည်ဖြစ်သည်။

Joshua 31

လိဗန၊ လာခိရှ
မြို့များ၏ အမည်များဖြစ်ကြသည်။

ဣသရေလလူတို့ လက်၌
ဤစာပိုဒ်၌ "ဣသရေလလူတို့ လက်၌" ဟူသည် "ဣသရေလအမျိုးတို့ထံသို့ ထိန်းချုပ်မှုကို ပေးအပ်ခြင်း" ဟုအဓိပ္ပါယ်ရသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် လာခိရှကို ဣသရေလအမျိုးတို့၏ ထိန်းချုပ်ခြင်းအောက်၌ ပေးတော်မူ၏"။

Joshua 33

ဟောရံ
အရေးပါသော ရှင်ဘုရင်တစ်ပါး၏ အမည်ဖြစ်သည်။

ဂေဇာ၊ လာခိရှ
မြို့များ၏ အမည်များဖြစ်ကြသည်။

Joshua 34

လာခိရှ၊ ဧဂလုန်
မြို့များ၏ အမည်များဖြစ်ကြသည်။

ထားနှင့်လုပ်ကြံ၍၊ တနေ့ခြင်းတွင် ရှင်းရှင်းဖျက်ဆီးကြ၏
ဤစာပိုဒ်နှစ်ခုသည် အဓိပ္ပါယ်တူညီကြသည်။ ဧဂလုန်မြို့၏ အပြီးအပိုင်ပျက်စီးခြင်းကို အတူတကွ ဖေါ်ပြထားသည်။

Joshua 36

ဧဂလုန်
မြို့တစ်မြို့၏ အမည်ဖြစ်သည်။

တယောက်မျှ မကျန် ကြွင်းရဘဲ ထားနှင့်လုပ်ကြံ၍၊ မြို့နှင့်မြို့သားအပေါင်းတို့ကို ရှင်းရှင်းဖျက်ဆီးကြ၏
ဤစာပိုဒ်နှစ်ခုသည် အဓိပ္ပါယ်တူညီ၍ ဟေဗြုန်မြို့ကို ဖျက်ဆီးခြင်းအကြောင်းကို ဖော်ပြသည်။

Joshua 38

ဒေဗိရ၊ လိဗန
မြို့များ၏ အမည်များဖြစ်ကြသည်။ (ရှု၊ ranslate_names)

ထားနှင့်လုပ်ကြံသဖြင့်
ထား၊ ဟူသောစကားလုံးသည် ဣသရေလအမျိုးကို ရည်ညွှန်း၍ လုပ်ကြံ၊ ဟူသောစကားလုံးသည် အသေသတ်ပစ်ခြင်းနှင့် ဖျက်ဆီးခြင်းကို ရည်ညွှန်းသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "အသေသတ်၍ ဖျက်ဆီးကြသည်"။

Joshua 40

မင်းကြီးအပေါင်းတို့ကို လုပ်ကြံ၍၊ အသက်ရှင်သောသူတယောက်မျှ မကျန်ကြွင်း ရဘဲ ရှင်းရှင်းဖျက်ဆီးလေ၏
ဤစာပိုဒ်နှစ်ခုသည် အဓိပ္ပါယ်တူညီ၍ ဣသရေလအမျိုးတို့သည် ထာဝရဘုရားက မှာထားတော်မူသည့်အတိုင်း ပြီးမြောက်ခြင်းကို ဖော်ပြသည်။

Joshua 42

ယောရှုသည် ထိုပြည်သားများနှင့်တကွ မင်းကြီးအပေါင်းတို့ကို တခါတည်း အောင်လေ၏
ဤအရာသည် အစ၌ ၁၀း၂၈ တွင် ဖော်ပြထားသော ရှင်ဘုရင်များနှင့် ပြည်များကို ရည်ညွှန်းသည်။

ယောရှုသည် အောင်လေ၏
ဤနေရာ၌ ယောရှု၊ ဟူသောစကားလုံးသည် ဣသရေလစစ်သည်တော် အားလုံးကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယောရှုနှင့် သူ၏ စစ်သည်တော်များသည် အောင်လေ၏"။

တခါတည်း
တခါတည်း၊ ဆိုသည်မှာ တစ်နေ့တည်းကို ဆိုလိုခြင်းမဟုတ်ပါ။ စစ်သည်တော်များ၏ တပ်တစ်ကြိမ် ချရသော အတောအတွင်းကို ဆိုလိုသည်။


generated on Tue Jul 2 12:50:28 2024

# Translation Questions

## Joshua 10:1

ယေရုရှလင်မြို့သားတို့သည် ဂိဗောင်မင်းကြီး ဣသရေလလူများနှင့် မိသဟာယ ပြုကြောင်းကြားသောအခါ အဘယ်ကြောင့် ကြောက်ရွံ့ကြသနည်း။

ဂိဗောင်မြို့သည် မြို့ကြီးဖြစ်၍၊ အာဣမြို့ထက်ကြီးသော သားယောကျာ်းနှင့် ခွန်အားပြည့်သောသူများ ရှိသော်လည်း ဣသရေလနှင့် မိသဟာယ ဖွဲ့သောကြောင့် ယေရုရှလင် မြို့သားတို့သည် ကြောက်ရွံ့ကြပါသည်။

## Joshua 10:3

ယေရုရှလင်မင်းကြီးသည် အခြားသောဘုရင်များကို မည်သို့ တောင်းဆိုခဲ့သနည်း။

သူ့ကို လာရောက်ကူညီရန်နှင့် ဂိဗောင်မင်းအား သူနှင့် အတူ တိုက်ခိုက်ရန် အကူညီတောင်းခံခဲ့သည်။

## Joshua 10:5

ဘုရင်များ မည်ကဲ့သို့ တုန့်ပြန်ခဲ့ကြသနည်း။

သူတို့သည် သူတို့စစ်တပ်အင်အားဖြင့် လာရောက်ကူညီပြီး ဂိဗောင်မြို့ကို တိုက်ခိုက်ကြသည်။

## Joshua 10:6

ဘုရင်များစစ်ချီလာသည်ကို ဂိဗောင်မြို့သားတို့ တွေ့သော် မည်သည့်အမှုကို လုပ်ဆောင်ခဲ့ကြသနည်း။

ဂိဗောင်မြို့သားတို့သည် ယောရှုထံသို့ လူလွှတ်၍ သူတို့အား ကယ်တင်ရန် အကူညီတောင်းသည်။

## Joshua 10:8

ထာဝရဘုရားက ယောရှုအား မည်ကဲ့သို့ ပြောခဲ့သနည်း။

ထာဝရဘုရားသည် ယောရှုအား ထိုဘုရင်တို့ကို သူ၏ လက်၌ အပ်မည် ဟု ပြောခဲ့သည်။

## Joshua 10:11

ထာဝရဘုရားသည် အများစုသော ရန်သူတို့ကို မည်ကဲ့သို့ သတ်ခဲ့သနည်း။

ထာဝရဘုရားသည် သူတို့အား ဣသရေလလူတို့ရှေ့မှာ ကြီးစွာသော မိုးသီးကို ချ၍ ဣသရေလဓားနှင့် သေသောသူ သာ၍များသည်။

## Joshua 10:12

ဣသရေလတို့လက်ထဲသို့ ရန်သူကို အပ်နှင်းပြီးနောက် ယောရှုသည် ထာဝရဘုရားအား မည်သို့ ဆုတောင်းခဲ့သနည်း။

ယောရှုသည် ထာဝရဘုရားထံသို့ ဆုတောင်းခဲ့သည်မှာ နေကို ဂိဗောင်မြို့၌ တည်နေစေပြီး လကို အာယလုန်ချိုင့်၌ တည်နေစေရန် ဖြစ်သည်။

## Joshua 10:15

ဘုရင်ငါးပါးမည်ကဲ့သို့ ဖြစ်နေသနည်း။

ဘုရင်ငါးပါးသည် မက္ကဒါလိုဏ်ခေါင်း၌ ပုန်းလျက်နေကြသည်။

## Joshua 10:20

ထိုဘုရင်တို့၏ စစ်တပ်သည် မည်ကဲ့သို့ ဖြစ်ခဲ့ကြသနည်း။

ဣသရေလလူများသည် အများစုသောရန်သူတို့အား သတ်ဖြတ်နိုင်ခဲ့သည်။ မသေသောသူအနည်းစုသာ ထွက်ပြေးလွတ်မြောက်ခဲ့ကြသည်။

## Joshua 10:26

မက္ကဒါ၌ ပုန်းအောင်းနေသော ဘုရင်ငါးပါးတို့၌ မည်ကဲ့သို့ ဖြစ်ခဲ့သနည်း။

ဂူထဲတွင် ပုန်းအောင်းနေသော ထိုဘုရင်ငါးပါးသည် ယောရှုရှေ့သို့ ခေါ်လာပြီး အသေသတ်ကာ နေမဝင်ခင်အထိ အလောင်းကို သစ်ပင်၌ ချိတ်ဆွဲထားပြီးနောက် ဂူထဲ၌ ပစ်ထားခဲ့သည်။

## Joshua 10:40

ယောရှုနှင့် ဣသရေလစစ်သူရဲတို့ တောင်ပေါ်အရပ်တောင်မျက်နှာအရပ်၊ ချိုင့်ထဲအရပ်၊ စမ်းရေတွင်းအရပ်ရှိသမျှတို့၌ မည်သည့်အရာကို လုပ်ဆောင်ခဲ့သနည်း။

ယောရှုနှင့် ဣသရေလစစ်သူရဲတို့သည် ထိုအရပ်တို့ရှိသော ဘုရင်အားလုံးကို အောင်နိုင်ပြီး အသက်ရှင်ကျန်သူ မထားရစ်ခဲ့ပါ။

## Joshua 10:42

အဘယ်ကြောင့် ယောရှုနှင့် သူ၏လူတို့သည် ထိုဘုရင်နှင့် သူတို့ပြည်တို့ကို သိမ်းယူရာ၌ အောင်နိုင်ခဲ့သနည်း။

ထာဝရဘုရားသည် ဣသရေလဘက်၌ တိုက်ခိုက်သောကြောင့် ထိုဘုရင်နှင့် သူတို့ပြည်တို့ကို သိမ်းယူရာ၌ အောင်နိုင်ခဲ့သည်။

## Chapter 11

1 ထိုသိတင်းကို ဟာဇော်မင်းကြီးယာဘိန်သည် ကြားသောအခါ၊ မာဒုန်မင်းကြီးယောဗပ်၊ ရှိမြန်မင်းကြီး အာခရှပ်မင်းကြီးတို့ထံသို့၎င်း၊
2 တောင်ရိုး မြောက်ဘက်အရပ်၊ ဂနေသရက်မြို့ တောင်ဘက်လွင်ပြင်အရပ်၊ ချိုင့်ထဲအရပ်၊ အနောက်မျက် နှာ ဒေါရပြည်နယ်၌ရှိသော
မင်းကြီးများထံသို့၎င်း၊ 3 အရှေ့အနောက်၌နေသော ခါနနိလူ၊ တောင် ပေါ်မှာနေသော အာမောရိလူ၊ ဟိတ္တိလူ၊ ဖေရဇိလူ၊ ယေဗု သိလူ၊
မိဇပါပြည်၊ ဟေရမုန်တောင်ခြေရင်း၌နေသော ဟိဝိလူတို့ရှိရာသို့၎င်း စေလွှတ်၍၊ 4 ထိုမင်းကြီးများတို့သည် အရေအတွက်အားဖြင့်
သမုဒ္ဒရာသဲလုံးနှင့်အမျှ အလွန်များစွာသော ဗိုလ်ပါ အပေါင်း၊ မြင်းများ၊ ရထားများအပေါင်းတို့နှင့်တကွ ထွက် လာကြ၏။ 5
ထိုမင်းကြီးအပေါင်းတို့သည် စည်းဝေးလျက်၊ ဣသရေလအမျိုးကို တိုက်ခြင်းငှါ ချီလာ၍၊ မေရုံအိုင်နား မှာ တစုတည်း
တပ်ချလျက်နေကြ၏။ 6 ထာဝရဘုရားကလည်း၊ သူတို့ကို မကြောက်နှင့်။ ငါသည် နက်ဖြန်နေ့ ယခုအချိန်၌ ဣသရေလအမျိုးရှေ့ မှာ၊
ထိုသူအပေါင်းတို့ကို အသေအပ်မည်။ မြင်းတို့၏ ခြေကြောကို ဖြတ်ရမည်။ ရထားတို့ကို မီးရှို့ရမည်ဟု ယောရှုအား မိန့်တော်မူ၏။ 7
ယောရှုသည်လည်း၊ မိမိစစ်သူရဲအပေါင်းတို့နှင့် တကွ မေရုံအိုင်နားသို့ အမှတ်တမဲ့ စစ်ချီ၍ တိုက်လေ၏။ 8 ထာဝရဘုရားသည်
သူတို့ကို ဣသရေလ အမျိုး သားတို့လက်၌ အပ်တော်မူသဖြင့်၊ သူတို့ကို လုပ်ကြံ၍ ဇိဒုန်ရဗ္ဗာမြို့၊ မိသရဖေါသမိမ်မြို့ အရှေ့မျက်နှာ
မိဇပါ ချိုင့်တိုင်အောင် လိုက်၍ တယောက်ကိုမျှ မကျန်ကြွင်းစေ ခြင်းငှါ လုပ်ကြံကြ၏။ 9 ထာဝရဘုရား မှာထားတော်မူသည်အတိုင်း၊
ယောရှုသည် မြင်းတို့၏ ခြေကြောကို ဖြတ်၍ ရထားတို့ကို မီးရှို့လေ၏။ 10 ထိုအခါ ယောရှုသည် ပြန်၍ ဟာဇော်မြို့ကို တိုက်ယူသဖြင့်၊
မင်းကြီးကို ထားနှင့်ကွပ်မျက်လေ၏။ ရှေးကာလ၌ ဟာဇော်မြို့သည် ထိုပြည်များတို့ကို အုပ်စိုးရ သတည်း။ 11
ထိုမြို့သူမြို့သားအပေါင်းတို့ကို ထားနှင့်ကွပ် မျက်သဖြင့် တယောက်ကိုမျှ အသက်ရှင်စေခြင်းငှါမထား။ ရှင်းရှင်းဖျက်ဆီး၍
မြို့ကိုလည်း မီးရှို့လေ၏။ 12 ထာဝရဘုရား၏ကျွန် မောရှေမှာထားသည် အတိုင်း၊ ထိုမင်းကြီးများအစိုးရသော မြို့ရှိသမျှတို့နှင့်
မင်းကြီးအပေါင်းတို့ကို ယောရှုတိုက်ယူ၍ ထားနှင့်လုပ်ကြံ သဖြင့် ရှင်းရှင်းဖျက်ဆီးလေ၏။ 13 သို့ရာတွင်၊ ဟာဇော်မြို့မှတပါး၊
တောင်ပေါ်၌ တည်သောမြို့တို့ကို ဣသရေလလူတို့သည် မီးမရှို့ကြ။ ဟာဇော်မြို့ တမြို့ကိုသာ ယောရှုမီးရှို့သတည်း။ 14 ထိုမြို့များ၌
လက်ရဥစ္စာနှင့် တိရစ္ဆာန်ရှိသမျှတို့ ကို ဣသရေလလူတို့သည် ကိုယ်အဘို့ သိမ်းယူကြ၏။ လူတို့ကို မဖျက်ဆီးမှီတိုင်အောင်
ရှိသမျှတို့ကို ထားနှင့် လုပ်ကြံကြ၏။ တယောက်ကိုမျှ အရှင်မကျန်ကြွင်းစေကြ။ 15 ထာဝရဘုရားသည် မိမိကျွန်မောရှေကို မှာထား
တော်မူသည်အတိုင်း၊ မောရှေသည် ယောရှုကို ဆင့်ဆို၏။ ယောရှုလည်း ထိုသို့ ပြုလေ၏။ ထာဝရဘုရားသည် မောရှေကို
မှာထားတော်မူသမျှသောအမှု တစုံတခုကို လှုပ်၍မထား။ 16 ထိုသို့ စိရလမ်းတွင်ရှိသော ဟာလက်တောင်မှ စ၍
ဟေရမုန်တောင်ခြေရင်း၊ 17 လေဗနုန်ချိုင့်၌ရှိသော ဗာလဂဒ်မြို့တိုင်အောင်၊ တောင်ပေါ်အရပ်၊ တောင်မျက်နှာအရပ်၊ ဂေါရှင်ပြည်၊
ချိုင့်များ၊ လွင်ပြင်များ၊ ဣသရေလတောင်၊ ဣသရေလ ချိုင့်နှင့်တကွ ထိုပြည်အလုံးစုံကို ယောရှုသည် သိမ်းယူ၍၊
မင်းကြီးအပေါင်းတို့ကို အောင်သဖြင့် လုပ်ကြံကွပ်မျက် လေ၏။ 18 ထိုမင်းကြီးအပေါင်းတို့ကို ကာလကြာမြင့်စွာ စစ် တိုက်ရ၏။ 19
ဟိဝိလူ၊ ဂိဗောင်မြို့သားမှတပါး ဣသရေလ အမျိုးသားတို့နှင့် မိဿဟာယဖွဲ့သော မြို့တမြို့မျှမရှိ။ အခြားသော မြို့ရှိသမျှတို့ကို
တိုက်၍ အနိုင်သိမ်းယူရကြ ၏။ 20 အကြောင်းမူကား၊ ထာဝရဘုရားသည် မောရှေ ကို မှာထားတော်မူသည်အတိုင်း၊ ထိုလူမျိုးတို့ကို
ကျေးဇူး မပြု အကုန်အစင် သုတ်သင်ပယ်ရှင်းစေမည် အကြောင်း၊ သူတို့သည် ဣသရေလအမျိုးသားတို့ကို ဆီး၍ တိုက်ဝံ့
သည်တိုင်အောင် သူတို့စိတ်နှလုံး ခိုင်မာစေခြင်းငှါ ထာဝရ ဘုရားအလိုရှိတော်မူသတည်း။ 21 ထိုကာလအခါ ယောရှုသည် ချီသွား၍၊
အာနက လူတို့ကို တောင်ပေါ်အရပ် ဟေဗြုန်မြို့၊ ဒေဗိရမြို့၊ အာ နပ်မြို့၊ ယုဒတောင်၊ ဣသရေလတောင် ရှိသမျှတို့မှ ပယ် ရှား၍၊
သူတို့မြို့များနှင့်တကွ ရှင်းရှင်းဖျက်ဆီးလေ၏။ 22 ဂါဇမြို့၊ ဂါသမြို့၊ အာဇုတ်မြို့မှတပါး၊ ဣသ ရေလတိုင်းနိုင်ငံတွင်
ကျန်ကြွင်းသော အာနကလူတ ယောက်မျှမရှိ။ 23 ထာဝရဘုရားသည် မောရှေကို မိန့်တော်မူသမျှ အတိုင်း၊ ယောရှုသည်
ထိုပြည်တရှောက်လုံးကို သိမ်းယူ၍ ဣသရေလအမျိုးအနွယ် အသီးသီးတို့အား အမွေပေး သဖြင့်၊ တပြည်လုံးစစ်ငြိမ်းလေ၏။


generated on Tue Jul 2 12:50:28 2024

## Chapter 12

1 ယော်ဒန်မြစ်အရှေ့ နေထွက်ရာဘက်၌၊ အာနုန် မြစ်မှစ၍ ဟေရမုန်တောင်တိုင်အောင်၊ အရှေ့လွင်ပြင်ရှိ သမ္ဘပါလျက်၊
ဣသရေလအမျိုးသားတို့သည် လုပ်ကြံ၍ သိမ်းယူသောပြည်ကို အစိုးရသောမင်းကြီးများ ဟူမူကား၊ 2 အာနုန်မြို့အနားမှာ အာရော်မြို့၊
မြစ်တဝက်၊ ဂိလဒ်ပြည်တဝက်မှစ၍ အမ္မုန်ပြည်စွန်း အပိုင်းအခြား ယဗ္ဗုတ်မြစ်တိုင်အောင်ငင်း၊ 3 အရှေ့မျက်နှာ၌ လွင်ပြင်မှစ၍
ဂနေသရက် အိုင်နှင့် လွင်ပြင်အိုင်တည်းဟူသော သောဒုံအိုင်အရှေ့ ဘက် ဗက်ယေရှိမုတ်မြို့သို့ သွားရာလမ်း၊ အာဇုတ်ပိသဂါ
မြို့အနား၊ တောင်မျက်နှာမှ လာရာလမ်းတိုင်အောင်ငင်း အစိုးရ၍၊ ဟေရှာဘုန်မြို့၌နေသော အာမောရိရှင်ဘုရင် ရှိဟုန်တပါး၊ 4
ဟေရမုန်တောင်နှင့် သာလကပြည်ကိုငင်း၊ 5 ဂေရှုရိလူ၊ မာခါသိလူနေသော ပြည်စွန်းတိုင် အောင် ဗာရှန်ပြည်တရှောက်လုံးကိုငင်း၊
ဟေရှာဘုန် ရှင်ဘုရင် ရှိဟုန်ပိုင်သော နိုင်ငံစွန်းတိုင်အောင် ဂိလဒ် ပြည်တဝက်ကိုငင်း အစိုးရ၍၊ အာရှတရုတ်မြို့၊ ဧဒြေမြို့၌ နေသော
အလွန်ကြီးမားသော လူမျိုးထဲက ကျန်ကြွင်း သောသူ ဗာရှန်ရှင်ဘုရင်ဩဃတပါး၊ 6 ထိုရှင်ဘုရင်နှစ်ပါးကို ထာဝရဘုရား၏ကျွန်
မောရှေနှင့် ဣသရေလအမျိုးသားတို့သည် လုပ်ကြံ၍၊ ထာဝရဘုရား၏ကျွန်မောရှေသည် သူတို့ပြည်ကို ရုဗင် အမျိုး၊ ဂဒ်အမျိုး၊
မနာရှေအမျိုးတဝက်တို့အား အပိုင်ပေး လေ၏။ 7 ယော်ဒန်မြစ်အနောက်ဘက်မှာ လေဗနုန်ချိုင့်၌ ရှိသော ဗာလဂဒ်မြို့မှစ၍၊ 8
စိရလမ်းတွင်ရှိသော ဟာလက်တောင်တိုင် အောင် တောင်ပေါ်အရပ်၊ ချိုင့်ထဲအရပ်၊ လွင်ပြင်အရပ်၊ စမ်းရေတွင်းအရပ်၊ တောအရပ်၊
တောင်မျက်နှာအရပ်၊ ဟိတ္တိလူ၊ အာမောရိလူ၊ ခါနနိလူ၊ ဖေရဇိလူ၊ ဟိဝိလူ၊ ယေဗုသိလူနေရာ၊ ယောရှုနှင့်ဣသရေလအမျိုးသား လုပ်
ကြံ၍၊ ယောရှုသည် ဣသရေလအမျိုးအနွယ် အသီးသီး တို့အား အပိုင်ပေးသောပြည်ကို အစိုးရသောမင်းကြီးများ ဟူမူကား၊ 9
ယေရိခေါမင်းကြီးတပါး၊ ဗေသလမြို့အနားမှာ၊ အာဣမင်းကြီးတပါး၊ 10 ယေရုရှလင်မင်းကြီးတပါး၊ ဟေဗြုန်မင်းကြီး တပါး၊ 11
ယာမုတ်မင်းကြီးတပါး၊ လာခိရှမင်းကြီးတပါး၊ 12 ဧဂလုန်မင်းကြီးတပါး၊ ဂေဇာမင်းကြီးတပါး၊ 13 ဒေဗိရမင်းကြီးတပါး၊
ဂေဒါမင်းကြီးတပါး၊ 14 ဟောမာမင်းကြီးတပါး၊ အာရဒ်မင်းကြီးတပါး၊ 15 လိဗနမင်းကြီးတပါး၊ အဒုလံမင်းကြီးတပါး၊ 16
မက္ကေဒါမင်းကြီးတပါး၊ ဗေသလမင်းကြီးတပါး၊ 17 တာပွါမင်းကြီးတပါး၊ ဟေဖါမင်းကြီးတပါး၊ 18 အာဖက်မင်းကြီးတပါး၊
လာရှရုန်မင်းကြီးတပါး၊ 19 မာဒုန်မင်းကြီးတပါး၊ ဟာဇော်မင်းကြီးတပါး၊ 20 ရှိမရုန်မင်းကြီးတပါး၊ အာခရှပ်မင်းကြီးတပါး၊ 21
တာနက်မင်းကြီးတပါး၊ မေဂိဒ္ဒေါမင်းကြီးတပါး၊ 22 ကေဒေရှမင်းကြီးတပါး၊ ကရမေလတောင်ပေါ်မှာ ယောကနမ်မင်းကြီးတပါး၊ 23
ဒေါရပြည်နယ်မှာ ဒေါရမင်းကြီးတပါး၊ ဂိလဂါ လပြည်မှာ ဂေါအိမ်မင်းကြီးတပါး၊ 24 တိရဇမင်းကြီးတပါး၊ မင်းကြီးပေါင်း သုံးဆယ်
တပါးတည်း။


generated on Tue Jul 2 12:50:28 2024

## Chapter 13

1 ယောရှုသည် အို၍ အသက်ကြီးရင့်သောအခါ၊ ထာဝရဘုရားက၊ သင်သည် အို၍ အသက်ကြီးရင့်ပြီ။ သိမ်းယူရမည့်မြေလည်း
အများကျန်သေး၏။ 2 ကျန်သောမြေဟူမူကား၊ ဖိလိတ္တိပြည်မှစ၍ ဂေရှုရိပြည်တရှောက်လုံး၊ 3 အဲဂုတ္တုပြည်အရှေ့၊ ရှိဟောရမြစ်မှစ၍
မြောက် မျက်နှာ၌ ဧကြုန်မြို့နယ်တိုင်အောင်၊ ခါနနိလူနေသော ပြည်၊ ဖိလိတ္တိမင်းငါးပါးတည်းဟူသော ဂါဇသိလူ၊ အာဇောတိလူ၊
ဧရှကလောနိလူ၊ ဂိတ္တိလူ၊ ဧကြောနိလူနှင့်တကွ၊ အာဝိလူနေသောပြည်၊ 4 တောင်မျက်နှာမှစ၍ အာမောရိပြည် အာဖက် မြို့တိုင်အောင်၊
ခါနနိပြည်တရှောက်လုံးနှင့် ဇိဒုန်ပြည် အနားမှာရှိသော မာရာပြည်၊ 5 နေထွက်ရာဘက်၊ ဟေရမုန်တောင်ခြေရင်း၌ ဗာလဂဒ်မြို့မှစ၍
ဟာမတ်ပြည်အဝင်တိုင်အောင် ဂေဗလပြည်၊ လေဗနုန်ပြည် တရှောက်လုံးကျန်သတည်း။ 6 လေဗနုန်တောင်မှစ၍
မိသရဖေါသမိမ်မြို့တိုင် အောင်၊ တောင်ပေါ်၌နေသောသူနှင့် ဇိဒေါနိလူအပေါင်း တို့ကို ဣသရေလအမျိုးသားရှေ့မှ ငါနှင်ထုတ်မည်။
သို့ဖြစ်၍ ငါမှာထားသည်အတိုင်း စာရေးတံပြုလျက် ထိုမြေကို ဣသရေလလူတို့အား အမွေဝေဖန်လော့။ 7 ယခုမှာ ဤပြည်ကို
ဣသရေလအမျိုးကိုးမျိုးနှင့် မနာရှေအမျိုးတဝက်တို့အား အမွေဝေဖန်လော့။ 8 ရုဗင်အမျိုး၊ ဂဒ်အမျိုး၊ မနာရှေအမျိုးတဝက်တို့ သည်
ယော်ဒန်မြစ်အရှေ့ဘက်၊ မောရှေပေးသည်အတိုင်း မိမိတို့အမွေမြေကို ခံကြပြီဟု မိန့်တော်မူ၏။ 9
ထာဝရဘုရား၏ကျွန်မောရှေပေးသော မြေဟူမူ ကား၊ အာနုန်မြစ်နား၌ရှိသော အာရော်မြို့၊ မြစ်အကွေ့၌ ရှိသမျှသောမြို့တို့နှင့်တကွ၊
ဒိဘုန်မြို့တိုင်အောင် မေဒဘာ လွင်ပြင်တရှောက်လုံး၊ 10 အမ္မုန်ပြည်စွန်းတိုင်အောင်၊ ဟေရှဘုန်မြို့၌ မင်းပြုသော
အာမောရိရှင်ဘုရင်ရှိဟုန် အစိုးရသောမြို့ ရှိသမျှ၊ 11 ဂိလဒ်ပြည်၊ ဂေရှုရိလူ၊ မာခါသိလူနေသောပြည်၊ ဟေရမုန်တောင်ရှိသမျှ၊
သာလကပြည်တိုင်အောင် ဗာရှန် ပြည်တရှောက်လုံး၊ 12 အလွန်ကြီးမားသောလူမျိုးထဲက ကျန်ကြွင်း သောသူ၊ အာရှတရုတ်မြို့၊
ဧဒြိမြို့၌ မင်းပြုသော ဗာရှန် ရှင်ဘုရင်ဩဃ၏ နိုင်ငံတရှောက်လုံးပါသတည်း။ ထိုမင်း တို့ကို မောရှေသည် လုပ်ကြံ၍
ပယ်ရှားလေ၏။ 13 သို့ရာတွင် ဣသရေလလူတို့သည် ဂေရှုရိလူ၊ မာခါသိလူတို့ကို မနှင်ထုတ်ကြ။ ထိုလူမျိုးတို့သည် ယနေ့ တိုင်အောင်
ဣသရေလအမျိုးသားတို့နှင့် အတူနေကြ၏။ 14 လေဝိအမျိုးသား အမွေကိုမပေး။ ဣသရေလ အမျိုး၏ဘုရားသခင်
ထာဝရဘုရားအား မီးဖြင့်ပူဇော် သောယဇ်တို့သည် အမိန့်တော်ရှိသည်အတိုင်း သူတို့အမွေ ဖြစ်သတည်း။ 15 မောရှေသည်၊
ရုဗင်အမျိုးသား အဆွေအမျိုး အသီးသီးတို့အား အမွေပေးသောပြည်များ ဟူမူကား၊ 16 အာနုန်မြစ်နား၌ရှိသော အာရော်မြို့၊ မြစ်အ
ကွေ့၌ ရှိသမျှသောမြို့တို့နှင့်တကွ၊ မေဒဘာလွင်ပြင် တရှောက်လုံး၊ 17 ဟေရှဘုန်မြို့နှင့်တကွ လွင်ပြင်၌ ရှိသမျှသော မြို့၊ ဒိဘုန်မြို့၊
ဗာမုတ်ဗာလမြို့၊ ဗက်ဗာလမောင်မြို့၊ 18 ယဟာဇမြို့၊ ကေဒမုတ်မြို့၊ မေဖတ်မြို့၊ 19 ကိရယသိမ်မြို့၊ စိဗမာမြို့၊ ချိုင့်တွင်တောင်ပေါ်
မှာရှိသော ဇာရက်ရှာဟာမြို့၊ 20 ဗက်ပေဂုရမြို့၊ အာဇုတ်ပိသကာမြို့၊ ဗက်ယေရှိ မုတ်မြို့၊ 21 လွင်ပြင်၌ရှိသမျှသော မြို့တို့နှင့်တကွ၊
ဟေရှဘုန် မြို့၌မင်းပြုရသော အာမောရိရှင်ဘုရင် ရှိဟုန်၏နိုင်ငံ တရှောက်လုံးကို ပေးသတည်း။ ထိုရှင်ဘုရင်ကိုငှင်း၊
ထိုရှင်ဘုရင်ချီးမြှောက်၍ သူ့ပြည်၌နေသော မိဒျန်မင်းကြီး ငါးပါး၊ ဧဝိ၊ ရေကင်၊ ဇုရ၊ ဟုရ၊ ရေဘတို့ကိုငှင်း၊ မောရှေ သည်
လုပ်ကြံလေ၏။ 22 ပရောဖက်လုပ်သော ဗောရသား ဗာလမ်ကို လည်း၊ အသေခံရသောသူတို့နှင့်ရော၍ ဣသရေလလူတို့ သည်
ထားနှင့်ကွပ်မျက်ကြ၏။ 23 ရုဗင်အမျိုးသား နေရာအပိုင်းအခြားကား၊ ယော်ဒန်မြစ်နှင့် မြစ်ကမ်းပါးတည်း။ ဤရွေ့ကား၊ ရုဗင်
အမျိုးသား အဆွေအမျိုးအလိုက် အမွေခံရသော မြို့ရွာ များပေတည်း။ 24 မောရှေသည် ဂဒ်အမျိုးသား အဆွေအမျိုးအသီး
အသီးတို့အား အမွေပေးသော ပြည်များဟူမူကား၊ 25 ယာဇာမြို့မှစ၍ ဂိလဒ်မြို့ရှိသမျှတို့နှင့်တကွ၊ ရဗ္ဗာမြို့ရှေ့၌ရှိသော
အာရော်မြို့တိုင်အောင် အမ္မုန်ပြည် တဝက်၊ 26 ဟေရှဘုန်မြို့မှစ၍ ရာမတ်မိဇပါမြို့၊ ဗေတောနိမ်မြို့တိုင်အောင်ငှင်း၊
မဟာနိမ်မြို့မှစ၍ ဒေဗိရမြို့နယ် တိုင်အောင်ငှင်း ပါသောပြည်၊ 27 ချိုင့်၌လည်း၊ ဗေသာရံမြို့၊ ဗက်နိမရမြို့၊ သုကုတ် မြို့၊
ဇာဖုန်မြို့အစရှိသော ယော်ဒန်မြစ်အရှေ့ဘက် ယော် ဒန်မြစ်အပိုင်းအခြား၊ ဂနေသရက်အိုင်နားတိုင်အောင်၊ ဟေရှဘုန်ရှင်ဘုရင်ရှိဟုန်
ပိုင်သော နိုင်ငံကျန်ကြွင်းသမျှ ကို ပေးသတည်း။ 28 ဤရွေ့ကား၊ ဂဒ်အမျိုးသား အဆွေအမျိုးအ လိုက် အမွေခံရသော
မြို့ရွာများပေတည်း။ 29 မောရှေသည် မနာရှေအမျိုးတဝက်အား အမွေ ပေး၍၊ မနာရှေအမျိုးသားတဝက်သည် အဆွေအမျိုး အလိုက်
အမွေခံရသော ပြည်များဟူမူကား၊ 30 မဟာနိမ်မြို့မှစ၍ ဗာရှန်ပြည်တည်းဟူသော ဗာရှန်ရှင်ဘုရင်ဩဃ၏ နိုင်ငံတရှောက်လုံး၊
ဗာရှန်ပြည်၌ ပါသော ယာဣရမြို့ခြောက်ဆယ်ကို အမွေခံရသတည်း။ 31 ဂိလဒ်ပြည်တဝက်၊ ဗာရှန်ပြည်၌ ဩဃ၏ နိုင်ငံ အဝင်၊
အာရှတရုတ်မြို့နှင့် ဧဒြိမြို့တို့ကို မနာရှေသား မာခိရ၏ သားမြေးတဝက် အဆွေအမျိုးအလိုက် ပိုင်ရကြ ၏။ 32 ဤရွေ့ကား၊
မောရှေသည် ယော်ဒန်မြစ်အရှေ့၊ ယေရိခေါမြို့တဘက်၊ မောဘလွင်ပြင်၌ အမွေဝေဖန် သော ပြည်များပေတည်း။ 33 လေဝိအမျိုးအား
အမွေကိုမပေး။ ဣသရေလ အမျိုး၏ ဘုရားသခင် ထာဝရဘုရားသည် အမိန့်တော် ရှိသည်အတိုင်း သူတို့အမွေဖြစ်တော်မူသတည်း။


generated on Tue Jul 2 12:50:28 2024

## Chapter 14

[1] ခါနာန်ပြည်၌လည်း ယဇ်ပုရောဟိတ် ဧလာဇာ၊ နုန်၏သားယောရှုအစရှိသော ဣသရေလအမျိုးအနွယ် တို့၌ မင်းဖြစ်သောသူတို့သည်
အမွေဝေဖန်၍ ဣသရေလ အမျိုးသားတို့သည် အမွေခံရကြ၏။ [2] ထာဝရဘုရားသည် မောရှေအားဖြင့် မှာထား တော်မူသည်အတိုင်း၊
ဣသရေလအမျိုး ကိုးမျိုးနှင့် တဝက် တို့သည် စာရေးတံပြု၍ အမွေခံရကြ၏။ [3] မောရှေသည် ဣသရေလအမျိုးနှစ်မျိုးနှင့်
တဝက်တို့အား၊ ယော်ဒန်မြစ်အရှေ့ဘက်၌ အမွေပေးနှင့် ပြီ။ လေဝိသားတို့အား အခြားသောအမျိုးနှင့်ရော၍ အမွေမပေး။ [4]
ယောသပ်အမျိုးသားတို့သည် မနာရှေအမျိုး၊ ဧဖရိမ်အမျိုးနှစ်မျိုးဖြစ်၍၊ လေဝိသားတို့နေစရာမြို့၊ သူတို့ တိရစ္ဆာန်နှင့် ဥစ္စာကို
ထားစရာမြို့နယ်မှတပါး အခြား သောမြေကို မပေး။ [5] မောရှေအား ထာဝရဘုရားမှာထားတော်မူ သည်အတိုင်း၊
ဣသရေလအမျိုးသားတို့သည် ပြု၍ မြေကို ဝေဖန်ကြ၏။ [6] ထိုအခါ ယုဒအမျိုးသားတို့သည်၊ ဂိလဂါလမြို့၌ ယောရှုထံသို့လာ၍၊
ကေနက်အမျိုးယေဖုန္နာ၏သား ကာလက်က၊ ထာဝရဘုရားသည် ကာဒေရှဗာနာအရပ်၌ ကိုယ်တော်နှင့် အကျွန်ုပ်ကို ရည်ဆောင်၍၊
ဘုရားသခင် ၏လူမောရှေအား မိန့်တော်မူသောစကားကို ကိုယ်တော် သိပါ၏။ [7] ဤပြည်ကို စူးစမ်းစေခြင်းငှါ ဘုရားသခင်၏ ကျွန်
မောရှေသည် အကျွန်ုပ်ကို ကာဒေရှဗာနာအရပ်မှ စေလွှတ်သောအခါ၊ အကျွန်ုပ်သည် အသက်လေးဆယ် ရှိပါ၏။ အကျွန်ုပ်သည်
ကိုယ်စိတ်ထင်သည်အတိုင်း ပြန်ကြားလျှောက်ထားပါ၏။ [8] အကျွန်ုပ်နှင့်အတူသွားသော ညီအစ်ကိုတို့သည်၊ လူများစိတ်ပျက်စရာကို
ပြုသော်လည်း၊ အကျွန်ုပ်သည် အကျွန်ုပ်၏ ဘုရားသခင် ထာဝရဘုရားနောက်တော်သို့ လုံးလုံးလိုက်ပါ၏။ [9] ထိုနေ့ရက်၌ မောရှေက၊
သင်သည် ငါ၏ဘုရား သခင် ထာဝရဘုရားနောက်တော်သို့ လုံးလုံးလိုက်သော ကြောင့်၊ အကယ်၍ သင်နင်းပြီးသောမြေသည် အစဉ်အ
ဆက် သင်၏အမွေ၊ သင်၏ သားမြေးတို့၏အမွေ ဖြစ်ရ လိမ့်မည်ဟု ကျိန်ဆိုလေ၏။ [10] ဣသရေလအမျိုးသည် တော၌
လှည့်လည်စဉ် အခါ၊ ထာဝရဘုရားသည် ထိုသို့ မောရှေအား မိန့်တော်မူ သောနေ့မှစ၍ ယခုတိုင်အောင် အမိန့်တော်ရှိသည်အ တိုင်း၊
အနှစ်လေးဆယ်ငါးနှစ်ပတ်လုံး အကျွန်ုပ် အသက်ကို ရှင်စေတော်မူသဖြင့်၊ ယနေ့မှာ အကျွန်ုပ်သည် အသက်ရှစ်ဆယ်ငါးနှစ်ရှိပါပြီ။ [11]
သို့ရာတွင် မောရှေစေလွှတ်သောနေ့၌ ခွန်အား ရှိသကဲ့သို့ ယနေ့၌ ရှိပါ၏။ ထိုအခါ ထွက်ဝင်ခြင်းအမှု၊ စစ်တိုက်ခြင်းအမှုကို
ဆောင်ရွက်ခြင်းငှါ တတ်စွမ်းနိုင် သကဲ့သို့ ယခုလည်း တတ်စွမ်းနိုင်ပါ၏။ [12] သို့ဖြစ်၍ ထိုနေ့၌ ထာဝရဘုရားမိန့်တော်မူ သော
ဤတောင်ကို အကျွန်ုပ်အား ပေးပါ။ ဤတောင် ပေါ်မှာ အာနကလူရှိကြောင်းကိုငှင်း၊ ကြီးမားခိုင်ခံ့သော မြို့တို့နှင့်
ပြည့်စုံကြောင်းကိုငှင်း၊ ထိုနေ့၌ ကိုယ်တော်သည် ကြားရပြီ။ သို့ရာတွင် ထာဝရဘုရားသည် အကျွန်ုပ်နှင့် အတူရှိတော်မူလျှင်၊
အမိန့်တော်ရှိသည်အတိုင်း ထိုသူတို့ ကို နှင်ထုတ်ခြင်းငှါ အကျွန်ုပ်တတ်စွမ်းနိုင်ပါသည်ဟု လျှောက်ဆို၏။ [13] ထိုအခါ ယောရှုသည်
ကောင်းကြီးပေး၏။ ဟေဗြုန်ပြည်ကိုလည်း၊ ယေဖုန္နာ၏သား ကာလက်အမွေခံ စရာဘို့ အပ်ပေးလေ၏။ [14] သို့ဖြစ်၍ ကေနက်အမျိုး
ယေဖုန္နာ၏သား ကာ လက်သည်၊ ဣသရေလအမျိုး၏ ဘုရားသခင် ထာဝရ ဘုရားနောက်တော်သို့ လုံးလုံးလိုက်သောကြောင့်၊
ဟေဗြုန် ပြည်သည် ယနေ့တိုင်အောင် ကာလက်၏အမွေမြေဖြစ် သတည်း။ [15] ဟေဗြုန်မြို့သည် အထက်ကကိရသာဘအမည် ရှိ၏။
အာဗသည် အာနကအမျိုးသားတို့တွင် လူကြီးဖြစ် ၏။ ထိုအခါ တပြည်လုံးစစ်ငြိမ်းလေ၏။


generated on Tue Jul 2 12:50:28 2024

## Chapter 15

1 ယုဒအမျိုးသားတို့သည် စာရေးတံပြု၍ အဆွေ အမျိုးအလိုက် အမွေခံရသောမြေဟူမူကား၊ တောင်မျက် နှာ၌ ဧဒုံပြည်နယ်နှင့်
နီးစပ်လျက်၊ တောမန်ပြည်စွန်းမှ စ၍ ဇိနတောဖြစ်သော၊ 2 တောင်ဘက်အပိုင်းအခြားသည် သောဒုံအိုင်၌ တောင်အကွေ့မှထွက်၍၊ 3
တောင်မျက်နှာနား၊ အကရဗ္ဗိမ်ကုန်းကို ရှောက် လျက် ဇိနရွာသို့ ရောက်လေ၏။ တဖန် တောင်မျက်နှာ နား၊ ကာဒေရှဗာနာရွာ၊
ဟေဇရုန်ရွာ၊ အာဒါရွာ၊ ကာကာ ရွာ၊ 4 အဇမုန်ရွာကို ရှောက်သဖြင့် အဲဂုတ္တုချောင်းသို့ လိုက်၍ ပင်လယ်၌ ဆုံးလေ၏။ 5 အရှေ့ဘက်၌
သောဒုံအိုင်သည် ယော်ဒန်မြစ်ဝ တိုင်အောင် အရှေ့အပိုင်းအခြားဖြစ်၏။ မြောက်ဘက် အပိုင်းအခြားသည် ယော်ဒန်မြစ်သို့ဆင်းရာ
သောဒုံအိုင် ကွေ့မှ ထွက်၍၊ 6 ဗေသောဂလရွာသို့ငင်း၊ ဗေသရာဗရွာ မြောက် နားမှာရှောက်လျက် ရုဗင်သားဗောဟန်၏ ကျောက်သို့ ငင်း
ရောက်လေ၏။ 7 အာခေါ်ချိုင့်မြောက်ဘက်မှထွက်၍ ဒေဗိရရွာ သို့ငင်း၊ မြစ်တောင်ဘက် အဒုမ္မိမ်ကုန်းရှေ့၌ရှိသော
ဂိလဂါလမြို့သို့ငင်း ရောက်ပြီးမှ၊ အင်ရှေမက်အိုင်၊ အင်ရော် ဂေလရွာလမ်းသို့ လိုက်လျက်၊ 8 ဟိန္နုံသား၏ချိုင့်နား ယေရုရှလင်မြို့ရာ
ယေဗု သိအရပ် တောင်ဘက်နားမှာရှောက်၍ ဟိန္နုံချိုင့်အ နောက်၊ ရေဖိမ်ချိုင့်မြောက်ဘက်၌ရှိသော တောင်ပေါ်သို့ တက်လေ၏။ 9
ထိုတောင်ပေါ်မှဆင်းပြန်၍၊ နေဖတောစမ်းရေ တွင်းကို ရှောက်သဖြင့် ဧဖရုန်တောင်နှင့်ဆိုင်သော မြို့ များသို့ငင်း၊ ကိရယတ်ယာရိမ်မြို့
ရာဗာလာမြို့သို့ငင်း၊ 10 ဗာလာမြို့အနောက်ဘက်နားမှာ ရှောက်လျက် စိရတောင်သို့ငင်း၊ ခေသလုန်တောင်တည်းဟူသော
ယာရိမ်တောင်မြောက်ဘက်နားမှာ ရှောက်လျက် ဗက်ရှေ မက်မြို့၊ တိမနာမြို့သို့ငင်း၊ 11 ဧကြေန်မြို့မြောက်ဘက်နားမှာ ရှောက်လျက်
ရှိကြေန်ရွာသို့ငင်း၊ ဗာလာတောင်သို့ငင်း၊ ယာဗနေလရွာသို့ ငင်း၊ ရောက်၍ ပင်လယ်၌ ဆုံးလေ၏။ 12 အနောက်ဘက်၌ ပင်လယ်ကြီးနှင့်
ပင်လယ် ကမ်းပါးသည် အနောက်အပိုင်းအခြားဖြစ်၏။ ဤရွေ့ ကား ယုဒအမျိုးသား အဆွေအမျိုးအလိုက် နေရာပြည်
နယ်အပိုင်းအခြားဖြစ်သတည်း။ 13 ထာဝရဘုရားမှာထားတော်မူသည်အတိုင်း၊ ယောရှုသည် ယုဒအမျိုးသားတို့တွင် ယေဖုန္န၏သား
ကာ လက်အဘို့ ဟေဗြုန်မြို့တည်းဟူသော အာနကအဘအာ ဘ၏မြို့ကို ချပေးလေ၏။ 14 ထိုမြို့ထဲက ကာလက်သည်
အာနကသားသုံး ယောက်၊ ရှေရှဲ၊ အဟိမန်၊ တာလမဲတို့ကို နှင်ထုတ်သော နောက်၊ 15 ကိရယသေဖါအမည်ဟောင်းရှိသော ဒေဗိရ
မြို့သားတို့ရှိရာသို့ တဖန်ချီသွား၍၊ 16 ကိရယသေဖါမြို့ကို တိုက်ယူလုပ်ကြံသောသူ အား ငါသည် သမီးအာခသကို
ပေးစားမည်ဟုဆိုလျှင်၊ 17 ကာလက်ညီ ကေနတ်၏သား ဩသံယေလ သည် ထိုမြို့ကိုတိုက်ယူ၍ ကာလက်သည် သမီးအာခသကို
သူ့အားပေးစားလေ၏။ 18 ထိုမိန်းမသည် ခရီးသွားစဉ်အခါ၊ လယ်တကွက် ကို အဘ၌ တောင်းခြင်းငှါ လင်နှင့်တိုင်ပင်ပြီးမှ မြည်းပေါ်
ကဆင်းလေ၏။ အဘကာလက်က အဘယ်အလိုရှိသ နည်းဟု မေးလျှင်၊ 19 သမီးက ကောင်းကြီးပေးစေချင်ပါ၏။ ကိုယ် တော်သည်
တောင်မျက်နှာအရပ်ကို ပေးပါပြီ။ စမ်းရေ တွင်းတို့ကိုလည်း ပေးတော်မူပါဦးဟု တောင်းသည်အ တိုင်း အဘသည်
အထက်စမ်းရေတွင်း၊ အောက်စမ်းရေ တွင်းတို့ကို ပေးလေ၏။ 20 ဤရွေ့ကား၊ ယုဒအမျိုးသား အဆွေအမျိုးအ လိုက်
ခံရသောအမွေမြေ ဖြစ်သတည်း။ 21 ယုဒအမျိုးသားပိုင်သော မြို့များဟူမူကား၊ ဧဒုံ ပြည်နှင့်နီးစပ်သော တောင်ပိုင်း၌ ကပ်ဇေလမြို့၊
ဧဒေရ မြို့၊ ယာဂုရမြို့၊ 22 ကိနမြို့၊ ဒိမောနမြို့၊ အာဒဒါမြို့၊ 23 ကေဒေရှမြို့၊ ဟာဇော်မြို့၊ ဣသနန်မြို့၊ 24 ဇိဖမြို့၊ တေလင်မြို့၊
ဗာလုတ်မြို့၊ 25 ဟာဇော်မြို့သစ်၊ ဟာဇော်မြို့ဟောင်းတည်းဟူ သော ဟေဇရုန်မြို့၊ 26 အာမန်မြို့၊ ရှေမမြို့၊ မောလဒမြို့၊ 27
ဟာဇာဂဒ္ဒမြို့၊ ဟေရှမုန်မြို့၊ ဗက်ပါလက်မြို့၊ 28 ဟာဇာရှွာလမြို့၊ ဗေရရှေဘမြို့၊ ဗိဇ္ဇောသယာ မြို့၊ 29 ဗာလာမြို့၊ ဣအိမ်မြို့၊
အာဇင်မြို့၊ 30 ဧလတောလဒ်မြို့၊ ခေသိလမြို့၊ ဟောမာမြို့၊ 31 ဇိကလတ်မြို့၊ မာဒမန္နာမြို့၊ သံသန္နာမြို့၊ 32 လေဗောက်မြို့၊
ရှိလဟိမ်မြို့၊ အအိန်မြို့၊ ရိမ္မုန် မြို့၊ ရွာနှင့်တကွ မြို့ပေါင်းကား သုံးဆယ်ခြောက်မြို့ တည်း။ 33 ချိုင့်၌လည်း ဧရှတောလမြို့၊
ဇောရာမြို့၊ အာရှ နာမြို့၊ 34 ဇာနောမြို့၊ အင်္ဂန္နိမ်မြို့၊ တာပွါမြို့၊ ဧနံမြို့၊ 35 ယာမုတ်မြို့၊ အဒုလံမြို့၊ စောခေါမြို့၊ အဇေကာ မြို့၊ 36
ရှာရိမ်မြို့၊ အဒိသိမ်မြို့၊ ဂဒေရမြို့၊ ဂဒေရော သိမ်မြို့၊ ရွာနှင့်တကွ မြို့ပေါင်းကား၊ ဆယ်ငါးမြို့တည်း။ 37 ထိုမှတပါး၊ ဇေနန်မြို့၊
ဟဒါရှမြို့၊ မိဂဒလဂဒ်မြို့၊ 38 ဒိလန်မြို့၊ မိဇပါမြို့၊ ယောကသေလမြို့၊ 39 လာခိရှမြို့၊ ဗောဇကတ်မြို့၊ ဧကလုန်မြို့၊ 40 ကဗ္ဗုန်မြို့၊
လာမံမြို့၊ ကိသလိတ်မြို့၊ 41 ဂဒေရုတ်မြို့၊ ဗက်ဒါဂုန်မြို့၊ နေမမြို့၊ မက္ကဒါမြို့၊ ရွာနှင့်တကွ ဆယ်ခြောက်မြို့တည်း။ 42 ထိုမှတပါး၊
လိဗနမြို့၊ ဧသောမြို့၊ အာရှန်မြို့၊ 43 ယိဖတမြို့၊ အာရှနာမြို့၊ နေဇိပ်မြို့၊ 44 ကိလမြို့၊ အောခဇိပ်မြို့၊ မရေရှမြို့၊ ရွာနှင့်တကွ
ကိုးမြို့တည်း။ 45 ထိုမှတပါး ဧကြေန်မြို့နှင့်သူဆိုင်သော မြို့ရွာများ၊ 46 ဧကြေန်မြို့မှစ၍ ပင်လယ်တိုင်အောင်၊ အာဇုတ်
မြို့နှင့်နီးစပ်သောမြို့ရွာများ၊ 47 အာဇုတ်မြို့နှင့် သူဆိုင်သော မြို့ရွာများ၊ အဲဂုတ္တု မြစ်၊ ပင်လယ်ကြီး၊ ပင်လယ်ကမ်းပါးတိုင်အောင်၊
ဂါဇမြို့ နှင့် သူဆိုင်သော မြို့ရွာများ၊ 48 တောင်ပေါ်၌လည်း၊ ရှမိရမြို့၊ ယတ္တိရမြို့၊ စော ခေါမြို့၊ 49 ဒန္နမြို့၊ ဒေဗိရမြို့တည်းဟူသော၊
ကိရယသန္န မြို့၊ 50 အာနပ်မြို့၊ ဧရှတမောမြို့၊ အာနိမ်မြို့၊ 51 ဂေါရှင်မြို့၊ ဟောလုန်မြို့၊ ဂိလောမြို့၊ ရွာနှင့် တကွ ဆယ်တမြို့တည်း။
52 အာရပ်မြို့၊ ဒုမာမြို့၊ ဧရှန်မြို့၊ 53 ယာနုံမြို့၊ ဗက်တာပွါမြို့၊ အာဖက်မြို့၊ 54 ဟုန္တမြို့၊ ဟေဗြုန်မြို့တည်းဟူသော ကိရယသာဘ မြို့၊
ဇိအောရမြို့၊ ရွာနှင့်တကွ ကိုးမြို့တည်း။ 55 မောင်မြို့၊ ကရမေလမြို့၊ ဇိဖမြို့၊ ယုတ္တမြို့၊ 56 ယေဇရေလမြို့၊ ယောကဒံမြို့၊ ဇာနောမြို့၊
57 ကဣနမြို့၊ ဂိဘာမြို့၊ တိမနမြို့၊ ရွာနှင့်တကွ ဆယ်မြို့တည်း။ 58 ဟာလဟုလမြို့၊ ဗက်ဇုရမြို့၊ ဂေဒေါ် မြို့၊ 59 မာရပ်မြို့၊
ဗေသနုတ်မြို့၊ ဧလတေကုန်မြို့၊ ရွာ နှင့်တကွခြောက်မြို့တည်း။ 60 ကိရယတ်ယာရိမ်မြို့တည်းဟူသော ကိရယတ် ဗာလမြို့၊ ရဗ္ဗာမြို့၊

 generated on Tue Jul 2 12:50:28 2024

ရွာနှင့်တကွ နှစ်မြို့တည်း။ [61] တောခွင်လည်း၊ ဗေသရာဗမြို့၊ မိဒ္ဒိန်မြို့၊ သေကာ ကမြို့၊ [62] နိဗရှန်မြို့၊ မေလက်မြို့၊ အင်္ဂေဒိမြို့၊ ရွာနှင့်တကွ ခြောက်မြို့တည်း။ [63] ယေရုရှလင်မြို့၌နေသော ယေဗုသိလူတို့ကို ကား၊ ယုဒအမျိုးသားတို့သည် မနှင်ထုတ်နိုင်ဘဲ သူတို့သည် ယနေ့တိုင်အောင် ယုဒအမျိုးသားတို့နှင့်အတူ ယေရုရှလင်မြို့၌ နေကြသတည်း။


generated on Tue Jul 2 12:50:28 2024

## Chapter 16

[1] ယောသပ်အမျိုးသားတို့သည် စာရေးတံပြု၍ အမွေခံရသောမြေ အပိုင်းအခြားသည် ယော်ဒန်မြစ်နား၊ ယေရိခေါမြို့အရှေ့၊
ယေရိခေါအိုင်မှထွက်၍ တောလမ်း သို့ လိုက်လျက်၊ ဗေသလတောင်တရှောက်လုံး သွားသဖြင့်၊ [2] ဗေသလလုဇမြို့သို့၎င်း၊
အာခိအတရုတ် မြို့သို့ ၎င်း၊ [3] အနောက်မျက်နှာ၌ ယာဖလေတိမြို့သို့၎င်း၊ အောက်ဗက်ဟောရုန်မြို့သို့၎င်း၊ ဂေဇာမြို့သို့၎င်း ရောက် ၍
ပင်လယ်၌ဆုံးလေ၏။ [4] ထိုသို့ ယောသပ်၏သား မနာရှေနှင့် ဧဖရိမ်တို့ သည် အမွေခံရကြ၏။ [5] ဧဖရိမ်အမျိုးသားတို့သည်
အဆွေအမျိုးအလိုက် နေသော မြေအပိုင်းအခြားသည်၊ အရှေ့ဘက်၌ အတရုတ် အဒ္ဒါမြို့မှ အထက်ဗက်ဟောရုန်မြို့သို့ လိုက်၍၊ [6]
မြောက်မျက်နှာ၌ ပင်လယ်နား၊ မိတ်မေသမြို့သို့ ထွက်၏။ တဖန် အရှေ့သို့ မျက်နှာပြု၍ တာနတ်ရှိလော မြို့အရှေ့မှာ ရှောက်လျက်၊ [7]
ယနောဟမြို့သို့၎င်း၊ ယနောဟမြို့မှ အတရုတ် မြို့၊ နာရတ်မြို့၊ ယေရိခေါမြို့သို့၎င်း ရောက်၍ ယော်ဒန် မြစ်၌ ဆုံးလေ၏။ [8]
တာပွါမြို့မှ အနောက်သို့သွား၍ ကာနမြစ်သို့ လိုက်လျက် ပင်လယ်၌ ဆုံးလေ၏။ [9] ဤရွေ့ကား၊ မနာရှေအမျိုးသားတို့အဘို့ အမွေ
ခံရသောမြေ၌ ဧဖရိမ်အမျိုးသားတို့အဘို့ ခွဲထားသော မြို့များနှင့်တကွ ဧဖရိမ်အမျိုးသား အဆွေအမျိုးအလိုက် အမွေခံရသော
မြို့ရွာများဖြစ်သတည်း။ [10] ဂေဇာမြို့၌နေသော ခါနနိလူတို့ကို မနှင်ထုတ် ဘဲ သူတို့သည် ယနေ့တိုင်အောင် ဧဖရိမ်အမျိုးသားတို့နှင့်
အတူနေ၍ အခွန်ပေးရကြ၏။


generated on Tue Jul 2 12:50:28 2024

## Chapter 17

1 ယောသပ်၏သားဦး မနာရှေအမျိုးသားတို့သည် စာရေးတံပြ၍ အမွေခံရသော မြေဟူမူကား၊ မနာရှေ၏ သားတည်းဟူသော
ဂိလဒ်၏အဘ မာခိရသည် စစ်သူရဲ ဖြစ်၍၊ ဂိလဒ်ပြည်နှင့် ဗာရှန်ပြည်ကိုရ၏။ 2 ယောသပ်၏သား မနာရှေ၏သား ယောကျ်ား
အခြားတည်းဟူသော အဗျေဇာသား၊ ဟေလက်သား၊ အသရေလသား၊ ရှေခင်သား၊ ဟေဖါသား၊ ရှမိဒသားတို့ သည်
အဆွေအမျိုးအလိုက် စာရေးတံပြ၍ ရကြသေး၏။ 3 သို့ရာတွင် မနာရှေ၊ မာခိရ၊ ဂိလဒ်၊ ဟေဖါတို့မှ ဆင်းသက်သော ဇလောဖဒ်၌
သားယောကျ်ားမရှိ၊ သမီးသက်သက်သာရှိ၏။ သူ၏သမီးတို့အမည်ကား၊ မာလာ၊ နောအာ၊ ဟောဂလာ၊ မိလကာ၊ တိရဇာတည်း။ 4
ထိုမိန်းမတို့သည် ယဇ်ပုရောဟိတ် ဧလာဇာ၊ နုန်၏သား ယောရှု၊ မင်းများရှေ့သို့ ချဉ်းကပ်၍ အကျွန်ုပ် တို့ပေါက်ဘော်နှင့်အတူ
အမွေခံရသောအခွင့်ကို အကျွန်ုပ် တို့အား ပေးစေခြင်းငှါ ထာဝရဘုရားသည် မောရှေကို မှာထားတော်မူပြီဟု လျှောက်၍၊
ထာဝရဘုရား မှာထား တော်မူသည်အတိုင်း သူတို့အဘ၏ ညီအစ်ကိုတို့နှင့်အတူ အမွေခံရသောအခွင့်ကို ပေး၏။ 5 ထိုသို့
မနာရှေ၏သမီးတို့သည် သားတို့နှင့်အတူ အမွေကိုခံရ၍၊ မနာရှေ၏သားအချို့တို့သည် ဂိလဒ်ပြည် ကို ရသောကြောင့်၊ 6
ယော်ဒန်မြစ်အရှေ့ဘက် ဂိလဒ်ပြည် နှင့် ဗာရှန်ပြည်မှတပါး၊ မနာရှေအမျိုးသည် ဆယ်ဘို့ကို ရသေး၏။ 7
မနာရှေခရိုင်အပိုင်းအခြားသည် အာရှာခရိုင်မှ ရှေခင်မြို့ရှေ့တွင်ရှိသော မိတ်မေသမြို့သို့သွား၍ လကျ်ာ ဘက်၌ အင်တာပွါမြို့သို့
လိုက်လေ၏။ 8 တာပွါမြို့နယ်ကို မနာရှေပိုင်သော်လည်း၊ မနာ ရှေခရိုင်စွန်းမှာရှိသော တာပွါမြို့ကို ဧဖရိမ်သားတို့သည် ပိုင်ကြ၏။ 9
တဖန် အပိုင်းအခြားသည် ကာနမြစ်တောင် ဘက်သို့လိုက်၍၊ မနာရှေမြို့တို့တွင် ဧဖရိမ်မြို့အချို့ ပါသော်လည်း၊
မြစ်မြောက်ဘက်မြေသည် မနာရှေမြေ ဖြစ်၍ ပင်လယ်၌ဆုံးလေ၏။ 10 တောင်ဘက်၌ ဧဖရိမ်မြေ၊ မြောက်ဘက်၌ မနာ
ရှေမြေဖြစ်လျက်၊ ပင်လယ်ကန့်ကွက်၍ မြောက်ဘက်၌ အာရှာခရိုင်၊ အရှေ့ဘက်၌ ဣသခါခရိုင်ရှိ၏။ 11 ထိုခရိုင်၌
မနာရှေအမျိုးရသော ပြည်သုံးပြည်ဟူ မူကား၊ ဗက်ရှန်မြို့နှင့် သူ့မြို့ရွာများ၊ ဣဗလံမြို့နှင့် သူ့မြို့ ရွာများ၊ ဒေါရမြို့နှင့် သူ့မြို့ရွာများ၊
အင်္ဒေါရမြို့နှင့် သူ့မြို့ ရွာများ၊ တာနက်မြို့နှင့် သူ့မြို့ရွာများ၊ မေဂိဒ္ဒေါမြို့နှင့် သူ့မြို့ရွာများတို့ကို ရသေး၏။ 12 သို့ရာတွင်
မနာရှေအမျိုးသားတို့သည် ထိုမြို့တို့ ကို မသိမ်းမယူနိုင်ဘဲ၊ ခါနနိလူတို့သည် ထိုအရပ်၌ အနိုင် နေကြ၏။ 13 ဣသရေလလူတို့သည်
အားတိုးပွားသောအခါ၊ ထိုခါနနိလူတို့ကို အကုန်အစင်မနှင်ထုတ်ဘဲ အခွန်ပေး စေကြ၏။ 14 ယောသပ်အမျိုးသားတို့ကလည်း၊
အကျွန်ုပ်တို့ သည် ထာဝရဘုရားပေးတော်မူသော ကောင်းကြီးမင်္ဂလာ ကို ခံရသဖြင့် အမျိုးကြီးဖြစ်၍၊ ကိုယ်တော်သည်တဘို့
တခရိုင်တည်းကိုသာ အဘယ်ကြောင့်ပေးပါသနည်းဟု ယောရှုအား မေးလျှောက်ကြသော်၊ 15 ယောရှုက၊ သင်တို့သည်
အမျိုးကြီးဖြစ်၍ ဧဖရိမ်တောင် ကျဉ်းမြောင်းလျှင်၊ တောအရပ်သို့သွား၍ ဖေရဇိပြည်၊ ရေဖိမ်ပြည်၌ ခုတ်လှဲကြလော့ဟု ပြန်ပြော ၏။
16 ယောသပ်အမျိုးသားတို့ကလည်း၊ ဧဖရိမ်တောင် သည် အကျွန်ုပ်တို့အဘို့ မလောက်ပါ။ ချိုင့်အရပ်ဗက်ရှန် မြို့ရွာတို့၌ရှင်း၊
ယေဇရေလချိုင့်၌ရှင်း နေသော ခါနနိလူ အပေါင်းတို့သည် သံရထားနှင့် ပြည့်စုံပါသည်ဟု လျှောက် ပြန်လျှင်၊ 17 ယောရှုက၊
သင်တို့သည် အမျိုးကြီးဖြစ်၍ ခွန်အားကြီးသောကြောင့်၊ တဘို့တည်းကိုသာ မယူရ။ 18 တောင်သည်လည်း သင်တို့အဘို့ ဖြစ်လိမ့်မည်။
သစ်ပင်များလျှင် ခုတ်လှဲရမည်။ ထွက်ရာလမ်းတို့သည် လည်း သင်တို့အဘို့ဖြစ်လိမ့်မည်။ ခါနနိလူတို့သည် ခွန်အားကြီး၍
သံရထားနှင့်ပြည့်စုံသော်လည်း၊ သူတို့ကို နှင်ထုတ်ကြလိမ့်မည်ဟု ဧဖရိမ်အမျိုး၊ မနာရှေအမျိုး တည်းဟူသော
ယောသပ်အမျိုးသားတို့အား ပြောဆို၏။


generated on Tue Jul 2 12:50:28 2024

## Chapter 18

[1] ဣသရေလအမျိုး ပရိသတ်အပေါင်းတို့သည်၊ ရှိလောမြို့မှာစည်းဝေး၍ ပရိသတ်စည်းဝေးရာ တဲတော်ကို တည်ထောင်ကြ၏။
သူတို့ရှေ့မှာ တပြည်လုံးနှိမ့်ချလျက်ရှိ ၏။ [2] ထိုအခါ ဣသရေလအမျိုးခုနှစ်မျိုးတို့သည်၊ အမွေမြေကို မခံရသေးသည်ဖြစ်၍၊ [3]
ယောရှုက၊ သင်တို့ဘိုးဘေးများ၏ ဘုရားသခင် ထာဝရဘုရားပေးတော်မူသောမြေကို သင်တို့သည် မသိမ်း မယူဘဲ
အဘယ်မျှကာလပတ်လုံး နေကြလိမ့်မည်နည်း။ [4] သင်တို့တွင် အမျိုးတမျိုးလျှင် လူသုံးယောက်စီ ရွေးကောက်၍ ငါစေလွှတ်သဖြင့်၊
သူတို့သည် တပြည်လုံး သို့ထသွား၍ အမွေခံသင့်သည်အတိုင်း ရေးသားပြီးမှ ငါ့ထံသို့ပြန်လာရကြမည်။ [5] သူတို့သည် ပြည်ကို
ခုနစ်ပိုင်းပိုင်းခြားရကြမည်။ ယုဒအမျိုးသည် တောင်ဘက်မိမိနေရာ၌ နေရမည်။ ယောသပ်အမျိုးသည် မြောက်ဘက်မိမိနေရာ၌
နေရမည်။ [6] ပြည်ကို ခုနစ်ပိုင်းပိုင်းခြားပြီးမှ၊ ပြည်ပုံကို ငါ့ထံ သို့ဆောင်ခဲ့၍၊ ငါတို့ဘုရားသခင် ထာဝရဘုရားရှေ့တော် ၌ သင်တို့အဘို့
စာရေးတံပြုမည်။ [7] လေဝိသားတို့သည် သင်တို့နှင့်ရော၍ အဘို့ကို မယူရ။ ထာဝရဘုရား၏ ယဇ်ပုရောဟိတ်အရာသည်
သူတို့အမွေဖြစ်၏။ ဂဒ်အမျိုး၊ ရုဗင်အမျိုး၊ မနာရှေအမျိုး တဝက်တို့သည် ယော်ဒန်မြစ်အရှေ့ဘက် ထာဝရဘုရား ၏ကျွန်
မောရှေပေးသည်အတိုင်း၊ အမွေမြေကို ခံယူကြပြီ ဟု ဣသရေလလူတို့အား ပြောဆို၏။ [8] ထိုလူတို့သည် ထ၍သွားသဖြင့်၊ ယောရှုက
လည်း၊ တပြည်လုံးသို့ ရှောက်၍ရေးသားပြီးလျှင် ငါ့ထံသို့ ပြန်လာကြလော့။ ရှိလောမြို့မှာ ထာဝရဘုရားရှေ့တော် ၌ သင်တို့အဘို့
စာရေးတံပြုမည်ဟု ပြည်ပုံကို ရေးသား ခြင်းငှါ သွားသောသူတို့ကို မှာထားသည်နှင့်အညီ၊ [9] သူတို့သည် တပြည်လုံးသို့
ရှောက်သွားသဖြင့်၊ မြို့ရွာရှိသည်အတိုင်း စာ၌ ခုနစ်ပိုင်းပိုင်း၍ ရေးသားပြီးမှ ယောရှုနေရာ ရှိလောတပ်သို့ ရောက်လာကြ၏။ [10]
ယောရှုသည် ရှိလောမြို့မှာ ထာဝရဘုရားရှေ့ တော်၌ စာရေးတံပြု၍ ဣသရေလအမျိုးသား အသီးသီး တို့အား မြေကိုပိုင်းခြားလေ၏။
[11] ဗယ်ာမိန်အမျိုးသားတို့သည် စာရေးတံပြု၍ အဆွေအမျိုးအလိုက် ခံရသောမြေသည် ယုဒအမျိုးသား တို့နှင့်
ယောသပ်အမျိုးသားတို့စပ်ကြားမှာ ကျ၏။ [12] မြေအပိုင်းအခြားသည် မြောက်မျက်နှာ၌ ယော် ဒန်မြစ်မှထွက်၍ ယေရိခေါ်မြို့
မြောက်ဘက်နား၌၎င်း၊ အနောက်ဘက်တောင်ပေါ်၌၎င်း ရှောက်လျက် ဗေသဝင် တောသို့ ထွက်သွား၏။ [13] တဖန်
တောင်မျက်နှာသို့သွား၍ ဗေသလ လုဇ မြို့နား၌ ရှောက်သဖြင့်၊ အောက်ဗက်ဟောရုန်မြို့ တောင် ဘက်မှာရှိသော တောင်ခြေရင်း
အတရုတ်အဒ္ဒါမြို့သို့ ရောက်ပြီးလျှင်၊ [14] ထိုတောင်မှထွက်၍ အိုင်တောင်ကွေ့ကို ဝိုင်း သဖြင့်၊ ယုဒအမျိုးသားနေသော
ကိရယတ်ယာရိမ်မြို့ တည်းဟူသော ကိရယတ်ဗာလမြို့သို့ ထွက်သွား၏။ ဤရွေ့ကား အနောက်ဘက်အပိုင်းအခြားတည်း။ [15]
တောင်ဘက်အပိုင်းအခြားသည် ကိရယတ်ယာ ရိမ်မြို့စွန်းမှ အနောက်ဘက်နား၌ နေဖတောရေတွင်းသို့ ရောက်ပြီးလျှင်၊ [16]
ဟိန္နုံသား၏ချိုင့်ရှေ့မှာ၊ ရေဖိမ်ချိုင့်မြောက်ဘက် ၌ရှိသော တောင်ခြေရင်းသို့လာ၍ ယေဗုသိမြို့တောင် ဘက် ဟိန္နုံချိုင့်သို့၎င်း၊
အင်္ရောဂေလရွာသို့၎င်း၊ [17] မြောက်ဘက်နား၌ အင်ရှေမက်ရွာသို့၎င်း၊ အဒုမ္မိမ်ကုန်းတဘက် ဂေလိလုတ်ရွာသို့၎င်း၊ ရုဗင်သား
ဗောဟန်၏ ကျောက်သို့၎င်း ရောက်လေ၏။ [18] တဖန် အရာဗမြို့ မြောက်မျက်နှာတဘက် လွင်ပြင်နားမှာရှောက်၍
အရာဗမြို့သို့ရောက်သဖြင့်၊ [19] ဗက်ဟောဂလမြို့ မြောက်ဘက်နားမှာရှောက်၍ သောဒုံအိုင်မြောက်ကွေ့၊ ယော်ဒန်မြစ်ဝ၌ ဆုံးလေ၏။
ဤရွေ့ကား တောင်ဘက်အပိုင်းအခြားတည်း။ [20] ယော်ဒန်မြစ်သည် အရှေ့ဘက်ပိုင်းခြားလျက် ရှိ၏။ ဤရွေ့ကား
ဗယ်ာမိန်အမျိုးသားတို့သည် အဆွေ အမျိုးအလိုက် အမွေခံရသောမြေနယ်ဖြစ်သတည်း။ [21] ဗယ်ာမိန်အမျိုးသားတို့သည်
အဆွေအမျိုးအ လိုက်ရသော မြို့များဟူမူကား၊ ယေရိခေါ်မြို့၊ ဗေသော ဂလမြို့၊ မေကွေဇဇ်မြို့၊ [22] ဗေသရာဗမြို့၊ ဇေမရိမ်မြို့၊
ဗေသလမြို့၊ [23] အာဝိမ်မြို့၊ ပါရမြို့၊ ဩဖရာမြို့၊ [24] ခေဖါဟာမောနဲမြို့၊ ဩဖနိမြို့၊ ဂါဘမြို့၊ ရွာနှင့် တကွ ဆယ်နှစ်မြို့တည်း။ [25]
ထိုမှတပါး၊ ဂိဗောင်မြို့၊ ရာမမြို့၊ ဗေရုတ်မြို့၊ [26] မိဇပါမြို့၊ ခေဖိရမြို့၊ မောဇမြို့၊ [27] ရေကင်မြို့၊ ဣရပေလမြို့၊ တာရလမြို့၊ [28]
ဇေလမြို့၊ ဧလပ်မြို့၊ ယေရုရှလင်မြို့တည်းဟူ သော ယေဗုသိမြို့၊ ဂိဗက်မြို့၊ ကိရယတ်မြို့၊ ရွာနှင့်တကွ ဆယ်လေးမြို့တည်း။
ဤရွေ့ကား ဗယ်ာမိန်အမျိုးသားတို့ သည် အဆွေအမျိုးအလိုက်ခံရသော အမွေတည်း။


generated on Tue Jul 2 12:50:28 2024

# Chapter 19

1 ဒုတိယတကြိမ်စာရေးတံပြု၍၊ ရှိမောင်အမျိုးသားတို့သည် အဆွေအမျိုးအလိုက် ယုဒအမွေမြေအတွင်း ၌ အမွေခံရကြ၏။ 2
သူတို့အမွေမြေ၌ရှိသော မြို့များဟူမူကား၊ ဗေရ ရှေဘမြို့၊ မောလဒါမြို့၊ 3 ဟာဇာရှာလမြို့၊ ဗာလာမြို့၊ အာဇင်မြို့၊ 4
ဧလတောလဒ်မြို့၊ ဗေသုလမြို့၊ ဟောမာမြို့၊ 5 ဇိကလတ်မြို့၊ ဗက်မာကဗုတ်မြို့၊ ဟာဇာသုသမြို့၊ 6 ဗက်လေဗောက်မြို့၊ ရှရုဟင်မြို့၊
ရွာနှင့်တကွ ဆယ်သုံးမြို့တည်း။ 7 ထိုမှတပါး၊ အင်ရိမ္မုန်မြို့၊ တောခင်မြို့၊ ဧသာမြို့၊ အာရှန်မြို့၊ ရွာနှင့်တကွ လေးမြို့တည်း။ 8
ထိုမှတပါး တောင်မျက်နှာ၌ ဗာလတ်ဗေရရာ မတ်မြို့တိုင်အောင် အထက်ဆိုခဲ့ပြီးသော မြို့ပတ်ဝန်း ကျင် ရွာရှိသမျှပါသတည်း။
ဤရွေ့ကား ရှိမောင်အမျိုး သားတို့သည် အဆွေအမျိုးအလိုက် ခံရသောအမွေတည်း။ 9 ရှိမောင်အမွေမြေသည် ယုဒအမျိုးသားခံသော
အဘို့ထဲက နှုတ်ရ၏။ ယုဒအမျိုးသားတို့အဘို့သည် ကြီး ကျယ်သောကြောင့်၊ သူတို့အမွေမြေအတွင်း၌ ရှိမောင် အမျိုးသားတို့သည်
အမွေခံရကြ၏။ 10 တတိယတကြိမ်စာရေးတံပြု၍ ဇာဗုလုန်အမျိုး သားတို့သည် အဆွေအမျိုးအလိုက် အမွေခံရကြ၏။ သူတို့
အမွေမြေအပိုင်းအခြားသည် စာရိဒ်မြို့မှထွက်၍၊ 11 အနောက်သို့သွားလျက် မရာလမြို့၊ ဒဗ္ဗရှက်မြို့ သို့ငင်း၊
ယောကနံမြို့ရှေ့မှာရှိသော မြစ်သို့ငင်း မှီလေ၏။ 12 တဖန် စာရိဒ်မြို့မှ နေထွက်ရာအရှေ့မျက်နှာသို့ လှည့်သဖြင့်၊ ခိသလုတ္တာဗော်မြို့၊
ဒါဗရတ်မြို့သို့ ရောက်ပြီး လျှင်၊ ယာဖျာမြို့သို့ တက်လေ၏။ 13 ထိုမြို့မှစ၍ အရှေ့ဘက်နားမှာလိုက်လျက်၊ ဂိတ္တ ဟေဖါမြို့၊
အိတ္တကာဇိန်မြို့၊ ရိမ္မုန်မေသောရနေအာမြို့သို့ ရောက်လေ၏။ 14 မြောက်ဘက်၌လည်း ဝိုင်းသဖြင့်၊ ဟန္နသုန်မြို့ သို့ရောက်၍
ယိဖသေလချိုင့်၌ ဆုံးလေ၏။ 15 ထိုမှတပါး၊ ကတ္တတ်မြို့၊ နဟာလာလမြို့၊ ရှိမရုန် မြို့၊ ဣဒလမြို့၊ ဗက်လင်မြို့တည်းဟူသော
ရွာနှင့်တကွ ဆယ်နှစ်မြို့ရှိသတည်း။ 16 ဤရွေ့ကား မြို့ရွာပါလျက် ဇာဗုလုန်အမျိုးသား တို့သည် အဆွေအမျိုးအလိုက်
ခံရသောအမွေတည်း။ 17 စတုတ္ထတကြိမ် စာရေးတံပြု၍ ဣသခါအမျိုး သားတို့သည် အဆွေအမျိုးအလိုက် အမွေခံရကြ၏။ 18
သူတို့အပိုင်းအခြားသည် ယေဇရေလမြို့၊ ခေသု လုတ်မြို့၊ ရှုနင်မြို့၊ 19 ဟာဖရိမ်မြို့၊ ရှိဟုန်မြို့၊ အာနဟာရတ်မြို့၊ 20 ရဗ္ဗိတ်မြို့၊
ကိရှုန်မြို့၊ အာဗက်မြို့၊ 21 ရေမက်မြို့၊ အင်္ဂန္နမြို့၊ အဟဒ္ဒါမြို့၊ ဗက်ပဇ္ဇက်မြို့ ပါလျက်၊ 22 တာဗော်မြို့၊ ရာဟဇိမမြို့၊
ဗက်ရှေမက်မြို့သို့ ရောက်၍ ယော်ဒန်မြစ်၌ ဆုံးလေ၏။ ရွာနှင့်တကွ ဆယ် ခြောက်မြို့ရှိသတည်း။ 23 ဤရွေ့ကား မြို့ရွာပါလျက်
ဣသခါအမျိုးသား တို့သည် အဆွေအမျိုးအလိုက် ခံရသောအမွေတည်း။ 24 ပဉ္စမတကြိမ် စာရေးတံပြု၍ အာရှာအမျိုးသား တို့သည်
အဆွေအမျိုးအလိုက် အမွေခံရကြ၏။ 25 သူတို့အပိုင်းအခြားသည် ဟေလကတ်မြို့၊ ဟာလိမြို့၊ ဗေတင်မြို့၊ အာခရှပ်မြို့၊ 26
အာလမ္မေလက်မြို့၊ အာမဒ်မြို့၊ မိရှာလမြို့ပါ လျက်၊ အနောက်မျက်နှာ၌ ကရမေလမြို့၊ ရှိဟောရလိဗ နတ်မြို့သို့ ရောက်လေ၏။ 27
တဖန် နေထွက်ရာဘက်သို့လှည့်၍ ဗက်ဒါဂုန် မြို့၊ ဇာဗုလုန်ခရိုင်၊ ယိဖသေလချိုင့်ကို ရှောက်သဖြင့်၊ မြောက်မျက်နှာသို့သွား၍
ဗေသမက်မြို့၊ နယေလမြို့၊ ကာ ဗုလမြို့၊ 28 ဟေဗြုန်မြို့၊ ရဟောဘမြို့၊ ဟမ္မုန်မြို့၊ ကာနမြို့၊ ဇိဒုန်မြို့ကြီးတိုင်အောင်
ရောက်ပြီးလျှင်၊ 29 ရာမမြို့၊ ခိုင်ခံ့သောတုရုမြို့၊ ဟောသမြို့သို့ လှည့်လျက်၊ ပင်လယ်ကမ်းပါးမှစ၍ အာခဇိပ်မြို့တိုင် အောင်
ပင်လယ်၌ဆုံးလေ၏။ 30 အုမ္မာမြို့၊ အာဖက်မြို့၊ ရဟောဘမြို့နှင့်တကွ ရွာပါလျက် နှစ်ဆယ်နှစ်မြို့ရှိသတည်း။ 31 ဤရွေ့ကား
မြို့ရွာပါလျက် အာရှာအမျိုးသားတို့ သည် အဆွေအမျိုးအလိုက် ခံရသောအမွေတည်း။ 32 ဆဋ္ဌမတကြိမ် စာရေးတံပြု၍
နဿလိအမျိုး သားတို့သည် အဆွေအမျိုးအလိုက် အမွေခံရကြ၏။ 33 သူတို့အပိုင်းအခြားသည် ဟေလပ်မြို့၊ အာလုန်မြို့။
ဇာနန္နိမ်မြို့၊ အာဒမိမြို့၊ နေကပ်မြို့၊ ယာဗနေလမြို့၊ လာကုံမြို့ပါလျက် ယော်ဒန်မြစ်၌ ဆုံးလေ၏။ 34 တဖန် အနောက်မျက်နှာသို့
လှည့်သဖြင့် အာဇနုတ္တာဘော်မြို့၊ ဟုကုတ်မြို့သို့ရောက်၍၊ တောင် ဘက်၌ ဇာဗုလုန်ခရိုင်၊ အနောက်ဘက်၌ အာရှာခရိုင်၊
နေထွက်ရာဘက်၌ ယော်ဒန်မြစ်အပိုင်းအခြားရှိ၏။ 35 ခိုင်ခံ့သောမြို့များ ဟူမူကား၊ ဇိဒ္ဒိမ်မြို့၊ ဇေရမြို့၊ ဟမ္မတ်မြို့၊ ရက္ကတ်မြို့၊
ဂနေ်သရက်မြို့၊ 36 အာဒမာမြို့၊ ရာမမြို့၊ ဟာဇော်မြို့၊ 37 ကေဒေရှမြို့၊ အင်ဟာဇော်မြို့၊ ဧဒြေမြို့၊ 38 ဣရုန်မြို့၊ မိဂဒလေလမြို့၊
ဟောရင်မြို့၊ ဗေသ နတ်မြို့၊ ဗက်ရှေမက်မြို့၊ ရွာနှင့်တကွ ဆယ်ကိုးမြို့တည်း။ 39 ဤရွေ့ကား မြို့ရွာပါလျက်၊ နဿလိအမျိုးသား
တို့သည် အဆွေအမျိုးအလိုက် ခံရသောအမွေတည်း။ 40 သတ္တမတကြိမ် စာရေးတံပြု၍ ဒန်အမျိုးသားတို့ သည် အဆွေအမျိုးအလိုက်
အမွေခံရကြ၏။ 41 သူတို့အမွေခံရသော မြို့များဟူမူကား၊ ဇောရာ မြို့၊ ဧရှတောလမြို့၊ ဣရရှေမက်မြို့၊ 42 ရှာလဗ္ဗိန်မြို့၊
အာယလုန်မြို့၊ ယေသလမြို့၊ 43 ဧလုန်မြို့၊ သိမနာသမြို့၊ ဧကြုန်မြို့၊ 44 ဧလတေကမြို့၊ ဂိဗ္ဗသုန်မြို့၊ ဗာလပ်မြို့၊ 45 ယေဟုတ်မြို့၊
ဗေနဗေရက်မြို့၊ ဂါသရိမ္မုန်မြို့၊ 46 မေယာကုန်မြို့၊ ရက္ကုန်မြို့၊ ယာဖေါမြို့ရှေ့မှာရှိ သော မြေပါသတည်း။ 47
ဒန်အမျိုးသားရသောမြေသည် ကျဉ်းမြောင်း သောကြောင့်၊ လဲရှမြို့ကို စစ်ချီ၍တိုက်ယူလုပ်ကြံသဖြင့် နေရာချကြ၏။ လဲရှမြို့ကို၊
အမျိုး၏အဘဒန်ကို အစွဲပြု၍၊ ဒန်မြို့ဟူသောအမည်ဖြင့် မှည့်ကြ၏။ 48 ဤရွေ့ကား မြို့ရွာပါလျက်၊ ဒန်အမျိုးသားတို့ သည်
အဆွေအမျိုးအလိုက် ခံရသောအမွေတည်း။ 49 ထိုသို့ ဣသရေလအမျိုးသားတို့သည် မြေတပြင် လုံးကို အပိုင်းအခြားနှင့်တကွ
ဝေဖန်၍ အမွေခံပြီးမှ၊ နုန်၏သားယောရှုအား အမွေမြေကို ပေးကြ၏။ 50 သူတောင်းသောမြို့ ဧဖရိမ်တောင်ပေါ်မှာ တိမ
နသေရမြို့ကို ထာဝရဘုရားအမိန့်တော်အတိုင်း ပေးသ ဖြင့်၊ သူသည် မြို့ကိုတည်ထောင်၍ နေလေ၏။ 51 ဤရွေ့ကား
ယဇ်ပုရောဟိတ်ဧလေဇာ၊ နုန်၏ သားယောရှု၊ ဣသရေလအမျိုးသားတို့တွင် အဆွေအမျိုး သူကြီးတို့သည်၊ ရှိလောမြို့မှာ


generated on Tue Jul 2 12:50:28 2024

ထာဝရဘုရားရှေ့ ပရိသတ် စည်းဝေးရာတဲတော်တံခါးနား၌ ဝေပေးသော အမွေခံ စရာမြေ အသီးသီးပေတည်း။ ဤရွေ့ကား၊ ပြည်ကို ဝေဖန်သောအမှု ပြီးလေ၏။



generated on Tue Jul 2 12:50:28 2024

## Chapter 20

[1] တဖန် ထာဝရဘုရားသည် ယောရှုကို ခေါ် တော်မူ၍၊ [2] သင်သည် ဣသရေလအမျိုးသားတို့အား ဆင့်ဆိုရမည်မှာ၊ ငါသည်
မောရှေအားဖြင့် မှာထားသည် အတိုင်း၊ [3] လူအသက်ကို သတ်မည်ဟု အကြံမရှိဘဲ အမှတ် တမဲ့သတ်မိသောသူသည် ပြေး၍
မှီခိုရာမြို့တို့ကို ရွေး ထားကြလော့။ သေစားသေစေသောသူလက်နှင့် လွတ်၍ မှီခိုရာမြို့ ဖြစ်ရသတည်း။ [4] ထိုမြို့ တစုံတမြို့သို့
ပြေးသောသူသည် မြို့တံခါး ဝ၌ရပ်၍၊ ထိုမြို့၌ အသက်ကြီးသူတို့အား မိမိအမှုကို ကြား ပြောသောအခါ၊ သူတို့သည် မြို့ထဲသို့ခေါ်၍
သူတို့ထံမှာ နေရာချရကြမည်။ [5] သေစားသေစေသောသူသည် လိုက်လာလျှင်၊ သူ့လက်သို့ သတ်မိသောသူကို မအပ်ရ။ အကြောင်းမူ
ကား၊ ထိုသူသည် မိမိအဘော်ကို အငြိုးမထားဘဲ အမှတ် တမဲ့သတ်မိ၏။ [6] ထိုသူသည် ပရိသတ်ရှေ့သို့ရောက်၍ တရား စီရင်ခြင်းကို
မခံမှီသော်၎င်း၊ ထိုကာလ ယဇ်ပုရောဟိတ် မင်း မသေမှီသော်၎င်း ထိုမြို့၌နေရမည်။ ထိုနောက်မှ ပြန်လာ၍ အထက်ပြေးရသောမြို့၊
မိမိနေရင်းအိမ်၌ နေရသောအခွင့် ရှိရမည်ဟု မိန့်တော်မူသည်အတိုင်း၊ [7] သူတို့သည် ဂါလိလဲပြည်၊ နဿလိတောင်ပေါ်မှာ ကေဒေ့ရှမြို့၊
ဧဖရိမ်တောင်ပေါ်မှာ ရှေခင်မြို့၊ ယုဒ တောင်ပေါ်မှာ ဟေဗြုန်မြို့တည်းဟူသော ကိရယသာဘ မြို့တို့ကို၎င်း၊ [8] ယော်ဒန်မြစ်တဘက်၊
ယေရိခေါမြို့အရှေ့မှာ ရုဗင်ခရိုင်၊ တောလွင်ပြင်၌ ဗေဇာမြို့၊ ဂဒ်ခရိုင်၊ ဂိလဒ် ပြည်၌ ရာမုတ်မြို့၊ မနာရှေခရိုင်၊ ဗာရှန်ပြည်၌ ဂေါလန်
မြို့တို့ကို၎င်း ရွေးထားကြ၏။ [9] ဤမြို့တို့ကား၊ ဣသရေလအမျိုးသားဖြစ်စေ၊ သူတို့တွင် တည်းခိုသော တပါးအမျိုးသားဖြစ်စေ၊
အမှတ် တမဲ့ လူအသက်ကို သတ်မိသောသူသည် သေစားသေစေ သောသူလက်နှင့်လွတ်၍ ပရိသတ်ရှေ့သို့ မရောက်မှီတိုင် အောင်
ပြေးရသောအခွင့် ရှိစေခြင်းငှါ ရွေးထားသောမြို့ ဖြစ်သတည်း။

---

### Joshua 01

မောရှေ၏ လက်ဖြင့်
ဤနေရာ၌ "မောရှေ၏လက်" ဟူသည် မောရှေရေးသော တရားများကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မောရှေရေးသောအရာများနှင့် စပ်လျဉ်း၍"။

သတ်မည်ဟု အကြံမရှိဘဲ အမှတ် တမဲ့သတ်မိ
လူတစ်ယောက်သည် အခြားသောသူကို မတော်တဆမှုဖြင့်ဖြစ်စေ၊ အကြံမရှိဘဲဖြစ်စေ သတ်မိခြင်းမျိုး ဖြစ်သည်။

သေစားသေစေသောသူလက်နှင့်
အခြားသောဘာသာပြန်ဆိုချက်၊ "လူတယောက်၏ အသက်အတွက် လက်စားချေခြင်း"

### Joshua 04

ပြေးသောသူ
သူ၊ ဟူသောစကားလုံးသည် အကြံမရှိဘဲ သူတပါးအသက်ကို သတ်သောသူကို ရည်ညွှန်းသည်။

ထိုမြို့၌ အသက်ကြီးသူတို့အား မိမိအမှုကို ကြား ပြောသောအခါ၊ သူတို့သည် သူ့ကို မြို့ထဲသို့ခေါ်၍
သူသည် အကြံမရှိဘဲ သတ်သည်ဟူ၍ အသက်ကြီးသူတို့အား လက်ခံယုံကြည်စေသည်။ "သူတို့" ဟူသော စကားသည် သက်ကြီးသူတို့ကို ရည်ညွှန်း၍၊ "သူ့ကို" ဟူသော စကားလုံးသည် အကြံမရှိဘဲ အသက်သတ်သူကို ရည်ညွှန်းသည်။

သူတို့ထံမှာ နေရာချရကြမည်
အသက်ကြီးသူတို့သာ မဟုတ်ဘဲ မြို့ကိုပါ ရည်ညွှန်းသည်။

### Joshua 05

သေစားသေစေသောသူသည် လိုက်လာလျှင်
သေစားသေစေသောသူသည် သူတို့၏ သေခြင်းကို ရည်ညွှန်းသည်။ ၂၀း၃ တွင်မည်ကဲ့သို့ဘာသာပြန်ထားသည်ကို ကြည့်ပါ။ အခြားသောဘာသာပြန်ဆိုချက်၊ "လူတစ်ယောက်၏ အသက်အတွက် လက်စားချေခြင်း"။

မိမိအဘော်ကို အငြိုးမထားဘဲ အမှတ် တမဲ့သတ်မိ၏
သူ၏အဘော်ကို မတော်တဆ သတ်မိခဲ့သည်။

ထိုသူသည် ပရိသတ်ရှေ့သို့ရောက်၍
သူ၏ နိုင်ငံသား အချင်းချင်းတို့ရှေ့ သို့မဟုတ် ပရိသတ်ရှေ့တွင် တရားစီရင်ရေးအတွက် ရောက်ရှိခြင်းကို ရည်ညွှန်းသည်။

### Joshua 07

ယေဘုယျ အချက်အလက်
ဤအပိုင်းတွင် အမည်နာမအများကြီးရှိသည်။

ယောဒန်
ယောဒန်မြစ်၏ အတိုကောက်နာမည် ဖြစ်သည်။

### Joshua 09

သေစားသေစေ သောသူလက်နှင့်လွတ်၍
လက်နှင့်၊ ဟူသောစကားလုံးသည် ဤနေရာတွင် ဝရမ်းပြေးကို သတ်သော ကိုယ်စားလှယ်ဟု အဓိပ္ပါယ်ရသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တစ်စုံတစ်ယောက်သောသူက သတ်ရလိမ့်မည် မဟုတ်"။

 generated on Tue Jul 2 12:50:28 2024

သေစားသေစေ သောသူ
၂၀:၃ တွင် မည်ကဲ့သို့ဘာသာပြန်ထားသည်ကို ကြည့်ပါ။
အခြားသောဘာသာပြန်ဆိုချက်၊ "လူတစ်ယောက်၏
အသက်အတွက် လက်စားချေခြင်း"။

---

## Translation Questions

### Joshua 20:1

ထာဝရဘုရားသည် ယောရှုအား လူတို့ကိုမည်သည့်အကြောင်းပြောရန် မိန့်ကြားခဲ့သနည်း။

ထာဝရဘုရားသည် ယောရှုအား မှီခိုရာမြို့ကို ရွေးချယ်ရန် ပြောပါသည်။

မှီခိုရာမြို့ဆိုသည်မှာ မည်ကဲ့သို့ ဖြစ်သနည်း။

မှီခိုရာမြို့ဆိုသည်မှာ လူ့အသက်ကို မရည်ရွယ်ဘဲ သတ်မိသောသူများ ထွက်ပြေး၍ ခိုလှုံနိုင်သောမြို့ကို ခေါ်ပါသည်။

### Joshua 20:4

ထိုမြို့သို့ ပြေးသောသူသည် မိမိအမှုကို ကြားပြောသောအခါ မည်သူတို့အား ကြားပြောရမည်နည်း။

ထိုမြို့သို့ ပြေးသောသူသည် မိမိအမှုကို ကြားပြောသောအခါ အသက်ကြီးသောသူတို့အား ကြားပြောရမည်။

### Joshua 20:5

ထိုသူသည် ထွက်ပြေးပြီးနောက် တရားခွင်ထဲ ဝင်သောအခါ သူအိမ်သို့ ပြန်ခွင့်မပြုမှီ မည်သည့်အရာကို ပြုလုပ်ရမည်နည်း။

ထိုသူသည် ထိုကာလရှိ ယဇ်ပုရောဟိတ်မင်း မသေမှီအထိ ထိုမြို့မှ မထွက်ရပါ။

### Joshua 20:9

အစွပ်စွဲခံထားရသောသူသည် အသတ်ခံရသောသူ၏မိသားစုမှ လက်တုန့်ပြန်အသေသတ်ခြင်းမှ ရှောင်ကြဉ်ရန် မည်ကဲ့သို့ ပြုလုပ်ရမည်နည်း။

အစွပ်စွဲခံထားရသော သူသည် ရှေးဦးစွာ လူစုဝေးရာ ပရိသတ်ရှေ့ တရားခွင်ထဲသို့ ဝင်ရမည်။

---


generated on Tue Jul 2 12:50:28 2024

## Chapter 21

1 လေဝိသား အဆွေအမျိုးသူကြီးတို့သည်၊ ယဇ်ပု ရောဟိတ်ဧလာဇာ၊ နုန်၏သားယောရှု၊ ဣသရေလအမျိုး တို့တွင်
အဆွေအမျိုးသူကြီးတို့ထံသို့ ချဉ်းကပ်၍၊ 2 အကျွန်ုပ်တို့ နေစရာဘို့ မြို့တို့ကိုငင်း၊ တိရစ္ဆာန် များတို့မြို့နယ်တို့ကိုငင်း ပေးစေခြင်းငှါ
ထာဝရဘုရား သည် မောရှေအားဖြင့် မှာထားတော်မူပြီဟု ခါနာန်ပြည်၊ ရှိလောမြို့၌ ပြောဆိုကြလျှင်၊ 3 ဣသရေလအမျိုးသားတို့သည်
ထာဝရဘုရား မှာထားတော်မူသည်အတိုင်း၊ မိမိတို့အမွေခံရသော မြေထဲ က၊ မြို့နှင့် မြို့နယ်တို့ကို ပေးကြ၏။ 4 စာရေးတံပြု၍
ကောဟတ်အဆွေအမျိုးတို့သည် အမွေခံရာတွင်၊ လေဝိသား ယဇ်ပုရောဟိတ် အာရုန်၏ သားမြေးတို့သည် စာရေးတံပြုသောအားဖြင့်၊
ယုဒခရိုင်၊ ရှိမောင်ခရိုင်၊ ဗင်္ယာမိန်ခရိုင်ထဲက ဆယ်သုံးမြို့ကို ရကြ၏။ 5 ကြွင်းသော ကောဟတ်သားတို့သည် ဧဖရိမ် ခရိုင်၊ ဒန်ခရိုင်၊
မနာရှေခရိုင် ဝက်ထဲက ဆယ်မြို့ကို ရကြ၏။ 6 ဂေရရှုံသားတို့သည် စာရေးတံပြုသောအားဖြင့်၊ ဣသခါခရိုင်၊ အာရှာခရိုင်၊
နဿလိခရိုင်၊ ဗာရှန်ပြည်၌ မနာရှေခရိုင်ဝက်ထဲက၊ ဆယ်သုံးမြို့ကို ရကြ၏။ 7 မေရာရိသားတို့သည် အဆွေအမျိုးအလိုက် ရုဗင်ခရိုင်၊
ဂဒ်ခရိုင်၊ ဇာဗုလုန်ခရိုင်ထဲက၊ ဆယ်နှစ်မြို့ကို ရကြ၏။ 8 ထာဝရဘုရားသည် မောရှေအားဖြင့် မှာထား တော်မူသည်အတိုင်း၊
ဣသရေလအမျိုးသားတို့သည် စာရေးတံပြု၍ ထိုမြို့တို့ကို မြို့နယ်နှင့်တကွ လေဝိသား တို့အား ပေးကြ၏။ 9 ယုဒအမျိုးသားခရိုင်၊
ရှိမောင်အမျိုးသားခရိုင်ထဲ က ပေး၍ လေဝိသားဖြစ်သော ကောဟတ်အဆွေအမျိုး၊ 10 အာရုန်၏သားမြေးတို့သည် ပဌမစာရေးတံ
အားဖြင့်ရသော မြို့တို့၏ အမည်များဟူမူကား၊ 11 ယုဒခရိုင်တောင်ကြား၌ ဟေဗြုန်မြို့တည်းဟူ သော အာနကအဘ
အာဘနေသောမြို့ကို မြို့နယ်နှင့် တကွ ပေးကြ၏။ 12 သို့ရာတွင် မြို့နှင့်ဆိုင်သော လယ်များ၊ ရွာများ တို့ကို ယေဖုန္နာ၏သား
ကာလက်အား အပိုင်ပေးကြ၏။ 13 လူအသက်ကို သတ်မိသောသူ မှီခိုရာမြို့ဖြစ်စေ ခြင်းငှါ၊ ဟေဗြုန်မြို့ကို မြို့နယ်နှင့်တကွ
ယဇ်ပုရောဟိတ် အာရုန်၏သားမြေးတို့အား ပေးကြ၏။ 14 ထိုမှတပါး၊ လိဗနမြို့နှင့်မြို့နယ်၊ ယတ္တိရမြို့နှင့် မြို့နယ်၊ ဧရှတေမောမြို့နှင့်
မြို့နယ်၊ 15 ဟောလုန်မြို့နှင့် မြို့နယ်၊ ဒေဗိရမြို့နှင့် မြို့နယ်၊ 16 အဣနမြို့နှင့် မြို့နယ်၊ ယုတ္တာမြို့နှင့် မြို့နယ်၊ ဗက်ရှေမက်မြို့နှင့်
မြို့နယ်တည်းဟူသော ထိုခရိုင်နှစ်ခရိုင် ထဲက ကိုးမြို့တို့ကိုငင်း၊ 17 ဗင်္ယာမိန်ခရိုင်ထဲက ဂိဗောင်မြို့နှင့် မြို့နယ်၊ ဂေဗမြို့နှင့် မြို့နယ်၊ 18
အာနသုတ်မြို့နှင့် မြို့နယ်၊ အာလမုန်မြို့နှင့် မြို့နယ်တည်းဟူသော လေးမြို့တို့ကိုငင်း ပေးကြ၏။ 19 အာရုန်၏သားမြေး
ယဇ်ပုရောဟိတ်တို့ရသော မြို့ပေါင်းကား၊ မြို့နယ်ပါသောမြို့ ဆယ်သုံးမြို့ရှိသတည်း။ 20 ကြွင်းသောကောဟတ်သား
အဆွေအမျိုးဖြစ် သော လေဝိသားတို့သည် စာရေးတံပြု၍ ဧဖရိမ်ခရိုင်ထဲ က ရသည်အတိုင်း၊ 21 လူအသက်ကို
သတ်မိသောသူမှီခိုရာမြို့ ဖြစ်စေ ခြင်းငှါ၊ ဧဖရိမ်တောင်ပေါ်မှာ ရှေခင်မြို့ကို မြို့နယ်နှင့် တကွ ပေးကြ၏။ 22 ထိုမှတပါး
ဂေဇာမြို့နှင့်မြို့နယ်၊ ကိဗဇိမ်မြို့နှင့် မြို့နယ်၊ ဗေသောရုန်မြို့နှင့် မြို့နယ်တည်းဟူသော လေး မြို့တို့ကိုငင်း၊ 23 ဒန်ခရိုင်ထဲက
ဧလတေကမြို့နှင့် မြို့နယ်၊ ဂိဗ္ဗိ သုန်မြို့နှင့် မြို့နယ်၊ 24 အာဇလုန်မြို့နှင့် မြို့နယ်၊ ဂါသရိမ္မုန်မြို့နှင့် မြို့နယ်တည်းဟူသော
လေးမြို့တို့ကိုငင်း၊ 25 မနာရှေခရိုင်ဝက်ထဲက တာနက်မြို့နှင့် မြို့နယ်၊ ဂါသရိမ္မုန်မြို့နှင့် မြို့နယ်တည်းဟူသော နှစ်မြို့တို့ကိုငင်း
ပေးကြ၏။ 26 ကြွင်းသော ကောဟတ်သားအဆွေအမျိုးတို့ သည် ရသောမြို့နယ်နှင့်တကွ မြို့ပေါင်းကား ဆယ်မြို့ တည်း။ 27
လေဝိအဆွေအမျိုး၊ ဂေရရှုံသားတို့အားလည်း၊ မနာရှေခရိုင်ဝက်ထဲက လူအသက်ကို သတ်မိသောသူ မှီခိုရာမြို့၊ ဗာရှန်ပြည်၌
ဂေါလန်မြို့နှင့် မြို့နယ်၊ ဗေရှတေ ရမြို့နှင့် မြို့နယ်တည်းဟူသော နှစ်မြို့တို့ကိုငင်း၊ 28 ဣသခါခရိုင်ထဲက ကိရှုန်မြို့နှင့် မြို့နယ်၊
ဒါဗရေ မြို့နှင့် မြို့နယ်၊ 29 ယာမုတ်မြို့နှင့် မြို့နယ်၊ အင်္ဂန္နိမ်မြို့နှင့်မြို့နယ် တည်းဟူသော လေးမြို့တို့ကိုငင်း၊ 30 အာရှာခရိုင်ထဲက
မိရှလမြို့နှင့်မြို့နယ်၊ အာဗ ဒုန်မြို့နှင့် မြို့နယ်၊ 31 ဟေလကတ်မြို့နှင့် မြို့နယ်၊ ရဟောဘမြို့နှင့် မြို့နယ်တည်းဟူသော
လေးမြို့တို့ကိုငင်း၊ 32 နဿလိခရိုင်ထဲက၊ လူအသက်ကို သတ်မိသော သူမှီခိုရာမြို့၊ ဂါလိလဲပြည်၌ ကေဒေရှမြို့နှင့် မြို့နယ်၊
ဟမ္မုဒ္ဒေါ်မြို့နှင့် မြို့နယ်၊ ကာတံမြို့နှင့် မြို့နယ်တည်းဟူ သော သုံးမြို့တို့ကိုငင်း ပေးကြ၏။ 33 ဂေရရှုံသားတို့သည်၊
အဆွေအမျိုးအလိုက်ရ သော မြို့နယ်နှင့်တကွ မြို့ပေါင်းကား ဆယ်သုံးမြို့တည်း။ 34 ကြွင်းသော လေဝိသား၊ မေရာရိအဆွေအမျိုးတို့
အား ဇာဗုလုန်ခရိုင်ထဲက ယောကနံမြို့နှင့် မြို့နယ်၊ ကာတမြို့နှင့်မြို့နယ်၊ 35 ဒိမနမြို့နှင့် မြို့နယ်၊ နဟာလာလမြို့နှင့်မြို့နယ်
တည်းဟူသော လေးမြို့တို့ကိုငင်း၊ 36 ရုဗင်ခရိုင်ထဲက လူအသက်ကို သတ်မိသောသူ မှီခိုရာမြို့၊ တော၌ ဗေဇာမြို့နှင့် မြို့နယ်၊
ယဟာဇမြို့နှင့် မြို့နယ်၊ 37 ကေဒမုတ်မြို့နှင့်မြို့နယ်၊ မေဖတ်မြို့နှင့် မြို့နယ် တည်းဟူသော လေးမြို့တို့ကိုငင်း၊ 38 ဂဒ်ခရိုင်ထဲက၊
လူအသက်ကို သတ်မိသောသူမှီ ခိုရာမြို့၊ ဂိလဒ်ပြည်၌ ရာမုတ်မြို့နှင့် မြို့နယ်၊ မဟာနိမ်မြို့ နှင့် မြို့နယ်၊ 39 ဟေရှဘုန်မြို့နှင့် မြို့နယ်၊
ယာဇာမြို့နှင့် မြို့နယ် တည်းဟူသော လေးမြို့တို့ကိုငင်း ပေးကြ၏။ 40 ကြွင်းသောလေဝိအဆွေအမျိုး မေရာရိသားတို့ သည်
စာရေးတံပြု၍ အဆွေအမျိုးအလိုက်ရသော မြို့ နယ်နှင့်တကွ မြို့ပေါင်းကား ဆယ်နှစ်မြို့တည်း။ 41 ဣသရေလအမျိုးသားနေရာ
နိုင်ငံအဝင်၊ လေဝိသားနေသော မြို့ပေါင်းကား၊ မြို့နယ်နှင့်တကွ လေးဆယ်ရှစ်မြို့တည်း။ 42 ထိုမြို့ရှိသမျှတို့သည်
ပတ်ဝန်းကျင်နယ်နှင့် ပြည့်စုံလျက်ရှိသတည်း။ 43 ထာဝရဘုရားကလည်း၊ ငါပေးမည်ဟု ဘိုးဘေး တို့အား ကျိန်ဆိုတော်မူသော
ပြည်ရှိသမျှကို ဣသရေလ အမျိုးသားတို့အား ပေးတော်မူသဖြင့်၊ သူတို့သည် သိမ်းယူ ၍ နေရာကျကြ၏။ 44 ဘိုးဘေးတို့အား
ကျိန်ဆိုတော်မူသမျှအတိုင်း၊ ပတ်ဝန်းကျင်အရပ်တို့၌ ငြိမ်ဝပ်ရာအခွင့်ကို ပေးတော်မူ သဖြင့်၊ သူတို့ရှေ့မှာ အဘယ်ရန်သူမျှမရပ်နိုင်။

 generated on Tue Jul 2 12:50:28 2024

ရန်သူ အပေါင်းတို့ကို သူတို့လက်သို့ အပ်တော်မူ၏။ 45 ထာဝရဘုရားသည် ဣသရေလအမျိုးအဘို့ မိန့်တော်မူသော ကောင်းကျိုးတစုံတပါးမျှမလျော့၊ ရှိသမျှ တို့သည် ပြည့်စုံကြ၏။


generated on Tue Jul 2 12:50:28 2024

## Chapter 22

[1] တဖန် ယောရှုသည် ရုဗင်အမျိုး၊ ဂဒ်အမျိုး၊ မနာရှေအမျိုးတဝက်တို့ကို ခေါ်၍၊ [2] ထာဝရဘုရား၏ကျွန် မောရှေမှာထားသမျှ အတိုင်း၊
သင်တို့သည် ပြု၍၊ ငါမှာထားသမျှသော စကား ကိုလည်း နားထောင်ကြပြီ။ [3] ယနေ့တိုင်အောင် ကြာမြင့်စွာသောကာလပတ် လုံး
သင်တို့သည် ညီအစ်ကိုများကို မစွန့်ဘဲနေ၍၊ သင်တို့ ဘုရားသခင် ထာဝရဘုရား စီရင်မှာထားတော်မူသမျှကို စောင့်ရှောက်ကြပြီ။ [4]
ယခုမှာ သင်တို့၏ဘုရားသခင် ထာဝရဘုရား ဂတိတော်ရှိသည်အတိုင်း၊ ညီအစ်ကိုတို့အား ငြိမ်သက် ခြင်းအခွင့်ကို
ပေးတော်မူသောကြောင့်၊ သင်တို့ပြန်၍ ကိုယ်နေရာအိမ်သို့ရှင်း၊ ယော်ဒန်မြစ်တဘက်၌ ထာဝရ ဘုရား၏ကျွန်
မောရှေပေးသည်အတိုင်း၊ ကိုယ်ပိုင်သော မြေသို့ရှင်း သွားကြလော့။ [5] သို့ရာတွင် ထာဝရဘုရား၏ကျွန် မောရှေမှာ ထားသော
ပညတ်တရားအတိုင်း ကျင့်၍၊ သင်တို့၏ ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ချစ် ခြင်း၊ လမ်းတော်အလုံးစုံတို့၌
လိုက်သွားခြင်း၊ ပညတ် တော်တို့ကို စောင့်ရှောက်ခြင်း၊ ကိုယ်တော်၌ ဆည်းကပ် ခြင်း၊ အမှုတော်ကို ဆောင်ရွက်ခြင်းငှါ ကြိုးစား၍
သတိပြု ကြလော့ဟု မှာထားလျက်၊ [6] ကောင်းကြီးပေး၍ လွှတ်လိုက်လေ၏။ သူတို့ သည် ကိုယ်နေရာအိမ်သို့ သွားကြ၏။ [7]
မနာရှေအမျိုးတဝက်အား မောရှေသည် ဗာရှန် ပြည်၌ မြေကိုပေးနှင့်ပြီ။ အမျိုးတဝက်အား ယောရှုသည် ယော်ဒန်မြစ်အနောက်ဘက်၌
သူတို့ညီအစ်ကိုများနှင့် အတူ မြေကို ပေး၏။ [8] ယောရှုကလည်း၊ သင်တို့သည် အလွန်ဥစ္စာရ တတ်၍ များစွာသော တိရစ္ဆာန်၊ ရွှေ၊ ငွေ၊
ကြေးဝါ၊ သံ၊ အဝတ်တန်ဆာများတို့ကို ယူဆောင်လျက် သင်တို့နေရာ အိမ်သို့ ပြန်သွားကြလော့။ ရန်သူတို့၌ လုယူ၍ရသော ဥစ္စာကို
သင်တို့ညီအစ်ကိုများ၌ ဝေဖန်ကြလော့ဟု မှာ ထားလျက်၊ ကောင်းကြီးပေး၍ သူတို့နေရာအိမ်သို့ လွှတ် လိုက်လေ၏။ [9]
ထာဝရဘုရားသည် မောရှေအားဖြင့် မိန့်တော်မူ သည်အတိုင်း၊ ရုဗင်အမျိုး၊ ဂဒ်အမျိုး၊ မနာရှေအမျိုး တဝက်တို့သည်
ပိုင်ထိုက်သောမြေ၊ ဂိလဒ်ပြည်သို့ သွား ခြင်းငှါ၊ ဣသရေလအမျိုးသားရှိရာ ခါနာန်ပြည်၊ ရှိလော မြို့မှ ထွက်သွားကြ၏။ [10]
ခါနာန်ပြည်၊ ယော်ဒန်မြစ်နားသို့ ရောက်သော အခါ၊ ရုဗင်အမျိုး၊ ဂဒ်အမျိုး၊ မနာရှေအမျိုးတဝက်တို့ သည် ယော်ဒန်မြစ်နားမှာ
ထင်ရှားစွာသော ယဇ်ပလ္လင် ကြီးကို တည်ကြ၏။ [11] ထိုသို့ ရုဗင်အမျိုး၊ ဂဒ်အမျိုး၊ မနာရှေအမျိုး တဝက်တို့သည် ခါနာန်ပြည်တဘက်၊
ယော်ဒန်မြစ်နား၊ ဣသရေလအမျိုးသားကူးရာအရပ်၌ ယဇ်ပလ္လင်ကို တည် ကြပြီဟု ဣသရေလအမျိုးသားတို့သည် သိတင်းကြားကြ
၏။ [12] ထိုသိတင်းကို ကြားသောအခါ၊ ဣသရေလ အမျိုးသား ပရိသတ်အပေါင်းတို့သည် စစ်ချီခြင်းငှါ၊ ရှိလောမြို့၌ စည်းဝေးကြ၏။
[13] ဣသရေလအမျိုးသားတို့သည်၊ [14] ယဇ်ပုရောဟိတ်ဧလာဇာသား ဖိနဟတ်နှင့် တကွ၊ ဣသရေလအမျိုး အသီးအသီးတို့အထဲက
ရွေး ကောက်၍၊ လူတထောင်ကို အုပ်သော အဆွေအမျိုး သူကြီးဆယ်ပါးတို့ကို ရုဗင်အမျိုး၊ ဂဒ်အမျိုး၊ မနာရှေအမျိုး တဝက်ရှိရာ
ဂိလဒ်ပြည်သို့ စေလွှတ်ကြ၏။ [15] ထိုမင်းတို့သည် ရုဗင်အမျိုး၊ ဂဒ်အမျိုး၊ မနာရှေ အမျိုးတဝက်ရှိရာ ဂိလဒ်ပြည်သို့ရောက်၍၊ [16]
ထာဝရဘုရား၏ ပရိသတ်အပေါင်းတို့ မှာလိုက် သည်ကား၊ သင်တို့သည် ထာဝရဘုရားကို ယနေ့ပုန်ကန် ၍ ယဇ်ပလ္လင်ကို တည်သဖြင့်၊
ထာဝရဘုရားနောက်တော် သို့ မလိုက်၊ ယနေ့ လွှဲသွားခြင်းငှါ ဣသရေလအမျိုး၏ ဘုရားသခင်ကို ပြစ်မှားသောအပြစ်ကား
အဘယ်သို့နည်း။ [17] သင်တို့သည် ထာဝရဘုရားနောက်တော်သို့ မလိုက် လွှဲသွားရမည်အကြောင်း၊ ပေဂုရအပြစ်သည် ငါတို့အဘို့
မလောက်သလော။ ထာဝရဘုရား၏ ပရိသတ် တော်၌ ဘေးကြီးရောက်သော်လည်း၊ ယနေ့တိုင်အောင် ထိုအပြစ် မရှင်းလင်းသေး။ [18]
သင်တို့သည် ထာဝရဘုရားကို ယနေ့ ပုန်ကန်၍ နက်ဖြန်နေ့ ဣသရေလအမျိုး ပရိသတ်အပေါင်းတို့ကို အမျက်ထွက်တော်မူမည်။ [19]
သို့သော်လည်း သင်တို့အပိုင်ရသောမြေသည် မစင်ကြယ်လျှင်၊ ထာဝရဘုရားအပိုင်ယူတော်မူ၍၊ တဲ တော်ရှိရာမြေသို့ ကူးသဖြင့်
ငါတို့နှင့်အတူ အပိုင်ယူကြ လော့။ ငါတို့ဘုရားသခင် ထာဝရဘုရား၏ ယဇ်ပလ္လင် တော်မှတပါး၊ အခြားသော ယဇ်ပလ္လင်ကို ကိုယ်အဘို့
တည်၍ ထာဝရဘုရားကို မပုန်ကန်ကြနှင့်။ ငါတို့ကို လည်း မပုန်ကန်ကြနှင့်။ [20] ဇေရသား အာခန်သည် ကျိန်အပ်သောအရာ၌ ပြစ်မှား၍
အမျက်တော်သည် ဣသရေလအမျိုး ပရိသတ် အပေါင်းတို့အပေါ်မှာ ရောက်သည် မဟုတ်လော။ ထိုသူ သည်
ပြစ်မှားသောအပြစ်ကြောင့် တယောက်တည်းသာ သေရသည် မဟုတ်ဟု ဆိုကြ၏။ [21] ထိုအခါ ရုဗင်အမျိုး၊ ဂဒ်အမျိုး၊ မနာရှေအမျိုး
တဝက်တို့သည် ဣသရေလအမျိုးတွင် လူတထောင်စီအုပ် သော အကဲအမှူးတို့အား ပြန်ပြောလေသည်မှာ၊ [22] မြတ်စွာဘုရားသခင်
ထာဝရဘုရား၊ မြတ်စွာဘုရား သခင် ထာဝရဘုရားသည် ကိုယ်တော်တိုင် သိတော်မူ၏။ ဣသရေလအမျိုးလည်း
ကိုယ်တိုင်သိရလိမ့်မည်။ ပုန်ကန် မည်အကြံ၊ ထာဝရဘုရားကို ပြစ်မှားမည်အကြံရှိ၍၊ ထာဝရဘုရားနောက်တော်သို့ မလိုက်ဘဲ
လွှဲသွားခြင်းငှါ ငါတို့သည် ယဇ်ပလ္လင်ကို တည်သည်မှန်လျှင်၊ ယနေ့ ဘေးမလွတ်ပါစေနှင့်။ [23] ထိုပလ္လင်ပေါ်မှာ မီးရှို့ရာယဇ်၊
ဘောဇဉ်ပူဇော် သက္ကာ၊ မိဿဟာယ ပူဇော်သက္ကာကို ပူဇော်မည်အကြံ ရှိလျှင်လည်း ထာဝရဘုရားသည် ကိုယ်တော်တိုင် စစ်
ကြောတော်မူပါစေ။ [24] နောင်ကာလ၌ သင်တို့သားမြေးတို့က၊ အိုရုဗင် အမျိုးသား၊ ဂဒ်အမျိုးသားတို့၊ သင်တို့သည် ဣသရေလ
အမျိုး၏ ဘုရားသခင် ထာဝရဘုရားနှင့် အဘယ်သို့ ဆိုင် ကြသနည်း။ [25] ထာဝရဘုရားသည် ငါတို့နှင့် သင်တို့စပ်ကြား၌
ပိုင်းခြားလျက် ယော်ဒန်မြစ်ကို ထားတော်မူပြီ။ သင်တို့ သည် ထာဝရဘုရားနှင့် အလျှင်းမဆိုင်ကြဟု ငါတို့သား မြေးတို့အား
ပြောဆိုသဖြင့်၊ ငါတို့သားမြေးတို့သည် ထာဝရဘုရားကို မကြောက်ရွံ့ဘဲ နေစေမည်အကြောင်း၊ သင်တို့သားမြေးတို့သည်
ပြုကြမည်ဟု စိုးရိမ်၍ ဤအမှုကို ပြုပြီမဟုတ်လော။ [26] သို့ဖြစ်၍ ငါတို့သည် ယဇ်ပလ္လင်ကို တည်ခြင်းငှါ ပြင်ကြကုန်အံ့ဟု
ဆိုကြသောအခါ၊ မီးရှို့ရာယဇ်အစရှိ သော ယဇ်မျိုးကို ပူဇော်မည်အကြံရှိသည်မဟုတ်။ [27] ငါတို့သည် မီးရှို့ရာယဇ် အစရှိသော
ယဇ်မျိုး၊ မိဿဟာယ ပူဇော်သက္ကာအမျိုးမျိုးကို ပြုသဖြင့်၊ ထာဝရ ဘုရားအမှုကို ရှေ့တော်၌ ဆောင်ရွက်ခြင်းငှါရှင်း၊ နောင် ကာလ၌

 generated on Tue Jul 2 12:50:28 2024

သင်တို့သားမြေးတို့က၊ သင်တို့သည် ထာဝရ ဘုရားနှင့် အလျှင်းမဆိုင်ကြဟု ငါတို့သားမြေးတို့အား မပြောစေခြင်းငှါဒင်း၊
ဤယဇ်ပလ္လင်သည် ငါတို့နှင့် သင်တို့စပ်ကြား၊ ငါတို့သားမြေးနှင့် သင်တို့သားမြေးစပ် ကြားမှာ သက်သေဖြစ်စေခြင်းငှါ တည်ကြပါပြီ။
28 နောင်ကာလ၌ သူတို့သည် ငါတို့နှင့် ငါတို့သား မြေးတို့အား ထိုသို့ပြောဆိုလျှင်၊ ငါတို့က ငါတို့အဘတို့သည် မီးရှို့ရာယဇ် အစရှိသော
ယဇ်မျိုးကို ပူဇော်ခြင်းငှါမဟုတ်၊ ငါတို့နှင့်သင်တို့စပ်ကြားမှာ သက်သေဖြစ်စေခြင်းငှါ တည်သော ထာဝရဘုရား၏ ယဇ်ပလ္လင်ပုံကို
ကြည့်ကြ လော့ဟု ပြန်ပြောစရာအကြောင်း ရှိစေခြင်းငှါ ငါတို့သည် တိုင်ပင်ကြပြီ။ 29 တဲတော်ရှေ့၌ရှိသော ငါတို့ဘုရားသခင် ထာဝရ
ဘုရား၏ ယဇ်ပုလ္လင်တော်မှတပါး အခြားသောယဇ်ပုလ္လင် ကို တည်၍ မီးရှို့ရာယဇ်အစရှိသော ယဇ်မျိုး၊ ဘောဇဉ် ပူဇော်သက္ကာမျိုးကို
ပြုသဖြင့်၊ ထာဝရဘုရားကို ပုန်ကန်၍ နောက်တော်သို့မလိုက် လွှဲသွားခြင်းအမှုသည် ငါတို့နှင့် ဝေးပါစေသောဟု ပြန်ပြောကြ၏။ 30
ယဇ်ပုရောဟိတ်ဖိနဟတ်နှင့် ပရိသတ်မင်းများ၊ ဣသရေလအမျိုး၌ လူတထောင်စီအုပ်သော အကဲအမှူး များတို့သည် ရုဗင်အမျိုး၊
ဂဒ်အမျိုး၊ မနာရှေအမျိုးသားတို့ ပြောသောစကားကို ကြားရသောအခါ အားရကြ၏။ 31 ယဇ်ပုရောဟိတ် ဧလာဇာသား ဖိနဟတ်က
လည်း၊ သင်တို့သည် ထာဝရဘုရားကို မပြစ်မှားသော ကြောင့်၊ ထာဝရဘုရားသည် ငါတို့တွင် ရှိတော်မူကြောင်း ကို ယနေ့ ငါတို့
သိမြင်ကြ၏။ သင်တို့သည် ဣသရေလ အမျိုးသားတို့ကို ထာဝရဘုရားလက်တော်မှ ယခုကယ် လွှတ်ကြပြီဟု ရုဗင်အမျိုး၊ ဂဒ်အမျိုး၊
မနာရှေအမျိုးသား တို့အား ပြောဆိုကြ၏။ 32 ထိုအခါ ယဇ်ပုရောဟိတ် ဧလာဇာသား ဖိနဟတ် နှင့် မင်းများတို့သည် ရုဗင်အမျိုး၊
ဂဒ်အမျိုးသားတို့နေရာ ဂိလဒ်ပြည်မှ ဣသရေလအမျိုးသားနေရာ ခါနာန်ပြည်သို့ ပြန်လာ၍ သိတင်းကြားပြောသဖြင့်၊ 33
ဣသရေလအမျိုးသားတို့သည် ဝမ်းမြောက်ခြင်း ရှိ၍ ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းကြ၏။ နောက်တဖန် ရုဗင်အမျိုး၊
ဂဒ်အမျိုးသားတို့နေသောပြည် ကို လုပ်ကြံအံ့သောငှါ စစ်ချီမည်ဟု အကြံမရှိကြ။ 34 ရုဗင်အမျိုး၊ ဂဒ်အမျိုးသားတို့ကလည်း၊ ထာဝရ
ဘုရားသည် ဘုရားသခင်ဖြစ်တော်မူကြောင်းကို ဤယဇ် ပုလ္လင်သည် ငါတို့စပ်ကြားမှာ သက်သေခံပါစေသောဟု ဆိုလျက် ထိုပလ္လင်ကို
ဧဒအမည်ဖြင့် မှည့်ကြ၏။

---

 generated on Tue Jul 2 12:50:28 2024

## Chapter 23

1 ထာဝရဘုရားသည် ပတ်ဝန်းကျင်နေသော ရန်သူအပေါင်းတို့လက်မှ ဣသရေလအမျိုးကို ကယ်လွှတ် ၍၊ ငြိမ်သက်ခြင်းအခွင့်ကို
ကြာမြင့်စွာသော ကာလပတ် လုံး ပေးတော်မူပြီးမှ၊ ယောရှုသည် အသက်ကြီး၍ အိုမင်း သောအခါ၊ 2 ဣသရေလအမျိုး
အသက်ကြီးသူ၊ အကဲအမှူး၊ တရားသူကြီး၊ အရာရှိသောသူများနှင့်တကွ အမျိုးသား အပေါင်းတို့ကို ခေါ်ပြီးလျှင်၊ ငါသည်
အသက်ကြီးရင့်၍ အိုမင်းပြီ။ 3 သင်တို့၏ဘုရားသခင် ထာဝရဘုရားသည် သင် တို့အတွက် ဤလူမျိုးအပေါင်းတို့၌ ပြုတော်မူသမျှကို
သင် တို့သည် သိမြင်ကြပြီ။ သင်တို့၏ဘုရားသခင် ထာဝရ ဘုရားသည် သင်တို့ဘက်၌ စစ်တိုက်တော်မူပြီ။ 4 ယော်ဒန်မြစ်မှစ၍
အနောက်ပင်လယ်ကြီးတိုင် အောင်၊ ငါပယ်ရှင်းသမျှသော လူမျိုးတို့နှင့်တကွ ကြွင်း သေးသော ဤလူမျိုးနေသောပြည်ကို
သင်တို့အမျိုးများ အမွေခံစရာဘို့ စာရေးတံချ၍ ငါဝေဖန်ပြီ။ 5 သင်တို့၏ ဘုရားသခင် ထာဝရဘုရား ဂတိ တော်ရှိသည်အတိုင်း၊
ဤလူမျိုးတို့ကို နှင်ထုတ်၍ သင်တို့ မမြင်ရအောင် သုတ်သင်ပယ်ရှင်းတော်မူသဖြင့်၊ သူတို့၏ မြေကို သင်တို့သည်
အပိုင်ရကြလိမ့်မည်။ 6 သို့ဖြစ်၍ သင်တို့သည် မောရှေ၏ပညတ္တိကျမ်း စာလမ်းမှ လက်ျာဘက် ဘက်ဝဲဘက်သို့ မလွှဲဘဲ၊ ပါသမျှ
အတိုင်း ကျင့်စောင့်ခြင်းငှါရင်း၊ 7 သင်တို့တွင် ကြွင်းသေးသော ဤလူမျိုးနှင့် မပေါင်းဘော်၊ သူတို့ဘုရား၏နာမကို မြွက်၍ မကျိန်ဆို၊
ဝတ်မပြု ဦးမညွှတ်ဘဲ၊ 8 ယနေ့တိုင်အောင် ကျင့်သကဲ့သို့၊ သင်တို့၏ ဘုရားသခင် ထာဝရဘုရား၌ ဆည်းကပ်မှီဝဲခြင်းငှါရင်း၊
အလွန်ရဲရင့်သောစိတ် ရှိကြလော့။ 9 အကြောင်းမူကား၊ ကြီးမား၍ ခွန်အားနှင့်ပြည့်စုံ သော လူမျိုးတို့ကို ထာဝရဘုရားသည်
သင်တို့ရှေ့မှ နှင်ထုတ်တော်မူသဖြင့်၊ ယနေ့တိုင်အောင် သင်တို့ရှေ့၌ အဘယ်သူမျှ မရပ်နိုင်။ 10 သင်တို့တယောက်သော်လည်း
အခြားသော သူ တထောင်ကို ပြေးစေလိမ့်မည်။ အကြောင်းမူကား၊ သင်တို့ ၏ ဘုရားသခင် ထာဝရဘုရားသည် ဂတိတော်ရှိသည်
အတိုင်း သင်တို့ဘက်၌ စစ်တိုက်တော်မူ၏။ 11 သို့ဖြစ်၍ သင်တို့၏ဘုရားသခင် ထာဝရဘုရား ကို ချစ်ခြင်းငှါ ကိုယ်စိတ်နှလုံးကို
သတိပြုကြလော့။ 12 သို့မဟုတ် သင်တို့သည် ရွေ့လျော့၍၊ သင်တို့တွင် ကျန်ကြွင်းသေးသော ဤလူမျိုးတို့၌ မှီဝဲလျက်၊ ထိမ်းမြား
ပေးစား၍ ပေါင်းဘော်ဆက်ဆံခြင်းရှိလျှင်၊ 13 သင်တို့၏ဘုရားသခင် ထာဝရဘုရားသည် နောက်တဖန် ဤလူမျိုးတို့ကို သင်တို့ရှေ့မှ
နှင်ထုတ်တော် မမူ။ သင်တို့၏ဘုရားသခင် ထာဝရဘုရား ပေးတော်မူ၍ ကောင်းမွန်သော ဤပြည်၌ သင်တို့သည် မပျောက်မပျက်
မှီတိုင်အောင် သူတို့သည် သင်တို့၌ ကျော့ကွင်း၊ ထောင် ချောက်၊ သင်တို့ နံစောင်း၌ နှင်တံ၊ သင်တို့မျက်စိ၌ ဆူး ဖြစ်ကြလိမ့်မည်
အကြောင်းကို ဧကန်အမှန် သိမှတ်ကြ လော့။ 14 ငါသော်ကား၊ မြေသားအပေါင်းတို့သွားရာလမ်း သို့ ယနေ့သွားလုပြီ။
သင်တို့၏ဘုရားသခင် ထာဝရ ဘုရားသည် သင်တို့အဘို့ မိန့်တော်မူသော ကောင်းကျိုး တစုံတပါးမျှ မယုတ်မလျော့၊
အကုန်အစင်ပြည့်စုံကြောင်း ကို သင်တို့သည် စိတ်နှလုံးထဲမှာ သိကြ၏။ 15 သင်တို့၏ ဘုရားသခင် ထာဝရဘုရား ဂတိ
တော်ရှိသည်အတိုင်း၊ ကောင်းကျိုးအပေါင်းတို့သည် သင်တို့အပေါ်၌ ရောက်သကဲ့သို့၊ ထိုအတူ သင်တို့၏ ဘုရားသခင်
ထာဝရဘုရားပေးတော်မူသော ဤကောင်း မွန်သောပြည်မှ သင်တို့ကို သုတ်သင်ပယ်ရှင်းတော်မမူမှီ တိုင်အောင်၊ ထာဝရဘုရားသည်
သင်တို့အပေါ်၌ ဘေး ဥပဒ်အပေါင်းတို့ကို ရောက်စေတော်မူမည်။ 16 သင်တို့သည် သင်တို့၏ဘုရားသခင် ထာဝရ
ဘုရားထားတော်မူသော ပဋိညာဉ်တရားကို ပြစ်မှားလျက်၊ အခြားတပါးသော ဘုရားတို့ထံသို့သွား၍ ဦးညွှတ်ဝတ်ပြု လျှင်၊
ထာဝရဘုရားသည် အမျက်ထွက်၍၊ အရင်ပေး တော်မူသော ဤကောင်းမွန်သောပြည်၌ သင်တို့သည်
အလျင်အမြန်ပျောက်ပျက်ကြလိမ့်မည်ဟု ဟောပြော၏။

---


generated on Tue Jul 2 12:50:28 2024

## Chapter 24

1 တဖန် ယောရှုသည် ဣသရေလအမျိုးအပေါင်း တို့ကို ရှေခင်မြို့၌ စည်းဝေးစေ၍၊ ဣသရေလအမျိုး အသက်ကြီးသူ၊ အကဲအမှူး၊
တရားသူကြီး၊ အရာရှိသော သူတို့ကို ခေါ်သဖြင့်၊ သူတို့သည် ဘုရားသခင်ရှေ့တော်သို့ ချဉ်းကပ်ကြ၏။ 2 ထိုအခါ ယောရှုသည်
လူအပေါင်းတို့အား ဟော ပြောလေသည်မှာ၊ ဣသရေလအမျိုး၏ ဘုရားသခင် ထာဝရဘုရား မိန့်တော်မူသည်ကား၊ အာဗြဟံနှင့်
နာခေါ် တို့၏ အဘတေရမှစ၍ သင်တို့ဘိုးဘေးတို့သည် ရှေးကာ လ၌ မြစ်ကြီးတဘက်မှာနေ၍ အခြားတပါးသော ဘုရား တို့ကို
ဝတ်ပြုကြ၏။ 3 သင်တို့အဘ အာဗြဟံကို မြစ်ကြီးတဘက်မှ ငါခေါ် ပြီးလျှင်၊ ခါနာန်ပြည်အရပ်ရပ်သို့ ပို့ဆောင်၍ သူ၏
အမျိုးအနွယ်ကို များပြားစေလျက်၊ ဣဇာက်ကို ပေး၏။ 4 ဣဇာက်အားလည်း၊ ယာကုပ်နှင့် ဧသောကို ငါပေး၍၊ ဧသောအားလည်း
စိရတောင်ကို အပိုင်ပေး၏။ ယာကုပ်နှင့် သူ၏သားတို့သည် အဲဂုတ္တုပြည်သို့ သွားကြ၏။ 5 မောရှေနှင့်အာရုန်ကို ငါစေလွှတ်၍
အဲဂုတ္တုလူ တို့၌ ပြုသည်အတိုင်း၊ အဲဂုတ္တုပြည်ကို ဆုံးမသောနောက်၊ သင်တို့ကို နှုတ်ဆောင်လေ၏။ 6 ထိုသို့ သင်တို့အဘများကို
အဲဂုတ္တုပြည်မှ ငါနှုတ် ဆောင်သဖြင့်၊ သူတို့သည် ဒေိုပင်လယ်သို့ ရောက်၍၊ အဲဂုတ္တုလူတို့သည် ရထားနှင့် မြင်းစီးသူရဲပါလျက် ထိုပင်
လယ်တိုင်အောင် လိုက်ကြ၏။ 7 ထာဝရဘုရားကို အော်ဟစ်သောအခါ၊ သင်တို့ နှင့် အဲဂုတ္တုလူတို့စပ်ကြားမှာ မှောင်မိုက်ကို ငါထား၍
သူတို့ကို ပင်လယ်ရေလွှမ်းမိုးစေ၏။ အဲဂုတ္တုပြည်၌ ငါပြု သောအမှုကို သင်တို့သည် ကိုယ်တိုင်မြင်ကြပြီ။ တော၌ လည်း
ကာလကြာမြင့်စွာနေရကြ၏။ 8 နောက်တဖန် ယော်ဒန်မြစ်အရှေ့ဘက်၌နေ သော အာမောရိလူတို့ပြည်သို့ သင်တို့ကို ငါပို့ဆောင်၍၊
သူတို့သည် စစ်တိုက်သောအခါ သူတို့ကို သင်တို့လက်၌ ငါအပ်၍ သူတို့မြေကို သင်တို့သည် သိမ်းယူကြ၏။ သူတို့ ကို သင်တို့ရှေ့မှ
ငါသုတ်သင်ပယ်ရှင်းလေ၏။ 9 မောဘရှင်ဘုရင် ဇိပေါ်၏သား ဗာလက်သည် ထ၍ ဣသရေလအမျိုးကို စစ်တိုက်သဖြင့်၊ သင်တို့ကို
ကျိန်ဆဲစေခြင်းငှါ၊ ဗောရ၏သား ဗာလမ်ကို ခေါ်သော အခါ၊ 10 ဗာလမ်၏စကားကို ငါနားမထောင်သောကြောင့်၊ သူသည်
အထပ်ထပ်ကောင်းကြီးပေး၍ သူ့လက်မှ သင်တို့ ကို ငါကယ်လွှတ်လေ၏။ 11 တဖန် သင်တို့သည် ယော်ဒန်မြစ်ကို ကူး၍
ယေရိခေါမြို့သို့ ရောက်ကြသောအခါ၊ ယေရိခေါလူ၊ အာမောရိလူ၊ ဖေရဇိလူ၊ ခါနနိလူ၊ ဟိတ္တိလူ၊ ဂိရဂါရှိလူ၊ ဟိဝိလူ၊
ယေဗုသိလူတို့သည် သင်တို့ကို စစ်တိုက်၍ သူတို့ ကို သင်တို့လက်၌ ငါအပ်လေ၏။ 12 သင်တို့၌ ထားနှင့်လေးမပါဘဲ၊ သင်တို့ရှေ့မှာ
ပျားတူကို ငါစေလွှတ်၍၊ အာမောရိမင်းကြီးနှစ်ပါးကို သင် တို့ရှေ့မှ ငါနှင်ထုတ်လေ၏။ 13 သင်တို့မလုပ်သောမြေ၊
မတည်သောမြို့တို့ကို ငါပေး၍ သင်တို့သည် နေရကြ၏။ ကိုယ်တိုင်မစိုက်သော စပျစ်ဥယျာဉ်၊ သံလွင်ဥယျာဉ်တို့ကို စားရကြသည်ဟု
ထာဝရဘုရား အမိန့်တော်ရှိ၏။ 14 ယခုမှာ ထာဝရဘုရားကို ကြောက်ရွံ့၍ ကြည်ဖြူ ခြင်း၊ သစ္စာစောင့်ခြင်းနှင့်တကွ ဝတ်ပြုကြလော့။
မြစ်ကြီး တဘက်၌၎င်း၊ အဲဂုတ္တုပြည်၌၎င်း၊ ဘိုးဘေးတို့ဝတ်ပြု သော ဘုရားများကို ပယ်၍ ထာဝရဘုရားကိုသာ ဝတ်ပြု ကြလော့။ 15
သို့မဟုတ် ထာဝရဘုရားအား ဝတ်မပြုကောင်း ဟု သင်တို့ထင်လျှင်၊ မြစ်ကြီးတဘက်၌ ဘိုးဘေးတို့ဝတ်ပြု သောဘုရား၊ သင်တို့နေရာ
အာမောရိပြည်သားတို့၏ ဘုရားများတွင်၊ အဘယ်မည်သော ဘုရားတို့အား ဝတ်ပြု မည်အရာကို ယနေ့ ရွေးကြလော့။ ငါနှင့်
ငါ့အိမ်သားဖြစ် လျှင် ထာဝရဘုရားကိုသာ ဝတ်ပြုမည်ဟု ဆိုလေသော်၊ 16 လူများတို့က အခြားတပါးသောဘုရားတို့ကို ဝတ်ပြုခြင်းငှါ
ထာဝရဘုရားကို စွန့်သောအမှုသည် အကျွန်ုပ်တို့နှင့် ဝေးပါစေသော။ 17 ငါတို့ဘုရားသခင် ထာဝရဘုရားသည်၊ ကျွန်ခံ နေရာ
အဲဂုတ္တုပြည်မှ အဘတို့နှင့် ငါတို့ကို နှုတ်ဆောင်၍၊ ကြီးစွာသော နိမိတ်လက္ခဏာတို့ကို ငါတို့မျက်မှောက်၌ ပြတော်မူပြီ။
ငါတို့သွားလေရာရာအရပ်၊ ရှောက်လေရာ ရာလူမျိုးတို့တွင် စောင့်တော်မူပြီ။ 18 ထာဝရဘုရားသည်လည်း၊ ဤပြည်၌ နေသော သူ
အာမောရိလူအပေါင်းတို့ကို ငါတို့ရှေ့မှ နှင်ထုတ်တော် မူပြီ။ ထာဝရဘုရားအား ဝတ်ပြုပါမည်။ ထိုဘုရားသည် ငါတို့ဘုရားသခင်
ဖြစ်တော်မူသည်ဟု ပြန်ပြောကြ၏။ 19 ယောရှုကလည်း၊ သင်တို့သည် ထာဝရဘုရား အား ဝတ်မပြုနိုင်။ ထိုဘုရားသည်
သန့်ရှင်းသောဘုရား၊ အပြစ်ရှိသည်ဟု ထင်လွယ်သောဘုရား ဖြစ်တော်မူ၏။ သင်တို့လွန်ကျူးပြစ်မှားသော အပြစ်တို့ကို သည်းခံတော်
မမူ။ 20 သင်တို့သည် ထာဝရဘုရားကို စွန့်၍ တကျွန်း တနိုင်ငံ ဘုရားတို့ကို ဝတ်ပြုလျှင်၊ သင်တို့၌ ကျေးဇူးပြုတော် မူပြီးမှ
တဖန်လှည့်၍ ညှဉ်းဆဲဖျက်ဆီးတော်မူမည်ဟု ဆို လျှင်၊ 21 လူများတို့က၊ မဟုတ်ပါ။ ထာဝရဘုရားကိုသာ ဝတ်ပြုပါမည်ဟု
ပြန်လျှောက်ကြ၏။ 22 ယောရှုကလည်း၊ သင်တို့သည် ထာဝရဘုရားကို ဝတ်ပြုခြင်းငှါ ထိုဘုရားကို ရွေးကြပြီဟု ကိုယ်အမှု၌
ကိုယ်သက်သေခံကြသည်ဟုဆိုလျှင် သူတို့က၊ သက်သေခံ ကြပါ၏ဟု လျှောက်ကြသော်၊ 23 ယောရှုက၊ သို့ဖြစ်လျှင်၊
သင်တို့တွင်ရှိသော တကျွန်းတနိုင်ငံဘုရားတို့ကို ပယ်၍ ဣသရေလအမျိုး၏ ဘုရားသခင် ထာဝရဘုရားဘက်သို့ စိတ်နှလုံးကို
ညွတ်ကြ လော့ဟု ဆိုလေ၏။ 24 လူများတို့ကလည်း၊ ငါတို့ဘုရားသခင် ထာဝရ ဘုရားကို ဝတ်ပြုပါမည်။ စကားတော်ကို နားထောင်ပါ
မည်ဟု ဝန်ခံပြီးမှ၊ 25 ယောရှုသည် ထိုနေ့၌ လူများတို့နှင့် ပဋိညာဉ်ပြု ၍ ရှေခင်မြို့မှာ စီရင်ထုံးဖွဲ့ချက်ကို ထားလေ၏။ 26
ထိုစကားကိုလည်း ဘုရားသခင်၏ ဓမ္မကျမ်းစာ ၌ ရေးထား၍၊ ထာဝရဘုရား၏ သန့်ရှင်းရာဌာနတော် နားမှာရှိသော
သပိတ်ပင်အောက်၌ ကျောက်ကြီးကို ထောင်လျက်၊ 27 ဤကျောက်သည် ငါတို့အား သက်သေဖြစ်ရ လိမ့်မည်။
ထာဝရဘုရားမိန့်တော်မူသော စကားအလုံးစုံ ကို ကြားရပြီ။ သို့ဖြစ်၍ သင်တို့သည် ဘုရားသခင်ကို ငြင်းပယ်ခြင်းနှင့်
ကင်းလွတ်မည်အကြောင်း သင်တို့အား သက်သေဖြစ်ရလိမ့်မည်ဟု လူအပေါင်းတို့အား ပြောဆို ပြီးမှ၊ 28 အသီးအသီး
မိမိတို့အမွေခံရာအရပ်သို့ ပြန်သွား ရသောအခွင့်ကို ပေးလေ၏။ 29 ထိုနောက်မှ ထာဝရဘုရား၏ကျွန်၊ နုန်၏သား ယောရှုသည်


generated on Tue Jul 2 12:50:28 2024

အသက်တရာတဆယ်ရှိသော် အနိစ္စ ရောက်လေ၏။ 30 ဧဖရိမ်တောင်ပေါ်၊ ဂါရှကုန်းမြောက်မှာရှိသော သူ၏အမွေခံရာ
တိမနသေရမြို့နယ်မြေ၌ သင်္ဂြိုဟ်ကြ၏။ 31 ယောရှုလက်ထက်ကာလပတ်လုံး ဣသရေလ အမျိုးသားတို့သည် ထာဝရဘုရားကို
ဝတ်ပြုကြ၏။ ထာဝရဘုရားသည် ဣသရေလအမျိုးအဘို့ ပြုတော်မူ သမျှတို့ကို သိ၍ ယောရှုမရှိသည်နောက် အသက်ရှင်သေး သော
အသက်ကြီးသူတို့လက်ထက်၌လည်း ထာဝရဘုရား ကို ဝတ်ပြုကြ၏။ 32 ဣသရေလအမျိုးသားတို့သည် အဲဂုတ္တုပြည်မှ
ဆောင်ခဲ့သော ယောသပ်၏အရိုးတို့ကို၊ ရှေခင်၏အဘ ဟာမော်၏သားတို့တွင် ငွေတပိဿာနှင့် ယာကုပ်ဝယ် သော ရှေခင်မြို့နယ်
မြေအကွက်၌ သင်္ဂြိုဟ်ကြ၏။ ထိုမြေ အကွက်သည် ယောသပ်သားတို့ အမွေမြေဖြစ်သတည်း။ 33 အာရုန်သား ယဇ်ပုရောဟိတ်
ဧလာဇာသည် လည်း အနိစ္စရောက်လေ၏။ သူ၏သား ဖိနဟတ်အား လူများပေးခဲ့သော ဧဖရိမ်တောင်ပေါ်၊ ဖိနဟတ်ကုန်း၌
သင်္ဂြိုဟ်ကြ၏။


generated on Tue Jul 2 12:50:28 2024

# Judges

## Chapter 1

1 ယောရှု အနိစ္စရောက်သောနောက်၊ ဣသရေလအမျိုးသားတို့က၊ အကျွန်ုပ်တို့တွင် အဘယ်သူသည် ခါနနိလူတို့ရှိရာသို့ ရှေ့ဦးစွာ
ချီသွားရပါမည်နည်းဟု ထာဝရဘုရားအား မေးလျှောက်ကြလျှင်၊ 2 ထာဝရဘုရားက၊ ယုဒသည် ချီသွားရမည်။ ထိုပြည်ကို
သူ၏လက်၌ ငါအပ်မည်ဟု မိန့်တော်မူ၏။ 3 ယုဒသည် မိမိအစ်ကိုရှိမောင်အား၊ ခါနနိလူတို့ကို တိုက်ခြင်းငှါ ငါ့အမွေမြေသို့ ငါနှင့်အတူ
လိုက်ပါ။ သင့်အမွေမြေသို့လည်း သင်နှင့်အတူ ငါလိုက်သွားမည်ဟုဆိုသည်အတိုင်း ရှိမောင်သည် လိုက်သွား လေ၏။ 4 ယုဒ ချီသွား၍
ထာဝရဘုရားသည် ခါနနိလူ၊ ဖေရဇိလူတို့ကို အပ်တော်မူသဖြင့်၊ ဗေဇက်မြို့၌ လူတထောင်ကို သတ်လေ၏။ 5 အဒေါနိဗေဇက်မင်းကို
ဗေဇက်မြို့၌ တွေ့၍၊ ခါနနိလူ၊ ဖေရဇိလူတို့ကို သတ်သောအခါ၊ 6 အဒေါနိဗေဇက်သည် ပြေးလေ၏။ ယုဒလူတို့သည် လိုက်၍
ဘမ်းမိပြီးလျှင် လက်မ၊ ခြေမတို့ကို ဖြတ်ကြ၏။ 7 အဒေါနိဗေဇက်ကလည်း၊ လက်မနှင့် ခြေမဖြတ်သော မင်းကြီးခုနစ်ဆယ်တို့သည်၊
အထက်က ငါ့စားပွဲအောက်၌ စားနုပ်စားပေါက်ကို ကောက်၍ စားရကြ၏။ ငါ ပြုဘူးသည်အတိုင်း၊ ဘုရားသခင် သည် ငါ၌
အပြစ်ပေးတော်မူပြီဟု ဆို၏။ထိုမင်းကို ယေရုရှလင်မြို့သို့ ပို့၍ သူသည် ထိုမြို့မှာ သေလေ၏။ 8 ယုဒအမျိုးသားတို့သည်
ယေရုရှလင်မြို့ကို တိုက်ယူ၍ ထားနှင့် လုပ်ကြံပြီးမှ မီးရှို့ကြ၏။ 9 ထိုနောက် တောင်ပေါ်၌ငှင်း၊ တောင်မျက်နှာ၌ငှင်း၊
ချိုင့်ထဲ၌ငှင်းနေသော ခါနနိလူတို့ကို အတိုက်သွား ကြ၏။ 10 တဖန် ယုဒအမျိုးသည်၊ ကိရယသာဘအမည်ဟောင်းရှိသော
ဟေဗြုန်မြို့၌နေသော ခါနနိလူတို့ ရှိရာသို့ ချီသွား၍၊ ရှေရှဲ၊ အဟိမန်၊ တာလမဲတို့ကို လုပ်ကြံကြ၏။ 11 တဖန်
ကိရယသေဖါအမည်ဟောင်းရှိသော ဒေဗိရမြို့သားတို့ရှိရာသို့ ချီပြန်၍၊ 12 ကာလက်က၊ ကိရယသေဖာမြို့ကို
တိုက်ယူလုပ်ကြံသောသူအား၊ ငါသည် သမီးအာခသကို ပေးစားမည်ဟု ဆိုလျှင်၊ 13 ကာလက်ညီကေနတ်၏ သားဩသံယေလသည်
ထိုမြို့ကို တိုက်ယူ၍၊ ကာလက်သည် သမီးအာခသကို သူ့အားပေးစားလေ၏။ 14 ထိုမိန်းမသည် ခရီးသွားစဉ်အခါ၊ လယ်တကွက်ကို
အဘ၌ တောင်းခြင်းငှါ လင်နှင့် တိုင်ပင်ပြီးမှ မြည်းပေါ်က ဆင်းလေ၏။ အဘကာလက်က၊ အဘယ်အလိုရှိသနည်းဟုမေးလျှင်၊ 15
သမီးက၊ ကောင်းကြီးပေးစေချင်ပါ၏။ ကိုယ်တော်သည် တောင်မျက်နှာအရပ်ကို ပေးပါပြီ။ စမ်းရေတွင်းတို့ကိုလည်း
ပေးတော်မူပါဦးဟု တောင်းသည်အတိုင်း အဘသည် အထက်စမ်းရေတွင်း၊ အောက်စမ်းရေတွင်းတို့ကို ပေးလေ၏။ 16
မောရှေယောက္ခမ၏သားမြေးဖြစ်သော ကေနိအမျိုးသားတို့သည်၊ ယုဒအမျိုးသားတို့နှင့်အတူ စွန်ပလွံ မြို့မှ အာရဒ်မြို့ တောင်ဘက်၊
ယုဒတောသို့ လိုက်သွား၍ နေရာကျကြ၏။ 17 တဖန် ယုဒသည် အစ်ကိုရှိမောင်နှင့်အတူ သွား၍ ဇေဖတ်မြို့၌နေသော ခါနနိလူတို့ကို
လုပ်ကြံ၍ မြို့ကို ရှင်းရှင်းဖျက်ဆီးပြီးလျှင်၊ ထိုမြို့ကို ဟော်မာအမည်ဖြင့် သမုတ်ကြ၏။ 18 ယုဒသည် ဂါဇမြို့နှင့် မြို့နယ်၊
အာရှကေလုန်မြို့နှင့် မြို့နယ်၊ ဧကြုန်မြို့နှင့် မြို့နယ်တို့ကိုလည်း တိုက်ယူလေ၏။ 19 ထာဝရဘုရားသည် ယုဒနှင့်အတူရှိတော်မူ၍၊
သူသည် တောင်ပေါ်မှာနေသော သူတို့ကို နှင်ထုတ်လေ၏။ ချိုင့်သားတို့ကို မနှင်ထုတ်နိုင်။ အကြောင်းမူကား၊ သူတို့သည် သံရထား
ရှိကြ၏။ 20 မောရှေမှာထားသည်အတိုင်း ဟေဗြုန်မြို့ကို ကာလက်အား ပေးကြ၍၊ သူသည် အာနက သားသုံးယောက်တို့ကို ထိုမြို့မှ
နှင်ထုတ်လေ၏။ 21 ဗယ်္ယာမိန်အမျိုးသားတို့သည်၊ ယေရုရှလင်မြို့၌နေသော ယေဗုသိလူတို့ကို မနှင်ထုတ်ဘဲ၊ သူတို့သည်
ယနေ့တိုင်အောင် ဗယ်္ယာမိန်အမျိုးသားတို့နှင့်အတူ ယေရုရှလင်မြို့၌ နေကြသတည်း။ 22 ယောသပ်အမျိုးသားတို့သည်လည်း၊
ဗေသလမြို့သို့ ချီသွား၍၊ ထာဝရဘုရားသည် သူတို့နှင့်အတူ ရှိတော်မူ၏။ 23 လုဇအမည်ဟောင်းရှိသော ထိုမြို့ကို စူးစမ်းစေခြင်းငှါ
စေလွှတ်သော သူလျှိုတို့သည်၊ 24 မြို့ထဲက ထွက်လာသောလူတယောက်ကို တွေ့မြင်၍၊ မြို့ထဲသို့ ဝင်သောလမ်းကို ပြပါတော့။
သို့ပြုလျှင် သင့်ကို ချမ်းသာပေးမည်ဟု ဆိုသော်၊ 25 ထိုသူသည် မြို့ထဲသို့ ဝင်သောလမ်းကို ပြသဖြင့်၊ သူတို့သည် မြို့သားတို့ကို
ထားနှင့် လုပ်ကြံ၍၊ ထိုလူနှင့် သူ၏အိမ်သားအပေါင်းတို့ကို လွှတ်ကြ၏။ 26 ထိုသူသည် ဟိတ္တိပြည်သို့ သွားပြီးလျှင်၊ မြို့ကို
တည်ထောင်၍ လုဇအမည်ဖြင့် သမုတ်လေ၏။ ယနေ့ တိုင်အောင် ထိုသို့ ခေါ်ဝေါ်ကြသတည်း။ 27 မနာရှေအမျိုးသည်၊
ဗက်ရှန်မြို့ရွာများ၊ တာနက်မြို့ရွာများ၊ ဒေါရမြို့ရွာများ၊ ဣဗလံမြို့ရွာများ၊ မေဂိဒ္ဒေါမြို့ရွာများ၌ နေသောသူတို့ကို မနှင်ထုတ်ဘဲ၊
ခါနနိလူတို့သည် အနိုင်နေကြ၏။ 28 တဖန် ဣသရေလအမျိုးသားတို့သည် အားကြီးသောအခါ၊ ခါနနိလူတို့ကို မနှင်ထုတ်သော်လည်း
အခွန်ကို ဆက်သွင်းစေကြ၏။ 29 ထိုအတူ ဧဖရိမ်အမျိုးသည် ဂေဇာမြို့၌နေသော ခါနနိလူတို့ကို မနှင်ထုတ်ဘဲ သူတို့သည် ဂေဇာမြို့၌
ရောနှောလျက် နေကြ၏။ 30 ထိုအတူ ဇာဗုလုန်အမျိုးသည် ကိတရုန်မြို့သား၊ နဟာလောလမြို့သားတို့ကို မနှင်ထုတ်ဘဲ၊ ခါနနိလူတို့
သည် ရောနှောလျက်နေ၍၊ အခွန်ပေးကြ၏။ 31 ထိုအတူ အာရှာအမျိုးသည် အက္ကောမြို့သား၊ ဇိဒုန်မြို့သား၊ အာလပ်မြို့သား၊
အာခဇိပ်မြို့သား၊ ဟေလဗမြို့သား၊ အာဖိတ်မြို့သား၊ ရဟောဘမြို့သားတို့ကို မနှင်ထုတ်ဘဲ၊ 32 အာရှာအမျိုးသားတို့သည် ပြည်သား
ခါနနိလူတို့နှင့် ရောနှော၍ နေကြ၏။ 33 ထိုအတူ နဿလိအမျိုးသည် ဗက်ရှေမက်မြို့သား၊ ဗေသနတ်မြို့သားတို့ကို မနှင်ထုတ်ဘဲ၊
ပြည်သားခါနနိလူတို့နှင့် ရောနှော၍ နေကြ၏။ သို့ရာတွင် ဗက်ရှေမက်မြို့သား၊ ဗေသနတ်မြို့သားတို့ သည် အခွန်ပေးလျက် နေကြ၏။
34 အာမောရိလူတို့သည်လည်း ဒန်အမျိုးသားတို့ကို တောင်ပေါ်သို့ နှင်သဖြင့်၊ ချိုင့်ထဲမှာ နေရသောအခွင့်ကို မပေးကြ။ 35


generated on Tue Jul 2 12:50:28 2024

အာမောရိလူတို့သည် ဟေရက်တောင်ပေါ်မြို့၊ အာဇလုန်မြို့၊ ရှာလဗိမ်မြို့၌ အနိုင်နေကြ၏။ သို့ရာတွင် ယောသပ်အမျိုးသားတို့သည် အားကြီးသဖြင့် အာမောရိလူတို့သည် အခွန်ပေးရကြ၏။ [36] အာမောရိလူနေရသောအရပ်သည် အကရဗ္ဗိမ်ကုန်းနား၊ သေလမြို့မှစ၍ အထက်အရပ်ပေတည်း။

---

---

Judges 01

ဆက်စပ်မှု ဖော်ပြချက်
တရားသူကြီးမှတ်စာသည် ယောရှု၏အကြောင်းကို ဆက်လက်ဖော်ပြ၍ ပုံပြင်အသစ်ကိုလည်းစတင်သည်။

ထာဝရဘုရား
ဤဟာသည် ထာဝရဘုရားသခင်၏ အမည်ဖြစ်၍ ဓမ္မဟောင်းခေတ်တွင် သူ၏ လူများထံသို့ ဖော်ပြသော နာမတော်ဖြစ်သည်။

အကျွန်ုပ်တို့တွင် အဘယ်သူသည် ခါနနိလူတို့ရှိရာသို့ ရှေ့ဦးစွာ ချီသွားရပါမည်နည်း
"အကျွန်ုပ်တို့" ဟူသောစကားလုံးသည် ဣသရေလအမျိုးတို့ကို ရည်ညွှန်းသည်။ (ရှု၊|Exclusive "We")

ယုဒသည် ချီသွားရမည်။
"ယုဒသည်" ဟူသော စကားလုံးသည် ယုဒအမျိုးသား ယောက်ကျားများကို ရည်ညွှန်းသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ယုဒလူယောကျ်ားတို့သည် အရင်တိုက်ကြရမည်" (ရှု၊|Metonymy)

ကြည့်
"ကြည့်" သို့မဟုတ် "အမှန်တကယ်"။
အလေးထားဖော်ပြချက်ဖြစ်သည်။

ဤပြည်
ခါနနိလူများနေထိုင်ရာပြည်ကို ရည်ညွှန်းသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ခါနနိလူမျိုးတို့ပိုင်သောမြေ"။ (ရှု၊|Assumed Knowledge and Implicit Information)

သူတို့၏ညီအကိုများ
"သူတို့တို့၏ညီအကိုများဖြစ်သော ဣသရေလအမျိုး" သို့မဟုတ် "သူတို့၏အဆွေအမျိုးများ"

ငါနှင့်အတူ လိုက်ပါ
ယုဒအမျိုးနှင့် ရှိမောင်အမျိုးတို့သည် ယောဒန်မြစ်နားမှာ ကျန်သော ဣသရေလအမျိုးတို့နှင့်အတူ နေကြ၏။ ယုဒကိုပေးသော မြေသည် ချိုင့်ဝှမ်း၏ အထက်ပိုင်းတွင်တည်ရှိသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါတို့နှင့်လိုက်ပါ" သို့မဟုတ် "ငါတို့နှင့်အတူ သွားပါ"။

ငါ့အမွေမြေသို့ ငါနှင့်အတူ လိုက်ပါ။ သင့်အမွေမြေသို့လည်း သင်နှင့်အတူ ငါလိုပ်မည်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် ငါတို့ကို အမွေပေးသော" သို့မဟုတ် "ထာဝရဘုရားသည် သင်တို့ကို အမွေပေးသော"။ (ရှု၊|Active or Passive)

သင်နှင့်အတူ ငါလည်းလိုက်သွားမည်
"သင်နှင့် အတူ ငါလည်းလိုက်သွားမည်" သို့မဟုတ် "ထိုကဲ့သို့ သင်နှင့်အတူ ငါလည်းလိုက်သွားမည်"

Judges 04

ယုဒ ချီသွား၍
ရှိမောင်အမျိုးသည်လည်း ယုဒအမျိုးနှင့်အတူ ချီသွားသည်ကို ဆိုလိုသည်။

လူတထောင်ကို သတ်လေ၏
"လူ ၁၀၀၀၀ ကို သတ်လေ၏" သို့မဟုတ် "လူအမြောက်အများကို သတ်လေ၏"

သူတို့
"ခါနနိနှင့် ဖေရဇိ စစ်သည်တော်များ" သို့မဟုတ် "ရန်သူများ"

ဗေဇက်
ခါနန် တောင်ပေါ်ဒေသ၌ရှိသော နေရာဒေသ ဖြစ်သည်။

အဒေါနိဗေဇက်
ခါနနိနှင့် ဖေရဇိ စစ်သည်တော်များ၏ ခေါင်းဆောင်ဖြစ်သည်။

သူ့ကို စစ်တိုက်ကြ၏
ဤနေရာ၌ "သူ" ဟူသည်မှာ အဒေါနိဗေဇက်နှင့် သူ၏ စစ်သည်တော်များကို ရည်ညွှန်းသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူနှင့်သူ၏ စစ်သည်တော်များကို စစ်တိုက်ကြ၏"။

Judges 06

လိုက်၍
"သူ့ကို လိုက်ဖမ်းကြ၏"

မင်းကြီးခုနစ်ဆယ်
"မင်းကြီး ၇၀" (ရှု၊ ranslate_numbers)

လက်မ၊ ခြေမတို့ကို ဖြတ်ကြ၏
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "လက်မ၊ ခြေမတို့ကို အဖြတ်ခံရသောသူ"။

 generated on Tue Jul 2 12:50:28 2024

ငါ့စားပွဲအောက်၌ စားနုပ်စားပေါက်ကို ကောက်၍ စားရကြ၏
"ငါ့စားပွဲအောက်၌ စားနုပ်စားပေါက်ကို စားရကြ၏" ဤရှင်ဘုရင်များအား စားနုပ်စားပေါက်ကို အတင်းစားခိုင်းခြင်းသည် အဒေါနိဗေဇက်က ၎င်းတို့ကို အထင်သေးခြင်းဖြစ်သည်။

Judges 08

ယေရုရှလင်မြို့ကို တိုက်ယူ၍
ဤနေရာ၌ "မြို့" သည် လူတို့ကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ချက်၊ "ယေရုရှလင်မြို့၌ နေသောအပေါင်းတို့ကို တိုက်၍ နိုင်လေ၏။ (ရှု၊ gs_metonymy)

ထိုဟာကိုတိုက်ကြ၏
ထို၊ ဟူသောစကားလုံးသည် ယေရုရှလင်မြို့နှင့် ထိုမြို့ထဲ၌နေသောသူတို့ကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မြို့ထဲ၌ ရှိသောသူတို့ကို တိုက်ကြ၏"။

ထားနှင့်
"ဓါးရှည်များဖြင့်" ဤနေရာ၌ "ထား" ဟူသောစကားလုံးသည် စစ်သည်တော်များ အသုံးပြုကြသော ထားများနှင့် လက်နက်ပေါင်းစုံကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ချက်၊ "သူတို့၏ ထားများဖြင့်" သို့မဟုတ် "သူတို့၏ လက်နက်များဖြင့်"။

ယုဒအမျိုးသည် စစ်တိုက်ခြင်းငှာ ဆင်းသွားကြ၏
"ဆင်း" ဟူသော စကားလုံးသုံးရခြင်းမှာ၊ ယေရုရှလင်မှာ ခရီးဦးကြိုပြုခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ချက်၊ "ယုဒလူတို့သည် စစ်တိုက်ခြင်းငှာ သွားကြ၏"။

ကိရယသာဘ၌
"ယုဒ သဲကန္တာရ တောင်ဘက်ခြမ်း၌" (UDB)

တောင်ခြေ
တောင်ထိပ်တို့၏ အောက်ခြေတွင်ရှိသော တောင်တန်းများ ဖြစ်သည်။

ကိရယသာဘအမည်ဟောင်းရှိသော ဟေဗြုန်မြို့
နောက်ကြောင်း သတင်းအချက်အလက်များဖြစ်သည်။ စာအုပ်ကို အရင်ဖတ်ဖူးသောသူတို့သည် ကိရယသာဘကို ကြားဖူးကြမည်ဖြစ်သော်လည်း ဟေဗြုန်ဟူသောအမည်နှင့်တူကြောင်း သိကြမည်မဟုတ်ပေ။

ရှေရှဲ၊ အဟိမန်၊ တာလမဲ
ဟေဗြုန်မြို့ရှိ ခါနနိလူမျိုး ခေါင်းဆောင် သုံးဦးတို့၏ အမည်များဖြစ်ကြသည်။ ခေါင်းဆောင် တစ်ယောက်စီက သူတို့၏ စစ်သည်တော် တစ်ခုစီကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ချက်၊ "ရှေရှဲ၊ အဟိမန်၊ တာလမဲတို့နှ့် သူတို့၏ ရန်သူများ"။

Judges 11

ဒေဗိရမြို့ မူရင်းအမည်မှာ ကိရယသာဘဖြစ်သည်
စာရေးဆရာ ဤသို့ရေးရခြင်းမှာ သူ၏ စာဖတ်သောသူများသည် ဒေဗိရမြို့ကို သိကြသောကြောင့်ဖြစ်သည်။ သို့သော် ကြာရေလအမျိုးတို့သည် ထိုမြို့ကိုတိုက်သောအချိန်၌ ထိုမြို့၏အမည်မှာ ကိရယသာဘဖြစ်သည်။ အခြားသောဘာသာပြန်ချက်၊ "ကိရယသာဘမြို့ဟူ အမည်ရှိခဲ့ဘူးသောမြို့" (ရှု၊|Background Information and|How to Translate Names)

အရင်က
"လွန်ခဲ့တဲ့ချိန်က" သို့မဟုတ် "ရှေးအချိန်က"

ကိရယသေဖာမြို့ကို တိုက်ယူလုပ်ကြံသောသူအား
"ကိရယသေဖာ" ဟူသော စကားလုံးသည် လူများကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ချက်၊ "ကိရယသေဖာလူတို့ကို တိုက်ယူလုပ်ကြံ၍ မြို့ကို ယူသောသူအား"။ (ရှု၊|Metonymy)

အာခသ
ကာလက်၏ သမီး၏ အမည်ဖြစ်သည်။ (ရှု၊|How to Translate Names)

ကေနတ်၏ သားဩသံယေလ
ယောက်ကျားများ၏ အမည်များဖြစ်ကြသည်။ (ရှု၊|How to Translate Names)

Judges 14

တောင်းခြင်းငှါ
"အာခသသည် ဩသံယေလထံသို တောင်းလေ၏"

အဘသည် အထက်စမ်းရေတွင်း၊ အောက်စမ်းရေတွင်းတို့ကို ပေးလေ၏
အခန်း ၁၄ အရ သူမသည်တောင်းသောအခါ၊ ကာလက်က မြေကို ပေးလေ၏။ အခန်းငယ် ၁၅ အရ သူမသည် စမ်းရေကို ထပ်၍ တောင်းလေ၏။

ကောင်းကြီးပေးစေချင်ပါ၏
"အကျွန်ုပ်၌ ကောင်းမှုတစ်ခုခုလုပ် ပေးပါ" သို့မဟုတ် "အကျွန်ုပ်၌ ဤဟာကို ပြုတော်မူပါ"

ကိုယ်တော်သည် တောင်မျက်နှာအရပ်ကို ပေးပါပြီ
ဩသံယေလကို လက်ထပ်ခြင်းအတွက် ကာလက်သည်မြို့ကို အာခသအားပေး၍ သူမသည် ဩသံယေလနှင့် ထိုမြို့၌ နေလေ၏။ အခြားသောဘာသာပြန်ဆိုချက်၊ "လက်ထပ်ခြင်း အဖို့အလို့ငှာ နေထိုင်ရန် ဤမြို့ကို သင်သည် အမွေပေးသောကြောင့်"။


generated on Tue Jul 2 12:50:28 2024

## Judges 16

မောရှေယောက္ခမ
ယောက္ခမ- "မောရှေ၏ အဘ၏ မိန်းမ"

မောရှေယောက္ခမ၏ သားမြေးဖြစ်သော ကေနိအမျိုးသား လိုက်သွား၍
ယောက္ခမ၏ သား ကေနိအမျိုးသားသည် လိုက်သွား၍
"ယောက်ဖ ကေနိအမျိုးသားသည် လိုက်သွား၍"

စွန်ပလွံ မြို့မှ အာရဒ်မြို့ တောင်ဘက်၊ ယုဒတောသို့ လိုက်သွား၍
"စွန်ပလွံ မြို့ကို စွန့်သွား၍ --- ယုဒတောသို့ လိုက်သွား၍"

စွန်ပလွံ မြို့
ယေရိခေါ် မြို့၏ အခြားအမည် ဖြစ်သည်။

အာရဒ်
ခါနန်ရှိ မြို့တစ်မြို့၏ အမည်ဖြစ်သည်။

အစ်ကိုရှိမောင်
ဤနေရာ၌ "အစ်ကို" ဟူသည်မှာ ဣသရေလအမျိုးထဲက
ဆွေမျိုးများဖြစ်ကြသည်။

ဇေဖတ်
ခါနန်ပြည်ရှိ မြို့တမြို့၏ အမည်ဖြစ်သည်။

ထိုမြို့ကို ဟော်မာအမည်ဖြင့် သမုတ်ကြ၏
ဣသရေလအမျိုးတို့သည် ဇေဖတ်ကို ဖျက်ဆီးကြပြီးနောက်
ထိုမြို့ကို ဟော်မာအမည်ဖြင့် သမုတ်ကြ၏။ ဟော်မာ၏
အဓိပ္ပါယ်မှာ "အပြီးအစီး ဖျက်ဆီးခြင်း" ဖြစ်သည်။

## Judges 18

ထာဝရဘုရားသည် ယုဒနှင့်အတူရှိတော်မူ၍
"အတူ" ဟူသောစကားလုံးသည် ထာဝရဘုရားက ယုဒလူတို့ကို
ကူညီသည်ဟု အဓိပ္ပါယ်ရသည်။

ချိုင့်
အလွန်ကျယ်ပြန့်၍ သစ်ပင်မရှိသော နေရာဖြစ်သည်။

## Judges 20

ဟေဗြုန်မြို့ကို ကာလက်အား ပေးကြ၍
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "မောရှေသည် ဟေဗြုန်မြို့ကို
ကာလက်အား ပေးလေ၏"

အာနက သားသုံးယောက်
လူမျိုးအဖွဲ့တို့၏ ခေါင်းဆောင်များကို အဖွဲ့အစည်းတစ်ခုလုံးကို
ရည်ညွှန်းလေ့ရှိသည်။ အခြားသောဘာသာပြန်ဆိုချက်။ "အာနက
သားသုံးယောက်နှင့် သူတို့၏ လူများ"။

အာနု
လူယောကျာ်း၏ အမည်ဖြစ်သည်။
အာနနှင့်သူ၏အမျိုးအနွယ်များမှာ အရပ်အမောင်းကောင်း၍
အလွန်ထင်ရှားကြသည်။

ယနေ့တိုင်အောင်
"ခုချိန်ထိ"။ စာရေးသားသောအချိန်ကို ရည်ညွှန်းသည်။

## Judges 22

ယောသပ်၏အိမ်
အိမ်၊ ဟူသည်မှာ အမျိုးအနွယ်ကို ရည်ညွှန်းသည်။ မနာရှေနှင့်
ဧဖရိမ်တို့သည် ယောသပ်၏ သားများ ဖြစ်ကြသည်၍
"ယောသပ်၏အိမ်" သည် မနာရှေနှင့် ဧဖရိမ်တို့မှ
ဆင်းသက်လာသောအမျိုးများကို ရည်ညွှန်းသည်။
အခြားသောဘာသာပြန်ချက်၊ "မနာရှေနှင့်
ဧဖရိမ်အမျိုးသားတို့၏အမျိုး" သို့မဟုတ် "မနာရှေနှင့် ဧဖရိမ်မှ
ဆင်းသက်လာသောအမျိုး"။

ဗေသလမြို့သို့ ချီသွား၍
ဤနေရာ၌ "ဗေသလမြို့" သည် ဗေသလမြို့၌
နေကြသောလူများကို ရည်ညွှန်းသည်။

သူလျှို
"တိတ်ဆိတ်စွာ သတင်းအချက်အလက်ကို ရယူရန်"

လုဇအမည်ဟောင်းရှိသော ထိုမြို့
နောက်ကြောင်း သတင်းအချက်အလက်ဖြစ်သည်။ ဤစာအုပ်ကို
အရင်ဖတ်ဖူးသော သူတို့က လုဇမြို့ကြားဖူးကြသော်လည်း၊
ဗေသလမြို့ဟု ခေါ်ရသည်ကိုလည်း သိကြမည်မဟုတ်ပေ။

သူလျှိုများ
"တိတ်ဆိတ်စွာ သတင်းအချက်အလက်ကို ရယူသူများ"

## Judges 25

မြို့သားတို့ကို ထားနှင့် လုပ်ကြံ၍
"မြို့" ဟူသောစကားလုံးသည် လူများကို ရည်ညွှန်းသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် မြို့ထဲရှိ လူများကို
လုပ်ကြံကြလေ၏"။

ထားနှင့် လုပ်ကြံ၍
"ဓါးရှည်များဖြင့်" ဤနေရာ၌ "ဓါး" ဟူသောစကားလုံးသည်
စစ်သည်တော်များအသုံးပြုသော ဓါးများနှင့် လက်နက်များကို
ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဓါးများဖြင့်"
သို့မဟုတ် "လက်နက်များဖြင့်"။

မြို့လမ်း
ဒေသိယစကားဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊
"ထွက်ပြေးသည်"

 generated on Tue Jul 2 12:50:28 2024

လုဇ
ဘုရားမသိသော သူတို့၏ ပြည်၌ မြို့သစ်ကို လုဇမြို့ဟု အမည်ပေးသည်။ ဗေသလမြို့နားတွင် တည်ရှိသည်။

ယနေ့ တိုင်အောင် ထိုသို့ ခေါ်ဝေါ်ကြသတည်း
"ယနေ့ တိုင်အောင်" ဤနေရာ၌ "ယနေ့ တိုင်အောင်" ဟူသော စကားလုံးသည် ဤစာရေးရသော အချန်ကာလကို ရည်ညွှန်းသည်။

Judges 27

ဗက်ရှန်၊ တာနက်၊ ဒေါရ၊ ဣဗလံ၊ မေဂိဒ္ဒေါ
နေရာဒေသ၏ အမည်များ ဖြစ်ကြသည်။

ခါနနိလူတို့သည် အနိုင်နေကြရန် ဆုံးဖြတ်ကြ၏
"ဆုံးဖြတ်" ဟူသောစကားလုံးသည် တစုံတခုကိုအခိုင်အမာ ဆုံးဖြတ်ချက်ချခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ချက်၊ "ခါနနိလူတို့သည် ထိုပြည်ကို မစွန့်လွှတ်ရန် အခိုင်အမာဆုံးဖြတ်ကြ၏"။

တဖန် ဣသရေလအမျိုးသားတို့သည် အားကြီးသောအခါ
ဤနေရာ၌ "ဣသရေလ" ဟူသည်မှာ လူအပေါင်းတို့ကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ချက်၊ "တဖန် ဣသရေလအမျိုးတို့သည် ပို၍ အားကြီးလာကြသောအခါ"။

ခါနနိလူတို့ကို မနှင်ထုတ်သော်လည်း အခွန်ကို ဆက်သွင်းစေကြ၏
"သူတို့အတွက် ခါနနိလူတို့ကို အလုပ်ကြမ်းလုပ်စေကြ၏"

Judges 29

ဧဖရိမ်အမျိုးသည် ဂေဇာမြို့၌နေသော ခါနနိလူတို့ကို မနှင်ထုတ်ဘဲ
ဤနေရာ၌ "ဧဖရိမ်" ဟူသည်မှာ ဧဖရိမ်အမျိုး၏ စစ်သည်တော်များကို ရည်ညွှန်းသည်။

ဂေဇာ
ဧဖရိမ်ဒေသ၌ မြို့တစ်မြို့၏ အမည်ဖြစ်သည်။

Judges 30

ဇာဗုလုန်အမျိုးသည် ကိတရုန်မြို့သား၊ နဟာလောလမြို့သားတို့ကို မနှင်ထုတ်ဘဲ
ဤနေရာ၌ "ဇာဗုလုန်" ဟူသောစကားလုံးသည် ဇာဗုလုန်အမျိုး စစ်သည်တော်များကို ရည်ညွှန်းသည်။

ကိတရုန်၊ နဟာလောလ
ခါနန်ပြည်၌ရှိသော မြို့များ၏ အမည်များဖြစ်ကြသည်။

ဇာဗုလုန်အမျိုးသည် ကိတရုန်မြို့သား၊ နဟာလောလမြို့သားတို့ကို မနှင်ထုတ်ဘဲ
ဤနေရာ၌ "ဇာဗုလုန်" ဟူသော စကားသည် ဇာဗုလုန်အမျိုးသားတို့ကို ရည်ညွှန်းသည်။

အလုပ်ကြမ်း
"ခက်ခဲကြမ်းတမ်းသော အလုပ်"

Judges 31

အာရှာအမျိုးသည်၊ မနှင်ထုတ်ဘဲ
ဤနေရာ၌ "အာရှာ" ဟူသောစကားလုံးသည် အာရှာအမျိုးသား စစ်သည်တော်များကို ရည်ညွှန်းသည်။

အက္ကော၊ ဇိဒုန်၊ အာလပ်၊ အာခဇိပ်၊ ဟေလဗ၊ အာဖိတ်၊ ရဟောဘ
ခါနန်ပြည်၌ရှိသော မြို့များ၏ အမည်များဖြစ်ကြသည်။

Judges 33

ဗက်ရှေမက်၊ ဗေသနတ်
မြို့များ၏ အမည်များဖြစ်ကြသည်။

နဿလိအမျိုးသည် ဗက်ရှေမက်မြို့သား၊ ဗေသနတ်မြို့သားတို့ကို မနှင်ထုတ်ဘဲ၊ အလုပ်ကြမ်းကိုလုပ်စေကြ၏
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ချက်၊ "နဿလိအမျိုးသည် ဗက်ရှေမက်မြို့သားနှင့် ဗေသနတ်မြို့သားတို့ကို သူတို့အတွက်အလုပ် လုပ်စေကြ၏"။

Judges 34

နေရသောအခွင့်ကို မပေးကြ
"မနေကြရန် တားဆီးကြ၏"

ချိုင့်
အလွန်ကျယ်ပြန့်၍ အပင်မရှိသော မြေပြန့်ဒေသ ဖြစ်သည်။

ဟေရက်တောင်
အာဇလုန်မြို့ တည်ရာ ကြီးမားသည့်တောင်တန်း ဖြစ်သည်။

အာဇလုန်၊ ရှာလဗိမ်
မြို့များ၏ အမည်များဖြစ်ကြသည်။

ယောသပ်အမျိုးသားတို့သည် အားကြီးသဖြင့် အာမောရိလူတို့သည် အခွန်ပေးရကြ၏
"ယောသပ်မှဆင်းသက်လာသောလူမျိုးများသည် ခွန်အားကြီးကြသောကြောင့် အနိုင်ရနိုင်ကြ၏"

ယောသပ်၏အိမ်
ဤနေရာတွင် "အိမ်" ဟူသောစကားလုံးသည် အမျိုးအနွယ်ကို ရည်ညွှန်းသည်။ မနာရှေနှ် ဧဖရိမ်သည် ယောသပ်၏သားများဖြစ်ကြသည်။ ထို့ကြောင့် ယောသပ်၏ အိမ် ဟူသောစကားလုံးသည် မနာရှေနှင့် ဧဖရိမ်တို့၏ အမျိုးများကို ရည်ညွှန်း သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မနာရှေနှင့် ယောသပ်တို့မှ ဆင်းသက်လာသူများ" သို့မဟုတ် "မနာရှေနှင့် ဧဖရိမ်တို့၏ အမျိုးအနွယ်များ"။


generated on Tue Jul 2 12:50:28 2024

အကရဗ္ဗိမ်ကုန်း
မြေထဲပင်လယ်၏ အနောက်တောင်ဘက်တွင်တည်ရှိသည်။

သေလ
မြို့၏ အမည်ဖြစ်သည်။

## Translation Questions

Judges 1:1

ခါနနိလူများကို တိုက်ခိုက်ရန် ဣသရေလ အမျိုးသားများကို မည်သူ ဦးဆောင်ခဲ့သနည်း။
ခါနနိလူများကို တိုက်ခိုက်ရန် ဣသရေလ အမျိုးသားများကို ယုဒ ဦးဆောင်ခဲ့ပါသည်။

Judges 1:4

ယုဒအမျိုးသားများသည် မည်သူ့ကို ဆန့်ကျင်တိုက်ခိုက်ခဲ့သနည်း။
ယုဒအမျိုးသားများသည် အဒေါနိဗေဇက်
ကိုဆန့်ကျင်တိုက်ခိုက်ခဲ့သည်။

Judges 1:6

အဒေါနိဗေဇက်၏ စားပွဲအောက်က အစားအစာများကို အဘယ်သူသည် စုသိမ်းရသနည်း။
အဒေါနိဗေဇက်၏ စားပွဲအောက်က အစားအစာများကို လက်မနှင့် ခြေမဖြတ်သော မင်းကြီးခုနစ်ဆယ် တို့သည်
အစားအစာများကိုစုသိမ်းရသည် ။

Judges 1:8

ယေရုရှလင်မြို့၏ အမည်ဟောင်း သည် ဘာလဲ။
ကိရယသာဘ သည်ဟေဗြုန် မြို့၏ အမည်ဟောင်းဖြစ်သည်။

Judges 1:11

ကာလက်သည် ဩသံယေလ ကိုဘာပေးခဲ့သနည်း။
ကာလက်သည် သမီးအာခသကို ဩသံယေလ ၏မယားဖြစ်ရန် ပေးခဲ့သည်။

Judges 1:14

အာခသသည် တောင်မျက်နှာအရပ်တွင်ရှိစဉ်တွင် သူမ၏ အဖေဆီကမည်သည့် အရာကိုပေးရန် အလိုရှိသနည်း။
အာခသသည် တောင်မျက်နှာအရပ်တွင်ရှိစဉ် တွင် သူမ၏
အဖေဆီက စမ်းရေတွင်းကိုပေးရန် အလိုရှိခဲ့သည်။

Judges 1:16

ယုဒတောသည် ဘယ်နေရာတွင် ရှိသနည်း။
ယုဒတောသည် အာရဒ်မြို့တောင်ဘက်တွင်ရှိသည်။

Judges 1:18

ဘာကြောင့် ယုဒလူများသည် လွင်ပြင်သားများကို မနှင်ထုတ်နိုင်ကြသနည်း။
လွင်ပြင်သားများတွင် သံရထားများ ရှိသောကြောင့်
ယုဒလူများသည် လွင်ပြင်သားများကို
မနှင်ထုတ်နိုင်ကြခြင်းဖြစ်သည်။

Judges 1:20

ယေဗုသိလူများသည် ဗယ်္ယာမိန်အမျိုးသားတို့အတူ ဘာကြောင့် ယေရုရှလင်မြို့တွင် နေသနည်း။
ဗယ်္ယာမိန်အမျိုးသားတို့သည် ယေရုရှလင်မြို့၌နေသော
ယေဗုသိလူတို့ကို မနှင်ထုတ်သောကြောင့် ယေဗုသိ လူများသည်
ဗယ်္ယာမိန်အမျိုးသားတို့ အတူနေခြင်းဖြစ်သည်။

Judges 1:25

ယောသပ်၏အိမ်သို့ ဝင်သောလမ်းသို့သူလျှိုများကို ပြသောထိုသူသည် ဗေသလမြို့ကို ရရန် မည်သို့ဝင်ရောက်ခဲ့သနည်း။
သူလျှိုများသည် ထိုလူနှင့် သူ၏အိမ်သားအပေါင်းတို့ကို လွှတ်၍
ဟိတ္တိပြည်သို့ သွားပြီးလျှင်၊ မြို့ကိုတည်ထောင် ၍
လုဇအမည်ဖြင့်ထားရှိလေသည်။

Judges 1:27

ဣသရေလအမျိုးသားတို့သည် အားကြီးသောအခါ သူတို့သည် ခါနနိလူတို့ကို ဘာလုပ်ကြသနည်း။
ဣသရေလအမျိုးသားတို့သည် အားကြီးသောအခါ ခါနနိလူတို့ကို
မနှင်ထုတ်ဘဲ အခွန်ဆက်သွင်းစေသည်။

Judges 1:31

အဘယ်ကြောင့် အာရှာအမျိုးသားများသည် ခါနနိလူတို့နှင့်အတူနေသနည်း။
အာရှာအမျိုးသားများသည် ခါနနိလူတို့ကိုမနှင်ထုတ်သော
ကြောင့် အာရှာအမျိုးသားများသည်
ခါနနိလူတို့နှင့်အတူနေထိုင်ခြင်းဖြစ်သည်။

Judges 1:34

အာမောရိလူတို့ကို အဘယ်သူသည် ဟေရက်တောင်ပေါ်မြို့၊ အာဇလုန်မြို့နှင့် ရှာလဗိမ်မြို့ ကိုအနိုင်ယူခဲ့သနည်း။
ယောသပ်အမျိုးသားတို့သည်ထိုသူတို့ကိုအနိုင်ရကြသည်။


generated on Tue Jul 2 12:50:28 2024

## Chapter 2

1 ထာဝရဘုရား၏ တမန်တော်သည်၊ ဂိလဂါလမြို့မှ ဗောခိမ်မြို့သို့ လာ၍၊ သင်တို့ ဘိုးဘေးတို့အား ငါကျိန်ဆိုသော ပြည်သို့
အဲဂုတ္တုပြည်မှ သင်တို့ကို ငါဆောင်ခဲ့ပြီ။ သင်တို့နှင့် ငါဖွဲ့သော ပဋိညာဉ်ကို ငါမဖျက်အစဉ်အမြဲစောင့်မည်။ 2 သင်တို့သည်
ဤပြည်သားတို့နှင့် မိဿဟာယမဖွဲ့ရ။ သူတို့ ယဇ်ပလ္လင်တို့ကို လှဲချရမည်ဟု ငါ ဆိုသော်လည်း၊ သင်တို့သည် ငါ့စကားကို
နားမထောင်ကြ။ အဘယ်ကြောင့် ဤသို့ ပြုကြသနည်း။ 3 တဖန် ငါဆိုသည်ကား၊ ဤပြည်သားတို့ကို သင်တို့ရှေ့မှ ငါမနှင်ထုတ်။
သူတို့သည် သင်တို့ တဘက်၌ မုဆိုးလုပ်လျက်၊ သူတို့ဘုရားတို့သည်လည်း သင်တို့၌ ကျော့ကွင်းဖြစ်ကြလိမ့်မည်ဟု မိန့်တော်မူ၏။ 4
ထာဝရဘုရား၏ တမန်တော်သည် ဣသရေလအမျိုးသားအပေါင်းတို့အား ဤသို့ မိန့်တော်မူသောအခါ၊ လူများတို့သည် အသံကို
လွှင့်၍ ငိုကြွေးကြ၏။ 5 ထိုအရပ်ကို ဗောခိမ်အမည်ဖြင့် မှည့်၍ ထာဝရဘုရားအား ယဇ်ပူဇော်ကြ၏။ 6 အထက်က ယောရှုသည်
လူများတို့ကို လွှတ်လိုက်သောအခါ၊ ဣသရေလအမျိုးသားတို့သည် အသီးအသီး မိမိတို့အမွေခံရာမြေကို သိမ်းယူခြင်းငှါ သွားကြ၏။
7 ယောရှုလက်ထက်ကာလပတ်လုံး၊ ဣသရေလအမျိုးသားတို့သည် ထာဝရဘုရားကို ဝတ်ပြုကြ၏။ထာဝရဘုရားသည်
ဣသရေလအမျိုးအဘို့ ပြုတော်မူသော အမှုကြီးအလုံးစုံတို့ကို သိမြင်၍၊ ယောရှုမရှိသောနောက် အသက်ရှင်သေးသော
အသက်ကြီးသူတို့လက်ထက်၌လည်း ထာဝရဘုရားကို ဝတ်ပြုကြ၏။ 8 ထာဝရဘုရား၏ကျွန်၊ နုန်၏သား ယောရှုသည်
အသက်တရာတဆယ်ရှိသော် အနိစ္စရောက်လေ၏။ 9 ဖေရိမ်တောင်ပေါ်၊ ဂါရှကုန်းမြောက်မှာရှိသော သူ၏အမွေခံရာ
တိမနသေရမြို့နယ်မြေ၌ သင်္ဂြိုဟ်ကြ၏။ 10 ယောရှုလက်ထက်ကာလ၌ ဖြစ်သော သူအပေါင်းတို့သည်လည်း၊ ဘိုးဘေးတို့
စုဝေးရာသို့ ရောက်ကြ ၏။ ထာဝရဘုရားကိုငှင်း၊ ဣသရေလအမျိုးအဘို့ ပြုတော်မူသော အမှုတို့ကိုငှင်း မသိသော
နောင်ကာလအမျိုးသားတို့သည် ပေါ်လာကြ၏။ 11 ထိုကာလအခါ ဣသရေလအမျိုးသားတို့သည် ထာဝရဘုရားရှေ့တော်၌ ဒုစရိုက်ကို
ပြု၍ ဗာလဘုရားတို့ကို ဝတ်ပြုကြ၏။ 12 အဲဂုတ္တုပြည်မှ သူတို့ကို ဆောင်ခဲ့တော်မူသော ဘိုးဘေးတို့၏ ဘုရားသခင် ထာဝရဘုရားကို
စွန့်၍၊ ပတ်ဝန်းကျင်၌ရှိသော လူမျိုးတို့၏ ဘုရားတပါးတို့နောက်သို့ လိုက်လျက် ဦးညွှတ်သဖြင့် ထာဝရဘုရား အမျက်တော်ကို
ထွက်စေကြ၏။ 13 ထာဝရဘုရားကို စွန့်၍ ဗာလဘုရား၊ အာရှတရက်ဘုရားတို့ကို ဝတ်ပြုကြသောကြောင့်၊ 14 ထာဝရဘုရားသည်
ဣသရေလအမျိုး၌ ပြင်းစွာ အမျက်ထွက်လျက်၊ လုယူသော သူတို့လက်သို့ အပ်၍၊ ပတ်ဝန်းကျင်သော ရန်သူတို့၌
ရောင်းတော်မူသဖြင့်၊ ရန်သူတို့ ရှေ့မှာ သူတို့သည် တဖန် မရပ်နိုင်ကြ။ 15 သူတို့သည် ထွက်သွားလေရာရာ၌ ထာဝရဘုရား
မိန့်မြွက်ကျိန်ဆိုတော်မူသည်အတိုင်း၊ လက်တော် အဆိုးအတားနှင့် တွေ့၍ အလွန်ဆင်းရဲခြင်းသို့ ရောက်ကြ၏။ 16 သို့ရာတွင်
လုယူသော သူတို့လက်မှ ကယ်လွှတ်သော တရားသူကြီးတို့ကို ထာဝရဘုရား ပေါ်ထွန်း စေတော်မူ၏။ 17 ထိုတရားသူကြီးတို့
စကားကိုလည်း သူတို့သည် နားမထောင်၊ အခြားတပါးသော ဘုရားတို့နှင့် မှားယွင်း၍ ဦးညွှတ်ကြ၏။ ဘိုးဘေးတို့သည်
ထာဝရဘုရား၏ ပညတ်တော်တို့ကို ကျင့်၍ လိုက်သော လမ်းမှ သူတို့သည် အလျင်အမြန်လွဲသွားသဖြင့်၊ ဘိုးဘေးကျင့်သည်အတိုင်း
မကျင့်ကြ။ 18 ထာဝရဘုရားသည် တရားသူကြီးကို ပေါ်ထွန်းစေသောအခါ သူနှင့်အတူရှိ၍၊ သူ့လက်ထက် ပတ်လုံး
ဣသရေလလူတို့ကို ရန်သူ၏လက်မှ ကယ်လွှတ်တော်မူ၏။ အကြောင်းမူကား သူတို့သည် နှောင့်ရှက်ညှဉ်းဆဲခြင်းကို ခံရ၍
မြည်တမ်းကြသောအခါ ထာဝရဘုရားသည် နောင်တရတော်မူ၏။ 19 တရားသူကြီး သေသောနောက်၊ သူတို့သည်
တဖန်ဘိုးဘေးထက်သာ၍ ဆိုးသဖြင့်၊ အခြားတပါးသော ဘုရားတို့နောက်သို့ လိုက်လျက် ဝတ်ပြု၍ ဦးညွှတ်ကြ၏။ မိမိတို့
အကျင့်ဓလေ့နှင့် ကြမ်းတမ်းသော လမ်းကို မစွန့်မပယ်ကြ။ 20 ထာဝရဘုရားသည် ဣသရေလအမျိုး၌ ပြင်းစွာ အမျက်ထွက်လျက်၊
ဤလူတို့သည် ငါ့စကားကို နားမထောင်။ သူတို့ ဘိုးဘေးတို့နှင့် ငါဖွဲ့သော ပဋိညာဉ်ကို ဖျက်သောကြောင့်၊ 21 ယောရှုသေသောနောက်
ကျန်ကြွင်းရစ်သော လူမျိုးတစုံတမျိုးကို သူတို့ရှေ့မှ နောက်တဖန် ငါမနှင်ထုတ်။ 22 သူတို့ ဘိုးဘေးတို့သည်
ထာဝရဘုရား၏လမ်းတော်သို့ လိုက်ခြင်းငှါ စောင့်ရှောက်သကဲ့သို့ သူတို့သည် စောင့်ရှောက်မည်လော၊ မစောင့်ရှောက်လောဟု
ကျန်သေးသော လူမျိုးအားဖြင့် ဣသရေလအမျိုးကို ငါစုံစမ်းမည်ဟု မိန့်တော်မူသည်နှင့်အညီ၊ 23 ထိုလူမျိုးကို ယောရှုလက်၌ မအပ်
အလျင်အမြန် မနှင်ထုတ်ဘဲ နေတော်မူ၏။

---

Judges 01

ထာဝရဘုရား၏ တမန်တော်
ဖြစ်နိုင်ဖွယ်အဓိပ္ပါယ်များ၊ ၁) "ထာဝရဘုရားသခင်ကို ကိုယ်စားပြုသော ကောင်းကင်တမန်တော်" သို့မဟုတ် ၂) "ထာဝရဘုရားသခင်၏ အမှုထမ်းဆောင်သော တမန်တော်" သို့မဟုတ် ၃) "ကောင်းကင်တမန်နှင့်တူသော ထာဝရဘုရားသခင်ကိုယ်တော်တိုင်အား ရည်ညွှန်းနိုင်သည်။

ဂိလဂါလမြို့မှ ဗောခိမ်မြို့သို့ လာ၍
"ဂိလဂါလမြို့ကိုစွန့်၍ ဗောခိမ်မြို့သို့ သွား၏"


generated on Tue Jul 2 12:50:28 2024

ဗောခိမ်
၂:၅ တွင် ဣရေလအမျိုးတို့ နာမည်ပေးသော နေရာဖြစ်သည်။ ဗောခိမ်၊ ဟူသည် "ငိုနေသည်" ဟု အဓိပ္ပါယ်ရသည်။

ငါဆိုသည်
ထာဝရဘုရားသခင်၏ ကောင်းကင်တမန်တော်သည် ဣသရေလအမျိုးတို့ထံသို့ စကားပြောတော်မူသည်ကို သိရသည်။ အခြားသောဘာသာပြန်ချက်၊ "ဣသရေလအမျိုထံသို့ ဤသို့ဆိုလေ၏"။

အဲဂုတ္တုပြည်မှ သင်တို့ကို ငါဆောင်ခဲ့ပြီ
"အဲဂုတ္တုပြည်မှ သင်တို့ကို ငါခေါ်ခဲ့ပြီ"

သင်တို့ ဘိုးဘေးတို့
"သင်တို့ ဘိုးတော်စဉ်ဆက်" သို့မဟုတ် "သင်တို့၏ အဘိုးအဘွား"

ပဋိညာဉ်ကို ငါဖျက်မည်
အီဒီယမ်စကားဖြစ်သည်။ အခြားသောဘာသာပြန်ချက်၊ "သင်တို့အတွက် လုပ်ပေးရန် ငါ၏ ကတိကို ငါမပြု"။

သင်တို့သည် ငါ့စကားကို နားမထောင်ကြ
ဤနေရာ၌ "အသံ" ဟူသောစကားလုံးသည် ဘုရားသခင်ပြောသော စကားကို ရည်ညွှန်းသည်။ အခြားသောဘာသာ ပြန်ဆိုချက်၊ "သင်တို့သည် ငါ၏ အမိန့်ကို နာမခံကြ"။

အဘယ်ကြောင့် ဤသို့ ပြုကြသနည်း
ဣသရေလအမျိုးတို့သည် ဘုရားသခင်၏စကားတော်ကို နာမခံသောကြောင့် ဒုက္ခခံရမည်ကို သိရှိစေရန် ဤမေးခွန်း ကို မေးခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ချက်၊ "သင်တို့သည် ကြောက်မက်ဖွယ်ကောင်းသောအရာကို ပြုကြပြီ"။

## Judges 03

ယေဘုယျအချက်အလက်
ဘုရားသခင်၏ ကောင်းကင်တမန်သည် ဣသရေလအမျိုးထံသို့ ဆက်လက်၍ စကားပြောတော်မူ၏။

တဖန် ငါဆိုသည်ကား၊ ဤပြည်သားတို့ကို သင်တို့ရှေ့မှ ငါမနှင်ထုတ်
မေးခွန်းထဲမှ မေးခွန်းတစ်ခုဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တဖန် ငါဆိုသည်ကား၊ သင်တို့အဖို့ ငါထောင်ချောက် မထောင်"။

သင်တို့၌ ကျော့ကွင်းဖြစ်ကြလိမ့်မည်
ခါနန်လူတို့က ဣသရေလအမျိုးတို့ ဒုက္ခပေးသည့် ခါနန်လူတို့ကို ကျော့ကွင်းကဲ့သို့ ဖော်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့ကို ဒုက္ခပေးသော"။

ကျော့ကွင်း
ရန်သူကို မိရန် ပြုလုပ်ထားသော အရာဖြစ်သည်။

သူတို့ဘုရားတို့သည်လည်း သင်တို့၌ ကျော့ကွင်းဖြစ်ကြလိမ့်မည်
ဣသရေလအမျိုးတို့က ခါနန်လူတို့၏ ဘုရားများ ကိုးကွယ်ခြင်းကို၊ မမှန်သောဘုရားများက တိရိစ္ဆာန်များကို ဖမ်းရန် ကျော့ကွင်းထောင်ထားသကဲ့သို့ ဖော်ပြသည်။

အသံကို လွှင့်၍ ငိုကြွေးကြ၏
"မျက်ရည်များ စီးကျလျှက် ငိုသည်"

## Judges 06

အထက်က ယောရှုသည်
"အထက်က" ဟူသောစကားလုံးသည် ပုံပြင်တွင် အမှတ်အသားဖြစ်စရန် သုံးထားခြင်းဖြစ်သည်။

ယောရှုသည် အသက်တရာတဆယ်ရှိသော် အနိစ္စရောက်လေ၏
၁:၁-၂:၅ အထိဖြစ်ပျက်မှုသည် ယောရှုသေပြီးမှဖြစ်ပျက် သည်။ ယောရှုမှတ်စာ၏ အဆုံးပိုင်း၌ ဖြစ်ပျက်သောအမှုကို ပြန်ဖော်ပြခြင်းဖြစ်သည်။

အမွေခံရာမြေကို
ဤပြောဆိုချက်ကို ပိုရှင်းလင်းစွာ ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင် ပေးသော နေရာသို့"။ ရှု၊

ယောရှုလက်ထက်ကာလပတ်လုံး
တစုံတယောက် အသက်ရှင်နေသည့် အချိန်ကာလ။ အခြားသောဘာသာပြန်ချက်၊ "အသက်ရှင်စဉ်"။

သက်ကြီးသူတို့
ဤနေရာ၌ "သက်ကြီးသူတို့" ဟူသော စကားသည် ဣသရေလအမျိုးတို့ကို ယဉ်ကျေးမှုနှင့် လူမှုရေး ကိစ္စအရပ်ရပ်များတွင် ဦးစီးဦးဆောင်၍ မောရှေ၏ တရားတော်ကို ထိန်းသိမ်းသော သူတို့ကို ဆိုလိုသည်။

ယောရှုမရှိသောနောက် အသက်ရှင်သေးသော
တစ်ဦးတစ်ယောက်ထက်ပို၍ အသက်ရှည် ကျန်ရစ်ခဲ့သူ။ အခြားသောဘာသာပြန်ချက်၊ "တစ်ဦးတစ်ယောက်ထက် အသက်ပိုရှည်သောသူ"။

နုန်
လူယောကျာ်း၏ အမည်ဖြစ်သည်။

## Judges 09

သူ၏အမွေခံရာ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင် အမွေပေးသော"

တိမနသေရ
မြေနေရာ၏ အမည်ဖြစ်သည်။


generated on Tue Jul 2 12:50:28 2024

ဂါရှကုန်းတောင်
တောင်တန်း၏ အမည် ဖြစ်သည်။

ဘိုးဘေးတို့ စုဝေးရာသို့ ရောက်ကြ ၏
"ဘိုးဘေးတို့ စုဝေးရာသို့ ရောက်ကြ၏" ဟူသောစာပိုဒ်သည် ထိုကာလ၌ သေသော သူတို့၏ ဝိညာဉ်များသည် သူတို့ ဘိုးဘွားတို့၏ ဝိညာဉ်များသွားရာ နေရာသို့ပင် သွားကြသည်ဟု အဓိပ္ပါယ်ရသည်။

ဘိုးဘေး
တစ်တစုံတယောက် သို့မဟုတ် လူမျိုးအဖွဲ့တို့၏ ဆင်းသက်လာခဲ့ရာကို ရည်ညွှန်းသည်။

ကြီးလာသော
"အရွယ်ရောက်သော" သို့မဟုတ် "အိုလာသော"

ထာဝရဘုရားကို မသိသော
"မသိသော" ဟူသော စကားလုံးသည် ဘုရားသခင်၏ တန်းခိုးတော်ကို မသိရှိသောသူများဟု အဓိပ္ပါယ်ရသည်။

Judges 11

ထာဝရဘုရားရှေ့တော်၌ ဒုစရိုက်
"ထာဝရဘုရားရှေ့တော်" ဟူသည့် စကားလုံးသည် တစုံတခုအပေါ် ဘုရားသခင်၏ အမြင်ဟူ၍ အဓိပ္ပါယ်ရသည်။ အခြားသောဘာသာပြန်ချက်၊ "ဘုရားသခင်က မလုပ်ရန်ပြောသောအရာသည် ဒုစရိုက်ဖြစ်သည်"။

ဗာလဘုရားတို့
ဗာလဘုရား၏ အများကိန်း။ ဗာလဘုရားသည် ဘုရားအတု၏ အမည်ဖြစ်သည်။ ဗာလဘုရားနှင့် အတူကိုးကွယ်ခံရသော ဘုရားများကိုလည်း ခေါ်ကြသည်။

ဘုရားသခင် ထာဝရဘုရားကို စွန့်၍
ဣသရေလအမျိုးတို့က ဘုရားသခင် ထာဝရဘုရား၏ စကားတော် နာမခံခြင်းကို စွန့်လွှတ်ခြင်းကဲ့သို့ဖော်ပြသည်။

ဘိုးဘေးများ
"အဘိုးအဘွားများ" သို့မဟုတ် "ဘိုးဘေး"

ဘုရားတပါးတို့နောက်သို့ လိုက်လျက်
ဣသရေအမျိုးတို့သည် အခြားသောဘုရားများကိုးကွယ်ခြင်းကို ဣသရေလအမျိုးတို့သည် လမ်းလျှောက်၍ အခြား ဘုရားနောက်သို့ လိုက်သကဲ့သို့ ဖော်ပြသည်။

ဦးညွှတ်သဖြင့်
ကိုးကွယ်ခြင်းနှင့် တဦးတယောက်ကို ရိုသေလေးစားခြင်းမျိုး ဖြစ်သည်။

ထာဝရဘုရား အမျက်တော်ကို ထွက်စေကြ၏
"ထာဝရဘုရားကို စိတ်ဆိုးစေကြ၏"

အာရှတရက်
ပုံစံအမျိုးမျိုးဖြင့် ကိုးကွယ်ရသော ဘုရားမ ဖြစ်သည်။

Judges 14

ထာဝရဘုရားသည် ဣသရေလအမျိုး၌ ပြင်းစွာ အမျက်ထွက်လျက်
ဘုရားသခင်၏ အမျက်တော်ကို လောင်နေသော မီးကဲ့သို့ ဖော်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသခင်သည် ဣသရေလအမျိုးတို့ကို အလွန်စိတ်ဆိုးလေ၏"။

လုယူသော သူတို့လက်သို့ အပ်၍၊
"သူတို့၏ ပိုင်ဆိုင်မှုများကို လုယူသော သူတို့အား ခိုးစေတော်မူ၏"

ရန်သူတို့၌ ရောင်းတော်မူသဖြင့်၊ ရန်သူတို့ ရှေ့မှာ သူတို့သည် တဖန် မရပ်နိုင်ကြ
ထာဝရဘုရားသခင်သည် သူတို့၏ ရန်သူတို့က သူတို့ကိုကျွန်အဖြစ် ဖမ်းဆီးခေါ်ဆောင်စေခြင်းကို ဘုရားသခင်ကကျွန်အဖြစ် ရောင်းသကဲ့သို့ ဖော်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့၏ ရန်သူများက အနိုင်ယူရန် ဘုရားသခင် ခွင့်ပြုတော်မူသဖြင့် သူတို့သည် ရန်သူကိုမနိုင်ကြ"။

ထာဝရဘုရား၏ လက်တော် အဆီးအတားနှင့် တွေ့၍
ဤနေရာ၌ "လက်" ဟူသည်မှာ ဘုရားသခင်၏ တန်ခိုးတော်ကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ချက်၊ "သူတို့၏ ရန်သူများကို ထာဝရဘုရား နိုင်စေတော်မူ၏"။

ဆင်းရဲခြင်းသို့ ရောက်ကြ၏
"ပြင်းထန်စွာ ဆင်းရဲခြင်း ခံကြ၏"

Judges 16

တရားသူကြီးတို့ကို ထာဝရဘုရား ပေါ်ထွန်း စေတော်မူ၏
တရားစီရင်ရန် တရားသူကြီးများ ဘုရားသခင်သည် ခန့်ထားတော်မူမည် အကြောင်းကို သူသည်တစုံတယောက်ကို ချီးမြှောက်တော်မူသကဲ့သို့ ဖော်ပြသည်။

သူတို့လက်မှ
ဤနေရာ၌ "လက်" ဟူသည်မှာ တန်ခိုးကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ချက်၊ "ရန်သူများ၏ တန်ခိုးမှ"။

ထိုတရားသူကြီးတို့ စကားကိုလည်း သူတို့သည် နားမထောင်
"သူတို့၏ တရားသူကြီးများကို နာမခံကြ"

အခြားတပါးသော ဘုရားတို့နှင့် မှားယွင်း၍ ဦးညွှတ်ကြ၏
ဘုရားသခင်ကို သစ္စာဖောက်ခြင်းနှင့် အခြားသောဘုရားများ ကိုးကွယ်ခြင်းကို မကောင်းသောသူများနှင့် မှားယွင်းခြင်းကဲ့သို့ ဖော်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မမှန်သောဘုရားများကို ကိုးကွယ်၍ သစ္စာဖောက်ကြသည်"။

ဘိုးဘေးကျင့်သည်အတိုင်း မကျင့်ကြ
သူတို့၏ ဘိုးဘေးများသည် ထာဝရဘုရားသခင်ကို ကိုးကွယ်သကဲ့သို့ သူတို့သည် မကျင့်ကြသည်ကို သူတို့၏ ဘိုးဘေးများ လျှောက်သောလမ်းမှ အခြားလမ်းသို့လျှောက်ကြသကဲ့သို့ ဖော်ပြသည်။

သူတို့၏ အဖေများ
"သူတို့၏ ဘိုးဘေးများ" သို့မဟုတ် "အဘိုးအဘွားများ"

Judges 18

ထာဝရဘုရားသည် တရားသူကြီးကို ပေါ်ထွန်းစေသောအခါ
တရားစီရင်ရန် တရားသူကြီးများ ဘုရားသခင်သည် ခန့်ထားတော်မူမည့်အကြောင်းကို သူသည် တစုံတယောက်ကို ချီးမြှောက်တော်မူသကဲ့သို့ ဖော်ပြသည်။

သူတို့အတွက်တရားသူကြီးများ၊ သူတို့ကိုကယ်နှုတ်၍
"သူတို့" ဟူသော စကားလုံးသည် ဣသရေလအမျိုးများကို ရည်ညွှန်းသည်။

ရန်သူ၏လက်မှ
ဤနေရာ၌ "လက်" ဟူသည်မှာ ဣသရေလအမျိုးတို့ကို ဒုက္ခပေးမည့် ရန်သူများ၏ တန်ခိုးကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့ရန်သူများ၏ တန်ခိုး"။

သူ့လက်ထက် ပတ်လုံး
"တရားသူကြီး အသက်ရှိသ၍"

သနား၍
တစုံတဦးအပေါ် သနားကြင်နာစိတ် ရှိခြင်း။

မြည်တမ်းကြသောအခါ
ဣသရေလအမျိုးတို့ ဒုက္ခခံကြသောအခါ နာကျင်ခံစားမှုကို တစုံတယောက် ဒုက္ခခံသောအခါ ပြုသောအသံဖြင့် နှိုင်းယှဥ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊

အခြားတပါးသော ဘုရားတို့နောက်သို့ လိုက်လျက်
လူတို့က ဘုရားသခင်၏ စကား နာမခံခြင်းကို ဘုရားသခင်ဆီမှ အဝေးသို့သွားကြသကဲ့သို့ ဖော်ပြသည်။

သူတို့၏ဘိုးဘေးများ
"သူတို့၏ ဘိုးဘေးဘီဘင်များ"

အခြားတပါးသော ဘုရားနောက်သို့ လိုက်လျက် ဝတ်ပြု၍ ဦးညွှတ်ကြ၏
ဣသရေလအမျိုးတို့က အခြားသောဘုရားများကိုးကွယ်ခြင်းကို အခြားသောဘုရားများနောက်သို့ လိုက်သွားခြင်းကဲ့သို့ ဖော်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အခြားသော ဘုရားများကို ကိုးကွယ်ကြလိမ့်မည်"။

မိမိတို့ အကျင့်ဓလေ့နှင့် ကြမ်းတမ်းသော လမ်းကို မစွန့်မပယ်ကြ
မကောင်းသောအကျင့် ကျင့်ခြင်းကို မစွန့်လွှတ် ချင်ကြ။ အခြားသောဘာသာပြန်ဆိုချက်၊ "ဆက်လက်၍ မကောင်း သောအကျင့်ကို ကျင့်ကြ၍၊ ခေါင်းမာသောအလုပ်ကို ဆက်လုပ်ကြ၏"။

Judges 20

ထာဝရဘုရားသည် ဣသရေလအမျိုး၌ ပြင်းစွာ အမျက်ထွက်လျက်
ထာဝရဘုရားသခင်၏ အမျက်တော်ကို လောင်နေသောမီးကဲ့သို့ ဖော်ပြသည်။ ၂:၁၄ ၌ ဘာသာပြန်ထားသည်ကို ကြည့်ရှုနိုင်သည်။

ဤလူမျိုးတို့သည် ငါ့စကားကို နားမထောင်
ဤနေရာ၌ "လူမျိုး" ဟူသော စကားလုံးသည် လူတို့ကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ချက်၊ "ဤလူတို့က နားမထောင်" သို့မဟုတ် "ဣသရေလအမျိုးတို့က နားမထောင်"။

ဘိုးဘေးများ
ဤနေရာတွင် အခြားသောသူများ သို့မဟုတ် လူမျိုးအဖွဲ့တို့၏ ဘိုးဘေးများကို ရည်ညွှန်းသည်။

ငါ၏အသံကို နာမခံကြ
ဤနေရာ၌ "အသံ" ဟူသော စကားလုံးသည် ထာဝရဘုရားပြောသောအရာကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါမိန့်မှာ သမျှတို့ကို သူတို့သည် နာမခံကြ" သို့မဟုတ် "ငါ့ကို နားမထောင်ကြ"။

မည်သည့်လူမျိုးများမဆို
ဤနေရာ၌ "လူမျိုးများ" ဟူသောစကားလုံးသည် ဣသရေလ အမျိုးမရောက်ခင် ခါနန်ပြည်၌ နေထိုင်ကြသော လူမျိုးများကို ရည်ညွှန်းသည်။

ထာဝရဘုရား၏လမ်းတော်သို့ လိုက်ခြင်းငှါ စောင့်ရှောက်သကဲ့သို့
ထာဝရဘုရားသခင်သည် လူတို့ကို မည်ကဲ့သို့ကျင့်ကြံနေထိုင်လိုသည်ကို လမ်းကဲ့သို့ဖော်ပြသည်။ ဘုရားသခင်ကို နာခံသောသူကို သူ၏ လမ်းပေါ်၌ လျှောက် သကဲ့သို့ ဖော်ပြသည်။

ယောရှုလက်၌ မအပ် အလျင်အမြန် မနှင်ထုတ်ဘဲ နေတော်မူ၏
"သူတို့ကို ယောရှု မသိမ်းခိုင်းပေ"

ယောရှုကို ခွင့်မပြု
ဤနေရာ၌ "ယောရှု" ဟူသည့်စကားလုံးသည် သူ၏ စစ်သည်တော်များကို ရည်ညွှန်းသည်။ အခြားသောဘာသာ ပြန်ချက်၊ "ယောရှုနှင့် သူ၏ စစ်သည်တော်များကို ခွင့်မပြု"။

# Translation Questions

## Judges 2:1

ထာဝရဘုရား၏ တမန်တော်သည် ဣသရေလလူများကို ဘယ်နေရာသို့ခေါ် ဆောင်သွားခဲ့သနည်း။

ထာဝရဘုရား၏ တမန်တော်သည် ဣသရေလလူများကို သူတို့ဘိုးဘေးတို့အားကျိန်ဆိုသော အဲဂုတ္တုပြည်သို့ခေါ် ဆောင်သွားခဲ့သည်။

## Judges 2:3

ထာဝရဘုရား၏ တမန်တော်သည် ခါနနိပြည်သားတို့ကို သင်တို့ရှေ့မှ ငါမနှင်ထုတ်ဟု ဣသရေလလူများကိုပြောသောအခါ သူတို့ဘာလုပ်သနည်း။

ထာဝရဘုရား၏ တမန်တော်သည် ခါနနိပြည်သား တို့ကို သင်တို့ရှေ့မှ ငါမနှင်ထုတ်ဟု ဣသရေလလူများကိုပြောသောအခါ သူတို့သည်အသံကိုလွှင့်၍ ငိုကြွေးကြသည်။

## Judges 2:6

ထာဝရဘုရားကို ဣသရေလအမျိုးသားများသည် ဘယ်လောက်ကြာရှည်စွာ ဝတ်ပြုခဲ့သနည်း။

ထာဝရဘုရားကို ဣသရေလအမျိုးသားများသည် ယောရှုလက်ထက်ကာလပတ်လုံးနှင့် ယောရှုမရှိသောနောက် အသက်ရှင်သေးသော အသက်ကြီးသူတို့ လက်ထက်၌ ဝတ်ပြုခဲ့ကြသည်။

## Judges 2:11

ဣသရေလအမျိုးသားတို့သည် အဘယ်ဘုရားများ နောက်သို့လိုက်ခဲ့ကြသနည်း။

ဣသရေလအမျိုးသားတို့သည်ပတ်ဝန်းကျင်၌ရှိသော လူမျိုးတို့၏ ဘုရားတပါးတို့နောက်သို့ လိုက်ခဲ့ကြသည်။

## Judges 2:14

ဣသရေလအမျိုးသားတို့ကို ထာဝရဘုရားသည် ဘာကျိန်ဆိုခဲ့သနည်း။

ထာဝရဘုရားသည် သူတို့သည် ထွက်သွားလေရာရာ၌ လက်တော် အဆီးအတားနှင့် တွေ့၍ ရှုံးနိမ့်ရန် ကျိန်ဆိုခဲ့သည်။

## Judges 2:16

တရားသူကြီးတို့သည် ဘာလုပ်ခဲ့ကြသနည်း။

တရားသူကြီးတို့သည် ဣသရေအမျိုးတို့ပိုင်ဆိုင်မှုများ လုယူသောသူတို့လက်မှ ကယ်တင်ခဲ့ကြသည်။

## Judges 2:18

တရားသူကြီး သေပြီးနောက် ဘာဖြစ်ပွားခဲ့သနည်း။

တရားသူကြီး သေပြီးနောက် ဣသရေလလူတို့သည် ဘိုးဘေးတို့ထက်သာ၍ ဆိုးကြပြီး အခြားတပါးသော ဘုရားတို့နောက်သို့ လိုက်လျက် ဝတ်ပြုကြသည်။

## Judges 2:20

ဘာကြောင့် ထာဝရဘုရားသည် ဣသရေလအမျိုးသားများကို ယောရှုသေပြီးနောက် ကျန်ကြွင်းရစ်သောလူမျိုးတစုံတမျိုးကို သူတို့ရှေ့မှာမနှင်ထုတ်သနည်း။

ထာဝရဘုရားသည် ဣသရေလအမျိုးသားများကို ယောရှုသေပြီးနောက် ကျန်ကြွင်းရစ်သော လူမျိုးတစုံတခုကို သူတို့ရှေ့မှာမနှင်ထုတ်ခြင်းမှာ ဘိုးဘေးတို့သည် ထာဝရ ဘုရား၏လမ်းတော်သို့လိုက်ခြင်းငှါ စောင့်ရှောက်သကဲ့သို့ သူတို့သည် စောင့်ရှောက်သည်၊ မစောင့်ရှောက်သည်ကိုစုံစမ်းချင်သောကြောင့်ဖြစ်သည်။


generated on Tue Jul 2 12:50:28 2024

## Chapter 3

[1-2] ခါနာန်ပြည်၌ တိုက်သော စစ်မှုရှိသမျှတို့ကို မသိသော ဣသရေလအမျိုးသားအပေါင်းတို့ကို စုံစမ်း ခြင်းငှါဓိုင်း၊ စစ်မှုကို မသိသော
ဣသရေလအမျိုးသားအစဉ်အဆက်တို့သည် စစ်အတတ်ကို သင်၍ တတ်စေခြင်းငှါဓိုင်း၊ ထာဝရဘုရား ချန်ထားတော်မူသော
လူမျိုးများ ဟူမူကား၊ [3] ဖိလိတ္တိမင်းငါးပါးအစရှိသော ခါနနိလူအမျိုးမျိုး၊ ဇိဒုန်လူ၊ ဗာလဟေရမုန်တောင်မှစ၍
ဟာမတ်လမ်းဝတိုင်အောင် လေဗနုန်တောင်ပေါ်မှာနေသော ဟိဝိလူတို့သည် ကျန်ကြွင်းကြ၏။ [4] ထာဝရဘုရားသည် မောရှေအားဖြင့်
ဘိုးဘေးတို့ကို မှာထားတော်မူသော ပညတ်များအတိုင်း ကျင့်မည် မကျင့်မည်ကို ထင်ရှားစေခြင်းငှါ ဣသရေလအမျိုးကို စုံစမ်းဘို့ရာ
ဖြစ်သတည်း။ [5] ဣသရေလအမျိုးသားတို့သည် ခါနနိလူ၊ ဟိတ္တိလူ၊ အာမောရိလူ၊ ဖေရဇိလူ၊ ဟိဝိလူ၊ ယေဗုသိလူတို့တွင် နေ၍၊ [6]
သူတို့သမီးနှင့် စုံဘက်ခြင်းကို ပြုလျက်၊ မိမိတို့သမီးကို ပေးစားလျက်၊ သူတို့ဘုရားများကို ဝတ်ပြုကြ၏။ [7]
ဣသရေလအမျိုးသားတို့သည် ထာဝရဘုရားရှေ့တော်၌ ဒုစရိုက်ကို ပြု၍ မိမိတို့ဘုရားသခင် ထာဝရဘုရားကို မေ့လျော့သဖြင့်၊
ဗာလဘုရားများ၊ အာရှရပင်များကို ဝတ်ပြုသောကြောင့်၊ [8] ထာဝရဘုရားသည် ဣသရေလအမျိုး၌ ပြင်းစွာ အမျက်တော်ထွက်၍၊
မေသောပေါတာမိရှင်ဘုရင် ခုရှံရှသိမ်၌ ရောင်းတော်မူသဖြင့်၊ ဣသရေလလူတို့သည် ရှစ်နှစ်ပတ်လုံး ထိုရှင်ဘုရင်ထံ၌ ကျွန်ခံရကြ၏။
[9] နောက်တဖန် ထာဝရဘုရားကို အော်ဟစ်ကြသောအခါ၊ ကယ်တင်သောသခင်၊ ကာလက်ညီ၊ ကေနတ်၏သားဩသံယေလကို
သူတို့အဘို့ ပေါ်ထွန်းစေတော်မူ၏။ [10] ထာဝရဘုရား၏ ဝိညာဉ်တော်သည် သူ့အပေါ်သို့ သက်ရောက်သဖြင့်၊ သူသည်
ဣသရေလအမျိုးကို အုပ်စိုး၍ စစ်ချီလေ၏။ မေသောပေါတာမိရှင်ဘုရင် ခုရှံရိရှသိမ်ကို သူ့လက်၌ ထာဝရဘုရား အပ်တော်မူသဖြင့်၊
သူသည် ထိုရှင်ဘုရင်ကို အောင်လေ၏။ [11] အနှစ်လေးဆယ်တိုင်တိုင် တပြည်လုံးငြိမ်းပြီးမှ၊ ကေနတ်၏သား ဩသံယေလသည်
သေလေ၏။ [12] တဖန် ဣသရေလအမျိုးသည် ထာဝရဘုရားရှေ့တော်၌ ဒုစရိုက်ကို ပြုသောကြောင့်၊ မောဘရှင်ဘုရင် ဧဂလုန်ကို
ဣသရေလအမျိုးတဘက်၌ ခွန်အားနှင့် ပြည့်စုံစေတော်မူ၏။ [13] ထိုမင်းသည် အမ္မုန်အမျိုးသား၊ အာမလက်အမျိုးသားတို့ကို
စုဝေးစေလျက် ချီသွား၍၊ ဣသရေလလူတို့ကို လုပ်ကြံပြီးမှ၊ စွန်ပလွံမြို့ကို သိမ်းယူသဖြင့်၊ [14] ဣသရေလအမျိုးသားတို့သည်
တဆယ်ရှစ်နှစ်ပတ်လုံး မောဘရှင်ဘုရင် ဧဂလုန်မင်းထံ၌ ကျွန်ခံရကြ၏။ [15] နောက်တဖန် ထာဝရဘုရားကို အော်ဟစ်သောအခါ၊
ကယ်တင်သော သခင်၊ လက်ျာလက်ကို မသုံးတတ်သော ဗယာမိန်အမျိုး၊ ဂေရသားဧဟုဒကို ပေါ်ထွန်းစေတော်မူ၏။ သူ့လက်တွင်
ဣသရေလလူတို့သည် လက်ဆောင်ကို မောဘရှင်ဘုရင် ဧဂလုန်ထံသို့ ပေးလိုက်ကြ၏။ [16] ဧဟုဒသည် အလျားတတောင်ရှိသော
သန်လျက်ကို လုပ်၍ လက်ျာပေါင်အဝတ်တွင်း၌ စည်းထားပြီးလျှင်၊ [17] မောဘရှင်ဘုရင်ဧဂလုန်ထံသို့ လက်ဆောင်ကို
ဆောင်ခဲ့လေ၏။ ဧဂလုန်သည် အလွန်ဝသော သူဖြစ်၏။ [18] ဧဟုဒသည် လက်ဆောင်ကို ဆက်ပြီးလျှင်၊ လက်ဆောင်ကို
ထမ်းသောသူတို့ကို လွှတ်လိုက်၍၊ [19] ဂိလဂါလမြို့နား၌ရှိသော ကျောက်တိုင်တို့မှ ကိုယ်တိုင်ပြန်လာ၍၊ ဘုရားကျွန်တော်သည်
တိတ်ဆိတ်စွာ လျှောက်စရာအကြောင်း ရှိပါသည်ဟု ဆိုလျှင်၊ ရှင်ဘုရင်က၊ တိတ်ဆိတ်စွာ နေကြဟု အမိန့်တော်ရှိ သည်အတိုင်း၊
အထံတော်၌ ခစားသော သူအပေါင်းတို့သည် ထွက်ကြ၏။ [20] ထိုအခါ ရှင်ဘုရင်သည် ကိုယ်တိုင် တယောက်တည်း နေတတ်သော
နွေနန်းဆောင်၌ ထိုင်နေစဉ်၊ ဧဟုဒသည် ချဉ်းကပ်၍ ကိုယ်တော်နှင့်ဆိုင်သော ဘုရားသခင်၏ အမိန့်တော်ပါပါ၏ဟု လျှောက်သော်၊
ရှင်ဘုရင်သည် ထလေ၏။ [21] ဧဟုဒသည် လက်ဝဲလက်ကို ဆန့်လျက် သန်လျက်ကို လက်ျာပေါင်မှ ထုတ်၍ ရှင်ဘုရင်၏ ဝမ်းကို
ထိုးသဖြင့်၊ [22] လက်ကိုင်အရိုးနှင့်တကွ သန်လျက်မြုပ်ဝင်၍၊ ဝမ်းထဲက မနှုတ်နိုင်အောင် ဆီဥသည် သန်လျက်ကို လွှမ်းလျက်၊
ချေးနုလည်း ထွက်လျက်ရှိလေ၏။ [23] ထိုအခါ ဧဟုဒသည် အခန်းပြင်သို့ ထွက်ပြီးလျှင် နန်းတော်တံခါးတို့ကို ပိတ်၍ သော့ခတ်လေ၏။
[24] ထွက်သွားသောနောက်၊ ကျွန်တော်မျိုးအချို့တို့သည် လာ၍ နန်းတော်တံခါး၌ သော့ခတ်လျက် ရှိသည်ကို မြင်လျှင်၊ စင်စစ်
နွေနန်းဆောင်၌ စက်တော်ခေါ်သည်ဟုဆိုလျက်၊ [25] ရှက်ကြောက်သည်တိုင်အောင် ငံ့နေပြီးမှ၊ သူတို့အရှင်သည် တံခါးကို
မဖွင့်သောကြောင့်၊ သူတို့သည် သော့ကိုယူ၍ ဖွင့်ကြည့်သောအခါ၊ မြေပေါ်မှာ လဲ၍ သေလျက်ရှိသော မိမိတို့အရှင်ကို တွေ့မြင်ကြ၏။
[26] ထိုသို့ သူတို့သည် ငံ့နေကြစဉ်တွင်၊ ဧဟုဒသည် ဘေးလွတ်သဖြင့်၊ ကျောက်တိုင်တို့ကို လွန်၍ စိရပ်ရွာသို့ ရောက်ပြီးမှ၊ [27]
ဧဖရိမ်တောင်ပေါ်မှာ တံပိုးကို မှုတ်၍၊ ဣသရေလအမျိုးသားတို့သည် သူ့နောက်သို့ လိုက်လျက် တောင်ပေါ်က ဆင်းကြ၏။ [28]
သူကလည်း ငါ့နောက်သို့ လိုက်ကြလော့။ ထာဝရဘုရားသည် သင်တို့၏ရန်သူမောဘလူတို့ကို သင်တို့လက်၌ အပ်တော်မူမည်ဟု
ဆိုသည်အတိုင်း၊ သူ့နောက်မှာ ဆင်း၍ ယော်ဒန်မြစ်ကူးရာ မောဘပြည်သို့ သွားရာလမ်းကို ဆီးတားသဖြင့်၊ လူတစုံတယောက်ကိုမျှ
မကူးစေရ။ [29] ထိုအခါ ခွန်အားကြီးသော မောဘစစ်သူရဲတယောက်မျှ မလွတ်ဘဲ၊ လူတသောင်းကို သတ်၍၊ [30] မောဘအမျိုးသည်
ဣသရေလအမျိုးလက်၌ ရှုံးသဖြင့်၊ အနှစ်ရှစ်ဆယ်တိုင်တိုင် တပြည်လုံး ငြိမ်းလေ၏။ [31] ဧဟုဒနောက်မှာ အာနတ်သားရှံဂါပေါ်ထွန်း၍၊
တုတ်ချွန်နှင့် ဖိလိတ္တိလူခြောက်ရာတို့ကို သတ်သဖြင့်၊ ဣသရေလအမျိုးသားတို့ကို ကယ်လွှတ်လေ၏။


generated on Tue Jul 2 12:50:28 2024

Judges 01

ယခု ထာဝရဘုရားသခင်သည်
ဤနေရာ၌ "ယခု" ဟူသော စကားလုံးသည် ပုံပြင်ကို အသစ်ပြန်စခြင်းဖြစ်သည်။

ဤလူမျိုးအပေါင်းတို့
၃:၃ ၌ဖော်ပြမည့် လူမျိုးအဖွဲ့များ ဖြစ်သည်။

စစ်မှုကို မသိသော ဣသရေလအမျိုးသားအစဥ်အဆက်တို့သည် စစ်အတတ်ကို သင်၍ တတ်စေခြင်းငှါရင်း
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ခါနန်ပြည်၌ တခါမျှ စစ်မတိုက်ဖူးသောသူများ"

စစ်မှုကို မသိသော ဣသရေလအမျိုးသားအစဥ်အဆက်တို့သည် စစ်အတတ်ကို သင်၍ တတ်စေခြင်းငှါရင်း
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသခင်သည် ဣသရေလအမျိုတို့မှ စစ်မိုက်ဖူးသော လူမျိုးများမှ လူငယ်များကို သင်ပေးရန် ချန်ထားတော်မူ၏"။

ရှင်ဘုရင်ငါးပါး
ဤရှင်ဘုရင်ငါးပါးသည် လူအပေါင်းတို့ကို ကိုယ်စားပြုကြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ရှင်ဘုရင် ငါးပါးနှင့် သူတို့၏ လူများ"။

ဗာလဟေရမုန်တောင်
ဣသရေလနိုင်ငံတွင် အမြင့်ဆုံးသော တောင်ဖြစ်သည်။

ဟာမတ်လမ်းဝ
ခါနန်ပြည်မြောက်ပိုင်း နယ်နိမိတ်ရှိ ဒေသတခု၏ အမည်ဖြစ်သည်။

Judges 04

ဤလူမျိုးတို့ကို ချန်လေ၏
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ချက်၊ "ထာဝရဘုရားသခင်သည် ဤလူမျိုးတို့ကို ခါနန်ပြည်၌ ချန်ထား၏" သို့မဟုတ် "ထာဝရဘုရားသည် ဤလူမျိုးတို့ကို ခါနန်ပြည်၌ ဆက်လက်နေထိုင်စေ၏"

အတိုင်း
"ကဲ့သို့"

သူတို့ကို မှာထားတော်မူသော၊ သူတို့၏ဘိုးဘေးများ
"သူတို့" ဟူသောစကားလုံးသည် ဣသရေလအမျိုးတို့ကိုရည်ညွှန်းသည်။

မှာထားတော်မူသော ပညတ်များ
"ထာဝရဘုရား ပေးသော ပညတ်များ"

Judges 07

ထာဝရဘုရားရှေ့တော်၌ ဒုစရိုက်
ဤနေရာ၌ "ထာဝရဘုရားရှေ့တော်" ဟူသော စကားလုံးသည် ထာဝရဘုရား မြင်သောအရာတစုံတခုကို ရည်ညွှန်းသည်။ ၂:၁၁ ၌ မည်ကဲ့သို့ဘာသာပြန်ထားသည်ကို ကြည့်နိုင်သည်။

မိမိတို့ဘုရားသခင် ထာဝရဘုရားကို မေ့လျော့သဖြင့်
ဤနေရာ၌ "မေ့လျော့" ဟူသော စကားလုံးသည် ဒေသိယစကားဖြစ်၍ "နာမခံတော့ပါ" ဟုအဓိပ္ပါယ်ရသည်။

ထာဝရဘုရားသည် ဣသရေလအမျိုး၌ ပြင်းစွာ အမျက်တော်ထွက်၍
ထာဝရဘုရား၏ ပြင်းစွာသော အမျက်တော်ထွက်ခြင်းကို မီးကဲ့သို့ ဖော်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် ပြင်းစွာ အမျက်တော်ထွက်၏"။

မေသောပေါတာမိရှင်ဘုရင် ခုရှံရှသိမ်၌ ရောင်းတော်မူသဖြင့်
ဣသရေလအမျိုးတို့ကို ဖမ်းဆီးခေါ်ဆောင်ရန် ခွင့်ပြုခြင်းကို ထာဝရဘုရားသခင်သည် ခုရှံရှသိမ်၌ ရောင်းတော်မူသကဲ့သို့ ဖော်ပြသည်။

ခုရှံရှသိမ်လက်ထဲသို့
ဤနေရာ၌ "လက်ထဲသို့" ဟူသောစကားလုံးသည် ထိန်းချုပ်ခြင်း အာဏာကိုရည်ညွှန်းသည်။

ခုရှံရှသိမ်
လူ၏ အမည်ဖြစ်သည်။

မေသောပေါတာမိ
နိုင်ငံတနိုင်ငံ၏ အမည်ဖြစ်သည်။

Judges 09

ထာဝရဘုရားသည် ယေလကို သူတို့အဘို့ ပေါ်ထွန်းစေတော်မူ၏
ထာဝရဘုရားသည် သူ့အတွက် အလုပ်လုပ်ရန် တစုံတယောက်ခန့်ထားတော်မူမည်ကို တစုံတယောက် ချီးမြှောက်သကဲ့သို့ ဖော်ပြသည်။

ဩသံယေလ၊ ကေနတ်
၁:၁၁ ကဲ့သို့ ဘာသာပြန်ရန်။

ဝိညာဉ်တော်သည် သူ့အပေါ်သို့ သက်ရောက်သဖြင့်
ဩသံယေလသည် ခေါင်းဆောင်ကောင်း တစ်ယောက်ဖြစ်လာရန် ထာဝရဘုရား၏ ကူညီမစခြင်းကို ဆိုလိုသည်။

သူသည် ဣသရေလအမျိုးကိုစီရင်လေ၏
ဤနေရာ၌ "စီရင်" ဟူသည်မှာ ဣသရေလအမျိုးတို့ကို ဦးဆောင်သည်ဟု အဓိပ္ပါယ်ရသည်။

ဣသရေလအမျိုးကို အုပ်စိုး၍ စစ်ချီလေ၏
ဤနေရာ၌ "သူ" ဟူသောစကားလုံးသည် ဣသရေလအမျိုးစစ်သည်တော်ကို ကိုယ်စားပြု ဩသံယေလကို


generated on Tue Jul 2 12:50:28 2024

ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဩသံယေလနှင့် ဣသရေလစစ်သည်တော်များသည် ခုရှံရိရှသိမ်ကို စစ်တိုက်ခြင်းငှာ ချီသွားကြ၏"။

မေသောပေါတာမိရှင်ဘုရင် ခုရှံရိရှသိမ်ကို သူ့လက်၌ ထာဝရဘုရား အပ်တော်မူသဖြင့်
ဤနေရာ၌ "ခုရှံရိရှသိမ်" သည် သူ၏စစ်သည်တော်များကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် မေသောပေါတာမိ ရှင်ဘုရင် ခုရှံရိရှသိမ်ကို အနိုင်ယူရန် ဣသရေလစစ်သည်တော်များကို ကူညီလေ၏"။

ဩသံယေလလက်
ဤနေရာ၌ "လက်" စစ်သည်တော်ကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဩသံယေလ၏ စစ်သည်တော်"။

တပြည်လုံးငြိမ်းပြီးမှ
တပြည်လုံး၊ ဟူသောစကားလုံးသည် ထိုပြည်၌နေထိုင်သောသူအပေါင်းတို့ကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ချက်၊ "လူအပေါင်းတို့သည် ငြိမ်းချမ်းစွာနေကြ၏"။

အနှစ်လေးဆယ်
"အနှစ် ၄၀"

Judges 12

ထာဝရဘုရားရှေ့တော်၌ ဒုစရိုက်
ဤနေရာ၌ "ထာဝရဘုရားရှေ့တော်" ဟူသော စကားလုံးသည် ထာဝရဘုရား၏ အထင်အမြင်ကို ဆိုလိုသည်။ ၂:၁၁ ၌ မည်ကဲ့သို့ဘာသာပြန်ထားသည်ကို ကြည့်နိုင်သည်။

ထာဝရဘုရားသခင်သည် မောဘရှင်ဘုရင် ဧဂလုန်ကို ခွန်အားနှင့် ပြည့်စုံစေတော်မူ၏
"ခွန်အား" စိတ္တဇနာမ်ကို နာမဝိသေသနဖြင့် ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသခင်သည် မောဘရှင်ဘုရင် ဧဂလုန်ကို ခွန်အားရှိစေတော်မူ၏"။

မောဘရှင်ဘုရင် ဧဂလုန်ကို ဣသရေလအမျိုးတဘက်၌ ခွန်အားနှင့် ပြည့်စုံစေတော်မူ၏
ဤနေရာ၌ "မောဘရှင်ဘုရင် ဧဂလုန်" ဟူသောစကားလုံးသည် သူ၏ စစ်သည်တော်ကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မောဘရှင်ဘုရင် ဧဂလုန်နှင့်သူ၏ စစ်သည်တော်ကို ဣသရေလအမျိုးကို တိုက်သောအခါ ခွန်အားပေးတော်မူ၏"။

ဧဂလုန်
ရှင်ဘုရင်တစ်ပါး၏ အမည်ဖြစ်သည်။

စွန်ပလွံမြို့
ယေရိခေါ်မြို့၏ အခြားသောနာမည် တစ်မျိုးဖြစ်သည်။ ၁:၁၆ ၌မည်ကဲ့သို့ဘာသာပြန်ထားသည်ကို ကြည့်နိုင်သည်။

တဆယ်ရှစ်နှစ်
"၁၈ နှစ်"

Judges 15

ထာဝရဘုရားကို အော်ဟစ်သောအခါ
အဝေးမှနေသောသူထံသို့ အော်ခေါ်ခြင်းဟု အဓိပ္ပါယ်ရှိသည်။ တစုံတယောက်သောသူကို အကူအညီတောင်းခံခြင်းဟုလည်း အဓိပ္ပါယ်ရသည်။

ပေါ်ထွန်းစေတော်မူ၏
ထာဝရဘုရားသခင်က သူ၏ အလုပ်ကို လုပ်ရန် တစုံတယောက်သောသူ ခန့်အပ်ခြင်းကို ထိုသူကို ချီးမြှောက်ခြင်းကဲ့သို့ ဖော်ပြသည်။

ဧဟုဒ၊ ဂေရ
လူနာမည်များ ဖြစ်ကြသည်။

လက်ျာလက်ကို မသုံးတတ်သော
လက်* ဧဟုဒကိုသည် ဓားကို ဘယ်လက်ဖြင့် ပို၍ သုံးတတ်သည်။

Judges 16

အလျားတတောင်
အရှည်တိုင်းထွာရာတွင် ခေတ်ပေါ်တိုင်းတာမှုကို သုံးလျှင်ပိုကောင်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "၄၆ စင်တီမီတာ" သို့မဟုတ် "မီတာ ထက်ဝက်"။

လက်ျာပေါင်အဝတ်တွင်း၌ စည်းထားပြီးလျှင်
"သူ၏ လက်ျာပေါင် အဝတ်တွင်း၌ စည်းထား၏"

ပေါင်
"ခြေတလုံး၏ အထက်ပိုင်း"

အခု ဧဂလုန်သည် အလွန်ဝသော သူဖြစ်၏
ဤနေရာ၌ "အခု" ဟူသော စကားလုံးသည် ပုံပြင်၏ အကြားကို မှတ်သားရန် သုံးခြင်းဖြစ်သည်။

Judges 19

ဂိလဂါလမြို့နား၌ရှိသော ကျောက်တိုင်တို့မှ ကိုယ်တိုင်ပြန်လာ၍
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် ဂိလဂါလမြို့နား၌ ရှိသော ကျောက်တိုင်မှ ကိုယ်တိုင်ပြန်ရောက်လာသောအခါ"။

နွေနန်းဆောင်၌
ဤအခန်းသည် အောက်ထပ်၏ အပေါ်ပိုင်းတွင်ရှိ၍ နားနေရန်အသုံပြုသော အခန်းဖြစ်သည်။ နေ့အချန်၌လည်း အေးလျှက်ရှိသည်။


generated on Tue Jul 2 12:50:28 2024

ရှင်ဘုရင်သည် ထလေ၏
ဂါလက၊ ရှေခင်တို့သည် အဘိမလက်အမှုကို မစောင့်ရမည့်အကြောင်း မေးခွန်းဖြင့်ဖော်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါတို့သည် အဘိမလက်၏ အမှုကို မစောင့်သင့်"။

ငါတို့သည် အဘိမလက်အမှုကို စောင့်ရမည်အကြောင်း၊ အဘိမလက် ကား အဘယ်သူနည်း၊ ရှေခင်ကား အဘယ်သူနည်း
ဤမေးခွန်းနှစ်ခုသည် အဓိပ္ပါယ်တူနေကြသည်။ ဂါလက အဘိမလက်ကို ရှေခင်အဖြစ် ဖော်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါတို့သည် ရှေခင်၌ နေကြသော အဘိမလက် အမှုကို မစောင့်ရကြ"။

အဘိမလက်သည် ယေရုဗ္ဗာလသား မဟုတ်လော။ ဇေဗုလသည် သူ၏အမှုထမ်းမဟုတ်လော
ဂါလက၊ ရှေခင်တို့သည် အဘိမလက်အမှုကို မစောင့်ရမည့် အကြောင်း မေးခွန်းဖြင့်ဖော်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် ယေရုဗ္ဗာလ၏ သားဖြစ်၍၊ ဇေဗုလသည် သူ၏ အမှုထမ်းဖြစ်၏"။

ယေရုဗ္ဗာလ
ဂိဒေါင်၏ အခြားသော အမည်ဖြစ်သည်။ ၆း၃၁ ၌မည်ကဲ့သို့ ဘာသာပြန်ထားသည်ကို ကြည့်နိုင်သည်။

ဇေဗုလ
လူနာမည် ဖြစ်သည်။

ရှေခင်အဘဟာမော်လူတို့၏ အမှုကို ထမ်းကြလော့
ရှေခင်တို့သည် ဘဟာမော်လူတို့၏ အမှုကိုစောင့်သင့်သည်ဖြစ်ကြောင်း ဂါလက ပြောသည်။ ထိုလူတို့သည် ခါနနိလူများ အမှန်ဖြစ်ကြသည်။

အဘိမလက်အမှုကို အဘယ်ကြောင့် ထမ်းရမည်နည်း
ရှေခင်တို့သည် အဘိမလက် အမှုကို မစောင့်ရန် ဂါလကပြောသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါတို့သည် အဘိမလက် အမှုကို မစောင့်သင့်ပါ"။

ဤလူတို့သည် ငါ့လက်သို့ ရောက်ပါစေသော
"ရှေခင်တို့ကို ငါလက်သို့ ငါရောက်စေချင်သည်"

Judges 30

ဇေဗုလ
၉း၂၈ ၌ ကဲ့သို့ ဘာသာပြန်နိုင်သည်။

ဧဗက်၏သားဂါလစကားကို မြို့အုပ်ဇေဗုလကြားသောအခါ
ဤနေရာ၌ "စကား" ဟူသည်မှာ ပြောသောအရာကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဧဗက်၏ သားဂါလ ပြောသောစကားကို ကြားသောအခါ"။

ဂါလ၊ဧဗက်
၉း၂၆ ၌ ဘာသာပြန်ထားသကဲ့သို့ ဘာသာပြန်နိုင်သည်။

အမျက်ထွက်၍
စိတ်တိုလာခြင်းကို မီးလောင်နေသကဲ့သို့ ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အလွန်စိတ်တိုလာသည်"။

လှည့်ဖြားရန်
ဇေဗုလက ဂါလနှင့် ရှေခင်တို့ကို လှည့်ဖြားလေ၏။ အခြားသောဘာသာပြန်ချက်၊ "လျှို့ဝှက်စွာ"။

မြို့ပေါ်သို့ ပြသနာပြုကြ၏
အခြားသော ဘာသာပြန်ဆိုချက်၊ "ထိုသူတို့သည် မြို့၌ နေကြသော လူတို့အား သင့်ကို ပုန်ကန်ရန် သွေးထိုးကြသည်"

မြို့
ဤနေရာ၌ "မြို့" ဟူသော စကားလုံးသည် မြို့ပေါ်နေလူများကို ရည်ညွှန်းသည်။

Judges 32

ယေဘုယျအချက်အလက်
ဇေဗုလ၏ သတင်းသမားသည် အဘိမလက်ထံ ဆက်လက်၍ စကားပြောလေ၏။

ယခု
"အခုချိန်" ဟူ၍အဓိပ္ပါယ်ရှိသည်။

ချုံခိုတိုက်ခိုင်ခြင်း
"ချုံထဲ၌ ခိုပြီးရန်သူကို တိုက်ခိုက်ရန်"

တတ်နိုင်သလောက် ပြုတော်မူပါ
သူတို့ကြိုက်သလို တိုက်ခိုက်၍ ဂါလ၏ နောက်လိုက်များကို ဖျက်ဆီးနိုင်သည်။

Judges 34

သူ၌ ပါသမျှသော လူတို့နှင့်တကွ
"အဘိမလက်နှင့်အတူ ပါသောသူများ" သို့မဟုတ် "အဘိမလက်အတွက် စစ်တိုက်သောလူများ"

ရှေခင်မြို့ကို ချောင်းမြောင်းလျက်နေကြ၏
ဤနေရာ၌ "ရှေခင်" သည် ရှေခင်၌ နေသောသူများကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ရှေခင်လူတို့ကို တိုက်ခိုက်ကြရန် ချုံခိုစောင့်ကြသည်"။


generated on Tue Jul 2 12:50:28 2024

တပ်လေးတပ်ခွဲပြီးလျှင်
"လေးဖွဲ့ ခွဲကြသည်"

ဂါလ၊ ဇေဗက်
၉:၂၆ ၌ လူနာမည် ဘာသာပြန်ထားသကဲ့သို့
ဘာသာပြန်နိုင်သည်။

Judges 36

ဂါလ
လူနာမည်ဖြစ်သည်။ ၉:၂၆ ၌ မည်ကဲ့သို့ ဘာသာပြန်ထားသည်ကို ကြည့်နိုင်သည်။

ဇေဗုလ
လူနာမည်ဖြစ်သည်။ ၉:၂၈ ၌မည်ကဲ့သို့ဘာသာပြန်ထားသည်ကို ကြည့်နိုင်သည်။

ဇေဗုလက တောင်အရိပ်သည် လူကဲ့သို့ ထင်သည်
ဇေဗုလသည် ဂါလကို စိတ်ရှုပ်စေခြင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဤသူတို့သည် လူမဟုတ်ကြ၊ တောင်၏ အရိပ်များသာ ဖြစ်ကြသည်"

လူအချို့
"လူ ၁ စု" သို့မဟုတ် "စစ်သားတစု"

Judges 38

ဇေဗုလ
၉:၂၈ ၌ ကဲ့သို့ဘာသာပြန်နိုင်သည်။

သင်တို့၏ ဝါကြွားသောစကားသည် အဘယ်မှာနည်း
ဇေဗုလက ဂါလကို မေးခွန်းမေး၍ ဆဲဆိုခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့သည်
ဝါကြွားသောစကားကို မပြောကြ" သို့မဟုတ် "သင်တို့သည် အခု မဝါကြွားကြ"။

အဘိမလက်သည် အဘယ်သူနည်းဟု ဆိုသော သင်တို့သည်
သူ့ကိုကူညီသင့်သည်
ဇေဗုလက ဂါလကို ကြွားဝါမှုကို ပြန်၍ ကိုးကားနေသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "အဘိမလက်ကို မကူသင့်ဟု ဆိုသော သင်တို့သည်"။

ထိုလူတို့သည် သင်မထီမဲ့မြင်ပြုသော သူမဟုတ်လော
ဇေဗုလက ဂါလကို ဤမေးခွန်းဖြင့် စိန်ခေါ်နေ၏။
အခြားသောဘာသာပြန်ဆိုချက်၊ "သင် မထီမဲ့မြင်ပြုသော
သူတို့သည် ဤလူများ ဖြစ်ကြ၏"။

မထီမဲ့မြင်ပြုခြင်း
"မုန်းခြင်း" သို့မဟုတ် "မကြိုက်ခြင်း"

ဂါလ
လူနာမည်ဖြစ်သည်။ ၉:၂၆ ၌ မည်ကဲ့သို့ဘာသာပြန်ထားသည်ကို ကြည့်နိုင်သည်။

များသောသူတို့သည် မြို့တံခါးဝတိုင်အောင် အထိအခိုက်ခံလျက် လဲ၍ သေကြ၏
ဒေသိယစကားဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊
"လူမြောက်များစွာတို့သည် ဒဏ်ရာများဖြင့် သေကြ၏"။

Judges 41

အရုမ
မြို့၏ အမည်ဖြစ်သည်။

ဇေဗုလ
လူနာမည်ဖြစ်သည်။ ၉:၂၈ ၌ မည်ကဲ့သို့ ဘာသာပြန်ထားသည်ကို ကြည့်နိုင်သည်။

ဂါလ
လူနာမည်ဖြစ်သည်။ ၉:၂၆ ၌ မည်ကဲ့သို့ ဘာသာပြန်ထားသည်ကို ကြည့်နိုင်သည်။

အဘိမလက်သည် ကြားလျှင်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ချက်၊
"တစုံတယောက်သောသူက အဘိမလက်ထံသို့သည်
ကြားပြော၏"။

သုံးစုခွဲ၍
"သုံးဖွဲ့ခွဲကြ၏"

တော၌ ချောင်းမြောင်းလျက် နေသဖြင့်
"လူတို့ကို တိုက်ခိုင်ခြင်းအလို့ငှာ တော၌ ပုန်းကြ၏"

သူသည်တိုက်လေ၏
ဤနေရာ၌ "သူ" ဟူသောစကားလုံးသည်
အဘိမလက်ကိုရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊
"သူတို့သည် စစ်တိုက်ကြ၏"။

Judges 44

လူတစု
"စစ်သည်တော်တစ်စု"

အခြားသူနှစ်ဦး
"အခြား ၂ဦး"

အဘိမလက်သည် တနေ့လုံးမြို့ကို တိုက်၍ရသောအခါ
ဤနေရာ၌ "အဘိမလက်" ဟူသော စကားလုံးသည် သူ၏
စစ်သည်တော်များကို ရည်ညွှန်းသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "အဘိမလက်နှင့်
သူ၏စစ်သည်တော်တို့သည် စစ်တိုက်ကြ၍"


generated on Tue Jul 2 12:50:28 2024

မြို့၌ တွေ့သောသူတို့ကို
ဤနေရာ၌ "မြို့" ဟူသော စကားလုံးသည် လူတို့ကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ရှေခင်၌ နေသော လူတို့ကို တိုက်၍"။

ဖြိုဖျက်၍
"ဖျက်ဆီးသည်"

ဆားနှင့် ကြဲဖြန့်လေ၏
"မြေပေါ်၌ ဆားကြဲလေ၏" မြေပေါ်၌ ဆားကြဲခြင်းသည် ဘာမျှ မထွက်နိုင်ရန် လုပ်ခြင်းဖြစ်သည်။

Judges 46

အိမ်
ဘုရားကျောင်းကို ရည်ညွှန်းသည်။

ဗေရိတ်
ဗေ၊ ဟူသောစကားလုံးသည် ဘုရား၊ ဟု အဓိပ္ပါယ်ရသည်။

အဘိမလက်ကို ပြောကြ၏
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တစုံတယောက်သည် အဘိမလက်ကို ပြော၏"။

Judges 48

ဇလမုန်တောင်
တောင်၏ အမည်ဖြစ်သည်။ (ရှု၊

လှီး
သစ်ကိုင်းများကို ခုတ်လှဲ၍ ပုံထားသည်။

တထောင်သော ယောကျာ်းမိန်းမတို့သည်
"၁၀၀၀ လောက်"

Judges 50

သေဗက်
မြို့အမည် ဖြစ်သည်။

သေဗက်မြို့ကို ဝိုင်း၍ စခန်းချကြသည်
"သေဗက်မြို့အပြင်ဘက်၌ စခန်းချ ကြသည်"

Judges 52

ရဲတိုက်ကို လာ၍ တိုက်လျက်
"တိုက်ခိုက်သည်"

အပေါ်က ကြိတ်ဆုံ
စပါးများကို ကြိတ်ရာတွင် အသုံးပြုသော ကျယ်၍ ပြားသော ကြိတ်ဆုံအကြီးနှစ်ခု။

လက်နက်ကိုင် လုလင်
ကိုင်- အဘိမလက်၏ လက်နက်ကိုင်သော သူ။

လုလင်သည် ထိုး၍
လုလင်သည် အဘိမလက်၏ ကိုယ်ပေါ် တည့်တည့်၌ ဓါးဖြင့် ထိုးလေ၏။

Judges 55

ခုနစ်ဆယ်
"၇၀"

ရှေခင်မြို့သားပြုသော ဒုစရိုက်အပြစ်ကိုလည်း သူတို့ခေါင်းပေါ်သို့ ဘုရားသခင်ရောက်စေတော်မူ ၏
"ဒုစရိုက်အပြစ်ကို သူတို့ ခေါင်းပေါ်သို့ ရောက်စေတော်မူ ၏" ဆိုသည်မှာ ဒေသိယစကားဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့၏ ဒုစရိုက် အပြစ်ကြောင့် ရှေခင်လူတို့ကို ဒဏ်ခတ်တော်မူ၏"

ယေရုဗ္ဗာလသား ယောသံကျိန်သော စကားသည် သူတို့အပေါ်၌ ရောက်လာ၏
အီဒီယမ်စကားဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယေရုဗ္ဗာလသား ယောသံကျိန်သော စကားသည် သူတို့၌ ရောက်တော်မူ၏"။

ယေရုဗ္ဗာလ
ဂိဒေါင်၏ အခြားသော နာမည်ဖြစ်သည်။ ၆:၃၁ ၌ မည်ကဲ့သို့ ဘာသာပြန်ထားသည်ကို ကြည့်နိုင်သည်။

---

## Translation Questions

Judges 9:1

အဘိမလက်၏ဖခင်သည်ဘယ်သူနည်း။
အဘိမလက်၏ဖခင်သည် ယေရုဗ္ဗာလ ဖြစ်သည်။

Judges 9:3

ဘာကြောင့်အဘိမလက်မိခင်၏အဆွေအမျိုးများက သူ့နောက်သို့လိုက်ရန်လက်ခံကြသနည်း။
အဘိမလက်သည်သူတို့ကိုညီအစ်ကိုဖြစ်သည်ဟုဆိုသောကြောင့် သူ့နောက်သို့လိုက်ရန်လက်ခံခြင်းဖြစ်သည်။


generated on Tue Jul 2 12:50:28 2024

အဘိမလက်သည် ဘာအတွက် ငွေအခွက်ခုနစ်ဆယ်ကို အသုံးပြုခဲ့သနည်း။
အဘိမလက်သည် လျှပ်ပေါ်သော သူတို့ကို ထိုငွေနှင့် ငှါး၍ အမှုကို ထမ်းစေရန်အသုံးပြုခဲ့သည်။

Judges 9:5

ယောသံသည်ဘာကြောင့် အသတ်မခံရသနည်း။
ယောသံသည် ပုန်းရှောင်၍ နေသောကြောင့် အသတ်မခံရခြင်းဖြစ်သည်။

Judges 9:7

ဘယ်နေ့တွင် ယောသံသည် ရှေခင်မြို့သားတို့ကို မိတ်ဆက်ခဲ့သနည်း။
ယောသံသည် ရှေခင်မြို့သားတို့ကို သူ့အဖအိမ်တွင်မိမိညီအစ်ကိုခုနစ်ဆယ်တို့ကို ကျောက်တခုပေါ်မှာ သတ်သောနေ့တွင် မိတ်ဆက်ခဲ့ခြင်းဖြစ်သည်။

Judges 9:17

ဘယ်နေ့တွင် ယောသံသည် ရှေခင်မြို့သားတို့ကို မိတ်ဆက်ခဲ့သနည်း။
ယောသံသည် ရှေခင်မြို့သားတို့ကို သူ့အဖအိမ်တွင်မိမိညီအစ်ကိုခုနစ်ဆယ်တို့ကို ကျောက်တခုပေါ်မှာ သတ်သောနေ့တွင် မိတ်ဆက်ခဲ့ခြင်းဖြစ်သည်။

Judges 9:19

အကယ်၍လူများသည် ယေရုဗ္ဗာလနှင့် သူ၏အမျိုးအနွယ်အား သစ္စာတရားအတိုင်း ပြုလျှင်ဘာဖြစ်မလဲ။
အကယ်၍လူများသည် ယေရုဗ္ဗာလနှင့် သူ၏အမျိုးအနွယ်အား သစ္စာတရားအတိုင်း ပြုလျှင် အဘိမလက်ထဲက မီးထွက်၍၊ ရှေခင်မြို့သားနှင့် မိလ္လောအဆွေအမျိုးကိုလောင်ပါစေ။ ရှေခင်မြို့သားနှင့် မိလ္လောအဆွေအမျိုးထဲက မီးထွက်၍ အဘိမလက်ကို လောင်ပါစေဟု ကြွေးကြော်ခဲ့သည်။

ယောသံ၏ကျိန်ခြင်းသည် ဘယ်အရာနည်း။
ယောသံ၏ကျိန်ခြင်းသည် အဘိမလက်ထဲက မီးထွက်၍၊ ရှေခင်မြို့သားနှင့် မိလ္လောအဆွေအမျိုးကိုလောင်ပါစေ။ ရှေခင်မြို့သားနှင့် မိလ္လောအဆွေအမျိုးထဲက မီးထွက်၍ အဘိမလက်ကို လောင်ပါစေဟု၍ဖြစ်သည်။

Judges 9:22

ဘာကြောင့် ဘုရားသခင်သည် မကောင်းသောဝိညာဉ်ကို အဘိမလက်နှင့် ရှေခင်မြို့သားတို့ကြားတွင် စေလွှတ်ခဲ့သနည်း။
ဘုရားသခင်သည် မကောင်းသောဝိညာဉ်ကို အဘိမလက်နှင့် ရှေခင်မြို့သားတို့ကြားတွင် စေလွှတ်ခဲ့ခြင်းသည် ယေရုဗ္ဗာလ၏ သားခုနစ်ဆယ်တို့၌ ကြမ်းတမ်းစွာ ပြု၍ သတ်မိသော အပြစ်ကြောင့်ဖြစ်သည်။

Judges 9:25

ရှေခင်မြို့သားတို့သည် ဘယ်သူ့ကိုချောင်းမြောင်းရန်မျှော်လင့်သနည်း။
ရှေခင်မြို့သားတို့သည် အဘိမလက်ကို ချောင်းမြောင်းရန်မျှော်လင့် ကြသည်။

Judges 9:28

ဘယ်သူသည် လူများကို အမိန့်ပေးရန်မျှော်လင့်သနည်း။
ဂါလသည် လူများကို အမိန့်ပေးရန် မျှော်လင့်သည်။

Judges 9:30

ဇေဗုလသည် ဘာကြောင့် အမျက်ထွက်ခဲ့သနည်း။
ဇေဗုလသည် ဂါလစကား (ဧဗက်၏သား)ကို ကြားသောအခါ အမျက်ထွက်ခဲ့သည်။

ဇေဗုလသည် ဘာကြောင့် အဘိမလက်ထံသို့ တမန်များကိုစေလွှတ်သနည်း။
ဇေဗုလသည် ပရိယာယ်အားဖြင့် အဘိမလက်ထံသို့ တမန်များကိုစေလွှတ်ခဲ့သည်။

Judges 9:36

တောင်ပေါ်ကဆင်းလာကြသောလူများကို ဇေဗုလသည် မည်သို့ဖော်ပြသနည်း။
ဇေဗုလသည်ထိုသူများကို တောင်အရိပ်သည် လူကဲ့သို့ ထင်သည်ဟု ဖော်ပြသည်။

Judges 9:38

ဇေဗုလသည် ဂါလကို ဘာလုပ်ဖို့ပြောသနည်း။
ဇေဗုလသည် သွား၍ အဘိမလက် ကိုဆန့်ကျင် တိုက်ခိုက်ရန် ဂါလကို ပြောခဲ့သည်။

ဂါလသည် အဘိမလက်ကိုတိုက်ခိုက်ခဲ့သောအခါ ဘာဖြစ်ခဲ့သနည်း။
အဘိမလက်သည် လိုက်၍ ဂါလပြေးသဖြင့် များစွာသောသူတို့သည် မြို့တံခါးဝတိုင်အောင် အထိအခိုက်ခံလျက် လဲ၍ သေကြလေသည်။

Judges 9:44

အဘိမလက်သည် မြို့ကိုသိမ်းပြီးနောက် ဘာလုပ်ခဲ့သနည်း။
အဘိမလက်သည် မြို့ကိုသိမ်းပြီးနောက် မြို့ရိုးကို ဖြိုဖျက်၍ မြို့ရာများကို ဆားနှင့် ကြဲဖြန့်လေသည်။

Judges 9:46

ရှေခင်ရဲတိုက်သားတို့သည် ဘယ်နေရာမှာ စုဝေးကြသနည်း။
ရှေခင်ရဲတိုက်သားတို့သည် ဗေရိတ်ဘုရား၏ ကျောင်း၌ ခိုင်ခံ့သော အခန်းထဲမှာ စုဝေးခဲ့ကြသည်။

Judges 9:48

ရှေခင်ရဲသားတိုက်သားတို့နှင့် လူများကို အဘိမလက်သည် ဘယ်လို သတ်ခဲ့သနည်း။
အဘိမလက်သည် ဇလမုန်တောင်သို့သွားပြီးလျှင် သစ်ခက်တို့ကို ခုတ်၍ ခိုင်ခံ့သောအခန်းကို မီးရှို့ ၍ သတ်ခဲ့သည်။

Judges 9:52

အဘိမလက်သည် သေဗက်မြို့နားရှိရဲတိုက်သို့ရောက်သောအခါ သူ၌ ဘာဖြစ်ခဲ့သနည်း။
အဘိမလက်သည် သေဗက်မြို့နားရှိရဲတိုက်သို့ရောက်သောအခါ မိန်းမတယောက်သည် ကြိတ်ဆုံကျောက်တဖဲ့ကို အဘိမလက် ခေါင်းပေါ်သို့ ပစ်ချသဖြင့် ဦးခေါင်းခွံ ပေါက်ကွဲခဲ့သည်။

ဘာကြောင့် အဘိမလက်သည် လက်နက်ကိုင်လုလင်ကို သူ၏ ဓားကိုထုတ်၍သတ်ခိုင်းသနည်း။
အဘိမလက်သည် လက်နက်ကိုင်လုလင်ကို သူ၏ ဓားကိုထုတ်၍သတ်ခိုင်းခြင်းသည် မိန်းမက သူ့ကို သတ်သည်ဟု တယောက်မှ မသိစေချင်သောကြောင့် ဖြစ်သည်။

Judges 9:55

ယောသံ၏ကျိန်ခြင်းသည်အဘယ်အရာနည်း။
ယောသံ၏ကျိန်ခြင်းသည် အဘိမလက်ထဲက မီးထွက်၍၊ ရှေခင်မြို့သားနှင့် မိလ္လောအဆွေအမျိုးကိုလောင်ပါစေ။ ရှေခင်မြို့သားနှင့် မိလ္လောအဆွေအမျိုးထဲက မီးထွက်၍ အဘိမလက်ကို လောင်ပါစေဟူ၍ဖြစ်သည်။

## Chapter 10

1 အဘိမလက်လက်ထက် နောက်မှ၊ ဣသရေလအမျိုးကို ကယ်တင်သောသူ ဣသခါအမျိုး၊ ဒေါဒေါသား ဖုဝါ၏သား တောလသည်
ပေါ်ထွန်း၍၊ ဧဖရိမ်တောင်ပေါ်၊ ရှမိရမြို့မှာ နေလေ၏။ 2 ထိုသူသည် ဣသရေလအမျိုးကို အနှစ်နှစ်ဆယ်သုံးနှစ်ပတ်လုံး အုပ်စိုးပြီးမှ
သေ၍၊ ရှိမရမြို့မှာ သင်္ဂြိုဟ်လေ၏။ 3 ထိုသူလက်ထက်နောက်မှ၊ ဂိလဒ်ပြည်သား ယာဣရသည် ပေါ်ထွန်း၍၊ ဣသရေလအမျိုးကို
အနှစ်နှစ်ဆယ်နှစ်နှစ်ပတ်လုံး အုပ်စိုး၏။ 4 ထိုမင်း၌ကား သားသုံးဆယ်ရှိ၍၊ သူတို့သည် မြည်းသငယ်သုံးဆယ်တို့ကို စီးလျက်
ဂိလဒ်ပြည်၌ ယာဝုတ်ယာဣရအမည်ဖြင့် ယနေ့တိုင်အောင် ခေါ်ဝေါ်သော မြို့သုံးဆယ်တို့ကို ကံကျွေးပြုကြ၏။ 5 ယာဣရသေ၍
ကာမုန်မြို့မှာ သင်္ဂြိုဟ်လေ၏။ 6 တဖန် ဣသရေလအမျိုးသားတို့သည် ထာဝရဘုရားရှေ့တော်၌ ဒုစရိုက်ကို ပြု၍၊ ဗာလဘုရား၊
အာရှတရက်ဘုရား၊ ရှုရိဘုရား၊ ဇိဒုန်ဘုရား၊ မောဘဘုရား၊ အမ္မုန်ဘုရား၊ ဖိလိတ္တိဘုရားတို့ကို ဝတ်ပြု၍ ထာဝရဘုရားကို
ဝတ်မပြုစွန့်ထားကြ၏။ 7 ထာဝရဘုရားသည် ဣသရေလအမျိုးကို အမျက်ထွက်၍ ဖိလိတ္တိလူတို့၌၎င်း၊ အမ္မုန်အမျိုးသားတို့၌ ၎င်း၊
ရောင်းတော်မူသဖြင့်၊ 8 ယော်ဒန်မြစ်တဘက် အာမောရိလူနေရာဂိလဒ်ပြည်၌နေသော ဣသရေလအမျိုးသားအပေါင်းတို့ကို
ထိုနှစ်မှစ၍ တဆယ်ရှစ်နှစ်ပတ်လုံး ညှဥ်းဆဲကြ၏။ 9 အမ္မုန်အမျိုးသားတို့သည်လည်း၊ ယော်ဒန်မြစ်ကို ကူး၍ ယုဒအမျိုး၊
ဗယ်္ယာမိန်အမျိုး၊ ဧဖရိမ်အမျိုးသား တို့ကို တိုက်သဖြင့်၊ ဣသရေလအမျိုးသားတို့သည် ကြီးစွာသော ဆင်းရဲခြင်းသို့ ရောက်ကြ၏။ 10
ထိုအခါ ဣသရေလအမျိုးသားတို့က၊ အကျွန်ုပ်တို့သည် ကိုယ်တော်ကို ပြစ်မှားပါပြီ။ အကျွန်ုပ်တို့၏ ဘုရားသခင်ကို စွန့်၍၊
ဗာလဘုရားတို့ကို ဝတ်ပြုမိပါပြီဟု ထာဝရဘုရားအား ဟစ်ကြော်ကြ၏။ 11 ထာဝရဘုရားကလည်း၊ ငါသည် သင်တို့ကို အဲဂုတ္တုလူ၊
အာမောရိလူ၊ အမ္မုန်လူ၊ ဖိလိတ္တိလူတို့လက်မှ ကယ်နှုတ်သည် မဟုတ်လော။ 12 ဇိဒုန်လူ၊ အာမလက်လူ၊ မောနိလူတို့
ညှဥ်းဆဲသောအခါ၌လည်း၊ သင်တို့သည် ငါ့ကို ဟစ်ကြော်၍၊ သူတို့လက်မှ ငါကယ်နှုတ်၏။ 13 သို့သော်လည်း သင်တို့သည် ငါ့ကို
စွန့်၍ အခြားတပါးသော ဘုရားတို့ကို ဝတ်ပြုသောကြောင့်၊ နောက်တဖန် ငါမကယ်နှုတ်။ 14 သင်တို့ ရွေးယူသော ဘုရားတို့ကို သွား၍
ဟစ်ကြော်ကြလော့။ အမှုရောက်သော ယခု ကာလ၌ သူတို့သည် ကယ်နှုတ်ကြစေဟု ဣသရေလအမျိုးသားတို့အား မိန့်တော်မူ၏။ 15
ဣသရေလအမျိုးသားတို့ကလည်း၊ အကျွန်ုပ်တို့သည် ပြစ်မှားပါပြီ။ စိတ်တော်ရှိသည်အတိုင်း အကျွန်ုပ် တို့၌ ပြုတော်မူပါ။ ယခု
တကြိမ်သာ ကယ်နှုတ်တော်မူမည်အကြောင်း အကျွန်ုပ်တို့ တောင်းပန်ပါ၏ဟု ထာဝရဘုရားအား တောင်းလျှောက်လျက်၊ 16
တပါးအမျိုးသား ကိုးကွယ်သော ဘုရားတို့ကို ပယ်၍ ထာဝရဘုရားကို ဝတ်ပြုကြ၏။ ထိုအခါ ထာဝရဘုရားသည် ဣသရေလအမျိုး
ခံရသော ဒုက္ခဆင်းရဲကြောင့် ကြင်နာသော စိတ်နှလုံးရှိတော်မူ၏။ 17 အမ္မုန်အမျိုးသားတို့သည် စည်းဝေး၍ ဂိလဒ်ပြည်၌
တပ်ချကြ၏။ ဣသရေလအမျိုးသားတို့သည် စည်းဝေး၍ မိဇပါမြို့မှာ တပ်ချကြ၏။ 18 ဂိလဒ်ပြည်သားမင်းများတို့က၊
အကြင်သူသည် အမ္မုန်အမျိုးသားတို့ကို အဦးတိုက်၏။ ထိုသူသည် ဂိလဒ်ပြည်သားအပေါင်းတို့၏ အထွဋ်ဖြစ်စေဟု
တိုင်ပင်စီရင်ကြ၏။

---

Judges 01

တောလ၊ ဖုဝါ၊ ဒေါဒေါ
လူ နာမည်များ ဖြစ်သည်။

ရှမိရ
နေရာဒေသ၏ အမည်ဖြစ်သည်။

ဣသရေလအမျိုးကို ကယ်တင်ဖို့အလို့ငှာ ပေါ်ထွန်း၍
"ဣသရေလအမျိုးကို ကယ်တင်ဖို့အလို့ငှာ လာလေ၏" သို့မဟုတ်
"ဣသရေလအမျိုးကို ကယ်တင်ဖို့အလို့ငှာ
ခေါင်းဆောင်ဖြစ်လာ၏"

ဣသရေလကို ကယ်တင်ဖို့
ဤနေရာ၌ "ဣသရေလ" ဟူသော စကားလုံးသည်
ဣသရေလအမျိုးကို ရည်ညွှန်းသည်။

ဣသရေလအမျိုးကို အုပ်စိုးပြီး
ဤနေရာ၌ "အုပ်စိုး" ဟူသော စကားလုံးသည်
ဣသရေလအမျိုးတို့ကို ဦးဆောင်လေခြင်းကို ရည်ညွှန်းသည်။

အနှစ်နှစ်ဆယ်သုံးနှစ်
သုံးနှစ်- "၂၃ နှစ်"

သင်္ဂြိုဟ်လေ၏
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူ့ကို သင်္ဂြိုဟ်ကြ၏"။

Judges 03

ဂိလဒ်ပြည်သား ယာဣရသည် နောက်လိုက်၍
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဂိလဒ်ပြည်သား ယာဣရသည်
တောလပြီးလျှင် ခေါင်းဆောင်ဖြစ်၏"။


generated on Tue Jul 2 12:50:28 2024

ယာက္ကရ
လူနာမည် ဖြစ်သည်။

ဂိလဒ်ပြည်သား
ယာက္ကရသည် ဂိလဒ်ပြည်သား ဖြစ်သည်။

ဣသရေလအမျိုးကို အုပ်စိုးပြီး
ဤနေရာ၌ "အုပ်စိုး" ဟူသောစကားလုံးသည် ဣသရေလအမျိုးတို့ကို ဦးဆောင်ခြင်းကို ရည်ညွှန်းသည်။

ဣသရေလ
ဤနေရာ၌ "ဣသရေလ" ဟူသော စကားလုံးသည် ဣသရေလအမျိုးတို့ကို ရည်ညွှန်းသည်။

နှစ်ဆယ့်နှစ်နှစ်
နှစ်နှစ်- "၂၂ နှစ်"

သုံးဆယ်
"၃၀"

ယာဝုတ်ယာက္ကရ ထောင်
ယာဝုတ်ယာက္ကရအမည်ဖြင့် မှည့်ထားသော ထောင်အမည်။

ယနေ့တိုင်
စာရေးသူသည် ဤစာအုပ်ကို ရေးနေသော အချိန်ကို ရည်ညွှန်းသည်။

သင်္ဂြိုဟ်လေ၏
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ့ကို သင်္ဂြိုဟ်ကြ၏"။

ကာမုန်မြို့
နေရာဒေသ၏ အမည်ဖြစ်သည်။

Judges 06

ထာဝရဘုရားရှေ့တော်၌ ဒုစရိုက်ကို ဆက်လက်ပြုကြ၍
ဒုစရိုက်ကို အရာဝတ္ထုထပ်မံထည့်လိုက်သကဲ့သို့ ဖော်ပြထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား မကြိုက်သည့်ဒုစရိုက် အမှုကို ဆက်လက်လုပ်ကြ၏"

ထာဝရဘုရားရှေ့တော်၌
ဤနေရာ၌ "ထာဝရဘုရားရှေ့တော်၌ " ဟူသော စကားလုံးသည် ထာဝရဘုရား၏ အမြင်ကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား၏ အမြင်အရ"။

အာရှတရက်
နေရာအနှံ့အပြား၌ ဘုရားကဲ့သို့ ကိုးကွယ်ကြသော အာရှတရက်၏ အများကိန်းဖြစ်သည်။ ၂:၁၁ ၌ မည်ကဲ့သို့ဘာသာပြန်ထားသည်ကို ကြည့်နိုင်သည်။

ထာဝရဘုရားကို ဝတ်မပြုစွန့်ထားကြ၏
စာရေးဆရာက တူညီသောနှစ်ခုကို တခုအဖြစ် ရေးထားသည်။ စာပိုဒ်တခုဖြင့် ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား ကိုးကွယ်ခြင်းကို ရပ်တန့်ကြ၏"။

ထာဝရဘုရားကို စွန့်ထားကြ၏
ထာဝရဘုရားကို ဝတ်မပြုဘဲ နေကြခြင်းကို တစုံတဦးက ထာဝရဘုရားကို စွန့်ထား၍ အဝေးသို့ သွားသကဲ့သို့ဖော်ပြသည်။

ထာဝရဘုရားသည် ဣသရေလအမျိုးကို အမျက်ထွက်၍
ထာဝရဘုရား၏ စိတ်ဆိုးခြင်းကို မီးဖြင့်လောင်ကျွမ်းသကဲ့သို့ ဖော်ပြသည်။ အခြားသောဘာသာပြန်ချက်၊ "ထာဝရဘုရားသည် ဣသရေလအမျိုးတို့အပေါ် အလွန်ဒေါသထွက်လေ၏"။

ဖိလိတ္တိလူတို့၌ငင်း၊ အမ္မုန်အမျိုးသားတို့၌ ငင်း၊ ရောင်းတော်မူသဖြင့်
ထာဝရဘုရားသည် ဖိလိတ္တိလူတို့နှင့် အမ္မုန်အမျိုးသားတို့က ဣသရေလအမျိုးတို့ကို အနိုင်ရစေရန် ခွင့်ပြုသည်ကို ရောင်းစားသကဲ့သို့ဖော်ပြသည်။

လက်ထဲ၌
ဤနေရာ၌ "လက်" ဟူသော စကားလုံးသည် ထိန်းချုပ်မှုကို ရည်ညွှန်းသည်။

Judges 08

ချုပ်ချယ်သည် ဖိနှိပ်သည်
ဤစာလုံးနှစ်ခုသည် အဓိပ္ပါယ်ချင်း တူကြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ရက်ရက်စက်စက် ဖိနှိပ်သည်"။

ဆယ်ရှစ်နှစ်ပတ်လုံး
"၁၈ နှစ်"

ယော်ဒန်မြစ်တဘက်၌ နေသူများ
ယော်ဒန်မြစ်၏ အရှေ့ဘက်ကို ရည်ညွှန်းသည်။

ဂိလဒ်ပြည်၌နေသော
"ဤပြည်ကို ဂိလဒ်ပြည်ဟုခေါ်သည်"

ယုဒအမျိုး၊ ဗင်္ယာမိန်အမျိုး
ယုဒအမျိုး၊ ဗင်္ယာမိန်အမျိုးဟူသည်မှာ ဤလူမျိုးတို့၏ အမျိုးအမည်များဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယုဒအမျိုး၊ ဗင်္ယာမိန်အမျိုး"။

ဗင်္ယာမိန်အိမ်
ဤနေရာ၌ "အိမ်" ဟူသော စကားလုံးသည် ဗင်္ယာမိန်အမျိုးကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဗင်္ယာမိန်အမျိုးတို့"။

ဣသရေလအမျိုးသားတို့သည် ကြီးစွာသော ဆင်းရဲခြင်းသို့ ရောက်ကြ၏
ဣသရေလ၊ ဟူသော စာလုံးသည် ဣသရေလအမျိုးသားတို့ကို ရည်ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထို့ကြောင့်

ဣသရေလအမျိုးသားတို့သည် ကြီးစွာသော ဆင်းရဲခြင်းသို့ ရောက်ကြ၏"

Judges 10

ဣသရေလအမျိုးသားတို့သည် ထာဝရဘုရားအား ဟစ်ကြော်ကြ၏
ဣသရေလအမျိုးသားတို့သည် ထာဝရဘုရားအား ပြင်းပြင်းထန်ထန် ဟစ်အော်ကြခြင်းဖြစ်သည်။

အကျွန်ုပ်တို့၏ ဘုရားသခင်ကို စွန့်ပြီ
လူတို့သည် ထာဝရဘုရားကို နာမခံ၍ မကိုးကွယ်ခြင်းကို ထာဝရဘုရားကို စွန့်၍ အခြားသို့သွားကြသကဲ့သို့ ရည်ညွှန်းသည်။

အကျွန်ုပ်တို့၏ ဘုရားသခင်ကို စွန့်၍
လူတို့သည် ထာဝရဘုရားသခင်ထံ စကားပြောကြ၍ "အကျွန်ုပ်တို့၏ ဘုရားသခင်" ဟုခေါ်ကြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်ကို ကျွန်ုပ်တို့သည် စွန့်ကြပြီ"။

ဗိဒုန်လူတို့လက်မှ ငါကယ်နှုတ်သည်မဟုတ်လော
ဘုရားသခင်သည် ဣသရေလအမျိုးတို့ကို အခြားသောဘုရား ကိုးကွယ်ကြသောကြောင့် ဆဲဆိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဇိဒုန် လူတို့၏ လက်မှ ကယ်နှုတ်သော သူသည် ငါဖြစ်၏"။

အမ္မုန်လူ
အမ္မုန်လူမျိုးမှ ဆင်းသက်လာသူများ ဖြစ်ကြသည်။

သူတို့၏လက်မှ
ဤနေရာ၌ "လက်" ဟူသော စကားလုံးသည် ထိန်းချုပ်မှုကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့မှ"။

Judges 13

သင်တို့သည် ငါ့ကို စွန့်၍
လူတို့သည် ထာဝရဘုရားသခင်ကို နာမခံ၍ မကိုးကွယ်ကြသည်ကို စွန့်၍ အခြားတနေရာသို့ သွားကြသကဲ့သို့ ဖော်ပြသည်။

သင်တို့ကို ငါကယ်နှုတ်ခြင်းကာလ နောက်တဖန် ငါမမထည့်
ဆက်လက်၍ ကယ်နှုတ်ခြင်းကို မပြုရန် ဖော်ပြခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့ကို ငါ ထပ်ခါထပ်ခါ မကယ်နှုတ်" သို့မဟုတ် "သင်တို့ကို ငါထပ်မကယ်ရန် သင်တို့ သိသင့်သည်"။

Judges 15

အခြားတပါးသော ဘုရားတို့ကို ဝတ်ပြုသောကြောင့်
ဤဖော်ပြချက်ကို ပိုမိုရှင်းလင်းစွာ ပြုလုပ်နိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အခြားသောဘုရားများ၏ ပုံတူရုပ်တုများ"။

ထာဝရဘုရားသည် ဣသရေလအမျိုး ခံရသော ဒုက္ခဆင်းရဲကြောင့် ကြင်နာသော စိတ်နှလုံးရှိတော်မူ၏
ဤနေရာ၌ "ဣသရေလ" သည် ဣသရေလအမျိုးကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် ဣသရေလအမျိုးကို ဆက်၍ ဆင်းရဲဒုက္ခခံစေရန် အလိုမရှိ"။

Judges 17

အမ္မုန်အမျိုးသားတို့ကို အရင်စစ်တိုက်မည့်သူသည် အဘယ်သူနည်း
"အမ္မုန်အမျိုးသားတို့ကို စစ်တိုက်ရန် ငါတို့၏ စစ်သည်တော်များကို မည်သူ ဦးဆောင်မည်နည်း"

---

## Translation Questions

Judges 10:1

ရှမိရမြို့သည် ဘယ်မှာရှိသနည်း။
ရှမိရမြို့သည် ဧဖရိမ်တောင်ပေါ်တွင် ရှိပါသည်။

Judges 10:6

ထာဝရဘုရားသည် ဘာကြောင့် ဣသရေလအမျိုးကို အမျက်ထွက်သနည်း။
ဣသရေလအမျိုးတို့သည် ထာဝရဘုရားကို မကိုးကွယ်ပဲ စွန့်ပစ်ထားသောကြောင့် ဣသရေလတို့အပေါ်အမျက် ထွက်ခြင်းဖြစ်သည်။

Judges 10:8

ဘာကြောင့် ၎င်ဣသရေလမျိုးများသည် ကြီးစွာသောဆင်းရဲခြင်းသို့ရောက်ခဲ့သနည်း။
အမ္မုန်အမျိုးသားတို့သည် ယော်ဒန်မြစ်ကို ကူး၍ ယုဒအမျိုး၊ ဗယာမိန်အမျိုး၊ ဧဖရိမ်အမျိုးသားတို့ကို တိုက် သော ကြောင့် ဣသရေလအမျိုးသားတို့သည် ကြီးစွာသော ဆင်းရဲခြင်းသို့ရောက်ခဲ့သည်။


generated on Tue Jul 2 12:50:28 2024

Judges 10:13

ထာဝရဘုရားသည် ဣသရေလ လူမျိုးများကို ဘယ်သူ့ဆီတွင် အကူအညီတောင်းခံရန်ပြောသနည်း။

ထာဝရဘုရားသည် ဣသရေလ လူမျိုးများကို သူတို့ကိုးကွယ်သော ဘုရားများထံသို့သွား၍ အကူအညီတောင်း ခံရန်ပြောခဲ့သည်။

Judges 10:15

ဘာကြောင့် ထာဝရဘုရားသည် ဒုက္ခဆင်းရဲခံရသော ဣသရေလလူများကို စိတ်မရှည်သနည်း။

ဣသရေလလူများသည် တပါးအမျိုးသား ကိုးကွယ်သော ဘုရားတို့ကို ပယ်၍ ထာဝရဘုရားကို ဝတ်ပြုကြသောကြောင့် သူတို့အပေါ်တွင် စိတ်မရှည်ခြင်းဖြစ်သည်။



generated on Tue Jul 2 12:50:28 2024

## Chapter 11

1 ဂိလဒ်အမျိုးသား ယေဖသသည် ခွန်အားကြီးသော သူရဲဖြစ်၏။ သူ့အဘကား ဂိလဒ်၊ သူ့အမိကား ပြည်တန်ဆာဖြစ်၏။ 2
ဂိလဒ်၏မယား ဘွားမြင်သော သားတို့သည် ကြီးသောအခါ၊ သင်သည် အခြားတပါးသော မိန်းမ၏ သားဖြစ်သောကြောင့်၊ ငါတို့
အဆွေအမျိုးနှင့်အတူ အမွေမခံရဟု ယေဖသကို ဆို၍ နှင်ထုတ်လေ၏။ 3 ထိုအခါ ယေဖသသည် ညီတို့ဆီမှ ထွက်သွား၍
တောဘပြည်၌နေသဖြင့်၊ လျှပ်ပေါ်သော သူတို့သည် သူ့ထံမှာ စည်းဝေး၍ သူ့နောက်၌ လိုက်ကြ၏။ 4 နောက်တဖန်
အမ္မုန်အမျိုးသားတို့သည် ဣသရေလအမျိုးကို စစ်တိုက်ကြ၏။ 5 ထိုသို့ အမ္မုန်အမျိုးသားတို့သည် ဣသရေလအမျိုးကို
စစ်တိုက်သောအခါ၊ ဂိလဒ်ပြည်သား အသက်ကြီး သူတို့သည် ယေဖသကို တောဘပြည်မှ ခေါ်ခြင်းငှါ သွား၍၊ 6 ငါတို့သည်
အမ္မုန်လူတို့ကို စစ်တိုက်ရမည်အကြောင်း၊ လာ၍ ငါတို့၏ ဗိုလ်ချုပ်မင်း လုပ်ပါဟု မှာလိုက်သော်၊ 7 ယေဖသက၊ သင်တို့သည် ငါ့ကို
မုန်း၍ ငါ့အဘအိမ်မှ နှင်ထုတ်သည်မဟုတ်လော။ ယခု ဆင်းရဲခြင်းသို့ ရောက်သောအခါ၊ အဘယ်ကြောင့် ငါ့ထံသို့ လာကြသနည်းဟု
ဂိလဒ်ပြည်သား အသက်ကြီးသူတို့အား ပြောဆို၏။ 8 ဂိလဒ်ပြည်သား အသက်ကြီးသူတို့ကလည်း၊ ထိုကြောင့် ငါတို့သည် ယခု
သင့်ထံသို့ ပြန်လာပါ၏။ ငါတို့နှင့်အတူ ကြွ၍ အမ္မုန်လူတို့ကို စစ်တိုက်ပြီးလျှင်၊ ဂိလဒ်ပြည်သားအပေါင်းတို့၏ အထွဋ်မှုလုပ်ပါဟု
ယေဖသအား တောင်းပန်ပြန်သော်၊ 9 ယေဖသက၊ အမ္မုန်လူတို့ကို စစ်တိုက်စေခြင်းငှါ သင်တို့သည် ငါ့ကို ပြန်ပို့၍ ထာဝရဘုရားသည်
သူတို့ကို ငါ့ရှေ့မှာ အပ်တော်မူလျှင်၊ ငါသည် သင်တို့ အထွဋ်မှုဖြစ်ရသောအခွင့်ကို ပေးမည်လောဟု ဂိလဒ်ပြည်သား
အသက်ကြီးသူတို့အား မေးလေသော်၊ 10 ဂိလဒ်ပြည်သားအသက်ကြီးသူတို့က၊ သင်ပြောသော စကားအတိုင်း ငါတို့ မပြုလျှင်
ထာဝရဘုရား သည် သင်နှင့် ငါတို့စပ်ကြား၌ သက်သေဖြစ်တော်မူပါစေသောဟု ယေဖသအား ပြန်ပြောကြ၏။ 11 ထိုအခါ
ယေဖသသည် ဂိလဒ်ပြည်သား အသက်ကြီးသူတို့နှင့် သွား၍ သူ့ကို လူများတို့၏ အထွဋ်မှု ဗိုလ်ချုပ်မင်းအရာ၌ ခန့်ထားကြ၏။
ယေဖသသည်လည်း ထိုစကားအလုံးစုံတို့ကို မိဇပါမြို့မှာ ထာဝရဘုရားရှေ့တော်၌ ပြန်ကြားလျှောက်ထား၏။ 12 ထိုနောက်မှ
ယေဖသသည်၊ အမ္မုန်ရှင်ဘုရင်ထံသို့ သံတမန်ကို စေလွှတ်၍၊ သင်သည် ငါနှင့် အဘယ်သို့ ဆိုင်သနည်း။ ငါ့နိုင်ငံ၌ စစ်တိုက်ခြင်းငှါ
အဘယ်ကြောင့် ငါ့ကို ရန်ပြုသနည်းဟု မေးသော်၊ 13 အမ္မုန်ရှင်ဘုရင်က၊ ဣသရေလအမျိုးသည် အဲဂုတ္တုပြည်မှလာသောအခါ၊
ငါ့မြေကို အာနုန်မြစ်မှစ၍ ယဗ္ဗုတ်ချောင်း၊ ယော်ဒန်မြစ်တိုင်အောင် လု၍ယူသောကြောင့် ငါပြု၏။ ထိုမြေကို ယခုအသင့်အတင့်
ပြန်ပေးပါဟု ယေဖသ၏သံတမန်အား ပြန်ပြော၏။ 14 တဖန် ယေဖသသည် သံတမန်ကို အမ္မုန်ရှင်ဘုရင်ထံသို့ စေလွှတ်၍၊ 15
ယေဖသ မှာလိုက်သည်ကား၊ ဣသရေလအမျိုးသည် မောဘမြေ၊ အမ္မုန်မြေကို လုယူသည်မဟုတ်။ 16 ဣသရေလအမျိုးသည်
အဲဂုတ္တုပြည်မှလာ၍ ဒေ့ပင်လယ်အနား၊ တော၌ လှည့်လည်သဖြင့် ကာဒေရှ ရွာသို့ ရောက်သောအခါ၊ 17 ဒေ့ရှင်ဘုရင်ထံသို့
သံတမန်ကို စေလွှတ်၍၊ မင်းကြီးပြည်ကို ရှောက်သွားပါရစေဟု အခွင့်တောင်းသော် လည်း၊ ဒေ့ရှင်ဘုရင်သည် နားမထောင်။
ထိုနည်းတူ မောဘရှင်ဘုရင်ထံသို့ စေလွှတ်၍၊ သူသည်လည်း အခွင့်မပေးသောကြောင့်၊ ဣသရေလအမျိုးသည် ကာဒေရှရွာ၌
နေရကြ၏။ 18 နောက်တဖန် တောကို ရှောက်လျက်၊ ဒေ့ပြည်နှင့် မောဘပြည်ကို ဝိုင်း၍ မောဘပြည် အရှေ့ဘက်သို့ ရောက်ပြီးမှ
အာနုန်မြစ်တဘက်၌ တပ်ချကြ၏။ ထိုအခါ မောဘပြည်နယ်အတွင်းသို့ မဝင်ကြ။ အာနုန်မြစ်သည်
မောဘပြည်အပိုင်းအခြားဖြစ်သတည်း။ 19 တဖန် ဣသရေလအမျိုးသည် အာမောရိအမျိုး ဟေရှဘုန်ရှင်ဘုရင်ရှိဟုန်ထံသို့
သံတမန်ကို စေလွှတ်၍၊ ငါတို့နေရာသို့ ရောက်အံ့သောငှါ မင်းကြီးပြည်ကို ရှောက်သွားပါရစေဟု အခွင့်တောင်း သော်လည်း၊ 20
ရှိဟုန်သည် ဣသရေလအမျိုးကို မယုံ၊ မိမိပြည်ကို ရှောက်သွားစေခြင်းငှါ အခွင့်မပေးသည်သာမက၊ မိမိလူအပေါင်းတို့ကို စုဝေးစေ၍၊
ယာဟတ်မြို့၌ တပ်ချပြီးလျှင် ဣသရေလအမျိုးကို စစ်တိုက်လေ၏။ 21 ဣသရေလအမျိုး၏ ဘုရားသခင် ထာဝရဘုရားသည်၊
ရှိဟုန်မင်းနှင့်တကွ သူ၏လူအပေါင်းတို့ ဣသရေလအမျိုးလက်၌ အပ်တော်မူ၍၊ သူတို့ကို လုပ်ကြံသဖြင့် ထိုပြည်၌နေသော
အာမောရိလူတို့၏ မြေတရှောက်လုံးကို သိမ်းယူကြ၏။ 22 အာမောရိပြည် နယ်မြေတရှောက်လုံးကို အာနုန်မြစ်မှစ၍
ယဗ္ဗုတ်ချောင်းတိုင်အောင်ငှင်း၊ တောမှစ၍ ယော်ဒန်မြစ်တိုင်အောင်ငှင်း သိမ်းယူကြ၏။ 23 ထိုသို့ ဣသရေလအမျိုး၏
ဘုရားသခင်ထာဝရဘုရားသည်၊ အာမောရိလူတို့ကို ဣသရေလအမျိုး ရှေ့မှာ သူတို့ပြည်ကို နှုတ်တော်မူသည်ဖြစ်၍၊ သင်သည်
သိမ်းယူရမည်လော။ 24 သင်၏ဘုရားခေမုရှ အပိုင်ပေးသောမြေကို သင်သိမ်းယူရသည်မဟုတ်လော။ ထိုအတူ ငါတို့ ဘုရားသခင်
ထာဝရဘုရား နှင်ထုတ်တော်မူသော သူတို့၏မြေကို ငါတို့သည် သိမ်းယူရ၏။ 25 သင်သည် မောဘရှင်ဘုရင် ဇိပေါ်မင်း၏သား
ဗာလက်ထက်သာ၍ မြတ်သလော။ သူသည် ဣသရေလအမျိုးနှင့် ရန်တွေ့ဘူးသလော။ စစ်တိုက်ဘူးသလော။ 26
ဣသရေလအမျိုးသည် ဟေရှဘုန်မြို့ရွာတို့၌ငှင်း၊ အာရော်မြို့ရွာတို့၌ငှင်း၊ အာနုန်မြစ်နားမှာရှိသော မြို့ရွာအလုံးစုံတို့၌ငှင်း
အနှစ်သုံးရာပတ်လုံးနေစဉ်တွင် အဘယ်ကြောင့် သင်တို့သည် မရပြန်သနည်း။ 27 သင့်ကို ငါမပြစ်မှား။ သင်သည် စစ်တိုက်၍ ငါ့ကို
ညှဉ်းဆဲ၏။ ထာဝရဘုရားသည် တရားသူကြီးလုပ်၍ ဣသရေလအမျိုးသား၊ အမ္မုန်အမျိုးသားတို့ စပ်ကြားမှာ
ယနေ့တရားစီရင်ဆုံးဖြတ်တော်မူပါစေသော ဟု မှာလိုက်လေ၏။ 28 သို့သော်လည်း ယေဖသမှာလိုက်သောစကားကို
အမ္မုန်ရှင်ဘုရင်သည် နားမထောင်ဘဲ နေ၏။ 29 ထိုအခါ ထာဝရဘုရား၏ ဝိညာဉ်တော်သည် ယေဖသအပေါ်မှာ သက်ရောက်၍၊
သူသည် ဂိလဒ်ပြည်၊ မနာရှေပြည်ကို ရှောက်လျက် ဂိလဒ်ပြည် မိဇပါမြို့ကို လွန်၍ အမ္မုန်လူတို့ရှိရာသို့ ချီသွားလေ၏။ 30

 generated on Tue Jul 2 12:50:28 2024

ယေဖသသည် ထာဝရဘုရားအား သစ္စာဂတိထားလျက်၊ အကယ်၍ ကိုယ်တော်သည် အမ္မုန်အမျိုးသား တို့ကို အကျွန်ုပ်လက်၌
အပ်တော်မူလျှင်၊ 31 အကျွန်ုပ်သည် အမ္မုန်အမျိုးသားတို့ရှိရာမှ ငြိမ်ဝပ်စွာ ပြန်လာသောအခါ၊ အကျွန်ုပ်ကို ခရီးဦးကြို ပြုအံ့သောငှါ
အကျွန်ုပ်အိမ်တံခါးဝမှ ထွက်လာသောသူ မည်သည်ကို ထာဝရဘုရားအား အမှန်ဆက်သ၍ မီးရှို့ရာယဇ်ပူဇော်ပါမည်ဟု
သစ္စာဂတိထားပြီးမှ၊ 32 အမ္မုန်အမျိုးသားတို့ကို တိုက်ခြင်းငှါ ချီသွား၍၊ ထာဝရဘုရားသည် သူတို့ကို ယေဖသလက်၌ အပ်တော်
မူသဖြင့်၊ 33 အာရော်မြို့မှစ၍ မိန္နိတ်မြို့တိုင်အောင်၎င်း၊ အာဗေလခေရမိမ်မြို့တိုင်အောင်၎င်း၊ မြို့နှစ်ဆယ်တို့ကို ကြီးစွာသော
လုပ်ကြံခြင်းအားဖြင့် သူတို့ကို တိုက်သတ်လေ၏။ ထိုသို့ အမ္မုန်အမျိုးသားတို့သည် ဣသရေလအမျိုးသားတို့ ရှေ့မှာ ရှုံးရကြ၏။ 34
ယေဖသသည် မိဇပါမြို့ မိမိအိမ်သို့ ရောက်လာသောအခါ၊ မိမိသမီးသည် ပတ်သာတီးလျက်၊ ကလျက်ခရီးဦးကြိုပြုအံ့သောငှါ
ထွက်လာ၏။ သည် တယောက်တည်းသော သမီးဖြစ်၍၊ သူမှတပါး သားသမီးမရှိ။ 35 ယေဖသသည် သူ့ကိုမြင်လျှင်၊ မိမိအဝတ်ကို
ဆုတ်၍၊ အို ငါ့သမီး၊ သင်သည် ငါ့ကို အလွန်နှိမ့်ချပြီ တကား။ ငါ့ကို နှောင့်ရှက်သော သူတယောက်ဖြစ်ပါသည်တကား။
ထာဝရဘုရားအား ငါလျှောက်ထားပြီး။ နှုတ်ရသောအခွင့်မရှိဟု ဆိုသော်၊ 36 သမီးက၊ ခမည်းတော်သည် ထာဝရဘုရားအား
လျှောက်ထားလျှင်၊ လျှောက်ထားသည်အတိုင်း ကျွန်မ၌ ပြုပါ။ အကြောင်းမူကား၊ ထာဝရဘုရားသည် ခမည်းတော်၏ရန်သူ
အမ္မုန်အမျိုးသားတို့၌ ခမည်းတော်၏စိတ်ပြေစေခြင်းငှါ အပြစ်ပေးတော်မူပြီ။ 37 သို့ရာတွင် ကျွန်မသည် အပေါင်းအဘော်တို့နှင့်တကွ
တောင်ရိုးပေါ်မှာ လှည့်လည်၍၊ ကျွန်မ၏ အပျိုကညာဖြစ်ခြင်းကို ငိုကြွေးမြည်တမ်းရမည်အကြောင်း၊ နှစ်လပတ်လုံး
အလွတ်နေပါရစေဟု အဘအား အခွင့်တောင်းမသည်အတိုင်း၊ 38 အဘက၊ သွားလေတော့ဟုဆိုလျက် နှစ်လကို ချိန်းချက်၍
လွှတ်လိုက်လျှင်၊ အပေါင်းအဘော်တို့နှင့် တကွ သွား၍ တောင်ရိုးပေါ်မှာ မိမိအပျိုကညာဖြစ်ခြင်းကို ငိုကြွေးမြည်တမ်းလေ၏။ 39
နှစ်လစေ့သောအခါ အဘထံသို့ ပြန်လာ၍၊ အဘသည် သစ္စာဂတိရှိသည်အတိုင်း ပြုလေ၏။ ထိုမိန်းမသည် ယောကျ်ားနှင့်
မဆက်ဆံသော သူဖြစ်၏။ 40 ထိုနောက်မှ ဣသရေလအမျိုးသမီးတို့သည်၊ ဂိလဒ်အမျိုးသားယေဖသ၏သမီးကြောင့် တနှစ်တနှစ်
လျှင် လေးရက်ပတ်လုံး ငိုကြွေးမြည်တမ်းခြင်းငှါ သွားရသော ဣသရေလ ထုံးစံဓလေ့ ဖြစ်လေ၏။

 generated on Tue Jul 2 12:50:28 2024

## Chapter 12

1 ဧဖရိမ်အမျိုးသားတို့သည် စည်းဝေး၍ မြောက်သို့ ချီသွားလျှင်၊ ယေဖသအား သင်သည် ငါတို့ကို မခေါ်ဘဲ၊ အမ္မုန်အမျိုးသားတို့ကို
အဘယ်ကြောင့် တိုက်ခြင်းငှါ သွားသနည်း။ သင့်အိမ်ကို သင့်အပေါ်မှာ မီးရှို့မည်ဟု ဆိုကြသော်၊ 2 ယေဖသက၊ ငါနှင့် ငါ၏လူတို့သည်
အမ္မုန်အမျိုးသားတို့နှင့် ကြီးသောအမှု ရှိစဉ်အခါ၊ သင်တို့ကို ငါခေါ်သော်လည်း၊ သင်တို့သည် အမ္မုန်လူတို့လက်မှ ငါ့ကို
မကယ်မနှုတ်ဘဲ နေကြ၏။ 3 မကယ်မနှုတ်ကြောင်းကို ငါသည် သိမြင်သောအခါ၊ ကိုယ်အသက်ကို စွန့်စားလျက် အမ္မုန်အမျိုးသား
တို့ကို တိုက်ခြင်းငှါ သွား၍ ထာဝရဘုရားသည် သူတို့ကို ငါ့လက်၌ အပ်တော်မူ၏။ သင်တို့သည် ငါ့ကို တိုက်ခြင်းငှါ အဘယ်ကြောင့်
ယနေ့ လာကြသနည်းဟု ပြောဆိုပြီးလျှင်၊ 4 ဂိလဒ်ပြည်သားအပေါင်းတို့ကို စုဝေးစေ၍ ဧဖရိမ်အမျိုးကို တိုက်ကြ၏။ ဧဖရိမ်လူတို့က၊
သင်တို့သည် ဧဖရိမ်အမျိုး၊ မနာရှေအမျိုးထဲက ထွက်ပြေး၍ အမျိုးမစစ်သောသူ ဖြစ်သည်ဟု ဂိလဒ်ပြည်သားတို့ကို
ကဲ့ရဲ့ဘူးသောကြောင့်၊ ဧဖရိမ်လူတို့ကို လုပ်ကြံကြ၏။ 5 ဂိလဒ်လူတို့သည် ဧဖရိမ်လူတို့ရှေ့မှာ ယော်ဒန်မြစ်ကူးရာအရပ်တို့ကို
ဆီးတား၍ ပြေးလွတ်သော ဧဖရိမ်လူက၊ ကူးပါရစေဟု အခွင့်တောင်းသောအခါ၊ ဂိလဒ်လူတို့က၊ သင်သည် ဧဖရိမ်အမျိုးသား
ဖြစ်သလောဟု မေးစစ်သော်၊ သူက မဟုတ်ပါဟု ဆိုလျှင်၊ 6 သူတို့က၊ ရှိဗောလက်ဟူသော စကားကို ပြောတော့ဟုဆိုသော်၊
ဧဖရိမ်လူသည် ထိုစကားကို ပြီအောင် မပြောတတ်ဘဲ သိဗောလက်ဟု ပြော၏။ ထိုသို့ပြောသောသူကို ဘမ်းဆီး၍
ယော်ဒန်မြစ်ကူးရာအရပ် ၌ သတ်ကြ၏။ ထိုအခါ ဧဖရိမ်အမျိုးသား လေးသောင်းနှစ်ထောင် သေကြ၏။ 7
ဂိလဒ်ပြည်သားယေဖသသည် ဣသရေလအမျိုးကို ခြောက်နှစ်အုပ်စိုးပြီးမှ သေ၍ ဂိလဒ်မြို့တမြို့၌ သင်္ဂြိုဟ်လေ၏။ 8
ယေဖသနောက်မှ ဗက်လင်မြို့သား ဣဗဇန်သည်၊ ဣသရေလအမျိုးကို အုပ်စိုး၏။ 9 ထိုမင်းသည် သားသုံးဆယ်၊ သမီးသုံးဆယ် ရှိ၏။
သမီးများကို အခြားတပါးသို့ စေလွှတ်၍ ချွေးမ သုံးဆယ်ကို သိမ်းထား၏။ 10 ဣဗဇန်သည် ဣသရေလအမျိုးကို ခုနစ်နှစ်အုပ်စိုးပြီးမှ
သေ၍ ဗက်လင်မြို့၌ သင်္ဂြိုဟ်လေ၏။ 11 ဣဗဇန်နောက်မှ ဇာဗုလုန်အမျိုးသားဧလုန်သည်၊ ဣသရေလအမျိုးကို ဆယ်နှစ်အုပ်စိုး၏။
12 ထိုမင်းသေ၍ ဇာဗုလုန်ခရိုင်၊ အာဇလုန်မြို့၌ သင်္ဂြိုဟ်လေ၏။ 13 ဧလုန်နောက်မှ ပိရသုန်မြို့နေ ဟိလေလ၏သား အာဗဒုန်သည်၊
ဣသရေလအမျိုးကို အုပ်စိုး၏။ 14 ထိုမင်းသည် သားလေးဆယ်၊ မြေးသုံးဆယ်ရှိ၍ သားမြေးတို့သည် ခုနစ်ဆယ်သော
မြည်းသငယ်တို့ကို စီးကြ၏။ 15 ပိရသုန်မြို့ နေဟိလေလသား အာဗဒုန်သည်၊ ဣသရေလအမျိုးကို ရှစ်နှစ်အုပ်စိုးပြီးမှ သေ၍
ဧဖရိမ်ခရိုင်၊ ပိရသုန်မြို့၊ အာမလက်တောင်ပေါ်မှာ သင်္ဂြိုဟ်လေ၏။

## Chapter 13

1 တဖန် ဣသရေလအမျိုးသားတို့သည်၊ ထာဝရဘုရားရှေ့တော်၌ ဒုစရိုက်ကို ပြုသောကြောင့်၊ ထာဝရဘုရားသည် သူတို့ကို
ဖိလိတ္တိလူတို့လက်သို့ အနှစ်လေးဆယ်ပတ်လုံးအပ်တော်မူ၏။ 2 ဒန်အမျိုး၊ ဇောရာမြို့သား မာနော်အမည်ရှိသော သူတယောက်ရှိ၏။
သူ၏မယားသည် မြုံသော ကြောင့် သားမဘွား။ 3 ထာဝရဘုရား၏ကောင်းကင်တမန်သည် ထိုမိန်းမအား ကိုယ်ထင်ရှား၍၊ သင်သည်
မြုံသောကြောင့် သားမဘွားသော်လည်း၊ ယခု ပဋိသန္ဓေယူ၍ သားယောကျ်ားကို ဘွားမြင်လိမ့်မည်။ 4 သို့ဖြစ်၍ သတိပြုလော့။
စပျစ်ရည်ကို မသောက်နှင့်။ သေရည်သေရက်ကို မသောက်နှင့်။ မစင်ကြယ်သော အစာကို မစားနှင့်။ 5 အကြောင်းမူကား၊
ပဋိသန္ဓေယူ၍ ဘွားမြင်လတံ့သော သားယောကျ်ားသည် ဆံပင်ရိတ်ခြင်းကို မခံဘဲ၊ အမိဝမ်းထဲမှစ၍ ဘုရားသခင်၏
နာဇရိလူဖြစ်ရလိမ့်မည်။ သူသည်လည်း ဣသရေလအမျိုးကို ဖိလိတ္တိလူတို့လက်မှ ကယ်နှုတ်စပြုလိမ့်မည်ဟု ဆို၏။ 6
ထိုမိန်းမသည်လည်း မိမိခင်ပွန်းထံသို့ သွား၍ ဘုရားသခင်၏ ကောင်းကင်တမန်မျက်နှာကဲ့သို့ ကြောက်မက်ဘွယ်သော မျက်နှာရှိသော
ဘုရားသခင်၏ လူတယောက်သည် အကျွန်ုပ်ဆီသို့ လာ၏။ အဘယ်ကလာသနည်းဟု အကျွန်ုပ်လည်း မမေး။ သူသည်လည်း
မိမိအမည်ကို မပြော။ 7 သူကလည်း၊ သင်သည် ပဋိသန္ဓေယူ၍ သားယောကျ်ားကို ဘွားမြင်လိမ့်မည်။ စပျစ်ရည်ကို မသောက်နှင့်။
သေရည်သေရက်ကို မသောက်နှင့်။ မစင်ကြယ်သော အစာကို မစားနှင့်။ အကြောင်းမူကား၊ ထိုသူငယ်သည် အမိဝမ်းထဲမှစ၍
သေသောနေ့တိုင်အောင် ဘုရားသခင်၏ နာဇရိလူဖြစ်ရလိမ့်မည်ဟု အကျွန်ုပ်အား မိန့်မြွက်ကြောင်းကို ပြောဆိုလေ၏။ 8 ထိုအခါ
မာနော်က၊ အိုဘုရားရှင်၊ အကျွန်ုပ်တို့သည် ဘွားမြင်လတံ့သော သူငယ်၌ အဘယ်သို့ ပြုရမည်ကို ဘုရားသခင်၏ တမန်တော်သည်
တဖန်လာ၍ သွန်သင်စေတော်မူပါဟု ထာဝရဘုရား အား တောင်းလျှောက်သော်၊ 9 ထာဝရဘုရားသည် မာနော်စကားကို
နားထောင်တော်မူ၍၊ ဘုရားသခင်၏ ကောင်းကင်တမန်သည် လယ်လုပ်ရာအရပ်၌ ထိုင်လျက်ရှိသော ထိုမိန်းမဆီသို့ လာပြန်၏။
ထိုအခါ ခင်ပွန်းမာနော်မရှိ။ 10 မိန်းမသည် မိမိခင်ပွန်းထံသို့ အလျင်အမြန်ပြေး၍၊ တနေ့ကလာသောသူသည် ယခုလာရောက်ပြီဟု
ကြားပြောလျှင်၊ 11 မာနော်သည် ထ၍ မယားနှင့်အတူ ထိုသူထံသို့ သွားပြီးလျှင်၊ သင်သည် ဤမိန်းမအား ပြောသော သူမှန်သလောဟု
မေးသော်၊ မှန်သည်ဟု ဆို၏။ 12 မာနော်ကလည်း၊ ကိုယ်တော်၏စကားပြည့်စုံပါစေသော။ သူငယ်သည် အဘယ်သို့သောသူ
ဖြစ်ပါလိမ့်မည်နည်း။ သူ၌ အဘယ်သို့ ပြုရပါမည်နည်းဟု မေးသော်၊ 13 ထာဝရဘုရား၏ ကောင်းကင်တမန်က၊ ငါပြောသမျှကို
မိန်းမရှောင်ရမည်။ 14 စပျစ်ပင်မှ ဖြစ်သမျှကို မစားရ။ စပျစ်ရည်မှစ၍ သေရည်သေရက်ကို မသောက်ရ။ မစင်ကြယ်သော အရာကို
မစားရ။ ငါမှာထားသမျှအတိုင်း စောင့်ရှောက်ရမည်ဟု မာနော်အား ပြောဆို၏။ 15 မာနော်ကလည်း၊ ကိုယ်တော်အဘို့ ဆိတ်သငယ်ကို
မပြင်ဆင်မှီတိုင်အောင် ကိုယ်တော်ကို ဆီးတားပါရစေဟု ထာဝရဘုရား၏ကောင်းကင်တမန်အား ဆိုလျှင်၊ 16 ထာဝရဘုရား၏
ကောင်းကင်တမန်က၊ ငါ့ကို ဆီးတားသော်လည်း သင်၏စားစရာကို ငါမစား။ မီးရှို့ရာယဇ်ကို ပူဇော်လိုလျှင် ထာဝရဘုရားအား
ပူဇော်ရမည်ဟု မာနော်အား ဆိုပြန်၏။ သူသည် ထာဝရဘုရား၏ ကောင်းကင်တမန်ဖြစ်သည်ကို မာနော် မသိသေး။ 17 မာနော်ကလည်း
ကိုယ်တော်စကား ပြည့်စုံသောအခါ၊ အကျွန်ုပ်တို့သည် ကိုယ်တော်ကိုချီးမွမ်းရမည် အကြောင်း၊ ကိုယ်တော်၏အမည်ကား
အဘယ်သို့နည်းဟု ထာဝရဘုရား၏ကောင်းကင်တမန် အား မေးသော်၊ 18 ထာဝရဘုရား၏ ကောင်းကင်တမန်က၊
အံ့သြဘွယ်ဖြစ်သော ငါ့အမည်ကို အဘယ်ကြောင့် မေးသနည်းဟု ဆို၏။ 19 မာနော်သည် ဆိတ်သငယ်နှင့် ဘောဇဉ်ပူဇော်သက္ကာကို
ယူ၍ ကျောက်ပေါ်မှာ ထာဝရဘုရားအား ပူဇော်လေ၏။ ထိုအခါ မာနော်လင်မယားတို့သည် ကြည့်၍ မြင်ရသော အံ့သြဘွယ်ဟူမူကား၊
20 မီးလျှံသည် ယဇ်ပလ္လင်ပေါ်က မိုဃ်းကောင်းကင်သို့ တက်စဉ်တွင်၊ ထာဝရဘုရား၏ ကောင်းကင်တမန် သည် ယဇ်ပလ္လင်မီးလျှံ၌
တက်လေ၏။ မာနော်လင်မယားတို့သည် ကြည့်၍မြင်လျှင် မြေပေါ်မှာ ပြပ်ဝပ်လျက်နေကြ၏။ 21
ထာဝရဘုရား၏ကောင်းကင်တမန်သည်၊ မာနော်လင်မယားတို့အား တဖန်မပေါ်လာ။ ထိုအခါ မာနော်သည် ထာဝရဘုရား၏
ကောင်းကင်တမန်ဖြစ်သည်ကို သိ၏။ 22 မာနော်ကလည်း၊ ငါတို့သည် ဘုရားသခင်ကို မြင်သောကြောင့်၊ ဆက်ဆက်သေတော့မည်ဟု
မယားအား ပြောသော်၊ 23 မယားက၊ ထာဝရဘုရားသည် ငါတို့ကို သတ်ခြင်းငှါ အလိုတော်ရှိလျှင်၊ မီးရှို့ရာယဇ်နှင့် ဘောဇဉ်
ပူဇော်သက္ကာကို ငါတို့လက်မှ ခံယူတော်မမူ။ ဤအခြင်းအရာအလုံးစုံတို့ကိုလည်း ပြတော်မမူ။ ယခုအခါ၌ ဤသို့သော စကားကိုလည်း
မိန့်တော်မမူဟု ပြန်ပြော၏။ 24 ထိုမိန်းမသည် သားယောကျ်ားကို ဘွားမြင်၍၊ ရှံဆုန်အမည်ဖြင့် မှည့်၏။ သူငယ်သည် ကြီးပွား၍
ထာဝရဘုရားကောင်းကြီးပေးတော်မူ၏။ 25 ထာဝရဘုရား၏ဝိညာဉ်တော်သည်၊ ဇောရာမြို့နှင့် ဧရှတောလမြို့စပ်ကြား၊
ဒန်အမျိုးတပ်၌ တခါတလေ နှိုးဆော်စပြုတော်မူ၏။


generated on Tue Jul 2 12:50:28 2024

## Chapter 14

1 တရံရောအခါ၊ ရှံဆုန်သည် တိမနတ်မြို့သို့ သွား၍၊ ထိုမြို့၌ ဖိလိတ္တိအမျိုးဖြစ်သော မိန်းမတယောက်ကို မြင်လျှင်၊ 2 မိဘထံသို့
ပြန်လာ၍၊ တိမနတ်မြို့၌ ဖိလိတ္တိအမျိုးဖြစ်သော မိန်းမတယောက်ကို မြင်ခဲ့ပြီ။ ကျွန်ုပ် ကြင်ဘက်ဖြစ်ဘို့ရာ တောင်း၍
ပေးပါဟုဆိုသော်၊ 3 မိဘတို့က၊ သင်သည် အရေဖျားလှီးခြင်းကို မခံသော ဖိလိတ္တိလူတို့တွင် မယားကို သွား၍ ယူရမည် အကြောင်း၊
သင်၏ညီအစ်ကိုသမီး ငါတို့အမျိုးသားချင်းသမီးတို့တွင် မိန်းမတယောက်မျှ မရှိလောဟု ဆိုသော်လည်း၊ ရှံဆုန်က၊ ထိုမိန်းမကို
တောင်း၍ ပေးပါ။ အလွန်နှစ်သိမ့်ပါသည်ဟု အဘအား ပြောဆို၏။ 4 ထာဝရဘုရားစီရင်တော်မူသောအားဖြင့်၊ ရှံဆုန်သည်
ဖိလိတ္တိလူတို့၌ အမှုရှာကြောင်းကို မိဘတို့သည် မရိပ်မိကြ။ ထိုကာလ၌ ဖိလိတ္တိလူတို့သည် ဣသရေလအမျိုးကို အုပ်စိုးသတည်း။ 5
ထိုအခါ ရှံဆုန်သည် မိဘနှင့်တကွ တိမနတ်မြို့သို့ သွား၍၊ တိမနတ်စပျစ်ဥယျာဉ်များသို့ ရောက်လျှင်၊ ခြင်္သေ့ပျိုတကောင်သည်
သူ့ကိုတွေ့၍ ဟောက်လေ၏။ 6 ထိုအခါ ရှံဆုန်လက်၌ တစုံတခုမျှ မပါသော်လည်း၊ ထာဝရဘုရား၏ ဝိညာဉ်တော်သည် သူ့အပေါ်မှာ
သက်ရောက်သဖြင့်၊ သူသည် ဆိတ်သငယ်ကို ဆွဲဖြတ်သကဲ့သို့ ထိုခြင်္သေ့ကို ဆွဲဖြတ်၏။ သို့ရာတွင် မိမိပြုသော အမှုကို မိဘတို့အား
မကြားမပြောဘဲ နေ၏။ 7 မြို့သို့ ရောက်၍ မိန်းမနှင့် နှုတ်ဆက်သဖြင့် ရှံဆုန်သည် နှစ်သိမ့်၏။ 8 အချိန်စေ့၍ ထိုမိန်းမကို
သိမ်းယူခြင်းငှါ သွားစဉ်အခါ၊ ခြင်္သေ့အကောင်ကို ကြည့်ရှုအံ့သောငှါ၊ လမ်းမှ လွှဲသွား၍ ခြင်္သေ့အကောင်ထဲမှာ ပျားအုံနှင့်
ပျားရည်ရှိသည်ကို တွေ့မြင်လျှင်၊ 9 နှိုက်ယူ၍စားလျက် ခရီးသွားလေ၏။ မိဘထံသို့ ရောက်သော် ပေး၍ သူတို့သည်လည်း
စားကြ၏။ သို့ရာတွင် ထိုပျားရည်ကို ခြင်္သေ့အကောင်ထဲက နှိုက်ယူကြောင်းကို မကြားမပြောဘဲ နေ၏။ 10 အဘသည်လည်း၊
မိန်းမနေရာအရပ်သို့ သွားပြန်၍ ရှံဆုန်သည် လူပျိုထုံးစံအတိုင်း ပွဲလုပ်လေ၏။ 11 ထိုအရပ်သားတို့သည် ရှံဆုန်ကို မြင်သောအခါ၊
သူနှင့်အတူ ပွဲခံခြင်းငှါ အပေါင်းအဘော်သုံးဆယ်တို့ကို ခေါ်ခဲ့ကြ၏။ 12 ရှံဆုန်ကလည်း၊ သင်တို့အား စကားဝှက်ကို ငါပြောမည်။
ပွဲခံရာခုနစ်ရက်တွင် ဘော်ပြနိုင်လျှင် ခြုံထည် သုံးဆယ်၊ အင်္ကျီသုံးဆယ်ကို ငါပေးမည်။ 13 မဘော်မပြနိုင်လျှင် သင်တို့သည်
ခြုံထည်သုံးဆယ်၊ အင်္ကျီသုံးဆယ်ကို ငါ့အား ပေးရမည်ဟုဆိုသော် သူတို့က၊ သင့်စကားဝှက်ကို ငါတို့အား ကြားပြောပါဟု ဝန်ခံကြ၏။
14 ရှံဆုန်ကလည်း၊ စားတတ်သောသူ၏အထဲက အစာ၊ သန်စွမ်းသော သူ၏အထဲက အချိုထွက်လေစွဟု ဆို၏။
ထိုစကားဝှက်အနက်ကို သူတို့သည် သုံးရက်ပတ်လုံးရှာ၍ မတွေ့နိုင်ကြ။ 15 စတုတ္ထနေ့ရောက်မှ၊ သူတို့က၊ သင်၏လင်သည်
စကားဝှက်အနက်ကို ဘော်ပြစေခြင်းငှါ သူ့ကို ချော့မော့ ရမည်။ သို့မဟုတ် သင်နှင့်တကွ သင့်အဆွေအမျိုးကို မီးရှို့မည်။ ငါတို့ဥစ္စာကို
လုယူခြင်းငှါ ငါတို့ကို ခေါ်ဘိတ်သလောဟု ရှံဆုန်၏ မယားကို ဆိုသောကြောင့်၊ 16 သူသည် လင်ရှေ့မှာ ငိုကြွေး၍ သင်သည် ငါ့ကို
မချစ် မုန်းပါ၏။ ငါ့အမျိုးသားချင်းတို့အား စကားဝှက်ကို ပြောသော်လည်း၊ အနက်ကို ငါ့အား မပြပါတကားဟု ဆို၏။ ရှံဆုန်ကလည်း၊
ငါသည် ကိုယ်မိဘကိုမျှ မပြဘဲ သင့်အား ပြရမည်လောဟုဆိုသော်လည်း၊ 17 ပွဲခံရာခုနစ်ရက်စေ့အောင် လင်ရှေ့မှာ ငိုကြွေး၍
ခုနစ်ရက်မြောက်သော နေ့၌ အလွန်ပူဆာသော ကြောင့် အနက်ကို ဘော်ပြ၏။ မိန်းမသည်လည်း အမျိုးသားချင်းတို့အား
ပြန်ပြောလေ၏။ 18 မြို့သားတို့သည် ခုနစ်ရက်မြောက်သောနေ့ နေမဝင်မှီလာ၍ ပျားရည်ထက် အဘယ်အရာ ချိုသနည်း။ ခြင်္သေ့ထက်
အဘယ်အရာ သန်စွမ်းသနည်းဟု ဘော်ပြကြ၏။ ရှံဆုန်ကလည်း၊ သင်တို့သည် ငါ့နွားမပျို နှင့် မထွန်လျှင် ငါ့စကားဝှက်အနက်ကို
ရှာ၍ မတွေ့ဟုဆို၏။ 19 ထာဝရဘုရား၏ဝိညာဉ်တော်သည် ရှံဆုန်အပေါ်မှာ သက်ရောက်သဖြင့်၊ သူသည် အာရှကေလုန်မြို့ သို့ သွား၍
မြို့သားသုံးဆယ်ကို သတ်ပြီးမှ သူတို့ဥစ္စာကို လုယူ၍ စကားဝှက်အနက်ကို ဘော်ပြသော သူတို့အား အဝတ်စုံတို့ကို ပေးပြီးမှ၊
အမျက်ထွက်၍ မိမိအဘအိမ်သို့ ပြန်သွားလေ၏။ 20 မယားကို ကားရှံဆုန်ပေါင်းဘော်သော အဆွေခင်ပွန်းအား ပေးစားသတည်း။

 generated on Tue Jul 2 12:50:28 2024

## Chapter 15

1 နောက်တဖန် ဂျုံစပါးရိတ်ရာ ကာလ၌ ရှံဆုန်သည် ဆိတ်သငယ်ပါလျက်၊ မိမိမယားကို ကြည့်ရှုခြင်းငှါ သွား၍၊ သူ့အခန်းထဲမှာ
သူနှင့်အတူ အိပ်မည်ဟု ကြံသော်၊ ယောက္ခမသည် ဆီးတား၍၊ 2 သင်သည် ငါ့သမီးကို ဆက်ဆက် မုန်းသည်ဟု
ငါအထင်ရောက်သောကြောင့်၊ သင့်အပေါင်းအဘော် အား ငါပေးစားပြီ။ သူ့ညီမသည် သူ့ထက်သာ၍ လှသည် မဟုတ်လော။
အစ်မ၏ကိုယ်စား ညီမကို ယူပါတော့ဟု ဆို၏။ 3 ထိုအမှုကို ထောက်၍ ရှံဆုန်က၊ ငါသည် ဖိလိတ္တိလူတို့၌ အပြစ်ပြုသော်လည်း၊
သူတို့သည် ငါ့ကို အပြစ်တင်စရာမရှိဟု ဆိုသည်နှင့်အညီ၊ 4 သွား၍ မြေခွေးသုံးရာတို့ကို ဘမ်းပြီးမှ၊ မြေခွေးအမြီးတခုနှင့် တခုကို
ပေါင်းလျက်၊ အမြီးနှစ်ခုကြား၌ မီးရှူးကို စည်း၍၊ 5 မီးရှူးတို့ကို မီးညှိသဖြင့် ဖိလိတ္တိလူတို့ စပါးလယ်ထဲသို့ လွှတ်လိုက်၍
စပါးပင်ကိုငှင်း၊ ကောက်လှိုင်းကို ငှင်း၊ စပျစ်ဥယျာဉ်၊ သံလွင်ဥယျာဉ်တို့ကိုငှင်း မီးလောင်လေ၏။ 6 ဖိလိတ္တိလူတို့ကလည်း၊ ဤအမှုကို
အဘယ်သူပြုသနည်းဟု မေးမြန်းသော်၊ တိမနတ်မြို့သား၏ သားမက် ရှံဆုန်ပြုပြီ။ သူ၏မယားကို သူ၏အပေါင်းအဘော်အား
ပေးစားပြီတကားဟု ပြန်ပြောလျှင်၊ ဖိလိတ္တိလူတို့သည် လာ၍ ထိုမိန်းမနှင့် သူ၏အဘကို မီးရှို့ကြ၏။ 7 ရှံဆုန်ကလည်း၊ ထိုသို့
ပြုသောကြောင့် ငါသည် စိတ်ပြေအောင် ပြုမည်။ စိတ်ပြေပြီးမှ ငြိမ်သက်စွာ နေမည်ဟု ဆိုလျက်၊ 8 သူတို့ကို ကြီးစွာသော
လုပ်ကြံခြင်းအားဖြင့် တပြိုင်နက် ရိုက်သတ်ပြီးလျှင် ဧတံကျောက်ထိပ်သို့ သွား၍ နေ၏။ 9 တဖန် ဖိလိတ္တိလူတို့သည် ယုဒပြည်သို့
ချီသွား၍ တပ်ချသဖြင့်၊ လေဟိအရပ်၌ အနှံ့အပြားနေကြ၏။ 10 ယုဒလူတို့ကလည်း၊ အဘယ်ကြောင့် ချီလာကြသနည်းဟု မေးသော်၊
ငါတို့၌ ရှံဆုန်ပြုသကဲ့သို့ သူ့ကို ချည်နှောင်၍ ပြုခြင်းငှါ ချီလာသည်ဟု ပြန်ပြောကြ၏။ 11 ထိုအခါ ယုဒလူသုံးထောင်တို့သည်
ဧတံကျောက်ထိပ်သို့ သွား၍၊ ဖိလိတ္တိလူတို့သည် ငါတို့သခင် ဖြစ်ကြောင်းကို သင်မသိသလော။ သင်သည် ငါတို့၌ အဘယ်သို့
ပြုသနည်းဟု မေးသော်၊ ငါ၌ သူတို့ပြုသကဲ့သို့ သူတို့၌ ငါပြုပြီဟု ပြန်ပြော၏။ 12 သူတို့ကလည်း၊ သင့်ကို ချည်နှောင်၍
ဖိလိတ္တိလူတို့လက်သို့ အပ်ခြင်းငှါ ယခု ငါတို့ လာကြပြီဟုဆိုသော်၊ ရှံဆုန်က၊ သင်တို့သည် ကိုယ်တိုင် ငါ့ကို မလုပ်ကြံပါဟု
ကျိန်ဆိုကြလော့ဟု ဆိုလျှင်၊ 13 သူတို့က၊ ငါတို့သည် မလုပ်ကြံပါ။ ကျပ်ကျပ်ချည်နှောင်၍ သူတို့လက်၌ အပ်မည်။ အကယ်စင်စစ်
ကိုယ်တိုင်သင့်ကို မသတ်ပါဟုဆိုလျက် ကြိုးသစ်နှစ်စင်းဖြင့် ချည်နှောင်၍ ကျောက်ပေါ်က ဆောင်ခဲ့ကြ၏။ 14 လေဟိအရပ်သို့
ရောက်သောအခါ၊ ဖိလိတ္တိလူတို့သည် ကြွေးကြော်ကြ၏။ ထာဝရဘုရား၏ ဝိညာဉ်တော်သည် သူ့အပေါ်မှာ သက်ရောက်သဖြင့်၊
သူ့လက်၌ ချည်သော ကြိုးတို့သည် မီးထိသော ပိုက်ဆန်ကဲ့သို့ ဖြစ်၍ အချည်အနှောင်ကျွတ်လေ၏။ 15 သူသည်လည်း
မြည်းမေးရိုးလတ်လတ်ကို တွေ့၍ ကိုင်ယူပြီးလျှင် လူတထောင်တို့ကို သတ်လေ၏။ 16 သတ်ပြီးလျှင် မြည်းမေးရိုးဖြင့် အပုံပုံ၊
မြည်းမေးရိုးဖြင့် လူတထောင်ကို ငါသတ်လေပြီဟု ဆိုသောနောက်၊ 17 မြည်းမေးရိုးကို ပစ်လိုက်၍၊ ထိုအရပ်ကို
ရာမတ်လေဟိအမည်ဖြင့် တွင်လေ၏။ 18 အလွန်ရေငတ်၍ ထာဝရဘုရားကို ဆုတောင်းလျက်၊ ကိုယ်တော်သည် ဤကြီးစွာသော
ကယ်တင်ခြင်း ကို ကိုယ်တော်၏ကျွန်လက်၌ ပေးတော်မူပြီးမှ၊ ယခု အကျွန်ုပ်သည် ရေငတ်သဖြင့် သေ၍ အရေဖျား လှီးခြင်းကို
မခံသော လူတို့လက်သို့ ရောက်ရပါမည်လောဟု လျှောက်သော်၊ 19 လေဟိအရပ်၌ ချိုင့်ဝှမ်းရာကို ဘုရားသခင်ဖောက်တော်မူ၍
ရေထွက်လေ၏။ သူသည် ရေကို သောက်သဖြင့် အသက်ရှုပြန်၍ အားဖြည့်လေ၏။ သို့ဖြစ်၍ ထိုချိုင့်ဝှမ်းရာကို
အဟက္ကောရအမည်ဖြင့် တွင်၍ ယနေ့တိုင်အောင် လေဟိအရပ်၌ ရှိသတည်း။ 20 ရှံဆုန်သည်လည်း ဖိလိတ္တိလူတို့လက်ထက်
ကာလ၌ ရှိသတည်း။


generated on Tue Jul 2 12:50:28 2024

## Chapter 16

1 နောက်တဖန် ရှံဆုန်သည် ဂါဇမြို့သို့ သွား၍ ပြည်တန်ဆာမိန်းမကို တွေ့ပြီးလျှင် သူ့ဆီသို့ ဝင်၍ နေ၏။ 2 ရှံဆုန်ရောက်ကြောင်းကို
ဂါဇမြို့သားတို့သည် ကြားလျှင် ဝိုင်းထားလျက်၊ မြို့တံခါးဝ၌ တညဉ့်လုံး ချောင်းမြောင်းလျက်၊ နံနက်မိုဃ်းလင်းသောအခါ သူ့ကို
သတ်မည်ဟု ဆို၍ တညဉ့်လုံး ငြိမ်သက်စွာ နေကြ၏။ 3 ရှံဆုန်သည် သန်းခေါင်တိုင်အောင် အိပ်ပြီးမှ၊ သန်းခေါင်အချိန်၌ ထ၍
မြို့တံခါးရွက်တို့ကို၊ တံခါးတိုင် ကန့်လန့်ကျင်နှင့်တကွ ယူ၍ ပခုံးပေါ်မှာ တင်လျက် ထမ်းသွား၍၊ ဟေဗြုန်မြို့ရှေ့၊ တောင်ပေါ်၌
ပစ်ထားလေ၏။ 4 နောက်တဖန် စောရက်ချိုင့်၌နေသော ဒေလိလအမည်ရှိသော မိန်းမတယောက်ကို ချစ်ပြန်၏။ 5 ဖိလိတ္တိမင်းတို့သည်
ထိုမိန်းမဆီသို့ လာ၍၊ ရှံဆုန်၌ ကြီးသော ခွန်အားသည် အဘယ်အရာအားဖြင့် တည်သနည်း၊ သူ့ကို ချည်နှောင်၍ နှိပ်စက်ခြင်းငှါ
အဘယ်သို့ တတ်နိုင်မည်နည်းဟု သူ့ကို ချော့မော့၍ စူးစမ်းပါ။ ငါတို့သည် ဝိုင်း၍ ငွေဆယ်တပိသာကို ပေးမည်ဟု ဆိုကြ၏။ 6
ဒေလိလကလည်း၊ သင်၌ကြီးသော ခွန်အားသည် အဘယ်အရာအားဖြင့် တည်သည်ကို၎င်း၊ သင့်ကို နှိပ်စက်ခြင်းငှါ အဘယ်သို့
ချည်နှောင်ရမည်ကို၎င်း ပြောပါဟု ရှံဆုန်အား တောင်းပန်သော်၊ 7 ရှံဆုန်က၊ တခါမျှ မသွေ့ခြောက်သော လျှော်ကြိုးစိမ်းခုနစ်စင်းနှင့်
ငါ့ကို ချည်နှောင်လျှင် ငါ၌ ခွန်အားလျော့၍ အခြားသောသူကဲ့သို့ ငါဖြစ်လိမ့်မည်ဟု ပြောဆို၏။ 8 ထိုအခါ ဖိလိတ္တိမင်းတို့သည် တခါမျှ
မသွေ့ခြောက်သော လျှော်ကြိုးစိမ်းခုနစ်စင်းတို့ကို ယူခဲ့၍၊ ထိုမိန်းမသည် ရှံဆုန်ကို ချည်နှောင်လေ၏။ 9 ယောက်ျားအချို့တို့သည်
ထိုမိန်းမ၏ အိပ်ခန်းထဲမှ ချောင်းမြောင်းလျက် နေသည်ဖြစ်၍ မိန်းမက၊ ရှံဆုန်၊ ဖိလိတ္တိလူတို့သည် သင့်ကို
တိုက်လာကြသည်ဟုဆိုသော်၊ သူသည် မီးထိသော ပိုက်ဆန်ချည်ကဲ့သို့ ထိုကြိုးတို့ကို ဖြတ်လေ၏။ သို့ဖြစ်၍ သူ၏ခွန်အားကို
မသိရကြ။ 10 ဒေလိလကလည်း၊ သင်သည် ငါ့ကို ကျီစား၍ မုသာကိုသာ ပြောပြီ။ သင့်ကို အဘယ်သို့ ချည်နှောင် ရမည်ကို
ယခုပြောပါဟု ရှံဆုန်အား တောင်းပန်သော်၊ 11 သူက၊ မသုံးဘူးသော ကြိုးသစ်နှင့် ကျပ်ကျပ်ချည်နှောင်လျှင် ငါ၌ ခွန်အားလျော့၍
အခြားသော သူကဲ့သို့ ငါဖြစ်လိမ့်မည်ဟု ပြောဆိုသည်အတိုင်း၊ 12 ဒေလိလသည် ကြိုးသစ်တို့ကို ယူ၍ ချည်နှောင်ပြီးမှ၊ ထိုအခန်း၌
ချောင်းမြောင်းသော သူအချို့ ရှိနေလျက်၊ ရှံဆုန်၊ ဖိလိတ္တိလူတို့သည် သင့်ကို တိုက်လာကြသည်ဟုဆိုသော်၊ ရှံဆုန်သည် လက်ရုံး၌
ချည်သော ကြိုးတို့ကို အပ်ချည်ကဲ့သို့ ဖြတ်လေ၏။ 13 ဒေလိလကလည်း၊ ယခုတိုင်အောင် သင်သည် ငါ့ကို ကျီစား၍ မုသာကိုသာ
ပြောပြီ။ အဘယ်သို့ ချည်နှောင်ရမည်ကို ပြောပါဟု ရှံဆုန်အား တောင်းပန်သော်၊ သူက၊ ငါ့ဆံပင် ခုနစ်စုတို့ကို ရက်ကန်းသား၌
ရက်သွင်း၍ ထရံတွင်စို့နှင့် ရိုက်ထားလျှင် ငါ၌ ခွန်အားလျော့၍ အခြားသော သူကဲ့သို့ ငါဖြစ်လိမ့်မည်ဟု ပြောဆိုသည်အတိုင်း၊ 14
ဒေလိလသည် သူ၏ဆံပင်ခုနစ်စုတို့ကို ရက်ကန်းသား၌ ရက်သွင်း၍ ထရံတွင်စို့နှင့် ရိုက်ထားပြီးမှ၊ ရှံဆုန်၊ ဖိလိတ္တိလူတို့သည် သင့်ကို
တိုက်လာကြသည်ဟုဆိုသော်၊ ရှံဆုန်နိုး၍ ရက်ကန်းလက်လိပ်၊ စို့၊ ရက်ကန်းသားပါလျက် သွား၏။ 15 ဒေလိလကလည်း၊ သင်သည်
ငါ့ကို ချစ်သည်ဟု စိတ်နှလုံးမပါဘဲလျက် အဘယ်သို့ ပြောနိုင်သနည်း။ သင့်၌ ကြီးသော ခွန်အားသည် အဘယ်အရာအားဖြင့်
တည်သည်ကို မပြော။ သုံးကြိမ်တိုင်အောင် ငါ့ကို ကျီစားပြီဟု ဆို၏။ 16 ထိုသို့ ဒေလိလသည် နေ့တိုင်း ပူဆာ၍ သူအသက်
သေလုအောင် နှောင့်ရှက်သောကြောင့်၊- 17 ရှံဆုန်သည် မိမိစိတ်နှလုံး၌ ရှိသမျှအတိုင်းပြော၍၊ ငါ့ဆံပင်ကို တခါမျှ မရိတ်သေး။
အမိဝမ်းထဲမှစ ၍ ဘုရားသခင်၏ နာဇရိလူဖြစ်၏။ ငါ့ဆံပင်ကို ရိတ်လျှင် ငါ၌ ခွန်အားလျော့၍ အခြားသောသူ ကဲ့သို့
ငါဖြစ်လိမ့်မည်ဟု ပြောဆို၏။ 18 ထိုသို့ မိမိစိတ်နှလုံးထဲမှာ ရှိသမျှအတိုင်း ပြောကြောင်းကို ဒေလိလ သိလျှင်၊ ဖိလိတ္တိမင်းတို့ကို
တဖန်ခေါ်၍၊ ယခုတခါ လာကြပါဦး။ သူသည် မိမိစိတ်နှလုံးရှိသမျှအတိုင်း ပြောပြီဟု မှာလိုက်သဖြင့်၊ သူတို့သည် ငွေကို
ဆောင်ယူခဲ့လျက် လာကြ၏။ 19 ဒေလိလသည် ရှံဆုန်ခေါင်းကို မိမိဒူးပေါ်မှာ တင်လျက် သူကို အိပ်စေသဖြင့်၊ လူတယောက်ကို ခေါ်၍
သူ၏ ဆံပင်ခုနစ်စုတို့ကို ရိတ်စေပြီးမှ၊ သူကို နှောင့်ရှက်စပြု၍ သူ၏ ခွန်အားသည် လျော့ ပျောက်၏။ 20 မိန်းမကလည်း၊ ရှံဆုန်၊
ဖိလိတ္တိလူတို့သည် သင့်ကို တိုက်လာကြသည်ဟု ဆိုသော်၊ ရှံဆုန်နိုး၍ ထာဝရ ဘုရား စွန့်တော်မူကြောင်းကို မရိပ်မိသောကြောင့်၊
အရင်ကဲ့သို့ ငါထွက်၍ အားထုတ်မည်ဟု အကြံ ရှိသော်လည်း၊- 21 ဖိလိတ္တိလူတို့သည် ဘမ်းဆီး၍ သူ့မျက်စိကို ဖောက်ပြီးမှ ဂါဇမြို့သို့
ယူသွားပြီးလျှင် ကြေးဝါကြိုးနှင့် ချည်နှောင်၍ ထောင်အိမ်၌ ကြိတ်ဆုံနှင့် ကြိတ်စေကြ၏။ 22 ရှံဆုန် ဆံပင်ရိတ်သောနောက်၊ တဖန်
ပေါက်ပြန်သောအခါ၊- 23 ဖိလိတ္တိမင်းတို့က၊ ငါတို့ဘုရားသည် ငါတို့ ရန်သူကို ငါတို့လက်သို့ အပ်တော်မူပြီဟု ဆိုလျက်၊ သူတို့ ဘုရား
ဒါဂုန်အားယဇ်ကြီးကို ပူဇော်၍ ပျော်မွေ့ခြင်းကို ပြုအံ့သောငှါ စည်းဝေးကြ၏။ 24 လူများတို့သည် ရှံဆုန်ကို မြင်သောအခါ၊
ငါတို့ဘုရားသည် ငါတို့ပြည်ကို ဖျက်ဆီး၍၊ ပြည်သားအများ တို့ကို သတ်သော ငါတို့၏ ရန်သူကို၊ ငါတို့လက်သို့ အပ်တော်မူပြီဟု
မိမိတို့ဘုရားကို ချီးမွမ်းကြ၏။ 25 စိတ်နှလုံး ရွှင်လန်းသောအခါ၊ ရှံဆုန်ကို ခေါ်ခဲ့။ ငါတို့အဘို့ ကစားပါလေစေဟု ဆိုသဖြင့်၊ ရှံဆုန်ကို
ထောင်အိမ်မှ ခေါ်ခဲ့၍ သူသည် ကစားရ၏။ သူကိုလည်း စရပ်တိုင်ကြားမှာ ထားကြ၏။ 26 ရှံဆုန်ကလည်း၊ စရပ်တိုင်တို့ကို ငါမှီ၍
နေရအောင် လက်နှင့်တွေ့ပါရစေဟု လက်ဆွဲသော လူကလေး ကို အခွင့်တောင်း၏။- 27 ထိုစရပ်၌ ယောက်ျားမိန်းမတို့သည်
အပြည့်ရှိကြ၏။ ဖိလိတ္တိမင်းအပေါင်းတို့လည်း ပါကြ၏။ စရပ်မိုး ပေါ်မှာလည်း သုံးထောင်မျှလောက်သော ယောက်ျားမိန်းမတို့သည်
ရှံဆုန်ကစားသည်ကို ကြည့်ရှု လျက်ရှိကြ၏။- 28 ရှံဆုန်ကလည်း၊ အို အရှင်ထာဝရဘုရား၊ အကျွန်ုပ်ကို အောက်မေ့တော်မူပါ။
အကျွန်ုပ်မျက်စိနှစ် ဘက်ကို ဖောက်သော ဖိလိတ္တိလူတို့၌ တပြိုင်နက်အပြစ်ဒဏ် ပေးနိုင်မည်အကြောင်း၊ ယခုတကြိမ်မျှ သာ
ခွန်အားကို ပြန်ပေးတော်မူပါဘုရားဟု ထာဝရဘုရားအား ဆုတောင်းပြီးမှ၊- 29 စရပ်ခေါင်တိုင်နှစ်တိုင်တို့ကို လက်ျာလက်၊

လက်ဝဲလက်နှစ်ဘက်နှင့်ကိုင်၍ မှီနေလျက်၊- [30] အကျွန်ုပ်သည် ဖိလိတ္တိလူတို့နှင့် အတူသေပါရစေဟု ဆိုလျက်၊ အားထုတ်၍
ကိုယ်ကိုညွတ်ချသဖြင့်၊ စရပ်သည် မင်းများ၊ လူများအပေါင်းတို့အပေါ်မှာ လဲ၍ ဖိလေ၏။ ထိုသို့ အသက်ရှင်စဉ်အခါ
သတ်ခဲ့သည်ထက် သေစဉ်အခါ သာ၍များသော သူတို့ကို သတ်လေ၏။ [31] သူ့ညီများ၊ အဆွေအမျိုးများ အပေါင်းတို့သည် လာ၍
အလောင်းကောင်ကို ထမ်းသွားပြီးလျှင်၊ ဇောရာမြို့နှင့် ဧရှတောလမြို့စပ်ကြားတွင် အဘမာနော်၏ သင်္ချိုင်း၌ သင်္ဂြိုဟ်ကြ၏။
သူသည် ဣသရေလအမျိုးကို အနှစ်နှစ်ဆယ် အုပ်စိုးသတည်း။


generated on Tue Jul 2 12:50:28 2024

## Chapter 17

1 မိက္ခာအမည်ရှိသော ဧဖရိမ်တောင်သား တယောက်ရှိ၏။ 2 သူသည် အမိအား၊ အိုအမေ၊ ပျောက်သောငွေ၊ အကျွန်ုပ်ရှေ့မှာ
ကျိန်ဆဲသော စကားကို ပြောသော ငွေဆယ်တပိဿာသည် အကျွန်ုပ်၌ ရှိပါ၏။ အကျွန်ုပ်ယူမိပြီဟု ဆိုသော်၊ အမိက၊ ငါ့သား၊ ထာဝရ
ဘုရားကောင်းကြီး ပေးတော်မူပါစေသောဟု ဆို၏။- 3 ထိုငွေဆယ်တပိဿာကို အမိအား ပြန်ပေးသောအခါ၊ အမိက၊ ငါ့သားသည်
ထုသောရုပ်တုနှင့် သွန်းသော ရုပ်တုကိုလုပ်စရာဘို့ ဤငွေရှိသမျှကို ထာဝရဘုရားအား ငါပူဇော်နှင့်ပြီ။ 4 သို့ဖြစ်၍ ငါ့သားအား ယခု
ငါပြန်ပေးမည်ဟု ဆိုသော်လည်း၊ သားသည် ထိုငွေကို အမိအား ပြန်ပေး၏။ အမိသည်လည်း နှစ်ပိဿာကိုယူ၍ ပန်းတိမ်သမား၌
အပ်သဖြင့်၊ သူသည် ထုသောရုပ်တုနှင့် သွန်းသော ရုပ်တုကိုလုပ်၍ ရုပ်တုတို့သည် မိက္ခာအိမ်၌ ရှိ၏။ 5 ထိုလူမိက္ခာသည်
ဘုရားကျောင်းရှိ၍၊ သင်တိုင်းတော်နှင့် တေရပ်ရုပ်တုကို လုပ်ပြီးမှ၊ မိမိ သားတယောက်ကို မိမိယဇ်ပုရောဟိတ်အရာ၌ ခန့်ထားလေ၏။
6 ထိုကာလ၌ ဣသရေလရှင် ဘုရင်မရှိ။ လူတိုင်း မိမိစိတ် အလိုရှိသည်အတိုင်း ပြုသတည်း။ 7 ယုဒအမျိုးနှင့် စပ်ဆိုင်သော ဗက်လင်
ယုဒမြို့သား လေဝိအမျိုး လုလင်တယောက်သည်၊ ဗက်လင် မြို့မှာ တည်းခို၍ နေပြီးလျှင်၊- 8 တဖန် ထွက်သွား၍
တည်းခိုစရာအရပ်ကို ရှာလျက် ခရီးသွားသဖြင့်၊ ဧဖရိမ်တောင်၊ မိက္ခာအိမ်သို့ ရောက်လေ၏။ 9 မိက္ခာကလည်း၊ သင်သည် အဘယ်က
လာသနည်းဟု မေးသော်၊ လုလင်က၊ ငါသည် ယုဒခရိုင် ဗက်လင်မြို့သား လေဝိလူဖြစ်၏။ တည်းခိုစရာအရပ်ကို ရှာ၏ဟု
ပြန်ပြောသော်၊- 10 မိက္ခာက၊ အကျွန်ုပ်နှင့်အတူ နေပါ။ အကျွန်ုပ်၏အဘ၊ အကျွန်ုပ်၏ ယဇ်ပုရောဟိတ်လုပ်ပါ။ အကျွန်ုပ်သည်
တနှစ်တနှစ်လျှင် ငွေအကျပ်တဆယ်နှင့် အဝတ်စုံကိုငင်း၊ စားစရာကိုငင်း ပေးပါမည် ဟု ပင့်ဘိတ်သောအခါ၊ လေဝိဘူသည် ဝင်၍၊- 11
ထိုသူနှင့်အတူနေခြင်းငှါ အလိုရှိသဖြင့် သားကဲ့သို့ ဖြစ်လေ၏။ 12 မိက္ခာသည်လည်း၊ ထိုလေဝိလုလင်ကို မိမိယဇ်ပုရောဟိတ်အရာ၌
ခန့်ထားသည်အတိုင်း၊ လုလင်သည် ယဇ်ပုရောဟိတ် လုပ်၍ မိက္ခာအိမ်၌ နေ၏။ 13 မိက္ခာကလည်း၊ ယခုမှာ လေဝိလူသည်
ငါ၏ယဇ်ပုရောဟိတ် ဖြစ်သောကြောင့်၊ ထာဝရဘုရားသည် ငါ၌ ကျေးဇူးပြုတော်မူမည်ကို ငါသိသည်ဟု ဆို၏။

---

# Chapter 18

1 ထိုကာလအခါ ဣသရေလရှင်ဘုရင် မရှိစဉ်၊ ဒန်အမျိုးသားတို့သည် အမွေခံစရာမြေကို ရှာကြ၏။ ထိုကာလတိုင်အောင် အခြားသော
ဣသရေလအမျိုးတို့တွင်၊ အမွေခံထိုက်သည် အတိုင်းမခံရသေး။ 2 သို့ဖြစ်၍ ဒန်အမျိုးသားတို့သည် ပြည်ကို ကြည့်ရှုစူးစမ်းစေခြင်းငှါ
မိမိတို့ အမျိုးသား ခွန်အားကြီး သော သူရဲငါးယောက်တို့ကို သူတို့နေရာအရပ် ဇောရာမြို့၊ ဧရှတောလမြို့မှ စေလွှတ်လျက်၊ ပြည်ကို
သွား၍ စူးစမ်းကြလော့ဟု မှာလိုက်ကြသည်အတိုင်း၊ သူတို့သည် ဧဖရိမ်တောင်၊ မိက္ခာအိမ်သို့ ရောက် ပြီးလျှင် တည်းခို၍ နေကြ၏။ 3
မိက္ခာအိမ်၌ ရှိစဉ်အခါ၊ လေဝိလုလင်၏ စကားသံကို မှတ်မိ၍၊ သူ့နေရာသို့ ဝင်လျှင်၊ သင်သည် ဤအရပ်သို့ အဘယ်ကြောင့်
ရောက်သနည်း။ ဤသူနှင့် အဘယ်သို့ ဆိုင်သနည်း။ အဘယ်သို့ လုပ်၍ နေသနည်းဟု မေးသော်၊- 4 ထိုသူက၊ မိက္ခာသည်
ဤမည်သောအမှု ဤမည်သော အရာကို ပေး၍ ငါ့ကို ငှါးသဖြင့်၊ ငါသည် သူ၏ ယဇ်ပုရောဟိတ် လုပ်နေသည်ဟု ပြန်ပြော၏။ 5
သူတို့ကလည်း၊ အကျွန်ုပ်တို့သည် ယခု ခရီးသွားရာတွင် အကြံမြောက်မည် မမြောက်မည်ကို သိမည် အကြောင်း ဘုရားသခင်ကို
မေးမြန်းပါလော့ဟု တောင်းပန်သည်အတိုင်း၊- 6 ယဇ်ပုရောဟိတ်က ငြိမ်ဝပ်စွာသွားကြလော့။ သင်တို့ သွားရာလမ်းကို ထာဝရဘုရား
ကြည့်ရှုတော် မူသည်ဟု ပြန်ပြော၏။ 7 ထိုလူ ငါးယောက်တို့သည် ထွက်သွား၍ လဲရှမြို့သို့ ရောက်သဖြင့်၊ မြို့သားတို့သည် ဇိဒုန်
အမျိုးသား တို့ သတိမရှိသကဲ့သို့ သတိမရှိ၊ မစိုးရိမ်ဘဲ ငြိမ်ဝပ်စွာ နေကြောင်းကိုငှင်း၊ ဆုံးမပိုင်သော မင်းမရှိ ကြောင်းကိုငှင်း၊
ဇိဒုန်အမျိုးသားတို့နှင့် ဝေး၍ အဘယ်သူနှင့်မျှ အမှုမဆိုင်ကြောင်းကိုငှင်း ကြည့်ရှု ပြီးမှ၊- 8 အမျိုးသားချင်းရှိရာ ဇောရာမြို့၊
ဧရှတောလမြို့သို့ ပြန်လာ၍ အမျိုးသားချင်းတို့က၊ သင်တို့သည် အဘယ်သို့ ပြောကြမည်နည်းဟု မေးသော်၊- 9 သူတို့က၊ ထ၍
သွားတိုက်ကြကုန်အံ့၊ ထိုပြည်သည် ကောင်းမွန်သော ပြည်ဖြစ်သည်ကို ငါတို့ မြင်ပြီ။ ငြိမ်ဝပ်စွာ နေကြသေးသလော။ ထိုပြည်ကို
သိမ်းယူဝင်စားခြင်းငှါ မဖင့်နွှဲကြနှင့်။ 10 သွားလျှင် သတိမရှိသောလူမျိုးနှင့် ကျယ်ဝန်းသော ပြည်ကို တွေ့ကြလိမ့်မည်။
ဘုရားသခင်သည် သင်တို့လက်၌ အပ်တော်မူမည်။ ထိုပြည်၌ မြေကြီးဥစ္စာ စုံလင်လျက်ရှိသည်ဟု ပြောဆိုကြ၏။ 11 ထိုအခါ
ဇောရာမြို့၊ ဧရှတောလမြို့မှ ဒန်အမျိုးသား လူခြောက်ရာတို့သည် စစ်တိုက်လက်နက် ပါလျက် ချီသွားကြ၏။ 12 သွားရာတွင်၊
ယုဒခရိုင် ကိရယတ်ယာရိမ်မြို့မှာ စားခန်းချကြ၏။ ထိုအရပ်ကို ယနေ့တိုင်အောင် ဒန်အမျိုးတပ်ဟူ၍ တွင်သတည်း။
ကိရယတ်ယာရိမ်မြို့ နောက်မှာရှိ၏။ 13 ထိုအရပ်မှ သွား၍ ဧဖရိမ်တောင်၌ မိက္ခာအိမ်သို့ ရောက်ကြ၏။ 14 ထိုအခါ လဲရှမြို့ကို
စူးစမ်းခြင်းငှါ သွားသော သူငါးယောက်တို့က၊ ဤအိမ်တို့၌ သင်တိုင်းတော်၊ တေရပ်ရုပ်တု၊ ထုသောရုပ်တု၊
သွန်းသောရုပ်တုရှိကြောင်းကို သိသလော။ အဘယ်သို့ ပြုရမည်ကို ဆင်ခြင်ကြလော့ဟု အမျိုးသားချင်းတို့အားဆိုသော်၊- 15
သူတို့သည် ထိုအရပ်သို့ လှည့်သွားသဖြင့်၊ လေဝိလုလင်နေရာ မိက္ခာအိမ်သို့ရောက်၍ သူ့ကို နှုတ် ဆက်ကြ၏။ 16
စစ်တိုက်လက်နက်ပါသော ဒန်အမျိုးသား ခြောက်ရာတို့သည် တံခါးဝ၌ နေကြ၏။ 17 လဲရှမြို့ကို စူးစမ်းသော လူငါးယောက်တို့သည်
မိက္ခာအိမ်သို့ ဝင်၍၊ 18 ထုသောရုပ်တု၊ သင်တိုင်းတော်၊ တေရပ်ရုပ်တု၊ သွန်းသောရုပ်တုတို့ကို ယဇ်ပုရောဟိတ်ရှေ့မှာ ယူကြ၏။
ယဇ်ပုရောဟိတ်ကလည်း၊ အဘယ်သို့ ပြုကြသနည်းဟု မေးသော်၊- 19 သူတို့က တိတ်ဆိတ်စွာနေပါ။ ကိုယ်တော်နှုတ်ကို
လက်နှင့်ပိတ်၍ အကျွန်ုပ်တို့နှင့် ကြွပါ။ အကျွန်ုပ်တို့ အဘလုပ်ပါ။ ယဇ်ပုရောဟိတ် လုပ်ပါ။ တအိမ်ထောင်၌သာ ယဇ်ပုရောဟိတ်
လုပ်ကောင်းသလော။ ဣသရေလအမျိုးအနွယ်တို့တွင် တမျိုးတနွယ် လုံး၌ ယဇ်ပုရောဟိတ် မလုပ်ကောင်းသလောဟု ဆိုကြသော်၊ 20
ယဇ်ပုရောဟိတ်သည် ဝမ်းမြောက်၍ သင်တိုင်းတော်၊ တေရပ်ရုပ်တု၊ ထုသောရုပ်တုကို ယူလျက်၊ ထိုလူစုထဲသို့ ဝင်သွားလေ၏။ 21
ထိုသူတို့သည် သူငယ်များ၊ တိရစ္ဆာန်များ၊ ဝန်စလယ်များကို အဦးသွားစေသဖြင့် ကိုယ်တိုင် လိုက်လျက် လှည့်သွားကြ၏။ 22
မိက္ခာအိမ်နှင့် ဝေးသောအခါ၊ မိက္ခာ၏ အိမ်နီးချင်းတို့သည် စည်းဝေး၍၊ ဒန်အမျိုးသားတို့ကို မှီ အောင် လိုက်ကြ၏။ 23
ကြွေးကြော်သောအခါ၊ ဒန်အမျိုးသားတို့သည် လှည့်ကြည့်လျက် သင်သည် အဘယ်အခင်းရှိ၍ လူအပေါင်းတို့နှင့် လိုက်လာသနည်းဟု
မိက္ခာအားမေးသော်၊- 24 မိက္ခာက၊ သင်တို့သည် ငါလုပ်သော ဘုရားတို့နှင့် ယဇ်ပုရောဟိတ်ကို ယူသွားကြသည်တကား။
ထိုအရာမှတပါး ငါ၌ အဘယ်အရာရှိသနည်း။ သို့သော်လည်း သင်တို့က၊ အဘယ်အခင်း ရှိသနည်း ဟု ငါ့ကို မေးကြသည်တကားဟု
ဆိုသော်၊- 25 ဒန်အမျိုးသားတို့က၊ ငါတို့တွင် သင့်စကားကို မကြားပါစေနှင့်။ သို့မဟုတ် စိတ်ဆိုးသော သူတို့သည် သင့်ကို တိုက်၍
သင့်အသက်နှင့်သင့်အိမ်သားတို့ အသက်ဆုံးကောင်းဆုံးလိမ့်မည်ဟု ဆိုလျက် ခရီးသွားကြ၏။ 26 မိက္ခာသည် သူတို့ကို
မိမိမနိုင်သည်ကိုသိ၍ မိမိအိမ်သို့ ပြန်သွားလေ၏။ 27 ဒန်အမျိုးသားတို့သည်၊ မိက္ခာလုပ်သော အရာတို့နှင့် သူ၌နေသော
ယဇ်ပုရောဟိတ်ကို ယူသွား၍၊ သတိမရှိ ငြိမ်ဝပ်စွာနေသော လဲရှမြို့သားတို့ဆီသို့ ရောက်သဖြင့် ထားနှင့်လုပ်ကြ၍ မြို့ကို မီးရှို့ ကြ၏။
28 ဇိဒုန်မြို့နှင့်ဝေးသောကြောင့်ငှင်း၊ အဘယ်သူနှင့်မျှ အမှုမဆိုင်သောကြောင့်ငှင်း၊ ကယ်နှုတ်သော သူမရှိ။ ထိုမြို့သည်
ဗက်ရဟောဘမြို့အနားမှာရှိသော ချိုင့်၌ တည်၏။ ထိုအရပ်၌ မြို့သစ်ကိုတည်၍ နေကြ၏။ 29 ထိုမြို့ကို သူတို့အမျိုး၏
အဘဣသရေလ၏ သားဒန်အမည်ကို မှီသဖြင့် ဒန်မြို့ဟူ၍ တွင်ကြ၏။ ထိုမြို့ အမည်ဟောင်းကား လဲရှတည်း။ 30
ဒန်အမျိုးသားတို့သည် မိက္ခာထုသောရုပ်တုကို တည်ထောင်၍ မနာရှေသား ဂေရရှုံ၏သား ယောနသန်နှင့် သူ၏သားတို့သည်
သေတ္တာတော်ကို သိမ်းသွားသည့်နေ့တိုင်အောင် ဒန်အမျိုး၌ ယဇ်ပုရောဟိတ် လုပ်ကြ၏။ 31 ဘုရားသခင်၏ အိမ်တော်သည်
ရှိလောမြို့၌ ရှိသည်ကာလပတ်လုံး၊ မိက္ခာသွန်းသော ရုပ်တုကိုလည်း တည်ထောင်ကြ၏။

## Chapter 19

1 ဣသရေလရှင်ဘုရင် မရှိသည်ကာလ၊ ဧဖရိမ်တောင်ခါးပန်း၌ တည်းခိုသော လေဝိလူတယောက် သည်၊ ယုဒခရိုင် ဗက်လင်မြို့သူ
မိန်းမတယောက်ကို သိမ်းယူ၏။ 2 ထိုမိန်းမသည် လင်ကို ပြစ်မှား၍ ဗက်လင်မြို့ မိမိအဘအိမ်သို့ သွားသဖြင့် လေးလ နေလေ၏။ 3
လင်သည် သူ့ကို ချော့မော့၍ ဆောင်ခဲ့ခြင်းငှါ ငယ်သားတယောက်နှင့် မြည်းနှစ်စီးပါလျက် ထသွား ၍ ရောက်သောအခါ၊
မယားငယ်သည် မိမိအဘ အိမ်ထဲသို့ ခေါ်သွင်း၍၊ အဘသည် သမက်ကို တွေ့မြင်လျှင် ဝမ်းမြောက်သော စိတ်ရှိ၍ သိမ်းဆည်းလေ၏။
4 ထိုကြောင့် သမက်သည် စားသောက်လျက်၊ အိပ်လျက်၊ သုံးရက်ပတ်လုံး ယောက္ခမအိမ်၌ နေ၏။ 5 စတုတ္ထနေ့ရက်
နံနက်စောစောထ၍ ထွက်သွားအံ့သောငှါ ပြင်ဆင်သောအခါ၊ ယောက္ခမက၊ မုန့်အနည်းငယ်ကို စား၍ အားဖြည့်ပြီးမှ သွားကြပါဟု
သမက်အား ဆိုသည့်အတိုင်း၊ 6 နှစ်ယောက်လုံးထိုင်၍ စားသောက်လျက် နေကြ၏။ ယောက္ခမကလည်း၊ သဘောကျပါတော့။ ယနေ့
ညဉ့်ကိုလည်း လွန်စေသဖြင့် ပျော်မွေ့လျက်နေပါတော့ဟု သမက်အားဆိုပြန်၍၊ 7 သမက်သည် သွားအံ့သောငှါ ထသော်လည်း၊
ယောက္ခမသွေးဆောင်သဖြင့် သမက်သည် ထိုအရပ်၌ အိပ်ပြန်လေ၏။ 8 ပဉ္စမနေ့ရက် နံနက်စောစော သွားအံ့သောငှါ ထသောအခါ၊
ယောက္ခမက၊ အားဖြည့်ပါဦးတော့ဟု ဆို၍ မွန်းလွဲသည်တိုင်အောင် နှစ်ယောက်လုံး စားသောက်လျက်နေကြ၏။ 9 ထိုသူသည်
မယားငယ်နှင့် ငယ်သားကို ခေါ်၍ သွားအံ့သောငှါ ထပြန်သောအခါ၊ သူ၏ ယောက္ခ မဖြစ်သော ထိုမိန်းမ၏ အဘက၊ ကြည့်ပါ၊
မိုဃ်းချုပ်လုပြီ။ ယနေ့ညဉ့်ကိုလည်း လွန်စေပါတော့။ နေ့အချိန် ကုန်လုပြီ။ ဤအရပ်၌ အိပ်၍ ပျော်မွေ့လျက်နေပါတော့။ နက်ဖြန်
နံနက် စောစောထ၍ ကိုယ်နေရာအရပ်သို့ သွားတော့ဟု ဆိုသော်လည်း၊- 10 သမက်သည် ထိုညဉ့်ကို မလွန်စေဘဲ ထသွား၍
ကုန်းနှီးတင်သော မြည်းနှစ်စီးနှင့် မယားငယ်လည်း ပါလျက် ယေရုရှလင်မြို့တည်းဟူသော ယေဗုတ်မြို့အနီးသို့ ရောက်လေ၏။ 11
ထိုမြို့အနီးသို့ ရောက်သောအခါ၊ မိုဃ်းချုပ်သောကြောင့် ငယ်သားက၊ နားထောင်ပါတော့။ ယေဗုသိ လူနေရာ ဤမြို့သို့ ဝင်၍
အိပ်ကြကုန်အံ့ဟု သခင်အားဆိုသော်၊- 12 သခင်က၊ ဣသရေလ အမျိုးမဟုတ်၊ တပါးအမျိုးသားနေသော မြို့သို့ မဝင်၊ ဂိဗာမြို့သို့
သွားဦးမည်။ 13 ဂိဗာမြို့၊ ရာမမြို့ အစရှိသော တစုံတခုသောအရပ်၌ ညဉ့်ကိုလွန်စေခြင်းငှါ သွားကြကုန်အံ့ဟု ငယ်သားအားဆိုလျက်၊-
14 ခရီးသွားပြန်၍ ဗင်္ယာမိန်ခရိုင် ဂိဗာမြို့အနီးသို့ ရောက်သောအခါ၊ နေဝင်လေ၏။ 15 ဂိဗာမြို့မှာ ညဉ့်ကို လွန်စေမည်အကြံနှင့်
မြို့ထဲသို့ဝင်၍ အဘယ်သူ မျှ ဧည့်မခံသေးသောကြောင့် လမ်းမှာထိုင်နေ၏။ 16 ဂိဗာမြို့သားတို့သည် ဗင်္ယာမိန်အမျိုးသားဖြစ်ကြ၏။
သို့ရာတွင် တည်းခိုသော ဧဖရိမ်တောင်သား လူအိုတယောက်ရှိသည်ဖြစ်၍၊ ထိုသူသည် ညဦးယံ၌ လယ်လုပ်ရာမှလာစဉ်၊- 17
မြော်ကြည့်၍၊ မြို့လမ်းမှာ ဧည့်သည်တယောက် ရှိသည်ကိုမြင်လျှင်၊ သင်သည် အဘယ်အရပ်သို့ သွားသနည်း၊
အဘယ်အရပ်ကလာသနည်းဟု မေးသော်၊- 18 ကျွန်ုပ်တို့သည် ယုဒခရိုင်ဗက်လင်မြို့မှ ဧဖရိမ်တောင်ခါးပန်းသို့ သွား၏။ ကျွန်ုပ်သည်
ဧဖရိမ်တောင် သားဖြစ်၏။ ဗက်လင်မြို့သို့ ခဏသွားပြီးမှ ယခုထာဝရဘုရား၏ အိမ်တော်သို့ သွား၏။ အဘယ်သူ မျှ ဧည့်မခံသေး။ 19
သို့ရာတွင် မြည်းဘို့ မြက်ခြောက်နှင့် အခြားကျွေးစရာရှိ၏။ ကိုယ်နှင့် ကိုယ်တော် ကျွန်မလိုက်လာ သော ငယ်သားဘို့
မုန့်နှင့်စပျစ်ရည်ရှိ၏။ တစုံတခုမျှ မလိုပါဟု ပြောဆို၏။ 20 လူအိုကလည်း၊ သင်၌ ချမ်းသာရှိပါစေသော။ သင်လိုသမျှသည် ငါ့တာ
ရှိစေတော့။ လမ်းမှာညဉ့်ကို မလွန်စေနှင့်ဟုဆိုလျက်၊- 21 မိမိအိမ်သို့ ခေါ်သွင်း၍ မြည်းတို့ကို ကျွေးလေ၏။ သူတို့သည် ခြေကို ဆေး၍
စားသောက်ကြ၏။ 22 ထိုသို့ ပျော်မွေ့လျက်နေကြသောအခါ၊ ထိုမြို့သား အဓမ္မလူအချို့တို့သည် အိမ်ကို ဝိုင်း၍ တံခါးကို ရိုက်ကြ၏။
အိမ်ရှင် လူအိုကိုလည်းခေါ်၍၊ သင့်အိမ်သို့ ဝင်သောယောက်ျားနှင့် ငါတို့သည် ဆက်ဆံ လိုသည်ဖြစ်၍၊ ထုတ်ခဲ့လော့ဟု ဆိုကြ၏။ 23
အိမ်ရှင်သည်လည်း ထွက်၍၊ ညီအစ်ကိုတို့၊ ဆိုးသောအမှုကို မပြုပါနှင့်။ ဤသူသည် အကျွန်ုပ်အိမ်၌ တည်းခိုသောသူဖြစ်၍
အဓမ္မမပြုကြပါနှင့်။ 24 အကျွန်ုပ်၌ သမီးကညာရှိပါ၏။ သူ၏မယားငယ်လည်း ရှိပါ၏။ သူတို့ကို ထုတ်၍ ပေးပါမည်။ သူတို့ကို
ရှုတ်ချကြပါ။ အလိုရှိသည်အတိုင်း ပြုကြပါ။ ဤယောက်ျား၌ ဤမျှလောက် ဆိုးသောအမှုကို မပြုပါနှင့်ဟု တောင်းပန်သော်လည်း၊-
25 သူတို့သည် နားမထောင်သောကြောင့်၊ လေဝိလူသည် မိမိမယားငယ်ကို ထုတ် အပ်သဖြင့်၊ သူတို့သည် တညဉ့်လုံး အဓမ္မပြု၍
နံနက်တိုင်အောင် ရှုတ်ချပြီးမှ အာရုဏ်တက်မှ လွှတ်လိုက်ကြ၏။ 26 အာရုဏ်တက်သောအခါ၊ မိန်းမသည် လာ၍ မိမိသခင်နေရာ
အိမ်တံခါးရှေ့မှာ မိုဃ်းလင်းသည် တိုင်အောင် လဲနေ၏။ 27 နံနက်အချိန်ရောက်မှ သူ၏ သခင်သည် ထ၍ အိမ်တံခါးကို ဖွင့်သဖြင့်၊
ခရီးသွားအံ့သောငှါ ထွက်သောအခါ၊ မယားငယ်သည် အိမ်တံခါးရှေ့မှာလဲ၍ တံခါးခုံကို လက်တင်လျက်ရှိသည် မြင်သော်၊ 28
ထလော့။ သွားကြကုန်အံ့ဟု ဆိုသော်လည်း သူသည် ပြန်မပြောဘဲနေ၏။ ထိုအခါ ယောက်ျားသည် သူ့ကို မြည်းပေါ်မှာ တင်သဖြင့်
မိမိနေရာသို့ သွားလေ၏။ 29 မိမိအိမ်သို့ ရောက်သောအခါ ထားကိုယူ၍ မယားငယ်အကောင်ကို အရိုးနှင့်တကွ ဆယ်နှစ်ပိုင်းပိုင်း၍
ဣသရေလပြည် တရှောက်လုံးသို့ ပေးလိုက်လေ၏။ 30 သိမြင်သောသူ အပေါင်းတို့က၊ ဣသရေလအမျိုးသားတို့သည်
အဲဂုတ္တုပြည်က ထွက်သောနေ့မှစ၍ ယနေ့တိုင်အောင် ဤကဲ့သို့သောအမှုကို အဘယ်သူမျှမပြု၊ တခါမျှမဖြစ်စဖူး။ ဆင်ခြင်၍ တိုင်ပင်
စီရင်ကြလော့ဟု ပြောဆိုကြ၏။


generated on Tue Jul 2 12:50:28 2024

## Chapter 20

[1] ထိုအခါ ဣသရေလအမျိုးသားအပေါင်းတို့သည်၊ ဂိလဒ်ပြည်သားတို့နှင့်တကွ ထလျက်၊ ဒန်မြို့မှစ၍ ဗေရရှေဘမြို့တိုင်အောင်
ပရိသတ်အပေါင်းတို့သည် တယောက်သောသူကဲ့သို့ မိဇပါမြို့၊ ထာဝရဘုရား ထံတော်၌ စည်းဝေးကြ၏။ [2] ဣသရေလ
အမျိုးအနွယ်အပေါင်း၊ ပြည်သားအပေါင်းတို့၏ အကြီးအကဲတို့သည် စည်းဝေးကြသော်၊ ဘုရားသခင်၏လူ၊
ထားလက်နက်စွဲကိုင်သော ခြေသည်သူရဲ လေးသိန်းနှင့်တကွ ချဉ်းကပ်ကြ၏။ [3] ဣသရေလအမျိုးသားတို့သည် မိဇပါမြို့သို့
သွားကြောင်းကို ဗင်္ယာမိန်အမျိုးသားတို့သည် ကြားသိကြ၏။ ဣသရေလအမျိုးသားတို့က၊ ထိုအဓမ္မအမှုကား အဘယ်သို့နည်းဟု
မေးမြန်းလျှင်၊- [4] အသေခံရသော မိန်းမ၏လင် လေဝိလူက၊ အကျွန်ုပ်သည် မယားငယ်နှင့်အတူလာ၍ ဗင်္ယာမိန် ခရိုင်၊ ဂိဗာမြို့မှာ
ညဥ့်ကို လွန်စေပါ၏။ [5] ညဥ့်အခါ ဂိဗာမြို့သားတို့သည် ထ၍ အကျွန်ုပ်တည်းခိုသောအိမ်ကို ဝိုင်းလျက်၊ အကျွန်ုပ်ကို တိုက် သတ်မည်
အားထုတ်ကြပါ၏။ မယားငယ် သေသည်တိုင်အောင် ရှုတ်ချကြပါ၏။ - [6] အကျွန်ုပ်သည်လည်း မယားငယ်အကောင်ကိုယူ၍
အပိုင်းပိုင်းဖြတ်ပြီးမှ၊ ဣသရေလအမျိုး အမွေခံ ရာ ပြည်တရှောက်လုံးသို့ ပေးလိုက်ပါ၏။ အကြောင်းမူကား၊ သူတို့သည်
ဣသရေလအမျိုး၌ ဆိုးညစ် သောအမှု၊ အဓမ္မအမှုကို ပြုကြပါပြီ။- [7] သင်တို့ရှိသမျှသည် ဣသရေလအမျိုး ဖြစ်ကြပါ၏။ ဤအရပ်၌
တိုင်ပင်စီရင်ကြပါလော့ဟု ပြောဆို လေ၏။- [8] လူအပေါင်းတို့သည် တယောက်သောသူကဲ့သို့ ထ၍ ငါတို့သည် တယောက်မျှ
မိမိတဲသို့မသွား၊ မိမိ အိမ်သို့မပြန်။- [9] ဂိဗာမြို့၌ အဘယ်သို့ ပြုမည်နည်း ဟူမူကား၊ စာရေးတံချ၍ အတိုက်သွားမည်။ [10] ဗင်္ယာမိန်ခရိုင်
ဂိဗာမြို့သားတို့သည်၊ ဣသရေလအမျိုးတို့၌ ပြုသမျှသော အဓမ္မအမှုနှင့် ညီလျော်စွာ လူများတို့သည် ထိုမြို့သို့ရောက်၍
အပြစ်ဒဏ်ပေးမည်အကြောင်း၊ သူတို့စားစရိတ်ကို ပို့စေခြင်းငှါ ဣသရေလအမျိုးအနွယ်အပေါင်းတို့၌ လူတရာတွင် တဆယ်၊
တထောင်တွင်တရာ၊ တသောင်းတွင် တထောင်တို့ကို ရွေးကောက်ကြကုန်အံ့ဟု ဆိုလျက်၊ [11] ဣသရေလအမျိုးသားအပေါင်းတို့သည်
ဂိဗာမြို့တဘက်၌ စည်းဝေး၍ တယောက်သောသူကဲ့သို့ သင်းဖွဲ့လျက်နေကြ၏။ [12] ဣသရေလအမျိုးသားတို့သည်၊
ဗင်္ယာမိန်ခရိုင်တရှောက်လုံးသို့ စေလွှတ်၍၊ သင်တို့တွင် ပြုသော ဤအဓမ္မအမှုကား အဘယ်သို့နည်း။ [13] ယခုမှာ ဂိဗာမြို့၌ရှိသော
ထိုအဓမ္မလူတို့ကို ငါတို့ယူ၍ သတ်သဖြင့် ဣသရေလအမျိုးထဲက ဒုစရိုက် အပြစ်ကို ပယ်ရှားမည်အကြောင်း ထိုလူတို့ကိုအပ်ကြပါဟု
မှာလိုက်ကြ၏။ သို့ရာတွင် ဗင်္ယာမိန် အမျိုးသားတို့သည်၊ ညီအစ်ကို ဣသရေလအမျိုးသားတို့စကားကို နားမထောင်ဘဲ၊ [14]
ထိုအမျိုးသားတို့ကို စစ်တိုက်ခြင်းငှါ၊ အမြို့မြို့အရွာရွာက ထွက်၍ ဂိဗာမြို့၌ စည်းဝေးကြ၏။- [15] ထိုအခါ ဂိဗာမြို့သား
ယောကျ်ားကောင်း ခုနစ်ရာမှတပါး အမြို့မြို့အရွာရွာက လာသော ဗင်္ယာ မိန် အမျိုးသား အရေအတွက်ကား၊
ထားလက်နက်စွဲကိုင်သောသူ နှစ်သောင်းခြောက်ထောင်တည်း။ [16] ထိုလူအပေါင်းတို့တွင် လက်ဝဲလက်ကို သုံးတတ်သဖြင့်၊
ဆံခြည်တပင်ကို လောက်လွှဲနှင့်မှန်အောင် ပစ်နိုင်သော ယောကျ်ားကောင်း ခုနှစ်ရာပါသတည်း။ [17] ဗင်္ယာမိန်အမျိုးသားမှတပါး
ထားလက်နက်စွဲကိုင်၍ စစ်သူရဲဖြစ်သော ဣသရေလအမျိုးသား အရေ အတွက်ကား လေးသိန်းတည်း။ [18] ဣသရေလ
အမျိုးသားတို့သည် ဘုရားသခင်၏ အိမ်တော်သို့ ထ၍ သွားပြီးလျှင်၊ အကျွန်ုပ်တို့တွင် အဘယ်သူသည် ဗင်္ယာမိန် အမျိုးကို အဦး
ချီသွားရပါမည်နည်းဟု ဘုရားသခင်ထံတော်၌ မေးလျှောက် ကြသော်၊ ထာဝရဘုရားက၊ ယုဒသည် အဦးချီသွားရမည်ဟု
မိန့်တော်မူ၏။ [19] နံနက်စောစော ဣသရေလအမျိုးသားတို့သည် ထ၍ ဂိဗာမြို့အနား၌ တပ်ချပြီးမှ၊ [20] ဗင်္ယာမိန်အမျိုးသားတို့ကို
တိုက်ခြင်းငှါ ချီသွား၍ ဂိဗာမြို့ ရှေ့မှာ စစ်ခင်းကျင်းလျက် နေကြ၏။ [21] ဗင်္ယာမိန်အမျိုးသားတို့သည် ဂိဗာမြို့ထဲက ထွက်ပြီးလျှင်၊
ထိုနေ့တွင် ဣသရေလ လူတသောင်း နှစ်ထောင်တို့ကို မြေပေါ်မှာ လှဲ၍ သတ်ကြ၏။ [22] သို့ရာတွင် ဣသရေလအမျိုးသားတို့သည်
ရဲရင့်သောစိတ်ကိုယူ၍ ပဌမနေ့တွင် စစ်ခင်းကျင်းသော အရပ်၌ တဖန်ခင်းကျင်းကြ၏။ [23] ထာဝရဘုရားထံတော်သို့ သွား၍
ညဦးယံတိုင်အောင် ငိုကြွေးလျက်၊ အကျွန်ုပ်တို့ညီ ဗင်္ယာမိန်အမျိုး သားတို့ကို တဖန်စစ်တိုက်ရပါမည်လောဟု ထာဝရဘုရားအား
မေးလျှောက်သော်၊ ထာဝရဘုရားက ချီသွားကြလော့ဟု မိန့်တော်မူ၏။ [24] ဒုတိယနေ့တွင် ဣသရေလအမျိုးသားတို့သည်
ဗင်္ယာမိန်အမျိုးတို့အနီးသို့ ချဉ်းကြသောအခါ၊ [25] ဗင်္ယာမိန် အမျိုးသားတို့သည် ဂိဗာမြို့ထဲက ထွက်ပြီးလျှင်၊ ထားလက်နက်စွဲကိုင်သော
ဣသရေလ လူတသောင်းရှစ်ထောင်တို့ကို မြေပေါ်၌ လှဲ၍ သတ်ကြ၏။ [26] ထိုအခါ ဣသရေလအမျိုးသား အပေါင်းတို့သည်
ဘုရားသခင်အိမ်တော်သို့သွား၍ ငိုကြွေးလျက်၊ ထာဝရဘုရားထံတော်၌ ဝပ်လျက်၊ တနေ့လုံး ညဦးယံတိုင်အောင် အစာကို ရှောင်၍
ထာဝရဘုရားအား မီးရှို့ရာယဇ်၊ မိဿဟာယယဇ်တို့ကို ပူဇော်ကြ၏။ [27] ထိုကာလ၌ ဘုရားသခင်၏ ပဋိညာဉ် သေတ္တာတော်ပါလျက်၊
အာရုန်၏သားဖြစ်သော ဧလာဇာ၏ သား ဖိနဟတ်သည်၊ သေတ္တာတော်ရှေ့မှာ အမှုစောင့်သည် ဖြစ်၍၊- [28]
ဣသရေလအမျိုးသားတို့က၊ အကျွန်ုပ်တို့ ညီဗင်္ယာမိန်အမျိုးသားတို့ကို တဖန်သွား၍ တိုက်ရပါမည်လော၊
မသွားဘဲနေရပါမည်လောဟု ထာဝရဘုရားအား မေးလျှောက်သော်၊ ထာဝရ ဘုရားက သွားကြလော့။ နက်ဖြန်နေ့တွင် သူတို့ကို
သင်တို့လက်၌ ငါအပ်မည်ဟု မိန့်တော်မူ၏။ [29] ဣသရေလအမျိုးသားတို့သည် ဂိဗာမြို့ပတ်လည်၌ ကင်းစောင့်လူတို့ကို ထားပြီးမှ၊ [30]
တတိယနေ့တွင် ဗင်္ယာမိန် အမျိုးသားတို့ရှိရာသို့ ချီသွား၍၊ ယမန်ကဲ့သို့ ဂိဗာမြို့အနား၌ စစ်ခင်းကျင်း လျက် နေကြ၏။ [31] ဗင်္ယာမိန်
အမျိုးသားတို့သည် အတိုက်ထွက်၍ မြို့နှင့်ကွာသွားကြ၏။ ဗေသလမြို့သို့ သွားသောလမ်း၊ ဂိဗာတောရွာသို့ သွားသောလမ်းတွင်
ယမန်ကဲ့သို့ ဣသရေအလအမျိုးသူရဲတို့ကို လုပ်ကြံစပြု၍ လူသုံးဆယ်ခန့်မျှ သေကြ၏။ [32] ဗင်္ယာမိန်အမျိုးသားတို့က၊ သူတို့သည်

ယမန်ကဲ့သို့ ငါတို့ရှေ့မှာ ရှုံးကြပြီဟု ဆိုသော်လည်း၊ ဣသရေလ အမျိုးသားတို့က ပြေးကြကုန်အံ့၊ သူတို့ကို မြို့နှင့်ဝေးသော
လမ်းတို့သို့ သွေးဆောင်ကြကုန်အံ့ဟု ဆိုလျက်၊ 33 ဣသရေလလူအပေါင်းတို့သည် မိမိတို့ နေရာအရပ်မှထ၍ ဗာလတာမာမြို့၌
စစ်ခင်းကြ၏။ ကင်း စောင့်လျက်နေသော ဣသရေလလူတို့သည်လည်း မိမိတို့နေရာ ဂိဗာလွင်ပြင်မှ ထကြသဖြင့်၊ 34
ဣသရေလအမျိုးသား ယောကျ်ားကောင်း တသောင်းတို့သည် ဂိဗာမြို့သို့ ချီလာ၍၊ ဗယ်္ယာမိန် အမျိုး သားတို့သည်
ဘေးရောက်လုနီးသည်ကို မရိပ်မိသောကြောင့်၊ ကျပ်တည်းစွာ ဆီး၍ တိုက်ကြ၏။ 35 ထိုအခါ ထာဝရဘုရားသည် ဗယ်္ယာမိန်လူတို့ကို
ဣသရေလလူတို့ရှေ့မှာ ရှုံးစေတော်မူသဖြင့်၊ ထို့နေ့ တွင် ဣသရေလ လူတို့သည် ထားလက်နက်စွဲကိုင်သော
ဗယ်္ယာမိန်လူနှစ်သောင်းငါးထောင်တရာ တို့ကို ပယ်ရှင်းကြ၏။ 36 ဗယ်္ယာမိန်အမျိုးသားတို့သည် မိမိတို့ ရှုံးသည်ကို သိမြင်ကြ၏။
ဣသရေလလူတို့သည်၊ ဂိဗာမြို့အနား၌ ထားသော ကင်းတပ်ကို ကိုးစားသောကြောင့်၊ အစက ဗယ်္ယာမိန်လူတို့ရှေ့မှာ ဆုတ်ကြ၏ 37
ကင်းတပ်သားတို့သည် ဂိဗာမြို့သို့ တဟုန်တည်းပြေးဝင်၍ အနှံ့အပြား တိုက်သဖြင့် တမြို့လုံးကို ထားနှင့်လုပ်ကြံကြ၏။ 38 မြို့ထဲမှာ
ကြီးစွာသော မီးခိုးတက်စေရမည်အကြောင်း ဣသရေလလူတို့သည် ကင်းစောင့်လူတို့အား အကြံပေးနှင့်ကြပြီဖြစ်၍၊ 39
ဣသရေလလူတို့သည် စစ်တိုက်ရာတွင် ဆုတ်သောအခါ၊ ဗယ်္ယာမိန်လူတို့က၊ အကယ်၍ သူတို့သည် ယမန်စစ်ရှုံးသကဲ့သို့ ငါတို့ရှေ့မှာ
ရှုံးကြပြီဟု ဆိုလျက် သူရဲတို့ကို လုပ်ကြံစပြု၍ လူသုံးဆယ်ခန့်မျှ သေကြ၏။ 40 တဖန် မီးလောင်၍ ထူထပ်သော မီးခိုးသည် မြို့ထဲမှာ
တက်စရှိသောအခါ၊ ဗယ်္ယာမိန်လူတို့သည် ပြန်ကြည့်၍ မြို့ကိုလောင်သော မီးလျှံသည် မိုဃ်းကောင်းကင်သို့ တက်သည်ကို မြင်ကြ၍၊ 41
ဣသရေလလူတို့သည် လှည့်၍ ပြန်သောအခါ၊ ဗယ်္ယာမိန်လူတို့သည် ဘေးရောက်ကြောင်းကို သိမြင်လျှင်၊- 42 မိန်းမောတွေဝေ၍
ဣသရေလလူတို့ရှေ့မှာ တောလမ်းသို့ ပြေးသော်လည်း၊ စစ်တိုက်လိုက်လာ သော သူတို့သည် မှီသဖြင့် ပြေးသော သူတို့ကိုင်၊
မြို့ရွာများထဲက ထွက်လာသောသူတို့ကိုင်၊ တပြိုင်နက်ဖျက်ဆီးကြ၏။ 43 ဗယ်္ယာမိန်လူတို့ကို ဝိုင်းလျက်လိုက်လျက်၊ နုခါရွာမှစ၍
နေထွက်ရာဘက်၊ ဂိဗာမြို့အနားတိုင်အောင် နှိပ်နင်းကြ၏။ 44 ထိုအခါ ဗယ်္ယာမိန်သူရဲ တသောင်းရှစ်ထောင်တို့သည် လဲ၍ သေကြ၏။
45 ကြွင်းသော သူတို့သည် လှည့်၍ တောအရပ် ရိမ္မုန်ကျောက်သို့ ပြေးကြစဉ်တွင်၊ လိုက်သော သူတို့သည် လူငါးထောင်တို့ကို
လမ်းမှာဖမ်းမိကြ၏။ ဂိဒုံမြို့တိုင်အောင် အပြင်းလိုက်၍ လူနှစ်ထောင်တို့ကိုလည်း သတ်ကြ၏။ 46 ထိုနေ့တွင် လဲ၍ သေသော ဗယ်္ယာမိန်
ထားစွဲသူရဲတို့ အရေအတွက်ကား၊ နှစ်သောင်းငါးထောင်တည်း။ 47 လူခြောက်ရာတို့သည် လှည့်၍ တောအရပ်ရိမ္မုန်ကျောက်ကို
မှီအောင်ပြေးသဖြင့်၊ ထိုကျောက် အောက်မှာ လေးလနေကြ၏။ 48 ဣသရေလလူတို့သည် တဖန် လှည့်၍၊ ဗယ်္ယာမိန်အမျိုးသားတို့ကို
တိုက်လျက် မြို့ရွာ၌ ရှိသောလူ၊ တိရစ္ဆာန်တွေ့သမျှတို့ကို ထားနှင့်လုပ်ကြံ၍၊ တွေ့သမျှသော မြို့ရွာတို့ကို မီးရှို့ကြ၏။

---

Judges 01

တယောက်သောသူကဲ့သို့
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် တဦးတယောက်ကဲ့သို့"။

ဒန်မြို့မှစ၍ ဗေရရှေဘမြို့တိုင်အောင်
တပြည်လုံးကဲ့သို ရည်ညွှန်းသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "လူမျိုး တဆယ့်တခုသော အမျိုးတို့မှ"။

ဘုရားသခင်၏လူ၊ ခြေသည်သူရဲ လေးသိန်းနှင့်တကွ
"ဘုရားသခင်၏ လူ၊ ခြေသည်သူရဲ ၄၀၀၀၀၀"

စစ်တိုက်ရန် အဆင်သင့်
"စစ်တိုက်နိုင်သော အရည်အချင်းရှိ လူ"။ သူတို့အချင်းချင်း တိုက်ကြမည်မဟုတ်။

Judges 03

ယခု
အဓိကပုံပြင်၏ မှတ်ချက်ကို အမှတ်အသား လုပ်ရန် ဤနေရာ၌ အသုံးပြုခြင်းဖြစ်သည်။

မိဇပါမြို့သို့ တက်သွားကြ၏
မိဇပါမြို့သည် တောင်ပေါ်၌ တည်သောမြို့ဖြစ်သည်။

ညအိပ်လေ၏
"ညအိပ်သည်" သို့မဟုတ် "တစ်ညတည်းခိုရန်"

Judges 05

ဆိုးညစ် သောအမှု၊ အဓမ္မအမှု
အဓမ္မအမှု၊ ဟူသောစကားလုံးသည် ဆိုးညစ်သောအမှုကို ဖော်ပြခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဆိုးညစ်သော အဓမ္မအမှု"။

ယခု
လေဝိ၏ စကားပြောကို အဆုံးသတ်ရန် အသုံးအနှုန်းဖြစ်သည်။

သင်တို့၏ အကြံညဏ်နှင့် အားပေးမှု
ဤနေရာ၌ အကြံညဏ်နှင့် အားပေးမှုသည် တူညီသောအဓိပ္ပါယ်ရှိသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါတို့ဘာလုပ်ရမည်ကို ဆုံးဖြတ်ရန်"။


generated on Tue Jul 2 12:50:28 2024

Judges 08

တယောက်သောသူကဲ့သို့
တစုံတဦး စကားပြောသကဲ့သို့ ဖော်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူတဦးတည်း ရှိသကဲ့သို့ "။

ငါတို့သည် တယောက်မျှ မိမိတဲသို့မသွား၊ မိမိ အိမ်သို့မပြန်
အဓိပ္ပါယ်တူညီသောအရာကို နှစ်ခါဖော်ပြခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါတို့ အားလုံး ဤနေရာ၌ နေကြမည်"။

သို့သော ယခု
လူများပြောသော အဓိကသော့ချက်ကို ဤစကားလုံးများက မိတ်ဆက်ပေးသည်။

စာရေးတံချ၍ အတိုက်သွားမည်
ဘုရားသခင်၏ အလိုတော်ကို သိမှတ်နိုင်ရန် ကျောက်ကလေးကို လိမ့်၍ ဖြစ်စေ လှုပ်၍ ဖြစ်စေ လုပ်ခြင်းမျိုးဖြစ်သည်။

Judges 10

လူတရာတွင် တဆယ်၊ တထောင်တွင်တရာ၊ တသောင်းတွင် တထောင်
"လူ ၁၀၀ တွင် ၁၀၊ လူ ၁၀၀၀ တွင် ၁၀၀၊ လူ ၁၀၀၀၀ တွင် ၁၀၀၀"

စားစရိတ်
"အစားအစာ" သို့မဟုတ် "ထောက်ပံ့မှု"

မြို့တဘက်၌ စည်းဝေး၍
"မြို့ကို တိုက်ရန် အတူတကွလာကြ၍"

Judges 12

သတ်သဖြင့်
အီဒီယမ်စကားဖြစ်သည်။ အခြားသောဘာသာပြန်ချက်၊ "သူတို့ကို အသေသတ်သဖြင့်" သို့မဟုတ် "သူတို့ကို အသေစီရင်"။

သူတို၏ ညီအစ်ကိုအသံ
ဤနေရာ၌ "အသံ" ဟူသော သုံးနှုန်းချက်သည် ပြောသောစကားကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့ ညီအစ်ကိုများ ပြောသောစကား"။

Judges 15

နှစ်သောင်းခြောက်ထောင်
ခြောက်ထောင်- "၂၆၀၀၀"

ခုနစ်ရာ
"၇၀၀"

ဘယ်လက်သန်
လက် -ဘယ်ဘက်လက်သန်သော တစုံတဦးသည် တခြားလူများထက် ထက်မြက်တတ်သည်။

ဆံခြည်တပင်ကို လောက်လွှဲနှင့်မှန်အောင် ပစ်နိုင်သော
သူတို့ မှန်းထားသော အရာကို မလွဲအောင် မည်မျှလောက် တော်ကြသည်ကို ဖော်ပြသည်။ အခြားသောဘာသာပြန်ချက်၊ "ဆံပင် တစ်ချောင်းလောက် သေးငယ်သောအရာ၌တောင် ပစ်၍ ထိနိုင်သည်"

Judges 17

မရေမတွက်
"မပါ"

ဘုရားသခင်ထံ အကြံညဏ်တောင်း၏
"ဘာလုပ်ရမည်ကို ဘုရားသခင် မေးသည်" သို့မဟုတ် "ဘယ်လို ဆက်လုပ်ရမည်ကို ဘုရားသခင်အား မေးသည်"

Judges 19

ဂိဗာမြို့ရှေ့မှာ စစ်ခင်းကျင်းလျက် နေကြ၏
ဟေဗြဲ မူရင်း၌ မေးခွန်းရှိ နိုင်သည်။

တသောင်း နှစ်ထောင်
နှစ်ထောင် - "၂၂၀၀၀"

Judges 22

သူတို့ကိုသူတို့ ခွန်အားယူကြလျှက်
ဤနေရာ၌ "ခွန်အား" ဟူသော စကားလုံးသည် ဒေသိယစကားဖြစ်သည်။ တဦးကိုတဦး အားပေးခြင်းမျိုးဖြစ်သည်။

စစ်တိုက်ရန်ပြင်ဆင်ကြသည်
ဣသရေလအမျိုးတို့သည် နောက်တနေ့အတွက် စစ်တိုက်ရန် ပြင်ဆင်နေကြခြင်း မျိုးဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "နောက်တနေ့၌ စစ်တိုက်ရန် အဆင်သင့်ဖြစ်ကြသည်"။ (UDB)

ထာဝရဘုရားအား မေးလျှောက်ကြသည်
ဘုရားသခင်၏ အလိုတော်ကို သိရန် သူတို့၏ ပုရောဟတ်က စာရေးတံချခြင်းမျိုး ဖြစ်နိုင်သည်။

Judges 24

တသောင်းရှစ်ထောင်
"၁၈၀၀၀"

Judges 26

ထာဝရဘုရားရှေ့၌
"ထာဝရဘုရား၏ မျက်မှောက်တော်၌" သို့မဟုတ် "ထာဝရဘုရား အထံတော်သို့"

Judges 27

ဘုရားသခင်၏ ပဋိညာဉ် သေတ္တာတော်အတွက် ထိုနေ့ရက်၌ ဘုရားသခင်၏ ပဋိညာဉ်တော်ရှေ့၌ လုပ်လေ၏
လူတို့က ဘုရားသခင်၏ အဖြေရရန် မည်ကဲ့သို တောင်းကြသည်ကို စာဖတ်သူကို နားလည်စေလို၍ စာရေးသူက ထည့်ထားခြင်းဖြစ်သည်။

ထိုကာလ၌ ရှိလေ၏
"ထိုအချိန်ကာလ၌ ဗက်လင်မြို့၌ ရှိ၏"

ပဋိညာဉ်သေတ္တာရှေ့၌ လုပ်လေ၏
ပို၍ရှင်းလင်းစွာ ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ပဋိညာဉ်သေတ္တာရှေ့၌ ယဇ်ပုရောဟိတ်အရာ လုပ်လေ၏"။

တိုက်၏
အခြားသောဘာသာပြန်ဆိုချက်၊ "ဗယ်္ာမိန်၏ စစ်သည်တော်များကို တိုက်လေ၏"။

Judges 29

ဣသရေလအမျိုးသားတို့သည် ကင်းစောင့်လူတို့ကို ထားပြီးမှ
ဤနေရာ၌ "ဣသရေလ" ဟူသော စကားလုံးသည် ဣသရေလအမျိုးသားတို့ကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ချက်၊ "ဣသရေလအမျိုးသားတို့"။

သန့်ရှင်းသောနေရာများ
"ချောင်းမြောင်း တိုက်ခိုက်ခြင်း"

Judges 31

လူတို့ကို တိုက်ခိုက်၍
အခြားသောဘာသာပြန်ဆိုချက်၊ "ဣသရေလအမျိုးသားတို့ကို တိုက်ခိုက်၍"။

မြို့နှင့်ကွာသွားကြ၏
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဣသရေလအမျိုးသားတို့က သူတို့ကို မြို့နှင့် ကွာသွားစေကြ၏"။

လူတချို့တို့ကို လုပ်ကြံစပြုကြ၏
အခြားသောဘာသာပြန်ဆိုချက်၊ "ဗယ်္ာမိန် အမျိုးသားတို့က ဣသရေလအမျိုး တချို့တို့ကို လုပ်ကြံ စပြုကြ၏"။

Judges 32

အရင်ဦးစွာ
"မတိုင်ခင်လေးမှာ" သို့မဟုတ် "အရင်က နှစ်ခါကဲ့သို့"

ဗာလတာမာ
မြို့နာမည်ဖြစ်သည်။

ဂိဗာလွင်ပြင်
နေရာဒေသ၏ အမည်ဖြစ်သည်။ အခြားသောဘာသာပြန်များတွင် "ဂိဗာလွင်ပြင်" သို့မဟုတ် "အနောက်ပိုင်း ဂိဗာ" ဟု သိရသည်"။

Judges 34

တသောင်း
"၁၀၀၀၀"

အရွေးခံလူများ
အီဒီယမ်စာလုံးဖြစ်၍ ကောင်းသောစစ်သည်တော်များဟု အဓိပ္ပါယ်ရသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကောင်းစွာသင်ပေးသော စစ်သည်တော်များ"။

ဘေးအန္တရယ်ကသူတို့ကို နီးလေ၏
အခြားသောဘာသာပြန်ဆိုချက်၊ "မကြာခင် သူတို့က အနိုင်ရလိမ့်မည်"။

Judges 36

ဣသရေလူတို့သည်၊ ဂိဗာမြို့အနား၌ ထားသော ကင်းတပ်ကို ကိုးစားသောကြောင့်
ဤစာကြောင်းမှစ၍ အခန်းငယ် ၄၁ အထိ ချုံခိုစစ်သည်များက ဗယ်္ာမိန်အမျိုးသားတို့ကို မည်ကဲ့သို့ နိုင်သည်ကို ဖော်ပြချင်၍ နောက်ကြောင်းသမိုင်းကို စာရေးသူက ထည့်ထားခြင်း ဖြစ်သည်။

ဗယ်္ာမိန်လူတို့ရှေ့မှာ ဆုတ်ကြ၏
ဒေသိယစကားဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဗယ်္ာမိန် လူတို့ရှေ့မှာ ဆုတ်ကြသွားကြရန် ခွင့်ပေးတော်မူ၏"။

လူတို့ကို ကိုးစားကြ၏
အီဒီယမ်စကားဖြစ်၍၊ လူတို့ကို အားကိုးခြင်းဟု အဓိပ္ပါယ်ရသည်။

Judges 39

ယေဘုယျအချက်အလက်
စာရေးသူက စာဖတ်သူများ နားလည်လွယ်ရန် ချုံခို တိုက်ခိုက်သူများက မည်ကဲ့သို့ ဗယ်္ာမိန်လူတို့ကို အနိုင်ရသည့်အကြောင်းကို ဤအခန်းငယ်ကဆက်၍ ဖော်ပြပေးသည်။

စစ်မြေပြင်မှပြန်လှူလာမည်
"စစ်တိုက်ရာမှ ဆုတ်ခွာလိမ့်မည်"

ငါတို့ရှေ့မှာ ရှုံးကြပြီ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့ကို ငါတို့က နိုင်ပြီ"။



generated on Tue Jul 2 12:50:28 2024

Judges 40

ယေဘုယျအချက်အလက်

စာရေးသူက စာဖတ်သူများ နားလည်လွယ်ရန် ချုံခို တိုက်ခိုက်သူများက မည်ကဲ့သို့ ဗယ်္ာမိန်လူတို့ကို အနိုင်ရသည့်အကြောင်းကို ဤအခန်းငယ်ကဆက်၍ ဖော်ပြပေးသည်။

ဘေအန္တရယ်

"ကြီးမားသော ပျက်စီးခြင်း" သို့မဟုတ် "ခက်ခဲခြင်း" သို့မဟုတ် "စိတ်ဆင်းရဲခြင်း"

သူတို့ပေါ်ရောက်သည်

အီဒီယမ်စကားဖြစ်၍ သူတို့၌ ဖြစ်ပျက်သည်ဟု အဓိပ္ပါယ်ရသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့အပေါ်ဖြစ်ပျက်သည်"။

Judges 42

စစ်တိုက်လိုက်လာသော သူတို့သည် မှီသဖြင့် ပြေးသော သူတို့ကိုငင်း တပြိုင်နက်ဖျက်ဆီးကြ၏

အခြားသောဘာသာပြန်ဆိုချက်၊ "သို့သော်ဣသရေလစစ်သည်တော်များသည် သူတို့ကိုဖျက်ဆီးကြ၏" သို့မဟုတ် "သူတို့သည် ထွက်ပြေးရန် မတတ်နိုင်ကြ"။

Judges 43

နုခါ

နေရာဒေသ၏ အမည်ဖြစ်သည်။

နှိပ်နင်းကြ၏

ဗယ်္ာမိန်လူတို့ကို အပြီးအပိုင် ဖျက်ဆီးခြင်းကို ဖော်ပြထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့ကို အပြီးအပိုင် ဖျက်ဆီးကြ၏"။

တသောင်းရှစ်ထောင်

"၁၈၀၀၀"

စစ်ပွဲ၌ ခွဲခြားသိမြင်ကြ၏

"စစ်ပွဲ၌ သတ္တိရှိစွာ တိုက်ခိုက်ကြ၏"

Judges 45

တောအရပ် ရိမ္မုန်ကျောက်သို့ ပြေးကြစဉ်

"ကျန်သေးသော ဗယ်္ာမိန်လူတို့သည် လှည့်၍ ထွက်ပြေးကြ၏"

လူငါးထောင်၊ လူနှစ်ထောင်

"လူ ၅၀၀၀၊ လူ ၂၀၀၀"

ဂိဒုံ

နေရာဒေသ၏ အမည်ဖြစ်သည်။

နှစ်သောင်းငါးထောင်

ငါးထောင်- "၂၅၀၀၀"

Judges 47

ခြောက်ရာ

"၆၀၀"

တဖန် လှည့်၍၊ ဗယ်္ာမိန်အမျိုးသားတို့ကို တိုက်လျက်

ဤ ဗယ်္ာမိန်အမျိုးသားတို့သည် ကျောက်ရှိရာသို့ ထွက်ပြေးကြသော စစ်သည်တော်များမဟုတ်၊ မြို့၌ ကျန်ခဲ့သော သူများ ဖြစ်ကြသည်။

တမြို့လုံး

ဤနေရာ၌ "မြို့" ဟူသော စကားလုံးသည် ထိုမြို့၌ နေသော လူတို့ကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မြို့၌ နေသော လူအပေါင်းတို့"။

သူတို့လမ်း၌

အီဒီယမ်စကားဖြစ်၍ မြို့သို့သွားရာလမ်း၌ တွေ့သမျှကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သို့ လာကြသည်"။

---

## Translation Questions

Judges 20:1

ထာဝရဘုရားထံ ဘယ်သူသည် မိဇပါမြို့၌ ခိုလှုံကြသနည်း။

ထာဝရဘုရားထံ ဂိလဒ်ပြည်သားတို့နှင့်ဒန်မြို့မှစ၍ ဗေရရှေဘမြို့တိုင်အောင် ပရိသတ်အပေါင်းတို့သည် မိဇပါမြို့၌ ခိုလှုံကြသည်။

Judges 20:5

လေဝိသည် ဂိဗာမြို့သားတို့က သူ့ကို ဘာလုပ်ကြသည်ဟုပြောသနည်း။

ဂိဗာမြို့သားတို့သည် သူ့၏ အိမ်ကို ဝိုင်း၍ တိုက် သတ်မည်ဟု အားထုတ်ကြသောကြောင်းပြောသည်။

Judges 20:8

ဂိဗာမြို့ကို လူတို့သည် ဘယ်လိုတိုက်ခဲ့သနည်း။

ဂိဗာမြို့ကို လူတို့သည် စာရေးတံချ၍ တိုက်ရိုက်သွားတိုက်ခဲ့သည်။

Judges 20:12

ဣသရေအမျိုးသားများသည် ဗယ်္ာမိန် အမျိုးအားဂိဗာမြို့၌ရှိသောအဓမ္မလူများကို သူတို့အားပေးရန် ဘာကြောင့်ပြောသနည်း။

ဣသရေအမျိုးသားများသည် ဗယ်္ာမိန် အမျိုးအားဂိဗာမြို့၌ရှိသောအဓမ္မလူများကို သူတို့အားပေးရန် ပြောခြင်းမှာ အဓမ္မလူတို့ ကို ယူ၍ သတ်ပြီး ဣသရေလအမျိုးထဲက ဒုစရိုက် အပြစ်ကို ပယ်ရှားရန် ဖြစ်သည်။

ဗယ်္ာမိန်အမျိုးတို့သည် အမြို့မြို့အရွာရွာက ထွက်၍ ဂိဗာမြို့သို့ ဘာကြောင့်ထွက်လာသနည်း။

ဗယ်္ာမိန်အမျိုးတို့သည်အမြို့မြို့အရွာရွာမှ ဂိဗာမြို့သို့ ထွက်လာခြင်းသည် ဣသရေလလူများကို ဆန့်ကျင်တိုက်ခိုက်ရန်အဆင်သင့်ဖြစ်သည်။

Judges 20:15

ရွေးချယ်ထားသောယောက်ျားကောင်း ခုနစ်ရာသည် ဘယ်အရာတွင် အထူးဖြစ်သနည်း။

ယောက်ျားကောင်း ခုနစ်ရာသည် လက်ဝဲလက်ကို သုံးတတ်ပြီး ဆံခြည်တပင်ကို လောက်လွှဲနှင့်မှန်အောင်ပစ်နိုင်ကြသူများဖြစ်ကြသည်။

Judges 20:17

ယုဒသည် ဘာကြောင့် ဗယ်္ာမိန်အမျိုးကို ပထမဆုံးအချီတိုက်ခိုက်သနည်း။

လူများသည် ထာဝရဘုရားထံမေးလျှောက်၍ ထာဝရဘုရားက ယုဒသည်
ပထမဆုံးချီတက်သွားရမည်ဟုပြောသောကြောင့်ဖြစ်သည်။

Judges 20:26

ဗယ်္ာမိန်အမျိုးသားများသည် ဣသရေလစစ်သားများကို သတ်ပြီးနောက် ဣသရေလအမျိုးများသည် ဘာလုပ်သနည်း။

ဣသရေလစစ်သား အပေါင်းတို့သည် ဘုရားသခင်အိမ်တော်သို့သွား၍ ငိုကြွေးပြီး ထာဝရဘုရားထံတော်၌ ဝပ်လျက်၊ တနေ့လုံး ညဦးယံတိုင်အောင် အစာကိုရှောင်၍ ထာဝရဘုရားအား မီးရှို့ရာယဇ်၊ မိဿဟာယယဇ်တို့ကို ပူဇော် လေသည်။

Judges 20:27

ဣသရေလလူများသည် ထာဝရဘုရားကို ဘယ်လိုမေးကြသနည်း။

ဣသရေလလူများသည်ထာဝရဘုရားကို ထိုကာလတွင် ဘုရားသခင်၏ ပဋိညာဉ် သေတ္တာတော်ကိုအသုံးပြု၍ မေးခဲ့သည်။

Judges 20:32

ဣသရေလ အမျိုးသားတို့သည် မြို့ နှင့်ဝေးသော လမ်းသို့သွေးဆောင်သောအခါ ဗယ်္ာမိန်အမျိုးတို့သည် ဘယ်လိုထင်ခဲ့သနည်း။

ဣသရေလ အမျိုးသားတို့သည် မြို့ နှင့်ဝေးသော လမ်းသို့သွေးဆောင်သောအခါ ဗယ်္ာမိန်အမျိုးတို့သည် သူတို့သည်ပြေးကြသည်ဟုထင်ခဲ့သည်။

Judges 20:42

ဗယ်္ာမိန်အမျိုးတို့သည်ဘာကြောင့် မလွတ်မြောက်သနည်း။

ဗယ်္ာမိန်အမျိုးတို့သည် ဣသရေလလူတို့ရှေ့မှာ တောလမ်းသို့ ပြေးသော်လည်း၊ စစ်တိုက်လိုက်လာ သော သူတို့သည် မှီသဖြင့် မလွတ်မြောက်နိုင်ပေ။

Judges 20:47

ဗယ်္ာမိန်လူဘယ်နယောက်သည်လှည့်၍ တောအရပ်သို့ ပြေးခဲ့သနည်း။

ဗယ်္ာမိန်လူခြောက်ရာသည် လှည့်၍ တောအရပ်သို့ ပြေးခဲ့ကြသည်။

## Chapter 21

1 ဣသရေလအမျိုးသားတို့သည် အဘယ်သူမျှ မိမိသမီးကို ဗင်္ယာမိန်အမျိုးသား၌ မပေးစားရမည် အကြောင်း၊ မိဇပါမြို့မှာ
ကျိန်ဆိုခြင်းကို ပြုနှင့်ကြပြီ။ 2 လူများတို့သည် ဘုရားသခင့် အိမ်တော်သို့ လာ၍ ဘုရားသခင့် ရှေ့တော်၌ ညဦးတိုင်အောင် နေလျက်၊
အသံကို လွှင့်၍ ငိုကြွေးလျက်၊- 3 အိုဣသရေလအမျိုး၏ ဘုရားသခင် ထာဝရဘုရား၊ ဣသရေလအမျိုးအနွယ်တို့တွင် ယနေ့တမျိုး
ချို့တဲ့ရသော အမှုသည် အဘယ်ကြောင့် ဖြစ်ရပါသနည်းဟု လျှောက်ဆိုကြ၏။ 4 နက်ဖြန်နံနက်စောစော လူများတို့သည် ထပြီးလျှင်၊
ယဇ်ပလ္လင်ကိုတည်၍ မီးရှို့ရာယဇ်၊ မိဿဟာယ ယဇ်တို့ကို ပူဇော်ကြ၏။ 5 ဣသရေလအမျိုးသားတို့ကလည်း၊
ဣသရေလအမျိုးအနွယ်အပေါင်းတို့တွင် အဘယ်သူသည် ပရိ သတ်အပေါင်းနှင့်အတူ ထာဝရဘုရားထံတော်သို့
မလာဘဲနေသနည်းဟု မေးကြ၏။ အကြောင်း မူကား၊ မိဇပါမြို့ထာဝရဘုရားထံတော်သို့ မလာဘဲ နေသောသူသည် ဧကန်အမှန်
အသေသတ်ခြင်းကို ခံစေဟု ကြီးစွာသော ကျိန်ဆိုခြင်းကို ပြုနှင့်ကြပြီ။ 6 ဣသရေလအမျိုးသားတို့သည်လည်း၊ ညီဗင်္ယာမိန်အတွက်
နောင်တရလျက်၊ ဣသရေလ အမျိုးအနွယ် တို့တွင် ယနေ့တမျိုးဆုံးပြီ။ 7 ငါတို့သည် ကိုယ်သမီးကို သူတို့အား
မပေးစားရမည်အကြောင်း၊ ထာဝရဘုရားကို တိုင်တည်၍ ကျိန်ဆိုသောကြောင့်၊ ကျန်ကြွင်းသော သူတို့အဘို့ မိန်းမတို့ကို အဘယ်သို့
ရနိုင်သနည်းဟူ၍ရင်း၊ 8 ဣသရေလအမျိုးအနွယ်တို့တွင် အဘယ်သူသည် မိဇပါမြို့ ထာဝရဘုရားထံတော်သို့ မလာဘဲ
နေသနည်းဟူ၍ရင်း မေးမြန်းလျှင်၊ ဂိလဒ်ပြည်ယာ ဗက်မြို့သားတယောက်မျှ စုဝေးရာ တပ်သို့ မရောက်မလာကြောင်းကို သိကြ၏။ 9
လူများတို့ကို ရေတွက်သောအခါ၊ ဂိလဒ်ပြည်ယာဗက်မြို့သားတယောက်မျှမပါ။ 10 ထိုအခါ စုဝေးသော သူတို့သည်
စစ်သူရဲတသောင်းနှစ်ထောင်တို့ကို စေလွှတ်လျက်၊ သင်တို့သည် သွား၍ ဂိလဒ်ပြည် ယာဗက်မြို့သားယောကျာ်း မိန်းမသူငယ်တို့ကို
ထားနှင့်လုပ်ကြံကြလော့။ 11 သို့ဆိုသော်၊ ယောကျာ်းအပေါင်းကိုင်၊ ယောကျာ်းနှင့်ဆက်ဆံသော မိန်းမအပေါင်းကိုင်၊ ရှင်းရှင်း
ပယ်ရှားကြလော့ဟု မှာထားသည်အတိုင်း၊- 12 စစ်သူရဲတို့သည် ဂိလဒ်ပြည် ယာဗက်မြို့သားတို့တွင်၊ ယောကျာ်းနှင့်
မဆက်ဆံသေးသော ကညာ မိန်းမပျိုလေးရာတို့ကို တွေ့၍ ခါနာန်ပြည်၌ တပ်ချရာ၊ ရှိလောမြို့သို့ ဆောင်ခဲ့ကြ၏။ 13 တဖန်စုဝေးသော
သူအပေါင်းတို့သည်၊ ရိမ္မုန်ကျောက်၌နေသော ဗင်္ယာမိန်လူတို့ကို နှုတ်ဆက်၍ အသင့်အတင့်ခေါ်ခြင်းငှါ လူတို့ကို စေလွှတ်ကြ၏။ 14
ထိုအခါ ဗင်္ယာမိန်လူတို့သည် လာပြန်၍၊ ဣသရေလလူတို့သည် အရှင်ချန်ထားသော ဂိလဒ်ပြည် ယာဗက်မြို့သူ မိန်းမတို့နှင့်
ပေးစားကြ၏။ သို့သော်လည်း မိန်းမတို့သည် မလောက်မကြေ။ 15 ထိုသို့ ထာဝရဘုရားသည် ဣသရေလအမျိုးအနွယ်တို့တွင်
ပြိုပျက်ရာကို ပြုတော်မူသောကြောင့်၊ ဣသရေလလူတို့သည် ဗင်္ယာမိန်အတွက် နောင်တရကြ၏။ 16 စုဝေးရာ ပရိသတ်
အသက်ကြီးသူတို့ကလည်း၊ ဗင်္ယာမိန် အမျိုးထဲက မိန်းမတို့ကို ပယ်ရှင်း သောကြောင့်၊ ကျန်ကြွင်းသော သူတို့အဘို့ မိန်းမတို့ကို
အဘယ်သို့ ရနိုင်သနည်းဟူ၍ရင်း၊- 17 ဣသရေလအမျိုးတို့တွင် တမျိုးကို မပျောက်စေခြင်းငှါ သေဘေးမှ လွတ်သော ဗင်္ယာမိန်လူတို့
အမွေ ခံစရာမြေရှိရမည်။ 18 သို့သော်လည်း အကြင်သူသည် ဗင်္ယာမိန်လူ၌ သမီးကို ပေးစား၏။ ထိုသူသည် ကျိန်အပ်သောသူ
ဖြစ်စေဟု ဣသရေလလူတို့သည် ကျိန်ဆိုခြင်းကို ပြုသောကြောင့် ငါတို့သည် ကိုယ်သမီးတို့ကို မပေး စားရဟူ၍ရင်း၊ 19 ဗေသလမြို့
မြောက်ဘက်၊ ဗေသလမြို့မှ ရှေခင်မြို့သို့သွားသောလမ်း အရှေ့ဘက်၊ လေဗောနမြို့တောင် ဘက်၊ ရှိလောမြို့နယ်တွင်
ထာဝရဘုရားအဘို့ နှစ်စဉ် ပွဲခံတတ်သည်ဟူ၍ရင်း၊ တိုင်ပင်ကြသည်နှင့် အညီ၊- 20 ဗင်္ယာမိန်လူတို့ကို ခေါ်၍ သင်တို့သည်
သွားကြလော့။ စပျစ်ဥယျာဉ်တို့၌ ချောင်းမြောင်းလျက်နေ ကြလော့။ ရှိလောမြို့သမီးတို့သည် ပွဲခံအံ့သောငှါ
ကလျက်လာကြသောအခါ၊- 21 စပျစ်ဥယျာဉ်ထဲက ထွက်ပြီးလျှင်၊ ထိုမြို့သမီးတို့ကို အသီးအသီး ကိုယ်မယားဖြစ်စေဘို့ ဘမ်းဆီး၍
ဗင်္ယာမိန်ပြည်သို့ ဆောင်သွားကြလော့။ 22 သူတို့အဘနှင့်မောင်တို့သည် ငါတို့ထံသို့လာ၍ အမှုလုပ်သောအခါ၊ ငါတို့က ငါတို့မျက်နှာကို
ထောက်၍ သူတို့ကို သနားကြပါ။ စစ်တိုက်ရာတွင် သူတို့ အသီးအသီးဆိုင်သော မယားတို့ကို သူတို့ အဘို့ ငါတို့သည် မချန်မထားမိပါ။
သင်တို့၌ အပြစ်ရောက်စေခြင်းငှါ ယခုပေးစားကြသည် မဟုတ်ဟု သူတို့အား ပြန်ပြောမည်ဟု မှာထားကြသည်အတိုင်း၊- 23
ဗင်္ယာမိန်လူတို့သည်ပြု၍ ပွဲခံလျက်ကသော မိန်းမတို့ကို ကိုယ်အရေအတွက်အတိုင်း မယားဖြစ်ဘို့ ရာ ဘမ်းဆီး၍ ယူသွားကြ၏။
ကိုယ်အမွေခံရာမြေသို့ ပြန်ရောက်ပြီးလျှင်၊ မြို့တို့ကို အသစ်ပြင်ဆင်၍ နေကြ၏။ 24 ထိုအခါ ဣသရေလလူအပေါင်းတို့သည်လည်း
ကိုယ်အမျိုး၊ ကိုယ်အဆွေနေရာ ကိုယ်အမွေခံရာမြေ သို့ ပြန်သွားကြ၏။ 25 ထိုကာလ၌ ဣသရေလရှင်ဘုရင်မရှိ၊ လူတိုင်း
မိမိစိတ်အလိုရှိသည်အတိုင်း ပြုသတည်း။



generated on Tue Jul 2 12:50:28 2024

# Ruth

## Chapter 1

[1] တရားသူကြီးအုပ်စိုးသောကာလ၊ တရံရောအခါဣသရေလပြည်၌ အစာအာဟာရခေါင်းပါး၍ယုဒပြည် ဗက်လင် မြို့သား
တယောက်သည်၊ မယားနှင့်သားနှစ်ယောက်ပါလျက် မောဘပြည်၌ တည်းခိုခြင်းငှါ သွား၏။ [2] ထိုသူ၏အမည်ကား ဧလိမလက်။
မယားအမည်ကား နောမိ။ သားနှစ်ယောက်အမည်ကား မဟာလုန်နှင့် ခိလျုန်တည်း။ သူတို့သည်ယုဒပြည်၊ ဗက်လင်မြို့၊
ဧဖရတ်အရပ်သားဖြစ်လျက်၊ မောဘပြည်သို့သွား ၍နေကြ၏။ [3]
နောမိ၏ခင်ပွန်းဧလိမလက်သည်သေ၍မယားနှင့်သားနှစ်ယောက်တို့သည် ကျန်ရစ်ကြ၏။ [4]
သားတို့သည်မောဘပြည်သူဩရပနှင့်ရုသအမည်ရှိသော မိန်းမ နှစ်ယောက် တို့နှင့် စုံဘက်ခြင်းကိုပြု၍၊ ထိုပြည်မှာ ဆယ်နှစ်ခန့်မျှ
နေပြီးမှ၊ [5] ထိုသားနှစ်ယောက် မဟာလုန်နှင့်ခိလျုန်တို့သည် သေ၍ နောမိသည်သားမရှိ၊ ခင်ပွန်းလည်းမရှိ ကျန်ရစ်လေ၏။ [6]
တဖန်ထာဝရဘုရားသည်မိမိလူတို့ကိုအကြည့်အရှုကြွ၍ မုန့်ကိုပေးသနားတော်မူကြောင်းကို ထိုမိန်းမသည်
မောဘပြည်၌ကြားသောအခါ၊ မောဘပြည်မှပြန်သွားမည်ဟု ချွေးမနှစ်ယောက်နှင့်အတူထ၍၊ [7] တည်းခိုရာအရပ်က ထွက်ပြီးလျှင်
ယုဒပြည်သို့ရောက်လိုသောငှါသွားကြ၏။ [8] သို့ရာတွင် ချွေးမနှစ်ယောက်တို့အား၊ သင်တို့သည် ကိုယ်အမိအိမ်သို့ပြန်ကြလော့။
သေလွန်သောသူ၌ ၎င်း၊ ငါ၌၎င်း၊ ကျေးဇူးပြုသည်နှင့်အညီ၊ ထာဝရဘုရားသည် သင်တို့၌ ကျေးဇူးပြုတော်မူပါစေသော။ [9]
သင်တို့နှစ်ယောက်သည် နောက်ရသောလင်အိမ်၌ချမ်းသာစွာနေရမည်အကြောင်း ထာဝရဘုရား
ကယ်မသနားတော်မူပါစေသောဟုဆိုလျက်သူတို့ကို နမ်းလေ၏။ သူတို့သည်လည်း၊ အသံကိုလွှင့်၍ငိုကြွေး လျက်၊ [10]
အကယ်စင်စစ်အကျွန်ုပ်တို့သည် ကိုယ်တော်နှင့်အတူ၊ ကိုယ်တော်၏ အမျိုးထံသို့ လိုက်သွားပါမည်ဟု ဆိုကြ၏။ [11] နောမိကလည်း၊
ငါ့သမီးတို့ပြန်သွားကြလော့။ ငါနှင့်အတူအဘယ်ကြောင့် လိုက်ရမည်နည်း။ သင်တို့လင် လျှာဘို့ငါ၏ဝမ်း၌ သားရှိသေး သလော။ [12]
ငါ့သမီးတို့ပြန်သွားကြလော့။ ငါသည်အသက်အရွယ်လွန်၍လင်နှင့်မနေသင့်။ သို့မဟုတ်မျှော်လင့်စရာရှိ သေးသည်ဟုငါဆိုလျှင်၎င်း၊
ယနေ့ညမှာလင်နေလျှင်၎င်း၊ သားတို့ကိုလည်းဘွားမြင်လျှင်၎င်း၊ [13] ထိုသားတို့သည်ကြီးပွားသည်တိုင်အောင်ငံ့နေလိမ့်မည်လော။
လင်မနေဘဲသူတို့ကို မျှော်လင့်လိမ့်မည် လော။ ငါ့သမီးတို့ထိုသို့မဖြစ်ရ။ ထာဝရဘုရား လက်တော်သည် ငါ၌ ကန့်လန့်ရှိသည်ကို
သင်တို့အတွက် ငါအလွန်ကြင်နာသော စိတ်ရှိသည်ဟုဆိုလေသော်၊ [14] သူတို့သည်တဖန်အသံကိုလွှင့်၍ငိုကြွေးကြ၏။
ထိုအခါဩရပသည်ယောက္ခမကိုနမ်း၍မိမိအမျိုးသား တို့ထံသွားသို့ပြန်သွား၏။ ရုသမူကား၊
ယောက္ခမ၌မှီဝဲဆည်းကပ်လျက်နေသေး၏။ [15] နောမိကလည်း၊ သင့်အစ်မသည်အမျိုးသားရင်းဘုရားရင်းတို့ထံသို့ပြန်သွားပြီ။
အစ်မနောက်သို့ လိုက်သွားပါဟုဆိုသော်၊ [16] ရုသက၊ ကျွန်မသည် ကိုယ်တော်ကိုမစွန့်ပါရစေနှင့်။ နောက်တော်သို့မလိုက်ဘဲ
ပြန်သွားစေခြင်းငှါ မပြုပါနှင့်။ ကိုယ်တော်သွားလေရာရာသို့ကျွန်မလိုက်ပါမည်။ ကိုယ်တော်အိပ်လေရာရာ၌ကျွန်မအိပ်ပါမည်။
ကိုယ်တော်အမျိုးသည် ကျွန်မအမျိုး၊ ကိုယ်တော်ဘုရားသည်ကျွန်မဘုရားဖြစ်ပါစေ။ [17] ကိုယ်တော်သေရာအရပ်၌ ကျွန်မသေ၍
သင်္ဂြိုဟ်ခံပါမည်။ သေခြင်းမှတပါး၊ အခြားသောအမှုကြောင့် ကိုယ်တော်နှင့်ကျွန်မကွာလျှင်၊ ထာဝရဘုရားသည်
ကျွန်မ၌ထိုမျှမကပြုတော် မူပါစေသောဟုပြန်ဆို၏။ [18]
ရုသသည်လိုက်ခြင်းငှါခိုင်ခံ့သောစိတ်ရှိသည်ကိုနောမိသည်သိမြင်သော်တိတ်ဆိတ်စွာနေလေ၏။ [19]
ထိုသူနှစ်ယောက်တို့သည်ခရီးသွား၍ဗက်လင်မြို့သို့ရောက်သောအခါ၊ တမြို့လုံးအုတ်အုတ်ကျက်ကျက် ဖြစ်၍၊ ဤသူကားနောမိ
ဟုတ်သလောဟုမေးကြ၏။ [20] သူကလည်းနောမိဟူ၍ မခေါ်ပါနှင့်။ မာရဟူ၍ခေါ်ပါ။ အနန္တတန်ခိုးရှင်သည် ငါ့အားအလွန်
ခါးသောအရာကိုပေးတော်မူပြီ။ [21] ငါသည်ကြွယ်ဝပြည့်စုံလျက်ထွက်သွား၏။ ယခုမူကားဆင်းရဲလျက် တကိုယ်တည်းရှိမှ၊
ထာဝရဘုရား သည် ငါ့ကိုပို့ပြန်တော်မူပြီ။ ထာဝရဘုရားသည်ငါ့ကိုနှိမ့်ချ၍အနန္တတန်ခိုးရှင်သည် ငါ့ကိုဆင်းရဲစေတော်မူသည် ဖြစ်၍၊
နောမိအမည်ဖြင့်အဘယ်ကြောင့် ငါ့ကိုခေါ်ကြသနည်းဟု ပြန်ပြော၏။ [22] ထိုသို့မောဘပြည်မှ လိုက်လာသော
မောဘပြည်သူချွေးမရုသနှင့်အတူနောမိသည်ပြန်လာ၍၊ မုယော စပါးကိုရိတ်စကာလ၌ဗက်လင်မြို့သို့ရောက်ကြ၏။

---

Ruth 01

တရံရောအခါဣသရေလပြည်၌ အစာအာဟာရခေါင်းပါးချိန်
ဝတ္ထုသမိုင်း၏ အစပိုင်း အဖြစ်အပျက်ကို ဖေါ်ပြခြင်းဖြစ်သည်။

တရားသူကြီးအုပ်စိုးသောကာလ
ဣသရေလပြည်၌
တရားသူကြီးအုပ်စိုးသောအချိန်တွင်ဖြစ်သည်။

ဣသရေလပြည်
အစာဟာရခေါင်းပါးသော ဣသရေလဒေသ



generated on Tue Jul 2 12:50:28 2024

ယုဒပြည် ဗက်လင် မြို့သား တစ်ယောက်
ဝတ္ထု၏ ဇာတ်ကောင်ထဲမှ
အမျိုးသားတစ်ယောက်ကိုဆိုလိုခြင်းဖြစ်သည်။

သူတို့သည် ယုဒပြည်၊ ဗက်လင်မြို့ ဧဖရတ်အရပ်သားဖြစ်သည်။
ဧဖရတ်အမျိုးသားတို့သည် ယုဒပြည်၊ ဗက်လင်မြို့တွင် အခြေချ
နေထိုင်ကြသူများဖြစ်ကြောင်း ဆိုလိုသည်။

Ruth 03

နောမိ၏ ခင်ပွန်းဧလိမလက်သည် သေ၍မယားနှင့်သားနှစ်ယောက်တို့သည် ကျန်ရစ်ကြ၏။
နောမိတွင် သူမနှင့်အတူ သားနှစ်ယောက်ကျန်ခဲ့သည်။

မိန်းမ နှစ်ယောက်တို့နှင့် စုံဘက်ခြင်းကိုပြု၍
အိမ်ထောင်ပြုပြီးသော အမျိုးသမီးများ

သားတို့သည် မောဘပြည်သူ ဩရပနှင့် ရုသအမည်ရှိသော မိန်းမ နှစ်ယောက်တို့နှင့် စုံဘက်ခြင်းကိုပြု၍၊ ထိုပြည်မှာ ဆယ်နှစ်ခန့်မျှ နေပြီးမှ၊
နောမိ၏သားများသည် မောဘအမျိုးသမီးနှင့်စုံဘက်ပြီး
မောဘပြည်၌နေကြသည်။ မောဘသားတို့သည် အခြားသော
ဘုရားများကို ကိုးကွယ်ကြသည်။

တိုက်ရိုက်ဘာသာပြန်ဆိုထားခြင်းမရှိပါ။ N/ A
အမျိုးသမီးများထဲမှ တစ်ဦး၏ အမည်မှာ

တိုက်ရိုက်ဘာသာပြန်ဆိုခြင်းမရှိပါ
အခြားသော အမျိုးတစ်ဦး၏ အမည်မှာ

ထိုပြည်မှာ ဆယ်နှစ်ခန့်မျှ နေပြီးမှ
မောဘပြည်တွင် နောမိနှင့် ဧလိမလက် တို့သည်
ဆယ်နှစ်နေပြီးနောက် သူမ၏ ခင်ပွန်းနှင့်သားများ
သေဆုံးခဲ့သည်။

နောမိသည် သားမရှိ၊ ခင်ပွန်းလည်းမရှိ ကျန်ရစ်လေ၏။
နောမိသည် မုဆိုးမ ဖြစ်သွားခဲ့သည်။

Ruth 06

ထိုမိန်းမသည် မောဘပြည်၌ ကြားသောအခါ
နောမိသည် မောဘပြည်၌နေစဉ် ထာဝရဘုရားသည်
မိမိလူတို့အား အစားအစာများကို ပေးတော်မူကြောင်း
ဣသရေလပြည်မှ သတင်းကို ကြားခဲ့ရကြောင်း
ရည်ညွှန်းပါသည်။

ထာဝရဘုရား
ဓမ္မဟောင်းခေတ်တွင် ဣသရေလလူမျိုးများ ထာဝရဘုရားကို
ခေါ်သောနာမည် (ယာဝေ)

မိမိလူတို့ကို အကြည့်အရှုကြ၍
ထာဝရဘုရားသည် မိမိလူတို့၏
လိုအပ်ချက်နှင့်ကောင်းသောအစားအစာများကို သူတို့အတွက်
ပေးရန်ကြွလာကြောင်း ရည်ညွှန်းပါသည်။

ချွေးမများ
နောမိ၏ သားများနှင့် လက်ထပ်ထားသော မိန်းမများ

တည်းခိုရာအရပ်က ထွက်ပြီးလျှင် ယုဒပြည်သို့ရောက်လိုသောငှါသွားကြ၏။
သူတို့သည် လမ်းအတိုင်းလျှောက်၍ သွားကြသည်ကို
ဆိုလိုပါသည်။

Ruth 08

ချွေးမနှစ်ယောက်
သားများ၏ ဇနီးများ သို့မဟုတ် မုဆိုးမများ

သင်တို့သည်
နောမိသည် ချွေးမများအား
တပြိုင်နက်ပြောခြင်းကိုရည်ညွှန်းသည်။

ကိုယ်အမိအိမ်
မိမိတို့၏ မိခင်အိမ်ကို ဆိုလိုခြင်းဖြစ်သည်။

ကျေးဇူးပြုသည်နှင့်အညီ
သင်သစ္စာရှိခြင်းကို ဖေါ်ပြသည့်အတိုင်း ထာဝရဘုရား
ကျေးဇူးပြုပါစေ ဟု ဆိုလိုခြင်းဖြစ်သည်။

နမ်းလေ၏
ကြင်နာခြင်း၊ မေတ္တာထားခြင်းကို အနမ်းအားဖြင့်ဖေါ်ပြသည်ကို
ဆိုလိုသည်။

သေလွန်သောသူ၌
နောမိ၏ သေဆုံးသောသားနှစ်ယောက်ကို ရည်ညွှန်းသည်။

ကယ်မသနားပါစေသော်
သင့်ကိုခွင့်ပြုပေးပါသည် ဟု ရည်ညွှန်းပါသည်။

ချမ်းသာခြင်း
အိမ်ထောင်ပြု၍ အေးချမ်းစွာနေခြင်းဆိုလိုခြင်းဖြစ်သည်။

နောက်ရသောလင်အိမ်၌
မိမိတို့နောက်အိမ်ထောင်အသစ်ပြုသောလင်၏အိမ်
ဟုဆိုလိုခြင်းဖြစ်သည်။

အသံကိုလွှင့်၍ ငိုကြွေးလျက်
ချွေးမများ ဝမ်းနည်းပူဆွေးစွာ၊အော်ဟစ်ငိုကြွေးခြင်းကို
ရည်ညွှန်းပါသည်။

အကျွန်ုပ်တို့သည်-----------ကိုယ်တော်၏အမျိုးထံသို့ လိုက်သွားပါမည်။
ဤတွင် "အကျွန်ုပ်တို့" ဟူသောစကားလုံးသည် နောမိမပါဘဲ
ချွေးမနှစ်ဦးက မိမိတို့ ကိုယ်တိုင်ကို ရည်ညွှန်းခြင်းဖြစ်သည်။


generated on Tue Jul 2 12:50:28 2024

ကိုယ်တော်နှင့်အတူ
ဤတွင် နောမိနှင့်အတူ လိုက်ရန် ဆိုလိုခြင်းဖြစ်ပါသည်။

Ruth 11

ငါနှင့်အတူအဘယ်ကြောင့် လိုက်ရမည်နည်း
ဤမေးခွန်းသည် အဖြေမလိုသောမေးခွန်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင် ငါနှင့်အတူမလိုက်သင့်ပါ" ဟုဆိုလိုခြင်းဖြစ်သည်။

သင်တို့လင် ရှာဘို့ ငါ၏ဝမ်း၌ သားရှိသေး သလော။
အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့တွက် လင်ရရန် နောမိက သားများမွေးရန် မဖြစ်နိုင်တော့ကြောင်း သိသာရှင်းလင်းစွာ ပြန်မေးခြင်းကိုရည်ညွှန်းပါသည်"

ငါသည် အသက်အရွယ်လွန်၍ လင်နှင့် မနေသင့်။
အခြားသောဘာသာပြန်ဆိုချက်၊ " နောက်ထပ်လက်ထပ်ရန်အသက်ကြီးပြီဖြစ်သဖြင့် ကလေးများ မမွေးလိုတော့ကြောင်းကို ဆိုလိုပါသည်"

သားတို့ကိုလည်း ဘွားမြင်လျှင်ရင်း
ကလေးများ မွေးဖွားခြင်းကို ဆိုလိုသည်။

ထိုသားတို့သည် ကြီးပွားသည်တိုင်အောင် ငံ့နေလိမ့်မည်လော။ လင်မနေဘဲသူတို့ကို မြော်လင့်လိမ့်မည် လော။
အဖြေမလိုသောမေးခွန်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့ ဤကလေးများကြီးပြင်း၍ လက်ထပ် ရန်အထိ မစောင့်သင့်ပဲ၊ ယခု ယောကျ်ားများနှင့် လက်ထပ်သင့်ကြောင်းကိုဆိုလိုသည်"

ထိုသို့မဖြစ်ရ။
အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့၌ လင်မရှိလျှင် ကျွန်ုပ်ကိုကြီးမားစွာဝမ်းနည်းစေလိမ့်မည်ဟုဆိုလိုပါသည်"

ထာဝရဘုရား လက်တော်သည် ငါ၌ ကန့်လန့်ရှိသည်
ထာဝရဘုရား၏ တန်ခိုးတော်သည် ကျွန်ုပ်အပေါ်၌ ဆိုးရွားသောအရာများဖြစ်ပျက်စေခြင်းကို ရည်ညွှန်းပါသည်။

Ruth 14

အသံကိုလွှင့်၍ငိုကြွေးကြ၏
သူတို့သည်ကျယ်လောင်စွာ အော်ဟစ်ငိုကြွေးကြသည်။

(နားထောင်လော့) N/A
ဤတွင် နောမိကရုသအား ပြန်လိုက်သွားရန် သတိပေးခြင်းကို ရည်ညွှန်းပါသည်။

ရုသမူကား၊ ယောက္ခမ၌ မှီဝဲဆည်းကပ်လျက် နေသေး၏။
အခြားသောဘာသာပြန်ဆိုချက်တွင် ရုသသည်နောမိထံမှထွက်ခွာရန် ငြင်းဆိုခဲ့သည်။

သင့် အစ်မသည်
ဩရပကို ရည်ညွှန်းခြင်းဖြစ်သည်။

သူမ၏ ဘုရားရင်းတို့
သူတို့သည် နောမိသားများနှင့် လက်မထပ်ခင်က မောဘဘုရားများကို ကိုးကွယ်ခဲ့ပြီး၊ လက်ထပ်ပြီးချိန်တွင်သာထာဝရဘုရားကို စတင်ဝတ်ပြုခြင်းကို ဆိုလိုပါသည်။

Ruth 16

ကိုယ်တော်အိပ်လေရာရာ၌
နောမိနေသော နေရာတွင် နေမည်ကို ဆိုလိုပါသည်။

ကိုယ်တော်အမျိုးသည် ကျွန်မအမျိုး၊
နောမိ၏လူများ ဣသရေလများကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ရုသက နောမိ၏ အမျိုးသည်လည်း မိမိ၏ အမျိုးအဖြစ်ခံယူသည်"

ကိုယ်တော်သေရာအရပ်၌ ကျွန်မသေ၍ သင်္ဂြိုဟ်ခံပါမည်။
ရုသ၏ ကျန်ရှိသော အသက်တာကို နောမိနှင့်သာလျှင်အတူနေ၊ အတူသေရန် ဆန္ဒရှိခြင်းကို ရည်ညွှန်းပါသည်။

ထာဝရဘုရားသည် ကျွန်မ၌ ထိုမျှမက ပြုတော်မူပါစေသော
ရုသသည် သူမပြောသကဲ့သို့ မလုပ်ဖြစ်လျှင်ဘုရားသခင်သည် သူမအားအပြစ်ပေးရန် တောင်းဆိုခြင်းကို ရည်ညွှန်းပါသည်။

နောမိသည် သိမြင်သော် တိတ်ဆိတ်စွာနေလေ၏။
နောမိသည် ရုသနှင့် ငြင်းခုံခြင်းကို ရပ်လိုက်သည် ဟုဆိုလိုခြင်းဖြစ်ပါသည်။

Ruth 19

ခရီးသွား၍ ဗက်လင်မြို့သို့ရောက်သောအခါ၊
ဗက်လင်မြို့သို့ ပြန်ရောက်လာခြင်း အဖြစ်အပျက်ကို ဆိုလိုခြင်းဖြစ်သည်။

တစ်မြို့လုံး
မြို့၌ ရှိသော လူအားလုံး

ဤသူကား နောမိ ဟုတ်သလောဟု မေးကြ၏။
နှစ်ပေါင်းများစွာ ကတည်းက ဗက်လင်မြို့တွင် နေခဲ့သောခင်ပွန်းရှိပြီး သားနှစ်ဦး၏ မိခင်နောမိသည် ယခုရောက်လာသော မိန်းမနှင့် အတူတူလား ဆိုသည့်သံသယဝင်ကာ မေးလိုက်ခြင်းဖြစ်ပါသည်။

နောမိဟူ၍ မခေါ်ပါနှင့်။
နောမိ၏ ဝမ်းမြောက်ပျော်ရွှင်ခြင်း ဖြစ်သောကြောင့် ယခုဆင်းရဲလျက် ရှိချိန်တွင် ဤနာမည်ကို မခေါ်ရန် ဆိုလိုခြင်းဖြစ်ပါသည်။


generated on Tue Jul 2 12:50:28 2024

အလွန် ခါးသောအရာ
ဘာသာပြန်ဆိုထားသည့် စကားလုံးမှာ မာရ ဖြစ်ပြီး၊ခါးသောဟု အဓိပ္ပါယ်ရသည်။

ငါသည် ကြွယ်ဝပြည့်စုံလျက် ထွက်သွား၏။ ယခုမူကားဆင်းရဲလျက် တကိုယ်တည်းရှိမှ၊ ထာဝရဘုရားသည် ငါ့ကို ပို့ပြန်တော်မူပြီ။
နောမိသည် ခင်ပွန်း၊ သားများနှင့်အတူ ဗက်လင်မြို့မှထွက်သွားစဉ် ပျော်ရွှင်ပြီး၊ ပြန်လာချိန်တွင် ခင်ပွန်းနှင့်သားများ သေဆုံးသွားပြီဖြစ်သောကြောင့် ခါးသီးသောအရာများနှင့် မပျော်ရွှင်ကြောင်းကို ဆိုလိုခြင်းဖြစ်သည်။

ငါ့ကို နှိမ့်ချ၍
အပြစ်စီရင်ခြင်းကို ဆိုလိုသည်။

ငါ့ကို ဆင်းရဲစေတော်မူသည်။
ကျွန်ုပ်ကို ဘေးဒုက္ခ ရောက်စေသည်ဟု ဆိုလိုခြင်းဖြစ်သည်။

Ruth 22

ထိုသို့..... မောဘပြည်သူချွေးမ ရုသနှင့်အတူ နောမိသည်
ဤသို့ဖြင့် ချွေးမရုသနှင့် နောမိသည်ဟု ဇာတ်လမ်း တစ်ခန်းကို အဆုံးသတ်ခြင်း ဖြစ်သည်။

မုယော စပါးကို ရိတ်စကာလ၌
လယ်သမားများ ကောက်ပဲသီးနှံ ရိတ်သိမ်းစပြုရန်အချိန်ကာလကို ဆိုလိုခြင်းဖြစ်သည်။

---

## Translation Questions

### Ruth 1:1

ယုဒသမိုင်းတွင်ဘယ်ခေတ်ကာလချိန်လောက်မှာ ရုသ ဝတ္ထုဖြစ်ပေါ်လာသနည်း။
တရားသူကြီးအုပ်ချုပ်သောကာလတွင် ရုသ ဝတ္ထုဖြစ်ပေါ်ခဲ့ပါသည်။

ဧလိမက်သည် သူ့ရဲ့မိသားစုနှင့်အတူ ဘာကြောင့်မောဘပြည်ကို ပြောင်းရွှေ့ခဲ့သနည်း။
ဧလိမက်သည် ယုဒပြည်၌ ငတ်မွတ်ခေါင်းပါးမှုကြောင့် မောဘပြည်သို့ ပြောင်းရွှေ့ခဲ့သည်။

### Ruth 1:3

မောဘပြည်၌ နောမိ မိသားစု ဘာဖြစ်ခဲ့သနည်း။
သူမယောကျ်ားနှင့်သား နှစ်ယောက်သေ၍ ချွေးမနှစ်ယောက်ကျန်ရစ်ခဲ့သည်။

### Ruth 1:6

နောမိသည် အဘယ်ကြောင့် ယုဒပြည်ကို ပြန်လာဖို့ဆုံးဖြတ်ခဲ့သနည်း။
ထာဝရဘုရားသခင်သည် ယုဒလူတွေကို အစားအစာပေးသော သတင်းကို သူမ ကြားခဲ့သောကြောင့်ဖြစ်သည်။

### Ruth 1:8

နောမိသည် သူ၏ချွေးမနှစ်ယောက်ကို ဘာလုပ်စေချင်ခဲ့သနည်း။
နောမိသည် သူ၏ ချွေးမတို့ကို သူတို့၏ မိခင်အိမ်ကို ပြန်ပြီး နောက် ယောကျ်ားယူစေချင်ခဲ့သည်။

### Ruth 1:11

သူမ၏ ဒုက္ခပြဿနာသည် ဘယ်သူ့ကြောင့်ဖြစ်သည်ဟု နောမိထင်ခဲ့သနည်း။
သူမ၏ ဒုက္ခပြဿနာသည် ထာဝရဘုရားကြောင့် ဖြစ်သည်ဟု နောမိထင်ခဲ့သည်။

### Ruth 1:16

ရုသသည် နောမိနှင့် အတူနေသောအချိန်တွင် နောမိကို ရုသက ဘာကတိသစ္စာဆိုခဲ့သနည်း။
ရုသသည် ကိုယ်တော်သွားလေရာရာသို့ ကျွန်မလိုက်ပါမည်။ ကိုယ်တော်နေသောအရပ်သို့ ကျွန်မလည်းနေမည်။ ကိုယ်တော်အအမျိုးသည် ကျွန်မအမျိုး၊ ကိုယ်တော်ဘုရားသည် ကျွန်မဘုရားဖြစ်ပါစေ။ ကိုယ်တော်သေရာအရပ်၌ ကျွန်မသေမည်ဟု ကတိသစ္စာဆိုခဲ့သည်။

### Ruth 1:19

နောမိသည် ဘယ်မြို့ကို ပြန်သွားခဲ့သနည်း။
နောမိသည် ဗက်လင်မြို့ကို ပြန်သွားခဲ့သည်။

နောမိခေါ်စေချင်သည့် နာမည်ကဘာလဲ၊ ဘာကြောင့်ထိုနာမည်ကို ခေါ်စေချင်ခဲ့သနည်း။
မာရ (ခါးသီးခြင်း) ဟူ၍ အမည်မှည့်ခေါ်ရန်၊ ထာဝရဘုရားသည် သူမအား ခါးသီးမှုကို ခံစေသည်ဟု သူမယုံကြည်သောကြောင့်ဖြစ်သည်။

### Ruth 1:22

နောမိနှင့် ရုသသည် ဗက်လင်မြို့ကို ပြန်ရောက်ခဲ့သည့် နှစ်သည် မည့်သည့်အချိန်ဖြစ်မည်နည်း။
နောမိနှင့် ရုသသည် မုယောစပါးရိတ်သိမ်းချိန်ကာလ အစပိုင်း အချိန်တွင် ရောက်ရှိခဲ့ကြသည်။

## Chapter 2

[1] နောမိ၏လင်ဧလိမလက်၏ အဆွေအမျိုးတွင်အလွန်ရတတ်သောပေါက်ဘော်တယောက်ရှိ၏။ သူ၏အမည်ကား ဗောဇတည်း။ [2]
မောဘပြည်သူရုသက၊ ကျွန်မသည် လယ်ပြင်သို့သွား၍ စိတ်နှင့်တွေ့သောသူနောက်မှာစပါးကျန်ကို ကောက်ပါရစေဟု
နောမိ၌အခွင့်ပန်လျှင်၊ နောမိက၊ သွားတော့ငါ့သမီးဟုဆို၏။ [3] ရုသသည်သွား၍စပါးရိတ်သောသူတို့နောက်မှာ၊ စပါးကျန်ကို
ကောက်သည်တွင်၊ ဧလိမလက်၏ အဆွေအမျိုး ဗောဇပိုင်သောလယ်၌ အမှတ်တမဲ့ နေရာကျ၏။ [4] ထိုအခါဗောဇသည် ဗက်လင်မြို့က
လာ၍၊ ထာဝရဘုရားသည်သင်တို့နှင့်အတူရှိတော်မူပါစေသောဟု ရိတ်သောသူတို့အားဆိုလျှင်၊ သူတို့က၊
ကိုယ်တော်ကိုထာဝရဘုရားကောင်းကြီးပေးတော်မူပါစေသောဟု ပြန်ပြောကြ၏။ [5] ဗောဇကလည်း၊ ထိုမိန်းမငယ်သည်
အဘယ်သူနှင့်ဆိုင်သနည်းဟု လယ်ခေါင်းအားမေးသော်၊ [6] လယ်ခေါင်းက၊ မောဘပြည်မှနောမိနှင့်အတူလိုက်လာသော
မောဘအမျိုးသမီးဖြစ်ပါ၏။ [7] သူကလည်း၊ ကျွန်မသည် စပါးရိတ်သောသူတို့နောက်၌ ကောက်လှိုင်းစုထဲမှာ ကျန်သော စပါးကို
ကောက်သိမ်းပါရစေဟု အခွင့်တောင်းလျက်ဝင်သဖြင့်၊ နံနက်မှစ၍ ယခုခဏတဲ၌နေသောအချိန် တိုင်အောင်
လုပ်နေပါပြီဟုပြောဆိုလျှင်၊ [8] ဗောဇသည် ရုသကိုခေါ်၍၊ နားထောင်ပါ၊ ငါ့သမီး။ အခြားသောလယ်သို့သွား၍စပါးကျန်ကို
မကောက်နှင့်။ ဤအရပ်ကမထွက်ဘဲ၊ ငါ့ကျွန်မတို့၌ မှီဝဲလျက်နေတော့။ [9] သူတို့ရိတ်သောလယ်ကွက်ကိုကြည့်မှတ်၍ သူတို့နောက်၌
လိုက်လော့။ လုလင်တို့သည်သင့်ကို မနှောင့်ရှက်ရမည်အကြောင်း ငါမှာထားပြီ။ ရေငတ်သောအခါ၊
အိုးထားရာသို့သွား၍လုလင်ခပ်သောရေကို သောက်တော့ဟုဆိုလေသော်၊ [10] ရုသသည်မြေပေါ်မှာဦးချပြပ်ဝပ်လျက်၊
ကျွန်မသည်တပါးအမျိုးသားဖြစ်၍ ကိုယ်တော်သည် ကျွန်မကို သိမှတ်မည်အကြောင်း၊
အဘယ်သို့စိတ်တော်နှင့်တွေ့ရပါသနည်းဟုလျှောက်လေ၏။ [11] ဗောဇကလည်း၊ သင်၏လင်သေသွားနောက်၊
သင်သည်ယောက္ခမအားပြုစုသမျှကိုငင်း၊ သင်သည်မိဘနှင့်မွေးဘွားရာဌာနပြည်ကိုစွန့်၍အထက်က
မသိဘူးသောပြည်သို့လာကြောင်းကိုငင်း၊ ငါ့အားသေချာစွာပြောကြပြီ။ [12] သင့်အမှု၏အကျိုးကိုထာဝရဘုရားပေးတော်မူပါစေသော။
သင်သည်အတောင်တော်အောက်၌ ခိုလှုံ ခြင်းငှါ ချဉ်းကပ်သော ဣသရေလအမျိုး၏ ဘုရားသခင်ထာဝရဘုရားသည်
စုံလင်သောဆုကို ချတော်မူပါစေသောဟု ဆိုသော်၊ [13] ရုသကလည်း သခင်ကျွန်မသည် ရှေ့တော်၌မျက်နှာရပါစေ။
ကျွန်မသည်ကိုယ်တော်ကျွန်မတို့နှင့် မတူသော်လည်း၊ ကိုယ်တော်သည် လောကဝတ် စကားကို ပြော၍ကျွန်မကို နှစ်သိမ့်စေပါပြီဟု
လျှောက်လေ၏။ [14] ဗောဇကလည်း၊ စားသောက်သောအချိန်ရှိပြီ။ လာ၍မုန့်ကို စားလော့။ ပုံးရည်၌ စားစရာကို နှစ်လော့ ဟု
ခေါ်ဆိုသည်အတိုင်း၊ ရုသသည် စပါးရိတ်သော သူတို့နှင့်အတူ ထိုင်လျှင်၊ ဗောဇသည် ပေါက်ပေါက်ကိုလှမ်း၍ ပေးသဖြင့်၊ သူသည်
ဝစွာစားပြီးမှချန်ထားသေး၏။ [15] စပါးကျန်ကို ကောက်ခြင်းငှါထသွားသောအခါ၊ ဗောဇသည်လုလင်တို့အား၊ ထိုမိန်းမသည်
ကောက်လှိုင်း စုထဲမှာကျန်သောစပါးကိုကောက်သိမ်း ပါစေ၊ အရှက်မခွဲကြနှင့်။ [16] ရိတ်ပြီးသောစပါးအချို့ကိုလည်း
သူအဘို့ချထားလော့။ ကောက်ယူပါစေ။ အပြစ်မတင်ကြနှင့်ဟု မှာထား၏။ [17] ရုသသည်ထိုလယ်၌ ညဦးတိုင်အောင်
စပါးကျန်ကိုကောက်၍ ရသောစပါးကိုနယ်ပြီးလျှင် မုယောဆန်တဧဖာခန့်မျှရှိ၏။ [18] ထိုဆန်ကိုယူ၍မြို့ထဲသို့ ဝင်သဖြင့်၊
ကောက်၍ရသောဆန်ကိုလည်း ယောက္ခမအားပြ၏။ ဝစွာစားပြီးမှ ချန်ထားသော အရာကိုလည်း ထုတ်၍ ပေးသေး၏။ [19]
ယောက္ခမကလည်း၊ ယနေ့အဘယ်မှာလုပ်သနည်း။ သင်သိမှတ် သောသူသည်မင်္ဂလာရှိပါစေသော ဟုမြွက်ဆိုလျှင်၊ ရုသက
ယနေ့ကျွန်မလုပ်သောသူ၏အမည်ကား၊ ဗောဇဖြစ်ပါသည်ဟုယောက္ခမအား ကြားပြောသော်။ [20] ယောက္ခမက၊ အသက်ရှင်သောသူ၊
သေသော သူတို့၌ ကျေးဇူးမပြတ် ပြုတော်မူသေးသောထာဝရဘုရား သည်သူ့ကိုကောင်းကြီးပေးတော်မူပါစေသောဟူ၍ငင်း၊
ထိုသူသည်ငါတို့နှင့်ပေါက်ဘော်တော်သောသူ၊ နီးစပ်သော အမျိုးသားချင်း အဝင် ဖြစ်သည်ဟူ၍ငင်း၊ ချွေးမအားပြောဆို၏။ [21]
ထိုသူက၊ ငါ့စပါးရိတ်ခြင်းအမှု မပြီးမှီတိုင်အောင်၊ ငါ့လူတို့၌မှီဝဲလျက်နေတော့ဟု ဆိုကြောင်းကိုလည်း မောဘအမျိုးသမီး ရုသသည်
ကြားပြောသော်၊ [22] နောမိက၊ ငါ့သမီး၊ သင်သည် သူ၏ကျွန်မတို့နှင့်ပေါင်းဘော်ကောင်း၏။ အခြားသောလယ်၌သူတို့သည်
သင့်ကိုမတွေ့စေကောင်းဟု၊ ချွေးမရုသအားပြောသည်အတိုင်း၊ [23] သူသည် မုယောစပါး၊ ဂျုံစပါးရိတ်ခြင်းအမှု
ပြီးသည်တိုင်အောင်ဗောဇ၏ ကျွန်မတို့၌ မှီဝဲလျက်၊ စပါးကျင်ကိုကောက်၍ ယောက္ခမထံမှာနေလေ၏။

---

---

Ruth 01

နောမိ၏ လင်

ယခုတွင် နောမိ၏ လင်ဟူ၍ အခြားပြန်ဆိုမှုများတွင် တွေ့ရသည်။ ထို့အပြင်အခြားသော ပြန်ဆိုမှုများတွင် လည်း ကွဲပြားနိုင်သည်။

အလွန်ရတတ်သော ပေါက်ဘော်တယောက်ရှိ၏။ သူ၏အမည်ကား ဗောဇတည်း။

အလွန်ချမ်းသာကြွယ်ဝပြီး ဩဇာရှိသော၊ လူသိများသော၊ ကောင်းသောယောကျ်ားတစ်ဦးမှာ ဗောဇဖြစ်သည်။

 generated on Tue Jul 2 12:50:28 2024

မောဘပြည်သူရှသ
မောဘပြည်သူရှသကလည်း

မောဘပြည်သူ
မောဘအနွယ်ဝင် မောဘအမျိုးသမီး

လယ်ပြင်သို့သွား၍ စိတ်နှင့်တွေ့သော သူနောက်မှာစပါးကျန်ကို ကောက်ပါရစေ
ကောက်ရိတ်သိမ်းရာတွင် ကျန်ခဲ့သော ကောက်သင်း၊ ကောက်နှံများ

စပါးကျန်
စပါးသီးနှံများမှ စပါးစေ့အပိုင်းအစများ

စိတ်နှင့်တွေ့သောသူ
အခြားသော ဘာသာပြန်ဆိုချက်၊ "သူမကိုသဘောတွေ့၍ စပါးကျန်ကောက်ရန် ခွင့်ပေးသူဟု ရည်ညွှန်းခြင်းဖြစ်ပါသည်"

သမီး
သမီးချွေးမ (သား၏ ဇနီး)

Ruth 03

ရှသသည်...... ဗောဇပိုင်သောလယ်၌ အမှတ်တမဲ့ နေရာကျ၏
ရှသသည် နောမိ၏ အမျိုး ဗောဇလယ်တွင် အမှတ်တမဲ့ကောက်သင်းကောက်ရန် ရောက်သွားသည်။

ထိုအခါဗောဇသည်
ထိုအချိန်တွင် ဗောဇသည်

ဗက်လင်မြို့က လာ၍၊
ဗက်လင်မြို့၏ အပြင်ဘက်တွင် ရှိသောလယ်များသို့ ဗောဇရောက်လာခြင်းကို ဆိုလိုပါသည်။

ထာဝရဘုရား ကောင်းကြီးပေးတော်မူပါစေ
ကျန်းမာ ချမ်းသာပါစေ

Ruth 05

ထိုမိန်းမငယ်သည် အဘယ်သူနှင့်ဆိုင်သနည်း
ဗောဇသည် မိန်းမငယ်၏ (၁) ခင်ပွန်းအကြောင်း သို့မဟုတ် (၂) သူမ၏ အုပ်ထိန်းသူတို့ကို သိလို၍ မေးခြင်းဖြစ်ပါသည်။

လယ်ခေါင်း
စီမံခန့်ခွဲသူ သို့မဟုတ် တာဝန်ရှိသူ

တဲ
လယ်များတွင် ခေတ္တနားရန် ဆောက်ထားသောအိမ်အသေးကို ဆိုလိုပါသည်။

Ruth 08

နားထောင်ပါ၊ ငါ့သမီး။
အမိန့်ဝါကျဖြင့် ပြန်ရေးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဗောဇက ရှသအား သတိပြုစေရန် ပြောလိုက်သည်"

ငါ့သမီး
ရှသသည် ဗောဇ၏ သမီးမဟုတ်သော်လည်း၊ မိန်းမငယ် ရှသကို ရည်ညွှန်း၍ ခေါ်လိုက်ခြင်းဖြစ်ပါသည်။

သူတို့ရိတ်သော လယ်ကွက်ကို ကြည့်မှတ်၍
အခြားသောဘာသာပြန်ဆိုချက်၊ "သူ၏ လယ်၌သာလျှင် လုပ်ဆောင်သည်။

လုလင်တို့သည် သင့်ကို မနှောင့်ရှက်ရမည်အကြောင်း
အခြားသောဘာသာပြန်ဆိုချက်၊ "ဗောဇသည် ရှသအား ကူညီလိုသဖြင့် သူ့လူများကို မနှောင့်ရှက်ရန် မှာထား သည်"

သူတို့နောက်၌ လိုက်လော့
သူတို့ဆိုသည်မှာ လယ်လုပ်သားများကို ဆိုလိုပါသည်။

သင့်ကို မနှောင့်ရှက်ရမည်အကြောင်း
ရှသအား လယ်လုပ်သားယောကျ်ားများက နှောင့်ရှက်ရန်စိုးရိမ်သဖြင့် မှာထားခြင်းကို ဆိုလိုသည်။

လုလင်ခပ်သော ရေကို သောက်တော့ဟု
လူငယ်များ ရေတွင်းမှ ရေကိုခပ်၍ ရေအိုးတွင်ဖြည့်ထားသောသောက်ရေကို သောက်ရန် ဆိုလိုခြင်းဖြစ်ပါသည်။

Ruth 10

ရှသသည် မြေပေါ်မှာ ဦးချပြပ်ဝပ်လျက်
သူမသည် ဗောဇအား အရိုအသေပြုရန် နှိမ့်ချစွာဦးချပြပ်ဝပ်ခြင်းကို ဆိုလိုပါသည်။

အဘယ်သို့ စိတ်တော်နှင့်တွေ့ရပါသနည်း
ရှသက မိမိအား အဘယ်ကြောင့် မျက်နှာသာပေးရကြောင်းကို မေးလိုက်ခြင်းဖြစ်ပါသည်။

တပါးအမျိုးသားဖြစ်၍
ရှသသည် ဣသရေလပြည်တွင် နေထိုင်သော်လည်း၊ မောဘပြည်သူဖြစ်ကြောင်းကို ဆိုလိုပါသည်။

ငါ့အားသေချာစွာပြောကြပြီ။
ပြုခြင်းပြုဝါကျအဖြစ် ပြန်ရေးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဗောဇအား လူများက ပြောပြထားသဖြင့် သူမအကြောင်းသိထားခြင်းကိုဆိုလိုပါသည်။


generated on Tue Jul 2 12:50:28 2024

မသိဘူးသောပြည်သို့လာကြောင်း
ဗောဇက ရုသသည် နောမိနှင့်အတူ သူမ မသိသောလူများထံလိုက်လာကြောင်းကို ရည်ညွှန်းပါသည်။

ပေးတော်မူပါစေသော
အကျိုးရလဒ်ကို ပြန်လည်ပေးခြင်း ကိုဆိုလိုသည်။

သင့်အမှု
ဗက်လင်မြို့တွင်နေစဉ် ရုသ၏ လုပ်ဆောင်ချက်များကိုဆိုလိုခြင်းဖြစ်ပါသည်။

ဣသရေလအမျိုး၏ ဘုရားသခင်ထာဝရဘုရားသည် စုံလင်သောဆုကို ချတော်မူပါစေသောဟု
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည်သင်ပေးသောအရာထက်သာ၍ စုံလင်သောဆုကိုပေးတော်မူပါစေဟု ဆိုလိုက်သည်"

သင်သည် အတောင်တော်အောက်၌ ခိုလှုံခြင်းငှါ ချဉ်းကပ်သော
အခြားသောဘာသာပြန်ဆိုချက်၊ "သင်ကိုယ်တိုင် လုံခြုံရန် သူ၏အကွယ်အကာကိုရယူသည်"

## Ruth 13

သခင်ကျွန်မသည် ရှေ့တော်၌မျက်နှာရပါစေ။
ကောင်းကြီးတောင်းခံခြင်းကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်ကိုကျေးဇူးပြု၍ လက်ခံပေးတော်မူပါ"

ကျွန်မသည် ကိုယ်တော်ကျွန်မတို့နှင့် မတူသော်လည်း၊
ရုသသည် ဗောဇ၏ ကျွန်မများထဲမှ မဟုတ်ကြောင်းကိုရည်ညွှန်းခြင်းဖြစ်ပါသည်။

## Ruth 14

စားသောက်သောအချိန်ရှိပြီ။
နေ့လည်စာစားချိန်ကို ရည်ညွှန်းခြင်း ဖြစ်ပါသည်။

ပုံးရည်၌ စားစရာကို နှစ်လော့
ပန်းကန်ပြားရှိ ပေါင်မုန့်ကဲ့သို့ စားစရာကို ခွက်တွင်ထည့်ထားသော ပုံးရည်တွင် နှစ်၍စားရန်ကို ပြောခြင်းဖြစ်ပါသည်။

ပုံးရည်
ဣသရေလလူမျိုးများသည် စပျစ်ရည်အချို့ကိုအချဉ်ပေါက်စေပြီး ရှာလကာရည် ပြုလုပ်ကြသည်။ ပုံးရည်မှာ စပျစ်ရည်ကို ပြင်းအောင် ကဇော်ဖေါက်ကာလုပ်ထားခြင်းကို ဆိုလိုပါသည်။

## Ruth 15

စပါးကျန်ကို ကောက်ခြင်းငှါ ထသွားသောအခါ၊ ဗောဇသည်လုလင်တို့အား၊ ထိုမိန်းမသည် ကောက်လှိုင်း စုထဲမှာကျန်သောစပါးကိုကောက်သိမ်း ပါစေ၊
အခြားသော ဘာသာပြန်ဆိုချက်တွင် ရုသက စပါးကျန်ကိုကောက်ရန် သွားချိန်တွင် ဗောဇသည် သူ့လုလင်များကို ကောက်ခွင့်ပေးရန် မိန့်ကြားသည်ကို ဆိုလိုပါသည်။

ထသွားသောအခါ
မတ်တပ်ရပ်သည်ကို ဆိုလိုခြင်းဖြစ်ပါသည်။

ကောက်လှိုင်း စုထဲမှာ
လူများသည် ကောက်ရိတ်သိမ်းပြီး ပုံမှန်ထက်သာ၍ ကောက်လှိုင်းစုများမှ ကျန်သောစပါးနှံကို ဆိုလိုခြင်းဖြစ်ပါသည်။

ရိတ်ပြီးသော စပါးအချို့ကိုလည်း သူအဘို့ချထားလော့။ ကောက်ယူပါစေ။
သူမအတွက် ကောက်ရန် စပါးအချို့ကို ချန်ထားပါဟုဆိုလိုခြင်းဖြစ်သည်။

အပြစ်မတင်ကြနှင့်
သူမအား အရှက်ရအောင်မလုပ်ပါနှင့်ဟု ဆိုလိုပါသည်။

## Ruth 17

စပါးကိုနယ်ပြီးလျှင်
စပါးကိုနယ်၍ ချွေ လှေ့ပြီးသောအခါကို ဆိုလိုခြင်းဖြစ်သည်။

မုယောဆန်
စားရန်အသင့်ဖြစ်သော ဆန်ကို ရည်ညွှန်းပါသည်။

တဧဖာခန့်မျှ ရှိ၏။
မုယောဆန် တဧဖာသည် ၁၃ ကီလိုခန့် ရှိပါသည်။

ထိုဆန်ကိုယူ၍ မြို့ထဲသို့ ဝင်သဖြင့်၊
ရုသသည် ဆန်ကို သယ်၍ အိမ်သို့ပြန်ခြင်းကို ဖေါ်ပြပါသည်။

ယောက္ခမအား ပြ၏။
ယောက္ခမနောမိ မြင်ခဲ့သည်။

## Ruth 19

ယနေ့ အဘယ်မှာလုပ်သနည်း။
နောမိသည် ရုသ မည်သည့်နေရာတွင် သွားရောက်အလုပ်လုပ်သည်ကို သိလို၍ စိတ်ဝင်စားကာမေးမြန်းခြင်းဖြစ်သည်။

ထာဝရဘုရားသည် သူ့ကိုကောင်းကြီးပေးတော်မူပါစေသော
ရုသကို ကူညီသော ဗောဇကိုထာဝရ ဘုရားကောင်းကြီးပေးရန် နောမိက ပြောခြင်းဖြစ်ပါသည်။



generated on Tue Jul 2 12:50:28 2024

ကျေးဇူးမပြတ် ပြုတော်မူသေးသော

ဗောဇသည် မိသားစုဝင်များကို တာဝန်သိရှိခြင်း၊ နောမိသည် ထာဝရဘုရားကိုရည်ညွှန်းခြင်း၊ အသက်သေသူ၊ ရှင်သူတို့၌အစဉ်သစ္စာရှိခြင်းကို ဆိုလိုပါသည်။

အသက်ရှင်သောသူတို့

အသက်ရှင်လျှက်ရှိ သူတို့တွင် နောမိနှင့် ရုသပါဝင်ခြင်းကို ဆိုလိုသည်။

သေသော သူတို့

သေသော သူတို့တွင် နောမိခင်ပွန်းနှင့်သားများ ပါသည်ကိုဆိုလိုပါသည်။

ထိုသူသည် ငါတို့နှင့်ပေါက်ဘော်တော်သောသူ၊ နီးစပ်သော အမျိုးသားချင်း အဝင် ဖြစ်သည်

အမျိုးတော်စပ်ခြင်းကို နှစ်ခါဖော်ပြထားခြင်းကို တွေ့ရပါသည်။ ဟေဗြဲစာရေးသားနည်းဖြစ်သည်။

နီးစပ်သော အမျိုးသားချင်း အဝင်

နီးစပ်သော အမျိုးသားချင်းများတွင်ကလေးမရှိသောမုဆိုးမ၊ ကလေးရှိသော်လည်း ငွေကြေးချို့တဲ့သူ၊ ဆင်းရဲသူ၊ ကျွန်အဖြစ်ရောင်းစားခံရသူ မိသားစုဝင်များပါဝင်ခြင်းကို ဆိုလိုသည်။

Ruth 21

ထိုသူက၊ ငါ့စပါးရိတ်ခြင်းအမှု မပြီးမှီတိုင်အောင်၊ ငါ့လူတို့၌မှီဝဲလျက်နေတော့ဟု ဆိုကြောင်းကိုလည်း မောဘအမျိုးသမီး ရုသသည် ကြားပြောသော်၊

ရုသကိုပြောသော ဗောဇ၏ စကားသည် အလွန်အရေးကြီးကြောင်း ရည်ညွှန်းခြင်းဖြစ်သည်။

ငါ့လူတို့၌ မှီဝဲလျက်နေတော့

ဗောဇက သူ၏ လူများ သူမအား ကြည့်ရှုစောင့်ရှောက် ကာကွယ်ပေးနိုင်ကြောင်းကို ရည်ညွှန်းပါသည်။

သူ၏ ကျွန်မတို့နှင့် ပေါင်းဘော်ကောင်း၏။

အလုပ် အတူတူလုပ်ခြင်းကို ဆိုလိုပါသည်။

သင့်ကို မတွေ့စေကောင်း

အခြားသော အလုပ်သမားများက စော်ကားခြင်း၊ အခြားလယ်မှ လယ်ပိုင်ရှင်က ကြားဝင်နှောက်ယှက်ခြင်း တို့ကိုဆိုလိုပါသည်။

Ruth 23

သူသည် မုယောစပါး၊ ဂျုံစပါးရိတ်ခြင်းအမှုပြီးသည်တိုင်အောင်... ကျွန်မတို့၌ မှီဝဲလျက်၊

ရုသသည် ဗောဇ၏ လယ်တွင် သူ၏ ကျွန်မတို့နှင့် အတူအလုပ်လုပ် ခြင်းကို ဆိုလိုပါသည်။

ယောက္ခမထံမှာ နေလေ၏။

ရုသသည် ယောက္ခမနောမိ၏ အိမ်၌ အိပ်ရန် ညအချိန်တွင် သွားလေသည်။

---

## Translation Questions

### Ruth 2:1

ဗောဇနှင့် သေဆုံးခဲ့သောနောမိ ယောကျာ်း၏ဆက်နွယ်မှုက မည်သို့ဖြစ်မည်နည်း။

သူတို့သည် ဆွေမျိုးရင်းများဖြစ်ကြသည်။

ရုသ ပထမဆုံးကောက်သိမ်းဖို့ထွက်သည့်ချိန် သူမ စပါးကောက်သိမ်းနေစဉ် လိုက်ဖို့ပြောသောသူသည် အဘယ်သူနည်း။

သူမ၏မျက်နှာသာကို တွေ့သောသူ တစ်စုံတစ် ယောက်နောက်သို့လိုက်ခဲ့သည်။

### Ruth 2:3

ဗောဇနှင့်သေဆုံးသွားသောနောမိ ယောကျာ်း ၏ဆက်နွယ်မှုက မည်သို့ဖြစ်မည်နည်း။

သူတို့သည် ဆွေမျိုးရင်းများဖြစ်ကြသည်။

ဗောဇသည် သူ၏အလုပ်သမားများကို မည်သို့နှုတ်ဆက်ခဲ့သနည်း။

ဗောဇက ထာဝရဘုရားသည် သင်တို့နှင့် အတူရှိတော်မူပါစေ ဟုနှုတ်ဆက်ခဲ့သည်။

### Ruth 2:5

ဗောဇသိချင်ခဲ့သောရုသ အကြောင်း ကအဘယ်နည်း။

သူမသည် ဘယ်လိုလူမျိုးနှင့်သက်ဆိုင်ခဲ့ကြောင်း ဗောဇသိချင်ခဲ့သည်။

### Ruth 2:8

ဗောဇသည် ကောက်ရိတ်သိမ်းခြင်းနှင့် ပတ်သက်ပြီး ဘာသင်ကြားပေးခဲ့သနည်း။

ငါ့ကျွန်မတို့နှင့်အတူ လယ်ကွင်းထဲမှာနေပြီး အလုပ်လုပ်ပါ ဟုပြောခဲ့သည်။


generated on Tue Jul 2 12:50:28 2024

Ruth 2:10

ဗောဇသင်ကြားပေးခြင်းကို လက်ခံပြီးနောက် ဗောဇကို ရုသ ဘာမေးခဲ့သနည်း။
ကိုယ်စိတ်တော်နှင့် ကျွန်မကို မျက်နှာသာပေးဖို့ အဘယ်ကြောင့် တွေ့ရပါသနည်းဟုလျှောက်လေ၏။

ဗောဇကြားခဲ့သော ရုသ၏ ကောင်းသောအပြုအမူက ဘာဖြစ်မည်နည်း။
ဗောဇကြားခဲ့သော ရုသ၏ ကောင်းသောအပြုအမူမှာ နောမိနောက်ကို လိုက်ဖို့ သူမ အိမ်ကနေထွက်ခွာခဲ့ခြင်းဖြစ်သည်။

အတောင်တော်အောက်မှာ ရုသသည်အကာအကွယ် တွေ့ရှိခဲ့ပြီလို့ ဗောဇ ပြောခဲ့တာ ဘယ်သူနည်း။
ထာဝရဘုရား၏ အတောင်တော်အောက်၌ အကာအကွယ် ကို ရုသ တွေ့ရှိခဲ့သည်။

Ruth 2:15

သူတို့သည် ထမင်းစားချိန်ပြီးနောက် အလုပ်ထဲသို့ ပြန်လာသောအခါ ဗောဇသည် ရုသကို ထပ်ပြီး ဘာမျက်နှာသာ ပေးခဲ့သနည်း။
ဗောဇသည် ရုသကို ကောက်လှိုင်းစည်းများဆက်ကောက်ဖို့ရန် ခွင့်ပေးခဲ့၍၊ သူမအတွက် ကောက်လှိုင်းစည်းများကို ဆွဲချပေးဖို့ရန် ကောက်ရိတ်သိမ်းသူများကို မိန့်ကြားခဲ့သည်။

Ruth 2:19

ရုသသည် ဂျုံစပါး ယူဆောင်လာသည်ကို နောမိမြင်သောအခါ သူမသည် ရုသကို မေးသည့် မေးခွန်းက ဘာဖြစ်မည်နည်း။
နောမိ မေးခဲ့သည့်အရာမှာ သင်ဒီနေ့ဘယ်နေရာမှာ စပါးကျန်ကို သင်ကောက်ခဲ့သနည်း ဟု ဆိုခဲ့သည်။

ဗောဇနှင့် ဆုံးပါးသွားသော နောမိယောက်ျား ၏ဆက်နွယ်မှုက မည်သို့ဖြစ်မည်နည်း။
သူတို့သည် ဆွေမျိုးရင်းများဖြစ်ကြသည်။

နောမိသည် ဗောဇက ရုသကို ကူညီခဲ့တာကို သူမကြားသောအခါ ဗောဇအတွက် နောမိ ဘာဆန္ဒရှိခဲ့သနည်း။
ထာဝရဘုရားသည် ဗောဇအပေါ် ကောင်းကြီးပေးပါစေဟု နောမိ ပြောခဲ့သည်။

ယခုချိန်မှာ သူမကို ကောင်းသောအရာများကို ဖြစ်ပေါ်စေသောသူဟု နောမိ မှတ်ယူခဲ့သောသူက အဘယ်သူနည်း။
သူတို့ကိုကောင်းသော အရာများဖြစ်ပေါ်စေခဲ့သောသူသည် ထာဝရဘုရားဖြစ်ကြောင်း သူမမှတ်ယူခဲ့သည်။

Ruth 2:21

ဗောဇ၏ကျွန်မတို့နှင့်အတူ ရုသ အလုပ်လုပ်ဖို့ရန် အတွက် ကောင်းသောအရာဖြစ်ကြောင်းကို နောမိစဉ်းစားခဲ့ခြင်းမှာ အဘယ်ကြောင့်နည်း။
သူတို့နှင့်အတူလုပ်ခြင်းဖြင့် ရုသသည် အခြားသော လယ်ကွင်းထဲမှာ သွားရောက်အနစ်နာခံပြီး လုပ်စရာ မလိုသောကြောင့် ဖြစ်သည်။

Ruth 2:23

ရုသသည် မုယောစပါးသီးနှံများပြီးဆုံးသည့်တိုင်အောင်ရိတ်သိမ်းဖို့ရန်အတွက် ဘာလုပ်ခဲ့သနည်း။
သူမသည် ဗောဇ၏ကျွန်တို့နှင့် စပါးကျန်ကောက်ခဲ့ပြီး နောမိနှင့် အတူနေထိုင်ခဲ့သည်။

## Chapter 3

[1] တဖန်ယောက္ခမနောမိက၊ ငါ့သမီး၊ သင့်ကိုချမ်းသာစေခြင်းငှါ ငြိမ်ဝပ်ရာအရပ်ကို သင့်အဘို့ငါမရှာရသ လော။ [2]
သင်ပေါင်းဘော်သော ကျွန်မတို့၏သခင်ဗောဇသည် ငါတို့ပေါက်ဘော်ဖြစ်သည်မဟုတ်လော။ ယနေ့ညမှာ ကောက်နယ်တလင်း၌
မုယောစပါးကိုလှေ့လျက်နေ၏။ [3] သင်သည်ရေချိုးခြင်း၊ ဆီလိမ်းခြင်း၊ အဝတ်တန်ဆာ ဆင်ခြင်းကိုပြုပြီးလျှင်
ကောက်နယ်တလင်းသို့ သွားတော့။ သူသည်စားသောက်ခြင်း အမှုကိုမပြီးမှီကိုယ်ကို မပြနှင့်။ [4] သူအိပ်သောအခါ၊
အိပ်ရာအရပ်ကိုမှတ်ပြီးမှဝင်၍ သူ့ခြေ၌ဖုံးသော အဝတ်ကိုဖွင့်ပြီးလျှင် အိပ်တော့။ သင်သည် အဘယ်သို့ပြုရမည်ကို
သူပြောလိမ့်မည်ဟုဆိုသော်၊ [5] ရုသက၊ မိခင်မှာထားသမျှတို့ကို ပြုပါမည်ဟု ဝန်ခံလျက်၊ [6] ကောက်နယ်တလင်းသို့သွား၍
ယောက္ခမမှာထားသမျှ အတိုင်းပြုလေ၏။ [7] ဗောဇသည်စားသောက်၍ ရွှင်လန်းလျက်၊ စပါးပုံအနားသို့သွား၍ အိပ်သောအခါ၊
ရုသသည်တိတ်ဆိတ် စွာချဉ်းကပ်၍သူ့ခြေ၌ဖုံးသောအဝတ်ကိုဖွင့်ပြီးလျှင် အိပ်လေ၏။ [8] သန်းခေါင်အချိန်၌ ယောကျ်ားသည်လန့်၍
လှည့်သဖြင့်၊ မိန်းမသည်ခြေရင်း၌ရှိသည်ကိုသိလျက်၊ [9] သင်သည်အဘယ်သူနည်းဟုမေးလျှင်၊ ကျွန်မသည်ကိုယ်တော်၏
ကျွန်မရုသဖြစ်ပါ၏။ ကိုယ်တော်သည်ရွေးပိုင်သော အမျိုးသားချင်းဖြစ်သော ကြောင့်၊ ကိုယ်တော်၏ ကျွန်မကိုအဝတ်တော်စွန်းနှင့်
ဖုံးပါတော့ဟုဆိုသော်၊ [10] သူက၊ ငါ့သမီး၊ ထာဝရဘုရားကောင်းကြီးပေးတော်မူပါစေသော။ သင်သည်ငွေရ တတ်သောလူပျို၊
ဆင်းရဲသောလူပျို တစုံတယောက်ကို မမှီဝဲဘဲနေ၍၊ အရင်ပြုသောကျေးဇူးထက် နောက်ပြုသောကျေးဇူး သာ၍ကြီး၏။ [11]
မစိုးရိမ်နှင့်ငါ့သမီး။ တောင်းသမျှကို ငါပြုမည်။ သင်သည်သီလနှင့်ပြည့်စုံသောမိန်းမဖြစ်ကြောင်းကို ငါ့လူမျိုးနေသော
တမြို့လုံးသိ၏။ [12] ငါသည်ရွေးပိုင်သော အမျိုးသားချင်းမှန်ပေ၏။ သို့သော်လည်းငါ့ထက်သာ၍ ရွေးပိုင်သော
အမျိုးသားချင်းတယောက်ရှိသေး၏။ [13] ယနေ့ညမှာနေဦးတော့၊ ထိုသူသည်ရွေးပိုင်သော အမျိုးသားချင်း
ဝတ်ကိုပြုလိုလျှင်ပြုပါလေစေ။ ကောင်း၏။ မပြုလျှင်ထာဝရဘုရားအသက်ရှင်တော်မူသည်အတိုင်း ငါပြုမည်။ နံနက်တိုင်အောင်
အိပ်ဦးတော့ ဟုဆို၏။ [14] ရုသသည်နံနက်တိုင်အောင်သူ့ခြေရင်းနားမှာအိပ်ပြီးမှ၊ တယောက်ကို တယောက် သိနိုင်သော
အချိန်မရောက်မှီထလေ၏။ ယောကျ်ားကလည်း၊ မိန်းမသည် ဤကောက်နယ် တလင်းသို့လာသည်ကို
အဘယ်သူမျှမသိစေနှင့်ဟုဆို၏။ [15] တဖန်သင်၌ပါသော တင်းတိမ်ကိုယူခဲ့၍ဖြန့်ခင်းတော့ဟုဆိုသည်အတိုင်း၊ ရုသဖြန့်လျက်
မုယောစပါးခြောက်သြမဲကိုခြင်၍ သူ့အပေါ်မှာတင်သဖြင့်၊ သူသည်မြို့ထဲသို့ သွားလေ၏။ [16] ယောက္ခမထံသို့ ရောက်သောအခါ၊
ယောက္ခမကအဘယ်သို့နည်းဟု မေးလျှင်၊ မိမိ၌ထိုသူပြုသမျှကိုရင်း၊ [17] သူက၊
သင်သည်ယောက္ခမထံသို့လက်ချည်းမသွားနှင့်ဟုဆိုလျက် မုယောစပါးခြောက်သြမဲပေးကြောင်း ကိုရင်း ကြားပြောလေ၏။ [18]
ယောက္ခမာလည်း၊ ငါ့သမီး၊ ဤအမှုသည်အဘယ်သို့ပြီးလိမ့်မည်ကိုမသိမှီတိုင်အောင် ထိုင်နေလော့။ ယောကျ်ားသည် ယနေ့
ဤအမှုကိုမပြီးစီးမှီငြိမ်ဝင်စွာမနေဟုပြောဆို၏။

---

Ruth 01

ယောက္ခမ
ရုသက နောမိ၏ သားကို လက်ထပ်သဖြင့် နောမိကိုယောက္ခမတော်သည်။

ငါ့သမီး
နောမိ၏ သားက ရုသကို လက်ထပ်သဖြင့် နောမိက သမီးချွေးမတော်သည်။

သင့်ကို ချမ်းသာစေခြင်းငှါ ...သင့်အဘို့ငါမရှာရသ လော။
ဤမေးခွန်းဖြင့် နောမိက သူမ၏ရည်ရွယ်ချက်ကို ရုသအားပြောပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင့်အတွက်နေရာရှာပေးမည်" သို့မဟုတ် "သင့်အတွက်ယောကျ်ားရှာပေးမည်"

ငြိမ်ဝပ်ရာအရပ်
နေထိုင်ရန်အိမ်၊ နောက်အိမ်ထောင်ရှာရန်စသည်တို့အတွက် ရည်ညွှန်းခြင်းဖြစ်ပါသည်။

သင် ပေါင်းဘော်သော ကျွန်မတို့
အလုပ်အတူတူလုပ်ကြသော အမျိုးသမီးများကိုဆိုလိုသည်။

ငါတို့ ပေါက်ဘော်ဖြစ်သည် မဟုတ်လော
အခြားသောဘာသာပြန်ဆိုချက်၊ "ဗောဇသည် နောမိနှင့်ဆွေမျိုးတော်ကြောင်း ရုသအားပြန်ပြောခြင်းကိုဆိုလိုသည်။

ယနေ့ညမှာ
ကြည့်ပါ ဆိုသည့် စကားလုံးသည် နောက်မှစကားစုများကို ရည်ညွှန်းသည်။

လှေ့လျက် နေ၏။
စိတ်မသာ ညည်းတွားလျက်နေ၏။ ထာဝရဘုရားသည် ရှောလုကို ဣသရေလရှင်ဘုရင်အရာ၌ ခန့်ထားသော အမှုကို
နောင်တရတော်မူ၏။


generated on Tue Jul 2 12:50:28 2024

## Chapter 16

1 တဖန် ထာဝရဘုရားက၊ ရှောလုကို ဣသရေလရှင်ဘုရင်အရာမှ ငါပယ်သောကြောင့်၊ သင်သည် အဘယ်မျှ ကာလပတ်လုံး စိတ်မသာ
ညည်းတွားလျက် နေလိမ့်မည်နည်း။ သင်၏ဘူးကို ဆီနှင့် ပြည့်စေလော့။ ဗက်လင်မြို့သား ယေရှဲရှိရာသို့ ငါစေလွှတ်မည်။
သူ၏သားတို့တွင် ငါ့အဘို့ ရှင်ဘုရင် တပါးကို ငါပြင်ဆင်ပြီဟု ရှမွေလအား မိန့်တော်မူ၏။ 2 ရှမွေလက၊ အကျွန်ုပ်သည် အဘယ်သို့
သွားနိုင်ပါမည်နည်း။ ရှောလုကြားလျှင် သတ်ပါလိမ့်မည်ဟု လျှောက်သော်၊ ထာဝရဘုရားက၊ နွားမတန်းကိုယူ၍ ငါသည်
ထာဝရဘုရားအား ယဇ်ပူဇော်ခြင်းငှါ လာပြီဟု ပြောလော့။ 3 ယေရှဲကိုလည်း ယဇ်ပွဲသို့ ခေါ်ဘိတ်လော့။ ထိုအခါ သင်သည် အဘယ်သို့
ပြုရမည်ကို ငါပြမည်။ ငါသည် နာမဖြင့် ထုတ်ပြသောသူကို ငါ့အဘို့ ဘိသိက်ပေးရမည်ဟု မိန့်တော်မူသည်အတိုင်း၊- 4 ရှမွေလပြု၍
ဗက်လင်မြို့သို့ သွားလေ၏။ ဗက်လင်မြို့ သားအသက်ကြီးသူတို့သည် ရှမွေလနှင့် တွေ့သောအခါ တုန်လှုပ်၍၊ ကိုယ်တော်သည်
ချမ်းသာပေးလျက် လာတော်မူသလောဟု မေးလျှောက် ကြသော်၊ 5 ချမ်းသာပေးလျက် ထာဝရဘုရားအား ယဇ်ပူဇော်ခြင်းငှါ
ငါလာပြီ။ မိမိတို့ကို သန့်ရှင်းစေပြီးမှ ငါနှင့်အတူ ယဇ်ပွဲသို့လာကြဟု ဆိုသဖြင့်၊ ယေရှဲနှင့် သူ၏သားတို့ကို သန့်ရှင်းစေ၍ ယဇ်ပွဲသို့
ခေါ်လေ၏။ 6 သူတို့သည် ရောက်လာသောအခါ ဧလျာဘကို ကြည့်ရှု၍၊ စင်စစ်ထာဝရဘုရားအခွင့်နှင့် ဘိသက်ခံရသော သူသည်
ငါ့ရှေ့မှာရှိ၏ဟု ဆိုလေသော်၊ 7 ထာဝရဘုရားက၊ သူ၏မျက်နှာ၊ သူ၏အရပ်ကို မကြည့်မရှုနှင့်။ သူ့ကို ငါပယ်ပြီ။ ထာဝရဘုရားသည်
လူမြင်သကဲ့သို့ မြင်တော်မူသည် မဟုတ်။ လူသည် အဆင်းသဏ္ဍာန်ကို ကြည့်ရှုတတ်၏။ ထာဝရဘုရား မူကား နှလုံးကို
ကြည့်ရှုတတ်သည်ဟု ရှမွေအား မိန့်တော်မူ၏။ 8 တဖန် ယေရှဲသည် အဘိနဒပ်ကို ခေါ်၍ ရှမွေလရှေ့မှာ သွားစေသဖြင့်၊ ရှမွေလက၊
ဤသူကိုလည်း ထာဝရဘုရား ရွေးတော်မမူဟုဆို၏။ 9 တဖန်ယေရှဲသည် ရှိမာကို သွားစေသဖြင့်၊ ဤသူကိုလည်း
ထာဝရဘုရားရွေးတော်မမူဟု ဆို၏။ 10 တဖန်ယေရှဲသည် သားခုနစ်ယောက်တို့ကို ရှမွေလရှေ့မှာ သွားစေသဖြင့်၊ ရှမွေလက၊
ဤသူတို့ကို လည်း ထာဝရဘုရား ရွေးတော်မမူ။ 11 သင်၌ သားမရှိပြီလောဟု ယေရှဲအား မေးလျှင်၊ ယေရှဲက အငယ်ဆုံးသော
သားရှိပါသေး၏။ သိုးတို့ကို ထိန်းကျောင်းလျက် နေပါသည်ဟု ပြောဆိုသော်၊ ရှမွေလက သူ့ကို ခေါ်စေခြင်းငှါ လူကို စေလွှတ် ပါ။
သူမရောက်မှီ ပွဲသို့ ဝင်၍ မထိုင်ရဟု ဆိုသည်အတိုင်း၊ 12 စေလွှတ်၍ သူ့ကို ခေါ်ခဲ့၏။ သူသည် နီသောဆံပင်ရှိ၏။ လှသောအဆင်းနှင့်
ချစ်ဘွယ်သော မျက်နှာ လည်းရှိ၏။ ထာဝရဘုရားက ဤသူပေတည်း။ ထ၍ ဘိသိက်ပေးလော့ဟု မိန့်တော်မူ၏။ 13
ရှမွေလသည်လည်း၊ ဆီဘူးကိုယူ၍ သူ၏ အစ်ကိုစုထဲမှာ သူ့ကို ဘိသိက်ပေးလေ၏။ ထိုနေ့မှစ၍ ထာဝရဘုရား၏ ဝိညာဉ်တော်သည်
ဒါဝိဒ်အပေါ်မှာ သက်ရောက်လေ၏။ ရှမွေသည် ထ၍ ရာမ မြို့သို့ ပြန်သွား၏။ 14 ထာဝရဘုရား၏ ဝိညာဉ်တော်သည် ရှောလုမှ
ထွက်သွား၍၊ ထာဝရဘုရားထံတော်က ဆိုးသော ဝိညာဉ်သည် နှောင့်ရှက်တတ်၏။ 15 ရှောလု၏ ကျွန်တို့ကလည်း၊ ယခုမှာ
ဘုရားသခင်ထံတော်က ဆိုးသော ဝိညာဉ်သည် ကိုယ်တော်ကို နှောင့်ရှက်တတ်ပါ၏။ 16 ခစားသော ကိုယ်တော်၏ ကျွန်တို့သည်၊
သာယာစွာ စောင်းတီးတတ်သောသူကို ရှာဖွေရမည် အကြောင်း အရှင်အမိန့်ရှိတော်မူပါ။ ဘုရားသခင့်ထံတော်က ဆိုးသောဝိညာဉ်
လာသောအခါ၊ သူသည် စောင်းတီးသဖြင့် ကိုယ်တော်သည် ချမ်းသာရတော်မူမည်ဟု လျှောက်လျှင်၊ 17 ရှောလုက၊ သာယာစွာ
တီးတတ်သောသူကို ငါ့အဘို့ ရှာဖွေ၍ ငါ့ထံသို့ ခေါ်ခဲ့ကြဟု ကျွန်တို့အား မိန့်တော်မူသော်၊ 18 ကျွန်တယောက်က၊
ကျွန်တော်တွေ့ဘူးသော ဗက်လင်မြို့သား ယေရှဲသားသည် စောင်းတီးသောအတတ်၊ ရဲရင့်ခြင်းအစွမ်းသတ္တိနှင့် ပြည့်စုံ၍၊ စစ်မှု၌ဝင်း၊
ပညာစကား၌ဝင်း လေ့ကျက်ပါ၏။ အဆင်းလည်း လှပါ၏။ ထာဝရဘုရားသည်သူနှင့်အတူ ရှိတော်မူ၏ဟု လျှောက်သောကြောင့်၊ 19
ရှောလုက၊ ယေရှဲရှိရာသို့ လူကိုစေလွှတ်၍၊ သိုးထိန်းဖြစ်သော သင်၏သားဒါဝိဒ်ကို ငါ့ထံသို့ စေလွှတ် ရမည်ဟု အမိန့်တော်ရှိ၏။ 20
ယေရှဲသည် မုန့်တင်သော မြည်း၊ စပျစ်ရည်ဘူး၊ ဆိတ်သငယ်ကို ယူ၍ မိမိသားဒါဝိဒ်တွင် ရှောလုထံ သို့ ပေးလိုက်လေ၏။ 21
ဒါဝိဒ်သည် ရှောလုထံသို့ ရောက်၍ ခစားသဖြင့်၊ ရှောလုသည် အလွန်ချစ်၍ လက်နက်တော်ဆောင် အရာ၌ ခန့်ထား၏။ 22
ရှောလုသည်လည်း ယေရှဲရှိရာသို့ လူကိုစေလွှတ်၍၊ ဒါဝိဒ်ကို ငါ့စိတ်နှင့်တွေ့သောကြောင့် ငါ့ထံ၌ ခစားပါစေဟု အခွင့်တောင်းလေ၏။
23 ဘုရားသခင့်ထံတော်က ဆိုးသောဝိညာဉ်သည် ရှောလုအပေါ်မှာ ရောက်သောအခါ၊ ဒါဝိဒ်သည် စောင်းကိုယူ၍ တီးသဖြင့်
ဆိုးသောဝိညာဉ်ထွက်သွား၍၊ ရှောလုသည် သက်သာလျက် ပကတိ ကျန်းမာ လျက်ရှိတတ်၏။


generated on Tue Jul 2 12:50:28 2024

## Chapter 17

1 ဖိလိတ္တိ လူတို့သည် ဗိုလ်ခြေများကို နှိုးဆော်၍ ယုဒခရိုင် ရှောခေါမြို့၌ စုဝေးသဖြင့်၊ ရှောခေါမြို့နှင့် အဇေကာမြို့စပ်ကြား
ဒမိမ်အရပ်မှာ တပ်ချကြ၏။ 2 ရှောလုနှင့်ဣသရေလ လူတို့သည် စုဝေး၍ ဧလာချိုင့်နားမှာ တပ်ချ၍ ဖိလိတ္တိလူတို့ကို တိုက်မည်ဟု
စစ်ခင်းကျင်းကြ၏။ 3 ဖိလိတ္တိလူအချို့တို့သည် ချိုင့်တဘက်၌ တောင်ပေါ်မှာရပ်လျက်၊ ဣသရေလလူအချို့တို့သည် ချိုင့်တဘက်၌
တောင်ပေါ်မှာ ရပ်လျက်ရှိကြ၏။ 4 ခြောက်တောင်နှင့်တထွာ အရပ်မြင့်သော ဂါသမြို့သားဂေါလျတ် အမည်ရှိသော သူရဲသည် ဖိလိတ္တိ
တပ်ထဲက ထွက်လာ၏။ 5 သူသည် ခေါင်းပေါ်မှာ ကြေးဝါခမောက်လုံးကို ဆောင်း၍ အခွက်ငါးဆယ် အချိန်ရှိသော ကြေးဝါ
ချပ်အင်္ကျီကို ဝတ်၏။ 6 ကြေးဝါခြေစွပ်ကို စွပ်လျက် ပခုံးကြားမှာ ကြေးဝါကိဒုန် လက်နက်ကို ဆွဲလျက်ရှိ၏။ 7 လှံရိုးကား
ရက်ကန်းလက်လိပ်နှင့် အမျှကြီး၏။ လှံကိုယ်ကား သံခြောက်ပိဿာ အချိန်ရှိ၏။ သူ့ရှေ့ မှာ ဒိုင်းလွှားကို
ဆောင်သောသူတယောက်သည် သွားရ၏။ 8 ထိုသူရဲသည် ရပ်လျက် သင်တို့သည် စစ်ပြိုင်ခြင်းငှါ အဘယ်ကြောင့်
ထွက်လာကြသနည်း။ ငါသည် ဖိလိတ္တိလူ၊ သင်တို့သည် ရှောလု၏ ကျွန်ဖြစ်ကြသည် မဟုတ်လော။ လူတယောက်ကို ရွေးကောက် ၍
ငါနှင့်တိုက်ခြင်းငှါ လာပါစေ။ 9 သူသည် ငါ့ကို တိုက်၍ သတ်နိုင်လျှင် ငါတို့သည် သင်တို့၏ ကျွန်ခံမည်။ သို့မဟုတ် ထိုသူကို ငါနိုင် ၍
သတ်လျှင်၊ သင်တို့သည် ငါတို့၏ ကျွန်ခံ၍ ငါတို့အမှုကို ဆောင်ရွက်ရကြမည်ဟု ဣသရေလ ဗိုလ်ခြေတို့ကို ဟစ်၍ ပြောဆို၏။ 10
တဖန် ထိုဖိလိတ္တိလူက၊ ဣသရေလဗိုလ်ခြေတို့ကို ယနေ့ ငါကြိမ်းပ၏။ လူချင်းတိုက်စေခြင်းငှါ လူတယောက်ကို ပေးကြလော့ဟု
ဆို၏။ 11 ဖိလိတ္တိလူပြောသော ထိုစကားကို ရှောလုနှင့် ဣသရေလလူအပေါင်းတို့သည် ကြားလျှင် စိတ်ပျက်၍
အလွန်ကြောက်ရွံ့ကြ၏။ 12 ယုဒပြည်၊ ဗက်လင်မြို့၊ ဧဖရတ်အရပ်သားဖြစ်သော ဒါဝိဒ်၏ အဘယေရှဲသည် သားရှစ်ယောက် ရှိ၏။
ရှောလုလက်ထက်၌ ထိုသူသည် အသက်ကြီးသော သူ၏ အရာရှိ၏။ 13 ယေရှဲ၏သားတို့တွင် အသက် အကြီးဆုံးသောသူ
သုံးယောက်တို့သည် စစ်မှုကို ထမ်း၍ ရှောလုနောက် သို့ လိုက်ကြ၏။ သူတို့အမည်ကား သားဦးဧလျာဘ၊ ဒုတိယသားအဘိနဒပ်၊
တတိယသားရှိမာတည်း။ 14 ဒါဝိဒ်သည် အငယ်ဆုံးသော သားဖြစ်၏။ သားကြီးသုံးယောက်တို့သည် ရှောလုနောက်တော်သို့
လိုက်ကြသော်လည်း၊ - 15 ဒါဝိဒ်သည် မလိုက်၊ ဗက်လင်မြို့မှာ မိမိအဘ၏ သိုးတို့ကို ထိန်းကျောင်းခြင်းငှါ ပြန်သွားလေ၏။ 16
ဖိလိတ္တိလူသည် အရက်လေးဆယ်ပတ်လုံး၊ နံနက်တခါ၊ ညဦးတခါ ချဉ်းကပ်၍ ကိုယ်ကို ပြ၏။ 17 ထိုအခါ ယေရှဲသည် မိမိသား
ဒါဝိဒ်ကို ခေါ်၍၊ သင့်အစ်ကိုတို့အဘို့ ဤပေါက်ပေါက် တဧဖာနှင့် ဤမုန့်ဆယ်လုံးတို့ကို ယူ၍ အစ်ကိုတို့ရှိရာ တပ်တော်သို့
ပြေးသွားလော့။ 18 ဤဒိန်ခဲဆယ်လုံးကိုလည်း ယူ၍ သူတို့တပ်မှူးအား ဆက်လော့။ သင့်အစ်ကိုတို့သည် ကျန်းမာခြင်း ရှိသည်
မရှိသည်ကို ကြည့်ရှုပြီးမှ၊ သူတို့ထံမှာ သက်သေတစုံတခုကို ခံယူလော့ဟုမှာလိုက်လေ၏။ 19 ထိုကာလ၌ ရှောလုမှစ၍
ဒါဝိဒ်အစ်ကိုတို့နှင့် ဣသရေလလူအပေါင်းတို့သည် ဧလာချိုင့်မှာ ဖိလိတ္တိ လူတို့ကို စစ်တိုက်လျက် ရှိကြ၏။ 20 ဒါဝိဒ်သည်
နံနက်စောစောထ၍ သိုးတို့ကို သိုးထိန်း၌ အပ်ပြီးလျှင်၊ အဘမှာလိုက်သည် အတိုင်း စားစရာကို ယူသွား၍၊ ရိက္ခာလှည်းထားရာသို့
ရောက်သောအခါ၊ - 21 ဣသရေလ တပ်သားတို့နှင့် ဖိလိတ္တိတပ်သားတို့သည် စစ်ခင်းကျင်း၍ စစ်တလင်းသို့ ချီလျက်၊ စစ်
တိုက်မည်အသံနှင့် ကြွေးကြော်ကြ၏။ 22 ဒါဝိဒ်သည် မိမိခဲ့ပါသောအရာတို့ကို ရိက္ခာစောင့်လက်၌ အပ်ထားပြီးလျှင်၊ တပ်သားစုထဲသို့
ပြေး၍ မိမိအစ်ကိုတို့ကို နှုတ်ဆက်၏။ 23 သူတို့နှင့် ပြောစဉ်တွင်၊ ဖိလိတ္တိလူ၊ ဂါသမြို့သား ဂေါလျတ်အမည်ရှိသော သူရဲသည်
ဖိလိတ္တိတပ်ထဲ က ထွက်လာ၍ ယမန်ကဲ့သို့ ပြောဆိုသည်ကို ဒါဝိဒ်သည် ကြားလေ၏။ 24 ဣသရေလလူအပေါင်းတို့သည် ထိုသူကို
မြင်သောအခါ အလွန်ကြောက်ရွံ့၍ ပြေးကြ၏။ 25 အချို့တို့ကလည်း၊ ထိုလူထွက်လာသည်ကို မြင်သလော။ ဣသရေလအမျိုးကို
ကြိမ်းပလျက်ထွက်လာ ပါသည်တကား။ သူ့ကို သတ်သောသူအား ရှင်ဘုရင်သည် ကြီးသော စည်းစိမ်နှင့် ချီးမြှောက်၍
သမီးတော်ကိုလည်း ပေးစားတော်မူမည်။ ထိုသူ၏ အဆွေအမျိုးကိုလည်း ဣသရေလနိုင်ငံတွင် မင်းမှု လွှတ်တော်မူမည်ဟု
ပြောဆိုကြ၏။ 26 ဒါဝိဒ်ကလည်း၊ ထိုဖိလိတ္တိလူကို သတ်၍ ဣသရေလအမျိုးခံသော အရှက်ကွဲခြင်းကို ပယ်ရှင်းသော သူသည်
အဘယ်အကျိုးကို ရလိမ့်မည်နည်း။ အသက်ရှင်တော်မူသော ဘုရားသခင်၏ ဗိုလ်ခြေ တို့ကို ကြိမ်းပရမည်အကြောင်း၊
အရေဖျားလှီးခြင်းကို မခံသော ထိုဖိလိတ္တိလူသည် အဘယ်သို့သော သူဖြစ်သနည်းဟု မိမိအနားမှာရှိသော သူတို့အား မေးမြန်းလျှင်၊- 27
သူတို့က၊ ထိုလူကို သတ်သောသူသည် ဤမည်သော အကျိုးကို ရလိမ့်မည်ဟု ယမန်ကဲ့သို့ ပြန်ပြောကြ၏။ 28 ထိုသူတို့နှင့်
ဒါဝိဒ်ပြောသည်ကို အစ်ကိုအကြီး ဧလျာဘကြားလျှင် ဒါဝိဒ်ကို အမျက်ထွက်၍၊ သင်သည် အဘယ်ကြောင့် ဤအရပ်သို့ လာသနည်း။
ထိုနည်းသော သိုးတို့ကို တောတွင် အဘယ်သူလက်၌ အပ်ခဲ့သနည်း။ သင့်မာနကြီးခြင်း၊ သင့်စိတ်နှလုံးဆိုးညစ်ခြင်းကို ငါသိ၏။
စစ်ပွဲကို ကြည့်ရှုခြင်းငှါ သာလာပြီဟု ဆို၏။ 29 ဒါဝိဒ်ကလည်း၊ အကျွန်ုပ်သည် အဘယ်အမှုကို ပြုမိသနည်း။ ယခုပြောစရာ
အကြောင်းမရှိလောဟု ဆိုသောနောက်၊ 30 အခြားသောသူတို့ထံသို့ လှည့်၍ ယမန်ကဲ့သို့ မေးမြန်းလျှင်၊ သူတို့သည် ရှေ့အတူ
ပြန်ပြောကြ၏။ 31 ထိုသို့ ဒါဝိဒ်ပြောသော စကားကို ကြားသော သူတို့သည် ရှောလုထံတော်၌ ကြားလျှောက်သော်၊ ဒါဝိဒ်ကို
ခေါ်တော်မူ၏။ 32 ဒါဝိဒ်ကလည်း ထိုလူကြောင့် အဘယ်သူမျှ စိတ်မပျက်ပါစေနှင့်။ ကိုယ်တော်ကျွန်သွား၍ ထိုဖိလိတ္တိ လူကို
တိုက်ပါမည်ဟု ရှောလုအား လျှောက်လျှင်၊- 33 ရှောလုက၊ သင်သည် ထိုဖိလိတ္တိလူကို သွား၍ မတိုက်နိုင်။ သင်သည်
နုပျိုသောသူဖြစ်၏။ ထိုသူသည် ပျိုသောအရွယ်မှစ၍ စစ်သူရဲဖြစ်ခဲ့ပြီဟု ဒါဝိဒ်အား ဆိုသော်၊- 34 ဒါဝိဒ်က၊ ကိုယ်တော်ကျွန်သည်


generated on Tue Jul 2 12:50:28 2024

အဘ၏ သိုးတို့ကို ထိန်းကျောင်းစဉ်အခါ၊ ခြင်္သေ့နှင့်ဝံသည်လာ၍ သိုးသငယ်ကို သိုးစုထဲက ကိုက်ချီပါ၏။ [35] ကျွန်တော်လိုက်၍
သတ်သဖြင့် သိုးသငယ်ကို သူ့ပစပ်ထဲက နှုတ်ပါ၏။ ဝံသည် ကျွန်တော်ကို ပြန်၍ ကိုက်သောအခါ၊ ဝံ၏မုတ်ဆိတ်ကို ကိုင်၍
ရိုက်သတ်ပါ၏။ [36] ကိုယ်တော် ကျွန်သည် ခြင်္သေ့နှင့်ဝံနှစ်ကောင်လုံးကို သတ်ပါ၏။ အရေဖျားလှီးခြင်းကို မခံသော ထိုဖိလိတ္တိလူသည်
အသက်ရှင်တော်မူသော ဘုရားသခင်၏ ဗိုလ်ခြေတို့ကို ကြိမ်းပသောကြောင့်၊ ထိုအကောင် တကောင်ကဲ့သို့ ဖြစ်ပါလိမ့်မည်။ [37]
ခြင်္သေ့လက်၊ ဝံလက်မှ ကျွန်တော်ကို ကယ်နှုတ်တော်မူသော ထာဝရဘုရားသည်၊ ထိုဖိလိတ္တိလူလက်မှ ကယ်နှုတ်တော်မူလိမ့်မည်ဟု
ရှောလုအား လျှောက်လေသော်၊ ရှောလုကသွားလော့။ ထာဝရဘုရား သည် သင်နှင့်အတူ ရှိတော်မူပါစေသောဟု ဒါဝိဒ်အား ဆိုလေ၏။
[38] ရှောလုသည်လည်း ဒါဝိဒ်ကို မိမိအဝတ်နှင့်ဝတ်စေသဖြင့်၊ သူ၏ခေါင်းပေါ်မှာ ကြေးဝါခလောက်လုံး ကိုတင်၍၊
သံချပ်အင်္ကျီကိုလည်း ဝတ်စေ၏။ [39] ဒါဝိဒ်သည် ထားတော်ကို အဝတ်ပေါ်မှာ စည်း၍ သွားမည်ဟု အားထုတ်သော်လည်း၊
ထိုလက်နက် များကို မစုံစမ်းသေး။ သို့ဖြစ်၍ ဒါဝိဒ်က ဤလက်နက်တို့နှင့် ကျွန်တော် မသွားနိုင်ပါ၊ မစုံစမ်းပါသေး ဟု ရှောလုအား
လျှောက်၍ ချွတ်ပြန်လေ၏။ [40] တဖန် မိမိတောင်ဝေးကို ကိုင်လျက်၊ ချောသောကျောက်ငါးလုံးကို ချောင်းထဲက ရွေး၍၊ သိုးထိန်း
တန်ဆာတည်းဟူသော လွယ်အိတ်၌ ထည့်ပြီးမှ၊ လောက်လွှဲကိုလည်းကိုင်၍ ဖိလိတ္တိလူရှိရာသို့ ချဉ်းလေ၏။ [41] ဖိလိတ္တိလူသည်လည်း
ဒါဝိဒ်ရှိရာသို့ ချဉ်း၍ သူ့ရှေ့မှာ ဒိုင်းလွှားကို ဆောင်သောသူလည်း သွား၏။ [42] ဖိလိတ္တိလူသည် ကြည့်၍ ဒါဝိဒ်ကို မြင်သောအခါ
မထီမဲ့မြင်ပြု၏။ အကြောင်းမူကား၊ သူသည် နုပျိုသောသူ၊ ဆံပင်နီ၍ မျက်နှာလှသောသူ ဖြစ်၏။ [43] ဖိလိတ္တိလူက၊ သင်သည်
တောင်ဝေးနှင့် ငါ့ထံသို့ လာရမည်အကြောင်း၊ ငါသည် ခွေးဖြစ်သလောဟု မေးလျက်၊ မိမိဘုရားတို့ကို တိုင်တည်၍ ဒါဝိဒ်ကို
ကျိန်ဆဲလေ၏။ [44] တဖန် ဖိလိတ္တိလူက လာခဲ့။ သင့်အသားကို မိုဃ်းကောင်းကင် ငှက်နှင့်တောသားရဲတို့အား ငါပေးမည်ဟု
ဒါဝိဒ်ကိုဆို၏။ [45] ဒါဝိဒ်ကသင်သည် ထား၊ လှံ၊ ကိဒုန်ပါလျက် ငါ့ထံသို့ လာ၏။ ငါသည် သင် ကြိမ်းပသော ဣသရေလ ဗိုလ်ခြေတို့၏
ဘုရားသခင်၊ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား၏ နာမတော်ပါလျက် သင်ရှိ ရာသို့လာ၏။ [46] ထာဝရဘုရားသည် သင့်ကို
ငါ့လက်၌ ယနေ့ အပ်တော်မူသဖြင့်၊ သင့်ကို ငါသတ်၍ လည်ပင်းကို ဖြတ်မည်။ ဖိလိတ္တိဗိုလ်ခြေ အသေကောင်များကို
မိုဃ်းကောင်းကင်ငှက်နှင့် တောသားရဲတို့အား ယနေ့ ငါပေးမည်။ ဣသရေလအမျိုး၌ ဘုရားသခင် ရှိတော်မူသည်ကို
မြေကြီးသားအပေါင်းတို့ သည်သိရကြလိမ့်မည်။ [47] ထာဝရဘုရားသည် ထားလှံအားဖြင့် ကယ်တင်တော်မမူကြောင်းကို၊
ဤပရိသတ်အပေါင်းတို့သည် သိရကြလိမ့်မည်။ အကြောင်းမူကား၊ ထာဝရဘုရားသည် စစ်မှုကို ပိုင်၍၊ ငါတို့လက်သို့ အပ်နှံတော်
မူမည်ဟု ဖိလိတ္တိလူအား ဆို၏။ [48] ဖိလိတ္တိလူသည် ထ၍ ဒါဝိဒ်နှင့်တွေ့ခြင်းငှါ ချဉ်းလာသောအခါ၊ ဒါဝိဒ်သည်လည်း ဖိလိတ္တိလူနှင့်
တွေ့ခြင်းငှါ ဗိုလ်ခြေရှိရာသို့ အလျင်အမြန် ပြေးပြီးမှ၊- [49] လွယ်အိတ်ထဲက ကျောက်တလုံးကို နှိုက်ယူ၍ လွှဲပစ်၏။ ဖိလိတ္တိလူ၏
နဖူးကို မှန်၍ နဖူးပေါက် သဖြင့် သူသည် မြေပေါ်မှာ ငိုက်စိုက်လဲလေ၏။ [50] ထိုသို့ ဒါဝိဒ်သည် လောက်လွှဲနှင့် ကျောက်တလုံးအားဖြင့်
နိုင်လျက် ထိခိုက်၍ သတ်လေ၏။ [51] ထိုအခါ ဒါဝိဒ်သည် ထားမပါသောကြောင့် ပြေး၍ ဖိလိတ္တိလူကို နင်းလျက်၊ သူ၏ ထားကို
ထားအိမ်မှ နှုတ်ဆွဲပြီးလျှင် လည်ပင်းကို ဖြတ်၍ အပြီးသတ်လေ၏။ ဖိလိတ္တိလူတို့သည် သူတို့၏ သူရဲသေကြောင်းကို မြင်သောအခါ
ပြေးကြ၏။ [52] ထိုအခါ ဣသရေလအမျိုး၊ ယုဒအမျိုးသားတို့သည် ထ၍ ကြွေးကြော်လျက် ချိုင့်တိုင်အောင်၎င်း၊ ဧကြုန်မြို့
တံခါးတိုင်အောင်၎င်း၊ ဖိလိတ္တိလူတို့ကို လိုက်ကြ၏။ ထိခိုက်သော ဖိလိတ္တိလူတို့သည် ရှာရိမ်မြို့ လမ်းနားမှစ၍ ဂါသမြို့၊
ဧကြုန်မြို့တိုင်အောင် လဲကြ၏။ [53] ဣသရေလ အမျိုးသားတို့သည် ဖိလိတ္တိလူတို့ကို လိုက်ရာမှ ပြန်လာ၍ သူတို့တဲများကို
လုယူကြ၏။ [54] ဒါဝိဒ်သည် ဖိလိတ္တိလူ၏ ဦးခေါင်းကို ယူ၍ ယေရုရှလင်မြို့သို့ ဆောင်သွား၏။ သူ၏လက်နက်များ ကို မိမိတဲ၌
ထား၏။ [55] ဒါဝိဒ်သည် ဖိလိတ္တိလူကို တိုက်ခြင်းငှါ ထွက်သွားသည်ကို ရှောလုသည်မြင်လျှင်၊ ထိုလုလင်ကား အဘယ်သူ၏
သာဖြစ်သနည်းဟု ဗိုလ်ချုပ်မင်းအာဗနာကို မေး၏။ အာဗနာကလည်း၊ အရှင်မင်းကြီး အသက်တော် ရှင်သည်အတိုင်း ကျွန်တော်
မသိပါဟု လျှောက်လျှင်၊- [56] ရှင်ဘုရင်က၊ ထိုလုလင်သည် အဘယ်သူ၏ သားဖြစ်လိမ့်မည်ကို မေးစစ်လော့ဟု မိန့်တော်မူ၏။ [57]
ဒါဝိဒ်သည် ဖိလိတ္တိလူကို သတ်ပြီးမှ၊ သူ၏ ဦးခေါင်းကို ကိုင်လျက် ပြန်လာသောအခါ၊ အာဗနာသည် ခေါ်၍ ရှောလုထံသို့
ဆောင်သွားပြီးလျှင်၊- [58] ရှောလုက၊ အချင်း လုလင်၊ သင်သည် အဘယ်သူ၏ သားဖြစ်သနည်းဟု မေးတော်မူ၏။ ဒါဝိဒ်ကလည်း
ကျွန်တော်သည် ကိုယ်တော်ကျွန်၊ ဗက်လင်မြို့သား ယေရှဲ၏သား ဖြစ်ပါသည်ဟု လျှောက်လေ၏။


generated on Tue Jul 2 12:50:28 2024

## Chapter 18

1 ထိုသို့ လျှောက်ပြီးသည်နောက်၊ ရှောလု၏ သားယောနသန် စိတ်နှလုံးသည် ဒါဝိဒ်စိတ်နှလုံးနှင့် စွဲကပ်လျက် ရှိ၍ ဒါဝိဒ်ကို
ကိုယ်နှင့်အမျှချစ်လေ၏။ 2 ထိုနေ့၌ ရှောလုသည် ဒါဝိဒ်ကို သိမ်းဆည်း၍ သူ့အဘ၏အိမ်သို့ နောက်တဖန် သွားနေရသော အခွင့်ကို
ပေးတော်မမူ။ 3 ယောနသန်သည်လည်း၊ ဒါဝိဒ်ကို ကိုယ်နှင့်အမျှ ချစ်သောကြောင့် သူနှင့်အတူ မိဿဟာယ ဖွဲ့ပြီးလျှင်၊- 4 မိမိဝတ်သော
ဝတ်လုံကို ချွတ်၍ မိမိအဝတ်တန်ဆာများနှင့် ထား၊ လေး၊ ခါးစည်းတို့ကိုပင် ဒါဝိဒ်အား ပေးလေ၏။ 5 ဒါဝိဒ်သည်
ရှောလုစေခိုင်းသမျှကို သွား၍ သတိပညာနှင့်ပြုမူသောကြောင့်၊ စစ်သူရဲအုပ်အရာ၌ ခန့်ထားတော်မူသဖြင့်၊ ဒါဝိဒ်သည်
ကျွန်တော်မျိုးမှစ၍ လူအပေါင်းတို့တွင် မျက်နှာရ၏။ 6 ဒါဝိဒ်သည် ဖိလိတ္တိလူကို သတ်ပြီးမှ ပြန်လာ၍၊ ရောက်လေရာရာ၌
မိန်းမများတို့သည် ရှောလုမင်း ကြီးကို ခရီးဦးကြိုပြုအံ့သောငှါ ရွှင်လန်းသောစိတ်နှင့် သီချင်းဆိုလျက်၊ ကလျက်၊ ပတ်သောအစရှိ
သည်တို့ကို တီးလျက်၊ ဣသရေလမြို့ရွာများထဲက ထွက်လာသဖြင့်၊ 7 ရှောလု အထောင်ထောင်၊ ဒါဝိဒ် အသောင်းသောင်း
သတ်လေစွတကားဟု အလှည့်လှည့် သီချင်းဆိုကြ၏။ 8 ရှောလုက၊ သူတို့သည် ဒါဝိဒ်အား အသောင်းသောင်း၊ ငါ့အား
အထောင်ထောင်သာ ပေးကြပြီ။ နိုင်ငံတော်မှတပါး အဘယ်အရာကို ပေးနိုင်သေးသနည်းဟု အလွန်အမျက်ထွက်၍ ထိုစကားကြောင့်
စိတ်ပျက်လေ၏။ 9 ထိုနေ့မှစ၍ ဒါဝိဒ်ကို အစဉ်ချောင်းမြောင်းလျက် နေ၏။ 10 နက်ဖြန်နေ့ထာဝရဘုရားထံတော်က၊
ဆိုးသောဝိညာဉ်သည် ရှောလုအပေါ်မှာရောက်သဖြင့်၊ ရှောလု သည် နန်းတော်အလယ်၌ ပရောဖက်ပြုသောကြောင့်၊ ဒါဝိဒ်သည်
အရင်ကဲ့သို့ စောင်းတီးလေ၏။ ရှောလုသည် လှံတို့ကို ကိုင်လျက်ရှိ၍၊- 11 ဒါဝိဒ်ကို ထရံနားမှာထိုးမည်ဟု အကြံရှိသည်အတိုင်း
လှံတို့ကို ထိုးပစ်သော်လည်း၊ ဒါဝိဒ်သည် အထံတော်မှ နှစ်ကြိမ်ရှောင်လွှဲလေ၏။ 12 ထိုသို့ ထာဝရဘုရားသည် ရှောလုထံမှထွက်၍
ဒါဝိဒ်နှင့်အတူ ရှိတော်မူသောကြောင့်၊ ရှောလုသည် ဒါဝိဒ်ကို ကြောက်ရွံ့သဖြင့်၊- 13 အထံတော်မှ ရွှေ့၍ လူတထောင်အုပ်အရာကို
ပေး၏။ ဒါဝိဒ်သည် လူများရှေ့၌ ထွက်ဝင်ရ၏။ 14 ဒါဝိဒ်သည် အရာရာ၌ သတိပညာနှင့်ပြုမူ၍ သူနှင့်အတူ ထာဝရဘုရားရှိတော်မူ၏
15 ထိုသို့ အလွန်သတိပညာနှင့် ပြုမူသည်ကို ရှောလုသည် မြင်လျှင် သာ၍ ကြောက်ရွံ့လေ၏။ 16 ဣသရေလအမျိုး၊
ယုဒအမျိုးသားအပေါင်းတို့သည် ဒါဝိဒ်ကို ချစ်ကြ၏။ အကြောင်းမူကား၊ သူတို့ ရှေ့၌ ဒါဝိဒ်သည် ထွက်ဝင်တတ်၏။ 17
တဖန်ရှောလုသည် ဒါဝိဒ်ကိုခေါ်၍ ငါ့သမီးကြီး မေရပ်ကို သင့်အား ငါပေးစားမည်။ သင်သည် ငါ့အဘို့ ရဲရင့်၍ ထာဝရဘုရားအဘို့
စစ်တိုက်ခြင်းကိုသာ ပြုလော့ဟု မိန့်တော်မူ၏။ အကြောင်းမူကား၊ ငါ့လက်သည် သူ့အပေါ်သို့ မရောက်စေနှင့်။ ဖိလိတ္တိလူတို့
လက်သည် ရောက်ပါစေသောဟု ရှောလု အကြံရှိ၏။ 18 ဒါဝိဒ်ကလည်း၊ ကျွန်တော်သည် ရှင်ဘုရင်၏
သမက်တော်ဖြစ်ရပါမည်အကြောင်း အဘယ်သို့သော သူဖြစ်ပါသနည်း။ ကျွန်တော်အသက်နှင့် ကျွန်တော် အဆွေအမျိုးသည်၊
ဣသရေလနိုင်ငံ၌ အဘယ်သို့ မြတ်ပါသနည်းဟု ရှောလုအား လျှောက်၏။ 19 သို့ရာတွင်၊ ရှောလု၏သမီး မေရပ်ကို ဒါဝိဒ်အား
ပေးစားရသော အချိန်ရောက်သောအခါ၊ မေဟော လသိအမျိုး အဒြေလအား ပေးစားလေ၏။ 20 တဖန် ရှောလုသမီး မိခါလသည်
ဒါဝိဒ်ကို ချစ်၏။ ထိုအကြောင်းကို လျှောက်သောအခါ၊ ရှောလု သည် အားရလျက်၊- 21 ငါ့သမီးသည် ဒါဝိဒ်ကိုကျော့မိ၍ ဖိလိတ္တိလူတို့
လက်သို့ ရောက်စေခြင်းငှါ ပေးစားမည်ဟု အကြံရှိ၏။ 22 နန်းတော်သားအချို့ကို ခေါ်၍၊ သင်တို့သည် ဒါဝိဒ်နှင့် တိတ်ဆိတ်စွာ
စကားပြောရမည်မှာ၊ ရှင်ဘုရင် သည် သင့်ကို စုံမက်၍၊ ရှင်ဘုရင်၏ ကျွန်အပေါင်းတို့သည်လည်း ချစ်ကြ၏။ သို့ဖြစ်၍ ရှင်ဘုရင်၏
သမက်တော်ဖြစ်ကောင်းပါ၏ဟု မှာထားသည်အတိုင်း၊- 23 ရှောလု၏ ကျွန်တို့သည် ဒါဝိဒ်အား ပြောကြ၏။ ဒါဝိဒ်ကလည်း၊
ကျွန်ုပ်သည် အသရေမရှိသော ဆင်းရဲသားဖြစ်လျက်နှင့် ရှင်ဘုရင်၏ သမက်တော်လုပ်ရသောအမှုသည် သာမညအမှု ထင် သလောဟု
ပြောဆို၏။ 24 ရှောလုကျွန်တို့ကလည်း၊ ဒါဝိဒ်သည် ဤသို့ပြောဆိုပါသည်ဟု လျှောက်လျှင်၊- 25 သင်တို့သည် တဖန်ပြောရမည်မှာ၊
ရှင်ဘုရင်သည် ရန်သူတို့၌ စိတ်တော်ပြေမည်အကြောင်း၊ ဖိလိတ္တိ လူတို့၏ အရေဖျားတရာမှ တပါးအခြားသော လက်ဖွဲ့ရာကို
အလိုတော်မရှိဟု မှာထား၏။ သို့ရာတွင် ဒါဝိဒ်ကို ဖိလိတ္တိလူတို့လက်ဖြင့် ဆုံးစေမည်ဟု ရှောလုအကြံရှိ၏။ 26 ရှောလု ကျွန်တို့သည်
ထိုစကားကို ဒါဝိဒ်အား ပြန်ပြောသောအခါ၊ ဒါဝိဒ်သည် ရှင်ဘုရင်၏ သမက် တော်ဖြစ်ခြင်းငှါ အလိုရှိ၏။ ထို့ကြောင့် ချိန်းချက်သော
အချိန်မစေ့မှီထ၍၊- 27 မိမိလူတို့နှင့်အတူသွားသဖြင့်၊ ဖိလိတ္တိ လူနှစ်ရာတို့ကို သတ်ပြီးမှ၊ ရှင်ဘုရင်၏ သမက်တော် ဖြစ်လို သောငှါ၊
သူတို့အရေဖျားများကို ယူခဲ့၍၊ စုံလင်သော အရေအတွက်အားဖြင့် ရှင်ဘုရင်အား ဆက် လေ၏။ ရှောလုသည်လည်း
သမီးတော်မိခါလကို ပေးစားရ၏။ 28 ထာဝရဘုရားသည် ဒါဝိဒ်နှင့်အတူ ရှိတော်မူကြောင်းကိုင်၊ မိမိသမီးသည် ချစ်ကြောင်းကိုင်၊
ရှောလုသည် မြင်၍၊- 29 ကြောက်ရွံ့သော စိတ်စွဲလမ်းလျက် အစဉ်အမြဲ ရန်ငြိုးဖွဲ့လေ၏။ 30 တဖန် ဖိလိတ္တိမင်းတို့သည် ချီသွားကြ၏။
ချီသွားကြသည်နောက် ဒါဝိဒ်သည် ရှောလု၏ ကျွန်အပေါင်း တို့ထက်သာ၍ သတိပညာနှင့် ပြုမူသဖြင့် အလွန်ဂုဏ်အသရေနှင့်
ပြည့်စုံ၏။


generated on Tue Jul 2 12:50:28 2024

## Chapter 19

1 ထို့ကြောင့် ရှောလုသည် ဒါဝိဒ်ကို သတ်စေခြင်းငှါ၊ သားတော် ယောနသန်နှင့် မိမိကျွန်အပေါင်း တို့ကို မှာထားလေ၏။ 2 သားတော်
ယောနသန်သည် ဒါဝိဒ်ကို အလွန်ချစ်၍၊ ငါ့အဘရှောလုသည် သင့်ကို သတ်ခြင်းငှါ ရှာကြံ၏။ သို့ဖြစ်၍ နံနက်တိုင်အောင် ကိုယ်ကို
သတိပြုသဖြင့် ဆိတ်ကွယ်ရာအရပ်၌ ပုန်းရှောင်၍ နေပါလော့။ 3 ငါထွက်၍ သင်ရှိရာတော၌ ငါ့အဘထံ ခစားလျက်၊ သင့်အမှု၌
စကားပြောမည်။ တွေ့မြင်သမျှကို သင့်အား ငါပြန်ကြားမည်ဟု ဒါဝိဒ်အား ပြောဆို၏။ 4 ယောနသန်သည် အဘရှောလုထံ၌၊
ဒါဝိဒ်ဘက်မှာပြော၍၊ ရှင်ဘုရင်သည် ကျွန်တော်ဒါဝိဒ်ကို မပြစ်မှားပါစေနှင့်။ သူသည် ကိုယ်တော်ကို မပြစ်မှားပါ။ ကိုယ်တော်၌
အလွန်ကျေးဇူးပြုပါပြီ။ 5 မိမိအသက်ကို မနှမြောဘဲ ဖိလိတ္တိလူကိုသတ်၍ ထာဝရဘုရားသည် ဣသရေလအမျိုးတမျိုးလုံးအဘို့
ကြီးစွာသော ကယ်တင်ခြင်း ကျေးဇူးကို ပြုတော်မူ၏။ ကိုယ်တော်သည် မြင်၍ ဝမ်းမြောက်ပါ၏။ သို့ဖြစ်၍ အကြောင်းမရှိဘဲ ဒါဝိဒ်ကို
သတ်သဖြင့် အဘယ်ကြောင့် အပြစ်မရှိသောသူ၏ အသက်ကို သတ်သောအပြစ် သင့်ရောက်စေချင်ပါသနည်းဟု
အဘရှောလုအားဆိုသော်၊ 6 ရှောလုသည် ယောနသန်၏ စကားကို နားထောင်၍၊ ထာဝရဘုရား အသက်ရှင်တော်မူသည်အတိုင်း၊
သူသည် အသေမခံရဟု ကျိန်ဆိုလေ၏။ 7 ယောနသန်သည် ဒါဝိဒ်ကို ခေါ်၍ အကြောင်းအရာ၊ အလုံးစုံတို့ကို ပြောပြီးမှ၊
ရှောလုထံသို့သွင်းပြန်၍ အထံတော်၌ အရင်နေသကဲ့သို့ နေရ၏။ 8 တဖန်စစ်မှုပေါ်ပြန်သောအခါ၊ ဒါဝိဒ်ထွက်၍ ဖိလိတ္တိလူတို့ကို
တိုက်လျက်၊ ကြီးစွာသော လုပ်ကြံ ခြင်းအားဖြင့် သတ်၍ သူတို့သည် ပြေးကြ၏။ 9 ရှောလုသည် လှံတို့ကို ကိုင်၍နန်းတော်၌
ထိုင်စဉ်တွင်၊ ထာဝရဘုရားထံတော်မှ ဆိုးသောဝိညာဉ် သက်ရောက်၍၊ ဒါဝိဒ်သည် စောင်းတီးလျက်နေသောအခါ၊ 10 သူ့ကိုလှံတိုနှင့်
ထရံနားမှာ ထိုးစမ်းသော်လည်း၊ အထံတော်မှ ရှောင်ပြေးသဖြင့် လှံတိုသည် ထရံကို စူးလျက် နေ၏။ ဒါဝိဒ်သည် ပြေး၍ ထိုညဉ့်ကို
လွတ်ရ၏။ 11 ရှောလုသည် သူ့ကို စောင့်၍ နံနက်ချိန်၌ သတ်စေခြင်းငှါ သူ့အိမ်သို့လူကို လွှတ်စေ၏။ ဒါဝိဒ်မယား မိခါလက၊ သင်သည်
ယနေ့ညမှာ ကိုယ်အသက်ကို မကယ်မလျှင်၊ နက်ဖြန်နေ့၌ အသေခံရလိမ့်မည်ဟု ဆိုလျက်၊ 12 ဒါဝိဒ်ကို ပြတင်းပေါက်မှ လျှော့ချ၍
သူသည် အလွတ်ထွက်ပြေးလေ၏။ 13 မိခါလသည်လည်း၊ တေရပ်ရုပ်တုကို ယူ၍ ခုတင်ပေါ်မှာ ထားပြီးလျှင်၊ ဆိတ်မွေးဖြင့်ရက်သော
ကုလားကာနှင့် ခေါင်းရင်းရှေ့၌ ကာ၍ စောင်နှင့် ခြုံလေ၏။ 14 ဒါဝိဒ်ကို ဘမ်းဆီးစေခြင်းငှါ ရှောလု စေလွှတ်သောလုလင်
ရောက်သောအခါ၊ ဒါဝိဒ်နာ၍ နေပါသည်ဟု မယားပြောဆို၏။ 15 ရှောလုကလည်း၊ သူ့ကို ငါသတ်မည်အကြောင်း ခုတင်နှင့်တကွ
ဆောင်ခဲ့ကြဟု ဒါဝိဒ်ကို အကြည့်အရှု စေလွှတ်၍၊ 16 တမန်တို့သည်ဝင်ကြသောအခါ ဆိတ်မွေးနှင့် ရက်သော ကုလားကာနှင့်
ခေါင်းရင်းရှေ့၌ ကာလျက်၊ ခုတင်မှာ တေရပ်ရုပ်တု ရှိပါသည်တကား။ 17 ရှောလုကလည်း ငါ့ကို လှည့်စား၍ အဘယ်ကြောင့် ရန်သူကို
လွှတ်လိုက်သနည်း။ ယခုလွတ်အောင် ပြေးပါပြီတကားဟု မိခါလအားပြောဆိုလျှင်၊ မိခါလက ငါသွားမည်။ သို့မဟုတ် သင့်ကို
ငါသတ်မည်ဟု သူပြောပါသည်ဟု ရှောလုအား ပြန်လျှောက်လေ၏။ 18 ထိုသို့ ဒါဝိဒ် ပြေး၍ ရှောလုလက်မှ လွတ်သဖြင့်၊ ရှမွေလရှိရာ
ရာမမြို့သို့ ရောက်လေ၏။ ရှောလု ပြုလေသမျှတို့ကို ပြန်ကြားပြီးမှ၊ ရှမွေလသည် သွား၍ နာယုတ်ရွာမှာ နေ၏။ 19 ဒါဝိဒ်သည်
ရာမမြို့နယ်၊ နာယုတ်ရွာမှာ ရှိကြောင်းကို ရှောလုသည် ကြား၍၊ 20 ဒါဝိဒ်ကို ဘမ်းဆီးစေခြင်းငှါ စေလွှတ်ပြန်၏။ ပရောဖက်
အပေါင်းအသင်းတို့သည် ပရောဖက်ပြုလျက်၊ ရှမွေလစီရင်လျက်နေသည်ကို တမန်တို့သည် တွေ့မြင်သောအခါ၊ ဘုရားသခင်၏
ဝိညာဉ်တော်သည် ရှောလု၏ တမန်တော်တို့အပေါ်မှာ သက်ရောက်၍၊ သူတို့သည်လည်း ပရောဖက်ပြုရကြ၏။ 21 ထိုသိတင်းကို
ရှောလုသည်ကြားလျှင် အခြားသောသူတို့ကို စေလွှတ်၍၊ သူတို့သည်လည်း ပရောဖက် ပြုရကြ၏။တတိယအကြိမ် ရှောလုသည်
စေလွှတ်၍၊ ထို့အတူပြုကြရ၏။ 22 ထိုအခါ ကိုယ်တိုင်ရာမမြို့သို့ သွား၍၊ စေခုရွာ၌ရှိသော ရေတွင်းကြီးသို့ရောက်သော်၊ ရှမွေလနှင့်
ဒါဝိဒ်တို့သည် အဘယ်မှာရှိသနည်းဟု မေးလျှင်၊ ရာမမြို့နယ်၊ နာယုတ်ရွာမှာ ရှိပါသည်ဟု ကြားလျှောက်လေသော်၊ 23
ထိုအရပ်သို့သွား၍၊ ဘုရားသခင်၏ဝိညာဉ်တော်သည် သူ့အပေါ်မှာ သက်ရောက်သဖြင့်၊ နာယုတ်ရွာ တိုင်အောင်
ပရောဖက်ပြုလျက်သွားလေ၏။ 24 အဝတ်တော်ကိုလည်း ချွတ်၍၊ ရှမွေလရှေ့မှာ ထိုအတူပရောဖက်ပြုလျက်၊ အဝတ်မပါဘဲ
တနေ့နှင့် တညဉ့် လဲလျက်နေ၏။ ထို့ကြောင့် ရှောလုသည်လည်း ပရောဖက်တို့၌ ပါသလောဟု ဆိုလေ့ရှိကြ၏။

 generated on Tue Jul 2 12:50:28 2024

## Chapter 20

1 ဒါဝိဒ်သည် ရာမမြို့၊ နာယုတ်ရွာမှပြေး၍ ယောနသန်ထံသို့ ရောက်ပြီးလျှင်၊ ကျွန်ုပ်သည် အဘယ်သို့ ပြုဘိသနည်း။ အဘယ်အပြစ်
ရှိသနည်း။ ခမည်းတော်သည် ကျွန်ုပ်အသက်ကို ရှာမည်အကြောင်း၊ ကျွန်ုပ်သည် အဘယ်ဒုစရိုက်ကို ပြုဘိသနည်းဟု မေးသော်၊ 2
ယောနသန်က၊ ဤအမှုဝေးပါစေသော။ သင်သည် မသေရ။ ကျွန်ုပ်အဘသည် ကျွန်ုပ်အား မပြောဘဲ အမှုအကြီးအငယ် တစုံတခုကိုမျှ
မပြုတတ်။ ဤအမှုမှန်လျှင် ကျွန်ုပ်မသိစေခြင်းငှါ အဘယ်ကြောင့် ဝှက်ထားမည်နည်း။ ဤအမှုမမှန်ဘူးဟု ပြန်ပြော၏။ 3
ဒါဝိဒ်ကလည်း၊ ကျွန်ုပ်သည် သင်၏ မိတ်ဆွေဖြစ်ကြောင်းကို သင်၏ အဘသည် အမှန်သိသဖြင့်၊ ယောနသန်စိတ်မသာ ရှိမည်စိုးရိမ်၍
သူသည် ဤအမှုကို မသိစေနှင့်ဟု ပြောဆိုပါပြီ။ အကယ်စင်စစ် ထာဝရဘုရား အသက်ရှင်တော်မူသည်အတိုင်း၊ သင့်အသက်လည်း
ရှင်သည်အတိုင်း၊ ကျွန်ုပ်နှင့် သေဘေးစပ်ကြားမှာ အသွားတလှမ်းသာ ရှိပါသည်ဟု အကျိန်နှင့် ဆို၏။ 4 ယောနသန်ကလည်း၊
သင့်စိတ်နှလုံး အလိုရှိသည်အတိုင်း ကျွန်ုပ်ပြုပါမည်ဟု ဒါဝိဒ်အားဆိုလျှင်၊ 5 ဒါဝိဒ်က၊ နက်ဖြန်နေ့သည် လဆန်းနေ့ဖြစ်၍၊ ကျွန်ုပ်သည်
ရှင်ဘုရင်နှင့်အတူ စားတော်ပွဲနားမှာ မထိုင်ဘဲ မနေသင့်။ သို့သော်လည်း ကျွန်ုပ်သွား၍ သုံးရက်နေ့ညဦးတိုင်အောင် တော၌
ပုန်းရှောင်လျက် နေပါရစေ။ 6 သင်၏ အဘသည် ကျွန်ုပ်မရှိသည်ကို မှတ်မိလျှင်၊ ဒါဝိဒ်၏ အဆွေအမျိုးအပေါင်းတို့သည် နှစ်စဉ်ပွဲ
ခံချိန်ရှိသောကြောင့်၊ မိမိနေရာ ဗက်လင်မြို့သို့ သွားရမည်အကြောင်း၊ ကျပ်ကျပ်အခွင့်ပန်ပါ၏ဟု လျှောက်ပါ။ 7 အဘက
ကောင်းပြီဟုဆိုလျှင်၊ ကိုယ်တော်ကျွန်သည် ချမ်းသာရပြီ။ သို့မဟုတ် အလွန်စိတ်ဆိုးလျှင်၊ ဘေးပြုမည် အကြံရှိသည်ကို
သဘောကျပါ။ 8 ကိုယ်တော်ကျွန်၌ ကျေးဇူးပြုပါ။ ထာဝရဘုရား၏ ပဋိညာဉ်ကို ကိုယ်တော်ကျွန်နှင့် ဖွဲ့ပါပြီ။ သို့သော်လည်း ကျွန်ုပ်၌
အပြစ်ရှိလျှင် ကိုယ်တော်တိုင် သတ်ပါ။ အဘယ်ကြောင့် အဘထံသို့ ဆောင်သွားရပါမည်နည်းဟု ယောနသန်အားဆို၏။ 9
ယောနသန်က ထိုသို့သောအမှု ဝေးပါစေသော။ ကျွန်ုပ်အဘသည် သင်၌ ဘေးပြုမည်ဟု အကြံ ရှိသည်ကို ကျွန်ုပ်သည် အမှန်သိလျှင်
သင့်အား မပြောဘဲနေလိမ့်မည်လောဟု ဆို၏။ 10 ဒါဝိဒ်ကလည်း၊ ခမည်းတော်သည် ကြမ်းတမ်းစွာ ပြန်ပြောလျှင်၊ ကျွန်ုပ်အား
အဘယ်သူ ကြားပြောလိမ့်မည်နည်းဟု မေးသော်၊ 11 ယောနသန်က၊ ငါတို့သည် တောသို့ သွားကြကုန်အံ့ဟု ဒါဝိဒ်အား ဆိုလျက်၊
နှစ်ယောက်တို့သည် တောသို့ထွက်သွားကြ၏။ 12 ယောနသန်ကလည်း၊ ဣသရေလအမျိုး၏ ဘုရားသခင် ထာဝရဘုရား
အသက်ရှင်တော်မူသည်အတိုင်း၊ နက်ဖြန်နေ့ သဘက်နေ့၌ ကျွန်ုပ်အဘကို စုံစမ်းသောအခါ သူသည် ဒါဝိဒ်၌ ကောင်းသော အကြံရှိ၍
သင့်ကို ကျွန်ုပ်မကြားလိုက်ဘဲ နေသော်ငင်း၊ 13 သို့မဟုတ် ကျွန်ုပ်အဘသည် ဘေးပြုခြင်းငှါ အလိုရှိ၍ သင်သည် ငြိမ်ဝပ်စွာ
သွားရမည်အကြောင်း၊ ကျွန်ုပ် သတိမပေး မလွှတ်လိုက်ဘဲ နေသော်ငင်း၊ ထာဝရဘုရားသည် ထိုမျှမက ယောနသန်ကို
ပြုတော်မူစေသတည်း။ ထာဝရဘုရားသည် ကျွန်ုပ်အဘနှင့် အတူရှိခဲ့ပြီးသကဲ့သို့ သင်နှင့်အတူ ရှိပါစေသော။ 14 သင်သည်
ကျွန်ုပ်အသက်ရှင်စဉ် အခါ၌သာ အသက်ချမ်းသာစေခြင်းငှါ ထာဝရဘုရား အလိုတော် အတိုင်း ကျေးဇူးပြုရမည်မက၊ 15
ထာဝရဘုရားသည် ဒါဝိဒ်၏ ရန်သူအပေါင်းတို့ကို မြေကြီးပေါ်က ပယ်ရှင်းတော်မူသော နောက်မှာလည်း၊ ကျွန်ုပ်အမျိုးအနွယ်၌
အစဉ်အမြဲ ကျေးဇူးပြုရမည်ဟု ဒါဝိဒ်အားဆိုသဖြင့်ငင်း၊ 16 သစ္စာပျက်လျှင် ဒါဝိဒ်၏ ရန်သူတို့အားဖြင့် ထာဝရဘုရား
အပြစ်ပေးတော်မူစေသတည်းဟု ဒါဝိဒ်၏ အမျိုးအနွယ်နှင့် ပဋိညာဉ်ဖွဲ့သဖြင့်ငင်း၊ 17 ကိုယ်ဝိညာဉ်ကို ချစ်သကဲ့သို့ ဒါဝိဒ်ကို
ချစ်သောကြောင့်၊ ချစ်သောစိတ်အားကြီး၍ ဒါဝိဒ်အား အထပ်ထပ်ကျိန်ဆို၏။ 18 တဖန် ယောနသန်က၊ နက်ဖြန်နေ့သည်
လဆန်းနေ့ဖြစ်၍၊ သင်ထိုင်ရာအရပ် လပ်လျှင် သင်မရှိကြောင်း ထင်ရှားလိမ့်မည်။ 19 သင်သည် သုံးရက်နေပြီးမှ အလျင်အမြန်
ဆင်းလာသဖြင့်၊ အရင်အမှုရှိစဉ် ပုန်းရှောင်၍ နေရာအရပ်သို့ ရောက်လျှင်၊ ဧဇေလ ကျောက်နားမှာ နေရမည်။ 20 ကျွန်ုပ်သည်လည်း၊
စက်ကို ပစ်ဟန်ပြု၍၊ ထိုကျောက်နားသို့ မြှားသုံးစင်းပစ်မည်။ 21 မြှားတို့ကို သွား၍ ရှာချေဟု လူကလေးကို စေခိုင်းသောအခါ၊
မြှားတို့သည် နင့်အနားမှာရှိ၏။ ကောက်တော့ဟု သေချာစွာ ပြောလျှင်လာခဲ့ပါ။ ထာဝရဘုရား အသက်ရှင်တော်မူသည်အတိုင်း
ဘေးမရှိ၊ ချမ်းသာရပြီ။ 22 သို့မဟုတ်၊ မြှားတို့သည် နင့်ကို လွန်ပြီဟု လုလင်အား ဆိုလျှင် သွားလော့။ ထာဝရဘုရားသည် သင့်ကို
လွှတ်လိုက်တော်မူ၏။ 23 ယခု ငါတို့နှစ်ယောက် ပြောသော အမှုသည်ကား၊ ထာဝရဘုရားသည် သင်နှင့် ကျွန်ုပ်စပ်ကြားမှာ
အစဉ်ရှိတော်မူစေသတည်းဟု ဒါဝိဒ်အား ပြောဆိုလေ၏။ 24 ဒါဝိဒ်သည် တော၌ ပုန်းရှောင်၍ နေ၏။ လဆန်းနေ့ရောက်မှ
ရှင်ဘုရင်သည် စားတော်ခေါ်ခြင်းငှါ ထိုင်၏။ 25 ထုံးစံအတိုင်းထရံနားမှာ ရှင်ဘုရင်ထိုင်လျှင်၊ ယောနသန်ထ၍ အာဗနာသည်
ရှောလုအနားမှာ ထိုင်၏။ ဒါဝိဒ်၏ နေရာ ထိုင်ရာသည် လပ်၏။ 26 သို့ရာတွင် ရှောလုက အကြောင်းတစုံတခုရှိလိမ့်မည်။ သူသည်
မစင်ကြယ်။ အကယ်၍ သူသည် မစင်ကြယ်ဟု ထင်မှတ်၍ ထိုနေ့၌ တိတ်ဆိတ်စွာနေ၏။ 27 နက်ဖြန်နေ့ လဆန်းနှစ်ရက်နေ့၌ ဒါဝိဒ်၏
နေရာထိုင်ရာသည် လပ်သောကြောင့် ရှောလုက၊ ယေရှဲသားသည် စားပွဲတော်သို့ မနေ့ကမလာ၊ ယနေ့လည်း မလာဘဲ
အဘယ်ကြောင့်နေသနည်းဟု သားတော် ယောနသန်အား မေးလျှင်၊ 28 ယောနသန်က၊ ဒါဝိဒ်သည် ဗက်လင်မြို့သို့
သွားရမည်အကြောင်း ကျပ်ကျပ်အခွင့်ပန်လျက်၊ 29 အကျွန်ုပ် သွားရသော အခွင့်ကို ပေးပါလော့။ အကျွန်ုပ် အဆွေအမျိုးတို့သည်
ထိုမြို့၌ ယဇ်ပွဲကို ဆောင်ကြပါ၏။ အကျွန်ုပ် အစ်ကိုလည်းမှာလိုက်ပါပြီ။ စိတ်တော်နှင့် တွေ့သည်မှန်လျှင် အကျွန်ုပ်သွား၍
အစ်ကိုတို့ကို မြင်ရမည်အကြောင်း အခွင့်ပေးပါလော့ဟု တောင်းပန်ပါ၏။ ထို့ကြောင့် စားပွဲတော်သို့ မလာပါဟု ရှောလုအား
လျှောက်လေ၏။ 30 ထိုအခါရှောလုသည် ယောနသန်ကို အမျက်ထွက်၍၊ မြောက်မထားသော မိန်းမ၏သား၊ သင်သည် ကိုယ်တိုင်

 generated on Tue Jul 2 12:50:28 2024

အရှက်ကွဲသည်တိုင်အောင်၎င်း၊ သင့်အမိအဝတ်ကျွတ်၍ အရှက်ကွဲသည့်တိုင်အောင်၎င်း၊ ယေရှဲ၏သား ဘက်၌ နေသည်ကို
ငါမသိသလော။ 31 ယေရှဲ၏သားသည် မြေကြီးပေါ်မှာ အသက်ရှင်သည်ကာလပတ်လုံး သင်နှင့် သင်၏နိုင်ငံ မတည်ရ။
ယခုစေလွှတ်၍ သူ့ကိုခေါ်ခဲ့။ သူသည် အသေခံရမည်ဟုဆိုလျှင်၊ 32 ယောနသန်က၊ ဒါဝိဒ်သည် အဘယ်ကြောင့် အသေခံရမည်နည်း။
အဘယ်သို့ပြုဘိသနည်းဟု အဘရှောလုအား မေးလေသော်၊ 33 ရှောလုသည် ယောနသန်ကို မှန်စေခြင်းငှါ လှံတို့ကို လက်လွှတ်၍
ထိုးလေ၏။ သို့ဖြစ်၍ အဘသည် ဒါဝိဒ်ကို သတ်မည်အကြံရှိသည်ကို ယောနသန်သည် သိသဖြင့်၊ 34 အမျက်ထွက်၍၊
ထိုလဆန်းနှစ်ရက်နေ့၌ အစာမစားဘဲ ထသွား၏။ မိမိအဘသည် ဒါဝိဒ်ကို အရှက်ခွဲသောကြောင့် ဒါဝိဒ်အတွက် ညှိုးငယ်သောစိတ်
ရှိ၏။ 35 နံနက်ရောက်မှ ဒါဝိဒ်နှင့် ချိန်းချက်သော အချိန်၌၊ ယောနသန်သည် လူကလေးကို ခေါ်၍ တောသို့ သွား၏။ 36 လူကလေးအား
လည်းပြေးတော့။ ငါပစ်သော မြားတို့ကို ရှာတော့ဟုဆို၍ လူကလေးသည် ပြေးသောအခါ သူ့ကို လွန်အောင်မြားတစင်းကို ပစ်လေ၏။
37 ယောနသန်ပစ်သော မြားကျရာ အရပ်သို့ လူကလေးရောက်သောအခါ၊ ယောနသန်က၊ မြားတစင်းသည် နင့်ကို လွန်ပြီမဟုတ်လော။
38 ကြိုးစား၍ အလျင်အမြန်ပြေးတော့။ မနေနှင့်ဟု လူကလေးနောက်မှာ ဟစ်လေ၏။ လူကလေးသည်လည်း မြားတို့ကို ကောက်၍
မိမိသခင့်ထံသို့ ပြန်လာ၏။ 39 သို့ရာတွင် လူကလေးသည် ထိုအမှုကို နားမလည်။ ယောနသန်နှင့် ဒါဝိဒ်သာ နားလည်ကြ၏။ 40
ယောနသန်သည် မိမိလက်နက်တို့ကို လူကလေး၌ အပ်၍ မြို့ထဲသို့ယူသွားတော့ဟု ဆို၏။ 41 လူကလေးသွားသောနောက်၊ ဒါဝိဒ်သည်
တောင်မျက်နှာ အရပ်က ထ၍ မြေပေါ်မှာ ပြပ်ဝပ်လျက် သုံးကြိမ်တိုင်အောင် ဦးညွှတ်ပြီးလျှင်၊ သူတို့သည် တယောက်ကို
တယောက်နမ်းလျက် မျက်ရည် ကျလျက်၊ ဒါဝိဒ်သည်သာ၍ ပြုသည်တိုင်အောင် ပြုကြ၏။ 42 ယောနသန်ကလည်း၊
ထာဝရဘုရားသည် သင်နှင့် ကျွန်ုပ်စပ်ကြား၊ သင့်အမျိုးအနွယ်နှင့် ကျွန်ုပ် အမျိုးအနွယ်စပ်ကြားမှာ အစဉ်အမြဲ
ရှိတော်မူစေသတည်းဟူ၍ ထာဝရဘုရား၏ နာမတော်ကို တိုင်တည်သဖြင့်၊ ငါတို့နှစ်ယောက်သည် ကျိန်ဆိုကြသည်ကို ထောက်၍၊
ငြိမ်ဝပ်စွာ သွားတော့ဟု ဒါဝိဒ်အား ဆိုလျှင်၊ ဒါဝိဒ်သည် ထသွား၍ ယောနသန်လည်း မြို့ထဲသို့ ဝင်လေ၏။

---

1 Samuel 01

အဘယ်အပြစ် ရှိသနည်း။ ခမည်းတော်သည် ကျွန်ုပ်အသက်ကို
ရှာမည်အကြောင်း
မည်သည့်အမှားမျှ မကျူးလွန်ကြောင်းကို လေးနက်စေဖို့ရန်
ဒါဝိဒ်သည် ဤမေးခွန်းများကို အသုံးပြုခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်မှာ၊
"ငါသည်အဘယ်အမှားမှမလုပ်။
ငါသည်အဘယ်အပြစ်ကိုမျှမကျူးလွန်။ သူသည်ငါ့ကိုသတ်ဖို့ရန်
အကြောင်းမရှိ။"

ခမည်းတော်သည် ကျွန်ုပ်အသက်ကို ရှာမည်အကြောင်း၊
'အသက်ရှာခြင်း' ဟူ သည် 'သတ်ခြင်း' ဖြစ်သည်။

ဤအမှု ဝေးပါစေသော
'ဤအမှု ဝေးပါစေ' ဟူသည် 'မမှန်ကန်ဘူး' ဟု ဆိုလိုသည့်
စကားလုံးဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်မှာ၊ "ထိုသို့
လုံးဝမဖြစ်ရ။"

အမှုအကြီးအငယ် တစုံတခုကိုမျှ
"အမှုအကြီးအငယ်" စကားလုံးတွင်
၎င်းတို့နှစ်ခုကြားအရာအားလုံးပါဝင်သည်။
အခြားသောဘာသာပြန်ဆိုချက်မှာ၊ "လုံးဝ။"

ဤအမှုမှန်လျှင် ကျွန်ုပ်မသိစေခြင်းငှါ အဘယ်ကြောင့် ဝှက်ထားမည်နည်း
ဒါဝိဒ်ကိုသတ်မည့်အကြံရှိပါက ရှောလုသည် သူ့ကို
အဘယ့်ကြောင့်မပြောဘဲထားသည်ကို လေးနက်စေဖို့
ရန်ယောနသန်သည် ဤမေးခွန်းကို မေးခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်မှာ၊ "ငါ့ခမည်းတော်သည်
ဤအမှုကို ငါ့အားထိမ်ဝှက်ရန်အကြောင်းမရှိ" သို့မဟုတ်
"ဤအရာသည် မှန်ကန်ပါက ငါ့ခမည်းတော်သည်
ငါ့အားသိစေလိမ့်မည်။"

ဤအမှုမမှန်ဘူး
ဤအရာသည် မမှန်ကန်ပါ။

1 Samuel 03

သင်၏ မိတ်ဆွေဖြစ်ကြောင်း
အခြားသောဘာသာပြန်ဆိုချက်မှာ၊ "ငါသည်
သင့်ကိုစိတ်ကျေနပ်စေပြီ" သို့မဟုတ် "သင်သည်
ငါ့ကိုမျက်နှာသာပေးပြီ။"

စိုးရိမ်၍
အခြားသောဘာသာပြန်ဆိုချက်မှာ၊ "ဤအရာသည်
သူ့ကိုဝမ်းနည်းစေမည်" သို့မဟုတ်
"သူသည်အလွန်ဝမ်းနည်းလိမ့်မည်။"

ကျွန်ုပ်နှင့် သေဘေးစပ်ကြားမှာ အသွားတလှမ်းသာ ရှိပါသည်
'သေဘေးစပ်ကြားမှာ အသွားတလှမ်း' ဟူသည်
သေခါနီးဖြစ်ကြောင်းကို ရည်ညွှန်းသည်။
အခြားသောဘာသာပြန်ဆိုချက်မှာ၊ "ငါသည် သေခါနီးဖြစ်သည်။"

1 Samuel 04

ယေဘုယျအချက်အလက်
ဒါဝိဒ်သည် ယောနသန်ထံသို့ ရှင်ဘုရင်ရှောလုကိုဆန့်ကျင်၍
စမ်းသပ်မှုတစ်ခုကို အဆိုပြုသည်။


generated on Tue Jul 2 12:50:28 2024

နက်ဖြန်နေ့သည် လဆန်းနေ့ဖြစ်၍၊
လတိုင်း၏အစပိုင်းတွင် လူများသည် ပွဲလုပ်၍ ဘုရားသခင်ကို ယဇ်ပူဇော်လေ့ရှိသည်။

သုံးရက်နေ့ ညဦးတိုင်အောင်
သန်ဘက်ခါ ညနေတိုင်အောင်။ (UDB)

1 Samuel 06

ဆက်စပ်မှုဖော်ပြချက်
ဒါဝိဒ်သည် သူအဆိုပြုသည့်အချက်ကို ဆက်လက်ဖော်ပြသည်။

ကျပ်ကျပ်အခွင့်ပန်ပါ၏
သူ့ကိုငါခွင့်ပြုမည်၊ မပြုမည်ကို ငါ့အားအခွင့်တောင်းသည်။

အဘက ကောင်းပြီဟုဆိုလျှင်၊ ကိုယ်တော်ကျွန်သည် ချမ်းသာရပြီ။ သို့မဟုတ် အလွန်စိတ်ဆိုးလျှင်၊ ဘေးပြုမည် အကြံရှိသည်ကို သဘောကျပါ။
'သူ' သည် ရှောလုကို ရည်ညွှန်းသည်။

ကိုယ်တော်ကျွန်သည် ချမ်းသာရပြီ
ယောနသန်ကို ရိုသေလေးစားကြောင်းပြဖို့ရန် ဒါဝိဒ်သည် မိမိကိုယ်မိမိ အခြားပုဂ္ဂိုလ်တစ်ယောက်ကဲ့သို့ပြောသည်။ အခြားသောဘာသာပြန်ဆိုချက်မှာ၊ "သင်၏ ကျွန်ဖြစ်သော ငါသည် ငြိမ်သက်ခြင်းချမ်းသာရပြီ။"

1 Samuel 08

ဆက်စပ်မှုဖော်ပြချက်
ဒါဝိဒ်သည် ယောနသန်ကို ဆက်လက်စကားပြောသည်။

ကိုယ်တော်ကျွန်၌ ...ကိုယ်တော်ကျွန်နှင့် ဖွဲ့ပါပြီ
နှိမ့်ချသည့်အနေဖြင့် ဒါဝိဒ်သည် မိမိကိုယ်ကို တတိယပုဂ္ဂိုလ်အဖြစ်ပြောဆိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်မှာ၊ "ကိုယ်တော်၏ ကျွန်ဖြစ်သော ကျွန်ုပ်နှင့်...ယူဆောင်လာပြီ၊..." သို့မဟုတ် "ကျွန်ုပ်ကို ယူဆောင်လာပြီ။"

ထာဝရဘုရား၏ ပဋိညာဉ်ကို ကိုယ်တော်ကျွန်နှင့် ဖွဲ့ပါပြီ
အခြားသောဘာသာပြန်ဆိုချက်မှာ၊ "သင်နှင့်ငါသည် အမြဲတမ်းမိတ်ဆွေကောင်းများဖြစ်မည်ဟု တိုးတိတ်စွာသဘောတူသည်ကို ထာဝရဘုရားကြားတော်မူသည်။"

အဘယ်ကြောင့် အဘထံသို့ ဆောင်သွားရပါမည်နည်း
အခြားသောဘာသာပြန်ဆိုချက်မှာ၊ "ထိုသို့ဖြစ်လျှင် သင်သည် ငါ့ကို သင့်ခမည်းတော်ထံသို့ ခေါ်ဆောင်လာရန်အကြောင်းမရှိ။"

ထိုသို့သောအမှု ဝေးပါစေသော
ဘယ်တော့မှ မဖြစ်ပျက်မည့်အရာကို ဆိုလိုသည့်စကားဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်မှာ၊ "ထိုသို့ သင့်ထံ၌ မဖြစ်ရ။"

သင့်အား မပြောဘဲနေလိမ့်မည်လော
အခြားသောဘာသာပြန်ဆိုချက်မှာ၊ "သင့်ကို ငါ ဧကန်အမှန်ပြောပြမည်။"

1 Samuel 12

ကောင်းသော အကြံရှိ၍
ငါ့ခမည်းတော်သည် သင့်အပေါ်၌ ကောင်းသောအကြံရှိပါက။

သင့်ကို အကျွန်ုပ်မကြားလိုက်ဘဲ နေသော်ငြင်း၊ သို့မဟုတ် အကျွန်ုပ်၏အဘသည် ဘေးပြုခြင်းငှါ အလိုရှိ၍ သင်သည် ငြိမ်ဝပ်စွာ သွားရမည်အကြောင်း၊ အကျွန်ုပ် သတိမပေး မလွှတ်လိုက်ဘဲ
ရှောလုသည် ဒါဝိဒ်ကိုအန္တရာယ်ပြုရန်ကြံပါက ဒါဝိဒ်ကိုပြောပြမည်ဖြစ်ကြောင်းကိုအလေးပေးပြောဖို့ရန် ဤမေးခွန်းကိုဖော်ပြခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်မှာ၊ "ငါသည် ဧကန်အမှန်လူကို စေလွှတ်၍ သင့်ကိုသိစေမည်။"

ထိုမျှမက ယောနသန်ကို ပြုတော်မူစေသတည်း။
ယောနသန်သည် လေးနက်မှုရှိခြင်းကို ဖော်ပြရန် ဤကျိန်ဆိုချက်ကိုသုံး၍ မိမိကိုယ်ကို အခြားပုဂ္ဂိုလ်တစ်ဦးကဲ့သို့ ပြောဆိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်မှာ၊ "ငါ့ခမည်းတော်သည် သင့်အပေါ်သို့ ကြံစည်သော အန္တရာယ်အားလုံးကို ထာဝရဘုရားသည် ငါ၌ ပြုပါစေ၊ ထိုထက်မက ပြုပါစေ။"

1 Samuel 14

ယေဘုယျအချက်အလက်
ယောနသန်သည် ဒါဝိဒ်အား သူ၏မျိုးဆက်များကိုအကုန်အစင်မသတ်ဘဲ အကျန်အကြွင်းရှိစေဖို့ရန် မေးမြန်းတောင်းဆို ခြင်းဖြစ်သည်။

သင်သည် ကျွန်ုပ်အသက်ရှင်စဉ် အခါ၌သာ အသက်ချမ်းသာစေခြင်းငှါ ထာဝရဘုရား အလိုတော် အတိုင်း ကျေးဇူးပြုရမည်
ဒါဝိဒ်သည် ဤအရာကို လုပ်မည်ဖြစ်ကြောင်း အတည်ပြု၍ မေးမြန်းခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်မှာ၊ "ငါသည် မသေမည်အကြောင်း ထာဝရဘုရား၏ ပဋိညာဉ်သစ္စာကို ငါ့အားပြပါ။"

ဒါဝိဒ်၏ အမျိုးအနွယ်
အခြားသောဘာသာပြန်ဆိုချက်မှာ၊ "ဒါဝိဒ် ၏မိသားစု။"

ဒါဝိဒ်၏ ရန်သူတို့အားဖြင့် ထာဝရဘုရား အပြစ်ပေးတော်မူစေသတည်း
ဖြစ်နိုင်သောအဓိပ္ပါယ်များမှာ

1 Samuel 17

ကိုယ်ဝိညာဉ်ကို ချစ်သကဲ့သို့ ဒါဝိဒ်ကို ချစ်သောကြောင့်
'ကိုယ့်ဝိညာဉ်' ဟူသည် သူ့ကိုယ်သူ ရည်ညွှန်းခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်မှာ၊ "ယောနသန်သည် ဒါဝိဒ်ကို မိမိကိုယ်ကိုချစ်သကဲ့သို့ ချစ်သည်။"

သင်မရှိကြောင်း ထင်ရှားလိမ့်မည်။
အခြားသောဘာသာပြန်ဆိုချက်မှာ၊ "ငါ့ခမည်းတော်သည် သင့်ကိုသတိရ

အရင်အမှုရှိစဉ်
'အမှုရှိစဉ်' ဟူသည် အရာအားလုံးဖြစ်ပျက်သည့်အချိန်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်မှာ၊ "အရာအားလုံး ဖြစ်ပျက်သောအခါ။"

ဧဇေလ ကျောက်
"ဧဇေလ"ဟူ သည် ကျောက်အမည်ဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်မှာ၊ "လူများက ဧဇေလ ဟုခေါ်သောကျောက်။"

1 Samuel 20

ဆက်စပ်ဖော်ပြချက်
ယောနသန်သည် ဒါဝိဒ်အား ဆက်လက်စကားပြောသည်။

ထိုကျောက်နားသို့
ဒါဝိဒ်ပုန်းမည့် ကျောက်ဖြစ်သည်။

လူကလေး
ယောနသန် ခိုင်းသည့် 'လူကလေး' ကိုဖော်ပြသည်။

ပြောလျှင်လာခဲ့ပါ
ထိုသို့ပြောလျှင် နင် (ဒါဝိဒ်) ထွက်လာပါ။

1 Samuel 22

ဆက်စပ်ဖော်ပြချက်
ယောနသန်သည် ဒါဝိဒ် ကို ဆက်လက်၍ စကားပြောသည်။

ထာဝရဘုရားသည် သင်နှင့် ကျွန်ုပ်စပ်ကြားမှာ အစဉ်ရှိတော်မူစေသတည်း
ဖြစ်နိုင်သောအဓိပ္ပါယ်များမှာ (၁) ထာဝရဘုရားသည် ငါနှင့် သင့်အကြားတွင် သက်သေဖြစ်လိမ့်မည် သို့မဟုတ် ထာဝရဘုရားသည် သင်နှင့်ငါ တစ်ယောက်ကိုတစ်ယောက် ဆက်ဆံပုံကိုကြည့်ရှုလိမ့်မည်၊ သို့မဟုတ် (၂) ထာဝရဘုရားသည် သင်နှင့်ငါ့ အကြားတွင် သက်သေဖြစ်ပါစေ၊ သို့မဟုတ် ထာဝရဘုရားသည် သင်နှင့်ငါ တစ်ယောက်ကိုတစ်ယောက်ဆက်ဆံမှုကို ကြည့်ရှုပါစေ။

1 Samuel 24

ယောနသန်ထ၍
အချို့ရှေးခေတ်ကျမ်းစာများတွင် 'ယောနသန်သည် သူနှင့်မျက်နှာချင်းဆိုင် ထိုင်၍' ရှိသည်ဟုဖော်ပြထားသည်။

1 Samuel 26

သူသည် မစင်ကြယ်။ အကယ်၍ သူသည် မစင်ကြယ်
မောရှေ၏ ပညတ်တော်အရ အခမ်းအနားဖြင့် သန့်ရှင်းစေခြင်းကို မခံရသောသူသည် ယဇ်ပရောဟိတ်ထံမှ သူသည် စင်ကြယ်သည်ဟု မပြောသရွေ့ ပွဲများတွင် ပါဝင်၍မရ။ ရှောလုသည် ဤစကားကို မိမိကိုယ်ကို ပြောနေသကဲ့သို့ ထပ်၍ ပြန်ပြောသည်။

1 Samuel 28

သွားရမည်အကြောင်း ကျပ်ကျပ်အခွင့်ပန်လျက်၊
သူ့ကို သွားခွင့်ပြုဖို့ရန် ငါ့ထံမှ ခွင့်တောင်းသည်။

စိတ်တော်နှင့် တွေ့သည်မှန်လျှင်
အခန်း ၂၀:၃ ကိုကြည့်ရန်။ အခြားသောဘာသာပြန်ဆိုချက်မှာ၊ "ငါသည် သင့်ကိုကျေနပ်စေပြီ" သို့မဟုတ် "သင်သည် ငါ့ကို မျက်နှာသာပေးသည်။"

စားပွဲတော်
ယောနသန်သည် ရှိသေလေးစားမှုကိုပြသရန် ရှောလု ကိုအခြားပုဂ္ဂိုလ်တစ်ဦးကဲ့သို့ပြောဆိုသည်။
အခြားသောဘာသာပြန်ဆိုချက်မှာ၊ "သင်၏စားပွဲ

1 Samuel 30

ရှောလုသည် ယောနသန်ကို အမျက်ထွက်၍၊
'အမျက်ထွက်' ဟူ သည် အလွန်ဒေါသထွက်ခြင်းကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်မှာ၊ "ရှောလုသည် ယောနသန်ကို အလွန်ဒေါသ ထွက်သည်။"

မှောက်မထားသော မိန်းမ၏သား၊
ရှောလုသည် ဒါဝိဒ်အတွက် သူ့စိုးရိမ်မှု နှင့် ယောနသန်ကို ရှုတ်ချသည့်အနေဖြင့် ဤစကားကို သုံးခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်မှာ၊ "ပြည့်တန်ဆာ၏ မိုက်မဲသောသား" သို့မဟုတ် "မိုက်မဲသော သစ္စာဖောက်။"

သင်သည် ကိုယ်တိုင် အရှက်ကွဲသည်တိုင်အောင်ငှင်း၊ သင့်အမိအဝတ်ကျွတ်၍ အရှက်ကွဲသည့်တိုင်အောင်ငှင်း၊ ယေရှဲ၏သား ဘက်၌ နေသည်ကို ငါမသိသလော
ယောနသန်နှင့်ဒါဝိဒ်သည် သူငယ်ချင်းများဖြစ်ကြောင်း အလေးပေးဖို့ရန် ဤသို့မေးခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင့်မိခင်၏ အရှက်ကိုခွဲ၍ ယေရှဲ၏သားကို သင်ရွေးချယ်ပြီ မဟုတ်လော။"

သင့်အမိအဝတ်ကျွတ်၍ အရှက်ကွဲသည့်တိုင်အောင်
'မိခင်၏အရှက်ကို ခွဲသည်တိုင်အောင်' သည် သူ့ကိုမွေးသောမိခင်ကို ရည်ညွှန်းခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်မှာ၊ "သင့်ကိုမွေးသော မိခင်အရှက်ရအောင်။"


generated on Tue Jul 2 12:50:28 2024

သင်နှင့် သင်၏နိုင်ငံ မတည်ရ
အခြားသောဘာသာပြန်ဆိုချက်မှာ၊ "သင်သည် ဘုရင်မဖြစ်ရ၊ သင့်နိုင်ငံကိုလည်း မတည်ရ။"

1 Samuel 32

ဒါဝိဒ်သည် အဘယ်ကြောင့် အသေခံရမည်နည်း။ အဘယ်သို့ပြုရသနည်း
မိမိလုပ်မည့်အရာကို ကောင်းကောင်းစဉ်းစားဖို့ရန် ရှောလုကို ယောနသန် ပြောခြင်းဖြစ်သည်။ 'သူ့ကိုသတ်သင့်သလော ဟုဘာသာပြန်နိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ့ကိုသတ်ဖို့ရန် သင်၌အကြောင်းပြချက်မရှိ။ သူသည် မည်သည့်အမှားမျှမပြုလုပ်၊" သို့မဟုတ် "သူ့ကို သတ်ဖို့ရန် သင်၌ ခိုင်လုံသောအကြောင်းပြချက်မရှိ။ သူသည် မည်သည့်အမှားမျှ မပြုလုပ်ပါ။"

လဆန်းနှစ်ရက်နေ့
၂ ရက်နေ့ကိုရည်ညွှန်းသည် နံပါတ် ၂ ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်မှာ၊ "လဆန်းပွဲ၏ ဒုတိယမြောက်နေ့။"

ဒါဝိဒ်အတွက် ညှိုးငယ်သောစိတ် ရှိ၏။
အခြားသောဘာသာပြန်ဆိုချက်မှာ၊ "ဒါဝိဒ်အတွက် သူငိုကြွေးဝမ်းနည်းသည်။"

ဒါဝိဒ်ကို အရှက်ခွဲသောကြောင့်
ဒါဝိဒ် ကိုရှောလုက အရှက်ခွဲခြင်းကို ဆိုလိုသည်။

1 Samuel 35

လူကလေး
လူကလေးသည် ယောနသန်နှင့်အတူရှိသည်။

သူ့ကို လွှန်အောင်မြှားတစင်းကို ပစ်လေ၏
ယောနသန်သည် လူကလေးကို ကျော်အောင် မြှားတစ်စင်းကို ပစ်လေ၏။

မြှားတစင်းသည် နင့်ကို လွန်ပြီမဟုတ်လော
မြှားသည် လူကလေးကို ဝေးစွာလွန်သည်ကို အလေးပေးပြောပြဖို့ရန် မေးခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်မှာ၊ "မြှားသည် သင့်ကို ကျော်သည်ကို သင်သိသင့်သည်" သို့မဟုတ် "မြှားသည် သင်နှင့်ဝေးစွာ လွန်သည်။"

1 Samuel 38

ကြိုးစား၍ အလျင်အမြန်ပြေးတော့။ မနေနှင့်ဟု လူကလေးနောက်မှာ ဟစ်လေ၏
ပြေးနေသောလူကလေးကို 'မြန်မြန်' ပြေးလော့ ဟုဟစ်အော်ပြောဆိုခြင်းဖြစ်သည်။

1 Samuel 41

တောင်မျက်နှာ
ဒါဝိဒ်သည် မြေပုံကြီး သို့မဟုတ် ကျောက်ပုံကြီးနောက်တွင် ပုန်းနေသည့်အလား ဖော်ပြထားသည်။ (ရှု၊ UDB).

မြေပေါ်မှာ ပြပ်ဝပ်လျက် သုံးကြိမ်တိုင်အောင် ဦးညွှတ်ပြီးလျှင်
ဒါဝိဒ်သည် ရှင်ဘုရင်၏သားဖြစ်နေသေးသော၊ ရိုသေမှုကိုထိုက်တန်သော ယောနသန်ရှေ့တွင် ပြပ်ဝပ်သည်။ ဤသည် ဒါဝိဒ်မှ ယောနသန်ကို နောက်ဆုံးအကြိမ်တွေ့ဆုံခြင်းလည်း ဖြစ်သည်။

သင်နှင့် ငါ့နှင့်ပ်စပ်ကြား (သင့်အမျိုးအနွယ်နှင့် ကျွန်ုပ် အမျိုးအနွယ်) စပ်ကြားမှာ အစဉ်အမြဲ ရှိတော်မူစေသတည်း
ဖြစ်နိုင်သောအဓိပ္ပါယ်များမှာ (၁) ထာဝရဘုရားသည် သင်နှင့် ငါ့ အကြားတွင် သက်သေဖြစ်သည် သို့မဟုတ် ထာဝရဘုရားသည် သင်နှင့်ငါ အချင်းချင်းဆက်ဆံမှုကို ကြည့်ရှုတော်မူလိမ့်မည်။ (၂) ထာဝရဘုရားသည် သင်နှင့် ငါ့ အကြားတွင် သက်သေဖြစ်ပါစေ၊ သို့မဟုတ် ထာဝရဘုရားသည် သင်နှင့် ငါ အချင်းချင်းဆက်ဆံမှုကို ကြည့်ရှုတော်မူပါစေ။ အခန်း ၂၀:၂၂ ကိုကြည့်ရန်။

---

## Translation Questions

1 Samuel 20:1

ယောနသန်သည် သူ့ဖခင်သည် သူ့အားမပြောဘဲ မည်သည့်အရာကို မလုပ်ဟု ပြောသနည်း?
ယောနသန်က သူ့ကို မပြောဘဲ သူ့ဖခင်သည် အမှုအကြီးအငယ် ဘာတစ်ခုမျှမလုပ်ဟု ပြောခဲ့သည်။

1 Samuel 20:3

ဒါဝိဒ်သည် သူသေဖို့ရန် မည်မျှလောက်နီးကပ်ကြောင်းပြောခဲ့သနည်း။
ဒါဝိဒ်သည် သေသည်ဖြစ်သော် သူ့အားနှင့်သေဘေးကြား အသွားတစ်လှမ်းသာ ခြားပါစေဟု ပြောခဲ့သည်။

1 Samuel 20:4

ဒါဝိဒ်သည် သုံးရက်နေ့ညနေခင်းတိုင်အောင် အဘယ်သို့လုပ်ဆောင်ဖို့ရန် တောင်းဆိုခဲ့သနည်း။
ဒါဝိဒ်သည် သုံးရက်နေ့ညနေခင်းတိုင်အောင် တောၥ် ပုန်းရှောင်နေဖို့ရန် တောင်းဆိုခဲ့သည်။

1 Samuel 20:6

ရှောလုသည် သူ့ကိုမတွေ့ခဲ့လျှင် မည်သည်ကြောင့်ဟု ပြောဖို့ရန် ဒါဝိဒ်သည် ယောနသန်ကို မည်သို့ပြောဖို့ရန် ပြောခဲ့သနည်း?
ဒါဝိဒ်က သူ၏ မိသားစု၏ နှစ်စဉ် ယဇ်ပူဇော်ခြင်း ရှိသည်ဖြစ်၍ သူသည် သူ၏မြို့ ဗက်လင်မြို့သို့ သွားသည်ဟု ရှောလုအားပြောဖို့ရန် ပြောခဲ့သည်။

1 Samuel 20:8

ဒါဝိဒ်သည် သူ့ကို ယောနသန်က မိမိကျွန်အဖြစ်ကြင်နာစွာ ဆက်ဆံဖို့ရန် အဘယ်ကြောင့် တောင်းဆိုခဲ့သနည်း။
ယောနသန်သည် မိမိကျွန်ဒါဝိဒ်အားထာဝရဘုရား၏ ပဋိညာဉ်ထဲသို့ ရောက်စေခဲ့သည်။

1 Samuel 20:10

သူတို့၏ ဆွေးနွေးမှုကို ဆက်ပြောဖို့ရန် မည်သည့်နေရာသို့သွားဖို့ ယောနသန်ပြောခဲ့သနည်း။
သူသည် ဒါဝိဒ်ကို သူနှင့်အတူ လယ်ပြင်သို့ သွားဖို့ပြောခဲ့သည်။

1 Samuel 20:12

အဘယ်ကြောင့် ယောနသန်သည် သူ့ဖခင်၏ တုန့်ပြန်မှုကို ဒါဝိဒ်အား သိစေပြီးမှ သူ့ကို အဝေးသို့ လွှတ်စေချင်သနည်း။
ယောနသန်သည် ထိုအကြံကို ဒါဝိဒ်အားသိစေဖို့ ကတိပေးထားသည်ဖြစ်၍ ဒါဝိဒ်ကို ငြိမ်ဝပ်စွာ သွားစေလိုသည်။

1 Samuel 20:17

အဘယ်ကြောင့် ယောနသန်သည် ဒါဝိဒ်အား သူ့ကိုကတိသစ္စာပြုစေခဲ့သနည်း။
သူသည် ဒါဝိဒ်ကို ချစ်သောစိတ်ကြောင့် သူ့ကိုကတိသစ္စာပြုစေခဲ့သည်။

1 Samuel 20:20

ယောနသန်သည် သူပစ်မည့်မျှားကို ရှာဖို့ရန် စေလွှတ်ရလိမ့်မည်ဆိုသူမှာ အဘယ်သူဖြစ်မည်နည်း။
ယောနသန်သည် မျှားကိုရှာဖို့ရန် လူငယ်တစ်ယောက်အား စေလွှတ်ရလိမ့်မည်ဟု ပြောခဲ့သည်။

1 Samuel 20:24

လဆန်းနေ့ရောက်သောအခါ ရှင်ဘုရင်သည် အဘယ်သို့ လုပ်ဖို့ရန် ထိုင်ခဲ့သနည်း။
ရှင်ဘုရင်သည် အစာ စားဖို့ရန် ထိုင်ခဲ့သည်။

1 Samuel 20:26

ရှောလုက ပွဲတော်မှ ဒါဝိဒ်၏ နေရာသည် လပ်နေသောကြောင့် ဒါဝိဒ်အဘယ်သို့ ဖြစ်ပျက်နေနိုင်သည်ဟု ထင်ခဲ့သနည်း။
ရှောလုက ဒါဝိဒ်သည် မသန့်ရှင်း ဟုထင်ခဲ့သည်။

1 Samuel 20:28

ဒါဝိဒ်သည် မိသားစု၏ယဇ်ပူဇော်ပွဲကို တက်ရောက်ရန်ဖြစ်သည်ဟု အဘယ်ကြောင့် ယောနသန်ပြောသနည်း?
ယောနသန်က ဒါဝိဒ်၏အစ်ကိုက သူ့ကို လာဖို့ရန်မှာလိုက်သည်ဟု ပြောခဲ့သည်။

1 Samuel 20:30

ရှောလုသည် သူ၏ အမျက်ဒေါသထွက်ခြင်း၌ ယောနသန်၏ မိခင်အား မည်သို့ ထုတ်ဖော်ပြောဆိုခဲ့သနည်း။
ရှောလုသည် ယောနသန်အား ပုန်ကန်သော မိန်းမ၏သား အရှက်ရယ်ရှိသော သားဟူ၍ ခေါ်ခဲ့သည်။

1 Samuel 20:32

ယောနသန်သည် ဒါဝိဒ်အပေါ် အဘယ်ကြောင့် ဝမ်းနည်းကြေကွဲခဲ့သနည်း။
ယောနသန်သည် ဒါဝိဒ်အပေါ် ဝမ်းနည်းပူဆွေးခဲ့သည်။ အဘယ်ကြောင့်ဆိုသော် သူ၏ ဖခင်သည် ဒါဝိဒ်အား အရှက်ရစေခြင်းကြောင့်ဖြစ်သည်။

1 Samuel 20:35

ယောနသန်သည် လူငယ်သွားရာလမ်းအတိုင်း မြှားတစ်စင်းဖြင့် မည်သည့်နေရာသို့ ပစ်ချခဲ့သနည်း။
ယောနသန်သည် လူငယ်သွားရာလမ်းထက် ကျော်လွန်အောင် ပစ်ခဲ့သည်။

1 Samuel 20:41

ဒါဝိဒ်သည် ထ၍ ထွက်ခွာချိန်တွင် ယောနသန်သည်လည်း မည်သို့ လုပ်ဆောင်ခဲ့သနည်း။
ယောနသန်သည် မြို့ထဲသို့ ပြန်လည်ထွက်ခွာခဲ့သည်။

## Chapter 21

1 ဒါဝိဒ်သည် ယဇ်ပုရောဟိတ် အဟိမလက် ရှိရာ နောဗမြို့သို့ ရောက်၍၊ အဟိမလက်သည် ဒါဝိဒ်နှင့် တွေ့သောအခါ ကြောက်၍၊
သင်သည် လူတယောက်မျှ မပါဘဲ အဘယ်ကြောင့် တကိုယ်တည်း လာသနည်းဟု မေးသော်၊ 2 ဒါဝိဒ်က၊ ရှင်ဘုရင် အမှုတော်တခုကို
အပ်၍၊ ငါစေခိုင်းမှာထားသော အမှုကို အဘယ်သူမျှ မသိစေနှင့်ဟု မိန့်တော်မူသောကြောင့်၊ ငါ့ကျွန်တို့ကို ဤမည်သောအရပ်
ဤမည်သောအရပ်၌ ဆိုင်းလင့်စေခြင်းငှါ အရင်စေလွှတ်လေပြီ။ 3 သို့ဖြစ်၍ ကိုယ်တော်လက်၌ ရှိသော မုန့်ငါးလုံးကိုသော်ငင်း၊
တွေ့သမျှကို သော်ငင်း၊ ကျွန်ုပ်လက်သို့ အပ်ပေးပါဟု ယဇ်ပုရောဟိတ် အဟိမလက်အား တောင်း၏။ 4 ယဇ်ပုရောဟိတ်က၊ ငါ့လက်၌
လူတိုင်းစားရသော မုန့်မရှိ။ လုလင်တို့သည် မိန်းမကိုသာ ရှောင်လျှင်၊ သန့်ရှင်းသော မုန့်ရှိသည်ဟု ဒါဝိဒ်အားဆို၏။ 5 ဒါဝိဒ်ကလည်း၊
ကျွန်ုပ်ထွက်ကတည်းက အဘယ်သူမျှ မိန်းမနှင့် မပေါင်းဘော်၊ လုလင်တန်ဆာ တို့သည် သန့်ရှင်းပါ၏။ ထိုမုန့်လည်း
လူတိုင်းစားရသော မုန့်ကဲ့သို့ ဖြစ်ပါ၏။ အကြောင်းမူကား၊ ယနေ့ သန့်ရှင်းသောမုန့်သစ်ကို တင်ထားလျက်ရှိပါ၏ဟု ယဇ်ပုရောဟိတ်
အား ပြန်ပြောသော်၊ 6 ယဇ်ပုရောဟိတ်သည် ရှေ့တော်မုန့်မှ တပါးအခြားသော မုန့်မရှိသောကြောင့် သန့်ရှင်းသော မုန့်ကိုပေး၏။
ထိုရှေ့တော်မုန့်စား၌ မုန့်သစ်ကို တင်ထားအံ့သောငှါ ထာဝရဘုရားရှေ့တော်မှ နှုတ်ပယ် နှင့်ပြီ။ 7 ထိုနေ့၌ အမှုတော်ထမ်းအဝင်
သိုးတော်ထိန်းအုပ် ဧဒုံအမျိုးသား၊ ဒေါဂအမည်ရှိသော သူသည် ထာဝရဘုရားရှေ့တော်၌ စောင့်နေရ၏။ 8 ဒါဝိဒ်ကလည်း၊
ကိုယ်တော်၌ ထားလှံရှိသလော။ အမှုတော်ကို အလျင်အမြန် ဆောင်ရသောကြောင့်၊ ထား အစရှိသော လက်နက်တစုံတခုမျှ မပါဟု
အဟိမလက်အား ပြောလေသော်၊ 9 ယဇ်ပုရောဟိတ်က၊ ဧလာချိုင့်၌ သင်လုပ်ကြံခဲ့သော ဖိလိတ္တိလူ ဂေါလျတ်၏ ထားသည် အဝတ်နှင့်
ထုပ်ရစ်လျက် သင်တိုင်းတော်နောက်မှာ ရှိ၏။ ယူချင်လျှင် ယူတော့။ အခြားသော ထားမရှိဟု ဆိုလျှင်၊ ဒါဝိဒ်က ထိုထားနှင့်တူသော
ထားမရှိ။ ပေးပါတော့ဟု ဆို၏။ 10 ထိုနေ့၌ ဒါဝိဒ်သည် ရှောလုကို ကြောက်သောကြောင့် ထ၍ ဂါသမင်းကြီးအာခိတ်ထံသို့
ပြေးသွား၏။ 11 အာခိတ်မင်း၏ ကျွန်တို့က၊ ဒါဝိဒ်သည် ပြည်ကရှင်ဘုရင် ဖြစ်သည်မဟုတ်လော။ ရှောလု အထောင်ထောင်၊ ဒါဝိဒ်
အသောင်းသောင်း သတ်လေစွတကားဟု ဤသူရှေ့မှာ အလှည့်လှည့်ကလျက် သီချင်းဆိုကြသည် မဟုတ်လောဟု လျှောက်ကြ၏။ 12
ထိုစကားကို ဒါဝိဒ်သည် မှတ်မိ၍၊ ဂါသမင်းကြီး အာခိတ်ကို အလွန်ကြောက်သောကြောင့်၊- 13 ရူးသွပ်ဟန်ဆောင်၍ သူတို့ရှေ့မှာ
အရူးကဲ့သို့ ပြုလျက်၊ တံခါးရွက်ပေါ်၌ ရေးသား၍ မိမိ တံထွေးကို မုတ်ဆိတ်တွင် ယိုစေ၏။ 14 အာခိတ်မင်းကလည်း ကြည့်ကြလော့။
ဤသူသည် အရူးဖြစ်၏။ အဘယ်ကြောင့် ငါ့ထံသို့ သွင်းကြ သနည်း။ 15 အရူးကို ငါအသုံးလိုသည်ဟု သင်တို့သည် ထင်လျက်
ငါ့ရှေ့မှာ အရူးလုပ်စေခြင်းငှါ ဤသူကို သွင်းကြသလော။ ဤသူသည် နန်းတော်ထဲသို့ ဝင်ရမည်လောဟု ကျွန်တို့အား ဆို၏။

 generated on Tue Jul 2 12:50:28 2024

## Chapter 22

1 ဒါဝိဒ်သည် ထိုအရပ်မှပြေး၍ အဒုလံဥမင်သို့ ဘေးလွတ်လျက် ရောက်လေ၏။ သူ့အစ်ကိုများ၊ အဆွေ အမျိုးများအပေါင်းတို့သည်
ကြားလျှင် သူ့ထံသို့ သွားကြ၏။ 2 အမှုရောက်သောသူ၊ ကြွေးတင်သောသူ၊ စိတ်ညစ်သောသူအပေါင်းတို့သည်၊ သူ့ထံမှာ စုဝေးကြ၍
လူလေးရာခန့်ရှိသဖြင့်၊ ဒါဝိဒ်သည် သူတို့ကို အုပ်ရ၏။ 3 ထိုအရပ်မှ မောဘပြည် မိဇပါမြို့သို့သွား၍၊ မောဘရှင်ဘုရင်အား၊
ဘုရားသခင်သည် ကျွန်တော်၌ အဘယ်သို့ပြုတော်မူမည်ကို ကျွန်တော်မသိဘဲနေစဉ်တွင်၊ ကျွန်တော်မိဘသည် ထွက်လာ၍ ကိုယ်တော်
ထံ၌ နေရသောအခွင့်ကို ပေးတော်မူပါဟု လျှောက်သဖြင့်၊ 4 မောဘရှင်ဘုရင်ထံသို့ သွင်း၍၊ ဒါဝိဒ်သည် ခိုင်ခံ့သော ဥမင်၌
နေသည်ကာလပတ်လုံး၊ မိဘတို့သည် မောဘရှင်ဘုရင်ထံမှာ နေကြ၏။ 5 တဖန် ပရောဖက်ဂဒ်က၊ ခိုင်ခံ့သော ဥမင်၌ မနေနှင့်။ ထွက်၍
ယုဒပြည်သို့ သွားလော့ဟု ဒါဝိဒ်အား ဆိုသည်အတိုင်း ဒါဝိဒ်သွား၍ ဟာရက်တော၌ နေ၏။ 6 ထိုအခါ ရှောလုသည် ဂိဗာမြို့၌
ကုန်းပေါ်တွင် သစ်ပင်အောက်မှာ လှံကို ကိုင်လျက်၊ ကျွန်အပေါင်းတို့ သည် ခြံရံလျက်နေစဉ်တွင်၊ ဒါဝိဒ်နှင့်သူ၏ လူတို့သည်
ပေါ်ကြောင်းကို ရှောလုကြား၍၊ 7 အို ဗင်္ယာမိန် အမျိုးသားတို့၊ ယေရှဲ၏သားသည် လယ်များ၊ စပျစ်ဥယျာဉ်များကို သင်တို့ရှိသမျှ၌
ဝေပေးနိုင်သလော။ သင်တို့ရှိသမျှကို လူတထောင်အုပ်၊ တရာအုပ်အရာ၌ ခန့်ထားနိုင်သလော။ 8 ထိုသို့ ပြုနိုင်သောကြောင့်
သင်တို့အပေါင်းသည် ငါ့တဘက်၌ သင်းဖွဲ့ကြသလော။ ငါ့သားသည် ယေရှဲ၏သားနှင့် မိဿဟာယဖွဲ့ကြောင်းကို တယောက်မျှမပြော။
ငါ့အတွက် တယောက်မျှ ဝမ်းမနည်း။ ငါ့ကျွန်သည် ယနေ့ ပြုသည် အတိုင်း၊ ငါ့ကို ချောင်းမြောင်းစေခြင်းငှါ၊ ငါ့သားနှိုးဆော်
ကြောင်းကို တယောက်မျှမပြောဘဲ နေကြသည်တကားဟု အခြံအရံတို့အား ဆိုလေသော်၊ 9 ရှောလု၏ ကျွန်အုပ် ဧဒုံ အမျိုးသား
ဒေါဂက၊ ယေရှဲ၏သားသည် အဟိတုပ်၏သား အဟိမလက်ရှိရာ နောဗမြို့သို့ရောက်ကြောင်းကို ကျွန်တော်မြင်ပါ၏။ 10
အဟိမလက်သည် ယေရှဲ၏သားအဘို့ ထာဝရဘုရားထံတော်၌ မေးမြန်း၍ စားစရိတ်ကိုငင်း၊ ဖိလိတ္တိလူ ဂေါလျတ်၏ ထားကိုငင်း
ပေးပါ၏ဟု ကြားလျှောက်လျှင်၊ 11 ရှင်ဘုရင်သည် အဟိတုပ်၏သား ယဇ်ပုရောဟိတ် အဟိမလက်နှင့်
သူ၏အဆွေအမျိုးတည်းဟူသော နောဗမြို့၌ နေသော ယဇ်ပုရောဟိတ်အပေါင်းတို့ကို ခေါ်၍၊ သူတို့သည် အထံတော်သို့
ရောက်လာကြ၏။ 12 ရှောလုကလည်း၊ အဟိတုပ်၏သား နားထောင်လော့ဟု ဆိုလျှင်၊ အဟိမလက်က အကျွန်ုပ်ရှိပါသည်
သခင်ဟုလျှောက်၏။ 13 ရှောလုကလည်း၊ သင်နှင့် ယေရှဲ၏သားသည် အဘယ်ကြောင့် ငါ့တဘက်၌ သင်းဖွဲ့ကြသနည်း။သူသည်
ယနေ့ပြုသည့်အတိုင်း ငါ့ကို ပုန်ကန်စေခြင်းငှါ သင်သည် မုန့်နှင့်ထားကို ပေး၍ သူ့အဘို့ ဘုရားသခင့်ထံတော်၌ မေးမြန်းပြီတကားဟု
ဆိုသော်၊ 14 အဟိမလက်က၊ ကိုယ်တော်၏ ကျွန်တို့တွင် ဒါဝိဒ်ကဲ့သို့ အဘယ်သူသည် သစ္စာရှိသနည်း။ သမက်တော်ဖြစ်ပါ၏။
စေခိုင်းတော်မူသောသူ၊ နန်းတော်၌ အသရေရှိသောသူ ဖြစ်ပါ၏။ 15 ထိုကာလ၌ အကျွန်ုပ်သည် ဒါဝိဒ်အဘို့ ဘုရားသခင့်ထံတော်၌
မေးမြန်းစပြုသလော။ ထိုအမှု ဝေးပါစေသော။ ရှင်ဘုရင်သည် ကိုယ်တော်ကျွန်နှင့် ကျွန်တော်၏အဆွေအမျိုး တစုံတယောက်၌မျှ
အပြစ်တင်တော်မမူပါနှင့်၊ ကိုယ်တော်ကျွန်သည် ဤအမှုကို အကြီးအငယ်အားဖြင့်မျှ မသိပါဟု ရှင်ဘုရင်အား လျှောက်လေ၏။ 16
ရှင်ဘုရင်က၊ အဟိမလက်၊သင်နှင့် သင်၏အဆွေအမျိုးအပေါင်းတို့သည် ဧကန်အမှန်အသေခံရမည်ဟု ဆိုလျက်၊ 17 ထာဝရဘုရား၏
ယဇ်ပုရောဟိတ်တို့သည် ဒါဝိဒ်ဘက်မှာ နေ၍၊ သူပြေးကြောင်းကို သိသော်လည်း ငါ့အားမကြားမပြောသောကြောင့်၊ သူတို့ကို လှည့်၍
သတ်ကြဟု ခြံရံလျက်ရှိသော ခြေသည်တို့အား အမိန့်တော်ရှိသော်လည်း၊ ရှင်ဘုရင်၏ ကျွန်တို့သည် ထာဝရဘုရား၏
ယဇ်ပုရောဟိတ်တို့ကို မလုပ်ကြံ ဘဲ နေကြ၏။ 18 တဖန်ရှင်ဘုရင်က၊ သင်သည်လှည့်၍ ယဇ်ပုရောဟိတ်တို့ကို လုပ်ကြံတော့ဟု
ဒေါဂအား မိန့်တော်မူ သည်အတိုင်း၊ ဧဒုံအမျိုးသား ဒေါဂသည် လှည့်၍ ပိတ်သင်တိုင်းကို ဝတ်သော ယဇ်ပုရောဟိတ်
ရှစ်ဆယ့်ငါးပါးတို့ကို လုပ်ကြံသဖြင့် ထိုနေ့၌ သတ်လေ၏။ 19 ယဇ်ပုရောဟိတ် ပိုင်သော နောဗမြို့ကိုလည်း တိုက်၍ ယောကျ်ား၊ မိန်းမ၊
သူငယ်၊ နို့စို့မှစ၍ နွား၊ မြည်း၊ သိုးတို့ကို ထားနှင့်လုပ်ကြံလေ၏။ 20 အဟိတုပ်၏ သားဖြစ်သော အဟိမလက်၏သားတို့တွင်၊
အဗျာသာ အမည်ရှိသော သူတယောက်သည် လွတ်၍ ဒါဝိဒ်ရှိရာသို့ ပြေးလေ၏။ 21 ထာဝရဘုရား၏ ယဇ်ပုရောဟိတ်တို့ကို
ရှောလုသတ်ကြောင်းကို၊ အဗျာသာသည် ဒါဝိဒ်အား ကြားပြောသောအခါ၊ 22 ဒါဝိဒ်က၊ ဧဒုံအမျိုးသား ဒေါဂသည်
ရှောလုအားပြောမည်ဟု သူ့ကိုတွေ့သောနေ့၌ ငါရိပ်မိ၏။ ငါသည် သင်၏ အဆွေအမျိုးအပေါင်းတို့ကို
သေစေခြင်းငှါပြုမိပါပြီတကား။ 23 ငါနှင့် အတူနေပါလော့။ မစိုးရိမ်နှင့်။ ငါ့အသက်ကို ရှာသောသူသည် သင့်အသက်ကိုရှာ၏။
ငါနှင့်အတူ နေပါလော့။ မစိုးရိမ်နှင့်။ ငါနှင့်အတူနေလျှင် ဘေးလွတ်ပါလိမ့်မည်ဟု အဗျာသာအား ပြောဆို၏။



generated on Tue Jul 2 12:50:28 2024

## Chapter 23

1 ဖိလိတ္တိလူတို့သည် ကိလမြို့ကို တိုက်၍ ကောက်နယ်တလင်းတို့ကို လုယူကြောင်းကို ဒါဝိဒ်သည် ကြားသောအခါ 2 အကျွန်ုပ်သည်
ထိုဖိလိတ္တိလူတို့ကို သွား၍ လုပ်ကြံရပါမည်လောဟု ထာဝရဘုရားအား မေးလျှောက်လျှင်၊ ထာဝရဘုရားက သွားလော့။
ဖိလိတ္တိလူတို့ကို လုပ်ကြံ၍ ကိလမြို့ကို ကယ်တင် လော့ဟု ဒါဝိဒ်အား မိန့်တော်မူ၏။ 3 ဒါဝိဒ်၏လူတို့ကလည်း၊ ငါတို့သည်
ယုဒပြည်၌ပင် ကြောက်ကြ၏။ ထိုမျှမက ကိလမြို့သို့ရောက်၍ ဖိလိတ္တိဗိုလ်ခြေတို့နှင့် စစ်ပြိုင်သောအခါသာ၍
ကြောက်စရာရှိပါသည်တကားဟု ဆိုကြ၏။ 4 တဖန်ဒါဝိဒ်သည် ထပ်၍ ထာဝရဘုရားအား မေးလျှောက်လျှင်၊ ထာဝရဘုရားက၊ ထ၍
ကိလမြို့သို့ သွားလော့။ ဖိလိတ္တိလူတို့ကို သင့်လက်၌ ငါအပ်မည်ဟု မိန့်တော်မူသည်အတိုင်း၊ 5 ဒါဝိဒ်နှင့် သူ၏လူတို့သည်
ကိလမြို့သို့သွား၍ ဖိလိတ္တိလူတို့နှင့် တိုက်သဖြင့်၊ ထိုသူတို့၏ တိရစ္ဆာန်များကို ယူ၍ သူတို့ကို ကြီးစွာသော လုပ်ကြံခြင်းအားဖြင့်
သတ်ကြ၏။ ထိုသို့ဒါဝိဒ်သည် ကိလမြို့ကို ကယ်တင်လေ၏။ 6 အဟိမလက်၏သား အဗျာသာသည်၊ ဒါဝိဒ်ရှိရာ ကိလမြို့သို့
ပြေးလာသောအခါ သင်တိုင်းတော် ပါလျက်ရောက်လာသတည်း။ 7 ဒါဝိဒ်သည် ကိလမြို့သို့ ရောက်ကြောင်းကို ရှောလုကြားလျှင်၊
ဘုရားသခင်သည် သူ့ကို ငါ့လက်သို့ အပ်တော်မူပြီ။ တံခါးနှင့် ကန့်လန့်ကျင်ရှိသော မြို့ထဲသို့ ဝင်သဖြင့်၊ အချုပ်ခံလျက် နေရသည်ဟု
ဆိုလျက်၊ 8 ကိလမြို့သို့ စစ်ချီ၍ ဒါဝိဒ်နှင့် သူ၏လူတို့ကို ဝိုင်းထားခြင်းငှါ မိမိလူအပေါင်းတို့ကို စုဝေးစေ၏။ 9 ရှောလုသည်
မကောင်းသော အကြံနှင့် ကြိုးစားသည်ကို ဒါဝိဒ်သည် သိ၍၊ ယဇ်ပုရောဟိတ် အဗျာသာအား၊ သင်တိုင်းတော်ကို ယူခဲ့ပါဟု ဆို၏။ 10
ထိုအခါ ဒါဝိဒ်က၊ ဣသရေလအမျိုး၏ ဘုရားသခင်ထာဝရဘုရား၊ ရှောလုသည် ကိလမြို့သို့ လာ၍ ကိုယ်တော်ကျွန်အတွက်
ဖျက်ဆီးမည်ဟု အကြံရှိသည်ကို ဆက်ဆက်ကြားပါ၏။ 11 ကိလမြို့သားတို့သည် အကျွန်ုပ်ကို သူ၏လက်၌ အပ်ကြပါလိမ့်မည်လော။
ကိုယ်တော်၏ ကျွန်ကြားသည်အတိုင်း ရှောလုသည် လာပါလိမ့်မည်လော။ ဣသရေလအမျိုး၏ ဘုရားသခင် ထာဝရဘုရား၊
ကိုယ်တော်၏ကျွန်အား အမိန့်ရှိတော်မူမည်အကြောင်း တောင်းပန်ပါ၏ဟု မေးလျှောက်သော်၊ ထာဝရဘုရားက၊ ရှောလုသည်
လာလိမ့်မည်ဟု မိန့်တော်မူ၏။ 12 တဖန် ဒါဝိဒ်က၊ ကိလမြို့သားတို့သည် အကျွန်ုပ်နှင့် အကျွန်ုပ်၏လူတို့ကို ရှောလုလက်သို့
အပ်ကြလိမ့်မည်လောဟု မေးလျှောက်သော်၊ ထာဝရဘုရားက၊ အပ်ကြပါလိမ့်မည်ဟု မိန့်တော်မူ၏။ 13 ထိုအခါ ဒါဝိဒ်သည်
ခြောက်ရာခန့် ရှိသော မိမိလူတို့နှင့် ထ၍ ကိလမြို့မှ ထွက်ပြီးလျှင်၊ သွားနိုင် ရာအရပ်ရပ်သို့ သွားကြ၏။ ဒါဝိဒ်သည် ကိလမြို့မှ
အလွတ်ပြေးကြောင်းကို ရှောလုသည်ကြား၍ ကိုယ်တိုင်မသွားဘဲ နေ၏။ 14 ဒါဝိဒ်သည် ဇိဖတောင်အစရှိသော
တောကြိုတောင်ကြားတို့၌ နေ၍၊ ရှောလုသည် နေ့တိုင်း ရှာသော်လည်း သူ၏လက်၌ ဒါဝိဒ်ကို ဘုရားသခင် အပ်တော်မမူ။ 15
တရံရောအခါ ဒါဝိဒ်သည် ဇိဖတောအုပ်၌ရှိ၍၊ သူ၏ အသက်ကို သတ်မည်ဟု ရှောလုလာသည်ကို သိသောအခါ၊ 16 ရှောလု၏
သားယောနသန်သည် ထ၍ဒါဝိဒ်ရှိရာ တောအုပ်သို့သွားပြီးလျှင်၊ ဘုရားသခင်၌ ခိုလှုံအားကြီးစေခြင်းငှါ ထောက်မလျက်၊ 17
မစိုးရိမ်နှင့်။ သင်သည် ကျွန်ုပ်အဘ ရှောလု၏ လက်မှလွတ်၍ ဣသရေလရှင်ဘုရင် ဖြစ်လိမ့်မည်။ ကျွန်ုပ်သည်လည်းသင့်အောက်မှာ
အရာကြီးလိမ့်မည်။ ထိုသို့ဖြစ်မည်ကို ကျွန်ုပ်အဘရှောလုသိသည်ဟု ဆိုသဖြင့်၊ 18 ထိုသူနှစ်ယောက်တို့သည် ထာဝရဘုရားရှေ့တော်၌
ပဋိညာဉ်ဖွဲ့ကြပြီးမှ၊ ဒါဝိဒ်သည် တောအုပ်၌ နေ၍ ယောနသန်သည် မိမိအိမ်သို့သွား၏။ 19 တဖန် ဇိဖသားတို့သည် ရှောလုရှိရာ
ဂိဗာမြို့သို့လာ၍၊ ဒါဝိဒ်သည် ကျွန်တော်တို့နေရာ ယေရှိမုန်မြို့ တောင်ဘက်မှာ၊ ဟခိလတောကြို တောင်ကြား၌
ပုန်းလျက်နေသည်ဖြစ်၍၊ 20 အရှင်မင်းကြီးကြွချင်သော စိတ်အားကြီးသည် အတိုင်းကြွတော်မူပါ။ ထိုသူကို အရှင်မင်းကြီး
လက်တော်သို့အပ်သော အမှုသည် ကျွန်တော်တို့တာရှိပါစေဟု လျှောက်လျှင်၊ 21 ရှောလုက၊ သင်တို့သည် ထာဝရဘုရား
ကောင်းကြီးပေးတော်မူသောသူ ဖြစ်ပါစေသော။ သင်တို့သည် ငါ့ကိုသနားကြပြီ။ 22 ယခုသွား၍ ပြင်ဆင်ကြလော့။ သူ ပုန်းရှောင်၍
နေရာကိုင်၊ အဘယ်သူ မြင်ပြီးသည်ကိုင်၊ စူးစမ်းကြလော့။ သူသည် အလွန်လိမ္မာသည်ကို ငါကြား၏။ 23 ထိုကြောင့်
သူပုန်းရှောင်ခိုလှုံရာ အရပ်ရပ်တို့ကို သေချာစွာကြည့်ရှုသိမှတ်ပြီးမှ၊ ငါ့ထံသို့ တဖန်လာကြလျှင်၊ သင်တို့နှင့် အတူငါလိုက်မည်။
သူသည်ထိုပြည်၌ ရှိလျှင်၊ ယုဒအမျိုးသား အထောင်အသောင်းတို့တွင် ငါရှာ၍ ထုတ်မည်ဟု မှာထားသည်အတိုင်း၊ 24 သူတို့သည် ထ၍
ရှောလုအရင် ဇိဖတောသို့သွားကြ၏။ ဒါဝိဒ်နှင့် သူ၏လူတို့သည် မောနတော၊ ယေရှိမုန်မြို့ တောင်ဘက်လွင်ပြင်၌ ရှိကြ၏။ 25
ရှောလုသည်လည်း လူများနှင့်တကွ လာ၍ ရှာသည်ကို ဒါဝိဒ်သည် ကြားပြန်လျှင်၊ ကျောက်ကြားမှ ထွက်သွား၍ မောနတော၌ နေ၏။
ရှောလုကြားပြန်သော်၊ မောနတော၌ ဒါဝိဒ်ကို လိုက်၍ ရှာ၏။ 26 ရှောလုသည် တောင်တဘက်၌ရှင်၊ ဒါဝိဒ်နှင့် သူ၏လူတို့သည်
တဘက်၌ရှင်၊ သွားကြ၍ ရှောလုကို ကြောက်သဖြင့်၊ လွတ်အောင်ကြိုးစားစဉ်တွင်၊ ရှောလုနှင့် သူ၏လူတို့သည် ဒါဝိဒ်နှင့်
သူ၏လူတို့ကို ဝိုင်း၍ ဘမ်းမိလုကြပြီ။ 27 ထိုအခါ တမန်ရောက်လာ၍၊ အလျင်အမြန် ကြွလာတော်မူပါ။ ဖိလိတ္တိလူတို့သည်
ပြည်တော်ကို တိုက်လာကြပါပြီဟု ရှောလုအား ကြားလျှောက်သောကြောင့်၊ 28 ရှောလုသည် ဒါဝိဒ်ကို လိုက်ရှာရာမှ ပြန်၍
ဖိလိတ္တိလူတို့ရှိရာသို့ ချီသွားလေ၏။ သို့ဖြစ်၍ ထိုအရပ်ကို သေလဟမ္မလေကုပ်အမည်ဖြင့် သမုတ်သတည်း။ 29 ဒါဝိဒ်သည် ထိုအရပ်မှ
သွား၍ အင်္ဂေဒိမြို့နယ်၊ ခိုင်ခံ့သော အရပ်တို့၌ နေလေ၏။



generated on Tue Jul 2 12:50:28 2024

## Chapter 24

1 ရှောလုသည်လည်း ဖိလိတ္တိလူတို့ကို လိုက်ရာမှ ပြန်လာသောအခါ၊ ဒါဝိဒ်သည် အင်္ဂေဒိတော၌ ရှိပါ၏ဟု ကြားလျှောက်ကြလျှင်၊ 2
ဣသရေလအမျိုးသားအပေါင်းတို့တွင် ရွေးကောက်သော လူသုံးထောင်တို့ကို ခေါ်၍၊ တောဆိတ်နေရာ ကျောက်တောင်တို့အပေါ်မှာ
ဒါဝိဒ်နှင့် သူ၏လူတို့ကို ရှာအံ့သောငှါ သွားလေ၏။ 3 လမ်းနားမှာ သိုးခြံရှိရာသို့ရောက်၍ ဥမင်ကို တွေ့သဖြင့်၊ ရှောလုသည် အိပ်မည်ဟု
ဝင်လေ၏။ ဒါဝိဒ်နှင့်သူ၏လူတို့သည် ထိုဥမင်နံဖေး တဘက်တချက်၌ နေကြ၏။ 4 ဒါဝိဒ်၏လူတို့ကလည်း၊ ထာဝရဘုရားက၊
သင်၏ရန်သူကို သင့်လက်၌ ငါအပ်မည်။ သူ၌ သင်ပြုချင်တိုင်းပြုရသော အခွင့်ရှိလိမ့်မည်ဟု ကိုယ်တော်အား အမိန့်ပေးတော်မူသော
နေ့ရက် ရောက်ပါပြီဟု ဆိုကြလျှင်၊ ဒါဝိဒ်သည် ထ၍ ရှောလု ဝတ်လျက်ရှိသော အင်္ကျီအောက်ပိုင်းကို တိတ်ဆိတ်စွာ လှီးဖြတ်လေ၏။
5 ထိုသို့ ရှောလု၏ အင်္ကျီကို လှီးဖြတ် မိသောကြောင့်၊ ဒါဝိဒ်သည် နောက်တဖန် နောင်တရ၍၊ 6 ထာဝရဘုရားပေးတော်မူသော
ဘိသိက်ကိုခံရသော ငါ့အရှင်သည်၊ ထာဝရဘုရားအခွင့်နှင့် ဘိသိက်ခံသူဖြစ်သောကြောင့်၊ ထိုအရှင်ကို ထိခိုက်ခြင်းငှါ
ငါလက်ဆန့်သော အမှုကို ထာဝရဘုရား ဆီးတားတော်မူပါစေသောဟု မိမိလူတို့အားဆိုသဖြင့်၊ 7 ရှောလုကို ထိခိုက်စေခြင်းငှါ
အခွင့်မပေး မြစ်တားလေ၏။ ရှောလုသည်လည်း ထ၍ ဥမင်ထဲက ထွက်သွားလေ၏။ 8 ထိုနောက် ဒါဝိဒ်သည် ထ၍ ဥမင်ထဲက
ဣသရေလအမျိုးသမီးတို့အတွက် ရှောလုသည် ဘာပြုလုပ်ပေးသနည်း။
ဣသရေလအမျိုးသမီးတို့အတွက် ရှောလုသည် လှသော ကမ္ဗလာနီကို ဝတ်စေ၍ သူတို့အဝတ်၌လည်း ရွှေတန်ဆာနှင့် ဆင်စေတော်မူသည်။

2 Samuel 1:25

ဒါဝိဒ်ကိုချစ်သော ယောနသန်၏ မေတ္တာသည် ဘယ်လောက်ကြီးမြတ်သနည်း။
ဒါဝိဒ်က ယောနသန်၏မေတ္တာသည် အံ့ဩဘွယ်သောမေတ္တာ၊ မိန်းမကို ချစ်တတ်သော မေတ္တာထက်သာ၍ အားကြီးသောမေတ္တာဖြစ်သည်ဟု ဆိုသည်။

## Chapter 2

1 ထိုနောက် ဒါဝိဒ်က၊ အကျွန်ုပ်သည် ယုဒမြို့ တစုံတမြို့သို့ သွားရပါမည်လောဟု ထာဝရဘုရား ထံတော်၌ မေးလျှောက်လျှင်၊
ထာဝရဘုရားက သွားလော့ဟုမိန့်တော်မူ၏။ ဒါဝိဒ်ကလည်း အဘယ်မြို့သို့ သွားရပါမည်နည်းဟုမေးလျှောက်သော်၊ ဟေဗြုန်မြို့သို့
သွားလော့ဟု မိန့်တော်မူသည်အတိုင်း၊ 2 ဒါဝိဒ်သည် မယားနှစ်ယောက်၊ ယေဇရေလမြို့သူအဟိနောင်၊ နာဗလမယား ကရမေလမြို့သူ
အဘိဂဲလတို့နှင့်တကွ သွားလေ၏။ 3 မိမိ၌ပါသောလူများ၊ အိမ်ထောင်များတို့ကိုလည်း ဒါဝိဒ်သည် ခေါ်ခဲ့၍သူတို့သည်
ဟေဗြုန်မြို့ရွာတို့၌ နေကြ၏။ 4 တဖန်ယုဒလူတို့သည် လာ၍ဘိသိက်ပေးသဖြင့် ဒါဝိဒ်ကို ယုဒရှင်ဘုရင်အရာ၌ ချီးမြှောက်ကြ၏။ 5
ဂိလဒ်ပြည် ယာဗက်မြို့သားတို့သည် ရှောလုကို သင်္ဂြိုဟ်ပါပြီဟု ဒါဝိဒ်အားကြားလျှောက်သော်၊ ဂိလဒ်ပြည် ယာဗက်မြို့သားတို့ရှိရာသို့
တမန်တို့ကိုစေလွှတ်၍၊ သင်တို့သည် သင်တို့အရှင်ရှောလု၌ ကရုဏာ ကျေးဇူးပြု၍ အလောင်းတော်ကိုသင်္ဂြိုဟ်သောကြောင့်၊
ထာဝရဘုရားပေးတော်မူသော ကောင်းကြီးမင်္ဂလာကို ခံရကြပါစေ သော။ 6 ထာဝရဘုရားသည် သင်တို့၌ ကရုဏာကျေးဇူး၊
သစ္စာကျေးဇူးပြုတော်မူပါစေသော။ သင်တို့သည် ဤအမှုကို ပြုသောကြောင့် သင်တို့ကျေးဇူးကို ငါလည်းဆပ်မည်။ 7 ယခုမှာ
အားယူ၍ ရဲရင့်ခြင်းသတ္တိရှိကြလော့။ သင်တို့အရှင်ရှောလုသေပြီ။ ယုဒအမျိုးသားတို့သည် ဘိသိတ်ပေးသဖြင့် ငါ့ကိုရှင်ဘုရင်အရာ၌
ချီးမြှောက်ကြပြီဟု မှာလိုက်လေ၏။ 8 သို့ရာတွင် ရှောလု၏ဗိုလ်ချုပ်မင်းနေရသား အာဗနာသည်၊ ရှောလုသားဣရှဗောရှက်ကိုယူ၍
မဟာနိမ် မြို့သို့ ဆောင်သွားပြီးလျှင်၊ 9 ဂိလဒ်ပြည်၊ အာရှာအမျိုးသားများ၊ ယေဇရေလမြို့သားများ၊ ဧဖရိမ်ခရိုင်၊
ဗင်္ယာမိန်ခရိုင်အစရှိသော ဣသရေလနိုင်ငံလုံးကို အစိုးရသော ရှင်ဘုရင်အရာ၌ ချီးမြှောက်လေ၏။ 10 ရှောလု၏သား
ဣရှဗောရှက်သည် အသက်လေးဆယ်ရှိသော်၊ ဣသရေလနိုင်ငံကို အစိုးရ၍ နှစ်နှစ် စိုးစံလေ၏။ ယုဒအမျိုးမူကား ဒါဝိဒ်နောက်သို့
လိုက်ကြ၏။ 11 ဒါဝိဒ်သည် ဟေဗြုန်မြို့၌နေ၍ ယုဒအမျိုးကို အစိုးရသောနှစ်ပေါင်းကား ခုနစ်နှစ်နှင့်ခြောက်လဖြစ် သတည်း။ 12
တဖန်နေရသား အာဗနာသည် ရှောလုသား ဣရှဗောရှက်၏ကျွန်များနှင့်တကွ၊ မဟာနိမ်မြို့မှ ဂိဗောင်မြို့သို့သွား၍၊ 13
ဇေရုယာသားယွာဘနှင့် ဒါဝိဒ်၏ကျွန်တို့သည် ဆီးကြိုသဖြင့်၊ ဂိဗောင်ရေကန်အနားမှာဆုံမိလျက် ရေကန် တဘက်တချက်၌
ထိုင်ကြ၏။ 14 အာဗနာကလည်း၊ လုလင်တို့သည်ထ၍ ငါတို့ရှေ့မှာကစားကြပါလေစေဟုဆိုသော်၊ ယွာဘက ထကြပါ
လေစေဟုဆိုသည်အတိုင်း၊ 15 ရှောလုသားဣရှဗောရှက်၏ လူဗင်္ယာမိန်အမျိုးသားတကျိပ်နှစ်ယောက်နှင့် ဒါဝိဒ်၏ကျွန်တကျိပ်
နှစ်ယောက်တို့သည် ထ၍ကူးလာကြ၏။ 16 သူတို့သည်လူချင်းတိုက်၍ လူတိုင်း မိမိတိုက်ဘက်၏ ခေါင်းကိုကိုင်လျက်၊
နံဖေးကိုထားနှင့်ထိုးလျက် တစုတည်းလဲသေကြ၏။ သို့ဖြစ်၍ ဂိဗောင်မြို့နယ်၌ ရှိသော ထိုအရပ်ကို ဟေလကသဇ္ဇုရိမ်ဟူသော
အမည်ဖြင့် သမုတ်ကြ၏။ 17 ထိုနေ့၌ ပြင်းစွာစစ်တိုက်၍ အာဗနာနှင့် ဣသ ရေလလူတို့သည် ဒါဝိဒ်၏ကျွန်တို့ရှေ့မှာ ရှုံးကြလေ၏။ 18
ဇေရုယာသားသုံးယောက်၊ ယွာဘ၊ အဘိရှဲ၊ အာသဟေလပါကြ၏။ အာသဟေလသည်တော၌ ကျင်လည်သောဒရယ်ကဲ့သို့
လျင်မြန်၏။ 19 အာသဟေလသည် လကျ်ာလက် လက်ဝဲဘက် သို့မလွှဲ အာဗနာကို လိုက်၏။ 20 အာဗနာသည်နောက်သို့ကြည့်၍၊
သင်သည် အာသဟေလမှန်သလောဟုမေးသော်၊ မှန်သည်ဟု ပြန်ပြော၏။ 21 အာဗနာကလည်း၊ လကျ်ာဘက်သော်၎င်း၊
လက်ဝဲဘက်သော်၎င်း လှည့်သွားလျက်၊ လုလင် တယောက်ကို ဘမ်းဆီး၍ သူ၏လက်နက်စုံကို လုယူတော့ဟုဆိုသော်လည်း၊
အာသဟေလသည် မလှည့်ဘဲ လိုက်သေး၏။ 22 တဖန်အာဗနာက ငါ့ကိုမလိုက်နှင့်။ လှည့်သွားတော့။ သင့်ကို
မြေပေါ်သို့အဘယ်ကြောင့် ငါလှဲရမည် နည်း။ သို့ပြုလျှင် သင့်အစ်ကိုယွာဘရှေ့မှာ ငါ့မျက်နှာကို အဘယ်သို့ ငါပြနိုင်မည်နည်းဟု
ဆိုသော်လည်း၊ 23 အာသဟေလသည် နားမထောင်သောကြောင့်၊ အာဗနာသည် နောက်သို့လှံနှင့်ထိုးလျှင်၊ ဝမ်း၌လှံဖျား ဝင်၍
ကျောကိုထုတ်ချင်းဖောက်သဖြင့်၊ အာသဟေလသည် လဲ၍ ထိုအရပ်၌သေ၏။ အာသဟေလလဲ၍ သေသော ထိုအရပ်သို့ရောက်သော
သူအပေါင်းတို့သည် ရပ်နေကြ၏။ 24 ယွာဘနှင့် အဘိရှဲသည် အာဗနာကိုလိုက်၍ ဂိဗောင်တောသို့ သွားသောလမ်းနား၊ ဂိအာမြို့ရှေ့မှာ
ရှိသော အမ္မတောင်သို့ရောက်သောအခါ နေဝင်၏။ 25 ဗင်္ယာမိန်အမျိုးသားတို့သည် အာဗနာနောက်၌ စုဝေး၍ တတပ်တည်းဖွဲ့လျက်
တောင်ပေါ်မှာ ရပ်နေ ကြ၏။ 26 ထိုအခါအာဗနာက၊ ယွာဘကိုဟစ်၍၊ ထားသွားသည် အစဉ်မပြတ် ကိုက်စားရမည်လော။ နောက်ဆုံး၌
ခါးသောအရသာကို တွေ့လိမ့်မည်ဟုမသိသော။ လူများတို့သည် ညီအစ်ကိုတို့ကိုမလိုက်၊ ပြန်စေမည်အကြောင်း သင်သည်အဘယ်မျှ
ကာလပတ်လုံးမစီရင်ဘဲ နေမည် နည်းဟုဆိုလျှင်၊ 27 ယွာဘက၊ ဘုရားသခင်အသက်ရှင်တော်မူသည်အတိုင်း သင်မပြောလျှင်၊
မိုဃ်းလင်းမှသာ လူများတို့သည် ညီအစ်ကိုတို့ကိုမလိုက်ဘဲနေကြလိမ့်မည်ဟု ဆိုလျက်၊ 28 တံပိုးမှုတ်၍ လူများတို့သည် ဣသရေလ
အမျိုးသားတို့ကို မလိုက်၊ စစ်မတိုက်ဘဲရပ်နေကြ၏။ 29 အာဗနာနှင့်သူ၏လူတို့သည် တညဥ့်လုံးလွင်ပြင် သို့ရှောက်သွား၍
ယော်ဒန်မြစ်ကိုကူးပြီးလျှင်၊ ဗိသရုန် ပြည်ကိုလွန်၍ မဟာနိမ်မြို့သို့ ရောက်ကြ၏။ 30 ယွာဘသည်လည်း အာဗနာကိုလိုက်ရာမှ ပြန်၍
လူအပေါင်းတို့ကို စုဝေးစေသောအခါ၊ အာသဟေလနှင့် ဒါဝိဒ်၏ကျွန်တကျိပ်ကိုးယောက်တို့သည် မရှိဆုံးကြပြီ။ 31
ဒါဝိဒ်၏ကျွန်တို့သည် ဗယ်ာမန်အမျိုးသား၊ အာဗနာ၏လူသုံးရာခြောက်ဆယ်တို့ကို သေအောင် လုပ်ကြံကြပြီ။ 32 အာသဟေလ၏
အလောင်းကိုထမ်းသွား၍ ဗက်လင်မြို့၌ရှိသော သူ့အဘ၏သင်္ချိုင်းတွင် သင်္ဂြိုဟ် ကြ၏။ ယွာဘနှင့် သူ၏လူတို့သည်
တညဥ့်လုံးသွား၍၊ မိုဃ်းလင်းစတွင်ဟေဗြုန်မြို့သို့ရောက်ကြ၏။


generated on Tue Jul 2 12:50:28 2024

2 Samuel 01

ထိုနောက်
"ရှောလုမင်းနှင့် ယောနသန်တို့၏ သေဆုံးမှုအတွက်
ငိုကြွေးပြီးနောက်"

ယုဒမြို့ တစုံတမြို့သို့ သွားရပါမည်လော
ထိုအချိန်တွင် ဒါဝိဒ်သည် ဇိကလတ်မြို့တွင် ရှိနေခဲ့သည်။
အင်္ဂလိပ်ကျမ်းစာ၌ ဤတွင် "တက်သွားခဲ့သည်" ဟု ရေးထားပြီး
ဤသည်တွင် ဇိကလတ်မြို့သည် ဟေဗြုန်မြို့၏
အောက်အရပ်တွင် ရှိသောကြောင့် ဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊
"ယုဒပြည်၏မြို့တစ်မြို့မဟုတ်တစ်မြို့ကို သွားသည်"

ဒါဝိဒ်သည် မယားနှစ်ယောက် ... တို့နှင့်တကွ သွားလေ၏
ထိုအချိန်တွင် ဒါဝိဒ်သည် ဇိကလတ်မြို့တွင် ရှိနေခဲ့သည်။
အင်္ဂလိပ်ကျမ်းစာ၌ ဤတွင် "တက်သွားခဲ့သည်" ဟု ရေးထားပြီး
ဤသည်တွင် ဇိကလတ်မြို့သည် ဟေဗြုန်မြို့၏
အောက်အရပ်တွင် ရှိသောကြောင့် ဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဒါဝိဒ်သည် မိမိ၏ ဇနီးသည် ၂
ဦးနှင့် ဟေဗြုန်မြို့သို့ သွားသည်။"

2 Samuel 04

ဘိသိက်ပေးသဖြင့် ဒါဝိဒ်ကို ယုဒရှင်ဘုရင်အရာ၌ ချီးမြှောက်ကြ၏
ဤအမှုအရာမှာ ယုဒလူတို့သည် ဒါဝိဒ်၏ ခေါင်းကို ဆီလိမ်း
ဘိသိက်ပေး၍ ဘုရင်အဖြစ် ရွေးချယ်တင်ခဲ့ကြသည်။

ယုဒလူတို့
အင်္ဂလိပ်ကျမ်းစာတွင် "အိမ်" ဟူသော အသုံးအနှုန်းကို
သုံးထားပြီး လူမျိုးနွယ်စုကို ဖော်ညွှန်းရာတွင် သုံးသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ယုဒအနွယ်ဝင် လူမျိုး"

ဂိလဒ်ပြည် ယာဗက်မြို့
အင်္ဂလိပ်ကျမ်းစာတွင် "ယာဗက် ဂိလဒ်" ဟူ၍ ရေးထားပြီး
"ယာဗက်မြို့" သည် ဂိလဒ်ဒေသရှိ မြို့တစ်မြို့၏ အမည်
ဖြစ်သည်။

2 Samuel 06

ယေဘုယျအချက်အလက်
ဒါဝိဒ်သည် ဂိလဒ်ပြည် ယာဗက်မြို့သားတို့အား ပြောသည်။

ဤအမှု
သူတို့သည် ရှောလုအား သင်္ဂြိုလ်ခဲ့ကြသည်။

အားယူ၍ ရဲရင့်ခြင်းသတ္တိရှိကြလော့
ဤတွင် "ရဲရင့်ခြင်းသတ္တိ" ကို အင်္ဂလိပ်ကျမ်းစာတွင် "လက်"
ဟူသောစကားလုံးဖြင့် သုံးထားပြီး ဂိလဒ်ပြည်
ယာဗက်မြို့သားတို့အား ရည်ညွှန်းပြောဆိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သတ္တိရှိကြလော့။"

ငါ့ကိုရှင်ဘုရင်အရာ၌ ချီးမြှောက်ကြပြီ
ဤအမှုအရာမှာ ယုဒလူတို့သည် ဒါဝိဒ်၏ခေါင်းကို
ဆီလိမ်းဘိသိက်ပေး၍ ဘုရင် အဖြစ်ရွေးချယ်တင်ခဲ့ကြသည်။

2 Samuel 08

နေရ ... ဣရှဗောရှက်
ဤသည်မှာ လူတို့၏အမည် ဖြစ်သည်။

မဟာနိမ်မြို့ ... ဂိလဒ်ပြည် ... ယေဇရေလမြို့
ဤသည်မှာ နေရာ၏အမည်များ ဖြစ်ကြသည်။

2 Samuel 10

ယုဒအမျိုးမူကား ဒါဝိဒ်နောက်သို့ လိုက်ကြ၏
ဒါဝိဒ်၏ အမိန့်အား နာခံခြင်းကို "ဒါဝိဒ်နောက်သို့ လိုက်ကြ၏"
ဟူသော အသုံးအနှုန်း ဖြင့်ရေးထားသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ယုဒလူမျိုးတို့သည် ဒါဝိဒ်အား
သူတို့၏ဘုရင် အဖြစ် သတ်မှတ်ပြီး အမိန့်ကို နာခံကြသည်။"

ယုဒအမျိုး
ဤတွင် "အမျိုး" ကို အင်္ဂလိပ်ကျမ်းစာတွင် "အိမ်" ဟူသော
စကားလုံးဖြင့် ရေးထားသည်။

2 Samuel 12

အာဗနာ ... နေရ ... ဣရှဗောရှက် ... ရှောလု ... ဇေရုယာ
ဤသည်မှာ အမျိုးသားများ၏ အမည် ဖြစ်ကြသည်။

2 Samuel 16

တစုတည်းလဲသေကြ၏
ဤသည်မှာ တိုက်ပွဲ၌ နှစ်ဖက်စလုံးမှ စစ်သည်များ
သေကြသည်ကို ဖော်ပြခြင်း ဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "နှစ်ဖက်စလုံး သေကြသည်။"

ဟေလကသဇ္ဇုရိမ်
ဤအမည်သည် ဤအရပ်၌ ဖြစ်ပွားခဲ့သော တိုက်ပွဲအား လူတို့ကို
သတိပေးစေခြင်းအလို့ငှါ ပေးထားသော အမည် ဖြစ်သည်။

ထိုနေ့၌ ပြင်းစွာစစ်တိုက်၍
ဤသည်မှာ လူငယ်တို့၏ အားပြိုင်မှုတို့ကြောင့် တိုက်ပွဲ ပိုပြီး
ကြီးမားပြင်းထန်ခဲ့ပုံကို ပိုပြီး သိသာအောင် ရေးသားထားသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ပြီးနောက် အခြားသူတို့လည်း
စတင်တိုက်ခိုက်လာခဲ့ကြသည်။ ထိုနေ့တွင် အလွန် ပြင်းထန်သော
တိုက်ပွဲ ဖြစ်ခဲ့သည်။

2 Samuel 18

ဇေရုယာ ... ယွာဘ ... အဘိရှဲ ... အာသဟေလ ... အာဗနာ
ဤသည်မှာ အမျိုးသားတို့၏ အမည်များ ဖြစ်ကြသည်။


generated on Tue Jul 2 12:50:28 2024

အာသဟေလသည်တော၌ ကျင်လည်သောဒရယ်ကဲ့သို့ လျင်မြန်၏
ဤတွင် "အာသဟေလ" အား အလွန်အပြေးမြန်သော ဒရယ် နှင့် ခိုင်းနှိုင်းထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အာသဟေလသည် အလွန်အပြေးမြန်သည်။"

ကျင်လည်သော ဒရယ်
အလွန် အပြေးမြန်သော ရှည်သော ဦးချိုရှိသည့် ခြေလေးချောင်းပါသည့် သေးငယ်သော တိရစ္ဆာန်။

လက်ျာလက် လက်ဝဲဘက် သို့မလွဲ အာဗနာကို လိုက်၏
ဤသည်မှာ အင်္ဂလိပ်ကျမ်းစာတွင် "ဘယ်ကိုမှ လမ်းမလွှဲဘဲ" ဟု ရေးသားထားပြီး အာဗနာအား မယုံသင်္ကာဖြင့် ထပ်ချပ်မကွာ လိုက်နေပုံကို ဖော်ပြထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အာဗနာသွားရာလမ်းတစ်လျှောက် သူတို့ လိုက်သွားကြသည်။"

2 Samuel 20

အာသဟေလ
ဤသည်မှာ အမျိုးသား တစ်ဦး၏အမည် ဖြစ်သည်။

လက်ျာဘက်သော်၎င်း၊ လက်ဝဲဘက်သော်၎င်း လှည့်သွားလျက်
ငါနောက် မလိုက်ကြနဲ့တော့ ... အာဗနာ နောက်ကိုလည်း မလိုက်နဲ့တော့

လုလင်တစ်ယောက်ကို ဘမ်းဆီး၍ သူ၏လက်နက်စုံကို လုယူတော့
အာဗနာက အာသဟေလအား သူလောက် အန္တရာယ်မရှိသော လုလင်ငယ်စစ်သား တစ်ယောက်ကို သတ်၍ လက်နက်လုယူရန် အကြံပေးသည်။ သူသည် အာသဟေလ အား မသေလိုပါ။ အခြားသောဘာသာပြန်ဆိုချက်၊ "အခြားစစ်သည်တစ်ယောက်အား တိုက်ခိုက်ပြီး သူရဲ့စစ်လက်နက်တို့အား အနိုင်ရသည့် အနေဖြင့် သိမ်းယူပါ။"

2 Samuel 22

သင့်ကို မြေပေါ်သို့အဘယ်ကြောင့် ငါလှဲရမည် နည်း
ဤမေးခွန်းမှာ အာသဟေလအား သူ တွေ့ကြုံရမည့် အန္တရာယ် ကို သိအောင် သတိပေးသော မေးခွန်းဖြစ်သည်။ "မြေပေါ်သို့အဘယ်ကြောင့် ငါလှဲရမည် နည်း" ဆိုသည် မှာ တစ်နည်းမှာ တစ်နည်းအားဖြင့် "အသေသတ်ခြင်း" ကို သွယ်ဝိုက်ဖော်ပြခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင့်ကို ငါ မသတ်လိုပါ။"

သို့ပြုလျှင် သင့်အစ်ကိုယွာဘရှေ့မှာ ငါ့မျက်နှာကို အဘယ်သို့ ငါပြနိုင်မည်နည်း
ဤမေးခွန်းမှာ အာဗနာသည် အာသဟေလအား တိုက်ခိုက်၍ မသေစေလိုခြင်းအလို့ငှါ သူ၏အကို ယွာဘနှင့်လည်း ဆက်ဆံရေး မပျက်စီးစေလိုသောကြောင့် ပြောသော မေးခွန်းဖြစ်သည်။ ဤတွင် "ငါ့မျက်နှာကို အဘယ်သို့ ငါပြနိုင်မည်နည်း" ဟုပြောရခြင်းမှာ "အာဗနာသည် အာသဟေလ၏အကို ကို တွေ့ရန် အလွန်အားနာစိုးရွံ့သောကြောင့်" ဟူသော ဥပမာစကားအနေဖြင့် ရည်ရွယ်ပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် သင်၏ အကို ယွာဘအား မျက်နှာခြင်း ဆိုင်ရန် အလွန် အားနာစိုးရွံ့လှသည်။"

နားမထောင်
ဤသည်မှာ အာဗနာက အာသဟေလ သူ့နောက်သို့ လိုက်ခြင်းမှ ရပ်ရန် ပြောသောအခါ နားမထောင်သည့် အကြောင်းကို ရည်ရွယ်ခြင်း ဖြစ်သည်။

လှံဖျား
အင်္ဂလိပ်ကျမ်းစာတွင် "လှံ၏ လက်ကိုင်ဖက်" အခြမ်းကို ရည်ရွယ်ပြီး မချွန်ထက်သည့် သို့မဟုတ် ထိုးဖောက်နိုင်သည့် အခြမ်းကို ရည်ရွယ်သည်။ ဤတွင် အာဗနာသည် အာသဟေလ သူ့နောက်လိုက်ခြင်းမှ တားရန်သာ ရည်ရွယ်ပြီး အသက်သေဖို့အတွက် မရည်ရွယ်ပါ။

2 Samuel 24

အဘိရှဲ
ဤသည်မှာ အမျိုးသား တစ်ဦး၏အမည် ဖြစ်သည်။

ဂိအာမြို့ ... အမ္မတောင်
ဤသည်မှာ နေရာများ၏ အမည် ဖြစ်သည်။

2 Samuel 26

ဟစ်၍
အော်၍ခေါ်သည်။

ထားသွားသည် အစဉ်မပြတ် ကိုက်စားရမည်လော
ဤမေးခွန်းသည် ရှည်ကြာသောတိုက်ပွဲ ဆက်လက် ဖြစ်ပွားနေသည်ကို ထောက်ပြသော မေးခွန်းဖြစ်သည်။ ဤတွင် "ထား" သည် တိုက်ခိုက်ခြင်း ကို ရည်ညွှန်းသည်။ တိုက်ပွဲ၌ သတ်ဖြတ်နေခြင်းကို တောရိုင်းတိရစ္ဆာန်တစ်ကောင် စစ်သူရဲများအား အမဲဖြတ်နေပုံနှင့် ခိုင်းနှိုင်းပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အကျွန်ုပ်တို့ ထားနှင့် ဆက်လက်ပြီး အချင်းချင်း တိုက်ပွဲ ဖြစ်ရန် မသင့်တော့ပြီ။"

နောက်ဆုံး၌ ခါးသောအရသာကို တွေ့လိမ့်မည်ဟုမသိသော
ဤမေးခွန်းသည် ယွာဘ အား ဤတိုက်ခိုက်ခြင်း နောက်ဆက်တွဲ အကျိုးရလဒ် သည် နာကျင်ခံစားရခြင်းသာ ဖြစ်မည် အကြောင်း သတိမူမိရန် ပြောသော မေးခွန်း အမျိုးအစား ဖြစ်သည်။ ဤတွင် "ခါးသောအရသာ" သည် "နာကျင်ခံစားရခြင်း" ကို သွယ်ဝိုက် ဖော်ပြခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဤတိုက်ခိုက်ခြင်းဆက်လက်ဖြစ်ပွားနေလျှင် အဆုံးသတ်၌ ဆိုးဝါးသောရလဒ်သာ ရရှိလိမ့်မည်ကို သင် ကောင်းကောင်းကြီး သိပါသည်။"

လူများတို့သည် ညီအစ်ကိုတို့ကိုမလိုက်၊ ပြန်စေမည်အကြောင်း သင်သည်အဘယ်မျှ ကာလပတ်လုံးမစီရင်ဘဲ နေမည် နည်း
ဤသည်မှာ အာဗနာသည် လူမျိုးတူ အချင်းချင်း မတိုက်ခိုက်စေခြင်းအလို့ငှါ ဖြောင်းဖြပြောဆိုသော မေးခွန်း

ဖြစ်သည်။ ဤတွင် "ညီအကို" သည် ဣသရေလလူများကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဤအချင်းအရာကို ရပ်ပါ သို့မှသာ ဣသရေလ လူအချင်းချင်း သတ်ဖြတ်ခြင်းမှ ရပ်တန့်မည်။"

ဘုရားသခင်အသက်ရှင်တော်မူသည့်အတိုင်း
ဤသည်မှာ အလွန်တရာမှ ပြင်းထန်သော တိုင်တည် ပြောသော ကတိစကား ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်က အကျွန်ုပ်ပြောသောစကားကို အတည်ပြုလိမ့်မည်။"

... သင်မပြောလျှင်၊ မိုဃ်းလင်းမှသာ လူများတို့သည် ညီအစ်ကိုတို့ကိုမလိုက်ဘဲနေကြလိမ့်မည်
ဤစာကြောင်းအသုံးအနှုန်းမှာ အာဗနာသည် အကယ်၍ လိမ္မာပါးနပ်စွာ ယွာဘအား ပြန်လည် ပြောဆို တုံ့ပြန်ခြင်း မရှိလျှင် ဖြစ်လာမည့် အချင်းအရာ ကို ဖော်ပြသော စာကြောင်း ဖြစ်သည်။

2 Samuel 28

တံပိုးမှုတ်၍
တံပိုးမှုတ်သည်မှာ တိုက်ပွဲတွင် အမိန့်များ အသံဖြင့် အဝေးအထိရောက်အောင် အချက်ပြရန် အသုံးပြုသည်။

မိသရုန် ပြည် ... မဟာနိမ်မြို့
ဤသည်မှာ နေရာများ၏ အမည်များ ဖြစ်သည်။

2 Samuel 30

အာဗနာ
ဤသည်မှာ အမျိုးသား တစ်ဦး၏ အမည် ဖြစ်သည်။

ဗယ်္ာမန် ၏လူသုံးရာခြောက်ဆယ်နှင့် အာဗနာ
"အာဗနာ၏နောက်လိုက် လူသုံးရာခြောက်ဆယ်တို့" ကိုဆိုလိုသည်။ အာဗနာ မသေခဲ့ပါ။

ဗယ်္ာမန်အမျိုးသား
ဤစကားစု သည် "ဗယ်္ာမန် အနွယ်မှ လာသည်" ကို ရည်ညွှန်းသည်။

အာသဟေလ၏ အလောင်းကိုထမ်းသွား၍
"အာသဟေလ၏ အလောင်းကို သူတို့နှင့်အတူ သယ်ဆောင်သွားသည်။"

မိုဃ်းလင်းစတွင်ဟေဗြုန်မြို့သို့ရောက်ကြ၏
"သူတို့သည် နောက်တစ်နေ့ မိုဃ်း စလင်းချိန်၌ ဟေဗြုန်မြို့သို့ ရောက်ရှိကြသည်။"

## Translation Questions

2 Samuel 2:1

ဒါဝိဒ်သည် 'ယုဒမြို့ တစုံတမြို့သို့ သွားရပါမည်လော' ဟုထာဝရဘုရားအားမေးသောအခါသူသည် ဘယ်လိုပြန်ဖြေခဲ့သနည်း။
ဒါဝိဒ်မေးသောအခါ ထာဝရဘုရားက သွားလော့ဟု ပြန်ဖြေခဲ့သည်။

ဘယ်မြို့သို့သွားရန်ထာဝရဘုရားသည် ဒါဝိဒ်အားပြောသနည်း။
ဟေဗြုန်မြို့သို့သွားရန်ထာဝရဘုရားသည် ဒါဝိဒ်အားပြောခဲ့သည်။

ဘယ်သူသည် ဒါဝိဒ်နှင့်အတူဟေဗြုန်မြို့သို့ သွားခဲ့သနည်း။
ဒါဝိဒ်သည် မယားနှစ်ယောက် အဟိနောင်နှင့် အဘိဂဲလတို့နှင့်တကွ သွားလေသည်။ ထို့နောက်သူ၌ပါသောလူများ၊ အိမ်ထောင်များတို့နှင့်တကွ ဟေဗြုန်မြို့သို့ သွားခဲ့သည်။

2 Samuel 2:4

ယုဒလူတို့သည် ဒါဝိဒ်ဆီသို့လာသောအခါ ဘာလုပ်ကြသနည်း။
ယုဒလူတို့သည် ဒါဝိဒ်ဆီသို့လာသောအခါ ဘိသိက်ပေး၍ဒါဝိဒ်ကို ယုဒရှင်ဘုရင်အရာ၌ ချီးမြှောက်ကြသည်။

2 Samuel 2:8

အာဗနာသည် အဘယ်သူနည်း။
အာဗနာသည် ရှောလု၏ဗိုလ်ချုပ်မင်းနေရ၏သားဖြစ်သည်။

ရှောလုသားဣရှဗောရှက်ကိုအာဗနာသည်မည်သို့ပြုသနည်း။
အာဗနာသည် ဣရှဗောရှက်ကိုယူ၍ မဟာနိမ် မြို့သို့ ဆောင်သွားပြီး ဂိလဒ်ပြည်၊ အာရှာအမျိုးသားများ၊ ယေဇရေလမြို့သားများ၊ ဧဖရိမ်ခရိုင်၊ ဗယ်္ာမိန်ခရိုင်အစရှိသော ဣသရေလနိုင်ငံလုံးကို အစိုးရသော ရှင်ဘုရင်အရာ၌ ချီးမြှောက်လေသည်။

2 Samuel 2:10

ဒါဝိဒ်သည် ဟေဗြုန်မြို့၌နေ၍ ယုဒအမျိုးကို ဘယ်လောက်ကြာရှည်စွာ အစိုးရသနည်း။
ဒါဝိဒ်သည် ဟေဗြုန်မြို့၌နေ၍ ယုဒအမျိုးကို ခုနစ်နှစ်နှင့်ခြောက်လအစိုးရသည်။

2 Samuel 2:12

ဇေရုယာသားယွာဘနှင့် ဒါဝိဒ်၏ကျွန်နှင့် နေရသား အာဗနာနှင့်ဣရှဗောရှက်၏ကျွန်များတို့သည် ဘယ်နေရာတွင် ဆုံကြသနည်း။
ဇေရုယာသားယွာဘနှင့် ဒါဝိဒ်၏ကျွန်နှင့် နေရသား အာဗနာနှင့်ဣရှဗောရှက်၏ကျွန်များတို့သည် ဂိဗောင်ရေကန်အနားမှာဆုံကြသည်။

2 Samuel 2:14

ယွာဘနှင့် အာဗနာရှေ့တွင် လုလင် မည်မျှသည် ထ၍ယှဉ်ပြိုင်ကစားကြသနည်း။
ယွာဘနှင့် အာဗနာရှေ့တွင် ရှောလုသားဣရှဗောရှက်၏ လူ့ဗယ်္ာမိန်အမျိုးသားတကျိပ်နှစ်ယောက်နှင့် ဒါဝိဒ်၏ကျွန်တကျိပ် နှစ်ယောက်တို့သည် ထ၍ယှဉ်ပြိုင်ကစားကြသည်။

2 Samuel 2:16

ထိုစစ်ပွဲတွင် မည်သူသည် အနိုင်ရခဲ့သနည်း။
အာဗနာနှင့် ဣသရေလလူတို့သည် ဒါဝိဒ်၏ကျွန်တို့ရှေ့မှာ ရှုံးကြလေသည်။

2 Samuel 2:18

ဇေရုယာ၏သားထဲက ဘယ်တစ်ယောက်သည် အာဗနာနောက်သို့လိုက်သနည်း။
အာသဟေလသည် အာဗနာ နောက်သို့လိုက်လေသည်။

2 Samuel 2:22

အာဗနာက အာသဟေလကို သူ့နောက်သို့မလိုက်ရန်မည်သို့ပြောသနည်း။
အာဗနာက အာသဟေလကို 'သင့်ကိုမြေပေါ်သို့အဘယ်ကြောင့် ငါလှဲရမည် နည်း' 'သို့ပြုလျှင် သင့်အစ်ကိုယွာဘရှေ့မှာ ငါ့မျက်နှာကို အဘယ်သို့ ငါပြနိုင်မည်နည်း' ဟု ပြောခဲ့သည်။

အာသဟေလသည် နားမထောင်ပဲ အာဗနာထံမှလှည့်၍သွားသောအခါ သူ့ထံ၌ဘာဖြစ်ခဲ့သနည်း။
အာသဟေလသည် နားမထောင်သောကြောင့် အာဗနာသည် နောက်သို့လှံနှင့်ထိုးလျှင်၊ ဝမ်း၌လှံဖျား ဝင်၍ ကျောကိုထုတ်ချင်းဖောက်သဖြင့်၊ အာသဟေလသည် လဲ၍ ထိုအရပ်၌သေသည်။

2 Samuel 2:24

ယွာဘနှင့် အဘိရှဲသည် အာဗနာနောက်မှဘယ်နေရာသို့လိုက်သနည်း။
ယွာဘနှင့် အဘိရှဲသည် အာဗနာနောက်မှ ဂိဗောင်တောသို့ သွားသောလမ်းနား၊ ဂိအာမြို့ရှေ့မှာ ရှိသော အမ္မတောင်သို့လိုက်လေသည်။

2 Samuel 2:26

အာဗနာက ယွာဘနှင့်အဘိရှဲမှသူ့နောက်သို့လိုက်ခြင်းအားရပ်ရန်မည်သို့ပြောသနည်း။
အာဗနာက ယွာဘကိုဟစ်၍ 'ဓားသွားသည် အစဉ်မပြတ် ကိုက်စားရမည်လော' 'နောက်ဆုံး၌ ခါးသောအရသာကို တွေ့လိမ့်မည်ဟုမသိသော' 'လူများတို့သည် ညီအစ်ကိုတို့ကိုမလိုက် ပြန်စေမည်အကြောင်းအဘယ်မျှ ကာလပတ်လုံးမစီရင်ဘဲနေမည်နည်း'ဟုပြောခဲ့သည်။

2 Samuel 2:28

အာဗနာနှင့်သူ၏လူတို့သည် မည်သည့်နေရာသို့ ခရီးရောက်ခဲ့ကြသနည်း။
အာဗနာနှင့်သူ၏လူတို့သည် မဟာနိမ်မြို့သို့ ခရီးရောက်ခဲ့ကြသည်။

2 Samuel 2:30

ယွာဘနှင့်သူ၏လူတို့သည် မည်သည့်နေရာသို့ခရီးရောက်ခဲ့ကြသနည်း။
ယွာဘနှင့်သူ၏လူတို့သည် ဟေဗြုန်မြို့သို့ ရောက်ခဲ့ကြသည်။


generated on Tue Jul 2 12:50:28 2024

# Chapter 3

1 ရှောလုအမျိုးနှင့် ဒါဝိဒ်အမျိုးတို့သည် ကြာမြင့်စွာစစ်တိုက်၍၊ ဒါဝိဒ်သည်အားတိုးပွားလျက်၊ ရှောလု အမျိုးသည်
အားရှေ့လျော့လျက် ရှိကြ၏။ 2 ဟေဗြုန်မြို့၌ ဒါဝိဒ်မြင်သောသားတို့တွင် သားဦးကား၊ ယေဇရေလမြို့သူ အဟိနောင်တွင်
မြင်သောသားအာမနုန်တည်း။ 3 ဒုတိယသားကား၊ နာဗလမယား၊ ကရမေလမြို့သူ အဘိဂဲလတွင်မြင်သောသား ခိလပ်တည်း။
တတိယသားကား၊ ဂေရှုရိရှင်ဘုရင်တာလမဲ သမီးမာခါ၏သား အဗရှလုံတည်း။ 4 စတုတ္ထသားကား၊ ဟဂ္ဂိတ်၏ သားအဒေါနိယ တည်း။
ပဉ္စမသားကား၊ အဘိတလနသား ရှေဖတိတည်း။ 5 ဆဋ္ဌမသားကား၊ မြောက်သားတော် ဧဂလာ တွင် မြင်သောသား ဣသရံတည်း။
ဤရှေ့ကား၊ ဟေဗြုန် မြို့၌ ဒါဝိဒ်မြင်သောသားတည်း။ 6 ရှောလုအမျိုးနှင့်ဒါဝိဒ်အမျိုး စစ်တိုက်ကြစဉ်အခါ၊ အာဗနာသည်
ရှောလုအမျိုးဘက်မှာ ကိုယ်ကို ခိုင်မာစေ၏။ 7 ရှောလု၌ အဲအာ၏သမီးရိဇပမည်သော မယားငယ်တယောက်ရှိ၏။ ဣရှဗောရှက်က၊
သင်သည် ငါ့အဘ၏ မယားငယ်ကိုအဘယ်ကြောင့် သိမ်းသနည်းဟု အာဗနာအားဆိုလျှင်၊ 8 ထိုစကားကြောင့် အာဗနာသည်
အလွန်စိတ်ဆိုးလျက်၊ ငါသည် ယုဒအမျိုးကို ဆီးတား၍ သင့်အဘရှောလု အမျိုးနှင့် ညီအစ်ကိုအဆွေခင်ပွန်းတို့အား ယနေ့တိုင်အောင်
ကျေးဇူးပြုသဖြင့် သင့်ကိုဒါဝိဒ်လက်သို့ မအပ်နှံဘဲနေသော်၊ သင်သည်ငါ့ကို ခွေး၏ဦးခေါင်းကဲ့သို့ သာမှတ်၍ ထိုမိန်းမအတွက်
ယနေ့အပြစ်တင်ရမည် လော။ 9 ထာဝရဘုရားသည် နိုင်ငံတော်ကို ရှောလုအမျိုးမှ နှုတ်၍ 10 ဒါဝိဒ်၏ အာဏာတော်ကိုဒန်မြို့မှစ၍
ဗေရ ရှေဘမြို့တိုင်အောင် ဣသရေလပြည်၊ ယုဒပြည်အရပ် ရပ်တို့၌ တည်စေခြင်းငှါ၊ ဒါဝိဒ်အားပြုမည်ဟု ကျိန်ဆို
တော်မူသည်အတိုင်း၊ ငါလည်း ဒါဝိဒ်အားမပြုဘဲနေလျှင်၊ ထိုမျှမက ဘုရားသခင်သည် အာဗနာအား ပြုတော်မူပါစေသောဟု
ဆိုသောကြောင့်၊ 11 ဣရှဗောရှက်သည် ကြောက်၍ စကားတခွန်း ကိုမျှ မပြန်ရဲ။ 12 ထိုနောက်အာဗနာသည် မိမိအတွက် သံတမန်တို့ကို
ဒါဝိဒ်ထံသို့စေလွှတ်၍၊ ပြည်ရှင်မင်းကား အဘယ်သူနည်း။ ကျွန်တော်နှင့်မိဿဟာယဖွဲ့တော်မူပါ။ ဣသရေလအမျိုးအပေါင်းတို့ကို
ကိုယ်တော်ထံသို့ ပြောင်းလဲစေခြင်းငှါ၊ ကျွန်တော်သည် ကိုယ်တော်ဘက်သို့ ဝင်စားပါမည်ဟု လျှောက်ဆို၏။ 13 ဒါဝိဒ်ကလည်း
ကောင်းပြီ။ သင်နှင့်ငါ မိဿဟာယဖွဲ့မည်။ သို့ရာတွင် ငါတောင်းစရာတခုရှိ၏။ ငါ့မျက်နှာကိုမြင်အံ့သောငှါ လာသောအခါ၊
ရှောလုသမီး မိခါလကို ဆောင်ခဲ့ရမည်။ သို့မဟုတ် ငါ့မျက်နှာကို မမြင်ရဟု ပြန်ဆို၏။ 14 ဒါဝိဒ်သည်လည်း သံတမန်တို့ကို ရှောလုသား
ဣရှဗောရှက်ထံသို့စေလွှတ်၍၊ ငါသည် ဖိလိတ္တိလူ အရေဖျားတရာနှင့် ဝယ်ယူသော ငါ့မယားမိခါလကို အပ်လိုက်ရမည်ဟု
မှာလိုက်သည်အတိုင်း၊ 15 ဣရှဗောရှက်သည် စေလွှတ်၍ ထိုမိန်းမကို သူ၏လင်လဲရှ၏ သားဖာလတိလက်မှ နှုတ်ယူလေ၏။ 16
သူ၏လင်သည် ငိုကြွေးလျက် သူ့နောက်သို့ ဗာဟုရိမ်မြို့တိုင်အောင်လိုက်လေ၏။ အာဗနာကလည်း ပြန်သွားတော့ဟုဆိုသော်
ပြန်သွားရ၏။ 17 အာဗနာသည်လည်း၊ ဣသရေလအမျိုး အသက်ကြီးသူတို့နှင့် တိုင်ပင်လျက်၊ သင်တို့သည် အထက်က
ဒါဝိဒ်ကိုရှင်ဘုရင်အရာ၌ ချီးမြှောက်ချင်သော စိတ်ရှိကြသည်ဖြစ်၍၊ 18 ယခုချီးမြှောက်ကြလော့။ ထာဝရဘုရားက၊
ငါ့ကျွန်ဒါဝိဒ်လက်ဖြင့် ငါ၏လူ ဣသရေလအမျိုးကို ဖိလိတ္တိ လူတို့လက်မှ၎င်း၊ ရန်သူအပေါင်းတို့လက်မှ၎င်း၊ ငါကယ် နှုတ်မည်ဟု
ဒါဝိဒ်အဘို့ မိန့်တော်မူပြီဟု ဆိုလေ၏။ 19 တဖန်အာဗနာသည် ဗင်္ယာမိန်အမျိုးသားတို့ကို လည်း သွေးဆောင်လေ၏၊ နောက်တဖန်
ဣသရေလ အမျိုး အလိုရှိသမျှအရာ၊ ဗင်္ယာမိန်အမျိုး တညီညွတ် တည်း အလိုရှိသမျှသောအရာတို့ကို ဟေဗြုန်မြို့၌ ဒါဝိဒ် အား
ပြန်လျှောက်ခြင်းငှါ သွား၍၊ 20 လူနှစ်ကျိပ်ပါလျက် ဒါဝိဒ်ရှိရာ ဟေဗြုန်မြို့သို့ ရောက်သဖြင့်၊ ဒါဝိဒ်သည် ပွဲလုပ်၍ အာဗနာနှင့် သူ၏
လူတို့ကိုကျွေး၏။ 21 အာဗနာကလည်း၊ ဣသရေလအမျိုးသား အပေါင်းတို့သည် ကိုယ်တော်နှင့် မိဿဟာယဖွဲ့စေခြင်းငှါ ၎င်း၊
ကိုယ်တော်သည်အလိုတော်ရှိသမျှအတိုင်း စိုးစံစေခြင်းငှါ၎င်း၊ ကျွန်တော်ထသွား၍ ထိုသူအပေါင်းတို့ကို ကျွန်တော်သခင်၊
ကျွန်တော်ရှင်ဘုရင် ထံတော်၌စုဝေး စေပါမည်ဟု လျှောက်ပြီးမှ၊ ဒါဝိဒ်လွှတ်လိုက်၍ သူသည် ငြိမ်ဝပ်စွာ သွားလေ၏။ 22 ထိုအခါ
ယွာဘနှင့်ဒါဝိဒ်၏ကျွန်တို့သည် ရန်သူအလုံးအရင်းကို လိုက်ရာမှပြန်လာ၍၊ လက်ရဥစ္စာများကို ယူခဲ့ကြ၏။ အာဗနာသည် ဒါဝိဒ်
နှင့်အတူဟေဗြုန်မြို့၌ မရှိ။ ဒါဝိဒ်သည် လွှတ်လိုက်၍ သူသည်ငြိမ်ဝပ်စွာ သွားနှင့်ပြီ။ 23 ယွာဘနှင့်
သူ၌ပါသောစစ်သူရဲအပေါင်းတို့သည် ရောက်ကြသောအခါ၊ နေရ၏သားအာဗနာသည် ရှင်ဘုရင်ထံတော်သို့လာပြီ။
ရှင်ဘုရင်သည်လည်း လွှတ်လိုက်၍၊ သူသည်ငြိမ်ဝပ်စွာသွားပြီဟု ယွာဘအား ကြားပြောလျှင်၊ 24 ယွာဘသည်
ရှင်ဘုရင်ထံတော်သို့ဝင်၍၊ ကိုယ်တော်သည် အဘယ်သို့ပြုတော်မူသနည်း။ အာဗနာ သည်အထံတော်သို့လာပြီးမှ
တဖန်အလွတ်သွားစေခြင်းငှါ အဘယ်ကြောင့် လွှတ်လိုက်တော်မူသနည်း။ 25 နေရ၏သား အာဗနာသည် ကိုယ်တော်ကိုလှည့်စား၍
ကိုယ်တော်ထွက်ဝင်တော်မူခြင်း၊ စီရင်တော်မူ ခြင်းအလုံးစုံကို သိအံ့သောငှါသာ လာသည်ကို ကိုယ်တော်သိတော်မူ၏ဟု
လျှောက်ပြီးလျှင်၊ 26 အထံတော်ကထွက်၍ အာဗနာနောက်သို့ တမန်တို့ကိုစေလွှတ်လျက်၊ သိရရေတွင်းမှ ခေါ်လေ၏။ ထိုအမှုကို
ဒါဝိဒ်မသိ။ 27 အာဗနာသည် ဟေဗြုန်မြို့သို့ရောက်သောအခါ၊ ယွာဘသည် သင့်အတင်နှုတ်ဆက်ခြင်ငှါ၊ မြို့တံခါးနားသို့
ခေါ်ပြီးလျှင်၊ ညီအာသဟေလ သေသည်အတွက် သူ၏ ဝမ်းကိုထိုး၍ သူသည်လည်း သေ၏။ 28 ထိုနောက်ဒါဝိဒ်သည်
ကြားသောအခါ၊ နေရ၏သား အာဗနာကို သတ်သောအပြစ်နှင့် ငါသည် ထာဝရ ဘုရားရှေ့တော်၌ လွတ်ပါစေ။ ငါ့နိုင်ငံလွတ်ပါစေ။ 29
ယွာဘခေါင်း၊ သူ့အဆွေအမျိုးအပေါင်းတို့၏ ခေါင်းပေါ်သို့ရောက်ပါစေ။ ယွာဘ၏အဆွေအမျိုး၌ ရိနာစွဲသောသူ၊ နူနာစွဲသောသူ၊
ကျောကုန်းသောသူ။ ထားဖြင့် သေသောသူ၊ ငတ်မွတ်သောသူ မပြတ်စေနှင့်ဟု မြွက်ဆို၏။ 30 ထိုသို့ယွာဘနှင့်ညီ

 generated on Tue Jul 2 12:50:28 2024

အဘိရှဲသည်အာဗနာကို သတ်၏။ အကြောင်းမူကား၊ သူတို့ညီ အာသဟေလကို ဂိဗောင်စစ်တိုက်ပွဲ၌ အာဗနာသတ်သတည်း။ 31
ဒါဝိဒ်ကလည်း၊ ယွာဘနှင့်မိမိ၌ရှိသောသူ အပေါင်းတို့အား၊ သင်တို့အဝတ်ကိုဆုတ်၍ လျှော်တေ အဝတ်ကိုဝတ်လျက်၊
အာဗနာအတွက် ငိုကြွေးမြည်တမ်း ခြင်းကို ပြုကြလော့ဟု အမိန့်တော်ရှိ၍ ကိုယ်တော်တိုင် မသာလိုက်လေ၏။ 32
အာဗနာကိုဟေဗြုန်မြို့၌ သင်္ဂြိုဟ်ကြ၏။ သင်္ချိုင်းအနားမှာ ရှင်ဘုရင်သည် အသံကိုလွှင့်၍ ငိုကြွေး ၏။ လူအပေါင်းတို့သည်လည်း
ငိုကြွေးကြ၏။ 33 ရှင်ဘုရင်သည် အာဗနာအတွက် မြည်တမ်း သည်ကား၊ အာဗနာသည် လူမိုက်ကဲ့သို့သေသလော။ 34
သင်၏လက်ကိုမချည်၊ သံချေချင်းမခတ်ဘဲ လူဆိုးလက်ဖြင့် သေသကဲ့သို့ သေရှာပါပြီတကားဟု မြွက် ဆို၏။
လူအပေါင်းတို့သည်လည်း တဖန်ငိုကြွေးကြ၏။ 35 မိုဃ်းမချုပ်မှီ ဒါဝိဒ်သည် စားတော်ခေါ်မည် အကြောင်း လူအပေါင်းတို့သည်
ချဉ်းကပ်ကြသော်လည်း၊ ဒါဝိဒ်က၊ နေမဝင်မှီ မုန့်အစရှိသော စားစရာတစုံတခုကို ငါမြည်းစမ်းလျှင်၊ ထိုမျှမကငါ၌
ဘုရားသခင်ပြုတော် မူစေသတည်းဟု ကျိန်ဆို၏ 36 ထိုအမှုကိုလူအပေါင်းတို့သည် မှတ်၍ နှစ်သက် ကြ၏။
ပြုတော်မူသမျှတို့ကိုလည်း လူအပေါင်းတို့သည် နှစ်သက်ကြ၏။ 37 ရှင်ဘုရင်သည် နေရ၏သားအာဗနာကို သတ်
စေခြင်းငှါအလိုမရှိဟု ထိုနေ့၌ဣသရေလအမျိုးသားများနှင့် လူများအပေါင်းတို့သည် သိနားလည်ကြ၏။ 38 ရှင်ဘုရင်ကလည်း၊
ဣသရေလအမျိုး၌ မင်းသားဖြစ်သောသူ၊ ကြီးမြတ်သောသူတပါးသည် ယနေ့ဆုံးကြောင်းကို သင်တို့မသိသလော။ 39
ငါသည်ဘိသိတ်ခံရ၍ ရှင်ဘုရင်ဖြစ်သော်လည်း ယနေ့အားနည်း၏။ ဇေရုသားဖြစ်သော ဤသူတို့သည် ငါ့ထက်လွန်၍ အားကြီးကြ၏။
မတရားသဖြင့် ပြုသော သူကို မိမိအပြစ်နှင့်အလျောက် ထာဝရဘုရား ပေးဆပ် တော်မူစေသတည်းဟု မိမိကျွန်တို့အား မိန့်တော်မူ၏။

---

2 Samuel 01

အားတိုးပွားလျက်
ဤအသုံးအနှုန်းမှာ "ဒါဝိဒ်အား ထောက်ခံသည့် လူဦးရေ တိုးပွားလာသည်" ကို ဖော်ပြလိုခြင်း ဖြစ်သည်။

အားရှော့လျော့လျက်
ဤအသုံးအနှုန်းမှာ "ရှောလုမင်း၏ မိသားစုအား ထောက်ခံသည့်လူဦးရေ လျော့နည်းလာသည်" ကို ဖော်ပြလိုခြင်း ဖြစ်သည်။

2 Samuel 02

ဒါဝိဒ်မြင်သောသား
အခြား သောဘာသာပြန်ဆိုချက်၊ "ဒါဝိဒ်၏ မယားတို့မှ သား ခြောက် ဖွားမြင်သည်။"

သားဦး ... ဒုတိယသား ... တတိယသား
ဤသည်မှာ ဒါဝိဒ်၏ သားတို့အား အစဉ်လိုက် ဖော်ပြခြင်း ဖြစ်သည်။

အဟိနောင် ... အဘိဂဲလ ... မာခါ
ဤသည်မှာ အမျိုးသမီးများ၏ အမည်များ ဖြစ်ကြသည်။ ထိုသူတို့သည် ဒါဝိဒ်၏ မယားများ ဖြစ်ကြသည်။

ခိလပ် ... နာဗလ ... တာလမဲ
ဤသည်မှာ အမျိုးသားများ၏ အမည်များ ဖြစ်ကြသည်။

2 Samuel 04

စတုတ္ထသား ... ပဉ္စမသား ... ဆဋ္ဌမသား
ဤသည်မှာ ဒါဝိဒ်၏ သားတို့အား အစဉ်လိုက် ဖော်ပြခြင်း ဖြစ်သည်။

အဒေါနိယ ... ရှေဖတိ ... ဣသရံ
ဤသည်မှာ ဒါဝိဒ်သားတို့၏ အမည်များ ဖြစ်ကြသည်။

ဟဂ္ဂိတ် ... အဘိတလန ... ဧဂလာ
ဤသည်မှာ ဒါဝိဒ်၏ မယားတို့၏ အမည်များ ဖြစ်ကြသည်။

2 Samuel 06

ရှောလုအမျိုး
ဤသည်မှာ ရှောလုမင်း၏ဖက်မှ လူတို့ကို ရည်ညွှန်းပြီး ထိုသူတို့သည် ရှောလုမင်း သေပြီးနောက် သူနှင့် စပ်ဆိုင်သောမြေနေရာတို့အား ထိန်းသိမ်းထားသည်။

ဒါဝိဒ်အမျိုး
ဤသည်မှာ ဒါဝိဒ်၏ဘက်မှ ထောက်ခံသူတို့အား ရည်ညွှန်းသည်။

အာဗနာသည် ရှောလုအမျိုးဘက်မှာ ကိုယ်ကို ခိုင်မာစေ၏
အာဗနာသည် ရှောလု၏အမျိုးဘက်တွင် အင်အားကြီးမားလာသည် ကို ခန္ဓာကိုယ် ခွန်အား ကြီးမားလာသည့်ပုံစံ ဖြင့် ရေးသားဖော်ပြထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အာဗနာသည် ရှောလုအမျိုးတို့နှင့် သူ့အားထောက်ခံသူတို့၏ ထောက်ခံခြင်းကို ရ၍ ပိုမို အင်အား ကြီးလာသည်။"

အဲအာ ... ရိဇပ
ဤသည်မှာ အမျိုးသမီးများ၏ အမည်များ ဖြစ်ကြသည်။

ဣရှဗောရှက်
ဤသည်မှာ ရှောလုမင်း၏ သား ၏ အမည်ဖြစ်သည်။

သင်သည် ငါ့အဘ၏ မယားငယ်ကိုအဘယ်ကြောင့် သိမ်းသနည်း
ဣရှဗောရှက် က ဘုရင်သဖွယ် ပြုကျင့်နေသော အာဗနာအား ရုတ်ချသောအားဖြင့် မေးသောမေးခွန်းဖြစ်သည်။

အခြားသောဘာသာပြန်ဆိုချက် - "သင်၌ အကျွန်ုပ် အဖေ၏ မယားငယ်အား ဇနီးမယားအဖြစ် ပြုကျင့်ရန် အခွင့် မရှိပါ။

သိမ်းသနည်း
ဤသည်မှာ ဇနီးမယားအဖြစ် ပြုကျင့်သည်ကို သွယ်ဝိုက်သောအားဖြင့် ရေးသားထားခြင်း ဖြစ်သည်။

2 Samuel 08

သင်သည်ငါ့ကို ခွေး၏ဦးခေါင်းကဲ့သို့ သာမှတ်၍
ဤမေးခွန်းသည် အာဗနာက သူ့အား မတရား စွပ်စွဲသော ဣရှဗောရှက် ကို ဒေါသတကြီး ငြင်းဆန်ပြောဆိုသော မေးခွန်း ဖြစ်သည်။ ဤသည် အတိအလင်း ပြောကြားချက် ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် ဒါဝိဒ်၏ အစေကို ခံသော သစ္စာဖောက် မဟုတ်ပါ။"

သင်သည်ငါ့ကို ခွေး၏ဦးခေါင်းကဲ့သို့ သာမှတ်၍
အာဗနာသည် မိမိကိုယ်ကိုအား ခွေး၏ဦးခေါင်း ကဲ့သို့ ခိုင်းနှိုင်းပြောဆိုပြီး ခွေး တစ်ကောင် ကဲ့သို့ အစာ ကျွေးသောသူ၏ အစေကိုသာ ခံမည်လော ဟု မေးထားခြင်း ဖြစ်သည်။ ဤတွင် "မှတ်၍" ဟူသော စကားစုမှာ အာဗနာ၏ သစ္စာသည် လက်ရှိ ရှောလုနှင့် သူ့လူတို့ မကြီးစိုးသည့် ဒါဝိဒ်၌သာ အာဏာရှိသော ယုဒပြည် ၌သာ ရှိသည် ကို ပုံဆောင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် ယုဒပြည်အတွက် သစ္စာဖောက် သလော။" သို့မဟုတ် "ငါသည် ဒါဝိဒ်၏အစေကို ခံ၍ သစ္စာဖောက်သလော။"

ဒါဝိဒ်လက်သို့
ဤသည်တွင် "လက်" သည် အနိုင်တိုက်နိုင်သော ခွန်အား ကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဒါဝိဒ်၏ လက်၌ ရှုံးနိမ့်သည်။"

သင်သည်ငါ့ကို ခွေး၏ဦးခေါင်းကဲ့သို့ သာမှတ်၍ ထိုမိန်းမအတွက် ယနေ့အပြစ်တင်ရမည် လော
ဤသည်မှာ အာဗနာသည် ဣရှဗောရှက် အား ခြိမ်းခြောက်ပြောဆိုသော မေးခွန်း ဖြစ်သည်။ ဤသည်တွင် အဗနာသည် ရိဇပနှင့် အိပ်ခြင်း နှင့် မတရားစွပ်စွဲခံရခြင်း ကြားတွင် မသေချာမရေရာသော အခြေအနေ ဖြစ်သည်။ ဖြစ်နိုင်ခြေများမှာ - (၁) အာဗနာတွင် အပြစ်ရှိသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် ထိုသူနှင့် အတူအိပ်ခဲ့သော်လည်း ငါ့အား အပြစ် မတင်သင့်ပါ။" သို့မဟုတ် (၂) အာဗနာတွင် အပြစ်မရှိပါ။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် ထိုသူနှင့် အိပ်ခဲ့သည် ဟု ယုံမှားခြင်း မရှိသင့်ပါ။"

2 Samuel 09

ထာဝရဘုရားသည် ... ဒါဝိဒ်အားပြုမည်ဟု ကျိန်ဆို တော်မူသည်အတိုင်း၊ ငါလည်း ဒါဝိဒ်အားမပြုဘဲနေလျှင်၊ ထိုမျှမက ဘုရားသခင်သည် အာဗနာအား ပြုတော်မူပါစေသော
ဤသည်မှာ ထိုခေတ်အခါ၌ ကျမ်းသစ္စာ ကျိန်ဆိုသော ပုံစံဖြစ်သည်။ အာဗနာသည် ထာဝရဘုရား၌ သူပေးသောကတိစကား မတည်သောအခါ သူ့အား ပြင်းထန်စွာ စီရင်ရန် တိုင်တည်သော စကားဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား၌ အကျွန်ုပ်သည် ပေးထားသည့် ကတိ မတည်ပါက အကျွန်ုပ်အား စီရင်ပါ။"

ရှောလုအမျိုး
အင်္ဂလိပ်ကျမ်းစာတွင် "အိမ်" ဟူသော အသုံးအနှုန်းကို သုံးထားပြီး ရှောလု၏ အမျိုးတို့နှင့် သူ့အား ထောက်ခံသူတို့ကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ရှောလု၏ မိသားစုနှင့် သူအား ထောက်ခံသူများ"

ဒါဝိဒ်၏ အာဏာတော်
ဤစကားစုသည် ဒါဝိဒ်၌ ဘုရင်ကဲ့သို့သော အခွင့်အာဏာရှိသည်။

2 Samuel 12

ဒါဝိဒ်ထံသို့
အချို့သော ကျမ်းစာ ဘာသာပြန်ဆိုချက်များတွင် "ဒါဝိဒ်သည် ဟေဗြုန်မြို့၌ ရှိခဲ့သည်" ကို ထပ်လောင်း ဖော်ပြထားသည်။

ပြည်ရှင်မင်းကား အဘယ်သူနည်း
မူရင်းစာတွင် ဤစာသည် သဲကွဲမှု မရှိပါ။ ဖြစ်နိုင်ခြေ အဓိပ္ပာယ်မှာ - (၁) အာဗနာသည် ထိုပြည်အား ဒါဝိဒ်ထံ ပေးပိုင်ခွင့် ရှိသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဤမြေအား အကျွန်ုပ် ပိုင်သည်။" သို့မဟုတ်

ကျွန်တော်သည် ကိုယ်တော်ဘက်သို့ ဝင်စားပါမည်
ဤတွင် အာဗနာ သည် ဒါဝိဒ် ဘက်၌ နေ၍ သူ၌ အစေခံမည်ဟု ရည်ညွှန်းသော စကား ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏အစေကို ခံမည်။"

ငါ့မျက်နှာကိုမြင်အံ့သောငှါ လာသောအခါ၊ ရှောလုသမီး မိခါလကို ဆောင်ခဲ့ရမည်
ဤသည်တွင် ဒါဝိဒ်သည် အာဗနာ သူ့အား တွေ့ခွင့် ရခြင်းအလို့ငှါ လုပ်ရမည့် အရာများကို ဖော်ပြခြင်း ဖြစ်သည်။ ဤတွင် "မျက်နှာ" သည် ဒါဝိဒ်က မိမိကိုယ်မိမိ ရည်ညွှန်းခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မိခါလ အား မခေါ်ဆောင်လာပါက သင်နှင့် ကျွန်ုပ် တွေ့ရန် အကြောင်းမရှိပါ။"

မိခါလ
ဤသည်မှာ ရှောလု၏သမီး အမည် ဖြစ်သည်။ သူမသည် ဒါဝိဒ်၏ ပထမ မယား ဖြစ်သည်။

2 Samuel 14

ဖိလိတ္တိလူ အရေဖျားတစ်ရာ
ဤသည်မှာ ဒါဝိဒ်သည် သူ့အား မိခါလနှင့် လက်ဆက်ရန်အတွက် ရှောလုလက်ခံရန် သတ်ခဲ့သော လူဦးရေကို ကိုယ်စားပြုသည်။ ဤသည်တွင် "အရေဖျား" သည် အမျိုးသားတို့၏ လိင်အင်္ဂါထိပ်ဖျားကို ကာထားသော အရေပြား ဖြစ်သည်။

သူ၏လင် ... လက်မှ နှုတ်ယူလေ၏
ဖာလတိ သည် မိခါလ ၏ ဒုတိယ လင်ယောက်ျား ဖြစ်သည်။ ရှောလု သည် ဒါဝိဒ် သူ့ထံမှ ထွက်မပြေးမီ သူမအား ဖာလတိ ထံသို့ ပေးအပ်ထားသည်။

လဲရှ ... ဖာလတိ
ဤသည်မှာ အမျိုးသားများ၏ အမည်များ ဖြစ်ကြသည်။

ဗာဟုရိမ်မြို့
အင်္ဂလိပ်ကျမ်းစာတွင် ဤမြို့ကို ရွာအဖြစ် ရေးသားထားသည်။

2 Samuel 17

ယခုချီးမြှောက်ကြလော့
"ယခုတွင် ဒါဝိဒ်ကို သင်တို့၏ ဘုရင်ဖြစ်စေမည်"

ငါ့ကျွန်ဒါဝိဒ်လက်ဖြင့်
ဤတွင် "လက်" သည် ဖိလိတ္တိ လူတို့အား အနိုင်ယူတိုက်ခိုက်နိုင်သော ဒါဝိဒ်၏ ခွန်အား ကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့ ဒါဝိဒ်အား ခွန်အားနှင့် ပြည့်စေပြီးနောက်"

ဖိလိတ္တိ လူတို့လက်
ဤသည်တွင် "လက်" သည် ဣသရေလအပေါ်သို့ သက်ရောက်နေသော ရန်သူ၏ ခွန်အားကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဖိလိတ္တိ လူတို့၏အင်အားများ"

ရန်သူအပေါင်းတို့လက်မှ
ဤသည်တွင် "လက်" သည် ဣသရေလအပေါ်သို့ သက်ရောက်နေသော ရန်သူ၏ ခွန်အားကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ရန်သူအားလုံး၏အင်အားများ"

2 Samuel 19

ဗင်္ယာမိန်အမျိုးသားတို့ ... ဗင်္ယာမိန်အမျိုး
ဤစကားစု နှစ်ခု စလုံးသည် ဣသရေလ ၁၂ နွယ်ရှိ ဗင်္ယာမိန်မှ ဆင်းသက်လာသော မျိုးဆက်ကို ရည်ညွှန်းသည်။

လူနှစ်ကျိပ်
ဤသည်မှာ အာဗနာနှင့်အတူ ပါလာသော လူဦးရေ ဖြစ်သည်။

2 Samuel 21

ဣသရေလအမျိုးသား အပေါင်းတို့
ဤသည်မှာ ဣသရေလ တစ်မျိုးသားလုံးကို ဆိုလိုသည်။

ဒါဝိဒ်လွှတ်လိုက်၍
သူတို့သည် မိတ်ဆွေအဖြစ် လက်ခံပြီးမှ လမ်းခွဲသွားလေသည်။ ဒါဝိဒ်သည် အာဗနာအား စိတ်မဆိုးပါ။

2 Samuel 22

လက်ရဥစ္စာများ
ရန်သူထံမှ သိမ်းယူရရှိသော ဥစ္စာများ ဖြစ်သည်။

အာဗနာသည် ဒါဝိဒ် နှင့်အတူဟေဗြုန်မြို့၌ မရှိ
အာဗနာသည် အိမ်သို့ ပြန်ရန်အတွက် ဟေဗြုန်မြို့မှ ထွက်ခွာနှင့်ပြီ ဖြစ်သည်။

ယွာဘအား ကြားပြော
"တစ်စုံတစ်ဦးက ယွာဘအား ပြောခဲ့သည်။"

နေရ
ဤသည်မှာ အမျိုးသားတစ်ဦး၏ အမည်ဖြစ်သည်။ ထိုသူသည် ရှောလု၏ အဖိုး ဖြစ်သည်။

2 Samuel 24

ကိုယ်တော်သည် အဘယ်သို့ပြုတော်မူသနည်း
ယွာဘက ဒါဝိဒ်ကို အာဗနာအား လွှတ်ငြိမ်းစွာ ပြန်လွှတ်ပေးလိုက်သဖြင့် ပြစ်တင်သောမေးခွန်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် ဤကဲ့သို့ မပြုသင့်ပါ။"

အာဗနာ သည်အထံတော်သို့လာပြီးမှ တဖန်အလွတ်သွားစေခြင်းငှါ အဘယ်ကြောင့် လွှတ်လိုက်တော်မူသနည်း
ဤသည်မှာ ယွာဘသည် ဒါဝိဒ်ကို အဘယ်ကြောင့် အာဗနာအား ပြန်လွှတ်လိုက်သနည်း ဟု အပြစ်တင်ပြောဆိုနေသော မေးခွန်းဖြစ်သည်။ ဤသည်ကို တင်ပြသည့် စကားစုအနေဖြင့် ဘာသာပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အာဗနာသည် ရောက်ရှိနေခဲ့သော်လည်း သင်သည် သူ့အား ပြန်လွှတ်လိုက်သည်။"

... အလုံးစုံကို သိအံ့သောငှါသာ လာသည်ကို ကိုယ်တော်သိတော်မူ၏
ဤသည်မှာ ယွာဘ သည် အာဗနာက ဒါဝိဒ်အား တစ်စုံတစ်ခု ကြံစည်နေကြောင်းကို ဖြောင်း ဖျသော မေးခွန်းမျိုး ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်လုပ်ဆောင်နေသမျှ အရာတို့အား သင် အလုံးစုံ သိမှာပါ။"

သိရရေတွင်း
"သိရ" ဟူသောအမည်သည် ရေတွင်း ရှိသောနေရာ ဖြစ်သည်။

2 Samuel 27

မြို့တံခါးနား
ဤသည်မှာ ဟေဗြုန်မြို့သို့ ဝင်သော မြို့ဝင်တံခါး တစ်ပေါက်ကို ဆိုလိုသည်။ ထိုတံခါးများသည် မြို့အုပ်ရိုး၏တစ်စိတ်တစ်ပိုင်းအဖြစ် ဆောက်လုပ်ထားသည်။ မြို့ရိုးအတွင်း လမ်းကြောင်းတွင် အခန်းငယ်များစွာရှိပြီး ဧည့်သည်များဆုံတွေ့ခြင်း၊ စီးပွားရေးလုပ်ခြင်း၊ နှင့်


generated on Tue Jul 2 12:50:28 2024

တရားစီရင်ခြင်းတို့ကို ပြုလုပ်သည်။ ဖြစ်နိုင်သည်မှာ အာဗနာအား ယွာဘက ဤအခန်း တစ်ခန်းတွင် လုပ်ကြံသတ် ခဲ့ပုံရသည်။

ညီအာသဟေလ သေသည်
အင်္ဂလိပ် ကျမ်းစာတွင် အာဗနာ သေခြင်း ကို "အာသဟေလ၏အသွေး" ဟူ၍ ဖော်ပြထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အာသဟေလ အသတ်ခံရခြင်း"

အာသဟေလ
ဤသည်မှာ အမျိုးသား တစ်ဦး၏ အမည် ဖြစ်သည်။

2 Samuel 28

နေရ ... အဘိရှဲ ... အာသဟေလ
ဤသည်မှာ အမျိုးသားများ၏ အမည် ဖြစ်သည်။

အာဗနာကို သတ်သောအပြစ်
အင်္ဂလိပ် ကျမ်းစာတွင် အာဗနာ သေခြင်းကို "အာဗနာ၏ အသွေး" ဟူ၍ ဖော်ပြထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အာဗနာ အသတ်ခံရခြင်း"

ယွာဘခေါင်း၊ သူ့အဆွေအမျိုးအပေါင်းတို့၏ ခေါင်းပေါ်သို့ရောက်ပါစေ
ဤစကားစုသည် "ပြုခဲ့သမျှသော အမှားများ၏ အပြစ်သည် ယွာဘနှင့် သူ၏ မိသားစုအပေါ်သို့သာ ကျရောက်ပါစေ" ဟူ၍ အဓိပ္ပါယ်ရသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယွာဘနှင့် သူ၏ မိသားစု အမြဲတမ်း ဘေးနှင့် ကြုံရပါစေ။"

သူ့အဆွေအမျိုးအပေါင်းတို့
အင်္ဂလိပ်ကျမ်းစာတွင် "အဆွေအပေါင်းတို့" ကို "အိမ်" ဟူ၍ ခိုင်းနှိုင်းဖော်ပြထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယွာဘ ဖခင်၏ နောင်လာနောက်သားများအားလုံး"

မပြတ်စေနှင့်ဟု မြွက်ဆို၏
ဤ နှစ်ထပ်ဆင့် အဆိုးဖြစ်စေခြင်းမှာ အန္တရာယ် တစ်ခုမဟုတ်တစ်ခုကို တစ်စုံတစ်ဦးသည် အမြဲတမ်း ကြုံတွေ့ခံစားရစေသော်ငှာ ဖော်ပြသော စကားစု ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "... အမြဲတမ်းကြုံတွေ့ပါစေ"

ထားဖြင့် သေသောသူ
ဤတွင် "ထား" သည် ရက်စက်စွာ အသတ်ခံရခြင်း ကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ရက်စက်စွာ အသတ်ခံရသည်။"

ငတ်မွတ်သော
ဆာလောင်သည်။

2 Samuel 31

သင်တို့အဝတ်ကိုဆုတ်၍ လျှော်တေ အဝတ်ကိုဝတ်လျက်
ဤသည်မှာ လွန်စွာဝမ်းနည်းရသည် ကို ဖော်ဆောင်သော အပြုအမူ ဖြစ်သည်။

ရှင်ဘုရင်သည် အသံကိုလွှင့်၍ ငိုကြွေး ၏
"လွှင့်၍" နှင့် "ငိုကြွေး" ဟူသော စကားစု နှစ်ခုစလုံးသည် ဒါဝိဒ်က အာဗနာအတွက် မည်မျှလောက် ပူဆွေးရသည်ကို တူညီစွာဖော်ပြသော စကားစုများသာ ဖြစ်သည်။

2 Samuel 33

အာဗနာသည် လူမိုက်ကဲ့သို့သေသလော
ဤမေးခွန်းသည် အာဗနာ မတရားသဖြင့် အသတ်ခံရသည် ကို ဖော်ညွှန်းသော မေးခွန်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အာဗနာသည် လူဆိုးတစ်ဦးကဲ့သို့ အသေသတ်ခြင်း မခံသင့်ပါ။"

သင်၏လက်ကိုမချည်၊ သံချေချင်းမခတ်ဘဲ
ဤစကားစု နှစ်ခုစလုံးသည် တူညီသောအရာတစ်ခုတည်းကို ရည်ညွှန်းသည်။ နှစ်ကြောင်းစလုံးကို စာတစ်ကြောင်းတည်း အနေဖြင့် သတ်မှတ်နိုင်သည်။ အခြားသော ဘာ သာပြန်ဆိုချက်၊ "သင်သည် ထောင်တွင်း အကျဉ်းချခံသင့်သော သူမဟုတ်ပါ" သို့မဟုတ် "သင်၌ အပြစ် တစ်စုံတစ်ခုမျှ မရှိပါ။"

သင်၏လက်ကိုမချည်
ဤသည်မှာ အပြုသဘောဆောင်သော စာကြောင်းအသုံးအနှုန်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မည်သူမှ သူ့လက်ကို မချည်နှောင်ထားပါ။"

သံချေချင်းမခတ်ဘဲ
အခြား သောဘာသာပြန်ဆိုချက်၊ "မည်သူမှ သူ့ခြေထောက်ကို သံ ချေချင်း မခတ်ထားပါ။"

လူဆိုး
ဤသည်မှာ မတရားသောသူ၊ မကောင်းကြံတတ်သူတို့ကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မတရားမှု ပြုသောသူများ"

2 Samuel 35

လူအပေါင်းတို့သည် ချဉ်းကပ်ကြသော်လည်း
ဤသည်မှာ ဒါဝိဒ်ဝမ်းနည်းစဉ် ဣသရေလလူတို့၊ သူ့အား ဂရုစိုက်လိုမှုကို အထူးပြုဖော်ပြနေခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူမြောက်များစွာ လာကြသည်။"

ထိုမျှမကငါ၌ ဘုရားသခင်ပြုတော် မူစေသတည်း
ဤသည်မှာ ထိုခေတ်အခါတွင် ကျိန်ဆိုပုံဖြစ်သည်။ ဒါဝိဒ်က သူနေမဝင်ခင် တစ်စုံတစ်ခု စားမိပါက ဘုရားသခင် သူ့အား စီရင်ရန် ပြောခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အကယ်၍ ... အကျွန်ုပ်ပြုမိလျှင် ဘုရားသခင် အကျွန်ုပ်အား စီရင်ပါ။"


generated on Tue Jul 2 12:50:28 2024

2 Samuel 37

ဣသရေလအမျိုး၌ မင်းသားဖြစ်သောသူ၊ ကြီးမြတ်သောသူတပါးသည် ယနေ့ဆုံးကြောင်းကို သင်တို့မသိသလော

ဤသည်မှာ ဒါဝိဒ်သည် အာဗနာအား မည်မျှလောက် လေးစားသည် ကို ဖော်ပြသည်။ ဤတွင် "ဆုံး" သည် "သေဆုံးသည်" ကို ဖော်ညွှန်းထားသည်။ ဤသည်မှာ ဖော်ပြချက် အနေဖြင့် ဘာသာပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယနေ့တွင် ဣသရေလအမျိုး၌ မြင့်မြတ်သောမင်းသားသည် ကွယ်လွန်သည်။"

မင်းသားဖြစ်သောသူ၊ ကြီးမြတ်သောသူတပါး

ဤစကားစု နှစ်ခုစလုံးသည် အာဗနာ အား ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အလွန်ကောင်းမြတ်သော မင်းသား"

နေရ ... ဇေရု

ဤသည်မှာ အမျိုးသားများ၏ အမည်ဖြစ်သည်။

အားကြီးကြ၏

အင်္ဂလိပ်ကျမ်းစာတွင် "မညှာမတာ နိုင်ထက်စီးနင်းပြုသည်" ဟူ၍ရေးသားထားသည်။

---

## Translation Questions

2 Samuel 3:1

ရှောလုအမျိုးနှင့် ဒါဝိဒ်အမျိုးတို့သည် ကြာမြင့်စွာစစ်တိုက်ကြသောအခါ ဘယ်အမျိုးသည် အားတိုးပွားလျက် ဘယ်အမျိုးသည် အားရှော့လျော့ကြသနည်း။

ရှောလုအမျိုးနှင့် ဒါဝိဒ်အမျိုးတို့သည် ကြာမြင့်စွာစစ်တိုက်ကြသောအခါ ဒါဝိဒ်အမျိုးသည် အားတိုးပွားလျက်ရှောလု အမျိုးသည် အားရှော့လျော့လျက်ရှိသည်။

2 Samuel 3:2

ဟေဗြုန်မြို့၌ မွေးသော ဒါဝိဒ်၏ပထမသား သုံးယောက်သည် မည်သူနည်း။

ဟေဗြုန်မြို့၌ မွေးသော ဒါဝိဒ်၏ပထမသား သုံးယောက်သည်အာမနုန်၊ခိလပ်၊အဗရှလုံတို့ဖြစ်သည်။

2 Samuel 3:6

ဣရှဗောရှက် သည် အာဗနာကို မည်သို့စွပ်စွဲသနည်း။

ဣရှဗောရှက်က အာဗနာကို ငါ့အဘ၏(ရှောလု) မယားငယ်ကိုအဘယ်ကြောင့် သိမ်းသနည်းဟုစွပ်စွဲခဲ့သည်။

2 Samuel 3:9

ဣရှဗောရှက်က အာဗနာကို ငါ့အဘ၏မယားငယ်ကိုသိမ်းသည်ဟုစွပ်စွဲခဲ့ပြီးနောက် အာဗနာသည် ဘာလုပ်ရန်ကျိန်ဆိုခဲ့သနည်း။

အာဗနာသည် ဒါဝိဒ်၏ အာဏာတော်ကိုဒန်မြို့မှစ၍ ဗေရ ရှေဘမြို့တိုင်အောင် ဣသရေလပြည်၊ ယုဒပြည်အရပ် ရပ်တို့၌ တည်စေခြင်းငှါ ဒါဝိဒ်အားပြုမည်ဟု ကျိန်ဆိုခဲ့သည်။

2 Samuel 3:12

ဒါဝိဒ်၏မျက်နှာကိုမြင်ပြီးသူနှင့်မိဿဟာယဖွဲ့ရန် အာဗနာသည် ဒါဝိဒ်ရှေ့တွင်ဘာလုပ်ရမည်ဟု ပြောသနည်း။

ဒါဝိဒ်က အာဗနာသည် ငါ့ကိုတွေ့ဖို့လာသောအခါ ရှောလုသမီး မိခါလကို မဆောင်ခဲ့လျှင် ငါ၏မျက်နှာကို မမြင်ရဟု ဒါဝိဒ်သည် အာဗနာ၏ သံတမန်တို့ကို ပြောခဲ့သည်။

2 Samuel 3:14

ဒါဝိဒ်က မိခါလကိုသူ၏မယားဖြစ်ရန်မည်သို့ဝယ်ယူသနည်း။

ဒါဝိဒ်က မိခါလကိုသူ၏မယားဖြစ်ရန်ဖိလိတ္တိလူ အရေဖျားတရာနှင့် ဝယ်ယူသည်။

2 Samuel 3:17

အတိုချုံ့အနေဖြင့် အာဗနာသည် ဣသရေလအမျိုး အသက်ကြီးသူတို့ကို မည်သို့ပြောသနည်း။

အာဗနာသည် ဣသရေလအမျိုး အသက်ကြီးသူတို့နှင့်တိုင်ပင်လျက် ဒါဝိဒ်ကိုရှင်ဘုရင်အရာ၌ ချီးမြှောက်ချင်ကြောင်းပြောခဲ့သည်။

2 Samuel 3:19

အာဗနာသည် ဟေဗြုန်မြို့သို့သူ၏လူနှစ်ကျိပ်ဖြင့် ရောက်သောအခါ ဒါဝိဒ်က အာဗနာအတွက်ဘာလုပ်ပေးသနည်း။

ဒါဝိဒ်သည် ပွဲလုပ်၍ အာဗနာနှင့် သူ၏ လူတို့ကိုကျွေးမွေးလေသည်။

2 Samuel 3:21

အာဗနာသည် ဒါဝိဒ်အား သူ၏အစီစဉ်အားမည်သို့ပြောခဲ့သနည်း။

အာဗနာသည် ဒါဝိဒ်အား ဣသရေလအမျိုးသား အပေါင်းတို့ကို ဒါဝိဒ်နှင့် မိဿဟာယဖွဲ့စေပြီး၊ အလိုတော်ရှိသမျှအတိုင်း စိုးစံစေခြင်းငှါအာဗနာသည် သွား၍ ထိုသူအပေါင်းတို့ကို ရှင်ဘုရင် ထံတော်၌စုဝေး စေပါမည်ဟု ပြောခဲ့သည်။

2 Samuel 3:22

ဒါဝိဒ်နှင့်အာဗနာသည် ဘယ်လို ခွဲသွားသနည်း။
ဒါဝိဒ်သည် အာဗနာအားလွှတ်လိုက်၍ အာဗနာသည် ငြိမ်ဝပ်စွာသွားလေသည်။

2 Samuel 3:24

ယွာဘသည် ဒါဝိဒ်ထံသို့ရောက်လာသောအခါ ယွာဘက အာဗနာသည် မည်သည့်အရာကို ပြုလုပ်သည်ဟု စွပ်စွဲသနည်း။
ယွာဘကအာဗနာသည် ဒါဝိဒ်ကို လှည့်စား၍ ဒါဝိဒ်၏ထွက်ဝင်တော်မူခြင်း၊ စီရင်တော်မူ ခြင်းအလုံးစုံကို သိအံ့သောငှါသာ လာသည်ဟုစွပ်စွဲလေသည်။

2 Samuel 3:27

အာဗနာသည် ဟေဗြုန်မြို့သို့ရောက်သည်ကို ယွာဘသည်ကြားသောအခါ သူသည် ဘာလုပ်ခဲ့သနည်း။
ယွာဘသည် အာဗနာ၏ဝမ်းကိုထိုး၍ သူသည် သေလေသည်။

ယွာဘသည် အာဗနာအား ဘာကြောင့်သတ်ခဲ့သနည်း။
ယွာဘသည် သူ့ညီအာသဟေလအတွက် ကလဲ့စားချေ၍ အာဗနာ၏ ဝမ်းကိုထိုး၍ သတ်ခဲ့ခြင်းဖြစ်သည်။

2 Samuel 3:28

ယွာဘသည် အာဗနာအားသတ်သည်ကို ဒါဝိဒ်သည်ကြားသောအခါ သူသည် ယွာဘနှင့်ယွာဘ၏မိသားစုအားမည်သို့ပြောဆိုခဲ့သနည်း။
အာဗနာကို သတ်သောအပြစ်သည် ယွာဘခေါင်းနှင့် သူ့အဆွေအမျိုးအပေါင်းတို့၏ ခေါင်းပေါ်သို့ရောက်ပါစေဟုပြောဆိုခဲ့သည်။

2 Samuel 3:31

ယွာဘနှင့်သူ၌ရှိသောသူအပေါင်းတို့ကို ဒါဝိဒ်သည် ဘာလုပ်ရန်ပြောသနည်း။
ယွာဘနှင့်သူ၌ရှိသောသူအပေါင်းတို့ကို ဒါဝိဒ်သည် သူတို့၏အဝတ်ကိုဆုတ်၍ လျှော်တေ အဝတ်ကိုဝတ်လျက်၊ အာဗနာအတွက် ငိုကြွေးမြည်တမ်း ခြင်းကို ပြုရန်ပြောသည်။

2 Samuel 3:35

မိုဃ်းမချုပ်မှီ ဒါဝိဒ်သည် စားတော်ခေါ်မည် အကြောင်း လူအပေါင်းတို့သည် ချဉ်းကပ်ကြသောအခါ ဒါဝိဒ်သည် မည်သို့ကျိန်ဆိုခဲ့သနည်း။
ဒါဝိဒ်က၊ နေမဝင်မှီ မုန့်အစရှိသော စားစရာတစုံတခုကို ငါမြည်းစမ်းလျှင်၊ ထိုမှျမကငါ၌ ဘုရားသခင်ပြုတော်မူစေသတည်းဟု ကျိန်ဆိုခဲ့သည်။

2 Samuel 3:37

ဣသရေလအမျိုးသားများနှင့် လူများအပေါင်းတို့သည် အာဗနာသေပြီးနောက် ဒါဝိဒ်၏သောကကို မည်သို့သိနားလည်ကြသနည်း။
ဣသရေလအမျိုးသားများနှင့် လူများအပေါင်းတို့က ဒါဝိဒ်သည် အာဗနာအားသတ်စေခြင်းငှါအလိုမရှိသည်ကို နားလည်ကြသည်။

ရှင်ဘုရင်သည် အာဗနာနှင့်ပတ်သတ်၍ သူ၏ကျွန်များအားမည်သို့ပြောသနည်း။
ရှင်ဘုရင်ကလည်း သူ၏ကျွန်များအားဣသရေလအမျိုး၌ မင်းသားဖြစ်သောသူ၊ ကြီးမြတ်သောသူတပါးသည် ယနေ့ဆုံးကြောင်းကို သင်တို့မသိသလောဟု ပြောလေသည်။

ဒါဝိဒ်သည် ဇေရု၏သားများနှင့်ပတ်သတ်၍ မည်သို့ဆန္ဒပြုခဲ့သနည်း။
ဒါဝိဒ်သည် မတရားသဖြင့် ပြုသောသူကို မိမိအပြစ်နှင့်အလျောက် ထာဝရဘုရား ပေးဆပ်တော်မူစေသတည်းဟု ဆန္ဒပြုခဲ့သည်။

## Chapter 4

1 အာဗနာသည် ဟေဗြုန်မြို့၌ သေကြောင်းကို ရှောလု၏သားသည် ကြားသော် အားလျော့၏။ ဣသ ရေလလူအပေါင်းတို့သည်
ပူပန်သောစိတ်ရှိကြ၏။ 2 ရှောလု၏သား၌ ဗာနာနှင့် ရေခပ်အမည် ရှိသော သူတည်းဟူသော တပ်မှူးနှစ်ယောက်ရှိ၏။ သူတို့ သည်
ဗယ်္ာမိန်အမျိုးဗေရောသိအနွယ် ရိမ္မုန်၏သား ဖြစ်ကြ ၏။ ဗေရုတ်မြို့သည် ဗယ်္ာမိန်ခရိုင်အဝင်ဖြစ်သော် လည်း၊ 3
ဗေရောသိလူတို့သည် ဂိတ္တိမ်မြို့သို့ပြေး၍ ယနေ့တိုင်အောင် တည်းခိုလျက် နေကြသတည်း။ 4 ရှောလု၏သား ယောနသန်၌
ခြေဆွံ့သော သားတယောက်ရှိရစ်၏။ သူသည် အသက်ငါးနှစ်ရှိသော အခါ၊ ယေဇရေလမြို့မှ ရှောလုနှင့်ယောန သန်တို့၏
သိတင်းကိုကြားလျှင်၊ အထိန်းသည် သူ့ကိုချီ၍ ပြေးစဉ် တွင်၊ အလျင်အမြန်ပြေးသောကြောင့်၊ သူငယ်သည် ကျ၍ ခြေဆွံ့၏။
ထိုသူငယ်၏အမည်ကား မေဖိဗောရှက်တည်း။ 5 ဗေရောသိအမျိုး ရိမ္မုန်၏သားရေခပ်နှင့် ဗာနာတို့ သည် ဣရှဗောရှက်အိမ်သို့သွား၍
မွန်းတည့်အချိန်၌ ရောက်၏။ ထိုအချိန်၌ ဣရှဗောရှက်သည် အိပ်တတ်၏။ 6 ထိုညီအစ်ကိုရေခပ်နှင့် ဗာနာတို့သည် စပါးကို
ထုတ်ဟန်ဆောင်၍ အိမ်အလယ်သို့ ဝင်ပြီးလျှင်၊ 7 အိပ်ခန်းထဲ အိပ်ရာပေါ်မှာ အိပ်လျက်နေသော ဣရှဗောရှက်၏ဝမ်းကို
ထိုး၍သတ်သဖြင့်၊ ဦးခေါင်းကို ဖြတ်ယူပြီးမှ တညဉ့်လုံးလွင်ပြင်လမ်းဖြင့်ပြေး၍ လွတ်ကြ ၏။ 8 ဣရှဗောရှက်၏ ဦးခေါင်းကို
ဟေဗြုန်မြို့ဒါဝိဒ် ထံတော်သို့ ဆောင်ခဲ့၍၊ ကိုယ်တော်အသက်ကိုရှာသော ကိုယ်တော်ရန်သူရှောလု၏ သားဣရှဗောရှက်၏ ဦးခေါင်းကို
ကြည့်ရှုတော်မူပါ။ ကျွန်တော်သခင် အရှင် မင်းကြီးခံရတော်မူသော အပြစ်ကိုထာဝရဘုရားသည် ရှောလု၌၎င်း၊
သူ၏အမျိုးအနွယ်၌၎င်း၊ ယနေ့ဆပ်ပေး တော်မူပြီဟု အထံတော်တွင် လျှောက်ဆိုသော်၊ 9 ဒါဝိဒ်က၊ ငါ့အသက်ကို
ဘေးဥပဒ်အပေါင်းတို့မှ ရွေးတော်မူသော ထာဝရဘုရား အသက်ရှင်တော်မူ သည်အတိုင်း၊ 10 အရင်တခါလူတယောက်သည် လာ၍
ဝမ်းမြောက်စရာသိတင်းကိုပြောမည်အကြံရှိလျက်၊ ရှောလု သေပါပြီဟု ငါ့အားကြားပြောသောအခါ၊ ထိုသိတင်းကို ပြောသောကြောင့်
ဆုကိုရမည်ဟု ထင်သောထိုသူကို၊ ဇိကလတ်မြို့၌ ငါကိုင်ဆွဲ၍သတ်၏။ 11 ထိုမျှမက လူဆိုးတို့သည် ဖြောင့်မတ်သောသူကိုသူ၏
အိမ်အတွင်း အိပ်ရာပေါ်မှာသတ်လျှင်၊ သာ၍ ပြုသင့်သည်မဟုတ်လော။ ယခုပင်သူ၏ အသွေးကို သင်တို့၌ ငါတောင်း၍
သင်တို့ကိုမြေကြီးပေါ်က ပယ်ရှားသင့်သည်မဟုတ်လောဟု ဗေရောသိအမျိုး၊ ရိမ္မုန်၏သားရေခပ်နှင့် ညီဗာနာအားဆိုပြီးလျှင်၊ 12
လုလင်တို့ကကိုမိန့်တော်မူ၍ ထိုသူနှစ်ယောက် ကိုက်သတ်ကြ၏။ လက်ခြေတို့ကိုဖြတ်၍ ဟေဗြုန် ရေကန်အနားမှာ ဆွဲထားကြ၏။
ဣရှဗောရှက်၏ ဦးခေါင်းကိုကားယူ၍ ဟေဗြုန်မြို့တွင် အားဗနာသင်္ချိုင်း၌ သင်္ဂြိုဟ်ကြ၏။

---

2 Samuel 01

ဗာနာ ... ရေခပ် ... ရိမ္မုန်

ဤသည်မှာ အမျိုးသားများ၏ အမည်များ ဖြစ်ကြသည်။

အားလျော့၏

ဤတွင် "ဣရှဗောရှက်" သည် သတင်းစကားကြောင့် အားလျော့တုန်းလုပ်သည်ကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဣရှဗောရှက်သည် အင်အားနည်း လာသည်" သို့မဟုတ် "ဣရှဗောရှက် သည် အားအင် ကုန်ခမ်းသွားသည်။"

ရှောလု၏သား၌ ... တပ်မှူးနှစ်ယောက်ရှိ၏

ဤသည်မှာ "ဗာနာနှင့် ရေခပ်" မိတ်ဆက်သော ပုံပြင် အပိုင်း ဖြစ်သည်။

ဗေရုတ်မြို့သည် ခရိုင်အဝင်ဖြစ်သော် လည်း၊ ဗေရောသိလူတို့သည်ဂိတ္တိမ် မြို့သို့ပြေး၍ ယနေ့တိုင်အောင် တည်းခိုလျက် နေကြသတည်း။

ဤတွင် စာရေးသူသည် ဗေရုတ်မြို့ ၏ နောက်ခံအကြောင်းအရာကို စာဖတ်သူအတွက် ဖော်ပြထားသည်။ ဗေရုတ်မြို့သည် ဗယ်္ာမိန်အနွယ်နှင့် သက်ဆိုင်သော မြို့ ဖြစ်သည်။

ဗေရောသိ ... ဂိတ္တိမ်

ဤသည်မှာ နေရာများ၏ အမည် ဖြစ်သည်။

2 Samuel 04

ယေဘုယျ အချက်အလက်

ဤကျမ်းချက်မှာ အဓိက ဇာတ်လမ်းမှ သွေဖီပြီး ဣရှဗောရှက်၏ ဖက်မှ မဟုတ်ဘဲ ရှောလု၏မျိုးဆက် ယောနသန်၏သား မေဖိဗောရှက်၏ နောက်ကြောင်း ဇာတ်လမ်းကို ဆက်လက်ဖော်ပြသည်။ မေဖိဗောရှက်သည် စာအုပ်၏ နောက်ပိုင်းတွင် အဓိက ဇာတ်ကောင် ဖြစ်လာသည်။

ခြေဆွံ့သော

ဤသည်မှာ "လမ်းမလျှောက်ခြင်း" ကို ရည်ညွှန်းသည်။

အသက်ငါးနှစ်

ဤသည်မှာ ယောနသန်သေဆုံးသောအခါ ရှိနေသော သူ့သား၏ အသက် ဖြစ်သည်။

ရှောလုနှင့်ယောန သန်တို့၏ သိတင်း

ဤသည်မှာ သူတို့၏ သေဆုံးသည့်သတင်းကို ရည်ညွှန်းသည်။

အထိန်း

ဤသည်မှာ ကလေးငယ်တွေကို ပြုစုထိန်းသိမ်းပေးသော အမျိုးသမီး သို့မဟုတ် အမျိုးသမီးငယ်ကို ဆိုလိုသည်။


generated on Tue Jul 2 12:50:28 2024

ခြေဆွံ့၏

ဤသည်မှာ မေဖိဗောရှက်သည် ဒါဏ်ရာရခဲ့၍ လမ်းမလျှောက်နိုင်ဖြစ်ကြောင်းကို ပြောသည်။

မေဖိဗောရှက်

ဤသည်မှာ ယောနသန်၏သား၊ ရှောလု၏မြေး အမည် ဖြစ်သည်။

2 Samuel 05

ယေဘုယျ အချက်အလက်

၄:၁ တွင် မိတ်ဆက်ခဲ့သော ရေခပ်နှင့် ဗာနာတို့၏ လုပ်ဆောင်ချက်များဖြင့် ဇာတ်လမ်း ဆက်သွားသည်။

မွန်းတည့်အချိန်

နေ့လယ်အချိန်၊ နေ့တစ်နေ့၏ အပူဆုံးအချိန်

sifting wheat

N/A

2 Samuel 08

ကိုယ်တော်အသက်ကိုရှာသော

ဤသည်မှာ "သင့်အား လိုက်သတ်နေသည်" ဟု အဓိပ္ပါယ်ရသည်။

ထာဝရဘုရား အသက်ရှင်တော်မူ သည်အတိုင်း

ဤသည်မှာ ဒါဝိဒ်အတွက် ထာဝရဘုရားမှ သက်သေအဖြစ်ရှိနေခြင်းသည် အမြင့်ဆုံးသော ကျမ်းကျိန်ခြင်းထဲမှ တစ်ခု ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား အသက်ရှင်တော်မူသည်အတိုင်း ငါ ကျိန်ဆိုသည်။"

ငါ့အသက်ကို ... ရွေးတော်မူသော

ဤသည်မှာ "အသက်" မှာ ဒါဝိဒ်က မိမိကိုယ်ကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အကျွန်ုပ်အား ကယ်တင်သူ"

2 Samuel 11

ထိုမျှမက လူဆိုးတို့သည် ဖြောင့်မတ်သောသူကိုသူ၏ အိမ်အတွင်း အိပ်ရာပေါ်မှာသတ်လျှင်၊ သာ၍ ပြုသင့်သည်မဟုတ်လော။ ယခုပင်သူ၏ အသွေးကို သင်တို့၌ ငါတောင်း၍ သင်တို့ကိုမြေကြီးပေါ်က ပယ်ရှားသင့်သည်မဟုတ်လော

ဤမေးခွန်းမှာ အလွန်ဆိုးဝါးသော ပြစ်မှုများကို လူတို့ကျူးလွန်ကြကြောင်း ဖော်ညွှန်းသောမေးခွန်း ဖြစ်သည်။ ဤသည်မှာ တင်ပြချက်အနေဖြင့် ဘာသာပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့သည် သာ၍ အပြစ်ရှိသည်။ သင်တို့ကို စီရင်ပြီး မြေပြင်ပေါ်မှ ဖယ်ရှားရမည်မှာ အကျွန်ုပ်၏ တာဝန်ဖြစ်သည်။"

သူ၏ အသွေးကို သင်တို့၌ ငါတောင်း၍

ဤသည်မှာ "သူ၏အသွေး" သည် ဣရှဗောရှက်၏အသက် ကို ကိုယ်စားပြုသည်။ ဤတွင် "သင်တို့၌" သည် ၄:၅ တွင် မိတ်ဆက်ခဲ့သော ဗေရောသိအမျိုး၊ ရိမ္မုန်၏ ရေခပ်နှင့် ဗာနာတို့ကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့သည် ဣရှဗောရှက်၏ အသက်ခံရခြင်း၌ သင်တို့ တာဝန်ယူရမည်။"

လက်ခြေတို့ကိုဖြတ်၍ ... ဆွဲထားကြ၏

ဤသည်မှာ လူတို့အား သိက္ခာချသော အပြုအမူ ဖြစ်သည်။

ဣရှဗောရှက်၏ ဦးခေါင်းကိုကားယူ၍ ဟေဗြုန်မြို့တွင် ... သင်္ချိုင်း၌ သင်္ဂြိုဟ်ကြ၏

ဤသည်မှာ ဣရှဗောရှက် အား လေးစားသောအားဖြင့် ပြုသောအမှု ဖြစ်သည်။ ဤသည်မှာ ယုံမှားခြင်း မရှိ ဖော်ပြထားခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် ဣရှဗောရှက် အား ဂုဏ်သိက္ခာရှိရှိ သူ့ဦးခေါင်းအား သင်္ချိုင်း၌ သင်္ဂြိုလ်ကြသည်။"

# Translation Questions

2 Samuel 4:1

ဣရှဗောရှက်၏လက်များသည် အဘယ်ကြောင့်အားလျော့ခဲ့သနည်း။

အာဗနာသည် ဟေဗြုန်မြို့၌ သေကြောင်းကိုကြားသောကြောင့် ဣရှဗောရှက်၏လက်များသည် အားလျော့ခဲ့သည်။

တပ်သားများကိုဦးဆောင်သော ရှောလု၏ တပ်မှူးနှစ်ယောက်၏ အမည်များမှာ မည်သူနည်း။

တပ်သားများကိုဦးဆောင်သော ရှောလု၏ တပ်မှူးနှစ်ယောက်၏ အမည်များသည်ဗာနာနှင့် ရေခပ်တို့ဖြစ်ကြသည်။

2 Samuel 4:4

ရှောလုသား၏ ခြေဆွံ့သောသားတယောက်၏အမည်မှာ မည်သူနည်း။

ရှောလုသား၏ ခြေဆွံ့သောသားတယောက်၏အမည်မှာမေဖိဗောရှက်ဖြစ်သည်။

2 Samuel 4:5

ရေခပ်နှင့် ဗာနာတို့သည် ဣရှဗောရှက်အိမ်သို့ မည်သို့ဝင်ခဲ့သနည်း။

ရေခပ်နှင့် ဗာနာတို့သည် စပါးကို ထုတ်ဟန်ဆောင်၍ အိမ်အလယ်သို့ ဝင်ပြီးလျှင် တံခါးကိုစောင့်သောအမျိုးသမီးအိပ်နေစဉ်တွင် ဝင်ရောက်ခဲ့သည်။

ကြရှဗောရှက်အိမ်သို့ရေခပ်နှင့် ဗာနာတို့သည်နောက်တကြိမ်ဘယ်လိုဝင်၍ သူတို့သည်ဘာလုပ်ခဲ့ကြသနည်း။
ကြရှဗောရှက်အိမ်သို့ရေခပ်နှင့် ဗာနာတို့သည်နောက်တကြိမ်ဝင်ရောက်၍ အိပ်ခန်းထဲ အိပ်ရာပေါ်မှာ အိပ်လျက်နေသော ကြရှဗောရှက်၏ဝမ်းကို ထိုး၍သတ်ခဲ့ကြသည်။

2 Samuel 4:8

ရေခပ်နှင့်ဗာနာတို့သည် ကြရှဗောရှက်ကိုသတ်၍သူ၏ခေါင်းကိုဖြတ်ပြီးနောက်သူတို့သည် ဘယ်နေရာသို့သွားခဲ့သနည်း။
ရေခပ်နှင့်ဗာနာတို့သည် ကြရှဗောရှက်၏ ဦးခေါင်းကို ဟေဗြုန်မြို့ ဒါဝိဒ် ထံတော်သို့ဆောင်ခဲ့ကြသည်။

2 Samuel 4:11

ရေခပ်နှင့်ဗာနာတို့အကြောင်းကို ဒါဝိဒ်သည် မည်သို့ပြောသနည်း။
ဒါဝိဒ်က ရေခပ်နှင့်ဗာနာတို့အား ဖြောင့်မတ်သောသူကို သူ၏အိမ်အတွင်း အိပ်ရာပေါ်မှာသတ်လေသော လူဆိုးများဟု ပြောလေသည်။

ဒါဝိဒ်၏အမိန့်အရ ရေခပ်နှင့်ဗာနာကို လုလင်တို့သည် ဘာလုပ်ခဲ့ကြသနည်း။
လုလင်တို့သည် ရေခပ်နှင့်ဗာနာတို့အား သူတို့၏ လက်ခြေတို့ကိုဖြတ်၍ ဟေဗြုန် ရေကန်အနားမှာ ဆွဲထားကြလေသည်။

ကြရှဗောရှက်၏ ဦးခေါင်းကို ဒါဝိဒ်သည် မည်သို့ပြုလုပ်ခိုင်းသနည်း။
ကြရှဗောရှက်၏ ဦးခေါင်းကိုယူ၍ ဟေဗြုန်မြို့ရှိသင်္ချိုင်း၌ အာဗနာအားသင်္ဂြိုဟ်ခိုင်းလေသည်။

## Chapter 5

1 ထိုအခါ ဣသရေလအမျိုးအနွယ်အပေါင်းတို့ သည် ဒါဝိဒ်ရှာရာ ဟေဗြုန်မြို့သို့လာ၍၊ ကျွန်တော်တို့ သည် ကိုယ်တော်အရိုး၊
ကိုယ်တော်အသားဖြစ်ကြပါ၏။ 2 အထက်က ရှောလုသည် ကျွန်တော်တို့၌ ရှင်ဘုရင်ဖြစ်သောအခါ၊ ကိုယ်တော်သည် ဣသရေလ
အမျိုးကို ဆောင်သွားလျက်၊ သွင်းပြန်လျက်နေတော်မူပြီ။ ထာဝရဘုရားကလည်း၊ သင်သည်ငါ၏လူ ဣသရေလအမျိုး ကို
လုပ်ကျွေးအုပ်စိုးရမည်ဟု ကိုယ်တော်အား မိန့်တော် မူပြီဟု လျှောက်ဆိုကြ၏။ 3 ထိုသို့ ဣသရေလအမျိုးအသက်ကြီးသူအပေါင်း
တို့သည် ရှင်ဘုရင်ရှိရာ ဟေဗြုန်မြို့သို့ ရောက်လာလျှင်၊ ဒါဝိဒ်မင်းကြီးသည် ဟေဗြုန်မြို့၌ ထာဝရဘုရားရှေ့တော်မှာ သူတို့နှင့်
မိဿဟာယဖွဲ့ခြင်း၊ သူတို့သည် ဒါဝိဒ်ကို ဘိတ်သိတ်ပေး၍ ဣသရေလရှင်ဘုရင်အရာ၌ ချီးမြှောက် ကြ၏။ 4 ဒါဝိဒ်သည်
နန်းထိုင်သည့်အခါ အသက်သုံးဆယ်ရှိ၏။ အနှစ်လေးဆယ်စိုးစံလေ၏။ 5 ဟေဗြုန်မြို့၌နေ၍ ယုဒပြည်ကို ခုနစ်နှစ်နှင့်
ခြောက်လမင်းပြု၏။ ယေရုရှလင်မြို့၌နေ၍ ယုဒပြည်နှင့် ဣသရေလပြည်တရှောက်လုံးကို အနှစ်သုံးဆယ်သုံးနှစ် မင်းပြု၏။ 6
တဖန်ရှင်ဘုရင်သည် မိမိလူတို့ကိုခေါ်၍၊ ပြည်သားရင်းယေဗုသိလူတို့ရှိရာ ယေရုရှလင်မြို့သို့ ချီသွားလျှင်၊
ဒါဝိဒ်သည်ဤမြို့ထဲသို့မဝင်ရ။ မျက်စိကန်းသောသူနှင့် ခြေဆွံ့သောသူတို့ကလည်း၊ ဒါဝိဒ်သည်ဤ မြို့ထဲသို့ မဝင်ရဟု ဆိုကာမျှနှင့်
သင့်ကို ဆီးတားလိမ့်မည်ဟု ဆိုကြ၏။ 7 သို့ရာတွင် ဒါဝိဒ်သည် ဒါဝိဒ်မြို့တည်းဟူသော ဇိအုန်ရဲတိုက်ကို တိုက်ယူလေ၏။ 8 ထိုနေ့၌
ဒါဝိဒ်က၊ အကြင်သူသည် ယေဗုသိ လူတို့ကို တိုက်ဖျက်ပြီးမှ ကျုံးကိုလွန်၍၊ ဒါဝိဒ်သည် ဤနေရာသို့မဝင်ရဟု ဒါဝိဒ်အသက်ကို
မုန်းလျက်ပြောဆိုသောမျက်စိကန်းနှင့် ခြေဆွံ့သောသူတို့ကို လုပ်ကြံ၏။ ထိုသူသည် ဗိုလ်ချုပ်ဖြစ်စေဟု အမိန့်တော်ရှိသည်အတိုင်း၊
ဇေရုယာသားယွာဘသည် အဦးတက်၍ ဗိုလ်ချုပ်အရာကိုခံရ၏။ 9 ထိုနောက် ဒါဝိဒ်သည် ရဲတိုက်၌နေ၍ ဒါဝိဒ်မြို့ ဟူသောအမည်ဖြင့်
သမုတ်လေ၏။ မိလ္လောအရပ် ပတ်လည်၌၎င်း၊ အတွင်းဘက်၌၎င်း တည်ဆောက်လေ၏။ 10 ဒါဝိဒ်တိုးပွား၍ အားကြီးသဖြင့်
ကောင်းကင် ဗိုလ်ခြေအရှင် ဘုရားသခင် ထာဝရဘုရားသည် သူနှင့် အတူ ရှိတော်မူ၏။ 11 တုရုမင်းကြီးဟိရံသည် သံတမန်နှင့်တကွ
အာရဇ်သစ်သား၊ လက်သမား၊ ပန်းရန်သမားတို့ကို ဒါဝိဒ် ထံသို့စေလွှတ်၍ သူတို့သည် နန်းတော်ကိုတည်ဆောက်ကြ၏။ 12
ထာဝရဘုရားသည် ဒါဝဒ်ကို ဣသရေလရှင်ဘုရင်အရာ၌ ခန့်ထားတော်မူကြောင်းနှင့် မိမိလူ ဣသရေလအမျိုးအဘို့ အလို့ငှါ၊ နိုင်ငံကို
ချီးမြှောက်တော်မူကြောင်းကို ဒါဝိဒ်သိမြင်၏။ 13 ဒါဝိဒ်သည် ဟေဗြုန်မြို့မှပြောင်းသောနောက်၊ ယေရုရှလင်မြို့သူ
မယားကြီးမယားငယ်တို့ကို ထပ်၍ သိမ်းယူသဖြင့် သားသမီးများတို့ကို မြင်လေ၏။ 14 ယေရုရှလင်မြို့၌ ဒါဝိဒ်မြင်သော သားတို့
အမည်ကား၊ ရှမ္မွာ၊ ရှောဗပ်၊ နာသန်၊ ရှောလမုန်၊ 15 ဣဗဟာ၊ ဧလိရွ၊ နေဖက်၊ ယာဖျာ၊ 16 ဧလျာဒ၊ ဧလိဖလက်တည်း။ 17 ဒါဝိဒ်ကို
ဘိသိက်ပေး၍ ဣသရေလရှင်ဘုရင် အရာ၌ခန့်ထား ကြောင်းကို ဖိလိတ္တိလူတို့သည် ကြားလျှင်၊ ထိုလူအပေါင်းတို့သည် ဒါဝိဒ်ကို
ရှာ၍လာကြ၏။ ထိုသိတင်းကိုဒါဝိဒ်သည် ကြားသောအခါ ရဲတိုက်သို့ သွား၏။ 18 ဖိလိတ္တိလူတို့သည် လာ၍ရေဖိမ်ချိုင့်၌
အနှံ့အပြားနေကြ၏။ 19 ဒါဝိဒ်ကလည်း၊ အကျွန်ုပ်သည် ဖိလိတ္တိလူတို့ ရှိရာသို့ သွားရပါမည်လော။ အကျွန်ုပ်လက်၌ အပ်တော်
မူမည်လောဟု ထာဝရဘုရားကို မေးလျှောက်လျှင်၊ ထာဝရဘုရားကသွားလော့။ ငါသည် ဖိလိတ္တိလူတို့ကို သင့်လက်သို့
ဆက်ဆက်အပ်မည်ဟု မိန့်တော်မူသည်အတိုင်း၊ 20 ဒါဝိဒ်သည် ဗာလပေရဇိမ်မြို့သို့ သွား၍ သူတို့ကိုလုပ်ကြံပြီးမှ၊ ထာဝရဘုရားသည်
ရေထ၍ ဖြိုဖျက်သကဲ့သို့၊ ငါ့ရန်သူတို့ကို ငါ့ရှေ့မှာ ဖြိုဖျက်တော်မူပြီဟုဆိုလျက်၊ ထိုအရပ်ကို ဗာလပေရဇိမ်အမည်ဖြင့်
တွင်စေသတည်း။ 21 ထိုအရပ်၌ ဖိလိတ္တိလူများ ပစ်ထားသောရုပ်တုများကို၊ ဒါဝိဒ်နှင့်သူ၏လူတို့သည် ရှင်းရှင်းဖျက်ဆီးကြ၏။ 22
တဖန်ဖိလိတ္တိလူတို့သည် လာ၍ရေဖိမ်ချိုင့်၌ အနှံ့အပြားနေကြ၏။ 23 ဒါဝိဒ်သည်လည်း မေးလျှောက်သော်၊ ထာဝရဘုရားက၊
တည့်တည့်မတက်ရ။ သူတို့နောက်သို့ဝိုင်း၍ ပိုးစာတောတဘက်၌ ချီရမည်။ 24 ပိုးစာပင်ဖျား၌ စစ်ချီသံကိုကြားသောအခါ
ကြိုးစားလော့။ ထိုအခါ ထာဝရဘုရားသည် ဖိလိတ္တိတပ် ကို လုပ်ကြံခြင်းငှါ သင့်ရှေ့မှာ ကြွသွားလိမ့်မည်ဟု မိန့်တော်မူသည်အတိုင်း၊
25 ဒါဝိဒ်သည်ပြု၍ဖိလိတ္တိလူတို့ကိုဂေဗမြို့မှသည် ဂါဇေရမြို့တိုင်အောင် လုပ်ကြံလေ၏။

---

2 Samuel 01

ကျွန်တော်တို့ သည် ကိုယ်တော်အရိုး၊ ကိုယ်တော်အသားဖြစ်ကြပါ၏

ဤစကားစုသည် "ဆွေမျိုးသားချင်း" ကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်တို့သည် သင်နှင့် အမျိုးတော်သည်။" သို့မဟုတ် "ကျွန်ုပ်တို့သည် တူညီသော မျိုးနွယ် တစ်ခုတည်းမှ ဆင်းသက်သည်။"

အထက်က

ဤသည်မှာ သမိုင်းဆိုင်ရာ အချက်အလက် ဖြစ်သည်။ ရှောလုသည် ဒါဝိဒ် မတိုင်မီ ဘုရင် ဖြစ်ခဲ့သည်။

သင်သည်ငါ၏လူ ဣသရေလအမျိုး ကို လုပ်ကျွေးအုပ်စိုးရမည်ဟု ကိုယ်တော်အား မိန့်တော် မူပြီဟု လျှောက်ဆိုကြ၏

ဤစကားစုနှစ်ခုစလုံးသည် ထာဝရဘုရားက ဒါဝိဒ်အား ယုဒပြည်ရှင်ဘုရင်အဖြစ် တင်မြှောက်ခြင်းကို ဖော်ပြသည်။


generated on Tue Jul 2 12:50:28 2024

သင်သည်ငါ၏လူ ဣသရေလအမျိုး ကို လုပ်ကျွေးအုပ်စိုးရမည်
အင်္ဂလိပ်ကျမ်းစာတွင် ဤအမှုအရာကို သိုးထိန်းကျောင်းသည့် ပုံစံဖြင့် ရေးသားထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် ငါ၏ လူမျိုးတို့ကို စောင့်ရှောက်ရမည်" သို့မဟုတ် "သင်သည် ငါ၏ဣသရေလလူမျိုးတို့ကို အုပ်စိုးရမည်။"

2 Samuel 03

သူတို့သည် ဒါဝိဒ်ကို ဣသရေလရှင်ဘုရင်အရာ၌ ချီးမြှောက် ကြ၏
"ဘိတ်သိတ်ပေး၍" ဆိုသည်မှာ ဒါဝိဒ်အား ထာဝရဘုရားမှ ဘုရင်အဖြစ် ရွေးချယ်တင်မြှောက်ထားသည်ကို အသိအမှတ်ပြုသော အမူပြုခြင်း ဖြစ်သည်။

2 Samuel 06

ယေဘုသျအချက်အလက်
ဒါဝိဒ်နှင့် ဣသရေလ စစ်တပ်သည် ယေရုရှလင်မြို့အား တိုက်ခိုက်သည်။

လည်း၊ ဒါဝိဒ်သည်ဤ မြို့ထဲသို့ မဝင်ရ
ဤသည်မှာ အကောင်းမြင်သဘောဖြင့် ဖော်ပြထားသော စကားဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင် ဤနေရာကို လာသော်လည်း မျက်စိကန်းသောသူနှင့် ခြေဆွံ့သောသူတို့က သင့်အား တားဆီး၍ လှည့်ပြန်စေလိမ့်မည်။"

2 Samuel 08

ဒါဝိဒ်က၊ အကြင်သူသည် ယေဗုသိ လူတို့ကို တိုက်ဖျက်ပြီးမှ
ဒါဝိဒ်သည် သူ၏စစ်သူရဲတို့အား ပြောနေခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယေဗုသိ လူတို့ကို အပြတ်ချေမှုန်းလိုသောသူတို့"

မျက်စိကန်းနှင့် ခြေဆွံ့သောသူတို့
ဖြစ်နိုင်သောအဓိပ္ပါယ်များမှာ (၁) "ဤသည်မှာ အမှန်တကယ်ခြေမကောင်းခြင်းနှင့် မျက်စိမမြင်ခြင်း ဖြစ်သောသူတို့ဖြစ်ကြသည်" သို့မဟုတ် (၂) "ဤသည်မှာ ယေရုရှလင်မြို့အတွင်း၌ ရှိသော အားနည်းပြီး မသန်မစွမ်းအဖြစ် သတ်မှတ်ခံထားရသော ယေဗုသိလူတို့ကဲ့သို့ တင်စားသုံးနှုန်းသော စကားစု ဖြစ်ကြသည်။

2 Samuel 11

ဟိရံ
ဤသည်မှာ အမျိုးသား တစ်ဦး၏အမည် ဖြစ်သည်။

လက်သမား
သစ်တို့ကို သုံးသော ဆောက်လုပ်သူ

ပန်းရန်သမား
ကျောက်နှင့် အုတ်

2 Samuel 13

ရှမွာ၊ ရှောဗပ်၊ နာသန်၊ ရှောလမုန်၊ ဣဗဟာ၊ ဧလိရှု၊ နေဖက်၊ ယာဖျာ၊ ဧလျာဒ၊ ဧလိဖလက်
ဤသည်မှာ ဒါဝိဒ်သားတို့၏ အမည်များဖြစ်ကြသည်။

ထပ်၍ ... သားသမီးများတို့ကို မြင်လေ၏
အခြား သော ဘာသာပြန်ဆိုချက် - "သူ၌ နောက်ထပ်ကလေးများ ရရှိသည်။" သို့မဟုတ် "သူ့မယားတို့ နောက်ထပ် ကလေးများမွေးဖွားခဲ့ကြသည်။"

ဒါဝိဒ်သည် ... မြင်လေ၏
အခြား သောဘာသာပြန်ဆိုချက်၊ "သူ၏မယားတို့သည် သူ့အတွက် ကလေးများ ဖွားမြင်ကြသည်။" သို့မဟုတ် "သူရခဲ့သည်။"

2 Samuel 17

ဒါဝိဒ်ကို ဘိသိက်ပေး၍ ဣသရေလရှင်ဘုရင် အရာ၌ခန့်ထား
အခြား သောဘာသာပြန်ဆိုချက်၊ "ဣသရေလလူမျိုးတို့သည် ဒါဝိဒ်အား ရှင်ဘုရင် အရာ၌ ခန့်ထားသည်။

ထိုလူအပေါင်းတို့သည် ဒါဝိဒ်ကို ရှာ၍လာကြ၏
ဤသည်မှာ ဖိလိတ္တိလူတို့သည် ဒါဝိဒ်အား လာရှာသည်ကို ရည်ညွှန်းသည်။

ရေဖိမ်ချိုင့်
ဤသည်မှာ နေရာအမည် ဖြစ်သည်။ (ရှု၊ )

2 Samuel 19

ဗာလပေရဇိမ်
နေရာ၏နာမည်ဖြစ်သည်။ (ရှု၊ translate names)

ထာဝရဘုရားသည် ရေထ၍ ဖြိုဖျက်သကဲ့သို့၊ ငါ့ရန်သူတို့ကို ငါ့ရှေ့မှာ ဖြိုဖျက်တော်မူပြီ
ဤတွင် ဒါဝိဒ်အား ထာဝရဘုရား ကအောင်မြင်မှုများကို ရေတာကျိုး၍ မြေများ ဖုံးလွှမ်းဖျက်ဆီးသကဲ့သို့ ဆောင်ကျဉ်းပေးသည့်ပုံစံဖြင့် ပြောသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် ငါ၏ရန်သူတို့ကို ရေတာကျိုး၍ မြေများ ဖုံးလွှမ်းဖျက်ဆီးသကဲ့သို့ ဖျက်ဆီးသည်။"

2 Samuel 22

ဖိလိတ္တိလူတို့သည် လာ၍
ဤသည်မှာ ဖိလိတ္တိလူတို့ ရှိရာ မြေအရပ်သည် ဒါဝိဒ်တို့တပ်စခန်းနှင့် ယှဉ်လျှင် အနိမ့်အရပ်ဖြစ်၍ အထက်အရပ်သို့ တက်လာခြင်းကို ဆိုလိုသည်။

ရေဖိမ်ချိုင့်
ဤသည်မှာ နေရာ၏ အမည် ဖြစ်သည်။

ပိုးစာတော
ဤသည်မှာ ပိုးစာပင်သည် တစုတစည်းတည်း ပေါက်ရောက်နေသည် ကို ဖော်ပြလိုသည်။

2 Samuel 24

ထိုအခါ ထာဝရဘုရားသည် ဖိလိတ္တိတပ် ကို လုပ်ကြံခြင်းငှါ သင့်ရှေ့မှာ ကြွသွားလိမ့်မည်
ချဉ်းကပ်ကြ၏။ ဣသရေလလူများမူကား မိမိတို့နေရာသို့ ပြေးသွားကြပြီ။ 9 ထိုနောက်၊ ဣသရေလအမျိုးအနွယ်အပေါင်းတို့က၊
ရှင်ဘုရင်သည် ဖိလိတ္တိလူအစရှိသော ရန်သူ တို့လက်မှ ငါတို့ကိုကယ်နှုတ်တော်မူပြီ။ယခုမှာ အဗရှလုံကြောင့် နိုင်ငံတော်မှ
ထွက်ပြေးတော်မူရ၏။ 10 ငါတို့ ဘိသိက်ပေး၍ ချီးမြှောက်သော အဗရှလုံ သည် စစ်တိုက်ပွဲ၌သေပြီ။ ယခုမှာ ရှင်ဘုရင်ကို တဖန်
ဆောင်ခဲ့ရမည်ဟုမဆို၊ အဘယ်ကြောင့် တိတ်ဆိတ်စွာ နေကြသနည်းဟု အချင်းချင်းအပြစ်တင်ကြ၏။ 11 ဒါဝိဒ်မင်းကြီးသည်လည်း
ယဇ်ပုရောဟိတ် ဖာဒုတ်နှင့် အဗျာသာတို့ထံသို့ လူကိုစေလွှတ်၍၊ ယုဒ အမျိုးသက်ကြီးသူတို့ထံသို့ သွား၍ပြောရမည်ကား၊ ရှင်ဘုရင်ကို
နန်းတော်သို့ ပြန်ပို့ရမည်အမှုမှာ သင်တို့သည် အဘယ်ကြောင့် နောက်ကျကြသနည်း။ ရှင်ဘုရင်သည် စံနန်းတော်၌ နေစဉ်အခါ၊
ဣသရေလအမျိုးသား အပေါင်းတို့ ပြောတတ်သောစကားကို ကြားတော်မူပြီ။ 12 သင်တို့သည် ငါ့ညီအစ်ကို၊ ငါ့အရိုး၊ ငါ့အသား ဖြစ်၍၊
ရှင်ဘုရင်ကို ပြန်ပို့မည့်အမှုမှာ အဘယ်ကြောင့် နောက်ကျကြသနည်းဟူ၍၎င်း၊ 13 အာမသအားလည်း၊ သင်သည် ငါ့အသား ငါ့အရိုးတို့
အဝင်ဖြစ်သည်မဟုတ်လော။ သင်သည် ငါ့ရှေ့ မှာ ယွာဘ၏ကိုယ်စားအစဉ် ဗိုလ်ချုပ်မင်းမဖြစ်လျှင် ထိုမျှမက ဘုရားသခင်သည်
ငါ၌ပြုတော်မူစေသတည်း ဟူ၍၎င်း၊ ပြောကြလော့ဟု မှာလိုက်တော်မူ၏။ 14 ထိုသို့ယုဒအမျိုးသား အပေါင်းတို့ကို တညီ
တညွတ်တည်း နှလုံးညွတ်စေတော်မူသဖြင့်၊ သူတို့က ကိုယ်တော်ကျွန်အပေါင်းတို့နှင့်တကွ ကိုယ်တော်တိုင် ပြန်လာတော်မူပါဟု
ရှင်ဘုရင်အား လျှောက်စေကြ၏။ 15 ထိုအခါ ရှင်ဘုရင်သည် ပြန်၍ယော်ဒန်မြစ်သို့ ရောက်တော်မူ၏။ ယုဒအမျိုးသည် ရှင်ဘုရင်ကို
ခရီး ဦးကြိုပြု၍ ယော်ဒန်မြစ်တဘက်သို့ပို့ခြင်းငှါ ဂိလဂါလ မြို့သို့ သွားကြ၏။ 16 ဗင်္ယာမိန်အမျိုးဖြစ်သော ဗာဟုရိမ်မြို့သား
ဂေရ၏သားရှိမိသည် ယုဒအမျိုးသားတို့နှင့်အတူ ဒါဝိဒ် မင်းကြီးကို ခရီးဦးကြိုပြုခြင်းငှါ အလျင်အမြန် လိုက်လာ၏။ 17 သူနှင့်အတူ
ဗင်္ယာမိန်အမျိုးသားတထောင်၊ ရှောလုအဆွေအမျိုး၏ ကျွန်ဇိဘနှင့် သူ၏သားတကျိပ် ငါးယောက်၊ ကျွန်နှစ်ဆယ်တို့သည်လည်း
လိုက်လာ၍ ရှင်ဘုရင်ရှေ့တော်၌ ယော်ဒန်မြစ်ကို ကူးကြ၏။ 18 ကုတို့လှေသည် နန်းတော်သားများကို ပို့ခြင်းငှါ၎င်း၊
အလိုတော်ကိုဆောင်ခြင်းငှါ၎င်း၊ သွားလာလျက် ရှိ၏။ ယော်ဒန်မြစ်ကို ကူးတော်မူသောအခါ၊ ဂေရ၏သား ရှိမိသည်
ရှေ့တော်၌ပြပ်ဝပ်၍၊ 19 ကျွန်တော်အရှင်သည် ကျွန်တော်ကို အပြစ် ပေးတော်မမူပါနှင့်။ အရှင်မင်းကြီးသည် ယေရုရှလင်မြို့မှ
ထွက်တော်မူသောနေ့၌ ကိုယ်တော်ကျွန်သည် လွန်ကျူး စွာ ပြုမိသောအမှုကို မှတ်တော်မမူပါနှင့်။ နှလုံးသွင်း တော်မမူပါနှင့်။ 20
ကိုယ်တော်ကျွန်သည် ပြစ်မှားမိသည်ကို ကိုယ် တော်ကျွန်သိပါ၏။ သို့သော်လည်း ယောသပ်အမျိုးသား အပေါင်းတို့အရင်၊
ကျွန်တော်သည် ယနေ့အရှင် မင်းကြီးကို ခရီးဦးကြိုပြုခြင်းငှါ လာပါပြီဟု လျှောက် လေ၏။ 21 ဇေရုယာသား အဘိရှဲကလည်း၊
ရှိမိသည် ထာဝရဘုရားအခွင့်နှင့် ဘိသိက်ခံသောအရှင်ကို ကျိန်ဆဲ သောကြောင့် အသေသတ်ခြင်းကို ခံရမည် မဟုတ်လော ဟုဆိုသော်၊
22 ဒါဝိဒ်က၊ အိုဇေရုယာသားတို့၊ သင်တို့သည် ယနေ့ ငါ့ရန်သူလုပ်မည်အကြောင်း ငါနှင့်အဘယ်သို့ ဆိုင်ကြသနည်း။
ဣသရေလအမျိုးသားတစုံတယောက် သည် ယနေ့အသေသတ်ခြင်းကို ခံရမည်လော။ ငါသည် ယနေ့ဣသရေလရှင်ဘုရင်ဖြစ်သည်ကို
ငါသိသည် မဟုတ်လောဟုမိန့်တော်မူ၍၊ 23 ရှိမိအားလည်း၊ သင်သည် အသေသတ်ခြင်းကို မခံရဟု ကျိန်ဆိုတော်မူ၏။ 24
ရှောလု၏သားမေဖိဗောရှက်သည်လည်း ရှင် ဘုရင်ကို ခရီးဦးကြိုပြုခြင်းငှါ လာ၏။ ရှင်ဘုရင်ထွက် သောနေ့မှစ၍ ငြိမ်ဝပ်စွာ
ပြန်လာတော် မမူမှီတိုင်အောင်၊ သူသည် ခြေတို့ကိုမပြုစု၊ မုတ်ဆိတ်ကို မပြင်ဆင်၊ အဝတ် ကို မလျှော်ဘဲနေပြီ။ 25 ရှင်ဘုရင်ကို
ခရီးဦးကြိုပြုခြင်းငှါ ယေရုရှလင်မြို့ သို့ ရောက်လာသောအခါ၊ ရှင်ဘုရင်က မေဖိဗောရှက် ငါနှင့်အတူ အဘယ်ကြောင့်
မလိုက်သနည်းဟု မေးတော် မူလျှင်၊ 26 အရှင်မင်းကြီး၊ ကိုယ်တော်ကျွန်သည် ခြေဆွံ့ သောကြောင့် မြည်းစီး ၍
ကိုယ်တော်ထံသို့သွားခြင်းငှါ မြည်းကိုကုန်းနှီးတင်မည်ဟု ကြံစဉ်အခါ၊ ကျွန်တော်ကျွန် သည် ကျွန်တော်ကို လှည့်စားပါ၏။ 27
အရှင်မင်းကြီးထံတော်၌ ကိုယ်တော်ကျွန်ကို ကုန်းတိုက်ပါပြီ။ သို့ရာတွင် အရှင်မင်းကြီးသည် ဘုရားသခင်၏ ကောင်းကင်တမန်ကဲ့သို့
ဖြစ်တော်မူ၏။ စိတ်တော်ရှိသည်အတိုင်း ပြုတော်မူပါ။ 28 ကျွန်တော်အဆွေအမျိုးအပေါင်းတို့သည် အရှင် မင်းကြီးရှေ့တော်မှာ


generated on Tue Jul 2 12:50:28 2024

လူသေဖြစ်ကြသော်လည်း၊ စားပွဲ တော်၌ စားသောသူတို့နှင့် အတူကိုယ်တော်ကျွန်ကို နေရာပေးတော်မူပြီ။ သို့ဖြစ်၍
ရှင်ဘုရင်ထံတော်၌ ကျွန်တော်မြည်တမ်းရသော အခွင့်သည် အဘယ်သို့ ရှိပါသနည်းဟု ပြန်လျှောက်သော်၊ [29] ရှင်ဘုရင်က
သင်၏အမှုအရာတို့ကို အဘယ် ပြောစရာရှိသနည်း။ သင်နှင့်ဇိဘသည်မြေကို ဝေ၍ ယူရကြမည်ငါစီရင်ပြီဟု မိန့်တော်မူ၏။ [30]
မေဖိဗောရှင်ကလည်း၊ အရှင်မင်းကြီးသည် နန်းတော်သို့တဖန် ငြိမ်ဝပ်စွာရောက်တော်မူသော ကြောင့်၊ သူသည်အလုံးစုံတို့ကိုပင်
ယူပါစေဟု လျှောက် လေ၏။ [31] ဂိလဒ်ပြည်သား ဗာဇိလဲသည်လည်း ရောဂေလိမ်မြို့မှလာ၍ ရှင်ဘုရင်ကို ယော်ဒန်မြစ်တဘက်သို့
ပို့ခြင်းငှါ ကိုယ်တော်နှင့်အတူ ကူးလေ၏။ [32] ဗာဇိလဲသည် အသက်ရှစ်ဆယ်ရှိ၍ အိုသော သူဖြစ်၏။ ရှင်ဘုရင်သည်မဟာနိမ်မြို့မှာ
တပ်ချသော ကာလပတ်လုံးရှင်ဘုရင်ကို လုပ်ကျွေး၏။ အလွန်ရတတ် သော သူလည်းဖြစ်၏။ [33] ရှင်ဘုရင်ကလည်း ငါနှင့်အတူ
လိုက်လော့။ ယေရုရှလင်မြို့၌ သင့်ကိုငါနှင့်အတူ ငါလုပ်ကျွေးမည်ဟု ဗာဇိလဲအား အမိန့်ရှိလျှင်၊ [34] ဗာဇိလဲက၊ အရှင်မင်းကြီးနှင့်အတူ
ယေရုရှလင် မြို့သို့ သွားရမည်အကြောင်း ကျွန်တော်အသက်သည် အဘယ်မျှလောက်ကျန်ကြွင်းပါသေးသနည်း။ [35]
ယနေ့ကျွန်တော်အသက် ရှစ်ဆယ်ရှိပါပြီ။ ကောင်းမကောင်းကို ကျွန်တော် ပိုင်းခြား၍ သိနိုင်ပါ မည်လော။ ကိုယ်တော်ကျွန်သည်
အစားအသောက် အရသာကို မြည်းနိုင်ပါမည်လော။ သီချင်းသည် ယောကျာ်း၊
သီးချင်းသည်မိန်းမဆိုသောအသံကိုကြားနိုင်ပါမည်လော။ ကိုယ်တော်ကျွန်သည်အရှင်မင်းကြီးကို အဘယ်ကြောင့်
နှောင့်ရှက်ရပါမည်နည်း။ [36] ကိုယ်တော်ကျွန်သည် အရှင်မင်းကြီးနှင့် အတူ ယော်ဒန်မြစ်တဘက်သို့ အနည်းငယ်လိုက်ပါမည်။
ရှင်ဘုရင်သည် ဤမျှလောက်ကြီးစွာသော ဆုကို အဘယ် ကြောင့် ချပေးတော်မူမည်နည်း။ [37] ကိုယ်တော်ကျွန်သည် နေရင်းမြို့တွင်
မိဘသင်္ချိုင်းနားမှာ သေရမည်အကြောင်း၊ ပြန်သွားရသော အခွင့်ကို ပေးတော်မူပါ။ သို့ရာတွင် ကိုယ်တော်ကျွန်ခိမဟံ ရှိပါ၏။
အရှင်မင်းကြီးနှင့်အတူ လိုက်စေတော်မူပါ။ စိတ် တော်ရှိသည်အတိုင်းသူ၌ ပြုတော်မူပါဟု လျှောက် လေ၏။ [38] ရှင်ဘုရင်ကလည်း၊
ခိမဟံသည် ငါနှင့်အတူ လိုက်ရမည်။ သင် အလိုရှိသည်အတိုင်းသူ၌ ငါပြုမည်။ သင်တောင်းသမျှကိုလည်း သင့်အဘို့ ငါပြုမည်ဟု
မိန့်တော်မူ၏။ [39] လူအပေါင်းတို့သည်လည်း ယော်ဒန်မြစ်ကို ကူးကြ၏။ ရှင်ဘုရင်သည် ကိုယ်တိုင်ကူးပြီးမှ၊ ဗာဇိလဲကို နမ်း၍
ကောင်းကြီးပေးတော်မူသဖြင့်၊ သူသည် မိမိနေရာ သို့ ပြန်သွား၏။ [40] ရှင်ဘုရင်သည် ဂိလဂါလမြို့သို့ ကြွတော်မူ၏။
ခိမဟံသည်လည်း လိုက်လေ၏။ ယုဒအမျိုးသားရှိသမျှ တို့နှင့် ဣသရေလအမျိုး သားတဝက်တို့သည် ရှင်ဘုရင် ကို ပို့ကြ၏။ [41]
တဖန်ဣသရေလအမျိုးသားအပေါင်းတို့သည် ရှင်ဘုရင်ထံတော်သို့လာ၍၊ ကျွန်တော်တို့ ညီအစ်ကိုဖြစ် သော ယုဒအမျိုးသားတို့သည်
ကိုယ်တော်ကို ခိုးယူ၍ ကိုယ်တော်နှင့်တကွ နန်းတော်သားကိုယ်တော်၏ လူအပေါင်းတို့ကို အဘယ်ကြောင့်ယော်ဒန်မြစ်တဘက်သို့
ပို့ရကြမည် နည်းဟုလျှောက်ကြသော်၊ [42] ယုဒအမျိုးသားအပေါင်းတို့က၊ ရှင်ဘုရင်သည် ငါတို့နှင့် ပေါက်ဘော်တော်သည်ဖြစ်၍၊
ဤအမှု၌ သင်တို့ သည် အဘယ်ကြောင့် စိတ်ဆိုးကြသနည်း။ ရှင်ဘုရင်၏ ရိက္ခာတော်ကို ငါတို့စားကြသလော။ ငါတို့အား တစုံတခု
သော ဆုကိုပေးတော်မူသလောဟု ဣသရေလအမျိုး သားတို့အား ပြန်ပြောကြ၏။ [43] ဣသရေလအမျိုးသားတို့ကလည်း၊ ငါတို့သည်
ရှင်ဘုရင်၌ ဆယ်ဘို့တို့ကိုဆိုင်ကြ၏။ ဒါဝိဒ်အမျိုးကို သင်တို့ဆိုင်သည်ထက် ငါတို့ သာ၍ဆိုင်ကြ၏။ ရှင်ဘုရင်ကို ပြန်ပို့ခြင်းအမှုတွင်
ငါတို့နှင့်ရှေးဦးစွာ မတိုင်ပင်ဘဲ အဘယ်ကြောင့် ငါတို့ကို မထီမဲ့မြင်ပြုကြသနည်းဟု ယုဒအမျိုးသားတို့ကို ပြန်ပြောကြ၏။ သို့ရာတွင်
ဣသရေလ အမျိုးသားတို့ စကားထက် ယုဒအမျိုးသားတို့ စကားသည်သာ၍ ခိုင်ခံ့၏။

# Chapter 20

1 ထိုအခါ ဗယာ်မိန်အမျိုးဗိခရိ၏သားရှေဘ အမည်ရှိသော အဓမ္မလူတယောက်ရှိ၏။ ထိုသူသည် တံပိုးမှုတ်၍၊ အိုဣသရေလအမျိုး၊
ငါတို့သည် ဒါဝိဒ်၌ တဘို့ကိုမျှ မဆိုင်။ ယေရှဲ၏သားကို အမွေမခံထိုက်။ လူအပေါင်းတို့၊ ကိုယ်နေရာသို့ သွားကြဟုဆိုသဖြင့်၊ 2
ဣသရေလ အမျိုးသားအပေါင်းတို့သည် ဒါဝိဒ်ထံတော်မှ ထွက်၍ဗိခရိသား ရှေဘနောက်သို့ လိုက်ကြ ၏။ ယုဒအမျိုးသားတို့မူကား၊
ယော်ဒန်မြစ်မှသည် ယေရုရှလင်မြို့တိုင်အောင် ရှင်ဘုရင်၌ ဆည်းကပ်ကြ၏။ 3 ဒါဝိဒ်မင်းကြီးသည် ယေရုရှလင်မြို့ နန်းတော်သို့
ရောက်သောအခါ၊ နန်းတော်ကို စောင့်စေခြင်းငှါ ထားခဲ့ သော ကိုယ်လုပ်တော်တကျိပ်တို့ကိုယူ၍ လှောင်အိမ်၌ ထား၏။ ထိုသူတို့ကို
ကျွေးမွေးသော်လည်း မပေါင်းဘော်။ သူတို့သည် သေသည်တိုင်အောင် အချုပ်ခံ၍ မုတ်ဆိုးမ ကဲ့သို့ နေရကြ၏။ 4 ရှင်ဘုရင်ကလည်း၊
သုံးရက်အတွင်းတွင် ယုဒလူတို့ကို စုဝေးစေပြီးလျှင်၊ ထိုသူတို့နှင့်အတူ ကိုယ်တိုင် လာရမည်ဟု အာမသအား မိန့်တော်မူ၏။ 5
အာမသသည်သွား၍ ယုဒလူတို့ကို နှိုးဆော်သဖြင့်၊ ချိန်းချက်သောအချိန်ကို လွန်စေ၏။ 6 ဒါဝိဒ်ကလည်း၊ အဗရှလုံပြုသည်ထက်
ဗိခရိသားရှေဘသည်သာ၍ အပြစ်ပြုလိမ့်မည်။ သင့်သခင်၏ ကျွန်တို့ကိုခေါ်၍ ထိုသူကိုလိုက်လော့။ သို့မဟုတ်သူသည်
ခိုင်ခံ့သောမြို့တစုံတမြို့ထဲသို့ ဝင်၍ ငါတို့ လက်မှ လွတ်လိမ့်မည်ဟု အဘိရှဲအား မိန့်တော်မူသည်အတိုင်း၊ 7 အဘိရှဲနောက်မှာ
ယွာဘ၏လူများနှင့်ခေရသိ လူ၊ ပေလသိလူများမှစ၍ ခွန်အားကြီးသောသူအပေါင်း တို့သည် ဗိခရိသားရှေဘကို လိုက်အံ့သောငှါ
ယေရုရှလင် မြို့မှထွက်သွားကြ၏။ 8 ဂိဗောင်မြို့၌ရှိသော ကျောက်ကြီးသို့ ရောက်ကြသောအခါ၊ အာမသသည်သူတို့
ရှေ့သို့ချီသွားလေ၏။ ယွာဘသည် မိမိဝတ်သော အဝတ်ကို ခါး၌စည်းလျက်၊ ထိုခါးစည်းပေါ်မှာလည်း ထားကိုအိမ်နှင့်တကွ ဆွဲလျက်
ထား၏။ သွားစဉ်တွင်ထားသည် လျှော၍ကျ၏။ 9 ယွာဘကလည်း၊ မာ၏လားငါ့ညီဟု အာမသကို မေး၍ နမ်းဟန်ဆောင်လျက်
လက်ျာလက်နှင့် အာမသ ၏မုတ်ဆိတ်ကို ကိုင်၏။ 10 လက်ဝဲလက်၌ကိုင်သောထားကို အာမသသည်သတိမပြုသောကြောင့်၊
ဝမ်းကိုထိုး၍ အအူကိုမြေပေါ်မှာ ချ၏။ ထပ်၍ မထိုးသော်လည်း အာမသသေလေ၏။ ယွာဘနှင့်ညီအဘိရှဲသည် ဗိခရိသား ရှေဘကို
လိုက် ကြ၏။ 11 သူ့အနားမှာ ယွာဘ၏ လူတယောက်သည် ရပ်၍ ယွာဘနှင့် ဒါဝိဒ်ဘက်၌နေသောသူဖြစ်လျှင် ယွာဘနောက်သို့
လိုက်တော့ဟုဆို၏။ 12 အာမသသည် လမ်းမအလယ်တွင် မိမိအသွေး ၌ လူးလျက်ရှိ၏။ လမ်း၌ သွားလာသောသူအပေါင်းတို့ သည်
ရပ်၍ နေကြသည်ကို ယွာဘ၏ လူမြင်သောအခါ၊ အာမသကို လမ်းမကယူ၍ လယ်ပြင်သို့ ရွှေ့ပြီးလျှင် အဝတ်နှင့်ဖုံးလေ၏။ 13
ထိုသို့လမ်းမကရွှေ့ပြီးမှ၊ လူအပေါင်းတို့သည် ယွာလနှင့်အတူ ဗိခရိသားရှေဘကို လိုက်သွားကြ၏။ 14 ယွာဘသည် ဗက်မာခပြည်၊
အာဗေလမြို့ တိုင်အောင် ဣသရေလတိုင်းခရိုင်ရှိသမျှကို ရှောက်သွား ၏။ ဗေရိလူအပေါင်းတို့သည်လည်း စုဝေး၍ ယွာဘ နောက်သို့
လိုက်ကြ၏။ 15 ရှေဘတည်းခိုသောဗက်မာခပြည်၊ အာဗေလမြို့ ကို ဝိုင်းထား၍၊ ပြင်မြို့ရိုးတဘက်တချက်၌ မြေရိုးကို ဖို့ကြ၏။
ယွာဘနှင့်သူ၏ လူအပေါင်းတို့သည် မြို့ရိုးကို ဖြိုခြင်းငှါ ထိုးဖေါက်ကြ၏။ 16 ထိုအခါပညာရှိသော မိန်းမတယောက်သည်
မြို့ထဲကဟစ်၍ ဆိုသည်ကား၊ နားထောင်ကြ၊ နားထောင်ကြ၊ ငါသည်ယွာဘနှင့် စကားပြောနိုင်မည်အကြောင်း ချဉ်းလာပါဟု
ယွာဘအားလျှောက်ကြလော့ ဟုဆိုသည်အတိုင်း၊ 17 ယွာဘသည် ချဉ်းလာသောအခါ မိန်းမက၊
သင်သည်ယွာဘဟုတ်သလောဟုမေးလျှင်၊ ငါဟုတ်သည် ဟုဆိုသော်၊ မိန်းမက၊ ကိုယ်တော်ကျွန်မ၏ စကားကို
နားထောင်တော်မူပါဟုဆို၏။ ယွာဘကလည်း၊ ငါနား ထောင်လျက် နေသည်ဟု ဆိုသော်၊ 18 မိန်းမက၊ အကယ်စင်စစ်
အာဗေလမြို့မှာ တိုင်ပင်၍ အမှုကို ဆုံးဖြတ်ပါလေစေဟု ရှေးကာလ၌ ဆိုတတ်ကြ၏။ 19 ကျွန်မသည် ဣသရေလအမျိုး၌
အမှုမလုပ်ပါ။ သစ္စာစောင့်သောသူဖြစ်ပါ၏။ကိုယ်တော်သည် မြို့တမြို့ တည်းဟူသော ဣသရေလအမျိုးတွင် အမိတယောက်ကို
ဖျက်ဆီးခြင်းငှါ ရှာတော်မူ၏။ ထာဝရဘုရား၏ အမွေ တော်ကို မျိုခြင်းငှါ အဘယ်ကြောင့် အလိုရှိတော်မူ သနည်းဟု လျှောက်လျှင်၊ 20
ယွာဘက၊ မျိုခြင်းအမှု၊ ဖျက်ဆီးခြင်းအမှုသည် ငါနှင့် ဝေးပါစေသော။ ဝေးပါစေသော။ 21 ထိုသို့မဟုတ်ပါ။
ဧဖရိမ်တောင်သားဖြစ်သော ဗိခရိ၏သား ရှေဘအမည်ရှိသော သူသည် ရှင်ဘုရင် ဒါဝိဒ်ကို ပုန်ကန်ပြီ။ ထိုသူကို အပ်လော့။ အပ်လျှင်
ဤမြို့ မှ ငါထွက်သွားမည်ဟု ပြောဆိုသော်၊ မိန်းမက၊ သူ၏ ဦးခေါင်းကိုကိုယ်တော်ရှေ့သို့ ပစ်ချပါမည်ဟု ဆိုပြီးမှ၊ 22 ထိုမိန်းမသည်
ပညာရှိသည်အတိုင်း မြို့သားတို့ရှိရာသို့ သွားပြီးလျှင်၊ သူတို့သည် ဗိခရိသားရှေဘ၏ ဦးခေါင်းကို ဖြတ်၍ ယွာဘရှေ့သို့ ပစ်ချကြ၏။
ယွာဘသည်လည်း တံပိုးမှုတ်သဖြင့်၊ လူများတို့သည် ထိုမြို့မှ မိမိတို့ နေရာသို့ ပြန်သွားကြ၏။ ယွာဘသည်လည်း ယေရုရှလင်မြို့၊
ရှင်ဘုရင်ထံတော်သို့ ပြန်သွား၏။ 23 ယွာဘသည် ဣသရေလတပ်သားအပေါင်းတို့ကိုအုပ်သော ဗိုလ်ချုပ်မင်းဖြစ်၏။ ယောယဒသား
ဗေနာယသည် ခေရသိလူနှင့် ပေလသိလူတို့ကို အုပ်ရ၏။ 24 အဒေါနိရံသည် အခွန်တော်ဝန်ဖြစ်၏။ အဟိ လုပ်သားယော ရှဖတ်သည်
အတွင်းဝန်ဖြစ်၏။ 25 ရှေဝသည် စာရေးတော်ကြီးဖြစ်၏။ ဇာဒုတ်နှင့် အဗျာသာသည် ယဇ်ပုရောဟိတ်ဖြစ်၏။ 26 ယက္ကရမြို့သား
ဣရသည်နန်းတော်အုပ်ဖြစ်၏။



generated on Tue Jul 2 12:50:28 2024

2 Samuel 01

ရှောဘ ... ဗိခရိ
ဤသည်မှာ အမျိုးသားတို့၏အမည်များ ဖြစ်ကြသည်။

ငါတို့သည် ဒါဝိဒ်၌ တဘို့ကိုမျှ မဆိုင်။ ယေရှဲ၏သားကို အမွေမခံထိုက်
စာကြောင်း နှစ် ကြောင်းစလုံးမှာ အဓိပ္ပါယ်အတူတူ ဖြစ်သည်။ ရှောဘသည် သူနှင့် သူ၏မျိုးနွယ်သည် ဒါဝိဒ်နှင့် ပတ်သတ်မှု မရှိသည် ကို အထူးပြု၍ ပြောနေခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဒါဝိဒ်နှင့် သူ့မိသားစုထံမှ ရလာမိ အမွေတို့သည် အကျွန်ုပ်တို့နှင့် မဆိုင်ပါ" သို့မဟုတ် "ဒါဝိဒ်နှင့် သူ့ဖခင်၏ မိသားစုထဲတွင် အကျွန်ုပ်တို့ မပါဝင်ပါ။" )

2 Samuel 03

နန်းတော်ကို စောင့်စေခြင်းငှါ
ဤတွင် "စောင့်စေခြင်း" သည် ထိန်းသိမ်းထားခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "နန်းတော်ကို ထိန်းသိမ်းထားရန်"

လှောင်အိမ်
ဤသည်မှာ အစောင့်ချထားသော အိမ်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အိမ်ထဲ၌ ... ပြီး အစောင့်ချထားသည်။"

အချုပ်ခံ၍
ဤသည်မှာ သူတို့အား အိမ်ထဲမှ အပြင်ထွက်ရန် ပိတ်ပင်ခြင်း ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့ကို တိုက်ပိတ်ထားသည်။"

မုတ်ဆိုးမ
လင်ယောကျ်ားသေသော မိန်းမတို့ ဖြစ်သည်။

2 Samuel 04

အာမသ
ဤသူမှာ ဒါဝိဒ်၏ စစ်သူရဲတို့ကို ညွှန်ကြားသော စစ်ဦးစီးချုပ် ဖြစ်သည်။

2 Samuel 06

အဘိရှဲ
ဤသူမှာ ဒါဝိဒ်၏ စစ်သူရဲတို့ကို ညွှန်ကြားသော နောက်ထပ်စစ်ဦးစီးချုပ် တစ်ဦး ဖြစ်သည်။

အပြစ်ပြုလိမ့်မည်
ငါတို့အား ပို၍ နာကျင်စေမည်။

သင့်သခင်၏ ကျွန်တို့
"ကျွန်" သည် စစ်သူရဲ တို့ကို ဆိုလိုသည်။ ရာထူးနိမ့်သောသူတို့အား ဤကဲ့သို့ရည်ညွှန်းသလို ဒါဝိဒ်အနေဖြင့် သူတို့၏ သခင်အဖြစ် ရှိနေသောကြောင့် ဖြစ်သည်။

ထိုသူကိုလိုက်လော့
လိုက်ဖမ်းသည်

သူသည် ခိုင်ခံ့သောမြို့တစုံတမြို့ထဲသို့ ဝင်၍
ဤသည်မှာ ရှောဘနှင့် သူ့လူတို့သည် အခြားသောမြို့ထဲသို့ ဝင်၍ ဒါဝိဒ်၏စစ်သူရဲတို့ လက် မှ ပုန်းနေသည် ကို ဆိုလိုသည်။ "သူ" သည် ရှောဘ ကို ရည်ညွှန်းသော်လည်း သူနှင့် သူ့လူတို့ကို တွဲ၍ ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူနှင့် သူ့လူတို့သည် ခိုင်ခံ့သောမြို့ထဲ၌ ပုန်းနေကြပြီ" သို့မဟုတ် "သူနှင့် သူ့လူတို့သည် ခိုင်ခံ့သောမြို့ထဲ၌ ခိုလှုံနေကြပြီ။"

လက်မှ လွတ်လိမ့်မည်
ဤတွင် ဒါဝိဒ်သည် သူ့စစ်သူရဲတို့ကို သူ၏အမြင်အာရုံသဖွယ် ဖော်ပြထားပြီး ရှောဘနှင့် သူ့လူတို့သည် ဒါဝိဒ်၏ စစ်သူရဲတို့လက်မှ လွတ်၍ ပုန်းနေသည်ကို အထူးပြုဖော်ပြနေခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့တို့ဆီမှ"

ခေရသိ ... ပေလသိ
ဤသည်မှာ ဒါဝိဒ်အား ကာကွယ်ရာ၌ ကူညီခဲ့ကြသော မျိုးနွယ်စုတို့၏ အမည်များ ဖြစ်သည်။

2 Samuel 08

သူတို့
ယွာဘနှင့် ယုဒစစ်သူရဲတို့ကို ဆိုလိုသည်

ခါးစည်း
အဝတ် သို့မဟုတ် လက်နက်ချိတ်ဆွဲရန် အတွက် သားရေ သို့မဟုတ် တူညီသောအရာဖြင့် ပြုလုပ်ထားသော ခါးစည်း

ထားကိုအိမ်နှင့်တကွ ဆွဲလျက် ထား၏
ဓားကို ဓားအိမ်ထဲ ထည့်ထားသည်။

ထားသည် လျှော၍ကျ၏
ယွာဘသည် အာမသအား အငိုက်ဖမ်းခြင်းအလို့ငှါ ဓား ပြုတ်ကျသွားပြီး လက်နက်မရှိသည့် ပုံစံဖြင့် မြှားခေါ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယွာဘသည် ဓားကို လွှတ်ချခြင်းဖြင့် အာမသအား သူ့၌ လက်နက်မရှိသည်ဟု ထင်စေသည်။"

2 Samuel 09

ငါ့ညီ
အာမသသည် ယွာဘမိခင်၏ ညီမမှ မွေးသောသားဖြစ်သည်။

အာမသကို ... နမ်းဟန်ဆောင်လျက် လက်ျာလက်နှင့် အာမသ ၏မုတ်ဆိတ်ကို ကိုင်၏
ဤသည်မှာ တစ်ယောက်ကိုတစ်ယောက်ပုံမှန် နှုတ်ဆက်သည့် ပုံစံ ဖြစ်သည်။


generated on Tue Jul 2 12:50:28 2024

ထား
ဝှက်ရလွယ်ပြီး အနီးခုတ်နှင့် ချောင်းမြောင်းသတ်ဖြတ်ရာ၌ အသုံးများသော ဓားတို။

အအူကိုမြေပေါ်မှာ ချ၏
အူတို့ ထွက်ကျသည်။

2 Samuel 11

ဒါဝိဒ်ဘက်၌နေသောသူ
ဤသည်မှာ ဒါဝိဒ်နှင့် သူ့လူတို့အား ထောက်ခံသောသူကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဒါဝိဒ်အား ထောက်ခံသူ" သို့မဟုတ် "ဒါဝိဒ်အား သစ္စာရှိသူ"

အာမသသည် လမ်းမအလယ်တွင် မိမိအသွေး ၌ လူးလျက်ရှိ၏
"အာမသသည် သူ့၏သွေးအိုင်ထဲတွင် လူးနေသည်။" အာမသသည် ထိုအချိန်၌ အသက်ရှင်သေးသော်လည်း သိပ်မကြာခင်တွင် သေဆုံးသွားသည်။ ဤသည်ကို သွေးအိုင်ထဲတွင် လူးနေသည့်ပုံစံဖြင့် ဖော်ပြထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အာမသသည် သွေးအိုင်ထဲတွင် သေနေသည်။"

သွားလာသောသူအပေါင်းတို့ သည် ... လူမြင်သောအခါ
ဤသည်မှာ သူတို့သည် လမ်းလျှောက်နေရာမှ ရပ်ပြီး အာမသ၏အသက်မရှိသောခန္ဓာအား ကြည့်နေသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "... လူအပေါင်းတို့သည် လူသေကောင်ကို ကြည့်နေသည် ... လမ်းသွားလမ်းလာတို့သည် ရပ်၍ အသေကောင်၏ ခန္ဓာကို ကြည့်နေကြသည်။"

အာမသကို ... ယူ၍
ယွာဘသည် အာမသအား ချီ၍ သယ်သွားသည်။

အာမသကို လမ်းမကယူ၍
အခြား သောဘာသာပြန်ဆိုချက်၊ "သူသည် အာမသအား လမ်းပေါ်မှ ရွှေ့ပြီးနောက်"

လိုက်သွားကြ၏
အခြားသောဘာသာပြန်ဆိုချက်၊ "လိုက်ဖမ်းသည်။"

2 Samuel 14

Sheba passed through
n/a

ဗက်မာခပြည်၊ အာဗေလမြို့
ဤသည်မှာ ဒန်မျိုးနွယ်တို့ နေထိုင်ရာနှင့် နီးသော မြို့တစ်မြို့ ဖြစ်သည်။

ဗေရိလူ
ဤသည်မှာ မျိုးနွယ်စု တစ်စု၏ အမည် ဖြစ်သည်။

နောက်သို့ လိုက်ကြ၏
ရှေဘအား လိုက်ဖမ်းသည်။

မြို့ရိုးကို ဖြိုခြင်းငှါ ထိုးဖေါက်ကြ၏
ဤသည်မှာ သူတို့သည် သစ်တုံးကို သုံး၍ မြို့ရိုးအား ဖြိုနေခြင်းကို ဆိုလိုသည်။ ဤသစ်တုံးသည် တစ်ဖက်အစွန်းကို အချွန်လုပ်ထားပြီး ကျန်တဖက်၌ သံဖြင့် ကာထားသည်။ လူများစွာမှ ဤသစ်တုံးကို မပြီး မြို့ရိုးကို ဆောင့်၍ ဖြိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သစ်တုံးဖြင့် မြို့ရိုးကို ဖြိုဖျက်သည်။"

နားထောင်ကြ၊ နားထောင်ကြ
ထပ်ဆင့်သုံးထားရခြင်းမှာ မိန်းမသည် သူပြောမည့်စကားကို လူတို့ ပိုအာရုံစိုက်စေရန် ဖြစ်သည်။

2 Samuel 17

ကိုယ်တော်ကျွန်မ၏ စကားကို နားထောင်တော်မူပါ
မိန်းမသည် မိမိကိုယ်ကို "ကိုယ်တော့်ကျွန်မ" ဟူ၍ ရည်ညွှန်းပြောဆိုသည်။ ဤသည်မှာ မိမိထက် ရာထူးအဆင့်အတန်းမြင့်သော သူအား ပြောရာ၌ ယဉ်ကျေးသော အသုံးအနှုန်း ဖြစ်သည်။

တိုင်ပင်၍ အမှုကို ဆုံးဖြတ်ပါလေစေ
ထိုအကြံသည် ပြဿနာကို ပြေလည်စေမည်။

သစ္စာစောင့်သောသူဖြစ်ပါ၏
အခြားသောဘာသာပြန်ဆိုချက်၊ "ဣသရေလလူတို့နေထိုင်ရာ ငြိမ်းချမ်းခြင်း နှင့် ယုံကြည်ခြင်းတို့ အများဆုံး ရှိရာမြို့များ"

ဣသရေလအမျိုးတွင် အမိတယောက်
ဤသည်မှာ ထိုမြို့သည် ဣသရေလလူတို့အဖို့ မိခင်သဖွယ် အရေးပါသော တိုင်းပြည်၏တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း ဖော်ပြပြောဆိုနေခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဣသရေလလူတို့သည် ဤမြို့အား မိခင်သဖွယ်လေးစားကြသည်။" သို့မဟုတ် "ဣသရေလလူတို့ လေးစားသော၊ အလွန် အရေးပါသော မြို့"

ထာဝရဘုရား၏ အမွေ တော်ကို မျိုခြင်းငှါ အဘယ်ကြောင့် အလိုရှိတော်မူ သနည်း
ဤတွင် မိန်းမသည် ယွာဘတို့ မလုပ်သင့်သည့်အရာ ကို ထောက်ပြနေသော မေးခွန်း ဖြစ်သည်။ ဤမေးခွန်းကို တင်ပြချက် အနေဖြင့် ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဤမြို့သည် ထာဝရဘုရား၏အမွေတော် ဖြစ်သဖြင့် သင်တို့ မဖျက်ဆီးသင့်ပါ။"

မျိုခြင်း
ဤတွင် မိန်းမက စစ်သူရဲတို့ မြို့အား ဖြိုဖျက်စီးနေပုံကို အစာအား ဝါးမြိုသည့်ပုံစံဖြင့် ပုံဆောင်ပြောနေခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဖျက်ဆီးဖြိုဖျက်သည်။"


generated on Tue Jul 2 12:50:28 2024

ထာဝရဘုရား၏ အမွေ တော်
ဤတွင် မြို့ကို ထာဝရဘုရား၏အမွေတော်အနေဖြင့် သတ်မှတ်ပြီး ထာဝရဘုရားနှင့် သတ်ဆိုင်သည်ကို အထူးပြုပြောနေခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားနှင့် သတ်ဆိုင်သော မြို့တစ်မြို့"

2 Samuel 20

ငါနှင့် ဝေးပါစေသော။ ဝေးပါစေသော။
ယွာဘသည် နှစ်ခါထပ်၍ ပြောရခြင်း မှာ သူ လုံးဝမလုပ်လိုကြောင်းကို အထူးပြု ဖော်ပြနေခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် လုံးဝ၊ လုံးဝ ... မပြုပါ"

မျိုခြင်းအမှု၊ ဖျက်ဆီးခြင်းအမှုသည် ငါနှင့် ...
ဤသည်မှာ မြို့ကို ဖျက်ဆီးခြင်းအား ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင့်တို့ မြို့အား မျိုခြင်းအမှု၊ ဖျက်ဆီးခြင်းအမှု"

မျိုခြင်းအမှု၊ ဖျက်ဆီးခြင်းအမှု
စကားစု နှစ်စုစလုံးမှာ ဖျက်ဆီးခြင်းကို ဆိုလိုသည်။ "ဖျက်ဆီးခြင်း" ကို "ဝါးမြိုသည့်ပုံစံဖြင့် ပြောနေခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မြို့ကို ဖျက်ဆီးခြင်း"

သူသည် ... ပုန်ကန်ပြီ
ဤသည်မှာ တစ်စုံတစ်ဦးအား ဆန့်ကျင်ပုန်ကန်သည်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အတိုက်အခံလုပ်သည်" သို့မဟုတ် "ဆန့်ကျင်ပုန်ကန်သည်။"

ထိုသူကို အပ်လော့
ယွာဘသည် မြို့သူမြို့သားတို့အား ရှေဘကို သူ့လက်သို့ အပ်ရန် ပြောသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထိုသူကို ငါထံသို့ အပ်ပေးလော့" သို့မဟုတ် "သူ့ကို ငါ့အား ပေးလော့။"

ဤမြို့ မှ ငါထွက်သွားမည်
ဤတွင် "ငါ" သည် ယွာဘနှင့် သူ့စစ်သူရဲတို့ကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါတို့သည် ဤမြို့မှ တပ်ဆုတ်မည်။"

ရှေဘ၏ဦးခေါင်းကို ... ပစ်ချကြ၏
အခြား သောဘာသာပြန်ဆိုချက်၊ "သူ့ဦးခေါင်းအား ငါ့တို့ ပစ်ချမည်။"

ထိုမိန်းမသည် ပညာရှိသည်အတိုင်း မြို့သားတို့ရှိရာသို့ သွားပြီးလျှင်
ဤသည်မှာ မိန်းမ၏ အပြုအမူ အပြောအဆို တို့သည် ပညာရှိကဲ့သို့ဖြစ်ပြီး လုပ်ဆောင်သင့်သည်များကို အကြံပေးဆောင်ရွက်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ပညာရှိမိန်းမသည် လူတို့အား ပြောလေသည်။"

မိမိတို့ နေရာသို့ ပြန်သွားကြ၏
လူတို့သည် မိမိအိမ်သို့ ပြန်ကြသည်။

2 Samuel 23

ယွာဘသည် ... အုပ်သော ... ယောယဒသား ဗေနာယသည် ... အုပ်ရ၏ ... အဒေါနိရံသည် ... ဖြစ်၏
ဤသည်မှာ သူတို့ သက်ဆိုင်ရာ အာဏာလွှမ်းမိုးသော သူတို့ကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယွာဘသည် ... တို့ကို အုပ်ချုပ်ရသောအခွင့်ရှိသည်။ ယောယဒသား ဗေနာယသည် ... တို့ကို အုပ်ချုပ်ရသောအခွင့်ရှိသည်။ အဒေါနိရံသည် ... ကိုအုပ်စိုးရသောအခွင့် ရှိသည်။"

ယောယဒ ... ယော ရှဖတ် ... အဟိ လုပ်
ဤသည်မှာ အမျိုးသားတို့၏ အမည်များ ဖြစ်ကြသည်။

ခေရသိ ... ပေလသိ
ဤသည်မှာ မျိုးနွယ်စုတို့၏ အမည်များ ဖြစ်ကြသည်။

အခွန်တော်ဝန်
အင်္ဂလိပ်ကျမ်းစာ၌ ကျွန်တို့အား ခိုင်းသူတို့၏ အထက်အရာရှိ ဖြစ်သည်။

အဒေါနိရံ ... ရှဖတ် ... ဣရ
ဤသည်မှာ အမျိုးသားတို့၏ အမည်များ ဖြစ်ကြသည်။

ယဣရ
ဤသည်မှာ မျိုးနွယ်စုတစ်စု၏ အမည် ဖြစ်သည်။


generated on Tue Jul 2 12:50:28 2024

# Translation Questions

2 Samuel 20:1

ရှေဘသည်ဘာကြောင့် အဓမ္မလူတယောက်ဖြစ်သည်ဟုထင်မြင်သနည်း။
ရှေဘက ဣသရေလအမျိုးသားများအား ငါတို့သည် ဒါဝိဒ်၌ တဘို့ကိုမျှ မဆိုင်ဟု ပြောသောကြောင့် အဓမ္မလူတယောက်ဖြစ်သည်ဟုထင်မြင်ခဲ့သည်။

ဣသရေလအမျိုးသားတို့နှင့်မတူပဲ ယုဒအမျိုးသားတို့သည် ရှေဘအားမည်သို့တုံ့ပြန်သနည်း။
ယုဒအမျိုးသားတို့သည် သူတို့၏ဘုရင်နောက်သို့လိုက်၍ ၎င်းဣသရေလလူများသည် ဒါဝိဒ်ထံမှထွက်၍ရှေဘနောက်သို့လိုက် ကြသည်။

2 Samuel 20:3

ဒါဝိဒ်သည် ကိုယ်လုပ်တော်တကျိပ်တို့ကို လှောင်အိမ်၌ထားပြီးမည်သို့ဆက်ဆံသနည်း။
ဒါဝိဒ်သည် သူတို့ကို ကျွေးမွေးသော်လည်း မပေါင်းဖော်ပဲ သေသည် တိုင်အောင် အချုပ်ခံ၍ မုတ်ဆိုးမ ကဲ့သို့ နေရကြသည်။

2 Samuel 20:4

ရှင်ဘုရင်သည် အာမသကို မည်သို့ပြုလုပ်ရန်ပြောသနည်း။
ရှင်ဘုရင်က အာမသကို သုံးရက်အတွင်းတွင် ယုဒလူတို့ကို စုဝေးစေပြီးထိုသူတို့နှင့်အတူ ကိုယ်တိုင် လာရမည်ဟု ပြောခဲ့သည်။

2 Samuel 20:6

ဣသရေလလူများသည် သူ့ဆီမှထွက်၍ ရှေဘနောက်သို့လိုက်ကြသည်ဟု သတင်းပို့သောအခါ ဒါဝိဒ်သည် မည်သို့တုံ့ပြန်ခဲ့သနည်း။
ဒါဝိဒ်သည် အဘိရှဲအားသူ၏စစ်သည်များပြန်ယူရန်လမ်းညွှန်ချက်ပေးပြီး သို့မဟုတ် ရှေဘသည် ခိုင်ခံ့သောမြို့တစုံတမြို့ထဲသို့ ဝင်၍ ငါတို့ လက်မှ လွတ်လိမ့်မည်ဟု တုံ့ပြန်ခဲ့သည်။

2 Samuel 20:9

ယွာဘသည် အာမသကို နမ်းရန် သူ၏လက်ယာလက်ကိုယူ၍ သူ၏မုတ်ဆိတ်ကို ကိုင်လျက် မည်သို့ပြုခဲ့သနည်း။
ယွာဘသည် လက်ဝဲလက်၌ကိုင်သောဓားဖြင့်ထိုးခဲ့သည်။

2 Samuel 20:11

ယွာဘ၏လူတယောက်သည် အာမသ ၏ ဓားဒဏ်ရာကိုမည်သို့တုံ့ပြန်သနည်း။
ယွာဘ၏လူတယောက်သည် အာမသကို လမ်းမကယူ၍ လယ်ပြင်သို့ ရွှေ့ပြီးလျှင် အဝတ်နှင့်ဖုံးပြီးနောက် ယွာဘ နှင့် ဒါဝိဒ်ဘက်၌နေသောသူဖြစ်လျှင် ယွာဘနောက်သို့ လိုက်လော့ဟု ဆိုခဲ့သည်။

2 Samuel 20:14

ယွာဘနှင့်ယုဒအမျိုးသားတို့သည် ရှေဘနှင့်ဣသရေလများကို ဗက်မာခပြည်၊ အာဗေလမြို့ တွင်ဖမ်းမိသောအခါ သူတို့ကို မည်သို့ပြုသနည်း။
ယွာဘနှင့်ယုဒအမျိုးသားတို့သည် ပြင်မြို့ရိုးတဘက်တချက်၌ မြေရိုးကို ဖို့၍ မြို့ရိုးကို ဖြိုခြင်းငှါ ထိုးဖေါက်ကြလေသည်။

2 Samuel 20:17

မိန်းမသည် သူမ၏မြို့ဖြစ်သော အာဗေလမြို့ကို မည်သို့ ဖော်ပြသနည်း။
မိန်းမသည် အာဗေလမြို့အား ဣသရေလအမျိုး၌ ငြိမ်းချမ်းသောမြို့၊ သစ္စာစောင့်သောမြို့၊ဣသရေလအမျိုးတွင် အမိတယောက်ကဲ့သို့ဖြစ်သည်ဟု ဖော်ပြခဲ့သည်။

မိန်းမသည် ယွာဘအား မည်သို့မေးခဲ့သနည်း။
မိန်းမသည် ယွာဘအား အာဗေလမြို့ကို အဘယ်ကြောင့်ဖျက်ဆီးချင်သနည်း ဟုမေးခဲ့သည်။

2 Samuel 20:20

ယွာဘသည်သူနှင့် ယုဒလူတို့သည် မြို့မှ ပြန်လည်ထွက်ခွာရမည့်အကြောင်း အဘယ်အခြေအနေကိုထိုမိန်းမအားရှေးချယ်စေသနည်း။
ယွာဘရွေးချယ်ခိုင်းသည့်အခြေအနေမှာ ဒါဝိဒ်ကိုပုန်ကန်သော သူတို့လက်အပ်ရန်ဖြစ်သည်။

မြို့သားများနှင့်မိန်းမသည် ယွာဘ၏အခြေအနေကို မည်သို့တုံ့ပြန်သနည်း။
မြို့သားများသည် ရှေဘ၏ ဦးခေါင်းကိုဖြတ်၍ ယွာဘရှေ့သို့ ယူပြီး မိန်းမကြွေးကြော် သည့်အတိုင်းသူတို့သည်ပြုခဲ့သည်။

2 Samuel 20:23

အဒေါနိရံ၏ တာဝန်သည် မည်သည့်အရာဖြစ်သနည်း။
အဒေါနိရံသည် အခွန်တော်ဝန်ဖြစ်သည်။

## Chapter 21

1 ထိုနောက်ဒါဝိဒ်လက်ထက်၌ သုံးနှစ်ပတ်လုံး အစာအာဟာရ ခေါင်းပါးခြင်းဖြစ်၍၊ ဒါဝိဒ်သည်ထာဝရ ဘုရားကို မေးလျှောက်လျှင်၊
ထာဝရဘုရားက၊ ဂိဗောင် လူတို့ကို သတ်သောရှောလုနှင့် လူအသက်ကို သတ်တတ် သော ရှောလုအမျိုးကြောင့်
ဤအမှုရောက်လေပြီဟု မိန့်တော်မူ၏။ 2 ဂိဗောင်လူတို့သည် ဣသရေလအမျိုးအဝင် မဟုတ်၊ ကျန်ကြွင်းသော
အာမောရိအမျိုးဖြစ်ကြ၏။ ဣသရေလအမျိုးတို့သည် သူတို့အား သစ္စာဂတိထားကြ သော်လည်း၊ ရှောလုသည် ဣသရေလအမျိုးနှင့်
ယုဒ အမျိုး၏ အကျိုးကိုစောင့်ရှောက်၍ သူတို့ကို သတ်မည်ဟု အားထုတ် သတည်း။ 3 ထိုအခါ ရှင်ဘုရင်သည် ဂိဗောင်လူတို့ကို
ခေါ်၍၊ သင်တို့အဘို့ အဘယ်သို့ပြုရမည်နည်း။ သင်တို့သည် ထာဝရဘုရား၏ အမွေတော်ကို ကောင်းကြီးပေးစေခြင်း ငှါ
အဘယ်သို့အပြစ်ဖြေရမည်နည်းဟု မေးလျှင်၊ 4 ဂိဗောင်လူတို့က၊ ကျွန်တော်တို့သည်ရှောလုနှင့် သူ၏အမျိုး၌ရွှေငွေကိုမတောင်းပါ။
ကျွန်တော်တို့ အတွက် ဣသရေလအမျိုးသားတစုံတယောက်ကိုမျှ ကိုယ်တော်သည် မသတ်ရဟု ပြန်လျှောက်ကြသော်၊ သင်တို့
တောင်း သည်အတိုင်း ငါပြုမည်ဟု မိန့်တော်မူ၏။ 5 သူတို့ကလည်း၊ ကျွန်တော်တို့ကို ညှဉ်းဆဲ၍ ဣသရေလနိုင်ငံအတွင်း၌
အလျှင်းမနေရမည်အကြောင်း သုတ်သင်ပယ်ရှင်းခြင်းငှါ ကြံစားသောသူ၏။ 6 သားခုနစ်ယောက်တို့ကို ကျွန်တော်တို့လက်သို့
အပ်တော်မူပါ။ ထာဝရဘုရားရွေးချယ်တော်မူသော ရှောလုနေရာ ဂိဗာမြို့၌ ထိုသူတို့ကို ကျွန်တော်တို့သည် ထာဝရဘုရားအဘို့
ဆွဲထားပါမည်ဟု လျှောက်သော်၊ ရှင်ဘုရင်က ငါအပ်မည်ဟု မိန့်တော်မူ၏။ 7 သို့သော်လည်း ဒါဝိဒ်နှင့် ရှောလု၏သား ယောန
သန်တို့သည် ထာဝရဘုရားရှေ့တော်၌ တယောက်နှင့် တယောက် သစ္စာဂတိထားသောကြောင့်၊ ရှင်ဘုရင်သည်
ရှောလု၏သားယောနသန်မြင်သောမေဖိဗောရှက်ကို နှမြောတော်မူ၏။ 8 သို့ဖြစ်၍ ရှင်ဘုရင်သည် အဲအာသမီးရိဇပ ဘွားမြင်သော
ရှောလု၏ သားအာမောနိနှင့် မေဖိ ဗောရှက်နှစ်ယောက်မှစ၍၊ ရှောလု၏ သမီးမေရပ်တွင် မေဟောလသိအမျိုး ဗာဇိလဲ၏
သားအဒြေလမြင်သော သားငါးယောက်တို့ကို ယူ၍၊ 9 ဂိဗောင်လူတို့လက်သို့အပ်သဖြင့်၊ သူတို့သည် တောင်ပေါ်တွင်
ထာဝရဘုရားရှေ့တော်၌ ဆွဲထား၍၊ ထိုသူခုနစ်ယောက်တို့သည် မုယောစပါး ရိတ်စကာလ၊ တနေ့ခြင်းတွင် အသေသတ်ခြင်းကို ခံရ၍
တပြိုင်နက် သေကြ၏။ 10 အဲအာသမီး ရိဇပသည် စပါးရိတ်စကာလမှစ၍ မိုဃ်းမရွာမှီတိုင်အောင် လျှော်တေကို ယူ၍ ကျောက်ပေါ်မှာ
အိပ်စရာဘို့ခင်းလျက်၊ နေ့အချိန်တွင် အလောင်း ကောင်အပေါ်၌ငှက်မနား၊ ညဉ့်အချိန်တွင် သားရဲမကိုက် စေခြင်းငှါ
စောင့်ရှောက်လျက်နေ၏။ 11 ရှောလု၏ကိုယ်လုပ်တော်အဲ အာသမီး ရိဇပပြု သော အမှုကို ဒါဝိဒ်သည် ကြားသောအခါ၊ 12
ဖိလိတ္တိလူတို့သည် ဂိလဗောတောင်၌ ရှောလုကို သတ်၍၊ အလောင်းတော်ကိုဆွဲထားရာ ဇက်ရှမ်လမ်းမှ
ခိုးသွားသောဂိလဒ်ပြည်ယာဗက်မြို့သူမြို့သားတို့ရှိရာသို့ ရှင်ဘုရင်သွား၍၊ ရှောလုအရိုးနှင့် သားတော် ယောနသန်အရိုးတို့ကိုယူ၍၊ 13
ထိုအရပ်မှဆောင်သွားသဖြင့်၊ ဆွဲထားသော သူတို့၏ အရိုးများကိုလည်း စုသိမ်းပြီးလျှင်၊ 14 ဗယ်္ာမိန်ပြည်။ ဇေလရှာ၊ ရှောလုအဘ
ကိရှ၏ သင်္ချိုင်း၌ သင်္ဂြိုဟ်၍၊ ရှင်ဘုရင်မှာထားသမျှအတိုင်း ပြုကြ ပြီးသည်နောက်၊ နိုင်ငံတော်အဘို့ ဆုတောင်းသော စကားကို
ဘုရားသခင် နားထောင်တော်မူ၏။ 15 နောက်တဖန် ဖိလိတ္တိလူတို့သည် ဣသရေလ အမျိုးသားတို့ကို စစ်တိုက်၍ ၊ ဒါဝိဒ်နှင့်သူ၏
ကျွန်တို့ သည် ဆီးကြို၍ တိုက်လှန်ကြစဉ်၊ ဒါဝိဒ်သည် မောပန်း လျက်နေလေ၏။ 16 ရေဖိမ်အမျိုး ဣရှဗိဗေနုပ်သည် အချိန်သုံး
ပိဿာရှိသော ကြေးဝါလှံကို ကိုင်၍၊ အသစ်သော စစ်တန်ဆာကို ဝတ်ဆင်လျက်ဒါဝိဒ်ကို သတ်မည်ဟု ကြံလေ၏။ 17
ဇေရုယာသားအဘိရှဲသည် ကူညီ၍ ဖိလိတ္တိ လူကို တိုက်သတ်လေ၏။ ထိုအခါ ဒါဝိဒ်၏ လူတို့က၊ ဣသရေလအလင်းကွယ်မည်ဟု
စိုးရိမ်စရာရှိသော ကြောင့်၊ ကိုယ်တော်သည် ကျွန်တော်တို့နှင့်အတူ နောက် တဖန် စစ်ချီကြွတော်မမူရာဟု ကျိန်ဆိုလျက် လျှောက်
ကြ၏။ 18 နောက်တဖန် ဂေါဘမြို့မှာ ဖိလိတ္တိလူတို့ကို စစ်တိုက်ကြစဉ်၊ ဟုရှသိလူသိဗေခဲသည် ရေဖိမ်အမျိုးသာဖ ကို သတ်လေ၏။ 19
နောက်တဖန် ဂေါဘမြို့မှာ ဖိလိတ္တိလူတို့ကို စစ်တိုက်ကြစဉ်၊ ဗက်လင်မြို့သားဖြစ်သော ယဣရ၏သား ဧလဟာနန်သည်
ရက်ကန်းလက်လိပ်နှင့် အမျှကြီးသောလှံရိုးကိုသုံးစွဲသော ဂိတ္တိအမျိုး ဂေါလျက်၏ ညီလာခမိ ကို သတ်လေ၏။ 20 နောက်တဖန်
ဂါသမြို့မှ စစ်တိုက်ကြစဉ်၊ အရပ်မြင့်၍ လက်တဘက်၌ လက်ခြောက်ချောင်းစီ၊ ခြေ တဘက်၌ ခြေခြောက်ချောင်းစီ၊
ပေါင်းနှစ်ဆယ်လေး ချောင်းရှိသော ရေဖိမ်အမျိုးသားတယောက်သည်။ 21 ဣသရေလအမျိုးကို ကြိမ်းပသောအခါ၊
ဒါဝိဒ်အစ်ကိုရှိမာ၏ သားယောနသန်သည် ထိုသူကို သတ် လေ၏။ 22 ထိုသူလေးယောက်တို့သည် ဂါသမြို့၌နေသော
ရေဖိမ်လူကြီး၏သားဖြစ်၍၊ ဒါဝိဒ်နှင့်သူ၏ကျွန်တို့ လက်ဖြင့် သေကြ၏။


generated on Tue Jul 2 12:50:28 2024

## Chapter 22

1 ဒါဝိဒ်သည် ရှောလုမင်းမှစ၍ ရန်သူအပေါင်းတို့ လက်မှ ထာဝရဘုရားကယ်လွှတ်တော်မူခြင်းကျေးဇူးကို ခံရသောအခါ၊
ထာဝရဘုရားရှေ့တော်တွင် မြွက်ဆိုသော သီချင်းစကားဟူမူကား၊ 2 ထာဝရဘုရားသည်ငါ၏ကျောက်၊ ငါ၏မြို့ရိုး၊ ငါ့ကို
ကယ်လွှတ်သော သခင်၊ 3 ငါ၏ဘုရား၊ ငါကိုးစားသော အစွမ်းသတ္တိ၊ ငါ၏အကွယ်အကာ၊ ငါ့ကိုကယ်တင်သောဦးချို၊ ငါ၏ ရဲတိုက်၊
ငါခိုလှုံရာ၊ ငါ့ကိုကယ်တင်သော အရှင်ဖြစ်တော်မူ၏။ ကိုယ်တော်သည် ညှဉ်းဆဲခြင်းထဲက အကျွန်ုပ်ကို ကယ်လွှတ်တော်မူ၏။ 4
ချီးမွမ်းအပ်သော ထာဝရဘုရားကို ငါတောင်းလျှောက်၍၊ ရန်သူတို့လက်မှ ကယ်တင်ခြင်းသို့ ရောက်၏။ 5 သေခြင်းလှိုင်းတံပိုးတို့သည်
ငါ့ကို ဝိုင်းမိ၍ ဖျက်ဆီးတတ်သော ရေစီးခြင်းကြောင့် ငါကြောက်လန့်ရ၏။ 6 မရဏာနိုင်ငံ၏ ကြိုးတို့သည် ဝိုင်း၍ သေမင်း၏
ကျော့ကွင်းသည် ငါ့ကို ကျော့မိလျက် ရှိ၏။ 7 ထိုသို့ငါသည် ဆင်းရဲငြိုငြင်သောအခါ၊ ထာဝရဘုရားကို ခေါ်၍ ငါ၏ဘုရားသခင်ကို
အော်ဟစ်လေ၏။ ခေါ်သောအသံကို ဗိမာန်တော်ထဲ မှာကြားတော်မူ၍၊ အော်ဟစ်သောအသံသည် နားတော်ထဲသို့ ဝင်လေ၏။ 8 ထိုအခါ
အမျက်တော်ထွက်သောအားဖြင့် မြေကြီးတုန်လှုပ်၍၊ မိုဃ်းကောင်းကင်အမြစ်တို့သည် တရွေ့ရွေ့လှုပ်ရှားကြ၏။ 9
နှာခေါင်းတော်ထဲက မီးခိုးထွက်၍၊ နှုတ်တော်ထဲက မီးလောင်သောအားဖြင့် မီးခဲတောက်လေ၏။ 10 မိုဃ်းကောင်းကင်ကိုညွတ်သဖြင့်
ဆင်းသက်တော်မူ၍၊ ခြေဘဝါးတော်အောက်၌ မှောင်မိုက်ဖြစ် လေ၏။ 11 ခေရုဗိမ်ကို စီးလျက်ပျံတော်မူ၏။ လေ၏
အတောင်တို့အပေါ်မှာ ထင်ရှားတော်မူ၏။ 12 မှောင်မိုက်တည်းဟူသော တခဲနက်သော ရေနှင့် ထူထပ်သောမိုဃ်းတိမ်တို့ကို ကိုယ်တော်၌
ကာရံစေတော်မူ၏။ 13 ရှေ့တော်၌ ရောင်ခြည်ကြောင့် မီးခဲတောက်လျက် ရှိ၏။ 14 ထာဝရဘုရားသည်လည်း၊
ကောင်းကင်ပေါ်မှာမိုဃ်းချုန်း၍၊ အမြင့်ဆုံးသော ဘုရားသည် အသံတော်ကို လွှင့်တော်မူ၏။ 15 လေးမြားတို့ကိုပစ်၍
လျှပ်စစ်ပြက်စေသဖြင့်၊ ရန်သတို့ကို အရပ်ရပ်သို့ ခွဲ၍ ရှုံးစေတော်မူ၏။ 16 ထိုအခါ ထာဝရဘုရားသည် အပြစ်တင်၍၊
နှာခေါင်းတော်ထဲက အသက်ရှူတော်မူသောအားဖြင့် သမုဒ္ဒရာအောက်ပြင်နှင့် လောကတိုက်မြစ်တို့သည် ဖွင့်လှစ်ထင်ပေါ်လျက်
ရှိကြ၏။ 17 အထက်အရပ်က လက်တော်ကိုဆန့်၍၊ တခဲနက်သော ရေထဲက ငါ့ကို ဆယ်ယူတော်မူ၏။ 18 ငါ့ကိုမုန်းသော
သူတည်းဟူသော ငါပြိုင်၍ မနိုင်နိုင်အောင် ခွန်အားကြီးသော ရန်သူတို့လက်မှ ငါ့ကို ကယ်လွှတ်တော်မူ၏။ 19
ဘေးဥပဒ်ရောက်သောကာလ၌ သူတို့သည် ဆီးထားသော်လည်း၊ ထာဝရဘုရားသည် ငါမှီခိုရာ ဖြစ်၍၊ 20 ငါ့ကိုကျယ်ဝန်းရာအရပ်သို့
ပို့ဆောင်တော်မူ၏။ ငါ့ကိုနှစ်သက်သောကြောင့် ကယ်လွှတ်တော်မူ၏။ 21 ငါဖြောင့်မတ်ခြင်းရှိသည်အလျောက် ထာဝရဘုရားသည်
အကျိုးကိုပေး၍၊ ငါ့လက်စင်ကြယ်ခြင်း၏ အကျိုးကို စီရင်တော်မူ၏။ 22 အကြောင်းမူကား၊ ငါသည်ထာဝရဘုရား၏
လမ်းတော်သို့အစဉ်လိုက်၏။ ငါ၏ဘုရားသခင့်ထံမှ ပြစ်မှား၍ မသွား။ 23 စီရင်တော်မူချက်ရှိသမျှကို ငါသည် မျက်မှောက်ပြု၏။
အထုံးအဖွဲ့တော်တို့မှမလွှဲ။ 24 ရှေ့တော်မှာဖြောင့်မတ်၍ ကိုယ်ဒုစရိုက်ကို ကြဉ်ရှောင်၏ ။ 25 ထိုကြောင့်ရှေ့တော်မှာ ထင်ရှားသော
ငါ၏ဖြောင့်မတ်ခြင်း၊ စင်ကြယ်ခြင်းရှိသည်နှင့်အလျောက် ထာဝရဘုရားသည် ငါ၌အကျိုးကို ပေးတော်မူပြီ။ 26
သနားတတ်သောသူအား ကိုယ်တော်သည်သနားခြင်းသဘောကိုငှင်း၊ ဖြောင့်မတ်သောသူအား ဖြောင့်မတ်ခြင်းသဘောကိုငှင်း၊ 27
သန့်ရှင်းသောသူအား သန့်ရှင်းခြင်းသဘောကို ငှင်း၊ ဆန့်ကျင်သောသူအား ဆန့်ကျင်သော သဘောကို ငှင်း ပြတော်မူ၏။ 28
နှိမ့်ချလျက်ရှိသောသူတို့ကို ကိုယ်တော်သည် ကယ်တင်၍၊ မာနထောင်လွှားသော သူတို့ကို ကားရှုတ်ချ ခြင်းငှါ ကြည့်မှတ်တော်မူ၏။
29 အိုထာဝရဘုရား၊ ကိုယ်တော်သည် အကျွန်ုပ်၏ မီးခွက်ဖြစ်တော်မူ၏။ ထာဝရဘုရားသည် အကျွန်ုပ်၏ မှောင်မိုက်ကို
လင်းစေတော်မူ၏။ 30 အကျွန်ုပ်သည်ကိုယ်တော်ကို အမှီပြု၍ တပ်ကို ဖျက်ပါပြီ။ အကျွန်ုပ်၏ဘုရားသခင်ကို အမှီပြုလျက် မြို့ရိုးကို
ကျော်၍ဝါပြီ။ 31 ဘုရားသခင်စီရင်တော်မူသော အမှုသည် စုံလင်၏။ ထာဝရဘုရား၏ သစ္စာတော်သည် အစစ်ခံ၍ တည်၏။
ခိုလှုံသောသူအပေါင်းတို့၏ အကွယ်အကာ ဖြစ်တော်မူ၏။ 32 ထာဝရဘုရားမှတပါး အဘယ်ဘုရားသခင် ရှိသနည်း။ ငါတို့
ဘုရားသခင်မှ တပါးအဘယ်မည်သော ကျောက်ရှိသနည်း။ 33 ထိုဘုရားသခင်သည် ငါ၏ခွန်အား၊ ငါ၏တန်ခိုး ဖြစ်၍
ငါသွားရာလမ်းကို ဖြောင့်စေတော်မူ၏။ 34 ငါ့ခြေကိုသမင်ခြေကဲ့သို့ လျင်မြန်စေ၍၊ ငါ၏ မြင့်ရာအရပ်ပေါ်မှာ
ငါ့ကိုတင်ထားတော်မူ၏။ 35 ငါ့လက်ကို စစ်မှု၌ လေ့ကျက်စေခြင်းငှါ သွန် သင်တော်မူ၍၊ ကြေးဝါလေးကို ငါ့လက်ရုံးနှင့် ငါတင်နိုင် ၏။
36 ကိုယ်တော်သည် ကယ်တင်တော်မူခြင်း ဒိုင်းလွှားကိုအပ်၍၊ သည်းခံတော်မူခြင်းအားဖြင့်အကျွန်ုပ်သည် ချီးမြှောက်ခြင်းသို့
ရောက်ပါ၏။ 37 အကျွန်ုပ်သွားသော လမ်းကို ရှင်းလင်း၍ ခြေ မချော်စေခြင်းငှါ ပြုတော်မူသောအားဖြင့်၊ 38 အကျွန်ုပ်သည်
ရန်သူတို့ကို လိုက်ဖျက်၍၊ သူတို့ကို မပယ်ရှင်းမှီ တိုင်အောင်မပြန်ပါ။ 39 သူတို့သည် အကျွန်ုပ် ခြေအောက်မှာ လဲလျက်ရှိ၍၊
မထနိုင်အောင် အကျွန်ုပ်သည် နှိပ်နင်းပယ်ရှင်း ပါ၏။ 40 အကြောင်းမူကား၊ စစ်တိုက်စေခြင်းငှါ ကိုယ်တော်သည် အကျွန်ုပ်ကို
ခွန်အားခါးပန်းနှင့်စည်း၍၊ အကျွန်ုပ်တဘက်၌ ထသောသူတို့ကို အကျွန်ုပ်အောက်မှာ လှဲတော်မူ၏။ 41 အကျွန်ုပ်ကို မုန်းသော
ရန်သူတို့၏လည်ပင်းကို အကျွန်ုပ်၌အပ်၍ ဖျက်ဆီးရသော အခွင့်ကို ပေးတော် မူ၏။ 42 သူတို့သည် အော်ဟစ်ကြသောအခါ
ကယ်တင်သော သူမရှိ။ ထာဝရဘုရားကို အော်ဟစ်သော်လည်း ထူးတော်မမူ။ 43 ထိုအခါအကျွန်ုပ်သည်သူတို့ကို မြေမှုန့်ကိုကဲ့သို့
ညက်ညက်ချေပြီးမှ၊ လမ်း၌ အမှိုက်ကိုကဲ့သို့နင်း၍ ဖြန့်ကြဲ လေ၏။ 44 လူစုတို့သည် ဆိုင်ပြိုင်တိုက်လှန်ခြင်းမှ အကျွန်ုပ်ကို

ကယ်လွှတ်၍၊ တပါးအမျိုးသားတို့၏ အကဲအမှူး ဖြစ်စေခြင်းငှါ စောင့်ရှောက်တော်မူသောအားဖြင့်၊ အကျွန်ုပ်မသိဘူးသော လူစုသည်
အကျွန်ုပ်ထံ၌ ကျွန်ခံ ပါ၏။ [45] တပါးအမျိုးသားတို့သည် အကျွန်ုပ်ကို တောင်းပန်၍ အကျွန်ုပ်စကားသံကိုကြားသည် ခဏခြင်းတွင်
နားထောင်ကြပါ၏။ [46] ညှိုးနွမ်းသည်ဖြစ်၍ ခိုလှုံရာအရပ်ထဲက တုန်လှုပ်လျက် ထွက်ကြပါ၏။ [47] ထာဝရဘုရားသည်
အသက်ရှင်တော်မူသည် ဖြစ်၍ ငါ၏ကျောက်၌ မင်္ဂလာရှိပါစေသတည်း။ ငါ့ကို ကယ်တင်သော ကျောက်၏ဘုရားသခင်၌
ချီးမြှောက်ခြင်း ရှိပါစေသတည်း။ [48] ငါ့ဘက်၌ တရားသဖြင့်စီရင်၍၊ လူစုတို့ကို ငါ့အောက်မှာနှိမ့်ချသော သူကား
ဘုရားသခင်ပေတည်း။ [49] ရန်သူတို့လက်မှ ငါ့ကိုကယ်လွှတ်တော်မူ၏။ အကျွန်ုပ်တဘက်၌ထသော သူတို့အပေါ်သို့ ကိုယ်တော် သည်
အကျွန်ုပ်ကို မြှောက်တင်၍၊ လုယူဖျက်ဆီးတတ်သော သူ၏လက်မှ ကယ်လွှတ်တော်မူ၏။ [50] ထိုကြောင့် အိုထာဝရဘုရား၊
အကျွန်ုပ်သည် တပါးအမျိုးသားတို့တွင် ကျေးဇူးတော်ကို ချီးမွမ်း၍ နာမ တော်ကို ထောမနာသီချင်းဆိုပါမည်။ [51] ဘုရားသခင်သည်
မိမိခန့်ထားသောမင်းကြီးကို ကယ်တင်သော ရဲတိုက်ဖြစ်တော်မူ၏။ ဘိသိက်တော်ကို ခံရသောဒါဝိဒ်မှစ၍ အမျိုးအနွယ်အား၊
ကာလအစဉ်အဆက် ကရုဏာကျေးဇူးကို ပြုတော်မူ၏။


generated on Tue Jul 2 12:50:28 2024

## Chapter 23

1 ဒါဝိဒ်မြွက်ဆိုသော နောက်ဆုံးစကားတည်းဟူသော၊ ယာကုပ်အမျိုး၏ဘုရားသခင့်အခွင့်နှင့် ဘိသိက် ခံရ၍ ဘုန်းကြီးသောသူ၊
ဣသရေလအမျိုး၌ချိုမြိန်စွာ သီချင်းဆိုသော ယေရှဲ၏သား ဒါဝိဒ်မြွက်ဆိုသော ပရော ဖက်စကားဟူမူကား၊ 2 ထာဝရဘုရား၏
ဝိညာဉ်တော်သည်ငါ့အားဖြင့် မိန့်တော်မူ၏။ နှုတ်ကပတ်တော်သည် ငါ့လျှာ၌ တည်၏။ 3 ဣသရေလအမျိုး၏ ဘုရားသခင်၊
ဣသရေလ အမျိုး၏ကျောက်သည် ငါ့အားဖြင့် မိန့်မြွက်တော်မူသည် ကား၊ လူတို့ကို အုပ်စိုးသော သူသည်တရားသဖြင့် စီရင်၍
ဘုရားသခင်ကို ကြောက်ရွံ့လျက် အုပ်စိုးရမည်။ 4 မိုဃ်းမအုံ့ နေထွက်သော နံနက်အလင်းကဲ့သို့၎င်း၊ မိုဃ်းရွာပြီးမှ နေပေါ်ထွန်းသဖြင့်
မြေ၌ပေါက်သော မြက်နုကဲ့သို့၎င်း ဖြစ်ရလိမ့်မည်။ 5 ငါ့အမျိုးအနွယ်သည် ဘုရားသခင်ရှေ့တော်၌ မြဲမြံသည်မဟုတ်လော။ သေချာစွာ
စီရင်၍ မပျက် နိုင်သော နိစ္စထာဝရပဋိညာဉ်ကို ငါနှင့် ဖွဲ့တော်မူပြီ။ ထိုပဋိညာဉ်သည် ချက်ခြင်းမပြည့်စုံသော်လည်း၊ ငါ့ကို
ကယ်တင်ရာအကြောင်း၊ ငါအားရနှစ်သက်ရာအကြောင်း ဖြစ်၏။ 6 အဓမ္မလူအပေါင်းတို့မူကားလက်နှင့် မကိုင်သာ၊ ပယ်ရှားရသော
ဆူးပင်ကဲ့သို့ဖြစ်ရကြလိမ့်မည်။ 7 ပယ်ရှားရသော သူသည်သံချပ်အင်္ကျီနှင့် လှံတံကို သုံးဆောင်သဖြင့်၊ ဆူးပင်ပေါက်သောအရပ်၌ပင်
ရှင်းရှင်းမီးရှို့ရသတည်း။ 8 ဒါဝိဒ်၏အမှုတော်ထမ်းသူရဲကြီးတို့၏ အမည်များဟူမူကား၊ ဟပ္ပေါနိအမျိုးယာရှောဘံသည် ဗိုလ်ချုပ်
ဖြစ်၏။ ထိုသူသည် လှံကိုကိုင်လျက် လူသုံးရာကို တခါ တည်းတိုက်၍ လုပ်ကြံလေ၏။ 9 သူနောက်မှာ အဟောဟိအမျိုးဒေါဒေါသား
ဧလာဇာသည် ဒါဝိဒ်နှင့်အတူလိုက်သော သူရဲသုံး ယောက်အဝင်ဖြစ်၏။ စစ်တိုက်ခြင်းငှါ စုဝေးသော ဖိလိတ္တိလူတို့ကို ကြိမ်းပ၍
ဣသရေလလူတို့သည် ဆုတ် သွားသောအခါ၊ 10 ထိုသူသည် လက်ညောင်း၍ထား၌မှီလျက်နေရ သည်တိုင်အောင် ထ၍ဖိလိတ္တိလူတို့ကို
လုပ်ကြံသဖြင့်၊ ထာဝရဘုရားသည် ထိုနေ့၌ကြီးစွာသော အောင်မြင်ခြင်း ကို ပြုတော်မူ၍၊ သူတို့သည် ရန်သူတို့၏ ဥစ္စာကို
လုယူခြင်းငှါသာ ပြန်လာကြ၏။ 11 သူ့နောက်မှာ ဟာရရိအမျိုးအာဂိ၏သားရှမ္မ သည်ရှိ၏။ ဖိလိတ္တိလူတို့သည် ပြောင်းစပါးစိုက်သော
လယ်ကွက်၌ စုဝေး၍၊ ဣသရေလလူတို့သည် ပြေးကြ သောအခါ၊ 12 ထိုသူသည် လယ်ကွက်အလယ်၌ရပ်၍ စောင့်မ လျက်
ဖိလိတ္တိလူတို့ကို လုပ်ကြံသဖြင့်၊ ထာဝရဘုရားသည် ကြီးစွာသော အောင်ခြင်းကို ပြုတော်မူ၏။ 13 ဗိုလ်စုအဝင်သုံးယောက်တို့သည်
စပါးရိတ်ရာ ကာလ၌၊ ဒါဝိဒ်ရှိရာ အဒုလံဥမင်သို့ ဆင်းသွား၍၊ ဖိလိတ္တိ လူတို့သည် ရေဖိမ်ချိုင့်၌တပ်ချလျက် ရှိကြ၏။ 14
ထိုအခါဒါဝိဒ်သည် ရဲတိုက်တွင်နေ၍၊ ဖိလိတ္တိ လူတို့သည် ဗက်လင်မြို့၌ တပ်ချကြ၏။ 15 ဒါဝိဒ်ကလည်း၊ တစုံတယောက်သော
သူသည် ဗက်လင်မြို့တံခါးနားမှာရှိသော ရေတွင်းထဲက ရေကို ခပ်၍ ငါ့အားပေးပါစေသောဟု တောင့်တသော စိတ်နှင့် ဆိုသော်၊ 16
ထိုသူရဲသုံးယောက်တို့သည် ဖိလိတ္တိတပ်ကို ဖျက်၍ ဗက်လင်မြို့ တံခါးနားမှာရှိသော ရေတွင်းထဲက ရေကို ခပ်ယူပြီးလျှင်
ဒါဝိဒ်ထံတော်သို့ ဆောင်ခဲ့ကြ၏။ သို့သော်လည်း၊ ဒါဝိဒ်သည်မသောက်ဘဲ ထာဝရဘုရား ရှေ့တော်၌သွန်းလျက်၊ 17 အိုထာဝရဘုရား၊
ဤရေကို သောက်သောအမှု သည် အကျွန်ုပ်နှင့်ဝေးပါစေသော။ ဤရေသည် ကိုယ် အသက်ကိုမနှမြောဘဲသွားသော
သူတို့၏အသွေးဖြစ်ပါ သည်မဟုတ်ပါလောဟု လျှောက်၍ မသောက်ဘဲနေ၏။ ထိုသူရဲသုံးယောက်တို့သည်
ထိုသို့သောအမှုတို့ကိုပြုကြ၏။ 18 ဇေရုယာသားယွာဘညီအဘိရှဲသည်လည်း သူရဲ သုံးယောက်တွင် အကြီးဖြစ်၏။
သူသည်လှံကိုကိုင်၍ လူသုံးရာတို့ကို တိုက်ဖျက်လုပ်ကြံသောကြောင့်၊ သူရဲ သုံးယောက်အဝင်နေရာရသတည်း။ 19
သူရဲသုံးယောက်တွင် အမြတ်ဆုံးဖြစ်သည် မဟုတ်လော။ ထိုကြောင့် ဗိုလ်ချုပ်အရာကိုရ၏။ သို့သော် လည်း
ပဌမသူရဲသုံးယောက်တို့ကိုမမှီ။ 20 အထူးသဖြင့် ပြုဘူးသောကပ်ဇေလမြို့သား သူရဲယောယဒ၏ သားဗေနာယသည်လည်း ခြင်္သေ့နှင့်
တူသော မောဘလူနှစ်ယောက်ကို သတ်၏။ ဆောင်း ကာလ၌လည်း အခြားသို့သွား၍ မြေတွင်း၌ရှိသော ခြင်္သေ့ကို သတ်၏။ 21
ထူးခြားသောအဲဂုတ္တုလူကိုလည်း သတ်၏။ အဲဂုတ္တုလူသည်လှံကို ကိုင်သော်လည်း၊ ဗေနာယသည် တောင်ဝေးကိုသာ
ကိုင်လျက်သွား၍ အဲဂုတ္တုလူလက်မှ လှံကိုလုယူပြီးလျှင်၊ ထိုလှံနှင့်သူ့ကို သတ်၏။ 22 ထိုသို့သောအမှုတို့ကို
ယောယဒသားဗေနာယပြု၍ သူရဲသုံးယောက်အဝင်နေရာကို ရ၏။ 23 ဗိုလ်များထက်သာ၍ မြတ်သော်လည်း၊ ပဌမ
သူရဲသုံးယောက်တို့ကို မမှီ။ ဒါဝိဒ်သည် အတွင်းဝန်ချုပ် အရာကိုလည်းပေး၏။ 24 ယွာဘညီအာသဟေလသည်လည်း
ဗိုလ်စုအဝင်ဖြစ်၏။ ထိုအတူဗက်လင်မြို့နေ၊ ဒေါဒေါ၏သား ဧလဟာနန်၊ 25 ဟရောဒိအမျိုးရှမ္မ၊ ဟရောဒိအမျိုးဧလိကာ၊ 26
ဖာလတိအမျိုးဟေလက်၊ တေကောအမျိုး ဣကေရှ၏သား ဣရ၊ 27 အနေသောသိအမျိုးအဗျေဇာ၊ ဟုရှသိအမျိုး မေဗုန္နဲ၊ 28
အဟောဟိအမျိုးဇာလမုန်၊ နေတော ဖာသိအမျိုး မဟာရဲ၊ 29 နေတာဖာသိအမျိုးဗာနာသားဟေလက်၊ ဗယာမိန်အမျိုးဂိဗာမြို့နေ၊
ရိဘဲ၏ သားအိတ္တဲ 30 ပိရသောနိအမျိုးဗေနာယ၊ ဂါရှချိုင့် သားဟိဒ္ဒဲ၊ 31 အာဗသိအမျိုး အဗျာလဗုန်၊ ဗာဟုမိအမျိုး အာဇမာဝက်၊ 32
ရှာလဗောနိ အမျိုးဧလျာဘ၊ ယာရှင်၏သား တို့တွင် ယောနသန်၊ 33 ဟာရရိအမျိုးရှမ္မ၊ ဟာရရိအမျိုးရှာရ၏ သား အဟိအံ၊ 34
မာခါသိအမျိုးအဟသဘဲ၏သား ဧလိဖလက်၊ ဂိလောနိအမျိုး အဟိသောဖေလ၏သားဧလျံ၊ 35 ကရမေလ အမျိုးဟေဇရဲ၊
အာဘိအမျိုးဖာရဲ၊ 36 ဇောဘာအမျိုးနာသန်၏သား ဣဂါလ၊ ဂဒ်အမျိုး ဗာနိ၊ 37 အမ္မုန်အမျိုးဇေလက်၊ ဇေရုယာ၏သားယွာဘ ၏
လက်နက်ဆောင်လုလင် ဗေရောသိအမျိုးနဟာရဲ၊ 38 ဣသရိ အမျိုးဣရ၊ ဣသရိအမျိုးဂါရက်၊ 39 ဟိတ္တိအမျိုးဥရိယ၊
ပေါင်းသုံးဆယ်ခုနစ်ယောက် တည်း။


generated on Tue Jul 2 12:50:28 2024

## Chapter 24

1 နောက်တဖန်ထာဝရဘုရားသည် ဣသရေလ အမျိုးကို အမျက်ထွက်တော်မူလျှင်၊ စာတန်သည် ရန်ဘက်ပြု၍ ဣသရေလလူနှင့်
ယုဒလူတို့ကို ရေတွက် စေခြင်းငှါ ဒါဝိဒ်ကိုတိုက်တွန်းလေ၏။ 2 ရှင်ဘုရင်ကလည်း၊ လူပေါင်းမည်မျှရှိသည်ကို ငါသိမည်အကြောင်း၊
ဒန်မြို့မှသည် ဗေရရှေဘမြို့ တိုင်အောင် ဣသရေလခရိုင်ရှိသမျှတို့ကို ရှောက်သွား၍၊ လူတို့ကို ရေတွက်လော့ဟု အထံတော်၌ရှိသော
ဗိုလ်ချုပ် မင်းယွာဘအားမိန့်တော်မူ၏။ 3 ယွာဘကလည်း၊ ကိုယ်တော်၏ဘုရားသခင် ထာဝရဘုရားသည် လူတို့ကိုထပ်၍
အဆတရာတိုးပွါး စေသဖြင့်၊ ကျွန်တော်သခင် အရှင်မင်းကြီးမြင်မည် အကြောင်း ပြုတော်မူပါစေသော။ သို့ရာတွင် ကျွန်တော်
သခင်အရှင်မင်းကြီးသည် ဤအမှုကို အဘယ်ကြောင့် နှစ်သက်တော်မူသနည်းဟု ရှင်ဘုရင်အား လျှောက်လေ ၏။ 4 သို့သော်လည်း
အမိန့်တော်သည် ယွာဘစကား နှင့် ဗိုလ်များ စကားကိုနိုင်သဖြင့်၊ ယွာဘနှင့် ဗိုလ်များ တို့သည် လူတို့ကိုရေတွက်အံ့သောငှါ
အထံတော်မှ ထွက် သွားကြ၏။ 5 ယော်ဒန်မြစ်ကိုကူး၍ ဂဒ်ချိုင့်၌ရှိသော အာရော်မြို့အရှေ့ဘက်၊ ယာဇာမြို့အနားမှာ တပ်ချ ကြ၏။ 6
ဂိလဒ်ပြည်၊ နောက်သိမ်းသောပြည်၊ ဒန်ယန် ပြည်တို့ကို လွန်ပြီးမှ ဇိဒုန်ပြည်သို့ ဝိုင်းသွား၍၊ 7 တုရုရဲတိုက်သို့၎င်း၊ ဟိဝိမြို့များ၊
ခါနာနိမြို့များ အလုံးစုံတို့သို့၎င်း ရောက်၍၊ ယုဒပြည်တောင်ပိုင်း၊ ဗေရ ရှေဘမြို့၌ လက်စသတ်ကြ၏။ 8 ထိုသို့တပြည်လုံး
ရှောက်သွား၍ ကိုးလနှင့် အရက်နှစ်ဆယ်လွန်မှ ယေရုရှလင်မြို့သို့ ရောက်ကြ၏။ 9 ယွာဘသည်လည်းလူပေါင်းစာရင်းကို
ရှင်ဘုရင်အား ဆက်၍၊ ဣသရေလအမျိုး၌ ထားကိုင် သူရဲရှစ်သိန်း၊ ယုဒအမျိုး၌ ငါသိန်းရှိကြ၏။ 10 ဒါဝိဒ်သည် လူတို့ကို
ရေတွက်ပြီးမှ နောင်တရ၍၊ အကျွန်ုပ်ပြုမိသောအမှု၌ အလွန်ပြစ်မှားပါပြီ။ အိုထာဝရ ဘုရား၊ ကိုယ်တော်ကျွန်၏အပြစ်ကို
ဖြေရှင်းတော်မူပါ။ အကျွန်ုပ်သည် အလွန်မိုက်သောအမှုကို ပြုမိပါပြီဟု ထာဝရဘုရားအား တောင်းပန်လေ၏။ 11 ဒါဝိဒ်သည်
နံနက်အချိန်၌ ထသောအခါ၊ ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ဒါဝိဒ်၏ ပရောဖက်ဂဒ်သို့ ရောက်လာ၍၊ 12
ဒါဝိဒ်ထံသို့သွားလော့။ အရာသုံးပါးကိုသင့်အား ငါပြ၏။ သင်၌ ငါပြုစရာဘို့ တပါးပါးကိုရွေးရမည်ဟု ထာဝရဘုရား၏ အမိန့်တော်ကို
ဆင့်ဆိုလော့ဟု မိန့်တော်မူသည်အတိုင်း၊ 13 ဂဒ်သည် ဒါဝိဒ်ထံသို့သွား၍၊ ပြည်တော်၌ သုံးနှစ်ပတ်လုံး အစာအာဟာရ
ခေါင်းပါးစေရမည်လော။ သို့မဟုတ် ရန်သူတို့သည် သုံးလပတ်လုံးလိုက်၍ ကိုယ်တော်ပြေးတော်မူရမည်လော။ သို့မဟုတ် ပြည်တော်၌
သုံးရက်ပတ်လုံးကာလနာ ရောက်စေရမည်လော။ အကျွန်ုပ်ကို စေလွှတ်တော်မူသောသူအား အကျွန်ုပ်သည် အဘယ်သို့
ပြန်လျှောက်ရမည်ကို စဉ်းစားဆင်ခြင်တော်မူပါဟု လျှောက်လေ၏။ 14 ဒါဝိဒ်ကလည်း၊ ငါသည် ကျဉ်းမြောင်းရာသို့
ရောက်လေပြီတကား။ ထာဝရဘုရား၏ လက်တော်သို့ ရောက်ပါစေ။ ကရုဏာတော်ကြီးလှ၏။ လူလက်သို့ မရောက်ပါစေနှင့်ဟု
ဂဒ်အားပြန်ပြော၏။ 15 ထိုနေ့နံနက်မှစ၍ ချိန်းချက်သော အချိန်တိုင်အောင် ထာဝရဘုရားသည် ဣသရေလအမျိုး၌ ကာလ နာကို
လွှတ်လိုက်တော်မူ၍၊ ဒန်မြို့မှသည် ဗေရရှေဘမြို့ တိုင်အောင် လူခုနစ်သောင်းသေကြ၏။ 16 ကောင်းကင်တမန်သည်
ယေရုရှလင်မြို့ကို ဖျက်ဆီးမည်ဟု လက်ကိုဆန့်သောအခါ၊ ထာဝရဘုရား သည် ထိုဘေးကြောင့် နောင်တရတော်မူ၍၊ တန်ပြီ။
သင့်လက်ကို ရုပ်သိမ်းလော့ဟု လူတို့ကိုဖျက်ဆီးသော ကောင်းကင်တမန်အား မိန့်တော်မူ၏။ ထိုအခါ ထာဝရ ဘုရား၏
ကောင်းကင်တမန်သည် ယေဗုသိလူအရောန၏ ကောက်နယ်တလင်းအနားမှာ ရှိ၏။ 17 လူတို့ကို ဒဏ်ခတ်သော ကောင်းကင်တမန်ကို
ဒါဝိဒ်သည်မြင်သောအခါ၊ အကျွန်ုပ်ပြစ်မှားပါပြီ။ ဒုစရိုက်ကို ပြုမိပါပြီ။ ဤသိုးတို့မူကား အဘယ်သို့ပြုမိပါ သနည်း။ လက်တော်သည်
အကျွန်ုပ်နှင့် အကျွန်ုပ် အဆွေ အမျိုး၌ ရောက်စေတော်မူပါဟု ထာဝရဘုရားအား တောင်းပန်လေ၏။ 18 ထိုနေ့ခြင်းတွင် ဂဒ်သည်
ဒါဝိဒ်ထံသို့လာ၍၊ ကိုယ်တော်ကြွပါ။ ယေဗုသိလူအရောန၏ ကောက်နယ် တလင်း၌ထာဝရဘုရားအဘို့ ယဇ်ပလ္လင်ကို တည်ရမည် ဟု၊
19 ထာဝရဘုရား၏ အမိန့်တော်ကို ဆင့်ဆိုသည်အတိုင်း ဒါဝိဒ်သည် သွားလေ၏။ 20 ထိုသို့ရှင်ဘုရင်သည် အခြံအရံတော်နှင့်တကွ
ကြွလာသည်ကို အရောနသည် ကြည့်၍မြင်လျှင်၊ ပြင်သို့ ထွက်၍ ရှင်ဘုရင်ရှေ့တော်၌ ဦးချပြပ်ဝပ်လျက်၊ 21 ကျွန်တော်သခင်
အရှင်မင်းကြီးသည် ကိုယ်တော်ကျွန်ရှိရာသို့ အဘယ်ကြောင့် ကြွလာတော်မူသနည်း ဟု မေးလျှောက်လျှင်၊ ဒါဝိဒ်က၊ လူတို့တွင်
ကာလနာဘေးကို ငြိမ်းစေမည်အကြောင်း ထာဝရဘုရားအဘို့ ယဇ်ပလ္လင်ကို တည်လို၍၊ သင်၏ကောက်နယ်တလင်းကို ဝယ်အံ့သောငှါ
လာသည်ဟု အမိန့်ရှိသော်၊ 22 အရောနက၊ ကျွန်တော်သခင်အရှင်မင်းကြီး သည် စိတ်တော်ရှိသည်အတိုင်း ယူ၍ ပူဇော်တော်မူပါ။
မီးရှို့ရာယဇ်ဘို့ နွားများရှိပါ၏။ ထင်းဘို့ကောက်နယ်တန်ဆာ၊ နွားနှင့်ဆိုင်သော တန်ဆာများရှိပါ၏ဟု ဒါဝိဒ် အား လျှောက်လျက်၊ 23
အလုံးစုံတို့ကို ရှင်ဘုရင်အား ဆက်၍၊ ကိုယ်တော်၏ ဘုရားသခင်ထာဝရဘုရားသည် ကိုယ်တော်ကို လက်ခံတော်မူပါစေသောဟု
လျှောက်လေ၏။ 24 ရှင်ဘုရင်ကလည်း၊ ထိုသို့ငါမယူရ။ စင်စစ်အဘိုးပေး၍ ငါဝယ်မည်။ ကိုယ်ငွေမကုန်ဘဲငါ၏ ဘုရားသခင်
ထာဝရဘုရားအား မီးရှို့ရာယဇ်ကို ငါမပူဇော်လိုဟု အရောနအား ဆိုသဖြင့်၊ ငွေအကျပ်ငါးဆယ်ကို ပေး၍၊ ထိုကောက်နယ်တလင်းနှင့်
နွားတို့ကို ဝယ်ပြီးမှ၊ 25 ထိုအရပ်၌ ထာဝရဘုရားအဘို့ ယဇ်ပလ္လင်ကို တည်၍ မီးရှို့ရာယဇ်၊ မိဿဟာယယဇ်တို့ကို ပူဇော် လေ၏။
ထာဝရဘုရားသည်လည်း၊ ဣသရေလပြည်အဘို့ ဆုတောင်းသောစကားကို နားထောင်၍ ကာလနာ ဘေးကို ငြိမ်းစေတော်မူ၏။


generated on Tue Jul 2 12:50:28 2024

# 1 Kings

## Chapter 1

1 ဒါဝိဒ်မင်းကြီးသည် အသက်ကြီးရင့်၍ အိုသောအခါ အဝတ်ခြုံ၍ မနွေးနိုင်။ 2 သို့ဖြစ်၍ ကျွန်တို့က၊ အသက်ပျိုသော ကညာကို
အရှင်မင်းကြီးအဘို့ ရှာပါရစေ။ သူသည်မင်းကြီးကို ခစား၍ ပြုစုပါစေ။ အရှင်မင်းကြီးကို နွေးစေခြင်းငှါ ရင်ခွင်တော်၌
အိပ်ပါစေဟုလျှောက်ကြ၏။ 3 ထိုသို့နှင့်အညီအဆင်းလှသောအပျိုမကို ဣသ ရေလပြည် တရှောက်လုံးတွင်ရှာ၍၊ ရှုနင်မြို့သူ
အဘိရှက် ကို တွေ့သဖြင့် အထံတော်သို့ ဆောင်ခဲ့ကြ၏။ 4 ထိုမိန်းမသည် အလွန်အဆင်းလှ၏။ ရှင်ဘုရင် ကိုလည်း
လုပ်ကျွေးပြုစုလေ၏။ သို့ရာတွင် ရှင်ဘုရင် သိမ်းတော်မမူ။ 5 ထိုနောက် ဟဂ္ဂိတ်သားအဒေါနိယသည် ရှင် ဘုရင်လုပ်မည်ဟု
အကြံရှိလျက်၊ ကိုယ်ကိုချီးမြှောက်၍ ရထားများနှင့် မြင်းများကိုငှင်း၊ မိမိရှေ့၌ပြေးရသော လူငါးဆယ်ကိုငှင်း၊ ပြင်ဆင်လေ၏။ 6
ခမည်းတော်က၊ သင်သည် အဘယ်ကြောင့် ဤသို့ပြုသနည်းဟု သူ့စိတ်နာအောင် တခါမျှမပြောစဖူး။ ထိုသူသည် အဆင်းလည်း
အလွန်လှ၏။ 7 အဗရှလုံညီ လည်း ဖြစ်၏။ သူသည်ဇေရုယာသား ယွာဘ၊ ယဇ်ပုရောဟိတ် အဗျာသာနှင့် တိုင်ပင်၍ သူတို့သည်
အဒေါနိယဘက်မှာ နေကြ၏။ 8 ယဇ်ပုရောဟိတ်ဇာဒုတ်၊ ယောယဒသားဗေနာ ယ၊ ပရောဖက်နာသန်၊ ရှိမိ၊ ရေဣအစရှိသော ဒါဝိဒ်၏
မှူးကြီးမတ်ကြီးများမူကား၊ အဒေါနိယဘက်သို့ မဝင်ကြ။ 9 အဒေါနိယသည် အင်္ရောဂေလမြို့နယ်အတွင်း၊
ဇောဟေလက်ကျောက်နားမှာ သိုး၊ နွားမှစ၍ ဆူဖြိုးသော အကောင်တို့ကို သတ်ပြီးလျှင်၊ ရှင်ဘုရင်သား မိမိညီ များနှင့်ရှင်ဘုရင်၏
ကျွန်ယုဒလူများအပေါင်းတို့ကို ခေါ်ဘိတ်လေ၏။ 10 ပရောဖက်နာသန်၊ ဗေနာယ၊ မှူးကြီးမတ်ကြီးမှ စသော ညီရှောလမုန်ကိုကား
မခေါ်မဘိတ်။ 11 ထိုအခါနာသန်သည် ရှောလမုန် အမိဗာသရှေဘထံသို့သွား၍၊ ဟဂ္ဂိတ်၏သား အဒေါနိယသည်
ရှင်ဘုရင်လုပ်ကြောင်းကို ကြားပြီလော။ တို့အရှင်ဒါဝိဒ် သည် မသိပါတကား။ 12 ယခုမှာသင်၏ အသက်နှင့် ရှောလမုန်၏ အသက်ကို
ချမ်းသာစေခြင်းငှါ ကျွန်ုပ်သည် အကြံပေးပါ ရစေ။ 13 ဒါဝိဒ်မင်းကြီးထံတော်သို့ဝင်၍၊ အိုအရှင် မင်းကြီး၊ ကိုယ်တော်က
သင်၏သားရှောလမုန်သည် ငါ့အရာ၌ စိုးစံ၍ နန်းထိုင်ရမည်ဟု ကိုယ်တော် ကျွန်မ အား ကျိန်ဆိုတော်မူပြီမဟုတ်လော။ သို့ဖြစ်လျှင်
အဒေါ နိယသည် အဘယ်ကြောင့် စိုးစံရပါသနည်းဟု လျှောက် လော့။ 14 ထိုသို့အထံတော်၌ လျှောက်စဉ်တွင်၊ ကျွန်ုပ် ဝင်၍
သင်၏စကားကို ထောက်မမည်ဟု အကြံပေးသည် အတိုင်း၊ 15 ဗာသရှေဘသည်ရှင်ဘုရင်ရှိရာ အခန်းထဲသို့ ဝင်လေ၏။
ရှင်ဘုရင်သည်အလွန်အို၍ ရှုနင်မြို့သူ အဘိရှက်သည် လုပ်ကျွေးလျက်နေ၏။ 16 ဗာသရှေဘသည်ဦးချ၍ ရှင်ဘုရင်အား ရှိခိုးလျှင်။
ရှင်ဘုရင်က အဘယ်အလိုရှိသနည်းဟု မေးတော် မူ၏။ 17 ဗာသရှေဘကလည်း၊ ကျွန်မသခင်၊ ကိုယ်တော် က သင်၏သား
ရှောလမုန်သည်ငါ့အရာ၌ စိုးစံ၍နန်းထိုင် ရမည်ဟု ကိုယ်တော်၏ ဘုရားသခင် ထာဝရဘုရားကို တိုင်တည်၍ ကိုယ်တော်ကျွန်မအား
ကျိန်ဆိုတော်မူပြီ။ 18 ယခုမှာ အဒေါနိယသည်စိုးစံပါ၏။ ကိုယ်တော် အရှင်မင်းကြီးလည်း သိတော်မမူ။ 19 အဒေါနိယသည်
သိုးနွားမှစ၍ ဆူဖြိုးသော အကောင်များတို့ကို သတ်ပြီးလျှင်၊ မင်းကြီး၏ သားတော် အပေါင်းတို့နှင့်တကွ ယဇ်ပုရောဟိတ်အဗျာသာ၊
ဗိုလ်ချုပ် မင်းယွာဘတို့ကို ခေါ်ဘိတ်ပါ၏။ ကိုယ်တော် ကျွန် ရှောလမုန်ကိုကား မခေါ်မဘိတ်ပါ။ 20 အိုအရှင်မင်းကြီး၊
ကျွန်မအရှင်မင်းကြီး၏ အရာ၌စိုးစံ၍ အဘယ်သူသည် နန်းထိုင်ရမည်ကို မိန့် တော်မူမည်ဟု ဣသရေလအမျိုးသားအပေါင်းတို့သည်
ကိုယ်တော်ကို မျှော်ကြည့်လျက်နေကြပါ၏။ 21 သို့မဟုတ်ကျွန်မအရှင်မင်းကြီးသည် ဘိုးတော် ဘေးတော်တို့နှင့်အတူ
ကျိန်းစက်တော်မူသောအခါ၊ ကျွန်တော်မနှင့် သားရှောလမုန်သည် ရာဇဝတ်ခံရသော သူဖြစ်ပါလိမ့်မည်ဟု လျှောက်လေ၏။ 22
ထိုသို့အထံတော်၌ လျှောက်စဉ်တွင်၊ ပရောဖက် နာသန်သည် ဝင်လျှင် ပရောဖက်နာသန်လာပါသည်ဟု လျှောက်ကြ၏။ 23
နာသန်သည်လည်း ရှေ့တော်သို့ ရောက်သော အခါ ဦးချပြပ်ဝပ်လျက်၊ 24 အိုအရှင်မင်းကြီး၊ ကိုယ်တော်က ငါ့အရာ၌ အဒေါနိယစိုးစံ၍
နန်းထိုင်ရမည်ဟု မိန့်တော်မူသလော။ 25 သူသည် ယနေ့ဆင်းသွား၍၊ ဆူဖြိုးသော သိုးနွား များတို့ကို သတ်ပြီးလျှင်
မင်းကြီး၏သားတော်အပေါင်း တို့ကိုငှင်း၊ ဗိုလ်များနှင့် ယဇ်ပုရောဟိတ်အဗျာသာကိုငှင်း ခေါ်ဘိတ်ပါပြီ။ သူတို့သည် အဒေါနိယရှေ့မှာ
စား သောက်လျက်၊ အဒေါနိယမင်းကြီးသည် အသက်ရှင်စေ သတည်းဟု ကြွေးကြော်လျက်ယခုရှိကြပါ၏။ 26
ကိုယ်တော်ကျွန်အကျွန်ုပ်၊ ယဇ်ပုရောဟိတ် ဇာဒုတ်၊ ယောယဒသား ဗေနာယ၊ ကိုယ်တော်ကျွန် ရှောလမုန်တို့ကိုကား မခေါ်မဘိတ်ပါ။ 27
အရှင်မင်းကြီး၏အရာ၌ အဘယ်သူနန်းထိုင် ရမည်ကို ကိုယ်တော် ကျွန်အားပြတော်မမူဘဲ ဤအမှုကို
အရှင်မင်းကြီးစီရင်တော်မူပြီလောဟု လျှောက်၏။ 28 ထိုအခါဒါဝိဒ်မင်းကြီးက၊ ဗာသရှေဘကို ခေါ်ခဲ့ ပါဟု မိန့်တော်မူသည်အတိုင်း၊
ဗာသရှေဘသည်လာ၍ ရှေ့တော်၌ ရပ်နေ၏။ 29 ရှင်ဘုရင်ကလည်း၊ ငါ့အသက်ဝိညာဉ်ကို ခပ် သိမ်းသော ဒုက္ခထဲက
ကယ်နှုတ်တော်မူသော ထာဝရ ဘုရား အသက်ရှင်တော်မူသည်အတိုင်း၊ 30 သင်၏သားရှောလမုန်သည် ငါ့အရာ၌စိုးစံ၍
ငါ့ကိုယ်စားနန်းထိုင်ရမည်ဟု ဣသရေလအမျိုး၏ ဘုရား သခင်ထာဝရဘုရားကို ငါတိုင်တည်၍ သင့်အား ကျိန်ဆို သည်နှင့်အညီ
ယနေ့ငါပြုမည်ဟု တဖန်ကျိန်ဆိုတော်မူ၏။ 31 ဗာသရှေဘသည် ဦးချပြပ်ဝပ်လျက်၊ ရှင်ဘုရင် အား ရှိခိုးလျက်၊
အရှင်ဒါဝိဒ်မင်းကြီးသည် အသက်တော် အစဉ်အမြဲရှင်စေသတည်းဟု မြွက်ဆို၏။ 32 ဒါဝိဒ်မင်းကြီးကလည်း၊ ယဇ်ပုရောဟိတ်
ဇာဒုတ်၊ ပရောဖက် နာသန်၊ ယောယဒသား ဗေနာယ တို့ကို ခေါ်ခဲ့ပါဟု မိန့်တော်မူသည်အတိုင်း၊ သူတို့သည် ရှေ့တော်သို့ ဝင်လာကြ၏။


generated on Tue Jul 2 12:50:28 2024

[33] ရှင်ဘုရင်ကလည်း၊ သင်တို့အရှင်၏ ကျွန်များကို ခေါ်၍ ငါသားရှောလမုန်ကို ငါ၏မြင်းလားတော်ပေါ်မှာ စီးစေလျက်၊ ဂိဟုန်မြို့သို့
ဆောင်သွားကြလော့။ [34] ယဇ်ပုရောဟိတ် ဇာဒုတ်နှင့် ပရောဖက် နာသန် သည် ထိုမြို့မှာ ဘိသိက်ပေး၍ ဣသရေလရှင်ဘုရင် အရာ၌
ချီးမြှောက်ပြီးလျှင်၊ တံပိုးမှုတ်၍ ရှောလမုန် မင်းကြီးသည် အသက်တော်ရှင်စေသတည်းဟု ကြွေး ကြော်ကြလော့။ [35]
ထိုနောက်သင်တို့လိုက်လျက် ငါ့သားသည်လာ၍ နန်းထိုင် ရမည်။ ငါ့ကိုယ်စားရှင်ဘုရင်ဖြစ်ရမည်။ ထိုသူကို ဣသရေလမင်း၊
ယုဒမင်းအရာ၌ ငါခန့်ထားသည်ဟု မိန့် တော်မူ၏။ [36] ယောယဒသား ဗေနာယက အာမင်။ အရှင် မင်းကြီးကိုးကွယ်သော
ဘုရားသခင်ထာဝရဘုရားသည် လည်း ထိုသို့မိန့်တော်မူပါစေသော။ [37] ထာဝရဘုရားသည် အရှင်မင်းကြီးဘက်မှာ
ရှိတော်မူသည်နည်းတူ ရှောလမုန်ဘက်မှာ ရှိတော်မူပါ စေသော။ အရှင်မင်းကြီးဒါဝိဒ်၏ ရာဇပလ္လင်ထက် သားတော်၏
ရာဇပလ္လင်သည်သာ၍ ဘုန်းကြီးမည် အကြောင်း စီရင်တော်မူပါစေသောဟု ရှင်ဘုရင်ကို ပြန်လျှောက်လေ၏။ [38] ထိုအခါ
ယဇ်ပုရောဟိတ်ဇာဒုတ်၊ ပရောဖက် နာသန်၊ ယောယဒ သားဗေနာယ၊ ခေရသိလူ၊ ပေလသိ လူတို့သည် ထွက်၍ ရှောလမုန်ကို
ဒါဝိဒ်မင်းကြီး၏ မြင်းလားပေါ်မှာ စီးစေလျက် ဂိဟုန်မြို့သို့ ဆောင်သွား ကြ၏။ [39] ယဇ်ပုရောဟိတ်ဇာဒုတ်သည် တဲတော်ထဲက
ဆီဘူးကိုယူ၍ ရှောလမုန်ကိုဘိသိက်ပေးပြီးမှ၊ သူတို့သည် တံပိုးမှုတ်၍၊ ရှောလမုန်မင်းကြီးသည် အသက်တော်ရှင် စေသတည်းဟု
လူအပေါင်းတို့သည် ဟစ်ကြော်ကြ၏။ [40] လူအပေါင်းတို့သည် တီးမှုတ်လျက် နောက် တော်သို့လိုက်၍၊
မြေကြီးကွဲမတတ်ရှိသည်တိုင်အောင် အလွန်ဝမ်းမြောက်သောအသံကို ပြုကြ၏။ [41] အဒေါနိယနှင့် သူ၏အပေါင်းအဘော်တို့သည်
စားသောက်ပွဲ ပြီးသောအခါ ထိုအသံကို ကြားကြ၏။ တံပိုးမှုတ်သံကိုယွာဘကြားလျှင်၊ တမြို့လုံး အုတ်အုတ် ကျက်ကျက်ပြုသံကား၊
အဘယ်သို့နည်းဟု မေးစဉ်ပင်၊ [42] ယဇ်ပုရောဟိတ် အဗျာသာ၏သား ယောနသန် သည်လာလျှင်၊ အဒေါနိယကဝင်ပါ။ သင်သည်
လူကောင်းဖြစ်၍၊ ကောင်းသောသိတင်းကို ကြားပြော လိမ့်မည်ဟု ဆိုလျှင်၊ [43] ယောနသန်က၊ အကယ်စင်စစ် ငါတို့အရှင်
ဒါဝိဒ်မင်းကြီးသည် ရှောလမုန်ကို ရှင်ဘုရင်အရာ၌ ခန့်ထားတော်မူပြီ။ [44] ရှင်ဘုရင်သည်လည်း ယဇ်ပုရောဟိတ်ဇာဒုတ်၊
ပရောဖက်နာသန်၊ ယောယဒသားဗေနာယ၊ ခေရသိလူ၊ ပေလသိလူတို့ကို ရှောလမုန် နှင့်အတူ စေလွှတ်တော်မူ၍ မြင်းလားတော်ပေါ်မှာ
စီးစေကြပါပြီ။ [45] ယဇ်ပုရောဟိတ် ဇာဒုတ်နှင့် ပရောဖက်နာသန် တို့သည် ရှောလမုန်ကို ဂိဟုန်မြို့၌ ရာဇဘိသိက်ပေးပါပြီ။ ထိုမြို့မှ
ဝမ်းမြောက်စွာ လာပြန်၍၊ တမြို့လုံးအုတ်အုတ် ကျက်ကျက်သောအသံကို ကိုယ်တော်ကြားရပါ၏။ [46] ရှောလမုန်သည်လည်း
ရာဇပလ္လင်တော်ပေါ်မှာ ထိုင်ပါ၏။ [47] ရှင်ဘုရင်၏ ကျွန်တို့သည်လည်း တို့အရှင် ဒါဝိဒ်မင်းကြီးကို ကောင်းကြီးပေးခြင်းငှါ
သွား၍ဘုရား သခင်သည် ရှောလမုန်၏နာမကို ခမည်းတော်၏နာမ ထက်သာ၍ ချီးမြှောက်တော်မူပါစေသော။ သူ၏ရာဇ ပလ္လင်ကို
ခမည်းတော်၏ ရာဇပလ္လင်ထက်သာ၍ ဘုန်းကြီးမည်အကြောင်း စီရင်တော်မူပါစေသောဟု လျှောက်လျှင်၊ ရှင်ဘုရင်သည်
သာလွန်တော်ပေါ်မှာ ဦးချလျက်၊ [48] ငါသည် ကိုယ်မျက်စိနှင့်မြင်စေခြင်းငှါ၊ ငါ့နန်း ပေါ်မှာ ထိုင်ရသော သူကို
ယနေ့ပေးသနားတော်မူသော ဣသရေလအမျိုး၏ရှင်ဘုရင် ထာဝရဘုရားသည် မင်္ဂလာရှိတော်မူစေသတည်းဟု မိန့်တော်မူကြောင်းကို
အဒေါနိယအား ပြန်လျှောက်လေ၏။ [49] ထိုအခါ အဒေါနိယနှင့် ပေါင်းဘော်သော သူအပေါင်းတို့သည် ကြောက်ရွံ့သဖြင့် ထ၍
တယောက် တခြားစီ သွားကြ၏။ [50] အဒေါနိယသည်လည်း ရှောလမုန်ကို ကြောက် သဖြင့် ထသွား၍ ယဇ်ပလ္လင်ဦးချိုတို့ကို
ကိုင်လျက်နေ၏။ [51] အဒေါနိယသည် ရှောလမုန်မင်းကြီးကို ကြောက်၍ ယဇ်ပလ္လင်ဦးချိုတို့ကို ကိုင်လျက်၊ ရှောလမုန် မင်းကြီးသည်
ကျွန်တော်ကို မကွပ်မျက်မည်အကြောင်း ယနေ့ကျိန်ဆိုတော်မူပါစေဟုဆိုကြောင်းကို ရှောလမုန် အားလျှောက်လေသော်၊ [52]
ရှောလမုန်က၊ သူသည်လူကောင်းဖြစ်လျှင်၊ ဆံခြည်တပင်မျှ မြေသို့မကျရ။ အပြစ်ရှိလျှင် အသေခံရ မည်ဟု အမိန့်တော်ရှိ၍၊ [53]
လူကိုစေလွှတ်သဖြင့်၊ အဒေါနိယကို ယဇ်ပလ္လင် မှ ခေါ်ခဲ့သည်အတိုင်း၊ သူသည်လာ၍ ရှောလမုန်မင်းကြီး ရှေ့မှာ ဦးချလေ၏။
ရှောလမုန်ကလည်း၊ သင့်အိမ်သို့ သွားလော့ဟု မိန့်တော်မူ၏။

---

1 Kings 01

အဝတ်ခြုံ
ဒါဝိဒ်မင်းကြီးကို နွေးထွေးစေရန် စောင်များဖြင့် ခြုံပေးကြသည်။

1 Kings 03

ရှာ၍
ရှင်ဘုရင်၏ အစေခံများက ရှာဖွေခဲ့ကြသည်။

ဣသရေလပြည် တရှောက်လုံး
ယေဘုယျကောက်ချက်ချခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ " ဣသရေလပြည် တစ်ပြည်လုံး"

ရှုနင်မြို့သူ
ရှုနင်မြို့မှ လူတစ်ဦး

အဘိရှက်
အမျိုးသမီးတစ်ဦး၏ အမည်။

ရှင်ဘုရင်
ဒါဝိဒ်မင်းကြီး

1 Kings 05

ဟဂ္ဂိတ်သားအဒေါနိယ
ဟဂ္ဂိတ်သည် ဒါဝိဒ်၏ ကြင်ယာတော် ဖြစ်သည်။


generated on Tue Jul 2 12:50:28 2024

ကိုယ်ကိုချီးမြှောက်၍
ဝါကြွားခြင်း စတင်သည်။

ရထားများနှင့် မြင်းများ
မြင်းရထားကို မောင်းသောသူများကို ဆိုလိုသည်။

မိမိရှေ့၌ပြေးရသော လူငါးဆယ်
လမ်းခရီး ရှင်းလင်းရန်နှင့် ကာကွယ်ရန် မြင်းရထားများရှေ့မှ ကြိုတင်ခရီးနှင် ရသောသူများ။

အဘယ်ကြောင့် ဤသို့ပြုသနည်း
ဖခင်မှ မိမိသားအား စည်းကမ်းချမှတ်ထားသည်ကို ပြန်လည်မေးသော မေးခွန်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကိုယ်ဘာမှားခဲ့သလဲ ကိုယ်သိသင့်တယ်"

သူ့စိတ်နာအောင် တခါမျှမပြောစဖူး
သူ့ကိုတစ်ခါမျှ ဒုက္ခမဖြစ်စေခဲ့ပါ။စိတ်ဆိုးစေရန် ဆန္ဒမျှပင်မရှိ၊ ထို့ကြောင့်တစ်ခါမျှ မမေးခဲ့ပေ။ သို့မဟုတ် တစ်ခါမျှပင် မမေးခဲ့။

အဗရှလုံညီ
အဗရှလုံနှင့် အဒေါနိယတို့သည် ဒါဝိဒ် ၏ သားများ (အဖေတူ အမေကွဲ) ညီအစ်ကို ဖြစ်ကြသည်။ အဒေါနိယသည် အဗရှလုံ၏ ညီ ဖြစ်သည်။

1 Kings 07

သူသည် ဇေရုယာသား ယွာဘ.....နှင့် တိုင်ပင်၍
အဒေါနိယသည် သူ၏ အစီအစဉ်များကို ယွာဘနှင့် ဆွေးနွေးတိုင်ပင်ခဲ့သည်။

ယွာဘ၊ ဇေရုယာ၊ယဇ်ပုရောဟိတ် အဗျာသာ၊ အဒေါနိယ၊ ယဇ်ပုရောဟိတ် ဇာဒုတ်၊ ယောယဒသားဗေနာ ယ၊ ပရောဖက်နာသန်၊ ရှိမိ၊ ရေဣ
၎င်းတို့မှာ အမျိုးသားများ၏ အမည်များဖြစ်သည်။

အဒေါနိယဘက်မှာ နေကြ၏။
အဒေါနိယအား ကူညီသည်၊ ထောက်ပံ့သည် သို့မဟုတ်ကူညီရန်၊ ထောက်ပံ့ရန် ကတိပေးခဲ့သည်။

1 Kings 09

အင်္ရောဂေလ
လူအများ ရေရရှိသော စမ်းချောင်းအမည်ဖြစ်သည်။

ဇောဟေလက်ကျောက်နား
ယေရုရှလင်မြို့အနီး ကျောက်ဆောင်ပေါ်များသော နေရာဖြစ်သည်။

နွားမှစ၍ ဆူဖြိုးသော အကောင်
"နွားများမှ အသားများစွာ ရရှိသောကြောင့် ဆူဖြိုးသင့်သည်။" သို့မဟုတ် "နွားသားပေါက်ငယ်လေးများသည် ယဇ်ပူဇော်ရန်အတွက် အထူးပြင်ဆင်ထားခြင်းဖြစ်သည်။"

မိမိညီများ.....လူများအပေါင်း
ယေဘုယျ ကောက်ချက်ချခြင်းဖြစ်သည်။

ရှင်ဘုရင်သား မိမိညီ များ
၎င်းစာစုနှစ်စုသည် တူညီသောလူများကို ရည်ညွှန်းသည်။

ရှင်ဘုရင်၏ ကျွန်ယုဒလူများ
၎င်းစာစုနှစ်စုသည် တူညီသောလူများကို ရည်ညွှန်းသည်။

1 Kings 11

ကြားပြီလော?
ထိုမေးခွန်း၏ ရည်ရွယ်ချက်မှာ ပရောဖက်နာသန်သည် ဗာသရှေဘအား ၎င်းအကြောင်းအရာများကို ပြောပြလိုခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကြားပုံ မပေါ်ဘူး" သို့မဟုတ် "ကြားပြီးပြီလား"

ဟဂ္ဂိတ်၏သား အဒေါနိယသည် ရှင်ဘုရင်လုပ်ကြောင်း
ဟဂ္ဂိတ်၏ သား အဒေါနိယသည် ရှင်ဘုရင်ဖြစ်ရန် ကြိုးပမ်းသည်။

ဟဂ္ဂိတ်
ဒါဝိဒ်၏ ဇနီး၊ အဒေါနိယ၏ မိခင် ဖြစ်သည်။

1 Kings 13

ယေဘုယျ အချက်အလက်
ပရောဖက်နာသန်မှ ဗာသရှေဘအား ၎င်းအကြောင်းအရာများအား ဆက်ပြောသည်။

ငါ့အရာ၌ စိုးစံ၍ နန်းထိုင်ရမည်
နန်းထိုင်ခြင်းသည် ဘုရင်ဖြစ်ခြင်း၏ ပြယုဂ် တစ်ခုဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါဘုရင်ဖြစ်သကဲ့သို့ သူဘုရင်ဖြစ်လိမ့်မည်။"

ကိုယ်တော် ကျွန်မ အား
ဗာသရှေဘသည် ဒါဝိဒ်မင်းကြီးအားရိုသေလေးစားမှုကို ပြသရန် မိမိကိုယ်ကို အခြား တစ်စုံတစ်ဦးကဲ့သို့ သုံးနှုန်း၍ ပြောသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ " ကျွန်မကို၊ သင်၏ အစေခံ"

စိုးစံ၍ နန်းထိုင်ရမည်ဟု ကိုယ်တော် ကျွန်မ အား ကျိန်ဆိုတော်မူပြီမဟုတ်လော
ထိုမေးခွန်း၏ ရည်ရွယ်ချက်မှာ ဗာသရှေဘအား ဒါဝိဒ်မင်းကြီးပေးခဲ့သော ကတိကို ပြန်အမှတ်ရစေလိုခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်၏ အစေခံများထံ၌ သင်ကျိန်ဆိုသည်......နန်းထိုင်ရမည်။"

အဒေါ နိယသည် အဘယ်ကြောင့် စိုးစံရပါသနည်း
ဗာသရှေဘသည် ဒါဝိဒ်မင်းကြီး သူမအား အာရုံစိုက်လာရန် သုံးနှုန်းသော မေးခွန်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထို့ကြောင့် အဒေါနိယသည် မအုပ်စိုးသင့်ပါ"


generated on Tue Jul 2 12:50:28 2024

သင်၏စကားကို ထောက်မမည်
"သင်ပြောသော စကားများ မှန်ကန်ကြောင်း သူ့ကို ပြောပါ။"

1 Kings 15

ဘုရင်ရှိရာ အခန်း
"ဘုရင် အိပ်စက်အနားယူသော အခန်း"

ရှုနင်မြို့သူ အဘိရှက်
ဒါဝိဒ်မင်းကြီးအား ပြုစု စောင့်ရှောက်ရန် သူ၏ အစေခံများမှ ခေါ်ဆောင်လာသော အပျိုစင် မိန်းမငယ် ဖြစ်သည်။ (၁:၃) တွင် ဘာသာပြန်ထားပြီး ဖြစ်သည်။

ဦးချ၍ ရှင်ဘုရင်အား ရှိခိုးလျှင်
"ရှင်ဘုရင်၏ရှေ့တွင် အောက်ခြေနှင့် နီးကပ်စွာ ဦးညွတ် အရိုအသေပေးသည်။"

အဘယ်အလိုရှိသနည်း
"သင့်အတွက် အကျွန်ုပ် ဘာလုပ်ပေးရမည်နည်း။"

ကျွန်မ
ဗာသရှေဘသည် ဒါဝိဒ်မင်းကြီးအားရိုသေလေးစားမှုကို ပြသရန် မိမိကိုယ်ကို အခြား တစ်စုံ တစ်ဦးကဲ့သို့ သုံးနှုန်း၍ ပြောသည်။ (၁:၁၃)တွင် ဘာသာပြန်ထားပြီး ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ " ကျွန်မကို၊ သင်၏ အစေခံ"

ငါ့အရာ၌ စိုးစံ၍နန်းထိုင် ရမည်
နန်းထိုင်ခြင်းသည် ဘုရင်ဖြစ်ခြင်း၏ ပြယုဂ် တစ်ခုဖြစ်သည်။ (၁:၁၃)တွင် ဘာသာပြန်ထားပြီး ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါဘုရင်ဖြစ်သကဲ့သို့ သူဘုရင်ဖြစ်လိမ့်မည်။"

ထာဝရဘုရား
ဓမ္မဟောင်းခေတ်ကာလ လူများအားကိုယ်တိုင်ဖော်ပြခဲ့သောထာဝရဘုရား၏ အမည်နာမဖြစ်သည်။

ကျိန်ဆိုတော်မူပြီ
ဤတွင် "သင်" ဟူသော စကားလုံးသည် လေးနက်စေသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင့်ကို သင် ကျိန်ဆိုသော"

1 Kings 18

ယေဘုယျ အချက်အလက်
ဗာသရှေဘသည် ဒါဝိဒ်မင်းကြီးအား ဆက်၍ပြောသည်။

ယခုမှာ
"ကျွန်ုပ် သင့်ကို ပြောနေသော အကြောင်းအရာအပေါ် အာရုံစိုက်ပေးပါ။"

သိုးနွားမှစ၍ ဆူဖြိုးသော အကောင်များ
"နွားထီးများ၊ ဆူဖြိုးသော နွားကလေးများ နှင့် သိုးကလေးများ"

1 Kings 20

ယေဘုယျ အချက်အလက်
ဗာသရှေဘသည် ဒါဝိဒ်မင်းကြီးအား ဆက်၍ပြောသည်။

နန်းထိုင်ရမည်
နန်းထိုင်ခြင်းသည် ဘုရင်ဖြစ်ခြင်း၏ ပြယုဂ် တစ်ခုဖြစ်သည်။ ၎င်းနှင့်တူညီသော စကားလုံးအား (၁:၁၃) တွင် ဖော်ပြထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဘုရင်ဖြစ်လိမ့်မည်"

ဣသရေလအမျိုးသားအပေါင်းတို့သည် ကိုယ်တော်ကို မျှော်ကြည့်လျက်နေကြပါ၏
ဤတွင် "မျက်လုံးများ" ဆိုသည်မှာ ဣသရေလလူမျိုးများကို ရည်ညွှန်းခြင်း ဖြစ်သည်။ ယေဘုယျ ကောက်ချက်ချခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ဣသရေလလူမျိုးအပေါင်းတို့သည် သင့်ကို စောင့်ကြည့်နေကြသည်။"

ကျွန်မအရှင်မင်းကြီးသည် ဘိုးတော် ဘေးတော်တို့နှင့်အတူ ကျိန်းစက်တော်မူသောအခါ၊
ဗာသရှေဘသည် ဒါဝိဒ်မင်းကြီး၏ အကြောင်းအား ရိုသေလေးစားမှုကို ပြသရန် ပြောသည်။ အခြားသော ဘာသာပြန်ဆိုချက် - "ဘိုး၊ ဘေး များနှင့် အတူ အိပ်စက်သောအခါ"

ဘိုးတော် ဘေးတော်တို့နှင့်အတူ ကျိန်းစက်
၎င်းသည် "သေဆုံးခြင်း" ၏ ယဉ်ကျေးသော အသုံးအနှုန်း ဖြစ်သည်။

ကျွန်တော်မနှင့် သားရှောလမုန်သည် ရာဇဝတ်ခံရသော သူဖြစ်ပါ လိမ့်မည်
ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာ ပြန်ဆိုချက် - ရှင်ဘုရင်အသစ်သည် ကျွန်မနှင့် ကျွန်မ၏သား ရှောလမုန်အား အပြစ်ရှိသောသူများအဖြစ် အပြစ်ပေးပါလိမ့်မည်။

1 Kings 22

ယေဘုယျ အချက်အလက်
ပရောဖက်နာသန်မှ ဒါဝိဒ်မင်းကြီးအား ပြောသည်။

ဦးချပြပ်ဝပ်လျက်
နှိမ့်ချစွာ ဦးညွတ်သည်။

1 Kings 24

ယေဘုယျ အချက်အလက်
ပရောဖက်နာသန်သည် ဒါဝိဒ်မင်းကြီးအား ဆက်လက်ပြောသည်။


generated on Tue Jul 2 12:50:28 2024

အိုအရှင်မင်းကြီး၊ ကိုယ်တော်က ငါ့အရာ၌ အဒေါနိယစိုးစံ၍ နန်းထိုင်ရမည်ဟု မိန့်တော်မူသလော
၎င်းကို တစ်ဆင့်စကား အဖြစ် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - " ကျွန်ုပ်နောက်၌ အဒေါနိယသည် စိုးစံ၍ နန်းထိုင်ရမည်ဟု ပြောခဲ့ပါသလား"

နန်းထိုင်ရမည်
နန်းထိုင်ခြင်းသည် ဘုရင်ဖြစ်ခြင်း၏ ပြယုဂ် တစ်ခုဖြစ်သည်။ (၁:၁၃) တွင် ဘာသာပြန်ထားပြီး ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ငါဘုရင်ဖြစ်သကဲ့သို့ သူဘုရင်ဖြစ်လိမ့်မည်"။

အဒေါနိယရှေ့မှာ စား သောက်လျက်
အဒေါနိယသည် မိမိ စားသောက်ပွဲ၌ ဖိတ်ကြားထားသောသူများကို မြင်နိုင်လောက်သော စားပွဲတွင် ထိုင်ခဲ့သည်။ အဓိက ရည်ရွယ်ချက်မှာ အဒေါနိယသည် ပရောဖက်နာသန်၏ လူများနှင့်အတူ ဆင်နွှဲခဲ့ကြသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူနှင့်အတူ စားသည်၊ သောက်သည်။" သို့မဟုတ် "ထိုသူများကို မြင်နိုင်သော နေရာတွင် စားသည်၊ သောက်သည်။"

1 Kings 26

ယေဘုယျ အချက်အလက်
ပရောဖက်နာသန်သည် ဒါဝိဒ်မင်းကြီးအား ဆက်လက်ပြောသည်။

အရှင်မင်းကြီး၏အရာ၌ အဘယ်သူနန်းထိုင် ရမည်ကို ကိုယ်တော်ကျွန်အားပြတော်မမူဘဲ ဤအမှုကို အရှင်မင်းကြီးစီရင်တော်မူပြီလောဟု လျှောက်၏။
ပရောဖက်နာသန်သည် ဒါဝိဒ်မင်းကြီးအား တတိယလူ အဖြစ် ရည်ညွှန်းထားသည်။ ၎င်းသည် ရှင်ဘုရင်အား ရိုသေလေးစားမှုကို ပြသခြင်းဖြစ်သည်။ ဒုတိယလူ အဖြစ်လည်း ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "အကျွန်ုပ်၏သခင် အရှင်မင်းကြီး၏အရာ၌ အဘယ်သူနန်းထိုင် ရမည်ကို ဘုရင်၏ အစေခံများအား မပြောဘဲ ပြုလုပ်ပါသလား"

အဘယ်သူနန်းထိုင် ရမည်
နန်းထိုင်ခြင်းသည် ဘုရင်ဖြစ်ခြင်း၏ ပြယုဂ် တစ်ခုဖြစ်သည်။ ၎င်းနှင့်တူညီသော စကားလုံးအား (၁:၁၃) တွင် ဖော်ပြထားသည်။ အခြားသော ဘာသာပြန်ဆိုချက် - "နောက်တက်မည့် ရှင်ဘုရင်မှာ မည်သူဖြစ်လိမ့်မည်နည်း"။

1 Kings 28

ယေဘုယျ အချက်အလက်
ဒါဝိဒ်မင်းကြီးသည် ဗာသရှေဘအား ကတိပေးသည်။

ရှေ့တော်၌ ရပ်နေ၏
ရှင်ဘုရင်၏ အရှေ့သို့လာသည်။ သို့မဟုတ် ရှင်ဘုရင်ဆီသို့ ပြန်လာသည်။"

အရာ၌စိုးစံ၍ ငါ့ကိုယ်စားနန်းထိုင်ရမည်
နန်းထိုင်ခြင်းသည် ဘုရင်ဖြစ်ခြင်း၏ ပြယုဂ် တစ်ခုဖြစ်သည်။ ၎င်းနှင့်တူညီသော စကားလုံးအား

ကျိန်ဆို
"တည်ကြည်လေးနက်သော ကတိပေးသည်။"

အရှင်ဒါဝိဒ်မင်းကြီးသည် အသက်တော် အစဉ်အမြဲရှင်စေသတည်း
ဗာသရှေဘသည် ဒါဝိဒ်မင်းကြီး အစဉ်အမြဲ အသက်မရှင်နိုင်ကြောင်းသိသည်၊ သူသည် ကောင်းသောဘုရင် ဖြစ်ကြောင်း ဆိုလိုခြင်းဖြစ်သည်။

1 Kings 32

ယေဘုယျ အချက်အလက်
ဒါဝိဒ်မင်းကြီးသည် ရှောလမုန်အား ဘုရင်အဖြစ် ဘိသိတ်ပေးသည်။

သင်တို့အရှင်၏ ကျွန်များ
ယဇ်ပုရောဟိတ် ဇာဒုတ်၊ ပရောဖက် နာသန်၊ ယောယဒသား ဗေနာယတို့သည် ဒါဝိဒ်သည် ဘုရင်ဖြစ်နေဆဲ ဖြစ်ကြောင်း သတိရစေရန် ဒါဝိဒ်မင်းကြီးသည် အခြား တစ်စုံတစ်ဦးအား ပြောသကဲ့သို့ မိမိ ကိုယ်ကိုပြောသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါ၏ အစေခံများ၊ ကျွန်များ"

ဂိဟုန်မြို့
စမ်းချောင်းအမည် ဖြစ်သည်။

1 Kings 35

ယေဘုယျ အချက်အလက်
ဒါဝိဒ်မင်းကြီးသည် သူ၏နောက် ဘုရင်ဖြစ်လာမည့် ရှောလမုန် ကိုယ်စား ဆက်ပြောသည်။

လာ၍ နန်းထိုင် ရမည်
"နန်းထိုင် ရမည်" ဟူသော စကားလုံးကို ဘုရင်ဖြစ်လာခြင်း၏ ပြယုဂ် အဖြစ် (၁:၁၃)၊ (၁:၁၅) နှင့်(၁:၂၈) တို့တွင် သုံးနှုန်းထားသည်။ ဤတွင် ဒါဝိဒ်မင်းကြီးသည် ရှောလမုန်အား တရားဝင် နန်းထိုင်စေခြင်း ဖြစ်သည်။

အာမင်
ဒါဝိဒ်မင်းကြီးပြောသမျှအား သဘောတူသည်၊ ပြုလုပ်မည်။

အရှင် မင်းကြီးကိုးကွယ်သော ဘုရားသခင်ထာဝရဘုရားသည် လည်း ထိုသို့မိန့်တော်မူပါစေသော
ယောယဒသား ဗေနာယသည် ဒါဝိဒ်မင်းကြီးအား ရိုသေလေးစားမှုကို ပြသရန် အခြား တစ်စုံတစ်ဦးအား ပြောသကဲ့သို့ ပြောသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်၏ သခင် နှင့် ရှင်ဘုရင်၊ သင်၏ ဘုရားသခင် ထာဝရဘုရား အတည်ပြုပါစေ။"

အရှင်မင်းကြီးဘက်မှာ ရှိတော်မူသည်နည်းတူ
ယောယဒသား ဗေနာယသည် ဒါဝိဒ်မင်းကြီးအား ရိုသေလေးစားမှုကို ပြသရန် အခြား တစ်စုံတစ်ဦးအား ပြောသကဲ့သို့ ပြောသည်။ အခြားသော ဘာသာပြန်ဆိုချက် - "ကျွန်ုပ်၏ သခင် ရှင်ဘုရင်နှင့် အတူရှိ သကဲ့သို့"

အရှင်မင်းကြီးဒါဝိဒ်၏ ရာဇပလ္လင်ထက် သားတော်၏ ရာဇပလ္လင်သည်သာ၍ ဘုန်းကြီးမည့် အကြောင်း စီရင်တော်မူပါစေသော
"ရာဇပလ္လင်" ဟူသော စကားလုံးသည် ၁။ ပလ္လင်ပေါ်တွင် ထိုင်သောသူ။ အခြားသော ဘာသာပြန်ဆိုချက် - "ပလ္လင်ပေါ်မှာ ထိုင်သောသူသည် ကျွန်ုပ်သခင် အရှင်မင်းကြီး ဒါဝိဒ်၏ ရာဇပလ္လင်ထက် ကြီးမြတ်အောင် ပြုလုပ်သည်။" သို့မဟုတ် ၂။ ပလ္လင်ပေါ်တွင် ထိုင်သောသူ၏ အာဏာသည် နိုင်ငံတော်အပေါ် သက်ရောက်မည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်သခင် အရှင်မင်းကြီး ဒါဝိဒ်၏ ရာဇပလ္လင်ထက် သူ၏ ပလ္လင်အား ကြီးမြတ်အောင် ပြုလုပ်သည်။

အရှင်မင်းကြီးဒါဝိဒ်၏ ရာဇပလ္လင်
ယောယဒသား ဗေနာယသည် ဒါဝိဒ်မင်းကြီးအား ရိုသေလေးစားမှုကို ပြသရန် အခြား တစ်စုံတစ်ဦးအား ပြောသကဲ့သို့ ပြောသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်၏ သခင်၊ ရှင်ဘုရင် ဒါဝိဒ်မင်းကြီး၊ သင်၏ ရာဇပလ္လင်"

1 Kings 38

ယေဘုယျ အချက်အလက်
ဣသရေလ လူမျိုးများသည် မိမိလူမျိုးများအတွက် ရှောလမုန်အား ရှင်ဘုရင်အဖြစ် ဘိသိတ်ပေးကြသည်။

ခေရသိလူ၊ ပေလသိလူ
၎င်းသည် လူမျိုးစုများ၏ အမည်ဖြစ်သည်။

ဂိဟုန်မြို့
၎င်းသည် မြေအောက်မှ သန့်ရှင်းလတ်ဆတ်သော ရေ ထွက်ရာ စမ်းချောင်းအမည် ဖြစ်သည်။

တဲတော်ထဲက ဆီဘူးကိုယူ၍
၎င်းသည် ထာဝရဘုရား၏ ထူးခြားသော တဲတော်အတွင်းတွင် ထားရှိပြီး သံလွင်ဆီဖြည့်ထားသော တိရစ္ဆာန်၏ ဦးချိုအား ယဇ်ပုရောဟိတ်မှ ယူခဲ့သည်။

ဆီဘူးကိုယူ၍
ဖြစ်နိုင်ခြေရှိသော အဓိပ္ပာယ်များမှာ ၁။ သံလွင်ဆီဖြည့်ထားသော တိရစ္ဆာန်၏ ဦးချို သို့မဟုတ် ၂။ မူလ ဦးချိုနေရာတွင် အစားထိုးထားသော ထည့်စရာ ခွက် တစ်မျိုး၊ သို့သော် ယခုတိုင် ဦးချို ဟု ခေါ်တွင် နေဆဲဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ဆီထည့်ထားသော ခွက်ကို ယူခဲ့သည်။"

လူအပေါင်း
ယေဘုယျ ကောက်ချက်ချခြင်း ဖြစ်သည်။

1 Kings 41

ယေဘုယျ အချက်အလက်
အဒေါနိယသည် ကျယ်လောင်သော ဆူညံသံကို ကြားသည်၊ သတင်းကို စောင့်မျှော်သည်။

1 Kings 43

ယေဘုယျ အချက်အလက်
အဒေါနိယသည် ရှောလမုန်အား ဘုရင်အသစ်အဖြစ် လေ့လာသည်။

ခေရသိလူ၊ ပေလသိလူတို့
၎င်းသည် လူမျိုးများ၏ အမည် ဖြစ်သည်။

1 Kings 46

ယေဘုယျ အချက်အလက်
ယဇ်ပုရောဟိတ် အဗျာသာ၏သား ယောနသန်သည် အဒေါနိယအား ရှောလမုန်အကြောင်းကို ဆက်ပြောသည်။

ရာဇပလ္လင်တော်ပေါ်မှာ ထိုင်ပါ၏
ဖြစ်နိုင်ခြေရှိသော အဓိပ္ပာယ်များမှာ ၁။ ထိုစကားလုံးသည် ဘုရင်ဖြစ်ခြင်း၏ ပြယုဂ် တစ်ခုဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "လက်ရှိဘုရင်ဖြစ်သည်" သို့မဟုတ် "ရှောလမုန်သည် လက်တွေ့မြင်ရသော ရာဇပလ္လင်ပေါ်တွင် ထိုင်နေသည်။" တူညီသော စကားလုံးကို

ငါ့နန်း ပေါ်မှာ ထိုင်ရသော သူကို ယနေ့ပေးသနားတော်မူသော
ဖြစ်နိုင်ခြေရှိသော အဓိပ္ပာယ်များမှာ ၁။ ထိုစကားလုံးသည် ဘုရင်ဖြစ်ခြင်း၏ ပြယုဂ် တစ်ခုဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ကျွန်ုပ်ကဲ့သို့ ယနေ့ ရှင်ဘုရင် ဖြစ်လာသောသူ" သို့မဟုတ် "ရှောလမုန်သည် လက်တွေ့မြင်ရသော ရာဇပလ္လင်ပေါ်တွင် ထိုင်နေသည်။" တူညီသော စကားလုံးကို

1 Kings 49

ယေဘုယျ အချက်အလက်
အဒေါနိယသည် ရှောလမုန်မင်းကြီးအား ကြောက်ရွံ့လာသည်။

ထ၍
အခြား ဖြစ်နိုင်ခြေရှိသော အဓိပ္ပာယ်မှာ "လုပ်ဆောင်မှု လျှင်မြန်စွာ စတင်ခဲ့သည်။"

အဒေါနိယသည်လည်း.....ထသွား၍
အခြား ဖြစ်နိုင်ခြေရှိသော အဓိပ္ပာယ်မှာ "အဒေါနိယ ..... လျှင်မြန်စွာ ထွက်သွားသည်။"


generated on Tue Jul 2 12:50:28 2024

အဒေါနိယသည်လည်း ရှောလမုန်ကို ကြောက်သဖြင့် ထသွား၍ ယဇ်ပလ္လင်ဦးချိုတို့ကို ကိုင်လျက်နေ၏
ထို "ယဇ်ပလ္လင်ဦးချို" သည် ထာဝရဘုရား၏ ခွန်အား နှင့် ကွယ်ကာခြင်း သင်္ကေတ ဖြစ်သည်။ သို့သော် အဒေါနိယသည် လက်တွေ့မြင်ရသော ဦးချိုကို ယူရန် တဲတော်ဝန်းထဲသို့ သွားခဲ့သည်။ အတိအကျ ဘာသာပြန်သင့်သည်။

ရှောလမုန်ကို ကြောက် သဖြင့်
အစေခံ ကျွန် များသည် ရှောလမုန်မင်းကြီးအား ရိုသေလေးစားမှုကို ပြသရန် အခြား တစ်စုံတစ်ဦးအား ပြောသကဲ့သို့ ပြောသည်။ အခြားသော ဘာသာပြန်ဆိုချက် - "ရှောလမုန်မင်းကြီးအား ကြောက်ရွံ့သည်။"

ရှောလမုန် မင်းကြီးသည် ကျွန်တော်ကို မကွပ်မျက်မည်အကြောင်း
အဒေါနိယသည် ရှောလမုန်မင်းကြီးအား ရိုသေလေးစားသည်ဟု လူအများထင်စေရန် အခြားသောသူကို ပြောသကဲ့သို့ မိမိကိုယ်ကို ပြောသည်။ အခြားသော ဘာသာပြန်ဆိုချက် - "သူသည် အကျွန်ုပ်ကို သတ်လိမ့်မည် မဟုတ်"

1 Kings 52

ယေဘုယျ အချက်အလက်
ရှောလမုန်သည် အဒေါနိယ၏ ဘဝကို ကယ်တင်ခဲ့သည်။

ဆံခြည်တပင်မျှ မြေသို့မကျရ
ရှောလမုန်သည် အဒေါနိယကို လုံခြုံစေလိမ့်မည်ဟု ပုံကြီးချဲ့ ပြောဆိုခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "သူ၏ဦးခေါင်းပေါ်မှ ဆံပင် တစ်မျှင်မျှ မကျစေရ" သို့မဟုတ် "ငါသည် သူ့ကို လုံခြုံစေမည်။"

အပြစ်ရှိလျှင်
ဤ စိတ္တဇနာမ် ဖြစ်သော "ကိုယ်ကျင့်သိက္ခာ မကောင်းခြင်း" အား "ကြိယာ" အဖြစ် ဘာသာပြန်နိုင်သည်။ ၎င်းသည် ပြောစကားအရ ပစ္စည်းတစ်စုံတစ်ရာရှိခဲ့လျှင် ထည့်စရာထဲတွင် တွေ့နိုင်သည်။ ၎င်းကို ပြုခြင်းပြပုံစံဖြင့်လည်း ဘာသာပြန်နိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "သူသည် မကောင်းသော အရာကို ပြုလုပ်သည်။"

---

## Translation Questions

### 1 Kings 1:1

ရှင်ဘုရင်ဒါဝိဒ် အိုမင်းလာသောအခါ မည်သည့်အရေးကိစ္စများကို ကြုံရသနည်း။
ရှင်ဘုရင်ဒါဝိဒ်မင်းကို အဝတ်များဖြင့် လွှမ်းခြုံကြသော်လည်း၊ မနွေးထွေးနိုင်ပါ။

### 1 Kings 1:3

အဘိရှက်သည် အလွန်အဆင်းလှ၍ ရှင်ဘုရင်အားပြုစုရန်လာသော်လည်း ဒါဝိဒ်သည် သူမနှင့် မည်သို့မပြုဘဲနေသနည်း?
ရှင်ဘုရင်သည် အဘိရှက်နှင့် ရှက်တင်ခြင်းမရှိပါ။

### 1 Kings 1:5

ဟဂ္ဂိတ်သားအဒေါနိယသည် သူကိုယ်သူ မည်ကဲ့သို့ မြောက်ပင့်ခဲ့သနည်း။
ဟဂ္ဂိတ်သားအဒေါနိယသည် ရှင် ဘုရင်လုပ်မည်ဟု အကြံရှိလျက်၊ ကိုယ်ကိုချီးမြှောက်၍ ရထားများနှင့် မြင်းများကိုင်၎င်း၊ မိမိရှေ့၌ပြေးရသော လူငါးဆယ်ကို၎င်း၊ ပြင်ဆင်ခဲ့သည်။

ရှင်ဘုရင်ဒါဝိတ်သည် သူ့သား အဒေါနိယအား စည်းကမ်းဖြင့်ထိန်းသိမ်းခဲ့သလော၊ သူ့အမှားများအတွက် ဆုံးမသလော?
ရှင်ဘုရင်ဒါဝိဒ်သည် အဒေါနိယအား 'အဘယ်ကြောင့် ဤသို့ပြုသနည်း' စသည်ဖြင့် မဆုံးမဘူးပါ။

### 1 Kings 1:7

အဒေါနိယ၏နောက်သို့လိုက်၍ ကူညီသော သူရဲနှစ်ဦးမှာ အဘယ်သူနည်း။
ယွာဘနှင့်အဗျာသာတို့က အဒေါနိယအား ဘုရင်ဖြစ်လာရန်ကူညီပံ့ပိုးသူများဖြစ်သည်။

### 1 Kings 1:9

အဒေါနိယသည် သူပြုလုပ်သော ယဇ်ပူဇော်ပွဲတွင် မည်သူ့ကို မဖိတ်ခေါ်ခဲ့သနည်း။
အဒေါနိယသည် သူပြုလုပ်သော ယဇ်ပူဇော်ပွဲတွင် ပရောဖက်နာသန်၊ ဗေနာယ၊ မှူးကြီးမတ်ကြီးမှ စသော ညီရှောလမုန် စသည်တို့ကို မခေါ်ဖိတ်ခဲ့ပါ။

### 1 Kings 1:11

အဒေါနိယသည် ဘုရင်ဖြစ်လာသဖြင့် သူမအဖို့ အန္တရာယ်ရှိလာကြောင်းကို မည်သူသည် ရှောလမုန်၏အမိ ဗာသရှေဘကို အသိပေးခဲ့သနည်း။
ပရောဖက်နာသန်က ရှောလမုန်နှင့် သူ့အမိ ဗာသရှေဘတို့၏အသက်အန္တရာယ်ရှိလာကြောင်းကို သတိပေးခဲ့ပါသည်။

### 1 Kings 1:13

ရှင်ဘုရင်အားမေးမြန်းလျှောက်ထားရန် ဗာသရှေဘအား ပရောဖက်နာသန်က မည်ကဲ့သို့ ပြောခဲ့သနည်း။
ပရောဖက်နာသန်က 'အရှင်မင်းကြီး၊ ကိုယ်တော်က သင်၏သားရှောလမုန်သည် ငါ့အရာ၌ စိုးစံ၍ နန်းထိုင်ရမည်ဟု ကိုယ်တော် ကျွန်မအား ကျိန်ဆိုတော်မူပြီမဟုတ်လော။


generated on Tue Jul 2 12:50:28 2024

သို့ဖြစ်လျှင် အဒေါနိယသည် အဘယ်ကြောင့် စိုးစံရပါသနည်း' ဟု လျှောက်ထားမေးမြန်းစေခဲ့သည်။

1 Kings 1:15

ရှင်ဘုရင်ဒါဝိဒ်က ဗာသရှေဘအား မည်ကဲ့သို့သော ကတိကဝတ်ပြုခဲ့သနည်း။
ရှင်ဘုရင်ဒါဝိတ်က ဗာသရှေဘအား သူ၏အသက်မီးစာကုန်သောနောက်တွင် ရှောလမုန်အား နန်းတော်ရှင်ဘုရင်အရာ၌ခန့်ထားရန် ကတိကဝတ်ပြုခဲ့သည်။

1 Kings 1:18

အဒေါနိယ၏ပြုမူသမျှအကြောင်းအရာများကို ဗာသရှေဘက ရှင်ဘုရင်ထံမည်ကဲ့သို့ လျှောက်ထားသနည်း။
ဗာသရှေဘက အဒေါနိယသည် သိုးနွားမှစ၍ ဆူဖြိုးသော အကောင်များတို့ကို သတ်ပြီးလျှင် ရှင်ဘုရင်ဖြစ်လုဆဲဖြစ်နေသည်ကို လျှောက်ထားလေသည်။

1 Kings 1:20

ဗာသရှေဘက ရှင်ဘုရင်ဒါဝိဒ် အသက်မီးစာကုန်သွားသောအခါ မည်သည့်အရေးဖြစ်မည်ကို စိုးရိမ်နေခဲ့သနည်း။
သူမစိုးရိမ်သောအရာမှာ သူ၏သားတော် ရှောလမုန်အား ရာဇဝတ်သားအဖြစ်ထားရှိခံရမည်အကြောင်းတွေးပူနေပါသည်။

1 Kings 1:24

ပရောဖက်နာသန်သည် မည်သည့်အတွက်ကြောင့် ရှင်ဘုရင်ဒါဝိဒ်မင်းကြီးထံသို့ လာရောက်ခဲ့သနည်း။
ပရောဖက်နာသန် ရှင်ဘုရင်အား သိစေလိုသော အရာတစ်ခုမှာ ဒါဝိဒ်၏ခွင့်ပြုခြင်းမရှိဘဲ အဒေါနိယ၏ ဘုရင်သဖွယ်ပြုမူခြင်းကို သိစေလိုသောကြောင့်ဖြစ်သည်။

ပရောဖက်နာသန်က ရှင်ဘုရင်အား မည်ကဲ့သို့သော မေးခွန်းကို မေးလျှောက်ခဲ့သနည်း။
ပရောဖက်နာသန်က ရှင်ဘုရင်အား အဒေါနိယစိုးစံ၍ နန်းထိုင်ရမည်ဟု မိန့်တော်မူခဲ့ခြင်းရှိ၊ မရှိကို မေးမြန်းခဲ့သည်။

1 Kings 1:28

ရှင်ဘုရင်ဒါဝိဒ်က ဗာသရှေဘအား မည်သည့်ကတိကို ပြုခဲ့သနည်း။
ရှင်ဘုရင်ဒါဝိဒ်က ဗာသရှေဘ၏သားရှောလမုန်သည် ငါ့အရာ၌စိုးစံ၍ ငါ့ကိုယ်စားနန်းထိုင်ရမည်ဟုကို သိစေခဲ့သည်။

1 Kings 1:32

ရှင်ဘုရင်ဒါဝိဒ်က ဇာဒုတ်၊ နာသန်၊ ဗေနာယတို့အား ရှောလမုန်အတွက် မည်သည့်အရာကို ပြုလုပ်ရန် မိန့်တော်မူခဲ့သနည်း။
ရှင်ဘုရင်ဒါဝိဒ်က ဇာဒုတ်၊ နာသန်၊ ဗေနာယတို့အား ရှောလမုန်ကို ရှင်ဘုရင်အရာ၌ ဘိသိပ်ပေးရန်စေခိုင်းခဲ့သည်။

1 Kings 1:38

ဇာဒုတ်မှ ရှောလမုန်အား ရှင်ဘုရင်အရာ၌ ဘိသိပ်ပေးချိန် လူအများက မည်ကဲ့သို့ တုံ့ပြန်ခဲ့ကြသနည်း။
ဇာဒုတ်မှ ရှောလမုန်အား ရှင်ဘုရင်အရာ၌ ဘိသိပ်ပေးချိန် လူအများက ရှောလမုန်မင်းကြီးသည် အသက်တော်ရှင် စေသတည်းဟု လူအပေါင်းတို့သည် ဟစ်ကြော်ကြသည်။

1 Kings 1:49

ဒါဝိဒ်မင်းကြီးက ရှောလမုန်အားရှင်ဘုရင်အရာ၌ ချီးမြှောက်သောသီတင်းကို ကြားသောအခါ အဒေါနိယသည် မည်သည့်အရာကို ပြုခဲ့သနည်း။
အဒေါနိယသည် ရှောလမုန်အား ကြောက်ရွံ့ခဲ့ပြီး ယဇ်ပလ္လင်ဦးချိုတို့ကို ကိုင်လျက် ထာဝရဘုရား၏အိမ်တော်သို့ သွားခဲ့သည်။

1 Kings 1:52

ရှင်ဘုရင်၏ရှေ့တော်မှောက်သို့ မခေါ်ဆောင်လာမည် ရှောလမုန်က အဒေါနိယအား မည်ကဲ့သို့ စကားမှာလိုက်သနည်း။
ရှောလမုန်ကလည်း အဒေါနိယအား သင့်အိမ်သို့ သွားလော့ဟု မိန့်တော်မူခဲ့သည်။

## Chapter 2

1 ဒါဝိဒ်သည်အနိစ္စရောက်ရသော အချိန်နီးသော အခါ၊ သားတော်ရှောလမုန်ကို ပညတ်ထားတော်မူသည် ကား၊ 2
မြေကြီးသားအပေါင်းတို့၏ သွားရာလမ်းသို့ ငါသွားရမည်။ သို့ဖြစ်၍အားယူလော့။ ယောကျ်ား၏ ဂုဏ်သတ္တိရှိလော့။ 3
ထာဝရဘုရားသည် ငါ့အားဗျာဒိတ်ပေးတော် မူသည်ကား၊ 4 သင်၏သားမြေးတို့သည် စိတ်နှလုံးအကြွင်းမဲ့ ငါ့ရှေ့မှာ သမ္မာတရား၌
ကျင်လည်ခြင်းငှါ မိမိတို့သွားရာ လမ်းကို သတိပြုလျှင်၊ ဣသရေ လနိုင်ငံရာဇပလ္လင်ပေါ် မှာ ထိုင်ရသော
သင်၏အမျိုးမင်းရိုးမပြတ်ရဟု မိန့်တော် မူသော စကားတော်တည်၍၊ သင်သည်ပြုလေရာရာ၊ သွားလေရာရာ၌
အောင်မြင်မည်အကြောင်းသင်၏ ဘုရားသခင်ထာဝရဘုရား၏ လမ်းတော်သို့ လိုက်၍၊ မောရှေ၏ပညတ္တိကျမ်း၌ပါသော
စီရင်ထုံးဖွဲ့ချက်၊ သက်သေခံချက်၊ ပညတ်တရားတော်တို့ကို စောင့်ရှောက် စေခြင်းငှါ မှာထားတော်မူသော စကားကို နားထောင် လော့။
5 ဇေရုယာသားယွာဘသည် ငါ၌ပြုသောအမှု၊ ဣသရေလဗိုလ်ချုပ်နှစ်ပါးနေရ၏သားအာဗနာ၊ ယေသာ ၏ သားအာမသ၌
ပြုသောအမှုတည်းဟူသော သူတို့ကို သတ်၍ စစ်မတိုက်ဘဲ စစ်အသွေးကို သွန်းလောင်း သဖြင့်၊ မိမိဝတ်သောခါးစည်း၊
မိမိနင်းသောခြေနင်းတို့ကို စစ်အသွေးနှင့် လူးသောအမှုကို သင်သိသည်ဖြစ်၍၊ 6 သင်၌ပညာရှိသည်အတိုင်း စီရင်လျက်၊ ဆံပင်
ဖြူသော ထိုသူ၏ဦးခေါင်းကို မရဏာနိုင်ငံသို့ ငြိမ်ဝပ်စွာ မဆင်းစေနှင့်။ 7 ဂိလဒ်ပြည်သားဗာဇိလဲ၏သားတို့ကိုကား ကျေးဇူးပြု၍
စားပွဲတော်၌ စားသောလူစုထဲသို့ ဝင်စေ လော့။ သင့်အစ်ကိုအဗရှလုံကြောင့် ငါပြေးရသောအခါ၊ သူတို့သည်
ထိုသို့သောကျေးဇူးကိုပြု၍ ငါ့ထံသို့ လာကြ၏။ 8 ငါသည်မဟာနိမ်မြို့သို့သွားသော နေ့၌ ငါ့ကို ကြမ်းတမ်းစွာ ကျိန်ဆဲသောသူ၊
ဗယ်မိန်အမျိုးဗာဟု ရိမ်ရွာသား၊ ဂေရ၏သားရှိမိသည် သင့်လက်၌ရှိ၏။ သူသည်ငါ့ကိုခရီးဦးကြိုပြုအံ့သောငှါ ယော်ဒန်မြစ်နားသို့
လာသောအခါ၊ သင့်ကို ငါမကွပ်မျက်ဟု ထာဝရဘုရားကို တိုင်တည်၍ ငါကျိန်ဆိုသော်လည်း၊ 9 ထိုသူကို အပြစ်မရှိသော
သူကဲ့သို့မမှတ်ရဘဲ၊ သင်သည် လိမ္မာသော သူဖြစ်၍ သူ၌အဘယ်သို့ စီရင် သင့်သည်ကို သိသည်နှင့်အညီ၊ ဆံပင်ဖြူသော ထိုသူ၏
ခေါင်းကို အသေသတ်ခြင်းအားဖြင့် မရဏာနိုင်ငံသို့ ဆင်းစေလော့ဟု မှာထားတော်မူပြီးမှ၊ 10 ဒါဝိဒ်သည်ဘိုးတော်ဘေးတော်တို့နှင့်
အိပ်ပျော် ၍ ဒါဝိဒ်မြို့၌ သင်္ဂြိုဟ်ခြင်းကို ခံတော်မူ၏။ 11 ဟေဗြုန်မြို့၌ခုနစ်နှစ်၊ ယေရုရှလင်မြို့၌ သုံး ဆယ်သုံးနှစ် မင်းပြု၍
ဣသရေလနိုင်ငံကို အနှစ် လေးဆယ်စိုးစံတော်မူ၏။ 12 ရှောလမုန်သည် ခမည်းတော်ဒါဝိဒ်၏ ရာဇ ပလ္လင်ပေါ်မှာ ထိုင်တော်မူ၍၊
အာဏာတော်သည် အမြဲတည်၏။ 13 ထိုနောက် ဟဂ္ဂိတ်၏သား အဒေါနိယသည် ရှောလမုန်၏ မယ်တော်ဗာသရှေဘထံသို့သွား၍၊
ဗာသရှေဘက သင်သည်မိတ်ဆွေဖွဲ့လျက် လာသလော ဟုမေးလျှင်၊ မိတ်ဆွေဖွဲ့လျက် လာပါ၏။ 14 ပြောစရာတစုံတခုရှိပါသည်ဟု
ဆိုသော်၊ မယ်တော်က ပြောပါဟု ပြန်ဆို၏။ 15 အဒေါနိယကလည်း၊ နိုင်ငံတော်သည် ကျွန်ုပ် လက်သို့ရောက်သည်ကိုငှင်း၊
ဣသရေလအမျိုးသား အပေါင်းတို့သည် ကျွန်ုပ်ကို ရှင်ဘုရင်အဖြစ်၌ ချီးမြှောက် ချင်သည်အကြောင်းကိုငှင်း မယ်တော်သိပါ၏။
သို့သော် လည်းနိုင်ငံတော်သည် ကျွန်ုပ်လက်မှလွဲ၍ ညီတော်လက် သို့ ရောက်ပါပြီ။ ထိုသို့ထာဝရဘုရားအလိုတော်ရှိ၏။ 16 ယခုမှာ
တစုံတခုသော ဆုကို မယ်တော်၌ တောင်းချင်ပါ၏။ မငြင်းပါနှင့်ဟုဆိုလျှင်၊ မယ်တော်က ပြောပါဟုဆို၏။ 17
သူကလည်းရှောလမုန်မင်းကြီးသည် ရှုနင်မြို့သူ အဘိရှက်ကို ကျွန်ုပ်အား ပေးစားတော်မူမည်အကြောင်း လျှောက်ပါတော့။
မင်းကြီးသည် မယ်တော်ကို ငြင်းတော် မမူနိုင်ဟု ဆိုလေသော်၊ 18 ဗာသရှေဘကကောင်းပြီ။ သင့်အဘို့နားတော် လျှောက်မည်ဟု
ဆိုပြီးမှ၊ အဒေါနိယအဘို့ နားတော် လျှောက်မည်ဟုဆိုပြီးမှ၊ အဒေါနိယအဘို့ နားတော် လျှောက်အံ့သောငှါ
ရှောလမုန်မင်းကြီးထံတော်သို့သွား၏။ 19 ရှင်ဘုရင်သည် မယ်တော်ကို ခရီးဦးကြိုပြုအံ့ သောငှါ ထ၍ ဦးချပြီးမှ၊ ပလ္လင်တော်ပေါ်မှ
ထိုင်တော် မူ၏။ မယ်တော်ထိုင်စရာဘို့ စီရင်၍ သူသည် လက်ျာ တော်ဘက်မှာ ထိုင်လေ၏။ 20 ထိုအခါ မယ်တော်က၊ ငယ်သောဆု
တစုံတခုကို တောင်းချင်သည်ဖြစ်၍ မငြင်းပါနှင့်ဟု လျှောက်လျှင်၊ ရှင်ဘုရင်ကမိခင်၊ တောင်းပါ၊ ကျွန်ုပ်မငြင်းပါဟု မိန့်တော် မူ၏။ 21
မယ်တော်ကလည်း၊ ရှုနင်မြို့သူ အဘိရှက်ကို နောင်တော်အဒေါနိယအား ပေးစားတော်မူပါဟု တောင်း လေသော်၊ 22
ရှောလမုန်မင်းကြီးက၊ အဒေါနိယအဘို့ ရှုနင် မြို့သူ အဘိရှက်ကိုသာ အဘယ်ကြောင့် တောင်းရ သနည်း။ နိုင်ငံတော်ကိုလည်း သူ့အဘို့
တောင်းပါလော့။ သူသည်ကျွန်ုပ်နောင်တော်ဖြစ်၏။ သူနှင့်ယဇ်ပုရောဟိတ် အဗျာသာ၊ ဇေရုယာ၏ သားယွာဘအဘို့ တောင်းပါလော့
ဟု မယ်တော်အား ပြန်ပြောပြီးမှ၊ 23 တဖန်အဒေါနိယသည် ထိုသို့တောင်းသော်၊ မိမိ အသက်သေစေခြင်းငှါ မတောင်းမိလျှင်၊
ဘုရားသခင် သည် ငါ့အားထိုမျှမက ပြုတော်မူစေသတည်း။ 24 ငါ့ကိုမြဲမြံစေသဖြင့်၊ ငါ့ခမည်းတော် ဒါဝိဒ်၏ ရာဇပလ္လင်တော်ပေါ်မှာ
တင်၍ဂတိတော်နှင့်အညီ ငါ့နေရာနန်းတော်ကို ပေးတော်မူသော ထာဝရဘုရား အသက်ရှင်တော်မူသည်အတိုင်း၊ အဒေါနိယသည် ယနေ့
အသေခံရမည်ဟု ထာဝရဘုရားကိုတိုင်တည်၍ ကျိန်ဆို ပြီးမှ၊ 25 ယောယဒသား ဗေနာယကိုစေလွှတ်၍၊ အဒေါ နိယကို
သေအောင်လုပ်ကြံလေ၏။ 26 ယဇ်ပုရောဟိတ် အဗျာသာကိုလည်းရှင်ဘုရင် ခေါ်၍၊ သင်သည် အာနသုတ်မြို့၊ သင်ပိုင်သော မြေသို့
သွားလော့။ သင်သည် အသေခံထိုက်သော်လည်း ယခု ငါမစီရင်။ အကြောင်းမူကား၊ ထာဝရ အရှင်ဘုရားသခင် ၏သေတ္တာတော်ကို
ငါ့ခမည်းတော် ဒါဝိဒ်ရှေ့မှာ ထမ်း လေပြီ။ ငါ့ခမည်းတော်ဆင်းရဲခံလေရာရာ၌ သင်သည် ဆင်းရဲခံလေပြီဟု မိန့်တော်မူ၏။ 27
ထာဝရဘုရားသည် ဧလိအမျိုးကို အကြောင်း ပြု၍၊ ရှိလောမြို့၌ မိန့်တော်မူသော စကားပြည့်စုံမည် အကြောင်း၊ ရှောလမုန်သည်
အဗျာသာကို ထာဝရဘုရား ထံတော်၌ ယဇ်ပုရောဟိတ်မဖြစ်စေခြင်းငှါ နှင်ထုတ်တော် မူ၏။ 28 ယွာဘမူကား၊ အဗရှလုံ


generated on Tue Jul 2 12:50:28 2024

နောက်သို့မလိုက်သော် လည်း၊ အဒေါနိယနောက်သို့ လိုက်သောသူဖြစ်၍၊ ထို သိတင်းကို ကြားသောအခါ၊ ထာဝရဘုရား၏ တဲတော်သို့
ပြေး၍ ယဇ်ပလ္လင်ဦးချိုတို့ကို ကိုင်လျက်နေ၏။ 29 ယွာဘသည် ထာဝရဘုရား၏ တဲတော်သို့ ပြေးပါပြီ။ ယဇ်ပလ္လင်
အနားမှာရှိပါသည်ဟု ရှောလမုန် မင်းကြီးအား လျှောက်သောအခါ၊ ယွာဘကို လုပ်ကြံ လော့ဟု ယောယဒသား ဗေနာယကို
စေလွှတ်တော်မူ၏။ 30 ဗေနာယသည် ထာဝရဘုရား၏ တဲတော်သို့ သွား၍၊ ရှင်ဘုရင်ခေါ်တော်မူသည်ဟုဆိုလျှင်၊ ယွာဘက ငါမသွား၊
ဤအရပ်မှာ အသေခံမည်ဟုဆို၏။ ဗေနာယ ကလည်း၊ ယွာဘသည်ဤသို့ပြန်ပြောပါ၏ဟု နားတော် လျှောက်လေသော်၊ 31
ရှင်ဘုရင်က၊ အပြစ်မရှိသော သူ၏အသက်ကို ယွာဘသတ်သောအပြစ်နှင့် ငါမှစ၍ ငါ့အဆွေအမျိုး ကင်းစင်မည်အကြောင်း
သူ့စကားအတိုင်းပြုလော့။ သူ့ကို လုပ်ကြံ၍ သင်္ဂြိုဟ်လော့။ 32 သူသည် မိမိထက်သာ၍ ဖြောင့်မတ် ကောင်း မြတ်သောသူ၊
ဣသရေလဗိုလ်ချုပ်နေရ၏သား အာဗနာ နှင့်ယုဒဗိုလ်ချုပ်ယေသာ၏သားအာမသကို ငါ့ခမည်း တော် ဒါဝိဒ်မသိဘဲ တိုက်၍ထားနှင့်
သတ်သော အပြစ် ကို ထာဝရဘုရားသည် သူ၏ခေါင်းပေါ်သို့ သက်ရောက် စေတော်မူမည်။ 33 ထိုသူတို့၏ အသွေးသည် ယွာဘခေါင်း၊
သားမြေးတို့၏ ခေါင်းပေါ်မှာ အစဉ်သက်ရောက်ပါစေ။ ဒါဝိဒ်နှင့် သူ၏ဆွေတော်မျိုးတော်၊ နန်းတော်၊ ရာဇပလ္လင် တော်၌
ထာဝရဘုရားပေးတော်မူသော ငြိမ်ဝပ်ခြင်း အမြဲသက်ရောက်ပါစေဟု မိန့်တော်မူသည်အတိုင်း၊ 34 ယောယဒသား ဗေနာယသည်
သွားပြီးလျှင်၊ ယွာဘကို တိုက်သတ်၍ တောအရပ်၊ ယွာဘနေရာအိမ်၌ သင်္ဂြိုဟ်လေ၏။ 35 ဗိုလ်ချုပ်ယွာဘအရာ၌ ယောယဒသား
ဗေနာယကိုငင်း၊ အဗျာသာအရာ၌ ယဇ်ပုရောဟိတ် ဇာဒုတ်ကိုငင်း ရှင်ဘုရင်ခန့်ထားတော်မူ၏။ 36 တဖန်ရှင်ဘုရင်သည် ရှိမိကို
ခေါ်ပြီးလျှင်၊ သင်သည် ယေရုရှလင်မြို့ထဲမှာ အိမ်ကိုဆောက်၍ နေရ မည်။ မြို့ပြင်သို့ထွက်၍ အဘယ်အရပ်ကို မျှမသွားနှင့်။ 37
မြို့ပြင်သို့ထွက်၍ ကေဒြုန်ချောင်းကို ကူးလျှင်၊ ကူးသောနေ့၌ အသေသတ်ခြင်းကို အမှန်ခံရမည်ဟု သတိနှင့်မှတ်လော့။
သင့်အသွေးသည် သင့်ခေါင်းပေါ်မှာ သက်ရောက်စေဟု မိန့်တော်မူသော်၊ 38 ရှိမိက၊ အမိန့်တော်ကောင်းပါ၏။ အရှင်မင်းကြီး
မိန့်တော်မူသည်အတိုင်း ကိုယ်တော်ကျွန်ပြုပါမည်ဟု ပြန် လျှောက်၍ ယေရုရှလင်မြို့၌ ကြာမြင့်စွာနေလေ၏။ 39 သို့ရာတွင်
သုံးနှစ်လွန်သောအခါ၊ ရှိမိ၏ကျွန် နှစ်ယောက်တို့သည် ဂါသမင်းကြီးမာခါသား အာခိတ်ထံ သို့ပြေး၍ ဂါသမြို့၌ရှိကြောင်းကို
ရှိမိသည်ကြားလေသော်၊ 40 ထ၍မြည်းကို ကုန်းနှီးတင်ပြီးလျှင်၊ ကျွန်တို့ကို ရှာအံ့သောငှါ ဂါသမြို့၊ အာခိတ်ထံသို့သွား၍ ကျွန်တို့ကို
ခေါ်လေ၏။ 41 ထိုသို့ရှိမိသည် ယေရုရှလင်မြို့မှ ဂါသမြို့သို့ သွား၍ ပြန်လာကြောင်းကို ရှောလမုန်မင်းကြီး ကြား လေသော်၊ 42 ရှိမိကို
ခေါ်ပြီးလျှင်၊ သင်သည် မြို့ပြင်သို့ ထွက် ၍ အခြားတပါးသော အရပ်သို့သွားလျှင်၊ သွားသောနေ့၌ အသေသတ်ခြင်းအမှန်ခံရမည်ကို
သတိနှင့်မှတ်လော့ဟု ထာဝရဘုရားကိုတိုင်တည်လျက် သင့်ကို ငါကျိန်ဆိုစေ၍ သတိပေးသည်မဟုတ်လော။ သင်ကလည်း ကျွန်တော်
ကြားရသော အမိန့်တော်ကောင်းပါသည်ဟု ဝန်ခံသည် မဟုတ်လော။ 43 သို့ဖြစ်၍ ထာဝရဘုရား၏သစ္စာတော်ကိုငင်း၊ ငါမှာထားသော
ပညတ်ကိုငင်း၊ ငါမှာထားသော ပညတ် ကိုငင်း အဘယ်ကြောင့် မစောင့်သနည်းဟု မိန့်တော် မူပြီးမှ၊ 44 တဖန်သင်သည်
ကိုယ်နှစ်သက်သည်အတိုင်း ငါ့ခမည်းတော်ဒါဝိဒ်၌ ပြုဘူးသော ဒုစရိုက်ရှိသမျှကို သင်သိ၏။ သင်၏ဒုစရိုက်အပြစ်ကို
ထာဝရဘုရားသည် သင့်ခေါင်းပေါ်သို့ ရောက်စေတော်မူ၏။ 45 ရှောလမုန်မင်းကြီးသည် မင်္ဂလာရှိ၍ ဒါဝိဒ်၏ ရာဇပလ္လင်တော်သည်
ထာဝရဘုရားရှေ့တော်၌ အစဉ် အမြဲတည်ပါစေသတည်းဟု မိန့်တော်မူပြီးလျှင်၊ 46 ယောယဒသား ဗေနာယသည် အမိန့်တော်ကို ခံ၍
ပြင်သို့ထွက်ပြီးလျှင် ရှိမိကိုသေအောင်လုပ်ကြံ လေ၏။ ထိုသို့နိုင်ငံတော်သည် ရှောလမုန်လက်၌ တည်၏။

---

1 Kings 01

မြေကြီးသားအပေါင်းတို့၏ သွားရာလမ်းသို့ ငါသွားရမည်
၎င်းသည် "ငါသေတော့မည်" ဟူသောစကားအား ယဉ်ကျေးစွာ ပြောဆိုသုံးနှုန်းခြင်း ဖြစ်သည်။

ယောကျာ်း၏ ဂုဏ်သတ္တိရှိလော့
မြှုပ်ကွက်များအား ဖြည့်နိုင်သည်။အခြားသော ဘာသာပြန်ဆိုချက် - "လူတိုင်းအား ယောကျာ်းပီသကြောင်း ပြသပါ" သို့မဟုတ် "သင် ယောကျာ်းကောင်းဖြစ်ကြောင်း လူတိုင်းသိမြင်စေရန် အသက်ရှင်ပါ"

စိတ်နှလုံးအကြွင်းမဲ့
၎င်း အထူးဝိသေသ ဆောင်သော စကားလုံး "နှလုံးသားတစ်ခုလုံးဖြင့်" ၏ ဆိုလိုရင်းမှာ "ပြီးပြည့်စုံခြင်း" နှင့် "ဝိညာဉ်တစ်ခုလုံးဖြင့်" ၏ ဆိုလိုရင်းမှာ "ဖြစ်ခြင်းအလုံးစုံဖြင့်" ဖြစ်သည်။ ၎င်းစကားစု နှစ်စုတွင် တူညီသော အဓိပ္ပာယ်ရှိသည်။ အခြားသော ဘာသာပြန်ဆိုချက် - "ဖြစ်ခြင်းအလုံးစုံဖြင့်" သို့မဟုတ် "အစွမ်းခွန်အား ရှိသမျှဖြင့်"

ငါ့ရှေ့မှာ သမ္မာတရား၌ ကျင်လည်ခြင်းငှါ
ထာဝရဘုရားသည် ဒါဝိဒ်အား ပြောနေသည်။ ထို့ကြောင့် "ကျွန်ုပ်ကို" ဟူသော စကားလုံးသည် ထာဝရဘုရားကို ရည်ညွှန်းသည်။

သင်၏သားမြေးတို့သည် ... သင်၏အမျိုးမင်းရိုးမပြတ်ရ
ထာဝရဘုရားသည် ဒါဝိဒ်အား ပြောနေသည်။ ထို့ကြောင့် "သင်" နှင့် "သင်၏" ဟူသော စကားလုံးသည် ဒါဝိဒ်ကို ရည်ညွှန်းသည်။

ဣသရေ လနိုင်ငံရာဇပလ္လင်ပေါ် မှာ ထိုင်ရသော သင်၏အမျိုးမင်းရိုးမပြတ်ရ
"ရာဇပလ္လင်" ဟူသော စကားလုံးသည် ရာဇပလ္လင်ပေါ်တွင် ထိုင်သော ရှင်ဘုရင်အတွက် ပြယုဂ် တစ်ခုဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "သင်၏မျိုးရိုးတွင် ဣသရေလမင်းမျိုးရိုး မပြတ်စေရ" ထော့ငေါ့ပြောသောစကားဖြစ်သော "မပြတ်စေရ" ကို အပြုသဘောဖြင့် ဖော်ပြနိုင်သည်။ အခြားသော

 generated on Tue Jul 2 12:50:28 2024

ဘာသာပြန်ဆိုချက် - "သင်၏မျိုးရိုးမှ ဆင်းသက်လာသော သူတစ်ဦးဦးသည် ဣသရေလလူမျိုးများ၏ ဘုရင် အစဉ်အမြဲ ဖြစ်လိမ့်မည်။"

စကားတော်တည်၍
"သူလုပ်မည်ဟု ကတိပေးထားသော အရာတိုင်းကို လုပ်သည်။"

အောင်မြင်မည်အကြောင်း
"အောင်မြင်မှု" သို့မဟုတ် "ကောင်းစွာလုပ်သည်"

ဘုရားသခင်ထာဝရဘုရား၏ လမ်းတော်သို့ လိုက်၍၊
လမ်းကြောင်းတစ်ခုအပေါ် လျှောက်လှမ်းခြင်းသည် လူတစ်ဦး၏ ဘဝအသက်တာလမ်း ပြယုဂ် တစ်ခုဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "အမိန့်တော်များအတိုင်း အသက်ရှင်ပါ"

1 Kings 05

ယေဘုယျ အချက်အလက်
ဒါဝိဒ်မင်းကြီးသည် ရှောလမုန်အား ဣသရေလလူမျိုးများအား မည်ကဲ့သို့ ဦးဆောင်ရမည်ကို ဆက်ပြောသည်။

ဇေရုယာသားယွာဘသည် ငါ၌ပြုသောအမှု၊
ဒါဝိဒ်သည် တူညီသောအရာအား နှစ်ကြိမ် ရည်ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက် - "ဇေရုယာသား ယွာဘသည် ငါ၌ပြုသည့်အရာမှာ သူပြုလုပ်ခဲ့သောအရာ"

စစ်မတိုက်ဘဲ စစ်အသွေးကို သွန်းလောင်း သဖြင့်
ဖြစ်နိုင်ခြေရှိသော အဓိပ္ပာယ်များမှာ - ၁။ စစ်ပွဲအတွင်း အသတ်ခံရသကဲ့သို့ စစ်အေးသော အချိန်ကာလ အတွင်း ထိုလူများကိုသတ်ခဲ့သည်။ သို့မဟုတ် ၂။ စစ်ပွဲအတွင်း လူအများ အသတ်ခံခဲ့ရသောကြောင့် စစ်အေးသော အချိန်ကာလ အတွင်း ထိုလူများကို လက်စားချေခဲ့သည်။

မိမိဝတ်သောခါးစည်း၊ မိမိနင်းသောခြေနင်းတို့ကို စစ်အသွေးနှင့် လူးသောအမှု
ဖြစ်နိုင်ခြေရှိသော အဓိပ္ပာယ်များမှာ - ၁။ သူတို့ အသွေးများသည် ယွာဘ၏ ခါးစည်း(ခါးပတ်) နှင့် ခြေနင်း(ကြိုးသိုင်းဖိနပ်)ပေါ်တွင် ပေကျံနေသောကြောင့် ထိုသူများကို သတ်သောအချိန်တွင် ယွာဘသည် အနီးဆုံးတွင် ရှိခဲ့သည်။ သို့မဟုတ် ၂။ "သွေး" ဟူသောစကားလုံးသည် လူသတ်ခြင်း၏ အပြစ်အတွက် ရလဒ်တစ်ခုဖြစ်သည်။ထို့ပြင် "ခါးစည်း နှင့် ဖိနပ်"သည် ယွာဘ၏ အမိန့်နှင့်အာဏာ အတွက် သင်္ကေတ ဖြစ်သည်။ ထို့ကြောင့် ယွာဘသည် လူသတ်ခြင်း၏ အပြစ်ကြောင့် စစ်တပ်၏ ဗိုလ်ချုပ် မဖြစ်သင့်ကြောင်း ဒါဝိဒ် ပြောခဲ့သည်။

ဆံပင်ဖြူသော ထိုသူ၏ဦးခေါင်းကို မရဏာနိုင်ငံသို့ ငြိမ်ဝပ်စွာ မဆင်းစေ နှင့်။
"ယွာဘသည် အသက်မကြီးခင် ရက်စက်စွာဖြင့် သေဆုံးမည်အကြောင်းကို သေချာစေပါ။"

1 Kings 07

ယေဘုယျ အချက်အလက်
ဒါဝိဒ်မင်းကြီးသည် ရှောလမုန်အား ဣသရေလလူမျိုးများအား မည်ကဲ့သို့ ဦးဆောင်ရမည်ကို ဆက်ပြောသည်။

ဗာဇိလဲ
အမျိုးသား တစ်ဦး၏ အမည်

စားပွဲတော်၌ စားသောလူစုထဲသို့ ဝင်စေ လော့
စားပွဲရှိသောနေရာသည် အိမ်၏ ပြယုဂ် ဖြစ်သည်။ အခြားသော ဘာသာ ပြန်ဆိုချက် - "ထိုသူတို့အား သင်၏ အိမ်တွင် စားသောက်ရန် ကြိုဆိုသည်။"

1 Kings 08

ယေဘုယျ အချက်အလက်
ဒါဝိဒ်မင်းကြီးသည် ရှောလမုန်အား ဣသရေလလူမျိုးများအား မည်ကဲ့သို့ ဦးဆောင်ရမည်ကို ဆက်ပြောသည်။

မဟာနိမ်....ဗာဟု ရိမ်
နေရာများ၏ အမည်များ ဖြစ်သည်။

ဗယ်္ာမိန်အမျိုး
ဗယ်္ာမိန်မျိုးနွယ်

ဂေရ၏သားရှိမိ
အမျိုးသားများ၏ အမည်ဖြစ်သည်။

အပြစ်မရှိသော သူကဲ့သို့မမှတ်ရဘဲ
အပြုသဘောဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာ ပြန်ဆိုချက် - "သူ့ကို အပြစ်ပေးဖို့ရန် သေချာစေပါ"

ဆံပင်ဖြူသော ထိုသူ၏ ခေါင်းကို အသေသတ်ခြင်းအားဖြင့် မရဏာနိုင်ငံသို့ ဆင်းစေလော့
သွေးသည် အကြမ်းဖက် သေဆုံးခြင်း၏ ပြယုဂ် တစ်ခုဖြစ်သည်။ ဦးခေါင်းသည် လူတစ်ယောက်လုံးအတွက် အချုပ် ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "အကြမ်းဖက် သေခြင်းဖြင့် သေဆုံးကြောင်း သေချာစေပါ"

1 Kings 10

ယေဘုယျ အချက်အလက်
ဒါဝိဒ်သေဆုံးပြီးနောက်တွင် ရှောလမုန်သည် ဣသရေလလူမျိုးများ၏ ဘုရင်အသစ် အဖြစ် နေရာယူခဲ့သည်။

ဘိုးတော်ဘေးတော်တို့နှင့် အိပ်ပျော်
ဒါဝိဒ်သေဆုံးခြင်းသည် စကားအရ အိပ်ပျော်သကဲ့သို့ ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "သေသည်"

ဒါဝိဒ်သည်ဘိုးတော်ဘေးတော်တို့နှင့် အိပ်ပျော် ၍ ဒါဝိဒ်မြို့၌ သင်္ဂြိုဟ်ခြင်းကို ခံတော်မူ၏
ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ဒါဝိဒ်.....သူတို့သည် သူ့ကို သင်္ဂြိုဟ်ခဲ့ကြသည်"

မင်းပြု၍ ဣသရေလနိုင်ငံ
"ဒါဝိဒ် ဣသရေလတိုင်းပြည်ကို စိုးစံခဲ့သော အချိန်" သို့မဟုတ် "ဒါဝိဒ် ဣသရေလတိုင်းပြည်အပေါ် စိုးစံခဲ့သည်"

ခမည်းတော်ဒါဝိဒ်၏ ရာဇ ပလ္လင်ပေါ်မှာ ထိုင်တော်မူ၍
ရာဇပလ္လင်သည် ရှင်ဘုရင်၏ လုပ်ပိုင်ခွင့် အာဏာကို ကိုယ်စားပြုသည်။ အခြားသော ဘာသာပြန်ဆိုချက် - "သူ၏ ဖခင် ဒါဝိဒ်မင်းကြီး ကဲ့သို့ ရှင်ဘုရင် ဖြစ်လာသည်"

အာဏာတော်သည် အမြဲတည်၏။
ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာ ပြန်ဆိုချက် - "ထာဝရဘုရားသည် ရှောလမုန်၏ အာဏာတော် (စည်းမျဉ်း၊ နည်းဥပဒေသ)ကို အမြဲတည်စေသည်" သို့မဟုတ် "ထာဝရဘုရားသည် ရှောလမုန်အား နိုင်ငံတော်၏ ပြည့်စုံသော ထိန်းချုပ်မှုကို ယူစေခဲ့သည်။

1 Kings 13

ယေဘုယျ အချက်အလက်
အဒေါနိယသည် ဗာသရှေဘထံသို့ လာ၍ စကားပြောသည်။

မိတ်ဆွေဖွဲ့လျက်
"ထိခိုက်စေလိုသော ဆန္ဒမရှိ"

ဣသရေလအမျိုးသား အပေါင်း
ယေဘုယျ ကောက်ချက်ချခြင်း ဖြစ်သည်။

လွဲ၍
"ကျွန်ုပ်တို့ ဖြစ်လာဖို့ရန် မျှော်လင့်ထားသော အရာ ဖြစ်မလာခြင်း"

နိုင်ငံတော်သည် ကျွန်ုပ်လက်မှလွဲ၍ ညီတော်လက် သို့ ရောက်ပါပြီ
ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ထာဝရဘုရားသည် နိုင်ငံတော်အား ကျွန်ုပ်၏ ညီ ထံသို့ ပေးခဲ့သည်။" သို့မဟုတ် "ကျွန်ုပ်၏ ညီသည် ဘုရင်ဖြစ်လာခဲ့သည်"

1 Kings 16

ယေဘုယျ အချက်အလက်
အဒေါနိယသည် ဗာသရှေဘထံသို့ တောင်းဆိုသည်။

မငြင်းပါနှင့်..... ငြင်းတော် မမူနိုင်
တစ်စုံ တစ်ဦး၏ မျက်နှာလွှဲခြင်းသည် တစ်စုံတစ်ဦးအား ကြည့်ရန် ငြင်းဆိုခြင်း ဖြစ်သည်။ ဤတွင် ထိုသူ၏ တောင်းဆိုမှုအား ငြင်းဆန်ရန်အတွက် ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ကျွန်ုပ်တောင်းဆိုသောအရာအား လုပ်ဆောင်ရန် မငြင်းပါနှင့်.......သင်တောင်းဆိုသောအရာအားပြုလုပ်ရန် သူငြင်းလိမ့်မည် မဟုတ်"

ရှုနင်မြို့သူ အဘိရှက်
(ရှု၊ 1:3)

1 Kings 19

ယေဘုယျ အချက်အလက်
ဗာသရှေဘသည် အဒေါနိယ၏ တောင်းဆိုမှုနှင့်အတူ ရှောလမုန်မင်းကြီး ထံသို့ သွားသည်။

ရှင်ဘုရင်သည် မယ်တော်ကို ခရီးဦးကြိုပြုအံ့ သောငှါ ထ၍
"ရှင်ဘုရင်သည် မိမိထိုင်နေသော ပလ္လင်ပေါ်မှ မတ်တပ် ထသည်။"

မယ်တော်
ဗာသရှေဘ

ထိုင်စရာဘို့ စီရင်၍
ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - ထိုင်စရာ ယူဆောင်လာရန် တစ်စုံတစ်ဦးအား ပြောသည်။

မငြင်းပါနှင့်ဟု လျှောက်လျှင်.....ကျွန်ုပ်မငြင်းပါဟု
တစ်စုံ တစ်ဦး၏ မျက်နှာလွှဲခြင်းသည် တစ်စုံတစ်ဦးအား ကြည့်ရန် ငြင်းဆိုခြင်းဖြစ်သည်။ ဤတွင် ထိုသူ၏ တောင်းဆိုမှုအား ငြင်းဆန်ရန်အတွက် ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ကျွန်ုပ်တောင်းဆိုသောအရာအား လုပ်ဆာင်ရန် သင်ငြင်းလိမ့်မည် မဟုတ်"... "သင်တောင်းဆိုသောအရာအားပြုလုပ်ရန် ကျွန်ုပ် ငြင်းလိမ့်မည် မဟုတ်" တူညီသော စကားလုံးများအား

ရှုနင်မြို့သူ အဘိရှက်ကို နောင်တော်အဒေါနိယအား ပေးစားတော်မူပါ
ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "အဒေါနိယအား ခွင့်ပြုပါ ...... ရှုနင်မြို့သူ အဘိရှက်အား လက်ထပ်ရန်" သို့မဟုတ် "ရှုနင်မြို့သူ အဘိရှက်အား အဒေါနိယထံ ပေးပါ........သူ၏ ဇနီးအဖြစ်"

1 Kings 22

ယေဘုယျ အချက်အလက်
ရှောလမုန်မင်းကြီးသည် အဒေါနိယ၏ တောင်းဆိုမှုအား အဖြေပေးသည်။

အဒေါနိယအဘို့ ရှုနင် မြို့သူ အဘိရှက်ကိုသာ အဘယ်ကြောင့် တောင်းရသနည်း။ နိုင်ငံတော်ကိုလည်း သူ့အဘို့ တောင်းပါလော့။ သူသည်ကျွန်ုပ်နောင်တော်ဖြစ်၏။ သူနှင့်ယဇ်ပုရောဟိတ် အဗျာသာ၊ ဇေရုယာ၏ သားယွာဘအဘို့ တောင်းပါလော့
ရှောလမုန်မင်းကြီးသည် မိခင်၏ တောင်းဆိုမှုအား စိတ်ဆိုးခဲ့သည်။ အခြားသော ဘာသာပြန်ဆိုချက် - "သင်သည်


generated on Tue Jul 2 12:50:28 2024

တောင်းဆိုမှု မှားယွင်းခဲ့ပြီ...အဒေါနိယ! ထိုတောင်းဆိုမှုသည် နိုင်ငံတော်အား တောင်းဆိုသကဲ့သို့ ဖြစ်သည်....ဇေရုယာ"

မိမိ အသက်သေစေခြင်းငှါ မတောင်းမိလျှင်၊ ဘုရားသခင် သည် ငါ့အားထိုမျှမက ပြုတော်မူစေသတည်း
ဋင်းသည် သွယ်ဝိုက် သုံးနှုန်းခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ထိုတောင်းဆိုမှုကို ပြုခြင်းကြောင့် အဒေါနိယအား သေဒဏ်မပေးလျှင်- "ထာဝရဘုရားသည် ကျွန်ုပ်၌ သေဒဏ်ပေးရန် - ထိုမျှမက သာ၍ဆိုးသော အရာများကို ပြုလုပ်ရန် အခွင့်ရှိလိမ့်မည်။

1 Kings 24

ယေဘုယျ အချက်အလက်
ရှောလမုန်မင်းကြီးသည် အဒေါနိယအား သေဒဏ်ပေးသည်။

ရာဇပလ္လင်တော်ပေါ်မှာ တင်၍
"ရာဇပလ္လင်" ဟူသော ဝေါဟာရသည် ရှောလမုန်၏ အခွင့်အာဏာ အုပ်စိုးရန် ထာဝရဘုရား ပေးတော်မူသောအရာအား ရည်ညွှန်းသည်။

ငါ့နေရာနန်းတော်ကို ပေးတော်မူသော
ဤတွင် "နေရာနန်းတော်" သည် ဒါဝိဒ်မင်းကြီးနောက် ဆက်၍ စိုးစံမည့် ရှောလမုန်မင်းကြီးအား ထာဝရဘုရားပေးခဲ့သော မျိုးရိုးကို ရည်ညွှန်းသည်။

1 Kings 26

ယေဘုယျ အချက်အလက်
ရှောလမုန်သည် အဗျာသာအား ယဇ်ပုရောဟိတ်အရာမှ အလုပ်ထုတ်သည်။

ငါ့ခမည်းတော်ဆင်းရဲခံလေရာရာ၌ သင်သည် ဆင်းရဲခံလေပြီ
အဗျာသာသည် ဒါဝိဒ်မင်းကြီး ရှင်ဘုရင် မဖြစ်ခင်ကတည်းက သူနှင့် အတူယှဉ်ကာ ဒုက္ခခံခဲ့သည်။

မိန့်တော်မူသော စကား
"သူ" ဟူသော စကားလုံးသည် "ထာဝရဘုရား" အား ရည်ညွှန်းသည်။

စကားပြည့်စုံမည် အကြောင်း၊
"သူ" ဟူသော စကားလုံးသည် "ရှောလမုန်မင်းကြီး" အား ရည်ညွှန်းသည်။

1 Kings 28

ယေဘုယျ အချက်အလက်
ရှောလမုန်မင်းကြီးသည် ယွာဘအား သတ်ရန် ဗေနာယကို စေခိုင်းသည်။

ထို သိတင်းကို ကြားသောအခါ
ရှောလမုန် ဘုရင်ဖြစ်လာပြီးနောက် ပြုလုပ်ခဲ့သောအရာများကို ယွာဘ ကြားခဲ့သည်။

ယဇ်ပလ္လင်ဦးချို
"ယဇ်ပလ္လင်ဦးချို" သည် ထာဝရဘုရား၏ ဘုန်းတန်ခိုးနှင့် ကာကွယ်ခြင်း၏ သင်္ကေတဖြစ်သည်။

ယွာဘသည် ထာဝရဘုရား၏ တဲတော်သို့ ပြေးပါပြီ။ ယဇ်ပလ္လင် အနားမှာရှိပါသည်ဟု ရှောလမုန် မင်းကြီးအား လျှောက်သောအခါ
ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "တစ်စုံတစ်ယောက်သည် ယွာဘ ထွက်ပြေးကြောင်း ရှောလမုန်မင်းကြီးအား ပြောခဲ့သည်။"

1 Kings 30

ယေဘုယျ အချက်အလက်
ဗေနာယသည် ယွာဘအား သတ်ရန် သွားသည်။

အပြစ်မရှိသော သူ၏အသက်ကို ယွာဘသတ်သောအပြစ်နှင့် ငါမှစ၍ ငါ့အဆွေအမျိုး ကင်းစင်မည်အကြောင်း သူ့စကားအတိုင်းပြုလော့။ သူ့ကို လုပ်ကြံ၍ သင်္ဂြိုဟ်လော့။
"အသွေး"သည် အပြစ်ကို ကိုယ်စားပြုသောအခါ "အိမ်" သည် ဒါဝိဒ်၏ မျိုးရိုးကို ကိုယ်စားပြုသည်။ အခြားသော ဘာသာပြန်ဆိုချက် - " ယွာဘသည် အကြောင်းအရင်းမရှိဘဲ ကျူးလွန်ခဲ့သော အပြစ်ကြောင့် သူ့ကို ကျွန်ုပ်နှင့် ကျွန်ုပ်မိသားစုထံမှ ဖယ်ရှားသည်" သို့မဟုတ် " သူ့ကို သင်္ဂြိုဟ်ပါ။" ထိုသို့ပြုလုပ်လျှင် ယွာဘသည် လူများကို အကြောင်းမရှိ သတ်ခြင်းကြောင့် ကျွန်ုပ်အဖ၏ အိမ်သည် အပြစ်ဖြစ်ခြင်းမှ ထာဝရဘုရားသည် သက်ညှာလိမ့်မည်။

1 Kings 32

ယေဘုယျ အချက်အလက်
ရှောလမုန်မင်းကြီးသည် ယွာဘ သေသင့်သော အကြောင်းကို ရှင်းပြသည်။

သာ၍ ဖြောင့်မတ် ကောင်း မြတ်သောသူ
ထိုစကားလုံးမှာ အခြေခံအားဖြင့် တူညီသော အရာများနှင့် အလေးအနက် ဖြစ်စေရန် အာဗနာနှင့် အာမသတို့သည် ယွာဘထက် ပို၍ ကောင်းသောသူ ဖြစ်သည်ဟု ဆိုလိုသည်။

ထာဝရဘုရားသည် သူ၏ခေါင်းပေါ်သို့ သက်ရောက် စေတော်မူမည်
"သူ၏" ဟူသော ဝေါဟာရသည် ယွာဘအား ရည်ညွှန်းခြင်း ဖြစ်သည်။ "အသွေး" သည် လူသတ်သမားအတွက် ပြယုဂ်တစ်ခု ဖြစ်သည်။ ဥပစာစကားဖြစ်သော "ခေါင်းပေါ်မှာ အစဉ်သက်ရောက်ပါစေ" ဆိုသည်မှာ ထိုလူသည် လူသတ်ခြင်းအပြစ်အတွက် စဉ်းစားသင့်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ယွာဘသည် လူများကို သတ်သည်၊ သူလုပ်ခဲ့သော အပြစ်အတွက် ထာဝရဘုရားမှ အပြစ်ဒဏ်ပေးပါစေ။"

ထိုသူတို့၏ အသွေးသည် ယွာဘခေါင်း၊ သားမြေးတို့၏ ခေါင်းပေါ်မှာ အစဉ်သက်ရောက်ပါစေ။
"အသွေး" သည် လူသတ်သမားအတွက် ပြယုဂ်တစ်ခု ဖြစ်သည်။ ဥပစာစကားဖြစ်သော "ခေါင်းပေါ်မှာ အစဉ်သက်ရောက်ပါစေ" ဆိုသည်မှာ ထိုလူသည် လူသတ်ခြင်းအပြစ်အတွက် စဉ်းစားသင့်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ယွာဘနှင့်အတူ သူ၏ သားစဉ် မြေးဆက်အား ထာဝရဘုရားမှ အပြစ်ဒဏ်ပေးပါစေ။"

နန်းတော်၊ ရာဇပလ္လင် တော်
"နန်းတော်" နှင့် "ရာဇပလ္လင်တော်" ဟူသော ဝေါဟာရများသည် နိုင်ငံတော် နှင့် မိသားစုအတွက် ပြယုဂ်များ ဖြစ်သည်။ အခြားသော ဘာသာ ပြန်ဆိုချက် - "ဒါဝိဒ်၏ နိုင်ငံတော် နှင့် ဒါဝိဒ်၏ သားစဉ်၊ မြေးဆက်"

1 Kings 34

ယေဘုယျ အချက်အလက်
ဗေနာယသည် ယွာဘအား သတ်ပြီးနောက် ရှောလမုန်မင်းကြီး စစ်တပ်၏ ဗိုလ်ချုပ် ဖြစ်လာသည်။

ယွာဘနေရာအိမ်၌
အဆောက်အဦး ဆိုသည်မှာ အိမ် တည်ရှိရာ မြေနေရာ၏ ပြယုဂ်တစ်ခု ဖြစ်သည်။ ဣသရေလ လူမျိုးများသည် အိမ်တံခါး အပြင်ဘက် သင်္ချိုင်း သို့မဟုတ် အုတ်ဂူတွင် မြှုပ်နှံသည်။ အခြားသော ဘာသာပြန်ဆိုချက် - "သူ၏ မိသားစုများ နေထိုင်ရာ နေရာ"

ယွာဘနေရာအိမ်၌ သင်္ဂြိုဟ်လေ၏
အခြားသော ဘာသာပြန်ဆိုချက် - " သူတို့သည် ယွာဘအား သူ၏အိမ်တွင် သင်္ဂြိုဟ်ခဲ့ကြသည်။"

1 Kings 36

ယေဘုယျ အချက်အလက်
ရှောလမုန်မင်းကြီးသည် ရှိမိအား ယေရုရှလင်မြို့၌ နေရန် သို့မဟုတ် သေလိမ့်မည် ဖြစ်ကြောင်း ပြောသည်။

သင့်အသွေးသည် သင့်ခေါင်းပေါ်မှာ သက်ရောက်စေ
ဤတွင် "သွေး" သည် အပြစ်၏ ပြယုဂ် ဖြစ်ပြီး "ဦးခေါင်း"သည် လူ ၏ ပြယုဂ် ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "သင်၏ သေခြင်းအပေါ် သင် တာဝန်ယူ ရလိမ့်မည်။"

1 Kings 39

ယေဘုယျ အချက်အလက်
ရှိမိသည် ယေရုရှလင်မြို့မှ ထွက်ခွာသည်။

အာခိတ်..... မာခါ..... ဂါသ
အမျိုးသားများ၏ အမည်ဖြစ်သည်။

ဂါသ
ပါလက်စတိုင်းမြို့။

ထ၍
အီဒီယမ်အသုံးနှုန်းဖြစ်သည်။ "ရှိမိသည် လျှင်မြန်စွာ"

1 Kings 41

ယေဘုယျ အချက်အလက်
ရှောလမုန် မင်းကြီးသည် ရှိမိအား ယေရုရှလင်မြို့မှ ထွက်ခွာသည့်အတွက် စီရင်သည်။

ရှောလမုန်မင်းကြီး ကြား လေသော်
ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - " တစ်စုံ တစ်ဦးမှ ရှောလမုန်အား ပြောခဲ့သည်။"

အသေသတ်ခြင်းအမှန်ခံရမည်ကို သတိနှင့်မှတ်လော့ဟု ထာဝရဘုရားကိုတိုင်တည်လျက် သင့်ကို ငါကျိန်ဆိုစေ၍ သတိပေးသည်မဟုတ်လော
ရှောလမုန်သည် ရှိမိ ကတိပေးခဲ့သောစကားအား ရှိမိသို့ ပြန်၍ သတိပေးခဲ့သည်။ အခြားသော ဘာသာပြန်ဆိုချက် - " သင်သည် မြို့ပြင်သို့ ထွက် ၍ အခြားတပါးသော အရပ်သို့သွားလျှင်၊ သွားသောနေ့၌ အသေသတ်ခြင်းအမှန်ခံရမည်ကို သတိနှင့်မှတ်လော့ဟု ထာဝရဘုရားကိုတိုင်တည်လျက် သင့်ကို ငါကျိန်ဆိုစေ၍ သတိပေးကြောင်း သင် ကောင်းကောင်း သိသည်။"

1 Kings 43

ယေဘုယျ အချက်အလက်
ရှောလမုန်မင်းကြီးသည် ရှိမိအား ယေရုရှလင်မြို့မှ ထွက်ခွာခြင်းအတွက် စီရင်ခြင်းကို ကြေငြာသည်။

သို့ဖြစ်၍ ထာဝရဘုရား၏သစ္စာတော်ကိုငင်း၊ ငါမှာထားသော ပညတ်ကိုငင်း၊ ငါမှာထားသော ပညတ် ကိုငင်း အဘယ်ကြောင့် မစောင့်သနည်းဟု မိန့်တော်မူပြီးမှ
ဖြစ်နိုင်ခြေရှိသော အဓိပ္ပာယ်များမှာ - ၁။ ရှောလမုန်မင်းကြီးသည် အဖြေကို မေးသည်။ ၂။ အခြားသော ဘာသာပြန်ဆိုချက် - "သင်သည် ပညတ်တော်များကို ချိုးဖောက်ခြင်းဖြင့် မှားယွင်းခဲ့ပြီ"

သင်၏ဒုစရိုက်အပြစ်ကို ထာဝရဘုရားသည် သင့်ခေါင်းပေါ်သို့ ရောက်စေတော်မူ၏။
ဤတွင် ဦးခေါင်းသည် လူတစ်ယောက်အတွက် အထွင့်အမြတ်ဖြစ်သည်။ ဒုစရိုက်အပြစ်အား လူတစ်ယောက်၏ ဦးခေါင်းထဲတွင် ထည့်၍ရနိုင်သောအစိုင်အခဲ သို့မဟုတ် အရည် ဖြစ်သကဲ့သို့ စကားအဖြစ်ပြောသည်။ အခြားသော ဘာသာပြန်ဆိုချက် - "သင်၏ ဒုစရိုက်အပြစ်အားလုံးအတွက် သင် တာဝန်ယူရမည်။"


generated on Tue Jul 2 12:50:28 2024

1 Kings 45

ယေဘုယျ အချက်အလက်
ရှောလမုန်မင်းကြီးသည် ရှိမိအား သတ်ရန် အမိန့်ပေး ခိုင်းစေခဲ့သည်။

ဒါဝိဒ်၏ ရာဇပလ္လင်တော်သည် ထာဝရဘုရားရှေ့တော်၌ အစဉ် အမြဲတည်ပါစေသတည်း
ဤတွင် "ဒါဝိဒ်၏ ရာဇပလ္လင်" သည် ဒါဝိဒ်၏ လုပ်ပိုင်ခွင့် အာဏာနှင့် နည်းဥပဒေသ နှင့် သူ၏ သားစဉ်၊ မြေးဆက် ကို အစဉ်အမြဲ ကိုယ်စားပြုသည်။

ရှောလမုန်လက်၌
ဤတွင် "လက်" ဟူသော အသုံးအနှုန်းမှာ ရှောလမုန်၏ လုပ်ပိုင်ခွင့် အာဏာနှင့် ဘုန်းတန်ခိုးကို ကိုယ်စားပြုသည်။

---

## Translation Questions

### 1 Kings 2:1

သားတော်ရှောလမုန်အား ဒါဝိဒ်မင်းကြီးက မည်သည်ကို မိန့်တော်မူခဲ့သနည်း။
သားတော်ရှောလမုန်အား ဒါဝိဒ်မင်းကြီးက အစဉ်အမြဲ ထာဝရဘုရားကို ကြောက်ရွံ့ရိုသေရန် မိန့်တော်မူခဲ့သည်။

ထာဝရဘုရားက ရှင်ဘုရင်ဒါဝိဒ်အား မည်ကဲ့သို့ ကတိပေးခဲသနည်း။
ထာဝရဘုရားသခင်က ရှင်ဘုရင်ဒါဝိဒ်အား ကတိပေးခဲ့သည်မှာ ဣသရေလမျိုးနွယ်တို့၏ ပုလ္လင်သည် တည်မြဲခြင်းရှိမည်အကြောင်းမိန့်တော်မူခဲ့သည်။

### 1 Kings 2:5

ရှင်ဘုရင်ဒါဝိဒ်က ရှောလမုန်အား ဇေရုယာသားယွာဘ၏ အကြောင်းကို မည်ကဲ့သို့ ပြောထားခဲ့သနည်း။
ရှင်ဘုရင်ဒါဝိဒ်က ရှောလမုန်အား ဇေရုယာသားယွာဘကို သူ့အား သိန်ချိုင်းသို့ငြိမ်ဝပ်စွာ မသွားစေဖို့ရန် မှာခဲ့သည်။

### 1 Kings 2:7

ဗာဇိလဲ၏သားတို့သည် ရှင်ဘုရင်ဒါဝိဒ်အတွက် မည်သည့်ကိစ္စများကို ပြုခဲ့ကြသနည်း။
အစ်ကိုအဗရှလုံကြောင့်ပြေးရသောအခါ၊ ဗာဇိလဲ၏သားတို့သည် ရှင်ဘုရင်ဒါဝိဒ်အား ပြုစုခဲ့ကြသည်။

### 1 Kings 2:8

ရှိမိသည် ရှင်ဘုရင်အားမည်သည့်အရေးပြုခဲ့သနည်း။
ရှိမိသည် ရှင်ဘုရင်ဒါဝိဒ်အား ကြမ်းတမ်းစွာ ကျိန်ဆဲသောသူ ဖြစ်ခဲ့သည်။

ရှင်ဘုရင်ဒါဝိဒ်က ရှိမိအားမည်ကဲ့သို့ပြုရန် ရှောလမုန်အား မိန့်တော်မူခဲ့သနည်း။
ရှင်ဘုရင်ဒါဝိဒ်က ရှိမိအား သူ၏အပြစ်အတွက် အပြစ်မလွှတ်ပေးရန်နှင့် သူ၏ခေါင်းကို အသေသတ်ခြင်းအားဖြင့် မရဏာနိုင်ငံသို့ ဆင်းစေရန်ဖြစ်သည်။

### 1 Kings 2:10

ရှင်ဘုရင်ဒါဝိဒ်သည် ဣသရေလလူမျိုးများကို နှစ်ပေါင်းမည်မျှတိုင်အောင် အုပ်ချုပ်ခဲ့သနည်း။
ရှင်ဘုရင်ဒါဝိဒ်သည် နှစ်ပေါင်းလေးဆယ်တိုင်အောင်အုပ်ချုပ်ခဲ့သည်။

### 1 Kings 2:13

အဒေါနိယသည် ဗာသရှေဘထံသို့လာသောအခါ မည်သည်ကို ပြောခဲ့သနည်း။
အဒေါနိယသည် ဗာသရှေဘအား ဣသရေလလူမျိုးတို့က သူ့အားရှင်ဘုရင်အဖြစ်မျှော်လင့်ထားကြောင်းကို ပြောကြားခဲ့သည်။

### 1 Kings 2:16

အဒေါနိယက ဗာသရှေဘထံမှ မည်သည့်အရာကို တောင်းဆိုခဲ့သနည်း။
အဒေါနိယက ဗာသရှေဘထံတွင် တောင်းဆိုသောအရာမှာ ရှုနင်မြို့သူ အဘိရှက်ကို သူအားပေးစားရမည့်အကြောင်း ရှောလမုန်ဆီတွင် လျှောက်ထားပေးရန်ဖြစ်သည်။

### 1 Kings 2:19

မည်သည့်အတွက်ကြောင့် ဗာသရှေဘသည် ရှောလမုန်ထံသို့ သွားခဲ့သနည်း။
ဗာသရှေဘသွားခဲ့ရခြင်းအကြောင်းမှာ ရှုနင်မြို့သူ အဘိရှက်ကို အဒေါနိယ၏ကြင်ယာတော်အဖြစ်ပေးရန် တောင်းဆိုပေးခြင်းဖြစ်သည်။

### 1 Kings 2:22

ဗာသရှေဘ၏တောင်းဆိုချက်ကို ရှောလမုန်မင်းကြီးက မည်ကဲ့သို့ တုံ့ပြန်ခဲ့သနည်း။
ရှောလမုန်မင်းကြီးက အဒေါနိယသည် မိမိအသက်ကိုရင်း၍ ဤဆုကိုတောင်းပြီဟု ဆိုသည်။

1 Kings 2:24

ရှောလမုန်မင်းကြီးက အဒေါနိယအားကွက်မျက်ရန် မည်သူ့ကို စေလွှတ်ခဲ့သနည်း။
ရှောလမုန်မင်းကြီးက ယောယဒ၏သား ဗေနာယအား စေလွှတ်၍ အဒေါနိယအား ကွက်မျက်စေခဲ့သည်။

1 Kings 2:26

ယဇ်ပုရောဟိတ်အဗျာသာကို ရှောလမုန်က မည်သည့်အရာကို လုပ်ရန် မိန့်တော်မူခဲ့သနည်း။
ရှောလမုန်သည် အဗျာသာအား သူ၏သောနေရာအရပ်မှ ပြန်သွားစေ၍ သူ့ကိုယဇ်ပုရောဟိတ်အရာမှ နှင်ထုတ်တော်မူခဲ့သည်။

1 Kings 2:28

ယွာဘသည် ရှောလမုန်မင်းကြီးထံမှ မည်သည့်အရပ်သို့ ပြေးထွက်ခဲ့သနည်း။
ယွာယသည် ထာဝရဘုရား၏ တဲတော်သို့ ပြေး၍ ယဇ်ပလ္လင်ဦးချိုတို့ကို ကိုင်လျက်နေခဲ့သည်။

ယောယဒသား ဗေနာယကို ရှောလမုန်မင်းကြီးက မည်သည့်အရာကို စေခိုင်းခဲ့သနည်း။
ရှောလမုန်မင်းကြီးက ယွာဘအား ကွက်မျက်ရန် စေလွှတ်ခဲ့ပါသည်။

1 Kings 2:30

ယောယဒသား ဗေနာယကို ယွာဘက မည်သည့်အရာကို ပြောကြားခဲ့သနည်း။
ယွာဘသည် ထာဝရဘုရား၏ယဇ်ပုလ္လင်အရပ်မှ အခြားနေရာသို့မခွာပဲ ထိုအရပ်၌အသေခံရန် လျှောက်ဆိုခဲ့သည်။

ရှောလမုန်က ဗေနာယအား ယွာဘကို မည်ကဲ့သို့ ပြုရန် မိန့်တော်မူခဲ့သနည်း။
ရှောလမုန်က ဗေနာယအာ ယွာဘ၏တောင်းဆိုချက်အတိုင်းပြုရန် အမိန့်ပေးခဲ့သည်။

1 Kings 2:32

ရှောလမုန်မင်းကြီးက အဘယ်ကြောင့် ယွာဘအား ကွက်မျက်ခဲ့ရသနည်း။
ရှောလမုန်မင်းကြီးက ယွာဘအား ကွက်မျက်ခဲ့ရခြင်းအကြောင်းမှာ ဣသရေလဗိုလ်ချုပ်နေရ၏သား အာဗနာ နှင့်ယုဒဗိုလ်ချုပ်ယေသာ၏သားအာမသကို ဒါဝိဒ်မသိဘဲ တိုက်၍ထားနှင့် သတ်သော အပြစ်ကြောင့်ဖြစ်သည်။

1 Kings 2:34

ယောယဒသား ဗေနာယအား ရှောလမုန်မင်းကြီးက မည်သည့်ဆုလာဒ်ကို ပေးခဲ့သနည်း။
ယောယဒသား ဗေနာယ မင်းကြီးက ဗိုလ်ချုပ်အရာ၌ခန့်အပ်ထားသည်။

1 Kings 2:36

ရှောလမုန်မင်းကြီးက ရှိမိအားမည်သည့်အရပ်တွင်နေရန် ခွင့်ပြုခဲ့သနည်း။
ရှောလမုန်မင်းကြီးက ရှိမိအား ယေရုရှလင်မြို့တွင်နေထိုင်စေခဲ့သည်။

ရှိမိသည် ယေရုရှလင်မြို့တွင်နေထိုင်စဥ် မည်သို့သတိပေးခဲ့သနည်း။
မြို့ပြင်သို့ထွက်၍ ကေဒြုန်ချောင်းကို ကူးလျှင်၊ ကူးသောနေ့၌ အသေသတ်ခြင်းကို အမှန်ခံရမည်ကို သတိပေးခဲ့ပါသည်။

1 Kings 2:39

ရှိမိသည် အဘယ်ကြောင့် သူ၏မြည်းကို ကုန်နှီးတင်ပြီးသောအခါ ယေရုရှလင်မြို့မှ ဂါသမြို့သို့ သွားခဲ့သနည်း။
ရှိမိ၏ကျွန် နှစ်ယောက်ဖြစ်သောထွက်ပြေးသောသူတို့ကို ပြန်လည်ခေါ်ဆောင်လာရန်သွားခဲ့ရခြင်းဖြစ်သည်။

1 Kings 2:43

ရှိမိသည် ထာဝရဘုရားကို မည်သို့ပြုပြီဟု ရှောလမုန်ပြောသနည်း?
ရှောလမုန်မင်းကြီးက ရှိမိသည် ထာဝရဘုရားထံသို့ ကတိမတည်သောကြောင့် သူ့အပြစ်သည် ကိုယ်ခေါင်းပေါ်သို့ပြန်ကျမည်ဟု ရှိမိကိုပြောသည်။

1 Kings 2:45

ရှိမိယေရုရှလင်မြို့မှထွက်သွားသောအခါ ရှောလမုန်မင်းကြီးက မည်သည့်အရာပြုခဲ့သနည်း။
ယောယဒသား ဗေနာယအား ရှိမိကို ကွက်မျက်စေခဲ့သည်။

## Chapter 3

1 ရှောလမုန်သည် အဲဂုတ္တုဖာရောဘုရင်နှင့် မိတ်ဆွေဖွဲ့လျက်၊ သမီးတော်နှင့်စုံဘက်၍ နန်းတော်၊ ဗိမာန်တော်၊ ယေရုရှလင်မြို့ရိုးကို
မပြီးမှီတိုင်အောင် ဒါဝိဒ်မြို့၌ နေရာပေးတော်မူ၏။ 2 ထိုကာလ၌ ထာဝရဘုရား၏ နာမတော်အဘို့ အိမ်တော်ကို
မတည်သေးသောကြောင့်၊ လူများတို့သည် မြင့်သောအရပ်တို့၌ ယဇ်ပူဇော်တတ်ကြ၏။ 3 ရှောလမုန်သည် ထာဝရဘုရားကို ချစ်၍
ခမည်းတော်ဒါဝိဒ်၏စီရင်ချက်တို့ကို စောင့်ရှောက် တတ်၏။ သို့ရာတွင် မြင့်သောအရပ်တို့၌ ယဇ်ပူဇော်၍ နံ့သာပေါင်းကို မီးရှို့၏။ 4
တရံရောအခါ၊ ရှင်ဘုရင်သည် ယဇ်ပူဇော်ခြင်း ငှါ အလွန်မြင့်မြတ်သော အရပ်တည်းဟူသော ဂိဗောင် မြို့သို့သွား၍
ထိုယဇ်ပလ္လင်ပေါ်မှာ မီးရှို့ရာယဇ်တထောင် ကို ပူဇော်လေ၏။ 5 ထိုမြို့၌ထာဝရဘုရားသည် ညဥ့်အခါ အိပ်မက် တွင် ရှောလမုန်အား
ထင်ရှားလျက်၊ ငါပေးရမည်ဆုကို တောင်းလော့ဟု ဘုရားသခင် မိန့်တော်မူ၏။ 6 ရှောလမုန်ကလည်း၊ ကိုယ်တော်၏ ကျွန်
အကျွန်ုပ်၏အဘဒါဝိဒ်သည် ရှေ့တော်၌ သဘောဖြောင့် ၍ သမ္မာတရား၊ ဖြောင့်မတ်ခြင်းတရားအတိုင်း ကျင့် သည်နှင့်အညီ၊
သူ၌များစွာသော ကျေးဇူးကို ပြုတော်မူ ပြီ။ ယနေ့တွင်ရှိသည်အတိုင်း၊ သူ၏ရာဇပလ္လင်ပေါ်မှာ ထိုင်ရသော သားကိုသူ့အား
ပေးသနားတော်မူသဖြင့်၊ သူ့အဘို့ကျေးဇူးတရားကို စောင့်ရှောက်တော်မူပြီ။ 7 ယခုမှာ အကျွန်ုပ်၏ဘုရားသခင်ထာဝရဘုရား၊
ကိုယ်တော်ကျွန်ကို အဘဒါဝိဒ်၏ကိုယ်စား ရှင်ဘုရင် အရာ၌ ခန့်ထားတော်မူပြီ။ သို့ရာတွင် အကျွန်ုပ်သည် သူငယ်ဖြစ်ပါ၏။
ထွက်ဝင်ခြင်းငှါ မတတ်နိုင်ပါ။ 8 ရွေးချယ်တော်မူ၍ အရေအတွက်အားဖြင့် အတိုင်းမသိ များပြားစွာသော ကိုယ်တော်၏လူမျိုးကြီး
အလယ်၌ ကိုယ်တော်ကျွန်ရှိပါ၏။ 9 သို့ဖြစ်၍ ကိုယ်တော်ကျွန်သည် ကိုယ်တော်၏ လူတို့ကို တရားစီရင်နိုင်မည်အကြောင်း
ကောင်းမကောင်း ကို ပိုင်းခြား၍ သိတတ်သောဥာဏ်ကို ပေးသနားတော် မူပါ။ ဤမျှလောက်များစွာသော ကိုယ်တော်၏ လူတို့ကို
အဘယ်သူသည် ကိုယ်အလိုအလျောက် တရားစီရင်နိုင်ပါ မည်နည်းဟု တောင်းလျှောက်၏။ 10 ထိုသို့ရှောလမုန်တောင်းလျှောက်သော
ပဌနာ စကားကို ထာဝရဘုရားသည် နှစ်သက်တော်မူ၏။ 11 ဘုရားသခင်ကလည်း၊ သင်သည်တာရှည်သော အသက်ကို မတောင်း၊
စည်းစိမ်ကိုလည်းမတောင်း၊ ရန်သူ တို့၏အသက်ကိုလည်း မတောင်း၊ တရားစီရင်ခြင်းငှါ တတ်နိုင်သောဥာဏ်ကိုသာ ကိုယ်အဘို့
တောင်းလျှောက် သောကြောင့်၊ 12 သင်တောင်းလျှောက်သည်အတိုင်း ငါပေး၏။ 13 ထိုမှတပါးသင်နှင့်တူသော ရှင်ဘုရင်တယောက်
ကိုမျှ သင့်လက်ထက်၌ မရှိစေခြင်းငှါ၊ သင်မတောင်းသော ဆု၊ စည်းစိမ်ဥစ္စာ၊ ဂုဏ်အသရေကို ငါပေး၏။ 14
သင့်အဘဒါဝိဒ်ကျင့်သည်အတိုင်း ငါ့လမ်းသို့ လိုက်၍ ငါစီရင်ချက်ပညတ်တရားတို့ကို စောင့်ရှောက် လျှင်၊ တာရှည်သော
အသက်ကိုလည်း ငါပေးမည်ဟု မိန့်တော်မူ၏။ 15 ရှောလမုန်သည် နိုး၍အိပ်မက်ဖြစ်မှန်းကိုသိ၏။ တဖန် ယေရုရှလင်မြို့သို့သွား၍
ထာဝရဘုရား၏ ပဋိညာဉ်သေတ္တာတော်ရှေ့မှာ ရပ်လျက်၊ မီးရှို့ရာယဇ်၊ မိဿဟာယယဇ်တို့ကို ပူဇော်၍ ကျွန်အပေါင်းတို့အဘို့ ပွဲကို
စီရင်တော်မူ၏။ 16 ထိုအခါ ပြည်တန်ဆာမိန်းမနှစ်ယောက်သည် လာ၍ ရှေ့တော်၌ ရပ်လျက်၊ 17 မိန်းမတယောက်က အိုအရှင်၊
ကျွန်တော်မနှင့် ဤမိန်းမသည် တအိမ်တည်း နေကြပါ၏။ တအိမ်တည်း နေလျက် ကျွန်တော်မသည် သားမျက်နှာကိုမြင်ပါ၏။ 18
သုံးရက်လွန်မှ တဖန်ဤမိန်းမသည် သား မျက်နှာကိုမြင်ပါ၏။ ထိုအိမ်၌ အဘယ်ဧည့်သည်မျှ မရှိ။
သူနှင့်ကျွန်တော်မနှစ်ယောက်တည်းသာ ရှိပါ၏။ 19 ဤမိန်းမသည် ညဥ့်အခါ မိမိသားငယ်ကိုဖိ၍ အိပ်မိသောကြောင့်
သားငယ်သေပါ၏။ 20 သန်းခေါင်ယံ၌ သူသည်ထ၍ ကျွန်တော်မ အိပ် ပျော်စဉ်အခါ ကျွန်တော်မသားငယ်ကိုယူ၍ မိမိရင်ခွင်၌
ထားပါ၏။ သူ၏သားငယ် အသေကောင်ကိုမူကား၊ ကျွန်မ၏ရင်ခွင်၌ ထားပါ၏။ 21 နံနက်အချိန်၌ ကျွန်တော်မသည်သားငယ်ကို
နို့တိုက်မည်ထသောအခါ၊ သားငယ်သည် သေလျက် ရှိပါ၏။ သို့ရာတွင် ကျွန်တော်မသည် သေသောသူငယ်ကို
စေ့စေ့ကြည့်ရှုသောအခါ၊ ကျွန်တော်မ ဘွားမြင်သော သားမဟုတ်ပါဟုလျှောက်၏။ 22 အခြားသော မိန်းမကလည်း မဟုတ်ဘူး။
အသက်ရှင်သော သူငယ်သည် ငါ့သား၊ သေသောသူငယ် သည် သင်၏သားဖြစ်၏ဟု ငြင်းလေ၏။ အရင်မိန်းမ ကလည်း
ထိုသို့မဟုတ်။ သေသောသူငယ်သည် သင်၏သား၊ အသက်ရှင်သောသူငယ်သည် ငါ့သား ဖြစ်၏ဟုဆိုလေ၏။ ထိုသို့ရှေ့တော်၌
လျှောက်ဆိုကြလျှင်၊ 23 ရှင်ဘုရင်က၊ မိန်းမတယောက်က အသက်ရှင် သော သူငယ်သည် ငါ့သား၊ သေသော သူငယ်သည်
သင်၏သားဖြစ်၏ဟုဆိုလျက်၊ တယောက်ကထိုသို့မဟုတ်။ သင်၏သားသေပြီ။ ငါ့သားအသက်ရှင်သည်ဟု ဆိုသည် ဖြစ်၍၊ 24
ထားယူခဲ့ဟု မိန့်တော်မူသည်အတိုင်း၊ ထားကို ရှေ့တော်သို့ ယူခဲ့ကြ၏။ 25 ရှင်ဘုရင်ကလည်း၊ အသက်ရှင်သော သူငယ်ကို ခွဲ၍
ထိုမိန်းမတို့အား တယောက်တဝက်စီပေးလော့ဟု မိန့်တော်မူသော်၊ 26 အသက်ရှင်သောသူငယ်၏ အမိသည် မိမိသား ကို
အလွန်သနား၍၊ အိုအရှင်၊ အသက်ရှင်သောသူငယ်ကို မသတ်ပါနှင့်။ ဤမိန်းမအား ပေးတော်မူပါဟု တောင်းပန် လေ၏။
အခြားမိန်းမက ငါမပိုင်စေနှင့်။ သင်လည်း မပိုင်စေနှင့်။ ခွဲပါလေစေဟုဆို၏။ 27 ထိုအခါရှင်ဘုရင်က၊ အသက်ရှင်သော သူငယ် ကို
မသတ်နှင့်။ အရင်မိန်းမအား ပေးလော့။ သူသည် အမိမှန်သည်ဟု မိန့်တော်မူ၏။ 28 ထိုသို့ရှင်ဘုရင်စီရင်တော်မူသည် အရာကို
ဣသရေလအမျိုးသားအပေါင်းတို့သည် ကြားသိကြသော အခါ၊ တရားစီရင်စေခြင်းငှါ ဘုရားသခင်ပေးတော်မူ သော ဥာဏ်နှင့်
ရှင်ဘုရင်ပြည့်စုံကြောင်းကို သိမြင်၍၊ ကိုယ်တော်ကို ကြောက်ရွံ့ရိုသေကြ၏။


generated on Tue Jul 2 12:50:28 2024

1 Kings 01

ယေဘုယျ အချက်အလက်
ရှောလမုန်သည် အဲဂုတ္တု အမျိုးသမီး (ဘုရင့်သမီးတော်) အား လက်ထပ်သည်။

ရှောလမုန်သည် အဲဂုတ္တုဖာရောဘုရင်နှင့် မိတ်ဆွေဖွဲ့လျက်၊ သမီးတော်နှင့်စုံဘက်၍
ရှောလမုန်သည် အဲဂုတ္တုဘုရင် ဖာရောမင်း၏ သားမက် ဖြစ်လာသောကြောင့် ဘုရင်နှစ်ပါးသည် အလုပ်အတူတူ လုပ်ဆောင်ပြီး ရန်သူများကို အတူအကွ ပူးပေါင်း ဆန့်ကျင် တိုက်ခိုက်ကြသည်။

နန်းတော်၊ ဗိမာန်တော်၊ ယေရုရှလင်မြို့ရိုးကို မပြီးမီတိုင်အောင်
နန်းတော်၊ ဗိမာန်တော်၊ ယေရုရှလင်မြို့ရိုးစသည့် အဆောက်အဦးများ တည်ဆောက်ပြီးနောက် သူမသည် (ဘုရင့်သမီးတော်) ဒါဝိဒ်၏ မြို့တွင် ရှိနေဆဲဖြစ်သည်။

အိမ်တော်
"ဗိမာန်တော်"

ထာဝရဘုရား၏ နာမတော်
"အမည်" ဟူသော ဝေါဟာရသည် လူပုဂ္ဂိုလ်ကို ရည်ညွှန်းခြင်းဖြစ်ပြီး "နာမတော်အဘို့" ဟူသည်မှာ "လူကို ကိုးကွယ်ခြင်း" ဟု ရည်ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက် - "ဤတွင် လူများသည် ထာဝရဘုရားအား ကိုးကွယ်လိမ့်မည်။"

အိမ်တော်ကို မတည်သေး သောကြောင့်
ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "မည်သူ တစ်ဦးတစ်ယောက်ကမျှ မတည်ဆောက်သေး"

ခမည်းတော်ဒါဝိဒ်၏စီရင်ချက်တို့ကို စောင့်ရှောက် တတ်၏
လူတစ်ယောက်ရဲ့ ဘဝမှာ ဘယ်လိုနေထိုင်သလဲဆိုတာဟာ လမ်းကြောင်းတစ်ခုအပေါ် လျှောက်လှမ်းရသကဲ့သို့ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "သူ၏ ဖခင် ဒါဝိဒ်မင်းကြီး ချမှတ်ခဲ့သော နည်းဥပဒေသများကို နာခံလိုက်လျှောက်သည်။"

1 Kings 04

ယေဘုယျ အချက်အလက်
ထာဝရဘုရားသည် ဘာလုပ်ပေးရမည်နည်းဟု ရှောလမုန်အား မေးသည်

အလွန်မြင့်မြတ်သော အရပ်
"ယဇ်ပူဇော်ခြင်း ပြုလုပ်ရန် အတွက် အကျော်ကြားဆုံးသော နေရာ" သို့မဟုတ် "အရေးကြီးဆုံးသော ပလ္လင်"

ငါပေးရမည်ဆုကို တောင်းလော့
"သင်လိုချင်သောအရာ မှန်သမျှ တောင်းပါ၊ ငါသည် သင့်ကို ပေးမည်။" သို့မဟုတ် "ဘာလိုချင်သနည်း။ တောင်းပါ၊ ငါသည် သင့်ကိုပေးမည်။"

1 Kings 06

ယေဘုယျ အချက်အလက်
ရှောလမုန်သည် ထာဝရဘုရား၏ မေးခွန်းအား ပြန်လည် တုန့်ပြန်သည်။

သဘောဖြောင့် ၍
ရိုးသားသောသူသည် စိတ်နှလုံး မှန်ကန်သောသူ ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "သူသည် ရိုးသားခဲ့သည်။" သို့မဟုတ် "မှန်သောစကားကို ပြောပြီး ကောင်းသောအကျင့်ကို ကျင့်သောသူ"

ကိုယ်တော်၏ ကျွန် အကျွန်ုပ်၏အဘဒါဝိဒ်သည် ရှေ့တော်၌ သဘောဖြောင့် ၍ သမ္မာတရား၊ ဖြောင့်မတ်ခြင်းတရားအတိုင်း ကျင့် သည်နှင့်အညီ
လျှောက်လှမ်းခြင်းဆိုသည်မှာ တစ်စုံတစ်ဦး အသက်ရှင်နေထိုင်ရန်အတွက် လမ်းကြောင်းဖြစ်သည်။ စိတ္တဇနာမ်များဖြစ်သော "ယုံကြည်စိတ်ချရခြင်း"၊ "ဖြောင့်မတ်ခြင်း" နှင့် "မှန်ကန်ခြင်း" အား နာမဝိသေသန အဖြစ် ဘာသာပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "အဘယ့်ကြောင့်ဆိုသော် သူသည် ယုံကြည်စိတ်ချရသော နှင့် ဖြောင့်မတ်သည်၊ သူ၏ နှလုံးသားသည် မှန်ကန်သည်။"

သူ၌များစွာသော ကျေးဇူးကို ပြုတော်မူ ပြီ
သင်သည် သင်၏ သဘောတူညီချက်အပေါ် အလွန် သစ္စာရှိသည်။

ယနေ့
"ယခု" ။ ရှောလမုန်သည် တစ်နေ့နေ့ကို ပြောနေခြင်းမဟုတ်။ သို့သော် သူ၏ အာဏာတည်မြဲနေစဉ် ကာလပတ်လုံးကို ဆိုလိုခြင်းဖြစ်သည်။

သူ၏ရာဇပလ္လင်ပေါ်မှာ ထိုင်ရသော
"သူ၏ နေရာတွင် စိုးစံရန်"

သားကိုသူ့အား ပေးသနားတော်မူ သဖြင့်
ထို "သား" သည် ရှောလမုန် ဖြစ်သည်။

1 Kings 07

ယေဘုယျ အချက်အလက်
ရှောလမုန်သည် ဉာဏ်ပညာကို တောင်းသည်။

ကိုယ်တော်ကျွန်
ရှောလမုန်သည် ထာဝရဘုရားအား ရိုသေလေးစားမှုကို ပြသရန် မိမိ ကိုယ်ကို အခြားတစ်ဦးတစ်ယောက် အနေဖြင့် ပြောသည်။ အခြားသော ဘာသာပြန်ဆိုချက် - "ကျွန်ုပ်ကို"


generated on Tue Jul 2 12:50:28 2024

အကျွန်ုပ်သည် သူငယ်ဖြစ်ပါ၏
ရှောလမုန်သည် မိမိမှာ ဖခင်သိသကဲ့သို့ မသိသော ကလေးမျှသာ ဖြစ်ကြောင်း ပြောသည်။

ထွက်ဝင်ခြင်းငှါ မတတ်နိုင်ပါ
သူ ဘာလုပ်ရမည်ကို ဘာမှ မသိခြင်းအကြောင်းအား ပုံကြီးချဲ့ခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "အရာများကို ပြုလုပ်ရန် နည်းလမ်းမှန်ကို မသိပါ" သို့မဟုတ် "မည်ကဲ့သို့ ဘုရင်ဖြစ်ရမည်ကို မသိပါ"

ကိုယ်တော်၏ လူတို့ကို တရားစီရင်နိုင်မည်အကြောင်း
ရှောလမုန်သည် မည်သူမျှ တရားမစီရင်နိုင်ကြောင်း သိသဖြင့် အလေးအနက်ထားရန် မေးခွန်းမေးသည်။ အခြားသော ဘာသာပြန်ဆိုချက် - "သင်၏ လူမျိုးများအား မည်သူကမျှ တရားမစီရင်နိုင်ပေ။"

1 Kings 10

ယေဘုယျ အချက်အလက်
ထာဝရဘုရားသည် ရှောလမုန်အား ဉာဏ်ပညာ နှင့် အခြားအရာများကို ပေးသည်။

ရန်သူ တို့၏အသက်
"ဘဝ" သည် သတ်ဖို့ရန် စွမ်းအား ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "သင်၏ ရန်သူများအား သတ်ရန်တန်ခိုးစွမ်းအား"

သင်တောင်းလျှောက်သည်အတိုင်း ငါပေး၏
"သင်သည် ငါ့အား ပြုလုပ်စေလိုသည့်အတိုင်း ငါလုပ်မည်"

သင်တောင်းလျှောက်သည်အတိုင်း ငါပေး၏
နှလုံးသားသည် လူတစ်ယောက်၏ ဆန္ဒနှင့် အတွေးများ၏ ပြယုဂ် ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ငါသည် သင့်ကို အရာများစွာကို နားလည်နိုင်ရန် နှင့် ပညာရှိလာစေရန် ပြုလုပ်သည်။"

1 Kings 13

ငါ့လမ်းသို့ လိုက်၍
ဘဝတစ်ခုတွင် နေထိုင်ခြင်းသည် လမ်းကြောင်းတစ်ခုအပေါ်တွင် လျှောက်လှမ်းခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ငါသည် သင့်ကို နာခံစေလိုသည့်အတိုင်း နှင့် အသက်ရှင်စေလိုသည် အတိုင်း အသက်ရှင်ပါ"

တာရှည်သော အသက်
"နေ့ရက်များ" သည် ရှောလမုန်၏ အသက်တာကို ကိုယ်စားပြုသည်။ အခြားသော ဘာသာပြန်ဆိုချက် - "သင့်ကို အချိန်ကြာကြာ အသက်ရှင်စေသည်။"

1 Kings 15

သိ၏
ဤတွင် "သိ၏" ဟူသော စကားလုံးမှာ ရှောလမုန်သည် စိတ်ဝင်စားစရာကောင်းသောအရာ တစ်စုံတစ်ခုအား မြင်ခဲ့သည်ဟု ဆိုလိုသည်။

1 Kings 16

ယေဘုယျ အချက်အလက်
ပြည့်တန်ဆာ မိန်းမ နှစ်ယောက်သည် ရှောလမုန်အား ဆုံးဖြတ်ချက်ချပေးရန် မေးမြန်းကြသည်။

1 Kings 18

ယေဘုယျ အချက်အလက်
ပြည့်တန်ဆာမ နှစ်ယောက်သည် ရှောလမုန်အား သူတို့၏ အကြောင်းအရာများကို ပြောသည်။

သားငယ်ကိုဖိ၍
ဤအကြောင်းအရာသည် ကလေးငယ်သေရန် အသုံးဝင်သော ဖော်ပြချက် ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ကလေးအပေါ်သို့ မတော်တဆ လှိမ့်မိခြင်း နှင့် အသက်မရှုနိုင်အောင် ဖုံးအုပ်မိခြင်း"

ကျွန်တော်မ
ထိုမိန်းမသည် ရှောလမုန်အား ရိုသေလေးစားခြင်းကို ပြသရန် တစ်စုံတစ်ဦးအား ပြောသကဲ့သို့ ပြောသည်။ အခြားသော ဘာသာပြန်ဆိုချက် - "ကျွန်ုပ်"

1 Kings 21

ယေဘုယျ အချက်အလက်
ပြည့်တန်ဆာမ နှစ်ယောက်သည် မိမိတို့၏ အကြောင်းအရာများကို ရှောလမုန်အား ဆက်ပြောသည်။

နို့တိုက်မည်
၎င်းသည် သူမ၏ ကလေးအား မိမိ၏ နို့မှ နို့တိုက်ရန်ဟု ဆိုလိုသည်။

ရှေ့တော်၌
"ရှောလမုန်၏ရှေ့" သို့မဟုတ် "ရှောလမုန်သည် သူတို့အား မြင်နိုင်၊ ကြားနိုင်စဉ်တွင်"

1 Kings 23

ယေဘုယျ အချက်အလက်
ရှောလမုန်သည် ထိုမိန်းမ နှစ်ဦးအတွက် ဆုံးဖြတ်ချက်ချပေးသည်။


generated on Tue Jul 2 12:50:28 2024

1 Kings 26

ယေဘုယျ အချက်အလက်
မိခင်အရင်းသည် ရှောလမုန်အား ကလေး၏ ဘဝကို ကယ်တင်ရန် ပြောသည်။

အမိသည် မိမိသား ကို အလွန်သနား၍
နှလုံးသားတွင် ထည့်စရာခွက် ရှိသကဲ့သို့နှင့် အကြင်နာသည် အစိုင်အခဲ တစ်ခုကဲ့သို့ ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "သူမသည် သူမ၏ သားငယ်အား အလွန်ချစ်မြတ်နိုးသည်။"

ဣသရေလအမျိုးသားအပေါင်း
ဣသရေလအမျိုးသားအပေါင်းဟု ယေဘုယျ ဖော်ပြချက်သာ ဖြစ်သည်။

---

## Translation Questions

1 Kings 3:1

ရှောလမုန်မင်းကြီးက သူကိုယ်တိုင် အဲဂုတ္တုဖာရောဘုရင်နှင့် မည်ကဲ့သို့ မိတ်ဖွဲ့ခဲ့ကြသနည်း။
ရှောလမုန်သည် အဲဂုတ္တုဖာရောဘုရင်၏သမီးတော်နှင့်စုံဘက်၍ မိတ်ဆွေဖွဲ့ခဲ့သည်။

ထာဝရဘုရား၏ ပညတ်တော်မဟုတ်သော မည်သည့်အရာကို ရှောလမုန်မင်းကြီးပြုလုပ်ခဲ့သနည်း?
ရှောလမုန်မင်းကြီးသည် မြင့်သောအရပ်တို့၌ ယဇ်ပူဇော်၍ နံ့သာပေါင်းကို မီးရှို့ခဲ့သည်။

1 Kings 3:4

အမြင့်မြတ်ဆုံးသောအရပ်ကို မည်သည့်နေရာတွင် ထားရှိကြသနည်း။
အမြင့်မြတ်ဆုံးသောနေရာသည် ဂိဗောင်အရပ်တွင် တည်ရှိသည်။

ထာဝရဘုရားသခင်သည် ရှောလမုန်ထံတွင် မည်ကဲ့သို့ ထင်ရှားပြခဲ့သနည်း။
ထာဝရဘုရားသခင်သည် ရှောလမုန်ထံတွင် ညအခါအိပ်မက်တွင် ထင်ရှားပြခဲ့သည်။

1 Kings 3:7

ရှောလမုန်သည် ထာဝရဘုရားအား မည်သည့်အရာကို မေးမြန်းတောင်းလျှောက်ခဲ့သနည်း။
ရှောလမုန်သည် ထာဝရဘုရားအား သူ၏လူမျိုးများကို မည်ကဲ့သို့ အုပ်ချုပ်ရမည်ကို သိရှိနိုင်သော ဉာဏ်ပညာကို တောင်းလျှောက်ခဲ့သည်။

1 Kings 3:10

ရှောလမုန်မင်းကြီး၏တောင်းဆိုချက် အမှန်ပင်ပြည့်ဝခဲ့ပါသလား။
ဟုတ်ပါတယ်၊ ရှောလမုန်မင်းကြီး၏တောင်းဆိုချက် အမှန်ပင်ပြည့်ဝခဲ့ပါသည်။

ထာဝရဘုရားသခင်က ရှောလမုန်အားမည်သည့် အရာကို ပေးခဲ့သနည်း။
ထာဝရဘုရားသခင်က ရှောလမုန်အား သူ၏လူမျိုးများကို မည်ကဲ့သို့ အုပ်ချုပ်ရမည်ကို သိရှိနိုင်သော ဉာဏ်ပညာကို ပေးတော်မူခဲ့သည်။

1 Kings 3:13

ထာဝရဘုရားသခင်သည် ရှောလမုန်မတောင်းလျှောက်သော ဆုကျေးဇူးကို လည်းပေးအပ်ခဲ့ပါသလား။
အမှန်ပင်၊ ထာဝရဘုရားက ရှောလမုန်အား စည်းစိမ်ဥစ္စာနှင့် ဂုဏ်အသရေကိုပါ ပေးအပ်ခဲ့ပါသည်။

ရှောလမုန်မင်းကြီးသည် ထာဝရဘုရားပေးသနားတော်မူမည့် အသက်တာရှည်ခြင်းကို ရရှိရန် မည်သည့်အရာကို လုပ်ဆောင်ရလိမ့်မည်နည်း။
ထာဝရဘုရားက ငါ့လမ်းသို့ လိုက်၍ ငါစီရင်ချက်ပညတ်တရားတို့ကို စောင့်ရှောက်လျှင်၊ တာရှည်သော အသက်ကိုလည်း ငါပေးမည်ဟု မိန့်တော်မူသည်။

1 Kings 3:15

ရှောလမုန်မင်းကြီးအိပ်ယာမှ နိုးလာသောအခါ အဘယ်အမှုကို ပြုခဲ့သနည်း။
မင်းကြီးသည် ယေရုရှလင်မြို့သို့သွား၍ ထာဝရဘုရား၏ ပဋိညာဉ်သေတ္တာတော်ရှေ့မှာ ရပ်လျက်၊ မီးရှို့ရာယဇ်၊ မိဿဟာယယဇ်တို့ကို ပူဇော်၍ ကျွန်အပေါင်းတို့အဘို့ ပွဲကို စီရင်တော်မူခဲ့သည်။

1 Kings 3:16

ရှောလမုန်ရှေ့တွင် မည်သူသည် လာ၍ရပ်နေခဲ့သနည်း။
ပြည့်တန်ဆာမိန်းမနှစ်ယောက်သည် လာ၍ ရှောလမုန်ရှေ့တွင် ရပ်လျက်နေကြသည်။

1 Kings 3:18

အမျိုးသမီးတစ်ဦးက ရှောလမုန်အား မည်ကဲ့သို့ ပြောကြားခဲ့သနည်း။
အမျိုးသမီးတစ်ဦးလျှောက်တင်သောအရာမှာ အခြားသောမိန်းမတစ်ဦးသည် ညဥ့်အခါ မိမိသားငယ်ကိုဖိ၍ အိပ်မိသောကြောင့် သားငယ်သေပါ၏ ဟု လျှောက်တင်ခဲ့သည်။



generated on Tue Jul 2 12:50:28 2024

1 Kings 3:23

ရှောလမုန်မင်းကြီးက သူ၏ငယ်သားများအား မည်သည့်အရာကို ပြုရန် မိန့်တော်မူခဲ့သနည်း။
ရှင်ဘုရင်က ဓားကိုယူဆောင်လာစေ၍ အသက်ရှင်သော သူငယ်ကို ခွဲ၍ ထိုမိန်းမတို့အား တယောက်တဝက်စီပေးလော့ဟု မိန့်တော်မူခဲ့သည်။

1 Kings 3:26

ပထမအမျိုးသမီးက ရှောလမုန်မင်းကြီးထံ မည်ကဲ့သို့ လျှောက်တင်ခဲ့သနည်း။
ပထမအမျိုးသမီးက ရှောလမုန်မင်းကြီးထံတွင် ကလေးငယ်ကို မသတ်ပဲ ဒုတိယအမျိုးသမီးကိုသာ ပေးလိုက်ရန် တောင်းလျှောက်ခဲ့သည်။

ရှောလမုန်မင်းကြီးက အသက်ရှင်သောကလေးသူငယ်ကို မည်သို့လုပ်ရန် မိန့်ကြားခဲ့သနည်း။
အလျှင်းသတ်ခြင်းမရှိစေဘဲ အသက်ရှင်သောကလေးငယ်ကို ပထမအမျိုးသမီးအား ပေးရန် မိန့်တော်မူခဲ့သည်။

ထိုကဲ့သို့သော ရှောလမုန်၏စီရင်ခြင်းသီတင်းကိုကြားခြင်းအားဖြင့် ဣသရေလတစ်မျိုးလုံးက မည်သည့်ကို ပြုခဲ့ကြသနည်း။
ရှင်ဘုရင်စီရင်တော်မူသည် အရာကို ဣသရေလအမျိုးသားအပေါင်းတို့သည် ကြားသိကြသော အခါ၊ ရှင်ဘုရင်သည် တရားစီရင်စေခြင်းငှါ ဘုရားသခင်ပေးတော်မူသောဉာဏ်နှင့် ပြည့်စုံကြောင်းကို သိမြင်၍ ရှောလမုန်မင်းကြီးအား ကြောက်ရွံ့ကြသည်။

## Chapter 4

1 ရှောလမုန်မင်းကြီးသည် ဣသရေလနိုင်ငံလုံးကို စိုးစံလျက် နေတော်မူ၏။ 2 မှူးတော်မတ်တော်ဟူမူကား၊ ယဇ်ပုရောဟိတ်
ဇာဒုတ်သားအာဇရိ၊ 3 ရှိရှသားဧလိဟောရပ်နှင့် အဟိယတို့သည် စာရေးတော်ကြီးဖြစ်၏။ အဟိလုပ်သား ယောရှဖတ်သည်
အတွင်းဝန်ဖြစ်၏။ 4 ယောယဒသား ဗေနာယသည် ဗိုလ်ချုပ်မင်း ဖြစ်၏။ ဇာဒုတ်နှင့် အဗျာသာတို့သည် ယဇ်ပုရောဟိတ် ဖြစ်၏။ 5
နာသန်သားအာဇရိသည် ဝန်စာရေးအုပ်ဖြစ် ၏။ နာသန်သားဇာဗုဒ်သည် မင်းသားအရာနှင့် တိုင်ပင် မတ်ဖြစ်၏။ 6 အဟိရှာသည်
နန်းတော်အုပ်ဖြစ်၏။ အာဗဒါသားအဒေါနိရံသည် အခွန်တော်ဝန်ဖြစ်၏။ 7 ရှောလမုန်သည် ဣသရေလနိုင်ငံအရပ်ရပ်၌ ခန့်ထားသော
ဝန်စာရေးတကျိပ်နှစ်ယောက်တို့သည် တယောက်တလစီ ရှင်ဘုရင်နှင့်နန်းတော်သားတို့ အဘို့ စားစရာကို ပြင်ဆင်ရကြ၏။ 8
သူတို့အမည်ဟူမူကား၊ ဧဖရိမ်တောင်ရပ်မှာ ဟုရ၏သား၊ 9 မာကတ်မြို့၊ ရှာလဗိမ်မြို့၊ ဗက်ရှေမက်မြို့၊ ဧလုန္မေသနန်မြို့မှာ
ဒေကာ၏သား၊ 10 စာဗေါ်မြို့၊ ဟေဖာပြည်လုံးနှင့်တကွ အရုဗုတ် မြို့မှာ ဟေသက်၏သား၊ 11 ဒေါရပြည်လုံးကိုစီရင်သောသူ
ရှောလမုန်၏ သမီးတော်တာဖတ် နှင့်စုံဘက်သော အဘိနဒပ်၏သား၊ 12 တာနက်မြို့၊ မေဂိဒ္ဒေါမြို့နှင့် တကွဗက်ရှန်မြို့မှ
အာဗေလမဟောလမြို့တိုင်အောင်မကာ၊ ယုတ်နန်မြို့ အလွန်၊ ယေဇရေလမြို့ အောက်ဇာတနမြို့နှင့်နီးစပ် သော ဗက်ရှန်မြို့နယ်လုံးကို
စီရင်သော အဟိလုပ်၏သား ဗာန၊ 13 ဂိလဒ်ပြည်၌ မနာရှေ၏သားယာ ဣရပိုင်သော မြို့များ၊ ဗာရှန်ပြည်၊ အာဂေါဘအရပ်၌မြို့ရိုး၊
ကြေးဝါ တံခါးကျင်နှင့်ပြည့်စုံသော မြို့ကြီးခြောက်ဆယ်ကို စီရင် သော ဂိလဒ်ပြည်ရာမုတ်မြို့မှ ဂေဗာ၏သား၊ 14 မဟာနိမ်မြို့မှာ
ဣဒေါ၏သားအဟိနဒပ်၊ 15 နဿလိခရိုင်ကိုစီရင်သောသူ၊ ရှောလမုန်၏ သမီးတော် ဗာသမတ်နှင့်စုံဘက်သောအဟိမတ်၊ 16
အာရှာခရိုင်နှင့် အာလုပ်မြို့မှာ ဟုရှဲ၏သား ဗာနာ၊ 17 ဣသခါခရိုင်မှာပါရွာ၏သားယောရှဖတ်၊ 18 ဗယာမိန်ခရိုင်မှာ ဧလာ၏သားရှိမိ၊ 19
အာမောရိရှင်ဘုရင်ရှိဟုန်၏နိုင်ငံ၊ ဗာရှန် ရှင်ဘုရင်ဩဃ၏နိုင်ငံ၊ ဂိလဒ်ပြည်မှာအခြားသောမင်း မရှိ။ တပါးတည်းစီရင်သော
ဥရိ၏သားဂေဗတည်း။ 20 ထိုကာလ၌၊ ယုဒအမျိုးနှင့် ဣသရေလ အမျိုးသားတို့သည် အရေအတွက်အားဖြင့် သမုဒ္ဒရာ
သဲလုံးနှင့်အမျှများပြား၍ စားသောက်ပျော်မွေ့လျက် နေကြ၏။ 21 ရှောလမုန်သည်လည်း မြစ်ကြီးမှ စ၍ဖိလိတ္တိ ပြည်၊
အဲဂုတ္တုပြည်တိုင်အောင် တိုင်းနိုင်ငံလုံးကို အစိုးရ သဖြင့်၊ အရပ်ရပ်သားတို့သည် လက်ဆောင်ပဏ္ဏာတို့ကို ဆက်၍၊
ရှောလမုန်လက်ထက်ကာလပတ်လုံး မင်းမှုကို ဆောင်ရွက်ရကြ၏။ 22 တနေ့တနေ့လျှင် နန်းတော်၌ ကုန်သောရိက္ခာ ဟူမူကား၊
ဂျုံမုန့်ညက်ကောရသုံးဆယ်၊ မုယော မုန့်ညက်ကောရခြောက်ဆယ်၊ 23 ဆူဖြိုးအောင်ကျွေးသောနွားတဆယ်၊ ကျက်စား ရာထဲက
နွားနှစ်ဆယ်၊ ဆတ်သမင်ဒရယ်အမျိုးမျိုးကို မဆိုဘဲသိုးတရာ၊ ဆူဖြိုးအောင် ကျွေးသောငှက်မျိုး တည်း။ 24 ရှောလမုန်သည်
မြစ်ကြီးအနောက်ဘက်၊ တိဖသမြို့မှအဇ္ဇာမြို့တိုင်အောင် ရှင်ဘုရင်အပေါင်းတို့ကို အစိုးရသဖြင့် ပတ်ဝန်းကျင်အရပ်တို့၌
စစ်မှုစစ်ရေးမရှိ။ 25 လက်ထက်တော်ကာလပတ်လုံး၊ ယုဒအမျိုးနှင့် ဣသရေလအမျိုးသားတို့သည်ဒန်မြို့မှစ၍ ဗေရရှေဘမြို့
တိုင်အောင် အသီးအသီးမိမိစပျစ်ပင်၊ မိမိသင်္ဘောသဖန်း ပင်အောက်မှာ ငြိမ်ဝပ်စွာ နေရကြ၏။ 26 ရှောလမုန်သည်လည်း၊
ရထားတော်များနှင့် ဆိုင်သော မြင်းတင်းကုပ်လေးထောင်၊ မြင်းစီးသူရဲ တသောင်းနှစ်ထောင်ရှိ၏။ 27 ဝန်စာရေးတို့သည်လည်း
ရှောလမုန်မင်းကြီးနှင့် စားပွဲတော်သို့ ဝင်သောသူအပေါင်းတို့အဘို့ တယောက် တလစီစုံလင်စွာ ပြင်ဆင်ရကြ ၏။ 28
မုယောစပါးကိုငှင်း၊ မြင်းတော်များ၊ လားတော် များဘို့ မြက်ခြောက်ကိုငှင်း၊ အလှည့်သင့်သည်အတိုင်း နေရာအရပ်သို့
ဆောင်ခဲ့ရကြ၏။ 29 ဘုရားသခင်သည် များစွာသော ဉာဏ်ပညာကို ငှင်း၊ သမုဒ္ဒရာသဲလုံးနှင့်အမျှ ကျယ်ဝန်းသော နှလုံးကိုငှင်း
ပေးတော်မူသည်ဖြစ်၍၊ 30 ပညာတော်သည် အရှေ့ပြည်သားပညာနှင့် အဲဂုတ္တုပြည်သား ပညာကို လွန်ကဲ၏။ 31 ရှောလမုန်သည်
ဧဇရဟိတ်အမျိုးသေန်၊ မဟောလသားဟေမန်၊ ခါလကောလ၊ ဒါရဒအစရှိသော လူအပေါင်းတို့ထက်သာ၍ ပညာရှိသဖြင့်၊
ခပ်သိမ်းသော တိုင်းနိုင်ငံအရပ်ရပ်၌ ကျော်စောလေ၏။ 32 စီရင်တော်မူသော သုတ္တံစကားသုံးထောင်နှင့် သီချင်းတထောင် ငါးခုရှိ၏။
33 လေဗနုန်အာရဇ်ပင်မှစ၍ အုတ်ရိုးနားမှာ ပေါက်တတ်သောဟုဿုပ်ပင်တိုင်အောင် မြွက်ဆို၏။ သားမျိုး၊ ငှက်မျိုး၊ ပိုးကောင်မျိုး၊
ငါးမျိုးတို့၏ အကြောင်းကိုလည်း မြွက်ဆို၏။ 34 ရှောလမုန်မင်း၏ ပညာသိတင်းကို ကြားသော ရှင်ဘုရင်အမျိုးမျိုးစေလွှတ်သော
သူတို့သည် ပညာစကား တော်ကို နားထောင်ခြင်းငှါ လာကြ၏။

---

1 Kings 01

ယေဘုယျ အချက်အလက်

ရှောလမုန်၏ ရာထူး အာဏာရှိသော အမှုထမ်းများ၏ စာရင်း အစအဦးဖြစ်သည်။

အာဇရိ၊ ဇာဒုတ်၊ ဧလိဟောရပ်၊ အဟိယ၊ ရှိရှ၊ ယောရှဖတ် အဟိလုပ်၊ ဗေနာယ၊ ယောယဒ၊ အဗျာသာ

အမျိုးသားများ၏ အမည်ဖြစ်သည်။


generated on Tue Jul 2 12:50:28 2024

1 Kings 05

ယေဘုယျ အချက်အလက်
ရှောလမုန်၏ ရာထူး အာဏာရှိသော အမှုထမ်းများ၏ စာရင်းအဆက် ဖြစ်သည်။

အာဇရိ၊ နာသန်၊ ဇာဗုဒ်၊ အဟိရှာ၊ အဒေါနိရံ၊ အာဗ
အမျိုးသားများ၏အမည် ဖြစ်သည်။

အခွန်တော်ဝန်
ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ရှောလမုန်အတွက် တာဝန်ထမ်းဆောင်ရန် အတင်းအကြပ် ဖိအားပေးခံရသောသူ"

1 Kings 07

ယေဘုယျ အချက်အလက်
ရှောလမုန်၏ ရာထူး အာဏာရှိသောအမှုထမ်းများ၏ စာရင်းအဆက်

ဟုရ၏သား၊ ဒေကာ၏သား၊ ဟေသက်၏သား
အမျိုးသား၏ အမည်များဖြစ်သည်။ မှတ်သားရန်မှာ အမည်နာမ၏ အရှေ့တွင်ရှိသော "Ben" သည် "၏ သား" ဟု အဓိပ္ပာယ်ရသည်။ ထို့ကြောင့် "Ben Hur" ဆိုသည်မှာ "ဟုရ၏ သား" ဟု ဆိုလိုခြင်းဖြစ်သည်။

တောင်ရပ်မှာ၊ မာကတ်မြို့၊ အရုဗုတ် မြို့
"တောင်ပေါ်အရပ်တွင် တရားဝင် တာဝန်ရှိသောသူ၊ မာကတ်မြို့၏ တရားဝင် တာဝန်ရှိသောသူ၊ အရုဗုတ် မြို့၏ တရားဝင် တာဝန်ရှိသောသူ"

ဧဖရိမ်တောင်ရပ်၊ မာကတ်မြို့၊ ရှာလဗိမ်မြို့၊ ဗက်ရှေမက်မြို့၊ လေုမ္မောသနန်မြို့၊ အရုဗုတ် မြို့၊ စောခေါမြို့၊ ဟေဖာပြည်
နေရာ အရပ်ဒေသများ၏ အမည်များဖြစ်သည်။

1 Kings 11

ဆက်စပ်ဖော်ပြချက်
ရှောလမုန်၏ ရာထူး အာဏာရှိသောအမှုထမ်းများ၏ စာရင်းအဆက်များ နှင့် ၎င်းတို့ စတင်တာဝန်ယူရသော နယ်မြေဒေသများ၏ စာရင်း

ဒေါရပြည်လုံးကိုစီရင်သောသူ၊ တာနက်မြို့၊ ဂိလဒ်ပြည်ရာမုတ်မြို့၊ မဟာနိမ်မြို့
"ဒေါရပြည်၏ တရားဝင် တာဝန်ရှိသောသူ၊ တာနက်မြို့၏ တရားဝင် တာဝန်ရှိသောသူ၊ ဂိလဒ်ပြည်ရာမုတ်မြို့၏ တရားဝင် တာဝန်ရှိသောသူ၊ မဟာနိမ်မြို့၏ တရားဝင် တာဝန်ရှိသောသူ"

တာဖတ်
အမျိုးသမီး၏ အမည်ဖြစ်သည်။

အဘိနဒပ်၏သား၊ ဂေဗာ၏သား၊ ယာ ဣရ၊ မနာရှေ၊ အဟိနဒပ်၊ ဣဒေါ
အမျိုးသားများ၏အမည်များ ဖြစ်သည်။

ဒေါရပြည်၊ ဗက်ရှန်မြို့၊ ဇာတနမြို့၊ ယေဇရေလမြို့၊ ဗက်ရှန်မြို့မှ အာဗေလမဟောလမြို့၊ ယုတ်နန်မြို့၊ ဂိလဒ်ပြည်ရာမုတ်မြို့၊ အာဂေါဘအရပ်၌မြို့၊ဗာရှန်ပြည်၊ မဟာနိမ်မြို့
နေရာဒေသများ၏ အမည်များဖြစ်သည်။

1 Kings 15

ယေဘုယျ အချက်အလက်
ရှောလမုန်၏ ရာထူး အာဏာရှိသောအမှုထမ်းများ၏ စာရင်းများ နှင့် ၎င်းတို့ တာဝန်ယူရသော နယ်မြေဒေသများ၏ စာရင်းအဆက်များ

အဟိမတ်၊ ဗာနာ၊ ဟုရှဲ၊ ယောရှဖတ်၊ ပါရွာ
အမျိုးသားများ၏ အမည်များဖြစ်သည်။

ဗာသမတ်
အမျိုးသမီး၏ အမည်။

နဿလိခရိုင်၊ အာရှာခရိုင်၊ ဣသခါခရိုင်
နဿလိခရိုင်၏ တရားဝင် တာဝန်ရှိသောသူ၊ အာရှာခရိုင်၏ တရားဝင် တာဝန်ရှိသောသူ၊ ဣသခါခရိုင်၏ တရားဝင် တာဝန်ရှိသောသူ၊

နဿလိ၊ အာရှာ၊ ဣသခါ
ဣသရေလ၏သားများ အမည်ပေးထားသော လူမျိုးစုနှင့်ဆိုင်သော နယ်မြေများ။

အာလုပ်မြို့
နယ်မြေ တစ်စိတ်တစ်ဒေသ၏ အမည်။

1 Kings 18

ယေဘုယျ အချက်အလက်
ရှောလမုန်၏ ရာထူး အာဏာရှိသောအမှုထမ်းများ၏ စာရင်းများ နှင့် ၎င်းတို့ တာဝန်ယူရသော နယ်မြေဒေသများ၏ စာရင်းအဆက်များ

ရှိမိ၊ ဧလာ၊ ဂေဗ၊ ဥရိ၊ ရှင်ဘုရင်ရှိဟုန်၊ ရှင်ဘုရင်ဩဃ၊
အမျိုးသားများ၏ အမည်များ ဖြစ်သည်။

ဗယ်္ယာမိန်ခရိုင်
ဣသရေလ၏သားများ အမည်ပေးထားသော လူမျိုးစုနှင့်ဆိုင်သော နယ်မြေများ။

ဂိလဒ်ပြည်၊ ဗာရှန်
နယ်မြေ တစ်စိတ်တစ်ဒေသ၏ အမည်။

အာမောရိ
လူတစ်စု၏ အမည်နာမ။

ရှိဟုန်၏နိုင်ငံ
"အစောပိုင်းကာလများတွင် ရှိဟုန်နိုင်ငံအတွင်းပါဝင်သော မြေနေရာ"

ပြည်
ဤတွင် "ပြည်" ဟူသော အသုံးသည် ယုဒပြည်အား ရည်ညွှန်းခြင်း ဖြစ်သည်၊ ယခင် အာဏာရှိသော အမှုထမ်းများသည် ဣသရေလနိုင်ငံ၏ မတူညီသော အပိုင်းများကို ဦးဆောင်ကြသည်။

1 Kings 20

ယုဒအမျိုးနှင့် ဣသရေလ အမျိုးသားတို့သည် အရေအတွက်အားဖြင့် သမုဒ္ဒရာသဲလုံးနှင့်အမျှ
စကားပြောသူသည်ဤနေရာတွင် အကုန်အစင် ရေတွက်ရန် မဖြစ်နိုင်သောလူအမြောက်အမြားရှိသည်ကို ပြောပြရန် ပုံကြီးချဲ့၍ သုံးနှုန်းထားသည်။ "ယုဒ" နှင့် "ဣသရေလ" ဟူသော စကားလုံးများသည် ယုဒနိုင်ငံနှင့် ဣသရေလနိုင်ငံတွင် နေထိုင်သော လူများကို ဆိုလိုခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ယုဒနိုင်ငံနှင့် ဣသရေလနိုင်ငံတွင် ပင်လယ်ရှိ သဲပွင့်များကဲ့သို့ လူအများရှိကြသည်။"

မြစ်
"ဥဖရတ်မြစ်" (UDB)

ကောရသုံးဆယ်
ကောရသည် မုန့်ညက်ကို တိုင်းတာသော ယူနစ်ဖြစ်သည်။

ဆတ်သမင်ဒရယ်အမျိုးမျိုး
အပြေးမြန်ပြီး ခြေလေးချောင်းရှိသော တိရစ္ဆာန်များ။

သမင်
တစ်မျိုးထက်ပိုသော တိရစ္ဆာန်များ

ဆူဖြိုးအောင် ကျွေးသောငှက်မျိုး
"လူများက ကျွေးမွေးသောကြောင့် ဝဖြိုးလာသော ငှက်များ"

1 Kings 24

တိဖသမြို့
နယ်မြေ တစ်စိတ်တစ်ဒေသ၏ အမည်။

ယုဒနှင့် ဣသရေလ
"ယုဒ" နှင့် "ဣသရေလ" ဟူသော စကားလုံးသည် ယုဒအမျိုးနှင့် ဣသရေလအမျိုးကို ဆိုလိုခြင်းဖြစ်သည်။

ဒန်မြို့မှစ၍ ဗေရရှေဘမြို့ တိုင်အောင်
ဣသရေလနိုင်ငံ တစ်နိုင်ငံလုံး မြောက်ပိုင်း ဒန်မြို့မှစ၍ တောင်ပိုင်း ဗေရရှေဘမြို့ တိုင်အောင် ကိုယ်စားပြုသည်။

အသီးအသီးမိမိစပျစ်ပင်၊ မိမိသင်္ဘောသဖန်း ပင်အောက်မှာ
မိသားစုတိုင်းတွင် မိမိကိုယ်ပိုင် စပျစ်ပင်နှင့် သင်္ဘောသဖန်းပင် ဥယျာဉ်ရှိသည်။ ထိုအရာသည် စစ်မရှိတော့သော အချိန်ကာလမှစ၍ မိမိတို့၏ ဥယျာဉ်အား ပြုစုပျိုးထောင်ရန် အချိန်များရှိလာသောကြောင့် လူများသည် လုံခြုံငြိမ်းချမ်းစွာ နေထိုင်ရခြင်းကို ပြသသည်။

1 Kings 26

မြင်းတင်းကုပ်
မြင်းကဲ့သို့သော တိရစ္ဆာန်ကို စောင့်ရှောက် ထိန်းသိမ်းသော နေရာဖြစ်သည်။

ရှောလမုန်မင်းကြီးနှင့် စားပွဲတော်သို့ ဝင်သောသူအပေါင်း
" ရှောလမုန်မင်းကြီး နှင့်အတူ စားသောက်သောသူ" သို့မဟုတ် "ရှောလမုန်မင်းကြီးမှ သူနှင့်အတူ စားသောက်ရန် ဖိတ်ခေါ်ခြင်း ခံရသောသူ"

တယောက် တလစီ
ရှောလမုန်သည် (၄:၇) တွင် ဖော်ပြထားသော ဝန်စာရေး ၁၂ဦးအား အစားသောက်များကို ယူလာရန် လ တစ်လစီ သတ်မှတ်ပေးကာ တာဝန်ပေးခဲ့သည်။

စုံလင်စွာ
အပြုသဘောဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "သူတို့သည် ရှောလမုန် လိုအပ်သမျှကို ထောက်ပံ့ ဖြည့်ဆည်းပေးသည်။"

1 Kings 29

ဘုရားသခင်သည် များစွာသော ဉာဏ်ပညာကို ငင်း
ထာဝရဘုရားသည် များစွာသောအရာများကို နားလည်နိုင်ရန်နှင့် ပညာရှိရန် စွမ်းဆောင်နိုင်သည် ဆိုသည်မှာ ထာဝရဘုရားသည် ရှောလမုန်အား မြင်ရသော ရုပ်ဝတ္ထုပစ္စည်းများကို ပေးသကဲ့သို့ဟု ဆိုလိုခြင်းဖြစ်သည်။ စိတ္တဇနာမ် ဖြစ်သော "ဉာဏ်ပညာ" နှင့် "နားလည်ခြင်း" အား ကြိယာအဖြစ် ဘာသာပြန်နိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ထာဝရဘုရားသည် ရှောလမုန်အား အရာများစွာကို နားလည်ရန်နှင့် ပညာရှိလာစေရန် ပြုလုပ်သည်။

သမုဒ္ဒရာသဲလုံးနှင့်အမျှ ကျယ်ဝန်းသော နှလုံး
ရှောလမုန်သည် မတူကွဲပြားသော အကြောင်းအရာများစွာကို နားလည်နိုင်သည်။ စိတ္တဇနာမ် ဖြစ်သော "ကျယ်ဝန်းသော" စကားလုံးအား နာမဝိသေသနအဖြစ် ဘာသာပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ရှောလမုန်သည် ကြီးမားကျယ်ပြန့်သော အကြောင်းအရာများစွာအား နားလည်နိုင်စွမ်းရှိသည်။

အရှေ့ပြည်သား
ဣသရေလတိုင်းပြည် အရှေ့ပိုင်းရှိ အာရေဗျ နှင့် မက်ဆိုပိုတေးမီးယား ကဲ့သို့ သော နိုင်ငံများမှ လူများကို ရည်ညွှန်းသည်။

ပညာကို လွန်ကဲ၏
ရှောလမုန်သည် ပညာရှိသောသူများထက် သာ၍ ပညာရှိသည်။

ဧသန်၊ ဟေမန်၊ ခါလကောလ၊ ဒါရဒ၊ မဟောလ
အမျိုးသားများ၏ အမည်ဖြစ်သည်။

1 Kings 32

လေဗနုန်အာရဇ်ပင်မှစ၍ အုတ်ရိုးနားမှာ ပေါက်တတ်သောဟုဿုပ်ပင်
ထို အစွန်းနှစ်ဖက်ရောက်သောစကားလုံးပုံစံမှာ အပင်အားလုံး ပါဝင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "အာရဇ်ပင်.....ဟုဿုပ်ခြုံ" သို့မဟုတ် "အပင်များ၏ ကြီးကျယ်မှု...... ခြုံများ၏ အရေးမပါမှု"

---

## Translation Questions

1 Kings 4:1

ရှောလမုန်သည် ဣသရေလလူမျိုးအားလုံး၏ ဘုရင်ဖြစ်ပါသလား။
အမှန်တကယ်ပင် ရှောလမုန်သည် ဣသရေလတို့၏ ဘုရင်ဖြစ်ပါသည်။

1 Kings 4:5

ရှောလမုန်မင်းကြီး၌ အရာရှိနှင့် အရာခံများ ရှိပါသလား။
ရှောလမုန်မင်းကြီး၌ မြောက်မြားစွာသော အရာရှိ၊ အရာခံများရှိပါသည်။

1 Kings 4:7

ရှောလမုန်မင်းကြီး၏ အမှုဆောင်တစ်ဦးချင်းစီသည် အိမ်တော်အတွက် အစားအစာကို မည်မျှကြာ ထောက်ပံ့ပေးခဲ့ရသနည်း။
အမှုဆောင်တစ်ဦးတိုင်း အိမ်တော်အတွက် တစ်လစီထောက်ပံ့ခြင်းကို ပြုကြရသည်။

1 Kings 4:20

ယုဒနှင့် ဣသရေလတို့သည် အရည်အတွက်အားဖြင့် မည်မျှရှိသနည်း။
ယုဒနှင့် ဣသရေလတို့သည် အရည်အတွက်အားဖြင့် သမုဒ္ဒရာ သဲလုံးနှင့်အမျှများပြားကြသည်။

ရှောလမုန်၏အာဏာတော်သည် မည်မျှတိုင်အောင်အဒွန့်ရှည်ကျယ်ပြန့်ခဲ့သနည်း။
ရှောလမုန်၏အာဏာတော်သည် မြစ်ကြီးမှ စ၍ဖိလိတ္တိ ပြည်၊ အဲဂုတ္တုပြည်တိုင်အောင် တိုင်းနိုင်ငံလုံးကို အစိုးရသည်။

တနေ့တနေ့ရှောလမုန်မင်းကြီး၏ထောက်ပံ့ခံရမှု မည်မျှရှိသနည်း။
တနေ့တနေ့လျှင် နန်းတော်၌ ကုန်သောရိက္ခာ ဟူမူကား၊ ဂျုံမုန့်ညက်ကောရသုံးဆယ်၊ မုယော မုန့်ညက်ကောရခြောက်ဆယ်၊ ဆူဖြိုးအောင်ကျွေးသောနွားတဆယ်၊ ကျက်စား ရာထဲက နွားနှစ်ဆယ်၊ ဆတ်သမင်ဒရယ်အမျိုးမျိုးကို မဆိုဘဲသိုးတရာ၊ ဆူဖြိုးအောင် ကျွေးသောငှက်မျိုး စသည်တို့ဖြစ်သည်။

1 Kings 4:24

ရှောလမုန်လက်ထက် တစ်လျှောက်လုံးတွင် ယုဒနှင့်ဣသရေလတို့ မည်သို့နေထိုင်ကြရသနည်း။
ယုဒအမျိုးနှင့် ဣသရေလအမျိုးသားတို့သည်ဒန်မြို့မှစ၍ ဗေရရှေဘမြို့ တိုင်အောင် အသီးအသီးမိမိစပျစ်ပင်၊ မိမိသင်္ဘောသဖန်း ပင်အောက်မှာ ငြိမ်ဝပ်စွာ နေရကြသည်။

1 Kings 4:26

ရှောလမုန်မင်းကြီးတွင် မြင်းတပ်နဲ့စပ်ဆိုင်သော မြင်းတင်းကုပ် မည်မျှရှိသနည်း။
ရှောလမုန်မင်းကြီးတွင် မြင်းတပ်နဲ့စပ်ဆိုင်သော မြင်းတင်းကုပ် လေးထောင်ရှိပါသည်။

ရှောလမုန်မင်းကြီး၏မြင်းများအတွက် မည်သည့်အရာများကို ယူဆောင်ရသနည်း။
မုယောစပါးကိုရှင်း မြက်ခြောက်ကိုရှင်း မြင်းများ၊ လားများအတွက် သယ်ဆောင်ရသည်။

1 Kings 4:29

ရှောလမုန်မင်းကြီးအား ဘုရားသခင်က မည်သည့်အရာကို ပေးအပ်သနည်း။
ဘုရားသခင်သည် များစွာသော ဉာဏ်ပညာကို ၎င်း၊ သမုဒ္ဒရာသဲလုံးနှင့်အမျှ ကျယ်ဝန်းသော နှလုံးကိုရှင်း ရှောလမုန်အား ပေးတော်မူသည်။

ရှောလမုန်မင်းကြီး၏ပညာတော်သည် မည်သည့်အရပ်တို့ထိ ကျော်စော်ခဲ့သနည်း။
ရှောလမုန်မင်းကြီး၏ပညာတော်သည် များစွာသော ပြည်နယ်နဲ့နိုင်ငံများထိ ကျော်စော်ခဲ့သည်။

1 Kings 4:32

ရှောလမုန်မင်းကြီးတွင် သုတ္တံစကားနှင့် သီချင်းမည်မျှ ရှိသနည်း။
ရှောလမုန်မင်းကြီးတွင် သုတ္တံစကားသုံးထောင်နှင့် သီချင်းတထောင် ငါးခုရှိ ပါသည်။


generated on Tue Jul 2 12:50:28 2024

ပညာရှိအပေါင်းတို့သည် ရှောလမုန်၏ပညာတော်ကို စူးစမ်းရန် မည်သည့်အရပ်တို့မှ လာခဲ့ကြသနည်း။

ပညာရှိအပေါင်းတို့သည် ရှောလမုန်၏ပညာတော်ကို စူးစမ်းရန် တိုင်းနိုင်ငံအရပ်ရပ်မှ လာရောက်ကြသည်။

---



generated on Tue Jul 2 12:50:28 2024

## Chapter 5

[1] ရှောလမုန်ကို ခမည်းတော်အရာ၌ ဘိသိက်ပေး ကြောင်းကို တုရုမင်းကြီးဟိရံသည် ကြားလျှင်၊ ဒါဝိဒ်နှင့် အစဉ်မိတ်ဆွေဖွဲ့သော
သူဖြစ်၍၊ မိမိကျွန်တို့ကို စေလွှတ် လေ၏။ [2] တဖန်ရှောလမုန်သည်လည်း၊ ဟိရံထံသို့ စေ လွှတ်လျက်၊ [3] ငါ့အဘဒါဝိဒ်သည် အရပ်ရပ်၌
စစ်တိုက်ရ သောကြောင့်၊ ထာဝရဘုရားသည် ရန်သူတို့ကို အဘခြေ ဘဝါးတော်အောက်သို့ နှိမ့်ချတော်မမူမှီတိုင်အောင်၊
မိမိဘုရားသခင်ထာဝရဘုရား၏ နာမတော်အဘို့ အိမ်တော်ကို မတည်မဆောက်ရဟု မင်းကြီးသိ၏။ [4] ယခုမူကား၊
ငါ၏ဘုရားသခင်ထာဝရဘုရား သည် အရပ်ရပ်၌ ငြိမ်ဝပ်မည်အကြောင်း စီရင်တော်မူ သဖြင့်၊ ရန်ဘက်ပြုသောသူ၊ ဆီးတားသောသူ
မရှိသည် ဖြစ်၍၊ [5] ထာဝရဘုရားက၊ ငါ့အဘဒါဝိဒ်အား သင့် ကိုယ်စား သင်၏ရာဇပလ္လင်ပေါ်မှာ ငါတင်သော သင်၏ သားသည်
ငါ့နာမအဘို့ အိမ်ကို တည်ဆောက်ရမည်ဟု မိန့်တော်မူသည်အတိုင်း၊ ငါ၏ဘုရားသခင် ထာဝရဘုရား ၏ နာမတော်အဘို့ အိမ်တော်ကို
တည်ဆောက်မည်ဟု ငါအကြံရှိ၏။ [6] မင်းကြီး၏ ကျွန်တို့သည် ငါ့အဘို့ လေဗနုန် တောင်ပေါ်မှာ အာရဇ်ပင်တို့ကို ခုတ်လှဲစေခြင်းငှါ
စီရင် ပါ။ ငါ့ကျွန်တို့သည် မင်းကြီးကျွန်တို့နှင့်ဝိုင်း၍ လုပ်ကိုင် ကြလိမ့်မည်။ မင်းကြီးစီရင်သည်အတိုင်း၊ မင်းကြီး၏ ကျွန်တို့အား
အခကိုပေးပါမည်။ ဇိဒုန်အမျိုးသားတို့သည် သစ်ခုတ်တတ်သကဲ့သို့ ငါ့တို့တွင် အဘယ်သူမျှ ခုတ်တတ် သည်ကို မင်းကြီးသိသည်ဟု
မှာလိုက်လေ၏။ [7] ရှောလမုန်မင်း၏စကားကို ဟိရံမင်းသည် ကြား လျှင် အလွန်ဝမ်းမြောက်၍၊ ထိုလူမျိုးကြီးကို အစိုးရသော သားကို
ဒါဝိဒ်အားပေးတော်မူသော ထာဝရဘုရားသည် ယနေ့မင်္ဂလာရှိတော်မူစေသတည်းဟု ဆိုလျက်၊ [8] မင်းကြီးမှာလိုက်သော အမှုကို
ငါဆင်ခြင်ပြီ။ အာရဇ်သစ်သား၊ ထင်ရှူးသစ်သားလိုသမျှကို ပေးပါမည်။ [9] ငါ့ကျွန်တို့သည် လေဗနုန်တောင်မှ ပင်လယ်သို့ ချပြီးလျှင်၊
ဘောင်လုပ်၍ မင်းကြီးစီရင်သောအရပ်သို့ ပင်လယ်လမ်းဖြင့် ဆောင်ခဲ့၍၊ ထိုအရပ်၌အပ်သဖြင့် မင်းကြီးခံယူရမည်။
မင်းကြီးသည်လည်း၊ ငါ၏နန်းတော် သားစားစရာရိက္ခာကိုပေး၍ ငါ့အလိုကိုလည်း ပြည့်စုံ စေရမည်ဟု ရှောလမုန်ထံသို့
လူကိုစေလွှတ်၍ ပြန်ပြော ၏။ [10] ထိုသို့ဟိရံသည် ရှောလမုန် အလိုရှိသမျှသော အာရဇ်သစ်သား၊ ထင်းရှူးသစ်သားကို ပေး၏။ [11]
ရှောလမုန်သည်လည်း၊ ဟိရံ၏နန်းတော်သား များ စားစရာဘို့ တနှစ်တနှစ်လျှင် ဂျုံဆန်ကောရ နှစ်သောင်း၊ စစ်ပြီးသော
ဆီကောရနှစ်ဆယ်ကို ပေး၏။ [12] ထာဝရဘုရားသည်လည်း၊ ဂတိတော်ရှိသည် အတိုင်း၊ ရှောလမုန်အား ပညာကိုပေးတော်မူ၏။
ဟိရံမင်းနှင့်ရှောလမုန်မင်းနှစ်ပါးတို့သည် စစ်တိုက်ခြင်း မရှိ။ မိဿဟာယဖွဲ့ကြ၏။ [13] ရှောလမုန်မင်းကြီးသည်လည်း၊ ဣသရေလလူ
အပေါင်းတို့တွင် လူသုံးသောင်းတို့ကို ခွဲခန့်၍၊ [14] အလှည့်အလှည့်တလလျှင်တသောင်းစီ၊ လေဗနုန် တောင်သို့ စေလွှတ်သဖြင့်၊
ထိုလူတို့သည် လေဗနုန်တောင် ပေါ်မှာတလ၊ ကိုယ်နေရာအရပ်၌ နှစ်လနေရကြ၏။ ထိုလူ တို့ကို အဒေါနိရံအုပ်ရ၏။ [15]
ထမ်းရွက်သောသူခုနစ်သောင်း၊ တောင်ရိုးပေါ် မှာ သစ်ခုတ်သောသူရှစ်သောင်းတို့ကိုလည်း စေခိုင်းတော် မူ၍၊ [16]
အုပ်ချုပ်သောမင်းအရာရှိမှတပါး လုပ်ဆောင်သော သူတို့ကို စီရင်သောသူ သုံးထောင်သုံးရာရှိ၏။ [17] ရှင်ဘုရင်၏ အမိန့်တော်အတိုင်း
အိမ်တော် တိုက်မြစ်အဘို့ ကြီးသောကျောက်၊ အဘိုးထိုက်သော ကျောက်၊ ဆစ်ပြီးသောကျောက်တို့ကို ဆောင်ခဲ့ကြ၏။ [18]
ထိုသို့ရှောလမုန်မင်း၏ လက်သမားတို့နှင့် ဟိရံမင်း၏လက်သမားတို့သည် ဂေဗာလအမျိုးသားတို့ နှင့်တကွ၊ အိမ်တော်ကို
တည်ဆောက်စရာဘို့ သစ်သား များ၊ ကျောက်များတို့ကို ပြင်ဆင်ကြ၏။

---

---

1 Kings 01

ယေဘုယျ အချက်အလက်

ရှောလမုန်သည် ဘုရင်ဟိရံနှင့် ဗိမာန်တော် အဆောက်အဦးအကြောင်း ပြောသည်။

ဒါဝိဒ်နှင့် အစဉ်မိတ်ဆွေဖွဲ့သော သူ

"ဟိရံသည် ဘုရင် ဒါဝိဒ်၏ အရင်းနှီးဆုံးသော မိတ်ဆွေ ဖြစ်ခဲ့သည်။" (UDB)

ထာဝရဘုရားသည် ရန်သူတို့ကို အဘခြေ ဘဝါးတော်အောက်သို့ နှိမ့်ချတော်မမူမှီတိုင်အောင်

တစ်စုံတစ်ဦး၏ ခြေဘဝါးအောက်တွင် ရန်သူကိုထားသည် ဆိုသည်မှာ သူတို့အား အောင်နိုင်ခြင်းကို ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက် - "ဒါဝိဒ်သည် သူ၏ ရန်သူများအား ခုခံနိုင်ရန် ထာဝရဘုရားသည် ကူညီသည်။" သို့မဟုတ် "ထာဝရဘုရားသည် ဒါဝိဒ်အား သူ၏ ရန်သူများကို အောင်နိုင်ခြင်း ပေးပြီးသောအချိန်မှစ၍ ဒါဝိဒ် အလုပ်များခဲ့သည်။"

ငါ့အဘဒါဝိဒ်သည် အရပ်ရပ်၌ စစ်တိုက်ရ သောကြောင့်

အခြားဖြစ်နိုင်ခြေရှိသော အဓိပ္ပာယ်မှာ "သူ၏ရန်သူများမှ သူ့အား စစ်ကြောင့်ဝိုင်းထားသည်။" သို့မဟုတ် "သူသည် အဖက်ဖက်မှ ရန်သူများနှင့် တိုက်ခိုက်ရသောကြောင့်"

ဘုရားသခင်ထာဝရဘုရား၏ နာမတော်

"အမည်" ဟူသော စကားလုံးသည် လူကို ကိုယ်စားပြုခြင်း ဖြစ်ပြီး "နာမတော်" သည်

ထာဝရဘုရားသည် ရန်သူတို့ကို အဘခြေ ဘဝါးတော်အောက်သို့ နှိမ့်ချတော်မမူမှီတိုင်အောင်

ခြေဘဝါးများသည် လူတစ်ယောက်အပေါ်ပြည့်စုံသော ထိန်းချုပ်မှု အတွက် သုံးနှုန်းခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ဒါဝိဒ်သည် သူ၏ ရန်သူများကို


generated on Tue Jul 2 12:50:28 2024

အပြည့်အဝ ကာကွယ်နိုင်ရန် ထာဝရဘုရားသည် တတ်စွမ်းနိုင်သည်။"

1 Kings 04

ယေဘုယျ အချက်အလက်
ရှောလမုန်သည် ဘုရင်ဟိရံနှင့် ဗိမာန်တော် အဆောက်အဦးအကြောင်း ဆက်ပြောသည်။

အရပ်ရပ်၌ ငြိမ်ဝပ်မည်အကြောင်း စီရင်တော်မူ သဖြင့်
ရှောလမုန် ရှင်ဘုရင် မဖြစ်ခင် ဒါဝိဒ်မင်းကြီးနှင့် ဣသရေလ လူမျိုးများသည် စစ်အတွင်းတွင် ကျင်လည်ခဲ့ရသော်လည်း ယခုတွင် ရှောလမုန်မင်းကြီး နှင့် သူ၏ကို လူများသည် စစ်အေးသောကာလတွင် ငြိမ်ဝပ်စွာ နေကြရသည်။

ရန်ဘက်ပြုသောသူ
ရန်သူ

ဆီးတားသောသူ
လူ နှင့် သူတို့၏ ပိုင်ဆိုင်မှုများကို ထိခိုက်မှုဖြစ်စေသော အကြောင်းအရင်း

ရန်ဘက်ပြုသောသူ၊ ဆီးတားသောသူ မရှိသည် ဖြစ်၍
ထိခိုက် ပျက်စီးစေသောသူများ၊ ထိခိုက် ပျက်စီးခြင်းကို ဖြစ်ပေါ်စေသော သဘာဝ အကြောင်းတရားများ နှစ်ခုစလုံး မဟုတ်။ အပြုသဘောဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ရန်သူများနှင့် သဘာဝ ဘေးအန္တရာယ်များမှ လုံခြုံသည်။"

So
စကားလုံး၏နောက်ဆက်တွဲအား အလေးထားရန် ဖြစ်သည်။ " နားထောင်ပါ။ ကျွန်ုပ်လုပ်ရမည့်အရာ ဖြစ်သည်။" သို့မဟုတ် "ထာဝရဘုရားသည် ကျွန်ုပ်အပေါ်၌ ပြုသောအရာများကြောင့် ထိုအရာသည် ကျွန်ုပ်လုပ်ရမည့်အရာ ဖြစ်သည်။"

သင်၏ရာဇပလ္လင်ပေါ်မှာ ငါတင်သော
ဤနေရာတွင် " ရာဇပလ္လင်" သည် ဘုရင်ကဲ့သို့ စိုးစံရန် ရည်ညွှန်းခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "သင့်နောက်တွင် ဘုရင်ဖြစ်စေရန် ပြုလုပ်သည်။"

ငါ့နာမအဘို့ ........ ငါ၏ဘုရားသခင် ထာဝရဘုရား ၏ နာမတော်အဘို့
"နာမ" ဟူသော စကားလုံးသည် လူအတွက် ရည်ညွှန်းခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ကျွန်ုပ်၏ ဘုရားသခင် ထာဝရဘုရား နေသော နေရာ ...... ကျွန်ုပ်နေသော နေရာ"

1 Kings 06

ယေဘုယျ အချက်အလက်
ရှောလမုန်သည် ဘုရင်ဟိရံနှင့် ဗိမာန်တော် အဆောက်အဦးအကြောင်း ဆက် ပြောသည်။

ဇိဒုန်အမျိုးသား
ဇိဒုန်လူများ

ဇိဒုန်အမျိုးသားတို့သည် သစ်ခုတ်တတ်သကဲ့သို့ ငါ့တို့တွင် အဘယ်သူမျှ ခုတ်တတ်
"သစ်ကို မည်ကဲ့သို့ ခုတ်ရမည်ကို သင်၏ အလုပ်သမားများသည် ကျွန်ုပ်၏လူများထက် သာ၍ သိသည်။"

1 Kings 07

ယေဘုယျ အချက်အလက်
ရှင်ဘုရင် ဟိရံသည် ရှောလမုန်အား ဖြေကြားသည်။

ရှောလမုန်မင်း၏စကား
"ရှောလမုန် ပြောသောစကား"

ထာဝရဘုရားသည် ယနေ့မင်္ဂလာရှိတော်မူစေသတည်း
ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ကျွန်ုပ်သည် ယနေ့ ထာဝရဘုရားအား ချီးမွမ်းသည်။"

အာရဇ်သစ်သား
အာရဇ်သစ်သားသည် ဗိမာန်တော် ဆောက်လုပ်ရာတွင် အသုံးပြုရန် သင့်တော်သော အဖိုးတန် သစ်အမျိုးအစား တစ်မျိုးဖြစ်သည်။

1 Kings 09

ယေဘုယျ အချက်အလက်
ဘုရင် ဟိရံသည် ရှောလမုန်အား ဆက်လက် ဖြေကြားသည်။

ဘောင်လုပ်၍
"အစုလိုက် မျောနေစေရန် အတူအတွ စည်းနှောင်သည်။"

ထိုအရပ်၌အပ်သဖြင့်
ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ကျွန်ုပ်၏ အလုပ်သမားများသည် အချင်းချင်း သစ်လုံးများကို မစည်းနှောင်ပါ။"

ငါ့အလိုကိုလည်း ပြည့်စုံ စေရမည်
"ကျွန်ုပ်လိုချင်သမျှကို သင် လုပ်ပေးရမည်" သို့မဟုတ် "ပေးရမည်။"

1 Kings 10

အာရဇ်သစ်သား
"အာရဇ်သစ်သား" ဟူသော စကားလုံးသည် အာရဇ်ပင်များ အပါအဝင် အပင်အမျိုးအစားများစွာအား ရည်ညွှန်းသည်။

ဂျုံဆန်ကောရ နှစ်သောင်း
ခြောက်သွေ့သောအရာအား တိုင်းတာသော အတိုင်းအတာ ရှိသကဲ့သို့ ဆီကဲ့သို့သော အရည်များအား တိုင်းတာသော

အတိုင်းအတာ ရှိသည်။ ဤတွင် မည်သည့် အတိုင်းအတာအား ဆိုလိုကြောင်း မရှင်းလင်းပါ။

တနှစ်တနှစ်
"နှစ်တိုင်း"

1 Kings 13

ယေဘုယျ အချက်အလက်
ရှောလမုန်သည် ဗိမာန်တော် တည်ဆောက်ရန် သူ၏ လူများအား တိုက်တွန်းသည်။

ဣသရေလလူ အပေါင်း
ဣသရေလပြည်တစ်လျှောက်မှ အလုပ်လုပ်မည့် လူများ

အလှည့်အလှည့်
အဖွဲ့သုံးဖွဲ့သည် လေဗနုန်တောင်တွင် တစ်လ နှင့် မိမိအရပ်နေရာတွင် နှစ်လ အလှည့်ကျ အချိန်ကို အသုံးပြုရန် ဖြစ်သည်။

လေဗနုန်တောင် ပေါ်မှာတလ၊ ကိုယ်နေရာအရပ်၌ နှစ်လ
အဖွဲ့ သုံးဖွဲ့မှ တစ်ဖွဲ့စီသည် လေဗနုန်တောင်တွင် တစ်လ နှင့် မိမိနေရပ် ဣသရေလပြည်တွင် နှစ်လ အလုပ်လုပ်ရန် ဖြစ်သည်။

ထိုလူ တို့ကို အဒေါနိရံအုပ်ရ၏
ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ရှောလမုန်သည် မိမိအတွက် အလုပ်လုပ်ပေးရန် ခိုင်းစေခံရသောသူ"

1 Kings 15

ယေဘုယျ အချက်အလက်
ရှောလမုန်သည် ဗိမာန်တော် တည်ဆောက်ရန် သူ၏ လူများအား ဆက်၍ တိုက်တွန်းသည်။

ထမ်းရွက်
လေးလံသောအရာများ

သစ်ခုတ်သောသူ
"မြေကြီးထဲမှ ကျောက်များကို တူးကာ ဖြတ်သောသူ"

1 Kings 17

ယေဘုယျ အချက်အလက်
ရှောလမုန်သည် ဗိမာန်တော် တည်ဆောက်ရန် သူ၏ လူများအား ဆက်၍ တိုက်တွန်းသည်။

ကြီးသောကျောက်၊ အဘိုးထိုက်သော ကျောက်၊ ဆစ်ပြီးသောကျောက်တို့ကို ဆောင်ခဲ့ကြ၏
တောင်ပေါ်မှ ကြီးမားသော ကျောက်များကို တူးကာ လိုချင်သော ပုံစံရအောင် ဖြတ်သည်။

ဂေဗာလ
ဂေဗာလမြို့မှ လူများ။

---

## Translation Questions

1 Kings 5:1

မည်သူသည် ရှောလမုန်ထံသို့ ကျွန်တော်များကို စေလွှတ်ခဲ့သနည်း။
တုရုမင်းကြီးဟိရံသည် ရှောလမုန်ထံသို့ သူ၏ကျွန်တော်များကို စေလွှတ်ခဲ့သည်။

ထာဝရဘုရားသခင်၏အိမ်တော်ကို မည့်သည့်အတွက်ကြောင့် ဒါဝိဒ်မင်းကြီးက တည်ဆောက်ခွင့်မရရှိခဲ့သနည်း။
ထာဝရဘုရားသခင်၏အိမ်တော်ကို ဒါဝိဒ်မင်းကြီးက တည်ဆောက်ခွင့်မရရှိခဲ့ခြင်းမှာ သူ၏စစ်တိုက်ရခြင်းကြောင့်ဖြစ်သည်။

1 Kings 5:4

ဒါဝိဒ်မင်းကြီးအား ထာဝရဘုရားက မည်ကဲ့သို့ မိန့်တော်မူခဲ့သနည်း။
ထာဝရဘုရားသခင်က ဒါဝိဒ်အား သင်၏ရာဇပလ္လင်ပေါ်မှာ ငါတင်သော သင်၏ သားသည် ငါ့နာမအဘို့ အိမ်ကို တည်ဆောက်ရမည်ဟု မိန့်တော်မူခဲ့သည်။

1 Kings 5:6

ရှောလမုန်မင်းကြီးက ဟိရံမင်းကြီးထံတွင် မည်သည့်အရာကို မေးမြန်းတောင်းဆိုခဲ့သနည်း။
ရှောလမုန်မင်းကြီးက ဟိရံမင်းကြီးထံတွင် ကျွန်တို့သည် သူ့အဘို့ လေဗနုန် တောင်ပေါ်မှာ အာရဇ်ပင်တို့ကို ခုတ်လှဲစေခြင်းငှါ စီရင်ရန်တောင်းဆိုခဲ့ပါသည်။

1 Kings 5:7

ရှောလမုန်မင်းကြီး၏စကားတော်ကို ကြားသော ဟိရံမင်းကြီးက မည်ကဲ့သို့ တုံ့ပြန်ခဲ့သနည်း။
ရှောလမုန်မင်း၏စကားကို ဟိရံမင်းသည် ကြားလျှင် အလွန်ဝမ်းမြောက်၍ ထာဝရဘုရားသည် ယနေ့မင်္ဂလာရှိတော်မူစေသတည်းဟု ဆိုခဲ့ပါသည်။

ရှောလမုန်တောင်းဆိုသည်အရာကို ဟိရံမင်းကြီးက လုပ်ဆောင်ခဲ့ပါသလား။
အမှန်ပင် ဟိရံမင်းကြီးက လုပ်ဆောင်ရန် စာလွှာကို ပေးပို့ကာ အာရဇ်သစ်သား၊ ထင်ရှူးသစ်သားလိုသမျှကို ပေးပါမည်ဟု လျှောက်တင်ခဲ့သည်။

1 Kings 5:9

ဟိရံမင်းကြီး၏ ကျွန်တို့သည် သစ်ပင်များဖြင့် မည်သည့်အရာကို ပြုကြသနည်း။
မင်းကြီး၏ကျွန်တို့သည် လေဗနန်တောင်မှ ပင်လယ်သို့ ချပြီးလျှင်၊ ဘောင်လုပ်၍ မင်းကြီးစီရင်သောအရပ်သို့ ပင်လယ်လမ်းဖြင့် ဆောင်ခဲ့ကြသည်။

ဟိရံမင်းကြီး၏ စိတ်ဆန္ဒကားအဘယ်နည်း။
ဟိရံမင်းကြီး၏ စိတ်ဆန္ဒကား စားစရာရိက္ခာကိုပေး၍ အလိုကိုလည်း ပြည့်စုံစေရမည်ဟု ရှောလမုန်ထံသို့ လူကိုစေလွှတ်၍ ပြန်ပြောစေခဲ့သည်။

1 Kings 5:10

ရှောလမုန်က မည်သည့် ရိက္ခာမျိုးကို ဟိရံမင်းကြီးထံသို့ ပေးသနည်း။
ရှောလမုန်သည်လည်း၊ ဟိရံ၏နန်းတော်သားများ စားစရာဘို့ တနှစ်တနှစ်လျှင် ဂျုံဆန်ကောရ နှစ်သောင်း၊ စစ်ပြီးသော ဆီကောရနှစ်ဆယ်ကို ပေးခဲ့သည်။

ရှောလမုန်နှင့် ဟိရံတို့ကြားတွင် ငြိမ်သက်ခြင်းရှိပါသလား။
အမှန်ပင် သူတို့နှစ်ဦးကြားတွင် ငြိမ်သက်ခြင်းရှိကာ မိဿဟာယဖွဲ့ကြသည်။

1 Kings 5:13

ဣသရေလလူအပေါင်းတို့တွင် ရှောလမုန်မင်းကြီးက အင်အားမည်မျှထားရှိသနည်း။
ရှောလမုန်မင်းကြီးသည်လည်း၊ ဣသရေလလူ အပေါင်းတို့တွင် လူသုံးသောင်းတို့ကို ခွဲခန့်ထားသည်။

ဣသရေလလုပ်သားအပေါင်းကို အုပ်ချုပ်ရန် ရှောလမုန်က မည်သူကို ခန့်ထားသနည်း။
ဣသရေလလုပ်သားအပေါင်းကို အုပ်ချုပ်ရန် ရှောလမုန်က အဒေါနိရံအားခန့်ထားသည်။

1 Kings 5:15

ရှောလမုန်မင်းကြီးက လုပ်သားများကို ကြည့်ရှုရန် လုပ်သားအုပ်ချုပ်ကွက်ကဲသူများကို ခန့်ထားပါသလား။
အမှန်ပင် အုပ်ချုပ်သောမင်းအရာရှိမှတပါး လုပ်ဆောင်သော သူတို့ကို စီရင်သောသူ သုံးထောင်သုံးရာကို ခွဲခန့်ထားပါသည်။

1 Kings 5:17

ထာဝရဘုရား၏အိမ်တော်တိုက်မြစ်အဖို့ လုပ်သားတို့က မည်သည့်ကျောက်မျိုးကို လုပ်ဆောင်ရသနည်း။
ထာဝရဘုရား၏အိမ်တော်တိုက်မြစ်အဖို့ လုပ်သားတို့က ကြီးသောကျောက်၊ အဘိုးထိုက်သော ကျောက်၊ ဆစ်ပြီးသောကျောက်တို့ကို ဆောင်ခဲ့ကြရသည်။


generated on Tue Jul 2 12:50:28 2024

## Chapter 6

1 ဣသရေလ အမျိုးသားတို့သည် အဲဂုတ္တုပြည်မှ ထွက်သော သက္ကရာဇ်လေးရာရှစ်ဆယ်ပြည့်၊ ရှောလမုန် မင်းနန်းစံလေးနှစ်၊
ဇိဖအမည်ရှိသော ဒုတိယလတွင်၊ ထာဝရဘုရား၏အိမ်တော်ကို တည်စပြုတော်မူ၏။ 2 ထိုအိမ်တော်အလျားသည် အတောင်ခြောက်
ဆယ်၊ အနံအတောင်နှစ်ဆယ်၊ အမြင့်အတောင်သုံးဆယ် ရှိ၏။ 3 အိမ်တော်ဦးသည်လည်း အိမ်တော်အနံနှင့် ညီ၍အလျား
အတောင်နှစ်ဆယ်၊ အနံဆယ်တောင်ရှိ၏။ 4 အိမ်တော်လင်းစရာဘို့ ကျဉ်းသော ပြတင်း ပေါက်တို့ကို လုပ်လေ၏။ 5
အိမ်တော်ပြင်ထရံနှင့်ဗျာဒိတ်ဌာနတော်ပြင် ထရံပတ်လည်၌ အခန်းတို့ကိုလည်း လုပ်လေ၏။ 6 အောက်အခန်းသည် အနံငါးတောင်၊
အလယ် အခန်း အနံခြောက်တောင်၊ အထက်အခန်းအနံခုနစ် တောင်ရှိ၏။ အကြောင်းမူကား၊ အခန်းတို့သည် အိမ်တော်ထရံကိုယ်ထဲသို့
မဝင်။ ထရံဆုတ်လျက် ဆုတ်လျက် တက်၏။ 7 ထိုအိမ်တော်ကို တည်လုပ်သောအခါ၊ ထိုအရပ် သို့မဆောင်ခဲ့မှီ ဆစ်ပြီးသော
ကျောက်တို့ဖြင့်သာ တည်လုပ်သောကြောင့်၊ သံတူ၊ ပုဆိန်၊ သံတန်ဆာနှင့် လုပ်သော အသံမမြည်ရ။ 8 အောက်အခန်းထဲသို့ဝင်သော
တံခါးဝသည် အိမ်တော်လက်ျာဘက်မှာရှိ၏။ လိမ်သော လှေကားဖြင့် အလယ်အခန်းသို့၎င်း၊ အလယ်အခန်းမှ အထက်အခန်း သို့၎င်း၊
တက်ရ၏။ 9 အိမ်တော်ကို တည်ပြီးမှ ထုပ်များတိုင်များကို အာရဇ်ပျဉ်ပြားနှင့် ဖုံးအုပ်လေ၏။ 10 ထရံအခန်းတို့သည်လည်း
အမြင့်ငါးတောင်စီ ရှိ၏။ အာရဇ်ရက်မတို့သည်အိမ်တော်ကိုမှီလျက် ရှိကြ၏။ 11 ထာဝရဘုရား၏ နှုတ်ကပတ်တော်သည်
ရှောလမုန်သို့ ရောက်လာသည်ကား၊ 12 ယခုတည်ဆောက်သောအိမ်တော်အရာမှာ၊ သင်သည် ငါ့သွန်သင်သော လမ်းသို့ လိုက်လျက်၊
ငါစီရင် ချက်အတိုင်းစီရင်၍၊ ငါပညတ်သမျှတို့ကို စောင့်ရှောက် လျှင်၊ သင်၏အဘဒါဝိဒ်အား ငါဂတိထားသည်အတိုင်း
သင်၌ငါပြုမည်။ 13 ငါ၏လူဣသရေလအမျိုးကို ငါမစွန့်။ သူတို့ အလယ်၌ နေမည်ဟု မိန့်တော်မူ၏။ 14 ထိုသို့ရှောလမုန်သည်
အိမ်တော်ကို တည်၍ ပြီးလေ၏။ 15 ကြမ်းမှသည်အမိုးတိုင်အောင်အတွင်းထရံကို အာရဇ်ပျဉ်ပြားနှင့် ဖုံးအုပ်၍၊ ကြမ်းကိုလည်း
ဒုကြီးသော ထင်းရှူးပျဉ်ပြားဖြင့် ပြီးစေ၏။ 16 အလွန်သန့်ရှင်းရာဌာန၊ ဗျာဒိတ်ဌာနတော် အဘို့
အလျားအနံအတောင်နှစ်ဆယ်စီကျယ်သော အိမ်တော်တပိုင်းကို အခန်းကာ၍ ကြမ်းနှင့်ထရံကို အာရဇ်ပျဉ်ပြားဖြင့် ပြီးစေ၏။ 17
ထိုအခန်းရှေ့မှာတည်သော ဗိမာန်တော် အလျားသည် အတောင်လေးဆယ်ရှိ၏။ 18 အိမ်တော်အတွင်း၌ အာရဇ်ပျဉ်ပြားတို့သည်
ဘူးသီးအပြောက်၊ ပန်းပွင့်အပြောက်နှင့်ပြည့်စုံကြ၏။ ကျောက်မပေါ်စေခြင်းငှါ အာရဇ်သား နှင့်ဖုံးအုပ်လျက် သာရှိ၏။ 19 ထိုသို့
ထာဝရဘုရား၏ ပဋိညာဉ် သေတ္တာတော် ကို တင်ထားရန်၊ အိမ်တော်အတွင်း၌ ဗျာဒိတ်ဌာနတော် ကို ပြင်ဆင်လေ၏။ 20
ဗျာဒိတ်ဌာနတော်အခန်းသည် အလျား အတောင်နှစ်ဆယ်၊ အနံအတောင်နှစ်ဆယ်၊ အမြင့် အတောင်နှစ်ဆယ်ရှိ၏။ ထိုအခန်းကို၎င်း၊
အာရဇ် သစ်သားနှင့်လုပ်သော ယဇ်ပလ္လင်ကို၎င်း၊ ရွှေစင်နှင့် မွမ်းမံလေ၏။ 21 ထိုသို့အိမ်တော်အတွင်းကို ရွှေစင်နှင့်မွမ်းမံပြီးမှ၊
ဗျာဒိတ်ဌာနတော်ရှေ့မှာ ရွှေကြိုးဖြင့် အကွယ်အကာကို ဆွဲထား၍၊ ရွှေနှင့်မွမ်းမံလေ၏။ 22 အိမ်တော်တအိမ်လုံးကို၎င်း၊
ဗျာဒိတ်ဌာနတော် နားမှာရှိသော ယဇ်ပလ္လင်ကို၎င်း၊ ရွှေနှင့် အကုန်အစင် မွမ်းမံလေ၏။ 23 ဗျာဒိတ်ဌာနတော်ထဲမှာ အမြင့်ဆယ်တောင်
ရှိသော ခေရုဗိမ်နှစ်ပါးကို သံလွင်သားနှင့်လုပ်လေ၏။ 24 ခေရုဗိမ်အတောင်တို့သည် တဘက်တချက် အလျားငါးတောင်စီရှိ၍၊
အတောင်ဖျားတခုမှတခု တိုင်အောင် ဆယ်တောင်ရှိ၏။ 25 အမြင့်ဆယ်တောင်ရှိသည်ဖြစ်၍၊ ခေရုဗိမ် နှစ်ပါးသည်
အလုံးအရပ်ပမာဏတူ၏။ 26 ထိုခေရုဗိမ်တို့ကို အတွင်းအိမ်တော်ထဲမှာ တင်ထားသဖြင့်၊ ခေရုဗိမ်အတောင်တို့သည် ဖြန့်လျက်၊ 27
အတောင်ဖျားတဘက်တချက်၌ ထရံကိုမှီလျက်၊ အလယ်မှာ အတောင်ဖျားတခုနှင့်တခုထိလျက် ရှိကြ၏။ 28 ခေရုဗိမ်တို့ကိုလည်း
ရွှေနှင့်မွမ်းမံလေ၏။ 29 အိမ်တော်ထရံအတွင်းဘက်နှင့် ပြင်ဘက်၌ ထုသော ခေရုဗိမ်အရုပ်နှင့်အပွင့်ပွင့်သော စွန်ပလွံပင်
အရုပ်များရှိကြ၏။ 30 အိမ်တော်အတွင်း ကြမ်းနှင့်ပြင်ကြမ်းကိုလည်း ရွှေနှင့်မွမ်းမံလေ၏။ 31 ဗျာဒိတ်ဌာနတော် ဝင်ဝဘို့သံလွင်သား
တံခါး ရွက်နှစ်ရွက်ကို လုပ်၍၊ တံခါးထုပ်နှင့်တံခါးတိုင်တို့သည် ထရံငါးစုတစုကိုစားကြ၏။ 32 သံလွင်သားတံခါးရွက်တို့၌
ခေရုဗိမ်အရုပ်၊ အပွင့်ပွင့်သော စွန်ပလွံပင်အရုပ်များကို ထုလုပ်၍၊ တံခါးရွက်နှင့်ခေရုဗိမ်အရုပ်၊ စွန်ပလွံပင်အရုပ်တို့ကို
ရွှေနှင့်မွမ်းမံလေ၏။ 33 ထိုအတူ အိမ်တော်ပြင်ထရံလေးစုတစု ကျယ်သောဝင်ဝဘို့ သံလွင်တံခါးတိုင်တို့ကို၎င်း၊ 34
တံခါးရွက်တရွက်လျှင် ပတ္တာနှစ်ခုစီဖြင့် လည်တတ်သော ထင်ရှူးသား တံခါးရွက်နှစ်ရွက်တို့ကို၎င်း လုပ်လေ၏။ 35 တံခါးရွက်၌
ခေရုဗိမ်အရုပ်နှင့် အပွင့်ပွင့်သော စွန်ပလွံပင်အရုပ်များကို ထုလုပ်၍ အပြောက်ကို ရွှေနှင့် မွမ်းမံလေ၏။ 36 အတွင်းတန်တိုင်းကိုလည်း
ဆပ်သော ကျောက် တန်းသုံးဆင့်၊ အာရဇ်သစ်သားတန်းတဆင့်နှင့် အထပ် ထပ်တည်လေ၏။ 37 နန်းစံလေးနှစ်၊
ဇိဖလတွင်ထာဝရဘုရား၏ အိမ်တော်တိုက်မြစ်ကို ချကြ၍၊ 38 နန်းစံဆယ်တနှစ်၊ ဗုလအမည်ရှိသော အဋ္ဌမလ တွင်
အိမ်တော်အခန်းကြီးအခန်းငယ်တို့နှင့် ဆိုင်သမျှ တို့ကို လက်စသတ်၍ ခုနစ်နှစ်ပတ်လုံးအိမ်တော်ကို တည်ဆောက်သတည်း။



generated on Tue Jul 2 12:50:28 2024

1 Kings 01

ယေဘုယျ အချက်အလက်
နောက်ကြောင်းပြောသူသည် ဗိမာန်တော်၏ အတိုင်းအတာများကို စာရင်းပြုစုသည်။

တည်စပြုတော်မူ၏
ရှောလမုန် လုပ်သောအရာအား အခြားသောသူများမှ ကူညီကြောင်း စာဖတ်သူများ နားလည်နိုင်စေရန် အလို့ငှာ ဘာသာပြန်ရန် အကောင်းဆုံးဖြစ်သည်။

သက္ကရာဇ်လေးရာရှစ်ဆယ်ပြည့်၊ ရှောလမုန် မင်းနန်းစံလေးနှစ်
၎င်းသည် ၄၈၀ နှင့် ၄၏ အစဉ်အတိုင်းပြသည့် ကိန်းပုံစံများဖြစ်သည်။

ဇိဖအမည်ရှိသော ဒုတိယလ
"ဇိဖ" သည် ဟေဗြဲလူမျိုးများ၏ ပြက္ခဒိန်တွင် ဒုတိယလ၏ အမည်ဖြစ်သည်။ အနောက်တိုင်း ပြက္ခဒိန်များတွင် ဧပြီလ၏ နောက်ဆုံးအပတ်နှင့် မေလ၏ ပထမဆုံးအပတ်အတွင်း ဖြစ်သည်။

အလျားသည် အတောင်ခြောက် ဆယ်၊ အနံအတောင်နှစ်ဆယ်၊ အမြင့်အတောင်သုံးဆယ်
တစ်တောင်တွင် ၄၆ စင်တီမီတာ ရှိသည်။ အခြားသော ဘာသာပြန်ဆိုချက် - "၂၇.၆ မီတာ ရှည်၍ ၉.၂ မီတာ ကျယ်ပြီး ၁၃.၈ မီတာ မြင့်သည်။"

1 Kings 03

ယေဘုယျ အချက်အလက်
နောက်ကြောင်းပြောသူသည် ဗိမာန်တော်၏ အတိုင်းအတာများကို ဆက်လက် စာရင်းပြုစုသည်။

အိမ်တော်ဦး
အဆောက်အဦး၏ ဝင်ပေါက် တံခါးနှင့် ဆက်သွယ်ထားပြီး တိုင်နှင့် အမိုးတို့ဖြင့် ပြုလုပ်ထားသော အဆောက်အဦး မြေနေရာ ဖြစ်သည်။ ၎င်းစင်ဝင်ပေါက်သည် နံရံ၏ အရှေ့ဘက်တွင် တွဲထားသဖွယ်ဖြစ်ပြီး ဗိမာန်တော်အား ဝန်းရံထားသည်။

အလျား အတောင်နှစ်ဆယ်၊ အနံဆယ်တောင်
တစ်တောင်တွင် ၄၆ စင်တီမီတာ ရှိသည်။ အခြားသော ဘာသာပြန်ဆိုချက် - "၉.၂ မီတာ ....... ၄.၆ မီတာ"

1 Kings 05

ယေဘုယျ အချက်အလက်
နောက်ကြောင်းပြောသူသည် ဗိမာန်တော်၏ အတိုင်းအတာများကို ဆက်လက် စာရင်းပြုစုသည်။

ထရံပတ်လည်၌ အခန်းတို့ကိုလည်း လုပ်လေ၏
အဓိကအခန်းပတ်လည် အပြင်ဖက်နံရံ၏ အပြင်တွင် အခန်းများကို တည်ဆောက်ခဲ့သည်။

အောက်အခန်း ..... အလယ် အခန်း ... အထက်အခန်း
အဆောက်အဦး၏ အထပ်တိုင်းတွင်ရှိသော အခန်းများကို ရည်ညွှန်းသည်။

အနံငါးတောင်၊ အနံခြောက်တောင်၊အနံခုနစ် တောင်
တစ်တောင်တွင် ၄၆ စင်တီမီတာ ရှိသည်။ အခြားသော ဘာသာပြန်ဆိုချက် - "၂.၃ မီတာခန့်၊ ၂.၈ မီတာခန့်၊ ၃.၂ မီတာခန့်"

အခန်းတို့သည် အိမ်တော်ထရံကိုယ်ထဲသို့ မဝင်
အခန်းငယ်လေးများ၏ ရက်မများကို ထောက်မရန် အဓိက အဆောက်အဦး ပတ်လည်တွင် နံရံကပ်စင်များ ပြုလုပ်သည်။

အခန်းတို့သည်
အဆောက်အဦးအား ထောက်မရာတွင် သုံးသော ကြီးမား၍ ရှည်လျားသည့် သစ်သားဖြစ်သည်။

1 Kings 07

အိမ်တော်
"အိမ်တော်"သည် ဘုရားသခင်၏အိမ်၊ ဗိမာန်တော်ကို ရည်ညွှန်းသည်။

ဆစ်ပြီးသော ကျောက်တို့ဖြင့်သာ တည်လုပ်သောကြောင့်
လူများသည် တောင်ပေါ်မှ ကြီးမားသော ကျောက်များကို ဖြတ်ပြီး ချောမွေ့အောင် ကိရိယာများနှင့် ပုံသွင်းသည့်ကျောက်များကို ဆစ်ပြီးသောကျောက် ဟု ခေါ်ဆိုသည်။ ကျောက်များကို ဆစ်ပြီးသောအခါ ဗိမာန်တော်သို့ သယ်ဆောင်ခဲ့ကြသည်။

အောက်အခန်း..... အလယ် အခန်း ... အထက်အခန်း
စုစုပေါင်း အထပ်သုံးထပ်ရှိသည်။ အခြားသော ဘာသာစကားများမှ " မြေညီထပ်၊ ပထမထပ် နှင့် ဒုတိယထပ်" ဟု ခေါ်ကြသည်။

1 Kings 09

အိမ်တော်ကို တည်ပြီးမှ
ရှောလမုန် လုပ်သောအရာအား အခြားသောသူများမှ ကူညီကြောင်း စာဖတ်သူများ နားလည်နိုင်စေရန် အလို့ငှာ ဘာသာပြန်ရန် အကောင်းဆုံးဖြစ်သည်။

ထုပ်များတိုင်များ
"ထုပ်" သည်အဆောက်အဦးအား ထောက်မရန် ကြီးမား၍ ရှည်လျားသော သစ်သားဖြစ်သည်။ (၆:၅) တွင် ဘာသာပြန်ထားပြီးသကဲ့သို့ ဖြစ်သည်။

အာရဇ်ပျဉ်ပြား
"ပျဉ်ပြား" သည် နံရံများနှင့် ကြမ်းပြင်များအတွက် အသုံးပြုသော သစ်သား အပြား ဖြစ်သည်။

အခန်း
(၆:၅)တွင် ရည်ညွှန်းဖော်ပြထားသော အခန်းများနှင့် တူညီသည်။


generated on Tue Jul 2 12:50:28 2024

ထရံ
ဤစကားစုသည် ထရံများကို ပတ်လည် ကာထားသော နံရံများကို ဆိုလိုခြင်းဖြစ်သည်။

ငါးတောင်
တစ်တောင်တွင် ၄၆ စင်တီမီတာ ရှိသည်။ အခြားသော ဘာသာပြန်ဆိုချက် - "၂.၃ မီတာ"

အာရဇ်ရက်မ
"ရက်မ" ဟူသော စကားလုံးသည် ထုပ်များ တိုင်များကဲ့သို့အဆောက်အဦးတွင် အသုံးပြုသော သစ်သားများကို ရည်ညွှန်းသည့် ယေဘုယျ အသုံးအနှုန်းဖြစ်သည်။

1 Kings 11

ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ရှောလမုန်သို့ ရောက်လာသည်ကား
ထာဝရဘုရားသည် သူ၏လူများ သို့မဟုတ် သူ၏ ပရောဖက်များအား တစ်စုံတစ်ခုအား ပြောကြားရန် စတင်မိတ်ဆက်သောအခါတွင် သုံးသော ဥပစာ စကားဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ထာဝရဘုရားသည် ဤစာအား ပြောခဲ့သည်။" သို့မဟုတ် "ထာဝရဘုရားသည် ထိုစကားများအား ပြောသည်။"

ငါသွန်သင်သော လမ်းသို့ လိုက်လျက်
"လမ်းသို့ လိုက်သည်" ဟူသော စကားလုံးသည် "နာခံခြင်း" သို့မဟုတ် "ရှင်သန်ခြင်း" ကို ဆိုလိုခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ငါသွန်သင်သော အရာအားလုံးကို ဆက်လက် နာခံသည်။"

ငါစီရင် ချက်အတိုင်းစီရင်၍
ဖြစ်နိုင်ခြေရှိသော အဓိပ္ပာယ်များမှာ ၁။ ငါ၏ ပညတ်ချက်တို့အား သယ်ဆောင်ပါ။ သို့မဟုတ် ၂။ လူများအား တရားမျှတစွာ စီရင်ချက်ချသည်။

ငါပညတ်သမျှတို့ကို စောင့်ရှောက် လျှင်၊
ဤစကားစု နှစ်စုသည် အခြေခံအားဖြင့် တူညီသောအရာများနှင့် ထာဝရဘုရား၏ ပညတ်တော်များကို နာခံခြင်း ဟူသော အရေးကြီးသောအရာအား အလေးထားခြင်းကို ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက် - " သင်လုပ်ရန် ငါပြောထားသောအရာများအား ဂရုတစိုက် နာခံပါ။"

သင်၏အဘဒါဝိဒ်အား ငါဂတိထားသည်အတိုင်း သင်၌ငါပြုမည်
သင်၏ ဖခင် ဒါဝိဒ်အား ငါသည် အရာအားလုံးကို လုပ်ပေးမည်ဟု ကတိ ပေးထားသည့်အတိုင်း သင့်အတွက် ငါလုပ်ပေးမည်။

1 Kings 14

ရှောလမုန်....တည်၍....ဖုံးအုပ်၍... ပြီးစေ၏။
ရှောလမုန် လုပ်သောအရာအား အခြားသောသူများမှ ကူညီကြောင်း စာဖတ်သူများ နားလည်နိုင်စေရန် အလို့ငှာ ဘာသာပြန်ရန် အကောင်းဆုံးဖြစ်သည်။

အတွင်း
အတွင်းပိုင်း

ထင်းရှူး
ထင်းရှူးသည် ဗိမာန်တော် တည်ဆောက်ရာတွင် အသုံးပြုသော သစ်အမျိုးအစား တစ်မျိုးဖြစ်သည်။

1 Kings 16

အတောင်နှစ်ဆယ်
အတောင်နှစ်ဆယ် အရှည်ရှိသော အခန်းတစ်ခန်းကို တည်ဆောက်ခဲ့သည်။

အတောင်နှစ်ဆယ်.....အတောင်လေးဆယ်
တစ်တောင်တွင် ၄၆ စင်တီမီတာ ရှိသည်။ အခြားသော ဘာသာပြန်ဆိုချက် - "၉.၂ မီတာ......၁၈.၄ မီတာ"

အိမ်တော်တပိုင်း
အဓိကအခန်း

ဘူးသီး
မြေပြင်မှ နွယ်တက်ပြီး ကြီးထွားသော မာကျော လုံးဝန်းသည့် စားပင် သီးပင် အမျိုးအစား ဖြစ်သည်။

ပန်းပွင့်အပြောက်
"ပန်းများ ပွင့်ခြင်း" သို့မဟုတ် "ပွင့်နေသော ပန်းများ"

1 Kings 19

အတောင်နှစ်ဆယ်
"၉.၂ မီတာ"

အာရဇ် သစ်သားနှင့်လုပ်သော ယဇ်ပလ္လင်
ထိုပလ္လင်သည် မီးရှို့ရာယဇ်ပူဇော်ရာတွင် အသုံးပြုသည်။

1 Kings 21

မွမ်းမံ
"ဖုံးအုပ်သည်" (UDB)

ဗျာဒိတ်ဌာနတော် နားမှာရှိသော ယဇ်ပလ္လင်
"အတွင်းခန်းဆီသို့ သွားရာ အဝင်ပေါက်ရှိ မီးရှို့ရာယဇ်ပလ္လင်"

1 Kings 23

သံလွင်သား
"သံလွင်ပင်မှ ရသော သစ်သား"

ဆယ်တောင်....ငါးတောင်
တစ်တောင်တွင် ၄၆ စင်တီမီတာ ရှိသည်။ အခြားသော ဘာသာပြန်ဆိုချက် - "၄.၆ မီတာ.....၂.၃ မီတာ"

အတောင်ဖျား
အတောင် တစ်ခု၏ အစမှ အခြားအတောင် တစ်ခု၏ အဆုံးအထိ အကွာအဝေး

ပမာဏ
အရွယ်အစား

1 Kings 27

အတွင်းအိမ်တော်
အသန့်ရှင်းဆုံးသော နေရာ၏ အခြားအမည် ဖြစ်သည်။

Solomon placed.....Solomon overlaid
N/A

မွမ်းမံ
"ဖုံးအုပ်သည်။" (UDB)

1 Kings 29

He.....Solomon
N/A

အရုပ်
ပုံသဏ္ဍာန်

မွမ်းမံ
"ဖုံးအုပ်သည်။"

1 Kings 31

Solomon made...he made...he made...he overlaid...he spread
N/A

တံခါးထုပ်
တံခါးဘောင်၏ ထိပ်ပိုင်းကို ဖြတ်သွားသော ထုပ်တန်း။

ထရံငါးစုတစုကိုစားကြ၏
အပိုင်း ငါးခုတွင် တစ်ခုစီ၌ သွား ပုံသဏ္ဍာန် ခုတ်ထစ်သည်။

မွမ်းမံ
ဖုံးအုပ်သည်။

1 Kings 33

ထိုအတူ အိမ်တော်ပြင်ထရံလေးစုတစု ကျယ်သောဝင်ဝဘို့ သံလွင်တံခါးတိုင်တို့ကိုငင်း၊ 34တံခါးရွက်တရွက်လျှင် ပတ္တာနှစ်ခုစီဖြင့် လည်တတ်သော ထင်းရှူးသား တံခါးရွက်နှစ်ရွက်တို့ကိုငင်း လုပ်လေ၏
ရှောလမုန်သည် ဗိမာန်တော် အဝင်ဝအတွက် သံလွင်သားဖြင့် ပြုလုပ်သော သွား ပုံသဏ္ဍာန် ပုံဖော်ထားသော တံခါးတိုင်များ နှင့် ထင်းရှူးသားဖြင့် ပြုလုပ်ထားသော တံခါးနှစ်ချပ် တို့ကို ထိုနည်းတူ ပြုလုပ်သည်။

indented sections
သွား ပုံသဏ္ဍာန် ခုတ်ထစ် ပုံဖော်သည်။

တံခါးရွက်တရွက်လျှင် ပတ္တာနှစ်ခုစီဖြင့်
တံခါးတစ်ခုစီတွင် အတူတကွ ချိတ်ဆက်နိုင်ရန် ပတ္တာနှစ်ခုဖြင့် တွဲဆက်ထားသည်။

1 Kings 36

အတွင်းတန်တိုင်း
ရှောလမုန် လုပ်သောအရာအား အခြားသောသူများမှ ကူညီကြောင်း စာဖတ်သူများ နားလည်နိုင်စေရန် အလို့ငှာ ဘာသာပြန်ရန် အကောင်းဆုံးဖြစ်သည်။

အာရဇ်သစ်သား
အဆောက်အဦးအား ထောက်မရာတွင် သုံးသော ကြီးမား၍ ရှည်လျားသည့် သစ်သားဖြစ်သည်။ (၆:၅)တွင် ဘာသာပြန်ထားပြီးသည့်အတိုင်း ဖြစ်သည်။

1 Kings 37

နန်းစံလေးနှစ်၊ ..... နန်းစံဆယ်တနှစ်၊
"လေးကြိမ်" နှင့် "ဆယ့်တစ်ကြိမ်" သည် "လေး" နှင့် "တစ်ဆယ့်တစ်" ၏ အစဉ်လိုက်ပြသော ကိန်းပုံစံ ဖြစ်သည်။ စာရေးသူသည် နှစ်များအား မည်သည့်မှ စတင်ရေတွက်သည်ကို နားလည်ရ လွယ်ကူစေရန် ပြုလုပ်သင့်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ရှောလမုန် ဘုရင်ဖြစ်ပြီး လေးနှစ်......ရှောလမုန် ဘုရင်ဖြစ်ပြီး တစ်ဆယ့်တစ်နှစ်"

ထာဝရဘုရား၏ အိမ်တော်
"ဗိမာန်တော်" (UDB)

ဇိဖလ
"ဇိဖလ" သည် ဟေဗြဲလူမျိုးများ၏ ပြက္ခဒိန်တွင် ဒုတိယလ၏ အမည်ဖြစ်သည်။ အနောက်တိုင်း ပြက္ခဒိန်များတွင် ဧပြီလ၏ နောက်ဆုံးအပတ်နှင့် မေလ၏ ပထမဆုံးအပတ်အတွင်း ဖြစ်သည်။

ဗုလအမည်ရှိသော အဋ္ဌမလ
"ဗုလ" သည် ဟေဗြဲလူမျိုးများ၏ ပြက္ခဒိန်တွင် အဋ္ဌမလ၏ အမည်ဖြစ်သည်။ အနောက်တိုင်း ပြက္ခဒိန်များတွင်



generated on Tue Jul 2 12:50:28 2024

အောက်တိုဘာလ၏ နောက်ဆုံးအပတ်နှင့် နိုဝင်ဘာလ၏ ပထမဆုံးအပတ်အတွင်း ဖြစ်သည်။

အိမ်တော်အခန်းကြီးအခန်းငယ်တို့နှင့် ဆိုင်သမျှ တို့ကို လက်စသတ်၍ အခြားသော ဘာသာပြန်ဆိုချက် - " ဗိမာန်တော်အဆောက်အဦး၏ အစိတ်အပိုင်း တစ်ခုစီ ပြီးစီးသည်။ ရှောလမုန် ညွှန်ကြားသည့်အတိုင်း တိကျစွာ ဆောက်လုပ်သည်။

Solomon took
N/A

---

## Translation Questions

1 Kings 6:1

ရှောလမုန်မင်းကြီးက ထာဝရဘုရား၏အိမ်တော်ကို မည်သည့်အချိန်တွင် စတင်တည်ဆောက်ခဲ့သနည်း။
ဣသရေလ အမျိုးသားတို့သည် အဲဂုတ္တုပြည်မှ ထွက်သော သက္ကရာဇ်လေးရာရှစ်ဆယ်ပြည့်၊ ရှောလမုန် မင်းနန်းစံလေးနှစ်၊ ဇိဖအမည်ရှိသောa ဒုတိယလတွင်၊ ထာဝရဘုရား၏အိမ်တော်ကို စတင်တည်ဆောက်ခဲ့သည်။

ထာဝရဘုရား၏အိမ်တော်အဖို့ ရှောလမုန်မင်းကြီးက မည်ကဲ့သို့ တိုင်းထွာခဲ့သနည်း။
အိမ်တော်အလျားသည် အတောင်ခြောက် ဆယ်၊ အနံအတောင်နှစ်ဆယ်၊ အမြင့်အတောင်သုံးဆယ် စသည်ဖြင့် တိုင်းထွာခဲ့သည်။

1 Kings 6:3

ရှောလမုန်မင်းကြီးသည် အိမ်တော်အဖို့ ပြတင်းပေါက်ကို ထားရှိခဲ့ပါသလား။
အမှန်ပင် အိမ်တော်လင်းစရာဘို့ ကျဉ်းသော ပြတင်း ပေါက်တို့ကို ထားရှိခဲ့ပါသည်။

1 Kings 6:7

အိမ်တော်အဖို့ မည်သည့်အရပ်တွင် ပြင်ဆင်ကြသနည်း။
အိမ်တော်အဖို့ကျောက်များကို ကျောက်ကျင်းအရပ်တွင် ပြင်ဆင်ကြရသည်။

1 Kings 6:9

အိမ်တော်ကို ကာကွယ်ဖို့ရန် ရှောလမုန်က မည်သည့်အရာကို အသုံးပြုခဲ့သနည်း။
အိမ်တော်ကို ကာကွယ်ဖို့ရန် ရှောလမုန်က ထုပ်များတိုင်များကို အာရဇ်ပျဉ်ပြားနှင့် ဖုံးအုပ်ခဲ့သည်။

အိမ်တော်သည် တစ်ဖက်ရှိအခန်းနှင့် မည်ကဲ့သို့ ချိတ်ဆက်နေသနည်း။
ထရံအခန်းတို့သည်လည်း အမြင့်ငါးတောင်စီ ရှိ၏။ အာရဇ်ရက်မတို့သည်အိမ်တော်ကိုမှီလျက် ချိတ်ဆက်နေပါသည်။

1 Kings 6:11

ထာဝရဘုရားသခင်က ဣသရေလလူမျိုးတို့ကို ကတိပေးခဲ့ပါသလား။
အမှန်ပင် ဣသရေလအမျိုးကို ငါမစွန့်၊ သူတို့ အလယ်၌ နေမည်ဟု ကတိတော်ထားရှိခဲ့ပါသည်။

1 Kings 6:14

အိမ်တော်အတွင်းဖက်နံရံကို မည်ကဲ့သို့ တည်ဆောက်ရန် ရှောလမုန် ဆောက်လုပ်ခဲ့သနည်း။
အိမ်တော်အတွင်းနံရံများကို အာရဇ်သစ်ပြားများဖြင့် ပြုလုပ်ခဲ့သည်။

1 Kings 6:16

အိမ်တော်၏အဓိကခန်းမတော်၏ အရှည်ကို ဖော်ပြပါ။
အခန်းရှေ့မှာတည်သော ဗိမာန်တော် အလျားသည် အတောင်လေးဆယ်ရှိသည်။

1 Kings 6:19

ရှောလမုန်က မည်သည့်အတွက်ကြောင့် အိမ်တော်ထဲတွင် အသန့်ရှင်းဆုံးအရပ်ကို ပြင်ဆင်ခဲ့ရသနည်း။
ထာဝရဘုရား၏ ပဋိညာဉ် သေတ္တာတော် ကို တင်ထားရန်၊ အိမ်တော်အတွင်း၌ ဗျာဒိတ်ဌာနတော် ကို ပြင်ဆင်ခဲ့သည်။

1 Kings 6:21

ရှောလမုန်သည် အိမ်တော်၏အတွင်းဖက် အသန့်ရှင်းဆုံးအရပ်ကို မည်သည့်တို့ဖြင့်မွမ်းမံခဲ့ပါသနည်း။
ဗျာဒိတ်ဌာနတော်ရှေ့မှာ ရွှေကြိုးဖြင့် အကွယ်အကာကို ဆွဲထား၍၊ ရွှေနှင့်မွမ်းမံကာ ဗျာဒိတ်ဌာနတော် နားမှာရှိသော ယဇ်ပလ္လင်ကိုငင်း၊ ရွှေနှင့် အကုန်အစင် မွမ်းမံခဲ့သည်။

1 Kings 6:23

ရှောလမုန်မင်းကြီးက အသန့်ရှင်းဆုံးသော အရပ်ရှိ ခေရုဗိမ်နှစ်ပါးကို မည်သည့်အရာဖြင့် ပြုလုပ်ခဲ့သနည်း။
ရှောလမုန်မင်းကြီးက အသန့်ရှင်းဆုံးသော အရပ်ရှိ ခေရုဗိမ်နှစ်ပါးကို အမြင့်ဆယ်တောင်ရှိအောင် ပြုလုပ်ခဲ့သည်။

1 Kings 6:27

ပြုလုပ်ထားသော ခေရုဗိမ်နှစ်ပါးကို ရှောလမုန်က မည်သည့်နေရာတွင် ထားရှိသနည်း။
ပြုလုပ်ထားသော ခေရုဗိမ်နှစ်ပါးကို ရှောလမုန်က အသန့်ရှင်းဆုံးအရပ်ရှိ အတွင်းဖက်တွင် ထားရှိထားသည်။

1 Kings 6:29

အိမ်တော်၏ နံရံများကို ရှောလမုန်က မည်သည့်အရာဖြင့် မွမ်းမံသနည်း။
အိမ်တော်ထရံအတွင်းဘက်နှင့် ပြင်ဘက်၌ ထုသော ခေရုဗိမ်အရုပ်နှင့်အပွင့်ပွင့်သော စွန်ပလွံပင် အရုပ်များရှိကာ ကြမ်းနှင့်ပြင်ကြမ်းကိုလည်း ရွှေနှင့်မွမ်းမံထားသည်။

1 Kings 6:31

ရှောလမုန်မင်းကြီးက အသန့်ရှင်းဆုံးသောအခန်းသို့ ဝင်ရန် တံခါးများထားရှိပါသလား။
အမှန်ပင်၊ ဗျာဒိတ်ဌာနတော် ဝင်ဝဘို့သံလွင်သား တံခါး ရွက်နှစ်ရွက်ကို လည်း ပြုလုပ်ခဲ့ပါသည်။

1 Kings 6:37

အိမ်တော်ကို တည်ဆောက်ရန် ရှောလမုန် အချိန် မည်မျှကြာ အသုံးပြုခဲ့သနည်း။
အိမ်တော်အခန်းကြီးအခန်းငယ်တို့နှင့် ဆိုင်သမျှ တို့ကို လက်စသတ်၍ ခုနစ်နှစ်ပတ်လုံးအိမ်တော်ကို တည်ဆောက်ခဲ့သည်။



generated on Tue Jul 2 12:50:28 2024

## Chapter 7

[1] တဖန်ရှောလမုန်သည် တဆယ်သုံးနှစ်ပတ်လုံး နန်းတော်ကို တည်ဆောက်၍ လက်စသတ်လေ၏။ [2] နန်းတော်ကို
လေဗနုန်တောသစ်သားဖြင့် ဆောက်၍၊ အလျားအတောင်တရာ၊ အနံအတောင် ငါးဆယ်၊ အမြင့်အတောင်သုံးဆယ်ရှိ၏။ အာရဇ်တိုင်
လေးစဉ်၊ အာရဇ်ရက်မများနှင့် ဆောက်၏။ [3] တိုင်တစဉ်လျှင် ဆယ်ငါးတိုင်စီရှိ၍ တိုင် ပေါင်းခြောက်ဆယ်အပေါ်မှာ အခြင်တို့ကို
တင်လျက်၊ အာရဇ်ပျဉ်ပြားနှင့်မိုးလေ၏။ [4] အလင်းဝင်စရာပြတင်းပေါက်သုံးတန်စီ အဆင့် ဆင့်မျက်နှာချင်းဆိုင်လျက်
တဘက်တချက်၌ ရှိကြ၏။ [5] တံခါးပေါက်ရှိသမျှတံခါးတိုင်ရှိသမျှတို့သည် စတုရန်း လေးထောင့်ဖြစ်ကြ၏။ [6] တိုင်များ၊
ထုပ်ကြီးများနှင့်ပြည့်စုံ၍ အလျား အတောင်ငါးဆယ်၊ အနံအတောင်သုံးဆယ်ရှိသော ကနားပြင်ကိုလည်း လုပ်လေ၏။ [7] တရားစီရင်ရာ
ကနားပြင်တည်းဟူသော တရား ပလ္လင်တည်ရာ ကနားပြင်ကိုလည်းလုပ်၍၊ ကြမ်းတဘက် မှ တဘက်တိုင်အောင်
အာရဇ်ပျဉ်ပြားတို့နှင့်မိုးလေ၏။ [8] နန်းတော်နှင့်ဆိုင်သော ထိုကနားပြင်နှစ်ဆောင် စပ်ကြားမှာ တန်တိုင်းလည်းရှိ၏။
ရှောလမုန်စုံဘက်သော ဖာရောဘုရင်၏ သမီးစံနန်းကိုလည်း တရားစီရင်ရာ ကနားပြင်နှင့်တူအောင် ဆောက်လေ၏။ [9] တန်တိုင်းကြီး
ပြင်ဘက်တိုင်အောင်ငင်း၊ အမြစ်မှစ၍ ထိပ်တိုင်အောင်ငင်း၊ ကျောက်ဆစ်ပမာဏနှင့်အညီ၊ နှစ်ဘက်စလုံးလွှနှင့်တိုက်သော ကျောက်၊
ထူးဆန်းသော ကျောက်တို့ဖြင့် ပြီးကြ၏။ အမြစ်သည်လည်း အလျား ရှစ်တောင်၊ ဆယ်တောင်ရှိသော ကျောက်၊ ထူးဆန်းသော
ကျောက်တို့ဖြင့် ပြီးကြ၏။ [10] အမြစ်သည်လည်း အလျားရှစ်တောင်၊ ဆယ် တောင်ရှိသော ကျောက်၊ ထူးဆန်းသောကျောက်ကြီးတို့
ဖြင့် ပြီး၏။ [11] အမြစ်ပေါ်မှာလည်း ကျောက်ဆစ်ပမာဏနှင့် အညီ လုပ်သော ကျောက်၊ ထူးဆန်းသော ကျောက်နှင့်
အာရဇ်သစ်သားရှိ၏။ [12] တန်တိုင်းကြီးသည် ဆစ်သောကျောက်သုံးတန်း၊ အာရဇ်သစ်ကြီးတတန်းဖြင့်ပြီး၏။ ဗိမာန်တော်အတွင်း
တန်တိုင်း၊ နန်းတော်ကနားပြင်တန်တိုင်းတို့သည် ထိုအတူ ပြီးကြ၏။ [13] ရှောလမုန်သည်လည်း၊ လူကိုစေလွှတ်၍ တုရုမြို့ မှ ဟိရံကို
ခေါ်လေ၏။ [14] ထိုဟိရံကား၊ နဿလိအမျိုးမုတ်ဆိုးမသား ဖြစ်၏။ သူ၏အဘကား၊ တုရုအမျိုးသားပန်းတဉ်းသမား ဖြစ်၏။
သားသည်လည်း ကြေးဝါအလုပ်ခပ်သိမ်းကို လုပ်တတ်သော ဥာဏ်ပညာနှင့်ပြည့်စုံသဖြင့်၊ ရှောလမုန် မင်းကြီးထံသို့လာ၍
အလုပ်ရှိသမျှကို ပြီးစီးစေ၏။ [15] ထိုသူသည်အမြင့်တဆယ်ရှစ်တောင်၊ လုံးပတ် တဆယ်နှစ်တောင်ရှိသော ကြေးဝါတိုင်နှစ်တိုင်ကို
သွန်းလေ၏။ [16] တိုင်အပေါ်မှာ တင်စရာဘို့ အမြင့်ငါးတောင်ရှိ သော ကြေးဝါတိုင်ထိပ်နှစ်ခုကိုလည်း သွန်းလေ၏။ [17]
ကြေးဝါကွန်ရွက်နှင့်ကြေးဝါကြိုးတို့ကိုလည်း လုပ်၍၊ တိုင်တတိုင်လျှင် ကွန်ရွက်ခုနစ်ခုစီဖြင့် တိုင်ထိပ် ပေါ်မှာ ဖုံးလွှမ်းလေ၏။ [18]
ကြေးဝါသလဲသီးတို့ကိုလည်း လုပ်၍၊ တိုင်ထိပ် ကွန်ရွက်အပေါ်မှာ ထိပ်တခုလျှင် သလဲသီးနှစ်တန်းစီဖြင့် တန်ဆာဆင်လေ၏။ [19]
ကနားပြင်ထဲမှာ စိုက်ထားသော ထိုတိုင်ထိပ်တို့ သည် ကြာပွင့်နှင့် ပုံတူ၍ အချင်းလေးတောင်ရှိ၏။ [20] တိုင်ထိပ်နှစ်ခုတို့သည်
ကွန်ရွက်နှင့် နီးစပ်သော ထုပိကာအပေါ်မှာ တည်လျက်၊ တိုင်ထိပ်တခု၌သလဲသီး နှစ်တန်းစီနှင့် အလုံးနှစ်ရာစီရှိကြ၏။ [21] ထိုတိုင်တို့ကို
ဗိမာန်တော်ကနားပြင်ထဲမှာ စိုက် ထား၍ လက်ျာတိုင်ကိုယာခိန်၊ လက်ဝဲတိုင်ကို ဗောဇ အမည်ဖြင့် မှည့်လေ၏။ [22] တိုင်ထိပ်အပေါ်မှာ
ကြာပွင့်အပြောက်ရှိသည် ဖြစ်၍ တိုင်တို့သည် စေ့စုံကြ၏။ [23] အချင်းဆယ်တောင်၊ အဝန်းအတောင်သုံးဆယ်၊
အစောက်ငါးတောင်ရှိသော ကြေးဝါရေကန်ကိုလည်း လုပ်လေ၏။ [24] ရေကန်အနားပတ် အောက်ပတ်လည်၌ အတောင်တတောင်လျှင်
ဘူးသီးဆယ်လုံးစီစေ့အောင် ဘူးသီးနှစ်ပတ်ကို ရေကန်နှင့်တစပ်တည်း သွန်းလေ၏။ [25] ထိုရေကန်သည် နွားတဆယ်နှစ်ခုအပေါ်မှာ
တည်လျက်ရှိ၏။ နွားတို့သည် အတွင်းသို့နောက်ခိုင်း၍ အရှေ့အနောက်တောင်မြောက်အရပ်လေးမျက်နှာသို့ တမျက်နှာလျှင် သုံးခုစီ
မျက်နှာပြုကြ၏။ [26] ရေကန်သည် ဒုလက်တဝါးရှိ၏။ အပေါ်အနား ပတ်လည်ဖလား အနားပတ်ကဲ့သို့ ကြာပွင့်အပြောက်နှင့် ပြည့်စုံ၏။
ရေဗတ်နှစ်ထောင်ဝင်၏။ [27] တဖန်အလျားလေးတောင်၊ အနံလေးတောင် အမြင့်သုံးတောင် ပမာဏရှိသော ကြေးဝါခုံတဆယ်ကို
လုပ်လေ၏။ [28] ထိုခုံပုံသဏ္ဍာန်ဟူမူကား၊ ခုံပတ်လည်၌ အနား ရစ်အဆင့်ဆင့်ရှိ၍ အနားရစ်ကြားမှာ၊ [29] ခြင်္သေ့၊ နွား၊
ခေရုဗိမ်အပြောက်ရှိ၏။ အနားရစ် အပေါ်မှာ ခုံတခုတင်လျက် ရှိ၏။ ခြင်္သေ့နှင့်နွားအောက် ၌လည်း အပြောက်မျိုးရှိ၏။ [30]
ခုံတခု၌ကြေးဝါလှည်းဘီးလေးခုစီ၊ ကြေးဝါဝင်ရိုး နှင့်တကွရှိ၏။ အင်တုံတင်စရာဘို့ ခုံလေးထောင့်၌ပခုံး တို့ကို ခုံနှင့်တစပ်တည်း
သွန်းလေ၏။ [31] အင်တုံဝ၌ပါသော အကွပ်သည် အကျယ်တတောင်ရှိ၏။ အဝသည် ဝိုင်း၍ အချင်းတတောင်ထွာ ရှိ၏။
စတုရန်းလေးထောင့်၌ အပြောက်နှင့်ပြည့်စုံ၏။ [32] ဘီးလေးခုတို့သည် ခုံမျက်နှာအောက်မှာနေရာ ကျလျက်၊ ဝင်ရိုးတို့သည်
ခုံနှင့်စပ်လျက်၊ ဘီးအမြင့် တတောင်ထွာရှိ၏။ [33] ဘီးပုံကား ရထားဘီးနှင့်တူ၏။ ဝင်ရိုး၊ ဝင်ရိုး အိမ်၊ အကန့်၊ အကွပ်များကို
သွန်းလေ၏။ [34] ခုံလေးထောင့်၌ တစပ်တည်းသွန်းသော ပခုံး လေးခုရှိသဖြင့်၊ [35] ထိုပခုံးပေါ်မှာလုံးပတ်တထွာရှိသော ကွင်းကို တပ်၍၊
ခုံပေါ်မှာ အနားရစ်နှင့် ကိုင်စရာများတို့ကို ခုံနှင့် တစပ်တည်း သွန်းလေ၏။ [36] ကိုင်စရာမျက်နှာနှင့် ခုံမျက်နှာပြင်၌ ခေရုဗိမ်၊ ခြင်္သေ့၊
စွန်ပလွံပင်အစရှိသော အပြောက်မျိုး အသီး အသီးထင်ပေါ်လျက်ရှိ၏။ [37] ထိုသို့ပုံသဏ္ဍာန်အလုံးအရပ်တူအောင်၊ အင်တုံ
တင်ရာခုံတဆယ်ကို သွန်း၍ပြီးလေ၏။ [38] အဝန်းလေးတောင်ကျယ်၍၊ ရေဗတ်လေးဆယ် ဝင်နိုင်သော
ကြေးဝါအင်တုံတဆယ်ကိုလည်း လုပ်၍၊ ခုံတခုပေါ်မှာ အင်တုံတလုံးစီ တင်ထားလေ၏။ [39] အိမ်တော်လက်ျာဘက်၌ ခုံငါးခု၊
လက်ဝဲဘက်၌ ငါးခုကိုထား၍ ရေကန်ကိုကား၊ အိမ်တော်လက်ျာဘက် အရှေ့တောင်ထောင့်၌ နေရာချ၏။ [40] ဟိရံသည်အိုးများ၊


generated on Tue Jul 2 12:50:28 2024

ရေမှုတ်များ၊ အင်တုံငယ်များ ကိုလည်း လုပ်သဖြင့်၊ ရှောလမုန် မင်းကြီးအဘို့ ထာဝရ ဘုရား၏အိမ်တော်၌ လက်စသတ်သောအရာများဟူမူ ကား၊ [41] တိုင်နှစ်တိုင်၊ တိုင်ထိပ်အထွဋ်နှစ်ခု၊ တိုင်ထိပ် အထွဋ်ကို ဖုံးလွှမ်းစရာကွန်ရွက်နှစ်ရွက်၊ [42] ဖုံးလွှမ်းစရာကွန်ရွက် တရွက်အဘို့သလဲသီး နှစ်တန်းစီ. သလဲသီးပေါင်းလေးရာ၊ [43-44] ခုံဆယ်ခု၊ ခုံပေါ်မှာ တင်ထားသော အင်တုံ ဆယ်လုံး၊ ရေကန်တကန်၊ ရေကန်ကို ထောက်သော နွားတဆယ်နှစ်ခု၊ အိုးများ၊ ရေမှုတ်များ၊ အင်တုံငယ်များ တည်း။ [45] ရှောလမုန်မင်းကြီးအဘို့ ဟိရံလုပ်သမျှသော ထာဝရဘုရား၏ အိမ်တော်တန်ဆာတို့သည် ပြောင် ပြောင်တောက်သော ကြေးဝါဖြင့် ပြီးကြ၏။ [46] ယော်ဒန်ချိုင့်၊ သကုတ်မြို့နှင့် ဇာသန်မြို့ စပ်ကြားတွင် သရွတ်လုပ်စရာကောင်းသော မြေ၌ ရှင်ဘုရင်သွန်းလေ၏။ [47] ထိုတန်ဆာတို့သည် အလွန်များသောကြောင့်၊ ရှောလမုန်သည် မချိန်ဘဲသွန်းထား၏။ ကြေးဝါအချိန်ကို အဘယ်သူမျှမသိ။ [48] ရှောလမုန်သည်လည်း ထာဝရဘုရား၏ အိမ်တော်နှင့် ဆိုင်သမျှသော တန်ဆာများတည်းဟူသော ရွှေယဇ်ပလ္လင်၊ ရှေ့တော်မုန့်တင်စရာ ရွှေစားပွဲ၊ [49] ဗျာဒိတ်ဌာနတော်ရှေ့၊ လက်ျာဘက်၌ ရွှေစင် မီးခုံငါးခု၊ လက်ဝဲဘက်၌ငါးခု၊ ရွှေပန်းပွင့်၊ ရွှေမီးခွက်၊ မီးကိုင်တန်ဆာ၊ [50] ရွှေစင်ဖြင့်ပြီးသောခွက်များ၊ မီးညှပ်၊ လင်ပန်း၊ ဇွန်း၊ ပြာခံစရာအိုးများ၊ အလွန်သန့်ရှင်းရာဌာနတော် အတွင်းခန်းတံခါးနှင့် ဗိမာန်တော်ပြင်ခန်းတံခါး ဆွဲထား သော ရွှေပတ္တာများတို့ကို လုပ်လေ၏။ [51] ထိုသို့ရှောလမုန်မင်းကြီးသည် ထာဝရဘုရား၏ အိမ်တော်အဘို့ ပြုလုပ်စီရင်သမျှအလုံးစုံတို့ကို လက် စသတ်ပြီးမှ၊ ခမည်းတော် ဒါဝိဒ်လှူသော ရွှေငွေ တန်ဆာများကို ဆောင်ခဲ့၍၊ ထာဝရဘုရား၏အိမ်တော် ဘဏ္ဍာစုထဲမှာ သွင်းထားလေ၏။

---

1 Kings 01

ယေဘုယျ အချက်အလက်

စာရေးသူသည် ရှောလမုန်နန်းတော် အကြောင်း ရေးသားသည်။

ရှောလမုန်သည် တဆယ်သုံးနှစ်ပတ်လုံး နန်းတော်ကို တည်ဆောက်၍

ရှောလမုန်သည် ဘုရင်ဖြစ်သောကြောင့် အခြားသောသူများသည် သူ့အတွက် အလုပ်လုပ်ပေးရသည်။

နန်းတော်

သင်၏ ဘာသာစကားတွင် "နန်းတော်" ဟူသော ဝေါဟာရ မရှိပါက "အိမ်"သို့မဟုတ် "ကြီးမားသောအိမ်" ဟု ဘာသာပြန်နိုင်သည်။

နန်းတော်ကို လေဗနုန်တောသစ်သားဖြင့် ဆောက်၍၊

"အိမ်တော်ကို လေဗနုန်သစ်သားဖြင့် ဆောက်သောအိမ် ဟုခေါ်သည်"

အလျားအတောင်တရာ၊ အနံအတောင် ငါးဆယ်၊ အမြင့်အတောင်သုံးဆယ်

တစ်တောင်တွင် ၄၆ စင်တီမီတာရှိသည်။ အခြားသော ဘာသာပြန်ဆိုချက် - "၄၆မီတာ.....၂၃မီတာ.....၁၃.၈ မီတာ"

အာရဇ်ရက်မ

အာရဇ်ရက်မသည် နံရံနှင့် ခေါင်မိုးများကို ထောက်ပင့်ရာတွင် သုံးသော ရှည်လျားပြီး ခိုင်ခံ့သော သစ်သား ဖြစ်သည်။

1 Kings 03

ယေဘုယျ အချက်အလက်

အချို့သော အချက်အလက်များသည် လေဗနုန်သားဖြင့် ပြုလုပ်သော နန်းတော်၏ တည်ဆောက်ပုံများ ဖြစ်သည်။

အာရဇ်ပျဉ်ပြားနှင့်မိုးလေ၏

ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "လက်သမားသည် ခေါင်မိုးအား အာရဇ်ပျဉ်ပြားနှင့်မိုးပြီး အာရဇ်ရက်မနှင့် တွဲထားသည်။

တံခါးထုတ်

ခေါင်မိုးကို ထောက်ပေးသည့် ရှည်လျားသောတိုင်များဖြစ်သည်။

စတုရန်း လေးထောင့်ဖြစ်ကြ၏။

"စတုရန်းပုံဖြစ်သော ဘောင်များ" (UDB)

1 Kings 06

ယေဘုယျ အချက်အလက်

စာရေးသူသည် ကနားပြင်၏ တည်ဆောက်ပုံကို ရေးသည်။

တိုင်များ၊ ထုပ်ကြီးများ

တိုင်များ၏ အရေအတွက်၊ အားလုံးသည် အကွာအဝေး တူညီသည်။

အလျား အတောင်ငါးဆယ်၊ အနံအတောင်သုံးဆယ်

တစ်တောင်တွင် ၄၆ စင်တီမီတာရှိသည်။ အခြားသော ဘာသာပြန်ဆိုချက် - "၂၃ မီတာ.....၁၃.၈ မီတာ"

ကနားပြင်

အဆောက်အဦး၏ ဝင်ပေါက် တံခါးနှင့် ဆက်သွယ်ထားပြီး တိုင်နှင့် အမိုးတို့ဖြင့် ပြုလုပ်ထားသော အဆောက်အဦး မြေနေရာ ဖြစ်သည်။ (၆:၃) တွင် မည်ကဲ့သို့ ဘာသာပြန်ထားသည်ကို ကြည့်ပါ။

1 Kings 07

ယေဘုယျ အချက်အလက်

စာရေးသူသည် တရားပလ္လင်တည်ရာ ကနားပြင်အကြောင်း ရေးသည်။


generated on Tue Jul 2 12:50:28 2024

တရား ပလ္လင်တည်ရာ ကနားပြင်ကိုလည်းလုပ်၍
ဖြစ်နိုင်ခြေရှိသော အဓိပ္ပာယ်များမှာ ၁။ "ရှောလမုန်သည် သူ၏ ပလ္လင်ထားရန် အိမ်တော်ကို တည်ဆောက်ခဲ့သည်။" ၂။ "ရှောလမုန်သည် သူ၏ အလုပ်သမားများအား ဘုရင့်အိမ်တော် ပလ္လင် ဟုခေါ်သော အိမ်တော်ကို ဆောက်လုပ်စေသည်။"

ကြမ်းတဘက် မှ တဘက်တိုင်အောင်
ကြမ်းပြင် တစ်။ အခြားသော ဘာသာပြန်ဆိုချက် - "နံရံတစ်ဖက်မှ အခြားတစ်ဖက်သို့"

အာရဇ်ပျဥ်ပြားတို့နှင့်မိုးလေ၏။
ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "အလုပ်သမားများသည် ကြမ်းပြင်အား အာရဇ်ပျဉ်ပြားများဖြင့် ဖုံးအုပ်ခဲ့သည်။

1 Kings 08

ယေဘုယျ အချက်အလက်
စာရေးသူသည် နန်းတော် ဧရိယာအကြောင်း ဆက်ရေးသည်။

နန်းတော်နှင့်ဆိုင်သော ထိုကနားပြင်နှစ်ဆောင် စပ်ကြားမှာ တန်တိုင်းလည်းရှိ၏။
ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ရှောလမုန်သည် နန်းတော်မြေပြင်အတွင်း အခြားသောမြေကွက်တွင် သူနေထိုင်ရာ အိမ်တော် ပုံစံနှင့် တူသော အိမ်တော်အား ထိုနည်းတူ တစ်စုံတစ်ဦးအတွက် တည်ဆောက်သည်။"

1 Kings 09

ယေဘုယျ အချက်အလက်
စာရေးသူသည် ဗိမာန်တော်အတွက် အသုံးပြုသော ကျောက် အကြောင်းကို ရေးသည်။

တန်တိုင်းကြီး ပြင်ဘက်တိုင်အောင်ဒင်း၊ အမြစ်မှစ၍ ထိပ်တိုင်အောင်ဒင်း၊
အလုပ်သမားများသည် အဆောက်အဦးတစ်ခုလုံး၏ အခြေခံအုတ်မြစ်အတွက် တန်ဖိုးကြီးသော ကျောက်များကို အသုံးပြုကြောင်း စာရေးသူမှ အထူးပြုဖော်ပြထားသည်။

ကျောက်ဆစ်ပမာဏနှင့်အညီ၊
ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "အလုပ်သမားများသည် အဆောက်အဦးအား ဆစ်ပြီးသော ကျောက်များဖြင့် လှအောင် ပြုလုပ်သည်။

ကျောက်တို့ဖြင့် ပြီး
ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အလုပ်သမားတို့သည် ကျောက်များကို အသုံးပြု၍"

ကျောက်ဆစ်ပမာဏနှင့်အညီ၊ နှစ်ဘက်စလုံးလွှနှင့်တိုက်သော ကျောက်၊ ထူးဆန်းသော ကျောက်
ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - " တိကျသော အတိုင်းအတာများနှင့် ဖြတ်ပြီး ချောအောင်ပြုလုပ်ထားသော ကျောက် (ဆစ်ပြီးသောကျောက်)"

အမြစ်သည်... ပြီး၏
ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အလုပ်သမားတို့သည် ဗိမာန်တော်၏ အမြစ်ကို ဆောက်လုပ်ပြီးစီးသည်"

အလျားရှစ်တောင်၊ ဆယ် တောင်
တစ်တောင်တွင် ၄၆ စင်တီမီတာရှိသည်။ အခြားသော ဘာသာပြန်ဆိုချက် - "၃.၇ မီတာ နှင့် ၄.၆ မီတာခန့်"

1 Kings 11

အာရဇ်သစ်သား
အဆောက်အဦး တည်ဆောက်ပုံကို ထောက်ပင့်ရန်အတွက် သုံးသော ရှည်လျားသော သစ်သားဖြစ်သည်။

ဆစ်သောကျောက်သုံးတန်း၊ အာရဇ်သစ်ကြီးတတန်း
(၆:၃၆) တွင် ဘာသာပြန်ထားပြီး ဖြစ်သည်။

1 Kings 13

လူကိုစေလွှတ်၍ တုရုမြို့ မှ ဟိရံကို ခေါ်လေ၏
ဟိရံသည် ဂျေရုရှလင်မြို့သို့ ရှောလမုန်၏ ဖိတ်ကြားခြင်းအား လက်ခံခဲ့သည်။

ထိုဟိရံကား၊ နဿလိအမျိုးမုတ်ဆိုးမသား ဖြစ်၏။ သူ၏အဘကား၊ တုရုအမျိုးသား ပန်းတဉ်းသမား ဖြစ်၏။
ယောကျာ်းသေဆုံးသော မိန်းမကို မုဆိုးမ ဟုခေါ်သည်။ ထို့ကြောင့် ဖခင် သေဆုံးကြောင်း သိရသည်။

သားသည်လည်း ကြေးဝါအလုပ်ခပ်သိမ်းကို လုပ်တတ်သော ဉာဏ်ပညာနှင့်ပြည့်စုံသဖြင့်
ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ "ဉာဏ်ပညာ" သည် အခြေခံအားဖြင့် တူညီသောအရာများ နှင့် အထူးပြုရာတွင် အသုံးပြုသည်။ ထာဝရဘုရားသည် ထည့်စရာခွက်ထဲသို့ အရည်လောင်းထည့်သကဲ့သို့ ဉာဏ်ပညာကဲ့သို့သော အရာအားပေးသည်။ ဟိရံသည် ထိုထည့်စရာခွက်ကဲ့သို့ မိမိကိုယ်ကို ပြောသည်။ အခြားသော ဘာသာပြန်ဆိုချက် - "ထာဝရဘုရားသည် ဟိရံအား ဉာဏ်ပညာ နှင့် ကျွမ်းကျင်မှုကို ပေးသည်။

1 Kings 15

အမြင့်တဆယ်ရှစ်တောင်၊ လုံးပတ် တဆယ်နှစ်တောင်....အမြင့်ငါးတောင်
တစ်တောင်တွင် ၄၆ စင်တီမီတာ ရှိသည်။ အခြားသော ဘာသာပြန်ဆိုချက် - "၈.၃ မီတာ....၅.၅မီတာ....၂.၃ တောင်"


generated on Tue Jul 2 12:50:28 2024

လုံးပတ်
စက်ဝိုင်း၏ ဧရိယာ အကွာအဝေး သို့မဟုတ် အတိုင်းအတာကို လုံးပတ် ဟုခေါ်သည်။

တိုင်ထိပ်နှစ်ခု
တိုင်တစ်ခုစီ၏ ထိပ်ပေါ်တွင် အလှဆင်ထားခြင်း။

သွန်းလေ၏
ကြေးကို အရောင်ပြန်စေရန် သွန်းသည်။ " အရောင်ဖျော့စွာလင်းသော ကြေး" (UDB)

ကြေးဝါကွန်ရွက်နှင့်ကြေးဝါကြိုး
သတ္တုချောင်းရှည်များ အတူအကွ ယှက်သည်၊ သတ္တုကြိုးများကို အတူတကွ ကွေးကောက်သည်။

1 Kings 18

သလဲသီးနှစ်တန်းစီ
သလဲသီးသည် အခွံမာပြီး အတွင်းတွင် အရည်ရွှမ်းသော အစေ့များစွာ ရှိသော အသီးမျိုးဖြစ်သည်။ ဟိရံသည် တိုင်ထိပ် ကွန်ရွက်ကို အလှဆင်ရန် သလဲသီး အစစ်အား အသုံးမပြုခဲ့ဘဲ ကြေးဝါဖြင့် လုပ်သော သလဲသီးတို့ကိုသာ အသုံးပြုခဲ့ပါသည်။

ကနားပြင်ထဲမှာ စိုက်ထားသော ထိုတိုင်ထိပ်တို့ သည် ကြာပွင့်နှင့် ပုံတူ၍ အချင်းလေးတောင်ရှိ၏
အစွန်းတစ်ဖက်သည် ကျယ်ပြီး ကျန်အစွန်းတစ်ဖက်သည် သေးသောပန်းများပွင့်သည့် လီလီပန်းပင်ဖြစ်သည်။ ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ဟိရံသည် လေးတောင် အမြင့်ရှိသော တိုင်ထိပ်တို့ကို ကြေးဝါလီလီပန်းများဖြင့် အလှဆင်ခဲ့သည်။

လေးတောင်
တစ်တောင်တွင် ၄၆ စင်တီမီတာရှိသည်။ အခြားသော ဘာသာပြန်ဆိုချက် - "၁.၈ မီတာခန့်"

1 Kings 20

သလဲသီး နှစ်တန်းစီနှင့် အလုံးနှစ်ရာ
"သလဲသီး အလုံးနှစ်ရာ" သလဲသီးသည် အခွံမာပြီး အတွင်းတွင် အရည်ရွှမ်းသော အစေ့များစွာ ရှိသော အသီးမျိုးဖြစ်သည်။ (၇:၁၈) တွင် ဘာသာပြန်ထားပြီးဖြစ်သည်။

ထိုတိုင်တို့ကို ဗိမာန်တော်ကနားပြင်ထဲမှာ စိုက် ထား၍
ဟိရံ လုပ်သောအရာအား အခြားသောသူများမှ ကူညီကြောင်း စာဖတ်သူများ နားလည်နိုင်စေရန် အလို့ငှာ ဘာသာပြန်ရန် အကောင်းဆုံးဖြစ်သည်။

လက်ျာတိုင်ကိုယာခိန်
ဗိမာန်တော် ကနားပြင် ညာဘက်တွင်ရှိသော တိုင်အား ယာခိန် ဟုခေါ်သည်။

လက်ဝဲတိုင်ကို ဗောဇ
ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ဗိမာန်တော် ကနားပြင် ဘယ်ဘက်တွင်ရှိသော တိုင်အား ဗောဇ ဟုခေါ်သည်။

တိုင်တို့သည် စေ့စုံကြ၏
ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ဟိရံသည် တိုင်များကို ပုံသွင်းသည်" သို့မဟုတ် "ဟိရံ၏ လူများသည် တိုင်များအား ပုံသွင်းသည်။"

1 Kings 23

ကြေးဝါရေကန်
ရေသိုလှောင်နိုင်သော ကြေးဝါ တိုင်ကီ သို့မဟုတ် ဇလုံကို ရည်ညွှန်းသည်။

သွန်းလေ၏။
ဟိရံသည် ကြေးဝါအား အရည်ကြိုပြီးပုံစံခွက်ထဲတွင် ပုံသွင်းသည်။

အချင်းဆယ်တောင်၊ အဝန်းအတောင်သုံးဆယ်၊ အစောက်ငါးတောင်
တစ်တောင်တွင် ၄၆ စင်တီမီတာ ရှိသည်။ အခြားသော ဘာသာပြန်ဆိုချက် - "၄.၆ မီတာ.....၂.၃ မီတာ......၁၃.၈ မီတာ"

ရေကန်အနား
"အစွန်းတစ်ခုမှ အခြားအစွန်းတစ်ခုထိ"

အနားပတ် အောက်ပတ်လည်
စက်ဝိုင်းသဏ္ဌာန် ဧရိယာ၏ အတိုင်းအတာ သို့မဟုတ် အကွာအဝေး

အတောင်တတောင်လျှင် ဘူးသီးဆယ်လုံးစီစေ့အောင် ဘူးသီးနှစ်ပတ်ကို
"ဘူးသီး" သည် မြေပြင်ပေါ်တွင် နွယ်တက်ပြီး သီးတတ်သော လုံးဝန်း၍ မာသော အသီးမျိုးဖြစ်သည်။

ရေကန်နှင့်တစပ်တည်း သွန်းလေ၏။
ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ဟိရံသည် ရေကန်ကို ၎င်းအတိုင်း ပုံသွင်းသည်။"

1 Kings 25

ရေကန်
ရေသိုလှောင်နိုင်သော ကြေးဝါ တိုင်ကီ သို့မဟုတ် ဇလုံကို ရည်ညွှန်းသည်။

တည်လျက်ရှိ၏
အပေါ်တွင် တည်ရှိသည်။

အပေါ်မှာ တည်လျက်ရှိ၏
ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ဟိရံ၏ အလုပ်သမားများသည် ရေကန်အား ကြေးဝါ နွားရုပ်များပေါ်တွင် တည်သည်။

နောက်ခိုင်း၍
ခြေလေးချောင်းရှိသော တိရစ္ဆာန်၏ ကိုယ်ခန္ဓာ အနောက်ဘက်ခြမ်း ဖြစ်သည်။

အပေါ်အနား ပတ်လည်ဖလား အနားပတ်ကဲ့သို့ ကြာပွင့်အပြောက်နှင့် ပြည့်စုံ၏
ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - " ဟိရံသည် ရေကန်အနားအား ခွက်၏ နှုတ်ခမ်းကဲ့သို့ လီလီပန်းသဏ္ဍာန် အပြင်ဘက်သို့ကွေးသည်"

ရေဗတ်နှစ်ထောင်
ဗတ်သည် ထုထည်၏ ယူနစ်ဖြစ်ပြီး တစ်ဗတ်တွင် ၂၂ လီတာခန့်ရှိသည်။ အခြားသော ဘာသာပြန်ဆိုချက် - "၂၀၀၀ ဗတ်"

1 Kings 27

အလျားလေးတောင်၊ အနံလေးတောင် အမြင့်သုံးတောင်
တစ်တောင်တွင် ၄၆ စင်တီမီတာရှိသည်။ အခြားသော ဘာသာပြန်ဆိုချက် - " ၁.၈ မီတာခန့်......၁.၄ မီတာခန့်"

ထိုခုံပုံသဏ္ဍာန်ဟူမူကား
စာရေးသူသည် ခုံ၏ နောက်တွင်ပါလာသော စကားလုံးကို ဖော်ပြလိုခြင်း ဖြစ်သည်။

အနားရစ်
"အနားရစ်" သည် ကြောင်လိမ်ရစ် ပုံသဏ္ဍာန် ကြေးဝါပစ္စည်းကို ရည်ညွှန်းသည်။

ခုံပတ်လည်၌ အနား ရစ်အဆင့်ဆင့်ရှိ၍ အနားရစ်ကြားမှာ၊ 29ခြင်္သေ့၊ နွား၊ ခေရုဗိမ်အပြောက်ရှိ၏
ခြင်္သေ့၊ နွား၊ ခေရုဗိမ် ရုပ်ပုံသဏ္ဍာန်များကို ခုံ၏ ဘေးတွင် ပုံဖော်ကာ အလှတပ်ဆင်သည်။

1 Kings 30

ကြေးဝါလှည်းဘီးလေးခုစီ၊ ကြေးဝါဝင်ရိုး
လှည်းဘီးတစ်စုံစီအတွက် ဝင်ရိုးတစ်ခုစီရှိသည်။ အခြားသော ဘာသာပြန်ဆိုချက် - "ကြေးဝါလှည်းဘီးလေးခု နှင့် ဝင်ရိုး နှစ်ခု" "

ခုံလေးထောင့်
"ခုံတစ်ခုစီအတွက် ထောင့်လေးထောင့်"

ပခုံး တို့ကို ခုံနှင့်တစပ်တည်း သွန်းလေ၏
ပခုံးတစ်ခုစီကို ခုံနှင့် တစ်စပ်တည်း သွန်းသည်။ ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ဟိရံသည် ပခုံးများကို ကြောင်လိမ် အကွေးသဏ္ဍာန် အပိုင်းစများဖြင့် သွန်းလုပ်သည်။"

အကျယ်တတောင်ရှိ၏။ အဝသည် ဝိုင်း၍ အချင်းတတောင်ထွာ
တစ်တောင်တွင် ၄၆ စင်တီမီတာရှိသည်။ အခြားသော ဘာသာပြန်ဆိုချက် - " ၇၀ စင်တီမီတာခန့်......၅၀ စင်တီမီတာခန့်"

အဝသည် ဝိုင်း၍
ဤတွင် " အဝ" သည် စက်ဝိုင်းပုံစံ တိုင်ထိပ်သည် ကျယ်ပြီး အင်တုံနှင့် တစ်ဆက်တည်း သွန်းသည်။

စတုရန်းလေးထောင့်၌ အပြောက်နှင့်ပြည့်စုံ၏
"တိုင်သည် စတုရန်း လေးထောင့်ဖြစ်သည်။" (၇:၂၇) တွင် စတင်ဖော်ပြထားသော စကားစုဖြစ်သည်။

1 Kings 32

ဝင်ရိုးတို့သည် ခုံနှင့်စပ်လျက်၊
"သူတို့၏" သည် ဝင်ရိုးကို ရည်ညွှန်းပြီး "အိမ်"သည် ဝင်ရိုးထည့်ဆက်ရာ ဝင်ရိုးအိမ်ကို ရည်ညွှန်းခြင်း ဖြစ်သည်။

တတောင်ထွာ
တစ်တောင်တွင် ၄၆ စင်တီမီတာ ရှိသည်။ အခြားသော ဘာသာပြန်ဆိုချက် - "၇၀ စင်တီမီတာခန့်"

ဘီးပုံကား ရထားဘီးနှင့်တူ၏
ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ဟိရံသည် ဘီးများကို ရထားဘီးသဏ္ဍာန် ပြုလုပ်သည်။"

ဝင်ရိုး၊ ဝင်ရိုး အိမ်၊ အကန့်၊ အကွပ်
ဤတွင် "သူတို့၏" သည် ဘီးများကို ရည်ညွှန်းသည်။

1 Kings 34

ခုံလေးထောင့်၌ တစပ်တည်းသွန်းသော ပခုံး လေးခုရှိသဖြင့်
ခုံလေးထောင့် တစ်ခုချင်းစီ၌ ကိုင်စရာရှိသည်။

လုံးပတ်တထွာ
တစ်တောင်တွင် ၄၆ စင်တီမီတာရှိသည်။ အခြားသော ဘာသာပြန်ဆိုချက် - "၂၃ စင်တီမီတာ ကျယ်သည်။"

ခုံပေါ်မှာ အနားရစ်နှင့် ကိုင်စရာများတို့ကို ခုံနှင့် တစပ်တည်း သွန်းလေ၏။
ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ဟိရံသည် အနားရစ် နှင့် ကိုင်စရာများကို ခုံတစ်ခုချင်းစီ အပေါ်တွင် တပ်ဆင်သည်။"

1 Kings 36

အသီး အသီးထင်ပေါ်လျက်ရှိ၏
ဤတွင် "အသီးသီး" သည် ခေရုဗိမ်၊ ခြင်္သေ့ နှင့် စွန်ပလွံပင် တို့ကို ရည်ညွှန်းသည်။

အပြောက်မျိုး
"အပြောက်မျိုး" သည် ကြောင်လိမ် သဏ္ဍာန် ကြေးဝါမျိုးကို ရည်ညွှန်းခြင်း ဖြစ်သည်။ ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "အပြောက်အမျိုးမျိုးဖြင့် ဝန်းရံထားသည်။"

ထိုသို့ပုံသဏ္ဍာန်
ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ဟိရံသည် ခုံများကို ပုံစံတူ ပြုလုပ်သည်။"

အလုံးအရပ်တူအောင်
"ခုံအားလုံးသည် အရွယ်အစားနှင့် ပုံသဏ္ဍာန် တူကြသည်။"

1 Kings 38

အဝန်းလေးတောင်
တစ်တောင်တွင် ၄၆ စင်တီမီတာရှိသည်။ အခြားသော ဘာသာပြန်ဆိုချက် - "၁.၈ မီတာခန့်"

ရေဗတ်လေးဆယ်
တစ်ဗတ်တွင် ထုထည် ယူနစ် ၂၂ လီတာခန့်ရှိသည်။ အခြားသော ဘာသာပြန်ဆိုချက် - "၈၈လီတာ" သို့မဟုတ် "၉၀ လီတာခန့်"

အိမ်တော်လက်ျာဘက် အရှေ့တောင်ထောင့်၌ နေရာချ၏။
ဗိမာန်တော်၏ အရှေ့တောင် ထောင့်

1 Kings 40

တိုင်ထိပ်အထွဋ်
တိုင်ထိပ်အထွဋ်သည် အိုးများနှင့် တူသည်။

ကွန်ရက်
"သတ္တုချောင်းရှည်များကို အတူတကွ ယှက်ထားသည်။"

1 Kings 42

သလဲသီးပေါင်းလေးရာ၊
"သလဲသီးပေါင်းလေးရာ" သလဲသီးသည် အခွံမာပြီး အတွင်းတွင် အရည်ရွှမ်းသော အစေ့များစွာ ရှိသော အသီးမျိုးဖြစ်သည်။

1 Kings 44

လုပ်သမျှ
ဤတွင် "သူ" ဟူသော စကားလုံးသည် ဟိရံ နှင့် သူ၏ လုပ်ဖော်ဆောင်ဘက်များကို ရည်ညွှန်းသည်။

အိမ်တော်တန်ဆာ
"အခြားသော ကိရိယာ တန်ဆာပလာများ"

ပြောင် ပြောင်တောက်သော ကြေးဝါ
အလင်းရောင်ပြန်စေရန် ပြောင်အောင် တိုက်ချွတ်ထားသော ကြေးဝါ

1 Kings 46

ရှင်ဘုရင်သွန်းလေ၏
ရှင်ဘုရင် လုပ်သောအရာအား အခြားသောသူများမှ ကူညီကြောင်း စာဖတ်သူများ နားလည်နိုင်စေရန် အလို့ငှာ ဘာသာပြန်ရန် အကောင်းဆုံးဖြစ်သည်။

ယော်ဒန်ချိုင့်
"ယော်ဒန်မြစ်နားရှိ ပြေပြစ်သောမြေ"

သကုတ်မြို့နှင့် ဇာသန်မြို့
မြို့အမည်များဖြစ်သည်။

ရှောလမုန်သည် မချိန်ဘဲ
ရှောလမုန်သည် တစ်ယောက်ထဲ အလုပ်မပြီးနိုင်။ အခြားသော ဘာသာပြန်ဆိုချက် - "ရှောလမုန်သည် ဟိရံနှင့် သူ၏ လုပ်ဖော်ဆောင်ဘက်များ မပါဘဲ မချိန်ခဲ့ပါ။

ကြေးဝါအချိန်ကို အဘယ်သူမျှမသိ။
ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ကြေးဝါ၏ အလေးချိန်ကို မည်သူမျှ မတိုင်းတာနိုင်ကြ။

1 Kings 48

ရှောလမုန်သည်လည်း
ရှောလမုန် လုပ်သောအရာအား အခြားသောသူများမှ ကူညီကြောင်း စာဖတ်သူများ နားလည်နိုင်စေရန် အလို့ငှာ ဘာသာပြန်ရန် အကောင်းဆုံးဖြစ်သည်။

ရှေ့တော်မုန့်တင်စရာ
ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ရှေ့တော်မုန့် ထားစရာ နေရာကို ယဇ်ပုရောဟိတ်မှ နေရာချသည်။"

ရွှေပန်းပွင့်၊ ရွှေမီးခွက်၊
"ပန်းပွင့်များ" နှင့် "မီးခွက်များ"သည် မီးခွက်ခုံတိုင်၏ အစိတ်အပိုင်းများ ဖြစ်သည်။

1 Kings 50

ရွှေစင်ဖြင့်ပြီးသောခွက်များ
ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "အလုပ်သမားများသည် ခွက်များကို ရွှေစစ်စစ် များဖြင့်သာ ပြုလုပ်သည်။"

ဆွဲထား သော
ဤတွင် "ဆွဲ" ဟူသည်မှာ ၁။ တံခါးတွင် တပ်ထားသော လှည့်၍ရသော ဘု။ သို့မဟုတ် ၂။ တံခါးပေါ်တွင် တွဲထားသော ပတ္တာ။

ရွှေပတ္တာများ
ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - " ပတ္တာများကိုလည်း ရွှေစစ်စစ်များဖြင့်သာ ပြုလုပ်သည်။"

1 Kings 51

ရှောလမုန်မင်းကြီးသည် ထာဝရဘုရား၏ အိမ်တော်အဘို့ ပြုလုပ်စီရင်သမျှအလုံးစုံတို့ကို လက် စသတ်ပြီးမှ၊
ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ထာဝရဘုရားအဘို့အိမ်တော်အား ရှောလမုန် စေခိုင်းသည့်အတိုင်း ပြီးမြောက်သည်"

---

## Translation Questions

1 Kings 7:1

ရှောလမုန်သည် သူ၏နန်းတော်ကို တည်ဆောက်ရန် နှစ်ပေါင်းမည်မျှ ကြာခဲ့နည်း။
ရှောလမုန်သည် တဆယ်သုံးနှစ်ပတ်လုံး နန်းတော်ကို တည်ဆောက်ခဲ့သည်။

ရှောလမုန်က မည်သည့်သစ်တောကို အသုံးပြုကာ သူ၏နန်းတော်ကို တည်ဆောက်ခဲ့သနည်း။
ရှောလမုန်သည် နန်းတော်ကို လေဗနုန်တောသစ်သား ဖြင့် တည်ဆောက်ခဲ့သည်။

1 Kings 7:6

ရှောလမုန်တည်ထားသော နန်းတော်ကြီး၏ အကျယ်အဝန်းမှာ မည်မျှ ကြီးမားသနည်း။
ရှောလမုန်တည်ထားသော နန်းတော်ကြီး၏ အကျယ်အဝန်းမှာ အလျား အတောင်ငါးဆယ်၊ အနံအတောင်သုံးဆယ်ရှိသည်။

1 Kings 7:7

ရှောလမုန်၏ တရားစီရင်ရာခန်းမဆောင်ကို မည်သည့် အရာဖြင့် ဖုံးအုပ်ထားသနည်း။
ရှောလမုန်၏ တရားစီရင်ရာခန်းမဆောင်ကို ကြမ်းတဘက် မှ တဘက်တိုင်အောင် အာရဇ်ပျဉ်ပြားတို့ဖြင့် ဖုံးအုပ်ထားသည်။

1 Kings 7:8

ဖာရောဘုရင်၏သမီးဖြစ်သော သူ၏ဇနီးအတွက် မည်သည့်အရာကို တည်ဆောက်ခဲ့သနည်း။
ရှောလမုန်စုံဘက်သော ဖာရောဘုရင်၏ သမီးစံနန်းကိုလည်း တရားစီရင်ရာ ကနားပြင်နှင့်တူအောင် ဆောက်ခဲ့သည်။

1 Kings 7:9

အဆောက်အဦးကြီး၏ အခြေခံတိုက်မြစ်မှာ မည်မျှ ကြီးမားသနည်း။
အဆောက်အဦးကြီး၏ အခြေခံတိုက်မြစ်မှာ အလျား ရှစ်တောင်၊ ဆယ်တောင်ရှိသော ကျောက်၊ ထူးဆန်းသော ကျောက်တို့ဖြင့် တည်ဆောက်ထားသည်။

1 Kings 7:11

နန်းတော်၏ ကြီးမားသောတံတိုင်းကြီးပတ်လည်ကို ကျောက်ဆစ်အပိုင်း မည်မျှပိုင်းဖြတ်ထားသနည်း။
နန်းတော်၏ ကြီးမားသောတံတိုင်းကြီးပတ်လည်ကို ကျောက်ဆစ်အပိုင်း သုံးတန်း ရှိသည်။

1 Kings 7:13

ရှောလမုန်မင်းကြီးအတွက် ပန်းတဉ်သမားသည် မည်သူနှင့် အတူ အလုပ်လုပ်ဆောင်ရန် လာခဲ့သနည်း။
ဟိရံသည် တုရုအမျိုးသား တစ်ဦးနှင့် အတူ ရှောလမုန်အတွက် လာခဲ့သည်။

1 Kings 7:15

ဟိရံသည် ကြေးဝါတိုင်ကို မည်မျှ ပြုလုပ်ခဲ့သနည်း။
ဟိရံသည် ကြေးဝါတိုင် နှစ်တိုင်ကို သွန်းလုပ်ခဲ့ပါသည်။

1 Kings 7:20

ကြေးဝါတိုင်၏ အမြင့်ဆုံးသောအရပ်တွင် မည်သည့်အရာတို့ ပါဝင်သနည်း။
ကြေးဝါတိုင်၏ အမြင့်ဆုံးသောအရပ်တွင် တိုင်ထိပ်တခုဥ္စသလဲသီး နှစ်တန်းစီနှင့် အလုံးနှစ်ရာစီထားရှိထားသည်။

1 Kings 7:25

ရေကန်အပေါ်တွင် နွားထီးမည်မျှကို ထားရှိခဲ့သနည်း။
ရေကန်တွင် နွားထီးတဆယ်နှစ်ခုအပေါ်မှာ တည်လျက်ရှိ၏။ နွားတို့သည် အတွင်းသို့နောက်ခိုင်း၍ အရှေ့အနောက်တောင်မြောက်အရပ်လေးမျက်နှာသို့ တမျက်နှာလျှင် သုံးခုစီ မျက်နှာလှည့်ထားရသည်။

1 Kings 7:27

ဟိရံပြုလုပ်ထားသော ကြေးဝါဆယ်ခုတို့၏ အမြင့်တို့ကို ဖော်ပြပါ။
ဟိရံပြုလုပ်ထားသော ကြေးဝါဆယ်ခုတို့၏ပမာဏမှာ အမြင့်သုံးတောင် ရှိသည်။

1 Kings 7:32

ဘီးလေးခုရှိသော ခုံမျက်နှာအောက်၏ ဝင်ရိုးတို့ကို မည်သည့်အရာဖြင့်ပြုလုပ်ထားသနည်း။
ဘီးလေးခုရှိသော ခုံမျက်နှာအောက်၏ ဝင်ရိုးတို့ကို သတ္တုဖြင့် ပြုလုပ်ထားသည်။

1 Kings 7:38

ဟိရုံ၏ ကြေးဝါအင်တုံမှာ ရေမည်မျှထား၍ ရနိုင်သနည်း။
ဟိရုံ၏ ကြေးဝါအင်တုံမှာ ရေဗတ်လေးဆယ် ထားရှိနိုင်ပါသည်။

1 Kings 7:40

ထာဝရဘုရား၏အိမ်တော်အမှုရေးရာကို ဟိရုံသည် ပြီးမြောက်ခဲ့ပါသလား။
အမှန်ပင် ရှောလမုန် ပြင်ဆင်ထားသော ထာဝရဘုရား၏ အိမ်တော်အမှုရေးရာကို ဟိရုံသည်ပြီးမြောက်ခဲ့ပါသည်။

1 Kings 7:42

ပြတင်းပေါက် တံခါးကို အလှဆင်မြန်းရန် ဟိရုံမင်းကြီးက သလဲသီးမည်မျှကို အသုံးပြုခဲ့သနည်း။
ဟိရုံမင်းကြီးသည် တံခါးကို အလှဆင်မြန်းရန်အတွက် သလဲသီးပေါင်း လေးရာကို အသုံးပြုခဲ့ပါသည်။

1 Kings 7:48

ထာဝရဘုရား၏အိမ်တော်အဖို့ ရှောလမုန်မင်းကြီးက ပရိဘောဂပစ္စည်းအားလုံးကို မည်သည့်အရာဖြင့်ပြုလုပ်ခဲ့သနည်း။
ရှောလမုန်မင်းကြီးက ထာဝရဘုရား၏အိမ်တော်အဖို့ ပရိဘောဂ ပစ္စည်းများကို ရွှေဖြင့် ပြုလုပ်ခဲ့သည်။

1 Kings 7:51

ရှောလမုန်မင်းကြီးက ထာဝရဘုရား၏အိမ်တော် ဘဏ္ဍာတိုက်ထဲသို့ မည်သည့်အရာကို သိုထားသနည်း။
ရှောလမုန်မင်းကြီးက ထာဝရဘုရား၏အိမ်တော် ဘဏ္ဍာတိုက်ထဲသို့ ဒါဝိဒ်လှူသော ရွှေငွေ တန်ဆာများကို သွင်းထားခဲ့သည်။



generated on Tue Jul 2 12:50:28 2024

## Chapter 8

1 ထိုအခါ ထာဝရဘုရား၏ ပဋိညာဉ်သည် သေတ္တာတော်ကို ဇိအုန်မည်သော ဒါဝိဒ်မြို့မှ ဆောင်ခဲ့ လိုသောငှါ၊ ရှောလမုန်သည်
ဣသရေလအမျိုးအသက် ကြီးသူအပေါင်းတို့နှင့် ဣသရေလအဆွေအမျိုးအသီး အသီးကို အုပ်သော ခေါင်းမင်းအပေါင်းတို့ကို ယေရု
ရှလင်မြို့၊ ရှင်ဘုရင်ထံသို့ ခေါ်တော်မူသည်အတိုင်း၊ 2 ဣသရေလလူအပေါင်းတို့သည် ဧသနိမ်အမည် ရှိသော
သတ္တမလ၌လုပ်သောပွဲအတွင်းတွင် ရှောလမုန် မင်းကြီးထံသို့ စုဝေးရောက်လာကြ၏။ 3 ဣသရေလအမျိုးတွင်
အသက်ကြီးသူအပေါင်း တို့သည်လာ၍၊ ယဇ်ပုရောဟိတ်တို့သည်လည်း ထာဝရ ဘုရား၏ သေတ္တာတော်ကို ထမ်းလျက်၊ 4
ပရိသတ်စည်းဝေးရာ တဲတော်၊ တဲတော်နှင့် ဆိုင်၍ သန့်ရှင်းသော တန်ဆာအလုံးစုံတို့ကို ယဇ်ပုရော ဟိတ်များနှင့်
လေဝိသားများတို့သည် ဆောင်ခဲ့ကြ၏။ 5 ရှောလမုန်မင်းကြီးမှစ၍ စည်းဝေးသော ဣသရေလပရိသတ်အပေါင်းတို့သည်
မရေတွက်နိုင်။ အတိုင်းမသိများစွာသော သိုးနွားတို့ကို သေတ္တာတော်ရှေ့ မှာ ယဇ်ပူဇော်ကြ၏။ 6 ယဇ်ပုရောဟိတ်တို့သည်လည်း
ထာဝရဘုရား၏ ပဋိညာဉ် သေတ္တာတော်ကို အိမ်တော်အတွင်းသို့သွင်း၍၊ အလွန်သန့်ရှင်းရာဌာနတည်းဟူသော ဗျာဒိတ်ဌာနတော်
ထဲမှာ ခေရုဗိမ်အတောင်တို့အောက်၊ သူ့နေရာ၌ ထားကြ ၏။ 7 ခေရုဗိမ်တို့သည် မိမိအတောင် နှစ်ဘက်ကို
သေတ္တာတော်နေရာအပေါ်မှာဖြန့်၍၊ သေတ္တာတော်နှင့် ထမ်းဘိုးတို့ကို လွှမ်းမိုးလျက် ရှိကြ၏။ 8 ထမ်းဘိုးတို့ကို ဆွဲထားသဖြင့်
ထမ်းဘိုးဖျားတို့ သည် ပြင်ခန်း၌ မထင်။ သန့်ရှင်းရာဌာန၊ ဗျာဒိတ်ဌာန တော်၌သာထင်၍ ယနေ့တိုင်အောင် ရှိကြ၏။ 9
ဣသရေလအမျိုးသားတို့သည် အဲဂုတ္တုပြည်မှ ထွက်၍၊ ထာဝရဘုရားသည် သူတို့နှင့် ပဋိညာဉ်ဖွဲ့တော်မူ သောအခါ၊ မောရှေသည်
ဟောရပ်အရပ်၌ရှိစဉ် သွင်း ထားသော ကျောက်ပြားနှစ်ပြားမှတပါး သေတ္တာတော်ထဲ ၌ အဘယ်အရာမျှမရှိ။ 10
ယဇ်ပုရောဟိတ်တို့သည် သန့်ရှင်းရာ ဌာနထဲက ထွက်ကြသောအခါ၊ ထာဝရဘုရား၏ အိမ်တော်သည် မိုဃ်းတိမ်နှင့်ပြည့်၏။ 11 ထိုသို့
ထာဝရဘုရား၏ အိမ်တော်သည် ဘုန်းတော်နှင့်ပြည့်လျက်၊ မိုဃ်းတိမ်တော်ကြောင့် ယဇ် ပုရောဟိတ်တို့သည် အမှုတော်ကို
ဆောင်ရွက်လျက် ရပ်၍ မနေနိုင်ကြ။ 12 ရှောလမုန်ကလည်း၊ ထာဝရဘုရားသည် ထူထပ်သော မှောင်မိုက်ထဲမှာနေတော်မူသည်ဟု
စကား တော်ရှိ၏။ 13 အကယ်စင်စစ် ကိုယ်တော်ကျိန်းဝပ်တော်မူရာ အိမ်၊ အစဉ်အမြဲနေတော်မူရာ ဌာနတော်ကို အကျွန်ုပ်
တည်ဆောက်ပါပြီဟု မြွက်ဆို၏။ 14 တဖန်ရှင်ဘုရင်သည် လှည့်ကြည့်၍ ဣသရေလ အမျိုး ပရိသတ်အပေါင်းကို
ကောင်းကြီးပေးတော်မူ၏။ ဣသရေလအမျိုးပရိသတ်အပေါင်းတို့သည် မတ်တပ် နေကြ၏။ 15 ရှင်ဘုရင်ကလည်း၊ ထာဝရဘုရား၏
ဗျာဒိတ် တော်စကားဟူမူကား၊ 16 ငါ၏ ဣသရေလအမျိုးသားတို့ကို အဲဂုတ္တုပြည်မှ နှုတ်ဆောင်သော နေ့ကစ၍ ငါ့နာမတည်ရာအိမ်ကို
ဆောက်စေခြင်းငှါ၊ ဣသရေလခရိုင်များတို့တွင် မြို့တစုံ တမြို့ကို ငါမရွေးသေးသော်လည်း၊ ငါ၏လူ ဣသရေလ အမျိုးသားတို့ကို
အုပ်စိုးစေခြင်းငှါ၊ ဒါဝိဒ်ကို ငါရွေးပြီဟု ငါ့ခမည်းတော်ဒါဝိဒ်အား ဗျာဒိတ်တော်ရှိသည်အတိုင်း ပြုတော်မူသော ဣသရေလအမျိုး
၏ဘုရားသခင်ထာဝရ ဘုရားသည် မင်္ဂလာရှိတော်မူစေသတည်း။ 17 ဣသရေလအမျိုး၏ ဘုရားသခင်ထာဝရဘုရား
၏နာမတော်အဘို့ အိမ်တော်ကို တည်ဆောက်ခြင်းငှါ၊ ငါ့ခမည်းတော်ဒါဝိဒ်သည် အကြံရှိသောအခါ၊ 18 ထာဝရဘုရားက၊ သင်သည်
ငါ့နာမအဘို့ အိမ်တော်တည်ဆောက်ခြင်းငှါ အကြံရှိသောကြောင့် ကောင်းသောအမှုကို ပြုပြီ။ 19 သို့သော်လည်းသင်သည် အိမ်တော်ကို
မဆောက်ရ။ သင်၏သားရင်းသည် ငါ့နာမအဘို့ အိမ်တော်ကို ဆောက်ရမည်ဟု ငါ့ခမည်းတော် ဒါဝိဒ်အား မိန့်တော်မူ၏။ 20
ထာဝရဘုရားသည် အမိန့်တော်ရှိသည်အတိုင်း ပြုတော်မူသဖြင့်၊ ငါသည် ငါ့ခမည်းတော်ဒါဝိဒ်၏ အရိပ် အရာကိုခံရ၍၊
ထာဝရဘုရားဂတိတော်ရှိသည်အတိုင်း ဣသရေလနိုင်ငံ၏ ရာဇပလ္လင်ပေါ်မှာ ထိုင်လျက်၊ ဣသ ရေလအမျိုး၏ ဘုရားသခင်
ထာဝရဘုရား၏ နာမတော် အဘို့အိမ်တော်ကို တည်ဆောက်လေပြီ။ 21 ငါတို့ ဘိုးဘေးများကို အဲဂုတ္တုပြည်မှ၊ ထာဝရ
ဘုရားနှုတ်ဆောင်သောအခါ၊ သူတို့နှင့် ဖွဲ့တော်မူသော ပဋိညာဉ်ကျောက်စာပါသော သေတ္တာတော်ထားရာ အရပ်ကို ထိုအိမ်တော်၌
လုပ်လေပြီဟု မြွက်ဆို၏။ 22 တဖန်ရှောလမုန်သည် ထာဝရဘုရား၏ ယဇ် ပလ္လင်ရှေ့၊ ဣသရေလအမျိုး ပရိသတ်အပေါင်းတို့
အလယ်မှာ နေ၍၊ လက်ဝါးတို့ကို ကောင်းကင်သို့ ဖြန့်လျက်၊ 23 အို ဣသရေလအမျိုး၏ ဘုရားသခင်ထာဝရ ဘုရား၊
အထက်ကောင်းကင်ဘုံနှင့်အောက်အရပ်မြေကြီး ပေါ်မှာ ကိုယ်တော်နှင့်တူသော ဘုရားတဆူမျှမရှိပါ။ ရှေ့တော်၌
စိတ်နှလုံးအကြွင်းမဲ့ကျင့်သော ကိုယ်တော်၏ ကျွန်တို့အဘို့ ပဋိညာဉ်တရားနှင့် ကရုဏာတရားကို စောင့်ရှောက်တော်မူပြီ။ 24
အကျွန်ုပ်အဘဒါဝိဒ်၌ ထားတော်မူသော ဂတိ တော်ကိုမဖျက်၊ မိန့်တော်မူသည်အတိုင်း ယနေ့ပြုတော် မူပြီ။ 25 အို ဣသရေလအမျိုး၏
ဘုရားသခင်ထာဝရ ဘုရား၊ ကိုယ်တော်က၊ သင်သည် ငါ့ရှေ့မှာကျင့်သကဲ့သို့ သင်၏သားမြေးတို့သည် ငါ့ရှေ့မှာ ကျင့်လိုသောငှါ၊
မိမိတို့ သွားရာလမ်းကို သတိပြုလျှင်၊ ငါ့မျက်မှောက်၌ ဣသ ရေလနိုင်ငံ၏ ရာဇပလ္လင်ပေါ်မှာ ထိုင်ရသော သင်၏
အမျိုးမင်းရိုးမပြတ်ရဟု ကိုယ်တော်ကျွန် အကျွန်ုပ်အဘ ဒါဝိဒ်၌ ထားတော်မူသော ဂတိတော်ကို ယခုစောင့်တော် မူပါ။ 26 အို
ဣသရေလအမျိုး၏ ဘုရားသခင်ထာဝရ ဘုရား၊ ကိုယ်တော်ကျွန် အကျွန်ုပ်အဘဒါဝိဒ်အား မိန့်တော်မူသော စကားတော်ကို
ယခုပြည့်စုံစေတော်မူပါ။ 27 သို့ရာတွင် ဘုရားသခင်သည် မြေကြီးပေါ်မှာ ဧကန်အမှန် ကျိန်းဝပ်တော်မူမည်လော။ ကောင်းကင်နှင့်
ကောင်းကင်တကာတို့၏ အထွဋ်အမြင့်ဆုံးသော ကောင်း ကင်သည် ကိုယ်တော်ကို မဆံ့မခံနိုင်သည် ဖြစ်၍၊
အကျွန်ုပ်တည်ဆောက်သော ဤအိမ်ကို အဘယ်ဆိုဘွယ် ရာရှိပါသနည်း။ 28 သို့သော်လည်း အိုအကျွန်ုပ် ဘုရားသခင် ထာဝရဘုရား၊

 generated on Tue Jul 2 12:50:28 2024

ကိုယ်တော်ကျွန်သည် ရှေ့တော်၌ ယနေ့ ကြွေးကြော်လျက် ပဌနာပြု၍ တောင်းလျှောက်သော စကားကို နားခံနာယူတော်မူပါ။ 29
ဤမည်သော အရပ်၌ ငါ့နာမတည်ရမည်ဟု မိန့်တော်မူသည်အတိုင်း၊ ဤအရပ်ဌာနနှင့် ဤအိမ် တော်ကို နေ့ညဉ့်မပြတ်ကြည့်ရှု၍၊
ကိုယ်တော်ကျွန်သည် ဤအရပ်ဌာန၌ ဆုတောင်းသောစကားကို နားထောင် တော်မူပါ။ 30 ကိုယ်တော်ကျွန်မှစ၍ ကိုယ်တော်၏လူ ဣသ
ရေလအမျိုးသားတို့သည် ဤအရပ်ဌာန၌ ဆုတောင်း ပဌနာပြုကြသောအခါ၊ ကျိန်းဝပ်တော်မူရာ ကောင်းကင် ဘုံ၌နားထောင်၍
အပြစ်မှလွှတ်တော်မူပါ။ 31 လူသည် မိမိအိမ်နီးချင်းကိုပြစ်မှားသောကြောင့်၊ အကျိန်ခံရမည်ဟု အိမ်နီးချင်းဆိုလျက်၊ ဤအိမ်တော်၌
ကိုယ်တော်၏ယဇ်ပလ္လင်ရှေ့မှာ အကျိန်တိုက်လျှင်၊ 32 ကောင်းကင်ဘုံ၌ နားထောင်တော်မူပါ။ မတရားသောသူသည်
မိမိအပြစ်နှင့်အလျောက် ရှုံးစေ ခြင်းငှါ၎င်း၊ ဖြောင့်မတ်သောသူသည် မိမိဖြောင့်မတ်ခြင်း နှင့်အလျောက် အကျိုးကိုခံရ၍
အပြစ်မှလွတ်စေခြင်းငှါ ၎င်း၊ ကိုယ်တော်ကျွန်တို့ကို တရားစီရင်တော်မူပါ။ 33 ကိုယ်တော်၏လူ ဣသရေလအမျိုးသားတို့သည်
ကိုယ်တော်ကို ပြစ်မှားသောအပြစ်ကြောင့် ရန်သူရှေ့မှာ ရှုံးရသောအခါ၊ ကိုယ်တော်ထံသို့ ပြန်လာ၍၊ နာမတော် ကိုဝန်ခံလျက်၊
ဤအိမ်တော်ကို မှီခိုလျက် ဆုတောင်း ပဌနာပြုလျှင်၊ 34 ကောင်းကင်ဘုံ၌ နားထောင်၍၊ ကိုယ်တော်၏ လူ ဣသရေလအမျိုးသားတို့ကို
အပြစ်မှလွှတ်တော်မူပါ။ ဘိုးဘေးတို့အား ပေးသနားတော်မူသောပြည်သို့ တဖန် ပို့ဆောင်တော်မူပါ။ 35 ကိုယ်တော်ကို ပြစ်မှားသော
အပြစ်ကြောင့် မိုဃ်းမရွာ၊ မိုဃ်းခေါင်သဖြင့် ကိုယ်တော်သည် ဆုံးမတော် မူသောအခါ၊ သူတို့သည် ဤအရပ်ဌာနတော်ကို မှီခိုလျက်
ဆုတောင်း၍၊ နာမတော်ကိုဝန်ခံလျက် မိမိဒုစရိုက်ကို စွန့်ပယ်လျှင်၊ 36 ကောင်းကင်ဘုံ၌နားထောင်၍၊ ကိုယ်တော်၏ ကျွန်၊
ကိုယ်တော်၏လူ ဣသရေလအမျိုးတို့ကို အပြစ်မှ လွှတ်တော်မူပါ။ သူတို့လိုက်ရသော လမ်းကောင်းကို ပြညွှန်၍၊
ကိုယ်တော်၏လူတို့အား အမွေပေးသော မြေပေါ်မှာ မိုဃ်းရွာစေတော်မူပါ။ 37 ပြည်တော်၌ အစာအာဟာရခေါင်းပါးသော်၎င်း၊
လေထိ၍ အပင်သေသော်၎င်း၊ အရည်ယို၍ သေသော်၎င်း၊ အရာဘကျိုင်း၊ ခါသီလ ကျိုင်း ကိုက်စားသော်၎င်း၊ ရန်သူတိုက်လာ၍
မြို့ကို ဝိုင်းထားသော်၎င်း၊ ဘေးဥပဒ်၊ အနာရောဂါတစုံတခု ရောက်သောအခါ၊ 38 ကိုယ်တော်၏လူ
ဣသရေလအမျိုးသားအချို့တို့သည် အသီးအသီးခံရသောဘေးဒဏ်ကိုသိလျက်၊ ဤအိမ် တော်သို့ မိမိတို့လက်ဝါးကို ဖြန့်၍၊
တစုံတခုသော ပဌနာ စကားအားဖြင့် ဆုတောင်းလျှင်၊ 39 ကျိန်းဝပ်တော်မူရာ ကောင်းကင်ဘုံ၌ နား ထောင်တော်မူပါ။ 40
ဘိုးဘေးတို့အား ပေးသနားတော်မူသော ပြည်၌ သူတို့သည် အသက်ရှင်သော ကာလပတ်လုံးကိုယ်တော် ကို
ကြောက်ရွံ့ပါမည်အကြောင်း၊ ကိုယ်တော်သာလျှင် လူသတ္တဝါအပေါင်းတို့၏ စိတ်နှလုံးသဘောကို သိတော် မူသည်ဖြစ်၍၊
ဆုတောင်းသော သူတို့၏ စိတ်နှလုံး သဘောကိုသိလျက်၊ သူတို့အပြစ်ကိုလွှတ်တော်မူပါ။ အသီးအသီးပြုကြသည်အတိုင်း
စီရင်တော်မူပါ။ 41-42 ကိုယ်တော်၏လူ ဣသရေလအမျိုးမဟုတ်၊ တပါးအမျိုးသားတို့သည် ကြီးမြတ်သော နာမတော်၏
သိတင်းနှင့်တန်ခိုးကြီး၍၊ ဆန့်တော်မူသော လက်ရုံးတော် ၏သိတင်းကိုကြားသောကြောင့်၊ နာမတော်ကို ထောက် သဖြင့်
ဝေးသောပြည်မှ ရောက်လာ၍၊ ဤအိမ်တော်ကို မှီခိုလျက် ဆုတောင်းလျှင်၊ 43 ကျိန်းဝပ်တော်မူရာ ကောင်းကင်ဘုံ၌ နား
ထောင်တော်မူပါ။ ကိုယ်တော်၏လူဣသရေလ အမျိုးသားတို့သည် ကိုယ်တော်ကို ကြောက်ရွံ့သကဲ့သို့ မြေကြီးသားအပေါင်းတို့သည်
ကြောက်ရွံ့လျက်၊ နာမ တော်ကို သိစေခြင်းငှါ၎င်း၊ အကျွန်ုပ်တည်ဆောက်သော ဤအိမ်တော်ကို နာမတော်ဖြင့် သမုတ်ကြောင်းကို
သိစေ ခြင်းငှါ၎င်း၊ ထိုတပါးအမျိုးသားတို့သည် ဆုတောင်းသမျှအတိုင်း ကျေးဇူးပြုတော်မူပါ။ 44
ကိုယ်တော်စေခိုင်းတော်မူသည်အတိုင်း၊ ကိုယ်တော်၏ လူတို့သည် ရန်သူတို့ရှိရာသို့ စစ်ချီသောအခါ၊ ရွေးတော်မူသောမြို့၊
နာမတော်အဘို့ အကျွန်ုပ် တည်ဆောက်သော အိမ်တော်ကို မှီခိုလျက်၊ ထာဝရဘုရားအား ဆုတောင်းကြလျှင်၊ 45 သူတို့
ဆုတောင်းပဌနာပြုသော စကားကို ကောင်းကင်ဘုံ၌ နားထောင်၍ သူတို့အမှုကို စောင့်တော် မူပါ။ 46 မပြစ်မှားတတ်သော
လူတယောက်မျှမရှိသည် ဖြစ်၍၊ ကိုယ်တော်၏လူတို့သည် ကိုယ်တော်ကို ပြစ်မှား သောကြောင့်၊ အမျက်တော်ထွက်၍ ရန်သူလက်သို့
အပ်တော်မူသဖြင့်၊ ရန်သူတို့သည် ဝေးသောပြည်၊ နီးသောပြည်၊ အခြားတပါးသောပြည်သို့ သိမ်းသွားလျှင်၎င်း၊ 47 ထိုပြည်၌
အချုပ်ခံစဉ်၊ သူတို့သည် သတိရ၍၊ အကျွန်ုပ်တို့သည် ပြစ်မှားပါပြီ။ မဖြောင့်သောအမှု၊ ဆိုး ညစ်သောအမှုကို ပြုမိပါပြီဟု
စိတ်ပြောင်းလဲ၍ တောင်းပန်သဖြင့်၊ 48 သိမ်းသွားသော ရန်သူတို့၏ ပြည်၌နေစဉ်၊ စိတ်နှလုံးအကြွင်းမဲ့ အထံတော်သို့ ပြန်လာ၍၊
ဘိုးဘေးတို့ အား ပေးတော်မူသောပြည်၊ ရွေးတော်မူသောမြို့၊ နာမတော်အဘို့ အကျွန်ုပ်တည်ဆောက်သော အိမ်တော်ကို မှီခိုလျက်
ဆိုတောင်းလျှင်၎င်း၊ 49 သူတို့ဆုတောင်းပဌနာပြုသော စကားကို ကျိန်းဝပ်တော်မူရာ ကောင်းကင်ဘုံ၌နားထောင်၍ သူတို့ အမှုကို
စောင့်တော်မူပါ။ 50 ကိုယ်တော်၏လူတို့သည် ကိုယ်တော်ကိုပြစ်မှား သော်လည်း၊ ကိုယ်တော်ကို ပြစ်မှားလွန်ကျူးခြင်းအပြစ်
အလုံးစုံတို့ကို ဖြေရှင်းတော်မူပါ။ သိမ်းသွားသော သူတို့သည် ကိုယ်တော်၏လူတို့ကို သနားစေခြင်းငှါ၊ ကရုဏာ စိတ်သဘောကို
ပေးတော်မူပါ။ 51 အကြောင်းမူကား၊ သူတို့သည် အဲဂုတ္တုပြည်၏ သံမီးဖိုထဲကနှုတ်ယူတော်မူသော ကိုယ်တော်၏လူ၊
အမွေခံရတော်မူသော အမျိုးဖြစ်ပါ၏။ 52 ကိုယ်တော်၏ ကျွန်မှစ၍ ကိုယ်တော်၏လူ ဣသရေလအမျိုးသား ဆုတောင်းပဌနာပြုသော
စကား အလုံးစုံတို့ကို နားထောင်ခြင်းငှါ ကြည့်ရှုမှတ်ယူ တော်မူပါ။ 53 အကြောင်းမူကား၊ အကျွန်ုပ်တို့ ဘိုးဘေးများကို အဲဂုတ္တုပြည်မှ
နှုတ်ဆောင်တော်မူသောအခါ၊ ကိုယ်တော်၏ ကျွန်မောရှေအားဖြင့် မိန့်တော်မူသည်အတိုင်း၊ ဣသရေလအမျိုးကို
ကိုယ်တော်အမွေခံရာဖြစ်စေ ခြင်းငှါ၊ မြေကြီးသားအမျိုးမျိုးထဲက ရွေးနှုတ်ခဲ့ထားတော်မူ ပြီအရှင် ထာဝရဘုရားဟု ပဌနာပြုလေ၏။
54 ထိုသို့ရှောလမုန်သည် ထာဝရဘုရား ရှေ့တော်၌ ဆုတောင်းပဌနာပြု၍ ပြီးသောအခါ၊ ထာဝရဘုရား၏ ယဇ်ပလ္လင်ရှေ့မှာ
ဒူးထောက်လျက်၊ လက်ဝါးတို့ကို ကောင်းကင်သို့ဖြန့်လျက်နေရာမှထ၍၊ 55 မတ်တတ်နေပြီးလျှင်၊ ဣသရေလအမျိုး

ပရိသတ်အပေါင်းတို့ကို ကျယ်သောအသံနှင့် ကောင်းကြီးပေးသော စကားဟူမူကား၊ [56] ဂတိတော်ရှိသမျှအတိုင်း မိမိလူ
ဣသရေလအမျိုးကို ငြိမ်ဝပ်စေခြင်းငှါ စီရင်တော်မူသော ထာဝရ ဘုရားသည် မင်္ဂလာရှိတော်မူစေသတည်း။ မိမိကျွန် မောရှေအားဖြင့်
ထားတော်မူသော ဂတိတော်ကောင်း တခွန်းမျှမပျက်၊ [57] ငါတို့ဘုရားသခင် ထာဝရဘုရားသည် ငါတို့ ဘိုးဘေးများနှင့်အတူ
ရှိတော်မူသည်နည်းတူ ငါတို့နှင့် အတူ ရှိတော်မူပါစေသော။ ငါတို့ကို အလျှင်းစွန့်ပစ်တော် မမူပါစေနှင့်။ [58] လမ်းတော်တို့သို့
လိုက်စေခြင်းငှါ၎င်း၊ ဘိုးဘေးတို့အား မှာထားတော်မူသော စီရင်ထုံးဖွဲ့ချက်ပညတ် တရားတို့ကို စောင့်ရှောက်စေခြင်းငှါ၎င်း၊
ငါတို့စိတ်နှလုံးကို အထံတော်သို့ သွေးဆောင်တော်မူပါစေသော။ [59-60] ထာဝရဘုရားသည် ဘုရားသခင်ဖြစ်တော်မူကြောင်းကို၎င်း၊
အခြားတပါးသော ဘုရားသခင်မရှိ ကြောင်းကို၎င်း၊ မြေကြီးသားအပေါင်းတို့သည် သိကြမည်အကြောင်း ငါတို့ဘုရားသခင်
ထာဝရဘုရားသည် မိမိ ကျွန်နှင့် မိမိလူဣသရေလအမျိုးသားတို့၏အမှုကို စောင့်စရာအကြောင်း ရှိသည်အတိုင်း၊ အစဉ်စောင့်တော်
မူစေခြင်းငှါ ထာဝရဘုရားရှေ့တော်၌ ငါဆုတောင်းသော ဤပဋ္ဌနာစကားသည် နေ့ညဉ့်မပြတ် အနီးတော်၌ ရှိပါ စေသော။ [61]
သင်တို့သည် ယနေ့ကျင့်သကဲ့သို့၊ ငါတို့ဘုရားသခင် ထာဝရဘုရား စီရင်တော်မူသော လမ်းသို့လိုက်၍ ပညတ်တရားတော်ကို
စောင့်ရှောက်ခြင်းငှါ၊ အထံတော်၌ စိတ်နှလုံးစုံလင်ပါစေသောဟု မြွက်ဆိုလေ၏။ [62] ထိုအခါ ရှောလမုန်မင်းကြီးနှင့်တကွ ဣသ
ရေလအမျိုးသားအပေါင်းတို့သည် ထာဝရဘုရား ရှေ့တော်၌ ယဇ်ပူဇော်ကြ၏။ [63] နွားနှစ်သောင်းနှစ်ထောင်၊ သိုးတသိန်း
နှစ်သောင်းတို့ကို ထာဝရဘုရားအား မိဿဟာယ ယဇ် ပူဇော်သဖြင့်၊ ထာဝရဘုရား၏အိမ်တော်ကို အနု မောဒနာပြုကြ၏။ [64]
ထိုနေ့၌လည်း၊ ရှင်ဘုရင်သည် ထာဝရဘုရား၏ အိမ်တော်ရှေ့မှာရှိသော တန်တိုင်းအတွင်း အရပ်ကို သန့်ရှင်းစေ၍၊ ထိုအရပ်၌
မီးရှို့ရာယဇ်၊ ဘောဇဉ်ပူဇော် သက္ကာ၊ မိဿဟာယယဇ်ကောင်ဆီဥကို ပူဇော်၏။ အကြောင်းမူကား၊ ထာဝရဘုရားရှေ့တော်၌ရှိသော
ကြေးဝါယဇ်ပလ္လင်သည် မီးရှို့ရာယဇ်၊ ဘောဇဉ်ပူဇော် သက္ကာ၊ မိဿဟာယယဇ်ကောင်ဆီဥကို မခံလောက်။ [65] ထိုအခါ ရှောလမုန်သည်
အလွန်များစွာသော ပရိသတ်တည်းဟူသော ဟာမတ်မြို့ဝင်ဝမှစ၍ အဲဂုတ္တု မြစ်တိုင်အောင် အနှံ့အပြား အရပ်ရပ်ကလာကြသော
ဣသရေလအမျိုးသားအပေါင်းတို့နှင့်တကွ၊ ငါတို့ဘုရား သခင်ထာဝရဘုရားရှေ့တော်၌ ခုနစ်ရက်နှစ်လီ၊ တဆယ် လေးရက်ပတ်လုံး
ပွဲခံတော်မူ၏။ [66] ရှစ်ရက်မြောက်သောနေ့၌ လူများတို့ကို လွှတ်လိုက်တော်မူ၏။ သူတို့သည် ရှင်ဘုရင်ကို ကောင်းကြီး ပေးလျက်၊
ထာဝရဘုရားသည် မိမိကျွန်ဒါဝိဒ်နှင့် မိမိလူ ဣသရေလအမျိုးသားတို့၌ ပြုတော်မူသမျှသော ကျေးဇူး တော်ကြောင့်၊
ဝမ်းမြောက်ရွှင်လန်းလျက် မိမိတို့နေရာသို့ ပြန်သွားကြ၏။

---

1 Kings 01

ဣသရေလအမျိုးအသက် ကြီးသူအပေါင်းတို့

"ဣသရေလ ခေါင်းဆောင်များအား စုရုံးစေသည်"

ဣသရေလလူအပေါင်းတို့သည်

၁) ယေရုရှလင်မြို့သို့ ရှောလမုန်မင်းကြီး ခေါ်ဆောင်လာသူများ နှင့် ၈:၁ တွင် ဖော်ပြထားသောသူများ သို့မဟုတ် ၂) ပွဲတော်ကျင်းပရန် ယေရုရှလင်မြို့သို့ ချီတက်ကြသူများသာ၊ ဣသရေလတွင် နေထိုင်သူများအားလုံးကို မဆိုလိုပါ။ အလားတူ အသုံးအနှုန်းကို ၈:၂၆ တွင်လည်း တွေ့ရသည်။

ဧသနိမ်အမည် ရှိသော သတ္တမလ

"ဧသနိမ်" သည် ဟေဗြဲ ပြက္ခဒိန်တွင် သတ္တမမြောက်လ ဖြစ်သည်။ အနောက်တိုင်း ပြက္ခဒိန်တွင် စက်တင်ဘာလ နှောင်းပိုင်းနှင့် အောက်တိုဘာလဆန်းပိုင်း အတွင်း ကျရောက်လေ့ရှိသည်။

ပွဲအတွင်းတွင်

တဲတော်ပွဲ ဟုလည်း ခေါ်တွင်သည့် သုကုတ်ပွဲ သို့မဟုတ် သကေနေပွဲကို ရည်ညွှန်းသည်။ (UDB).

1 Kings 03

ဣသရေလပရိသတ်အပေါင်းတို့သည်

ယေဘုယျ ခြုံပြောခြင်း ဖြစ်သည်။

အတိုင်းမသိများစွာသော သိုးနွား

ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "တိုင်းတာရေတွက်နိုင်သည်ထက် သာလွန်များပြားသော သိုးနှင့် နွားများ"

1 Kings 06

အိမ်တော်အတွင်းသို့သွင်း၍၊ အလွန်သန့်ရှင်းရာဌာန

"အိမ်တော်အတွင်းသို့ - ဆိုလိုသည်မှာ အသန့်ရှင်းဆုံးသော ဌာန - အထဲတွင်"

သေတ္တာတော်နှင့် ထမ်းဘိုးတို့ကို

ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ယဇ်ပုရောဟိတ်တို့ သေတ္တာတော်ကို ထမ်းသော ထမ်းဘိုး"

ပြင်ခန်း၌ မထင်

ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "မည်သူမျှ မမြင်နိုင်ပါ"

ယနေ့တိုင်အောင်

စာရေးသူမှ ဤစာကို ရေးသားသော နေ့တိုင်အောင် ဆိုလိုသည်။


generated on Tue Jul 2 12:50:28 2024

1 Kings 09

သောအခါ
အရေးပါသော အဖြစ်အပျက်ကို မှတ်တမ်းတင်ရန် ဤစကားစုကို အသုံးပြုသည်။ သင်ဘာသာပြန်ဆိုသော ဘာသာစကားတွင် ဤစကားစုအတွက် သင့်လျော်သော စကားလုံးရှိပါက အသုံးပြုနိုင်သည်။

1 Kings 12

ထာဝရဘုရားသည်..စကား တော်ရှိ၏။
ရှောလမုန်သည် ထာဝရဘုရားနှင့် စကားပြောဆိုရာတွင် အခြားသူတစ်ယောက်အား စကားပြောသကဲ့သို့ ပြောဆိုခြင်းဖြင့် ရှိသေမှုကို ပြသသည်။

ကျိန်းဝပ်တော်မူရာ အိမ်၊ အစဉ်အမြဲနေတော်မူရာ ဌာနတော်
မြင့်မြတ်သောသူများ နေထိုင်ရာ လှပသော အဆောက်အအုံ

1 Kings 14

ဣသရေလအမျိုး ပရိသတ်အပေါင်း
ယေဘုယျ ကောက်ချက်ချခြင်း ဖြစ်သည်။

ငါ့နာမတည်ရာ
"နာမတော်" ဟုဆိုရာတွင် ပုဂ္ဂိုလ်ကို ဆိုလိုခြင်းဖြစ်ပြီး၊ "နာမတော်အဘို့" ဟူကား ထိုပုဂ္ဂိုလ်အား ကိုးကွယ်ခြင်းအမှုလည်း ပါဝင်သည်။ အလားတူ စကားလုံးကို ၃း၁ တွင်လည်း တွေ့ရသည်။ အခြားသော ဘာသာပြန်ဆိုချက် - "ငါ့အား ကိုးကွယ်ကြမည် အကြောင်း"

ဣသရေလအမျိုး ၏ဘုရားသခင်ထာဝရ ဘုရားသည် မင်္ဂလာရှိတော်မူစေသတည်း
ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဣသရေလတို့၏ ဘုရား၊ ထာဝရဘုရားအား ချီးမွမ်းကြစေ" .

With his own hands
လက်တော်ဆိုရာတွင် ထာဝရဘုရား၏ လက်တော်ကို ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက် - "သူမ၏ တန်ခိုးတော်အားဖြင့်" (UDB)

1 Kings 17

ဘုရားသခင်ထာဝရဘုရား ၏နာမတော်အဘို့
"နာမတော်" ဟုဆိုရာတွင် ပုဂ္ဂိုလ်ကို ဆိုလိုခြင်းဖြစ်ပြီး၊ "နာမတော်အဘို့" ဟူကား ထိုပုဂ္ဂိုလ်အား ကိုးကွယ်ခြင်းအမှုလည်း ပါဝင်သည်။ အလားတူ စကားလုံးကို ၃း၁ တွင် တွေ့ရသည်။ အခြားသော ဘာသာပြန်ဆိုချက် - "ထာဝရဘုရားအား ကိုးကွယ်ရာ နေရာ -- ငါ့အား ကိုးကွယ်သော နေရာ"

ငါ့ခမည်းတော်ဒါဝိဒ်သည် အကြံရှိသောအခါ၊ ..... အကြံရှိသောကြောင့်
ဒါဝိဒ်၏ နှလုံးသားအား သေတ္တာနှင့် ခိုင်းနှိုင်း၍ ဒါဝိဒ်၏ စကားတော်အား သေတ္တာထဲမှ ပစ္စည်းတစ်စုံတစ်ခုအား ထုတ်ယူသကဲ့သို့ တင်စားထားသည်။ အခြားသော ဘာသာပြန်ဆိုချက် - "ငါ့ခမည်းတော် ဒါဝိဒ်သည် .... ဆန္ဒရှိ၍ ... သင်သည် ဆန္ဒရှိ၍ ... လုပ်ဆောင်လိုသော ဆန္ဒရှိ၍"

သင်၏သားရင်းသည်
ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "သင်၏ အမွေခံ ဖြစ်မည့်သူ" သို့မဟုတ် "သင်၏ သားဖြစ်လာမည့်သူ"

in that it was in your heart
"သင် အလိုဆန္ဒရှိသော ကြောင့်"

for it to be in your heart
"လုပ်ဆောင်လိုသော ဆန္ဒရှိသောကြောင့်"

1 Kings 20

အမိန့်တော်ရှိသည်အတိုင်း ပြုတော်မူသဖြင့်၊
ဥပစာစကား ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ပြောထားသည့် စကားအတိုင်းတည်သည်"

ငါသည် ငါ့ခမည်းတော်ဒါဝိဒ်၏ အရိပ် အရာကိုခံရ၍
အရိပ်အရာဆိုရာ၌ တန်ခိုးအာဏာကို တင်စားထားခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ခမည်းတော် ဒါဝိဒ်၏ အာဏာများကို ဆက်ခံသည်"

ဣသရေလနိုင်ငံ၏ ရာဇပလ္လင်ပေါ်မှာ ထိုင်လျက်၊
ရာဇပလ္လင်ဆိုသည်မှာ ပလ္လင်ပေါ်ရှိ ပုဂ္ဂိုလ်၏ စီရင်ချက်၊ အမှုအရာများ ပါဝင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ဣသရေလနိုင်ငံကို အုပ်ချုပ်သည်"

ဘုရားသခင် ထာဝရဘုရား၏ နာမတော် အဘို့
"နာမတော်" ဟုဆိုရာတွင် ပုဂ္ဂိုလ်ကို ဆိုလိုခြင်းဖြစ်ပြီး၊ "နာမတော်အဘို့" ဟူကား ထိုပုဂ္ဂိုလ်အား ကိုးကွယ်ခြင်း အမှုလည်း ပါဝင်သည်။ ၃း၁ တွင် ဘာသာပြန်ဆိုထားသည်။ အခြားသော ဘာသာပြန်ဆိုချက် - "ထာဝရဘုရားအား ကိုးကွယ်မည်အကြောင်း"

ထာဝရဘုရားဂတိတော်ရှိသည်အတိုင်း
ကျောက်ပြားပေါ်တွင် ရေးသားထားသော ပဋိညာဉ် ကျောက်စာကို ပဋိညာဉ်ကျောက်စာမှ စကားပြောဆိုသကဲ့သို့ ရေးသားထားသည်။ အခြားသော ဘာသာပြန်ဆိုချက် - "ထာဝရဘုရားကိုယ်တိုင် ရေးသားထားသော ပဋိညာဉ်ကျောက်စာ ဖြစ်သည်"


generated on Tue Jul 2 12:50:28 2024

1 Kings 22

ဣသရေလအမျိုး ပရိသတ်အပေါင်းတို့
ယေဘုယျ ကောက်ချက်ချခြင်း ဖြစ်သည်။

ရှေ့တော်၌ စိတ်နှလုံးအကြွင်းမဲ့
အသက်ရှင်မှုပုံစံအား လမ်းလျှောက်ထွက်ခြင်းဖြင့် ခိုင်းနှိုင်းထားခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ထိုသူတို့အား အသက်ရှင်စေလိုသည့် ပုံစံအတိုင်း စိတ်နှလုံးအကြွင်းမဲ့ အသက်ရှင်သည်" (ရှု၊ igs_metaphor)

မိန့်တော်မူသည်အတိုင်း ယနေ့ပြုတော် မူပြီ။
လက်တော်ဟု ဆိုရာတွင် တန်ခိုးအာဏာကိုပါ ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက် - "သင့်တန်ခိုးတော်အားဖြင့် မိန့်တော်မူသည်အတိုင်း ပြည့်စုံပြီ"

1 Kings 25

သင်သည် ငါ့ရှေ့မှာကျင့်သကဲ့သို့ သင်၏သားမြေးတို့သည် ငါ့ရှေ့မှာ ကျင့်လိုသောငါ၊
အသက်ရှင်မှုပုံစံအား လမ်းလျှောက်ထွက်ခြင်းဖြင့် ခိုင်းနှိုင်းထားခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ငါအသက်ရှင်စေလိုသည့်အတိုင်း အသက်ရှင်ပါ .. ငါအသက်ရှင်စေလိုသည့်အတိုင်း အသက်ရှင်ပြီ"

ဣသရေလနိုင်ငံ၏ ရာဇပလ္လင်ပေါ်မှာ ထိုင်ရသော
ရာဇပလ္လင်ဆိုသည်မှာ ပလ္လင်ပေါ်ရှိ ပုဂ္ဂိုလ်၏ စီရင်ချက်၊ အမှုအရာများ ပါဝင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ဣသရေလနိုင်ငံကို အုပ်ချုပ်သည်"

1 Kings 27

သို့ရာတွင် ဘုရားသခင်သည်
ဤနေရာတွင် ရှောလမုန်သည် ဘုရားသခင်အား တတိယနာမ်စားအဖြစ် အသုံးပြုထားသည်။ ဒုတိယနာမ်စား အဖြစ်လည်း အသုံးပြုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "သို့ရာတွင် ကိုယ်တော်သည်"

သို့ရာတွင် ဘုရားသခင်သည် မြေကြီးပေါ်မှာ ကေန်အမှန် ကျိန်းဝပ်တော်မူမည်လော။
ဤမေးခွန်း၏ ဆိုလိုရင်းမှာ ၁) ရှောလမုန်သည် အဖြေသိလို၍ မေးခွန်းထုတ်နေခြင်း ဖြစ်သည်။ သို့မဟုတ် ၂) ဘုရားသခင်သည် ဤလောကတွင် အသက်ရှင်နေထိုင်ရန် ကြီးမြတ်လွန်းခြင်းကို အထူးပြုရန် အမေးသဘောဖြင့် ပြောဆိုခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ဘုရားသခင်သည် ဤလောကတွင် အမှန်တကယ် နေထိုင်ရန်မှာ မဖြစ်နိုင်ပါ"

အကျွန်ုပ်တည်ဆောက်သော ဤအိမ်ကို အဘယ်ဆိုဘွယ် ရာရှိပါသနည်း။
"ကိုယ်တော်၊ အကျွန်ုပ် တည်ဆောက်ထားသော ဤအိမ်သည် ခံနိုင်ဖွယ်ရာမရှိ"

ကိုယ်တော်ကျွန်သည် ရှေ့တော်၌ ယနေ့ ကြွေးကြော်လျက် ပဌနာပြု၍ တောင်းလျှောက်သော စကားကို နားခံနာယူတော်မူပါ။
"ကြွေးကြော်" နှင့် "ပဌနာ" စကားလုံးများသည် ထာဝရဘုရားထံတော်၌ စိတ်နှလုံးပါလျက် အကူအညီတောင်းခံခြင်းကို အထူးပြုရန်အတွက် အသုံးပြုထားသည်။ ထာဝရဘုရားအား ရိုသေလေးစားမှုကို ပြသရန်အတွက် ရှောလမုန်သည် မိမိကိုယ်မိမိ "ကိုယ်တော်ကျွန်" ဟူ၍ သုံးနှုန်းထားသည်။ ဤအကြောင်းအရာကို ပထမ ပုဂ္ဂိုလ်နာမ်စားအနေဖြစ်လည်း အသုံးပြုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ကိုယ်တော်ထံ၌ အကျွန်ုပ် ယနေ့ တောင်းလျှောက်သော အကျွန်ုပ်၏စကား၊ ကိုယ်တော်ကျွန်၏ စကားကို နားထောင်တော်မူပါ"

ကိုယ်တော်ကျွန်သည် ရှေ့တော်၌ ယနေ့ ကြွေးကြော်လျက် ပဌနာပြု၍ တောင်းလျှောက်သော စကားကို နားခံနာယူတော်မူပါ။
"ကြွေးကြော်" နှင့် "ပဌနာ" စကားလုံးများသည် ထာဝရဘုရားထံတော်၌ စိတ်နှလုံးပါလျက် အကူအညီတောင်းခံခြင်းကို အထူးပြုရန်အတွက် အသုံးပြုထားသည်။ ထာဝရဘုရားအား ရိုသေလေးစားမှုကို ပြသရန်အတွက် ရှောလမုန်သည် မိမိကိုယ်မိမိ "ကိုယ်တော်ကျွန်" ဟူ၍ သုံးနှုန်းထားသည်။ ဤအကြောင်းအရာကို ပထမ ပုဂ္ဂိုလ်နာမ်စားအနေဖြစ်လည်း အသုံးပြုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ကိုယ်တော်ထံ၌ အကျွန်ုပ် ယနေ့ တောင်းလျှောက်သော အကျွန်ုပ်၏စကား၊ ကိုယ်တော်ကျွန်၏ စကားကို နားထောင်တော်မူပါ"

နားခံနာယူတော်မူပါ။
"ယခုပြောမည့်စကားသည် အရေးကြီးသည်" သို့မဟုတ် "အမှန်ဆိုရာတွင်"

1 Kings 29

ဤမည်သော အရပ်၌ ငါ့နာမ
ဤစကားစုနှစ်စုသည် ထာဝရဘုရားသည် ဗိမာန်တော်တွင် ကျိန်းဝပ်မည်ဟု ဆိုလိုခြင်းကို အထူးပြုထားခြင်း ဖြစ်သည်။

နေ့ညဉ့်မပြတ်
အခြားသော ဘာသာပြန်ဆိုချက် - "အချိန်တိုင်း" သို့မဟုတ် "အဆက်မပြတ်"

ကြည့်ရှု၍
မျက်စိဟု ဆိုရာတွင် မျက်လုံး၏ လုပ်ငန်းဆောင်တာများ ပါဝင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ကြည့်ရှုစောင်မခြင်း"

ကိုယ်တော်ကျွန်သည် ဤအရပ်ဌာနန၌ ဆုတောင်းသောစကားကို
ထာဝရဘုရားအား ရိုသေလေးစားခြင်းကို ပြသရန်အတွက် ရှောလမုန်သည် မိမိကိုယ်မိမိ "ကိုယ်တော်ကျွန်" ဟူ၍ သုံးနှုန်းထားသည်။ ဤအကြောင်းအရာကို ပထမပုဂ္ဂိုလ်နာမ်စားအဖြစ်လည်း အသုံးပြုနိုင်သည်။

အခြားသော ဘာသာပြန်ဆိုချက် - "အကျွန်ုပ်၊ ကိုယ်တော်ကျွန်သည် ဆုတောင်း၍"

ကိုယ်တော်ကျွန်မှစ၍ ကိုယ်တော်၏လူ ဣသရေလအမျိုး သားတို့သည် ဤအရပ်ဌာန၌ ဆုတောင်း ပဋ္ဌနာပြုကြသော အခါ၊ ကျိန်းဝပ်တော်မူရာ ကောင်းကင်ဘုံ၌ နားထောင်၍
ထာဝရဘုရားအား ရိုသေလေးစားခြင်းကို ပြသရန်အတွက် ရှောလမုန်သည် မိမိကိုယ်မိမိ "ကိုယ်တော်ကျွန်" ဟူ၍ သုံးနှုန်းထားသည်။ ဤအကြောင်းအရာကို ပထမပုဂ္ဂိုလ်နာမ်စားအဖြစ်လည်း အသုံးပြုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "အကျွန်ုပ်နှင့် ကိုယ်တော်၏ လူ ဣသရေလအမျိုးသားတို့၏ တောင်းလျှောက်သံကို နားထောင်တော်မူပါ"

1 Kings 31

အကျိန်ခံရမည်
ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "တစ်စုံတစ်ယောက်သည် ထိုသူကို ကျိန်ရမည်"

မိမိအပြစ်နှင့်အလျောက် ရှုံးစေ ခြင်းငှါ
"ဦးခေါင်း" ဟု ဆိုရာတွင် လူပုဂ္ဂိုလ်ကို ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက် - "ထိုသူအပေါ်၌"

မိမိဖြောင့်မတ်ခြင်း နှင့်အလျောက် အကျိုးကိုခံရ၍
"အပြစ်မဲ့သဖြင့် ထိုသူခံထိုက်သည့် အကျိုးကို ခံစားစေခြင်း ဖြစ်သည်"

1 Kings 33

ကိုယ်တော်၏လူ ဣသရေလအမျိုးသားတို့သည် ကိုယ်တော်ကို ပြစ်မှားသောအပြစ်ကြောင့် ရန်သူရှေ့မှာ ရှုံးရသောအခါ၊
ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ရန်သူသည် ကိုယ်တော်၏ ဣသရေလအမျိုးအား အနိုင်ရသည်"

နာမတော် ကိုဝန်ခံလျက်၊
ဖြစ်နိုင်ချေရှိသော အနက်အဓိပ္ပာယ်မှာ ၁) "ကိုယ်တော်ကို ပြစ်မှားကြောင်း ဝန်ခံသည်" သို့မဟုတ် ၂) "ချီးမွမ်းသည်" သို့မဟုတ် ၃) "ယခုမှစ၍ ကိုယ်တော်ကို နာခံမည်ဟု ပြောဆိုသည်"

အပြစ်မှလွှတ်တော်မူပါ
စိတ္တဇနာမ်ဖြစ်သော "ခွင့်လွှတ်ခြင်း" ကို ကြိယာအဖြစ်လည်း အသုံးပြုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ခွင့်လွှတ်ပါမည်အကြောင်း တောင်းပန်သည်"

1 Kings 35

မိုဃ်းခေါင်သဖြင့်
ဘုရားသခင်သည် မိုးကို အဆောက်အအုံထဲတွင် သိမ်းဆည်းထားသည့်အသွင်ဖြင့် မိုးကောင်းကင်ကို ညွှန်းဆိုထားသည်။ အခြားသော ဘာသာပြန်ဆိုချက် - "ကိုယ်တော်သည် မိုးမရွာစေသဖြင့်"

နာမတော်ကိုဝန်ခံလျက်
ဖြစ်နိုင်ချေရှိသော အနက်အဓိပ္ပာယ်မှာ ၁) "ကိုယ်တော်ကို ပြစ်မှားကြောင်း ဝန်ခံသည်" သို့မဟုတ် ၂) "ချီးမွမ်းသည်" သို့မဟုတ် ၃) "ယခုမှစ၍ ကိုယ်တော်ကို နာခံမည်ဟု ပြောဆိုသည်" ၈း၃၃ ကဲ့သို့ ဘာသာပြန်ပါ။

သူတို့လိုက်ရသော လမ်းကောင်းကို ပြညွှန်၍၊
အသက်ရှင်မှုပုံစံအား လမ်းလျှောက်ထွက်ခြင်းနှင့် ခိုင်းနှိုင်းထားခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "သူတို့ အသက်ရှင်သည့်အတိုင်း" အသက်ရှင်မှုပုံစံအား လမ်းလျှောက်ထွက်ခြင်းနှင့် ခိုင်းနှိုင်းထားခြင်း ဖြစ်သည်။

1 Kings 37

လေထိ၍ အပင်သေသော်၎င်း၊ အရည်ယို၍ သေသော်၎င်း
ဤစကားလုံး အသုံးအနှုန်းသည် လယ်ယာစိုက်ပျိုးရေးနှင့် သက်ဆိုင်သော အသုံးအနှုန်းများ ဖြစ်သည်။ မိုးများလွန်းလျှင်သော်လည်းကောင်း၊ မိုးနည်းလွန်းသော် လည်းကောင်း သီးနှံများ ပျက်စီးဆုံးရှုံးခြင်းကို ရည်ညွှန်းသည်။

အရာဘကျိုင်း၊ ခါသိလကျိုင်း
"အရာဘကျိုင်း" သည် နှံကောင်အမျိုးအစား တစ်မျိုးဖြစ်ပြီး ကောက်ပဲသီးနှံများကို စားသုံးဖျက်ဆီးသည်။ "ခါသိလကျိုင်း" သည် အရာဘကျိုင်းအဖြစ် မပြောင်းလဲမီအဆင့်ကို ခေါ်ဆိုသည်။

ကိုယ်တော်၏လူ ဣသရေလအမျိုးသားအချို့တို့သည် ..... ပဋ္ဌနာ စကားအားဖြင့် ဆုတောင်းလျှင်၊
ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "တစ်စုံတစ်ယောက် သို့မဟုတ် ကိုယ်တော်၏လူ ဣသရေလအမျိုးသားများ ဆုတောင်းပဋ္ဌနာပြုခြင်း နှင့် တောင်းလျှောက်ခြင်း"

အသီးအသီးခံရသောဘေးဒဏ်ကိုသိလျက်၊
ဖြစ်နိုင်ချေရှိသော ဆိုလိုရင်းမှာ ၁) "မိမိအပြစ်ကို မိမိသိခြင်း" သို့မဟုတ် ၂) "မိမိခံရသော အကျိုးအပြစ်မှာ မိမိ၏ အမှားကြောင့် ဖြစ်သည်ကို သိနားလည်ခြင်း"။

ပဋ္ဌနာ စကားအားဖြင့် ဆုတောင်းလျှင်၊
"ဆုတောင်း" နှင့် "ပဋ္ဌနာ" ဟူသော ဝေါဟာရနှစ်လုံးမှာ အဓိပ္ပာယ် ဆင်တူသည်။ ရှောလမုန်၏ စိတ်နှလုံးပါလျက် ဆုတောင်းလျှောက်ခြင်းကို အထူးပြုရန် အသုံးပြုထားခြင်း ဖြစ်သည်။ ၈:၂၈ တွင်လည်း အလားတူ စကားလုံးကို တွေ့ရသည်။ အခြားသော ဘာသာပြန်ဆိုချက် – "တောင်းလျှောက်ခြင်း"

1 Kings 39

ကောင်းကင်ဘုံ
ဘုရားသခင်နေထိုင်သည့်နေရာ "ကောင်းကင်ဘုံ" ကိုဆိုလိုသည်။


generated on Tue Jul 2 12:50:28 2024

အသက်ရှင်
ခန္ဓာပိုင်းအရအသက်ရှင်ခြင်းကို ဆိုလိုသည်။ ဝိညာဉ်ပိုင်းဖြင့် အသက်ရှင်ခြင်းကိုလည်း ဆိုလိုသည်။

ခွင့်လွှတ်သည်
တစ်ဦးဦးအား ခွင့်လွှတ်ခြင်းသည် သူလုပ်သည့်အရာအပေါ် မနာကြင်စေခြင်းကိုဆိုလိုသည်။

ပေးသည်
"ဆု" သည် တစ်ဦးဦးက တစ်ခုခုလုပ်သည့်အတွက် ရရှိသည့်အရာဖြစ်သည်။

စိတ်နှလုံး
ကျမ်းစာ၌ "စိတ်နှလုံး" သည် လူတစ်ဦး၏အတွေးအမြင်၊ စိတ်လှုပ်ရှားမှု၊ ဆန္ဒနှင့် လိုအင်မှုများအတွက် သုံးသည်။

- "ခိုင်မာသောစိတ်နှလုံး" ကို လူတစ်ယောက်သည် ဘုရားသခင်ကိုနာခံရန် ခေါင်းမာခြင်းကို ဆိုလိုသည်။

ဘာသာပြန်အကြံပြုချက်၊ * ဤစကားလုံးအတွက် ဘာသာစကားတစ်ချို့က "အစာအိမ်" "အသည်း" ကိုသုံးကြသည်။ * ဤဆိုလိုရင်းဖြင့် စိတ်နှလုံး (သို့) ခန္ဓာကိုယ်အစိတ်အပိုင်း တစ်ခုခုမသုံးလျှင် "စိတ်ကူး။ ဆန္ဒ၊ စိတ်လှုပ်ရှားမှု" ဟု ပြန်ဆိုနိုင်သည်။

ကြောက်ရွံ့သည်
"ကြောက်ရွံသည်" သည် တစ်စုံတစ်ခုက တစ်ယောက်ယောက်ကို ခြောက်လှန့်သည့်အခြေအနေမျိုးဖြစ်သည်။

- "ကြောက်ရွံသည်" သည် တစ်ဦးဦးအားအလွန်ရိုသေလေးစားသည့် အခြေနေမျိုးလည်းဖြစ်နိုင်သည်။
- "ယာဝေကိုကြောက်ရွံ့ခြင်း" သည် "ထာဝရဘုရားကို ကြောက်ရွံ့ခြင်း" ဖြစ်သည်။
- ကျမ်းစာက ယာဝေကိုကြောက်ရွံ့သောသူသည် ပညာရှိသောသူဖြစ်လာမည်ဟု သွန်သင်ထားသည်။

ဘာသာပြန်အကြံပြုချက်၊ * ဝါကျအသွားအလာပေါ်မူတည်ပြီး "ကြောက်ရွံ့ခြင်း" ကို "ဘုရားကိုကြောက်သည်"၊ "သခင်ကိုကြောက်သည်"၊ ဘုရားသခင်ကိုအထူးရိုသေလေးစားခြင်းကိုပြသည်" ဟု ပြန်ဆိုနိုင်သည်။

## 1 Kings 41

တန်ခိုးကြီး၍၊ ဆန့်တော်မူသော လက်ရုံးတော်
ဤစကားစုများသည် အဓိပ္ပာယ်တူညီ၍ ဘုရားသခင်၏ တန်ခိုးတော်ကို ရည်ညွှန်းသည်။

အကျွန်ုပ်တည်ဆောက်သော ဤအိမ်တော်ကို နာမတော်ဖြင့် သမုတ်ကြောင်း
ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ "နာမတော်ဖြင့် သမုတ်ကြောင်း" ဟုဆိုရာ၌ ထိုအိမ်ကိုပိုင်ဆိုင်သောသူကို ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက် – "ကျွန်တော် ဆောက်လုပ်သော ဤအိမ်တော်ကို ကိုယ်တော် ပိုင်တော်မူသည်။"

## 1 Kings 44

ကိုယ်တော်၏ လူတို့သည် ရန်သူတို့ရှိရာသို့ စစ်ချီသောအခါ၊ ...... ထာဝရဘုရားအား ဆုတောင်းကြလျှင်
ဤဆုတောင်းချက်ကို တောင်းလျှောက်စဉ်ကာလတွင် ၄င်းအဖြစ်အပျက်များ မဖြစ်ပျက်သေးသော်လည်း နောင်အနာဂတ်တွင် ဖြစ်လာနိုင်သည်ဟု ရှောလမုန် သိနေခဲ့သည်။ ဘာသာပြန်ဆိုရာတွင် ယခုလက်ရှိအချိန်၌ မဖြစ်ပျက်သေးသော်လည်း နောင်ကာလတွင် ဖြစ်ပျက်လာမည့် အသုံးအနှုန်းများကို အသုံးပြုပါ။

နာမတော်အဘို့
"နာမတော်" ဟုဆိုသည်နှင့် လူပုဂ္ဂိုလ်ကို တွဲမြင်ရမည်၊ "နာမတော် အဘို့" သည် ထိုပုဂ္ဂိုလ်အား ကိုးကွယ်ခြင်းကို ရည်ညွှန်းသည်။ ၃:၁ တွင် အလားတူ စကားလုံးအား တွေ့ရသည်။ အခြားသော ဘာသာပြန်ဆိုချက် – "ထာဝရဘုရားအား ကိုးကွယ်သောနေရာ"

သူတို့ ဆုတောင်းပဌနာပြုသော စကား
"ဆုတောင်း" နှင့် "ပဌနာ" ဟူသော ဝေါဟာရနှစ်လုံးမှာ အဓိပ္ပာယ် ဆင်တူသည်။ ရှောလမုန်၏ စိတ်နှလုံးပါလျက် ဆုတောင်းလျှောက်ခြင်းကို အထူးပြုရန်အတွက် အသုံးပြုထားခြင်း ဖြစ်သည်။ ၈:၂၇ တွင်လည်း အလားတူ စကားလုံးကို တွေ့ရသည်။ အခြားသော ဘာသာပြန်ဆိုချက် – "တောင်းလျှောက်ခြင်း"

## 1 Kings 46

မပြစ်မှားတတ်သော လူတယောက်မျှမရှိသည် ဖြစ်၍၊ ... လျှင်ငင်း
ဤဆုတောင်းချက်ကို တောင်းလျှောက်စဉ်ကာလတွင် ၎င်းအဖြစ်အပျက်များ မဖြစ်ပျက်သေးသော်လည်း နောင်အနာဂတ်တွင် ဖြစ်လာနိုင်သည်ဟု ရှောလမုန် သိနေခဲ့သည်။ ဘာသာပြန်ဆိုရာတွင် ယခုလက်ရှိအချိန်၌ မဖြစ်ပျက်သေးသော်လည်း နောင်ကာလတွင် ဖြစ်ပျက်လာမည့် အသုံးအနှုန်းများကို အသုံးပြုပါ။

အခြားတပါးသောပြည်သို့ သိမ်းသွားလျှင်ငင်း၊
ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် – "ပြည်နှင်ဒဏ်ခံရသူများကဲ့သို့ ရန်သူများ၏ သိမ်းသွားခြင်း ခံရသည်။"

အချုပ်ခံစဉ်
အကျဉ်းသားအဖြစ် ထိန်းသိမ်းထားသောသူများ

မဖြောင့်သောအမှု၊ ဆိုး ညစ်သောအမှုကို ပြုမိပါပြီ
ဤစကားစု နှစ်မျိုးလုံးသည် တူညီသော အဓိပ္ပာယ်ကို ဆောင်သည်။ လူများ အဘယ်မျှလောက် ဆိုးညစ်သည်ကို အထူးပြုထားသည်။

အကျွန်ုပ်တို့သည် ပြစ်မှားပါပြီ။ မဖြောင့်သောအမှု၊ ဆိုး ညစ်သောအမှုကို ပြုမိပါပြီ
ဤစကားစု နှစ်မျိုးလုံးသည် တူညီသော အဓိပ္ပာယ်ကို ဆောင်သည်။ လူများ အဘယ်မျှလောက် ဆိုးညစ်သည်ကို အထူးပြုထားသည်။

1 Kings 48

စိတ်နှလုံးအကြွင်းမဲ့
"စိတ်နှလုံးအကြွင်းမဲ့" သည် "အလုံးစုံ" ဟုဆိုလိုပြီး "နှလုံးသားပါလျက်" သည် "ဖြစ်သည့်အတိုင်း" ဟု ဆိုလိုပါသည်။ ဤစကားလုံး နှစ်လုံးသည် ဆင်တူသော အဓိပ္ပာယ်ရှိသည်။ ၂:၁ တွင် ဘာသာပြန်ဆိုထားသကဲ့သို့ ဘာသာပြန်ပါ။ အခြားသော ဘာသာပြန်ဆိုချက် – "သူတို့ ဖြစ်သည့်အတိုင်း" သို့မဟုတ် "သူတို့ အင်အားရှိသမျှဖြင့်"

ပေးတော်မူသောပြည်၊
"ထိုပြည်တွင် နေထိုင်စဉ်ကာလ"

ရွေးတော်မူသောမြို့
"ထိုသူတို့ ပိုင်ဆိုင်သော ပြည်သို့" ။ ဣသရေလတိုင်းပြည်ကို ရည်ညွှန်းသည်။

နာမတော်အဘို့
"နာမတော်" ဟုဆိုသည်နှင့် လူပုဂ္ဂိုလ်ကို တွဲမြင်ရမည်၊ "နာမတော်အဘို့" သည် ထိုပုဂ္ဂိုလ်အား ကိုးကွယ်ခြင်းကို ရည်ညွှန်းသည်။ ၃:၁ တွင် အလားတူ စကားလုံးအား တွေ့ရသည်။ အခြားသော ဘာသာပြန်ဆိုချက် – "ထာဝရဘုရားအား ကိုးကွယ်သောနေရာ"

1 Kings 49

သူတို့ဆုတောင်းပဌနာပြုသော စကား
"ဆုတောင်း" နှင့် "ပဌနာ" ဟူသော ဝေါဟာရနှစ်လုံးမှာ အဓိပ္ပာယ် ဆင်တူသည်။ ရှောလမုန်၏ စိတ်နှလုံးပါလျက် ဆုတောင်းလျှောက်ခြင်းကို အထူးပြုရန် အသုံးပြုထားခြင်း ဖြစ်သည်။ ၈:၂၇ တွင်လည်း အလားတူ စကားလုံးကို တွေ့ရသည်။ အခြားသော ဘာသာပြန်ဆိုချက် – "တောင်းလျှောက်ခြင်း"

ကိုယ်တော်၏လူတို့သည် ကိုယ်တော်ကိုပြစ်မှား သော်လည်း၊ ကိုယ်တော်ကို ပြစ်မှားလွန်ကျူးခြင်းအပြစ် အလုံးစုံတို့ကို ဖြေရှင်းတော်မူပါ။
ထာဝရဘုရား၏ ခွင့်လွှတ်တော်မူခြင်းရရှိရန် ရှောလမုန် သည် နှစ်ကြိမ်တိုင်တိုင် ဆုတောင်းလျှောက်ခဲ့သည်။ ဤအရာသည် ရှောလမုန်၏ ဆုတောင်းခြင်းကို အလေးအနက်ထားကြောင်းဖော်ပြနေသည်။

1 Kings 51

သံမီးဖို
ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် – "သံရည်ကျိုသော မီးပြင်းဖို"

ကြည့်ရှုမှတ်ယူ တော်မူပါ
မျက်လုံးဟုဆိုသော်လည်း လူပုဂ္ဂိုလ်ကို ရည်ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက် – "အထူးဂရုပြုပါ"

1 Kings 54

ဆုတောင်းပဌနာ
"ဆုတောင်း" နှင့် "ပဌနာ" ဟူသော ဝေါဟာရနှစ်လုံးမှာ အဓိပ္ပာယ် ဆင်တူသည်။ ရှောလမုန်၏ စိတ်နှလုံးပါလျက် ဆုတောင်းလျှောက်ခြင်းကို အထူးပြုရန် အသုံးပြုထားခြင်း ဖြစ်သည်။ ၈:၂၇ တွင်လည်း အလားတူ စကားလုံးကို တွေ့ရသည်။ အခြားသော ဘာသာပြန်ဆိုချက် – "တောင်းလျှောက်ခြင်း"

ဂတိတော်ကောင်း တခွန်းမျှမပျက်၊
အပြုသဘောဆောင်သော စကားလုံးဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက် – "ထာဝရဘုရားသည် သူ၏ ကောင်းမွန်သော ဂတိတော်များအားလုံးကို ပြည့်စုံစေသည်။"

ထာဝရ ဘုရားသည် မင်္ဂလာရှိတော်မူစေသတည်း။
ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် – "ထာဝရဘုရားအား ချီးမွမ်းကြလော့"

1 Kings 57

အလျှင်းစွန့်ပစ်တော် မမူပါစေနှင့်။
ရှောလမုန်၏ ထာဝရဘုရားအား ဆာငတ်သော သဘောကို အထူးပြုခြင်း ဖြစ်သည်။

လမ်းတော်တို့သို့ လိုက်စေခြင်းငှါ
"လမ်းတော်သို့ " ဟု ဆိုရာတွင် ထာဝရဘုရား အသက်ရှင်စေလိုသည့်အတိုင်း အသက်ရှင်ခြင်းကို ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက် – "ထာဝရဘုရား အသက်ရှင်စေလိုသည့်အတိုင်း အသက်ရှင်ရမည်"

ငါတို့စိတ်နှလုံးကို အထံတော်သို့ သွေးဆောင်တော်မူပါစေသော။
အခြားသူတစ်ယောက် စိတ်ကျေနပ်စေရန်အတွက် အလိုဆန္ဒရှိခြင်းကို ထိုပုဂ္ဂိုလ်အား စိတ်တိမ်းညွတ်သကဲ့သို့ ပြောဆိုထားသည်။ အခြားသော ဘာသာပြန်ဆိုချက် – "သူ့စိတ်အလိုဆန္ဒပြည့်စုံစေရန် အလိုရှိစေပါ"

1 Kings 59

နေ့ညဥ့်မပြတ်
ဤဝေါဟာရသည် "အချိန်တိုင်း" သို့မဟုတ် "အဆက်မပြတ်" ဟူ၍လည်း ရည်ညွှန်းသည်။

စီရင်တော်မူသော လမ်းသို့လိုက်၍
အသက်ရှင်မှု ပုံစံအား လမ်းလျှောက်ထွက်ခြင်းဖြင့် ခိုင်းနှိုင်းထားသည်။ အခြားသော ဘာသာပြန်ဆိုချက်မှာ - "စီရင်တော်မူချက်တို့ကို အမြဲနာခံ နှလုံးသွင်းလျက်"


generated on Tue Jul 2 12:50:28 2024

စိတ်နှလုံးစုံလင်ပါစေသော
"စိတ်နှလုံး အကြွင်းမဲ့"

1 Kings 62

ရှောလမုန်မင်းကြီးနှင့်တကွ ဣသ ရေလအမျိုးသားအပေါင်းတို့သည်
၁) ယေရုရှလင်မြို့ သို့ ရှောလမုန်မင်းကြီး ခေါ်ဆောင်လာသူများ နှင့် ၈:၁ တွင် ဖော်ပြထားသောသူများ၊ သို့မဟုတ် ၂) ပွဲတော်ကျင်းပရန် ယေရုရှလင်မြို့ သို့ ချီတက်ကြသူများသာ၊ ဣသရေလတွင် နေထိုင်သူများအားလုံးကို မဆိုလိုပါ။ အလားတူ အသုံးအနှုန်းကို ၈:၆၂ တွင်လည်း တွေ့ရသည်။

1 Kings 64

ထာဝရဘုရားရှေ့တော်၌ရှိသော ကြေးဝါယဇ်ပလ္လင်
"ထာဝရဘုရားရှေ့တော်၌ရှိသော ကြေးဝါယဇ်ပလ္လင်" ဗိမာန်တော်သည် ထာဝရဘုရား ကျိန်းဝပ်ရာတန်တိုင်းတော်အတွင်း၌ရှိသောကြောင့် ထာဝရဘုရားရှေ့တော်၌ ရှိသော ယဇ်ပလ္လင် အဖြစ်ဖော်ပြသည်။

1 Kings 65

ဣသရေလအမျိုးသားအပေါင်းတို့နှင့်တကွ
ယေဘုယျအားဖြင့် ၁) ယေရုရှလင်မြို့ သို့ ရှောလမုန်မင်းကြီး ခေါ်ဆောင်လာသူများ နှင့် ၈:၁ တွင် ဖော်ပြထားသောသူများ၊ သို့မဟုတ် ၂) ပွဲတော်ကျင်းပရန် ယေရုရှလင်မြို့ သို့ ချီတက်ကြသူများသာ၊ ဣသရေလတွင် နေထိုင်သူများအားလုံးကို မဆိုလိုပါ။ အလားတူ အသုံးအနှုန်းကို ၈:၆၂ တွင်လည်း တွေ့ရသည်။

ခုနစ်ရက်နှစ်လီ၊ တဆယ် လေးရက်ပတ်လုံး
"၇ ရက်.... ၇ ရက်..... ၁၄ရက်"

ရှစ်ရက်မြောက်သောနေ့
"ရှစ်ရက်မြောက်" သည် ကိန်းဂဏန်း "ရှစ်" မှဆင်းသက်လာသည်။

ဝမ်းမြောက်ရွှင်လန်းလျက်
ဝမ်းမြောက်ခြင်းနှင့် ရွှင်လန်းခြင်းမှာ အဓိပ္ပါယ်တူသည်။ အဓိပ္ပါယ်လေးနက်စေရန် ရည်ရွယ်၍ အသုံးပြုခြင်း ဖြစ်သည်။

---

## Translation Questions

1 Kings 8:1

ဣသရေလလူမျိုးတို့၏အကြီးအကဲများကို ရှောလမုန်မင်းကြီးက မည်သည့်အတွက်ကြောင့် သူ၏ရှေ့တော်မှောက်တွင် စုဝေးစေခဲ့သနည်း။
ဣသရေလလူမျိုးတို့၏အကြီးအကဲများကို ရှောလမုန်မင်းကြီးက စုဝေးစေခဲ့ရခြင်းမှာ ထာဝရဘုရား၏ ပဋိညာဉ်သည် သေတ္တာတော်ကို ဒါဝိဒ်မြို့မှ ဆောင်ခဲ့လိုသောကြောင့်ဖြစ်သည်။

ပွဲတော်၌ မည်သူတို့သည် ရှောလမုန်မင်းကြီး၏ရှေ့တော်တွင် စုဝေးခဲ့သနည်း။
ဣသရေလတစ်မျိုးသားလုံးတို့သည် ပွဲတော်၌ ရှောလမုန်မင်းကြီး၏ရှေ့မှောက်တွင် စုဝေးခဲ့ကြသည်။

1 Kings 8:3

မည်သူတို့က ပဋိညာဉ်သေတ္တာတော်ကို သယ်ဆောင်ရသနည်း။
ယဇ်ပရောဟိတ်တို့ကသာ ပဋိညာဉ်သေတ္တာတော်ကို သယ်ဆောင်ရသည်။

ပဋိညာဉ်သေတ္တာတော်ရှေ့တွင် မည်သည့်အရာတို့ကို ပူဇော်ရသနည်း။
ရှောလမုန်မင်းကြီးက ပဋိညာဉ်သေတ္တာတော်ရှေ့တွင် သိုးကလေး၊ နွားထီးတို့ကို မရည်မတွက်နိုင်လောက်အောင်ပင် ပူဇော်ခဲ့သည်။

1 Kings 8:6

ထာဝရဘုရားသခင်၏ပဋိညာဉ်သေတ္တာတော်ကို ယဇ်ပရောဟိတ်မင်းတို့က မည်သည့်အရပ်သို့ သယ်ဆောင်ခဲ့သနည်း။
ထာဝရဘုရားသခင်၏ပဋိညာဉ်သေတ္တာတော်ကို ယဇ်ပရောဟိတ်မင်းတို့က အသန့်ရှင်းဆုံးသော အရပ်သို့ သယ်ဆောင်ရသည်။

1 Kings 8:9

ထာဝရဘုရား၏အိမ်တော်၌ မည်သည့်အရာတို့နှင့် ပြည့်နှက်နေခဲ့သနည်း။
ထာဝရဘုရား၏ အိမ်တော်သည် ဘုန်းတော်နှင့်ပြည့်လျက်ရှိနေခဲ့သည်။

1 Kings 8:14

ဣသရေလလူမျိုးအစုအဝေးကြီးအတွက် ရှင်ဘုရင်က မည်သည့်အရာပြုခဲ့သနည်း။
ဣသရေလလူမျိုးအစုအဝေးကြီးကို ရှင်ဘုရင်က ကောင်းကြီးပေးခဲ့သည်။

1 Kings 8:17

ရှင်ဘုရင်ဒါဝိဒ်အား ထာဝရဘုရားက မည်ကဲ့သို့ မိန့်တော်မူခဲ့သနည်း။
ထာဝရဘုရားက ဒါဝိဒ်မင်းကြီး၏သားရင်းသည် ငါ့နာမအဘို့ အိမ်တော်ကို ဆောက်ရမည်ဟု ခမည်းတော် ဒါဝိဒ်အား မိန့်တော်မူခဲ့သည်။


generated on Tue Jul 2 12:50:28 2024

1 Kings 8:22

ထာဝရဘုရား၏ ပလ္လင်တော်ရှေ့တွင် ရှောလမုန်မင်းကြီးက မည်သည့်အရာပြုခဲ့သနည်း။
ရှောလမုန်မင်းကြီးသည် ထာဝရဘုရား၏ ပလ္လင်တော်ရှေ့တွင်ရပ်၍ လက်ဝါးတို့ကို ကောင်းကင်သို့ ဖြန့်လျက်နေခဲ့သည်။

1 Kings 8:25

ရှောလမုန်မင်းကြီး၏ဆုတောင်းခြင်းနှင့် ထာဝရဘုရားအား တောင်းလျှောက်သောအရာမှာ မည်သည့်အရာဖြစ်သနည်း။
ရှောလမုန်က ဘုရားသခင်ထာဝရဘုရား၊ ကိုယ်တော်ကျွန် အကျွန်ုပ်အဘဒါဝိဒ်အား မိန့်တော်မူသော စကားတော်ကို ယခုပြည့်စုံစေတော်မူပါဟု တောင်းလျှောက်ခဲ့သည်။

1 Kings 8:29

ရှောလမုန်မင်းကြီးက ထာဝရဘုရားအား မည်သည့်အမှုကို ပြုပေးရန် ဆုတောင်းခဲ့သနည်း။
ရှောလမုန်မင်းကြီးက ထာဝရဘုရားအား ဆုတောင်းခဲ့သောအရာမှာ ဤအရပ်ဌာနနှင့် ဤအိမ်တော်ကို နေ့ညဥ့်မပြတ်ကြည့်ရှုပေးရန် ဖြစ်သည်။

ဣသရေလလူမျိုးတို့ ဆုတောင်းသောအခါ မည်သည့်အရပ်မှ ထာဝရဘုရားသူ နားထောင်ခဲ့သနည်း။
ဣသရေလအမျိုးသားတို့သည် ဤအရပ်ဌာန၌ ဆုတောင်း ပဌနာပြုကြသောအခါ၊ ကျိန်းဝပ်တော်မူရာ ကောင်းကင် ဘုံ၌နားထောင်နေခဲ့သည်။

1 Kings 8:31

ဖြောင့်မတ်သောသူတို့အဖို့ ရှောလမုန်သည် ထာဝရဘုရားထံပါးတွင် မည်သည့်ဆုကို တောင်းလျှောက်ခဲ့သနည်း။
ဖြောင့်မတ်သောသူတို့အဖို့ ရှောလမုန်သည် ထာဝရဘုရားထံပါးတွင် ဖြောင့်မတ်သောသူသည် မိမိဖြောင့်မတ်ခြင်း နှင့်အလျောက် အကျိုးကိုခံရ၍ အပြစ်မှလွတ်စေခြင်းငှါ တောင်းလျှောက်ခဲ့ပါသည်။

1 Kings 8:33

ဣသရေလလူမျိုးတို့သည် မည့်သည့်အချိန်၌ ရန်သူတို့၏တိုက်ခိုက်ခြင်းကို ခံခဲ့ကြရသနည်း။
ထာဝရဘုရားကို ဆန့်ကျင်ခြင်းအပြစ်ရှိသောအချိန်၌ ဣသရေလလူမျိုးတို့သည် ရန်သူတို့၏တိုက်ခိုက်ခြင်းကို ခံခဲ့ကြရသည်။

1 Kings 8:35

မည်သည့်အတွက်ကြောင့် မိုးခေါင်ကာ မိုးမရွာသောအဖြစ်မျိုး ဖြစ်ခဲ့ကြသည်။
ထာဝရဘုရားကို ဆန့်ကျင်ခြင်းအပြစ်ရှိသောကြောင့် မိုးခေါင်ခြင်းမျိုးကို ကြုံခဲ့ရကြသည်။

1 Kings 8:39

ရှောလမုန်သည် သူလူမျိုးတို့၏ အပြစ်ကို ခွင့်လွှတ်ရန် ထာဝရဘုရားထံတွင် အဘယ်ကြောင့် ဆုတောင်းခဲ့သနည်း။
ရှောလမုန်သည် သူလူမျိုးတို့၏ အပြစ်ကို ခွင့်လွှတ်ရန် ထာဝရဘုရားထံတွင် သူတို့သည် အသက်ရှင်သော ကာလပတ်လုံးကိုယ်တော် ကို ကြောက်ရွံ့ပါမည်အကြောင်း ဆုတောင်းခဲ့ပါသည်။

1 Kings 8:41

အဘယ်ကြောင့် အခြားသောတိုင်းတစ်ပါးသားသည် ရပ်ဝေးမှ လာရမည်နည်း။
ထာဝရဘုရား၏နာမတော်ကြောင့် အခြားသောတိုင်းတစ်ပါးသားသည် ရပ်ဝေးမှ လာရမည်ဖြစ်သည်။

တိုင်းတစ်ပါးသားတို့ မည်သည့်အရာကိုမဆိုတောင်းဆိုသော်လည်း ရှောလမုန် ထာဝရဘုရားထံတွင်သာ အဘယ်ကြောင့်တောင်းလျှောက်ခဲ့သနည်း။
ကိုယ်တော်၏လူဣသရေလ အမျိုးသားတို့သည် ကိုယ်တော်ကို ကြောက်ရွံ့သကဲ့သို့ မြေကြီးသားအပေါင်းတို့သည် ကြောက်ရွံ့လျက်၊ နာမ တော်ကို သိစေခြင်းငှါသာ တောင်းလျှောက်ခဲ့သည်။

1 Kings 8:46

ရန်သူတို့က ဣသရေလလူမျိုးတို့ကို မည်သည့်အတွက်ကြောင့် သူတို့၏နယ်သို့ သိမ်းသွားခဲ့သနည်း။
ရန်သူတို့က ဣသရေလလူမျိုးတို့ကို သိမ်းသွားခဲ့ရခြင်းမှာ ကိုယ်တော်ကို ပြစ်မှား သောကြောင့်၊ အမျက်တော်ထွက်၍ ရန်သူလက်သို့ အပ်တော်မူသဖြင့်၊ ရန်သူတို့သည် ဝေးသောပြည်၊ နီးသောပြည်၊
အခြားတပါးသောပြည်သို့ခေါ်ဆောင်ခံရခြင်းဖြစ်သည်။

ဣသရေလလူတို့သည် ယင်းတို့၏ရန်သူအပေါင်းတို့၏နယ်မြေတွင် မည်ကဲ့သို့ ဆိုခဲ့သနည်း။
ဣသရေလလူမျိုးတို့က မဖြောင့်သောအမှု၊ ဆိုး ညစ်သောအမှုကို ပြုမိပါပြီဟု စိတ်ပြောင်းလဲ၍ တောင်းပန်စကားဆိုခဲ့ကြသည်။

1 Kings 8:48

ဣသရေလလူတို့သည် ရန်သူတို့၏နယ်မြေတွင် မည်သည့်အရာကို ပြုခဲ့ကြသနည်း။
ဣသရေလလူတို့သည် ရန်သူတို့၏နယ်မြေတွင် ထာဝရဘုရားထံပါးသို့ စိတ်နှလုံးအကြွင်းမဲ့ ပြန်လှည့်လာရန်ဖြစ်သည်။


generated on Tue Jul 2 12:50:28 2024

1 Kings 8:49

ဣသရေလလူတို့ဆုတောင်းသောအခါ ရှောလမုန်မင်းကြီးက ထာဝရဘုရားထံတွင်မည်သည့်ဆုကိုတောင်းခဲ့သနည်း။
ဣသရေလလူတို့ဆုတောင်းသောအခါ ရှောလမုန်မင်းကြီးက ထာဝရဘုရားထံတွင် အပြစ်အတွက်ခွင့်လွှတ်ပေးဖို့ရန် တောင်းလျှောက်ခဲ့သည်။

1 Kings 8:51

ထာဝရဘုရားသည် သူ၏လူမျိုးစုအား မည်သည့်အရပ်မှ ကယ်တင်ခဲ့သနည်း။
ထာဝရဘုရားသည် သူ၏လူမျိုးစုအားအဲဂုတ္တုပြည်၏ သံမီးဖိုထဲကနှုတ်ယူတော်မူခဲ့သည်။

ထာဝရဘုရား၏လူတို့ ငိုကြွေးကြသောအခါ ရှောလမုန်မင်းကြီးက မည်သည့်အရာကို တောင်းလျှောက်ခဲ့သနည်း။
ဣသရေလအမျိုးသား ဆုတောင်းပဌနာပြုသော စကားအလုံးစုံတို့ကို နားထောင်ခြင်းငှါ ကြည့်ရှုမှတ်ယူပေးရန်တောင်းလျှောက်ခဲ့သည်။

ကမ္ဘာလူသားအားလုံးတို့အထက်၌ ထာဝရဘုရားသည် အဘယ်ကြောင့် သီးသန့်ခွဲထုပ်ခဲ့သနည်း။
ထာဝရဘုရားသည် အမွေခံရာဖြစ်စေ ခြင်းငှါ၊ မြေကြီးသားအမျိုးမျိုးထဲက ရွေးနှုတ်ခွဲထားတော်မူ ခဲ့သည်။

1 Kings 8:54

ရှောလမုန်သည် သူ၏ဆုတောင်းချက် ထာဝရဘုရားထံတောင်းလျှောက်ပြီးနောက် မည်သည့်အရာပြုခဲ့သနည်း။
သူ၏ဆုတောင်းချက်အပြီးတွင် မတ်တတ်ရပ်နေပြီးလျှင်၊ ဣသရေလအမျိုး ပရိသတ်အပေါင်းတို့ကို ကျယ်သောအသံနှင့် ကောင်းကြီးပေးခဲ့သည်။

1 Kings 8:59

ရှောလမုန်သည် ကမ္ဘာသူ ကမ္ဘာသားများအား မည်သည့်အရာကို သိစေလိုခဲ့သနည်း။
ရှောလမုန်သည် ကမ္ဘာသူ ကမ္ဘာသားများအား ထာဝရဘုရားသာလျှင် တစ်ဆူတည်းဖြစ်ကြောင်းကို ကမ္ဘာသူ ကမ္ဘာသားများအားသိစေလိုခြင်းဖြစ်ပါသည်။

ထာဝရဘုရား၏လူတို့အဖို့ ရှောလမုန်က မည်သည့်အရာကို ပြုရန် မိန့်တော်မူခဲ့သနည်း။
ဣသရေလအမျိုးသားတို့၏အမှုကို စောင့်စရာအကြောင်း ရှိသည်အတိုင်း၊ အစဉ်စောင့်တော် မူစေခြင်းငှါ ထာဝရဘုရားရှေ့တော်၌ ပဌနာစကားသည် နေ့ညဥ့်မပြတ် အနီးတော်၌ ရှိရန် မိန့်တော်မူခဲ့သည်။

1 Kings 8:62

မည်သူက ထာဝရဘုရားသခင်ထံသို့ ယဇ်ပူဇော်ခဲ့သနည်း။
ရှင်ဘုရင်မှအစ ဣသရေလလူမျိုးအားလုံးတို့က ထာဝရဘုရားအား ယဇ်ပူဇော်ခြင်းအမှုကို ပြုခဲ့ကြသည်။

1 Kings 8:64

ထာဝရဘုရား၏အိမ်တော်အရှေ့တံတိုင်းတော်ကို မည်သည့်အတွက်ကြောင့် ဘုရင်က အထွတ်အမြတ်ထားခဲ့သနည်း။
ရှင်ဘုရင်က တံတိုင်းတော်ကို အထွတ်အမြတ်ထားရခြင်းမှာ ထာဝရဘုရားရှေ့တော်၌ရှိသော ကြေးဝါယဇ်ပလ္လင်သည် မီးရှို့ရာယဇ်၊ ဘောဇဉ်ပူဇော် သက္ကာ၊ မိဿဟာယယဇ်ကောင်ဆီဥကို မခံနိုင်လောက်အောင် သေးငယ်သောကြောင့်ဖြစ်သည်။

1 Kings 8:65

ရှင်ဘုရင်က မည်သည့်အချိန်၌ ဧည့်သည်များကို အိမ်သို့ ပြန်စေခဲ့သနည်း။
ရှစ်ရက်မြောက်သောနေ့၌ လူများတို့ကို ပြန်သွားစေခဲ့သည်။


generated on Tue Jul 2 12:50:28 2024

## Chapter 9

1 ရှောလမုန်သည် ဗိမာန်တော်နှင့် နန်းတော်ကို လက်စသတ်၍၊ မိမိအလိုဆန္ဒရှိသမျှ ပြည့်စုံသောအခါ၊ 2 ထာဝရဘုရားသည်
ဂိဗောင်မြို့၌ ထင်ရှားတော် မူသကဲ့သို့၊ ဒုတိယအကြိမ်၌ ထင်ရှားတော်မူလျက်၊ 3 သင်သည် ငါ့ရှေ့မှာဆုတောင်းပဌနာပြုသော
စကားကို ငါကြားပြီ။ သင်တည်ဆောက်သော ဤအိမ်ကို သန့်ရှင်းစေ၍၊ ငါ့နာမကို အစဉ်တည်စေ မည်။ အစဉ်ငါကြည့်ရှုလျက်
နှလုံးစွဲလမ်းလျက် နေမည်။ 4 သင်သည် ငါမှာထားသမျှကိုပြု၍၊ ငါစီရင်ထုံးဖွဲ့ချက်တို့ကို စောင့်ရှောက်ခြင်းငှါ၊ သင့်အဘဒါဝိဒ်ကဲ့သို့
ဖြောင့်မတ်စုံလင်သော စိတ်သဘောနှင့် ငါ့ရှေ့မှာ ကျင့်နေလျှင်၊ 5 ဣသရေလနိုင်ငံ၏ ရာဇပလ္လင်ပေါ်မှာ ထိုင်ရသော
သင်၏အမျိုးမင်းရိုးမပြတ်ရဟု သင့်အဘဒါဝိဒ် အား ငါဂတိရှိသည်အတိုင်း၊ သင်ထိုင်ရသော ဣသရေလ နိုင်ငံ၏ရာဇပလ္လင်ကို
အစဉ်ငါတည်စေမည်။ 6 သို့မဟုတ်သင်နှင့် သင်၏သားမြေးတို့သည် ငါ့နောက်သို့မလိုက်၊ လမ်းလွှဲလျက် ငါမှာထားသော စီရင်
ထုံးဖွဲ့ချက်တို့ကို မစောင့်၊ အခြားတပါးသော ဘုရားထံသို့ သွား၍ ဝတ်ပြုကိုးကွယ်လျှင်၊ 7 ဣသရေလအမျိုးကို ငါပေးသောပြည်မှ
ငါပယ်ဖြတ်မည်။ ငါ့နာမအဘို့ ငါသန့်ရှင်းစေသော ဤအိမ်တော်ကို ငါ့မျက်မှောက်မှ ပယ်ရှားမည်။ ဣသရေလအမျိုးသည် လည်း
တပါးအမျိုးသားတို့တွင် ပုံခိုင်းရာ ကဲ့ရဲ့ရာဖြစ်ရ လိမ့်မည်။ 8 အရပ်မြင့်သော ဤအိမ်တော်ကိုလည်း လမ်း၌ ရှောက်သွားသော
သူအပေါင်းတို့သည် အံ့သြ၍၊ ထာဝရ ဘုရားသည် ဤပြည်နှင့်ဤအိမ်ကို အဘယ်ကြောင့် ဤသို့ပြုတော်မူသနည်းဟု
ကဲ့ရဲ့သံကိုပြုလျက် တယောက် မေးမြန်းသော်၊ 9 တယောက်က၊ သူတို့၏ ဘိုးဘေးများကို အဲဂုတ္တုပြည်မှ နှုတ်ဆောင်သော သူတို့၏
ဘုရားသခင် ထာဝရ ဘုရားကို သူတို့သည်စွန့်၍ အခြားတပါးသောဘုရားကို မှီဝဲလျက် ဝတ်ပြုကိုးကွယ်ကြသောကြောင့်၊
ထာဝရဘုရား သည် ဤအမှုအလုံးစုံကို ရောက်စေတော်မူကြောင်းကို ပြန်ပြောလိမ့်မည်ဟု မိန့်တော်မူ၏။ 10 ရှောလမုန်သည်
ဗိမာန်တော်နှင့် နန်းတော်တည်းဟူသော အိမ်တော်နှစ်ဆောင်ကို တည်ဆောက်၍ အနှစ်နှစ်ဆယ်စေ့သောအခါ၊ 11
တုရုမင်းကြီးဟိရံသည် ရှောလမုန်လိုချင်သမျှအတိုင်း အာရဇ်သစ်သား၊ ထင်းရှူးသစ်သားနှင့် ရွှေ အခွက်တရာနှစ်ဆယ်ကို
ပေးနှင့်သည် ဖြစ်၍၊ ရှောလမုန်မင်းကြီးသည် ဂါလိလဲပြည်၌ မြို့နှစ်ဆယ်ကို ဟိရံမင်းကြီး အားပေး၏။ 12 ရှောလမုန်ပေးသော
မြို့တို့ကို ဟိရံသည် တုရုမြို့ မှလာ၍ ကြည့်ရှုသောအခါ အားမရ။ 13 ငါ့ညီ၊ ငါ့အားပေးသော မြို့တို့သည် အဘယ်သို့သောမြို့နည်းဟု
ဆိုလျက်၊ 14 ထိုအရပ်ကို တာဗုလဟူ၍ ယနေ့တိုင်အောင် သမုတ်သတည်း။ 15 ရှောလမုန်မင်းကြီးသည်
ငွေခွဲရသောအကြောင်းဟူမူကား၊ ဗိမာန်တော်၊ နန်းတော်၊ မိလ္လောမြို့၊ ယေရုရှလင်မြို့ရိုး၊ ဟာဇော်မြို့၊ မေဂိဒ္ဒေါမြို့ ဂေဇာမြို့တို့ကို
တည်ဆောက်ခြင်းငှါ ငွေခွဲရသတည်း။ 16 ဂေဇာမြို့ကိုကား၊ အဲဂုတ္တုဖာရောဘုရင်သည် စစ်ချီ၍ တိုက်ယူ မီးရှို့သဖြင့်၊
မြို့သားခါနာနိလူတို့ကို လုပ်ကြံပြီးမှ၊ မိမိသမီး၊ ရှောလမုန်၏ ခင်ပွန်းအား လက်ဆောင်ပေးနှင့်လေပြီ။ 17 သို့ဖြစ်၍ ဂေဇာမြို့ကို
ရှောလမုန်တည်လေ၏။ ထိုမှတပါး၊ အောက်ဗေသောရုန်မြို့၊ 18 ဗာလက်မြို့၊ တောအရပ်၊ ပြည်ထဲမှာ တာဒမော်မြို့တို့ကိုလည်း
တည်လေ၏။ 19 ဘဏ္ဍာတော် သိုထားသောမြို့များ၊ ရထားတော်ထိန်းသောမြို့များ၊ မြင်းတော်ကျွေးသောမြို့များ၊
ယေရုရှလင်မြို့ပတ်လည်၊ လေဗနုန်တောင်ပေါ်၊ နိုင်ငံတော်အရပ်ရပ်၌ တည်ချင်သောမြို့များတို့ကိုလည်း တည်လေ၏။ 20
ဣသရေလအမျိုးသား အကုန်အစင် မဖျက်ဆီးနိုင်သောကြောင့်၊ 21 ပြည်တော်၌ကျန်ကြွင်းသော တပါးအမျိုးသား၊ အာမောရိ၊ ဟိတ္တိ၊
ဖေရဇိ၊ ဟိဝိ၊ ယေဗုသိအမျိုးအနွယ် သားစဉ်မြေးဆက်အပေါင်းတို့ကို ရှောလမုန်သည် ယနေ့တိုင်အောင် လုလ္ခဲ့၍ ကျွန်ခံစေ၏။ 22
ဣသရေလအမျိုးသားတို့ကိုကား၊ ရှောလမုန်သည် ကျွန်မခံစေ။ စစ်သူရဲ၊ အမှုတော်စောင့်၊ မှူးမတ်၊ စစ်ကဲ၊ ရထားတော်အုပ်၊
မြင်းတော်အုပ်အရာ၌ ခန့်ထား တော်မူ၏။ 23 တည်ဆောက်ခြင်းအမှုတော်ကို စီရင်သောသူ အမှုတော်အုပ် ငါးရာငါးဆယ်ရှိ၏။ 24
ဖာရောရှင်ဘုရင်၏ သမီးတော်သည် ဒါဝိဒ်မြို့မှ ထွက်၍၊ သူ့အဘို့ ရှောလမုန်တည်ဆောက်သော နန်း တော်သို့ ပြောင်းပြီးမှ၊
ရှောလမုန်သည် မိလ္လောမြို့ကို ပြုပြင်လေ၏။ 25 ထာဝရဘုရားရှေ့တော်၌ရှိသော ယဇ်ပလ္လင်ပေါ်မှာ နံ့သာပေါင်းကို မီးရှို့သဖြင့်
ထာဝရဘုရားရှေ့တော်၌ တရားသဖြင့်ပြု၏။ 12 ယောကျ်ားအလိုသို့ လိုက်တတ်သောမိန်းမလျှာ တို့ကိုဌင်း၊
ဘိုးတော်ဘေးတော်လုပ်သော ရုပ်တုရှိသမျှ တို့ကိုဌင်း၊ ပြည်တော်ထဲက ပယ်ရှားတော်မူ၏။ 13 အဘွားတော်မာခါသည်
အာရှရပင်အဘို့ ရုပ်တုကိုလုပ်သောကြောင့်၊ မိဖုရားအရာကိုနှုတ်၍၊ ရုပ်တုကို ဖျက်ဆီးပြီးလျှင်၊ ကေဒြုန်ချောင်းနားမှာ
မီးရှို့တော်မူ၏။ 14 မြင့်သောအရပ်တို့ကို မပယ်ရှားသော်လည်း၊ လက်ထက်တော် ကာလပတ်လုံး၊ အာသစိတ်နှလုံးသည်
ထာဝရဘုရားရှေ့တော်၌ စုံလင်ခြင်းရှိ၏။ 15 ခမည်းတော်လှူသောဥစ္စာ၊ ကိုယ်တိုင်လှူသော ဥစ္စာ၊ ရွှေ၊ ငွေတန်ဆာများကို
ဗိမာန်တော်ထဲသို့ သွင်းတော်မူ၏။ 16 အာသနှင့် ဣသရေလရှင်ဘုရင် ဗာရှာတို့သည် အသက်ရှည်သမျှ ကာလပတ်လုံး
ရန်ဘက်ပြုကြ၏။ 17 ဣသရေလရှင်ဘုရင် ဗာရှာသည် ယုဒပြည်သို့ စစ်ချီ၍၊ ယုဒရှင်ဘုရင်အာသထံသို့ အဘယ်သူမျှ မထွက်
မဝင်စေခြင်းငှါ ရာမမြို့ကို တည်၏။ 18 ထိုအခါ ကျန်ကြွင်းသော ဗိမာန်တော်ဘဏ္ဍာနှင့် နန်းတော်ဘဏ္ဍာတည်းဟူသော
ရွှေငွေရှိသမျှကို အာသ သည်ယူ၍ မိမိကျွန်တို့၌ အပ်သဖြင့်၊ ဒမာသက်မြို့မှာ နေသောရှုရိရှင်ဘုရင် ရေဇုန်သား တာဗရိမုန်၏သား
ဗင်္ဟာဒဒ်ထံသို့ပေးလိုက်၍၊ 19 ငါသည်သင်နှင့်ဌင်း၊ ငါ့ခမည်းတော်သည် သင့် ခမည်းတော်နှင့်ဌင်း၊ မိဿဟာယဖွဲ့ခြင်းရှိသည်ဖြစ်၍၊
ရွှေငွေကို ငါလက်ဆောင်ပေးလိုက်၏။ ဣသရေလ ရှင်ဘုရင် ဗာရှာသည် ငါ့ထံမှ ထွက်သွားစေခြင်းငှါ၊ သူနှင့် ဖွဲ့သော မိဿဟာယကို
ဖျက်၍လာပါဟု မှာလိုက်လေ၏။ 20 အာသမင်းကြီး၏ စကားကို ဗင်္ဟာဒဒ်သည် နားထောင်၍၊ ဣသရေလမြို့ရွာတို့ကို စစ်ချီစေခြင်းငှါ
မိမိဗိုလ်များကို စေလွှတ်သဖြင့်၊ သူတို့သည် ဣယုန်မြို့၊ ဒန်မြို့၊ အာဗေလဗက်မာခါမြို့မှစ၍ဂနေသရက်ပြည်လုံး၊ နဿလိပြည်လုံးကို
လုပ်ကြံကြ၏။ 21 ထိုသိတင်းကို ဗာရှာသည် ကြားသောအခါ၊ ရာမမြို့ကို လက်စမသတ်ဘဲ တိရဇမြို့၌ နေရ၏။ 22 ထိုအခါ
အာသမင်းကြီးသည် ယုဒပြည် တရှောက်လုံးတွင် အမိန့်တော်ကို ကြော်ငြာစေသဖြင့်၊ ပြည်သားတယောက်မျှ မလွတ်၊ ရှိသမျှတို့သည်
ရာမမြို့၌ ဗာရှာမင်းသွင်းသော ကျောက်နှင့် သစ်သားကိုယူသွား ကြ၍၊ အာသမင်းကြီးသည် ဗင်္ယာမိန်ခရိုင်၌ ဂေဘမြို့နှင့် မိဇပါမြို့ကို
တည်၏။ 23 အာသမင်းပြုမူသောအမှုအရာကြွင်းသမျှနှင့် တန်ခိုးကြီးခြင်း၊ မြို့များကိုတည်ခြင်းအရာတို့သည် ယုဒ ရာဇဝင်၌
ရေးထားလျက်ရှိ၏။ သို့ရာတွင် အသက်ကြီး သောအခါ ခြေတော်၌ အနာရောဂါစွဲသဖြင့်၊ 24 ဘိုးဘေးတို့နှင့်အိပ်ပျော်၍
အဘိတော်ဒါဝိဒ်မြို့၌ သင်္ဂြိုဟ်ခြင်းကိုခံလေ၏။ သားတော်ယောရှဖတ်သည် ခမည်းတော်အရာ၌ နန်းထိုင်၏။ 25 ယုဒရှင်ဘုရင်
အာသနန်းစံနှစ်နှစ်တွင်၊ ယေရောဗောင်သား နာဒဒ်သည် ဣသရေလနိုင်ငံ၌ မင်းပြု၍ နှစ်နှစ်စိုးစံ၏။ 26 ထိုမင်းသည်
ထာဝရဘုရားရှေ့တော်၌ ဒုစရိုက်ကိုပြု၍၊ ခမည်းတော်လိုက်သောလမ်း၊ ဣသရေလ အမျိုးကို ပြစ်မှားစေသော လမ်းသို့ လိုက်လေ၏။
27 ဣသခါအမျိုး၊ အဟိယသားဗာရှာသည် သင်းဖွဲ့၍၊ နာဒဒ်မင်းနှင့် ဣသရေလအမျိုးသားအပေါင်း တို့သည် ဖိလိတ္တိပြည်
ဂိဗေသုန်မြို့ကို ဝိုင်းထားကြစဉ်၊ 28 ယုဒရှင်ဘုရင်အာသ နန်းစံသုံးနှစ်တွင်၊ ဗာရှာသည် နာဒဒ်မင်းကို လုပ်ကြံ၍ နန်းထိုင်လေ၏။ 29
နန်းထိုင်သောအခါ ယေရောဗောင်အမျိုးရှိသမျှကိုလည်း လုပ်ကြံ၏။ ထာဝရဘုရားသည် မိမိကျွန်၊ ရှိလောမြို့သား အဟိယအားဖြင့်
မိန့်တော်မူသည် အတိုင်း၊ ယေရောဗောင်အမျိုးကို မဖျက်မှီတိုင်အောင်၊ အသက်ရှူသောသူတယောက်ကိုမျှ မချန်မထား။ 30
အကြောင်းမူကား၊ ယေရောဗောင်သည် ကိုယ်တိုင်ပြစ်မှားသော အပြစ်နှင့်ဣသရေလအမျိုးကို လည်းပြစ်မှား စေသော အပြစ်အားဖြင့်၊
ဣသရေလအမျိုး ၏ ဘုရားသခင်ထာဝရဘုရား၏အမျက်တော်ကို နှိုးဆော် သောအကြောင်းတည်း။ 31 နာဒဒ်မင်းပြုမူသော
အမှုအရာကြွင်းသမျှတို့ သည် ဣသရေလရာဇဝင်၌ရေးထားလျက် ရှိ၏။ 32 အာသနှင့်ဣသရေလရှင်ဘုရင်ဗာရှာတို့သည်
အသက်ရှည်သမျှ ကာလပတ်လုံး ရန်ဘက်ပြုကြ၏။ 33 ယုဒရှင်ဘုရင် အာသနန်းစံသုံးနှစ်တွင်၊ အဟိယသားဗာရှာသည်
တိရဇမြို့မှာမင်းပြု၍၊ ဣသရေလနိုင်ငံ ကို နှစ်ဆယ်လေးနှစ်စိုးစံ၏။ 34 ထိုမင်းသည် ထာဝရဘုရားရှေ့တော်၌ ဒုစရိုက်ကိုပြု၍၊
ယေရောဗောင်လိုက်သောလမ်း၊ ဣသရေလ အမျိုးကိုပြစ်မှားစေသောလမ်းသို့ လိုက်လေ၏။


generated on Tue Jul 2 12:50:28 2024

## Chapter 16

1 ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ဗာရှာကို အကြောင်းပြု၍၊ ဟာနန်၏သားယေဟုသို့ ရောက်လာ သည်ကား၊ 2 သင့်ကို
မြေမှုန့်ထဲကငါကြွ၍၊ ငါ၏လူဣသရေလအမျိုးကို အုပ်စိုးစေခြင်းငှါ ချီးမြှောက်သော်လည်း၊ သင်သည်
ယေရောဗောင်၏လမ်းသို့လိုက်လျက်၊ ဣသရေလအမျိုးသည် ပြစ်မှား၍၊ ငါ့အမျက်ကို နှိုးဆော်စေခြင်းငှါ ပြုသောကြောင့်၊ 3
သင်၏အမျိုးအနွယ်သားစဉ် မြေးဆက်တို့ကို ငါပယ်ရှား၍၊ သင်၏အမျိုးကို နေဗတ်၏သား ယေရော ဗောင်၏ အမျိုးကဲ့သို့
ငါဖြစ်စေမည်။ 4 ဗာရှာ၏အမျိုးသားသည် မြို့ထဲမှာသေလျှင်၊ အသေကောင်ကို ခွေးစားလိမ့်မည်။ မြို့ပြင်မှာသေလျှင်
မိုဃ်းကောင်းကင်ငှက် စားလိမ့်မည် ဟုမိန့်တော်မူ၏။ 5 ဗာရှာပြုမူသော အမှုအရာကြွင်းသမျှတို့နှင့် သူ၏တန်ခိုးကြီးခြင်းအရာသည်
ဣသရေလရာဇဝင်၌ ရေးထားလျက်ရှိ၏။ 6 ဗာရှာသည် ဘိုးဘေးတို့နှင့် အိပ်ပျော်၍ တိရဇမြို့၌ သင်္ဂြိုဟ်ခြင်းကို ခံလေ၏။
သားတော်ဧလာသည် ခမည်းတော်အရာ၌ နန်းထိုင်၏။ 7 ဗာရှာသည် ယေရောဗောင်အမျိုးနှင့်တူ၍ ထိုအမျိုးကို လုပ်ကြံသောအပြစ်၊
မိမိပြုမူသောအားဖြင့်၊ ထာဝရဘုရား၏အမျက်တော်ကို နှိုးဆော်၍၊ ရှေ့တော်၌ ပြစ်မှားသမျှသော အပြစ်ကြောင့် ထာဝရဘုရား၏
နှုတ် ကပတ်တော်သည် ဗာရှာကိုအကြောင်းပြု၍၊ ဟာနန်၏ သားယေဟုအားဖြင့် ရောက်လာသည်နှင့်အညီ၊ 8 ယုဒရှင်ဘုရင်အာသ
နန်းစံနှစ်ဆယ်ခြောက်နှစ်တွင်၊ ဗာရှာသားဧလာသည် တိရဇမြို့၌နေ၍ ဣသရေလ နိုင်ငံကို နှစ်နှစ်စိုးစံသည်ရှိသော်၊ 9
ရထားစီးသူရဲတဝက်ကိုအုပ်သောသူ၊ မိမိကျွန် ဇိမရိသည်သင်းဖွဲ့၍၊ ဧလာသည် တိရဇမြို့တွင် နန်းတော် အုပ်အာဇ၏
အိမ်၌ယစ်မူးအောင် သောက်လျက်နေစဉ် အခါ၊ 10 ဇိမရိသည်ဝင်၍ ယုဒရှင်ဘုရင် အာသနန်းစံ နှစ်ဆယ်ခုနစ်နှစ်တွင်၊ ဧလာကို
သေစေခြင်းငှါလုပ်ကြံ၍ နန်းထိုင်လေ၏။ 11 နန်းထိုင်စက၊ ဗာရှာအမျိုးသားအပေါင်းတို့ကိုသတ်၏။ ဗာရှာနှင့် ပေါက်ဘော်တော်သော
ယောကျာ်း၊ အဆွေဖွဲ့သော ယောကျာ်းတယောက်ကိုမျှမချန်မထား။ 12 ထာဝရဘုရားသည် ဗာရှာကို အကြောင်းပြု၍
ပရောဖက်ယေဟုအားဖြင့် မိန့်တော်မူသော စကားတော် နှင့်အညီ၊ ဇိမရိသည် ဗာရှာအမျိုးသားအပေါင်းတို့ကို ဖျက်ဆီး၏။ 13
အကြောင်းမူကား၊ ဗာရှာနှင့်သား ဧလာတို့သည် ကိုယ်တိုင်ပြစ်မှားသော အပြစ်နှင့် ဣသရေလ အမျိုးကိုလည်း ပြစ်မှားစေသော
အပြစ်အားဖြင့်၎င်း၊ မိစ္ဆာဒိဋ္ဌိအားဖြင့်၎င်း၊ ဣသရေလအမျိုး၏ ဘုရားသခင် ထာဝရဘုရား၏ အမျက်တော်ကို နှိုးဆော်သော
အကြောင်းတည်း။ 14 ဧလာပြုမူသော အမှုအရာကြွင်းသမျှတို့သည် ဣသရေလရာဇဝင်၌ရေးထားလျက် ရှိ၏။ 15
ယုဒရှင်ဘုရင်အာသနန်းစံနှစ်ဆယ် ခုနစ်နှစ် တွင်၊ ဇိမရိသည် တိရဇမြို့၌ ခုနစ်ရက်စိုးစံ၏။ 16 ထိုသို့ ဇိမရိသည် သင်းဖွဲ့၍ ရှင်ဘုရင်ကို
သတ်သည်ဟု ဖိလိတ္တိပြည်ဂိဗေသုန်မြို့ရှေ့မှာ တပ်ချသော သူအပေါင်းတို့သည် သိတင်းကြားလျှင်၊ ထိုနေ့ခြင်းတွင်
ဗိုလ်ချုပ်မင်းဩမရိကို ဣသရေလရှင်ဘုရင်အရာ၌ တပ်ထဲမှာ ချီးမြှောက်ကြ၏။ 17 ဩမရိသည် ဣသရေလအမျိုးသားအပေါင်းတို့
နှင့်တကွ ဂိဗေသုန်မြို့မှထွက်၍၊ တိရဇမြို့ကို ဝိုင်းထား ကြ၏။ 18 မြို့ကိုတိုက်၍ ရမည်ဟုဇိမရိသည် သိသောအခါ၊
နန်းတော်ထဲသို့ဝင်၍ မိမိအပေါ်မှာ နန်းတော်ကို မီးရှို့ သဖြင့် ကိုယ်တိုင်သေလေ၏။ 19 အကြောင်းမူကား၊
ယေရောဗောင်လိုက်သောလမ်း၊ ဣသရေလအမျိုးကို ပြစ်မှားစေသော လမ်းသို့ လိုက်၍ ထာဝရဘုရားရှေ့တော်၌ ဒုစရိုက်ကို ပြုသော
အကြောင်းတည်း။ 20 ဇိမရိပြုမူသောအမှုအရာ ကြွင်းသမျှတို့နှင့် ပုန်ကန်ခြင်းအရာသည် ဣသရေလရာဇဝင်၌ ရေးထား လျက် ရှိ၏။
21 ထိုအခါ ပြည်သားတို့သည် ကွဲပြား၍၊ အချို့တို့သည် ဂိနတ်၏သားတိဗနိကို ရှင်ဘုရင်အရာ၌ ချီးမြှောက် ခြင်းငှါ သူ့နောက်သို့
လိုက်ကြ၏။ အချို့တို့သည် ဩမရိ နောက်သို့လိုက်ကြ၏။ 22 ဩမရိနောက်သို့လိုက်သော သူတို့သည် ဂိနတ်၏ သားတိဗနိနောက်သို့
လိုက်သောသူတို့ကို နိုင်သဖြင့်၊ တိဗနိသေ၍ ဩမရိသည် နန်းထိုင်လေ၏။ 23 ယုဒရှင်ဘုရင် အာသနန်းစံသုံးဆယ်တနှစ်တွင်၊
ဩမရိသည် နန်းထိုင်၍ ဣသရေလနိုင်ငံကို တဆယ်နှစ် နှစ်စိုးစံ၏။ တိရဇမြို့၌ ခြောက်နှစ်စိုးစံပြီးမှ၊ 24 ရှမာရိတောင်ကို
တောင်ရှင်ရှမေရ၌ ငွေအခွက် နှစ်ဆယ်နှင့် ဝယ်၍ တောင်ပေါ်မှာ မြို့ကိုတည်၏။ ထိုမြို့ ကို တောင်ရှင်ရှမေရအမည်ကို အစွဲပြုသဖြင့်၊
ရှမာရိမြို့ ဟူ၍ သမုတ်လေ၏။ 25 ဩမရိသည် ထာဝရဘုရားရှေ့တော်၌ ဒုစရိုက်ကို ပြုသဖြင့်၊ မိမိရှေ့မှာ ဖြစ်ဘူးသောသူအပေါင်း
ထက်သာ၍ ဆိုးညစ်၏။ 26 နေဗတ်၏သား ယေရောဗောင်လိုက်သောလမ်း၊ ဣသရေလအမျိုးသည် မိစ္ဆာဒိဋ္ဌိအားဖြင့် မိမိတို့ဘုရား
သခင် ထာဝရဘုရား၏အမျက်တော်ကို နှိုးဆော်၍၊ ပြစ်မှားစေသော ဒုစရိုက်အပြစ်လမ်းသို့ လိုက်လေ၏။ 27 ဩမရိပြုမူသော
အမှုအရာကြွင်းသမျှတို့နှင့် တန်ခိုးကြီးခြင်းအရာသည် ဣသရေလရာဇဝင်၌ ရေးထားလျက် ရှိ၏။ 28 ဩမရိသည်
ဘိုးဘေးတို့နှင့်အိပ်ပျော်၍၊ ရှမာရိမြို့၌ သင်္ဂြိုဟ်ခြင်းကို ခံလေ၏။ သားတော်အာဟပ်သည် ခမည်းတော်အရာ၌နန်းထိုင်၏။ 29
ယုဒရှင်ဘုရင်အာသနန်းစံ သုံးဆယ်ရှစ်နှစ်တွင်၊ ဩမရိသားအာဟပ်သည် ရှမာရိမြို့၌ ဣသရေလမင်း ပြု၍၊ ဣသရေလနိုင်ငံကို
နှစ်ဆယ်နှစ်နှစ် စိုးစံ၏။ 30 ဩမရိသားအာဟပ်သည် မိမိရှေ့မှာ ဖြစ်ဘူးသောသူအပေါင်းတို့ထက် ထာဝရဘုရားရှေ့တော်၌သာ၍
ဒုစရိုက်ကိုပြု၏။ 31 နေဗတ်၏သားယေရောဗောင်ပြုသော ဒုစရိုက် အပြစ်လမ်းသို့သာလိုက်လျှင်၊ သာမညအပြစ်ရောက်မည် ဟု
ထင်မှတ်လျက်၊ ဇိဒုန်မင်းကြီး ဧသဗာလသမီး ယေဇဗေလနှင့်စုံဘက်၍၊ ဗာလဘုရားကို ဝတ်ပြုကိုးကွယ်၏။ 32 ရှမာရိမြို့တွင်
ဗာလဘုရား၏ ဗိမာန်၌ ဗာလဘုရားအဘို့ ယဇ်ပလ္လင်ကိုတည်၏။ 33 အာရှရပင်ကိုလည်းပြုစု၍၊ မိမိရှေ့မှာ ဖြစ်ဘူးသော ဣသရေလ
ရှင်ဘုရင်အပေါင်းတို့ထက် ဣသရေလ အမျိုး၏ဘုရားသခင် ထာဝရဘုရား၏အမျက်တော်ကို နှိုးဆော်ခြင်းငှါ သာ၍ပြု၏။ 34
အာဟပ်လက်ထပ်၌ ဗေသလမြို့သားဟိေလသည် ယေရိခေါမြို့ကို တည်၏။ ထာဝရဘုရားသည် နုန်၏သားယောရှုအားဖြင့်


generated on Tue Jul 2 12:50:28 2024

မိန့်တော်မူသော စကားနှင့် အညီ၊ သားဦးအဘိရံလက်ထက်၌ မြို့ရိုးအမြစ်ကိုတည်၍၊ သားထွေး စေရပ်လက်ထက်၌ မြို့တံခါးတို့ကို ထောင်၏။

---

## Chapter 17

[1] ဂိလဒ်ပြည် တိရှဘိမြို့သားဧလိယက၊ ငါကိုးကွယ်သော ဣသရေလအမျိုး၏ ဘုရားသခင်ထာဝရ ဘုရား
အသက်ရှင်တော်မူသည်အတိုင်း၊ ငါ့အခွင့်မရှိဘဲ အင်တန်ကာလပတ်လုံးမိုဃ်းမရွာ၊ နှင်းမကျရဟု အာဟပ် မင်းအားမြွက်ဆို၏။ [2]
ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ဧလိယသို့ ရောက်လာသည်ကား၊ [3] သင်သည် ဤအရပ်မှ ထွက်သွားလော့။
အရှေ့သို့ပြောင်း၍ ယော်ဒန်မြစ်တဘက်၊ ခေရိတ်ချောင်းနားမှာ ပုန်းရှောင်၍နေလော့။ [4] ထိုချောင်းရေကို သောက်ရမည်။
ကျီးအတို့သည် သင့်ကို ကျွေးမွေးမည်အကြောင်း ငါမှာထားပြီဟု မိန့် တော်မူသည်အတိုင်း၊ [5] ဧလိယသည်သွား၍
ယော်ဒန်မြစ်တဘက်၊ ခေရိတ်ချောင်းနားမှာ နေလေ၏။ [6] ကျီးအတို့သည် နေ့တိုင်းနံနက်တခါ၊ ညဦးတခါ မုန့်နှင့်အမဲသားကို
ဆောင်ခဲ့ကြ၏။ ချောင်းရေကိုလည်း သောက်ရ၏။ [7] နောက်တဖန် မိုဃ်းမရွာသောကြောင့် ချောင်းရေခန်းခြောက်လေ၏။ [8] ထိုအခါ
ထာဝရဘုရား၏ နှုတ်ကပတ်တော် သည် ရောက်လာသည်ကား၊ [9] သင်ထလော့။ ဇိဒုန်ပြည်၊ ဇရတ္တမြို့သို့ သွား၍ နေလော့။ ထိုမြို့၌
နေသောမုတ်ဆိုးမတယောက်သည် သင့်ကို ကျွေးမွေးမည်အကြောင်း ငါမှာထားပြီဟု မိန့်တော်မူသည်အတိုင်း၊ [10] ဧလိယသည်ထ၍
ဇရတ္တမြို့သို့သွား၏။ မြို့တံခါး သို့ရောက်သောအခါ၊ မုတ်ဆိုးမသည် ထင်းခွေလျက်ရှိ၏။ ဧလိယက၊ ငါသောက်စရာ
ရေအနည်းငယ်ကို ခွက်နှင့် ယူခဲ့ပါလော့ဟု ဟစ်၍ဆို၏။ [11] မိန်းမသည်ရေကိုယူခြင်းငှါ သွားစဉ်တွင်၊ တဖန်ဟစ်၍ မုန့်တဖဲ့ကိုလည်း
သင့်လက်၌ ယူခဲ့ပါလော့ဟု ဆိုပြန်လျှင်၊ [12] မိန်းမက၊ သင်၏ဘုရားသခင် ထာဝရဘုရား အသက်ရှင်တော်မူသည်အတိုင်း၊
မုန့်ပြားတပြားမျှမရှိ။ အိုးထဲမှာ မုန့်ညက်တလက်ဆုပ်၊ ဘူး၌ ဆီအနည်းငယ်သာရှိ၏။ ကျွန်မနှင့်သားငယ်အဘို့ဖုတ်၍ စားလိုသော
ငှါဒင်း၊ စားပြီးမှ သေလိုသောငှါဒင်း၊ ထင်းစနှစ်ခုကို ယခုခွေပါ၏ဟု ပြန်ပြော၏။ [13] ဧလိယကလည်းမစိုးရိမ်နှင့်။
သင်ဆိုသည်အတိုင်းသွား၍ ပြုလော့။ သို့ရာတွင် ငါ့အဘို့ မုန့်ပြားငယ် တပြားကို အရင်လုပ်၍ ယူခဲ့လော့။ နောက်မှ သင်နှင့်
သင်၏သားငယ်အဘို့လုပ်လော့။ [14] ဣသရေလအမျိုး၏ ဘုရားသခင်ထာဝရဘုရားမိန့်တော်မူသည်ကား၊ ထာဝရဘုရားသည်
မြေပေါ်မှာ မိုဃ်းရွာစေတော်မမူမှီတိုင်အောင်၊ အိုး၌ရှိသောမုန့်ညက်မကုန်။ ဘူး၌ရှိသော ဆီမလျော့ရဟု မိန့်တော်မူကြောင်း ကို
ဆင့်ဆို၏။ [15] ထိုမုတ်ဆိုးမသည်သွား၍ ဧလိယစကားအတိုင်း ပြုသဖြင့်၊ ဧလိယနှင့်တကွ ကိုယ်တိုင်မှစ၍၊ အိမ်သားတို့ သည်
အင်တန်ကာလပတ်လုံး စားရကြ၏။ [16] ထာဝရဘုရားသည် ဧလိယအားဖြင့် မိန့်တော် မူသောစကားအတိုင်း၊ အိုး၌ရှိသော
မုန့်ညက်မကုန်၊ ဘူး၌ရှိသော ဆီမလျော့။ [17] ထိုနောက်မှ အိမ်ရှင်မ၏သားသည် ပြင်းပြစွာ သော အနာရောဂါစွဲသောကြောင့်
အသက်ချုပ်၏။ [18] မိန်းမကလည်း၊ အို ဘုရားသခင်၏လူ၊ ကိုယ် တော်သည် ကျွန်မနှင့် အဘယ်သို့ဆိုင်သနည်း။ ကျွန်မ အပြစ်တို့ကို
အောက်မေ့စေ၍၊ ကျွန်မသားကို သတ်အံ့ သောငှါ ကျွန်မဆီသို့ ကြွလာတော်မူသလောဟု ဧလိယ အားဆိုသော်၊ [19]
သင်၏သားကိုငါ့အားပေးလော့ဟုဆိုလျက်၊ မိန်းမရင်ခွင်ထဲက ယူ၍မိမိနေရာအထက်အခန်းသို့ ဆောင် သွားသဖြင့်၊ မိမိအိပ်ရာပေါ်မှာ
ထားပြီးလျှင်၊ [20] အကျွန်ုပ်၏ ဘုရားသခင် ထာဝရဘုရား၊ အကျွန်ုပ်တည်းခိုသော ဤမုတ်ဆိုးမ၌ ဘေးဥပဒ်ပြု၍၊ သူ၏သားကို
သေစေတော်မူမည်လောဟု ထာဝရဘုရား ကို ကြွေးကြော်လေ၏။ [21] တဖန်သူငယ်အပေါ်မှာ မိမိကိုယ်ကို သုံးကြိမ် လှန်လျက်၊
အကျွန်ုပ်၏ဘုရားသခင် ထာဝရဘုရား၊ ဤသူငယ်၏ဝိညာဉ်ကို တဖန် ဝင်စေတော်မူပါဟု ထာဝရ ဘုရားကို ကြွေးကြော်ပြန်၏။ [22]
ဧလိယ စကားကို ထာဝရဘုရားကြားတော်မူ၍၊ သူငယ်၏ ဝိညာဉ်သည်ဝင်သဖြင့်၊ သူသည် အသက် ရှင်ပြန်၏။ [23] ဧလိယသည်
သူငယ်ကိုအထက်အခန်းမှ အောက် သို့ယူသွား၍ ကြည့်လော့။ သင်၏သားအသက်ရှင်ပြီဟု ဆိုလျက်အမိ၌အပ်လေ၏။ [24]
မိန်းမကလည်း၊ ဤအမှုကိုထောက်၍ ကိုယ်တော်သည် ဘုရားသခင်၏ လူဖြစ်ကြောင်းကိုဒင်း၊ ကိုယ်တော်ဆင့်ဆိုသော
ထာဝရဘုရား၏ စကားတော် ဟုတ်မှန်ကြောင်းကိုဒင်း၊ ကျွန်မသိပါသည်ဟု ဧလိယ အား ဆို၏။


generated on Tue Jul 2 12:50:28 2024

## Chapter 18

1 ကာလအင်တန်ကြာ၍ သုံးနှစ်စေ့သောအခါ၊ ဧလိယသို့ရောက်လာသော ထာဝရဘုရား၏ နှုတ်ကပတ် တော်က၊ သင်သည်
အာဟပ်မင်းအားသွား၍ ကိုယ်ကို ပြလော့။ ငါသည်လည်း မြေပေါ်မှာ မိုဃ်းရွာစေမည်ဟု မိန့်တော်မူသည်အတိုင်း၊ 2 ဧလိယသည်
အာဟပ်မင်းအား ကိုယ်ကိုပြအံ့ သောငှါသွား၏။ ထိုအခါ ရှမာရိမြို့၌ပြင်းစွာသော အစာအာဟာရခေါင်းပါးခြင်းဘေးရှိ၍၊ 3
အာဟပ်မင်းသည် နန်းတော်အုပ်သြဗဒိကိုခေါ်၏။ ထိုသြဗဒိသည် ထာဝရဘုရားကို အလွန် ရိုသေသောသူ ဖြစ်၏။ 4 ယေဇဗေလသည်
ထာဝရဘုရား၏ပရောဖက်တို့ကိုပယ်ဖြတ်သောအခါ၊ သြဗဒိသည် ပရောဖက်တရာကို မြေတွင်းထဲမှာ ငါးဆယ်စီဝှက်ထားပြီးလျှင်၊
မုန့်နှင့်ရေကိုပေး၍ ကျွေးလေ၏။ 5 အာဟပ်ကလည်း၊ တပြည်လုံးသို့လှည့်လည်၍ စမ်းရေတွင်းများ၊ ချောင်းများရှိရာအရပ်ရပ်သို့
သွားလော့။ တိရစ္ဆာန်အပေါင်းတို့သည် မသေ၊ မြင်းနှင့်လားတို့သည် အသက်လွတ်မည်အကြောင်း၊ မြက်ပင်ကို
တွေ့ကောင်းတွေ့လိမ့်မည်ဟု သြဗဒိအားဆိုလျက်၊ 6 သူတို့သည် တပြည်လုံးကို နှံ့ပြားအောင် ဝေဖန်၍၊ အာဟပ်နှင့် သြဗဒိသည်
လမ်းတခြားစီ ထွက်သွား ကြ၏။ 7 သြဗဒိသည်သွားစဉ်အခါ၊ ဧလိယသည် ဆီး၍ကြို၏။ သြဗဒိသည် ဧလိယကိုသိ၍ ပြပ်ဝပ်လျက်၊
ကိုယ်တော်သည် အကျွန်ုပ်သခင် ဧလိယမှန်ပါသလောဟု မေးလျှင်၊ 8 ဧလိယက ငါမှန်၏။ ဧလိယသည် ဤမည်သောအရပ်၌ရှိပါ၏ဟု
သင့်သခင်ထံသို့သွား၍ လျှောက်လော့ ဟု ပြောဆိုသော်၊ 9 သြဗဒိကလည်း၊ ကိုယ်တော်ကျွန်၏ အသက်ကို သတ်စေခြင်းငှါ အာဟပ်၌
အပ်ရမည်အကြောင်း၊ ကိုယ် တော်ကျွန်သည် အဘယ်သို့ ပြစ်မှားဘိသနည်း။ 10 ကိုယ်တော်၏ ဘုရားသခင် ထာဝရဘုရား
အသက်ရှင်တော်မူသည်အတိုင်း၊ ကိုယ်တော်ကို ရှာစေ ခြင်းငှါ အကျွန်ုပ်သခင်မစေလွှတ်သော တိုင်းနိုင်ငံတခုမျှ မရှိပါ။
တကျွန်းတနိုင်ငံသားက၊ ဧလိယမရှိပါဟု လျှောက်သောအခါ၊ ကိုယ်တော်ကို ရှာ၍မတွေ့နိုင်ဟု ထိုတိုင်းနိုင်ငံသားတို့သည်
အကျိန်ကိုခံရကြပါ၏။ 11 ယခုမူကား၊ ဧလိယသည် ဤမည်သောအရပ်၌ ရှိပါ၏ဟု သင့်သခင်ထံသို့သွား၍ လျှောက်လော့ဟု မိန့်
တော်မူပါသည်တကား။ 12 အကျွန်ုပ်သည် ကိုယ်တော်ထံမှ ထွက်သွား၍ အာဟပ်မင်းထံမှာ လျှောက်စဉ်တွင်၊ ထာဝရဘုရား၏
ဝိညာဉ်တော်သည် အကျွန်ုပ်မသိသောအရပ်သို့ ကိုယ်တော်ကို ဆောင်သွားတော်မူလျှင်၊ အာဟပ်မင်းသည် ကိုယ်တော်ကို
မတွေ့နိုင်သောအခါ အကျွန်ုပ်ကို သတ်ပါလိမ့်မည်။ ကိုယ်တော်ကျွန်မူကား၊ အသက်ငယ်စဉ်ကာလ မှစ၍ ထာဝရဘုရားကို ရိုသေပါပြီ။
13 ယေဇဗေလသည် ထာဝရဘုရား၏ ပရောဖက် တို့ကို သတ်သောအခါ၊ အကျွန်ုပ်ပြုသောအမှုတည်း ဟူသော
ထာဝရဘုရား၏ပရောဖက်တရာကို မြေတွင်းထဲမှာ ငါးဆယ်စီ ဝှက်ထားပြီးလျှင်၊ မုန့်နှင့်ရေကိုပေး၍ ကျွေးကြောင်းကို
အကျွန်ုပ်သခင်ကြားတော်မမူသလော။ 14 ယခုမူကား၊ ဧလိယသည် ဤမည်သောအရပ်၌ ရှိပါ၏ဟု သင့်သခင်ထံသို့သွား၍
လျှောက်လော့ဟု ကိုယ်တော်မိန့်တော်မူသည်ဖြစ်၍၊ အာဟပ်သည် အကျွန်ုပ်ကို သတ်ပါလိမ့်မည်ဟု ပြန်ဆို၏။ 15 ဧလိယကလည်း၊
ငါကိုးကွယ်သော ကောင်းကင် ဗိုလ်ခြေအရှင် ထာဝရဘုရားအသက် ရှင်တော်မူသည် အတိုင်း၊ ငါသည် ယနေ့အာဟပ်မင်းအား ကိုယ်ကို
အမှန်ပြမည်ဟု ဆိုပြန်သော်၊ 16 သြဗဒိသည် အာဟပ်မင်းထံသို့သွား၍ လျှောက်သဖြင့်၊ အာဟပ်သည် ဧလိယကို ကြိုဆိုအံ့သောငှါ
သွား၍၊ 17 တွေ့မြင်သောအခါ၊ သင်သည် ဣသရေလ အမျိုးကို နှောင့်ရှက်သောသူမှန်သလောဟု မေးလျှင်၊ 18 ဧလိယက၊
ငါသည်ဣသရေလအမျိုးကို မနှောင့်ရှက်၊ သင်နှင့် သင့်အဆွေအမျိုးတို့သည် ထာဝရဘုရား၏ ပညတ်တရားကိုစွန့်၍
ဗာလဘုရားတို့ကိုဆည်းကပ်သဖြင့်၊ ဣသရေလအမျိုးကို နှောင့်ရှက်ကြပြီ။ 19 သို့ရာတွင်လူကို ယခုစေလွှတ်၍ ဣသရေလ
အမျိုးသားအပေါင်းတို့ကိုင်၊ ဗာလပရောဖက်လေးရာ ငါးဆယ်ကိုင်၊ ယေဇဗေလစားပွဲ၌
စားသောအာရှရပရောဖက်လေးရာကိုင်၊ ကရမေလတောင်၊ ငါ့ထံသို့ စုဝေးစေလော့ဟုဆိုသည်အတိုင်း၊ 20 အာဟပ်သည်
ဣသရေလအမျိုးသားအပေါင်း တို့ရှိရာသို့ စေလွှတ်၍၊ ပရောဖက်တို့ကို ရမေလတောင် ပေါ်မှ စုဝေးစေ၏။ 21 ဧလိယသည်
လူများရှိရာသို့ လာ၍၊ သင်တို့ သည် ဘာသာနှစ်ပါးစပ်ကြားမှာ အဘယ်မျှကာလ ပတ်လုံး ယုံမှားသောစိတ်နှင့် နေကြလိမ့်မည်နည်း။
ထာဝရဘုရားသည် ဘုရားသခင်မှန်လျှင် ထိုဘုရားကို ဆည်းကပ်ကြလော့။ ဗာလသည် ဘုရားသခင်မှန်လျှင် ထိုဘုရားကို
ဆည်းကပ်ကြလော့ဟုဆိုလျှင်၊ လူများတို့ သည် တိတ်ဆိတ်စွာ နေကြ၏။ 22 တဖန် ဧလိယက၊ ထာဝရဘုရား၏ ပရောဖက်ကား
ငါတယောက်တည်း ကျန်ရစ်၏။ ဗာလ၏ပရော ဖက်ကား လေးရာငါးဆယ် ရှိကြ၏။ 23 နွားနှစ်ကောင်ကို ပေးကြလော့။ သူတို့သည်
တကောင်ကိုရွေး၍ အပိုင်းပိုင်းဖြတ်ပြီးလျှင် ထင်းပေါ်မှာ တင်ပါလေစေ။ မီးမထည့်စေနှင့်။ ငါလည်း နွားတကောင်ကို
လုပ်၍ထင်းပေါ်မှာ တင်မည်။ မီးကိုမထည့်။ 24 သင်တို့သည် သင်တို့ဘုရားများ၏ နာမကို ဟစ်ခေါ်ကြလော့။ ငါလည်း
ထာဝရဘုရား၏ နာမတော် ကို ဟစ်ခေါ်မည်။ မီးဖြင့် ထူးတော်မူသောဘုရားသည် ဘုရားသခင်မှန်ပါစေဟု လူများတို့အား
ပြောဆိုလျှင်၊ လူအပေါင်းတို့က၊ ဧလိယ၏စကားသည် လျောက်ပတ်ပေသည်ဟု ဆိုကြ၏။ 25 တဖန်ဧလိယက၊ သင်တို့သည်
များသောကြောင့် နွားတကောင်ကို အရင်ရွေး၍ လုပ်ကြလော့။ မီးမထည့်ဘဲ သင်တို့ဘုရားများ၏နာမကို ဟစ်ခေါ်ကြလော့ဟု
ဗာလ၏ပရောဖက်တို့အားဆိုသည်အတိုင်း၊ 26 သူတို့သည် လူများပေးသော နွားကိုယူ၍ လုပ်ပြီးလျှင်၊ အိုဗာလဘုရား၊
အကျွန်ုပ်တို့အား ထူးတော်မူပါဟု နံနက်အချိန်မှစ၍ မွန်းတည့်အချိန်တိုင်အောင် ဗာလ၏ နာမကို ဟစ်ခေါ်ကြ၏။ သို့ရာတွင်
ဗျာဒိတ်သံမရှိ။ ထူးသောသူလည်းမရှိ။ သူတို့သည် ကိုယ်တည်သော ယဇ်ပလ္လင်ရှေ့မှာ ကခုန်ကြ၏။ သို့ရာတွင် ဗျာဒိတ်သံမရှိ။
ထူးသောသူလည်းမရှိ။ သူတို့သည် ကိုယ်တည်သော ယဇ်ပလ္လင်ရှေ့မှာ ကခုန်ကြ၏။ 27 မွန်းတည့်အချိန်၌ ဧလိယက၊ ကျယ်သောအသံ
နှင့် ဟစ်ကြလော့၊ ဗာလသည် ဘုရားဖြစ်တော်မူ၏။ ဆင်ခြင်လျက် နေတော်မူ၏။ သို့မဟုတ် တစုံတခုကို လိုက်၍ရှာတော်မူ၏။


generated on Tue Jul 2 12:50:28 2024

သို့မဟုတ် ခရီးသွားတော်မူ၏။ သို့မဟုတ် ကျိန်းစက်တော်မူသောကြောင့်၊ တစုံတယောက် သောသူသည် နှိုးရမည်ဟု
ပြက်ယယ်ပြု၍ဆို၏။ [28] သူတို့သည်လည်း ကျယ်သောအသံနှင့် ဟစ်၍ ထုံးစံရှိသည်အတိုင်း၊ ကိုယ်အသွေးနှင့် ကိုယ်ကိုလူးခြင်းငှါ
ထား၊ သံစူးနှင့်ကိုယ်ကို ရှစေကြ၏။ [29] မွန်းလွဲ၍ ညဦးယံယဇ်ပူဇော်ချိန်တိုင်အောင် ပရောဖက်ပြုကြသော်လည်း၊ ဗျာဒိတ်သံမရှိ။
ထူးသောသူ၊ အမှုထားသောသူလည်း မရှိသောအခါ၊ [30] ဧလိယက၊ ငါ့အနီးသို့လာကြလော့ဟု လူများတို့ကိုခေါ်သည်အတိုင်း၊
လူအပေါင်းတို့သည် အနီးသို့လာကြ၏။ ထိုအခါဧလိယသည် ပြိုပျက်သော ထာဝရဘုရား၏ယဇ်ပလ္လင်ကို ရှင်းလင်းပြီးမှ၊ [31]
သင်၏အမည်ကား ဣသရေလဖြစ်ရမည်ဟူသော ထာဝရဘုရား၏ဗျာဒိတ်တော်ကိုခံရသော ယာကုပ်သား အမျိုးအနွယ်
အရေအတွက်အတိုင်း၊ ကျောက်တဆယ်နှစ်လုံးကိုယူ၍၊ [32] ထာဝရဘုရား၏ နာမတော်အဘို့ ယဇ်ပလ္လင်ကို တည်ပြီးမှ၊
မျိုးစေ့နှစ်တင်းလောက်ဝင်နိုင်သော ကျုံးကို ယဇ်ပလ္လင်ပတ်လည်၌ တူးလေ၏။ [33] ထင်းကိုစီ၍နွားကိုလည်း အပိုင်းပိုင်းဖြတ်ပြီးလျှင်
ထင်းပေါ်မှာ တင်လေ၏။ [34] အိုးလေးလုံးကိုရေနှင့် အပြည့်ထည့်၍၊ မီးရှို့စရာ ယဇ်နှင့်ထင်းပေါ်မှာလောင်းကြလော့ဟု ဆိုသည်အတိုင်း
သူတို့သည် လောင်းပြီးမှ၊ တဖန်လောင်းကြဦးလော့ဟု ဆိုသည်အတိုင်း သူတို့သည်လောင်းပြီးမှ၊ သုံးကြိမ် တိုင်အောင်
လောင်းကြလော့ဟုဆိုသည်အတိုင်း၊ သူတို့သည် သုံးကြိမ်တိုင်အောင် လောင်းကြ၏။ [35] ရေသည် ယဇ်ပလ္လင်ပတ်လည်၌
စီး၍ကျုံးသည်လည်း ရေနှင့်ပြည့် လေ၏။ [36] ညဦးယံ ယဇ်ပူဇော်ချိန်ရောက်သောအခါ၊ ပရောဖက်ဧလိယသည် ချဉ်းလာ၍၊ အာဗြဟံ၊
ဣဇာက်၊ ဣသရေလတို့၏ဘုရားသခင် ထာဝရဘုရား၊ ကိုယ်တော်သည် ဣသရေလအမျိုး၏ဘုရားသခင် ဖြစ်တော်မူ ကြောင်းကိုငင်း၊
အကျွန်ုပ်သည် ကိုယ်တော်ကျွန်ဖြစ်၍ အမိန့်တော်အတိုင်း ဤအမှုအလုံးစုံတို့ကို ပြုကြောင်းကို ငင်း၊ ယနေ့သိကြပါစေသော။ [37]
အိုထာဝရဘုရား၊ ကိုယ်တော်သည် ထာဝရအရှင်ဘုရားသခင်ဖြစ်တော်မူကြောင်းကိုငင်း၊ ဤလူတို့ စိတ်သဘောကို
ပြောင်းလဲစေတော်မူကြောင်းကိုငင်း၊ သူတို့သည် သိစေခြင်းငှါ အကျွန်ုပ်စကားကိုနားထောင် တော်မူပါ။ နားထောင်တော်မူပါဟု
ဆုတောင်းလေ၏။ [38] ထိုအခါ ထာဝရဘုရား၏မီးသည် ကျသဖြင့်၊ မီးရှို့ရာယဇ်အစရှိသော ထင်း၊ ကျောက်၊ မြေမှုန့်ကို
လောင်၍ကျုံး၌ရှိသော ရေကိုလည်း ခန်းခြောက်စေ၏။ [39] လူအပေါင်းတို့သည် မြင်လျှင် ပြပ်ဝပ်၍၊ ထာဝရဘုရားသည်
ဘုရားသခင်ဖြစ်တော်မူ၏။ ထာဝရဘုရား သည် ဘုရားသခင်ဖြစ်တော်မူ၏ဟု ဝန်ခံကြ၏။ [40] ဧလိယကလည်း၊
ဗာလ၏ပရောဖက်တို့ကို ဘမ်းဆီးကြလော့။ တယောက်ကိုမျှ မလွတ်စေနှင့်ဟုစီရင် သည်အတိုင်း၊ သူတို့ကို ဘမ်းဆီး၍ ဧလိယသည်
ကိရှုန်ချောင်းသို့ ယူသွားပြီးလျှင် ကွပ်မျက်လေ၏။ [41] ထိုနောက်မှ ဧလိယက၊ မင်းကြီးသည် စား သောက်ခြင်းငှါ တက်သွားပါလော့။
များစွာသော မိုဃ်းရွာ မည့်အသံရှိသည်ဟု အာဟပ်အား ပြောဆိုလျှင်၊ [42] အာဟပ်သည်စားသောက်ခြင်းငှါ တက်သွား၏။ ဧလိယသည်
ကရမေလတောင်ပေါ်သို့ တက်၍၊ မြေ၌ ပြပ်ဝပ်လျက်မျက်နှာကို ဒူးကြားမှာ ထားလျက်၊ [43] မိမိကျွန်အားသင်တက်၍ ပင်လယ်သို့
ကြည့်ရှုလော့ဟုဆိုသည်အတိုင်း၊ ကျွန်သည်တက်၍ ကြည့်ရှုလျှင်၊ အဘယ်အရာမျှ မရှိပါဟု ပြောဆို၏။ ဧလိယက၊ ခုနစ်
ကြိမ်တိုင်အောင်သွား၍ ကြည့်ရှုဦးလော့ဟု ဆို၏။ [44] ခုနစ်ကြိမ်မြောက်သောအခါ၊ လူလက်နှင့် တူသော မိုဃ်းတိမ်ငယ်တခုသည်
ပင်လယ်ထဲက တက်ပါ ၏ဟုဆိုသော်၊ အာဟပ်မင်းထံသို့ သွားလော့။ မိုဃ်းရွာ၍ ဆီးတားမည်ကိုစိုးရိမ်စရာရှိသောကြောင့်၊ မင်းကြီး
ပြင်ဆင်၍ ပြန်သွားမည်အကြောင်း လျှောက်ထားလော့ ဟု မှာလိုက်လေ၏။ [45] မကြာမမြင့်မှီ မိုဃ်းကောင်းကင်သည်
မိုဃ်းသက်မုန်တိုင်းနှင့် မည်း၍ ပြင်းစွာမိုဃ်းရွာ၏။ အာဟပ် သည် ရထားစီး၍ ယေဇရေလမြို့သို့ သွား၏။ [46]
ထာဝရဘုရား၏လက်တော်သည် ဧလိယအပေါ်မှာရှိ၍၊ သူသည် ခါးပန်းကိုစည်းလျက် အာဟပ်မင်း အရင် ယေဇရေလမြို့ တံခါးဝသို့
ပြေးလေ၏။

## Chapter 19

1 ဧလိယပြုသော အမှုနှင့် ပရောဖက်အပေါင်းတို့ကို ထားနှင့် ကွပ်မျက်သောအမှုကို၊ အာဟပ်သည် ယေဇဗေလအား
အကုန်အစင်ကြားပြော၏။ 2 ယေဇဗေလက၊ နက်ဖြန်နေ့ယခုအချိန်ရောက်မှ၊ သင့်အသက်သည် ထိုပရောဖက်တို့၏ အသက်ကဲ့သို့
ငါမဖြစ်စေလျှင်၊ ဘုရားတို့သည် ငါ၌ထိုမျှမကပြုပါစေ သောဟု တမန်ကို ဧလိယထံသို့စေလွှတ်၍ ကြား လိုက်၏။ 3 ထိုအခါ
ဧလိယသည်ကြောက်သဖြင့်၊ ထ၍ အသက်လွတ်အောင် ယုဒခရိုင် ဗေရရှေဘမြို့သို့သွား၏။ ထိုမြို့၌ ကျွန်ကို ထားခဲ့၍၊ 4
သူ့ကိုယ်တိုင်သည် တောသို့ တနေ့ခရီးသွားပြီးလျှင်၊ ရသမ်ပင်အောက်သို့ရောက်၍ ထိုင်လေ၏။ ထိုအခါကိုယ်အသက်
သေရမည်အကြောင်း ဆုတောင်းလျက်၊ အိုထာဝရဘုရား၊ ယခုတန်ပါ၏။ အကျွန်ုပ် အသက်ကို သိမ်းယူတော်မူပါ။ အကျွန်ုပ်သည်
ဘိုးဘေးတို့ ထက်သာ၍ မကောင်းပါဟု မြည်တမ်းပြီးလျှင်၊ 5 ရသမ်ပင်အောက်မှာ အိပ်ပျော်၏။ ထိုအခါ ကောင်းကင်တမန်က၊
ထ၍စားလော့ဟု သူ့ကို တို့လျက် ဆို၏။ 6 ဧလိယသည် မျှော်ကြည့်သောအခါ၊ မီးနှင့်ဖုတ်သော မုန့်ပြားနှင့် ခေါင်းရင်း၌
ရေဘူးရှိသည်ကို မြင်၍ စားသောက်ပြီးမှ တဖန်အိပ်ပျော်၏။ 7 ထာဝရဘုရား၏ ကောင်းကင်တမန်သည် ဒုတိယအကြိမ်လာ၍
သူ့ကိုတို့လျက်၊ သွားရမည့်ခရီးသည် အလွန်ဝေးသောကြောင့်၊ ထ၍စားဦးလော့ဟုဆိုသည် အတိုင်း၊ 8 ဧလိယသည်ထ၍
စားသောက်ပြန်၏။ ထိုအစာအာဟာရကို အမှီပြုလျက်၊ အရက်လေးဆယ်ခရီးသွား၍ ဘုရားသခင်နှင့်ဆိုင်သော ဟောရပ်တောင်သို့
ရောက် သဖြင့်၊ 9 ဥမင်ထဲသို့ဝင်၍ နေ၏။ ထာဝရဘုရား၏ နှုတ်ကပတ်တော် ရောက်လာသည်ကား၊ ဧလိယ၊ သင်သည် ဤအရပ်၌
အဘယ်သို့ပြုလျက်နေသနည်းဟု မေးတော်မူ၏။ 10 ဧလိယကလည်း၊ အကျွန်ုပ်သည် ကောင်းကင် ဗိုလ်ခြေအရှင်
ဘုရားသခင်ထာဝရဘုရားဘက်၌ အလွန် စိတ်အားကြီးပါပြီ။ အကြောင်းမူကား၊ ဣသရေလအမျိုးသားတို့သည်
ကိုယ်တော်၏ပဋိညာဉ်တရားကို စွန့်ပြီးလျှင်၊ ကိုယ်တော်၏ယဇ်ပလ္လင်များကို ဖြိုဖျက်၍ ကိုယ်တော်၏ပရောဖက်များကို
ထားနှင့်သတ်ကြပါပြီ။ အကျွန်ုပ်တယောက်တည်း ကျန်ရစ်၍၊ အကျွန်ုပ်တယောက်တည်းကျန်ရစ်၍၊ အကျွန်ုပ်အသက်ကို
ပင်သတ်ခြင်းငှါ ရှာကြပါသည်ဟု လျှောက်လေ၏။ 11 နှုတ်ကပတ်တော်ကလည်း ထွက်လော့။ ထာဝရဘုရား
ရှေ့တောင်ပေါ်မှာရပ်နေလော့။ ထာဝရဘုရား ရှောက်သွားမည်ဟုမိန့်တော်မူ၏။ ထိုအခါ အားကြီးသော လေပြင်းသည်
တောင်ထိပ်တို့ကိုခွဲ၍၊ ထာဝရဘုရားရှေ့တော်၌ ကျောက်တို့ကိုချိုးဖဲ့၏။ သို့ရာတွင်ထာဝရဘုရားသည် လေ၌ရှိတော်မမူ။
လေနောက်မှာ မြေလှုပ်ခြင်းရှိ၏။ သို့ရာတွင် ထာဝရဘုရား သည် မြေလှုပ်ရှားခြင်း၌လည်းရှိတော်မမူ။ 12
မြေလှုပ်ခြင်းနောက်မှာမီးရှိ၏။ သို့ရာတွင် ထာဝရဘုရားသည် မီး၌လည်းရှိတော်မမူ။ မီးနောက်မှာ ဖြည်းညှင်းသော အသံရှိ၏။ 13
ထိုအသံကို ဧလိယသည်ကြားလျှင်၊ မျက်နှာကို ဝတ်လုံနှင့် ဖုံးအုပ်လျက် ထွက်၍ဥမင်ဝ၌ရပ်နေ၏။ ထိုအခါ ဧလိယ၊
သင်သည်ဤအရပ်၌ အဘယ်သို့ပြုလျက် နေသနည်းဟု အသံလာ၏။ 14 ဧလိယကလည်း၊ အကျွန်ုပ်သည် ကောင်းကင် ဗိုလ်ခြေအရှင်
ဘုရားသခင်ထာဝရဘုရားဘက်၌ အလွန် စိတ်အားကြီးပါပြီ။ အကြောင်းမူကား၊ ဣသရေလအမျိုးသားတို့သည်
ကိုယ်တော်၏ပဋိညာဉ်တရားကို စွန့်ပြီးလျှင်၊ ကိုယ်တော်၏ယဇ်ပလ္လင်များကို ဖြိုဖျက်၍၊ ကိုယ်တော်၏ ပရောဖက် များကို
ထားနှင့်သတ်ကြပါပြီ။ အကျွန်ုပ်တယောက် တည်းကျန်ရစ်၍၊ အကျွန်ုပ်အသက်ကိုပင် သတ်ခြင်းငှါ ရှာကြပါသည်ဟု
လျှောက်လေသော်၊ 15 ထာဝရဘုရားက၊ ဒမာသက်တောသို့ ပြန်၍ ခရီးသွားလော့။ ရောက်သောအခါ ဟာဇေလကို ရှုရိရှင်ဘုရင်အရာ၌
ခန့်ထား၍ ဘိသိက်ပေးလော့။ 16 နိမ်ရှိသား ယေဟုကို ဣသရေလရှင်ဘုရင်အရာ၌ ခန့်ထား၍ ဘိသိက်ပေးလော့။ အာဗေလ
မဟောလမြို့နေ၊ ရှာဖတ်သားဧလိရှဲကို သင့်ကိုယ်စား ပရောဖက်အရာ၌ ခန့်ထား၍ ဘိသိက်ပေးလော့။ 17 သို့ဖြစ်၍
ဟာဇေလထားနှင့်လွတ်သောသူကို ယေဟုသတ်လိမ့်မည်။ ယေဟုထားနှင့်လွတ်သောသူကို ဧလိရှဲသတ်လိမ့်မည်။ 18 သို့ရာတွင်
ဗာလရှေ့၌ ဒူးထောက်ခြင်း၊ နမ်းခြင်း ကို မပြုသောသူအပေါင်းတည်းဟူသော ဣသရေလ အမျိုးသားခုနစ်ထောင်တို့ကို ငါ့အဘို့
ငါကျန်ကြွင်းစေပြီ ဟု မိန့်တော်မူ၏။ 19 ထိုအရပ်မှ ဧလိယသည် သွားပြီးလျှင်၊ နွား ငါးယှဉ်းနှင့်လယ်ထွန်လျက်၊ နောက်ဆုံးနွားယှဉ်း၌
ကိုယ်တိုင်လိုက်သော ရှာဖတ်သားဧလိရှဲကို တွေ့၍အနား၌ ရှောက်စဉ်တွင်၊ မိမိဝတ်လုံကို သူ့အပေါ်မှာ တင်လေ၏။ 20 ဧလိရှဲသည်
နွားတို့ကို ပစ်ထား၍ ဧလိယ နောက်သို့လိုက်လျက်၊ အကျွန်ုပ်သည်မိဘကိုနမ်ပါးရစေ။ သို့ပြီးမှ ကိုယ်တော်နောက်သို့ လိုက်ပါမည်ဟု
အခွင့် တောင်းလျှင်၊ ဧလိယကပြန်သွားလော့။ ငါသည် သင်၌ အဘယ်သို့ပြုဘိသနည်းဟုဆိုသော်၊ 21 ဧလိရှဲသည်ပြန်သွား၍
နွားယှဉ်းကိုသတ်ပြီးမှ၊ နွားသားကို လယ်ထွန်သော တန်ဆာနှင့် ပြုတ်၍ လူများ တို့အား ကျွေးလေ၏။ သို့ပြီးမှထ၍ ဧလိယနောက်သို့
လိုက်လျက် လက်ထောက်ဖြစ်လေ၏။


generated on Tue Jul 2 12:50:28 2024

## Chapter 20

1 ရှုရိရှင်ဘုရင် ဗဟ်ာဒဒ်သည် မိမိဗိုလ်ခြေ အပေါင်းတို့ကို စုဝေးစေ၍၊ မင်းကြီးသုံးကျိပ်နှစ်ပါးနှင့် တကွ မြင်းစီးသူရဲ၊
ရထားစီးသူရဲများပါလျက် စစ်ချီပြီး လျှင် ရှမာရိမြို့ကို ဝိုင်းထား၍ တိုက်လေ၏။ 2 သံတမန်တို့ကို ဣသရေလရှင်ဘုရင် အာဟပ် ထံ၊
မြို့ထဲသို့ စေလွှတ်၍၊ ဗဟ်ာဒဒ်၏အမိန့်တော်ကား၊ 3 သင့်ရွှေငွေသည် ငါ့ဥစ္စာဖြစ်၏။ သင့်သားမယား အကောင်းဆုံးတို့ကိုလည်း
ငါပိုင်၏ဟု မှာလိုက်သတည်း။ 4 ဣသရေလရှင်ဘုရင်က အရှင်မင်းကြီး၊ အမိန့်တော်အတိုင်း ငါနှင့်ငါ့ဥစ္စာရှိသမျှသည် ကိုယ်တော်၏
ဥစ္စာဖြစ်ပါသည်ဟု ပြန်ပြော၏။ 5 သံတမန်တို့သည် တဖန်လာ၍ ဗဟ်ာဒဒ်၏ အမိန့်တော်ကား၊ သင်ပိုင်သော ရွှေငွေသားမယားတို့ကို
ငါ၌အပ်ရမည်ဟု ငါမှာလိုက်သည် အမှုမှာ၊ 6 နက်ဖြန်နေ့ယခုအချိန်ရောက်သောအခါ ငါ့ကျွန်တို့ကို ငါစေလွှတ်မည်။ သူတို့သည်
သင်နေသော အိမ်နှင့် သင့်ကျွန်နေသော အိမ်တို့ကိုစစ်၍ အလိုရှိသမျှ တို့ကို ယူစေရမည်ဟု မှာလိုက်သတည်း။ 7 ထိုအခါ
ဣသရေလရှင်ဘုရင်သည် ပြည်သား အသက်ကြီးသူအပေါင်းတို့ကို ခေါ်၍၊ ဤသူသည် အဘယ်မျှလောက် ရန်ရှာချင်သည်ကို
ကြည့်မှတ်ကြပါ လော့။ ငါ့ရွှေငွေသားမယားတို့ကို တောင်း၍ မှာလိုက် သော အခါ ငါမငြင်းပါတကားဟု ကြားပြော၏။ 8
အသက်ကြီးသူအပေါင်းတို့နှင့် ပြည်သား အပေါင်းတို့က၊ ထိုသူ၏ စကားကိုနားထောင်တော်မမူပါ နှင့်။ ဝန်ခံတော်မမူပါနှင့်ဟု
ပြန်လျှောက်ကြ၏။ 9 သို့ဖြစ်၍ ရှင်ဘုရင်က၊ ကိုယ်တော်သည် အထက်မိန့်တော်မူသမျှအတိုင်း ကိုယ်တော်ကျွန်ပြုပါမည်။ နောက်
မိန့်တော်မူသည်အတိုင်း မပြုသင့်ဟု ငါအရှင်မင်းကြီးအား ပြန်လျှောက်ကြလော့ဟု ဗဟ်ာဒဒ်၏သံတမန်တို့ အား မှာလိုက်လျှင်၊
ထိုသူတို့သည် သွား၍လျှောက်ကြ၏။ 10 တဖန်ဗဟ်ာဒဒ်သည် စေလွှတ်၍၊ ရှမာရိမြို့၌ ရှိသော မြေမှုန့်သည် ငါ့နောက်သို့
လိုက်သောသူအပေါင်း တို့တွင်၊ တယောက်တလက်ဆုပ်စီစေ့ငလောက်လျှင်၊ ဘုရားတို့သည် ငါ၌ ထိုမျှမကပြုပါစေသောဟု မှာလိုက်
လေသော်၊ 11 ဣသရေလရှင်ဘုရင်က၊ လက်နက်စုံကို ချွတ်သောသူသည် ဝါကြွားသကဲ့သို့ ဝတ်ဆင်သောသူသည် မဝါကြွားစေနှင့်ဟု
ပြန်ပြော၏။ 12 ဗဟ်ာဒဒ်သည် မင်းကြီးတို့နှင့်တကွ တဲတော်၌ သောက်စဉ်၊ ထိုစကားကိုကြားလျှင် စစ်ခင်းကျင်းကြဟု မိမိကျွန်တို့အား
မိန့်တော်မူသည်အတိုင်း၊ သူတို့သည် မြို့ရှေ့မှာစစ်ခင်းကျင်းကြ၏။ 13 ထိုအခါ ပရောဖက်တပါးသည် ဣသရေလ
ရှင်ဘုရင်အာဟပ်ထံသို့လာ၍၊ ထာဝရဘုရားမိန့်တော်မူ သည်ကား၊ ထိုကြီးစွာသော အလုံးအရင်းအပေါင်းကို မြင်ပြီလော။ သင့်လက်၌
ယနေ့ငါအပ်မည်။ ငါသည် ထာဝရဘုရားဖြစ်ကြောင်းကို သင်သိရလိမ့်မည်ဟု အမိန့်တော်ကို ဆင့်ဆို၏။ 14 အာဟပ်ကလည်း၊
အဘယ်သူအားဖြင့် အပ်တော်မူမည်နည်းဟု မေးလျှင်၊ မြို့ဝန်များ၏လုလင်တို့ အားဖြင့် အပ်မည်ဟု
ထာဝရဘုရားမိန့်တော်မူကြောင်းကို ဆင့်ဆို၏။ စစ်မှုကိုအဘယ်သူစီရင်ရမည်နည်းဟု မေးပြန်သော်၊ မင်းကြီးကိုယ်တိုင်စီရင်ရမည်ဟု
ဆို၏။ 15 အာဟပ်မင်းသည်မြို့ဝန်များ၏ လုလင်တို့ကို ရေတွက်၍ နှစ်ရာသုံးဆယ်နှစ်ယောက်ရှိ၏။ ဣသရေလ
အမျိုးသားအပေါင်းတို့ကို ရေတွက်ပြန်သော် ခုနစ်ထောင် ရှိ၏။ 16 မွန်းတည့်အချိန်၌ ထွက်ကြ၏။ ဗဟ်ာဒဒ်မင်းမူကား၊ ဝိုင်းသော
မင်းကြီးသုံးဆယ်နှစ်ပါးတို့နှင့်တကွ တဲတော်၌ ယစ်မူးအောင် သောက်လျက် နေကြ၏။ 17 မြို့ဝန်များ၏ လုလင်တို့သည်
အရင်ထွက်ကြ၏။ ရှမာရိမြို့ထဲက လူထွက်ပါသည်ဟု ဗဟ်ာဒဒ်မင်းထံသို့ စေလွှတ်၍ ကြားလျှောက်လျှင်၊ 18 စစ်ငြိမ်းစေခြင်းငှါ
ထွက်သည်ဖြစ်စေ၊ စစ်တိုက် ခြင်းငှါ ထွက်သည်ဖြစ်စေ၊ အရှင်ဘမ်းဆီးကြဟု မိန့်တော် မူ၏။ 19 ထိုသို့မြို့ဝန်များ၏ လုလင်တို့သည်
လိုက်သော ဗိုလ်ခြေနှင့်တကွ မြို့ထဲကထွက်၍၊ 20 ရန်သူတို့ကို လူတိုင်းတယောက်စီ သတ်ကြသဖြင့် ရှုရိလူတို့သည် ပြေးကြ၏။
ဣသရေလလူတို့သည် လိုက်ကြသဖြင့် ရှုရိရှင်ဘုရင်ဗဟ်ာဒဒ်သည် မြင်းစီး၍ မြင်းစီးသူရဲတို့နှင့်အတူ အလွတ်ပြေး၏။ 21
ဣသရေလရှင်ဘုရင်သည်လည်း ထွက်၍ မြင်းတပ်၊ ရထားတပ်များကို ဖျက်၍ ရှုရိလူတို့ကို ကြီးစွာသော လုပ်ကြံခြင်းအားဖြင့်
သတ်လေ၏။ 22 တဖန်ပရောဖက်သည် ဣသရေလရှင်ဘုရင်ထံသို့လာ၍၊ ကိုယ်ကိုခိုင်ခံ့စေလော့။ အဘယ်သို့ပြုရမည်ကို
သတိနှင့်ဆင်ခြင်လော့။ နှစ်လည်သောအခါ ရှုရိ ရှင်ဘုရင်သည် စစ်ချီ၍ လာလေဦးမည်ဟုဆို၏။ 23 ရှုရိရှင်ဘုရင်၏
ကျွန်တို့ကလည်း၊ သူတို့၏ဘုရား သည် တောင်ကိုသာ အစိုးရသော ဘုရားဖြစ်၏။ ထိုကြောင့် သူတို့သည် ငါတို့ကို နိုင်ပါ၏။ ငါတို့သည်
လွင်ပြင်၌ တခါတိုက်ကြကုန်အံ့။ ထိုသို့တိုက်လျှင် စင်စစ် နိုင်ကြလိမ့်မည်။ 24 မင်းကြီးအပေါင်းတို့ကိုလည်း ပယ်၍ သူတို့ အရာ၌
ဗိုလ်ချုပ်တို့ကို ခန့်ထားတော်မူပါ။ 25 ရှုံးသောမြင်းတပ်၊ ရထားတပ်နှင့်အမျှ များသော တပ်ကို ခင်းကျင်းတော်မူပါ။ လွင်ပြင်၌ တိုက်၍
ဆက်ဆက်နိုင်ကြပါလိမ့်မည်ဟု လျှောက်ထားသော စကားကိုရှင်ဘုရင်သည် နားထောင်၍ စီရင်လေ၏။ 26 နှစ်လည်သောအခါ
ဗဟ်ာဒဒ်မင်းသည် ရှုရိလူတို့ကို ရေတွက်၍ ဣသရေလပြည်သားတို့ကို စစ်တိုက်အံ့သော ငှါ၊ အာဖက်မြို့သို့ ချီသွား၏။ 27
ဣသရေလအမျိုးသားတို့သည် စာရင်းဝင်၍ ရိက္ခာကို ပြင်ဆင်ပြီးမှစစ်ချီကြ၏။ ရှုရိလူတို့သည် တပြည် လုံးအနှံ့ အပြားနေလျက်၊
သူတို့ရှေ့မှာ ဣသရေလ လူတို့သည် ငယ်သောဆိတ်သငယ်နှစ်စုကဲ့သို့တပ်ချကြ ၏။ 28 ဘုရားသခင်၏ လူတယောက်သည်
ဣသရေလ ရှင်ဘုရင်ထံသို့ လာ၍ ထာဝရဘုရားမိန့်တော်မူသည် ကား၊ ရှုရိလူတို့က ထာဝရဘုရားသည် တောင်ကိုသာအစိုးရသော
ဘုရားဖြစ်၏။ လွင်ပြင်ကိုအစိုးရသော ဘုရားမဟုတ်ဟု ဆိုမိသောကြောင့်၊ ထိုကြီးစွာသော အလုံးအရင်းအပေါင်းကို သင့်လက်သို့
ငါအပ်မည်။ ငါသည် ထာဝရဘုရားဖြစ်ကြောင်းကို သင်တို့သိရကြလိမ့် မည်ဟု မိန့်တော်မူကြောင်းကို ဆင့်ဆို၏။ 29 ထိုသူတို့သည်
ခုနစ်ရက်ပတ်လုံးတဘက်တချက်တွင် တပ်ချလျက် နေပြီးမှ၊ သတ္တမနေ့၌ စစ်ပြိုင်၍ ဣသရေလလူတို့သည် တနေ့ခြင်းတွင်
ရှုရိခြေသည် သူရဲတသိန်းကို သတ်ကြ၏။ 30 ကျန်သောသူတို့သည် အာဖက်မြို့သို့ ပြေး၍ မြို့ရိုးလဲသဖြင့် နှစ်သောင်းခုနစ်ထောင်ကို

ဖိလေ၏။ ဗင်္ဟာဒဒ်သည် ပြေး၍မြို့ထဲအတွင်း အခန်း၌ ပုန်းလျက် နေ၏။ 31 ဗင်္ဟာဒဒ်၏ ကျွန်တို့ကလည်း၊ ဣသရေလ
အမျိုးသားရှင်ဘုရင်တို့သည် သနားတတ်သောမင်းဖြစ် ကြောင်းကို ကျွန်တော်တို့ ကြားပါပြီ။ ကျွန်တော်တို့သည် လျှော်တေအဝတ်ကို
ဝတ်၍၊ ခေါင်းပေါ်မှာ ကြိုးကို ရွက်လျက်၊ ဣသရေလရှင်ဘုရင်ထံသို့ ထွက်ရသောအခွင့် ကို ပေးတော်မူ ပါ။ အသက်တော်ကို
ချမ်းသာပေးကောင်း ပေးပါလိမ့်မည်ဟု လျှောက်သည်အတိုင်း၊ 32 လျှော်တေအဝတ်ကိုဝတ်၍၊ ခေါင်းပေါ်မှာ ကြိုးကိုရွက်လျက်၊
ဣသရေလရှင်ဘုရင်ထံသို့ ရောက် လျှင်၊ ကိုယ်တော်ကျွန်ဗင်္ဟာဒဒ်က၊ ကျွန်တော်အသက်ကို ချမ်းသာပေးတော်မူပါဟု
တောင်းပန်ကြောင်းကို လျှောက်ကြသော်၊ အာဟပ်မင်းက၊ ငါ့အစ်ကိုသည် အသက်ရှင်သေးသလောဟုမေး၏။ 33 ထိုသူတို့သည်
အာဟပ်မင်း၏ စကားကို စေ့စေ့ နားထောင်၍၊ ချက်ခြင်းစကားအရိပ်ကို ဘမ်းလျက်၊ ကိုယ်တော်အစ်ကိုဟူ၍ မိမိတို့သခင်ကို
ခေါ်ကြ၏။ အာဟပ်ကလည်းသွား၍ ခေါ်ကြလော့ဟု စေလွှတ်သည် အတိုင်း ဗင်္ဟာဒဒ်သည် ထွက်လာ၍၊ အာဟပ်မင်းအခွင့် နှင့်
ရထားတော်ပေါ်သို့ တက်ရ၏။ 34 ဗင်္ဟာဒဒ်ကလည်း၊ ငါ့အဘသည် ကိုယ်တော် အဘ၏ လက်မှ လုယူသော မြို့တို့ကို
ငါပြန်ပေးပါမည်။ ငါ့အဘသည် ရှမာရိမြို့၌ ရှုရိတန်းကို လုပ်သကဲ့သို့ ကိုယ်တော်သည် ဒမာသက်မြို့၌ ဣသရေလတန်းကို
လုပ်ရပါသည်ဟုဆိုလျက်၊ အာဟပ်ကထိုသို့ မိဿဟာယ ဖွဲ့လျက်၊ သင့်ကို ငါလွှတ်လိုက်မည်ဟုဆို၍ မိဿဟာယ ဖွဲ့လျက်
လွှတ်လိုက်လေ၏။ 35 ပရောဖက်အမျိုးသားတယောက်က၊ ငါ့ကို ရိုက်ပါလော့ဟု ထာဝရဘုရား၏ နှုတ်ကပတ်တော် အတိုင်း
အိမ်နီးချင်းအားဆို၏။ ထိုသူက ငါမရိုက်ပါဟု ငြင်းပယ်၏။ 36 ပရောဖက်ကလည်း၊ ထာဝရဘုရား၏ အမိန့် တော်ကို
နားမထောင်သောကြောင့် ငါ့ထံမှသွားစဉ်တွင်၊ ခြင်္သေ့သတ်လိမ့်မည်ဟုဆိုသည်အတိုင်း၊ ထိုသူသွားစဉ် တွင် ခြင်္သေ့တွေ့၍ သတ်၏။ 37
အခြားသောသူကိုတွေ့၍ ငါ့ကိုရိုက်ပါလော့ဟု ဆိုပြန်လျှင်၊ ထိုသူသည် နာကျင်စွာရိုက်လေ၏။ 38 ထိုပရောဖက်သည်သွား၍
မိမိမျက်နှာကို ပုဝါ နှင့် ဖုံးအုပ်လျက် ရှင်ဘုရင်ကို ငံ့လင့်၏။ 39 ရှင်ဘုရင်သည် ရှောက်သွားသောအခါ ထိုသူက၊ ကိုယ်တော်ကျွန်သည်
စစ်တိုက်သွားပါ၏။ လူတယောက် သည် စစ်ပွဲထဲက ထွက်လာ၍ ကျွန်တော်၌ လူတယောက် ကို အပ်သဖြင့် ဤလူကိုစောင့်လော့။
တစုံတခုအားဖြင့် ပျောက်လျှင်သူ့အသက်အတွက် သင့်အသက်သေရမည်။ သို့မဟုတ်ငွေအခွက်တဆယ် လျော်ရမည်ဟု မှာထား
သော်လည်း၊ 40 ကိုယ်တော်ကျွန်သည် အရပ်ရပ်၌ အမှုများသောအခါ၊ ထိုသူ ပျောက်ပါသည်ဟု လျှောက်လျှင်၊
ဣသရေလရှင်ဘုရင်က၊ သင့်အမှုကို ထိုသို့ပင် စီရင်ရ မည်။ သင့်ကိုယ်တိုင်လည်း စီရင်ပြီးဖြစ်သည်ဟု မိန့်တော် မူ၏။ 41
ထိုပရောဖက်သည်မျက်နှာဖုံးပုဝါကို ချက်ခြင်းပယ်သဖြင့်၊ ပရောဖက်တစုံတပါးဖြစ်ကြောင်းကို ဣသ ရေလရှင်ဘုရင်သိ၏။ 42
ပရောဖက်ကလည်း၊ ထာဝရဘုရားမိန့်တော်မူသည်ကား၊ ငါကျိန်သောသူကို သင်လွှတ်သောကြောင့်၊ သင့်အသက်သည်
သူ့အသက်အတွက်၊ သင့်လူတို့သည် သူ့လူတို့အတွက် အရှုံးခံရမည်ဟု မိန့်တော်မူကြောင်းကို ဆင့်ဆို၏။ 43 ဣသရေလရှင်ဘုရင်သည်
ညစ်ညူးသော စိတ်နှင့်ညိုးငယ်လျက် ရှမာရိမြို့၊ နန်းတော်သို့သွား၏။

---

1 Kings 01

ဗင်္ဟာဒဒ်

ဤသည်မှာ အမျိုးသားတစ်ဦး၏ အမည် ဖြစ်သည်။

မင်းကြီးသုံးကျိပ်နှစ်ပါး

မင်းကြီး ၃၂ ပါး

မင်းကြီး

"လူအနည်းစုကို အုပ်ချုပ်ရသော ဘုရင်"

1 Kings 04

အမိန့်တော်အတိုင်း

ဤသည်မှာ သဘောတူညီမှု ရှိသည် ကို သွယ်ဝိုက်ပြောနေခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "သင်နှင့် ငါ သဘောတူသည်။"

နက်ဖြန်နေ့ယခုအချိန်ရောက်သောအခါ

"နောက်တစ်နေ့ ဒီလိုအချိန် ရောက်သောအခါ"

အလိုရှိသမျှ တို့

ဤသည်မှာ လိုအင်ဆန္ဒ ရှိသမျှကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက် - "ဆန္ဒရှိသည့်အတိုင်း"

1 Kings 07

ပြည်သား

"ပြည်သား" သည် ထိုအရပ်၌ နေသော သူတို့ကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက် - "ဣသရေလ ပြည်သူပြည်သားတို့"

ကြည့်မှတ်ကြပါ လော့။

"ကြည့်မှတ်" သည် သေသေချာချာ ကြည့်ရှုမှတ်သားသည် ကို သွယ်ဝိုက်ရေးထားခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "သေသေချာချာ ဂရုတစိုက် စောင့်ကြည့်သည်"

ငါမငြင်းပါတကား

ဤသည်ကို "ငါလက်ခံသည်" ဟူ၍ မှတ်ယူနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက် - "သင့် တောင်းဆိုသမျှကို ငါ လက်ခံသည်။"


generated on Tue Jul 2 12:50:28 2024

1 Kings 09

ဘုရားတို့သည် ငါ၌ ထိုမျှမကပြုပါစေသော
ဤသည်မှာ ပြင်းထန်သောကျိန်ဆိုခြင်း ဖြစ်သည်။

ရှမာရိမြို့၌ ရှိသော မြေမှုန့်သည် ငါ့နောက်သို့ လိုက်သောသူအပေါင်း တို့တွင်၊ တယောက်တလက်ဆုပ်စီစေ့ငလောက်လျှင်
ဗဟာဒဒ်သည် သူ့စစ်သူရဲတို့က ရှမာရိမြို့၏ ရှိရှိသမျှကို ဖျက်ဆီးမည်ဟု ခြိမ်းခြောက်နေခြင်း ဖြစ်သည်။

1 Kings 11

လက်နက်စုံကို ချွတ်သောသူသည် ဝါကြွားသကဲ့သို့ ဝတ်ဆင်သောသူသည် မဝါကြွားစေနှင့်ဟု ပြန်ပြော၏။
ဤသည်မှာ အကြံပေးသောစကား ဖြစ်သည်။ "လက်နက်စုံ ဝတ်ဆင်သည်" မှာ တိုက်ပွဲအတွက် ကြိုတင်ပြင်ဆင်ခြင်းကို သွယ်ဝိုက်ပြောနေခြင်း ဖြစ်သည်။ ဗဟာဒဒ်အား "တိုက်ပွဲနိုင်ပြီးသည့် ပုံစံဖြင့် ကြွားဝါပြီး မနေပါနှင့်" ဟု မှာကြားလိုက်သည်။

1 Kings 13

Then behold
N/A

ထိုကြီးစွာသော အလုံးအရင်းအပေါင်းကို မြင်ပြီလော။
ထာဝရဘုရားက ဗဟာဒဒ်၏စစ်အင်အားကို အထူးပြုလို၍ မေးသော မေးခွန်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "ထိုကြီးမားလှသော စစ်တပ်ကို ကြည့်လော့။"

Look, I will place it into your hand today
N/A

သင့်လက်၌ ... ငါအပ်မည်။
ဤတွင် "လက်" သည် တန်ခိုးအာဏာကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက် - "သင့်အား ထိုစစ်အင်အားကို အောင်နိုင်ခွင့် ပေးမည်"

အဘယ်သူအားဖြင့် အပ်တော်မူမည်နည်း
အာဟပ်မင်းသည် နှုတ်ဖျားမှ "သင်ဤအမှုကို ပြုမည်လော" ဟု လွှတ်ထွက်သည်။ အခြားသောဘာသာပြန်ဆိုချက် - "မည်သူအားဖြင့် ဤအမှုကို ပြုမည်နည်း"

အာဟပ်မင်းသည်မြို့ဝန်များ၏ လုလင်တို့ကို ရေတွက်၍
"အာဟပ်သည် အရာရှိငယ်များကို ခေါ်ယူ စုစည်းသည်။"

နှစ်ရာသုံးဆယ်နှစ်ယောက်
"၂၃၂"

ဣသရေလ အမျိုးသားအပေါင်းတို့
ဤသည်မှာ ဣသရေလ စစ်သူရဲတို့ကို ရည်ညွှန်းပြီး အင်္ဂလိပ်ကျမ်းစာတွင် နှစ်ခေါက် တစ်ဆက်တည်း ဖော်ပြကာ အထူးပြုဖော်ပြသည်။

ခုနစ်ထောင်
"၇၀၀၀"

1 Kings 16

They went out
N/A

မင်းကြီးသုံးဆယ်နှစ်ပါး
မင်းကြီး ၃၂ ပါး

ဗဟာဒဒ်မင်းထံသို့ စေလွှတ်၍ ကြားလျှောက်လျှင်၊
ဤသည်ကို အပြုသဘောဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက် - "ဗဟာဒဒ် စေလွှတ်ထားသော လွတ်ဂုက်စောင့်ကြည့်သူတို့ သူအား အကြောင်း ပြန်သည်။"

scouts
N/A

1 Kings 18

... မိန့်တော် မူ၏။
ဤသည်မှာ ဗဟာဒဒ် ပြောနေခြင်း ဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက် - "ဗဟာဒဒ်မှ အမိန့်ပေးသည်။"

ထွက်သည်ဖြစ်စေ၊ ... ထွက်သည်ဖြစ်စေ၊ အရှင်ဘမ်းဆီးကြ
ဤအမှုတို့ကို ဣသရေလအမျိုးတို့အား ပြုလုပ်ရန် ရည်ညွှန်းသည်။

မြို့ဝန်များ၏ လုလင်တို့သည် လိုက်သော ဗိုလ်ခြေနှင့်တကွ မြို့ထဲကထွက်၍၊
ဣသရေလ အရာရှိငယ်တို့ ... ဣသရေလ စစ်တပ် လိုက်ကြသည်။

1 Kings 20

ဣသရေလလူတို့သည် လိုက်ကြသဖြင့်
ဤတွင် "ဣသရေလ" သည် ဣသရေလစစ်သူရဲတို့ကို ကိုယ်စားပြုသော အသုံးအနှုန်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက် - "ဣသရေလ စစ်သူရဲတို့သည် သူတို့ကို လိုက်ဖမ်းကြသည်။"

ဣသရေလရှင်ဘုရင်သည်လည်း ထွက်၍ ... သတ်လေ၏။
"ရှင်ဘုရင်" သည် ဘုရင်ကိုယ်တိုင်နှင့် သူ့လက်အောက်ရှိ စစ်သူရဲအားလုံးကို ကိုယ်စားပြု သုံးနှုန်းထားခြင်း ဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက် - "ဣသရေလဘုရင်နှင့် သူ့စစ်သူရဲတို့သည် ထွက်၍ တိုက်ခိုက်ကြသည်။"


generated on Tue Jul 2 12:50:28 2024

1 Kings 22

ကိုယ်ကိုခိုင်ခံ့စေလော့။
"ကိုယ်" သည် ဘုရင်၏ စစ်တပ်ကို ကိုယ်စား ပြု သုံးနှုန်းထားခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "သင့်စစ်အင်အားကို အင်အားဖြည့်လော့"

အဘယ်သို့ပြုရမည်ကို သတိနှင့်ဆင်ခြင်လော့။
ဤသည်မှာ သတိရှိပြီး ဆုံးဖြတ်ရမည်ကို အထူးပြုဖော်ပြနေခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "သုံးသပ်ဆုံးဖြတ်သည်"

နှစ်လည်သောအခါ
ဖြစ်နိုင်ချေ အဓိပ္ပာယ်များမှာ - ၁) "နောက်နှစ် နွေဦးအချိန်" သို့မဟုတ် "နောက်နှစ် ဒီအချိန်"

ငါတို့သည် ... တိုက်ကြကုန်အံ့။ ထိုသို့တိုက်လျှင် စင်စစ် နိုင်ကြလိမ့်မည်။
"ငါတို့" သည် ဘုရင်မှ အစ သူ၏အစေခံ၊ စစ်သူရဲအားလုံးကို တပေါင်းတစည်းထဲ ရည်ညွှန်းသည်။

1 Kings 24

မင်းကြီးအပေါင်းတို့ကိုလည်း ပယ်၍
"သင့်တပ်ကို ဦးဆောင်နေသောမင်းကြီး ၃၂ ပါးကို သင် ဖယ်ထုတ်ရမည်။"

1 Kings 26

အာဖက်
ဤသည်မှာ မြို့တစ်မြို့၏ အမည် ဖြစ်သည်။

ဣသရေလပြည်သားတို့ကို စစ်တိုက်အံ့သော ငှါ
"ဣသရေလပြည်သားတို့" သည် ဣသရေလစစ်တပ် ကို ကိုယ်စားပြု သုံးနှုန်းထားခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "ဣသရေလစစ်တပ်ကို တိုက်ခိုက်ရန်"

ဣသရေလအမျိုးသားတို့သည် စာရင်းဝင်၍ ရိက္ခာကို ပြင်ဆင်ပြီး
ဤသည်ကိုကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ဣသရေလ စစ်သူရဲတို့သည် အတူတကွ စုစည်းပြီး စစ်ဦးစီးမှူးတို့သည် သူတို့ လိုအပ်သမျှ လက်နက်ကို ပေးသည်။"

ငယ်သောဆိတ်သငယ်နှစ်စုကဲ့သို့
ဤသည်မှာ ဣသရေလ စစ်တပ်ကို အကောင်ရေနည်းသော ဆိတ်သငယ်နှစ်စု နှင့် ခိုင်းနှုန်းထားသည်။ အခြားသောဘာသာပြန်ဆိုချက် - "ဣသရေလစစ်တပ်သည် အကောင်ရေနည်းသော ဆိတ်သငယ်နှစ်စုကဲ့သို့ ပုံစံပေါ်နေသည်။"

1 Kings 28

ဘုရားသခင်၏ လူတယောက်
ဤသည်မှာ ပရောဖက် အခြားနာမတစ်ခုဖြင့် ခေါ်တွင် သည်။ အခြားသောဘာသာပြန်ဆိုချက် - "ပရောဖက်တစ်ဦး"

ထိုကြီးစွာသော အလုံးအရင်းအပေါင်းကို သင့်လက်သို့ ငါအပ်မည်။
ဤတွင် "လက်" သည် ထိန်းချုပ်ခွင့် အာဏာကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက် - "ထိုကြီးလှသော စစ်တပ်ကို သင့်အား အနိုင်ရခွင့် ပေးမည်"

1 Kings 29

ခုနစ်ရက်ပတ်လုံး
"၇ ရက်"

တသိန်း
"၁၀၀၀၀၀"

ခြေသည် သူရဲ
ဤသည်မှာ ခြေလျင်တပ် ကို ဆိုလိုသည်။

ကျန်သောသူတို့သည် အာဖက်မြို့သို့ ပြေး၍
"ကျန်သောသူတို့" သည် "ရှုရိခြေသည် သူရဲတို့"အဖြစ် မှတ်ယူနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက် - "ကျန်ကြွင်းသော ရှုရိခြေသည် သူရဲတို့"

အာဖက်
ဤသည်မှာ မြို့တစ်မြို့၏ အမည် ဖြစ်သည်။

နှစ်သောင်းခုနစ်ထောင်
"၂၇၀၀၀"

1 Kings 31

Look now
N/A

လျှော်တေအဝတ်ကိုဝတ်၍၊ ခေါင်းပေါ်မှာ ကြိုးကိုရွက်လျက်
ဤသည်မှာ အရှုံးပေးသည့် အမှတ်အသား ဖြစ်သည်။

အသက်ရှင်သေးသလော
အာဟပ်သည် သူ့အံ့အားသင့်သည့် ခံစားချက် ကို ဤမေးခွန်း မေးခြင်းဖြင့် ဖော်ပြသည်။ အခြားသောဘာသာပြန်ဆိုချက် - "သူအသက်ရှင်ခြင်း ငါ့အား အံ့သြသင့်စေသည်။"

ငါ့အစ်ကို
ဤသည်မှာ အရင်းနှီးဆုံးမိတ်ဆွေ ကို ရည်ညွှန်းသုံးနှုန်းခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "သူသည် ငါ၏ညီရင်းအကို ကဲ့သို့ ဖြစ်သည်။" သို့မဟုတ် "သူသည် ငါ့မိသားစုဝင်ကဲ့သို့ ဖြစ်သည်။"


generated on Tue Jul 2 12:50:28 2024

1 Kings 33

Now the men
N/A

အာဟပ်မင်း၏ စကားကို စေ့စေ့ နားထောင်၍၊ ချက်ခြင်းကို ဘမ်းလျက်၊
"စကားအရိပ်"သည် စကားများကြားတွင် ထိန်ဝှက်ထားသော စကားတို့ကို သွယ်ဝိုက်ဖော်ပြနေခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "အာဟပ်မှ သူ့အား လွတ်ငြိမ်းချမ်းသာစေမည့် အမူအရာတို့အတွက်"

1 Kings 35

ပရောဖက်အမျိုးသားတယောက်
"ပရောဖက်တို့ထဲမှ တစ်ဦး"

ထာဝရဘုရား၏ နှုတ်ကပတ်တော် အတိုင်း
"နှုတ်ကပတ်တော်" သည် မိန့်ကြားသည်ကို သွယ်ဝိုက် ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက် - "သူ့အား ထာဝရဘုရား လုပ်ခိုင်းသည့်အတိုင်း"

ထာဝရဘုရား၏ အမိန့် တော်ကို နားမထောင်သောကြောင့်
"အမိန့်တော်" သည် ထာဝရဘုရားမိန့်ကြားတာမှုသည်ကို သွယ်ဝိုက်ဖော်ပြနေခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "ထာဝရဘုရား၏ အမိန့်တော်ကို သင် မနာခံပါ"

1 Kings 37

ရှင်ဘုရင်
မြို့၊ တိုင်းနှင့် နိုင်ငံတို့ကို အုပ်ချုပ်သည့် "ရှင်ဘုရင်" ကိုဆိုလိုသည်။

- ရှင်ဘုရင်ကို သူ့အမျိုးများက ဘုရင်လုပ်ခဲ့ကြသည့်အတွက် သူ့ကိုရွေးချယ်လေ့ရှိသည်။
- ရှင်ဘုရင်ကွယ်လွန်သွားလျှင် သူ၏အကြီးဆုံးသောသားက အလိုအလျောက် ဘုရင်ဖြစ်လာသည်။
- ရှေးခေတ်တွင် ရှင်ဘုရင်သည် သူ့နိုင်ငံရှိလူများအပေါ် အာဏာအပြည့်အဝရှိသည်။
- ကျမ်းစာ၌ ဘုရားသခင်ကို ရှင်ဘုရင်ဟုခေါ်ဝေါ်သုံးနှုန်းထားသည်။

1 Kings 39

ကိုယ်တော်ကျွန်သည် စစ်တိုက်သွားပါ၏
ပရောဖက်သည် ဘုရင်ကို ရှိသေသောအားဖြင့် မိမိကိုယ်ကို အပြောခံသူအနေဖြင့် ရည်ညွှန်းဖော်ပြထားခြင်း ဖြစ်သည်။

စစ်ပွဲထဲက
အင်္ဂလိပ်ကျမ်းစာတွင် ထိုစစ်ပွဲကို အလွန်ပြင်းထန်သည့်ပုံစံဖြင့် ရေးသားထားသည်။ အခြားသောဘာသာပြန်ဆိုချက် - "တိုက်ပွဲအပြင်းထန်ဆုံးနေရာ"

သူ့အသက်အတွက် သင့်အသက်သေရမည်။
"သူ့အစား သင် သေရလိမ့်မည်"

ငွေအခွက်တဆယ်
ဤသည်မှာ ၃၄ ကီလိုဂရမ် နီးပါးလေးသော အလေးချိန် နှင့် တူညီသည်။ အခြားသောဘာသာပြန်ဆိုချက် - "ငွေ ၃၄ ကီလိုဂရမ်"

အရုပ်ရုပ်၌ အမှုများသောအခါ
ဤသည်မှာ အလုပ်အရမ်းများပြီး ဟိုနေရာလွှတ်ဒီနေရာလွှတ်ဖြစ်သည်ကို ကိုယ်စားပြုဖော်ပြနေခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "အခြားသောအရာတို့ကို လုပ်သည်" သို့မဟုတ် "ဟိုဟာလုပ်လိုက်၊ ဒီဟာလုပ်လိုက်"

1 Kings 41

သင်လွှတ်သောကြောင့်
ဤတွင် အင်္ဂလိပ်ကျမ်းစာ၌ "လက်" ဟူသော အသုံးအနှုန်း သုံးထားပြီး အုပ်စိုးပိုင်ခွင့် အာဏာကို သွယ်ဝိုက် ဖော်ပြထားခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "လွှတ်လိုက်သည်" သို့မဟုတ် "...၏ အသက်ချမ်းသာ ပေးသည်။"

သင့်အသက်သည် သူ့အသက်အတွက်၊ သင့်လူတို့သည် သူ့လူတို့အတွက် အရှုံးခံရမည်
"သင်သည် သူ့အစား အသေခံရမည် ဖြစ်သလို သင့်လူတို့သည်လည်း သူ့လူတို့အစား အသတ်ပေးရမည်"


generated on Tue Jul 2 12:50:28 2024

# Translation Questions

## 1 Kings 20:1

ရှမာရိပြည်သည်ရန်သူတို့၏လက်အောက်တွင်ကျရောက်သောအချိန်တွင် ဗဟ်ာဒဒ်ထံမှ အာဟပ်သည် မည်သည့်သတင်းစကားတော်ကို ရရှိခဲ့သနည်း။
ဗဟ်ာဒဒ်က အာဟပ်၏ ငွေ၊ ရွှေ၊ မယားများ နှင့် သူ့သားသမီးများ များသည် ယခုတွင် ဗဟ်ာဒဒ်၏အပိုင်များဖြစ်ကြောင်း အာဟပ်ကိုပြောသည်။

## 1 Kings 20:4

ဗဟ်ာဒဒ်၏တုန့်ပြန်ချက်ကို အာဟပ်က မည်ကဲ့သို့ ဆုံးဖြတ်ခဲ့သနည်း။
ဗဟ်ာဒဒ်က နောက်နေ့တွင် မိမိကျွန်များကို စေလွှတ်၍ သူတို့သည် မိမိတို့မျက်စိကျသမျှတို့ကို သိမ်းပိုက်မည်ဖြစ်ကြောင်း အာဟပ်ကို သတင်းပို့သည်။

## 1 Kings 20:7

ဣသရေလရှင်ဘုရင်သည် အသက်ကြီးသူပေါင်းတို့ကို ခေါ်၍ ထိုအမှုအရာကို မည်ကဲ့သို့ လက်ခံခဲ့ကြသနည်း။
အသက်ကြီးသူအပေါင်းတို့နှင့် ပြည်သား အပေါင်းတို့က၊ ထိုသူ၏ စကားကိုနားထောင်တော်မမူပါ နှင့်။ ဝန်ခံတော်မမူပါနှင့်ဟု ပြန်လျှောက်ကြသည်။

## 1 Kings 20:9

အာဟပ်မင်းက မည်ကဲ့သို့သောသတင်းစကားကို ဗဟ်ာဒဒ်ဆီသို့ ပြန်ပို့ခဲ့သနည်း။
အာဟပ်က ပထမတောင်းဆိုမှုကို ပြုပါမည်၊ သို့သော်လည်း ဒုတိယတောင်းဆိုချက်ကို လက်မခံကြောင်း ဗဟ်ာဒဒ်ကို ပြန်ပြောခဲ့သည်။

ဗဟ်ာဒဒ်သည် အာဟပ်၏တုန့်ပြန်မှုကို မည်သို့ပြန်ပြောသနည်း?
ဗဟ်ာဒဒ်က ရှမာရိမြို့ကို ပြာကျစေမည်ဟု ကျိန်ဆိုခဲ့သည်။

## 1 Kings 20:11

ဣသရေလရှင်ဘုရင်က စစ်ပွဲပြီးဆုံးသည့်အလား မဝါကြွားဖို့ရန် ပြောသောအခါ ဗဟ်ာဒဒ်က မည်သို့ပြန်ပြောသနည်း?
ဗဟ်ာဒဒ်က စစ်ခင်းကျင်းဖို့ အဆင်သင့်ပြင်ရန် မိမိစစ်သားများကို ပြောသည်။

## 1 Kings 20:13

ထာဝရဘုရားသခင်က ဣသရေလလူမျိုးတို့အဖို့စစ်တိုက်ပေးသောသူသည် အောင်မြင်လိမ့်မည်ဟု မည်သူ့အားမိန့်တော်မူခဲ့သနည်း။
ပရောဖက်တပါးသည် ဣသရေလ ရှင်ဘုရင်အာဟပ်ထံသို့လာ၍၊ ထာဝရဘုရားမိန့်တော်မူ သည်ကား၊ ထိုကြီးစွာသော အလုံးအရင်းအပေါင်းကို မြင်ပြီလော။ သင့်လက်၌ ယနေ့ငါအပ်မည်။ ငါသည် ထာဝရဘုရားဖြစ်ကြောင်းကို သင်သိရလိမ့်မည်ဟု အမိန့်တော်မူခဲ့သည်။

## 1 Kings 20:16

မြို့ဝန်များ၏လုလင်တို့သည် မည်သည့်အချိန်တွင် အရင်ထွက်ကြ၍ ဗဟ်ာဒဒ်နှင့်သူ၏လူတို့သည် မည်သည်ကို ပြုနေကြသနည်း။
ဗဟ်ာဒဒ်မင်းမူကား၊ ဝိုင်းသော မင်းကြီးသုံးဆယ်နှစ်ပါးတို့နှင့်တကွ တဲတော်၌ ယစ်မူးအောင် သောက်လျက် နေကြသည်။

## 1 Kings 20:20

ဗဟ်ာဒဒ်နှင့် ရှုရိလူတို့သည် မည်သည့်အဖြစ်မျိုးကို ကြုံခဲ့ရသနည်း။
ရန်သူတို့ကို လူတိုင်းတယောက်စီ သတ်ကြသဖြင့် ရှုရိလူတို့သည် ပြေးကြ၏။ ဣသရေလလူတို့သည် လိုက်ကြသဖြင့် ရှုရိရှင်ဘုရင်ဗဟ်ာဒဒ်သည် မြင်းစီး၍ မြင်းစီးသူရဲတို့နှင့်အတူ အလွတ်ပြေးကြသည်။

## 1 Kings 20:22

ဣသရေလအမျိုးထံသို့ ပရောဖက်က မည်သည့်သီတင်းစကားကို သယ်ဆောင်ခဲ့သနည်း။
ပရောဖက်သည် ဣသရေလရှင်ဘုရင်ထံသို့လာ၍၊ ကိုယ်ကိုခိုင်ခံ့စေလော့။ အဘယ်သို့ပြုရမည်ကို သတိနှင့်ဆင်ခြင်လော့။ နှစ်လည်သောအခါ ရှုရိ ရှင်ဘုရင်သည် စစ်ချီ၍ လာလေဦးမည်ဟုမိန့်တော်မူခဲ့သည်။

ရှုရိစစ်တပ်ထက်သာ၍အင်းအားကြီးသောအကြောင်းအရာရှိကြောင်းကို ရှုရိရှင်ဘုရင်၏ကျွန်တို့က မည်ကဲ့သို့ ကြားလျှောက်ကြသနည်း။
ရှုရိရှင်ဘုရင်၏ ကျွန်တို့ကလည်း၊ သူတို့၏ဘုရားသည် တောင်ကိုသာ အစိုးရသော ဘုရားဖြစ်၏။ ထိုကြောင့် သူတို့သည် ငါတို့ကို နိုင်ပါသည်ဟု ကြားလျှောက်ကြသည်။

## 1 Kings 20:26

နှစ်ဦးအစပိုင်းပြီးသည့်နောက်တွင် ဗဟ်ာဒဒ်သည် မည်သည့်ကို ပြုခဲ့သနည်း။
နှစ်လည်သောအခါ ဗဟ်ာဒဒ်မင်းသည် ရှုရိလူတို့ကို ရေတွက်၍ ဣသရေလပြည်သားတို့ကို စစ်တိုက်အံ့သော ငှါ၊ အာဖက်မြို့သို့ ချီသွားခဲ့သည်။

## 1 Kings 20:28

ရှုရိစစ်တပ်တို့၏အကြောင်းအရာများကို ဣသရေလရှင်ဘုရင်အား ထာဝရဘုရား၏လူက မည်ကဲ့သို့ ကြားလျှောက်သနည်း။
ဘုရားသခင်၏ လူတယောက်သည် ဣသရေလ ရှင်ဘုရင်ထံသို့ လာ၍ ထာဝရဘုရားမိန့်တော်မူသည် ကား၊ ရှုရိလူတို့က ထာဝရဘုရားသည် တောင်ကိုသာအစိုးရသော ဘုရားဖြစ်၏။ လွင်ပြင်ကိုအစိုးရသော ဘုရားမဟုတ်ဟု ဆိုမိသောကြောင့်၊ ထိုကြီးစွာသော အလုံးအရင်းအပေါင်းကို သင့်လက်သို့ ငါအပ်မည်ဟု မိန့်တော်မူခဲ့သည်။

1 Kings 20:29

စစ်တပ်များ၏စစ်တိုက်မှု ရလဒ်က မည်သို့နည်း?
သတ္တမနေ့၌ စစ်ပြိုင်၍ ဣသရေလလူတို့သည် တနေ့ခြင်းတွင် ရှုရိခြေသည် သူရဲတသိန်းကို သတ်ကြ၏။ ကျန်သောသူတို့သည် အာဖက်မြို့သို့ ပြေး၍ မြို့ရိုးလဲသဖြင့် နှစ်သောင်းခုနစ်ထောင်ကို ဖိလေ၏။ ဗင်္ဟာဒဒ်သည် ပြေး၍မြို့ထဲအတွင်း အခန်း၌ ပုန်းလျက် နေခဲ့သည်။

1 Kings 20:31

ဗင်္ဟာဒဒ်၏ကျွန်တို့က ဗင်္ဟာဒဒ်အတွက်မည်သည်ကို ပြုလုပ်ပေးခဲ့ကြသနည်း။
လျှော်တေအဝတ်ကိုဝတ်၍၊ ခေါင်းပေါ်မှာ ကြိုးကိုရွက်လျက်၊ ဣသရေလရှင်ဘုရင်ထံသို့ ရောက် လျှင်၊ ကိုယ်တော်ကျွန်ဗင်္ဟာဒဒ်က၊ ကျွန်တော်အသက်ကို ချမ်းသာပေးတော်မူပါဟု တောင်းပန်ကြောင်းကို လျှောက်ကြလေသည်။

1 Kings 20:33

ဗင်္ဟာဒဒ်ကသူ၏ မြင်းရထားအားဖြင့် အာဟပ်ဘုရင်ကို တွေ့ဆုံရန် ဆင့်ခေါ်သောအခါ ဗင်္ဟာဒဒ်က မည်သည့်အဆိုပြုချက်ကို ပြုခဲ့သနည်း။
ဗင်္ဟာဒဒ်ကလည်း၊ ငါ့အဘသည် ကိုယ်တော် အဘ၏ လက်မှ လုယူသော မြို့တို့ကို ငါပြန်ပေးပါမည်။ ငါ့အဘသည် ရှမာရိမြို့၌ ရှုရိတန်းကို လုပ်သကဲ့သို့ ကိုယ်တော်သည် ဒမာသက်မြို့၌ ဣသရေလတန်းကို လုပ်ရပါသည်ဟုဆိုလျက်၊ အာဟပ်ကထိုသို့ မိဿဟာယ ဖွဲ့လျက်၊ သင့်ကို ငါလွှတ်လိုက်မည်ဟုဆို၍ မိဿဟာယ ဖွဲ့လျက် လွှတ်လိုက်လေသည်။

1 Kings 20:35

ပရောဖက်တစ်ဦးသည် မည်သည့်အတွက်ကြောင့် ခြင်္သေ့၏သတ်ဖြတ်ခြင်းကို ခံခဲ့ရသနည်း။
ပရောဖက်ကလည်း ထာဝရဘုရား၏ အမိန့် တော်ကို နားမထောင်သောကြောင့် သူသွားစဉ်တွင် ခြင်္သေ့တွေ့၍ သတ်လိုက်သည်။

1 Kings 20:37

ထိုသူသည်အရိုက်ခံရပြီးနောက် ရှင်ဘုရင်ထံမှ ထိုပရောဖက်သည် မည်ကဲ့သို့ ဖုံးကွယ်ထားသနည်း။
ထိုပရောဖက်သည်သွား၍ မိမိမျက်နှာကို ပုဝါ နှင့် ဖုံးအုပ်လျက် ရှင်ဘုရင်ကို စောင့်ဆိုင်းလေသည်။

1 Kings 20:39

ပရောဖက်က မည်သည့်အတွက်ကြောင့် ဣသရေလဘုရင်ထံ ထိုဖြစ်စဉ်ကို ပြောပြခဲ့သနည်း။
ကိုယ်တော်ကျွန်သည် အရပ်ရပ်၌ အမှုများသောအခါ၊ ထိုသူ ပျောက်ပါသည်ဟု လျှောက်လျှင်၊ ဣသရေလရှင်ဘုရင်က၊ သင့်အမှုကို ထိုသို့ပင် စီရင်ရ မည်။ သင့်ကိုယ်တိုင်လည်း စီရင်ပြီးဖြစ်သည်ဟု မိန့်တော်မူခဲ့သည်။

1 Kings 20:41

ပရောဖက်သည် မည်ကဲ့သို့သောရဲရင့်ခြင်းမျိုးဖြင့် ရှင်ဘုရင်ကို ထိုစကားကို ဆင့်ဆိုခဲ့သနည်း။
ပရောဖက်ကလည်း၊ ထာဝရဘုရားမိန့်တော်မူသည်ကား၊ ငါကျိန်သောသူကို သင်လွှတ်သောကြောင့်၊ သင့်အသက်သည် သူ့အသက်အတွက်၊ သင့်လူတို့သည် သူ့လူတို့အတွက် အရှုံးခံရမည်ဟု မိန့်တော်မူကြောင်းကို ဆင့်ဆိုခဲ့သည်။

## Chapter 21

1 ထိုနောက်မှ ယေဇရေလမြို့သား နာဗုတ်ပိုင်သော စပျစ်ဥယျာဉ်သည် ယေဇရေလမြို့တွင်၊ ရှမာရိ မင်းကြီးအာဟပ်၏နန်းတော်နားမှာ
ရှိသည်ဖြစ်၍၊ 2 အာဟပ်မင်းက၊ သင့်စပျစ်ဥယျာဉ်သည် နန်းတော်နားမှာရှိသောကြောင့် ယာလုပ်စရာဘို့ပေးပါ။ သာ၍ကောင်းသော
ဥယျာဉ်ကို ငါပေးမည်။ သို့မဟုတ် သင်အလိုရှိလျှင် အဘိုးကိုပေးမည်ဟု နာဗုတ်အား ဆိုလျှင်၊ 3 နာဗုတ်က၊ ဘိုးဘေးလက်မှ
အမွေခံသောမြေကို ကိုယ်တော်အား ပေးရသောအမှုကို ထာဝရဘုရား ဆီးတားတော်မူပါစေသောဟု ပြန်လျှောက်၏။ 4 ဘိုးဘေးမှ
အမွေခံသော မြေကို မပေးရဟု ယေဇရေလမြို့သား နာဗုတ်လျှောက်သော စကား ကြောင့် အာဟပ်မင်းသည် ညစ်ညူးသော စိတ်နှင့်
ညှိုးငယ်လျက်၊ နန်းတော်သို့သွား၍ အစာကိုမစား၊ မျက်နှာကို လွှဲ၍သာလွန်ပေါ်မှာ အိပ်လျက်နေ၏။ 5 ခင်ပွန်းယေဇဗေလသည်လာ၍၊
အစာကို မစားနိုင်အောင် စိတ်တော်သည် အဘယ်ကြောင့် ညှိုးငယ် တော်မူသနည်းဟုမေးလျှင်၊ 6 မင်းကြီးက၊
ယေဇရေလမြို့သားနာဗုတ်ကို ငါခေါ်၍ သင့်စပျစ်ဥယျာဉ်ကို ရောင်းပါ။ သို့မဟုတ် သင်အလို ရှိလျှင် အခြားသောဥယျာဉ်ကို
ငါပေးမည်ဟုဆိုသော်၊ ထိုဥယျာဉ်ကို ကိုယ်တော်အားမပေးရဟု ပြန်ပြော သောကြောင့် စိတ်ညှိုးငယ်သည်ဟုဆို၏။ 7
ခင်ပွန်းယေဇဗေလက၊ ကိုယ်တော်သည် ဣသ ရေလနိုင်ငံကို အစိုးရတော်မူသည် မဟုတ်လော။ ထ၍ ရွှင်လန်းသော စိတ်နှင့်
စားတော်ခေါ်ပါ။ ကျွန်မသည် ယေဇရေလမြို့သားနာဗုတ်၏ စပျစ်ဥယျာဉ်ကို ဆက်ပါ မည်ဟုဆိုသည်အတိုင်း၊ 8 အာဟပ်မင်း၏
အခွင့်နှင့်စာရေး၍ တံဆိပ် တော်နှင့် ခတ်ပြီးမှ၊ နာဗုတ်နေရာမြို့၌ သူနှင့်အတူ နေသော အသက်ကြီးသူနှင့်မှူးမတ်များထံသို့ ပေးလိုက်
လေ၏။ 9 စာချက်ဟူမူကား၊ အစာရှောင်ရာအချိန်ကို ကြွေးကြော်၍၊ နာဗုတ်ကို လူများရှေ့မှာ မြှောက်ထား ကြလော့။ 10 သူ့ရှေ့မှာ
အဓမ္မလူနှစ်ယောက်ကိုထား၍၊ သင်သည် ဘုရားသခင်နှင့် ရှင်ဘုရင်ကိုစွန့်ပယ်ပြီဟု သက်သေခံပါလေစေ။ သို့ပြီးမှ သူ့ကို ထုတ်၍
သေစေခြင်း ငှါ ကျောက်ခဲနှင့်ပစ်ကြလော့ဟု ပါသတည်း။ 11 ယေဇဗေလပေးလိုက်သော စာ၌ ပါသည် အတိုင်း၊
နာဗုတ်နေသောမြို့သား အသက်ကြီးသူနှင့် မှူးမတ်တို့သည် ပြုလျက်၊ 12 အစာရှောင်ရာအချိန်ကို ကြွေးကြော်၍ နာဗုတ် ကို
လူများရှေ့မှာ မြှောက်ထားကြ၏။ 13 အဓမ္မလူနှစ်ယောက်သည် လာ၍သူ့ရှေ့မှာ ထိုင်လျက်၊ နာဗုတ်သည် ဘုရားသခင်နှင့်ရှင်ဘုရင်ကို
စွန့်ပယ်ပြီဟု လူများရှေ့တွင် နာဗုတ်တဘက်၌ သက်သေ ခံကြလျှင်၊ နာဗုတ်ကို မြို့ပြင်သို့ ထုတ်၍ သေအောင်
ကျောက်ခဲနှင့်ပစ်ကြ၏။ 14 ထိုအခါ နာဗုတ်သည် ကျောက်ခဲနှင့် ပစ်ခြင်း ကိုခံရ၍ သေပါပြီဟု ယေဇဗေလထံသို့ စေလွှတ်၍
ကြားလျှောက်ကြ၏။ 15 ထိုအကြောင်းကို ယေဇဗေလသည် ကြားလျှင်၊ ယေဇရေလမြို့ သားနာဗုတ် မရောင်းလိုသော စပျစ်
ဥယျာဉ်ကို ထ၍ သိမ်းယူတော်မူပါ။ နာဗုတ်အသက်မရှိ၊ သေပါပြီဟု ဆို၏။ 16 နာဗုတ်သေကြောင်းကို အာဟပ်သည် ကြားလျှင်၊
ယေဇရေလမြို့ သားနာဗုတ်၏ စပျစ်ဥယျာဉ်ကို သိမ်းယူခြင်းငှါ ထသွား၏။ 17 ထိုအခါတိရှဘိမြို့သား ဧလိယသို့ ရောက်လာသော
ထာဝရဘုရား၏နှုတ်ကပတ်တော်က၊ 18 သင်သည်ရှမာရိမြို့၌နေသော ဣသရေလ ရှင်ဘုရင်အာဟပ်ကို ကြိုဆိုအံ့သောငှါ
ထသွားလော့။ သူသည်နာဗုတ်၏ စပျစ်ဥယျာဉ်ကို သိမ်းယူခြင်းငှါ သွား၍ ယခုဥယျာဉ်၌ရှိ၏။ 19 ထာဝရဘုရားမိန့်တော်မူသည်ကား၊
သင်သည် လူအသက်ကို သတ်၍သူ့ဥစ္စာကို သိမ်းယူပြီလော။ တဖန် မိန့်တော်မူသည်ကား၊ ခွေးတို့သည် နာဗုတ်အသွေးကို
လျက်သောအရပ်၌ သင့်အသွေးကိုပင် လျက်ကြလိမ့် မည်ဟု မိန့်တော်မူကြောင်းကို ဆင့်ဆိုလော့ဟု မှာထား တော်မူ၏။ 20
အာဟပ်ကလည်း၊ အချင်းရန်သူ၊ ငါနှင့်တွေ့ပြီ လောဟု ဧလိယအားဆိုလျှင်၊ ဧလိယကသင်သည် ထာဝရဘုရားရှေ့တော်၌ ဒုစရိုက်ကို
ပြုလို၍ ကိုယ်ကို ရောင်းသောကြောင့် သင်နှင့်ငါတွေ့ပြီ။ 21 ထာဝရဘုရားမိန့်တော်မူသည်ကား၊ သင့်အပေါ်သို့
ဘေးဥပဒ်ရောက်စေမည်။ ဣသရေလမြို့ရွာ၌ ချုပ်ထားသောသူဖြစ်စေ၊ အလွတ်ပြေးသောသူဖြစ်စေ၊ အာဟပ်အမျိုး
ယောကျ်ားများကိုပယ်ဖြတ်မည်။ 22 ငါ့အမျက်ကို နှိုးဆော်သောအပြစ်နှင့် ဣသ ရေလအမျိုးကို ပြစ်မှားစေသောအပြစ်ကြောင့်၊
သင့်အမျိုး ကို နေဗတ်၏သား ယေရောဗောင်အမျိုးနှင့် အဟိယ၏ သားဗာရှာအမျိုးကဲ့သို့ ငါဖြစ်စေမည်။ 23 ယေဇဗေလအမှုမှာ
ထာဝရဘုရားမိန့်တော်မူ သည်ကား၊ ယေဇရေလမြို့ရိုးနားမှာ ခွေးတို့သည် ယေဇ ဗေလကို စားကြလိမ့်မည်။ 24 အာဟပ်အမျိုးသည်
မြို့ထဲမှာ သေလျှင်ခွေးစား လိမ့်မည်။ မြို့ပြင်မှာသေလျှင် မိုဃ်းကောင်းကင်ငှက် စားလိမ့်မည်ဟု မိန့်တော်မူကြောင်းကို အာဟပ်အား
ဆင့်ဆို၏။ 25 အာဟပ်နှင့်တူသော သူတယောက်မျှမရှိ။ ခင်ပွန်းယေဇဗေလသည် တိုက်တွန်းသဖြင့်၊ ထာဝရ ဘုရားရှေ့တော်၌
ဒုစရိုက်ကို ပြုလို၍ ကိုယ်ကို ရောင်း သောသူဖြစ်၏။ 26 ထာဝရဘုရားသည် ဣသရေလအမျိုးရှေ့မှ နှင်ထုတ်တော်မူသောအာမောရိ
အမျိုးသားပြုသမျှ အတိုင်း၊ ရုပ်တုဆင်းတုကို ဆည်းကပ်၍ စက်ဆုပ်ရွံရှာ ဘွယ် အမှုကိုပြု၏။ 27 သို့ရာတွင် ဧလိယဆင့်ဆိုသော
စကားတော်ကို ကြားလျှင်၊ မိမိအဝတ်ကို ဆုတ်၍လျှော်တေအဝတ်ကို ဝတ်၏။ အစာရှောင်ခြင်း၊ လျှော်တေအဝတ်၌ အိပ်ခြင်း ကို ပြု၍
ဖြည်းဖြည်းသွားလာ၏။ 28 ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် တိရှဘိမြို့သား ဧလိယသို့ ရောက်လာသည်ကား၊ 29
အာဟပ်သည် ငါ့ရှေ့မှာနှိမ့်ချသည်ကို မြင်ပြီ လော။ ထိုသို့ငါ့ရှေ့ မှာနှိမ့်ချသောကြောင့်၊ သူ့လက်ထက်၌ ထိုဘေးဥပဒ်ကို
ငါမရောက်စေ။ သူ့သားလက်ထက်၌ အမျိုးအပေါ်သို့ရောက်စေမည်ဟု မိန့်တော်မူ၏။


generated on Tue Jul 2 12:50:28 2024

## Chapter 22

1 ရှုရိပြည်နှင့် ဣသရေလပြည်သည် စစ်မတိုက် ဘဲ သုံးနှစ်နေပြီးမှ၊ 2 တတိယနှစ်တွင်၊ ယုဒရှင်ဘုရင်ယောရှဖတ်သည်
ဣသရေလရှင်ဘုရင်ထံသို့ လာ၏။ 3 ဣသရေလရှင်ဘုရင်ကလည်း၊ ဂိလဒ်ပြည် ရာမုတ်မြို့သည် ငါတို့ နိုင်ငံအဝင်ဖြစ်သည်ကို သင်တို့
မသိလော။ ငါတို့သည် ရှုရိရှင်ဘုရင်လက်မှ မနှုတ်မယူဘဲ ငြိမ်သက်စွာ နေကြပြီတကားဟု မိမိကျွန်တို့အားဆို၏။ 4
ယောရှဖတ်မင်းအားလည်း၊ ဂိလဒ်ပြည် ရာမုတ်မြို့သို့ ငါနှင့်အတူ စစ်ချီမည်လောဟုမေးလျှင်၊ ယောရှဖတ်က၊
ငါသည်မင်းကြီးကဲ့သို့ဖြစ်၏။ ငါ့လူတို့သည် မင်းကြီး၏လူကဲ့သို့ငှင်း၊ ငါ့မြင်းတို့သည် မင်းကြီး၏ မြင်းကဲ့ သို့ငှင်းဖြစ်ကြသည်ဟု
ဣသရေလရှင်ဘုရင်အား ပြန် ပြော၏။ 5 တဖန်ယောရှဖတ်က၊ ထာဝရဘုရား၏ နှုတ် ကပတ်တော်ကို ယနေ့မေးမြန်းပါလော့ဟု
ဣသရေလ ရှင်ဘုရင်အားဆိုသော်၊ 6 ဣသရေလရှင်ဘုရင်သည် ပရောဖက်လေးရာ တို့ကို စုဝေးစေပြီးလျှင်၊ ငါသည်ဂိလဒ်ပြည်
ရာမုတ်မြို့သို့ စစ်ချီကောင်းသလော။ မချီဘဲ နေကောင်းသလောဟု မေးသော်၊ သူတို့ကချီတော်မူပါ။ ထာဝရဘုရားသည်
အရှင်မင်းကြီး၏လက်တော်သို့ အပ်တော်မူမည်ဟု လျှောက်ကြ၏။ 7 ယောရှဖတ်ကလည်း၊ ငါတို့မေးမြန်းစရာ ထာဝရဘုရား၏
ပရောဖက် တစုံ တပါးမျှမရှိသလောဟု မေးသော်၊ 8 ဣသရေလရှင်ဘုရင်က၊ ထာဝရဘုရားကို မေးမြန်းရသော
သူတယောက်ဣမလသား မိက္ခာရှိသေး ၏။ သို့ရာတွင် ထိုသူကို ငါမုန်း၏။ ငါ၌ မင်္ဂလာစကားကို မဟော။ အမင်္ဂလာစကားကိုသာ
ဟောတတ်သည်ဟု ယောရှဖတ်အားဆိုလျှင်၊ ယောရှဖတ်က ထိုသို့မင်းကြီး မပြောပါနှင့်ဟု ပြန်ဆို၏။ 9 ထိုအခါ
ဣသရေလရှင်ဘုရင်သည် အရာရှိ တယောက်ကိုခေါ်၍၊ ဣမလသားမိက္ခာကို အလျင်အမြန် ခေါ်ခဲ့ဟုမိန့်တော်မူ၏။ 10
ဣသရေလရှင်ဘုရင်နှင့် ယုဒရှင်ဘုရင် ယောရှ ဖတ်တို့သည် မင်းမြောက်တန်ဆာကို ဝတ်ဆင်လျက် ရှမာရိမြို့တံခါးဝရှေ့၊
ဟင်းလင်းသော အရပ်၌ ရာဇ ပလ္လင်တို့အပေါ်မှာထိုင်၍၊ ပရောဖက်အပေါင်းတို့သည် ရှေ့တော်၌ ဟောပြောကြ၏။ 11
ခေနာနာသားဇေဒကိသည် သံဦးချိုတို့ကို လုပ်၍၊ ထာဝရဘုရား မိန့်တော်မူသည်ကား၊ ကိုယ်တော် သည် ရှုရိလူတို့ကို မဖျက်ဆီးမှီ
တိုင်အောင် ဤဦးချိုတို့နှင့် တိုးရမည်ဟုမိန့်တော်မူကြောင်းကို ဆင့်ဆို၏။ 12 ပရောဖက်အပေါင်းတို့ကလည်း၊ ဂိလဒ်ပြည်
ရာမုတ်မြို့သို့ စစ်ချီ၍ အောင်တော်မူပါ။ ထာဝရဘုရား သည် အရှင်မင်းကြီး၏ လက်တော်သို့ အပ်တော်မူမည်ဟု ပရောဖက်ပြု၍
ဟောကြ၏။ 13 မိက္ခာကိုခေါ်သောတမန်က၊ ပရောဖက် အပေါင်းတို့သည် မင်္ဂလာစကားကိုသာ ရှင်ဘုရင်အား
တညီတညွတ်တည်းဟောကြ၏။ ကိုယ်တော်လည်း သူတို့ ဟောကြသည်နည်းတူ မင်္ဂလာစကားကိုသာ ဟောတော် မူပါဟုဆိုလျှင်၊ 14
မိက္ခာတ၊ ထာဝရဘုရားအသက်ရှင်တော်မူ သည်အတိုင်း ထာဝရဘုရားမိန့်တော်မူသော စကားကို သာ ငါပြန်ပြောရမည်ဟုဆို၏။ 15
ရှင်ဘုရင်ထံသို့ ရောက်သောအခါ ရှင်ဘုရင်က၊ အချင်းမိက္ခာ၊ ငါတို့သည် ဂိလဒ်ပြည်ရာမုတ်မြို့သို့ စစ်ချီ ကောင်းသလော။
မချီဘဲနေကောင်းသလောဟုမေးလျှင်၊ မိက္ခာက၊ စစ်ချီ၍ အောင်တော်မူပါ။ ထာဝရဘုရားသည် အရှင်မင်းကြီး၏ လက်တော်သို့
အပ်တော်မူမည်ဟု ပြန်လျှောက်၏။ 16 ရှင်ဘုရင်ကလည်း၊ မှန်သောစကားမှတပါး အခြားသောစကားကို ထာဝရဘုရားအခွင့်နှင့်
သင်သည် ငါ့အားမဟောမည်အကြောင်း၊ ငါသည် ဘယ်နှစ်ကြိမ် တိုင်အောင် သင့်အား အကျိန်ပေးရမည်နည်းဟု မေးသော်၊ 17
မိက္ခာက၊ ဣသရေလအမျိုးသားအပေါင်းတို့ သည် သိုးထိန်းမရှိ သောသိုးကဲ့သို့၊ တောင်များအပေါ်မှာ အရပ်ရပ်ကွဲပြားလျက်
ရှိကြသည်ကို ငါမြင်ပြီ။ ထာဝရ ဘုရားကလည်း၊ ဤသူအပေါင်းတို့သည် အရှင်မရှိသော ကြောင့် အသီးအသီးကိုယ်နေရာသို့
ပြန်ကြပါလေစေဟု မိန့်တော်မူကြောင်းကို လျှောက်ဆို၏။ 18 ဣသရေလရှင်ဘုရင်ကလည်း၊ သူသည်ငါ၌ မင်္ဂလာစကားကိုမဟော၊
အမင်္ဂလာစကားကိုသာ ဟောတတ်သည်ဟု မင်းကြီးအား ငါမပြောသလောဟု ယောရှဖတ်အားဆို၏။ 19 မိက္ခာကလည်း၊ သို့ဖြစ်၍
ထာဝရဘုရား၏ အမိန့်တော်ကို နားထောင်ပါ။ ထာဝရဘုရားသည် ပလ္လင် တော်ပေါ်မှာ ထိုင်တော်မူသည်ကိုငှင်း၊ ကောင်းကင်
ဗိုလ်ခြေအပေါင်းတို့သည် လက်ျာတော်ဘက် လက်ဝဲ တော်ဘက်၌ ရပ်နေကြသည်ကိုငှင်း ငါမြင်ပြီ။ 20 ထာဝရဘုရားကလည်း၊
အာဟပ်သည် ဂိလဒ် ပြည်ရာမုတ်မြို့သို့ စစ်ချီ၍ ဆုံးစေခြင်းငှါ အဘယ်သူ သွေးဆောင်မည်နည်းဟု မေးတော်မူလျှင်၊ အခြံအရံ
တော်တို့သည် တယောက်တနည်းစီ ပြန်လျှောက်ကြ၏။ 21 တဖန်ဝိညာဉ်တပါးသည် လာ၍ ထာဝရဘုရား ရှေ့တော်၌ ရပ်လျက်၊
ဧလိရှဲသည် အဘယ်သို့ သံကို ရေပေါ်တွင် ပေါ်လာအောင် ပြုလုပ်သနည်း။

ဧလိရှဲသည် ဒုတ်ကိုခုတ်၍ ပုဆိန်ကျသည့်နေရာတွင်ချသဖြင့် သံသည် ရေပေါ်တွင် ပေါ်လာသည်။

2 Kings 6:12

ရှုရိရှင်ဘုရင်၏စကားများကို အဘယ်သူသည် ဣသရေလရှင်ဘုရင်ထံသို့ ပြန်ပြောခဲ့သနည်း။

ဧလိရှဲသည် ရှုရိရှင်ဘုရင်၏စကားများကို ဣသရေလရှင်ဘုရင်ထံသို့ပြန်ပြောခဲ့သည်။

2 Kings 6:14

ဧလိရှဲ၏ကျွန်သည် အဘယ်ကြောင့် စိုးရိမ်ပူပန်ခြင်းသို့ ရောက်ခဲ့သနည်း။

ဧလိရှဲ၏ကျွန်သည် မြင်းစီးသူရဲ၊ ရထားစီးသူရဲနှင့် ဗိုလ်ခြေတို့သည် မြို့ကို ဝိုင်းလျက်ရှိနေသည်ကို မြင်သောအခါ စိုးရိမ်ပူပန်ခြင်းသို့ ရောက်ခဲ့သည်။

2 Kings 6:17

ဧလိရှဲသည် မည်ကဲ့သို့ ရှုရိလူတို့အား ရှာမာရိမြို့သို့ ဦးဆောင်ခဲ့သနည်း။

ဧလိရှဲသည် ထာဝရဘုရားအား ထိုသူတို့ မျက်စိကွယ်ရန် ဆုတောင်းပြီးနောက် သူ့နောက်သို့ လိုက်ရန်ပြောကြားခဲ့သည်။

2 Kings 6:20

ထာဝရဘုရားသည် ရှုရိလူတို့၏ မျက်စိကို ဖွင့်ပေးသောအခါ သူတို့သည် မည်သည့်နေရာတွင် ရောက်ရှိခဲ့သနည်း။

ထာဝရဘုရားသည် ရှုရိလူတို့၏ မျက်စိကို ဖွင့်ပေးသောအခါ သူတို့သည် ရှမာရိ၏ မြို့ထဲတွင်ရောက်ရှိခဲ့ပါသည်။

2 Kings 6:22

ဣသရေလရှင်ဘုရင်သည် ရှုရိလူတို့ကို မည်သို့ ပြုလုပ်ခဲ့သနည်း။

ဣသရေလရှင်ဘုရင်သည် ရှုရိလူတို့အား သူတို့ရှေ့မှာ မုန့်နှင့်ရေကိုထည့်၍ အဝေးသို့ ပို့ဆောင်ခဲ့သည်။

2 Kings 6:24

မြည်းခေါင်းတလုံးကို ငွေ ရှစ်ဆယ်နှင့် အဘယ်ကြောင့် ရောင်းခဲ့ရသနည်း။

မာရိမြို့၌ အလွန်အစာခေါင်းပါးခြင်းဖြစ်သောကြောင့် မြည်းခေါင်းတလုံးကို ငွေ ရှစ်ဆယ်နှင့် ရောင်းခဲ့ရပါသည်။

2 Kings 6:27

ဘုရင်သည် အမျိုးသမီးကို မည်သို့စိတ်ညစ်စေသည်ဟု ပြောခဲ့သနည်း?

အမျိုးသမီးဖြေကြားခဲ့သည်မှာ "ဤမိန်းမသည်ကျွန်မဆီသို့လာ၍၊ သင့်သားကို ယနေ့ငါတို့စားဘို့အပ်ပါ။ နက်ဖြန်နေ့၌ ငါ့သားကို စားရမည်ဟုဆိုသည်အတိုင်း၊ ကျွန်မ၏သားကို ပြုတ်၍စားကြပါ၏။ နက်ဖြန် နေ့၌ ကျွန်မက၊ သင်၏သားကို ငါတို့စားဘို့ အပ်ပါဟု တောင်းသော်၊ သူသည် မိမိသားကို ဝှက်ထားပါသည်။"

2 Kings 6:30

မည်သူသည် အစာခေါင်းပါးမှုကြောင့် ဘုရင်ကြီး၏ အပြစ်တင်ခြင်းခံခဲ့ရသနည်း။

ဧလိရှဲသည် ဘုရင်ကြီး၏ အပြစ်တင်ခြင်းခံခဲ့ရသည်။

2 Kings 6:32

တမန်သည် ဧလိရှဲထံသို့ရောက်သောအချိန်တွင် သူသည် အသက်ကြီးသောသူတို့အား ဘာလုပ်ဖို့ ပြောခဲ့သနည်း။

တမန်သည် ဧလိရှဲထံသို့ရောက်သောအချိန်တွင် သူသည် အသက်ကြီးသောသူတို့အား တံခါးကို ပိတ်၍ တံခါးနားမှာ သူ့ကို ဆီးတားကြလော့ဟု ပြောခဲ့ပါသည်။

## Chapter 7

[1] ဧလိရှဲက၊ ထာဝရဘုရား၏ စကားတော်ကို နားထောင်ကြလော့။ ထာဝရဘုရားမိန့်တော်မူသည်ကား၊
နက်ဖြန်နေ့ယခုအချိန်ရောက်လျှင်၊ ဂျုံမုန့်ညက်တစိတ်ကို ငွေတကျပ်၊ မုယောဆန်တခွဲကို တကျပ်နှင့် ရှမာရိ မြို့တံခါးဝ၌
ရောင်းရလိမ့်မည်ဟု ဆင့်ဆို၏။ [2] ရှင်ဘုရင်မှီခြင်းကို ခံရသောအမတ်က၊ ထာဝရ ဘုရားသည် မိုဃ်းကောင်းကင်၌ ပြတင်းပေါက်တို့ကို
ဖွင့်လှစ်တော်မူလျှင်၊ ထိုသို့ဖြစ်နိုင်ကောင်းသည်ဟု ဘုရား သခင်၏လူအားဆိုသော်၊ ဘုရားသခင်၏လူက၊ သင်သည် ကိုယ်မျက်စိနှင့်
မြင်ရသော်လည်း မစားရဟု ပြန်ပြော၏။ [3] ထိုအခါမြို့တံခါးဝ၌ ထိုင်လျက်ရှိသောလူနူ လေးယောက်တို့က၊ ငါတို့သည်
သေသည်တိုင်အောင် အဘယ်ကြောင့် ဤအရပ်၌ ထိုင်ရမည်နည်း။ [4] မြို့ထဲသို့ဝင်လျှင် အစာခေါင်းပါးသောကြောင့် သေရမည်။
ဤအရပ်၌ ထိုင်လျက်နေလျှင်လည်း သေရ မည်။ သို့ဖြစ်၍ ရှုရိတပ်သို့ ဝင်စားကြကုန်အံ့။ သူတို့သည် အသက်ရှင်စေလျှင်ရှင်ရမည်။
သတ်လျှင် သေရမည်ဟု တိုင်ပင်ပြီးလျှင်၊ [5] မိုဃ်းမလင်းမှီထ၍ ရှုရိတပ်သို့သွားကြ၏။ တပ်ဦးသို့ ရောက်သောအခါ အဘယ်သူကိုမျှ
မတွေ့ကြ။ [6] အကြောင်းမူကား၊ ရှုရိလူတို့သည်ရထားစီးသူရဲ၊ မြင်းစီးသူရဲ၊ များစွာသော ဗိုလ်ခြေအသံကိုကြားစေခြင်း ငှါ၊
ထာဝရဘုရားပြုတော်မူသဖြင့် သူတို့ကဣသရေလ ရှင်ဘုရင်သည် ငါတို့ကိုတိုက်စေခြင်းငှါ၊ ဟိတ္တိမင်းများ၊ အဲဂုတ္တုမင်းများတို့ကို
ငှါးပြီဟု တယောက်ကိုတယောက် ဆိုလျက်၊ [7] မိုဃ်းမလင်းမှီထ၍သူတို့တဲ၊ မြင်း၊ မြည်းအစ ရှိသော တတပ်လုံးကို စွန့်ပစ်၍
ကိုယ်အသက်လွတ် အောင် ပြေးကြ၏။ [8] လူနူတို့သည် တပ်ဦးသို့ ရောက်သောအခါ၊ တဲတခုထဲသို့ဝင်၍ စားသောက်ပြီးမှ၊
ရွှေငွေအဝတ် တန်ဆာများကို ယူသွားပြီးလျှင် ဝှက်ထားကြ၏။ နောက် တဖန် အခြားသောတဲသို့ဝင်၍၊ ဥစ္စာများကို ယူသွားပြီး လျှင်
ဝှက်ထားကြ၏။ [9] သို့ရာတွင်၊ ငါတို့သည်ကောင်းမွန်စွာ မပြုပါ တကား။ ယခုနေ့သည် ကောင်းသော သိတင်းကို ကြားပြောရသော
နေ့ဖြစ်လျက်၊ ငါတို့သည် မကြားမပြော ဘဲ နေပါပြီတကား။ မိုဃ်းလင်းသည်တိုင်အောင် မပြောဘဲ နေလျှင်
အမှုတစုံတခုရောက်လိမ့်မည်။ သို့ဖြစ်၍ နန်းတော်၌ သိတင်းကြားပြောအံ့သောငှါ ငါတို့သည် သွားကြကုန်အံ့ဟု တိုင်ပင်ပြီးမှ၊ [10]
မြို့သို့သွား၍ တံခါးပြင်၌ ဟစ်ခေါ်လျက်၊ ငါတို့ သည် ရှုရိတပ်သို့ ရောက်၍ အဘယ်သူကိုမျှ မတွေ့။ လူသံကိုမကြား။ မြင်း၊
မြည်းတို့ကို ချည်နှောင်လျက်၊ တဲများလည်း တတ်တိုင်းရှိသည်ကိုတွေ့ပါ၏ဟု ကြားပြော သည်အတိုင်း၊ [11] တံခါးစောင့်တို့သည်
တယောက်ကိုတယောက် ဟစ်၍၊ ထိုသိတင်းသည် နန်းတော်ထဲသို့ ရောက်လေ၏။ [12] မိုဃ်းမလင်းမှီ ရှင်ဘုရင်သည်ထ၍၊ ရှုရိလူတို့
သည် ငါတို့၌ အဘယ်သို့ ပြုလိုသည်ကို ငါပြောမည်။ သူတို့က မြို့ပြင်သို့ထွက်သော မြို့သားတို့ကို အရှင် ဘမ်းပြီးမှ၊ မြို့ထဲသို့
ဝင်မည်အကြံရှိ၍၊ ငါတို့ငတ်မွတ် ကြောင်းကို သိသောကြောင့်၊ မိမိတို့တပ်ပြင်သို့ထွက်၍ တော၌ ပုန်းရှောင်လျက်
နေကြသည်ဟုဆိုလျှင်၊ [13] ကျွန်တယောက်က၊ မြို့၌ ကျန်ကြွင်းသော မြင်း ငါးစီးကို ပေးတော်မူပါ။ ထိုမြင်းမူကား ပျက်စီးခြင်းသို့
ရောက်သော ဣသရေလအမျိုးအလုံးအရင်းကဲ့သို့ ဖြစ်ပါ ၏။ ထိုမြင်းတို့ကို စီးလျက်သွား၍ ကြည့်ရှုရသော အခွင့်ကို
ပေးတော်မူပါဟုလျှောက်ပြီးမှ၊ [14] ရထားမြင်းနှစ်စီးကို ယူပြီးလျှင် သွား၍ကြည့်ရှု လော့ဟု ရှင်ဘုရင်သည် ရှုရိဗိုလ်ခြေနောက်သို့
စေလွှတ် သည်အတိုင်း၊ [15] ယော်ဒန်မြစ်တိုင်အောင် လိုက်ကြ၏။ ရှုရိလူတို့ သည် အလျင်အမြန်၊ ပြေးရာတွင်၊ ပစ်ခဲ့သော အဝတ်
တန်ဆာတို့သည် လမ်း၌ပြည့်လျက် ရှိကြ၏။ စေလွှတ် သူတို့သည် ပြန်လာ၍ နားတော်လျှောက်ကြ၏။ [16] ထိုအခါမြို့သားတို့သည်
ထွက်၍ ရှုရိတဲတို့ကို လုယူကြ၏။ ထာဝရဘုရား၏ စကားတော်အတိုင်း၊ ဂျုံမုန့်ညက်တစိတ်ကို ငွေတကျပ်၊ မုယောဆန်တခွဲကို
တကျပ်နှင့် ရောင်းကြ၏။ [17] ရှင်ဘုရင်မှီခြင်းကိုခံရသော အမတ်သည်၊ အမိန့်တော်တိုင်း တံခါးတော်ကို စောင့်သည်တွင်၊
ထွက်ဝင်သောသူတို့ နင်းမိ၍ ဘုရားသခင်၏လူသည် ရှင်ဘုရင် ရောက်လာသောအခါ ပြောဆိုနှင့်သည် အတိုင်း၊
ထိုအမတ်သေလေ၏။ [18] ဘုရားသခင်၏ လူက၊ နက်ဖြန်နေ့ယခုအချိန် ရောက်လျှင်၊ ဂျုံမုန့်ညက်တစိတ်ကို ငွေတကျပ်၊ မုယော
ဆန်တခွဲကို တကျပ်နှင့် ရှမာရိမြို့တံခါးဝ၌ ရောင်းရလိမ့် မည်ဟု ရှင်ဘုရင်အား ဆင့်ဆိုသည်အတိုင်း ဖြစ်၏။ [19] အမတ်ကလည်း၊
ထာဝရဘုရားသည် မိုဃ်း ကောင်းကင်၌ ပြတင်းပေါက်တို့ကို ဖွင့်လှစ်တော်မူလျှင်၊ ထိုသို့ဖြစ်နိုင်ကောင်းသည်ဟု ဘုရားသခင်၏
လူအား ဆို၍၊ ဘုရားသခင်၏လူက သင်သည်ကိုယ်မျက်စိနှင့် မြင်ရသော်လည်း မစားရဟုပြန်ပြောသည် အတိုင်း၊ [20] ထိုအမတ်၌
ဖြစ်၏။ မြို့တံခါးဝမှာမြို့သားတို့ နင်းခြင်းကို ခံရ၍သေလေ၏။

---

2 Kings 01

ဂျုံမုန့်ညက်တစိတ်ကို ငွေတကျပ်၊ မုယောဆန်တခွဲကို တကျပ်နှင့် ရောင်းရမည်
ဣသရေလများသည် သူတို့ ပေးခဲ့ဖူးသည့် ဈေးထက်ပိုနည်းသည့်
ငွေကိုသာ ပေးချင်ကြမည်။ ပြုသူဝါကျဖြင့် ပြန်ရေးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "လူတို့သည် ဂျုံမုန့်ညက်ကို
ငွေတကျပ်၊ မုယောဆန်တခွဲကို ငွေနှစ်ကျပ်ဖြင့် ရောင်းကြမည်"

မုန့်ညက်တစိတ်...မုယောဆန်တခွဲ
"အချိန်" သည် မုန့်ခြောက်အချိန်ဖြစ်ပြီး

တစိတ်
တစိတ်သည်


generated on Tue Jul 2 12:50:28 2024

ရှင်ဘုရင်မှီခြင်းကို ခံရသော အမတ်
ရာထူးမြင့်ရရှိထားသူ ရှင်ဘုရင်၏ကိုယ်ပိုင်အတွင်းရေးမှူးကို ရှင်ဘုရင်မှီခြင်းကို ခံသောသူဟု သုံးနှုန်းခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ရှင်ဘုရင်နှင့်နီးစပ်သော အမတ်" သို့မဟုတ် "ရှင်ဘုရင်၏ ကိုယ်ပိုင်အတွင်းရေးမှူးဖြစ်သော အမတ်"

ဘုရားသည် ကောင်းကင်၌ပြတင်းပေါက်ကို ဖွင့်တော်မူလျှင်တောင်မှ
ထာဝရဘုရားက သီးနှံများကြီးပွားနိုင်ရန် မိုးများရွာသွန်းစေသည်ကို ထာဝရဘုရားက မိုးရေများ သွန်းလောင်းရန် ကောင်းကင်တံခါးဖွင့်သည်ဟု သုံးနှုန်းထားခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် ကောင်းကင်မှ မိုးရွာသွန်းစေလျှင်တောင်မှ"

ဤအရာသည် ဖြစ်ပျက်နိုင်မည်လော။
သူမယုံကြည်သည့်အချက်ကို အလေးနက်ပေးသည့်အနေဖြင့် တပ်မှူးက မေးခြင်းဖြစ်သည်။ ဤအဖြေမလိုသောမေးခွန်းကို ရိုးရိုးဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဤအရာသည် လုံးဝမဖြစ်ပျက်နိုင်ပါ"

ဖြစ်ပျက်လာသည်ကို ကိုယ့်မျက်စိဖြင့် မြင်ရမည်
"သင်၏ မျက်စိဖြင့်" သည် ဧလိရှဲပရောဖက်ပြု ဟောသည့်အရာကို တပ်မှူးက အမှန်မြင်မည်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်ကိုယ်တိုင် ဤဖြစ်ပျက်လာသည့်အရာကို မြင်ရမည်"

သင်သည် တစ်ခုမျှမစားရ
"သင်သည် မုယော၊ မုန့်ညက်ကို တစ်ခုမျှမစားရ"

2 Kings 03

ယခု
အဓိကဇာတ်လမ်းမှ အခြားကြောင်းအရာကို ပြောမည့်နေရာဖြစ်သည်။ စာရေးသူက အသစ်သောအကြောင်းအရာကို စပြောနေသည်။

ငါတို့သေကြသည့်တိုင် အဘယ့်ကြောင့် ဤနေရာမှာထိုင်ကြရမည်နည်း။
လူလေးယောက်ရှိသည့်အနက် တစ်ယောက်ကမေးခြင်းဖြစ်သည်။ မေးခွန်းမှာ အဖြေမလိုသောမေးခွန်းဖြစ်ပြီး ထိုကဲ့သို့သူတို့မလုပ်သင့်ကြောင်းကို အလေးနက်ပေးသည်။ ရိုးရိုးဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါတို့သေသည့်တိုင် ဤနေရာ၌ ငါတို့မထိုင်သင့်"

သူတို့သည် ငါတို့ကို အရှင်ထားလျှင် ငါတို့အသက်ရှင်ကြမည်၊ သူတို့သည် ငါတို့ကို သတ်လျှင် ငါတို့သေကြမည်
နူနာသည်လေးယောက်က ရှုရိလူတို့က သူတို့ကို အသက်ရှင်ဖို့ အစာကျွေးနိုင်ကြသည်။ သို့မဟုတ် သူတို့ကို သတ်နိုင်ကြသည်။ ထိုသို့ဖြစ်လျှင်လည်း ရွေးစရာအခြားမရှိသည့်အတွက် ထိုသို့ပြောနေကြခြင်းဖြစ်သည်။

2 Kings 05

မှောင်ရီပျိုးစအချိန်
နေဝင်ပြီးနောက် ညမမှောင်ခင် မှောင်ခါစပြုသည့်အချိန်ဖြစ်သည်။

အစွန်း
"အပြင်ဘက်အကျဆုံးအပိုင်း (သို့) အစွန်အဖျား"

ရှုရိစစ်သားများက ရထားများ၊ မြင်းများနှင့် ရန်သူစစ်သားများ၏ ဆူညံသံကို ကြားကြသည်
ရှုရိစစ်သားများက သူတို့ကို စစ်တိုက်ရန် ချဉ်းကပ်လာကြသည့်ဆူညံသံကို ကြားကြသည်။ ဤအရာသည် စစ်သားအမှန်များမဟုတ်ဘဲ သခင်ဘုရားက ထိုအသံများကို သူတို့အား ကြားစေခြင်းသာဖြစ်သည်။

တစ်ယောက်ကိုတစ်ယောက်ပြောကြသည်
"ရှုရိစစ်သားများကို တစ်ယောက်ကိုတစ်ယောက်ပြောကြသည်"

ဟိတ္တိမင်းများနှင့် အဲဂုတ္တုမင်းများ
"မင်းများ" သည် ဤနိုင်ငံ၏ စစ်သားများဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဟိတ္တိစစ်သားများနှင့် အဲဂုတ္တုစစ်သားများ"

ငါတို့ကို တိုက်ခြင်းငှာလာကြသည်
"ငါတို့ကို တိုက်ဖို့လာကြသည်"

2 Kings 07

ယေဘုယျအချက်အလက်
သခင်ဘုရားက ရှုရိစစ်သားများကို သူတို့စခန်းဆီသို့ ကြီးမားသောစစ်သားများ ချဉ်းကပ်လာကြသည့်အဖြစ်အပျက်ဖြစ်သည်။

မှောင်ရီပျိုးစအချိန်
နေဝင်ပြီးနောက် ညမမှောင်ခင် မှောင်ခါစပြုသည့်အချိန်ဖြစ်သည်။

လုယက်ကြသည်
စစ်နိုင်သောစစ်သားများက သူတို့နိုင်သည့်စစ်သားများ၏ ဥစ္စာများ လုယူကြခြင်းကို ဆိုလိုသည်။ ဤနေရာတွင် "ငွေ၊ ရွှေနှင့် အဝတ်အစားများ" ကိုသာဆိုလိုသည်။

2 Kings 09

မိုးလင်းသည့်တိုင်အောင်
"နံနက်တိုင်အောင်"

ငါတို့အပေါ်ဒဏ်ခတ်ခြင်းရောက်လိမ့်မည်
တစ်ယောက်ယောက်က လူလေးယောက်ဒဏ်ခတ်သည်ကို သူတို့ကို ဖမ်းမည့် ပုဂ္ဂိုလ်ဖြင့် သုံးနှုန်းခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူတို့သည် ငါတို့ကို


generated on Tue Jul 2 12:50:28 2024

ဒဏ်ခတ်ကြလိမ့်မည်" သို့မဟုတ် "တစ်ယောက်ယောက်က ငါတို့ကို ဒဏ်ခတ်လိမ့်မည်"

ရှင်ဘုရင်၏နန်းတော်ကို ပြောကြသည်
"နန်းတော်" သည် ရှင်ဘုရင်၏ နန်းတော်ရှိ လူများကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ရှင်ဘုရင်နှင့် သူ့လူများကို ပြောကြသည်"

ရှိနေကြသေးသည့်အတိုင်း
ဘာသာပြန်သည့်အခါ မြှုပ်ထားသည့်အရာကို ပြန်ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "စစ်သားများ ထိုနေရာ၌ ရှိနေကြသေးသည့်အတိုင်း"

ရှင်ဘုရင်၏အိမ်ထဲ၌ပြောသည်
ပြုသူဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ရှင်ဘုရင်၏ နန်းတော်ထဲ၌ လူများက ထိုအရာကို ပြောကြသည်" သို့မဟုတ် "လူတို့သည် ရှင်ဘုရင်နှင့် သူ့နန်းတော်ရှိ လူများကို ပြောကြသည်"

2 Kings 12

ငါတို့ကို ပြုကြသည်
"ငါတို့ကို ပြုကြရန် ရည်ရွယ်ပြီ" သို့မဟုတ် "ငါတို့ကို လှည့်ဖျားကြပြီ"

သူတို့ကို အသက်ရှင်လျက် ယူလာကြပါ
လူတို့ကို မသတ်ဘဲအသက်ရှင်လျှက် ဖမ်းလာကြရန် ဆိုလိုခြင်းဖြစ်သည်။

မြို့၌ကျန်ကြွင်းသော မြင်းများ
အစာခေါင်းပါးသည့်အတွက် ကာလရလများပိုင်ဆိုင်သည့်မြင်းအများစုက သေကြေကြသည်။ ဆိုလိုရင်းကို ရှင်းလင်းစွာဖော်ပြရန်လိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မြို့၌နေပြီး အသက်ရှင်သေးသည့်မြင်းများ"

သူတို့သည် ကျန်ကြွင်းသောကာလရလများကဲ့သို့ ဖြစ်ကြသည်
ရှုရိစခန်းသို့သွားမည့်လူသည် မြို့၌ကျန်ကြွင်းသောသူများကဲ့သို့ ကံဆိုးခြင်းကို အတူခံစားကြလိမ့်မည်ဟု ဆိုလိုခြင်းဖြစ်သည်။ သူတို့သည် ကယ်တင်ခြင်းရရန်အတွက် သေဆုံးကြမည် သို့မဟုတ် ရှုရိလူများက သတ်ကြမည်။

မြင်ကြသည်
အဓိပ္ပါယ်ရှင်းလင်းမှုရှိအောင် မြှုပ်ထားသည့်အရာကို ပြန်ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဤနူနာသည်များပြောသည့်အရာသည် မှန်ကန်သည်ကို ကြည့်ကြပါ"

2 Kings 14

သွား၍ကြည့်ပါ
အဓိပ္ပါယ်ရှင်းလင်းရန်အတွက် မြှုပ်ထားသည့်အရာကို ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဤနူနာသည်များ ပြောသည့်အရာမှန်သည်ကို သွား၍ ကြည့်ပါ"

သူတို့နောက်မှ သူတို့သည် ယော်ဒန်မြစ်ဆီသို့သွားကြသည်
"ယော်ဒန်မြစ်ဆီသို့ ရှုရိစစ်သားများ သွားကြသည့်လမ်းတစ်လျှောက်ကို သူတို့ လိုက်ကြသည်"

လမ်းတစ်လျှောက်လုံးသည် အဝတ်အစားများနှင့် ကိရိယာများဖြင့် ပြည့်နေကြသည်
လူတို့က သူတို့ခရီးသွားကြသည့် လမ်းတစ်လျှောက်လုံး မြင်ကြသည့်အရာများကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လမ်းတစ်လျှောက်၌ အဝတ်အစားများနှင့် ကိရိယာများ ရှိနေကြသည်"

2 Kings 16

စခန်းကို သိမ်းကြသည်
စစ်နိုင်သည့်စစ်သားများက သူတို့နိုင်သည့် စစ်သားများထံ ယူကြသည့်အရာများဖြစ်သည်။

ဂျုံမုန့်ညက်တစိတ်ကို ငွေတကျပ်၊ မုယောဆန်တခွဲကို တကျပ်နှင့် ရောင်းရမည်
ပြုသူဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူတို့သည် ဂျုံမုန့်ညက်ကို ငွေတကျပ်၊ မုယောဆန်တခွဲကို ငွေနှစ်ကျပ်ဖြင့် ရောင်းကြမည်"

မုန့်ညက်တစိတ်...မုယောဆန်တခွဲ
"အချိန်" သည် မုန့်ခြောက်အချိန်ဖြစ်ပြီး

တစိတ်
တစိတ်သည်

ထာဝရဘုရား၏စကားတော်ပြောသည့်အတိုင်း
"စကားတော်" သည် ထာဝရဘုရားကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားပြောသည့်စကားတော်အတိုင်း"

ရှင်ဘုရင်မှီခြင်းကို ခံရသောအမတ်
ရာထူးမြင့်ရရှိထားသူ ရှင်ဘုရင်၏ကိုယ်ပိုင်အတွင်းရေးမှူးကို ရှင်ဘုရင်မှီခြင်းကို ခံသောသူဟု သုံးနှုန်းခြင်းဖြစ်သည်။ 7:1 ၌မည်ကဲ့သို့ဘာသာပြန်သည်ကို ပြန်ကြည့်နိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ရှင်ဘုရင်နှင့်နီးစပ်သော အမတ်" သို့မဟုတ် "ရှင်ဘုရင်၏ကိုယ်ပိုင်အတွင်းရေးမှူးဖြစ်သော အမတ်"


generated on Tue Jul 2 12:50:28 2024

သူ့ကို တက်နင်းကြသည်

စခန်းရှိလူအုပ်တို့သည် အစာကိုရရှိနိုင်ကြရန်အတွက် လူတစ်ယောက်ကို တံခါးခေါက်ခေါ် ပြီး သေသည့်တိုင်အောင်နင်းကြသည်။

2 Kings 18

ယေဘုယျအချက်အလက်

ဤအပိုဒ်၌ စာရေးသူက 7:1. ၌သူဖော်ပြသည့်အရာကို နောက်ထပ်ဖော်ပြခြင်းအားဖြင့် အတိုချုံးထားပါသည်။

ဤအချိန်ခန့်

"နက်ဖန် ဤအချိန်ခန့်"

မုန့်ညက်တစိတ်...မုယောဆန်တခွဲ

"အချိန်" သည် အခြောက်အချိန်ဖြစ်ပြီး

တစိတ်

တစိတ်သည်

ကြည့်ပါ

"အမှန်တကယ်" "ကြည့်ပါ" စကားလုံးသည် မည်သည့်အရာက လိုက်လာသည်ကို အလေးနက်ပေးလိုခြင်းဖြစ်သည်။

ဘုရားသည် ကောင်းကင်၌ပြတင်းပေါက်ကို ဖွင့်တော်မူလျှင်တောင်မှ

ထာဝရဘုရားက သီးနှံများကြီးပွားနိုင်ရန် မိုးများရွာသွန်းစေသည်ကို ထာဝရဘုရားက မိုးရေများသွန်းလောင်းရန် ကောင်းကင်တံခါးဖွင့်သည်ဟု သုံးနှုန်းခြင်းဖြစ်သည်။ 7:1.၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရမည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် ကောင်းကင်မှ မိုးရွာသွန်းစေလျှင် တောင်မှ"

ဤအရာသည် ဖြစ်ပျက်နိုင်မည်လော။

သူမယုံကြည်သည့်အချက်ကို အလေးနက်ပေးသည့်အနေဖြင့် တပ်မှူးက မေးခြင်းဖြစ်သည်။ ဤအဖြေမလိုသောမေးခွန်းကို ရိုးရိုးဝါကျဖြင့် ပြန်ရေးနိုင်သည်။ 7:1.၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရမည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဤအရာသည် လုံးဝမဖြစ်ပျက်နိုင်ပါ"

ဖြစ်ပျက်လာသည်ကို ကိုယ့်မျက်ဖြင့် မြင်ရမည်

"သင်၏မျက်စိဖြင့်" သည် ဧလိရှဲပရောဖက်ပြုဟောသည့်အရာကို တပ်မှူးက အမှန်မြင်မည်ကို ဆိုလိုသည်။ 7:1.၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရမည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်ကိုယ်တိုင် ဤဖြစ်ပျက်လာသည့်အရာကို မြင်ရမည်"

သင်သည် တစ်ခုမျှမစားရ

"မုယော၊ မုန့်ညက်ကို သင်သည် တစ်ခုမျှမစားရ"

---

# Translation Questions

2 Kings 7:1

ဧလိရှဲသည် သူ့ကို မယုံကြည်သော အမတ်ထံသို့ မည်သို့ဖြစ်ပျက်မည်ဟုပြောခဲ့သနည်း။

ဧလိရှဲသည် သူ့ကို မယုံကြည်သော အမတ်ထံသို့ ဂျုံမုန့်ညက်နှင့် မုယောဆန်များကို သင်သည် မစားရဟုပြောခဲ့ပါသည်။

2 Kings 7:3

လူနူ လေးယောက်တို့သည် အဘယ်ကြောင့် ရှုရိတပ်သို့ သွားခဲ့သနည်း။

လူနူ လေးယောက်တို့က မြို့ထဲသို့ဝင်လျှင် အစာခေါင်းပါးသောကြောင့် သေရမည်။ ဤအရပ်၌ ထိုင်လျက်နေလျှင်လည်း သေရ မည်။ ရှုရိတပ်သို့ ဝင်ရင်လည်းသေရမည်ဖြစ်သောကြောင့် ရှုရိတပ်သို့ သွားရန် ပြောဆို၍ သွားခဲ့ရခြင်း ဖြစ်သည်။

2 Kings 7:5

ရှုရိတပ်လူတို့သည် ဣသရေလ ရှင် ဘုရင်သည် ပြန်တိုက်ခိုက်ရန်အတွက် ဟိတ္တိမင်းများ၊ အဲဂုတ္တုမင်းများတို့ကို ငှါးပြီးဟု အဘယ် ကြောင့် ထင်ခဲ့ရသနည်း။

ရှုရိတပ်လူတို့သည် ဣသရေလရှင်ဘုရင်သည် ပြန်တိုက်ခိုက်ရန်အတွက် ဟိတ္တိမင်းများ၊ အဲဂုတ္တုမင်းများတို့ကို ငှါးပြီးဟု ထင်ခဲ့ရခြင်းမှာ ရှုရိလူတို့သည် ဆူညံနေသော ရထားစီးသူရဲ၊ မြင်းစီးသူရဲ၊ များစွာသော ဗိုလ်ခြေအသံကိုကြားသောကြောင့်ဖြစ်သည်။

2 Kings 7:9

သူတို့သည် ရှုရိတပ်တို့သည် ငါတို့တပ်မှ ထွက်ခွာသွားပြီးဟု ပြောပြီးနောက် တံခါးစောင့်သည် ဘာလုပ်ခဲ့သနည်း။

သူတို့သည် ရှုရိတပ်တို့သည် ငါတို့တပ်မှ ထွက်ခွာသွားပြီးဟု ပြောပြီးနောက် တံခါးစောင့်သည် သတင်းကို အော်ဟစ်၍ ပြောခဲ့ပါသည်။



generated on Tue Jul 2 12:50:28 2024

2 Kings 7:12

ရှုရိလူတို့သည် သူတို့တပ်မှ ထွက်ခွာရခြင်း၏ အကြောင်းပြချက်ကို ဘုရင်ကြီးသည် မည်သို့ထင်မှတ်ခဲ့သနည်း။

ဘုရင်ကြီးသည် သူတို့သည် မိမိတပ်ပြင်သို့ထွက်၍ ကိုယ့်ကိုကိုယ် တော၌ ပုန်းရှောင်၍ မြို့သားတို့သည် မြို့ပြင်ထွက်လာသောအခါ သူတို့သည် အရှင် ဘမ်းပြီးမှ၊ မြို့ကို သိမ်းယူမည်ဟု ထင်မှတ်ခဲ့သည်။

2 Kings 7:14

မည်သည့်အရာများသည် လမ်းကိုပြည့်စေခဲ့သနည်း။

ရှုရိလူတို့ သည် အလျင်အမြန်၊ ပြေးရာတွင်၊ ပစ်ခဲ့သော အဝတ် တန်ဆာတို့သည် လမ်း၌ပြည့်လျက် ရှိကြ၏။

2 Kings 7:18

ဧလိရှဲသည် "နက်ဖြန်နေ့ယခုအချိန် ရောက်လျှင်၊ ဂျုံမုန့်ညက်တစိတ်ကို ငွေတကျပ်၊ မုယော ဆန်တခွဲကို တကျပ်နှင့် ရှမာရိမြို့တံခါးဝ၌ ရောင်းရလိမ့်မည်ဟု" ပြောသောအခါ အမတ်မင်းသည် မည်သို့ပြောခဲ့သနည်း။

အမတ်မင်းသည် "ထာဝရဘုရားသည် မိုဃ်း ကောင်းကင်၌ ပြတင်းပေါက်တို့ကို ဖွင့်လှစ်တော်မူလျှင်၊ ထိုသို့ဖြစ်နိုင်ကောင်းသည်ဟု" ဧလိရှဲအားဆင့်ဆို၏။

## Chapter 8

1 တဖန်ဧလိရှဲသည် အထက်က အသက်ရှင်စေ သော သူငယ်၏အမိကိုခေါ်၍၊ သင်သည် အိမ်သူ အိမ်သားနှင့်တကွ ထသွားလော့။
တည်းခို၍ နေနိုင်သော အရပ်တစုံတရပ်၌ တည်းခို၍နေလော့။ ထာဝရဘုရား သည် အစာခေါင်းပါးရာကာလကို မှာလိုက်တော်မူပြီ။
တပြည်လုံး၌ ခုနစ်နှစ်ခေါင်းပါးလိမ့်မည်ဟု သတိပေး၏။ 2 ထိုမိန်းမသည် ဘုရားသခင့်လူ၏စကားကို နား ထောင်သဖြင့်၊
အိမ်သူအိမ်သားတို့နှင့်တကွ သွား၍ ဖိလိတ္တိပြည်၌ ခုနစ်နှစ်နေ၏။ 3 ခုနစ်နှစ်စေ့သောအခါ၊ ဖိလိတ္တိပြည်မှ ပြန်လာ၍ ကိုယ်အိမ်၊
ကိုယ်မြေကို ရအံ့သောငှါ အသနားတော်ခံမည့် အကြံနှင့် ရှင်ဘုရင်ထံသို့ သွား၏။ 4 ထိုအခါရှင်ဘုရင်သည် ဘုရားသခင့်လူ၏ ကျွန်
ဂေဟာဇိနှင့် နှုတ်ဆက်လျက်၊ ဧလိရှဲပြုသောအံ့ဩဘွယ် သော အမှုအလုံးစုံတို့ကို ပြောပါလော့ဟု မိန့်တော်မူ၍၊ 5 ဧလိရှဲသည်
သေသောသူ အသက်ရှင်စေ ကြောင်းကို ဂေဟာဇိသည် ပြန်လျှောက်စဉ်တွင်၊ အသက် ရှင်စေသောသူငယ်၏ အမိသည်ကိုယ်အိမ်၊
ကိုယ်မြေကို ရအံ့သောငှါ အသနားတော်ခံလေ၏။ ဂေဟာဇိကလည်း၊ အရှင်မင်းကြီး၊ ဤမိန်းမကား ယခုပြောသော မိန်းမ၊ ဤ
သူငယ်ကား ဧလိရှဲအသက်ရှင်စေသော သူငယ်ဖြစ်ပါ သည်ဟု လျှောက်လျှင်၊ 6 ရှင်ဘုရင်သည် မိန်းမကိုမေး၍ မိန်းမလည်း
သက်သေခံ၏။ ထိုအခါရှင်ဘုရင်က၊ သူ၏ဥစ္စာရှိသမျှကို၎င်း၊ ပြည်တော်ကထွက်သော နေ့မှစ၍ ယခုတိုင်အောင် သူ့မြေ၌
ဖြစ်သမျှကို၎င်း ပြန်ပေးစေဟု မိန့်တော်မူလျက်၊ သူ၏အမှုကို စောင့်စေခြင်းငှါ အရာရှိ၏တယောက်ကို ခန့်ထားတော်မူ၏။ 7
တဖန်ဧလိရှဲသည် ဒမာသက်မြို့သို့သွား၏။ ထိုအခါ ရှုရိရှင်ဘုရင်ဗင်္ဟာဒဒ်သည် နာနေ၏။ ဘုရား သခင်၏လူရောက်ကြောင်းကို
နားတော်လျှောက်လေ သော်။ 8 ဟာဇေလကို ခေါ်၍၊ သင်သည်လက်ဆောင်ကို ဆောင်လျက် ဘုရားသခင်၏
လူကိုခရီးဦးကြိုပြုပြီးလျှင်၊ ငါသည်ဤအနာမှ ထမြောက်မည်လောဟု သူ့အားဖြင့် ထာဝရဘုရားကို မေးလျှောက်လော့ဟု
စေလွှတ်သည် အတိုင်း၊ 9 ဟာဇေလသည် ကုလားအုပ်လေးဆယ်အပေါ်မှာ ဒမာသက်ဥစ္စာများကိုတင်၍၊ လက်ဆောင်ကို ဆောင်
သဖြင့်၊ ဘုရားသခင်၏လူကို ခရီးဦးကြို ပြုခြင်းငှါသွား၍ ရှေ့တော်၌ ရပ်လျက်၊ ကိုယ်တော်၏သား ရှုရိရှင်ဘုရင် ဗင်္ဟာဒဒ်က၊
ငါသည်ဤအနာမှထမြောက်ရမည်လောဟု မေးမြန်းစေခြင်းငှါ၊ ကျွန်တော်ကို စေလွှတ်ပါသည်ဟု ဆို၏။ 10 ဧလိရှဲကလည်း၊
အကယ်စင်စစ် ကိုယ်တော် သည် ထမြောက်နိုင်ပါ၏ဟု ပြန်လျှောက်လော့။ သို့သော် လည်း ဆက်ဆက်သေရမည်အကြောင်းကို
ထာဝရဘုရား သည် ငါ့အားပြတော်မူပြီဟုဆိုလျက်၊ 11 စေ့စေ့ကြည့်ရှု၍ ဟာဇေလသည် မျက်နှာပျက် လေ၏။ ဘုရားသခင်၏
လူသည်လည်း မျက်ရည်ကျ၏။ 12 ဟာဇေလကလည်း၊ သခင်သည် အဘယ် ကြောင့် မျက်ရည်ကျတော်မူသနည်းဟု မေးလျှင် ဧလိရှဲ
က၊ သင်သည် ဣသရေလအမျိုးသားတို့၌ပြုလတံ့သော ဘေးဥပဒ်တည်းဟူသော သူတို့၏ ရဲတိုက်များကို မီးရှို့ ခြင်း၊ လုလင်များကို
ထားနှင့်သတ်ခြင်း၊ သူငယ်များကို မြေပေါ်မှာ ဆောင့်ဖွပ်ခြင်း၊ ကိုယ်ဝန်ဆောင်သော မိန်းမ များ၌ ဝမ်းခွဲခြင်းကို ပြုလိမ့်မည်ဟု
ငါသိမြင်သောကြောင့် မျက်ရည်ကျသည်ဟု ပြန်ပြောသော်၊ 13 ဟာဇေလက၊ ကိုယ်တော်ကျွန်သည် ခွေးဖြစ်လျက် နှင့်
ဤမျှလောက်ကြီးသော အမှုကို ပြုရပါလိမ့်မည် လောဟု မေးပြန်သော်၊ ဧလိရှဲက၊ သင်သည် ရှုရိနိုင်ငံကို စိုးစံရလိမ့်မည်အကြောင်းကို
ထာဝရဘုရားသည် ငါ့အား ပြတော်မူပြီဟုဆို၏။ 14 ဟာဇေလသည်သွား၍ မိမိသခင့်ထံသို့ ရောက် သောအခါ၊ သခင်က၊ ဧလိရှဲသည်
အဘယ်သို့ဆိုသနည်း ဟု မေးလျှင်၊ ကိုယ်တော်သည် အနာမှ ဆက်ဆက် ထမြောက်တော်မူမည်ဆိုပါသည်ဟု လျှောက်လေ၏။ 15
နက်ဖြန်နေ့၌ ဟာဇေလသည် သိုးမွေးအဝတ်ကို ရေ၌ နှစ်ပြီးလျှင်၊ ရှင်ဘုရင်၏ မျက်နှာကိုဖုံးအုပ်သဖြင့်၊ ရှင်ဘုရင်သေ၍
ဟာဇေလသည် နန်းထိုင်လေ၏။ 16 ဣသရေလရှင်ဘုရင် အာဟပ်သား ယောရံ နန်းစံငါးနှစ်တွင်၊ ယုဒရှင်ဘုရင်ယောရှဖတ်သား
ယဟော ရံသည် နန်းထိုင်လေ၏။ 17 အသက်သုံးဆယ်နှစ်နှစ်ရှိသော်၊ ယေရုရှလင် မြို့၌ မင်းပြု၍ ရှစ်နှစ်စိုးစံ၏။ 18
အာဟပ်သမီးနှင့်စုံဘက်သဖြင့်၊ ဣသရေလ ရှင်ဘုရင်တို့လိုက်ရာ လမ်းသို့ အာဟပ်အမျိုးကဲ့သို့ လိုက်၍ ထာဝရဘုရားရှေ့တော်၌
ဒုစရိုက်ကို ပြု၏။ 19 သို့ရာတွင် ထာဝရဘုရားသည် ဒါဝိဒ်အစရှိ သော သားမြေးတို့ ၏မီးခွက်ကို အစဉ်ထွန်းလင်းစေမည် ဟု
ဂတိတော်ရှိသောကြောင့်၊ ဒါဝိဒ်၏ မျက်နှာကို ထောက်၍၊ ယုဒပြည်ကို မဖျက်ဆီးဘဲ ထားတော်မူ၏။ 20 ထိုမင်းလက်ထက်၌၊
ဧဒုံပြည်သည် ယုဒရှင် ဘုရင်ကို ပုန်ကန်၍ ကိုယ်အမျိုးသားကို ရှင်ဘုရင်အရာ၌ ချီးမြှောက်ကြ၏။ 21 ယဟောရံမင်းသည်
ရထားစီးသူရဲအပေါင်းတို့ နှင့်တကွ၊ ဇာက္ကရမြို့သို့ စစ်ချီ၍ ညဉ့်အခါဝိုင်းသော ဧဒုံ လူများ၊ ရထားအုပ်များကို လုပ်ကြံသဖြင့်၊
ဧဒုံလူတို့သည် မိမိတို့နေရာသို့ ပြေးကြ၏။ 22 သို့သော်လည်း၊ ဧဒုံပြည်သည်ယနေ့တိုင်အောင် ယုဒရှင်ဘုရင်ကို ပုန်ကန်၏။ 23
ယဟောရံပြုမူသော အမှုအရာကြွင်းလေသမျှ တို့သည် ယုဒရာဇဝင်၌ ရေးထားလျက်ရှိ၏။ 24 ယဟောရံသည်
ဘိုးဘေးတို့နှင့်အိပ်ပျော်၍၊ သူတို့နှင့်အတူ ဒါဝိဒ်မြို့၌ သင်္ဂြိုလ်ခြင်းကို ခံလေ၏။ သားတော်အာခဇိသည်
ခမည်းတော်အရာ၌နန်းထိုင်၏။ 25 ဣသရေလရှင်ဘုရင် အာဟပ်သား ယောရံ နန်းစံဆယ်နှစ်နှစ်တွင်၊ ယုဒရှင်ဘုရင်ယဟောရံသား
အာခဇိသည် နန်းထိုင်လေ၏။ 26 အသက်နှစ်ဆယ်နှစ်နှစ်ရှိသော်၊မင်းပြု၍ ယေရု ရှလင်မြို့၌ တနှစ်စိုးစံ၏။ မယ်တော်ကား၊
ဣသရေလ ရှင်ဘုရင်ဩမရိမြေးအာသလိ အမည်ရှိ၏။ 27 အာခဇိသည် အာဟပ်၏သမက်ဖြစ်သဖြင့်၊
အာဟပ်အမျိုးလိုက်ရာလမ်းသို့လိုက်၍၊ အာဟပ်အမျိုး ကဲ့သို့ ထာဝရဘုရားရှေ့တော်၌ ဒုစရိုက်ကို ပြု၏။ 28
အာဟပ်၏သားယောရံနှင့်ဝိုင်းလျက်၊ ဂိလဒ် ပြည် ရာမုတ်မြို့သို့ စစ်ချီ၍၊ ရှုရိရှင်ဘုရင်ဟာဇေလကို တိုက်ရာတွင်
ရှုရိလူတို့သည်ယောရံကိုတိခိုက်ကြ၏။ 29 ထိုသို့ရာမုတ်မြို့၌ ရှုရိဘုရင်ဟာဇေလကိုတိုက်၍၊ ရှုရိလူထိခိုက်သော

 generated on Tue Jul 2 12:50:28 2024

အနာပျောက်စေခြင်းငှါ၊ ယောရံမင်းကြီးသည် ယေဇရေလမြို့သို့ ပြန်သွား၍ နာလျက်နေစဉ်တွင်၊ ယုဒရှင်ဘုရင် ယဟောရံသား အာခဇိသည်လည်း၊ အာဟပ်သားယောရံကို ကြည့်ရှုခြင်း ငှါ ထိုမြို့သို့ ဆင်းသွားလေ၏။

---

2 Kings 01

ယခု
အဓိကဇာတ်လမ်းမှ အခြားကြောင်းအရာကို ပြောမည့်နေရာဖြစ်သည်။ စာရေးသူက အသစ်သောအကြောင်းအရာကို စပြောနေသည်။

အသက်ပြန်ရှင်စေသောသူ၏ မိခင်
ဤအမျိုးသမီးနှင့် သူမ၏ သားတို့အကြောင်းကို 4:8 တွင်တွေ့ရသည်။

အသက်ပြန်ရှင်လော့
"အသက်ပြန်ရှင်စေသည်"

ထလော့
"သင်ရှိသည့်နေရာမှ ထလော့"

ဘုရားသခင်၏လူ
"ဘုရားသခင်၏လူ ဧလိရှဲ"

2 Kings 03

ရှင်ဘုရင်သို့
ဣသရေလရှင်ဘုရင်ကို ဆိုလိုသည်။

သူမ၏အိမ်နှင့် သူမမြေအတွက်
အမျိုးသမီးထွက်သွားသည့်အခါ သူမအိမ်နှင့် ပိုင်ဆိုင်မှုများအတွက် အသနားခံသည်။ သူမကို ပြန်ပေးကြရန် သူမက တောင်းလျှောက်ခြင်းဖြစ်သည်။ ဆိုလိုရင်းကို ရှင်းလင်းစွာဖော်ပြရန်လိုအပ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူမအိမ်နှင့် သူမပိုင်ဆိုင်မှုများကို သူမအားပြန်ပေးဖို့ရန်"

ယခု
အဓိကဇာတ်လမ်းမှ အခြားကြောင်းအရာကို ပြောမည့်နေရာဖြစ်သည်။ စာရေးသူက အမျိုးသမီး ရောက်လာည့်အချိန်၌ ရှင်ဘုရင်က ဘာလုပ်သည်ကို ပြောပြပေးသည်။

2 Kings 05

သေနေသည်သူငယ်သည် အသက်ပြန်ရှင်သည်
"သေနေသည့်သူငယ်ကို အသက်တဖန် ပြန်ရှင်စေသည်"

သူမ၏အိမ်နှင့် မြေအတွက်
အမျိုးသမီး ထွက်သွားသည့်အခါ သူမအိမ်နှင့် ပိုင်ဆိုင်မှုများအတွက် အသနားခံသည်။ သူမကို ပြန်ပေးကြရန် သူမက တောင်းလျှောက်ခြင်းဖြစ်သည်။ ဆိုလိုရင်းကို ရှင်းလင်းစွာဖော်ပြရန်လိုအပ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူမအိမ်နှင့် သူမပိုင်ဆိုင်မှုများကို သူမအားပြန်ပေးဖို့ရန်"

သူမသားအကြောင်း
သူမ၏သားသေနေသည်ကို ဧလိရှဲက ပြန်ရှင်စေသည့်အကြောင်းအရာဖြစ်သည်။ ဆိုလိုရင်းကို ရှင်းလင်းစွာ ပြန်ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူမသားအပေါ် ဖြစ်ပျက်သည့်အကြောင်းအရာ"

သူမလယ်ကွင်းရှိ အသီးအနှံများ
သူမအဝေးသို့ရောက်နေချိန် သူမလယ်ကွင်း၌ရှိသည့်အရာများ၏ တန်ဖိုးငွေပမာဏကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူမ လယ်ကွင်းမှရရှိသည့်အရာအားလုံး"

2 Kings 07

ဗဟ်ာဒဒ်
ရှုရိရှင်ဘုရင်၏ နာမည်ဖြစ်သည်။ သူ့နာမည်က "ဟာဒဒ်၏ သား" ဟု ဆိုလိုရင်းဖြစ်သည်။ 6:24 ၌ဖော်ပြသည့်အတိုင်း ဘာသာပြန်ရန်ဖြစ်သည်။

ဟာဇေလ
လူ၏ နာမည်ဖြစ်သည်။

လက်ဆောင်ယူပါ
ဟာဇေလက လက်ဆောင်ကို တစ်ခုတည်းမဟုတ်ဘဲ အများကြီးယူခဲ့သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လက်ဆောင် အများအပြားကို ယူသည်"

သင်၏လက်ထဲ၌
"သင်၏လက်ထဲ၌" သည် အသုံးအနှုန်းဖြစ်ပြီး သူနှင့်အတူ သူ့အတွက်ပါ လက်ဆောင်ယူရန်ဟု ဆိုလိုရင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်နှင့်အတူ"

ဘုရားသခင်၏လူ
"ဘုရားသခင်၏ လူ ဧလိရှဲ"

သူမှတဆင့် ထာဝရဘုရားကို တိုင်ပင်ပါဟု ပြောလျက်
"ထာဝရဘုရားကို မေးဖို့ရန် ဧလိရှဲကိုပြောပါ"

ကုလားအုပ် (၄၀) ကောင်ကထမ်းကြသည်
ပြည့်သူဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကုလားအုပ် (၄၀) ကောင်က ထမ်းသောအရာ"

ကုလားအုပ် (၄၀) ကောင်
"ကုလားအုပ် ၄၀ ကောင်"

ရှုရိရှင်ဘုရင် သင့်သား ဗဟ်ာဒဒ်
ဗဟ်ာဒဒ်သည် ဧလိရှဲ၏ သား အမှန်မဟုတ်ပေ။ သို့သော် သူတို့အကြားနီးစပ်သည့်ဆက်ဆံမှုရှိသည်ကို ပြသည့်အနေဖြင့် ဟာဇေလက ခေါ်ခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ သားနှင့်တူသည့် ရှုရိရှင်ဘုရင် ဗဟ်ာဒဒ်"

2 Kings 10

သူအရှက်ရသည့်တိုင်
"ဟာဇေလက မျက်နှာပျက်သည်အထိ"

ငါ၏သခင်
ဟာဇေလက ဧလိရှဲကို လေးစားသည့်အနေဖြင့် ခေါ်ခြင်းဖြစ်သည်။

ငါသိသည့်အတွက်
အနာဂတ်၌ မည်သည့်အရာ ဖြစ်လာမည်ကို ထာဝရဘုရားက ဧလိရှဲအားပြသသည်။

သင် လုပ်လိမ့်မည်
"သင်" သည် ဟာဇေလကို ကိုယ်စားပြုပြီး သူ ရှင်ဘုရင်ဖြစ်ချိန် သူ၏ ထိန်းချုပ်မှုအောက်ရှိ စစ်သားများကို ဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သင်က ဖြစ်စေမည်" သို့မဟုတ် "သင်၏ စစ်သားများကို အမိန့်ပေးမည်"

သင်တို့ လုပ်ရမည်,,,,သင်သည် သတ်ကြရမည်
"သင်" သည် ဟာဇေလကို ကိုယ်စားပြုသော်လည်း သူကိုယ်တိုင်မဟုတ်ဘဲ သူ၏ စစ်သားများကို ဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့ စစ်သားများက ပြုရမည်...သင်တို့ စစ်သားများက သတ်ရမည်"

သူတို့ကလေးများကို အပိုင်းပိုင်းဖြတ်ပါ
"သူတို့၏ သူငယ်များကို တက်နင်းကြပါ" ဤဟာသည် စစ်သားများက ကလေးများအပေါ် အလွန်ရိုင်းစိုင်းသည့်အပြုအမူဖြစ်သည်။

ဓားဖြင့် သူတို့လူပျိုများကို သတ်ပါ
စစ်ပွဲ၌ လူများကို သတ်ရန်ကို ဆိုလိုရင်းဖြစ်သည်။ ဓားသည် စစ်ပွဲ၌ သုံးသည့် အဓိကလက်နက်ဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "စစ်ပွဲ၌ သူတို့၏လူပျိုများကို သတ်ပါ"

ကိုယ်ဝန်ဆောင်မိန်းမများကို နံရိုးများခွဲခြင်းပြုလုပ်မည်
သူတို့၏ ဝမ်းဗိုက်များခွဲခြင်းကို ဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဓားဖြင့် ကိုယ်ဝန်ဆောင်မိန်းမများ၏ ဝမ်းဗိုက်များကို ခွဲခြင်း"

2 Kings 13

ဤကြီးမားသောအမှုကို လုပ်သင့်သည့် သင်၏ကျွန်မှာ အဘယ်သူနည်း။
ဟာဇေလက သူ့ကိုယ်သူ ဧလိရှဲ၏ကျွန်ဟု ရည်ညွှန်းသည်။ ဧလိရှဲပြောသည့် ကြောက်စရာအမှုကို သူမလုပ်နိုင်သည်ကို အလေးနက်ပေးချင်သည့်အတွက် ဇာဇေလက ဤမေးခွန်းမျိုးကိုသုံးခြင်းဖြစ်သည်။ ရိုးရိုးဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဤမျှလောက်ကြီးမားသောအမှုကို ငါသည် မလုပ်နိုင်ပေ" သို့မဟုတ် "ဤမျှလောက်ကြီးမားသောအမှုကို လုပ်နိုင်သည့်တန်ခိုးရှိသူမှာ အဘယ်သူနည်း"

ဤကြီးမားသောအမှု
"ဤကြောက်စရာအမှု" "ကြီးမားသော" သည် ကြောက်စရာ၊ ကြီးမားသော အကျိုးသက်ရောက်မှုကို ရှိသည့်အမှု တစ်စုံတစ်ခုကို ဆိုလိုသည်။

သူသည် ခွေးသာလျှင်ဖြစ်သည်။
ဟာဇေလက သူ့ကိုယ်သူပြောခြင်းဖြစ်သည်။ သူသည် နိမ့်ကျသည့်အဆင့်၊ လွှမ်းမိုးမှုမရှိသည့်အတွက် သူ့ကိုယ်သူခွေးနှင့်နှိုင်းယှဉ်ခြင်းဖြစ်သည်။ ခွေးသည် နိမ့်ကျသော တိရိစ္ဆာန်ကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် ခွေးကဲ့သို့ ဩဇာမဲ့နေသည်"

သူ၏သခင်ဆီကို လာသည်
"သူ၏ သခင်" သည် ဗဟ်ာဒဒ်ကို ဆိုလိုသည်။

မျက်နှာကို ဖုံးသဖြင့် သူသည်သေလေသည်
ဗဟ်ာဒဒ်သည် စိုနေသောစောင်အောက်၌ အသက်ရှူမွန်းကြပ်သည်ကို ဆိုလိုသည်။ ဆိုလိုရင်းကို ရှင်းလင်းစွာဖော်ပြရန်လိုအပ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဗဟ်ာဒဒ်သည် အသက်မရှူနိုင်သည့်အတွက် သေဆုံးလေသည်"

2 Kings 16

ယေဘုယျအချက်အလက်
ယဟောရံသည် ယုဒရှင်ဘုရင်ဖြစ်လာသည်။

ဣသရေလရှင်ဘုရင် အာဟတ်၏သား ယောရံ နန်းစံငါးနှစ်မြောက်၌
ယောရံ၏ နန်းစံကြာချိန်ကို ညွှန်းခြင်းဖြင့် လက်ရှိဣသရေလဘုရင် ယဟောရံစတင်နန်းစံသည့် အချိန်ကို ဖော်ပြခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဣသရေလရှင်ဘုရင် အာဟတ်၏ သား ယောရံ နန်းစံ ငါးနှစ် မြောက်၌"

ငါးနှစ်မြောက်
"

ယဟောရံက စအုပ်ချုပ်သည်
ယောရှဖတ်၏သား ယဟောရံက ယုဒရှင်ဘုရင်ဖြစ်လာသည်။


generated on Tue Jul 2 12:50:28 2024

သုံးဆယ့်နှစ်နှစ်
သုံးဆယ့်နှစ်နှစ် "

2 Kings 18

ဣသရေလရှင်ဘုရင်များသွားရာလမ်းကို ယဟောရံသည် လိုက်သွားသည်
"လိုက်သွားသည်" ရှင်ဘုရင်ကဲ့သို့အုပ်ချုပ်ပြီး အသက်ရှင်သည်ကို ဆိုလိုသည်။ ဆိုလိုရင်းကို ရှင်းလင်းစွာဖော်ပြရန်လိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ့ရှေ့၌ ဣသရေလရှင်ဘုရင်များအုပ်ချုပ်ကြသည့်အတိုင်း ယဟောရံသည် ဘုရင်ဆိုးဖြစ်သည်"

အာဟတ်၏အိမ်တော်များလုပ်သကဲ့သို့
"အိမ်" သည် အာဟတ်၏မိသားစုဝင်၊ သူ၏မျိုးဆက်များကို ဆိုလိုသည်။ အာဟတ်သည် ယဟောရံ၏ ယောက္ခမဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကျန်ကြွင်းသော အာဟတ်မိသားစုဝင်များ လုပ်သည့်အတိုင်း"

အာဟတ်၏သမီးကို သူ့မယားအဖြစ်ယူသည်
ယဟောရံသည် ရှင်ဘုရင်အာဟတ်၏ သမီးကို လက်ထပ်သည်။

ထာဝရဘုရား၏အမြင်၌ အပြစ်ရှိသောအရာကို သူလုပ်သည်
ထာဝရဘုရား၏ "အမြင်" သည် သူ၏ထင်မြင်ချက်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား အပြစ်ဟု ထင်သည့်အရာများကို သူလုပ်သည်" သို့မဟုတ် "ထာဝရဘုရား အပြစ်ဟုပြောသည့်အရာများကို သူလုပ်သည်"

ယုဒပြည်ကို ဖျက်ဆီးသည်
"ယုဒပြည်" သည် ထိုပြည်ရှိလူများကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယုဒပြည်သူများကို ဖျက်ဆီးသည်"

သူ့အားမျိုးဆက်များကို အမြဲပေးရန် ပြောထားသည့်အတွက်
"ထာဝရဘုရားက ဒါဝိဒ်အား ဒါဝိဒ်မျိုးဆက်များကို အမြဲပေးမည်ဟု ပြောသည်။" ဒါဝိဒ်၏ မျိုးဆက်များက ယုဒပြည်ကို အုပ်စိုးရန် ထာဝရဘုရား၏ ကတိတော်ဖြစ်သည်။ ဆိုလိုရင်းကို ရှင်းလင်းစွာဖောက်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူက ဒါဝိဒ်အား သူ၏ မျိုးဆက်များက အမြဲ ယုဒပြည်ကို အုပ်စိုးကြရန် ပြောထားသည့်အတွက်"

2 Kings 20

ဧဒုံပြည်သည် အောက်မှပုန်ကန်မှုထ၍
"ဧဒုံပြည်က ပုန်ကန်၍"

ယုဒ၏လက်ထက်
"လက်" သည် ယုဒ၏ ထိန်းချုပ်မှုကို ဆိုသည်ပြီး "ယုဒ"သည် ယုဒရှင်ဘုရင်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယုဒရှင်ဘုရင်၏ ထိန်းချုပ်မှုအောက်" (ရှု၊|Metonymy)

သူတို့ကို အုပ်ချုပ်မည့် ဘုရင်ကို ချီးမြှောက်ကြသည်
"သူတို့ကို အုပ်ချုပ်မည့်ဘုရင်ကို သူတို့ ခန့်ထားကြသည်"

ယဟောရံက ဖြတ်သွားသည်
"ဖြတ်သွားသည်" ကို မည်သည့်အရာဖြစ်မှန်း ရှင်းလင်းစွာရေးသားရမည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ရန်သူတို့၏ စစ်ချီရာကို ယဟောရံသည် ကျော်သွားသည့်အခါ" (ရှု၊|Assumed Knowledge နှင့် Implicit Information)

ညမှာသူ ထလာသည်
"ထို့နောက် ညမှာ သူထ လာသည်"

သူသည်ထ၍
"သူ" စကားလုံးသည် ယဟောရံကို ဆိုလိုပြီး သူနှင့်သူ၏ တပ်မှူးများကိုလည်း ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူနှင့် သူ၏တပ်မှူးများ" (ရှု၊|Synecdoche)

2 Kings 22

ယေဘုယျအချက်အလက်
ယုဒရှင်ဘုရင် ယဟောရံသည် သေဆုံး၍ သူ၏ သား အာခဇိသည် ဘုရင်ဖြစ်လာသည်။

ဧဒုံပြည်သည် ယနေ့တိုင်အောင် ယုဒရှင်ဘုရင်ကို ပုန်ကုန်သည်
"ထို့နောက် ဧဒုံပြည်သည် ယုဒပြည်၏ ထိန်းချုပ်မှုအောက်တွင်မရှိတော့ဘဲ ဒီတိုင်းသာ နေလေသည်" (UDB)

ယုဒပြည်၏အုပ်ချုပ်မှု
"ယုဒ" သည် ယုဒရှင်ဘုရင်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယုဒရှင်ဘုရင်၏ အုပ်ချုပ်မှု" သို့မဟုတ် "ယုဒရှင်ဘုရင်၏ အာဏာ"

ဤလက်ရှိအချိန်သို့
ဤစာအုပ်ကိုရေးသည့်အချိန်သို့

လိဗနမြို့ကလည်း ပုန်ကန်လေသည်
ဧဒုံပြည်က ယုဒရှင်ဘုရင်ကို ပုန်ကန်သကဲ့သို့ လိဗနကလည်း ပုန်ကန်လေသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထိုအချိန်အတွင်း၌ ယုဒရှင်ဘုရင်ကို လိဗနမြို့ကလည်း ပုန်ကန်လေသည်"

လိဗနမြို့
ယုဒပြည်မှ မြို့တစ်မြို့၏ နာမည်ဖြစ်သည်။ "လိဗန" သည် ထိုမြို့ရှိလူများကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လိဗနပြည်သူများ"

ယဟောရံပြုလေသမျှ
"ယဟောရံသမိုင်းနှင့် သူပြုလုပ်ခဲ့သည့်အရာကို ဖတ်နိုင်သည်"


generated on Tue Jul 2 12:50:28 2024

ယုဒ...သူတို့ကို မရေးထားသလော။
ယဟောရံ၏ အကြောင်းသည် အခြားကျမ်းများ၌ရှိသည်ကို ဤမေးခွန်းဖြင့် အသိပေးခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယုဒ....ဤအရာများသည် ရေးထားသည်" သို့မဟုတ် "ယုဒ...သူတို့ အကြောင်းကို သင်ဖတ်နိုင်သည်"

ယဟောရံသည် သေဆုံး၍သူ၏ဖခင်များနှင့်အတူအနားယူသည်၊ သူ၏ဖခင်များနှင့်အတူ သင်္ဂြိုဟ်လေသည်။
"အနားယူ" စကားလုံးသည် တစ်ယောက်ယောက်သေဆုံးခြင်းကို ဆိုလိုသည်။ သူသေပြီးနောက် သူ၏ရုပ်အလောင်းကို သူ့ဘိုးဘေးများနှင့်အတူ သင်္ဂြိုဟ်ခြင်းခံရသည်။ "သင်္ဂြိုဟ်ခြင်းခံရသည်" ကို ပြုသူဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယဟောရံသည် သေဆုံး၍ သူ၏ဖင်များနှင့်အတူ သင်္ဂြိုဟ်ကြလေသည်"

သူ၏သား အာခဇိသည် သူ၏နန်းတော်တွင် ဘုရင်ဖြစ်လာသည်
"ယဟောရံ၏ သား အာခဇိသည် သူသေဆုံးပြီးနောက် ဘုရင်ဖြစ်လာသည်"

2 Kings 25

ယေဘုယျအချက်အလက်
အာခဇိသည် ယုဒရှင်ဘုရင် ဖြစ်လာသည်။

ဣသရေလရှင်ဘုရင် အာဟပ်၏သား ယောရံ နန်းစံဆယ့်နှစ်နှစ်မြောက်တွင်
ယုဒရှင်ဘုရင်အဖြစ် အာခဇိရှင်ဘုရင်လုပ်ခြင်းကို ဣသရေလရှင်ဘုရင်ယောရံ၏ နန်းစံနှစ်နှင့် ဖော်ပြခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဣသရေလရှင်ဘုရင် အာဟပ်၏ သား ယောရံနန်းစံနှစ် ဆယ့်နှစ်နှစ်မြောက်တွင်"

ဆယ့်နှစ်နှစ်မြောက်
"

နှစ်ဆယ့်နှစ်နှစ်
နှစ်ဆယ့်နှစ်နှစ်- "

အာသလိ...ဩမရိ..
အာသလိသည် အမျိုးသမီး၏ နာမည်ဖြစ်သည်။ ဩမရိသည် အမျိုးသား၏ နာမည်ဖြစ်သည်။

အာခဇိသည် လမ်းသို့လိုက်၍
"လိုက်၍" သည် သူအသက်ရှင်ပုံ၊ သူ၏ အကျင့်စရိုက်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တခြားသူများ လုပ်သည့်နည်းတူ အာခဇိလည်း လုပ်လေသည်"

အာဟပ်၏အိမ်တော်
"အိမ်တော်" သည် အာဟပ်၏ မိသားစုကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အာဟပ်၏ မိသားစု"

ထာဝရဘုရား၏အမြင်၌ အပြစ်ရှိသောအရာကို သူလုပ်သည်
ထာဝရဘုရား၏ "အမြင်" သည် သူ၏ထင်မြင်ချက်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား အပြစ်ဟုထင်သည့်အရာများကို သူလုပ်သည်" သို့မဟုတ် "ထာဝရဘုရား အပြစ်ဟုပြောသည့်အရာများကို သူလုပ်သည်"

အာဟပ်မိသားစု၏ သားမက်
အာဟပ်မိသားစု၏ သားမက်- ဤအကြောင်းအရာက အာခဇိ၏မိသားစုသည် အာဟတ်နှင့်အဆက်အစပ်ရှိသည်။ အာခဇိ၏ဖခင်က အာဟပ်၏ သမီးကို လက်ထပ်သည်။ ဆိုလိုရင်းကို ရှင်းလင်းစွာ ရေးရန်လိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အာဟပ် သားမက်၏ သား" သို့မဟုတ် "ရှင်ဘုရင်အာဟပ်၏ မြေး"

2 Kings 28

အာခဇိသည် အာဟပ်၏သားယောရံနှင့်အတူ ရှုရိရှင်ဘုရင်ဟာဇေလကို တိုက်ခိုက်ရန်သွားသည်
ဤနေရာ၌ ဘုရင်သုံးပါးကို ရည်ညွှန်းထားသည်မှာ သူတို့နှင့်လိုက်ပါလာသည့် သူတို့စစ်တပ်များပါ ဆိုလိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အာခဇိ၏စစ်တပ်တို့သည် ဣသရေလရှင်ဘုရင် ယောရံ၏ စစ်တပ်နှင့်ပူးပေါင်းလျက် ရှုရိရှင်ဘုရင် ဟာဇေလ၏ စစ်တပ်ကို စစ်တိုက်လေသည်။"

အနာငြိမ်းခံရသည်
ပြုသူဝါကျဖြင့် ပြန်ရေးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ကုသခြင်းခံရသည်" သို့မဟုတ် "နေ ပြန်ကောင်းလာသည်"

ရှုရိဘုရင် ဟာဇေလကိုတိုက်၍
"ဟာဇေလ" သည် သူနှင့် သူ့စစ်တပ်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ရှုရိရှင်ဘုရင် ဟာဇေလ၏ စစ်တပ်"

ယောရံသည် ဒဏ်ရာရလေသည်
ပြုသူဝါကျဖြင့် ပြန်ရေးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ရှုရိလူများက ယောရံကို ဒဏ်ရာရစေသည်"


generated on Tue Jul 2 12:50:28 2024

# Translation Questions

2 Kings 8:1

ဧလိရှဲသည် အသက်ရှင်စေသော သူငယ်၏အမိကို အဘယ်ကြောင့် ဖိလိတ္တိပြည်၌ ခုနစ်နှစ်နေထိုင်ရန် ပြောခဲ့သနည်း။
ဧလိရှဲသည် အသက်ရှင်စေ သော သူငယ်၏အမိကို ဖိလိတ္တိပြည်၌ ခုနစ်နှစ်နေထိုင်ရန်ပြောခဲ့ရခြင်းမှာ ထာဝရဘုရား သည် အစာခေါင်းပါးရာကာလကို မှာလိုက်တော်မူသော ကြောင့်ဖြစ်သည်။

2 Kings 8:3

အမျိုးသမီးသည် ရှင်ဘုရင်ထံသို့ အဘယ်ကြောင့်သွားခဲ့သနည်း။
အမျိုးသမီးသည် ရှင်ဘုရင်ထံသို့ ကိုယ်အိမ်၊ ကိုယ်မြေကို ရအံ့သောငှါ အသနားတော်ခံရန် သွားခဲ့သည်။

2 Kings 8:5

ဂေဟာဇိသည် ရှင်ဘုရင်အား ဧလိရှဲသည် အမျိုးသမီးတစ်ဦး၏သား သေသောသူ အသက်ရှင်စေကြောင်းကို လျှောက်စဉ်တွင် ဘာပြောခဲ့သနည်း။
ဂေဟာဇိသည် ရှင်ဘုရင်အား ဧလိရှဲသည် မည်သို့ သေသောသူငယ်ကို ပြန်ရှင်စေခဲ့ပြီးဖြစ်ကြောင်း ပြောဆိုခြင်းဖြစ်သည်။

2 Kings 8:7

ဟာဇေလသည် ဧလိရှဲကို ပေးဖို့ရန်အတွက် သူနှင့်အတူ ဘာကို သယ်ဆောင်ခဲ့သနည်း။
ဟာဇေလသည် ကုလားအုပ်လေးဆယ်အပေါ် မှာ ဒမာသက်ဥစ္စာများကိုတင်၍၊ လက်ဆောင်အဖြင့် သယ်သွားခဲ့သည်။

2 Kings 8:10

ဘုရားသခင်၏လူသည် အဘယ်ကြောင့် မျက်ရည်ကျသနည်း။
ဘုရားသခင်၏လူသည် ဣသရေလအမျိုးသားတို့၌ ဟာဇေလပြုလတံ့သော ဘေးဥပဒ်ကို သိခဲ့သောကြောင့် မျက်ရည်ကျခဲ့သည်။

2 Kings 8:13

ဟာဇေလသည် ရှုရိဘုရင်အား သူသည် နန်းထိုင်သင့်သည်အကြောင်းပြောပြီးနောက် ရှင်ဘုရင်ကို ဘာလုပ်ခဲ့သနည်း။
ဟာဇေလသည် ရှုရိဘုရင်အား သူသည် နန်းထိုင်သင့်သည်အကြောင်းပြောပြီးနောက်သိုးမွှေးအဝတ်ကို ရေ၌ နှစ်ပြီးလျှင်၊ ရှင်ဘုရင်၏ မျက်နှာကိုဖုံးအုပ်သဖြင့်၊ ရှင်ဘုရင်သေခဲ့ရ၏။

2 Kings 8:18

မည်သူသည် ယဟောရံ၏မယား ဖြစ်သနည်း။
အာဟပ်သမီးသည် ယဟော ရံ၏မယားသည် ဖြစ်ခဲ့သည်။

ထာဝရဘုရားသည် ဘာကြောင့် ယုဒပြည်ကို ဖျက်ဆီးခြင်းငှါ အလိုတော်မရှိသနည်း။
ထာဝရဘုရားသည် ဒါဝိဒ်အစရှိ သော သားမြေးတို့ ၏မီးခွက်ကို အစဉ်ထွန်းလင်းစေမည် ဟု ဂတိတော်ရှိသောကြောင့် ဖြစ်သည်။

2 Kings 8:20

ဧဒုံပြည်သည် မည်သည့်အချိန်တွင်ယုဒရှင် ဘုရင်ကို ပုန်ကန်ခဲ့သနည်း။
ယဟောရံမင်းလက်ထက်၌၊ ဧဒုံပြည်သည် ယုဒရှင် ဘုရင်ကို ပုန်ကန်ခဲ့သည်။

2 Kings 8:25

အာခဇိမင်းသည် ထာဝရဘုရားရှေ့တော်၌ ဒုစရိုက်ကို အဘယ်ကြောင့်ပြုခဲ့သနည်း။
အာခဇိမင်းသည် ထာဝရဘုရားရှေ့တော်၌ ဒုစရိုက်ကိုပြုခဲ့ရခြင်းမှာ အာဟပ်အိမ်၏သမက် ဖြစ်သောကြောင့်ဖြစ်သည်။

2 Kings 8:28

ယောရံမင်းကြီးသည် ရာမုတ်မြို့၌ရှုရိလူထိခိုက်သော အနာပျောက်စေခြင်းငှါ မည်သည့်နေရာသို့ ပြန်သွားခဲ့သနည်း။
ယောရံမင်းကြီးသည် အနာပျောက်စေခြင်းငှါ ယေဇရေလမြို့သို့ ပြန်သွားခဲ့သည်။

## Chapter 9

1 ထိုအခါပရောဖက် ဧလိရှဲသည် ပရောဖက် အမျိုးသားတယောက်ကို ခေါ်၍၊ သင်၏ခါးကို စည်း လော့။ ဤဆီဘူးကိုယူ၍ ဂိလဒ်ပြည်
ရာမုတ်မြို့သို့ သွားလော့။ 2 ရောက်သောအခါ၊ နိမ်ရှိသားယောရှဖတ်၏သား ယေဟုကို ရှာ၍သူ့ထံသို့ ဝင်လျက်၊ သူ့ကိုသူ၏အပေါင်း
အဘော်စုထဲက ထွက်စေ၍၊ အတွင်းအခန်းထဲသို့ ခေါ်ပြီး လျှင်၊ 3 ဤဆီဘူးကိုကိုင်၍ သူ၏ခေါင်းပေါ်၌ ဆီကို လောင်းလျက်၊
ထာဝရဘုရားက၊ ငါသည်သင့်ကို ဣသ ရေလရှင်ဘုရင်အရာ၌ ခန့်ထား၍ ဘိသိက်ပေးသည်ဟု မိန့်တော်မူကြောင်းကို ဆင့်ဆိုပြီးမှ၊
တံခါးကိုဖွင့်၍ မဆိုင်း မလင့်ဘဲ ပြေးလော့ဟု မှာထားလေ၏။ 4 ထိုပရောဖက်အမျိုးသားလုလင်သည် ဂိလဒ် ပြည် ရာမုတ်မြို့သို့
သွား၏။ 5 ရောက်သောအခါ၊ ဗိုလ်မင်းတို့သည်အတူ ထိုင်လျက် ရှိကြ၏။ ပရောဖက်က၊ အိုဗိုလ်မင်း၊ ကိုယ်တော်အား
ပြောစရာရှိသည်ဟု ဆိုလျှင်၊ ယေဟုက၊ ငါတို့အပေါင်းတွင် အဘယ်သူအား ပြောစရာရှိသနည်းဟု မေးသော်၊ အိုဗိုလ်မင်း၊
ကိုယ်တော်အား ပြောစရာရှိသည် ဟု ပြန်ဆို၏။ 6 ထိုအခါ ယေဟုသည် ထ၍အိမ်ထဲသို့ ဝင်သဖြင့်၊ ပရောဖက်သည် သူ၏ခေါင်းပေါ်၌
ဆီကိုလောင်းလျက်၊ ဣသရေလအမျိုး၏ ဘုရားသခင်ထာဝရဘုရားက၊ ငါသည် သင့်ကို ထာဝရဘုရား၏လူ ဣသရေလအမျိုး၏
ရှင်ဘုရင်အရာ၌ ခန့်ထား၍ ဘိသိက်ပေး၏။ 7 ငါ့ကျွန်ပရောဖက်တို့ကို သတ်သောအပြစ်၊ ထာဝရဘုရား၏ ပရောဖက်အပေါင်းကို
သတ်သော အပြစ်အလျောက်၊ ယေဇဗေလ၌ ငါဒဏ်ပေးမည် အကြောင်း၊ သင်သည် သင့်သခင်အာဟပ်အမျိုးကို လုပ်ကြံရမည်။ 8
အာဟပ်အမျိုးသားရှိသမျှတို့ကို ပျက်စီးစေခြင်း ငှါ၊ ဣသရေလ မြို့ရွာ၌ အချုပ်ခံသောသူဖြစ်စေ၊ အလွတ်ပြေးသောသူဖြစ်စေ၊
အာဟပ်အမျိုးသား ယောကျ်ားများကို ငါပယ်ဖြတ်မည်။ 9 အာဟပ်အမျိုးကို နေဗတ်၏သား ယေရောဗောင်အမျိုးကဲ့သို့၎င်း၊
အဟိယ၏သား ဗာရှာအမျိုးကဲ့သို့၎င်း ဖြစ်စေမည်။ 10 ယေဇဗေလကို သင်္ဂြိုလ်သောသူမရှိ။ ယေဇ ရေလမြေကွက်၌၊
ခွေးတို့သည်သူ့ကိုစားကြလိမ့်မည်ဟု မိန့်တော်မူကြောင်းကို ဆင့်ဆိုပြီးမှ တံခါးကိုဖွင့်၍ ပြေး၏။ 11 ထိုအခါ ယေဟုသည် မိမိသခင်၏
ကျွန်တို့ရှိရာ သို့ ထွက်၍၊ တယောက်က၊ ရှိသမျှကောင်းသလော။ ထိုအရူးသည် အဘယ်ကြောင့် လာသနည်းဟု မေးလျှင်၊ ယေဟုက၊
သင်တို့သည် ထိုသူကို၎င်း၊ သူပြောသော စကားကို၎င်း သိကြ၏ဟုဆိုသော်၊ 12 သူတို့က ငါတို့မသိ။ ပြောပါလော့ဟု ဆိုပြန် သော်၊
ယေဟုက၊ ထိုသူသည်ဤမည်သော စကားကို ပြော၏။ ထာဝရဘုရားက၊ ငါသည်သင့်ကို ဣသရေလ ရှင်ဘုရင်အရာ၌ ခန့်ထား၍
ဘိသိက်ပေးသည်ဟု မိန့်တော်မူကြောင်းကိုဆင့်ဆိုသည်ဟု ပြန်ပြောသောအခါ၊ 13 သူတို့သည် အလျင်အမြန်ထသဖြင့်၊ အသီး
အသီးမိမိတို့ ဝတ်လုံကိုယူ၍ လှေကားထိပ်ပေါ် ယေဟု အောက်မှာခင်းလျက်၊ ယေဟုသည် ရှင်ဘုရင်ဖြစ်တော်မူ ၏ဟု တံပိုးမှုတ်၍
ဟစ်ကြော်ကြ၏။ 14 ထိုသို့နိမ်ရှိသားယောရှဖတ်၏ သားယေဟုသည် ယောရံမင်း တဘက်သင်းဖွဲ့လေ၏။ ထိုအခါ ရှုရိရှင်ဘုရင်
ဟာဇေလကြောင့်၊ ယောရံမင်းနှင့် ဣသရေလလူ အပေါင်းတို့သည် ဂိလဒ်ပြည်ရာမုတ်မြို့ကို စောင့်ရှောက် ကြ၏။ 15 သို့ရာတွင်
ယောရံမင်းသည် ရှုရိရှင်ဘုရင် ဟာဇေလကို စစ်တိုက်သောအခါ၊ ရှုရိလူထိခိုက်သော အနာကို ပျောက်စေခြင်းငှါ ယေဇရေလမြို့သို့
ပြန်သွား နှင့်ပြီ။ ယေဟုကလည်း၊ သင်တို့အလိုရှိလျှင်၊ ယေဇရေလ မြို့သို့သွား၍ သိတင်းကြားပြောရသော သူတစုံ တယောက်ကိုမျှ
မြို့ထဲက မထွက်မသွားစေနှင့်ဟုစီရင်၏။ 16 ထိုသို့ယောရံမင်းသည် ယေဇရေလမြို့၌ ရှိနေ သောကြောင့်၊ ယေဟုသည် ရထားကိုစီး၍
ထိုမြို့သို့ သွား၏။ ထိုအခါ ယုဒရှင်ဘုရင်အာ ခဇိသည်လည်း၊ ယောရံမင်းကို ကြည့်ရှုအံ့သောငှါ ရောက်လာပြီ။ 17 ယေဇရေလမြို့၌
မျှော်စင်ပေါ်မှာ စောင့်သော သူသည်ရပ်လျက်၊ ယေဟုနှင့် လိုက်လာသော အလုံး အရင်းကို မြင်သောအခါ၊ လူအလုံးအရင်းကို ငါမြင်
သည်ဟု ဆိုလျှင်၊ ဆီးကြိုခြင်းငှါ သွား၍ ငြိမ်သက်ခြင်း ရှိသလောဟု မေးမည်အကြောင်း၊ ယောရံသည် မြင်းစီး သူရဲတယောက်ကို
စေလွှတ်သည်အတိုင်း၊ 18 မြင်းစီးသူရဲသည် ဆီးကြိုခြင်းငှါသွား၍၊ ငြိမ် သက်ခြင်းရှိသလောဟု ရှင်ဘုရင်မေးတော်မူကြောင်းကို
ပြောဆိုသော်၊ ယေဟုက၊ သင်သည် ငြိမ်သက်ခြင်းနှင့် အဘယ်သို့ ဆိုင်သနည်း။ ငါ့နောက်သို့လှည့်၍ လိုက်လော့ ဟုဆို၏။
စောင့်သောသူကလည်း၊ မြင်းစီးသူရဲသည် အလုံးအရင်းသို့ ရောက်၍ ပြန်မလာပါဟုဆိုသော်၊ 19 ရှင်ဘုရင်သည် အခြားသော
မြင်းစီးသူရဲ တယောက်ကို စေလွှတ်ပြန်၍၊ သူသည်ရောက်သောအခါ၊ ငြိမ်သက်ခြင်းရှိသလောဟု ရှင်ဘုရင် မေးတော်မူကြောင်း ကို
ပြောဆိုသော်၊ ယေဟုက၊ သင်သည် ငြိမ်သက်ခြင်း နှင့် အဘယ်သို့ဆိုင်သနည်း။ ငါ့နောက်သို့လှည့်၍ လိုက် လော့ဟု ဆို၏။ 20
စောင့်သောသူကလည်း၊ မြင်းစီးသူရဲသည် ရောက်၍ ပြန်မလာပါ။ လာသောသူသည် နိမ်ရှိသား ယေဟုနှင့် တတ်သကဲ့သို့
အလွန်ပြင်းထန်စွာနှင်၍ လာပါ သည်ဟုဆို၏။ 21 ယောရံမင်းကလည်း၊ မြင်းရထားကို ပြင်ဆင် လော့ဟုဆိုသည်အတိုင်း၊
မြင်းရထားကို ပြင်ဆင်ကြ၏။ ဣသရေလရှင်ဘုရင်ယောရံနှင့် ယုဒရှင်ဘုရင် အာခဇိတို့ သည် ရထားတော်တခုစီစီးလျက်ယေဟုကို
ဆီးကြို မည်ဟု ထွက်သွား၍၊ ယေဇရေလမြို့သား နာဗုတ်၏ မြေကွက်တွင် တွေ့ကြ၏။ 22 ယောရံသည် ယေဟုကိုမြင်လျှင်၊ ယေဟု
ငြိမ်သက်ခြင်းရှိသလောဟု မေးသော်၊ ယေဟုက။ သင့်အမိယေဇ ဗေလပြုသော အဓမ္မမေထုန်အမှု၊ ပြုစားသော အမှုများ သော
ကာလအတွင်းတွင်၊ အဘယ်သို့သော ငြိမ်သက် ခြင်းရှိလိမ့်မည်နည်းဟု ပြန်ပြောသော်၊ 23 ယောရံက၊ အိုအာခဇိ၊ ပုန်ကန်မှုပါတကားဟု
ဆိုလျက် လှည့်၍ ပြေး၏။ 24 ယေဟုသည်လည်း လေးကိုတင်၍ ပစ်သဖြင့်၊ ယောရံကို ပခုံးကြားမှာမှန်၏။ မြှားသည်လည်း နှလုံးကို
ထုတ်ချင်းဖောက်၍၊ ယောရံသည် ရထားတော်ပေါ်မှာ လဲနေ၏။ 25 ယေဟုကလည်း၊ သူ့ကိုဆွဲ၍ ယေဇရေလမြို့
သားနာဗုတ်မြေကွက်၌ ချပစ်လော့။ သင်နှင့်ငါသည် သူ့အဘအာဟပ်နောက်သို့ မြင်းစီး၍ လိုက်သောအခါ၊ ဤအမှုကို ထာဝရဘုရား
ဗျာဒိတ်ထားတော်မူသည်ကို မမှတ်မိသလော။ 26 အကယ်စင်စစ်နာဗုတ်အသွေး၊ သူ့သားတို့၏ အသွေးကို မနေ့က ငါကြည့်မြင်ပြီဟု
ထာဝရဘုရား မိန့်တော်မူ၏။ ဤမြေကွက်၌ သင့်ကို အပြစ်နှင့် အလျောက် ငါဒဏ်ပေးမည်ဟု ထာဝရဘုရားမိန့်တော် မူ၏။ သို့ဖြစ်၍


generated on Tue Jul 2 12:50:28 2024

ထာဝရဘုရား၏ အမိန့်တော်ရှိသည် အတိုင်း၊ ဤမြေကွက်၌ အလောင်းကိုချပစ်လော့ဟု မိမိရထားမှူးဗိဒကကို ဆို၏။ 27 ထိုအမှုကို
ယုဒရှင်ဘုရင် အာခဇိသည်မြင်လျှင်၊ ဥယျာဉ်စံနန်းလမ်းဖြင့် ပြေး၏။ ယေဟုကလည်း၊ သူ့ကို ရထားပေါ်မှာ ထိုးတော့ဟု
လိုက်လျက်ဆိုသည်အတိုင်း၊ ဣဗလံမြို့နား၊ ဂုရမြို့သို့သွားလောလမ်းတွင် ပြုကြသဖြင့်၊ သူသည်မေဂိဒ္ဒေါမြို့သို့ပြေး၍ သေ၏။ 28
သူ၏ကျွန်တို့သည် အလောင်းကို ရထားပေါ်သို့ တင်ပြီးလျှင်၊ ယေရုရှလင်မြို့သို့ ဆောင်သွား၍၊ ဒါဝိဒ်မြို့ တွင် မိမိသချိုင်း၌
ဘိုးဘေးတို့နှင့်အတူ သင်္ဂြိုဟ်ကြ၏။ 29 ထိုမင်းအာခဇိသည် အာဟပ်သား ယောရံနန်းစံ ဆယ်နှစ်နှစ်တွင် ယုဒနိုင်ငံ၌ နန်းထိုင်၏။ 30
ယေဟုသည် ယေဇရေလမြို့သို့ရောက်သည်ကို ယေဇဗေလသည် ကြားလျှင်၊ မျက်ခမ်းတို့ကို ဆေးသုတ်၍ ဆံပင်ကိုတန်ဆာဆင်ပြီးမှ၊
ပြတင်းပေါက်ဝ၌ ကြည့်ရှု လျက် နေ၏။ 31 ယေဟုသည် တံခါးဝသို့ဝင်သောအခါ ယေဇ ဗေလက၊ မိမိသခင် ကိုသတ်သောဇိမရိသည်
ချမ်းသာ ရသလောဟု မေးလျှင်၊ 32 ယေဟုသည် မျှော်ကြည့်၍၊ ငါ့ဘက်မှာ အဘယ် သူနေသနည်း။ အဘယ်သူဟုမေးလေသော်၊
မိန်းမစိုး နှစ်ယောက်သုံးယောက်တို့သည် ပြတင်းပေါက်ထဲက ကြည့်ရှုကြ၏။ 33 ယေဟုက၊ သူ့ကို တွန်းချလိုက်ဟုဆိုသည် အတိုင်း
တွန်းချသဖြင့်၊ သူ၏အသွေးသည် နန်းတော်ထရံ အပေါ်၌၎င်း၊ မြင်းတို့အပေါ်၌၎င်း စဉ်၏။ ယေဟုသည် သူ့ကိုယ်ကို နင်းလေ၏။
အထဲသို့ဝင်၍၊ 34 စားသောက်ပြီးမှ၊ ထိုကျိန်အပ်သော မိန်းမသည် ရှင်ဘုရင် သမီးဖြစ်သောကြောင့်၊ သွားကြည့်၍သင်္ဂြိုဟ် လော့ဟု
ဆိုသည်အတိုင်း၊ 35 သင်္ဂြိုဟ်ခြင်းငှါသွားသောအခါ၊ ဦးခေါင်းခွံ၊ ခြေဖျား၊ လက်ဝါးတို့ကိုသာ တွေ့သောကြောင့်၊ တဖန် လာ၍
ကြားလျှောက်ကြ၏။ 36 ယေဟုက၊ ယေဇရေလေမြေကွက်၌ ခွေးတို့သည် ယေဇဗေလ၏အသားကို စားကြလိမ့်မည်ဟု ထာဝရ
ဘုရားသည် မိမိကျွန်တိရှဘိမြို့သားဧလိယအားဖြင့် မိန့်တော်မူသော စကားတော်သည် ဤသို့ ပြည့်စုံပြီ။ 37 သို့ဖြစ်၍ ဤသင်္ချိုင်းသည်
ယေဇဗေလသင်္ချိုင်း ဖြစ်၏ဟု အဘယ်သူမျှ မပြောနိုင်မည်အကြောင်း၊ သူ၏ အလောင်းကောင်သည် ယေဇရေလမြေကွက်တွင်၊
လယ်ပြင်၌ နောက်ချေးကဲ့သို့ရှိရလိမ့်မည်ဟု ဆို၏။

---

2 Kings 01

ပရောဖက်၏သားများ
ပရောဖက်၏ သားများဟု ဆိုလိုခြင်းမဟုတ်ဘဲ ပရောဖက်အုပ်စုဝင်များကိုသာ ဆိုလိုသည်။ 2:3. ၌ ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရန်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ပရောဖက် အုပ်စုဝင်များ"

သင်၏လက်ထဲ၌
"သင်၏ လက်ထဲ" စကားစုသည် သူနှင့်အတူ ပုလင်းယူခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်နှင့်အတူ"

ရာမုတ်မြို့ ဂိလဒ်ပြည်
8:28. ၌ ဘာသာပြန်ထားသည့်အတိုင်း ဤမြို့၏ နာမည်ကို ဘာသာပြန်ရန် ဖြစ်သည်။

နိမ်ရှိသားယောရှဖတ်၊ ယောရှဖတ်သား ယေဟု
ယေဟောရှဖတ်သည် ယေဟု၏ ဖခင်ဖြစ်သည်၊ နိမ်ရှိသည် ယောရှဖတ်၏ ဖခင်ဖြစ်သည်။

လိုက်ပါလာသူများ
ယေဟုနှင့်အတူ ထိုင်သည့်လူများဖြစ်သည်။

ခေါ်သွား၍
"သူနှင့်အတူ သွား၍" သို့မဟုတ် "သူ့ကို ခေါ်သွား၍"

ကိုယ်ပိုင်ခန်း
"ကိုယ်ပိုင်အခန်း"

2 Kings 04

ကြည့်ပါ
စာရေးသူက "ကြည့်ပါ" ကို ဆက်ပြောမည့်အရာနှင့်ပတ်သက်ပြီး တိုက်ရိုက်အာရုံဆွဲခေါ်ထားခြင်းဖြစ်သည်။ သင်၏ ဘာသာစကား၌ ထိုကဲ့သို့ သုံးနိုင်သည်။

စစ်တပ်အမတ်များသည် ထိုင်နေကြသည်
ယေဟုသည် အမတ်များကြား၌ ထိုင်နေသည်။ သင်၏ဘာသာစကား၌ လိုအပ်ပါက ယေဟုကို ထည့်ရေးနိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယေဟုနှင့် တခြားအမတ်များက အတူထိုင်နေကြသည်"

ငါတို့မှ အဘယ်သူအား
"ငါတို့" စကားလုံးသည် ယေဟုနှင့်တခြားသော အမတ်များကို ဆိုလိုသည်။

2 Kings 07

ယေဘုယျအချက်အလက်
ပရောက်ဖက်ငယ်က ဣသရေလရှင်ဘုရင်အဖြစ် သူဘိသိပ်ပေးသော ယေဟုကို ဆက်၍စကားပြောနေသည်။

ထာဝရဘုရား၏ကျွန်များ၏အသွေးနှင့်
ငါ၏ကျွန်ပရောဖက်များ၏အသွေးအတွက် ငါသည်လက်စားပြန်ချေနိုင်သည်။
ပရောဖက်များနှင့်ကျွန်တို့၏ "အသွေး" သည် သူတို့၏သေခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား၏ ကျွန်များနှင့် ငါ၏ကျွန်ပရောဖက်များ၏ သေခြင်းအတွက် ငါသည် လက်စားပြန်ချေနိုင်သည်" သို့မဟုတ် "ငါ၏


generated on Tue Jul 2 12:50:28 2024

ကျွန်ပရောဖက်များနှင့် ထာဝရဘုရား၏ ကျွန်များ သတ်သူကို အပြစ်ဒဏ် ငါပြန်ပေးမည်"

အသွေး

မြှုပ်ထားသည့် "လက်စားချေ" ကို ပြန်ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လက်စားချေ အသွေး"

ယေဇဗေလ၏လက်ဖြင့် အသတ်ခံရသောသူများ

ပြုသူဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူမ၏ ကျွန်များကို လူသတ်သူအဖြစ် ယေဇဗေလက အမိန့်ပေးခံရသူများ" သို့မဟုတ် "ယေဇဗေလအမိန့်ကြောင့် သေသောသူများ"

ယေဇဗေလ၏ လက်အားဖြင့်

လူများကို သတ်ရန် အမိန့်ပေးသူမှာ ယေဇဗေလဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ ယေဇဗေလမှ အမိန့်တော်" သို့မဟုတ် "ယေဇဗေလ၏ အမိန့်တော်အားဖြင့်"

အာဟပ်အမျိုးမှ ယောကျာ်းလေးတိုင်းကို ငါပယ်ဖြတ်မည်၊ အာဟပ်မိသားစုကို ဖျက်ဆီးမည်

"ပယ်ဖျက်" စကားလုံးက သတ်သည်ကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အာဟပ် မိသားစုအားလုံးကို ငါဖျက်ဆီးမည်၊ သူမျိုးဆက်မှ ကလေးယောကျာ်းလေးတိုင်းကို သတ်စေမည်" သို့မဟုတ် "အာဟပ်၏ မိသားစုဝင်တိုင်းသေရမည်၊ ကလေးယောကျာ်းလေးများအပါအဝင် သေကြရမည်"

သားယောကျာ်းများ

ကလေးယောကျာ်းလေးတိုင်းကိုသာ ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သားယောကျာ်းလေးများ"

2 Kings 09

ယေဘုယျအချက်အလက်

ပရောက်ဖက်ငယ်က ဣသရေလရှင်ဘုရင်အဖြစ် သူဘိသိပ်ပေးသော ယေဟုကို ထာဝရဘုရား၏ စကားတော်ကို ဆက်၍ပြောနေသည်။

အာဟပ်၏မိသားစုကဲ့သို့ သင့်ကိုငါလုပ်မည်

ဘုရားသခင်သည် ယေရောဗောင်၊ ဗာရှာနှင့်သူ၏မိသားစုများကို ဖျက်ဆီးသကဲ့သို့ အာဟပ်ကိုလည်း ဖျက်ဆီးမည်ဟု ဆိုလိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် ဖျက်ဆီးသကဲ့သို့ အာဟပ်၏ မိသားစုကိုလည်း ဖျက်ဆီးမည်"

အိမ်တော်

ဤစကားလုံးကို ဤစာပိုဒ်၌ သုံးကြိမ်သုံးထားပါသည်။ "အိမ်တော်" ဟုဆိုတိုင်း လူတစ်ယောက်၏ "မိသားစု" ကိုသာဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မိသားစု၏"

နေဗတ်...အဟိယ

လူတို့၏ နာမည်များဖြစ်ပါသည်။ "နေဗတ်" ကို 3:1. ၌ဘာသာပြန်ထားသည့်အတိုင်းရေးရန်ဖြစ်သည်။

ခွေးတို့က ယေဇဗေလကို စားကြလိမ့်မည်

ခွေးတို့က သူ၏ အလောင်းကို စားကြမည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ယေဇဗေလ၏ အလောင်းကို ခွေးတို့က စားကြလိမ့်မည်"

2 Kings 11

သူ့သခင်၏ကျွန်

ရှင်ဘုရင်အာဟပ်ကို အမှုကိုဆောင်သည့် တခြားသောအမတ်များကို ဆိုလိုသည်။

အရူး

"ရူးနေသောလူ"

ထိုလူနှင့် သူပြောသည့်အရာကို သင်သိသည်

ယေဟုက သူသည်ငယ်ရွယ်သော ပရောဖက်ဖြစ်ပြီး သူတို့သည်လည်း ငယ်ရွယ်သောပရောဖက်များ ပြောဖူးသည့်အရာများနှင့် ရင်းနှီးကြသည်ကို ပြောခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငယ်ရွယ်သောပရောဖက်များက မည်သည့်အရာမျိုး ပြောချင်ကြသည်ကို သင်တို့ သိကြသည်" (UDB)

ငါတို့ကိုပြောပါ

"သူဘာပြောသည်ကို ငါတို့အား ပြောပါ"

သူက ဤစကားကိုပြောသည်

"အချို့အကြောင်းအရာများကို သူကပြောသည်"

သူ၏အပြင်အဝတ်ကို ချွတ်၍ ယေဟု၏အောက်တွင်ထားသည်

ဤယဉ်ကျေးမှု၌ ရှင်ဘုရင်၏ ခြေထောက်များညစ်ပတ်သည့် ကြမ်းပြင်နှင့်မထိအောင် သူ့ကိုလေးစားသည့်အနေဖြင့် ကြမ်းပြင်ပေါ်၌ အဝတ်ထားခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့၏ အပေါ်ဝတ်ကိုချွတ်၍ သူသွားလာရန် ယေဟု၏ ရှေ့တွင်ချထားကြသည်"

သူတို့က တံပိုးကိုမှုတ်၍ ပြောကြသည်

လူတိုင်းက တံပိုးမှုတ်ကြသည်မဟုတ်ပါ။ လူတစ်ယောက်ကသာ မှုတ်သည့်ဟန်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့ထဲမှ တစ်ယောက်ကမှုတ်၍ သူတို့အားလုံးက ပြောကြသည်"

2 Kings 14

နိမ်ရှိ

ဤလူ၏နာမည်ကို 9:1. ၌ဖော်ပြသည့်အတိုင်း ပြန်ရေးရန်ဖြစ်သည်။

ယခုတွင် ယောရံ
"ယခု" စကားလုံးက အဓိကဇာတ်လမ်းမှ
အခြားအကြောင်းကိုစပြောသည့်နေရာဖြစ်သည်။ စာရေးသူက
ယောရံက မည်ကဲ့သို့ဒဏ်ရာရပြီး ယေဇရေလမြို့၌သွားပြီး
မည်ကဲ့သို့ပြန်ကောင်းလာသည့် အကြောင်းအရာကို ပြောပြသည်။

ဣသရေလအားလုံး
ဣသရေလနိုင်ငံရှိ လူအားလုံးကို
ရည်ညွှန်းခြင်းမဟုတ်ဘဲဣသရေလစစ်တပ်များကိုသာဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူနှင့် သူ၏စစ်တပ်" သို့မဟုတ်
"သူနှင့် ဣသရေလစစ်တပ်"

ကုသခြင်းခံရန်
ပြုသူဝါကျဖြင့်ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်
ဆိုချက်၊ "ပြန်နေကောင်းလာဖို့ရန်"

အာရှုရိများက သူ့ကိုပေးသည့်ဒဏ်ရာများ
အာရှုရိများနှင့်စစ်ပွဲတွင်ရရှိသည့် ဒဏ်ရာများကိုဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်မှာ၊
"အာရှုရိစစ်တပ်များနှင့်စစ်ပွဲအတွင်းတွင်
ယောရံရရှိသည့်ဒဏ်ရာများ"

ရှုရိရှင်ဘုရင် ဟာဇေလကိုတိုက်ခိုက်၍
ဟာဇေလနှင့်သူ၏စစ်တပ်ကို ဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်မှာ၊ "ရှုရိရှင်ဘုရင် ဟာဇေလနှင့်
သူ၏စစ်တပ်ကိုတိုက်ခိုက်၍"

ဟာဇေလ
ဤလူ၏နာမည်ကို 8:7. ၌ဖော်ပြထားသည့်အတိုင်း
ပြန်ရေးရမည်။

ယေဟုက ယောရံ၏ကျွန်များကိုပြောသည်
ဂိလဒ်ပြည် ရာမုတ်မြို့ရှိ ယောရံနှင့်အတူရှိသည့်အရာရှိများကို
ဆိုလိုသည်။

ဤဟာသည်သင်၏အယူအဆဖြစ်လျှင်
"သင်သည် ငါနှင့်သဘောတူသည်မှန်လျှင်" ယေဟုက
သူရှင်ဘုရင်ဖြစ်ခြင်းနှင့်သူ၏ဆုံးဖြတ်ချက်ကို
လူများကထောက်ပံ့မှုပေးသည်ကို ဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်မှာ၊ "သင်တို့က
ငါ့ကိုသင်တို့၏ဘုရင်အဖြစ်အမှန်တကယ်လိုချင်ကြလျှင်"

ယေဇရေလမြို့၌ ဤသတင်းကို ပြောဖို့အလို့ငှာ
ယောရံနှင့် သူ၏စစ်တပ်ကို ယေဟု၏ရည်ရွယ်ချက်
ပြောပြသည်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊
"ယေဇရေလမြို့ရှိ ရှင်ဘုရင် ယောရံနှင့်သူ၏ စစ်တပ်ကို
သတိပေးရန်"

ယခုတွင် အာခဇိ
"ယခု" စကားလုံးက အဓိကဇတ်လမ်းမှ
အခြားအကြောင်းကိုစပြောသည့်နေရာဖြစ်သည်။ စာရေးသူက
အာခဇိက ယောရံထံလည်ပတ်သည့်အကြောင်းအရာကို
ပြောပြသည်။

2 Kings 17

အစောင့်
"စောင့်သောသူ"

ယေဟု၏အဖော်သည် အဝေးကနေလာသည့်အတွက်
"ယေဟုနှင့်သူ၏ အဖော်များသည် အဝေးမှ
သူတို့လာနေကြသည်"

ငြိမ်သက်ခြင်းရှိသလော
ငြိမ်သက်ခြင်းနှင့်လာခြင်း၊ မလာခြင်းသည်
တမန်နှင့်မသက်ဆိုင်ကြောင်း အဖြေမလိုသောမေးခွန်းကိုသုံး၍
ယေဟုက မေးခြင်းဖြစ်သည်။ ရိုးရိုးဝါကျဖြင့် ပြန်ရေးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ငြိမ်သက်ခြင်းနှင့်ငါလာလျှင်
သင်နှင့်မသက်ဆိုင်ပါ" သို့မဟုတ်
"ငါသည်ငြိမ်သက်ခြင်းနဲ့လာလျှင် သင်သိစရာ မလိုပါ"

တမန်ကသူတို့ကတွေ့ဆုံသော်လည်း သူသည်ပြန်မလာပေ
စောင့်သောသူက ဘုရင်ယောရံကို သူစေလွှတ်လိုက်သောလူသည်
ဘုရင်၏ တုံ့ပြန်စာနှင့်အတူ ပြန်မလာသည်ကို ပြောပြသည်။

2 Kings 19

ဒုတိယလူကို သူတို့ဆီလာသည့် မြင်းဖြင့် ထပ်လွှတ်လိုက်သည်။
"ထို့နောက် ဘုရင်ယောရံက ဒုတိယလူကို ယေဟုနှင့်သူ၏
စစ်တပ်ကိုလာတွေ့သည့် မြင်းနောက် စီးခိုင်းသည်"

ဒုတိယလူ
"ဒုတိယလူ"

ငြိမ်သက်ခြင်းရှိသလော
ငြိမ်သက်ခြင်းနှင့်လာခြင်း၊ မလာခြင်းသည်
တမန်နှင့်မသက်ဆိုင်ကြောင်း အဖြေမလိုသောမေးခွန်းကိုသုံး၍
ယေဟုက မေးခြင်းဖြစ်သည်။ ရိုးရိုးဝါကျဖြင့် ပြန်ရေးနိုင်သည်။
ဤမေးခွန်းကို 9:17 ၌ ဘာသာပြန်သကဲ့သို့
ဘာသာပြန်ရန်ဖြစ်သည်။အခြားသောဘာသာပြန်ဆိုချက်၊
"ငြိမ်သက်ခြင်းနှင့်ငါလာလျှင် သင်နှင့်မသက်ဆိုင်ပါ" သို့မဟုတ်
"ငါသည့်ငြိမ်သက်ခြင်းနှင့်လာလျှင် သင်သိစရာမလိုပါ"

မြင်းရထားသည် နိမ်ရှိ၏သား ယေဟုမောင်းနှင်သည့်
လမ်းအတိုင်းမောင်းခြင်းခံရသည် နိမ်ရှိ၏သား ယေဟုမောင်းနှင်သည့်
လမ်းအတိုင်းမောင်းသွားသည်"
ပြုသူဝါကျဖြင့် ပြန်ရေးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်မှာ၊ "မြင်းရထား မောင်းသူက
နိမ်ရှိ၏သား ယေဟုမောင်းနှင်သည့် လမ်းအတိုင်း
မောင်းသွားသဖြင့်"


generated on Tue Jul 2 12:50:28 2024

2 Kings 21

သူ၏မြင်းရထားထဲ၌ရှိသောသူ အယောက်တိုင်း
"သူ၏ ကိုယ်ပိုင်မြင်းရထားထဲ၌ ရှိသောသူ အယောက်တိုင်း" (UDB)

သူ့ကို သူတို့ကတွေ့ကြသည်
"ယေဟုရှိသည့် နေရာ၌ သူတို့ ရောက်လာသည့်အခါ"

နာဗုတ်
လူ၏ နာမည်ဖြစ်သည်။

ယေဇရေလမြို့သားများ
ယေဇရေလမြို့မှ လူများကို ဆိုလိုသည်။

သင့်အမိယေဇဗေလပြုသော ပြစားခြင်းအမှုနှင့် ရုပ်တုကိုးကွယ်သောသူများပြုသော ပြည့်တန်ဆာအလုပ် အမှုများသောကာလအတွင်း ငြိမ်သက်ခြင်းသည် မည်သို့သောငြိမ်သက်ခြင်းနည်း။
သူသည်အဘယ်ကြောင့် ငြိမ်သက်ခြင်းနှင့် မလာသည်ကို ဤမေးခွန်းမျိုးသုံးပြီး ယေဟုက ဖော်ပြခြင်းဖြစ်သည်။ ပြသူဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင့်အမိ ယေဇဗေလက ရုပ်တုကိုးကွယ်ခြင်းအမှုကို ပြည့်တန်ဆာပြုခြင်းနှင့် ပြစားခြင်းအမှုများ ကျင့်သုံးနေသည့် ကာလပတ်လုံးတွင် မည်သည့် ငြိမ်သက်ခြင်းမျှ ရှိမည်မဟုတ်ပေ"

2 Kings 23

သူ၏ မြင်းရထားကို လှည့်၍ထွက်ပြေးလေသည်
"သူ၏ မြင်းရထားကို လှည့်၍ ထွက်ပြေးရန် ကြိုးစားလေသည်"

သစ္စာဖောက်မှု
ကောက်ကျစ်စဉ်းလဲသည့် ဉာဏ်၊ လိမ်လည်မှု၊ လှည့်ဖြားမှု

သူ၏အင်အားအပြည့်နှင့်
"သူ၏ အင်အားအားလုံးနှင့်တကွ" သို့မဟုတ် "သူ၏ တန်ခိုးအားလုံးနှင့်"

မြင်းရထားပေါ်မှာ လဲလေသည်
မြှားနှင့်အပစ်ခံရ၍ ယောရံ သေဆုံးသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယောရံသည် သူ၏ မြင်းရထားပေါ်၌ သေဆုံးလေသည်"

2 Kings 25

ဗိဒကာ
လူ၏ နာမည်ဖြစ်သည်။

သူ့ကိုယူ၍ ပစ်ချပါ
"သူ၏ အလောင်းကိုယူ၍ ပစ်ချပါ" သို့မဟုတ် "သူ၏ လူသေအလောင်းကိုယူ၍ ပစ်ချပါ" (UDB)

စဉ်းစားပါ
"သတိရပါ (သို့) ပြန်တွေးပါ"

သူ့ဖခင် အာဟပ်ပြီးနောက်
အာဟပ်ရထားနောက်တွင် သူတို့ ရထားစီးသည်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ့ဖခင်အာဟပ်ရထား၏ နောက်တွင်"

ဤပရောဖက်ပြုချက်ကို ထာဝရဘုရားကထားတော်မူသည်
"ထာဝရဘုရားက ဤပရောဖက်ပြုချက်ကို အာဟပ်ဆန့်ကျင်သည့်အနေဖြင့် ပြောသည်"

နာဗုတ်၏သွေးနှင့် သူ့သားများ၏သွေး
"သွေး" သည် "လူသတ်ခြင်း" ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "နာဗုတ်ကို သတ်သူနှင့် သူ့သားများကို သတ်သူ"

သင့်ကိုငါပြန်ပေးမည်
အာဟပ်သည် သူပြုလုပ်သည့် အပြစ်ကြောင့် အပြစ်ပေးရန်ထိုက်တန်သည်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်ပြုလုပ်သောအပြစ်အတွက် ထိုက်တန်သည့် ပြစ်ဒဏ်ကို သင့်အားငါပေးမည်"

သူ့ကိုယူပြီး ထိုနေရာ ထိုလယ်ကွင်းသို့ပစ်ချလော့
"ယောရံ၏အလောင်းကို ယူပြီးနာဗုတ်၏ လယ်ကွင်း ထိုလယ်ကွင်းတွင် ပစ်ချကြပါ"

ဖြစ်ပျက်မည့်အရာ၊ ငါတို့ကိုပြောသည့်အရာသည် ဖြစ်ပျက်လာသည် ။
"ငါတို့ကိုပြောသည့် ပရောဖက်ပြုချက်သည် ပြည့်စုံလာသည်"

ထာဝရဘုရား၏အမိန့်အရ ငါတို့သည်ပြောခြင်းခံရကြသည်
ပြသူဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားပြောသည့် ဖြစ်ပျက်လာမည့်အရာ"

2 Kings 27

ယေဘုယျအချက်အလက်
ယေဟုက ယောရံကိုသတ်ပြီးနောက် ယုဒရှင်ဘုရင် အာခဇိထံ ဖြစ်ပျက်သည့် အကြောင်းအရာဖြစ်သည်။

၎င်းကိုတွေ့ခဲ့သည်
"ယောရံထံ ဘာဖြစ်ပျက်သည်ကို တွေ့ခဲ့သည်"

ဗက်ဟာကန်..... ဂူရလံမြို့..... ဂုရမြို့...မေဂိဒ္ဒေါမြို့...
နေရာ နာမည်များဖြစ်သည်။

ဂုရမြို့သို့အတက်လမ်းတွင်
"အတက်" သည် ဂုရမြို့သို့ တက်သွားပြီး ခရီးသွားကြသည့်အချိန် ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဂုရမြို့သို့ သွားသည့်လမ်းတွင်"



generated on Tue Jul 2 12:50:28 2024

သူ့အဖေများ
"သူ့ ဘိုးဘေးများ"

2 Kings 29

အာဟပ်သားယောရံ၏ ဆယ့်တစ်နှစ်မြောက်တွင်
လက်ရှိက္လသရေလဘုရင်
မည်မျှကြာကြာအုပ်ချုပ်သည့်အခြေနေကိုပြောပြီး အာခဇိ
စတင်အုပ်ချုပ်အချိန်ကို ဖော်ပြခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "က္လသရေလရှင်ဘုရင်
အာဟပ်သားယောရံ၏ ဆယ့်တစ်နှစ်မြောက်တွင်"

ဆယ့်တစ်နှစ်
"

2 Kings 30

သူမမျက်ခမ်းတို့ကိုလိမ်းခြယ်၍ သူမဆံပင်ကိုတန်ဆာဆင်သည်
"မိတ်ကပ်လိမ်း၍ ကြည့်ကောင်းအောင်သူမဆံပင်
အလှပြင်သည်"

သင့်သခင်ကိုသတ်သော သင်ဇိမရိ၊ ငြိမ်သက်ခြင်းနှင့်လာမည်လော။
ယေဇရေလက ယေဟုသည် ငြိမ်သက်ခြင်းနှင့်မလာသည့်အတွက်
ဤအဖြေမလိုသောမေးခွန်းဖြင့် အပြစ်တင်ခြင်းဖြစ်သည်။
ရိုးရိုးဝါကျဖြင့် ပြန်ရေးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သင့်သခင်ကိုသတ်သော
သင်ဇိမရိ၊ သင်သည် ငြိမ်သက်ခြင်းနှင့် မလာပါသကား"

သင့်သခင်ကိုသတ်သော သင်ဇိမရိ
ယေဇရေလက ယေဟုကို "ဇိမရိ" ဟုခေါ်သည်၊ ဆိုလိုသည်မှာ
လူသတ်သမားဟု ဆိုလိုခြင်းဖြစ်သည်။ ဇိမရိသည်
ရှင်ဘုရင်ဖြစ်ချင်သည့်အတွက်
က္လသရေလရှင်ဘုရင်ကိုသတ်သည့် က္လသရေလတပ်မှူးဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဇိမရိက
သူ့သခင်ကိုသတ်သည့်နည်းတူ၊ သင်လည်း သင့်သခင်ကို
သတ်သည်"

ဇိမရိ
လူ၏ နာမည်ဖြစ်သည်။

ငါ့ဘက်မှာ အဘယ်သူနေသနည်း
"တစ်ယောက်ယောက်ဘက်၌နေခြင်း" သည်
သူ့ကိုထောက်ခံသည့်အနေဖြင့် သူ့အပေါ်သစ္စာရှိခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့ထံ၌ မည်သူသည်
သစ္စာရှိမည်နည်း"

2 Kings 33

သူမကို တွန်းချသည်
ယေဟုက ယေဇဗေလကို ပြတင်းပေါက်တွင် တွန်းချကြဖို့
မိန်းမစိုးများကို ပြောလေသည်။

ယေဇဗေလကို သူတို့ပစ်ချလိုက်ကြသည်
မိန်းမစိုးများက ယေဇဗေလကို မြင့်မားသည့်ပြတင်းပေါက်ပေါ်မှ
တွန်းချကြသဖြင့် မြေနှင့်ထိပြီးသေဆုံးလေသည်။

ယေဟုက သူမကို နင်းလေသည်
သူမခန္ဓာကိုယ်အပေါ်သို့ သူ့မြင်းနှင့် နင်းသည်ကို ဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်မှာ၊ "ယေဟု၏ မြင်းရထားက
သူမကိုယ်လုံးပေါ် သို့နင်းချေသည်"

ယခု ကြည့်ပါ
"ကြည့်ပါ" သည် ဖြစ်ပျက်သည့်အရာကို အာရုံစိုက်ရန်ဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ယခုသွား၍"

သူမသည် ဘုရင်၏သမီးဖြစ်သောကြောင့်
ယေဇဗေလသည် ဘုရင့်သမီးဖြစ်သောကြောင့် သူမကို ကောင်းစွာ
မြှပ်နှံဖို့လိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူမသည်
ဘုရင့်သမီးဖြစ်သည့်အတွက် သူမကိုကောင်းစွာ မြှပ်နှံဖို့လိုသည်"
(UDB)

2 Kings 35

သူတို့က သူမကို တွေ့ကြတော့မည်မဟုတ်
"သူမအလောင်းကို သူတို့ တွေ့ကြတော့မည် မဟုတ်"
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့တွေ့သည့် အလောင်းမှ
အကြွင်းအကျန်များ"

သူမလက်ဝါးများ
လက်ဖဝါးသည် လက်၏ အတွင်းပိုင်းဖြစ်သည်။

တိရှဘိမြို့သား
တိရှဘိမြို့မှ လူတစ်ယောက်ကို ဆိုလိုသည်။ 1:3. ၌မည်ကဲ့သို့
ဘာသာပြန်သည်ကို ကြည့်နိုင်သည်။

ယေဇဗေလ၏အလောင်းသည် လယ်ကွင်း၌နောက်ချေးကဲ့သို့ဖြစ်၍
မည်သူကမျှ သိနိုင်ကြမည်မဟုတ်
ယေဇဗေလ၏ အလောင်းအပိုင်းအစများသည် လယ်ကွင်း၌
မြေသြဇာကဲ့သို့ ပြန့်နေလျက်ရှိသည်ကို ပြောခြင်းဖြစ်သည်။
သူမ၏အလောင်းသည် သေးငယ်သော အပိုင်းလေးများဖြင့်
ပြန့်နေကြပြီး မည်သူကမျှပြန်စု၍မြှပ်နှံကြမည်မဟုတ်။
အခြားသောဘာသာပြန်ဆိုချက်၊ "လယ်ကွင်း၌ မြေသြဇာ
ပြန့်နေသကဲ့သို့ ယေဇဗေလ၏အလောင်းသည်
ပြန့်နေသည့်အတွက် မည်သူကမျှ သိနိုင်ကြမည် မဟုတ်"

နောက်ချေး
"မြေသြဇာ" မြေသြဇာအဖြစ်သုံးရန် တူးကြသည်ကိုဆိုလိုသည်။

မည်သူကမျှ "ဤဟာသည်ယေဇဗေလဖြစ်ကြောင်း" ပြောနိုင်ကြမည်မဟုတ်။
"သူမ၏အလောင်းကို မည်သူကမျှ သိကြမည်မဟုတ်" သို့မဟုတ်
"မည်သူကမျှ ဤဟာသည် ယေဇဗေလဖြစ်ကြောင်း
ပြောနိုင်ကြမည်မဟုတ်ပါ"


generated on Tue Jul 2 12:50:28 2024

# Translation Questions

2 Kings 9:1

ပရောဖက် အမျိုးသားတယောက်သည်ဆီဘူးကို သူ၏လက်သို့ယူ၍ ဂိလဒ်ပြည် ရာမုတ်မြို့သို့ အဘယ်ကြောင့်သွားခဲ့ရသနည်း။
ပရောဖက် အမျိုးသားတယောက်သည်ဆီဘူးကို သူ၏လက်သို့ယူ၍ ဂိလဒ်ပြည် ရာမုတ်မြို့သို့သွားရခြင်းမှာ ယေဟုကိုဘိသိက် ပေးရန်အတွက်ဖြစ်သည်။

2 Kings 9:4

ယေဟု၏ခေါင်းပေါ်မှာ မည်သူသည် ဆီလောင်းပေး ခဲ့သနည်း။
ယေဟု၏ခေါင်းပေါ်မှာ ပရောဖက်သည် ဆီလောင်းပေးခဲ့သည်။

2 Kings 9:7

ထာဝရဘုရားသည် သူ၏ကျွန်တို့၏ အသွေးစီးဆင်းမှုကြောင့် ဘယ်လို ဒဏ်ခတ်နိုင်ခဲ့သနည်း။
ယေဟုသည် အာဟပ်အမျိုးကို သတ်ခဲ့လျှင် ထာဝရဘုရားသည် သူ၏ ကျွန်တို့၏ အသွေးစီးဆင်းမှုကြောင့်ဒဏ် ခတ်နိုင်ခဲ့သည်။

2 Kings 9:9

ယေဇဗေလထံ၌ မည်သို့ဖြစ်ပျက်လိမ့်မည်နည်း။
ယေဇ ရေလမြေကွက်၌၊ ခွေးတို့သည်ယေဇဗေလကို စားကြလိမ့်မည်၊ ယေဇဗေလကို သင်္ဂြိုလ်သောသူမရှိဘဲ ဖြစ်လိမ့်မည်။

2 Kings 9:11

ယေဟုက ငါသည် ဣသရေလ ရှင်ဘုရင်အရာ၌ ဘိသိက်ပေးသည်ဟု ပြောပြီးနောက် မိမိသခင်၏ ကျွန်တို့သည် ဘာလုပ်ခဲ့ကြသနည်း။
ယေဟုက ငါသည် ဣသရေလ ရှင်ဘုရင်အရာ၌ ဘိသိက်ပေးသည်ဟု ပြောပြီးနောက် "သူတို့သည် အလျင်အမြန်ထသဖြင့်၊ အသီး အသီးမိမိတို့ ဝတ်လုံကိုယူ၍ လှေကားထိပ်ပေါ် ယေဟု အောက်မှာခင်းလျက်၊ ယေဟုသည် ရှင်ဘုရင်ဖြစ်တော်မူ၏ဟု တံပိုးမှုတ်၍ ဟစ်ကြော်ကြ၏။"

2 Kings 9:14

ယောရံမင်းသည် အဘယ်ကြောင့် ယေဇရေလမြို့သို့ ပြန်သွား နှင့်သနည်း။
ယောရံမင်းသည် ရှုရိလူထိခိုက်သော အနာကို ပျောက်စေခြင်းငှါ ယေဇရေလမြို့သို့ ပြန်သွား နှင့်သည်။

2 Kings 9:17

မျှော်စင်ပေါ်မှာစောင့်သောသူသည် သတင်းသယ်ပို့သူ၏ ဘာလုပ်ရပ်ကိုမြင်ခဲ့သနည်း။
မျှော်စင်ပေါ်မှာစောင့်သောသူသည် သတင်းသယ်ပို့သူသည် ယေဟုမင်းနှင့် အတူရထားစီးသည်ကို မြင်ခဲ့သည်။

2 Kings 9:19

မျှော်စင်ပေါ်မှာစောင့်သောသူက ယေဟုသည် မြင်းစီးသူရဲဖြစ်ကြောင်း မည်သို့ သိခဲ့သနည်း။
မျှော်စင်ပေါ်မှာစောင့်သောသူက ယေဟုသည် မြင်းစီးသူရဲဖြစ်ကြောင်း သိခဲ့ရခြင်းမှာ သူသည် အလွန်ပြင်းထန်စွာ မောင်းနှင်သောကြောင့်ဖြစ်သည်။

2 Kings 9:21

ဣသရေလရှင်ဘုရင်ယောရံသည်ယေဟုနှင့်တွေ့ဖို့ရန် မြင်းရထားကို ဘယ်လို စီးခဲ့သနည်း။
ဣသရေလရှင်ဘုရင်ယောရံသည် ယေဟုနှင့်တွေ့ဖို့ရန် ယုဒရှင်ဘုရင် အာခဇိတို့နှင့်အတူ ရထားတော်တခုစီစီးခဲ့ကြသည်။

2 Kings 9:23

ယေဟုသည်လည်း လေးဖြင့်ယောရံကို ပခုံးကြားမှန်ပြီးနောက် ဘာဖြစ်ပွားခဲ့သနည်း။
ယေဟုသည်လည်း လေးဖြင့်ယောရံကို ပခုံးကြားမှန်ပြီးနောက် မြားသည်လည်း နှလုံးကို ထုတ်ချင်းဖောက်၍၊ ယောရံသည် ရထားတော်ပေါ်မှာ လဲနေ၏။

2 Kings 9:25

ထာဝရဘုရား၏စကားတော်များမှ ဖြစ်လာမည်ဟုမိန့်တော်မူသည့်အရာများကို မည်သည့်အရာက မဖြစ်ပျက်စေလိမ့်မည်နည်း?
ယောရံကိုယူ၍ မြေကွက်၌ လွှင့်ပစ်လျှင် ထာဝရဘုရား၏စကားတော်များမှ ဖြစ်လာမည်ဟုမိန့်တော်မူသည့်အရာများသည် မဖြစ်ပျက်ဘဲနေလိမ့်မည်။

2 Kings 9:27

ဒါဝိဒ်မြို့တွင် မိမိသင်္ချိုင်း၌ ဘိုးဘေးတို့နှင့်အတူ သင်္ဂြိုဟ်ခြင်းခံရသူမှာ မည်သူနည်း။
ဒါဝိဒ်မြို့တွင် မိမိသင်္ချိုင်း၌ ဘိုးဘေးတို့နှင့်အတူ သင်္ဂြိုဟ်ခြင်းခံရသူမှာ အာခဇိဖြစ်သည်။

2 Kings 9:30

ယေဟုသည် ယေဇရေလမြို့သို့ ရောက်သောအခါ ဘာဖြစ်ပျက်ခဲ့သနည်း။
ယေဟုသည် ယေဇရေလမြို့သို့ ရောက်သောအခါ ယေဇဗေလသည် ကြားလျှင်၊ မျက်ခမ်းတို့ကို ဆေးသုတ်၍ ဆံပင်ကိုတန်ဆာဆင်ပြီးမှ၊ ပြတင်းပေါက်ဝ၌ ကြည့်ရှု လျက်နေ၏။

2 Kings 9:33

ယေဇဗေလကို မည်သူသည် တွန်းချလိုက်သနည်း။
ယေဇဗေလကို မိန်းမစိုးတို့သည် တွန်း ချလိုက်သည်။

2 Kings 9:35

ယေဇဗေလကို အဘယ်ကြောင့် မည်သူမျှမသင်္ဂြိုဟ်ခဲ့သနည်း။
သူတို့သည် သူမကို သင်္ဂြိုဟ်ခြင်းငှါသွားသောအခါ၊ ဦးခေါင်းခွံ၊ ခြေဖျား၊ လက်ဝါးတို့ကိုသာ တွေ့သောကြောင့် မသင်္ဂြိုဟ်ခြင်း ဖြစ်သည်။

---

## Chapter 10

1 အာဟပ်၏သားခုနစ်ကျိပ်တို့သည် ရှာမရိမြို့၌ ရှိသည်ဖြစ်၍၊ ယေဟုသည် ယေဇရေလမြို့အုပ်များ၊ အသက်ကြီးသူများ၊
အာဟပ်သားတို့ ကိုလုပ်ကျွေးသော သူများရှိရာ၊ ရှမာရိမြို့သို့ စားရေး၍ ပေးလိုက်လေ၏။ 2 မှာလိုက်သောစာချက်ဟူမူကား၊
သင်တို့၌သင်တို့ သခင်၏သားများ၊ စစ်သူရဲ၊ မြင်းစီးသူရဲများ၊ ခိုင်ခံ့သောမြို့၊ လက်နက်စုံရှိသည်ဖြစ်၍၊ ဤစာရောက်သောအခါ၊ 3
သင်တို့သခင်၏သားတို့တွင်သာ၍ ကောင်းမြတ် တော်သင့်သောသူကို ရွေးကောက်၍ ခမည်းတော်၏ရာဇ ပလ္လင်ပေါ်မှာတင်ပြီးလျှင်၊
သခင်အမျိုးအဘို့ စစ်တိုက်ကြ လော့ဟု မှာလိုက်သတည်း။ 4 ထိုသူတို့က၊ ရှင်ဘုရင်နှစ်ပါးတို့သည် သူ့ရှေ့မှာ မခံမရပ်နိုင်သည် ဖြစ်၍၊
ငါတို့သည် အဘယ်သို့ ခံရပ်နိုင် မည်နည်းဟု အလွန်ကြောက်လျက် ဆိုကြ၏။ 5 နန်းတော်အုပ်၊ မြို့အုပ်၊ အသက်ကြီးသူ၊ အာဟပ်
သားတို့ကို လုပ်ကျွေးသော သူတို့ကလည်း၊ ကျွန်တော်တို့ သည် ကိုယ်တော်ကျွန်ဖြစ်ပါ၏။ မိန့်တော်မူသည်အတိုင်း ပြုပါမည်။
ကျွန်တော်တို့သည် ရှင်ဘုရင် ကိုမချီးမြှောက်ပါ။ အလိုတော်ရှိသည်အတိုင်း ပြုတော်မူပါဟု ယေဟုထံသို့ ပြန်စာကို ပေးလိုက်ကြ၏။ 6
ယေဟုကလည်း၊ သင်တို့သည် ငါ၏လူဖြစ်၍ ငါ့စကားကို နားထောင်လျှင်၊ သင်တို့သခင့်သားတို့၏ ဦးခေါင်းများကိုယူ၍
ယေဇရလေမြို့၊ ငါရှိရာသို့ နက်ဖြန် နေ့ယခုအချိန်၌ လာကြလော့ဟု တဖန်စားပေး လိုက်လေ၏။ ရှင်ဘုရင်၏သားတော်ပေါင်း
ခုနစ်ကျိပ် ရှိသည်ဖြစ်၍၊ လုပ်ကျွေးသောမြို့သားအကြီးအကဲတို့၌ ရှိကြ၏။ 7 ထိုစာရောက်သောအခါ၊ ရှင်ဘုရင်၏ သားတော်
ခုနစ်ကျိပ်တို့ကိုယူ၍ သတ်သဖြင့်၊ ဦးခေါင်းများကို တောင်း တို့၌ ထည့်ပြီးလျှင်၊ ယေဇရေလမြို့၊ ယေဟုထံသို့ ပေးလိုက် လေ၏။ 8
လုလင်တယောက်သည် လာ၍ရှင်ဘုရင်သားတို့ ၏ ဦးခေါင်းများကို ဆောင်ခဲ့ပါပြီဟု လျှောက်လျှင်၊ ယေဟု က၊ မြို့တံခါးဝမှာ
နံနက်တိုင်အောင် နှစ်စုပုံထားတော့ဟု ဆို၏။ 9 နံနက်ရောက်မှယေဟုသည် ထွက်၍ရပ်လျက် လူများတို့အား၊ အိုဖြောင့်မတ်သောလူတို့၊
ငါသည် ငါ့သခင် တဘက်၌ သင်းဖွဲ့၍ သတ်လေပြီ။ ဤသူအပေါင်းတို့ကို ကား အဘယ်သူသတ်သနည်း။ 10 ထာဝရဘုရားသည်
အာဟပ်အမျိုး၌ မိန့်တော် မူသော စကားတော်တခွန်းမျှမြေသို့ မကျရသည်ကို သင်တို့ သိမှတ်ကြလော့။ ထာဝရဘုရားသည်
မိမိကျွန်ဧလိယ အားဖြင့် မိန့်တော်မူသည်အတိုင်း ပြုတော်မူမည်ဟု ဆိုသဖြင့်၊ 11 ယေဇရေလမြို့၌ ကျန်ကြွင်းသော အာဟပ်
အမျိုးသားအပေါင်းတို့နှင့် သူ၏ လူကြီးပေါက်ဘော်၊ ယဇ်ပုရောဟိတ်အပေါင်းတို့ကို တယောက်မျှမကျန်စေဘဲ သတ်လေ၏။ 12
နောက်မှထ၍ ရှမာရိမြို့သို့သွား၏။ လမ်းနားမှာ ရှိသော သိုးမွေးညှပ်ရာစရပ်သို့ ရောက်သောအခါ၊ 13 ယုဒရှင်ဘုရင်အာခဇိ၏
ပေါက်ဘော်တို့ကို တွေ့လျှင်၊ သင်တို့သည် အဘယ်သူနည်းဟု မေးသော်၊ ငါတို့သည် အာခဇိမင်း၏ ဆွေတော်မျိုးတော်ဖြစ်၏။
ရှင်ဘုရင်၏ သားတော်တို့နှင့် မိဖုရား၏ သားတော်တို့ကို နှုတ်ဆက်အံ့သောငှါ သွားသည်ဟု ဆိုကြ၏။ 14 ယေဟုကလည်း၊
အရှင်ဘမ်းကြဟု စီရင်သည် အတိုင်း၊ အရှင်ဘမ်း၍ သိုးမွေးစရပ်တွင်းနားမှာ လေးကျိပ် နှစ်ယောက်တို့ကို တယောက်မျှမကျန်စေဘဲ
သတ်ကြ၏။ 15 ထိုစရပ်မှထွက်သောအခါ ခရီးဦးကြိုပြုအံ့ဟု လာသော ရေခပ်သားယောနဒပ်ကို တွေ့၍နှုတ်ဆက် သဖြင့်၊
ငါ့စိတ်နှလုံးသည် သင့်စိတ်နှလုံးနှင့် သင့်၍ သဘောဖြောင့်သကဲ့သို့ သင့်စိတ်နှလုံးသည် သဘောဖြောင့် သလောဟုမေးလျှင်၊
ဖြောင့်ပါသည်ဟုလျှောက်ဆိုသော်၊ ထိုသို့မှန်လျှင် သင့်လက်ကိုပေးပါဟုဆိုသည်အတိုင်း၊ လက်ကိုပေး၍ယေဟုသည် မိမိအနားသို့
ရထားပေါ်မှာ ဆွဲတင်လျက်၊ 16 ငါနှင့်အတူလိုက်၍ ထာဝရဘုရားဘက်၌ ငါ့စိတ်အားကြီးကြောင်းကို ကြည့်ရှုလော့ဟုဆိုသဖြင့်
မိမိရထားကို စီးစေ၏။ 17 ရှမာရိမြို့သို့ရောက်သောအခါ၊ ထာဝရဘုရား သည် ဧလိယအား မိန့်တော်မူသော စကားဘော်အတိုင်း၊
အာဟပ်အမျိုး အကုန်အစင်ပျက်စီးသည်တိုင်အောင် ထိုမြို့၌အကုန်အစင်ပျက်စီးသည်တိုင်အောင် ထိုမြို့၌ ကျန်ကြွင်းသေမျှတို့ကို
သတ်လေ၏။ 18 တဖန်ယေဟုသည် လူအပေါင်းတို့ကို စုဝေး စေ၍၊ အာဟပ်သည် ဗာလဘုရားကို အနည်းငယ်သာ ဝတ်ပြု၏။
ငါယေဟုမူကား များစွာပြုမည်။ 19 သို့ဖြစ်၍ ဗာလဘုရား၏ ပရောဖက်များ၊ အမှုစောင့်များ၊ ယဇ်ပုရောဟိတ်များ အပေါင်းတို့ကို
ခေါ်ကြ။ တယောက်မျှမကြွင်းစေနှင့်။ ငါသည် ဗာလ ဘုရားအား ယဇ်ကြီးကို ပူဇော်မည်။ ကြွင်းသောသူ မည်သည်ကား
အသက်မရှင်ရဟုဆို၏။ ထိုသို့ဆိုသော်၊ ဗာလကို ကိုးကွယ်သော သူတို့ကို ဖျက်ဆီးမည် အကြံနှင့် ပရိယာယ် ပြု၍ဆို၏။ 20
ဗာလဘုရားအဘို့ ဓမ္မပွဲကို ပြင်ဆင်ကြဟု တဖန် စီရင်သည်အတိုင်း ဓမ္မပွဲကို စောင့်ရမည်ဟု ကြော်ငြာ ကြ၏။ 21
ဣသရေလပြည်တရှောက်လုံးသို့ စေလွှတ်၍၊ ဗာလတပည့် ရှိသမျှတို့သည် တယောက်မျှ မကြွင်းလာကြ၏။ ဗာလ ကျောင်းထဲသို့
ဝင်ကြသဖြင့် တကျောင်းလုံးပြည့်လျက် ရှိ၏။ 22 ယေဟုသည် အဝတ်တန်ဆာတိုက်စိုးကိုခေါ်၍၊ ဗာလဘုရားတပည့်တို့အဘို့
အဝတ်တန်ဆာကို ထုတ်ကြ ဟုဆိုသည်အတိုင်း ထုတ်လေ၏။ 23 တဖန်ရေခပ်သားယောနဒပ်နှင့်အတူ ဗာလ ကျောင်းထဲသို့ ဝင်၍၊
သင်တို့သည် ထာဝရဘုရားတပည့် တယောက်မျှမပါ၊ ဗာလဘုရားတပည့် သက်သက်ရှိစေ မည်အကြောင်း
ကြည့်ရှုစစ်ကြောကြလော့ဟု ဗာလ တပည့်တို့အား ဆို၏။ 24 မီးရှို့ရာယဇ်အစရှိသော ယဇ်မျိုးကိုပူဇော်ခြင်းငှါ အထဲသို့ဝင်သောအခါ၊
ယေဟုသည် ကျောင်းပြင်၌ လူရှစ်ကျိပ်ကိုထား၍၊ သင်တို့ လက်သို့ငါဆောင်ခဲ့သော ဤသူတစုံတယောက်မျှလွတ်လျှင်၊ လွတ်စေသော
သူသည် အသက်သေရမည်ဟု စီရင်၍၊ 25 မီးရှို့ရာယဇ်ကို ပူဇော်မှုပြီးသောအခါ၊ ယေဟုက ဝင်၍ သတ်ကြလော့။ တယောက်ကိုမျှ
မထွက်စေနှင့်ဟု တပ်သားနှင့် တပ်မှူးတို့အားဆိုသည်အတိုင်း၊တပ်သားနှင့် တပ်မှူးတို့ သည် ထားနှင့်လုပ်ကြံ၍ အသေကောင်များကို
ထုတ်ပစ်ပြီးမှ၊ 26 ဗာလကျောင်းနှင့်ဆိုင်သော မြို့သို့သွား၍ ဗာလကျောင်းထဲကရုပ်တုများကို ထုတ်ပြီးလျှင် မီးရှို့ကြ၏။ 27 ဗာလ
ဆင်းတုကိုဒင်း၊ ကျောင်းကိုဒင်း ဖြိုဖျက် ၍ ယနေ့တိုင်အောင် ကိုယ်သုတ်သင်ရာ အိမ်ဖြစ်စေ ကြ၏။ 28 ထိုသို့ယေဟုသည်

 generated on Tue Jul 2 12:50:28 2024

ဗာလကိုဣလေရပြည်မှ ပယ်ရှားဖျက်ဆီးလေ၏။ 29 သို့ရာတွင် ဣသရေလအမျိုးကို ပြစ်မှားစေသော နေဗတ်သား ယေရောဗောင်၏
ဒုစရိုက်တည်းဟူသော၊ ဗေသလမြို့နှင့် ဒန်မြို့မှာရှိသော ရွှေနွားသငယ်တို့ကို မစွန့်။ 30 ထာဝရဘုရားကလည်း၊ သင်သည်ငါ့ရှေ့မှာ
ဖြောင့်သောအကျင့်ကို ကျင့်၍ ကောင်းမွန်စွာ ပြုသောကြောင့်၎င်း၊ ငါ့အလိုရှိသမျှအတိုင်း အာဟပ် အမျိုး၌ စီရင်သောကြောင့်၎င်း၊
သင့်သားမြေးလေးဆက် တိုင်အောင် ဣသရေလနိုင်ငံရာဇပလ္လင်ပေါ်မှာ ထိုင်ရ မည်ဟု ယေဟုအား မိန့်တော်မူသော်လည်း၊ 31
ယေဟုသည် ဣသရေလအမျိုး၏ ဘုရားသခင် ထာဝရဘုရား တရားတော်လမ်းသို့ စိတ်နှလုံးအကြွင်းမဲ့ လိုက်ခြင်းငှါ သတိမပြု၊
ဣသရေလအမျိုးကို ပြစ်မှား စေသော ယေရောဗောင်၏ ဒုစရိုက်တို့ကို မစွန့်။ 32 ထိုကာလတွင်၊ ထာဝရဘုရားသည် ဣသရေလ ပြည်
စွန်းတို့ကို ဖြတ်တော်မူ၏။ 33 ဟာဇေလသည် ယော်ဒန်မြစ်အရှေ့ဘက်၊ ဂဒ်အမျိုး၊ ရုဗင်အမျိုး၊ မနာရှေအမျိုးနေရာ၊ အာနုန်မြစ်
နား၌ရှိသော အာရော်မြို့မှစ၍ ဂိလဒ်ပြည်၊ ဗာရှန်ပြည် တရှောက်လုံး အရပ်ရပ်တို့ကို လုပ်ကြံလေ၏။ 34 ယေဟုပြုမူသော အမှုအရာ
ကြွင်းလေသမျှ တို့နှင့် တန်ခိုးကြီးခြင်းအရာသည်၊ ဣသရေလရာဇဝင်၌ ရေးထားလျက်ရှိ၏။ 35-36 ယေဟုသည် ရှမာရိမြို့၌
မင်းပြု၍၊ ဣသရေလ နိုင်ငံကို နှစ်ဆယ်ရှစ်နှစ်စိုးစံပြီးမှ၊ ဘိုးဘေးတို့နှင့် အိပ်ပျော်၍၊ ရှမာရိမြို့၌ သင်္ဂြိုဟ်ခြင်းကို ခံလေ၏။
သားတော်ယောခတ်သည် ခမည်းတော်အရာ၌ နန်းထိုင်၏။

---

2 Kings 01

မျိုးဆက် ခုနှစ်ဆယ်
"မျိုးဆက်

ယေဟုက စာရေး၍ ရှမာရိရှိသူတို့ကိုပို့လိုက်သည်
ယေဟုက စာကိုပို့ရန် တမန်များစေလွှတ်သည်ကိုဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ယေဟုကစာရေးပြီး ရှမာရိရှိ
လူများကိုပို့ရန် တမန်များစေလွှတ်သည်"

"သင့်သခင်၏" ဟုပြော၍
စာကပြောသည်၊ "သင့်သခင်၏"

သူ့ဖခင်၏နန်းတော်နေရာ၌ သူ့ကိုထားပါ
ဘုရင်၏နန်းတော်၌ထိုင်ခြင်းသည် ဘုရင်အဖြစ်
ခန့်အပ်ခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊
"သူ့ဖခင်၏ နေရာ၌ သူ့ကို ရှင်ဘုရင် လုပ်ပါ"

သင့်သခင်အမျိုးအဖို့
"သင့်သခင်မျိုးဆက်များအဖို့" သူတို့ ရွေးချယ်သောရှင်ဘုရင်မှာ
အာဟပ်မျိုးဆက်မှဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊
"သင့်သခင်မျိုးဆက်ကိုကာကွယ်ဖို့" သို့မဟုတ် "သူ့ကို
ကာကွယ်ဖို့"

2 Kings 04

သူတို့သည် ထိန့်လန့်ကြသည်
"သူတို့သည် အလွန်ကြောက်ရွံ့ကြသည်"

ဘုရင်နှစ်ပါး
"ဘုရင်နှစ်ပါးဖြစ်သည့် ယောရံနှင့် အာခဇိ"

ယေဟုရှေ့တွင်မရပ်နိုင်
"ရပ်သည်" သည် ဒုက္ခမခံနိုင်သည်ကို ဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ယေဟုကို ဆန့်ကျင်ပြီး
ဒုက္ခမခံနိုင်" သို့မဟုတ် "ယေဟုကို မဆန့်ကျင်နိုင်"

ငါတို့မည်ကဲ့သို့ရပ်တည်မည်နည်း။
ယေဟုကို သူတို့ မဆန့်ကျင်နိုင်ကြောင်းကို
ဤမေးခွန်းမျိုးဖြင့်မျိုးဆက်များက သုံးခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူ့ကိုဆန့်ကျင့်ဖို့
ငါတို့မရပ်တည်နိုင်ပါ" သို့မဟုတ် "သူ့ကို ငါတို့ မဆန့်ကျင်နိုင်ပါ"

မြို့အပေါ်အာဏာရှိသည့်လူ
"မြို့၏ မြို့အုပ်"(UDB) "အပေါ်" သည်
တစ်ခုခုအပေါ်တာဝန်အာဏာရှိခြင်းကို ဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "မြို့ကို တာဝန်ခံသည့်လူ၊
မြို့ကိုအုပ်ချုပ်သည့်လူ"

ကလေးများကိုပျိုးထောင်သူ
ရှင်ဘုရင်၏ကလေးများ ပျိုးထောင်သည့်သူများကိုဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရင်၏
ကလေးများကိုပြုစုသူ"

သင့်အမြင်၌ကောင်းသည့်အရာကို လုပ်ပါ
ယေဟု၏ "အမြင်" ကိုဆိုလိုသည်။ သူ၏အမြင်သည်
သူ၏ယူဆချက်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊
"သင့်အမြင်၌ ကောင်းသည့်အရာကို လုပ်ပါ" သို့မဟုတ်
"သင့်အမြင်၌ အကောင်းဆုံးအရာကို လုပ်ပါ"

2 Kings 06

ဒုတိယအကြိမ်
"နှစ်ကြိမ်မြောက်"

ငါ့ဘက်၌
"တစ်ယောက်ယောက်ဘက်၌နေခြင်း" သည် သူကိုထောက်ခံခြင်း၊
သူ့အပေါ်သစ္စာရှိခြင်းကို မည်၏။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့ထံ၌သစ္စာရှိကြပါ"

နားထောင်ပါ
ကြား၍ နာခံပါ


generated on Tue Jul 2 12:50:28 2024

ငါ၏အသံ

ယေဟု၏ အသံသည် သူပြောသည့်စကားကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ ဘာပြောသည်ကို"

သင်သည်ခေါင်းများကို ယူပြီး....ငါ့ဆီလာပါ

အာဟပ်မျိုးဆက်များ၏ခေါင်းကိုယူသွားပြီး ယေဟုထံဆက်သရန်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့သည် ခေါင်းများကိုယူပြီး...ငါ့ထံသို့ ယူလာကြပါ"

သင့်သခင်မျိုးဆက်ရှိလူများ၏ခေါင်းများကို သင်ယူရမည်

သူတို့ကိုသတ်ခြင်း၊ သူတို့၏ခေါင်းများဖယ်ရှားခြင်းကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင့်သခင်၏ မျိုးဆက်များကို သတ်ပါ၊ သူတို့၏ ခေါင်းများကို ဖြတ်ပစ်ပါ"

ကိန်းဂဏာန်းဖြင့် ခုနှစ်ဆယ်....အယောက် ခုနှစ်ဆယ်

"ကိန်းဂဏာန်းဖြင့်

သူတို့ကို ပြုစုပျိုးထောင်သူများ

သူတို့ကိုကြီးကြပ်သူ၊ သင်ကြားပေးသူများကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့ကို ပြုစုပျိုးထောင်သူများ" သို့မဟုတ် "သူတို့ကို ကြီးကြပ်သူများ"

သူတို့က ယေဟုထံပို့လိုက်ပါ

ယေဟုထံ ခြင်းများလိုက်ပို့ရန် လူများကို သူတို့ကစေလွှတ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယေဟုထံသို့ လူများကို စေလွှတ်သည်"

## 2 Kings 08

ဘုရင်၏သားများ

"အာဟပ်၏ မျိုးဆက်များ" (UDB)

ယေဟုထွက်သွားပြီးမှ ရပ်သည်

"ယေဟု မြို့တံခါးဆီသို့သွားပြီး လူတို့၏ ရှေ့တွင်ရပ်သည်"

သင်သည်အပြစ်ကင်းသူဖြစ်သည်

သူတို့ဘာ့ကြောင့် အပြစ်ကင်းကြသည်ကို ရှင်းလင်းစွာဖော်ပြရန်လိုသည်။ ဖြစ်တန်ရာ အဓိပ္ပါယ်များ

ကြည့်ပါ

ယေဟုက သူနောက်ထပ်ပြောမည့်အရာအပေါ် အာရုံစိုက်ကြရန် လူတို့၏ အာရုံကို ဆွဲခေါ်သည့် စာလုံးဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "နားထောင်ပါ" သို့မဟုတ် "ငါ၏ စကားများကို နားထောင်ပါ"

ဤဟာအားလုံးကိုသတ်သူ

လူများက အခြေအနေကို လေးနက်စွာ စဉ်းစားကြရန် ဤမေးခွန်းမျိုးကို ယေဟုက သုံးခြင်းဖြစ်သည်။ ရိုးရိုးဝါကျဖြင့် ပြန်ရေးနိုင်သည်။ ဖြစ်တန်ရာအဓိပ္ပါယ်များ

## 2 Kings 10

သတိထားမိသည်

"နားလည်သည်" သို့မဟုတ် "သတိထား နေထိုင်သည်"

ထာဝရဘုရား၏စကားတစ်လုံးမျှ...မြေပေါ်သို့ကျမည်

ဖြစ်ပျက်လာမည်ဟု ထာဝရဘုရားပြောသည့်အရာများသည် မသေဆုံးဘဲ၊ မြေပေါ်သို့ ကျရောက်မည်မဟုတ်ကြောင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား၏ စကားတစ်လုံးမျှ... ကျရှုံးမည်" သို့မဟုတ် "ထာဝရဘုရား၏ စကားတိုင်း... ဖြစ်ပျက်လာမည်"

ထာဝရဘုရားကလုပ်သည်

ထာဝရဘုရားက အာဟပ်မျိုးဆက်များ အသတ်ခံကြရသည်ကို သူတို့ကို သူတို့သတ်ကြသည့်ဟန်ဖြင့် ပြောခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားက ဖြစ်စေသည်"

ယေဟုက အားလုံးကိုသတ်လျက်....သူ့ယဇ်ပရောဟိတ်များ

ယေဟုက ကိုယ်ထိလက်ရောက် သူတို့အားလုံးကို သတ်ခြင်းမဟုတ်ဘဲ၊ သူတို့ကို သတ်ရန် အမိန့်ပေးခြင်းသာဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့အားလုံးကို သတ်ရန်...ယေဟုက အားလုံးကို အမိန့်ပေးသည်" သို့မဟုတ် "သူတို့ အားလုံးသေရန်.. ယေဟုကအားလုံးကို အမိန့်ပေးသည်"

ကျန်နေသောသူအားလုံး

"အသက်ရှင်ကျန်သော သူအားလုံး" သို့မဟုတ် "ကျန်ခဲ့သော သူအားလုံး"

သူတို့ထဲမှ တစ်ယောက်မှ မကျန်သည့်အထိ

သူတို့အားလုံးအသတ်ခံကြရသည်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့အားလုံး အသတ်ခံကြရသည်အထိ" သို့မဟုတ် "သူတို့အားလုံး သေကြသည်အထိ"

## 2 Kings 12

သိုးမွှေးညှပ်သည့်နေရာ ဗက်ဧကဒ်

သိုးမွှေးညှပ်သည့် နေရာ၏ နာမည်ဖြစ်သည်။

နှုတ်ဆက်ဖို့ဆင်းသွားသည်

"တွေ့ဆုံမိတ်ဆက်စကားပြောရန် ဆင်းသွားသည်"

ဘုရင်၏ကလေးများ

"ရှင်ဘုရင်ယောရံ၏ ကလေးများ"

သူတို့ကိုအသက်ရှင်လျက်ယူကြသည်

သူတို့ကို မသတ်ဘဲ ဖမ်းလာခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့က ဖမ်းဆီးလာကြသည်"

သူတို့ကိုအသက်ရှင်လျက်ယူလာကြသည်

"သူတို့ကို အသက်ရှင်လျှက်ဖမ်းလာကြသည်"


generated on Tue Jul 2 12:50:28 2024

လေးဆယ့်နှစ်ယောက်သောလူများ
လူလေးဆယ့်နှစ်ယောက်- "လူ

သူတို့တစ်ယောက်မှ အသက်ရှင်သူမကျန်အောင်ထားခဲ့သည်
အငြင်းစာလုံးမပါအောင် ပြန်ရေးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်မှာ၊ "သူတို့အားလုံးကို သူက သတ်ခဲ့သည်"

2 Kings 15

ရေခပ်သား ယောနဒပ်
လူ၏ နာမည်ဖြစ်သည်။

ငါ့စိတ်နှလုံးသည် သင်နှင့်အတူရှိသကဲ့သို့၊ သင့်စိတ်နှလုံးသည်ငါနှင့်ရှိနေသလော..."ရှိနေလျှင်"
လူတစ်ဦး၏ နှလုံးသည် သူတို့၏ သစ္စာရှိမှုကို ဆိုလိုသည်။
လူတစ်ဦး၏ သစ္စာရှိမှုသည် "အခြားတစ်ဦးနှင့် ရှိနေလျှင်" ထိုလူထံ၌ သစ္စာရှိကြောင်းပြသည်။
အခြားသောဘာသာပြန်ဆိုချက်မှာ၊ "သင့်ထံ၌ ငါသစ္စာရှိသကဲ့သို့၊ သင်ငါ့ထံ၌ သစ္စာရှိမည်လော"....၍ ရှိမည်"

ထိုသို့မှန်လျှင် သင့်လက်ကိုငါ့အားပေးပါ
"ထိုသို့ဆိုလျှင် ငါ့အပေါ်၌ သင့်လက်ကိုထားပါ" သို့မဟုတ် "ထိုသို့ဆိုလျှင် ငါတို့ လက်ဆွဲ နှုတ်ဆက်ကြရအောင်"
ယဉ်ကျေးမှုအများစု၌ လူနှစ်ဦး လက်ဆွဲနှုတ်ဆက်ခြင်းသည် သူတို့သဘောတူသည့် လက္ခဏာဖြစ်သည်။

ငါ့စိတ်အားကြီးသည်ကိုကြည့်လော့
"စိတ်အားကြီး" သည် နာမဝိသေသနဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် မည်မျှလောက်စိတ်အားကြီးသည်ကို ကြည့်ရှုပါ"

ဘုရင်အမျိုး
"ဘုရင် အတစ်ခုနွယ်တစ်ခုလုံး"

ထာဝရဘုရားက ဧလိယကိုမိန့်တော်မူသောစကားတော်အတိုင်း သူတို့ကိုပြောသည်
ပြုသူဝါကျဖြင့်ပြန်ရေးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားက ဧလိယကို ပြောခိုင်းသည့်ဗျာဒိတ်တော်အတိုင်းပြန်ပြောသည်"

2 Kings 18

စုရုံးကြသည်
"ခေါ်သည် (သို့) စုဝေးသည်"

လူအားလုံးအတူတကွ
"ရှမာရိလူအားလုံး"

အမှုဆောင်များ
"အာဟပ်ထက်ပို၍ သူ့အမှုကို ဆောင်သည်"

တစ်ယောက်မှ မလွတ်စေနဲ့
"တစ်ယောက်မှ မလွတ်စေနဲ့ "

မလာသူတိုင်းသည် အသက်ရှင်မည်မဟုတ်
သူတို့မလာပါက သူတို့အသေသတ်ခြင်းခံရကြမည်။
အခြားသောဘာသာပြန်ဆိုချက်၊ "မလာသော သူတိုင်းကို ငါတို့ သတ်ကြမည်"

အချိန်သတ်မှတ်ပါ
တစ်ခုခုအတွက် အချိန်ကာလပြင်ဆင် သတ်မှတ်ခြင်းဖြစ်သည်။
ဗာလဘုရားအတွက်စုရုံးကြရမည့်အချိန်ကို သူတို့ပြင်ဆင်ကြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ " အချိန်သတ်မှတ်၍ပြင်ဆင်သည်"

2 Kings 21

ထို့နောက်ယေဟုကို ပို့လိုက်သည်
နိုင်ငံတစ်ဝှမ်းကို ဤသတင်းဖြန့်ဖို့ရန် တမန်များကိုသူလွှတ်လိုက်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ယေဟုက တမန်များကို စေလွှတ်သည်" သို့မဟုတ် "ယေဟုက သတင်းပို့သည်"

မလာသူတစ်ယောက်မျှ မကျန်စေနဲ့
အငြင်းမပါအောင် ပြန်ရေးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဗာလကိုးကွယ်သူတိုင်း ရှိကြသည်" သို့မဟုတ် "ထို့ကြောင့် လူတိုင်းလာကြသည်"

ဖြည့်ခြင်းခံရသည်
ပြုသူဝါကျဖြင့် ပြန်ရေးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့ ဖြည့်ကြသည်"

ယဇ်ပရောဟိတ်၏အဝတ်ဗီရိုကိုထိန်းသိမ်းသူ
"ထိန်းသိမ်း" သည် တစ်ခုခုကိုစောင့်ရှောက်ခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ယဇ်ပုရောဟိတ်၏ အဝတ်ဗီရိုကို တာဝန်ယူသူ" သို့မဟုတ် "ယဇ်ပုရောဟိတ်၏ အဝတ်ဗီရိုကို ဂရုစိုက်သူ"

2 Kings 23

ဗာလဘုရားကိုကိုးကွယ်သူများကို သူကပြောသည်
"ယေဟုက ဗာလကိုကိုးကွယ်ရန် ဘုရားကျောင်းထဲ၌ရှိသည့် လူများကို ပြောသည်"

ဗာလဘုရားကိုကိုးကွယ်သူများသာလျှင်
"ဗာလဘုရားကို ကိုးကွယ်သူများသာလျှင် ဤနေရာ၌ရှိကြသည်"

သင်လက်ထံသို့ငါယူလာသောလူများမှ တစ်ယောက်ယောက်လွတ်သွားလျှင်
လူများ၏ "လက်" သည် သူတို့၏အထိန်းအချုပ်ကိုဆိုလိုသည်။
ဘုရားကျောင်းပတ်လည်၌ တပ်ချခြင်းဖြင့် သူတို့သည် အထိန်းအချုပ်အောက်သို့ ရောက်ရှိကြသည်။ လူများ လွတ်သွားခြင်း၊ မလွတ်သွားခြင်းသည် သူတို့နှင့်ဆိုင်သည်။


generated on Tue Jul 2 12:50:28 2024

အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့၏ ထိန်းချုပ်မှု အောက်သို့ ငါခေါ်လာသောလူများမှ တစ်ယောက်ယောက်လွတ်သွားလျှင်" သို့မဟုတ် "အထဲ၌ ရှိသည့်လူများထဲမှ တစ်ယောက်ယောက်အဝေးကို ရောက်သွားလျှင်"

ထိုသူကိုလွတ်စေသောသူတိုင်း၊ အသက်အတွက်အသက်ကို ပြန်ယူခြင်းခံရမည်
"သူ့ကို လွတ်စေသောကို သတ်ရလိမ့်မည်"

သူ့အသက်ကို ယူခြင်းခံရမည်
ပြဿနာဝါကျဖြင့် ပြန်ရေးနိုင်သည်။ လူတစ်ယောက်သတ်သည်ကို ယဉ်ကျေးသည့်စကားဖြင့် သုံးနှုန်းခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ၏ အသက်ကို ငါတို့ ယူလိမ့်မည်" သို့မဟုတ် "ငါတို့ သူ့ကို သတ်လိမ့်မည်"

တစ်စုံတစ်ယောက်၏အသက်
"လူတစ်ယောက်၏ အသက်လှဲလှယ်သည်" ဤလူကို သူမသေကြောင်း အလေးအနက်ပေးချင်သည့်အတွက် သူ၏ အသက်နှင့် ရည်ညွှန်းထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူတစ်ယောက်၏အသက်အတွက်"

2 Kings 25

သူက အစောင့်နှင့်တပ်မှူးကိုပြောသည်
အစောင့်ကို သူမပြောခင် ယေဟုဘုရားကျောင်းအပြင်သို့ထွက်လာသည်ကို သင်ဖော်ပြရန် လိုအပ်လိမ့်မည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဗာလဘုရားကျောင်းအပြင်သို့ သူသွားပြီး အစောင့်များနှင့် တပ်မှူးများကိုပြောသည်"

ဓားသွားနှင့်
ဗာလဘုရား ကိုးကွယ်သူများကို သတ်ရန် လူများက ဓားများကို အသုံးပြုကြသည်။ သူတို့၏ ဓားများကို ဤစကားစုကဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့၏ ဓားများနှင့်တကွ"

သူတို့ကို လွှတ်ပစ်ပါ
ဘုရားကျောင်းအပြင်၌ ရှိသည့် လူအလောင်းများကို ပစ်ရန် ဆိုလိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားကျောင်းပြင်ပသို့ အလောင်းများကို ပစ်ချပါ"

သန့်စင်ခန်းအဖြစ် လုပ်ကြ၏
"အများသုံးအိမ်သာအဖြစ် လုပ်ကြသည်" သန့်စင်ခန်းသည် စခန်းချသည့်စစ်သားများအတွက် သုံးရန် ရေချိုးခန်း၊ အိမ်သာ ဧရိယာဖြစ်သည်။

ယနေ့တိုင်အောင်
တစ်ခုခုသည် အခြေအနေတစ်ခု၌ ယခုအချိန်အထိတည်ရှိနေခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထိုနည်းအတိုင်း ယခုချိန်ထိတိုင်အမြဲရှိနေသည့်အတွက်ကြောင့်"

2 Kings 29

နေဗတ်၏သား ယေရောဗောင်၏ဒုစရိုက်ကိုမချန်ခဲ့
ယေရောဗောင်အပြစ်ပြုလုပ်သည့်အတိုင်း ယေဟုသည်လည်း သူ၏အပြစ်မှမခွာဘဲ အပြစ်လုပ်နေသည်ဟု ဆိုလိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "နေဗတ်၏ သားယေရောဗောင် ကျူးလွန်သော အပြစ်များအတိုင်း အပြစ်လုပ်ခြင်းကို မရပ်တန့်ခဲ့ပါ"

နေဗတ်
ဤလူ၏နာမည်ကို 3:1. ၌ဘာသာပြန်ထားသည့်အတိုင်း ပြန်ရန် လိုအပ်သည်။

ဣသရေလအပြစ်
"ဣသရေလ" သည် ထိုနေရာ၌ နေထိုင်ကြသည့်လူများကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဣသရေလလူများ၏ အပြစ်"

ပြီးမြောက်စေခြင်း
"သယ်ဆောင်ခြင်း" သို့မဟုတ် "ပြည့်စုံစေခြင်း"

ငါ့အမြင်၌မှန်သောအရာ
မျက်စိများက မြင်ခြင်းကို ကိုယ်စားပြုသည်၊ မြင်နိုင်ခြင်းက စဉ်းစားမှု ဆုံးဖြတ်မှုကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မှန်သည်ဟု ငါဆုံးဖြတ်သောအရာ" သို့မဟုတ် "မှန်သည်ဟု ငါထင်သည့်အရာ"

အာဟပ်၏အိမ်
အာဟပ်၏ "အိမ်" သည် သူ့မိသားကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အာဟပ်မိသားစု"

ငါ့နှလုံးထဲရှိအရာအားလုံး
"နှလုံး" သည် "ဆန္ဒ" ကိုကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့ လုပ်ရန် ငါလိုချင်သောအရာအားလုံး"

နန်းတော်၌ထိုင်သည်
"ရှင်ဘုရင်အဖြစ်အုပ်ချုပ်သည်"

မျိုးဆက်လေးဆက်တိုင်
"မျိုးဆက်လေးဆက်တိုင်" သို့မဟုတ် "နောက်ထပ်မျိုးဆက်လေးဆက်"သူ၏ သား၊ မြေး၊ မြစ်၊ တီ တို့ကိုဆိုလိုခြင်းဖြစ်သည်။

ယေဟုက ထာဝရဘုရား၏လမ်း၌လျှောက်သွားရန် ဂရုမစိုက်
"လျှောက်သွား" သည် "အသက်ရှင်ခြင်း" ကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား၏ ပညတ်တော်အတိုင်းနေရန် ယေဟုက ဂရုမစိုက်ပေ"


generated on Tue Jul 2 12:50:28 2024

သူ့နှလုံးအားလုံးနှင့်
"နှလုံး" သည် လူတစ်ယောက်၏
ဆန္ဒနှင့်ဖြစ်ချင်သည့်အရာဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူလုပ်ခဲ့သောအရာအားလုံး"
သို့မဟုတ် "သူ၏ ဆန္ဒအားလုံး"

ယေရောဗောင်၏အပြစ်မှ သူသည်ပြန်မလှည့်ပေ
"ပြန်လှည့်သည်" သည် တစ်ခုခုလုပ်ခြင်းမှ
ရပ်တန့်ခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊
"ယေရောဗောင် အပြစ်လုပ်သည့်အတိုင်း အပြစ်လုပ်ခြင်းမှ
ယေဟုသည် နောက်ပြန် မလှည့်ပါ"

2 Kings 32

ဣသရေလမှ ပြည်များကို ဖြတ်ရန်စတင်သည်
"ဣသရေလမှ ထိန်းချုပ်မှု နယ်မြေ ပိုသေးငယ်လာရန်
စတင်သည်"

ဒေသ
"မြေဧရိယာ (သို့) ပိုင်ဆိုင်သည့်မြေပမာဏ

ဟာဇေလစစ်နိုင်သည်
"ဟာဇေလ" စကားလုံးက သူကိုယ်တိုင်နှင့် သူ့စစ်တပ်ကို
ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊
"ဟာဇေလနှင့်သူ့စစ်တပ်" သို့မဟုတ် "ရှင်ဘုရင်ဟာဇေလ၏
ရှုရိစစ်သားများ စစ်နိုင်သည်။

ဟာဇေလ
ဤရှင်ဘုရင်၏နာမည်ကို 8:7
၌ဖော်ပြသည့်အတိုင်းဖော်ပြရန်ဖြစ်သည်။

ယော်ဒန်အရှေ့ပိုင်းမှ
"ယော်ဒန်မြစ်၏အရှေ့မှ"

အာရော်မြို့...ဗာရှန်ပြည်
နေရာများ၏နာမည်များဖြစ်သည်။

အာနုန်မြစ်
"အာနုန်မြစ်" မြစ်၏နာမည်ဖြစ်သည်။

2 Kings 34

ဣသရေလရှင်ဘုရင်များ၏ရာဇဝင်စာအုပ်၌ မရေးထားသလော။
ဤအဖြေမလိုသောမေးခွန်းမျိုးကို ရိုးရိုးဝါကျဖြင့်
ပြန်ရေးနိုင်သည်။ အပေါ်၌ မည်ကဲ့သို့ဘာသာပြန်သည်ကို
ပြန်ကြည့်နိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊
"ဣသရေလရှင်ဘုရင်များ၏ ရာဇဝင်စာအုပ်၌
သူတို့ရေးထားကြသည်"

ယေဟုသည် သူ့ဘိုးဘေးများနှင့်အတူအိပ်သည်၊ သူတို့ကရှမာရိ၌သူ့ကို
သင်္ဂြိုလ်ကြသည်။
ယေဟု သေဆုံးသည်ကို ဆိုလိုသည်။ သူ့ဘိုးဘေးများ
မြှုပ်နှံရာနေရာတွင် သူ့ကိုလည်း မြှုပ်နှံသည်ကို
သူတို့နှင့်အတူအိပ်သည်ဟု ပြောခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ယေဟုသေဆုံး၍
သူ့ဘိုးဘေးများ သင်္ဂြိုလ်သည့်နေရာ ရှမာရိတွင်
သင်္ဂြိုလ်ကြလေသည်"

ယောခတ်
လူ၏နာမည်ဖြစ်သည်။

ရှမာရိမြို့၌နေ၍ ဣသရေလနိုင်ငံကို ယေဟုအုပ်ချုပ်သည့်နှစ်ပေါင်းမှာ
နှစ်ဆယ့်ရှစ်နှစ်ရှိသည်
နှစ်ဆယ့်ရှစ်နှစ်- "ရှမာရိမြို့မှနေ၍ ယေဟုက ဣသရေလနိုင်ငံကို
နှစ်ဆယ့်ရှစ်နှစ်ကြာ အုပ်ချုပ်ခြင်းကိုဆိုလိုသည်"

နှစ်ဆယ့်ရှစ်နှစ်
နှစ်ဆယ့်ရှစ်နှစ်- "

---

## Translation Questions

2 Kings 10:1

အသက်ကြီးသူများနှင့် အာဟပ်၏သားများကို စောင့်ရှောက်သောသူများသည်
မည်သည့်အရာကိုလုပ်ရန် ယေဟု၏စာတွင် ရေးထားသနည်း။
သူတို့သခင်၏သားတို့တွင်အကောင်းဆုံးနှင့်
အထိုက်တန်ဆုံးသူကို ရွေးကောက်၍
ခမည်းတော်၏ရာဇပလ္လင်ပေါ်မှာတင်မြှောက်ရန်
အသက်ကြီးသူများနှင့် အာဟပ်၏သားများကို
စောင့်ရှောက်သောသူများကို စာထဲတွင်မှာထားသည်။

2 Kings 10:4

အသက်ကြီးသူများနှင့် အာဟပ်၏သားများကို စောင့်ရှောက်သောသူများသည်
အဘယ်ကြောင့် မည်သူကိုမျှ ဘုရင်မမြှောက်ခဲ့သနည်း?
ရှင်ဘုရင်နှစ်ပါးပင် ယေဟုရှေ့တွင် ရပ်နိုင်သည်ကို
သိသောကြောင့် မည်သူကိုမျှ ဘုရင်မမြှောက်ခဲ့ခြင်းဖြစ်သည်။


generated on Tue Jul 2 12:50:28 2024

2 Kings 10:6

အသက်ကြီးသူများနှင့် အာဟပ်၏သားများကို စောင့်ရှောက်သောသူများသည် ဘုရင်၏သားများကို မည်သို့ ပြုလုပ်ခဲ့ကြသနည်း။

သူတို့သည် ရှင်ဘုရင်၏ သားတော် ခုနစ်ကျိပ်တို့ကိုယူ၍ သတ်သဖြင့်၊ ဦးခေါင်းများကို တောင်း တို့၌ ထည့်ပြီးလျှင်၊ ယေဇရေလမြို့၊ ယေဟုထံသို့ ပေးလိုက် လေ၏။

2 Kings 10:10

အာဟပ်နှင့် သူ၏မိသားစုနှင့် ပတ်သက်၍ ထာဝရဘုရားမိန့်တော်မူသောစကားများသည် မြေသို့မကျရဟု အဘယ်ကြောင့် ယေဟုပြောခဲ့သနည်း။

ထာဝရဘုရားသည် မိမိစကားကို ဧလိယအားဖြင့် ပြည့်စုံစေသောကြောင့် အာဟပ်နှင့် သူ၏မိသားစုနှင့် ပတ်သက်၍ ထာဝရဘုရားမိန့်တော်မူသောစကားများသည် မြေသို့မကျရဟု ပြောခဲ့ခြင်းဖြစ်သည်။

2 Kings 10:12

ယေဟုသည် မည်မျှသော အာခဇိမင်း၏ ဆွေတော်မျိုးတော်များနှင့် တွေ့၍ သတ်ခဲ့သနည်း။

ယေဟုသည် လေးကျိပ် နှစ်ယောက်သော အာခဇိမင်း၏ ဆွေတော်မျိုးတော်များနှင့်တွေ့၍ သတ်ခဲ့သည်။

2 Kings 10:15

ယေဟုသည် အဘယ်ကြောင့် ယောနဒပ်ကို ရထားပေါ်မှာ ဆွဲတင်ခဲ့သနည်း။

ယေဟုသည် ယောနဒပ်ကို ရထားပေါ်မှာ ဆွဲတင်ခဲ့ခြင်းမှာ ယောနဒပ်သည် သူ၏စိတ်နှလုံးနှင့် ယေဟုသင့်၍ သူ၏လက်ကို ယေဟုအားပေးခဲ့သောကြောင့်ဖြစ်သည်။

2 Kings 10:18

ယေဟုသည် ဗာလဘုရား၏ ပရောဖက်များ၊ အမှုစောင့်များ၊ ယဇ်ပုရောဟိတ်များ အပေါင်းတို့ကို အဘယ်ကြောင့် စုဝေးစေသနည်း။

သူသည် ဗာလကို ကိုးကွယ်သော သူတို့ကို ဖျက်ဆီးမည် အကြံနှင့် ပရိယာယ် ပြု၍ အားလုံးကို စုဝေးစေသည်။

2 Kings 10:21

ဗာလဘုရားကို ကိုးကွယ်သောသူတို့သည် မည်သည့်နေရာသို့ လာခဲ့ကြသနည်း။

ဗာလဘုရားကို ကိုးကွယ်သောသူတို့သည် ဗာလ ကျောင်းထဲသို့ ဝင်လာခဲ့ကြသည်။

2 Kings 10:23

ဗာလ ဘုရားကို ကိုးကွယ်သောသူ တစ်စုံတစ်ယောက် လွတ်မြောက်သွားလျှင် ဘာဖြစ်လာလိမ့်မည်နည်း။

ဗာလ ဘုရားကို ကိုးကွယ်သောသူ တစ်စုံတစ်ယောက် လွတ်မြောက်သွားလျှင် လွတ်စေသောသူသည် လွတ်သွားသောသူအတွက် အသက်သေရမည်ဟု စီရင်ခဲ့သည်။

2 Kings 10:25

တပ်သားနှင့် တပ်မှူးတို့သည် ဗာလကျောင်းထဲသို့ ဘာလုပ်ခဲ့သနည်း။

သူတို့သည် ဗာလကျောင်းကို သုတ်သင်ရာ အိမ်ဖြစ်စေ ကြသည်။

2 Kings 10:29

ယေဟုသည် ယေရောဗောင်၏ ဒုစရိုက်တို့ကို မည်သို့မစွန့်ခဲ့သနည်း။

ယေဟုသည် ယေရောဗောင်၏ ဒုစရိုက်တည်းဟူသော ဗေသလမြို့နှင့် ဒန်မြို့မှာရှိသော ရွှေနွားသငယ်တို့အား ကိုးကွယ်ခြင်းအမှုကို မစွန့်ခဲ့ပေ။

ယေဟု၏ သားမြေးလေးဆက်တိုင်အောင် ဣသရေလနိုင်ငံရာဇပလ္လင်ပေါ်မှာ အဘယ်ကြောင့် ထိုင်ရမည်နည်း။

ထာဝရဘုရား၏ရှေ့တွင် သူသည် ဖြောင့်မတ်သောအကျင့်ကို ကျင့်၍ ကောင်းမွန်စွာ ပြုသောကြောင့်လည်းကောင်း အာဟပ်အမျိုး၌ အလိုရှိသမျှအတိုင်းစီရင်သောကြောင့်လည်းကောင်း ယေဟု၏သားမြေးလေးဆက်တိုင်အောင် ဣသရေလနိုင်ငံရာဇပလ္လင်ပေါ်မှာ ထိုင်ရမည်။

2 Kings 10:34

ယေဟုနှင့်ပါတ်သက်သော အခြားသောအကြောင်းများကို မည်သည့်နေရာတွင် ရေးထားသနည်း။

ယေဟုနှင့်ပါတ်သက်သော အခြားသောအကြောင်းများနှင့် သူပြုခဲ့သမျှအားလုံးနှင့် သူ့တန်ခိုးကြီးခြင်းများကို ဣသရေလရာဘုရင်များအကြောင်းမှတ်တမ်းတင်သော စာ၌ ရေးထားသည်။

## Chapter 11

1 အာခဇိ၏မယ်တော် အာသလိသည် မိမိသား သေကြောင်းကို သိမြင်သော်၊ ထ၍ ဆွေတော်မျိုးတော် အပေါင်းတို့ကို
သုတ်သင်ပယ်ရှင်းလေ၏။ 2 သို့ရာတွင် အာခဇိ၏နှမယဟောရှဲမင်းကြီး သမီးယောရှေဘသည် အာခဇိ၏သား ယောရှကို အသေ
ခံရသော ဆွေတော်မျိုးတော်ထဲက ခိုးယူ၍ အာသလိ လက်မှ သူ၏အသက် လွတ်စေခြင်းငှါ၊ သူနှင့်သူ၏ နို့ထိန်းကို
အိပ်ခန်းထဲ၌ဝှက်ထား၏။ 3 ထိုနောက်ယောရှသည် ခြောက်နှစ်ပတ်လုံး အရီးနှင့်အတူ ဗိမာန်တော်၌ပုန်းရှောင်လျက်နေ၍၊
အာသလိသည် စိုးစံလေ၏။ 4 ခုနစ်နှစ်မြောက်သောအခါ၊ ယောယဒသည် စေလွှတ်၍၊ လူတရာအုပ်၊ တပ်မှူး၊ တပ်သားတို့ကို
ခေါ်လေ၏။ ဗိမာန်တော်ထဲသို့ သွင်း၍ ပဋိညာဉ်ဖွဲ့ခြင်း၊ ဗိမာန်တော်၌ သစ္စာတိုက်ခြင်းကို ပြုပြီးမှ၊ ရှင်ဘုရင်၏ သားတော်ကိုပြလေ၏။
5 ယောယဒကလည်း၊ သင်တို့ပြုရသော အမှုဟူ မူကား၊ ဥပုသ်နေ့၌ဝင်သောလူသုံးစုတစုသည် နန်းတော် တံခါးကိုစောင့်ရမည်။ 6
တစုသည် သုရတံခါးကို စောင့်ရမည်။ တစု သည် ကင်းနောက် တံခါးကိုစောင့်ရမည်။ ထိုသို့ ဗိမာန် တော်ကို မဖြိုမဖျက်စေခြင်းငှါ
စောင့်ရမည်။ 7 ဥပုသ်နေ့၌ ထွက်သောလူသုံးစုတွင် နှစ်စုသည် ရှင်ဘုရင်ပတ်လည် ဗိမာန်တော်၌စောင့်ရမည်။ 8
လူတိုင်းမိမိလက်နက်ကို ကိုင်လျက် ကိုယ်တော် မြတ်ကို ဝိုင်း၍၊ တပ်ထဲသို့ဝင်သမျှသောသူတို့ကို သတ်ရ မည်။ ရှင်ဘုရင်
ထွက်ဝင်တော်မူသောအခါ၊ နောက်တော် သို့ လိုက်ရမည်ဟုမှာထားလေ၏။ 9 ထိုသို့ ယဇ်ပုရောဟိတ်ယောယဒမှာထားသမျှ အတိုင်း
လူတရာအုပ်တို့သည်ပြု၍၊ ဥပုသ်နေ့၌ထွက်ရသော သူနှင့်ဝင်ရသောသူအသီးအသီးတို့ကို ခေါ်၍ ယဇ်ပုရော ဟိတ် ယောယဒထံသို့
ရောက်သောအခါ၊ 10 ဗိမာန်တော်၌ရှိသော ဒါဝိဒ်မင်းကြီး၏လှံများ နှင့် ဒိုင်းများကို ယဇ်ပုရောဟိတ်သည်ထုတ်၍ လူတရာ အုပ်တို့အား
အပ်လေ၏။ 11 စောင့်သောသူအပေါင်းတို့သည် လက်နက်ကို ကိုင်လျက်၊ ရှင်ဘုရင်ကို ဝိုင်း၍ ယဇ်ပလ္လင်အနားနှင့် ဗိမာန်တော်အနား၌
လက်ျာထောင့်မှစ၍ လက်ဝဲထောင့် တိုင်အောင် ရပ်ကြ၏။ 12 ယဇ်ပုရောဟိတ်သည် ရှင်ဘုရင်သားတော်ကို ပြင်သို့ထုတ်၍၊
ရာဇသရဖူနှင့် ပညတ်တော်ကျမ်းကို တင်လျက်၊ ဘိသိတ်ပေးလျက်၊ ရှင်ဘုရင်အရာ၌ချီးမြှောက်ပြီးမှ
ရှင်ဘုရင်အသက်တော်ရှင်စေသတည်းဟု လက်ခုပ်တီး၍ ကြွေးကြော်ကြ၏။ 13 အာသလိသည် တပ်သားပြုသောအသံနှင့်
လူများပြုသော အသံကိုကြားလျှင်၊ လူများရှိရာ ဗိမာန် တော်သို့သွား၍၊ 14 ရှင်ဘုရင်သည် ယုဒမင်းထုံးစံအတိုင်း တိုင်နား မှာရပ်လျက်၊
မှူးတော်မတ်တော်များနှင့် တံပိုးမှုတ်သော သူများတို့သည် ရှင်ဘုရင်အနားတော်၌ ရပ်လျက်၊ ပြည်သူပြည်သားများတို့သည်
ဝမ်းမြောက်၍ တံပိုးမှုတ် လျက်ရှိကြသည်ကိုမြင်လျှင်၊ မိမိအဝတ်ကို ဆုတ်၍ ပုန်ကန်မှုပါတကား၊ ပုန်ကန်မှုပါတကားဟု အော်ဟစ်
လေ၏။ 15 ယဇ်ပုရောဟိတ်ယောယဒကလည်း၊ ဗိမာန် တော်ထဲမှာမသေစေနှင့်၊ တပ်ပြင်သို့ထုတ်ကြ။ သူ့ဘက်မှာ နေသောသူကို
ထားနှင့်သတ်ကြဟု လူတရာအုပ်၊ တပ်မှူး တို့ကို မှာထားနှင့်သည်အတိုင်း၊ 16 အာသလိကိုဘမ်းဆီးလျက်၊ နန်းတော်သို့ သွား
သောမြင်းလမ်းဖြင့် ထုတ်၍ သတ်ကြ၏။ 17 ယောယဒသည်လည်း ရှင်ဘုရင်နှင့်လူများတို့ သည်
ထာဝရဘုရား၏လူဖြစ်ရမည်အကြောင်း ထာဝရ ဘုရားနှင့် ပဋိညာဉ်ဖွဲ့စေ၏။ တဖန်ရှင်ဘုရင်နှင့်လူများ တို့ကို တဦးနှင့်တဦး
ပဋိညာဉ်ဖွဲ့စေ၏။ 18 ပြည်သူပြည်သားအပေါင်းတို့သည် ဗာလ ကျောင်းသို့သွား၍ ဖြိုဖျက်ကြ၏။ ယဇ်ပလ္လင်များနှင့်
ရုပ်တုများကိုအကုန်အစင်ချိုးဖဲ့၍၊ ယဇ်ပလ္လင်တို့ရှေ့မှာ ဗာလယဇ်ပုရောဟိတ် မဿန်ကို သတ်ကြ၏။ 19
ယဇ်ပုရောဟိတ်ယောယဒသည်လည်း၊ ဗိမာန် တော်အုပ်များကို ခန့်ထားပြီးမှ လူတရာအုပ်၊ တပ်မှူး၊ တပ်သား၊
ပြည်သူပြည်သားအပေါင်းတို့ကိုခေါ်လျက်၊ ကင်းတံခါးလမ်းဖြင့် ရှင်ဘုရင်ကို ဗိမာန်တော်မှ နန်း တော်သို့ပို့ဆောင်၍
ရာဇပလ္လင်တော်ပေါ်မှာ ထိုင်စေ၏။ 20-21 နန်းတော်နားမှာ အာသလိကို သတ်ပြီးမှ၊ ပြည်သူပြည်သားအပေါင်းတို့သည် ဝမ်းမြောက်၍
တမြို့လုံး၌လည်း ငြိမ်ဝပ်ခြင်းရှိ၏။


generated on Tue Jul 2 12:50:28 2024

## Chapter 12

1 ယေဟုနန်းစံ ခုနစ်နှစ်တွင် ယောရှသည် အသက်ခုနစ်နှစ်ရှိသော်၊ နန်းထိုင်၍ ယေရုရှလင်မြို့၌ အနှစ်လေးဆယ်စိုးစံ၏။
မယ်တော်ကား၊ ဗေရရှေဘမြို့သူ ဇိဗိအမည်ရှိ၏။ 2 ယဇ်ပုရောဟိတ်ယောယဒသွန်သင်သော ကာလပတ်လုံးယောရှသည်
ထာဝရဘုရားရှေ့တော်၌ တရားသောအမှုကို ပြု၏။ 3 သို့ရာတွင် မြင့်သောအရပ်တို့ကို မပယ်ရှားသော ကြောင့်၊ လူတို့သည်
ထိုအရပ်တို့၌ ယဇ်ပူဇော်၍နံ့သာ ပေါင်းကို မီးရှို့ကြ၏။ 4 ယောရှမင်းကလည်း၊ ဗိမာန်တော်ထဲသို့ သွင်း သော အလှူငွေစာကို
ရောင်း၍ရသောငွေ၊ စာရင်းဝင် သောသူတိုင်းကိုယ်အတွက်ပေးသောငွေ၊ ကိုယ်ဘိုးပြတ်၍ ရသောငွေ၊ အလိုလို လှူသောငွေရှိသမျှကို၊ 5
ယဇ်ပုရောဟိတ်တို့သည် မိမိတို့အသိအကျွမ်း လှူသည်အတိုင်း ခံယူ၍၊ ဗိမာန်တော်ပြိုပျက်ရာရှိသမျှ တို့ကို ပြုပြင်ကြစေဟု
ယဇ်ပုရောဟိတ်တို့အား မိန့်တော် မူ၏။ 6 သို့သော်လည်း ယောရှမင်းကြီးနန်းစံနှစ်ဆယ် သုံးနှစ်တွင်၊ ယဇ်ပုရောဟိတ်တို့သည်
ဗိမာန်တော်ပြိုပျက် ရာတို့ကို မပြုပြင်ကြသေး။ 7 ထိုအခါ ယောရှမင်းကြီးသည် ယဇ်ပုရောဟိတ် ယောယဒ နှင့်အခြားသော
ယဇ်ပုရောဟိတ် တို့ကိုခေါ်၍၊ သင်တို့သည် ဗိမာန်တော်ပြိုပျက်ရာတို့ကို အဘယ်ကြောင့် မပြုပြင်ဘဲ နေကြသနည်း။ နောက်တဖန်
အသိအကျွမ်းလှူသော ငွေကိုကိုယ်တိုင် မယူကြနှင့်။ ဗိမာန်တော်ပြိုပျက်ရာတို့ကို ပြုပြင်ဘို့ရာအပ်ကြလော့ဟု ဆိုသည်အတိုင်း၊ 8
ယဇ်ပုရောဟိတ်တို့သည် နောက်တဖန် လူများ လှူသောငွေကို မခံရ။ ဗိမာန်တော်ပြိုပျက်ရာကိုလည်း မပြုပြင်ရဟုဝန်ခံကြ၏။ 9
ယဇ်ပုရောဟိတ် ယောယဒသည် သေတ္တာကို ယူ၍အဖုံးကို ဖောက်ပြီးလျှင်၊ ဗိမာန်တော်အထဲသို့ ဝင်သောလမ်းလက်ျာဘက် ယဇ်ပလ္လင်
နားမှာထားလေ ၏။ ဗိမာန်တော်သို့ဆောင်ခဲ့သော ငွေရှိသမျှကို တံခါး စောင့် ယဇ်ပုရောဟိတ်တို့သည် သေတ္တာထဲမှာထားကြ၏။ 10
ငွေများသည်ကိုသိမြင်လျှင်၊ ရှင်ဘုရင်၏ စာရေး တော်ကြီးနှင့် ယဇ်ပုရောဟိတ်မင်းသည် လာ၍ဗိမာန် တော်၌စုသောငွေကို
ထုတ်ထားလျက် စာရင်းယူ၏။ 11 ထိုသို့ ချိန်ထားသော ငွေကို ဗိမာန်တော်အုပ် အမှုတော်စောင့်တို့၌အပ်၍၊ ဗိမာန်တော်၌ အလုပ်လုပ်
သော လက်သမား၊ 12 ပန်းရန်သမား၊ ကျောက်ဆစ်သမားတို့အတွက် ဗိမာန်တော် ပြိုပျက်ရာကို ပြုပြင်စရာကျောက်နှင့်
သစ်သားကိုဝယ်၍ ကုန်သမျှသော အတွက်ပေးဝေကြ၏။ 13 ဗိမာန်တော်အဘို့ငွေဖလား၊ မီးညှပ်၊ အင်တုံ၊ တံပိုး၊ ရွှေတန်ဆာ၊
ငွေတန်ဆာတို့ကို ထိုငွေနှင့်မလုပ် သေး။ 14 အလုပ်လုပ်သောသူတို့အားသာ ပေး၍၊ ဗိမာန်တော်ကို ပြုပြင်ကြ၏။ 15 အလုပ်လုပ်သော
သူတို့အား ပေးစေခြင်းငှါ၊ ငွေကို လက်ခံသော သူတို့သည် သစ္စာစောင့်သောသူ ဖြစ်သောကြောင့် စာရင်းမပေးကြ။ 16 ဒုစရိုက်ငွေ၊
အပြစ်ငွေကိုမူကား၊ ဗိမာန်တော်သို့ မသွင်းဘဲ ယဇ်ပုရောဟိတ်တို့သည် ယူကြ၏။ 17 ထိုအခါ ရှုရိရှင်ဘုရင်ဟာဇေလသည် ဂါသမြို့ ကို
စစ်ချီ၍ တိုက်ယူပြီးမှ၊ ယေရုရှလင်မြို့သို့ ချီအံ့သောငှါ အားထုတ်လေ၏။ 18 ယုဒရှင်ဘုရင်ယောရှသည် ဘိုးတော်ဘေးတော်
တည်းဟူသော ယုဒရှင်ဘုရင်ယောရှဖတ်၊ ယဟောရံ၊ အာခဇိလှူသမျှသော တန်ဆာနှင့် ကိုယ်တိုင်သန့်ရှင်း သမျှသော တန်ဆာများ၊
ဗိမာန်တော်ဘဏ္ဍာ၊ နန်းတော် ဘဏ္ဍာတွင် တွေ့သမျှသော ရွှေကိုယူ၍ ရှုရိရှင်ဘုရင် ဟာဇေလ ထံသို့ပေးလိုက်သောကြောင့်၊
ဟာဇေလသည် ယေရုရှလင်မြို့ကို ထား၍ သွား၏။ 19 ယောရှပြုမူသောအမှုအရာ ကြွင်းလေသမျှ တို့သည် ယုဒရာဇဝင်၌
ရေးထားလျက်ရှိ၏။ 20 ထိုမင်း၏ကျွန်ရှိမတ်သား ယောဇဗဒ်နှင့် ရှိမရိတ်သား ယဟောဇဗပ်တို့သည် ထ၍ သင်းဖွဲ့ပြီးလျှင်၊ သိလရွာသို့
သွားသောလမ်း၊ မိလ္လောစံနန်းတွင်ယောရှကို သေအောင်လုပ်ကြ၍၊ 21 ဘိုးဘေးတို့နှင့်အတူ ဒါဝိဒ်မြို့၌ သင်္ဂြိုဟ်ကြ၏။ သားတော်အာ
မဇိသည် ခမည်းတော်အရာ၌နန်းထိုင်၏။


generated on Tue Jul 2 12:50:28 2024

# Chapter 13

1 ယုဒရှင်ဘုရင်အာခဇိသား ယောရှနန်းစံနှစ် ဆယ်သုံးနှစ်တွင်၊ ယေဟုသားယောခတ်သည် ရှမာရိမြို့၌ မင်းပြု၍ ဣသရေလနိုင်ငံကို
ဆယ်ခုနစ်နှစ်စိုးစံ၏။ 2 ထိုမင်းသည် ထာဝရဘုရားရှေ့တော်၌ ဒုစရိုက် ကိုပြု၍၊ ဣသရေလအမျိုးကို ပြစ်မှားစေသော နေဗတ် သား
ယေရောဗောင်၏ ဒုစရိုက်အပြစ်တို့ကို မရှောင်၊ လိုက်လေ၏။ 3 ထိုကြောင့် ထာဝရဘုရားသည် ဣသရေလ အမျိုးကို အမျက်ထွက်၍၊
ယောခတ်မင်း လက်ထက် ကာလပတ်လုံး၊ ရှုရိရှင်ဘုရင် ဟာဇေလနှင့်သူ၏သား ဗယာဒဒ်လက်သို့ ဣသရေလအမျိုးကို
အပ်တော်မူ၏။ 4 တဖန်ယောခတ်သည် ထာဝရဘုရားကို တောင်းပန်လေ၏။ ရှုရိရှင်ဘုရင်ညှဉ်းဆဲ၍ ဣသရေလ အမျိုးသည်
အလွန်ခံရကြောင်းကို ထာဝရဘုရားသည် မြင်၍ယောခတ်စကားကို နားထောင်တော်မူ၏။ 5 ရှုရိရှင်ဘုရင်သည်
ဣသရေလအမျိုးသားတို့ကို ဖျက်ဆီး၍၊ စပါးနင်းရာတွင် လွင့်သောအမှုန့်ကဲ့သို့ ဖြစ်စသဖြင့်၊ မြင်းစီးသူရဲ၊ ငါးကျိပ်၊ ရထားတဆယ်၊
ခြေသည်သူရဲတသောင်းကို သာယောခတ်၌ကြွင်းစေ၏။ 6 ထို့ကြောင့် ထာဝရဘုရားသည် ကယ်တင်သော သခင်ကို ပေးတော်မူသဖြင့်၊
ဣသရေလအမျိုးသားတို့ သည် ရှုရိလူတို့လက်မှထွက်မြောက်၍ အထက်ကနည်းတူ မိမိတို့နေရာ၌ နေရကြ၏။ 7 သို့ရာတွင်
ဣသရေလအမျိုးကို ပြစ်မှားစေသော ယေရောဗောင်မင်းမျိုး၏ ဒုစရိုက်အပြစ်တို့ကို မရှောင် လိုက်ကြ၏။ ရှမာရိမြို့၌လည်း
အာရှရပင် ရှိသေး၏။ 8 ယောခတ်ပြုမူသော အမှုအရာကြွင်းလေသမျှ တို့နှင့် တန်ခိုးကြီးခြင်းအရာသည် ဣသရေလရာဇဝင်၌
ရေးထားလျက်ရှိ၏။ 9 ယောခတ်သည် ဘိုးဘေးတို့နှင့်အိပ်ပျော်၍၊ ရှမာရိမြို့၌ သင်္ဂြိုဟ်ခြင်းကို ခံလေ၏။ သားတော် ယဟောရှသည်
ခမည်းတော်အရာ၌ နန်းထိုင်၏။ 10 ယုဒရှင်ဘုရင်ယောရှ နန်းစံသုံးဆယ်ခုနစ်နှစ် တွင်၊ ယောခတ်သား ယဟောရှသည်
ရှမာရိမြို့၌မင်းပြု၍ ဣသရေလနိုင်ငံကို ဆယ်ခြောက်နှစ်စိုးစံ၏။ 11 ထိုမင်းသည် ထာဝရဘုရားရှေ့တော်၌ ဒုစရိုက် ကို ပြု၍
ဣသရေလအမျိုးကို ပြစ်မှားစေသော နေဗတ် သားယေရောဗောင်၏ ဒုစရိုက်အပြစ်ကိုမရှောင်၊ အကုန် အစင်လိုက်လေ၏။ 12
ယဟောရှပြုမူသော အမှုအရာကြွင်းလေသမျှ၊ ယုဒရှင်ဘုရင်အာမဇိကို စစ်တိုက်ရာတွင်၊ တန်ခိုးကြီးခြင်း အရာသည်
ဣသရေလရာဇဝင်၌ ရေးထားလျက်ရှိ၏။ 13 ယဟောရှသည် ဘိုးဘေးတို့နှင့်အိပ်ပျော်၍၊ ဣသရေလ ရှင်ဘုရင်တို့နှင့်အတူ
ရှမာရိမြို့၌သင်္ဂြိုဟ်ခြင်း ကို ခံလေ၏။ သားတော်ယေရောဗောင်သည် ခမည်း တော်အရာ၌နန်းထိုင်၏။ 14 ထိုအခါ ဧလိရှဲသည်
သေနာစွဲ၍ နာနေစဉ် တွင်၊ ဣသရေလရှင်ဘုရင်ယဟောရှသည်လာ၍ သူ့ရှေ့ မှာ ငိုကြွေးလျက် ငါ့အဘ၊ ငါ့အဘ၊ ဣသရေလရထား၊
ဣသရေလမြင်းပါတကားဟု ဆို၏။ 15 ဧလိရှဲကလည်း၊ လေးနှင့်မြှားတို့ကို ယူလော့ဟု ဆိုသည်အတိုင်း ရှင်ဘုရင်ယူ၏။ 16
လေးကိုတင်လော့ဟု တဖန်ဆိုသည်အတိုင်း လေးကိုတင်၍၊ ဧလိရှဲသည် မိမိလက်ကို ရှင်ဘုရင် လက်ပေါ်မှာ တင်လျက်၊ 17
အရှေ့ပြတင်းပေါက်ကို ဖွင့်လော့ဟုဆို၍ ဖွင့် လေ၏။ ပစ်လော့ဟုဆိုသည်အတိုင်း ရှင်ဘုရင်သည် ပစ်လေ၏။ ဧလိရှဲကလည်း၊ ထာဝရ
ဘုရားကယ်တင် တော်မူရာမြှား၊ ရှုရိမင်းလက်မှ ကယ်နှုတ်ရာမြှားဖြစ်၏။ အာဖက်မြို့၌ရှုရိလူတို့ကို အကုန်အစင်လုပ်ကြံရလိမ့်
မည်ဟု ဆို၏။ 18 မြှားတို့ကိုယူဦးလော့ဟု တဖန်ဆိုသည်အတိုင်း၊ ရှင်ဘုရင်သည် ယူ၏။ မြေပေါ်သို့ ရိုက်လော့ဟုဆို၍
သုံးကြိမ်ရိုက်လေ၏။ 19 ထိုအခါဘုရားသခင်၏လူသည် အမျက်ထွက်၍၊ အဘယ်ကြောင့် ငါးကြိမ်ခြောက်ကြိမ်မရိုက်သနည်း။
ထိုသို့ရိုက်လျှင်၊ ရှုရိလူတို့ကို အကုန်အစင်လုပ်ကြံရလိမ့် မည်။ ယခုမူကား၊ သုံးကြိမ်သာ လုပ်ကြံရလိမ့်မည်ဟု ဆို၏။ 20 ဧလိရှဲသေ၍
သင်္ဂြိုဟ်ခြင်းကိုခံပြီးမှ၊ နောင်နှစ် တွင် မောဘတပ်သားတို့သည် ဣသရေလပြည်ကို တိုက်လာကြ၏။ 21 ဣသရေလလူတို့သည်
လူတယောကို သင်္ဂြိုဟ် စဉ်တွင်၊ မော်ဘတပ်လာသည်ကို မြင်၍၊ အလောင်းကို ဧလိရှဲသင်္ချိုင်းတွင်း၌ ချထားကြ၏။ သေသောသူသည်
အောက်သို့ရောက်၍၊ ဧလိရှဲအရိုးတို့ကို ထိသောအခါ၊ အသက်ရှင်ပြန်သဖြင့် မတ်တတ်ထ၏။ 22 ရှုရိရှင်ဘုရင်ဟာဇေလသည်
ယောခတ် လက်ထက်ကာလပတ်လုံး ဣသရေလအမျိုးကို ညှဉ်းဆဲ ၏။ 23 ထာဝရဘုရားသည် သူတို့ကို သနားစုံမက်၍ အာဗြဟံ၊
ဣဇာက်၊ ယာကုပ်တို့နှင့် ဖွဲ့တော်မူခဲ့သော ပဋိညာဉ်ကို အောက်မေ့လျက် သူတို့ကို မဖျက်ဆီး၊ အထံတော်မှမနှင်ထုတ်သေးဘဲ
ကြည့်ရှုပြုစုတော်မူ၏။ 24 ရှုရိရှင်ဘုရင် ဟာဇေလသေ၍၊ သားတော် ဗဟ်ာဒဒ်သည် ခမည်းတော်အရာ၌ နန်းထိုင်၏။ 25
ဟာဇေလသည် စစ်တိုက်၍ ယောခတ်မင်း လက်မှ နှုတ်ယူသော မြို့ရွာတို့ကို ယောခတ်သား ယဟော ရှသည်
ဟာဇေလသားဗဟ်ာဒဒ်လက်မှ နှုတ်ယူ၏။ သုံးကြိမ်တိုင်အောင် ယဟောရှသည်နိုင်၍ ဣသရေလ မြို့ရွာတို့ကို ရပြန်လေ၏။


generated on Tue Jul 2 12:50:28 2024

## Chapter 14

[1] ကလသရေလရှင်ဘုရင်ယောခတ်သား ယဟောရှ နန်းစံနှစ်နှစ်တွင်၊ [2] ယုဒရှင်ဘုရင် ယောရှသားအာမဇိသည်
အသက်နှစ်ဆယ်ငါးနှစ်ရှိသော် နန်းထိုင်၍ ယေရုရှလင်မြို့၌ နှစ်ဆယ်ကိုးနှစ်စိုးစံ၏။ မယ်တော်ကား၊ ယေရုရှလင်မြို့ သူ
ယုဒ္ဒန်အမည်ရှိ၏။ [3] ထိုမင်းသည် ထာဝရဘုရား ရှေ့တော်၌တရား သော အမှုကိုပြုသော်လည်း၊ အဘဒါဝိဒ်၏ အကျင့်ကိုမမှီ၊
ခမည်းတော်ယောရှပြုသမျှအတိုင်းပြု၏။ [4] သို့ရာတွင် မြင့်သောအရပ်တို့ကို မပယ်ရှားသော ကြောင့်၊ လူတို့သည် ထိုအရပ်တို့၌
ယဇ်ပူဇော်၍ နံ့သာ ပေါင်းကို မီးရှို့ကြ၏။ [5] အာမဇိသည် မင်းအာဏာတည်သောအခါ၊ ခမည်းတော်မင်းကြီးကို သတ်သော ကျွန်တို့ကို
သတ်လေ ၏။ [6] သားအတွက်အဘသည် အသေမခံရ။အဘ အတွက် သားသည် အသေမခံရ။ လူတိုင်းမိမိအပြစ် ကြောင့်
အသေခံရ၏ဟု မောရှေပညတ္တိကျမ်းစာ၌ ရေးထားလျက်ရှိသော ထာဝရဘုရား၏ ပညတ်တော်ကို စောင့်ရှောက်၍
ခမည်းတော်ကိုသတ်သောသူတို့၏ သားများကိုမသတ်ဘဲ နေ၏။ [7] အာမဇိမင်းသည် ဧဒုံအမျိုးသားတသောင်းကို ဆားချိုင့်၌ သတ်၍
သေလမြို့ကို တိုက်သဖြင့်၊ ယနေ့ တိုင်အောင် ယုသေလဟူ၍ သမုတ်လေ၏။ [8] ထိုအခါ ကလသရေလရှင်ဘုရင်ယေဟုသား
ယောခတ်၏ သားယဟောရှထံသို့ သံတမန်ကို စေလွှတ် ၍၊ ငါတို့သည် မျက်နှာချင်းဆိုင်မိကြကုန်အံ့ဟု မှာလိုက် လျှင်၊ [9]
ဣသရေလရှင်ဘုရင် ယဟောရှက၊ လေဗနုန် ဆူးပင်သည် လေဗနုန်အာရဇ်ထံသို့ စေလွှတ်၍၊ သင့် သမီးကို ငါ့သားနှင့် ပေးစားပါဟု
ဆိုစဉ်တွင်၊ လေဗနုန် သားရဲတကောင်သည် ရှောက်သွား၍ ဆူးပင်ကို နင်းမိ ၏။ [10] သင်သည် ဧဒုံပြည်ကို လုပ်ကြံသောကြောင့်
စိတ်မြင့်လှ၏။ ကိုယ်နေရာ၌ တတ်တိုင်းဝါကြွားလျက် နေလော့။ သင့်ကိုယ်တိုင်နှင့် ယုဒပြည်သည် ဘေးရောက် ၍ ဆုံးရှုံးစေခြင်းငှါ
အဘယ်ကြောင့်အမှုရှာသနည်းဟု ယုဒရှင်ဘုရင် အာမဇိကိုပြန်၍ မှာလိုက်လေ၏။ [11] ထိုစကားကို အာမဇိသည် နားမထောင်သော
ကြောင့်၊ ဣသရေလရှင်ဘုရင်သည် စစ်ချီ၍ ရှင်ဘုရင် နှစ်ပါးတို့သည် ယုဒပြည် ဗက်ရှေမက်မြို့၌ မျက်နှာချင်း ဆိုင်မိကြသဖြင့်၊ [12]
ဣသရေလအမျိုးသားရှေ့မှာ ယုဒအမျိုးသား ရှုံး၍ အသီးအသီးတို့သည် မိမိတို့နေရာသို့ ပြေးကြ၏။ [13]
ဣသရေလရှင်ဘုရင်ယဟောရှသည်၊ ယုဒ ရှင်ဘုရင် အာခဇိသားဖြစ်သော ယောရှ၏ သားအာမဇိ ကို ဗက်ရှေမက်မြို့မှာ ဘမ်းမိ၍၊
ယေရုရှလင်မြို့သို့ သွားပြီးလျှင် ယေရုရှလင်မြို့ရိုးအတောင်လေးရာကို ဧဖရိမ်တံခါးမှသည် ထောင့်တံခါးတိုင်အောင် ဖြိုဖျက် လေ၏။
[14] ဗိမာန်တော်၌၎င်း၊ နန်းတော်ဘဏ္ဍာတိုက်၌၎င်း၊ ရှိသမျှသော ရွှေငွေမှစ၍ တန်ဆာအလုံးစုံနှင့် အာမခံ သောသူအချို့တို့ကို ယူပြီးမှ
ရှမာရိမြို့သို့ပြန်သွား၏။ [15] ယဟောရှပြုမူသော အမှုအရာကြွင်းလေသမျှ၊ တန်ခိုးကြီးခြင်း၊ ယုဒရှင်ဘုရင်အာမဇိကို စစ်တိုက်ခြင်း
အရာသည် ဣသရေလရာဇဝင်၌ ရေးထားလျက်ရှိ၏။ [16] ယဟောရှသည် ဘိုးဘေးတို့နှင့် အိပ်ပျော်၍၊ ဣသရေလ
ရှင်ဘုရင်တို့နှင့်အတူ ရှမာရိမြို့၌ သင်္ဂြိုဟ် ခြင်းကို ခံလေ၏။ သားတော်ယေ ရောဗောင်သည် ခမည်းတော်အရာ၌နန်းထိုင်၏။ [17]
ဣသရေလရှင်ဘုရင် ယောခတ်သားယဟောရှ သေသည်နောက်၊ ယုဒရှင်ဘုရင်ယောရှသား အာမဇိသည် တဆယ်ငါးနှစ်
အသက်ရှင်သေး၏။ [18] အာမဇိ ပြုမူသော အမှုအရာကြွင်းလေသမျှ တို့သည် ယုဒရာဇဝင်၌ရေးထားလျက်ရှိ၏။ [19] ထိုမင်းတဘက်
ယေရုရှလင်မြို့၌ သင်းဖွဲ့ကြ၍၊ သူသည် လာခိရှမြို့သို့ ပြေးသည်တွင်၊ ထိုမြို့သို့ စေလွှတ် ၍ သတ်စေပြီးမှ၊ [20] မြင်းပေါ်၌တင်လျက်
ယေရုရှလင်မြို့သို့ ဆောင် ခဲ့၍ ဘိုးဘေးတို့နှင့်အတူ ဒါဝိဒ်မြို့၌ သင်္ဂြိုဟ်ကြ၏။ [21] ယုဒပြည်သူပြည်သားအပေါင်းတို့သည် အသက်
တဆယ်ခြောက်နှစ်ရှိသော သားတော်ဩဇိကိုယူ၍ ခမည်းတော် အာမဇိအရာ၌ နန်းတင်ကြ၏။ [22] ထိုမင်းသည်
ခမည်းတော်သေသည်နောက်၊ ဧလတ်မြို့ကိုပြုစု၍ ယုဒနိုင်ငံထဲသို့ သွင်းပြန်၏။ [23] ယုဒရှင်ဘုရင်ယောရှသား အာမဇိနန်းစံ
ဆယ်ငါးနှစ်တွင်၊ ဣသရေလရှင်ဘုရင် ယဟောရှသား ယေရောဗောင်သည် ရှမာရိမြို့၌ မင်းပြု၍ လေးဆယ် တနှစ်စိုးစံ၏။ [24]
ထိုမင်းသည် ထာဝရဘုရားရှေ့တော်၌ ဒုစရိုက် ကိုပြု၍၊ ဣသရေလအမျိုးကို ပြစ်မှားစေသော နေဗတ် သား ယေရောဗောင်၏
ဒုစရိုက်အပြစ်ကို မစွန့်ဘဲနေ၏။ [25] ဣသရေလအမျိုး၏ ဘုရားသခင်ထာဝရဘုရား သည် မိမိကျွန် ဂါသေဖာမြို့နေ၊ အမိတ္တဲ၏ သား
ပရောဖက်ယောနအားဖြင့် မိန့်တော်မူ သောစကားတော် အတိုင်း၊ ထိုမင်းသည် ဣသရေလနိုင်ငံကို ဟာမက်မြို့ ဝင်ဝမှသည်
ချိုင့်ပင်လယ်တိုင်အောင် ရန်သူလက်မှ နှုတ်၍ပြုစုလေ၏။ [26] အကြောင်းမူကား၊ ဣသရေလအမျိုးခံရသော ညှဉ်းဆဲခြင်း
အလွန်လေးလံသည်ကိုင၎်း၊ မြို့၌ အချုပ် ခံရသောသူဖြစ်စေ၊ အလွတ်ပြေးသောသူဖြစ်စေ၊ ဣသ ရေလအမျိုး၌ မစနိုင်သောသူ
မရှိသည်ကိုင၎်း၊ ထာဝရ ဘုရားသည်မြင်လျှင်၊ [27] ဣသရေလအမျိုး၏ နာမကို မိုဃ်းကောင်းကင် အောက်၌
မပျောက်စေမည်အကြောင်း ကြံတော်မမူ၍၊ ယဟောရှသား ယေရောဗောင်အားဖြင့် ကယ်တင်တော် မူ၏။ [28] ယေရောဗောင်ပြုမူသော
အမှုအရာကြွင်းလေ သမျှတို့နှင့် တန်ခိုးကြီးခြင်း၊ စစ်တိုက်ခြင်း၊ အထက်က ယုဒနိုင်ငံအဝင်ဖြစ်သော ဒမာသက်မြို့နှင့် ဟာမက်မြို့ကို
ဣသရေလအမျိုးအဘို့၊ ရန်သူလက်မှ နှုတ်ယူခြင်း အရာ တို့သည် ဣသရေလရာဇဝင်၌ ရေးထားလျက်ရှိ၏။ [29] ယေရောဗောင်သည်
ဘိုးတော်ဘေးတော် ဣသ ရေလရှင်ဘုရင်တို့နှင့်အိပ်ပျော်၍ သားတော် ဇာခရိသည် ခမည်းတော်အရာ၌နန်းထိုင်၏။


generated on Tue Jul 2 12:50:28 2024

## Chapter 15

1 ဣလသရေလရှင်ဘုရင်ယေရောဗောင် နန်းစံနှစ် ဆယ်ခုနစ်နှစ်တွင်၊ 2 ယုဒရှင်ဘုရင် အာမဇိသား ဩဇိသည် အသက်
တဆယ်ခြောက်နှစ်ရှိသော်၊ နန်းထိုင်၍ ယေရုရှလင်မြို့၌ ငါးဆယ်နှစ်နှစ်စိုးစံလေ၏။ မယ်တော်ကား၊ ယေရုရှလင် မြို့သူ
ယေခေါလိအမည်ရှိ၏။ 3 ထိုမင်းသည် ခမည်းတော်အာမဇိပြုသမျှ အတိုင်း ထာဝရဘုရားရှေ့တော်၌ တရားသောအမှုကို ပြု၏။ 4
သို့ရာတွင် မြင့်သောအရပ်တို့ကို မပယ်ရှားသော ကြောင့်၊ လူတို့သည် ထိုအရပ်တို့၌ယဇ်ပူဇော်၍ နံ့သာ ပေါင်းကို မီးရှို့ကြ၏။ 5
ထာဝရဘုရားသည် ဒဏ်ခတ်တော်မူသဖြင့်၊ ရှင်ဘုရင်သည် သေသည်တိုင်အောင် နူနာစွဲ၍ ခြားနား သော နန်း၌နေရ၏။ သားတော်
ယောသံသည် နန်းတော် ကိုအုပ်၍ နိုင်ငံတော်မှုကို စီရင်ရ၏။ 6 ဩဇိပြုမူသော အမှုအရာကြွင်းလေသမျှ တို့သည် ယုဒရာဇဝင်၌
ရေးထားလျက်ရှိ၏။ 7 ဩဇိသည် ဘိုးဘေးတို့နှင့် အိပ်ပျော်၍၊ သူတို့နှင့် အတူ ဒါဝိဒ်မြို့၌ သင်္ဂြိုဟ်ခြင်းကို ခံလေ၏။ သားတော်
ယောသံသည် ခမည်းတော်အရာ၌ နန်းထိုင်၏။ 8 ယုဒရှင်ဘုရင် ဩဇိနန်းစံသုံးဆယ်ရှစ်နှစ်တွင်၊ ယေရောဗောင်သားဇာခရိသည်
ရှမာရိမြို့၌မင်းပြု၍ ဣလသရေလနိုင်ငံကိုစိုးစံ၏။ 9 ထိုမင်းသည် ဘိုးဘေးပြုသည်အတိုင်း၊ ထာဝရ ဘုရားရှေ့တော်၌ ဒုစရိုက်ကိုပြု၍၊
ဣလသရေလအမျိုးကို ပြစ်မှားစေသောနေဗတ်သား ယေရောဗောင်၏ ဒုစရိုက် အပြစ်တို့ကို မစွန့်ဘဲနေ၏။ 10 ယာဗက်သားရှလ္လုံသည်
ဇာခရိမင်းတဘက်၌ သင်းဖွဲ့၍ လူများရှေ့မှာ သေအောင်လုပ်ကြံပြီးလျှင် သူ၏ အရာ၌ နန်းထိုင်၏။ 11 ဇာခရိပြုမူသော
အမှုအရာကြွင်းလေသမျှတို့ သည် ဣလသရေလရာဇဝင်၌ ရေးထားလျက်ရှိ၏။ 12 ထိုသို့ ထာဝရဘုရားက၊ သင်၏သားမြေးလေး
ဆက်တိုင်အောင် ဣလသရေလနိုင်ငံရာဇပလ္လင်ပေါ်မှာ ထိုင်ရမည်ဟု ယေဟုအား မိန့်တော်မူ သောစကားတော် ပြည့်စုံသတည်း။ 13
ယုဒရှင်ဘုရင် ဩဇိနန်းစံ သုံးဆယ်ကိုးနှစ်တွင် ရှလ္လုံသည် နန်းထိုင်၍၊ ရှမာရိမြို့၌ တလစိုးစံလေ၏။ 14 ဂါဒိသားမေနဟင်သည်
တိရဇမြို့မှ ရှမာရိမြို့ သို့သွား၍၊ ယာဗက်သား ရှလ္လုံကိုသေအောင် လုပ်ကြံပြီး လျှင်၊ သူ၏အရာ၌ နန်းထိုင်၏။ 15
ရှလ္လုံပြုမူသောအမှုအရာကြွင်းလေသမျှတို့နှင့် သင်းဖွဲ့ခြင်းအရာသည် ဣလသရေလရာဇဝင်၌ ရေးထား လျက်ရှိ၏။ 16 ထိုအခါ
မေနဟင်သည် တိဖသမြို့နှင့်မြို့သား များ၊ တိရဇမြို့ အလွန်တိဖသမြို့နယ်များတို့ကို လုပ်ကြံ ၏။ မြို့တံခါးကို သူ့အား
မဖွင့်သောကြောင့် လုပ်ကြံ၍ ကိုယ်ဝန်ဆောင်သော မိန်းမအပေါင်းတို့၏ ဝမ်းကို ခွဲလေ၏။ 17
ယုဒရှင်ဘုရင်ဩဇိနန်းစံသုံးဆယ်ကိုးနှစ်တွင်၊ ဂါဒိသားမေနဟင်သည် နန်းထိုင်၍၊ ရှမာရိမြို့၌ ဣလသ ရေလနိုင်ငံကို
ဆယ်နှစ်စိုးစံလေ၏။ 18 ထိုမင်းသည် ထာဝရဘုရားရှေ့တော်၌ ဒုစရိုက် ကိုပြု၍၊ ဣလသရေလအမျိုးကို ပြစ်မှားစေသော နေဗတ် သား
ယေရောဗောင်၏ ဒုစရိုက်အပြစ်တို့ကို မစွန့်ဘဲ နေ၏။ 19 အာရှုရိရှင်ဘုရင် ပုလသည် ဣလသရေလပြည်ကို တိုက်လာ၏။ မေနဟင်သည်
မိမိအာဏာတည်စေမည် အကြောင်း၊ ပုလမင်းမစစေခြင်းငှါ၊ ငွေအခွက်တသောင်း ကို ဆက်ရ၏။ 20 အာရှုရိရှင်ဘုရင်အား
ဆက်စရာဘို့၊ မေနဟင် သည် ဣလသရေလ အမျိုး၌ငွေခွဲ၍၊ ရတတ်သော သူတိုင်း အကျပ်ငါးဆယ်စီပေးရ၏။ ထိုကြောင့်
အာရှုရိရှင်ဘုရင် သည် မနေ၊ မိမိပြည်သို့ ပြန်သွား၏။ 21 မေနဟင်ပြုမူသော အမှုအရာကြွင်းလေသမျှ တို့သည် ဣလသရေလရာဇဝင်၌
ရေးထားလျက်ရှိ၏။ 22 မေနဟင်သည် ဘိုးဘေးတို့နှင့် အိပ်ပျော်၍၊ သားတော်ပေကတိသည် ခမည်းတော်အရာ၌နန်းထိုင်၏။ 23
ယုဒရှင်ဘုရင် ဩဇိနန်းစံငါးဆယ်တွင်၊ မေနဟင်သားပေကတိသည် နန်းထိုင်၍၊ ရှမာရိမြို့၌ ဣလသရေလနိုင်ငံကို နှစ်နှစ်စိုးစံလေ၏။ 24
ထိုမင်းသည် ထာဝရဘုရားရှေ့တော်၌ ဒုစရိုက် ကိုပြု၍၊ ဣလသရေလအမျိုးကိုပြစ်မှားစေသော နေဗတ် သား ယေရောဗောင်၏
ဒုစရိုက်အပြစ်တို့ကို မစွန့်ဘဲ နေ၏။ 25 အမှုတော်ထမ်းတပ်မှူး၊ ရေမလိသားပေကာသည် ပေကဟိမင်းတဘက်၌ သင်းဖွဲ့၍၊
အာဂေါဘနှင့် အရေဟအစရှိသော ဂိလဒ်ပြည်သား ငါးကျိပ်ပါလျက်၊ ရှမာရိမြို့၌နန်းတော်ထဲမှာ သေအောင်လုပ်ကြံ၍ သူ၏ အရာ၌
နန်းထိုင်၏။ 26 ပေကတိပြုမူသော အမှုအရာကြွင်းလေသမျှတို့ သည် ဣလသရေလရာဇဝင်၌ ရေးထားလျက်ရှိ၏။ 27 ယုဒရှင်ဘုရင်
ဩဇိနန်းစံငါးဆယ်နှစ်နှစ်တွင်၊ ရေမလိသားပေကာသည် နန်းထိုင်၍ ရှမာရိမြို့၌ ဣလသ ရေလနိုင်ငံကို အနှစ်နှစ်ဆယ် စိုးစံလေ၏။ 28
ထိုမင်းသည် ထာဝရဘုရားရှေ့တော်၌ ဒုစရိုက် ကိုပြု၍၊ ဣလသရေလအမျိုးကို ပြစ်မှားစေသော နေဗတ် သား ယေရောဗောင်၏
ဒုစရိုက်ကိုပြု၍၊ ဣလသရေလ အမျိုးကို ပြစ်မှားစေသော နေဗတ်သား ယေရောဗောင်၏ ဒုစရိုက် အပြစ်တို့ကို မစွန့်ဘဲနေ၏။ 29
ဣလသရေလရှင်ဘုရင် ပေကာလက်ထက်၊ အာရှု ရိရှင်ဘုရင် တိဂလတ်ပိလေသာသည်လာ၍ ဣယုန်မြို့၊ အဗေလဗက်မာခါမြို့၊
ယာနောမြို့၊ ကေဒေရှမြို့၊ ဟာဇော် မြို့နှင့်တကွ ဂိလဒ်ပြည်၊ ဂါလိလဲပြည်၊ နဿလိ ပြည်သား အပေါင်းတို့ကို လုပ်ကြံ၍၊
အာရှုရိပြည်သို့သိမ်းသွား၏။ 30 ဩဇိသား ယောသံနန်းစံနှစ်ဆယ်တွင်၊ ဧလာ သားဟောရှေသည် ရေမလိသား ပေကာမင်းတဘက်၌
သင်းဖွဲ့၍ သေအောင်လုပ်ကြံပြီးမှ၊ သူ၏အရာ၌ နန်းထိုင် ၏။ 31 ပေကာပြုမူသောအမှုအရာ ကြွင်းလေသမျှတို့ သည်
ဣလသရေလရာဇဝင်၌ရေးထားလျက်ရှိ၏။ 32 ဣလသရေလရှင်ဘုရင် ရေမလိသား ပေကာ နန်းစံနှစ်နှစ်တွင်၊ ယုဒရှင်ဘုရင်ဩဇိသား
ယောသံသည် အသက်နှစ်ဆယ်ငါးနှစ်ရှိသော် နန်းထိုင်၍၊ 33 ယေရုရှလင်မြို့၌ ဣလသရေလနိုင်ငံကို တဆယ် ခြောက်နှစ်စိုးစံလေ၏။
မယ်တော်ကား၊ ဇာဒုတ်သမီး ယေရုရှာအမည်ရှိ၏။ 34 ထိုမင်းသည် ခမည်းတော် ဩဇိကျင့်သမျှ အတိုင်း၊ ထာဝရဘုရား ရှေ့တော်၌
တရားသော အမှုကို ပြု၏။ 35 သို့ရာတွင် မြင့်သောအရပ်တို့ကို မပယ်ရှားသော ကြောင့်၊ လူတို့သည် ထိုအရပ်တို့၌ ယဇ်ပူဇော်၍၊ နံ့သာ
ပေါင်းကိုမီးရှို့ကြ၏။ ထိုမင်းသည် ဗိမာန်တော်အထက် တံခါးကို လုပ်လေ၏။ 36 ယောသံပြုမူသော အမှုအရာကြွင်းလေသမျှ တို့သည်
ယုဒရာဇဝင်၌ ရေးထားလျက်ရှိ၏၊ 37 ထိုကာလတွင် ထာဝရဘုရားသည် ရှုရိရှင်ဘုရင် ရေဇိန်နှင့် ရေမလိသားပေကာကို ယုဒပြည်သို့

စေလွှတ် တော်မူ၏။ [38] ယောသံသည် ဘိုးဘေးတို့နှင့် အိပ်ပျော်၍၊ သူတို့နှင့်အတူ အဘဒါဝိဒ်မြို့၌ သင်္ဂြိုဟ်ခြင်းကိုခံလေ၏။
သားတော်အာခတ်သည် ခမည်းတော်အရာ၌ နန်းထိုင် ၏။

## Chapter 16

1 ရေမလိသား ပေကာနန်းစံဆယ်ခုနစ်နှစ်တွင် ယုဒရှင်ဘုရင် ယောသံသားအာခတ်သည် အသက် နှစ်ဆယ်ရှိသော် နန်းထိုင်၍၊ 2
ယေရုရှလင်မြို့၌ ဆယ်ခြောက်နှစ်စိုးစံလေ၏။ ထိုမင်းသည် အဘဒါဝိဒ်ကဲ့သို့မကျင့်၊ ထာဝရဘုရား ရှေ့တော်၌ တရားသော အမှုကို
မပြု၊ 3 ဣသရေလရှင်ဘုရင်တို့ လိုက်သောလမ်းသို့ လိုက်၍၊ ထာဝရဘုရားသည် ဣသရေလ အမျိုးသားတို့ ရှေ့မှ၊
နှင်ထုတ်တော်မူသော တပါးအမျိုးသားတို့၏ ရွံရှာဘွယ် ထုံးစံအတိုင်း၊ မိမိသားကို မီးဖြင့်ပူဇော်၏။ 4 မြင့်သောအရပ်၊ တောင်ပေါ်၊
သစ်ပင်အောက် တို့၌ပူဇော်၍ နံ့သာပေါင်းကို မီးရှို့တတ်၏။ 5 ထိုအခါ ရှုရိရှင်ဘုရင် ရေဇိန်နှင့် ဣသရေလ ရှင်ဘုရင်
ရေမလိသားပေကာသည် ယေရုရှလင်မြို့သို့ စစ်ချီ၍ အာခတ်မင်းကို ဝိုင်းထားသော်လည်း မနိုင်ရ။ 6 သို့ရာတွင်၊ ရှုရိရှင်ဘုရင်
ရေဇိန်သည် ဧလတ်မြို့ ကို ရှုရိနိုင်ငံ သို့သွင်းပြန်၍၊ ယုဒလူတို့ကို နှင်ထုတ်သဖြင့်၊ ရှုရိလူတို့သည်လာ၍ ယနေ့တိုင်အောင် ဧလတ်မြို့၌
နေကြ၏။ 7 ထိုကြောင့်အာခတ်သည် အာရှုရိရှင်ဘုရင် တိဂလတ်ပိလေသာထံသို့ သံတမန်ကို စေလွှတ်၍၊ ကျွန်ုပ်သည်
ကိုယ်တော်သား၊ ကိုယ်တော်ကျွန်ဖြစ်ပါ၏။ လာပါ။ ကျွန်ုပ်ကို ရန်ဘက်ပြုသော ရှုရိရှင်ဘုရင်နှင့် ဣသရေလ ရှင်ဘုရင်လက်မှ
ကယ်ယူပါဟု တောင်းပန်၏။ 8 တဖန်ဗိမာန်တော်၌၎င်း၊ နန်းတော်ဘဏ္ဍာတိုက် ၌၎င်း ရှိသော ရွှေငွေကို ယူ၍ အာရှုရိရှင်ဘုရင်ထံသို့
လက်ဆောင်ပေးလိုက်လေ၏။ 9 အာရှုရိရှင်ဘုရင်သည် နားထောင်၍ ဒမာ သက်မြို့သို့ စစ်ချီ၍ တိုက်ယူပြီးလဆင်၊ ပြည်သားတို့ကို
ကိရမြို့သို့ သိမ်းသွား၏။ ရေဇိန်မင်းကိုလည်း သတ်၏။ 10 အာခတ်မင်းကြီးသည် အာရှုရိရှင်ဘုရင်ကို ခရီး ဦးကြိုပြုခြင်းငှါ
ဒမာသက်မြို့သို့သွား၏။ ထိုမြို့မှာရှိသော ယဇ်ပလ္လင်ကိုမြင်လျှင်၊ ပလ္လင်ပုံ၊ အတိုင်းအရှည်၊ တန်ဆာ ရှိသမျှကိုရေး၍
ယဇ်ပုရောဟိတ်ဥရိယထံသို့ ပေးလိုက်၏။ 11 ထိုသို့ ဒမာသက်မြို့မှ အာခတ်မင်းပေးလိုက် သမျှအတိုင်း၊ ယဇ်ပုရောဟိတ်ဥရိယသည်
အာခတ်မင်း မရောက်မှီ လုပ်နှင့်ပြီ။ 12 ရှင်ဘုရင်သည် ဒမာသက်မြို့မှရောက်လာသော အခါ၊ ထိုယဇ်ပလ္လင်ကို မြင်၍ ချဉ်းကပ်သဖြင့်၊
13 မီးရှို့ရာယဇ်နှင့် ဘောဇဉ်ပူဇော်သက္ကာကို မီးရှို့၏။ သွန်းလောင်းရာ ပူဇော်သက္ကာ ကိုလည်း သွန်းလောင်း၏။
မိဿဟာယယဇ်အသွေးကိုလည်း ယဇ် ပလ္လင်ပေါ်မှာဖြန်းလေ၏။ 14 ထာဝရဘုရားရှေ့တော်၌ရှိသော ကြေးဝါယဇ် ပလ္လင်ကို
ဗိမာန်တော်ရှေ့၊ ယဇ်ပလ္လင်ကြီးနှင့် ဗိမာန်တော် စပ်ကြားအရပ်မှ ရွှေ့၍ ယဇ်ပလ္လင်ကြီး မြောက်ဘက်၌ ထား၏။ 15
တဖန်ယဇ်ပုရောဟိတ်ဥရိယကို မှာထားသည် ကား၊ နံနက် မီးရှို့ရာယဇ်နှင့် ညဦးယံဘောဇဉ် ပူဇော် သက္ကာ၊ ရှင်ဘုရင်မီးရှို့ရာယဇ်နှင့်
ဘောဇဉ်ပူဇော်သက္ကာ၊ သွန်းလောင်းရာပူဇော်သက္ကာတို့ကို ယဇ်ပလ္လင်ကြီးပေါ်မှာ မီးရှို့လော့။ မီးရှို့ရာယဇ်အစရှိသော
ယဇ်မျိုးအသွေးကို လည်း ထိုပလ္လင်ပေါ်မှာဖြန်းလော့။ ကြေးဝါယဇ်ပလ္လင် သည် ငါမေးမြန်းစရာဘို့ ရှိရမည်ဟု၊ 16
အာခက်မင်းကြီးမှာထားသမျှအတိုင်း ယဇ် ပုရောဟိတ်ဥရိယ ပြု၏။ 17 အာခတ်မင်းကြီးသည် ကြေးဝါခုံတန်ဆာတို့ကို ပယ်၍
အင်တုံကို လည်းရွှေ့၏။ ကြေးဝါရေကန်ကိုလည်း ကြေးဝါနွားတို့အပေါ်ကချ၍ ကျောက်ခင်းပေါ်မှာ တင်ထား၏။ 18 ဗိမာန်တော်၌
ဥပုသ်စောင့်စရာဘို့ ဆောက် သောမဏ္ဍပ်ကို၎င်း၊ ရှင်ဘုရင်တက်ရာစောင်းတန်းကို၎င်း၊ အာရှုရိရှင်ဘုရင်ကြောင့် ပယ်၏။ 19
အာခတ်ပြုမူသော အမှုအရာကြွင်းလေသမျှ တို့သည် ယုဒရာဇဝင်၌ရေးထားလျက်ရှိ၏။ 20 အာခတ်သည်ဘိုးဘေးတို့နှင့် အိပ်ပျော်၍၊
သူတို့ နှင့်အတူ ဒါဝိဒ်မြို့၌ သင်္ဂြိုဟ်ခြင်းကိုခံလေ၏။ သားတော် ဟေဇကိသည် ခမည်းတော်အရာ၌ နန်းထိုင်၏။

---


generated on Tue Jul 2 12:50:28 2024

## Chapter 17

1 ယုဒရှင်ဘုရင်အာခတ် နန်းစံဆယ်နှစ်နှစ် တွင် ဧလာသားဟောရှေသည် နန်းထိုင်၍ ရှမာရိမြို့၌ ဣသရေလနိုင်ငံကို
ကိုးနှစ်စိုးစံလေ၏။ 2 ထိုမင်းသည် ထာဝရဘုရား ရှေ့တော်၌ ဒုစရိုက် ကိုပြု၏။ သို့သော်လည်း သူ့ရှေ့မှာ ဖြစ်ဘူးသော ဣသ
ရေလရှင်ဘုရင်တို့ပြုသော ဒုစရိုက်ကိုမမှီ။ 3 ထိုမင်းကိုအာရှုရိ ရှင်ဘုရင်ရှာလမနေဇာသည် စစ်ချီ၍ ဟောရှေသည် ကျွန်ခံသဖြင့်
အခွန်ဆက်ရ၏။ 4 နောက်တဖန်နှစ်တိုင်းဆက်ရသော အခွန်ကို မဆက်။ သွာအမည်ရှိသော အဲဂုတ္တုရှင်ဘုရင်ထံသို့
သံတမန်ကိုစေလွှတ်၍၊ ပုန်ကန်မည့်အကြံရှိသည်ကို အာရှုရိရှင်ဘုရင်သိသဖြင့်၊ ဟောရှေကိုဘမ်းဆီး၍ ထောင်ထဲမှာ ချုပ်ထားပြီးလျှင်၊
5 ဣသရေလပြည်တရှောက်လုံးသို့စစ်ချီ၍၊ ရှမာရိမြို့သို့ ရောက်သော် သုံးနှစ်ဝိုင်းထား၏။ 6 ဟောရှေနန်းစံကိုးနှစ်တွင်၊
အာရှုရိရှင်ဘုရင် သည် ရှမာရိမြို့ကို ရပြီးလျှင်၊ ဣသရေလအမျိုးကို အာရှုရိပြည်သို့သိမ်းသွား၍ ဂေါဇန်မြစ်နား၊ ဟာလမြို့၊
ဟာဗော်မြို့အစရှိသော မေဒိနိုင်ငံ မြို့ရွာတို့၌ထား၏။ 7 အကြောင်းမူကား၊ အဲဂုတ္တုပြည်နှင့် အဲဂုတ္တုဖာ ရောဘုရင် လက်ထဲက
ကယ်နှုတ်တော်မူသော မိမိတို့ ဘုရားသခင် ထာဝရဘုရားကို ဣသရေလအမျိုးသားတို့ သည် ပြစ်မှား၍ အခြားတပါးသော
ဘုရားတို့ကို ရိုသေ ကြ၏။ 8 သူတို့ရှေ့မှ ထာဝရဘုရားနှင်ထုတ်တော်မူသော တပါးအမျိုးသားတို့ ထုံးစံနှင့် မိမိတို့ချီးမြှောက်သော
ရှင်ဘုရင်တို့ ထုံးစံသို့လိုက်ကြ၏။ 9 မိမိတို့ ဘုရားသခင်ထာဝရဘုရားတဘက်၌ မတရားသောအမှုကို မထင်မရှားပြုကြ၏။
ကင်းစောင့် သော မျှော်စင်ဖြစ်စေ၊ ခိုင်ခံ့သောမြို့ဖြစ်စေ၊ မြို့ရွာ အလုံးစုံတို့၌ မြင့်သောအရပ်ကို တည်ကြ၏။ 10
ရုပ်တုဆင်းတုနှင့်အာရှရပင်တို့ကို မြင့်သော ကုန်းရှိသမျှတို့ အပေါ်မှာငင်း၊၊ စိမ်းသောသစ်ပင်ရှိသမျှအောက်မှာငင်း၊
တည်ထောင်ပြုစုကြ၏။ 11 သူတို့ရှေ့မှ ထာဝရဘုရားနှင်ထုတ်တော်မူသော တပါးအမျိုးသားပြုသကဲ့သို့ မြင့်သောအရပ်ရှိသမျှအပေါ်
မှာ နံ့သာပေါင်းကိုမီးရှို့၍ ထာဝရဘုရား၏ အမျက်တော် ကို နှိုးဆော်ခြင်းငှါ အဓမ္မအမှုတို့ကို ပြုကြ၏။ 12 ထာဝရဘုရား
ပညတ်တော်မူသောအမှု၊ ရုပ်တု ဆင်းတုတို့၌ ပူဇော်ခြင်းအမှုကို ပြုကြ၏။ 13 သို့ရာတွင်ထာဝရဘုရားက အဓမ္မလမ်းတို့ကို
ရှောင်ကြလော့။ ငါသည် သင်တို့ဘိုးဘေးတို့၌ ထားသော တရား၊ ငါ့ကျွန်ပရောဖက်တို့ဖြင့် ပေးလိုက်သောတရားကို
အကုန်အစင်ကျင့်၍၊ ငါ့စီရင်ထုံးဖွဲ့ချက်တို့ကို စောင့် ရှောက်ကြလော့ဟု ပရောဖက်များနှင့် အနာဂတ်ဟော ဆရာများတို့
ဖြင့်ဣသရေလအမျိုး၊ ယုဒအမျိုး၌ သက်သေ ခံတော်မူသော်လည်း၊ 14 သူတို့သည်နားမထောင်။ မိမိတို့ဘုရားသခင် ထာဝရဘုရားကို
မယုံကြည်သော ဘိုးဘေးတို့ လည်ပင်း ကဲ့သို့ မိမိတို့လည်ပင်းကို ခိုင်မာစေကြ၏။ 15 စီရင်တော်မူချက်၊ ဘိုးဘေးတို့နှင့်ဖွဲ့တော်မူသော
ပဋိညာဉ်၊ သူတို့၌ သက်သေခံတော်မူသော သက်သေတို့ကို ပယ်၍အနတ္တတရားကို ကျင့်လျက် အချည်းနှီးသက်သက်ဖြစ်ကြ၏။
အကြင်တပါးအမျိုးသား ကျင့်သကဲ့သို့ မကျင့်ကြနှင့်ဟု ထာဝရဘုရား ပညတ်တော် မူ၏၊ ပတ်လည်၌နေသော ထိုအမျိုးသားနောက်သို့
လိုက်ကြ၏။ 16 မိမိတို့ဘုရားသခင် ထာဝရဘုရား၏ ပညတ် တော်ရှိသမျှတို့ကို စွန့်၍ နွားသငယ်တည်းဟူသော သွန်းသောရုပ်တုနှင့်
အာရှရပင်ကို လုပ်ကြ၏။ မိုဃ်း ကောင်းကင်တန်ဆာများကို ကိုးကွယ်၍ ဗာလဘုရားကို လည်းဝတ်ပြုကြ၏။ 17 သားသမီးတို့ကို
မီးဖြင့်ပူဇော်ကြ၏။ နတ်ဝိဇ္ဇာ အတတ်ပြုစားသော အတတ်ကို သုံးဆောင်၍ ထာဝရ ဘုရား၏ အမျက်တော်ကိုနှိုးဆော်ခြင်းငှါ၊
ရှေ့တော်၌ ဒုစရိုက်ကို ပြုမည်ဟု ကိုယ်ကိုရောင်းကြ၏။ 18 ထိုကြောင့် ထာဝရဘုရားသည် ဣသရေလ အမျိုးကို ပြင်းစွာ
အမျက်ထွက်၍ မျက်မှောက်တော်မှ ပယ်ရှားတော်မူ၏။ ယုဒအမျိုးမှတပါး အခြားသော အမျိုးမကျန်ကြွင်းရ။ 19 ယုဒအမျိုးမူကား၊
မိမိတို့ဘုရားသခင် ထာဝရ ဘုရား၏ပညတ်တရားတော်ကိုမစောင့်၊ ဣသရေလအမျိုးလိုက် သော ထုံးစံဓလေ့သို့ လိုက်ကြ၏။ 20
ထာဝရဘုရားသည်လည်း၊ ဣသရေလအမျိုး ရှိသမျှကို ရှုတ်ချ၍ မျက်မှောက်တော်မှ မနှင်ထုတ်မှီ တိုင်အောင် ဒဏ်ခတ်တော်မူ၏။
လုယက်သော သူတို့ လက်၌အပ်တော်မူ၏။ 21 ဣသရေလအမျိုးကို ဒါဝိဒ်မင်းမျိုးမှ ဆုတ်ဖွဲ့၍၊ သူတို့သည် နေဗတ်၏
သားယေရောဗောင်ကို ရှင်ဘုရင် အရာ၌ခန့်ထားကြ၏။ ယေရောဗောင်သည်လည်း ထာဝရဘုရားနောက်တော်သို့ လိုက်ရာလမ်းမှ ဣသ
ရေလအမျိုးကို လွှဲစေ၍ ဒုစရိုက်ကြီးကို ပြုစေ၏။ 22 သို့ဖြစ်၍ ယေရောဗောင်ပြုသော ဒုစရိုက်လမ်း သို့
ဣသရေလအမျိုးသားတို့သည် အစဉ်တစိုက် လိုက်ကြ၏။ 23 ထာဝရဘုရားသည် မိမိကျွန်ပရောဖက် အပေါင်းတို့ဖြင့်
မိန့်တော်မူသည်အတိုင်း၊ ဣသရေလ အမျိုးကို မျက်မှောက်တော်မှ ပယ်ရှားတော်မမူမှီ တိုင်အောင် သူတို့သည် ထိုဒုစရိုက်အပြစ်ကို
မရှောင် ဘဲလိုက်ကြ၏။ ထိုကြောင့်နေရင်းပြည်မှ အာရှုရိပြည်သို့ သိမ်းသွားခြင်းကို ယနေ့တိုင်အောင် ခံရကြ၏။ 24
အာရှုရိရှင်ဘုရင်သည်လည်း၊ ဗာဗုလုန်မြို့သား၊ ကုသမြို့သား၊ အာဝမြို့သား၊ ဟာမတ်မြို့သား၊ သေဖရဝိမ် မြို့သားတို့ကို ဆောင်ခဲ့၍၊
ရှမာရိမြို့ရွာတို့တွင် ဣသရေလ အမျိုးသား ကိုယ်စားထားသဖြင့် ထိုလူတို့သည် ရှမာရီမြို့ ရွာတို့ကို သိမ်းယူ၍ နေရာကျကြ၏။ 25
နေရာကျစက ထာဝရဘုရားကို မရိုသေသော ကြောင့်၊ ခြင်္သေ့တို့ကို စေလွှတ်၍ အချို့တို့ကို ကိုက်စေ တော်မူ၏။ 26
ထိုကြောင့်အချို့တို့က၊ ကိုယ်တော်ပြောင်းစေ၍၊ ရှမာရိမြို့ရွာတို့၌ ထားတော်မူသောလူအမျိုးမျိုးတို့သည်
ထိုပြည်စောင့်ဘုရား၏တရားကို နားမလည်သော ကြောင့်၊ ထိုဘုရားသည် ခြင်္သေ့တို့ကိုစေလွှတ်၍ နေရာကျ သော သူတို့ကို
သတ်ပါသည်ဟု အာရှုရိရှင်ဘုရင်အား လျှောက်ကြသော်၊ 27 အာရှုရိရှင်ဘုရင်က၊ ထိုပြည်မှသိမ်းခဲ့သော ယဇ်ပုရောဟိတ်တယောက်ကို
ပြန်ပို့ကြ။ သူသည်သွား၍ ထိုပြည်စောင့်ဘုရား၏တရားကို သွန်သင်လျက်နေပါလေ စေဟု မိန့်တော်မူသည်အတိုင်း၊ 28
ရှမာရိမြို့မှသိမ်းခဲ့သော ယဇ်ပုရောဟိတ် တယောက်သည် ပြန်၍ ဗေသလမြို့၌နေလျက်၊ ထာဝရ ဘုရားကို အဘယ်သို့ ရိုသေရမည်ကို


generated on Tue Jul 2 12:50:28 2024

သွန်သင်လေ၏။ 29 သို့သော်လည်း ထိုလူမျိုးအသီးအသီးတို့သည် မိမိတို့ဘုရားကို လုပ်၍ နေရာကျသောမြို့ရွာတွင် မြင့်
သောအရပ်ပေါ်မှာ ရှမာရိမြို့သား လုပ်နှင့်သော အိမ်တို့ ၌ တင်ထားကြ၏။ 30 ဗာဗုလုန်မြို့သားတို့သည် သုကုတ်ဗေနုတ် ဘုရား၊
ကုသမြို့သားတို့သည် နေရဂါလဘုရား၊ ဟာမတ် မြို့သားတို့သည် အရှိမဘုရား၊ 31 အာဝမြို့သားတို့သည် နိဗဟာဇဘုရားနှင့်
တာတက်ဘုရားကို လုပ်ကြ၏။ သေဖရဝိမ်မြို့သားတို့ သည်လည်း သေဖရဝိမြို့စောင့်ဘုရား အာဒြမ္မေလက်နှင့်
အာနမ္မေလက်ဘုရားတို့အား သားသမီးကိုမီးရှို့၍ ပူဇော် ကြ၏။ 32 ထာဝရဘုရားကိုလည်း ရိုသေ၍ သာမည လူတို့ကို မြင့်သော
အရပ်ယဇ်ပုရောဟိတ်အရာ၌ ခန့်ထား သဖြင့်၊ သူတို့သည် မြင့်သောအရပ် အိမ်တို့၌ လူများအဘို့ ယဇ်ပူဇော်ကြ၏။ 33
ထိုသို့ထာဝရဘုရားကို ရိုသေကြ၏။ သိမ်းသွား ခြင်းကို ခံရသော လူမျိုးပြုသကဲ့သို့ မိမိတို့ဘုရားကိုလည်း ဝတ်ပြုကြ၏။ 34
ယနေ့တိုင်အောင် ရှေးထုံးစံဓလေ့သို့ လိုက်ကြ သည်ဖြစ်၍၊ ထာဝရဘုရားကို ရိုသေရာမရောက်။ ဣသရေလအမျိုးခံရသော
စီရင်ထုံးဖွဲ့ချက်တို့ကိုမစောင့်။ ဣသရေလအမည်ဖြင့် သမုတ်သော ယာကုပ် အမျိုးသားတို့၌ ထာဝရဘုရားထားတော်မူသော
ပညတ်တရားတို့ကိုမကျင့်ဘဲနေကြ၏။ 35 ထာဝရဘုရားသည်ထိုအမျိုးသားတို့နှင့်ပဋိညာဉ်ဖွဲ့၍၊
သင်တို့သည်အခြားတပါးသောဘုရားတို့ကို မရိုသေ၊ ဦးမညွတ်၊ ဝတ်မပြု၊ ယဇ်မပူ ဇော်ရ။ 36 သင်တို့ကို ကြီးသောတန်ခိုး၊
ဆန့်သောလက်ရုံး တော်အားဖြင့် အဲဂုတ္တုပြည်မှ ကယ်နှုတ်တော်မူသော ထာဝရဘုရားကိုသာ ရိုသေကိုးကွယ်၍ ယဇ်ပူဇော်ရမည်။ 37
သင်တို့အဘို့ ရေးထားတော်မူသော စီရင်ထုံးဖွဲ့ ချက်ပညတ်တရားတို့ကို အစဉ်အမြဲ စောင့်ရှောက်ရမည်။ အခြားတပါးသော
ဘုရားတို့ကိုမရိုသေရ။ 38 သင်တို့နှင့်ငါ ဖွဲ့သောပဋိညာဉ်ကို မမေ့လျော့ရ။ အခြားတပါးသော ဘုရားတို့ကိုမရိုသေရ။ 39
သင်တို့၏ဘုရားသခင်ထာဝရဘုရားကိုသာ ရိုသေရမည်။ သို့ပြုလျှင် ရန်သူအပေါင်းတို့လက်မှ ကယ်နှုတ်တော် မူမည်ဟု
မှာထားတော်မူ သော်လည်း၊ 40 သူတို့သည်နားမထောင်ရှေးထုံးစံဓလေ့သို့လိုက်ကြ၏။ 41 ထိုလူအမျိုးမျိုး ကိုယ်တိုင်မှစ၍၊ သားမြေး
မြစ်တို့သည် ထာဝရဘုရားကိုရိုသေကြ၏။ ရုပ်တုဆင်းတုတို့ကိုလည်းဝတ်ပြုကြ၏။
မိရိုးဘလာသို့လိုက်၍ယနေ့တိုင်အောင်ကျင့်နေကြ၏။


generated on Tue Jul 2 12:50:28 2024

## Chapter 18

1 ဣလသရေလရှင်ဘုရင်ဧလာသား ဟောရှေနန်းစံသုံးနှစ်တွင်၊ 2 ယုဒရှင်ဘုရင် အာခတ်သား ဟေဇကိသည် အသက်နှစ်
ဆယ်ငါးနှစ်ရှိသော် နန်းထိုင်၍ ယေရုရှလင်မြို့၌နှစ်ဆယ်ကိုးနှစ်စိုးစံလေ၏။ မယ်တော်ကား၊ ဇာခရိသမီးအာဘိအမည်ရှိ၏။ 3
ထိုမင်းသည်အဘဒါဝိဒ်ကျင့်သမျှအတိုင်း၊ ထာဝရဘုရားရှေ့တော်၌ တရားသောအမှုကိုပြု၏။ 4 မြင့်သောအရပ်တို့ကိုပယ်၏။
ရုပ်တုဆင်းတုတို့ကိုချိုးဖဲ့၏။ အာရှရပင်တို့ကို ခုတ်လှဲ၏။ မောရှေလုပ်သော ကြေးဝါမြွေကို အပိုင်းပိုင်း ဖြတ်၏။ အကြောင်းမူကား၊
ဣလသရေလအမျိုးသားတို့သည် ထိုကာလတိုင်အောင်၊ ထိုမြွေရှေ့မှာ နံ့သာပေါင်းကို မီးရှို့တတ်ကြ၏။ ထိုမြွေကိုနဟုတ္တန်အမည်ဖြင့်
မှည့်သတည်း။ 5 ဣလသရေလအမျိုး၏ဘုရားသခင်ထာဝရဘုရားကို ထိုမင်းခိုလှုံသကဲ့သို့၊ သူ့နောက်မှာခိုလှုံသော ယုဒရှင်ဘုရင်
တယောက်မျှမရှိ။ ရှေ့ကာလ၌လည်းမရှိ။ 6 ထာဝရဘုရား၌ဆည်းကပ်၍နောက်တော်သို့အစဉ်အမြဲလိုက်သဖြင့်
မောရှေ၌ထာဝရဘုရားထားတော်မူ သောပညတ်တော်တို့ကို စောင့်ရှောက်လေ၏။ 7 ထာဝရဘုရားသည်
သူနှင့်အတူရှိတော်မူသဖြင့်သူသည် ပြုလေရာရာ၌အောင်လေ၏။ အာရှုရိရှင်ဘုရင်၏ကျွန်မခံ၊ ပုန်ကန်လေ၏။ 8
ဖိလိတ္တိလူတို့ကိုတိုက်၍ ဂါဇမြို့နယ်တိုင်အောင် ခိုင်ခံ့သောမြို့များနှင့် ကင်းစောင့်သောမျှော်စင်များကို လုပ်ကြံလေ၏။ 9
ဟေဇကိမင်းကြီးနန်းစံလေးနှစ်၊ ဣလသရေလရှင်ဘုရင်ဧလာသားဟောရှေနန်းစံခုနစ်နှစ်တွင်၊ အာရှုရိရှင်ဘုရင် ရှာလမနေဇာသည်
ရှမာရိမြို့သို့ စစ်ချီ၍ဝိုင်းထား၏။ 10 သုံးနှစ်စေ့သောအခါ၊ ဟေဇကိနန်းစံခြောက်နှစ်၊ ဣလသရေလရှင်ဘုရင်ဟောရှေနန်းစံကိုးနှစ်တွင်
ရှမာရိမြို့ကိုတိုက်၍ရကြ၏။ 11 အာရှုရိရှင်ဘုရင်သည် ဣလသရေလအမျိုးကို အာရှုရိပြည်သို့သိမ်းသွား၍ ဂေါဇန်မြစ်နား၊ ဟာလမြို့၊
ဟာဗော်မြို့အစရှိသောမေဒိနိုင်ငံ မြို့ရွာတို့၌ထား၏။ 12 အကြောင်းမူကား၊ သူတို့သည်မိမိတို့ဘုရား သခင်ထာဝရဘုရား၏
စကားတော်ကို နားမထောင်၊ ဖွဲ့တော်မူသောပဋိညာဉ်ကိုငှင်း၊ ထာဝရဘုရား၏ကျွန်မောရှေမှာထားသမျှကိုငှင်း၊
အမှုမထားလွန်ကျူးကြ၏။ 13 ဟေဇကိမင်းကြီးနန်းစံ ဆယ်လေးနှစ်တွင်၊ အာရှုရိရှင်ဘုရင်သနာခရိပ်သည်ယုဒပြည်၌ ခိုင်ခံ့သောမြို့
ရှိသမျှတို့ကို စစ်ချီ၍ လုပ်ကြံလေ၏။ 14 ယုဒရှင်ဘုရင်ဟေဇကိသည်အာရှုရိရှင်ဘုရင်ရှိရာလာခိရှမြို့သို့စေလွှတ်၍၊
အကျွန်ုပ်မှားပါပြီ။ ပြန်သွားတော်မူပါ။ ကိုယ်တော်တင်သမျှကိုထမ်းပါမည်ဟု လျှောက်စေသော်၊ အာရှုရိရှင်ဘုရင်သည်ယုဒရှင်ဘုရင်
ဟေဇကိ၌ ငွေအခွက်သုံးထောင်၊ ရွှေအခွက်သုံးရာကိုတောင်း၏။ 15 ဟေဇကိသည်ဗိမာန်တော်၌၎င်း၊ နန်းတော် ဘဏ္ဍာတိုက်၌၎င်း၊
တွေ့သမျှသောငွေကိုပေး၏။ 16 ဗိမာန်တော်တံခါး၊ တန်ဆာများ၊ ကိုယ်တိုင်အရင်မွမ်းမံသော တိုင်တန်ဆာများကိုလည်းချွတ်၍
အာရှုရိရှင်ဘုရင်အားပေး၏။ 17 နောက်တဖန် အာရှုရိရှင်ဘုရင်သည် တာတန်၊ ရာဗသာရိတ်၊ ရာဗရှာခတို့ကို များစွာသော
ဗိုလ်ခြေနှင့်တကွ၊ လာခိရှမြို့မှ ယေရုရှလင်မြို့၊ ဟေဇကိမင်းကြီးထံသို့စေလွှတ်သဖြင့်၊ သူတို့သည်ရောက်သောအခါ၊ ခဝါသည်၏
လယ်နားမှာရှောက်သောလမ်း၊ အထက်ရေကန်ပြွန်ဝ၌ရပ်နေကြ၏။ 18 ရှင်ဘုရင်ကို ခေါ်သောအခါ၊ ဟိလခိသားဖြစ်သော
နန်းတော်အုပ် ဧလျာကိမ်၊ စာရေးတော်ကြီးရှေဗန၊ အာသပ်သား အတွင်းဝန်ယောအာတို့သည် သူတို့ထံသို့ ထွက်ပြီးလျှင်၊ 19
ရာဗရှာခက၊ မဟာအရှင်မင်းကြီး၊ အာရှုရိရှင်ဘုရင်သည် ဟေဇကိ ကို မိန့်တော်မူသည်ကား၊ သင်ခိုလှုံသဖြင့်ခိုလှုံရာကား
အဘယ်သို့နည်း။ 20 စစ်တိုက်လောက်အောင် ဉာဏ်သတ္တိ၊ အစွမ်းသတ္တိနှင့် ငါပြည့်စုံသည်ဟု အချည်းနှီးသော စကားကို
သင်ဆိုပါသည်တကား။ ငါ့ကိုပုန်ကန်ခြင်းငှါအဘယ်သူကိုကိုးစားသနည်း။ 21 ကျိုးသောကျူလုံးတောင်ဝေးတည်းဟူသော
အဲဂုတ္တုပြည်ကို ကိုးစားပါသည်တကား။ ထိုကျူလုံးသည် မှီသောသူ၏လက်ကိုဖောက်၍ လျှိုသွားလိမ့်မည်။ ထိုသို့အဲဂုတ္တုမင်းကြီး
ဖာရောဘုရင်သည် မိမိ၌မှီသော သူအပေါင်းတို့ကိုပြုလိမ့်မည်။ 22 သင်တို့က၊ ငါတို့သည် ငါတို့၏ဘုရားသခင်
ထာဝရဘုရားကိုကိုးစားသည်ဟု ဆိုပြန်လျှင်၊ ဟေဇကိသည် မြင့်သောအရပ်ဌာနနှင့် ယဇ်ပလ္လင်တို့ကို ပယ်၍၊ ယေရုရှလင်မြို့မှာ
ဤမည်သောယဇ်ပလ္လင်ရှေ့၌သာ ကိုးကွယ်ရမည်ဟုယုဒပြည်သူ ယေရုရှလင်မြို့သားတို့ကိုမှာထားသဖြင့်၊
သင်တို့ပြစ်မှားသောဘုရားဖြစ်သည် မဟုတ်လော။ 23 သို့ဖြစ်၍ယခုတွင် ငါ့သခင် အာရှုရိရှင်ဘုရင်၌ အာမခံတို့ကိုအပ်ပါလော့။
သင်၌မြင်းစီးသူရဲ လုံလောက်အောင်ရှိလျှင်မြင်းနှစ်ထောင်တို့ကိုငါပေးမည်။ 24 သင်သည် ငါ့သခင်၏ကျွန်တို့တွင်
အငယ်ဆုံးသောဗိုလ်ကိုအဘယ်သို့လှန်နိုင်မည်နည်း။ အဲဂုတ္တုပြည်မှ ရထားများ၊ မြင်းစီးသူရဲများကို ရမည်ဟုယုံပါသည်တကား။ 25
ထာဝရဘုရား၏အခွင့်မရှိဘဲ ဤပြည်ကိုဖျက်ဆီးခြင်းငှါ ငါလာသလော။ ထိုပြည်ကို သွား၍ ဖျက်ဆီးလော့ဟု ထာဝရဘုရားသည်
ငါ့အားမိန့်တော်မူပြီ။ ဤအကြောင်းအရာများကိုပြန်ပြောကြလော့ဟု ပြောဆို၏။ 26 ထိုအခါ ဟိလခိသား ဧလျာကိမ်၊ ရှေဗန၊
ယောအာတို့က၊ ရှုရိဘာသာစကားအားဖြင့် ကျွန်တော်တို့အား အမိန့်ရှိပါလော့။ ထိုစကားကို ကျွန်တော်တို့သည်နားလည်ပါ၏။
မြို့ရိုးပေါ်မှာ ရှိသောသူတို့သည် ကြားရအောင် ယုဒ ဘာသာစကားအားဖြင့် အမိန့်မရှိ ပါနှင့်ဟု ရာဗရှာခ ကိုဆိုကြလျှင်၊ 27 ရာဗရှာခက၊
ငါ့သခင်သည် သင်၏သခင်နှင့်သင့်အား သာဤစကားကိုပြောစေခြင်းငှါ ငါ့ကို စေလွှတ်တော်မူသလော။ မြို့ရိုးပေါ်မှာ ထိုင်လျက်
သင်တို့နှင့်အတူ မိမိတို့မစင်ကိုစား၍၊ မိမိတို့ရေပေဟောင်းကို သောက်ရသောသူတို့ရှိရာသို့စေလွှတ်တော်မူသည်
မဟုတ်လောဟုဆိုပြီးလျှင်၊ 28 ရာဗရှာခသည်ထ၍ ယုဒဘာသာ စကားအားဖြင့်ကျယ်သောအသံနှင့်ကြွေးကြော်လျက်၊
မဟာအရှင်မင်းကြီးအာရှုရိရှင်ဘုရင်၏ အမိန့်တော်ကိုနားထောင်ကြလော့။ 29 ရှင်ဘုရင်မိန့်တော်မူသည်ကား၊ ဟေဇကိသည်
သင်တို့ကိုမလှည့်စားစေနှင့်။ သူသည်သင်တို့ကိုငါ့လက်မှ ကယ်ယူခြင်းငှါမတတ်နိုင်။ 30 ဟေဇကိက၊ ထာဝရဘုရားသည်


generated on Tue Jul 2 12:50:28 2024

ငါတို့ကိုဧကန်အမှန်ကယ်ယူတော်မူမည်။ ဤမြို့သည် အာရှုရိရှင်ဘုရင် လက်သို့မရောက်ရဟု ဆိုသဖြင့်၊ ထာဝရဘုရားကို
မကိုးစားစေနှင့်။ [31] ဟေဇကိစကားကို နားမထောင်ကြနှင့်။ [32] အာရှုရိရှင်ဘုရင်မိန့်တော်မူသည်ကား၊ ငါနှင့်မိဿဟာယဖွဲ့ကြ။
ငါ့ထံသို့ထွက်လာကြ။ သင်တို့သည်မသေ အသက်ရှင်မည်အကြောင်း၊ သင်တို့ပြည်နှင့်တူသော ပြည်တည်းဟူသော၊ ဆန်စပါး
စပျစ်ရည်နှင့် ပြည့်စုံသောပြည်၊ မုန့်နှင့်စပျစ်ဥယျာဉ်၊ သံလွင်ဆီ၊ ပျားရည်များသောပြည်သို့ ပို့ခြင်းငှါ ငါမလာမှီတိုင်အောင်
သင်တို့သည် ကိုယ်စပျစ်ပင်၏အသီး၊ ကိုယ်သင်္ဘောသဖန်းပင်၏အသီးကိုစား၍၊ ကိုယ်ရေကန်ကရေကို သောက်လျက် နေကြဦးလော့။
[33] ဟေဇကိက၊ ထာဝရဘုရားသည် ငါတို့ကိုကယ်ယူတော်မူမည်ဟု မဖြားယောင်းစေနှင့်။ အပြည်ပြည်သော ဘုရားတို့သည်
မိမိတို့ပြည်များကို အာရှုရိရှင်ဘုရင်လက်မှ ကယ်လွှတ်ကြပြီလော။ [34] ဟာမတ်ပြည်၏ဘုရား၊ အာပဒ်ပြည်၏ ဘုရားတို့သည်
အဘယ်မှာ ရှိကြသနည်း။ သေဖရဝိမ်ပြည်၊ ဟေနပြည်၊ ဣဝါပြည်၏ ဘုရားတို့သည် အဘယ်မှာရှိကြသနည်း။ သူတို့သည်
ရှမာရိပြည်ကို ငါ့လက်မှ ကယ်လွှတ်ကြပြီလော။ [35] ထိုအပြည်ပြည်သောဘုရားတို့တွင် အဘယ်မည်သော ဘုရားသည်
မိမိပြည်ကိုငါ့လက်မှ ကယ်လွှတ်ဘူးသနည်း။ ထာဝရဘုရားသည် ယေရုရှလင်မြို့ကို ငါ့လက်မှ အဘယ်သို့ကယ်လွှတ်နိုင်မည်နည်းဟု
ဆိုလေ၏။ [36] ယုဒသူတို့လည်းစကားတခွန်းကိုမျှမပြန်ဘဲ တိတ်ဆိတ်စွာနေကြ၏။ အကြောင်းမူကား၊ ပြန်မပြောနှင့်ဟု
ရှင်ဘုရင်မိန့်တော်ရှိသတည်း။ [37] ထိုအခါ ဟိလခိသားဖြစ်သော နန်းတော်အုပ် ဧလျာကိမ်၊ စာရေးတော်ကြီး ရှေဗန၊
အာသပ်သားအတွင်းဝန်ယောအာတို့သည် မိမိတို့အဝတ်ကို ဆုတ်လျက်၊ ဟေဇကိမင်းထံသို့လာ၍ ရာဗရှာခ
စကားကိုကြားလျှောက်ကြ၏။

## Chapter 19

1 ထိုစကားကို ဟေဇကိမင်းကြီးသည် ကြားလျှင်၊ မိမိအဝတ်ကို ဆုတ်၍ လျှော်တေအဝတ်ကိုခြုံလျက် ဗိမာန်တော်သို့သွားလေ၏။ 2
လျှော်တေအဝတ်ကိုဝတ်လျက်ရှိသောနန်းတောအုပ် ဧလျာကိမ်၊ စာရေးတော်ကြီးရှေဗန၊ အသက်ကြီးသော ယဇ်ပုရောဟိတ်တို့ကို
အာမုတ်သား ပရောဖက် ဟေရှာလထံသို့ စေလွှတ်လေ၏။ 3 ဟေဇကိမင်းမှာထားသော စကားဟူမူကား၊ ယနေ့သည် ဒုက္ခနေ့၊
ဆုံးမသောနေ့၊ ကဲ့ရဲ့ခြင်းကိုခံရသော နေ့ဖြစ်၏။ သားဘွားချိန်ရောက်၍ သားကို ဘွားနိုင် အောင် ခွန်အားမရှိ။ 4
အသက်ရှင်တော်မူသော ဘုရားသခင်ကို ကဲ့ရဲ့ စေခြင်းငှါ အာရှုရိရှင်ဘုရင်စေလွှတ်သော မိမိကျွန်ရှဗ ရှာခစကားကို
သင်၏ဘုရားသခင် ထာဝရဘုရား ကြားတော်မူပါစေသော။ သင်၏ဘုရားသခင် ထာဝရ ဘုရားသည် ကိုယ်တော်တိုင်ကြားသော
စကားကို ချေတော်မူပါစေသော။ သင်သည်လည်းကျန်ကြွင်းသော လူတို့အဘို့ ဆုတောင်းပဌနာပြုပါဟု ပြောစေခြင်းငှါ၊ 5
ဟေဇကိမင်းစေလွှတ်သော ကျွန်တို့သည် ဟေရှာယထံသို့ ရောက်လာကြ၏။ 6 ဟေရှာယကလည်း၊ ထာဝရဘုရား မိန့်တော်မူ
သည်ကား၊ အာရှုရိရှင်ဘုရင်၏ ကျွန်တို့သည် ငါ့ကိုကဲ့ရဲ့ ၍၊ သင်သည်ကြားရသော စကားကြောင့် မကြောက် နှင့်။ 7 ထိုမင်း၌
အခြားသော စိတ်သဘောကို ငါသွင်း ပေးမည်။ သူသည် သိတင်းကြား၍ မိမိပြည်သို့ ပြန်သွား လိမ့်မည်။ ထိုပြည်၌ ထားဖြင့်
ငါဆုံးစေမည်ဟူသော စကားတော်ကို သင်တို့၏ သခင်အား ပြန်ကြားကြလော့ ဟုပြောဆို၏။ 8 ထိုအခါ အာရှုရိရှင်ဘုရင်သည်
လာခိရှမြို့မှ ထွက်သွားကြောင်းကို ရာဗရှာခကြားလျှင် ပြန်သွား၍ လိဗနမြို့ကိုရှင်ဘုရင်တိုက်နေသည်ကို တွေ့လေ၏။ 9
နောက်တဖန်ကုရှမင်းကြီး တိရက္ကသည် စစ်ချီ ၍လာပြီဟု သိတင်းကြားသောအခါ၊ ဟေဇကိမင်းထံသို့ တမန်တို့ကို စေလွှတ်ပြန်၍၊ 10
သင်တို့သည် ယုဒမင်းကြီး ဟေဇကိကို ပြောရ သော စကားဟူမူကား၊ သင်ကိုးစားသော ဘုရားသခင်က၊ ယေရုရှလင်မြို့သည်
အာရှုရိရှင်ဘုရင်လက်သို့ မရောက် ရဟူ၍ သင့်ကို မလှည့်စားစေနှင့်။ 11 အာရှုရိရှင်ဘုရင်တို့သည် ခပ်သိမ်းသော ပြည် တို့ကို
လုပ်ကြံ၍ရှင်းရှင်းဖျက်ဆီးကြောင်းကို သင်သည် ကြားရပြီ။ ကိုယ်တိုင်လွတ်လိမ့်မည်လော။ 12 ငါ့ဘိုးဘေးတို့သည် ဖျက်ဆီးသော
အမျိုးသား၊ ဂေါဇန်အမျိုးသား၊ ခါရန်အမျိုးသား၊ ရေဇပ်အမျိုးသား၊ တေလသာမြို့၌ရှိသော ဧဒင်အမျိုးသားတို့ကို သူတို့၏
ဘုရားများတို့သည် ကယ်ယူကြပြီလော။ 13 ဟာမတ်မင်းကြီး၊ အာပဒ်မင်းကြီးနှင့် သေဖရ ဝိမ်မြို့၊ ဟေနမြို့၊ ဣဝါမြို့ကိုစိုးစံသော
မင်းကြီးတို့သည် အဘယ်မှာရှိကြသနည်းဟု မှာလိုက်လေ၏။ 14 ထိုမှာစာကို ဟေဇကိမင်းသည် သံတမန် လက်မှခံယူ၍ ကြည့်ပြီးလျှင်
ဗိမာန်တော်သို့သွား၍ ထာဝရဘုရားရှေ့တော်၌ ဖြန့်ထားလေ၏။ 15 ထိုအခါဟေဇကိမင်းသည် ထာဝရဘုရား ရှေ့တော်၌
လျှောက်ဆိုသည်ကား၊ ခေရုဗိမ်ပေါ်မှာ ထိုင်တော်မူသော ဣသရေလအမျိုး၏ ဘုရားသခင် ထာဝရဘုရား၊ ကိုယ်တော်သည်
ဘုရားသခင်ဖြစ်တော် မူ၏။ ကိုယ်တော်တပါးတည်းသာလျှင် မြေကြီးပေါ်မှာ ရှိသမျှသော အတိုင်းတိုင်းအပြည်ပြည်တို့၏
ဘုရားသခင် ဖြစ်တော်မူ၏။ ကိုယ်တော်သည် ကောင်းကင်နှင့်မြေကြီး ကို ဖန်ဆင်းတော်မူ၏။ 16 အိုထာဝရဘုရား၊ နားတော်ကို
လှည့်၍ နား ထောင်တော်မူပါ။ အိုထာဝရဘုရား၊ မျက်စိတော်ကိုဖွင့်၍ ကြည့်ရှုတော်မူပါ။ သနာခရိပ်မင်းသည် အသက်ရှင်တော်
မူသော ဘုရားသခင်ကို ကဲ့ရဲ့၍ပြောစေသော စကား အလုံးစုံတို့ကို မှတ်တော်မူပါ။ 17 အိုထာဝရဘုရား၊ အကယ်စင်စစ် အာရှုရိ
ရှင်ဘုရင်တို့သည် အတိုင်းတိုင်းအပြည်ပြည်တို့ကို ဖျက်ဆီး၍၊ 18 သူတို့၏ဘုရားများကို မီးထဲသို့ချပစ်ကြပါပြီ။ ထိုဘုရားတို့သည်
ဘုရားမဟုတ်၊ လူလက်ဖြင့်လုပ်သော သစ်သားနှင့် ကျောက်ဖြစ်သောကြောင့် ပျက်စီးခြင်းသို့ ရောက်ကြပါပြီ။ 19 အိုအကျွန်ုပ်တို့
ဘုရားသခင်ထာဝရဘုရား၊ ကိုယ်တော် ထာဝရဘုရား တပါးသောဘုရားသခင် ဖြစ်တော်မူသည်ကို မြေကြီးပေါ်မှာရှိသမျှသော
တိုင်းနိုင်ငံတို့သည် သိမည်အကြောင်း၊ အကျွန်ုပ်တို့ကို ထိုမင်းလက်မှ ယခုကယ်တော်မူပါ။ အကျွန်ုပ်တောင်းပန် ပါသည်ဟု
ပဌနာပြုလေ၏။ 20 ထိုအခါ အာမုတ်သားဟေရှာယသည် ဟေဇကိ မင်းထံသို့ စေလွှတ်၍၊ ဣသရေလအမျိုး၏ ဘုရားသခင်
ထာဝရဘုရားမိန့်တော်မူသည်ကား၊ သင်သည်အာရှုရိ ရှင်ဘုရင် သနာခရိပ်အကြောင်းကြောင့် ငါ့ရှေ့မှာ ပြုသော ပဌနာစကားကို
ငါကြားရပြီ။ 21 ထိုမင်း၏အမှုမှာ ထာဝရဘုရား မိန့်တော်မူ သောစကားဟူမူကား၊ ဇိအုန်သတို့သမီးကညာသည် သင့်ကို မထီမဲ့မြင်ပြု၍
ပြက်ယယ်၏။ ယေရုရှလင် သတို့သမီးသည် သင့်နောက်၌ ခေါင်းညိတ်၏။ 22 သင်သည် အဘယ်သူကိုကဲ့ရဲ့ဆဲရေးသနည်း။
အဘယ်သူကို အော်ဟစ်၍ မျက်နှာထောင်လွှားသနည်း။ ဣသရေလအမျိုး၏ သန့်ရှင်းသောဘုရားကိုပင် ပြုပါ သည်တကား။ 23
သင်သည် တမန်များအားဖြင့် ထာဝရဘုရားကို ကဲ့ရဲ့၍၊ ငါသည် ရထားများပြားသဖြင့် တောင်ထိပ်သို့ ၎င်း၊ လေဗနုန်တောင်
အထွဋ်သို့၎င်း တက်လာပြီ။ အရပ် မြင့်သောအာရဇ်ပင်နှင့်အကောင်းဆုံးသော ထင်ရှူးပင် တို့ကို ငါခုတ်လှဲပြီ။ အဝေးဆုံးသော
ခိုလှုံရာအသီးများ သော တောထဲသို့ ငါဝင်ပြီ။ 24 ငါသည် တွင်းတူး၍ မပြည်းဘူးသော ရေကို သောက်ရပြီ။ ငါ၏ ခြေဘဝါးအားဖြင့်
အဲဂုတ္တုမြစ် လက်ကြားရေရှိသမျှကို ခန်းခြောက်စေပြီဟု သင်ဆိုမိပြီ တကား။ 25 ငါသည်အထက်ကာ၌အမှုကို စီရင်ကြောင်းနှင့်
ရှေးကာလ၌ ပြုပြင်ကြောင်းကို သင်သည် မကြား သလော။ ယခုမှာလည်း သင်သည် ခိုင်ခံ့သော မြို့တို့ကို ဖျက်ဆီး၍၊
ကျောက်ပုံဖြစ်စေသောသူဖြစ်မည်အကြောင်း ငါစီရင်ခန့်ထားလေပြီ။ 26 ထိုကြောင့်မြို့သားတို့သည် အားနည်းကြ၏။ မှိုင်တွေ၍
စိတ်ပျက်လျက်ရှိကြ၏။ တောမြက်ပင်နှင့် စိမ်းသော စပါးပင်ကဲ့သို့၎င်း၊ အိမ်မိုးပေါ်မှာ ပေါက်သော မြက်ပင်နှင့် မကြီးမှီညှိုးနွမ်းသော
စပါးပင်ကဲ့သို့၎င်း ဖြစ်ကြ၏။ 27 သင်၏နေထိုင်ခြင်း၊ ထွက်ဝင်ခြင်း၊ ငါ၌ အမျက် ဟုန်းခြင်းတို့ကို ငါသိ၏။ 28
ငါ၌သင်၏အမျက်ဟုန်းခြင်း၊ စော်ကားခြင်းကို ငါကြားရသောကြောင့်၊ သင့်ကိုနှာရှုတ်တပ်၍ ဇက်ခွံ့ပြီးမှ၊ သင်လာသောလမ်းဖြင့်

ပြန်စေမည်။ [29] သင်မှတ်ရသောနိမိတ်လက္ခဏာဟူမူကား၊ ယခု နှစ်တွင် အလိုလိုကြီးရင့်သော အသီးအနှံကိုငင်း၊ ဒုတိယ နှစ်တွင်
ထိုအတူပေါက်သော အရာများကိုငင်း သင်တို့ သည် စားရမည်။ တတိယနှစ်တွင် မျိုးစေ့ကိုကြဲ၍ စပါးကို ရိတ်ကြလော့။
စပျစ်ဥယျာဉ်ကိုလည်းစိုက်၍ အသီးကို စားကြလော့။ [30] ဘေးလွတ်၍ ကျန်ကြွင်းသော ယုဒအမျိုးသား တို့သည် တဖန်
အောက်မှာအမြစ်စွဲ၍ အထက်မှာ အသီးသီးကြလိမ့်မည်။ [31] ကျန်ကြွင်းသောသူတို့သည် ယေရုရှလင်မြို့ထဲ ကငင်း၊
ဘေးလွတ်သောသူတို့သည် ဇိအုန်တောင်ပေါ် ငင်း ပေါ်လာကြလိမ့်မည်။ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားသည်
အလိုတော်အားကြီး၍ ထိုအမှုကို စီရင်တော်မူလိမ့်မည်။ [32] သို့ဖြစ်၍ ထာဝရဘုရားသည် အာရှုရိရှင်ဘုရင် ကို ရည်မှတ်၍
မိန့်တော်မူသည်ကား၊ သူသည် ဤမြို့သို့ မဝင်ရ။ မြို့ထဲသို့မြှားကိုမပစ်ရ။ မြို့ရှေ့မှာ ဒိုင်းလွှားကို မပြရ။ မြို့ပြင်မှာ မြေရိုးကို မဖို့ရ။ [33]
လာသောလမ်းဖြင့် ပြန်သွားရမည်။ ဤမြို့ထဲသို့ မဝင်ရ။ [34] ငါသည် ကိုယ်မျက်နှာကိုငင်း၊ ငါ့ကျွန် ဒါဝိဒ်၏ မျက်နှာကိုငင်း ထောက်၍
ဤမြို့ကို ကယ်တင်ခြင်းငှါ စောင့်မမည်ဟု ထာဝရဘုရား မိန့်တော်မူ၏။ [35] ထိုညဉ့်တွင် ထာဝရဘုရား၏ ကောင်းကင် တမန်သည်
ထွက်၍ အာရှုရိတပ်တွင် လူတသိန်း ရှစ်သောင်းငါးထောင်တို့ကို ဒဏ်ခတ်လေ၏။ နံနက် စောစောထချိန် ရောက်သောအခါ၊
ထိုသူအပေါင်းတို့သည် အသေကောင်ဖြစ်ကြ၏။ [36] အာရှုရိရှင်ဘုရင်သနာခရိပ်သည်လည်း ထို အရပ်မှ ထွက်၍ပြန် သွားပြီးလျှင်
နိနေဝေမြို့၌ နေလေ၏။ [37] နောက်တဖန်သူသည် မိမိဘုရားနိသရုတ်၏ ဗိမာန်၌ ကိုးကွယ်စဉ်တွင်၊ သားတော်အာဒြမေ့လက်နှင့်
ရှရေဇာသည်ခမည်းတော်ကို ထားနှင့် သတ်ပြီးလျှင်၊ အာရမနိပြည်သို့ ပြေးကြ၏။ သားတော် ဧသရ ဟဒ္ဒုန် သည်လည်း
ခမည်းတော်အရာ၌ နန်းထိုင်၏။


generated on Tue Jul 2 12:50:28 2024

## Chapter 20

1 ထိုကာလအခါ ဟေဇကိမင်းသည် သေနာစွဲသဖြင့်၊ အာမုတ်သား ပရောဖက်ဟေရှာယသည် လာ၍ထာဝရ
ဘုရားမိန့်တော်မူသည်ကား၊ ကိုယ်အိမ်အမှုကိုစီရင်လော့။ သင်သည် အသက်မရှင်သေရမည်ဟု အမိန့်တော်ကို ပြန်လေ၏။ 2
ဟေဇကိမင်းသည်လည်း ထရံသို့မျက်နှာ လှည့်၍၊ 3 အိုထာဝရဘုရား၊ အကျွန်ုပ်သည် ရှေ့တော်၌ သစ္စာစောင့်လျက်၊ စုံလင်သော
စိတ်နှလုံးနှင့်ကျင့်၍ နှစ်သက်တော်မူသည်အတိုင်း ပြုကြောင်းကို အောက်မေ့ တော်မူပါ။ အကျွန်ုပ်တောင်းပန်ပါ၏ဟု အလွန်ငိုကြွေး
လျက် ထာဝရဘုရားကို ဆုတောင်းလေ၏။ 4 ဟေရှာယသည် နန်းတော်အလယ်တန်တိုင်းသို့ မရောက်မှီ ထာဝရဘုရား၏
နှုတ်ကပတ်တော်ရောက်၍၊ 5 သင်သည် ငါ့လူတို့၏ ဗိုလ်ချုပ်ဟေဇကိမင်းထံ သို့ တဖန်သွားပြီးလျှင်၊ သင့်အဘဒါဝိဒ်၏ ဘုရားသခင်
ထာဝရဘုရား မိန့်တော်မူသည်ကား၊ သင်၏ပဌနာ စကားကို ငါကြားပြီ။ သင်၏မျက်ရည်ကိုလည်း ငါမြင်ပြီ။ သင်၏အနာကို
ငါပျောက်စေသဖြင့်၊ သင်သည်သုံးရက် လွန်လျှင် ဗိမာန်တော်သို့ တက်ရလိမ့်မည်။ 6 သင့်အသက်၌ တဆယ်ငါးနှစ်ကို ငါဆက်၍
ပေးမည်။ သင်နှင့် ဤမြို့ကို အာရှုရိရှင်ဘုရင်လက်မှ ငါကယ်လွှတ်မည်။ ငါ့မျက်နှာကိုင်၍၊ ငါ့ကျွန်ဒါဝိဒ်၏ မျက်နှာကိုင်၍ထောက်၍
ဤမြို့ကို ကွယ်ကာစောင့်မမည် အရာကို ပြောလော့ဟု မိန့်တော်မူ၏။ 7 ဟေရှာယကလည်း၊ သင်္ဘောသဖန်းသီးအလုံး အထွေးကို
ယူခဲ့လော့ဟုဆိုသည်အတိုင်း ယူခဲ့၍အနာကို အုံပြီးမှ မင်းကြီးသက်သာလေ၏။ 8 ဟေဇကိမင်းကလည်း၊ ထာဝရဘုရားသည်
ငါ့အနာကို ပျောက်စေ၍ သုံးရက်လွန်လျှင် ငါသည် ဗိမာန်တော်သို့တက်လိမ့်မည်ဆိုသော်၊ အဘယ်လက္ခဏာ သက်သေရှိသနည်းဟု
မေးလျှင်၊ 9 ဟေရှာယက၊ ထာဝရဘုရား အမိန့်တော်ရှိသည် အတိုင်း ပြုတော်မူမည်ဟု ထာဝရဘုရားသည် သင့်အား ပေးတော်မူသော
လက္ခဏာသက်သေဟူမူကား၊ အရိပ် သည် ဆယ်ချက်တိုးရမည်လော။ ဆယ်ချက်ဆုတ်ရမည် လောဟု မေးသော်၊ 10 ဟေဇကိက၊
အရိပ်သည် ဆယ်ချက်တိုးလွယ်၏။ ထိုသို့အလိုမရှိ။ ဆယ်ချက်ဆုတ်ပါစေဟု ပြန်ပြော၏။ 11 ပရောဖက်ဟေရှာယသည်လည်း၊
ထာဝရ ဘုရားအား ဆုတောင်းသောအခါ၊ အာခတ်၏နေတိုင်း နာရီပေါ်မှာဆယ်ချက်ရွေ့ပြီးသော အရိပ်ကို ဆယ်ချက်
ပြန်စေတော်မူ၏။ 12 ထိုကာလအခါ ဗာလဒန်သား ဗာဗုလုန်မင်းကြီး မေရောဒဗာလဒန်သည်၊ ဟေဇကိမင်းနာ၍ အနာ ပျောက်သည်ကို
ကြားသောကြောင့်၊ မေတ္တာစာနှင့် လက်ဆောင်ပါလျက် တမန်တို့ကို စေလွှတ်လေ၏။ 13 ဟေဇကိမင်းသည် သူတို့ရောက်သောကြောင့်
ဝမ်းမြောက်၍ ရွှေတိုက်မှ စသော ရွှေ၊ ငွေ၊ နံ့သာမျိုး၊ အဘိုးထိုက်သော နံ့သာဆီ၊ လက်နက်တိုက်နှင့် ဘဏ္ဍာ
တော်အလုံးစုံတို့ကိုပြလေ၏။ နန်းတော်မှစ၍ နိုင်ငံတော် အရပ်ရပ်၌ မပြသော အရာတစုံတခုမျှမရှိ။ 14 ထိုအခါပရောဖက်
ဟေရှာယသည် ဟေဇကိ မင်းကြီး ထံတော်သို့ သွား၍၊ ထိုလူတို့သည် အဘယ်သို့ ပြောကြပါသနည်း။ အဘယ်ပြည်မှ အထံတော်သို့
လာကြ ပါသနည်းဟု မေးလျှောက်သော်၊ ဟေဇကိမင်းက၊ ဝေးသောအရပ် ဗာဗုလုန်ပြည်မှ ရောက်လာကြသည်ဟု ပြန်ပြော၏။ 15
နန်းတော်၌အဘယ်အရာကို မြင်ကြပြီနည်းဟု မေးပြန်လျှင်၊ ဟေဇကိမင်းက၊ နန်းတော်၌ရှိသမျှကို မြင်ရ ကြပြီ။ ဘဏ္ဍာတော်တွင်
ငါမပြသောအရာ တစုံတခုမျှ မရှိဟု ပြန်ပြော၏။ 16 ထိုအခါ ဟေရှာယက၊ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား၏
နှုတ်ကပတ်တော်ကို နားထောင်လော့။ 17 နန်းတော်၌ရှိသမျှကိုင်၊ ယနေ့တိုင်အောင် ဘိုးဘေးတို့သည် ဆည်းဖူးသမျှကိုင်၊
ဗာဗုလုန်မြို့သို့ ယူသွားရသော ကာလသည် ရောက်လိမ့်မည်။ တစုံတခုမျှ မကျန်ကြွင်းရဟု ထာဝရဘုရား မိန့်တော်မူ၏။ 18 သင်နှင့်
နွယ်၍ရသောသင်၏ သားမြေးတို့ကို လည်း ယူသွား၍၊ သူတို့သည် ဗာဗုလုန်ရှင်ဘုရင်၏ နန်းတော်၌ လူပျိုတော်လုပ်ရကြလိမ့်မည်ဟု
ဟေဇကိမင်း အား ပြောဆိုလေ၏။ 19 ဟေဇကိမင်းကလည်း၊ သင်ပြန်ရသော ထာဝရ ဘုရား၏
နှုတ်ကပတ်တော်ကောင်းပါ၏ဟူ၍၎င်း၊ အကယ်၍ငါ့လက်ထက်၌ ငြိမ်သက်ခြင်းနှင့် သစ္စာစောင့် ခြင်းရှိလျှင် ကောင်းပါသည်
မဟုတ်လောဟူ၍၎င်း၊ ဟေရှာယအား ဆိုလေ၏။ 20 ဟေဇကိပြုမူသော အမှုအရာ ကြွင်းလေသမျှတို့ နှင့် တန်ခိုးကြီးခြင်း၊ ရေကန်နှင့်
ရေပြွန်ကို လုပ်၍ မြို့ထဲသို့ရေကို ဆောင်ခြင်းအရာတို့သည် ယုဒရာဇဝင်၌ ရေးထားလျက်ရှိ၏။ 21 ဟေဇကိသည် ဘိုးဘေးတို့နှင့်
အိပ်ပျော်၍ သားတော်မနာရှေသည် ခမည်းတော်အရာ၌နန်းထိုင်၏။

---

2 Kings 01

သင်၏အိမ်အမှုကို စီရင်ပါ

"အိမ်" သည် ဟေဇကိ၏ထိန်းချုပ်မှုအောက်ကို ဆိုလို သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏အိမ်သူသားများနှင့် အစိုးရကို နောက်ဆုံးညွှန်ကြားချက်ပေးပါ"

သတိရပါ

ထာဝရဘုရားကို သတိရဖို့ကို ဆိုလိုသည့် အသုံးများသည့်အသုံးအနှုန်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သတိရသည်"

လမ်းလျှောက်သည်

"လမ်းလျှောက်သည်" သည် ဘဝအတွင်း ပြုမူသည့်အရာဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ၏ဘဝကို အသက်ရှင်စေပါ"


generated on Tue Jul 2 12:50:28 2024

သင်၏အမြင်၌ ကောင်းသော
အမြင်သည် တရားစီရင်မှု၊ အကဲဖြတ်မှုကို ကိုယ်စားပြု သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ တရား စီရင်မှု"

2 Kings 04

ထာဝရဘုရား၏စကားတော်လာသည်
"စကားတော်" သည် ထာဝရဘုရားက ဟေရှာယအား ဗျာဒိတ်ပေးသည့်အရာကို ဆိုလိုသည်။ အခြားသောဘာသာပြန် ဆိုချက်၊ "ထာဝရဘုရားက သူ့စကားကိုပြောသည်"

သင်၏ဆုတောင်းသံကို ငါကြားပြီ၊ သင်၏မျက်ရည်ကို ငါမြင်ပြီ
ဒုတိယပိုင်းက ပထမပိုင်းကို ကူညီပြီး သတင်းတစ်ခုကို ယှဉ်တွဲဝါကျဖြင့် ဖော်ပြထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ ဆုတောင်းသံကိုကြား၍ သင်၏မျက်ရည်ကို ငါမြင်ပြီ"

တတိယနေ့၌
"ယခုမှ နှစ်ရက်" ဟေရှာယပြောသည့်နေ့မှာ ပထမနေ့ဖြစ်သည်။ ထိုကြောင့် "တတိယနေ့" သည် "ယခုမှ နှစ်ရက်မြောက်" နှင့်ညီမျှသည်။

2 Kings 06

ယေဘုယျအချက်အလက်
ပရောဖက်ဟေရှာယမှတဆင့် ထာဝရဘုရားက ရှင်ဘုရင်ဟေဇကိကိုပြောသည့် သတင်းဖြစ်သည်။

ဆယ့်ငါးနှစ်

အာရှုရိရှင်ဘုရင်၏လက်ထဲမှ
"လက်" သည် တန်ခိုး၊ အာဏာနှင့် ထိန်းချုပ်မှုကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အာရှုရိရှင်ဘုရင်၏ ထိန်းချုပ်မှုမှ"

သင်္ဘောသဖန်းသီး အစိုင်အခဲ
"ပြုတ်ထားသည်သဖန်းသီးများကို အုံလေသည်" (UDB)

ထိုအတိုင်းသူတို့ကလုပ်၍ သူ့အနာပေါ်မှာထားကြသည်
"ကျွန်က ဟေဇကိ၏ အနာကို အုံလေသည်"

2 Kings 08

အရိပ်က ရှေ့သို့အထစ်တစ်ဆယ်ကိုလော၊ နောက်သို့ တစ်ဆယ်ကိုသွားရမည်လော။
"အရိပ်" ၏မူလကို ရှင်းလင်းစွာဖော်ပြရန်လိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားက နေရောင်ခြည်အားဖြင့် အရိပ်ကို ရှေ့သို့ တစ်ဆယ်ထစ်ကိုလော၊ နောက်သို့ တစ်ဆယ်ထစ်ကို ဖြစ်စေရန် သင်တို့အလိုရှိသလော"

အဆင့် တစ်ဆယ်
20:10.၌ ဖော်ပြသည့် "အာခတ်၏ လှေခါးထစ် လမ်း" ကိုဆိုလိုသည်။ ရှင်ဘုရင်အာခတ်အတွက် ဆောက်ထားသည့် အထူးလှေခါးထစ်လမ်းဖြစ်သည်။ ၎င်း၏ အထစ်တိုင်းတွင် နေရောင်ခြည်သန်းသကဲ့သို့ နေနာရီများကို အမှတ်အသားလုပ်ထားသည်။ ဤနည်းဖြင့် လက်ယမ်းပါသည့် လှေခါးက နေ့အချိန်ကို ပြောပြပေးသည်။

2 Kings 10

အရိပ်အတွက် ရှေ့လှေခါးထစ် ဆယ်ထစ်သို့သွားရန်မှာ လွယ်ကူသည်။
ဘာကြောင့် "လွယ်ကူသည့်အရာ" ဖြစ်ကြောင်း ရှင်းလင်းစွာဖော်ပြရန်ဖြစ်သည်။ "အရိပ်အတွက် ရှေ့သို့အထစ် တစ်ဆယ်လှမ်းရန်မှာ လွယ်ကူသည်၊ ထိုအရာသည် ပုံမှန်လုပ်နေသည့်အရာ ဖြစ်သောကြောင့်ဖြစ်သည်။"

အာခတ်၏ လှေခါးထစ်လမ်း
ရှင်ဘုရင်အာခတ်အတွက် ဆောက်ထားသည့် အထူးလှေခါးထစ်လမ်းဖြစ်သည်။ ၎င်း၏ အထစ်တိုင်းတွင် နေရောင် ခြည်သန်းသကဲ့သို့ နေနာရီများကို အမှတ်အသားလုပ်ထားသည်။ ဤနည်းဖြင့် လက်ယမ်းပါသည့်လှေခါးက နေ့အချိန်ကို ပြောပြပေးသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ရှင်ဘုရင်အာခတ်အတွက် ဆောက်ထားသည့် လှေခါးထစ်များ"

2 Kings 12

မေရောဒ ဗာလဒန်...ဗာလဒန်
ဗာဗုလုန်ရှင်ဘုရင်နှင့် သူ့သားတို့၏ နာမည်များဖြစ် သည်။

ထိုစာများကို နားထောင်သည်
(၁) "ထိုစာများကို ဂရုစိုက်စွာ စဉ်းစားသည်" သို့မဟုတ် (၂) "ဗာဗုလုန်ရှင်ဘုရင်ထံမှ သတင်းကိုကြားသည်"

ဟေဇကိက သူတို့ကိုပြသည့်အရာမှာ ဘာမှမရှိပါ။
"ဘာမှ" နှင့် "မဟုတ်" နှစ်ခုစလုံးဖြင့် အငြင်းမဟုတ်တော့ကြောင်းပြသည်။ ဤပုံကြီးချဲ့ပြောခြင်းမှာ အလေးနက်ပေးချင်သည့်အတွက်ဖြစ်သည်။ အခြားသောဘာသာပြန် ဆိုချက်၊ "ဟေဇကိကသူ့ကို သူ့အိမ်၌ရှိသည့်အရာအားလုံးနှင့် သူ့နိုင်ငံရှိအားလုံးကို ပြသသည်"

2 Kings 14

ဤလူများ
ရှင်ဘုရင်ဟေဇကိက ဗေရောဒ ဗာလဒန်ထံမှလက်ဆောင်များနှင့်သတင်း နှင့်အတူလွှတ်လိုက်သည့် လူများကို ဆိုလိုသည်။


generated on Tue Jul 2 12:50:28 2024

ငါ့အိမ်၌ရှိသောအရာမှန်သမျှကို သူတို့တွေ့ခဲ့ကြပြီ။ သူတို့အားမပြသည့် ငါ၌ရှိသော တန်ဖိုးရှိသောအရာ မရှိ။
ဟေဇကိက ဖော်ပြပြီးသောအရာကို နည်းနှစ်နည်းဖြင့် ထပ်၍ပြောသည်မှာ အလေးနက်ပေးချင်သည့်အတွက်ဖြစ်သည်။

သူတို့အားမပြသည့် ငါ၌ရှိသော တန်ဖိုးရှိသောအရာ မရှိ။
"ဘာမှ" နှင့် "မဟုတ်" နှစ်ခုစလုံးဖြင့် အငြင်းမဟုတ်တော့ကြောင်းပြသည်။ ဤပုံကြီးချဲ့ပြောခြင်းမှာ အလေးအနက်ပေးချင်သည့်အတွက် ဖြစ်သည်။ အခြားသောဘာသာပြန် ဆိုချက်၊ "ငါ၌ရှိသည့် တန်ဖိုးရှိသောအရာအားလုံးကို သူတို့အားပြသသည်"

2 Kings 16

ထို့ကြောင့် ဟေရှာယက ဟေဇကိကို ပြောသည်
မည်သည့်အတွက် ဟေရှာယပြောသည်ကို ရှင်းလင်းစွာဖော်ပြရန်လိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထို့ ကြောင့် ဟေဇကိသည် သူ၌ရှိသော တန်ဖိုးရှိသည့်အရာအားလုံးကို လူတို့အားပြရန်မှာ သူသည် အလွန်ရူးအ ကြောင်းကို ဟေရှာယကသိ၍ သူ့ကိုပြောသည်"

ထာဝရဘုရား၏စကားတော်
"စကားတော်" သည် ၎င်း၌ရှိသည့် သတင်းကို ဆိုလို သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား ၏ သတင်း"

ကြည့်ပါ၊ နေ့များသည် လာကြတော့မည်
"ငါ့ကိုနားထောင်ပါ၊ တစ်နေ့မှာ အချိန်ရောက်လာလိမ့် မည်"၊ "ကြည့်ပါ" ကို ဟေရှာယက ပြောချင်သည့်အရာကို အာရုံစိုက်နားထောင်ရန် အာရုံဆွဲခေါ်ရန် သုံးခြင်းဖြစ် သည်။

နေ့ရက်များ
"နေ့များ" သည် မသတ်မှတ်ထားသော အချိန်၏ သက်တမ်းကို ဆိုလိုသည်။

2 Kings 19

သူစဉ်းစားသည့်အတွက်
"ဟေဇကိက စဉ်းစားသည့်အတွက်"

ငါ့လက်ထက်၌ သစ္စာစောင့်ခြင်း၊ ငြိမ်သက်ခြင်းရှိမည်လော။
အဖြေကိုသိပြီးသားဖြစ်သော်လည်း ဟေဇကိက အလေးနက်ပေးချင်သည့်အတွက် သုံးခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါ့လက်ထက်၌ သစ္စာစောင့်ခြင်း၊ ငြိမ်သက်ခြင်းများရှိမည်ဟု ကျိန်းသေ ငါပြောသည်"

ရေကန်
ရေသိုလှောင်ရန် ဧရိယာသေးသည့်နေရာ

ရေပြွန်
ရေသွယ်သည့်တူးမြောင်း

ယုဒရှင်ဘုရင်များ၏ရာဇဝင်ကျမ်းများတွင် သူတို့ရေးမထားသလော။
ဤအရာများကို မှတ်တမ်းတင်ကြောင်း စာဖတ်သူများအား အသိပေးချင်သည့်အတွက်သုံးခြင်းဖြစ်သည်။ 8:22. ၌ မည်သို့ဘာသာပြန်သည်ကို ကြည့်နိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ယုဒရှင်ဘုရင်များ၏ သမိုင်းကျမ်းများ၌ ရေးထားလျက်ရှိသည်"

---

## Translation Questions

2 Kings 20:1

ဟေဇကိမင်းသည် သေနာစွဲသဖြင့်၊ ထာဝရဘုရားသည် သူ့အား ဘာလုပ်ရန် မိန့်တော်မူခဲ့သနည်း။
ဟေဇကိမင်းသည် အသက်မရှင်၊ သေရတော့မည်ဖြစ်၍ ကိုယ်အိမ်အမှုကိုစီရင်ရမည်ဟု မိန့်တော်မူခဲ့သည်။

2 Kings 20:4

ထာဝရဘုရားသည်ဟေဇကိအား ကျန်းမာစေမည့် အကြောင်းသည် ဘာလဲ။
ထာဝရဘုရား သည် သူ၏ပဌနာ စကားကို ကြားပြီး မျက်ရည်ကိုလည်း မြင်သောကြောင့် အနာကိုပျောက်စေလိမ့်မည်။

2 Kings 20:6

ဟေဇကိသည် မည်ကဲ့သို့ ပြန်ကျန်းမာလာခဲ့သနည်း။
သင်္ဘောသဖန်းသီးတစ်ပုံကို သူ့အနာ၌အုံပြီးမှ ပြန်ကျန်းမာလာခဲ့သည်။

2 Kings 20:10

ထာဝရဘုရားသည် မည်ကဲ့သို့ အရိပ်ကိုပြောင်းစေခဲ့သနည်း။
ထာဝရဘုရားသည် အာခတ်၏နေတိုင်း နာရီပေါ်မှာဆယ်ချက်ရွှေ့ပြီးသော အရိပ်ကို ဆယ်ချက်ပြောင်းခဲ့သည်။

2 Kings 20:12

ဟေဇကိမင်းသည် ဗာဗုလုန်မင်းကြီး၏ တမန်တို့အား ဘာကို ပြသခဲ့သနည်း။
ဟေဇကိမင်းသည် ဗာဗုလုန်မင်းကြီး ၏ တမန်တို့အား နန်းတော်မှစ၍ နိုင်ငံတော် အရပ်ရပ်၌ရှိသော အရာအားလုံးကို ပြခဲ့သည်။

2 Kings 20:16

ဟေဇကိ၏ သားမြေးတို့ထံ ဘာဖြစ်လာလိမ့်မည်နည်း။
ဟေဇကိ၏သားမြေးတို့ကို ယူသွား၍၊ သူတို့သည် ဗာဗုလုန်ရှင်ဘုရင်၏ နန်းတော်၌ လူပျိုတော်လုပ်ရကြလိမ့်မည်။

2 Kings 20:19

ဟေဇကိမင်းသည် ထာဝရဘုရား၏ နှုတ်ကပတ်တော်ကောင်းသည်ဟု အဘယ်ကြောင့် ထင်ခဲ့သနည်း။
ဟေဇကိမင်းသည် သူ့လက်ထက်၌ ငြိမ်သက်ခြင်းနှင့် သစ္စာစောင့်ခြင်းရှိလိမ့်မည် ဖြစ်သောကြောင့် ထာဝရ ဘုရား၏ နှုတ်ကပတ်တော်ကောင်းသည်ဟု ထင်ခဲ့သည်။



generated on Tue Jul 2 12:50:28 2024

## Chapter 21

1 မနာရှေသည် အသက်တဆယ်နှစ်နှစ်ရှိသော် နန်းထိုင်၍ ယေရုရှလင်မြို့၌ ငါးဆယ်ငါးနှစ်စိုးစံလေ၏။ မယ်တော်ကား၊
ဟဖ္ဇိဘာအမည်ရှိ၏။ 2 ထိုမင်းသည် ဣသရေလအမျိုးသားရှေ့မှ ထာဝရဘုရားနှင့် ထုတ်တော်မူသော တပါးအမျိုးသား
ရွံရှာဘွယ်ထုံးစံအတိုင်း၊ ထာဝရဘုရား ရှေ့တော်၌ ဒုစရိုက်ကိုပြု၏။ 3 ခမည်းတော်ဟေဇကိ ဖျက်ဆီးသောကုန်းတို့ကို ပြုပြင်၍၊
ဣသရေလရှင်ဘုရင် အာဟပ်ပြုသကဲ့သို့ ဗာလအဘို့ ယဇ်ပလ္လင်တို့ကို တည်၏။ အာရှရပင်ကို လည်း ပြုစု၏။ မိုဃ်းကောင်းကင်
တန်ဆာများကိုလည်း ဝတ်ပြုကိုးကွယ်၏။ 4 ယေရုရှလင်မြို့၌ ငါ့နာမကိုငါတည်စေမည်ဟု ထာဝရဘုရား မိန့်တော်မူသောမြို့၊
ဗိမာန်တော်၌ ယဇ် ပလ္လင်တည်းဟူသော၊ 5 ဗိမာန်တော်တန်တိုင်းနှစ်ရပ်တွင် မိုဃ်း ကောင်းကင်တန်ဆာများ အဘို့
ယဇ်ပလ္လင်တို့ကိုတည်၏။ 6 မိမိသားကို မီးဖြင့်ပူဇော်၏။ ကာလဗေဒင်ကို ကြည့်တတ်၏။ ပြုစားသော အတတ်ကို သုံးဆောင်၍
စုန်းနှင့်နတ်ဝင်တို့ကိုလည်း အခွင့်ပေး၏။ ထာဝရဘုရား ၏ အမျက်တော်ကို နှိုးဆော်ခြင်းငှါ ရှေ့တော်၌ များစွာ သော
ဒုစရိုက်ကိုပြု၏။ 7 ဤဗိမာန်၌၎င်း၊ ဣသရေလခရိုင်များတို့တွင် ငါရွေးကောက်သော ယေရုရှလင်မြို့၌၎င်း၊ ငါ့နာမကို အစဉ်အမြဲ
ငါတည်စေမည်ဟု ထာဝရဘုရားသည် ဒါဝိဒ် နှင့် သားတော်ရှောလမုန်အား မိန့်တော်မူရာ၌၊ ရည် ဆောင်သော ဗိမာန်တော်ထဲမှာ
မိမိပြုစုသော အာရှရ ပင်နှင့်တူအောင် လုပ်သောရုပ်တုကို တင်ထား၏။ 8 ငါမှာထားသမျှအတိုင်း ငါ့ကျွန်မောရှေ မှာထား သမျှသော
တရားအတိုင်း ဣသရေလအမျိုးသားတို့သည် ကျင့်ခြင်းငှါ စောင့်ရှောက်လျှင်၊ သူတို့ဘိုးဘေးတို့အား ငါပေးသော ပြည်မှ သူတို့ကို
နောက်တဖန် ငါမရွှေ့ မပြောင်းစေဟု မိန့်တော်မူသော်လည်း၊ 9 သူတို့သည် နားမထောင်၊ ဣသရေလအမျိုးသား တို့ရှေ့မှာ
ထာဝရဘုရား ဖျက်ဆီးတော်မူသော လူမျိုးတို့ ပြုသည်ထက် သာ၍ ဒုစရိုက်ကိုပြုစေခြင်းငှါ မနာရှေ သည် သွေးဆောင်လေ၏။ 10
ထိုကြောင့် ထာဝရဘုရားသည် မိမိကျွန်ပရောဖက်တို့ဖြင့် မိန့်တော်မူသည်ကား၊ 11 ယုဒရှင်ဘုရင် မနာရှေသည် သူ့ရှေ့မှာ ဖြစ်ဘူး သော
အာမောရိလူတို့ပြုသမျှထက် သာ၍ရွံရှာဘွယ် သော ဤဒုစရိုက်တို့ကို ပြုသောကြောင့်၎င်း၊ မိမိရုပ်တု ဆင်းတုအားဖြင့် ယုဒအမျိုးကို
ပြစ်မှားစေသောကြောင့် ၎င်း၊ 12 ဣသရေလအမျိုး၏ ဘုရားသခင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ သိတင်းကြားသောသူတိုင်း
နားနှစ်ဘက်ခါးစေခြင်းငှါ ငါသည် ယေရုရှလင်မြို့၊ ယုဒ ပြည်၌ ဘေးရောက်စေမည်။ 13 ယေရုရှလင်မြို့ အပေါ်မှာ ရှမာရိမျဉ်းကြိုးနှင့်
အာဟပ်အမျိုး၏ ချိန်ကြိုးကို ငါတန်းချမည်။ ပုကန်ကို သုတ်၍ သုတ်ပြီးမှ မှောက်ထားသကဲ့သို့ ယေရုရှလင်မြို့ကို ငါပြုမည်။ 14
ကျန်ကြွင်းသောငါ့အမွေ လူတို့ကိုငါစွန့်၍ရန်သူလက်သို့ အပ်သဖြင့်၊ သူတို့သည်ရန်သူအပေါင်းတို့၏ လုယက်နှိပ်စက်
ရာဖြစ်ကြလိမ့်မည်။ 15 အကြောင်းမူကား ဘိုးဘေးတို့သည် အဲဂုတ္တု ပြည်က ထွက်သော နေ့မှစ၍ ယနေ့တိုင်အောင် အစဉ်
အဆက်တို့သည် ငါ့ရှေ့မှာ ဒုစရိုက်ကို ပြု၍ ငါ့အမျက်ကို နှိုးဆော်ကြပြီဟု မိန့်တော်မူ၏။ 16 မနာရှေသည် ထာဝရဘုရား ရှေ့တော်၌
ဒုစရိုက်ကိုပြု၍ ယုဒအမျိုးကို ပြစ်မှားစေသောအပြစ်မှ တပါးအပြစ်မရှိသော သူအများတို့ကို သတ်၍ ယေရု ရှလင်မြို့တဘက်မှ
တဘက်တိုင်အောင် သူတို့အသွေးနှင့် ပြည့်စေခြင်းငှါပြု၏။ 17 မနာရှေပြုမူသော အမှုအရာ ကြွင်းလေသမျှ တို့နှင့် ပြစ်မှားသော
အပြစ်တို့သည် ယုဒရာဇဝင်၌ ရေးထားလျက်ရှိ၏။ 18 မနာရှေသည် ဘိုးဘေးတို့နှင့် အိပ်ပျော်၍၊ ဩဇဥယျာဉ်တည်းဟူသော
မိမိအိမ်နှင့်ဆိုင်သော ဥယျာဉ်၌ သင်္ဂြိုဟ်ခြင်းကို ခံလေ၏။ သားတော်အာမုန် သည် ခမည်းတော်အရာ၌ နန်းထိုင်၏။ 19 အာမုန်သည်
အသက်နှစ်ဆယ်နှစ်နှစ်ရှိသော် နန်းထိုင်၍ ယေရုရှလင်မြို့၌ နှစ်နှစ်စိုးစံလေ၏။ မယ်တော်ကား ယုပ္ဘါမြို့သူ ဟာရုပ်သမီး မေရှုလမက်
အမည်ရှိ၏။ 20 ထိုမင်းသည် ခမည်းတော် မနာရှေပြုသကဲ့သို့ ထာဝရဘုရားရှေ့တော်၌ ဒုစရိုက်ကို ပြု၏။ 21
ခမည်းတော်လိုက်သမျှသောလမ်းသို့ လိုက်၏။ ခမည်းတော်ဝတ်ပြုသော ရုပ်တုဆင်းတုတို့ကို ဝတ်ပြု ကိုးကွယ်၏။ 22 ဘိုးဘေးတို့၏
ဘုရားသခင် ထာဝရဘုရားကို စွန့်၍ ထာဝရဘုရား၏ လမ်းတော်ကိုလွှဲရှောင်၏။ 23 မိမိကျွန်တို့သည် သင်းဖွဲ့၍ ရှင်ဘုရင်ကို
နန်းတော်၌ လုပ်ကြံကြ၏။ 24 အာမုန်မင်းကြီးတဘက်၌ သင်းဖွဲ့သော သူ အပေါင်းတို့ကို ပြည်သူပြည်သားတို့သည် ကွပ်မျက်၍
သားတော်ယောရှိကို ခမည်းတော်အရာ၌ နန်းတင်ကြ၏။ 25 အာမုန်ပြုမူသော အမှုအရာ ကြွင်းလေသမျှတို့ သည် ယုဒရာဇဝင်၌
ရေးထားလျက်ရှိ၏။ 26 ဩဇဥယျာဉ်တွင် မိမိသင်္ချိုင်းတွင်း၌ သင်္ဂြိုဟ် ခြင်းကိုခံ၍၊ သားတော်ယောရှိသည် ခမည်းတော်အရာ၌
နန်းထိုင်၏။


generated on Tue Jul 2 12:50:28 2024

## Chapter 22

1 ယောရှိသည် အသက်ရှစ်နှစ်ရှိသော် နန်းထိုင်၍ ယေရုရှလင်မြို့၌ သုံးဆယ်တနှစ်စိုးစံလေ၏။ မယ်တော် ကား၊
ဗောဇကတ်မြို့သားအဒါယ၏သမီး ယေဒိဒ အမည်ရှိ၏။ 2 ထိုမင်းသည် ထာဝရဘုရားရှေ့တော်၌ တရား သောအမှုကိုပြု၍
လက်ျာဘက်လက်ဝဲဘက်သို့မလွှဲ၊ အဘဒါဝိဒ်လိုက်သမျှသောလမ်းသို့ လိုက်လေ၏။ 3 ယောရှိမင်းကြီးနန်းစံဆယ်ရှစ်နှစ်တွင်၊ မေရှုလံ
သားဖြစ်သော အာဇလိ၏သား စာရေးတော်ရှာဖန်ကို ခေါ်၍ သင်သည် ယဇ်ပုရောဟိတ်မင်း ဟိလခိထံသို့ သွားလော့။ 4
ဗိမာန်တော်သို့ဆောင်ခဲ့၍ လူများလက်မှ တံခါး စောင့်ခံယူသော ငွေကို ယဇ်ပုရောဟိတ်မင်း ရေတွက် သဖြင့်၊ 5 ဗိမာန်တော်အုပ်၊
အမှုတော်စောင့်တို့၌အပ်၍၊ ဗိမာန်တော်ပြိုပျက်ရာကို ပြုပြင်ခြင်းငှါ လုပ်ဆောင်သော သူ၊ 6 လက်သမားနှင့် ပန်းရန်သမားလုပ်သည်
အတွက်၊ ဗိမာန်တော်ပြုပြင်စရာ ကျောက်နှင့် သစ်သားကို ဝယ်သည်အတွက် ဝေပေးရမည်အကြောင်း မှာထား၍ ဗိမာန်တော်သို့
စေလွှတ်တော်မူ၏။ 7 သို့ရာတွင် ထိုငွေကို လက်ခံသော သူတို့သည် သစ္စာစောင့်သော သူဖြစ်သောကြောင့် စာရင်းမပေး ရကြ။ 8
ယဇ်ပုရောဟိတ်မင်းဟိလခိကလည်း၊ ပညတ္တိ ကျမ်းစာစောင်ကို ဗိမာန်တော်၌ ငါတွေ့ပြီဟု စာရေး တော်ရှာဖန်အားဆိုလျက်၊
ကျမ်းစာကို အပ်၍ စာရေး တော်ဘတ်၏။ 9 တဖန်စာရေးတော်ရှာဖန်သည် ရှင်ဘုရင်ထံသို့ သွား၍၊ ကိုယ်တော်ကျွန်တို့သည်
ဗိမာန်တော်၌ တွေ့သော ငွေကိုမှုတ်ပြီးမှ၊ ဗိမာန်တော်အုပ်၊ အမှုတော်စောင့်တို့၌ အပ်ပါပြီဟူ၍၎င်း၊ 10 ယဇ်ပုရောဟိတ်ဟိလခိသည်
ကျွန်တော်၌ စာစောင်ကိုအပ်ပါပြီဟူ၍၎င်း ကြားလျှောက်လျက်၊ ရှင်ဘုရင်ရှေ့တော်၌ ဘတ်ရွတ်လေ၏။ 11 ရှင်ဘုရင်သည်
ပညတ္တိကျမ်းစကားကိုကြားလျှင်၊ မိမိအဝတ်ကို ဆုတ်၍၊ 12 ယဇ်ပုရောဟိတ်ဟိလခိ၊ ရှာဖန်သားအဟိကံ၊ မိက္ခာသား အာခဗော်၊
စာရေးတော်ရှာဖန်၊ မိမိကျွန် အသဟိကိုခေါ်၍၊ 13 ယခုတွေ့သော ကျမ်းစကားကြောင့် ငါ့အတွက်၊ လူများအတွက်၊
ယုဒအမျိုးသားအပေါင်းတို့အတွက် ထာဝရဘုရား၌ မေးလျှောက်ကြပါ။ ငါတို့အဘို့ ဤကျမ်း စာ၌ ရေးထားသမျှသော စကားတို့ကို
ဘိုးဘေးတို့သည် နားမထောင်မကျင့်ဘဲနေသောကြောင့်၊ ထာဝရဘုရား သည် ငါတို့၌ ပြင်းစွာ အမျက်ထွက်တော်မူလိမ့်မည်ဟု
မိန့်တော်မူ၏။ 14 ထိုကာလတွင်၊ ဟရဟတ်သားဖြစ်သော တိကဝ ၏သား၊ အချုပ်ဝန်ရှလ္လုံ၏မယား၊ ပရောဖက်မဟုလဒ သည်
ယေရုရှလင်ပြင်မြို့၌နေသည် ဖြစ်၍၊ ယဇ်ပုရော ဟိတ် ဟိလခိ၊ အဟိကံ၊ အာခဗော်၊ ရှာဖန်၊ အသဟိတို့ သည်ထိုမိန်းမထံသို့သွား၍
ပြောဆိုကြ၏။ 15 မိန်းမကလည်း၊ ငါ့ထံသို့စေလွှတ်သောသူထံသို့ သင်တို့ပြန်၍ ဆင့်ဆိုရသော ဣသရေလအမျိုး၏ ဘုရား
သခင်ထာဝရဘုရား၏ အမိန့်တော်ဟူမူကား၊ 16 ယုဒရှင်ဘုရင် ဘတ်သော ကျမ်းစကားလာသမျှ အတိုင်း ငါသည် ဤအရပ်၌၎င်း၊
ဤအရပ်သားတို့၌၎င်း၊ ဘေးရောက်စေမည်။ 17 အကြောင်းမူကား၊ သူတို့သည် ငါ့ကိုစွန့်ကြပြီ။ မိမိလုပ်သော အရာတို့ဖြင့်
ငါ့အမျက်ကိုနှိုးဆော်ခြင်းငှါ အခြားတပါးသော ဘုရားတို့ရှေ့မှာ နံ့သာပေါင်းကို မီးရှို့ ကြပြီ။ ထိုကြောင့်ဤအရပ်၌ ငါ့အမျက်မီးသည်
မငြိမ်းဘဲ လောင်ရလိမ့်မည်ဟု မိန့်တော်မူ၏။ 18 ထာဝရဘုရားကို မေးလျှောက်စေခြင်းငှါ သင်တို့ ကို စေလွှတ်သော ယုဒရှင်ဘုရင်
ကြားသော ကျမ်းစကား ကို ရည်ဆောင်၍၊ ဣသရေလအမျိုး ၏ဘုရားသခင် ထာဝရဘုရားမိန့်တော်မူကြောင်းကို ထိုရှင်ဘုရင်အား
တဖန် ပြန်လျှောက်ရမည်ကား၊ 19 ဤအရပ်သားတို့သည် ဖျက်ဆီးရာနှင့်ကျိန်ဆဲရာ ဖြစ်ရကြလိမ့်မည်ဟု ဤအရပ်ကို၎င်း၊
ဤအရပ်သား တို့ကို၎င်း၊ ငါခြိမ်းချောက်သော စကားကို သင်သည် ကြား သောအခါ၊ နူးညံ့သောစိတ်ရှိ၍ ထာဝရဘုရားရှေ့တော်၌
ကိုယ်ကိုနှိမ့်ချခြင်း၊ ကိုယ်အဝတ်ကိုဆုတ်ခြင်း၊ ငါ့ရှေ့မှာ ငိုကြွေးခြင်းကို ပြုသောကြောင့် သင့်စကားကို ငါနား ထောင်၏။ 20
ငါသည်သင့်ကို ဘိုးဘေးစုဝေးရာသို့ပို့ဆောင်၍၊ သင်သည် ငြိမ်ဝပ်စွာသင်္ချိုင်းသို့ ရောက်ရလိမ့်မည်။ ဤအရပ်၌ ငါရောက်စေအံ့သော
ဘေးကို သင့်ကိုယ်တိုင် မတွေ့မမြင်ရဟု မိန့်တော်မူကြောင်းကို ဆင့်ဆိုသည် အတိုင်း သူတို့သည် ရှင်ဘုရင်အား ပြန်လျှောက်ကြ၏။


generated on Tue Jul 2 12:50:28 2024

# Chapter 23

1 ထိုအခါရှင်ဘုရင်သည် ယုဒပြည်သူ ယေရု ရှလင်မြို့သား အသက်ကြီးသူအပေါင်းတို့ကို ခေါ်၍၊ 2 ယုဒပြည်သူယေရုရှလင်မြို့သား၊
ယဇ်ပုရော ဟိတ်၊ ပရောဖက်၊ လူအကြီးအငယ်အပေါင်းတို့နှင့်တကွ ဗိမာန်တော်သို့တက်၍၊ ဗိမာန်တော်၌ တွေ့သော
ပဋိညာဉ်ကျမ်းစာရှိသမျှကို သူတို့ရှေ့မှာ ဘတ်တော်မူ၏။ 3 ရှင်ဘုရင်ကလည်း၊ ထာဝရဘုရားကို ဆည်းကပ် ပါမည်။
စီရင်ထုံးဖွဲ့ချက်ပညတ်တရားကို စိတ်နှလုံး အကြွင်းမဲ့စောင့်ရှောက်ပါမည်။ ဤကျမ်းစာ၌ပါသော ပဋိညာဉ်စကားအတိုင်း
ကျင့်ပါမည်ဟု တိုင်နားမှာ ရပ်၍ အဓိဋ္ဌာန်ပြု၏။ လူအပေါင်းတို့သည်လည်း ထိုအဓိဋ္ဌာန်ကိုဝန်ခံကြ၏။ 4
နောက်တဖန်ယဇ်ပုရောဟိတ်မင်း ဟိလခိ၊ ဒုတိယယဇ် ပုရောဟိတ်များနှင့် တံခါးစောင့်များတို့သည် ဗာလဘုရား၊ အာရှရပင်၊
မိုဃ်းကောင်းကင် တန်ဆာအဘို့ လုပ်သမျှသော အသုံးအဆောင်တို့ကို ဗိမာန် တော်ထဲက ထုတ်မည်အကြောင်း ရှင်ဘုရင်စီရင်သဖြင့်၊
ယေရုရှလင် မြို့ပြင်၊ ကေဒြုန်တောင်၌ မီးရှို့၍ပြာကို ဗေသလမြို့သို့ ဆောင်သွားကြ၏။ 5 ယေရုရှလင်မြို့ပတ်လည် အစရှိသော
ယုဒမြို့ ရွာ၌ မြင့်သော အရပ်တို့အပေါ်မှာ နံ့သာပေါင်းကို မီးရှို့ စေခြင်းငှါ၊ ယုဒရှင်ဘုရင် ခန့်ထားသော ယဇ်ပုရောဟိတ် တို့ကိုင်၄င်း၊
ဗာလဘုရား၊ နေလရာသီစောင့် အစရှိသော မိုဃ်းကောင်းကင်တန်ဆာတို့အား နံ့သာပေါင်းကို မီးရှို့ သော သူတို့ကိုင်၄င်း၊
သုတ်သင်ပယ်ရှင်းတော်မူ၏။ 6 အာရှရပင်ကိုလည်း ဗိမာန်တော်ထဲကထုတ်၍ ယေရုရှလင်မြို့ပြင်၊ ကေဒြုန်ချောင်းသို့ ယူသွားသဖြင့်၊
ထိုချောင်းနားမှာ မီးရှို့ပြီးလျှင် ညက်ညက်ချေ၍၊ အမှုန့်ကို ဆင်းရဲသားသင်္ချိုင်းပေါ်မှာ ဖြန့်ဖြူးတော်မူ၏။ 7 မိန်းမတို့သည်
အာရှရပင်အဘို့ ကုလားကာကို ရက်ရာအရပ် ဗိမာန်တော်နားမှာ ယောကျ်ားအလိုသို့ လိုက်တတ်သော မိန်းမလျာတို့
နေရာအိမ်များကိုလည်း ဖျက်တော်မူ၏။ 8 ယဇ်ပုရောဟိတ်အပေါင်းတို့ကို ယုဒမြို့ရွာတို့မှ မခေါ်ခဲ့၍၊ သူတို့သည်
နံ့သာပေါင်းကိုမီးရှို့ရာမြင့်သော အရပ်များကို ဂေဗမြို့မှစ၍ ဗေရရှေဘမြို့တိုင်အောင် ညစ်ညူးစေတော်မူ၏။ ယေရုရှလင်မြို့ဝန်
ယောရှု၏ တံခါးဝလက်ဝဲဘက်နားမှာတည်သော မြို့တံခါး၏ ကုန်း တို့ကိုလည်း ဖြိုဖျက်တော်မူ၏။ 9 မြင့်သောအရပ်နှင့်ဆိုင်သော
ယဇ်ပုရောဟိတ် တို့သည်၊ ယေရုရှလင်မြို့ဗိမာန်တော် ယဇ်ပလ္လင်နားသို့ မချဉ်းရဘဲ၊ အပေါင်းအဘော်တို့နှင့် တဆေးမဲ့မုန့်ကို စားရ
သော အခွင့်သာရှိကြ၏။ 10 အဘယ်သူမျှ မိမိသားသမီးကို မောလုတ်ဘုရား အား မီးဖြင့် မပူဇော်နိုင်မည်အကြောင်း၊ ဟိန္နုံသား၏
ချိုင့်၌ရှိသော တောဖက်အရပ်ကိုလည်း ညစ်ညူးစေတော် မူ၏။ 11 ယုဒရှင်ဘုရင်တို့သည် နေကိုပူဇော်၍၊ ဗိမာန် တော်ဝင်းပြင်
အရာရှိနာသမ္မေလက်အိမ်နား၊ ဝင်းတော် တံခါးဝ၌ထားသော မြင်းတို့ကိုလည်း ပယ်ရှား၍ နေရထားတို့ကိုလည်း မီးရှို့တော်မူ၏။ 12
ယုဒရှင်ဘုရင်တို့သည် အာဟပ်မင်းတိုက်တော် အထက်ဆင့် အပေါ်မှာတည်ထားသော ယဇ်ပလ္လင်တို့နှင့် မနာရှေမင်းသည်
ဗိမာန်တော်တန်တိုင်းနှစ်ရပ်တွင် တည်ထားသော ပလ္လင်တို့ကို ရှင်ဘုရင်ဖြိုချ ချေဖျက်၍ အမှုန့်ကို ကေဒြုန်ချောင်းထဲသို့ ပစ်တော်မူ၏။
13 ဣသရေလရှင်ဘုရင်ရှောလမုန်သည် ယေရုရှလင်မြို့အရှေ့၊ ဖျက်ဆီးခြင်းတောင်လက်ျာဘက်၌ ရွံရှာဘွယ်သော
ဇိဒုန်ဘုရားအာရှတရက်၊ ရွံရှာဘွယ် သော မောဘဘုရား ခေမုရှ၊ ရွံရှာဘွယ်သော အမ္မုန်ဘုရားမိလကုံအဘို့ တည်သော ကုန်းတို့ကို
လည်း ရှင်ဘုရင် ညစ်ညူးစေတော်မူ၏။ 14 ရုပ်တုဆင်းတုတို့ကို ချိုးဖွဲ့၍ အာရှရပင်တို့ကို ခုတ်လှဲပြီးမှ၊ သူတို့တည်ရာအရပ်များကို
လူသေအရိုးတို့ နှင့် ပြည့်စေတော်မူ၏။ 15 ဣသရေလအမျိုးကို ပြစ်မှားစေသော နေဗတ် ၏သား ယေရောဗောင်သည်၊
ဗေသလမြို့၌တည်သော ကုန်းနှင့် ယဇ်ပလ္လင်ကိုလည်း ဖြိုချ၍ မီးရှို့ပြီးမှ ညက် ညက်ခြေတော်မူ၏။ အာရှရပင်ကိုလည်း
မီးရှို့တော်မူ၏။ 16 ယောရှိမင်းသည် လှည့်လည်၍ ကြည့်ရှုလျက်၊ ထိုတောင်ပေါ်မှာရှိသော သင်္ချိုင်းကို မြင်သောအခါ၊ လူကို
စေလွှတ်၍ ထိုသင်္ချိုင်းထဲက လူသေအရိုးတို့ကို ထုတ်ပြီး လျှင်၊ ထိုအမှုကို အထက်ကဘော်ပြသော ဘုရားသခင် ၏လူ ဆင့်ဆိုသော
ထာဝရဘုရား၏ စကားတော်အတိုင်း၊ အရိုးတို့ကို ယဇ်ပလ္လင်ပေါ်မှာ မီးရှို့၍ညစ်ညူးစေတော် မူ၏။ 17 ယောရှိမင်းကလည်း၊
ငါမြင်သော ထိုမှတ် ကျောက်ကား အဘယ်သို့နည်းဟုမေးလျှင်၊ မြို့သားတို့က၊ ကိုယ်တော်သည် ဗေသလယဇ် ပလ္လင်၌ပြုတော်မူသော
အမှုကို၊ ယုဒပြည်မှလာ၍ ဘော်ပြသော ဘုရားသခင်၏ လူသင်္ချိုင်းဖြစ်ပါသည်ဟု ပြန်လျှောက်ကြသော်၊ 18 ရှင်ဘုရင်က၊ ရှိစေလော့။
ထိုသူ၏အရိုးတို့ကို အဘယ်သူမျှ မရွှေ့စေနှင့်ဟု မိန့်တော်မူသည်အတိုင်း သူ၏ အရိုးတို့နှင့် ရှမာရိမြို့မှ လာသောပရောဖက်အရိုး
တို့ကို ရှိစေကြ၏။ 19 ဣသရေလရှင်ဘုရင်တို့သည် အမျက်တော်ကို နှိုးဆော်ခြင်းငှါ၊ ရှမာရိမြို့ရွာတို့၌ မြင့်သောအရပ်ပေါ်မှာ
တည်လုပ်သောအိမ်ရှိသမျှတို့ကိုလည်း ယောရှိမင်းသည် ပယ်ရှား၍၊ ဗေသလမြို့၌ ပြုသမျှအတိုင်း ပြုတော်မူ၏။ 20 မြင့်သော
အရပ်နှင့် ဆိုင်သောယဇ်ပုရောဟိတ် အပေါင်းတို့ကိုလည်း ယဇ်ပလ္လင်ပေါ်မှာ ကွပ်မျက်၍၊ လူသေအရိုးတို့ကို မီးရှို့ပြီးမှ
ယေရုရှလင်မြို့သို့ ပြန်တော် မူ၏။ 21 တဖန်ရှင်ဘုရင်ကလည်း၊ ဤပဋိညာဉ်ကျမ်းစာ ၌လာသည်အတိုင်း၊
သင်တို့၏ဘုရားသခင်ထာဝရဘုရား အား ပသခါပွဲကို ဆောင်ကြလော့ဟု လူအပေါင်းတို့ကို မိန့်တော်မူ၏။ 22 အကယ်၍
ဣသရေလအမျိုးကို အုပ်စိုးသော တရားသူကြီးလက် ထက်မှစ၍၊ ဣသရေလရှင်ဘုရင်နှင့် ယုဒရှင်ဘုရင်လက်ထက် ကာလပတ်လုံး၊
ထိုသို့သော ပသခါပွဲကို တခါမျှမဆောင်ကြ။ 23 ယောရှိမင်းကြီးနန်းစံ ဆယ်ရှစ်နှစ်တွင် ထိုပွဲကို ယေရုရှလင်မြို့၌ ထာဝရဘုရားအား
ဆောင်ကြသတည်း။ 24 ထိုမှတပါး၊ ဗိမာန်တော်၌ ယဇ်ပုရောဟိတ် ဟိလ ခိတွေ့သော ကျမ်းစာ၌ပါသော စကားအတိုင်း ကျင့်လို
သောငှါ၊ ယောရှိမင်းသည် စုန်း၊ နတ်ဝင်၊ တေရပ် ရုပ်တုမှ စ၍ ရုပ်တုဆင်းတုများကိုင်၄င်း၊ ယေရုရှလင်မြို့နှင့် ယုဒ ပြည်လုံးတွင်
ရွံရှာဘွယ်သောအရာ တွေ့သမျှတို့ကိုင်၄င်း၊ သုတ်သင် ပယ်ရှင်းတော်မူ၏။ 25 မောရှေတရား၌ ပါသမျှကို ကျင့်သဖြင့်၊ စိတ် နှလုံး
အကြွင်းမဲ့အစွမ်းသတ္တိရှိသမျှနှင့် ထာဝရဘုရား အထံတော်သို့ ပြောင်းလဲ၍၊ ယောရှိမင်းနှင့်တူသော ရှင်ဘုရင်တယောက်မျှ မဖြစ်စဖူး။


generated on Tue Jul 2 12:50:28 2024

နောင်ကာလ၌လည်း မပေါ်မရှိ။ [26] သို့ရာတွင် မနာရှေသည် ထာဝရဘုရား၏ အမျက်တော်ကို နှိုးဆော်ခြင်းငှါ၊ ပြစ်မှားသော အပြစ်
ရှိသမျှတို့ကြောင့်၊ ယုဒအမျိုး၌ ပြင်းစွာ အမျက်ထွက်၍ စိတ်တော်မပြေ။ [27] ဣသရေလအမျိုးကို ငါမျက်မှောက်မှ ပယ်ရှား သကဲ့သို့
ယုဒအမျိုးကိုလည်း ငါပယ်ရှားမည်။ ငါရွေးချယ် သော ယေရုရှလင်မြို့ကိုငင်း၊ အကြင်ဗိမာန်၌ငါ့နာမကို ငါတည်စေမည်ဟု ငါဆိုသော
ဗိမာန်ကိုငင်း၊ ငါစွန့်ပစ် မည်ဟု မိန့်တော်မူ၏။ [28] ယောရှိပြုမူသော အမှုအရာကြွင်းလေသမျှတို့ သည် ယုဒရာဇဝင်၌
ရေးထားလျက်ရှိ၏။ [29] ထိုမင်းလက်ထက်၌ အဲဂုတ္တု ဖာရောဘုရင် နေခေါသည် ဥဖရတ်မြစ်တိုင်အောင် အာရှုရိရှင်ဘုရင်ကို စစ်ချီ၍၊
ယောရှိမင်းကြီးသည် ဆီးတားခြင်းငှါ ထွက်ရာ တွင်၊ မေဂိဒ္ဒေါမြို့မှာ မင်းချင်းတွေ့သောအခါ၊ ယောရှိမင်း သည် အသက်ဆုံးလေ၏။
[30] ကျွန်တို့သည် ရထားတော်ပေါ်မှာ တင်ပြီးလျှင်၊ မင်းကြီးသေစဉ်တွင် မေဂိဒ္ဒေါမြို့မှ ယေရုရှလင်မြို့သို့ ဆောင်သွား၍
သင်္ချိုင်းတော်၌ သင်္ဂြိုဟ်ကြ၏။ ပြည်သူ ပြည်သားတို့သည် ယောရှိသားယောခတ်ကို ယူ၍ဘိသိတ် ပေးလျက် ခမည်းတော်အရာ၌
နန်းတင်ကြ၏။ [31] ယောခတ်သည် အသက်နှစ်ဆယ်သုံးနှစ်ရှိသော်၊ နန်းထိုင်၍ ယေရုရှလင်မြို့၌ သုံးလစိုးစံလေ၏။ မယ်တော်ကား၊
လိဗနမြို့သား ယေရမိ၏ သမီးဟာမုတာလ အမည်ရှိ၏။ [32] ထိုမင်းသည် ဘိုးဘေးပြုသမျှအတိုင်း ထာဝရ ဘုရား ရှေ့တော်၌
ဒုစရိုက်ကိုပြု၏။ [33] ဖာရောနေခေါသည် ထိုမင်းကို ယေရုရှလင် မြို့မှာ မင်းမပြုစေခြင်းငှါ ဟာမတ်ပြည်၊ ရိဗလမြို့မှာ
အကျဉ်းထား၍၊ ယုဒပြည်၌ ငွေအခွက်တထောင်နှင့် ရွှေအခွက် တဆယ်ကိုအခွန် တောင်းလေ၏။ [34] ဖာရော နေခေါသည်လည်း၊
ယောရှိသား ဧလျာ ကိမ်ကို ခမည်းတော်အရာ၌ နန်းတင်၍ ယောယကိမ် အမည်သစ်ကိုပေး၏။ ယောခတ်ကို အဲဂုတ္တု ပြည်သို့ယူသွား၍
ထိုပြည်၌ ယောခတ်သည်သေ၏။ [35] ယောယကိမ်သည်လည်း ဖာရောဘုရင် အမိန့် တော်အတိုင်း၊ တပြည်လုံးတွင် ရွှေငွေခွဲ၍
ဖာရောဘုရင် အား အခွန်ဆက်ရ၏။ ပြည်သူပြည်သား အသီးအသီး တို့ကို ရွှေငွေခွဲသည်အတိုင်း၊ ကျပ်တည်းစွာ တောင်း၍
ဖာရောနေခေါအား ဆက်လေ၏။ [36] ယောယကိမ်သည် အသက်နှစ်ဆယ်ငါးနှစ် ရှိသော် နန်းထိုင်၍ ယေရုရှလင်မြို့၌ တဆယ်တနှစ်
စိုးစံလေ၏။ မယ်တော်ကား၊ ရုမမြို့သား ပေဒါယ၏သမီး ဇေဗုဒအမည်ရှိ၏။ [37] ထိုမင်းသည် ဘိုးဘေးပြုသမျှအတိုင်း ထာဝရ
ဘုရားရှေ့တော်၌ ဒုစရိုက်ကို ပြု၏။

## Chapter 24

1 ယောယကိမ်မင်းလက်ထက် ဗာဗုလုန်ရှင်ဘုရင် နေဗုခဒ်နေဇာသည် ချီလာ၍၊ ယောယကိမ်သည် သုံးနှစ် ကျွန်ခံပြီးမှ တဖန်လှန်ပြန်၍
ပုန်ကန်လေ၏။ 2 ထာဝရဘုရားသည် မိမိကျွန်ပရောဖက်တို့ဖြင့် မိန့်တော်မူသော စကားတော်အတိုင်း၊ ယုဒပြည်ကို
ဖျက်သိမ်းစေခြင်းငှါ၊ ခါလဒဲတပ်သား၊ ရှုရိတပ်သား၊ မောဘတပ်သား၊ အမ္မုန်တပ်သားတို့ကို စစ်ချီစေတော် မူ၏။ 3
မနောရှမင်းပြုမိသမျှသောအပြစ်၊ 4 အသေမခံထိုက်သော သူတို့ကို သတ်၍ သူတို့ အသွေးနှင့် ယေရုရှလင်မြို့ကို ပြည့်စေသော
အပြစ်များ ကို ထာဝရဘုရားသည် လွှတ်တော်မမူ။ ယုဒအမျိုးကို မျက်မှောက်တော်မှ ပယ်ရှားလိုသောငှါ စီရင်တော်မူသည်
အတိုင်းသာ ထိုအမှုရောက်သတည်း။ 5 ယောယကိမ်ပြုမူသော အမှုအရာကြွင်းလေ သမျှတို့သည် ယုဒရာဇဝင်၌ ရေးထားလျက်ရှိ၏။
6 ယောယကိမ်သည် ဘိုးဘေးတို့နှင့် အိပ်ပျော်၍၊ သားတော် ယေခေါနိသည် ခမည်းတော်အရာ၌ နန်းထိုင်၏။ 7 အဲဂုတ္တုမြစ်မှစ၍
ဥဖရတ်မြစ်တိုင်အောင် အဲဂုတ္တုရှင်ဘုရင်ပိုင်သမျှသော မြေကို ဗာဗုလုန်ရှင်ဘုရင် သောကြောင့်၊ နောက်တဖန် အဲဂုတ္တုရှင်ဘုရင်သည်
မိမိပြည်မှ မချီမထွက်ရ။ 8 ယေခေါနိသည် အသက်ဆယ်ရှစ်နှစ်ရှိသော် နန်းထိုင်၍ ယေရုရှလင်မြို့၌ သုံးလစိုးစံလေ၏။
မယ်တော်ကား၊ ယေရုရှလင်မြို့သား ဧလနာ သန်၏သမီး နဟုတ္တာအမည်ရှိ၏။ 9 ထိုမင်းသည် ခမည်းတော်ပြုသမျှအတိုင်း
ထာဝရဘုရား ရှေ့တော်၌ဒုစရိုက်ကိုပြု၏။ 10 ထိုကာလ၌ ဗာဗုလုန်ရှင်ဘုရင် နေဗုခဒ်နေဇာ ၏ ကျွန်တို့သည်
ယေရုရှလင်မြို့သို့စစ်ချီ၍ ဝိုင်းထားကြ ၏။ 11 ဗာဗုလုန်ရှင်ဘုရင် နေဗုခဒ်နေဇာသည် ကိုယ်တိုင်ရောက်၍၊ သူ၏ကျွန်တို့သည် မြို့ကို
ဝိုင်းထား ကြသောအခါ၊ 12 ယုဒရှင်ဘုရင် ယေခေါနိသည် မယ်တော်မှစသော ကျွန်၊ မှူးမတ်၊ အရာရှိတို့နှင့်တကွ ဗာဗုလုန်
ရှင်ဘုရင်ထံသို့ ထွက်၍ ဗာဗုလုန်ရှင်ဘုရင်သည် နန်းစံ ရှစ်နှစ်တွင် ယုဒရှင်ဘုရင်ကိုရ၏။ 13 ထာဝရဘုရား မိန့်တော်မူဘူးသည်အတိုင်း
ဗိမာန်တော်ဘဏ္ဍာနှင့် နန်းတော်ဘဏ္ဍာရှိသမျှကို သိမ်း သွား၍၊ ဗိမာန်တော်အဘို့ ဣသရေလ ရှင်ဘုရင်လုပ် သော
ရွှေတန်ဆာအလုံးစုံတို့ကို အပိုင်းပိုင်းဖြတ်လေ၏။ 14 ယေရုရှလင်မြို့သား မှူးမတ်၊ ခွန်အားကြီးသော စစ်သူရဲတသောင်း၊
အထူးထူးအပြားပြားသော ဆရာ သမားအပေါင်းတို့ကို သိမ်းသွား၍၊ သာမညဆင်းရဲသားမှ တပါးအဘယ်သူမျှ မကျန်ကြွင်းရ။ 15
ယေခေါနိနှင့် မယ်တော်အစရှိသော မိဖုရား များ၊ အရာရှိများ၊ အားကြီးသော ပြည်သားများ အပေါင်း၊ 16 စစ်တိုက်ခြင်းငှါ
တတ်စွမ်းနိုင်သောသူ ရှိသမျှ၊ ခွန်အားကြီးသော လူခုနစ်ထောင်၊ အထူးထူးအပြား အပြားသော ဆရာသမားတထောင်တို့ကို
ယေရုရှလင် မြို့မှ ဗာဗုလုန်မြို့သို့ လက်ရသိမ်းသွားလေ၏။ 17 ဗာဗုလုန် ရှင်ဘုရင်သည် ယေခေါနိ ဘထွေး တော်မဿနိကို
ဇေဒကိအမည်ဖြင့်မှည့်၍ ယေခေါနိ အရာ၌ နန်းတင်၏။ 18 ဇေဒကိသည် အသက်နှစ်ဆယ်တနှစ်ရှိသော် နန်းထိုင်၍
ယေရုရှလင်မြို့၌တဆယ်တနှစ်စိုးစံလေ၏။ မယ်တော်ကား၊ လိဗနမြို့သား ယေရမိ၏သမီး ဟာမု ဘာလအမည်ရှိ၏။ 19 ထိုမင်းသည်
ယောယကိမ်ပြုသမျှအတိုင်း ထာဝရဘုရား ရှေ့တော်၌ ဒုစရိုက်ကိုပြု၏။ 20 ထာဝရဘုရားသည် ယုဒပြည်သူ ယေရုရှလင်
မြို့သားတို့ကို အထံတော်မှ မနှင့်ထုတ်မှီတိုင်အောင် အမျက်ထွက်တော်မူ၍၊ ဇေဒကိမင်းသည် ဗာဗုလုန် ရှင်ဘုရင်ကို ပုန်ကန်လေ၏။


generated on Tue Jul 2 12:50:28 2024

## Chapter 25

1 ဇေဒကိမင်းနန်းစံကိုးနှစ်၊ ဒသမလဆယ်ရက် နေ့တွင် ဗာဗုလုန်ရှင်ဘုရင် နေဗုခဒ်နေဇာသည် ဗိုလ်ခြေ အပေါင်းတို့နှင့်တကွ
ယေရုရှလင်မြို့သို့ စစ်ချီသဖြင့်၊ မြို့ပတ်လည်၌တပ်ချ၍ မြေကတုပ်တို့ကို တူးလုပ်ပြီးမှ၊ 2 ဇေဒကိမင်း နန်းစံတဆယ်တနှစ်တိုင်အောင်
မြို့ကိုဝိုင်းထားလေ၏။ 3 ထိုနှစ်စတုတ္ထလကိုးရက်နေ့တွင်၊ မြို့ထဲမှာ အလွန်အစာအာဟာရခေါင်းပါးသဖြင့်၊ မြို့သူမြို့သားတို့ သည်
စားစရာမရှိသောအခါ၊ 4 ခါလဒဲ လူတို့သည်မြို့ရိုးကို ဖြိုဖောက်၍ မြို့ကို လည်း ဝိုင်းနေသောကြောင့်၊ မြို့သားစစ်သူရဲအပေါင်းတို့
သည် ညဉ့်အခါ ပြေး၍မြို့ရိုးနှစ်ထပ်စပ်ကြား ဥယျာဉ် တော်နားတံခါးဝဖြင့် ထွက်ပြီးမှ လွင်ပြင်သို့ သွားကြ၏။ 5
ခါလဒဲစစ်သူရဲတို့သည် ရှင်ဘုရင်ကို လိုက်၍ ယေရိခေါလွင်ပြင်၌ မှီသဖြင့်၊ ဇေဒကိမင်း၏ စစ်သူရဲ အပေါင်းတို့သည် လွင့်ပြေးကြ၏။
6 ရန်သူတို့သည် ရှင်ဘုရင်ကိုဘမ်းဆီး၍ ဗာဗုလုန် ရှင်ဘုရင်ရှိရာ ရိဗလမြို့သို့ ဆောင်သွားကြ၏။ ဗာဗုလုန် ရှင်ဘုရင်သည်
ဇေဒကိမင်း၏အမှုကို စစ်ကြောစီရင်သည် အတိုင်း၊ 7 ဇေဒကိမင်း၏ သားတို့ကို အဘမျက်မှောက်၌ သတ်ကြ၏။
ဇေဒကိမျက်စိကိုလည်း ဖောက်ပြီးမှ၊ သူကိုကြေးဝါးကြိုးနှင့်ချည်နှောင်၍ ဗာဗုလုန်မြို့သို့ ယူသွား ကြ၏။ 8 ဗာဗုလုန်ရှင်ဘုရင်
နေဗုခဒ်နေဇာနန်းစံ ဆယ် ကိုးနှစ်၊ ပဥ္စမလ ခုနစ်ရက်နေ့တွင်၊ အမှုတော်ထမ်း ကိုယ်ရံတော်မှူးနေဗုဇာရဒန်သည် ယေရုရှလင်မြို့သို့
လာ၍၊ 9 ဗိမာန်တော်၊ နန်းတော်၊ မင်းအိမ်၊ ဆင်းရဲသား အိမ်ရှိသမျှတို့ကို မီးရှို့လေ၏။ 10 ကိုယ်ရံတော်မှူး၌ပါသော ခါလဒဲစစ်သူရဲ
အပေါင်းတို့သည် ယေရုရှလင်မြို့ရိုးရှိသမျှတို့ကို ဖြိုဖျက် ကြ၏။ 11 ထိုအခါကိုယ်ရံတော်မှူး နေဗုဇာရဒန်သည် မြို့ထဲမှာ
ကျန်ကြွင်းသောသူ၊ ဗာဗုလုန်ရှင်ဘုရင်ဘက်သို့ ကူးသွားနှင့်သောသူ၊ ကြွင်းသမျှသောသူတို့ကို သိမ်းသွား လေ၏။ 12 သို့ရာတွင်
စပျစ်ဥယျာဉ်ကိုပြုစု၍ လယ်လုပ် စေခြင်းငှါ၊ ဆင်းရဲသားအချို့တို့ကိုထားခဲ့လေ၏။ 13 ဗိမာန်တော်၌ ကြေးဝါတိုင်တို့ကိုငင်း၊ ကြေးဝါ
ရေကန်ကိုငင်း၊ ရေချိုးအင်တုံအခြေအမြစ်တို့ကိုငင်း၊ ခါလဒဲလူတို့သည် ချိုးဖဲ့၍၊ ကြေးဝါရှိသမျှကို ဗာဗုလုန်မြို့သို့ ယူသွား ကြ၏။ 14
အိုးကင်း၊ တူးရွင်းပြား၊ မီးညှပ်၊ ဇွန်းမှစ၍ အမှုတော်ထမ်းစရာ ကြေးဝါတန်ဆာရှိသမျှ တို့ကိုလည်း ယူသွားကြ၏။ 15 ရွှေတန်ဆာ၊
ငွေတန်ဆာတည်းဟူသော လင်ပန်း၊ အိုးအစရှိသော တန်ဆာများကို ရွှေဖြစ်စေ၊ ငွေဖြစ်စေ၊ ကိုယ်ရံတော်မှူးသည် ယူသွားလေ၏။ 16
ဗိမာန်တော်၌ ရှောလမုန်မင်းလုပ်သော တိုင်နှစ် တိုင်၊ ရေကန်တခု၊ အခြေအမြစ်များ၌ပါသော ကြေးဝါ သည် အချိန်အားဖြင့်
အတိုင်းမသိ များ၏။ 17 တိုင်အမြင့်ကားတဆယ်ရှစ်တောင်ရှိ၏။ ကြေးဝါ တိုင်ထိပ်လည်း ရှိ၏။ တိုင်ထိပ်အမြင့်ကား သုံးတောင်ရှိ၍၊
ထိပ်ပတ်လည်း ကြေးဝါကွန် ရွက်၊ ကြေးဝါသလဲသီးတို့နှင့် ပြည့်စုံ၏။ အခြားသောတိုင်သည်လည်း ထိုအတူဖြစ်၍ ကွန်ရွက်နှင့်
ပြည့်စုံ၏။ 18 ကိုယ်ရံတော်မှူးသည် ယဇ်ပုရောဟိတ်မင်း စရာယ၊ ဒုတိယယဇ်ပုရောဟိတ်ဇေဖနိ၊ ဗိမာန်တော် တံခါးမှူး
သုံးယောက်တို့ကို ဘမ်းဆီးလေ၏။ 19 စစ်သူရဲတို့ကိုအုပ်သော ဗိုလ်တယောက်၊ မြို့ထဲ ၌တွေ့မိသော တိုင်ပင်မှူးမတ်ငါးယောက်၊
ပြည်သူ ပြည်သားများကို နှိုးဆော်သော တပ်စာရေးကြီး တယောက်၊ မြို့ထဲ၌တွေ့မိသော ပြည်သားခြောက်ဆယ်တို့
ကိုမြို့ထဲကခေါ်သွား၍၊ 20 ဗာဗုလုန်ရှင်ဘုရင်ရှိရာ ရိဗလမြို့သို့ဆောင်ခဲ့ ပြီးလျှင်၊ 21 ဗာဗုလုန်ရှင်ဘုရင်သည် ဟာမတ်ပြည်ရိဗလမြို့ ၌
ထိုသူတို့ကို ဒဏ်ပေး၍ ကွပ်မျက်လေ၏။ ထိုသို့ ယုဒအမျိုးသည် မိမိပြည်မှ သိမ်းသွားခြင်းကို ခံရ သတည်း။ 22 ဗာဗုလုန်ရှင်ဘုရင်
နေဗုခဒ်နေဇာ၏ အခွင့်နှင့် ယုဒပြည်၌ ကျန်ကြွင်းသေးသော လူတို့ကို အုပ်ရသော မင်းအရာ၌၊ ရှာဖန်၏သားဖြစ်သော အဟိကံ၏သား
ဂေဒလိကို ခန့်ထားတော်မူ၏။ 23 ဗာဗုလုန်ရှင်ဘုရင်သည် ဂေဒလိကို ပြည်အုပ် အရာ၌ခန့်ထားကြောင်းကို တပ်မှူးတို့နှင့် စစ်သူရဲများ
တို့သည် ကြားသိသောအခါ၊ နာသနိသားဣရှမေလ၊ ကာရာသားယောဟနန်၊ နေတောဖတ်အမျိုး၊ တာနုမက် သားစရာယ၊
မာခလိအမျိုးသားယေဇနိတို့သည် မိမိ လူများနှင့်တကွ၊ ဂေဒလိရှိရာမိဇပါမြို့သို့လာ၍၊ 24 ဂေဒလိက၊ ခါလဒဲမင်းအမှုကို ဆောင်ရွက်ရ
မည်အခွင့်ကို မစိုးရိမ်ကြနှင့်။ ဤပြည်၌နေကြလော့။ ဗာဗုလုန်ရှင်ဘုရင်၏အမှုကို ဆောင်ရွက်ကြလော့။ သို့ပြုလျှင်
ချမ်းသာရကြလိမ့်မည်ဟူ၍ ထိုသူတို့အား ကျိန်ဆိုလေ၏။ 25 သတ္တမလတွင်၊ ဆွေတော်မျိုးတော် ဧလိရှမာ သားသနိ၏
သားဣရှမေလသည် လူတကျိပ်နှင့်တကွ လာ၍ ဂေဒလိကိုငင်း၊ မိဇပါမြို့ ၌ ဂေဒလိထံမှာရှိသော ယုဒလူတို့နှင့် ခါလဒဲလူတို့ကိုငင်း
သေအောင် လုပ်ကြံ လေ၏။ 26 ထိုအခါ တပ်မှူးများနှင့် ပြည်သူပြည်သား အကြီးအငယ်အပေါင်းတို့သည် ခါလဒဲလူတို့ကို ကြောက်
သောကြောင့် ထ၍ အဲဂုတ္တုပြည်သို့ သွားကြ၏။ 27 ယုဒရှင်ဘုရင် ယေခေါနိသည် အချုပ်ခံရသော သက္ကရာဇ်သုံးဆယ်ခုနစ်နှစ်၊
ဒွါဒသမလနှစ်ဆယ် ခုနစ် ရက်နေ့တွင်၊ ဗာဗုလုန်ရှင်ဘုရင် ဧဝိလမေရော ဒက်နန်းစံ စက၊ ယုဒရှင်ဘုရင်ယေခေါနိကို ထောင်ထဲက
နှုတ်၍ ချမ်းသာပေးလေ၏။ 28 ကောင်းမွန်စွာ နှုတ်ဆက်၍ သူ၏ပလ္လင်ကို ဗာဗုလုန်မြို့မှာ အထံတော်၌ ရှိသောမင်း ကြီးများထိုင်ရာ
ပလ္လင်တို့ထက် ချီးမြှင့်လေ၏။ 29 ယေခေါနိမင်းသည် ထောင်ထဲမှာ ဝတ်သော အဝတ်ကို လဲ၍၊ အသက်ရှည်သမျှကာလပတ်လုံး
အစဉ်မပြတ်အထံတော်၌ စားသောက်ရ၏။ 30 အသက်ရှည်သမျှနေ့ရက် အစဉ်မပြတ်သူ စားစရာဘို့ ဗာဗုလုန်ရှင်ဘုရင်
ပေးသနားတော်မူ၏။


generated on Tue Jul 2 12:50:28 2024

# 1 Chronicles

## Chapter 1

1 အာဒန်၊ ရှေသ၊ ဧနုတ်၊ 2 ကာဣနန်၊ မဟာ လေလ၊ ယာရက်၊ 3 ဧနောက်၊ မသုရှလ၊ လာမက်၊ 4 နောဧ၊ ရှေမ၊ ဟာမ၊ ယာဖက်တည်း။ 5
ယာဖက်သားကားဂေါမာ၊ မာဂေါဂ၊ မာဒိ၊ ယာဝန်၊ တုဗာလ၊ မေရှက၊ တိရတ်တည်း။ 6 ဂေါမာသားကား အာရှကေနတ်၊ ရိဖတ်၊
တောဂါမတည်း။ 7 ယာဝန်သားကား ဧလိရှာ၊ တာရှု၊ ကိတ္တိမ်၊ ဒေါဒါနိမ်တည်း။ 8 ဟာမသားကားကုရှ၊ မိဇရိမ်၊ ဖုတ၊ ခါနာန်တည်း။ 9
ကုရှသားကား သေဘ၊ ဟဝိလ၊ သာဗတ၊ ရာဂမ၊ သဗ္တေခါတည်း။ ရာဂမ သားကားရှေဘ၊ ဒေဒန်တည်း။ 10 ကုရှသည်
သားနိမ်ရောဒကိုလည်း ရသေး၏။ ထိုသူသည် မြေကြီး ပေါ်မှာ အားကြီးသော မုဆိုးဖြစ်၏။ 11 မိဇရိမ်သားကား လုဒိမ်လူ၊ အာနမိမ်လူ၊
လဟာ ဗိမ်လူ၊ နတ္တုဟိမ်လူ၊ 12 ပါသရုသိမ်လူ၊ ကာသလုဟိမ်လူ၊ ကဏ္တောရိမ်လူ တည်း။ ကာသလုဟိမ်အမျိုးထဲက
ဖိလိတ္တိလူဖြစ်သတည်း။ 13 ခါနာန်သားအကြီးကား ဇိဒုန်၊ ထိုနောက်ဟေသ၊ 14 ထိုနောက် ယေဗုသိလူ၊ အာမောရိလူ၊ ဂိရဂါ ရှိလူ၊ 15
ဟိဝိလူ၊ အာကိလူ၊ သိနိလူ၊ 16 အာဝဒိလူ၊ ဇေမရိလူ၊ ဟာမသိလူဖြစ်သတည်း။ 17 ရှေမသားကားဧလံ၊ အာရှု၊ အာဖာဇဒ်၊ လုဒ၊ အာရံ၊
ဥဇ၊ ဟုလ၊ ဂေသာ၊ မာရှတည်း။ 18 အာဖာဇဒ်သားကားရှာလ၊ ရှာလသားကား ဟေဗာတည်း။ 19 ဟေဗာသည်လည်း
သားနှစ်ယောက်ကို မြင် လေ၏။ သားတယောက်ကား ဖာလက်အမည်ရှိ၏။ အကြောင်းမူကား၊ သူ၏လက်ထက်၌ မြေကြီးကို ခွဲဝေကြ
၏။ သူ၏ညီကား ယုတ္တန်အမည်ရှိ၏။ 20 ယုတ္တန်သားကား အာလမောဒန်၊ ရှေလပ်၊ ဟာဇာမာဝက်၊ ယေရ၊ 21 ဟာဒေါရံ၊ ဥဇာလ၊
ဒိကလ၊ 22 ဩဗာလ၊ အဘိမေလ၊ ရှေဘ၊ 23 ဩဖိရ၊ ဟဝိလ၊ ယောဗပ်၊ ဤသူအပေါင်းတို့ သည် ယုတ္တန်သား ဖြစ်ကြသတည်း။ 24
ရှေမ၊ အာဖာဇဒ်၊ ရှာလ၊ 25 ဟေဗာ၊ ဖာလက်၊ ရာဂေါ၊ 26 စေရုက်၊ နာခေါ်၊ တေရ၊ 27 အာဗြံဟံအမည်ရှိသော အာဗြံတည်း။ 28 အာဗြ
ဟံသားကား ဣဇာက်နှင့် ဣရှမေလတည်း။ 29 ဣရှမေလသားအကြီးကားနဗာယုတ်၊ နဗာ ယုတ်ညီကေဒါ၊ အာဒဗေလ၊ မိဗသံ၊ 30
မိရှမ၊ ဒုမာ၊ မာစ၊ ဟာဒါ၊ တေမ၊ 31 ယေတုရ၊ နာဖိရှ၊ ကေဒမာတည်း ဟူသော ဣရှမေလသားတည်း။ 32 အာဗြဟံမယား
နှောင်းကေတုရသားကားဇိမရံ၊ ယုတ်ရှန်၊ မေဒန်၊ မိဒျန်၊ ဣရှဘတ်၊ ရှုအာတည်း။ ယုတ်ရှန် သားကား ရှာဘနှင့် ဒေဒန်တည်း။ 33
မိဒျန်သားကား ဧဖာ၊ ဧဖေရ၊ ဟာနုတ်၊ အဘိ ဒါလေဓာတည်းဟူသော ကေတုရ သားမြေးတည်း။ 34 အာဗြဟံသား ကားဣဇာက်၊
ဣဇာက်သားကား ဧသောနှင့် ဣသရေလတည်း။ 35 ဧသောသားကား ဧလိဖတ်၊ ရွေလ၊ ယုရှ၊ ယာလံ၊ ကောရတည်း။ 36
ဧလိဖတ်သားကား တေမန်၊ ဩမရ၊ ဇေပေါ၊ ဂါတံ၊ ကေနတ်မှစ၍ တိမနတွင် ရသောသား အာမ လက်တည်း။ 37 ရွေလသားကား
နာဟတ် ဇေရ၊ ရှမ္မ၊ မိဇ္ဇတည်း။ 38 စိရသားကားလောတန်၊ ရှောဗလ၊ ဇိဘောင်၊ အာန၊ ဒိရှုန်၊ ဧဇာ၊ ဒိရှန်တည်း။ 39 လောတန်သားကား
ဟောရိနှင့်ဟေမံတည်း။ လောတန်နှမကား တိမနတည်း။ 40 ရှောဗလသားကားအာလာဝန်၊ မနာဟတ်၊ ဧဗာလ၊ ရှေဖော၊ ဩနံတည်း။
ဇိဘောင်သားကား အာယနှင့် အာနတည်း။ 41 အာနသားကား ဒိရှုန်၊ ဒိရှုန်သားကားဟာံဒန်၊ ဧရှဗန်၊ ဣသရန်၊ ခေရန်တည်း။ 42
ဧဇာဘသားကား ဗိလဟန်၊ ဇာဝန်၊ အာကန် တည်း။ ဒိရှန်သားကား ဥဇနှင့် အာရန်တည်း။ 43 ဣသရေလအမျိုး၌ အစိုးရသောမင်းကြီး
မရှိမီ ဧဒုံပြည်၌ အစိုးရသော မင်းကြီးဟူမူကား၊ ဗောရသား ဗေလသည် ဒိန္နာဗာမြို့၌မင်းပြု၏။ 44 ဗေလမင်းသေ၍ သူ၏အရာ၌
ဗောဇရ အရပ် သား ဇေရ၏ သားယောဗပ်သည် မင်းပြုလေ၏။ 45 ယောဗပ်မင်းသေ၍ သူ၏အရာ၌ တေမာနိ အရပ်သား ဟုရှံသည်
မင်းပြုလေ၏။ 46 ဟုရှံမင်းသေ၍ မောဘလွင်ပြင်၌ မိဒျန်လူတို့ကို လုပ်ကြံသောသူ၊ ဗေဒဒ်သားဟာဒဒ်သည် ဟုရှံအရာ၌
မင်းပြုလေ၏။ မြို့တော်ကား အာဝိတ်မြို့တည်း။ 47 ဟာဒဒ်မင်းသေ၍ သူ၏အရာ၌မာသရက် အရပ်သား စာမလသည်
မင်းပြုလေ၏။ 48 စာမလမင်းသေ၍ သူ၏အရာ၌ မြစ်နားမှာ နေသောရဟော ဘုတ်အရပ်သား ရှောလသည် မင်းပြု လေ၏။ 49
ရှောလမင်းသေ၍ သူ၏အရာ၌ အာခဗော်သား ဗာလဟာနန်သည် မင်းပြုလေ၏။ 50 ဗာလဟာနန်မင်းသေ၍ သူ၏အရာ၌ ဟာဒါ သည်
မင်းပြုလေ၏။ မြို့တော်ကားပေါမြို့တည်း။ မြောက် သားတော်ကား မေဇဟပ်သမီးဖြစ်သော မာတရေဒ၏ သမီး
မဟေတဗေလတည်း။ 51 ဟာဒါမင်းသေသောနောက် ဧဒုံပြည်၌ ဗိုလ်လုပ်သောသူဟူမူကား၊ ဗိုလ်တိမနာ၊ ဗိုလ်အာလဝ၊ ဗိုလ် ယေသက်၊
52 ဗိုလ်အဟောလိ ဗာမ၊ ဗိုလ်ဧလာ၊ ဗိုလ် ပိနုန်၊ 53 ဗိုလ်ကေနတ်၊ ဗိုလ်တေမန်၊ ဗိုလ်မိဗဇ၊ 54 ဗိုလ် မာဂဒေလ၊ ဗိုလ်ဣရံတည်းဟူသော
ဤသူတို့သည် ဧဒုံဗိုလ်များဖြစ်သတည်း။

---

1 Chronicles 01

နောဧ၊ ရှေမ၊ ဟာမ၊ ယာဖက်တည်း
နောဧ၏ သားများသည် ရှေမ၊ ဟာမ၊ ယာဖက်တို့ဖြစ်ခဲ့ကြသည်။
စာဖတ်သူများ ယူဆသောအရာမှာ သူတို့တစ်ဦးချင်းသည်
နောဧ၏ မျိုးဆက်မှ ကွဲထွက်၍၊ သူတို့ အမျိုးအနွယ်နှင့် သူတို့
ရပ်တည်ကြသည်ဟု သဘောထားနိုင်သည်။


generated on Tue Jul 2 12:50:28 2024

နေ့တ်၊ ကာဠုနန်၊ မဟာလေလ၊ ယာရက်၊ မသုရှလ
ထိုနာမည်များသည် ဘိုးဘေးအစဉ်အဆက်၏
အမည်စာရင်းတစ်ခုဖြစ်သည်။ သင်၏ ဘာသာစကားအားဖြင့်
အသေးစိတ်စာရင်းပြုစုလျှင်၊ ထိုစာရင်းကို အသုံးပြုနိုင်သည်။

1 Chronicles 05

ဂေါမာ၊ ဒေါဒါနိမ်
လူယောကျ်ား အမည်များဖြစ်သည်။

ဒေါဒါနိမ်
တစ်ချို့သော ကျမ်းများတွင် ရိုဒါနိမ် ဟု ရေးထားပါသည်။

1 Chronicles 08

မိဇရှိမ်၊ နိမ်ရောဒ
လူနာမည်များ ဖြစ်သည။

1 Chronicles 11

ဖိလိတ္တိလူမှ ဘာခဲ့သောသူများ
အခြားသောဘာသာပြန်ဆိုချက်၊ "ဖိလိတ္တိလူတို့၏ ဘိုးဘေးများ။"

1 Chronicles 13

ဟေသ
လူတစ်ယောက်၏ အမည်ဖြစ်သည်။

အာကိလူ၊ ဟာမဟိလူများ
လူအုပ်စုများ၏ အမည်ဖြစ်သည်။

1 Chronicles 17

အာဖာဇဒ်၊ ယုတ္တန်
လူများ၏ အမည်ဖြစ်သည်။

1 Chronicles 20

ယုတ္တန်၊ ယောဗပ်
လူများ၏ အမည်ဖြစ်သည်။

1 Chronicles 24

ရှေမ၊ စေရောက်
လူများ၏ အမည်ဖြစ်သည်။

1 Chronicles 28

နဗာယုတ်၊ ကေဒမာ
လူများ၏ အမည်ဖြစ်သည်။

1 Chronicles 32

ကေတုရ၊ ဒေလာ
လူများ၏ အမည်ဖြစ်သည်။

1 Chronicles 34

ဧလိဖက်၊ မိဇ္ဇ
လူများ၏ အမည်ဖြစ်သည်။

1 Chronicles 38

လောဒန်၊ အာန
လူများ၏ အမည်ဖြစ်သည်။

1 Chronicles 41

အာန၊ အာရန်
လူများ၏ အမည်ဖြစ်သည်။

1 Chronicles 43

ဗေလ၊ ဗောရ၊ ယောဗပ်၊ဇေရာ၊ ဟုရှံ
လူများ၏ အမည်ဖြစ်သည်။

ဒိန္နာဗာ၊ ဗောဇရ
နေရာအမည် ဖြစ်သည်။

သူ၏အရာ၌ တေမာနိ အရပ်သား ဟုရှံသည် မင်းပြုလေ၏
တေမာနိ မျိုးနွယ်များ နေထိုင်ခဲ့သော နေရာမှဖြစ်သော ဟုရှံသည်
သူ့နောက်တွင် အုပ်ချုပ်ခဲ့သည်။

တေမာနိ
လူအုပ်စု အမည်ဖြစ်သည်။

1 Chronicles 46

ဟုရှံမင်း၊ ဟာဒဒ်မင်း၊ ဗေဒဒ်၊ စာမလမင်း၊ ရှောလ
ထိုနာမည်များသည် လူအမည်များဖြစ်သည်။

အာဝိတ်၊ မာသရက်၊ ရဟောဘုတ်
နေရာ အမည်ဖြစ်သည်။

1 Chronicles 49

ရှောလ၊ ဗာလဟာနန်၊ အာခဗော်၊ ဟာဒါ၊ မဟေတဗေလ၊ မာတရေဒ၊ မေဇဟပ်
လူများ၏ အမည်ဖြစ်သည်။

ပေါမြို့
နေရာ အမည်ဖြစ်သည်။


generated on Tue Jul 2 12:50:28 2024

1 Chronicles 51

တိမနာ၊ ကွာရုံ
လူများ၏ အမည်ဖြစ်သည်။

---

## Translation Questions

1 Chronicles 1:8

ဤကမ္ဘာပေါ်တွင် ပထမဦးဆုံးအောင်နိုင်သူသည် မည်သူဖြစ်သနည်း။
ကုရှ၏သားဖြစ်သော နိမ်ရောဒသည် ပထမဦးဆုံးသော အောင်နိုင်သူဖြစ်ခဲ့သည်။

1 Chronicles 1:17

ဖာလက်ကို ဟေဗာ၏သားဟု အဘယ်ကြောင့်ခေါ်သနည်း။
သူ၏အချိန်အခါတွင် မြေကြီးကို ခွဲဝေကြသောကြောင့်ဖြစ်သည်။

1 Chronicles 1:43

ဣသရေလအမျိုး၌ အစိုးရသောမင်းကြီး မရှိမီ မည်သည့်ဒေသတွင် ဘုရင်စနစ်ဖြင့်အုပ်ချုပ်သနည်း။
ဣသရေလအမျိုး၌ အစိုးရသောမင်းကြီး မရှိမီ ဧဒုံပြည်တွင် ဘုရင်စနစ်ဖြင့် အုပ်ချုပ်နေပြီးဖြစ်သည်။

---



generated on Tue Jul 2 12:50:28 2024

## Chapter 2

1 ကာလရေလ၏သားများဟူမူကား၊ ရုဗင်၊ ရှိမောင်၊ လေဝိ၊ ယုဒ၊ ဣသခါ၊ ဇာဗုလုန်၊ 2 ဒန်၊ယောသပ်၊ ဗယ်္ာမန်၊ နဿလိ၊ ဂဒ်၊
အာရှာတည်း။ 3 ယုဒသည် ခါနာန်အမျိုးဖြစ်သော ရှုအာသမီး တွင် မြင်သော သားကား ဧရ၊ ဩနန်၊ ရှေလတည်း။
ယုဒသားကြီးဧရသည် ထာဝရဘုရား ရှေ့တော်၌ ဆိုးသောသူဖြစ်၍ ကွပ်မျက်တော်မူခြင်းကို ခံရ၏။ 4 ချွေးမတာမာတွင်
မြင်သောသားကား ဖာရက် နှင့် ဇာရတည်း။ ယုဒသားပေါင်းကား ငါးယောက် တည်း။ 5 ဖာရက်သားကား ဟေဇရုံနှင့် ဟာမုလတည်း။ 6
ဇာရသားကား ဇိမရိ၊ ဧသန်၊ ဟေမန်၊ ကာလ ကောလ၊ ဒါရ၊ ပေါင်းငါးယောက်တည်း။ 7 ဇိမရိသားဖြစ်သော ကာမိ၏သားကား ကျိန်ဆဲ
အပ်သောအရာကိုယူ၍ ပြစ်မှားသဖြင့်၊ ဣသရေလအမျိုး ကို နှောင့်ရှက်သော အာခန်တည်း။ 8 ဧသန်သားကား အဇရိတည်း။ 9
ဟေဇရုံမြင်သော သားကား ယေရမေလ၊ အာရံ၊ ကာလက်တည်း။ 10 အာရံသားကား အမိနဒပ်၊ အမိနဒပ် သားကား၊
ယုဒအမျိုးသားတို့တွင် ဗိုပ်လုပ်သော နာရှုန်တည်း။ 11 နာရှုန်သားစာလမုန်၊ စာလမုန်သားဗောဇ၊ 12 ဗောဇသား ဩဗက်၊
ဩဗက်သားယေရှဲတည်း။ 13 ယေရှဲသားဦးကား ဧလျာဘ၊ ဒုတိယသား အဘိနဒပ်၊ တတိယသားရှိမာ၊ 14 စတုတ္ထသား နာသနေလ၊
ပဥ္စမသား ရဒ္ဒဲ၊ 15 ဆဋ္ဌမသားဩဇင်၊ သတ္တမသား ဒါဝိဒ် တည်း။ 16 သူတို့နှမကား ဇေရုယာနှင့် အဘိဂဲလတည်း။
ဇေရုယာသားကား အဘိရှဲ၊ ယွာဘ၊ အာသဟေလ၊ ပေါင်း သုံးယောက်တည်း။ 17 အဘိဂဲလသားကား အာမသ၊ အာမသအဘ ကား
ဣရှမေလအမျိုးယေသာတည်း။ 18 ဟေဇရုံသား ကာလက်သည် မယားအဇုဘနှင့် ယေရုတ်တွင် မြင်သောသားကား ယေရှာ၊ ရှောဗပ်၊
အာဒုန်တည်း။ 19 အဇုဘသေသောနောက် ဧဖရတ်ကို သိမ်း၍ ဟုရကို မြင်ပြန်လေ၏။ 20 ဟုရသားကား ဥရိ၊ ဥရိသားကား ဗေဇလေ
လတည်း။ 21 ထိုနောက်၊ ဟေဇရုံသည် အသက်ခြောက်ဆယ် ရှိသော်၊ ဂိလဒ်အဘမာခိရ၏သမီးနှင့် စုံဘက်၍ စေဂုပ် ကို မြင်လေ၏။
22 စေဂုပ်သားကား ယာဣရတည်း။ ထိုသူသည် ဂိလဒ်ပြည်၌ မြို့နှစ်ဆယ်သုံးမြို့ကို ပိုင်၏။ 23 ဂေရှုရမြို့၊ အာရံမြို့နှင့်တကွ
ယာဣရမြို့စု၊ ကေနတ်မြို့နှင့် ပတ်ဝန်းကျင်သော မြို့စုမြို့ပေါင်း ခြောက်ဆယ်တို့ကို တိုက်ယူ၏။ ထိုမြို့အပေါင်းတို့ကို ဂိလဒ်အဘ
မာခိရ၏သားမြေးတို့သည် ပိုင်ကြ၏။ 24 ဟေဇရုံသည်ကာ၏ ကာလက်ဧဖရတ်မြို့၌ သေသောနောက်၊ သူ၏မယား အဘိသည်
သူ၏သား အာရှုရကို ဘွားမြင်၏။ အားရှုရသား ကာတေကော တည်း။ 25 ဟေဇရုံ၏ သားဦးယေရမေလ သားကား သားဦးအာရံမှစ၍
ဗုန၊ ဩရင်၊ ဩဇင်၊ အဟိယတည်း။ 26 အာတရအမည်ရှိသော အခြားမယားတွင် ဩနံကိုမြင်၏။ 27 ယေရမေလ၏ သားဦး
အာရံသားကားမာဇ၊ ယာမိန်၊ ဧကာတည်း။ 28 ဩနံသားကားရှမ္မဲနှင့် ယာဒတည်း။ ရှမ္မဲသား ကား နာဒပ်နှင့် အဘိရှုရတည်း။ 29
အဘိဟဲလ အမည်ရှိသော အဘိရှုရမယားသည် အာဗန်နှင့် မောလိဒ်ကို ဘွားမြင်၏။ 30 နာဒပ်သားကား သေလက်နှင့် အပ္ပိမ်တည်း။
သေလက်၌သားမရှိ။ 31 အပ္ပိမ်သားကား ဣရှိ၊ ဣရှိသားရှေရှန်၊ ရှေရှန်သား အာလဲတည်း။ 32 ရှမ္မဲညီယာဒသားကား
ယေသာနှင့်ယောနသန် တည်း။ ယေသာ၌ သားမရှိ။ 33 ယောနသန်သားကား ပေလက်နှင့် ဇာဇတည်း။ ဤရွေ့ကား
ယေရမေလအမျိုးအနွယ်တည်း။ 34 ရှေရှန်၌သားမရှိ။ သမီးသက်သက်ရှိ၏။ ရှေရှန် ၌ ယာဟာအမည်ရှိသော အဲဂုတ္တုအမျိုးသား ကျွန်
ယောက်ျားတယောက်ရှိ၍၊ 35 ထိုကျွန်နှင့်သမီးတယောက်ကို ပေးစားသဖြင့်။ သမီးသည် အဘတို့သားအတ္တဲကို ဘွားမြင်၏။ 36
အတ္တဲသားကား နာသန်၊ နာသန်သားဇာဗဒ်။ 37 ဇာဗဒ်သားဖေလလ။ ဖေလလသားဩဗက်၊ 38 ဩဗက်သားယေဟု၊ ယေဟုသား
အာဇရိတည်း။ 39 အာဇရိသားကား ဟေလက်၊ ဟေလက်သား ဧလာသ၊ 40 ဧလာသသားသိသမဲ၊ သိသမဲသား ရှလ္လုံ၊ 41 ရှလ္လုံသား
ယေကမိ၊ ယေကမိ သားဧလိရှမာ တည်း။ 42 ယေရမေလ၏ညီ ကာလက်သားဦးကား မေရှ၊ မေရှသားဇိဖ၊ ဇိဖသားမရေရှ၊ မရေရှသား
ဟေဗြုန်၊ 43 ဟေဗြုန်သား ကောရ၊ တာပွါ၊ ရေကင်၊ ရှေမ တည်း။ 44 ရှေမသားကားရာဟံ၊ ရာဟံသားယော်ကောင် တည်း။
ရေကင်သားကား ရှမ္မဲ၊ 45 ရှမ္မဲသား မောန၊ မောနသားဗက်ဇုရတည်း။ 46 ကာလက်မယားငယ်သည် လည်းဟာရန်၊ မောဇ၊ ဂါဇက်တို့ကို
ဘွားမြင်၏။ ဟာရန်သားကား ယာဒဲ တည်း။ 47 ယာဒဲသားကားရေဂင်၊ ယောသံ၊ ဂေရှံ၊ ပေလက်၊ ဧဖာ၊ ရှာဖ တည်း။ 48
ကာလက်မယားငယ်မာခါသည်လည်း၊ ရှေဗာနှင့် တိရဟာနကိုဇင်း၊ 49 မာဒမေနအဘရှာဖ၊ မာခဗေနအဘရှေဝ၊ ဂိဗာအဘကိုဇင်း
ဘွားမြင်၏။ ကာလက်သမီးကား အာခသတည်း။ 50 ဧဖရတ်သားဦး ဟုရ၏သားဖြစ်သော ကာလက် သားကား၊ ကိရယတ်ယာရိမ်
အဘရှောဗာလ၊ 51 ဗက်လင်အဘစလမ၊ ဗက်ဂါဒါအဘဟာရပ် တည်း။ 52 ကိရယတ်ယာရိမ်အဘ ရှောဗာလသားဟူမူ ကား၊
ဟာရောနှင့်မနဟေသိ အမျိုးတပိုင်း၊ 53 ကိရယတ်ယာရိမ်အမျိုးမျိုး၊ ဣသရိလူ၊ ဖုဟိလူ၊ ရှုမသိလူ၊ မိရှရိလူတည်း။ ထိုအမျိုးထဲက
ဇာရာသိလူနှင့် ဧရှတောလိလူဖြစ်သတည်း။ 54 စလမသားဟူမူကား၊ ဗက်လင်နှင့် နေတော ဖာသိလူ၊ အတရုတ်၊ ဗက်ယွာဘ၊ မနဟေသိ
အမျိုးတပိုင်း၊ ဇောရိလူ၊ 55 ယာဗက်မြို့၌နေသော ရှောဖရိလူ၊ တိရသိလူ၊ ရှိမသိလူ၊ စုခသိလူတည်း။ ထိုသူတို့သည် ရေခပ်အမျိုး၏
အဘဟေမတ်မှ ဆင်းသက်သော ကိနိအမျိုး၏ အဘ ဟေမတ်မှဆင်းသက်သော ကိနိအမျိုးဖြစ်သတည်း။


generated on Tue Jul 2 12:50:28 2024

1 Chronicles 01

ရုဗင် ... အာရှ
လူများ၏ အမည်ဖြစ်သည်။

1 Chronicles 03

ယေဘုယျ အချက်အလက်
ရှု၊

ထာဝရဘုရား
ဘုရားသခင်၏ နာမည်ဖြစ်၍ ဓမ္မဟောင်းကျမ်းတွင် သူ့လူမျိုးတော်တို့အား ဖွင့်ပြတော်မူ၏။

ဖာရက် နှင့် ဇာရတည်း
တာမာသည် ဖာရက်နှင့် ဇာရ တို့ကို မွေးဖွားခဲ့သည်။

သားပေါင်းကား ငါးယောက် တည်း
ယုဒ၏ သားသည် ငါးယောက်ဖြစ်သည်။

ထာဝရဘုရား ရှေ့တော်၌
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား၏ နည်းအတိုင်း။"

ထာဝရဘုရား၏ကွပ်မျက်တော်မူခြင်းကို ခံရ၏
ထာဝရဘုရားသည် ဧရကို ကွပ်မျက်ရန်ခွင့်ပြုခဲ့သည်။

ချွေးမ
သူ့သား၏ အမျိုးသမီး၊ ချွေးမဖြစ်သည်။

1 Chronicles 05

ယေဘုယျ အချက်အလက်

1 Chronicles 09

ယေဘုယျ အချက်အလက်
ရှု၊

1 Chronicles 13

ယေဘုယျ အချက်အလက်
ရှု၊

ဒုတိယ...တတိယ
ဒုတိယသား ... တတိယသား။

1 Chronicles 16

ယေဘုယျ အချက်အလက်

ဣရှမေလအမျိုးယေသာ
ယေသာသည် ဣရှမေလမျိုးနွယ်မှ ဆင်းသက်လာသောသူဖြစ်သည်။

1 Chronicles 18

ယေဘုယျ အချက်အလက်
ရှု၊

မြင်ပြန်လေ၏
အခြားသောဘာသာပြန်ဆိုချက်၊ "ယေရုတ်သည် ယေရှာ၊ ရှောဗပ်၊ အာဒုန်တို့ကို ဖွားမြင်ခဲ့သည်။"

1 Chronicles 21

ယေဘုယျ အချက်အလက်
ရှု၊ and

မြင်လေ၏
ဟောဇရုံသည် စေရုပ်ကို ဖွားမြင်လေ၏။

1 Chronicles 23

ယေဘုယျ အချက်အလက်
ရှု၊ and

ဘွားမြင်၏
အဘိသည် အာရှုရကို ဖွားမြင်လေ၏။

1 Chronicles 25

ယေဘုယျ အချက်အလက်
ရှု၊

အာတရ
အာတရသည် အမျိုးသမီး အမည်ဖြစ်သည်။

1 Chronicles 29

ယေဘုယျ အချက်အလက်
ရှု၊

1 Chronicles 34

ယေဘုယျ အချက်အလက်
ရှု၊

ဘွားမြင်၏။
ရှေရှန်၏သမီးသည် အတ္တဲကို ဖွားမြင်လေ၏။

1 Chronicles 36

ယေဘုယျ အချက်အလက်

ရှု၊

1 Chronicles 39

ယေဘုယျ အချက်အလက်

ရှု၊

1 Chronicles 42

ယေဘုယျ အချက်အလက်

ရှု၊

ကာလက်သားဦးကား ... မရေရှ၊

ထိုလူတွေကြား ခြားနားသော အမြင်တွေ၊ မတူညီသော ပြောဆိုဆက်ဆံရေးများ၊ ဟေဗြုန်၏ သားကောရ၊ တာပွါ၊ ရေကင်၊ ရှေမတို့ဖြစ်သည်။ ရှေမ၏ သားသည် ရာဟံဖြစ်သည်။ ရေကင်၏သား ရှမ္မဲဖြစ်သည်။

1 Chronicles 45

ယေဘုယျ အချက်အလက်

ရှု၊

1 Chronicles 48

ယေဘုယျ အချက်အလက်

ရှု၊

ဘွားမြင်၏၊

မာခါသည် ရှေဗာနှင့်တိရဟာန၊ မာဒမေနအဘာရှဖ၊ မာခဗေန အဘာရှေဝ၊ ဂိအာအဘတို့ကို မွေးဖွားခဲ့သည်။

1 Chronicles 52

ယေဘုယျ အချက်အလက်

ရှု၊

မနဟေသိ၊ ဣလသရိလူ၊ ဖုဟိလူ၊ ရှုမသိလူ၊ မိရှရိလူ၊ ဇာရသိလူ၊ ဧရှတောလိလူ မျိုးနွယ်စု အမည်များဖြစ်ကြသည်။

1 Chronicles 54

နေတောဖာသိလူ၊ အတရုတ်၊ ဗက်ယွာဘ၊ မနာဟေသိ၊ ဇောရိလူ၊ တိရသိလူ၊ ရှိမသိလူ၊ စုခသိ၊ ကိနိ၊ ရေခပ်

လူမျိုးနွယ်စု အမည်များဖြစ်သည်။

---

## Translation Questions

1 Chronicles 2:3

ယုဒ၏ သားဦး ဧရတွင် မည်သို့ ဖြစ်ပျက်ခဲ့သနည်း။

ယုဒသားဦး ဧရသည် ထာဝရဘုရား ရှေ့တော်၌ ဆိုးသောသူဖြစ်၍ အသေသတ်ခြင်းကို ခံရသည်။

1 Chronicles 2:5

အာခန်သည် ဣသရေလလူမျိုးများထံသို့ မည်သည့်ပြဿနာ သယ်ဆောင်လာခဲ့သနည်း။

အာခန်သည် ဘုရားသခင်အတွက် အထူးသီးသန့်ထားသော အရာကို ခိုးယူသည်။

1 Chronicles 2:13

ယေရှဲ၏ ခုနစ်ဦးမြောက်သားအမည်ကို ဖော်ပြပါ။

ယေရှဲ၏ခုနစ်ဦးမြောက်သားအမည်မှာ ဒါဝိဒ်ဖြစ်သည်။

---

## Chapter 3

1 ဟေဗြုန်မြို့၌ ဒါဝိဒ်မြင်သောသားတို့တွင် သားဦးကား၊ ယေဇရေလမြို့သူ အဟိနောင်တွင် မြင်သောသား အာမနုန်တည်း။
ဒုတိယသားကား၊ ကရ မေလမြို့သူ အဘိဂဲလတွင် မြင်သောသား ဒံယေလ တည်း။ 2 တတိယသားကား၊ ဂေရှုရရှင်ဘုရင် တာလမဲ
သမီးမာခါ၏သား အဗရှလုံတည်း။ စတုတ္ထသားကား၊ ဟဂ္ဂိတ်၏သား အဒေါနိယတည်း။ 3 ပဥ္စမသားကား
အဘိတလ၏သားရှေဖတိတည်း။ ဆဋ္ဌမသားကား၊ မြောက်သားတော် ဧဂလတွင် မြင်သော သား ဣသရံတည်း။ 4
ထိုသားခြောက်ယောက်တို့ကို ဟေဗြုန်မြို့၌ မြင်၏။ ထိုမြို့တွင် ခုနစ်နှစ်နှင့်ခြောက်လမင်းပြု၏။ ယေရုရှလင်မြို့တွင်
အနှစ်သုံးဆယ်သုံးနှစ်မင်းပြု၏။ 5 ယေရုရှလင်မြို့၌မြင်သောသားဟူမူကား၊ ရှိမ္မာ၊ ရှောဗပ်၊ နာသန်၊ ရှောလမုန်တည်းဟူသော
အမျေလ သမီး ဗာသရှေဘတွင် မြင်သောသား လေးယောက်။ 6 ထိုမှတပါး၊ ဣဗဟာ။ ဧလိရှု၊ ဧလိပလက်။ 7 နောဂ၊ နေဖက်၊ ယာဖျာ၊ 8
ဧလိရှမာ၊ ဧလျာဒ၊ ဧလိဖလက်၊ ပေါင်းကိုး ယောက်တည်း။ 9 ဤရွေ့ကားမယားငယ်တွင်ရသောသားတို့ကို မဆိုဘဲ ဒါဝိဒ်၏
သားများတည်း။ နှမသာမာလည်းရှိ၏။ 10 ရှောလမုန်သားကား ရောဗောင်၊ ရောဗောင် သားအဘိယ၊ အဘိယသား ယောရှဖတ်၊ 11
ယောရှဖတ်သားယောရံ၊ ယောရံသားအာခဇိ၊ အာခဇိသာ ယောရှ၊ 12 ယောရှသား အာမဇိ၊ အာမဇိသား ဩဇိ၊ ဩဇိသားယောသံ၊ 13
ယောသံသား အာခတ်၊ အာခတ်သားဟေဇကိ၊ ဟေဇကိသား မနာရှေ၊ 14 မနာရှေသား အာမုန်၊ အာမုန်သား ယောရှိ တည်း။ 15
ယောရှိသားဦးကား ယောဟာနန်၊ ဒုတိယသား ယောယကိမ်၊ တတိယသားဇေဒကိ၊ စတုတ္ထသား ရှလ္လုံ တည်း။ 16 ယောယကိမ်သားကား
ယေခေါနိနှင့် ဇေဒကိ တည်း။ 17 အကျဉ်းခံရသော ယေခေါနိသားကား ရှာလ သေလ၊ 18 မာလခိရံ၊ ပေဒါယ၊ ရှေနဇာ၊ ယေကမိ၊
ဟောရှမ၊ နေဒဘိတည်း။ 19 ရှာလသေလသားကား ဇေရုဗဗေလနှင့် ရှိမိ တည်း။ ဇေရုဗဗေလသားကား မေရှုလံ၊ ဟာနနိ၊ နှမ
ရှေလောမိတ်နှင့်တကွ၊ 20 ဟရှုဘ၊ ဩဟေလ၊ ဗေရခိ၊ ဟသဒိ၊ ယုရှဗေ သက်၊ ပေါင်းငါးယောက်တည်း။ 21 ဟာနနိသားကား
ပေလတိနှင့် ယေရှာယ တည်း။ ယေရှာယသားကား၊ ရေဖာယ။ ရေဖာယသား အာနန်၊ အာနန်သားဩဗဒိ၊ ဩဗဒိသားရှေခနိ၊ 22
ရှေခနိသားရှေမာယတည်း။ ရှေမာယသားကား ဟတ္တုတ်၊ ဣဂါလ၊ ဗာရိ၊ နာရိ၊ အာဇရိ၊ ရှာဖတ်၊ ပေါင်း ခြောက်ယောက်တည်း။ 23
နာရိသားကား ဧလိဩနဲ၊ ဟေဇကိ၊ အာဇရိကံ၊ ပေါင်းသုံးယောက်တည်း။ 24 ဧလျောနဲသားကား ဟောဒါယ၊ ဧလျာရှိပ်၊ ပေလာယ၊
အက္ကုပ်၊ ယောဟနန်၊ ဒလာယ၊ အာနနိ၊ ပေါင်း ခုနစ်ယောက်တည်း။

---

1 Chronicles 01

ဒါဝိဒ်
ဒါဝိဒ်သည် ယုဒအမျိုးအနွယ်ဖြစ်သော ယေရှဲ၏ သားဖြစ်သည်။ အခန်း ၂:၃ ကို ကြည့်ပါ။

အဟိနောင်၊ အဘိဂဲလ၊ မာခါ၊ ဟဂ္ဂိတ်၊ အဃိတလ၊ ဧဂလ
အမျိုးသမီး အမည်များ ဖြစ်ကြသည်။

တာလမဲ၊ ရှေတတိ၊ ဣသရံ
အမျိုးသား အမည်များ ဖြစ်သည်။

ဒံယေလ
ဒံယေလ ဟူသော အမည်သည် ဣသရေလလူမျိုး ပရောဖက်ဖြစ်သည်။ သို့သော် အမည်တူ မြောက်များစွာ ရှိနေပါသည်။

ဧဂလ
ဧဂလသည် ဒါဝိဒ်၏ မယား။ ဒါဝိဒ်၌ ဇနီးတစ်ဦးထက်မက ရှိခဲ့သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဒါဝိဒ်၏ မယား ဧဂလ။"

1 Chronicles 04

ထိုမြို့တွင် ခုနစ်နှစ်နှင့်ခြောက်လမင်းပြု၏
ဒါဝိဒ်မင်းသည် ခုနှစ်နှစ်နှင့် ခြောက်လ အုပ်ချုပ်ခဲ့သည် ဟုလည်း သီးသန့်ဘာသာပြန်နိုင်သည်။

အနှစ်သုံးဆယ်သုံးနှစ်
သူသည် ယေရုရှလင်တွင် သုံးဆယ့်သုံးနှစ် မင်းပြုခဲ့သည်။

မမျေလ ... ရှမ္မာ ... ရှောဗပ် ... နာသန်၊
အမျိုးသား အမည်များဖြစ်ကြသည်။

1 Chronicles 06

ဣဗဟာ၊ ဧလိရှမာ၊ ဧလိပလက်၊ နောဂ၊ နေဖက်၊ ယာဖျာ၊ ဧလျာဒ
အမျိုးသား အမည်များဖြစ်သည်။

ဧလိရှမာ ... ဧလိဖလက်၊
ဧလိရှမာ ... ဧလိဖလက် တို့သည် သားနှစ်ယောက်ကို ခေါ်သော အမည်ဖြစ်သည်။

1 Chronicles 10

ယေဘုယျ အချက်အလက်
ဒါဝိဒ်မှ ဆင်းသက်လာသော ဘုရင်မင်းဆက် ဖြစ်သည်။


generated on Tue Jul 2 12:50:28 2024

ရှောလမုန်၏ သားသည် ရောဗောင်ဖြစ်၍၊ ရောဗောင်၏ သား အဘိယဖြစ်သည်။
ရှောလမုန်တွင် သားတစ်ယောက် ထက်မကရှိခဲ့သည်။ စာရင်းတွင် ပါသော အခြားသူများလည်း ထိုနည်းတူဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ရောဗောင်၏ ဖခင်သည် ရှောလမုန်ဖြစ်၍ အဘိယ၏ ဖခင်သည် ရောဗောင်ဖြစ်သည်။"

ဩဇိ
ဩဇိသည် ဘုရင်ဖြစ်သည်။

1 Chronicles 13

ယေဘုယျ အချက်အလက်
ဒါဝိဒ်၏ ဘုရင်မျိုးဆက်ကို ဆက်လက်၍ စာရင်းပြုစုခြင်းဖြစ်သည်။ အခန်း ၃:၁၀ အတိုင်းဖြစ်သည်။

အာမုန်
အာမုန်သည် လူအမည်ဖြစ်သည်။

1 Chronicles 15

ယေဘုယျ အချက်အလက်
ဒါဝိဒ်၏ ဘုရင်မျိုးဆက်ကို ဆက်လက်၍ စာရင်းပြုစုခြင်းဖြစ်သည်။ အခန်း ၃:၁၀ အတိုင်း ဖြစ်သည်။

ယောဟာနန်၊ ရှလ္လုံ၊ ယောယကိမ်
လူ အမည်များဖြစ်သည်။

1 Chronicles 17

ယောယကိမ် (ယေခေါနိ)
အချို့ဘာသာပြန်ချက်များတွင် ယောယကိမ်၏ နာမည်ကွဲ၊ ယေခေါနိဟု သုံးသည်။

အကျဉ်းခံရသော
ယောယကိမ်သည် သိမ်းသွားခြင်း ခံသောကြောင့် သူ့ကိုပေး ရာထူးဖြစ်နိုင်သည်။ သို့သော်လည်း အချို့ဘာသာပြန်မှုများတွင် အာရှာ ဟူသော သူ၏ အမည်ဖြင့် ဟုခေါ်ကြသည်။

ယောယကိမ်၊ ရှာလသေလ၊ မာလခိရံ၊ ပေဒါယ၊ ရှေနဇာ၊ ယေကမိ၊ ဟောရှမ၊ နေဒဘိ
အမျိုးသား အမည်များဖြစ်သည်။

1 Chronicles 19

ရှိမိ၊ ဇေရုဗဗေလ၊ မေရှုလံ၊ ဟနန်၊ နှမရှေလောမိတ် နှင့် ဟရှုဘ၊ ဩဟေလ၊ ဗေရခိ၊ ဟသဒိ၊ ယုရှဿသက်၊ ပေလတိ၊ ယေရှာယ၊ ရေဖယာ၊ အာနန်၊ ဩဗဒိ၊ ရှေခနိ၊
အမျိုးသား အမည်များဖြစ်သည်။

ရှေလောမိတ်
အမျိုးသမီးတစ်ဦး၏ အမည်ဖြစ်သည်။

ဩဗဒိ
ထိုသူသည် ပရောဖက်ဩဗဒိ မဟုတ်ဘဲ အခြား ဩဗဒိဖြစ်သည်။

အာနန်၊ ဩဗဒိ၊ ရှေခနိ
ဟေဗြဲဘာသာစကားတွင် မရှင်းလင်းသောကြောင့် သူတို့ကို မတူညီသော ဆက်နွယ်မှုရှိကြောင်း အခြားဘာသာပြန်ချက်များတွင် တွေ့ရသည်။

1 Chronicles 22

ရှေမာယ၊ ဟတ္တုတ်၊ ဝဂါလ၊ ဗာရိ၊ နာရိ၊ ရှာဖတ်၊ ဧလိဩနဲ၊ ဟေဇကိ၊ အာဇရိကံ၊ ဟောဒါယ၊ ဧလျာရှိပ်၊ ပေလာယ၊ အက္ကုပ်၊ ယောဟနန်၊ ဒလာယ၊ အာနန်
အမျိုးသား အမည်များဖြစ်သည်။

---

## Translation Questions

1 Chronicles 3:4

ဒါဝိဒ်သည် ယေရုရှလင်မြို့တွင် နှစ်ပေါင်းမည်မျှ ဘုရင်အဖြစ် အုပ်ချုပ်ခဲ့သနည်း။
ဒါဝိဒ်သည် ယေရုရှလင်မြို့တွင် နှစ်ပေါင်း သုံးဆယ်သုံးနှစ်ကြာအောင် အုပ်ချုပ်ခဲ့ပါသည်။

1 Chronicles 3:15

ဣသရေလလူမျိုး၏ နောက်ဆုံးသော မင်းမှာ အဘယ်သူနည်း။
ဣသရေလလူမျိုး၏ နောက်ဆုံးသော မင်းမှာ ဇေဒကိမင်းဖြစ်သည်။

---


generated on Tue Jul 2 12:50:28 2024

## Chapter 4

1 ယုဒသားကားဖာရက်၊ ဟေဇရုံ၊ ကာမိ၊ ဟုရ၊ ရှောဗာလတည်း။ 2 ရှောဗာလသားကား ရာယ၊ ရာယသားယာဟတ်၊ ယာဟတ်သား
အဟုမဲနှင့်လာဟဒ်၊ ဤရွေ့ကား ဇောရသိ အမျိုးအနွယ်တည်း။ 3 ဧတံအမျိုးအဘ၏ သားကား ယေဇရေလ၊ ဣရှမ၊ ဣဒဗတ်၊
နှမဟာဇလေလပေါနိ၊ 4 ဂေဒေါ်အဘပေနွေလ၊ ဟုရှအဘ ဧဇာတည်း။ ဤသူတို့သည် ဗက်လင်အဘ၊ ဧဖရတ်သားဦး ဟုရအမျိုး
အနွယ်တည်း။ 5 တေကောအဘ အာရှုရသည် ဟေလနှင့် နာရ အမည်ရှိသော မယားနှစ်ယောက်ရှိ၏။ 6 နာရဘွားမြင်သော သားကား
အဟုဇံ၊ ဟေဖာ၊ တေမနိ၊ ဟာဟရှတာရိတည်း။ 7 ဟေလဘွားမြင်သော သားကား ဇေရက်၊ ယေဇော်၊ ဧသနန်၊ ကောဇတည်း။ 8
ကောဇသားကား အာနုပ်နှင့် ဇောဗေဒ အစရှိ သော ဟာရုံသား အဟာရေလ အဆွေအမျိုးတည်း။ 9 ထိုအဆွေအမျိုး၌ ယာဗက်သည်
ထူးဆန်းသော သူဖြစ်၏။ သူ၏အမိက၊ ငါသည်ပြင်းစွာသော ဝေဒနာကို ခံ၍ ဤသားကို မြင်ရပြီဟုဆိုလျက်၊ ယာဗက်အမည်ဖြင့်
မှည့်၏။ 10 ယာဗက်ကလည်း၊ ကိုယ်တော်သည် အကျွန်ုပ်ကို အစဉ်ကောင်းကြီးပေး၍၊ အကျွန်ုပ်နေရာကို ကျယ်ဝန်း စေတော်မူပါ။
အကျွန်ုပ်သည် ဘေးဥပဒ်အနှောင့် အရှက်နှင့်ကင်းလွတ်ပါမည်အကြောင်း၊ လက်တော်သည် အကျွန်ုပ်ဘက်၌နေ၍
ကွယ်ကာစောင့်မတော်မူပါဟု ဣသရေလအမျိုး၏ ဘုရားသခင်အား ဆုတောင်းတတ်၍၊ တောင်းသောဆုကို
ဘုရားသခင်ပေးသနားတော်မူ၏။ 11 ရှုအာမောင် ကာလက်သားကား မဟိရ၊ မဟိရ သား ဧရှတုန်တည်း။ 12 ဧရှတုန်သားကား
ဗက်ရာဖ၊ ပါသာ၊ တေဟိန္န တည်း။ တေဟိန္နသားကား ဣရနာဟတ်တည်း။ ဤသူတို့ သည် ရေခါအမျိုးသားဖြစ်ကြ၏။ 13
ကေနတ်သားကား သြသံယေလနှင့်စရာယ တည်း။ သြသံယေလသားကား ဟာသတ်နှင့်မောနောသဲ တည်း။ 14 မောနောသဲသားကား
သြဖရာတည်း။ စရာယ သားကား ယွာဘ၊ ယွာဘ၏သားတို့သည် ဆရာသမား ဖြစ်၍ ဆရာသမားချိုင့်၌ နေသောသူတည်း။ 15
ယေဖုန္နသားဖြစ်သောကာလက်၏ သားကား ဣရု၊ ဧလာ၊ နာမတည်း။ ဧလာသားကားကေနတ်တည်း။ 16 ယေဟလလေလသားကား
ဇိဖ၊ ဇိဖာ၊ တိရိ၊ အာသရေလတည်း။ 17 ဧဇရသားကားယေသာ၊ မေရက်၊ ဧဖာ၊ ယာလုန်တည်း။ မေရက်နှင့် စုံဘက်သောဖာရောသမီး
ဗိသဟာသည် မိရိ၊ ရှမ္မဲ၊ ဧရှတမောအဘ ဣရှဘကို ဘွားမြင်၏။ 18 မယား ယေဟုဒိယသည် ဂေဒေါ်အဘယေရက်၊ စောခေါအဘ
ဟေဗာ၊ ဇာနော်အဘ ယေကုသေလကို ဘွားမြင်၏။ 19 ယေဟုဒိယသည် နာဟံနှမဖြစ်၏။ နာဟံသည် ဂါမိရွာသား ကိလ၊ မာခမြို့သား
ဧရှတမော၏အဘ ဖြစ်သတည်း။ 20 ရှိမုန်သားကား အာမနုန်၊ ရိန္န၊ ဗဟာနန်၊ တိလုန် တည်း။ ဣရှိသားကား ဇောဟက်၊
ဗဇောဟက်တည်း။ 21 ယုဒသားဖြစ်သော ရှေလ၏သားကား လေက အဘဧရ၊ မရေရှအဘ လာဒအစရှိသော ပိတ်ချောကို
ရက်တတ်သော အာရှဗာအဆွေအမျိုး၊ 22 ယောယကိမ်အစရှိသော ခေါဇေဘလူ၊ မောဘ ပြည်၌ အစိုးရသော ယောရှ၊ သာရပ်၊
ယာရှုဗိလင်တည်း။ ထိုသို့ဆိုသော် ရှေးစကားဖြစ်၏။ 23 ထိုသူတို့သည် အိုးထိန်း သမား၊ လယ်ယာလုပ်သမားဖြစ်၍၊ ရှင်ဘုရင်အနားမှာ
နေလျက် အမှုတော်ကို ဆောင်ရွက်ရကြ၏။ 24 ရှိမောင်သားကား ယေမွေလ၊ ယာမိန်၊ ယာရိပ်၊ ဇေရ၊ ရှောလတည်း။ 25 ရှောလသား
ရှလ္လုံ၊ ရှလ္လုံသားမိဘသံ၊ မိဘသံသား မိရှမ၊ 26 မိရှမသား ဟမွေလ၊ ဟမွေလသား ဇက္ကုရ၊ ဇက္ကုရသား ရှိမိတည်း။ 27 ရှိမိသည်
သားတဆယ်ခြောက်ယောက်နှင့် သမီး ခြောက်ယောက်တို့ကို မြင်၏။ သို့ရာတွင် သူ၏ညီအစ်ကို တို့၌ သားမများ။
ရှိမောင်အမျိုးသားတို့သည် ယုဒ အမျိုးသားကဲ့သို့ မပွါးမများတတ်။ 28 ရှိမောင်အမျိုးတို့သည် ဒါဝိဒ်မင်းကြီးလက်ထက် တိုင်အောင်
ဗေရရှေဘမြို့၊ မောလဒါမြို့၊ ဟာဇရှာလမြို့၊ 29 ဗိလဟာမြို့၊ ဧဇင်မြို့၊ ဗတာလဒ်မြို့၊ 30 ဗေသွေလမြို့၊ ဟော်မာမြို့၊ ဇိကလတ်မြို့၊ 31
ဗက်မာကဗုတ်မြို့၊ ဟာဇသုသိမ်မြို့၊ ဗက်ဗိရိမြို့၊ ရှာရိမ်မြို့ တို့၌ နေကြ၏။ 32 ထိုမှတပါး၊ တောမြို့ဧတံ၊ အင်ရိမ္မုန်၊ တောခင်၊ ဧသာ၊
အာရှန်တည်းဟူသော မြို့ငါးမြို့နှင့်တကွ၊ 33 ပတ်လည်၌ရှိသော ရွာအပေါင်းတို့ကို ဗာလမြို့ တိုင်အောင် ပိုင်ကြ၏။ ဤရွေ့ကား၊
ရှိမောင်အမျိုးသား နေရာနှင့် ဆွေစဉ်မျိုးဆက်ဖြစ်သတည်း။ 34 မေရှောဗပ်၊ ယာမလက်၊ အာမဇိသားယောရှ၊ 35 ယောလ၊
အာသေလသား စရာယ၏ သား ယောရှိဘိ၏သား ယေဟု၊ 36 ဧလျောနဲ၊ ယာကောဘ၊ ယေရှောဟာယ၊ အသာယ၊ အဒျေလ၊
ယေသိမျေလ၊ ဗေနာယနှင့်တကွ၊ 37 ရှေမာယ၊ ရှိမရိ၊ ယေဒါယ၊ အလ္လုန်၊ ရှိဖိတို့မှ ဆင်းသက်သော ဇိဇတည်းဟူသော၊ 38 နာမအားဖြင့်
မှတ်သော သူတို့သည် အဆွေ အမျိုးသူကြီးဖြစ်၍၊ သူတို့အမျိုးသည် အလွန်ပွားများ သတည်း။ 39 ထိုသူတို့သည်
သိုးကျက်စားရာအရပ်ကို ရှာ၍ ချိုင့်အရှေ့ဘက်၊ ဂေဒေါ်မြို့ဝတိုင်အောင် သွားသော အခါ၊ 40 မြက်ပင်ပေါများ၍
ကောင်းသောကျက်စားရာ ကျယ်ဝန်းငြိမ်ဝပ်သော အရပ်ကို တွေ့ကြ၏။ ရှေးကာလ တွင်၊ ဟာမအမျိုးသားတို့သည် ထိုအရပ်၌
နေကြ၏။ 41 အထက်ဆိုခဲ့ပြီးသော သူတို့သည် ယုဒရှင်ဘုရင် ဟေဇကိ လက်ထက်၌သွား၍၊ သိုးကျက်စားစရာ ကောင်းသောအရပ်ကို
တွေ့သောကြောင့်၊ အရပ်သား နေရာရွာတို့ကို လုပ်ကြံ၍၊ ရှင်းရှင်းဖျက်ဆီးပြီးမှ ယနေ့ တိုင်အောင်နေကြ၏။ 42 တဖန်
ရှိမောင်အမျိုးသားယောက်ျားငါးရာတို့ သည် ဣရှိသား၊ ဗိုလ်ပေလတိ၊ နာရိ၊ ရေဖာယ၊ သြဇေလ နှင့်တကွ၊ စိရတောင်သို့ ချီသွား၍၊ 43
အရင်လွတ်သော အာမလက်အမျိုးသားအကျန် အကြွင်းကို လုပ်ကြံ၍ ထိုအရပ်၌ ယနေ့တိုင်အောင် နေကြ၏။


generated on Tue Jul 2 12:50:28 2024

1 Chronicles 01

ဖာရက်၊ ဟေဇာရုံ၊ ကာမိ၊ ဟုရ၊ ရှောဗာလ၊ ရာယ၊ အဟုမဲနှင့် လာဟဒ်
အမျိုးသား အမည်များဖြစ်သည်။

ဇောရသိ အမျိုးအနွယ်
ထိုလူမျိုးစုတို့သည် သူတို့နေထိုင်ရာ ဇောရအရပ်ဖြင့်
အမည်ပေးခြင်း ခံရကြသည်။

1 Chronicles 03

အမျိုး အနွယ်
ရှေ့အခန်းငယ်များတွင် ပြောထားသော သိုးဘေးစဉ်ဆက်များကို
ရည်ညွှန်းသည်။ သို့သော်လည်း အချို့ ဘာသာပြန်ချက်များတွင်
ဤနာမည်များကို သားအဖဆက်နွယ်မှုမျိုးအဖြစ် ဖော်ပြသည်။
ထိုနည်းတူ အချို့ဘာသာပြန်မှုများတွင် ပေနွေလကို
ဂေဒေါ်အမျိုးနွယ်၏ အရင်း (ပင်ရင်း) ဟု ဖော်ပြမည့်အစား
ဂေဒေါ်၏ ဖခင်အဖြစ် ဖော်ပြသည်။

ဧကာ၊ ဂေဒေါ်၊ ဟုရှ
မြို့ အမည်များဖြစ်သည်။

ဣရှမ၊ ဣဒဗက်၊ ပေနွေလ၊ ဧဖရတ်
အမျိုးသား အမည်များဖြစ်ကြသည်။

ဟာဇလေလပေါနိ
အမျိုးသမီးတစ်ဦး အမည်ဖြစ်သည်။

ဟုရအမျိုး အနွယ်တည်း။
ထိုပေနွေလနှင့်ဧကာတို့သည် ဟုရမှ ဆင်းသက်လာပါသည်။

1 Chronicles 05

အာရှုရ၊ တေရော၊ အဟုဇံ၊ ဟေဖာ၊ ဇေရက်၊ ယေဇော်၊ ဧသနန်၊ ကောဇ၊ အာနုပ်၊ ဇော်ဗေဒ၊ အဟာရေလ၊ ဟာရုံ
အမျိုးသားများ၏ အမည်ဖြစ်သည်။

တေမနိ၊ ဟာဟရှတာရိ
ထိုစကားလုံးများသည် အမျိုးသားများ အမည်ဖြစ်သည်။
တချို့အဆိုများသည် အာရှုရ၏ မျိုးနွယ်များဟု
ဖော်ပြထားသည်။

ဟေလ၊ နာရ
အမျိုးသမီး အမည်များဖြစ်သည်။

ဘွားမြင်
အခြားသောဘာသာပြန်ဆိုချက်၊ "သူ့သားများကို
မွေးဖွားပေးခဲ့သည်။"

ဟာရုံသား အဟာရေလ အဆွေအမျိုး
အခြားသောဘာသာပြန်ဆိုချက်၊ "ကောဇသည်လည်း ဟာရုံ၏
ဘိုးဘေးဖြစ်၍ ဟာရုံ၏သား အာဟာရေလမှ
ဆင်းသက်လာသည်။"

1 Chronicles 09

ယာဗက်
အမျိုးသားတစ်ယောက်အမည်ဖြစ်သည်။

အကျွန်ုပ်နေရာကို ကျယ်ဝန်း စေတော်မူပါ
အခြားသောဘာသာပြန်ဆိုချက်၊ "ကျွန်တော့်ကို
နယ်မြေပိုပေးပါ။"

လက်တော်သည် အကျွန်ုပ်ဘက်၌နေ၍
ဖြစ်နိုင်သော အဓိပ္ပါယ်မှာ ဘုရားသခင်၏ လက်သည်

တောင်းသောဆုကို ဘုရားသခင်ပေးသနားတော်မူ၏။
သူ၏ ဆုတောင်းခြင်းအတိုင်း ဖြစ်စေသည်။

1 Chronicles 11

ကာလက်၊ ရှုအာ၊ မဟိရ၊ ဧရှတုန်၊ ဗက်ရာဖ၊ ပါသာ၊ တေဟိန္န
အမျိုးသား အမည်များဖြစ်သည်။

Tehinnah, who began the city of Nahash
N/A

နာဟတ်
မြို့အမည်ဖြစ်သည်။

ရေခါ
နေရာအမည်ဖြစ်သည်။

1 Chronicles 13

ယေဘုယျ အချက်အလက်
အခန်းငယ် ၁၅ နှင့် အခန်းငယ် ၁၃၊ ကေနတ်၊ ယေဖုန္န နှင့်
ကာလက်တို့သည် ကေနတ်မှ ဆင်းသက်လာသည်ဟု
အခန်းငယ်များကို ဆက်ပေးဖို့ အကူအညီဖြစ်နိုင်သည်။

ကေနတ်၊ ဩသံယေလ၊ စရာယ၊ ဟာသက်၊ မောနောသဲ၊ ဩဖရာ၊ ယွာဘ၊ ယေဖုန္န၊ ဣရု၊ ဧလာ၊ နာမ၊ ယေဟလလေလ၊ ဇိဖ၊ ဇိဖာ၊ တိရိ၊ အသရေလ
လူ အမည်များဖြစ်သည်။

ဂေဟေရာရှိ၊ သူ့လူများသည် လက်မှုပညာသည်များဖြစ်ကြသည်
ဂေဟေရာရှိ၏ အဓိပ္ပါယ်မှာ "လက်မှုပညာသည် ချိုင့်ဝှမ်း"
ဖြစ်သည်။ လက်မှုပညာသည်ချိုင့်ဝှမ်းဟုအဓိပ္ပါယ်ရှိသော
ဂေဟေရာရှိ ဟူ၍လည်း ပိုရှင်းလင်းအောင် ဘာသာပြန်နိုင်သည်။
၎င်းဒေသရှိ လူများသည် လက်မှုပညာသည်များ
ဖြစ်သောကြောင့် ထိုသို့ခေါ်ခြင်းဖြစ်သည်။


generated on Tue Jul 2 12:50:28 2024

လက်မှုပညာသည်များ (ဆရာသမား)
ဆောက်လုပ်ရာတွင် ကျွမ်းကျင်သူများ။

## 1 Chronicles 17

ယေဘုယျ အချက်အလက်
ပိုမိုနားလည်လွယ်ရန် အခန်း ၄:၁၇ ရှိ အချက်အလက်ကို ပြန်ဖော်ပြခြင်းဖြစ်သည်။

ဇေရ၊ ယေသာ၊ မေရက်၊ ဇော၊ ယာလုန်၊ မိရိ၊ ရှမ္မဲ၊ ဧရှတမော၊ ဣရှဘ၊ ယေရက်၊ ဂေဒေါ်၊ ဟေဗာ၊ စောခေါ၊ ယေကုသေလ၊ ဇာနော်
အမျိုးသား အမည်များဖြစ်သည်။

ဗိသဟာ၏သားများဖြစ်သည်
ဤစကားလုံးသည် မိရိ၊ ရှမ္မဲ၊ ဣရှဘတို့ကို ညွှန်းသောစကားလုံးဖြစ်သည်။ ဗိသဟာသသည် မိရိ၏ ခင်ပွန်းအတွက် မွေးဖွားခဲ့သော သားများဖြစ်သည်။

ဗိသဟာ
အမျိုးသမီးအမည်ဖြစ်သည်။

သူ၏ မယား ယေဟုဒိယသည်
ဟေဗြဲကျမ်းတွင် သူ၏ 'ရဟူဒီ' (ဂျူး) မယား၊ အဆိုအများစုက 'သူ၏' ဟူသောစကားသည် 'မိရိ' ကို ညွှန်းကြောင်းနားလည်ကြသည်။ မိရိ၏ ဗိသယအပြင် အခြားမယားကိုရည်ညွှန်းခြင်းဖြစ်သည်။

## 1 Chronicles 19

ယေဟုဒိ၊ နာဟံ၊ ကိလ၊ ဧရှတမော၊ ရှိမုန်၊ အာမနုန်၊ ရိန္နဗဟာ်နန်တိလုန်၊ ဣရှိ၊ ဇောဟက်၊ ဗဇောဟက်
အမျိုးသား အမည်များဖြစ်သည်။

ဂါမိရှာသား
ဂါလူမျိုးမှ တစ်စုံတစ်ဦးဖြစ်သည်။

မာခမြို့သား
'မာခါ' ဒေသတွင် နေထိုင်သော သူဖြစ်သည်။

## 1 Chronicles 21

ရှေလ၊ ဧရ၊ လေကာ၊ လာဒ၊ မရေရှ၊ ယောယကိမ်၊ ယောရှ၊ သာရပ်
အမျိုးသား အမည်များဖြစ်သည်။

ပိတ်ချော
အထည်အမျိုးအစားဖြစ်သည်။

အိုးထိန်း သမား
မြေစေးဖြင့် ထည့်စရာ အိုးပြုလုပ်သူများ။

ဗက်အာရှဗာ၊ ခေါဇေဘ၊ လယ်နာမည်၊ ဂဒ်သမ်း
မြို့အမည်များဖြစ်သည်။

## 1 Chronicles 24

ယေမွေလ၊ ယာမိန်၊ ယာရိပ်၊ ဇေရ၊ ရှောလ၊ ရှလ္လံ၊ မိသသံ၊ မိရှမ၊ ဟမွေလ၊ ဇက္ကုရ၊ ရှိမိ။
ထိုအမည်များသည် လူအမည်များဖြစ်သည်။

မြေး
လူပုဂ္ဂုလ်တစ်ယောက်၏ သား။

မြစ်
မြေးလေး သို့မဟုတ် မြေးမ၏ သား။

## 1 Chronicles 27

သားတဆယ်ခြောက်ယောက်နှင့် သမီး ခြောက်ယောက်
သား ၁၆ ယောက်နှင့် သမီး ၆ ယောက်။

မောလဒါမြို့၊ ဟာကရှာလ
ထိုအမည်သည် မြို့အမည်များ ဖြစ်သည်။

## 1 Chronicles 29

ယေဘုယျ အချက်အလက်
ထိုမြို့များ၏ အမည်များသည် သိမိအော်၏ ဆင်းသက်နေထိုင်ခဲ့သော အရပ်တွင်ဖြစ်သည်။

ဗိလဟာမြို့၊ ဧဇင်မြို့၊ ဗတလဂ်မြို့ဗေသွေလမြို့၊ ဟောမာမြို့၊ ဇိကလက်မြို့၊ ဗက်မာကဗုတ်မြို့၊ ဟာဇသူသိမ်မြို့၊ ဗက်ဗိရိမြို့၊ ရှာရိမ်မြို့တို့သည်
မြို့အမည်များဖြစ်သည်။

## 1 Chronicles 32

ယေဘုယျ အချက်အလက်
ထိုမြို့များ၏ အမည်များသည်လည်း သိမိအော် ၏ ဆင်းသက်နေထိုင်ခဲ့သော အရပ်တွင်ဖြစ်သည်။

ဧတံ၊ အင်ရိမ္မုန်၊ သောခင်၊ အာရှန်
ရွာအမည်များဖြစ်သည်။

အစွန်အဖျားဖြစ်သော
လူများနေသောအရပ်မှ ဝေးသော။

ဗာလ
မြို့အမည်ဖြစ်သည်။ ဗာလဒ်ဟုလည်း ခေါ်သည်။

## 1 Chronicles 34

မေရှောဗပ်၊ ယာမလက်၊ အာမဇိ၊ ယောလ၊ ယောရှိဘိ၊ စရာယ၊ အသေလ၊ ဧလျောနဲ၊ ယာကောဘ၊ ယေရှောဟာယ၊ အသာယ၊ အဒျေလ၊ ယေသိမျေလ၊ ဗေနာယ၊ ဇိဇ၊ ရှိဖိ၊ အလ္လုန်၊ ယေဒါလ၊ ရှိမရိ၊ ရှေမာယ
လူ အမည်များဖြစ်ကြသည်။


generated on Tue Jul 2 12:50:28 2024

နာမအားဖြင့် မှတ်သော သူတို့သည် အဆွေ အမျိုးသူကြီးဖြစ်၍
ခေါင်းဆောင်များဖြစ်သည်။

သူတို့အမျိုးသည် အလွန်ပွားများ သတည်း
သူတို့၏ ဆွေစဉ်မျိုးဆက်များသည် လွန်စွာတိုးပွားကြ၏။

1 Chronicles 39

ဂေဒေါ်
မြို့တစ်ခု အမည်ဖြစ်သည်။

ကျက်စားရာ
တိရိ စ္ဆာန်များ ကျက်စားရာ မြက်ခင်းပြင် ဧရိယာတစ်ခု။

ပေါ်များ
ပမာဏ အများအပြား။

ဟာမအမျိုးသား
ဟာမ၏ အမျိုးအနွယ်များ။

မေနိ
လူအုပ်စု အမည်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မေနိမျိုးနွယ်များ။"

1 Chronicles 42

ယောက်ျားငါးရာ
အမျိုးသား ၅၀၀

ဗိုလ်ပေလတိ၊ နာရိ၊ ရေဖာယ၊ ဩဇေလ၊ ဣရှိ။
လူနာမည်များဖြစ်သည်။

အာမလက်ဒုက္ခသည်များသည် အကျန်အကြွင်း။
အာမလက်ဒုက္ခသည်များ ကျန်ရစ်သည်။

အကျန်အကြွင်း
မိမိတိုင်းပြည်ကို စွန့်ခွာရန် အတင်းအကြပ် ခိုင်းစေခြင်း ခံရသူများ။

ယနေ့တိုင်အောင်
ထိုအချိန်မှ ယခုတိုင် အောင်။

---

## Translation Questions

1 Chronicles 4:9

ဣသရေလလူမျိုးတို့၏ အရှင်ထာဝရ ဘုရားထံတွင် ယာဗက်သည် မည်သည့်ဆုကို တောင်းသနည်း။
သူ့အားဘုရားသခင်က ကောင်းကြီးပေးရန်၊ တဲရာကို ကျယ်ဝန်းစေရန်၊ ဘေးဥပဒ်အလုံးစုံမှ ကင်းလွတ်ရန် ဆုတောင်းခဲ့သည်။

ယာဗက်၏ ဆုတောင်းချက် အဖြေရခဲ့ပါသလား။
ဘုရားသခင်က သူ၏ဆုတောင်းခြင်းကို အဖြေပေးခဲ့ပါသည်။

1 Chronicles 4:27

ရှိမိနှင့် သူ၏ညီအစ်ကို တို့သည်ယုဒလူမျိုးများကဲ့သို့ မည်သည့်အတွက်ကြောင့် အရေအတွက်မများရသနည်း။
သူ၏ ညီအစ်ကိုတို့တွင် သားသမီး များစွာ မရှိသောကြောင့်ဖြစ်သည်။

1 Chronicles 4:39

ရှိမိ၏သားအချို့တို့သည် အဘယ်ကြောင့် ဂေဒေါ်မြို့ အရှေ့ဖက်တွင် သွားခဲ့ကြသနည်း။
သူတို့သည် သိုးများကျက်စားရန် စိမ်းလန်းသောမြက်ခင်းပြင် နေရာကောင်းကို တွေ့ရှိသွားသောကြောင့်ဖြစ်သည်။

---

## Chapter 5

1 ရုဗင်သည် ဣသရေလ၏ သားဦးဖြစ်သော် လည်း၊ အဘအိပ်ရာကို ညစ်ညူးစေသောကြောင့်၊ သားဦး အရာကိုနှုတ်ပြီးလျှင်၊
ဣသရေလ၏သားဖြစ်သော ယောသပ်၏ သားတို့အား ပေးသည်ဖြစ်၍၊ သားစဉ် မြေးဆက်တို့ကို မှတ်သောအခါ၊ သားဦးအရာကို
လိုက်၍ မမှတ်ရ။ 2 ယုဒသည်လည်း ညီအစ်ကိုတို့တွင် လွန်ကဲ၍ သူ၏အမျိုးထဲက မင်းဖြစ်တတ်သော်လည်း၊ သားဦးအရာ ကိုမရ၊
ယောသပ်ရ၏။ 3 ဣသရေလ၏ သားဦးရုဗင်သားကား ဟာနုတ်၊ ဖာလု၊ ဟေဇရုံ၊ ကာမိတည်း။ 4 ယောလသားကား ရှေမာယ၊
ရှေမာယသား ဂေါဂ၊ ဂေါဂသား ရှေမိ၊ 5 ရှေမိသားမိက္ခ၊ မိက္ခသားရာယ၊ ရာယသား ဗာလတည်း။ 6 ဗာလသားကား၊ အာရှုရိရှင်ဘုရင်
တိဂလတ် ပိလေသာ သိမ်းသွားသော ရုဗင်အမျိုး မင်းဗေရာတည်း။ 7 သူ၏ညီ ယေယေလနှင့် ဇာခရိတို့သည်လည်း၊
သားစဉ်မြေးဆက် စာရင်းယူသောအခါ အဆွေအမျိုး သူကြီးဖြစ်သတည်း။ 8 ထိုအတူ ယောလ၊ ရှေမ၊ အာဇတ်တို့မှ ဆင်း သက်သော
ဗေလသည်လည်းမင်းဖြစ်လျက်၊ အာရော်မြို့ မှစ၍ နေဗောမြို့၊ ဗာလမောင်မြို့တိုင်အောင် နေရာ ကျယ်၏။ 9 ဂိလဒ်ပြည်၌
သိုးနွားများပြားသောကြောင့်၊ အရှေ့မျက်နှာ၌ ဥဖရတ်မြစ်နှင့်ဆိုင်သော တောဝင်ဝ တိုင်အောင် နေရာကျယ်၏။ 10
ရှောလုမင်းလက်ထက် ဟာဂရအမျိုးသားတို့ကို စစ်တိုက်၍ လုပ်ကြံသဖြင့်၊ ဂိလဒ်ပြည်အရှေ့ပိုင်း တရှောက်လုံးတွင်
ဟာဂရ၏နေရာကို ယူရနေရာကျကြ ၏။ 11 သူတို့တဘက်တချက်၊ ဗာရှန်ပြည်တွင် သလကာမြို့တိုင်အောင် ဂဒ်အမျိုးသားတို့သည်
နေရာ ကျကြ၏။ 12 ဗာရှန်ပြည်၌ အကြီးအကဲကား ယောလ၊ ထိုနောက် ရှာဖံ၊ ယာနဲ၊ ရှာဖတ်တည်း။ 13 သူတို့အဆွေအမျိုးချင်း
ပေါက်ဘော်တော်သော သူကားမိက္ခေလ၊ မေရှုလံ၊ ရှေဘ၊ ယောရဲ၊ ယာခန်၊ ဇယာ၊ ယေဗာ၊ ပေါင်းခုနစ်ယောက်တည်း။ 14-15
ထိုသူတို့သည် ဂုနိ၊ အာဗဒျေလ၊ ဗုဇာတိ၊ ယာဒေါ၊ ယေရှိရှဲ၊ မိက္ခေလ၊ ဂိလဒ်၊ ယာရော်၊ ဟုရိ၊ အဘိဟဲလအမျိုးအနွယ်ဖြစ်သတည်း။
ဂုနိကား ထိုအဆွေ အမျိုး၏ သူကြီးဖြစ်၏။ 16 သူတို့သည် ဂိလဒ်ပြည်၊ ဗာရှန်ပြည်မြို့ရွာ၊ ရှာရုန်မြို့ပတ်လည်ပြည်စွန်းတိုင်အောင်
နေရာကျကြ၏။ 17 ဤသူအပေါင်းတို့သည် ယုဒရှင်ဘုရင် ယောသံ နှင့် ဣသရေလရှင်ဘုရင် ယေရောဗောင်လက်ထက်
သားစဉ်မြေးဆက် စာရင်းဝင်ကြ၏။ 18 ရုဗင်အမျိုး၊ ဂဒ်အမျိုး၊ မနာရှေအမျိုးတဝက်တွင် ဒိုင်းနှင့် ထားကို ကိုင်၍ လေးနှင့်
ပစ်တတ်သဖြင့်၊ စစ်မှု စစ်ရေးကို လေ့ကျက်၍ စစ်ချီတတ်သော စစ်သူရဲပေါင်း ကား၊ လေးသောင်းလေးထောင်ခုနစ်ရာခြောက်ဆယ်
တည်း။ 19 ထိုသူတို့သည် ဟာဂရအမျိုးသားတို့နှင့် စစ်တိုက် ကြ၏။ 20 စစ်တိုက်သောအခါ ဘုရားသခင်ကို ကိုးစား၍
ဆုတောင်းသောကြောင့်၊ ဘုရားသခင် မစတော် မူခြင်းကျေးဇူးအားဖြင့်၊ ဟာဂရလူတို့နှင့် သူတို့ဥစ္စာ ရှိသမျှကိုရကြ၏။ 21
ကုလားအုပ်ငါးထောင်၊ သိုးနှစ်သိန်းငါးသောင်း၊ မြည်းနှစ်ထောင်၊ လူတသိန်းတို့ကိုသိမ်းယူကြ၏။ 22 ဘုရားသခင့်အခွင့်နှင့်
စစ်တိုက်သောကြောင့်၊ ရန်သူအများတို့သည် လဲသေကြ၏။ ဣသရေလလူတို့ သည် သိမ်းသွားခြင်းအမှုမရောက်မှီတိုင်အောင်၊ ဟာဂရ
လူတို့နေရာ၌ နေရာကျကြ၏။ 23 မနာရှေအမျိုးတဝက်သည်၊ ထိုပြည်တွင် ဗာရှန် မြို့မှစ၍ ဗာလဟေရမုန်မြို့၊ စနိရမြို့၊
ဟေရမုန်တောင် တိုင်အောင် ပွားများလျက်နေ၏။ 24 အဆွေအမျိုးသူကြီးများဟူမူကား၊ ခွန်အား ကြီး၍ ကျော်စောသော စစ်သူရဲဧဖာ၊
ဣရှိ၊ ဧလျေလ၊ အာဇရေလ၊ ယေရမိ၊ ဟောဒဝိ၊ ယာဒျေလတည်း။ 25 သို့ရာတွင် ရုဗင်အမျိုး၊ ဂဒ်အမျိုး၊ မနာရှေအမျိုး တဝက်သည်
ဘိုးဘေးတို့၏ ဘုရားသခင်ကို ပြစ်မှား၍၊ မိမိတို့ရှေ့မှာ ဘုရားသခင်ဖျက်ဆီးတော်မူသောပြည်သား တို့ ဘုရားများနှင့် မှားယွင်းကြ၏။
26 သို့ဖြစ်၍ ဣသရေလအမျိုး၏ ဘုရားသခင်သည် အာရှုရိရှင်ဘုရင် ပုလနှင့်ရှင်ဘုရင် တိဂလတ်ပိလေသာ စိတ်ကို
နှိုးဆော်တော်မူသဖြင့်၊ နောက်ရှင်ဘုရင်သည် ထိုဣသရေလအမျိုးသားတို့ကို ဂေါဇန်မြစ်နား၊ ဟေလမြို့၊ ဟာဗော်မြို့၊ ဟာရမြို့သို့
သိမ်းသွား၍ ယနေ့တိုင်အောင် နေရာချထား၏။

---

1 Chronicles 01

(ယခု) ရုဗင်
ရုဗင်၏ ဆွေစဉ်မျိုးဆက်များ ဆင်းသက်လာသောမျိုးရိုး၏ နောက်ခံသမိုင်းကို စာရင်းပြုစုထားသော မှတ်စုဖြစ်သည်။

သားဦး အရာကို ... ဣသရေလ၏သားဖြစ်သော ယောသပ်၏ သားတို့အား ပေးသည်ဖြစ်၍
"ဣသရေလသည် ရုဗင်၏ သားဦးအရာကို သူ၏ သားဖြစ်သော ယောသပ်၏ သားများအား ပေးသည်"

အဘအိပ်ရာကို ညစ်ညူးစေသောကြောင့်
ထိုစကားသည် ယဉ်ကျေးသော အသုံးအနှုန်းသာဖြစ်သည်။ အမှန်စင်စစ်မှာ ရုဗင်သည် သူ့ဖခင်၏ မယားငယ်နှင့်အတူ အိပ်ခဲ့သည်။

သားစဉ် မြေးဆက်တို့ကို မှတ်သောအခါ၊ သားဦးအရာကို လိုက်၍ မမှတ်ရ
ရုဗင်သည် မိသားစုတွင် သားဦးအဖြစ် စာရင်းပြုစုထားခြင်းမရှိပါ။

ဟာနုတ်၊ ဖာလု၊ ဟေဇရုံ၊ ကာမိ
ထိုနာမည်များသည် အမျိုးသားများ၏ အမည်ဖြစ်သည်။


generated on Tue Jul 2 12:50:28 2024

1 Chronicles 04

ယေလ၊ ရှေမာယ၊ ဂေါဂ၊ ရှေမိ၊ မိက္ခ၊ ရာယ၊ ဗာလ၊ ဗေရာ၊ တိဂလတ်၊ မိလေသာ၊ ဗေရာ
လူနာမည်များ ဖြစ်သည်။

တိဂလတ် ပိလေသာ
ကျမ်းစာ၏ အခြားအစိတ်အပိုင်းများတွင် တိဂလတ် ပိလေသာ ဟု ရေးထားပါသည်။

1 Chronicles 07

သားစဉ်မြေးဆက် စာရင်း ... (တွင် မှတ်တမ်းတင်ထားသည်။)
ဤအရာသည် ဝါကျအသစ်ဖြစ်သည်။ သူတို့၏ သားစဉ်မြေးဆက် စာရင်းတွင် သူတို့ကို ဤသို့ မှတ်တမ်းတင်ထားပါသည်။

သားစဉ်မြေးဆက် စာရင်း
မိသားစုတစ်စုရှိ လူများမည်သို့ ဆက်နွယ်သည်ကို ပြသသောမှတ်တမ်း။

ယေယေလ၊ ဇာခရိ၊ ဗေလ၊ အဇတ်၊ ရှေမ
လူနာမည်များ ဖြစ်သည်။

အာရော်၊ နေဗော၊ ဗာလဗောင်
မြို့အမည်များဖြစ်သည်။

1 Chronicles 10

ဟာဂရအမျိုးသားတို့
လူအုပ်စု တစ်စု၏ နာမည်ဖြစ်သည်။

1 Chronicles 11

သလကာ
ထိုနာမည်သည် မြို့နာမည်ဖြစ်သည်။

ယောလ၊ ရှာဖံ၊ ယာနဲ၊ ရှာဖတ်၊ မိက္ခေလ၊ မေရှုလံ၊ ရှေဘ၊ ယောရဲ၊ ယာခန်၊ ဇယာ၊ ယေဗာ
အမျိုးသား နာမည်များဖြစ်သည်။

1 Chronicles 14

အာဗဒျေလ၊ ဟုရိ၊ ယာရော်၊ ဂိလဒ်၊မိက္ခေလ၊ ယေရှိရှဲ၊ ယာဒေါ၊ ဗုဇာတိ၊ အဘိဟဲလ၊ ဂိုနိ
အမျိုးသား နာမည်များဖြစ်သည်။

1 Chronicles 16

နေရာကျကြ၏
အခြားသောဘာသာပြန်ဆိုချက်၊ "ဂိလဒ် လူမျိုးစုများနေထိုင်ခဲ့ကြသည်။"

စားကျက်မြေများ
တိရိစ္ဆာန်များ ကျက်စားရာမြက်ခင်း ဧရိယာနယ်မြေ။

ဤသူအပေါင်းတို့သည် ... သားစဉ်မြေးဆက် စာရင်းဝင်ကြ၏။
အခြားသောဘာသာပြန်ဆိုချက်၊ "မျိုးရိုးဗီဇ ဆိုင်ရာ စာရင်းမှတ်တမ်း" သို့မဟုတ် "မိသားစုနှင့် ဆိုင်သော မျိုးရိုး စာရင်း။"

ဤအရာအားလုံး
မည်မျှသော လူများကို ညွှန်းဆိုသည်မှာ မရှင်းလင်းပါ။

1 Chronicles 18

ရုဗင်အမျိုး
ရုဗင်မျိုးနွယ်စု။

ဂဒ်အမျိုး
ဂဒ်မျိုးနွယ်စု။

လေးသောင်းလေးထောင်ရှိသောစစ်သား
စစ်သား ၄၄,၀၀၀ ။

ဒိုင်းနှင့် ထားကို ကိုင်၍ လေးနှင့် ပစ်တတ်သဖြင့်၊ စစ်မှု စစ်ရေးကို လေ့ကျက်၍ စစ်ချီတတ်သော စစ်သူရဲပေါင်း
မိမိကိုင်ဆောင်သော လက်နက်ဖြင့် စစ်သားများ မည်မျှစစ်ရေးကျွမ်းကျင်သည်ကို ဖော်ပြခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "စစ်ပွဲတွင် ကောင်းစွာ တိုက်နိုင်ဖို့ရန် သူတို့ကို လေ့ကျင့်ပေးကြသည်။" (ရှု၊ )

ဟာဂရ၊ ယေတုရ၊ နာဖတ်ရှ၊ နာဒတ်
ထိုနာမည်များသည် လူအုပ်စုဖြစ်သည်။

1 Chronicles 20

(ဣသရေလလူများသည်) ဘုရားသခင်ကို ကိုးစား၍ ဆုတောင်းသောကြောင့်
အခြားသောဘာသာပြန်ဆိုချက်၊ "ဣသရေလလူများသည် ဘုရားသခင်မစ ဖို့ရန် အော်ဟစ်ဆုတောင်းကြသည်။"

... ရကြ၏။
အခြားသောဘာသာပြန်ဆိုချက်၊ "ဣသရေလလူများသည် ဟာဂရလူများကို သိမ်းပိုက်ကြ၏။"

ကုလားအုပ်ငါးထောင် (အင်္ဂလိပ်တွင် ၅၀,၀၀၀)
ကုလားအုပ် ၅၀,၀၀၀။

မြည်းနှစ်ထောင်
မြည်း ၂၀၀၀။

ဘုရားသခင့်အခွင့်နှင့် စစ်တိုက်သောကြောင့်
စစ်ပွဲတွင် ဘုရားသခင်၏ မစခြင်းကို စစ်တိုက်သောစစ်သားကဲ့သို့ ဖော်ပြထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်သည် သူတို့ကို ကူညီသောကြောင့်။" (ရှု၊ )

1 Chronicles 23

ဗာလဟေရမုန်...စနိရ
တောင်အမည်များဖြစ်သည်။

ဇဖော၊ ဣလ္ဍိ၊ ဇလျေလ၊ အဇရေလ၊ ယေရမိ၊ ဟောဒဝိ၊ ယာဒျေလ
ထိုအမည်များသည် အမျိုးသား အမည်များဖြစ်သည်။

1 Chronicles 25

ပုလ၊ တိဂလတ်ပိလေသာ
အမျိုးသား အမည်များဖြစ်သည်။

ရုဗင်အမျိုး၊ ဂဒ်အမျိုး
လူအုပ်စုအမည်များ ဖြစ်သည်။

ဟလမြို့၊ ဟာဗော်မြို့၊ ဟာရမြို့
မြို့အမည်များ ဖြစ်သည်။

ဂေါဇန်
မြစ်တစင်း၏ အမည်ဖြစ်သည်။

---

## Translation Questions

1 Chronicles 5:1

ရုဗင်သည် သားဦးဖြစ်သော်လည်း သူ၏သားဦးအရာကို အဘယ်ကြောင့် ယောသပ်ထံသို့ပေးအပ်ခဲ့ရသနည်း။
ရုဗင်သည် ဣသရေလ၏ သားဦးဖြစ်သော် လည်း၊ အဘအိပ်ရာကို ညစ်ညူးစေသောကြောင့်၊ သားဦး အရာကိုနုတ်ယူကာ ယောသပ်ထံသို့ ထိုကောင်းကြီးရောက်ရှိခဲ့သည်။

ဣသရေလ၏သားများထဲတွင် မည်သည့်အမျိုးအနွယ်မှ ခေါင်းဆောင် ပေါ်ထွက်လာမည်နည်း။
ဣသရေလ၏သားများထဲတွင် ယုဒ အမျိုးအနွယ်မှခေါင်းဆောင်တစ်ဦးပေါ်လထွက်လာမည်။

1 Chronicles 5:4

ဗာလ၏သားဖြစ်သော ဗေရာတွင် မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
အာရှုရိရှင်ဘုရင်က သူ့အားဖမ်းဆီးသိမ်းဆည်းသွားသည်။

1 Chronicles 5:18

ရုဗင်၏မျိုးနွယ်စု၊ ဂဒ်အမျိုး၊ မနာရှေအမျိုးတစ်ဝက် ထဲတွင် စစ်သူရဲမည်မျှ ရှိခဲ့သနည်း။
ထိုမျိုးနွယ်စုတို့တွင် စစ်ပွဲအတွက် စစ်သူရဲပေါင်း လေးသောင်းလေးထောင်ကျော် လေ့ကျင့်မွေးထုတ်ခဲ့ပြီး၊ ဒိုင်းနှင့် လက်နက် ကိုင်ဆောင်သောအဖွဲ့ နှင့် လေးမြားကိုပစ်တတ်သောအဖွဲ့တို့ ပါဝင်သည်။

1 Chronicles 5:20

ဟာဂရလူတို့သည် အဘယ်ကြောင့် စစ်ရှုံးခဲ့ကြသနည်း။
ဣသရေလလူမျိုးတို့သည် ထာဝရဘုရားထံ ငိုကြွေး၍ ယုံကြည်စွာအပ်နှံထားသဖြင့် ဘုရားသခင်၏ကျေးဇူးပြုခြင်းကို ခံစားရကြသည့်အတွက် ဟာဂရလူတို့ ရှုံးနိမ့်ခဲ့ကြသည်။

ဟာဂရလူတို့ထံမှ ဣသရေလလူမျိုးများသိမ်းဆည်းထားသော မြေတွင် မည်မျှကြာအောင်နေထိုင်ခဲ့ကြသနည်း။
ဣသရေလလူတို့သည် ဗာဗုလုန်သို့ သိမ်းသွားခြင်းအမှုမရောက်မှီတိုင်အောင်၊ ဟာဂရ လူတို့နေရာ၌ ကာလကြာမြင့်စွာနေထိုင်ခဲ့ကြသည်။

1 Chronicles 5:23

မနာရှေအမျိုးတစ်ဝက်သည် မည်သည့်နေရာတွင် ယင်းတို့၏မိသားစုများနှင့် နေထိုင်ကြသနည်း။
သူတို့သည် ဗာရှန်အရပ်တွင် နေထိုင်ခဲ့ကြသည်။

1 Chronicles 5:25

ရုဗင်အမျိုး၊ ဂဒ်အမျိုး၊ မနာရှေအမျိုး တဝက်သည် ဘိုးဘေးတို့၏ ဘုရားသခင်ကို ပြစ်မှားခဲ့ကြသောအခါ ထာဝရဘုရားသည် မည်သို့ပြုခဲ့သနည်း။
ထာဝရဘုရားသခင်သည် အာရှုရိရှင်ဘုရင်၏ စိတ်ကို နှိုးဆော်ကာ ဤလူမျိုးတို့ကို သိမ်းပိုက်၍ တိုင်းပြည်မှ နှင်ထုတ်ခဲ့သည်။



generated on Tue Jul 2 12:50:28 2024

# Chapter 6

1 လေဝိသားကားဂေရရှုံ၊ ကောဟတ်၊ မေရာရိ တည်း။ 2 ကောဟတ်သားကား အာမရံ၊ ဣဇဟာ၊ ဟေဗြုန်၊ ဩဇေလတည်း။ 3
အာမရံသားကားအာရုန်၊ မောရှေ၊ မိရိအံ တည်း။ အာရုန်သားကား နာဒပ်၊ အဘိဟု၊ ဧလာဇာ၊ ဣသမာတည်း။ 4 ဧလာဇာသားကား
ဖိနဟတ်၊ 5 ဖိနဟတ်သား အဘိရှု၊ အဘိရှုသား ဗုက္ကိ၊ 6 ဗုက္ကိသားဩဇိ၊ ဩဇိသား ဇေရဟိ၊ ဇေရဟိသား မေရာယုတ်၊ 7 မေရာယုတ်သား
အာမရိ၊ အာမရိသား အဟိတုပ်၊ 8 အဟိတုပ်သား ဇာဒုတ်၊ ဇာဒုတ်သားအဟိမတ်၊ 9 အဟိမတ်သား အာဇရိ၊ အာဇရိသား ယောဟနန်
တည်း။ 10 ယောဟနန်သားကား၊ ယေရုရှလင်မြို့မှာ ရှောလ မုန်တည်သော ဗိမာန်တော်၌ ယဇ်ပုရောဟိတ်ပြုသော အာဇရိတည်း။ 11
အာဇရိသားကား အာမရိ၊ အာမရိသား အဟိတုပ်၊ 12 အဟိတုပ်သား ဇာဒုတ်၊ ဇာဒုတ်သား ရှလ္လုံ၊ 13 ရှလ္လုံသား ဟိလခိ၊ ဟိလခိသား
အာဇရိ၊ 14 အာဇရိသား စရာယ၊ စရာယသား ယောဇဒက် တည်း။ 15 ယောဇဒက်သည် နေဗုခဒ်နေဇာလက်ဖြင့် ယုဒ ပြည်သူ၊
ယေရုရှလင်မြို့သားတို့ကို ထာဝရဘုရား သိမ်းသွားစေတော်မူသောအခါ ပါသွားသတည်း။ 16 လေဝိသား ဂေရရှုံ၊ ကောဟတ်၊
မေရာရိတို့တွင်၊ 17 ဂေရရှုံသားကား လိဗနိနှင့် ရှိမိတည်း။ 18 ကောဟတ်သားကားအာမရံ၊ ဣဇဟာ၊ ဟေဗြုန်၊ ဩဇေလတည်း။ 19
မေရာရိသားကား မဟာလိနှင့် မုရှိတည်း ဟူသော လေဝိအဆွေအမျိုးအသီးအသီးဖြစ်သတည်း။ 20 ဂေရရှုံသားကားလိဗနိ၊
လိဗနိသားယာဟတ်၊ ယာဟတ်သား ဇိမ္မ၊ 21 ဇိမ္မသားယောအာ၊ ယောအာသား ဣဒ္ဒေါ၊ ဣဒေါသားဇေရ၊ ဇေရသားယာတရဲတည်း။ 22
ကောဟတ်သားကား ဣဇဟာတည်းဟူသော အမိနဒပ်၊ အမိနဒပ်သား ကောရ၊ ကောရသားအဿိရ၊ 23 အဿိရသား ဧလကာန၊
ဧလကာနသား ဧဗျာသပ်၊ ဧဗျာသပ် သားအဿိရ၊ 24 အဿိရသားတာဟတ်၊ တာဟတ်သားဥရေလ၊ ဥရေလသား ဩဇိ၊
ဩဇိသားရှောလ၊ 25 ရှောလသား ဧလကာန၊ ဧလကာနသား အာမသဲ နှင့် အဟိမုတ်၊ 26 အာမသဲသား ဇောဖဲ၊ ဇောဖဲသား နာဟတ်၊ 27
နာဟတ်သား ဧလျာဘ၊ ဧလျာဘသား ယေရော ဟံ၊ ယေရောဟံသား ဧလကာန၊ ဧလကာနသား ရှမွေလတည်း။ 28 ရှမွေလသားဦးကား
ယောလ၊ ဒုတိယသား အဘိယတည်း။ 29 မေရာရိသားကားမဟာလိ၊ မဟာလိသား လိဗနိ၊ လိဗနိသား ရှိမိ၊ ရှိမိသားဩဇ၊ 30
ဩဇသားရှိမာ၊ ရှိမာသား ဟဂ္ဂိ၊ ဟဂ္ဂိသား အသာယတည်း။ 31 ထာဝရဘုရား၏ သေတ္တာတော်သည် ငြိမ်ဝပ် သောအခါ၊ အိမ်တော်၌
သီချင်းဆိုရာ အမှုတော်ကို စောင့်စေခြင်းငှါ၊ ဒါဝိဒ်မင်းခန့်ထား သောသူတို့သည်၊ 32 ယေရုရှလင်မြို့၌ ဗိမာန်တော်ကို ရှောလမုန်
မတည်မှီ ကာလပတ်လုံး၊ ပရိသတ်စည်းဝေးရာ တဲတော် တည်ရာအရပ်၌ သီချင်းဆိုလျက် အမှုတော်ကို စောင့်ကြ ၏။ ဗိမာန်တော်ကို
တည်ပြီးသောနောက်၊ မိမိတို့ အလှည့် အတိုင်း စောင့်ရသောအမှုကို စောင့်လျက်နေကြ၏။ 33-38 ထိုအမှုတော်ကို စောင့်သောသူတို့နှင့်
သားစဉ် မြေးဆက်ဟူမူကား၊ ဣသရေလ၊ လေဝိ၊ ကောဟတ်၊ ဣဇဟာ၊ ကောရ၊ ဧဗျာသပ်၊ အဿိရ၊ တာဟတ်၊ ဇေဖနိ၊ အာဇရိ၊
ယောလ၊ ဧလကာန၊ အမာသဲ၊ မာဟတ်၊ လေကာန၊ ဇောဖဲ၊ တောအာ၊ ဧလျာဘ၊ ယေရောဟံ၊ ဧလကာန၊ ရှမွေလ၊ ယောလတို့မှ
ဆင်းသက်သော ကောဟတ်အမျိုး၊ သီချင်းသည် ဟေမန်တပါး။ 39-43 လေဝိ၊ ဂေရရှုံ၊ ယာဟတ်၊ ရှိမိ၊ ဇိမ္မ၊ ဧသန်၊ အဒါယ၊ ဇေရ၊
ဧသနိ၊ မာလခိ၊ ဗာသေယ၊ မိက္ခေလ၊ ရှိမာ၊ ဗေရခိတို့မှ ဆင်းသက်သော အာသပ်၊ ဟေမန် လက်ျာဘက်မှာ နေရာရှိသော
အပေါင်းအဘော် အာသပ် တပါး၊ 44-47 လေဝိ၊ မေရာရိ၊ မုရှိ၊ မဟာလိ၊ ရှမေရ၊ ဗာနိ၊ အံဇိ၊ ဟိလခိ၊ အာမဇိ၊ ဟာရှဗိ၊ မလ္လုတ်၊ အာဖဒိ၊
ကိရှိတို့မှ ဆင်းသက်သော ဧသန်တပါးမှစ၍ လက်ဝဲဘက်မှာ နေရာရှိသော အပေါင်းအဘော်၊ မေရာရိအမျိုးသား များတည်း။ 48
သူတို့၏ညီအစ်ကိုဖြစ်သော လေဝိသားတို့သည် ဘုရားသခင် ကျိန်းဝပ်တော်မူရာ တဲတော်အမှုအမျိုးမျိုး စောင့်သောအရာ၌
ခန့်ထားခြင်းကို ခံကြ၏။ 49 အာရုန်နှင့်သူ၏ သားစဉ်မြေးဆက်မူကား၊ ယဇ်ကောင်ကို မီးရှို့ရာပလ္လင်နှင့်၊ နံ့သာပေါင်းကို မီးရှို့ရာ
ပလ္လင်ပေါ်မှာပူဇော်လျက်၊ အလွန်သန့်ရှင်းရာဌာနတော် အမှုအလုံးစုံကိုစောင့်လျက်၊ ဘုရားသခင်၏ ကျွန်မောရှေ မှာထားသမျှအတိုင်း၊
ဣသရေလအမျိုး၏ အပြစ်ကို ဖြေရသော သူဖြစ်ကြ၏။ 50 အာရုန်၏ သားမြေးမှာ၊ အာရုန်သားကား ဧလာဇာ၊ ဧလာဇာ သား
ဖိနဟတ်၊ ဖိနဟတ်သား အဘိရှု၊ 51 အဘိရှုသားဗုက္ကိ၊ ဗုက္ကိသား ဩဇိ၊ ဩဇိသား ဇေရဟိ၊ 52 ဇေရဟိသားမရာယုတ်၊
မရာယုတ်သားအာမရိ၊ အာမရိသား အဟိတုပ်၊ 53 အဟိတုပ်သားဇာဒုတ်၊ ဇာဒုတ်သားအဟိမတ် တည်း။ 54 အာရုန်၏သား
မြေးဖြစ်သော ကောဟတ် အဆွေအမျိုးတို့သည်၊ စာရေးတံပြုသောအားဖြင့် ရ၍ နေရသောမြို့နှင့် မြို့နယ်များဟူမူကား၊ 55
ယုဒခရိုင်၌ ဟေဗြုန်မြို့နှင့် မြို့နယ်ကိုရကြ၏။ 56 သို့ရာတွင် မြို့နှင့်ဆိုင်သောလယ်များ၊ ရွာများတို့ကို ယေဖုန္နသား
ကာလက်သည်ရ၏။ 57 ပြေး၍မှီခိုရာဟေဗြုန်မြို့မှတပါး၊ ယုဒခရိုင်ထဲက လိဗနမြို့နှင့် မြို့နယ်၊ ယတ္တိရမြို့နှင့်မြို့နယ်၊ ဧရှတမောမြို့
နှင့်မြို့နယ်၊ 58 ဟောလုန်မြို့နှင့် မြို့နယ်၊ ဒေဗိရမြို့နှင့် မြို့နယ်၊ 59 အာရှန်မြို့နှင့် မြို့နယ်၊ ယုတ္တမြို့နှင့်မြို့နယ်၊ ဗက် ရှေမက်မြို့နှင့်
မြို့နယ်တို့ကိုငှင်း၊ 60 ဗင်္ယာမိန်ခရိုင်ထဲက ဂိဗောင်မြို့နှင့်မြို့နယ်၊ ဂေဗမြို့နှင့်မြို့နယ်၊ အာလမက်မြို့နှင့် မြို့နယ်၊ အာနသုတ်မြို့နှင့်
မြို့နယ်တို့ကိုငှင်း၊ အာရုန်၏သားမြေးတို့သည် အဆွေ အမျိုးအလိုက်ရ၍၊ မြို့ပေါင်းကား တဆယ်သုံးမြို့တည်း။ 61 ကြွင်းသော
ကောဟတ်သားအဆွေအမျိုးတို့ သည် စာရေးတံအားဖြင့်၊ မနာရှေခရိုင်ဝက်ထဲက မြို့ဆယ်မြို့တို့ကို ရကြ၏။ 62 ဂေရရှုံသား
အဆွေအမျိုးတို့သည် ဣသခါခရိုင်၊ အာရှာခရိုင်၊ နဿလိခရိုင်၊ ဗာရှန်ပြည်မနာရှေခရိုင်ထဲ က မြို့တဆယ်သုံးမြို့တို့ကို ရကြ၏။ 63
မေရာရိသားအဆွေအမျိုးတို့သည် ရုဗင်ခရိုင်၊ ဂဒ်ခရိုင်၊ ဇာဗုလုန်ခရိုင်ထဲက မြို့တဆယ်နှစ်မြို့တို့ကို ရကြ၏။ 64 ဤမည်သော
မြို့တို့ကို မြို့နယ်နှင့်တကွ၊ ဣသ ရေလအမျိုးသားတို့သည် လေဝိသားတို့အား ပေးကြ၏။ 65 အထက်ဆိုခဲ့ပြီးသော မြို့တို့ကို

စာရေးတံပြု၍၊ ယုဒအမျိုးသားခရိုင်၊ ရှိမောင်အမျိုးသားခရိုင်၊ ဗယ်္ာမိန် အမျိုးသားခရိုင်ထဲကပေးကြ၏။ [66] ကြွင်းသော
ကောဟတ်သား အဆွေအမျိုးတို့ သည် ဧဖရိမ်ခရိုင်ထဲကရသည်အတိုင်း၊ [67] ပြေး၍ခိုနေရာ ဧဖရိမ်တောင်ပေါ်မှာ ရှေခင်မြို့ ကို
မြို့နယ်နှင့်တကွ ပေးကြ၏။ [68] ထိုမှတပါး၊ ဂေဇာမြို့နှင့်မြို့နယ်၊ ယောကမံမြို့ နှင့်မြို့နယ်၊ ဗက်ဟောရုန်မြို့နှင့်မြို့နယ်တို့ကိုင်၎င်း၊ [69]
ဒန်ခရိုင်ထဲကဧလေတေကမြို့နှင့်မြို့နယ်၊ ဂိဗ္ဗသုန် မြို့နှင့်မြို့နယ်၊ အာဇလုန်မြို့နှင့်မြို့နယ်၊ ဂါသရိမ္မုန်မြို့နှင့် မြို့နယ်တို့ကိုင်၎င်း၊ [70]
မနာရှေခရိုင်ဝက်ထဲက အနေရမြို့နှင့်မြို့နယ်၊ ဗိလံမြို့နှင့်မြို့နယ်တို့ကိုင်၎င်း၊ ကြွင်းသောကောဟတ်သား အဆွေအမျိုးတို့အား
ပေးကြ၏။ [71] ဂေရရှုံသားတို့အားလည်း၊ မနာရှေခရိုင်ဝက်ထဲ က ဗာရှန်ပြည် ဂေါလန်မြို့နှင့် မြို့နယ်၊ အာရှတရုတ် မြို့နှင့်
မြို့နယ်တို့ကိုင်၎င်း၊ [72] ဣသခါခရိုင်ထဲက ကေဒေရှမြို့နှင့်မြို့နယ်၊ ဒါဗရတ် မြို့နှင့်မြို့နယ်၊ [73] ရာမုတ်မြို့နှင့်မြို့နယ်၊
အာနင်မြို့နှင့်မြို့နယ် တို့ကိုင်၎င်း၊ [74] အာရှာခရိုင်ထဲက မိရှလမြို့နှင့် မြို့နယ်၊ အာဗ ဒုန်မြို့နှင့် မြို့နယ်၊ [75] ဟုကုတ်မြို့နှင့်မြို့နယ်၊
ရဟောဘမြို့နှင့် မြို့နယ် တို့ကိုင်၎င်း၊ [76] နဿလိခရိုင်ထဲက ဂါလိလဲပြည်ကေဒေရှမြို့နှင့် မြို့နယ်၊ ဟမ္မုန်မြို့နှင့်မြို့နယ်၊
ကိရယသိမ်မြို့နှင့်မြို့နယ် တို့ကိုင်၎င်း ပေးကြ၏။ [77] ကြွင်းသောမေရာရိသားတို့အားလည်း၊ ဇာဗုလုန် ခရိုင်ထဲက ရိမ္မုန်မြို့နှင့်မြို့နယ်၊
တာဗော်မြို့နှင့်မြို့နယ် တို့ကိုင်၎င်း၊ [78] ယေရိခေါမြို့အရှေ့၊ ယော်ဒန်မြစ်တဘက်၊ ရုဗင် ခရိုင်ထဲက တော၌ဗေဇာမြို့နှင့်မြို့နယ်၊
ယာဇမြို့နှင့် မြို့နယ်၊ [79] ကေဒမုတ်မြို့နှင့်မြို့နယ်၊ မေဖတ်မြို့နှင့် မြို့နယ် တို့ကိုင်၎င်း၊ [80] ဂဒ်ခရိုင်ထဲက ဂိလဒ်ပြည်၌ ရာမုတ်မြို့နှင့်
မြို့နယ်၊ မဟာနိမ်မြို့နှင့်မြို့နယ်၊ [81] ဟေရှဘုန်မြို့နှင့်မြို့နယ်၊ ယာဇာမြို့နှင့် မြို့နယ်တို့ကိုင်၎င်း ပေးကြ၏။

---

1 Chronicles 01

ဒဂေရရှုံ၊ ကောဟတ်၊ မေရာရိ၊ အာမရံ၊ ဣဇဟာ၊ ဟေဗြုန်၊ ဩဇေလ၊ နာဒပ်၊ အဘိဟု၊ ဧလာဇာ၊ ဣသမာ
အမျိုးသား အမည်များဖြစ်သည်။

1 Chronicles 04

ဧလာဇာ၊ အဘိရှု၊ ဗုက္ကိ၊ ဩဇိ၊ ဇေရဟိ၊ မေရာယုတ်
အမျိုးသား အမည်များ ဖြစ်သည်။

1 Chronicles 07

မေရာယတ်၊ အာမရိ၊ အဟိတုပ်၊ ဇာဒုတ်၊ အဟိမတ်၊ ယောဟန်
အမျိုးသား အမည်များဖြစ်သည်။

1 Chronicles 10

အာမရိ၊ အာဟိတုပ်၊ ဇာဒုတ်၊ ရှလ္လုံ
အမျိုးသား အမည်များဖြစ်သည်။

1 Chronicles 13

ဟိလခိ...စရာယ...ယောဇဒက်
အမျိုးသား အမည်များဖြစ်သည်။

နေဗုခဒ်နေဇာ လက်ဖြင့် ယုဒ ပြည်သူ၊ ယေရုရှလင်မြို့သားတို့ကို ထာဝရဘုရား သိမ်းသွားစေတော်မူ
နေဗုခဒ်နေဇာ၏ လက်ထက်တွင် ယုဒပြည်သူနှင့်ယေရုရှလင်မြို့သားတို့သည် ပြည်နှင်ဒဏ် ခံခဲ့ရကြသည်။ နေဗုခဒ်နေဇာမင်းသည် သူ၏ စစ်သားများအပေါ် ဩဇာအာဏာညောင်းခဲ့ပြီး၊ သူ၏ စစ်သားများသည် ရန်သူကို အောင်နိုင်ရန် ယုဒနှင့်ယေရုရှလင်မြို့သားတို့ကို စစ်သုံ့ပန်းအနေဖြင့် ခေါ်ဆောင်ခြင်း ဖြစ်သည်။

1 Chronicles 16

ဂေရရှုံ၊ ကောဟတ်၊ မေရာရိ
ထိုနာမည်များကို အခန်း ၆:၁ အတိုင်း ဘာသာပြန်ထားပါသည်။

လိဗနိ၊ ရှိမိ
ထိုနာမည်သည် လူနာမည်ဖြစ်သည်။

အာမရံ၊ ဣဇဟာ၊ ဟေဗြုန်၊ ဩဇေလ
အခန်း ၆:၁ အတိုင်း ဘာသာပြန်ရန်။

1 Chronicles 19

မေရာရိ၊ မဟာလိ၊ မုရှိ၊ ယာဟတ်၊ ဇိမ္မ၊ ယောအာ၊ ဣဒ္ဒေါ၊ ဇေရ၊ ယာတရဲ
အမျိုးသား အမည်များဖြစ်သည်။

1 Chronicles 22

အာနိန်ဒပ်၊ ကောရ၊ အဿိရ၊ ဧလကာန၊ ဧဗျာသပ်၊ တဟတ်၊ ခုရေလ၊ ဩဇိ၊ ရှောလ
အမျိုးသား အမည်များဖြစ်သည်။

1 Chronicles 25

ဧလကာန၊ အာမသဲ၊ အဟိမုတ်၊ ကောဖဲ၊ နာဟတ်၊ ဧလျာဘ၊ ယေရောဟံတို့သည်
အမျိုးသား အမည်များဖြစ်သည်။

1 Chronicles 28

ယောလ၊ မေရာရိ၊ မဟာလိ၊ လိဗနိ၊ ရှိမိ၊ ဩဇ၊ ရှိမာ၊ ဟဂ္ဂျာ၊ အသာယ
အမျိုးသား အမည်များဖြစ်သည်။

ဒုတိယသား
နောက် မွေးသော သား။


generated on Tue Jul 2 12:50:28 2024

1 Chronicles 31

သေတ္တာတော်သည် ငြိမ်ဝပ် သောအခါ၊
ဣသရေလလူများသည် သေတ္တာတော်ကို ထိုနေရာတွင် ထားကြသည်။

ပရိသတ်စည်းဝေးရာ တဲတော်
ဖြစ်နိုင်သော အဓိပ္ပါယ်များမှာ

မိမိတို့ အလှည့် အတိုင်း စောင့်ရသောအမှုကို စောင့်လျက်နေကြ၏
အခြားသောဘာသာပြန်ဆိုချက်၊ "သီဆိုဖျော်ဖြေသူများသည် ဒါဝိဒ်၏ ညွှန်ကြားချက်များကို လိုက်နာကြသည်။"

1 Chronicles 33

ထိုအမှုတော်ကို စောင့်သောသူတို့
ဂီတပညာရှင်များ ဖြစ်သည်။

ကောဟတ်
လူအုပ်စု နာမည်ဖြစ်သည်။

ဆင်းသက်သော
မှတ်တမ်းသည် အစောဆုံးမှ အနောက်ကျဆုံးသို့ ပြန်သွားခြင်းဟု ဆိုလိုသည်။

ဟေမန်၊ ယေရောဟံ၊ ဧလိလ၊ တုအ၊ မာဟတ်
အမျိုးသားအမည်များ ဖြစ်သည်။

ဧလကာန၊ အမာသဲ
လူနာမည်များကို အခန်း ၆:၂၅ အတိုင်း ဘာသာပြန်ရန်။

1 Chronicles 36

တာဟတ်၊ အာသဲ၊ ဧဗိသပ်၊ ကောဟတ်
လူ အမည်များဖြစ်သည်။

1 Chronicles 39

ဗေရခိ၊ ရှိမာ၊ မိက္ခေလ၊ ဗာသေယ၊ မာလခိ၊ ဧသနိ၊ ဇေရ၊ အဒါယ၊ ဧသန်၊ ဖိမ္မ၊ ရှိမာ၊ ယာဟတ်၊ ဂေရရှုံ
အမျိုးသား အမည်များဖြစ်သည်။

အပေါင်းအဘော်
လုပ်ဖော်ကိုင်ဖက်။

လက်ျာဘက်မှာ နေရာရှိသော
လူပုဂ္ဂိုလ်တစ်ဦး အခွင့်အာဏာကို သူတို့၏ အပြုအမူအားဖြင့် ဖော်ပြနိုင်ပါသည်။ ညာဘက်က ပုဂ္ဂိုလ်သည် သူ၏ အခွင့်အာဏာရှိခြင်းကို ရည်ညွှန်းသည်။

1 Chronicles 44

ယေဘုယျ အချက်အလက်
ရှု၊

ဟာမိ၏လက်ဝဲဘက်
အခြားသောဘာသာပြန်ဆိုချက်၊ "ဟာမိ၏ လက်ဝဲဘက်ခြမ်းတွင် ရပ်သည်။"

အပေါင်းအဘော်
လုပ်ဖော်ကိုင်ဖက်။

1 Chronicles 48

လေဝိသားတို့သည် ... အမှုအမျိုးမျိုး စောင့်သောအရာ၌ ခန့်ထားခြင်းကို ခံကြ၏
အခြားသောဘာသာပြန်ဆိုချက်၊ "လေဝိသားများ၏ တာဝန်များအတိုင်း ဆောင်ရွက်ရန် ဖြစ်သည်။"

1 Chronicles 49

ဣသရေလအမျိုး၏ အပြစ်ကို ဖြေရသော သူဖြစ်ကြ၏
အခြားသောဘာသာပြန်ဆိုချက်၊ "ဣသရေလလူများ၏ အပြစ်လွှတ်ရန်အတွက် ပူဇော်သောယဇ်များ။"

1 Chronicles 50

ယေဘုယျ အချက်အလက်
ရှု၊

အာရုန်၏ သားမြေးမှာ
အခြားသောဘာသာပြန်ဆိုချက်၊ "အာရုန်၏ အမျိုးအနွယ်များဖြစ်သည်။"

1 Chronicles 54

ယေဘုယျ သတင်းအချက်အလက်
ရှု၊

အာရုန်၏သား မြေးဖြစ်သော ကောဟတ် အဆွေအမျိုးတို့သည်၊ စာရေးတံပြုသောအားဖြင့် ရ၍ နေရသောမြို့နှင့် မြို့နယ်များဟူမူကား
အခြားသောဘာသာပြန်ဆိုချက်၊ "ဂေါဟတ်လူမျိုးစုများဖြစ်သော အာရုန်အမျိုးအနွယ်များ နေထိုင်ရာနေရာများဖြစ်သည်။"

ကောဟတ် အဆွေအမျိုး
အခန်း ၆:၃၃ ဘာသာပြန်သည်အတိုင်းဘာသာပြန်ရန်။

ဟေဗြုန်မြို့ ... ကိုရကြ၏။
အခြားသောဘာသာပြန်ဆိုချက်၊ "ဟေဗြုန်မြို့ကို သူတို့အား ပေး၏။"


generated on Tue Jul 2 12:50:28 2024

သို့ရာတွင် မြို့နှင့်ဆိုင်သောလယ်များ၊ ရွာများတို့ကို ယေဖုန္နသား ကာလက်သည်ရ၏။
အခြားသောဘာသာပြန်ဆိုချက်၊ "ကာလက်နှင့် သူ့မိသားစုသည် ဟေဗြုန်မြို့နှင့် ၎င်းပတ်ဝန်းကျင်ဒေသရွာ များတွင် နေထိုင်ရန် သွားခဲ့ကြသည်။"

လယ်များ (ကျက်စားရာစားကျက်)
တိရိစ္ဆာန်များ ကျက်စားရာ မြေနေရာ။

1 Chronicles 57

ယေဘုယျ အချက်အလက်
ရှု၊

1 Chronicles 59

ယေဘုယျ အချက်အလက်
ရှု၊

မြို့ပေါင်းကား တဆယ်သုံးမြို့တည်း။
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့ တွင် မြို့ပေါင်း ၁၃ မြို့ရှိခဲ့ကြသည်။"

1 Chronicles 61

ဂေရရှုံ၏ဆွေစဉ်မျိုးဆက်များသည် ဆယ်သုံးမြို့ဖြစ်သည်။
ဂေရရှုံမျိုးနွယ်စုသည် မြို့ပေါင်း ၁၃ မြို့ရရှိကြသည်။

ကောဟတ်...ဂေရရှုံ
အခန်း ၆:၁ အတိုင်း ဘာသာပြန်ရန်။

1 Chronicles 63

မေရာရိ
အခန်း ၆:၁ ကိုကြည့်ရန်။

အထက်ဆိုခဲ့ပြီးသော မြို့တို့
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့မြို့များသည်...မှ။"

1 Chronicles 66

ယေဘုယျ အချက်အလက်
ရှု၊

ကောဟတ်သား
အခန်း ၆:၃၃ အတိုင်းဘာသာပြန်ရန်။

1 Chronicles 70

ယေဘုယျ အချက်အလက်
ရှု၊

1 Chronicles 71

ယေဘုယျ အချက်အလက်
ရှု၊

ဂေရရှုံ
အခန်း ၆:၁ အတိုင်း ဘာသာပြန်ရန်

1 Chronicles 74

ယေဘုယျ အချက်အလက်
ရှု၊

1 Chronicles 77

ယေဘုယျ အချက်အလက်
ရှု၊

မေရာရိ
အခန်း ၆:၁ ဘာသာပြန်ကို ကြည့်ရန်။

မေရာရိ၏နေရာဒေသ
ဇေဗုလုန်၏မျိုးနွယ်စုသည် မေရာရိ၏မျိုးဆက်များကို ရိမ္မုန်မြို့ကိုပေးခဲ့သည်။ တာဗော်မြို့နှင့်တကွပေးခဲ့သည်။

ရုဗင်မျိုးနွယ်များအား...ပေးခြင်းခံရသည်
ပို၍ နားလည်လွယ်အောင် အခန်း ၆:၇၇ ကအချက်အလက်ကို ပြန်ရေးခြင်းဖြစ်သည်။

... ပေးကြ၏။
သူတို့ ရကြ၏။

1 Chronicles 80

ယေဘုယျ အချက်အလက်
ရှု၊


generated on Tue Jul 2 12:50:28 2024

# Translation Questions

## 1 Chronicles 6:13

ထာဝရဘုရားသခင်က ယုဒပြည်နှင့် ယေရုရှလင်မြို့သားများကို မည်သူ့ထံသို့ နှင်ထုတ်ခဲ့သနည်း။

ထာဝရဘုရားသခင်က ယုဒပြည်နှင့် ယေရုရှလင်မြို့သားများကို ဗာဗုလုန်ဘုရင် နေဗုခဒ်နေဇာမင်းထံသို့ နှင်ထုတ်ခဲ့သည်။

## 1 Chronicles 6:31

ထာဝရဘုရား၏အိမ်တော်တွင် သီချင်းဆိုရန် ဒါဝိဒ်မင်းခန့်အပ်သည့် သူတို့သည် မည်သည့်အလုပ်ကို လုပ်ရသသနည်း။

သူတို့သည် တဲတော်၏ ရှေ့တွင် သီချင်းဆိုခြင်း အမှုကို ပြုသည်။

ထာဝရဘုရား၏ဗိမာန်တော်ကို ယေရုရှလင်မြို့၌ မည်သူတည်ထားခဲ့သနည်း။

ထာဝရဘုရား၏ဗိမာန်တော်ကို ယေရုရှလင်မြို့၌ ရှောလမုန်ရှင်ဘုရင် တည်ထားခဲ့သည်။

## 1 Chronicles 6:48

မည်သည့်လူမျိုးစုသည် ထာဝရဘုရား၏ တဲတော်၌ အစေခံရန် ခန့်အပ်ခြင်း ခံခဲ့ကြသနည်း။

လေဝိလူမျိုးစုကို ဗိမာန်တော်၌အစေခံရန် ခန့်အပ်ရွေးချယ်ခဲ့သည်။

## 1 Chronicles 6:49

အာရုန်နှင့်သူ၏ သားစဉ်မြေးဆက်တို့သည် မည်သည့်ယဇ်များကို ပူဇော်ကြသနည်း။

အာရုန်နှင့်သူ၏ သားစဉ်မြေးဆက်တို့သည် မီးရှို့ရာပလ္လင်၌ ယဇ်ကောင်ကိုလည်းကောင်း၊ နံ့သာကို မီးရှို့ပူဇော်ရသော တာဝန်ကို ထမ်းဆောင်ကြသည်။

ထိုအရာသည် မည်သည့်ယဇ်ပူဇော်ခြင်းမျိုးဖြစ်သနည်း။

ထိုယဇ်သည် ဣသရေလအမျိုး၏ အပြစ်ကို ဖြေရသော ယဇ်ပူဇော်ခြင်းဖြစ်သည်။

## 1 Chronicles 6:63

လေဝိလူမျိုးများကို အခြားသောလူမျိုးများနည်းတူ ချမပေးသဖြင့် မည်သည့်နေရာတွင် နေထိုင်ကြသနည်း။

လေဝိလူမျိုးများအား ယုဒအမျိုးသားခရိုင်၊ ရှိမောင်အမျိုးသားခရိုင်၊ ဗယ်္ယာမိန် အမျိုးသားခရိုင်ထဲရှိ စိမ်းလန်းသောအရပ်များတွင် နေရာခွဲဝေပေးခဲ့ကြသည်။

---

## Chapter 7

1 ဣသခါသားကား တောလ၊ ဖုဝါ၊ ယာရှုပ်၊ ရှိမရုန်၊ ပေါင်းလေးယောက်တည်း။ 2 တောလသားကား တောလအဆွေအမျိုးသူကြီး ဩဇိ၊
ရေဖာယ၊ ယေရေလ၊ ယာမဲ၊ ယိဗသံ၊ ရှမွေလတည်း။ ထိုအဆွေအမျိုးအစဉ်အဆက်တို့သည် ခွန်အားကြီးသော သူရဲဖြစ်၍၊
ဒါဝိဒ်မင်းလက်ထက်နှစ်သောင်း နှစ်ထောင် ခြောက်ရာရှိသတည်း။ 3 ဩဇိသားကား ဣဇရဟိ၊ ဣဇရဟိသား မိက္ခေလ၊ ဩဗဒိ၊
ယောလ၊ ဣရှယ၊ ပေါင်းငါးယောက် တည်း။ ဤသူတို့သည် အကြီးအကဲ ဖြစ်ကြ၏။ 4 သူတို့၌ သားမယားများသောကြောင့်၊ အဆွေ
အမျိုး အသီးအသီးအလိုက်၊ စစ်သူရဲတပ်သား သုံးသောင်း ခြောက်ထောင် ရှိကြ၏။ 5 သူတို့ညီအစ်ကို ဣသခါအဆွေအမျိုးအပေါင်း
တို့သည် ခွန်အားကြီးသောသူရဲဖြစ်၍၊ သားစဉ်မြေးဆက် စာရင်းဝင်သည်အတိုင်း၊ ရှစ်သောင်းခုနစ်ထောင် ရှိကြ၏။ 6
ဗယ်္ယာမိန်သားကား ဗေလ၊ ဗေခါ၊ ယေဒယေလ၊ ပေါင်းသုံးယောက်တည်း။ 7 ဗေလသားကား အဆွေအမျိုးသူကြီးဧဗုန်၊ ဩဇိ၊
ဩဇေလ၊ ယေရိမုတ်၊ ဣရိ၊ ပေါင်းငါးယောက်တည်း။ ဤသူတို့သည် ခွန်အားကြီးသော သူရဲဖြစ်၍၊ သားစဉ် မြေးဆက်
စာရင်းဝင်သည်အတိုင်း၊ နှစ်သောင်း နှစ်ထောင်သုံးဆယ် လေးယောက်ရှိကြ၏။ 8 ဗေခါသားကား ဇေမိရ၊ ယောရှ၊ ဧလျေဇာ၊
ဧလိဩနဲ၊ ဩမရိ၊ ယေရိမုတ်၊ အဘိယ၊ အာနသုတ်၊ အာလမက်တည်း။ 9 သားစဉ်မြေးဆက် စာရင်းဝင်၍၊ အဆွေအမျိုး သူကြီးအသီး
အသီးအလိုက်၊ ခွန်အားကြီးသော သူရဲ နှစ်သောင်းနှစ်ထောင်နှစ်ရာရှိကြ၏။ 10 ယေဒယေလသားကား ဗိလဟန်၊ ဗိလဟန်သား ယုရှ၊
ဗယ်္ယာမိန်၊ ဧဟုဒ်၊ ခေနာန၊ ဇေသန်၊ သာရှိရှ၊ အဟိရှဟာတည်း။ 11 အဆွေအမျိုးသူကြီး အသီးအသီးအလိုက်၊ ခွန်အားကြီး၍
စစ်တိုက်ခြင်းငှါ၊ တတ်စွမ်းနိုင်သော သူရဲ တသောင်း ခုနစ်ထောင်နှစ်ရာ ရှိကြ၏။ 12 ထိုမှတပါး၊ ရှုပိမ်၊ ဟုပိမ်နှင့်တကွ ဣရဟုရှိမ်သား၊
အာဟေရသား ရှိသတည်း။ 13 နဿလိသည် ဗိလဟာတွင် မြင်သောသားကား၊ ဟာဇေလ၊ ဂုနိ၊ ယေဇ၊ ရှလ္လုံတည်း။ 14
မနာရှေသားဦးကား အာသရေလ၊ ထိုနောက်၊ ရှုရိအမျိုးဖြစ်သော မယားငယ်တွင် မြင်သောသား၊ ဂိလဒ်၏အဘမာခိရတည်း။ 15
မာခိရသည်မာခါ အမည်ရှိသောဟုပိမ်နှင့် ရှုမ်ပိ၏နှမနှင့်စုံဘက်၍၊ နှစ်ဆက်မြောက်သောသားကား ဇလောဖတ်အမည်ရှိ၏။
ဇလောဖတ်၌ သမီးသက်သက် ရှိ၏။ 16 မာခိရမယားမာခါသည် သားကို ဘွားမြင်၍၊ ပေရက်အမည်ဖြင့် မှည့်၏။ သူ၏ညီကား
ရှေရက်အမည် ရှိ၏။ သူ၏သားကား ဥလံနှင့် ရေကင်တည်း။ 17 ဥလံသားကားဗေဒန်တည်း။ ဤရွေ့ကား မနာရှေသား မာခိရ၏
သားဂိလဒ်အမျိုးအနွယ်တည်း။ 18 သူ၏နှမ ဟမ္မောလေကက်သည် ဣရှောဒ၊ အဗျေဇာ၊ မဟာလကို ဘွားမြင်၏။ 19 ရှမိဒသားကား
အဟိအန်၊ ရှေခင်၊ လိကဟိ၊ အနိအံတည်း။ 20 ဧဖရိမ်သားကား ရှုသေလ၊ ရှုသေလသား ဗေရက်၊ ဗေရက်သား တာဟတ်၊
တာဟတ်သား ဧလာဒ၊ ဧလာဒသား တာဟတ်၊ 21 တာဟတ်သား ဇာဗဒ်၊ ဇာဗဒ်သား ရှုသေလ တည်း။ ထိုမှတပါး၊
ဧဖရိမ်သားဧဇာနှင့်ဧလေဒ်တို့သည် ထိုပြည်၌မွေးဘွားသော၊ ဂါသမြို့သားတို့ တိရစ္ဆာန်များကို လုယူသောကြောင့် အသက်ဆုံးကြ၏။ 22
အဘဧဖရိမ်သည် အင်တန်ကာလပတ်လုံး စိတ် မသာညည်းတွားလျက် နေ၏။ ညီအစ်ကိုတို့သည် နှစ်သိမ့် စေခြင်းငှါ လာကြ၏။ 23
နောက်တဖန်မယားဆီသို့ဝင်သဖြင့် သူသည် ပဋိသန္ဓေယူ၍ သားကိုဘွားမြင်၏။ ထိုသားကို ဗေရိယ အမည်ဖြင့်မှည့်၏။
အကြောင်းမူကား၊ ကိုယ်အိမ်ထောင်၌ အမင်္ဂလာရောက်သတည်း။ 24 သမီးရှေရကား အထက် ဗေသောရုန်မြို့၊ အောက်ဗေသောရုန်မြို့၊
ဩဇင်ရှေရမြို့တို့ကို ပြုစုသော သူဖြစ်၏။ 25 သူ၏သားကားရေဖ၊ သူ၏သားရေရှုပ်၊ သူ၏သားတေလ၊ သူ၏သားတာဟန်၊ 26
သူ၏သား လာဒန်၊ သူ၏သား အမိဟုဒ်၊ သူ၏ သား ဧလိရှမာ၊ 27 သူ၏သားနုန်၊ သူ၏သားယောရှုတည်း။ 28 သူတို့ပိုင်ထိုက်သော
နေရာဟူမူကား၊ ဗေသလ မြို့နှင့် ကျေးလက်၊ အရှေ့ဘက်၌ နာရန်မြို့၊ အနောက် ဘက်၌ ဂေဇာမြို့နှင့်ကျေးလက်၊
ရှေခင်မြို့နှင့်ကျေးလက်၊ ဂါဇမြို့နှင့် ကျေးလက်၊ 29 မနာရှေအမျိုးသားနေရာအနားမှာ ဗက်ရှန်မြို့ နှင့်ကျေးလက်၊
တာနက်မြို့နှင့်ကျေးလက်၊ မေဂိဒ္ဒေါမြို့ နှင့်ကျေးလက်၊ ဒေါရမြို့နှင့် ကျေးလက်တည်း။ ဤမြို့ရွာ တို့၌ ဣသရေလ၏သားဖြစ်သော
ယောသပ်၏ သားတို့ သည် နေရာကျကြ၏။ 30 အာရှာသားကား ယိမန၊ ဣရွှာ၊ ဣရွှိ၊ ဗေရိယ၊ နှမ စေရတည်း။ 31 ဗေရိယသားကား
ဟေဗာနှင့် မာလကျေလ တည်း။ မာလကျေလသားကား ဗိရဇာဝိတ်၊ 32 ဟေဗာသားကား ယာဖလက်၊ ရှောမာ၊ ဟောသံ၊ နှမ
ရှုအာတည်း။ 33 ယာဖလက်သားကား ပါသက်၊ ဗိမဟာလ၊ အာရှဝတ်တည်း။ 34 ရှောမေရသားကား အာဟိ၊ ရောဂ၊ ယေဟုဗ္ဗ၊
အာရံတည်း။ 35 သူ၏ညီဟေလင်သားကား ဇောဖ၊ ဣမန၊ ရှေလက်၊ အာမလတည်း။ 36 ဇောဖသားကား သုအာ၊ ဟာနေဖာ၊ ရှုလ၊
ဗေရိ၊ ဣမရ၊ 37 ဗေဇာ၊ ဟောဒ၊ ရှမ္မ၊ ရှိလရှ၊ ဣသရန်၊ ဗေရ တည်း။ 38 ယေသာသားကား ယေဖုန္န ပိသပ၊ အာရတည်း။ 39
ဥလ္လသားကား အာရ၊ ဟံယေလ၊ ရေဇိယတည်း။ 40 ဤသူအပေါင်းတို့သည် အာရှာအမျိုး၌ အဆွေ အမျိုးသူကြီး၊ ရွေးသောသူ၊
ခွန်အားကြီးသော သူရဲမင်း ဖြစ်ကြ၏။ သားစဉ်မြေးဆက်စာရင်းဝင်၍ စစ်တိုက်ခြင်း ငှါ တတ်စွမ်းနိုင်သောသူ
နှစ်သောင်းခြောက်ထောင်ရှိကြ ၏။


generated on Tue Jul 2 12:50:28 2024

1 Chronicles 01

ယေဘုယျ အချက်အလက်
ရှု၊ and

နှစ်သောင်း နှစ်ထောင် ခြောက်ရာရှိသတည်း
နှစ်သောင်းနှစ်ထောင်ခြောက်ရာသော အမျိုးသားများဖြစ်သည်။

ဒါဝိဒ်မင်းလက်ထက်
အခြားသောဘာသာပြန်ဆိုချက်၊ "ဒါဝိဒ် အသက်ရှင်သည့်ကာလတွင်။"

1 Chronicles 04

သူတို့၌...ရှိကြ၏။
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့ ကြားတွင်။"

စစ်သူရဲတပ်သား သုံးသောင်း ခြောက်ထောင်
သုံးသောင်းခြောက်ထောင်သောစစ်သား။
စစ်ပွဲအတွက်အဆင်သင့်ရှိနေကြသော စစ်သား ၃၆,၀၀၀။

1 Chronicles 06

ယေဘုယျ အချက်အလက်
ရှု၊ and

သားစဉ် မြေးဆက်
ဖခင်များ သို့မဟုတ် ဘိုးဘေးများ။

1 Chronicles 08

ယေဘုယျ အချက်အလက်
ရှု၊ and

1 Chronicles 11

ယေဒိယာလ၊ ဣရ၊ အာဟေရ
အမျိုးသား အမည်များဖြစ်သည်။

(သို့တို့၏လူမျိုးစုစာရင်းတွင်) တသောင်း ခုနှစ်ထောင်နှစ်ရာ
လူမျိုးစုစာရင်း တစ်သောင်းခုနှစ်ထောင်နှစ်ရာ ပါဝင်သည်။

ရှုပိမ်၊ ဟုပိမ်၊ ဟုရှိမ်
အမျိုးသား အမည်များဖြစ်သည်။

1 Chronicles 13

ဟာဗေလ၊ ဂုနိ၊ ယေဇ နှင့် ရှလ္လုံ
အမျိုးသားအမည်များ ဖြစ်သည်။

ဗိလဟာ၏ မြေးများ
အခြားသောဘာသာပြန်ဆိုချက်၊ "ဗိလဟာ သား၏ သားများ။"

1 Chronicles 14

ယေဘုယျ အချက်အလက်
ရှု၊

အာရာမိ
အာရှုရိပြည်ရှိ အရာမိမှ လူပုဂ္ဂိုလ်ကို ညွှန်းဆိုသည်။

ရှုရိအမျိုးဖြစ်သော မယားငယ်တွင် မြင်သောသား
အခြားသောဘာသာပြန်ဆိုချက်၊ "မယားငယ် အာရာမိသည် ကလေးမွေးဖွားသည်။"

1 Chronicles 17

ယေဘုယျ အချက်အလက်
ရှု၊

1 Chronicles 20

ယေဘုယျ အချက်အလက်
ရှု၊

ဧဗေယာ၊ ဧလတ်တို့သည် ထိုပြည်၌မွေးဘွားသော၊ ဂါသမြို့သားတို့ … ကြောင့် အသက်ဆုံးကြ၏
အခြားသောဘာသာပြန်ဆိုချက်၊ "ထိုပြည်၌ နေကြသောဂါသ လူများက ဧဗေယာနှင့် ဧလတ်တို့ကို သတ်ခဲ့ကြသည်။"

တိရစ္ဆာန်များကို လုယူ
အခြားသောဘာသာပြန်ဆိုချက်၊ "ဂါသမြို့သားတို့၏ နွားများကို ခိုးဖို့ရန် ညီအစ်ကိုများသည် သွားကြ၏။"

1 Chronicles 23

သူသည် ပဋိသန္ဓေယူ၍ သားကိုဘွားမြင်၏
သူမသည် ပဋိသန္ဓေစွဲယူ၍ သားကို ဘွားမြင်၏။

အမည်ဖြင့်မှည့်၏
နာမည်ပေးသည်။

ဗေရိယ ရှေရ
လူနာမည်များ ဖြစ်သည်။

အထက် ဗေသောရုန်မြို့၊ အောက်ဗေသောရုန်မြို့
နေရာ အမည်များဖြစ်သည်။

1 Chronicles 25

ယေဘုယျ အချက်အလက်
ရှု၊


generated on Tue Jul 2 12:50:28 2024

1 Chronicles 28

ယေဘုယျ အချက်အလက်

ရှု၊

ပိုင်ထိုက်သော နေရာဟူမူကား

အခြားသောဘာသာပြန်ဆိုချက်၊ "အိမ်များမှာ...ဖြစ်သည်။"

ဤမြို့ရွာ တို့၌ ဣသရေလ၏သားဖြစ်သော ယောသပ်၏ သားတို့ သည် နေရာကျကြ၏

အခြားသောဘာသာပြန်ဆိုချက်၊ "ဣသရေလ၏ သား ယောသပ်၏ အမျိုးအနွယ်များသည် ဤမြို့များတွင် နေထိုင်ခဲ့ကြသည်။"

1 Chronicles 30

ယေဘုယျ အချက်အလက်

ရှု၊

1 Chronicles 33

ယေဘုယျ အချက်အလက်

ရှု၊

1 Chronicles 36

ယေဘုယျ အချက်အလက်

ရှု၊

1 Chronicles 39

ယေဘုယျ အချက်အလက်

ရှု၊

ရွေးသောသူ

အရေးပါသော အမျိုးသားများ။

သားစဉ်မြေးဆက်စာရင်းဝင်၍ စစ်တိုက်ခြင်း ၌ တတ်စွမ်းနိုင်သောသူ နှစ်သောင်းခြောက်ထောင်ရှိကြ ၏

သူတို့စာရင်းအရ စစ်တိုက်နိုင်သောသူ ခြောက်ထောင် စာရင်းဝင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူမျိုးစုမှတ်တမ်းများအရ တိုက်ပွဲဝင်နိုင်သောသူ ဦးရေ ၂၆,၀၀၀ ရှိသည်။"

---

## Translation Questions

1 Chronicles 7:1

တောလ၏ သားများသည် မည်သို့သော လူ အမျိုးအစားဖြစ်ကြသနည်း။

တောလ၏သားများသည် ခွန်အားကြီးကာ ရဲရင့်သောသူများဖြစ်ကြသည်။

1 Chronicles 7:4

ဣသခါမျိုးနွယ်ထဲတွင် စစ်ရေးကျွမ်းကျင်သူ မည်မျှရှိသနည်း။

ဣသခါမျိုးနွယ်ထဲတွင် စစ်ရေးကျွမ်းကျင်သူ ရှစ်သောင်းခုနှစ်ထောင်ရှိသည်။

1 Chronicles 7:6

ဗေလ၏သားများကို မည်သူအနေဖြင့်သိမှတ်ကြသနည်း။

ဗေလ၏သားများကို ခွန်အားကြီးသော စစ်သူရဲများအနေဖြင့်သော်လည်းကောင်း၊ မျိုးနွယ်စုများ၏ အစဟုသိမှတ်ကြသည်။

1 Chronicles 7:14

မနာရှေအတွက် သားယောကျာ်း အသာရေလကို မည်သူမှ ဖွားမြင်ပါသနည်း။

မနာရှေ၏ ဇနီးများထဲမှ အာရမ်အမျိုးသမီးမှ ဖွားမြင်သော သားကို အသာရေလဟု မှည့်ဆိုသည်။

1 Chronicles 7:20

ဧဖရိမ်သည် ရက်ပေါင်းများစွာ ပူဆွေးသောကရောက်ရှိသောအချိန်တွင် သူ၏ညီအစ်ကို များထံမှ အဘယ်ကြောင့်နှစ်သိမ့်မှု လိုအပ်ခဲ့သနည်း။

ဧဖရိမ်သည် သူ၏ညီအစ်ကို များထံမှ နှစ့်သိမ်ပေးမှုလိုအပ်ခဲ့ရခြင်းမှာ သူ၏သားနှစ်ဦးဖြစ်သော ဧဇာနှင့်ဧလဒ်တို့သည် ဂါသမြို့သားတို့၏ တိရစ္ဆာန်များကို လုယူရာ၌ အသက်ဆုံးပါးသွားခဲ့ရသောကြောင့်ဖြစ်သည်။

1 Chronicles 7:23

ဧဖရိမ်သည် သူ၏သားကို အဘယ်ကြောင့် ဗေရိယဟု အမည်တွင်စေခဲ့သနည်း။

ဗေရိယဟုအမည်တွင်စေခဲ့ရခြင်းမှာ ယင်းတို့၏မိသားစုထဲသို့ အမင်္ဂလာရောက်ရှိလာခဲ့သောကြောင့်ဖြစ်သည်။

1 Chronicles 7:25

နုန်၏သားကား အဘယ်သူနည်း။

နုန်၏သားအမည်မှာ ယောရှုဖြစ်သည်။

1 Chronicles 7:28

ယောရှုနှင့် သူ၏မိသားစု ပိုင်ဆိုင်သော အိုးအိမ်စည်းစိမ်တို့သည် မည်သည့်အရပ်တွင် ရှိသနည်း။

သူတို့၏ နေရာအရပ်နှင့် ပိုင်ဆိုင်မှုများသည် ဗေသလမြို့နှင့် အနီးအနားရှိ ကျေးရွာများတွင် ရှိသည်။

1 Chronicles 7:39

အာရှာ၏မျိုးနွယ်စုမှ ဆင်းသက်လာသော လူတို့သည် မည်သို့သော အရည်အချင်း ရှိကြသနည်း။

အာရှာအမျိုး၌ လူမျိုးများ၏ အစပြုရာ ဖခင်များ၊ မိသားစုများ၏ ခေါင်းဆောင်များ၊ ဂုဏ်ရှိသည့် လူကြီးများ၊ ခွန်အားကြီးသော သူရဲများနှင့် ထိပ်တန်းခေါင်းဆောင်များ ထွက်ပေါ်လာသည်။



generated on Tue Jul 2 12:50:28 2024

## Chapter 8

1 ဗယ်္ာမိန်သားဦးကား ဗေလ၊ ဒုတိယသား အာရှဗေလ၊ တတိယသားအဟိရံ၊ 2 စတုတ္ထသား နောဟ၊ ပဉ္စမသား ရာဖတည်း။ 3
ဗေလသားကား အဒ္ဒါ၊ ဂေရ၊ အဘိဟုဒ်၊ 4 အဘိရွှ၊ နေမန်၊ အာဟော၊ 5 ဂေရာ၊ ရှေဖုဖံ၊ ဟုရံတည်း၊ 6 မာနဟက်မြို့သို့ နေရာပြောင်းသော
ဂေဗမြို့သား အဆွေအမျိုးသူကြီး ဖြစ်သော ဧဟုဒ်သားကား၊ နေမန်၊ အဟိယ၊ ဂေရတည်း။ 7 နေရာပြောင်းသောနောက်၊ ဩဇနှင့်
အဟိဟုဒ် ကိုလည်း မြင်၏။ 8 ရှဟာရိမ်သည် မယားဟုရိမ်နှင့် ဗာရာကိုစွန့်ပြီး မှ၊ မောဘပြည်၌ နေ၍၊ 9 မယားဟောဒေရှတွင်
ယောဗပ်၊ ဇိဘိ၊ မေရှ၊ မာလခံ၊ 10 ယုဇ၊ ရှာခိ၊ မိရမတို့ကို မြင်၍၊ ဤသူတို့သည် အဆွေအမျိုးသူကြီးဖြစ်ကြ၏။ 11 အရင်မယား
ဟုရှိမ်တွင်၊ အဘိတုပ်နှင့် ဧလပါလကို မြင်၏။ 12 ဧလပါလသားကား ဧဗာ၊ မိရှဟံ၊ ရှာမက် တည်း။ ရှာမက်သည် ဩနောမြို့၊
လောဒမြို့နှင့် ကျေးလက်များကို ပြုစုသောသူဖြစ်၏။ 13 ဗေရိယနှင့် ရှေမတို့သည် ဂါသမြို့သားတို့ကို နှင်ထုတ်သော
အာဇလုန်မြို့သား အဆွေအမျိုးသူကြီး ဖြစ်ကြ၏။ 14 ထိုမှတပါး၊ အဟိဩ၊ ရှာရှက်၊ ယေရိမုတ်၊ 15 ဇေဗဒိ၊ အာရဒ်၊ အာဒါ၊ 16
မိက္ခေလ၊ ဣရှပ၊ ယောဟတို့သည် ဗေရိယသား ဖြစ်ကြ၏။ 17 ဇေဗဒိ၊ မေရှုလံ၊ ဟေဇကိ၊ ဟေဗာ၊ 18 ဣရှမေရဲ၊ ယေဇလိ၊
ယောဗပ်တို့သည် ဧလပါလ သားတည်း။ 19 ယာကိမ်၊ ဇိခရိ၊ ဇာဗဒိ၊ 20 ဧလျေနဲ၊ ဇိလသဲ၊ ဧလေလ၊ 21 အဒါယ၊ ဗေရာယ၊
ရှိမရတ်တို့သည် ရှိမဟိ သားတည်း။ 22 ဣရှပန်၊ ဟေဗာ၊ ဧလေလ၊ 23 အာဗဒုန်၊ ဇိခရိ၊ ဟာနန်၊ 24 ဟာနနိ၊ ဧလံ၊ အန္တောသိယ၊ 25
ဣဖဒိယ၊ ပေနွေလတို့သည် ရှာရှက်သားတည်း။ 26 ရှံရှရဲ၊ ရှေဟာရိ၊ အာသလိ၊ 27 ယာရရှိ၊ ဧလိယ၊ ဇိခရိတို့သည် ယေရောဟံ
သားတည်း။ 28 ဤသူတို့သည် ယေရုရှလင်မြို့မှာနေ၍၊ အစဉ် အဆက်အဆွေအမျိုးသူကြီးမင်းဖြစ်ကြ၏။ 29 ဂိဗောင်မြို့မှာ
ဂိဗေါင်အဘယေဟေလနေ၏။ သူ၏မယားကား မာခါအမည်ရှိ၏။ 30 သူ၏သားဦးကား အာဗဒုန်၊ သူ၏ညီကား ဇုရ၊ ကိရှ၊ ဗာလ၊
နေရ၊ နာဒပ်၊ 31 ဂေဒေါ်၊ အဟိဩ၊ ဇာခရိ၊ မိကလုတ်တည်း။ 32 မိကလုပ်သားကား ရှိမံတည်း။ ဤသူတို့သည် ယေရုရှင်လင်မြို့
မှာညီအစ်ကိုစုအနား၊ တဘက်တချက်၌ နေရာကျကြ၏။ 33 နေရသားကားကိရှ၊ ကိရှသားရှောလု၊ ရှောလု သား ယောနသန်၊ မေလခိရှု၊
အဘိနာဒပ်၊ ဧရှဗာလ တည်း။ 34 ယောနသန်သားကား မေရိဗ္ဗာလ၊ မေရိဗ္ဗာလ သား မိက္ခာ၊ 35 မိက္ခာသား ပိသုန်၊ မေလက်၊ တာရာ၊
အာခတ် တည်း။ 36 အာခတ်သား ကားယာရ၊ ယာရသားအာလ မက်၊ အာဇမာဝက်၊ ဇိမရိတည်း၊ ဇိမရိသားကား မောဇ၊ 37
မောဇသားဗိနာ၊ ဗိနာသား ရေဖာယ၊ ရေဖာယ သား ဧလာသ၊ ဧလာသသား အာဇေလ၊ 38 အာဇေလသား ခြောက်ယောက်အမည်ကား
အာဇရိကံ၊ ဗောခေရု၊ ဣရှမေလ၊ ရှရိယ၊ ဩဗဒိ၊ ဟာနန်တည်း။ 39 အာဇေလညီ ဧရှက်သားဦးကား ဥလံ၊ ဒုတိယ သား ယေဟုတ်၊
တတိယသား ဧလိဖလက်တည်း။ 40 ဥလံသားတို့သည် ခွန်အားကြီးသော လေးသူရဲ ဖြစ်ကြ၏။ သားမြေးများ၍
ပေါင်းတရာငါးဆယ်ရှိကြ၏။ ဤရွေ့ကား၊ ဗယ်္ာမိန်သားစဉ်မြေးဆက်ဖြစ်သတည်း။

---

1 Chronicles 01

ယေဘုယျ အချက်အလက်
ရှု၊

1 Chronicles 06

ယေဘုယျ အချက်အလက်
ရှု၊

နေရာပြောင်းသော
'ပြောင်းရွှေ့ဖို့လိုအပ်ခဲ့သည်' သို့မဟုတ် 'ပြောင်းရွှေ့ခဲ့ရကြသည်။'

1 Chronicles 08

ရှဟာရိမ်၊ ယောဗပ်၊ ဇိသိ၊ မေရှ၊ မာလခဲ၊ ယုဇ၊ ရှာခိ၊ မိရမ၊ အဘိတုပ်၊ ဧလပါလ
အမျိုးသား အမည်များဖြစ်သည်။

ဟုရိမ်၊ ဗာရာ၊ ဟောဒေရှ
အမျိုးသမီး အမည်များဖြစ်သည်။

မယားဟောဒေရှတွင် ... ရှဟာရိမ်သည် ... မြင်၍
အခြားသောဘာသာပြန်ဆိုချက်၊ "ရှဟာရိမ် နှင့် မယားဟောဒေရှ တို့သည် ဖော်ပြပါကလေးများကို မွေးဖွားခဲ့ကြသည်။"

1 Chronicles 12

ဧလပါလ၊ ဧဗာ၊ မိရှဟံ၊ ရှာမက်၊ ဗေရိယ၊ ရှေမ
အမျိုးသားအမည်များဖြစ်သည်။

ဩနော၊ လောဒ၊ အာဇလုန်
ထိုအမည်များသည် နေရာအမည်များဖြစ်သည်။

1 Chronicles 14

ယေဘုယျ အချက်အလက်
ရှု၊

ဧလပါလ နှင့် ယောဗပ်
ပို၍နားလည်လွယ် အောင် အခန်း ၈:၁၄ ရှိအချက်အလက်ကို ပြန်လည်ဖော်ပြခြင်းဖြစ်သည်။


generated on Tue Jul 2 12:50:28 2024

1 Chronicles 19

ယေဘုယျ အချက်အလက်
ပို၍ နားလည်လွယ်အောင် အခန်း ၈:၁၉ ရှိ အချက်အလက်ကို ပြန်လည်ဖော်ပြခြင်းဖြစ်သည်။

1 Chronicles 22

ယေဘုယျ အချက်အလက်
ပို၍ နားလည်လွယ်အောင် အခန်း ၈:၂၂ ရှိ အချက်အလက်ကို ပြန်လည်ဖော်ပြခြင်းဖြစ်သည်။

1 Chronicles 26

ယေဘုယျ အချက်အလက်
ရှု၊

ဤသူတို့သည် ... အဆွေအမျိုးသူကြီးမင်းဖြစ်ကြ၏။
ဆွေမျိုးခေါင်းဆောင်များနှင့် ခေါင်းဆောင်များသည်အစိပ္ပါယ်အတူတူဖြစ်သည်။

1 Chronicles 29

ယေဘုယျ အချက်အလက်
ရှု၊

ဂိဗောင်မြို့မှာ ဂိဗေါင်အဘယေဟေလနေ၏။ သူ၏မယားကား မာခါအမည်ရှိ၏
အနေရာတွင် 'အဘ' သည် ဂိဗောင်မြို့တွင် ယေဟေလ ၏ ခေါင်းဆောင်တစ်ယောက်ဖြစ်ခြင်းကို ရည်ညွှန်းသည်။

အခြားသောဘာသာပြန်ဆိုချက်၊ "ဂိဗောင်မြို့ ခေါင်းဆောင်ဖြစ်သော ယေဟေလသည် ဂိဗောင်မြို့တွင်နေထိုင်ခဲ့သည်။ သူ့မယားအမည်မှာ မာခါဖြစ်သည်။"

သားဦး
ယေဟေလ၏ သားဦး။

1 Chronicles 32

ယေဘုယျ အချက်အလက်
ရှု၊

1 Chronicles 35

ယေဘုယျ အချက်အလက်
ရှု၊

1 Chronicles 38

ယေဘုယျ အချက်အလက်
ရှု၊ and

ဒုတိယ သား ယေဟုတ်၊ တတိယသား ဧလိဖလက်
အခြားသောဘာသာပြန်ဆိုချက်၊ "ဒုတိယမြောက် သား ယေဟုတ်နှင့် တတိယမြောက်သား ဧလိဖလက်။"

သားမြေးများ၍ ပေါင်းတရာငါးဆယ်ရှိကြ၏
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့တွင် သားမြေးပေါင်း ၁၅၀ ရှိခဲ့ကြသည်။"

---

## Translation Questions

1 Chronicles 8:6

ဧဟုဒ်မျိုးနွယ်စုမှ ဆင်းသက်လာသောသူများကို မည်သို့ အတင်းအကြပ်လုပ်စေခဲ့သနည်း။
ဧဟုဒ်၏မျိုးနွယ်စုမှ ဆင်းသက်လာသောသူများကို မာနဟက်မြို့သို့ အတင်းအကြပ် ပြောင်းရွှေ့စေခဲ့သည်။

1 Chronicles 8:12

ဧလပါလ၏ သားများ နှင်ထုတ်ခဲ့သောသူများမှာ အဘယ်သူနည်း။
ဧလပါလ၏သားများ နှင်ထုတ်ခဲ့သောသူများမှာ ဂါသအမျိုးသားများဖြစ်သည်။

1 Chronicles 8:26

ယေရောဟံ၏သားများမည်သည့်အရပ်တွင်နေထိုင်ခဲ့ကြသနည်း။
သူတို့သည် ယေရုရှလင်မြို့တွင် နေထိုင်ခဲ့ကြသည်။

1 Chronicles 8:32

မိကလုပ်နှင့် သူ၏မိသားစုတို့သည် မည်သည့်အရပ်တွင် နေထိုင်ခဲ့ကြသနည်း။
မိကလုပ်နှင့် သူ၏မိသားစုတို့သည် ယေရှုရှလင်မြို့ရှိဆွေမျိုးများထံတွင် နေထိုင်ခဲ့ကြသည်။

ရှောလု၏ဖခင်မှာ အဘယ်သူနည်း။
ရှောလူ၏ဖခင်မှာ ကိရှဖြစ်သည်။

1 Chronicles 8:38

ဗယ်ာမိန်မျိုးနွယ်စုမှ ဥလံ၏သားများကို မည်သို့ သိမှတ်ကြသနည်း။
ဥလံ၏သားများကို ခွန်အားကြီးသော လေးသူရဲများဟု သိမှတ်ထားကြသည်။

---


generated on Tue Jul 2 12:50:28 2024

## Chapter 9

[1] အထက်ဆိုခဲ့ပြီးသည်အတိုင်း၊ ဣသရေလ အမျိုးသားအပေါင်းတို့သည် သားစဉ်မြေးဆက်စာရင်း ဝင်၍၊ ကိုယ်အပြစ်ကြောင့်
ဗာဗုလုန်မြို့ သို့သိမ်းသွားခြင်း ကို ခံရနှင့်သော ဣသရေလရှင်ဘုရင်နှင့် ယုဒရှင်ဘုရင် မှတ်စာ၌ ပါသတည်း။ [2]
နောက်တဖန်ကိုယ်ပိုင်ထိုက်သော မြို့ရွာတို့၌ အဦးဆုံး နေရာကျသောသူကား၊ ဣသရေလအမျိုးသား၊ ယဇ်ပုရောဟိတ်၊ လေဝိသား၊
ဘုရားကျွန်အသီးအသီး ဖြစ်ကြ၏။ [3] ယေရုရှလင်မြို့မှာနေသော ယုဒအမျိုး၊ ဗင်္ယာမိန် အမျိုး၊ ဧဖရိမ်နှင့် မနာရှေအမျိုးသားဟူမူကား၊
[4] ယုဒသား ဖာရက်အမျိုးအနွယ်၊ ဗာနိ၊ ဣမရိ၊ ဩမရိ၊ အမိဟုဒ်တို့မှ ဆင်းသက်သော ဥသဲတပါး၊ [5] ရှိလေနိအမျိုးဖြစ်သော
သားဦးအသာယနှင့် သူ၏သားတစု၊ [6] ဇေရအမျိုးယွေလနှင့် သူ၏ညီအစ်ကိုတစု ပေါင်းခြောက်ရာ ကိုးဆယ်တည်း။ [7]
ဗင်္ယာမိန်အမျိုးအနွယ်ဖြစ်သော ဟာသေနွာ၊ ဟောဒဝိ၊ မေရှုလံတို့မှ ဆင်းသက်သော သလ္လု၊ [8] ယေရောဟံသား ဣဗနိယ၊
မိခရိသားဖြစ်သော ဩဇိ၏သား ဧလာနှင့် ဣဗနိယ၊ ရွေလ၊ ရှေဖတိတို့မှ ဆင်းသက်သော မေရှုလံမှစ၍၊ [9] သားစဉ်မြေးဆက်
စာရင်းဝင်သော အမျိုးသား ချင်းပေါင်းကိုးရာငါးဆယ်ခြောက်ယောက်တည်း။ ဤသူ အပေါင်းတို့သည်
အဆွေအမျိုးသူကြီးဖြစ်ကြ၏။ [10] ယဇ်ပုရောဟိတ်မူကား ယေဒါယ၊ ယောယရိပ်၊ ယာခိန်နှင့်တကွ၊ [11] အဟိတုပ်၊ မရာယုတ်၊ ဇာဒုတ်၊
မေရှုလံ၊ ဟိလခိ တို့မှ ဆင်းသက်သော ဘုရားသခင်၏ အိမ်တော်အုပ် အာဇရိတပါး၊ [12] မာလခိ၊ ပါရှုရ၊ ယေရောဟံတို့မှ ဆင်းသက်
သော အဒါယနှင့် ဣမေရ၊ မေရှိလမုတ်၊ မေရှုလံ၊ ယာဇေရ၊ အဒေလတို့မှ ဆင်းသက်သော မာရဲအစ ရှိသော၊ [13] အဆွေအမျိုးသူကြီး
အမျိုးသားချင်း တထောင် ခုနစ်ရာခြောက်ဆယ်ရှိကြ၏။ ဤသူတို့သည် ဘုရား သခင်၏ အိမ်တော်အမှုကိုဆောင်ရွက်ခြင်းငှါ
တတ်စွမ်း နိုင်သောသူပေတည်း။ [14] လေဝိသားမူကား၊ မေရာရိ အမျိုးအနွယ်ဖြစ် သော ဟာရှဘိ၊ အာဇရိကံ၊ ဟာရှုပ်တို့မှ
ဆင်းသက်သော ရှေမာရတပါး၊ [15] ဗာကဗက္ကာ၊ ဟေရက်၊ ဂလာလသုံးပါး၊ အာသပ်၊ ဇိခရိ၊ မိက္ခာတို့မှ ဆင်းသက်သော မဿနိတပါး၊ [16]
ယေဒုသုံ၊ ဂလာလ၊ ရှေမာယတို့မှ ဆင်းသက် သော ဩဗဒိတပါး၊ နေတော ဖာသိရွာတို့တွင်နေသော ဧလကနသား အာသ၏သား
ဗေရခိတပါးတည်း။ [17] တံခါးစောင့်မူကား ရှလ္လုံ၊ အက္ကုပ်၊ တာလမုန်၊ အဟိမန်အစရှိသော ညီအစ်ကိုတစု၊ [18] ရှလ္လုံသည်
ရှင်ဘုရင်ဝင်သော အရှေ့တံခါးတွင် တံခါးမှူးဖြစ်၏။ ဤသူတို့သည် လေဝိသားအပေါင်း အသင်း၌ပါသော တံခါးစောင့်ပေတည်း။ [19]
ကောရသိ အဆွေအမျိုး၊ ကောရ၊ ဧဗျာသပ်၊ ကောရတို့မှ ဆင်းသက်သော ရှလ္လုံနှင့်မိမိညီတို့သည် အမှုတော်စောင့်ရာတွင်
တဲတော်တံခါးစောင့်ဖြစ်ကြ၏။ အဘတို့သည် ထာဝရဘုရား၏ ဗိုလ်ခြေတပ်ချရာတွင် တဲတော်ဦးစောင့်ဖြစ်ကြ၏။ [20]
ရှေးကာလဧလာဇာသား ဖိနဟတ်သည် ထိုသူတို့ ကိုအုပ်ရ၍၊ ထာဝရဘုရားသည် သူနှင့်အတူရှိတော်မူ၏။ [21] မေရှိလမိသား
ဇာခရိသည် ပရိသတ်စည်းဝေး ရာ တဲတော်တံခါးစောင့်ဖြစ်၏။ [22] တံခါးစောင့်အရာ၌ ခန့်ထားသောသူပေါင်းကား
နှစ်ရာတဆယ်နှစ်ယောက်တည်း။ ထိုသူတို့သည် ဒါဝိဒ်နှင့် ပရောဖက်ရှမွေလခန့်ထားသော သားစဉ်မြေးဆက်အသီး အသီးနေသော
ရွာ၌စာရင်းဝင်ကြ၏။ [23] ထိုသူ၏ သားစဉ်မြေးဆက်တို့သည် တဲတော်တည်းဟူသော ထာဝရဘုရား၏အိမ်တော်၌ တံခါးစောင့် အမှုကို
ဆောင်ရွက်ရကြ၏။ [24] တံခါးစောင့်တို့သည် အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ လေးမျက်နှာ ၌ စောင့်နေရကြ၏။ [25] ရွာတို့၌နေသော
အပေါင်းအဘော်တို့သည် အလှည့်သင့်သည်အတိုင်း ခုနစ်ရက်၊ ခုနစ်ရက် လာရ ကြ၏။ [26] ထိုလေဝိသားတို့တွင် တံခါးစောင့်ကြီး လေး
ယောက်တို့သည် အရာကိုခံရသည်အတိုင်း၊ ဘုရားသခင် ၏ အိမ်တော်အခန်းများနှင့် ဘဏ္ဍာတိုက်များကို စောင့်ရ ကြ၏။ [27]
ထိုသို့စောင့်၍ နံနက်တိုင်းတံခါးကို ဖွင့်ရသော ကြောင့်၊ ဘုရားသခင်၏ အိမ်တော်ပတ်လည်၌ အိပ်ရ ကြ၏။ [28] အချို့တို့သည်လည်း၊
အမှုတော်စောင့်တန်ဆာ များကို အရေအတွက်အတိုင်း သွင်းလျက် ထုတ်လျက် စောင့်ကြရ၏။ [29] အချို့တို့သည်လည်း၊
သန့်ရှင်းရာဌာနတော် တန်ဆာများ၊ အသုံးအဆောင်များ၊ မုန့်ညက်၊ စပျစ်ရည်၊ ဆီ၊ လောဗန်၊ နံ့သာမျိုးများကို ပြုစု ၍စောင့်ရကြ၏။
[30] ယဇ်ပုရောဟိတ်အမျိုးသား အချို့တို့သည်လည်း နံ့သာဆီကို လုပ်ရကြ၏။ [31] လေဝိသား၊ ကောရသိအဆွေအမျိုးဖြစ်သော
ရှလ္လုံ၏သားဦး မတ္တိသိသည် သံပြားဖြင့်ဖုတ်သော မုန့်မျိုး ကို စောင့်ရ၏။ [32] သူ၏ညီအစ်ကိုနှင့် အခြားသောကောရသိ
အဆွေအမျိုးသားတို့သည် ဥပုသ်နေ့၌ ရှေ့တော်မုန့်ကို ပြင်ဆင်ရကြ၏။ [33] သီချင်းဆိုသော သူလေဝိအဆွေအမျိုး သူကြီးတို့ သည်
မိမိတို့အမှုကို နေ့ညဉ့်မပြတ်စောင့်ရသောကြောင့်၊ အိမ်တော်အခန်း၌နေ၍ အခြားသောအမှုနှင့်လွတ်ကြ၏။ [34]
ထိုလေဝိအဆွေအမျိုးသူကြီးတို့သည် အစဉ် အဆက်အကြီးအကဲဖြစ်၍ ယေရုရှလင်မြို့၌ နေရာ ကျကြ၏။

---

1 Chronicles 01

ဣသရေလ အမျိုးသားအပေါင်းတို့သည် သားစဉ်မြေးဆက်စာရင်း ဝင်၍
သားစဉ်မြေးဆက်စာရင်းသည် တစ်စုံတစ်ယောက် သို့မဟုတ် မိသားစုတစ်စု၏ မျိုးဆက်များကို ရည်ညွှန်းသည်။

ဣသရေလရှင်ဘုရင်နှင့် ယုဒရှင်ဘုရင် မှတ်စာ
ယခုမရှိတော့သည့် စာအုပ်ဖြစ်သည်။


generated on Tue Jul 2 12:50:28 2024

1 Chronicles 04

ယေဘုယျ အချက်အလက်
ရှု၊ and

ရှိလေနိအမျိုး
ရှိလေမှ ဆင်းသက်လာသော မျိုးရိုးလူအုပ်စု၊ ရှိလေနိဖြစ်သည်။

1 Chronicles 07

ယေဘုယျ အချက်အလက်
ရှု၊

1 Chronicles 10

ယေဘုယျ အချက်အလက်
ရှု၊

1 Chronicles 12

ယေဘုယျ အချက်အလက်
ရှု၊ and

ဤသူတို့သည် ဘုရား သခင်၏ အိမ်တော်အမှုကိုဆောင်ရွက်ခြင်း၌ တတ်စွမ်းနိုင်သောသူပေတည်း။
အခြားသောဘာသာပြန်ဆိုချက်၊ "အစွမ်းအစရှိသော သူများသည် ထာဝရဘုရားအိမ်တော်၌ အလုပ်လုပ်ကြသည်။"

1 Chronicles 14

ရှေမာယ၊ ဧလကာန
အမျိုးသား အမည်များဖြစ်သည်။

... အမျိုးအနွယ်မှ
အမျိုးအနွယ်ထဲက တစ်ယောက်။

နေတောဖာသိ
လူအုပ်စုတစ်စု အမည်ဖြစ်သည်။

1 Chronicles 17

ယေဘုယျ အချက်အလက်
ရှု၊

တံခါးမှူး
လုံခြုံရေးအမှုထမ်း သို့မဟုတ် ဂိတ်စောင့်။

ဤသူတို့သည် လေဝိသားအပေါင်း အသင်း၌ပါသော တံခါးစောင့်ပေတည်း
လေဝိသားတို့သည် ဘုရင့်တံခါး၏ အရှေ့ဘက်ခြမ်းကို စောင့်ကြသည်။

ဗိုလ်ခြေတပ်ချရာတွင် တဲတော်ဦးစောင့်ဖြစ်ကြ၏
ဆုံဆည်းရာနေရာ သို့မဟုတ် တဲတော်ဟု အဓိပ္ပါယ်ရှိသည်။

1 Chronicles 20

ကိုအုပ်ရ၍၊
အခြားသောဘာသာပြန်ဆိုချက်၊ "လုံခြုံရေးတွင် တာဝန်ရှိသည်။"

1 Chronicles 22

ယေဘုယျ အချက်အလက်
ရှု၊

ထိုသူတို့သည် ဒါဝိဒ်နှင့် ပရောဖက်ရှမွေလခန့်ထားသော သားစဉ်မြေးဆက်အသီး အသီးနေသော ရွာ၌စာရင်းဝင်ကြ၏
အခြားသောဘာသာပြန်ဆိုချက်၊ "လူများ ရွာလူနာမည်စာရင်းတွင် ဤလူများ ပါဝင်သည်။"

ထိုသူ၏ သားစဉ်မြေးဆက်
သူတို့၏ အမျိုးအနွယ်များ။

တံခါးစောင့် အမှုကို ဆောင်ရွက်ရကြ၏
အခြားသောဘာသာပြန်ဆိုချက်၊ "အမျိုးသားတို့သည် တံခါးဝင်ပေါက်တို့ကို စောင့်ကြသည်။"

တံခါးစောင့်တို့သည် အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ လေးမျက်နှာ ၌ စောင့်နေရကြ၏။
အခြားသောဘာသာပြန်ဆိုချက်၊ "ပတ်လည်"

1 Chronicles 25

အပေါင်းအဘော်
လုံခြုံရေးအစောင့်တို့၏ ညီအစ်ကိုများ။

အလှည့်သင့်သည်အတိုင်း ခုနစ်ရက်၊ ခုနစ်ရက် လာရ ကြ၏
နေ့တိုင်း အလှည့်လိုက်။ အခြားသောဘာသာပြန်ဆိုချက်၊ "အလှည့်ကျသည်အတိုင်း ခုနှစ်ရက်စီလာ၍ ကူညီကြသည်။"

အိမ်တော်အခန်းများနှင့် ဘဏ္ဍာတိုက်များကို စောင့်ရ ကြ၏
အခြားသောဘာသာပြန်ဆိုချက်၊ "အခန်းများကို စောင့်ကြရသည်။"

1 Chronicles 28

အချို့တို့သည်
အချို့ အစောင့်တို့သည်

အမှုတော်စောင့်တန်ဆာ များကို အရေအတွက်အတိုင်း သွင်းလျက် ထုတ်လျက် စောင့်ကြရ၏
အခြားသောဘာသာပြန်ဆိုချက်၊ "လူများအသုံးပြုရန်အပြင်ယူသွားသော ပစ္စည်းများ နှင့် ပြန်လည်ယူလာသောပစ္စည်းများကို ရေတွက်စောင့်ကြရသည်။"

... များကို ပြုစု ၍စောင့်ရကြ၏။
အခြားသောဘာသာပြန်ဆိုချက်၊ "'ဂရုစိုက်' သို့မဟုတ် 'စောင့်ရှောက်။'


generated on Tue Jul 2 12:50:28 2024

1 Chronicles 30

မတ္တိသိ၊ ရှလ္လုံ
အမျိုးသား နာမည်များဖြစ်သည်။

ကောရသိ၊ ကောဟာရသိ
လူအုပ်စု အမည်များဖြစ်သည်။

ရှေ့တော်မုန့်
ရှေ့တော်မုန့် ၏အသေးစိတ် အဓိပ္ပါယ်အတွက် ဘာသာပြန်စကားလုံးထဲက 'မုန့်' ဟူသည့် စကားလုံးကို ကြည့်ပါ။

1 Chronicles 33

အခြားသောအမှုနှင့်လွတ်ကြ၏
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် အခြားအလုပ် မလုပ်ရဘူး။"

မိမိတို့အမှုကို နေ့ညဉ့်မပြတ်စောင့်ရ
အခြားသောဘာသာပြန်ဆိုချက်၊ "မိမိတို့ကျရာ တာဝန်ကို ပြီးစီး ကြရသည်။"

နေ့ညဉ့်မပြတ်
'အမြဲတမ်း၊ တစ်ချိန်လုံး' ဟုအဓိပ္ပါယ်ရှိသည်။

ထိုလေဝိအဆွေအမျိုးသူကြီးတို့သည် အစဉ် အဆက်အကြီးအကဲဖြစ်၍
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့၏ မိသားစုစာရင်းတွင် ဤလေဝိဒ်မိသားစု ခေါင်းဆောင်များ ပါဝင်သည်။"

1 Chronicles 35

ယေဘုယျ အချက်အလက်
ရှု၊

ဂိဗောင်မြို့
မထမ ဂိဗောင်သည် လူကိုရည်ညွှန်း၍ ဒုတိယဂိဗောင်သည် မြို့ဖြစ်သည်။

1 Chronicles 38

ယေဘုယျ အချက်အလက်
ရှု၊

1 Chronicles 41

ယေဘုယျ အချက်အလက်
ရှု၊ and

---

## Translation Questions

1 Chronicles 9:1

ဣလသရေလလူမျိုးများ၏ ရာဇဝင်ကို မည်သည့်နေရာတွင် မှတ်သားခဲ့သနည်း။
ထိုသူတို့၏စာရင်းကို ဣသရေလရှင်ဘုရင်တို့၏ မှတ်စာထဲတွင် စာရင်းသွင်းခဲ့ကြသည်။

အဘယ်ကြောင့်ယုဒလူတို့သည် ဗာဗုလုန်သို့ နှင်ထုတ်ခြင်းကို ခံခဲ့ကြရသနည်း။
ယင်းတို့၏အပြစ်များကြောင့် ဗာဗုလုန်သို့ နှင့်ထုတ်ခြင်းကို ခံခဲ့ရကြသည်။

မည်သူတို့သည် ယင်းတို့ပိုင်ဆိုင်ရာမြို့သို့ ဦးစွာပြန်လည် အခြေချခွင့်ကို ရရှိခဲ့ကြသနည်း။
မိမိပိုင်ထိုက်သော မြို့ရွာတို့၌ အဦးဆုံး နေရာကျသောသူကား၊ ဣသရေလအမျိုးသားအချို့၊ ယဇ်ပုရောဟိတ်များ၊ လေဝိသားများ၊ ဘုရားကျွန်များ ဖြစ်ကြ၏။

1 Chronicles 9:10

အာဇရိကို မည်ကဲ့သို့သိမှတ်ကြသနည်း။
အာဇရိသည် ယဇ်ပရောဟိတ်တစ်ပါးဖြစ်ပြီး ဘုရားသခင်၏အိမ်တော်အုပ်လည်းဖြစ်သည်။

1 Chronicles 9:12

အဒေလနှင့် မာရှဲတို့၏ဆွေမျိုးများအား မည်ကဲ့သို့ သိမှတ်ကြသနည်း။
သူတို့အားဘုရားသခင်၏အိမ်တော်အမှုမှန်သမျှကို တတ်စွမ်းနိုင်သူများအဖြစ် သိမှတ်ကြသည်။

1 Chronicles 9:17

တံခါးစောင့်များ၏ ယခင်ထမ်းဆောင်ခဲ့သည့် တာဝန်ကား အဘယ်အရာများနည်း။
တံခါးစောင့်တို့၏ ယခင်တာဝန်မှာ လေဝိလူမျိုးတို့ နေထိုင်ရာအရပ်၏ အရှေ့ဘက်ရှိ ဘုရင့်တံခါးတော်ကို ရပ်၍ စောင့်နေကြခြင်း ဖြစ်သည်။

ကောရသိ၏ တာဝန်ဝတ္တရားမှာအဘယ်နည်း။
ကောရသိမျိုးနွယ်စုတို့သည် တဲတော်တံခါးစောင့်များဖြစ်ကြပြီး ထာဝရဘုရား၏ ဗိုလ်ခြေတပ်ချရာတွင် တဲတော်ဦးစောင့်ကြသည်။

1 Chronicles 9:20

မေရှိလမိ၏သား ဇာခရိ၏ လုပ်ငန်းတာဝန်မှာ အဘယ်နည်း။
ဇာခရိသည် ပရိသတ်စည်းဝေးရာ တဲတော်တံခါးစောင့်ဖြစ်သည်။


generated on Tue Jul 2 12:50:28 2024

1 Chronicles 9:22

ရှင်ဘုရင် ဒါဝိဒ်နှင့် ပရောဖက်ရှမွေလတို့က တံခါးစောင့်နှင့်
သူ၏သားမြေးများကို မည့်သည့်နေရာတွင် ခန့်အပ်လုပ်ဆောင်စေသနည်း။
တံခါးစောင့်နှင့် သူ၏သားမြေးတို့သည် တဲတော်တည်းဟူသော
ထာဝရဘုရား၏အိမ်တော်၌ တံခါးစောင့်အမှုကို ဆောင်ရွက်
ကြသည်။

1 Chronicles 9:25

ထာဝရဘုရား၏အိမ်တော်၌ တံခါးစောင့်သောခေါင်းဆောင် ၄ ဦးတို့၏
တာဝန်များကို မည်ကဲ့သို့ ခွဲဝေထားသနည်း။
တံခါးစောင့်ကြီး လေး ယောက်တို့သည် ဘုရားသခင် ၏
အိမ်တော်အခန်းများနှင့် ဘဏ္ဍာတိုက်များကို ညတွင် စောင့်ရ
ကြပြီး၊ နံနက်ရောက်သည့်အချိန်တွင် တံခါးကို ဖွင့်ရသည်။

1 Chronicles 9:28

လေဝိလူမျိုးများအားမည်သည့်လုပ်ငန်းများလုပ်ဆောင်ရန်
တာဝန်ခွဲအပ်ထားသနည်း။
အချို့တို့သည် အမှုတော်စောင့်တန်ဆာ များကို
အရေအတွက်အတိုင်း သွင်းလျက် ထုတ်လျက် စောင့်ကြရ၏။
အချို့တို့သည်လည်း၊ သန့်ရှင်းရာဌာနတော် တန်ဆာများ၊
အသုံးအဆောင်များ၊ မုန့်ညက်၊ စပျစ်ရည်၊ ဆီ၊ လောဗန်၊
နံ့သာမျိုးများကို ပြုစု ၍စောင့်ရကြသည်။

1 Chronicles 9:30

ကောရသိအနွယ်ဝင်တို့၏ လုပ်ငန်းတာဝန်မှာ အဘယ်နည်း။
ကောရသိအနွယ်ဝင်တို့၏ လုပ်ငန်းတာဝန်မှာ ဥပုဒ်နေ့၌
တစေးမပါသော ရှေ့တော်မုန့်ကို ပြင်ဆင်ကြရသည်။

1 Chronicles 9:33

အဘယ်ကြောင့်လေဝိအနွယ်သီချင်းဆိုသော သူတို့အား
မြင့်မြတ်သောအခန်းတစ်နေရာတွင် အလုပ်စေခိုင်းခြင်းမရှိဘဲ နေစေခဲ့သနည်း။
သီချင်းဆိုသော လေဝိအနွယ်နှင့် သူ၏မိသားစုတို့သည်
မြင့်မြတ်သောအခန်းတွင် နေခဲ့ရခြင်းမှာ အိမ်တော်၌
နေ့ညဥ့်မပြတ်လုပ်ဆောင်ရသော
တာဝန်ရှိသောကြောင့်ဖြစ်သည်။

## Chapter 10

1 ဖိလိတ္တိလူတို့သည် ဣသရေလလူတို့ကို စစ်တိုက် ၍၊ ဣသရေလလူတို့သည် ရန်သူရှေ့မှာ ပြေးသဖြင့်၊ ဂိလဗောတောင်ပေါ်မှာ
အထိအခိုက်နှင့် လဲ၍သေကြ၏။ 2 ဖိလိတ္တိလူတို့သည် ရှောလုမင်းနှင့် သူ၏သား တို့ကို ပြင်းထန်စွာ လိုက်၍၊ ရှောလု၏သား
ယောနသန်၊ အဘိနဒပ်၊ မေလခိရှုတို့ကို သတ်ကြ၏။ 3 စစ်တိုက်ရာတွင် ရှောလုသည် အလွန်ခံရ၏။ လေးသမားတို့ ပစ်သောမြှားမှန်၍
အလွန်နာသော ကြောင့်၊ 4 လက်နက်ဆောင်လုလင်ကို ခေါ် ပြီးလျှင်၊ သင့်ထားကို ထုတ်၍ ငါ့ကိုထိုးလော့။ သို့မဟုတ် အရေ
ဖျားလှီးခြင်းကို မခံသောလူတို့သည်လာ၍၊ ငါ့ကိုမရိုမသေ ညှဉ်းဆဲကြလိမ့်မည်ဟုဆိုသော်လည်း၊ လက်နက်ဆောင် လုလင်သည်
အလွန်ကြောက်၍ မပြုဘဲနေသောကြောင့်၊ ရှောလုသည် ထိုထားကို ယူ၍ ထောင်ပြီးလျှင်၊ ထားဖျား ပေါ်မှာ လှဲ၍သေ၏။ 5
ရှောလုသေသည်ကို လက်နက်ဆောင်လုလင် မြင်လျှင်၊ သူသည်လည်း ထိုထားကို ထောင်၍ထားဖျား ပေါ်မှာ လှဲ၍သေ၏။ 6
ထိုသို့ရှောလုနှင့် သူ၏သားသုံးယောက်မှစ၍ နန်းတော်သားအပေါင်းတို့သည် အတူသေကြ၏။ 7 ဣသရေလလူပြေးကြောင်း၊
ရှောလုနှင့်သူ၏ သားများသေကြောင်းကို၊ ချိုင့်၌နေသော ဣသရေလ လူအပေါင်းတို့သည် သိမြင်လျှင်၊ မြို့ရွာတို့ကို စွန့်ပစ် သဖြင့်၊
ဖိလိတ္တိလူတို့သည်လာ၍ နေကြ၏။ 8 နက်ဖြန်နေ့၌ ဖိလိတ္တိလူတို့သည် အသေကောင် တို့၌၊ အဝတ်တန်ဆာကို ချွတ်ခြင်းငှါ
လာသောအခါ၊ ဂိလဗောတောင်ပေါ်မှာ ရှောလုနှင့် သူ၏သား သုံး ယောက်တို့သည် သေလျက်ရှိသည်ကို တွေ့မြင်ကြ၏။ 9
အဝတ်တန်ဆာတော်ကို ချွတ်ပြီးမှ ခေါင်းတော်၊ လက်နက်တော်ကို ယူ၍ သူတို့ရုပ်တုအိမ်များ၌၎င်း၊ လူများတို့၌၎င်း၊
သိတင်းကျော်စေစေခြင်းငှါ၊ ဖိလိတ္တိ ပြည်အရပ်ရပ်သို့ ပေးလိုက်ကြ၏။ 10 လက်နက်တော်ကိုလည်း သူတို့ဘုရားကျောင်း၌ ထား၍၊
ခေါင်းတော်ကို ဒါဂုန်ဗိမာန်၌ ဆွဲထားကြ၏။ 11 ဖိလိတ္တိလူတို့သည် ရှောလု၌ပြုသမျှကို ဂိလဒ် ပြည် ယာဗက်မြို့သားများကြားလျှင်၊ 12
သူရဲအပေါင်းတို့သည် ရှောလု၏ အလောင်းနှင့် သူ၏သားအလောင်းတို့ကို ယူသွား၍၊ ယာဗက်မြို့သို့ ဆောင်ခဲ့သဖြင့်၊ အရိုးတို့ကို
ယာဗက်မြို့မှာသပိတ်ပင် အောက်၌ သင်္ဂြိုဟ်ပြီးမှ ခုနစ်ရက်ပတ်လုံးအစာ ရှောင်ကြ ၏။ 13 ထိုသို့ရှောလုသည် ထာဝရဘုရား၏ စကား
တော်ကို နားမထောင်၊ လွန်ကျူး၍ ထာဝရဘုရားကို ပြစ်မှားသောကြောင့်၎င်း၊ 14 ထာဝရဘုရားကို မမေးမြန်းဘဲနတ်ဝင်မိန်းမကို
ရှာဖွေမေးမြန်းသောကြောင့်၎င်း၊ ထာဝရဘုရားသည် သူ့ကိုကွပ်မျက်၍၊ နိုင်ငံတော်ကို ယေရှဲသားဒါဝိဒ်၌ လွှဲအပ်တော်မူ၏။

---

1 Chronicles 01

ယေဘုယျ အချက်အလက်
ရှု၊

ဣသရေလလူတို့သည် ရန်သူရှေ့မှာ ပြေးသဖြင့်
အခြားသောဘာသာပြန်ဆိုချက်၊ "ဣသရေလစစ်သားတို့သည် ထွက်ပြေးကြသည်။"

လဲ၍သေကြ၏
အခြားသောဘာသာပြန်ဆိုချက်၊ "သေကြ၏။"

1 Chronicles 04

သင့်ထားကို ထုတ်၍ ငါ့ကိုထိုးလော့
အခြားသောဘာသာပြန်ဆိုချက်၊ "၎င်းဖြင့် ငါ့ကို သတ်ပါ။"

သို့မဟုတ် အရေ ဖျားလှီးခြင်းကို မခံသောလူတို့သည်လာ၍
အရေ ဖျားလှီးခြင်းကို မခံသောလူတို့ ဟူသည့်စကားသည် သူတို့သည် တခြားနိုင်ငံကဖြစ်၍ ဘုရားသခင်ကို မသိသောသူများဟု စော်ကားသောစကားဖြစ်သည်။

ထားဖျား ပေါ်မှာ လှဲ၍
အခြားသောဘာသာပြန်ဆိုချက်၊ "၎င်းဓားဖြင့် မိမိကိုယ်ကို သတ်၏။"

1 Chronicles 05

သူ၏ သားသုံးယောက်
အခြားသောဘာသာပြန်ဆိုချက်၊ "သူ၏ သားသုံးယောက်သေကြ၏။"

1 Chronicles 07

ဣသရေလ လူအပေါင်းတို့သည်
အခြားသောဘာသာပြန်ဆိုချက်၊ "ဣသရေလလူမျိုးအားလုံးသည်။"

လာ၍ နေကြ၏
လာ၍ ဣသရေလမြို့များတွင် နေထိုင်ကြသည်။

It came about
N/A

အသေကောင် တို့၌၊ အဝတ်တန်ဆာကို ချွတ်ခြင်း
အခြားသောဘာသာပြန်ဆိုချက်၊ "သေသော သူခန္ဓာကိုယ်မှ တန်ဖိုးရှိသော အရာများကို ချွတ်ယူခြင်း။"

ရှောလုနှင့် သူ၏သား သုံး ယောက်တို့သည် သေလျက်ရှိသည်
ရှောလုနှင့် သူ့သား သုံးယောက်တို့သည် သေကြ၏။


generated on Tue Jul 2 12:50:28 2024

1 Chronicles 09

အဝတ်တန်ဆာတော်ကို ချွတ်ပြီးမှ
အခြားသောဘာသာပြန်ဆိုချက်၊ "ဖိလိတ္တိလူတို့သည် ရှောလု၏ ခန္ဓာကိုယ်မှ တန်ဆာများအားလုံးကို ယူသွားကြသည်။"

လက်နက်တော်ကိုလည်း ... ထား၍
ဖိလိတ္တိလူတို့သည် ရှောလု၏ လက်နက်ကို ...ထားကြ၏။

ဒါဂုန်
မှားယွင်းသောဘုရား အမည်ဖြစ်သည်။

1 Chronicles 11

ယေဘုယျ အချက်အလက်
ရှု၊ and

ဂိလဒ် ပြည် ယာဗက်မြို့သားများကြားလျှင်၊
အခြားသောဘာသာပြန်ဆိုချက်၊ "ဖိလိတ္တိ လူတို့ပြုလုပ်သည့်အရာများကို ဂိလဒ်ပြည် ယာဗက်မြို့သားများ ကြားလျှင်။"

အရိုးတို့
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့ခန္ဓာကိုယ်များ" သို့မဟုတ် "သူတို့ အကြွင်းအကျန်များ။"

1 Chronicles 13

အကြံပြုချက်
လူတွေ လုပ်သင့်သော အကြံအစည်နှင့် သဘောထား။

သေသောသူနှင့်စကားပြောသည်
အခြားသောဘာသာပြန်ဆိုချက်၊ "သေသောသူတို့နှင့်စကားပြောသည်။"

လမ်းပြခြင်း
သူလုပ်သင့်သော အကူအညီ သို့မဟုတ် အကြံဉာဏ်။

နိုင်ငံတော်ကို ယေရှဲသားဒါဝိဒ်၌ လွှဲအပ်တော်မူ၏။
အခြားသောဘာသာပြန်ဆိုချက်၊ "ဣသရေလ လူတွေအပေါ် ထိန်းချုပ်ရန် ပေးသည်။"

---

## Translation Questions

1 Chronicles 10:1

ဂိလဗောတောင်ပေါ်၌ ရှောလု၏သားများ မည်သည့်အဖြစ်အပျက်နှင့် ကြုံတွေ့ခဲ့ရသနည်း။
ဖိလိတ္တိလူတို့က ရှောလု၏သားများ၏ နောက်သို့လိုက်၍ အသေသတ်ခဲ့ကြသည်။

1 Chronicles 10:4

အဘယ်ကြောင့် ရှောလုရှင်ဘုရင်က လက်နက်ဆောင်လုလင်ကို ဓားရှည်ဖြင့်ထိုးသတ်ရန် တိုက်တွန်းခဲ့သနည်း။
ရှောလုရှင်ဘုရင်က အရေဖျားလှီးခြင်းမခံသော သူတို့၏သတ်ဖြတ်ခြင်းကို မခံလိုသောကြောင့် ထိုသို့ ပြုစေခဲ့ခြင်းဖြစ်သည်။

ရှောလုရှင်ဘုရင်တောင်းဆိုသည့် အတိုင်း လက်နက်ဆောင်လုလင်က မလုပ်ဆောင်ပေးသောအခါ မည်သို့ လုပ်ဆောင်ခဲ့သနည်း။
ရှောလုရှင်ဘုရင်သည် ဓါးကို မြေ၌ ထောင်၍ ဓါးဖျား၌ လှဲ၍ မိမိကိုယ်တိုင်အဆုံးစီရင်ခဲ့သည်။

1 Chronicles 10:5

ရှောလု၏ လက်နက်ဆောင်လုလင်သည ရှင်ဘုရင်သေဆုံးခြင်းကို မည်ကဲ့သို့ တုန့်ပြန်ခဲ့သနည်း။
လက်နက်ဆောင်လုလင်သည် ရှင်ဘုရင်ရှောလုသေဆုံးခြင်းကို မြင်သောအခါ သူကိုယ်တိုင်လည်း ထိုဓားပေါ်တွင် မိမိစိုက်၍ အဆုံးစီရင်လေသည်။

1 Chronicles 10:7

ရှောလုရှင်ဘုရင်နှင့် သူ၏သားများစစ်ရှုံး၍ သေဆုံးသောသတင်းကို ကြားသောအခါ ဣသရေလလူမျိုးတို့သည်မည်သို့ လုပ်ဆောင်ခဲ့ကြသနည်း။
ဣသရေလလူမျိုးတို့နေထိုင်သော အချို့မြို့များကို စွန့်၍ ဖိလိတ္တိလူတို့သည်လာ၍ ထိုပြည်၌အခြေချခွင့်ပြုကြသည်။

1 Chronicles 10:9

ဖိလိတ္တိလူတို့သည် ရှောလုဘုရင်၏အလောင်းတော်ကို မည်ကဲ့သို့ ပြုလုပ်ခဲ့ကြသနည်း။
ဖိလိတ္တိလူတို့သည် ရှောလုရှင်ဘုရင်၏အလောင်းတော်ကို ခွဲပြီး သူ၏ချပ်ဝတ်တန်ဆာများကို ယင်းတို့၏နတ်ဘုရားရှေ့တွင် ထားကြပြီး ရှင်ဘုရင်ဦးခေါင်းတော်ကို ဒါဂုန်ဗိမာန်၌ ချိတ်ဆွဲထားကြသည်။

1 Chronicles 10:11

ဂိလဒ်ပြည် ယာဗက်မြို့ရှိ စစ်သူရဲအပေါင်းတို့သည် ရှင်ဘုရင်ရှောလုနှင့် သူ၏သားတို့၏ အလောင်းတို့ကို မည်သို့ ပြုလုပ်ခဲ့ကြသနည်း။
သူရဲအပေါင်းတို့သည် ရှောလု၏ အလောင်းနှင့် သူ၏သားအလောင်းတို့ကို ယူသွား၍၊ ယာဗက်မြို့သို့ ဆောင်ခဲ့သဖြင့်၊ အရိုးတို့ကို ယာဗက်မြို့ရှိ သပိတ်ပင် အောက်၌ သင်္ဂြိုဟ်ကြသည်။

1 Chronicles 10:13

ဘာကြောင့် ရှင်ဘုရင်ရှောလု သေဆုံးခဲ့ရသနည်း။

ရှောလုသည် ထာဝရဘုရား၏ စကား တော်ကို နားမထောင်၊ လွန်ကျူး၍ ထာဝရဘုရားကို ပြစ်မှားသောကြောင့်လည်းကောင်း၊ ထာဝရဘုရားကို မမေးမြန်းဘဲ နတ်ဝင်မိန်းမကို ရှာဖွေမေးမြန်းသောကြောင့်ဖြစ်သည်။

ထာဝရဘုရားသည် ဣသရေလရှင်ဘုရင်ရာထူးကို မည်သူ့ထံသို့ လွှဲပြောင်းပေးခဲ့သနည်း။

ထာဝရဘုရားသည် ဣသရေလနိုင်ငံကို ယေရှဲ၏သား ဒါဝိဒ်ထံသို့ လွှဲပြောင်းပေးခဲ့သည်။

---



generated on Tue Jul 2 12:50:28 2024

## Chapter 11

1 ထိုအခါ ဣသရေလ အမျိုးသားအပေါင်းတို့ သည် ဒါဝိဒ်ရှိရာ ဟေဗြုန်မြို့၌ စည်းဝေး၍၊ ကျွန်တော် တို့သည် ကိုယ်တော်အရိုး၊
ကိုယ်တော်အသားဖြစ်ကြ ပါ၏။ 2 အထက်က ရှောလုသည် ရှင်ဘုရင်ဖြစ်သော အခါ၊ ကိုယ်တော်သည် ဣသရေလအမျိုးကို
ဆောင်သွား လျက်၊ သွင်းပြန်လျက် နေတော်မူပြီ။ ကိုယ်တော်၏ ဘုရားသခင် ထာဝရဘုရားကလည်း၊ သင်သည်ငါ၏လူ
ဣသရေလအမျိုးကိုလုပ်ကျွေး အုပ်စိုးရမည်ဟု ကိုယ် တော်အား မိန့်တော်မူပြီဟု လျှောက်ဆိုကြ၏။ 3 ထိုသို့
ဣသရေလအမျိုးအသက်ကြီးသူအပေါင်း တို့သည် ရှင်ဘုရင်ရှိရာ ဟေဗြုန်မြို့သို့ ရောက်လာလျှင်၊ ဒါဝိဒ်သည် ဟေဗြုန်မြို့၊
ထာဝရဘုရားရှေ့တော်မှာ သူတို့ နှင့် မိဿဟာယဖွဲ့၍၊ ရှမွေလအားဖြင့် ထာဝရဘုရား ဗျာဒိတ်ထားတော်မူသည်နှင့်အညီ၊ သူတို့သည်
ဒါဝိဒ်ကို ဘိသိတ်ပေး၍ ဣသရေလရှင်ဘုရင်အရာ၌ ချီးမြှောက် ကြ၏။ 4 တဖန်ဒါဝိဒ်သည် ဣသရေလလူအပေါင်းတို့ကို ခေါ်၍၊
ပြည်သားရင်း ယေဗုသိလူတို့နေရာ ယေဗုတ်မြို့ တည်းဟူသော ယေရုရှလင်မြို့သို့သွားလျှင်၊ 5 ယေဗုတ်မြို့သားတို့က၊ သင်သည်
ဤမြို့သို့ မဝင်ရဟု ဆိုကြသော်လည်း၊ ဒါဝိဒ်သည် ဒါဝိဒ်မြို့တည်း ဟူသော ဇိအုန်ရဲတိုက်ကို တိုက်ယူလေ၏။ 6 ဒါဝိဒ်ကလည်း၊
ယေဗုသိလူတို့ကို အဦးလုပ်ကြံ သောသူသည် ဗိုလ်ချုပ်ဖြစ်စေဟု အမိန့်တော်ရှိသည် အတိုင်း၊ ဇေရုယာသားယွာဘသည် အဦးတက်၍
ဗိုလ်ချုပ်အရာကိုခံရ၏။ 7 ထိုနောက် ဒါဝိဒ်သည်ရဲတိုက်၌နေသောကြောင့်၊ ဒါဝိဒ်မြို့ဟူသောအမည်ဖြင့် သမုတ်ကြ၏။ 8
မိလ္လောအရပ်နှင့်တကွ မြို့ပတ်လည်၌ တည် ဆောက်ပြီးမှ ကျန်ကြွင်းသောမြို့ကိုယွာဘပြုပြင်လေ၏။ 9 ဒါဝိဒ်သည် တိုးပွား၍
အားကြီးသဖြင့်၊ ကောင်း ကင်ဗိုလ်ခြေအရှင်ထာဝရဘုရားသည် သူနှင့်အတူ ရှိတော်မူ၏။ 10 ဣသရေလအမျိုး၌ ထာဝရဘုရား၏
အမိန့် တော်အတိုင်း၊ ဒါဝိဒ်ကို ရှင်ဘုရင်အရာ၌ ချီးမြှောက်ခြင်း ငှါ ဣသရေလအမျိုးအပေါင်းတို့နှင့် ဝိုင်း၍ ဒါဝိဒ်မင်း ဘက်မှာ
ကြိုးစားအားထုတ်သော အမှုတော်ထမ်းသူရဲကြီး တို့၏ စာရင်းဟူမူကား၊ 11 ဟခမောနိအမျိုးယာရှောဗံသည် ဗိုလ်ချုပ်ဖြစ် ၏။
ထိုသူသည် လှံကိုကိုင်လျက်၊ လူသုံးရာကို တခါတည်း တိုက်၍ လုပ်ကြံလေ၏။ 12 သူ့နောက်မှာ အဟောဟိအမျိုးဒေါဒေါသား
ဧလာဇာသည် ဒါဝိဒ်နှင့်အတူပါ၊ သဒမ္မိမ်မြို့သို့လိုက်သော သူရဲသုံးယောက် အဝင်ဖြစ်၏။ 13 ဖိလိတ္တိလူတို့သည် စစ်တိုက်ခြင်းငှါ
မုယော စပါးစိုက်သော လယ်ကွက်၌ စုဝေး၍ ဣသရေလလူတို့ သည် ရန်သူရှေ့မှာ ပြေးကြသော်လည်း၊ 14 ထိုသူတို့သည်
လယ်ကွက်အလယ်၌ရပ်၍ စောင့် မလျက် ဖိလိတ္တိ လူတို့ကိုလုပ်ကြံသောအခါ၊ ထာဝရဘုရား သည် ကြီးစွာသော အောင်ခြင်းအားဖြင့်
သူတို့ကို ကယ်တင်တော်မူ၏။ 15 ဗိုလ်စုအဝင်သုံးယောက်တို့သည် ဒါဝိဒ်ရှိရာ ကျောက်ကြား၊ အဒုလံဥမင်သို့ ဆင်းသွား၍၊
ဖိလိတ္တိလူတို့ သည် ရေဖိမ်ချိုင့်၌ တပ်ချလျက် ရှိကြ၏။ 16 ထိုအခါ ဒါဝိဒ်သည် ရဲတိုက်တွင်နေ၍၊ ဖိလိတ္တိ လူတို့သည်
ဗက်လင်မြို့၌လည်း တပ်ချကြ၏။ 17 ဒါဝိဒ်ကလည်း တစုံတယောက်သောသူသည် ဗက်လင်မြို့တံခါးနားမှာရှိသော ရေတွင်းထဲက
ရေကို ခပ်၍ ငါ့အား ပေးပါစေသောဟု တောင့်တသောစိတ်နှင့် ဆိုသော်၊ 18 ထိုသူသုံးယောက်တို့သည် ဖိလိတ္တိတပ်ကိုဖျက်၍၊
ဗက်လင်မြို့ တံခါးနားမှာရှိသော ရေတွင်းထဲကရေကို ခပ်ယူပြီးလျှင် ဒါဝိဒ် ထံတော်သို့ဆောင်ခဲ့ကြ၏။ သို့သော်လည်း ဒါဝိဒ် သည်
မသောက်ဘဲ ထာဝရဘုရား ရှေ့တော်၌ သွန်းလျက်၊ 19 ဤရေကို သောက်သောအမှုသည် ငါနှင့်ဝေးပါ စေသော။ ကိုယ်အသက်ကို
မနှမြောဘဲသွားသောသူတို့၏ အသွေးကို ငါသောက်ရမည်လော။ သူတို့သည် ကိုယ် အသက်ကို စွန့်စား၍ ဤရေကိုဆောင်ခဲ့ကြ
ပြီဟုဆိုလျက် မသောက်ဘဲနေ၏။ ထိုသူရဲသုံးယောက်တို့သည် ထိုသို့ သော အမှုတို့ကိုပြုကြ၏။ 20 ယွာဘညီအဘိရှဲသည်လည်း
သူရဲသုံးယောက် တွင် အကြီးဖြစ်၏။ သူသည် လှံကိုကိုင်၍ လူသုံးရာ တို့ကို တိုက်ဖျက်လုပ်ကြံသောကြောင့်၊ သူရဲသုံးယောက်
အဝင်နေရာရသတည်း။ 21 သူရဲသုံးယောက်တွင် နှစ်ယောက်ထက်သာ၍ မြတ်သောကြောင့် ဗိုလ်ချုပ်အရာကိုရ၏။ သို့သော်လည်း
ပဌမသူရဲသုံးယောက်တို့ကို မမှီ။ 22 အထူးသဖြင့် ပြုဘူးသောကပ်ဇေလမြို့သား၊ သူရဲယောယဒ၏သား ဗေနာယသည်လည်း
ခြင်္သေ့နှင့် တူသော မောဘလူနှစ်ယောက်ကို သတ်၏။ ဆောင်း ကာလ၌လည်း၊ အခြားသို့သွား၍ မြေတွင်း၌ရှိသော ခြင်္သေ့ကိုသတ်၏။
23 အရပ်ငါးတောင်မြင့်သော အဲဂုတ္တု လူကိုလည်း သတ်၏။ အဲဂုတ္တုလူသည် ရက်ကန်းလက်လိပ်နှင့်အမျှ ကြီးသော
လှံကိုကိုင်သော်လည်း၊ ဗေနာယသည် တောင် ဝေးကိုသာ ကိုင်လျက်သွား၍၊ အဲဂုတ္တုလူလက်မှလှံကို လုယူပြီးလျှင် ထိုလှံနှင့်သူ့ကို
သတ်၏။ 24 ထိုသို့သော အမှုတို့ကို ယောယဒသား ဗေနာယ သည် ပြု၍ သူရဲသုံးယောက်အဝင်နေရာကိုရ၏။ 25
ဗိုလ်များထက်သာ၍မြတ်သော်လည်း ပဌမ သူရဲသုံးယောက်တို့ကိုမမှီ။ ဒါဝိဒ်သည် အတွင်းဝန်ချုပ် အရာကိုလည်း ပေး၏။ 26
ယွာဘညီ အာသဟေလသည်လည်း ဗိုလ်စု အဝင်ဖြစ်၏။ ထိုအတူ၊ ဗက်လင်မြို့နေ၊ ဒေါဒေါ၏သား ဧလဟာနန်၊ 27 ဟေရောဒိအမျိုး
ရှမ္မ၊ ဖာလတိအမျိုး ဟေလက်၊ 28 တေကောအမျိုး ဣကေရှ၏သား ဣရ၊ အနေ သောသိအမျိုး အဗျေဇာ၊ 29 ဟုရှသိအမျိုးသိဗေကဲ၊
အဟောဟိအမျိုး ဣလဲ၊ 30 နေတောဖာသိအမျိုး မဟာရဲ၊ နေတောဖာသိ အမျိုး ဗာန၏သား ဟေလက်၊ 31 ဗယ်္ာမိန်အမျိုး၊ ဂိဗာမြို့နေ၊
ရိဘဲ၏သားဣတ္တဲ၊ ပိရသောနိအမျိုး ဗေနာယ၊ 32 ဂါရှချိုင့်သားဟုရဲ၊ အာဗသိအမျိုးအဗျေလ၊ 33 ဗာဟုမိအမျိုးအာဇမာဝက်၊
ရှာလဗောနိအမျိုး ဧလျာဘ၊ 34 ဂိဇောနိအမျိုးယာရှင်၏သားတို့တွင် ယောန သန်၊ ဟာရရိအမျိုး ရှမ္မ၊ 35 ဟာရရိအမျိုးရှာရ၏
သားအဟိအံ၊ ဥရ၏သား ဧလိဖလ၊ 36 မေခေရသိအမျိုးဟေဖာ၊ ပေလောနိအမျိုး အဟိယ၊ 37 ကရမေလအမျိုးဟေဇရဲ၊
ဧဇဗဲ၏သားနာရဲ၊ 38 နာသန်၏ညီယောလ၊ ဟဂ္ဂေရိ၏သား မိဗဟာ၊ 39 အမ္မုန်အမျိုးဇေလက်၊ ဇေရုံယာသား ယွာဘ၏
လက်နက်ဆောင် လုလင်၊ ဗေရောသိအမျိုး နဟာရဲ၊ 40 ဣသရိအမျိုး ဣရ၊ ဣသရိအမျိုးဂါရက်၊ 41 ဟိတ္တိအမျိုးဥရိယ၊ အာလဲ၏သား

ဇာဗဒ်၊ 42 ရုဗင်အမျိုးသားသုံးကျိပ်ကို အုပ်သောဗိုလ်၊ ရှိဇ၏သား အဒိန၊ 43 မာခါ၏သားဟာနန်၊ မိသနိအမျိုး ယောရှဖတ်၊ 44
အာရှတယောသိအမျိုးဩဇိ၊ အာရော်အမျိုး ဟောသန်၏သား ရှာမနှင့်ယေဟေလ၊ 45 တိဇိအမျိုးရှိမရိ၏သား ယေဒျေလနှင့် သူ၏ညီ
ယောဟ၊ 46 မဟာဝိအမျိုးဧလျေလ၊ ဧလနန်၏သား ယေရိဗဲနှင့် ယောရှဝိ၊ မောဘအမျိုးဣသမနှင့်တကွ၊ 47 ဧလျေလ၊ ဩဗက်၊
မေဇောဗိတ်အမျိုး ယာသေ လတည်း။

# Chapter 12

1 ဒါဝိဒ်သည် ကိရှ၏သားရှောလုကို ရှောင်၍ ဇိကလတ်မြို့၌ နေစဉ်၊ သူ့ဘက်သို့ဝင်စားသောသူ၊ 2 လေး လက်နက်ကို
ဆောင်၍လက်ျာဘက်လက်ဝဲလက်မရွေး၊ ကျောက်နှင့်မြားကို ပစ်တတ်သော စစ်သူရဲကြီး၊ ရှောလု ပေါက်ဘော်
ဗယ်မိန်အမျိုးသားဟူမူကား၊ 3 အကြီးအကဲ အဟေဇာ၊ သူ့နောက်ယောရှ၊ ဂိဗာမြို့သားရှေမာ၊ အာဇမာဝက်သား ယေဇေလနှင့်
ပေလက်၊ ဗေရာခ၊ အနေ္တာသိအမျိုး ယေဟု၊ 4 ဗိုလ်စုတွင် ထူးဆန်း၍အကြီးအကဲလုပ်သော ဂိဗောင်မြို့သား ဣရှမာယ၊ ယေရမိ၊
ယဟာဇေလ၊ ယောဟနန်၊ ဂေဒရသိအမျိုးယောဇဗဒ်၊ 5 ဧလုဇဲ၊ ယေရိမုတ်၊ ဗာလျာ၊ ရှေမရိ၊ ဟရုဖိ အမျိုးရှေဖတိ၊ 6 ဧလကာန၊ ယေရှာ၊
အာဇရေလ၊ ယောဇာ၊ ကောရသိအမျိုး ယာရှောဗ၊ 7 ဂေဒေါ်မြို့နေ၊ ယေရောဟံသား ယောလာနှင့် ဇေဗဒိတည်း။ 8 ထိုမှတပါး၊
ဒါဝိဒ်ရှိရာ တောရဲတိုက်သို့ ထွက် သွားသောသူ၊ ခွန်အားကြီး၍ ဒိုင်းလွှားဆောင်လျက် စစ်တိုက်ခြင်း၌ တတ်စွမ်းနိုင်သောသူ၊
ခြင်္သေ့ကဲ့သို့ မျက်နှာရဲ၍ တောင်ပေါ်မှာ ဒရယ်ကဲ့သို့ လျင်မြန်သော သူဂဒ်အမျိုးသားဟူမူကား၊ 9 ဧဇာတပါး၊ ဩဗဒိတပါး၊
ဧလျာဘတပါး၊ 10 မိရှမန္နတပါး၊ ယေရမိတပါး၊ 11 အတ္တဲတပါး၊ ဧလျေလတပါး၊ 12 ယောဟနန်တပါး၊ ဧလဇာဗဒ်တပါး၊ 13
ယေရမိတပါး၊ မာခဗာနဲတပါး၊ ပေါင်းတကျိပ် တပါးတည်း။ 14 ဤသူတို့သည် ဂဒ်အမျိုးသားတွင် ဗိုလ်လုပ်၍၊ အငယ်ကား လူတရာ၊
အကြီးကားလူတထောင်ကို အုပ်သောသူဖြစ်ကြ၏။ 15 ယော်ဒန်မြစ်ရေသည် ကမ်းတရှောက်လုံးကို လွှမ်းမိုးသော ကာလပဌမလတွင်၊
သူတို့သည် ကူး၍ မြေညီရာအရပ်အရှေ့အနောက်၌ နေသောသူအပေါင်း တို့ကို ပြေးစေကြ၏။ 16 ဗယ်မိန်အမျိုးသားနှင့်
ယုဒအမျိုးသားအချို့တို့ သည် ဒါဝိဒ်ရှိရာ ရဲတိုက်သို့လာသောအခါ၊ 17 ဒါဝိဒ်သည် ကြိုဆိုခြင်း၌ ထွက်သွား၍၊ ငါ့ကို မစခြင်း၌
မေတ္တာစိတ်နှင့်လာလျှင် ငါသဘောတူ၏။ သို့မဟုတ် ငါ့ကိုရန်သူလက်သို့ အပ်ခြင်း၌ လာလျှင် ငါ၌ အပြစ်မရှိသောကြောင့်၊
ဘိုးဘေးတို့၏ ဘုရားသခင်သည် ကြည့်ရှု၍ ဆုံးမတော်မူပါစေသောဟုဆိုသော်၊ 18 ဝိညာဉ်တော်သည် ဗိုလ်ချုပ်အာမသဲအပေါ်မှာ
သက်ရောက်၍၊ အိုဒါဝိဒ်၊ ကျွန်တော်တို့သည် ကိုယ်တော် ၏လူ၊ အိုယေရှဲ၏သားတော်၊ ကိုယ်တော်ဘက်သို့ ဝင်စား သောသူဖြစ်ပါ၏။
ကိုယ်တော်၌ မင်္ဂလာရှိပါစေသော။ မင်္ဂလာရှိပါစေသော။ ကိုယ်တော်ကိုမစသောသူ၌ မင်္ဂလာ ရှိပါစေသော။
ကိုယ်တော်၏ဘုရားသခင်သည် ကိုယ် တော်ကို မစတော်မူပါစေသောဟု ပြန်ပြောလေသော်၊ ဒါဝိဒ်သည် သူတို့ကို လက်ခံ၍
ဗိုလ်အရာ၌ ခန့်ထား လေ၏။ 19 ထိုမှတပါး၊ ဒါဝိဒ်သည် ရှောလုကို စစ်တိုက်သွား သော ဖိလိတ္တိလူတို့နှင့် လိုက်သောအခါ၊
ဖိလိတ္တိမင်းတို့က၊ ဤသူသည် ငါတို့ကိုအပ်၍ မိမိသခင်ရှောလုဘက်သို့ ဝင်စားမည်ဟု တိုင်ပင်ပြီးမှ ပြန်စေသောကြောင့်၊ ဒါဝိဒ် သည်
စစ်မကူဘဲ ဇိကလတ်မြို့သို့ သွားသောကာလ၊ သူ့ဘက်သို့ ဝင်စားသော မနာရှေအမျိုးသားဟူမူကား၊ 20 မိမိအမျိုးသားတို့တွင်
လူတထောင်ကို အုပ် သော ဗိုလ်၊ အာဒန၊ ယောဇဗဒ်၊ ယေဒယေလ၊ မိက္ခေလ၊ ယောဇဗဒ်၊ ဧလိဟု၊ ဇိလသဲတည်း။ 21
ထိုသူအပေါင်းတို့သည် ခွန်အားကြီးသော စစ်သူရဲဗိုလ်ကြီးဖြစ်၍၊ ထားပြလုပ်သော သူတို့တဘက်၌ ဒါဝိဒ်ကို မစကြ၏။ 22
ထိုကာလ၌ဘုရားသခင်၏ ဗိုလ်ခြေကဲ့သို့ ကြီးစွာသော ဗိုလ်ခြေဖြစ်သည်တိုင်အောင် တနေ့ထက် တနေ့ ဒါဝိဒ်ကို ကူညီ၍ဝင်စားကြ၏။
23 ထာဝရဘုရား၏ အမိန့်တော်အတိုင်း၊ ရှောလု၏ နိုင်ငံကို ဒါဝိဒ်လက်သို့လွှဲခြင်း၌ ဒါဝိဒ်ရှိရာ ဟေဗြုန်မြို့သို့ လာသောသူ၊
စစ်တိုက်လက်နက်စုံနှင့်ပြည့်စုံသော တပ်သားစာရင်းဟူမူကား၊ 24 ဒိုင်းနှင့်လှံကိုဆောင်၍ စစ်တိုက်လက်နက်စုံ နှင့်ပြည့်စုံသော
ယုဒအမျိုးသား ခြောက်ထောင်ရှစ်ရာ၊ 25 ခွန်အားကြီးသော စစ်သူရဲ၊ ရှိမောင်အမျိုးသား ခုနစ်ထောင်တရာ၊ 26
လေဝိအမျိုးသားလေးထောင်ခြောက်ရာ၊ 27 အာရုန်အမျိုးအုပ်၊ ယောယဒနှင့်အတူပါသော အာရုန်အမျိုးသား သုံးထောင်ခုနစ်ရာ၊ 28
ခွန်အားကြီးသောသူရဲ၊ လူပျိုဇာဒုတ်နှင့် သူ၏ အဆွေအမျိုးတပ်မှူးနှစ်ကျိပ်နှစ်ပါး၊ 29 ရှောလုပေါက်ဘော်ဖြစ်သော ဗယ်မိန်အမျိုး
သားသုံးထောင်၊ ထိုအမျိုးသားအများတို့သည် ရှောလု ဘက်မှာစောင့်နေကြ၏။ 30 ခွန်အားကြီး၍ အဆွေအမျိုးတို့တွင် ထင်ရှား သော
ဧဖရိမ်အမျိုးသား နှစ်သောင်းရှစ်ရာ၊ 31 ဒါဝိဒ်ကို ရှင်ဘုရင်အရာ၌ချီးမြှောက်ခြင်း၌ စာရင်းဝင်သော မနာရှေအမျိုးဝက်ထဲက
လူတသောင်း ရှစ်ထောင်၊ 32 ကာလအချိန်တို့ကို နားလည်၍ ဣသရေလ အမျိုးသည် အဘယ်သို့ပြုသင့်သည်ကို သိတတ်သော
ဣသခါအမျိုးသားသူကြီးနှစ်ရာ၊ သူတို့အမျိုးသားချင်း အပေါင်းတို့သည် အသင့်ရှိကြ၏။ 33 စိတ်နှစ်ခွမရှိ၊
တပ်အခင်းအကျင်းမပျက်၊ စစ်တိုက်လက်နက်စုံနှင့် ပြည့်စုံလျက် စစ်ချီ၍ တိုက်တတ် သော ဇာဗုလုန်အမျိုးသား ငါးသောင်း၊ 34
နဿလိအမျိုးသား ဗိုလ်တထောင်၊ ဒိုင်းနှင့်လှံ ကို ဆောင်သော သူသုံးသောင်းခုနစ်ထောင်၊ 35 ဒန်အမျိုးထဲက စစ်မှူးစစ်ရေး၌
လေ့ကျက်သော သူနှစ်သောင်းရှစ်ထောင်ခြောက်ရာ၊ 36 အာရှာအမျိုးထဲက ထိုအတူ လေ့ကျက်၍ စစ်ချီ တတ်သော သူလေးသောင်း၊
37 ယော်ဒန်မြစ်တဘက်ရုဗင်အမျိုး၊ ဂဒ်အမျိုး၊ မနာရှေအမျိုးတဝက်ထဲက စစ်တိုက်လက်နက်စုံ အမျိုးမျိုး နှင့်ပြည့်စုံသောသူ
တသိန်းနှစ်သောင်းတည်း၊ 38 စစ်အခင်းအကျင်းမပျက်၊ တိုက်တတ်သောသူ၊ အထက်ဆိုခဲ့ပြီး သောသူအပေါင်းတို့သည် ဒါဝိဒ်ကို
ရှင်ဘုရင်အရာ၌ ချီးမြှောက်ခြင်း၌ ကြည်ညိုသော စိတ်အားကြီး၍ ဟေဗြုန်မြို့သို့ လာကြ၏။ ကျန်ကြွင်း သော
ဣသရေလအမျိုးသားအပေါင်းတို့သည်၊ ဒါဝိဒ်ကို ရှင်ဘုရင်အရာ၌ ချီးမြှောက်ချင်သော စိတ်သဘော တညီ တညွတ်တည်း ရှိကြ၏။
39 ထိုသူအပေါင်းတို့သည် သုံးရက်ပတ်လုံး အထံ တော်၌ စားသောက်လျက် နေကြ၏။ အမျိုးသားချင်းတို့ သည် ပြင်ဆင်နှင့်ကြပြီ။ 40
အနီးအပါး၌ နေသောသူတို့သည်လည်း၊ သိုးနွား နှင့်တကွ အမဲသား၊ မုန့်ညက်သဘော်သဖန်းသီး၊ စပျစ် သီး၊ စပျစ်ရည်၊

 generated on Tue Jul 2 12:50:28 2024

ဆီတည်းဟူသော ရိက္ခာများကို မြည်း၊ ကုလားအုပ်၊ လား၊ နွားအပေါ်မှာတင်လျက် ဣသခါခရိုင်၊ ဇာဗုလုန်ခရိုင်၊ နဿလိခရိုင်မှ ပင့်ဆောင်ခဲ့၍ ဣသ ရေလအမျိုးသားတို့သည် ပျော်မွေ့ကြ၏။

---


generated on Tue Jul 2 12:50:28 2024

## Chapter 13

[1] တဖန်ဒါဝိဒ်သည် လူတထောင်အုပ်၊ တရာအုပ် အစရှိသော အကြီးအကဲအပေါင်းတို့နှင့် တိုင်ပင်ပြီးလျှင်၊ [2] ဣသရေလအမျိုး
ပရိသတ်အပေါင်းတို့အား၊ သင်တို့သည် အလိုရှိ၍ ငါတို့၏ဘုရားသခင်ထာဝရဘုရား အခွင့်ပေးတော်မူလျှင်၊
ဣသရေလနိုင်ငံအရပ်ရပ်၌ ကျန်ကြွင်းသေးသော ငါတို့ညီအစ်ကိုများ၊ မြို့နှင့်မြို့နယ်၌ နေသော ယဇ်ပုရောဟိတ်၊
လေဝိသားများတို့သည် ငါတို့ နှင့်အတူ စည်းဝေးစေခြင်းငှါ အနှံ့အပြားစေလွှတ်ကြ ကုန်အံ့။ [3] ငါတို့၏ဘုရားသခင် သေတ္တာတော်ကို
တဖန် ဆောင်ခဲ့ကြကုန်အံ့။ ရှောလုလက်ထက်၌ ထိုသေတ္တာ တော်ရှေ့မှာ မေးမြန်းလေ့မရှိပါတကားဟု မိန့်တော်မူ သောစကားကို၊ [4]
စည်းဝေးသော ပရိသတ်အပေါင်းတို့သည် နှစ်သက်သောကြောင့်၊ အမိန့်တော်အတိုင်းပြုပါမည်ဟု ဝန်ခံကြ၏။ [5] ထိုသို့ဒါဝိဒ်သည်
ဘုရားသခင်၏ သေတ္တာတော် ကို၊ ကိရယတ်ယာရိမ်မြို့မှ ဆောင်ခဲ့ခြင်းငှါ အဲဂုတ္တုပြည် အနား၊ ရှိဟောရမြစ်မှစ၍
ဟာမတ်မြို့လမ်းဝတိုင်အောင် နေသောဣသရေလ အမျိုးသားအပေါင်းတို့ကို စုဝေး စေပြီးလျှင်၊ [6] ခေရုဗိမ်ကြားမှာ
ကျိန်းဝပ်တော်မူသော ထာဝရ ဘုရား၏နာမတော်နှင့်ဆိုင်သော ဘုရားသခင်၏ သေတ္တာတော်ကို ဆောင်ခဲ့ခြင်းငှါ၊ ဣသရေလ
အမျိုးသား အပေါင်းတို့နှင့်တကွ၊ ယုဒပြည်ကိရယတ်ယာရိမ် မြို့တည်းဟူသော ဗာလာမြို့သို့ သွားလေ၏။ [7] ဘုရားသခင်၏
သေတ္တာတော်ကို လှည်းသစ် ပေါ်မှာတင်၍ အဘိနဒပ်အိမ်ထဲက ထုတ်ကြ၏။ ဩဇနှင့်အဟိဩသည်လှည်းကို နှင်ကြ၏။ [8] ဒါဝိဒ်နှင့်
ဣသရေလအမျိုးသားအပေါင်းတို့ သည် သီချင်းဆို လျက်စောင်း၊ တယော၊ ပတ်သာ၊ နှဲခရာ၊ ခွက်ကွင်း၊ တံပိုးတို့ကို ကိုင်လျက်
ထာဝရဘုရားရှေ့တော်၌ အားထုတ်၍ တီးမှုတ်ကြ၏။ [9] ခိဒုန်ကောက်နယ်တလင်းသို့ ရောက်သောအခါ၊ နွားတို့သည် ဘုရားသခင်၏
သေတ္တာတော်ကို လှုပ်ရှား သောကြောင့်၊ ဩဇသည် လက်ကိုဆန့်၍ သေတ္တာတော် ကို ကိုင်၏။ [10] ထိုသို့သေတ္တာတော်ကို
ကိုင်သောကြောင့်၊ ထာဝရဘုရားသည် ဩဇကို အမျက်ထွက်၍၊ ဒဏ်ခတ် တော်မူသဖြင့်၊ ဩဇသည် ဘုရားသခင်ရှေ့တော်၌
သေလေ၏။ [11] ဩဇကိုထာဝရဘုရား ဒဏ်ခတ်တော်မူသော ကြောင့် ဒါဝိဒ်သည် ညှိုးငယ်သောစိတ်ရှိ၏။ ထိုအရပ် သည်
ယနေ့တိုင်အောင် ပေရဇောဇအမည်ဖြင့် တွင် သတည်း။ [12] ထိုနေ့၌ဒါဝိဒ်သည် ဘုရားသခင်ကို ကြောက်၍၊ ဘုရားသခင်၏
သေတ္တာတော်ကို အဘယ်ကြောင့် ငါ့ထံသို့ ဆောင်ခဲ့ရမည်နည်းဟုဆိုလျက်၊ [13] မိမိနေရာဒါဝိဒ်မြို့ထဲသို့ သေတ္တာတော်ကို မဆောင်ဘဲ
ဂိတ္တိလူဩဗဒေဒုံအိမ်သို့ လွှဲ၍ ဆောင်သွား လေ၏။ [14] ဘုရားသခင်၏သေတ္တာတော်သည် သုံးလ ပတ်လုံး၊ ဩဗဒေဒုံအိမ်တွင်
အိမ်သူအိမ်သားများဆီမှာ ရှိ၏။ ထာဝရဘုရားသည် ဩဗဒေဒုံနှင့် အိမ်သူအိမ်သား အပေါင်းတို့ကို ကောင်းကြီးပေးတော်မူ၏။


generated on Tue Jul 2 12:50:28 2024

## Chapter 14

[1] တုရုမင်းကြီးဟိရံသည် ဒါဝိဒ်အဘို့ နန်းတော်ကို တည်ဆောက်ခြင်းငှါ၊ သံတမန်နှင့်တကွ အာရဇ်သစ်သား၊ လက်သမား၊
ပန်းရန်သမားတို့ကို စေလွှတ်လေ၏။ [2] ထာဝရဘုရားသည် ဒါဝိဒ်ကို ဣသရေလ ရှင်ဘုရင်အရာ၌ ခန့်ထားတော်မူကြောင်းနှင့်
မိမိလူဣသ ရေလအမျိုးအဘို့အလိုငှါ၊ နိုင်ငံကို ချီးမြှောက်တော်မူ ကြောင်းကို ဒါဝိဒါသိမြင်လေ၏။ [3] ဒါဝိဒ်သည် ယေရုရှလင်မြို့၌
ထပ်၍မယားတို့ကို သိမ်းယူသဖြင့် သားသမီးများတို့ကို မြင်လေ၏။ [4] ယေရုရှလင်မြို့၌ ဒါဝိဒ်မြင်သော သားတို့အမည် ကား၊ ရှမွာ၊
ရှောဗပ်၊ နာသန်၊ ရှောလမုန်၊ [5] ဣဗဟာ၊ ဧလိရှု၊ ဧလိပလက်၊ [6] နောဂ၊ နေဖက်၊ ယာဖျာ၊ [7] ဧလိရှမာ၊ ဗေလျာဒ၊ ဧလိဖလက်တည်း။ [8]
ဒါဝိဒ်ကို ဘိသိက်ပေး၍ ဣသရေလ ရှင်ဘုရင် အရာ၌ ခန့်ထားကြောင်းကို ဖိလိတ္တိ လူတို့သည်ကြားလျှင်၊ ထိုသူအပေါင်းတို့သည်
ဒါဝိဒ်ကို ရှာ၍ လာကြ၏။ ထိုသိတင်းကို ဒါဝိဒ်သည် ကြားသောအခါ ချီသွား၏။ [9] ဖိလိတ္တိလူတို့သည် လာ၍ရေဖိမ်ချိုင့်၌ အနှံ့
အပြားနေကြ၏။ [10] ဒါဝိဒ်ကလည်း၊ အကျွန်ုပ်သည် ဖိလိတ္တိလူတို့ ရှိရာသို့ သွားရပါမည်လော။ အကျွန်ုပ်လက်၌ အပ်တော်
မူမည်လောဟု ဘုရားသခင်ကို မေးလျှောက်လျှင်၊ ထာဝရဘုရားက သွားလော့။ သင့်လက်၌ ငါအပ်မည်ဟု မိန့်တော်မူသည်အတိုင်း၊ [11]
ဒါဝိဒ်သည် ဗာလပေရဇိမ်မြို့သို့သွား၍ သူတို့ကို လုပ်ကြံပြီးမှ၊ ဘုရားသခင်သည် ရေထ၍ဖြိုဖျက်သကဲ့သို့ ငါ့ရန်သူတို့ကို ငါ့အားဖြင့်
ဖြိုဖျက်တော်မူပြီဟုဆိုလျက်၊ ထိုအရပ်ကို ဗာလပေရဇိမ်အမည်ဖြင့် တွင်စေသတည်း။ [12] ထိုအရပ်၌ ဖိလိတ္တိလူများ ပစ်ထားသော
ရုပ်တု များကို ဒါဝိဒ်၏အမိန့်တော်နှင့် မီးရှို့ကြ၏။ [13] တဖန်ဖိလိတ္တိလူတို့သည် ထိုချိုင့်၌ အနှံ့အပြား လာ၍နေကြ၏။ [14]
ဒါဝိဒ်သည်လည်း ဘုရားသခင်ကို တဖန်မေးလျှောက် သော်၊ သူတို့ရှိရာသို့ တည့်တည့်မတက်ရ။ သူတို့မှလွှဲ၍
ပိုးစာတောတဘက်တချက်၌ ချီရမည်။ [15] ပိုးစာပင်ဖျား၌ စစ်ချီသံကိုကြားသောအခါ၊ တိုက်အံ့သောငှါ ချီလော့။ ထိုအခါ
ဘုရားသခင်သည် ဖိလိတ္တိတပ်ကို လုပ်ကြံခြင်းငှါ သင့်ရှေ့မှာ ကြွသွားမည်ဟု ဘုရားသခင် မိန့်တော်မူသည်အတိုင်း၊ [16] ဒါဝိဒ်သည်
ပြု၍ ဖိလိတ္တိလူတို့ကို ဂိဗောင်မြို့မှ သည် ဂါဇေရမြို့တိုင်အောင် လုပ်ကြံလေ၏။ [17] ဒါဝိဒ်သိတင်းသည်အတိုင်းတိုင်း အပြည်ပြည်
တို့၌ နှံ့ပြား၍၊ ခပ်သိမ်းသော လူမျိုးတို့သည် သူ့ကို ကြောက်ရွံ့စေခြင်းငှါ ထာဝရဘုရားစီရင်တော်မူ၏။

 generated on Tue Jul 2 12:50:28 2024

## Chapter 15

1 ထိုနောက်ဒါဝိဒ်မြို့၌ အိမ်တော်တို့ကို ဆောက် တော်မူ၏။ ဘုရားသခင်၏ သေတ္တာတော်ဌာနကို ပြင်၍ တဲတော်ကိုလည်း
တည်တော်မူပြီးမှ၊ 2 ဒါဝိဒ်က၊ ဘုရားသခင်၏ သေတ္တာတော်ကို ထမ်း၍ ရှေ့တော်၌ အမှုတော်ကို အစဉ်စောင့်စေခြင်းငှါ
ထာဝရဘုရားသည် လေဝိသားတို့ကို ရွေးချယ်တော်မူ သောကြောင့်၊ အခြားတပါးသော သူတို့သည် ဘုရားသခင် ၏ သေတ္တာတော်ကို
မထမ်းရကြဟုဆိုလျက်၊ 3 ထာဝရဘုရား၏ သေတ္တာတော်အဘို့ ပြင်ဆင် သော အရပ်ဌာနသို့ ဆောင်ခဲ့ခြင်းငှါ ဣသရေလအမျိုး
သားအပေါင်းတို့ကို ယေရုရှလင်မြို့၌ စုဝေးစေသောအခါ၊ 4 အာရုန်သားတို့နှင့် လေဝိသားတို့ကိုလည်း စုဝေး စေတော်မူ၍
ရောက်လာသောသူဟူမူကား၊ 5 ကောဟတ်အမျိုးတွင် အကြီးဖြစ်သော ဥရေလ နှင့် သူ၏ညီအစ်ကိုတရာနှစ်ဆယ်၊ 6
မေရာရိအမျိုးတွင် အကြီးဖြစ်သော အသာယ နှင့်သူ၏ညီအစ်ကိုတရာနှစ်ဆယ်၊ 7 ဂေရရှုံအမျိုးတွင် အကြီးဖြစ်သော ယောလနှင့်
သူ၏ညီအစ်ကို တရာသုံးဆယ်၊ 8 ဧလိဇဖန်အမျိုးတွင် အကြီးဖြစ်သော ရှေမာယ နှင့်သူ၏ညီအစ်ကိုနှစ်ရာ 9 ဟေဗြုန်အမျိုးတွင်
အကြီးဖြစ်သော ဧလျေလ နှင့် သူ၏ညီအစ်ကိုရှစ်ဆယ်၊ 10 ဩဇေလအမျိုးတွင် အကြီးဖြစ်သော အမိနဒပ် နှင့်သူ၏ညီအစ်ကို
တရာတဆယ်နှစ်ယောက်တည်း။ 11 ဒါဝိဒ်သည်လည်း ယဇ်ပုရောဟိတ် ဇာဒုတ်နှင့် အဗျာသာ၊ လေဝိသား ဩရေလ၊ အသာယ၊
ယောလ၊ ရှေမာယ၊ ဧလျေလ၊ အမိနဒပ်တို့ကို ခေါ်၍၊ 12 သင်တို့သည် လေဝိသားအဆွေအမျိုးသူကြီး ဖြစ်ကြ၏။ ဣသရေလအမျိုး၏
ဘုရားသခင် ထာဝရ ဘုရား၏ သေတ္တာတော်အဘို့ ငါပြင်ဆင်သော အရပ် ဌာနသို့ ဆောင်ခဲ့ခြင်းငှါ ကိုယ်ကိုရင်း၊ ညီအစ်ကိုတို့ ကိုရင်း၊
သန့်ရှင်းစေကြလော့။ 13 အရင်ကမသန့်ရှင်း၊ တရားလမ်းသို့ မလိုက်ဘဲ ငါတို့ဘုရားသခင် ထာဝရဘုရားကို ရှာသောကြောင့်
ဒဏ်ခတ်တော်မူသည်ဟု သတိပေး၏။ 14 ထိုအခါ ယဇ်ပုရောဟိတ်တို့နှင့် လေဝိသား တို့သည်၊ ဣသရေလအမျိုး၏
ဘုရားသခင်ထာဝရဘုရား ၏သေတ္တာတော်ကို ဆောင်ခဲ့ခြင်းငှါ ကိုယ်ကိုသန့်ရှင်းစေ ကြ၏။ 15 ထာဝရဘုရားအမိန့်တော်နှင့်အညီ
မောရှေ မှာထားခဲ့သည်အတိုင်း၊ လေဝိသားတို့သည် ဘုရားသခင် ၏ သေတ္တာတော်ကို သေတ္တာတော်ထမ်းဘိုးဖြင့် ထမ်းကြ ၏။ 16
လေဝိသားအကြီးအကဲတို့သည် စောင်း၊ တယော၊ ခွက်ကွင်းအစရှိသော တုရိယာမျိုးနှင့် သီချင်းဆိုတတ် သော ညီအစ်ကိုတို့ကို
ဝမ်းမြောက်စွာ အသံပြိုင် ဆိုစေခြင်းငှါ ခန့်ထားရမည်အကြောင်း အမိန့်တော်ရှိ သည်အတိုင်း၊ 17 ထိုလေဝိသားတို့သည်
ယောလသားဟေမန်၊ သူ၏ညီစုထဲက ဗေရခိသားအာသပ်၊ မိမိတို့ညီစု၊ မေရာရိ အမျိုးထဲက ကုရှာယသားဧသန်တို့ကိုရင်း၊ 18
မိမိတို့ညီဒုတိယအရာရှိဖြစ်သော ဇာခရိ၊ ဗယ်ဇေလ၊ ရှေမိရာမုတ်၊ ယေဟေလ၊ ဥန္နိ၊ ဧလျာဘ၊ ဗေနာယ၊ မာသေယ၊ မတ္တိသိ၊
ဧလိဖလေ၊ မိတ်နေယ၊ တံခါးစောင့်ဩဗဒေဒုံ၊ ယေလ၊ အာဇဇိတို့ကိုရင်း ခန့်ထားကြ၏။ 19 သီချင်းဆရာဟေမန်၊ အာသပ်၊
ဧသန်တို့သည် ကြေးဝါခွက်ကွင်းကို တီးရကြ၏။ 20 ဇာခရိ၊ ဗယ်ဇေလ၊ ရှေမိရာမုတ်၊ ယေဟေလ၊ ဥန္နိ၊ ဧလျာဘ၊ မာသေယ၊
ဗေနာယတို့သည် အာလမုတ် တယောကို ထိုးရကြ၏။ 21 မတ္တိသိ၊ ဧလိဖလေ၊ မိတ်နေယ၊ ဩဗဒေဒုံ၊ ယေလ၊ အာဇဇိတို့သည်
အသံစုံလင်စွာ ရှေမိနိတ်စောင်း ကို တီးရကြ၏။ 22 လေဝိသားအကြီးအကဲဖြစ်သော ခေနနိသည် သီချင်းအတတ်၌
လေ့ကျက်သောကြောင့် သီချင်း ဆရာကြီးဖြစ်၏။ 23 ဗေရခိနှင့် ဧလကာနသည် သေတ္တာတော်တံခါး စောင့်ဖြစ်၏။ 24
ယဇ်ပုရောဟိတ်ရှေဗနိ၊ ယောရှဖတ်၊ နာသ နေလ၊ အာမသဲ၊ ဇာခရိ၊ ဗေနာယ၊ ဧလျေဇာတို့သည် ဘုရားသခင်၏ သေတ္တာတော်ရှေ့မှာ
တံပိုးမှုတ်ရကြ၏။ ဩဗဒေဒုံနှင့် ယေဟိသည်လည်း သေတ္တာတော်တံခါး စောင့်ဖြစ်၏ ။ 25 ထိုသို့ဒါဝိဒ်မင်းနှင့်
ဣသရေလအမျိုးအသက် ကြီးသူ၊ လူတထောင်အုပ်တို့သည် ထာဝရဘုရား၏ ပဋိညာဉ်သေတ္တာတော်ကို၊ ဩဗဒေဒုံအိမ်မှ ဝမ်းမြောက်
သောစိတ်နှင့် ဆောင်ခဲ့ခြင်းငှါ သွားကြ၏။ 26 ထာဝရဘုရား၏ ပဋိညာဉ် သေတ္တာတော် ကို ထမ်းသော လေဝိသားတို့ကို ဘုရားသခင်
မစတော် မူသည်ဖြစ်၍၊ သူတို့သည် နွားခုနစ်ကောင်နှင့် သိုးခုနစ် ကောင်တို့ကို ယဇ်ပူဇော်ကြ၏။ 27 ဒါဝိဒ်နှင့် သေတ္တာတော်ကို
ထမ်းသော လေဝိ သားများ၊ သီချင်းဆရာခေနနိနှင့် သီချင်းဆိုသူများတို့ သည် ပိတ်ချောကိုဝတ်ကြ၏။ ဒါဝိဒ်သည် ပိတ်သင်တိုင်း
ကိုလည်း ထပ်၍ဝတ်၏။ 28 ထိုသို့ ဣသရေလအမျိုးသားအပေါင်းတို့သည် ကြွေးကြော်လျက်၊ နှဲခရာ၊ တံပိုး၊ ခွက်ကွင်း၊ တယော၊
စောင်းတို့ကို တီးမှုတ်လျက်၊ ထာဝရဘုရား၏ ပဋိညာဉ် သေတ္တာတော်ကို ဆောင်ခဲ့ကြ၏။ 29 ထာဝရဘုရား၏
ပဋိညာဉ်သေတ္တာတော်သည်။ ဒါဝိဒ်မြို့နထဲသို့ဝင်သောအခါ၊ ရှောလု၏ သမီးမိခါလ သည် ပြတင်းပေါက်ကကြည့်၍၊
ဒါဝိဒ်မင်းကြီးသည် ကလျက်တီးမှုတ်လျက်လာသည်ကို မြင်သဖြင့် စိတ်နှလုံး ထဲ၌ မထီမဲ့မြင်ပြု၏။


generated on Tue Jul 2 12:50:28 2024

## Chapter 16

1 ထိုသို့ဘုရားသခင်၏ သေတ္တာတော်ကို ဆောင်ခဲ့၍ ဒါဝိဒ်ဆောက်နှင့်သော တဲအလယ်၌ထားပြီးမှ၊ မီးရှို့ရာ ယဇ်နှင့်
မိဿဟာယယဇ်တို့ကို ဘုရားသခင့်ရှေ့တော်၌ ပူဇော်ကြ၏။ 2 မီးရှို့ရာယဇ်နှင့် မိဿဟာယယဇ်ပူဇော်ခြင်း အမှုကို ဒါဝိဒ်မင်းသည်
ပြီးစီးစေသောအခါ၊ ထာဝရ ဘုရား၏နာမတော်ကို မြွက်၍ ပရိသတ်တို့ကို ကောင်းကြီး ပေးလေ၏။ 3 ဣသရေလ
လူယောကျ်ားမိန်းမအပေါင်း တို့အား မုန့်တပြား၊ အမဲသားတတစ်၊ စပျစ်သီးပျဉ်တပြား စီ ဝေငှတော်မူ၏။ 4 တဖန် ထာဝရဘုရား၏
သေတ္တာတော်ရှေ့မှာ အမှုတော်ကို ဆောင်ရွက်၍၊ ဣသရေလအမျိုး၏ ဘုရား သခင် ထာဝရဘုရား၏ ဂုဏ်ကျေးဇူးတော်ကို အလှည့်
အတိုင်း ချီးမွမ်းစေခြင်းငှါ ခန့်ထားတော်မူသော လေဝိ သားများဟူမူကား၊ 5 ခွက်ကွင်းတီးသော အကြီးအကဲအာသပ်၊ သူ့ နောက်စောင်း
တယောတီးသော ဇာခရိ၊ ယေလ၊ ရှေမိ၊ ရာမုတ်၊ ယေဟေလ၊ မတ္တိသိ၊ ဧလျာဘ၊ ဗေနာယ၊ ဩဗဒေဒုံ၊ ယေလတစုနှင့်၊ 6
ဘုရားသခင်၏ပဋိညာဉ်သေတ္တာတော်ရှေ့မှာ အစဉ်တံပိုးမှုတ်သော ယဇ်ပုရောဟိတ်ဗေနာယနှင့် ယဟာဇေလတည်း။ 7
ထိုနေ့၌ဒါဝိဒ်သည် အာသပ်နှင့်သူ့ညီတို့အား အပ်သော ထာဝရဘုရား၏ ကျေးဇူးတော်ကို ချီးမွမ်းရာ ဆာလံသီချင်းသစ်ဟူမူကား၊ 8
ထာဝရဘုရား၏ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်း ကြလော့။ နာမတော်ကို ပဌနာပြုကြလော့။ အမှုတော် တို့ကို လူများတို့အား
ပြသကြလော့။ 9 ထာဝရဘုရားကို သီချင်းဆိုကြလော့။ ဆာလံ သီချင်းကို ဆိုကြလော့။ အံ့ဘွယ်သော အမှုတော်အပေါင်း တို့ကို
ဟောပြောကြလော့။ 10 သန့်ရှင်းသော နာမတော်၌ ဝါကြွားဝမ်းမြောက် ကြလော့။ ထာဝရဘုရားကို ရှာသောသူတို့သည် စိတ်နှလုံး
ရွှင်လန်းကြစေ။ 11 ထာဝရဘုရားနှင့် တန်ခိုးတော်ကို ရှာကြလော့။ မျက်နှာတော်ကို အစဉ်မပြတ်ရှာကြလော့။ 12 စီရင်တော်မူသော
အံ့ဩဘွယ်တို့ကို၎င်း၊ ထူး ဆန်းသော အမှုတော်တို့နှင့်နှုတ်တော်ထွက် ပညတ်တို့ကို ၎င်း အောက်မေ့ကြလော့။ 13
ထာဝရဘုရား၏ကျွန် ဣသရေလအမျိုး၊ ရွေးကောက်တော်မူသော ယာကုပ်အနွယ်တို့၊ 14 ကိုယ်တော်မြတ်ထာဝရဘုရားသည် ငါတို့
ဘုရားသခင်ဖြစ်တော်မူ၏။ မြေကြီးတပြင်လုံး၌ စီရင် ပိုင်တော်မူ၏။ 15-19 ငါသည်သင်တို့အမွေခံရာဘို့၊ ခါနာန်ပြည်ကို
သင်၌ပေးမည်ဟု ငါတို့အမျိုးသည် အရေအတွက် အားဖြင့်မများ၊ အလွန်နည်း၍၊ ထိုပြည်၌ ဧည့်သည် ဖြစ်လျက်နေသောအခါ၊
အာဗြဟံ၌ ဂတိထား၍ ဣဇာက် ၌ ကျိန်ဆိုတော်မူလျက်၊ ယာကုပ်၌ မြဲမြံသောတရား၊ ဣသရေလ၌ နိစ္စထာဝရပဋိညာဉ်ဖြစ်စေခြင်းငှါ၊
လူမျိုးအဆက်တထောင်တိုင်အောင် မိန့်မြွက်တော်မူသော နှုတ်ကပတ်တည်းဟူသော ဝန်ခံခြင်းတရားတော်ကို
အစဉ်အမြဲအောက်မေ့တော်မူ၏။ 20 သူတို့သည် တမြို့မှတမြို့သို့၎င်း၊ တနိုင်ငံမှ တနိုင်ငံသို့၎င်း၊ လှည့်လည်၍ သွားကြသောအခါ၊ 21
သူတို့ကိုညှဉ်းဆဲစေခြင်းငှါ အဘယ်သူအားမျှ အခွင့်ပေးတော်မမူ။ သူတို့အတွက်လည်း ရှင်ဘုရင်တို့ကို ဆုံးမလျက်၊ 22 ငါ့ထံ၌
ဘိသိတ်ခံသောသူတို့ကို မထိမခိုက်နှင့်။ ငါ့ပရောဖက်တို့ကို အပြစ်မပြုနှင့်ဟု မိန့်တော်မူ၏။ 23 မြေကြီးသားအပေါင်းတို့၊
ထာဝရဘုရားအား သီချင်းဆိုကြလော့။ ကယ်တင်တော်မူခြင်းတရားကို တနေ့ထက်တနေ့ ညွှန်ကြားကြလော့။ 24 ဘုန်းတော်ကို
တပါးအမျိုးသားတို့၌၎င်း၊ အံ့ဘွယ်သော အမှုတော်တို့ကို ခပ်သိမ်းသော လူမျိုးတို့၌ ၎င်း ဘော်ပြကြလော့။ 25 ထာဝရဘုရားသည်
ကြီးမြတ်၍၊ အလွန်ချီးမွမ်း ဘွယ် ဖြစ်တော်မူ၏။ ဘုရားတကာတို့ထက် ကြောက်ရွံ့ ဘွယ်ဖြစ်တော်မူ၏။ 26 တပါးအမျိုးသားတို့၏
ဘုရားရှိသမျှတို့သည် အချည်းနှီးသက်သက် ဖြစ်ကြ၏။ ထာဝရဘုရားမူကား၊ မိုဃ်းကောင်းကင်ကို ဖန်ဆင်းတော်မူ၏။ 27
ဘုန်းတန်ခိုးအာနုဘော်သည် ရှေ့တော်၌ရှိ၏။ အစွမ်းသတ္တိနှင့် ဝမ်းမြောက်ခြင်းအကြောင်းလည်း နေတော် မူရာ၌ ရှိ၏။ 28
လူအမျိုးမျိုးတို့၊ ထာဝရဘုရားသည်ဘုန်းတန်ခိုး အစွမ်းသတ္တိရှိတော်မူသည်ဟု ဝန်ခံကြလော့။ 29 ထာဝရဘုရား၏ နာမတော်သည်
ဘုန်းကြီး တော်မူသည်ဟု ဝန်ခံကြလော့။ ပူဇော်သက္ကာကို ဆောင်ခဲ့လျက် ရှေ့တော်သို့ ချဉ်းကပ်ကြလော့။ သန့်ရှင်း သော
တန်ဆာကိုဆင်၍ ထာဝရဘုရားကို ကိုးကွယ်ကြ လော့။ 30 မြေကြီးသားအပေါင်းတို့၊ ရှေ့တော်၌ ကြောက်ရွံ့ ခြင်းရှိကြလော့။
လောကဓာတ်သည် မလှုပ်မရှားနိုင် အောင် မြဲမြံစွာ တည်လိမ့်မည်။ 31 ကောင်းကင်သည် ဝမ်းမြောက်ခြင်းရှိစေ။ မြေကြီးသည်လည်း
ရွှင်လန်းခြင်းရှိစေ။ ထာဝရဘုရား စိုးစံတော်မူသည်ဟု တပါးအမျိုးသားတို့တွင် ဟောပြော ကြစေ။ 32 ပင်လယ်နှင့်
ပင်လယ်တန်ဆာသည် အသံဗလံ ပြုစေ။ လယ်ပြင်နှင့်လယ်ပြင်၌ ရှိသမျှသည်လည်း ဝမ်းမြောက်စေ။ 33 ထိုအခါတော၌ ရှိသမျှသော
အပင်တို့သည် ထာဝရဘုရားရှေ့တော်၌ ရွှင်လန်းစွာသီချင်းဆိုကြလိမ့် မည်။ အကြောင်းမူကား၊ ကိုယ်တော်သည် မြေကြီးသား တို့ကို
တရားစီရင်ခြင်းငှါ ကြွလာတော်မူ၏။ 34 ထာဝရဘုရားသည် ကောင်းမြတ်တော်မူ၍၊ ကရုဏာတော်အစဉ်အမြဲ တည်သောကြောင့်၊
ဂုဏ် ကျေးဇူးတော်ကို ချီးမွမ်းကြလော့။ 35 အကျွန်ုပ်တို့ကိုကယ်တင်တော်မူသောဘုရား၊ အကျွန်ုပ်တို့သည် သန့်ရှင်းသောနာမတော်
ဂုဏ် ကျေးဇူးကို ဝန်ခံ၍ ကျေးဇူးတော်ကို ချီးမွမ်းခြင်း၌ ဝါကြွားဝမ်းမြောက်မည် အကြောင်းအကျွန်ုပ်တို့ကို ကယ်တင်တော်မူပါ။
တပါး အမျိုးသားထဲက နှုတ်၍ စုဝေးစေတော်မူပါဟု မြွက်ဆို ကြလော့။ 36 ဣသရေလအမျိုး၏ ဘုရားသခင် ထာဝရဘုရား သည်
ကမ္ဘာအဆက်ဆက်မင်္ဂလာရှိတော်မူစေသတည်းဟု သီချင်းဆိုကြသောအခါ၊ လူများအပေါင်းတို့သည် အာမင် ဟု ဝန်ခံလျက်
ထာဝရဘုရား၏ဂုဏ်တော်ကို ချီးမွမ်းကြ ၏။ 37 ထာဝရဘုရား၏ ပဋိညာဉ်သေတ္တာတော်ရှေ့ မှာ၊ နေ့တိုင်း ဆောင်ရွက်စရာအမှုကို
အစဉ်အမြဲ ဆောင် ရွက်စေခြင်းငှါ၊ အာသပ်နှင့် သူ၏ညီတို့ကို၎င်း၊ 38 ဩဗဒေဒုံနှင့် ညီခြောက်ကျိပ်ရှစ်ယောက်၊ တံခါး
စောင့်ဟောသံနှင့် ယေဒုသုန်သားဩဗဒေဒုံတို့ကို၎င်း၊ သေတ္တာတော်ရှေ့မှာ ထားတော်မူ၏။ 39-40 မီးရှို့ရာယဇ်ပလ္လင်ပေါ်မှာ
နေ့ရက်အစဉ် အတိုင်း၊ နံနက်တခါ ညဦးတခါ ထာဝရဘုရားအား မီးရှို့ ရာယဇ်တို့ကို ပူဇော်၍၊ ဣသရေလအမျိုး၌ ထာဝရ


generated on Tue Jul 2 12:50:28 2024

ဘုရားထားတော်မူသော ပညတ္တိကျမ်းစာ၌ပါသမျှ အတိုင်း ပြုစေခြင်းငှါ၊ ဂိဗောင်မြို့၌ မြင့်သောအရပ်ပေါ်မှာရှိသော ထာဝရဘုရား
တဲတော်ရှေ့တွင်၊ ယဇ်ပုရောဟိတ်ဇာဒုတ်နှင့် သူ၏ညီ ယဇ်ပုရောဟိတ်များကိုလည်း ထားတော်မူ၏။ 41
ထာဝရဘုရား၏ကရုဏာတော်သည် အစဉ် အမြဲတည်သောကြောင့် ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်း စေခြင်းငှါ၊ 42
သီချင်းသည်တို့၏အဆောင်၊ တံပိုး၊ ခွက်ကွင်း အစရှိသော ဘုရားသခင်၏ တုရိယာမျိုးကိုကိုင်သော ဟေမန်နှင့်ယေဒုသုန်အစရှိသော
ရွေးကောက်၍ စာရင်း သွင်းသောသူ အခြားတို့ကိုလည်း ထားတော်မူ၏။ ယေဒု သုန်သားတို့သည်လည်း တံခါးစောင့်ဖြစ်ကြ၏။ 43
ထိုနောက်မှလူအပေါင်းတို့သည် မိမိတို့နေရာသို့ ပြန်သွားကြ၏။ ဒါဝိဒ်သည်လည်း နန်းတော်သားတို့ကို ကောင်းကြီးပေးခြင်းငှါ
သွားတော်မူ၏။

## Chapter 17

1 ဒါဝိဒ်မင်းသည် နန်းတော်၌ ငြိမ်ဝပ်စွာနေရသော အခါ၊ ပရောဖက်နာသန်ကိုခေါ်၍ကြည့်ရှုလော့။ ငါသည် အာရဇ်သစ်သားအိမ်နှင့်
နေ၏။ ထာဝရဘုရား၏ ပဋိညာဉ်သေတ္တာတော်မူကား ကုလားကာဖြင့်သာ ကွယ်ကာလျက် နေရသည်ဟုဆိုသော်၊ 2
နာသန်ကအကြံတော်ရှိသမျှအတိုင်း ပြုတော် မူပါ။ ဘုရားသခင်သည် ကိုယ်တော်နှင့် အတူရှိတော်မူ သည်ဟု ပြန်လျှောက်၏။ 3
ထိုညဉ့်တွင် ဘုရားသခင်၏နှုတ်ကပတ်တော် သည် ပရောဖက်နာသန်သို့ ရောက်၍၊ 4 ငါ့ကျွန် ဒါဝိဒ်ထံသို့သွားလော့။ ထာဝရဘုရား
မိန့်တော်မူသည်ကား၊ သင်သည် ငါနေစရာဘို့အိမ်ကို မဆောက်ရ။ 5 ဣသရေလအမျိုးကို အဲဂုတ္တုပြည်မှ နှုတ်ဆောင် သော နေ့ကစ၍
ယနေ့တိုင်အောင်အိမ်နှင့်ငါမနေ။ တဲတခုမှတခုသို့ပြောင်း၍ တဲများတို့နှင့် နေပြီ။ 6 ဣသရေလအမျိုးအပေါင်းနှင့် ငါလှည့်လည်ရာ
အရပ်တို့၌ ငါ၏လူမျိုးကို ကျွေးမွေးစေခြင်းငှါ၊ ငါစေခိုင်း သော ဣသရေလတရားသူကြီးတစုံ တယောက်အား၊ သင်သည် ငါ့အဘို့
အာရဇ်သစ်သားအိမ်ကို အဘယ် ကြောင့် မဆောက်သနည်းဟု ငါဆိုဘူးသလော။ 7 ယခုမှာ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရ
ဘုရားမိန့်တော်မူသည်ကား၊ သိုးထိန်းရာသိုးခြံထဲက သင့် ကို ငါနှုတ်ယူ၍၊ ငါ၏လူဣသရေလအမျိုးသားတို့ကို အုပ်စိုး သော
မင်းအရာ၌ ငါခန့်ထားပြီ။ 8 သင်သွားလေရာရာ၌ ငါလိုက်၍၊ သင်၏ရန်သူ အပေါင်းတို့ကို သင့်ရှေ့မှာ ပယ်ရှားသဖြင့်၊ မြေကြီးသား
လူကြီးဂုဏ်အသရေကဲ့သို့ သင်၌ ဂုဏ်အသရေကို ငါပေး ပြီ။ 9 ထိုမှတပါး၊ ငါ၏လူဣသရေလအမျိုးနေရာ အရပ်ကို ငါပြင်ဆင်ပြီ။
သူတို့သည်နောက်တဖန်မပြောင်း မလဲ၊ မိမိတို့နေရာ၌ နေစေခြင်းငှါ ငါမြဲမြံစေမည်။ မတရားသော သူတို့သည် ရှေးကာလ၌ငှင်း၊ 10
ငါ၏လူ ဣသရေလအမျိုး တရားသူကြီးတို့ကို ခန့်ထားသော ကာလ၌ငှင်း၊ ညှဉ်းဆဲသကဲ့သို့ နောက် တဖန် မညှဉ်းဆဲရ။ သင့်ကိုလည်း
ရန်သူအပေါင်းတို့ လက်မှ ကယ်လွှတ်၍ ချမ်းသာပေးပြီ။ သင်၏အမျိုး အန္ဓယ်ကိုလည်း ငါတည်စေမည်ဟု ထာဝရဘုရား
မိန့်တော်မူပြီ။ 11 သင်သည် အသက်ကာလစေ့၍ ဘိုးဘေးနေရာ သို့ သွားရသောအခါ၊ သင်မှဆင်းသက်သော သားစုတွင်၊
သားတယောက်ကို ငါချီးမြှောက်၍ သူ၏နိုင်ငံကို တည် ထောင်မည်။ 12 ထိုသားသည်ငါ့အဘို့ အိမ်ကိုဆောက်လိမ့်မည်။ သူထိုင်သော
ရာဇပလ္လင်ကိုအစဉ်အမြဲငါတည်စေမည်။ 13 ငါသည်သူ၏ အဘဖြစ်မည်။ သူသည်လည်း ငါ၏သားဖြစ်လိမ့်မည်။ သင့်ရှေ့မှာရှိသော
သူ၌ ငါ၏ ကရုဏာကို နှုတ်သကဲ့သို့ သင်၏သား၌ ငါမနှုတ်။ 14 ထိုသားကိုငါ့အိမ်၊ ငါ့နိုင်ငံ၌ အစဉ်အမြဲနေရာ ချမည်။သူ၏
ရာဇပလ္လင်သည်လည်း အစဉ်အမြဲတည်ရ လိမ့်မည်ဟု ငါ့ကျွန်ဒါဝိဒ်အား ပြောလော့ဟု မိန့်တော် မူ၏။ 15
ထိုဗျာဒိတ်တော်စကားအလုံးစုံတို့ကို နာသန် သည် ဒါဝိဒ်အားပြန် ပြောလေ၏။ 16 ထိုအခါဒါဝိဒ်မင်းကြီးသည် အထဲသို့ဝင်၍
ထာဝရဘုရားရှေ့တော်၌ထိုင်လျက်၊ အိုထာဝရအရှင် ဘုရားသခင်၊ အကျွန်ုပ်ကို ဤမျှလောက် ချီးမြှောက်တော် မူမည်အကြောင်း
အကျွန်ုပ်သည် အဘယ်သို့သော သူဖြစ် ပါသနည်း။ အကျွန်ုပ်အမျိုးသည် အဘယ်သို့သော အမျိုးဖြစ်ပါသနည်း။ 17 သို့ရာတွင်
အိုဘုရားသခင်၊ ထိုကျေးဇူးတော်ကို သာမညကျေးဇူးဟု ထင်မှတ်တော်မူသောကြောင့်၊ ကိုယ်တော်ကျွန်၏အမျိုးအန္ဓယ်ကို
ကြာမြင့်စွာသော ကာလနှင့်ယှဉ်လျက် မိန့်တော်မူပါသည်တကား။ အို ထာဝရအရှင်ဘုရားသခင်၊ အကျွန်ုပ်ကို ဘုန်းကြီးသော သူကဲ့သို့
မှတ်တော်မူပါသည်တကား။ 18 ကိုယ်တော်ကျွန်ဒါဝိဒ်သည် ကိုယ်ဘုန်းကြီးစေ ခြင်းငှါ၊ အဘယ်သို့ တိုးတက်၍ လျှောက်ရပါမည်နည်း။
ကိုယ်တော်သည် ကိုယ်တော်ကျွန်ကို သိတော်မူ၏။ 19 အိုထာဝရဘုရား၊ ကိုယ်တော်ကျွန်အကျိုးကို ထောက်၍
အလိုတော်ရှိသည်အတိုင်း ဤကြီးစွာသော အမှုအလုံးစုံတို့ကို ထင်ရှားစေခြင်းငှါ အလုံးစုံတို့ကို ပြုတော်မူပြီ။ 20 သို့ဖြစ်၍
အိုထာဝရဘုရား၊ အကျွန်ုပ်တို့ ကြားသမျှအတိုင်း ကိုယ်တော်နှင့် တူသောဘုရား၊ ကိုယ်တော်မှတပါးအခြားသော ဘုရားမည်မျှ မရှိပါ။
21 အဲဂုတ္တုပြည်မှရွေးနှုတ်တော်မူသော ကိုယ်တော် ၏ လူမျိုးရှေ့မှလူအမျိုးမျိုးတို့ကို နှင်ထုတ်သဖြင့်၊ ကြီးမြတ်၍
ကြောက်မက်ဘွယ်သော နာမတော်ကို ကိုယ်တော်အဘို့ ထင်ရှားစေခြင်းငှါ၊ ဘုရားသခင်ကြွ၍ ကိုယ်တော်အဘို့ ရွေးနှုတ်တော်မူသော
ကိုယ်တော်၏လူဣသရေလအမျိုး နှင့်တူသော လူမျိုးတစုံတမျိုးသည် မြေကြီးပေါ်မှာ ရှိပါသလော။ 22 အကြောင်းမူကား၊
ကိုယ်တော်၏လူဣသရေလ အမျိုးသည် အစဉ်အမြဲ ကိုယ်တော်၏လူဖြစ်စေခြင်းငှါ ပြု၍၊ ကိုယ်တော်ထာဝရဘုရား
သည်သူတို့ဘုရားသခင် ဖြစ်တော်မူ၏။ 23 ယခုမှာအိုထာဝရဘုရား၊ ကိုယ်တော်ကျွန်၌ငှင်း၊ ကိုယ်တော်ကျွန်၏အမျိုးအန္ဓယ်၌ငှင်း၊
မိန့်တော်မူသော စကားတော် အစဉ်အမြဲ တည်ပါစေသော။ မိန့်တော်မူ သည်အတိုင်း ပြုတော်မူပါ။ 24 ကောင်းကင်ဗိုလ်ခြေအရှင်
ထာဝရဘုရားသည် ဣသရေလအမျိုး၏ဘုရားသခင်ဖြစ်တော်မူသည်ဟူ၍ နာမတော်သည် အစဉ်အမြဲ ချီးမြှောက်ခြင်းရှိမည်
အကြောင်း၊ အမိန့်တော်သည် အစဉ်အမြဲတည် ပါစေ သော။ ကိုယ်တော်ကျွန်ဒါဝိဒ်၏ အမျိုးအန္ဓယ်သည် ရှေ့တော်၌ တည်ပါစေသော။
25 အကြောင်းမူကား၊ အိုကျွန်ုပ်၏ဘုရားသခင်၊ ကိုယ်တော်က သင်၏အမျိုးအန္ဓယ်ကို ငါတည်စေမည်ဟု ကိုယ်တော်ကျွန်အား
ဗျာဒိတ်ပေးတော်မူသောကြောင့်၊ ကိုယ်တော်ကျွန်သည် ရှေ့တော်၌ ပဌနာပြုချင်သော စိတ်ရှိပါ၏။ 26 ယခုလည်း အိုထာဝရဘုရား၊
ကိုယ်တော်သည် ဘုရားသခင်မှန်တော်မူ၏။ဤကျေးဇူးကို ကိုယ်တော်ကျွန် ၌ ဂတိထားတော်မူပြီ။ 27 သို့ဖြစ်၍ကိုယ်တော်ကျွန်၏
အမျိုးအန္ဓယ်သည် ရှေ့တော်၌ အစဉ်အမြဲတည်ပါမည်အကြောင်း ကောင်း ကြီးပေးခြင်းငှါ နှုးညွတ်သော စိတ်ရှိတော်မူပါ။ အိုထာဝရ
ဘုရား ကိုယ်တော်သည်ကောင်းကြီးပေးတော်မူလျှင်၊ ကောင်းကြီးမင်္ဂလာကို အစဉ်အမြဲခံရပါလိမ့်မည်ဟု ဆုတောင်းသတည်း။

 generated on Tue Jul 2 12:50:28 2024

## Chapter 18

[1] ထိုနောက်ဒါဝိဒ်သည် ဖိလိတ္တိလူတို့ကို လုပ်ကြံ ၍အောင်မြင်သဖြင့်၊ ဂါသမြို့နှင့် ကျေးလက်များကို သိမ်းယူလေ၏။ [2]
မောဘပြည်ကိုလည်း လုပ်ကြံ၍ မောဘအမျိုး သားတို့သည် ဒါဝိဒ်၌ ကျွန်ခံလျက်အခွန်ဆက်ရကြ၏။ [3] ဇောဘမင်းကြီးဟာ
ဒဒေဇာသည်၊ ဥဖရတ်မြစ် နားမှာ မိမိနိုင်ငံကို တည်စေခြင်းငှါ သွားသောအခါ၊ ဒါဝိဒ်သည် ဟာမတ်မြို့တိုင်အောင် တိုက်ဖျက်၍၊ [4]
ရထားတထောင်၊ မြင်းစီးသူရဲခုနစ်ထောင်၊ ခြေသည်သူရဲနှစ်သောင်းကို ဘမ်းဆီး၍ ရထားတရာကို သိမ်းထားပြီးမှ အခြားသော
မြင်းရထားရှိသမျှတို့ကို ဖျက်ဆီးလေ၏။ [5] ဒမာသက်မြို့နေ ရှုရိလူတို့သည် ဇောဘမင်းကြီး ဟာဒဒေဇာကို စစ်ကူသောအခါ၊
ဒါဝိဒ်သည် ရှုရိလူ နှစ်သောင်းနှစ်ထောင်တို့ကို သတ်ပြီးမှ၊ [6] ရှုရိပြည်ဒမာသက်မြို့၌ မြို့စောင့်တပ်ကို ထား သဖြင့်၊
ရှုရိလူတို့သည်ဒါဝိဒ်၌ ကျွန်ခံ၍ အခွန်ဆက်ရ ကြ၏။ ဒါဝိဒ်သွားလေရာရာ၌ ထာဝရဘုရားသည် စောင့်မတော်မူ၏။ [7]
ဟာဒဒေဇာ၏ကျွန်တို့ စွဲကိုင်သော ရွှေဒိုင်းလွှားများကို ဒါဝိဒ်သည်သိမ်း၍ ယေရုရှလင်မြို့သို့ ဆောင်သွား၏။ [8]
ဟာဒဒေဇာအစိုးရသော တိဗဟတ်မြို့နှင့် ခုန်မြို့မှ၊ ဒါဝိဒ်သည် များစွာသော ကြေးဝါကို သိမ်းသွား ၏။ ရှောလမုန်သည်
ကြေးဝါရေကန်၊ ကြေးဝါတိုင်၊ ကြေးဝါတန်ဆာများကို ထိုကြေးဝါဖြင့် လုပ်သတည်း။ [9] ဇောဘမင်းကြီးဟာဒဒေဇာ၏ တပ်အလုံး
အရင်းကို ဒါဝိဒ်လုပ်ကြံကြောင်းကိုဟာမတ်မင်းကြီး တောဣသည်ကြားလျှင်၊ [10] မိမိရန်သူဟာဒဒေဇာကို ဒါဝိဒ်သည် စစ်တိုက်၍
လုပ်ကြံသောကြောင့်၊ မိဿဟာယဖွဲ့၍ ကောင်းကြီးပေး စေခြင်းငှါ မိမိသားဟဒေါရံကို ဒါဝိဒ်မင်းကြီးထံသို့ စေလွှတ်၍၊ ဟဒေါရံသည်
ရွှေဖလား၊ ငွေဖလား၊ ကြေးဝါ ဖလားအမျိုးမျိုးတို့ကို ဆောင်ခဲ့လေ၏။ [11] ထိုဖလားတို့ကို ဒါဝိဒ်မင်းကြီးသည် ထာဝရ ဘုရားအား
ပူဇော်၏။ ထိုအတူရှုရိပြည်၊ မောဘပြည်၊ အမ္မုန်ပြည်၊ ဖိလိတ္တိပြည်၊ အာမလက်ပြည်၊ အပြည်ပြည် တို့မှ ဆောင်ခဲ့သော
ရွှေငွေကိုလည်း ပူဇော်၏။ [12] ထိုမှတပါး၊ဇေရုယာသားအဘိရှဲသည် ဆားချိုင့် တွင် ဧဒုံလူတသောင်းရှစ်ထောင်တို့ကို လုပ်ကြံလေ၏။
[13] ဧဒုံပြည်၌မြို့စောင့်တပ်တို့ကို ထား၍၊ ဧဒုံပြည် သားအပေါင်းတို့သည် ဒါဝိဒ်၌ ကျွန်ခံကြ၏။ ဒါဝိဒ် သွားလေရာရာ၌
ထာဝရဘုရားသည် စောင့်မတော်မူ၏။ [14] ထိုသို့ဒါဝိဒ်သည် ဣသရေလနိုင်ငံလုံးကိုစိုးစံ၍၊ နိုင်ငံတော်သားတို့တွင် တရားမှုကို
စီရင်ဆုံးဖြတ်တော် မူ၏။ [15] ဇေရုယာ၏သားယွာဘသည် ဗိုလ်ချုပ်မင်း ဖြစ်၏။ အဟိလုဒ်၏သား ယောရှဖတ်သည် အတွင်းဝန်
ဖြစ်၏။ [16] အဟိတုပ်၏သား ဇာဒုတ်နှင့်အဗျာသာ၏သား အဟိမလက်သည် ယဇ်ပုရောဟိတ်ဖြစ်၏။ စရာယသည်
စာရေးတော်ကြီးဖြစ်၏။ [17] ယောယဒ၏သားဗေနာယသည် ခေရသိလူနှင့် ပေလသိလူတို့ကို အုပ်ရ၏။ ဒါဝိဒ်၏သားတော်တို့သည်
လည်း အထံတော်၌ မင်းသားအရာနှင့်နေကြ၏။



generated on Tue Jul 2 12:50:28 2024

## Chapter 19

[1] ထိုနောက် အမ္မုန်ရှင်ဘုရင်နာဟတ်သည် သေ၍၊ သားတော်ဟာနုန်သည် ခမည်းတော်အရာ၌ နန်းထိုင်၏။ [2] ဒါဝိဒ်ကလည်း၊
ဟာနုန်အဘ နာဟတ်သည် ငါ့အားကျေးဇူးပြုသောကြောင့်၊ သူ၏သား၌ ကျေးဇူးပြု မည်ဟုဆိုလျက်၊ သူ၏အဘသေရာတွင်
နှစ်သိမ့်စေခြင်း ငှါ သံတမန်တို့ကိုစေလွှတ်၍၊ ဒါဝိဒ်၏ကျွန်တို့သည် ဟာနုန်မင်းကို နှစ်သိမ့်စေခြင်းငှါ သူရှိရာ အမ္မုန်ပြည်သို့
ရောက်ကြ၏။ [3] အမ္မုန်အမျိုး မှူးမတ်တို့သည် ဟာနုန်မင်းထံသို့ ဝင်၍၊ ဒါဝိဒ်သည် စိတ်တော်ကို နှစ်သိမ့်စေသောသူတို့ကို
စေလွှတ်ရာတွင်၊ ခမည်းတော်ကို ရိုသေစွာပြုသည်ဟု ထင်မှတ်တော်မူသလော။ ပြည်တော်ကို စစ်ဆေးစူး စမ်း၍ ဖျက်ဆီးခြင်းငှါသာ၊
သူ၏ကျွန်တို့သည် အထံတော် သို့ ရောက်သည် မဟုတ်လောဟု လျှောက်ကြလျှင်၊ [4] ဟာနုန်သည် ဒါဝိဒ်၏ ကျွန်တို့ကို ယူပြီးလျှင်၊
မုဆိတ်ကိုရိတ်၍ အဝတ်ကိုတင်ပါးတိုင်အောင်ဖြတ်ပြီးမှ လွှတ်လိုက်လေ၏။ [5] ထိုသူတို့၌ အဘယ်သို့ပြုသည်ကို ဒါဝိဒ်သည်
သိတင်းကြားသောအခါ၊ သူတို့သည် အလွန်ရှက်သော ကြောင့် ဆီးကြိုစေခြင်းငှါ စေလွှတ်၍၊ သင်တို့သည် မုဆိတ်မရှည်မှီတိုင်အောင်
ယေရိခေါမြို့မှာ နေကြလော့။ ထိုနောက်မှ ပြန်လာကြလော့ဟု မှာထားတော်မူ၏။ [6] ဟာနုန်မင်းနှင့် အမ္မုန်အမျိုးသားတို့က၊ ငါတို့ သည်
ဒါဝိဒ်ရှေ့မှာ စက်ဆုပ်ရွံရှာဘွယ်ဖြစ်လိမ့်မည်ဟု သိလျှင်၊ မေသောပေါတာမိပြည်၊ ရှုရိမာခါပြည်၊ ဇောဘပြည်တို့၌
မြင်းရထားတို့ကိုငှါးခြင်းငှါ ငွေအခွက် တသောင်းကို ထုတ်၍၊ [7] မြင်းရထားသူရဲသုံးသောင်းနှစ်ထောင်ကိုငှင်း၊ မာခါမင်းကြီးနှင့်
သူ၏လူတို့ကိုငှင်း ငှါးသဖြင့်၊ ထိုသူတို့ သည် မေဒဘာမြို့ရှေ့မှာ တပ်ချကြ၏။ အမ္မုန်အမျိုးသား တို့သည်လည်း စုဝေး၍ အမြို့မြို့တို့မှ
စစ်ချီကြ၏။ [8] ထိုသိတင်းကို ဒါဝိဒ်သည် ကြားလျှင် ယွာဘနှင့် ခွန်အားကြီးသော သူရဲအလုံးအရင်းအပေါင်းကို စေလွှတ် ၏။ [9]
အမ္မုန်အမျိုးသားတို့သည် ထွက်၍မြို့တံခါးဝမှာ စစ်ခင်းကျင်းကြ၏။ စစ်ကူသော မင်းကြီးတို့သည် လွင်ပြင်၌ တခြားစီနေကြ၏။ [10]
ယွာဘသည်လည်းရှေ့၌ငှင်း၊ နောက်၌ငှင်း၊ စစ်မျက်နှာနှစ်ဘက်ရှိသည်ကိုမြင်လျှင်၊ ဣသရေလလူတို့ တွင်
သန်မြန်သောသူရှိသမျှတို့ကို ရွေးကောက်၍ ရှုရိလူ တို့တဘက်၌ စစ်ခင်းကျင်း၏။ [11] ကြွင်းသောသူတို့ကို အမ္မုန်အမျိုးသားတို့
တဘက်၌ စစ်ခင်းကျင်းစေခြင်းငှါ ညီအဘိရှဲလက်သို့ အပ်လျက်၊ [12] ရှုရိလူတို့သည် ငါ့ကိုနိုင်လျှင် ငါ့အားကူရမည်။
အမ္မုန်အမျိုးသားတို့သည် သင့်ကိုနိုင်လျှင် သင့်အား ငါကူမည်။ [13] ရဲရင့်သော စိတ်ရှိ၍ ငါတို့လူမျိုးနှင့် ငါတို့ ဘုရား
သခင့်မြို့ရွာတို့အဘို့ အားထုတ်၍ တိုက်ကြကုန်အံ့။ ထာဝရဘုရားသည် အလိုတော်ရှိသည်အတိုင်း စီရင်
တော်မူစေသတည်းဟုဆိုပြီးမှ၊ [14] သူ၌ပါသောလူများနှင့်တကွ၊ ရှုရိလူတို့ကို စစ်တိုက်ခြင်းငှါ ချဉ်းသွားသောအခါ၊ ရှုရိလူတို့သည်
ပြေးကြ၏။ [15] ရှုရိလူတို့ပြေးသည်ကို အမ္မုန်အမျိုးသားတို့သည် မြင်လျှင်၊ သူတို့သည်လည်း ညီအဘိရှဲရှေ့မှာပြေး၍
မြို့ထဲသို့ဝင်ကြ၏။ ယွာဘသည်လည်း ယေရုရှလင်မြို့သို့ ပြန်သွားလေ၏။ [16] ရှုရိလူတို့သည် ဣသရေလအမျိုးသားရှေ့မှာ
မိမိတို့ရှုံးသည်ကို သိမြင်လျှင်၊ သံတမန်တို့ကို စေလွှတ်၍ မြစ်တဘက်၌နေသော ရှုရိလူတို့ကို ခေါ်သဖြင့်၊ ဟာဒ ဒေဇာခန့်ထားသော
ဗိုလ်ချုပ်မင်းရှောဖက်သည်လည်း အုပ်ရ၏။ [17] ထိုသိတင်းကိုကြားလျှင် ဒါဝိဒ်သည် ဣသရေလ အမျိုးသား အပေါင်းတို့ကို
စုဝေးစေ၍ ယော်ဒန်မြစ်ကို ကူးသဖြင့်၊ ရန်သူတပ်သို့ရောက်၍ စစ်ခင်းကျင်းလေ၏။ ထိုသို့ဒါဝိဒ်သည် စစ်ခင်းကျင်း၍ ရှုရိလူတို့သည်
တိုက် သောအခါ၊ [18] ဣသရေလအမျိုးသားရှေ့မှာ ပြေးကြ၏။ ဒါဝိဒ် သည်လည်း ရှုရိမြင်းရထားစီးသူရဲခုနစ်ထောင်၊ ခြေသည်
သူရဲလေးသောင်းတို့ကို သတ်၍ ဗိုလ်ချုပ်မင်းရှောဖက်ကို လည်း လုပ်ကြံလေ၏။ [19] ဟာဒဒေဇာမင်း၏ ကျွန်တို့သည် ဣသရေလ
အမျိုးသားရှေ့မှာ မိမိတို့ရှုံးသည်ကို သိမြင်လျှင်၊ ဒါဝိဒ်နှင့် မိဿဟာယဖွဲ့၍ ကျွန်ခံကြ၏။ နောက်တဖန် ရှုရိလူတို့ သည်
အမ္မုန်အမျိုးသားတို့ကို စစ်မကူကြ။

 generated on Tue Jul 2 12:50:28 2024

## Chapter 20

[1] အခါလည်း၍၊ ရှင်ဘုရင်တို့သည် စစ်တိုက်ချိန် ရောက်သောအခါ၊ ယွာဘသည်ဗိုလ်ခြေအလုံး အရင်းနှင့် ချီသွားသဖြင့်၊ အမ္မုန်ပြည်ကို
တိုက်ဖျက်၍ ရဗ္ဗာမြို့ကို ဝိုင်းထား၏။ ဒါဝိဒ်သည် ကိုယ်တိုင်ယေရုရှလင်မြို့ ၌နေလေ၏။ [2] ယွာဘသည် ရဗ္ဗာမြို့ကို တိုက်ဖျက်ပြီးမှ၊
ဒါဝိဒ် သည် မင်းကြီး၏ သရဖူကိုချွတ်ယူ၍ ခေါင်းတော်ပေါ်မှာ တင်ကြ၏။ သရဖူအချိန်ကား၊ ကျောက်မြတ်ကိုမဆိုဘဲ
ရွှေအခွက်တဆယ်ရှိသတည်း။ မြို့၌လုယူသော ဥစ္စာ အများကိုလည်း ထုတ်လေ၏။ [3] မြို့သားတို့ကိုလည်း ထုတ်၍လွှတိုက်မှု၊သံထွန်၊
သံပုဆိန်နှင့် လုပ်မှုကိုလုပ်စေ၏။ထိုသို့ ဒါဝိဒ်သည် အမ္မုန် မြို့သူရွာသားအပေါင်းတို့၌ ပြုပြီးမှ၊ လူအပေါင်းတို့နှင့် အတူ
ယေရုရှလင်မြို့သို့ ပြန်လေ၏။ [4] နောက်တဖန် ဂေဇာမြို့မှ ဖိလိတ္တိလူတို့နှင့် စစ်တိုက်ကြစဉ်၊ ဟုရှသိလူသိဗေခဲသည် ရေဖိမ်အမျိုး
သာဖကို သတ်၍ ဖိလိတ္တိလူတို့ကို အောင်မြင်လေ၏။ [5] နောက်တဖန် ဖိလိတ္တိလူတို့ကို စစ်တိုက်ကြစဉ်၊ ယာဣယသား ဧလဟာနန်သည်
ရက်ကန်းလက်လိပ်နှင့် အမျှကြီးသော လှံရိုးကိုသုံးစွဲသော ဂိတ္တိအမျိုး ဂေါလျတ်၏ ညီလာခမိကို သတ်လေ၏။ [6]
နောက်တဖန်ဂါသမြို့မှာ စစ်တိုက်ကြစဉ်၊ အရပ် မြင့်၍ လက်တဘက်၌ လက်ခြောက်ချောင်းစီ၊ ခြေ တဘက်၌ ခြေခြောက်ချောင်းစီ၊
ပေါင်းနှစ်ဆယ်လေး ချောင်းရှိသော ရေဖိမ်အမျိုးသားတယောက်သည်၊ [7] ဣသရေလအမျိုးကို ကြိမ်းပသောအခါ၊ ဒါဝိဒ်
အစ်ကိုရှိမာ၏ သားယောနသန်သည် ထိုသူကို သတ်လေ ၏။ [8] ဤသူတို့သည် ဂါသမြို့၌နေသော ရေဖိမ်လူကြီး သားဖြစ်၍
ဒါဝိဒ်နှင့်သူ၏ကျွန်တို့လက်ဖြင့်သေကြ၏။

---

### 1 Chronicles 01

ပြည်ကို တိုက်ဖျက်၍
'ပြည်ကို တိုက်ဖျက်' ဟူသည့်စကားသည် သူတို့ရန်သူများ အစားအစာစိုက်ပျိုးရာနေရာကို စစ်တပ်ကဖျက်ဆီးမည့်အချိန်ကို ရည်ညွှန်းသည်။

### 1 Chronicles 02

အခွက်

သရဖူကိုချွတ်ယူ၍ (ဒါဝိဒ်) ခေါင်းတော်ပေါ်မှာ တင်ကြ၏
အခြားသောဘာသာပြန်ဆိုချက်၊ "ဒါဝိဒ်၏ လူများသည် သရဖူကို သူ့ခေါင်းပေါ် တင်ကြ၏။"

လုယူသော ဥစ္စာ
စစ်ပွဲတွင် လုယူသော အဖိုးတန်ပစ္စည်းများ။

ဒါဝိဒ်သည် ...မြို့သူရွာသားအပေါင်းတို့၌ ပြုပြီးမှ
မြို့ရွာများသည် လူများကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဒါဝိဒ်သည် ဤမြို့ရှိ လူများကို တောင်းဆိုသည်။"

### 1 Chronicles 04

ဂေဇာ...ဂတ်ဘ
မြို့အမည်များ ဖြစ်သည်။ (ရှု၊

သိဗေခဲ၊ သာဖ၊ ဧလဟာနန်၊ ယာရိ၊ လခမိ
အမျိုးသား အမည်များဖြစ်သည်။ (ရှု၊

ဟုရှိသိလူ၊ ရေဖိမ်အမျိုး၊ ဗက်တယ်လက်မိ၊ ဂိတ္တိ
လူအုပ်စု အမည်များဖြစ်သည်။

အောင်မြင်လေ၏
"အင်အားကို သုံး၍ တစ်စုံတစ်ခုကို အောင်နိုင်ခြင်း" သို့မဟုတ် "တစ်စုံတစ်ယောက်ကို ထိန်းချုပ်နိုင်ခြင်း"

လှံရိုး
ရှည်၍၊ ပါးလွှာသောအရိုး။

ရက်ကန်းလက်လိပ်
ချည်လုံးတွင် ချည်ငင်သကဲ့သို့ ကြိုးများကို ဖြောင့်စေဖို့ရန်အသုံးပြုသည့် သစ်သား။

### 1 Chronicles 06

ရေဖိမ်
အရပ်ရှည်၍ သန်မာသော လူမျိုးများကို ခေါ်ညွှန်းသည့် နာမည်ဖြစ်သည်။

ယောနသန်၊ ရှိမေယ
အမျိုးသား အမည်များဖြစ်သည်။

ဤသူတို့သည် ... ဒါဝိဒ်နှင့်သူ၏ကျွန်တို့လက်ဖြင့်သေကြ၏။
ဒါဝိဒ်နှင့်သူ့လူများကို လက်နက်ကိုင်ရသည့် ကိုယ်ခန္ဓာအစိတ်အပိုင်းဖြင့်

---

 generated on Tue Jul 2 12:50:28 2024

# Translation Questions

## 1 Chronicles 20:1

ဒါဝိဒ်သည် ယေရုရှလင်မြို့၌ ကျန်နေခဲ့ချိန်တွင် ယွာဘသည် မည်သည့်အရာကို လုပ်ခဲ့သနည်း။

ယွာဘသည်ဗိုလ်ခြေအလုံး အရင်းနှင့် ချီသွားကာ အမ္မုန်ပြည်၏ ရဗ္ဗာမြို့ကို သိမ်းပိုက်ခဲ့သည်။

## 1 Chronicles 20:2

ဘုရင်အရာ သရဖူကို ရယူပြီးနောက် ဒါဝိဒ်က ပြည်သူတို့အား မည်သို့ အတင်းအကြပ် စေခိုင်းသနည်း။

ဒါဝိဒ်က သူတို့အား ကြီးစွာသောအလုပ်ကို လုပ်ဆောင်စေခဲ့သည်။

## 1 Chronicles 20:6

ရေဖိမ်အမျိုးနွယ်တို့သည် ဣသရေလလူတို့ကို ပြက်ရယ်ပြုကြချိန်တွင် မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။

ဒါဝိဒ်နှင့် သူနောက်လိုက်တို့၏ အသေသတ်ခြင်းကို ခံရကြသည်။

---

## Chapter 21

1 နောက်တဖန်စာတန်သည် ဣသရေလအမျိုး တဘက်၌ထ၍ ဣသရေလအမျိုးသားတို့ကို ရေတွက် စေခြင်းငှါ ဒါဝိဒ်ကို
တိုက်တွန်းလေ၏။ 2 ဒါဝိဒ်ကလည်း၊လူပေါင်းမည်မျှ ရှိသည်ကို ငါသိ မည်အကြောင်း၊ ဗေရရှေဘမြို့မှသည် ဒန်မြို့တိုင်အောင် သွား၍
ဣသရေလအမျိုးသားတို့ ကိုရေတွက်ပြီးလျှင်၊ စာရင်းကို ငါ့ထံသို့ သွင်းလော့ဟု ဗိုလ်ချုပ်မင်းယွာဘနှင့် အရာရှိတို့အား မိန့်တော်မူ၏။
3 ယွာဘကလည်း၊ ထာဝရဘုရားသည် မိမိလူတို့ကို ထပ်၍ အဆတရာ တိုးပွါးစေခြင်းငှါ ပြုတော်မူပါစေ သော။ သို့ရာတွင်
အရှင်မင်းကြီး၊ ဣသရေလလူအပေါင်း တို့သည် သခင်၏ကျွန်ဖြစ်ပါသည် မဟုတ်လော။ သို့ဖြစ် ၍ ကျွန်တော်သခင်သည်
ဤအမှုကိုအဘယ်ကြောင့် စီရင်တော်မူသနည်း။ ဣသရေလအမျိုး ပြစ်မှားစရာ အကြောင်းကို အဘယ်ကြောင့် ပြုတော်မူသနည်းဟု
လျှောက်လေ၏။ 4 သို့သော်လည်း အမိန့်တော်သည် ယွာဘစကား ကို နိုင်သဖြင့်၊ ယွာဘသည်ထွက်၍ ဣသရေလပြည်
တရှောက်လုံးသို့ သွားပြီးမှ၊ ယေရုရှလင်မြို့သို့ ပြန်လာ၏။ 5 လူပေါင်းစာရင်းကို ဒါဝိဒ်အား ဆက်၍၊ ဣသ ရေလအမျိုး၌
ထားကိုင်သူရဲတသန်းနှင့် တသိန်း၊ ယုဒ အမျိုး၌ ထားကိုင်သူရဲလေးသိန်းနှင့် ခုနစ်သောင်းရှိ၏။ 6 သို့ရာတွင် ယွာဘသည်
အမိန့်တော်ကို ရွံ့သော ကြောင့်၊ လေဝိအမျိုးနှင့်ဗင်္ယာမိန်အမျိုးကို အခြားသော အမျိုးထဲသို့သွင်း၍ မရေတွက်။ 7
ဒါဝိဒ်ပြုသောအမှုကို ဘုရားသခင်သည် အလိုတော်မရှိသဖြင့်၊ ဣသရေလအမျိုးကို ဒဏ်ခတ်တော် မူမည်ဖြစ်၍၊ 8 ဒါဝိဒ်က၊
အကျွန်ုပ်ပြုမိသော အမှု၌အလွန် ပြစ်မှားပါပြီ။ ကိုယ်တော်ကျွန်၏ အပြစ်ကို ဖြေရှင်း တော်မူပါ။ အကျွန်ုပ်သည် အလွန်မိုက်သော
အမှုကို ပြုမိပါပြီဟု ဘုရားသခင်အား တောင်းပန်လေ၏။ 9 ထာဝရဘုရားသည် ဒါဝိဒ်၏ ပရောဖက်ဂဒ်ကို ခေါ်၍၊ 10
ဒါဝိဒ်ထံသို့သွားလော့။ အရာသုံးပါးကို သင့်အား ငါပြ၏။ သင်၌ ငါပြုစရာဘို့ တပါးပါးကိုရွေးလော့ဟု ထာဝရဘုရား၏ အမိန့်တော်ကို
ဆင့်ဆိုလော့ဟု မိန့်တော်မူသည်အတိုင်း၊ 11 ဂဒ်သည်ဒါဝိဒ်ထံသို့သွား၍ ထာဝရဘုရား မိန့်တော်မူသည်ကား၊ 12 သုံးနှစ်ပတ်လုံး
အစာအာဟာရခေါင်းပါးသော ဘေး၊ သုံးလပတ်လုံး သင့်ကို ရန်သူလိုက်မှီ၍ ထားဖြင့် လုပ်ကြံသောဘေး၊ သုံးရက်ပတ်လုံး ပြည်တော်
၌ ကာလနာတည်းဟူသောထာဝရဘုရား၏ ထားတော် ကို၊ ထာဝရဘုရား၏ကောင်းကင်တမန်သည် ကိုင်၍ ဣသရေလပြည်
တရှောက်လုံးကို ဖျက်ဆီးသော ဘေးတို့တွင် တပါးပါးကိုရွေးလော့ဟု မိန့်တော်မူသည် ဖြစ်၍၊ အကျွန်ုပ်ကို
စေလွှတ်တော်မူသောသူအား အဘယ်သို့ ပြန်လျှောက်ရမည်ကို ဆင်ခြင်တော်မူပါဟု လျှောက်လေ၏။ 13 ဒါဝိဒ်ကလည်း၊ ငါသည်
ကျဉ်းမြောင်းရာသို့ ရောက်လေပြီတကား။ ထာဝရဘုရား၏လက်တော်သို့ ရောက်ပါစေ။ ကရုဏာတော်ကြီးလှ၏။ လူလက်သို့
မရောက်ပါစေနှင့်ဟုဂဒ်အားပြန်ပြော၏။ 14 ထာဝရဘုရားသည်လည်း၊ ဣသရေလအမျိုး၌ ကာလနာကို လွှတ်လိုက်တော်မူ၍
လူခုနစ်သောင်း သေကြ၏။ 15 ယေရုရှလင်မြို့ကို ဖျက်ဆီးစေခြင်းငှါ ဘုရား သခင်သည် ကောင်းကင်တမန်ကို စေလွှတ်တော်မူသည်
အတိုင်း၊ ကောင်းကင်တမန် ဖျက်ဆီးမည်ဟု အားထုတ် သောအခါ၊ ထာဝရဘုရားသည် ကြည့်ရှုလျက်၊ ထိုဘေး ကြောင့်
နောင်တရတော်မူ၍၊ တန်ပြီ။ သင့်လက်ကို ရုပ်သိမ်းလော့ဟု ဖျက်ဆီးသော ကောင်းကင်တမန်အား မိန့်တော်မူ၏။ ထိုအခါ
ထာဝရဘုရား၏ ကောင်းကင် တမန်သည်၊ ယေဗုသိလူအရောန၏ ကောက်နယ်တလင်း အနားမှာ ရပ်နေ၏။ 16 ဒါဝိဒ်သည်
မျှော်ကြည့်၍၊ ထာဝရဘုရား၏ ကောင်းကင်တမန် သည်ယေရုရှလင်မြို့အပေါ် မှာထား ကို မိုးလျက်မိုဃ်းကောင်းကင်နှင့်
မြေကြီးကြားမှာ ရပ်နေ သည်ကိုမြင်လျှင်၊ ကိုယ်တိုင်မှစ၍ ဣသရေလအမျိုးသား အသက်ကြီးသူတို့သည် လျှော်တေအဝတ်ကို
ဝတ်လျက် မြေပေါ်မှာ ပြပ်ဝပ်လျက်နေကြ၏။ 17 ဒါဝိဒ်ကလည်း၊ ပြည်သားတို့ကို ရေတွက်စေခြင်း ငှါ စီရင်သော သူကား
အကျွန်ုပ်ဖြစ်ပါသည်မဟုတ်လော။ အကျွန်ုပ်ပြစ်မှားပါပြီ။ အလွန်ဒုစရိုက်ကို ပြုမိပါပြီ။ ဤသို့ တို့မူကား အဘယ်သို့ ပြုမိပါသနည်း။
အိုအကျွန်ုပ် ဘုရားသခင် ထာဝရဘုရား၊ ကိုယ်တော်၏လူတို့ကို ဒဏ် ခတ်ခြင်းငှါ လက်တော်ကိုသူတို့အပေါ်သို့ ရောက်စေ
တော်မမူပါနှင့်။ အကျွန်ုပ် နှင့်အကျွန်ုပ်အဆွေအမျိုး အပေါ်သို့ ရောက်စေတော်မူပါဟု ဘုရားသခင်အား တောင်းပန်လေ၏။ 18
ထိုအခါဒါဝိဒ်သည် သွား၍၊ ယေဗုသိလူ အရော န၏ကောက်နယ်တလင်း၌ထာဝရဘုရား အဘို့ယဇ်ပလ္လင် ကို တည်စေခြင်းငှါ
ပြောရမည်အကြောင်း၊ ထာဝရဘုရား ၏ကောင်းကင်တမန်သည် ဂဒ်ကိုမှာထားသဖြင့်၊ 19 ဂဒ်ဆင့်ဆိုသော ထာဝရဘုရား၏အမိန့်တော်
အတိုင်း ဒါဝိဒ်သည် သွားလေ၏။ 20 အရောနသည်စပါးကိုနယ်စဉ်တွင်၊ လှည့်ကြည့် ၍ ရှင်ဘုရင်ကို မြင်သောအခါ၊
သားလေးယောက်နှင့် တကွ ပုန်းရှောင်၍နေ၏။ 21 ဒါဝိဒ်သည် အရောနရှိရာသို့ ရောက်သောအခါ၊ အရောနကြည့်၍ ဒါဝိဒ်ကိုမြင်လျှင်၊
ကောက်နယ်တလင်း မှဆင်း၍ ဒါဝိဒ်ရှေ့မှာဦးချပြပ်ဝပ်လေ၏။ 22 ဒါဝိဒ်ကလည်း၊ လူတို့တွင် ကာလနာဘေးကို
ငြိမ်းစေမည်အကြောင်း၊ ထာဝရဘုရားအဘို့ ယဇ်ပလ္လင် ကို ငါတည်လိုသည်ဖြစ်၍၊ ဤကောက်နယ်တလင်းအရပ် ကို
အဘိုးထိုက်သည်အတိုင်း ရောင်းပါဟု အမိန့်ရှိသော်၊ 23 အရောနက၊ ကျွန်တော်သခင် အရှင်မင်းကြီး ယူတော်မူပါ။
စိတ်တော်ရှိသည်အတိုင်း ပြုတော်မူပါ။ မီးရှို့ရာယဇ်ဘို့နွားများ၊ ထင်းဘို့ ကောက်နယ်တန်ဆာ များ၊ ဘောဇဉ်ပူဇော်သက္ကာဘို့
ဂျုံစပါးများအလုံးစုံကို ကျွန် တော်ဆက်ပါ၏ဟု ဒါဝိဒ်အားလျှောက်လျှင်၊ 24 ဒါဝိဒ်မင်းကြီးက၊ ထိုသို့ငါမယူရ။ စင်စစ်အဘိုး
ထိုက်သည်အတိုင်း ပေး၍ငါဝယ်မည်။ သင့်ဥစ္စာကို ထာဝရဘုရားအဘို့ ငါမသိမ်း။ ကိုယ်ငွေမကုန်ဘဲ မီးရှို့ရာ ယဇ်ကို မပူဇော်လိုဟု
အရောနအားဆိုသဖြင့်၊ 25 ရွှေခြောက်ပိဿာကို ချိန်ပေး၍ ထိုအရပ်ကို ဝယ်ပြီးမှ၊ 26 ထာဝရဘုရားအဘို့ ယဇ်ပလ္လင်ကို တည်၍၊ မီးရှို့
ရာယဇ်၊ မိဿဟာယယဇ်တို့ကို ပူဇော်လေ၏။ ထိုသို့ ထာဝရဘုရားကို ပဌနာပြုသောအခါ၊ မီးရှို့ရာယဇ်ပလ္လင် ပေါ်သို့ မီကျသဖြင့်
ကောင်းကင်ထဲက ထူးတော်မူ၏။ 27 ထာဝရဘုရားမှာထားတော်မူသည်အတိုင်း၊ ကောင်းကင်တမန်သည် မိမိထားကို

 generated on Tue Jul 2 12:50:28 2024

ထားအိမ်၌သွင်းထား ပြန်၏။ [28] ထာဝရဘုရားသည် ယေဗုသိလူ အရောန၏ ကောက်နယ်တလင်း၌ ထူးတော်မူသည်ကို ဒါဝိဒ်သိမြင်
လျှင်၊ ထိုအရပ်၌ ယဇ်ပူဇော်ခြင်းအမှုကို ပြုလေ၏။ [29] တော၌မောရှေလုပ်ခဲ့သော ထာဝရဘုရား၏ တဲတော်နှင့်
မီးရှို့ရာယဇ်ပလ္လင်သည်၊ ထိုကာလ၌ ဂိဗောင် မြို့၌ မြင့်သောအရပ်ပေါ်မှာရှိ၏။ [30] ဒါဝိဒ်သည်ထာဝရဘုရား၏
ကောင်းကင်တမန်ထားကို ကြောက်သောကြောင့်၊ ထိုယဇ် ပလ္လင်သို့ သွား၍ဘုရားသခင်ကို မမေးမလျှောက်ဝံ့။

## Chapter 22

1 သို့ဖြစ်၍၊ ဒါဝိဒ်က ဤအရပ်သည် ထာဝရ အရှင်ဘုရားသခင်၏အိမ်တော်ဖြစ်၏။ ဤယဇ်ပလ္လင်သည် ဣသရေလ အမျိုး၏
ယဇ်ပလ္လင်ဖြစ်၏ဟုဆိုလျက်၊ 2 ဣသရေလပြည်၌ရှိသော တပါးအမျိုးသားတို့ကို စုဝေးစေခြင်း ငှါမိန့်တော်မူ၏။
ဘုရားသခင်၏အိမ်တော် တည်စရာဘို့ ကျောက်ဆစ်ရသော ပန်းရန်သမားတို့ကို လည်း စေခိုင်းတော်မူ၏။ 3 တံခါးလုပ်စရာ
သံချွန်အဘို့နှင့် သစ်သား ဆက်စရာအဘို့များစွာသောသံကိုင်၊ အချိန်မမှတ် နိုင်အောင် များစွာသော ကြေးဝါကိုင်၊ 4 များစွာသော
အာရဇ်သစ်သားကိုင်၊ ပြင်ဆင် တော်မူ၏။ ဇိဒုန်မြို့သားနှင့် တုရုမြို့သားတို့သည်၊ အာရဇ် သစ်သားအများကို အထံတော်သို့
ဆောင်ခဲ့ကြ၏။ 5 ဒါဝိဒ်ကလည်း၊ ငါ့သားရှောလမုန်သည် အသက် ငယ်၍ နုသေး၏။ ထာဝရဘုရားအဘို့ တည်ရသော အိမ်မူကား
အလွန်ထူးဆန်းသောအိမ်၊ အတိုင်းတိုင်း အပြည်ပြည်၌ ဘုန်းအသရေကျော်စောသော အိမ်ဖြစ်ရ မည်။ ယခုပင်အိမ်တော်အဘို့
ငါပြင်ဆင်မည်ဟု အကြံရှိ လျက် အနိစ္စမရောက်မှီများစွာ ပြင်ဆင်တော်မူ၏။ 6 သားတော်ရှောလုမုန်ကိုလည်း ခေါ်၍ ဣသ
ရေလအမျိုး၏ ဘုရားသခင် ထာဝရဘုရားအဘို့ အိမ်တော်ကို တည်ဆောက်ရမည်အကြောင်းမှာ ထားလေ သည်မှာ၊ 7 ငါ့သား၊
ငါ၏ဘုရားသခင် ထာဝရဘုရား၏ နာမတော်အဘို့ အိမ်တော်ကို တည်ဆောက်မည်ဟု ငါအကြံရှိပြီ။ 8 သို့ရာတွင် ထာဝရဘုရား၏
နှုတ်ကပတ်တော် သည် ငါသို့ရောက်သည်ကား၊ သင်သည် များစွာ စစ်တိုက် ၍ လူအများတို့ကို သတ်လေပြီ။ မြေကြီးပေါ်မှာ
ငါ့မျက်မှောက်၌ များစွာသောအသွေးကို သွန်းသော ကြောင့်၊ ငါ့နာမအဘို့ အိမ်ကို မတည်မဆောက်ရ။ 9 သင်မြင်သော
သားတယောက်သည် ငြိမ်ဝပ်သော သူဖြစ်လိမ့်မည်။ သူ၏အမည်ကား ရှောလမုန် ဖြစ်၍၊ သူ့ပတ်လည်၌ ရန်သူမရှိ။
ငြိမ်ဝပ်သောအခွင့်ကိုင်၊ သူ၏ လက်ထက်၌ ဣသရေလအမျိုးသည် စစ်တိုက်ခြင်းမရှိ။ ငြိမ်ဝပ်စွာနေရသော အခွင့်ကိုင်၊
ငါပေးမည်။ 10 ထိုသားသည် ငါ့နာမအဘို့ အိမ်ကို တည် ဆောက်ရလိမ့်မည်။ သူသည် ငါ့သားဖြစ်လိမ့်မည်။ ငါသည်လည်း
သူ၏အဘဖြစ်မည်။ သူထိုင်သော ဣသရေလနိုင်ငံရာဇပလ္လင်ကို အစဉ်အမြဲငါတည်စေမည်ဟု မိန့်တော်မူပြီ။ 11 သို့ဖြစ်၍ငါ့သား၊
ထာဝရဘုရားသည် သင့်ဘက် ၌ နေ၍ အကြံထမြောက်စေတော်မူသဖြင့်၊ အမိန့်တော် ရှိသည်အတိုင်းသင်သည် သင်၏ဘုရားသခင်
ထာဝရ ဘုရား၏ အိမ်တော်ကို တည်ဆောက်ရလိမ့်မည်။ 12 သို့ရာတွင် သင်သည် သင်၏ဘုရားသခင် ထာဝရဘုရား၏ တရားတော်ကို
စောင့်ရှောက်မည် အကြောင်း၊ ထာဝရဘုရားသည် ဉာဏ်ပညာကို ပေး၍၊ ဣသရေလအမျိုးကို စီရင်ခြင်းအမှု၌ မှာထားတော်
မူပါစေသော။ 13 ဣသရေလအမျိုး၏ အမှု၌ထာဝရဘုရားသည် မောရှေအား မှာထားတော်မူသောစီရင်ထုံးဖွဲ့ချက်တို့ကို
စောင့်ရှောက်ခြင်းငှါ သတိပြုလျှင် အကြံထမြောက်ရ လိမ့်မည်။ အားယူ၍ ရဲရင့်ခြင်းရှိလော့။ စိုးရိမ်ခြင်း၊ စိတ်ပျက်ခြင်း မရှိစေနှင့်။ 14
ငါသည်ဆင်းရဲခံစဉ်တွင်၊ ထာဝရဘုရား၏ အိမ်တော်အဘို့ ရွှေအခွက်တသိန်းနှင့် ငွေအခွက် တသန်းကိုင်၊
အချိန်မမှတ်နိုင်အောင် များစွာသော ကြေးဝါနှင့်သံကိုင်၊ သစ်သားများနှင့်ကျောက်များကို ငါပြင်ဆင်ပြီ။ သင်သည်လည်း ထပ်၍
ပြင်ဆင်ရမည်။ 15 ထိုမှတပါးသင်၌များစွာသော လက်သမား၊ ပန်းရန်သမား၊ ကျောက်ဆစ်သမား၊ အမျိုးမျိုးသော အတတ်၌
လေ့ကျက်သော ဆရာသမားရှိကြ၏။ 16 ရွှေငွေကြေးဝါ သံအတိုင်းမသိများသည် ဖြစ်၍ ထလော့။ ကြိုးစားလော့။ ထာဝရဘုရားသည်
သင်နှင့် အတူ ရှိတော်မူပါစေသောဟု မှာထားတော်မူ၏။ 17 ဣသရေလမင်းအပေါင်းတို့သည် သားတော်နှင့် ဝိုင်းရမည်အကြောင်း
မှာထားလေသည်မှာ၊ 18 သင်တို့၏ဘုရားသခင် ထာဝရဘုရားသည် သင်တို့နှင့်အတူ ရှိတော်မူသည်မဟုတ်လော။ အရပ်ရပ်၌
ငြိမ်ဝပ်ရသော အခွင့်ကို ပေးတော်မူသည်မဟုတ်လော။ ပြည်သူပြည်သားတို့ကို ငါ့လက်၌အပ်တော်မူသဖြင့်၊ ထာဝရဘုရား၏ရှေ့၊
ထိုဘုရားသခင်၏ လူတို့ရှေ့မှာ တပြည်လုံးသည် နှိမ့်ချလျက်ရှိ၏။ 19 သို့ဖြစ်၍သင်တို့၏ ဘုရားသခင်ထာဝရဘုရား ကို ရှာခြင်းငှါ
ကိုယ်စိတ်နှလုံးကို နှိုးဆော်တွန်းကြလော့။ ထာဝရဘုရား၏နာမတော်အဘို့၊ တည်ရသော အိမ်တော် ထဲသို့ ထာဝရဘုရား၏
ပဋိညာဉ်သေတ္တာတော်နှင့် ဘုရား သခင်၏ သန့်ရှင်းသောတန်ဆာတို့ကို သွင်းခြင်းငှါ ထကြ လော့။ ထာဝရအရှင်ဘုရားသခင်၏
သန့်ရှင်းရာဌာန တော်ကို တည်ဆောက်ကြလော့ဟု မှာထားတော်မူ၏။

---



generated on Tue Jul 2 12:50:28 2024

# Chapter 23

1 ဒါဝိဒ်မင်းသည် အသက်ကြီး၍ ကာလပြည့်စုံရာ အချိန်ရောက်သောအခါ၊ သားတော်ရှောလမုန်ကို ဣသ ရေလရှင်ဘုရင်အရာ၌
ခန့်ထား၍၊ 2 ဣသရေလမင်း ယဇ်ပုရောဟိတ်၊ လေဝိသား အပေါင်းတို့ကို စုဝေးစေတော်မူ၏။ 3 လေဝိသားတို့တွင် အသက်သုံးဆယ်
လွန်၍ စာရင်းဝင်သော ယောကျ်ားပေါင်းကား၊ သုံးသောင်း ရှစ်ထောင်တည်း။ 4 ထိုသူတို့တွင် နှစ်သောင်းလေးထောင်တို့သည်
ထာဝရဘုရား၏ အိမ်တော်အမှုကို ဆောင်ရွက်ရကြ၏။ ခြောက်ထောင်တို့သည် အရာရှိ၊ တရားသူကြီး လုပ်ရ ကြ၏။ 5
လေးထောင်တို့သည် တံခါးကိုစောင့်ရကြ၏။ လေးထောင်တို့သည် ဂုဏ်တော်ကို ချီးမွမ်းစရာတုရိယာ တို့နှင့်
ထာဝရဘုရား၏ဂုဏ်တော်ကို ချီးမွမ်းရကြ၏။ 6 လေဝိသားဂေရရှုံ၊ ကောဟတ်၊ မေရာရိအမျိုး အသီးအသီးတို့ကို ဒါဝိဒ်ခွဲထား၍
တမျိုးတခြားစီ သင်းဖွဲ့ စေ၏။ 7 ဂေရရှုံအမျိုးသားကား၊ လာဒန်နှင့်ရှိမိတည်း။ 8 လာဒန်သားအကြီးကား၊ ယေဟေလ၊ သူ၏ညီ
ဇေသံနှင့် ယောလ၊ ပေါင်းသုံးယောက်တည်း။ 9 ရှိမိသားကား ရှေလောမိတ်၊ ဟာဇေလ၊ ဟာရန်၊ ပေါင်းသုံးယောက်တည်း။
ဤသူတို့သည်လာဒန်အဆွေ အမျိုးသူကြီးဖြစ်ကြ၏။ 10 ရှိမိသားကား ယာဟတ်၊ ဇိဇ၊ ယုရှ၊ ဗေရိ၊ ပေါင်း လေးယောက်တည်း။ 11
ယာဟတ်ကားအကြီးဖြစ်၏။ ဇိဇကား ဒုတိယ အရာကို ရ၏။ ယုရှနှင့်ဗေရိ၌ကားသားများစွာမရှိ။ သို့ဖြစ်၍ အဆွေအမျိုးအလိုက်
စာရင်းတခုတည်း၌ ပေါင်းကြ၏။ 12 ကောဟတ်သားကားအာမရံ၊ ဣဇဟာ၊ ဟေဗြုန်၊ သြဇေလ၊ ပေါင်းလေးယောက်တည်း။ 13
အာမရံသားကား အာရုန်နှင့်မောရှေတည်း။ အာရုန်နှင့်သားစဉ်မြေးဆက်တို့သည် ထာဝရဘုရား ရှေ့တော်၌ နံ့သာပေါင်းကိုမီးရှို့ခြင်း၊
အမှုတော်ကို ဆောင်ရွက်ခြင်း၊ နာမတော်ကိုမြွက်၍ အစဉ်ကောင်းကြီး ပေးခြင်းအမှုကို ပြုရမည်အကြောင်း၊ အလွန်သန့်ရှင်း
သောအရာတို့ကို သန့်ရှင်းစေခြင်းငှါ အခြားသူတို့နှင့် ခွဲထားသောသူဖြစ်ကြ၏။ 14 ဘုရားသခင့်လူမောရှေ၏သားကိုကား၊ လေဝိ
အမျိုးသားတို့၏ စာရင်း၌သွင်းရ၏။ 15 မောရှေသားကားဂေရရှုံနှင့် ဧလျေဇာတည်း။ 16 ဂေရရှုံသားတို့တွင်၊ ရှေဗွေလသည် အကြီး
ဖြစ်၏။ 17 ဧလျေဇာသားအကြီးရေဟဘိ တယောက်တည်း ရှိ၏။ ရေဟဘိ၌ကား သားအလွန်များ၏။ 18
ဣဇဟာသားအကြီးကားရှေလောမိတ်၊ 19 ဟေဗြုန်သားအကြီးကားယေရိ၊ ဒုတိယသား အာမရိ၊ တတိယ သားယဟာဇေလ၊
စတုတ္ထသားယေကမံ၊ 20 သြဇေလသားအကြီးကားမိက္ခာ၊ ဒုတိယသား ယေရှိတည်း။ 21 မေရာရိသားကားမဟာလိနှင့် မုရှိတည်း။
မဟာလိသားကား ဧလာဇာနှင့် ကိရှတည်း။ 22 ဧလာဇာသည်သားမရှိ။ သမီးသက်သက်ရှိ၍ သေ၏။
သူ့သမီးတို့နှင့်သူ့ညီကိရှသားတို့သည် စုံဘက် ကြ၏။ 23 မုရှိသားကား မဟာလိ၊ ဧဒါ၊ ယေရိမုတ်၊ ပေါင်း သုံးယောက်တည်း။ 24
ဤရွေ့ကားအသက်နှစ်ဆယ်လွန်၍ ထာဝရ ဘုရား၏ အိမ်တော်အမှုကို ဆောင်ရွက်ရသော လေဝိ အမျိုးသား အဆွေအမျိုးအလိုက်
စာရင်းဝင်သော အဆွေ အမျိုးသူကြီးဖြစ်သတည်း။ 25 ဣသရေလအမျိုး၏ ဘုရားသခင်ထာဝရ ဘုရားသည် မိမိလူမျိုးအား
ငြိမ်ဝပ်သောအခွင့်ကိုပေး၍ ကိုယ်တော်တိုင် ယေရုရှလင်မြို့၌ အစဉ်နေတော်မူသော ကြောင့်၊ 26 လေဝိသားတို့သည်
တဲတော်နှင့်တဲတော်အမှု ဆောင်ရွက်ရာ တန်ဆာများကို နောက်တဖန်မထမ်းရဟု ဒါဝိဒ်မိန့်တော်မူ၏။ 27 နောက်ဆုံးအမိန့်တော်အတိုင်း၊
အသက် နှစ်ဆယ်လွန်သော လေဝိသားတို့ကို စာရင်းယူရ၏။ 28 အကြောင်းမူကား၊ လေဝိသားတို့သည် အာရုန်
သားတို့၏လက်ထောက်ဖြစ်သည်နှင့်အညီ၊ သန့်ရှင်းသော အရာရှိသမျှတို့ကို စင်ကြယ်စေ၍၊ ထာဝရဘုရား၏
အိမ်တော်နှင့်တန်တိုင်းများ၊ အခန်းများ၌အမှုကို ဆောင် ရွက်ရကြမည်။ 29 ရှေ့တော်မုန့်ကိုင်း၊ ဘောဇဉ်ပူဇော်သက္ကာ မုန့်ညက်ကိုင်း၊
တဆေးမဲ့မုန့်ပြား၊ သံပြားနှင့်ဖုတ်သော မုန့်၊ မုန့်ဆီကြော်ကိုင်းလုပ်၍ ဘုရားသခင်၏ အိမ်တော် အမှုကိုလည်း ဆောင်ရွက်ရကြမည်။
တိုင်းတွာ၊ ချိန်တွယ်၊ ခြင်တွက်ခြင်းအမှုအမျိုးမျိုးကိုလည်း စီရင်ရကြမည်။ 30 နံနက်တိုင်း၊ ညဦးတိုင်းရပ်လျက်၊ ကျေးဇူးတော်
ကြီးလှပါ၏ဟု ဝန်ခံ၍ထာဝရဘုရား၏ ဂုဏ်တော်ကို လည်း ချီးမွမ်းရကြမည်။ 31 ပညတ်တရားတော်အတိုင်းဥပုသ်နေ့၊ လဆန်း နေ့၊
ဓမ္မပွဲနေ့၊ အစဉ်မပြတ်ထာဝရဘုရားရှေ့တော်၌ မီးရှို့ရာ ယဇ်မျိုးတို့ကို ပူဇော်ရကြမည်။ 32 ပရိသတ်စည်းဝေးရာတဲတော်ကိုင်း၊
သန့်ရှင်း ရာဌာနတော်ကိုင်း၊ ထာဝရဘုရားအိမ်တော်၌ အမှု တော်ကို ဆောင်ရွက်သော ညီအစ်ကိုအာရုန်သားတို့ကို ငင်း
စောင့်ရကြမည်။

 generated on Tue Jul 2 12:50:28 2024

## Chapter 24

1 အာရုန်အမျိုးသားအသီးအခြားသင်းဖွဲ့ရာမှာ၊ အာရုန်သားကား နာဒပ်၊ အဘိဟု၊ ဧလာဇာ၊ ဣသမာ တည်း။ 2
နာဒပ်နှင့်အဘိဟုသည်သားမရှိ။ အဘ လက်ထက်တွင် သေသောကြောင့်၊ ဧလာဇာနှင့်ဣသမာ သည် ယဇ်ပုရောဟိတ်အမှုကို
ဆောင်ရ၏။ 3 ဒါဝိဒ်သည် ဧလာဇာအမျိုးဇာဒုတ်နှင့် ဣသမာ အမျိုးအဟိမလက်ကို အသီးအသီးဆောင်သင့်သည်
အတိုင်းခန့်ထားလေ၏။ 4 ဣသမာအမျိုးအကြီးအကဲထက် ဧလာဇာအမျိုး အကြီးအကဲ သာ၍များသောကြောင့်၊ ဧလာဇာအဆွေ
အမျိုးအလိုက် အကြီးအကဲ တကျိပ်ခြောက်ယောက်၊ ဣသမာအဆွေအမျိုးအလိုက် အကြီးအကဲ ရှစ်ယောက် တို့ကို
အသီးအသီးခွဲခန့်လေ၏။ 5 စာရေးတံပြုလျက် အသီးအခြား ခွဲခန့်၍ သန့်ရှင်းရာဌာနအုပ်၊ ဘုရားသခင်၏အမှုတော်အုပ်တို့ကို
ဧလာဇာအမျိုးနှင့် ဣသမာအမျိုးထဲက ရွေးယူရ၏။ 6 လေဝိအမျိုးနာသနေလသား စာရေးတော် ရှေမာယသည် ရှင်ဘုရင်၊ မှူးမတ်၊
ယဇ်ပုရောဟိတ် ဇာဒုတ်၊ အဗျာသာသား အဟိမလက်၊ ယဇ်ပုရောဟိတ် လေဝိသားအဆွေအမျိုးသူကြီးများ ရှေ့မှာနာမများကို
မှတ်ရ၏။ စာရေးတံပြု၍ ဧလာဇာအမျိုးနှင့် ဣသမာ အမျိုးထဲက အလှည့်လှည့် ရွေးကောက်ခန့်ထားသော သူဟူမူကား၊ 7
ပဌမသူယောယာရိပ်၊ ဒုတိယသူယေဒါယ၊ 8 တတိယသူဟာရိမ်၊ စတုတ္ထသူစေရိမ်၊ 9 ပဉ္စမသူမာလခိယ၊ ဆဋ္ဌမသူမိယမိန်၊ 10
သတ္တမသူဟက္ကုတ်၊ အဋ္ဌမသူအဘိယ၊ 11 နဝမသူယေရှု၊ ဒသမသူ ရှေကနိ၊ 12 ဧက ဒသမသူဧလျာရှိပ်၊ ဒွါဒသမသူယာကိမ်၊ 13
တကျိပ်သုံးယောက်မြောက်သော သူဟုပ္ပ၊ တကျိပ်လေးယောက်မြောက်သောသူ ယေရှေဗပ်၊ 14 တကျိပ်ငါးယောက်မြောက်သော
သူဗိလဂ၊ တကျိပ်ခြောက်ယောက် မြောက်သောသူဣမ္မေရ၊ 15 တကျိပ်ခုနစ်ယောက်မြောက်သော သူဟေဇိရ၊ တကျိပ်ရှစ်
ယောက်မြောက်သူအပ်ဇဇ်၊ 16 တကျိပ်ကိုးယောက်မြောက်သောသူပေသဟိ၊ နှစ်ကျိပ်မြောက်သောသူ ယေဇကျေလ၊ 17
နှစ်ကျိပ်တယောက်မြောက်သောသူ ယာခိန်၊ နှစ်ကျိပ်နှစ်ယောက်မြောက်သောသူ ဂါမုလ၊ 18 နှစ်ကျိပ်သုံးယောက်မြောက်သော
သူဒေလာယ၊ နှစ်ကျိပ်လေးယောက်မြောက်သောသူ မာဇိတည်း။ 19 ထိုသို့သူတို့အဘအာရုန်အား ဣသရေလအမျိုး ၏ ဘုရားသခင်
ထာဝရဘုရားမှာထားတော်မူ၍၊ အဘ အာရုန်စီရင်သည် အတိုင်းသူတို့သည် ထာဝရဘုရား၏ အိမ်တော်ကို ဝင်မြဲဝင်၍ အမှုတော်ကို
ဆောင်ရွက် စေခြင်းငှါ ခွဲခန့်ခြင်းရှိသတည်း။ 20 ကြွင်းသော လေဝိအမျိုးသားဟူမူကား၊ အာမရံ သားဖြစ်သော ရှုဗေလ၏သားစုတွင်
ယေဒေယ၊ 21-22 ရေဟဘိသားစုတွင် ဣရှိယ၊ ဣဇဟာသား ဖြစ်သော ရှေလောမိတ်၏သားစုတွင် ယာဟတ်၊ 23 ဟေဗြုန်သားစုတွင်
သားအကြီးယေရိ၊ ဒုတိယ သားအာမရိ၊ တတိယသားယဟာဇေလ၊ စတုတ္ထသား ယေကမံ၊ 24 ဩဇေလသားဖြစ်သော
မိက္ခာ၏သားစုတွင် ရှမိရ၊ 25 မိက္ခာညီဣရှိယသားစုတွင် ဇာခရိတည်း။ 26 မေရာရိသားကား မဟာလိနှင့် မုရှိဖြစ်၍၊ 27
မေရာရိအမျိုးသားဖြစ်သော ယာဇိ၏သားကား ဗေနော၊ ရှောဟံ၊ ဇက္ကုရ၊ ဣဗရိတည်း။ 28 မဟာလိသားဧလာဇာ၌သားမရှိ။ 29
ကိရှသားကား ယေရမေလတည်း။ 30 မုရှိသားကားမဟာလိ၊ ဧဒါ၊ ယေရိမုတ်တည်း။ ဤရွေ့ကား မိမိတို့ အဆွေအမျိုးအလိုက်
လေဝိအမျိုး သားတည်း။ 31 ဤသူတို့သည် ဒါဝိဒ်မင်းကြီး၊ ဇာဒုတ်၊ အဟိမ လက်အစရှိသော ယဇ်ပုရောဟိတ်လေဝိသားအဆွေ
အမျိုးသူကြီးတို့ရှေ့မှာ မိမိတို့ညီအစ်ကို အာရုန်အမျိုးသား တို့က ဘက်တချက်အလှည့်လှည့်စားရေးတံပြုကြ၏။


generated on Tue Jul 2 12:50:28 2024

## Chapter 25

1 ထိုမှတပါးအာသပ်၊ ဟေမန်၊ ယေဒုသုန်သား တို့နှင့်အတူ ဝိုင်း၍ စောင်း၊ တယော၊ ခွက်ကွင်းကို တီးမှုတ်လျက် ကိုးကွယ်ခြင်းအမှုကို
ဆောင်ရွက်စရာဘို့၊ ဒါဝိဒ်နှင့်ပရိသတ်ဗိုလ်ခြေ အကြီးအကဲတို့သည် ခွဲခန့် သော သူတို့စာရင်းဟူမူကား၊ 2 အာသပ်သား ဇက္ကုရ၊
ယောသပ်၊ နေသနိ၊ အာရှရေလတစု၊ သူတို့သည်ရှင်ဘုရင်စီရင်သည်အတိုင်း၊ အဘအာသပ်၌ တပည့်ဖြစ်၍ ကိုးကွယ်ခြင်းအမှုကို
ဆောင်ရွက်ရကြ၏။ 3 ယေဒုသုန်သားဂေဒလိ၊ ဇေရိ၊ ရှိမိ၊ ယေရှာယ၊ ဟာရှဘိ၊ မတ္တိသိပေါင်းခြောက်ယောက်၊ သူတို့သည်
အဘယေဒုသုန်၌ တပည့်ဖြစ်၍ ထာဝရဘုရား၏ ဂုဏ် ကျေးဇူးတော်ကို ဘော်ပြချီးမွမ်းခြင်းငှါ စောင်းတီးလျက် ကိုးကွယ်ခြင်းအမှုကို
ဆောင်ရွက်ရကြ၏။ 4 ဟေမန်သားဗုက္ကိ၊ မတ္တနိ၊ ဩဇေလ၊ ရှေဗွေလ၊ ယေရိမုတ်၊ ဟာနနိ၊ ဟာနန်၊ ဧလျာသ၊ ဂိဒ္ဒါလတိ၊ ရောမန္တေဇာ၊
ယောရှဗေကရှ၊ မလ္လောသိ၊ ဟောသိရ၊ မဟာဇုတ်တည်းဟူသော၊ 5 ထိုသူအပေါင်းတို့သည် တံပိုးမှုတ်လျက် ဘုရား သခင်၏
တရားတော်ကို ဟောပြောသောရှင်ဘုရင်၏ ဆရာတော်ဟေမန်သားဖြစ်ကြ၏။ ဘုရားသခင်သည် ဟေမန်အား
သားတကျိပ်လေးယောက်နှင့် သမီးသုံး ယောက်တို့ကို ပေးတော်မူ၏။ 6 ထိုသားအပေါင်းတို့သည် အာသပ်၊ ယေဒုသုန်၊ ဟေမန်တို့ကို
ရှင်ဘုရင်စီရင်သည်အတိုင်း အဘဟေမန်၌ တပည့်ဖြစ်၍၊ ထာဝရအရှင် ဘုရားသခင်၏အိမ်တော်၌ ခွက်ကွင်း၊ စောင်း၊
တယောကိုတီးလျက်၊ သီချင်းဆို၍ အမှုတော်ကို ဆောင်ရွက်ရကြ၏။ 7 ထိုသူတို့နှင့်တကွ ထာဝရဘုရား၏သီချင်းကို သင်၍
လေ့ကျက်သော ညီအစ်ကိုပေါင်းတားနှစ်ရာ ရှစ်ကျိပ်ရှစ်ယောက်တည်း။ 8 ထိုသူတို့သည်အကြီးအငယ် ဆရာတပည့် ရောနှောလျက်
စာရေးတံပြု၍ သင်းဖွဲ့ရာမှာ၊ 9 ပဌမသူကား၊ အာသပ်အပေါင်းအသင်းဝင်သူ ယောသပ်တည်း။ ဒုတိယသူဂေဒလိ၊ သူနှင့်သူ၏သား
ညီပေါင်းကားတကျိပ်နှစ်ယောက်တည်း။ 10 တတိယသူဇက္ကုရ၊သူနှင့်သူ၏သား ညီပေါင်း ကား တကျိပ်နှစ်ယောက်တည်း။ 11
စတုတ္ထသူဣဇရိ၊သူနှင့်သူ၏သား ညီပေါင်းကား တကျိပ်နှစ်ယောက်တည်း။ 12 ပဥ္စမသူနေသနိ၊ သူနှင့်သူ၏သား ညီပေါင်းကား
တကျိပ်နှစ်ယောက်တည်း။ 13 ဆဋ္ဌမသူဗုက္ကိ၊ သူနှင့်သူ၏သားညီပေါင်းကား တကျိပ်နှစ်ယောက်တည်း။ 14 သတ္တမသူယေရှရေလ၊
သူနှင့်သူ၏သား ညီပေါင်းကား တကျိပ်နှစ်ယောက်တည်း။ 15 အဋ္ဌမသူယေရှာယ၊ သူနှင့်သူ၏သား ညီပေါင်း ကား
တကျိပ်နှစ်ယောက်တည်း။ 16 နဝမသူမတ္တနိ၊ သူနှင့်သူ၏သားညီပေါင်းကား တကျိပ်နှစ်ယောက်တည်း။ 17 ဒသမသူရှိမိ၊
သူနှင့်သူ၏သားညီပေါင်းကား တကျိပ်နှစ်ယောက်တည်း။ 18 ဧကဒသမသူအာရေလ၊ သူနှင့်သူ၏သား ညီပေါင်းကား
တကျိပ်နှစ်ယောက်တည်း။ 19 ဒွါဒသမသူ ဟာရှဘိ၊ သူနှင့်သူ၏သား ညီပေါင်း ကား တကျိပ်နှစ်ယောက်တည်း။ 20
တကျိပ်သုံးယောက်မြောက်သောသူ ရှေဗွေလ၊ သူနှင့် သူ၏သားညီပေါင်းကား တကျိပ်နှစ်ယောက်တည်း။ 21
တကျိပ်လေးယောက်မြောက်သော သူမတ္တိသိ၊ သူနှင့်သူ၏သား ညီပေါင်းကား တကျိပ်နှစ်ယောက်တည်း။ 22
တကျိပ်ငါးယောက်မြောက်သောသူ ယေရမုတ်၊ သူနှင့် သူ၏သား ညီပေါင်းကား တကျိပ်နှစ်ယောက် တည်း။ 23
တကျိပ်ခြောက်ယောက်မြောက်သောသူဟာ နနိ၊ သူနှင့်သူ၏သား ညီပေါင်းကား တကျိပ်နှစ်ယောက် တည်း။ 24
တကျိပ်ခုနစ်ယောက်မြောက်သော သူယောရှ ဗေကရှ၊ သူနှင့် သူ၏သား ညီပေါင်းကား တကျိပ် နှစ်ယောက်တည်း။ 25
တကျိပ်ရှစ်ယောက်မြောက်သောသူ ဟာနန်၊ သူနှင့်သူ၏သား ညီပေါင်းကား တကျိပ်နှစ်ယောက်တည်း။ 26
တကျိပ်ကိုးယောက်မြောက်သောသူမလ္လောသိ၊ သူနှင့်သူ၏သား ညီပေါင်းကား တကျိပ်နှစ်ယောက်တည်း။ 27
နှစ်ကျိပ်မြောက်သောသူဧလျာသာ၊ သူနှင့်သူ၏ သားညီပေါင်းကား တကျိပ်နှစ်ယောက်တည်း။ 28 နှစ်ကျိပ်တယောက်မြောက်သောသူ
ဟောသိရ၊ သူနှင့်သူ၏ သားညီပေါင်းကားတကျိပ်နှစ်ယောက်တည်း။ 29 နှစ်ကျိပ်နှစ်ယောက်မြောက်သော သူဂိဒ္ဒါလတိ၊
သူနှင့်သူ၏သား ညီပေါင်းကားတကျိပ်နှစ်ယောက်တည်း။ 30 နှစ်ကျိပ်သုံးယောက်မြောက်သောသူ မဟာဇ ယုတ်၊ သူနှင့်သူ၏
သားညီပေါင်းကား တကျိပ်နှစ်ယောက် တည်း။ 31 နှစ်ကျိပ်လေးယောက်မြောက်သောသူ ရောမန္တ ဇာ၊ သူနှင့်သူ၏ သားညီပေါင်းကား
တကျိပ်နှစ်ယောက် တည်း။


generated on Tue Jul 2 12:50:28 2024

## Chapter 26

1 အသီးအသီးသင်းဖွဲ့သော တံခါးစောင့်များဟူ မူကား။ ကောရဟိအမျိုးဗျောသပ်အနွယ်၊ ကောရသား မေရှလေမိ၊ 2
မေရှလေမိ၏သားဦးဇာခရိ၊ ဒုတိယသား ယေဒျေလ၊ တတိယ သားဇေဗဒိ၊ စတုတ္ထသား ယာသ နေလ၊ 3 ပဉ္စမသားဧလံ၊
ဆဋ္ဌမသားယေဟနန်၊ သတ္တမ သားဧလဲဩနဲတည်း။ 4 ဩဗဒေဒုံ၏သားဦးရှေမာယ၊ ဒုတိယသား ယောဇဗပ်၊ တတိယသားယောအာ၊
စတုတ္ထသားစာကာ၊ ပဉ္စမသားနာ သနေလ၊ 5 ဆဋ္ဌမသားအမျေလ၊ သတ္တမသားဣသခါ၊ အဋ္ဌမသားပုလသဲတည်း။ ဩဗဒေဒုံကို
ဘုရားသခင် သည် ကောင်းကြီးပေးတော်မူ၏။ 6-7 သားဦးရှေမာယ၏သား ဩသနိ၊ ရေဖေလ၊ ဩဗက်၊ ဧလဇာဗဒ်နှင့်
ခွန်အားကြီးသော ညီလိဟု၊ သေမခိတို့သည် ခွန်အားကြီးသားသူရဲ၊ မိမိတို့အဆွေအမျိုး ၌ အစိုးရသောသူဖြစ်ကြ၏။ 8 အမှုတော်ကို
ဆောင်ရွက်ခြင်းငှါ တတ်စွမ်းနိုင် အောင်ခွန်အားကြီး သောဩဗဒေဒုံ အမျိုးသားချင်း ယောကျာ်းပေါင်းကား
ခြောက်ကျိပ်နှစ်ယောက်တည်း။ 9 ခွန်အားကြီးသော မေရှလေမိသားညီ ယောကျာ်းပေါင်းကား တကျိပ်ရှစ်ယောက်တည်း။ 10
မေရာရိအမျိုး၊ ဟောသ၏သားတို့တွင် ရှိမရိ သည် သားဦးမဟုတ်သော်လည်း၊ အဘခန့်ထားသော ကြောင့် သားအကြီးဖြစ်သတည်း။
11 ဒုတိယသားကားဟိလခိ၊ တတိယသားတေဗလိ၊ စတုတ္ထသား ဇာခရိအစရှိသော ဟောသသားညီပေါင်း ကား
တကျိပ်သုံးယောက်တည်း။ 12 ဤရွေ့ကား ထာဝရဘုရား၏ အိမ်တော်၌ အလှည့်လှည့်စောင့်ခြင်းငှါ သင်းဖွဲ့သော တံခါးစောင့်
အကြီးအကဲဖြစ်သတည်း။ 13 ထိုသူအကြီးအငယ်တို့သည်၊ မိမိတို့အဆွေ အမျိုးအလိုက် တံခါးအသီးအသီး စောင့်စေခြင်းငှါ စာရေးတံ
ပြုကြ၍၊ 14 အရှေ့မျက်နှာကို ရှေလမိရ၏။ ရှေလမိသား ပညာရှိဇာခရိသည် စာရေးတံအားဖြင့် မြောက်မျက်နှာ ကို ရ၏။ 15
ဩဗဒေဒုံသည် တောင်မျက်နှာကိုငင်း၊ သူ၏ သားတို့သည် အသုပိမ်အိမ်ကိုငင်း ရ၏။ 16 ရှုပိန်နှင့်ဟောသသည် အနောက်မျက်နှာနှင့်
ဗိမာန်တော်သို့ တက်ရာလမ်းဝ၌ရှလ္လေခက်တံခါးကိုရ၍ တဘက်တချက်၌ စောင့်ရ၏။ 17 နေ့ရက်အစဉ်အတိုင်း အရှေ့မျက်နှာ၌
လေဝိသားခြောက်ယောက်၊ မြောက်မျက်နှာ၌လေးယောက်၊ တောင်မျက်နှာ၌လေးယောက်၊ အသုပိမ်ဘက် မှာနှစ်ယောက်၊
တန်တိုင်းတော်ပြင်မှာနှစ်ယောက်၊ 18 အနောက်မျက်နှာ လမ်းဝမှာလေးယောက်၊ တန်တိုင်းတော်ပြင်မှာ နှစ်ယောက်စောင့်ရကြ၏။ 19
ဤရွေ့ကား၊ တံခါးစောင့်အရာရှိသော ကောရ အမျိုးသားနှင့် မေရရိအမျိုးသားဖွဲ့သော အသင်းအသီး အသီးပေတည်း။ 20
လေဝိသားတို့တွင်၊ အဟိယသည် ဘုရားသခင် ၏ အိမ်တော်ဘဏ္ဍာနှင့် ပူဇော်သောဘဏ္ဍာများကို အုပ်ရ၏။ 21
အဆွေအမျိုးသူကြီးဖြစ်သော ဂေရရှုံအမျိုး လာဒန်သားတို့တွင် ယေဟေလိနှင့်၊ 22 သူ၏သားဇေသံ ယောလတို့သည်လည်း ဘုရား
သခင်၏ အိမ်တော်ဘဏ္ဍာကိုအုပ်ရ၏။ 23 အာမရံအမျိုး၊ ဣဇဟာအမျိုး၊ ဟေဗြုန်အမျိုး၊ ဩဇေလအမျိုးသားအချို့ပါကြ၏။ 24
မောရှေသားဂေရရှုံ၏သား ရှေဗွေလသည် လည်း ဘဏ္ဍာတော်တို့ကို အုပ်ရ၏။ 25 ဂေရရှုံညီဧလျေဇာ၊ ဧလျေဇာသားရေဟဗိ၊
သူ၏သားယေရှာယ၊ သူ၏သားယောရံ၊ သူ၏သားဇိခရိ၊ သူ၏သားရှေလောမိတ်တည်း။ 26 ထိုရှေလောမိတ်နှင့်သူ၏ညီတို့သည် ဒါဝိဒ်
မင်းကြီး၊ အဆွေအမျိုးသူကြီး၊ လူတထောင်အုပ်၊ တရာ အုပ်၊ ဗိုလ်မင်းပူဇော်သော ဘဏ္ဍာရှိသမျှကို အုပ်ရ၏။ 27 ထိုမင်းတို့သည်
စစ်တိုက်၍ရသောဥစ္စာတို့ကို မသိမ်း၊ ထာဝရဘုရား၏ အိမ်တော်ကိုပြုစုခြင်းငှါ ပူဇော် တတ်ကြ၏။ 28 ပရောဖက်ရှမွေလ၊
ကိရှသားရှောလု၊ နေရသား အာဗနာ၊ ဇေရုယာသား ယွာဘမှစ၍ အခြားသောသူ ပူဇော်သမျှတို့ကို၊ ရှေလောမိတ်နှင့် သူ၏ညီတို့သည်
ကြည့်ရှုအုပ်စိုးရကြ၏။ 29 ဣဇဟာအမျိုးခေနနိနှင့် သူ၏သားတို့သည် မင်းအရာရှိ၊ တရားသူကြီးဖြစ်၍၊ ဣသရေလနိုင်ငံတွင်
ပြင်အမှုကို စောင့်ရကြ၏။ 30 ဟေဗြုန်အမျိုးဖြစ်သော သူရဲကြီးဟာရှဘိနှင့် သူ၏ညီတထောင်ခုနစ်ရာတို့သည်၊ ယော်ဒန်မြစ်
အနောက်ဘက်မှာနေသော ဣသရေလလူတို့တွင် မင်းအရာရှိဖြစ်၍၊ ထာဝရဘုရား၏အမှုတော်နှင့် ရှင်ဘုရင်အမှုအမျိုးမျိုးတို့ကို
စောင့်ရကြ၏။ 31 ဟေဗြုန်အမျိုးသားတို့တွင်၊ အဆွေအမျိုးအလိုက် ယေရိယသည် အကြီးအကဲဖြစ်၏။ ဒါဝိဒ်မင်းနန်းစံ
လေးဆယ်တွင်၊ ထိုအမျိုးသားတို့ကို စာရင်းယူ၍ ဂိလဒ် ပြည်ယာဇာမြို့၌ ခွန်အားကြီးသော သူရဲတို့ကို တွေ့၏။ 32
ယေရိယ၏ပေါက်ဘော်တည်းဟူသော သူရဲကြီး၊ အဆွေအမျိုး သူကြီးနှစ်ထောင်ခုနစ်ရာတို့သည် ဒါဝိဒ် မင်းကြီးခန့်ထားသည့်အတိုင်း၊
ရုဗင်အမျိုး၊ ဂဒ်အမျိုး၊ မနာရှေအမျိုးတဝက်ကို အုပ်စိုး၍ ဘုရားသခင်၏ အမှုတော်နှင့် ရှင်ဘုရင်အမှုအမျိုးမျိုးတို့ကို စောင့်ရကြ၏။


generated on Tue Jul 2 12:50:28 2024

## Chapter 27

1 ရှင်ဘုရင်အမှုတော်ကို စောင့်သောဣသရေလ အမျိုးသားတို့သည် အဆွေအမျိုးသူကြီး၊ လူတထောင် အုပ်၊ တရာအုပ်၊
အရာရှိတို့နှင့်တကွ၊ တနှစ်တွင်တဆယ် နှစ်လအစဉ်အတိုင်း တပ်ဖွဲ့၍၊ တလစီတလစီအလှည့် လှည့်စောင့်ရသော
တပ်သားအမှုထမ်းနှစ်သောင်း လေးထောင်စီရှိကြ၏။ 2 ပဌမလတွင် ပဌမတပ်ကိုအုပ်သော ဗိုလ်မင်း ကား၊
ဇာဗဒေလသားယာရှောဗံနှင့် တပ်သားပေါင်း နှစ်သောင်းလေးထောင်တည်း။ 3 ထိုမင်းသည် ဖါရက်အမျိုးသားဖြစ်၍၊ ပဌမလ တွင်
အမှုစောင့်သော တပ်မှူးအပေါင်းတို့ကို အုပ်ရ၏။ 4 ဒုတိယလတွင် အမှုစောင့်သောတပ်ကို အုပ် သောဗိုလ်မင်းကား၊
အဟောဟိအမျိုးသားဒေါဒနှင့် စစ်ကဲမိကလုပ်၊ တပ်သားပေါင်းနှစ်သောင်းလေးထောင် တည်း။ 5 တတိယလနှင့်
ဆိုင်သောတတိယတပ်ဗိုလ်မင်း ကား၊ ယဇ်ပုရောဟိတ်ကြီးယောယဒသား ဗေနာယနှင့် တပ်သားပေါင်းနှစ်သောင်းလေးထောင်တည်း။ 6
ထိုမင်းသည်ဗိုလ်စုတွင် ကျော်စောသောသူ၊ ဗိုလ်ချုပ်အရာရှိသောသူဖြစ်၏။ သူ၏သား အမိဇဗဒ် သည်လည်း တပ်မှူးအရာကိုရ၏။ 7
စတုတ္ထလတွင် စတုတ္ထဗိုလ်မင်းကား၊ ယွာဘ ညီအာသဟေလ၊ စစ်ကဲကားအာသဟေလသားဇေဗဒိ၊
တပ်သားပေါင်းနှစ်သောင်းလေးထောင်တည်း။ 8 ပဥ္စမလတွင် ပဥ္စမဗိုလ်မင်းကား ဣဇဟာအမျိုး ရှံဟုတ်၊
တပ်သားပေါင်းနှစ်သောင်းလေးထောင်တည်း။ 9 ဆဋ္ဌမလတွင် ဆဋ္ဌမဗိုလ်မင်းကား တေကောမြို့ သား၊ ဣကေရှ၏သားဣရ၊
တပ်သားပေါင်းနှစ်သောင်း လေးထောင်တည်း။ 10 သတ္တမလတွင် သတ္တမဗိုလ်မင်းကား ဧဖရိမ် အမျိုး၊ ပေလောနိအနွယ်ဖြစ်သော
ဟေလက်၊ တပ်သား ပေါင်းနှစ်သောင်းလေးထောင်တည်း။ 11 အဋ္ဌမလတွင်အဋ္ဌမဗိုလ်မင်းကား ဇာရအမျိုး၊ ဟုရှသိအနွယ်ဖြစ်သော
သိဗေကဲ၊ တပ်သားပေါင်း နှစ်သောင်းလေးထောင်တည်း။ 12 နဝမလတွင် နဝမဗိုလ်မင်းကား ဗင်္ယာမိန် အမျိုး၊
အနေသောသိအနွယ်ဖြစ်သောအဗျေဇာ၊ တပ်သား ပေါင်းနှစ်သောင်းလေးထောင်တည်း။ 13 ဒသမလတွင် ဒသမဗိုလ်မင်းကား
ဇာရအမျိုး၊ နေတောဖာသိအနွယ်ဖြစ်သော မဟာရဲ၊ တပ်သားပေါင်း နှစ်သောင်းလေးထောင်တည်း။ 14 ဧကဒသမလတွင်
ဧကဒသမဗိုလ်မင်းကား ဧဖရိမ်အမျိုး၊ ပိရသောနိအနွယ်ဖြစ်သောဗေနာယ၊ တပ်သားပေါင်းနှစ်သောင်းလေးထောင်တည်း။ 15
ဒွါဒသမတွင် ဒွါဒသမဗိုလ်မင်းကား ဩသနေလ အမျိုး၊ နေတောဖာသိအနွယ်ဖြစ်သော ဟေလဒဲ၊ တပ်
သားပေါင်းနှစ်သောင်းလေးထောင်တည်း။ 16 ဣသရေလအမျိုးအသီးအသီးတို့ကို အုပ်သော မင်းဟူမူကား၊ ရုဗင်အမျိုးတွင်
ဇိခရိ၏သားဧလျေဇာ၊ ရှိမောင်အမျိုးတွင် မာခ၏သား ရှေဖတိ။ 17 လေဝိအမျိုးတွင် ကေမွေလ၏သားဟာရှဘိ၊ အာရုန်အမျိုးတွင်
ဇာဒုတ်၊ 18 ယုဒအမျိုးတွင် ဒါဝိဒ်အစ်ကိုဧလိဟု၊ ဣသခါ အမျိုးတွင် မိက္ခေလ၏သားဩမရိ၊ 19 ဇာဗုလုန်အမျိုးတွင်
ဩဗဒိ၏သားဣရှမာယ၊ နဿလိအမျိုးတွင် အာဇရေလ၏သား ယေရိမုတ်၊ 20 ဧဖရိမ်အမျိုးတွင် အာဇဇိ၏သား ဟောရှေ၊
မနာရှေအမျိုးတဝက် တွင်ပေဒါယ၏သား ယောလ၊ 21 ဂိလဒ်ပြည်၌ မနာရှေအမျိုးတဝက်တွင် ဇာခရိ ၏သားဣဒ္ဒေါ၊
ဗင်္ယာမိန်အမျိုးတွင် အာဗနာ၏သား ယာသေလ၊ 22 ဒန်အမျိုးတွင် ယေရောဟံ၏ သားအာဇရေလ၊ ဤရွေ့ကား
ဣသရေလအမျိုးတို့ကို အုပ်သောမင်းပေ တည်း။ 23 ထာဝရဘုရားသည် ဣသရေလအမျိုးသားတို့ကို မိုဃ်းကောင်းကင်ကြယ်နှင့်အမျှ
တိုးပွါးများပြားစေတော်မူ မည်ဟု ဂတိတော်ရှိသောကြောင့်၊ ဒါဝိဒ်သည် အသက် နှစ်ဆယ်မစေ့သော သူတို့ကို စာရင်းမယူဘဲ နေ၏။ 24
ဇေရုယာသားယွာဘသည် စာရင်းယူစပြု၍၊ ထိုအပြစ်ကြောင့် အမျက်တော်သည် ဣသရေလအမျိုး အပေါ်သို့ သက်ရောက်သောအခါ
လက်စမသတ်။ ရေတွက်၍ရသော လူပေါင်းကို ဒါဝိဒ်မင်းကြီး၏ မှတ်စာ ၌ မသွင်းမမှတ်။ 25 အဒေလသား အာဇမာဝက်သည်
ဘဏ္ဍာတော် စိုးဖြစ်၏။ ဩဇိသားယောနသန်သည် လယ်ပြင်၊ မြို့ရွာ၊ ရဲတိုက်၌ရှိသော ဘဏ္ဍာတိုက်တို့ကို အုပ်ရ၏။ 26
ခေလုပ်သားဇေရိသည် လယ်ယာလုပ်သော သူတို့ကို အုပ်ရ၏။ 27 ရာမမြို့သားရှိမိသည် စပျစ်ဥယျာဉ်တော်ကို ၎င်း၊ ရှိဖမိမြို့သား
ဇဗဒိသည်စပျစ်သီးနှင့် စပျစ်ရည် တိုက်တို့ကို၎င်း အုပ်ရ၏။ 28 ဂေဒရိလူ ဗာလဟာနန်သည် ချိုင့်တို့၌ရှိသော သံလွင်ပင်နှင့်
သဖန်းပင်တို့ကို၎င်း၊ ယောရှသည် ဆီတိုက် တို့ကို၎င်း အုပ်ရ၏။ 29 ရှာရုန် အရပ်သားရှိ တရဲသည် ရှာရုန်အရပ်၌ ကျက်စားသော
နွားစုကို၎င်း၊ အာဒလဲသား ရှာဖတ်သည် ချိုင့်တို့၌ ကျက်စားသော နွားစုကို၎င်း အုပ်ရ၏။ 30 ဣရှမေလအမျိုးသားဩဗိလသည်
ကုလားအုပ် တို့ကို၎င်း၊ မေရောနသိလူယေဒေယသည် မြည်းတို့ကို၎င်း၊ 31 ဟာဂရိအမျိုးသားခယာဇဇ်သည် သိုးတို့ကို၎င်း အုပ်ရ၏။
ဤသူတို့သည် ဒါဝိဒ်မင်းကြီး၏ ဥစ္စာဘဏ္ဍာ တော်ကိုအုပ်ရသော သူပေတည်း။ 32 ဒါဝိဒ်၏ ဘထွေးတော်ယောနသန်သည်တိုင်ပင်
မှူးမတ်ပညာရှိကျမ်းတတ်ဖြစ်၏။ ဟခမောနိသား ယေဟေလသည် ရှင်ဘုရင်၏သားတော်တို့ အပေါင်း အဘော် ဖြစ်၏။ 33
အဟိသောဖေလသည် ရှင်ဘုရင်၏ တိုင်ပင် မှူးမတ်၊ အာခိမြို့သားဟုရှဲသည် ရှင်ဘုရင်၏ အဆွေ ခင်ပွန်းဖြစ်၏။ 34 အဟိသောဖေလ
နောက်မှာအဗျာသာနှင့် ဗေနာယသား ယောယဒသည် နေရာကျ၏။ ယွာဘသည် တပ်တော်ဗိုလ်ချုပ်မင်းဖြစ်၏။


generated on Tue Jul 2 12:50:28 2024

## Chapter 28

1 တဖန်ဒါဝိဒ်မင်းသည် ဣသရေလမင်းများတည်း ဟူသော အမျိုးအသီးအသီးကို အုပ်သောမင်း၊ အလှည့် လှည့်အမှုတော်ကို
စောင့်သော တပ်မှူးဗိုလ်မင်း၊ လူ တထောင်အုပ်၊ တရာအုပ်၊ ရှင်ဘုရင်၏ဘဏ္ဍာစိုး၊ သား တော်၏ဘဏ္ဍာစိုး၊ ခွန်အားရှိသောသူရဲ
အကြီးအကဲ အရာရှိ အပေါင်းတို့ကို ယေရုရှလင်မြို့မှာ စုဝေးစေတော် မူ၏။ 2 ထိုအခါဒါဝိဒ်မင်းကြီးသည်ရပ်၍၊ ငါ့ညီအစ်ကို၊ ငါ့လူတို့
နားထောင်ကြလော့။ ထာဝရဘုရား၏ ပဋိညာဉ် သေတ္တာတော်ငြိမ်ဝပ်ရာ အိမ်တည်းဟူသော ဘုရားသခင် ၏ ခြေတော်တင်ရာခုံကို
တည်လုပ်မည်ဟု ငါအကြံရှိ၍ တည်လုပ်ခြင်းငှါ ပြင်ဆင်နှင့်ပြီ။ 3 သို့ရာတွင် ဘုရားသခင်က သင်သည် စစ်တိုက် သောသူ၊
လူအသက်ကို သတ်သောသူဖြစ်၍၊ ငါ့နာမ အဘို့အိမ်တော်ကို မတည်မဆောက်ရဟု မိန့်တော်မူ၏။ 4 ဣသရေလအမျိုး၏
ဘုရားသခင်ထာဝရဘုရား သည် ငါ့အဆွေအမျိုးများထဲက ငါ့ကိုရွေးကောက်၍ ဣသရေလရှင်ဘုရင်အရာ၌
အမြဲချီးမြှောက်တော်မူ၏။ ယုဒအမျိုးကို ရွေးကောက်၍ အခြားသော အမျိုး တို့ကို အုပ်စိုးရသောအခွင့်ကို ပေးတော်မူ၏။
ယုဒအမျိုးတွင် ငါ့အဘ၏ အိမ်ထောင်ကိုငင်၊ ငါ့အဘ၏သားတို့တွင် ငါ့ကိုငင်၊ နှစ်သက်၍ဣသရေ လနိုင်ငံလုံးကို စိုးစံရသော
အခွင့်ကို ပေးတော်မူ၏။ 5 ထာဝရဘုရားသည် ငါ့အားများစွာသော သား တို့ကို ပေးတော်မူသည်ဖြစ်၍၊ ငါ့သားအပေါင်းတို့တွင်
သားရှောလမုန်ကို ရွေးကောက်၍ ဣသရေလအမျိုးကို အုပ်စိုးလျက်၊ ထာဝရဘုရား၏ နိုင်ငံတော်ရာဇပလ္လင် ပေါ်မှာထိုင်စေခြင်းငှါ
ခန့်ထားတော်မူပြီ။ 6 ငါ့အားလည်း သင့်သားရှောလမုန်သည် ငါ့အိမ် နှင့်ငါ့တန်တိုင်းတို့ကို တည်ရမည်။ ငါသည်ထိုသူကို သား
အရာ၌ခန့်ထားခြင်းငှါ ရွေးကောက်ပြီ။ ငါသည် သူ၏ အဘဖြစ်မည်။ 7 သူသည် ငါစီရင်ချက်ပညတ် တရားတို့ကို ယနေ့ ကဲ့သို့
အမြဲကျင့်လျှင် သူ၏နိုင်ငံကို ငါတည်စေမည်ဟု မိန့်တော်မူ၏။ 8 သို့ဖြစ်၍ သင်တို့သည် ဤကောင်းသော ပြည်ကို ပိုင်၍ သင်တို့၏
သားမြေးအစဉ်အဆက် အမွေခံရာဘို့ ချဉ်ထားလိုသောငှါ၊ ထာဝရဘုရား၏ပရိသတ်တည်း ဟူသော
ဣသရေလအမျိုးသားအပေါင်းတို့ရှေ့၌၎င်း၊ ငါတို့ဘုရားသခင့်အထံတော်၌၎င်း၊ သင်တို့ဘုရားသခင် ထာဝရဘုရား၏
ပညတ်တော်ရှိသမျှတို့ကိုရှာ၍ စောင့် ရှောက်ကြလော့။ 9 ငါ့သားရှောလမုန်၊ သင့်အဘ၏ဘုရားသခင်ကို သိလော့။ စုံလင်သောနှလုံး၊
ကြည်ညိုသော စိတ်သဘော နှင့် ဝတ်ပြုလော့။ ထာဝရဘုရားသည် ခပ်သိမ်းသော စိတ်နှလုံးတို့ကို စစ်၍အကြံအစည်ရှိလေသမျှတို့ကို
သိတော်မူ၏။ ကိုယ်တော်ကို ရှာလျှင်အတွေ့ခံတော်မူမည်။ ကိုယ်တော်ကိုစွန့်လျှင် သင့်ကို အစဉ်အမြဲ စွန့်တော်မူမည်။ 10
သတိပြုလော့။ သန့်ရှင်းရာဌာနအဘို့ အိမ် တော်ကို တည်ဆောက်စေခြင်းငှါ သင့်ကို ထာဝရဘုရား ရွေးကောက်တော်မူသောကြောင့်၊
အားယူ၍ တည် ဆောက်လော့ဟုမှာထားတော်မူ၏။ 11 ထိုအခါအိမ်တော်ဦး၊ အဆောင်ကြီး၊ ဘဏ္ဍာ တိုက်၊ အထက်ခန်း၊ အတွင်းခန်း၊
သေတ္တာတော်အဖုံး ထားရာ အခန်း၏ ပုံကိုငင်၊ 12 ထာဝရဘုရား၏အိမ်တော်တန်တိုင်းများ၊ ပတ် လည်၌ ကာသောအခန်းများ၊
ဘုရားသခင်၏ အိမ်တော် ဘဏ္ဍာတိုက်များ၊ ပူဇော်သောအရာသိုထားရာ တိုက်များ တို့၏ပုံကိုငင်၊ မိမိကြံစည်သမျှအတိုင်း၊
ဒါဝိဒ်သည် သားတောရှောလမုန်အား အပ်တော်မူ၏။ 13 ယဇ်ပုရောဟိတ်၊ လေဝိသားသင်းဖွဲ့ခြင်း၊ ထာဝရဘုရား၏အိမ်တော်၌
အမှုတော်ကို ဆောင်ရွက် ခြင်း၊ ဆောင်ရွက်စရာ တန်ဆာရှိသမျှတို့ကိုလည်း စီရင် တော်မူ၏။ 14 အမှုတော်အမျိုးမျိုးကို
ဆောင်ရွက်စရာ ရွှေ တန်ဆာရှိသမျှတို့အဘို့ ရွှေကိုငင်၊ ငွေတန်ဆာရှိသမျှတို့ အဘို့ ငွေကိုငင်းချိန်၍ အပ်တော်မူ၏။ 15
ရွှေမီးခုံနှင့်ရွှေမီးခွက်အသီးအသီးအဘို့၊ ငွေမီးခုံ နှင့် ငွေမီးခွက်အသီးအသီး သုံးစရာရှိသည်အတိုင်း ရွှေငွေကို ချိန်၍ အပ်တော်မူ၏။ 16
ရှေ့တော်မုန့်တင်စရာရွှေစားပွဲနှင့် ငွေစားပွဲ အသီးအသီးအဘို့ ရွှေငွေကိုချိန်၍ အပ်တော်မူ၏။ 17 အမဲသားချိတ်၊ အင်တုံ၊
ဖလားများအဘို့ ရွှေစင် ကိုငင်၊ ရွှေလင်ပန်းနှင့် ငွေလင်ပန်းအသီးအသီးအဘို့ ရွှေငွေကိုငင်၊ ချိန်၍အပ်တော်မူ၏။ 18
နံ့သာပေါင်းမီးရှို့ရာ ယဇ်ပလ္လင်အဘို့ ရွှေစင်ကို ငင်၊ အတောင်တို့ကို ဖြန့်၍ ထာဝရဘုရား၏ ပဋိညာဉ် သေတ္တာတော်ကို လွှမ်းမိုးသော
ခေရုဗိမ်ရထားတော်ပုံ အဘို့ရွှေကိုငင်၊ ချိန်၍အပ်တော်မူ၏။ 19 ထိုပုံများရှိသမျှတို့ကို ရေးထားသည်အတိုင်း၊ နားလည်နိုင်သော
ဉာဏ်ပညာကို ထာဝရဘုရားသည် ပေးတော်မူ၏။ 20 သားတော်ရှောလမုန်အားလည်း၊ သင်သည် အားယူ၍ ရဲရင့်သော
စိတ်နှင့်လုပ်ဆောင်လော့။ မစိုးရိမ် နှင့်။ စိတ်မပျက်နှင့်။ ငါ၏ဘုရားသခင် ထာဝရအရှင် ဘုရားသခင်သည်
သင်နှင့်အတူရှိတော်မူလိမ့်မည်။ ထာဝရဘုရား၏အိမ်တော်မှုကို ဆောင်ရွက်ရာဘို့ လုပ် ဆောင်၍ လက်စမသတ်မှီတိုင်အောင် သင့်ကို
စွန့်တော် မမူ။ ပစ်ထားတော်မမူ။ 21 သင်းဖွဲ့သောယဇ်ပုရောဟိတ်၊ လေဝိသားတို့ သည်လည်း ဘုရားသခင်၏အိမ်တော်မှုကို
ဆောင်ရွက် ရာဘို့ရှိကြ၏။ လိမ္မာသော ဆရာသမားအမျိုးမျိုးတို့ သည်လည်း အရာရာတို့ကို လုပ်ဆောင်စေဘို့ရှိကြ၏။ မင်းများနှင့်
ပြည်သူပြည်သားများအပေါင်းတို့သည်လည်း သင့်လက်၌ရှိကြသည်ဟု မိန့်တော်မူ၏။

 generated on Tue Jul 2 12:50:28 2024

## Chapter 29

1 တဖန် ဒါဝိဒ်မင်းကြီးက၊ ဘုရားသခင် ရွေး ကောက်တော်မူသော ငါ့သားရှောလမုန်သည် အသက် ငယ်၍ နုသေး၏။ အမှုမူကား
ကြီးလှ၏။ တည်ဆောက် ရသော ဗိမာန်သည် လူ့အဘို့မဟုတ်၊ ထာဝရအရှင် ဘုရားသခင်အဘို့ဖြစ်၏။ 2
ငါ၏ဘုရားသခင်အိမ်တော်အဘို့ရွှေတန်ဆာ လုပ်စရာဘို့ ရွှေကို၎င်း၊ ငွေတန်ဆာလုပ်စရာဘို့ ငွေကို ၎င်း၊ ကြေးဝါတန်ဆာလုပ်စရာဘို့
ကြေးဝါကို၎င်း၊ သံတန်ဆာလုပ် စရာဘို့ သံကို၎င်း၊ သစ်သားတန်ဆာလုပ်စရာဘို့ သစ်သားကို၎င်း၊ ရှဟံကျောက်နှင့်အရောင်
မျိုးထွက်၍ စီစရာဘို့ ကောင်းသောကျောက်၊ အဘိုးထိုက် သော ကျောက်မျိုး၊ များစွာသော ကျောက်ဖြူတို့ကို၎င်း၊ တတ်နိုင်သမျှ
အတိုင်းငါပြင်ဆင်ပြီ။ 3 ငါ၏ဘုရားသခင် အိမ်တော်၌ငါ့စိတ်နှလုံး စွဲလမ်းသောကြောင့်၊ 4 ထိုသန့်ရှင်းသောအိမ်အဘို့ ပြင်ဆင် သော
ဥစ္စာမှတပါး ကိုယ်ဥစ္စာထဲက သြဖိရရွှေအခွက် သုံးသောင်းနှင့်ကျောက်ထရံတို့ကို မွမ်းမံစရာဘို့ ငွေစင် ခုနစ်သောင်းကို
ငါ၏ဘုရားသခင်အိမ်တော်အဘို့ ငါပေး၏။ 5 ရွှေသည် ရွှေတန်ဆာအဘို့၊ ငွေသည် ငွေ တန်ဆာအဘို့နှင့် ဆရာသမားလုပ်သမျှအဘို့
ဖြစ်၏။ သို့ဖြစ်၍ ယနေ့ထာဝရဘုရားအား ကိုယ်ဥစ္စာကို အဘယ် သူပူဇော်ချင်သနည်းဟု ပရိသတ်အပေါင်းတို့အား မေးတော်မူလျှင်၊ 6
အဆွေအမျိုးတို့၏ အကြီးအကဲများ၊ ဣသရေလ အမျိုး အသီးအသီးတို့ကို အုပ်စိုးသောမင်းများ၊ လူ တထောင်အုပ်၊ တရာအုပ်များ၊
ရှင်ဘုရင်၏ အမှုတော်ကို စီရင်သောသူများတို့သည် ကြည်ညိုသော စိတ်ရှိ၍၊ 7 ဘုရားသခင်၏အိမ်တော်မှုကို ဆောင်ရွက်ရာဘို့
ရွှေအခွက်ငါး သောင်းနှင့်ရွှေဒင်္ဂါးတသောင်း၊ ငွေအခွက် တသိန်း၊ ကြေးဝါအခွက် တသိန်းရှစ်သောင်း၊ သံအခွက် တသန်းကို လှူကြ၏။
8 ကျောက်မြတ်ရှိသော သူတို့သည်လည်း ဂေရရှုံ အမျိုးသား ယေဟေလလက်ဖြင့် ထာဝရဘုရား၏ အိမ်တော်ဘဏ္ဍာထဲသို့
သွင်းကြ၏။ 9 လူများတို့သည် စုံလင်သောနှလုံး၊ ကြည်ညို သော စိတ်သဘောရှိ၍ ထာဝရဘုရားအား ပူဇော်သော ကြောင့်
ဝမ်းမြောက်ကြ၏။ ဒါဝိဒ်မင်းကြီးသည်လည်း အလွန်တရာဝမ်းမြောက်တော်မူ၏။ 10 ထိုအခါဒါဝိဒ်က၊ အကျွန်ုပ်တို့အဘ ဣသရေလ
၏ဘုရားသခင် ထာဝရဘုရား၊ ကိုယ်တော်သည် ကမ္ဘာ အဆက်ဆက် မင်္ဂလာရှိတော်မူစေသတည်း။ 11 အိုထာဝရဘုရား၊
ကိုယ်တော်သည် ဘုန်းတန်ခိုး အာနုဘော်၊ အောင်မြင်ခြင်းအခွင့်၊ အာဏာတော်နှင့် ပြည့်စုံတော်မူ၏။ ကောင်းကင်မြေကြီး၌ရှိရှိသမျှကို
ပိုင်တော်မူ၏။ အိုထာဝရဘုရား၊ကိုယ်တော်သည် အစိုးရ တော်မူ၏။ ခပ်သိမ်းသောသူတို့၏ အထွဋ်၌၊ မြင့်မြတ်တော် မူ၏။ 12
ဂုဏ်အသရေနှင့် စည်းစိမ်ဥစ္စာသည် ကျေးဇူး တော်ကြောင့်သာ ဖြစ်၏။ကိုယ်တော်သည် ခပ်သိမ်းသော သူတို့ကို အုပ်စိုးတော်မူ၏။
ခွန်အား အစွမ်းသတ္တိကို ပေးပိုင်တော်မူ၏။ ခပ်သိမ်းသောသူတို့အား ကြီးမြတ် သော အခွင့်နှင့်ခိုင်ခံ့သော အခွင့်ကို ပေးပိုင်တော်မူ၏။
13 သို့ဖြစ်၍ အကျွန်ုပ်တို့၏ ဘုရားသခင်၊ ကျေးဇူး တော်ကြီးလှပါသည်ဟု အကျွန်ုပ်တို့သည် ဝန်ခံ၍ ဘုန်းကြီးသော နာမတော်ကို
ချီးမွမ်းကြပါ၏။ 14 သို့ရာတွင် ကြည်ညိုသောစိတ်နှင့် ဤမျှလောက် ပူဇော်နိုင်အောင် အကျွန်ုပ်နှင့်အကျွန်ုပ်၏လူတို့သည်
အဘယ်သို့သောသူဖြစ်ပါသနည်း။ ခပ်သိမ်းသောအရာတို့ သည် တန်ခိုးတော်ကြောင့်ဖြစ်ပါ၏။ အကျွန်ုပ်တို့သည်
ကိုယ်တော်၏ဥစ္စာထဲကသာ ကိုယ်တော်အား ပူဇော်ပါ၏။ 15 အကျွန်ုပ်တို့သည် ဘိုးဘေးများကဲ့သို့ ရှေ့တော်၌ ဧည့်သည်
အာဂန္တုဖြစ်ပါ၏။ မြေကြီးပေါ်မှာ နေရသော ကာလသည် အရိပ်ကဲ့သို့ ဖြစ်ပါ၏။ မှီခိုရာမရှိပါ။ 16 အကျွန်ုပ်တို့၏ ဘုရားသခင်
ထာဝရဘုရား၊ ကိုယ်တော်၏နာမအဘို့ ကိုယ်တော်၏အိမ်ကို တည် ဆောက်ခြင်းအလိုငှါ၊ အကျွန်ုပ်တို့ ပြင်ဆင်သောဤ
ဘဏ္ဍာရှိသမျှသည် တန်ခိုးတော်ကြောင့်ဖြစ်ပါ၏။ အလုံး စုံတို့ကို ကိုယ်တော်ပိုင်တော်မူ၏။ 17 အကျွန်ုပ်တို့၏ ဘုရားသခင်၊
ကိုယ်တော်သည် စိတ်နှလုံးကို စစ်၍ ဖြောင့်မတ်ခြင်းသဘောကို နှစ်သက် တော်မူသည်ကို အကျွန်ုပ်သိပါ၏။ အကျွန်ုပ်မူကား
ဖြောင့်မတ်ခြင်းသဘော၊ ကြည်ညိုသော စိတ်ရှိသည် နှင့် ဤဘဏ္ဍာရှိသမျှကို ပူဇော်ပါ၏။ စည်းဝေးလျက်ရှိသော ကိုယ်တော်၏
လူတို့သည် ကြည်ညိုသော စိတ်နှင့် ပူဇော်ကြသည်ကို မြင်၍ဝမ်းမြောက်ပါ၏။ 18 အကျွန်ုပ်တို့ ဘိုးဘေးအာဗြဟံ၊ ဣဇာက်၊ ဣသ
ရေလတို့၏ ဘုရားသခင် ထာဝရဘုရား၊ ကိုယ်တော်၏ လူတို့သည် ဤအမှုအရာများကို၊ အစဉ်အောက်မေ့စွဲလမ်း သော
စိတ်သဘောရှိမည်အကြောင်း၊ သူတို့စိတ်နှလုံး သည် ကိုယ်တော်ဘက်၌ တည်ကြည်မည်အကြောင်း ကယ်မသနားတော်မူပါ။ 19
အကျွန်ုပ်၏သားရှောလမုန်သည်လည်း ကိုယ် တော်၏ သက်သေခံချက်၊ ထုံးဖွဲ့ချက်ပညတ်တရားတို့ကို စောင့်ရှောက်၍၊ အကျွန်ုပ်
ပြင်ဆင်သော အမှုကို အကုန် အစင်ပြီးစီးစေလျက်၊ ဗိမာန်တော်ကို တည်ဆောက်နိုင် မည်အကြောင်း၊ စုံလင်သော စိတ်နှလုံးကို
ပေးသနား တော်မူပါဟု၊ ပရိသတ်အပေါင်းတို့ရှေ့မှာ ထာဝရဘုရား ကို ကောင်းကြီးပေးလျက် မြွက်ဆို၏။ 20
ပရိသတ်အပေါင်းတို့အားလည်း၊ သင်တို့၏ ဘုရားသခင် ထာဝရဘုရားကို ကောင်းကြီးပေးကြလော့ ဟု မိန့်တော်မူသည်အတိုင်း၊
ပရိသတ်အပေါင်းတို့သည် ဘိုးဘေးတို့၏ ဘုရားသခင်ထာဝရဘုရားကို ကောင်းကြီး ပေးလျက် ဦးချ၍ ထာဝရဘုရားကို၎င်း၊
ရှင်ဘုရင်ကို၎င်း ရှိခိုးကြ၏။ 21 နက်ဖြန်နေ့၌လည်း ယဇ်ပူဇော်ခြင်း အမှုကိုပြု၍ နွားတထောင်၊ သိုးတထောင်၊ သိုးသငယ်
တထောင်တို့ကို မီးရှို့သဖြင့်၊ သွန်းလောင်းရာ ပူဇော်သက္ကာတို့နှင့်တကွ ဣသရေလအမျိုးတမျိုးလုံးအတွက် ထာဝရဘုရား အား
များစွာသော ယဇ်ကို ပူဇော်ကြ၏။ 22 ထိုနေ့ခြင်းတွင် ထာဝရဘုရားရှေ့တော်၌ စား သောက်၍ ပျော်မွေ့ခြင်းကို ပြုလျက်ဒါဝိဒ်၏
သားတော် ရှောလမုန်ကို ရှင်ဘုရင်အရာ၌ ဒုတိယအကြိမ် ချီး မြှောက်၍ ထာဝရဘုရားအောက်မှာ မင်းဖြစ်စေခြင်းငှါ ၎င်း၊
ဇာဒုတ်ကိုယဇ်ပုရောဟိတ်ဖြစ်စေခြင်းငှါ၎င်း ဘိသိက်ပေးကြ၏။ 23 ထိုအခါရှောလမုန်သည် ခမည်းတော် ဒါဝိဒ် ကိုယ်စား
ရှင်ဘုရင်အရာကိုခံ၍ ထာဝရဘုရား၏ ရာဇ ပလ္လင်တော်ပေါ်မှာ ထိုင်လျက် ဘုန်းကြီးတော်မူ၏။ ဣသ
ရေလအမျိုးသားအပေါင်းတို့သည် စကားတော်ကို နားထောင်ကြ၏။ 24 မှူးတော်မတ်တော်၊ အရာကြီးသော သူအပေါင်း တို့နှင့်


generated on Tue Jul 2 12:50:28 2024

ဒါဝိဒ်မင်းကြီး၏သားတော်အပေါင်းတို့သည် ရှောလမုန်မင်းကြီး၏ အုပ်စိုးခြင်းကို ဝန်ခံကြ၏။ [25] ထာဝရဘုရားသည်
ဣသရေလအမျိုးသား အပေါင်းတို့ရှေ့မှာ ရှောလမုန်ကိုအလွန်ချီးမြှောက်၍ ဣသရေလရှင်ဘုရင်တယောက်မျှ မခံစဖူးသော ဘုန်း
အာနုဘော်တော်ကို ပေးသနားတော်မူ၏။ [26] ယေရှဲ၏သားဒါဝိဒ်သည် ဣသရေလနိုင်ငံလုံး ကို အစိုးရသောမင်းဖြစ်တော်မူ၏။ [27]
ဟေဗြုန်မြို့၌ ခုနစ်နှစ်၊ ယေရုရှလင်မြို့၌ သုံးဆယ်သုံးနှစ်မင်းပြု ၍ဣသရေလနိုင်ငံကို စိုးစံသော နှစ်ပေါင်းကား
အနှစ်လေးဆယ်တည်း။ [28] ဒါဝိဒ်သည် အသက်ကြီးရင့်၍ နေ့ရက်ကာလ ပြည့်စုံခြင်း၊ ဘုန်းစည်းစိမ်ကြွယ်ဝခြင်းရှိလျက် အနိစ္စ
ရောက်၍ သားတော်ရှောလမုန်သည် ခမည်းတော် အရာ၌ နန်းထိုင်လေ၏။ [29] ဒါဝိဒ်မင်းကြီးပြုမူသော အမှုအရာအစအဆုံး ရှိသမျှ၊
အစိုးရခြင်း၊ တန်ခိုးကြီးခြင်းနှင့်တကွ၊ [30] ကိုယ်တော် မှစ၍ ဣသရေလပြည်၊ အခြားတပါးသော တိုင်းပြည်များ
တို့၌ဖြစ်လေသမျှသော အမှုအရာအလုံးစုံတို့သည် ပရောဖက်ရှမွေလ၏ ကျမ်းစာပရောဖက် နာသန်၏ကျမ်းစာ၊ ပရောဖက်ဂဒ်၏
ကျမ်းစာတို့၌ ရေးထား လျက်ရှိ၏။

---


generated on Tue Jul 2 12:50:28 2024

# 2 Chronicles

## Chapter 1

1 ဒါဝိဒ်၏သားတော်ရှောလမုန်သည်၊ မိမိဘုရား သခင် ထာဝရဘုရားမစတော်မူခြင်း၊ အလွန်ချီးမြှောက် တော်မူခြင်းကျေးဇူးကြောင့်၊
မိမိအာဏာတော် တည် ကြည်မြဲမြံသောအခါ၊ 2 လူတထောင်အုပ်၊ တရာအုပ်၊ တရားသူကြီး၊ ဣသရေလမင်းအပေါင်းတို့နှင့်
အဆွေအမျိုးသူကြီးအစ ရှိသော ဣသရေလအမျိုးသားအပေါင်းတို့ကို ခေါ်၍၊ 3 တောဌ် ထာဝရဘုရား၏ကျွန် မောရှေလုပ်ခဲ့ သော
ဘုရားသခင်၏ပရိသတ်စည်းဝေးရာ တဲတော်သည် ဂိဗောင်မြို့တွင် မြင့်သောအရပ်၌ ရှိသည်ဖြစ်၍ ထိုအရပ် သို့
ပရိသတ်အပေါင်းတို့နှင့်အတူ သွားတော်မူ၏။ 4 ဘုရားသခင်၏ သေတ္တာတော်ကို ကားဒါဝိဒ် ပြင်ဆင်သောအရပ်၊ ယေရုရှလင်မြို့၌
ဆောက်နှင့် သောတဲသို့ ကိရယတ်ယာရိမ် မြို့မှ ဆောင်ခဲ့သော်လည်း၊ 5 ဟုရသားဖြစ်သော ဥရိ၏သား ဗေဇလေလ
လုပ်ခဲ့သောကြေးဝါ ယဇ်ပလ္လင်ကို ထာဝရဘုရား၏ တဲတော်ရှေ့မှာ ထားသောကြောင့်၊ ရှောလမုန်နှင့် ပရိသတ်တို့သည် ထိုယဇ်ပလ္လင်သို့
သွားကြ၏။ 6 ထိုသို့ပရိသတ်စည်းဝေးရာတဲတော်ရှေ့၊ ထာဝရ ဘုရားရှေ့တော်၌ရှိသော ကြေးဝါယဇ်ပလ္လင်သို့ ရှော လမုန်ရောက်၍
ထိုပလ္လင်ပေါ်မှာ မီးရှို့ရာယဇ်တထောင် ကို ပူဇော်လေ၏။ 7 ထိုညဉ့်တွင် ဘုရားသခင်သည် ရှောလမုန်အား ထင်ရှားလျက်၊
ငါပေးရမည့်ဆုကို တောင်းလော့ဟု မိန့်တော်မူ၏။ 8 ရှောလမုန်ကလည်း၊ ကိုယ်တော်သည် အကျွန်ုပ် အဘဒါဝိဒ်၌ များစွာသော
ကျေးဇူးကိုပြုတော်မူပြီ။ အဘအရာ၌လည်း အကျွန်ုပ်ကို နန်းထိုင်စေတော်မူပြီ။ 9 ယခုမှာ အိုထာဝရအရှင်ဘုရားသခင်၊ မြေမှုန့်
များသကဲ့သို့ အရေအတွက်အားဖြင့် များပြားသော လူတို့၏ ရှင်ဘုရင်အရာ၌ အကျွန်ုပ်ကို ချီးမြှောက်တော် မူသောကြောင့်
အဘဒါဝိဒ်၌ထားသော ဂတိတော်ကို တည်စေတော်မူပါ။ 10 အကျွန်ုပ်သည် ဤလူတို့ရှေ့မှာထွက် ဝင်နိုင် မည်အကြောင်း
ဥာဏ်ပညာကို ပေးသနားတော်မူပါ။ ဤမျှလောက်များစွာသော ကိုယ်တော်၏ လူတို့ကို အဘယ်သူသည် ကိုယ်အလိုအလျောက်
တရားစီရင် နိုင်ပါမည်နည်းဟု တောင်းလျှောက်၏။ 11 ဘုရားသခင်ကလည်း၊ သင်သည် ထိုသို့အောက် မေ့၍
စည်းစိမ်ဥစ္စာဂုဏ်အသရေကို မတောင်း၊ ရန်သူ တို့၏ အသက်ကိုလည်း မတောင်း၊ တာရှည်သော အသက် ကိုလည်းမတောင်း၊
ငါခန့်ထား၍ သင်အစိုးရသော ငါ၏ လူမျိုးကို တရားစီရင်ခြင်းငှါ တတ်နိုင်သော ဥာဏ်ပညာ ကိုသာ ကိုယ်အဘို့ တောင်းသောကြောင့်၊
12 ဥာဏ်ပညာကို ငါပေး၏။ ထိုမှတပါး သင့်ရှေ့ မှာဖြစ်ဘူးသော ရှင်ဘုရင်နှင့် သင့်နောက်၌ ဖြစ်လတံ့ သော ရှင်ဘုရင်တယောက်မျှ
မမှီနိုင်မည်အကြောင်း၊ စည်းစိမ်ဥစ္စာ၊ ဂုဏ်အသရေကိုလည်း ငါပေးမည်ဟု မိန့်တော်မူ၏။ 13 ထိုအခါ ရှောလမုန်သည် ဂိဗောင်မြို့တွင်
မြင့် သောအရပ်၌ ရှိသောပရိသတ်စည်းဝေးရာ တဲတော်ရှေ့မှ သည် ယေရုရှလင်မြို့သို့ ပြန်သွား၍၊ ဣသရေလပြည်ကို
အုပ်စိုးလျက်နေတော်မူ၏။ 14 ထိုနောက်ရှောလမုန်သည် ရထားများ၊ မြင်းစီး သူရဲများကို ဆည်းဖူး၍၊ ရထားတထောင်နှင့်လေးရာ၊
မြင်းစီးသူရဲတသောင်းနှစ်ထောင်ရှိ၏။ ရထားထိန်းမြို့တို့ ၌၎င်း၊ ယေရုရှလင်မြို့ အထံတော်၌၎င်း ထား၏။ 15 ရှင်ဘုရင်သည်
ယေရုရှလင်မြို့၌ ရွှေငွေကို ကျောက်ခဲကဲ့သို့၎င်း၊ အာရဇ်ပင်တို့ကို လွင်ပြင်၌ ပေါက် သော သဖန်းပင်ကဲ့သို့၎င်း၊ များပြားစေ၏။ 16
ရှောလမုန်ထံသို့မြင်းများကို အဲဂုတ္တုပြည်၊ ကောမြို့မှ ဆောင်ခဲ့ရ၏။ ရှင်ဘုရင်ကုန်သည်တို့သည် အဘိုးပေးလျက်၊
ကောမြို့၌ခံယူရကြ၏။ 17 အဲဂုတ္တုပြည်မှ ရထားတခုကိုငွေခြောက်ပိဿာ နှင့်၎င်း၊ မြင်းတစီးကို ငွေခြောက်ပိဿာနှင့်၎င်း၊ မြင်း
တစီးကို တပိဿာငါးဆယ်နှင့်၎င်း ရောင်းမြဲရှိ၏။ ထိုသို့ ဟိတ္တိမင်းကြီးနှင့်၊ ရှုရိမင်းကြီးအပေါင်းတို့သည် အဲဂုတ္တု ရထားနှင့်
မြင်းတို့ကိုရတတ်ကြ၏။

---

2 Chronicles 01

အာဏာတော် တည် ကြည်မြဲမြံ
အခြားသောဘာသာပြန်ဆိုချက်၊ "ရှောလုမုန်သည် ဣသရေလနိုင်ငံအပေါ်တွင် ကြီးမားသောအာဏာရှိသည်။"

ထာဝရဘုရား
ထာဝရဘုရားသည် ဓမ္မဟောင်းကျမ်းစာတွင် ဘုရားသခင် သည့်လူများအား ဖွင့်ပြသော အမည်နာမတော်ဖြစ်သည်။

သခင် ထာဝရဘုရားမစတော်မူ
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်သည် သူ့ကိုထောက်ပံ့သည်" သို့မဟုတ် "ကူညီသည်။"

2 Chronicles 02

ကိရယတ်ယာရိမ်
ကိရယတ်ယာရိမ်သည် ယေရုရှလင်မြို့ အနောက်ဘက်ခြမ်း မှ ၉ မိုင်ခန့်ဝေးသောမြို့ငယ်တစ်မြို့ဖြစ်သည်။

တဲတော် ... ရှိသည်
အခြားသောဘာသာပြန်ဆိုချက်၊ "တဲထိုးသည်။"


generated on Tue Jul 2 12:50:28 2024

ဟုရသားဖြစ်သော ဥရိ၏သား ဗေဇလေလ

2 Chronicles 06

ထိုသို့ပရိသတ်စည်းဝေးရာတဲတော်ရှေ့...ကြေးဝါယဇ်ပလ္လင်
ရှောလမုန်သည် စုဝေးရာတဲတော်တွင်ရှိသော ယဇ်ပလ္လင်ရှိရာ ဂိဗောင်သို့ သွားသည်။

2 Chronicles 08

တည်စေတော်မူ
အခြားသောဘာသာပြန်ဆိုချက်၊ "ပြီးစီးခြင်း" သို့မဟုတ် "ပြီးမြောက်ခြင်း အခြေအနေသို့ ရောက်ရှိ"

မြေမှုန့် များသကဲ့သို့ အရေအတွက်အားဖြင့် များပြားသော လူတို့
အခြားသောဘာသာပြန်ဆိုချက်၊ "မရေတွက်နိုင်လောက်အောင် လူများပြားခြင်း။"

ဤမျှလောက်များစွာသော ကိုယ်တော်၏ လူတို့ကို အဘယ်သူသည် ကိုယ်အလိုအလျောက် တရားစီရင် နိုင်ပါမည်နည်း
အခြားသောဘာသာပြန်ဆိုချက်၊ "ဤမျှလောက်များစွာသော ကိုယ်တော်၏ လူများကို မည်သူမျှတရားမစီရင်နိုင်ပါ။"

2 Chronicles 12

ပရိသတ်စည်းဝေးရာ တဲတော်ရှေ့မှ
အခြားသောဘာသာပြန်ဆိုချက်၊ "တဲတော်ရှေ့တွင်။"

2 Chronicles 14

ရထားထိန်းမြို့တို့ ၌
ရထားထိန်းများသိုထားရာ မြို့များကိုရည်ညွှန်းခြင်းဖြစ်သည်။

ယေရုရှလင်မြို့၌ ရွှေငွေကို ကျောက်ခဲကဲ့သို့
အခြားသောဘာသာပြန်ဆိုချက်၊ "အဖိုးတန်၊ ရှားပါးသောသတ္တုများ ပေါ်များသော။"

အာရဇ်ပင်တို့ကို လွင်ပြင်၌ ပေါက်သော သဖန်းပင်ကဲ့သို့
အခြားသောဘာသာပြန်ဆိုချက်၊ "အဖိုးတန်၊ ရှားပါးသောသွင်းကုန်သစ်သားများ ပေါ်များသော။"

---

## Translation Questions

2 Chronicles 1:1

ဒါဝိဒ်၏သားတော်ရှောလမုန်သည် အဘယ်ကြောင့် အာဏာတော် တည်ကြည် မြဲမြံခဲ့သနည်း။
ရှောလမုန်သည် ထာဝရဘုရားသခင်၏ အတူရှိတော်မူခြင်းနှင့် အလွန်တန်ခိုးကြီးအောင် ပြုလုပ်ခဲ့သောကြောင့် အာဏာတော် တည်ကြည် မြဲမြံခဲ့သည်။

2 Chronicles 1:2

ရှောလမုန်မင်းကြီးသည် ဂိဗောင်မြို့ရှိ တဲတော်သို့ ယဇ်ပူဇော်ချိန်တွင် မည်သည့်အရာများရှိ သနည်း။
ထိုနေရာတွင် ဘုရားသခင်၏ တဲတော်အစည်းအဝေး သို့မဟုတ် မောရှေသည် တော၌ စီရင်သောရင်ပြင်ရှိရာ၊ ဗေဇလေလလုပ်ခဲ့သော ကြေးဝါယဇ်ပလ္လင်ရှိသည်။ သို့သော် ပဋိညာဉ်သေတ္တာတော်ကို ကိရယတ်ယာရိမ် မြို့မှ ယေရုရှလင်မြို့သို့ ချီဆောင်ပြီးခဲ့ပြီဖြစ်သည်။

2 Chronicles 1:6

ထာဝရဘုရားသခင်သည် ရှောလမုန်မင်းကြီးထံသို့ ထင်ရှား၍ "ငါပေးရမည့်ဆုကို တောင်းလော့ဟု မိန့်တော်မူ" ခြင်းမရှိမီ သူသည် ဘာလုပ်ခဲ့သနည်း။
ရှောလမုန်မင်းကြီးသည် ထာဝရဘုရားကို ကြေးဝါယဇ်ပလ္လင်သို့ မီးရှို့ရာယဇ်တထောင်ကို ပူဇော်ခဲ့ခြင်းဖြင့် ကိုးကွယ်ခဲ့သည်။

2 Chronicles 1:8

ရှောလမုန်မင်းကြီးသည် ထာဝရဘုရားအား မည်သည့်အတွက်ကြောင့် ဉာဏ်ပညာပေးရန် တောင်းဆိုခဲ့သနည်း။
ရှောလမုန်မင်းကြီးသည် ထာဝရဘုရားအား များပြားလှသော ဣသရေလလူမျိုးတို့ကို ဦးဆောင်နိုင်ရန်အတွက်ဉာဏ်ပညာပေးရန် တောင်းဆိုခဲ့ခြင်းဖြစ်သည်။

ထာဝရဘုရားသခင်သည် ရှောလမုန်မင်းကြီးအား မည်သည့်အတွက်ကြောင့် ဉာဏ်ပညာကို ပေးခဲ့သနည်း။
ထာဝရဘုရားသခင်သည် ရှောလမုန်မင်းကြီးအား ဉာဏ်ပညာကို ပေးခဲ့ရခြင်းမှာ သူသည် စည်းစိမ်ဥစ္စာဂုဏ်အသရေကို မတောင်း၊ ရန်သူတို့၏ အသက်ကိုလည်း မတောင်း၊ တာရှည်သော အသက်ကိုလည်းမတောင်းဘဲ ဘုရားသခင်၏ မစခြင်းဖြင့် သူ၏ လူမျိုးတို့ကို အစိုးရနိုင်ရန် တောင်းဆိုသောကြောင့်ဖြစ်သည်။

2 Chronicles 1:12

ထာဝရဘုရားသခင်သည် ရှောလမုန်မင်းကြီးအား ဉာဏ်ပညာနှင့်တစ်ကွ ဘာကိုပေးခဲ့သနည်း။
ထာဝရဘုရားသခင်သည် ရှောလမုန်မင်းကြီးမတောင်းခဲ့သော စည်းစိမ်ဥစ္စာ၊ ဂုဏ်အသရေနှင့် သူ့ရှေ့မှာ ဖြစ်ဖူးသော ရှင်ဘုရင်တစ်စုံတစ်ယောက်မျှ မမှီနိုင် မည်အကြောင်း ကောင်းကြီးပေးခဲ့သည်။

2 Chronicles 1:14

လူတို့သည် ရှောလမုန်မင်းကြီး၏ ချမ်းသာခြင်းကို မည်သည့်နည်းလမ်းဖြင့် မြင်ခဲ့ကြသနည်း။

ရှောလမုန်မင်းကြီးသည် ရထား တထောင်လေးရာ၊ မြင်းစီးသူရဲ တသောင်းနှစ်ထောင်၊ ရွှေငွေကို ကျောက်ခဲကဲ့သို့လည်းကောင်း၊ အာရဇ်ပင်တို့ကို လွင်ပြင်၌ပေါက်သော သဖန်းပင်ကဲ့သို့လည်းကောင်း ပိုင်ဆိုင်ထားသည်။

---

## Chapter 2

1 ရှောလမုန်သည် ထာဝရဘုရား၏ နာမတော် အဘို့ အိမ်ကိုင၊ နန်းတော်ကိုင၊ တည်ဆောက်ခြင်းငှါ အကြံရှိ၍၊ 2
ထမ်းရွက်သောသူခုနစ်သောင်း၊ တောင်ရိုးပေါ် မှာ သစ်ခုတ်သော သူရှစ်သောင်း၊ ကြည့်ရှုစီရင်ရသောသူ သုံးထောင်ခြောက်ရာတို့ကို
ခွဲခန့်ပြီးမှ၊ 3 တုရုမင်းကြီးဟိရံထံသို့ စေလွှတ်၍၊ မင်းကြီး သည် ငါ့အဘဒါဝိဒ်၏ နန်းတော်ဆောက်စရာဘို့ အာရဇ်
သစ်သားကိုပေးလိုက်သည်နည်းတူ ငါ၌တဖန် ကျေးဇူးပြု ပါလော့။ 4 ဣသရေလအမျိုးသည် အစဉ်ကျင့်ရသော တရားအတိုင်း
ဘုရားရှေ့မှာ နံ့သာပေါင်းကို မီးရှို့ခြင်းငှါ ၎င်း၊ ရှေ့တော်မုန့်ကို အစဉ်တင်ခြင်းငှါ၎င်း၊ ညဦး၊ နံနက်၊ ဥပုသ်နေ့၊ လဆန်းနေ့၊
ငါတို့ဘုရားသခင် ထာဝရဘုရား ၏ဓမ္မပွဲနေ့တို့၌ မီးရှို့ရာယဇ်ကိုပူဇော်ခြင်းငှါ၎င်း၊ ငါ၏ ဘုရားသခင် ထာဝရဘုရား၏ နာမတော်အဘို့
အိမ်တော် ကို တည်ဆောက်၍ ပူဇော်ရမည်။ 5 ငါတည်ဆောက်ရသော အိမ်တော်သည် ကြီးရ မည်။ ငါတို့ဘုရား သခင်သည်
ဘုရားတကာတို့ထက် ကြီးမြတ်တော်မူ၏။ 6 ကောင်းကင်နှင့် ကောင်းကင်တကာတို့၏ အထွဋ်အမြင့်ဆုံးသော ကောင်းကင်သည်
ကိုယ်တော်ကို အဆံ့ မခံနိုင်သည်ဖြစ်၍၊ ကျိန်းဝပ်တော်မူရာ အိမ်ကိုအဘယ် သူတည်ဆောက်နိုင်မည်နည်း။ ရှေ့တော်၌ယဇ်ကို မီးရှို့ရာ
အိမ်မှတပါး အခြားသော အိမ်တော်ကို တည်ဆောက်ခြင်း ငှါ ငါသည် အဘယ်သို့သောသူဖြစ်သနည်း။ 7 ယခုမှာရွှေ၊ ငွေ၊ ကြေးဝါ၊ သံ၊
မောင်းသော အထည်၊ နီသောအထည်၊ ပြာသောအထည်ကို လုပ်တတ် သောအတတ်၊ ငါ့အဘဒါဝိဒ်ပြင်ဆင်၍ ယေရုရှလင်မြို့၊
ယုဒပြည်၌ ငါ့ထံမှာရှိသော ဆရာသမားတို့နှင့် ဝိုင်း၍ ထုလုပ်တတ်သော အတတ်နှင့် ပြည့်စုံသော သူတယောက် ကို ငါ့ထံသို့
စေလွှတ်ပါ။ 8 အာရဇ်သစ်သား၊ ထင်းရှူးသစ်သား၊ အာလဂုံ သစ်သားများကို လေဗနုန်တောင်မှာ ခုတ်၍ပေးလိုက်ပါ။ မင်းကြီး၏
ကျွန်တို့သည် လေဗနုန်တောင်ပေါ်မှာ သစ်ခုတ်တတ်သည်ကို ငါသိ၏။ 9 သစ်သားအများကို ပြင်ဆင်ခြင်းငှါ၊ ငါ့ကျွန်တို့ သည်
မင်းကြီးကျွန်တို့နှင့် ဝိုင်း၍လုပ်ကိုင်ကြလိမ့်မည်။ ငါတည်ဆောက်ရသော အိမ်တော်သည် အလွန်ကြီး၍ အံ့ဩဘွယ်သော
အိမ်ဖြစ်ရမည်။ 10 သစ်ခုတ်သော မင်းကြီးကျွန်တို့အား ဂျုံဆန် ကောရနှစ်သောင်း၊ မုယောဆန်နှစ်သောင်း၊ စပျစ်ရည် ဗတ်နှစ်သောင်း၊
ဆီနှစ်သောင်းကို ငါပေးမည်ဟု မှာလိုက် လေ၏။ 11 တုရုမင်းကြီးဟိရံသည် စာရေး၍ ရှောလမုန် ထံသို့ ပြန်ပေးလိုက်သည်ကား၊
ထာဝရဘုရားသည် မိမိ လူမျိုးကို ချစ်တော်မူသောကြောင့်၊ ကိုယ်တော်ကို သူတို့ ရှင်ဘုရင်အရာ၌ ချီးမြှောက်တော်မူပြီ။ 12
ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းတော်မူ သော ဣသရေလအမျိုး၏ဘုရားသခင် ထာဝရဘုရား သည် ဗိမာန်တော်ကိုင၊
နန်းတော်ကိုင၊ တည် ဆောက်ခြင်းငှါ တတ်စွမ်းနိုင်အောင် ဥာဏ်ကောင်း၍ ပညာသတိနှင့် ပြည့်စုံသောသားကို ဒါဝိဒ်မင်းကြီးအား
ပေးတော်မူသည်ဖြစ်၍၊ ထာဝရဘုရားသည် မင်္ဂလာ ရှိတော်မူစေသတည်း။ 13 ယခုမှာဥာဏ်ကောင်း၍ လိမ္မာသောသူဟိရံအဘိ ကို
ငါစေလွှတ်ပါ၏။ 14 သူ့အမိကားဒန်အမျိုးသမီး၊ အဘကား တုရု အမျိုးသားဖြစ်၏။ သူသည် ရွှေ၊ ငွေ၊ ကြေးဝါ၊ သံ၊ ကျောက်၊
သစ်သား၊ မောင်းသောအထည်၊ ပြာသော အထည်။ နီသောအထည်၊ ပိတ်ချောကို လုပ်တတ်သော အတတ်၊
အမျိုးမျိုးထုလုပ်တတ်သော အတတ်နှင့်ပြည့်စုံ၍၊ ကိုယ်တော်၏ ဆရာသမားဆရာသမား၊ ခမည်းတော်အရှင်ဒါဝိဒ်၏ ဆရာသမား
တို့နှင့် ဝိုင်းလျက်၊ လိုသမျှကို ဥာဏ်ရှာ၍ လုပ်တတ်သော သူဖြစ်၏။ 15 သို့ဖြစ်၍ ကိုယ်တော်အမိန့်ရှိသည်အတိုင်း၊ ဂျုံဆန်၊
မုယောဆန်၊ စပျစ်ရည်၊ ဆီကိုကိုယ်တော် ကျွန်တို့ အား ပေးပါတော့။ 16 ငါတို့သည် ကိုယ်တော်လိုချင်သမျှသော သစ် သားကို၊
လေဗနုန်တောင်ပေါ်မှာ ခုတ်ပြီးလျှင် ဘောင် လုပ်၍ ပင်လယ်လမ်းဖြင့်၊ ယုပ္ပေမြို့သို့ ဆောင်ခဲ့ပါမည်။ ကိုယ်တော်သည်
ယေရုရှလင်မြို့သို့ သယ်ပို့ရမည်ဟု ပြန်ပြော၏။ 17 ခမည်းတော်ဒါဝိဒ်သည် ဣသရေလနိုင်ငံ၌ နေသော
တပါးအမျိုးသားအပေါင်းတို့ကို စာရင်းယူပြီး သည်နောက်၊ တဖန်ရှောလမုန်သည် စာရင်းယူပြန်၍၊
တသိန်းငါးသောင်းသုံးထောင်ခြောက်ရာတို့ကို တွေ့၏။ 18 ထမ်းသောသူ ခုနစ်သောင်း၊ တောင်ပေါ်မှာ သစ်ခုတ်သောသူရှစ်သောင်း၊
အမှုကိုကြည့်ရှုစီရင်သော သူ သုံးထောင်ခြောက်ရာတို့ကို ခွဲထားတော်မူ၏။

---

2 Chronicles 01

ဟိရံ

2 Chronicles 04

ရှေ့တော်မုန့်
ယဇ်ပလ္လင်ရှေ့တွင်ထားရသော မုန့်၁၂ လုံးကိုဆိုလိုသည်။

လဆန်းနေ့
ဤနေ့သည် လ၏ရွှေ့လျားမှု နှင့်တိုက်ဆိုင်သော ပွဲကာလ ဖြစ်သည်။

ငါတို့ဘုရား သခင်သည် ကြီးမြတ်တော်မူ၏
ဤစကားသည် ဘုရားသခင်သည် အခြားဘုရားတို့ထက်သာ၍ ကြီးမြတ်တော်မူကြောင်း ရည်ညွှန်းခြင်းဖြစ်သည်။

2 Chronicles 06

ကောင်းကင်နှင့် ကောင်းကင်တကာတို့၏ အထွဋ်အမြင့်ဆုံးသော ကောင်းကင်သည် ကိုယ်တော်ကို အဆံ့ မခံနိုင်သည်ဖြစ်၍၊ ကျိန်းဝပ်တော်မူရာ အိမ်ကိုအဘယ် သူတည်ဆောက်နိုင်မည်နည်း။ ရှေ့တော်၌ယဇ်ကို မီးရှို့ရာ

အိမ်မှတပါး အခြားသော အိမ်တော်ကို တည်ဆောက်ခြင်း ငှါ ငါသည် အဘယ်သို့သောသူဖြစ်သနည်း
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်ကို ကန့်သတ်၍ မရသဖြင့် မည်သူမျှ သူ့အတွက်အိမ်ဆောက်ပေး၍ မရပါ။ ငါသည်အနတ္တဖြစ်သည်။ လူသည်ယဇ်ပူဇော်သက္ကာများကိုသာ ဘုရားသခင်အားပေးလှူနိုင်သည်။

2 Chronicles 08

အာလဂုံသစ်သားများ
တေးဂီတတူရိယာများနှင့် ပန်းပုထုရာတွင် သုံးသည့် သစ်အမျိုးအစားဖြစ်သည်။

ကောရ

ဂျုံဆန်
ဂျုံမှုန့် ကို ဆိုလိုသည်။

ဗတ်

2 Chronicles 11

ဉာဏ်ကောင်း၍ ပညာသတိနှင့် ပြည့်စုံသော
အခြားသောဘာသာပြန်ဆိုချက်၊ "ပညာသတိဖြင့် သိုသိပ်ခြင်း ဆုကျေးဇူးရှိသော။"

ဗိမာန်တော်၊ နန်းတော်
အခြားသောဘာသာပြန်ဆိုချက်၊ "သူ့အတွက် နန်းတော်။"

2 Chronicles 13

ဟိရံအဘိ

---

## Translation Questions

2 Chronicles 2:1

ရှောလမုန်မင်းကြီးသည် အဘဒါဝိဒ်မင်းကြီးအား အာရဇ်သစ်သားကို ပေးလိုက်သည့်နည်းတူ ပေးပါရန် ဟိရံမင်းကြီးထံ အဘယ်ကြောင့် တောင်းဆိုခဲ့သနည်း။
ရှောလမုန်မင်းကြီးသည် ထာဝရ ဘုရား၏ နာမတော် အဘို့ အိမ်ကိုလည်းကောင်း၊ နန်းတော်ကိုလည်းကောင်း တည်ဆောက်ခြင်းငှါ အာရဇ်သစ်သားကို ဟိရံမင်းကြီးထံတောင်းဆိုခဲ့ခြင်းဖြစ်သည်။

2 Chronicles 2:4

ရှောလမုန်မင်းကြီးသည် ထာဝရဘုရား၏ နာမတော် အဘို့ အလွန်ကြီးမားသော အိမ်ကို အဘယ်ကြောင့် တည်ဆောက်ရန် အကြံရှိခဲ့သနည်း။
ရှောလမုန်မင်းကြီးသည် ထာဝရဘုရား၏ နာမတော် အဘို့ အလွန်ကြီးမားသော အိမ်ကို တည်ဆောက်ရန် အကြံရှိခဲ့ရခြင်းမှာ သူ၏ဘုရားသခင်သည် အခြားသော ဘုရားများထက် သာ၍ ကြီးမြတ်သောကြောင့်ဖြစ်သည်။

2 Chronicles 2:6

ရှောလမုန်မင်းကြီးသည် ဘုရားသခင်၏နာမတော်အဖို့ ကျိန်းဝပ်တော်မူရာ အိမ်တော်ကို တည်ဆောက်လိုလျှင် မည်သူ့ကို လိုအပ်ခဲ့သနည်း။
ရှောလမုန်မင်းကြီးသည် ရွှေ၊ ငွေ၊ ကြေးဝါ၊ သံ၊ မောင်းသော အထည်၊ နီသောအထည်၊ ပြာသောအထည်ကို လုပ်တတ် သောအတတ်၊ ပန်းပုထုလုပ်တတ်သော အတတ် နှင့်ပြည့်စုံသော လူတစ်ယောက်ကို လိုအပ်ပါသည်။

2 Chronicles 2:8

ရှောလမုန်မင်းကြီးသည် ဟိရံမင်းကြီးထံ လေဗနုန်တောင်မှ အာရဇ်သစ်သား၊ ထင်းရှူးသစ်သား၊ အာလဂုံ သစ်သားများကို အဘယ်ကြောင့် လိုချင်ခဲ့သနည်း။
ရှောလမုန်မင်းကြီးသည် ဤသစ်သားများကို လိုချင်ခဲ့ရခြင်းမှာ သူသည်ထာဝရဘုရား၏နာမတော်အဖို့ တည်ဆောက်သော အိမ်တော်သည် အလွန်ကြီး၍ အံ့ဩဘွယ်သော အိမ်ကို တည်ဆောက်ရန် ဖြစ်သည်။

2 Chronicles 2:11

ဟိရံမင်းကြီးပြောကြားချက်အရ၊ ထာဝရဘုရားသခင်သည် ဣသရေလလူမျိုးများအပေါ်မှာ ရှောလမုန်ကို ဘုရင်အရာ၌ အဘယ်ကြောင့် ချီးမြှောက်တော်မူခဲ့သနည်း။
ဟိရံမင်းကြီးပြောကြားချက်အရ၊ ထာဝရဘုရားသည် မိမိ လူမျိုးကို ချစ်တော်မူပြီး ဉာဏ်ကောင်း၍ ပညာသတိနှင့် ပြည့်စုံသောရှောလမုန်မင်းကြီးကို ဘုရင်အရာ၌ ချီးမြှောက်တော်မူခဲ့သည်။

2 Chronicles 2:13

ဟိရံမင်းကြီးသည် ဟိရံအဘိ ကို ရှောလမုန်မင်းကြီးထံသို့ အဘယ်ကြောင့် စေလွှတ်ခဲ့သနည်း။
ဟိရံမင်းကြီးသည် ဟိရံအဘိ ကို ရှောလမုန်မင်းကြီးထံသို့ စေလွှတ်ခဲ့ခြင်းမှာ သူသည် ရွှေ၊ ငွေ၊ ကြေးဝါ၊ သံ၊ ကျောက်၊ သစ်သား၊ မောင်းသောအထည်၊ ပြာသော အထည်။ နီသောအထည်၊ ပိတ်ချောကို လုပ်တတ်သော အတတ်၊ အမျိုးမျိုးထုလုပ်တတ်သော အတတ်နှင့်ပြည့်စုံသောကြောင့်ဖြစ်သည်။

2 Chronicles 2:15

သစ်သားများကို လေဗနုန်တောင် မှ ဣလသရေလနိုင်ငံသို့ သယ်သွားရန်
မည်ကဲ့သို့ ဖြစ်နိုင်ခဲ့သနည်း။

သစ်သားများကို လေဗနုန်တောင် မှ ဣလသရေလနိုင်ငံသို့ ဖောင်ကို
အသုံးပြု၍ ပင်လယ်လမ်းမှ ယုပေမြို့သို့ ဆောင်ခဲ့၍
ဣလသရေလနိုင်ငံသို့ သယ်သွားရန်ဖြစ်သည်။

---

## Chapter 3

1-2 ယေရုရှလင်မြို့တွင် ၊မောရိတောင်ပေါ်မှာ ခမည်းတော်ဒါဝိဒ်အား ထာဝရဘုရား ထင်ရှားတော် မူရာအရပ်၊ ယေဗုသိလူအရောန၏
ကောက်နယ်တလင်း ကို ဒါဝိဒ်ပြင်ဆင်ခဲ့ပြီးသော အရပ်၌ ရှောလမုန်သည် နန်းစံလေးနှစ်၊ ဒုတိယလ၊ နှစ်ရက်နေ့တွင် ထာဝရဘုရား ၏
အိမ်တော်ကို တည်စပြုတော်မူ၏။ 3 ရှောလမုန်သည် ဘုရားသခင်၏အိမ်တော်ကို တည်ဆောက်ခြင်းအမှု၌
သွန်သင်ခြင်းကိုခံသည်နှင့်အညီ၊ သံတောင်အားဖြင့် အလျားသည် အတောင်ခြောက်ဆယ်၊ အနံတထောင်နှစ်ဆယ်ရှိ၏။ 4
အိမ်တော်ဦးသည်လည်း အိမ်တော်အနံနှင့်ညီ၍ အလျားအတောင်နှစ်ဆယ်၊ အမြင့်အတောင်တရာ နှစ်ဆယ်ရှိ၏။ ရွှေစင်နှင့်
မွမ်းမံလျက်ရှိ၏။ 5 အိမ်တော်အတွင်းအမိုးကို ထင်းရှူးပျဉ်ပြားဖြင့် ပြီးစေလျက် စွန်ပလွံပင်များနှင့် ကြိုးများတို့ကို ထု၍
ရွှေစင်နှင့်မွမ်းမံလေ၏။ 6 အိမ်တော်၌ အသရေတင့်တယ်စေခြင်းငှါ ကျောက်မြတ်တို့ကို စီချယ်၏။ မွမ်းမံသောရွှေသည်
ပါရဝိမ်ရွှေဖြစ်၏။ 7 အိမ်တော်၏ထုပ်၊ လျောက်တိုင်၊ ထရံ၊ တံခါး ရွက်တို့ကို ရွှေနှင့် မွမ်းမံ၍ ထရံပေါ်မှာ ခေရုဗိမ်အရုပ် များကို
ထုလေ၏။ 8 အလွန်သန့်ရှင်းရာ ဌာနတော်ကိုလည်း အိမ်တော်အနံနှင့်ညီစွာ အလျားအတောင်နှစ်ဆယ်၊ အနံအတောင်နှစ်ဆယ်လုပ်၍
ရွှေစင်အခွက် ခြောက် ထောင်နှင့်မွမ်းမံလေ၏။ 9 ရွှေမှိုအချိန်ကား အကျပ်ငါးဆယ်ရှိ၏။ အထက် ခန်းတို့ကိုလည်း ရွှေနှင့်မွမ်းမံ၏။ 10
အလွန်သန့်ရှင်းသော အခန်း၌ခေရုဗိမ်နှစ်ပါး ကို ထုလုပ်၍ ရွှေနှင့်မွမ်းမံ၏။ 11 ခေရုဗိမ်အတောင်တို့သည် အတောင်နှစ်ဆယ် ရှည်၏။
12 အတောင်တဘက်လျှင် အလျားငါးတောင်စီ ရှိ၍၊ ခေရုဗိမ်နှစ်ပါးတို့သည် အတောင်ချင်းထိလျက်၊ အတောင်တဘက်စီ
အိမ်တော်ထရံကို မှီလျက် ရှိကြ၏။ 13 ထိုခေရုဗိမ်တို့သည် အတွင်းသို့ မျက်နှာပြုလျက်၊ မတ်တတ်နေ၍ အတောင်တို့ကို ဖြန့်သဖြင့်
အတောင် နှစ်ဆယ်ကျယ်၏။ 14 ပြာသောအထည်၊ မောင်းသောအထည်၊ နီသော အထည်၊ ပိတ်ချောဖြင့်ပြီး၍ ခေရုဗိမ်အရုပ်နှင့်
ချယ်လှယ် သော ကုလားတာကိုလည်း လုပ်လေ၏။ 15 အရှည်သုံးဆယ်ငါးတောင်ရှိသော တိုင်နှစ်တိုင် ကိုလည်း လုပ်၍
အိမ်တော်ရှေ့မှာ စိုက်ထားလေ၏။ တိုင်အပေါ်မှာ တင်သောတိုင်ထိပ်သည် အမြင့်ငါးတောင် စီရှိ၏။ 16 ဗျာဒိတ်ဌာနတော်၌
ရှိသကဲ့သို့ကြိုးများကိုလည်း လုပ်၍တိုင်ထိပ်အပေါ်မှာ ထား၏။ သလဲသီးအလုံးတရာ တို့ကိုလည်း လုပ်၍ကြိုးပေါ်မှာ ဆွဲထား၏။ 17
ထိုထိုင်တို့ကို ဗိမာန်တော်ရှေ့မှာ လက်ျာဘက် လက်ဝဲဘက်၌ စိုက်ထား၍၊ လက်ျာတိုင်ကိုယာခိန်၊ လက်ဝဲတိုင်ကို ဗောဇအမည်ဖြင့်
မှည့်လေ၏။

---

2 Chronicles 01

မောရိတောင်
ဤနေရာသည် အာဗြဟံမှ မိမိသား ဣဇက်ကို ဘုရားသခင်အား ပူဇော်ခဲ့ရာနေရာဖြစ်သည်။

ယေဗုသိလူအရောန

ဒုတိယလ၊ နှစ်ရက်နေ့
ဟေဗြဲ ပြက္ခဒိန်တွင် ဒုတိယလကိုဆိုလိုခြင်းဖြစ်သည်။ ဒုတိယနေ့သည် အနောက်တိုင်း ပြက္ခဒိန်များတွင် ဧပြီလလယ်ပိုင်းခန့်ဖြစ်သည်။

နန်းစံလေးနှစ်

ခြောက်ဆယ်...နှစ်ဆယ်
"၆၀... ၂၀"

အတောင်
'အတောင်' သည် စင်တီမီတာဖြစ်သည်။

2 Chronicles 04

အိမ်တော်ဦး
အခြားသောဘာသာပြန်ဆိုချက်၊ "ဆင်ဝင်"

အတောင်

မွမ်းမံ
အခြားသောဘာသာပြန်ဆိုချက်၊ "သူ ပြုလုပ်သည်။"

အိမ်တော်အတွင်း
အိမ်တွင်း အဝင်နေရာမဟုတ်ဘဲ ကြီးမားသော အခန်းကိုဆိုလိုသည်။

2 Chronicles 06

ကျောက်မြတ်တို့
လုပသော၊ အဖိုးတန်သော၊ အလှဆင်ခြင်းအတွက်အသုံးပြုသော ကျောက်များ။

ပါရဝိမ်
အရှေ့ပိုင်းကို ရည်ညွှန်းရန် ယေဘုယျအသုံးအနှုန်းဖြစ်သည်။


generated on Tue Jul 2 12:50:28 2024

2 Chronicles 08

အတောင်

ရွှေစအခွက်

ရွှေ မှုန်အချိန်

2 Chronicles 10

ခေရုဗိမ်နှစ်ပါး
အချို့တို့သည် ခေရုဗိမ်ရုပ်တုများကို
သတ္တုဖြင့်ပြုလုပ်ထားသည်ဟု အနက်ဖွင့်ကြသည်။

2 Chronicles 13

ပိတ်ချော
အခြားသောဘာသာပြန်ဆိုချက်၊ "အဆင့်မြင့် အထည်စ"
သို့မဟုတ် "ကောင်းသောအထည်။"

---

## Translation Questions

2 Chronicles 3:1

ရှောလမုန်မင်းကြီးသည် ထာဝရဘုရား၏ အိမ်တော်ကို တည်ဆောက်ရန်
မောရိတောင်၊ ယေဗုသိလူအရောနန်၏ ကောက်နယ်သလင်းတွင် ဘာကြောင့်
စတင်ခဲ့သနည်း။
ရှောလမုန်မင်းကြီးသည် ထိုနေရာတွင်
ဘုရားသခင်၏အိမ်တော်ကို တည်ဆောက်ရန် စတင်ခဲ့ခြင်းမှာ
ထာဝရဘုရားသည် ခမည်းတော်ဒါဝိဒ်အား
ထင်ရှားတော်မူရာအရပ်ဖြစ်သောကြောင့် ဖြစ်သည်။

ရှောလမုန်မင်းကြီးသည် ထာဝရဘုရား၏ အိမ်တော်အတွက် ဘာ
သံတောင်ခင်းခဲ့သနည်း။
ရှောလမုန်မင်းကြီးသည် ထာဝရဘုရား၏ အိမ်တော်အတွက်
အလျားအတောင်ခြောက်ဆယ်၊ အနံအတောင်နှစ်ဆယ်ရှိ၍
ရှေးခေတ်တွင် အသုံးပြုသော သံတောင်ကို အသုံးပြုခဲ့သည်။

2 Chronicles 3:4

အိမ်တော်ဦးသည် သံတောင်ဘယ်လောက် မြင့်သနည်း။
အိမ်တော်ဦးသည် သံတောင် နှစ်ဆယ်မြင့်ပါသည်။

2 Chronicles 3:8

အသန့််ရှင်းဆုံးသော ဌာနတော်ကို မည်သည့်အရာ အသုံးပြု၍
မွမ်းမံခဲ့သနည်း။
အသန့်ရှင်းဆုံးသော ဌာနတော်ကို ရွှေစင်နှင့် မွမ်းမံထားပါသည်။

2 Chronicles 3:13

ရှောလမုန်မင်းကြီးသည် ထာဝရဘုရား၏ အိမ်တော်ရှေ့တွင် တိုင်နှစ်တိုင်ကို
အဘယ်ကြောင့် စိုက်ထားခဲ့သနည်း။
ရှောလမုန်မင်းကြီးသည် သလဲသီးအလုံးတစ်ရာတို့ကို ကြိုးပေါ်မှာ
ဆွဲထား၍ တိုင်ထိပ်တွင် တင်ထားသောကြောင့် ဖြစ်သည်။

---

## Chapter 4

1 အလျားအတောင်နှစ်ဆယ်၊ အနံအတောင် နှစ်ဆယ်၊ အမြင့်ဆယ်တောင်ရှိသော ကြေးဝါယဇ်ပလ္လင် ကိုလည်း လုပ်လေ၏။ 2
အချင်းဆယ်တောင်၊ အဝန်းအတောင်သုံးဆယ်၊ အစောက်ငါးတောင်ရှိသော ကြေးဝါရေကန်ကိုလည်း လုပ်လေ၏။ 3
ရေကန်အနားပတ်အောက်ပတ်လည်၌ ဘူးသီး ရုပ်များ၊ အတောင်တထောင်တွင် ဆယ်လုံးစီစေ့အောင်၊ ဘူးသီးရုပ်နှစ်ပတ်ကို
ရေကန်နှင့်တစပ်တည်း သွန်းလေ ၏။ 4 နွားတဆယ်နှစ်ခုပေါ်မှာ တည်လျက်ရှိ၏။ နွားတို့သည် အတွင်းသို့ နောက်ခိုင်း၍
အရှေ့အနောက် တောင်မြောက်အရပ်လေးမျက်နှာသို့ တမျက်နှာလျှင် သုံးခုစီမျက်နှာပြုကြ၏။ 5 ရေကန်သည် ဒုလက်တဝါးရှိ၏။
အပေါ်အနား ပတ်လည် ဖလားအနားပတ်ကဲ့သို့ ကြာပွင့်အပြောက် နှင့်ပြည့်စုံ၏။ ရေဗတ်သုံးထောင်ဝင်နိုင်၏။ 6
မီးရှို့ရာယဇ်နှင့်ဆိုင်သော အရာတို့ကို ဆေးစရာ ဘို့အင်တုံဆယ်လုံးကိုလည်း လုပ်၍၊ လက်ျာဘက်၌ အင်တုံငါးလုံး၊ လက်ဝဲဘက်၌
ငါးလုံးကို ထားလေ၏။ ရေကန်မူကား ယဇ်ပုရောဟိတ်ရေချိုးစရာဘို့ ဖြစ်သ တည်း။ 7 ရွှေမီးခုံဆယ်ခုကိုလည်းအရင်ပုံနှင့် အညီလုပ်၍
ဗိမာန်တော်အတွင်း လက်ျာဘက်၌ငါးခု၊ လက်ဝဲဘက်၌ ငါးခုကို ထားလေ၏။ 8 စားပွဲဆယ်ခုကိုလည်း လုပ်၍ ဗိမာန်တော် အတွင်း
လက်ျာဘက်၌ ငါးခု၊ လက်ဝဲဘက်၌ ငါးခုကို ထားလေ၏။ ရွှေဖလားတရာကိုလည်း လုပ်လေ၏။ 9 ယဇ်ပုရောဟိတ်တန်တိုင်း၊
ပြင်တန်တိုင်းကြီး၊ တန်တိုင်းတံခါးရွက်များကိုလည်း လုပ်၍တံခါးရွက်တို့ကို ကြေးဝါဖြင့် ဖုံးအုပ်လေ၏။ 10 ရေကန်ကိုလည်း
အိမ်တော်လက်ျာဘက် အရှေ့တောင်ထောင့်၌ နေရာချ၏။ 11 ဟိရံသည်အိုးများ၊ ရေမှုတ်များ၊ အင်တုံငယ်များ ကိုလည်း လုပ်သဖြင့်၊
ရှောလမုန်မင်းကြီးအဘို့ ဘုရား သခင်၏အိမ်တော်၌ လက်စသတ်သော အရာများဟူမူ ကား၊ 12 တိုင်နှစ်တိုင်၊
တိုင်ထိပ်နှင့်တိုင်ထိပ်အထွဋ်နှစ်ခု၊ တိုင်ထိပ်အထွဋ်ကို ဖုံးလွှမ်းစရာကွန်ရွက်နှစ်ရွက်၊ 13 ထိုကွန်ရွက်အပေါ်မှာ သလဲသီးနှစ်တန်းစီ၊
သလဲသီးပေါင်းလေးရာ၊ 14 ခုံများ၊ ခုံပေါ်မှာတင်ထားသောအင်တုံများ၊ 15 ရေကန်တကန်၊ ရေကန်ကိုထောက်သော နွား တဆယ်နှစ်ခု၊
အိုးများ၊ ရေမှုတ်များ၊ အမဲချိတ်များတည်း။ 16 ရှောလမုန်မင်းကြီးအဘို့ ဟိရံလုပ်သမျှသော
ထာဝရဘုရား၏အိမ်တော်တန်ဆာတို့သည် ပြောင်ပြောင် တောက်သော ကြေးဝါဖြင့် ပြီးကြ၏။ 17 ယော်ဒန်ချိုင့်၊ သုကုတ်မြို့နှင့်
ဇာသန်မြို့စပ်ကြား တွင်၊ သရွတ်လုပ်စရာကောင်းသော မြေ၌ ရှင်ဘုရင်သွန်းလေ ၏။ 18 ရှောလမုန်သည် ထိုတန်ဆာတို့ကို များစွာ
လုပ်သောကြောင့်၊ ကြေးဝါအချိန်ကို အဘယ်သူမျှမသိ။ 19 ရှောလမုန်သည်လည်း၊ ဘုရားသခင်၏ အိမ် တော်နှင့် ဆိုင်သမျှသော
တန်ဆာများတည်းဟူသော ရွှေယဇ်ပလ္လင်၊ ရှေ့တော်မုန့်တင်စရာစားပွဲ၊ 20 တရားတော်အတိုင်း ဗျာဒိတ်ဌာနတော်ရှေ့မှာ ထွန်းစရာ ဘို့
ရွှေစင်မီးခုံနှင့် မီးခွက်များ၊ 21 ရွှေစင်ဖြင့်ပြီးသောပန်းပွင့်၊ မီးခွက်၊ မီးကိုင် တန်ဆာများ၊ 22 ရွှေစင် ဖြင့်ပြီးသောမီးညှပ်၊ လင်ပန်း၊ ဇွန်း၊
ပြာခံစရာအိုးများ၊ အိမ်တော်ထဲမှာ အလွန်သန့်ရှင်းရာ ဌာနတော်အတွင်း ခန်းတံခါးရွက်နှင့် ဗိမာန်တော် ပြင်ခန်းတံခါးရွက်တို့ကိုလည်း
ရွှေဖြင့်ပြီးစေ၏။

---

2 Chronicles 01

အတောင်

ကြေးဝါရေကန်
အလွန်ကြီးမားသော သတ္တုရေကန်။

အနား
ဘူး၊ ပုလင်း၏ အနားထိပ်ကို ခေါ်သည်။

အဝန်း
စက်ဝိုင်းတစ်ခု၏ အပြင်ဘက်အကွာအဝေး (အနားပတ်လည်)။

အချင်းဆယ်တောင်
အခြားသောဘာသာပြန်ဆိုချက်၊ "အတောင်ဆယ်ခုစီ။"

2 Chronicles 04

နောက်ခိုင်း
ဤစကားလုံးသည် ခြေလေးချောင်းသတ္တဝါတို့၏
အနောက်ဘက်အခြမ်းဖြစ်သည်။ အသုံးပြုချက်ကိုကြည့်ပါ
(သမ္မာဟောင်းကျမ်းတွင်သာ သုံးသည် ရှု၊ ၇:၂၅)

လက်

အပေါ်အနား ပတ်လည် ဖလားအနားပတ်ကဲ့သို့ ကြာပွင့်အပြောက် နှင့်ပြည့်စုံ၏
အခြားသောဘာသာပြန်ဆိုချက်၊ "အနားတွင် ပျော့ပျောင်းသော၊
ခွက်သောအဖျားရှိသည်။"

အင်တုံ

2 Chronicles 07

ဖလား
ဆေးကြောခြင်းအတွက် အသုံးပြုသော ဇလုံငယ်ဖြစ်သည်။

2 Chronicles 11

ဟိရံ

အင်တုံငယ်များ
ဘုရားသခင်၏ အိမ်တော်တွင် ယဇ်ပလ္လင်ကို ရေဖျန်းရန်သုံးသည့် ဇလုံများ။

တိုင်ထိပ် (ဇလုံပုံရှိသော တိုင်ထိပ်များ)
ဇလုံပုံရှိသော* - တိုင်တစ်တိုင်၏ အထက်ပိုင်းသည် တိုင်ထိပ်ဟုခေါ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဇလုံပုံရှိသော ထိပ်များ" သို့မဟုတ် "ဇလုံပုံသဏ္ဌာန်ရှိသော အထက်အပိုင်းများ။"

ကွန်ရွက်
တိုင်များ၏ အထက်ပိုင်းတွင် အလှဆင်ထားသော ပန်းပုလက်ရာများ၊ မှတ်သားချက်များကို ဆိုလိုသည်။

2 Chronicles 14

အင်တုံများ
အခြားသောဘာသာပြန်ဆိုချက်၊ "ဇလုံများ"

ရေကန်တကန်
အလှဆင်မြန်းထားသည့် ကြီးမားသော ဆေးကြော ရန်ကန်ဖြစ်သည်။

အိမ်တော်တန်ဆာတို့
ယဇ်ပလ္လင်အတွက် အသုံးပြုသော အခြားပစ္စည်းများ သို့မဟုတ် အရာဝတ္ထုများ။

ပြောင်ပြောင်တောက်သော ကြေးဝါ
အလင်းရဖို့ရန် အလုပ်သမားများ အရောင်တင်သည့် ကြေးဝါ။

2 Chronicles 17

ဇာသန်

ရှောလမုန်သည် ထိုတန်ဆာတို့ကို များစွာ လုပ်
ရှောလမုန်သည် ခွက်များကို မိမိပြုလုပ်သည်မဟုတ်၊ ပြုလုပ်စေဖို့ရန် အမိန့်ပေးခြင်း ဖြစ်သည်။

ကြေးဝါအချိန်ကို အဘယ်သူမျှမသိ
အခြားသောဘာသာပြန်ဆိုချက်၊ "ကြေးဝါ၏ အလေးချိန်သည် အလွန်များပြားသည်။"

2 Chronicles 19

ရှောလမုန်သည်...ပြုလုပ်သည်
ရှောလမုန်၏ လုပ်သားများသည် သူ၏ အမိန့်တော်အတိုင်း ထိုအရာများကို ပြုလုပ်ခဲ့ကြသည်။

တန်ဆာများ
ဘုရားသခင်၏ အိမ်တော်တွင်အသုံးပြုသည့် ဇလုံများအားလုံး၊ ပစ္စည်းကိရိယာများ ဖြစ်သည်။

ရှေ့တော်မုန့်
အခန်း ၂:၄ ကို မည်သို့ဘာသာပြန်သည်ကို ကြည့်ပါ။

---

## Translation Questions

2 Chronicles 4:1

ကြေးဝါယဇ်ပလ္လင်၏ သံတောင်သည် မည်မျှရှိသနည်း။
ကြေးဝါယဇ်ပလ္လင်သည် အလျားအတောင်နှစ်ဆယ်၊ အနံအတောင်နှစ်ဆယ်၊ အမြင့်ဆယ်တောင်ရှိပါသည်။

ရေကန်ဝိုင်းပတ်လည်သည် ဘယ်လောက်ကြီးသနည်း။
ရေကန်ဝိုင်းပတ်လည်သည် အချင်းဆယ်တောင်၊ အဝန်းအတောင်သုံးဆယ်၊ အစောက်ငါးတောင်ရှိပါသည်။

2 Chronicles 4:4

ရှောလမုန်မင်းကြီးသည် ဗိမာန်တော်အတွက် ရေကန်ဆောက်လုပ်ရခြင်း၏ ရည်ရွယ်ချက်သည် အဘယ်နည်း။
ရေကန်သည် ယဇ်ပုရောဟိတ်တို့ ရေချိုးစရာဘို့ ဖြစ်ပါသည်။

2 Chronicles 4:7

ရှောလမုန်မင်းကြီးသည် ရွှေမီးခုံဆယ်ခုအား အဘယ်သို့ ပြုလုပ်ရမည်ကို မည်ကဲ့သို့ သိခဲ့သနည်း။
ရှောလမုန်မင်းကြီးသည် ရွှေမီးခုံဆယ်ခုအား အရင်ညွှန်ကြားချက်ပုံစံနှင့်အညီ ပြုလုပ်ခဲ့ပါသည်။

2 Chronicles 4:11

ဟိရံသည် ရှောလမုန်မင်းကြီးအဘို့ ထာဝရဘုရား၏အိမ်တော်၌ လက်စသတ်သော အရာများသည် အဘယ်အရာနည်း။
ဟိရံသည် တိုင်နှစ်တိုင်၊ တိုင်ထိပ်နှင့် တိုင်ထိပ်အထွဋ်များ၊ ဖုံးလွှမ်းစရာကွန်ရွက်များ၊ သလဲသီးပေါင်းလေးရာတို့ကို လက်စသတ်ခဲ့သည်။

2 Chronicles 4:14

ရှောလမုန်မင်းကြီးအဘို့ ဟိရံပြုလုပ်သမျှသော ထာဝရဘုရား၏အိမ်တော်ဖို့ ဘာကို ပြောင်ပြောင်တောက်သော ကြေးဝါဖြင့် လုပ်ခဲ့သနည်း။
ဟိရံသည် ခုံများ၊ အင်တုံများ၊ ရေကန်တစ်ကန်နှင့် ရေကန်ကိုထောက်သော နွားတစ်ဆယ်နှစ်ခု တို့ကို ပြီးစီးအောင် လုပ်ခဲ့ပါသည်။

2 Chronicles 4:17

ရှောလမုန် ပြုလုပ်ခဲ့သော များစွာသောတန်ဆာတို့၏ ကြေးဝါအချိန်သည် မည်မျှရှိသနည်း။
ရှောလမုန် ပြုလုပ်ခဲ့သော များစွာသောတန်ဆာတို့၏ ကြေးဝါအချိန်ကို မည်သူမျှမသိနိုင်ပါ။

2 Chronicles 4:19

ဗျာဒိတ်တော်ဌာနတော်ရှေ့၌ထွန်းစရာဘို့ ရွှေမီးခုံနှင့် မီးခွက်များကို မည်သည့်အရာဖြင့် ပုံသွင်းခဲ့သနည်း။
ရွှေမီးခုံနှင့် မီးခွက်များကို ရွှေစင်သွင်းခဲ့ပါသည်။

## Chapter 5

[1] ထိုသို့ရှောလမုန်သည် ထာဝရဘုရား၏ အိမ်တော်အဘို့ ပြုလုပ်စီရင်သမျှ အလုံးစုံတို့ကို လက် စသတ်ပြီးမှ၊
ခမည်းတော်ဒါဝိဒ်လှူသော ရွှေငွေတန်ဆာ များတို့ဆောင်ခဲ့၍ ဘုရားသခင်၏အိမ်တော်ဘဏ္ဍာစုထဲ မှာသွင်းထားလေ၏။ [2]
ထိုအခါထာဝရဘုရား၏ ပဋိညာဉ်သေတ္တာ တော်ကို၊ ဇိအုန်မည်သော ဒါဝိဒ်မြို့မှာ ဆောင်ခဲ့လိုသော ငှါ၊ ရှောလမုန်သည်။
ဣသရေလအသက်ကြီးသူ အပေါင်းတို့နှင့် ဣသရေလအဆွေအမျိုးအသီးအသီးကို အုပ်သောခေါင်းမင်းအပေါင်းတို့ကို၊
ယေရုရှလင်မြို့သို့ ခေါ်တော်မူသည်အတိုင်း၊ [3] ဣသရေလလူအပေါင်းတို့သည်၊ သတ္တမလ၌ လုပ်သော ပွဲအတွင်းတွင်၊
ရှင်ဘုရင်ထံတော်သို့ စုဝေး ရောက်လာကြ၏။ [4] ဣသရေလအမျိုး အသက်ကြီးသူအပေါင်းတို့ သည် လာ၍ လေဝိသားတို့သည်လည်း
ထာဝရဘုရား၏ သေတ္တာတော်ကိုထမ်းလျက်၊ [5] ပရိသတ်စည်းဝေးရာတဲတော်၊ တဲတော်နှင့် ဆိုင် ၍၊ သန့်ရှင်းသော
တန်ဆာအလုံးစုံတို့ကို ယဇ်ပုရောဟိတ် များနှင့် လေဝိသားများတို့သည် ဆောင်ခဲ့ကြ၏။ [6] ရှောလမုန်မင်းကြီးမှစ၍
သေတ္တာတော်ရှေ့မှာ စည်းဝေးသော ဣသရေလပရိသတ်အပေါင်းတို့သည် မရေတွက်နိုင်၊ အတိုင်းမသိ များစွာသော သိုးနွားတို့ကို
ယဇ်ပူဇော်ကြ၏။ [7] ယဇ်ပုရောဟိတ်တို့သည်လည်း ထာဝရဘုရား၏ ပဋိညာဉ်သေတ္တာတော်ကို အိမ်တော်အတွင်းသို့သွင်း၍
အလွန်သန့်ရှင်းရာဌာနတည်းဟူသော ဗျာဒိတ်ဌာနတော် ထဲမှာ၊ ခေရုဗိမ်အတောင်တို့အောက်၊ သူ့နေရာ၌ ထားကြ ၏။ [8]
ခေရုဗိမ်တို့သည် မိမိအတောင်ကို သေတ္တာတော် နေရာအပေါ်မှာ ဖြန့်၍၊ သေတ္တာတော်နှင့် ထမ်းဘိုးတို့ကို လွှမ်းမိုးလျက်ရှိကြ၏။ [9]
ထမ်းဘိုးတို့ကို ဆွဲထားသဖြင့်၊ ထမ်းဘိုးဖျားတို့ သည် ပြင်ခန်း၌ မထင်၊ သေတ္တာတော်ရှေ့ ဗျာဒိတ်ဌာန တော်၌သာ
ထင်၍ယနေ့တိုင်အောင် ရှိကြ၏။ [10] ဣသရေလ အမျိုးသားတို့သည် အဲဂုတ္တုပြည်မှ ထွက်၍၊ ထာဝရဘုရားသည်
သူတို့နှင့်ပဋိညာဉ်ဖွဲ့တော်မူ သောအခါ၊ မောရှေသည် ဟောရပ်အရပ်၌ရှိစဉ် သွင်း ထားသော
ကျောက်ပြားနှစ်ပြားမှတပါးသေတ္တာတော်ထဲ၌ အဘယ်အရာမရှိ။ [11] ထိုအခါစည်းဝေးသော ယဇ်ပုရောဟိတ်တို့သည်
အလှည့်သင့်သည်အတိုင်း အမှုတော်ကို မစောင့်၊ ရှိသမျှ တို့သည် သန့်ရှင်းသည်ဖြစ်၍ သန့်ရှင်းရာဌာနထဲက ထွက်ပြီးလျှင်၊ [12]
သီချင်းဆိုသော လေဝိသားအာသပ်တပည့်၊ ဟေမန်တပည့်၊ ယေဒုသုန်တပည့်အပေါင်းတို့သည် အမျိုးသားချင်းများနှင့်တကွ
ပိတ်ဖြူကို ဝတ်ဆင်၍၊ ခွက်ကွင်းစောင်းတယောကို ကိုင်လျက် ယဇ်ပလ္လင်အရှေ့ ဘက်၌ ရပ်နေကြ၏။ တံပိုးမှုတ်သော
ယဇ်ပုရောဟိတ် တရာနှစ်ဆယ်တို့သည်လည်း၊ [13] သီချင်းဆိုသောသူတို့နှင့်ဝိုင်းလျှင်၊ ထာဝရဘုရား ၏ ဂုဏ်ကျေးဇူးတော်ကို
ချီးမွမ်း၍ ထောမနာပြုခြင်းငှါ၊ တညီတညွတ်တည်း အသံပြိုင်လျက်၊ ကောင်းမြတ်တော် မူသည်။
ကရုဏာတော်အစဉ်အမြဲတည်သည်ဟု တံပိုး ခွက်ကွင်းအစရှိသောတုရိယာမျိုးနှင့်တကွ၊ အသံကိုလွှင့်၍ ထာဝရဘုရား၏
ဂုဏ်တော်ကို ချီးမွမ်းကြသောအခါ၊ ထာဝရ ဘုရား၏အိမ်တော်သည် မိုဃ်းတိမ်နှင့်ပြည့်၏။ [14] ထိုသို့ဘုရားသခင်၏ အိမ်တော်သည်
ထာဝရ ဘုရား၏ ဘုန်းတော်နှင့်ပြည့်လျက်၊ မိုဃ်းတိမ်တော် ကြောင့် ယဇ်ပုရောဟိတ်တို့သည် အမှုတော်ကို ဆောင် ရွက်လျက်ရပ်၍
မနေနိုင်ကြ။

---

2 Chronicles 01

ဘဏ္ဍာစု
ပစ္စည်းဥစ္စာများကို သိမ်းဆည်း၊ သိုလှောင်ရာနေရာဖြစ်သည်။

2 Chronicles 02

သတ္တမလ၌ လုပ်သော ပွဲအတွင်းတွင်
ဟေဗြဲ ပြက္ခဒိန်၏ ခုနစ်လပိုင်း ဆယ့်ငါးရက်နေ့တွင် ကျရောက်သော ခိုလှုံသူများ၏ပွဲတော်ဖြစ်သည်။ အနောက်တိုင်းပြက္ခဒိန်များတွင် အောက်တိုဘာလအစပိုင်းခန့်ဖြစ်သည်။

2 Chronicles 04

တန်ဆာ
အခန်း ၄:၁၉ ကို မည်သို့ဘာသာပြန်သည်ကို ကြည့်ပါ။

မရေတွက်နိုင်၊အတိုင်းမသိ များစွာသော သိုးနွားတို့
အခြားသောဘာသာပြန်ဆိုချက်၊ "များစွာသော သိုးနွားများ။"

2 Chronicles 07

သူ့နေရာ၌
အခြားသောဘာသာပြန်ဆိုချက်၊ "သတ်မှတ်ထားသောနေရာသို့။"

2 Chronicles 09

ယနေ့တိုင်အောင်
ရာဇဝင်ချုပ် ဒုတိယစောင်ကို ရေးသောကာလကိုဆိုလိုသည်။

2 Chronicles 11

အာသပ်၊ ဟေမန်၊ ယေဒုသုန်
ဒါဝိဒ်သည် ပဋိညာဉ်သေတ္တာတော်ကို ယေရုရှလင်သို့ ရွှေ့ပြောင်းစဉ် ဤသုံးယောက်တို့သည်


generated on Tue Jul 2 12:50:28 2024

ကိုးကွယ်ခြင်းကိုဦးဆောင်ခဲ့ကြသည်။ နောက်ပိုင်းတွင် ဒါဝိဒ်သည် သူတို့ကို ဗိမာန်တော် တေးဂီတသမားများအဖြစ် ခန့်အပ်ခဲ့သည်။

သားများနှင့် အမျိုးသားချင်းများ
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့ ဆွေမျိုးများ" သို့မဟုတ် "သူတို့၏ အမျိုးအနွယ်များ။"

ခွက်ကွင်း
ကျယ်လောင်သော အသံထွက်ရန် အတူတကွ ရိုက်ရသော ပါး၍ ဝိုင်းသော သတ္တုပြားများဖြစ်သည်။

## Translation Questions

2 Chronicles 5:1

ရှောလမုန်မင်းကြီးသည် ဒါဝဒ်မင်းကြီးလှူခဲ့သော တန်ဆာများကို မည်သည့်နေရာတွင် ထားခဲ့သနည်း။
ရှောလမုန်မင်းကြီးသည် ရွှေငွေအပါအဝင် တန်ဆာများအားလုံးကို ဘုရားသခင်၏ အိမ်တော် ဘဏ္ဍာစုထဲတွင် ထားခဲ့လေ၏။

2 Chronicles 5:2

ရှောလမုန်မင်းကြီးသည် ဘာကို ထပ်၍ ပြုလုပ်ရန် ဆုံးဖြတ်ခဲ့သနည်း။
ရှောလမုန်မင်းကြီးသည် ဒါဝဒ်၏ မြို့တော်မှ ထာဝရဘုရားသခင်၏ ပဋိညာဉ်သေတ္တာကို ဆောင်ခဲ့လိုသောကြောင့် ဣသရေလ ခေါင်းဆောင်များကို စုဝေးစေခဲ့သည်။

2 Chronicles 5:4

လေဝိသားအပေါင်းတို့သည် ပဋိညာဉ်သေတ္တာကို ဆောင်ခဲ့စဉ်တွင် ရှောလမုန်မင်းကြီးနှင့် ဣသရေလအမျိုး အသက်ကြီးသူအပေါင်းတို့သည် ဘာလုပ်ခဲ့ကြသနည်း။
ရှောလမုန်မင်းကြီးနှင့် ဣသရေလအမျိုး အသက်ကြီးသူအပေါင်းတို့သည်အတူစုဝေး၍ အလွန်များပြားသော သိုးနွားများကို ပူဇော်ခဲ့ကြသည်။

2 Chronicles 5:7

ယဇ်ပုရောဟိတ်တို့သည် ထာဝရဘုရား၏ ပဋိညာဉ်သေတ္တာကို မည်သည့်နေရာတွင် ထားခဲ့သနည်း။
ယဇ်ပုရောဟိတ်တို့သည် ထာဝရဘုရား၏ ပဋိညာဉ်သေတ္တာကို အသန့်ရှင်းဆုံးဌာနတော်ရှိ ခေရုဗိမ်အတောင်တော်အောက်၌ နေရာချထားခဲ့ပါသည်။

2 Chronicles 5:9

ပဋိညာဉ်သေတ္တာထဲတွင် မည်သည့်အရာများ ရှိခဲ့သနည်း။
မောရှေသည် ဟောရပ်အရပ်၌ ရှိစဉ် သွင်းထားသော ကျောက်ပြားနှစ်ပြားမှတစ်ပါး ပဋိညာဉ်သေတ္တာထဲတွင်အခြားသောအရာ မရှိပါ။

2 Chronicles 5:11

လေဝိအမျိုးသားတို့သည် အသန့်ရှင်းဆုံးဌာနတော်မှ ယဇ်ပုရောဟိတ်တို့ထွက်လာသောအခါ ဘာလုပ်ကြသနည်း။
ပိတ်ဖြူကို ဝတ်ဆင်သော လေဝိအမျိုးသားတို့သည် လင်းကွင်း၊ စောင်းတယောကို တီးလျက် ယဇ်ပလ္လင်အရှေ့ဘက်၌ ရပ်နေကြသည်။

တံပိုးမှုတ်သောသူတို့နှင့် သီချင်းဆိုသောသူတို့သည် ထာဝရဘုရားကို မည်ကဲ့သို့ ချီးမွမ်းခဲ့ကြသနည်း။
တံပိုးမှုတ်သောသူတို့နှင့် သီချင်းဆိုသောသူတို့သည် "ထာဝရဘုရားသခင်သည် ကောင်းမြတ်တော်မူ၍ ကရုဏာတော်အစဉ်အမြဲတည်သည်"ဟု တညီတညွတ်တည်း အသံလွှင့်၍ ချီးမွမ်းကြသည်။

ယဇ်ပုရောဟိတ်တို့သည် အဘယ်ကြောင့် အမှုတော်ကို ဆောင်ရွက်လျက်ရပ်၍ မနေနိုင်ခဲ့ကြသနည်း။
ယဇ်ပုရောဟိတ်တို့သည် အမှုတော်ကို ဆောင်ရွက်လျက်ရပ်၍ မနေနိုင်ရခြင်းမှာ ထာဝရဘုရား၏ အိမ်တော်သည်ထာဝရဘုရား၏ ဘုန်းတော်နှင့်ပြည့်သော မိုဃ်းတိမ်တော်နှင့် ပြည့်နေသောကြောင့် ဖြစ်သည်။

## Chapter 6

1 ရှောလမုန်ကလည်း၊ ထာဝရဘုရားသည်၊ ထူထပ်သော မှောင်မိုက်ထဲမှာ နေတော်မူသည်ဟု စကား တော်ရှိ၏။ 2 သို့ရာတွင်
ကိုယ်တော်ကျိန်းဝပ်တော်မူရာအိမ်၊ အစဉ်အမြဲနေတော်မူရာ ဌာနတော်ကို အကျွန်ုပ်တည် ဆောက်ပါပြီဟု မြွက်ဆို၏။ 3
တဖန်ရှင်ဘုရင်သည် လှည့်ကြည့်၍ ဣသရေလ အမျိုးပရိသတ်အပေါင်းကို ကောင်းကြီးပေးတော်မူ၏။
ဣသရေလအမျိုးပရိသတ်အပေါင်းတို့သည် မတ်တတ် နေကြ၏။ 4-6 ရှင်ဘုရင်ကလည်း၊ ထာဝရဘုရား၏ ဗျာဒိတ်
တော်စကားဟူမူကား၊ ငါ၏လူဣသရေလအမျိုးသားတို့ကို အဲဂုတ္တုပြည်မှ နှုတ်ဆောင်သော နေ့ကစ၍။ ငါ့နာမ တည်ရာအိမ်ကို
ဆောက်စေခြင်းငှါ၊ ဣသရေလခရိုင် များတို့တွင် မြို့ကို ငါမရွေး၊ ငါ၏လူဣသရေလအမျိုးသား တို့ကို အုပ်စိုးရသော်သူကိုလည်
ငါမရွေးသေး။ ယခုမူ ကား၊ ငါ့နာမတည်ရာ ယေရုရှလင်မြို့ကိုငင်း၊ ငါ၏လူ ဣသရေလအမျိုးသားတို့ကို အုပ်စိုးစေခြင်းငှါ ဒါဝိဒ်ကို
ငင်း၊ ငါရွေးပြီဟု ငါ့ခမည်းတော်ဒါဝိဒ်အား ဗျာဒိတ် တော်ရှိသည်အတိုင်း၊ ပြုတော်မူသော ဣသရေလအမျိုး
၏ဘုရားသခင်ထာဝရဘုရားသည် မင်္ဂလာရှိတော်မူစေ သတည်း။ 7 ဣသရေလအမျိုး၏ဘုရားသခင် ထာဝရဘုရား
၏နာမတော်အဘို့ အိမ်တော်ကို တည်ဆောက်ခြင်းငှါ၊ ငါ့ခမည်းတော်ဒါဝိဒ်သည် အကြံရှိသောအခါ၊ 8 ထာဝရဘုရားက၊ သင်သည်
ငါ့နာမအဘို့ အိမ်ကို တည်ဆောက်ခြင်းငှါ အကြံရှိသောကြောင့်၊ ကောင်းသောအမှုကိုပြုပြီ။ 9 သို့သော်လည်း သင်သည် အိမ်တော်ကို
မဆောက်ရ။ သင်၏သားရင်းသည် ငါ့နာမအဘို့ အိမ်တော်ကို ဆောက်ရမည်ဟု ငါ့ခမည်းတော်ဒါဝိဒ်အား မိန့်တော်မူ၏။ 10
ထာဝရဘုရားသည် အမိန့်တော်ရှိသည်အတိုင်း ပြုတော်မူသဖြင့်၊ ငါသည် ငါ့ခမည်းတော်ဒါဝိဒ်၏ အရိပ် အရာကိုခံရ၍၊
ထာဝရဘုရားဂတိတော်ရှိသည်အတိုင်း ဣသရေလနိုင်ငံ၏ ရာဇပလ္လင်ပေါ်မှာ ထိုင်လျက်၊ ဣသာ ရေလအမျိုး၏ဘုရားသခင်
ထာဝရဘုရား၏ နာမတော် အဘို့ အိမ်တော်ကို တည်ဆောက်လေပြီ။ 11 ဣသရေလအမျိုးသားတို့နှင့် ထာဝရဘုရား ဖွဲ့တော်မူသော
ပဋိညာဉ်ကျောက်စာပါသော သေတ္တာ တော်ကို ထိုအိမ်တော်၌ တင်ထားလေပြီဟု မြွက်ဆို၏။ 12 ထိုအခါရှောလမုန်သည်
အလျားငါးတောင်၊ အနံငါးတောင်၊ 13 အမြင့်သုံးတောင်ရှိသောပလ္လင်ကိုလုပ်၍၊ တန်တိုင်းအလယ်၌ ထားနှင့်သော ထိုပလ္လင်ပေါ်သို့
တက်ပြီးလျှင်၊ ထာဝရဘုရား၏ယဇ်ပလ္လင်ရှေ့၊ ဣသရေလ အမျိုးပရိသတ်အပေါင်းတို့ အလယ်မှာဒူးထောက်၍၊ လက်ဝါးတို့ကို
ကောင်းကင်သို့ဖြန့်လျက်၊ 14 အိုဣသရေလအမျိုး၏ ဘုရားသခင်ထာဝရ ဘုရား၊ ကောင်းကင်ပေါ်မြေကြီးပေါ်မှာကိုယ်တော်နှင့်
တူသောဘုရားတဆူမျှ မရှိပါ။ ရှေ့တော်၌ စိတ်နှလုံး အကြွင်းမဲ့ ကျင့်သောကိုယ်တော်၏ ကျွန်တို့အဘို့ ပဋိညာဉ်တရားနှင့်
ကရုဏာတရားကို စောင့်ရှောက် တော်မူပြီ။ 15 အကျွန်ုပ်အဘဒါဝိဒ်၌ ထားတော်မူသော ဂတိ တော်ကိုမဖျက်၊ မိန့်တော်မူသည်အတိုင်း
ယနေ့ပြုတော် မူပြီ။ 16 အိုဣသရေလအမျိုး၏ ဘုရားသခင် ထာဝရ ဘုရား၊ ကိုယ်တော်က၊ သင်သည်ငါ့ရှေ့မှာ ကျင့်သကဲ့သို့
သင်၏သားမြေးတို့သည်ငါ့တရားကို ကျင့်လိုသောငှါ၊ မိမိတို့သွားရာလမ်းကို သတိပြုလျှင်၊ ငါ့မျက်မှောက်၌ ဣသရေလနိုင်ငံ၏
ရာဇပလ္လင်ပေါ်မှာ ထိုင်ရသော သင် ၏အမျိုး မင်းရိုးမပြတ်ရဟု ကိုယ်တော်ကျွန် အကျွန်ုပ် အဘဒါဝိဒ်၌ ထားတော်မူသော ဂတိတော်ကို
ယခု စောင့်တော်မူပါ။ 17 အိုဣသရေလအမျိုး၏ဘုရားသခင် ထာဝရ ဘုရား၊ ကိုယ်တော်ကျွန်အကျွန်ုပ်အဘ ဒါဝိဒ်အား
မိန့်တော်မူသော စကားတော်ကို ယခုပြည့်စုံစေတော် မူပါ။ 18 သို့ရာတွင်ဘုရားသခင်သည် မြေကြီးပေါ်မှာ လူတို့တွင် ဧကန်
အမှန်ကျိန်းဝပ်တော်မူမည်လော။ ကောင်းကင်နှင့် ကောင်းကင်တကာတို့၏အထွဋ်၊ အမြင့် ဆုံးသော ကောင်းကင်သည်ကိုယ်တော်ကို
မဆံ့မခံနိုင် သည်ဖြစ်၍၊ အကျွန်ုပ်တည်ဆောက်သော ဤအိမ်ကို အဘယ်ဆိုဘွယ်ရာ ရှိပါသနည်း။ 19 သို့သော်လည်း
အိုအကျွန်ုပ်ဘုရားသခင် ထာဝရ ဘုရား၊ ကိုယ်တော်ကျွန်သည် ရှေ့တော်၌ ယနေ့ကြွေး ကြော်လျက် ပဌနာပြု၍ တောင်းလျှောက်သော
စကားကို နားခံနာယူတော်မူပါ။ 20 ဤမည်သောအရပ်၌ ငါ့နာမတည်ရမည်ဟု မိန့် တော်မူသည်အတိုင်း၊ ဤအရပ်ဌာနနှင့်
ဤအိမ်တော်ကို နေ့ညဥ့်မပြတ်ကြည့်ရှု၍ ကိုယ်တော်ကျွန်သည် ဤအရပ်ဌာန၌ ဆုတောင်းသော စကားကို နားထောင် တော်မူပါ။ 21
ကိုယ်တော်ကျွန်မှစ၍ကိုယ်တော်၏ လူဣသာ ရေလအမျိုးသားတို့သည် ဤအရပ်ဌာန၌ ဆုတောင်း ပဌနာပြုကြသောအခါ၊
ကျိန်းဝပ်တော်မူရာကောင်းကင် ဘုံ၌နားထောင်၍ အပြစ်မှလွှတ်တော်မူပါ။ 22 လူသည်မိမိအိမ်နီးချင်းကို ပြစ်မှားသောကြောင့်၊
အကျိန်ခံရမည်ဟုအိမ်နီးချင်းဆိုလျက်၊ ဤအိမ်တော်၌ ကိုယ်တော်၏ ယဇ်ပလ္လင်ရှေ့မှာ အကျိန်တိုက်လျှင်၊ 23 ကောင်းကင်ဘုံ၌
နားထောင်တော်မူပါ။ မတရားသော သူသည် မိမိအပြစ်နှင့်အလျောက် ရှုံးစေ ခြင်းငှါငင်း၊ ဖြောင့်မတ်သောသူသည် မိမိဖြောင့်မတ်ခြင်း
နှင့် အလျောက်အကျိုးကိုခံရ၍ အပြစ်မှ လွှတ်စေခြင်း ငှါငင်း၊ ကိုယ်တော်ကျွန်တို့ကို တရားစီရင်တော်မူပါ။ 24 ကိုယ်တော်၏လူ
ဣသရေလ အမျိုးသားတို့သည် ကိုယ်တော်ကို ပြစ်မှားသောအပြစ်ကြောင့်၊ ရန်သူရှေ့မှာ ရှုံးရသောအခါ၊ ကိုယ်တော်ထံသို့ပြန်လာ၍
နာမတော်ကို ဝန်ခံလျက်၊ ဤအိမ်တော်ကိုမှီခိုလျက်၊ ဆုတောင်းပဌနာ ပြုလျှင်၊ 25 ကောင်းကင်ဘုံ၌နားထောင်၍၊ ကိုယ်တော်၏လူ
ဣသရေလအမျိုးသားတို့ကို အပြစ်မှလွှတ်တော်မူပါ။ ဘိုးဘေးတို့အား ပေးသနားတော်မူသော ပြည်သို့ တဖန် ပို့ဆောင်တော်မူပါ။ 26
ကိုယ်တော်ကို ပြစ်မှားသောအပြစ်ကြောင့် မိုဃ်းမရွာ၊ မိုဃ်းခေါင်သဖြင့်၊ ကိုယ်တော်သည် ဆုံးမ တော်မူသောအခါ၊ သူတို့သည်
ဤအရပ်ဌာနတော်ကို မှီခိုလျက် ဆုတောင်း၍၊ နာမတော်ကို ဝန်ခံလျက် မိမိ ဒုစရိုက်ကို စွန့်ပယ်လျှင်၊ 27 ကောင်းကင်ဘုံ၌နားထောင်၍
ကိုယ်တော်၏ ကျွန်၊ ကိုယ်တော်၏လူဣသရေလအမျိုးတို့ကို အပြစ်မှ လွှတ်တော်မူပါ။ သူတို့လိုက်ရသော လမ်းကောင်းကို ပြညွှန်၍၊
ကိုယ်တော်၏ လူတို့အား အမွေပေးသော မြေ ပေါ်မှာ မိုဃ်းရွာစေတော်မူပါ။ 28 ပြည်တော်၌ အစာအာဟာရ ခေါင်းပါးသော် ငင်း၊
လေထိ၍ အပင်သေသော်ငင်း၊ အရည်ယို၍သေ သော်ငင်း၊ အရာဘကျိုင်း၊ ခါသီလကျိုင်းကိုက်စား သော်ငင်း၊ ရန်သူတိုက်လာ၍

 generated on Tue Jul 2 12:50:28 2024

မြို့ကိုဝိုင်းထားသော်ငြား၊ ဘေးဥပဒ် အနာရောဂါ တစုံတခုရောက်သောခါ၊ 29 ကိုယ်တော်၏လူ ဣသရေလအမျိုးသားအချို့တို့ သည်
အသီးအသီးခံရသောဘေးဒဏ်ကိုသိလျက်၊ ဤအိမ် တော်သို့ မိမိတို့လက်ဝါးကို ဖြန့်၍ တစုံတခုသော ပဌနာ စကားအားဖြင့်
ဆုတောင်းလျှင်၊ 30 ကျိန်းဝပ်တော်မူရာ ကောင်းကင်ဘုံ၌၊ နား ထောင်တော်မူပါ။ 31 ဘိုးဘေးတို့အားပေးသနားတော်မူသော ပြည်၌
သူတို့သည် အသက်ရှင်သောကာလပတ်လုံး ကိုယ်တော် ကို ကြောက်ရွံ့၍၊ တရားတော်လမ်းသို့ လိုက်ပါမည် အကြောင်း၊
ကိုယ်တော်သာလျှင် လူသတ္တဝါအပေါင်း တို့၏စိတ်နှလုံးသဘောကို သိလျက် သူတို့အပြစ်ကို လွှတ်တော်မူပါ။
အသီးအသီးပြုကြသည်အတိုင်း စီရင်တော် မူပါ။ 32 ကိုယ်တော်၏လူဣသရေလအမျိုးမဟုတ်၊ တပါးအမျိုးသားတို့
သည်ကြီးမြတ်သောနာမတော်နှင့် တန်ခိုးကြီး၍ ဆန့်တော်မူသော လက်ရုံးတော်ကို ထောက် သဖြင့်၊ ဝေးသောပြည်မှ ရောက်လာ၍
ဤအိမ်တော်ကို မျှော်ခိုလျက်ဆုတောင်းလျှင်၊ 33 ကျိန်းဝပ်တော်မူရာ ကောင်းကင်ဘုံ၌ နား ထောင်တော်မူပါ။ ကိုယ်တော်၏ လူဣသရေလ
အမျိုးသားတို့သည်ကိုယ်တော်ကို ကြောက်ရွံ့သကဲ့သို့၊ မြေကြီးသားအပေါင်းတို့သည် ကြောက်ရွံ့လျက် နာမ တော်ကို
သိစေခြင်းငှါငြား၊ အကျွန်ုပ်တည်ဆောက်သော ဤအိမ်တော်ကို နာမတော်ဖြင့် သမုတ်ကြောင်းကို သိစေ ခြင်းငှါငြား၊
ထိုတပါးအမျိုးသားတို့သည် ဆုတောင်းသမျှ အတိုင်း ကျေးဇူးပြုတော်မူပါ။ 34 ကိုယ်တော် စေခိုင်းတော်မူသည်အတိုင်း၊ ကိုယ်
တော်၏လူတို့သည် ရန်သူတို့ရှိရာသို့ စစ်ချီသောအခါ ရွေးတော်မူသောမြို့၊ နာမတော်အဘို့ အကျွန်ုပ် တည် ဆောက်သော အိမ်တော်ကို
မျှော်ခိုလျက် ကိုယ်တော်အား ဆုတောင်းကြလျှင်၊ 35 သူတို့ ဆုတောင်းပဌနာပြုသော စကားကို ကောင်းကင်ဘုံ၌ နားထောင်၍
သူတို့အမှုကို စောင့် တော်မူပါ။ 36 မပြစ်မှားတတ်သော သူတယောက်မျှမရှိသည် ဖြစ်၍၊ ကိုယ်တော်၏လူတို့သည် ကိုယ်တော်ကို
ပြစ်မှား သောကြောင့်၊ အမျက်တော်ထွက်၍ ရန်သူလက်သို့ အပ်တော်မူသဖြင့်၊ ရန်သူတို့သည် ဝေးသောပြည်၊ နီး သောပြည်၊
အခြားတပါးသော ပြည်သို့သိမ်းသွားလျှင် ငြား၊ 37 ထိုပြည်၌အချုပ်ခံစဉ်၊သူတို့သည် သတိရ၍ အကျွန်ုပ်တို့သည် ပြစ်မှားပါပြီ။
မဖြောင့်သောအမှု၊ ဆိုးညစ်သောအမှုကို ပြုမိပါပြီဟု စိတ်ပြောင်းလဲ၍ တောင်းပန်သဖြင့်၊ 38 သိမ်းသွားသော ရန်သူတို့၏
ပြည်၌နေစဉ်၊ စိတ်နှလုံးအကြွင်းမဲ့အထံတော်သို့ပြန်လာ၍၊ ဘိုးဘေးတို့ အား ပေးတော်မူသောပြည်၊ ရွေးတော်မူသောမြို့၊ နာမ
တော်အဘို့ အကျွန်ုပ်တည်ဆောက်သော အိမ်တော်ကို မျှော်ခိုလျက် ဆုတောင်းလျှင်ငြား၊ 39 သူတို့ဆုတောင်း ပဌနာပြုသောစကားကို
ကျိန်း ဝပ်တော်မူရာ ကောင်းကင်ဘုံ၌ နားထောင်၍ သူတို့ အမှုကို စောင့်တော်မူပါ။ ကိုယ်တော်ကို ပြစ်မှားသော
ကိုယ်တော်လူတို့၏အပြစ်ကို ဖြေရှင်းတော်မူပါ။ 40 အိုအကျွန်ုပ်ဘုရားသခင် ကြည့်ရှုတော်မူပါ။ ဤအရပ်၌ာနေ၌ ဆုတောင်းသော
စကားကို နားထောင် တော်မူပါ။ 41 အိုထာဝရအရှင် ဘုရားသခင်၊ ကျိန်းဝပ်တော်မူ ရာသို့ တန်ခိုးတော်နှင့်ယှဉ်သော
ဓမ္မသေတ္တာနှင့်တကွ တတ်တော်မူပါ။ အိုထာဝရအရှင်ဘုရားသခင်၊ ကိုယ်တော် ၏ ယဇ်ပုရောဟိတ်တို့သည် ကယ်တင်ခြင်းတန်ဆာကို
ဆင်၍၊ ကိုယ်တော်၏ သန့်ရှင်းသူတို့သည် ကျေးဇူးတော်၌ ဝမ်းမြောက်ကြပါစေသော၊ 42 အိုထာဝရ အရှင်ဘုရားသခင်၊ ဘိသိက်ပေး
တော်မူသော သူ၏မျက်နှာကို လွှဲစေတော်မမူပါနှင့်။ ကိုယ်တော်ကျွန်ဒါဝိဒ်ခံရသော ကျေးဇူးတော်ကို အောက် မေ့တော်မူပါဟု
ပဌနာပြုလေ၏။

---

2 Chronicles 01

နေတော်မူရာ ဌာနတော်
အခြားသောဘာသာပြန်ဆိုချက်၊ "နေဖို့ရန်
မြှောက်တင်ထားသောနေရာ။"

ဣသရေလအမျိုးပရိသတ်အပေါင်းတို့သည် မတ်တတ် နေကြ၏
အခြားသောဘာသာပြန်ဆိုချက်၊ "လူတို့ ရပ်နေကြစဉ်။"

2 Chronicles 04

ငါ့နာမ တည်ရာအိမ်ကို ဆောက်စေခြင်းငှါ၊
ငါရွေးပြီဟု ငါ့ခမည်းတော်ဒါဝိဒ်အား ဗျာဒိတ်
တော်ရှိသည်အတိုင်းပြုတော်မူသော။

ငါ့နာမ တည်ရာ
အခြားသောဘာသာပြန်ဆိုချက်၊ "ထိုနေရာတွင် လူများသည်
မိမိအားသိရန်အလိုငှါ။"

2 Chronicles 07

ဒါဝိဒ် အကြံ
အခြားသောဘာသာပြန်ဆိုချက်၊ "ဒါဝိဒ်၏ ဆန္ဒ။"

ထာဝရဘုရား၏နာမတော်
ထာဝရဘုရား၏ နာမတော် သည်ဘုရားသခင်၏
တည်ရှိခြင်းအလုံးစုံကို ပုံဆောင်သည်။

2 Chronicles 10

ထာဝရဘုရား ဖွဲ့တော်မူသော ပဋိညာဉ်ကျောက်စာပါသော သေတ္တာ
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည်
ဣသရေလလူများနှင့် ပြုလုပ်ခဲ့သည့် ပဋိညာဉ် ရေးထားသော
ကျောက်ပြားများရှိသည်။" (UDB)


generated on Tue Jul 2 12:50:28 2024

2 Chronicles 12

ဣလသရေလ အမျိုးပရိသတ်အပေါင်းတို့ အလယ်မှာ
အခြားသောဘာသာပြန်ဆိုချက်၊ "ထိုနေရာတွင် စုဝေး
နှင့်ကြသော ဣသရေလလူများ၏ ရှေ့တွင်။"

တောင် (အတောင်)

လက်ဝါးတို့ကို ကောင်းကင်သို့ဖြန့် လျက်
ရှောလမုန်သည် စင်ပေါ်တွင် ဆုတောင်းရန် ဒူးထောက်စဉ်
မိမိလက်များကို အထက်သို့မြှောက်၍ ချီပင့်သည်။

2 Chronicles 14

ရှေ့တော်၌ စိတ်နှလုံး အကြွင်းမဲ့ ကျင့်သောကိုယ်တော်၏ ကျွန်တို့
အခြားသောဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်တို့ကို
သင်လုပ်စေလိုသည့်အရာများကို စိတ်မှန်စွာ
ပြုလုပ်ချင်သောကျွန်ုပ်တို့။"

ပဋိညာဉ်တရားနှင့် ကရုဏာတရားကို စောင့်ရှောက် တော်မူပြီ
ဒါဝိဒ်၏ သားသည် ဗိမာန်တော်ကို တည်ဆောက်မည်ဟူသော
ဘုရားသခင်က ဒါဝိဒ်အားပေးခဲ့သော ကတိတော်ကို
ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊
"ကိုယ်တော်သည် ကတိတော်အတိုင်း ပြည့်စုံစေပြီ။"

2 Chronicles 16

စောင့်တော်မူပါ
ဤစကားသည် တောင်းဆိုချက်ဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ကျေးဇူးပြု၍ ပြုတော်မူပါ။"

ငါ့မျက်မှောက်၌ ဣသရေလနိုင်ငံ၏ ရာဇပလ္လင်ပေါ်မှာ ထိုင်ရသော သင်၏အမျိုး မင်းရိုးမပြတ်ရ
အခြားသောဘာသာပြန်ဆိုချက်၊ "ဒါဝိဒ်၏
အမျိုးအနွယ်တစ်ယောက်တစ်ယောက် ဘုရင်အဖြစ်
နန်းထိုင်သည်ကို သင်မြင်ရလိမ့်မည်။"

သင်သည်ငါ့ရှေ့မှာ ကျင့်သကဲ့သို့
အခြားသောဘာသာပြန်ဆိုချက်၊ "ဒါဝိဒ်ပြုလုပ်ခဲ့သည့်အတိုင်း"

2 Chronicles 18

သို့ရာတွင်ဘုရားသခင်သည် မြေကြီးပေါ်မှာ လူတို့တွင် ဧကန် အမှန်ကျိန်းဝပ်တော်မူမည်လော
အခြားသောဘာသာပြန်ဆိုချက်၊ "သို့သော်လည်း
ဘုရားသခင်သည် လူတို့နှင့်အတူ မြေကြီးပေါ်တွင်
နေတော်မူမည်မဟုတ်။"

ကောင်းကင်နှင့် ကောင်းကင်တကာတို့၏အထွဋ်၌
အခန်း ၂:၆ ကိုမည်သို့ဘာသာပြန်သည်ကို ကြည့်ပါ။

ကြွေးကြော်လျက်တောင်းလျှောက်သော စကားကို နားခံနာယူတော်မူပါ
'ကြွေးကြော်' နှင့် 'တောင်းလျှောက်သော စကား'
သည်အဓိပ္ပါယ်အတူတူဖြစ်သည်။ သူ၏ စိတ်အားထက်သန်သည့်
ဆုတောင်းခြင်းကို အလေးပေးပြောခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ကျေးဇူးပြု၍ ကျွန်ုပ်တို့၏
လေးနက်သော တောင်းဆိုချက်ကို ဖြေပေးတော်မူပါ။"

ဤအရပ်ဌာနနှင့်ဤအိမ်တော်ကို နေ့ညဉ့်မပြတ်ကြည့်ရှု
ကိုယ်တော်ထံသို့ ဤဗိမာန်တော်တွင် လာကြသောသူများကို
နေ့ညမပြတ် ကူညီမစတော်မူပါ။

ဤမည်သောအရပ်၌ ငါ့နာမတည်ရမည်
အခြားသောဘာသာပြန်ဆိုချက်၊ "လူများသည် ကိုယ်တော်ကို
သိစေမည်ဟု ကိုယ်တော်မြွက်ဆိုသည့်နေရာ။"

ကိုယ်တော်ကျွန်သည် ဤအရပ်ဌာန၌ ဆုတောင်း
ဤစာရေးသောသူသည် ဗိမာန်တော် ရှိရာကို ဦးတည်၍
ဆုတောင်းသည်။

2 Chronicles 21

ကောင်းကင် ဘုံ၌နားထောင်၍ အပြစ်မှလွှတ်တော်မူပါ
အခြားသောဘာသာပြန်ဆိုချက်၊
"ဆုတောင်းသံများကိုကြားသောအခါ သူတို့အပြစ်ကို
ခွင့်လွှတ်တော်မူပါ။"

2 Chronicles 22

မတရားသော သူသည် မိမိအပြစ်နှင့်အလျောက် ရှုံးစေ ခြင်းငှါ၎င်း၊ ဖြောင့်မတ်သောသူသည် မိမိဖြောင့်မတ်ခြင်း နှင့် အလျောက်အကျိုးကိုခံရ၍
အခြားသောဘာသာပြန်ဆိုချက်၊ "ပြစ်ဒဏ်ခံထိုက်သည်အတိုင်း
ပြစ်ဒဏ်ပေး၍။"

2 Chronicles 24

ကောင်းကင်ဘုံ၌နားထောင်၍
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့၏
ဆုတောင်းချက်များကို မြတ်နိုးတော်မူပါ။"

ဘိုးဘေးတို့အား ပေးသနားတော်မူသော
အခြားသောဘာသာပြန်ဆိုချက်၊ "ကိုယ်တော်
သူတို့အားကတိပေးတော်မူသော။"

2 Chronicles 26

မိုဃ်းမရွာ၊ မိုဃ်းခေါင်သဖြင့်၊
'မိုဃ်းခေါင်' သည် ဟူသည့်စကားစုသည်
မိုးကောင်းကင်မှမိုးစက်မကျ ဟုဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ကိုယ်တော်သည် မိုးစက်ကျခွင့်
မပေးသောအရာ။"



generated on Tue Jul 2 12:50:28 2024

နာမတော်ကို ဝန်ခံလျက်
မိမိတို့နှုတ်နှင့် အကျင့်အားဖြင့် သူတို့သည် ဘုရားသခင်နှင့် သူ၏ အာဏာတော်ကို ရိုသေကြသည်။

မိမိ ဒုစရိုက်ကို စွန့်ပယ်
အခြားသောဘာသာပြန်ဆိုချက်၊ "မိမိတို့၏ အကျင့်ဆိုးများကို ရပ်တန့်၍။"

သူတို့လိုက်ရသော လမ်းကောင်းကို ပြညွှန်၍
အခြားသောဘာသာပြန်ဆိုချက်၊ "မည်သို့ မှန်ကန်စွာအသက်ရှင်ရမည်ကို သူတို့အား ပြတော်မူပါ။"

2 Chronicles 28

ဘေးဥပဒ် အနာရောဂါ တစုံတခုရောက်သောခါ ... အသီးအသီးခံရသောဘေးဒဏ်ကိုသိလျက်
ဖြစ်နိုင်သောအဓိပ္ပါယ်များမှာ (၁) မိမိစိတ်နှလုံး၌ ဝမ်းနည်းခြင်းကို သိခြင်း၊ သို့မဟုတ် (၂) ခံရသောဘေးဒဏ်နှင့် ဝမ်းနည်းခြင်းတို့သည် မိမိအပြစ်ကြောင့်ဖြစ်သည်ကို သိခြင်း။

မိမိတို့လက်ဝါးကို ဖြန့်၍
အခန်း ၆:၁၂ ကို မည်သို့ ဘာသာပြန်ခဲ့သည်ကို ပြန်ကြည့်ပါ။

အသီးအသီးပြုကြသည်အတိုင်း
အခြားသောဘာသာပြန်ဆိုချက်၊ "သူ ပြုလုပ်ခဲ့ပြီးသောအရာ။"

2 Chronicles 32

ကြီးမြတ်သောနာမတော်နှင့် တန်ခိုးကြီး၍ ဆန့်တော်မူသော လက်ရုံးတော်
အခြားသောဘာသာပြန်ဆိုချက်၊ "ကိုယ်တော်သည် အလွန်ကြီးမြတ်၍ တန်ခိုးကြီးသည်။"

နာမတော်ဖြင့် သမုတ်ကြောင်း
အခြားသောဘာသာပြန်ဆိုချက်၊ "သင်ပိုင်ဆိုင်သော ထာဝရဘုရား၏ အိမ်တော်။"

2 Chronicles 34

အကျွန်ုပ် တည်ဆောက်သော
အခြားသောဘာသာပြန်ဆိုချက်၊ "ငါ၏ အုပ်ချုပ်မှုအောက်တွင် လူတို့ တည်ဆောက်သော။"

2 Chronicles 36

ယေဘုယျ သတင်းအချက်အလက်
ရှု၊

ရန်သူတို့သည် ဝေးသောပြည်၊ နီး သောပြည်၊ အခြားတပါးသော ပြည်သို့သိမ်းသွားလျှင်
ရန်သူတို့သည် သူတို့ကို သိမ်းသွား၍ သူတို့၏ ရန်သူနယ်မြေသို့ ခေါ်ဆောင်သည်။

အိမ်တော်ကို မှီခိုလျက် ဆုတောင်း
ဣသရေလလူများကို ရည်ညွှန်းသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့၏ ဘိုးဘေးများအား သင်ပေးသော ဤပြည်သို့ လှည့်၍ ဆုတောင်းပါ။"

---

## Translation Questions

2 Chronicles 6:1

ရှောလမုန်မင်းကြီးသည် ထာဝရဘုရား ကျိန်းဝပ်တော်မူရာအိမ်ကို မည်ကဲ့သို့ တိုးတက်အောင် လုပ်ခဲ့ပြီးသနည်း။
ထာဝရဘုရားသည် ထူထပ်သော မှောင်မိုက်ထဲမှာ နေတော်မူသော်လည်း ရှောလမုန်မင်းကြီးသည် ကိုယ်တော်ကျိန်းဝပ်တော်မူရာအိမ်ကို ကုန်းပေါ်တွင် တည်ထား၍ အစဉ်အမြဲ နေတော်မူရာဌာနတော်ကို ဆောက်လုပ်ပြီးဖြစ်သည်။

2 Chronicles 6:4

နောက်ဆုံး၌ ထာဝရဘုရားသည် မည်သည့်နေရာတွင် တည်နေရာအိမ်ကိုဆောက်ရန် ဆုံးဖြတ်၍ မည်သူ့ကို ဣသရေလအမျိုးသားတို့ကို အုပ်စိုးစေခြင်းငှါ ရွေးချယ်ခဲ့သနည်း။
ထာဝရဘုရားသည် တည်နေရာအိမ်ကို ဆောက်ရန် မည်သည့်မြို့ကိုမျှမရွေး၊ မည်သူ့ကိုမျှ ဣသရေလအမျိုးသားတို့ကို အုပ်စိုးရန် မခန့်ထားဖူးသေးသော်လည်း ယေရုရှလင်မြို့ကို နာမတည်ရာမြို့ အဖြစ်သော်လည်းကောင်း၊ ဒါဝိဒ်မင်းကြီးအား ဣသရေလအမျိုးသားတို့ကို အုပ်စိုးစေခြင်းငှါလည်းကောင်း ရွေးချယ်ခဲ့ပါသည်။

2 Chronicles 6:7

ထာဝရဘုရားသည် ဒါဝိဒ်မင်းကြီး ၏စိတ်နှလုံးအလိုဆန္ဒကို ပြည့်စုံစေရန် ဘာကိုပြောခဲ့သနည်း။
ထာဝရဘုရားသည် ဒါဝိဒ်မင်းကြီးအား "သင်သည် အိမ်တော်ကို မဆောက်ရ၊ သင်၏သားရင်းသည် ငါ့နာမအဘို့ အိမ်တော်ကို ဆောက်ရမည်" ဟု ပြောခဲ့ပါသည်။

2 Chronicles 6:10

ထာဝရဘုရားသည် သူ၏ဂတိတော်စကားကို မည်ကဲ့သို့ ပြုတော်မူခဲ့သနည်း။
ထာဝရဘုရားသည် ဂတိတော်စကား ရှိသည်အတိုင်း ရှောလမုန်မင်းကြီးအား ဒါဝိဒ်မင်း၏ အရိုက်အရာကို ခံစေ၍၊

ထာဝရဘုရား၏ နာမတော်အဖို့ အိမ်တော်ကို တည်ဆောက်စေပြီးလျှင် ပဋိညာဉ်သေတ္တာတော်ကို အိမ်တော်၌ သွင်းထားတော်မူခဲ့သည်။

2 Chronicles 6:12

ရှောလမုန်မင်းကြီးသည် ထာဝရဘုရား၏ ယဇ်ပလ္လင်ရှေ့၌ မည်ကဲ့သို့ ရပ်ခဲ့သနည်း။
ရှောလမုန်မင်းကြီးသည် ကြေးနီပလ္လင်ပေါ်သို့ တက်ပြီးလျှင် ထာဝရဘုရား၏ ယဇ်ပလ္လင်ရှေ့၊ ဣသရေလ အမျိုးပရိသတ်အပေါင်းတို့ အလယ်မှာ ဒူးထောက်၍၊ လက်ဝါးတို့ကို ကောင်းကင်သို့ ဖြန့်လျက် နေခဲ့သည်။

2 Chronicles 6:14

ထာဝရဘုရားသည် ရှေ့တော်၌ စိတ်နှလုံး အကြွင်းမဲ့ ကျင့်သော ကျွန်တို့အဘို့ ဘာလုပ်ခဲ့သနည်း။
ထာဝရဘုရားသည် ရှေ့တော်၌ စိတ်နှလုံး အကြွင်းမဲ့ ကျင့်သော ကျွန်တို့အဘို့ ပဋိညာဉ်တရားနှင့် ကရုဏာတရားကို စောင့်ရှောက်တော်မူသည်။

2 Chronicles 6:16

ထာဝရဘုရားသည် မိမိ၏ကျွန် ဒါဝိဒ်နှင့် မည်သည့်ကတိတော်ကို ပြုလုပ်ခဲ့သနည်း။
ထာဝရဘုရားသည် မိမိ၏ကျွန် ဒါဝိဒ်အား သူ၏သားမြေးတို့သည် ထာဝရဘုရား၏ တရားကိုကျင့်လိုသောငှါ သတိပြုလျှင် ဣသရေလနိုင်ငံ၏ ရာဇပလ္လင်ပေါ်မှာ မင်းရိုးမပြတ် ထိုင်ရမည်ဖြစ်ကြောင်း ကတိပြုခဲ့သည်။

2 Chronicles 6:18

ရှောလမုန်မင်းကြီးသည် မည်သည့် အခြေခံ တောင်းဆိုမှုမျိုးကို ထာဝရဘုရားအား ပြုလုပ်ခဲ့သနည်း။
ရှောလမုန်မင်းကြီးသည် ရှေ့တော်၌ ကြွေးကြော်လျက် ပဌာနာပြု၍ ဆုတောင်းသော စကားကို ထာဝရဘုရားသည် နာခံပေးခြင်းဖြင့် အိမ်တော်ကို နေ့ညဉ့်မပြတ် ကြည့်ရှုရန်အတွက်ဖြစ်သည်။

2 Chronicles 6:21

ဣသရေလအမျိုးသားတို့၏ ဘုရားသခင် ထာဝရဘုရားသည် ရှောလမုန်မင်းကြီးမှစ၍ ဣသရေလအမျိုးသားတို့၏ တောင်းဆိုမှုကို နားထောင်ပြီးနောက် ရှောလမုန်မင်းကြီးသည် ဘာလုပ်ပေးရန် အလိုတော်ရှိခဲ့သနည်း။
ရှောလမုန်မင်းကြီးသည် အပြစ်များကို ထာဝရဘုရားလွှတ်ပေးရန် လိုချင်ခဲ့သည်။

2 Chronicles 6:22

ဖြောင့်မတ်သောသူသည် မိမိအိမ်နီးချင်းကို ပြစ်မှားသောကြောင့် အကျိန်ခံရမည်ဆိုလျှင် မည်ကဲ့သို့ အပြစ်ကင်းကြောင်း ကြွေးကြော်ရမည်နည်း။
ဖြောင့်မတ်သောသူသည် ထာဝရ ဘုရား၏အိမ်တော်၌ ယဇ်ပလ္လင်ရှေ့တွင် အကျိန်တိုက်ခြင်းဖြင့် အပြစ်ကင်းကြောင်း ကြွေးကြော်ရပါမည်။

2 Chronicles 6:24

ဣသရေလအမျိုးသားတို့သည် ထာဝရဘုရားကို ပြစ်မှားသောကြောင့် ရန်သူတို့ရှေ့မှာ ရှုံးရသောအခါ ဘာလုပ်ရန် လိုအပ်ခဲ့သနည်း။
ဣသရေလအမျိုးသားတို့သည် ထာဝရဘုရားထံတော်သို့ ပြန်လာ၍ နာမတော်ကို ဝန်ခံလျက်၊ ဆုတောင်းပဌာနာပြု၍ ထာဝရဘုရားအိမ်တော်ရှေ့၌ ခွင့်လွှတ်ခြင်းတရားကို တောင်းခံခြင်းပြုရန် လိုအပ်ပါသည်။

2 Chronicles 6:26

ဣသရေလအမျိုးသားတို့သည် ထာဝရဘုရားကို ပြစ်မှားသောကြောင့် မိုးမရွာ၊ မိုးခေါင်သောအခါ မည်ကဲ့သို့ တုန့်ပြန်မှုကို ပြုလုပ်သင့်သနည်း။
ဣသရေလအမျိုးသားတို့သည် ထာဝရဘုရား၏အိမ်တော်ရှေ့တွင်နာမတော်ကို ဝန်ခံလျက် ဆုတောင်း၍ သူတို့အပြစ်များကို ပယ်ရှားလျှင် မြေပေါ်မှာ မိုးရွာစေတော်မူမည်ဖြစ်သည်။

2 Chronicles 6:28

ဣသရေလအမျိုးသားတို့သည် ထာဝရဘုရားအား မည်သည့် အခြေအနေတွင် သူတို့၏ အပြစ်များကို ခွင့်လွှတ်ရန်နှင့် ဆုတောင်းသံများကို နားထောင်ပေးရန် လိုအပ်ခဲ့ကြသနည်း။
ဣသရေလအမျိုးသားတို့သည် ထာဝရဘုရားအား ပြည်တော်၌ အစာအာဟာရ ခေါင်းပါးသော်လည်းကောင်း၊ လေထိ၍ အပင်သေသော်လည်းကောင်း၊ အရည်ယို၍သေ သော်လည်းကောင်း၊ အရာဘကျိုင်း၊ ခါသီလကျိုင်းကိုက်စား သော်လည်းကောင်း၊ ရန်သူတိုက်လာ၍ မြို့ကိုဝိုင်းထားသော်လည်းကောင်း၊ ဘေးဥပဒ် အနာရောဂါ တစုံတခုရောက်သောခါ လိုအပ်ခဲ့ကြပါသည်။

2 Chronicles 6:32

တစ်ပါးအမျိုးသားတို့သည် ထာဝရ ဘုရား၏ အိမ်တော်ကို မှီခိုလျက် ဆုတောင်းသောအခါ ထာဝရဘုရားသည် အဘယ်ကြောင့် သူတို့၏ ဆုတောင်းသံကို နားထောင်တော်မူသင့်သနည်း။
ထာဝရဘုရားသည် မြေကြီးသားအပေါင်းတို့အား သူ့ကို ကြောက်ရွံ့လျက် နာမတော်ကို သိစေခြင်းငှါလည်းကောင်း၊ နာမတော်ဖြင့် သမုတ်သော အိမ်တော်ကို သိစေ ခြင်းငှါလည်းကောင်း၊ သူတို့ဆုတောင်းသည့်အတိုင်း နားထောင်ပေးရပါမည်။

2 Chronicles 6:36

ရှောလမုန်မင်းကြီးသည် ထာဝရဘုရားအား ဘာကို ပဌာနာပြုလုပ်ခဲ့သနည်း။
ရှောလမုန်မင်းကြီးသည် ထာဝရဘုရားအား ဣသရေလအမျိုးသားတို့ ပြစ်မှားမိသော အပြစ်များ၊ ဝန်ခံခြင်းကို ခွင့်လွှတ်ပေးသဖြင့် သိမ်းသွားသော ရန်သူတို့လက်မှ ဆောင်ယူ၍ သူတို့အပြစ်များအတွက် နောင်တရခြင်းကို နားထောင်ပေးရန် ပဌာနာပြုခဲ့ပါသည်။

ရှောလမုန်မင်းကြီးသည် ထာဝရ ဘုရားအား မည်သည့်အရာကို ပြုလုပ်စေချင်ခဲ့သနည်း။
ရှောလမုန်မင်းကြီးသည် ထာဝရဘုရားအား ကိုယ်တော် ၏ ယဇ်ပုရောဟိတ်တို့သည် ကယ်တင်ခြင်းတန်ဆာကို ဆင်၍၊ ကိုယ်တော်၏ သန့်ရှင်းသူတို့သည် ကျေးဇူးတော်၌ ဝမ်းမြောက်စေမည်အကြောင်း လူထုတို့၏ဆုတောင်းသံကို အာရုံစိုက် နားထောင်ပေးစေချင်ခဲ့ပါသည်။

---


generated on Tue Jul 2 12:50:28 2024

## Chapter 7

1 ထိုသို့ ရှောလမုန်သည်ပဌနာပြု၍ ပြီးသော အခါ၊ ကောင်းကင်က မီးကျ၍ မီးရှို့ရာယဇ်အစရှိသော ယဇ်မျိုးကို လောင်သဖြင့်၊
အိမ်တော်သည် ထာဝရဘုရား ၏ ဘုန်းတော်နှင့်ပြည့်၏။ 2 ထာဝရဘုရား၏အိမ်တော်သည် ဘုန်းတော်နှင့် ပြည့်သောကြောင့်၊
ယဇ်ပုရောဟိတ်တို့သည် ထာဝရ ဘုရား၏ အိမ်တော်ထဲသို့ မဝင်နိုင်ကြ။ 3 ထိုသို့မီးကျ၍ ထာဝရဘုရား၏ ဘုန်းတော်သည်
အိမ်တော်ပေါ်မှာ သက်ရောက်သည်ကို ဣသရေလ အမျိုးသားအပေါင်းတို့သည် မြင်လျှင်၊ ကျောက်ခင်းအရပ် ၌ မြေပေါ်မှာ
ဦးချပြပ်ဝပ်လျက် ကောင်းမြတ်တော်မူ သည်၊ ကရုဏာတော်အစဉ်အမြဲတည်သည်ဟု ထာဝရ ဘုရားကို ကိုးကွယ်၍ ဂုဏ်တော်ကို
ချီးမွမ်းကြ၏။ 4 ထိုအခါ ရှောလမုန် မင်းကြီးနှင့်တကွ လူ အပေါင်းတို့သည် ထာဝရဘုရားရှေ့တော်၌ ယဇ်ပူဇော် ကြ၏။ 5
နွားနှစ်သောင်းနှစ်ထောင်၊ သိုးတသိန်း နှစ်သောင်းတို့ကို ယဇ်ပူဇော်သဖြင့်၊ ဘုရားသခင်၏ အိမ်တော်ကို အနုမောဒနာပြုကြ၏။ 6
ယဇ်ပုရောဟိတ်တို့သည် မိမိတို့အမှုကို ဆောင် ရွက်ကြ၏။ လေဝိသားတို့သည် ထာဝရဘုရား၏ ကရုဏာတော်
အစဉ်အမြဲတည်သောကြောင့်၊ ထာဝရ ဘုရား၏ ဂုဏ်တော်ကိုချီးမွမ်းစရာဘို့ ဒါဝိဒ်မင်းကြီး စီရင်သော တုရိယာမျိုးကို တီးမှုတ်လျက်
ဒါဝိဒ်၏ ဆာလံ သီချင်းကို ဆိုကြ၏။ ယဇ်ပုရောဟိတ်တို့သည်လည်း တံပိုး မှုတ်၍ ဣသရေလအမျိုးသားအပေါင်းတို့သည်
မတ်တတ်နေကြ၏။ 7 ရှောလမုန်သည်လည်း၊ ထာဝရဘုရား၏ အိမ် တော်ရှေ့မှာရှိသော တန်တိုင်းအတွင်း အရပ်ကို သန့်ရှင်း စေ၍၊
ထိုအရပ်၌ မီးရှို့ရာယဇ်နှင့် မိဿဟာယယဇ် ကောင်ဆီဥကိုပူဇော်၏။ အကြောင်းမူကား၊ အရင် လုပ်သောကြေးဝါယဇ်ပလ္လင်သည်
မီးရှို့ရာယဇ်၊ ဘောဇဉ် ပူဇော်သက္ကာ၊ ယဇ်ကောင်ဆီဥကို မခံလောက်။ 8 ထိုအခါရှောလမုန်သည် အလွန်များစွာသော
ပရိသတ်တည်းဟူသော ဟာမတ်မြို့ဝင်ဝမှ စ၍အဲဂုတ္တု မြစ်တိုင်အောင် အနှံ့အပြား အရပ်ရပ်ကလာကြသော
ဣသရေလအမျိုးသားအပေါင်းတို့နှင့်တကွ ခုနစ်ရက် ပတ်လုံး ပွဲခံတော်မူ၏။ 9 အဋ္ဌမ နေ့ရက်၌ ဓမ္မစည်းဝေးခြင်းကို ပြုကြ၏။
ခုနစ်ရက်ပတ်လုံး ယဇ်ပလ္လင်ကိုအနုမောဒနာပြုပြီးမှ၊ နောက်တဖန်ခုနစ်ရက်ပတ်လုံး ပွဲခံကြ၏။ 10 ထာဝရဘုရားသည် ဒါဝိဒ်နှင့်
ရှောလမုန်မှ စသော မိမိလူဣသရေလအမျိုးသားတို့၌ ပြုတော်မူသမျှ သော ကျေးဇူးတော်ကြောင့် ဝမ်းမြောက်ရွှင်လန်းလျက်၊
လူများတို့သည် မိမိတို့နေရာသို့ ပြန်သွားကြမည် အကြောင်း၊ သတ္တမလ နှစ်ဆယ်သုံးရက်နေ့တွင် လွှတ် လိုက်တော်မူ၏။ 11
ရှောလမုန်သည် ဗိမာန်တော်နှင့် နန်းတော်ကို လက်စသတ်၍၊ ဗိမာန်တော်နှင့်နန်းတော်၌ လုပ်ဆောင် မည်ဟု ကြံစည်လေသမျှသော
အကြံသည် အထမြောက် သောအခါ၊ 12 ထာဝရဘုရားသည် ညဉ့်အချိန်တွင် ထင်ရှား တော်မူလျက်၊
သင်ပြုသောပဌနာစကားကိုငါကြားပြီ။ ဤအရပ်ဌာနကို ယဇ်ပူဇော်ရာ အိမ်ဖြစ်စေခြင်းငှါ ကိုယ်အဘို့ငါရွေးယူပြီ။ 13
မိုယ်းမရွာစေခြင်းငှါ ငါသည် မိုယ်းခေါင်စေ သော်၎င်း၊ ကျိုင်းတို့သည် မြေအသီးအနှံကို ကိုက်စားစေ ခြင်းငှါ ငါမှာထားသော်၎င်း၊
ငါ့လူတို့ ကာလနာကိုစေလွှတ်သော်၎င်း၊ 14 ငါ့နာမဖြင့်သမုတ်သော ငါ့လူတို့သည် ကိုယ်ကို နှိမ့်ချသဖြင့်၊ ငါ့မျက်နှာကိုရှာလျက်
ဆုတောင်းပဌနာပြု၍ အဓမ္မလမ်းကို လွှဲရှောင်လျှင် ငါသည် ကောင်းကင်ဘုံ၌ နားထောင်မည်။ သူတို့အပြစ်ကို ဖြေ၍ သူတို့ပြည်ကို
ချမ်းသာပေးမည်။ 15 ငါကြည့်ရှုမည်။ ဤအရပ်ဌာန၌ ဆုတောင်း သော စကားကို ငါနားထောင်မည်။ 16 ငါ့နာမသည် အစဉ်တည်၍
ငါ့မျက်စိနှင့် ငါ့နှလုံးအစဉ် စွဲလမ်းစရာဘို့ ဤအိမ်ကို ငါရွေးချယ်၍ သန့်ရှင်းစေပြီ။ 17 သင်သည် ငါမှာထားသမျှကို ပြု၍ ငါစီရင်
ထုံးဖွဲ့ချက်တို့ကို စောင့်ရှောက်ခြင်းငှါ သင့်အဘဒါဝိဒ် ကဲ့သို့ ငါ့ရှေ့မှာ ကျင့်နေလျှင်၊ 18 ဣသရေလနိုင်ငံကို အုပ်စိုးရသောသင်၏အမျိုး
မင်းရိုးမပြတ်ရဟု သင့်အဘဒါဝိဒ်နှင့် ငါပဋိညာဉ်ဖွဲ့သည် အတိုင်း၊ သင်ထိုင်ရသော ရာဇပလ္လင်ကို အစဉ်ငါတည် စေမည်။ 19
သို့မဟုတ်သင်တို့သည် လမ်းလွှဲ၍ ငါမှာထား သော စီရင်ထုံးဖွဲ့ချက်တို့ကို စွန့်ပယ်သဖြင့်၊ အခြား တပါးသော ဘုရားထံသို့သွား၍
ဝတ်ပြုကိုးကွယ်လျှင်၊ 20 ငါပေးသောပြည်မှ သူတို့ကို အမြစ်နှင့်တကွ ငါနှုတ်ပစ်မည်။ ငါ့နာမအဘို့ ငါသန့်ရှင်းစေသော ဤအိမ်
တော်ကို ငါ့မျက်မှောက်မှ ပယ်ရှားမည်။ တပါးအမျိုးသား တို့တွင် ပုံခိုင်းရာကဲ့ရဲ့ရာ ဖြစ်စေမည်။ 21 အရပ်မြင့်သော
ဤအိမ်တော်ကိုလည်းလမ်း၌ ရှောက်သွားသော သူအပေါင်းတို့သည် အံ့သြ၍၊ ထာဝရ ဘုရားသည် ဤပြည်နှင့် ဤအိမ်ကို
အဘယ်ကြောင့် ဤသို့ပြုတော်မူသနည်းဟု တယောက်မေးမြန်းသော်၊ 22 တယောက်က၊ သူတို့၏ဘိုးဘေးများကို အဲဂုတ္တု ပြည်မှ
နှုတ်ဆောင်သောဘုရားသခင်ထာဝရဘုရားကို သူတို့သည် စွန့်၍ အခြားတပါးသော ဘုရားကို မှီဝဲလျက်
ဝတ်ပြုကိုးကွယ်ကြသောကြောင့် ဤအမှုအလုံးစုံကို ရောက်စေတော်မူကြောင်းကို ပြန်ပြောလိမ့်မည်ဟု မိန့်တော်မူ၏။

---

2 Chronicles 01

မြေပေါ်မှာ ပြပ်ဝပ်ဦးချလျက်
ဤဖော်ပြချက်သည် ဆုတောင်းသည့် အနေအထားပုံစံကိုပြောခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မိမိတို့ မျက်နှာသည် မြေကို ထိသည့်တိုင်အောင် သူတို့သည် ပျပ်ဝပ်ကြသည်။"

ဂရုဏာတော် အစဉ်အမြဲတည်သည်
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်၏ ပဋိညာဉ်သစ္စာတရား" သို့မဟုတ် "ဘုရားသခင်သည် ဣသရေလလူမျိုးများကို ထာဝရချစ်ဖို့ ကတိထားတော်မူသည်။"


generated on Tue Jul 2 12:50:28 2024

2 Chronicles 04

(ဣသရေလ) လူအပေါင်းတို့သည် မတ်တပ်ရပ်နေကြ၏
အခြားသောဘာသာပြန်ဆိုချက်၊ "လူတိုင်း သတ်မှတ်ထားသော နေရာတွင် မတ်တပ်ရပ်ကြသည်။"

2 Chronicles 07

မီးရှို့ရာယဇ်၊ ဘောဇဉ်ပူဇော်သက္ကာ၊ ယဇ်ကောင်ဆီဥကိုမခံလောက်
အခြားသောဘာသာပြန်ဆိုချက်၊ "အလွန်များပြားသည့် မီးရှို့ရာယဇ်ပူဇော်သက္ကာကို မခံနိုင်။"

2 Chronicles 08

ဣသရေလအမျိုးသားအပေါင်းတို့နှင့်တကွ
ဣသရေလနိုင်ငံ အရပ်ရပ်မှ လူများ

ဟာမက်မြို့ဝန်ဝ

ဓမ္မစည်းဝေးခြင်း
ဘာသာရေးဆိုင်ရာ အထူးစုဝေးခြင်းဖြစ်သည်။

သတ္တမလနှစ်ဆယ်သုံးရက်နေ့
သတ္တမလ၏ နှစ်ဆယ်သုံးရက်နေ့ - ဟေဗြဲပြက္ခဒိန်၏ ခုနစ်လဖြစ်သည်။ နှစ်ဆယ်သုံးရက်နေ့သည် အနာက်တိုင်းပြက္ခဒိန်တွင် အောက်တိုဘာ လလယ်ပိုင်းဖြစ်သည်။

ဝမ်းမြောက်ရွှင်လန်းလျက်
'ဝမ်းမြောက်' 'ရွှင်လန်း' ဟူသည့် စကားလုံးများသည် အဓိပ္ပါယ်အတူတူဖြစ်သည်။ အတူတကွ 'ဝမ်းမြောက်ပျော်ရွှင်ခြင်း၏ ချိုမြိန်မှု' ကိုအလေးပေး ဆိုလိုကြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အလွန်ဝမ်းမြောက်သော စိတ်နှလုံးများဖြင့်။"

2 Chronicles 11

အထမြောက်သည်
ပြီးစီးသည်။

သင်ပြုသောပဋ္ဌနာစကားကို ငါကြားပြီ
အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ ဆုတောင်းသံကို ငါနားညောင်းတော်မူပြီ။"

2 Chronicles 13

မိုးမရွာစေခြင်းငှာ ငါသည်မိုးခေါင်စေသော်
အခြားသောဘာသာပြန်ဆိုချက်၊ "မိုးကို ရပ်တန့်စေသည်။"

မြေအသီးအနှံကိုကိုက်စား
'မြေ' ဟူသည့် စကားလုံးသည် 'အသက်ရှင်သော အပင်အားလုံးနှင့် သစ်သီးဝလံအားလုံး' ကို ဆိုလိုသည်။

ငါ့မျက်နှာကိုရှာ
အခြားသောဘာသာပြန်ဆိုချက်၊ 'ဘုရားသခင်ကို ရှာ' သို့မဟုတ် 'ဘုရားသခင်သည် မိမိတို့ကို အာရုံစိုက်ရန် ကြိုးစားခြင်း'

ငါကြည့်ရှုမည်။ .... ငါနားထောင်မည်။
အခြားသော ဘာသာပြန်ဆိုချက်၊ "ငါသည် မျက်စိဖြင့် ကြည့်မြင်၍ နားဖြင့် နားထောင်မည်"

2 Chronicles 16

ငါ့မျက်စိနှင့် ငါ့နှလုံး
'ငါချစ်သော၊ ကြည့်ရှုသော၊ ကာကွယ်သောသူ'

သင့်အဘဒါဝိဒ်ကဲ့သို့ငါ့ရှေ့မှာကျင့်နေလျှင်
အခြားသောဘာသာပြန်ဆိုချက်၊ "သင့်အဘ ဒါဝိဒ်ကဲ့သို့ သင်သည် ငါ့ကိုနာခံလျှင်။"

ရာဇပလ္လင်ကိုငါအစဉ်တည်စေမည်
အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ အမျိုးအနွယ်များကို ငါသည် အစဉ်အမြဲ ဘုရင်ဖြစ်စေမည်။" (UDB)

2 Chronicles 19

ငါပေးသောပြည်မှ သူတို့ကိုအမြစ်နှင့်တကွငါနှုတ်ပစ်မည်
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့ကို ငါ့ပြည်မှ ငါနှင်ထုတ်မည်" ဟူသည့်စကားသည် ဘုရားသခင်က ဣသရေလလူမျိုးများအား အပင်များကို အမြစ်ပါအောင်ဆွဲနှုတ်သကဲ့သို့ သူတို့ကို ပြည်မှထုတ်ပယ်ခြင်းနှင့် နှိုင်းယှဉ်ခြင်းဖြစ်သည်။ ရလဒ်မှာ နိုင်ငံပျက်စီးခြင်းနှင့် လူတို့၏ ဝမ်းနည်းပူဆွေးခြင်းဖြစ်သည်။

---

## Translation Questions

2 Chronicles 7:1

ရှောလမုန်မင်းကြီးသည် ထာဝရ ဘုရားထံသို့ ပဋ္ဌနာပြု၍ ပြီးသော အခါ ဘာဖြစ်ပျက်ခဲ့သနည်း။
ရှောလမုန်မင်းကြီးသည် ပဋ္ဌနာပြုခြင်းပြီးသောအခါ၊ ကောင်းကင်မှ မီးကျ၍ မီးရှို့ရာယဇ်အစရှိသော ယဇ်မျိုးကို လောင်သဖြင့် အိမ်တော်သည် ထာဝရဘုရား၏ ဘုန်းတော်နှင့် ပြည့်လေ၏။

ဣသရေလလူမျိုးတို့သည် မီးကျ၍ အိမ်တော်သည် ထာဝရဘုရားဘုန်းတော်နှင့် ပြည့်ဝသောအခါ ဘာကို တုံ့ပြန်ခဲ့သနည်း။
ဣသရေလလူမျိုးတို့သည် ထာဝရဘုရားကို ဦးချပြပ်ဝပ်လျက် ကိုးကွယ်၍ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းကြပါသည်။



generated on Tue Jul 2 12:50:28 2024

2 Chronicles 7:4

ရှောလမုန်မင်းကြီးနှင့်တကွ လူအပေါင်းတို့သည် ထာဝရဘုရားထံသို့ ယဇ်ပူဇော်ခြင်းကိုအဘယ်ကြောင့် ပြုလုပ်ခဲ့သနည်း။

ရှောလမုန်မင်းကြီးနှင့်တကွ လူအပေါင်းတို့သည် ဘုရားသခင်၏အိမ်တော်ကို အနုမောဒနာပြုခြင်းငှာထာဝရဘုရားထံသို့ ယဇ်ပူဇော်ကြပါသည်။

2 Chronicles 7:7

ရှောလမုန်မင်းကြီးသည် ထာဝရဘုရား၏ အိမ်တော်ရှေ့၌ မီးရှို့ရာယဇ်နှင့် မိဿဟာယယဇ်ကောင်ဆီဥကို အဘယ်ကြောင့် ပူဇော်ခဲ့သနည်း။

ရှောလမုန်မင်းကြီးသည် ထာဝရဘုရား၏ အိမ်တော်ရှေ့၌ မီးရှို့ရာယဇ်နှင့် မိဿဟာယယဇ်ကောင်ဆီဥကို ပူဇော်ခဲ့ရခြင်းမှာ အရင် လုပ်သောကြေးဝါယဇ်ပလ္လင်သည် မီးရှို့ရာယဇ်၊ ဘောဇဉ်ပူဇော်သက္ကာ၊ ယဇ်ကောင်ဆီဥကို မခံလောက်သောကြောင့်ဖြစ်သည်။

2 Chronicles 7:8

ရှောလမုန်မင်းကြီးသည် ဣသရေလအမျိုးသားတို့ကို ပွဲခံခြင်းပြီးသောနောက် ဝမ်းမြောက်ရွှင်လန်းလျက်၊ မိမိတို့အိမ်အသီးသီးသို့ အဘယ်ကြောင့် ပြန်သွားစေနိုင်ခဲ့သနည်း။

ရှောလမုန်မင်းကြီးသည် ဣသရေအမျိုးသားတို့ကို ပွဲခံခြင်းပြီးသောနောက် ဝမ်းမြောက်ရွှင်လန်းလျက်၊ မိမိတို့အိမ်နေရာအသီးသီးသို့ ပြန်သွားစေနိုင်ခဲ့ခြင်းမှာ ထာဝရဘုရားသည် ဒါဝိဒ်နှင့် ရှောလမုန်မှ စသော မိမိလူဣသရေလအမျိုးသားတို့၌ ပြုတော်မူသမျှ သော ကျေးဇူးတော်ကြောင့်သာ ဖြစ်သည်။

2 Chronicles 7:11

ထာဝရဘုရား၏အိမ် ဗိမာန်တော်နှင့် ရှောလမုန်မင်းကြီးပိုင်သော နန်းတော်ထဲမှ ရှောလမုန်မင်းကြီးအားဖြင့် ဘာကို လက်စသတ်နိုင်ခဲ့သနည်း။

ရှောလမုန်မင်းကြီးသည် ထာဝရဘုရား ၏အိမ် ဗိမာန်တော်နှင့်နန်းတော်၌ လုပ်ဆောင် မည်ဟု ကြံစည်လေသမျှသော အကြံကို လက်စသတ်နိုင်ခဲ့သည်။

2 Chronicles 7:13

ဣသရေလလူမျိုးတို့သည် ထာဝရဘုရား၏ မျက်နှာတော်ကိုရှာလျက် သူတို့၏ဆုတောင်းသံနားထောင်သဖြင့် အပြစ်ကို ဖြေ၍ တိုင်းပြည်ကို ချမ်းသာစေရန် ဘာလိုအပ်ခဲ့သနည်း။

ထာဝရဘုရား၏နာမဖြင့် သမုတ်သောလူမျိုးသည် ကိုယ်ကိုနှိမ့်ချသဖြင့် ထာဝရဘုရား၏မျက်နှာကိုရှာလျက် ဆုတောင်းပဌနာပြု၍ အဓမ္မလမ်းကို လွှဲရှောင်ရန် လိုအပ်ပါသည်။

2 Chronicles 7:16

ထာဝရဘုရားသည် ဗိမာန်တော်ကို အဘယ်ကြောင့် နှစ်သက်၍ သန့်ရှင်းစေခဲ့သနည်း။

ထာဝရဘုရားသည် ဗိမာန်တော်ကိုနှစ်သက်၍ သန့်ရှင်းစေခဲ့ရခြင်းအားဖြင့် သူ၏နာမတော်သည် ထိုနေရာတွင် အစဉ်တည်နိုင်ခဲ့သည်။

ထာဝရဘုရားသည် ဣသရေလလူမျိုးတို့ရှေ့တွင် ဒါဝိဒ်အမျိုး၌ ရာဇပလ္လင်ကို အစဉ်တည်စေမည့်အကြောင်း မည်သည့် အခြေအနေကို ချပြထားခဲ့သနည်း။

ထာဝရဘုရားပြောခဲ့သည်မှာ ဣသရေလလူမျိုးတို့သည် မှာထားသမျှကိုလိုက်နာ၍ စီရင်ထုံးဖွဲ့ချက်အားလုံးကို စောင့်ရှောက်ရမည်။

2 Chronicles 7:19

ဣသရေလလူမျိုးတို့သည် ထာဝရဘုရား မှာထားသော စီရင်ထုံးဖွဲ့ချက်တို့ကို ငြင်းပယ်၍ တစ်ခြားသော ဘုရားများကို ကိုးကွယ်လျှင် မည်သို့ ဖြစ်ပျက်လိမ့်မည်နည်း။

ဣသရေလလူမျိုးတို့သည် ထာဝရဘုရား မှာထားသော စီရင်ထုံးဖွဲ့ချက်တို့ကို ငြင်းပယ်၍ အခြားသော ဘုရားများကို ကိုးကွယ်လျှင် သူပေးသောပြည်မှ သူတို့ကို အမြစ်နှင့်တကွ နှုတ်ပစ်သဖြင့် နာမတော်အဘို့ သန့်ရှင်းစေသော အိမ် တော်ကို လူထုတို့တွင် ပုံခိုင်းကဲ့ရဲ့ရာ ဖြစ်စေမည်။

ဗိမာန်တော်ကို ဖြတ်လျှောက်သွားသောသူအပေါင်းတို့သည် ထာဝရဘုရားသည် ဗိမာန်တော်နှင့်ပြည်တော်အား ပြုတော်မူသောအရာများကို အံ့သြ၍ ဘာတုံ့ပြန်မှုကို ပေးလိမ့်မည်နည်း။

သူတို့သည် အဲဂုတ္တု ပြည်မှ နှုတ်ဆောင်သောဘုရားသခင်ထာဝရဘုရားကို စွန့်၍ အခြားတပါးသော ဘုရားကို မှီဝဲလျက် ဝတ်ပြုကိုးကွယ်ကြသောကြောင့် ထာဝရဘုရားသည် အိမ်တော်နှင့် ပြည်တော်အား ဘေးအန္တရာယ်သက်ရောက်စေခြင်း ဖြစ်သည်ဟု တုံ့ပြန်လိမ့်မည်။

## Chapter 8

1 ရှောလမုန်သည် ဗိမာန်တော်နှင့် နန်းတော်ကို တည်ဆောက်၍ အနှစ်နှစ်ဆယ်စေ့သောအခါ၊ 2 ဟိရံမင်းပြန်ပေးသော မြို့တို့ကို
ရှောလမုန် ပြုပြင်၍ ဣသရေလအမျိုးသားတို့ကို နေစေ၏။ 3 တဖန် ဟာမတ်ဇောဘမြို့သို့ ချီသွား၍ နိုင်လေ ၏။ 4 ပြည်ထဲမှာ
တာဒမော်မြို့၊ ဟာမတ်ပြည်၌ ရှိသမျှသော ဘဏ္ဍာတော်မြို့၊ 5 မြို့ရိုး၊ တံခါး၊ ကန့်လန့်ကျင်နှင့်ခိုင်ခံ့သော အထက်ဗေသော ရုန်မြို့နှင့်
အောက်ဗေသောရုန်မြို့တို့ကို လည်း တည်လေ၏။ 6 ဗာလတ်မြို့နှင့် ဘဏ္ဍာတော်မြို့များ၊ ရထား တော်ထိန်းသောမြို့များ၊
မြင်းတော်ကျွေးသောမြို့များ၊ ယေရုရှလင်မြို့ပတ်လည်၊ လေဗနုန်တောင်ပေါ်၊ နိုင်ငံတော်အရပ်ရပ်၌
တည်ချင်သောမြို့များတို့ကိုလည်း တည်လေ၏။ 7 ဣသရေလအမျိုးသားမဖျက်ဆီးသောကြောင့်၊ 8 ပြည်တော်၌ ကျန်ကြွင်းသော
တပါးအမျိုးသား ဟိတ္တိ၊ အာမောရိ၊ ဖေရဇိ၊ ဟိဝိ၊ ယေဗုသိ အမျိုးအနွယ် သားစဉ် မြေးဆက်အပေါင်းတို့ကို ရှောလမုန်သည် ယနေ့တိုင်
အောင် အခွန်ပေးစေ၏။ 9 ဣသရေလအမျိုးသားတို့ကိုကား၊ ရှောလမုန် သည် အမှုတော်ထမ်းကျွန်မခံစေ။ စစ်သူရဲ၊ မှူးမတ်၊ စစ်ကဲ၊
ရထားတော်အုပ်၊ မြင်းတော်အုပ်အရာ၌ ခန့်ထားတော် မူ၏။ 10 အမှုတော်ထမ်းများကို အုပ်သောသူ၊ ရှောလမုန် မင်း ခန့်ထားသော
မှူးမတ်ကြီးနှစ်ရာငါးဆယ်ရှိကြ၏။ 11 ဖာရောဘုရင်၏ သမီးတော်ကို၊ ရှောလမုန် သည် ဒါဝိဒ်မြို့မှ ခေါ်၍ သူ့အဘို့ တည်ဆောက်သော
နန်းတော်သို့ ဆောင်ခဲ့၏။ အကြောင်းမူကား၊ ထာဝရ ဘုရား၏ သေတ္တာတော်ရောက်လာသော အရပ်သည် သန့်ရှင်းသောကြောင့်၊
ငါ့မယားသည် ဣသရေလ ရှင်ဘုရင် ဒါဝိဒ်အိမ်တော်၌ မနေသင့်ဟု သဘောရှိ၏။ 12 ဗိမာန်တော် ဦးရှေ့မှာတည်သော ထာဝရ
ဘုရား၏ ယဇ်ပလ္လင်ပေါ်မှာ၊ ရှောလမုန်သည် မောရှေ၏ ပညတ်တရားနှင့်အညီ၊ နေ့တိုင်းမည်မျှပူဇော်ရသော မီးရှို့ရာယဇ်ကို
ထာဝရဘုရားအား နေ့တိုင်းပူဇော်လေ့ရှိ ၏။ 13 ထိုမှတပါး ဥပုသ်နေ့နှင့် လဆန်းနေ့၌၎င်း၊ အဇုမပွဲ၊ ခုနစ်သိတင်းပွဲ၊
သကေနေပွဲတည်းဟူသော တနှစ်တနှစ်လျှင် ဓမ္မပွဲသုံးပွဲခံသော နေ့၌၎င်း ယဇ်ပူဇော် လေ့ရှိ၏။ 14 ခမည်းတော်
ဒါဝိဒ်စီရင်သည်အတိုင်း၊ ယဇ် ပုရောဟိတ်တို့သည် အလှည့်အလှည့် ယဇ်ပုရောဟိတ် အမှုကိုင်၍၊ လေဝိသားတို့သည် နေ့ရက်
အစဉ်ဝတ်ပြု သင့်သည်အတိုင်း၊ ယဇ်ပုရောဟိတ်တို့နှင့် ဝိုင်း၍ ထော မနာသီချင်းဆိုသဖြင့်၊ မိမိတို့အမှုကိုင်၍၊ တံခါးစောင့် တို့သည်
အလှည့်အလှည့် တံခါးရှိသမျှတို့ကို စောင့်ခြင်း အမှုကိုင်၍၊ အသီးသီးစောင်ရွက်စေခြင်းငှါ ခန့်ထား၏။ ထိုသို့ ဘုရားသခင်၏လူ
ဒါဝိဒ်မှာထားနှင့်သတည်း။ 15 အမှုတော်များ၊ ဘဏ္ဍာတော်များနှင့်ဆိုင်သော အရာမှာ ရှင်ဘုရင် မှာထားသမျှအတိုင်း ထိုသူတို့သည်
ပြုကြ၏။ 16 ထာဝရဘုရား၏ အိမ်တော်အမြစ်မချမှီ လက်စသတ်သည်တိုင်အောင်၊ ရှောလမုန်လုပ်ဆောင်ရန် အမှုရှိသမျှသည်
အသင့်ပြင်ဆင်ပြီးဖြစ်၍၊ အိမ်တော်ကို လက်စသတ်လေ၏။ 17 တဖန်ရှောလမုန်သည် ဧဒုံပြည်တွင်၊ ပင်လယ် ကမ်းနား၌
ဧဇယုန်ဂါဗာမြို့နှင့် ဧလုတ်မြို့သို့သွား၏။ 18 ဟိရံသည်လည်း ပင်လယ်ကူသော အမှုကို နားလည်သော မိမိလူများ၊ သင်္ဘောများကို
မိမိကျွန်တို့ နှင့်အတူ ရှောလမုန်ထံသို့ စေလွှတ်သဖြင့်၊ သူတို့သည် ရှောလမုန်မင်း၏ ကျွန်တို့နှင့်အတူ ဩဖိရမြို့သို့သွား၍
ရွှေအခွက်လေးရာ ငါးဆယ်ကို ရှောလမုနမင်းကြီးထံသို့ ဆောင်ခဲ့ကြ၏။

---

2 Chronicles 01

အနှစ်နှစ်ဆယ်စေ့သောအခါ
အခြားသောဘာသာပြန်ဆိုချက်၊ "နှစ်ပေါင်းနှစ်ဆယ်ကြာသော်။"

ဟိရံ

2 Chronicles 03

(ရှောလမုန်သည်) ဟာမတ်ဇောဘ မြို့သို့ချီသွား၍
'ရှောလမုန်' သည် သူ၏ တိုက်ခိုက်ရေးတပ်သားအားလုံးကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ရှောလမုန်၏ တပ်သားသည် ဟာမတ်ဇောဘ မြို့ကို တိုက်လေသည်။"

တာဒမော်မြို့...ဟာမတ်မြို့
ရှုရိပြည်ရှိ မြို့များ။

2 Chronicles 05

ယေဘုယျ သတင်းအချက်အလက်
ရှု၊

2 Chronicles 07

ပြည်တော်၌ကျန်ကျွင်းသော (တပါးအမျိုးသားများ)
အခြားသောဘာသာပြန်ဆိုချက်။၎င်းပြည်၌ကျန်ရစ်သောသူများ။

အမှုတော်ထမ်း
အခြားသောဘာသာပြန်ဆိုချက်၊ "ကျွန်များ။"

ယနေ့တိုင်အောင်
အခန်း ၅:၉ ကို မည်သို့ ဘာသာပြန်သည်ကို ကြည့်ပါ။

2 Chronicles 09

နှစ်ရာငါးဆယ်
ရှု၊


generated on Tue Jul 2 12:50:28 2024

2 Chronicles 12

ဦးရေ့

အိမ်ဖြင့်ဆက်ထား၍ တိုင်လုံးများဖြင့် ထောက်ထားသော အမိုးရှိသည့် နေရာ၊ လူသွားရာနေရာ။

နေ့တိုင်းမည်မျှပူဇော်ရသော

အခြားသော ဘာသာပြန်ဆိုချက်၊ "မောရှေစီရင်သော ပညတ်တော်တွင် နေ့တိုင်းပြုရသော ဝတ်များအတိုင်း"

2 Chronicles 14

နေ့ရက်အစဉ်ဝတ်ပြုသင့်သည်အတိုင်း

အခြားသောဘာသာပြန်ဆိုချက်၊ "လူများတို့သည် အမိန့်တော်များအတိုင်း ဆောင်ရွက်ကြသည်။"

---

## Translation Questions

2 Chronicles 8:1

ရှောလမုန်မင်းကြီးသည် ဗိမာန်တော်နှင့် နန်းတော်ကို တည်ဆောက်စဉ်တွင် ဘာလုပ်ခဲ့သနည်း။

ရှောလမုန်မင်းကြီးသည် ဗိမာန်တော်နှင့် နန်းတော်ကို တည်ဆောက်စဉ်တွင် သူသည် ဟိရံမင်းပြန်ပေးသော မြို့တို့ကိုလည်း ပြုပြင်၍ ဣသရေလအမျိုးသားတို့ကို နေထိုင်စေခဲ့သည်။

2 Chronicles 8:5

ယေဘုယျအားဖြင့် ရှောလမုန်မင်းကြီးသည် မည်သည့်နေရာတွင် ဘာရည်ရွယ်ချက်ဖြင့် တည်ခဲ့သနည်း။

ရှောလမုန်မင်းကြီးသည် မိမိအုပ်စိုးမှုအောက်၌ရှိသော ယေရုရှလင်မြို့၊ လေဗနုန်၊ နိုင်ငံတော်အရပ်ရပ်၌ တည်ချင်သောမြို့များတို့ကိုလည်း တည်ခဲ့သည်။

2 Chronicles 8:7

ဣသရေလအမျိုးသားမဟုတ်သော ပြည်တော်ရှိ တပါးအမျိုးသား တို့တွင် ဘာဖြစ်ပျက်ခဲ့သနည်း။

ရှောလမုန်မင်းကြီးသည် ဣသရေလအမျိုးသားမဟုတ်သော ပြည်တော်ရှိ တပါးအမျိုးသား တို့အား အခွန်ပေးစေ၍ အတင်းအဓမ္မခိုင်းစေခဲ့သည်။

2 Chronicles 8:9

ရှောလမုန်မင်းကြီးသည် ဣသရေလအမျိုးသားတို့အား မည်သည့်အလုပ်များကို ပေးခဲ့သနည်း။

ရှောလမုန်မင်းကြီးသည် ဣသရေလအမျိုးသားတို့အား စစ်သူရဲ၊ မှူးမတ်၊ စစ်ကဲ၊ ရထားတော်အုပ်၊ မြင်းတော်အုပ်အရာ၌ ခန့်ထားတော်မူခဲ့သည်။

2 Chronicles 8:11

ရှောလမုန်မင်းကြီးသည် ဖာရောဘုရင်၏ သမီးတော်ကို ဒါဝိဒ်မြို့မှ ခေါ်၍ သူ့အတွက် တည်ဆောက်သော နန်းတော်သို့ အ ဘယ်ကြောင့် ဆောင်ခဲ့သနည်း။

ရှောလမုန်မင်းကြီးသည် ဖာရောဘုရင်၏ သမီးတော်ကို ဒါဝိဒ်မြို့မှ နန်းတော်သို့ ခေါ်ခဲ့ရခြင်းမှာ ထာဝရ ဘုရား၏ သေတ္တာတော်ရောက်လာသော အရပ်သည် သန့်ရှင်းသောကြောင့်ဖြစ်သည်။

2 Chronicles 8:12

ရှောလမုန်မင်းကြီးသည် ဗိမာန်တော် ဦးရေ့မှာတည်သော ယဇ်ပလ္လင်ပေါ်တွင် ထာဝရဘုရားအား မီးရှို့ရာယဇ်ဖြင့် မည်ကဲ့သို့ ပူဇော်ခဲ့သနည်း။

ရှောလမုန်မင်းကြီးသည် မောရှေ၏ ပညတ်တရားနှင့် အညီ၊ နေ့တိုင်းပူဇော်ရသော မီးရှို့ရာယဇ်ကို ထာဝရဘုရားအား နေ့တိုင်း ပူဇော်လေ့ရှိခဲ့သည်။

2 Chronicles 8:14

ယဇ်ပုရောဟိတ်တို့နှင့် လေဝိသားတို့ ၏ တာဝန်များသည် ဘာလဲ။

ယဇ်ပုရောဟိတ်တို့နှင့် လေဝိသားတို့အား နေ့ရက် အစဉ်ဝတ်ပြုသင့်သည်အတိုင်း၊ ယဇ်ပုရောဟိတ်တို့နှင့် ဝိုင်း၍ ထောမနာသီချင်းဆိုရန် ရှောလမုန်မင်းကြီးအားဖြင့် စီရင်ခဲ့သည်။

တံခါးစောင့်တို့သည် မိမိတို့ တာဝန်ကို ထမ်းဆောင်ရာ၌ မည်မျှလောက် ယုံကြည်အားထားရသနည်း။

တံခါးစောင့်တို့သည် ယဇ်ပုရောဟိတ်တို့နှင့် လေဝိသားတို့၏ မည်သည့်အမှုကိစ္စတိုင်းကိုမဆို ရှင်ဘုရင်မှာထားသမျှအတိုင်း ပြုခဲ့ကြသည်။

2 Chronicles 8:16

ရှောလမုန်မင်းကြီးပြုလုပ်သော ထာဝရဘုရား၏ အိမ်တော်သည် လက်စသတ်ပြီးဖြစ်ကြောင်း မည်သည့် အမှတ်အသား ရှိခဲ့သနည်း။

ထာဝရဘုရား၏ အိမ်တော်သည် လုံးလုံး လက်စသတ်ပြီး အသုံးပြု၍ ရသည်။

---

## Chapter 9

1 ရှေဘပြည်ကိုအစိုးရသော မိဖုရားသည် ရှောလမုန်၏ သိတင်းကိုကြားလျှင်၊ နက်နဲခက်ခဲသော ပြဿသနာအားဖြင့်
သူ့ကိုစုံစမ်းခြင်းငှါ၊ နံ့သာမျိုးနှင့် များစွာသောရွှေ၊ အဘိုးထိုက်သောကျောက်တို့ကို ဆောင် သောကုလားအုပ်များ၊
လိုက်သောသူများနှင့်တကွ ယေရု ရှလင်မြို့သို့ လာ၏။ 2 ရှောလမုန်မင်းကြီးထံတော်သို့ ရောက်သော အခါ၊ မိမိအလိုဆန္ဒရှိသမျှကို
ဆွေးနွေးမေးမြန်းလေ၏။ သူမေးမြန်းသော ပြဿနာရှိသမျှတို့ကို ရှောလမုန်သည် ဖြေလေ၏။ နားမလည်၍မဖြေနိုင်သော
အရာတစုံတခုမျှ မရှိ။ 3 ရှေဘမိဖုရားသည် ရှောလမုန်၏ ပညာကိုငှင်း၊ တည်ဆောက်သော အိမ်တော်ကိုငှင်း၊ 4
စားပွဲတော်တန်ဆာကိုငှင်း၊ အမှုတော်စောင့်တို့နေရာ ထိုင်ရာကိုငှင်း၊ လုလင်တို့ခစားသည် အခြင်းအရာကိုငှင်း၊ သူတို့ဝတ်သော
အဝတ်တန်ဆာကိုငှင်း၊ ဝန်စာရေးများ နှင့် သူတို့ဝတ်သောအဝတ်တန်ဆာကိုငှင်း၊ ထာဝရ ဘုရား၏ အိမ်တော်၌မီးရှို့ရာ
ယဇ်ပူဇော်ခြင်းကိုငှင်း မြင်သောအခါ မိန်းမောတွေဝေလျက်ရှိ၍၊ 5 ကိုယ်တော်၏ အခြင်းအရာနှင့် ကိုယ်တော်၏ ပညာကို
အကျွန်ုပ်သည် ကိုယ်ပြည်၌ကြားရသော သိတင်းစကား မှန်ပါ၏။ 6 သို့သော်လည်း ကိုယ်တိုင်ရောက်၍ မမြင်မှီ ထိုစကားကိုမယုံ။
ယခုမူကား၊ ကိုယ်တော်ပညာကျယ်ခြင်း အရာမှာ၊ အရင်ကြားရသော စကားသည် တဝက်ကိုမျှမမှီ။ အကျွန်ုပ် ကြားရသော သိတင်းကို
ကိုယ်တော် လွန်ကဲပါ၏။ 7 ရှေ့တော်၌အစဉ်နေ၍ ပညာတော်ကို ကြားရ သော ကိုယ်တော် ၏လူနှင့် ကိုယ်တော်၏ကျွန်တို့သည်
မင်္ဂလာရှိကြပါ၏။ 8 ကိုယ်တော်ကိုနှစ်သက်၍ ကိုယ်တော်၏ ဘုရား သခင် ထာဝရဘုရား ကိုယ်စားတော်ရှင်ဘုရင်နှင့် ရာဇ
ပလ္လင်တော်ပေါ်မှာ တင်တော်မူသော ကိုယ်တော်၏ ဘုရားသခင် ထာဝရဘုရားသည် မင်္ဂလာရှိတော်မူစေ သတည်း။
ကိုယ်တော်၏ဘုရားသခင်သည် ဣသရေလ အမျိုးကို ချစ်၍ အစဉ်အမြဲတည်စေချင်သောကြောင့်၊ ဖြောင့်မတ်စွာ
တရားစီရင်စေခြင်းငှါ ကိုယ်တော်ကို ဣသရေလရှင်ဘုရင်အရာ၌ ခန့်ထားတော်မူပြီဟု ရှင်ဘုရင်အား ပြောဆို၍၊ 9
ရွှေအခွက်တရာနှစ်ဆယ်၊ နံ့သာမျိုးအများ၊ ကျောက်မြတ်တို့ကို ဆက်လေ၏။ ရှေဘမိဖုရားသည် ရှောလမုန်မင်းကြီးအားဆက်သော
နံ့သာမျိုးနှင့် တူသော နံ့သာမျိုးသည် မရှိ။ 10 သြဖိရမြို့မှ ရွှေကိုဆောင်ခဲ့သော ဟိရံကျွန်နှင့် ရှောလမုန်ကျွန်တို့သည်၊
အာလဂုံသစ်သားများ၊ ကျောက် မြတ်များတို့ကိုလည်း ဆောင်ခဲ့ကြ၏။ 11 ထိုအာလဂုံသစ်သားဖြင့် ရှင်ဘုရင်သည် ဗိမာန် တော်
ပွတ်လုံးတန်းနှင့် နန်းတော်ပွတ်လုံးတန်းကိုငှင်း၊ သီချင်းဆိုသောသူဘို့ စောင်းနှင့်တယောတို့ကိုငှင်း၊ လုပ်လေ၏။ ထိုသို့သော
အာလဂုံသစ်သားသည် ယုဒပြည် ၌ တခါမျှ မပေါ်လာ။ 12 ရှောလမုန်မင်းကြီးသည် ရှေဘမိဖုရား ဆက် သည်အတွက်
ပြန်ပေးသာလက်ဆောင်မှတပါး၊ မိဖုရား၏ အလိုဆန္ဒပြည့်စုံစေခြင်းငှါ သူတောင်းသမျှကိုလည်း ပေးတော်မူ၏။ ထိုနောက်မှ
မိဖုရားသည် မိမိကျွန်တို့နှင့် တကွ မိမိပြည်သို့ပြန်သွားလေ၏။ 13 ရှေလမုန်ထံသို့ တနှစ်တနှစ်လျှင် ရောက်သော ရွှေချိန်ကား
အခွက်ခြောက်ရာ ခြောက်ဆယ်ခြောက် ပိဿာဖြစ်သတည်း။ 14 ထိုမှတပါး၊ ကုန်သည်များ၊ လှည်းသမားများ၊ အာရပ်မင်းကြီးရှိသမျှ။
မြို့ဝန်များဆက်သော ရွှေရှိသေး ၏။ 15 ရှေလမုန်မင်းကြီးသည် ရွှေခြောက်ပိဿာစီဖြင့် ဒိုင်းနှစ်ရာ၊ 16 သုံးပိဿာစီဖြင့်
ဒိုင်းငယ်သုံးရာတို့ကို ထုလုပ်၍၊ လေဗနုန်တောသစ်သားနှင့် တည်ဆောက်သော နန်း တော်၌ ထားတော်မူ၏။ 17 ရှင်ဘုရင်သည်လည်း
ဆင်စွယ်ရာဇပလ္လင်ကြီး ကို လုပ်၍ ရွှေစင်နှင့်မွမ်းမံလေ၏။ 18 လှေကားခြောက်ထစ်နှင့် ရွှေဘိနပ်သည် ရာဇ ပလ္လင်တော်နှင့်
တဆက်တည်းရှိ၏။ ထိုင်ရာတဘက် တချက်၌ မှီစရာလက်ရုံးတန်းနှင့် ပြည့်စုံ၍။ လက်ရုံးတန်း အနားမှာ ခြင်္သေ့နှစ်ကောင်ရပ်နေ၏။
19 လှေကားခြောက်ထစ်အပေါ်တွင်၊ တဘက်တချက် ၌လည်း ခြင်္သေ့တဆယ်နှစ်ကောင်ရပ်နေ၏။ ထိုသို့သော ရာဇပလ္လင်သည်
အဘယ်တိုင်းနိုင်ငံ၌မျှမရှိ။ 20 ရှေလမုန်မင်းကြီးသောက်သော ဖလားတော် ရှိသမျှနှင့် လေဗနုန်နန်းတော်၌ သုံးသောဖလားတော်
ရှိသမျှတို့သည် ငွေဖလားမဟုတ်၊ ရွှေဖလားသက်သက် ဖြစ်၏။ ရှောလမုန်လက်ထက်၌ ငွေကို အလျှင်းပမာဏ မပြုတတ်ကြ။ 21
ရှင်ဘုရင်၏သင်္ဘောသည် ဟိရံမင်းကျွန်တို့နှင့် တာရှုမြို့သို့သွားတတ်သဖြင့်၊ သုံးနှစ်တခါ တာရှုသင်္ဘော သည် ပြန်လာ၍ ရွှေ၊ ငွေ၊
ဆင်စွယ်မျောက်များ၊ ဒေါင်းများကို ဆောင်ခဲ့၏။ 22 ထိုသို့ရှောလမုန်သည် မြေကြီးပေါ်မှာရှိသမျှ သော ရှင်ဘုရင်တို့ထက် ပညာနှင့်
စည်းစိမ်အားဖြင့် လွန်ကဲ၏။ 23 ရှောလမုန်၏ နှလုံး၌ဘုရားသခင်သွင်းပေး တော်မူသော ပညာကို အတိုင်းတိုင်းအပြည်ပြည်
ရှင်ဘုရင်တို့သည် ကြားရအံ့သောငှါ၊ မျက်နှာတော်ကို ဖူးလာကြ၏။ 24 လာသောသူအသီးအသီးတို့သည် ရွှေဖလား၊ ငွေဖလား၊
အဝတ်တန်ဆာ၊ စစ်တိုက်လက်နက်၊ နံ့သာမျိုး၊ မြင်းလားတို့ကို နှစ်တိုင်းအခွန်ဆက်ရကြ၏။ 25 ရှောလမုန်သည်လည်း၊
ရထားတော်များနှင့် ထိုင်သောမြင်းတင်းကုပ်လေးထောင်၊ မြင်းစီးသူရဲ တသောင်းနှစ်ထောင်ရှိ၏။ ရထားထိန်းမြို့တို့၌ငှင်း၊
ယေရုရှလင်မြို့ အထံတော်၌ငှင်း ထား၏။ 26 မြစ်ကြီးမှ စ၍ဖိလိတ္တိပြည်နှင့် အဲဂုတ္တုပြည်စွန်း တိုင်အောင်
ရှိသောရှင်ဘုရင်အပေါင်းတို့ကို အစိုးရ၏။ 27 ရှင်ဘုရင်သည် ယေရုရှလင်မြို့၌ငွေကို ကျောက် ခဲကဲ့သို့ငှင်း၊ အာရဇ်ပင်တို့ကို
လွင်ပြင်၌ပေါက်သော သဖန်းပင်ကဲ့သို့ငှင်း များပြားစေ၏။ 28 ရှောလမုန်ထံသို့ မြင်းများကို အဲဂုတ္တုပြည်အစ ရှိသော ခပ်သိမ်းသော
ပြည်မှ ဆောင်ခဲ့ကြ၏။ 29 ရှောလမုန်ပြုမူသော အမှုအရာကြွင်းလေသမျှ အစဆုံးတို့သည်၊ ပရောဖက်နာသန်၏ကျမ်း၊ ရှိလောမြို့
သား အဟိယ၏အနာဂတ္တိကျမ်း၊ နေဗတ်သား ယေရော ဗောင်တဘက်၌ ပရောဖက်ဣဒ္ဒေါ၏ ဗျာဒိတ်ကျမ်း၌ ရေးထားလျက်ရှိ၏။ 30
ရှောလမုန်သည် ယေရုရှလင်မြို့ကဘ၌ နေ၍ ဣသ ရေလနိုင်ငံလုံးကို အနှစ်လေးဆယ်စိုးစံပြီးမှ၊ 31 ဘိုးဘေးတို့နှင့်
အိပ်ပျော်၍ခမည်းတော် ဒါဝိဒ် မြို့၌ သင်္ဂြိုဟ်ခြင်းကို ခံလေ၏။ သားတော် ရေဗောင် သည် ခမည်းတော်အရာ၌ နန်းထိုင်၏။



generated on Tue Jul 2 12:50:28 2024

2 Chronicles 03

တည်ဆောက်သော အိမ်တော်ကိုငင်း၊ စားပွဲတော်တန်ဆာကိုငင်း၊ အမှုတော်စောင့်တို့နေရာ ထိုင်ရာကိုငင်း၊ လုလင်တို့ခစားသည် အခြင်းအရာကိုငင်း၊ သူတို့ဝတ်သော အဝတ်တန်ဆာကိုငင်း၊ ဝန်စာရေးများ နှင့် သူတို့ဝတ်သောအဝတ်တန်ဆာကိုငင်း
ရှေဘမိဖုရားသည် ရှောလမုန်ဘုရင်၏ ပိုင်ဆိုင်သမျှကို မြင်တွေ့ခဲ့သည်

cupbearers
N/A

မိန်းမောတွေဝေလျက်ရှိ၍
အခြားသော ဘာသာပြန်ဆိုချက်၊ "သူမသည် မိမိကိုယ်ကို ဘုန်းနိမ့်သည်ဟု ခံစားသည်"

2 Chronicles 05

ကြားရသော သိတင်းစကား မှန်ပါ၏
အခြားသော ဘာသာပြန်ဆိုချက်၊ "ယခုတွင် ငါကိုယ်တိုင် မြင်တွေ့ရပြီ"

အရင်ကြားရသော စကားသည် တဝက်ကိုမျှမမှီ
အခြားသော ဘာသာပြန်ဆိုချက်၊ "သင်သည် အလွန်ပညာရှိ၍ ချမ်းသာလှပါသည်"

2 Chronicles 07

ရှေ့တော်၌အစဉ်နေ၍
အခြားသော ဘာသာပြန်ဆိုချက်၊ "ကိုယ်တော်၏ အမိန့်တော်ကို ကြားနာခြင်းငှာ စောင့်နေသော သူတို့"

ကိုယ်တော်ကိုနှစ်သက်၍
အခြားသော ဘာသာပြန်ဆိုချက်၊ "ကိုယ်တော်ကို မြတ်နိုးသောသူ"

2 Chronicles 09

ရွှေအခွက်

2 Chronicles 10

ဟိရန်
တုရု မြို့၏ဘုရင်။

ဩဖိရ
ငင်းဒေသတွင် ထွက်သည့် ရွှေကြောင့် သိရသော အမည်မသိရသော နေရာ။

အာလဂုံသစ်သား
သစ်သားအမျိုးအစား တစ်မျိုးဖြစ်သည်။

2 Chronicles 13

ခြောက်ရာခြောက်ဆယ်ခြောက်
ရှု၊

2 Chronicles 15

ရွှေခြောက်ပိဿာစီဖြင့်
ငင်းတို့ကို ရွှေခြောက်ပိဿာစီဖြင့် ပြုလုပ်ထားသည်။

အချိန်...အခွက်

လေဗနုန်တောသစ်သားနှင့်ဆောက်လုပ်သောနန်းတော်
ဤနေရာသည် နန်းတော်အနီးရှိ လေဗနုန်သစ်သားအများအပြားဖြင့် ပြုလုပ်သော သိုလှောင်ရုံဖြစ်နိုင်သည်။ လက်နက်သိုလှောင်ရုံဟုလည်း ခေါ်နိုင်သည်။

2 Chronicles 17

ဆင်စွယ်
ဆင် သို့မဟုတ် ကြံ့ကဲ့သို့သော တိရစ္ဆာန်များ၏ အစွယ် သို့မဟုတ် ဦးချို ဖြစ်သည်။

ရာဇပလ္လင်တော် (ဦးထိပ်) သည်တစပ်တည်းရှိ၏
အခြားသောဘာသာပြန်ဆိုချက်၊ "ရာဇပလ္လင်တော်၏ ဦးထိပ်သည် ဘုရင်ထိုင်တော်မူရာနေရာ၏ အနောက်ဘက်ပတ်လည်တွင် ဖြစ်၏။"

2 Chronicles 19

ရှောလမုန်လက်ထက်၌ ငွေကိုအလျှင်းပမာဏမပြုတတ်ကြ
ရှောလမုန်ခေတ်တွင် ငွေသည် ပုံမှန်ထက် တန်ဖိုး လျော့နည်းလှသည်။

မျောက်များ (မျောက်ဝံများနှင့်မျောက်လွှဲကျော်များ)
အာဖရိက ကဲ့သို့ ဝေးသောအရပ်ရှိ တိရ စ္ဆာန်များ။

2 Chronicles 22

ရှောလုမုန်၏နှလုံးသား၌ ဘုရားသခင်သွန်းပေးတော်မူသော
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင် သူ့ကိုပေးထားသော"

နှစ်တိုင်း
အခြားသောဘာသာပြန်ဆိုချက်၊ "နှစ်စဉ်နှစ်တိုင်း။"

2 Chronicles 25

ယေဘုယျအချက်အလက်
ရှု၊

မြင်းတင်းကုပ်များ
မြင်းများ ထိန်းသိမ်းရာ အလုံပိတ်ထားသော နေရာ။

2 Chronicles 27

ကျောက်ခဲကဲ့သို့ငွေ
အခြားသောဘာသာပြန်ဆိုချက်၊ "များစွာသော ငွေ"

ရှင်ဘုရင်သည် အာရဇ်ပင်တို့ကို လွင်ပြင်၌ပေါက်သော သဖန်းပင်ကဲ့သို့ပေါများစေ၏
အခြားသောဘာသာပြန်ဆိုချက်၊ "အလွန်ပေါများသော"

ခပ်သိမ်းသောပြည်မှ
အခြားသောဘာသာပြန်ဆိုချက်၊ "နေရာပေါင်းစုံမှ" သို့မဟုတ် "နေရာ အသီးသီးမှ။"

---

## Translation Questions

2 Chronicles 9:1

ရှေဘပြည်မိဖုရား သည် ယေရုရှလင်မြို့သို့ အဘယ်ကြောင့် လာခဲ့သနည်း။
ရှေဘပြည်မိဖုရား သည် ယေရုရှလင်မြို့သို့ လာခဲ့ရခြင်းမှာ ရှောလမုန်မင်းကြီး၏ ကျော်စောထင်ရှားမှုကို ကြားလျှင်၊ နက်နဲခက်ခဲသော ပြဿနာအားဖြင့် သူ့ကို စုံစမ်းရန် လာခဲ့ခြင်းဖြစ်သည်။

ရှေဘမိဖုရားသည် မိမိအလိုဆန္ဒရှိသမျှ မေးသော မေးခွန်းအားလုံးကို မေးမြန်းသောအခါ ရှောလမုန်မင်းကြီးက မည်ကဲ့သို့ တုံ့ပြန်ခဲ့သနည်း။
ရှောလမုန်မင်းကြီးသည် ရှေဘမိဖုရားမေးသော မေးခွန်းအားလုံးကို ဖြေကြားခဲ့သည်။

2 Chronicles 9:3

ရှေဘမိဖုရားသည် ရှောလမုန်မင်းကြီး၏ ပညာကို လည်းကောင်း၊ တည်ဆောက်သောအိမ်တော်တို့ကိုလည်းကောင်း၊ စားပွဲတန်ဆာကို လည်းကောင်း၊ အမှုတော်စောင့်သောသူတို့ အဝတ်တန်ဆာကို လည်းကောင်း မြင်သောအခါ ဘာတုံ့ပြန်ခဲ့သနည်း။
ရှေဘမိဘုရားသည် ရှောလမုန်မင်းကြီး၏ ပိုင်ဆိုင်သောပစ္စည်းအားလုံးကို မြင်သောအခါ၊ မိန်းမောတွေဝေလျက်ရှိခဲ့သည်။

2 Chronicles 9:5

ရှောလမုန်မင်းကြီးအတွက် ရှေဘမိဖုရား၏ ချင့်ချိန်ဆုံးဖြတ်ချက်သည် ဘာဖြစ်ခဲ့သနည်း။
ရှေဘမိဖုရားသည် ရှောလမုန်မင်းကြီး၏ ဉာဏ်ပညာနှင့် ချမ်းသာကြွယ်ဝမှုတို့သည် သူမ ကြားခဲ့ပြီးသော သတင်းစကားထက် ပိုလွန်သည်ဟု ရှောလမုန်မင်းကြီးအား ပြောခဲ့သည်။

2 Chronicles 9:7

ဣသရေလရှင်ဘုရင်၏ ရာဇပလ္လင်ပေါ်တွင် ထိုင်ရခြင်းအကြောင်းကို သတိပေးရန် ရှေဘမိဘုရားသည် မည်သို့ မြွက်ဆိုခဲ့သနည်း။
ရှေဘမိဖုရားသည် ရှောလမုန်မင်းကြီးအား သတိပေးခဲ့သည်မှာ ထာဝရဘုရားသည် သူ့ကို ဣသရေလလူမျိုးတို့ အပေါ် ရှင်ဘုရင်၏ ရာဇပလ္လင်ပေါ်၌ တင်တော်မူခြင်း မှာ ထာဝရဘုရားခင်သည် ဣသရေလ အမျိုးကို ချစ်၍ အစဉ်အမြဲတည်စေချင်သောကြောင့် ဖြစ်သည်။

2 Chronicles 9:10

ရှေဘမိဖုရားသည် ရှောလမုန်မင်းကြီးကို ဖူးမြင်ဖို့ အလို့ငှါ လာသောခရီးစဉ်၏ အကျိုးကျေးဇူးသည် ဘာလဲ။
ရှောလမုန်မင်းကြီးသည် ရှေဘမိဖုရားဆက်သသည့်အတွက် ပြန်ပေးသောလက်ဆောင်မှတပါး၊ မိဖုရား၏ အလိုဆန္ဒပြည့်စုံစေခြင်းငှါ သူတောင်းသမျှကိုလည်း ပေးတော်မူ၏။ ထိုနောက်မှ မိဖုရားသည် မိမိပြည်သို့ပြန်သွားခဲ့သည်။

2 Chronicles 9:13

ရှောလမုန်မင်းကြီးထံသို့ တစ်နှစ်လျှင်ရွှေချိန် မည်မျှ ဝင်ခဲ့သနည်း။
ရှောလမုန်မင်းကြီးထံသို့ တစ်နှစ်လျှင်ရွှေချိန် အခွက်ခြောက်ရာ ခြောက်ဆယ်ခြောက်ပိဿာ ဝင်ခဲ့သည်။

မည်သူသည် ရှောလမုန်မင်းကြီးထံသို့ ရွှေများကို ဆက်သခဲ့သနည်း။
ကုန်သည်များ၊ လှည်းသမားများ၊ အာရပ်မင်းကြီးရှိသမျှနှင့် မြို့ဝန်များအားလုံးသည် ရှောလမုန်မင်းကြီးထံသို့ ရွှေများကို ဆက်သခဲ့သည်။

2 Chronicles 9:15

ရှောလမုန်မင်းကြီးသည် ဒိုင်းကို ရွှေဘယ်နှပိဿာဖြင့် ထုလုပ်ခဲ့သနည်း။
ရှောလမုန်မင်းကြီးသည် ဒိုင်းကို ရွှေငါးရာ ပိဿာဖြင့် ထုလုပ်ခဲ့သည်။

2 Chronicles 9:17

ရှောလမုန်မင်းကြီး၏ ရာဇပလ္လင်ကြီးကို မည်သည့်အရာအားဖြင့် ပြုလုပ်ခဲ့သနည်း၊
ရှောလမုန်မင်းကြီး၏ ရာဇပလ္လင်ကြီးအား ဆင်စွယ်နှင့် ပြုလုပ်၍ ရွှေစင်ဖြင့် မွမ်းမံထားပါသည်။

2 Chronicles 9:19

ရှောလမုန်မင်းကြီးသုံးသော ဖလားတော်ခွက် တစ်ခွက်မျှ အဘယ်ကြောင့် ငွေဖြင့် ပြုလုပ်ထားခြင်း မရှိခဲ့သနည်း။
ရှောလမုန်မင်းကြီးသုံးသော ဖလားတော်ခွက် တစ်ခွက်မျှ ငွေဖြင့် ပြုလုပ်ထားခြင်း မရှိခဲ့ရခြင်းမှာ ရှောလမုန်လက်ထက်တွင် ငွေကို အလျှင်းပမာဏ မပြုခြင်းကြောင့် ဖြစ်သည်။

2 Chronicles 9:22

မြေကြီးပေါ်ရှိသမျှသော သူတို့သည် အဘယ်ကြောင့် ရှောလမုန်မင်းကြီး၏ မျက်နှာတော်ကို ဖူးမြင်ခဲ့ကြသနည်း။
မြေကြီးပေါ်ရှိသမျှသော သူတို့သည် ရှောလမုန်မင်းကြီး၏ ကြွယ်ဝခြင်းနှင့် သူ၏နှလုံး၌ ဘုရားသခင် သွင်းပေးတော်မူသော ပညာကို ကြားရအံ့သောငှာ မျက်နှာတော်ကို ဖူးမြင်ခဲ့ခြင်းဖြစ်သည်။

2 Chronicles 9:25

မည်သည့် ဘုရင်အပေါင်းတို့အပေါ် ရှောလမုန်မင်းကြီးသည် အစိုးရခဲ့သနည်း။
ရှောလမုန်မင်းကြီးသည် မြစ်ကြီးမှ စ၍ဖိလိတ္တိပြည်နှင့် အဲဂုတ္တုပြည်စွန်း တိုင်အောင် ရှိသောရှင်ဘုရင်အပေါင်းတို့ကို အစိုးရခဲ့သည်။

2 Chronicles 9:27

ရှောလမုန်မင်းကြီးသည် ယေရုရှလင်မြို့၌ နေ၍ ဣသရေလတစ်နိုင်ငံလုံးကို မည်မျှကြာကြာ စိုးစံခဲ့သနည်း။
ရှောလမုန်မင်းကြီးသည် ယေရုရှလင်မြို့၌ နေ၍ ဣသရေလတစ်နိုင်ငံလုံးကို အနှစ်လေးဆယ်စိုးစံခဲ့သည်။

## Chapter 10

1 ဣသရေလအမျိုးသားအပေါင်းတို့သည် ရော ဗောင်ကို ရှင်ဘုရင်အရာ၌ ချီးမြှောက်ခြင်းငှါ ရှေခင်မြို့ သို့သွား၍၊ သူသည်လည်း
သွား၏။ 2 ရှောလမုန်မင်းကြီးထံမှ၊ အဲဂုတ္တုပြည်သို့ ပြေး သောနေဗတ်၏သား ယေရောဗောင်သည်၊ ထိုသိတင်းကို ကြား၍
အဲဂုတ္တုပြည်မှ ပြန်လာ၏။ 3 ဣသရေလလူတို့သည် သူ့ထံသို့ လူကို စေလွှတ် ၍ ခေါ်သဖြင့်၊ လူအပေါင်းတို့သည် သူနှင့်အတူ ရော
ဗောင်ထံသို့ဝင်လျက်၊ 4 ခမည်းတော်သည် ကျွန်တော်တို့၌ လေးသော ထမ်းဘိုးကိုတင်ပါပြီ။ ခမည်းတော်ထံမှာ ပင်ပန်းစွာ
ဆောင်ရွက်ရသောအမှု၊ တင်တော်မူသော ထမ်းဘိုး လေးကို ပေါ့စေတော်မူပါ။ ထိုသို့ပြုတော်လျှင်၊ ကျွန်တော် တို့သည် အမှုတော်ကို
ထမ်းပါမည်ဟု လျှောက်ဆိုကြ၏။ 5 ရောဗောင်ကလည်း၊ သုံးရက်လွန်မှ တဖန် လာကြဦးလော့ဟု မိန့်တော်မူလျှင်၊ သူတို့သည်
သွားကြ၏။ 6 ထိုအခါ ရောဗောင်မင်းကြီးသည် ခမည်းတော် ရှောလမုန် အသက်ရှင်စဉ်အခါ၊ အထံတော်၌ ခစားသော
အသက်ကြီးသူတို့နှင့် တိုင်ပင်၍၊ ဤသူတို့အား ငါပြန် ပြောရမည်အကြောင်း၊ အဘယ်သို့ အကြံပေးကြမည် နည်းဟု မေးသော်၊ 7
သူတို့က ကိုယ်တော်သည် ဤသူတို့၌ ကျေးဇူးပြု လျက်၊ သူတို့စိတ်ကို ဖြေ၍ကောင်းသောစကားကို ပြောတော်မူလျှင်၊ သူတို့သည်
အစဉ် ကိုယ်တော်၏ကျွန်ခံ ကြပါလိမ့်မည်ဟု လျှောက်ထားကြ၏။ 8 အသက်ကြီးသူတို့ပေးသောအကြံကို ရောဗောင် သည်မလိုက်၊
ခစားမြဲခစားသောမိမိ သူငယ်ချင်းတို့နှင့် တိုင်ပင်လျက်၊ 9 ပြည်သားတို့က ခမည်းတော်တင်သော ထမ်းဘိုး ကို ပေါ့စေတော်မူပါဟု
လျှောက်ဆိုကြသည် ဖြစ်၍၊ သူတို့အား ငါပြန်ပြောရမည်အကြောင်း အဘယ်သို့ အကြံပေးကြမည်နည်းဟု မေးသော်၊ 10
ထိုသူငယ်ချင်း လုလင်တို့က၊ ခမည်းတော်သည် ကျွန်တော်တို့၌ ထမ်းဘိုးကိုလေးစေပါပြီ၊ ပေါ့စေတော်မူပါ ဟု
လျှောက်သောပြည်သားတို့အား ကိုယ်တော်က၊ ငါ လက်သန်းသည် ငါ့ခမည်းတော်ခါးထက်သာ၍ ကြီးလိမ့် မည်။ 11
ငါ့ခမည်းတော်သည် သင်တို့အပေါ်မှာ လေး သော ထမ်းဘိုးတို့ကို တင်လေပြီ။ ငါသည်လည်း ထပ်၍ တင်ဦးမည်။ ငါ့ခမည်းတော်သည်
သင်တို့ကို ကြိမ်လုံးနှင့် ရိုက်လေပြီ။ ငါသည်လည်း ကင်းမြီးကောက်နှင့် ရိုက်ဦး မည်ဟု ပြန်ပြောတော်မူပါဟု လျှောက်ထားကြ၏။ 12
ရှင်ဘုရင်က၊ သုံးရက်မြောက်သောနေ့၌ တဖန် လာကြဦးလော့ဟု နေ့ရက်ကို ချိန်ချက်သည်အတိုင်း၊ သုံးရက်မြောက်သောနေ့၌
ယေရော ဗောင်နှင့် လူအပေါင်းတို့သည် ရောဗောင်ထံသို့ ရောက်ကြ၏။ 13 ထိုအခါ ရောဗောင်မင်းကြီးသည် အသက်ကြီး
သူတို့ပေးသော အကြံကိုမလိုက်၊ လူပျိုတို့ပေးသော အကြံ ကိုလိုက်လျက်၊ 14 ခမည်းတော်သည် သင်တို့အပေါ်မှာ လေးသော
ထမ်းဘိုးကိုတင်လေပြီ။ ငါသည်လည်း ထပ်၍တင်ဦးမည်။ ငါ့ခမည်းတော်သည် သင်တို့ကို ကြိမ်လုံးနှင့် ရိုက်လေပြီ။ ငါသည်လည်း
ကင်းမြီးကောက်နှင့် ရိုက်ဦးမည်ဟု ကြမ်းတမ်းစွာ ပြန်ပြောတော်မူ၏။ 15 ရှင်ဘုရင်သည် ပြည်သားတို့စကားကို နား မထောင်ရသည်
အကြောင်းကား၊ ထာဝရဘုရားသည် ရှိလောမြို့သား အဟိယအားဖြင့် နေဗတ်၏သား ယေရောဗောင်အား မိန့်တော်မူသော
စကားကိုပြည့်စုံစေ တော်မူမည်အကြောင်းတည်း။ 16 ဣသရေလအမျိုးသား အပေါင်းတို့သည်
ရှင်ဘုရင်နားမထောင်ကြောင်းကိုသိမြင်လျှင်၊ ငါတို့သည် ဒါဝိဒ်နှင့် အဘယ်သို့ ဆက်ဆံသနည်း။ ယေရှဲ၏သားနှင့်
အဘယ်သို့အမွေခံရသေးသနည်း။ အိုဣသရေလအမျိုး၊ သင်တို့နေရာသို့ အသီးသီးသွားကြ။ အိုဒါဝိဒ်၊ သင်၏ အိမ်ကိုကြည့်ရှုလော့ဟု
ရှင်ဘုရင်အား ပြန်ပြောလျက်၊ ဣသရေလလူအပေါင်းတို့သည် မိမိတို့ နေရာသို့ ပြန်သွား ကြ၏။ 17 သို့ရာတွင် ယုဒမြို့ရွာတို့၌ နေသော
ဣသရေလ လူတို့ကို၊ ရောဗောင်သည် အုပ်စိုးရသေး၏။ 18 ထိုအခါ ရောဗောင်မင်းကြီးသည်၊ အခွန်တော် ဝန် အဒေါနိရံကို စေလွှတ်၍
ဣသရေလအမျိုးသားတို့ သည် သူ့ကိုသေအောင်ကျောက်ခဲနှင့် ပစ်ကြ၏။ 19 ရောဗောင်မင်းကြီးသည် ရထားတော်ကို အလျင်အမြန်
တက်၍ယေရုရှင်မြို့သို့ပြေးလေ၏။ ထိုသို့ ဣသရေလအမျိုးသည် ယနေ့တိုင်အောင် ဒါဝိဒ်မင်းမျိုး ကို ပုန်ကန်ကြ၏။

---

2 Chronicles 01

ဣသရေလအမျိုးသားအပေါင်းတို့
ဣသရေလနိုင်ငံရှိ လူများအားလုံး။

နေဗတ်၏သား

2 Chronicles 08

အကြံကို ရောဗောင်သည်မလိုက်
အခြားသောဘာသာပြန်ဆိုချက်၊ "ရောဗောင်သည် အကြံကို မလိုက်နာခဲ့။"

မိမိသူငယ်ချင်းတို့
'သူငယ်ချင်းတို့ (ငယ်ရွယ်သောသူတို့) သည် ရှောလမုန်ကိုအကြံပေးကြသော လူကြီးများနှင့် နှိုင်းယှဉ်လျှင် ပညာနှင့်အတွေ့အကြုံမရှိခြင်းကို ရည်ညွှန်းသည်။

ခစားမြဲခစားသော မိမိသူငယ်ချင်းတို့
သူ၏ ငယ်သူငယ်ချင်းများသည် သူ့ကို အကြံပေးခဲ့ကြသည်။

2 Chronicles 10

ငါလက်သန်းသည် ငါ့ခမည်းတော်ခါးထက်သာ၍ကြီး လိမ့်မည်။
ရောဗောင် ဆိုလိုသည်မှာ မိမိသည် ခမည်းတော်ထက်သာ၍ ကြမ်းတမ်းမည်၊ သာ၍ တောင်းဆိုမည်ဟု ဆိုလိုခြင်းဖြစ်သည်။

 generated on Tue Jul 2 12:50:28 2024

ငါသည် ကင်းမြီးကောက်နှင့်ရိုက်ဦးမည်
အခြားသောဘာသာပြန်ဆိုချက်၊ "သံစူးများ ပါသည့်ကြိမ်လုံးဖြင့် ငါသည် သင်တို့ကို ရိုက်မည်။"

2 Chronicles 12

လူအပေါင်းတို့
အခြားသောဘာသာပြန်ဆိုချက်၊ "ခေါင်းဆောင်များအားလုံး"

သုံးရက်မြောက်သောနေ့

2 Chronicles 15

ရှိလောမြို့သား အဟိယအားဖြင့် ... နေဗတ်၏သား ယေရောဗောင်

2 Chronicles 16

ယေရှဲ၏သားနှင့် အဘယ်သို့အမွေခံရသေးသနည်း။
'ငါတို့သည် ရှင်ဘုရင်ဒါဝိဒ်၏ မျိုးရိုးနှင့် မည်သို့မျှ မပတ်သက်ချင်ပါ။"

---

## Translation Questions

2 Chronicles 10:1

ဣသရေလအမျိုးသားအပေါင်းတို့သည် ရှေခင်မြို့ သို့ အဘယ်ကြောင့် သွားခဲ့ကြသနည်း။
ဣသရေလအမျိုးသားအပေါင်းတို့သည် ရောဗောင်ကို ရှင်ဘုရင်အရာ၌ ချီးမြှောက်ခြင်းငှါ ရှေခင်မြို့သို့ သွားခဲ့ခြင်းဖြစ်သည်။

ဣသရေလတို့၏ ရှင်ဘုရင်အဖြစ် ရောဗောင်ဖြစ်လာမည့်လမ်းတွင် အဘယ်အရာက အတားအဆီးဖြစ်နေသနည်း။
အဲဂုတ္တုပြည်တွင် ပြည်နှင်ဒဏ်ခံနေရသော ယေရောဗောင်၏ ပြည်တော်ပြန်လာခြင်းက
ရောဗောင်ရှင်ဘုရင်ဖြစ်လာမည့်လမ်းတွင်
အတားအဆီးဖြစ်နေခဲ့သည်။

2 Chronicles 10:3

ယေရောဗောင်နှင့်အတူ ဣသရေလလူတို့သည် ရောဗောင်အား မည်သည့်လျှောက်ဆိုမှုမျိုးကို ပြုလုပ်ခဲ့သနည်း။
ယေရောဗောင်နှင့်အတူ ဣသရေလလူတို့သည် ရောဗောင်အား ရှောလမုန်မင်းကြီးတင်တော်မူသော ထမ်းဘိုးကို ပေါ့စေတော်မူမည် အကြောင်း လျှောက်ဆိုခဲ့ကြသည်။

2 Chronicles 10:6

ရှောလမုန်မင်းကြီး အသက်ရှင်စဉ်အခါ အထံတော်၌ ခစားသော အသက်ကြီးသူတို့သည် ရောဗောင်မင်းကြီးအား ဘာအကြံပြုခဲ့သနည်း။
အသက်ကြီးသူတို့သည် ရောဗောင်မင်းကြီးအား လူတို့၌ ကျေးဇူးပြုလျက်၊ သူတို့စိတ်ကို ဖြေ၍ ကောင်းသောစကား ကို ပြောတော်မူလျှင် သူတို့သည် အစဉ် ကိုယ်တော်၏ ကျွန်ခံ ကြပါလိမ့်မည်ဟု အကြံပေးခဲ့ကြသည်။

2 Chronicles 10:8

ရောဗောင်သည် အသက်ကြီးသောသူတို့၏ အကြံပေးခြင်းကို လျစ်လျူရှုပြီးနောက် ဘာလုပ်ခဲ့သနည်း။
ရောဗောင်သည် ခစားမြဲခစားသော မိမိသူငယ်ချင်းတို့နှင့် တိုင်ပင်လျက် ပြည်သားတို့၏ ထမ်းဘိုး ကို ပေါ့စေတော်မူပါဟူသော တောင်းဆိုမှုကို မည်ကဲ့သို့ တုံ့ပြန်သင့်ကြောင်း မေးမြန်းခဲ့သည်။

2 Chronicles 10:10

ခစားမြဲခစားသော မိမိသူငယ်ချင်းလုလင်တို့သည် ရောဗောင်အား ပြည်သားတို့၏ ထမ်းဘိုး ကို ပေါ့စေတော်မူပါဟူသော တောင်းဆိုမှုနှင့် ပတ်သက်ပြီး ဘာအကြံပေးခဲ့သနည်း။
လုလင်တို့သည် ရောဗောင်အား ငါ့ခမည်းတော်သည် သင်တို့အပေါ်မှာ လေးသော ထမ်းဘိုးတို့ကို တင်သော်လည်း ငါသည်ထပ်၍ တင်ဦးမည်ဟု ပြည်သားတို့ထံ ပြောရန် အကြံပေးခဲ့သည်။

2 Chronicles 10:12

သုံးရက်မြောက်သောနေ့၌ ယေရောဗောင်နှင့် လူအပေါင်းတို့သည် ရောဗောင်ထံသို့ လာသောအခါ ဘာဖြစ်ခဲ့သနည်း။
ရောဗောင်မင်းကြီးသည် အသက်ကြီး သူတို့ပေးသော အကြံကိုမလိုက်၊ လူပျိုတို့ပေးသော အကြံ ကိုလိုက်လျက် လူအပေါင်းတို့အား ကြမ်းတမ်းစွာပြန်ပြောတော်မူခဲ့သည်။

2 Chronicles 10:15

ရောဗောင်မင်းကြီးသည် ဘာကြောင့် ဣသရေလအမျိုးသား အပေါင်းတို့၏စကားကို နားမထောင်ခဲ့သနည်း။
ရှင်ဘုရင်သည် ပြည်သားတို့စကားကို နားမထောင်ရခြင်းမှာ ထာဝရဘုရားသည် အဟိယအားဖြင့်ယေရောဗောင်အား မိန့်တော်မူသော စကားကိုပြည့်စုံစေ
တော်မူမည်အကြောင်းဖြစ်သည်။


generated on Tue Jul 2 12:50:28 2024

## 2 Chronicles 10:16

ရောဗောင်မင်းကြီး၏ သင်တို့အပေါ်မှာ သာ၍လေးသော ထမ်းဘိုးတို့ကိုထပ်၍ တင်ဦးမည်ဟူသော ကြေငြာချက်အရ ဣသရေလအမျိုးသား အပေါင်းတို့သည် ဘာတုံ့ပြန်ခဲ့သနည်း။

ဣသရေလ အမျိုးသားတို့သည် ရောဗောင်မင်းကြီးထံမှ ကြားသောအခါ ဣသရေလလူတို့သည် ဒါဝိဒ်နှင့် တစ်ခုတစ်လေမျှ ဆက်ဆံခဲ့ခြင်းမရှိသဖြင့် ဣသရေလလူတို့အား မိမိတို့ နေရာအသီးသီးသို့ ပြန်သွားရန်နှင့် ရောဗောင်မင်းကြီးအား မိမိအိမ်ကို ကြည့်ရှုရန် ဆိုခဲ့ကြသည်။

အခွန်တော်ဝန် ဖြစ်သောအဒေါနိရံကို ရောဗောင်မင်းကြီးသည်စေလွှတ်သောအခါ ဣသရေလအမျိုးသားတို့သည် မည်သို့ တုံ့ပြန်ခဲ့သနည်း။

ဣသရေလအမျိုးသားတို့ သည် အဒေါနိရံကို သေအောင်ကျောက်ခဲနှင့် ပစ်ကြသဖြင့် ရောဗောင်မင်းကြီးသည် ရထားတော်ကို အလျင်အမြန် တက်၍ယေရုရှင်မြို့သို့ပြေးသွားခဲ့သည်။

## Chapter 11

1 ရောဗောင်သည် ယေရုရှလင်မြို့သို့ ရောက် သောအခါ၊ ဣသရေလအမျိုးကို စစ်တိုက်၍၊ နိုင်ငံတော် ကို ရောဗောင်လက်သို့
ရောက်ပြန်စေခြင်းငှါ၊ ယုဒအမျိုး နှင့် ဗင်္ယာမိန်အမျိုးထဲက ရွေးချယ်သော စစ်သူရဲတသိန်း ရှစ်သောင်းတို့ကို စုဝေးစေ၏။ 2 သို့ရာတွင်
ဘုရားသခင်၏ နှုတ်ကပတ်တော် သည် ဘုရားသခင်၏လူရှေမာယသို့ရောက်၍၊ 3 သင်သည် ရှောလမုန်သား ယုဒရှင်ဘုရင် ရော
ဗောင်နှင့်ယုဒခရိုင်၊ ဗင်္ယာမိန်ခရိုင်၌ရှိသော ဣသရေလ လူအပေါင်းတို့အား ထာဝရဘုရား၏ အမိန့်တော်ကို ဆင့်ဆိုရမည်မှာ၊ 4
သင်တို့ညီအစ်ကိုတို့ကို စစ်တိုက်ခြင်းငှါ ချီ၍ မသွားကြနှင့်။ လူအပေါင်းတို့၊ ကိုယ်နေရာသို့ ပြန်သွား ကြလော့။ ဤအမှုကိုငါစီရင်ပြီဟု
မိန့်တော်မူသော ထာဝရဘုရား၏ စကားတော်ကိုနားထောင်၍၊ ယေရော ဗောင်ကို စစ်မချီ၊ ပြန်သွားကြ၏။ 5 ရောဗောင်သည်
ယေရုရှလင်မြို့၌နေ၍၊ ယုဒပြည် ၌ ခိုင်ခံ့သောမြို့ တို့ကိုပြုစုရာတွင်၊ 6 ဗက်လင်မြို့၊ ဧတံမြို့၊ တေကောမြို့၊ 7 ဗက်ဇုရမြို့၊
ရှောကောမြို့၊ အဒုလံမြို့၊ 8 ဂါသမြို့၊ မရေရှမြို့၊ ဇိဖမြို့၊ 9 အဒေါရိမ်မြို့၊ လာခိရှမြို့၊ အဇေကာမြို့၊ 10 ဇောရာမြို့၊ အာဇလုန်မြို့၊
ဟေဗြုန်မြို့တည်း ဟူသော ယုဒခရိုင် နှင့်ဗင်္ယာမိန်ခရိုင်တွင် ခိုင်ခံ့သော မြို့တို့ကို ပြုစုလေ၏။ 11 ရဲတိုက်များကိုလည်း ခိုင်ခံ့စေ၍၊
အကြီးအကဲ နှင့်တကွ ဆီ၊ စပျစ်ရည်များ၊ ရိက္ခာများကို သိုထားလေ၏။ 12 ယုဒအမျိုးနှင့် ဗင်္ယာမိန်အမျိုးသည် အမှုတော် ကို
ထမ်းရွက်သောကြောင့်၊ မြို့အသီးအသီးတို့၌ ဒိုင်းလွှား လှံလက်နက်များကို ထား၍ အလွန်ခိုင်ခံ့စေ၏။ 13 ဣသရေလပြည်
အရပ်ရပ်၌ရှိသော ယဇ် ပုရောဟိတ်လေဝိသားတို့သည်၊ မိမိတို့နေရာမှ အထံတော် သို့လာကြ၏။ 14 လေဝိသားတို့သည်၊
မိမိတို့နေရာဖြစ်သော ပိုင်ထိုက်ရာအရပ်ကို စွန့်၍၊ ယုဒပြည်ယေရုရှင်မြို့သို့ ရောက်လာသောအကြောင်းဟူမူကား၊ ယေရောဗောင်နှင့်
သူ၏သားတို့သည်၊ လေဝိသားတို့ကို ထာဝရဘုရား ရှေ့တော်၌ ယဇ်ပုရောဟိတ်အမှုကို စောင့်ရသောအရာမှ ချ၍၊ 15 မြင့်သောအရပ်၊
နတ်ဆိုး၊ မိမိလုပ်သော နွား သငယ်တို့အဘို့ ယဇ်ပုရောဟိတ်တို့ကို ခန့်ထားသတည်း။ 16 ဣသရေလအမျိုး၏ ဘုရားသခင်
ထာဝရဘုရား ကို ရှာလိုသောငှါ၊ သဘောချသော သူတို့သည်လည်း၊ ဣသရေလခရိုင်များထဲက ထွက်၍၊ ဘိုးဘေးတို့၏ ဘုရားသခင်
ထာဝရဘုရားအား ယဇ်ပူဇော်အံ့သောငှါ၊ လေဝိသားတို့နောက်သို့လိုက်၍၊ ယေရုရှလင်မြို့သို့ ရောက်လာကြ၏။ 17 ထိုသူတို့သည်
ယုဒနိုင်ငံကို အားပေး၍ ရှော လမုန်သား ရောဗောင်ကို သုံးနှစ်ပတ်လုံးခိုင်ခံ့စေကြ၏။ သုံးနှစ်ပတ်လုံး ဒါဝိဒ်လမ်း၊ ရှောလမုန်လမ်းသို့
လိုက်ကြ ၏။ 18 ရောဗောင်သည်လည်း ဒါဝိဒ်သား ယေရိမုတ် သမီး မဟာလတ်၊ ယေရှဲသား ဧလျာဘသမီး အဘိဟဲလ နှင့်စုံဘက်၍၊
19 ယုရှ၊ ရှမာရိ၊ ဇာဟံ၊ သားသုံးယောက်တို့ကို မြင်ရ၏။ 20 ထိုနောက်၊ အဗရှလုံသမီးမာခါနှင့်စုံဘက်၍ အဘိယ၊ အတ္တဲ ဇိဇ၊
ရှေလောမိတ်တို့ကို မြင်ရ၏။ 21 ရောဗောင်သည် ခင်ပွန်းတဆယ်ရှစ်ယောက်၊ ဗမောင်းမမိဿံ ခြောက်ဆယ်တို့ကို သိမ်းယူ၍၊ သားနှစ်
ဆယ်ရှစ်ယောက်၊ သမီးခြောက်ဆယ်တို့ကို ရသည်တွင်၊ အဗရှလုံသမီးမာခါကို အခြားသောခင်ပွန်း မောင်းမ
မိဿံအပေါင်းတို့ထက်သာ၍ ချစ်သောကြောင့်၊ 22 မာခါ၏ သားအဘိယကို ရှင်ဘုရင်အရာ၌ ခန့် ထားမည်အကြံရှိ၍၊
ညီအစ်ကိုတို့တွင်၊ အကြီးဆုံးဖြစ်စေ ခြင်းငှါ ချီးမြှောက်လေ၏။ 23 ပညာသတိနှင့်စီရင်၍၊ ယုဒခရိုင်ဗင်္ယာမိန်ခရိုင် အရပ်ရပ်တို့တွင်၊
ခိုင်ခံ့သောမြို့ရှိသမျှတို့၌၊ မိမိသားတို့ကို အနှံ့အပြားနေရာချ၍၊ များစွာသောရိက္ခာကို သိုထား၏။ မယားများတို့ကို အလိုရှိ၏။

 generated on Tue Jul 2 12:50:28 2024

## Chapter 12

[1] ရောဗောင်မင်းသည် မိမိနိုင်ငံကို တည်စေ၍ အားကြီးသောအခါ၊ ဣသရေလအမျိုးရှိသမျှနှင့်တကွ ထာဝရဘုရား၏ တရားတော်ကို
စွန့်၍၊ [2] ထာဝရဘုရားကို ပြစ်မှားသောကြောင့်၊ ရော ဗောင်မင်းကြီးနန်းစံ ငါးနှစ်တွင်၊ [3] အဲဂုတ္တုရှင်ဘုရင်ရှိရှက်သည် ရထားတထောင်
နှစ်ရာ၊ မြင်းစီးသူရဲခြောက်သောင်း၊ မရေတွက်နိုင်သော အဲဂုတ္တုပြည်သားများ၊ လိဗုပြည်သား၊ သုကိပြည်သား၊
အဲသယောပိပြည်သားတို့နှင့်တကွ၊ ယေရုရှလင်မြို့သို့ စစ်ချီ၍၊ [4] ယုဒပြည်၌ခိုင်ခံ့သော မြို့တို့ကိုတိုက်ယူပြီးမှ၊ ယေရုရှလင်မြို့သို့
ရောက်လေ၏။ [5] ထိုအခါ ရှိရှက်မင်းကြောင့်၊ ယေရုရှလင်မြို့၌ စုဝေးသော ယုဒမင်းများထံ၊ ရောဗောင်မင်းထံတော်သို့
ပရောဖက်ရှေမာယသည်လာ၍၊ ထာဝရဘုရား မိန့်တော် မူသည်ကား၊ သင်တို့သည် ငါ့ကိုစွန့်သောကြောင့်၊ ငါသည် သင်တို့ကို
ရှိရှက်မင်းလက်သို့ အပ်လေပြီဟု အမိန့်တော် ကို ဆင့်ဆိုလျှင်၊ [6] ရှင်ဘုရင်နှင့်ယုဒမင်းတို့က၊ ထာဝရဘုရား ဖြောင့်မတ်တော်မူ
သည်ဟုဆို၍၊ မိမိတို့ကို နှိမ့်ချကြ၏။ [7] ထိုသို့နှိမ့်ချကြောင်းကို ထာဝရဘုရားမြင်လျှင်၊ နှုတ်ကပတ်တော်သည် ရှေမာယသို့ရောက်၍၊
သူတို့သည် နှိမ့်ချကြပြီ။ ထိုကြောင့်သူတို့ကို ငါမဖျက်ဆီး၊ အနည်းငယ် သော ချမ်းသာကိုပေးမည်။ ရှိရှက်လက်ဖြင့် ယေရုရှလင်
မြို့ပေါ်သို့ ငါ့အမျက်ကို မသွန်းလောင်းရ။ [8] သို့ရာတွင် ငါ့ထံ၌ အမှုထမ်းခြင်း၊ တပါး အမျိုးသား ရှင်ဘုရင်ထံ၌ အမှုထမ်းခြင်းကို
ပိုင်းခြား၍ သိစေခြင်ငှါ၊ ရှိရှက်မင်းထံ၌ ကျွန်ခံရကြမည်ဟု မိန့်တော် မူ၏။ [9] အဲဂုတ္တုရှင်ဘုရင် ရှိရှက်သည် ယေရုရှလင်မြို့သို့
ရောက်၍၊ ဗိမာန်တော်ဘဏ္ဍာနှင့် နန်းတော်ဘဏ္ဍာရှိသမျှ ကို သိမ်းသွား၏။ ရှောလမုန်လုပ်သော ရွှေဒိုင်းရှိသမျှကို လည်း ယူသွား၏။ [10]
ရောဗောင်မင်းကြီးသည် ရွှေဒိုင်းအစား၊ ကြေးဝါ ဒိုင်းတို့ကိုလုပ်၍၊ နန်းတော်တံခါးစောင့်၊ ကိုယ်ရံတော်မှူး၌ အပ်လေ၏။ [11]
ရှင်ဘုရင်သည် ဗိမာန်တော်သို့ သွားသောအခါ၊ ကိုယ်ရံတော်သားတို့သည် ဒိုင်းတို့ကိုဆောင်၍၊ နောက် တဖန်မိမိတို့စောင့်ရာ အခန်းမှာ
ပြန်ထားကြ၏။ [12] ထိုသို့ရှင်ဘုရင်သည် ကိုယ်ကို နှိမ့်ချသောအခါ၊ ထာဝရဘုရားသည် သူ့ကို ရှင်းရှင်းမဖျက်ဆီးမည် အကြောင်း၊
အမျက်တော်ကို လွှဲတော်မူ၏။ ယုဒပြည်၌ လည်း၊ ပြည်မှုပြည်ရေးသာယာသဖြင့်၊ [13] ရောဗောင်မင်းကြီးသည် ယေရုရှလင်မြို့၌
ကိုယ်ကိုခိုင်ခံ့စေ၍ စိုးစံသော သေး၏။ [14] ထာဝရဘုရားကို ရှာလိုသောငှါ၊ မိမိသဘော မချသောကြောင့်၊ ဒုစရိုက်အမှုကိုပြု၏။ [15]
ရောဗောင်ပြုမူသော အမှုအရာအစအဆုံးတို့ သည်၊ ပရောဖက်ရှေမာယ၏ကျမ်းနှင့်၊ ပရောဖက်ဣဒ္ဒေါ စီရင်သော
သားစဉ်မြေးဆက်စာရင်း၌ ရေးထားလျက် ရှိ၏။ ရောဗောင်နှင့် ယေရောဗောင်တို့သည်၊ အသက် ရှည်သမျှကာလပတ်လုံး
ရန်ဘက်ပြုကြ၏။ [16] ရောဗောင်သည်လည်း၊ ဘိုးဘေးတို့နှင့် အိပ် ပျော်၍၊ ဒါဝိဒ်မြို့၌ သင်္ဂြိုဟ်ခြင်းကို ခံလေ၏။ သားတော်
အဘိယသည် ခမည်းတော်အရာ၌ နန်းထိုင်၏။ ရောဗောင်သည် နန်းထိုက်သောအခါ၊ အသက် လေးဆယ်တနှစ်ရှိ၏။
ထာဝရဘုရားသည် နာမတော် တည်စေရာဘို့ ဣသရေလခရိုင်များတို့အထဲက ရွေး ကောက်သောယေရုရှလင်မြို့၌၊
ဆယ်ခုနစ်နှစ်စိုးစံလေ ၏။ မယ်တော်ကားအမ္မုန်အမျိုးသား၊ နေမအမည်ရှိ၏။


generated on Tue Jul 2 12:50:28 2024

## Chapter 13

1 ယေရောဗောင်မင်းကြီး နန်းစံဆယ်နှစ်နှစ်တွင် အဘိယသည် ယေရုရှလင်မြို့၌မင်းပြု၍၊ 2 ယုဒပြည်ကို သုံးနှစ်စိုးစံ၏။
မယ်တော်ကား၊ ဂိဗာမြို့သားဩရေလ၏ သမီးမာခါအမည်ရှိ၏။ အဘိယနှင့် ယေရောဗောင်တို့သည် စစ်တိုက်
သောအကြောင်းအရာဟူမူကား၊ 3 အဘိယသည် ရွေးချယ်သော စစ်သူရဲကောင်း လေးသိန်းနှင့် စစ်ခင်းကျင်၏။ ယေရောဗောင်သည်
ရွေးချယ်သောစစ်သူရဲကောင်းရှစ်သိန်းနှင့် စစ်ခင်း ကျင်း၏။ 4 အဘိယသည် ဇေရိမ်ခရိုင်၊ ဇေမရိမ်တောင် ပေါ်မှာ ရပ်လျက်၊
အိုယေရောဗောင်နှင့် ဣသရေလလူ အပေါင်းတို့၊ နားထောင်ကြလော့။ 5 ဣသရေလအမျိုး၏ ဘုရားသခင် ထာဝရဘုရား သည်
ဆားနှင့် ယှဉ်သောပဋိညာဉ်အားဖြင့်၊ ဣသရေလ နိုင်ငံကို ဒါဝိဒ်နှင့်သားတော် မြေးတော်တို့၌အစဉ် အိပ်တော်မူကြောင်းကို၊
သင်တို့သိမှတ်သင့်သည် မဟုတ်လော။ 6 သို့ရာတွင်၊ ဒါဝိဒ်သားတော်ရှောလမုန်၏ ကျွန်နေဗတ်သားယေ ရောဗောင်သည်၊ မိမိအရှင်ကို
တဘက်ထ၍ပုန်ကန်လေပြီ။ 7 ရှောလမုန်သားရောဗောင်သည် အသက်ငယ်၍ သဘောနူးညံ့သောကြောင့်၊ မဆီးတားနိုင်သောအခါ၊
လုပ်ပေါ်သောသူ၊ အစမ္ပလူတို့သည် ယေရောဗောင်ထံမှာ စုဝေး၍၊ ရောဗောင်မင်းတဘက်၌ ကိုယ်ကို ခိုင်ခံ့စေ ကြ၏။ 8 ယခုလည်း
သင်တို့သည် ဒါဝိဒ်၏သားမြေး၌ ရှိသော ထာဝရဘုရား၏ နိုင်ငံတော်ကို ဆီးတားမည်ဟု ကြံစည်ကြသည်တကား၊ သင်တို့သည်
များပြား၍ သင်တို့ ဘုရားအရာ၌၊ ယေရောဗောင်လုပ်သော ရွှေနွားသငယ် တို့လည်းရှိကြ၏။ 9 သင်တို့သည်
ထာဝရဘုရားခန့်ထားတော်မူ သော ယဇ်ပုရောဟိတ်၊ အာရုန်အမျိုးနှင့် လေဝိအမျိုးသား တို့ကိုနှင်ထုတ်၍၊
တပါးအမျိုးသားထုံးစံအတိုင်း၊ ကိုယ်အဘို့ ယဇ်ပူရောဟိတ်တို့ကို လုပ်ကြပြီမဟုတ်လော။ ထိုသို့နှင့်အညီ၊ နွားသငယ်တကောင်နှင့်
သိုးခုနစ်ကောင် ကို ပေး၍၊ ယဇ်ပုရောဟိတ်အရာ၌ ခန့်ထားခြင်းကို ခံသော သူမည်သည်ကား၊ ဘုရားမဟုတ်သောသူထံမှာ
ယဇ်ပုရောဟိတ်ပြုရသည်တကား။ 10 ငါတို့မူကား၊ ထာဝရဘုရားကိုမစွန့်။ ထိုဘုရား သည် ငါတို့၌ ဘုရားသခင်ဖြစ်တော်မူ၏။
ထာဝရဘုရား ၏အမှုတော်ကို ထမ်းသောယဇ်ပုရောဟိတ်တို့သည် အာရုန်အမျိုးဖြစ်ကြ၏။ လေဝိသားတို့သည်လည်း၊ မိမိတို့ အမှုကို
စောင့်နေကြ၏။ 11 ထာဝရဘုရားရှေ့တော်၌၊ မီးရှို့ရာယဇ်နှင့် နံ့သာပေါင်းကို နံနက်တိုင်း၊ ညဦးတိုင်းမီးရှို့ကြ၏။ သန့်ရှင်းသော
စားပွဲပေါ်မှာ ရှေ့တော်မုန့်ကိုငင်း၊ ညဦး တိုင်းထွန်းစရာဘို့ရွှေမီးခုံနှင့် မီးခွက်တို့ကိုငင်း ပြင်ဆင်ကြ ၏။ ငါတို့သည် ငါတို့၏ဘုရားသခင်
ထာဝရဘုရား၏ အမှုတော်ကို စောင့်ကြ၏။ သင်တို့မူကား၊ ထာဝရဘုရား ကို စွန့်ကြပြီ။ 12 ဘုရားသခင် ကိုယ်တော်တိုင်သည်၊
ငါတို့တွင် ဗိုလ်မင်းဖြစ်တော်မူ၏။ ဘုရားသခင်၏ ယဇ်ပုရောဟိတ် တို့သည်လည်း၊ တံပိုးမှုတ်လျက် သင်တို့တဘက်၌ နှိုးဆော်
ခြင်းငှါ၊ ငါတို့တွင်ရှိကြ၏။ အိုဣသရေလအမျိုးသားတို့၊ ဘိုးဘေးတို့၏ဘုရားသခင် ထာဝရဘုရားတဘက်၌ မတိုက်ကြနှင့်။
တိုက်လျှင်ရှုံးရကြလိမ့်မည်ဟု ပြောဆို၏။ 13 ယေရောဗောင်သည် ယုဒလူတို့နောက်၌ မထင် မရှားတပ်ချီစေ၍၊ ကိုယ်တိုင်တဘက်၊
ချောင်းနေသောသူတဘက်၊ ယုဒတပ်ကိုဝိုင်းကြ၏။ 14 ယုဒလူတို့သည် ပြန်ကြည့်သောအခါ၊ စစ်မှုဝိုင်း မိသည်ကိုမြင်လျှင်၊
ထာဝရဘုရားအားဟစ်ခေါ်၍၊ ယဇ် ပုရောဟိတ်တို့သည်လည်း တံပိုးမှုတ်ကြ၏။ 15 တဖန်ယုဒလူတို့သည် ကြွေးကြော်သောအခါ၊
ဘုရားသခင်သည် ယေရောဗောင်ကို အဘိယနှင့် ယုဒလူတို့ ရှေ့မှာ ဒဏ်ခတ်တော်မူသဖြင့်၊ 16 ဣသရေလအမျိုးသားတို့သည် ပြေး၍၊
သူတို့ကို ယုဒလူတို့လက်သို့ ဘုရားသခင်အပ်တော်မူ၏။ 17 အဘိယနှင့် သူ၏လူတို့သည် ကြီးစွာသော လုပ်ကြံခြင်းကိုပြု၍၊
ရွေးချယ်သော ဣသရေလလူ ငါးသိန်းလဲသေသဖြင့်၊ 18 ဣသရေလအမျိုးသားတို့သည်၊ ထိုအခါရှုံး၍၊ ယုဒအမျိုးသားတို့သည်
ဘိုးဘေးတို့၏ ဘုရားသခင် ထာဝရဘုရားကို ခိုလှုံသောကြောင့် နိုင်ကြ၏။ 19 အဘိယသည် ယေရောဗောင်ကို လိုက်၍၊
ဗေသလမြို့နှင့်ရွာများ၊ ယေရှနမြို့နှင့်ရွာများ၊ ဇေရိမ်မြို့ နှင့်ရွာများတို့ကို သူ့လက်မှနှုတ်ယူလေ၏။ 20 အဘိယလက်ထက်
ကာလပတ်လုံး၊ ယေရော ဗောင်သည် နောက်တဖန်ခွန်အားကို မရပြန်။ ထာဝရ ဘုရားဒဏ်ခတ်တော်မူသဖြင့် သေလေ၏။ 21
အဘိယမူကား ခွန်အားတိုးပွါး၏။ မယား တဆယ်လေးယောက်တို့ကိုယူ၍ သားနှစ်ဆယ်နှစ် ယောက်နှင့်
သမီးတဆယ်ခြောက်ယောက်တို့ကို မြင်ရ၏။ 22 အဘိယပြုမူသောအမှုအရာ ကြွင်းလေသမျှတို့ နှင့် ကျင့်သောအကျင့်၊
ပြောသောစကားများတို့သည်၊ ရာဇဝင်နှင့်ဆက်၍ ပရောဖက်ဣဒ္ဒေါစီရင်သော စာ၌ ရေးထားလျက်ရှိ၏။

 generated on Tue Jul 2 12:50:28 2024

## Chapter 14

[1] အဘိယသည် ဘိုးဘေးတို့နှင့် အိပ်ပျော်၍၊ ဒါဝိဒ်မြို့၌ သင်္ဂြိုဟ်ခြင်းကို ခံလေ၏။ သားတော်အာသ သည် ခမည်းတော်အရာ၌
နန်းထိုင်၏။ ထိုမင်းလက် ထက်၊ ပြည်တော်သည် ဆယ်နှစ်ပတ်လုံး ငြိမ်းချမ်း သာယာ၏။ [2] အာသမင်းသည် မိမိဘုရားသခင် ထာဝရ
ဘုရားရှေ့တော်၌ ကောင်းသောအမှု၊ ဖြောင့်မတ်သော အမှုတို့ကို ပြုလေ၏။ [3] တပါးအမျိုးသားဘုရား၏ ယဇ်ပလ္လင်တို့ကိုငင်း၊
မြင့်သောအရပ်တို့ကိုငင်း ပယ်ရှား၏။ ရုပ်တုဆင်းတုတို့ကို ဖြိုဖျက်၍၊ အာရှရပင်တို့ကို ခုတ်လှဲ၏။ [4] ယုဒလူတို့သည် ဘိုးဘေးတို့၏
ဘုရားသခင် ထာဝရဘုရားကို ရှာ၍၊ ပညတ်တရားကို စောင့်ရှောက် မည်အကြောင်း မိန့်တော်မူ၏။ [5] ယုဒမြို့ရွာ အရပ်ရပ်တို့၌ရှိသော
ကုန်းနှင့် ရုပ်တုဆင်းတုတို့ကို ပယ်ရှား၍၊ နိုင်ငံတော်ရေး သာယာ လျက် ရှိ၏။ [6] ထိုကာလ၌ ငြိမ်သက်သောအခွင့်ကို ထာဝရ
ဘုရားပေးတော်မူသဖြင့်၊ ယုဒပြည်သည် ငြိမ်၍၊ စစ်မှုနှင့် လွတ်သောကြောင့်၊ အာသမင်းသည် တပြည်လုံးတွင် ခိုင်ခံ့သောမြို့တို့ကို
တည်လေ၏။ [7] ငါတို့သည် ငါတို့၏ဘုရားသခင် ထာဝရဘုရား ကို ကြိုးစားရှာ၍၊ ထိုဘုရားသည် အရပ်ရပ်၌ ငြိမ်သက် သောအခွင့်ကို
ပေးတော်မူသောကြောင့်၊ တပြည်လုံးကို အစိုးရစဉ်အခါ၊ ဤမည်သော မြို့တို့ကို ပြုစု၍ မြို့ရိုး၊ ပြအိုး၊ တံခါး၊ ကန့်လန့်ကျင်တို့ကို
လုပ်ကြကုန်အံ့ဟု ယုဒလူတို့အား မိန့်တော်မူ၏။ [8] အာသမင်း၌ ကိဒုန်နှင့်လှံကိုကိုင်သော ယုဒ အမျိုး သူရဲသုံးသိန်း၊
ဒိုင်းလွှားနှင့်လေးကိုကိုင်သော ဗယ်္ကာမိန်အမျိုးသူရဲနှစ်သိန်းရှစ်သောင်းရှိ၍၊ ထိုသူ အပေါင်းတို့သည် ခွန်အားကြီးသော
စစ်သူရဲဖြစ်ကြ၏။ [9] တဖန်ကုရှရှင်ဘုရင် ဇေရသည်စစ်သူရဲတသန်း၊ ရထားသုံးရာနှင့်တကွ ချီလာ၍၊ မရေရှမြို့သို့ ရောက် သောအခါ၊
[10] အာသသည်ဆီးကြို၍၊ မရေရှမြို့နားမှာ ဇေဖ သချိုင့်၌ စစ်ပြိုင်ကြ၏။ [11] အာသသည် မိမိဘုရားသခင် ထာဝရဘုရား အား
ဟစ်ခေါ်၍၊ အိုထာဝရဘုရား၊ ကိုယ်တော်သည် လူများတို့တွင် အားနည်းသောသူကို ကယ်တက်ခြင်းငှါ တတ်နိုင်တော်မူသည်ဖြစ်၍၊
အကျွန်ုပ်တို့၏ ဘုရားသခင် ထာဝရဘုရား၊ ကယ်တင်တော်မူပါ။ အကျွန်ုပ်တို့သည် ကိုယ်တော်ကိုခိုလှုံ၍ နာမတော်ကိုအမှီပြုလျက်၊
ဤအလုံး အရင်းကြီးကို တိုက်ခြင်းငှါ သွားပါ၏။ ဘိုထာဝရဘုရား၊ ကိုယ်တော်သည် အကျွန်ုပ်တို့၏ဘုရားသခင်ဖြစ်တော်မူ ၏။
လူသည် ကိုယ်တော်ကိုနိုင်စေသော အခွင့်ရှိစေတော် မမူပါနှင့်ဟု ဆုတောင်းသည်ဖြစ်၍၊ [12] ထာဝရဘုရားသည် ကုရှလူတို့ကို အာသနှင့်
ယုဒလူတို့ရှေ့မှာ ဒဏ်ခတ်တော်မူသဖြင့်၊ သူတို့သည် ပြေးကြ၏။ [13] အာသနှင့်သူ၏လူတို့သည် ဂေရာမြို့တိုင်အောင် လိုက်သဖြင့်၊
ကုရှလူတို့သည် ပြန်၍မတိုက်ဝံ့သောကြောင့် အရှုံးခံရကြ၏။ ထာဝရဘုရားနှင့် ဗိုလ်ခြေတော်ရှေ့မှာ ဖျက်ဆီးခြင်းကို ခံရကြ၏။
ယုဒလူတို့သည် လက်ရဥစ္စာ အများကို သိမ်းယူကြ၏။ [14] ဂေရာမြို့ပတ်ဝန်းကျင်မြို့သားတို့သည် ထာဝရ ဘုရားကို
ကြောက်ရွံ့သောစိတ်ရှိသဖြင့်၊ ယုဒလူတို့သည် ထိုမြို့ရှိသမျှတို့ကို လုပ်ကြံ၍၊ သိုထားနှင့်သော ဘဏ္ဍာ ဥစ္စာအများတို့ကို
သိမ်းယူကြ၏။ [15] တိရစ္ဆာန်တင်းကုပ်များကိုလည်း တိုက်ဖျက် လျက်၊ သိုးနှင့်ကု လားအုပ်များတို့ကို သိမ်းယူ၍။ ယေရု ရှလင်မြို့သို့
ပြန်သွားကြ၏။

---


generated on Tue Jul 2 12:50:28 2024

## Chapter 15

[1] ဘုရားသခင်၏ဝိညာဉ်တော်သည် ဩဒက်သား အာဇရိအပေါ်သို့ သက်ရောက်၍၊ [2] အာဇရိသည် အာသမင်းကို ကြိုဆိုခြင်းငှါ
သွားလျက်၊ အိုအာသမင်း၊ အိုယုဒအမျိုးနှင့် ဗင်္ယာမိန် အမျိုးသားအပေါင်းတို့၊ ငါ့စကားကို နားထောင်ကြလော့။ သင်တို့သည်
ထာဝရဘုရားဘက်၌ နေလျှင်၊ နေစဉ် ကာလ၊ ထာဝရဘုရားသည် သင်တို့နှင့်အတူရှိတော် မူမည်။ ထာဝရဘုရားကိုရှာလျှင်
အတွေ့ခံတော်မူမည်။ စွန့်လျှင်သင်တို့ကို စွန့်တော်မူမည်။ [3] ကြာမြင့်သောကာလပတ်လုံး၊ ဣသရေလ အမျိုး၌ မှန်သော ဘုရားမရှိ။
ဩဝါဒပေးတတ်သော ယဇ် ပုရောဟိတ်မရှိ။ တရားလည်းမရှိဘဲ နေ၍၊ [4] ဘေးရောက်သဖြင့်၊ သူတို့သည် ဣသ
ရေလအမျိုး၏ဘုရားသခင် ထာဝရဘုရားထံတော်သို့ ပြန်လာ၍၊ ရှာကြသောအခါ အတွေ့ခံတော်မူ၏။ [5] ရှေးကာလ၌ ထွက်သောသူ၊
ဝင်သောသူသည် ချမ်းသာမရ။ အတိုင်းတိုင်းအပြည်ပြည်သားအပေါင်း တို့သည် အလွန်ဆင်းရဲခြင်းကို ခံရကြ၏။ [6]
တနိုင်ငံနှင့်တနိုင်ငံ၊ တမြို့နှင့်တမြို့ထကြ၍၊ ဘေး အမျိုးမျိုးအားဖြင့်၊ ဘုရားသခင်ဆုံးမတော်မူ၏။ [7] သင်တို့မူကား အားယူကြလော့။
လက်အား မလျော့စေနှင့်။ သင်တို့ကျင့်သည် အတိုင်းအကျိုးကို ခံရကြမည်ဟာ မြွတ်ဆို၏။ [8] ထိုစကားနှင့် ပရောဖက်ဩဒက်၏
အနာဂတ္တိ စကားကို အာသမင်းသည် ကြားသောအခါ၊ ရဲရင့်ခြင်းသို့ ရောက်၍၊ ယုဒပြည်နှင့် ဗင်္ယာမိန်ပြည်အရပ်ရပ်တို့၌၎င်း၊
ဧဖရိမ်တောင်ပေါ်မှာ တိုက်ယူသော မြို့တို့၌၎င်း၊ စက် ဆုပ်ဘွယ်သောအရာရှိသမျှတို့ကို ပယ်ရှား၍၊ ဗိမာန်တော် ဦးရှေ့တွင်ရှိသော
ထာဝရဘုရား၏ ယဇ်ပလ္လင်ကို ပြုပြင် လေ၏။ [9] ယုဒအမျိုးနှင့် ဗင်္ယာမိန်အမျိုးသားအပေါင်းတို့ကို၎င်း၊ ဧဖရိမ်ခရိုင်၊ မနာရှေခရိုင်၊
ရှိမောင်ခရိုင်ထဲက ထွက်သော တပါးအမျိုးသားတို့ကို၎င်း စုဝေးစေ၏။ အာသမင်၏ ဘုရားသခင်ထာဝရဘုရားသည်၊ သူနှင့် အတူ
ရှိတော်မူကြောင်းကို၊ ဣသရေလအမျိုးသား အများတို့သည် သိမြင်လျှင်၊ ထိုမင်းဘက်သို့ ဝင်စားကြ၏။ [10]
အာသမင်းနန်းစံဆယ်ငါးနှစ်၊ တတိယလတွင် ယေရုရှလင်မြို့၌ စုဝေး၍၊ [11] ဆောင်ခဲ့သော လက်ရဥစ္စာထဲကနွားခုနစ်ရာ၊
သိုးခုနစ်ထောင်တို့ကို ထာဝရဘုရားအား ပူဇော်ကြ၏။ [12] ဘိုးဘေးတို့၏ ဘုရားသခင်ထာဝရဘုရားကို
စိတ်နှလုံးအကြွင်းမဲ့ရှာပါမည်ဟူ၍၎င်း၊ [13] ဣသရေလအမျိုး၏ ဘုရားသခင် ထာဝရဘုရား ကို မရှာသောသူ၊ ယောကျ်ားမိန်းမ
အကြီးအငယ် မည်သည်ကား၊ အသေသတ်ခြင်းကို ခံရမည်ဟူ၍၎င်း၊ [14] ကြွေးကြော်သံ၊ တံပိုးနှဲခရာမှုတ်သံနှင့်တကွ၊
ကြီးသောအသံဗလံပြုလျက်၊ ထာဝရဘုရားအား ကျိန်ဆို ၍ ဝန်ခံခြင်းပဋိညာဉ်ဖွဲ့ကြ၏။ [15] ယုဒလူအပေါင်းသည်
ထိုသို့ကျိန်ဆိုခြင်းကို ပြုသောအခါ ဝမ်းမြောက်ကြ၏။ အကြောင်းမူကား၊ စိတ်နှလုံးအကြွင်းမဲ့ကျိန်ဆို၍၊ အလိုဆန္ဒအားကြီးသည်နှင့်၊
ထာဝရဘုရားကိုရှာသောကြောင့် အတွေ့ခံတော်မူ၏။ အရပ်ရပ်၌ငြိမ်သက်ခြင်းအခွင့်ကို ပေးတော်မူ၏။ [16] အာသမင်းကြီး၏
အဘွားတော်မာခါသည်၊ အာရှရပင်အောက်မှာ ရုပ်တုကိုလုပ်သောကြောင့်၊မိဖုရား အရာကိုနှုတ်၍၊
ရုပ်တုကိုဖျက်ဆီးကျော်နင်းပြီးလျှင်၊ ကေဒြုန်ချောင်းနားမှာ မီးရှို့တော်မူ၏။ [17] မြင့်သောအရပ်တို့ကို ဣသရေလပြည်၌ မပယ်
ရှားသော်လည်း၊ လက်ထက်တော်ကာလပတ်လုံး အာသ စိတ်နှလုံးသည် စုံလင်ခြင်းရှိ၏။ [18] ခမည်းတော်လှူသောဥစ္စာ၊
ကိုယ်တိုင်လှူသော ဥစ္စာ၊ ရွှေ၊ ငွေတန်ဆာများကို ဗိမာန်တော်ထဲသို့ သွင်းထား တော်မူ၏။ [19] နောက်တဖန်နန်းစံ
သုံးဆယ်ငါးနှစ်တိုင်အောင် စစ်တိုက်ခြင်းမရှိ။


generated on Tue Jul 2 12:50:28 2024

## Chapter 16

[1] အာသမင်းနန်းစံသုံးဆယ်ခြောက်နှစ်တွင်၊ ဣသ ရေလရှင်ဘုရင်ဗာရှာသည် ယုဒပြည်သို့ စစ်ချီ၍၊ ယုဒ ရှင်ဘုရင် အာသထံသို့
အဘယ်သူမျှ မထွက်မဝင်စေခြင်း ငှါ၊ ရာမမြို့ကိုတည်၏။ [2] ထိုအခါ ဗိမာန်တော် ဘဏ္ဍာနှင့်နန်းတော် ဘဏ္ဍာတည်းဟူသော
ရွှေငွေရှိသမျှကို၊ အာသသည် ထုတ်၍၊ ဒမာသက်မြို့၌နေသော ရှုရိရှင်ဘုရင်ဗဟာဒဒ် ထံသို့ပေးလိုက်၍၊ [3] ငါသည်သင်နှင့်၎င်း၊
ငါ့ခမည်းတော်သည် သင့် ခမည်းတော်နှင့်၎င်း၊ မိဿဟာယဖွဲ့ခြင်းရှိသည်ဖြစ်၍၊ ရွှေငွေကို ငါပေးလိုက်၏။ ဣသရေ လရှင်ဘုရင်ဗာရှာ
သည် ငါ့ထံမှထွက်သွားစေခြင်းငှါ၊ သူနှင့်ဖွဲ့သော မိဿ ဟာယကို ဖျက်၍လာပါဟု မှာလိုက်လေ၏။ [4] အာသမင်းကြီး၏ စကားကို
ဗဟာဒဒ်သည် နားထောင်၍၊ ဣသရေလမြို့ရွာတို့ကို စစ်ချီစေခြင်းငှါ၊ မိမိဗိုလ်များကို စေလွှတ်သဖြင့်၊ သူတို့သည်ဣယုန်မြို့၊ ဒန်မြို့၊
အာဗေလမိမ်မြို့မှစ၍၊ နဿလိပြည်၌ရှိသမျှ သော ဘဏ္ဍာမြို့တို့ကို လုပ်ကြံကြ၏။ [5] ထိုသိတင်းကို ဗာရှာသည်ကြားသောအခါ၊
ရာမမြို့ကို လက်စမသတ်ဘဲ အလုပ်ကိုဖြတ်၍နေ၏။ [6] ထိုအခါအာသမင်းကြီးသည် ယုဒလူအပေါင်းကို ခေါ်သဖြင့်၊ ရာမမြို့၌
ဗာရှာမင်းသွင်းသောကျောက်နှင့် သစ်သားကိုယူသွား၍၊ ဂေဘမြို့နှင့်မိဇပါမြို့ကိုတည်၏။ [7] ထိုအခါ ပရောဖက်ဟာနန်သည်
ယုဒရှင်ဘုရင် အာသထံသို့လာ၍၊ မင်းကြီးသည် မိမိဘုရားသခင် ထာဝရဘုရားကို မခိုလှုံ၊ ရှုရိရှင်ဘုရင်ကို ခိုလှုံသော ကြောင့်၊
ရှုရိရှင်ဘုရင်၏ ဗိုလ်ခြေတို့သည် မင်းကြီး လက်မှ လွတ်သွားကြပြီ။ [8] ကုရှလူနှင့်လိဗုလူတို့သည် ရထားများ၊ မြင်းစီး
သူရဲများနှင့်တကွ၊ အားကြီးသော အလုံးအရင်ဖြစ်သည် မဟုတ်လော။ သို့သော်လည်း မင်းကြီးသည် ထာဝရ ဘုရားကို
ခိုလှုံသောကြောင့်၊ ထိုအလုံးအရင်းကို မင်းကြီး လက်သို့ အပ်နှံတော်မူပြီ။ [9] ထာဝရဘုရားသည် စုံလင်သော စေတနာစိတ်
ရှိသောသူတို့ဘက်၌၊ ခိုင်ခံ့စွာ နေခြင်းငှါ၊ မြေကြီးတပြင် လုံးကို အနှံ့အပြားကြည့်ရှုလျက် ရှိတော်မူ၏။ ဤအမှု၌ မင်းကြီးသည်
မိုက်စွာပြုပြီ။ ယခုမှစ၍ စစ်မှုရှိလိမ့်မည်ဟု ဆို၏။ [10] ထိုသို့ဆိုသောကြောင့်၊ အာသသည် ပရောဖက် ကို အမျက်ထွက်၍ ထောင်ထဲမှာ
လှောင်ထား၏။ ထိုကာလ၌ ပြည်သူပြည်သားအချို့တို့ကိုလည်း ညှဉ်းဆဲ ၏။ [11] အာသမင်းပြုမူသော အမှုအရာအစအဆုံးတို့ သည်၊
ဣသရေလရာဇဝင်နှင့် ယုဒရာဇဝင်၌ ရေးထား လျက်ရှိ၏။ [12] နန်းစံသုံးဆယ်ကိုးနှစ်တွင်၊ ခြေတော်၌ အနာ ရောဂါစွဲ၍ ပြင်းစွာ
ခံရသော်လည်း၊ ထာဝရဘုရားကို မဆည်းကပ်၊ ဆေးသမားတို့ကိုသာ ဆည်းကပ်လေ၏။ [13] အာသသည် ဘိုးဘေးတို့နှင့်အိပ်ပျော်၍၊
နန်းစံ လေးဆယ်တနှစ်တွင် အနိစ္စရောက်သဖြင့်၊ [14] ဒါဝိဒ်မြို့မှာ မိမိအဘို့ မိမိလုပ်နှင့်သော သင်္ချိုင်း ၌၊ ပြည်သားတို့သည်
သင်္ဂြိုဟ်သောအခါ၊ မွှေးကြိုင်သော နံ့သာမျိုးတို့ကို၊ ဆေးသမားအတတ်ဖြင့်ဘော်၍၊ တလား၌ အပြည့်ထည့်ပြီးလျှင်၊
အလောင်းတော်ကို တင်ထားကြ၏။ အလွန်ကြီးသောမီးရှို့ပွဲကိုလည်း ခံကြ၏။


generated on Tue Jul 2 12:50:28 2024

## Chapter 17

[1] အာသသားယောရှဖတ်သည် ခမည်းတော် အရာ၌ နန်းထိုင်၍၊ ဣသရေလနိုင်ငံတဘက် မိမိကို ခိုင်ခံ့စေ၏။ [2] ယုဒပြည်တွင်၊
ခိုင်ခံ့သောမြို့ရှိသမျှတို့၌၊ တပ် သားများကိုထား၏။ ယုဒပြည်အရပ်ရပ်တို့၌၎င်း၊ ဧဖရိမ် ပြည်မှာ ခမည်းတော် အာသတိုက်ယူ သော
မြို့တို့၌၎င်း၊ မြို့စောင့်တပ်ကို အသီးအသီးခန့်ထား၏။ [3] ခမည်းတော်သည် အရင်လိုက်သောလမ်းသို့၊ ယောရှဖတ်လိုက်လျှက်၊ [4]
ဗာလဘုရားတို့ကို မဆည်းကပ်၊ ခမည်းတော်၏ ဘုရားသခင်ကိုသာ ဆည်းကပ်သဖြင့်၊ ဣသရေလအမျိုး ၏ ထုံးစံကိုရှောင်၍၊
ပညတ်တရားတော်ကို ကျင့်သော ကြောင့်၊ ထာဝရဘုရားသည် စောင့်မ၍၊ [5] နိုင်ငံတော်ကိုယောရှဖတ်လက်၌ တည်စေတော် မူသဖြင့်၊
ယုဒပြည်သားအပေါင်းတို့သည် လက်ဆောင် များကို ဆောင်ခဲ့ကြ၏။ [6] ဂုဏ်အသရေနှင့် စည်းစိမ်ဥစ္စာများသော်လည်း၊
ထာဝရဘုရား၏ တရားလမ်းတို့၌ စိတ်စွဲလမ်း၍၊ မြင့် သောအရပ်နှင့် အာရှရပင်တို့ကို ယုဒပြည်မှ ပယ်ရှား တော်မူ၏။ [7]
နန်းစံသုံးနှစ်တွင်၊ ယုဒမြို့ အရပ်ရပ်၌ သွန်သင် စေခြင်းငှါ၊ မှူးမတ် ဗင်ဟဲလ၊ ဩဗဒိ၊ ဇာခရိ၊ နာသနေလ၊ မိက္ခာယတို့ကို၎င်း၊ [8]
လေဝိသားရှေမာယ၊ နေသနိ၊ ဇေဗဒိ၊ အာသ ဟေလ၊ ရှေမိရမုတ်၊ ယောနသန်၊ အဒေါနိယ၊ တောဘိယ၊ တောဘ၊ ဒေါနိယတို့ကို၎င်း၊
ယဇ်ပုရောဟိတ်ဧလိ ရှမာနှင့် ယောရံကို၎င်း၊ စေလွှတ်တော်မူ၏။ [9] ထိုသူတို့သည် ယုဒပြည်၌ဩဝါဒပေး၍၊ ထာဝရ ဘုရား၏
ပညတ္တိကျမ်းပါလျက်၊ ယုဒမြို့အရပ်ရပ်တို့တွင်၊ လှည့်လည်သဖြင့်၊ ပြည်သားတို့ကို သွန်သင်ကြ၏။ [10] ယုဒပြည်
ပတ်ဝန်းကျင်တိုင်းနိုင်ငံရှိသမျှတို့ သည်၊ ထာဝရဘုရားကို ကြောက်ရွံ့၍၊ ယောရှဖတ်ကို စစ်မတိုက်ဝံ့ဘဲ နေကြ၏။ [11]
ဖိလိတ္တိလူတို့သည် လက်ဆောင်နှင့် အခွန်ငွေကို၎င်း၊ အာရပ်လူတို့သည် သိုးခုနစ်ထောင်ခုနစ်ရာနှင့် ဆိတ်ခုနစ်ထောင်ခုနစ်ရာကို၎င်း
ဆောင်ခဲ့ကြ၏။ [12] ယောရှဖတ်သည် အလွန်ခွန်အားတိုးပွား၍၊ ယုဒပြည်၌ရဲတိုက်နှင့် ဘဏ္ဍာတော်မြို့တို့ကို တည်တော် မူ၏။ [13]
ယုဒမြို့တို့၌ အမှုအရေးတော်များ၏။ ခွန်အား ကြီးသော စစ်သူရဲတို့သည် ယေရုရှလင်မြို့၌ ရှိကြ၏။ [14] စစ်သူရဲအဆွေအမျိုး
အလိုက်ယူသော စာရင်း ဟူမူကား၊ ယုဒအမျိုး ဗိုလ်ချုပ်မင်းအာဒနနှင့် ခွန်အား ကြီးသော စစ်သူရဲသုံးသိန်း၊ [15]
စစ်ကဲယောဟနန်နှင့်ခွန်အားကြီးသော စစ်သူရဲ နှစ်သိန်းရှစ်သောင်း၊ [16] စေတနာစိတ်နှင့်ကိုယ်ကို ထာဝရဘုရားအား ပူဇော်သော
ဇိခရိသားအာမသိနှင့် ခွန်အားကြီးသော စစ်သူရဲနှစ်သိန်း၊ [17] ဗယ်္ာမိန်အမျိုး ခွန်အားကြီးသော ဧလျာဒနှင့် လေး၊ ဒိုင်းလွှားကို
ကိုင်သောသူနှစ်သိန်း၊ [18] သူ့နောက်ယောဇဗဒ်နှင့် စစ်တိုက်ခြင်းငှါ၊ အသင့် ရှိသောသူ တသိန်းရှစ်သောင်းတည်း။ [19] ယုဒပြည်အရပ်ရပ်၊
ခိုင်ခံ့သောမြို့တို့၌ ရှင်ဘုရင် ထားသောသူရဲမှတပါး၊ အထက်ဆိုခဲ့ပြီးသော သူတို့သည် အမှုတော်ကို ထမ်းလျက်နေကြ၏။

---

 generated on Tue Jul 2 12:50:28 2024

## Chapter 18

1 ယောရှဖတ်မင်းသည် ဂုဏ်အသရေနှင့် စည်းစိမ် ဥစ္စာများ၍၊ အာဟပ်မင်းနှင့် အမျိုးဆက်လေ၏။ 2 နောက်တဖန်ရှမာရိမြို့၊
အာဟပ်မင်းထံသို့ ကိုယ်တိုင်သွား၍၊ ဣသရေလရှင်ဘုရင်အာဟပ်သည် ယုဒရှင်ဘုရင်ယောရှဖတ်နှင့်၊ သူ၏လူတို့အဘို့ များစွာ သော
သိုးနွားတို့ကိုစီရင်၍၊ ဂိလဒ်ပြည်ရာမုတ်မြို့သို့ လိုက်စေခြင်းငှါ၊ 3 ဂိလဒ်ပြည်ရာမုတ်မြို့သို့ ငါနှင့်အတူ လိုက်မည် လောဟုမေးလျှင်၊
ယောရှုဖတ်က၊ ငါသည် မင်းကြီးကဲ့သို့ ငင်း၊ ငါ့သူတို့သည် မင်းကြီး၏လူကဲ့သို့ဖြစ်လျက်၊ မင်းကြီး နှင့်ဝိုင်း၍ စစ်တိုက်မည်ဟု
ပြန်ပြော၏။ 4 တဖန်ယောရှဖတ်က၊ ထာဝရဘုရား၏ နှုတ် ကပတ်တော်ကို ယနေ့မေးမြန်းပါလော့ဟု ဣသရေလ
ရှင်ဘုရင်အားဆိုသော်၊ 5 ဣသရေလရှင်ဘုရင်သည် ပရောဖက်လေးရာ တို့ကို စုဝေးစေပြီးလျှင်၊ ငါသည်ဂိလဒ်ပြည်ရာမုတ်မြို့သို့
စစ်ချီကောင်းသလော။ မချီဘဲနေ ကောင်းသလောဟု မေးသော်၊ သူတို့က ချီတော်မူပါ။ ထာဝရဘုရားသည်
အရှင်မင်းကြီး၏လက်တော်သို့ အပ်တော်မူမည်ဟု လျှောက် ကြ၏။ 6 ယောရှဖတ်ကလည်း၊ ငါတို့မေးမြန်းစရာ ထာဝရဘုရား၏
ပရောဖက်တစုံတပါးမျှမရှိသလောဟု မေးသော်၊ 7 ဣသရေလရှင်ဘုရင်က၊ ထာဝရဘုရားကို မေးမြန်းရသော သူတယောက်၊
ဣမလသားမိက္ခာ ရှိသေး၏။ သို့ရာတွင်။ ထိုသူကိုငါမုန်း၏။ ငါ၌ မင်္ဂလာစကားကိုမဟော၊ အမင်္ဂလာစကားကိုသာ
အစဉ်ဟောတတ်သည်ဟု ယောရှဖတ်အားဆိုလျှင်၊ ယောရှဖတ်က၊ ထိုသို့မင်းကြီး မပြောပါနှင့်ဟု ပြန်ဆို၏။ 8 ထိုအခါ
ဣသရေလရှင်ဘုရင်သည် အရာရှိ တယောက်ကိုခေါ်၍၊ ဣမလသားမိက္ခာကို အလျင် အမြန်ခေါ်ခဲ့ဟု မိန့်တော်မူ၏။ 9
ဣသရေလရှင်ဘုရင်နှင့် ယုဒရှင်ဘုရင် ယော ရှဖတ်တို့သည် မင်းမြောက်တန်ဆာကို ဝတ်ဆင်လျက်၊ ရှမာရိမြို့တံခါးဝရှေ့၊
ဟင်းလင်းသောအရပ်၌ ရာဇပလ္လင် တို့အပေါ်မှာ ထိုင်၍၊ ပရောဖက်အပေါင်းတို့သည် ရှေ့တော်၌ ဟောပြောကြ၏။ 10
ခေနာနာသားဇေဒကိသည် သံဦးချိုတို့ကို လုပ်၍၊ ထာဝရဘုရား မိန့်တော်မူသည်ကား၊ ကိုယ်တော် သည် ရှုရိပြည်ကို
မဖျက်ဆီးမှီတိုင်အောင်၊ ဤဦးချိုတို့နှင့် တိုးရမည်ဟု မိန့်တော်မူကြောင်းကို ဆင့်ဆို၏။ 11 ပရောဖက်အပေါင်းတို့ကလည်း၊ ဂိလဒ်ပြည်
ရာမုတ်မြို့သို့စစ်ချီ၍ အောင်တော်မူပါ၊ ထာဝရ ဘုရားသည် အရှင်မင်းကြီး၏လက်တော်သို့ အပ်တော် မူမည်ဟု ပရောဖက်ပြု၍
ဟောကြ၏။ 12 မိက္ခာကိုခေါ်သောတမန်က၊ ပရောဖက် အပေါင်းတို့သည် မင်္ဂလာစကားကိုသာ ရှင်ဘုရင်အား တညီတညွတ်တည်း
ဟောကြ၏။ ကိုယ်တော်လည်း သူတို့ဟောကြသည်နည်းတူ၊ မင်္ဂလာစကားကိုသာ ဟောတော်မူပါဟုဆိုလျှင်၊ 13 မိက္ခာက၊
ထာဝရဘုရား အသက်ရှင်တော်မူ သည်အတိုင်း၊ ငါ၏ဘုရားသခင်မိန့်တော်မူသော စကားကိုသာ ငါပြန်ပြောရမည်ဟုဆို၏။ 14
ရှင်ဘုရင်ထံသို့ရောက်သောအခါ၊ ရှင်ဘုရင်က၊ အချင်းမိက္ခာ၊ ငါတို့သည် ဂိလဒ်ပြည်ရာမုတ်မြို့သို့ စစ်ချီ ကောင်းသလော။ မချီဘဲနေ
ကောင်းသလောဟုမေးလျှင်၊ မိက္ခာကစစ်ချီ၍ အောင်တော်မူပါ။ ရန်သူတို့ကို လက်တော်သို့ အပ်တော်မူမည်ဟု ပြန်လျှောက်၏။ 15
ရှင်ဘုရင်ကလည်း၊ မှန်သောစကားမှတပါး အခြားသောစကားကို ထာဝရဘုရားအခွင့်နှင့် သင်သည် ငါ့အားမဟောမည်အကြောင်း၊
ငါသည်ဘယ်နှစ်ကြိမ် တိုင်အောင် သင့်အား အကျိန်ပေးရမည်နည်းဟု မေးသော်၊ 16 မိက္ခာက၊ ဣသရေလအမျိုးသားအပေါင်းတို့ သည်
သိုးထိန်းမရှိသောသိုးကဲ့သို့ တောင်များအပေါ်မှာ အရပ်ရပ်ကွဲပြားလျက်ရှိကြသည်ကို ငါမြင်ပြီ။ ထာဝရ ဘုရားကလည်း၊
ဤသူအပေါင်းတို့သည် အရှင်မရှိသော ကြောင့်၊ အသီးသီးကိုယ်နေရာသို့ ပြန်ကြပါလေစေဟု မိန့်တော်မူကြောင်းကို လျှောက်ဆို၏။ 17
ဣသရေလရှင်ဘုရင်ကလည်း၊ သူသည် ငါ၌ မင်္ဂလာစကားကိုမဟော၊ အမင်္ဂလာစကားကိုသာ ဟောတတ်သည်ဟုမင်းကြီးအား
ငါမပြောသလောဟု ယောရှဖတ်အားဆို၏။ 18 မိက္ခာကလည်း၊ သို့ဖြစ်၍ ထာဝရဘုရား၏ အမိန့်တော်ကို နားထောင်ပါ။
ထာဝရဘုရားသည် ပလ္လင် တော်ပေါ်မှာ ထိုင်တော်မူသည်ကိုငင်း၊ ကောင်းကင် ဗိုလ်ခြေအပေါင်းတို့သည် လက်ျာတော်ဘက်၊ လက်ဝဲ
တော်ဘက်၌ရပ်နေကြသည်ကိုငင်း၊ ငါမြင်ပြီ။ 19 ထာဝရဘုရားကလည်း၊ အာဟပ်သည် ဂိလဒ် ပြည်ရာမုတ်မြို့သို့
စစ်ချီ၍ဆုံးစေခြင်းငှါ၊ အဘယ်သူ သွေးဆောင်မည်နည်းဟု မေးတော်မူလျှင်၊ အခြံအရံ တော်တို့သည် တယောက်တနည်းစီ
ပြန်လျှောက်ကြ၏။ 20 တဖန်ဝိညာဉ်တပါးသည်လာ၍ ထာဝရဘုရား ရှေ့တော်၌ ရပ်လျက်၊ အကျွန်ုပ်သွေးဆောင်ပါမည်ဟု
လျှောက်လျှင်၊ 21 ထာဝရဘုရားက၊ အဘယ်သို့သွေးဆောင်မည် နည်းဟု မေးတော်မူသော်၊ အကျွန်ုပ်သွား၍ ထိုမင်းကြီး
၏ပရောဖက်အပေါင်းတို့ထဲမှာ၊ မုသားစကားကို ပြော တတ်သော စိတ်ဝိညာဉ်ဖြစ်ပါမည်ဟု ပြန်လျှောက်သော်
သင်သည်သွေးဆောင်၍ နိုင်လိမ့်မည်။ ထိုသို့သွား၍ ပြုလော့ဟု မိန့်တော်မူ၏။ 22 သို့ဖြစ်၍ ထာဝရဘုရားသည် မုသာစကားကို
ပြောတတ်သော စိတ်ဝိညာဉ်ကို မင်းကြီး၏ပရောဖက် အပေါင်းတို့၌ သွင်းတော်မူပြီ။ မင်းကြီး၏အမှုမှာ အမင်္ဂလာစကားကို
ပြောတော်မူပြီဟု ဟောလေ၏။ 23 ထိုအခါ ခေနာနာသားဇေဒကိသည် ချဉ်းလာ၍ မိက္ခာ၏ပါးကို ပုတ်လျက်၊ ထာဝရဘုရား၏
ဝိညာဉ်တော် သည် သင်နှင့်နှုတ်ဆက်ခြင်းငှါ၊ အဘယ်လမ်းဖြင့် ငါမှ ထွက်တော်မူသနည်းဟု မေးလျှင်၊ 24 မိက္ခာက၊
သင်သည်ပုန်းရှောင်၍နေခြင်းငှါ၊ အတွင်းခန်းထဲသို့ ဝင်သောနေ့၌ သင်မြင်လိမ့်မည်ဟု ဆို၏။ 25 ဣသရေလရှင်ဘုရင်က၊ မိက္ခာကို
မြို့ဝန်မင်း အာမုန်ထံ၊ သားတော်ယောရှထံသို့ ယူသွား၍၊ 26 ဤသူကို ထောင်ထဲမှာလှောင်ထားကြ။ ငါသည် ငြိမ်ဝပ်စွာပြန်၍
မလာမှီတိုင်အောင်၊ ဆင်းရဲစွာ စားသောက်စေဟု အမိန့်တော်ရှိကြောင်းကို ဆင့်ဆိုလော့ ဟု စီရင်၏။ 27 မိက္ခာကလည်း၊ မင်းကြီးသည်
ငြိမ်စပ်စွာ ပြန်လာရလျှင်၊ ထာဝရဘုရားသည် ငါ့အားဖြင့်မိန့်တော် မမူ၊ အိုလူများအပေါင်းတို့၊ နားထောင်ကြလော့ဟုဆို၏။ 28 ထိုသို့
ဣသရေလရှင်ဘုရင်နှင့် ယုဒရှင်ဘုရင် ယောရှဖတ်တို့သည်၊ ဂိလဒ်ပြည်ရာမုတ်မြို့သို့ စစ်ချီကြ၏။ 29 ဣသရေလရှင်ဘုရင်က၊



generated on Tue Jul 2 12:50:28 2024

ငါသည် ခြားနားသော အယောင်ကို ဆောင်၍စစ်ပွဲထဲသို့ ဝင်မည်။ မင်းကြီးမူ ကား၊ မင်မြောက်တန်ဆာကို ဝတ်ဆင်ပါလော့ဟု ယောရှ
ဖတ်အားဆိုပြီးမှ၊ ဣသရေလရှင်ဘုရင်သည် ခြားနား သော အယောင်ကိုဆောင်လျက် စစ်ပွဲထဲသို့ဝင်၏။ [30] ရှုရိရှင်ဘုရင်က၊
ဣသရေလရှင်ဘုရင်မှတပါး၊ အခြားသော လူကြီးလူငယ်ကို မတိုက်နှင့်ဟု ရထားစီး သူရဲအုပ်ဗိုလ်မင်းတို့ကိုမှာထားနှင့်သောကြောင့်၊
[31] ရထားစီးသူရဲအုပ်ဗိုလ်မင်းတို့သည် ယောရှဖတ် ကိုမြင်သောအခါ၊ ထိုသူသည် ဣသရေလရှင်ဘုရင် ဖြစ်လိမ့်မည်ဟုဆိုလျက်၊ သူ့ကို
တိုက်အံ့သောငှါ ဝိုင်းလာ ကြ၍၊ ယောရှဖတ်လည်း ကြွေးကြော်လေ၏။ ထာဝရ ဘုရားလည်းမစ၍ သူတို့ကိုလွှဲသွားစေခြင်းငှါ၊ ဘုရား
သခင်သွေးဆောင်တော်မူ၏။ [32] ဣသရေလရှင်ဘုရင်မဟုတ်ကြောင်းကို၊ ရထားစီးသူရဲအုပ်ဗိုလ်မင်းတို့သည် ရိပ်မိသောအခါ၊
မလိုက်ဘဲ အခြားသို့ ရှောင်သွားကြ၏။ [33] လူတယောက်သည် မရွယ်ဘဲလေးနှင့်ပစ်၍၊ ဣသရေလရှင်ဘုရင်ကို၊
သံချပ်အင်္ကျီအဆစ်ကြားမှာ မှန်လေသော်၊ ငါ့ကိုစစ်ပွဲထဲက လှည့်၍ ထုတ်ဆောင် လော့။ ငါနာသည်ဟု မိမိရထားတော်ထိန်းကိုဆို၏။
[34] ထိုနေ့၌တိုး၍တိုက်ကြ၏။ ဣသရေလရှင်ဘုရင် သည် ညဦးယံတိုင်အောင်၊ ရှုရိလူတဘက်တချက်၌ ရထားတော်ထဲမှာ
လူကိုမှီ၍ထိုင်နေ၏။ နေဝင်ချိန်နီး သောအခါ အသက်တော်ကုန်၏။


generated on Tue Jul 2 12:50:28 2024

## Chapter 19

[1] ယုဒရှင်ဘုရင်ယောရှဖတ်သည် ယေရုရှလင်မြို့ နန်းတော်သို့ ငြိမ်ဝပ်စွာ ပြန်လာ၏။ [2] ဟာနန်သားပရောဖက်ယေဟုသည်၊ ယောရှ
ဖတ်မင်းကြီးကို ခရီးဦးကြိုပြုအံ့သောငှါ ထွက်သွား၍၊ မင်းကြီးသည် မတရားသောသူတို့ကို မစသင်သလော။ ထာဝရဘုရားကို
မုန်သောသူတို့ကို ချစ်သင့်သလော။ ယခုပြုသောအမှုကြောင့်၊ ထာဝရဘုရား၏ အချက်တော် သည် မင်းကြီးအပေါ်သို့
သက်ရောက်လေပြီ။ [3] သို့သော်လည်း၊ မင်းကြီးသည် တပြည်လုံးတွင်၊ အားရှရပင်တို့ကို ပယ်ရှား၍၊ ဘုရားသခင်ကိုရှာခြင်းငှါ
သဘောချသောကြောင့်၊ ကျင့်သော အကျင့်ကောင်းပါပြီ ဟု ဆို၏။ [4] ထိုနောက်၊ ယောရှဖတ်သည် ယေရုရှလင်မြို့၌ နေ၏။
တဖန်ဗေရရှေဘမြို့မှစ၍၊ ဧဖရိမ်တောင် တိုင်အောင် လှည့်လည်သဖြင့်၊ ပြည်သားတို့ကို ဘိုးဘေးတို့၏ဘုရားသခင်
ထာဝရဘုရားထံတော်သို့ ပြန်စေတော် မူ၏။ [5] ယုဒနိုင်ငံတွင်၊ ခိုင်ခံ့သောမြို့ရှိသမျှအသီးအသီး တို့၌ တရားသူကြီးတို့ကို ခန့်ထား၍၊ [6]
သင်တို့ပြုသောအမှုကို သတိပြုကြလော့။ လူ၏ အမှုကိုစောင့်၍ တရားစီရင်သည်မဟုတ်။ သင်တို့စီရင်ရာ တွင်၊ ရှိတော်မူသော
ထာဝရဘုရား၏အမှုတော်ကို စောင့်၍ စီရင်ရကြ၏။ [7] သို့ဖြစ်၍ ထာဝရဘုရားကို ကြောက်ရွံ့သော စိတ်ရှိ၍ သတိပြုကြလော့။
ငါတို့ဘုရားသခင်သည် မတရားသောအမှုကို လက်ခံခြင်း၊ လူမျက်နှာကို ထောက် ခြင်း၊ တံစိုးစားခြင်း အခွင့်ရှိတော်မမူဟု
မှာထားတော် မူ၏။ [8] ယေရုရှလင်မြို့၌လည်း၊ ထာဝရဘုရား၏တရားမှုကိုင်၊ ယေရုရှလင်မြို့သားအချင်းချင်း တရား
တွေ့မှုတို့ကိုင်၊ စီရင်စေခြင်းငှါ လေဝိသား၊ ယဇ်ပုရော ဟိတ်၊ ဣသရေလအဆွေအမျိုး သူကြီးအချို့တို့ကို ခန့်ထား၍၊ [9] သင်တို့သည်
စုံလင်သောစိတ်နှလုံးနှင့် ထာဝရ ဘုရားကိုကြောက် ရွံ့လျက်၊ သစ္စာစောင့်လျက် စီရင်ကြ လော့။ [10] အမြို့မြို့၌နေသော
အမျိုးသားချင်းတို့တွင်၊ လူအသက်သတ်ခြင်းအမှု၊ စီရင်ထုံးဖွဲ့တော်မူချက် ပညတ် တရားကို လွန်ကျူးခြင်းအမှုမည်သည်ကား၊
သင်တို့ ရှေ့သို့ရောက်လျှင်၊ သင်တို့နှင့်အမျိုးသားချင်းတို့အပေါ် သို့ အမျက်တော်သက်ရောက်စေခြင်းငှါ၊ သူတို့သည် ထာဝရဘုရားကို
အပြစ်မှားရမည်အကြောင်း သတိပေး ကြလော့။ သို့ပြုလျှင်၊ ကိုယ်တိုင်အပြစ်လွတ်ကြလိမ့်မည်။ [11] ထာဝရဘုရား၏
အမှုအရာရာတွင်၊ ယဇ်ပုရော ဟိတ်မင်း အာမရိသည် သင်တို့ကို အုပ်ချုပ်ရ၏။ ရှင်ဘုရင်၏အမှုအရာရာတွင်၊ ယုဒအမျိုးမှာ မင်းဖြစ်
သော ဣရှမေလသားဇေဗဒိသည် အုပ်ချုပ်ရ၏။ လေဝိ သားတို့သည်လည်း၊ အမှုထမ်းလုလင်လုပ်ရကြ၏။ ရဲရင့်စွာ စီရင်ကြလော့။
ထာဝရဘုရားသည် ကောင်းသူတို့ ဘက်မှာ နေတော်မူမည်ဟု မှာထာတော်မူ၏။



generated on Tue Jul 2 12:50:28 2024

# Chapter 20

1 ထိုနောက်မှ၊ မောဘအမျိုးသားနှင့် အမ္မုန် အမျိုးသားတို့သည် ဧဒုံအမျိုးသားအချို့နှင့်တကွ၊ ယောရှဖတ်ကို စစ်တိုက်မည်ဟု
ချီလာကြ၏။ 2 အိုင်ကြီးတဘက်၊ ဧဒုံပြည်ဘက်က များစွာသော အလုံးအရင်းစစ်ချီလာ၍၊ အင်္ဂေဒိအမည်ရှိသော
ဟာဇဇုန္တာမာမြို့မှာရှိကြပါသည်ဟု ယောရှဖတ်အား ကြားလျှောက်လျှင်၊ 3 ယောရှဖတ်သည် ကြောက်၍၊ ထာဝရဘုရားကို ရှာခြင်းငှါ
သဘောချလျက်၊ အစာရှောင်ရာအချိန်ကို၊ ယုဒပြည်တရှောက်လုံး၌ ကြော်ငြာစေတော်မူ၏။ 4 ယုဒလူတို့သည် ထာဝရဘုရားကို
စုတောင်းမည် ဟု စုဝေး၍၊ ထာဝရဘုရားကို ရှာအံ့သောငှါ၊ ယုဒမြို့ ရှိသမျှမှ ထွက်လာကြ၏။ 5 ယောရှဖတ်သည် ဗိမာန်တော်
တန်တိုင်း သစ်ရှေ့၊ ယုဒပြည်သူယေရုရှလင်မြို့သား စည်းဝေးရာ ပရိသတ်အလယ်၌ရပ်လျက်၊ 6 ဘိုးဘေးတို့၏ဘုရားသခင်
ထာဝရဘုရား၊ ကိုယ်တော်သည် ကောင်းကင်ဘုံ၏ အရှင်ဘုရားသခင် ဖြစ်တော်မူသည် မဟုတ်လော့။ တပါးအမျိုးသားနေရာ
တိုင်းနိုင်ငံရှိသမျှတို့ကို အစိုးရတော်မူသည် မဟုတ်လော။ အဘယ်သူမျှ မဆီးတားနိုင်အောင် ခွန်အားတန်ခိုး
ကြီးတော်မူသည်မဟုတ်လော။ 7 ဤပြည်၌နေဘူးသောသူတို့ကို ကိုယ်တော်၏လူ ဣသရေလအမျိုး ရှေ့မှနှင်ထုတ်၍၊
ကိုယ်တော်အဆွေ အာဗြဟံ၏သားမြေးတို့အား၊ ဤပြည်ကို အစဉ်ပေးတော် မူသော အကျွန်ုပ်တို့၏ဘုရားသခင်ဖြစ်တော်မူသည်
မဟုတ်လော။ 8 သူတို့သည် နေရာကျ၍၊ နာမတော်အဘို့ သန့်ရှင်းရာ ဌာနတော်ကို တည်ဆောက်ကြသောအခါ၊ 9
အကျွန်ုပ်တို့အပေါ်မှာထားဘေး၊ ဒဏ်ခတ်ခြင်း ဘေး၊ ကာလနာဘေး၊ မွတ်သိပ်ခြင်းဘေးတစုံတခု ရောက်၍၊
နာမတော်ဖြင့်သမုတ်သောဤ အိမ်တော်၊ အထံတော်သို့ အကျွန်ုပ်တို့သည် ချဉ်းကပ်၍၊ ဆင်းရဲ ဒုက္ခကြောင့် အော်ဟစ်ကြသောအခါ၊
နားထောင်၍ ကယ်မတော်မူပါဟု လျှောက်ထားကြပါပြီ။ 10 ယခုတွင်၊ ဣသရေလအမျိုးသားတို့သည်
အဲဂုတ္တုပြည်မှထွက်လာသောအခါ၊ တိုက်ရသော အခွင့် ပေးတော်မမူ။ လွှဲရှောင်၍ မဖျက်ဆီးဘဲ ထားခဲ့သော အမ္မုန်မျိုးသား၊
မောဘအမျိုးသား၊ စိရတောင်သားတို့ သည်၊ 11 အကျွန်ုပ်တို့အားအပိုင်ပေးတော်မူသော အမွေခံ ရာမြေထဲက၊ အကျွန်ုပ်တို့ကို
နှင်ထုတ်ခြင်းငှါ လာ၍၊ အဘယ်သို့ ကျေးဇူးဆပ်ကြပါသည်ကို ကြည့်ရှုတော်မူပါ။ 12 အိုအကျွန်ုပ်တို့ဘုရားသခင်၊ သူတို့ကို မစီရင်
ဘဲနေတော်မူမည်လော။ အကျွန်ုပ်တို့ကိုတိုက်အံ့သောငှါ လာသောဤအလုံးအရင်းကြီးကို၊ အကျွန်ုပ်တို့သည် ဆီးတားခြင်ငှါ
မတတ်နိုင်ပါ။ အဘယ်သို့ပြုရမည်ကိုမသိ ပါ။ ကိုယ်တော်ကိုသာ မျှော်ကြည့်လျက် နေကြပါသည်ဟု ဆုတောင်း၍၊ 13
ယုဒလူအပေါင်းတို့သည် သားမယားသူငယ်တို့ နှင့်တကွ၊ ထာဝရဘုရားရှေ့တော်၌ ရပ်နေကြ၏။ 14 ထိုအခါ ပရိသတ်အလယ်၌ရှိသော
လေဝိ အမျိုး၊ အာသပ်အနွယ်၊ မတ္တနိ၊ ယေယေလ၊ ဗေနာယ၊ ဇာခရိတို့မှ ဆင်းသက်သောယဟာဇေလအပေါ်သို့၊
ထာဝရဘုရား၏ဝိညာဉ်တော်သည် သက်ရောက်၍၊ 15 ထိုသူက၊ အိုယောရှဖတ်မင်းကြီးနှင့် ယုဒပြည်သူ၊ ယေရုရှလင်မြို့
သားအပေါင်းတို့၊ နားထောင်ကြလော့။ ထာဝရဘုရားမိန့်တော်မူသည်ကား၊ ထိုအလုံးအရင်းကြီး ကြောင့် မကြောက်ကြနှင့်။
စိတ်မပျက်ကြနှင့်။ စစ်မှုသည် သင်တို့တာမဟုတ်၊ ဘုရားသခင့်တာဖြစ်၏။ 16 နက်ဖြန်နေ့သူတို့ရှိရာသို့ချီသွားကြလော့။ သူတို့သည်
ဇိဇမြို့သို့ တက်ရာလမ်းဖြင့်လာကြစဉ်၊ ယေရွေ လတောစနား၊ ချိုင့်ဝမှာ သင်တို့တွေ့ကြလိမ့်မည်။ 17 သို့ရာတွင်၊ အိုယုဒပြည်သူ
ယေရုရှလင်မြို့သား တို့၊ သင်တို့သည် သင်တို့သည်စစ်တိုက်စရာအကြောင်း မရှိသည်သည်ဖြစ်၍၊ တည်ကြည်စွာ မတ်တက်နေလျက်၊
ထာဝရဘုရားကယ်တင်တော်မူခြင်း ကျေးဇူးကိုကြည့် ရှုကြလော့။ မကြောက်ကြနှင့်။ စိတ်မပျက်ကြနှင့်။ နက်ဖြန် နေ့ချီသွားကြလော့။
ထာဝရဘုရားသည် သင်တို့နှင့်အတူ ရှိတော်မူလိမ့်မည်ဟု မြွက်ဆို၏။ 18 ယောရှဖတ်သည် မြေပေါ်မှာဦးချ၍ ယုဒပြည်
သူယေရုရှလင်မြို့သားအပေါင်းတို့သည် ထာဝရဘုရား ရှေ့တော်၌ ပြပ်ဝပ်လျက်၊ ထာဝရဘုရားကို ကိုးကွယ် ကြ၏။ 19 လေဝိအမျိုး၊
ကောဟတ်အနွယ်သားနှင့် ကောရ အနွယ်သားတို့သည်၊ ဣသရေလမျိုး၏ ဘုရားသခင် ထာဝရဘုရားကို၊ ကျယ်သောအသံနှင့်
ချီးမွမ်းခြင်းငှါ ရပ်နေကြ၏။ 20 နက်ဖြန်နံနက်စောစောထ၍၊ တေကောတော သို့ ထွက်သွားကြ၏။ သွားကြစဉ်တွင်၊ ယောရှဖတ်သည်
ရပ်၍၊ အိုယုဒပြည်သူ ယေရုရှလင်မြို့သားတို့၊ နား ထောင်ကြလော့။ သင်တို့၏ဘုရားသခင်ကို ယုံကြည်ကြ လော့။ သို့ပြုလျှင်
တည်ကြည်ကြလိမ့်မည်။ ပရောဖက် တော်တို့ကို ယုံကြည်ကြလော့။ သို့ပြုလျှင် အောင်မြင် ကြလိမ့်မည်ဟု မိန့်တော်မူ၏။ 21
လူများနှင့်တိုင်ပင်ပြီးမှ၊ ထာဝရဘုရား၏ ကရုဏာတော်သည် အစဉ်အမြဲတည်သောကြောင့်၊ ဂုဏ် ကျေးဇူးတော်ကိုချီးမွမ်းကြလော့ဟု
တပ်ရှေ့မှာ ချီသွား လျက်၊ သန့်ရှင်းခြင်းအသရေကိုချီးမွမ်းရသော သီချင်း သည်တို့ကို ထာဝရဘုရားအဘို့ ခန့်ထားတော်မူ၏။ 22
ထိုသူတို့သည် ချီးမွမ်းရာသီချင်းကို ဆိုစပြုကြ သောအခါ၊ ယုဒပြည်ကိုတိုက်အံ့သောငှါ လာသော၊ စိရ တောင်သားတို့ကို အမ္မုန်အမျိုး
သား၊ မောဘအမျိုးသား တို့တဘက်၌ ထာဝရဘုရားချောင်းမြောင်းစေတော် မူသဖြင့်၊ အမ္မုန်အမျိုးသား၊ မောဘအမျိုးသားတို့သည်
အထိအခိုက်ခံရသောကြောင့်၊ 23 တဖန်စိရတောင်သားတို့ကို သုတ်သင်ပယ်ရှင်း ခြင်းငှါ လုန်၍ တိုက်သဖြင့်၊ အကုန်အစင်သတ်ပြီးမှ၊
တယောက်ကိုတယောက်တိုက်ခိုက်၍၊ ပျက်စီးခြင်းသို့ ရောက်ကြ၏။ 24 ယုဒလူတို့သည် တော၌ရှိသော ကင်းမျှော်စင်သို့ ရောက်၍၊
ထိုအလုံးအရင်းကို ကြည့်ရှုသောအခါ၊ ထိုလူ အပေါင်းတို့သည် တယောက်မျှမလွတ်၊ မြေပေါ်မှာ လဲသော အသေကောင်ဖြစ်ကြ၏။ 25
ယောရှဖတ်နှင့် သူ၏လူတို့သည်၊ ရန်သူတို့ဥစ္စာ ကိုလုယူခြင်းငှါ လာကြသောအခါ၊ အသေကောင်တို့၌ များစွာသောဥစ္စာ၊
အဘိုးထိုက်သော တန်ဆာတို့ကို တွေ့သဖြင့်၊ ထမ်း၍မသွားနိုင်အောင်ချွတ်ယူကြ၏။ လက်ရ ဥစ္စာအလွန်များသောကြောင့်၊
သုံးရတ်ပတ်လုံး လုယူထုပ်ထားလျက်နေကြ ၏။ 26 စတုတ္ထနေ့တွင် ဗရာခချိုင့်၌စည်းဝေး၍၊ ထာဝရဘုရားကို ကောင်းကြီးပေးကြ၏။
ထိုကြောင့်၊ ယနေ့တိုင်အောင် ထိုအရပ်သည် ဗရာခချိုင့်ဟူ၍ တွင်သတည်း။ 27 ထိုအခါ သူတို့သည် ရန်သူတို့အပေါ်မှာ ဝမ်း

မြောက်သောအခွင့်ကို၊ ထာဝရဘုရားပေးတော်မူသော ကြောင့်၊ ယောရှဖတ်သည် ရှေ့ဦးစွာ ကြွ၍ယုဒပြည်သူ
ယေရုရှလင်မြို့သားအပေါင်းတို့သည်၊ ဝမ်းမြောက်သော စိတ်နှင့် ယေရုရှလင်မြို့သို့ ပြန်သွား၍၊ [28]
စောင်းတယောတံပိုးကိုတီးမှုတ်လျက်၊ ယေရု ရှလင်မြို့၊ ဗိမာန်တော်သို့ ရောက်လာကြ၏။ [29] ထာဝရဘုရားသည် ဣသရေလအမျိုး၏
ရန်သူ တို့ကို တိုက်တော်မူကြောင်းကို၊ အခြားတိုင်းနိုင်ငံသား ရှိသမျှတို့သည် ကြား၍၊ ဘုရားသခင်ကို ကြောက်ရွံ့ကြ၏။ [30]
ထိုသို့ဘုရားသခင်သည် အရပ်ရပ်၌ ငြိမ်ဝပ် သော အခွင့်ကိုပေ တော်မူသောကြောင့်၊ ယောရှဖတ်၏ နိုင်ငံတော်သည် သာယာ၏။ [31]
ယောရှဖတ်သည် အသက်သုံးဆယ်ငါးနှစ် ရှိသော် နန်းထိုင်၍ နှစ်ဆယ်ငါးနှစ်ပတ်လုံး ယေရုရှလင် မြို့မှာနေလျက်၊ ယုဒပြည်ကို
စိုးစံလေ၏။ မယ်တော်ကား ရှိလဟိသမီးအဇုဘာအမည်ရှိ၏။ [32] ထိုမင်းသည် ခမည်းတော်အာသလိုက်သော လမ်းကိုမလွှဲ၊
အကုန်အစင်လိုက်၍၊ ထာဝရဘုရား ရှေ့တော်၌ ဖြောင့်မတ်သောအကျင့်ကိုသာ ကျင့်၏။ [33] သို့ရာတွင်၊ မြင့်သောအရပ်တို့ကို
မပယ်ရှား။ လူများတို့သည် ဘိုးဘေးတို့၏ ဘုရားသခင်ကို ဆည်းကပ် ခြင်းငှါ၊ သဘောမချဘဲနေကြသေး၏။ [34] ယောရှဖတ်ပြုမူသော
အမှုအရာကြွင်းလေသမျှ အစအဆုံးတို့သည်၊ ဣသရေလရာဇဝင်နှင့် ဆက်၍၊ ဟာနန်သားယေဟု စီရင်သောစာ ၌ရေးထားလျက်ရှိ၏။
[35] နောက်တဖန် ယုဒရှင်ဘုရင် ယောရှဖတ်သည်၊ [36] တာရှုမြို့သို့သွားရသော သင်္ဘောတို့ကို တည် လုပ်ခြင်းငှါ၊
အလွန်အဓမ္မအမှုကိုပြုသော ဣသရေလ ရှင်ဘုရင် အားခဇိနှင့်ပေါင်းဘော်ပြီးလျှင်း၊ ထိုသင်္ဘော တို့ကို ဧဇယုန်ဂါဗာမြို့မှာ
တည်လုပ်ကြ၏။ [37] ထိုအခါ မရေရှမြို့သူ၊ ဒေါဒေဝသား ဧလျေဇာ၊ မင်းကြီးသည် အာခဇိနှင့် ပေါင်းဘော်သောကြောင့်၊
ထာဝရဘုရားသည် မင်းကြီးပြုသော အမှုကိုဖျက်တော် မူပြီးဟု ယောရှဖတ်တဘက်၌ ဟောသည်နှင့်အညီ၊ ထိုသင်္ဘောတို့သည်
တာရှုမြို့သို့ မသွားနိုင်အောင်ကျိုးပဲ့ ကြ၏။

---

2 Chronicles 01

အမ္မုန်အမျိုးသားတို့
ယော်ဒန်မြစ်အရှေ့ပိုင်း၊ ဒေုန်ပြည်အနီးအနားတွင်
နေထိုင်ခဲ့ဖွယ်ရှိသည့် လူမျိုးစုများဖြစ်သည်။

ဟာဇဇုန္တမာမြို့
အင်္ဂေဒိ ၏ အခြားအမည်ဖြစ်သည်။

2 Chronicles 03

သဘောချလျက်
အခြားသောဘာသာပြန်ဆိုချက်၊ "စိတ်ဆုံးဖြတ်သည်။"

ထာဝရဘုရားကို ရှာအံ့သောငှါ၊
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်သည် မိမိတို့အား
နားထောင်ဖို့ရန် ကြိုးစားခြင်း။"

2 Chronicles 05

ကိုယ်တော်သည် ကောင်းကင်ပုံ၏ အရှင်ဘုရားသခင်ဖြစ်တော်မူသည်
မဟုတ်လော။တပါးအမျိုးသားနေရာတိုင်းနိုင်ငံရှိသမျှတို့ကို
အစိုးရတော်မူသည် မဟုတ်လော။
အခြားသောဘာသာပြန်ဆိုချက်၊ "ကိုယ်တော်သည်အမှန်စင်စစ်
ကောင်းကင်ဘုံ၏ အရှင်ဘုရားသခင်၊
တိုင်းနိုင်ငံဘုရင်များအားလုံးကို အစိုးရသောသူ
ဖြစ်တော်မူသည်။"

အဘယ်သူမျှမတားဆီးနိုင်အောင်ခွန်အားတန်ခိုးကြီးတော်မူသည်
'တန်ခိုး' နှင့် 'ခွန်အား' သည်အဓိပ္ပါယ်အတူတူဖြစ်ပြီး
ထာဝရဘုရား၏ တန်ခိုးတော်ကြီးမြတ်ခြင်းကို အလေးပေးသော
စကားလုံးများဖြစ်သည်။ 'လက်တော်' သည် ပိုင်ဆိုင်မှုကို
ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊
"ကိုယ်တော်သည် ကြီးမြတ်သော တန်ခိုးကို ပိုင်တော်မူသည်။"

generated on Tue Jul 2 12:50:28 2024

Ezra 01

ယေဘုယျ အချက်အလက်
ကျမ်းပြုဆရာ၏ ပေါ်လွင်သော ရေးသားပြောဆိုချက်ကို ဤစာမျက်နှာတို့တွင်တွေ့ရသည်။ အခန်းကြီး (၁-၇) သည် အခြားကျမ်းပြုဆရာက ဧဇရ အကြောင်းကို ရေးသားထားသည်။ အခန်းကြီး (၈)ကို ရေးသားသူ ကျမ်းပြုဆရာက ဧဇရကိုယ်တိုင်ဖြစ်သည်ကို ဖော်ပြနေပါသည်။

ယေဘုယျ အချက်အလက်
အပိုဒ်ငယ်

ဖိနဟတ်မျိုး ဂေရရှုံ၊
ဖိနဟတ်မျိုး ဂေရရှုံ သည် အမျိုးစာရင်းတွင် ပထမဦးဆုံးဖော်ပြသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဖိနဟတ်မျိုးအမျိုးမှ ဆင်းသက်လာသောအမျိုးသည် ဂေရရှုံဖြစ်သည်။"

ဣသမာအမျိုး ဒံယေလ၊
အခြားသော ဘာသာပြန်ဆိုချက်၊ "ဣသမာ အမျိုးမှ ဆင်းသက်လာသောအမျိုးသည် ဒံယေလ ဖြစ်သည်" သို့မဟုတ် "ဒံယေလသည် ဣသမာအမျိုး၏ ခေါင်းဆောင် ဖြစ်သည်"။

ပါရုတ်
၂:၃ တွင် ဘာသာပြန်ဆိုမှုကို ကြည့်ရန်။

ဒါဝိဒ်အမျိုး ဟတ္တုတ်၊ ရှေခနိအမျိုး ဖာရုတ်အနွယ်ထဲက ဇာခရိ
အခြားသော ဘာသာပြန်ဆိုချက်၊ "ဒါဝိဒ်အမျိုးမှ ဆင်းသက်လာသောအမျိုးများသည် ဖာရုတ်အနွယ်ဖြစ်သည့် ဟတ္တုတ်နှင့် ဇာခရိဖြစ်သည်။" သို့မဟုတ် "ဒါဝိဒ်အမျိုးမှ ဆင်းသက်လာသောအမျိုးများသည် ဟတ္တုတ်နှင့် ဇာခရိ ဖြစ်သည်။ ဟတ္တုတ် သည် ဖာရုတ်အမျိုးအနွယ်ထဲမှ ဆင်းသက်လာပါသည်။"

နှင့် စာရင်းဝင်သူ ယောက်ျားပေါင်းတရာငါးကျိပ်။
ဇာခရိ မှ ဆင်းသက်လာသော အမျိုးအနွယ် ပေါင်းသည် ယောက်ျားပေါင်းတရာငါးကျိပ် (၁၅၀)ဖြစ်သည်ဟု အမျိုးအနွယ်စာရင်းတွင် ထည့်သွင်းထားပါသည်။

Ezra 04

ယေဘုယျ အချက်အလက်
အမျိုးအနွယ်စာရင်း ဆက်လက်ဖော်ပြသည်။

ပါဟတ်မောဘအမျိုး၊ ဇေရာယ သား ဧလျော`နဲ
အခြားသော ဘာသာပြန်ဆိုချက်၊ "ပါဟတ်မောဘအမျိုးမှဆင်းသက်လာသော လူမျိုးစုခေါင်းဆောင်သည် ဇေရာယ၏ သား ဧလျော`နဲ ဖြစ်သည်။" သို့မဟုတ် "ဇေရာယ၏ သား ဧလျော`နဲ သည် လူမျိုးစုခေါင်းဆောင်ဖြစ်ပြီး ပါဟတ်မောဘအမျိုးမှ ဆင်းသက်သည်။"

နှင့် ယောက်ျားပေါင်းနှစ်ရာ၊
၎င်း၏ အပေါင်းပါ ဧလျော`နဲအမျိုးများသည် ယောက်ျားပေါင်းနှစ်ရာ (၂၀၀) ဖြစ်သည်။

ဇေရာယ
အမျိုးသား အမည်နာမ

ရှေခနိ
အမျိုးသား အမည်နာမ

အာဒိန်
အမျိုးသား အမည်နာမ

ယောက်ျားပေါင်း နှစ်ရာ၊ သုံးရာ၊ ငါးကျိပ်၊ ခုနစ်ကျိပ်
၂၀၀၊ ၃၀၀၊ ၅၀၊ ၇၀

Ezra 08

ယေဘုယျ အချက်အလက်
အမျိုးအနွယ်စာရင်း ဆက်လက်ဖေါ်ပြသည်။

ရှေဖတိအမျိုး မိက္ခေလသား ဇေဗဒိ
ရှေဖတိအမျိုးမှ ဆင်းသက်လာသော လူမျိုးစုခေါင်းဆောင်သည် မိက္ခေလသား ဇေဗဒိ ဖြစ်သည်။ (သို့မဟုတ်) မိက္ခေလသား ဇေဗဒိ လူမျိုးစုခေါင်းဆောင် ဖြစ်ပြီး ရှေဖတိအမျိုးမှ ဆင်းသက်သည်။

ရှေဖတိ
အမျိုးသား အမည်နာမ

မိက္ခေလ
အမျိုးသား အမည်နာမ

နှင့် ယောက်ျားပေါင်းရှစ်ကျိပ်၊
၎င်း၏ အပေါင်းပါ ဇေဗဒိ အမျိုးများသည် ယောက်ျားပေါင်း (၈၀)

ဇေဗဲ
အမျိုးသား အမည်နာမ

ရှစ်ကျိပ်၊ နှစ်ရာတကျိပ်ရှစ်၊ တရာခြောက်ကျိပ်၊ နှစ်ကျိပ်ရှစ်၊
၈၀၊ ၂၁၈၊ ၁၆၀၊ ၂၈

Ezra 12

ယေဘုယျ အချက်အလက်
အမျိုးအနွယ်စာရင်း ဆက်လက်ဖေါ်ပြသည်။

အာဇဂဒ်အမျိုး၊ ဟက္ကတန်သား ယောဟနန်၊
အခြားသော ဘာသာပြန်ဆိုချက်၊ "အာဇဂဒ်အမျိုး မှ ဆင်းသက်လာသော လူမျိုးစုခေါင်းဆောင်သည် ဟက္ကတန်သား ယောဟနန်ဖြစ်သည်။" သို့မဟုတ် "ဟက္ကတန်သား

ယောဟနန်သည် လူမျိုးစုခေါင်းဆောင် ဖြစ်ပြီး အာဇဂဒ်အမျိုးမှ ဆင်းသက်လာသည်"။

နှင့် ယောက်ျားပေါင်းတစ်ရာတကျိပ်၊
ယောဟနန် နှင့် အပေါင်းပါ ယောက်ျားပေါင်း(၁၁၀)

အဒေါနိကံအမျိုးသားတို့တွင်၊ နောက်ကျသော သူ၊
အဒေါနိကံ၏ လူမျိုးစုခေါင်းဆောင်

အာဇဂဒ်
အမျိုးသား အမည်နာမ

အဒေါနိကံ
အမျိုးသား အမည်နာမ

ဗိဂဝဲ
အမျိုးသား အမည်နာမ

ယောက်ျားပေါင်း ခြောက်ကျိပ်၊ ခုနစ်ကျိပ်
ယောက်ျားပေါင်း ၆၀၊ ၇၀

Ezra 15

ယေဘုယျ အချက်အလက်
အခန်းကြီး(၈)တွင် ပါရှိသော ငါ ဆိုသည့် စကားလုံးသည် ဧဇရ ကို ညွှန်းဆိုသည်။ သူသည် ကျမ်းရေးသူဖြစ်သည်။

ယေဘုယျ အချက်အလက်
အခန်းငယ် ၁၆ တွင် အမျိုးသားများ၏ အမည်စာရင်းများ ပါရှိပါသည်။

အဟာဝမြို့သို့ စီးသောမြစ်
ဖြစ်နိုင်ချေရှိ အဓိပ္ပါယ်များမှာ (၁) အဟာဝမြို့သို့ စီးသောမြစ်သည် လူလုပ်တူးမြောင်း ဖြစ်သည်။ သို့မဟုတ် (၂) အဟာဝမြို့သို့ စီးသောမြစ်သည် သဘာဝရိုးရိုးမြစ် ဖြစ်ပါသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အဟာဝမြို့သို့ စီးဝင်သည့် ရေကြောင်း"

အဟာဝ
နေရာဒေသ ၊ မြို့ ၏ အမည်ဖြစ်သည်။

ရှေမာယ
အမျိုးသား အမည်နာမ

မေရှုလံ၊ ပညာရှိယာရိပ်၊ ဧလနာသန်
အမျိုးသားများ ၏ အမည်နာမများ ဖြစ်ပါသည်။

Ezra 17

ဣဒေါ
အမျိုးသား၏ အမည်နာမ

သူတို့ကို ဣဒေါထံသို့ မှာစာနှင့် စေ လွှတ်လျက်၊
သူတို့ကို ဆိုသည့် စကားသည် ခေါင်းဆောင် (၉)ဦး နှင့် ဣဒေါနှင့် ကသိဖိမြို့မှာ နေသောသူ၏ ညီအစ်ကို (၂) ယောက်ကို ညွှန်းပါသည်။ ( ၈:၁၅ )

ကသိဖိမြို့
နေရာဒေသ၊ မြို့ အမည်ဖြစ်သည်

ငါတို့ဘုရား သခင့် အိမ်တော်အမှု စောင့်များကို ပေးစေခြင်းငှါ၊ သူတို့အား အဘယ်သို့ ပြောဆိုရမည်ကို ငါမှာလိုက်၏။
အခြားသော ဘာသာပြန်ဆိုချက်၊ "သူတို့ အဘယ်သို့ ပြောဆိုရမည်ကို ငါမှာလိုက်သည့် အကြောင်းအရာမှာ ငါတို့ဘုရားသခင့် အိမ်တော်အမှု စောင့်များကို ပို့ပေးစေရန် တောင်းခံခိုင်းပါသည်။"

Ezra 18

ရှေရဘိ၊ မဟာလိ၊ ဟာရှဘိ၊ ယေရှာယ၊ မေရာရိ
အမျိုးသားများ ၏ အမည်နာမများဖြစ်ပါသည်။

ထိုသူတို့သည် ငါတို့၏ဘုရားသခင့်တန်ခိုး ကျေးဇူးတော်ကြောင့်၊ ငါတို့ကို စေလွှတ်သည်။
ငါတို့၏ ဘုရားသခင်တန်ခိုး ကျေးဇူးတော်ကြောင့်၊ သည် ဘုရားသခင်၏ လက်ရုံးတော်ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဘုရားသခင်သည် ကျေးဇူးပြုသည့်အတွက်၊ သူတို့သည် လူတစ်ယောက်ကို စေလွှတ်သည်"။

ပညာသတိရှိသောတစ်ယောက်
ပညာဗဟုသုတ၊ နားလည်နိုင်သည့် စွမ်းအား နှင့်ပြည့်စုံသူ

လေဝိသား၊ ဣသရေလသား
ဣသရေလ အမျိုးတယောက်၏ အမည်နာမ။ ဣသရေလ ဆိုသည့်အမည်ကို ဘုရားသခင်က ယာကုပ်အား အမည်သစ် ပေးခဲ့ပါသည်။

သူ၏ပေါက်ဘော်တကျိပ်ရှစ်ယောက်၊ ပေါက်ဘော်နှစ်ကျိပ်၊
သူ၏ ပေါက်ဘော် ၁၈၊ ၂၀

ယေရှာယ
အမျိုးသား၏ အမည်နာမ

အရာရှိများ
အစိုးရဌာနတွင် အာဏာပိုင်များက အထူးတာဝန်အပ်နှင်းထားသော သူများ

Ezra 21

အဟာဝမြို့သို့စီးသောမြစ်
အဟာဝမြို့သို့ စီးသောမြစ်

ထိုအခါ ဥစ္စာများမှစ၍ သူငယ်များနှင့်တကွ၊ ငါတို့သွားစရာ မှန်သောလမ်းကို ဘုရားသခင်၌ရှာ၍၊
ဘုရားသခင်၌ရှာ ဆိုသည့် စကားရပ်သည် ဘုရားသခင်က လူတို့အတွက် တစ်စုံတစ်ခု ပြုပေးရန် တောင်းပန်ခြင်းဖြစ်ပါသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါတို့ ခရီးသွားစဉ်တွင် လမ်းတွင် ငါတို့နှင့် သူငယ်များ၊ ပိုင်ဆိုင်သည့်အရာများ ဘေးကင်းမည်အကြောင်း ဘုရားသခင်ထံ တောင်းလျှောက်မည်" သို့မဟုတ် "ဘုရားသခင်သည် ငါတို့၊ သူငယ်တို့နှင့် ပစ္စည်းဥစ္စာရှိသမျှကို လုံခြုံစေမည်အကြောင်း ဆုတောင်းမည်"။

ဘုရားသခင်ကို ရှာသောသူအပေါင်းတို့သည်၊ တန်ခိုးကျေးဇူးတော်ကို ခံရကြလိမ့်မည်။
အခြားသော ဘာသာပြန်ဆိုချက်၊ "ဘုရားသခင်သည် သူ့အမှုကို ဆောင်ရွက်သောသူကို ကူညီသည်။"

ကိုယ်တော်ကို စွန့်သောသူအပေါင်း တို့ကို၊ တန်ခိုးတော်ဆီးတား၍ အမျက်တော်သက်ရောက် လိမ့်မည်။
အခြားသော ဘာသာပြန်ဆိုချက်၊ "သို့သော်လည်း ဘုရားသခင်သည် သူ့အမှုကို မဆောင်ရွက်သောသူတို့အား အပြစ်ပေးသည်"

ထိုအမှုကြောင့်၊ ငါတို့သည်အစာရှောင်၍၊ ငါတို့ ဘုရားသခင်ကို ဆုတောင်းလျက်နေကြ၏။
အခြားသော ဘာသာပြန်ဆိုချက်၊ "ဘုရားသခင်က ငါတို့ကို ကူညီမစရန်အတွက် ငါတို့သည်အစာရှောင်၍၊ ဘုရားသခင်ကို ဆုတောင်းလျှက်နေကြ၏။"

Ezra 24

ရှေရဘိ၊ ဟာရှဘိ
အမျိုးသားများ ၏ အမည်နာမများဖြစ်ပါသည်။

Ezra 26

ငွေအခွက်ခြောက်ထောင်ငါးပိဿာ၊
ငွေ ၂၂၀၀၀ ကီလိုဂရမ်

ငွေတန်ဆာ အခွက်တစ်ထောင်၊
ငွေတန်ဆာ ၃၄၀၀ ကီလိုဂရမ်

ရွှေအခွက်တထောင်
ရွှေ ၃၄၀၀ ကီလိုဂရမ်

ရွှေဒင်္ဂါးတထောင်
ပါးရှား ရွှေဒင်္ဂါး(၁၀၀၀)၊ အလေးချိန် ၈ ၁/၂ကီလိုဂရမ်

ကြေးဝါစစ် ဖလား
ကြေးဝါစစ်သည် ကြေးနီ နှင့် အခြားဓါတ်သတ္တုရောနှောသည်။

Ezra 28

ထိုအခါ ငါက သူတို့ကိုမှာလိုက်သည်
ထိုအခါ ယဇ်ပုရောဟိတ်အကြီး တကျိပ်နှစ်ပါးဖြစ်သော အရာရှိများကို မှာလိုက်သည်။

ယေရုရှလင်မြို့၊ ထာဝရဘုရား၏အိမ်တော် အခန်းတို့တွင် ယဇ်ပုရောဟိတ်အကြီး၊ လေဝိသား၊ ဣသ ရေလအဆွေအမျိုး သူကြီးတို့ရှေ့မှာ မချိန်မှီတိုင်အောင်
ယေရုရှလင်မြို့သို့ရောက်သောအခါ ၊ ငွေ ၊ ရွှေ၊ ကြေးနီ တို့ကို ချိန်တွယ်ခြင်းအားဖြင့် သူတို့သည် မည်သည့်ရွှေ၊ ငွေတန်ဆာတို့ကို မိမိအဖို့ မယူကြောင်း ဖော်ပြပါသည်။

ယဇ်ပုရောဟိတ်၊ လေဝိသား၊
မောရှေ ပညတ္တိကျမ်းအရ ယဇ်ပုရောဟိတ် နှင့် လေဝိသားတို့သည် ဗိမာန်တော် အလုပ်များကို ထမ်းဆောင်ရပါသည်။ ဗိမာန်တော်တွင်ရှိသော ပစ္စည်းများ၊ ရွှေ၊ ငွေတန်ဆာများတို့ကို ထိန်းသိမ်းရပါသည်။

Ezra 31

ငါတို့သည် အဟာဝမြစ်မှ ထွက်၍၊
"ငါတို့သည် အဟာဝမြစ်မှ စတင်ခရီးထွက်၍" သို့မဟုတ် "အဟာဝမြစ်ကို စွန့်ခွါ၍"

အဟာဝမြစ်
အဟာဝမြို့သို့စီးသောမြစ်

ပဌမလတဆယ်နှစ်ရက်နေ့တွင်၊
ပဌမလတဆယ်နှစ်ရက်နေ့သည် အနောက်တိုင်း ပြက္ခဒိန် အရ မတ်လ လကုန်ပိုင်း ဖြစ်ပါသည်။

ငါတို့၏ ဘုရားသခင့် တန်ခိုးတော်ကြောင့် လွတ်လျက်၊
ဘုရားသခင်သည် ငါတို့ကို ကူညီမစသည်။

လမ်းနား၌ ချောင်း၍နေသော ရန်သူလက်မှ၊ ငါတို့၏ ဘုရားသခင့် တန်ခိုးတော်ကြောင့် လွတ်လျက်၊
ရန်သူလက် ဆိုသည်မှာ ခရီးသွားများကို တိုက်ခိုက်သောသူများဖြစ်ပါသည်။ ဘုရားသခင်သည် ငါတို့ကို လူဆိုး၊သူခိုး ၊ ဓါးပြ ရန်များမှ ကယ်တင်တော်မူသည်။

လမ်းနား၌ ချောင်း၍နေသော ရန်သူ
ခရီးသွားများ ပါလာသော ရွှေငွေ၊ ဥစ္စာဘဏ္ဍာများကို တိုက်ခိုက် လုယူရန် ချောင်း၍နေသော သူခိုး၊ ဓါးပြများကို ဆိုလိုသည်။

Ezra 33

ထိုရွှေငွေတန်ဆာရှိသမျှတို့ကို ရေတွက်ချိန်တွယ်၍
ယဇ်ပုရောဟိတ်အကြီး တကျိပ်နှစ်ပါးဖြစ်သော အရာရှိများက ထိုရွှေငွေတန်ဆာရှိသမျှတို့ကို ရေတွက်ချိန်တွယ်သည်။



generated on Tue Jul 2 12:50:28 2024

ဥရိသား ယဇ်ပုရောဟိတ် မေရမုတ်သည် ထိုရွှေငွေတန်ဆာရှိသမျှတို့ကို ရေတွက်ချိန်တွယ်၍
ဥရိသား ယဇ်ပုရောဟိတ် မေရမုတ် လက်ဖြင့် ထိုရွှေငွေတန်ဆာရှိသမျှတို့ကို ရေတွက်ချိန်တွယ်သည်။

မေရမုတ်၊ ဥရိ ၊ ဧလာဇာ၊ ဖိနဟတ်၊ ယောဇဗဒ်၊ ယောရှု၊ ဗိန္နိ၊ နောဒိ၊ ယောရှု၊
အမျိုးသားများ ၏ အမည်နာမများ

ယောရှု
၂:၃ တွင် ပြန်ဆိုသည့်အတိုင်း

Ezra 35

သိမ်းသွားခြင်းကိုခံရသော လူစုထဲက ထွက်လာသော သူတို့သည်
ဗာဗုလုန်တိုင်းပြည်သို့ သိမ်းသွားခြင်းကိုခံရသော လူစုတို့သည် စစ်သုံ့ပန်းအနေဖြင့် နေနေရသည့် အခြေအနေမှ ပြန်လွတ်လာပြီး ယေရုရှလင်မြို့သို့ ပြန်လာကြသည်။

နွားတစ်ဆယ်နှစ်ကောင်၊ သိုးထီးကိုးဆယ်ခြောက်ကောင်၊ သိုးသငယ်ခုနစ်ဆယ်ခုနစ်ကောင်၊ အပြစ်ဖြေရာယဇ်ဘို့ ဆိတ်တစ်ဆယ်နှစ်ကောင်တို့ကို၊
နွား၁၂ကောင်၊ သိုးထီး ၉၆ကောင်၊ သိုးသငယ် ၇၂ကောင်၊ ဆိတ် ၁၂ကောင်

ကိုယ်စားတော်မင်း၊ မြစ်အနောက်ဘက် မြို့ဝန်တို့
ကိုယ်စားတော်မင်း၊ မြစ်အနောက်ဘက် မြို့ဝန်တို့သည် ဗာဗုလုန် အရာရှိများဖြစ်ပြီး ဥဖရတ် မြစ်အနောက်ဘက် တွင် ဗာဗုလုန်လူမျိုးများနှင့် ယုဒလူမျိုးများကို အုပ်ချုပ်သည်။

ဥဖရတ် မြစ်အနောက်ဘက် တွင် ရှုရှနက်မြို့ တည်ရှိပြီး
ရှုရှနက်ပြည်ကို ကျော်ဖြတ်ကာ ရောက်ရှိသွားသော ဥဖရတ်မြစ် အနောက်ဘက်ရှိဒေသ။

ဘုရားသခင်အိမ်တော်
ဗိမာန်တော်

---

## Translation Questions

Ezra 8:15

ဧဇရသည် လူများတို့နှင့် ယဇ်ပုရောဟိတ်တို့အား စစ်ဆေးသောအခါ မည်သည့်အရာကို မတွေ့နိုင်ခဲ့သနည်း။
လူများ နှင့် ယဇ်ပုရောဟိတ်များတို့ကို စစ်ဆေးသောအခါ လေဝိသား တယောက်ကိုမျှ မတွေ့ခဲ့ပါ။

Ezra 8:17

က္လဒေါနှင့် သူ၏အမျိုးတို့၏ အလုပ်ကား အဘယ်နည်း။
က္လဒေါနှင့် သူ၏အမျိုးတို့၏ အလုပ်ကား အိမ်တော်အမှုစောင့်များကို ဆောင်ရွက်သော ကျွန်များဖြစ်သည်။

Ezra 8:18

ရှေရဘိသည် မည်ကဲ့သို့သောသူ ဖြစ်သနည်း။
ရှေရဘိသည် ပညာရှိတယောက် ဖြစ်သည်။

Ezra 8:21

ရန်သူတို့၏ရန်မှ ကာကွယ်ရန် မြင်းစီးသူရဲတို့နှင့် စစ်တပ်ကို ဧဇရက အဘယ်ကြောင့် မတောင်းလျှောက်ခဲ့သနည်း။
ရန်သူတို့၏ရန်မှ ကာကွယ်ရန် မြင်းစီးသူရဲတို့နှင့် စစ်တပ်ကို ဧဇရက မတောင်းလျှောက်ခဲ့ရခြင်းမှာ ရှက်ကြောက်သောကြောင့်ဖြစ်သည်။

Ezra 8:28

လူတစ်ဆယ်နှစ်ယောက်တို့သည် ရွှေငွေများကို မည်မျှကြာ စောင့်ကြည့်ရမနည်း။
လူတစ်ဆယ်နှစ်ယောက်တို့သည် ရွှေငွေများကို ယဇ်ပရောဟိတ်မှူးမတ်များ၊ လေဝိသားများနှင့် ယေရုရှလင်ရှိက္လသရေလအဆွေအမျိုးသူကြီးတို့ရှေ့တွင် ၎င်းတို့ကို မချိန်မှီတိုင်အောင် စောင့်ကြည့်ရကြသည်။

Ezra 8:31

ဧဇရနဲ့ လူ၁၂ထံသို့ ထာဝရဘုရား၏လက်တော်ကား မည်သည့်နည်းလမ်းဖြင့် သက်ရောက်ခဲ့သနည်း။
သူတို့၏ရန်သူများလက်မှ၎င်း၊ သူတို့ကိုတိုက်ဖို့ရန် လမ်း၌ ချောင်းမြောင်းသော သူတို့၏လက်မှ၊ ဘုရားသခင်၏လက်တော်သည် သူတို့ကို ကွယ်ကာသည့်အရာအဖြစ် သက်ရောက်ခဲ့သည်။

Ezra 8:35

ရှင်ဘုရင်၏အမိန့်တော်အားဖြင့် အကျဉ်းချခံရသောသူတို့သည် မည်သူ့ထံသို့ ပြန်၍လာခဲ့သနည်း။
သိမ်းသွားခြင်းကိုခံရသော လူတို့သည်ပြန်လာ၍ ဘုရင်၏အမိန့်တော်များကို မြစ်တစ်ဘက်ကမ်း၌နေသောအုပ်ချုပ်သူများနှင့် အရာရှိမှူးမတ်များကို ပေးခဲ့ကြသည်။

---

 generated on Tue Jul 2 12:50:28 2024

## Chapter 9

1 ထိုအမှုပြီးမှ၊ အကြီးအကဲတို့သည် ငါ့ထံသို့ လာ၍ ယဇ်ပုရောဟိတ်၊ လေဝိသားအစရှိသော ဣသရေလ အမျိုးသားတို့သည်
ဤပြည်သားရင်းတို့နှင့် ပေါင်းဘော် သဖြင့်၊ ခါနာနိလူ၊ ဟိတ္တိလူ၊ ဖေရဇိလူ၊ ယေဗုသိလူ၊ အမ္မုန်လူ၊ မောဘလူ၊ အဲဂုတ္တုလူ၊
အာမောရိလူတို့ ရွံရှာ ဘွယ်သော အကျင့်ကို ကျင့်ကြပါ၏။ 2 အကြောင်းမူကား၊ သူတို့သမီးများကို ကိုယ်ဘို့ငှင်း၊ ကိုယ်သားဘို့ငှင်း၊
သိမ်းယူသဖြင့်၊ သန့်ရှင်းသော အမျိုး သည် ဤပြည်သားရင်းအမျိုးနှင့် ရောနှောလျက်ရှိ၍၊ အကြီးအကဲနှင့် မင်းအရာရှိတို့သည်၊
ဤဒုစရိုက် အမှုကို အဦးပြုကြပြီတကားဟု ကြားပြောကြ၏။ 3 ထိုစကားကို ငါကြားလျှင် အတွင်းအဝတ်၊ အပြင် အဝတ်ကို
ဆုတ်၍ဆံပင်နှင့် မုတ်ဆိတ်ကို နှုတ်ပစ်လျက်၊ မိန်းမောတွေဝေလျက် ထိုင်နေ၏။ 4 ထိုအခါ ဣသရေလအမျိုး၏ ဘုရားသခင်
ထာဝရဘုရား အမိန့်တော်ကို ကြောက်ရွံ့သောသူအပေါင်း တို့သည်၊ သိမ်းသွားခြင်းကို ခံရသောသူတို့ ပြစ်မှားသော အပြစ်ကြောင့်၊
ငါ့ထံမှာစည်းဝေး၍၊ ညဦးယံ ယဇ်ပူဇော် ချိန်တိုင်အောင် ငါသည် မိန်းမောတွေဝေလျက် နေ၏။ 5 ညဦးယံ ယဇ်ပူဇော်ချိန်တွင်၊
စိတ်ပျက်ရာမှထ၍ အတွင်းအဝတ်၊ ပြင်အဝတ်ကို ဆုတ်ပြီးလျှင်၊ ဒူးထောက်၍၊ ငါ၏ ဘုရားသခင် ထာဝရဘုရားထံတော်သို့
လက်ဝါးတို့ကို ဖြန့်လျက်၊ 6 အို အကျွန်ုပ်ဘုရားသခင်၊ ကိုယ်တော်သို့ မမျှော် မကြည့်ဝံ့၊ ရှက်ကြောက်၍ မျက်နှာနီပါ၏။
အကျွန်ုပ်ဘုရား သခင်၊ အကျွန်ုပ်တို့ ပြုမိသော ဒုစရိုက်တို့သည် အကျွန်ုပ်တို့ ခေါင်းပေါ်မှာ အထပ်ထပ်လွှမ်းမိုး၍၊ ကြီးစွာသော
အပြစ်သည် မိုဃ်းကောင်းကင်သို့ မှီပါ၏။ 7 ဘိုးဘေးလက်ထက်မှစ၍ ယနေ့တိုင်အောင်၊ အလွန်ပြစ်မှားပါပြီ။ ကိုယ်အပြစ်ကြောင့်
ရှင်ဘုရင်နှင့် ယဇ်ပုရောဟိတ်မှစ၍၊ အကျွန်ုပ်တို့သည် ယနေ့တိုင်အောင် ခံသကဲ့သို့၊ တပါးအမျိုးသားရှင်ဘုရင်လက်သို့ အပ်ခြင်း၊
အသေသတ်ခြင်း၊ သိမ်းသွားခြင်း၊ လုယက်ခြင်း၊ မျက်နှာ ပျက်ခြင်းကို ခံရပါ၏။ 8 ယခုခဏတွင်၊ အကျွန်ုပ်တို့၏ ဘုရားသခင်
ထာဝရဘုရားသည်၊ အကျွန်ုပ်တို့ကို ဘေးမဲ့လွတ်၍ ကျန် ကြွင်းစေလျက်၊ သန့်ရှင်းသော ဌာနတော်၌ စွဲထားသော တံစို့ကို
ပေးတော်မူသော ကျေးဇူးတော်ကြီးလှပါ၏။ အကျွန်ုပ်တို့ဘုရားသခင်သည် အကျွန်ုပ်တို့ မျက်စိကို လင်းစေ၍၊ အကျွန်ုပ်တို့
ကျွန်ခံနေရာ၌ အသက်ရှုပြန်ရ သော အခွင့်ကို ပေးတော်မူပြီ။ 9 အကျွန်ုပ်တို့သည် ကျွန်ခံလျက်နေရပါ၏။ ထိုသို့ ကျွန်ခံလျက်
နေရသော်လည်း၊ အကျွန်ုပ်တို့၏ ဘုရား သခင်သည် စွန့်ပစ်တော်မမူ။ အကျွန်ုပ်တို့ အသက်လွတ် ခြင်းငှါရင်း၊ အကျွန်ုပ်တို့
ဘုရားသခင်၏အိမ်ထောင်ကို ထူထောင်၍၊ ပြိုပျက်ရာတို့ကို ပြုပြင်ခြင်းငှါရင်း၊ ယုဒပြည် ယေရုရှလင်မြို့၌ ခိုလှုံရာအရပ်ကို
အကျွန်ုပ်အား ပေးခြင်း ငှါရင်း၊ ပေရသိရှင်ဘုရင်တို့သည် အကျွန်ုပ်တို့၌ ကျေးဇူး ပြုချင်သော စေတနာစိတ်ကို ပေးသနားတော်မူပြီ။
10 ယခုလည်း အိုအကျွန်ုပ်တို့၏ ဘုရားသခင်၊ ဤသို့ ပြုမိပြီးမှ၊ 11 အဘယ်သို့ လျှောက်ရပါမည်နည်း။ 12 ကိုယ်တော်က၊
သင်တို့သွား၍ သိမ်းယူလတံ့ သောပြည်သည်၊ ပြည်သူပြည်သားတို့ အညစ်အကြေး ကြောင့် ညစ်ညူးသော ပြည်ဖြစ်၏။
တပြည်လုံးကို ရွံရှာဘွယ်အမှုတို့နှင့် ပြည့်စုံစေကြပြီ။ သို့ဖြစ်၍ သင်တို့ သမီးကို သူတို့သားအား မပေးစားကြနှင့်။ သူတို့၏သမီး ကို
သင်တို့သားနှင့် မစုံဘက်စေကြနှင့်။ သူတို့ချမ်းသာနှင့် သူတို့စည်းစိမ်ကို အလျှင်းမပြုစုကြနှင့်။ သင်တို့သည် ခွန်အားကြီး၍
မြေအသီးအနှံကို စားရသောအခွင့်၊ ထိုမြေ ကို ကိုယ်သားမြေးတို့၌ နစ္စအမွေဖြစ်စေ၍၊ အပ်ရသော အခွင့်ရှိစေခြင်းငှါ၊ ထိုသို့ကျင့်၍
နေကြလော့ဟု ကိုယ် တော် ကျွန်၊ ပရောဖက်တို့အားဖြင့် မှာထားတော်မူသော ပညတ်စကားတော်ကို အကျွန်ုပ်တို့သည် နားမထောင်ပါ
တကား။ 13 အကျွန်ုပ်တို့၏ ဘုရားသခင် ထာဝရဘုရား တည်းဟူသော ကိုယ်တော်သည် အကျွန်ုပ်တို့ခံထိုက်သမျှ သော အပြစ်ဒဏ်ကို
ပေးတော်မမူသော်လည်း၊ အကျွန်ုပ် တို့သည် ကိုယ်တိုင်ပြုမိသော ဒုစရိုက်အမှု၊ ကြီးစွာသော လွန်ကျူးခြင်းအပြစ်ကြောင့်၊
ဤမျှလောက် ခံရပြီးမှငင်း၊ ကိုယ်တော်သည် ဤမျှလောက် ချမ်းသာပေးတော်မူပြီး မှငင်း၊ 14 အကျွန်ုပ်တို့သည်
ပညတ်တရားတော်တို့ကို တဖန်လွန်ကျူး၍၊ ဤရွံရှာဘွယ်အမှုတို့ကို ပြုတတ်သော လူမျိုးနှင့်ပေါင်းဘော်လျှင် တယောက်မျှမလွတ်၊
မကျန် ကြွင်းစေခြင်းငှါ၊ အမျက်တော်ထွက်၍ အကျွန်ုပ်တို့ကို ဖျက်ဆီးတော်မူမည်မဟုတ်လော။ 15 အို ဣသရေလအမျိုး၏
ဘုရားသခင် ထာဝရ ဘုရား၊ ကိုယ်တော်သည် ဖြောင့်မတ်တော်မူ၏။ အကျွန်ုပ် တို့သည် ယနေ့အသက်လွတ်၍ ကျန်ကြွင်းသေးသောသူ
ဖြစ်ပါ၏။ ကိုယ်အပြစ်များကို ရှေ့တော်၌ တောင်းပန် ပါ၏။ ထိုအပြစ်ကြောင့်၊ ရှေ့တော်၌ နေရာမရနိုင်ပါဟု တောင်းလျှောက်လေ၏။

---

Ezra 01

မိမိကိုယ်ကို မခွဲခြားထားပဲ၊
ဤပြည်သားရင်းတို့နှင့် မင်္ဂလာဆောင်နှင်းကြပြီး
ပေါင်းဘော်ကြသည်။ သူတို့၏ ဘာသာတရားကိုလည်း
လက်ခံကိုးကွယ် ကြသည်။

Ezra 03

ထိုစကားကို ငါကြားလျှင်
ဣသရေလအမျိုး သန့်ရှင်းသောအမျိုး သည်
ဤပြည်သားရင်းအမျိုးနှင့် ရောနှောလျှက်၊ တိုင်းတပါးက
သူတို့နှင့် လက်ထပ်ထိမ်းမြားကြလျှက်၊ သူတို့၏
ဘာသာတရားကိုလည်း လက်ခံကိုးကွယ် ကြသည်ဟု
ကြားပြောသောစကားကို ဇေရသည်ကြားလျှင်၊



generated on Tue Jul 2 12:50:28 2024

အတွင်းအဝတ်၊ အပြင်အဝတ်ကို ဆုတ်၍ဆံပင်နှင့် မုတ်ဆိတ်ကို နှုတ်ပစ်လျက်၊ မိန်းမောတွေဝေလျက် ထိုင်နေ၏။
ဧဇရသည် ဣသရေလအမျိုးတို့ က ထာဝရဘုရားကို ဆန့်ကျင်လျက် ပြစ်မှားသော အပြစ်ကြောင့်၊ လူတို့ အဘယ်မျှလောက် ဝမ်းနည်းကြေကွဲခြင်း ဖြစ်ရကြောင်းကို ပြနေပါသည်။

ညဦးယံ ယဇ်ပူဇော်ချိန်
ယဇ်ပုရောဟိတ်က နေဝင်ချိန်တွင် ယဇ်ပူဇော်သည့် ယဇ်ပူဇော်ခြင်း ဖြစ်သည်။

Ezra 05

စိတ်ပျက်ရာမှ
"ရှက်၍ ထိုင်နေခြင်း" ဟု နားလည်ရသည်။ "ရှက်လွန်းပါသဖြင့် ငါထိုင်ချသော နေရာ"

ဒူးထောက်၍၊ ... လက်ဝါးတို့ကို ဖြန့်လျက်၊
"ဒူးထောက်၍ ကောင်းကင်သို့ လက်ဝါးတို့ကို ဖြန့်လျက်၊ လက်ကို ချီလျှက် နေပါသည်။"

အကျွန်ုပ်တို့ ပြုမိသော ဒုစရိုက်တို့သည် အကျွန်ုပ်တို့ ခေါင်းပေါ်မှာ အထပ်ထပ်လွှမ်းမိုး၍၊ ကြီးစွာသော အပြစ်သည် မိုဃ်းကောင်းကင်သို့ မှီပါ၏။
ဒုစရိုက်အပြစ်နှင့် မပြုခဲ့သောအပြစ်တို့၏ ကြီးမားမှုကို ဖော်ပြခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါတို့သည် ဆိုးသောအမှုကို ပြုကြပြီး၊ စိတ်မကြည်မလင် ရှိကြသည်"။

Ezra 07

ဘိုးဘေးလက်ထက်
"ဘိုးဘေးတို့ အသက်ထင်ရှားတည်ရှိစဉ် ကာလ"

အလွန်ပြစ်မှားပါပြီ။
"တရားလက်လွတ်ဒုစရိုက် နှင့် ပြုမိသောဒုစရိုက်တို့သည် ဆိုးယုတ်စွာကျင့်နေခဲ့သည့်အတွက် ကြီးစွာသောအပြစ်အဖြစ် ရှိနေပါသည်။"

ကိုယ်အပြစ်ကြောင့် တပါးအမျိုးသားရှင်ဘုရင်လက်သို့ အပ်ခြင်းခံရသည်။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အကျွန်ုပ်တို့ကို တပါးအမျိုးသား ရှင်ဘုရင်လက်သို့ အပ်နှံသည်။"

တပါးအမျိုးသားရှင်ဘုရင်လက်သို့
ဘုရားသခင်သည် လောကီရှင်ဘုရင်ကို ထိန်းချုပ်၍၊ လောကနှင့် သက်ဆိုင်သော ရှင်ဘုရင်များက ဣသရေလအမျိုးတို့ အပေါ် ကြိုက်သလို လုပ်နိုင်အောင် ခွင့်ပြုထားသည့် အခြေအနေ ဖြစ်ပါသည်။

ခါးဘေး၊
ခါးသည် လူတို့ကို အသေသတ်ခြင်းကို ရည်ညွှန်းသည်။ ဘုရားသခင်သည် ဣသရေလလူတို့ကို ရန်သူတို့က သတ်ရန် အခွင့်ပေးသည်"

သိမ်းသွားခြင်း၊
ဘုရားသခင်သည် ရန်သူတို့အား ဣသရေလအမျိုးတို့ကို ဖမ်းဆီးသိမ်းသွားသော အခွင့်ကို ပေးသည်။

လုယက်ခြင်း၊
ဘုရားသခင်ခွင့်ပြုထားသဖြင့် တပါးသူများက ဣသရေလအမျိုးတို့၏ ဥစ္စာပစ္စည်းများကို လုယူသည်။

မျက်နှာပျက်ခြင်း
အရှက်ရသည့်မျက်နှာကို သူတပါးကြည့်ပါက ခံစားချက်ကို သိသာနေသည့် အနေအထား

Ezra 08

ဘုရားသခင် ထာဝရဘုရားထံတော်မှ ကျေးဇူးကရုဏာတော်သက်ရောက်လာသည်။
ဘုရားသခင်သည် ကရုဏာပြတော်မူမည်အကြောင်း ဖော်ပြသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် ငါတို့ကို သနားခြင်း ကရုဏာတော် ထားမည်ဟု ဆုံးဖြတ်ချက်ထားသည်"

သစ္စာတော် ပဋိညာဉ်တရားတော်ကို အကျွန်ုပ်တို့အတွက်အဆင့်တိုးချဲ့ပေးခဲ့သည်။
ပဋိညာဉ်တရားတော်ကို လွှဲပြောင်း၍ ရသည့် အရာတစ်ခုကဲ့သို့ ပုံဖော်ထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါတို့ဆီသို့ သစ္စာရှိရန်နှင့် ကတိတော်တို့ကို သိမ်းဆည်းထားသည်"

ပေရသိရှင်ဘုရင်တို့ရှေ့မှောက်တွင် အကျွန်ုပ်တို့အား ကျေးဇူးပြုတော်မူပြီ။
ရှင်ဘုရင်သည် ဗိမာန်တော်ကို မမြင်တွေ့ခဲ့ပါ။ သို့သော် ယေရုရှလင်တွင် ဖြစ်ပျက်ခဲ့သည့်အရာကို မသိခဲ့ပါ။ အခြားသော ဘာသာပြန်ဆိုချက်၊ "ပေရသိဘုရင်သည် သိရှိမည်အကြောင်း"

ဘုရားသခင်၏အိမ်တော်
ဗိမာန်တော်

တံတိုင်းတော်၌ ခိုလှုံရာအရပ်ကို
တံတိုင်းသည် လူတို့ကို လုံခြုံမှုပေးသကဲ့သို့ ထာဝရဘုရားသည် လူတို့ကို ကွယ်ကာတော်မူသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "လုံခြုံစွာ နေစေ'တော်မူမည်"။

Ezra 10

ကိုယ့်သားမြေးတို့၌ နစ္စအမွေဖြစ်စေ၍၊
ထာဝရကာလ၊ အစဉ်အမြဲ တည်သောအမွေ ဖြစ်စေသည်။

Ezra 13

ကိုယ်တိုင်ပြုမိသော ဒုစရိုက်အမှု၊ ကြီးစွာသော လွန်ကျူးခြင်းအပြစ်ကြောင့်၊
အခြားသော ဘာသာပြန်ဆိုချက်၊ "အကျွန်ုပ်တို့သည် ကိုယ်တိုင်ပြုမိသော ဒုစရိုက်အမှု၊ ကြီးစွာသော လွန်ကျူးခြင်းအပြစ်ကြောင့်"

ဤမျှလောက် ခံရပြီးမှငင်း၊ ကိုယ်တော်သည် ဤမျှလောက် ချမ်းသာပေးတော်မူပြီ။
"သင်သည် ကျွန်ုပ်တို့ကို အသေသတ်လျှင်လည်း တရားပါ၏။ သို့သော် ကိုယ်တော်သည် မစီရင်ဘဲ အချို့တို့ကို အသက်ရှင်ခွင့်ပေးသည်"။

အကျွန်ုပ်တို့သည် ပညတ်တရားတော်တို့ကို တဖန်လွန်ကျူး၍
အခြားသော ဘာသာပြန်ဆိုချက်၊ "အကျွန်ုပ်တို့သည် ပညတ်တရားတော်တို့ကို တဖန်လွန်ကျူး၍၊ ဤရွံရှာဘွယ်အမှုတို့ကို ပြုတတ်သော လူမျိုးနှင့်ပေါင်းဘော်လျှင် အမှားကြီးမှားပါလိမ့်မည်။"

အမျက်တော်ထွက်၍ အကျွန်ုပ်တို့ကို ဖျက်ဆီးတော်မူမည်မဟုတ်လော။
အခြားသော ဘာသာပြန်ဆိုချက်၊ "သင်အမျက်ထွက်မည်ကို ငါကြောက်သည်...."။

Ezra 15

အို ကြည့်လော့။
အကျွန်ုပ်ပြောမည့်စကားကို အာရုံစိုက်နားထောင်ပါ။

ကိုယ်အပြစ်များကို ရှေ့တော်၌ တောင်းပန် ပါ၏။
အကျွန်ုပ်တို့အပြစ်များကို ဘုရားရှင်တွေ့မြင်ပါသည်။

ထိုအပြစ်ကြောင့်၊ ရှေ့တော်၌ နေရာမရနိုင်ပါ။
ဘုရားရှင်ရှေ့တော်၌ အပြစ်ကင်းသောသူ၊ ဖြောင့်မတ်သောသူ တယောက်မျှမရှိပါ။

---

# Translation Questions

Ezra 9:1

ဣသရေလလူတို့သည် အခြားသောပြည်သားတို့နှင့် မည်သည့်နည်းအားဖြင့် ခွဲထားခြင်းမရှိခဲ့သနည်း။
ဣသရေလလူတို့သည် အခြားပြည်သားတို့၏ သား၊ သမီးများကို သိမ်းယူသည့်ကြသောကြောင့် သူတို့နှင့် ရောနှောလျက်ရှိသည်။

Ezra 9:3

မဖြောင့်မတ်သောသူတို့အဖို့ ဧဇရက မည်ကဲ့သို့ တုန့်ပြန်ခဲ့သနည်း။
ဧဇရသည် သူ၏ဝတ်လုံကိုဆုတ်၊ ဆံပင်နှင့် မုတ်ဆိတ်ကို နှုတ်ပြီး အရှက်တကွဲခံစား၍ထိုင်နေခဲ့သည်။

Ezra 9:5

ဧဇရသည်သူ၏ရှက်ကြောက်ခြင်းနှင့် စိတ်နှိမ့်ချစွာ ထာဝရဘုရားထံသို့ အဘယ်ကြောင့်တိုးဝင်ခဲ့သနည်း။
သူ့လူများ၏ဒုစရိုက်သည် ပွားများ၍၊ သူတို့အပြစ်များသည် ကောင်းကင်တိုင်အောင်မြင့်မားသောကြောင့် အတွက် ဧဇရသည် ထာဝရဘုရားကို မကြည့်ဝံ့ဘဲ ရှက်ကြောက်၍ စိတ်နှိမ့်ချစွာနေခဲ့သည်။

Ezra 9:8

ဧဇရ၏လူများထံသို့ ထာဝရဘုရားက မည်သည့်အတွက်ကြောင့် ကျေးဇူးပြုခဲ့သနည်း။
သူတို့သည် ဘုရားသခင်၏အိမ်ထောင်ကို ထူထောင်၍၊ ပြိုပျက်ရာတို့ကို ပြုပြင်ခြင်းငှါငင်း၊ ယုဒပြည် ယေရုရှလင်မြို့အဖို့ မြို့ရိုးကို သူတို့အား ပေးဖို့ရန် သူတို့နှင့် ပဋိညာဉ်ကို ဆက်လက်ရှိစေခြင်းဖြစ်သည်။

Ezra 9:10

ပြည်တော်သည် မည်ကဲ့သို့ ညစ်ညမ်းခဲ့သနည်း။
သိမ်းယူလတ့် သောပြည်သည်၊ ပြည်သူပြည်သားတို့ အညစ်အကြေး ကြောင့် ညစ်ညူး၍ တပြည်လုံးကို ရွံရှာဘွယ်အမှုတို့နှင့် ပြည့်သည်။

Ezra 9:13

ထာဝရဘုရားသခင်က လက်တော်ကို မည်ကဲ့သို့ ပြန်ရုတ်သိမ်းသနည်း။
လူတို့၏ဒုစရိုက်နှင့်ထိုက်တန်သောအပြစ်ပေးခြင်းမှ ထာဝရဘုရားသည် လက်တော်ကို ပြန်၍ရုတ်သိမ်းခဲ့သည်။

## Chapter 10

1 ထိုသို့ဧဇရသည် ဘုရားသခင်၏ အိမ်တော်ရှေ့ မှာ ပြပ်ဝပ်လျက်၊ မျက်ရည်ကျလျက် တောင်းပန်၍ ပဋ္ဌနာပြုသောအခါ၊
အလွန်များစွာသော ပရိသတ်၊ ဣသရေလအမျိုး ယောကျ်ား၊ မိန်းမ၊ သူငယ်တို့သည် ဧဇရထံမှာ စည်းဝေး၍ အလွန်ငိုကြွေးကြ၏။ 2
ဧလံအမျိုး၊ ယေဟေလသား ရှေကနိကလည်း၊ ငါတို့သည် ကိုယ်ဘုရားသခင်ကို ပြစ်မှား၍၊ ဤပြည်၌ နေသော တပါးအမျိုးသား
မိန်းမတို့နှင့် စုံဘက်ကြပြီ။ သို့ရာတွင် ဤအမှုမှာ ဣသရေလအမျိုး မျော်လင့်စရာ ရှိသေး၏။ 3 သို့ဖြစ်၍ အရှင်ဘုရားအစရှိသော
ငါတို့ ဘုရားသခင်၏ ပညတ်တရားကို ကြောက်ရွံ့သောသူတို့ သတိပေးသည်အတိုင်း၊ ဤမိန်းမများနှင့် သူတို့ သား သမီးများရှိသမျှကို
စွန့်ပယ်မည်ဟု ငါတို့၏ဘုရားသခင့် ရှေ့တော်၌ အဓိဋ္ဌာန်ပြုကြကုန်အံ့။ ဤအမှုကို တရားရှိသည် အတိုင်း စီရင်ကြကုန်အံ့။ 4
ထတော်မူပါ။ ဤအမှုကို ကိုယ်တော်ဆိုင်ပါ၏။ အကျွန်ုပ်တို့သည်လည်း ဝိုင်း၍မစကြပါမည်။ ရဲရင့်သော စိတ်ရှိ၍ ပြုတော်မူပါဟု
ဧဇရအားပြန်ပြောကြလျှင်၊ 5 ဧဇရသည်ထ၍ ယဇ်ပုရောဟိတ်အကြီး၊ လေဝိ သား၊ ဣသရေလအမျိုးသားအပေါင်းတို့သည် ထိုစကား
အတိုင်း ပြုရမည်အကြောင်း သူတို့အား အကျိန်ပေး၍ သူတို့သည် ကျိန်ဆိုကြ၏။ 6 ထိုအခါ ဧဇရသည် ဘုရားသခင်၏ အိမ်တော်
ရှေ့ကထ၍၊ ဧလျာရှိပ်သားယောဟနန် အခန်းသို့ သွား ၏။ ရောက်သောအခါ မုန့်ကိုမစား၊ ရေကိုမသောက်ဘဲ နေ၏။
အကြောင်းမူကား၊ သိမ်းသွားခြင်းကို ခံဘူးသော သူတို့ပြစ်မှားသော အပြစ်ကြောင့် ညည်းတွားမြည်တမ်း လေ၏။ 7 သိမ်းသွားခြင်းကို
ခံရသော အမျိုးသားအပေါင်း တို့သည်၊ ယေရု ရှလင်မြို့သို့ စည်းဝေးစေမည်အကြောင်း၊ 8 မင်းများနှင့် အသက်ကြီးသူများ စီရင်သည်
အတိုင်း၊ သုံးရက်အတွင်းတွင် မရောက်သောသူမည်သည် ကား၊ သိမ်းသွားခြင်း အမျိုးသားပရိတ်သတ်ထဲက နှင်ထုတ်ခြင်းကိုခံ၍၊
သူ၏ဥစ္စာ ရှိသမျှသည် ကျိန်ဆို အပ်သောဥစ္စာဖြစ်စေမည်အကြောင်း၊ ယေရုရှလင်မြို့မှ စ၍ ယုဒပြည်တရှောက်လုံး၌
ကြော်ငြာကြ၏။ 9 ယုဒအမျိုးနှင့် ဗင်္ယာမိန်အမျိုးသားယောကျ်ား အပေါင်းတို့သည် သုံးရက်အတွင်းတွင်၊ ယေရုရှလင်မြို့မှာ
စည်းဝေး၍ နဝမလအရက်နှစ်ဆယ်တွင်၊ လူအပေါင်းတို့ သည် ထိုအမှုကြောင့်၎င်း၊ သည်းထန်စွာ မိုဃ်းရွာသော ကြောင့်၎င်း၊
တုန်လှုပ်လျက် ဘုရားသခင်၏ အိမ်တော်ဦး ရှေ့မှာ ထိုင်နေကြ၏။ 10 ထိုအခါ ယဇ်ပုရောဟိတ်ဧဇရသည် ထ၍၊ သင်တို့သည်
ပြစ်မှားကြပြီ။ ဣသရေလအမျိုး၌ အပြစ် လေးစေခြင်းငှါ တပါးအမျိုးသား မိန်းမတို့နှင့် စုံဘက်ကြ ပြီတကား။ 11 သို့ဖြစ်၍
ဘိုးဘေးတို့၏ ဘုရားသခင် ထာဝရ ဘုရားအား တောင်းပန်ကြလော့။ အလိုတော်အတိုင်း ပြုလျက်၊ ဤပြည်သားတို့နှင့်၎င်း၊
တပါးအမျိုးသားမိန်းမ တို့နှင့်၎င်း ကွာကြလော့ဟု သူတို့အား ဆို၏။ 12 ပရိသတ်အပေါင်းတို့ကလည်း၊ ကိုယ်တော်
မိန့်တော်မူသည်အတိုင်း အကျွန်ုပ်တို့သည် ပြုပါမည်။ 13 သို့ရာတွင် လူအများရှိပါ၏။ သည်းထန်စွာ မိုဃ်း ရွာသော ကာလဖြစ်ပါ၏။
အကျွန်ုပ်တို့သည် အိမ်ပြင်မှာ မရပ်မနေနိုင်ပါ။ ဤအမှုသည် တရက်နှစ်ရက်တွင် ပြီးနိုင် သော အမှုမဟုတ်ပါ။ ပြစ်မှားသောသူ
အများရှိပါ၏။ 14 ငါတို့ ပရိသတ်အပေါင်းကို အုပ်ချုပ်သော အကြီးအကဲတို့သည် စီရင်သဖြင့်၊ တို့နေရာမြို့ရွာ၌ တပါး
အမျိုးသားမိန်းမနှင့် စုံဘက်သော သူအပေါင်းတို့သည် ခြိန်းချက်သောအချိန်တို့၌ မြို့အသီးသီးအသက်ကြီး သူများ၊
တရားသူကြီးများနှင့် အတူလာ၍ ဤအမှုကြောင့် ပြင်းစွာ ထွက်သောငါတို့ ဘုရားသခင်၏ အမျက်တော်ကို ဖြေကြပါစေဟု
ကြီးစွာသောအသံနှင့် ပြန်ပြောကြ၏။ 15 အာသဟေလသား ယောနသန်နှင့် တိကဝသား ယဟာဇိသာလျှင် ထိုအမှုကိုပြုစုကြ၏။
လေဝိသား မေရှုလံနှင့် ရှဗ္ဗသဲတို့သည် ဝိုင်းညီကြ၏။ 16 သိမ်းသွားခြင်းကို ခံရသော အမျိုးသားတို့သည် ဝန်ခံကြသည်နှင့်အညီ၊
ယဇ်ပုရောဟိတ်ဧဇရသည် ရွေး ချယ်၍ အဆွေအမျိုးအလိုက် အမည်များကို မှတ်သား သော အဆွေအမျိုးသူကြီးတို့သည်
ဒသမလတရက်နေ့တွင် ထိုအမှုကို စစ်ကြောခြင်းငှါ ထိုင်နေကြ၏။ 17 တပါးအမျိုးသား မိန်းမနှင့်စုံဘက်သောသူ အပေါင်းတို့ကို
ပဌမလတရက်နေ့တိုင်အောင် အကုန် အစင် စစ်ကြောစီရင်ကြ၏။ 18 တပါးအမျိုးသားမိန်းမနှင့် စုံဘက်သော ယဇ်
ပုရောဟိတ်အမျိုးသားဟူမူကား၊ ယောရှုအမျိုး ယောဇ ဒက်သားနှင့် သူ၏ညီ မာသေယ၊ ဧလျေဇာ၊ ယာရိပ်၊ ဂေဒလိတည်း။ 19
သူတို့သည် မယားနှင့်ကွာမည်ဟု ဂတိထားကြ ၏။ ပြုမိသော အပြစ်ကြောင့် သိုးကိုယဇ်ပူဇော်ကြ၏။ 20 ထိုမှတပါး၊ ဣမေရအမျိုး
ဟာနန်နှင့် ဇေဗဒိ၊ 21 ဟာရိမ်အမျိုး မာသေယ၊ ဧလိယ၊ ရှေမာယ၊ ယေဟေလ၊ ဩဇိ၊ 22 ပါရှုရအမျိုး ဧလိဩနဲ၊ မာသေယ၊ ဣရှ မေလ၊
နာသနေလ၊ ယောဇဗဒ်၊ ဧလာသ။ 23 လေဝိသားယောဇဗဒ်၊ ရှိမိ၊ ကေလာယတည်း ဟူသော ကေလိတ၊ ပေသာဟိ၊ ယုဒ၊ ဧလျေဇာ၊ 24
သီချင်းသည် ဧလျာရှိပ်၊ တံခါးစောင့် ရှလ္လုံ၊ တေလင်၊ ဥရိ၊ 25 ဣသရေလအမျိုးထဲက ပါရုတ်အမျိုးရာမိ၊ ယေဇိ၊ မာလခိ၊ မျာမိန်၊
ဧလာဇာ၊ မာလခိယ၊ ဗေနာယ၊ 26 ဧလံအမျိုးမတ္တနိ၊ ဇာခရိ၊ ယေဟေလ၊ အာဗဒိ၊ ယေရမုတ်၊ ဧလျာ၊ 27 ဇတ္တုအမျိုး ဧလိဩနဲ၊
ဧလျာရှိပ်၊ မတ္တနိ၊ ယေရမုတ်၊ ဇာဗဒ်၊ အာဇိဇ၊ 28 ဗေဗဲအမျိုးယောဟနန်၊ ဟာနနိ၊ ဇဗ္ဗဲ၊ အာသလဲ၊ 29 ဗာနိအမျိုးမေရှုလ၊ မလ္လုတ်၊
အဒါယ၊ ယာရှုပ်၊ ရှာလ၊ ရာမုတ်၊ 30 ပါဟတ်မောဘ အမျိုးအဒန၊ ခေလာလ၊ ဗေနာယ၊ မာသေယ၊ မတ္တနိ၊ ဗေဇလေလ၊ ဗိန္နိ၊ မနာရှေ၊ 31
ဟာရိမ်အမျိုးဧလျေဇာ၊ ဣရှိယ၊ မာလခိ၊ ရှေမာယ၊ ရှိမောင်၊ ဗင်္ယာမိန်၊ မလ္လုတ်၊ ရှေမရိ၊ 32-33 ဟာရှုံအမျိုးမတ္တနဲ၊ မတ္တသ၊ ဇာဗဒ်၊
ဧလိဖလက်၊ ယေရမဲ၊ မာနရှေ၊ ရှိမိ၊ 34 ဗာနိအမျိုးမာဒဲ၊ အာမရံ၊ ဝေလ၊ ဗေနာယ၊ ပေဒိ၊ ခေလု၊ 35-36 ဝါနိ၊ မေရမုတ်၊ ဧလျာရှိပ်၊ မတ္တနိ၊
မတ္တနဲ၊ ယာသော၊ 37-38 ထိုမှတပါး၊ ဗာနိ၊ ဗိန္နိ၊ ရှိမိ၊ 39-40 ရှေလမိ၊ နာသန်၊ အဒါယ၊ မာခနဒေဗဲ၊ ရှာရဲ၊ ရှာရဲ၊ 41 အာဇရေလ၊ ရှေလမိ၊
ရှေမရိ၊ ရှလ္လုံ၊ အာမရိ၊ ယောသပ်၊ 42-43 နေဗောအမျိုး ယေယေလ၊ မတ္တိသိ၊ ဇာဗဒ်၊ ဇေဗိန၊ ယာဒေါ၊ ယောလ၊ ဗေနာယတည်း။ 44
ဤသူ အပေါင်းတို့သည် တပါးအမျိုးသား မိန်းမနှင့် စုံဘက်၍ သားသမီးကို မြင်ရကြပြီ။

 generated on Tue Jul 2 12:50:28 2024

Ezra 01

ဧဇရသည် .... ပြပ်ဝပ်လျက်၊ မျက်ရည်ကျလျက် တောင်းပန်၍ ပဋ္ဌနာပြုသောအခါ၊
ဧဇရသည် မိမိကိုယ်ကို အခြားသူတစ်ယောက် ကဲ့သို့ စကားပြောသည်။

ပြပ်ဝပ်လျက်၊
မတ်တတ်ရပ်နေသည့် အနေအထားမှ မြေပြင်သို့ ပြပ်ဝပ်လျက် ( ပြားပြားဝပ်လျက်)

ဘုရားသခင်၏ အိမ်တော်ရှေ့
ဘုရားသခင်၏ ဗိမာန်တော်ရှေ့

ရှေကနိ
၈:၄ တွင် ကြည့်ပါ။

ယေဟေလ
၈:၈ တွင် ကြည့်ပါ။

ငါတို့သည် ကိုယ်ဘုရားသခင်ကို ပြစ်မှား၍
တစ်မျိုးသားလုံး အပြစ်ဝန်ချတောင်းပန်သည့် စကား ဖြစ်သည်။

Ezra 03

အကျွန်ုပ်တို့သည်လည်းသင်နှင့်အတူရှိမည်။
အကျွန်ုပ်တို့သည်လည်း သင့်ကို ဝိုင်း၍မစကြပါမည်။

Ezra 05

ယောဟနန်၊ ဧလျာရှိပ်၊
အမျိုးသား အမည်နာမ

Ezra 07

သုံးရက်အတွင်းတွင် မရောက်သောသူမည်သည် ကား၊ သိမ်းသွားခြင်း အမျိုးသားပရိတ်သတ်ထဲက နှင်ထုတ်ခြင်းကိုခံ၍၊ သူ၏ဥစ္စာ ရှိသမျှသည် ကျိန်ဆို အပ်သောဥစ္စာဖြစ်စေမည်အကြောင်း၊
သုံးရက်အတွင်းတွင် စည်းဝေးရာသို့ မရောက်သောသူမည်သည်ကား၊ သိမ်းသွားခြင်း အမျိုးသား ပရိတ်သတ်ထဲမှ နှင်ထုတ်ခြင်းကိုခံ၍၊ သူ၏ဥစ္စာ ရှိသမျှသည် ကျိန်ဆို အပ်သောဥစ္စာဖြစ်စေမည်အကြောင်းနှင့် ယုဒလူမျိုးနှင့် ယေရုရှလင်မြို့မှ မြို့သားများက ထို ဥစ္စာ ရှိသမျှကို အခြားသို့ ယူဆောင်သွားပါလိမ့်မည်။

သုံးရက်အတွင်း

Ezra 09

သုံးရက်အတွင်းတွင်၊
(၃)ရက်လွန်ပြီးသည့်နောက်

နဝမလအရက်နှစ်ဆယ်တွင်၊
ဟေဗြဲ လူမျိုး ပြက္ခဒိန် အရ နဝမလအရက်နှစ်ဆယ် သည် အနောက်နိုင်ငံ ပြက္ခဒိန် အရ ဒီဇင်ဘာလလယ် ဖြစ်ပါသည်။

ဘုရားသခင်၏ အိမ်တော်ဦး ရှေ့မှာ
ဘုရားသခင်၏ ဗိမာန်တော်ရှေ့ ရင်ပြင်တော်မှာ

တပါးအမျိုးသား မိန်းမတို့နှင့် စုံဘက်ကြ ပြီ
အခြားသော ဘာသာပြန်ဆိုချက်၊ "ရန်သူဖြစ်သော တပါးအမျိုးသားတို့ကို ကူညီကြပြီ"

ဣလသရေလအမျိုး၌ အပြစ် လေးစေခြင်း
"ဣလသရေလအမျိုး၌ ယခင်ကထက် ဘုရားသခင်သည် အပြစ်လေးစေခြင်း"

Ezra 11

တပါးအမျိုးသားမိန်းမ တို့နှင့်ငှင်း ကွာကြလော့
တစ်ပါးအမျိုးသား၊ မိန်းမတို့ကို ရှောင်၍ နေကြလော့

Ezra 12

ဤအမှုသည် တရက်နှစ်ရက်တွင် ပြီးနိုင် သော အမှုမဟုတ်ပါ။
အခြားသော ဘာသာပြန်ဆိုချက်၊ "ဤအမှုသည် တာရှည်သောအမှု ၊ ကာလကြာရှည်စွာ ဆောင်ရွက်ရသောအမှုအရာ ဖြစ်ပါသည်။"

Ezra 14

ချိန်းချက်သောအချိန်တို့၌ မြို့အသီးသီးအသက်ကြီး သူများ၊ တရားသူကြီးများနှင့် အတူလာ၍
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အသက်ကြီးသူများနှင့် တရားသူကြီးတို့ စီရင်ရမည့်အချိန်"

ယောနသန်၊ အာသဟေလ၊ ယဟာဇိ၊ တိကဝ၊ မေရှုလံ၊ ရှဗ္ဗသဲ
အမျိုးသားများ၏ အမည်နာမများ

အာသဟေလသား ယောနသန်နှင့် တိကဝသား ယဟာဇိသာလျှင် ထိုအမှုကိုပြုစုကြ၏။
ဖြစ်နိုင်ချေ အဓိပ္ပါယ်များမှာ (၁) ဤလူတို့သည် အမှုကို တာဝန်ရှိသူများ စစ်ဆေးရန် မလိုလားကြပေ၊ သို့မဟုတ် (၂) ဤလူတို့သည် လူတို့ ထိမ်းမြားခြင်းကိစ္စကို ဝင်မစွက်ကြရန် အလိုရှိသည်။

Ezra 16

စစ်ကြောစီရင်ကြ၏
လူတို့သည် ယုဒအမျိုးမဟုတ်သော သူများအား လက်ထပ်ခြင်းပြုသူတို့ကို စုံစမ်းကြသည်။

ဒသမလတရက်နေ့တွင်
ဟေဗြဲပြက္ခဒိန်အရ ဒသမလ တရက် နေ့သည်
အနောက်တိုင်းပြက္ခဒိန် အရ ဒီဇင်ဘာလလယ် ဖြစ်သည်။

ပဥ္စမလတရက်နေ့
အနောက်တိုင်းပြက္ခဒိန်အရ မတ်လလယ် ဖြစ်သည်။

Ezra 18

ယောရှု
အမျိုးသား၏ အမည်နာမ

ယောဇဒက်
အမျိုးသား၏ အမည်နာမ

မာသေယ၊ ဧလျေဇာ၊ ယာရိပ်၊ ဂေဒလိ
အမျိုးသားများ၏ အမည်နာမများ

ဧလျေဇာ..... ယာရိပ်၊
8: 15 အတိုင်း ပြန်ဆိုရန်ဖြစ်သည်။

Ezra 20

ယေဘုယျ အချက်အလက်
ဧဇရသည် ယုဒလူမျိုးမဟုတ်သော တပါးအမျိုးသား မိန်းမတို့နှင့်
စုံဘက်ကြသော သူများ၏ စာရင်းကို ဆက်လက်
ပြုစုမှတ်သားသည်။

ဣမေရ၊ ပါရှုရ
အမျိုးသားများ၏ အမည်နာမများ

ဟာနန်၊ ဧလိဩနဲ၊ နာသနေလ၊ ဧလာသ။
အမျိုးသားများ၏ အမည်နာမများ

ဇေဗဒိ
အမျိုးသား၏ အမည်

ဟာရိမ်
အမျိုးသား၏ အမည်

မာသေယ
အမျိုးသား၏ အမည်

ရှေမာယ.... ယေဟေလ
အမျိုးသားများ၏ အမည်

ယောဇဗဒ်
အမျိုးသား၏ အမည်

Ezra 23

ယေဘုယျ အချက်အလက်
ဧဇရသည် ယုဒလူမျိုးမဟုတ်သော တပါးအမျိုးသား မိန်းမတို့နှင့်
စုံဘက်ကြသော သူများ၏ စာရင်းကို ဆက်လက်
ပြုစုမှတ်သားသည်။

ယောဇဗဒ်
အမျိုးသား၏ အမည်နာမ

ဧလျာရှိပ်
အမျိုးသား၏ အမည်နာမ

ရှလ္လုံ
အမျိုးသား၏ အမည်နာမ

ပါရုတ်
အမျိုးသား၏ အမည်နာမ

ဧလာဇာ
အမျိုးသား၏ အမည်နာမ

Ezra 26

ယေဘုယျ အချက်အလက်
ဧဇရသည် ယုဒလူမျိုးမဟုတ်သော တပါးအမျိုးသား မိန်းမတို့နှင့်
စုံဘက်ကြသော သူများ၏ စာရင်းကို ဆက်လက်
ပြုစုမှတ်သားသည်။

ဧလံ၊ ဇတ္တု၊ ဗာနိ
အမျိုးသား၏ အမည်နာမ

ယေဟေလ
အမျိုးသား၏ အမည်နာမ

ဧလိဩနဲ၊ ယောဟနန်
အမျိုးသား၏ အမည်နာမ

ဧလျာရှိပ်
အမျိုးသား၏ အမည်နာမ

ဗေဗဲ
အမျိုးသား၏ အမည်နာမ

ယေဟောနန်
အမျိုးသား၏ အမည်နာမ

မေရှုလ
အမျိုးသား၏ အမည်နာမ

Ezra 30

ယေဘုယျ အချက်အလက်
ဧဇရသည် ယုဒလူမျိုးမဟုတ်သော တပါးအမျိုးသား မိန်းမတို့နှင့် စုံဘက်ကြသူများ၏ စာရင်းကို ဆက်လက် ပြုစုမှတ်သားသည်။

ပါဟတ်မောဘ
အမျိုးသား၏ အမည်နာမ

ဗေနာယ၊ မာသေယ
အမျိုးသား၏ အမည်နာမ

မနာရှေ
အမျိုးသား၏ အမည်နာမ

မတ္တနိ
အမျိုးသား၏ အမည်နာမ

ဗိန္နွီ
အမျိုးသား၏ အမည်နာမ

ဟာရိမ်
အမျိုးသား၏ အမည်နာမ

ဧလျေဇာ
အမျိုးသား၏ အမည်နာမ

မလ္လုတ်
အမျိုးသား၏ အမည်နာမ

Ezra 33

ယေဘုယျ အချက်အလက်
ဧဇရသည် ယုဒလူမျိုးမဟုတ်သော တပါးအမျိုးသား မိန်းမတို့နှင့် စုံဘက်ကြသော သူများ၏ စာရင်းကို ဆက်လက် ပြုစုမှတ်သားသည်။

ဟာရှုံ
အမျိုးသား၏ အမည်နာမ

ဇာဗဒ်
အမျိုးသား၏ အမည်နာမ

ဧလိဖလက်
အမျိုးသား၏ အမည်နာမ

မာနရှေ
အမျိုးသား၏ အမည်နာမ

ရှိမိ၊ ဗေနာယ
အမျိုးသား၏ အမည်နာမ

ဗါနိ
အမျိုးသား၏ အမည်နာမ

မေရမုတ်
အမျိုးသား၏ အမည်နာမ

ဧလျာရှိပ်
အမျိုးသား၏ အမည်နာမ

Ezra 37

ယေဘုယျ အချက်အလက်
ဧဇရသည် ယုဒလူမျိုးမဟုတ်သော တပါးအမျိုးသား မိန်းမတို့နှင့် စုံဘက်ကြသောသူများ၏ စာရင်းကို ဆက်လက် ပြုစုမှတ်သားသည်။

မတ္တနိ၊ အဒါယ
အမျိုးသား၏ အမည်နာမ

မတ္တနဲ
အမျိုးသား၏ အမည်နာမ

ဗိန္နွီ
အမျိုးသား၏ အမည်နာမ

ရှိမိ
အမျိုးသား၏ အမည်နာမ

Ezra 41

ယေဘုယျ အချက်အလက်
ဧဇရသည် ယုဒလူမျိုးမဟုတ်သော တပါးအမျိုးသား မိန်းမတို့နှင့် စုံဘက်ကြသော သူများ၏ စာရင်းကို ဆက်လက် ပြုစုမှတ်သားသည်။

ရှေလမိ၊
အမျိုးသား၏ အမည်နာမ

ရှေလမိ၊
အမျိုးသား၏ အမည်နာမ

ရှလ္လုံ၊
အမျိုးသား၏ အမည်နာမ

အာမရိ၊
အမျိုးသား၏ အမည်နာမ

နေဗော
အမျိုးသား၏ အမည်နာမ

ယေယေလ၊
အမျိုးသား၏ အမည်နာမ

ဇာဗဒ်၊
အမျိုးသား၏ အမည်နာမ

ယာဒေါ၊
အမျိုးသား၏ အမည်နာမ

ဗေနာယ၊
အမျိုးသား၏ အမည်နာမ

ဤသူ အပေါင်းတို့သည်
ဤသူ အပေါင်းတို့သည် (၁၀း၂၀) တွင် အစပြုသည်အတိုင်း။

---

# Translation Questions

Ezra 10:1

ဧဇရသည် ဝန်ခံလျက် ဆုတောင်းပဌနာပြု၍ မည်သည့်အရာကိုလုပ်ဆောင်ခဲ့သနည်း။
ဧဇရသည် ဝန်ခံလျက် ဆုတောင်းပဌနာပြုသောအခါ မျက်ရည်ကျလျက် ပြက်ဝပ်လျက်ရှိသည်။

Ezra 10:3

ဣသရေလတို့လုပ်ဆောင်ရမည့် ပဋိညာဉ်တရားကား အဘယ်နည်း။
မိန်းမများနှင့် သူတို့သား သမီးများရှိသမျှကို စွန့်ပယ်မည်ဟု ငါတို့၏ဘုရားသခင့် ရှေ့တော်၌ ပဋိညာဉ်ပြုကြရန်ဖြစ်သည်။

Ezra 10:5

ဧဇရက မည်သည့်အတွက်ကြောင့် အစားကိုမစား ရေကို မသောက်ပဲနေခဲ့သနည်း။
သိမ်းသွားခြင်းခံရသော သူတို့၏သစ္စာပျက်မှုကြောင့် ငိုကြွေးမြည်တမ်းသောကြောင့် ဧဇရသည် အစားကိုမစား ရေကို မသောက်ပဲနေခဲ့သည်။

Ezra 10:7

မင်းများနှင့် အသက်ကြီးသူများ စီရင်သည် အတိုင်း၊ သုံးရက်အတွင်းတွင် မရောက်သောသူသည် မည်သို့ဖြစ်မည်နည်း။
မင်းများနှင့် အသက်ကြီးသူများ စီရင်သည် အတိုင်း၊ သုံးရက်အတွင်းတွင် မရောက်သောသူသည် သိမ်းသွားခြင်း အမျိုးသားပရိတ်သတ်ထဲက နှင်ထုတ်ခြင်းကိုခံ၍၊ သူ၏ဥစ္စာ ရှိသမျှသည် ကျိန်အပ်သောဥစ္စာဖြစ်စေရမည်ဖြစ်သည်။

Ezra 10:9

ထာဝရဘုရား၏အိမ်တော်ရှေ့တွင် လူအပေါင်းတို့သည် မည်သည့်အတွက်ကြောင့် ဝိုင်းလျက်နေခဲ့ကြသနည်း။
လူအပေါင်းတို့သည် စကားတော်နှင့် မိုးကြောင့်၊ တုန်လှုပ်လျက် ဘုရားသခင်၏ အိမ်တော်ရှေ့တွင် ဝိုင်း၍ရပ်နေခဲ့ကြသည်။

Ezra 10:12

ဣသရေလလူတို့သည် အခြားသောတိုင်းတစ်ပါးအမျိုးသမီးများကို အဝေးသို့ပို့ရန် အဘယ်ကြောင့် အချိန်ထပ်တောင်းခဲ့ကြသနည်း။
လူများစွာဖြစ်၍ မိုးရာသီဖြစ်သောကြောင့်ဖြစ်သည်။ သူတို့သည် အိမ်ပြင်တွင်မနေနိုင်၊ ထိုအမှုကိုလွန်စွာနောင်တရကြသည်။

Ezra 10:16

မည်သည့်အချိန်တွင် တပါးအမျိုးသားမိန်းမနှင့် စုံဘက်သောသူတို့ကို ရှာဖွေတွေ့ရှိခဲ့ကြသနည်း။
ပဌမလတရက်နေ့တွင် တပါးအမျိုးသားမိန်းမနှင့် စုံဘက်သောသူတို့ကို ရှာဖွေတွေ့ရှိခဲ့ကြသည်။

Ezra 10:18

အပြစ်ရှိသောသူတို့သည် မည်သည့်အရာကို ပူဇော်ကြရသနည်း။
အပြစ်ရှိသောသူတို့သည် အပြစ်ကြောင့် သိုးကိုယဇ်ပူဇော်ကြရသည်။



generated on Tue Jul 2 12:50:28 2024

# Nehemiah

## Chapter 1

1 ဟာခလိသား နေဟမိစကားဟူမူကား၊ အာတ ဇေရဇ်မင်းကြီး နန်းစံနှစ်ဆယ်၊ ခိသလုလတွင်၊ ငါသည် ရှုရှန်နန်းတော်၌ ရှိနေစဉ်၊ 2
ငါ့ညီ ဟာနန်နှင့် ယုဒလူအချို့တို့သည် ရောက်လာ၍၊ ငါသည် သိမ်းသွားခြင်းကို ခံရသောယုဒလူစုထဲ က လွတ်သော သူတို့၏
အကြောင်းအရာနှင့်၊ ယေရုရှလင်မြို့၏ အကြောင်းအရာကို မေးမြန်းလျှင်၊ 3 သူတို့က၊ သိမ်းသွားခြင်းကို ခံရသော လူစုထဲက လွတ်၍၊
ထိုပြည်၌ နေသောသူတို့သည် ကြီးစွာသော ဆင်းရဲခြင်း၊ ကဲ့ရဲ့ခြင်းကို ခံရကြ၏။ ယေရုရှလင်မြို့ရိုးသည် ပြိုပျက်လျက်၊
မြို့တံခါးလည်း မီးလောင်၍ ကုန်ပြီဟု ပြန်ပြောကြ၏။ 4 ထိုစကားကိုကြားလျှင်၊ ငါသည် ထိုင်၍ အင်တန် ကာလပတ်လုံး
ငိုကြွေးမြည်တမ်းလျက်၊ အစာရှောင်လျက် နေ၍၊ ကောင်းကင်ဘုံ၏အရှင် ဘုရားသခင့်ရှေ့တော်၌ ဆုတောင်းသော ပဌာနာဟူမူကား၊ 5
အိုကောင်းကင်ဘုံ၏အရှင် ဘုရားသခင် ထာဝရဘုရား၊ ကြီးမြတ်၍ ကြောက်မက်ဘွယ်သော ဘုရား၊ ပညတ်တော်တို့ကို နှစ်သက်၍
ကျင့်စောင့်သော သူတို့နှင့်ဖွဲ့သော ကရုဏာပဋိညာဉ်ကို မဖျက်၊ တည်စေ တော်မူသောဘုရား၊ 6 ကိုယ်တော်
ကျွန်ဣသရေလအမျိုးသားတို့အဘို့၊ ရှေ့တော်၌ နေ့ညဉ့်မပြတ် အကျွန်ုပ်ဆုတောင်း၍၊ ဣသရေလအမျိုးသားဖြစ်သော
အကျွန်ုပ်တို့သည် ကိုယ်တော်ကို ပြစ်မှားမိသော အပြစ်များကို ဘော်ပြ၍ တောင်းပန် သော ကိုယ်တော်ကျွန်၏ ပဌနာစကားကို
ကြားခြင်းငှါ၊ ယခု နားထောင်၍ စေ့စေ့ကြည့်ရှုတော်မူပါ။ 7 အကျွန်ုပ်နှင့် အကျွန်ုပ်အဆွေအမျိုးတို့သည် ပြစ်မှားပါပြီ။ ကိုယ်တော်ကို
ပြစ်မှား၍၊ အလွန်ဆိုးညစ် သော အမှုတို့ကို ပြုမိပါပြီ။ ကိုယ်တော် ကျွန်မော်ရှေ၌ ထားတော်မူသော ပညတ်တရား၊
စီရင်ထုံးဖွဲ့တော်မူချက် တို့ကို မစောင့်ဘဲနေပါပြီ။ 8 ကိုယ်တော်က၊ သင်တို့သည် လွန်ကျူးလျှင်၊ သင်တို့ကို တပါးအမျိုးသားတို့တွင်
ငါကွဲပြားစေမည်။ 9 တဖန် ငါ့ထံသို့ ပြန်လာ၍၊ ငါ့ပညတ်တို့ကို ကျင့် စောင်ပြန်လျှင်၊ မိုဃ်းကောင်းကင်အောက် အဝေးဆုံး သော
အရပ်သို့ နှင့်ထုတ်ခြင်းကို ခံရသော်လည်း၊ ထိုအရပ် က ငါသိမ်းယူ၍၊ ငါ့နာမတည်ရာဘို့ ငါရွေးချယ်သော အရပ်သို့ ဆောင်ခဲ့မည်ဟု
ကိုယ်တော်ကျွန်မောရှ၌ ထားတော်မူသော ဂတိတော်ကို အောက်မေ့တော်မူပါ။ 10 ယခုမှာ၊ ဤသူတို့သည် မဟာတန်ခိုးတော်နှင့်
အားကြီးသော လက်တော်ဖြင့် ရွေးနှုတ်တော်မူသော ကိုယ်တော်ကျွန်၊ ကိုယ်တော်လူမျိုး ဖြစ်ကြပါ၏။ 11 အို ဘုရားရှင်၊ ကိုယ်တော်
ကျွန်ပြုသော ပဌနာ စကားနှင့် နာမတော်ကို ရိုသေချင်သော ကျွန်တော်များ ပြုသော ပဌနာစကားကို နားထောင်တော်မူပါ။
ကိုယ်တော်ကျွန်ကို ယနေ့ကောင်းကြီးပေးတော်မူပါ။ ဤလူရှေ့မှာ မျက်နှာရပါမည်အကြောင်း ကယ်မသနား တော်မူပါဟု
ဆုတောင်းလေ၏။ ထိုအခါ ငါသည် ရှင် ဘုရင်၏ ဖလားတော်ကို ဖြစ်သတည်း။

---

Nehemiah 01

သား နေဟမိ ----- ဟာခလိ ---- ဟာနန်
ဤအရာများသည် လူယောက်ကျားများ၏ အမည်ဖြစ်သည်။

ခိသလုလတွင်
"ခိသလုလ" သည် ဟေဗြဲလူမျိုးများ၏ ပြက္ခဒိန်တွင် ကိုး
လမြောက်သောလဖြစ်သည်။ အနောက်တိုင်းပြက္ခဒိန်တွင်
နိုဝင်ဘာလ၏ နောက်ဆုံးပိုင်းနှင့် ဒီဇင်ဘာလ၏
ပထမပိုင်းအတွင်းတွင် ဖြစ်သည်။

နန်းစံနှစ်ဆယ်
နေဟေမိသည် အာတဇေရဇ်မင်းကြီးနောက် နှစ်အရေအတွက်ကို
ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ပါရသိဘုရင်
အာတဇေရဇ် နန်းစံသော အနှစ်နှစ်ဆယ်"

ရှုရှန်နန်းတော်၌
ဤအရာသည် ပါရသိဘုရင်များ၏ တော်ဝင်မြို့တော်များထဲမှ
မြို့တစ်မြို့ဖြစ်ပြီး၊ ဧလံနိုင်ငံတွင် တည်ရှိသည်။ ၎င်းသည်
အလွန်ကြီးမားပြီး၊ မြင့်သောတံတိုင်းများဖြင့် ဝိုင်းရံထားသော
ကြံ့ခိုင်သောမြို့ဖြစ်သည်။

ငါ့ညီ ဟာနန်နှင့်
ဟာနန်သည် နေဟေမိ၏ သွေးသားတော်စပ်သော
ညီအစ်ကိုဖြစ်သည်။

ဟာနန်နှင့် ယုဒလူအချို့တို့သည် ရောက်လာ၍၊
"ဟာနန်သည် ယုဒပြည်မှ အခြားသောလူများနှင့် လာသည်။"

သိမ်းသွားခြင်းကို ခံရသောယုဒလူစုထဲ က လွတ်သော သူတို့၏
အကြောင်းအရာနှင့်
ဤစကားစုနှစ်စုသည် တူညီသော လူအုပ်စုများကို
ရည်ညွှန်းခြင်းဖြစ်သည်။ ဖြစ်နိုင်ခြေရှိသော အဓိပ္ပါယ်များမှာ

Nehemiah 03

သူတို့က ပြန်ပြောကြ၏
ဤနေရာတွင် "သူတို့" ဟူသော စကားလုံးသည် ယုဒပြည်မှ
လာခဲ့ကြသော ဟာနန်နှင့် အခြားသောလူများကို
ရည်ညွှန်းခြင်းဖြစ်သည်။

ထိုပြည်၌
ဤနေရာတွင် "ပြည်" ဟူသောစကားလုံးသည်
ပါရှာန်အင်ပါယာအုပ်ချုပ်မှုအောက်ရှိ နယ်မြေတစ်ခုဖြစ်သော


generated on Tue Jul 2 12:50:28 2024

ယုဒပြည်မှလာသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယုဒလက်အောက်ခံနယ်မြေ" သို့မဟုတ် "ယုဒပြည်"

ယေရုရှလင်မြို့ရိုးသည် ပြိုပျက်လျက်၊ မြို့တံခါးလည်း မီးလောင်၍ ကုန်ပြီဟု ပြန်ပြောကြ၏။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ရန်သူများသည် ယေရုရှလင်တံတိုင်းကို ဖြိုခွင်းပြီး ထိုဂိတ်တံခါးကို မီးရှို့ဖျက်ဆီးခဲ့သည်။"

Nehemiah 04

အိုကောင်းကင်ဘုံ၏အရှင် ဘုရားသခင်
နေဟေမိက သူမည်သို့ဆုတောင်းခြင်းအရာကို ပြောသောစကားဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထိုနောက်ကောင်းကင်ဘုံ၏အရှင် ဘုရားသခင်ဟု ငါပြောဆို၏။"

ပညတ်တော်တို့ကို နှစ်သက်၍ ကျင့်စောင့်သော သူတို့နှင့်ဖွဲ့သော ကရုဏာပဋိညာဉ်ကို မဖျက်
နေဟေမိသည် ထာဝရဘုရားသခင်ကို တောင်းလျှောက်သောအခါ၊ "သူ" နှင့် "သူ၏" ဟူသော နာမ်စားကို "သင်" နှင့် "သင်တို့" ဟူ၍ ဘာသာပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင့်ကို ချစ်သောသူနှင့် သင့်ပညတ်များကို ကျင့်ဆောင်သော သူတို့"

Nehemiah 06

စေ့စေ့ကြည့်ရှုတော်မူပါ
နေဟေမိက သူ၏ ဆုတောင်းခြင်းအရာ၌ ဘုရားသခင်သည် မျက်စိဖွင့်လျှက် သူ့ကိုကြည့်ရှုတော်မူသဖြင့် အလေးထား ဂရုစိုက်ကြောင်းကို ပြောဆိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်ကို ကြည့်ပါ" သို့မဟုတ် "ကျွန်ုပ်ကို အလေးထားဂရုစိုက်ပါ"

ကိုယ်တော်ကျွန်၏ ပဌနာစကားကို ကြားခြင်ငှါ
"ကိုယ်တော်၏ကျွန် အကျွန်ုပ်၏ ဆုတောင်းသံကို ကိုယ်တော်ကြားစေပါ။" "ကျွန်" ဟူသောစကားလုံးသည် နေဟေမိကို ရည်ညွှန်းပြောဆိုခြင်းဖြစ်သည်။ ၎င်းစကားလုံးသည် လူတစ်ဦးသည် ကြီးမြတ်ပြီးတန်ဖိုးထားသောသူတစ်ဦးအား လေးစားကြောင်းနှင့် နိမ့်ချကြောင်းကို ဖော်ပြသောစကားလုံးဖြစ်သည်။

နေ့ညဉ့်မပြတ်
သူသည် နေ့အချိန်နှင့် ညအချိန်ပါ ဆုတောင်းကြောင်းကိုပြောဆိုသောစကားလုံးဖြစ်ပြီး၊ နေဟေမိသည် ဆုတောင်းခြင်း အကြိမ်အရေအတွက်ကို ဦးစားပေးဖော်ပြခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အချိန်တိုင်း"

အကျွန်ုပ်နှင့် အကျွန်ုပ်အဆွေအမျိုးတို့သည်
ဤနေရာတွင် "အိမ်" ဟူသောစကားလုံးသည် မိသားစု၊ အဆွေအမျိုးကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အကျွန်ုပ်နှင့် အကျွန်ုပ်၏ မိသားစု"

Nehemiah 08

သင်တို့သည် လွန်ကျူးလျှင် ---- သင်တို့ကို ငါကွဲပြားစေမည် ---- တဖန် ငါ့ထံသို့ ပြန်လာ၍ ---- ငါ့ပညတ်တို့ကို ကျင့် စောင်ပြန်လျှင်
"သင်" နှင့် "သင်တို့" ဟူသောနာမ်စားသည် အများကိန်းဖြစ်ပြီး ဣသရေလလူမျိုးများကို ရည်ညွှန်းခြင်းဖြစ်သည်။

သင်တို့ကို တပါးအမျိုးသားတို့တွင် ငါကွဲပြားစေမည်
ထာဝရဘုရားသည် ဣသရေလလူမျိုးများကို မျိုးစေ့များထဲမှ မျိုးစေ့တစ်စေ့ ကွဲပြားသွားသကဲ့သို့ အခြားသော လူမျိုးများထဲတွင် ကွဲပြားစေမည်ဟုပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တပါးအမျိုးသားတို့တွင် သင်တို့ကို ငါကွဲပြားစေမည်။"

မိုဃ်းကောင်းကင်အောက် အဝေးဆုံး သော အရပ်သို့
ထာဝရဘုရားသည် ကမ္ဘာမြေနှင့် အဝေးဆုံးသောနေရာ "မိုးကောင်းကင်အောက် အဝေးဆုံးသောအရပ်သို့" ဟုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အလွန်ဝေးကွာသောနေရာ"

မိုဃ်းကောင်းကင်အောက် အဝေးဆုံး သော အရပ်သို့ နှင်ထုတ်ခြင်းကို ခံရသော်လည်း
တတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့၏ လူတို့ကို ငါကွဲပြားစေသော်လည်း"

ငါရွေးချယ်သော အရပ်သို့ ၏
ဤစကားစုသည် ဗိမာန်တော်တည်ရှိရာ ဂျေရုဆလင်မြို့ကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါရွေးချယ်သော ယေရုရှလင်မြို့သို့ ဆောင်ခဲ့မည်။"

ဆက်စပ်မှု ဖော်ပြချက်
နေဟေမိသည် ဆက်လက်ပြီး ဘုရားသခင်ထံ ဆက်လက်ဆုတောင်းနေသည်။

ငါ့နာမတည်ရာဘို့ ငါရွေးချယ်သော အရပ်သို့ ဆောင်ခဲ့မည်ဟု
ဤနေရာတွင် "နာမ်" ဟူသောစကားလုံးသည် ထာဝရဘုရားကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့နာမတည်ရာဘို့ ငါရွေးချယ်သော အရပ်"

ကိုယ်တော်ကျွန်မောရှေ၌ သင်တို့ကိုထားတော်မူသော ဂတိတော်ကို
"သင်" နှင့် "သင်တို့၏" ဟူသောစကားလုံးသည် ဘုရားသခင်ကို ရည်ညွှန်းခြင်းဖြစ်သည်။

အောက်မေ့တော်မူပါ
"အောက်မေ့တော်မူပါ" ဟူသော စကားလုံးသည် သတိရပါ ဟူသော အဓိပ္ပါယ်ရှိသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကျေးဇူးပြု၍ သတိရပေးပါ။"

Nehemiah 10

ယေဘုယျ အချက်အလက်
နေဟေမိသည် ဆက်လက်ဆုတောင်း နေသည်။

ယခုမှာ
ဤစကားလုံးသည် နေဟေမိ၏ ဆုတောင်းခြင်း၌ ဆုတောင်းခြင်းအကြောင်းတစ်ခုပြီးဆုံး၍ ခေတ္တအနားယူပြီးနောက် အခြား အကြောင်းတစ်ခု ဆုတောင်းရန် အစပြု ရွေးချယ်သော စကားလုံးဖြစ်သည်။ ဤနေရာတွင် သူသည် ထာဝရဘုရား၏ ကတိတော်ကို အခြေခံပြီး တောင်းဆိုမှု အစပြုခြင်းဖြစ်သည်။

ဤသူတို့သည် ကိုယ်တော့်ကျွန်
"သူတို့" ဟူသောစကားလုံးသည် ဣသရေလလူမျိုးများကို ရည်ညွှန်းသည်။

မဟာတန်ခိုးတော်နှင့် အားကြီးသော လက်တော်ဖြင့်
"လက်တော်" ဟူသော စကားလုံးသည် ခွန်အား သို့မဟုတ် စွမ်းအားကို ကိုယ်စားပြုသည်။ အထက်ပါ စကားစုနှစ်စုသည် ထာဝရဘုရား၏ တန်ခိုးကို ကိုယ်စားပြု ဖော်ပြခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကိုယ်တော်၏ မဟာတန်ခိုးတော်နှင့် ခွန်အားကြီးသော လက်တော်" သို့မဟုတ် "ကိုယ်တော်၏ အလွန်တန်ခိုးကြီးသော ခွန်အား"

ကိုယ်တော် ကျွန်ပြုသော ပဋ္ဌနာ စကား
ဤနေရာတွင် "ကျွန်" ဟူသော စကားလုံးသည် နေဟေမိကို ရည်ညွှန်းသည်။ ၎င်းစကားလုံးသည် လူတစ်ဦးသည် ကြီးမြတ်ပြီး တန်ဖိုးထားသောသူတစ်ဦးအား လေးစားကြောင်းနှင့် နှိမ့်ချကြောင်းကို ဖော်ပြသောစကားလုံးဖြစ်သည်။ မည်ကဲ့သို့ ဘာသာပြန်ထားကြောင်းကို ကြည့် (၁:၆)။

ကျွန်တော်များ ပြုသော ပဋ္ဌနာစကားကို နားထောင်တော်မူပါ
"ကျွန်များ" ဟူသောစကားလုံးသည် ဣသရေလလူမျိုးများအားလုံးကို ရည်ညွှန်းသည်။ သူ၏လူမျိုးများနှင့် ယေရုရှလင်မြို့ကိုယ်စား ထာဝရဘုရားကို ဆုတောင်းခြင်းဖြစ်သည်။

နာမတော်ကို ရိုသေချင်သော ကျွန်တော်များ ပြုသော
"နာမ" ဟူသောစကားလုံးသည် ထာဝရဘုရားကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "နာမတော်ကို ရိုသေရန် အထူးနှစ်သက်သောသူများ"

ကိုယ်တော် ကျွန်ပြုသော ဆုတောင်ဌာ -- ဤလူရှေ့မှာ မျက်နှာရပါမည်အကြောင်း ကယ်မသနား တော်မူပါဟု ဆုတောင်းလေ၏
"ကိုယ်တော်ကျွန်" သို့မဟုတ် "သူ" ဟူသောစကားလုံးသည် နေဟေမိကို ရည်ညွှန်းသည်။ ဘုရားသခင်ရှေ့မှာ မျက်နှာရကြောင်း ဖော်ပြသောစကားဖြစ်သည်။ "ဤလူ" ဟူသော စကားလုံးသည် ပါရှားဘုရင် အာတဇေရဇ်ကိုရည်ညွှန်းသည်။

ဤလူရှေ့မှာ
နေဟေမိက တစ်စုံတစ်ခုအပေါ် မြင်သော အမြင်ကဲ့သို့ ဘုရင်၏ သဘောထားနှင့် အစီစဥ်ကို ပြောခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရင်၏ သနားခြင်းကရုဏာသည် ငါတို့အပေါ်သို့ ကျရောက်စေရန် တောင်းဆိုခြင်း" ဖြစ်သည်။

ထိုအခါ ငါသည် ရှင် ဘုရင်၏ ဖလားတော်ကို ဖြစ်သတည်း
ဤအရာသည် ဘုရင့်နန်းတော်၌ နေဟေမိ၏ အခန်းက ဏ္ဍ အကြောင်းဖြစ်သော နောက်ကြောင်းသတင်းအချက်အလက်များကို ဖော်ပြခြင်းဖြစ်သည်။ သင်၏ စကားတွင် နောက်ခံ သတင်းအချက်အလက်နှင့်ပတ်သက်ပြီး အထူးလမ်းတစ်လမ်း ရှိကောင်းရှိနိုင်သည်။

---

## Translation Questions

### Nehemiah 1:1

နေဟမိမှတ်စာကို မည်သူရေးခဲ့သနည်း?
နေဟမိမှတ်စာကို ဟာခလိသား နေဟမိက ရေးခဲ့ပါသည်။

နေဟမိသည် လွတ်မြောက်သော ယုဒလူများ၊ ကျန်ရစ်ခဲ့သောယုဒလူများနှင့် ယေရုရှလင်အကြောင်းကို ဟာနန်နှင့်အချို့လူများကို မည်သည့်အချိန်တွင် မေးခဲ့သနည်း?
သူသည် သူတို့ကို အနှစ်နှစ်ဆယ်၊ ခိသလုလတွင် မေးခဲ့သည်။

### Nehemiah 1:3

ဟာနန်နှင့် ယုဒလူအချို့တို့က မည်သို့ပြန်ဖြေကြသနည်း?
ယေရုရှလင်မြို့ရိုးတို့သည် ကျိုးပျက်၊ လောင်ကျွမ်း၍ ပြည်၌ကျန်ရစ်သောသူများသည် ကြီးစွာသောဒုက္ခနှင့် အသရေပျက်လျက် နေကြရကြောင်း သူတို့က ပြန်ဖြေကြသည်။


generated on Tue Jul 2 12:50:28 2024

Nehemiah 1:4

ယေရုရှလင်၏အခြေအနေကိုကြားရသောအခါ နေဟမိသည် မည်သည့်အရာလုပ်သနည်း?
သူသည် ထိုင်၍၊ ငိုကြွေးသည်။ ရက်ပေါင်းများစွာ ဝမ်းနည်းခြင်း၊ အစာရှောင်ခြင်းနှင့် ဆုတောင်းခြင်းများပြုသည်။

ကောင်းကင်ဗိုလ်ခြေဘုရားသခင်ထံဆုတောင်းသောအခါ နေဟမိသည် မည်သည့်အရာကို တောင်းဆိုသနည်း?
ထာဝရဘုရားသည် သူဆုတောင်းခြင်းကို နားညောင်းရန်၊ ဣသရေလလူများသည် သူ့ထံသို့လှည့်ပြန်၍ သူ့နောက်လိုက်ပြီး၊ သူ့ပညတ်တော်များကိုစောင့်လျှောက်လျှင် ကွဲပြားလျက်ရှိသောသူများကို ပြန်လည်စုရုံးစေမည်ဟု မောရှေအား သူပညတ်ထားသောအရာကို အောက်မေ့ရန် နှင့် ထာဝရဘုရားသည် သူ့ကို အောင်မြင်သောအခွင့်ပေး၍ သူ့အပေါ်သနားခြင်းရှိပါရန် တောင်းလျှောက်သည်။

Nehemiah 1:6

ကောင်းကင်ဗိုလ်ခြေဘုရားသခင်ထံဆုတောင်းသောအခါ နေဟမိသည် မည်သည့်အရာကို ဝန်ချသနည်း?
နေဟမိသည် ဣသရေလလူများ၏အပြစ်များ၊ မိမိအပြစ်များ နှင့် သူ့မိသားစုအပြစ်များကို ဝန်ချသည်။ နေဟမိက သူတို့သည် ထာဝရဘုရားတဘက်၌ မိုက်မဲစွာပြုမူကြပြီ၊ ထာဝရဘုရားသည် မောရှေအား ပညတ်ထားသော အမိန့်တော်များ၊ နည်းဥပဒေသများ နှင့် ပညတ်တော်များကို မစောင့်ရှောက်ကြပြီ ဟု ပြောဆိုသည်။

Nehemiah 1:10

နေဟမိသည် မည်သူ့အဖို့ ဖလားတော်ကိုင် ဖြစ်သနည်း?
နေဟမိသည် ရှင်ဘုရင်အဖို့ ဖလားတော်ကိုင် ဖြစ်သည်။

## Chapter 2

[1] အာတဇေရဇ်မင်းကြီး နန်းစံနှစ်ဆယ်၊ နိသန်လ တွင် ရှေ့တော်၌ တင်သောစပျစ်ရည်ကို ငါကိုင်၍ ဆက် လေ၏။ [2] အထက်ကတခါမျှ
ရှေ့တော်၌ ညှိုးငယ်သော မျက်နှာကို မပြဘူးသည်ဖြစ်၍၊ ရှင်ဘုရင်က၊ ကျန်းမာ လျက်နှင့် အဘယ်ကြောင့် မျက်နှာညှိုးငယ်သနည်း။
ဝမ်း နည်းဟန်ရှိပါသည်တကားဟု မိန့်တော်မူလျှင်၊ [3] ငါသည်အလွန်ကြောက်၍၊ ရှင်ဘုရင် အသက် တော်အစဉ်အမြဲရှင်ပါစေ။
ကျွန်တော်ဘိုးဘေး သင်္ချိုင်း ရှိရာမြို့သည် ပျက်စီးလျက်၊ မြို့တံခါးလည်း မီးလောင်၍ ကုန်ပြီဖြစ်သောကြောင့်၊ ကျွန်တော်သည်
မျက်နှာ မညှိုး ငယ်ဘဲ အဘယ်သို့ နေနိုင်ပါမည်နည်းဟု လျှောက်သော်၊ [4] ရှင်ဘုရင်က၊ အဘယ်သို့ တောင်းလျှောက်ချင် သနည်းဟု
မေးတော်မူ၏။ ငါကလည်း အရှင်မင်းကြီး အလိုတော်ရှိ၍ ကျွန်တော်ကို စိတ်နှင့်တွေ့တော်မူလျှင်၊ ကျွန်တော်
ဘိုးဘေးသင်္ချိုင်းရှိရာမြို့ကို ကျွန်တော် ပြုစု ရမည်အကြောင်း၊ [5] ယုဒပြည်သို့ စေလွှတ်တော်မူပါစေဟု ကောင်းကင် ဘုံ၏အရှင်
ဘုရားသခင်အား ဆုတောင်းပြီး မှ လျှောက်လေ၏။ [6] ထိုအခါ မြောက်သားတော်နှင့် ယှဉ်ပြိုင်၍ ထိုင်နေစဉ်၊ ရှင်ဘုရင်က၊
သင်သွားလျှင် အဘယ်မျှ ကာလကြာလိမ့်မည်နည်း။ အဘယ်ကာလမှ ပြန်လာမည် နည်းဟု မေးတော်မူသော်၊ ကာလအချိန်ကို
ငါလျှောက် ထားပြီးမှ၊ ရှင်ဘုရင်သည် အလိုတော်ရှိ၍ ငါ့ကို လွှတ် လိုက်တော်မူ၏။ [7] တဖန်တုံ၊ ရှင်ဘုရင် အလိုတော်ရှိလျှင်၊ မြစ်
အနောက်ဘက်၌ရှိသော မြို့ဝန်တို့သည် ကျွန်တော်ကို မဆီးမတား၊ ယေရုရှလင်မြို့သို့ ပို့ရမည်အကြောင်း၊ အမိန့်တော်စာကို
သနားတော်မူပါ။ [8] ဥယျာဉ်တော်မှူးအာသပ်သည် ဗိမာန်တော် ရဲတိုက်တံခါးတိုင်နှင့် တံခါးထုပ်ဘို့ငှင်း၊ မြို့ရိုးနှင့် ကျွန်တော်နေရာ
အိမ်ဘို့ငှင်း၊ သစ်ကိုပေးရမည် အကြောင်း၊ အမိန့်တော်စာကိုလည်း သနားတော်မူပါဟု တောင်းလျှောက်သည်အတိုင်း၊ ငါ၏
ဘုရားသခင့်တန်ခိုး ကျေးဇူးတော်ကြောင့် ရှင်ဘုရင်သည် ပေးသနားတော် မူ၏။ [9] ထိုအခါ မြစ်အနောက်ဘက်မြို့ဝန်တို့ထံသို့
ငါရောက်၍ ရှင်ဘုရင်၏ အမိန့်တော်စာကိုပြ၏။ ရှင်ဘုရင်သည်လည်း တပ်မှူးနှင့် မြင်းစီးသူရဲတို့ကို ငါနှင့် အတူ
စေလွှတ်တော်မူသတည်း။ [10] ဟောရနိလူ သမ္ဘာလက်နှင့် ကျွန်ခံသူ အမ္မုန်အမျိုးသား တောဘိတို့ သည် ကြားသော်၊ အလွန်နှလုံးမသာရှိကြ၏။ [11] ငါသည်လည်း၊
ယေရုရှလင်မြို့သို့ ရောက်၍ သုံးရက်နေပြီးမှ၊ [12] ကိုယ်၌ပါသော သူအချို့တို့နှင့် တကွ၊ ညဉ့်အခါ ထ၍ ယေရုရှလင်မြို့အဘို့
ပြုခြင်းငှါ၊ ငါ၏ဘုရားသခင် သည် ငါ့အား အဘယ်သို့သော အကြံပေးတော်မူသည်ကို၊ အခြားသော သူတယောက်အားမျှမပြော၊
ကိုယ်စီးသော မြင်းမှတပါး အဘယ်အရာမျှမပါဘဲ၊ [13] ညဉ့်အခါ ချိုင့်တံခါးဖြင့်ထွက်၍၊ နဂါးရေတွင်း တဘက်တချက်၊
နောက်ချေးတံခါးတိုင်အောင် သွား သဖြင့်၊ ယေရုရှလင်မြို့ရိုးသည် ပြိုပျက်လျက်၊ မြို့တံခါး လည်း မီးလောင်၍ မရှိသည်ကို
ကြည့်ရှုပြီးမှ၊ [14] စမ်းရေတွင်းတံခါးနှင့် ရှင်ဘုရင်ရေကန်တိုင် အောင် လွန်ပြန်၍၊ မြင်းလမ်းမရှိသောကြောင့်၊ [15] တဖန်ထိုညဉ့်၌
ချောင်းနားတွင် ရှောက်သွား၍၊ မြို့ရိုးကို ကြည့်ရှုပြီးမှ၊ ချိုင့်တံခါးဖြင့်လှည့်၍ ဝင်ပြန် လေ၏။ [16] အဘယ်အရပ်သို့သွားသည်၊
အဘယ်သို့ပြုသည် ကို မင်းတို့သည် မသိကြ။ ယုဒလူ၊ ယဇ်ပုရောဟိတ်၊ မှူးမတ်၊ မင်းအရာရှိ၊ လုပ်ဆောင်သော သူတစုံ
တယောက်အားမျှ ငါသည် ကိုယ်အမှုကိုမပြောသေး။ [17] နောက်တဖန်၊ ငါတို့ခံရသောဆင်းရဲခြင်း၊ ယေရု ရှလင်မြို့ပျက်စီးခြင်း၊
မြို့တံခါးလည်း မီးလောင်၍ ကုန်ခြင်းကို သင်တို့သိမြင်ကြ၏။ လာကြ။ ကဲ့ရဲ့ခြင်းနှင့် လွတ်မည်အကြောင်း၊ ယေရုရှလင်မြို့ရိုးကို
တည်ကြ ကုန်အံ့ဟု သူတို့အားဆိုလျက်၊ [18] ငါ၏ ဘုရားသခင်သည် ငါ့အားပြုတော်မူသော ကျေးဇူးကိုငှင်း၊ ရှင်ဘုရင် မိန့်တော်မူသော
စကားကိုငှင်း ကြားပြောလေသော်၊ သူတို့က၊ ငါတို့သည် ထ၍ တည်ကြ ကုန်အံ့ဟုဆိုလျက်၊ ထိုကောင်းမှုကို ပြီးစေခြင်းငှါ၊
တယောက်ကိုတယောက် နှိုးဆော်ကြ၏။ [19] ထိုသိတင်းကို ဟောရနိလူသမ္ဘာလတ်၊ ကျွန်ခံသူ အမ္မုန်အမျိုးသား တောဘိ၊
အာရပ်အမျိုးသား ဂေရှင်တို့ သည် ကြားလျှင်၊ ပြက်ယယ်ပြု၍ သင်တို့သည် အဘယ်သို့ ပြုကြမည်နည်း။ ရှင်ဘုရင်ကို
ပုန်ကန်ကြမည်လောဟု ကဲ့ရဲ့လျက်ဆိုကြ၏။ [20] ငါကလည်း၊ ကောင်းကင်ဘုံ၏အရှင် ဘုရား သခင်သည် ငါတို့ကို
အခွင့်ပေးတော်မူမည်။ ထိုကြောင့် ဘုရားသခင်၏ ကျွန်ဖြစ်သော ငါတို့သည် ထ၍တည်မည်။ သင်တို့မူကား၊ ယေရုရှလင်မြို့တွင်
ဘာမျှမဆိုင်မပိုင်၊ မှတ်စရာသက်သေမရှိဟု ပြန်ပြော၏။

---

---

Nehemiah 01

အာတဇေရဇ်မင်းကြီး နန်းစံနှစ်ဆယ်
အာတဇေရဇ် ဘုရင်ဖြစ်ပြီးနောက် အနှစ်နှစ်ဆယ်"

နိသန်လ
"နိသန်" ဟူသော စကားလုံးသည် ဟေဗြဲလူမျိုးများ၏ ပြက္ခဒိန်တွင် ပထမဆုံးလ၏ အမည်ဖြစ်သည်။

အထက်ကတခါမျှ
ဤစကားလုံးသည် အဓိက ဇာတ်လမ်းတစ်ခုကို ခေတ္တနားရန် ရွေးချယ်သောစကားလုံးဖြစ်သည်။ ဤနေရာတွင် နေဟေမိသည် ဘုရင့်ရှေ့မှောက်တွင် ပြုမူခဲ့သော အမှုနှင့် ပတ်သက်ပြီး နောက်ကြောင်းသတင်းအချက်အလက်များကို ပြောဆိုခြင်းဖြစ်သည်။

ရှင်ဘုရင်က
"ထို့ကြောင့် ဘုရင်က"

 generated on Tue Jul 2 12:50:28 2024

အဘယ်ကြောင့် မျက်နှာညှိုးငယ်သနည်း
ဤနေရာတွင် နေဟေမိ၏ မျက်နှာကို ရည်ညွှန်းခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ခံစားချက်တစ်စုံတရာ မျက်နှာပေါ်တွင် ပေါ်သောကြောင့်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်ဘာကြောင့်ဝမ်းနည်းနေသနည်း"

ဝမ်း နည်းဟန်ရှိပါသည်တကားဟု မိန့်တော်မူလျှင်
ဤစကားသည် နေဟေမိသည် စိတ်နှလုံး၌ အလွန်ခံစားရခြင်းကြောင်း ဝမ်းနည်းခြင်းဖြစ်သည်။ စိတ်နှလုံးသည် ခံစားချက်များ၏ ဗဟိုဖြစ်သည်ဟု မကြာခဏ စဉ်းစားဆင်ခြင်စရာဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်အလွန်ဝမ်းနည်းနေသည်"

Nehemiah 03

ငါသည်အလွန်ကြောက်၍
နေဟေမိသည် ရှင်ဘုရင်၏ အမေးကို ပြန်လည်ဖြေကြားရန် ပြင်ဆင်ခြင်းကို ဆိုလိုသည်။ ရှင်ဘုရင်သည် မည်ကဲ့သို့ တုန့်ပြန်လိမ့်မည်ကို မသိသောကြောင့်သူကြောက်ရွံ့နေသည်။

ရှင်ဘုရင် အသက် တော်အစဉ်အမြဲရှင်ပါစေ
နေဟေမိသည် အာတဇေရဇ်မင်းကို ဂုဏ်ပြုကြောင်းကို ပြသခြင်းဖြစ်သည်။ ဤနေရာတွင် "အစဉ်အမြဲ" ဟူသောစကားသည် ချဲ့ကားပြောဆိုသောစကားဖြစ်ပြီး အသက်ရှည်ခြင်းကို ရည်ညွှန်းခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အသက်ရှည်သောဘုရင်" သို့မဟုတ် "ရှင်ဘုရင်သည် သက်တော်ရှည်ပါစေ"

ကျွန်တော်ဘိုးဘေး သင်္ချိုင်း ရှိရာမြို့သည်
"နေဟေမိ၏ ဘိုးဘွားဘေဘီများကို မြုပ်နှံ သင်္ဂြိုလ်ခဲ့သောနေရာ" ဖြစ်သည်။

မြို့တံခါးလည်း မီးလောင်၍ ကုန်ပြီဖြစ်သောကြောင့်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မြို့အဝင် ဂိတ်များသည် မီးအားဖြင့် လောင်းကျွမ်းကုန်သည်" သို့ မဟုတ် "ငါတို့၏ ရန်သူများသည် မြို့အဝင်ဂိတ်များကို မီးရှို့ဖျက်ဆီးလိုက်ကြပြီ။"

ကျွန်တော်သည် မျက်နှာ မညှိုး ငယ်ဘဲ အဘယ်သို့ နေနိုင်ပါမည်နည်း
ဤနေရာတွင် နေဟေမိသည် စကားပြောဟောနည်းအတတ်နှင့်ဆိုင်သော မေးခွန်းဖြင့် ရှင်ဘုရင်ကို သူဝမ်းနည်းရသည့်အကြောင်းရင်းကို ပြောဆိုခြင်းဖြစ်သည်။ ၎င်းအရာသည် ဖော်ပြချက်တစ်ခုအဖြစ် ရေးသားထားခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကျွန်ုပ် ဝမ်းနည်းရသည့် အကြောင်းရင်း အလွန်များပြားလျှက်ရှိပါသည်။"

Nehemiah 04

ကျွန်တော်ကို
နေဟေမိသည် မိမိကိုယ်ကို ရှင်ဘုရင်ထံသို့ တင်သွင်းလျှောက်ထားခြင်းကို ရည်ညွှန်းသော စကားဖြစ်သည်။

လျှောက်လေ၏
"ထို့နောက် ရှင်ဘုရင်ကို တုန့်ပြန်၍ လျှောက်သောစကား" ဖြစ်သည်။

စိတ်နှင့်တွေ့တော်မူလျှင်
ဤနေရာတွင် စိတ်နှင့်တွေ့လျှင် သို့မဟုတ် ရှေ့တော်မှောက်တွင် ဟူသောစကားလုံးသည် ဆုံးဖြတ်ခြင်း သို့မဟုတ် ပြန်လည်သုံးသပ်ခြင်းကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရင်၏ စီရင်ဆုံးဖြတ်ချက်အတိုင်း"

ကျွန်တော် ဘိုးဘေးသင်္ချိုင်းရှိရာမြို့ကို
"ကျွန်ုပ်၏ ဘိုးဘေးများ သင်္ဂြိုလ်မြုပ်နှံထားသော မြို့ကို" ဆိုလိုသည်။

ကျွန်တော် ပြုစု ရမည်အကြောင်း
နေဟေမိသည် ပြိုကျပျက်စီးသွားသော တံတိုင်းများအားလုံးကို သူကိုယ်တိုင်တည်ဆောက်ရန် အစီအစဉ် မရှိပါ။ သို့သော် သူသည် ပြန်လည်တည်ဆောက်ခြင်းအလုပ်တွင် ခေါင်းဆောင်လုပ်မည်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကျွန်တော်နှင့် ကျွန်တော့်လူမျိုးများသည် ပြန်လည်ဆည်ဆောက်မည်။"

Nehemiah 07

မြစ် အနောက်ဘက်၌ရှိသော မြို့ဝန်တို့သည် ကျွန်တော်ကို မဆီးမတား
ဤအရာသည် ဇေရပ်မြစ်အနောက်ဘက်တွင် တည်ရှိသော လက်အောက်ခံနယ်မြေ၏ အမည်ဖြစ်သည်။ ၎င်းသည် ရှုရှန်မြို့မှ ဖြတ်၍ စီးဆင်းသောမြစ်ဖြစ်သည်။

အမိန့်တော်စာကို သနားတော်မူပါ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ရှင်ဘုရင်သည် နေဟေမိကို အမိန့်တော်စာ ထုတ်ပေးနိုင်မည်လော"

အာသပ်
လူပုဂ္ဂိုလ်တစ်ဦး၏ အမည်ဖြစ်သည်။

ငါ၏ ဘုရားသခင့်တန်ခိုး ကျေးဇူးတော်ကြောင့် ရှင်ဘုရင်သည် ပေးသနားတော်မူ၏
"ဘုရားသခင်၏ တန်ခိုး" သည် သူ၏ "မျက်နှာသာပေးခြင်း" ကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်၏ မျက်နှာသာပေးခြင်းသည် ကျွန်တော်အပေါ်သို့ ကျရောက်ခဲ့သည်။"

Nehemiah 09

ဟောရနိလူ သမ္ဘာလက်နှင့် --- တောဘိတို့ သည်
သမ္ဘာလက် သည် လူပုဂ္ဂိုလ်တစ်ဦး၏ အမည်ဖြစ်ပြီး၊ ဟောရနိသည် လူအုပ်စုတစ်စု၏ အမည်ဖြစ်သည်။

ကျွန်ခံသူ အမ္မုန်အမျိုးသား တောဘိတို့ သည်
အစေခံဘဝမှ လွတ်ပေးခံရသော အမ္မုန်အမျိုးသားများ၏ အရာရှိ ဖြစ်သည်။

ကြားသော်
"နေဟေမိ ရောက်ရှိကြောင်းကို ကြားသည်"ဟုဆိုလိုသည်။ (UDB)

Nehemiah 11

ငါ၏ဘုရားသခင် သည် ငါ့အား အဘယ်သို့သော အကြံပေးတော်မူသည်ကို
ဤနေရာတွင် နေဟေမိ၏ "စိတ်နှလုံး" သည် သူ၏ စဉ်းစားတွေးခေါ်ခြင်းနှင့် အလိုဆန္ဒကို ရည်ညွှန်းခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့ကို အံ့သြစေသည်" သို့မဟုတ် "ငါ့ကို ခွင့်ပြုခဲ့သည်။"

ကိုယ်စီးသော မြင်းမှတပါး အဘယ်အရာမျှမပါဘဲ၊
"ငါနှင့်အတူ မည်သည့်တိရိစ္ဆာန်မျှ မရှိပါ။"

Nehemiah 13

ညဥ့်အခါ ချိုင့်တံခါးဖြင့်ထွက်၍၊
"ညအချိန်တွင် ငါသည် ချိုင့်တံခါးဖြင့် အပြင်သို့ထွက်ခဲ့သည်။"

နဂါးရေတွင်း
ခွေးရိုင်းတစ်ကောင်ကို ဆိုလိုသည်။

ယေဘုယျ အချက်အလက်
လူအချို့တို့သည် နေဟေမိနှင့်အတူ ထိုစစ်ဆေးခြင်းအမှုကို ကူညီလုပ်ဆောင်ကြသည်။ သို့သော် နေဟေမိသည် ပထမ ပုဂ္ဂိုလ်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူသည် အဓိကပုဂ္ဂိုလ်ဖြစ်သောကြောင့်ဖြစ်သည်။

နောက်ချေးတံခါး
ထင်မြင်ယူဆသည်မှာ၊ အမှိုက်သရိုက်များကို မြို့၏ နောက်ချေးတံခါးမှ ဖယ်ရှားသည်။

ယေရုရှလင်မြို့ရိုးသည် ပြိုပျက်လျက်၊ မြို့တံခါး လည်း မီးလောင်၍ မရှိသည်ကို ကြည့်ရှုပြီးမှ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကြသရေလလူမျိုးများ၏ ရန်သူများသည် မြို့တံခါးကို ဖြိုချ၍ မီးရှို့ဖျက်ဆီးလိုက်ကြသည်"

Nehemiah 15

တဖန်ထိုညဉ့်၌ ချောင်းနားတွင် ရောက်သွား၍ --- ချိုင့်တံခါးဖြင့်လှည့်၍ ဝင်ပြန်လေ၏
အခြားသောလူများသည် နေဟေမိနောက်သို့လိုက်ခဲ့ကြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တဖန် ငါတို့သည် လျှောက်သွား၍ --- ဝင်ပြန်လေ၏။"

ချိုင့်တံခါးဖြင့်
"ချိုင့်တံခါးတလျှောက်" ကို ဆိုလိုသည်။

လုပ်ဆောင်သော သူတစ်စုံ တစ်ယောက်အားမျှ
၎င်းသည် နောက်ပိုင်းတွင် တံတိုင်းကို ပြန်လည်တည်ဆောက်သော သူများကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "နောက်ပိုင်းတွင် တံတိုင်းပြန်လည်တည်ဆောက်ခြင်းအမှုကို လုပ်ဆောင်ကြသောသူများ"

Nehemiah 17

ငါတို့ခံရသောဆင်းရဲခြင်း
"ငါတို့" ဟူသောစကားလုံးသည် အများကိန်းဖြစ်ပြီး၊ အခန်း

မြို့တံခါးလည်း မီးလောင်၍ ကုန်ခြင်းကို
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ရန်သူများက မြို့တံခါးကို မီးရှို့ဖျက်ဆီးသည်"

ကဲ့ရဲ့ခြင်းနှင့် လွတ်မည်အကြောင်း၊
"ထို့ကြောင့် ငါတို့သည် ဆက်လက်ပြီး ရှက်ကြောက်ရခြင်း အကြောင်းမရှိတော့ပြီ။"

ငါ၏ ဘုရားသခင်သည် ငါ့အားပြုတော်မူသော ကျေးဇူးကိုင၎်း
"ဘုရားသခင်၏ ကျေးဇူး" သည် ဘုရားသခင်၏ မျက်နှာတော်ပေးခြင်းကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်၏ မျက်နှာသာ ပေးခြင်းသည် ကျွန်တော်အပေါ်သို့ ကျရောက်ခဲ့သည်။"

ငါတို့သည် ထ၍ တည်ကြ ကုန်အံ့ဟုဆိုလျက်
အခြားသောဘာသာပြန်ဆိုချက်၊ "တည်ဆောက်ခြင်းကို အစပြုကြစို့" ဟူ၍ ကြွေးကြော်သော စကားဖြစ်သည်။

ထိုကောင်းမှုကို ပြီးစေခြင်းငှါ၊ တယောက်ကိုတယောက် နှိုးဆော်ကြ၏
"တယောက်ကို တယောက် နှိုးဆော်ကြ၏" ဟူသောစကားစုသည် တစ်စုံတစ်ခုကို ပြုလုပ်ရန် ပြင်ဆင်ခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထို့ကြောင့် သူတို့သည် ထိုကောင်းသောအမှုကို လုပ်ဆောင်ရန် ပြင်ဆင်ခဲ့ကြသည်။"

Nehemiah 19

သမ္ဘာလတ် ---- တောဘိ၊
လူယောက်ျားများ၏ အမည်ဖြစ်သည်။


generated on Tue Jul 2 12:50:28 2024

ဂေရှင်

ဤအရာသည် လူယောက်ျားတစ်ဦး၏ အမည်ဖြစ်သည်။

သင်တို့သည် အဘယ်သို့ ပြုကြမည်နည်း။ ရှင်ဘုရင်ကို ပုန်ကန်ကြမည်လောဟု ကဲ့ရဲ့လျက်ဆိုကြ၏။

ဤစကားပြောပြောနည်းအတတ်နှင့် ဆိုင်သောမေးခွန်းသည် နေဟေမိကို လှောင်ပြောင်သော စကားဖြစ်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့သည် မိုက်မဲစွာသောအမှုကို ပြုကြပြီ။ သင်တို့သည် ဘုရင်အား ဆန့်ကျင်ပုန်ကန်ခြင်းကို မပြုသင့်"

ရှင်ဘုရင်

ဤအရာသည် ပါရှားဘုရင် အာတဇေရဇ်ကို ရည်ညွှန်းသည်။

ထ၍တည်မည်

ဤအရာသည် ဓလေ့သုံးစကားဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ပြန်လည်တည်ဆောက်ခြင်းအမှုကို အစပြုကြမည်"

သင်တို့မူကား၊ ယေရုရှလင်မြို့တွင် ဘာမျှမဆိုင်မပိုင်၊ မှတ်စရာသက်သေမရှိဟု ပြန်ပြော၏

"သို့သော် သင်တို့သည် ဘာမျှပိုင်ဆိုင်ခြင်း မရှိ၊ အခွင့်အရေးမရှိ" သို့မဟုတ် "ယေရုရှလင်နှင့် ပတ်သက်ပြီး ဘာသာရေးဆိုင်ရာကြွေးကြော်ခြင်းမရှိ" ဟူ၍ သူတို့ကို လှောင်ပြောင်သောသူများကို ပြန်လည်ချေပပြောဆိုခြင်းဖြစ်သည်။

---

## Translation Questions

### Nehemiah 2:1

နေဟေမိသည် ဝမ်းနည်း၍ မည်သည့်အချိန်တွင် ရှင်ဘုရင်အား ဝိုင်ဆက်သသနည်း?

သူသည် အာတဇေရဇ်မင်းကြီး နန်းစံနှစ်ဆယ်၊ နိသန်လတွင် ဘုရင်ကို ဝိုင်ဆက်သသည်။

### Nehemiah 2:3

အဘယ်ကြောင့် နေဟေမိ ဝမ်းနည်းခဲ့သနည်း?

မြို့ရိုးသည် ပျက်စီး၍ မြို့တံခါးများသည် ပျက်စီးကြသောကြောင့် နေဟေမိ ဝမ်းနည်းခဲ့ခြင်းဖြစ်သည်။

### Nehemiah 2:4

နေဟေမိ ပြုလိုသောအမှုကို ရှင်ဘုရင်မေးသောအခါ နေဟေမိသည် မည်သည့်အရာကို ပြုလုပ်သနည်း?

နေဟေမိ သည်ကောင်းကင်ဗိုလ်ခြေဘုရားသခင်ထံ ဆုတောင်းသည်။

နေဟေမိသည် မည်သည့်အရာပြုလုပ်ရန် ရှင်ဘုရင်၏ခွင့်ပြုချက် ရလိုသနည်း?

နေဟေမိသည် ယုဒပြည်သို့သွား၍ မြို့ရိုးကို ပြန်လည်ပြုပြင်ဖို့ရန် ရှင်ဘုရင်၏ခွင့်ပြုချက်ရရှိလိုသည်။

### Nehemiah 2:9

ရှင်ဘုရင်သည် နေဟေမိကို တပ်မှူးများနှင့် မြင်းစီးသူရဲများနှင့်တကွစေလွှတ်သောအခါ

သမ္ဘာလက်လူများနှင့်တောဘိလူတို့သည် အဘယ်ကြောင့် စိတ်မချမ်းမြေ့ကြသနည်း?

ဣသရေလလူများကို ကူညီမစဖို့ရန် တစ်စုံတစ်ယောက်လာသောကြောင့် သူတို့သည် စိတ်မချမ်းမြေ့ကြခြင်းဖြစ်သည်။

### Nehemiah 2:11

နေဟေမိသည် ညဘက်နိုးသောအခါ ယေရုရှလင်အဖို့ပြုလုပ်ရန် ဘုရားသခင်သည် သူ့နှလုံးထဲသို့သွင်းပေးသောအရာကို မည်သူ့အား ပြောပြသနည်း?

နေဟေမိသည် ယေရုရှလင်အဖို့ပြုလုပ်ရန် ဘုရားသခင်သည် သူ့နှလုံးထဲသို့သွင်းပေးသောအရာကို မည်သူ့ကိုမျှမပြောခဲ့ချေ။

### Nehemiah 2:17

နေဟေမိက သူ၏ဘုရားသခင်၏ကောင်းသော လက်သည် သူ့အပေါ်သို့ရှိကြောင်း နှင့် ရှင်ဘုရင်ပြောသောအရာများကို အုပ်ချုပ်သူများ၊ ယဇ်ပုရောဟိတ်များ၊ ဂုဏ်အသရေရှိသူများ နှင့် အလုပ်လုပ်သောသူအားလုံးကို ပြောသောအခါ သူတို့သည် မည်သို့ပြောကြသနည်း?

သူတို့က ငါတို့ထ၍ တည်ဆောက်ကြမည်ပြော၍၊ ကောင်းသောအမှုအဖို့ မိမိတို့လက်များကို ခိုင်မာစေကြ၏။

### Nehemiah 2:19

သမ္ဘာလတ်၊ တောဘိနှင့် ဂေရှင် တို့သည် သူတို့အလုပ်သမားများကို ကဲ့ရဲ့လှောင်ပြောင်သည်ကို သူတို့ကြားသောအခါ နေဟေမိသည် မည်သို့တုန့်ပြန်ခဲ့သနည်း?

ဘုရားသခင်သည် သူတို့ကို အောင်မြင်ခွင့်ပေးမည်ဖြစ်ကြောင်း၊ သူတို့သည် ဘုရားသခင်၏အစေခံများဖြစ်ကြောင်း နှင့် ယေရုရှလင်၌ သမ္ဘာလတ်၊ တောဘိနှင့် ဂေရှင် တို့၏အပိုင်မရှိ၊ အခွင့်မရှိ၊ သမိုင်းအရပိုင်ဆိုင်ခွင့်မရှိကြောင်း နေဟေမိ ပြန်တုန့်ပြန်သည်။

---

## Chapter 3

1 ထိုအခါ ယဇ်ပုရောဟိတ်မင်း ဧလျာရှိပ်သည်၊ မိမိညီအစ်ကို ယဇ်ပုရောဟိတ်တို့နှင့်တကွ ထ၍၊ သိုးတံခါး ကို ပြင်လျက် တံခါးခုံ၊
တံခါးထုပ်၊ တံခါးရွက်တို့ကို ထူထောင်ဆွဲထား၍၊ မေအာပြအိုးမှ ဟာနနေလပြအိုး တိုင်အောင် ပြင်ကြ၏။ 2 သူတို့နောက်မှ၊
ယေရိခေါမြို့သားတို့သည် ပြင်ကြ၏။ သူတို့နောက်မှ၊ ဣမရိသား ဇက္ကုရပြင်၏။ 3 ငါးတံခါးကိုကား၊ ဟသေနာအမျိုးသားတို့သည်
ပြင်လျက် တံခါးခုံ၊ တံခါးထုပ်၊ တံခါးရွက်တို့ကို ထူထောင် ဆွဲထား၍၊ သော့ခလောက်နှင့် ကန့်လန့်ကျင်တို့ကို တပ်ကြ၏။ 4
သူတို့နောက်မှ၊ ကောဇသားဖြစ်သော ဥရိယ၏ သား မေရမုတ်ပြင်၏။ သူ့နောက်မှ၊ မေရှဇဗေလသား ဖြစ်သော ဗေရခိ၏သားမေရှုလံ
ပြင်၏။ သူ့နောက်မှ၊ ဗာနာသား ဇာဒုတ်ပြင်၏။ 5 သူ့နောက်မှ၊ တေကောမြို့သားတို့သည် ပြင်ကြ ၏။ သို့ရာတွင်၊
တေကောမင်းတို့သည် မိမိတို့အရှင်၏ အမှုကိုဝိုင်းညီ၍မပြုကြ။ 6 တံခါးဟောင်းကိုကား၊ ပါသာသားယောယဒ၊ ဗေသောဒေယသား
မေရှုလံပြင်လျက်တံခါးခုံ၊ တံခါးထုပ်၊ တံခါးရွက်တို့ကို ထူထောင်ဆွဲထား၍၊ သော့ခလောက်နှင့် ကန့်လန့်ကျင်တို့ကို တပ်ကြ၏။ 7
သူတို့နောက်မှ၊ ဂိဗောင်မြို့သား မေလတိ၊ မေရောနုတ်မြို့သား ယာဒုန်၊ ဂိဗောင်လူ၊ မိဇပါလူတို့သည် မြစ်အနောက်ဘက်
မြို့ဝန်ရာဇပလ္လင်တိုင်အောင် ပြင်ကြ ၏။ 8 သူတို့နောက်မှ ဟာဟာယသား ပန်းတိမ်သမား ဩဇေလ၊ သူ့နောက်မှ၊ ဆေးသမား
ဟာနနိပြင်လျက်၊ ကျယ်သောမြို့ရိုးတိုင်အောင်၊ ယေရုရှလင်မြို့ကို ခိုင်ခံ့ စေကြ၏။ 9 သူတို့နောက်မှ၊ ယေရုရှလင်မြို့တပိုင်းကို
အုပ်သောသူ၊ ဟုရသား ရေဖါယပြင်၏။ 10 သူ့နောက်မှ၊ ဟာရုမပ်သား ယေဒါယသည် မိမိအိမ်တဘက်တချက်၌ပြင်၏။ သူ့နောက်မှ၊
ဟာရှ ဗနိသား ဟတ္တုတ်ပြင်၏။ 11 ကျန်ကြွင်းသောအရပ်နှင့် မီးဖိုပြအိုးကိုကား၊ ဟာရိမ်သား မာလခိယနှင့်၊ ပါဟတ်မောဘသား
ဟာရှုတ် တို့သည် ပြင်ကြ၏။ 12 သူတို့နောက်မှ၊ ယေရုရှလင်မြို့တပိုင်းကို အုပ် သောသူ၊ ဟာလောဟတ်သားရှလ္လုံနှင့်
သူ၏သမီးတို့သည် ပြင်ကြ၏။ 13 ချိုင့်တံခါးကိုကား၊ ဟာနုန်နှင့် ဇာနောမြို့သား တို့သည် ပြင်၍ တံခါးတိုင်၊ တံခါးရွက်၊
သော့ခလောက်၊ ကန့်လန့်ကျင်တို့ကို လုပ်ပြီးမှ၊ မြို့ရိုးအတောင်တထောင်ကို နောက်ချေးတံခါးတိုင်အောင် တည်ကြ၏။ 14
ဗေသက္ကရင်မြို့တပိုင်းကို အုပ်သောရေခပ်သား မာလခိသည်၊ နောက်ချေးတံခါးကို ပြင်၍ တံခါးရွက်၊ သော့ခလောက်၊
ကန့်လန့်ကျင်တို့ကို လုပ်ထား၏။ 15 မိဇပါမြို့တပိုင်းကို အုပ်သော ကောလဟောဇ သား ရှလ္လုံသည် စမ်းရေတွင်းတံခါးကိုပြင်၍
တံခါးမိုး၊ တံခါးရွက်၊ သော့ခလောက်၊ ကန့်လန့်ကျင်တို့ကို လုပ်ထား ပြီးလျှင်၊ ဥယျာဉ်တော်နားမှာ၊ ရှိလောင်ရေကန်မြို့ရိုးကို၊
ဒါဝိဒ်မြို့လှေကားတိုင်အောင်တည်၏။ 16 သူ့နောက်မှ ဗက်ဇုရမြို့တပိုင်းကို အုပ်သော အာဇဗုတ်သား နေဟမိသည်၊
ဒါဝိဒ်သင်္ချိုင်းတဘက် တချက်မှစ၍၊ နောက်လုပ်သော ရေကန်နှင့် ဗိုလ်မင်း အိမ်တိုင်အောင် ပြင်၏။ 17 သူ့နောက်မှ၊ လေဝိအမျိုး
ဗာနိသား ရေဟုံပြင် ၏။ သူ့နောက်မှ၊ ကိလမြို့တပိုင်းကို အုပ်သော ဟာရှဘိ သည် မိမိတာကိုပြင်၏။ 18 သူ့နောက်မှ၊
ကိလမြို့တပိုင်းကို အုပ်သော ဟေနဒဒ်သား ဟာရှဘိညီဗာဝဲပြင်၏။ 19 သူ့နောက်မှ၊ မိဇပါမြို့အုပ် ယောရှုသား ဧဇေရ သည်၊
လက်နက်စုံတိုက်သို့တက်ရာ တဘက်တချက်၊ မြို့ထောင့်ထိအောင် ပြင်၏။ 20 သူ့နောက်မှ၊ ဇဗ္ဗဲသား ဗာရုတ်သည် မြို့ထောင့်မှ
ယဇ်ပုရောဟိတ်မင်း ဧလျာရှိပ်အိမ်တံခါးတိုင်အောင် ကြိုးစား၍ ပြင်၏။ 21 သူ့နောက်မှ၊ ကောဇသားဖြစ်သော ဥရိယ၏ သား
မေရမုတ်သည်၊ ဧလျာရှိပ် အိမ်တံခါးမှ အိမ်ထောင့် တိုင်အောင်ပြင်၏။ 22 သူ့နောက်မှ၊ ချိုင့်အရပ်သား ယဇ်ပုရောဟိတ် တို့သည်
ပြင်ကြ၏။ 23 သူတို့နောက်မှ၊ ဗင်္ယာမိန်နှင့် ဟာရှုပ်သည် မိမိအိမ် တဘက်တချက်၌ပြင်ကြ၏။ သူတို့နောက်မှ၊ အာနနိသားဖြစ်သော
မာသေယ၏သား အာဇရိသည် မိမိအိမ် တဘက်တချက်၌ ပြင်၏။ 24 သူ့နောက်မှ၊ ဟေနဒဒ်သား ဗိန္နုသည်၊ အာဇရိ အိမ်မှ
မြို့ရိုးကွေ့ရာ မြို့ထောင့်တိုင်အောင်ပြင်၏။ 25 ဥဇဲသားပါလလသည် မြို့ရိုးကွေ့ရာ တဘက် တချက်ကိုငှင်း၊ ထောင်ဝင်းနား၊
မြင့်သောနန်းရှေ့မှာ ရှိသော ပြအိုးကိုငှင်း ပြင်၏။ သူ့နောက်မှ၊ ပါရုပ်သား ဂေဒါယပြင်၏။ 26 ထိုမှတပါး၊ ဘုရားကျွန်တို့သည်
အရှေ့မျက်နှာ၊ ရေတံခါး တဘက်တချက်၌၊ မိမိတို့နေရာဩဖေလ ရဲတိုက်ကိုငှင်း၊ ပြင်သို့ထွက်သော ပြအိုးကိုငှင်း ပြင်ကြ၏။ 27
သူတို့နောက်မှ၊ တေကောမြို့သားတို့သည် ပြင်သို့ထွက်သော ပြအိုးကြီး တဘက်တချက်၌၊ ဩဖေလ ရဲတိုက်ရိုးတိုင်အောင် ပြင်ကြ၏။
28 မြင်းတံခါးအထက်၊ ယဇ်ပုရောဟိတ်တို့သည်၊ မိမိတို့နေရာအိမ် တဘက်တချက်၌ အသီးအသီးပြင်ကြ ၏။ 29 သူတို့နောက်မှ၊
ဣမေရသား ဇာဒုတ်သည် မိမိအိမ် တဘက်တချက်၌ ပြင်၏။ သူ့နောက်မှ၊ ရှေကနိ သား၊ အရှေ့တံခါးမှူး ရှေမာယ ပြင်၏။ 30
သူ့နောက်မှ၊ ရှေလမိသား ဟာနနိ၊ ဇာလပ်၏ စတုတ္ထသား ဟာနုန်တို့သည်ပြင်ကြ၏။ သူတို့နောက်မှ၊ ဗေရခိသား မေရှုလံသည်
မိမိအိပ်ရာခန်းတဘက် တချက်၌ ပြင်၏။ 31 သူ့နောက်မှ၊ ပန်းတိမ်သမားသား မာလခိသည် မိဖကဒ်တံခါး တဘက်တချက်၌၊
ဘုရားကျွန်နေရာနှင့် ကုန်သည်နေရာ အရပ်တိုင်အောင်ငှင်း၊ မြို့ထောင့်တက် ရာအရပ်တိုင်အောင်ငှင်းပြင်၏။ 32
မြို့ထောင့်တက်ရာအရပ်မှစ၍၊ သိုးတံခါးတိုင်အောင် ပန်းတိမ်သမား များနှင့် ကုန်သည်များ တို့သည်ပြင်ကြ၏။


generated on Tue Jul 2 12:50:28 2024

Nehemiah 01

ထိုအခါ ယဇ်ပုရောဟိတ်မင်း ဧလျာရှိပ်သည်၊ မိမိညီအစ်ကို ယဇ်ပုရောဟိတ်တို့နှင့်တကွ ထ၍၊
"ထို့နောက် ယဇ်ပုရောဟိတ်အကြီးအကဲဖြစ်သော ဧလျာရှိပ်သည် သူ၏ ယဇ်ပုရောဟိတ် ညီအစ်ကိုများနှင့်အတူ ရှေ့သို့ ထွက်လာခဲ့ကြသည်။"

ဧလျာရှိပ် ---- ဣမရိသား ဇက္ကုရ၊
ဤအရာသည် လူယောကျ်ားများ၏ အမည်များဖြစ်ကြသည်။

မေအာပြအိုးမှ ဟာနနေလပြအိုး တိုင်အောင် ပြင်ကြ၏
"ပြအိုး ၁၀၀" တိုင်အောင်ပြင်ကြသည်။

ဟာနနေလပြအိုး
ဤအရာသည် ပြအိုးတစ်ခု၏ အမည်ဖြစ်သည်။ "ဟာနနေလ" ဟူသောအမည်သည် လူပုဂ္ဂိုလ်အမည် နောက်တွင် ထည့်ရသော အမည်နှင့်တူသည်။

ယေရိခေါမြို့သား
ယေရိခေါမြို့မှ လာကြသော ယေရိခေါမြို့သားများ ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယေရိခေါမြို့မှလာကြသောလူများ"

Nehemiah 03

ဟသေနာအမျိုးသား ---- မေရမုတ် ----- ဥရိယ ---- ကောဇ --- မေရှုလံ --- ဗေရခိ --- မေရှဇဗေလ --- ဇာဒုတ် --- ဗာနာ
ယောကျ်ားများ၏ အမည်များဖြစ်ကြသည်။

တံခါးရွက်
"တံခါးရွက်များ"ကို ဆင်ခဲ့သည်။ သို့မဟုတ် "တံခါးများကို နေရာချသည်။"

တံခါးခုံ၊ တံခါးထုပ်
"တံခါးခုံ၊ တံခါးထုပ်။" ဤအရာများသည် ဂိတ်တံခါးလုံခြုံစေရန်အသုံးပြုသော သော့ဖြစ်သည်။

သူတို့နောက်မှ မေရမုတ်ပြင်၏ --- သူ့နောက်မှ မေရှုလံ ပြင်၏ --- သူ့နောက်မှ ဇာဒုတ်ပြင်၏ --- သူ့နောက်မှ၊ တေကောမြို့သားတို့သည် ပြင်ကြ၏။
ဤစကားစုများသည် တံတိုင်းပြန်လည်တည်ဆောက်ခြင်းကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ " မေရမုတ်သည် တံတိုင်းအခြားတစ်ခန်းတွင် ပြင်၏--- မေရှုလံသည် တံတိုင်းကို ပြင်၏ --- သူ့နောက်မှ ဇာဒုတ်သည်လည်း ပြင်၏ --- သူ့နောက်မှ၊ တေကောမြို့သားတို့သည် ပြင်ကြ၏။"

တေကောမြို့သား
ဤလူများသည် တေကောမြို့မှ လာကြသောသူများဖြစ်ကြသည်။

မိမိတို့အရှင်၏ အမှုကို
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့၏ အရှင်သည် သူတို့အားလုပ်ဆောင်ရန် အမိန့်ပေးသည်။"

Nehemiah 06

ယောယဒ --- ပါသာ နှင့် မေရှုလံ --- ဗေသောဒေယ --- မေလတိ --- ယာဒုန်
လူယောကျ်ား၏ အမည်များဖြစ်ကြသည်။

"တံခါးရွက်"
"တံခါးရွက်များ"ကို ဆင်ခဲ့သည်။ သို့မဟုတ် "တံခါးများကို နေရာချသည်။"

တံခါးခုံ၊ တံခါးထုပ်
"တံခါးခုံ၊ တံခါးထုပ်။" ဤအရာများသည် ဂိတ်တံခါးလုံခြုံစေရန်အသုံးပြုသော အရာ ဖြစ်သည်။

ဂိဗောင်မြို့သား --- မေရောနုတ်မြို့သား
ဂိဗောင်မြို့သားနှင့် မေရောနုတ်မြို့သားတို့သည် လူအုပ်စု၏ အမည်များဖြစ်သည်။

ဂိဗောင် --- မေရောနုတ်
ဤအရာများသည် နေရာဒေသ၏ အမည်များဖြစ်သည်။

မြစ်အနောက်ဘက် မြို့ဝန်ရာဇပလ္လင်တိုင်အောင်
၎င်းသည် ဖေရပ်မြစ်အနောက်ဘက်တွင်တည်ရှိသော လက်အောက်ခံ နယ်မြေ၏ အမည်များဖြစ်သည်။ ၎င်းမြစ်သည် ရှုရှန်မြို့မှ ဖြတ်သန်းစီးဆင်းသည်။ ဘာသာပြန်ဆိုချက် (၂:၇) တွင် ရှုပါ။

Nehemiah 08

ဩဇေလ --- ဟာဟာယ --- ဟာနနိ --- ရေဖါယ --- ဟုရ --- ယေဒါယ --- ဟာရုမပ် --- ဟတ္တုတ် ---ဟာရှ ဗနိ
လူယောကျ်ားများ၏ အမည်များဖြစ်ကြသည်။

ပန်းတိမ်သမား
ပန်းတိမ်သမားသည် လူပုဂ္ဂိုလ်တစ်ဦးဖြစ်ပြီး ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာများကို အသုံးပြုပြီး ရွှေထည်ပစ္စည်းများကို ပြုလုပ်သောသူဖြစ်သည်။

ပန်းတိမ်သမား --- ဟာနနိပြင်လျက် --- ဟုရ ပြင်၏ --- ဟာရုမပ် ပြင်၏ --- ဟာရှ ဗနိ ပြင်၏
ဤစကားစုသည် မြို့ရိုးပြန်လည်ပြုပြင်ခြင်းကို ရည်ညွှန်းသည်။ "ပန်းတိမ်သမား မြို့ရိုးကိုပြင်၏--- ဟာနနိ မြို့ရိုးပြင်၏ --- ဟုရ မြို့ရိုး ပြင်၏ --- ဟာရုမပ် မြို့ရိုးပြင်၏ --- ဟာရှဗနိ မြို့ရိုးပြင်၏။

သူ့နောက်မှ၊ ဆေးသမား ဟာနနိပြင်လျက်
ဟာနနိသည်လည်း မြို့ရိုးကို ပြင်၏။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူ၏ နောက်တွင် ဆေးသမား ဟာနနိပြင်၏"

ဆေး
အရည်ဖြစ်ပြီး လူသားများ၏ ခန္ဓာကိုယ်တွင်
အနည်းငယ်ဖြန်းခြင်းဖြင့် နှစ်လိုဖွယ်သော အနံ့ကို ဖြစ်စေသည်။

မြို့တပိုင်းကို
"တပိုင်း" ဟူသည် မှာ တူညီသောအပိုင်းနှစ်ပိုင်းထဲမှ
အပိုင်းတစ်ပိုင်းကို ဆိုလိုသည်။

အုပ်သောသူ
"အုပ်ချုပ်သူ" သို့မဟုတ် "ခေါင်းဆောင်" ကို ဆိုလိုသည်။

Nehemiah 11

မာလခိယ --- ဟာရိမ် --- ဟာရှုတ် --- ပါဟတ်မောဘ --- ရှလ္လုံ ---ဟာလောဟတ်
လူယောက်ျားများ၏ အမည်များဖြစ်ကြသည်။

ကျန်ကြွင်းသောအရပ်နှင့် မီးဖိုပြအိုးကိုကား ပြင်ကြ၏ --- သူတို့နောက်မှ သူ၏သမီးတို့သည် ပြင်ကြ၏။
ဤစကားစုသည် မြို့ရိုးပြုပြင်ခြင်းကို ရည်ညွှန်းသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "မြို့ရိုး၏ အခြားတဘက်ကို
ပြုကြ၏ --- သူ၏သမီးတို့သည် မြို့ရိုးကို ပြင်ကြ၏"

အုပ် သောသူ၊ ဟာလောဟတ်သားရှလ္လုံ
ရှလ္လုံသည် အုပ်ချုပ်သောသူဖြစ်သည်။ ဟာလာဟတ်သည်
အုပ်ချုပ်သောသူ မဟုတ်ပါ။

အုပ်သောသူ
"အုပ်ချုပ်သူ အကြီးအကဲ" သို့မဟုတ် "ခေါင်းဆောင်" ကို
ဆိုလိုသည်။

မြို့တပိုင်းကို
"တပိုင်း" ဟူသည် မှာ တူညီသောအပိုင်း နှစ်ပိုင်းထဲမှ
အပိုင်းတစ်ပိုင်းကို ဆိုလိုသည်။

Nehemiah 13

ချိုင့်တံခါး
"ချိုင့်ဝှမ်းတွင် ရှိသော ဂိတ်တံခါး" သို့မဟုတ်
"ချိုင့်ဝှမ်းသို့သွားသောဂိတ်တံခါး"။ ၎င်းသည်
ဖော်ပြချက်တစ်ခုမျှသာမဟုတ်ပါ။ နာမည်တစ်ခုအဖြစ်
ဘာသာပြန်ဖော်ပြနိုင်သည်။

ဟာနုန်
ယောက်ျားတစ်ဦး၏ အမည်ဖြစ်သည်။

ဇာနော
ဤအရာသည် နေရာဒေသတစ်ခု၏ အမည်ဖြစ်သည်။

ဇာနောမြို့သား
"ဇာနောမြို့မှ လာကြသောသူများ" (UDB)

"တံခါးရွက်"
"တံခါးရွက်များ"ကို ဆင်ခဲ့သည်။ သို့မဟုတ် "တံခါးများကို
နေရာချသည်။"

တံခါးခုံ၊ တံခါးထုပ်
"တံခါးခုံ၊ တံခါးထုပ်။" ဤအရာများသည် ဂိတ်တံခါး
လုံခြုံစေရန်အသုံးပြုသော သော့ဖြစ်သည်။

မြို့ရိုးအတောင်တထောင်ကို နောက်ချေးတံခါးတိုင်အောင် တည်ကြ၏
ထိုသူတို့သည် ချိုင့်တံခါးနှင့် နောက်ချေးတံခါးကြားရှိ
မြို့ရိုးတစ်တောင်စီကို ပြင်ကြသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ထိုသူတို့သည် ချိုင့်တံခါးနှင့်
နောက်ချေးတံခါးကြားရှိ မြို့ရိုးအတောင်တစ်ထောင်ကို
ပြင်ကြသည်။"

အတောင်တထောင်ကို တည်ကြ၏။
မြို့ရိုးထည့်ရန်မေ့လျော့သွားခြင်းကြောင့် မြို့ရိုးကို
ပြန်ပေါင်းထည့်ထားခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည်
မြို့ရိုးအတောင်တစ်ထောင်ကို ပြင်ကြသည်။" သို့မဟုတ်
"သူတို့သည် ချိုင့်တံခါးကို ကျော်ပြီး နောက်ထပ်
မြို့ရိုးအတောင်တစ်ထောင်ကို ပြင်ကြသည်။"

အတောင်တစ်ထောင်
"၁၀၀၀ တောင်" ဤအရာသည် ခေတ်နှင့်လျော်ညီစွာ
တိုင်းတာထားခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊
"၄၆၀ မီတာ"

နောက်ချေးတံခါး
ဖြစ်တန်ရာသည်မှာ၊ ဤမြို့၏ အမှိုက်သရိုက်များကို
နောက်ချေးတံခါးဖြင့် ပယ်ထုတ်ခြင်းဖြစ်သည်။
၎င်းသည်ဖော်ပြချက်တစ်ခုမျှသာ မဟုတ်ပါ။
နာမည်တစ်ခုအဖြစ်ဘာသာပြန်ဖော်ပြနိုင်သည်။

Nehemiah 14

မာလခိ --- ရေခပ် --- ရှလ္လုံ ---ကောလဟောဇ
ယောက်ျားများ၏ အမည်များဖြစ်သည်။

အုပ်သောရေခပ်သား မာလခိ
မာလခိသည် အုပ်ချုပ်သူဖြစ်ပြီး၊ ရေခပ်သည် အုပ်ချုပ်သူ
မဟုတ်ပါ။

အုပ်သော
"အုပ်ချုပ်သူ" သို့မဟုတ် "ခေါင်းဆောင်"

ဗေသက္ကရင်
ဤအရာသည် နေရာဒေသတစ်ခု၏ အမည်ဖြစ်သည်။

မာလခိသည် တံခါးရှက် လုပ်ထား၏
"တံခါးရွက်များ"ကို ဆင်ခဲ့သည်။ သို့မဟုတ် "တံခါးများကို နေရာချသည်။"

သော့ခလောက်၊ ကန့်လန့်ကျင်တို့ကို လုပ်ထား၏
"သော့ခလောက်၊ ကန့်လန့်ကျင်" ဤအရာများသည် ဂိတ်တံခါးလုံခြုံစေရန် သော့ခတ်ခြင်းဖြစ်သည်။

အုပ်သော ကောလဟောဇ သား ရှလ္လုံသည်
ရှလ္လုံသည် အုပ်ချုပ်သူဖြစ်သည်။ ကောလဟောဇသည် အုပ်ချုပ်သူ မဟုတ်ပါ။

ရှိလောင်ရေကန်မြို့ရိုးကို
မြို့ရိုးသည် ရှိလောင်ရေကန်၏ ဘေးတွင် တည်ရှိသည်။ အခြားသောသာသာပြန်ဆိုချက်၊ "မြို့ရိုးသည် ရှိလောင်ရေကန် ပတ်ပတ်လည်ဝန်းရံလျှက် တည်ရှိသည်။"

Nehemiah 16

အုပ်သော အာဇဗုတ်သား နေဟမိသည်
နေဟေမိသည် အုပ်ချုပ်သူဖြစ်သည်။ အာဇဗုတ်သည် အုပ်ချုပ်သူ မဟုတ်ပါ။

နေဟေမိ
ဤနေဟေမိဟူသောအမည်သည် ဤစာအုပ်ကို ရေးသားသော လူပုဂ္ဂိုလ်၏နှင့် မတူခြားနားသည်။

မြို့တပိုင်း
"တပိုင်း" သည် တူညီသောအပိုင်းနှစ်ပိုင်းထဲမှ အပိုင်းတစ်ပိုင်းဖြစ်သည်။

နေဟမိ --- အာဇဗုတ် --- ရေဟုံ --- ဗာနိ --- ဟာရှဘိ
လူယောကျ်ားများ၏ အမည်များဖြစ်သည်။

ဗက်ဇုရ --- ကိလ
ဤအရာများသည် နေရာဒေသများ၏ အမည်များဖြစ်သည်။

ဒါဝိဒ်သင်္ချိုင်းတဘက် တချက်မှစ၍၊ နောက်လုပ်သော ရေကန်နှင့် ဗိုလ်မင်း အိမ်တိုင်အောင် ပြင်၏ --- လေဝိအမျိုး ပြင်၏
ဤစကားစုများသည် မြို့ရိုးပြင်ဆင်ခြင်းကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဒါဝိဒ်သင်္ချိုင်းတဘက် တချက်မှစ၍၊ နောက်လုပ်သော ရေကန်နှင့် ဗိုလ်မင်း အိမ်တိုင်အောင် မြို့ရိုးကို ပြင်၏ --- လေဝိအမျိုးသားများသည် မြို့ရိုးကို ပြင်ကြသည်။"

ဗိုလ်မင်း
"စစ်သူကြီးများ" ကိုဆိုလိုသည်။

အုပ်သော
"အုပ်ချုပ်သူ" သို့မဟုတ် "ခေါင်းဆောင်"

မိမိတာကို
"သူ၏နယ်မြေကို လေးစားခြင်း" သို့မဟုတ် "သူ၏ နယ်မြေကိုယ်စား" ကို ဆိုလိုသည်။

Nehemiah 18

သူ့နောက်မှ
"သူ၏နောက်တွင်"

ကိလမြို့တပိုင်းကို အုပ်သော ဟေနဒဒ်သား ဟာရှဘိညီဗာဝဲပြင်၏ --- လက်နက်စုံတိုက်သို့တက်ရာ တဘက်တချက်၊ မြို့ထောင့်ထိအောင် ပြင်၏။
ဤစကားစုများသည် မြို့ရိုးပြုပြင်ခြင်းအကြောင်းကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်မှာ "သူ့နောက်တွင် ကိလမြို့သူမြို့သားများပြင်ကြသည် --- အခြားသော တဘက်တစ်ချက်ရှိ မြို့ရိုးကို ပြင်ကြသည်။"

ဗာဝဲ --- ဟေနဒဒ် --- ဧဇေရ --- ယောရှု
အမျိုးသားများ၏ အမည်များဖြစ်ကြသည်။

အုပ်သော ဟေနဒဒ်သား ဟာရှဘိညီဗာဝဲ
ဗာဝဲသည် အုပ်ချုပ်သူဖြစ်သည်။ ဟေနဒဒ်သည် အုပ်ချုပ်သူမဟုတ်ပါ။

ကိလ --- မိဇပါ
ဤအရာများသည် နေရာဒေသများ၏ အမည်များဖြစ်သည်။

မြို့အုပ် ယောရှုသား ဧဇေရ သည်
ဧဇေရသည် အုပ်ချုပ်သူဖြစ်သည်။ ယောရှုသည် အုပ်ချုပ်သူ မဟုတ်ပါ။

လက်နက်စုံတိုက်သို့တက်ရာ
"လက်နက်စုံထားရာ နေရာသို့ တက်၍ ရှေ့၌ ရပ်နေသည်။" (UDB)

လက်နက်စုံတိုက်
လက်နက်မျိုးစုံ သိမ်းဆည်းထားသောနေရာကို ဆိုလိုသည်။

Nehemiah 20

သူ့နောက်မှ
"သူ၏ နောက်တွင်"

ဗာရုတ် --- ဇဗ္ဗဲ --- ဧလျာရှိပ် --- မေရမုတ် --- ဥရိယ ---ကောဇ
အမျိုးသားများ၏ အမည်များဖြစ်ကြသည်။

အိမ်တံခါးမှ အိမ်ထောင့် တိုင်အောင်ပြင်၏
ဤအရာရာ မြို့ရိုးပြုပြင်ခြင်းကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မြို့ရိုးအခြားသောတစ်ပိုင်းကို ပြင်သည်။"


generated on Tue Jul 2 12:50:28 2024

Nehemiah 22

ချိုင့်အရပ်သား ယဇ်ပုရောဟိတ် တို့သည် ပြင်ကြ၏ --- ဗယ်္သမိန်နှင့် ဟာရှုပ်သည် ပြင်ကြ၏ --- အာဇရိသည် ပြင်၏ --- ဗိန္နိသည် ပြင်၏။
ဤစကားစုသည် မြို့ရိုးပြုပြင်ခြင်းကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယေရုရှလင် တဝိုက်ရှိ မြို့ရိုးကို ပြင်ကြသည်။ --- ဟာရှုပ်သည် မြို့ရိုးကို ပြင်သည်။ --- အာဇရိသည် မြို့ရိုးကို ပြင်၏ --- ဗိန္နိသည် မြို့ရိုးကို ပြင်၏။

ဗယ်္သမိန် --- ဟာရှုပ် --- အာဇရိ --- မာသေယ --- အာနနိ --- ဗိန္နိ --- ဟေနဒဒ်
ဤသူတို့သည် အမျိုးသားများ၏ အမည်များဖြစ်ကြသည်။

မိမိအိမ် တဘက်တချက်၌
"သူတို့၏ ကိုယ်ပိုင်အိမ် ရှေ့တွင်" ပြင်ကြသည်။

သူတို့နောက်မှ --- သူ့နောက်မှ
"သူတို့၏ နောက်တွင် --- သူ၏ နောက်တွင်"

Nehemiah 25

ပါလလ --- ဥဇဲ --- ဂေဒါယ --- ပါရုပ်
ဤသူတို့သည် အမျိုးသားများ၏ အမည်များဖြစ်ကြသည်။

ဥဇဲ ပြင်၏ --- ပါရုပ် ပြင်၏ --- ဘုရားကျွန်တို့သည် ပြင်ကြ၏ --- ပြအိုးကြီး တဘက်တချက်၌ ပြင်ကြ၏
ဤစကားစုသည် မြို့ရိုးပြုပြင်ခြင်းကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဥဇဲသည် မြို့ရိုးကို ပြင်၏ --- ပါရုပ်သည် မြို့ရိုးကိုပြင်၏ --- ဘုရားကျွန်တို့သည် မြို့ရိုးကို ပြင်ကြ၏ --- ပြအိုးကြီး တဘက်တချက်၌ မြို့ရိုးကို ပြင်ကြ၏။"

ထောင်ဝင်းနား
ဤမရာသည် အစောင့်များ နေထိုင်သောနေရာကို ဆိုလိုသည်။

မြင့်သောနန်းရှေ့
"ဣသရေလ ခေါင်းဆောင်၏ မြင့်သော နန်းတော်"

ပြအိုး
ပြအိုး သို့မဟုတ် မျှော်စင်၊ ရဲတိုက်ကို ထုပင့်၍ ပြင်ကြသည်။

သူ့နောက်မှ
"သူ၏ နောက်တွင်"

ရေတံခါး တဘက်တချက်၌
"ရေတံခါး၏ ရှေ့တွင်"

သြဖေလ
ဤအရာသည် နေရာဒေသတစ်ခု၏ အမည်ဖြစ်သည်။

ရဲတိုက်ကိုရင်း --- ရဲတိုက်ရိုးတိုင်အောင်
"မြင့်သော ရဲတိုက် --- မြင့်သော ရဲတိုက်။" မြင့်သောရဲတိုက် ဆိုသည်မှာ မြို့ရိုးတံတိုင်းထက်မြင့်သော ရဲတိုက်ကို ဆိုလိုသည်။ အထက်ပါ စကားစုနှစ်စုသည် ရဲတိုက်တစ်ခုတည်းကိုသာ ရည်ညွှန်းခြင်းဖြစ်သည်။

တေကောမြို့သား
ဤလူများသည် တေကောမြို့မှ လာသောသူများဖြစ်ကြသည်။ (၃:၃) ဘာသာပြန်ဆိုချက်တွင် ကြည့်ပါ။

Nehemiah 28

မြင်းတံခါးအထက်
ဤနေရာတွင် "အထက်" ဟူသောစကားလုံးကို သုံးထားသည်။ အဘယ်ကြောင့်ဆိုသော် ယဇ်ပုရောဟိတ်တို့၏ အိမ်များသည် မြင်းတံခါးဂိတ်ထက် မြင့်မားသောနေရာတွင် တည်ရှိသောကြောင့်ဖြစ်သည်။

ယဇ်ပုရောဟိတ်တို့သည် ပြင်ကြ ၏ --- မိမိတို့နေရာအိမ် တဘက်တချက်၌ အသီးအသီးပြင်ကြ ၏ --- အရှေ့တံခါးမှူး ပြင်၏ --- သူ့နောက်မှ ပြင်ကြ၏ --- မိမိအိပ်ရာခန်းတဘက် တချက်၌ ပြင်၏
ဤစကားစုသည် မြို့ရိုးပြုပြင်ခြင်းကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယဇ်ပုရောဟိတ်တို့သည် မြို့ရိုးကို ပြင်ကြ၏ --- မိမိတို့ နေရာအိမ် တဘက်တချက်၌ အသီးအသီးပြင်ကြ၏ --- အရှေ့တံခါးမှူးသည် မြို့ရိုးကို ပြင်၏ --- သူ့နောက်မှ မြို့ရိုးကိုပြင်ကြ၏ --- မိမိအိပ်ရာခန်းတဘက် တချက်၌ရှိ မြို့ရိုးကို ပြင်၏။"

မိမိအိမ် တဘက်တချက်၌
သူ၏ ကိုယ်ပိုင် အိမ်ရှေ့တွင် တည်ရှိသောကြောင့်ဖြစ်သည်။

သူ့နောက်မှ --- သူတို့နောက်မှ
"သူတို့၏ နောက်တွင် --- သူ၏ နောက်တွင်"

ဇာဒုတ် --- ဣမေရ --- ရှေမာယ --- ရှေကနိ --- ဟာနနိ --- ရှေလမိ --- ဟာနုန် --- ဇာလပ် --- မေရှုလံ --- ဗေရခိ
အမျိုးသားများ၏ အမည်များဖြစ်ကြသည်။

ရှေကနိ သား၊ အရှေ့တံခါးမှူး ရှေမာယ
ရှေမာယသည် အရှေ့တံခါးမှူးဖြစ်စည်။ ရှေမာယသည် တံခါးမှူး မဟုတ်ပါ။

အရှေ့တံခါးမှူး
"အရှေ့တံခါးကို ကြည့်ရှု စောင့်ရှောက်သော ပုဂ္ဂိုလ်" သို့မဟုတ် "အရှေ့တံခါးကို ဖွင့်ချီ ပိတ်ချီ ပြုလုပ်သောသူ" ကို ဆိုလိုသည်။

စတုတ္ထသား
လေးယောက်မြောက်သားကို ဆိုလိုသည်။

မိမိအိပ်ရာခန်းတဘက် တချက်၌
"သူနေထိုင်သော အိပ်ခန်း၏ ရှေ့တွင်" ဟု ဆိုလိုသည်။ "မိမိ" ဟူသာစကားလုံးသည် မေရှုလံကို ရည်ညွှန်းသည်။

Nehemiah 31

သူ့နောက်မှ
"သူ၏ နောက်တွင်"

ပန်းတိမ်သမား
ရွှေ၊ ငွေ၊ အဖိုးတန်ကျောက်များကို အသုံးပြု၍ ရွှေထည်ပစ္စည်းများကို ပြုလုပ်သော ပုဂ္ဂိုလ်ကို ဆိုလိုသည်။

မာလခိ
အမျိုးသားတစ်ဦး၏ အမည်ဖြစ်သည်။

မိဖကဒ်တံခါး တဘက်တချက်၌ ပြင်၏ --- ကုန်သည်များ တို့သည်ပြင်ကြ၏
ဤစကားစုများသည် မြို့ရိုးပြုပြင်ခြင်းကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မိဖကဒ်တံခါး တဘက်တချက်၌ရှိ မြို့ရိုးကို ပြင်၏။ --- ကုန်သည်များတို့သည် မြို့ရိုးကို ပြင်ကြ၏။"

ကုန်သည်များ
"ရောင်းဝယ်သောသူများ" သို့မဟုတ် "ကုန်သည်များ"

မြို့ထောင့်တက် ရာအရပ်
"လူများနေထိုင်ရန် မြင့်ရာအရပ်၌ ရှိသော အခန်းများကို ဆိုလိုသည်။

သိုးတံခါး
မြို့ရိုးသို့ ဝင်သော ဂိတ်တစ်ခု၏ အမည်ဖြစ်သည်။

---

## Translation Questions

Nehemiah 3:1

သိုးတံခါးကို မည်သူသည် ပြန်လည်တည်ဆောက်မွမ်းမံခဲ့သနည်း?
ဧလျာရှိပ်နှင့်သူညီအစ်ကို ယဇ်ပရောဟိတ်များသည် သိုးတံခါးကို ပြန်လည်တည်ဆောက်မွမ်းမံခဲ့သည်။

Nehemiah 3:3

မည်သူသည် ငါးတံခါးကို တည်ဆောက်သနည်း?
ဟသေနာ၏ သားတို့သည် ငါးတံခါးကို တည်ဆောက်ကြသည်။

မိမိတို့ခေါင်းဆောင်များ အမိန့်ပေးသောအလုပ်ကို မည်သူတို့သည် ပြုလုပ်ဖို့ငြင်းဆန်ကြသနည်း?
တေကောအမျိုးသား ခေါင်းဆောင်များသည် ပြုလုပ်ဖို့ငြင်းဆန်ကြသည်။

Nehemiah 3:6

မည်သူသည် တံခါးဟောင်းကို ပြန်လည်ပြုပြင်သနည်း?
ယောယဒနှင့် မေရှုလံသည် တံခါးဟောင်းကို ပြန်လည်ပြုပြင်ခဲ့ကြသည်။

Nehemiah 3:8

မည်သူသည် ယေရုရှလင်မြို့ကို ကျယ်သောမြို့ရိုးတိုင်အောင် ပြန်လည်ပြုပြင်ခဲ့သနည်း?
ဩဇေလနှင့် ဟာနနိတို့သည် ယေရုရှလင်မြို့၏ ထိုအခြမ်းကို ပြန်လည်ပြုပြင်ခဲ့ကြသည်။

Nehemiah 3:11

မည်သူသည် ကျန်ကြွင်းသောအရပ်နှင့် မီးဖိုပြအိုးကို ပြုပြင်ခဲ့သနည်း?
ဟာရိမ်သား မာလခိယနှင့် ဟာရှုတ် တို့သည် ကျန်ကြွင်းသောအရပ်နှင့် မီးဖိုပြအိုးကို ပြုပြင်ခဲ့ကြသည်။

မည်သူသည် ပြုပြင်ခြင်းအလုပ်တွင် ရှလ္လုံကို ကူညီခဲ့သနည်း?
သူ့သမီးများသည် သူ့ကိုကူညီကြသည်။

Nehemiah 3:13

မည်သူသည် ချိုင့်တံခါးကို နောက်ချေးတံခါးတိုင်အောင် ပြုပြင်ခဲ့သနည်း?
ဟာနုန်နှင့် ဇာနောမြို့သား တို့သည် ချိုင့်တံခါးကို နောက်ချေးတံခါးတိုင်အောင် ပြုပြင်ခဲ့ကြသည်။

Nehemiah 3:14

မည်သူသည် နောက်ချေးတံခါးကို ပြုပြင်ခဲ့သနည်း?
ရေခပ်သား မာလခိသည် နောက်ချေးတံခါးကို ပြုပြင်ခဲ့သည်။

မည်သူသည် စမ်းရေတွင်းတံခါးနှင့် ရှိလောင်ရေကန်မြို့ရိုးကို ပြုပြင်ခဲ့သနည်း?
ရှလ္လုံသည် စမ်းရေတွင်းတံခါးနှင့် ရှိလောင်ရေကန်မြို့ရိုးကို ပြုပြင်ခဲ့ကြသည်။

Nehemiah 3:16

မည်သူသည် ဒါဝိဒ်၏သင်္ချိုင်းများမှစ၍ အားကြီးသောဗိုလ်မင်းတို့၏အိမ်တိုင်အောင် နေရာကို ပြုပြင်သနည်း?
အာဇဗုတ်သား နေဟမိသည် ထိုအခြမ်းကို ပြုပြင်သည်။

Nehemiah 3:20

မည်သူသည် မြို့ထောင့်မှ ယဇ်ပုရောဟိတ်မင်း ဧလျာရှိပ်အိမ်တံခါးတိုင်အောင် ကြိုးစား၍ပြုပြင်သနည်း?

ဗာရုတ်သည် ၎င်းကို ကြိုးစား၍ပြုပြင်သည်။

Nehemiah 3:22

ဗယ်ာမိန်နှင့် ဟာရှုပ်သည် မြို့ရိုး၏မည်သည့်အခြမ်းကို ပြုပြင်ကြသနည်း?

သူတို့သည် မိမိတို့အိမ်၏မျက်နှာချင်းဆိုင်မြို့ရိုး၏အခြမ်းကို ပြုပြင်ကြသည်။

Nehemiah 3:28

မည်သူသည် မြင်းတံခါးအထက်အခြမ်းကို ပြုပြင်ခဲ့သနည်း?

ယဇ်ပုရောဟိတ်တို့သည် မိမိတို့အိမ်နှင့်မျက်နှာချင်းဆိုင်သောအခြမ်းအသီးသီးကို ပြုပြင်ကြသည်။

Nehemiah 3:31

မည်သူသည် မြို့ထောင့်တက်ရာအရပ်မှစ၍၊ သိုးတံခါးတိုင်အောင် ပြုပြင်သနည်း?

ပန်းတိမ်သမား များနှင့် ကုန်သည်များတို့သည် မြို့ထောင့်တက်ရာအရပ်မှစ၍၊ သိုးတံခါးတိုင်အောင် ပြုပြင်ကြသည်။

## Chapter 4

1 ထိုသို့ငါတို့သည် မြို့ရိုးတည်ကြောင်းကို၊ သမ္ဘာ လတ်သည် သိတင်းကြားသောအခါ၊ အလွန်ဒေါသ အမျက်ထွက်၍၊ ယုဒလူတို့ကို
ပြက်ယယ်ပြုလျက်၊ 2 အားမရှိသော ထိုယုဒလူတို့သည် အဘယ်သို့ ပြုကြမည်နည်း။ ကိုယ်ကို ခိုင်ခံ့စေမည်လော။ ယဇ်ပူဇော်
မည်လော။ တနေ့ခြင်းတွင် လက်စသတ်မည်လော။ ကျွမ်းလောင်သော ကျောက်တို့ကို အမှိုက်ပုံများထဲက ထုတ်၍ ပြုပြင်မည်လောဟု
မိမိအမျိုးသားချင်း၊ ရှမာရိ တပ်သားရှေ့မှာ ပြောဆို၏။ 3 သူ့အနားမှာရှိသော အမ္မုန်အမျိုးသား တောဘိ ကလည်း၊ သူတို့တည်သော
ကျောက်ရိုးကို တောခွေး ထိခိုက်လျှင် ပြိုလဲလိမ့်မည်ဟု ပြန်ပြော၏။ 4 အို အကျွန်ုပ်တို့ ဘုရားသခင်၊ နားထောင် တော်မူပါ။
အကျွန်ုပ်တို့သည် မထီမဲ့မြင်ပြုခြင်းကို ခံရပါ ၏။ သူတို့ကဲ့ရဲ့သောစကားသည်၊ သူတို့ ခေါင်းပေါ်သို့ ပြန်ရောက်ပါစေသော။
သိမ်းသွားခြင်းကိုခံရာ ပြည်၌ လုယက်ခြင်းကို ခံရကြပါစေသော။ 5 သူတို့ပြုသော ဒုစရိုက်ကို ဖုံးအုပ်တော်မမူပါနှင့်။ ရှေ့တော်၌
သူတို့အပြစ်မပြေပါစေနှင့်။ မြို့ရိုးကို တည် သော သူတို့၏စိတ်ကို နာစေခြင်းငှါ၊ ပြောတတ်ကြပါသည် တကား။ 6 သို့ရာတွင်
ငါတို့သည် မြို့ရိုးကိုတည်ကြ၏။ တည်လုပ်သော သူတို့သည် စေတနာ ကြီးသောကြောင့်၊ မြို့ပတ်လည် မြို့ရိုးအမြင့်
တဝက်တိုင်အောင် ပြီးလေ၏။ 7 ယေရုရှလင်မြို့ရိုးမြင့်၍ ပြိုပျက်ရာတို့ကို ပြင်စ ပြုကြသည်ဟု သမ္ဘာလတ်နှင့် တောဘိအစရှိသော
အာရပ်လူ၊ အမ္မုန်လူ၊ အာဇုတ်လူတို့သည် ကြားသော အခါ၊ အလွန်ဒေါသစိတ်ရှိသဖြင့်၊ 8 ယေရုရှလင်မြို့ကို စစ်ချီ၍ တိုက်မည်။
ထိုအမှုကို ဖျက်မည်ဟု တညီတညွတ်တည်း တိုင်ပင်ကြ၏။ 9 သို့ရာတွင် ငါတို့သည် ငါတို့၏ ဘုရားသခင်ကို ဆုတောင်း၍၊
ရန်သူကြောင့် နေ့ညဉ့်မပြတ် ကင်းစောင့် ထားကြ၏။ 10 ယုဒလူ အချို့ကလည်း၊ ဝန်ထမ်းသော သူတို့ သည် အားကုန်ကြပြီ။
အမှိုက်များလှ၏။ မြို့ရိုးပြီးစီး အောင် မတတ်နိုင်ကြဟု ဆိုကြ၏။ 11 ရန်သူတို့ကလည်း၊ သူတို့သည် အမှတ်တမဲ့၊
သတိမရှိဘဲနေစဉ်တွင်၊ ငါတို့သည် သူတို့အထဲသို့ဝင်၍ လုပ်ကြံသဖြင့်၊ ထိုအလုပ်ကို ဖျက်မည်ဟု ဆိုကြ၏။ 12 သူတို့အနားမှာနေသော
ယုဒလူတို့သည်လည်း၊ လာ၍ ရန်သူတို့သည် နေရာအရပ်ရပ်တို့က၊ သင်တို့ကို တိုက်လာကြလိမ့်မည်ဟု ငါတို့အား အထပ်ထပ်
ဆိုကြ၏။ 13 ထိုကြောင့် မြို့ရိုးနောက်၊ နိမ့်သောအရပ်၊ ရှင်း လင်းသော အရပ်တို့၌ ထား၊ လှံ၊ လေးလက်နက်ပါသော လူများကို
အဆွေအမျိုးအလိုက် ငါခန့်ထား၏။ 14 ထိုအမှုအလုံးစုံတို့ကို ကြည့်ရှု စီရင်ပြီးမှ မှူးမတ်၊ မင်းအရာရှိ၊ ကြွင်းသောသူတို့အားခေါ်၍၊
ရန်သူတို့ကို မကြောက်ကြနှင့်။ ကြီးမြတ်၍ ကြောက်မက်ဘွယ် ဖြစ် တော်မူသော ထာဝရဘုရားကို အောက်မေ့ကြလော့။ ညီအစ်ကို
သားမယားအိမ်ရာအဘို့ တိုက်ကြလော့ဟု ဆို၏။ 15 ထိုသို့ငါတို့သည် သတိရ၍၊ ရန်သူအကြံကို ဘုရားသခင်
ဖျက်ဆီးတော်မူကြောင်းကို သူတို့ကြားသိ သောအခါ၊ ငါတို့ရှိသမျှသည် အသီးအသီး လုပ်ရာအရပ် မြို့ရိုးသို့ပြန်လုပ်ကြ၏။ 16
နောက်မှ ငါ့ကျွန်တဝက်သည် အလုပ်လုပ်ကြ ၏။ တဝက်သည် လှံ၊ ဒိုင်း၊ လေး၊ သံချပ်တို့ကို ကိုင်ကြ၏။ မင်းတို့သည်
ယုဒအမျိုးသားများနောက်မှာ နေကြ၏။ 17 မြို့ရိုးတည်သောသူ၊ ဝန်ထမ်းသောသူ၊ ဝန်ကို တင်သောသူအပေါင်းတို့သည်
လက်တဘက်နှင့် လုပ်ကြ ၏။ လက်တဘက်နှင့် လက်နက်ကိုကိုင်ကြ၏။ 18 တည်လုပ်သော သူအပေါင်းတို့သည်၊ ခါး၌ ထား ဆွဲလျက်
တည်လုပ်ကြ၏။ တံပိုးမှုတ်သောသူသည် ငါ့အနားမှာ ရပ်နေ၏။ 19 ငါကလည်း၊ အလုပ်သည် ကြီးကျယ်လှ၏။ မြို့ရိုးပေါ်မှာ
တယောက်တခြားစီ သူနှင့်ငါဝေးဝေး လုပ်ရ ၏။ 20 သို့ဖြစ်၍၊ တံပိုးမှုတ်သံကို ကြားလေရာရာအရပ် မှ၊ ငါတို့ထံသို့ စည်းဝေးကြ။
ငါတို့၏ ဘုရားသခင်သည် ငါတို့ဘက်၌ စစ်ကူတော်မူမည်ဟု မှူးမတ်၊ မင်းအရာရှိ၊ ကြွင်းသောသူတို့အား ငါဆို၏။ 21 ထိုသို့ ငါတို့သည်
အလုပ်လုပ်ကြ၏။ လူတဝက် သည် မိုဃ်းလင်းသည်မှစ၍ ကြယ်ပေါ်သည်တိုင်အောင်၊ လှံလက်နက်တို့ကို ကိုင်ကြ၏။ 22
ထိုအခါ၌လည်း၊ ငါကလူတိုင်း မိမိကျွန်နှင့် တကွညဉ့်အချိန်တွင်၊ ယေရုရှလင်မြို့ထဲမှာ အိပ်စေ။ သို့ပြုလျှင်၊ ကျွန်တို့သည် နေ့အခါ
အလုပ်လုပ်လျက်၊ ညဉ့်အခါ အလှည့်လှည့်စောင့်လျက် ရှိကြလိမ့်မည်ဟု လူများတို့အား ဆို၏။ 23 ထိုသို့ ငါနှင့်ငါ့ညီ၊ ငါ့ကျွန်၊
ငါ့နောက်၌ လိုက် သောတပ်သားတို့သည်၊ ကိုယ်အဝတ်ကို မချွတ်ဘဲနေရ ကြ၏။

---

Nehemiah 01

သမ္ဘာလတ်သည် သိတင်းကြားသောအခါ
ဤနေရာတွင် နေဟမိသည် ဇာတ်လမ်း၏ အခြားအခန်းတစ်ခုကို အစပြုခြင်း ဖြစ်သည်။

သမ္ဘာ လတ် --- တောဘိ
ဤသူတို့သည် အမျိုးသားများ၏ အမည်များဖြစ်ကြသည်။

အလွန်ဒေါသ အမျက်ထွက်၍
သမ္ဘာလတ်သည် မီးလောင်ကျွမ်းသကဲ့သို့ ဒေါသ အမျက်ထွက်ခြင်းကို ဆိုလိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် အလွန် စိတ်ဆိုး ဒေါသထွက်သည်" သို့မဟုတ် "သူသည် အလွန်ဒေါသထွက်သည်"

မိမိအမျိုးသားချင်း ရှေ့မှာ
"မိမိဆွေမျိုးများ ရှေ့တွင်" သို့မဟုတ် "မိမိလူမျိုးစုများ ရှေ့တွင်"


generated on Tue Jul 2 12:50:28 2024

အားမရှိသော ထိုယုဒလူတို့သည်
"အားနည်းသော ယုဒလူတို့" ကို ဆိုလိုသည်။

အားမရှိသော ထိုယုဒလူတို့သည် အဘယ်သို့ ပြုကြမည်နည်း။ ကိုယ်ကို ခိုင်ခံ့စေမည်လော။ ယဇ်ပူဇော် မည်လော။ တနေ့ခြင်းတွင် လက်စသတ်မည်လော။
သမ္မာလတ်သည် ယုဒလူမျိုးများကို လှောင်ပြောင်၍ မေးသော မေးခွန်းဖြစ်သည်။ ဤအရာများသည် ဖော်ပြချက်တစ်ခုဖြစ်သည်။ အခြားသောသာသာပြန်ဆိုချက်၊ "အားနည်းသော ယုဒလူမျိုးတို့သည် မည်သည့်အရာမျှ ပြီးစီးအောင် လုပ်ဆောင်နိုင်မည် မဟုတ်ပါ။ သူတို့ကိုယ်တိုင် မြို့ရိုးကို ခိုင်ခံ့စေရန် လုပ်ဆောင်နိုင်မည် မဟုတ်ပါ။ သူတို့သည် ယဇ်ပူဇော်ရလိမ့်မည် မဟုတ်ပေ။ သူတို့ တနေ့အတွင်းတွင် အလုပ်ပြီးမြောက်နိုင်မည်မဟုတ်ပါ။"

တနေ့ခြင်းတွင်
နေ့တစ်နေ့အတွင်းတွင် မြို့ရိုးတည်ဆောက်ခြင်း လုပ်ငန်း ကို လျင်လျင်မြန်မြန် ပြီးမြောက်နိုင်မည်မဟုတ်ဟု ပြောဆိုခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "လျင်မြန်စွာ"

ကျွမ်းလောင်သော ကျောက်တို့ကို အမှိုက်ပုံများထဲက ထုတ်၍ ပြုပြင်မည်လောဟု၊
သမ္မာလတ်သည် ယုဒလူမျိုးများကို လှောင်ပြောင်၍ မေးသော မေးခွန်းဖြစ်သည်။ ဤအရာများသည် ဖော်ပြချက်တစ်ခုဖြစ်သည်။ အခြားသောသာသာပြန်ဆိုချက်၊ "မီးလောင်၍ ကျွမ်းသွားသော ကျောက်တို့ကို အမှိုက်ပုံထဲက ထုတ်ပြီး ပြန်လည်ပြုပြင် အသုံးပြုကြမည်လော"

ကျွမ်းလောင်သော ကျောက်တို့ကို အမှိုက်ပုံများထဲက ထုတ်၍
လူများတို့သည် မြို့ရိုးကို ပြန်လည်တည်ဆောက်ရာတွင် ကျွမ်းလောင်သွားသော ကျောက်များကို ပြန်လည်အသက်ရှင်အောင် ပြုနိုင်ကြမည်လော။ အခြားသောဘာသာပြန်ဆိုချက်၊ "မီးလောင်ကျွမ်းသွားပြီး အမှိုက်အဖြစ် အသုံးမကျတော့သော ကျောက်များကို ပြန်ယူ၍ မြို့ရိုးကို တည်ဆောက်ကြမည်လော"

ကျွမ်းလောင်သော အမှိုက်ပုံများထဲက ထုတ်၍
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တစ်စုံတစ်ဦးသည် မီးရှို့ဖျက်ဆီးခဲ့သော အမှိုက်ပုံထဲမှ"

သူတို့တည်သော ကျောက်ရိုးကို တောခွေး ထိခိုက်လျှင် ပြိုလဲလိမ့်မည်ဟု
သမ္မာလတ်က မြို့ရိုးသည် တောခွေးထိခိုက်လျှင်ပင် ပျက်စီးနိုင်အောင် အားနည်းကြောင်းကို ချဲ့ကားပြောဆိုခြင်းဖြင့် လှောင်ပြောင်သောစကားဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူတို့ တည်ဆောက်သော မြို့ရိုးသည် အလွန်အားနည်းပြီး မြို့ရိုးပေါ်တွင် တောခွေးငယ်တစ်ကောင် တက်မိရင်တောင် ပြိုကျပျက်စီးပြီး ကျောက်များသည်လည်း ရွှေ့လျော့မည်"

Nehemiah 04

အို အကျွန်ုပ်တို့ ဘုရားသခင် နားထောင် တော်မူပါ--- မြို့ရိုးကို တည် သော သူတို့၏စိတ်ကို နာစေခြင်းငှါ
နေဟေမိသည် ထာဝရဘုရားထံ ဆုတောင်းခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထို့နောက် ငါဆုတောင်းသည်မှာ၊ အို အကျွန်ုပ်တို့ ဘုရားသခင် --- မြို့ရိုးကို တည်သော သူတို့၏ စိတ်ကို နာကျင်စေခြင်းငှါ"

အို အကျွန်ုပ်တို့ ဘုရားသခင်၊ နားထောင် တော်မူပါ။အကျွန်ုပ်တို့သည် မထီမဲ့မြင်ပြုခြင်းကို ခံရပါ ၏
"အကျွန်ုပ်တို့" ဟူသောစကားလုံးသည် ယုဒလူမျိုးများကို ရည်ညွှန်းသည်။ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အို အကျွန်ုပ်တို့၏ ဘုရားသခင် နားထောင်တော်မူပါ။ အကျွန်ုပ်တို့၏ ရန်သူတို့သည် အကျွန်ုပ်တို့ကို မထီမဲ့မြင်ပြုကြပါသည်။"

သူတို့ကဲ့ရဲ့သောစကားသည်၊ သူတို့ ခေါင်းပေါ်သို့ ပြန်ရောက်ပါစေသော။
ဤစကားစုတွင် "သူတို့ကဲ့ရဲ့သောစကား" သည် သမ္မာလတ်နှင့် တောဘိတို့၏ စော်ကားသောစကားဖြစ်သည်။ "ခေါင်းများ" ဟူသောစကားသည် ရန်သူများအားလုံးကို ရည်ညွှန်းခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ " သူတို့ ကဲ့ရဲ့သောစကားသည် သူတို့အပေါ်သို့ ပြန်လည် ကျရောက်ပါစေ" သို့မဟုတ် "သူတို့၏ စော်ကားမှုများသည် သူတို့ကို ပြန်လည်လှောင်ပြောင်ပါစေ"

သိမ်းသွားခြင်းကိုခံရာ ပြည်၌ လုယက်ခြင်းကို ခံရကြပါစေသော
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့၏ ရန်သူများသည် သူတို့ကို လုယက်ကြပါစေ"

သူတို့ပြုသော ဒုစရိုက်ကို ဖုံးအုပ်တော်မမူပါနှင့်
လူတစ်ဦး၏ အပြစ်အား ခွင့်လွှတ်ခြင်းကို ရုပ်ခန္ဓာ ဝှက်ထားသော အရာဝတ္ထု တစ်ခုကဲ့သို့ ပြောဆိုခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ခွင့်မလွှတ်ပါနှင့်"

ရှေ့တော်၌ သူတို့အပြစ်မပြေပါစေနှင့်
လူတစ်ဦး၏ အပြစ်ကို မေ့ပစ်လိုက်ခြင်းကို တစ်စုံတစ်ခုရေးမှတ်ထားပြီး ပယ်ဖျက်လိုက်သကဲ့သို့ ပြောဆိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့၏ အပြစ်များကို မမေ့ပစ်လိုက်ပါနှင့်"

မြို့ရိုးကို တည် သော သူတို့၏စိတ်ကို နာစေခြင်းငှါ
"သူတို့သည် မြို့ရိုးတည်ဆောက်သော သူတို့ကို စိတ်ဆိုးဒေါသထွက်ခြင်း" ကို ဆိုလိုသည်။

သို့ရာတွင် ငါတို့သည် မြို့ရိုးကိုတည်ကြ၏
"သို့သော်လည်း ငါတို့သည် မြို့ရိုးကို ပြန်လည်တည်ဆောက်ကြသည်။"


generated on Tue Jul 2 12:50:28 2024

တည်လုပ်သော သူတို့သည် စေတနာ ကြီးသောကြောင့်၊ မြို့ပတ်လည် မြို့ရိုးအမြင့် တဝက်တိုင်အောင် ပြီးလေ၏
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောသာသာပြန်ဆိုချက်၊ "ငါတို့သည် အတူတကွ တက်တက်ကြွကြွဖြင့် မြို့ရိုးကို တည်ဆောက်သောကြောင့် မြို့ရိုးအမြင့် တစ်ဝက်ပြီးလေပြီ" ဟု ကျေနပ်သော စိတ်ဖြင့် ဖော်ပြခြင်းဖြစ်သည်။

မြို့ရိုးအမြင့် တဝက်
"တစ်ဝက်" ဟူသည်မှာ တူညီသောအပိုင်းနှစ်ပိုင်း၏ အပိုင်းတစ်ပိုင်းကို ဆိုလိုသည်။

Nehemiah 07

အလွန်ဒေါသစိတ်ရှိသဖြင့်
လူများ၏ စိတ်ဆိုးဒေါသထွက်ခြင်းကို သူတို့အထဲ၌ တစ်စုံတစ်ခုကို မီးလောင်ကျွမ်းသကဲ့သို့ဖြစ်သည်ဟု ပြောဆိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် အလွန်စိတ်ဆိုး ဒေါသထွက်သည်" သို့မဟုတ် "သူတို့သည် စိတ်ဆိုးသည်"

ယေရုရှလင်မြို့ကို စစ်ချီ၍ တိုက်မည်။
ဤနေရာတွင် "ယေရုရှလင်မြို့" ဟူသော စကားလုံးသည် ထိုနေရာ၌နေထိုင်သော သူများကို ရည်ညွှန်းသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ယေရုရှလင်မြို့ရှိ လူများကို ဆန့်ကျင်တိုက်ခိုက်သည်။"

ကင်းစောင့် ထားကြ၏
"မြို့ရိုးတလျှောက်တွင် အမျိုးသားများကို နေရာချထားပြီး မြို့ကို စောင့်ရှောက်စေသည်။"

Nehemiah 10

အမှိုက်များလှ၏
အုတ်အစအနတို့သည် "မီးလောင်ကျွမ်းသွားသော ကျောက်တုံး" သို့မဟုတ် "ကျိုးပဲ့သွားသော ကျောက်ဆောင်" သို့မဟုတ် "အသုံးမတည့်တော့သော ကျောက်တုံး" များဖြစ်သည်။

သူတို့သည် အမှတ်တမဲ့၊ သတိမရှိဘဲနေစဉ်တွင်၊ ငါတို့သည် သူတို့အထဲသို့ဝင်၍
" သူတို့သည် ငါတို့ အထဲသို့ ဝင်သည့်တိုင်အောင် ငါတို့ကို မတွေ့မမြင်" ဟု ဆိုလိုသည်။

Nehemiah 12

နေရာအရပ်ရပ်တို့က
ဦးတည်ရာအရပ် အမျိုးမျိုးတို့ကို ဆိုလိုသည်။ "အရပ်ရပ်" ဟူသောစကားလုံးသည် များစွာကို" ဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဦးတည်ရာ အရပ်အမျိုးမျိုးတို့မှ"

အထပ်ထပ်
အင်္ဂလိပ်ကျမ်းစာတွင် ဆယ်ကြိမ်ဟုဖော်ပြထားပြီး၊ ဆရာယုဒသသန် ဘာသာပြန်ရာတွင် အထပ်ထပ်ဟု ပြန်ဆိုထားသည်။ သို့သော် အကြိမ်များစွာကို ဆိုလိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါတို့အားအကြိမ်များစွာ ပြောဆိုခဲ့သည်။"

ရှင်း လင်းသော အရပ်တို့၌
"ထိခိုက် နာကျင်စေသောအရပ်" ကို ဆိုလိုသည်။

လူများကို အဆွေအမျိုးအလိုက် ငါခန့်ထား၏
ဤအရာသည် မိသာစုတစ်ခုစီတိုင်းမှ လူများစွာကို ရည်ညွှန်းသည်။ မိန်းကလေးနှင့် ကလေးများ အပါအဝင်ပါ။
အခြားသောဘာသာပြန်ဆိုချက်၊ "မိသားစုတစ်ခုစီမှ လူများကို ငါခန့်ထားခဲ့သည်။"

ထာဝရဘုရားကို အောက်မေ့ကြလော့
"အောက်မေ့ကြလော" ဟူသော စကားလုံးသည် သတိရခြင်းကို ဆိုလိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားကို အောက်မေ့သတိရပါ"

Nehemiah 15

ထိုသို့ငါတို့သည် သတိရ၍
"ထိုသို့ ဖြစ်ပျက်လာမည်ကို သတိရပါ" ဟုဆိုလိုသည်။

ရန်သူအကြံကို ဘုရားသခင် ဖျက်ဆီးတော်မူကြောင်းကို သူတို့ကြားသိသောအခါ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့၏ အကြံများကို ငါတို့သည် သိခဲ့သည်။"

ငါ့ကျွန်တဝက်သည် အလုပ်လုပ်ကြ၏။
"ငါ၏ အသက်အရွယ်နုပျိုသောသူများသည် အလုပ်လုပ်ကြသည်။"

ငါ့ကျွန်တဝက်
"တဝက်" ဟူသည်မှာ တူညီသောအပိုင်းနှစ်ပိုင်းမှ အပိုင်းတစ်ပိုင်းကို ဆိုလိုသည်။

မင်းတို့သည် ယုဒအမျိုးသားများနောက်မှာ နေကြ၏
"ခေါင်းဆောင်များသည် သူတို့ကိုယ်တိုင် လူများ၏ နောက်တွင် နေရာယူထားကြသည်။"

Nehemiah 17

သူအပေါင်းတို့သည် လက်တဘက်နှင့် လုပ်ကြ ၏။ လက်တဘက်နှင့် လက်နက်ကိုကိုင်ကြ၏
၎င်းသည် ချဲ့ကား၍ ရေးသားထားသော အရာဖြစ်သည်။
သူတို့သည် အမြဲတမ်းလက်တစ်ဘက်တည်းနှင့် အလုပ်မလုပ်ခဲ့ပါ။ သို့ပေမယ့် သူတို့သည် လက်နက်ကို အမြဲတမ်း

သူတို့နှင့်အတူ ထားခြင်းကြောင့် သူတို့ ဝန်းကျင်၌ရှိသော ရန်သူများ၏ ရန်များကို ကာကွယ်ရန် ပြင်ဆင်ခဲ့သည်။

Nehemiah 19

ငါကလည်း

"ငါ" ဟူသောစကားလုံးသည် နေဟေမိကို ရည်ညွှန်းသည်။

အလုပ်သည် ကြီးကျယ်လှ၏

"ကြီးကျယ်" ဟူသောစကားလုံးသည် "ကြီးမားသော အတိုင်းအတာ" သို့မဟုတ် "အလွန်ကြီးမားသော" ဟူသော အဓိပ္ပါယ်ဖြစ်သည်။

မှူးမတ်၊ မင်းအရာရှိ

ဤသူတို့သည် (၄:၁၅) တွင် ပါရှိသော ခေါင်းဆောင်များကို ရည်ညွှန်းသည်။

တံပိုးမှုတ်သံကို

ဤအရာသည် တစ်စုံတစ်ယောက် တံပိုးမှုတ်ခြင်းကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တစ်စုံတစ်ယောက်သည် တံပိုးမှုတ်နေသည်"

Nehemiah 21

လူတဝက် သည်

"တဝက်" ဟူသောစကားလုံးသည် တူညီသောအပိုင်း နှစ်ပိုင်းမှ အပိုင်းတစ်ပိုင်းကို ဆိုလိုသည်။

မိုယ်းလင်းသည်မှစ၍ ကြယ်ပေါ်သည်တိုင်အောင်

ဤအရာသည် နေထွက်သည်မှ နေဝင်သည့်တိုင်အောင် တနေ့လုံးကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မနက်အလင်းရောင်မြင်ရသည်မှစ၍ မှောင်စပျိုးလာသည့်အချိန်တိုင်အောင်"

မိုယ်းလင်းသည်မှစ၍

၎င်းသည် နေ တဖြေးဖြေးထွက်လာသောအချိန် "မိုးသောက်ချိန်" ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "နေထွက်လာသောအခါ" သို့မဟုတ် "မိုးသောက်ချိန်"

ယေရုရှလင်မြို့ထဲမှာ

"ယေရုရှလင်မြို့ အတွင်းမှာ"

ကိုယ်အဝတ်ကို မချွတ်ဘဲ

"မိမိဝတ်ထားသော အဝတ်ကို မချွတ်ဘဲ"

---

## Translation Questions

Nehemiah 4:1

ယုဒလူများသည် မြို့ရိုးပြန်တည်ဆောက်နေသည်ကို ကြားသောအခါ မည်သူသည် သူတို့ကို လှောင်ပြောင်သနည်း?

သမ္ဘာလတ် နှင့် တောဘိသည် ယုဒလူများကို လှောင်ပြောင်ကြသည်။

Nehemiah 4:4

အဘယ်ကြောင့် နေဟမိသည် သမ္ဘာလတ်နှင့် တောဘိတို့၏ပြစ်မှုကို မဖုံးပေးရန် ဘုရားသခင်ကို တောင်းဆိုသနည်း?

သမ္ဘာလတ်နှင့် တောဘိတို့သည် ယုဒလူများကို အထင်သေး၍ အလုပ်လုပ်သူများကို အမျက်ထွက်စေကြသောကြောင့် သူတို့၏ပြစ်မှုကို မဖုံးပေးရန် ဘုရားသခင်ကို တောင်းဆိုခြင်းဖြစ်သည်။

Nehemiah 4:7

သမ္ဘာလတ်နှင့် တောဘိအစရှိသော အာရပ်လူ၊ အမ္မုန်လူ၊ အာဇုတ်လူတို့သည် ယေရုရှလင်ကိုတိုက်ခိုက်ဖို့လာကြသောအခါ အလုပ်သမားများနှင့် လူထုက မည်သို့ပြုလုပ်ကြသနည်း?

သူတို့သည် ဘုရားသခင်ထံဆုတောင်း၍ လုံခြုံရေးချထားကြသည်။

Nehemiah 4:12

ယုဒလူတို့သည် သူတို့တဘက်၌ကြံစည်သောအကြံများဖြင့် သတိပေးကြသောအခါ ယေဟမိ မည်သို့လုပ်သနည်း?

ယုဒလူတို့သည် သူတို့တဘက်၌ကြံစည်သောအကြံများဖြင့် သတိပေးကြသောအခါ ယေဟမိသည် လူများကို မြို့ရိုး၏အနိမ့်ဆုံးနေရာတွင် နေရာယူစေသည်၊ မိသားစုတိုင်းကို လက်နက်ဆောင်စေ၍၊ ရန်သူများကို မကြောက်ရွံ့ဖို့ နှင့် ကြီးမြတ်၍အံ့ဩဘွယ်သောဘုရားသခင်ကို အောက်မေ့၍ မိသားစုနှင့်မိမိအိမ်မတို့ အတွက် တိုက်ခိုက်ကြဖို့ရန် မှာထားသည်။

Nehemiah 4:15

အဘယ်ကြောင့် ရန်သူများ၏အကြံအစည်များသည် အလုပ်သမားများထံ ပေါက်ကြားခဲ့သနည်း?

ဘုရားသခင်သည် သူတို့အကြံများကို ဖောက်ထွင်းသောကြောင့် ရန်သူများ၏အကြံအစည်များ ပေါက်ကြားခဲ့ခြင်းဖြစ်သည်။

နေဟမိသည် မိမိအစေခံများကို မည်သည့်အရာ လုပ်စေသနည်း?

နေဟမိက အလုပ်သမားတစ်ဝက်ကို အလုပ်လုပ်စေ၍ နောက်တစ်ဝက်ကို လက်နက်ကိုင်ဆောင်စေ၍ စစ်လက်နက်ဝတ်ဆင်စေသည်။



generated on Tue Jul 2 12:50:28 2024

Nehemiah 4:19

အဘယ်ကြောင့် နေဟမိက လူများသည် တံပိုးသံကြားလျှင် ထိုအသံမြည်သည့်နေရာသို့ အလျှင်အမြန်သွား၍ စုရုံးဖို့ရန် ပြောသနည်း?

အကြောင်းမှာ အလုပ်သမားများကို တစ်ယောက်နှင့်တစ်ယောက်ဝေးအောင် ခွဲ၍ ထားသောကြောင့်ဖြစ်သည်။

Nehemiah 4:21

အဘယ်ကြောင့် လူများသည် မိမိတို့အိမ်သို့သွား၍ မအိပ်ရ၊ အဝတ်မလဲရသနည်း?

ထိုသို့လုပ်ရခြင်းမှာ သူတို့သည် ညဘက်တွင် ယေရုရှလင်မြို့လယ်၌ ညဘက်တွင်လုံခြုံရေးအစောင့်အဖြစ်နှင့် နေ့ဘက်တွင် အလုပ်သမားအဖြစ် နေနိုင်ရန်ဖြစ်သည်။

---

## Chapter 5

1 ထိုအခါ ယောက်ျားမိန်းမများတို့သည် အမျိုးသား ချင်း ယုဒလူတို့ကို အလွန်အပြစ်တင်၍ မြည်တမ်းကြ၏။ 2 အချို့ကလည်း၊
ငါတို့နှင့် သားသမီးများစွာ ရှိကြ၏။ သူတို့ အသက်မွေးလောက်အောင် စားစရာ ဆန်စပါးကို အဘယ်မှာ ရနိုင်မည်နည်းဟုဆိုကြ၏။ 3
အချို့ကလည်း၊ ငါတို့သည် လယ်ယာ၊ ဥယျာဉ်၊ အိမ်တို့ကို ပေါင်ထားပြီ။ အစာခေါင်းပါးသောကာလ၊ ဆန်စပါးကို အဘယ်မှာ
ရနိုင်ပါမည်နည်းဟု ဆိုကြ၏။ 4 အချို့ကလည်း၊ ငါတို့သည် အခွန်တော်ကို ပေးစရာရှိခြင်းငှါ လယ်ယာဥယျာဉ်အတွက် ငွေကို
ချေးယူပြီ။ 5 ယခုမှာ ငါတို့ ကိုယ်ခန္ဓာသည် အမျိုးသားချင်း တို့၏ ကိုယ်ခန္ဓာ ကဲ့သို့ဖြစ်၏။ ငါတို့သားသမီးသည် သူတို့
သားသမီးကဲ့သို့ဖြစ်ကြ၏။ ငါတို့ သားသမီးကိုရောင်း၍ ကျွန်ခံစေရမည်လော။ ကျွန်ခံပြီးသော သမီးတို့ကိုလည်း ရွေးခြင်းငှါ
မတတ်နိုင်။ ပိုင်ရင်းလယ်ယာနှင့် ဥယျာဉ်တို့ သည် သူတပါးလက်သို့ ရောက်လေပြီတကားဟု ဆိုကြ၏။ 6
ထိုသို့အပြစ်တင်မြည်တမ်းသောစကားကို ငါ သည် ကြားသောအခါ၊ အလွန်ညှိုးငယ်သောစိတ်ရှိ၍၊ ကိုယ်အလိုအလျောက်
ဆင်ခြင်ပြီးမှ၊ 7 မှူးမတ်နှင့် မင်းအရာရှိတို့ကိုခေါ်၍၊ သင်တို့ သည် အမျိုးသားချင်းတို့၌ အတိုးစားတတ်ကြသည် တကားဟု
ဆုံးမသဖြင့်၊ သူတို့တဘက်၌ လူအများတို့ကို စုဝေးစေလျက်၊ 8 တပါးအမျိုးသားတို့လက်၌ ကျွန်ခံသောငါတို့ ညီအစ်ကို ယုဒလူတို့ကို၊
ငါတို့သည် တတ်နိုင်သမျှအတိုင်း ရွေးနှုတ်ပြီးမှ၊ သင်တို့သည် ညီအစ်ကိုတို့ကို တဖန် ရောင်းဦးမည်လော။ သူတို့သည်
အမျိုးသားချင်းတို့တွင် အရောင်းခံရမည်လောဟုဆိုလျှင်၊ သူတို့သည် ပြန်ပြော စရာမရှိ၊ တိတ်ဆိတ်စွာနေကြ၏။ 9 ငါကလည်း၊
သင်တို့ပြုသောအမှု မကောင်းပါ တကား။ ငါတို့ ရန်သူဖြစ်သော တပါးအမျိုးသားတို့သည် ငါတို့ကိုကဲ့ရဲ့မည်ဟု စိုးရိမ်၍၊ ငါတို့၏
ဘုရားသခင်ကို ကြောက်ရွံ့သောစိတ်နှင့် သင်တို့ကျင့်သင့်သည် မဟုတ် လော။ 10 ငါနှင့်ငါ့ညီ၊ ငါ့ကျွန်တို့သည်လည်း၊ လူများတို့၌
ငွေနှင့်ဆန်စပါးကို ခွဲယူပိုင်သည်မဟုတ်လော။ အတိုးစား သော အမှုကို ပယ်ဖြတ်ကြပါလော့။ 11 ယနေ့ပင်သူတို့လယ်ယာ၊
စပျစ်ဥယျာဉ်၊ သံလွင် ဥယျာဉ်၊ အိမ်ရာကိုင်း၊ သူတို့၌ခွဲယူပြီးသော ငွေ၊ ဆန်စပါး၊ စပျစ်ရည်၊ ဆီအချို့ကိုင်း ပြန်ပေးကြပါလော့ ဟု
ဆိုသော်၊ 12 သူတို့က ပြန်ပေးပါမည်။ ဘာမျှမတောင်းမယူ ပါ။ ကိုယ်တော်မိန့်တော်မူသည်အတိုင်း ပြုပါမည်ဟု ဝန်ခံကြ၏။ ထိုသို့
ယဇ်ပုရောဟိတ်တို့သည် ဂတိထား သည်အတိုင်း ပြုရမည်အကြောင်း၊ ငါသည် သူတို့ကို ခေါ်၍ ကျိန်ဆိုစေပြီးမှ၊ 13 ကိုယ်ခါးပိုက်ကို
ခါလျက်၊ ဂတိပျက်သော သူအပေါင်းတို့ကို ဘုရားသခင်သည် အိမ်တော်၊ အမှုတော် ထဲက ဤသို့ခါလိုက်တော်မူပါစေသော။
သူတို့သည် ဤသို့ခါပစ်လိုက်ခြင်းကို ခံရကြပါစေဟုဆို၍ စည်းဝေး သောသူအပေါင်းတို့သည် အာမင်ဟု ဝန်ခံ၍ ထာဝရ ဘုရားကို
ချီးမွမ်းကြ၏။ လူများတို့သည်လည်း၊ ဂတိထား သည်အတိုင်း ပြုကြ၏။ 14 ထိုမှတပါး ယုဒမြို့ဝန်အရာကို ငါခံသောအချိန်၊
အာတဇေရဇ်မင်းကြီး နန်းစံနှစ်ဆယ်မှစ၍ သုံးဆယ်နှစ်နှစ် တိုင်အောင်၊ တဆယ်နှစ် နှစ်ပတ်လုံး ငါနှင့် ငါ့ညီတို့သည်
မြို့ဝန်ရိက္ခာကိုမစား။ 15 အရင်မြို့ဝန်တို့ကို လူများတို့သည် ကျွေးရကြ၏။ မုန့်နှင့်စပျစ် ရည်ကိုင်း၊ တနေ့လျှင် ငွေလေးဆယ်ကိုင်း
ပေးရကြ၏။ မင်းလုလင်၏ စေစားခြင်းကိုလည်း ခံရကြ ၏။ ငါမူကား ဘုရားသခင်ကို ကြောက်ရွံ့သောကြောင့်၊
အရင်မြို့ဝန်ကဲ့သို့မပြု။ 16 ထိုမှတပါး၊ ငါသည် မြို့ရိုးကိုအမြဲလုပ်၍နေ၏။ ငါနှင့် ငါ့ကျွန်တို့ သည်လယ်ယာကို မဝယ်၊ မြို့ရိုးတည်ခြင်း
အမှုကိုသာ ဝိုင်းညီ၍ ကြိုးစားကြ၏။ 17 ထိုမှတပါး၊ ပတ်ဝန်းကျင်၌နေ၍ ငါတို့ထံသို့ လာသော တပါးအမျိုးသားကို မဆိုဘဲ၊
ယုဒအမျိုးသားတို့ နှင့် မင်းအရာရှိ တရာငါးကျိပ်တို့သည် ငါ့စားပွဲ၌ စားသောက်မြဲရှိကြ၏။ 18 နေ့တိုင်း ငါ့စားပွဲကို နွားတကောင်၊
ရွေးသော သိုးခြောက်ကောင်၊ ကြက်များကို စီရင်ရ၏။ ဆယ်ရက် တခါများစွာသော စပျစ်ရည်အမျိုးမျိုးကိုလည်း တင်ရ၏။
ထိုမျှလောက်ကုန်သော်လည်း၊ လူများတို့သည် ပင်ပန်းစွာ အမှုစောင့်ရသောကြောင့်၊ မြို့ဝန်၌ ရိက္ခာကို ငါမတောင်း။ 19 အိုအကျွန်ုပ်
ဘုရားသခင်၊ ဤလူတို့အဘို့ အကျွန်ုပ်ပြုသမျှအတွက် အကျွန်ုပ်ကို အောက်မေ့၍ ကျေးဇူးပြုတော်မူပါ။

---

Nehemiah 01

ထိုအခါ ယောက်ျားမိန်းမများတို့သည် အမျိုးသား ချင်း ယုဒလူတို့ကို အလွန်အပြစ်တင်၍ မြည်တမ်းကြ၏

ထိုသူတို့သည် မြို့ရိုးကို တည်ဆောက်ကတည်းက သူတို့မိသားစုအတွက် အလုပ်လုပ်ရန်၊ ရောင်းဝယ်ရန်နှင့် အစားအစာများစိုက်ပျိုးရန် လုံလောက်သောအချိန် မရှိခဲ့သောကြောင့်ဖြစ်သည်။

ယောက်ျားမိန်းမများတို့သည်

မြို့ရိုးတည်ဆောက်ခြင်းတွင် ပါဝင်လုပ်ဆောင်ကြသော သူများကို ရည်ညွှန်းသည်။

အလွန်အပြစ်တင်၍ မြည်တမ်းကြ၏

"မြည်တမ်း" ဟူသောစကားလုံးကို ကြိယာအဖြစ်သုံးထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကြယ်လောင်စွာ ငိုကြွေးမြည်တမ်းခြင်း" ကို ဆိုလိုသည်။

ငါတို့သည် လယ်ယာ၊ ဥယျာဉ်၊ အိမ်တို့ကို ပေါင်ထားပြီ

"ငါတို့ပိုင်ဆိုင်သော လယ်ယာများကို ပေါင်ထားကြပြီ" သို့မဟုတ် "ငါတို့ ပိုင်ဆိုင်သော လယ်ယာများကို ပေါင်ထားလိုက်ကြပြီ"

 generated on Tue Jul 2 12:50:28 2024

## Nehemiah 04

ငါတို့ ကိုယ်ခန္ဓာသည် အမျိုးသားချင်း တို့၏ ကိုယ်ခန္ဓာ ကဲ့သို့ဖြစ်၏။ ငါတို့သားသမီးသည် သူတို့ သားသမီးကဲ့သို့ဖြစ်ကြ၏။
ဤနေရာ၌တွင် ယုဒလူမျိုးတို့သည် အခြားသော ယုဒလူများမှ ဆင်းသက်လာသောသူများနှင့် အတူတူဖြစ်သည်ဟုမှတ်ယူပြီး၊ အခြားသောသူများနှင့် ထပ်တူအရေးကြီးသည်ဟု ခံယူထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါတို့ ယုဒမိသားစုသည် အခြားသော ယုဒမိသားစုနှင့် တူသည်။ ငါတို့သားသမီးသည်လည်း ငါတို့အတွက်အရေးကြီးသကဲ့သို့ သူတို့သားသမီးသည်လည်း သူတို့အတွက်အရေးကြီးပါသည်။"

ငါတို့ ကိုယ်ခန္ဓာသည် အမျိုးသားချင်း တို့၏ ကိုယ်ခန္ဓာ ကဲ့သို့
ဤအရာသည် ဒေသသုံးစကားတစ်ခုဖြစ်ပြီး၊ သူတို့၏ မိသားစုဝင်များကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါတို့၏ မိသားစု"

ကျွန်ခံပြီးသော သမီးတို့ကိုလည်း
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါတို့၏ သမီးအချို့တို့ကို ကျွန်အဖြစ် ရောင်းလိုက်ကြပြီ"

မတတ်နိုင်
ဤအရာသည် အီဒီယမ်စကားဖြစ်ပြီး၊ သူတို့၌ တစ်စုံတစ်ခု လုပ်ဆောင်ရန် အရင်းအမြစ် မရှိပါ။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါတို့သည် မလုပ်ဆောင်နိုင်တော့ပါ"

ပိုင်ရင်းလယ်ယာနှင့် ဥယျာဉ်တို့ သည် သူတပါးလက်သို့ ရောက်လေပြီတကားဟု ဆိုကြ၏။
သူတို့ပိုင်ဆိုင်သောလယ်ယာနှင့် ဥယျာဉ်တို့ကိုလည်း သူတို့ မပိုင်တော့ပေ။ သူတို့ မိသားစုကို ထောက်ပံ့ရန်လိုအပ်သော ငွေကြေးများကိုလည်း မထုတ်နိုင်တော့ပေ။ အခြားသောဘာသာပြန်ဆိုချက်၊ "သို့ပေမယ့် ငါတို့သည် အခြေအနေကို ပြောင်းလဲရန် တတ်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် ယခုအခြားသူများပိုင်ဆိုင်သော ငါတို့၏ လယ်နှင့် ဥယျာဉ်များသည် ငါတို့ဘဝများကို ထောက်ပံ့ရန် လိုအပ်ပါသည်။"

## Nehemiah 06

ထိုသို့အပြစ်တင်မြည်တမ်းသောစကားကို ငါ သည် ကြားသောအခါ
"မြည်တမ်းဟူသောစကားလုံးကို ကြိယာအဖြင့်ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့၏ ငိုကြွေးမြည်တမ်းခြင်းကို ငါကြားသောအခါ"

သင်တို့ သည် အမျိုးသားချင်းတို့၌ အတိုးစားတတ်ကြသည် တကားဟု ဆုံးမသဖြင့်
ယုဒလူမျိုးတစ်ဦးသည် အခြားသောယုဒတစ်ဦးအပေါ် အတိုးစားခြင်းသည် တရားဥပဒေအရ မှားယွင်းကြောင်းကို ယုဒလူမျိုးတိုင်းသိသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့အယောက်စီတိုင်းသည် သင်တို့၏ ညီအစ်ကိုများအပေါ် အတိုးစားနေကြသည်။ တရားဥပဒေအရ ထိုအရာသည် မှားယွင်းခြင်းဖြစ်သည်။"

ဆုံးမသဖြင့်၊ သူတို့တဘက်၌ လူအများတို့ကို စုဝေးစေလျက်
သူသည် လူအုပ်စုကြီးကို အတူတကွ စုဝေးစေပြီး သူတို့၏ အတိုးစားခြင်းကို ဆန့်ကျင်ခြင်းဖြစ်ကြောင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် သူတို့တဘက်၌ လူစုလူဝေးကြီးကို စုဝေးစေပြီး ဆုံးမခဲ့သည်" သို့မဟုတ် "လူစုလူဝေးကြီးများရှေ့တွင် သူတို့ကို အမှုစစ်ဆေးခြင်း ပြုလုပ်ခဲ့သည်။"

သင်တို့သည် ညီအစ်ကိုတို့ကို တဖန် ရောင်းဦးမည်လော။ သူတို့သည် အမျိုးသားချင်းတို့တွင် အရောင်းခံရမည်လောဟုဆိုလျှင်၊
သူတို့သည် အခြားသောယုဒလူများထံသို့ သူတို့၏ မိသားစုဝင်များကို ကျွန်အဖြစ်ရောင်းစားခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယခုတွင် သင်တို့သည် သင်တို့၏လူများတို့ကို ယုဒလူမျိုးများထံသို့ ရောင်းကြသည်။ ထို့ကြောင့် သူတို့သည် အမျိုးသားချင်းတို့တွင် ရောင်းစားခြင်းခံရဦးမည်လော။"

အမျိုးသားချင်းတို့တွင် အရောင်းခံရမည်လော
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အမျိုးသားအချင်းချင်းများထံတွင် ကျွန်အဖြစ်ရောင်းစားခံရသည်" (ရှု၊

## Nehemiah 09

ငါကလည်း
"ငါ" ဟူသောနာမ်စားသည် နေဟေမိကို ရည်ညွှန်းသည်။

သင်တို့ပြုသောအမှု
"သင်တို့" ဟူသောစကားလုံးသည် မြင့်မြတ်သော ယုဒလူမျိုးတို့ကို ရည်ညွှန်းသည်။

ငါတို့ ရန်သူဖြစ်သော တပါးအမျိုးသားတို့သည် ငါတို့ကိုကဲ့ရဲ့မည်ဟု စိုးရိမ်၍၊ ငါတို့၏ ဘုရားသခင်ကို ကြောက်ရွံ့သောစိတ်နှင့် သင်တို့ကျင့်သင့်သည် မဟုတ်လော။
ဤအရာသည် စကားပြော ဟောနည်းအတတ်နှင့်ဆိုင်သော မေးခွန်းဖြစ်ပြီး နေဟေမိက မြင့်မြတ်သောသူများကို ဆူပူကြိမ်းမောင်းရာတွင် အသုံးပြုခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါတို့၏ ရန်သူများသည် ငါတို့ကို မခံချိမခံသာအောင် ကဲ့ရဲ့ ပြောဆိုခြင်းမှ ကာကွယ်ရန် သင်တို့သည် ဘုရားသခင်ကို ကြောက်ရွံ့ရိုသေခြင်းဖြင့် အသက်ရှင်သင့်သည်"

ဘုရားသခင်ကို ကြောက်ရွံ့သောစိတ်နှင့် သင်တို့ကျင့်သင့်သည်
ဤအရာသည် ဒေသသုံးစကားဖြစ်သည်။ "ကျင့်သင့်သည်" ဟူသောစကားသည် လူတစ်ဦး၏အပြုအမူနှင့် အသက်ရှင်လိုက်လျှောက်ခြင်းကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့၏ အသက်တာသည်

 generated on Tue Jul 2 12:50:28 2024

ဘုရားသခင်နှစ်သက် ဂုဏ်ပြုထိုက်သောသူဖြစ်ရန် လိုက်လျှောက်အသက်ရှင်ပါ။"

ငါတို့ ရန်သူဖြစ်သော တပါးအမျိုးသားတို့သည် ငါတို့ကိုကဲ့ရဲ့မည်ဟု စိုးရိမ်၍
"ကဲ့ရဲ့" ဟူသောစကားသည် "တစ်စုံတစ်ခုထိခိုက်နှစ်နာစေရန်ပြောသော အတင်းစကား" သို့မဟုတ် "လှောင်ပြောင်ခြင်း" ဟုဆိုလိုပြီး ကြိယာတစ်လုံးအဖြစ်ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါတို့ရန်သူဖြစ်သော တပါးအမျိုးသားတို့၏ လှောင်ပြောင်သောစကား" သို့မဟုတ် "ရန်သူလူမျိုးတို့သည် ငါတို့ကို ကျီစယ်ခြင်း" ကို ဆိုလိုသည်။

ခွဲယူပိုင်သည်
ချေးငှါးခြင်း သို့မဟုတ် တစ်စုံတစ်ရာကို တစ်စုံတစ်ဦးက ပြန်ပေးမည်ဟု မျှော်လင့်ပြီး ပေးခြင်း ကို ဆိုလိုသည်။

အတိုးစား
ချေးငှားသည့်အတွက် တစ်စုံတစ်ယောက်က ချေးငှာပေးသောသူထံသို့ အတိုးကို ပေးရသည်။

အချို့ကိုငှင်း ပြန်ပေးကြပါလော့
"သင်သည် သူတို့ထံမှ တောင်းခံခြင်း" သို့မဟုတ် "သင်သည် သူတို့ကို ပေးစေခြင်း။"

Nehemiah 12

သူတို့က ဝန်ခံကြ၏။
ဤနေရာတွင် "သူတို့" ဟူသောစကားလုံးသည် ယုဒလူမျိုးခေါင်းဆောင်များကို ရည်ညွှန်းသည်။

သူတို့က ပြန်ပေးပါမည်
ယုဒလူမျိုးခေါင်းဆောင်များတို့သည် ဆင်းရဲသော ယုဒလူများထံ အတိုးပေးထားသောငွေများကို အတိုးမယူဘဲ ပြန်ပေးမည်ဟု ပြောခြင်းဖြစ်သည်။

သူတို့ကို ခေါ်၍ ကျိန်ဆိုစေပြီးမှ
"သူတို့" ဟူသောစကားလုံးသည် ယုဒလူမျိုးခေါင်းဆောင်များကို ရည်ညွှန်းသည်။

ငါသည် သူတို့ကို ခေါ်၍
"ငါ" ဟူသောစကားလုံးသည် နေဟေမိကို ရည်ညွှန်းသည်။

ကိုယ်ခါးပိုက်ကို ခါလျက်
"ငါသည် ကိုယ်ခါးပိုက်ကို ခါလျက်။" ဓမ္မဟောင်းကျမ်းထဲတွင် ကြိမ်ဖန်များစွာ ကျမ်းကျိန်ဆိုသောအခါ ကတိတည်ကြောင်းကို ပြသော သက်သေတစ်ခုအဖြစ် လုပ်ဆောင်ခြင်းဖြစ်သည်။ နေဟေမိသည် ယုဒခေါင်းဆောင်များအား ကတိကို ချိုးဖောက်လျှင် မည်ကဲ့သို့ ဖြစ်ပျက်မည်ကို ညွှန်ပြခြင်းဖြစ်သည်။

ဘုရားသခင်သည် အိမ်တော်၊ အမှုတော် ထဲက ဤသို့ခါလိုက်တော်မူပါစေသော --- သူတို့သည် ဤသို့ခါပစ်လိုက်ခြင်းကို ခံရကြပါစေဟုဆို၍
နေဟေမိက ပြောဆိုသည်မှာ ဘုရားသခင်သည် လူတစ်ဦး၏ ပိုင်ဆိုင်သောအရာများကို နေဟေမိသည် သူ၏ ခါးပိုက်ကို ခါသကဲ့သို့ သူ၏ အိမ်တော်မှ အဝေးသို့ ယူဆောင်သွားမည်ဟု ပြောဆိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထို့ကြောင့် ဘုရားသခင်သည် ကတိမတည်သော လူတိုင်း၏ ပိုင်ဆိုင်သောအရာများကို ငါသည်ကိုယ်ခါးပိုက်၌ရှိသော အရာတိုင်းကို ခါပစ်လိုက်သကဲ့သို့ သူ၏အိမ်တော်မှ အဝေးသို့ ယူဆောင်သွားမည်"

Nehemiah 14

ငါခံသောအချိန်
"ငါ" ဟူသောစကားလုံးသည် နေဟေမိကို ရည်ညွှန်းသည်။

နှစ်ဆယ်မှစ၍ သုံးဆယ်နှစ်နှစ် တိုင်အောင်၊
ဒုတိယနှစ် - "နှစ်နှစ်ဆယ်မှစ၍ သုံးဆယ့်နှစ်နှစ်တိုင်အောင်"

အာတဇေရဇ်မင်းကြီး
အာတဇေရဇ်သည် မင်းကြီးဖြစ်သည်။

တဆယ်နှစ် နှစ်ပတ်လုံး
"ဆယ့်နှစ်နှစ်" သို့မဟုတ် "ဆယ့်နှစ်နှစ်အတွင်း။" နေဟေမိသည် နှစ်များ၏ အရေအတွက်ကို ပြန်လည်ဖော်ပြခြင်းမှာ သူသည် အုပ်ချုပ်သူအဖြစ် ဆက်တိုက် လုပ်ဆောင်ခဲ့ကြောင်းကို ဦးစားပေးဖော်ပြလိုခြင်းကြောင့်ဖြစ်သည်။

မြို့ဝန်ရိက္ခာကို
အခြားသောဘာသာပြန်ဆိုချက်၊ "လူသားများသည် အုပ်ချုပ်သူမြို့ဝန်ကို ထောက်ပံ့သော အစားအစာကို စားခြင်း" ကို ဆိုလိုသည်။

တနေ့လျှင်
"သူတို့အတွက် နေ့တိုင်း"

အရင်မြို့ဝန်
"ယခင်က လုပ်ဆောင်ခဲ့သော မြို့ဝန်များ" သို့မဟုတ် "အတိတ်က လုပ်ဆောင်ခဲ့သော မြို့ဝန်" ကို ဆိုလိုသည်။ နေဟေမိသည် ယုဒလူတို့၏ ပထမဆုံးသော အုပ်ချုပ်သူ မြို့ဝန်မဟုတ်ပါ။

ငွေလေးဆယ်ကိုငှင်း
"ငွေလေးဆယ်" သို့မဟုတ် "ငွေဒင်္ဂါး လေးဆယ်"

ငါမူကား ဘုရားသခင်ကို ကြောက်ရွံ့သောကြောင့်၊
"ဘုရားသခင်ကို ကြောက်ရွံ့ခြင်းကြောင့် ငါသည် အစားအစာကို မစား" သို့မဟုတ် "ငါသည် အစားအစာကို မစား၊ အဘယ်ကြောင့်ဆိုသော် ငါသည် ဘုရားသခင်ကို ကြောက်ရွံ့သောကြောင့်" ဖြစ်သည်။

Nehemiah 16

ထိုမှတပါး၊ ငါသည်

"ငါ" ဟူသောစကားလုံးသည် နေဟေမိကို ရည်ညွှန်းသည်။

ငါနှင့် ငါ့ကျွန်တို့ သည်

"ငါနှင့် ငါ့ကျွန်တို့ သည်" ဟူသောစကားလုံးသည် နေဟေမိနှင့် သူ၏ ကျွန်များကို ရည်ညွှန်းသည်။

ငါနှင့် ငါ့ကျွန်တို့သည် ဝိုင်းညီ၍ ကြိုးစားကြ၏

ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် ငါ၏ ကျွန်အားလုံးကို ထိုနေရာတွင် စုဝေးစေခဲ့သည်။"

အမြဲလုပ်၍နေ၏

မြို့ရိုးတည်ဆောက်ခြင်းလုပ်ငန်းကို လုပ်ဆောင်ကြသည်။

ယုဒအမျိုးသားတို့ နှင့် တရာငါးကျိပ်တို့သည် ငါ့စားပွဲ၌ စားသောက်မြဲရှိကြ၏ --- ပတ်ဝန်းကျင်၌နေ၍ ငါတို့ထံသို့ လာသော တပါးအမျိုးသားကို မဆိုဘဲ

နေဟေမိသည် ဤလူများအားလုံးအတွက် အစားအစာများကို ထောက်ပံ့ရန် တာဝန်ရှိသည်။ ဤအရာကို ရှင်းလင်းစွာ ဖော်ပြထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် ငါ၏စားပွဲ၌ စားသောက်မြဲဖြစ်သော ယုဒလူမျိုးနှင့် ခေါင်းဆောင် တစ်ရာ့ငါးဆယ်တို့ကို ကျွေးမွေးရန်အပြင် ငါတို့ပတ်ဝန်းကျင်ရှိ အခြားသော နိုင်ငံများမှ လာကြသော ဧည့်သည်များကိုလည်း ကျွေးမွေးရန် တာဝန်ရှိသည်။"

ငါ့စားပွဲ၌

ဤအရာသည် အုပ်ချုပ်သူ မြို့ဝန်၏ စားပွဲကို ရည်ညွှန်းသည်။ ထိုအရာသည် ပြဿနာကိစ္စရပ်များကို ဆွေးနွေးရန်နှင့် အသိုင်းအဝိုင်းအတွက် အများပြည်သူနှင့်ဆိုင်သော စားပွဲဖြစ်သည်။

မင်းအရာရှိ

"အစိုးရခေါင်းဆောင်များ"

Nehemiah 18

ယေဘုယျအချက်အလက်

နေ့တိုင်း ငါ့စားပွဲကို စီရင်ရ၏

ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "နေ့တိုင်းငါသည် ငါ၏ ကျွန်များကို ပြင်ဆင်ရန် ပြောဆိုခဲ့သည်" သို့မဟုတ် "နေ့တိုင်း ငါသည် ငါ၏ ကျွန်များကို အသားများဖြင့် အလုပ်အကျွေးပြုရန် ပြောဆိုခဲ့သည်။"

စပျစ်ရည်အမျိုးမျိုးကိုလည်း

"လူတိုင်းအတွက် လုံလောက်သော ဝိုင်"

ထိုမျှလောက်ကုန်သော်လည်း၊ လူများတို့သည် ပင်ပန်းစွာ အမှုစောင့်ရသောကြောင့်၊ မြို့ဝန်၌ ရိက္ခာကို ငါမတောင်း

"ငါသည် ဘယ်သောအခါမျှ မြို့ဝန်၏ ခွင့်ပြုသော ရိက္ခာကို မတောင်းခဲ့ပါ။"

အကျွန်ုပ်ကို အောက်မေ့၍

ဤအရာသည် ဒေသသုံးစကားဖြစ်သည်။ ဘုရားသခင်အား သူပြုခဲ့သောအရာကို သတိရရန် တောင်းဆိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အကျွန်ုပ်ကို သတိရတော်မူပါ"

ကျေးဇူးပြုတော်မူပါ

ဤစကားသည် ဒေသသုံးစကားဖြစ်ပြီး သူသည် လူများအတွက် ပြုခဲ့သော အရာများအတွက် ဘုရားသခင်သည် သူ့အား ဆုလဒ်များပေးရန် တောင်းဆိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဆုလဒ်ချီးမြှင့်တော်မူပါ" သို့မဟုတ် "အကျွန်ုပ်ကို ကောင်းသောအကျိုးကို ဖြစ်စေတော်မူပါ။"

---

## Translation Questions

Nehemiah 5:6

ယောကျာ်းနှင့် မိန်းမတို့သည် အဘယ်ကြောင့် ယုဒလူအချင်းချင်းတဘက်၌ ကြီးစွာငိုကြွေးကြသနည်း?

သူတို့သည် မိမိပိုင်ဆိုင်မှုများကို ပေါင်နှံခြင်း၊ သားသမီးများကို အစာအတွက်ရောင်းနေရ၍ ဂုဏ်ရှိန်ရှိသောအမှုထမ်းများသည် သူတို့ထံမှ အတိုးတောင်းနေကြသောကြောင့် ဖြစ်သည်။

ယောကျာ်းနှင့် မိန်းမတို့သည် ကျွန်အဖြစ်ရောင်းခံရသောမိမိညီအစ်ကို မောင်နှမချင်းများကို ပြန်ဝယ်ယူကြသော်လည်း၊ ဂုဏ်ရှိန်ရှိလူများနှင့် အမှုထမ်းများက မည်သို့လုပ်ကြသနည်း?

သူတို့က အခြားယုဒလူယောကျာ်း၊ မိန်းမတို့ထံသို့ သူတို့အရောင်းပြန်ခံရအောင် သူတို့၏ညီအစ်ကိုမောင်နှမများကို ရောင်းနေခဲ့ကြသည်။

Nehemiah 5:9

အဘယ်ကြောင့် နေဟမိသည် ဂုဏ်ရှိသောသူများ၊ အမှုထမ်းများနှင့် ယဇ်ပုရောဟိတ်များအား လူများထံမှ တောင်းယူထားသည့်အရာများကို ပြန်ပေးရန် အမိန့်ပေးသနည်း?

ထိုသို့အမိန့်ပေးရခြင်းမှာ သူတို့ပြုလုပ်သည့်အမှုသည် မတရားသောအမှုဖြစ်၍၊ သူတို့သည် မိမိရန်သူများဖြစ်သည့် တိုင်းတပါးများက လှောင်ရယ်ဖို့ရန် ပြုလုပ်နေကြသည်။

Nehemiah 5:12

ဂုဏ်ရှိသောသူများ၊ အမှုထမ်းများနှင့် ယဇ်ပုရောဟိတ်များတို့သည် နေဟမိကို မည်သို့တုန့်ပြန်ကြသနည်း?

သူတို့က သူအမိန့်ပေးသည့်အတိုင်းပြုပါမည်၊ 'အာမင်' ဟုပြော၍ ထာဝရဘုရားကို ချီးမွမ်းကြသည်။

Nehemiah 5:14

အဘယ်ကြောင့် နေဟမိနှင့် သူ့ညီအစ်ကိုများသည် သူယုဒပြည်အဖို့ အုပ်ချုပ်သူဖြစ်စဉ် ၁၂ နှစ်အတွင်း အုပ်ချုပ်သူအတွက် ပေးသောအစာကို မယူကြသနည်း?

ထိုသို့လုပ်ရခြင်းမှာ အရင်အုပ်ချုပ်သူများသည် ပြည်သူများပေါ်တွင် ကြီးသောဝန်ထုပ်များတင်ခဲ့ကြသည်၊ သို့သော်လည်း နေဟမိသည် ဘုရားသခင်ကို ကြောက်ရွံ့သောကြောင့်ဖြစ်သည်။

Nehemiah 5:16

မည်သူသည် နေဟမိ၏စားပွဲ၌ စားရသနည်း?

နေဟမိ၏စားပွဲ၌စားရသောသူများကား ယုဒလူများ၊ အရာရှိများ၊ လူယောကျ်ား ၁၅၀ နှင့် အနီးအနား တိုင်းတပါးနိုင်ငံများမှ နေဟမိထံလာရောက်သောသူများ ဖြစ်သည်။

Nehemiah 5:18

အဘယ်ကြောင့် ဘုရားသခင်သည် မိမိကိုကောင်းသောအရာအတွက် အောက်မေ့ရန် နေဟမိ မေးလျှောက်သနည်း?

လူများအဖို့ နေဟမိပြုလုပ်သော ထိုအမှုအားလုံးကိုထောက်၍ ထိုသို့မေးလျှောက်ခြင်းဖြစ်သည်။

## Chapter 6

1 ထိုအခါ မြို့တံခါးတို့ကို မထူထောင်သေးသော် လည်း၊ မြို့ရိုးတည်၍ လုံကြောင်းကို သမ္ဘာလတ်၊ တောဘိ၊ အာရပ်လူ ဂေရှင်မှစ၍
ကြွင်းသော ရန်သူတို့သည် သိတင်းကြားသောအခါ၊ 2 သမ္ဘာလတ်နှင့် ဂေရှင်တို့က လာပါ။ ဩနောချိုင့် တွင် ခေဖိရိမ်
ရွာမှာတွေ့ကြကုန်အံ့ဟု မကောင်းသော အကြံရှိ၍ ငါ့ကို မှာလိုက်ကြ၏။ 3 ငါကလည်း၊ ငါသည်ကြီးသောအမှုကို ဆောင်
ရွက်ရသောကြောင့် မဆင်းမလာနိုင်။ ထိုအမှုကို မဆောင် ရွက်ဘဲ သင်တို့ရှိရာသို့ ဆင်းသွား၍၊ အဘယ်ကြောင့် အမှုပြတ်ရမည်နည်းဟု
တမန်တို့ကို စေလွှတ်၍ ပြန်ပြော ၏။ 4 ထိုသို့လေးကြိမ်တိုင်အောင် မှာလိုက်၍၊ ငါသည် လည်း ယခင်ကဲ့သို့ ပြန်ပြော၏။ 5
နောက်ပဥ္စမအကြိမ်၌ သမ္ဘာလတ်သည် ယခင် ကဲ့သို့ မိမိကျွန်ကို စေလွှတ်၍၊ ကျွန်တွင် တံဆိပ်မခတ် သောစာပါ၏။ 6
စာချက်ဟူမူကား၊ သင်နှင့်ယုဒလူတို့သည် ပုန်ကန်မည်အကြံရှိသည်ဟု လူအမျိုးမျိုး ပြောဆိုကြ၏။ ဂေရှင်လည်း သက်သေခံ၏။
ထိုစကားနှင့်အညီ သင် သည် ယုဒရှင်ဘုရင်ဖြစ်လိုသောငှါ၊ မြို့ရိုးကို တည်၏။ 7 ယုဒပြည်၌ ရှင်ဘုရင်ရှိသည်ဟု သင့်ကို ရည်ဆောင်၍
ယေရုရှလင်မြို့၌ ဟောပြောရသော ပရောဖက်တို့ကို သင်ခန့်ထားပြီ။ ထိုစကားအတိုင်း ရှင်ဘုရင်အားကြားလျှောက်ရမည်။ သို့ဖြစ်၍
အရှင်မင်းကြီးအတွက် ရှာရပါမည်အကြောင်း
ပြုသူဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရင့်မင်းမှုထမ်းအား အပျိုကညာရှာထွက်စေရန် မိန့်ကြားစေခြင်းဖြစ်သည်"

အရှင်မင်းကြီးအတွက်
အခြားသော ဘာသာပြန်ဆိုချက်၊ "ရှင်ဘုရင်၏ကိုယ်စား"

Esther 03

ဆက်စပ်မှုဖော်ပြချက်
မင်းမှုထမ်းများမှ ဘုရင်အား ဆက်လက်၍ လျှောက်တင်သော စကားဖြစ်သည်။

နန်းတော်မိန်းမစိုး၊ အပျိုတော်အုပ်ဟေဂဲ....နှစ်သက်တော်မူသော သမီးကညာ
အခြားသောဘာသာပြန်ဆိုချက်၊ "ရှင်ဘုရင်...အရှင်၏ နန်းတော်မိန်းမစိုး.... အရှင့်ကို ကျေနပ်စေနိုင်သောသူ"

အတိုင်းတိုင်း အပြည်ပြည်
၁း၁ တွင် ဖော်ပြထားသည့်အတိုင်းပြန်ဆိုရန်။

အပျိုတော်နေရာ
ဘုရင်ကြီး၏ မိဖုရားများ ထားရာ နေရာ

နန်းတော်
၁:၅ တွင် ဖော်ပြထားသည့်အတိုင်း ဘာသာပြန်ဆိုရန်။

ရှုရှန်
၁:၁ တွင် ဖော်ပြထားသည့်အတိုင်း ဘာသာပြန်ဆိုရန်။

နန်းတော်မိန်းမစိုး၊ အပျိုတော်အုပ်ဟေဂဲ၌ အပ်စေခြင်းငှါ
ပြုသူဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရင့်နန်းတော်မိန်းမစိုးဖြစ်သော ဟေဂဲအား အပျိုတော်များကို ထိန်းသိမ်းစောင့်ရှောက်စေခြင်းဖြစ်သည်"

ဟေဂဲ
နန်းတော်မိန်းမစိုး၏ နာမည်။

စင်ကြယ်စေခြင်းငှါ ဆေးမျိုး
အမျိုးသမီးများ အလှအပအတွက် သုံးစွဲလေ့ရှိသော ခရင်(မ်)၊ အလှဆီ၊ ပေါင်ဒါမှုန့် ဖြစ်သည်။

Esther 05

ယုဒလူတယောက်ရှိ၏
မော်ဒကဲအား ဇာတ်ကောင်သစ် တစ်ယောက်အနေဖြင့် မိတ်ဆက်ခြင်းဖြစ်သည်။

ရှုရှန်
၁:၁ တွင် ဘာသာပြန်ထားသည့် မြို့အမည်ဖြစ်သည်။

ကိရှ၊ ရှိမိ၊ ယာဣရတို့မှ ဆင်းသက်သော
၎င်းတို့ သုံးဦးသည် မော်ဒကဲ၏ အဘိုးအဘေးများ ဖြစ်ကြသည်။

ဗယ်္ယာမိန်
ဗယ်္ယာမိန် အမျိုးအနွယ်မှ ဆင်းသက်လာသော (UDB)

ထိုသူသည် ဗာဗုလုန်ရှင်ဘုရင် နေဗုခဒ်နေဇာ သိမ်းသွားသော....
ဤနောက်ခံအကြောင်းအရာသည် မော်ဒကဲ ရှုရှန်နန်းတော်တွင်းသို့ ရောက်ရှိလာသော နောက်ခံသမိုင်းဖြစ်သည်။ ပြုသူဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဗာဗုလုန်ရှင်ဘုရင် နေဗုခဒ်နေဇာသည် မော်ဒကဲနှင့် အခြားယုဒလူမျိုးများအား ယုဒဘုရင်ယေခေါနိထံမှ ဗာဗုလုန်သို့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်"

ထိုသူသည် ဘမ်းဆီးထိန်းသိမ်းခြင်းကို ခံရသော လူစု၌ ပါသတည်း
ဟေဗြဲကျမ်းစာတွင် ထိုသူဟူသော ဝါဟာရသည် မည်သူ့ကို ဆိုလိုကြောင်း မရှင်းလင်းပေ။ မော်ဒကဲ အဘေး ဖြစ်သူ ကစ်ရှိလည်းဖြစ်နိုင်သည်။ အကယ်၍ ထိုသူသည် မော်ဒကဲဖြစ်မည်ဆိုလျှင် သူသည် ဧသတာဝတ္ထုတွင် လွန်စွာ အသက်အရွယ်အိုမင်းသောသူ ဖြစ်နေပေလိမ့်မည်။ များစွာသော သမ္မာကျမ်းစာအမျိုးအစားများက ဤကိစ္စနှင့် ပတ်သက်၍ မရှင်းမလင်းဖြစ်ကြသည်။ UDB ဗားရှင်းအပါအဝင် အချို့သော ကျမ်းစာများက ထိုသူသည် ဂျေရုဆလင်မြို့မှ ဘမ်းဆီးခေါ်ဆောင်ခြင်းခံခဲ့ရသော မော်ဒကဲဖြစ်မည်ဟု လက်ခံကြသည်။

ယုဒရှင်ဘုရင် ယေခေါနိ

Esther 07

ဆက်စပ်မှုဖော်ပြချက်
ဤနောက်ခံအကြောင်းအရာသည် မော်ဒကဲနှင့် ဧသတာတို့၏ ဆွေမျိုးတော်စပ်ပုံကို ဖော်ပြထားခြင်းဖြစ်သည်။

ဟဒဿ
ဧသတာ၏ ဟေဗြဲနာမည်

ဘထွေးသမီး
သူ၏ တူမ (UDB)

ထိုသတို့သမီးသည် မိဘမရှိ
သူမ၏ မွေးဖခင်နှင့် မွေးမိခင်တို့သည် သေဆုံးခဲ့ပြီးဖြစ်သည်။

ကိုယ်သမီးကဲ့သို့ မှတ်သတည်း
ဧသတာအား သူမွေးထားသော သမီးတစ်ယောက်ကဲ့သို့ သဘောထား ပြုစုစောင့်ရှောက်သည်။

Esther 08

ရှင်ဘုရင် အမိန့်တော်ကို ထုတ်၍
ပြုသူဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရင့်အမိန့်တော် ထုတ်ပြန်ပြီးနောက် မင်းမှုထမ်းများ ချောမောလှပသော အမျိုးသမီးများအား ရှာဖွေကြသည်"

ကျော်သော အခါ
ထုတ်ပြန်ကြေငြာသည်။

အပျိုများတို့ကို…စုဝေးစေ၍
ပြုသူဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မင်းမှုထမ်းများသည် အပျိုများစွာအား နန်းတော်သို့ ခေါ်ဆောင်လာကြသည်"

နန်းတော်
၁:၅ ကဲ့သို့ ဘာသာပြန်ဆိုရန်။

ဟေဂဲ၌ အပ်ကြ၏
ပြုသူဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မိန်းမစိုး ဟေဂဲမှ အပျိုများအား ပြန်လည်ကြည့်ရှုစောင့်ရှောက်သည်"

ဧသတာကိုလည်း နန်းတော်သို့ ခေါ်ဆောင်၍ ဟေဂဲ၌ အပ်ကြ၏
ပြုသူဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မိန်းမစိုး ဟေဂဲသည် မင်းမှုထမ်းများ ခေါ်ဆောင်လာသော မိန်းမပျိုများထဲမှ တဦးအပါအဝင်ဖြစ်သော ဧသတာကိုလည်း ပြုစုစောင့်ရှောက်သည်"

ဧသတာသည် ဟေဂဲစိတ်နှင့် တွေ့၍ မျက်နှာရသဖြင့်
ဤစာစုနှစ်ခုသည် ဧသတာအား မိန်းမစိုးဟေဂဲမှ မည်မျှလောက် သဘောကျနှစ်ခြိုက်ကြောင်း ဖော်ပြလိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မိန်းမပျိုလေး ဧသတာ၏ လှပကျော့ရှင်းမှုသည် မိန်းမစိုး ဟေဂဲအား အထူးပင် ကျေနပ်နှစ်သက်စေသည်"

မိန်းမပျို
ဧသတာ

Esther 10

ဧသတာသည် အဘယ်သို့ရှိသည်ကိုဝင်၊ သူ၌ အဘယ်သို့ ပြုကြလိမ့်မည်
ဧသတာ၏ ပြုမူနေထိုင်ခြင်း

Esther 12

ယေဘုယျ အချက်အလက်
အခန်းငယ် ၁၂ မှ ၁၄ အထိ ဖော်ပြချက်များသည် ဘုရင်၏ မိဖုရား ဖြစ်လာမည့်သူများ မည်ကဲ့သို့ ဝတ်ဆင်နေထိုင် သွားလာပြောဆိုရမည့်အကြောင်း နောက်ခံဖော်ပြထားခြင်းဖြစ်သည်။

ထိုအပျိုတော်တို့ ထုံးစံအတိုင်း
မိဖုရားများ မည်ကဲ့သို့ နေထိုင်ပြုမူရမည်ကို ဖော်ပြထားခြင်း

စင်ကြယ်ခြင်းအမှု
အမျိုးသမီးများအား ပိုမိုလှပ၍၊ အမွှေးရနံ့များ မွှေးကြိုင်စေရန် ပြုလုပ်သော နည်းများ

စင်ကြယ်စေသောဆေးမျိုး
၂:၃ တွင် ဖော်ပြထားသည့်အတိုင်း ဖြစ်သည်။

အလိုရှိသမျှတို့ကို တောင်း၍
ပြုသူဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူမလိုချင်သော မည်သည့်အရာမဆို ယူခွင့်ရှိသည်"

နန်းတော်
၁:၅ တွင် ကြည့်ရန်။

Esther 14

ဆက်စပ်မှုဖော်ပြချက်
၂:၁၂ တွင် ဖော်ပြထားချက်သည် ဘုရင်မိဖုရား ဖြစ်လာမည့်သူများ ဝတ်ဆင်ရမည့် အဝတ်အစားများအကြောင်း ဖော်ပြထားခြင်းဖြစ်သည်။

နံနက်အချိန်
အခြားသောဘာသာပြန်ဆိုချက်။ "နောက်တနေ့ နံနက်"

ဒုတိယ မိန်းမနန်း
အခြားသောအိမ်

စောင့်သော
စောင့်ရှောက် ကာကွယ်ခြင်း (UDB)

ရှာရဂါဇ
မောင်းမမိဿံအုပ်၏ နာမည်

Esther 15

အလှည့်သင့်၍
ဤအကြောင်းအရာသည် ဇာတ်လမ်းဝတ္ထု၏ အပိုင်းအသစ်တစ်ခုကို မိတ်ဆက်အစပြုခြင်းဖြစ်သည်။ )

မိမိသမီးကဲ့သို့ မော်ဒကဲမွေးမြူသော ဘထွေး အဘိဟဲလသမီး ဧသတာ
ဤအကြောင်းအရာသည် ဧသတာနှင့် မော်ဒကဲ တို့၏ ဆွေမျိုးတော်စပ်မှုကို ပြန်လည်သတိရစေရန် ဖော်ပြခြင်းဖြစ်သည်။

အဘိဟဲလ
ဧသတာ၏ ဖခင် မော်ဒဂဲ၏ ဘထွေး

အပျိုတော်အုပ် ဟေဂဲစီရင်သော အရာမှတပါး အဘယ်အရာကိုမျှ မတောင်း
သူမလိုချင်သောအရာ တစ်ခုသာတောင်းသည်။

ဟေဂဲ
၂:၃ တွင် ကြည့်ရန်။

တွေ့မြင်သမျှသော သူတို့သည် ချစ်တတ်ကြ၏
အခြားသောဘာသာပြန်ဆိုချက်။ "အားလုံး၏ ချစ်ခင်မြတ်နိုးခြင်းကိုခံရသော"

တေဗက်အမည်ရှိသော ဒသမလ
တေဗက်သည် ဟေဗြဲပြက္ခဒိန်တွင် ဆယ်လမြောက်သောလဖြစ်သည်။ အနောက်တိုင်း ပြက္ခဒိန်တွင် ဒီဇင်ဘာလကုန်ပိုင်းနှင့် ဇန်နဝါရီလဆန်းပိုင်းတွင်ဖြစ်သည်။

နန်းစံ ခုနစ်နှစ်
"၇" နှစ်မြောက်သောနှစ်

Esther 17

အခြားသော မိန်းမ တကာတို့ကို ချစ်သည်ထက် ဧသတာကိုသာ၍ ချစ်သောကြောင့်
သူမကို နှစ်နှစ်ကာကာချစ်မိကြောင်း ဖော်ပြသည့် စကားလုံးဖြစ်သည်။

စိတ်တော်ကိုနူးညွတ်စေ၍၊ အထံတော်၌ မျက်နှာရသဖြင့်
အခြားသောဘာသာပြန်ဆိုချက်။ "ဘုရင်အား ကြီးစွာသော စိတ်ကျေနပ်မှုကို ပေးနိုင်သည်"

သူ့ခေါင်းပေါ်မှာ ရာဇသရဖူကိုတင်၍
ဘုရင်သည် ဧသတာအား သူ၏ မိဖုရားအဖြစ် တင်မြှောက်ကြောင်း ပြသခြင်းဖြစ်သည်။

ဧသတာပွဲ
ပွဲတော်အမည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် ထိုပွဲကို 'ဧသတာ အတွက် အထူးပြုလုပ်ပေးသော ပွဲတော်' ဟု သမုတ်သည်"

စည်းစိမ်တော်
ကောက်ခံထားသော အခွန်တော်

နိုင်ငံတော် တိုင်းပြည်
၁:၁ တွင် ကြည့်ရန်

ဆုချတော်မူ၏
ရှင်ဘုရင်သာ ပေးနိုင်သော သဘောထားကြီးမှု (UDB)

Esther 19

သမီးကညာတို့သည် ဒုတိယအချိန်၌ စုဝေးသောအခါ
အပျိုလေးများ အဘယ်အတွက်ကြောင့် ဒုတိယအကြိမ် စုဝေးကြသည်မှာ မရှင်းလင်းသောအချက်ဖြစ်သည်။ အချို့သော ကျမ်းစာများတွင် ကွဲလွဲမှု ရှိသည်။

ဒုတိယအချိန်
နောက်ထပ်တစ်ကြိမ်

မော်ဒကဲသည် နန်းတော်၌ တံခါးမှူးဖြစ်စဉ်
မော်ဒကဲသည် (၁) တံခါးဂိတ်တွင် ဖြတ်သန်းသွားသောသူများထံမှ ဧသတာမည်ကဲ့သို့ ပြုမူလုပ်ဆောင်နေကြောင်းကို သိရှိနိုင်ခြင်း (၂) ဘုရင်၏ ချီးမြှောက်တာဝန်ပေးခြင်းခံရသော မင်းမှုထမ်း တစ်ဦးဖြစ်ကြောင်း ဖော်ပြလိုခြင်းဖြစ်သည်။

နန်းတော်တံခါး
ဘုရင့်နန်းတော် ဝင်ပေါက်

မော်ဒကဲ သတိပေးသည်အတိုင်း
မော်ဒကဲသည် ဧသတာအား သူမ၏ မိသားစု ရာဇဝင်နှင့်ပတ်သက်၍ မည်သူ့ကိုမျှ မပြောရန် မှာကြားထားသည်။

ထိုကာလတွင်
ဝတ္ထုထဲမှ ဖြစ်ရပ် အသစ်တစ်ခုကို မိတ်ဆက်ဖော်ပြခြင်းဖြစ်သည်။

ဗိဂသန်နှင့် တေရက်
နန်းတော်မိန်းမစိုး တံခါးစောင့်နှစ်ယောက်၏ အမည်

Esther 22

ထိုအမှုကို မော်ဒကဲသိ၍
ပြုသူဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန် ဆိုချက်၊ "မော်ဒကဲသည် နန်းတော်တံခါးစောင့် မိန်းမစိုးနှစ်ယောက်ဘုရင်အားလုပ်ကြံမည့်အကြောင်းကို သိရှိသွားသောအခါ"

မော်ဒကဲဘော်ပြကြောင်း
အခြားသောဘာသာပြန်ဆိုချက်။ "မော်ဒကဲအားဖြင့်"



generated on Tue Jul 2 12:50:28 2024

ထိုအမှုကို စစ်ကြော၍ အမှန်သိသောအခါ၊ ထိုသူနှစ်ယောက်တို့ကို သစ်ပင်၌ လည်ဆွဲချပြီး

ပြုသူဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်။ "ရှင်ဘုရင်သည် ဤအကြောင်းအရာကို စုံစမ်းစစ်ဆေးအတည်ပြုပြီးနောက် ထိုအစေခံနှစ်ယောက်အား ကြိုးဆွဲချသတ်ရန် အမိန့်ပေးတော်မူခဲ့သည်"

သစ်ပင်လည်ဆွဲ

အခြားသောဘာသာပြန်ဆိုချက်။ "ကြိုးစင်"

နန်းတော်မှတ်စာ၌ ရေးမှတ်သတည်း

ပြုသူဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်။ "နန်းတွင်းမှတ်တမ်းမှူးမှ ဤအကြောင်းအရာကို နန်းတွင်းမှတ်တမ်းစာအုပ်၌ ရေးမှတ်ထားခဲ့သည်"

---

## Translation Questions

### Esther 2:1

ရှင်ဘုရင်အားခစားသော လူပျိုတော်တို့က မည်သို့အကြံပြုခဲ့ကြသနည်း?

အထံတော်၌ ခစားသော လူပျိုတော်တို့ကလည်း၊ အဆင်းလှသော သမီးကညာတို့ကို အရှင်မင်းကြီးအဘို့ ရှာရပါမည်အကြောင်း အခွင့်ပေးရန်အကြံပြုကြသည်။

### Esther 2:3

အဆင်းလှသောသမီးကညာအပေါင်းကို ပြုစုစောင့်ရှောက်ရန်မည်သူကို ခန့်အပ်ထားသနည်း။

အဆင်းလှသော သမီးကညာအပေါင်းတို့ကို ရှုရှန်နန်းတော်တွင် အပျိုတော်နေရာသို့ စုဝေးစေ၍၊ နန်းတော်မိန်းမစိုး၊ အပျိုတော်အုပ်ဟေဂဲ၌ အပ်စေခဲ့သည်။

### Esther 2:5

ယေရုရှလင်မှ မော်ဒကဲအား မည်သူက သိမ်းသွားခဲ့သနည်း။

ဗာဗုလုန်ရှင်ဘုရင် နေဗုခဒ်နေဇာမင်းက ယေရှုရှလင်မြို့မှ မော်ဒကဲအား ဖမ်းဆီးသိမ်းသွားခဲ့သည်။

### Esther 2:7

အက်စတာ၏အခြားအမည်မှာ အဘယ်နည်း။

အက်စတာ၏အခြားသောအမည်မှာ ဟဒဿ ဖြစ်သည်။

အက်စတာနှင့် မော်ဒကဲတို့သည် မည်ကဲ့သို့ ဆက်နွယ်မှုရှိသနည်း။

အက်စတာသည် မော်ဒကဲ၏တူမဖြစ်သည်။

### Esther 2:8

ဟေဂဲက အက်စတာအား မည်ကဲ့သို့ ထောက်ပံ့ပေးခဲ့သနည်း။

ဟေဂဲသည် စင်ကြယ်စေသော ဆေးမျိုးနှင့် ပေးရသော အဝတ်အစားကို အလျင်အမြန်ပေး၏။ နန်းတော်၌ ရွေးကောက်သော ကျွန်မခုနစ်ယောက် တို့ကိုလည်းပေး၍၊ ဧသတာနှင့် သူ၏ကျွန်မတို့ကို အပျိုတော်နန်းတွင် အမြတ်ဆုံးသောနေရာ၌ ချီးမြှောက်ထားသည်။

### Esther 2:10

မိဖုရားအက်စတာသည် အဘယ်ကြောင့် သူ၏လူမျိုးနှင့် ဆွေမျိုးများ မည်သည့်အရပ်တွင်ရှိကြောင်းကို မဖော်ပြခဲ့သနည်း။

မိဖုရားအက်စတာက သူ၏လူမျိုးနှင့် ဆွေမျိုးများရှိသောအရပ်ကို မပြောခဲ့ရခြင်းမှာ မော်ဒကဲက မပြောပြရန် သတိပေးထားသောကြောင့်ဖြစ်သည်။

### Esther 2:12

ငယ်ရွယ်သောမိန်းမပျိုလေးတစ်ဦး မိဖုရားဖြစ်လာသောအခါ မည်သည့်အရာကို ပေးအပ်သနည်း။

ငယ်ရွယ်သောမိန်းမပျိုလေးတစ်ဦး မိဖုရားဖြစ်လာသောအခါ သူမ၏အလိုရှိသမျှကို ပေးခဲ့ကြသည်။

### Esther 2:14

အမျိုးသမီးငယ်တို့သည် မည်သည့်အခါ၌သာ ရှင်ဘုရင်ထံသို့ပြန်သွားရသနည်း။

ရှင်ဘုရင်ချစ်၍ နာမည်အားဖြင့် ခေါ်တော်မမူလျှင် နောက်တဖန် အထံတော်သို့ဝင်ခွင့်မရကြပါ။

### Esther 2:15

အက်စတာက မည်သည့်အရာကို မေးမြန်းခဲ့သနည်း။

သူမသည် အရာအားလုံးကို မမေးမြန်းခဲ့ပါ။ သို့သော်လည်း အမျိုးသမီးများကို ဦးစီးသော ဟေဂဲက သူမအား အကြံပြုသောအရာများကိုသာ မေးခဲ့သည်။

အက်စတာသည် မည်သည့်အချိန်တွင် ရှင်ဘုရင်အာရွှေရု ထံသို့ ဝင်ရသနည်း။

ရှင်ဘုရင် အာရွှေရုသည် နန်းစံ ခုနစ်နှစ်၊ တေဗက်အမည်ရှိသော ဒသမလတွင်၊ ဧသတာကို နန်းတော်၌ သိမ်းတော်မူခဲ့သည်။

### Esther 2:17

ရှင်ဘုရင်က ဧသတာအားမည်သည့်အတွက်ကြောင့် သရဖူကို ပေးအပ်ကာ မိဖုရားအရာ၌ချီးမြှင့်ထားသနည်း။

အခြားသော သမီးကညာအပေါင်းတို့ထက် ဧသတာသည် စိတ်တော်ကိုနူးညွတ်စေ၍၊ အထံတော်၌ မျက်နှာရသဖြင့်၊ ရှင်ဘုရင်သည် အခြားသော မိန်းမ တကာတို့ကို ချစ်သည်ထက်

ဧသတာကိုသာ၍ ချစ်သော ကြောင့်၊ သူ့ခေါင်းပေါ်မှာ ရာဇသရဖူကိုတင်၍မိဖုရားအရာ၌မြောက်ထားသည်။

Esther 2:19

ဗိဂသန်နှင့် တေရက်တို့က ရှင်ဘုရင်အား မည်သို့လုပ်ရန် ရှာကြံကြသနည်း။
ဗိဂသန်နှင့် တေရက်တို့က ရှင်ဘုရင်ကို လုပ်ကြံရန် ရှာကြံကြသည်။

Esther 2:22

ဗိဂသန်နှင့် တေရက်တို့၌ မည်သို့ဖြစ်ပျက်ခဲ့သနည်း။
သူနှစ်ယောက်တို့သည် သစ်ပင်၌ လည်ဆွဲချခြင်းကို ခံခဲ့ကြသည်။

## Chapter 3

1 ထိုနောက်မှ ရှင်ဘုရင်သည် အာရွှေရုသည် အာဂတ်အမျိုး၊ ဟမ္မေဒါသသားဟာမန်ကို ချီးမြှောက်၍၊ အထံတော်၌ရှိသော
မှူးမတ်အပေါင်းတို့ထက် သာ၍ မြင့်မြတ်သော နေရာကို ပေးတော်မူ၏။ 2 နန်းတော်တံခါးသို့ရောက်သော ရှင်ဘုရင်၏
ကျွန်အပေါင်းတို့သည်၊ အမိန့်တော်ရှိသည်အတိုင်း ဟာမန် ကို ဦးချရှိခိုးကြ၏။ မော်ဒကဲမူကား ဦးမချ၊ ရှိမခိုး။ 3 နန်းတော်တံခါးသို့
ရောက်သော ရှင်ဘုရင်၏ ကျွန်တို့က၊ သင်သည် ရှင်ဘုရင်အမိန့်တော်ကို အဘယ် ကြောင့် ငြင်းဆန်သနည်းဟု နေ့တိုင်း မော်ဒကဲအား
မေးမြန်းသတိပေးသော်လည်း၊ 4 မော်ဒကဲက၊ ငါသည် ယုဒလူဖြစ်သည်ဟု ပြန် ပြော၍၊ သူတို့ စကားကို နားမထောင်သောကြောင့်၊
သူတို့ သည် မော်ဒကဲစကား တည်မည် မတည်မည်ကို သိလို သောငှါ၊ ဟာမန်အား ကြားပြောကြ၏။ 5 ထိုသို့ မော်ဒကဲသည် ဦးမချ၊
ရှိမခိုးဘဲ နေ ကြောင်းကို ဟာမန် သိမြင်သောအခါ၊ အလွန်အမျက် ထွက်၍၊ 6 သူတို့သည် မော်ဒကဲအမျိုးကို ဘော်ပြသော ကြောင့်၊
မော်ဒကဲတယောက်တည်းကို ကွပ်မျက်လျှင်၊ စိတ်မပြေလောက်ဟု ဟာမန်သည် အောက်မေ့လျက်၊
မော်ဒကဲအမျိုးသားချင်းတည်းဟူသော အာရွှေရုနိုင်ငံ အရပ်ရပ်၌ရှိသော ယုဒလူအပေါင်းတို့ကို ဖျက်ဆီးခြင်းငှါ ရှာကြံလေ၏။ 7
ထိုကြောင့် အာရွှေရုနန်းစံဆယ်နှစ်နှစ်၊ နိသန် အမည်ရှိသော ပဌမလတွင်၊ နေ့ရက်အစဉ်၊ လအစဉ် အတိုင်းလိုက်၍၊ အာဒါအမည်
ရှိသော ဒွါဒသမလ တိုင်အောင်၊ ဟာမန်ရှေ့မှာ ပုရစာရေးတံချကြ၏။ 8 တဖန်ဟာမန်သည် ရှင်ဘုရင် အာရွှေရုထံတော် သို့ဝင်၍၊
အခြားတပါးသော လူမျိုးအပေါင်းတို့နှင့် ကျင့်ရာ ထုံးတမ်းမတူ၊ အရှင်မင်းကြီး စီရင်တော်မူချက်တို့ကို နားမထောင်၊
နိုင်ငံတော်အတွင်း၊ တိုင်းသူပြည်သား အမျိုးမျိုးတို့တွင် အရပ်ရပ်ကွဲပြားလျက်နေသော လူမျိုး တမျိုးရှိပါ၏။ ထိုအမျိုးကို
အခွင့်ပေးတော်မူရာ၌ ကျေးဇူး တော်မရှိပါ။ 9 ကိုယ်တော် သဘောတူလျှင် ထိုအမျိုးကို ဖျက်ဆီးစေဟု အမိန့်ရှိတော်မူပါ။ ထိုအမှုကို
ဆောင်ရွက် သော သူတို့သည် ဘဏ္ဍာတော်တိုက်ထဲသို့ ငွေအခွက် တသိန်းကို သွင်းစေခြင်းငှါ၊ ကျွန်တော်အပ်ပေးပါ မည်ဟု
လျှောက်လေ၏။ 10 ရှင်ဘုရင်ကလည်း၊ ထိုငွေကို သင့်အားငါပေး၏။ 11 ထိုလူမျိုးကိုလည်း သင်သည် ပြုချင်သမျှ ပြုရသော
အခွင့်ရှိစေခြင်းငှါ၊ သင်၌ငါအပ်သည်ဟု လက်စွပ်တော်ကိုချွတ်၍ ယုဒအမျိုး၏ ရန်သူဖြစ်သော အာဂတ်အမျိုး ဟမ္မေဒါသသား
ဟာမန်အားပေးတော်မူ ၏။ 12 ထိုအခါ ပဌမလတဆယ်သုံးရက်နေ့တွင်၊ စာရေးတော်ကြီးတို့ကို ခေါ်၍ ကိုယ်စားတော်မင်း၊
အပြည်ပြည်အုပ်သော မြို့ဝန်၊ အရပ်ရပ်စီရင်သော သူကြီးတို့ကို ဟာမန်မှာထားသမျှအတိုင်း၊ လူအမျိုးမျိုး ပြောသော
စကားအသီးအသီးအားဖြင့် ရှင်ဘုရင် အာရွှေရု၏ အမိန့်တော်ကို စာရေး၍၊ ရှင်ဘုရင်၏ လက်စွပ်တော်နှင့် တံဆိပ်ခတ်လေ၏။ 13
အာဒါအမည်ရှိသော ဒွါဒသမလတဆယ် သုံးရက် တနေ့ခြင်းတွင်၊ ယုဒလူအကြီးအငယ်မိန်းမ ကလေးရှိရှိသမျှတို့ကို
သတ်ဖြတ်သုတ်သင်ပယ်ရှင်း၍၊ သူတို့ဥစ္စာကို လုယူသိမ်းရုံးစေခြင်းငှါ၊ အမိန့်တော် စာကို စာပို့လုလင်တို့ဖြင့် နိုင်ငံတော်အပြည်ပြည်သို့
ပေးလိုက် လေ၏။ 14 ဤရွေ့ကား၊ လူအမျိုးမျိုးတို့သည် ထိုနေ့ရက်တွင် အသင့်ရှိစေခြင်းငှါ၊ အတိုင်းတိုင်းအပြည်ပြည်၌ ကြော်ငြာရ
သော အမိန့်တော် စာချက်ဖြစ်သတည်း။ 15 ရှုရှန်နန်းတော်၌ ထိုအမိန့်တော်စာကို ကြော်ငြာ ပြီးမှ၊ ရှင်ဘုရင် စီရင်သည်အတိုင်း၊
စာပို့လုလင်တို့သည် အလျင်အမြန် ပြေးသွားကြ၏။ ရှင်ဘုရင်နှင့် ဟာမန် သည် စပျစ်ရည် သောက်ပွဲ၌ထိုင်၍၊ ရှုရှန်မြို့တော်သည်
ဆင်းရဲခြင်းသို့ ရောက်သတည်း။

---

Esther 01

ထိုနောက်မှ
ဝတ္ထုထဲမှ ဖြစ်ရပ်အသစ်တစ်ခုကို
မိတ်ဆက်ဖော်ပြခြင်းဖြစ်သည်။

ဟမ္မေဒါသသား ဟာမန်
ဘုရင်၏ မှူးမတ်တစ်ယောက်ဖြစ်သော ဟာမန်၏အမည်။

အထံတော်၌ရှိသော မှူးမတ်အပေါင်းတို့ထက် သာ၍ မြင့်မြတ်သော နေရာကို ပေးတော်မူ၏
အခြားသောဘာသာပြန်ဆိုချက်။
"အခြားသောမင်းမှူထမ်းများထက် ရာထူးတိုးမြှင့်ခြင်းခံရသည်"

ဦးချရှိခိုးကြ၏
ဤအပြုအမူသည် ဟာမန်၏ ဂုဏ်ရာထူးအရှိန်အဝါကြောင့်
ရိုကျိုးခယခြင်းဖြစ်သည်။

ကျွန်အပေါင်းတို့သည်၊ ... ဟာမန် ကို ဦးချရှိခိုးကြ၏
ဟာမန်၏ ရှေ့တွင် မိမိကိုယ်ကို နှိမ့်ချ၍ မြေပြင်၌ ဝပ်တွားခယ
တောင်းပန်ကြသည်။

Esther 03

မော်ဒကဲအား မေးမြန်း သတိပေးသော်လည်း
မင်းမှုထမ်းများသည် ဟာမန်မှ မော်ဒကဲ၏ အပြုအမူအတွက်
မည်ကဲ့သို့ လုပ်ဆောင်မည်ကို စောင့်ကြည့်နေကြသည်။

Esther 05

ဦးမချ၊ ရှိမခိုးဘဲ နေကြောင်း
မော်ဒကဲမှ ဟာမန်၏ ရာထူးဂုဏ်ရှိန်ကို လေးစားခြင်းမရှိ၊
ဝပ်တွားခယခြင်း မရှိကြောင်း ဖော်ပြခြင်းဖြစ်သည်။


generated on Tue Jul 2 12:50:28 2024

ဟာမန် သိမြင်သောအခါ၊ အလွန်အမျက် ထွက်၍
အခြားသောဘာသာပြန်ဆိုချက်။ "ဟာမန် အလွန်အမင်း အမြတ်ဒေါသ ဖြစ်ခဲ့သည်"

မော်ဒကဲ တယောက်တည်းကို ကွပ်မျက်လျှင်၊ စိတ်မပြေလောက်ဟု ဟာမန်သည် အောက်မေ့လျက်
မော်ဒကဲကို သတ်ရန်မှာ မဖြစ်စလောက်သာဟု ခံစားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မော်ဒကဲ ထက် ပိုသော လူများကို သတ်ဖြတ်လိုသည်"

ယုဒလူအပေါင်းတို့ကို ဖျက်ဆီးခြင်း
"ယုဒတစ်မျိုးသားလုံးအား သတ်လိုခြင်း" သို့မဟုတ် "ယုဒလူမျိုး တစ်ခုလုံးကို အပြတ်ရှင်းရန် ဆန္ဒရှိခြင်း"

Esther 07

ပဌမလတွင်
ပထမ လတွင်။

နိသန်
" နိသန်" သည် ဟေဗြဲ ပြက္ခဒိန်တွင် ပထမဆုံးသော လဖြစ်သည်။ အနောက်တိုင်း ပြက္ခဒိန်တွင် မတ်လ နောက်ဆုံးပိုင်း နှင့် ဧပြီလ ဆန်းပိုင်းတွင် ဖြစ်သည်။

အာရွှေရုနန်းစံဆယ်နှစ်နှစ်
ဘုရင်အာရွှေရု ဆယ့်နှစ်နှစ် အုပ်ချုပ်စိုးစံပြီးသောအချိန်

ပုရ စာရေးတံချကြ၏
"ပုရဟူသော စာရေးတံကို ချကြ၏"

ဒွါဒသမလ
ဆယ့်နှစ်လမြောက်

အာဒါ
အာဒါသည် ဒွါဒသမလ၏ အမည်ဖြစ်ပြီး ဟေဗြဲ ပြက္ခဒိန်တွင် နောက်ဆုံးလလည်း ဖြစ်သည်။ အနောက်တိုင်း ပြက္ခဒိန်တွင် ဖေဖော်ဝါရီလကုန်ပိုင်းနှင့် မတ်လဆန်းပိုင်းတွင် ကျရောက်သည်။

Esther 08

အခြားတပါးသော လူမျိုးအပေါင်း
လူအုပ်စု သို့မဟုတ် ယုဒလူမျိုးစုကို ဆိုလိုခြင်းဖြစ်သည်။

အရပ်ရပ် ကွဲပြားလျက်နေသော
နေရာဒေသအမျိုးမျိုးတွင် နေထိုင်ကြသော

အတိုင်းတိုင်းအပြည်ပြည်
၁:၁ တွင်ကြည့်ရန်။

ကိုယ်တော် သဘောတူလျှင် ထိုအမျိုးကို ဖျက်ဆီးစေဟု အမိန့်ရှိတော်မူပါ
ဘုရင်မှ ဂျူးလူမျိုးများအား ဆက်လက်နေထိုင်ခွင့် မပြုသင့်ပါ။ အခြားသောဘာသာပြန်ဆိုချက်၊ "ယုဒလူမျိုးများအား ရှင်ဘုရင် အမိန့်တော်ဖြင့် ဖယ်ရှားသင့်ကြောင်း"

ကိုယ်တော်
ဟာမန်သည် ဘုရင်အား ရိုသေမှုရှိကြောင်း ညွှန်းဆိုသော စကား၊ "အရှင်မင်းကြီး"

ထိုအမှုကို ဆောင်ရွက်သော သူတို့ ... ကျွန်တော်အပ်ပေးပါမည်
မော်ဒကဲအား လုပ်ကြံသတ်ဖြတ်မည့်သူများအား ဘုရင့်ဘဏ္ဍာတိုက်သို့ ငွေပေးသွင်းစေပါမည်

ငွေအခွက် တသိန်း
ငွေတန်ချိန် ၃၄၀ ကီလိုဂရမ်။

Esther 10

လက်စွပ်တော်
ရှင်ဘုရင်အမိန့်တော် ကြေငြာရာတွင် တရားဝင်တံဆိပ်အဖြစ် ရိုက်နှိပ်အသုံးပြုနိုင်သော တံဆိပ်တော်လက်စွပ်

ထိုငွေကို သင့်အားငါပေး၏။
ဆိုလိုရင်းမသဲကွဲပါ။ ဖြစ်နိုင်သော အဓိပ္ပာယ်များမှာ

Esther 12

ကိုယ်စားတော်မင်း၊ အပြည်ပြည်အုပ်သော မြို့ဝန်၊ အရပ်ရပ်စီရင်သော သူကြီးတို့ကို ဟာမန်မှာထားသမျှအတိုင်း၊
ပြည်သူဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်။ "ဘုရင်မှ သူ၏စာရေး ကျမ်းပြုစုသူများအား ဆင့်ခေါ်ပြီး.... ဟာမန် တင်ပြတောင်းဆိုထားသော အရာမှန်သမျှအား အမိန့်တော်အဖြစ် ရေးမှတ်စေသည်"

ပဌမလ တဆယ်သုံးရက်နေ့တွင်၊
ဟေဗြဲပြက္ခဒိန်၏ ပထမလဖြစ်သည်။ ဆယ့်သုံးရက်မြောက်နေ့ အနောက်တိုင်း ပြက္ခဒိန်တွင် ဧပြီလဆန်းပိုင်းတွင် ကျရောက်သည်။

ကိုယ်စားတော်မင်း၊ အပြည်ပြည်အုပ်သော မြို့ဝန်
တိုင်းပြည် အသီးသီး၏ ဝန်မင်းများ

ရှင်ဘုရင် အာရွှေရု၏ အမိန့်တော်ကို စာရေး၍၊ ရှင်ဘုရင်၏ လက်စွပ်တော်နှင့် တံဆိပ်ခတ်လေ၏
ပြည်သူဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားဘာသာပြန်ဆိုချက်။ "ရှင်ဘုရင်၏ စာရေးတော်များမှ ဘုရင် အာရွှေရု၏ လက်စွပ်တော်မှ လက်မှတ်တံဆိပ်ရိုက်နှိပ်ကာ ဘုရင့်အမိန့်တော် အဖြစ်ထုတ်ပြန်ခဲ့သည်"

ရှင်ဘုရင် အာရွှေရု၏
ဘုရင်၏ အခွင့်အာဏာ လုပ်ပိုင်ခွင့်


generated on Tue Jul 2 12:50:28 2024

ပေးလိုက် လေ၏
အခြားသောဘာသာပြန်ဆိုချက်။ "လူကိုယ်တိုင်ပေးအပ်သည်"

သတ်ဖြတ်သုတ်သင်ပယ်ရှင်း၍
အမြစ်ဖြတ်ချေမှုန်းသည် ဖျက်ဆီးသည်

ဒွါဒသမလတဆယ် သုံးရက်
ဆယ့်နှစ်လ၏ ဆယ့်သုံးရက်မြောက်နေ့

အာဒါ
အာဒါသည် ဒွါဒသမလ၏ အမည်ဖြစ်ပြီး ဟေဗြဲပြက္ခဒိန်တွင် နောက်ဆုံးလလည်းဖြစ်သည်။ အနောက်တိုင်း ပြက္ခဒိန်တွင် ဖေဖော်ဝါရီလကုန်ပိုင်းနှင့် မတ်လဆန်းပိုင်းတွင် ကျရောက်သည်။

လုယူသိမ်းရုံးစေခြင်း
အဓမ္မလုယူခြင်း

Esther 14

အတိုင်းတိုင်းအပြည်ပြည်၌ ကြော်ငြာရ သော အမိန့်တော် စာချက်
ပြုသူဝါကျဖြင့် ပြန်ရေးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်။
"တိုင်းနယ်အသီးသီးမှအုပ်ချုပ်သူများသည် ဘုရင်အမိန့်တော်စာကို ပွားယူ၍ မိမိဒေသတွင် မိမိဘာသာစကားဖြင့် ပြန်ဆိုကာ အမိန့်တော်ကြေငြာသည်။"

အတိုင်းတိုင်း အပြည်ပြည်
၁:၁ တွင် ကြည့်ရန်။

အတိုင်းတိုင်းအပြည်ပြည်၌ .......ထိုအမိန့်တော်စာကို ကြော်ငြာ ပြီး
ပြုသူဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဝန်မင်းများသည် မိမိတို့၏ ဒေသအသီးသီးတွင် ဘုရင်၏ အမိန့်တော်စာ ကြေငြာ၍ လူအများအား သိစေသည်"။

ထိုနေ့
ယနေ့

ထိုအမိန့်တော်စာကို....စာပို့လုလင်တို့သည် အလျင်အမြန် ပြေးသွားကြ၏။
ပြုသူဝါကျဖြင့် ပြန်ရေးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်။ "စာပို့လုလင်တို့သည် ဘုရင့်အမိန့်တော်စာကို ဖြန့်ဝေကြသည်"

ရှုရှန်မြို့တော်
ပါရှားဘုရင်၏ တော်ဝင် မြို့တော် ကြီး။

မြို့တော်သည် ဆင်းရဲခြင်းသို့ ရောက်သတည်း။
အလွန်အမင်းစိတ်ပူပင်သောက ရောက်ရှိနေခြင်း

---

## Translation Questions

Esther 3:1

မည်သူတို့က ဟာမန်အား ဒူးထောက်ဦးချ ပျက်ဝပ်ကြသနည်း။
နန်းတော်တံခါးသို့ရောက်သော ရှင်ဘုရင်၏ ကျွန်အပေါင်းတို့သည်၊ အမိန့်တော်ရှိသည်အတိုင်း ဟာမန် ကို ဦးချရှိခိုးကြသည်။

Esther 3:3

မော်ဒကဲက မည်သည့်အရာကို ဆန့်ကျင်ခဲ့သနည်း။
မော်ဒကဲက ရှင်ဘုရင်၏အမှုဆောင်တို့ပြောသောစကားကို ငြင်းဆန်ခဲ့သည်။

Esther 3:5

ဟာမန်သည် မည်သူ့အား သတ်လိုခဲ့သနည်း။
ဟာမန်သည် မော်ဒကဲနှင့် ယုဒလူမျိုးအားလုံးကိုး သတ်ချင်ခဲ့သည်။

Esther 3:8

စာရေးတံချကြသောအခါ မည်သည့်လကို ရွေးချယ်ခဲ့ကြသနည်း။
စာရေးတံချကြသောအခါ တစ်ဆယ့်နှစ်ကြိမ်မြောက်သောလကို ရွေးချယ်ခဲ့ကြသည်။

ရှင်ဘုရင်က ယုဒလူမျိုးများကိုသတ်ရန် အမိန့်တော်ရှိလျှင် ဟာမန်က ရှင်ဘုရင်၏ ဘဏ္ဍာတော်တိုက်ထဲတွင် ငွေသားမည်မျှ ထည့်ပေးရန် ဆန္ဒရှိခဲ့သနည်း။
ရှင်ဘုရင်က ယုဒလူမျိုးများအားသတ်ရန် အမိန့်တော်ရှိလျှင် ဟာမန်က ရှင်ဘုရင်၏ ဘဏ္ဍာတော်တိုက်ထဲတွင် ငွေသား အခွက်တသောင်းကို ထည့်ပေးရန် ဆန္ဒရှိခဲ့ပါသည်။

Esther 3:12

စာရွက်စာတန်းများကို ရှင်ဘုရင်၏တိုင်းနိုင်ငံထဲ မည်ကဲ့သို့ ပို့ဆောင်ခဲ့သနည်း။
စာရွက်စာတမ်းများကို လက်ဖြင့်ရေးသားကာ တိုင်းနိုင်ငံအသီးသီးသို့ စာပို့လုလင်များအားဖြင့် ပို့ဆောင်စေခဲ့သည်။

Esther 3:14

ရှုရှန်သည် အမိန့်ကို မည်သို့ တုံ့ပြန်ခဲ့သနည်း။
ရှုရှန်မြို့တော်သည် ဆင်းရဲခြင်းသို့ ရောက်ရှိခဲ့ရသည်။


generated on Tue Jul 2 12:50:28 2024

# Chapter 4

1 ထိုအမှုရှိသမျှကို မော်ဒကဲသိသောအခါ၊ မိမိ အဝတ်ကိုဆုတ်၍ ပြာနှင့်လူးလျက်၊ လျှော်တေအဝတ်ကို ဝတ်လျက်၊
မြို့အလယ်သို့သွား၍ ကြီးကျယ်သောအသံနှင့် ငိုကြွေးလေ၏။ 2 လျှော်တေအဝတ်ကိုဝတ်လျက် နန်းတော်တံခါး ထဲသို့ အဘယ်သူမျှ
မဝင်ရသောကြောင့်၊ နန်းတော်တံခါး ရှေ့မှာ ရပ်နေ၏။ 3 ရှင်ဘုရင်အမိန့်တော်စာရောက်လေသော အပြည်ပြည်တို့၌ ယုဒလူတို့သည်
အလွန်ညည်းတွားခြင်း၊ အစာရှောင်ခြင်း၊ ငိုကြွေးမြည်တမ်းခြင်းကိုပြု၍၊ လူများ တို့သည် ပြာနှင့်လျှော်တေအဝတ်၌ အိပ်ကြ၏။ 4
မော်ဒကဲအမှုကို ဧသတာ၏ ကျွန်မတို့နှင့် မိန်းမစိုးတို့သည် ကြားပြောသောအခါ၊ မိဖုရားသည် အလွန်ဝမ်းနည်းလျက်၊
မော်ဒကဲဝတ်သော လျှော်တေကို ပယ်၍ အခြားသောအဝတ်ကို ဝတ်စေခြင်းငှါ ပေးလိုက် သော်လည်း၊ မော်ဒကဲသည်
မခံမယူဘဲနေ၏။ 5 တဖန် ဧသတာသည် ရှင်ဘုရင် အမိန့်တော်နှင့် ခစားသော မိန်းမစိုးဟာတက်ကို ခေါ်၍၊ အဘယ်အမှုရှိ သနည်း။
အဘယ်ကြောင့် ဤသို့ပြုသနည်းဟု မော်ဒကဲ ကို မေးစေခြင်းငှါ စေလွှတ်သည်အတိုင်း၊ 6 ဟာတက်သည် မော်ဒကဲရှိရာ
နန်းတော်တံခါး ရှေ့၊ မြို့တော်လမ်းသို့သွား၍၊ 7 မော်ဒကဲသည် မိမိ၌ရောက်သော အမှုရှိသမျှကိုဎင်း၊ ဟာမန်သည် ယုဒလူတို့ကို
ဖျက်ဆီးခြင်းငှါ၊ ငွေ မည်မျှကို ဘဏ္ဍာတော်တိုက်ထဲသို့ သွင်းပါမည်ဟု ဂတိ ထားကြောင်းကိုဎင်း ကြားပြောလျက်၊ 8 ယုဒလူတို့ကို
ဖျက်ဆီးခြင်းငှါ၊ ရှုရှန်နန်းတော်၌ ထုတ်သော အမိန့်တော်စာလက်ခံကို ဧသတာအားပြဘို့ ပေး၍၊ ဧသတာသည် မိမိလူမျိုး
အဘို့တောင်းလျှောက် ခြင်းငှါ၊ ရှင်ဘုရင်ထံသို့ ဝင်ရမည်အကြောင်း မှာလိုက် လေ၏။ 9 ဟာတက်သည်လည်းလာ၍ မော်ဒကဲစကားကို
ဧသတာအား ပြန်ပြော၏။ 10 တဖန်ဧသတာသည် ဟာတက်အားဖြင့်၊ မော်ဒကဲကို မှာလိုက်သည်ကား၊ 11 ယောကျ်ားဖြစ်စေ၊
မိန်းမဖြစ်စေ၊ ရှင်ဘုရင် ခေါ်တော်မမူဘဲ အတွင်းတန်တိုင်း၊ ရှင်ဘုရင်ထံတော်သို့ ဝင်မိသောသူသည် အသက်ချမ်းသာရမည်အကြောင်း၊
ရွှေရာဇလှံတံကို ကမ်းတော်မမူလျှင်၊ အမှန်သေရမည် အကြောင်း အမိန့်တော်ရှိသည်ကို၊ ရှင်ဘုရင်၏ ကျွန်တော် မျိုးများနှင့်
နိုင်ငံတော်ပြည်သူပြည်သားများအပေါင်းတို့ သည် သိကြ၏။ အကျွန်ုပ်ကိုကား အရက်သုံးဆယ်ပတ်လုံး၊ ရှင်ဘုရင်ထံတော်သို့
ခေါ်တော်မမူဟု၊ 12 ဧသတာစကားကို မော်ဒကဲအား ပြန်ပြောသော အခါ၊ မော်ဒကဲက၊ အခြားသော ယုဒလူ အသက်မလွတ် လျှင်၊ 13
နန်းတော်၌နေသော်လည်း သင့်အသက်လွတ် မည်ဟု မထင်နှင့်။ 14 ယခုကာလသင်သည် တိတ်ဆိတ်စွာနေလျှင်၊ သင်နှင့်သင်၏
အဆွေအမျိုးသည် ပျက်စီး၍၊ ယုဒလူတို့ အသက်ရှင်ခြင်း၊ ကယ်တင်ခြင်း အကြောင်းတစုံတခု ပေါ်လိမ့်မည်။ ယခုအမှုကိုဆောင်ဘို့ရာ
သင်သည် မိဖုရားအရာကိုရသည်ဟု ထင်စရာရှိသည်မဟုတ်လော ဟု ဧသတာအား ပြန်ပြောစေခြင်းငှါ မှာလိုက်၏။ 15-17
ဧသတာကလည်း၊ ရှုရှန်မြို့၌ရှိသော ယုဒလူ အပေါင်းတို့ကို စုဝေးစေခြင်းငှါသွားပါ။ နေ့ညဥ့်မပြတ် သုံးရက်ပတ်လုံး
မစားမသောက်ဘဲနေ၍၊ အကျွန်ုပ်အဘို့ အစာရှောင်ခြင်းအကျင့်ကို ကျင့်ကြပါ။ အကျွန်ုပ်သည် လည်း ကျွန်မတို့နှင့်တကွ
အစာရှောင်ခြင်းအကျင့်ကို ကျင့်ပါမည်။ ထိုနောက် အာဏာတော်ကို ဆန့်ရသော် လည်း၊ ရှင်ဘုရင်ထံတော်သို့ ဝင်မည်။ သေလျှင်
အသေခံ ပါမည်ဟု မော်ဒကဲအား ပြန်ပြောစေခြင်းငှါ မှာလိုက် သမျှအတိုင်း၊ မော်ဒကဲသည် သွား၍ပြုလေ၏။

---

### Esther 01

ထိုအမှုရှိသမျှကို ... သိသောအခါ

ထိုအမိန့်တော်စာကို မော်ဒကဲကြားသိသောအခါ

မိမိ အဝတ်ကိုဆုတ်၍ ပြာနှင့်လူးလျက်၊ လျှော်တေအဝတ်ကို ဝတ်လျက်၊

ဤ အပြုအမူသည် ဂျူးလူမျိုးများ၏ ဝမ်းနည်းပူဆွေးနေခြင်းကို ပြသသောသဘောဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်။ သူ၏အဝတ်များကို စုပ်ဖြဲ၍ အထည်ကြမ်းဝတ်ဆင်ကာ ခန္ဓာကိုယ်တခုလုံး ပြာလူး၍ မိမိ၏ ပူဆွေးသောကရောက်နေပုံကို ဖော်ပြခြင်းဖြစ်သည်။

အတိုင်းတိုင်း အပြည်ပြည်

၁:၁ တွင် ကြည့်ရန်

ယုဒလူတို့သည် အလွန်ညည်းတွားခြင်း၊ အစာရှောင်ခြင်း၊ ငိုကြွေးမြည်တမ်းခြင်းကို ပြု၍၊

ယုဒလူမျိုးများ လွန်စွာ ဝမ်းနည်းပူဆွေး၍ ငိုကြွေးမည်တမ်းကြသည်။

ပြာနှင့်လူးလျက်၊ လျှော်တေအဝတ်ကို ဝတ်လျက်၊

အထည်ကြမ်းဝတ်ဆင်ကာ မိမိတစ်ကိုယ်လုံးပြာလူး၍ လဲလျောင်းသည်။ (UDB)

### Esther 04

ကျွန်မတို့နှင့် မိန်းမစိုး

အစေခံ မိန်းမ၊ ယောကျ်ားများ

မော်ဒကဲဝတ်သော လျှော်တေကို ပယ်၍ အခြားသောအဝတ်ကို ဝတ်စေခြင်းငှါ

မော်ဒကဲအား ဝတ်ဆင်ပေးရန်

ဟာတက်

မိန်းမစိုး

ရှင်ဘုရင် အမိန့်တော်နှင့် ခစားသော မိန်းမစိုး

ပြုသူဝါကျဖြင့်ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်။ "ဘုရင်မှ မိဖုရား ဧသတာအား ခစားရန် တာဝန်ပေးအပ်ခြင်းခံရသောသူ"


generated on Tue Jul 2 12:50:28 2024

Esther 06

ဟာတက်
၄:၄ တွင် ကြည့်ရန်

မြို့တော်လမ်း
မြို့လယ်ခေါင်လမ်း

ဟာမန်
၃:၁ တွင် ကြည့်ရန်

အမိန့်တော်စာလက်ခံကို....ပေး၍
မော်ဒကဲသည် မိန်းမစိုး ဟာတက်ကို ပေး၍

ရှင်ဘုရင်ထံသို့ ဝင်ရမည်အကြောင်း
ဘုရင်ထံသို့ အသနားတော်ခံဝင်ရန်

Esther 09

ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ၊ ရှင်ဘုရင် ခေါ်တော်မမူဘဲ အတွင်းတန်တိုင်း၊ ရှင်ဘုရင်ထံတော်သို့ ဝင်မိသောသူသည် အသက်ချမ်းသာရမည်အကြောင်း၊ ရွှေရာဇလှံတံကို ကမ်းတော်မမူလျှင်၊ အမှန်သေရမည် အကြောင်း
အခြားသောဘာသာပြန်ဆိုချက်။ "ဘုရင်၏အခွင့်တော်မရှိလျှင် မည်သူတစ်ဦးတစ်ယောက်မျှ နန်းတွင်းသို့ဝင်ရောက်ခြင်းခွင့်မပြုပါ။ ဤဥပဒေအားချိုးဖောက်၍ နန်းတော်သို့ဝင်လာသော သူမှန်သမျှသည် ဘုရင်၏ ရွှေလှံတံတော် ဆန့်တန်းခြင်း မခံရပါက သေဒဏ်ကျခံရမည်"

အရက်သုံးဆယ်ပတ်လုံး
ရက်သုံးဆယ်

Esther 13

ယုဒလူတို့ အသက်ရှင်ခြင်း၊ ကယ်တင်ခြင်း အကြောင်းတစုံတခု ပေါ်လိမ့်မည်။
အခြားသောဘာသာပြန်ဆိုချက်။ "တစ်စုံယောက်သည် တစ်နေရာမှ ပေါ်ထွန်းလာ၍ ယုဒလူမျိုးများအား ကယ်တင်မည်"

ယခုအမှုကိုဆောင်ဘို့ရာ သင်သည် မိဖုရားအရာကိုရသည်ဟု ထင်စရာရှိသည်မဟုတ်လော
ဤမေးခွန်းသည် ယုဒလူမျိုးများ အကြပ်အတည်းရောက်နေသောအချိန်တွင် မိဖုရား ဧသတာမှ လေးလေးနက်နက် စဉ်းစားဆုံးဖြတ်ရန် မေးခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်။ "သင်မိဖုရားအဖြစ် တင်မြောက်ချီးမြှင့်ခံရခြင်းသည် ဤကဲ့သို့သောအချိန်ကာလတွင် အကျိုးပြုရန် မဟုတ်ပါသလား"

Esther 15

ရှုရှန်
၁:၁ တွင် ကြည့်ရန်။

အကျွန်ုပ်အဘို့ အစာရှောင်ခြင်းအကျင့်ကို ကျင့်ကြပါ။ အကျွန်ုပ်သည် လည်း ...... အစာရှောင်ခြင်းအကျင့်ကို ကျင့်ပါမည်
အစာရှောင်ဆုတောင်းခြင်းသည် ယုဒလူမျိုးများ အခက်အခဲကြုံလာသောအခါတွင် အပူတပြင်း ဆုတောင်းခြင်းဖြစ်သည်။ တိတိကျကျလုပ်ဆောင်ရသော အရာဖြစ် သည်။

သုံးရက်
၃ ရက်

---

## Translation Questions

Esther 4:1

မော်ဒကဲသည် မည်မျှကြာအောင် သွားခဲ့သနည်း။ အဘယ်ကြောင့်နည်း။
နန်းတော်ထဲသို့ အဘယ်သူမျှ ဝင်ခွင့်မရှိသောကြောင့် လျှော်တေအဝတ်ကို ဝတ်ဆင်ကာ နန်းတော်တံခါးရှေ့တွင် အတန်ကြာအောင် နေခဲ့သည်။

Esther 4:4

ဧသတာသည် မော်ဒကဲအား ဝတ်စရာအဝတ်ကို ပေးခိုင်းသောအခါ မော်ဒကဲသည် မည်ကဲ့သို့ တုံ့ပြန်ခဲ့သနည်း။
ဧသတာသည် မော်ဒကဲအား ဝတ်စရာအဖို့ပေးစေသောအခါ သူသည် ထိုအရာများကို လက်မခံခဲ့ချေ။

Esther 4:6

မော်ဒကဲသည် ဟာတက်အား မည်သည့်အရာကို အစီရင်ခံခဲ့သနည်း။
မော်ဒကဲသည် မိမိ၌ရောက်သော အမှုရှိသမျှကိုငှင်း၊ ဟာမန်သည် ယုဒလူတို့ကို ဖျက်ဆီးခြင်းငှါ၊ ငွေ မည်မျှကို ဘဏ္ဍာတော်တိုက်ထဲသို့ သွင်းမည်ဟု ဂတိ ထားကြောင်းကိုငှင်း ကြားပြောခဲ့သည်။

ရှုရှန်ပြည်၌ထုတ်ပြန်သော ယုဒလူများကိုဖျက်ဆီးမည်အကြောင်း အမိန့်ပါသည့်စာရွက်ကို အဘယ်ကြောင့် မော်ဒကဲသည် ဟာတက် ကိုပေးခဲ့သနည်း?
ရှုရှန်ပြည်၌ထုတ်ပြန်သော ယုဒလူများကိုဖျက်ဆီးမည်အကြောင်း အမိန့်ပါသည့်စာရွက်ကို ဟာတက်အားပေးရခြင်းမှာ ၎င်းကိုဧသတာအားပြ၍၊ ဧသတာသည် မိမိလူမျိုး အဘို့ ရှင်ဘုရင်၏မျက်နှာသာကိုတောင်းလျှောက် ခြင်းငှါ၊ ရှင်ဘုရင်ထံသို့ဝင်ရမည့်တာဝန်ကို ဧသတာအားသိစေခြင်းငှါ ပေးခြင်းဖြစ်သည်။


generated on Tue Jul 2 12:50:28 2024

Esther 4:9

မည်ကဲ့သို့သော ယောကျာ်း၊ မိန်းမကို မဆို ရှင်ဘုရင်တော်၏ အခွင့်မရှိဘဲ ရှေ့တော်သို့ ဝင်ရောက်လာပါက မည်သို့မည်နည်း။

ယောကျာ်းဖြစ်စေ၊ မိန်းမဖြစ်စေ၊ ရှင်ဘုရင် ခေါ်တော်မမူဘဲ အတွင်းတန်တိုင်း၊ ရှင်ဘုရင်ထံတော်သို့ ဝင်မိသောသူသည် အသက်ချမ်းသာရမည်အကြောင်း၊ ရွှေရာဇလှံတံကို ကမ်းတော်မမူလျှင်၊ အမှန်သေရမည် အကြောင်း အမိန့်တော်ရှိသည်။

Esther 4:13

မိဖုရားဧသတာသည် ထိုကိစ္စကို တိတ်တဆိတ် နေလျှင် မည်သည့် အဖြစ်အပျက်ကို ကြုံဆုံနိုင်သည်ကို မော်ဒကဲ ရှင်းပြခဲ့သနည်း။

မိဖုရားဧသတာမှ ထိုကိစ္စကို တိတ်တဆိတ် နေလျှင် သူနှင့်ဆွေမျိုးသားခြင်းတို့သည် ပျက်စီးကာ အခြားသောသူတို့သည် အသက်ရှင်ကြလိမ့်မည်။ သူမနှင့် သူမ၏အဘတို့သည်လည်းပျက်စီးခြင်းသို့ရောက်မည်ဖြစ်သည်။

Esther 4:15

ဧသတာသည်မော်ဒကဲအားမည်သည့်အရာကို လုပ်ဆောင်ရန် မှာကြားထားခဲ့သနည်း။

ဧသတာကလည်း၊ ရှုရှန်မြို့၌ရှိသော ယုဒလူအပေါင်းတို့ကို စုဝေးစေ၍၊ သုံးရက်ပတ်လုံး သူမအဖို့ အစာရှောင်ခြင်းအမှုကိုပြုကြဖို့ရန် မော်ဒကဲကို မှာလိုက်လေသည်။

## Chapter 5

1 သုံးရက်မြောက်သောနေ့၌၊ ဧသတာသည် မိဖုရားအဝတ်တန်ဆာကို ဝတ်ဆင်၍၊ နန်းတော် အဆောင်မှတဘက်တချက်၊
နန်းတော်အတွင်းတန်တိုင်း ထဲမှာ ရပ်နေ၏။ ရှင်ဘုရင်သည် နန်းတော်တံခါးတဘက် တချက်၊ နန်းတော်ထဲ၊ ရာဇပလ္လင်ပေါ်မှာ
ထိုင်တော်မူ၏။ 2 မိဖုရား ဧသတာသည် တန်တိုင်းတော်ထဲမှာ ရပ်နေသည်ကို ရှင်ဘုရင်မြင်လျှင်၊ နူးညွတ်သောစိတ်ရှိ၍
လက်တော်၌ပါသော ရွှေရာဇလှံတံကို၊ ဧသတာသို့ ကမ်း တော်မူသဖြင့်၊ ဧသတာသည် ချဉ်းကပ်၍ ရာဇလှံတံ တော်အထွဋ်ကို
တို့လေ၏။ 3 ရှင်ဘုရင်ကလည်း၊ မိဖုရားဧသတာ၊ သင်သည် အဘယ်အလိုရှိသနည်း။ အဘယ်ဆုကို တောင်းချင် သနည်း။
တောင်းသမျှကို နိုင်ငံတော် တဝက်တိုင်အောင် ငါပေးမည်ဟု မိန့်တော်မူလျှင်၊ 4 ဧသတာက၊ အရှင်မင်းကြီး အလိုတော်ရှိလျှင်၊
အရှင်မင်းကြီးအဘို့ ကျွန်တော်မပြင်ဆင်သောပွဲသို့ ဟာမန်နှင့်တကွ ယနေ့ကြွတော်မူပါဟု လျှောက်သော်၊ 5 ရှင်ဘုရင်က၊ ဧသတာ
လျှောက်သည်အတိုင်း ပြုအံ့သောငှါ၊ ဟာမန်သည် အလျင်အမြန်လာစေဟု မိန့်တော်မူသဖြင့်၊ ဧသတာပြင်ဆင်သောပွဲသို့ ဟာမန်နှင့်
တကွ ရှင်ဘုရင်ကြွတော်မူ၏။ 6 တဖန်စပျစ်ရည်သောက်ပွဲခံစဉ်၊ ရှင်ဘုရင်က၊ သင်သည် အဘယ်သို့ အလိုရှိသနည်း။ အလိုရှိသည်
အတိုင်း ငါပေးမည်။ အဘယ်ဆိုကို တောင်းချင်သနည်း။ တောင်းသမျှကိုနိုင်ငံတော်တဝက်တိုင်အောင် ငါပေးမည် ဟု
ဧသတာအားမိန့်တော်မူလျှင်၊ 7 ဧသတာက၊ ကျွန်တော်မအလိုရှိ၍ ကျွန်တော်မ တောင်းချင်သော ဆုဟူမူကား၊ 8 ကျွန်တော်မကို
အရှင်မင်းကြီး၏စိတ်နှင့် တွေ့ တော်မူလျှင်ငှင်း၊ ကျွန်တော်မအလိုရှိ၍ ကျွန်တော် မတောင်းချင်သောဆုကို ပေးသနားခြင်းငှါ
အရှင်မင်းကြီး အလိုတော်ရှိလျှင်ငှင်း၊ ကျွန်တော်မပြင်ဆင်သော ပွဲသို့ အရှင်မင်းကြီးသည် ဟာမန်နှင့်တကွ တဖန်ကြွတော်မူပါ။
အမိန့်တော်ရှိသည်အတိုင်း နက်ဖြန်နေ့၌ ကျွန်တော်မပြု ပါမည်ဟု ပြန်လျှောက်လေ၏။ 9 ထိုနေ့၌ ဟာမန်သည် ဝမ်းမြောက်ရွှင်လန်း
သော စိတ်နှင့် ထွက်သွားသော်လည်း၊ နန်းတော်တံခါးဝ မှာ မော်ဒကဲသည် ရိုသေစွာမထ၊ အလျှင်းမလှုပ်ဘဲနေ သည်ကို မြင်သောအခါ၊
မော်ဒကဲကို အလွန်အမျက် ထွက်လေ၏။ 10 သို့ရာတွင် မိမိစိတ်ကို ချုပ်တည်းလျက်သွား၍၊ မိမိအိမ်သို့ရောက်သောအခါ၊
မယားဇေရက်နှင့် အဆွေ ခင်ပွန်းတို့ကို ခေါ်ပြီးလျှင်၊ 11 မိမိဘုန်းစည်းစိမ်ကြီးကြောင်း၊ သားသမီးများ ကြောင်း၊ ရှင်ဘုရင်
အလွန်ချီးမြှောက်၍ မှူးတော် မတ်တော် ကျွန်တော်မျိုးများထက်သာ၍ မြတ်သောအရာ ၌ ခန့်ထားတော်မူကြောင်းများကို
ဘော်ပြလျက်၊ 12 မိဖုရားဧသတာသည် မိမိပြင်ဆင်သောပွဲသို့ ငါမှတပါး၊ အဘယ်သူကိုမျှ ရှင်ဘုရင်နှင့်အတူမဝင်စေ။
နက်ဖြန်နေ့၌လည်း ရှင်ဘုရင်နှင့်အတူ ငါ့ကို ဘိတ်ပြန်၏။ 13 သို့ရာတွင်၊ ယုဒလူမော်ဒကဲသည် နန်းတော် တံခါးဝမှာ
ထိုင်လျက်ရှိသည်ကို ငါမြင်ရသည် ကာလ ပတ်လုံး၊ ယခုဘော်ပြသမျှတို့သည် ငါ၌ ကျေးဇူးမရှိဟု ဆို၏။ 14 ထိုအခါ မယားဇေရက်နှင့်
အဆွေခင်ပွန်း ရှိသမျှတို့က၊ အတောင်ငါးဆယ်မြင့်သော လည်ဆွဲချစေ မည်အကြောင်း နက်ဖြန်သံတော်ဦးတင်လော့။ ထိုနောက် မှ
စိတ်ရွှင်လန်းလျက် ရှင်ဘုရင်နှင့်အတူ ပွဲသို့ဝင်လော့ဟု ပြောဆိုသောစကားကို ဟာမန်သည် နှစ်သက်၍၊ လည်ဆွဲ ချတိုင်ကို
လုပ်စေ၏။

---

### Esther 01

မိဖုရား ဧသတာသည် တန်တိုင်းတော်ထဲမှာ ရပ်နေသည်ကို ရှင်ဘုရင်မြင်လျှင်၊ နူးညွတ်သော စိတ်ရှိ၍

ပြုသူဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ရှင်ဘုရင် အာရွှေရု သည် မိဖုရားဧသတာအား မျက်နှာသာ ပေးတော်မူသည်။ ဘုရင်အား ဖူးမျော်ခွင့်ရသည်"

ရှင်ဘုရင်မြင်လျှင်၊ နူးညွတ်သောစိတ်ရှိ၍ လက်တော်၌ပါသော ရွှေရာဇလှံတံကို၊ ဧသတာသို့ ကမ်း တော်မူသဖြင့်၊

မိဖိုရား အခွင့်မရှိဘဲ ဝင်လာသည်ကို ဘုရင်မှ အမျက်တော်မရှိဘဲ ရွှေလှံတံတော် ဆန့်တန်း၍ ဝင်ခွင့်ပြုခြင်းဖြစ်သည်။

ရာဇလှံတံ တော်အထွဋ်ကို တို့လေ၏

မိဖိုရား လှံတံတော် အထိပ်ကို ကိုင်ခြင်းဆိုသည်မှာ ရှင်ဘုရင်အားရိုသေလေးစားကြောင်း ပြသခြင်းနှင့် သူမအပေါ်ထားရှိသော ဘုရင်၏မေတ္တာတော် အားကျေးဇူးတင်ကြောင်းပြသခြင်းဖြစ်သည်။

### Esther 03

နိုင်ငံတော် တဝက်တိုင်အောင် ငါပေးမည်

ပြုသူဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်။ "မိဖိုရားသာအလိုရှိလျှင် တိုင်းပြည် တဝက်တိုင် အထိပင် ပေးမည်ဖြစ်ကြောင်း ပြောခြင်းဖြစ်သည်"

အရှင်မင်းကြီး အလိုတော်ရှိလျှင်၊ အရှင်မင်းကြီးအဘို့ ကျွန်တော်မပြင်ဆင်သောပွဲသို့ ဟာမန်နှင့်တကွ ယနေ့ကြွတော်မူပါ

အခြားသောဘာသာပြန်ဆိုချက်။ "အရှင်မင်းကြီး ဆန္ဒရှိတော်မူလျှင် ဟာမန်အား အရှင်နှင့်အတူ လာခွင့်ပေးတော်မူပါ"

ဟာမန်

၃:၁ တွင်ကြည့်ရန်။


generated on Tue Jul 2 12:50:28 2024

## Esther 05

သင်သည် အဘယ်သို့ အလိုရှိသနည်း
တောင်းဆိုချင်သော အရာ သို့မဟုတ် အလိုရှိသောအရာ။ အခြားသောဘာသာပြန်ဆိုချက်။ "မည်သည့်အရာ အလိုရှိသနည်း" သို့မဟုတ် "မည်သည့်အရာ တောင်းဆိုချင်သနည်း"

အလိုရှိသည် အတိုင်း ငါပေးမည်
ပြဿနာဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊"သင်တောင်းသည့်အတိုင်း ငါပေးမည်" သို့မဟုတ် "သင်တောင်းသောအရာကို ငါလုပ်ပေးပါမည်"

အဘယ်ဆိုကို တောင်းချင်သနည်း
အခြားသောဘာသာပြန် ဆိုချက်။ "သင်ဘာကို တောင်းဆိုလိုသနည်း" သို့မဟုတ် "သင်ဘာကို အလိုရှိသနည်း"

နိုင်ငံတော် တဝက်တိုင်အောင် ငါပေးမည်
ပြဿနာဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်။ "နိုင်ငံတဝက် တောင်းသည့်တိုင်အောင် ငါပေးတော်မူမည်"

## Esther 07

ကျွန်တော်မ အလိုရှိ၍ ကျွန်တော်မ တောင်းချင်သော ဆုဟူမူကား
တောင်းဆိုချက်ဖြစ်သည်။ ရှင်ဘုရင်အား ရိုသေစွာဖြင့် လျှောက်ထားခြင်းဖြစ်သည်။

ကျွန်တော်မကို အရှင်မင်းကြီး၏ စိတ်နှင့် တွေ့ တော်မူလျှင်
"စိတ်တော်နှင့်တွေ့သည်" ဆိုသည်မှာ ဘုရင်မင်းကြီးမှ မိဖိရား ဧသတာ တောင်းဆိုသော အရာအား သဘောကျနှစ်သက်တော်မူသည်ဆိုလျှင်။

ကျွန်တော်မကို အရှင်မင်းကြီး၏ စိတ်နှင့် တွေ့ တော်မူလျှင်ဒင်း၊ ကျွန်တော်မအလိုရှိ၍ ကျွန်တော် မတောင်းချင်သောဆုကို ပေးသနားခြင်းငှါ အရှင်မင်းကြီး အလိုတော်ရှိလျှင်ဒင်း
ဘုရင်မင်းကြီးမှ မိဖိရား ဧသတာ တောင်းဆိုသော အရာအား သဘာကျနှစ်သက်တော်မူသည်ဆိုလျှင်

အရှင်မင်းကြီးသည် ဟာမန်နှင့်တကွ တဖန်ကြွတော်မူပါ
အခြားသောဘာသာပြန်ဆိုချက်။ "ကျေးဇူးတော် ရှိလျှင် ဟာမန်နှင့်အတူ ကြွရောက်တော်မူပါ။

အမိန့်တော်ရှိသည်အတိုင်း နက်ဖြန်နေ့၌ ကျွန်တော်မပြု ပါမည်
" ထိုအချိန် မှ အရှင်မင်းကြီး၏ မေးခွန်းအား ဖြေကြားပါမည်။"

## Esther 09

မော်ဒကဲသည် ရိုသေစွာမထ၊ အလျှင်း မလှုပ်ဘဲနေသည်
မတ်တပ်ရပ် ခြင်းသည် အရိုအသေပေးသော သဘောဆောင်သည်။ မော်ဒကဲသည် ဟာမန်အား အရိုအသေ မပြုဘဲ နေလေသည်။

အလွန်အမျက် ထွက်လေ၏
အလွန်အမင်း ဒေါသထွက်သည်။

သို့ရာတွင်
"အလွန်အမင်း ဒေါသထွက် နေပါသော်လည်း"

မိမိစိတ်ကို ချုပ်တည်းလျက် သွား၍
မိမိအလွန်အမင်း ပြုလုပ်ချင်သော်လည်း အကြောင်း အမျိုးမျိုးကြောင့် မပြုလုပ်ဘဲနေသည်။ အခြားသောဘာသာပြန်ဆိုချက်။ "ဟာမန် အလွန်ဒေါသထွက်နေသော်လည်း သူ၏ ဒေါသအား ထိန်းချုပ်ခဲ့သည်"

ဇေရက်
ဟာမန်၏ ဇနီးမယား။

မိမိဘုန်းစည်းစိမ်ကြီးကြောင်း
ဟာမန်သည် သူ၏ ဇနီး နှင့် မိတ်ဆွေများအပေါ် သူ၏ များပြားလှသော စည်းစိမ်များအား ကြွားဝါသည်။

ရှင်ဘုရင် အလွန်ချီးမြှောက်၍
ဘုရင်သည် ဟာမန်အား အရေးကြီးသော လုပ်ငန်းတာဝန်များ ပေးအပ်ခြင်းဖြင့် ချီးမြင့်တင်မြှောက်သည်။

မှူးတော် မတ်တော် ကျွန်တော်မျိုးများ ထက်သာ၍ မြတ်သောအရာ၌ ခန့်ထားတော်မူကြောင်းများကို ဘော်ပြလျက်
အခြားသော ဘုရင့် အမှုတော်ထမ်းနှင့် အစေခံများထက် ပိုအရေးကြီးသောသူ မည်ကဲ့သို့ ဖြစ်လာကြောင်း။

## Esther 12

ငါမှတပါး၊ အဘယ်သူကိုမျှ
သူတဦး တည်းသာ။

ငါ၌ ကျေးဇူးမရှိ
"ငါ့ကို စိတ် မပျော်ရွှင်စေသည်။" "ငါ့အား စိတ် ကျေနပ်မှုမပေးပါ"

## Esther 14

လည်ဆွဲ
၂:၂ တွင်ကြည့်ရန်။

အတောင်ငါးဆယ်မြင့်သော
"၇၅" ပေ အမြင့်ရှိသော။

အဆွေခင်ပွန်း ရှိသမျှတို့က၊ အတောင်ငါးဆယ်မြင့်သော လည်ဆွဲချစေ မည်အကြောင်း
သူ၏ လူများအား ကြိုးစင် တည်ဆောက်စေသည်။

ပြောဆိုသော စကားကို ဟာမန်သည် နှစ်သက်၍
သူ၏ အစေခံများ အကြံပေးသော စကားကို ဟာမန် နှစ်သက်သည်။



generated on Tue Jul 2 12:50:28 2024

## Translation Questions

### Esther 5:1

ရှင်ဘုရင်ရှိရာ နန်းတော်၏ အတွင်းတန်တိုင်းသည် မည်သည့်နေရာတွင် ရှိသနည်း။

ရှင်ဘုရင်ရှိရာ နန်းတော်၏ အတွင်းတန်တိုင်းသည် ရှင်ဘုရင်၏နန်းဆောင်ရှေ့တွင်ဖြစ်သည်။

မိဖုရားဧသတာပလ္လင်တော်ရှေ့တွင်ရပ်နေသည်ကို ရှင်ဘုရင်တွေ့သောအခါ မည်သည့်အတွက်ကြောင့် လှံတံတော်ကို ကမ်းပေးခဲ့သနည်း။

ရှင်ဘုရင်သည် သူမအပေါ်တွင် နူးညွတ်သောစိတ်ရှိ၍ လက်တော်၌ပါသော ရွှေရာဇလှံတံကို၊ ဧသတာအား ကမ်းတော်မူသဖြင့်၊ ဧသတာသည် ချဉ်းကပ်၍ ရာဇလှံတံတော်အထွဋ်ကို တို့လေသည်။

### Esther 5:3

ဧသတာသည် ရှင်ဘုရင်ထံမှ မည်သည့်အရာကို တောင်းဆိုကမ်းလှမ်းခဲ့သနည်း။

ဧသတာက၊ အရှင်မင်းကြီး အလိုတော်ရှိလျှင်၊ အရှင်မင်းကြီးအဘို့ ကျွန်တော်မပြင်ဆင်သောပွဲသို့ ဟာမန်နှင့်တကွ လာရောက်ရန် တောင်းဆိုခဲ့သည်။

### Esther 5:7

ဒုတိယအကြိမ်တွင် ဧသတာသည် ရှင်ဘုရင်ထံမှ မည်သည့်အရာကို တောင်းဆိုခဲ့ပြန်သနည်း။

ဧသတာက၊ အရှင်မင်းကြီး အလိုတော်ရှိလျှင်၊ အရှင်မင်းကြီးအဘို့ ကျွန်တော်မပြင်ဆင်သောပွဲသို့ ဟာမန်နှင့်တကွ ကြွရောက်လာရန် ထပ်မံတောင်းဆိုခဲ့သည်။

### Esther 5:9

ဟာမန်သည် သူ၏အိမ်သူအိမ်သားများထံသို့ မည်သည့်အရာကို ပြန်ပြောကြားခဲ့သနည်း။

ဟာမန်သည် အိမ်သို့ရောက်သောအခါ၊ မယားဇေရက်နှင့် အဆွေခင်ပွန်းတို့ကို ခေါ်ပြီးလျှင် မိမိဘုန်းစည်းစိမ်ကြီးကြောင်း၊ သားသမီးများ ကြောင်း၊ ရှင်ဘုရင် အလွန်ချီးမြှောက်၍ မှူးတော်မတ်တော် ကျွန်တော်မျိုးများထက်သာ၍ မြှတ်သောအရာ၌ ခန့်ထားတော်မူကြောင်းကို ပြောကြားခဲ့သည်။

### Esther 5:12

ဟာမန်သည် စားတော်ပွဲသို့ သူမှတစ်ပါးအခြားသူများကို မဖိတ်ခေါ်သည့်အပြင် မည်သည့်အရာကို ထပ်၍ခံစားသနည်း။

ယုဒလူမော်ဒကဲတံခါးဝ၌ ထိုင်နေသည်ကို မြင်၍ဝမ်းမြောက်သည်ထက် စားသောက်ပွဲသို့အဖိတ်ခံရသည်ထက် ဟာမန်အဖို့ အမှုငယ်သာဖြစ်သည်။

### Esther 5:14

ဟာမန်၏မယား ဇေရက်သည် မည်ကဲ့သို့ လုပ်ရန်ဟာမန်အား အကြံပေးခဲ့သနည်း။ အဘယ်ကြောင့်နည်း။

ဟာမန်၏မယား ဇေရက်သည်အတောင်ငါးဆယ်မြင့်သော လည်ဆွဲကို လုပ်ဆောင်ပြီး မော်ဒကဲအား ကွက်မျက်စေရန် အကြံပြုခဲ့သည်။



generated on Tue Jul 2 12:50:28 2024

## Chapter 6

1 ထိုနေ့ညမှာ ရှင်ဘုရင်သည် စက်တော်ခေါ်၍ မပျော်နိုင်သောကြောင့်၊ နန်းတော်မှတ်စာကို ယူခဲ့ဟု မိန့်တော်မူ၍ ရှေ့တော်၌
ဘတ်ရကြ၏။ 2 ရှင်ဘုရင် အာရှေရုကို လုပ်ကြံမည်ဟု ရှာကြံ သော နန်းတော်မိန်းမစိုး၊ တံခါးစောင့်နှစ်ယောက်၊ ဗိဂသန်နှင့်
တေရက်အကြံကို မော်ဒကဲ ဘော်ပြကြောင်း ကိုတွေ့လျှင်၊ 3 ရှင်ဘုရင်က၊ ထိုအကြံကို ဘော်ပြသောကြောင့်၊ မော်ဒကဲအား
အဘယ်ဆုအဘယ်အရာကို ပေးပြီနည်းဟု မေးတော်မူသော်၊ အထံတော်၌ ခစားသော ကျွန်တော်တို့ က၊ အဘယ်ဆုကို၏မျှ
ပေးတော်မမူပါသေးဟု ပြန် လျှောက်ကြ၏။ 4 ရှင်ဘုရင်ကလည်း၊ တန်တိုင်းတွင်း၌ အဘယ်သူ ရှိသနည်းဟု မေးတော်မူလျှင်၊
ဟာမန်သည် မိမိလုပ်နှင့် သော လည်ဆွဲချတိုင်၌ မော်ဒကဲကို လည်ဆွဲချရမည် အကြောင်း၊ နန်းတော်ပြင် တန်တိုင်းတွင်းသို့ ဝင်မိသည်
ဖြစ်၍၊ 5 ရှင်ဘုရင်၏ ကျွန်တို့က၊ ဟာမန်သည် တန်တိုင်း တော်တွင်း၌ရှိပါ၏ဟု လျှောက်ကြသော်၊ အထဲသို့ ဝင်စေ ဟု မိန့်တော်မူ၏။ 6
ဟာမန်သည်ဝင်လျှင် ရှင်ဘုရင်က၊ ရှင်ဘုရင် ချီးမြှောက်လိုသော သူ၌ အဘယ်သို့ပြုသင့်သနည်းဟု မေးတော်မူလျှင်၊ ဟာမန်က
ငါမှတပါး၊ ရှင်ဘုရင်သာ၍ ချီးမြှောက်လိုသောသူ တစုံတယောက်ရှိနိုင်သလောဟု စိတ်ထဲမှာ အောက်မေ့လျက်၊ 7
ရှင်ဘုရင်ချီးမြှောက်ခြင်းငှါ အလိုတော်ရှိသော သူအဘို့၊ 8 ရှင်ဘုရင် ဝတ်ဆင်တော်မူသော မင်းမြောက် တန်ဆာ၊
ရှင်ဘုရင်စီးတော်မူသော မြင်းတော်၊ ဆောင်း တော်မူသော ရာဇသရဖူကို ယူခဲ့၍၊ 9 ထိုတန်ဆာတော်နှင့် မြင်းတော်ကို ဘုန်းကြီး
သောမှူးတော်မတ်တော်တပါး၌ အပ်ပြီးမှ၊ ရှင်ဘုရင် ချီးမြှောက်ခြင်းငှါ၊ အလိုတော်ရှိသော သူကို ထိုအဝတ် တန်ဆာတော်နှင့်
ဝတ်ဆင်စေ၍၊ မြင်းတော်ကို စီးစေပြီး လျှင်၊ မြို့တော်လမ်းမ၌ ဆောင်သွားလျက်၊ ရှင်ဘုရင် ချီးမြှောက်ခြင်းငှါ အလိုတော်ရှိသောသူ၌
ဤသို့ပြုရသည် ဟု သူ့ရှေ့မှာ ကြွေးကြော်ပါစေဟု ရှင်ဘုရင်အား ပြန် လျှောက်လေ၏။ 10 ထိုအခါ ရှင်ဘုရင်က၊
သင်ပြောသည်အတိုင်း အလျင်အမြန်သွား၍၊ အဝတ်တန်ဆာနှင့် မြင်းတော်ကို ယူပြီးလျှင်၊ ယုဒအမျိုးသား၊ နန်းတော်တံခါးမှူး
မော်ဒကဲ၌ ပြုလော့။ သင်ပြောသမျှတွင်၊ တစုံတခုမျှမလပ်စေနှင့်ဟု ဟာမန်အား မိန့်တော်မူ၏။ 11 ထိုအခါ ဟာမန်သည်
အဝတ်တန်ဆာတော်နှင့် မြင်းတော်ကို ယူ၍၊ မော်ဒကဲကို ဝတ်ဆင်စေပြီးလျှင်၊ မြင်းတော်ကိုစီးစေသဖြင့်၊ မြို့တော်လမ်းမ၌
ဆောင်သွား လျက် ရှင်ဘုရင်ချီးမြှောက်ခြင်းငှါ အလိုတော်ရှိသော သူ၌ ဤသို့ပြုရသည်ဟု သူ့ရှေ့မှာ ကြွေးကြော်၏။ 12 သို့ပြီးမှ၊
မော်ဒကဲသည် နန်းတော်တံခါးသို့ ပြန်လာ၏။ ဟာမန်မူကား ညည်းတွားလျက် ခေါင်းကို ခြုံလျက်၊ မိမိအိမ်သို့ အလျင်အမြန်သွား
ပြီးလျှင်၊ 13 မိမိ၌ဖြစ်လေသမျှကို မယားဇေရက်နှင့် အဆွေ ခင်ပွန်းရှိသမျှတို့အား ကြားပြောလေ၏။ မယားဇေရက် နှင့် ဟာမန်၏
အဆွေပညာရှိတို့ကလည်း၊ ကိုယ်တော် ရှုံးစရှိသော မော်ဒကဲသည်၊ ယုဒအမျိုးမှန်လျှင်၊ ကိုယ် တော်သည် သူ့ကိုမနိုင်။ သူ့ရှေ့မှာ
ဧကန်အမှန်ရှုံးရမည် ဟု ပြန်ပြောကြ၏။ 14 ထိုသို့ပြောဆိုစဉ်တွင်၊ နန်းတော်မိန်းမစိုးတို့သည် လာ၍ ဧသတာပြင်ဆင်သောပွဲသို့
ဟာမန်ကို အလျင် အမြန် ခေါ်သွားကြ၏။

---

Esther 01

ဗိဂသန်နှင့် တေရက်
နန်းတော်မိန်းမစိုး၊ တံခါးစောင့်နှစ်ယောက် အမည်။

ဘော်ပြကြောင်း ကိုတွေ့လျှင်
နန်းတွင်းမှတ်တမ်းတွင် မှတ်သားထားသည်ကို တွေ့ရှိလျှင်။
ပြုသူဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာ
သာပြန်ဆိုချက်၊ "နန်းတွင်းစာရေးသည်
မှတ်တမ်းတင်ထားသည်ကို တွေ့၍" သို့မဟုတ်
"နန်းတွင်းစာရေးသည် မှတ်တမ်းတင်ထားသည်ကို သိရှိသဖြင့်"

ထိုအကြံကို ဘော်ပြသောကြောင့်၊ မော်ဒကဲအား အဘယ်ဆုအဘယ်အရာကို ပေးပြီနည်း
ပြုသူဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်။ " ထို အချင်းအရာအတွက် မည်သည့် ဆုတော်ကို ချီးမြှင့်တော်မူခဲ့သနည်း။

အဘယ်ဆုကို၏မျှ ပေးတော်မမူပါသေး
ပြုသူဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်။ "မော်ဒကဲ အတွက် မည်သည့် ဆုတော်မျှ ချီးမြှင့်ခြင်း မရှိသေးပါ"

Esther 04

ဟာမန်
၃:၁ တွင်ကြည့်ရန်။

တန်တိုင်းတွင်း
အပြင်ဘက်တွင် ရှိသော အုတ်တံတိုင်း။

မော်ဒကဲကို လည်ဆွဲချရမည် အကြောင်း
ပြုသူဝါကျဖြင့် ပြန်ရေးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "မော်ဒကဲအား ကြိုးစင်တင်၍ အသေသတ်ရန်"

ဟာမန်သည် မိမိလုပ်နှင့်သော လည်ဆွဲချတိုင်၌ မော်ဒကဲကို လည်ဆွဲချရမည် အကြောင်း
မော်ဒကဲအား ကြိုးစင်တင်သတ်ရန် စင်တည်ဆောက်ကြသည်။


generated on Tue Jul 2 12:50:28 2024

လုပ်နှင့် သော
တည်ဆောက်သည်။

ရှင်ဘုရင် ချီးမြှောက်လိုသော
အခြားသောဘာသာပြန်ဆိုချက်၊ "ရှင်ဘုရင်မှ ချီးမြှင့်မြှောက်စားလိုသော" သို့မဟုတ် "ရှင်ဘုရင်သည် ချီးမြှောက်မှု ကျေနပ်မည်" ။

စိတ်ထဲမှာ အောက်မေ့လျက်၊
စိတ်ထဲတွက် မိမိကို မိမိ တွေးထင်လျှက်။

ငါမှတပါး၊ ရှင်ဘုရင်သာ၍ ချီးမြှောက်လိုသောသူ တစုံတယောက်ရှိနိုင်သလော
ရှင်ဘုရင်မှ ချီးမြှင့်လိုသောသူသည် မိမိမှ တပါး အခြားသူ မဖြစ်နိုင်ဟု စိတ်ထဲတွက် တွေးထင်လျှက်

Esther 07

ရှင်ဘုရင် ဝတ်ဆင်တော်မူသော မင်းမြောက် တန်ဆာကို ယူ၍
မင်းဝတ်တန်ဆာများ ယူဆောင်လာစေလျှက်။ ပြုသူဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အစေခံတော်များအား ထိုမင်းဝတ်တန်ဆာကို ယူဆောင်စေ၍"

ဆောင်း တော်မူသော ရာဇသရဖူကို ယူခဲ့၍
ရာဇသရဖူသည် ဘုရင်၏ အဆွေအသားများ ဖြစ်ကြောင်း ဖော်ပြသည် အမှတ်အသားဖြစ်သည်။

ထိုတန်ဆာတော်နှင့် မြင်းတော်ကို ဘုန်းကြီးသောမှူးတော်မတ်တော်တပါး၌ အပ်ပြီးမှ
ပြုသူဝါကျဖြင့် ပြန်ရေးနိုင်သည်။ "မင်းဝတ်တန်ဆာ နှင့် မြင်းစီးစေလျှက်"

သူ့ရှေ့မှာ ကြွေးကြော်ပါစေ
မင်းမှုထမ်းများနှင့် အစေခံများအား ကြွေးကြော်စေပါ။

Esther 10

သင်ပြောသမျှတွင်၊ တစုံတခုမျှ မလပ်စေနှင့်
အသင်ပြောဆိုသော အရာများ တခုမျှ မေ့လျော့ခြင်းမရှိဘဲ လုပ်ဆောင်လော့။

Esther 12

ခေါင်းကို ခြုံလျက်
လူများ အလွန်အမင်း ဝမ်းနည်း၍ အရှက်ရသော အချိန်တွင် မိမိ၏ ခေါင်းအား ဖုံးအုပ်ခြင်းဖြင့် ပြသလေ့ရှိသည်။

ဇရက်
၆:၁၂ တွင်ကြည့်ရန်။

ကိုယ်တော် ရှုံးစရှိသော
ဟာမန် ၏ အစေခံများမှ အရှင်သည် မော်ဒကဲ ရှေ့မှောက်တွင် အမှန်တကယ် ကျရှုံးခြင်း ရောက်လိမ့်မည် ဟုပြောသည်။ ပြန်ဆို၊ "ထိုသူ ရှေ့တွင် သင်သည် အရှက်တကွဲ ခံရပါပြီ"

သူ့ကိုမနိုင်
ကျရှုံးခြင်း ရောက်လိမ့်မည်။ သူတို့သည် ဟာမန်နှင့် မောဒကဲတို့ စစ်တိုက်၍ အပြိုင်အဆိုင်ရှိနေကြောင်း ပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် သူ့ထက်သာသော ဂုဏ်အသရေကို ရမည်မဟုတ်"

သူ့ရှေ့မှာ ဧကန်အမှန်ရှုံးရမည်
မော်ဒကဲ ရှေ့မှောက်တွင် အမှန်တကယ် ကျရှုံးခြင်း ရောက်လိမ့်မည်။

---

## Translation Questions

Esther 6:1

ရှင်ဘုရင်သည် မည်သည့်အတွက်ကြောင့် နန်းတော်၏မှတ်တမ်းစာများကို သွားယူရန် အစေခံများကို မိန့်တော်မူခဲ့သနည်း။
ရှင်ဘုရင်သည် စက်တော်ခေါ်၍ မပျော်နိုင်သောကြောင့်၊ နန်းတော်မှတ်စာကို ယူခဲ့ရန် မိန့်တော်မူခဲ့သည်။

ရှင်ဘုရင်အားလုပ်ကြံမည့်အကြောင်းအရာကို မော်ဒကဲ ပြောကြားခဲ့သောကြောင့် ရှင်ဘုရင်က မည်ကဲ့သို့ သော ဆုလာဒ်ကို သူ့ကိုပေးရန် စီစဥ်ခဲ့သနည်း။
ရှင်ဘုရင်အားလုပ်ကြံမည့်အကြောင်းအရာကို မော်ဒကဲ ပြောကြားခဲ့သောကြောင့် ရှင်ဘုရင်က သူအားမည့်သည့်ဆုလာဒ်မှ ပေးထားခြင်းမရှိကြောင်းတွေ့ရသည်။

Esther 6:4

ရှင်ဘုရင်က ဟာမန်အား ရိုသေထိုက်သောသူတစ်ဦးကိုမည်ကဲ့သို့သော ဆုလာဒ်မျိုးဖြင့် ဂုဏ်ပြုသင့်ကြောင့်မေးမြန်းခဲ့သနည်း။ ဟာမန်သည် ရှင်ဘုရင်ပြောသောသူသည် မည်သူဖြစ်သည်ဟု တွေးထင်ခဲ့သနည်း။
ရှင်ဘုရင်က ဟာမန်အား ရိုသေထိုက်သောသူတစ်ဦးကိုမည်ကဲ့သို့သော ဆုလာဒ်မျိုးဖြင့် ဂုဏ်ပြုသင့်ကြောင့်မေးမြန်းခဲ့ရာတွင် ဟာမန်သည် သူ့ကို ချီးမြှောက်လိမ့်မည်ဟု တွေးထင်ထားလေသည်။


generated on Tue Jul 2 12:50:28 2024

Esther 6:7

ရှင်ဘုရင် ဂုဏ်ပြုဖို့ရန် နှစ်သက်တော်မူသောသူကို မည်သူသည် အဝတ်တန်ဆာဆင်စေ၍ မြို့လမ်းများ၌ မြင်းဖြင့် စီးစေတော်မူမည်နည်း?
မြင့်မြတ်သော ရှင်ဘုရင်၏ဂုဏ်အမြင့်ဆုံးအမှုထမ်းတစ်ဦးသည် ရှင်ဘုရင် ဂုဏ်ပြုဖို့ရန် နှစ်သက်တော်မူသောသူကို အဝတ်တန်ဆာဆင်စေ၍ မြို့လမ်းများ၌ မြင်းဖြင့် စီးစေတော်မူမည်ဖြစ်သည်။

Esther 6:10

မြို့တော်၏လမ်းမတစ်လျှောက်လုံးတွင် မည်သူက မော်ဒကဲကို ခေါ်ဆောင်သွား၍ အဝတ်များကို ဆင်ယင်ပေးခဲ့သနည်း။
ဟာမန်သည် မြို့တော်၏လမ်းမတစ်လျှောက်လုံးတွင်မော်ဒကဲကို ခေါ်ဆောင်သွား၍ အဝတ်များကိုပင် ဆင်ယင်ပေးခဲ့သည်။

Esther 6:12

ဟာမန်၏အဆွေပညာရှိတို့နှင့် သူ၏မယားက သူ့အားမည်ကဲ့သို့ သတိပေးကြသနည်း။
ဟာမန်၏အဆွေပညာရှိတို့နှင့် သူ၏မယားက မော်ဒကဲသည် ယုဒအမျိုးမှန်လျှင်၊ ကိုယ်တော်သည် သူ့ကိုမနိုင်။ သူ့ရှေ့မှာ ဧကန်အမှန်ရှုံးရမည် ဟု ဟာမန်ကို ပြောကြသည်။

## Chapter 7

[1] တဖန်ရှင်ဘုရင်နှင့် ဟာမန်သည်၊ မိဖုရား ဧသတာနှင့်အတူ စပျစ်ရည်သောက်အံ့သောငှါ သွားကြ ၏။ [2] ဒုတိယနေ့ရက်၌
စပျစ်ရည်သောက်ပွဲခံစဉ်၊ ရှင်ဘုရင်က မိဖုရားဧသတာ၊ သင်သည် အဘယ်အလို ရှိသနည်း။ အလိုရှိသည်အတိုင်း ငါပေးမည်။
အဘယ်ဆု ကို တောင်းချင်သနည်း။ တောင်းသမျှကို နိုင်ငံတော် တဝက်တိုင်အောင် ငါပေးမည်ဟု မိန့်တော်မူလျှင်၊ [3] မိဖုရား
ဧသတာက၊ အရှင်မင်းကြီး၊ ကျွန်တော်မ ကို စိတ်နှင့်တွေ့တော်မူလျှင်ငှင်း၊ အလိုတော်ရှိလျှင်ငှင်း၊ ကျွန်တော်မအလိုအတိုင်း
ကျွန်တော်မအသက်နှင့် ကျွန်တော်မတောင်းပန်သည်အတိုင်း၊ အမျိုးသား ချင်းအသက်ကို ချမ်းသာပေးတော်မူပါ။ [4] ကျွန်တော်မနှင့်
ကျွန်တော်မအမျိုးသားချင်း တို့ကို သတ်ဖြတ် သုတ်သင်ပယ်ရှင်းခြင်းငှါ ရောင်းပါပြီ။ ကျွန်ယောက်ျား ကျွန်မိန်းမဖြစ်စေခြင်းငှါ
ရောင်းလျှင်၊ ရန်သူသည် ရှင်ဘုရင် အကျိုးနည်းခြင်းအတွက် အဘိုးကို ပေးနိုင်သော်လည်း၊ ကျွန်တော်မတိတ်ဆိတ်စွာ နေပါမည် ဟု
လျှောက်လေ၏။ [5] ရှင်ဘုရင်အာရွှေရုကလည်း၊ ထိုသို့ပြုမည်ဟု ကြံဝံ့သောသူကား အဘယ်သူနည်း။ အဘယ်မှာရှိသနည်း ဟု
မိဖုရားဧသတာအား မေးတော်မူလျှင်၊ [6] ဧသတာက၊ ရန်ဘက်ပြုသော ရန်သူသည် ဤဆိုးညစ်သော ဟာမန်ဖြစ်ပါ၏ဟု လျှောက်သော်၊
ဟာမန်သည် ရှင်ဘုရင်နှင့်မိဖုရားရှေ့မှာ ကြောက်ရွံ့ခြင်း သို့ ရောက်လေ၏။ [7] ထိုအခါ ရှင်ဘုရင်သည် အမျက်ထွက်သဖြင့်၊ စပျစ်ရည်
သောက်ပွဲမှထ၍ ဥယျာဉ်တော်သို့ သွားတော် မူ၏။ အပြစ်ပေးတော်မူမည်ဟု ဟာမန်သည်ရိပ်မိ၍ အသက်ချမ်းသာရမည်အကြောင်း
မိဖုရားဧသတာရှေ့ မှာ တောင်းပန်ခြင်းငှါထ၏။ [8] ရှင်ဘုရင်သည် ဥယျာဉ်တော်မှ စပျစ်ရည် သောက်ပွဲခံရာအရပ် သို့
ဝင်ပြန်သောအခါ၊ ဧသတာထိုင် သော သာလွန်နားမှာ ဟာမန်သည် ပြပ်ဝပ်လျက်နေ သည်ကို မြင်လျှင်၊ ဤသူသည် နန်းတော်၌
ငါ့ရှေ့မှာ မိဖုရားကို အဓမ္မပြုရမည်လောဟု မိန့်တော်မူစဉ်တွင်၊ အခြံအရံတို့သည် ဟာမန်၏ မျက်နှာကိုဖုံးကြ၏။ [9]
မိန်းမစိုးဟာဗောနကလည်း၊ အရှင်မင်းကြီး၏ အကျိုးတော်ကို စောင့်၍ လျှောက်ထားသော မော်ဒကဲ အဘို့ ဟာမန်လုပ်၍
အတောင်ငါးဆယ်မြင့်သော လည်ဆွဲချတိုင်သည်၊ ဟာမန်အိမ်၌ စိုက်ထားလျက် ရှိပါ၏ဟု နားတော်လျှောက်သော်၊ ထိုတိုင်၌ လည်ဆွဲ
ချစေဟု ရှင်ဘုရင်မိန့်တော်မူ၏။ [10] ထိုသို့မော်ဒကဲအဘို့လုပ်သော လည်ဆွဲချတိုင်၌ ဟာမန်ကို ဆွဲချကြ၏။ ရှင်ဘုရင်လည်း
စိတ်ပြေတော် မူ၏။

---

---

Esther 01

ဟာမန်
၃:၁ တွင်ကြည့်ရန်။

ဒုတိယနေ့
အစာရှောင် ဒုတိယနေ့ တွင်။

စပျစ်ရည်သောက်ပွဲခံစဉ်
စပျစ်ရည် သောက်သုံးတော်မူနေစဉ်။

အဘယ်အလို ရှိသနည်း
သင် မည်သည့်အရာ တောင်းလျှောက် လိုသနည်း။

အလိုရှိသည်အတိုင်း ငါပေးမည်
ပြုသူဝါကျဖြင့် ပြန်ရေးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊
"သင်တောင်းလျှောက်သည့်အရာကို ငါပေးသနားတော်မူမည်။

နိုင်ငံတော် တဝက်တိုင်အောင် ငါပေးမည်
ပြုသူဝါကျဖြင့် ပြန်ရေးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "နိုင်ငံတဝက်
တောင်းသည့်တိုင်အောင် ငါပေးတော်မူမည်။

Esther 03

အရှင်မင်းကြီး၊ ကျွန်တော်မကို စိတ်နှင့်တွေ့တော်မူလျှင်
ဘုရင်မင်းကြီးမှ မိဖိရားဧသတာ တောင်းဆိုသော အရာအား
သဘောကျနှစ်သက်တော်မူသည် ဆိုလျှင်။

ကျွန်တော်မ အသက်နှင့်
ကျွန်မ၏ အသက်ကို ကယ်တော်မူပါ။

တောင်းပန်သည်အတိုင်း
ဤအရာသည် ကျွန်မ တောင်းလျှောက်သောအရာ ဖြစ်ပါသည်။

ကျွန်တော်မနှင့် ကျွန်တော်မအမျိုးသားချင်း တို့ကို .....ရောင်းပါပြီ
"ရောင်းခြင်း" ဟူသောစကားသည် "လှည့်စားခြင်း" ကို
ဆိုလိုသည်။ ပြုသူဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားသော
ဘာသာပြန်ဆိုချက်၊ "ကျွန်တော်မျိုးမတို့၏ အမျိုးသား များသည်
ရန်သူများ၏ အကောက်ကြံ ချောက်တွန်းခြင်းကို ခံနေ
ကြရပါသည်။

သတ်ဖြတ် သုတ်သင်ပယ်ရှင်းခြင်းငှါ
ပြုသူဝါကျဖြင့် ပြန်ရေးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ကျွန်တော်မျိုးမတို့အား
အမြစ်ပြတ် သုတ်သင်ရှင်းလင်း သတ်ဖြတ်ရန်
ကြံစည်နေကြကြောင်း။


generated on Tue Jul 2 12:50:28 2024

ထိုသို့ပြုမည်ဟု ကြံ ဝံ့သောသူကား အဘယ်သူနည်း
ဤကဲ့သို့သော အကြံအစည်အား မည်သူ ပြုလုပ်ဝံ့ သနည်း။

Esther 06

ကြောက်ရွံ့ခြင်းသို့ ရောက်လေ၏
အလွန်အမင်း ကြောက်လန့်သည်။

ရှင်ဘုရင်သည် အမျက်ထွက်သဖြင့်
ရှင်ဘုရင် အလွန်အမင်း ဒေါသထွက်သည်။

အသက်ချမ်းသာရမည်အကြောင်း မိဖုရားဧသတာ ရှေ့ မှာ တောင်းပန်ခြင်းငှါ
မိဖုရား ဧသတာအား သူ၏ အသက် ကယ်တင်ပေးရန် အလို့ငှါ။

အပြစ်ပေးတော်မူမည်ဟု ဟာမန်သည်ရိပ်မိ၍
ဟာမန် သည် မိမိ၌ ဘေးဒုက္ခကျရောက်လာမည် ကို တွေးမိသဖြင့်။

ရှင်ဘုရင်သည် အမျက်ထွက်သဖြင့်......အပြစ်ပေးတော်မူမည်ဟု ဟာမန်သည်ရိပ်မိ၍
"အပြစ်ပေးခြင်း" ဟူသည် "ဖျက်ဆီးသည် သို့မဟုတ် အသေသတ်သည်" ဟု အဓိပ္ပါယ်ရှိနိုင်သည်။ ရှင်ဘုရင် အလွန်အမင်း ဒေါသထွက်၍ မိမိ၌ ဘေးဒုက္ခ ကြရောက်လာမည်ကို တွေးမိသဖြင့်။

Esther 08

စပျစ်ရည် သောက်ပွဲခံရာအရပ်
ပြုသူဝါကျဖြင့် ပြန်ရေးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "အစေခံတို့သည် စပျစ်ရည် ချပေး၍ ဘုရင်သည် သောက်သုံးတော်မူ နေစဉ်

သာလွန်
လူများ ထိုင်၍ သော်လည်းကောင်း၊ အိပ်၍ သော်လည်းကောင်း နေရသော ခုံတန်းရှည်။

ဤသူသည် နန်းတော်၌ ငါ့ရှေ့မှာ မိဖုရားကို အဓမ္မပြုရမည်လော
အခြားသောဘာသာပြန်ဆိုချက်၊ "ငါကိုယ်တော်၏ နန်းတော်၊ ငါကိုယ်တော်၏ မျက်မှောက်၌ ဖိဖုရားအား စော်ကားဝံ့သလော"။

မိဖုရားကို အဓမ္မပြု
ဖိဖုရားအား စော်ကားဝံ့သလော

ဤသူသည် နန်းတော်၌ ငါ့ရှေ့မှာ မိဖုရားကို အဓမ္မပြုရမည်လောဟု မိန့်တော်မူစဉ်....
အခြားသောဘာသာပြန်ဆိုချက်၊"ငါကိုယ်တော်၏ နန်းတော်၊ ငါကိုယ်တော်၏ မျက်မှောက်၌ ဖိဖုရားအား စော်ကားဝံ့သလော" ဟုမိန့်တော်မူလိုက်သည် နှင့် ချက်ချင်ပင်။

အခြံအရံတို့သည် ဟာမန်၏ မျက်နှာကိုဖုံးကြ၏
ဟာမန်ကိုသတ်ရန် ရှင်ဘုရင်အလိုရှိသည်ကို သူတို့နားလည် ထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မင်းမှုထမ်းများ မှ ဟာမန်အား သတ်ဖြတ်ရန် မျက်နှာ အုပ်၍ ခေါ်ဆောင်သွား ကြ၏။

Esther 09

ဟာဗောန
မိန်းမစိုး အမည်။

အတောင်ငါးဆယ်မြင့်သော လည်ဆွဲ
"၇၅" ပေ အမြင့်ရှိသော ကြိုးစင်။

ရှင်ဘုရင်လည်း စိတ်ပြေတော် မူ၏
ရှင်ဘုရင် ၏အမျက်တော်ပြေတော်မူသည်။

Translation Questions

Esther 7:3

ဧသတာ၏ တောင်းဆိုချက်မှာ အဘယ်နည်း။
သူမသည် သူ၏အသက်နှင့် သူ၏လူမျိုးတော်စုတို့၏အသက်တွက် တောင်းဆိုခြင်းဖြစ်သည်။

သူမ၏လူတို့သည် ကျွန်အဖြစ်ရောင်းစားခြင်းခံရပါက မည်သို့လုပ်လိမ့်မည်ဟု ဧသတာပြောခဲ့သနည်း။
သူမ၏လူတို့သည် ကျွန်အဖြစ်ရောင်းစားခြင်းခံရပါက သူမသည် နှုတ်တိတ်ဆိတ်စွာနေမည်ကို ပြောခဲ့သည်။

Esther 7:6

"ရန်ဖက်ပြုလိုသောသူ၊ ရန်သူအား" မည်သူဖြစ်သည်ကို ဧသတာက ဖော်ပြခဲ့သနည်း။
ထိုသူသည် ဟာမန်ဖြစ်ကြောင်းဖော်ပြခဲ့ပါသည်။

ရှင်ဘုရင်အမျက်ထွက်၍ စပျစ်ရည်သောက်ပွဲမှထ၍ ဥယျာဉ်သို့ သွားချိန်တွင် ဟာမန်မည်သည့်အရာပြုခဲ့သနည်း။
ရှင်ဘုရင်အမျက်ထွက်၍ စပျစ်ရည်သောက်ပွဲမှထ၍ ဥယျာဉ်သို့ သွားချိန်တွင် ဟာမန်သည် အသက်ချမ်းသာလိုသောကြောင့် မိဖုရားဧသတာရှေ့တွင် တောင်းပန်ရန် နေလေသည်။

Esther 7:8

ဟာမန်သည် ဧသတာထိုင်သော ခုံနားတွင် ပြပ်ဝပ်လျက်နေလျှင် ရှင်ဘုရှင်သည် ဟာမန်၏အပြုအမူကို မည်ကဲ့သို့ ထင်မြင်ခဲ့သနည်း။
ဟာမန်သည် ဧသတာထိုင်သော ခုံနားမှာ ပြပ်ဝပ်လျက်နေသည်ကို ရှင်ဘုရှင်သည်မြင်လျှင် သူ၏မျက်မှောက်တွင် မိဖုရား၌ ပြစ်မှုကျူးလွန်နေသည်ဟု ထင်မြင်ခဲ့သည်။

Esther 7:9

ရှင်ဘုရင်က ဟာမန်အားမည်သည့်နေရာတွင် ကြိုးပေးသတ်ရန်မိန့်တော်မူခဲ့သနည်း။
ရှင်ဘုရင်က ဟာမန်နှင့် သူ၏မိသားစုအား မော်ဒကဲအတွက် ပြင်ဆင်ထားသော လည်ဆွဲချတိုင်ပေါ်တွင် ကြိုးဆွဲချသတ်ရန် အမိန့်ပေးခဲ့သည်။

## Chapter 8

1 ထိုနေ့ခြင်းတွင်၊ ရှင်ဘုရင်အာရွေရုသည် ယုဒ အမျိုး၏ ရန်သူဟာမန်အိမ်ကို မိဖုရားဧသတာအား ပေးတော်မူ၏။ ဧသတာသည်
မော်ဒကဲနှင့် အဘယ်သို့ ပေါင်ဘော်တော်သည်ကို ဧသတာလျှောက်သဖြင့်၊ မော်ဒကဲသည် ရှင်ဘုရင်ထံတော်သို့ဝင်ရ၏။ 2
ရှင်ဘုရင်သည်လည်း၊ ဟာမန်လက်မှ နှုတ်သော လက်စွပ်တော်ကို တဖန်ချွတ်၍ မော်ဒကဲအား ပေးတော် မူ၏။ ဧသတာလည်း၊
ဟာမန်အိမ်ကို မော်ဒကဲ၌ အပ် လေ၏။ 3 တဖန်ဧသတာသည် ရှင်ဘုရင်ခြေတော်ရင်း၌ ပြပ်ဝပ်၍၊ အာဂတ်အမျိုး
ဟာမန်ပြုသောအပြစ်၊ ယုဒ အမျိုးတဘက်၌ ကြံစည်သော အကြံအစည်ကို ပယ်တော် မူမည်အကြောင်း၊ မျက်ရည်ကျလျက်
တောင်းပန်လေ၏။ 4 ရှင်ဘုရင်သည် ရွှေရာဇလှံတံကို ဧသတာသို့ ကမ်းတော်မူသဖြင့်၊ ဧသတာသည် ထ၍ရှင်ဘုရင် ရှေ့တော်၌
ရပ်လျက်၊ 5 အရှင်မင်းကြီးအလိုတော်ရှိ၍၊ ကျွန်တော်မကို စိတ်နှင့်တွေ့တော်မူလျှင်ငှင်၊ ကျွန်တော်မအမှုသည် ရှေ့တော်၌
လျောက်ပတ်၍ ကိုယ်တော်သည် ကျွန်တော်မ ကိုလည်း ချစ်တော်မူလျှင်ငှင်၊ နိုင်ငံတော်အတိုင်းတိုင်း အပြည်ပြည်တို့၌ရှိသော
ယုဒလူတို့ကို ဖျက်ဆီးခြင်းငှါ၊ အာဂတ်အမျိုး ဟမ္မေဒါသသား ဟာမန်စီရင်သောစာကို ပယ်မည်အကြောင်း၊ ထပ်၍
စာရေးစေတော်မူပါ။ 6 ကျွန်တော်မအမျိုးအပေါ်သို့ ရောက်ရသော ဘေးကိုငှင်၊ ကျွန်တော်မအမျိုးသားချင်းပျက်စီးသော အမှုကိုငှင်၊
ကျွန်တော်မသည် ကြည့်ရှုခြင်းငှါ၊ အဘယ်သို့ တတ်နိုင်ပါအံ့နည်းဟု လျှောက်ဆို၏။ 7 ရှင်ဘုရင် အာရွေရုကလည်း၊ ဟာမန်သည်
ယုဒလူတို့ကို ထိခိုက်သောကြောင့်၊ သူ၏အိမ်ကို ဖိဖုရား ဧသတာအားငါပေးပြီ။ ထိုသူကိုလည်း လည်ဆွဲချတိုင်၌ ကွပ်မျက်စေပြီ။ 8
သို့ရာတွင် ရှင်ဘုရင်လက်စွပ်နှင့် တံဆိပ်ခတ် သော ရှင်ဘုရင် မိန့်တော်စာကို အဘယ်သူမျှ မပယ်ရ သည်ဖြစ်၍၊ စိတ်ရှိသည်အတိုင်း
ယုဒလူတို့အဘို့ အမိန့် တော်စာကို တဖန်ရေး၍၊ လက်စွပ်တော်နှင့် တံဆိပ်ခတ် ရမည်ဟု မိဖုရားဧသတာနှင့် ယုဒလူမော်ဒကဲတို့အား
မိန့်တော်မူ၏။ 9 ထိုအခါ ဝိဝန်အမည်ရှိသော တတိယလနှစ် ဆယ်သုံးရက်နေ့တွင်၊ စာရေးတော်ကြီးတို့ကိုခေါ်၍၊ အိန္ဒိယပြည်မှ
ကုရှပြည်တိုင်အောင် တိုင်းပြည်တရာ နှစ်ဆယ်ခုနစ်ပြည်တို့၌ ရှိသော ယုဒလူ၊ ကိုယ်စားတော် မင်း၊ အပြည်ပြည်အုပ်သော မြို့ဝန်၊
မြို့သူကြီးတို့ကို မော်ဒကဲမှာထားသမျှအတိုင်း၊ ယုဒဘာသာစကားမှစ၍ လူအမျိုးမျိုး ပြောသောစကားအသီး အသီးအားဖြင့်၊ 10
ရှင်ဘုရင် အာရွေရု၏ အမိန့်တော်စာကိုရေး၍ ရှင်ဘုရင်လက် စွပ်တော်နှင့် တံဆိပ်ခတ်ပြီးမှ၊ မြင်း၊ လား၊ ကုလားအုပ်၊ မြည်းစီးသော
စာပို့လုလင်တို့ဖြင့် ပေးလိုက် လေ၏။ 11 အမိန့်တော်စာချက်ဟူမူကား၊ အာဒါအမည် ရှိသော ဒွါဒသမလ တဆယ်သုံးရက်
တနေ့ခြင်းတွင်၊ 12 နိုင်ငံတော်အတိုင်းတိုင်း အပြည်ပြည်အမြို့မြို့ ၌ရှိသော ယုဒလူတို့သည် စုဝေး၍၊ မိမိတို့အသက်ကို
စောင့်ရသောအခွင့်၊ တိုက်လာသောပြည်သူ၊ စစ်သူရ အပေါင်းတို့ကို မိန်းမသူငယ်နှင့်တကွ သတ်ဖြတ်သုတ် သင်ပယ်ရှင်း၍၊
သူတို့ဥစ္စာကို လုယူ သိမ်းရုံးရသောအခွင့် ကို ရှင်ဘုရင်ပေးတော်မူ၏။ 13 ဤရွေ့ကား၊ ယုဒလူတို့သည် ထိုနေ့ရက်တွင် ရန်သူတို့ကို
ရန်တုံ့ပြုစေခြင်းငှါ၊ အတိုင်းတိုင်း အပြည် ပြည်၌နေသော လူမျိုးအပေါင်းတို့အား ကြော်ရသော အမိန့်တော်စာချက်ဖြစ်သတည်း။ 14
ထိုအမိန့်တော်စာကို ရှုရှန်နန်းတော်၌ ကြော်ပြီး မှ၊ ရှင်ဘုရင် ကျပ်တည်းစွာ စီရင်သည်အတိုင်း၊ စာပို့ လုလင်တို့သည် အလျင်အမြန်
ပြေးသွားကြ၏။ 15 မော်ဒကဲသည်လည်း၊ မင်းမြောက်တန်ဆာ တည်းဟူသော အဝတ်အဖြူအပြာကို ဝတ်ဆင်လျက်၊ ကြီးစွာသော
ရွှေသရဖူကို ဆောင်းလျက်၊ ပိတ်ချောနှင့် မောင်းသော အထည်ဖြင့် ပြီးသောဝတ်လုံကို ခြုံလျက်၊ ရှင်ဘုရင်ထံတော်မှ ထွက်သွား၍၊ 16
ရှုရှန်မြို့တော်သည် ဝမ်းမြောက်ရွှင်လန်းခြင်းသို့ ရောက်လေ၏။ ယုဒလူတို့သည်လည်း၊ သက်သာရွှင်လန်း ၍ ဝမ်းမြောက်ခြင်း၊
အသရေထွန်းလင်းခြင်းသို့ ရောက် ကြ၏။ 17 ရှင်ဘုရင်အမိန့်တော်စာရောက်လေသော အပြည်ပြည်အမြို့မြို့၌၊ ယုဒလူတို့သည်
ဝမ်းမြောက် ရွှင်လန်းခြင်း၊ ပွဲခံခြင်း၊ မင်္ဂလာနေ့စောင်းခြင်းကို ပြု၍၊ ပြည်သူပြည်သားအများတို့သည် ယုဒလူတို့ကို ကြောက်ရွံ့
သောကြောင့် ယုဒဘာသာကို ဝင်ကြ၏။

---

Esther 01

ဟာမန်
၃:၁ တွင်ကြည့်ရန်။

လက်စွပ်တော်
လက်စွပ်တွင် ရှင်ဘုရင်၏နာမည်နှင့် အမှတ်အသားပါသည်။ ရှင်ဘုရင်အမိန့်တော် ကြေငြာရာတွင် တရားဝင်တံဆိပ်အဖြစ် ရိုက်နှိပ်အသုံးပြုနိုင်သော တံဆိပ်တော်လက်စွပ်။ လူတို့က ထိုတံဆိပ်ကိုတွေ့ကြသည့်အခါ ရှင်ဘုရင်၏အမိန့်အာဏာကို နာခံကြသည်။

မော်ဒကဲအား ပေးတော် မူ၏
တံဆိပ်တော်လက်စွပ် ပေးလိုက်ခြင်းအားဖြင့် မော်ဒကဲသည် နန်းတွင်အရေးကြီး စာရွက်စာတမ်း ထုတ်ပြန်နိုင်ပြီး လူအများအပေါ်တွင် ဩဇာအာဏာရှိသော သူဖြစ်လာသည်။

ဟာမန်အိမ်
ဟာမန် ပိုင်ဆိုင်သော စည်းစိမ်ဥစ္စာ အားလုံး၊ ဧသတာ အား လွှဲပေးလိုက်သည့် ဘုရင့် စည်းစိမ်တို့ကို ဆိုလိုသည်။


generated on Tue Jul 2 12:50:28 2024

## Esther 03

ပြပ်ဝပ်၍
ဒူးထောက်၍။

အာဂတ်အမျိုး ဟာမန်ပြုသောအပြစ်
အာဂတ်အမျိုး ဟာမန် ကြံစည်သောအရာများအားတားဆီး ပေးရန်။

အာဂတ်အမျိုး
၃:၁ တွင်ကြည့်ရန်။

အကြံအစည်ကို ပယ်တော် မူမည်အကြောင်း၊
ဟာမန် ကြံစည်ထားသော အစီအစဉ်

ရှင်ဘုရင်သည် ရွှေရာဇလှံတံကို ဧသတာသို့ ကမ်းတော်မူသဖြင့်
၅:၁ တွင်ကြည့်ရန်။

## Esther 05

အရှင်မင်းကြီးအလိုတော်ရှိ၍
ဘုရင်မင်းကြီးမှ မိဖုရား ဧသတာ တောင်းဆိုသော အရာအား သဘောကျ နှစ်သက်တော်မူသည်ဆိုလျှင်

ကျွန်တော်မကို စိတ်နှင့်တွေ့တော်မူလျှင်
"မျက်နှာသာပေးသည်" သည် သူသည် သူမအပေါ်ကျေနပ်မှုရှိသည်ကို ဆိုလိုသည့် အီဒီယမ်အသုံးဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊"စိတ်တော်နှင့်တွေ့သည်" ဆိုသည်မှာ ဘုရင်မင်းကြီးမှ မိဖိရား ဧသတာ တောင်းဆိုသော အရာအား သဘာကျနှစ်သက်တော် မူသည်ဆိုလျှင်

ကျွန်တော်မအမှုသည် ရှေ့တော်၌ လျောက်ပတ်၍
"ဘုရင့်ရှေ့တော်" သည် ဘုရင်၏ စီရင်ချက်ကို ဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊"ကျွန်တော်မ တောင်းလျှောက်သောအမှုသည် ကိုယ်တော်၏ စီရင်တော်မူချက်နှင့် ကိုက်ညီမှုရှိလျှင်"

ကိုယ်တော်သည် ကျွန်တော်မ ကိုလည်း ချစ်တော်မူလျှင်
ပြန်ဆို၊ "ကိုယ်တော်သည် စီရင်၍ ကျွန်တော်မအား နှစ်သက်လျှင်" သို့မဟုတ် "ကိုယ်တော်သည် ကျွန်မနှင့်အတူ သဘောတွေ့လျှင်"

ပယ်မည်အကြောင်း
တရားဝင် ပယ်ဖျက်ပေးမည်အကြောင်း။

ဟမ္မေဒါသ

ကျွန်တော်မအမျိုးအပေါ်သို့ ရောက်ရသော ဘေးကိုငါ၊
ကျွန်တော်မအမျိုးသားချင်းပျက်စီးသော အမှုကိုငါ၊ ကျွန်တော်မသည် ကြည့်ရှုခြင်းငှါ၊ အဘယ်သို့ တတ်နိုင်ပါအံ့နည်း
ဧသတာသည် ဤမေးခွန်းကို မေးရခြင်းမှာ သူမ၏ အမျိုးသားတစ်ခုလုံး အသေသတ်ခြင်း ခံရပါက စိတ်သောက ရောက်မည်ဖြစ်သောကြောင့် ဖြစ်သည်။ ပြန်ဆို၊ "ယုဒလူမျိုးတို့အတွင် ဘေးဒုက္ခအတိ ရောက်လာမည်ကို ကျွန်တော်မ မမြင်ဝံ့ပါ။ ကျွန်တော်မ၏ အမျိုးတစ်ခုလုံး အသေသတ်ခြင်းကို မရှုမမြင်ပါရစေနှင့်"

## Esther 07

ဟာမန်၏အိမ်
ဟာမန်ပိုင်သော အရာအားလုံးကို ဆိုလိုသည်။ ပြန်ဆို၊ "ဟာမန်ပိုင်သော အရာများ" သို့မဟုတ် "ဟာမန်၏ စည်းစိမ်"

လည်ဆွဲ
ဧသတာ ၆:၄ တွင် ပြန်ဆိုသည်အတိုင်း

တံဆိပ်ခတ် သော ရှင်ဘုရင် မိန့်တော်စာ
ဘုရင့်အခွင့်အာဏာဖြင့် ပေးသောစာ၊ တည်တံ့သော အမိန့်တော်

ရှင်ဘုရင်လက်စွပ်နှင့် တံဆိပ်ခတ် သော ရှင်ဘုရင် မိန့်တော်စာကို အဘယ်သူမျှ မပယ်ရ သည်ဖြစ်၍
ပြုသူဝါကျဖြင့် ပြန်ရေးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ရှင်ဘုရင်၏ အမိန့်တော်ကို မည်သူမျှ မပယ်ဖျက်နိုင်သည်အကြောင်း" သို့မဟုတ် "ရှင်ဘုရင်၏ တံဆိပ်တော်ကို မည်သူမျှ မပုန်ကန်ရမည်အကြောင်း"

ရှင်ဘုရင်လက်စွပ်နှင့် တံဆိပ်ခတ် သော ရှင်ဘုရင် မိန့်တော်စာ
ဘုရင်၏ လက်စွပ်နှင့် တံဆိပ်ခတ်ထားခြင်းသည် သူ၏ အခွင့်အာဏာကို ကိုယ်စားပြုသည်

## Esther 09

ခေါ်၍
ဆင့်ခေါ်သည်

ဝိဝန်အမည်ရှိသော တတိယလနှစ် ဆယ်သုံးရက်နေ့
လ၏ တတိယနေ့။ ဝိဝန်သည် ဟေဗြဲပြက္ခဒိန်တွင် တတိယလဖြစ်သည်။ ၂၃ ရက်နေ့သည် အနောက်တိုင်း ပြက္ခဒိန်တွင် ဇွန်လလယ်ကာလကို ဆိုလိုသည်။ and

အမိန့်တော်စာကို ရေး၍
ပြုသူဝါကျဖြင့် ပြန်ရေးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် အမိန့်တော်စာကို ရေးသားသည်"


generated on Tue Jul 2 12:50:28 2024

နိုင်ငံ
1:1 ၌ဘာသာပြန်ထားသည့်အတိုင်း ဘာသာပြန်ရန်။

လူအမျိုးမျိုး ပြောသောစကားအသီး အသီးအားဖြင့်၊
"သူတို့ ဘာသာစကားဖြင့် ရေးသားသော စာ" လူတို့ သုံးသော စာများသည် ကွဲပြားခြားနားသည်။

Esther 10

အမိန့်တော်စာကိုရေး၍ ရှင်ဘုရင်လက် စွပ်တော်နှင့် တံဆိပ်ခတ်ပြီး
ဘုရင်၏ လက်စွပ်နှင့် တံဆိပ်ခတ်ထားခြင်းသည် သူ၏ အခွင့်အာဏာကို ကိုယ်စားပြုသည်

လက် စွပ်တော်
၈:၁ တွင် ပြန်ဆိုသည်အတိုင်း

စာပို့လုလင်
"သတင်းတော်ကို ဖြန့်ဝေသော လူ"

မြင်း၊ လား၊ ကုလားအုပ်၊ မြည်း
နန်းတော်တွင် ဘုရင်၏ အကောင်းဆုံးသော မြင်းရှိသည်။ ဘုရင့်အမိန့်အတွက် အသုံးတော်ခံသော မြင်းတို့သည် ထိုမြင်း၏ အမျိုးအနွယ်မှ ဖြစ်သည်။

အခွင့်
"ရပိုင်ခွင့်"

စောင့်ရသောအခွင်၊ သိမ်းရုံးရသောအခွင့်
တွန်းလှန် တိုက်ခိုက်သည်၊ ခုခံ၍ တိုက်သည်

အာဒါအမည် ရှိသော ဒွါဒသမလ တဆယ်သုံးရက်
၃:၁၂ တွင် ပြန်ဆိုသည်အတိုင်း

Esther 13

ရန်သူတို့ကို ရန်တုံ့ပြုစေခြင်းငှါ
သင့်ကို နာကျင်စေသောသူကို နာကျင်စေခြင်း။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့၏ ရန်သူများကို ပြန်လည် တိုက်ခိုက်ခြင်း"

အလျင်အမြန် ပြေးသွားကြ၏
စောင့်ဆိုင်းခြင်းမရှိ၊ ချက်ခြင်း လုပ်ဆောင်သည်။

ရှုရှန်နန်းတော်
ဘုရင်၏ တော်ဝင်မြို့တော်။

Esther 15

ရှုရှန်မြို့တော်သည် ဝမ်းမြောက်ရွှင်လန်းခြင်းသို့ ရောက်လေ၏
"မြို့" သည် မှီတင်းနေထိုင်သူများကိုလည်း ညွှန်းဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ရှုရှန်မြို့တော်ရှိ လူတို့သည် ဝမ်းမြောက်ရွှင်လန်းလျှက် ကြွေးကြော်ကြသည်"

ဝမ်းမြောက်ခြင်း၊
ဝမ်းမြောက်သဖြင့် ကြွေးကြော်ခြင်း

ဝမ်းမြောက် ရွှင်လန်းခြင်း၊ ပွဲခံခြင်း

အသရေထွန်းလင်းခြင်း
(၁) ယုဒလူမျိုးများကို အခြားသူများက ဂုဏ်ပြုကြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူတို့သည် သူတို့ကို ဂုဏ်ပြုသည်" သို့မဟုတ် (၂) ယုဒလူတို့သည် အသရေရလာသည်။ ပြန်ဆို၊ "အသရေထွန်းလင်းခြင်း ခံရ၍"

ရှင်ဘုရင် အမိန့်တော်စာရောက်လေသော
အမိန့်တော် ရောက်ရှိရာ အရပ်ဒေသအားလုံး။ အခြားသောဘာသာပြန်ဆိုချက်၊"စာပို့လုလင်များ ရောက်သောနေရာတိုင်းတွင်" သို့မဟုတ် "အမိန့်တော်စာကို ဖတ်ကြားသည့် နေရာတိုင်းတွင်"

ပွဲခံခြင်း
"နားရက်ယူခြင်း"

ပြည်သူပြည်သားအများတို့သည် ယုဒလူတို့ကို ကြောက်ရွံ့ သောကြောင့်
လူတို့သည် တုန်လှုပ်ခြင်းသို့ ရောက်ကြသည်။ အခြားသောဘာသာပြန်ဆိုချက်၊"လူတို့သည် ယုဒလူတို့အကြောင်းကို သိသောအခါ ကြောက်ရွံ့လာကြသည်"

## Translation Questions

Esther 8:1

မည်သည့်အတွက်ကြောင့် မော်ဒကဲသည် ရှင်ဘုရင်၏ရှေ့တော်တွင် အမှုထမ်းဆောင်ရန် စတင်ခဲ့သနည်း။
ဧသတာက မော်ဒကဲနှင့် ဆွေမျိုးတော်စပ်ကြောင်းကို ရှင်ဘုရင်အားပြောပြသောကြောင့် မော်ဒကဲသည် ရှင်ဘုရင်၏ရှေ့တော်တွင် ခစားရသည်။

မည်သည့်အတွက်ကြောင့် မော်ဒကဲသည် ဟာမန်၏ပိုင်မြေကို ဆက်ခံရသနည်း။
ဧသတာက ဟာမန်၏ပိုင်မြေကို မော်ဒကဲအား အပ်သောကြောင့်ဖြစ်သည်။


generated on Tue Jul 2 12:50:28 2024

Esther 8:3

ဧသတာသည် ရှင်ဘုရင်၏ရှေ့တော်တွင် ထ၍ရပ်နိုင်စေရန် ရှင်ဘုရင်က မည်သည့်အမူကို ပြုခဲ့သနည်း။

ရှင်ဘုရင်သည် ရွှေရာဇလှံတံကို ဧသတာသို့ ကမ်းတော်မူသဖြင့်၊ ဧသတာသည် ထ၍ရှင်ဘုရင် ရှေ့တော်၌ ရပ်ခွင့်ရသည်။

Esther 8:5

ဟာမန်သည် မည်သည့်စာလွှာကို ရေးသားခဲ့သနည်း။

ဟာမန်သည် အရပ်ရပ်ရှိရှင်ဘုရင်၏လက်အောက်တွင်ရှိသောယုဒလူမျိုးများကို ဖျက်ဆီးပစ်ရန် စာလွှာရေးသားခဲ့သည်။

Esther 8:7

မည်သည့်အတွက်ကြောင့် ဧသတာသည် ရှင်ဘုရင်၏အမည်ဖြင့် ယုဒလူမျိုးတို့အတွက် အခြားသော အမိန့်စာများကို ရေးသားရန်လိုအပ်သနည်း။

ယုဒလူမျိုးများအတွက် ရေးထားသော ပထမအမိန့်စာကို ဘုရင်၏အမည်နှင့် ဘုရင်၏လက်တံဆိပ်ဖြင့် ခတ်ထားပြီး၍၊ ဘုရင်၏တံဆိပ်ကို ပြန်ရုတ်သိမ်းခြင်းမရသောကြောင့် ဒုတိယအမိန့်စာကို ဧသတာရေးရန်ဖြစ်သည်။

Esther 8:9

ရှင်ဘုရင်၏စာရေးတော်ကို မည်သည့်အချိန်တွင် ခေါ်ခဲ့ကြသနည်း။

ဝိဝန်အမည်ရှိသော တတိယလနှစ်ဆယ်သုံးရက်နေ့တွင်၊ စာရေးတော်ကြီးတို့ကိုခေါ်ခဲ့ကြသည်။

Esther 8:10

ရှင်ဘုရင်က ယုဒလူမျိုးများအား မည်သည့်အရာကို ပြုလုပ်ရန် ခွင့်ပြုခဲ့သနည်း။

ယုဒလူတို့သည် စုဝေး၍၊ မိမိတို့အသက်ကို စောင့်ခြင်း၊ မိမိတို့ကလေးများ၊ မိန်းမများအပါအဝင်၊ မိမိတို့စည်းစိမ်များကို လိုယူဖို့ကြိုးစားသောသူတိုင်းကို သတ်ရသော၊ ဖျက်ဆီးရသောအခွင့်ကို ရှင်ဘုရင်ပေးလေသည်။

Esther 8:15

အသီးသီးသောလူမျိုးတို့သည် အဘယ်ကြောင့် ယုဒလူမျိုးများဖြစ်လာခဲ့ကြသနည်း။

အသီးသီးသောလူမျိုးတို့ ယုဒလူမျိုးများဖြစ်လာခဲ့ရခြင်းမှာ ပြည်သူပြည်သားအများတို့သည် ယုဒလူတို့ကို ကြောက်ရွံ့သောကြောင့် ဖြစ်သည်။

## Chapter 9

1 ရှင်ဘုရင်အမိန့်တော်အတိုင်း စီရင်ရသော အချိန်နီး၍၊ ယုဒအမျိုး၏ ရန်သူတို့က၊ ငါတို့နိုင်မည်ဟု မြော်လင့်သောနေ့
အမှုပြောင်းလဲ၍ ယုဒလူတို့သည် မနာလိုသော သူတို့ကိုနိုင်သော နေ့ရက်တည်းဟူသော အာဒါမည်သော
ဒွါဒသမလတဆယ်သုံးရက်နေ့တွင်၊ 2 ရှင်ဘုရင်အာရွှေရု၏ နိုင်ငံတော် အပြည်ပြည် အမြို့မြို့၌နေသော ယုဒလူတို့သည်၊
ညှဉ်းဆဲလိုသော သူတို့ကို ဆီးတားခြင်းငှါ စုဝေးကြ၏။ ပြည်သူပြည်သား အပေါင်းတို့သည် ကြောက်ရွံ့သောကြောင့်၊ အဘယ်သူမျှ
ရန်မပြုဝံ့ဘဲနေကြ၏။ 3 အပြည်ပြည်ကို အုပ်စိုးသောမင်း၊ ကိုယ်စားတော် မင်း၊ မြို့ဝန်မင်း၊ အမှုတော်စောင့် အရာရှိအပေါင်းတို့ သည်
မော်ဒကဲကို ကြောက်ရွံ့သောကြောင့်၊ ယုဒလူတို့ကို မစကြ၏။ 4 အကြောင်းမူကား၊ မော်ဒကဲသည် နန်းတော် တွင် ဘုန်းကြီးလျက်၊
အတိုင်းတိုင်းအပြည်ပြည်၌ သိတင်း နံ့ပြား၍၊ တနေ့ထက် တနေ့ကြီးမြင့်ရာသို့ ရောက် သတည်း။ 5 ထိုနေ့တွင် ယုဒလူတို့သည်
ရန်သူအပေါင်းတို့ကို ထားနှင့်လုပ်ကြံသတ်ဖြတ်ဖျက်ဆီး၍၊ မနာလိုသော သူတို့၌ ပြုချင်သမျှပြုကြ၏။ 6
ရှုရှန်မြို့တော်၌လူငါးရာတို့ကို လုပ်ကြံသတ်ဖြတ် ကြ၏။ 7-10 ယုဒအမျိုး၏ ရန်သူဟမ္မေဒါသသားဖြစ်သော ဟာမန်၏သား
တကျိပ်တည်းဟူသော ပါရှန္ဒာသ၊ ဒါလဖုန်၊ အာသပါသ၊ ပေါရသ၊ အာဒလိ၊ အာရိဒါသ၊ ပါမရှာတ၊ အရိသဲ၊ ဒရိဒဲ၊
ဝါဇေဇာသတို့ကိုလည်း သတ်ကြ၏။ သို့ရာတွင် သူတို့ဥစ္စာကို မသိမ်းမယူဘဲနေကြ၏။ 11 ထိုနေ့၌ ရှုရှန်မြို့တော်တွင်
သေသောသူစာရင်း ကို ရှင်ဘုရင်ရှေ့တော်မှာ ပြုကြ၏။ 12 ရှင်ဘုရင်သည် မိဖုရားဧသတာကို ခေါ်၍၊ ယုဒ လူတို့သည် ရှုရှန် မြို့တော်၌
ဟာမန်သားတကျိပ်နှင့်တကွ လူငါးရာတို့ကို လုပ်ကြံသတ်ဖြတ် ကြပြီ။ နိုင်ငံတော်တွင် အခြားသော အပြည်ပြည်တို့၌ အဘယ်သို့
ပြုကြပြီနည်း။ သင်သည် အဘယ်အလိုရှိသေးသနည်း။ အလိုရှိသည် အတိုင်း ငါပြုမည်။ အဘယ်ဆိုကို တောင်းချင်သေး သနည်း။
တောင်းသမျှကို ငါပေးမည်ဟု မိန့်တော်မူလျှင်၊ 13 ဧသတာက၊ အရှင်မင်းကြီးအလိုတော်ရှိလျှင်၊ ရှုရှန်မြို့၌ရှိသော ယုဒလူတို့သည်
ယနေ့ အမိန့်တော် အတိုင်း နက်ဖြန်နေ့၌လည်း ပြုရမည်အကြောင်း၊ ဟာမန်သားတကျိပ်ကိုလည်း လည်ဆွဲချတိုင်၌ ဆွဲထားရမည်
အကြောင်း အမိန့်ရှိတော်မူပါဟု လျှောက်သည်အတိုင်း၊ 14 ရှင်ဘုရင်မိန့်တော်မူ၍ ရှုရှန်နန်းတော်၌ အမိန့် တော်ကို ထုတ်ပြီးမှ၊
ဟာမန်သား တကျိပ်ကို ဆွဲထား ကြ၏။ 15 ရှုရှန်မြို့၌ရှိသော ယုဒလူတို့သည်လည်း၊ အာဒါလတဆယ်လေးရက်နေ့တွင် စုဝေး၍၊
ရှုရှန်မြို့သား သုံးရာတို့ကို သတ်ကြ၏။ သို့ရာတွင် သူတို့ဥစ္စာကို မသိမ်း မယူဘဲနေကြ၏။ 16 နိုင်ငံတော်အတိုင်းတိုင်း
အပြည်ပြည်၌ရှိသော ယုဒလူအခြားတို့သည် အာဒါလတဆယ်သုံးရက်နေ့တွင်၊ မိမိတို့အသက်ကို စောင့်လျက်၊
ရန်သူလက်သို့မရောက်ဘဲ ချမ်းသာရမည်အကြောင်း၊ စုဝေး၍ ရန်သူခုနစ်သောင်း ငါးထောင်တို့ကို သတ်ကြ၏။ သို့ရာတွင်
သူတို့ဥစ္စာကို မသိမ်းမယူဘဲ နေကြ၏။ 17 ထိုလ တဆယ်လေးရက်နေ့တွင် ငြိမ်ဝပ်စွာနေ ၍ ပွဲခံရာနေ့၊ ပျော်မွေ့ရာနေ့ဖြစ်စေခြင်းငှါ
စောင့်ရှောက် ကြ၏။ 18 ရှုရှန်မြို့၌ရှိသော ယုဒလူများမူကား၊ တဆယ် သုံးရက်နေ့နှင့် တဆယ်လေးရက်နေ့တွင်း စုဝေးကြ၏။
တဆယ်ငါးရက်မြောက်သောအခါ ငြိမ်ဝပ်စွာနေ၍ ပွဲခံရာ နေ့၊ ပျော်မွေ့ရာနေ့ဖြစ်စေခြင်းငှါ စောင့်ရှောက်ကြ၏။ 19
မြို့ရိုးမရှိသောရွာတို့၌ နေသော ယုဒလူတို့သည် လည်း၊ အာဒါ လတဆယ်လေးရက်နေ့ကို ပျော်မွေ့စွာ ပွဲခံရာနေ့၊ မင်္ဂလာနေ့၊
တယောက်ကိုတယောက် လက်ဆောင်ပေးလိုက်ရာနေ့ဖြစ်စေကြ၏။ 20 တဖန် မော်ဒကဲသည် ဤအမှုအရာတို့ကို ရေးထား၏။ 21
ယုဒလူတို့သည် ရန်သူလက်မှ လွတ်၍ ချမ်းသာ ရသောနေ့၊ 22 သူတို့ဝမ်းနည်းခြင်းနှင့် မြည်တမ်းခြင်းပျောက်၍
ဝမ်းမြောက်ခြင်းနှင့်ပျော်မွေ့ကခြင်းသို့ ရောက်သော လတည်းဟူသော အာဒါလ တဆယ်လေးရက်နှင့် တဆယ်ငါးရက်နေ့တို့ကို
နှစ်တိုင်းစောင့်၍ ပွဲခံရာနေ့၊ ပျော်မွေ့ရာနေ့၊ တယောက်ကိုတယောက် လက်ဆောင် ပေးလိုက်၍၊ ဆင်းရဲသောသူတို့အား
စွန့်ကြဲရာနေ့ဖြစ်စေ သော ထုံးစံကို စီရင်ခြင်းငှါ၊ ရှင်ဘုရင် အာရွှေရု နိုင်ငံ တော်အပြည်ပြည်၌ အနီးအဝေးရှိသော ယုဒလူအပေါင်း
တို့နေရာသို့ မှာစာကို ပေးလိုက်လေ၏။ 23 ယုဒလူတို့ကလည်း၊ ပြုစရှိ၍ မော်ဒကဲမှာလိုက် သည်အတိုင်း အမြဲပြုပါမည်ဟု ဝန်ခံကြ၏။
24 ယုဒလူအပေါင်းတို့၏ ရန်သူဖြစ်သော အာဂတ် အမျိုး၊ ဟမ္မေဒါသသား ဟာမန်သည် ယုဒအမျိုးကို ဖျက်ဆီးမည်အကြံရှိ၍၊
ဖျက်ဆီးပယ်ရှင်းခြင်းငှါ ပုရ စာရေးတံချသောကြောင့်၎င်း၊ 25 ဧသတာသည် ရှင်ဘုရင်ထံတော်သို့ဝင်၍ ယုဒ လူတို့တဘက်၌
ဟာမန်ကြံစည်သော အဓမ္မအကြံကို သူ၏ခေါင်းပေါ်သို့ ပြန်ရောက်စေမည်အကြောင်း၊ သူနှင့် သူ၏သားတို့ကိုလည်း လည်ဆွဲချတိုင်၌
ဆွဲထားစေမည် အကြောင်း၊ အမိန့်တော်စာကို ပေးတော်မူသည်ဖြစ်၍၎င်း၊ 26 ပုရဟူသောစကားကို အစွဲပြုသဖြင့်၊ ထိုနေ့ကို ပုရနေ့ဟူ၍
ခေါ်ဝေါ်ကြ၏။ ထိုအမိန့်တော်စာချက်နှင့် ကိုယ်တိုင်တွေ့မြင်သော အမှုကို ထောက်လျက်၊ 27 ယုဒလူတို့သည် ကိုယ်တိုင်မှစ၍
သားမြေး၊ ဘာသာဝင်သူ အပေါင်းတို့နှင့်တကွ၊ မော်ဒကဲမှာစာ၌ စီရင်ထုံးဖွဲ့သည်အတိုင်း၊ ထိုနေ့ နှစ်ရက်ကိုနှစ်တိုင်း
အစဉ်မပြတ်စောင့်မည်အကြောင်း၊ 28 ထိုပုရနေ့တို့သည် ယုဒအမျိုး၌မပျောက်၊ သားစဉ်မြေးဆက်တို့သည် မမေ့မလျော့၊ အပြည်ပြည်
အမြို့မြို့၌ နေသောအဆွေအမျိုးအသီးအသီး အစဉ် အဆက်တို့သည်အောက်မေ့ စောင့်ရှောက်မည်အကြောင်း ဝန်ခံကြ၏။ 29
ထိုအခါ အဘိဟဲလသမီး မိဖုရားဧသတာနှင့် ယုဒအမျိုး မော်ဒကဲတို့သည်၊ ပုရနေ့တို့ကို မြဲမြံစွာ တည်စေခြင်းငှါ ကျပ်တည်းစွာ
အာဏာထား၍ မှာစာကို တဖန်ရေးထားကြ၏။ 30 ယုဒအမျိုးသား မော်ဒကဲနှင့် မိဖုရားဧသတာ မှာထား၍၊ 31 ယုဒလူတို့သည်
ကိုယ်အဘို့နှင့် သားစဉ် မြေးဆက်အဘို့ စီရင်သည်အတိုင်း၊ ချိန်းချက်သော အချိန်၌ အစာရှောင်ခြင်း၊ ဆုတောင်းခြင်းနှင့်တကွ
ပုရနေ့တို့ကို အမြဲစောင့်စေခြင်းငှါ၊ အာရွှေရုနိုင်ငံတော် တွင် တိုင်းပြည်တရာနှစ်ဆယ်ခုနစ်ပြည်၌ရှိသော ယုဒလူ အပေါင်းတို့ နေရာသို့


generated on Tue Jul 2 12:50:28 2024

ငြိမ်သက်စေသော သစ္စာစကားနှင့် ထိုမှာစာကို မော်ဒကဲပေးလိုက်လေ၏။ [32] ဧသတာစီရင်သောအားဖြင့်၊ ပုရနေ့တို့ကို စောင့်ရာ ထုံးစံသည် အမြဲတည်၍ ဤစာ၌ရေးထား လျက်ရှိသတည်း။

---

---

Esther 01

ရှင်ဘုရင်အမိန့်တော်အတိုင်း စီရင်ရသော အချိန်နီး၍
ပြုသူဝါကျဖြင့် ပြန်ရေးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရင်၏ အမိန့်တော်အတိုင်း လူတို့သည် လိုက်ရသော အချိန်ရောက်လာသဖြင့်"

ရှင်ဘုရင်အမိန့်တော်အတိုင်း စီရင်ရသော အချိန်နီး၍
အမိန့်တော်အတိုင်း တစ်ခုခု လုပ်ဆောင်ရတော့မည် ဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊"ဘုရင်၏ အမိန့်တော်ကို နာခံရမည်အကြောင်း"

ယုဒလူတို့သည်၊ ညှဉ်းဆဲလိုသော သူတို့
အာဏာပြချင်သောသူ။
အခြားသောဘာသာပြန်ဆိုချက်၊"ယုဒလူတို့ကို အနိုင်ယူရန်"

အမှုပြောင်းလဲ၍
အခြေအနေ ပြောင်းလဲသွားသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဆန့်ကျင်သည့်အရာ ထွက်ပေါ်လာသည်"

ယုဒလူတို့သည်၊ ညှဉ်းဆဲလိုသော သူတို့ကို ဆီးတားခြင်းငှါ
ဆီးတားခြင်းသည် တိုက်လှန်ခြင်းကို ဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ရန်သူတို့အား တိုက်ခိုက်၍"

ညှဉ်းဆဲလိုသော သူတို့ကို
"ညှဉ်းဆဲလိုသော" ဟူသည် "သူတို့ကို ဒုက္ခရောက်စေချင်သော" သူကို ဆိုလိုသည်။

အဘယ်သူမျှ ရန်မပြုဝံ့ဘဲနေကြ၏
အခြားသောဘာသာပြန်ဆိုချက်၊ "လူတို့သည် ယုဒလူတို့၏ တိုက်ခိုက်ခြင်းကို မခံမရပ်နိုင်ပေ" သို့မဟုတ် "လူတို့သည် ယုဒလူတို့အား အနိုင် မတိုက်နိုင်ပေ"

ပြည်သူပြည်သား အပေါင်းတို့သည် ကြောက်ရွံ့သောကြောင့်
အခြားသောဘာသာပြန်ဆိုချက်၊ "လူမျိုးအသီးသီးတို့သည် ယုဒလူတို့ကို ကြောက်ရွံ့လာကြသည်"

Esther 03

အပြည်ပြည်ကို အုပ်စိုးသောမင်း
"ပြည်များကို အုပ်စိုးသော မင်းများ"

အရာရှိအပေါင်းတို့ သည် မော်ဒကဲကို ကြောက်ရွံ့သောကြောင့်
အခြားသောဘာသာပြန်ဆိုချက်၊"သူတို့သည် မော်ဒကဲကို ကြောက်ရွံ့လာကြသည်"

နန်းတော် တွင် ဘုန်းကြီးလျက်
"နန်းတော်တွင် အရေးကြီးသော ပုဂ္ဂိုလ်ဖြစ်လာသည်"

အတိုင်းတိုင်းအပြည်ပြည်၌ သိတင်း နှံ့ပြား၍
အခြားသောဘာသာပြန်ဆိုချက်၊ "တိုင်းပြည်အနှံ့တွင် လူအသီးသီးတို့သည် သူ၏ တန်ခိုးသြဇာကို သိမြင်လာကြသည်"

Esther 06

မြို့တော်
"မြို့ရိုးဖြင့် ကာထားသော မြို့"

လူငါးရာ
လူ ၅၀၀

ပါရှန္ဒာသ၊ ဒါလဖုန်၊ အာသပါသ၊ ပေါရသ၊ အာဒလိ၊ အာရိဒါသ၊ ပါမရှာတ၊ အရိသဲ၊ ဒရိဒဲ၊ ဝါဇေဇာသ

သား တကျိပ်
သား ၁၀

ယုဒအမျိုး၏ ရန်သူ
ဤစကားစုသည် ဟာမန်ကို ရည်ညွှန်းသည်။

Esther 11

လူငါးရာ
လူ ၅၀၀

သားတကျိပ်
သား ၁၀

အခြားသော အပြည်ပြည်တို့၌ အဘယ်သို့ ပြုကြပြီနည်း
ဘုရင်သည် ဤမေးခွန်းကို မေးရာတွင် အပြည်ပြည်ရှိ ယုဒလူတို့သည်လည်း လူတို့ကို တားဆီးသတ်ဖြတ်မည်ဟု ယုံကြည်ထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အပြည်ပြည်တို့တွင် သူတို့သည် များစွာသော သတ်ဖြတ်ခြင်းကို ပြုကြမည်" (ရှု၊

သင်သည် အဘယ်အလိုရှိသေးသနည်း
အခြားသောဘာသာပြန်ဆိုချက်၊ "သင်ဘာကို လိုချင်သနည်း" သို့မဟုတ် "သင် မည်သို့ တောင်းဆိုချင်သနည်း"

အလိုရှိသည် အတိုင်း ငါပြုမည်
ပြုသူဝါကျဖြင့် ပြန်ရေးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊"သင်တောင်းဆိုသည်အတိုင်း ငါပေးမည်" သို့မဟုတ် "သင်အလိုရှိသောအရာ ငါလုပ်ပေးမည်"

 generated on Tue Jul 2 12:50:28 2024

အဘယ်ဆိုကို တောင်းချင်သေး သနည်း
အခြားသောဘာသာပြန်ဆိုချက်၊ "သင်ဘာကို လိုချင်သနည်း"

Esther 13

ယနေ့ အမိန့်တော် အတိုင်း နက်ဖြန်နေ့၌လည်း ပြုရမည်အကြောင်း
ကတိထား၊ စီစဉ်သည့်အတိုင်း ပြုလုပ်ခြင်းကို ဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ယနေ့၌ ထုတ်ပြန်သော
အမိန့်ကို ယနေ့မှစ၍ အစဉ်အတိုင်း"

သားတကျိပ်
သား

လည်ဆွဲ
၅:၁၄ တွင် ပြန်ဆိုသည့်အတိုင်း

Esther 15

အာဒါလတဆယ်လေးရက်နေ့
အာဒါသည် ဟေဗြဲပြက္ခဒိန်တွင် နောက်ဆုံးသော လဖြစ်သည်။ ၁၄
ရက်နေ့သည် မတ်လ အစပိုင်းကို ဆိုလိုသည်။

ဥစ္စာကို မသိမ်း မယူဘဲ
အခြားသောဘာသာပြန်ဆိုချက်၊လက်ဖြင့် ဥစ္စာတို့ကို
သိမ်းယူခြင်း မပြုပေ။

သုံးရာ
၃၀၀

ခုနစ်သောင်း ငါးထောင်
၇၅၀၀၀

သူတို့ဥစ္စာကို မသိမ်းမယူဘဲ နေကြ၏။
အခြားသောဘာသာပြန်ဆိုချက်၊"သူတို့၏ အဖိုးတန်
ပိုင်ဆိုင်မှုတို့ကို လက်ဖြင့် ကျူးလွန်ခြင်း မပြုပေ"

ဥစ္စာ
တန်ဖိုးရှိသော ပိုင်ဆိုင်မှု သို့မဟုတ် စည်းစိမ်ဥစ္စာ

Esther 17

တဆယ် သုံးရက်နေ့
၃:၁၂ တွင် ပြန်ဆိုထားသည့်အတိုင်း

တဆယ်လေးရက်နေ့တွင် ငြိမ်ဝပ်စွာနေ ၍
"အာဒါလ၏ ၁၄ ရက်နေ့တွင် ယုဒလူတို့သည် တိုင်းပြည်တွင်
ငြိမ်ဝပ်စွာ နေရသည်"

ရှုရှန်မြို့၌ရှိသော ယုဒလူများမူကား၊...စုဝေးကြ၏
ပြန်ဆို၊ "ယုဒလူတို့သည် ရှုရှန်မြို့တွင် စုရုံးလျက်
ရန်သူတို့အလာကို စောင့်နေကြ၏"

Esther 20

အာဒါလ တဆယ်လေးရက်နှင့် တဆယ်ငါးရက်နေ့တို့ကို နှစ်တိုင်းစောင့်၍
"စောင့်စည်းခြင်း" သည် ပွဲလုပ်ခြင်းကို ဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "အာဒါလ တဆယ်လေးရက်နှင့်
တဆယ်ငါးရက်နေ့တို့တွင် ပွဲလုပ်ကြသည်"

သူတို့ဝမ်းနည်းခြင်းနှင့် မြည်တမ်းခြင်းပျောက်၍
ဝမ်းမြောက်ခြင်းနှင့်ပျော်မွေ့ခြင်းသို့
ပြောင်းလဲခြင်းကို ဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊"သူတို့သည်
အလွန်ဝမ်းမနည်းတော့ဘဲ ဝမ်းမြောက်ဝမ်းသာ နေကြရသည်"

Esther 23

ယေဘုယျအချက်အလက်
ဤစာပိုဒ်တွင် ပုရပွဲကို ယုဒလူတို့ ခံရသည့်အကြောင်းကို
နောက်ခံသမိုင်းဖြင့် အတိုချုံး၍ ဖော်ပြထားသည်။

ဟမ္မေဒါသသား ဟာမန်
၃:၁ တွင် ပြန်ဆိုသည်အတိုင်း

ပုရ စာရေးတံချသောကြောင့်
"ပုရ" သည် ပါရှားဘာသာစကားဖြစ်ပြီး "စာရေးတံချခြင်း" ကို
ဆိုလိုသည်။

စာရေးတံချ
အခြားသောဘာသာပြန်ဆိုချက်၊ "ယုဒလူတို့သည် ရန်သူများအား
တိုက်ခိုက်ရန် အကောင်းဆုံးသော နေ့ကို စာရေးတံချ၍
ရွေးချယ်သည်"

ရှင်ဘုရင်ထံတော်သို့ ဝင်၍
"ဧသတာသည်ပင် ဘုရင့်ရှေ့တော်သို့ ချဉ်းကပ်လာ၍"

ဟာမန်ကြံစည်သော အဓမ္မအကြံကို သူ၏ခေါင်းပေါ်သို့
ပြန်ရောက်စေမည်အကြောင်း၊ သူနှင့် သူ၏သားတို့ကိုလည်း လည်ဆွဲချတိုင်၌
ဆွဲထားစေမည် အကြောင်း
အခြားသောဘာသာပြန်ဆိုချက်၊ "ဟာမန်ကြံစည်သော
ယုဒလူတို့အပေါ် ယုတ်ညံ့သည့် အကြံကို သူ၌ ပြန်၍
ခံစားစေသည်"

Esther 26

ပုရဟူသောစကားကို အစွဲပြုသဖြင့်၊ ထိုနေ့ကို ပုရနေ့ဟူ၍ ခေါ်ဝေါ်ကြ၏
အခြားသောဘာသာပြန်ဆိုချက်၊"ထိုနေ့တို့ကို ပုရနေ့ဟု
ခေါ်ဝေါ်ကြသည်"

ပုရနေ့
ရှေးယုဒလူတို့ ပါရှန်အစိုးရမင်း လက်ထက်တွင် ဟာမန်၏
အကြံအစည်အားဖြင့် တစ်ရက်တည်းတွင် အမျိုးသုဉ်း
သတ်ဖြတ်ခြင်းမှ ကယ်တင်ခြင်း ခံရာနေ့ကို အမှတ်ပြု၍
ပွဲလုပ်ရာနေ့ ဖြစ်သည်။


generated on Tue Jul 2 12:50:28 2024

ထိုပုရနေ့
အခြားသောဘာသာပြန်ဆိုချက်၊"ပုရသည် စာရေးတံချဟု ဆိုလိုသည်"

ပုရနေ့တို့သည် ယုဒအမျိုး၌မပျောက်၊ သားစဉ်မြေးဆက်တို့သည် မမေ့မလျော့
ပြဲသူဝါကျဖြင့် ပြန်ရေးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ယုဒလူတို့သည် ထိုနေ့တို့တွင် ပွဲလုပ်၍ အစဉ်အဆက် စောင့်ထိန်းကြရမည်"

အစဉ် အဆက်တို့သည်အောက်မေ့ စောင့်ရှောက်မည်အကြောင်း
"သစ္စာရှိစွာ စောင့်ထိန်း၍ အစဉ်အမြဲပြုရမည်"

Esther 29

ဘိဟဲလသမီး မိဖုရားဧသတာနှင့် ယုဒအမျိုး မော်ဒကဲတို့သည်၊ ပုရနေ့တို့ကို မြဲမြံစွာ တည်စေခြင်းငှါ ကျပ်တည်းစွာ အာဏာထား၍ မှာစာကို တဖန်ရေးထားကြ၏။
ဧသတာသည် ဘိဟဲ၏ သမီးဖြစ်သည်။ ဧသတာနှင့် မော်ဒကဲတို့သည် စာကို ရေးသားကြသည်။

အဘိဟဲလ
၂:၁၅ တွင် ပြန်ဆိုသည် အတိုင်း

တဖန်ရေး
နောက်ထပ် စာတစ်စောင် ရေးသည်

Esther 30

ယုဒလူ အပေါင်းတို့ နေရာသို့ ..... ထိုမှာစာကို .....ပေးလိုက်လေ၏
ပြဲသူဝါကျဖြင့် ပြန်ရေးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ယုဒလူတို့ ရှိရာ နေရာအနှံ့အပြားသို့ စာကို ပို့သည်"

ယုဒလူ အပေါင်းတို့ နေရာသို့ ငြိမ်သက်စေသော သစ္စာစကား
အခြားသောဘာသာပြန်ဆိုချက်၊ "ယုဒလူ အပေါင်းတို့သည် ဘေးကင်းစွာ နေထိုင်ရန်နှင့် အခြားလူတို့သည် ယုဒလူတို့အပေါ် သစ္စာစောင့်ကြရန် ဆန္ဒပြုသည်"

ကိုယ်အဘို့နှင့် သားစဉ် မြေးဆက်အဘို့ စီရင်သည်အတိုင်း၊
ကတိသစ္စာတို့ကို လက်ခံခြင်းသည် လိုက်နာရန် ကတိပြုခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယုဒလူတို့သည် သဘောတူ၍ သားစဉ်မြေးဆက် ပုရနေ့ကို ပွဲလုပ်၍ ကျင်းပရန် သစ္စာခံကြသည်"

အစာရှောင်ခြင်း၊ ဆုတောင်းခြင်းနှင့်တကွ ပုရနေ့တို့ကို အမြဲစောင့်စေခြင်း
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် အစာရှောင်ရန်နှင့် မြည်တမ်းခြင်း ပြုရန် သတ်မှတ်သောနေ့ကို သဘောတူကြသည်"

---

# Translation Questions

Esther 9:1

ယုဒလူမျိုးတို့ကို တိုက်ခိုက်ရန် အဘယ်ကြောင့် မရပ်တည်ကြတော့သနည်း။
တစ်စုံတစ်ဦးမျှ ယုဒလူများကို တိုက်ခိုက်ရန်မရပ်တည်ကြတော့ခြင်းမှာ ပြည်သူပြည်သားအများတို့သည် ယုဒလူတို့ကို ကြောက်ရွံ့သောကြောင့်ဖြစ်သည်။

Esther 9:3

ယုဒလူတို့သည် ယင်းတို့၏ရန်သူများအား မည်ကဲ့သို့ ပြုခဲ့ကြသနည်း။
ယုဒလူတို့သည် ရန်သူအပေါင်းတို့ကို ထားနှင့်လုပ်ကြံသတ်ဖြတ်ဖျက်ဆီး၍၊ မနာလိုသော သူတို့၌ ပြုချင်သမျှပြုခဲ့ကြသည်။

Esther 9:11

မည်သူတို့ကို ယုဒလူတို့က ဖျက်ဆီးခဲ့သနည်း။
ယုဒ လူတို့သည် ရှုရှန် မြို့တော်၌ ဟာမန်သားတကျိပ်နှင့်တကွ လူငါးရာတို့ကို လုပ်ကြံသတ်ဖြတ်ခဲ့ကြသည်။

Esther 9:13

ဟာမန်၏သားဆယ်ယောက်တို့တွင် မည်သည့်အဖြစ်အပျက်မျိုးဖြစ်ခဲ့ရသနည်း။
ဟာမန်၏သားဆယ်ယောက်တို့ လည်ဆွဲတိုင်တွင် အသတ်ခံခဲ့ကြရသည်။

Esther 9:15

အာဒါလတဆယ်လေးရက်နေ့တွင် ယုဒလူတို့က လူမည်မျှကို သတ်ခဲ့ကြသနည်း။
အာဒါလတဆယ်လေးရက်နေ့တွင် ယုဒလူတို့က ရှုရှန်မြို့သား သုံးရာတို့ကို သတ်ခဲ့ကြသည်။

Esther 9:17

ကျေးရွာများရှိ ယုဒလူတို့သည် အဘယ်ကြောင့် အာဒါလတဆယ်လေးရက်နေ့ကို ဝမ်းမြောက်ခြင်းနှင့် ပွဲတော်နေ့အဖြစ် ကျင်းပစောင့်ထိန်းကြသနည်း?
ထိုနေ့တွင် သူတို့သည် လူသတ်ခြင်းကိုရပ်နား၍ ပွဲလုပ်ခြင်းနှင့် ဝမ်းမြောက်ကြသောကြောင့်ဖြစ်သည်။



generated on Tue Jul 2 12:50:28 2024

Esther 9:20

အာဒါလတဆယ်လေးရက်နေ့ကို ဝမ်းမြောက်ခြင်းနှင့် ပွဲတော်နေ့အဖြစ် မည်မျှကြိမ်ခါ ကျင်းပစောင့်ထိန်းကြဖို့ရန် ယုဒလူများအား မော်ဒကဲ မှာသနည်း?

ထိုနေ့ကို နှစ်တိုင်း စောင့်ထိန်းကြဖို့ရန် မော်ဒကဲသည် ယုဒလူများကို မှာသည်။

Esther 9:23

'ပုရ' သည် မည်သို့ဆိုလိုသနည်း?

'ပုရ' သည် 'များစွာ' ဟုဆိုလိုသည်။

Esther 9:26

ဤပုရနေ့များကို ယုဒလူများနှင့် သူတို့မျိုးဆက်များသည် အဘယ်ကြောင့် မပျက်မကွက် စောင့်ထိန်းခဲ့ကြသနည်း?

ယုဒလူများနှင့် သူတို့မျိုးဆက်များသည် ပုရနေ့များကိုမပျက်မကွက် စောင့်ထိန်းခဲ့ကြသည်မှာ ၎င်းနေ့များကို မမေ့လျော့ရန် အလို့ငှါဖြစ်သည်။

---

## Chapter 10

[1] ရှင်ဘုရင် အာရှေရုသည်မြေကြီးပေါ်၌၎င်း၊ ပင်လယ်တွင်ရှိသောကျွန်းတို့ပေါ်၌၎င်း၊ ငွေတော်ခွဲ ကြောင်း အစရှိသော၊ [2]
အာဏာတန်ခိုးတော်နှင့် စီရင်သမျှသော အမှုအရာများနှင့်တကွ၊ ချီးမြှောက်တော်မူခြင်းကို ခံရသော မော်ဒကဲ၏ ဘုန်းတန်ခိုး၊
ထင်ရှားသော အခြင်းအရာတို့သည် မေဒိ၊ ပေရသိရာဇဝင်တို့၌ ရေးထားလျက် ရှိ၏။ [3] ယုဒအမျိုးသား မော်ဒကဲသည် ရှင်ဘုရင်
အာရှေရုအောက်၌ အမြတ်ဆုံးသော အရာကိုရ၍ ယုဒလူ တို့တွင် ဘုန်းကြီး၏။ မိမိအမျိုး၏ အကျိုးစီးပွားကို ပြုစုလျက်၊
အမျိုးသားချင်းအပေါင်းတို့အား မင်္ဂလာစကားကို သာပြောလျက်၊ မိမိအမျိုးသားချင်းအပေါင်းတို့တွင် မျက်နှာရသောသူ
ဖြစ်သတည်း။

---

---

### Esther 01

မြေကြီးပေါ်၌၎င်း၊ ပင်လယ်တွင်ရှိသောကျွန်းတို့ပေါ်၌၎င်း၊ ငွေတော်ခွဲကြောင်း အစရှိသော၊ အာဏာတန်ခိုးတော်နှင့် စီရင်သမျှသော အမှုအရာများနှင့်တကွ၊ ချီးမြှောက်တော်မူခြင်းကို ခံရသော

လူတို့အား အခွန်အခများကို ပေးဆောင်စေခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တိုင်းပြည် အရပ်ရပ်တို့နှင့်တကွ ပင်လယ်ကမ်းနား၌ ရှိသော ပြည်သူပြည်သားများအားလုံးကို အခွန်ဆောင်စေသည်။

အမှုအရာများ

အခြားသောဘာသာပြန်ဆိုချက်၊ "သူ ပြု၍ အောင်မြင်သော အရာများ" သို့မဟုတ် "သူပြုခဲ့သော ကြီးမားသည့်အရာများ"

ချီးမြှောက်တော်မူခြင်းကို ခံရသော မော်ဒကဲ၏ ဘုန်းတန်ခိုး၊ ထင်ရှားသော အခြင်းအရာ

တစ်စုံတစ်ယောက်အား ကြီးမြတ်စေခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊"ရှင်ဘုရင်သည် မော်ဒကဲအား မည်သို့ ကြီးမြတ်စေခြင်း" သို့မဟုတ် "မော်ဒကဲ ဘုန်းတန်ခိုး ထင်ရှားလာခြင်းအကြောင်းမှာ ဘုရင်က ချီးမြှောက်၍ ဖြစ်သည်"

### Esther 03

ရှင်ဘုရင် အာရှေရုအောက်၌ အမြတ်ဆုံးသော အရာ

"ရှင်ဘုရင် အာရှေရုပြီးလျှင် အရေးကြီးဆုံးသော ပုဂ္ဂိုလ်"

အမျိုးသားချင်းအပေါင်း

သူကဲ့သို့သော အမျိုးသားများ

မိမိအမျိုး၏ အကျိုးစီးပွားကို ပြုစုလျက်

ကြိုးပမ်း၍ အလုပ်တစ်ခုကို ပြုလုပ်ခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် သူ့လူများ ချမ်းသာရမည်အကြောင်း ကြိုးစားလုပ်ဆောင်သည်" သို့မဟုတ် "သူသည် သူ့လူများ လုံခြုံရမည်အကြောင်း ကြိုးပမ်းဆောင်ရွက်သည်"

အမျိုးသားချင်းအပေါင်းတို့အား မင်္ဂလာစကားကို သာပြောလျက်

"သူသည် သူ့အမျိုးသားချင်းတို့ ငြိမ်သက်ခြင်း ရစေရန်အတွက် ကိုယ်စား၍ စကားပြောသည်"

---

## Translation Questions

### Esther 10:1

ရှင်ဘုရင် အာရှေရုသည် မည်သည့်အရပ်တွင် အခွန်မိန့်ချခဲ့သနည်း?

ရှင်ဘုရင် အာရှေရုသည် အခွန်မိန့်ကို တိုင်းပြည်နှင့် ပင်လယ်တစ်လျှောက်ကမ်းရိုးတမ်းပြည်များပေါ်တွင် ချခဲ့သည်။

ရှင်ဘုရင် အာရှေရု၏ တန်ခိုးတော်များနှင့် သိမ်းပိုက်မှုများကို မည်သည့်၌ ရေးသားထားသနည်း?

ရှင်ဘုရင် အာရှေရု၏ တန်ခိုးတော်များနှင့် သိမ်းပိုက်မှုများကို မေဒိ နှင့် ပေရသိရာဇဝင်တို့၌ ရေးသားထားသည်။

### Esther 10:3

ယုဒလူ မော်ဒကဲသည် မည်သည့်အဆင့်ရခဲ့သနည်း?

ယုဒလူ မော်ဒကဲသည် ရှင်ဘုရင်အာရှေရုအောက် ဒုတိယအဆင့်တွင် ရှိခဲ့သည်။

မော်ဒကဲသည် အဘယ်ကြောင့် ယုဒလူများတွင်ကြီးမြတ်၍၊ မိမိယုဒညီနောင်များကြားတွင် လူကြိုက်များခဲ့သနည်း?

မော်ဒကဲသည် မိမိလူများကောင်းစားရေးကို ရှာကြံ၍၊ မိမိလူများ၏ငြိမ်းချမ်းရေးအဖို့ ရပ်တည်ပြောကြားခဲ့သောကြောင့် သူသည် ယုဒလူများတွင်ကြီးမြတ်၍၊ မိမိယုဒညီနောင်များကြားတွင် လူကြိုက်များခဲ့ခြင်းဖြစ်သည်။



generated on Tue Jul 2 12:50:28 2024

# Job

## Chapter 1

1 ယောဘအမည်ရှိသောသူတယောက်သည် ဥဇပြည်၌နေ၏။ ထိုသူသည်စုံလင်ဖြောင့်မတ်ခြင်းရှိ၏။ ဘုရားသခင်ကို
ကြောက်ရွံ့သောသူ၊ မကောင်းသောအကျင့်ကို ရှောင်သောသူဖြစ်၏။ 2 သားခုနစ်ယောက်နှင့် သမီးသုံးယောက်ရှိ၏။ 3 သူ၏ဥစ္စာကား၊
သိုးခုနစ်ထောင်၊ ကုလားအုပ်သုံးထောင်၊ နွားယှဉ်ငါးရာ၊ မြည်းမငါးရာ၊ ငယ်သား အတိုင်းမသိများသည်ဖြစ်၍၊ ထိုသူသည်
အရှေ့မျက်နှာအရပ်သားတကာတို့ထက် သာ၍ကြီးသောသူဖြစ်၏။ 4 ယောဘ၏ သားတို့သည် နှစ်စဉ်အတိုင်း
အသီးအသီးဘွားသောနေ့ရောက်လျှင်၊ မိမိတို့အိမ်၌ ပွဲခံသဖြင့်၊ နှမသုံးယောက်ကိုလည်းခေါ်၍ အတူစားသောက်လေ့ ရှိကြ၏။ 5
ပွဲခံသောနေ့ရက်လွန်သောအခါ၊ ယောဘသည်သူတို့ကိုခေါ်၍ သန့်ရှင်းစေပြီးလျှင် နံနက်စောစောထ၍ သူတို့အရေအတွက်အတိုင်း
မီးရှို့သောယဇ်ကိုပူဇော်လေ့ရှိ၏။ အကြောင်းမူကား၊ ငါ့သားတို့သည် မှားယွင်း၍ စိတ်နှလုံးထဲ၌ ဘုရားသခင်ကို စွန့်ပစ်ကြပြီလောဟု
ယောဘအောက်မေ့၏။ ထိုသို့ယောဘသည် အစဉ်ပြုမြဲ ရှိ၏။ 6 ဘုရားသခင်၏ သားတို့သည်ထာဝရဘုရားထံတော်၌
ခစားခြင်းငှါလာရသောနေ့ရက်အချိန် ရောက်လျှင်၊ စာတန်သည်လည်း သူတို့နှင့်ရောနှော၍လာ၏။ 7 ထာဝရဘုရားကလည်း၊
သင်သည်အဘယ်အရပ်က လာသနည်းဟုစာတန်ကိုမေးတော်မူလျှင်၊ စာတန်က၊ မြေကြီးပေါ်မှာ လှည့်လည်၍ အရပ်ရပ်သွားလာခြင်း
အမှုထဲက လာပါသည်ဟု ပြန်လျှောက်လေ၏။ 8 ထာဝရဘုရားကလည်း၊ ငါ့ကျွန်ယောဘကိုဆင်ခြင်ပြီလော။ မြေကြီးပေါ်မှာသူနှင့်
တူသောသူ တယောက်မျှမရှိ။ စုံလင်ဖြောင့်မတ်ပေ၏။ ဘုရားသခင်ကို ကြောက်ရွံ့သောသူ၊ မကောင်းသောအကျင့်ကို
ရှောင်သောသူဖြစ်သည်ဟု စာတန်အား မိန့်တော်မူ၏။ 9 စာတန်ကလည်း၊ ယောဘသည် အကျိုးမရဘဲ ဘုရားဝတ်ကို ပြုသလော။ 10
ကိုယ်တော်သည် သူ့ကိုယ်မှစ၍ သူ့အိမ်နှင့် သူ့ဥစ္စာ ရှိသမျှ ပတ်လည်၌ စောင့်ရန်းကာတော်မူသည် မဟုတ်လော။ သူပြုလေသမျှတို့ကို
ကောင်းကြီးပေးတော်မူပြီ။ သူ့သိုးနွားအစရှိသော တိရစ္ဆာန်တို့သည် မြေပေါ်မှာ အလွန်ပွားများကြပြီ။ 11 ယခုမူကား၊
လက်တော်ကိုဆန့်၍ သူ၏ဥစ္စာရှိသမျှကို ထိခိုက်တော်မူလျှင်၊ သူသည် မျက်မှောက်တော်၌ ကိုယ်တော်ကို စွန့်ပယ်ပါလိမ့်မည်ဟု
ထာဝရဘုရားကို ပြန်လျှောက်လေ၏။ 12 ထာဝရဘုရားကလည်း၊ သူ၏ဥစ္စာရှိသမျှသည် သင့်လက်၌ရှိ၏။ သူ့ကိုယ်တခုကိုသာ
မထိမခိုက်နှင့်ဟု မိန့်တော်မူလျှင်၊ စာတန်သည် ထာဝရဘုရားထံတော်မှ ထွက်သွားလေ၏။ 13 တနေ့သ၌ ယောဘ၏သားသမီးတို့သည်
အစ်ကိုအကြီးအိမ်တွင်စား၍ စပျစ်ရည်ကိုသောက်လျက် နေကြစဉ်၊ 14 ယောဘထံသို့ တမန်တယောက်လာ၍၊ နွားတို့သည်
လယ်ထွန်လျက်၊ သူတို့အနားမှာမြည်းမတို့သည် ကျက်စားလျက် ရှိကြသောအခါ၊ 15 ရှေဘအမျိုးသားတို့သည် တိုက်ယူသွားကြပါပြီ။
လူစောင့်တို့ကိုလည်း ထားနှင့်သတ်၍ ကျွန်တော် တယောက်တည်း ကျန်ရစ်လျက်၊ ကိုယ်တော်အား သိတင်းကြားပြောရပါသည်ဟု
လျှောက်လေ၏။ 16 ထိုသို့လျှောက်စဉ်တွင်၊ အခြားသောသူတယောက်သည်လာ၍၊ ဘုရားသခင်၏မီးသည် မိုဃ်းကောင်း ကင်မှ
ကျသဖြင့်၊ သိုးများနှင့် လူစောင့်များတို့ကို လောင်၍သူတို့သည်ကျွမ်းကုန်ကြပါပြီ။ ကျွန်တော်တယောက် တည်း ကျန်ရစ်လျက်၊
ကိုယ်တော်အား သိတင်းကြားပြောရပါသည်ဟုလျှောက်လေ၏။ 17 ထိုသို့လျှောက်စဉ်တွင်၊ အခြားသောသူ တယောက်သည်လာ၍၊
ခါလဒဲအမျိုးသား တပ်သုံးတပ် တို့သည် ချီ၍ ကုလားအုပ်တို့ကို တိုက်ယူသွားကြပါပြီ။ လူစောင့်တို့ကိုလည်း ထားနှင့်သတ်၍
ကျွန်တော်တယောက်တည်း ကျန်ရစ်လျက်၊ ကိုယ်တော်အား သိတင်းကြားပြောရပါသည်ဟု လျှောက်လေ၏။ 18
ထိုသို့လျှောက်စဉ်တွင်၊ အခြားသောသူတယောက်သည်လာ၍၊ ကိုယ်တော်၏သားသမီးတို့သည် အစ်ကိုအကြီးအိမ်၌ စား၍
စပျစ်ရည်ကို သောက်လျက်နေကြသောအခါ၊ 19 တောမှလေကြီးလာ၍ အိမ်လေးထောင့်ကို တိုက်သဖြင့်၊ အိမ်သည်
ထိုလုလင်တို့အပေါ်၌ပြိုလဲပါ၏။ သူတို့သည်သေ၍ ကျွန်တော်တယောက်တည်း ကျန်ရစ်လျက်၊ ကိုယ်တော်အား
သိတင်းကြားပြောရပါသည်ဟု လျှောက်လေ၏။ 20 ထိုအခါ ယောဘသည် ထ၍ မိမိဝတ်လုံကို ဆုတ်လေ၏။ ဆံပင်ကိုလည်း ရိတ်၍
မြေပေါ်မှာဝပ်လျက် ကိုးကွယ်ပြီးလျှင်၊ ငါသည် အဝတ်မပါဘဲ အမိဝမ်းထဲကထွက်လာ၏။ 21 အဝတ်မပါဘဲ အမိဝမ်းထဲသို့
ပြန်သွားတော့မည်။ ထာဝရဘုရားပေးတော်မူ၏။ ထာဝရဘုရားလည်း ရုပ်သိမ်းတော်မူ၏။ ထာဝရဘုရား၏ နာမတော်သည်
မင်္ဂလာရှိပါစေသတည်းဟု ဆိုလေ၏။ 22 ယောဘသည် ဤအမှုများနှင့် တွေ့ကြုံသော်လည်းမမှားယွင်း။
ထာဝရဘုရားကိုလည်းအပြစ် မတင်ဘဲနေ၏။

---

Job 01

ဥဇပြည်
ဖြစ်နိုင်သောအခြေအနေများမှာ

စုံလင်ဖြောင့်မတ်ခြင်း
"အပြစ်ကင်းသောသူ" ဟူသော စကားလုံးနှင့်
"ဖြောင့်မတ်သောသူ" ဟူသောစကားလုံးသည် အဓိပ္ပာယ်တူ၍
ယောဘသည် ဖြောင့်မတ်သောသူဖြစ်သည်ကို အထူးပြု
ဖော်ပြထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊


generated on Tue Jul 2 12:50:28 2024

"ဘုရားသခင် ရှေ့တော်၌ မှန်သောအရာများကိုသာ လုပ်ဆောင်သောသူ"

ဘုရားသခင်ကို ကြောက်ရွံ့သောသူ
ဘုရားသခင်ကို ရိုသေ ကြောက်ရွံ့သောသူ

မကောင်းသောအကျင့်ကို ရှောင်သောသူ
ဤတွင် နတ်ဆိုးက လူတစ်ယောက်သည် မကောင်းသောလုပ်ရပ်များကို ရှောင်ကြဥ်ရမည့်အစား လုပ်ဆောင်သောနေရာအဖြစ် ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မကောင်းသောအမှုများကို လုပ်ဆောင်ရန်ငြင်းပယ်သည်။"

သားခုနစ်ယောက်နှင့် သမီးသုံးယောက်
သား ၇ ယောက်နှင့် သမီး ၃ ယောက်ရှိသည်။ ( ရှု၊translate-numbers)

သူ၏ဥ စ္စာကား၊ သိုးခုနစ်ထောင်
ယောဘတွင် သိုး (၇၀၀၀) ရှိသည်။

ကုလားအုပ်သုံးထောင်၊
ကုလားအုပ် ( ၃၀၀၀ )

နွားယှဉ်ငါးရာ
နွားယှဉ် ( ၅၀၀ )

သာ၍ကြီးသောသူ
အချမ်းသာဆုံးပုဂ္ဂိုလ်

အရှေ့မျက်နှာအရပ်သားတကာတို့ထက်
ဤဒေသများသည် အရှေ့ပိုင်း ခါနန်ပြည်ကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ခါနန်ပြည်အရှေ့ပိုင်းဒေသတွင် နေထိုင်သော လူများ" ( ရှု၊ figs-explicit)

Job 04

သားတို့သည် နှစ်စဉ်အတိုင်း အသီးအသီးဘွားသောနေ့ရောက်လျှင်၊ မိမိတို့အိမ်၌ ပွဲခံသဖြင့်
"နေ့ရက်" ဟူသောစကားလုံးသည် သူ့သားများ၏ မွေးနေ့ရောက်လျှင် ပွဲကျင်းပသောနေ့ရက်ကို ရည်ညွှန်းထားပါသည်။ သို့သော် သားအသီးသီးတို့သည် ပွဲတော်ကို ပြောင်းလဲစေသော အယူအဆကို အနည်းဆုံး ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သားများ၏ မွေးနေ့တွင် အလှည့်ကျ ပေးကမ်းမည်" သို့မဟုတ် "သားက ပေးကမ်းမည်။"

မိမိတို့အိမ်၌ ပွဲခံသဖြင့်၊ နှမသုံးယောက်ကိုလည်းခေါ်၍ အတူစားသောက်လေ့ရှိကြ၏
သူသည် ပုံမှန်အားဖြင့် ပေးကမ်းပြီး........ သူတို့သည်လည်း ပုံမှန်အားဖြင့် ခေါ် ၍ စားသောက်ကြသည်။

နှမသုံးယောက်ကိုလည်းခေါ်၍ အတူ
ဤတွင် "သူတို့နှင့်အတူ" ဟူသောစကားလုံးသည် ယောဘမပါပဲ သား ခုနစ်ယောက်နှင့် သမီး သုံးယောက်ကို ရည်ညွှန်းထားပါသည်။

ပွဲခံသောနေ့ရက်လွန်သောအခါ
ပွဲခံသောနေ့လွန်သောအခါ သို့မဟုတ် ပွဲနေ့ပြီးနောက်

ယောဘသည်သူတို့ကိုခေါ်၍
ယောဘသည် သူ့သားများကို တစ်စုံတစ်ယောက်အား ခေါ်စေပြီး သူ့အနားလာစေသည်။

ငါ့သားတို့သည် မှားယွင်း၍ စိတ်နှလုံးထဲ၌ ဘုရားသခင်ကို စွန့်ပစ်ကြပြီလောဟု ယောဘအောက်မေ့၏
သူတို့၏ "စိတ်များ" ဟူသည်မှာ သူတို့၏ အတွေးအခေါ်များကို ပုံဆောင်ထားပါသည်။ တခါတရံ အတွေးအခေါ်များသည် ထိုအရာများကို မစဥ်စား မရည်ရွယ်ဘဲ ရောက်လာတတ်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့၏ နှလုံးသား၌ ဘုရားသခင်ကို စွန့်ပစ်ကြပြီလောဟု"

Job 06

ခစားခြင်းငှါလာရသောနေ့ရက်အချိန် ရောက်လျှင်
တိကျသောနေ့ရက်ကို ဆိုလိုခြင်း မဟုတ်ပါ။ အတူတကွ စုစည်းခြင်းများ မကြာခဏ လုပ်ခဲ့ကြသည်။ အခြားသောဘာသာပြန်ဆိုချက်- "နေ့ရက်အချိန်၌" သို့မဟုတ် "ထိုနေ့ရက်၌"။

ဘုရားသခင်၏ သားတို့သည်
ကောင်းကင်တမန်များ၊ ကောင်းကင်အရာများကို ရည်ညွှန်းထားပါသည်။

ထာဝရဘုရားထံတော်၌ ခစားခြင်းငှါ
ဘုရားခိုင်းစေသော အလုပ်ကို ဆောင်ရွက်ရန် ဘုရားသခင်၏ ရှေ့တော်၌ မတ်တပ်ရပ်ရန် ဖြစ်သည်။

မြေကြီးပေါ်မှာ လှည့်လည်၍ အရပ်ရပ်သွားလာခြင်း အမှုထဲက လာပါသည်ဟု
"လှည့်လည်ခြင်း" နှင့် "အရပ်ရပ်သွားလာခြင်း" ဟူသောစကားစုသည် ခရီးသွားလာခြင်း လှုပ်ရှားမှုကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကမ္ဘာပေါ်ရှိ နေရာအရပ်ရပ်သို့ သွားရာမှ"

ထာဝရဘုရား
ဓမ္မဟောင်းခေတ်တွင် ဘုရားသခင်က သူ့လူမျိုးများဆီသို့ ဖော်ပြပေးခဲ့သော အမည်ဖြစ်သည်။

မြေကြီးပေါ်မှာ လှည့်လည်၍ အရပ်ရပ်သွားလာခြင်း အမှု
"နောက်ဆုတ်" နှင့် "အရှေ့" ဟူသောစကားစုနှစ်ခုသည် မြေကြီးအနှံ့လှည့်လည်ခြင်းကိုရည်ညွှန်းသည်။


generated on Tue Jul 2 12:50:28 2024

ငါ့ကျွန်ယောဘကိုဆင်ခြင်ပြီလော
ဤတွင် ဘုရားသခင်သည် ယောဘနှင့် ပတ်သက်ပြီး စာတန်အား စကားပြောခြင်း အစပြုထားပါသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့ကျွန် ယောဘကို ဆင်ခြင်ပါ။"

စုံလင်ဖြောင့်မတ်ပေ၏
"အပြစ်ကင်းသောသူ" နှင့် ဖြောင့်မတ်သောသူ" ဟူသောစကားလုံးသည် အဓိပ္ပါယ်အတူတူဖြစ်ပြီး ယောဘသည် ဖြောင့်မတ်သောသူဖြစ်သည်ကို အထူးပြုထားခြင်းဖြစ်ပါသည်။ [ယောဘ ၁း ၁] တွင် မည်သို့ဘာသာပြန်ဆိုထားသည်ကိုကြည့်ပါ။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင် ရှေ့တော်၌ မှန်ကန်သောအမှုကို ပြုသောသူ"

ဘုရားသခင်ကို ကြောက်ရွံ့သောသူ၊
ဘုရားသခင်ကို ရိုသေသောသူ။ [ယောဘ ၁း ၁] တွင်မည်သို့ဘာသာပြန်ဆိုထားသည်ကို ကြည့်ပါ (../01/01.md).

Job 09

ယောဘသည် အကျိုးမရဘဲ ဘုရားဝတ်ကို ပြုသလော။
"စာတန်က ဘုရားသခင်ကို သူ့ အတွေးအခေါ်များဖြင့်မေးခွန်းကို မေးထားပါသည်။" စာတန်က ယောဘသည် ဘုရားက ကောင်းကြီးပေးသောကြောင့် ဘုရားသခင်ကို နာခံသည်ဟု ပြောဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယောဘသည် ဘုရားသခင်ကို နာခံရခြင်းအကြောင်းရင်းရှိသည်"

ကိုယ်တော်သည် သူ့ကိုယ်မှစ၍ သူ့အိမ်နှင့် သူ့ဥစ္စာ ရှိသမျှ ပတ်လည်၌ စောင့်ရန်းကာတော်မူသည် မဟုတ်လော
အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် သူနှင့် သူ့မိသားစု ပိုင်ဆိုင်သော အရာမှန်သမျှကို ကွယ်ကာခဲ့လေပြီ"

ကိုယ်တော်သည် သူ့ကိုယ်မှစ၍ သူ့အိမ်နှင့် သူ့ဥစ္စာ ရှိသမျှ ပတ်လည်၌ စောင့်ရန်းကာတော်မူသည် မဟုတ်လော
အုတ်နံရံတံတိုင်း သို့မဟုတ် စည်းရိုးများသည် နယ်မြေတစ်ခုကို ကာကွယ် ဝိုင်းရံထားသကဲ့သို့၊ ဘုရားသခင်သည် ယောဘကို စောင့်ရှောက်ခဲ့ပြီ။ အခြားသောဘာသာပြန်ဆိုချက်၊ "သူနှင့် သူမိသားစု ပိုင်ဆိုင်သောအရာဟူသမျှ ကာကွယ်ခဲ့သည်။"

သူပြုလေသမျှတို့ကို
သူ လုပ်ဆောင်သော အမှုအရာမှန်သမျှ

သူ့သိုးနွားအစရှိသော တိရစ္ဆာန်တို့သည် မြေပေါ်မှာ အလွန်ပွားများကြပြီ
သူသည် သူ့နယ်မြေတွင် သာ၍ သိုးနွားအစရှိသော တိရစ္ဆာန်များနှင့် တိုးပွားလာသည်။

ယခုမူကား၊ လက်တော်ကိုဆန့်၍ သူ၏ဥစ္စာရှိသမျှကို ထိခိုက်တော်မူလျှင်၊ သူသည် မျက်မှောက်တော်၌ ကိုယ်တော်ကို စွန့်ပယ်ပါလိမ့်မည်ဟု ထာဝရဘုရားကို ပြန်လျှောက်လေ၏
စာတန်၏ ဆိုလိုရင်းမှာ အကယ်၍ ဘုရားသခင်သည် ယောဘအား တိုက်ခိုက်လျှင် သူသည် ယောဘ၏ တုံ့ပြန်မှုကို မြင်တွေ့ရမည်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သို့သော် ယခုတွင် သင်သည် လက်တော်ဆန့်ပြီး သူပိုင်ဆိုင်သမျှကို ထိခိုက်တော်မူလျှင် သူသည် ကိုယ်တော်ကို မျက်မှောက်တော်၌ စွန့်ပစ်တော်ခြင်းကို မြင်တွေ့ရမည်။"

လက်တော်ကို ဆန့်၍
"လက်တော်" ဟူသောအရာသည် လုပ်ဆောင်ရန်ဘုရားသခင်၏ တန်ခိုးတော်ကို ရည်ညွှန်းထားပါသည်။ "သို့သော် ယခု ကိုယ်တော့် တန်ခိုးတော်ကို အသုံးပြုပါ"

သူ၏ဥစ္စာရှိသမျှကို ထိခိုက်တော်မူလျှင်
ဤနေရာ၌ "ထိခိုက်သည်" ဟူသောအရာမှာ နာကျင်စေသောအပြုအမူ သို့မဟုတ် ဖျက်ဆီးခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ ပိုင်ဆိုင်သမျှကိုတိုက်ခိုက်ပါ" သို့မဟုတ် "သူ ပိုင်ဆိုင်သမျှကို ဖျက်ဆီးပါ"

မျက်မှောက်တော်၌
ဤအရာသည် ဘုရားသခင်က အာရုံစိုက်သော အချိန်အခါကို ရည်ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်-"သင်၏ကြားနာခြင်း၌။"

ထာဝရဘုရားကလည်း၊
"ကြည့်ပါ" သို့မဟုတ် "သင်အားပြောမည့်အရာကို အာရုံစိုက်သည်"

သူ၏ဥစ္စာရှိသမျှသည် သင့်လက်၌ရှိ၏
ဤတွင် "လက်၌" ဟူသောအရာသည် တစ်စုံတခုကို ထိန်းချုပ်ရန် တစ်စုံတစ်ယောက်၏ အစွမ်းတန်ခိုးကို ပုံဖော်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ ပိုင်ဆိုင်သည့်အရာများ သင့် လက်၌ ရှိ၏။"

သူ့ကိုယ်တခုကိုသာ မထိမခိုက်နှင့်ဟု
သူ့ကိုယ်ကို ဆန့်ကျင်လျှက်။ အခြားသောဘာသာပြန်ချက် - သို့ပေမယ့် သူ့ရဲ့ကိုယ်ခန္ဓာကို မထိမခိုက်စေနဲ့ (သို့) သူ့ရဲ့ကိုယ်ခန္ဓာကို မနာကျင်စေနဲ့။

သူ့ကိုယ်တခုကိုသာ
ဤနေရာ၌ "သူ့ကို ကျရောက်သည်" ဟူသောအရာမှာ တိုက်ခိုက်ခြင်း အယူအဆကို ပုံဆောင်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့ကို တိုက်ခိုက်သည်"

ထာဝရဘုရားထံတော်မှ ထွက်သွားလေ၏
"ဘုရားသခင် ထံမှ ထွက်ခွါသွားသည်" သို့မဟုတ် "ဘုရားသခင်ကို ထားခဲ့သည်"

Job 13

ရှေဘ
ယနေ့ခေတ် ယီမင်နိုင်ငံတွင် တည်ရှိသည်။ ရှေဘပြည်မှ တိုက်ခိုက်သောသူတို့ကို ရည်ညွှန်းသည်။

ထားနှင့်သတ်၍
အသေသတ်ခြင်း

တိုက်ယူသွားကြပါပြီ
အခြားသော ဘာသာပြန်ဆိုချက်၊ "တိုက်ခိုက်လျှက်"

the mouth of the sword
N/A

Job 16

ထိုသို့လျှောက်စဉ်တွင်
"သူ" ပထမဆုံးသော သတင်းသယ်ဆောင်သူကို ရည်ညွှန်းထားပါသည်။

အခြားသောသူတယောက်သည်လာ၍
"အခြားသော သတင်းစကားသယ်ဆောင်သူ ရောက်လာခဲ့သည်။"

ကျွန်တော်တယောက် တည်း ကျန်ရစ်လျက်၊ ကိုယ်တော်အား သိတင်းကြားပြောရပါသည်ဟု
[ယောဘ ၁း ၁၅] တွင် မည်သို့ ဘာသာပြန်ဆိုထားသည်ကိုကြည့်ပါ (../01/15.md).

လူစောင့်များတို့ကို လောင်၍သူတို့သည်ကျွမ်းကုန်ကြပါပြီ။ ကျွန်တော်တယောက် တည်း ကျန်ရစ်လျက်၊ ကိုယ်တော်အား သိတင်းကြားပြောရပါသည်ဟုလျှောက်လေ၏
ဤတွင် "အဖျားပိုင်း" ဟူသည်မှာ လူများကို သတ်စေသော ဓါးရှည်၏ ထိပ်ဖျားပိုင်းကို ပုံဆောင်ထားကာ၊ အလွန်ထက်သောအပိုင်း ဖြစ်သည်။ နောက်ပြီး ခါလဒဲလူများ၏ ဓါးရှည်များသည် ဓါးတစ်လက်ကဲ့သို့ ပြောဆိုထားပါသည်။ [ယောဘ ၁း ၁၃] တွင်မည်သို့ဘာသာပြန်ဆိုထားသည်ကိုကြည့်ပါ (../01/15.md).

Job 18

ကိုယ်တော်၏သားသမီးတို့သည် အစ်ကိုအကြီးအိမ်၌ စား၍ စပျစ်ရည်ကို သောက်လျက်နေကြသောအခါ၊
[ယောဘ ၁း ၁၃]တွင် မည်သို့ဘာသာပြန်ဆိုထားသည်ကိုကြည့်ပါ (../01/13.md).

စပျစ်ရည်
"လေဆင်နှမောင်း" သို့မဟုတ် "သွေ့ခြောက်သော လေမုန်တိုင်း"

အိမ်လေးထောင့်ကို
"အိမ်တစ်အိမ်၏ ဖွဲ့စည်းတည်ဆောက်ပုံနှင့်ဆိုင်သော အရာ ကို ပံ့ပိုးပေးသောအရာ"

ထိုလုလင်တို့အပေါ်၌ပြိုလဲပါ၏
"အိမ်သည် သင်၏ သားနှင့်သမီးတို့အပေါ် ပြိုလဲပါသည်။"

ကျွန်တော်တယောက်တည်း ကျန်ရစ်လျက်၊ ကိုယ်တော်အား သိတင်းကြားပြောရပါသည်ဟု
[ယောဘ ၁း ၁၅] တွင် မည်သို့ ဘာသာပြန်ဆိုထားသည်ကိုကြည့်ပါ (../01/15.md).

Job 20

မိမိဝတ်လုံကို ဆုတ်လေ၏။ ဆံပင်ကိုလည်း ရိတ်၍
ဤအရာများသည် ပူဆွေးမှုကိုပြသပေးသောထုံးတမ်းဓလေ့၊ နက်ရှိုင်းသော ဝမ်းနည်းကြေကွဲမှုကို ဖော်ပြပေးသောစကားလုံးနှင့်အတူတူပင်ဖြစ်သည်။ ( ရှု၊ translate-symaction)

ငါသည် အဝတ်မပါဘဲ အမိဝမ်းထဲကထွက်လာ၏။ အဝတ်မပါဘဲ အမိဝမ်းထဲသို့ ပြန်သွားတော့မည်
ငါမွေးဖွားသောနေ့၌၊ ငါသည် ဒီလောကကြီးမှာ ဘာမှမပါလာဘူး၊ ပြီးနောက် ငါသေဆုံးသောနေ့၌ ဘာမှမပါပဲ လောကကြီးသို့ ပြန်သွားရမည်"

ဤအမှုများနှင့်
"ဖြစ်ပျက်ခဲ့သမျှသော ဒီအရာနှင့် ပါတ်သက်ပြီး"

ဘုရားသခင်ကို အမှားလုပ်၍ စွပ်စွဲသည်
ဆိုလိုသည်မှာ "ဘုရားသခင်သည် မှားယွင်းသောအရာလုပ်ထားသည်။"

---

## Translation Questions

### Job 1:1

ယောဘ၏ စရိုက်ကို မည်ကဲ့သို့ ဖော်ပြထားသနည်း။
ယောဘသည် စုံလင်ဖြောင့်မတ်သောသူ၊ ဘုရားသခင်ကို ကြောက်ရွံ့၍ မကောင်းသောအကျင့်ကို ရှောင်သောသူဖြစ်သည်ဟု ဖော်ပြထားသည်။

### Job 1:4

ယောဘ၏ သားများက မိမိတို့အိမ်တွင် ပွဲခံပြီးနောက် ယောဘက ဘာဆက်လုပ်ခဲ့သနည်း။
ယောဘသည် သူတို့ကို ခေါ်၍ သန့်ရှင်းစေပြီးလျှင် မီးရှို့သောယဇ်ကို ပူဇော်၍ သူတို့အတွက်ဆုတောင်းပေးခဲ့သည်။


generated on Tue Jul 2 12:50:28 2024

Job 1:6

အဘယ်ကြောင့် စာတန်က ယောဘကို ဆင်ခြင်သင့်ကြောင်း ထာဝရဘုရား ပြောထားသနည်း။
မြေကြီးပေါ်တွင် ယောဘနှင့်တူသောသူ တယောက်မျှမရှိ၊ စုံလင်ဖြောင့်မတ်သောသူ၊ ဘုရားသခင်ကို ကြောက်ရွံ၍ မကောင်းသောအကျင့်ကို ရှောင်သောသူဖြစ်သည်။

Job 1:9

ထာဝရဘုရားက ယောဘကို ကာကွယ်စောင့်ရှောက်ခြင်းကို စာတန်က မည်ကဲ့သို့ ပြောခဲ့သနည်း။
ထာဝရဘုရားက ယောဘကိုယ်မှစ၍ သူ့အိမ်နှင့် ဥစ္စာရှိသမျှပတ်လည်တွင် စောင့်ရန်းကာခြင်း၊ သူပြုလေသမျှများကို ကောင်းကြီးပေးသည်ဟု စာတန်က ပြောခဲ့သည်။

မည်သည့်အရာက ယောဘအား ဘုရားသခင်ကို စွန့်လွှတ်စေလိမ့်မည်ဟု စာတန်က တွေးတောသနည်း။
အကယ်၍ ဘုရားသခင်က ယောဘ၏ ဥစ္စာရှိသမျှကို ထိခိုက်ခဲ့လျှင် ယောဘက ဘုရားသခင်ကို စွန့်လွှတ်မည်ဟု စာတန်က ပြောခဲ့သည်။

စာတန်က သဘောတူညီချက်တောင်းသောအခါ ထာဝရဘုရားက မည်သည့်အရာကို ပေးခဲ့သနည်း။
စာတန်က သဘောတူညီချက်တောင်းသောအခါ ထာဝရဘုရားကယောဘထံမှ ဥစ္စာရှိသမျှကို ယူသွားရန်နှင့် သူ၏ ကိုယ်တခုကိုသာ မထိမခိုက်ရန် ပြောခဲ့သည်။

Job 1:13

တမန်က ရှေဘအမျိုးသားများက ယောဘအပေါ် ပြုလုပ်ခဲ့သည့်အရာကို ယောဘအား မည်ကဲ့သို့ပြောခဲ့သနည်း။
ရှေဘအမျိုးသားတို့သည် ယောဘ၏ လယ်တွင်ရှိသော အစေခံကျွန်များကို သတ်ဖြတ်၍ နွားများနှင့် မြည်းမများကို သိမ်းယူသွားကြသည်။

Job 1:16

ယောဘ၏ သိုးများသည် မည်သို့ဖြစ်ပျက်ကြောင်း ဒုတိယတမန်က ယောဘကို ပြောခဲ့သနည်း။
ဘုရားသခင်၏ မီးသည် မိုဃ်းကောင်းကင်မှကျပြီ လူစောင့်များတို့ကို လောင်၍ သူတို့သည် ကျွမ်းလောင်သွားသည်။

ယောဘ၏ ကုလားအုပ်များသည် မည်သို့ဖြစ်ပျက်ကြောင်း တတိယတမန်က ယောဘကို ပြောခဲ့သနည်း။
ခါလဒဲအမျိုးသား တပ်သုံးတပ်တို့သည် ချီ၍ ကုလားအုပ်တို့ကို တိုက်ယူသွား၍ အမျိုးသားများကို သတ်ဖြတ်ကြမည်ဟု ပြောခဲ့သည်။

Job 1:18

စတုတ္ထတမန်က ယောဘဆီသို့ မည်သည့် သတင်းကို သယ်ဆောင်ခဲ့သနည်း။
ယောဘ၏ သားသမီးတို့သည် အစ်ကိုအကြီးအိမ်၌ စား၍ စပျစ်ရည်ကို သောက်လျက်နေကြသောအခါ တောမှ လေကြီးလာ၍ အိမ်ကို တိုက်သဖြင့် အိမ်သည် ထိုသူတို့ အပေါ်၌ ပြိုလဲသည်ဟု ပြောခဲ့သည်။

Job 1:20

သတင်းစကားအားလုံးရရှိပြီးနောက် ယောဘ ဘာလုပ်ခဲ့သနည်း။
ယောဘသည် ထ၍ မိမိဝတ်လုံကို ဆုတ်ပြီး ဆံပင်ကိုလည်း ရိတ်၍ မြေပေါ်မှာ ဝပ်လျက် ဘုရားသခင်ကို ကိုးကွယ်ခဲ့သည်။

ဤအဖြစ်အပျက်ဖြစ်ပြီးနောက် ယောဘက သူ၏ အခြေအနေကို မည်ကဲ့သို့ ပြောခဲ့သနည်း။
အဝတ်မပါဘဲ အမိဝမ်းထဲမှလာသည်၊ အဝတ်မပါဘဲ ပြန်သွားရမည်ဟု ပြောခဲ့သည်။

ထာဝရဘုရားက ယောဘအပေါ် ပြုခဲ့သည့်အရာအပေါ် ယောဘက ဘာပြောခဲ့သနည်း။
ထာဝရဘုရားပေးတော်မူ၍ ထာဝရဘုရား ရုပ်သိမ်းတော်မူသည်ဟု ပြောခဲ့သည်။

ယောဘက သူသည် မိုက်မဲသောသူမဟုတ်ကြောင်းကို မည်ကဲ့ပြသသနည်း။
ယောဘသည် ဤအမှုများနှင့် တွေ့ကြုံသော်လည်း ဘုရားသခင်ကို မိုက်မဲစွာ အပြစ်တင်ခြင်းမရှိကြောင်းကို ပြသခဲ့သည်။

## Chapter 2

1 တဖန်ဘုရားသခင်၏ သားတို့သည် ထာဝရဘုရားထံတော်၌ ခစားခြင်းငှါ လာရသောနေ့ရက်အချိန် ရောက်လျှင်၊ စာတန်သည်လည်း
ထာဝရဘုရားထံတော်၌ခစားခြင်းငှါ သူတို့နှင့်အတူလာ၏။ 2 ထာဝရဘုရားကလည်း၊ သင်သည် အဘယ်အရပ်ကလာသနည်းဟု
စာတန်ကိုမေးတော်မူလျှင်၊ စာတန်က၊ မြေကြီးပေါ်မှာလှည့်လည်၍ အရပ်ရပ်သွားလာခြင်း အမှုထဲကလာပါသည်ဟု
ပြန်လျှောက်လေ၏။ 3 ထာဝရဘုရားကလည်း၊ ငါ့ကျွန်ယောဘကို ဆင်ခြင်မိပြီလော။ မြေကြီးပေါ်မှာသူနှင့်တူသောသူ
တယောက်မျှမရှိ။ စုံလင်ဖြောင့်မတ်ပေ၏။ ဘုရားသခင်ကို ကြောက်ရွံ့သောသူ၊ မကောင်းသောအကျင့်ကို ရှောင်သောသူဖြစ်၏။
အကြောင်းမရှိဘဲ သူကိုပျက်စီးစေခြင်းငှါ သင်သည် ငါ့ကို တိုက်တွန်းသော်လည်း၊ သူသည် ဖြောင့်မတ်သောသဘောကို
စွဲလမ်းလျက်နေသည်ဟု စာတန်အား မိန့်တော်မူ၏။ 4 စာတန်ကလည်း၊ အရေဘို့အရေဟုဆိုသကဲ့သို့၊ လူသည်မိမိအသက်ဘို့
မိမိဥစ္စာရှိသမျှကိုပေးပါလိမ့်မည်။ 5 ယခုတဖန် လက်တော်ကိုဆန့်၍ သူ့အရိုးနှင့် သူ့အသားကို ထိခိုက်တော်မူလျှင်၊ သူသည်
မျက်မှောက် တော်၌ ကိုယ်တော်ကို စွန့်ပယ်ပါလိမ့်မည်ဟု ထာဝရဘုရားကို ပြန်လျှောက်လေ၏။ 6 ထာဝရဘုရားကလည်း၊ သူသည်
သင့်လက်၌ ရှိ၏။ သူ့အသက်တခုကိုသာ လွှတ်စေဟုမိန့်တော်မူလျှင်၊ 7 စာတန်သည် ထာဝရဘုရားထံတော်မှ ထွက်သွား၍ ယောဘ၏
ခြေဘဝါးမှသည် ဦးထိပ်တိုင်အောင် ဆိုးသောအနာစိမ်းများ တိုးပေါက်စေ၏။ 8 ယောဘသည် ကိုယ်ကိုခြစ်စရာ အိုးခြမ်းကို ကိုင်ယူ၍
မီးဖိုပြာထဲမှာ ထိုင်လေ၏။ 9 ထိုအခါမယားက၊ သင်သည် ဖြောင့်မတ်သောတရားကို စွဲလမ်းသေးသလော။ ဘုရားသခင်ကို စွန့်ပယ် ၍
သေလော့ဟုဆို၏။ 10 ယောဘကလည်း၊ မိန်းမမိုက်ပြောတတ်သကဲ့သို့ သင်သည်ပြော၏။ အဘယ်သို့နည်း။ ငါတို့သည် ဘုရား
သခင်၏လက်တော်မှ သုခချမ်းသာကို ခံယူသည်ဖြစ်၍၊ ဒုက္ခဆင်းရဲကို မခံမယူရာသလောဟုဆို၏။ ယောဘ သည် ဤအမှုများနှင့်
တွေ့ကြုံသော်လည်း နှုတ်ဖြင့်မျှမမှားယွင်း။ 11 ထိုအခါတေမန်အမျိုးသား ဧလိဖတ်၊ ရှုအာ အမျိုးသားဗိလဒဒ်၊
နေမတ်အမျိုးသားဇောဖါတည်း ဟူသော ယောဘ၏အဆွေခင်ပွန်း သုံးယောက်တို့သည်၊ သူ၌ရောက်သော ဤအမှုကြီးအလုံးစုံတို့ကို
သိတင်း ကြားလျှင်၊ ယောဘနှင့်အတူ ညည်းတွား၍ သူ့ကိုနှစ်သိမ့်စေခြင်းငှါ၊ စည်းဝေးမည် ချိန်းချက်သည်အတိုင်း၊ အသီးအသီး
မိမိတို့နေရာအရပ်မှ ရောက်လာကြ၏။ 12 ထိုသူတို့သည် အဝေးကမျှော်ကြည့်၍ ယောဘကို မသိလျှင်၊ အသံကိုလွှင့်၍ ငိုကြွေးကြ၏။
အသီးအသီး မိမိတို့ဝတ်လုံကိုဆုတ်၍ မြေမှုန့်ကို ယူပြီးလျှင် မိမိတို့ ခေါင်းပေါ်သို့ကျရောက်စေခြင်းငှါ၊ မိုဃ်းကောင်းကင်သို့
ပစ်တင်ကြ၏။ 13 ခုနစ်ရက်ပတ်လုံး ယောဘနှင့်အတူမြေပေါ်မှာထိုင်၍၊ သူသည်ပြင်းစွာသောဆင်းရဲခံရကြောင်းကို သိမြင်လျှင်၊
အဘယ်သူမျှ စကားမပြောမဆိုဘဲနေကြ၏။

---

Job 01

ယောဘုယျအချက်အလက်
ဤအပိုဒ်သည် (ယောဘ ၁း ၆ ) နှင့် တူညီစွာ
ဘာသာပြန်ဆိုနိုင်ပါသည်။

နေ့ရက်အချိန် ရောက်လျှင်
[ယောဘ ၁း ၆] တွင် မည်သို့ဘာသာပြန်ဆိုထားသည်ကိုကြည့်ပါ။

နေ့ရက်အချိန်
ဤအရာသည် တိကျသောနေ့ရက်မဟုတ်ပါ။ မကြာခဏ
စုရုံးရသောနေ့။ အခြားသောဘာသာပြန်ဆိုချက်၊ "
နေ့ရက်အချိန်၌" သို့မဟုတ် "တနေ့၌"

ဘုရားသခင်၏ သားတို့သည်
[ယောဘ ၁း ၆] တွင် မည်သို့ဘာသာပြန်ဆိုထားသည်ကိုကြည့်ပါ။

ထာဝရဘုရားထံတော်၌ ခစားခြင်းငှါ
[ယောဘ ၁း ၆] တွင်မည်သို့ဘာသာပြန်ဆိုထားသည်ကိုကြည့်ပါ။

မြေကြီးပေါ်မှာ လှည့်လည်၍ အရပ်ရပ်သွားလာခြင်း အမှုထဲက လာပါသည် ဟု
ဤအပိုဒ်သည် (ယောဘ ၁း ၆ ) နှင့်အလားတူစွာ
ဘာသာပြန်ဆိုနိုင်ပါသည်။

Job 03

ယောဘုယျ အချက်အလက်
"ယောဘကို အကြောင်းမဲ့သက်သက် သင်သည် ဖျက်ဆီး၍
တိုက်ခိုက်သော်လည်း သူသည် သမာသတိရှိရှိ မြဲမြံစွာ
စွဲကိုင်လျှက်" ဟူသော (၁း၆) တွင် တွေ့ရသည့် အနေအထားနှင့်
အလားသဏ္ဍာန်တူသည်။

ငါ့ကျွန်ယောဘကို ဆင်ခြင်မိပြီလော။
ဤအလင်္ကာမြောက်သောမေးခွန်းသည် အမှန်အားဖြင့်
ဖော်ပြချက်အနေဖြင့်ဖန်တီးထားသည်။ [ယောဘ ၁း
၈]တွင်မည်သို့ဘာသာပြန်ဆိုထားသည်ကိုကြည့်ပါ

စုံလင်ဖြောင့်မတ်ပေ၏
"အပြစ်ကင်းသည်" နှင့် ဖြောင့်မတ်သည်" ဟူသောစကားလုံးသည်
အဓိပ္ပယ်တူကြပြီး ယောဘသည် ဖြောင့်မတ်သော
သူဖြစ်ကြောင်းကို အထူးပြုထားပါသည်။ [ယောဘ ၁း ၁] တွင်
မည်သို့ဘာသာပြန်ထားသည်ကိုကြည့်ပါ

ဘုရားသခင်ကို ကြောက်ရွံ့သောသူ၊ မကောင်းသောအကျင့်ကို
ရှောင်သောသူဖြစ်၏
[ယောဘ ၁း ၁]တွင် မည်သို့ ဘာသာပြန်ဆိုထားသည်ကိုကြည့်ပါ


generated on Tue Jul 2 12:50:28 2024

ဖြောင့်မတ်သောသဘောကို စွဲလမ်းလျက်နေသည်
ဘယ်အရာက ကောင်းသည်နှင့် မှန်ကန်သည်ကိုလုပ်ဖို့ရန်အတွက် လုံးဝဆက်ကပ် အပ်နှံထားခြင်းကို ဆိုလိုသည်။

ပျက်စီးစေခြင်းငှါ သင်သည် ငါ့ကို တိုက်တွန်းသော်လည်း၊
အကြောင်းမရှိဘဲ သူ့ကို တိုက်ခိုက်ရန် ဆွဲဆောင်သည်။

သူကိုပျက်စီးစေခြင်းငှါ
ဤတွင် "ဖျက်ဆီးသည်" ဟူသော အရာသည် "ဆင်းရဲအောင် လုပ်သည်" ဟူသောအရာကို ပုံဆောင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ့ကို ဆင်းရဲအောင်လုပ်သည်။"

Job 04

အရေဘို့အရေဟုဆိုသကဲ့သို့
ဤတွင် "အရေ" ဟူသည်မှာ ယောဘ၏အသက်တာအတွက် အစားထိုးအမည်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူသည် မြတ်နိုးသောအရာနှင့် ပိုင်ဆိုင်သောအရာဆုံးရှုံးမှုကို လက်ခံသော်လည်း သူ့အသက်ကိုကယ်တင်ရန် တစ်ခုခု လုပ်ဆောင်မည် ဖြစ်သည်။"

ယခုတဖန် လက်တော်ကိုဆန့်၍ သူ့အရိုးနှင့် သူ့အသားကို ထိခိုက်တော်မူလျှင်၊ သူသည် မျက်မှောက် တော်၌ ကိုယ်တော်ကို စွန့်ပယ်ပါလိမ့်မည်ဟု
စာတန် ဆိုလိုသည်မှာ အကယ်၍ ဘုရားသခင်က တိုက်ခိုက်ခဲ့လျှင် ယောဘ မည်သို့တုံ့ပြန်မည်ကို သူမြင်တွေ့ရမည်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယခုတွင် သင့်လက်တော်ဆန့်၍ သူ့အရိုးနှင့် သူ့အသားကိုထိခိုက်လျှင် သူသည် မျက်မှောက်တော်၌ ကိုယ်တော်ကို စွန့်ပစ်တော်သည်ကို မြင်ရမည်။"

လက်တော်ကိုဆန့်၍
ဤတွင် "လက်တော်" ဟူသည်မှာ လုပ်ဆောင်သောဘုရားသခင်၏ တန်ခိုးတော်ကို ရည်ညွှန်းထားပါသည်။ [ယောဘ ၁း ၉] တွင် မည်သို့ ဘာသာပြန်ဆို ထားသည်ကိုကြည့်ပါ။

ထိခိုက်တော်မူလျှင်၊
ဤတွင် "ထိခိုက်" ဟူသော စကားလုံးသည် အန္တရာယ်ရှိခြင်းကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တိုက်ခိုက်သည်။"

သူ့အရိုးနှင့် သူ့အသားကို
ဤဖော်ပြချက်သည် ယောဘ၏ ကိုယ်ခန္ဓာကိုယ်ကို ရည်ညွှန်းသည်။

မျက်မှောက် တော်၌ ကိုယ်တော်ကို စွန့်ပယ်ပါလိမ့်မည်ဟု
[ယောဘ ၁း ၉] တွင် မည်သို့ဘာသာပြန်ဆိုထားသည်ကို ကြည့်ပါ။

မျက်မှောက်တော်၌
ဤအရာက ဘုရားသခင် နားထောင်အာရုံစိုက်သော အချိန်ကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ ကြားနာခြင်း၌"

Job 07

စာတန်သည် ထာဝရဘုရားထံတော်မှ ထွက်သွား၍
[ယောဘ ၁း ၉] တွင် မည်သို့ ဘာသာပြန်ဆိုထားသည်ကို ကြည့်ပါ (../01/12.md).

ယောဘ၏ ခြေဘဝါးမှသည် ဦးထိပ်တိုင်အောင် ဆိုးသောအနာစိမ်းများ တိုးပေါက်စေ၏
စာတန်သည် ယောဘအား ကြီးစွာသော အနာစိမ်းဝေဒနာကို ခံစားစေသည်။

ဆိုးသောအနာစိမ်းများ
ယားယံပြီး အရေခွံကို နာကျင်စေသော ရောဂါ

ကိုယ်ကိုခြစ်စရာ အိုးခြမ်းကို ကိုင်ယူ၍
ယားယံနေသော အရာကို သက်သာလျော့ပါးစေရန်ကုပ်ခြစ်နေသော အစအန။

မီးဖိုပြာထဲမှာ ထိုင်လေ၏။
ဆိုလိုရင်းမှာ အမှိုက်သရိုက် များပစ်ပြီး မီးရှို့ ရသောနေရာကို ရည်ညွှန်းနိုင်ပါသည်။ ထိုကဲ့သို့သောနေရာ၌ ထိုင်ခြင်းသည် နက်ရှိုင်းစွာ ညည်းတွားခြင်း၏ အမှတ်အသားဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အမှိုက်ပုံးပေါ်တွင် ထိုင်သည်"

Job 09

သင်သည် ဖြောင့်မတ်သောတရားကို စွဲလမ်းသေးသလော
ဤအလင်္ကာမြောက်သောမေးခွန်းသည် ပြောဆိုပုံကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် သင်၏ ဖြောင့်မတ်ခြင်းတရားကို မစွဲလမ်းသင့်တော့ပါ"

ဘုရားသခင်ကို စွန့်ပယ် ၍
ဘုရားကို ငြင်းပယ်ပါ။

မိန်းမမိုက်ပြောတတ်သကဲ့သို့ သင်သည်ပြော၏။
သင်သည် မိုက်မဲသော မိန်းမကဲ့သို့ ပြော၏။

ငါတို့သည် ဘုရား သခင်၏လက်တော်မှ သုခချမ်းသာကို ခံယူသည်ဖြစ်၍၊ ဒုက္ခဆင်းရဲကို မခံမယူရာသလောဟုဆို၏။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါတို့သည် ဘုရားသခင်ထံမှ ကောင်းသောအရာကို လက်ခံရရှိသကဲ့သို့ ဒုက္ခကိုလည်း မခံမယူ ရသလော"

သုခချမ်းသာကို ခံယူသည်ဖြစ်၍
ကောင်းသောအရာများ အားလုံးထံမှ အကျိုးတရား။


generated on Tue Jul 2 12:50:28 2024

သုခချမ်းသာ
ဤအရာသည် ဘုရားသခင်က ပေးထားသော သုခချမ်းသာကို ရည်ညွှန်းထားပါသည်။

ဒုက္ခဆင်းရဲကို မခံမယူရာသလော
ညည်းတွားခြင်းမရှိဘဲ ဒုက္ခဆင်းရဲများကို ခံစားသည်။

ဒုက္ခဆင်းရဲ
ဤအရာသည် ဘုရားသခင်က ပြုလုပ်သော ဒုက္ခဆင်းရဲများ သို့မဟုတ် ခွင့်ပြုထားသော အတွေ့အကြုံများအားလုံးကို ရည်ညွှန်းထားပါသည်။

နှုတ်ဖြင့်မျှမမှားယွင်း။
ဤတွင် "နှုတ်" ဟူသည်မှာ ပြောဆိုကျင့်ကြံသော အရာကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အပြောဖြင့် ဘုရားသခင်ကို ဆန့်ကျင် ပုတ်ခတ်သည်"

Job 11

ဧလိဖတ်၊ ရှုအာ အမျိုးသားဗိလဒဒ်၊ နေမတ်အမျိုးသားဇောဖါတည်း ဟူသော ယောဘ၏အဆွေခင်ပွန်း သုံးယောက်တို့သည်
ဧလိဖတ်၊ ဗိလဒတ် နှင့် ဇောဖာတို့သည် လူနာမည်များဖြစ်ကြသည်။ တေမန်သည် ဧဒုံမြို့တော်ဖြစ်သည်။ ရှုအာတို့သည် အာဗြဟံနှင့်ကေတုရတို့၏ ဆွေစဉ်မျိုးဆက်ဖြစ်သည် (ကမ္ဘာဦးကျမ်း 25:1)။ နေမတ်သည် ခါနန်၏ မြို့တော်ဖြစ်သည်။ (ရှု၊

ချိန်းချက်သည်အတိုင်း၊
သတ်မှတ်သည့် အချိန်အတိုင်း။

ယောဘနှင့်အတူ ညည်းတွား၍ သူ့ကိုနှစ်သိမ့်စေခြင်းငှါ
ဤတွင် "ညည်းတွား၍" နှင့် "နှစ်သိမ့်စေခြင်း" ဟူသည် အဓိပ္ပါယ်အတူတူပင်ဖြစ်သည်။ သူ့ သူငယ်ချင်းများသည် ညည်းတွားခြင်းအားဖြင့် ယောဘကို နှစ်သိမ့်ကြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူခံစားသောအရာများကို ကူညီပေးရန် ယောဘနှင့်အတူ ညည်းတွားကြသည်။"

Job 12

ထိုသူတို့သည် အဝေးကမျှော်ကြည့်၍
"စူးစူးစိုက်စိုက် ကြည့်သည်" သို့မဟုတ် "ဂရုစိုက်စွာ ကြည့်သည်"

ယောဘကို မသိလျှင်၊
ဤအရာဆိုလိုရင်းမှာ ယောဘထံသို့ လာလည်သောသူတို့သည် အဝေးမှ မြင်ကြသောအခါ အစပိုင်းတွင် သူ့ကို မမှတ်မိကြပါ။ သူ့ကိုယ်၌ ရှိသော အနာကြောင့် ယောဘသည် အရင်ပုံမှန်ကဲ့သို့ မဟုတ်ဘဲ ခြားနားသွားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ့ကို မှတ်မိရုံမျှသာ ရှိကြသည်။"

အသံကိုလွှင့်၍ ငိုကြွေးကြ၏
"သူတို့သည် ရှိုက်ကြီးတငင် ငိုကြသည်" သို့မဟုတ် "သူတို့သည် ကျယ်လောင်စွာ ငိုကြသည်"။

မိမိတို့ဝတ်လုံကိုဆုတ်၍
ဤအရာသည် ညည်းတွားငိုကြွေးခြင်း၏ အမှတ်လက္ခဏာဖြစ်သည်။

မြေမှုန့်ကို ယူပြီးလျှင် မိမိတို့ ခေါင်းပေါ်သို့ကျရောက်စေခြင်းငှါ၊ မိုဃ်းကောင်းကင်သို့ ပစ်တင်ကြ၏။
ဤအရာများသည် ညည်းတွားခြင်း၏ အမှတ်လက္ခဏာများဖြစ်သည်"။

---

## Translation Questions

Job 2:1

ထာဝရဘုရားရှေ့တော်၌ သူတို့သည် ခစားခြင်းငှာလာသောအခါ မည်သူက ဘုရားသခင်၏ သားတို့နှင့် အတူလာသနည်း။
စာတန်သည် သူတို့နှင့် အတူ ခစားခြင်းငှာလာသည်။

စာတန်လုပ်နေသည့်အရာကို ထာဝရဘုရားထံ မည်ကဲ့သို့ ပြောခဲ့သနည်း။
စာတန်က မြေကြီးပေါ်မှာ လှည့်လည်၍ အရပ်ရပ်သွားလာခြင်း အမှုထဲကလာပါသည်ဟု ပြောခဲ့သည်။

Job 2:3

စာတန်၏ ချဉ်းကပ်မှုပြီးနောက် ယောဘသည် ဘာကိုဆက်လုပ်ရန် ထာဝရဘုရားက ပြောခဲ့သနည်း။
ယောဘသည် ဖြောင့်မတ်သောသဘောကို စွဲလမ်းလျက်နေသည်ဟု ပြောခဲ့သည်။

Job 2:4

ယောဘသည် ဘုရားသခင်ကို စွန့်ပယ်ရန် စာတန်က မည်ကဲ့သို့ အလိုရှိသနည်း။
စာတန်သည် ယောဘ၏ အရိုးနှင့် အသားကို နာကျင်ထိခိုက်ရန် အလိုရှိသည်။

Job 2:7

စာတန်သည် ယောဘ၏ ခန္ဓာကိုယ်ကို မည်ကဲ့သို့ နှိပ်စက်ခဲ့သနည်း။
စာတန်သည် ယောဘ၏ ခြေဘဝါးမှသည် ဦးထိပ်တိုင်အောင် ဆိုးသော အနာစိမ်းများကို ပေါက်စေ၍ နှိပ်စက်ခဲ့သည်။

ယောဘသည် သူ၏နာကျင်ခြင်းကို သက်သာစေဖို့ မည်သို့လုပ်ခဲ့သနည်း။
ယောဘသည် ကိုယ်ကို ခြစ်စရာ အိုးခြမ်းကို ကိုင်ယူ၍ မီးဖိုပြာထဲမှာ ထိုင်နေခဲ့သည်။

Job 2:9

ယောဘ၏ မယားက သူ့ကို မည်သည့်အရာပြုလုပ်ရန် အလိုရှိသနည်း။
ယောဘ၏ မယားက ဘုရားသခင်ကို ကျိန်ဆဲ၍ သေရန် အလိုရှိသည်။

ယောဘသည် သူ့မယားအား မည်သို့ပြစ်တင်ခဲ့သနည်း။
ယောဘသည် သူ၏မယားအား ငါတို့သည် ဘုရားသခင်၏ လက်တော်မှ သုခချမ်းသာကို ခံယူ၍ ဒုက္ခဆင်းရဲကို မခံယူရဟု သူမ စဉ်းစားကြောင်း ပြစ်တင်ခဲ့သည်။

Job 2:11

ယောဘ၏ သူငယ်ချင်းသုံးယောက်တို့သည် သူ၌ ဤအမှုကြီးကို သိတင်းကြားသောအချိန်တွင် ဘာလုပ်ခဲ့သနည်း။
ယောဘနှင့် အတူညည်းတွား၍ သူ့ကို နှစ်သိမ့်ပေးခဲ့ကြသည်။

Job 2:12

သူတို့ကို တွေ့သောအခါ ယောဘ၏ သူငယ်ချင်းသုံးယောက်တို့သည် သူတို့၏ ပူဆွေးမှုကို မည်ကဲ့သို့ပြသခဲ့သနည်း။
သူတို့သည် အသံကို လွှင့်၍ ငိုကြွေးခြင်း၊ အသီးအသီးသူတို့ ဝတ်လုံကို ဆုတ်၍ မြေမှုန့်ကို ယူပြီးလျှင် သူတို့ ခေါင်းပေါ်သို့ ကျရောက်စေ၍ ခုနစ်ရက်ပတ်လုံး ယောဘနှင့်အတူ မြေပေါ်မှာထိုင်၍ နေခဲ့ကြသည်။

## Chapter 3

1 ထိုနောက်၊ ယောဘသည် နှုတ်ကိုဖွင့်၍ 2 မိမိဘွားသောနေ့ရက်ကို ကျိန်ဆဲလျက် မြွက်ဆိုသည်ကား။ 3 ငါဘွားသော
နေ့ရက်ပျက်စီးပါစေ။ သားယောကျ်ားကို ပဋိသန္ဓေယူပြီဟုသိတင်းကြားပြောသော ညဥ့်လည်း ပျက်စီးပါစေ။ 4 ထိုနေ့ရက်မိုက်ပါစေ။
ဘုရားသခင်သည် မျက်နှာပြုတော်မမူပါစေနှင့်။ အလင်းမပေါ်ထွန်းပါ စေနှင့်၊ 5 မှောင်မိုက်၊ သေမင်းအရိပ်သည် ထိုနေ့ရက်
အသရေကို ရှုတ်ချပါစေ။ မိုဃ်းတိမ်ထပ် လွှမ်းမိုးပါစေ။ မွန်းတည့်အရှိန်ဖြင့် ကြောက်မက်ဘွယ် ဖြစ်ပါစေ။ 6 ထိုညဥ့်သည်မှောင်မိုက်၌
ပျောက်ပါစေ။ နှစ်စဉ် နေ့ရက်တို့နှင့် မပေါင်းပါစေနှင့်၊ 7 လအရေအတွက်၌ မဝင်ပါစေနှင့်။ အော်၊ ထိုညဥ့်သည်ဆိတ်ညံပါစေ။
ရွှင်လန်းသောအသံမရှိပါ စေနှင့်။ 8 နေ့ရက်ကိုရွေး၍ ကျိန်ဆဲတတ်သောသူ၊ မိကျောင်းကို ထစေတတ်သောသူတို့သည် ထိုညဥ့်ကို
ကျိန်ဆဲပါစေ။ 9 ညဦးယံကြယ်တို့သည် မိုက်ပါစေ။ ထိုညဥ့်သည် အလင်းကိုတောင့်တ၍ မရပါစေနှင့်။ နံနက်မိုဃ်းလင်း ကို
မမြင်ပါစေနှင့်။ အကြောင်းမူကား၊ 10 ငါ့အမိ၏ဝမ်းကို ပိတ်မထား၊ ဒုက္ခဆင်းရဲကို ငါမမြင်စေခြင်းငှါ မကွယ်မကာ။ 11
ငါသည်မွေးစက အဘယ်ကြောင့်မသေသနည်း။ အမိဝမ်းထဲမှ ထွက်စက အဘယ်ကြောင့် အသက်မချုပ် သနည်း။ 12
ငါ့ကိုအဘယ်ကြောင့် ပိုက်ပွေ့ရသနည်း။ အဘယ်ကြောင့် နို့တိုက်ရသနည်း။ 13 ထိုသို့မပြုလျှင် ငါသည်အိပ်၍ငြိမ်းပြီ။
ပျော်လျက်နေရပြီ။ 14 မြို့ပျက်တို့ကို ပြင်ဆင်ပြုစုသော လောကီရှင်ဘုရင်၊ 15 မှူးမတ်တို့နှင့်၎င်း၊ ရွှေကိုရတတ်၍ ဘဏ္ဍာတိုက်၌
ငွေကိုအပြည့်သိုထားသောမင်းတို့နှင့်၎င်း ငါငြိမ်းရပြီ။ 16 သို့မဟုတ် အချိန်နေ့လမစေ့မှီ မွေးသောသူငယ်၊ အလင်းကို
မမြင်ရသောသူငယ်ကဲ့သို့ ငါပျက်စီးရပြီ။ 17 ထိုအရပ်၌ လူဆိုးတို့သည် နောက်တဖန်မနှောင့်ရှက်ရ။ ပင်ပန်းသောသူသည်တို့သည်
ချမ်းသာ ရကြ၏။ 18 အချုပ်ခံရသောသူတို့သည်လည်း အတူငြိမ်ဝပ်ရကြ၏။ ညှဥ်းဆဲသောသူ၏စကားသံကိုမကြားရကြ။ 19
ထိုအရပ်၌ ကြီးသောသူနှင့် ငယ်သောသူရှိကြ၏။ ကျွန်သည်လည်း သခင်လက်နှင့်လွတ်ရ၏။ 20 ဒုက္ခဆင်းရဲခံရသောသူအား
အဘယ်ကြောင့်အလင်းကိုပေးသနည်း။ စိတ်နှလုံးခါးသောသူအား အဘယ်ကြောင့် အသက်ကိုပေးသနည်း။ 21 သူတို့သည် သေခြင်းကို
တောင့်တ၍မရနိုင်။ ဝှက်ထားသော ဥစ္စာကိုဘော်ခြင်းငှါ တူးသည် ထက်သေ ခြင်းအကြောင်းကို ဘော်ခြင်းငှါ သာ၍ထူးကြ၏။ 22
သူတို့သည်သင်္ချိုင်းတွင်းကို တွေ့သောအခါ အလွန်ဝမ်းမြောက်၍ အထူးသဖြင့် ရွှင်လန်းကြ၏။ 23 မိမိသွားသောလမ်း
ကွယ်ပျောက်သောသူ၊ ဘုရားသခင်ဆီးကာ ချုပ်ထားသောသူအား အလင်းနှင့် အသက်ကို အဘယ်ကြောင့် ပေးသနည်း။ 24
အစာစားခြင်းအရာ၌ ငါညည်းတွားခြင်းရှိ၏။ ငိုကြွေးမြည်တမ်းခြင်း မျက်ရည်သည်လည်း ရေစီးသကဲ့သို့ ဖြစ်၏။ 25 ငါကြောက်သော
အမှုသည် ငါ၌ရောက်လာပြီ။ ငါအလွန်ကြောက်သောဘေးသည် ငါ့ကိုတွေ့မိပြီ။ 26 ငါသည်ငြိမ်ဝပ်ခြင်းမရှိ။ ချမ်းသြေခြင်းမရှိ။
သက်သာခြင်းမရှိ။ ဒုက္ခဆင်းရဲသက်သက်ရှိသည်ဟု မြွက်ဆို လေ၏။

---

Job 01

ယောဘသည် နှုတ်ကိုဖွင့်၍
"စတင်၍ စကားပြောသည်"

ငါဘွားသော နေ့ရက်ပျက်စီးပါစေ၊ ညဥ့်လည်း ပျက်စီးပါစေ
ယောဘသည် နေ့နှင့် ညကို လူကဲ့သို့ ပြောဆိုထားပါသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် မဖွားမြင်လာခဲ့လျှင်
ကောင်းပေ၏"

သားယောကျ်ားကို ပဋိသန္ဓေယူပြီဟုသိတင်းကြားပြောသော
ဤဖော်ပြချက်သည် ယောဘ၏ ပူဆွေးမှုကို
သူ့အားပဋိသန္ဓေစွဲစဉ် အချိန်ကစပြီး ကြာကြာသွားနေသော
ကာလကို အရှိန်မြင့်စေသည်။ အခြားသောဘာသာပြန်ဆိုချက်၊
"သားယောကျ်ားကို ပဋိသန္ဓေ ယူသော ညလည်း ပျက်စီးပါစေ"

သိတင်းကြားပြောသော ညဥ့်လည်း ပျက်စီးပါစေ။
ဤတွင် ညကို စကားပြောနိုင်သော လူကဲ့သို့ ပြောဆိုထားပါသည်။
ဘာသာပြန်သူအနေဖြင့် မည်သို့ပင်ဖြစ်စေ တင်စားထားသော
နည်းလမ်းကို လျှော့နည်းအောင် ပြန်ဆိုရန်ရွေးချယ်နိုင်ပါသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "လူများ ပြောကြားသော ည"

သားယောကျ်ားကို ပဋိသန္ဓေယူပြီဟု
အခြားသောဘာသာပြန်ဆိုချက်၊ "သူ့အမေသည်
ယောကျ်ားကလေးကို ပဋိသန္ဓေ ယူပြီးပြီ"

Job 04

ယေဘုယျအချက်အလက်
ဖော်ပြချက်များသည် ယောဘ၏ အဖြစ်ချင်ဆုံးသော
ဆန္ဒများအကြောင်း ဖြစ်ပါသည်။ ထိုနေ့ရက်များကို
မရှိခဲ့ဘူးသော အချိန်အဖြစ် သတ်မှတ်သော်လည်း အမှန်မှာ
ဖျောက်ဖျက်၍ မရသော နေ့ရက်များပင် ဖြစ်သည်။ UDB တွင်
ဘာသာပြန်သည်အတိုင်း "ငါဖွားမြင်သော နေ့ရက်သည်
နက်မှောင်ပိတ်ပင်သောအချိန် ဖြစ်စေလို၏" ဟု
ဘာသာပြန်ဆိုနိုင်သည်။


generated on Tue Jul 2 12:50:28 2024

ထိုနေ့ရက်မိုက်ပါစေ၊ အလင်းမပေါ်ထွန်းပါ စေနှင့်၊
ဤစကားစု နှစ်ခုတို့သည် ယောဘ၏ မွေးဖွားခြင်းနှင့်ဆိုင်သော နေ့ရက်၏ မှောက်မိုက်ဖြစ်သော သူ့နောင်တရသောကို ထပ်ခါပြောဆိုခြင်းကို ဖော်ပြထားပါသည်။ (ရှု၊

ထိုနေ့ရက်မိုက်ပါစေ
ဤအရာက လူ့ဘဝနေ့ရက်များသည် ကြာရှည်စွာ မခံနိုင်ခြင်းကို ဆန္ဒပြုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "နေ့ရက်သည် ပျောက်ကွယ်ပါစေ"

မှောင်မိုက်၊ သေမင်းအရိပ်သည် ထိုနေ့ရက် အသရေကို ရှုတ်ချပါစေ
ဤတွင် မှောင်မိုက်နှင့် သေမင်း၏ အရိပ်ဟူသည်မှာ လူများသည် သူတို့ပိုင်ဆိုင်သောအရာများကို ကြေညာနိုင်သောအရာကဲ့သို့ ပြောဆိုထားပါသည်။ "၎င်း" ဟူသည်မှာ ယောဘ၏ မွေးဖွားသောနေ့ရက်ကို ရည်ညွှန်းထားပါသည်။

သေမင်းအရိပ်
ဤတွင် အရိပ်ဟူသည်မှာ သေခြင်းကို ပုံဆောင်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အရိပ်ကဲ့သို့သော သေခြင်း"

မိုဃ်းတိမ်ထပ် လွှမ်းမိုးပါစေ
သင်တို့ ပစ္စည်းဥစ္စာထဲကထုတ်၍ ငါ့ကိုပေးကြပါ။
ရန်သူလက်မှငါ့ကိုကယ်ယူကြပါ။
"လက်တော်" ဟူသော စကားလုံးသည် တန်ခိုး သို့မဟုတ်
ထိန်းချုပ်မှုကို ပုံဆောင်ထားပါသည်။
အခြားသောဘာသာပြန်ဆိချက်၊ "ငါ့ရန်သူက ငါ့ကို
ထိန်းချုပ်ထားသည်.......ငါ့ကို ဖိနှိပ်သောသူများက
ထိန်းချုပ်ကြသည်။" သို့မဟုတ် "ငါ့ရန်သူ၏ တန်ခိုး......ငါ့ကို
ထိန်းချုပ်သောသူ၏ တန်ခိုး"

ငါ့ကိုကယ်ယူကြပါ။
ငါ့ကို ပြန်ရွေး ဝယ်သည်။

Job 24

ငါ့ကိုဆုံးမကြပါ။
ဤ "သင်ကြားသည်" နှင့် "ပြုလုပ်သည်" ဟူသော
ကြိယာများသည် ဒုတိယပုဂ္ဂိုလ်အများဖြစ်ပြီး သူ့မိတ်ဆွေများကို
ပြောဆိုထားပါသည်။" (ရှု၊

တိတ်ဆိတ်လျက်နေပါမည်။
ဤအရာသည် ဒေသအသုံးစကားဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် တိတ်ဆိတ်စွာ
နေမည်။"

ငါမှားသော အရာကို ငါ့အားဘော်ပြကြပါ။
အခြားသော ဘာသာပြန်ဆိုချက် - "ငါ့ကို နားလည်စေသည်။"
ကြိယာသည် ဒုတိယပုဂ္ဂိုလ်အများကိန်းဖြစ်သည်။

သင်တို့ ကဲ့ရဲ့သောစကားသည် အဘယ်မှာနေရာကျသနည်း။
ယောဘက သူ့မိတ်ဆွေများ ပြောဆိုသော စကားသည်
ခံယူလိုက်နာရန် မဖြစ်နိုင်ကြောင်းကို အထူးပြုစေရန်နှင့်
သူ့မိတ်ဆွေများကို အပြစ်ဖော်ပြရန် ဤမေးခွန်းကို
အသုံးပြုထားပါသည်။ ၎င်းကို စကားပြောအဖြစ်
ရေးသားနိုင်ပါသည်။ အခြားသော ဘာသာပြန်ဆိုချက်၊
"သင်တို့သည် ငါ့အားမျက်နှာထား တင်းတင်းဖြင့်
ပြုပြင်သော်လည်း သင်တို့၏ အပြစ်ဖော်ပြခြင်း
အကြောင်းရင်းများသည် ငါ့အတွက် လိုက်လျှောက်စရာ မရှိပါ။"

သင်တို့ ကဲ့ရဲ့သောစကား
"သင်၏ အကြောင်းရင်း" သို့မဟုတ် "သင်၏ ကြေညာချက်များ"

Job 26

ငါစကားပြောရုံကာမျှကို အပြစ်တင်မည်ကြံစည်ကြသလော။
မျှော်လင့်စရာမရှိသောသူ ပြောသော စကားသည် လေသက်သက်ဖြစ်၏။
ယောဘက သူ့မိတ်ဆွေများကို ဆူရန် ဤအလင်္ကာမေးခွန်းကို
အသုံးပြုထားပါသည်။ သူသည် သူ့မိတ်ဆွေများက
ကျင့်ကြံပြုမူသော စကားလုံးများသည် ဗလာဖြစ်ပြီး
အသုံးမဝင်သောအရာဖြစ်သည်ကို သူ့စကားလုံးအားဖြင့်
ခိုင်းနှိုင်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊
"သင်တို့သည် ငါ၏ စကားများကို လျစ်လျူရှုကြသည်၊ ငါသည်
သီးသန့်နေသောသူ နှင့် သင်တို့သည် ငါ့စကားကို လေကို
ကျက်စားသောအမှုကဲ့သို့ ဆက်ဆံကြသည်။"

ကြံစည်ကြသလော။
"သင်တို့" ဟူသော စကားလုံးသည် ဒုတိယ
ပုဂ္ဂိုလ်အများကိန်းဖြစ်သည်။

အကယ်၍သင်တို့သည် မိဘမရှိသောသူငယ်ကို နှိပ်စက်ကြ၏။
သင်တို့သည် မိဘမရှိသော သူငယ်ကိုပင် အလောင်းအစား လုပ်ကြမည် ဖြစ်သည်။"

အဆွေခင်ပွန်းဘို့ တွင်းကိုတူးကြ၏။
ဤတွင် "သင်တို့ နှင့် "သင်တို့၏" ဟူသည်မှာ ဒုတိယပုဂ္ဂိုလ်အများကို ဆိုလိုသည်။"

ငါ၏စကားပြောရုံကာမျှကို အပြစ်တင်မည်ကြံစည်ကြသလော။
ဤအရာက လူသည် သူ့မိတ်ဆွေများအား ရောင်းစားခြင်းကို ကုန်သည်များ သို့မဟုတ် အထည်ပစ္စည်းများကို ရောင်းခြင်း ကဲ့သို့ ခိုင်းနှိုင်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငွေအတွက် သင့်မိတ်ဆွေများကို ရောင်းစားရန် အစပြုသည်။"

Job 28

ရှုကြပါလော့။
ဤစကားလုံးသည် သတင်းအချက်အလက်များကို မိတ်ဆက်ရန် ယောဘအားဖြင့် အသုံးပြုထားပါသည်။

ငါ့ကိုစိတ်မရှိဘဲကြည့်ရှုကြပါလော့။
"ကြည့်ရှုပါ" ဟူသော ကြိယာသည် ဒုတိယပုဂ္ဂိုလ် အများသုံးဖြစ်သည်။

သင်တို့ရှေ့ မှာ ငါလုပ်ညှာစားသလော။
"သင်တို့၏" ဟူသော ဒုတိယပုဂ္ဂိုလ် အများကိန်း ဖြစ်သည်။

ပြန်၍ဆင်ခြင်ကြပါ။
"ကျေးဇူးပြုပြီး ငါ့ကိုသနားကြပါ။"သို့မဟုတ် "ဤသို့ပြောဆိုခြင်းကို ရပ်တန့်ပေးပါ။ တောင်းပန်ပါ၏။"

ပြန်၍ဆင်ခြင်ကြပါ။
ကျေးဇူးပြုပြီး ဆင်ခြင်ကြပါ။

မတရားသဖြင့်မပြုကြပါ နှင့်။
အခြားသောဘာသာပြန်ဆိုချက်၊ "မျှတစွာ ငါ့အား ဆက်ဆံကြပါ။"

ငါ့လျှာ၌ ကောက်သောသဘောရှိသလော။
ငါသည် မကောင်းသောအရာ ပြောခဲ့သလော။ ယောဘက သူသည် မကောင်းသောသူ မဟုတ်ကြောင်းနှင့် သူ့မိတ်ဆွေများကို အပြစ်ဖော်ပြရန် ဤမေးခွန်းကို အသုံးပြုထားပါသည်။ ၎င်းကို စကားပြောသဘောဖြင့် ရေးသားနိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် မကောင်းသောအရာများ ပြောခဲ့သလော။" ( ရှု၊

ငါ့လျှာ၌ ကောက်သောသဘောရှိသလော။ ငါသည် မြည်းစမ်း၍
လျှာသည် ကိုယ်ထိလက်ရောက် ဘေးဥပဒ်မပြုနိုင်ပါ၊ ထို့ကြောင့် ၎င်းသည် ဆိုးညစ်သော စကားများကို ဖော်ပြရန် အသုံးပြုသော ပုံဆောင်ခြင်း ဖြစ်သည်။

ငါသည် မြည်းစမ်း၍ အပြစ်ပါသောအရာကို ပိုင်းခြား မသိနိုင်သလော။
ယောဘက သူသည် အမှားနှင့်အမှန်ကို ခြားနားစွာပြောနိုင်ကြောင်းကို အထူးပြုစေရန်နှင့် သူ့မိတ်ဆွေများကို ဆုံးမရန် ဤမေးခွန်းကို အသုံးပြုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် ဘယ်အရာ၌ မှားသည်။ ဘယ်အရာမှန်သည်ကို သိ၏။"

---

## Translation Questions

### Job 6:1

ယောဘသည် သူ၏ ဝမ်းနည်းခြင်းနှင့် ဒုက္ခများအား မည်သို့ဖော်ပြသနည်း။
အကယ်၍ သူ၏ ပူဆွေးခြင်းနှင့် ဆင်းရဲခြင်းများအား ချိန်တွယ်မည်ဆိုပါက၊ ထိုအရာသည် သမုဒ္ဒရာသဲလုံးထက်သာ၍ လေးလိမ့်မည်။

### Job 6:4

အနန္တတန်ခိုးရှင်သည် သူ၏ မြှားဖြင့် ယောဘကို မည်သို့ ပြုတော်မူသနည်း။
အနန္တတန်ခိုးရှင်၏ မြှားသည် ယောဘ၌စွဲလျက် ယောဘ၏ ဝိညာဉ်သည် အဆိပ်၌ နှစ်မွန်းလျက်ရှိသည်။

မည်သည့် အစားအစာသည် အရသာမရှိဟု ယောဘပြောသနည်း။
ကြက်ဥအကာသည် မည်သည့်အရသာမျှ မရှိဟု ယောဘပြောသည်။

### Job 6:7

ထာဝရဘုရားထံမှ မည်သည့် ဆုအားပေးသနားရန် ယောဘ တောင့်တသနည်း။
ထာဝရဘုရားသည် သူ့အား ဖျက်ဆီး၍ အသက်နှုတ်ယူရန် ယောဘတောင့်တသည်။

### Job 6:10

အဘယ်အရာသည် ယောဘ၏ နှစ်သိမ့်ခြင်းဖြစ်သနည်း။
သူ၏ နှစ်သိမ့်ရာအကြောင်းမှာ သန့်ရှင်းသောသူ၏ စကားကို သူသည် မငြင်းဆန်ခဲ့ခြင်းပင် ဖြစ်သည်။

### Job 6:12

ယောဘထံမှ မည်သည့် အရာ ကုန်ခမ်းသွားသနည်း။
ယောဘထံမှ ဉာဏ်အစွမ်းသည် ကုန်ခမ်းခဲ့ပြီးဖြစ်သည်။



generated on Tue Jul 2 12:50:28 2024

Job 6:14

အဆွေခင်ပွန်းတစ်ဦးသည် မည်ကဲ့သို့သော သူထံ၌ သစ္စာတရားအားပြအပ်သနည်း။
ဆင်းရဲခြင်းသို့ ရောက်၍ အားနည်းမေးမှိန်လျက်ရှိသော ပုဂ္ဂိုလ်အား အဆွေခင်ပွန်းသည် သစ္စာတရားကို ပြသင့်ပါသည်။

ယောဘသည် သူ၏ ညီအစ်ကိုများကို စမ်းချောင်းတစ်ခုနှင့် မည်ကဲ့သို့ ခိုင်းနှိုင်းသနည်း။
သူတို့သည် တရွေ့ရွေ့ ပျောက်သွားလျက် နွေးသောအခါ ပျက်စီး၍ ပူသောအခါ အရည်ပျော်တတ်ကြ၏။

Job 6:18

ချောင်းတို့၌ ရေရှာရန်လာကြသော ခရီးသွားလူစု၌ မည်သို့ ဖြစ်ပျက်လိမ့်မည်နည်း။
သူတို့သည် လူသူကင်းမဲ့သော မြေ၌ လှည့်လည်၍ ပျက်စီးကြလိမ့်မည်။ စိတ်ပျက်လျက်လှည့်စားခြင်းကို ခံရလိမ့်မည်။

Job 6:21

ယောဘအဖို့သူ၏ မိတ်ဆွေတို့သည် အဘယ်ကြောင့် အချည်းနှီးဖြစ်ကြသနည်း။
သူတို့သည် ယောဘ၏ ကြောက်မက်ဖွယ်သော အခြေနေအား မြင်သောအခါ အလွန်ထိတ်လန့်ကြ၍ ဖြစ်သည်။

Job 6:24

အကယ်၍ မိတ်ဆွေများကို သွန်သင်ပါက သူသည် မည်သို့ ပြုမည်ဟု ယောဘ ပြောသနည်း။
သူသည် ငြိမ်သက်စွာ နေမည်။

Job 6:26

မိမိပြောသော စကားကို မိတ်ဆွေများက မည်သို့ ပြုလုပ်ရန် ကြံစည်ကြသည်ဟု ယောဘ ပြောသနည်း။
သူတို့သည် ယောဘပြောသောစကားကို အပြစ်တင်လျက် လေသက်သက်မျှသာ ဖြစ်သကဲ့သို့ ကဲ့ရဲ့ကြရန် ကြံစည်သည်။

Job 6:28

မိမိအပေါ်တိုက်ခိုက်နေမှုများအား ပြန်လည်သက်ညှာဆင်ခြင်သင့်သည် ဟု မိတ်ဆွေများအား ယောဘက အဘယ်ကြောင့် ပြောသနည်း။
ဤအမှု၌ ယောဘသည် ဖြောင့်မတ်သောကြောင့်ဖြစ်သည်။

## Chapter 7

1 လူတို့သည် မြေကြီးပေါ်မှာ ပင်ပန်းစွာအမှုထမ်း ရသည် မဟုတ်လော။ သူနေရသော နေ့ရက်တို့သည် အငှါးခံသောသူ၏ နေ့ရက်ကဲ့သို့
ဖြစ်သည်မဟုတ်လော။ 2 ကျွန်ခံရသောသူသည် မိုဃ်းချုပ်သောအချိန်ကို တောင့်တ၍၊ အငှါးခံသောသူသည် အခရမည့်အချိန်ကို
မြော်လင့်သကဲ့သို့၊ 3 ထိုနည်းတူငါသည် ဒုက္ခနေ့လတို့နှင့်ဆိုင်ရ၏။ ပင်ပန်းစွာခံရသော ညဉ့်တို့သည်လည်း ငါ၏အငန်း အတာ ဖြစ်၏။
4 အဘယ်အခါမှ ညဉ့်ကုန်၍ ငါထရပါမည်နည်း ဟုငါသည် ညည်းတွားလျက် အိပ်ရ၏။ မိုဃ်းလင်းသည် တိုင်အောင် လိမ့်လျက်
လူးလျက်နေရ၏။ 5 လောက်နှင့်ရွှံ့တို့သည် အဝတ်ကဲ့သို့ ငါ့ကိုယ်ကို ဖုံးလွှမ်းကြ၏။ ငါ့အရေသည်ကွဲ၍ ယိုလျက်ရှိ၏။ 6
ငါ့နေ့ရက်တို့သည် ရက်ကန်းလွန်းထက်မြန်၍ မြော်လင့်ခြင်းမရှိဘဲ လွန်သွားတတ်ကြ၏။ 7 ငါ့အသက်သည်
လေသက်သက်ဖြစ်ကြောင်းကို အောက်မေ့တော်မူပါ။ နောက်တဖန်ကောင်းသော အကျိုးကို ငါမမြင်ရ။ 8 ငါ့ကို မြင်သောသူသည်
နောက်တဖန်မမြင်ရ။ ကိုယ်တော်သည် ကြည့်ရှုတော်မူသောအခါ ငါပျောက်ပါ ပြီ။ 9 မိုဃ်းတိမ်သည် ပြယ်ပျောက်ကွယ်လွင့် သကဲ့သို့၊
သင်္ချိုင်းတွင်းထဲသို့ ဆင်းသောသူသည် နောက်တဖန် မတက်ရ။ 10 မိမိအိမ်သို့မပြန်ရ။ သူ၏နေရင်းအရပ်သည် နောက်တဖန်
သူ့ကိုမသိရ။ 11 ထို့ကြောင့် ငါသည်ကိုယ်နှုတ်ကို မချုပ်တည်း။ စိတ်ပင်ပန်းလျက်နှင့်စကားပြောရ၏။ အလွန်ညှိုးငယ် သော
စိတ်နှင့်မြည်တမ်းရ၏။ 12 ငါသည် ပင်လယ်ဖြစ်သလော။ နဂါးဖြစ်သလော။ ထိုသို့ဖြစ်သောကြောင့် ငါ့ကိုအစောင့်ထား
တော်မူရသလော။ 13 ငါသည်အိပ်၍ သက်သာမည်။ ငါ့ခုတင်သည် ချမ်းသာပေးမည်ဟု ငါဆိုလျှင်၊ 14 ကိုယ်တော်သည်
ကြောက်မက်ဘွယ်သော အိပ်မက်ကိုပေးတော်မူ၏။ ညဉ့်ရူပါရုံအားဖြင့် ငါ့ကို ထိတ်လန့်စေတော်မူ၏။ 15 ငါသည်ကိုယ်အရိုးကို
နှမြောသည်ထက် အသက်ချုပ်၍သေရသောအခွင့်ကို သာ၍ တောင့်တ ပါ၏။ 16 ငါသည်အားလျော့လျက်ရှိ၏။
အစဉ်မပြတ်အသက်မရှင်ရာ။ ငါ့ကိုတတ်တိုင်း ရှိစေတော်မူပါ။ ငါ့အသက်သည် အခိုးအငွေ့ဖြစ်၏။ 17 ကိုယ်တော်သည်
လူကိုပမာဏပြု၍ စိတ်စွဲလမ်း တော်မူမည်အကြောင်း၊ 18 သူ့ကိုနံနက်တိုင်း အကြည့်အရှုကြွလာ၍၊
ခဏခဏစုံစမ်းတော်မူမည်အကြောင်း၊ လူသည် အဘယ်သို့သောသူဖြစ်ပါသနည်း။ 19 အဘယ်ကာလမှ ငါ့ကိုမကြည့်မရှု မျက်နှာ
လွှဲတော်မူမည်နည်း။ ငါသည်ကိုယ်တံထွေးကို မျိုရသည် တိုင်အောင်၊ အဘယ်ကာလမှ တတ်တိုင်းရှိစေတော် မူမည်နည်း။ 20
လူကိုစောင့်တော်မူသောအရှင်၊ အကျွန်ုပ်အပြစ် ရှိသည်မှန်ပါစေတော့။ ကိုယ်တော်ရှေ့မှာ အဘယ်သို့ ပြုရပါမည်နည်း။ အကျွန်ုပ်သည်
ကိုယ်ကိုကိုယ်ရွံ့ရှာရ သည်တိုင်အောင် အကျွန်ုပ်ကို အဘယ်ကြောင့် ပစ်စရာ စက်သွင်းတော်မူသနည်း။ 21 အကျွန်ုပ်ပြစ်မှားခြင်းကို
အဘယ်ကြောင့် သည်းခံတော်မမူသနည်း။ အကျွန်ုပ်အပြစ်ကို အဘယ် ကြောင့် ဖြေရှင်းတော်မမူသနည်း။ ယခုမှာအကျွန်ုပ်သည်
မြေမှုန့်၌အိပ်ရပါမည်။ ကိုယ်တော်သည် နံနက်အချိန်၌ ရှာတော်မူသောအခါ၊ အကျွန်ုပ်မရှိပါဟု မြွက်ဆို၏။

---

Job 01

ယောဘုယျအချက်အလက်
စာရေးသူက သူ ခံစားခဲ့ရသော အရာများသည် လူသားများအားလုံး ကြုံတွေ့တတ်သော ဒုက္ခမျိုးဖြစ်ကြောင်းကို အထူးပြုရန် အသုံးပြုထားသော ခြားနားချက်နှစ်ခု အမြင်ကို ပုံဆောင်ပေးရန် ဆက်လက်ပြီး အပြိုင်အဆိုင် အဖြစ်ဖော်ဆောင်သည်။ ( ရှု၊

လူတို့သည် မြေကြီးပေါ်မှာ ပင်ပန်းစွာအမှုထမ်း ရသည် မဟုတ်လော။
ယောဘက လူသားများသည် ပင်ပန်းစွာ လုပ်ဆောင်နေရသော သူ၏ အတွေ့အကြုံကို အထူးပြုစေရန် ဤအနုတ်လက္ခဏာဆောင်မေးခွန်းကို ထုတ်ထားပါသည်။ ၎င်းကို အပြုသဘောဆောင်အနေဖြင့်လည်း ဖော်ပြနိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လောက၌ ရှိသော လူသားတိုင်းအတွက် ပင်ပန်းသော အလုပ်ရှိသည်"

မြေကြီးပေါ်မှာ
ဤအရာသည် မြေကြီးပေါ်တွင် နေထိုင်သော လူများအချိန်အတွက် ယေဘုယျကောက်ချက်ချခြင်း ဖြစ်သည်။

အခြားသောဘာသာပြန်ဆိုချက်၊ "သူသည်လောက၌ အသက်ရှင်စဉ်တွင်"

သူနေရသော နေ့ရက်တို့သည် အငှါးခံသောသူ၏ နေ့ရက်ကဲ့သို့ ဖြစ်သည်မဟုတ်လော
ယောဘက လူသားများသည် ဘဝတွင် ရုန်းကန်ရသောအရာကို သူ၏ သိရှိခြင်းအားအထူးပြုစေရန် ဤအပျက်သဘောဆောင်သော မေးခွန်းကို ထုတ်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့၏ နေ့ရက်များသည် အငှားခံသောသူ၏ နေ့ရက်ကဲ့သို့ဖြစ်သည်"

အငှါးခံသောသူ
နေ့စား အလုပ်သမားတစ်ယောက်ဖြစ်သည်။ ဤအရာသည် တစ်ချိန်တစ်ခါက အလုပ်လုပ်ခဲ့သောသူနှင့် နေ့ကုန်သောအခါ အခကို ပေးချေသည်။

အငှါးခံသောသူ...........ကျွန်ခံရသောသူ
ယောဘသည် သူ၏ ငြီးငွေ့စရာကောင်းသော အရာနှင့် ဒုက္ခပြဿနာများကို ကျွန်နှင့် အငှားသမားကဲ့သို့ ခိုင်းနှိုင်းထားပါသည်။


generated on Tue Jul 2 12:50:28 2024

မိုယ်းချုပ်သောအချိန်ကို တောင့်တ၍
အေးမြသော အရိပ်အောက်။ ရည်ညွှန်းထားသော သတင်းအချက်အလက်များသည် မိုယ်းချုပ်သောအခါ အအေးဓါတ်ကို ပေးပြီး နေမှ အရိပ်ကို ဆိုလိုပါသည်။

အခရမည့်အချိန်ကို မျော်လင့်သကဲ့သို့
သူ၏ ပေးချေမှုကို စောင့်ဆိုင်းသည်။

ထိုနည်းတူငါသည် ဒုက္ခနေ့လတို့နှင့်ဆိုင်ရ၏။ ပင်ပန်းစွာခံရသော ညဥ့်တို့သည်လည်း ငါ၏အငန်း အတာ ဖြစ်၏
အခြားသောဘာသာပြန်ဆိုချက်၊ "နာကျင်မှုဝေဒနာ လကုန်ဆုံးခြင်းကို ငါသည်းခံသည်။ ညများတွင် ဒုက္ခပြဿနာများ ရင်ဆိုင်ရသည်။" ( ရှု၊

ဒုက္ခနေ့လတို့နှင့် ဆိုင်ရ၏
စိတ္တဇ နာမ်ဖြစ်သော "ဒုက္ခဝေဒနာ" ကို နာမဝိသေသန ဖြစ်သော "ကံဆိုးမိုးမှောင် ကျရောက်ခြင်း" အဖြစ်ဘာသာပြန်ဆိုနိုင်သည်။

Job 04

အဘယ်အခါမှ ညဥ့်ကုန်၍
ရည်ညွှန်းထားသော အချက်များသည် ယောဘအနေဖြင့် ညတွင် အိပ်စက်ရန် လဲလျောင်းသောအချိန် ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် အိပ်စက်ရန် လဲလျောင်းသောအခါတွင်" ( ရှု၊

ငါသည် ညည်းတွားလျက်
ယောဘက မည်သူတစ်စုံတစ်ဦးကိုမှ ရည်ရွယ်ပြီး မေးခွန်းထုတ်ခြင်း မဟုတ်ပါ။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ မေးမြန်းသည်" သို့မဟုတ် "ငါ အံ့သြသည်"

အဘယ်အခါမှ ညဥ့်ကုန်၍ ငါထရပါမည်နည်း ဟုငါသည် ညည်းတွားလျက် အိပ်ရ၏။
ယောဘက သူအိပ်စက်နေသင့်သော အချိန်နာရီအတွင်း ပြင်းထန်သော ဒုက္ခခံစားမှုများကို အထူးပြုစေရန် ဤမေးခွန်းကို ထုတ်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် နိုးထရန် ဆန္ဒရှိသော်လည်း ညသည်ဆက်ပြီး ရှိနေဆဲဖြစ်သည်။

မိုယ်းလင်းသည် တိုင်အောင် လိုမ့်လျက် လူးလျက်နေရ၏
အရှေ့အနောက် လူးလိုမ့်နေရသည်။ ယောဘသည် အနားယူခြင်းမရှိပဲ သူအိပ်ရာတွင် ရွေ့လျားနေသောအရာကို ရည်ညွှန်းထားပါသည်။

လောက်နှင့်ရွှံ့တို့သည် အဝတ်ကဲ့သို့ ငါ့ကိုယ်ကို ဖုံးလွှမ်းကြ၏
လောက်နှင့် ရွှံ့တို့သည် အဝတ်အစားဖြစ်ခဲ့လျှင် ယောဘအား ဖုံးလွှမ်းထားသည်ကို ပုံဆောင်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့ ခန္ဓာကိုယ်၌ လောက်နှင့် ရွှံ့တို့သည် ဖုံးလွှမ်းထားသည်။"

ငါ့ကိုယ်ကို
ဤအရာသည် ခန္ဓာကိုယ်တစ်ခုလုံးကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့ ခန္ဓာကိုယ်" ( ရှု၊

ရွှံ့တို့သည်
ဖြစ်နိုင်သော အဓိပ္ပါယ်များမှာ - (၁) အတုံး သို့မဟုတ် ညစ်ပတ်ပေညစ်သောအရာ၊ သို့မဟုတ် (၂) "အရေပြားတွင် ပွေးကွက်ပါသော"

ငါ့အရေသည်ကွဲ၍ ယိုလျက်ရှိ၏။
အသားအရေသည် ရွှံ့ကဲ့သို့အရည်ရွဲလျှက်ရှိသည်။

Job 06

ယောဘုယျအချက်အလက်
စာရေးသူက ယောဘ၏ အသက်တိုခြင်း အာရုံကို အထူးပြုစေရန် အသုံးပြုထားသော ခြားနားချက် စကားပြောနှစ်ခု အမြင်ကို သယ်ဆောင်ပေးသော အပြိုင်အဆိုင်ကို အသုံးပြုရန် ဆက်လက်ပြောဆိုထားသည်။ (ရှု၊

ရက်ကန်း
အပ်ချည် သို့မဟုတ် ချည်ငင်ဖြင့် အဝတ်အစား ယက်လုပ်သောသူ။

ငါ့နေ့ရက်တို့သည် ရက်ကန်းလွန်းထက်မြန်၍ မျော်လင့်ခြင်းမရှိဘဲ လွန်သွားတတ်ကြ၏။
ယောဘက သူ့ဘဝ၏ လျင်မြန်မှုကို ရက်ကန်းယက်သောအရာနှင့် ခိုင်းနှိုင်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့ဘဝနေ့ရက်များသည် လျင်မြန်စွာ လွန်သွားပါသည်" (ရှု၊

ရက်ကန်းလွန်း
အဝတ်အစား ယက်လုပ်ရာတွင် ယက်ကန်းစင်တွင် ခေါက်တုန့်ခေါက်ပြန် လူးလွင့်နေသော အရာ ဖြစ်သည်။

အောက်မေ့တော်မူပါ
မှတ်သားပါ။ "အောက်မေ့တော်မူပါ" ဟူသော စကားစုသည် ဘုရားသခင်ကို မေ့ပျောက်သည်ဟု ဆိုလိုခြင်းမဟုတ်ပါ။ ယောဘသည် သူ့ဘဝ၏ တိုတောင်းကြောင်းကို စဥ်းစားရန် သို့မဟုတ် ဆင်ခြင်ရန် ဘုရားသခင်အား တောင်းလျှောက်ထားသည်။

ငါ့အသက်သည် လေသက်သက်ဖြစ်ကြောင်း
ယောဘက သူ့အသက်တိုခြင်းကို လေရှူသော အသက်တာကဲ့သို ခိုင်းနှိုင်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့အသက်သည် လေကို အသက်ရှူသကဲ့သို့ တိုတောင်းလှပါသည်"

နောက်တဖန်ကောင်းသော အကျိုးကို ငါမမြင်ရ။
ဤတွင် "ငါ့မျက်စိ" ဆိုသည်မှာ ယောဘက သူ့၏ ခန္ဓာကိုယ်တစ်ခုလုံးကို မြင်တွေ့နိုင်သော အတွေ့အကြုံများကို

ပုံဆောင်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် မည်သည့်အခါမှ ကောင်းသောအရာကို ကြုံတွေ့မည် မဟုတ်ပါ"

Job 08

ယောဘုယျအချက်အလက်
စာရေးသူက ယောဘ၏ အတွေးအခေါ်သည် ဘုရားသော်လည်းကောင်း၊ သူတွေ့ဖူးသော လူများသော်လည်းကောင်း သေပြီးနောက် ထပ်ပြီးပြန်တွေ့ရမည်မဟုတ်ကြောင်းကို အထူးပြုစေရန် အသုံးပြုထားသည့် ခြားနားချက် နှစ်ခု အမြင်ကို သယ်ဆောင်ပေးသောအပြိုင်အဆိုင်ကို ဆက်လက်ပြီးအသုံးပြုရန်လုပ်ဆောင်သည်။ (ရှု၊

ငါ့ကို မြင်သောသူသည် နောက်တဖန်မမြင်ရ
အများသော ကျမ်းစာဘာသာပြန်ဆိုချက်များက ဤအရာကို "မျက်စိဖြင့်တွေ့မြင်ခဲ့ဖူးသော သူများကို ငါတွေ့ရမည်မဟုတ်ပါ။" "ဘုရားသခင်" ဟူသော စကားလုံးသည်ပေါင်းစပ်ထားသော စကားစုဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုအရာများသည် စကားစပ်အဖြစ် သွယ်ဝိုက်ပြောဆိုထားသောကြောင့်ဖြစ်သည်။

ကိုယ်တော်သည် ကြည့်ရှုတော်မူသောအခါ ငါပျောက်ပါ ပြီ
ဤတွင် ဘုရားသခင်ဟူသည်မှာ သူကြည့်သောအရာကို အထူးပြုစေရန် "သူ့မျက်စိ" ဖြင့် ကိုယ်စားပြုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့ကို စောင့်ကြည့်သော ဘုရားသခင်သည်...... ငါ့ကို ရှာဖွေတော်မူမည်"

မိုဃ်းတိမ်သည် ပြယ်ပျောက်ကွယ်လွင့် သကဲ့သို့၊ သင်္ချိုင်းတွင်းထဲသို့ ဆင်းသောသူသည် နောက်တဖန် မတက်ရ။
ယောဘက သေခြင်းကို ကွယ်ပျောက်တတ်သော တိမ်တိုက်များကဲ့သို့ ဖော်ပြထားပါသည်။

မိုဃ်းတိမ်သည် ပြယ်ပျောက်ကွယ်လွင့် သကဲ့သို့၊
ဤအရာကို အပြုသဘောဖြင့် ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မိုးတိမ်သည် ကွယ်ပျောက်သကဲ့သို့"

သင်္ချိုင်းတွင်းထဲသို့ ဆင်းသောသူသည် နောက်တဖန် မတက်ရ
သေသောသူသည် တဖန် ပြန်မလာပါ။

သူ၏နေရင်းအရပ်
"သူ၏ နေရင်းအရပ်" ဟူသော စကားလုံးသည် ဤအရပ်တွင် နေထိုင်သော သူများကို ဆိုလိုပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဤအရပ်တွင် နေထိုင်သောသူ" သို့မဟုတ် "သူ့ မိသားစု" ( ရှု၊

Job 11

ထို့ကြောင့် ငါသည် ကိုယ်နှုတ်ကို မချုပ်တည်း။ စိတ်ပင်ပန်းလျက်နှင့် စကားပြောရ၏
ယောဘက သူသည် တိတ်ဆိတ်စွာ မနေရမည့်အကြောင်းကို အထူးပြုစေရန် အသုံးပြုထားသော ခြားနားသောစကားပြော အမြင်နှစ်ခုကို သယ်ဆောင်ပေးသည်။ (ရှု၊

ငါသည်ကိုယ်နှုတ်ကို မချုပ်တည်း
ဤတွင် "နှုတ်" ဆိုသည်မှာ စကားကို ပုံဆောင်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် ငါ့စကားကို မထိန်းချုပ်နိုင်ပါ" (ရှု၊

အလွန်ညှိုးငယ် သော စိတ်နှင့်မြည်တမ်းရ၏။
"ညှိုးငယ်သော ငါ့ စိတ်ထဲတွင်" သို့မဟုတ် "ဒုက္ခဝေဒနာ ခံစားနေရသော အထဲတွင်"။ ဤ စိတ္တဇနာမ် ဖြစ်သော "အလွန်ညှိုးငယ်သော စိတ်" ဟူသည် ကြိယာစကားလုံးဖြစ်သော စိတ်ဖိစီးသည်" ဟူ၍လည်း ဘာသာပြန်ဆိုနိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့ စိတ် ထိခိုက်သောအခါ"

စိတ်နှင့်မြည်တမ်းရ၏
ဤတွင် ဝမ်းနည်းခြင်းဟူသည် ခါးသီးခြင်း နှင့် "စိတ်" ဖြစ်သော လူတစ်ယောက်လုံးကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဒေါသနှင့် စိတ်ဆိုးခြင်း" ( ရှု၊ and

ငါသည် ပင်လယ်ဖြစ်သလော။ နဂါးဖြစ်သလော။ ထိုသို့ဖြစ်သောကြောင့် ငါ့ကိုအစောင့်ထား တော်မူရသလော။
ယောဘက ဘုရားသခင်၌ သူ့ အမျက်ဒေါသကို ဖော်ပြရန် ဤမေးခွန်းကို ထုတ်ထားပါသည်။ သူ့ကိုသူ နှိုင်းယှဥ်ခြင်းအားဖြင့် သူသည် ပင်လယ်လော၊ နဂါးလော။ ထိုသို့ယောဘသည် ဘုရားသခင်က သူ့ကို အကျည်းတန်သော သတ္တဝါကဲ့သို့ဖြစ်ကြောင်း အကြံပြုထားပါသည်။ ဤအရာကို စကားပြောအနေဖြင့်လည်း ဘာသာပြန်နိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် ပင်လယ်မဟုတ်" သို့မဟုတ် "စောင့်ရှောက်ရန် လိုသော ပင်လယ်နဂါးလည်း မဟုတ်ပါ"

Job 13

ယောဘုယျအချက်အလက်
စာရေးသူက ယောဘ၏ ပြင်းထန်သော ဝေဒနာကို အထူးပြုစေရန် အသုံးပြုထားသော ခြားနားချက် နှစ်ခုဖြစ်သည့် အမြင်ကို သယ်ဆောင်ပေးသော အပြိုင်အဆိုင်ကို ပထမအပိုဒ်ငယ် နှစ်ခုတွင် ဆက်လက်ဖော်ပြထားသည်။

ငါသည်အိပ်၍ သက်သာမည်။ ငါ့ခုတင်သည် ချမ်းသာပေးမည်ဟု ငါဆိုလျှင်၊
ဤတွင် "အိပ်ရာ" နှင့် "ကုတင်" ဟူသည်မှာ အိပ်စက်ခြင်းကို ရည်ညွှန်းသည်။ အိပ်စက်ရန် လဲလျောင်းခြင်းသည် ယောဘအနေဖြင့် သက်တောင့်သက်သာရှိရန် မျှော်လင့်ချက်ထားခြင်းဖြစ်သည်။ အစားထိုးထားသော

 

အရာသည်လည်း လူ့စိတ်နေ သဘောထားရှိပြီး၊ လူတစ်ယောက်ကို နှစ်သိမ့်ရန်၊ အထောက်အကူပြုပေးနိုင်သော အစွမ်းရှိသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့ အိပ်ယာသည် ငါ့အား နှစ်သိမ့်ပေးနိုင်သော အရာကဲ့သို့ဖြစ်သည်"

ငါ့ခုတင်
အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့ ကုတင်.... ငါ့ ကုတင်"

ကြောက်မက်ဘွယ်သော
ဤတွင် "ဘုရားသခင်"ကို ရည်ညွှန်းထားပါသည်။

ထိတ်လန့်စေတော်မူ၏။
လူတစ်ယောက်ကို ညှစ်သတ်ပြီး အသက်ရှူ ရပ်တန့်စေခြင်းဖြင့် သတ်သည်။

ငါသည်ကိုယ်အရိုးကို
ဤတွင် ယောဘက "ငါ့အရိုး" ဟူသော စကားလုံးသည် သူ့ကိုယ်ခန္ဓာကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဤခန္ဓာသည် ငါ့ ခန္ဓာဖြစ်သည်"

## Job 16

ငါသည်အားလျော့လျက်ရှိ၏
"ငါ့အသက်ကို ပဓာန မထားဘဲ။"

အစဉ်မပြတ်အသက်မရှင်ရာ
"ထာဝရ အသက်ရှင်သန်ရန်"

ငါ့အသက်သည် အခိုးအငွေ့ဖြစ်၏။
"ငါ့နေ့ရက်များသည် အကျိုးမရှိ" သို့မဟုတ် "ငါဘဝ၏ နေ့ရက်များသည် ဗလာသာ" ဖြစ်သည်။

ကိုယ်တော်သည် လူကိုပမာဏပြု၍ စိတ်စွဲလမ်း တော်မူမည်အကြောင်း၊
ဤတွင် စိတ်ဟူသည်မှာ အတွေးအခေါ်နှင့် အာရုံစိုက်မှုကို ပုံဆောင်ထားပါသည်။ "သင်၏ စိတ်ကို စွဲလန်းစေပါ" ဟူသည်မှာ အာရုံစူးစိုက်မှုပေးရန် ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ အာရုံစိုက်မှုကို သူ့အားလမ်းညွှန်ပေးပါ"

ခဏခဏစုံစမ်းတော်မူမည်အကြောင်း၊ လူသည် အဘယ်သို့သောသူဖြစ်ပါသနည်း
ဤအရာသည် ယောဘအနေဖြင့် အပိုဒ်ငယ် - ၁၇ တွင် ရှိသော စကားလုံးဖြစ်သည့် "လူသည် အဘယ်သို့သော သူနည်း" ဟူသောအရာဖြင့် အလင်္ကာဆန်သော မေးခွန်းဖြင့် အဆုံးသတ်ထားပါသည်။ ၎င်းကို စကားပြောအနေဖြင့် ဘာသာပြန်ဆိုနိုင်ပါသည်။ "ခဏခဏ စုံးစမ်းတော်မူမည်အကြောင်း လူသည် အဘယ်သို့သောသူ ဖြစ်သည်ကို ငါ့အားပြောပါ" သို့မဟုတ် "မကြာခဏ စုံစမ်းရမည်အကြောင်း လူသည် အဘယ်သူ ဖြစ်သည်ကို ငါ နားမလည်နိုင်ပါ" (ရှု

စုံစမ်းတော်မူမည်အကြောင်း
"ဂရုစိုက်စွာ စစ်ဆေးစုံစမ်းသည်"

## Job 19

အဘယ်ကာလမှ ငါ့ကိုမကြည့်မရှု မျက်နှာ လွှဲတော်မူမည်နည်း
ဤတွင် ယောဘသည် ဘုရားသခင်က သူ့အားစောင့်ရှောက်ခြင်းကို ရပ်တန့်စေရန် ဆန္ဒရှိခြင်းကို အထူးပြုစေရန် အသုံးပြုထားသော ခြားနားသောအလင်္ကာမေးခွန်း နှစ်ခုအမြင်ကို ဖော်ပြပေးသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အဝေးကနေ ငါ့ကို ကြည့်ပါ။ ငါ့သွားရည်ကို မြိုချသည်အထိ တစ်ယောက်တည်း ထားခဲ့ပါ"

ကိုယ်တံထွေး
အစားအစာကို မြိုချရန် ကူညီပေးသော ချောမွေ့သည့် လူသားများ၏ နှုတ်ခမ်းတွင် ထိန်းသိမ်းပံ့ပိုးပေးသော အရည်တမျိုးဖြစ်သည်။

အကျွန်ုပ်သည် ကိုယ့်ကိုကိုယ်ရှုံ့ရှာရ သည်တိုင်အောင် အကျွန်ုပ်ကို အဘယ်ကြောင့် ပစ်စရာ စက်သွင်းတော်မူသနည်း။
ယောဘက ဘုရားသခင်သည် သူ့အား မတရားစွာ ဆက်ဆံပြုမူခြင်း မရှိကြောင်းကို ငြင်းခုန်စေရန် ဤမေးခွန်းများကို ထုတ်ထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် အပြစ်ရှိသော်လည်း သင်သည် လူများကို ကြည့်ရှုသကဲ့သို့ ဘာမျှ ဖြစ်လာမည် မဟုတ်ပါ" သို့မဟုတ် "ငါသည် သင့်အတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်စေခြင်းငှာ ငါ့ကို ပြုလုပ်ခြင်း၏ ပန်းတိုင်ကို ပြောပါ"

## Job 21

အကျွန်ုပ်ပြစ်မှားခြင်းကို အဘယ်ကြောင့် သည်းခံတော်မမူသနည်း။ အကျွန်ုပ်အပြစ်ကို အဘယ် ကြောင့် ဖြေရှင်းတော်မမူသနည်း။
ဤတွင် ယောဘက သူ၏အချက်အလက်များကို အထူးပြုစေရန် အလင်္ကာဆန်သောမေးခွန်းကို ဝါကျတစ်နှစ်ခုဖြင့် အသုံးပြုထားသည်။ ဖြစ်နိုင်သော အဓိပ္ပယ်များမှာ

ဖြေရှင်းတော်မမူသနည်း
"ဖယ်ရှားသည်"

ယခုမှာအကျွန်ုပ်သည် မြေမှုန့်၌အိပ်ရပါမည်
"မြေမှုန့်၌ အိပ်ရပါမည်" ဟူသော စကားစုသည် သေခြင်းကို အစားထိုးထားသော စကားဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယခုတွင် ငါသေမည်"

အကျွန်ုပ်မရှိပါဟု မြွက်ဆို၏။
ငါသည် ဤအရပ်တွင် မရှိဘဲ "ဆုံးသွားပြီ ဖြစ်လိမ့်မည်"


generated on Tue Jul 2 12:50:28 2024

# Translation Questions

## Job 7:1

လများစွာ သူ၏ဝေဒနာနှင့် ဆိုးသောညများအကြောင်းကို ယောဘသည် မည်သည့်အရာနှင့် နှိုင်းယှဉ်သနည်း?

သူသည် ညနေခင်းကိုတောင့်တာသော ကျွန်နှင့် အခကိုမျှော်လင့်သော အလုပ်သမားတို့နှင့် နှိုင်းယှဉ်သည်။

## Job 7:4

ယောဘ၏အသားကို မည်သည့်အရာက ကာသနည်း?

တီကောင်များနှင့်ဖုန်များက သူ့အသားကို ကာသည်။

## Job 7:6

ထိုသို့ခံစားရသောနေ့ရက်များကို ဖော်ပြရန် မည်သည့်ပုံရိပ်ကို အသုံးပြုသနည်း?

သူ့နေ့ရက်များသည် ရက်ကန်းသမား၏လွန်းထက်ပင် လျှင်မြန်သည်။

## Job 7:8

မရဏနိုင်ငံသို့သွားသော လူကို မည်သည့်အရာနှင့် နှိုင်းယှဉ်သနည်း?

သူသည် ခဏတာအတွင်း ပျောက်ကွယ်တတ်သော တိမ်ကဲ့သို့ဖြစ်သည်။

## Job 7:11

ယာကုပ်သည် မည်သို့စကားပြော၍ စောဒကတက်လိမ့်မည်နည်း?

သူသည် စိတ်ထဲတွင်ဝေဒနာဖြင့် စကားပြော၍၊ သူ့ဝိညာဉ်ထဲတွင် ခါးသီးမှုဖြင့် စောဒကတက်လိမ့်မည်။

## Job 7:13

ယောဘသည် အိပ်ရာဝင်သောအခါ ဘုရားသခင်သည် သူ့အား မည်သို့လုပ်သနည်း?

ဘုရားသခင်က သူ့ကိုအိပ်မက်များဖြင့် ခြောက်၍ ရူပါရုံများဖြင့် သူ့ကို ကြောက်လန့်စေသည်။

## Job 7:16

အဘယ်ကြောင့် ယောဘသည် ဘုရားသခင်အား သူ့ကိုတစ်ဦးတည်းရှိစေရန် ပြောသနည်း?

ယောဘက သူ့နေ့ရက်များသည် အဓိပ္ပါယ်မရှိဟု ဆိုသည်။

## Job 7:19

မည်သည့်အရာကိုလုပ်ဖို့ရန် မည်မျှကြာ ယောဘသည် ဘုရားသခင်အား သူ့ကိုတစ်ဦးတည်းရှိစေရန် တောင်းဆိုသနည်း?

သူ့တံတွေးကိုမျိုသည်တိုင်အောင် သူ့ကိုတစ်ဦးတည်းရှိစေရန် တောင်းဆိုသည်။

## Job 7:21

ယောဘက မည်သည့်အရာကို ဘုရားသခင်လုပ်လိမ့်မည်မဟုတ် ဟုထင်သနည်း?

ဘုရားသခင်သည် သူ၏ကျူးလွန်မှုနှင့် သူ့အပြစ်ကိုခွင့်လွှတ်လိမ့်မည်မဟုတ် ဟုယောဘထင်သည်။

## Chapter 8

1 ရှုအာအမျိုးသားဗိလဒဒ် မြွက်ဆိုသည်ကား၊ 2 သင်သည် အဘယ်မျှကာလပတ်လုံး ဤသို့ပြောမည်နည်း။ သင်ပြောသောစကားသည်
အဘယ်မျှကာလ ပတ်လုံး လေပြင်းကဲ့သို့ ဖြစ်မည်နည်း။ 3 ဘုရားသခင်သည် မတရားသဖြင့် အပြစ်ပေးတော်မူမည်လော။
အနန္တတန်ခိုးရှင်သည် တရားကို ဖျက်တော်မူမည်လော။ 4 သင်၏သားသမီးတို့သည် ဘုရားသခင်ကို ပြစ်မှားသောကြောင့်၊
ပြစ်မှားစဉ်တွင်၊ သူတို့ကိုသုတ်သင် ပယ်ရှင်းတော်မူသော်လည်း၊ 5 သင်သည်မဆိုင်းမလင့်၊ သန့်ရှင်းဖြောင့်မတ်သောသဘောနှင့်
ဘုရားသခင်ကိုရှာ၍၊ အနန္တတန်ခိုးရှင် အား တောင်းပန်လျှင်၊ 6 စင်စစ်သင့်အတွက် ကိုယ်တော်သည်ထပြီးလျှင်
သင်၏ဖြောင့်မတ်သောနေရာကို ကောင်းစားစေတော်မူ သဖြင့်၊ 7 သင်သည်အစဦး၌ ငယ်သော်လည်း၊ နောက်ဆုံး၌
အလွန်ကြီးပွါးလိမ့်မည်။ 8 လွန်လေပြီးသောကာလကိုစစ်၍၊ ရှေးဘိုးဘေးတို့ကို မေးမြန်းခြင်းငှါ အားထုတ်ပါတော့။ 9 ငါတို့သည်
မနေ့၏သားဖြစ်၍ အလျှင်းမသိရပါ။ မြေကြီးပေါ်မှာ ငါတို့နေရသော နေ့ရက်ကာလသည် အရိပ်သက်သက်ဖြစ်၏။ 10 ထိုသူတို့မူကား၊
သင့်ကိုဆုံးမသွန်သင်၍ မိမိတို့ စိတ်နှလုံးထဲက မြွက်ဆိုကြလိမ့်မည်။ 11 ဂမာပင်သည် ရွှံ့မရှိဘဲကြီးပွားနိုင်သလော။ မြစ်နားမှာ
ပေါက်သောမြက်ပင်သည် ရေမရှိဘဲ ကြီးပွား နိုင်သလော။ 12 ထိုအပင်သည် စိမ်းလျက်မရိတ်မဖြတ်သော်လည်း၊ အခြားအပင်
ထက်သာ၍ ညှိုးနွမ်းတတ်၏။ 13 ထိုသို့ဘုရားသခင်ကို မေ့လျော့သော သူ အပေါင်းတို့သည် ဆုံးခြင်းသို့ရောက်ရကြလိမ့်မည်။
အဓမ္မလူ မျှော်လင့်စရာအကြောင်းသည် ပျက်လိမ့်မည်။ 14 ထိုသူမျှော်လင့်စရာလမ်းသည် ပြတ်လိမ့်မည်။ မှီခိုသောအရာသည်လည်း
ပင့်ကူမြွေးကဲ့သို့ ဖြစ်လိမ့်မည်။ 15 ထိုသူသည် မိမိအိမ်ကိုမှီ၍ အိမ်သည်အမှီမခံ။ လက်နှင့်ကိုင်သော်လည်း မတည်စေနိုင်။ 16 သူသည်
နေပူမှာစိမ်းလန်းလျက်၊အခက်အလက် အားဖြင့် မိမိဥယျာဉ်ကို နှံ့ပြားလျက်၊ 17 အမြစ်အားဖြင့် စမ်းရေတွင်းကိုဝိုင်း၍ ကျောက်
ထူသောအရပ်ကို တွေ့မြင်လျက်ရှိသော်လည်း၊ 18 သူ့ကိုသုတ်သင်ပယ်ရှင်း၍၊ မိမိနေရာအရပ်က သင်သည်ငါမတွေ့မမြင်စဖူးဟူ၍
သူ့ကိုငြင်းပယ်လိမ့်မည်။ 19 ထိုသူဝမ်းမြောက်ရာလမ်းသည် ထိုသို့ဖြစ်၍၊ သူနေရာမြေ၌ အခြားသူတို့သည် ပေါက်ကြလိမ့်မည်။ 20
စုံလင်သောသူကိုကား၊ ဘုရားသခင် စွန့်ပစ်တော်မမူ။ မတရားသဖြင့်ပြုသော သူတို့ကိုကား မစတော် မမူ။ 21 ရယ်မောရသောအခွင့်၊
ရွှင်လန်းစွာ နှုတ်မြွက် ရသောအခွင့်ကို သင့်၌ပေးကောင်းပေးတော်မူမည်။ 22 သင့်ကိုမုန်းသော သူတို့သည် ရှက်ခြင်းနှင့်
ဖုံးလွှမ်းလျက်ရှိရကြလိမ့်မည်။ ဆိုးသောသူနေရာအရပ် သည်လည်း ဆုံးရှုံးခြင်းသို့ ရောက်ရလိမ့်မည်ဟု မြွက်ဆို ၏။

---

### Job 01

ယောဘုယျအချက်အလက်
အပိုဒ်ငယ် ၂ နှင့် ၃ တို့သည် ခြားနားသော မေးခွန်းနှစ်ခုပါဝင်ပြီး အဓိပ္ပါယ်မှာ အတူတူပင်ဖြစ်သည်။ ဗိလဒဒ်သည် ယောဘကို ဆုံးမရန် ဤမေးခွန်းများကို အသုံးပြုထားပါသည်။ (ရှု၊ and

ဆက်စပ်ဖော်ပြချက်
ဤအခန်းတွင် ဗိလဒဒ်က ယောဘ၏ မကျေနပ်ချက်များအကြောင်းကို ပြောဆိုခြင်းအစပြုထားသည်။

ရှုအာအမျိုးသားဗိလဒဒ် မြွက်ဆိုသည်ကား
ဗိလဒဒ်ဆိုသည်မှာ ရှုအာအမျိုးဖြစ်သော လူတစ်ယောက်၏ နာမည်ဖြစ်သည်။

သင်ပြောသောစကားသည် အဘယ်မျှကာလ ပတ်လုံး လေပြင်းကဲ့သို့ ဖြစ်မည်နည်း။
ဗိလဒဒ်က ယောဘ၏ စကားများသည် ဗလာဖြစ်ခြင်းနှင့် သေချာရေရာမှုမရှိသော လေကဲ့သို့ ဖြစ်ကြောင်းပြောဆိုထားပါသည်။ ၎င်းကို စကားပြောအဖြစ်ဘာသာပြန်ဆိုနိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ နှုတ်မှ ထွက်သော စကားများသည် အားကြီးပြီး လုံလောက်မှု မရှိသော လေမုန်တိုင်းကဲ့သို့ဖြစ်သည်။"

ဘုရားသခင်သည် မတရားသဖြင့် အပြစ်ပေးတော်မူမည်လော။ အနန္တတန်ခိုးရှင်သည် တရားကို ဖျက်တော်မူမည်လော။
ဤတွင် "ဘုရားသခင်" နှင့် အနန္တတန်ခိုးရှင်" နှစ်ခုစလုံးတို့သည် ထာဝရဘုရားသခင်ကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်သည် မတရားသဖြင့် အပြစ်ပေးပြီး၊" "အနန္တတန်ခိုးရှင်သည် ဖြောင့်မတ်သောသူတို့ကို အပြစ်မပေးဘဲ နေတော်မူမည်လော"

တရားကို ဖျက်တော်မူမည်လော။
"မတရားသော အရာကို လုပ်ဆောင်ပြီး ထောက်ခံတော်မူမည်လော"......"မဖြောင့်မတ်သော သူတို့ကို ထောက်ခံတော်မူမည်လော။"

### Job 04

သင်၏သားသမီးတို့သည် ဘုရားသခင်ကို ပြစ်မှားသောကြောင့်၊
ဤတွင် "လက်" ဆိုသည်မှာ အပြစ်၏ တန်ခိုးကို ပုံဆောင်ထားပါသည်။ ဗိလဒဒ်က ဘုရားသခင်သည် ယောဘ၏ သားသမီးများကို သူတို့၏ အပြစ်ကြောင့် သတ်ဖြတ်ခဲ့သည်ကို ရည်ညွှန်းခဲ့သည် (သို့ ) "ဘုရားသခင်သည် သင်၏ သားသမီးများအပြစ်ကြောင့် သူတို့ကို သတ်ဖြတ်ခဲ့သည်" (ရှု၊ and


generated on Tue Jul 2 12:50:28 2024

သင်သည်မဆိုင်းမလင့်၊ သန့်ရှင်းဖြောင့်မတ်သောသဘောနှင့် ဘုရားသခင်ကိုရှာ၍၊ အနန္တတန်ခိုးရှင် အား တောင်းပန်လျှင်၊
ဗိလဒဒ်က အကယ်၍ ယောဘသည် မှန်ကန်စွာဘုရားသခင်အား စကားပြောခဲ့မည်ဆိုလျှင် မည်သို့ဖြစ်ပျက်မည်ကိုလည်းကောင်း၊ ဗိလဒဒ်က ယောဘသည်ဤအရာကို အမှန်တကယ်လုပ်သည်ကို မယုံကြည်ခဲ့ပါ။ (ရှု၊

ဘုရားသခင်ကိုရှာ၍၊ အနန္တတန်ခိုးရှင် အား တောင်းပန်လျှင်၊
ဤစကားစုနှစ်ခုတို့သည် ယောဘက ဘုရားသခင်အားအကူအညီတောင်းသည် သို့မဟုတ် ဘုရားသခင်အား ဂရုဏာအတွက် ကျေနပ်စေသည်။ (ရှု၊

ဘုရားသခင်ကိုရှာ၍
"စိတ်အားထက်သန်စွာ ဘုရားသခင်အား အကူအညီတောင်းခံလျှင်"

Job 06

ယေဘုယျအချက်အလက်
ဗိလဒဒ်က "ယောဘသည် သန့်ရှင်းမည်ဆိုလျှင် ဘုရားသခင်သည် သူ့ကို ကောင်းစွာ ဆက်ဆံမည်" ဖြစ်သော်လည်း ဗိလဒဒ်သည် "ယောဘ သန့်ရှင်းစင်ကြယ်သည်ကို မယုံကြည်ပါ"

သင်၏ဖြောင့်မတ်သောနေရာကို ကောင်းစားစေတော်မူ သဖြင့်
အကယ်၍ "သင်သည် စင်ကြယ်ပြီး ဖြောင့်မတ်လျှင်" သို့မဟုတ် "သင်သည် ဘုရားသခင်ကို နာခံပြီး မှန်ကန်သောအရာကို လုပ်ဆောင်လျှင်"

စင်စစ်သင့်အတွက် ကိုယ်တော်သည်ထပြီးလျှင်
ဤတွင် ဘုရားသခင်က သူသည် ယောဘအား ကူညီရန် အိပ်ရာမှ နိုးလာသကဲ့သို့ ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင့်အတွက် ကောင်းသောအရာများကို လုပ်ဆောင်သည်"

သင်၏ဖြောင့်မတ်သောနေရာကို ကောင်းစားစေတော်မူ သဖြင့်၊
ဤအရာ၏ ရည်ညွှန်းချက်မှာ ယောဘ၏ ဂုဏ်၊ ချမ်းသာကြွယ်ဝခြင်း၊ သူ့မိသားစုအပါအဝင် သူပိုင်ဆိုင်သောအရာများကို ပြန်လည် ပေးအပ်ခြင်းကို ရည်ညွှန်းထားပါသည်။

သင်သည်အစဦး၌ ငယ်သော်လည်း၊ နောက်ဆုံး၌ အလွန်ကြီးပွါးလိမ့်မည်။
ဤတွင် မချမ်းသာခြင်းသည် "အစအဦး၌ ငယ်သောအမှုကဲ့သို့" ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် အစအဦး၌ သေးငယ်သော်လည်း ဘုရားသခင်သည် နောက်ဆုံး၌ သင့်ကို ကြွယ်ဝချမ်းသာသောသူ ဖြစ်စေမည်" ( ရှု၊

Job 08

ယေဘုယျအချက်အလက်
ဗိလဒဒ်က သူတို့၏ ဘိုးဘေးများသည်ပင် ဗိလဒဒ်ပြောဆိုသောအရာများကို သဘောတူ ထောက်ခံကြောင်းကို အထူးပြုစေရန် ဤအပိုဒ်ငယ်များကို အပြိုင်အဆိုင် ဆက်လက်ပြီးအသုံးပြုထားသည်။ ( ရှု၊

ရှေးဘိုးဘေးတို့ကို မေးမြန်းခြင်းငှါ အားထုတ်ပါတော့။
"ဘိုးဘေးတို့ ရှာဖွေ တွေ့ရှိခဲ့သောအရာကို သေချာစွာလေ့လာပါ" သို့မဟုတ် "ငါတို့၏ ဘိုးဘေးများ သင်ယူခဲ့သော အရာများကို ဆင်ခြင် စဉ်းစားပါ"

မြေကြီးပေါ်မှာ ငါတို့နေရသော နေ့ရက်ကာလသည် အရိပ်သက်သက်ဖြစ်၍
ဘဝအသက်၏ တိုတောင်းခြင်းကို အရိပ်သည် လျင်မြန်စွာ လွှန်သွားသကဲ့သို့ ပြောဆိုထားပါသည်။ ( ရှု၊

ထိုသူတို့မူကား၊ သင့်ကိုဆုံးမသွန်သင်၍ မိမိတို့ စိတ်နှလုံးထဲက မြွက်ဆိုကြလိမ့်မည်။
ဗိလဒဒ်က ယောဘသည် သူနှင့် ဘိုးဘေးများကို သဘောတူညီမှု မရှိကြောင်းကို ဆုံးမရန်အတွက် ဤအလင်္ကာမေးခွန်းများကို အသုံးပြုထားပါသည်။ ထိုအရာများကို စကားပြောအဖြစ်လည်း ဘာသာပြန်ဆိုနိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် ရိုးရှင်းစွာသူတို့ ယုံကြည်သောအရာကို သင်တို့အား သွန်သင်ပေးမည်ဖြစ်သည်" (ရှု၊

မိမိတို့ စိတ်နှလုံးထဲက
ဤတွင် "စိတ်နှလုံး" ဟူသော စကားလုံးသည် သူတို့အတွင်း၌ ရှိသော ယုံကြည်မှုကို ပုံဆောင်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် ရိုးရှင်းစွာ ယုံကြည်ကြသည်" ( ရှု၊

Job 11

ယေဘုယျအချက်အလက်
၎င်းသည် ဗိလဒဒ်၏ သွန်သင်သောအရာများကိုလည်းကောင်း သို့မဟုတ် ဘိုးဘေးများ၏ အဆိုကို ဗိလဒဒ်က ကိုးကားနေကြောင်းကိုလည်းကောင်း မသေချာသော အရာဖြစ်သည်။ [ယောဘ ၈း ၈ - ၁၀](#).

ဂမာပင်သည် ရွံ့မရှိဘဲကြီးပွားနိုင်သလောမြစ်နားမှာ ပေါက်သောမြက်ပင်သည် ရေမရှိဘဲ ကြီးပွား နိုင်သလော။
ဗိလဒဒ်က လူသားများသည် ဘုရားသခင်မပါဘဲ အသက်မရှင်နိုင်ဟူသော အချက်အလက် တစ်ခုချင်းစီတိုင်းကို အထူးပြုစေရန် ဤအပြိုင်အဆိုင်မေးခွန်းကို အသုံးပြုထားပါသည်။ ဤနေရာတွင် အပင်များသည် လူသားများကို ပုံဆောင်ပြီး ရေသည် ဘုရားသခင်ကို ပုံဆောင်ထားပါသည်။ ၎င်းမေးခွန်းကိုလည်း စကားပြောအဖြစ် ဘာသာပြန်ဆိုနိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဂမာပင်များသည် ရွှံ့မရှိဘဲ မကြီးပွားနိုင်ပါ။ မြက်ပင်သည်လည်း ရေမရှိဘဲ မကြီးထွားနိုင်ပါ" (ရှု၊ and and

ဂမာပင်
ရှည်ပြီး ကျူပင်ကဲ့သို့ ရေထဲတွင် ကြီးထွားသောအပင် တစ်မျိုး

 generated on Tue Jul 2 12:50:28 2024

ထိုအပင်သည် စိမ်းလျက်မရိတ်မဖြတ်သော်လည်း၊ အခြားအပင် ထက်သာ၍ ညှိုးနွမ်းတတ်၏။
၎င်းသည် ရေမရှိသောအချိန်တွင် ညှိုးနွမ်းတတ်သည်ကို ရည်ညွှန်းထားပါသည်။ ဤအရာကို ပြည့်စုံစွာရှင်းလင်းဖော်ပြထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ရေမပါဘဲ ထိုအရာများသည် မည်သူကမျှ မခုတ်သည့်တိုင် ကျန်သောအပင်များထက် လျင်မြန်စွာ ကြီးထွားမှု ရပ်တန့်သွားပါသည်"

ညှိုးနွမ်းတတ်၏။
"ခြောက်သွေ့တတ်ပါသည်"

Job 13

ယေဘုယျအချက်အလက်
၎င်းအပိုဒ်ငယ်များသည် ဗိလဒဒ်၏ သွန်သင်ခြင်းလော၊ ဘိုးဘေးများ၏ အဆိုများကို ကိုးကားခြင်းလော ဟူသည်မှာ မသေချာပါ၊ ယောဘ ၈း၈ - ၁၀. ဤအပိုဒ်တွင် "နာမ်စားဖြစ်သော "သူ၏" ဟူသော စကားလုံးမှာ ဘုရားသခင်ကို မေ့လျော့သောသူအပေါင်းတို့ကို ရည်ညွှန်းထားပြီး ယေဘုယျအားဖြင့် ဘုရားမဲ့သောသူများကို ပုံဆောင်ထားပါသည်။ ၎င်းသည် အများသုံး နာမ်စားကို အသုံးပြုစေရန် စာဖတ်သူများအား အကူအညီ ပေးထားသည်။

ထိုသို့ဘုရားသခင်ကို မေ့လျော့သော သူ အပေါင်းတို့သည် ဆုံးခြင်းသို့ရောက်ရကြလိမ့်မည်
ဤတွင် "လမ်းများ" ဟူသည် လူတစ်ယောက်၏ အနာဂတ်နှင့် သူတို့ ၌ ဖြစ်ပျက်မည့် အရာများကို ပုံဆောင်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်ကို မေ့လျော့သော သူတို့၌ အလားတူဖြစ်ပျက်လာမည်"

အဓမ္မလူ မျော်လင့်စရာအကြောင်းသည် ပျက်လိမ့်မည်
အဓမ္မလူတို့ မျှော်လင့်သော အရာများ ဖြစ်လာမည်မဟုတ်ပါ။

ထိုသူမျော်လင့်စရာလမ်းသည် ပြတ်လိမ့်မည်။ မှီခိုသောအရာသည်လည်း ပင့်ကူမြှေးကဲ့သို့ ဖြစ်လိမ့်မည်။
ဤစကားစု နှစ်ခုတို့သည် အဓိပ္ပါယ်အတူတူ ဖြစ်ပြီး ဘုရားမဲ့သောသူများ ကိုးစားသောအရာများသည် သူတို့ကို မကယ်တင်နိုင်ကြောင်း အထူးပြုထားပါသည်။

မှီခိုသောအရာသည်လည်း ပင့်ကူမြှေးကဲ့သို့ ဖြစ်လိမ့်မည်
ဤတွင် ဗိလဒဒ်က ဘုရားမဲ့သော သူတို့၏ ကိုးစားမှီခိုသောအရာသည် ပင့်ကူမြှေးကဲ့သို့ ပေါ့ပါးစွာဖြင့် နှစ်ခုစလုံးကို ချိုးဖျက်မည်ဖြစ်သည်။ ( ရှု၊

ထိုသူသည် မိမိအိမ်ကိုမှီ၍ အိမ်သည်အမှီမခံ။ လက်နှင့်ကိုင်သော်လည်း မတည်စေနိုင်။
ဤစကားပြောသည် လူတစ်ယောက်က သူ၏ ကြွယ်ဝခြင်းနှင့် စည်းစိမ်ကိုလုံခြုံမှုအပေါ် အားကိုးခြင်းကို ရည်ညွှန်းထားပါသည်။ ထိုသို့ဆိုလျှင် "အိမ်" ဟူသည် ပိုင်ရှင်၏ စည်းစိမ်နှင့် ချမ်းသာမှုကို ပုံဆောင်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် သူ၏ ချမ်းသာခြင်းကြောင့် လုံခြုံလိမ့်မည်ဟု ထင်သော်လည်း သူသည် စိတ်ချလုံခြုံလာမည် မဟုတ်ပါ"

ဆုံးခြင်းသို့ရောက်ရကြလိမ့်မည်
ဤအနှုတ်လက္ခဏာဆောင်သော စကားပြောသည် ဆန့်ကျင်ဘက်ကို အထူးပြုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် ကျရှုံးလိမ့်မည်"

လက်နှင့်ကိုင်သော်လည်း မတည်စေနိုင်
ဤအနုတ်လက္ခဏာဆောင်သော ဖော်ပြချက်သည် ဆန့်ကျင်ဖက်ကို အထူးပြုထားပါသည်။ ၎င်းကို အပြုသဘောဆောင်အနေဖြင့်လည်း ဖော်ပြနိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကျဆုံးလိမ့်မည်။"

Job 16

ယေဘုယျအချက်အလက်
ဤတွင် "သူ" နှင့် "သူ၏" ဟူသော နာမ်စားတို့သည် ဘုရားမဲ့နေသောသူ၊ ယေဘုယျအားဖြင့် ဘုရားမဲ့နေသောသူများကို ပုံဆောင်ထားပါသည်။ ၎င်းသည် "သူတို့" နှင့် "သူတို့၏" ဟူသော နာမ်စားများကို အသုံးပြုရန် စာဖတ်သူများကို အကူအညီပေးသည်။

သူသည် နေပူမှာစိမ်းလန်းလျက်၊အခက်အလက် အား ဖြင့် မိမိဥယျာဉ်ကို နှံ့ပြားလျက်၊
ဤတွင် ဗိလဒဒ်က ဘုရားမဲ့နေသော သူကို နေ့အချိန်တွင် စိုက်ပျိုးစရှိသော သစ်ပင်နှင့် နှိုင်းယှဥ် ထားပါသည်။ အစပိုင်းတွင် ထိုအပင်သည် ရှင်သန်၍ နုပျိုပြီး ကျန်းမာသည်ဟု ယူဆရသည်။

နေပူမှာစိမ်းလန်းလျက်
ဟေဗြဲကျမ်း၌ ၎င်းသည် မသေချာသောအရာ ဖြစ်သည်။ ဖြစ်နိုင်သော အဓိပ္ပါယ်များမှာ - (၁) သူသည် သူ၏နေ့ရက်၌ ကျန်းမာခဲ့သည်၊ သို့မဟုတ် (၂) သူသည် နေမထွက်ခင် ရေလောင်းသောသူ ဖြစ်သည်။

အမြစ်အားဖြင့် စမ်းရေတွင်းကိုဝိုင်း၍ ကျောက် ထူသောအရပ်ကို တွေ့မြင်လျက်ရှိသော်လည်း
ဤစကားစုနှစ်ခုတို့သည် အတူတူဖြစ်သော်လည်း အဓိပ္ပါယ်မှာ မသေချာသောအရာဖြစ်သည်။ ဖြစ်နိုင်သောအဓိပ္ပါယ်များမှာ -

သူ့ကိုသုတ်သင်ပယ်ရှင်း၍၊ မိမိနေရာအရပ်က သင်သည်ငါမတွေ့မမြင်စဖူးဟူ၍
ဤအရာကို အပြုသဘော ဆောင်အနေဖြင့် ဖော်ပြနိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တစ်စုံတစ်ယောက်အား သူ့နေရာမှ ဆွဲလျှင်" သို့မဟုတ် ဥယျာဥ်မှူးသည် သူ့ကို ဥယျာဥ်မှ နှင်ထုတ်ခဲ့လျှင်" ( ရှု၊

မိမိနေရာအရပ်က သင်သည်ငါမတွေ့မမြင်စဖူးဟူ၍ သူ့ကိုငြင်းပယ်လိမ့်မည်။
ဥယျာဥ်ကို စကားပြောနိုင်စွမ်းရှိသော လူသားကဲ့သို့ ပြောဆိုထားပါသည်။ ဥယျာဥ်သည် သူရပ်တည်သောအရာကို ချက်ချင်း မေ့ပျောက်တတ်ပါသည် (ရှု၊ and


generated on Tue Jul 2 12:50:28 2024

မိမိနေရာအရပ်
"ကျောက်ပေါ်သောအရပ်" သို့မဟုတ် "ဥယျာဉ်"

Job 19

ထိုသူဝမ်းမြောက်ရာလမ်းသည် ထိုသို့ဖြစ်၍
ဗိလဒဒ်က ဘုရားမဲ့နေသောသူများအတွက် စစ်မှန်သော ဝမ်းမြောက်မှု မရှိကြောင်းကို ဖော်ပြစေရန် ပြောင်းပြန်စကားဖြင့် ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဤအရာသည် ဘုရားမဲ့ ကျင့်ကြံသောသူများထံမှ ရရှိမည့် ဝမ်းမြောက်မှုအားလုံးဖြစ်သည်"

သူနေရာမြေ၌ အခြားသူတို့သည် ပေါက်ကြလိမ့်မည်
ဗိလဒဒ်က [Job 8:16-18]

ပေါက်ကြလိမ့်မည်
အပင်ပေါက်သည် (သို့) ကြီးထွားသည်

စုံလင်သောသူ
"ကျောက်ပေါ်သော မြေ" သို့မဟုတ် "ဥယျာဉ်"

သူနေရာမြေ၌
ဘုရားမဲ့သော သူ၏ နေရာ၌

ဘုရားသခင် စွန့်ပစ်တော်မမူ။
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်သည် မတရားသောသူကို လက်ခံတော်မူမည်။"

မတရားသဖြင့်ပြုသော သူတို့ကိုကား မစတော်မမူ။
ဤတွင် "မစတော်မူသည်" ဟူသောအရာမှာ ကူညီသောအရာ သို့မဟုတ် ပံ့ပိုးသောအရာကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မတရားသောသူများကို ဘုရားသခင်သည် မစတော်မူမည် မဟုတ်ပါ" (ရှု၊

Job 21

ရယ်မောရသောအခွင့်၊ ရွှင်လန်းစွာ နှုတ်မြွက် ရသောအခွင့်ကို သင်၌ပေးကောင်းပေးတော်မူမည်
ဤစကားစုနှစ်ခုတို့သည် အတူတူဖြစ်ပြီး အကယ်၍ ယောဘသည် အပြစ်မဲ့သောသူဖြစ်လျှင် မည်မျှပင် ဝမ်းသာမည်ကို အထူးပြုထားပါသည်။ "သူ" ဟူသော စကားလုံးသည် ဘုရားသခင်ကို ရည်ညွှန်းပြီး "သင်၏" ဟူသောစကားလုံးသည် ယောဘကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် အပြစ်မဲ့သော သူဖြစ်လျှင် ဘုရားသခင်သည် သင့်ကို တဖန် ဝမ်းမြောက်ရွှင်လန်းစေမည်"

ရယ်မောရသောအခွင့်၊
ဘုရားက ပြုသောအမှုကို ဘုရားသခင်သည် ယောဘကို ရယ်မောခြင်းကို သူ့ နှုတ်သို့ သွန်းလောင်းပေးထားသကဲ့သို့ ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင့်ကို ရယ်မောစေရန် ဆက်လက်ပြီး လုပ်ဆောင်ပေးသည်" (ရှု၊

ရွှင်လန်းစွာ နှုတ်မြွက် ရသောအခွင့်
ဤကြိယာ ဖြစ်သော "ဖြည့်" သည်ဟူသောအရာကို အထက်၌ ဖော်ပြသောဝါကျထဲမှ နားလည်ခဲ့ရသည်။ ဘုရားသခင်က သူ့ကို ဝမ်းမြောက်စေရန်အကြောင်းပြုခြင်းသည် ယောဘ၏ နှုတ်၌ ဘုရားက သွန်းလောင်းပေးထားသကဲ့သို့ ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်သည် သင့်ကို ပျော်ရွှင်စေရန် အကြောင်းဖြစ်စေမည်"

သင့်ကိုမုန်းသော သူတို့သည် ရှက်ခြင်းနှင့် ဖုံးလွှမ်းလျက်ရှိရကြလိမ့်မည်
ဤတွင် "ရှက်ခြင်း" ဟူသည်မှာ ဘုရားသခင်က ယောဘ၏ ရန်သူများကို အဝတ်ဝတ်စေခြင်းကဲ့သို့ ပြောဆိုထားပါသည်။ ဆိုလိုသည်မှာ ရှက်ကြောက်လာကြမည်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်က သင့်ကို မုန်းသောသူတို့ကို အရှက်ရစေမည်။"

ဆိုးသောသူနေရာအရပ် သည်လည်း ဆုံးရှုံးခြင်းသို့ ရောက်ရလိမ့်မည်ဟု မြွက်ဆို ၏။
ဤတွင် "တဲ" ဟူသောအရာသည် ဆိုးသွမ်းသော သူတို့၏ အိမ်များကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဆိုးသောသူတို့၏ အိမ်များသည် ဖျက်ဆီး ခြင်း ခံရမည်။"

ဆုံးရှုံးခြင်းသို့ ရောက်ရလိမ့်မည်ဟု မြွက်ဆို ၏။
"ကြာရှည်ခံမည် မဟုတ်ပါ" သို့မဟုတ် "ဖျက်ဆီးခြင်း ခံရမည်"

## Translation Questions

Job 8:1

ဗိလဒဒ်သည် ယောဘနှုတ်မှစကားများကို ဘာနှင့် နှိုင်းယှဉ်သနည်း?
အားကြီးသောလေနှင့် နှိုင်းယှဉ်သည်။

Job 8:4

ယောဘ၏ကလေးများအပြစ်ပြုသည်ကို မည်သို့သိသည်ဟု ဗိလဒဒ် ဆိုသနည်း?
ဘုရားသခင်သည် ယောဘ၏ကလေးများကို သူတို့အပြစ်များ၌ အပ်တော်မူသဖြင့် သူတို့သည်အပြစ်ပြုကြောင်းကို သူသိသည်ဟု ဗိလဒဒ်ပြောသည်။

Job 8:6

ယောဘသည် သန့်ရှင်း၍ ဖြောင့်မတ်ပါက ဘုရားသခင်သည် မည်သို့ကောင်းကြီးပေးမည်ဟု ဗိလဒဒ်ဆိုသနည်း?

သူသည် ယောဘကို သူအမှန်တကယ်ပိုင်ဆိုင်သော အိမ်ချီးမြှင့်မည်ဟု သူပြောသည်။

Job 8:8

ဗိလဒဒ်သည် မြေကြီးပေါ်၌ ကျွန်ုပ်တို့၏နေ့ရက်များကို မည်သည့်အရာနှင့် နှိုင်းယှဉ်သနည်း?

သူတို့သည် အရိပ်ဖြစ်သည်ဟု သူပြောသည်။

Job 8:11

ပရပိုက်ပင်နှင့် ကျူပင် (ဂမာပင်)သည် ကြီးထွားဖို့ရန် မည်သည့်အရာ လိုအပ်ကြသနည်း?

ကြီးထွားဖို့ရန် ပရပိုက်ပင်သည် ရွှံ့လို၍၊ ကျူပင်သည် ရေ လိုအပ်သည်။

Job 8:13

ဗိလဒဒ်က ဘုရားမသိသောလူကို ယုံခြင်းကို မည်သည့်အရာနှင့် နှိုင်းယှဉ်သနည်း?

သူတို့ကိုယုံခြင်းသည် ပင့်ကူအိမ်ကဲ့သို့ ကျိုးပျက်လွယ်သည်။

Job 8:16

ဘုရားသခင်ကိုမေ့လျော့သောလူတစ်ယောက်ကို ပုံဆောင်သည့် မည်သည့်အရာကို အမြစ်များက လုပ်ကြသနည်း?

သူ့အမြစ်များသည် ကျောက်ကိုယ်တို့တွင်တွယ်ကပ်၍၊ ကျောက်များကြားတွင် မြေကောင်းနေရာကောင်းကို ရှာသည်။

Job 8:19

ဘုရားသခင်သည် ရိုးဖြောင့်သောသူများနှင့် ဆိုးညစ်သူများကို မည်သို့ ခြားနားစွာ ဆက်ဆံသနည်း?

သူသည် ရိုးဖြောင့်သောသူကို မစွန့်ပစ်၊ သို့သော်လည်း ဆိုးညစ်သောသူ၏လက်ကို ဆွဲကိုင်မည်မဟုတ်။

Job 8:21

ဘုရားသခင်သည် ရိုးဖြောင့်သောသူ၏နှုတ်ခမ်းများကို မည်သည့်အရာများဖြင့် ပြည့်စေမည်နည်း?

သူ့ပါးစပ်ကို ရယ်မောခြင်းနှင့် သူ့နှုတ်ခမ်းများကို အော်ဟစ်ခြင်းဖြင့် ပြည့်စေမည်။



generated on Tue Jul 2 12:50:28 2024

## Chapter 9

1 ယောဘပြန်၍ မြွက်ဆိုသည်ကား၊ 2 မှန်ပါ၏။ ထိုစကားမှန်ကြောင်းကိုငါသိ၏။ သို့သော်လည်း လူသည်ဘုရားသခင့်ရှေ့တော်၌
အဘယ် သို့ဖြောင့်မတ်ရာသို့ ရောက်နိုင်သနည်း။ 3 ဘုရားသခင်သည် အပြစ်တင်ခြင်းငှါ အလိုတော်ရှိလျှင်၊
လူသည်အပြစ်တထောင်တွင် တခုမျှ မဖြေနိုင်။ 4 ဘုရားသခင်သည်ထူးဆန်းသောဉာဏ်၊ ကြီးစွာသောတန်ခိုးနှင့်
ပြည့်စုံတော်မူသည်ဖြစ်၍၊ အဘယ်သူသည် အာဏာတော်ကို ဆန်၍အောင်နိုင်သနည်း။ 5 ဘုရားသခင်သည် တောင်တို့ကို အမှတ်တမဲ့
ရွှေ့တော်မူ၏။ အမျက်ထွက်၍ မှောက်လှန်တော်မူ၏။ 6 မြေကြီးကိုရွှေ့စေခြင်းငှါ တွန်းတော်မူ၍၊ မြေတိုင်းတို့သည် တုန်လှုပ်ကြ၏။ 7
နေကိုမှာထားတော်မူ၍ သူသည်မထွက်ရ။ ကြယ်တို့ကိုလည်း ကွယ်ထားတော်မူ၏။ 8 မိုဃ်းကောင်းကင်ကို ကိုယ်တော်တပါးတည်း
ဖြန့်မိုးတော်မူ၏။ သမုဒ္ဒရာလှိုင်းတံပိုးကို နင်းတော်မူ၏။ 9 အာရှုကြယ်၊ ခသိလကြယ်၊ ခိမကြယ်စုမှစ၍ တောင်မျက်နှာ
ကြယ်တိုက်တို့ကို ဖန်ဆင်းတော်မူ၏။ 10 စစ်၍မသိနိုင်အောင် အလွန်ကြီးသောအမှု၊ မရေတွက်နိုင်အောင်များ၍
အံ့ဘွယ်သောအမှုတို့ကို ပြုတော်မူ၏။ 11 ငါ့ရှေ့မှာကြွတော်မူ၍ ကိုယ်တော်ကိုငါမမြင်ရ။ ရှောက်ဘွားတော်မူ၍
ကိုယ်တော်ကိုငါမရိပ်မိရ။ 12 သိမ်းယူတော်မူသောအခါ အဘယ်သူသည် ဆီးတားနိုင်သနည်း။ ကိုယ်တော်သည်အဘယ်သို့
ပြုသနည်းဟု အဘယ်သူဆိုဝံ့သနည်း။ 13 ဘုရားသခင်သည် အမျက်ပြေတော်မမူလျှင်၊ မာနကြီး၍ အားပေးသောသူတို့သည်
ရှေ့တော်၌ နှိမ့်ချ ခြင်းကို ခံရကြ၏။ 14 ထိုမျှမက ငါသည်အဘယ်သို့ ပြန်လျှောက်ရအံ့နည်း။ ရှေ့တော်၌ အဘယ်သို့သောစကားကို
ရွေး၍ လျှောက်ရအံ့နည်း။ 15 ငါသည် ဖြောင့်မတ်သော်လည်း ပြန်၍ မလျှောက်ဝံ့ဘဲ၊ တရားမှုကို ဆုံးဖြတ်တော်မူသော အရှင်ကို
တောင်းပန်ရုံမျှသာပြုရ၏။ 16 ငါခေါ်၍ အရှင်သည်ထူးတော်မူသော်လည်း၊ ငါ့စကားကို နားထောင်တော်မူမည်ဟု ငါမယုံနိုင်။ 17
အကြောင်းမူကား၊ မိုဃ်းသက်မုန်တိုင်းဖြင့် ငါ့ကို ညှဉ်းဆဲ၍၊ အကြောင်းမရှိဘဲငါ၌ အနာတို့ကို များပြား စေတော်မူ၏။ 18 ငါ့ကို
အသက်ရှူရသောအခွင့်မပေး။ ခါးစွာသော ဝေဒနာနှင့် ပြည့်စုံတော်မူ၏။ 19 တန်ခိုးကိုအမှီပြုမည်ဆိုသော်၊ ဘုရားသခင်သည်
တန်ခိုးကြီးတော်မူ၏။ တရားကိုအမှီပြုမည်ဆိုပြန် သော်၊ အဘယ်သူသည် ငါ့ဘက်၌ သက်သေခံမည်နည်း။ 20 ကိုယ်အပြစ်ကို
ပြေစေခြင်းငှါပြုလျှင်၊ ကိုယ်စကားအားဖြင့် တရားရှုံးလိမ့်မည်။ ငါသည် စုံလင်ပြီဟု ဆိုပြန်လျှင်၊ ငါ့သဘောကောက်ကြောင်း
ထင်ရှားလိမ့် မည်။ 21 တဖန်စုံလင်သော်လည်း၊ ကိုယ်စိတ်သဘောကို ကိုယ်မသိရ။ ကိုယ်အသက်ကို ပမာဏမပြုရ။ 22
ငါပြောအံ့သောစကားတချက်ဟူမူကား၊ ဘုရားသခင်သည် စုံလင်သောသူတို့ကိုဍင်း၊ ဆိုးညစ်သော သူတို့ကိုဍင်း
ဖျက်ဆီးတော်မူတတ်၏။ 23 ချက်ခြင်းဘေးတစုံတခု ရောက်သောအခါ၊ အပြစ်မရှိသောသူခံရသည်အကြောင်းကို ရယ်တော်မူ၏။ 24
မြေကြီးကိုလူဆိုးတို့ လက်၌အပ်၍၊ တရားသူကြီးတို့၏ မျက်နှာကို ဖျက်တော်မူ၏။ သို့မဟုတ် ထိုအမှုကို
စီရင်သောသူကားအဘယ်သူနည်း။ 25 တမြို့မှတမြို့သို့ စာပို့သောလုလင်ထက်၊ ငါ့နေ့ရက်တို့သည် လျင်မြန်၍၊
ကောင်ကျိုးကိုမခံရဘဲ ပြေးတတ် ကြ၏။ 26 လျင်မြန်သော သင်္ဘောကဲ့သို့ဍင်း၊ အကောင်ကို သုတ်လာသော ရွှေလင်းတကဲ့သို့ဍင်း၊
လွန်သွားတတ်ကြ ၏။ 27 ငါသည်မြည်တမ်းသော စကားကိုဖြတ်၍၊ ရွှင်လန်းသောမျက်နှာကိုဆောင်လျက်၊ ရဲရင့်ခြင်းသို့
ရောက်မည်ဟု ငါဆိုသော်လည်း၊ 28 ငါခံရသော ဒုက္ခဝေဒနာများသောကြောင့်၊ ကြောက်သောသဘောရှိ၏။ အပြစ်လွှတ်စေဟု
ငါ၌စီရင်တော် မမူကြောင်းကို ငါသိ၏။ 29 ငါသည် အပြစ်သင့်ရောက်သည်ဖြစ်၍၊ အဘယ်ကြောင့် အချည်းနှီးကြိုးစားရမည်နည်း။ 30
ငါ့ကိုယ်ကို မိုဃ်းပွင့်ရေနှင့်ဆေး၍၊ ငါ့လက်ကို ရှင်းရှင်းစင်ကြယ်စေသော်လည်း၊ 31 ရွှံ့ထဲသို့ တွန်းချတော်မူ၍၊ ငါ့အဝတ်ပင် ငါ့ကိုယ်
ကိုရွံလိမ့်မည်။ 32 ငါသည် ဘုရားသခင်၏စကားကို တဦးနှင့်တဦး တရားတွေ့နိုင်မည်အကြောင်း၊ ဘုရားသခင်သည် ငါကဲ့သို့
လူဖြစ်တော်မူသည်မဟုတ်။ 33 ငါတို့နှစ်ဦးကို ဆီးတားပိုင်သော စပ်ကြားနေ အမှုစောင့်မရှိ။ 34 ငါ့ကိုဒဏ်ခတ်တော်မမူပါစေနှင့်။
ပြုတော်မူသော ဘေးကြောင့် ငါမကြောက်ပါစေနှင့်။ 35 သို့ဖြစ်လျှင်၊ ငါသည်မကြောက်ဘဲပြောရသော အခွင့်ရှိလိမ့်မည်။ ယခုမူကား၊
ပြောရသောအခွင့်ကိုမရ။

---

Job 01

ထိုစကားမှန်ကြောင်းကိုငါသိ၏
"သင်ပြောသောအရာသည် မှန်ကန်ကြောင်း ငါသိသည်"

ထိုစကားမှန်ကြောင်း
ဗိလဒဒ်ပြောသော စကားကို ရည်ညွှန်းသည်။

လူသည်ဘုရားသခင့်ရှေ့တော်၌ အဘယ် သို့ဖြောင့်မတ်ရာသို့ ရောက်နိုင်သနည်း
"လူသည် ဘုရားသခင်
ရှေ့တွင်ဘယ်လိုအပြစ်ကင်းစင်နိုင်မည်နည်း"

လူသည်အပြစ်တထောင်တွင် တခုမျှ မဖြေနိုင်
ဖြစ်နိုင်ခြေရှိသော အစိပ္ပါယ်များမှာ


generated on Tue Jul 2 12:50:28 2024

အပြစ်တထောင်
"အပြစ်ပေါင်းအကြိမ် ၁၀၀၀"

Job 04

ဘုရားသခင်သည်ထူးဆန်းသောဉာဏ်
ဤတွင် စိတ်သည် အတွင်း၌ ရှိသောအရာ သို့မဟုတ် အတွေးအခေါ် များကို ပုံဆောင်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်ဆုံးဖြတ်သောအရာများ၌ ပညာရှိသည်"

ကြီးစွာသောတန်ခိုးနှင့်
"ခွန်အား" ဟူသော စိတ်တွဇ နာမ်သည် "အားရှိသောအရာ" ဟူသော နာမဝိသေသနကို အဖြစ်ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် မည်မျှလောက် သန်မာသည်ကို ကြီးစွာသော တန်ခိုးနှင့်" ( ရှု၊

အဘယ်သူသည် အာဏာတော်ကို ဆန့်၍အောင်နိုင်သနည်း။
မာကြောသည် ဆိုသည်မှာ စိတ်ခိုင်မာခြင်းကို ဆိုလိုပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ့ကို ဟန့်တားသည်" သို့မဟုတ် "သူ့ကို ညိုးနွမ်းစေသည်"

ဘုရားသခင်သည် တောင်တို့ကို အမှတ်တမဲ့ ရွှေ့တော်မူ၏
"ဘုရားသခင်သည် တောင်များကိုလည်း ရွှေ့တော်မူ၏"

မြေကြီးကိုရွှေ့စေခြင်းငှါ တွန်းတော်မူ၍
"ဘုရားသခင်သည် ကမ္ဘာကြီးကို တုန်လှုပ်စေတော်မူ၏"

မြေတိုင်းတို့သည် တုန်လှုပ်ကြ၏။
"မြေတို့ကိုလည်း တုန်လှုပ်စေတော်မူ၏"

Job 07

ကြယ်တို့ကိုလည်း ကွယ်ထားတော်မူ၏
"ကြယ်များကို မှေးမှိန်စေသောသူ"

မိုယ်းကောင်းကင်ကို ကိုယ်တော်တပါးတည်း ဖြန့်မိုးတော်မူ၏
ဘုရားသခင်က ကောင်းကင်သည် လက်ဖြင့် ဖြန့်မိုးသကဲ့သို့ အကူအညီ မပါဘဲ ကောင်းကင်ကို ဖန်ဆင်းသည်ကို ပြောဆိုထားပါသည်။ (ရှု၊ and

သမုဒ္ဒရာလှိုင်းတံပိုးကို နင်းတော်မူ၏
ဘုရားသခင်က ပင်လယ်သမုဒ္ဒရာကို သူ့ခြေဖြင့် နင်းတော်မူ၏။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ့ခြေကို ပင်လယ်သမုဒ္ဒရာပေါ်မှာ ချထားသည်" သို့မဟုတ် "သမုဒ္ဒရာလှိုင်းတံပိုးကိုလည်း ငြိမ်သက်စေသည်" ( ရှု၊

အာရှကြယ်၊ ခသိလကြယ်၊ ခိမကြယ်စုမှစ၍
ဤအရာများသည် နက္ခတ်တာရာများ၏ အမည်နာမဖြစ်၍ ကြယ်အပေါင်းတို့သည် ကောင်းကင်တွင် သီးသန့် ပုံဖော်သကဲ့သို့ဖြစ်သည်။ ( ရှု၊

အာရှကြယ်
ဂရိ စာပေတွင် ရှိသော ကျော်ကြားသည့် မုဆိုး

ခသိလကြယ်
များပြားစွာသော ကြယ်များသည် အတူတကွ ကောင်းကင်တွင် တောက်ပကြသည်။

ခိမကြယ်စုမှစ၍
ကောင်းကင်တွင် ပုံဖော်ကြသည့် သီးသန့် ပုံစံကဲ့သို့သော ကြယ်အုပ်စုများ

Job 10

ယေဘုယျအချက်အလက်များ
စာရေးသူက ဘုရားသခင်သည် ကြီးမြတ်သောဘုရား၊ မမြင်နိုင်သောအရာနှင့် စိုးစံတော်မူသော ဘုရားဖြစ်ကြောင်းကို အထူးပြုစေရန် အသုံးပြုထားသော စကားပြောနှစ်ခုအမြင်ကို သယ်ဆောင်ပေးသည့် အပြိုင်အဆိုင်ကို ဤအပိုဒ်တွင် အသုံးပြုထားသည်။

စစ်၍မသိနိုင်အောင် အလွန်ကြီးသောအမှု၊
နားလည်၍ မရနိုင်သော အရာများ

မြင်ရ
"ကြည့်သည်" သို့မဟုတ် "နားထောင်သည်" သို့မဟုတ် "ငါပြောမည့်အရာကို ဂရုတစိုက် နားထောင်သည်"

ငါ့ရှေ့မှာကြွတော်မူ၍
"သူသည် ကြွတော်မူ၍" သို့မဟုတ် "ဆက်ပြီး သူရှေ့လျားသည်"

သိမ်းယူတော်မူသောအခါ အဘယ်သူသည် ဆီးတားနိုင်သနည်း။
ကိုယ်တော်သည်အဘယ်သို့ ပြုသနည်းဟု အဘယ်သူဆိုဝံ့သနည်း
ဤအလင်္ကာမေးခွန်းများသည် "မည်သူကမှ" အဖြေမပေးနိုင်ကြောင်းကို မျှော်လင့်သောအရာဖြစ်သည်။ ထိုအရာများကို စကားပြောအဖြစ် ချမှတ်နိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် တစ်စုံတစ်ခုကို ယူသွားလျှင် မည်သူကမှ မရပ်တန့်စေနိုင်ပါ" သို့မဟုတ် "သင် ဘာလုပ်နေသည်ကို မည်သူတစ်ယောက်ကမှ မမေးမြန်းနိုင်ပါ" (ရှု၊

သိမ်းယူတော်မူသောအခါ
"အကယ်၍ သူသည် တစ်စုံတစ်ယောက်ကို ခေါ်သွားလျှင်" သို့မဟုတ် "သူသည် တစ်စုံတစ်ခုကို အဝေးသို့ ရွှေ့သွားလျှင်"

Job 13

မာနကြီး၍ အားပေးသောသူတို့သည် ရှေ့တော်၌ နှိမ့်ချ ခြင်းကို ခံရကြ၏
ဤတွင် "သူ့အနား၌ ဒူးထောက်ပါ" ဟူသော အရာသည် ဆက်ကပ်ခြင်း သို့မဟုတ် အောင်နိုင်ခြင်းကို ပုံဖော်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ရာဟပ်၏ အကူအညီများကို နင်းချေသည်"

မာနကြီး၍ အားပေးသောသူတို့သည်
"ရာဟတ်" ဟူသောစကားလုံးသည် ပင်လယ်ပြင်မှ
ကြောက်စရာကောင်းသော အရာကို ရည်ညွှန်းထားပါသည်။

ထိုမျှမက ငါသည်အဘယ်သို့ ပြန်လျှောက်ရအံ့နည်း။ ရှေ့တော်၌
အဘယ်သို့သောစကားကို ရွေး၍ လျှောက်ရအံ့နည်း။
ယောဘက ဝန်လေးနေသော အသက်တာဖြင့် ဘုရားသခင်အား
ရင်ဆိုင်မှုကို အထူးပြုစေရန် ဤတူညီသော မေးခွန်းများကို
ထုတ်ခဲ့သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထို့ကြောင့်
ငါသည် သေချာစွာသူ့ကို အဖြေကိုမပေးနိုင်ပါ" သို့မဟုတ် "သူနှင့်
တွေ့ဆုံရန် စကားလုံးကို ရွေးချယ်သည်"

မာနကြီး၍ အားပေးသောသူတို့သည် ရှေ့တော်၌ နိမ့်ချ ခြင်းကို ခံရကြ၏။
ယောဘက သူ့ ဒုက္ခဝေဒနာများကို လေပြင်းမုန်တိုင်း၏
အကျိုးဆက်ကဲ့သို့ ခိုင်းနှိုင်းထားပါသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် လေပြင်း မုန်တိုင်းဖြင့်
ငါ့ကို ဝေဒနာ ခံစားစေပါသည်"

အမျက်ပြေတော်မမူလျှင်
"တန်ခိုးကြီးသောအရာ" သို့မဟုတ် "ကြမ်းတမ်းသော
လေမုန်တိုင်း"

ပြန်၍ မလျှောက်ဝံ့ဘဲ၊ တရားမှုကို ဆုံးဖြတ်တော်မူသော အရှင်ကို
"ငါ့ကိုဒဏ်ရာများပေးသည်" သို့မဟုတ် "ထပ်ခါထပ်ခါ ငါ့ကို
ဒဏ်ရာပေးသည်"

ငါသည် ဖြောင့်မတ်သော်လည်း
"ငါသည် အပြစ်လုပ်ဆောင်ရန် မပေးသော်လည်း" သို့မဟုတ်
"ငါသည် အပြစ် မရှိသော်လည်း"

ဆုံးဖြတ်တော်မူသော အရှင်ကို တောင်းပန်ရုံမျှသာပြုရ၏။
ဤအရာသည် ဒေသသုံးဖြစ်ပြီး အဓိပ္ပယ်မှာ
"ထပ်ပြီးအသက်ရှုနိုင်ရန် ဖြစ်သည်"

ရှေ့တော်၌ နိမ့်ချ ခြင်းကို ခံရကြ၏။
ဤအပိုဒ်သည် ယောဘ၏အသက်တာ ခါးသီးခြင်းများနှင့်
ပြည့်နှက်ခြင်းကို ပုံဖော်ထားပါသည်။ စိတ္တဇနာမ် ဖြစ်သော
"ခါးသီးခြင်း" ဟူသည် "ခါးသီးသောအရာ" ဟူ၍
နာမဝိသေသနအဖြစ် ဖော်ပြနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ခါးသီးသောအရာများနှင့်
ဖြည့်ပေးသည်" ( ရှု၊ and

Job 16

မိုဃ်းသက်မုန်တိုင်းဖြင့် ငါ့ကို ညှဉ်းဆဲ၍
ယောဘသည် သူခံစားသော ဒုက္ခကို မုန်တိုင်း၏
အကျိုးဆက်ကဲ့သို့ ခိုင်းနှိုင်းထားသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် ငါ့ကို မုန်တိုင်းဖြင့်
နာကျင်စေပြီ"

မိုဃ်းသက်မုန်တိုင်း
အလွန်အားကြီးသော မုန်တိုင်း

အနာတို့ကို များပြား စေတော်မူ၏
"ဒဏ်ရာအများအပြား ပေးသည်" သို့မဟုတ် "ကြိမ်ဖန်များစွာ
ဒဏ်ရာရစေသည်"

အကြောင်းမရှိဘဲ
"ငါသည် အခွင့်မပေးဘဲလျှက်" သို့မဟုတ် "ငါသည်
အပြစ်မရှိဘဲလျှက်"

ငါ့ကို အသက်ရှူရသောအခွင့်မပေး
"အသက်ကို ယူထားသည်" သို့မဟုတ် "ထိန်းချုပ်သည်"

ခါးစွာသော ဝေဒနာနှင့် ပြည့်စုံတော်မူ၏
ဘုရားသခင်သည် ယောဘ၏ အသက်တာကို
ခါးသီးသောအရာများဖြင့် ဖြည့်ထားကြောင်း ထင်ရှားစေသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် ခါးသောအရာများဖြင့်
ပြည့်စေတော်မူသည်"

Job 19

တန်ခိုးကိုအမှီပြုမည်ဆိုသော်
"ခုခံပြောဆိုသော ခွန်အားများရှိခဲ့လျှင်"

ဘုရားသခင်သည် တန်ခိုးကြီးတော်မူ၏
"ကြည့်လော။ ဘုရားသခင်သည် တန်ခိုးကြီးတော်မူသည်"
သို့မဟုတ် "သူသည် တန်ခိုးကြီးကြောင့် ငါပြောမည့်အရာကို
အာရုံစိုက်ပါ"

တန်ခိုးကြီးတော်မူ၏
"သူသည် သန်မာသောသူ ဖြစ်သည်"

အဘယ်သူသည် ငါ့ဘက်၌ သက်သေခံမည်နည်း
ဤမေးခွန်းသည် မည်သူကမျှ ဘုရားသခင်ကို ရုံးတော်သို့
မခေါ်ဆောင်လာပါ ဟူသောအချက်ကို ပြုလုပ်ရန် "မည်သူမျှ"
ဟူသောအဖြေကို မျှော်လင့်ထားသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "မည်သူကမျှ
သူ့ကိုမဆင့်ခေါ်နိုင်ပါ"

ကိုယ်အပြစ်ကို ပြေစေခြင်းငှါပြုလျှင်၊ ကိုယ်စကားအားဖြင့် တရားရှုံးလိမ့်မည်။
ငါသည် စုံလင်ပြီဟု ဆိုပြန်လျှင်၊ ငါ့သဘောကောက်ကြောင်း ထင်ရှားလိမ့်
မည်။
ဤအပိုဒ်များသည် လေးနက်မှုအတွက် အမြင်ကို နှစ်ကြိမ်
အတူတူဖော်ပြထားသည်။ အခြားသော ဘာသာပြန်ချက်မှာ-
"ငါဖြောင့်မတ်စွာပြုပြီ" သို့မဟုတ် "ငါ၌အပြစ်မရှိသော်လည်း"

ငါသည် စုံလင်ပြီဟု ဆိုပြန်လျှင်
ဤတွင် "ငါသည် စုံလင်ပြီ" ဆိုသည်မှာ မှန်ကန်သောအရာကို
လုပ်ဆောင်သောသူကို ဆိုလိုပါသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် မှန်သောအရာများကို


generated on Tue Jul 2 12:50:28 2024

လုပ်ဆောင်သော်လည်း" သို့မဟုတ် "ငါသည်
အပြစ်မလုပ်သော်လည်း"

ကိုယ်စကားအားဖြင့် တရားရှုံးလိမ့်မည်။
ဤတွင် "နှုတ်" ဟူသောအရာသည် ယောဘ၏စကားဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊"ငါ့စကားသည် ငါ့ကို
တရားဖြစ်စေသည်" သို့မဟုတ် "ငါပြောသော အရာသည် ငါ့ကို
ရှုတ်ချပါသည်။"

စုံလင်ပြီဟု
"အပြစ်ကင်းခြင်း"

ကိုယ်စကားအားဖြင့် တရားရှုံးလိမ့်မည်။
ဤတွင် "ငါ့စကား" ဟူသော စကားကို သူတို့ လုပ်ဆောင်နိုင်လျှင်
ဟူ၍ ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊
"ဘုရားသခင်က ငါပြောသောအရာကို အပြစ်ဖြစ်စေရန်
အသုံးပြုမည်။"

သဘောကောက်ကြောင်း ထင်ရှားလိမ့် မည်
ဤတွင် "လှည့်ဖြားခြင်း" သို့မဟုတ် "လိမ်လည်ခဲ့သည်" ဟူသော
အဓိပ္ပယ်ကို ဆောင်ပါသည်။

Job 21

တဖန်စုံလင်သော်လည်း
"ငါသည် အပြစ်ကင်းသောသူဖြစ်သည်။"

ကိုယ်စိတ်သဘောကို
"ငါ၌ ဖြစ်ပျက်သောအရာ"

ကိုယ်အသက်ကို ပမာဏမပြုရ
"အားလုံး အတူတူဖြစ်သည်" သို့မဟုတ် "အရေးမပါသောအရာ"

ဘုရားသခင်သည် စုံလင်သောသူတို့ကိုင်း၊ ဆိုးညစ်သော သူတို့ကိုင်း
ဖျက်ဆီးတော်မူတတ်၏
ဤတွင် "အပြစ်ကင်းခြင်း" နှင့် "ဆိုးသွမ်းသောသူ"
ဟူသောအရာတို့သည် အရာရာတိုင်း၏ အကြားတွင်ရှိသော
ထူးကဲသည့် အရည်အသွေးများဖြစ်ကြသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "အပြစ်ကင်းသည် ဖြစ်စေ
သို့မဟုတ် ဆိုးသွမ်းသည် ဖြစ်စေ အရာရာတိုင်းကို အဆုံးဖက်ကို
ပို့ဆောင်ပေးသည်" ( ရှု၊

ချက်ခြင်းဘေးတစုံတခု ရောက်သောအခါ
"ကြာပွတ်" ဟူသော စကားလုံးသည် အမျိုးမျိုးသော
ကပ်ဆိုးဘေးများကို တင်စားထားသော အရာဖြစ်သည်။
အခြားသော ဘာသာပြန်ဆိုချက်၊ "ကပ်ဘေး ရုတ်တရက်ဖြစ်ပြီး
လူများ သေဆုံးကြသည်"

အပြစ်မရှိသောသူခံရသည်အကြောင်းကို ရယ်တော်မူ၏။
"မျှော်လင့်ချက် ပျက်ခြင်း" ဟူသော နာမ်စား စကားလုံးသည်
"မျှော်လင့်ချက် ပျက်သည်" ဟူသော ကြိယာအနေဖြင့်
ဘာသာပြန်ဆိုနိုင်ပါသည်။ ဤတွင်
မျှော်လင့်ချက်မဲ့သောသူများအတွက်
အစားထိုးထားသောအမည်ဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "မျှော်လင့်ချက်မဲ့နေသော
အပြစ်မရှိသူများ" သို့မဟုတ် "မျှော်လင့်ချက် ဆုံးရှုံးသော
အပြစ်မရှိသူများ"

အပြစ်မရှိသောသူ
ဤအရာသည် နာမဝိသေသနအတွက်
အဆိုပြုထားသောအရာဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "အပြစ်မရှိသောလူများ"

မြေကြီးကိုလူဆိုးတို့ လက်၌အပ်၍
ဤအရာကို အပြုသဘောဆောင်အနေဖြင့်ဖော်ပြနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်က မြေကြီးကို
ပေးထားသည်"

မြေကြီးကို
ဤတွင် "မြေကြီး" ဟူသောစကားလုံးသည်
လောက၌ရှိသောလူများကို ပုံဆောင်ထားပါသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "မြေကြီးတွင် ရှိသောလူများ"
( ရှု၊

လက်၌အပ်၍
ဤတွင် "လက်၌" ဟူသောအရာမှာ "ထိန်းချုပ်မှု" ကို
ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထိန်းချုပ်မှု
အောက်တွင်"

တရားသူကြီးတို့၏ မျက်နှာကို ဖုံးကွယ်တော်မူ၏။
ဤဒေသသုံးစကားများသည် အမှားနှင့်အမှန် ကြား
တရားစီရင်ရန် တတ်စွမ်းနိုင်သော အရာများ၏
တရားသူကြီးများကို ဆက်လက်ပြီး ထိန်းသိမ်းထားသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်သည်
သူ၏တရားသူကြီးတို့ကို မျက်စိကန်းစေတော်မူပြီ" သို့မဟုတ်
"ဘုရားသခင်သည် မှန်ကန်စွာ တရားဆုံးဖြတ်တတ်သော
တရားသူကြီးများကို ထိန်းသိမ်းသည်"

သို့မဟုတ် ထိုအမှုကို စီရင်သောသူကားအဘယ်သူနည်း။
"ဤအရာ လုပ်ဆောင်သောသူသည် ဘုရားသခင် မဟုတ်လျှင်
အဘယ်သူ လုပ်ဆောင်မည်နည်း။"

Job 25

စာပို့သောလုလင်ထက်၊ ငါ့နေ့ရက်တို့သည် လျင်မြန်၍
ယောဘက သူ့နေ့ရက်များသည် အပြေးသမားထက်
လျင်မြန်စွာလွန်သွား တတ်ကြောင်းကို နှိုင်းယှဉ်ထားပါသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့ နေ့ရက်များသည် မြန်ဆန်စွာ
ဖြတ်ကျော်သွားပါသည်"

စာပို့သောလုလင်ထက်
"အပြေးသမား" သို့မဟုတ် "ပြေးနေသော သူ"

 generated on Tue Jul 2 12:50:28 2024

ငါ့နေ့ရက်တို့သည် လျင်မြန်၍
ဤတွင် ယောဘ၏ ဘဝကို ပြေးနေသောလူတစ်ယောက်ကဲ့သို့ ပုံဖော်ထားပါသည်။

ကောင်းကျိုးကိုမခံရဘဲ ပြေးတတ် ကြ၏။
ဤအရာက ယောဘ၏ နေ့ရက်များသည် မြင်နိုင်သော လူတစ်ယောက်၏ အသက်တာအဖြစ် ပုံဖော်ထားပါသည်။

ကောင်ကျိုးကိုမခံရဘဲ
"ကောင်းကျိုးမပေးသောအရာ"

လျင်မြန်သော သင်္ဘောကဲ့သို့ငင်း
ယောဘက သူ၏ ဘဝနေ့ရက်များသည် သင်္ဘော၏ အရှိန်မြန်ဆန်ခြင်းကဲ့သို့ လွန်သွားတတ်ကြောင်းကို နှိုင်းယှဉ်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် လျင်မြန်စွာသွားသော သင်္ဘောကဲ့သို့ ဖြစ်သည်"

သင်္ဘောကဲ့သို့ငင်း
လှေများသည် ကျူပင်များဖြင့် ပြုလုပ်ထားပါသည်။ ထို ကျူပင်သည် ခေါင်းပွပြီး မြစ်တစ်လျှောက်တွင် ကြီးထွားသော ကျူပင်တစ်မျိုးဖြစ်သည်။

သုတ်လာသော ရွှေလင်းတကဲ့သို့ငင်း၊ လွန်သွားတတ်ကြ ၏။
ယောဘက သူ့ဘဝရဲ့ နေ့ရက်များသည် သုတ်ချီလာသော ရွှေလင်းတ ကဲ့သို့နှိုင်းယှဉ်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ရွှေလင်းတသည် သားကောင်ကို ဖမ်းဆီးရန် အထက်မှ မြန်ဆန်စွာ ခုန်ဆင်းသကဲ့သို့ ဖြစ်သည်"

အကောင်ကို သုတ်လာသော
"အကောင်ကို နှုတ်သီးဖြင့်သယ်ဆောင်လာသော"

Job 27

ငါသည်မြည်တမ်းသော စကားကိုဖြတ်၍၊
စိတ္တဇ နာမ်ဖြစ်သော "မြည်တမ်းခြင်း" ဟူသည် "မြည်တမ်းသည်" ဟူသော ကြိယာစကားလုံး အနေဖြင့်လည်း ဘာသာပြန်ဆိုနိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် မြည်တမ်းခြင်းကို ရပ်တန့်မည်" သို့မဟုတ် "ဘုရားသခင်ကို ဆန့်ကျင်သော မြည်တမ်းခြင်းကို ရပ် တန့်မည်"

မြည်တမ်းသော
၎င်းသည် ယောဘက မြည်တမ်းသော ဆန့်ကျင်မှုကို ပြုသောသူအဖြစ် ရှင်းလင်းစွာ ဖော်ပြနိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်- ဘုရားသခင်ကို "ငါတိုင်တည်ပြီ

ရွှင်လန်းသောမျက်နှာကိုဆောင်လျက်၊
ယောဘ၏ ဝမ်းနည်းသောမျက်နှာကို ရွှေ့နိုင်သောအရာတစ်ခုခုကဲ့သို့ ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် မပျော်ရွှင်မှုများကို ရပ်တန့်ပြီး ရွှင်လန်းစေမည်"

ငါခံရသော ဒုက္ခဝေဒနာများသောကြောင့်၊ ကြောက်သောသဘောရှိ၏။
အပိုဒ်ငယ် ၂၈ နှင့် ၂၉ သည် ယောဘက အပိုဒ်ငယ် ၂၇ တွင် သူပြောထားသော အရာ၏ အကျိုးသက်ရောက်မှုကို ဖော်ပြထားပါသည်။ ဤအရာကိုလည်း "ထို့နောက်" ဟူသော စကားလုံးပေါင်းထည့်ခြင်းဖြင့် ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထို့ပြင် ငါသည် ငါ၏ ဝမ်းနည်းခြင်း၌ ကြောက်ရွံ့မည်"

ငါခံရသော ဒုက္ခဝေဒနာများသောကြောင့်
စိတ္တဇနာမ်ဖြစ်သော "ဝမ်းနည်းခြင်း" ကို ကြိယာစကားလုံးကဲ့သို့ ဘာသာပြန်ဆိုနိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့ကို နာကျင်စေသော အရာများ"

ငါသည် အပြစ်သင့်ရောက်သည်ဖြစ်၍
ငါသည် စွပ်စွဲခံပြီး အပြစ်ဒဏ် ခံရမည်ဖြစ်သည်။ ၎င်းကိုလည်း အပြုသဘောပုံစံဖြင့်ဖော်ပြနိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်သည် ငါ့ကို အပြစ်စီရင်၍"

အဘယ်ကြောင့် အချည်းနှီး ကြိုးစားရမည်နည်း။
ယောဘက ဘုရားသခင်၏ အထူးဆောင်ရွက်ခြင်းကို အသုံးပြုရန် မကြိုးစားခြင်းဟူသော အရာကို အထူးပြုစေရန် ဤမေးခွန်းကို အသုံးပြုထားပါသည်။ ရည်ညွှန်းထားသော အချက်အလက်များသည် ယောဘအနေဖြင့် သေချာ စေ့စပ်စွာ လုပ်ဆောင်သော သူဖြစ်အောင်ကြိုးစားနေသည် ဟူ၍ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ဘုရား၏ အထူးအာရုံစိုက်ခြင်း ရရှိရန် ကြိုးစားမှုအတွက် အသုံးမပြုခဲ့လျှင်"

Job 30

ငါ့ကိုယ်ကို မိုဃ်းပွင့်ရေနှင့်ဆေး၍
"ငါ့ ခန္ဓာကိုယ်အား ရေဖြင့် ဆေးကြောပြီး ရေချိုးလျှင်"

စင်ကြယ်စေသော်လည်း
"မိုဃ်းပွင့်မှ ထွက်လာသော ရေ"

မိုဃ်းပွင့်
"အေးမြသောနေရာတွင်တွေ့ရသည့် အဖြူရောင် အပွင့်ဖတ်များ"

ငါ့လက်ကို ရှင်းရှင်းစင်ကြယ်စေသော်လည်း
ငါ့လက်ဖြင့် ရှင်းရှင်း စင်ကြယ်စေသည်။ တချို့သောကျမ်းစာဘာသာပြန်သူများက ၎င်းကို "ဆပ်ပြာဖြင့် ငါ့လက်ကို ဆေးကြော သန့်စင်သည်"

ရွှံ့ထဲသို့ တွန်းချတော်မူ၍
"တွင်းထဲသို့ ငါ့ကို ပစ်ချတော်မူ၏"

ငါ့အဝတ်ပင် ငါ့ကိုယ် ကိုရွံ့လိမ့်မည်။
ယောဘ၏ အဝတ်အစားဝတ်ခြင်းကို ဘုရားက သူ့အားမြောင်းထဲသို့ချပစ်ခြင်း ခံပြီးနောက် ယောဘအား တုံ့ပြန်ခြင်းကို ပြောဆိုထားပါသည်။

အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် ကိုယ်အဝတ်အစားအား ရှုံရှာမည်" (ရှု၊

Job 32

ငါသည် ဘုရားသခင်၏စကားကို တဦးနှင့်တဦး တရားတွေ့နိုင်မည်အကြောင်း
ယောဘက ဘုရားသခင်သည် သူ၏ အမှားလုပ်ခြင်းအား ဆုံးမပြီး ထိုဆုံးမခြင်းအားတုံ့ပြန်ရန် လိုချင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ ငါ့ကို ဆန့်ကျင်သော ဆုံးမခြင်းကို အဖေ ပေးသည်" သို့မဟုတ် "ငါ့ကိုယ်ငါ ကာကွယ်သည်" သို့မဟုတ် "သူနှင့် ပတ်သက်သော ငါ၏ အသိပညာ မရှိခြင်းကို ငြင်းခုံသည်"

တဦးနှင့်တဦး တရားတွေ့နိုင်မည်အကြောင်း၊
"ဒုက္ခထဲသို့ အတူတကွ လာကြသည်။" တရားရင်ဆိုင်သည်။ ဤတွင် "တရားရုံး" ဟူသည်မှာ လူများသွားလာနိုင်သော နေရာနှင့် တရားသူကြီးများ အငြင်းပွားသောနေရာလည်းဖြစ်သည်။ "အတူတကွ လာရောက်ခြင်းဟူသည်မှာ တရားရုံးတွင် တစ်ယောက်နှင့် တစ်ယောက် ဆန့်ကျင်သော အရာကို အစားထိုးပြောဆိုထားခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တရားသူကြီးရှေ့၌ တစ်ယောက်နှင့် တစ်ယောက် ထိပ်တိုက် တွေ့ဆုံကြသည်"

ငါတို့နှစ်ဦးကို ဆီးတားပိုင်သော စပ်ကြားနေ အမှုစောင့်မရှိ။
ဤအရာ၏ ဆိုလိုရင်းမှာ ယောဘနှင့် ဘုရားသခင်အကြား ဘယ်အရာက မှန်သည်ဟူသောအရာနှင့် ဘုရားသခင်ထက် သာ၍ကြီးမြတ်သော တရားသူကြီးတစ်ယောက်မျှမရှိကြောင်းကို ဆိုလိုပါသည်။

ငါတို့နှစ်ဦးကို ဆီးတားပိုင်သော
ဤတွင် "သူ့ကို တင်သည်" ဟူသော အရာမှာ တန်ခိုးရှိခြင်းနှင့် အာဏာရှိခြင်းကို ဆိုလိုပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါတို့အား ဆုပ်ကိုင်ထားပါ" သို့မဟုတ် "ငါတို့အပေါ်၌ အာဏာရှိသည်"

Job 34

ဆက်စပ်ဖော်ပြချက်
ဤအပိုဒ်ငယ်များက ယောဘနှင့် ဘုရားသခင်အကြားတရားစီရင်ပေးသော ဘုရားသခင်ထက် သာ၍ ကြီးမြတ်သော သူတစ်ယောက်မျှ မရှိကြောင်းကို ပြီးခဲ့သော အငြင်းအခုံကို ဆက်လက်ဖော်ပြခြင်းဖြစ်ပါသည်။

ငါ့ကိုဒဏ်ခတ်တော်မမူပါစေနှင့်
ဤတွင် "ဘုရားသခင်၏ ဒဏ်ခတ်သောအရာ" ဟူသည်မှာ ဘုရားသခင်က အပြစ်ပေးခြင်း သို့မဟုတ် ယောဘအား ပြုပြင်ပေးခြင်း၏ အစားထိုးအမည်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့ကို အပြစ်ပေးခြင်းမှ ဘုရားကို ရပ်တန့်စေပါ"

သို့ဖြစ်လျှင်၊ ငါသည်မကြောက်ဘဲပြောရသော အခွင့်ရှိလိမ့်မည်
စိတ္တဇနာမ်ဖြစ်သော "ကြောက်ရသောအရာ" ဟူသည်မှာ ကြောက်လန့်စရာကောင်းသည်ဟူသည့် ကြိယာစကားလုံးအဖြစ်လည်း ဘာသာပြန်နိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့အား ကြောက်လန့်စေသောအရာ နှင့် ကြောက်ရွံ့စေသောအမှုမှ ကာကွယ်တော်မူပါ"

ငါသည်မကြောက်ဘဲပြောရသော အခွင့်ရှိလိမ့်မည်
"ထို့နောက် ငါပြောမည်"

ယခုမူကား၊ ပြောရသောအခွင့်ကိုမရ။
"အကြောင်းမူကား ယခုတွင် ဤအရာမည်သို့ ဖြစ်ပေါ်လာသည်။"

## Translation Questions

Job 9:1

လူသည် ဘုရားသခင်နှင့် ငြင်းခုံဖို့ကြိုးစားပါက မည်သို့ဖြစ်မည်နည်း?
လူသည် အကြိမ်တစ်ထောင်တွင် တစ်ကြိမ်မှ ဘုရားသခင်ကို မဖြေနိုင်ပါ။

Job 9:4

ဘုရားသခင်သည် အမျက်ထွက်လျှင် တောင်များကို မည်သို့လုပ်သနည်း?
သူသည် တောင်များကို ကြိုတင်သိစေခြင်းမရှိဘဲ ဖယ်ရှားတော်မူသည်၊ မှောက်လှန်တော်မူသည်။

Job 9:7

ဘုရားသခင်သည် မည်သည့်အရာကို နင်းချေတော်မူသနည်း?
ဘုရားသခင်သည် ပင်လယ်လှိုင်းများကို ဆိတ်ငြိမ်စေ၍ နင်းချေတော်မူသည်။

Job 9:10

ဘုရားသခင်ဖြတ်သွားသောအခါ ယောဘက မြင်ရသလား?
ဘုရားသခင်ဖြတ်သွား၍ ယောဘသည် မမြင်၊ သတိပင်မထားလိုက်မိပါ။

Job 9:13

ယောဘသည် ဖြောင့်မတ်ခဲ့လျှင်ပင်၊ သူသည် ဘုရားသခင်ကို မည်သို့ခေါ်ရမည်နည်း?

ယောဘသည် ဘုရားသခင်ကို မဖြေနိုင်၊ ကရုဏာအတွက်သာ တောင်းလျှောက်နိုင်သည်။

Job 9:16

အဘယ်ကြောင့် ဘုရားသခင်သည် သူ့ဒဏ်ရာများကို တိုးပွားစေသည်ဟု ယောဘထင်သနည်း?

ဘုရားသခင်သည် သူ့ဒဏ်ရာများကို တိုးပွားစေသည်ဟု အကြောင်းမရှိဘဲ ယောဘ ယုံကြည်သည်။

Job 9:19

လူများသည် ဖြောင့်မတ်၊ ပြည့်စုံနိုင်သလော?

မဟုတ်ပါ၊ ထိုသို့ဖြစ်ခဲ့လျှင်ပင် သူ့နှုတ်သည် ပြစ်တင်၍ အပြစ်ရှိကြောင်း ထင်ရှားစေလိမ့်မည်။

Job 9:21

ဘုရားသခင်သည် ဖြောင့်မတ်သောသူများနှင့် မိုက်မဲသောသူများကို မတူအောင်ဆက်ဆံသည်ဟု ယောဘထင်သလော?

ဘုရားသခင်သည် ပြည့်စုံသောသူနှင့် မိုက်မဲသောသူနှစ်မျိုးစလုံးကို ဖျက်ဆီးတော်မူသည်ဟု သူပြောသည်။

Job 9:25

ယောဘသည် မိမိနေ့ရက်များကို မည်သည့်အရာနှင့် နှိုင်းယှဥ်သနည်း?

နေ့ရက်များသည် ပြေးသောတမန်ထက်ပင် မြန်ဆန်သည်၊ လှေကဲ့သို့လျှင်မြန်၍၊ ထိုးဆင်းသော လင်းယုန်ကဲ့သို့မြန်သည်။

Job 9:27

အဘယ်ကြောင့် ယောဘက သူ့မကျေနပ်ချက်များကို မေ့လျော့လျှင် အလကားဖြစ်မည်ဟု ပြောသနည်း?

ဘုရားသခင်သည် သူ့ကိုဖြောင့်မတ်သည်ဟု သတ်မှတ်မည်မဟုတ်၊ ယောဘကို ပြစ်တင်ရှုတ်ချမည်။

Job 9:32

မည်သည့်အရာကို တရားသူကြီးမလုပ်နိုင်ဟု ယောဘပြောသနည်း?

မည်သည့်တရားသူကြီးမျှ ဘုရားသခင်နှင့်ယောဘပေါ်တွင် လက်မတင်နိုင်။

Job 9:34

မည်သည့်အရာကို အရေးတရားသူကြီးက မလုပ်နိုင်ဟု ယောဘပြောသနည်း?

ယောဘထံမှ ဘုရားသခင်၏လှံတံကိုယူနိုင်သောတရားသူကြီးမရှိ၊ ယောဘအဖို့ ဘုရားသခင်၏ကြောက်မက်ဘွယ်ကြောက်လန့်စေမှုကို တရားသူကြီးမရှိ။

## Chapter 10

[1] ငါ့ဝိညာဉ်သည် အသက်ကိုငြီးငွေ့၏။ မြည်တမ်း သောအပြစ်ကို ခံရမည်။ စိတ်အလွန်ညှိုးငယ်၍ ပြောရ မည်။ [2] ဘုရားသခင်ကို
လျှောက်ရသောစကားဟူမူကား၊ အကျွန်ုပ်ကို အပြစ်စီရင်တော် မမူပါနှင့်။ အကျွန်ုပ်နှင့် ဆန့်ကျင်ဘက်ပြုတော်မူမည်အကြောင်းကို
ပြတော်မူပါ။ [3] ကိုယ်တော်သည်ညှဥ်းဆဲတော်မူသင့်သလော။ ကိုယ်တိုင်ဖန်ဆင်းသောအရာကို ရွံရှာ၍၊ လူဆိုးတို့၏ အကြံအစည်ကို
ကောင်းကြီးပေးတော်မူသင့်သလော။ [4] ကိုယ်တော်သည် ရူပမျက်စိရှိတော်မူသလော။ လူမြင်သည်နည်း တူမြင်တော်မူသလော။ [5]
ကိုယ်တော်၏နေ့ရက်တို့သည် လူနေ့ရက်ကဲ့သို့ ဖြစ်ပါသလော။ ကိုယ်တော်၏နှစ်တို့သည် လူယောကျ်ား နေ့ရက်ကဲ့သို့ ဖြစ်ပါသလော။
[6] အကျွန်ုပ်ပြုသော ဒုစရိုက်ကိုစစ်၍ အပြစ်ကို တွေ့ခြင်းငှါ အဘယ်ကြောင့် ရှာတော်မူသနည်း။ [7] အကျွန်ုပ်သည်
လူဆိုးမဟုတ်ကြောင်းနှင့် လက်တော်မှ အဘယ်သူမျှမကယ်မနှုတ်နိုင်ကြောင်းကို သိတော်မူ၏။ [8] အကျွန်ုပ်တကိုယ်လုံးကို
လက်တော်နှင့်စေ့စပ်စွာ ဖန်ဆင်းတော်မူသည်ဖြစ်၍၊ ယခုဖျက်ဆီးတော်မူမည် လော။ [9] သရွတ်ကိုလုပ်သကဲ့သို့
အကျွန်ုပ်ကိုလုပ်တော်မူကြောင်းကို အောက်မေ့တော်မူပါ။ တဖန်မြေမှုန့် ဖြစ်စေတော်မူမည်လော။ [10] အကျွန်ုပ်ကိုနို့ကဲ့သို့
သွန်းလောင်း၍၊ ဒိန်ခဲကဲ့သို့ ခဲစေတော်မူပြီ မဟုတ်လော။ [11] အရေအသားဖြင့်ဖုံးလွှမ်း၍၊ အရိုးနှင့်အကြော တို့ဖြင့် ခိုင်ခံ့စေတော်မူပြီ။
[12] အသက်ရှင်ရသောအကြောင်းနှင့်တကွ ကျေးဇူးများကိုပြုတော်မူပြီ။ ကြည့်ရှုပြုစုခြင်း ကျေးဇူးတော်သည် လည်း
အကျွန်ုပ်၏ဝိညာဉ်ကိုမစပါပြီ။ [13] ယခုရောက်သောအမှုတို့ကိုလည်း၊ နှလုံးတော်၌သိုထား၍ ကြံစည်တော်မူသည်နှင့်အညီ
ရောက်ကြောင်း ကို အကျွန်ုပ်သိပါ၏။ [14] အကျွန်ုပ်သည် ပြစ်မှားလျှင်၊ ကိုယ်တော် မှတ်တော်မူ၏။ အကျွန်ုပ်အပြစ်ကို
လွှတ်တော်မူမည် မဟုတ်။ [15] အကျွန်ုပ်သည်ဆိုးညစ်လျှင် အမင်္ဂလာရှိပါ၏။ ဖြောင့်မတ်သော်လည်း ကိုယ်မျက်နှာကိုမပြရ။
ကိုယ်ခံရသော ဒုက္ခဆင်းရဲကို ဆင်ခြင်၍ မိန်းမောတွေဝေလျက် နေရ ပါ၏။ [16] အကျွန်ုပ်ထလျှင် ကိုယ်တော်သည် ခြင်္သေ့ကဲ့သို့
အကျွန်ုပ်အပေါ်သို့ ခုန်၍ ကြောက်မက်ဘွယ်သော အခြင်းအရာတို့ကို ပြတော်မူ၏။ [17] အကျွန်ုပ်တဘက်၌ သက်သေခံတော်မူချက်
များပြား၍၊ အမျက်တော်ကို တိုးပွါးစေခြင်းငှါ ပြုတော် မူသဖြင့်၊ အကျွန်ုပ်တဘက်၌ ရန်စစ်တို့သည် အထပ် ထပ်ထကြပါ၏။ [18]
အကျွန်ုပ်ကို အမိဝမ်းထဲက အဘယ်ကြောင့် ဆောင်ခဲ့တော်မူသနည်း။ ထိုသို့ပြုတော်မမူလျှင် အကျွန်ုပ် သည်အသက်မရှိ၊
အဘယ်သူမျှ အကျွန်ုပ်ကိုမမြင်ရပါ။ [19] ထိုသို့ အကျွန်ုပ်သည် မဖြစ်သကဲ့သို့ဖြစ်၍၊ အကျွန်ုပ်ကိုအမိဝမ်းထဲမှ သင်္ချိုင်းသို့
ဆောင်ပို့ရကြ၏။ [20] အကျွန်ုပ် နေ့ရက်တို့သည် နည်းပါးသည် မဟုတ် လော။ [21] မှောင်မိုက်နှင့်သေခြင်း အရိပ်ဖုံးလွှမ်းသောပြည်၊ [22]
သေခြင်းအရပ်ဖြစ်စေသော ညဉ့်ကဲ့သို့တခဲနက်မိုက်သဖြင့်၊ အလင်းပင်မှောင်မိုက်သက်သက်ဖြစ်၍၊ ရှင်းလင်းခြင်းအလျှင်၊
မရှိသောပြည်၊ အကျွန်ုပ်တခါရောက်ပြီးမှ တဖန်ပြန်၍ မလာရသောပြည်သို့ အကျွန်ုပ် သား၍မရောက်မှီ၊ သက်သာခြင်း
အနည်းငယ်ရှိပါမည် အကြောင်းနေတော်မူပါ။ အကျွန်ုပ်ကို တတ်တိုင်းရှိစေ တော်မူပါဟု မြွတ်ဆို၏။

---

## Job 01

ငါ့ဝိညာဉ်သည် အသက်ကိုငြီးငွေ့၏
ငါသည် အသက်ရှင်ခြင်းကို မောပန်းသည်။

မြည်တမ်း သောအပြစ်ကို ခံရမည်
စိတ္တဇနာမ်များဖြစ်သော "ဖော်ပြခြင်း" နှင့် "မြည်တမ်းခြင်း" ကို "ဖော်ပြသည်" နှင့် "မြည်တမ်းသည်" ဟူ၍ ဘာသာပြန်ဆိုနိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မြည်တမ်းရမည့်အရာကို ငါသည် လွတ်လပ်စွာ ဖော်ပြမည်" သို့မဟုတ် "ငါသည် လွတ်လပ်စွာ ငြင်းခုံမည်"

စိတ်အလွန်ညှိုးငယ်၍ ပြောရ မည်။
ယောဘက ဝေဒနာ ခံစားသောအရာကို ခါးသီးခြင်းအရသာကဲ့သို့ နှိုင်းယှဥ်ထားပါသည်။ စိတ္တဇ နာမ်ဖြစ်သော "ခါးသီးခြင်း" ကို "ခါးသီးစွာ" ဟူသော ကြိယာဝိသေသနအဖြစ် ဘာသာပြန်ဆိုနိုင်ပါသည်" အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့အထဲ၌ ရှိသောအရာသည် ခါးသီးစွာ ပြောဆိုမည်" သို့မဟုတ် "ငါသည် ခါးသီးစွာ စကားပြောမည်"

ဘုရားသခင်ကို လျှောက်ရသောစကားဟူမူကား၊ အကျွန်ုပ်ကို အပြစ်စီရင်တော် မမူပါနှင့်။ အကျွန်ုပ်နှင့် ဆန့်ကျင်ဘက်ပြုတော်မူမည်အကြောင်းကို ပြတော်မူပါ။ ကိုယ်တော်သည်ညှဥ်းဆဲတော်မူသင့်သလော
အခြားသောဘာသာပြန်ဆိုချက်၊ "အကျွန်ုပ်ကို အပြစ်စီရင်တော် မမူပါနှင့်။ အကျွန်ုပ်နှင့် ဆန့်ကျင်ဘက်ပြုတော်မူမည် အကြောင်းကို ပြတော်မူပါ။ ကိုယ်တော်သည် ညှဥ်းဆဲတော်မူ သင့်သလော။"

ကိုယ်တိုင်ဖန်ဆင်းသောအရာကို ရွံရှာ၍
အခြားသောဘာသာပြန်ဆိုချက်၊ "သင် ဖန်ဆင်းထားသော အရာ"

လူဆိုးတို့၏ အကြံအစည်ကို ကောင်းကြီးပေးတော်မူ သင့်သလော။
အကြံအစည်ကို ကောင်းကြီးပေးသည်ဟူသော ဒေသသုံးစကားသည် ဘုရားသခင်၏ အသိအမှတ်ပြုခြင်းကို ပုံဆောင်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူဆိုးများ၏ အကြံအစည်ကို အသိအမှတ်ပြုသည်"

 generated on Tue Jul 2 12:50:28 2024

## Job 04

ကိုယ်တော်သည် ရုပကျက်စိရှိတော်မူသလော။ လူမြင်သည်နည်း တူမြင်တော်မူသလော
ဤမေးခွန်းနှစ်ခုသည် အဓိပ္ပါယ်အတူတူပင်ဖြစ်သည်။ ဤမေးခွန်းများက ဘုရားသခင်သည် လူမြင်သကဲ့သို့ သို့မဟုတ် နားလည်သကဲ့သို့ မမြင်နိုင်၊ နားမလည်နိုင်ကြောင်းကို အထူးပြုစေရန် ဖြစ်သည်။ ထိုအရာများကို စကားပြောအဖြစ်ဖော်ပြနိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကိုယ်တော်သည် မျက်စိ မရှိပါ။ လူများ မြင်သကဲ့သို့ မမြင်ပါ"

ကိုယ်တော်၏နေ့ရက်တို့သည် လူနေ့ရက်ကဲ့သို့ ဖြစ်ပါသလော။ ကိုယ်တော်၏နှစ်တို့သည် လူယောက်ျား နေ့ရက်ကဲ့သို့ ဖြစ်ပါသလော
ဤစကားစုနှစ်ခုတို့သည် အဓိပ္ပါယ် အတူတူလောက်သာဖြစ်သည်။

ကိုယ်တော်၏နေ့ရက်တို့သည်
သင်၏ နေ့ရက် အရေအတွက်များ

ကိုယ်တော်၏နှစ်တို့သည်
သင်၏ နှစ်ပေါင်း အရေအတွက်များ

အကျွန်ုပ်ပြုသော ဒုစရိုက်ကိုစစ်၊ အပြစ်ကို တွေ့ခြင်း
ဤစကားစုနှစ်ခုသည် အဓိပ္ပာယ်တူနီးပါးရှိသည်။

ဆက်စပ်ဖော်ပြချက်
အပိုဒ်ငယ် ၅ တွင် အစပြုထားသည့် စကားလုံးဖြစ်သော "သင်၏ နေ့ရက်များလော" ဟူသော မေးခွန်းကို အဆုံးသတ် စေပါသည်။

လက်တော်
ဤတွင် "ကိုယ်တော့် လက်တော်" ဟူသည်မှာ ဘုရားသခင်၏ တန်ခိုးကို ပုံဆောင်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကိုယ်တော်၏ တန်ခိုးတော်မှ"

## Job 08

လက်တော်
ဤတွင် "လက်တော်" ဟူသည်မှာ ဘုရားသခင်နှင့် သူ၏ အပြုအမူများကို ပုံဆောင်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်"

ကျွန်ုပ်တကိုယ်လုံးကို လက်တော်နှင့်စေ့စပ်စွာ ဖန်ဆင်းတော်မူသည်ဖြစ်၍
ယောဘက ဘုရားသခင်သည် သူ့ကို မည်သို့ ဖန်ဆင်းထားသည်ကို အိုးသမားက ရွှံ့ဖြင့် ပြုလုပ်ထားသည့် အရာဖြင့် တင်စား ထားသည်။

သရွတ်ကိုလုပ်သကဲ့သို့ အကျွန်ုပ်ကိုလုပ်တော်မူကြောင်းကို အောက်မေ့တော်မူပါ
ငါ့ကို ပုံသွင်းပေးပြီး ပုံဖော်ပေးသည်။ "ဘောင်သွင်းသည်" ဟူသော စကားလုံးနှင့် "ခေတ်အလိုက် ဆင်ယင်သည်" ဟူသောအရာမှာ အတူတူပင်ဖြစ်သည်။

အောက်မေ့တော်မူပါ
"မှတ်ထားပါ"

တဖန်မြေမှုန့် ဖြစ်စေတော်မူမည်လော။
"ငါ့ကို မြေမှုန့်သို့ တဖန် ပြောင်းစေတော်မူပါ။"

## Job 10

ယေဘုယျအချက်အလက်
ဤအပိုဒ်များတွင် ယောဘက ဘုရားသခင်သည် သူ့ကို ဝမ်း၌ ရှိစဉ်ပင် မည်သို့ ပုံသွင်းထားသည်ကို ဖော်ပြရန် ကဗျာဆန်သော ဘာသာစကားများကို အသုံးပြုထားပါသည်။

အကျွန်ုပ်ကိုနို့ကဲ့သို့ သွန်းလောင်း၍၊ ဒိန်ခဲကဲ့သို့ ခဲစေတော်မူပြီ မဟုတ်လော
အခြားသောဘာသာပြန်ဆိုချက်၊ "ကိုယ်တော်သည် ငါ့ကို နို့ရည်ကဲ့သို့ သွန်းလောင်းခဲ့ရာ ဒိန်ခဲ ကဲ့သို့ သိပ်ထားသည်" သို့မဟုတ် "ကိုယ်တော်သည် ငါ့အား နို့ရည်မှ ဒိန်ခဲဖြစ်လာအောင် ဖန်ဆင်းထားသည်"

ကိုယ်တော်သည်
ဤတွင် "သင်" ဟူသည်မှာ ဘုရားသခင်ကို ရည်ညွှန်းထားပါသည်။

အကျွန်ုပ်ကို
ဤတွင် "အကျွန်ုပ်ကို" ဟူသည်မှာ ယောဘ ကိုယ်တိုင်ဖြစ်သည်။

အရေအသားဖြင့်ဖုံးလွှမ်း၍
ဘုရားသခင်က ယောဘ၏အသက်တာ၌ ဖုံးပေးသော အရေနှင့် အသားတို့ သည် သူ့အပေါ်သို့ ဖုံးပေးသော အဝတ်ကဲ့သို့ ပြောဆိုထားပါသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကိုယ်တော်သည် အရေနှင့်အသားကို ငါ့အပေါ်၌ ဖုံးပေးတော်မူပြီ"

အရိုးနှင့်အကြော တို့ဖြင့် ခိုင်ခံ့စေတော်မူပြီ။
"ငါ့အား အတူတကွ ခိုင်ခန့်စေပြီ။" ဘုရားသခင်က ယောဘအားဝမ်းတွင်းကပင် အသားဖြင့်ဖုံးလွှမ်းထားခြင်းကို ဘုရားသခင်သည် အပ်ချုပ်သကဲ့သို့ သို့မဟုတ် အပ်ထိုးသကဲ့သို့ ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့ကို အတူတကွထားစေပါသည်"

အကြော တို့ဖြင့်
အရိုးများသို့ ကြွက်သားများ ဆက်နွယ်သော ခန္ဓာကိုယ် အစိတ်အပိုင်း သို့မဟုတ် ခိုင်ခန့်သော အရာနှင့် ခန္ဓာကိုယ်အစိတ်အပိုင်း၊ အဖြူရောင် ကြိုးစ ကဲ့သို့ဖြစ်သည်။

## Job 12

အသက်ရှင်ရသောအကြောင်းနှင့်တကွ ကျေးဇူးများကိုပြုတော်မူပြီ။
စိတ္တဇ နာမ်ဖြစ်သော "အသက်" နှင့် "သစ္စာရှိခြင်း" ဟူသော အရာများသည် "အသက်ရှင်သည်" နှင့် "သစ္စာရှိမှု" ဟူ၍လည်း


generated on Tue Jul 2 12:50:28 2024

ဖော်ပြနိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် သစ္စာရှိပြီး သင်၏ ပဋိညာဉ်တရားနှင့် ငါ့ကို အခွင့်ပေးထားသည်"

ကြည့်ရှုပြုစုခြင်း ကျေးဇူးတော်

ဂရုစိုက်သည်

အကျွန်ုပ်၏ဝိညာဉ်ကိုမစပါပြီ

ဤတွင် ယောဘ၏အသက်သာကိုကို "ဝိညာဉ်" ဟူသောအရာဖြင့် ပုံဆောင်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် "ငါ့ကို ကွယ်ကာစောင့်ရှောက်သည်" သို့မဟုတ် "ငါ့အားသေချာစွာ စောင့်ကြည့်သည်" သို့မဟုတ် "ငါ့ကို လုံခြုံစွာ ထိန်းသိမ်းပေးသည်"

နှလုံးတော်၌သိုထား၍

သင်သည် ငါ့ကို စောင့်ကြည့်နေမည်

## Job 15

အကျွန်ုပ်သည်ဆိုးညစ်လျှင်

ဆိုးသောအရာများကို ငါလုပ်လျှင်

အမင်္ဂလာရှိပါ၏

မည်မျှလောက် ငါ့အတွက် ကြောက်စရာကောင်းသနည်း။

ကိုယ်မျက်နှာကိုမပြရ

ဤဒေသသုံးစကားများသည် လုံခြုံမှုအတွက် ဆိုလိုပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့ခေါင်းကို မြှာက်သည်" သို့မဟုတ် "စိတ်ချမှုရှိသည်" သို့မဟုတ် "ငါ့ကိုယ်ငါ သေချာမှုရှိသည်"

ကိုယ်ခံရသော ဒုက္ခဆင်းရဲကို ဆင်ခြင်၍ မိန်းမောတွေဝေလျက် နေရ ပါ၏

အခြားဖြစ်နိုင်သော အဓိပ္ပယ်များမှာ - တချို့သော အပိုင်းများဖြင့် နောက်လိုက်သည်၊ "ငါသည် ဒုက္ခဆင်းရဲနှင့် ဝေဒနာကိုခံ၍ ကျေးဇူးတရား မရှိသောအရာသည် ဝေဒနာများထက် သာ၍ ဆိုးရွားပါသည်။

ကိုယ်ခံရသော ဒုက္ခဆင်းရဲကို ဆင်ခြင်၍

ငါသည် လုံးလုံးအရှက်ကွဲသည် သို့မဟုတ် ငါ့ကို မည်သူကမျှ မရိုသေတော့ပါ"

အမင်္ဂလာ

အရှက်တရား

ကိုယ်ခံရသော ဒုက္ခဆင်းရဲ

ဤ စိတ္တဇ နာမ်ဖြစ်သော "ဆင်းရဲခြင်း" ကို "ဒုက္ခရောက်သည်" ဟူသော ကြိယာအဖြစ်လည်း အသုံးပြုဘာသာပြန်ဆိုနိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့အား ဘုရားသခင် မည်သို့ ဒုက္ခရောက်စေသည်"

အခြင်းအရာတို့ကို ပြတော်မူ၏။

ပျောက်ဆုံးနေသော စကားလုံးကို ထောက်ပံ့ပေးနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ငါ ရှာနေသည်"

အကျွန်ုပ်ထလျှင်

ဤဒေသသုံးစကားသည် သူ့ကိုယ်သူ စိတ်ချခြင်း သို့မဟုတ် ဝါကြွားခြင်းကို ဆိုလိုပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် ဝါကြွားသောသူ ဖြစ်လာသည်"

ကိုယ်တော်သည် ခြင်္သေ့ကဲ့သို့ အကျွန်ုပ်အပေါ်သို့ ခုန်၍

ဖြစ်နိုင်သောအဓိပ္ပယ်များမှာ

ကြောက်မက်ဘွယ်သော အခြင်းအရာတို့ကို ပြတော်မူ၏။

ဤစကားစုက ဘုရားသခင်သည် သူ၏ ကြီးမားသောတန်ခိုးအားဖြင့် ယောဘအား မည်သို့ နာကျင်စေကြောင်း ကို ပြောင်းပြန်စကားဖြင့် ဖော်ပြထားပါသည်။

## Job 17

အကျွန်ုပ်တဘက်၌ သက်သေခံတော်မူချက် များပြား၍

ဘုရားသခင်ထံမှ လာသော ယောဘ၏ ပြဿနာများသည် လူသားများသည် သူ့ကို ဆန့်ကျင့်ပြီး သက်သေထူသော အရာကဲ့သို့ ပြောဆိုထားပါသည်။

အမျက်တော်ကို တိုးပွါးစေခြင်းငှါ ပြုတော် မူသဖြင့်၊

စိတ္တဇ နာမ်ဖြစ်သော "ဒေါသ" သည် နာမဝိသေသန တည်းဟူသော "ဒေါသထွက်သော" ဟူ၍ ဘာသာပြန်ဆိုနိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သာ၍ ဒေါသထွက်လာသည်"

အကျွန်ုပ်တဘက်၌ ရန်စစ်တို့သည် အထပ် ထပ်ထကြပါ၏။

ယောဘအားဆန့်ကျင်သော ပြဿနာများကို ဘုရားသခင်စေလွှတ်ခြင်းသည် ဘုရားသခင်သည် သူ့ကို ဆန့်ကျင်သော ရန်သူ့သစ်များကို စဉ်ဆက်မပြတ် စေလွှတ်သကဲ့သို့ ပြောဆိုထားပါသည်။

## Job 18

အကျွန်ုပ်ကို အမိဝမ်းထဲက အဘယ်ကြောင့် ဆောင်ခဲ့တော်မူသနည်း။

ဤတွင် အမိဝမ်းထဲက ဆောင်ခဲ့ခြင်းဟူသောအရာကို ဤလောက၌ မွေးဖွားခြင်းကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့အား အမိဝမ်းထဲက ဆောင်ခဲ့သည်" သို့မဟုတ် "ငါ့ကို ဤလောကသို့ ပို့ဆောင်ပေးသည်"

ထိုသို့ပြုတော်မမူလျှင် အကျွန်ုပ် သည်အသက်မရှိ၊

ဝိညာဉ်တစ်ပါးကို အရှုံးပေးခြင်းဟူသည်မှာ သေခြင်းကို ပုံဆောင်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သေသည်"

အဘယ်သူမျှ အကျွန်ုပ်ကိုမမြင်ရပါ

ယောဘက "မျက်စိ" ဟူ၍ သုံးထားသောအရာသည် လူတစ်ယောက်လုံးကို ရည်ညွှန်းထားပါသည်။ သူသည် မည်သူမျှ သူ့ကို မမြင်တွေ့မှီ သေလျှင်သာ၍ ကောင်းသည်။



generated on Tue Jul 2 12:50:28 2024

အခြားသောဘာသာပြန်ဆိုချက်၊ "မည်သူကမျှ ငါ့ကို မမြင်ခင်" သို့မဟုတ် "ငါမမွေးခင်"

ထိုသို့ အကျွန်ုပ်သည် မဖြစ်သကဲ့သို့ဖြစ်၍
ငါသည် ဘယ်တော့မှ အသက်မရှင်ပါ

အကျွန်ုပ်ကိုအမိဝမ်းထဲမှ သင်္ချိုင်းသို့ ဆောင်ပို့ရကြ၏။
ငါ့ ကိုယ်ခန္ဓာသည် ပို့ဆောင်ခြင်း ခံရသည်။

Job 20

အကျွန်ုပ် နေ့ရက်တို့သည် နည်းပါးသည် မဟုတ် လော
ဤတွင် "ငါ၏ နေ့ရက်များ" ဟူသည်မှာ ယောဘ၏ အသက်တာ ရှည်လျားမှုကို ပုံဆောင်ထားပါသည်။ မေးခွန်းက ယောဘသည် နောက်ထပ်ရက် အနည်းငယ်သာ အသက်ရှင်ရန် မျှော်လင့်ထားသောအရာကို အထူးပြုစေရန်အတွက် အပြုသဘောဆောင်အဖြေကို ရရှိထားပါသည်။ ၎င်းကို စကားပြောအဖြစ် ဘာသာပြန်ဆိုနိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် အသက်ရှင်ရန် ရက်အနည်းငယ်သာ ကျန်ပါတော့သည်" သို့မဟုတ် "ငါ့ အသက်သည် မကြာခင် ကုန်ဆုံးမည်ဖြစ်သည်"

ပြည်
ဤတွင် သေသော ဝိညာဉ်များ သွားသောနေရာကို ပြည်ကဲ့သို့ ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "နေရာ"

မှောင်မိုက်နှင့်သေခြင်း အရိပ်ဖုံးလွှမ်းသောပြည်
"သေမင်း၏ အရိပ်လွှမ်းမိုးသောပြည်" ဟူသောစကားစုသည် မှောင်မိုက်ခြင်းဟူသော အမြင်ကို အရှိန်မြင့်စေသည်။" စကားစုနှစ်ခုတို့သည် သေသော ဝိညာဉ်များသွားသောနေရာကို ဖော်ပြထားပါသည်။

သေခြင်း အရိပ်ဖုံးလွှမ်းသောပြည်
(ယောဘ ၃း ၅) တွင် မည်သို့ဘာသာပြန်ဆိုထားသည်ကို ကြည့်ပါ(../03/05.md).

ညဥ့်ကဲ့သို့တခဲနက်မိုက်သဖြင့်
သေသောဝိညာဉ်များ သွားသောနေရာကို မှောင်မိုက်သော ညဥ့်ကဲ့သို့ နှိုင်းယှဥ် ပြောဆိုထားပါသည်။

အလင်းပင်မှောင်မိုက်သက်သက်ဖြစ်၍
အခြားသောဘာသာပြန်ဆိုချက်၊ "ရှုပ်ထွေးမှုများနှင့် ပြည့်နှက်နေသည်" သို့မဟုတ် "ရှုပ်ထွေးမှုများ ရှိသောနေရာ"

အလင်းပင်မှောင်မိုက်သက်သက်ဖြစ်၍၊ ရှင်းလင်းခြင်းအလျှင်၊ မရှိသောပြည်
သေသော ဝိညာဉ်များသွားသော နေရာကို ညဥ့် အချိန်နှင့် နှိုင်းယှဥ်ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အလင်းမရှိသောနေရာ"

## Translation Questions

Job 10:1

ယောဘသည် ဘုရားသခင်က သူ့ကို အပြစ်စီရင်မည် အစား မည်သည့်အရာကို ပြသရန် အလိုရှိသနည်း။
သူ့ကို အဘယ်ကြောင့် ပြစ်တင်သည်ကို ယောဘသည် ဘုရားသခင်အား ပြသစေလိုသည်။

Job 10:4

ဘုရားသခင်တွင် မည်သည့် မျက်စိအမျိုးအစားရှိသနည်းဟု ယောဘက မေးသနည်း။
ဘုရားသခင်တွင် ရူပမျက်စိရှိ၍ လူမြင်သည့်အတိုင်းမြင်တော်မူသလောဟု မေးခဲ့သည်။

ဘုရားသခင်သည် အဘယ်အရာကို စစ်၍ ရှာဖွေသည်ဟု ယောဘက ပြောသနည်း။
ဘုရားသခင်သည် ယောဘပြုသော ဒုစရိုက်ကို စစ်၍ အပြစ်ကို တွေ့ခြင်းငှာ ရှာသည်ဟု ယောဘက ပြောခဲ့သည်။

Job 10:8

ဘုရားသခင်၏ လက်တော်သည် ယောဘအတွက် မည်သည့်အရာကို လုပ်ပေးသနည်း။
ဘုရားသခင်သည် သူ၏ လက်တော်နှင့် ယောဘတကိုယ်လုံးကို စေ့စပ်စွာ ဖန်ဆင်းတော်မူခဲ့သည်။

Job 10:10

ဘုရားသခင်သည် ယောဘကို မည်သည့်အရာနှင့် ဖုံးလွှမ်းပေးခဲ့သနည်း။
ဘုရားသခင်သည် ယောဘကို အရေခွံနှင့်အသားဖြင့် ဖုံးလွှမ်းပေးခဲ့သည်။

Job 10:12

ဘုရားသခင်က ယောဘကို အဘယ်အရာအား အာမခံချက်ပေးခဲ့သနည်း။
ဘုရားသခင်က ယောဘကို သူ၏ အသက်နှင့် ဖြောင့်မတ်ခြင်းကို အာမခံချက်ပေးခဲ့သည်။

အကယ်၍ ယောဘသည် အပြစ်ပြုမိလျှင် ဘုရားသခင်က ဘာလုပ်မည်နည်း။
ယောဘသည် အပြစ်ပြုမိလျှင် ဘုရားသခင်က မှတ်တော်မူ၍ အပြစ်ကို လွှတ်ပေးမည်မဟုတ်ပါ။

 generated on Tue Jul 2 12:50:28 2024

Job 10:15

ယောဘသည် ထလျှင် ဘုရားသခင်က မည်သို့ ပြုလုပ်မည်နည်း။
ဘုရားသခင်သည် ခြင်္သေ့ကဲ့သို့ သူ့အပေါ်တွင် ခုန်၍ ကြောက်မက်ဖွယ်သော အခြင်းအရာတို့ကို ပြခဲ့သည်။

Job 10:17

ဘုရားသခင်သည် ယောဘတဘက်၌ မည်သူများကို ခေါ်လာသနည်း။
ဘုရားသခင်သည် ယောဘတဘက်၌ သက်သေများစွာကို ခေါ်လာသည်။

Job 10:18

ယောဘသည် သူ၌ မည်သို့ဖြစ်ပျက်ရန် အလိုရှိသနည်း?
သူသည်ဝိညာဉ်ဆုံး၍၊ အဘယ်သူမျှ သူ့ကိုမမြင်ရဖို့ သူစိတ်ဆန္ဒရှိခဲ့သည်။

Job 10:20

ယောဘသည် မည်သည့်နေရာသို့သွား၍ ပြန်မလာခဲ့သနည်း။
သူသည် မှောင်မိုက်နှင့် သေခြင်းအရိပ် ဖုံးလွှမ်းသောပြည်သို့ သွားခဲ့သည်။

## Chapter 11

1 နေမတ်အမျိုးသား ဇောဖာမြွက်ဆိုသည်ကား၊ 2 စကားများ၍ အကျိုးရှိသည်မဟုတ်။ နှုတ်သီး ကောင်းသောသူသည် မိမိအပြစ်နှင့်
လွတ်ရမည်လော။ 3 သင်ပြောသောမုသာစကားကြောင့် သူတပါးတို့သည် တိတ်ဆိတ်စွာနေရမည်လော။ သင်ကဲ့ရဲ့သောအခါ
အဘယ်သူသည် အရှက်မကွဲနေရမည်နည်း။ 4 သင်က၊ ငါ့စကားဖြောင့်၏။ ဘုရားသခင့်ရှေ့တော်၌ ငါသန့်ရှင်း၏ဟု ဆိုမိပြီ။ 5
ဘုရားသခင်မိန့်တော်မူပါစေ။ သင့်တဘက်၌ နှုတ်တော်ကို ဖွင့်တော်မူပါစေ။ 6 နက်နဲသော ပညာအရာတည်းဟူသော
သင်နားလည်နိုင်သည်ထက်၊ နှစ်ဆသာသောအရာတို့ကို သင့်အားပြတော်မူပါစေ။ ထိုသို့ပြတော်မူလျှင် သင်သည်
အပြစ်ခံထိုက်သည်အတိုင်း အပြစ်ပေးတော်မမူကြောင်း ကိုသိရလိမ့်မည်။ 7 သင်သည် ဘုရားသခင်၏ ဇာတိတော်ကို စစ်၍
တွေ့နိုင်သလော။ အနန္တတန်ခိုးရှင်၏ ဇာတိကို စစ်၍ အကုန်အစင် နားလည်နိုင်သလော။ 8 မိုဃ်းကောင်းကင်ကိုမှီသည်ဖြစ်၍
သင်သည်အဘယ်သို့ပြုနိုင်သနည်း။ မရဏာနိုင်ငံထက် နက်သည် ဖြစ်၍ သင်သည်အဘယ်သို့ သိနိုင်သနည်း။ 9 အတိုင်းအရှည်သည်
မြေကြီးကိုလွန်လျက် သမုဒ္ဒရာထက်သာ၍ ကျယ်ဝန်းလျက်ရှိ၏။ 10 ဘုရားသခင်သည် ဘမ်းဆီးချုပ်ထား၍ စစ်ကြောတော်မူလျှင်
အဘယ်သူဆီးတားနိုင်သနည်း။ 11 ဘုရားသခင်သည် ဆိုးသောသူတို့၏ သဘောကို သိတော်မူ၏။ သူတို့အမှတ်တမဲ့ပြုသော
ဒုစရိုက်ကို သိမြင်တော်မူ၏။ 12 သို့သော်လည်း ရိုင်းသောမြည်းကလေးသည် လူအဖြစ်သို့ရောက်သောအခါ၊ လူမိုက်သည် ပညာ
သတိရလိမ့်မည်။ 13 သင်သည် စိတ်နှလုံးကို ပြင်ဆင်၍ လက်တို့ကို ဘုရားသခင်ထံတော်သို့ ဆန့်လျှင်ငှင်း၊ 14 သင်ပြုသော
ဒုစရိုက်ကိုပယ်၍ သင့်အိမ်၌ ဆိုးညစ်သောအမှုကို လက်မခံလျှင်ငှင်း၊ 15 အညစ်အကြေးနှင့်ကင်းလွတ်သော မျက်နှာကို ပြရလိမ့်မည်။
စိုးရိမ်စရာအကြောင်းမရှိ၊ တည်ကြည် လိမ့်မည်။ 16 ခံပြီးသောဒုက္ခဆင်းရဲကို မေ့လျော့လိမ့်မည်။ လွန်သွားပြီးသော ရေကိုကဲ့သို့
အောက်မေ့လိမ့်မည်။ 17 သင်၏အသက်သည်မွန်းတည့်အရောင်ထက် ထွန်းလင်းလိမ့်မည်။ ယခုမှောင်မိုက်သော်လည်း နံနက် ကဲ့သို့
လင်းလိမ့်မည်။ 18 မြော်လင့်စရာရှိသောကြောင့် မစိုးရိမ်ဘဲနေလိမ့်မည်။ ယခုအရှုံးခံရသော်လည်း လုံခြုံစွာ ငြိမ်ဝပ်လိမ့်မည်။ 19
အိပ်သောအခါ အဘယ်သူမျှ မချောက်မလှန့်ရ။ လူများတို့သည် သင့်ကိုတောင်းပန်ကြလိမ့်မည်။ 20 ဆိုးသော သူတို့၏မျက်စိသည်
အားလျော့လိမ့်မည်။ သူတို့သည် ပြေး၍မလွတ်ရကြ။ သူတို့မြော်လင့် စရာအကြောင်းသည် အခိုးအငွေ့သက်သက်ဖြစ်သည်ဟု
မြွက်ဆို၏။

---


generated on Tue Jul 2 12:50:28 2024

## Chapter 12

1 ယောဘပြန်၍ မြွက်ဆိုသည်ကား၊ 2 သင်တို့သာလျှင် လူဖြစ်၍၊ သင်တို့နှင့်အတူ ဥာဏ်ပညာသေလိမ့်မည်ဟု ယုံမှားစရာမရှိရ။ 3
သို့သော်လည်း ငါသည် သင်တို့ကဲ့သို့ဥာဏ်ရှိ၏။ သင်တို့ထက် ငါယုတ်ညံ့သည်မဟုတ်။ ဤကဲ့သို့သော အရာများကို အဘယ်သူသည်
နားမလည်းဘဲနေသနည်း။ 4 ငါသည် ဘုရားသခင်၏ကျေးဇူးတော်ကို ခံရအံ့သောငှါဆုတောင်းပဌနာပြုစဉ်တွင်၊ အိမ်နီးချင်း
ပြက်ယယ်ပြုသည်ကို ခံရသောသူဖြစ်၏။ အပြစ်မရှိ ဖြောင့်မတ်သောသူသည် ပြက်ယယ်ပြုခြင်းကို ခံရပါသည် တကား။ 5
ချော်လဲလုသောသူကို ပစ်လိုက်သောမီးခွက် ကဲ့သို့ ကောင်းစားသောသူသည် မှတ်တတ်၏။ 6 ထားပြလုပ်သောသူတို့၏နေရာသည်
ကောင်း စားတတ်၏။ ဘုရားသခင်၏ အာဏာတော်ကိုဆန်သော သူတို့သည် လုံခြုံစွာနေ၍၊ ဘုရားသခင်ပေးတော်မူသော စည်းစိမ်ကို
ခံစားတတ်ကြ၏။ 7 သားမျိုးနှင့်မိုဃ်းကောင်းကင်ငှက်တို့ကို မေးမြန်း လော့။ သူတို့သည် ဟောပြောသွန်သင်ကြလိမ့်မည်။ 8
မြေကြီးနှင့် ပင်လယ်ငါးတို့ကို မေးမြန်းလော့။ သူတို့သည် ပြသ၍ ဥပဒေသပေးကြလိမ့်မည်။ 9 ဤအမှုတို့ကို
ထာဝရဘုရားစီရင်တော်မူ ကြောင်းကို၊ ထိုတိရစ္ဆာန်တကောင်မျှ မသိဘဲနေသလော။ 10 အသက်ရှင်သောသတ္တဝါအပေါင်းတို့၏ ဇီဝ
အသက်နှင့် လူသတ္တဝါခပ်သိမ်းတို့၏ ထွက်သက်ဝင်သက် သည် ဘုရားသခင့်လက်တော်၌ ရှိ၏။ 11
ခံတွင်းသည်အစာကိုမြည်းစမ်းသကဲ့သို့၊ နားသည် စကားကို စုံစမ်းသည် မဟုတ်လော။ 12 အသက်အရွယ်ကြီးသော သူတို့သည်
ဥာဏ်ပညာနှင့် ပြည့်စုံကြ၏။ 13 ဘုရားသခင်မူကား၊ ဥာဏ်သတ္တိ၊ အစွမ်းသတ္တိနှင့် ပြည့်စုံတော်မူ၏။ ပညာသတ္တိကို ပေးနိုင်သော
အခွင့်ရှိတော်မူ၏။ 14 ဖြိုဖျက်တော်မူလျှင် အဘယ်သူမျှ တည်ဆောက်ရသော အခွင့်မရှိ။ လူကို ချုပ်ထားသော်မူလျှင် အဘယ်သူမျှ
လွှတ်ရသောအခွင့်မရှိ။ 15 ရေများကို ဆီးတားပိတ်ပင်တော်မူလျှင် ခန်းခြောက်ရ၏။ တဖန် လွှတ်တော်မူ၍ မြေကြီးကို လွှမ်းမိုး ကြ၏။
16 တန်ခိုးတော်၊ ဥာဏ်တော်နှင့်ပြည့်စုံ၍၊ မှားသောသူနှင့် မှားစေသောသူတို့ကို ပိုင်တော်မူ၏။ 17 တိုင်ပင်မှူးမတ်တို့ကို
ဘမ်းဆီးသိမ်းသွားတော်မူ၏။ တရားသူကြီးတို့ကို ရူးသွပ်စေတော်မူ၏။ 18 ရှင်ဘုရင်တို့ကို အရာမှချ၍ ခါးကြိုးနှင့် ချည်တော်မူ၏။ 19
ယဇ်ပုရောဟိတ်တို့ကို ဘမ်းဆီးသိမ်းသွား၍၊ သူရဲတို့ကိုလည်း ရှုံးစေတော်မူ၏။ 20 နှုတ်သတ္တိရှိသော သူတို့ကို စကားအစေ၍၊
အသက်ကြီးသော သူတို့မှပညာကို နှုတ်တော်မူ၏။ 21 မင်းသားတို့ကို အရှက်ခွဲ၍၊ အားကြီးသော သူတို့ကို ရှုတ်ချတော်မူ၏။ 22
မှောင်မိုက်ထဲ၌ နက်နဲသောအရာတို့ကို ထင်ရှားစေ၍၊ သေခြင်းအရိပ်ကိုအလင်းထဲသို့ ထုတ်ဘော်တော် မူ၏။ 23
တိုင်းနိုင်ငံတို့ကိုချီးမြှောက်၍ တဖန်ဖျက်ဆီးတော်မူ၏။ တိုင်းနိုင်ငံတို့ကို ကျယ်စေခြင်းငှါရင်း ကျဉ်းစေ ခြင်းငှါရင်း၊ ပြုတော်မူ၏။ 24
မြေသားတို့တွင် အကြီးလုပ်သောသူတို့မှ ဥာဏ်ကိုနှုတ်၍၊ လမ်းမရှိသော တော၌လှည့်လည်စေတော် မူ၏။ 25 သူတို့သည်အလင်းမရှိ။
မှောင်မိုက်၌ စမ်းသပ်လျက်သွားရကြ၏။ ယစ်မူးသောသူကဲ့သို့ တိမ်းယိမ်းလျက် သွားစေတော်မူ၏။

## Chapter 13

1 ထိုအမှုအလုံးစုံတို့ကို ငါ့မျက်စိသည် မြင်ပြီ။ ငါ့နားသည်လည်း ကြား၍နားလည်ပြီ။ 2 သင်တို့သိသမျှကို ငါသိ၏။ သင်တို့ထက်
ငါယုတ် ညံ့သည်မဟုတ်။ 3 အနန္တတန်ခိုးရှင်အား ငါလျှောက်ရသောအခွင့်၊ ဘုရားသခင်နှင့် ငါဆွေးနွေးရသောအခွင့်ရှိပါစေသော။ 4
သင်တို့သည် တယောက်မျှမကြွင်း၊ မုသာကို ပြုပြင်သောသူ၊ အသုံးမရသောဆေးသမား ဖြစ်ကြ၏။ 5 သင်တို့သည် စကားတခွန်းကိုမျှ
မပြောဘဲတိတ်ဆိတ်စွာနေကြပါစေ။ ထိုသို့နေလျှင် စင်စစ်ပညာရှိကဲ့သို့ ဖြစ်ကြလိမ့်မည်။ 6 ငါပြောမည်အကျိုးအကြောင်းစကားကို
နားထောင်ကြပါလော့။ ငါ့နှုတ်နှင့် ဆွေးနွေးနှီးနှောမည့် စကားကို နှလုံးသွင်းကြပါလော့။ 7 သင်တို့သည် လျစ်လျူသောစိတ်မရှိဘဲ
ဘုရားသခင့်ဘက်၌ ပြောချင်သလော။ ဘုရားသခင့်ဘက်၌နေ၍ မုသာကိုသုံးချင်သလော။ 8 မျက်နှာတော်ကိုထောက်လျက်သာ၊
ဘုရားသခင့်တဘက်၌နေ၍ ငြင်းခုံစစ်တိုက်ချင်သလော။ 9 သင်တို့ကိုကျပ်တည်းစွာ စစ်တော်မူလျှင်၊ သင်တို့၌
ကျေးဇူးရှိလိမ့်မည်လော။ လူကိုလှည့်စားသကဲ့သို့ ဘုရားသခင်ကို လှည့်စားနိုင်သလော။ 10 သင်တို့သည် လျှို့ဝှက်၍ သူ့မျက်နှာကို
ထောက်လျှင်၊ စင်စစ်သင်တို့ကို ဆုံးမတော်မူမည်။ 11 သင်တို့သည် တန်ခိုးအာနုဘော်တော်ကြောင့် မကြောက်ကြသလော။
ကြောက်မက်ဘွယ်သော ဂုဏ် တော်ကြောင့် မထိတ်လန့်ကြသလော။ 12 သင်တို့၏နည်းဥပဒေသစကားသည် မြေမှုန့်
ထက်သာ၍ပေါ့၏။ သင်တို့ ခိုလှုံသောမြို့ရိုးသည်လည်း သရွတ်မြို့ရိုးကဲ့သို့ ဖြစ်၏။ 13 တိတ်ဆိတ်စွာနေ၍ ငါပြောပါရစေ။ သို့ပြီးမှ
အမှုရောက်ချင်တိုင်း ရောက်ပါလေစေ။ 14 သို့သော်လည်း ငါသည် ကိုယ်အသားကို ပစပ် နှင့်ကိုက်ချီလျက်၊ ကိုယ်အသက်ကိုလည်း
လက်နှင့်ကိုက် လျက် ဆောင်သွားမည်။ 15 ငါ့ကိုသတ်တော်မူ၍၊ ငါမြော်လင့်စရာမရှိသော်လည်း၊ ရှေ့တော်၌
ကိုယ်အပြစ်ဖြေရာစကားကို ငါလျှောက်ထားမည်။ 16 ထိုသို့ပြုလျှင် ငါ၏ကယ်တင်ရာအကြောင်း ဖြစ်လိမ့်မည်။ အဓမ္မလူသည်
အထံတော်သို့မဝင်ရ။ 17 ငါ့စကားကို စေ့စေ့မှတ်ကြလော့။ ငါ့လျှောက် ထားချက်ကို နားထောင်ကြလော့။ 18 ယခုငါ့အမှုကို
ငါပြင်ဆင်ပြီ။ ငါ၌အပြစ်လွတ်ခြင်း ထင်ရှားမည်ဟု ငါသိ၏။ 19 ငါ့အပြစ်ကို ဘော်ပြမည့်သူကား၊ အဘယ်သူနည်း။ ထိုသို့ဘော်ပြလျှင်
ငါသည် တိတ်ဆိတ်စွာနေ၍ အသေခံပါမည်။ 20 ဒဏ်ခတ်ခြင်းနှစ်ပါးကိုသာ လျှော့တော်မူပါ။ ထိုသို့လျှော့လျှင် ကိုယ်တော်ကို
မရှောင်ပါ။ 21 လက်တော်ကိုသိမ်းတော်မူပါ။ ကြောက်မက်ဘွယ်သော အခြင်းအရာတော်အားဖြင့် အကျွန်ုပ်ကို ချောက် တော်မမူပါနှင့်။
22 ထိုအခါခေါ်တော်မူပါ။ အကျွန်ုပ်ပြန်လျှောက်ပါမည်။ သို့မဟုတ် အကျွန်ုပ်သည် အရင်လျှောက်ပါမည်။
ကိုယ်တော်အမိန့်ရှိတော်မူပါ။ 23 အကျွန်ုပ်ပြုမိသော ဒုစရိုက်အပြစ်တို့သည် အဘယ်မျှလောက်များပါသနည်း။ အကျွန်ုပ်ပြစ်မှား
ကျူးလွန်ခြင်းအပြစ်တို့ကို အကျွန်ုပ်အား ပြတော်မူပါ။ 24 ကိုယ်တော်သည် မျက်နှာတော်ကိုလွှဲ၍ အဘယ်ကြောင့် အကျွန်ုပ်ကို
ရန်သူကဲ့သို့ မှတ်တော်မူသနည်း။ 25 လေတိုက်သော သစ်ရွက်ကို ချောက်လှန့်တော်မူ မည်လော။ မြက်ခြောက်ကို
မီးအောင်လိုက်တော်မူမည် လော။ 26 အကျွန်ုပ်၌ ပြင်းစွာသောအပြစ်တင်သော စကားကိုမှတ်ထားတော်မူ၏။ အကျွန်ုပ်အသက်ငယ်စဉ်
တွင် ပြုမိသောအပြစ်ကြောင့် ယခုခံစေတော်မူ၏။ 27 အကျွန်ုပ်ကိုထိတ်ခတ်လျက်၊ အကျွန်ုပ်ထွက်ရာ လမ်းရှိသမျှကို
စောင့်လျက်နေ၍၊ အကျွန်ုပ်ပတ်လည်၌ စည်းလုပ်တော်မူ၏။ 28 ထိုသို့ခံရသောသူသည် ဆွေးမြေ့သောအရာကဲ့သို့၎င်း၊
ပိုးရွကိုက်စားသောအဝတ်ကဲ့သို့၎င်း အားလျော့ ပျက်ရပါ၏။


generated on Tue Jul 2 12:50:28 2024

## Chapter 14

1 လူသည် မိန်းမဘွားသောသူဖြစ်သဖြင့်၊ အသက်တို၍ ဒုက္ခနှင့် ပြည့်စုံပါ၏။ 2 ပန်းပွင့်ကဲ့သို့ပွင့်၍ ရိတ်ဖြတ်ခြင်းကိုခံရပါ၏။
မတည်မရပ်ဘဲ အရိပ်ကဲ့သို့ ရွေ့သွားတတ်ပါ၏။ 3 ထိုသို့သောသူကို ကိုယ်တော်ကြည့်မှတ်တော်မူ သလော။
အကျွန်ုပ်နှင့်ဘက်၍တရားတွေ့တော်မူမည် လော။ 4 မသန့်ရှင်းသောအရာထဲက သန့်ရှင်းသောအရာကို အဘယ်သူ
ထုတ်ဘော်နိုင်သနည်း။ အဘယ်သူမျှ မထုတ်မဘော်နိုင်ပါ။ 5 လူ၏နေ့ရက်တို့ကို မှတ်သား၍၊ သူနေရသော လအရေအတွက်ကို
ကိုယ်တော်သည်သိသဖြင့်၊ သူ မလွန်နိုင်သော အပိုင်းအခြားကို ထားတော်မူသော ကြောင့်၊ 6 မျက်စိတော်ကို လွှဲ၍ လူသည်သူငှါးကဲ့သို့
မိမိ နေ့ရက်ကို လွန်စေသည်တိုင်အောင် ငြိမ်ဝပ်ရသောအခွင့် ကို ပေးတော်မူပါ။ 7 သစ်ပင်ကိုခုတ်သော်လည်း၊ အငုတ်အချည်း
စည်းမရှိဘဲ အတက်ပေါက်လေဦးမည်ဟု မျော်လင့်စရာ ရှိ၏။ 8 မြေထဲမှာ အမြစ်ဟောင်း၍၊ မြေပေါ်မှာ အငုတ်သေသော်လည်း၊ 9
ရေငွေ့ကြောင့် အတက်ပေါက်၍၊ ပျိုးပင်ကဲ့သို့ အညွန့်တို့နှင့် ပြည့်စုံလိမ့်မည်။ 10 လူမူကားသေ၍ ဆွေးမြေ့တတ်၏။ လူသည်
အသက်ချုပ်ပြီးလျှင် အဘယ်မှာရှိသနည်း။ 11 အိုင်ရေပြတ်သကဲ့သို့၎င်း၊ မြစ်ရေခန်းခြောက် သကဲ့သို့၎င်း၊ 12 လူသည်အိပ်ပြီးမှ
နောက်တဖန်မထရ။ မိုဃ်း ကောင်းကင်မကုန် မဆုံးမှီတိုင်အောင် မနိုးရ။ အအိပ် အပျော်မပျက်ရ။ 13 ကိုယ်တော်သည် အကျွန်ုပ်ကို
သင်္ချိုင်းတွင်း၌ ဝှက်ထားတော်မူပါစေ။ အမျက်တော်မလွန်မှီတိုင်အောင် ကွယ်ကာတော်မူပါစေ။ အကျွန်ုပ် ကိုအောက်မေ့စရာ
အချိန်ကို ချိန်းချက်တော်မူပါစေ။ 14 လူသည် သေလျှင်အသက်ရှင်ပြန်ပါလိမ့်မည်လော။ အကျွန်ုပ် ပြောင်းလဲချိန်မရောက်မှီ၊
ပင်ပန်းစွာ အမှုထမ်းရသော နေ့ရက်ကာလပတ်လုံးသည်းခံလျက်နေ ပါမည်။ 15 အကျွန်ုပ်ကို ခေါ်တော်မူပါ။ အကျွန်ုပ်ပြန်
လျှောက်ပါမည်။ ကိုယ်တိုင်ဖန်ဆင်းတော်မူသော အရာကို သနားခြင်း စိတ်ရှိတော်မူပါ။ 16 ယခုမှာ အကျွန်ုပ်ခြေရာတို့ကို
ကိုယ်တော်သည် ရေတွက်၍၊ အကျွန်ုပ်အပြစ်တို့ကို စောင့်တော်မူ၏။ 17 အကျွန်ုပ်သည် မှားခြင်းအကြောင်းအရာကို
အိတ်၌တံဆိပ်ခတ်၍၊ အကျွန်ုပ်ဒုစရိုက်အပြစ်အပေါ်မှာ အထပ်ထပ်အပြစ်တင်တော်မူ၏။ 18 ပြိုသောတောင်သည်
ကွယ်ပျောက်တတ်ပါ၏။ ကျောက်သည်လည်း မိမိနေရာမှ ရွေ့လျော့တတ်ပါ၏။ ရေတိုက်သောကျောက်ခဲသည်လည်း
ပွန်းတတ်ပါ၏။ 19 လွှမ်းမိုးသောရေနှင့်အတူ မြေမှုန့်ပါသွားတတ်ပါ၏။ ထိုအတူ ကိုယ်တော်သည် လူမျော်လင့်စရာ အကြောင်းကို
ဖျက်တော်မူ၏။ 20 ကိုယ်တော်သည် လူကို အစဉ်နိုင်တော်မူ၍၊ လူသည်ကွယ်ပျောက်တတ်ပါ၏။ ထူးခြားသောမျက်နှာ ကို ပေး၍
အခြားသို့ လွှတ်လိုက်တော်မူ၏။ 21 သူ၏သားတို့သည် ချီးမြှောက်ခြင်းသို့ ရောက်သော်လည်း သူသည်မသိရပါ။ နှိမ့်ချခြင်းသို့
ရောက်သော် လည်း ထိုအမှုကိုပင် မရိပ်မိပါ။ 22 သို့ရာတွင် သူ၏ကိုယ်သည်ကိုက်ခဲလျက်၊
သူ၏ဝိညာဉ်သည်ညည်းတွားလျက်နေရပါသည်ဟု မြွက်ဆို၏။


generated on Tue Jul 2 12:50:28 2024

## Chapter 15

1 တဖန်တေမန် အမျိုးသားဧလိဖတ်မြွက်ဆိုသည် ကား၊ 2 ပညာရှိသောသူသည် လေနှင့်တူသော အချည်း နှီးစကားကို
ပြောသင့်သလော။ မိမိဝမ်းကို အရှေ့လေ နှင့်ပြည့်စေသင့်သလော။ 3 အကျိုးမဲ့သောစကား၊ ကျေးဇူးမပြုနိုင်သော စကားနှင့်
ဆွေးနွေးသင့်သလော။ 4 သင်သည် ဘုရားသခင်ကို ကြောက်ရွံ့ခြင်းအကျင့်၌ အကျိုးမရှိဟု ဆိုလို၏။ ဆိုတောင်းပဌနာပြုရာ ဝတ်ကို
ဆီးတားတတ်၏။ 5 သင်သည်ကိုယ်နှုတ်ဖြင့် ကိုယ်အပြစ်ကို ဘော်ပြ၏။ ပရိယာယ်ပြုသော သူ၏စကားကို သုံးတတ်၏။ 6 ငါသည်
သင့်ကိုအပြစ်မတင်၊ သင့်နှုတ်သည် သင့်ကိုအပြစ်တင်၏။ သင့်နှုတ်ခမ်းတို့သည် သင့်တဘက် ၌ သက်သေခံ၏။ 7 သင်သည်
အဦးဆုံးဘွားသောလူ ဖြစ်သလော။ တောင်များကို မဖန်ဆင်းမှီ သင့်ကိုဖန်ဆင်းသလော။ 8 ဘုရားသခင်နှင့် တိတ်ဆိတ်စွာတိုင်ပင်ဘူး
သလော။ ပညာကို ကိုယ်၌အကုန်အစင် သိမ်းထားပြီ လော။ 9 ငါတို့မသိ၊ သင်သိသောအရာမည်မျှရှိသနည်း။ ငါတို့၌မပါ၊
သင်နားလည်သောအရာမည်မျှရှိသနည်း။ 10 သင့်အဘထက်အသက်ကြီးသောသူ၊ ဆံပင်ဖြူ သောသူတို့သည် ငါတို့တွင်ရှိကြ၏။ 11
သင်၌ ဘုရားသခင်ပေးတော်မူသော သက်သာခြင်းအကြောင်း နည်းသလော။ သင်၌ဝှက်ထားသောအမှု တစုံတခုရှိသလော။ 12
ကိုယ်အလိုသို့လိုက်၍ အဘယ်ကြောင့် လွဲသွားသနည်း။ အဘယ်ကြောင့် မျက်စောင်းထိုးသနည်း။ 13 သင်၏စိတ်သဘောသည်
ဘုရားသခင်နှင့် ဆန့်ကျင်ဘက်ဖြစ်၍၊ နှုတ်နှင့်ပြစ်မှားပေ၏။ 14 လူသည်အဘယ်သို့သော သူဖြစ်၍ သန့်ရှင်းနိုင်သနည်း။
မိန်းမဘွားသောသူသည် အဘယ်သို့သော သူဖြစ်၍ ဖြောင့်မတ်နိုင်သနည်း။ 15 ဘုရားသခင်သည် မိမိသန့်ရှင်းသူတို့ကိုပင် ယုံတော်မမူ။
ကောင်းကင်ဘုံသော်လည်းရှေ့တော်၌ မစင်ကြယ်။ 16 သို့ဖြစ်လျှင်၊ ရေကိုသောက်သကဲ့သို့ ဒုစရိုက်အပြစ်ကို သောက်လျက်၊
ဆိုးညစ်ရွံ့ရှာဘွယ်သော လူသတ္တဝါ၌ အဘယ်ဆိုဘွယ် ရှိသနည်း။ 17-19 ငါ့စကားကို နားထောင်လော့။ တပါးအမျိုးသားနှင့် မရောနှော၊
ကိုယ်အမျိုးတမျိုးတည်းလျှင် မြေကို ပိုင်သော ပညာရှိတို့သည်၊ ဘိုးဘေးလက်ထက်မှစ၍ မထိမ်မဝှက်၊ ပြောဘူးသော အရာ၊
ငါ့ကိုယ်တိုင်မြင်သော အရာကို ငါပြသမည်။ 20 ဆိုးသောသူသည် တသက်လုံး ဒုက္ခဆင်းရဲကို ခံရ၏။ ညှဉ်းဆဲဘတ်သော သူသည်
မိမိအသက်အပိုင်း အခြားကို မသိရ။ 21 သူသည် ကြောက်မက်ဘွယ်သောအသံကို ကြားလျက်နေရ၏။ စည်းစိမ်ကို ခံစားစဉ်တွင်၊
ဖျက်ဆီး သော သူသည် လာတတ်၏။ 22 မှောင်မိုက်ထဲမှာ ဘေးလွတ်မည်ဟု မျှော်လင့် စရာမရှိ။ ထားသည့်သူ့ကို
ချောင်းမြောင်းလျက်ရှိ၏။ 23 စားစရာကို ရှာ၍လှည့်လည်ရ၏။ မိမိအဘို့ မှောင်မိုက်ကာလသည် အသင့်ရှိသည်ကို သိ၏။ 24
ဆင်းရဲခြင်းဒုက္ခနှင့် နာကြဉ်းခြင်းဝေဒနာတို့သည် ထိုသူကို ချောက်တတ်၏။ စစ်တိုက်ခြင်းငှါ အသင့် နေသော ရှင်ဘုရင်ကဲ့သို့ သူ့ကို
နိုင်တတ်၏။ 25 အကြောင်းမူကား၊ ထိုသူသည် ဘုရားသခင်၏ အာဏာတော်ကို ဆန်လျက်၊ အနန္တတန်ခိုးရှင်တဘက် ကနေ၍
ကိုယ်ကိုခိုင်ခံ့စေ၏။ 26 လည်ပင်းကို ဆန့်လျက်၊ ထူသောဒိုင်းပုနှင့် ဆီးကာလျက်၊ ဘုရားသခင်ကို တိုက်အံ့သောငှါ ပြေး၏။ 27
မိမိမျက်နှာကို ဆူဖြိုးခြင်းနှင့် ဖုံးအုပ်၍၊ ဝမ်းပျဉ်း အသားသည်လည်း ဆူဖြိုးလျက် အတွန့်တွန့်နေ၏။ 28 သို့သော်လည်း
လူဆိတ်ညံသောမြို့၊ အဘယ်သူ မျှမနေ။ လဲလုသော အိမ်တို့၌ သူသည်နေရ၏။ 29 ငွေမရတတ်ရ၊ သူ၏စည်းစိမ်မတည်ရ။ သူ၏
ဥစ္စာပစ္စည်းသည် မြေကြီးပေါ်မှာ မပြန့်ပွါးရ။ 30 သူသည် မှောင်မိုက်ဘေးနှင့်မလွတ်ရ။ မီးလျှံသည်သူ၏အခက်အလက်တို့ကို
လောင်လိမ့်မည်။ ဘုရားသခင်၏ နှုတ်တော်အသက်အားဖြင့် သုတ်သင် ပယ်ရှင်းခြင်းကို ခံရ၏။ 31 အဘယ်သူမျှလှည့်စားခြင်းကိုခံ၍
အနတ္တကို မခိုလှုံစေနှင့်။ သို့မဟုတ် အနတ္တအကျိုးကို ခံရလိမ့်မည်။ 32 အချိန်မစေ့မှီဆုံးခြင်းသို့ ရောက်လိမ့်မည်။ သူ၏
အခက်အလက်သည် မစိမ်းရာ။ 33 စပျစ်နွယ်ပင်ကဲ့သို့ မိမိ၌ မမှည့်သော အသီးကို ၎င်း၊ သံလွင်ပင်ကဲ့သို့ မိမိအပွင့်ကို၎င်း
ချွေရလိမ့်မည်။ 34 အဓမ္မလူ၏အသင်းသည် ဆိတ်ညံလိမ့်မည်။ တံစိုးစားသောသူတို့၏နေရာသည် မီးလောင်လိမ့်မည်။ 35
ထိုသူတို့သည်မကောင်းသောအကြံကို ပဋိသန္ဓေယူ၍ အနတ္တကိုဘွားတတ်ကြ၏။ သူတို့ဝမ်းထဲ၌မုသာကို ကိုယ်ဝန်ဆောင်တတ်သည်ဟု
မြွက်ဆို၏။

---

## Chapter 16

1 ယောဘပြန်၍ မြွက်ဆိုသည်ကား၊ 2 ထိုသို့သောစကားများတို့ကို ငါကြားဘူးပြီ။ သင်တို့ရှိသမျှသည် နှစ်သိမ့်စေခြင်းငှါ
ပြုသော်လည်း၊ ပင်ပန်းစေသော သူဖြစ်ကြပါသည်တကား။ 3 အချည်းနှီးသော စကားမကုန်နိုင်သလော။
သင်သည်စကားတုံ့ပြန်ပြောခြင်းငှါ အဘယ်ကြောင့် ရဲရင့်သနည်း။ 4 သင်တို့ပြောသကဲ့သို့ ငါသည်လည်းပြောနိုင်၏။ သင်တို့သည်
ငါကဲ့သို့ဖြစ်လျှင်၊ ငါသည်သင်တို့ တဘက်က စကားများကို ပုံ၍ထားနိုင်၏။ ခေါင်းကိုလည်း ခါနိုင်၏။ 5 ထိုသို့ငါသည်မပြုဘဲ၊
သင်တို့ကို ငါ့စကားနှင့် မစမည်။ အချည်းနှီးသောစကားကို ငါချုပ်တည်းမည်။ 6 ယခုမှာငါသည် ပြောသော်လည်းမသက်သာ၊
မပြောဘဲနေလျှင်လည်း ခြားနားခြင်းမရှိ။ 7 ဘုရားသခင်သည် ငါ့ကိုပင်ပန်းစေတော်မူပြီ။ငါ့အိမ်ကို သုတ်သင်ပယ်ရှင်းတော်မူပြီ။ 8
ငါ့ကိုခြေချင်းခတ်တော်မူ၍၊ ထိုခြေချင်းသည်ငါ့ တဘက်က သက်သေခံ၏။ ငါပိန်ကြုံခြင်းအရာသည် လည်း ငါ့တဘက်ကထ၍
မျက်နှာချင်းဆိုင်လျက် သက် သေခံ၏။ 9 အမျက်တော်သည် ငါ့ကိုအပိုင်းပိုင်းဆွဲဖြတ်၍ ညှဉ်းဆဲတတ်၏။ ငါ့အပေါ်မှာ
အံသွားခဲကြိတ်ခြင်းကို ပြုတော်မူ၏။ ငါ့ရန်သူသည်ငါ့ကို မျက်စောင်းထိုး၏။ 10 သူတပါးတို့သည် ငါ့ကိုပစပ်ဟကြ၏။ အရှက်ခွဲ ၍
ပါးကိုပုတ်ကြ၏။ ငါ့တဘက်က တညီတညွတ်တည်း စုဝေးကြ၏။ 11 ဘုရားသခင်သည်ငါ့ကို မတရားသောသူတို့တွင်
ချုပ်ထားတော်မူပြီ။ လူဆိုးတို့၏ လက်သို့အပ်တော်မူပြီ။ 12 ငါသည်ငြိမ်ဝပ်လျက်နေသောအခါ ငါ့အရိုးတို့ကို ချိုးတော်မူ၏။
လည်ပင်းကိုကိုင်၍ အပိုင်းပိုင်းပြတ်စေ ခြင်းငှါ လှုပ်တော်မူ၏။ ငါ့ကို ပစ်စရာစက်သွင်းတော် မူ၏။ 13 မြားတော်တို့သည် ငါ့ကိုဝိုင်း၍
ကရုဏာတော် မရှိဘဲ၊ ငါ့ကျောက်ကပ်ကို စူးစေတော်မူ၏။ ငါ့သည်းခြေအရည်ကိုမြေပေါ်၌ သွန်းတော်မူ၏။ 14
ငါ့ကိုအထပ်ထပ်ဆွဲဖြတ်၍၊ သူရဲကဲ့သို့ငါ့ကို ဟုန်းဟုန်းတိုက်လာတော်မူ၏။ 15 ငါသည်ကိုယ်အရေပေါ်မှာ လျှော်တေအဝတ်ကို ချုပ်၍
ကိုယ်ဦးချိုကို ရွှံ့နှင့်လူးပြီ။ 16 ငိုခြင်းအားဖြင့် ငါ့မျက်နှာပျက်လျက်၊ ငါ့မျက် ခမ်းအပေါ်မှာ သေခြင်းအရိပ်လွှမ်းမိုးလျက် ရှိ၏။ 17
သို့သော်လည်းငါ့လက်၌မတရားသော အမှုမရှိ။ ငါပြုသော ပဌနာသည် သန့်ရှင်း၏။ 18 အိုမြေကြီး၊ ငါ့အသွေးကိုဖုံး၍ မထားပါနှင့်။
ငါအော်ဟစ်ခြင်းအသံကို သင်၌မနေစေနှင့်။ 19 ဤအမှု၌ ငါ့သက်သေသည် ကောင်းကင်ပေါ် မှာ ရှိ၏။ 20 ငါ့သဘောကို
သိသောသူသည် မြင့်သောအရပ်၌ ရှိ၏။ ငါ့အဆွေခင်ပွန်းတို့သည် ငါ့ကိုကဲ့ရဲ့၍၊ ငါသည် ဘုရားသခင့်ရှေ့တော်၌
မျက်ရည်ကျလျက်နေ၏။ 21 လူသည် မိမိအသိအကျွမ်းနှင့်ဆွေးနွေးသကဲ့သို့ ဘုရားသခင်နှင့် ဆွေးနွေးရသောအခွင့်ရှိပါစေသော။ 22
နှစ်ပေါင်းမကြာမမြင့်မှီ တဖန်ပြန်၍ မလာရ သောလမ်းသို့ ငါလိုက်သွားရတော့မည်။



generated on Tue Jul 2 12:50:28 2024

## Chapter 17

1 ငါ့အသက်ကုန်ပြီ။ ငါနေရသော ကာလလွန်ပြီ။ သင်္ချိုင်းသည် ငါ့အဘို့ဖြစ်၏။ 2 ကဲ့ရဲ့တတ်သော သူတို့သည်
ငါ့ရှေ့မှာရှိကြသည်မဟုတ်လော။ သူတို့နှောင့်ရှက်သော အခြင်းအရာတို့ကို အစဉ် ငါကြည့်မြင်ရသည်မဟုတ်လော။ 3
အပေါင်ထားပါတော့။ အာမခံပေးပါတော့။ အဘယ်သူသည် ငါနှင့်ဂတိသစ္စထားမည်နည်း။ 4 ကိုယ်တော်သည် သူတို့ဉာဏ်
ကိုကွယ်စေတော် မူသည်ဖြစ်၍၊ သူတို့ကို ချီးမြှောက်တော်မမူရ။ 5 အကြင်သူသည် ဥစ္စာကိုလုယူအံ့သောငှါ အဆွေခင်ပွန်းကို အပ်၏။
ထိုသူ၏သားတို့သည် မျှော်လင့်၍ စိတ်ပျက်ရကြလိမ့်မည်။ 6 ငါ့ကို သူတပါးကဲ့ရဲ့စရာ အကြောင်းဖြစ်စေတော်မူ၍၊ သူတို့သည်
ငါ့ကိုရွံ့ကြ၏။ 7 ဝမ်းနည်းခြင်းအားကြီးသောကြောင့် ငါ့မျက်စိ မှုန်၏။ ကိုယ်အင်္ဂါများတို့သည် အရိပ်ကဲ့သို့ ဖြစ်ကြ၏။ 8
ဖြောင့်မတ်သော သူတို့သည် ဤအမှုကြောင့် မိန်းမောတွေဝေကြလိမ့်မည်။ အပြစ်ကင်းလွတ်သော သူတို့သည် အဓမ္မလူများတဘက်က
ကိုယ်ကိုကိုယ်နှိုးဆော် ကြလိမ့်မည်။ 9 ဖြောင့်မတ်သော သူတို့သည်လည်း တည်ကြည်ခြင်း၊ လက်စင်ကြယ်သောသူတို့သည်
ခွန်အားတိုးပွါးခြင်း ရှိကြလိမ့်မည်။ 10 သင်တို့မူကား တယောက်မျှမကြွင်း၊ ပြန်သွားကြ ပါတော့။ သင်တို့တွင်
ပညာရှိတစုံတယောက်ကိုမျှ ငါ မတွေ့နိုင်။ 11 ငါ့နေ့ရက်လွန်ပြီ။ ငါနှလုံးသွင်းမိသော အကြံ အစည်တို့သည် ပျက်စီးခြင်းသို့
ရောက်ကြပြီ။ 12 ညဉ့်သည် ငါ၌ နေကဲ့သို့ဖြစ်၍၊ ငါ့အလင်းသည် မှောင်မိုက်နှင့် နီးစပ်၏။ 13 သင်္ချိုင်းသည် ငါ့နေရာဖြစ်သည်ကို
ငါမြော်လင့် ၏။ ငါ့အိပ်ရာသည် မှောင်မိုက်၌ ခင်းလျက်ရှိ၏။ 14 ပုပ်စပ်ခြင်းအား၊ သင်သည် ငါ့အဘဖြစ်၏ဟူ၍၎င်း၊ တီကောင်အား
သင်သည်ငါ့အမိ၊ ငါ့နှမဖြစ် သည်ဟူ၍၎င်း ငါဆိုရ၏။ 15 သို့ဖြစ်၍ အဘယ်သို့ ငါမြော်လင့်ရသနည်း။ ငါမြော်လင့်စရာအကြောင်းကို
အဘယ်သူမြင်ရသနည်း။ 16 ထိုအကြောင်းသည် မရဏာနိုင်ငံအထဲသို့ဝင်၍၊ ငါနှင့်အတူ မြေမှုန့်၌ နှိမ့်ချလျက်နေရမည်ဟု မြွက်ဆို၏။

## Chapter 18

[1] တဖန်ရှုအာအမျိုးသား ဗိလဒဒ်မြွက်ဆိုသည် ကား၊ [2] ဤစကားသည် အဘယ်အခါမှ ပြတ်လိမ့်မည် နည်း။ သတိပြုကြ။
သို့မှသာငါတို့သည် စကားပြောကြ မည်။ [3] သင်သည်ငါတို့ကို တိရစ္ဆာန်ကဲ့သို့ အဘယ်ကြောင့် မှတ်သနည်း။ အဘယ်ကြောင့်
မထီမဲ့မြင်ပြု သနည်း။ [4] အမျက်ထွက်၍ မိမိကိုယ်ကို ကိုက်ဖြတ်သောသူ၊ သင့်အတွက် မြေကြီးကိုစွန့်ပစ်ရမည်လော။ ကျောက်သည်
မိမိနေရာမှ ရွေ့ရမည်လော။ [5] အကယ်စင်စစ်ဆိုးသောသူ၏ အလင်းသည် ကွယ်လိမ့်မည်။ သူ၏မီးလျှံမတောက်ရ။ [6]
သူ၏နေရာအလင်းလည်း မှောင်မိုက်ဖြစ်လိမ့် မည်။ သူ၏ဆီမီးလည်း သေလိမ့်မည်။ [7] ခိုင်ခံ့စွာသွားသောအခါ ကျဉ်းမြောင်းရာသို့
ရောက်လိမ့်မည်။ မိမိအကြံအစည်အားဖြင့် ရှုံးရလိမ့်မည်။ [8] ပိုက်ထဲသို့ အလိုလိုဝင်တတ်၏။ ကျော့ကွင်းပေါ်မှာ နင်းတတ်၏။ [9]
ဂိုင်းပြုတ်၍ ခြေကို မိသဖြင့် ကျော့ကွင်းနှင့် မကျွတ်နိုင်ဘဲ နေရ၏။ [10] မြေ၌ဂျမ်းကြိုးကို သူ့အဘို့ ဝှက်ထားလျက်၊ သူသွားရာလမ်း၌
ထောင်ချောက်ကို ပြင်လျက်ရှိ၏။ [11] ကြောက်မက်ဘွယ်သော အခြင်းအရာတို့သည် ဝိုင်း၍ ကျပ်တည်းစွာ လိုက်နှင့်ကြလိမ့်မည်။ [12]
သူသည် ငတ်မွတ်သောအားဖြင့် အားလျော့လျက်၊ ပျက်စီးခြင်း ဘေးနှင့် တွေ့လုလျက်ရှိ၏။ [13] ထိုဘေးသည် သူ၏အရိုးတို့ကို
ကိုက်ခဲ၍၊ သေမင်း၏သားဦးသည် သူ၏ခွန်အားကို မျိုလိမ့်မည်။ [14] သူခိုလှုံရာအကြောင်းကို သူ၏နေရာမှ ပယ်ရှင်း၍၊ သူ့ကိုယ်ကို
ဘေးဒဏ်တို့၏ ရှင်ဘုရင်ထံသို့ ဆောင် သွားရ၏။ [15] သူ၏နေရာ၌ အရှင်မရှိ။ ပျက်စီးခြင်းဘေးနေ၍ အမိုးပေါ်မှာ
ကန့်ဖြူးလျက်ရှိလိမ့်မည်။ [16] သူ၏အမြစ်တို့သည် သွေ့ခြောက်လျက်၊ အခက်အလက်တို့လည်း သေလျက်ရှိကြလိမ့်မည်။ [17]
မြေပေါ်မှာသူ့ကို အောက်မေ့စရာအမှတ် ပျောက်ပျက်၍၊ ပွဲသဘင်၌ သူ၏နာမကို အဘယ်သူမျှ မခေါ်မပြော။ [18] သူ့ကိုအလင်းထဲက
မှောင်မိုက်ထဲသို့ မောင်း၍ လူ့ပြည်မှ နှင်ထုတ်ရ၏။ [19] သူ့အမျိုးတွင် သူ့သားမြေးမရှိ။ သူ၏အိမ်သူ အိမ်သားတယောက်မျှ
မကျန်ရစ်ရ။ [20] သူ၏လက်ထက်၌ရှိသော သူတို့သည် ထိတ်လန့်သကဲ့သို့၊ သူ့နောက်၌ဖြစ်သော သူတို့သည် သူ၏အမှု ကြောင့်
မိန်းမောတွေဝေကြလိမ့်မည်။ [21] အကယ်စင်စစ်ဆိုးသော သူ၏နေရာသည် ထိုသို့သော လက္ခဏာရှိ၏။ ဘုရားသခင်ကိုမသိသောသူ
သည် ထိုသို့သော နေရာသို့ ရောက်လိမ့်မည်ဟု မြွက်ဆိ၏။

---


generated on Tue Jul 2 12:50:28 2024

## Chapter 19

1-2 ယောဘပြန်၍ မြွက်ဆိုသည်ကား၊ သင်တို့သည် ငါ့စိတ်ဝိညာဉ်ကို နှောင့်ရှက်၍ အဘယ်မျှကာလပတ်လုံး သင်တို့စကားဖြင့်
ငါ့ကိုချိုးဖဲ့ကြလိမ့်မည်နည်း။ 3 ဆယ်ကြိမ်မြောက်အောင်ငါ့ကို ကဲ့ရဲ့ကြပြီ။ ငါ့ကိုမိန်းမောတွေ ဝေစေခြင်းငှါ အရှက်မရှိဘဲပြုကြပြီ။ 4
ငါပြစ်မှားပြီ မှန်စေတော့။ ငါ့အပြစ်နှင့်ငါသာဆိုင်၏။ 5 သင်တို့သည်ငါ့အပေါ်၌ ဝါကြွား၍၊ ငါအရှက် ခံရသောကြောင့်၊
ငါ၌အပြစ်တင်ကြသော်လည်း၊ 6 ဘုရားသခင်သည်ငါ့ကိုလှဲ၍ မိမိကျော့ကွင်း၌ ကျော့မိတော်မူကြောင်းကို သိမှတ်ကြလော့။ 7
ငါသည်ကိုယ်ခံရသော ညှဉ်းဆဲခြင်းကိုအကြောင်းပြု၍ မြည်တမ်းသော်လည်း၊ အဘယ်သူမျှ နားမထောင်။ အော်ဟစ်သော်လည်း
တရားသဖြင့် စီရင်သောသူမရှိ။ 8 ငါမသွားနိုင်အောင် ငါ့ရှေ့မှာအဆီးအကာပြု၍၊ ငါသွားရာလမ်း၌ မှောင်မိုက်ကိုထားတော်မူပြီ။ 9
ငါ့ဂုဏ်အသရေကိုချွတ်၍၊ ငါ့ခေါင်းက ပေါင်းသရဖူကိုချတော်မူပြီ။ 10 ငါ့ကိုဝိုင်း၍ ဖျက်ဆီးတော်မူသဖြင့် ငါပျောက် ကုန်ပြီ။
သစ်ပင်ကို နှုတ်သကဲ့သို့၊ ငါမြော်လင့်ရသော အခွင့်ကို နှုတ်တော်မူပြီ။ 11 ငါ၌အမျက်တော်ကိုနှိုးဆော်၍၊ ငါ့ကိုရန်သူကဲ့သို့
မှတ်တော်မူ၏။ 12 စစ်ချီလာ၍၊ စစ်သူရဲတော်တို့သည် ငါ့ရှေ့သို့ ရောက်ခြင်းငှါ၊ ကျုံးတူး၍ ငါ့ပတ်လည်၌ တပ်ချကြ၏။ 13
ငါ့ညီအစ်ကိုတို့ကို ငါနှင့် ကွာဝေးစေတော်မူ၏။ ငါ့အသိအကျွမ်းတို့သည် ငါ့ကိုမသိ၊ ရိုင်းသောသူဖြစ် ကြ၏။ 14 ငါ့ပေါက်ဘော်တို့သည်
ငါ့ကိုစွန့်၍၊ ငါ့သူငယ် ချင်းတို့သည် မေ့လျော့ကြ၏။ 15 ငါ့ကျွန်မများ၊ ငါ့အိမ်သူအိမ်သားများတို့သည် ငါ့ကိုဧည့်သည်ကဲ့သို့၎င်း၊
တကျွန်းတနိုင်ငံသားကဲ့သို့၎င်း မှတ်ကြ၏။ 16 ငါ့ကျွန်ကိုငါခေါ်သောအခါသူသည် မထူး၊ သူ့ကို နှုတ်ဆက်၍ တောင်းပန်ရ၏။ 17
ငါ့မယားသည် ငါ့အသက်လေကို၎င်း၊ ငါ့သား သမီးတို့သည် ငါမြည်တမ်းခြင်းအသံကို၎င်း ရွံ့ကြ၏။ 18 သူငယ်တို့သည်လည်း
ငါ့ကိုမထီမဲ့မြင်ပြု၍ ငါထ သောအခါ ကဲ့ရဲ့ကြ၏။ 19 ငါ့မိတ်ဆွေတို့သည် ငါ့ကိုရွံ၍၊ ငါချစ်သော သူတို့ သည် ငါ့ရန်သူဖြစ်ကြ၏။ 20
ငါ့အရေသားသည်ငါ့အရိုးတို့၌ ကပ်လျက်ရှိ၏။ သွားဖုံးတခုသာပါလျက်ငါပြေးလွတ်ရ၏။ 21 အိုအဆွေခင်ပွန်းတို့၊ ငါ့ကိုသနားကြပါ။
ငါ့ကိုသနားကြပါ။ ဘုရားသခင်၏ လက်တော်သည် ငါ့ကိုထိခိုက်ပါပြီ။ 22 ဘုရားသခင်ညှဉ်းဆဲတော်မူသည်နည်းတူ အဘယ်ကြောင့်
သင်တို့သည် ညှဉ်းဆဲကြသနည်း။ အဘယ်ကြောင့် ငါ့အသားကို စား၍ မရောင့်ရဲ့ဘဲနေကြသနည်း။ 23
ငါ့စကားကိုယခုရေးမှတ်ပါစေသော။ စာရင်း၌သွင်းထားပါစေသော။ 24 ခဲပြားပေါ်မှာကညစ်နှင့်အက္ခရာတင်လျက်၊ ကျောက်စာထိုး
လျက်မြဲပါစေသော။ 25 ငါ့ကို ရွေးနှုတ်သောသခင်သည် အသက်ရှင်၍၊ နောင်ကာလ၌ မြေမှုန့်အပေါ်မှာ ပေါ်လာတော်မူမည် ဟူ၍၎င်း၊
26 ငါ့အရေကုန်ပြီးမှ ဤကိုယ်ကိုပင် ဖျက်ဆီးသော်လည်း၊ ငါသည်ကိုယ်ခန္ဓာ၌ ဘုရားသခင်ကိုမြင်မည်ဟူ၍ ၎င်း ငါသိ၏။ 27
ငါ့ဘက်၌ နေတော်မူသောဘုရားသခင်ကို ငါမြင်မည်။ သူတပါးမြင်သည်သာမက၊ ငါသည် ကိုယ် မျက်စိနှင့်ဖူးမြင်မည်။
ထိုသို့မြော်လင့်၍ ငါ့ကျောက်ကပ် သည် ပျက်လျက်ရှိ၏။ 28 ယခုမှာသင်တို့က၊ ငါတို့သည် သူ့ကိုအဘယ်သို့ ညှဉ်းဆဲရမည်နည်း။
သူ၌အပြစ်တင်သောအခွင့်ကို အဘယ်သို့ တွေ့ရမည်နည်းဟု ဆိုကြသည်ဖြစ်၍၊ 29 ထားဘေးကိုကြောက်ကြလော့။ အကြောင်းမူကား၊
အမျက်တော်သည်ထားဘေးဖြင့် အပြစ်ပေးတတ် ၏။ အပြစ်စီရင်ရသောအချိန်ရှိကြောင်းကို သိမှတ်ကြလော့ဟု မြွက်ဆို၏။



generated on Tue Jul 2 12:50:28 2024

## Chapter 20

1 တဖန်နေမတ်အမျိုးသားဇောဖာမြွက်ဆိုသည်ကား၊ 2 ငါပြန်ပြောရမည်အကြောင်း၊ ငါ့စိတ်နှလုံးသည် နိုးဆော်သောကြောင့်၊
ပြောချင်သောစိတ်အားကြီး၏။ 3 ငါသည်ကိုယ်ခံရသော ကဲ့ရဲ့ပြစ်တင်ခြင်း စကား ကိုကြား၍၊ ငါ့ဉာဏ်သဘောနိုးဆော်သဖြင့်
ငါပြန်ပြော ရ၏။ 4 ရှေ့ဦးစွာသောကာလ၊ လူကို မြေကြီးပေါ်မှာ နေရာချစကာလမှစ၍၊ 5 ဆိုးသောသူသည်ကြာမြင့်စွာကာလ
မဝါကြွားရ ကြောင်းကိုငှင်း၊ အဓမ္မလူသည် ခဏသာဝမ်းမြောက် ကြောင်းကိုငှင်း မသိသလော။ 6 သူ၏ ဘုန်းသည်
မိုဃ်းပေါ်သို့တက်၍၊ သူ၏ ခေါင်းသည် မိုဃ်းတိမ်တိုင်အောင် မှီသော်လည်း၊ 7 မိမိမစင်ကဲ့သို့အစဉ်ပျက်ရလိမ့်မည်။ သူ့ကို
မြင်ဘူးသော သူတို့က၊ ထိုသူသည် အဘယ်မှာရှိသနည်းဟု မေးကြလိမ့်မည်။ 8 သူသည်အိပ်မက်ကဲ့သို့ လွင့်ပြား၍ နောက်တဖန်
မတွေ့ရ။ ညဉ့်ရူပါရုံကဲ့သို့ ကွယ်ပျောက်ရလိမ့်မည်။ 9 သူ့ကိုမြင်ဘူးသော မျက်စိသည် နောက်တဖန် သူ့ကို မကြည့်မရှုရ။
သူ၏နေရာအရပ်သည် နောက် တဖန်သူ့ကိုမမြင်ရ။ 10 သူ၏သားတို့သည် ဆင်းရဲသားတို့ကို ဖျောင်းဖျ ရကြ၏။ သိုထားသောဥစ္စာကို
ကိုယ်လက်နှင့် ပြန်ပေး ရကြ၏။ 11 သူ၏အရိုးတို့သည် ပျိုသောအရွယ်၏ အရှိန် နှင့်ပြည့်စုံသော်လည်း၊ သူနှင့်တကွ မြေမှုန့်၌ အိပ်ရ
ကြလိမ့်မည်။ 12 သူသည်မိမိပစပ်၌ ဒုစရိုက်ကိုချိုနိုးထင်၍၊ မိမိလျှာအောက်မှာ ဝှက်ထားလျက်၊ 13 နှမြောသဖြင့် မစွန့်ရက်ဘဲ၊
မိမိပစပ်၌ ငုံသော် လည်း၊ 14 စားပြီးလျှင်သူ၏ ဝမ်းထဲမှာ သဘောပြောင်း၍ မြွေဆိုးအဆိပ်အတောက်ဖြစ်လိမ့်မည်။ 15
သူမျိုသောစည်းစိမ်ဥစ္စာကို တဖန်အန်ရလိမ့် မည်။ ဘုရားသခင်လည်း သူ့ကို ဝမ်းနှုတ်တော်မူမည်။ 16 သူသည်
မြွေဆိုးအဆိပ်အတောက်ကို စို့၍ မြွေဟောက်ကိုက်သဖြင့် သေရလိမ့်မည်။ 17 အသွယ်သွယ်သောမြစ်၊ နို့နှင့်ပျားရည်စီးသော မြစ်တို့ကို
မမြင်ရ။ 18 မိမိလုပ်၍ရသောဥစ္စာကို မိမိမသုံးဘဲ ပြန်ပေး ရ၏။ ပြန်ပေးရသော ဥစ္စာဖြစ်သောကြောင့် အားရခြင်း မရှိရ။ 19
ဆင်းရဲသားတို့ကို ညှဉ်းဆဲစွန့်ပစ်၍၊ မိမိ မဆောက်သော အိမ်ကို လုယူသောကြောင့်ငှင်း၊ 20 လောဘမပြေနိုင်သောကြောင့်ငှင်း၊ အလိုရှိ
သော ဥစ္စာတစုံတခုမျှမကြွင်း ဆုံးရှုံးရလိမ့်မည်။ 21 သူလုယူချင်သော လောဘလက်နှင့် အဘယ် အရာမျှ မလွတ်သောကြောင့်၊
သူ၏စည်းစိမ်မတည်ရ။ 22 ဥစ္စာကြွယ်ဝစဉ်တွင်ပင် ဆင်းရဲခြင်းနှင့်တွေ့၍၊ အမျိုးမျိုးသော အမှုတို့သည် ရောက်ကြလိမ့်မည်။ 23
သို့သော်လည်း သူသည်ဝစွာစားရ၏။ ဘုရားသခင်သည် အမျက်တော်အရှိန်ကို လွှတ်၍သူစားစရာဘို့ အမျက်တော် မိုဃ်းကို
ရွာစေတော်မူမည်။ 24 သံလက်နက်ကိုရှောင်၍ ပြေးသော်လည်း၊ ကြေးဝါလေးဖြင့် ထုတ်ချင်းခွင်းလိမ့်မည်။ 25 မြားကိုနှုတ်လျှင်
မိမိကိုယ်ထဲက ထွက်လာ၏။ အရောင်တောက် သောထားသည်သူ၏ သည်းခြေထဲက ထွက်လာ၍၊ သူသည် မိန်းမောတွေဝေလျက်
နေရ၏။ 26 ခပ်သိမ်းသောဘေးတို့သည် သူ့အဘို့ သိုထား လျက်ရှိကြ၏။ လူမမွေးသောမီးသည် သူ့ကိုလောင်လိမ့် မည်။ သူ၏နေရာ၌
ကြွင်းသမျှသော အရာတို့ကို လောင် လိမ့်မည်။ 27 မိုဃ်းကောင်းကင်သည် သူ၏အပြစ်ကို ဘော်ပြ ၍၊ မြေကြီးသည်လည်း
သူ့တဘက်၌ ထလိမ့်မည်။ 28 သူ၏အိမ်၌ရှိသော ဥစ္စာသည်ကွယ်ပျောက်၍၊ အမျက်တော် ထွက်သာနေ့၌ ရေကဲ့သို့စီးသွားလိမ့်မည်။ 29
ထိုသို့သောဆုလပ်ကို ဘုရားသခင်သည် လူဆိုး အားပေးတော်မူ၏။ ထိုသို့သောအမွေဥစ္စာကို ဘုရား သခင် ခွဲဝေစီရင်တော်မူသည်ဟု
မြွက်ဆို၏။

---

---

Job 01

ယေဘုယျအချက်အလက်

ဇောဖာက ယောဘကို တုံ့ပြန်ခဲ့သည်။

တဖန်နေမတ်အမျိုးသားဇောဖာမြွက်ဆိုသည်ကား၊

[ယောဘ ၂း ၁၁] တွင်မည်သို့ ဘာသာပြန်ဆိုထားသည်ကို ကြည့်ပါ (../02/11.md). နောက်ပြီး ဤအရာက ဇောဖာအနေဖြင့် ဒုတိယအကြိမ် စကားပြောဆိုခြင်းဖြစ်ပြီး တစ်ခါတရံမှာ "နေမတ်အမျိုးသား" ဟူသော စကားလုံးမှာ ချန်လှပ်ထားတတ်သည်"

ငါပြန်ပြောရမည်အကြောင်း၊

ဤ ဇောဖာ၏ အတွေ့အခေါ်များသည် တစ်စုံတစ်ခုကို လုပ်ဆောင်ချင်သော စိတ်ဆန္ဒ ပြင်းထန်ခြင်းကို ပုံဆောင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် သင့်ကို အမြန် အဖြေပေးစေလိုသည်"

ငါ့စိတ်နှလုံးသည် နိုးဆော်သောကြောင့်၊ ပြောချင်သောစိတ်အားကြီး၏။

စိတ္တဇ နာမ်ဖြစ်သော "စိုးရိမ်ခြင်း" ဟူသည် "စိုးရိမ်သော" ဟူသည့် နာမဝိသေသနအဖြစ်လည်း ဖော်ပြနိုင်ပါသည်။ စိုးရိမ်မှုဟူသောအကြောင့်ရင်းကို သေချာစွာ ဖော်ပြထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် သင့်ကြောင့် စိုးရိမ်သည်" သို့မဟုတ် "သင်ပြောသော စကားကြောင့် ငါသည် စိုးရိမ်မိပါသည်"

ငါသည်ကိုယ်ခံရသော ကဲ့ရဲ့ပြစ်တင်ခြင်း စကား ကိုကြား၍၊

စိတ္တဇနာမ် ဖြစ်သော "ကဲ့ရဲ့ပြစ်တင်ခြင်း" ဟူသည်မှာ "အပြစ်ဖော်ပြသည်" ဟူသော ကြိယာအဖြစ်လည်း ဖော်ပြနိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင် ကဲ့ရဲ့သောအသံကို ငါကြားရသည်။ သင်ပြောသောစကားသည် ငါ့ကို မရိုမသေ ဖြစ်စေသည်" သို့မဟုတ် "သင်ကဲ့ရဲ့သောစကားသည် ငါ့ကို စော်ကားခဲ့သည်"

 generated on Tue Jul 2 12:50:28 2024

ငါ့ဉာဏ်သဘောနှိုးဆော်သဖြင့် ငါပြန်ပြော ရ၏။
ဤတွင် "ဝိညာဉ်" ဟူသည်မှာ အတွေးအခေါ် သို့မဟုတ် အယူအဆကို ရည်ညွှန်းခြင်းဖြစ်နိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါနားလည်သော အတွေးတစ်ခုက အဖြေပေးသည်"

ငါ့ဉာဏ်သဘောနှိုးဆော်သဖြင့် ငါပြန်ပြော ရ၏။
ဤ"ဝိညာဉ်" သို့မဟုတ် အတွေးဟူသည် ဇောဖာအား အဖြေပေးသော လူတစ်ယောက်ကဲ့သို့ ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ ဉာဏ်မှီသလောက် တွေးကြည့်သည်။ ယခုတွင် ငါသိချင်သောအရာကို ငါသိသည်။"

ငါ့ဉာဏ်သဘောနှိုးဆော်သဖြင့် ငါပြန်ပြော ရ၏။
စိတ္တဇ နာမ်ဖြစ်သော "ဝိညာဉ်" နှင့် "နားလည်ခြင်း" ဟူသောအရာသည် "စဉ်းစားသည်" နှင့် "နားလည်သည်" ဟူသော ကြိယာအနေဖြင့် ဖော်ပြနိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထိုအရာများကို ငါသည်နားလည်သောကြောင့်၊ ငါ့ အတွေးအခေါ် ဖြင့် သင့်အားတုံ့ပြန်မည်။"

Job 04

ယေဘုယျအချက်အလက်
ဇောဖာသည် ဆက်ပြီး ယောဘအား စကားပြောသည်။

ရှေ့ဦးစွာသောကာလ၊ လူကို မြေကြီးပေါ်မှာ နေရာချစကာလမှစ၍၊
ဇောဖာက သူသည် ယခုတွင် မည်သို့ ပြောဆိုမည်ကို လေးနက်စွာ စဉ်းစားရန် ယောဘအားအကြောင်းဖြစ်စေသော အလင်္ကာမေးခွန်းဖြင့် အစပြုထားပါသည်။

ဆက်စပ်ဖော်ပြချက်
ဇောဖာက အပိုဒ်ငယ် ၄ တွင် သူအစပြုထားသော အလင်္ကာမေးခွန်းကို ပြီးမြောက်စေသည်။

ခဏသာဝမ်းမြောက် ကြောင်းကိုဌင်း
ဇောဖာက ယခုတွင် သူမည်သို့ ပြောဆိုမည်ဟူသောအကြောင်းကို စဉ်းစားစေရန် အကြောင့်ဖြစ်စေသော အလင်္ကာမေးခွန်းအဖြစ် အသုံးပြုထားပါသည်။ ဤအရာကို စကားပြောအဖြစ် ဖော်ပြနိုင်ပါသည်။ "သင်သည် လောက၌ ရှိသော လူသည် ခဏတာ အတွက်သာ ဖြစ်သည်ကို သင်လည်း သိသည်"

အဓမ္မလူသည် ခဏသာဝမ်းမြောက် ကြောင်းကိုဌင်း
အခြားသောဘာသာပြန်ဆိုချက်၊ "အဓမ္မလူသည် ခဏတာအတွက်သာ အောင်မြင်မှုရကြောင်း" သို့မဟုတ် "အဓမ္မလူတို့သည် ခဏသာ ဝမ်းမြောက်မှု ရသည်"

အဓမ္မလူသည် ခဏသာဝမ်းမြောက် ကြောင်းကိုဌင်း မသိသလော။
စိတ္တဇနာမ်ဖြစ်သော "ဝမ်းမြောက်ခြင်း" ဟူသည် "ဝမ်းမြောက်ပါ။" ဟူသော ကြိယာနှင့် သို့မဟုတ် "ပျော်ရွှင်သော" ဟူသည့် နာမဝိသေသန အဖြစ်လည်း ဖော်ပြနိုင်ပါသည်။ "ခဏသာ" ဟူသော စကားလုံးသည် အချိန်ကာလသည် တိုတောင်းကြောင်းကို အထူးပြုစေရန် တိုးချဲ့ထားသော အရာဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားမဲ့သော သူတို့သည် ခဏတာအတွက် ဝမ်းမြောက်မှုရကြသည်။" သို့မဟုတ် "အဓမ္မလူတို့သည် ခဏတာအတွက် ပျော်ရွှင်မှု ရရှိကြသည်။"

Job 06

ယေဘုယျအချက်အလက်
ဇောဖာက ဆက်ပြီး ယောဘအား စကားပြောသည်။

သူ၏ ဘုန်းသည် မိုဃ်းပေါ်သို့တက်၍၊
အဓမ္မလူတို့၏ ဘုန်းသည် မိုဃ်းပေါ်သို့ တက်သော်လည်း။ စိတ္တဇနာမ်ဖြစ်သော "အမြင့်" ဟူသော စကားလုံးသည် "မြင့်သော" ဟူသည့် နာမဝိသေသန အဖြစ်ဖော်ပြနိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် မိုဃ်းကောင်းကင်ထိ မှီအောင် အရပ်ရှည်သော်လည်း"

သူ၏ ဘုန်းသည် မိုဃ်းပေါ်သို့တက်၍၊ သူ၏ ခေါင်းသည် မိုဃ်းတိမ်တိုင်အောင် မှီသော်လည်း၊
အဓမ္မ လူဟူသည် "သူ့ ဂုဏ်" သို့မဟုတ် "မာန" ကို ပုံဆောင်ထားပါသည်။ နောက်ပြီး "မိုဃ်းကောင်းကင်တိုင်အောင် မှီသည်" ဟူသော စကားလုံးသည်လည်း ကြီးမားမှုကို ပုံဆောင်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ့ဂုဏ်အသရေသည် ကြီးမြတ်သော်လည်း" သို့မဟုတ် "သူ့မာန်မာနသည် ကြီးသော်လည်း"

သူ၏ ခေါင်းသည် မိုဃ်းတိမ်တိုင်အောင် မှီသော်လည်း၊
ထို့နောက် သူ့ခေါင်းသည် မိုဃ်းတိမ်တိုင်အောင် မြင့်သော်လည်း။ ဤအရာသည် သူ၏ ဂုဏ်အသရေ သို့မဟုတ် ကြီးမားမှုကို ပုံဆောင်ထားပါသည်။ ထိုအရာ၏ ဆိုလိုရင်းမှာ အထက်က ဖော်ပြပြီးခဲ့သော စကားစုကဲ့သို့ ဖြစ်သည်။

မိမိမစင်ကဲ့သို့အစဉ်ပျက်ရလိမ့်မည်။
မစင်ဟူသည်မှာ မြေကြီးနှင့် ရောပြီး မပေါ်လာတော့ပါ။ ရည်ညွှန်းထားသောအရာမှာ အဓမ္မလူ၏ အကျိုးမရှိမှုကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ့မစင်သည် မြေကြီး ပေါ်တွင် ကွယ်ပျောက်တတ်သကဲ့သို့ အစဉ်ပျက်စီးသွားမည်ဖြစ်သည်။"

မိမိမစင်ကဲ့သို့အစဉ်ပျက်ရလိမ့်မည်။
မစင်ဟူသော စကားလုံးသည် မသင့်တော်လျှင် သာသာပြန်သူအနေဖြင့် တစ်စုံတစ်ခုကို ကွယ်ပျောက်စေသည်ဟူသောအရာဖြင့် အစားထိုး နိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လေတိုက်ရာတွင် လွှင့်ပါးသွားသော မြေမှုန့်ကဲ့သို့ အစဉ် ကွယ်ပျောက်သွားမည်ဖြစ်သည်။"

Job 08

ယေဘုယျအချက်အလက်
ဇောဖာက ယောဘအားဆက်ပြီး စကားပြောသည်။


generated on Tue Jul 2 12:50:28 2024

သူသည်အိပ်မက်ကဲ့သို့
အဓမ္မလူသည် လွင့်ပါးလိမ့်မည်။

သူသည်အိပ်မက်ကဲ့သို့ လွင့်ပြား၍ နောက်တဖန် မတွေ့ရ။ ညဥ့်ရူပါရုံကဲ့သို့ ကွယ်ပျောက်ရလိမ့်မည်။
ဤတွင် "လွင့်ပြားသည်" ဟူသောအရာနှင့် ကွယ်ပျောက်သည် ဟူသော စကားလုံးသည် ပြန်မပေါ်တော့ခြင်းကို ပုံဆောင်ထားပါသည်။ ထိုအရာများသည် လူများက မေ့ပျောက်သောအခါ ရူပါရုံနှင့် သူ့အိပ်မက်များ ပျောက်ကွယ်ပြီး မေ့ပျောက်တတ်ခြင်းကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် အိပ်မက်ကဲ့သို့ ကွယ်ပျောက်လိမ့်မည်" သို့မဟုတ် .... သူသည် ညက မြင်မက်သော အရာကဲ့သို့ မေ့ပျောက်သွားမည်။"

နောက်တဖန် မတွေ့ရ။
ဤအရာကို အပြုသဘောဖြင့်ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မည်သူကမျှ သူ့ကို တွေ့နိုင်မည်မဟုတ်ပါ။"

သူ့ကိုမြင်ဘူးသော မျက်စိသည်
မျက်စိဟူသည် လူတစ်ယောက်ကို ပုံဆောင်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ့ကို တွေ့သောသူတိုင်း" သို့မဟုတ် "သူ့ကို တွေ့သောသူများ"

သူ၏နေရာအရပ်သည်
"သူ့၏နေရာ" ဟူသော စကားစုသည် သူ့နေရာအရပ်တွင် နေထိုင်သော သူများကို ပုံဆောင်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ့နေရာ၌ နေထိုင်သောသူများ" သို့မဟုတ် "သူ့မိသားစု"

Job 10

ယေဘုယျအချက်အလက်
ဇောဖာက ယောဘအား ဆက်ပြီး စကားပြောသည်။

သူ၏သားတို့သည်
အဓမ္မလူ၏ သားများသည်။

သိုထားသောဥစ္စာကို ကိုယ်လက်နှင့် ပြန်ပေး ရကြ၏။
ဤတွင် "လက်" ဟူသည်မှာ အဓမ္မလူ၏ သားများကို ရည်ညွှန်းသည်။ သူသေသောအခါ၊ သူ့တပါးထံမှ သူယူထားသော အရာအားလုံးကို သူ့သားသမီးများသည် ပြန်လည် ပေးအပ်ရမည်ဖြစ်သည်။

သူ၏အရိုးတို့သည် ပျိုသောအရွယ်၏ အရှိန် နှင့်ပြည့်စုံသော်လည်း၊
"အရိုးများ" ဟူသော စကားလုံးသည် သူ့ ကိုယ်ခန္ဓာ ကိုပုံဆောင်ထားပါသည်။ ပျိုသောအရွယ်၏ အရှိန်နှင့် ပြည့်စုံခြင်းဟူသည်မှာလည်း သန်မာသော လူပျိုကို ပုံဆောင်ထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ့ခန္ဓာကိုယ်သည် ပျိုသောသူ၏ ခန္ဓာကိုယ်ကဲ့သို့ သန်မာပါသည်။"

သူနှင့်တကွ မြေမှုန့်၌ အိပ်ရ ကြလိမ့်မည်။
"ထို" ဟူသော စကားလုံးသည် လူပျို၏ ခွန်အားကို ရည်ညွှန်းထားပါသည်။ " မြေမှုန့်၌ လဲလျောင်းသည် ဟူသော အစားထိုးစကားလုံးသည် သေခြင်းကို ပုံဆောင်ထားပါသည်။ သေဆုံးသော ခွန်အားဟူသည် ကွယ်ပျောက်သောအရာအတွက် တင်စားချက်တစ်ခုဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သို့သော်လည်း သူ၏ လူပျိုဖြစ်ခြင်း ခွန်အားသည် သူနှင့်အတူ သေဆုံးမည်" သို့မဟုတ် "သူသေဆုံးသောအခါ သူ၏ လူပျိုဖြစ်ခြင်း ခွန်အား ကွယ်ပျောက်သွားမည်။"

Job 12

ယေဘုယျအချက်အလက်
ဇောဖာက ယောဘအားဆက်ပြီး စကားပြောပါသည်။

သူသည်မိမိပစပ်၌ ဒုစရိုက်ကိုချိုနိုးထင်၍၊
ဤတွင် "ဒုစရိုက်ကို ချိုနိုးထင်၍" ဟူသောစကားလုံးမှာ မကောင်းသောအမှုများနှင့် ပျော်မွေ့တတ်သော လူကို ပုံဆောင်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အဓမ္မအမှုကို လုပ်နေသော်လည်း ပါးစပ်ထဲတွင် ချိုမြိန်သောအစာကို မြည်းစမ်းသကဲ့သို့ ပျော်ရွှင်ကျေနပ်စေသည်။"

မိမိလျှာအောက်မှာ ဝှက်ထားလျက်၊
ဇောဖာက လူတစ်ယောက်သည် သူ့ပါးစပ်တွင် အစာကို ထည့်ထားပြီး အချိန်ကြာကြာ အရသာကြာရှည်ခံစေရန် ချိုမြိန်သော အစာထည့်ပေးသကဲ့သို့ အဓမ္မအမှုအကြောင်းကို ပြောဆိုထားပါသည်။

နှမြောသဖြင့် မစွန့်ရက်ဘဲ၊ မိမိပစပ်၌ ငုံသော် လည်း၊
ဇောဖာက အဓမ္မအမှုသည် တစ်စုံတစ်ယောက်က ချိုမြိန်သောအစာကို သူ့ လျှာတွင် ထည့်ပြီး အချိန် ကြာကြာ အရသာမြည်းစမ်းသကဲ့သို့ ပြေဆိုထားပါသည်။ ( ရှု၊ rc://*/ta/man/translate/figs-metaphor)

စားပြီးလျှင်သူ၏ ဝမ်းထဲမှာ သဘောပြောင်း၍
အစာသည် ဗိုက်ထဲ၌ သဘောပြောင်းလာသောအခါ၊ ထိုအရာသည် နာကျင်စေပြီး ခါးသီးစေပါသည်။ ဤအမှုသည် လူတစ်ယောက် အဓမ္မအမှုကို လုပ်ခြင်းကြောင့် အကျိုးဆက်ရလာသော နာကျင်မှုကို ကြုံတွေ့ခံစားရခြင်းကို တင်စားထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အဓမ္မအမှုသည်" အစာအိမ်တွင် ခါးသည်းစွာ သဘောပြောင်း၍" သို့မဟုတ် "အစာအိမ်တွင် နာကျင်ခံစားနေရသော အစာကဲ့သို့သော အကျိုးဆက်များ"

သူ၏ ဝမ်းထဲမှာ သဘောပြောင်း၍ မြွေဆိုးအဆိပ်အတောက်ဖြစ်လိမ့်မည်။
အဓမ္မအမှုကို လုပ်ဆောင်ခြင်းမှ ရရှိလာသော ကြောက်စရာကောင်းသော အကျိုးဆက်များကို တွေ့ကြုံခံစားသည်။ အခြားသောဘာသာပြန်ဆိုချက်၊


generated on Tue Jul 2 12:50:28 2024

"အဓမ္မအမှုကို လုပ်ဆောင်ခြင်း၏ အကျိုးဆက်များမှာ သူ့အထဲ၌ မြွေဆိုးကဲ့သို့ အဆိပ်အတောက်ဖြစ်စေမည်။" (ရှု

မြွေဆိုးအဆိပ်အတောက်
အဆိပ်ရှိသော မြွေဆိုးများ။

Job 15

ယေဘုယျအချက်အလက်
ဇောဖာက ယောဘကို ဆက်ပြီး စကားပြောသည်။

သူမျိုသောစည်းစိမ်ဥစ္စာကို တဖန်အန်ရလိမ့် မည်။
ဇောဖာက ကြွယ်ဝခြင်းနှင့် ဥစ္စာ ဆုံးရှုံးခြင်းသည် လူတစ်ယောက်က အစာစားပြီး တဖန် ပြန်အန်သောအရာကဲ့သို့ ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အဓမ္မလူသည် အလွန်ချမ်းသော်လည်း လူတစ်ယောက် အစာကို စားပြီး ပြန်အန်သကဲ့သို့ဖြစ်သည်။ ဘုရားသခင်သည် သူ့ကို ဆုံးရှုံးရန် အကြောင်းဖြစ်စေသည်။"

ဘုရားသခင်လည်း သူ့ကို ဝမ်းနှုတ်တော်မူမည်။
ဖြစ်နိုင်သောအဓိပ္ပါယ်များမှာ "ဝမ်းကို နုတ်တော်မူသည်" ဟူသောအရာက ချမ်းသာမှုကို စုဆောင်းထားပြီး တစ်ကိုယ်ကောင်းဆန်စွာ သိုလှောင်ထားခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အဓမ္မလူသည် ကြွယ်ဝမှုကို ရရှိပြီး သူ့အတွက်သာ စုဆောင်းထားသည်။" သို့မဟုတ် (၂) ချမ်းသာမှုကို မတရားနည်းလမ်းဖြင့် စုဆောင်းထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အဓမ္မလူသည် ချမ်းသာ ကြွယ်ဝမှုကို ခိုးယူသွားသည်။"

ဘုရားသခင်လည်း သူ့ကို ဝမ်းနှုတ်တော်မူမည်။
ဤတွင် "ဝမ်းကို နုတ်တော်မူမည်။" ဟူသော အရာသည် လူတစ်ယောက်ကို အန်ထုတ်ရန် အကြောင်းဖြစ်စေသော အရာဖြစ်သည်။ ၎င်း၏ ဆိုလိုရင်းမှာ လူတစ်ယောက်ကို သူ့ချမ်းသာခြင်းများ ဆုံးရှုံးစေရန် တင်စားထားသောအရာဖြစ်သည်။

နှုတ်တော်မူမည်
လွှင့်ပစ်သည်။

သူသည် မြွေဆိုးအဆိပ်အတောက်ကို စို့၍
ဤတွင် "မြွေဆိုးအဆိပ်အတောက်ကို စို့၍" ဟူသည်မှာ မကောင်းသောအမှုများ လုပ်ဆောင်ခြင်းဖြစ်သည်။ နှစ်ခုစလုံးတို့သည် အန္တရာယ်ရှိသော အရာဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မကောင်းသောအမှုကို လုပ်ခြင်းသည် အဆိပ်ကို စို့သကဲ့သို့ ဖြစ်သည်" သို့မဟုတ် "သူသည် လူတစ်ယောက်က မြွေဆိုးအဆိပ်ကို စို့သကဲ့သို့ သူသည် မကောင်းသောအမှုကို လုပ်လိမ့်မည် သို့မဟုတ် အန္တရာယ်ရှိစေမည်။"

စို့၍
အဆိပ်ရှိသော မြွေဆိုး။

မြွေဟောက်ကိုက်သဖြင့်
မြွေပွေးသည် အဆိပ်ရှိသော မြွေဖြစ်သည်။ ၎င်း၏ လျှာသည် မြွေ၏ ကိုက်ထားသော အဆိပ်ကို ပုံဆောင်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အဆိပ်ရှိသောမြွေပွေးသည် သင့်ကို ကိုက်လိမ့်မည်။" သို့မဟုတ် "မြွေပွေးသည် သူ့ကို ကိုက်၍ သေလိမ့်မည်။"

မြွေဟောက်ကိုက်သဖြင့် သေရလိမ့်မည်။
မြွေပွေးသည် လူ၏ ဆိုးသွမ်းခြင်းကို ပုံဆောင်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ၏ဆိုးသွင်းခြင်းသည် မြွေပွေးကိုက်သကဲ့သို့ သူ့ကို သေစေမည်ဖြစ်သည်။"

Job 17

ယေဘုယျအချက်အလက်
ဇောဖာက ယောဘအား ဆက်ပြီး စကားပြောသည်။

ငါတယောက်တည်း စားဘူးသလော။ 18 ဆင်းရဲသားသည် အဘထံမှာ နေသကဲ့သို့၊ ငါ့အသက်ငယ်စဉ်ကာလမှစ၍ ငါနှင့်အတူ
ကျွေးမွေးခြင်း ကို ခံပြီ။ ငါသည် ဘွားမြင်သော နေ့မှစ၍ မုတ်ဆိုးမကို မစပြီ။ 19 အဝတ်မရှိသောကြောင့် သေခြင်းသို့ ရောက် သော
သူတစုံတယောက်နှင့်၊ ခြုံစရာမရှိဘဲ ဆင်းရဲစွာ နေသောသူ တစုံတယောက်ကို ငါမြင်၍၊ 20 သူ၏ခါးသည် ငါ့ကို ကောင်းကြီးမပေး။ ငါ့
သိုးမွေးအားဖြင့် မနွေးဘဲနေသော်ငင်း၊ 21 ရုံးတော်တွင် ငါ့ဘက်၌ နေသောမင်းကို ငါသည် မြင်၍၊ မိဘမရှိသောသူကို
ညှဉ်းဆဲမိသော်ငင်း၊ 22 ငါ့လက်မောင်းသည် ပခုံးကကျွပါစေ။ ငါ့လက်ရိုး ကျိုးပါစေ။ 23 ငါသည်
ဘုရားသခင်ဖျက်ဆီးတော်မူခြင်းဘေး ကို ကြောက်ရွံ့၍၊ တန်ခိုးအာနုဘော်တော်ကြောင့် မပြစ် မှားဝံ့ဘဲနေပါပြီ။ 24
ငါသည်ရွှေကိုကိုးစား၍ ရွှေစင်အား၊ သင်သည် ငါခိုလှုံရာဖြစ်၏ဟုဆိုမိသော်ငင်း၊ 25 ငါ၌စည်းစိမ်ကြီး၍ များစွာသော ဥစ္စာရတတ်
သောကြောင့်၊ ငါဝါကြွားဝမ်းမြောက်မိသော်ငင်း၊ 26 ရောင်ခြည်ထွက်သောနေ၊ ထွန်းလင်းလျက် သွားသောလကို ငါကြည့်ရှုသောအခါ၊
27 ငါ့စိတ်နှလုံးသည် တိတ်ဆိတ်စွာ နူးညွတ်၍ ငါ့လက်ကို ငါနမ်းမိသော်ငင်း၊ 28 ရာဇဝတ်ခံထိုက်သော အပြစ်ရှိ၏။ အထက်အရပ်၌
ရှိတော်မူသောဘုရားသခင်ကို ငြင်းပယ်ရာ ရောက်၏။ 29 ငါ့ကိုမုန်းသောသူသည် ပျက်စီးသောအခါ ငါဝမ်းမြောက်သလော။
သူ၌ဘေးရောက်သောအခါ၊ ငါဝါကြွားသလော။ 30 ငါသည်သူ့အသက်ကို ကျိန်ဆဲ၍၊ ကိုယ်နှုတ်၌ အပြစ်ရောက်စေခြင်းငှါ
အခွင့်မပေး။ 31 ငါ့အိမ်သူအိမ်သားတို့က၊ အဘယ်သူသည် ငါတို့သခင်၏ အမဲသားကိုတောင့်တ၍ မဝဘဲနေရ သနည်းဟု
မဆိုတတ်သလော။ 32 ဧည့်သည်သည် လမ်း၌ညဉ့်ကို မလွန်ရမည်အကြောင်း၊ ငါသည် ခရီးသွားသော သူတို့အား ကိုယ် တံခါးကို
ဖွင့်ထားပြီ။ 33 ငါသည်လူပြုတတ်သကဲ့သို့၊ ကိုယ်ဒုစရိုက်ကိုဖုံး၍၊ ကိုယ်ရင်ထဲ၌ ကိုယ်အပြစ်ကိုဝှက်ထားဘူးသဘော။ 34
ထိုသို့ပြုမိလျှင်၊ ကြီးသော ပရိတ်သတ်ရှေ့မှာ ငါ့မျက်နှာပျက်ပါစေ။ လူအမျိုးမျိုးတို့သည် ကဲ့ရဲ့၍ ငါ့အရှက်ကွဲပါစေ။
အိမ်ပြင်သို့မထွက်ဘဲ တိတ်ဆိတ်စွာ နေရပါစေ။ 35 တစုံတယောက်သောသူသည် ငါ့စကားကို နားထောင်ပါစေသော။
ငါ့လက်မှတ်ကိုငါပေးမည်။ အနန္တတန်ခိုးရှင်သည် ငါ့ကိုစစ်ကြောတော်မူပါစေ။ ငါ့တရားတွေ့ဘက်သည် စာထားပါစေ။ 36
အကယ်စင်စစ်ထိုစာကို ပခုံးပေါ်မှာ ငါတင် ထားပါမည်။ ဖေါင်းကဲ့သို့ ဆောင်းပါမည်။ 37 ငါသည် ကိုယ်အပြုအမူအလုံးစုံတို့ကို ဘော်ပြ
ပါမည်။ မင်းကဲ့သို့ အထံတော်သို့ ချဉ်းကပ်ပါမည်။ 38 ငါ့မြေသည် ငါ့ကိုအပြစ်တင်သဖြင့်၊ အော်ဟစ်၍ လည်ချောင်းတို့သည်
တညီတည်းမြည်တမ်းသော်ငင်း၊ 39 စရိတ်မကုန်ဘဲမြေအသီးအနှံကို ငါစား၍ မြေဆိုင်သောသူတို့ကို ညှဉ်းဆဲမိသော်ငင်း၊ 40
စပါးပင်အတွက် ဆူးပင်ပေါက်ပါစေ။ မုယော ပင်အတွက် ဗောရှုပင်ပေါက်ပါစေဟု မြွက်ဆို၏။ ယောဘမြွက်ဆိုသောစကားပြီး၏။


generated on Tue Jul 2 12:50:28 2024

## Chapter 32

1 ထိုသို့ယောဘသည် မိမိဖြောင့်မတ်သည်ဟု ထင်သောကြောင့်၊ ထိုသူသုံးယောက်တို့သည် ပြန်၍ မပြောဘဲနေကြ၏။ 2 ထိုအခါ
ဗုဇအမျိုးအာရအနွယ်ဖြစ်သော ဗာရ ခေလသားဧလိဟု သည်အမျက်ထွက်၏။ ယောဘသည်
ဘုရားသခင်ထက်မိမိဖြောင့်မတ်ကြောင်းကို ပြသော ကြောင့်၊ ယောဘကို အမျက်ထွက်၏။ 3 ယောဘ၏
အဆွေခင်ပွန်းသုံးယောက်တို့သည် ပြန်၍မပြောနိုင်သော်လည်း၊ ယောဘ၌ အပြစ်ရှိသည်ဟု စီရင်ကြသောကြောင့်၊ သူတို့ကိုလည်း
အမျက်ထွက်၏။ 4 ဧလိဟုသည် သူတို့ထက်အသက်ငယ်သော ကြောင့်၊ ယောဘပြောသော စကားမကုန်မှီတိုင်အောင်
ဆိုင်းလင့်လျက်နေ၏။ 5 ထိုသူသုံးယောက်တို့သည် ပြန်၍ ပြောစရာ စကားမရှိကြောင်းကို သိမြင်သောအခါ အမျက်ထွက်လေ ၏။ 6
ထိုအခါ ဗုဇအမျိုးဗာရခေလသားဧလိဟု မြွက် ဆိုသည်ကား၊ ငါသည်အသက်ငယ်ပါ၏။ သင်တို့သည် အလွန်အသက်ကြီးပါ၏။
ထိုကြောင့် ငါသည်ကြောက်၍ ကိုယ်သဘောကို မပြဝံ့ဘဲ နေပါပြီ။ 7 နေ့ရက်ကာလတာရှည်သောသူသည် စကား ပြောအပ်၏။
နှစ်ပေါင်းများစွာလွန်သောသူသည် ပညာကို သွန်သင်အပ်၏။ 8 သို့ရာတွင် လူထဲ၌ဝိညာဉ်ရှိ၏။ ဘုရားသခင်
အသက်ရှင်စေတော်မူသဖြင့် ဉာဏ်ရှိ၏။ 9 လူကြီးတို့သည် အစဉ်ပညာရှိသည်မဟုတ်။ အသက်ကြီးသော သူအပေါင်းတို့သည်
မှန်သောတရားကို နားလည်သည်မဟုတ်။ 10 သို့ဖြစ်၍ ငါ့စကားကို နားထောင်ကြလော့။ ငါသည် ကိုယ်သဘောကို ပြပါမည်။ 11
သင်တို့စကားကို ကြားရအံ့သောငှါ ငါဆိုင်း လင့်ပြီ။ သင်တို့သည် ပြောစရာကို ရှာဖွေ၍ ဆွေးနွေး သောစကားကို ငါနားထောင်ပြီ။ 12
စေ့စေ့နားထောင်စဉ်တွင်၊ ယောဘကို အဘယ် သူမျှမနိုင်။ သူ၏စကားကို အဘယ်သူမျှမချေ။ 13 သို့ဖြစ်၍ ငါတို့သည် ပညာကိုရှာ၍
တွေ့ပြီဟု သင်တို့ဆိုစရာမရှိ။ ယောဘကို နှိမ့်ချသောသူကား လူမဟုတ်၊ ဘုရားသခင်ပေတည်း။ 14 ယောဘသည် ငါ့ကိုရည်ဆောင်၍
ပြောပြီ မဟုတ်။ သင်တို့ပြန်ပြောသည်အတိုင်း ငါပြန်ပြောမည် မဟုတ်။ 15 ဤသူတို့သည် မိန်းမောတွေဝေလျက်ပြန်၍ မပြောဘဲ
တိတ်ဆိတ်စွာ နေကြ၏။ 16 ငါဆိုင်းလင့်သည်တွင်သူတို့သည် နှုတ်မမြွက်၊ ပြန်၍မပြောဘဲ ငြိမ်ငြိမ်နေကြ၏။ 17
သို့ဖြစ်၍ငါသည်ကိုယ်အတွက်ပြန်ပြောမည်။ ကိုယ်သဘောကို ပြမည်။ 18 ငါသည် ပြောစရာစကားနှင့် ပြည့်ဝ၏။ အတွင်း
ဝိညာဉ်နှိုးဆော်ခြင်းကို ခံရ၏။ 19 ငါ့ဝမ်းသည် ပိတ်ဆို့သောစပျစ်ရည်နှင့်တူ၏။ အသစ်သော သားရေဘူးကွဲလုသကဲ့သို့ဖြစ်၏။ 20
ငါသည် သက်သာခြင်းငှါ မြွက်ဆိုရမည်။ နှုတ်ကို ဖွင့်၍ ပြန်ပြောရမည်။ 21 အဘယ်သူ၏မျက်နှာကိုမျှမထောက်၊ အဘယ် သူကိုမျှ
ချီးမွမ်းသော စကားနှင့်မချော့မော့။ 22 သူတပါးကို ချီးမွမ်းသောစကားနှင့် မချော့မော့ တတ်။ ထိုသို့ပြုလျှင်၊ ငါ့ကိုဖန်ဆင်းတော်မူသော
ဘုရား သည် ငါ့ကို ချက်ခြင်းပယ်ရှားတော်မူမည်။

---


generated on Tue Jul 2 12:50:28 2024

## Chapter 33

[1] သို့ဖြစ်၍ အိုယောဘ၊ ငါမြွက်ဆိုသောစကား အလုံးစုံတို့ကို နားထောင်နာယူပါလော့။ [2] ငါသည် ယခုနှုတ်ကိုဖွင့်၍
လျှာနှင့်မြွက်ဆိုသော အခါ၊ [3] ငါသဘောဖြောင့်သည်နှင့်အညီ ငါ့စကား ဖြောင့်လိမ့်မည်။ ငါ့နှုတ်သည်ရှင်းလင်းသော ပညာစကား ကို
မြွက်ဆိုလိမ့်မည်။ [4] ဘုရားသခင်၏ဝိညာဉ်တော်သည် ငါ့ကို ဖန်ဆင်းတော်မူပြီ။ အနန္တတန်ခိုးရှင်၏ အသက်တော် သည် ငါ့ကို
အသက်ရှင်စေတော်မူပြီ။ [5] သင်သည်တတ်နိုင်လျှင် ငါ့ကို ပြန်ပြောလော့။ ကိုယ်စကားကို ပြင်ဆင်လော့။ ကြိုးစားလော့။ [6]
ဘုရားသခင့်ရှေ့မှာ ငါသည်သင်နှင့်တူ၏။ ငါသည်လည်း မြေမှုန့်ဖြင့် ဖန်ဆင်းတော်မူရာဖြစ်၏။ [7] သင်သည်
ကြောက်ရွံ့ရမည်အကြောင်း ငါ၌ ကြောက်မက်ဘွယ်သော အရာမရှိ။ သင့်အပေါ်မှာ ငါသည် လေးသောလက်ကိုမတင်။ [8]
အကယ်စင်စစ်သင့်စကားသံကို ငါကြားသည် အတိုင်း သင်မြွက်ဆိုသောစကားဟူမူကား၊ [9] ငါသည် စင်ကြယ်သောသဘောရှိ၏။
ပြစ်မှား ခြင်းကို မပြုတတ်။ ငါ၌အပြစ်မရှိ။ သန့်ရှင်းခြင်းရှိ၏။ [10] ဘုရားသခင်သည် ငါ၌ အပြစ်တင်ခွင့်ကို ရှာတော်မူ၏။ ငါ့ကို
ရန်သူကဲ့သို့ မှတ်တော်မူ၏။ [11] ငါ့ကို ထိတ်ခတ်တော်မူ၏။ ငါထွက်ရာလမ်းရှိ သမျှတို့ကို စောင့်တော်မူ၏ဟု ဆိုမိပြီ။ [12]
ထိုသို့ဆိုသော်မှားပြီ။ ငါပြန်ပြောသောစကားဟူ မူကား၊ အကယ်စင်စစ် ဘုရားသခင်သည် လူထက် ကြီးမြတ်တော်မူ၏။ [13]
ဘုရားသခင်နှင့်အဘယ်ကြောင့် ဆန့်ကျင်ဘက် ပြုသနည်း။ ပြုတော်မူသော အမှုတို့၏အကြောင်းကို ပြတော်မမူ။ [14]
ဘုရားသခင်သည် တကြိမ်မိန့်မြွက်တော်မူ၏။ လူမရိပ်မိလျှင် နှစ်ကြိမ်တိုင်အောင် မိန့်မြွက်တော်မူ၏။ [15]
လူသည်အိပ်ရာပေါ်မှာငိုက်လျက် အိပ်ပျော် လျက်နေသောအခါ အိပ်မက်မြင်၍၊ ညဉ့်ရူပါရုံကို ခံရသောအားဖြင့်၊ [16] ဘုရားသခင်သည်
လူ၏နားကို ဖွင့်၍ ဆုံးမပေး တော်မူတတ်၏။ [17] ထိုသို့လူသည် မိမိအကြံကိုစွန့်စေခြင်းငှါ၎င်း၊ မာန်မာနနှင့် ကင်းလွတ်စေခြင်းငှါ၎င်း
ပြုတော်မူ၏။ [18] သူ၏အသက်ကို သင်္ချိုင်းတွင်းမှကွယ်ကာ၍၊ ထားဘေးဖြင့် မသေစေခြင်းငှါ စောင့်မတော်မူ၏။ [19] လူသည်
အိပ်ရာပေါ်မှာနာခြင်းဝေဒနာကို ခံရ ၍၊ အရိုးရှိသမျှတို့သည် ပြင်းထန်စွာ ကိုက်ခဲသဖြင့်၊ [20] မုန့်နှင့်မြိန်သော ခဲဘွယ်စားဘွယ်တို့ကို
သူ၏ စိတ်ဝိညာဉ်သည် ရွံ့ရှာ၏။ [21] အသားအရေပိန်လျှော့ ကွယ်ပျောက်၍၊ မထင် ရှားဘူးသော အရိုးတို့လည်း ပေါ်ကြ၏။ [22]
အသက်ဝိညာဉ်သည် သင်္ချိုင်းတွင်းနားသို့၎င်း၊ ဖျက်ဆီးသော တမန်လက်သို့၎င်း ရောက်လုပြီ။ [23] သို့ရာတွင်လူတို့အားတရားလမ်းကို
ပြစေခြင်းငှါ၊ တထောင်တွင် အထွဋ်ဖြစ်၍၊ တရားစကားကို ပြန်တတ် သော တမန်ရှိလျှင်၊ [24] ဘုရားသခင်က၊
သင်္ချိုင်းတွင်းထဲသို့ထိုသူကို မဆင်းစေဘဲ ကယ်တင်လော့။ ရွေးရာအကြောင်းကို ငါတွေ့ပြီဟု ကရုဏာစိတ်ရှိ၍
မိန့်တော်မူသောအားဖြင့်၊ [25] ထိုသူသည် သူငယ်ထက်အသားအရေနုထွား၍ ပျိုသောအသက်နှင့်တဖန်ပြည့်စုံလိမ့်မည်။ [26]
ဘုရားသခင်ကို ဆုတောင်း၍ကျေးဇူးတော်ကို ခံရသဖြင့်၊ ဝမ်းမြောက်သောစိတ်နှင့် မျက်နှာတော်ကို ဖူးမြင်ရလိမ့်မည်။
ဖြောင့်မတ်ခြင်းအကျိုးကို လူတို့အား ဘုရားသခင်ပေးတော်မူတတ်၏။ [27] သူကလည်း၊ ငါသည် ပြစ်မှားပါပြီ။ မှန်သော
တရားကိုမှောက် ပါပြီ။ သို့သော်လည်း ကိုယ်ခံထိုက်သော အပြစ်ကိုမခံရဘဲ၊ [28] သင်္ချိုင်းတွင်းထဲသို့ ငါ့ကိုမဆင်းစေဘဲ ကယ်တင်
တော်မူသဖြင့်၊ ငါ့အသက်သည် မှောင်မိုက်နှင့် လွတ် လျက်ရှိ၏ဟု လူတို့တွင် သီချင်းဆိုရလိမ့်မည်။ [29] ထိုသို့ဘုရားသခင်သည်
လူတို့၌ ရံခါရံခါစီရင် တော်မူသဖြင့်၊ [30] သင်္ချိုင်းတွင်းမှနှုတ်ယူ၍၊ အသက်ရှင်သော သူတို့၏အလင်းနှင့် လင်းစေတော်မူ၏။ [31]
အိုယောဘ၊ ငါ့စကားကို သတိနှင့်နားထောင် လော့။ တိတ်ဆိတ်စွာနေလော့။ ငါပြောပါမည်။ [32] သို့သော်လည်း ပြောစရာရှိလျှင်
ပြန်ပြောလော့။ သင့်ကို အပြစ်လွတ်စေခြင်းငှါ၊ ငါအလိုရှိသောကြောင့် စကားပြောလော့။ [33] ပြောစရာမရှိလျှင်၊ တိတ်ဆိတ်စွာနေ၍
ငါ့စကားကို နားထောင်လော့။ ပညာကိုငါသွန်သင်ပါမည် ဟု မြွက်ဆို၏။

## Chapter 34

1 တဖန်ဧလိဟုဆက်၍ မြွက်ဆိုသည်ကား၊ 2 အကြားအမြင်များသော ပညာရှိတို့၊ ငါ့စကားကို နားထောင်နာယူကြလော့။ 3 ခံတွင်းသည်
အစာကို မြည်းစမ်းသကဲ့သို့၊ နားသည် စကားကို စုံစမ်းတတ်၏။ 4 ငါတို့သည် ကိုယ်အဘို့အလိုငှါ စစ်၍တရား သဖြင့် စီရင်ကြကုန်အံ့။
ကောင်းသောအရာကို ကိုယ်တိုင် အားဖြင့် သိမှတ်ကြကုန်အံ့။ 5 ယောဘက၊ ငါဖြောင့်မတ်၏။ ဘုရားသခင် သည် ငါ့ကို
အမှုရှုံးစေတော်မူ၏။ 6 ငါသည် ကိုယ်အကျိုးကို ပျက်စီးစေခြင်းငှါ မုသာပြောရမည်လော။ ငါမပြစ်မှားသော်လည်း၊
မပျောက်နိုင်သောအနာရောဂါစွဲပါသည်တကားဟု ဆိုမိပြီ။ 7 ယောဘနှင့်တူသော သူတစုံတယောက်ရှိလိမ့်မည်လော။ ရေကို
သောက်သကဲ့သို့ ကဲ့ရဲ့ခြင်းကို မျိုတတ်၏။ 8 မတရားသဖြင့်ကျင့်သော သူတို့နှင့်ပေါင်းဘော် ၍၊ လူဆိုးတို့နှင့် သွားလာတတ်၏။ 9
လူသည်ဘုရားသခင်၌ မွေ့လျော်၍၊ အကျိုး မရှိဟု ယောဘသည် ဆိုမိပြီ။ 10 သို့ဖြစ်၍ ဥာဏ်ကောင်းသောသူတို့၊
ငါ့စကားကိုနားထောင်ကြလော့။ ဒုစရိုက်သည် ဘုရားသခင်နှင့်ငှင်း၊ အပြစ်သည် အနန္တတန်ခိုးရှင်နှင့်ငှင်း ဝေးပါစေ။ 11 လူပြုသော
အမှု၏အကျိုးအပြစ်ကို ပေးတော်မူ မည်။ လူတိုင်း ကိုယ်ကျင့်သောအကျင့်နှင့်အထိုက် အလျောက် ခံစေတော်မူမည်။ 12
အကယ်စင်စစ် ဘုရားသခင်သည် ဒုစရိုက်ကို ပြုတော်မမူ။ အနန္တတန်ခိုးရှင်သည် မတရားသဖြင့် စီရင် တော်မမူ။ 13 မြေကြီးကို
ဘုရားသခင်၌ အဘယ်သူအပ်သနည်း။ လောကဓာတ်လုံးကို အဘယ်သူ စီရင်ပြုပြင် သနည်း။ 14 ဘုရားသခင်သည်
လူကိုအလိုတော်မရှိ၍၊ လူ၏အသက်ဝိညာဉ်ကို ရုပ်သိမ်းတော်မူလျှင်၊ 15 ခပ်သိမ်းသော လူသတ္တဝါတို့သည် ချက်ခြင်း သေပျောက်၍
မြေမှုန့်သို့ တဖန်ရောက်ရကြလိမ့်မည်။ 16 ယခုမှာသင်သည် ဥာဏ်ရှိသည်ဖြစ်၍ ဆင်ခြင် ဦးလော့။ ငါ့စကားသံကို နားထောင်ဦးလော့။
17 တရားကို မုန်းသောသူသည် အစိုးရရမည်လော။ တရားသဖြင့် စီရင်၍ တန်ခိုးကြီးသောသူကို အပြစ်တင်သင့်သလော။ 18
သင်သည်လူဆိုးဖြစ်၏ဟု ရှင်ဘုရင်ကိုငှင်း၊ သင်တို့သည် အဓမ္မလူဖြစ်ကြ၏ဟုမင်းတို့ကိုငှင်း ဆိုသင့် သလော။ 19 ထိုမျှမက၊
မင်းတို့၏မျက်နှာကို ထောက်တော်မမူ။ ဆင်းရဲသောသူကို အားနာသည်ထက်၊ ရတတ် သောသူကိုသာ၍
အားနာတော်မမူသောဘုရားသခင်ကို မဆိုသင့်သည်မဟုတ်လော။ ဘုရားသခင်သည် ခပ်သိမ်း သောသတ္တဝါတို့ကို ဖန်ဆင်းတော်မူပြီ။
20 တခဏခြင်းတွင် သတ္တဝါတို့သည် သေတတ်ကြ၏။ သန်းခေါင်အချိန်၌ လူမျိုးတစုံတမျိုး တုန်လှုပ် ကွယ်ပျောက်၍၊
အားကြီးသောသူသော်လည်း အဘယ်သူ မျှမပြုဘဲ သုတ်သင်ပယ်ရှင်းခြင်းသို့ ရောက်တတ်၏။ 21 အကြောင်းမူကား၊
လူသွားရာလမ်းတို့ကို ဘုရား သခင်ကြည့်ရှု၍၊ လူခြေရာရှိသမျှတို့ကို မြင်တော်မူ၏။ 22 မတရားသဖြင့် ကျင့်သောသူ၏ ပုန်းရှောင်ရာ
မှောင်မိုက်၊ သေမင်းအရိပ်တစုံတခုမျှမရှိ။ 23 ဘုရားသခင့်ရှေ့တော်၌ လူသည် တရားတွေ့ သောအခါ၊ အထပ်ထပ်စစ်ကြောတော်မူစရာ
အကြောင်း မရှိ။ 24 အားကြီးသောသူတို့ကိုပင် မစစ်ကြောဘဲ ချိုးဖျက်၍၊ သူတို့အရာ၌ အခြားသောသူကို ခန့်ထားတော်မူ ၏။ 25
သို့ဖြစ်၍ သူတို့ပြုသမျှကို သိတော်မူသဖြင့်၊ ညဉ့်မှောင်မိုက်ကို ရောက်စေ၍ ဖျက်ဆီးတော်မူ၏။ 26 သူတို့အပြစ်ကြောင့်
ပရိသတ်ရှေ့မှာ ဒဏ်ခတ် တော်မူ၏။ 27 အကြောင်းမူကား၊ သူတို့သည် ဘုရားသခင်ကိုငြင်းပယ်ကြ၏။ ပြုတော်မူသော အမှုတို့ကို
အလျှင်းမဆင် ခြင်ကြ။ 28 ထိုသို့ပြုသောကြောင့် ဆင်းရဲသားငိုကြွေးသံသည် ရှေ့တော်သို့ တက်၍၊ ညဉ်းဆဲခံရသောသူ၏ ငိုကြွေး
သံကိုကြားတော်မူရ၏။ 29 ဘုရားသခင်သည်ချမ်းသာပေးတော်မူလျှင် အဘယ်သူနှောင့်ရှက်နိုင်သနည်း။ မျက်နှာလွှဲတော်မူလျှင်
လူတမျိုးလုံးဖြစ်စေ၊ တယောက် တည်းဖြစ်စေ၊ အဘယ်သူသည် မျက်နှာတော်ကို ဖူးမြင် နိုင်သနည်း။ 30 ထိုသို့ဆင်းရဲသားတို့ကို
မမှားယွင်းစေမည်အကြောင်း အဓမ္မမင်းတို့ကို နှိမ့်ချတော်မူ၏။ 31 အကျွန်ုပ်သည် ဆုံးမတော်မူခြင်းကို ခံရပါပြီ။ နောက်တဖန်
မပြစ်မှားပါ။ 32 အကျွန်ုပ်နားမလည်သောအရာကိုသွန်သင် တော်မူပါ။ ဒုစရိုက်ကို ပြုမိသည်ဖြစ်၍၊ နောက်တဖန် မပြုဘဲ နေပါမည်ဟု
ဘုရားသခင်အား လျှောက်သင့် သည် မဟုတ်လော။ 33 သင်သည် ငြင်းပယ်သည်ဖြစ်စေ၊ ရွေးယူသည် ဖြစ်စေ၊ သင်၏အလိုသို့သာ
ဘုရားသခင်လိုက်၍၊ အလို တော်သို့မလိုက်ဘဲ အကျိုးအပြစ်ကို ပေးတော်မူရမည် လော။ သို့ဖြစ်လျှင် နားလည်သည်အတိုင်း ပြောပါ။
34 ဥာဏ်ကောင်းသော သူတို့သည် စကားပြောပါ စေ။ ပညာရှိသော သူတို့သည် ငါ့စကားကို နားထောင် ပါစေ။ 35 ယောဘသည်
နားမလည်ဘဲပြောမိပြီ။ သူပြော သောစကားသည် ပညာစကားမဟုတ်။ 36 ယောဘသည် မတရားသော သူကဲ့သို့ ပြန်ပြော
တတ်သောကြောင့်၊ အဆုံးတိုင်အောင် စုံစမ်းစေခြင်းငှါ ငါအလိုရှိ၏။ 37 ဒုစရိုက်ကိုပြုသည်သာမက၊ ပုန်ကန်သော အပြစ်ရှိသေး၏။
ငါတို့တွင် အောင်ပွဲကိုခံ၍၊ ဘုရားသခင် ကို ပြစ်မှားသောစကားနှင့် များစွာပြော တတ်သည်ဟု မြွက်ဆို၏။

## Chapter 35

[1-2] တဖန်ဧလိဟုဆက်၍ မြွက်ဆိုသည်ကား၊ ငါသည်ဘုရားသခင်ထက်သာ၍ ဖြောင့်မတ်၏ဟု သင်ပြောသောစကားမှန်သည်
ထင်သလော။ [3] သင်က၊ ငါသည်အဘယ်အကျိုးကိုရသနည်း။ ဒုစရိုက်ကို မပြုဘဲနေလျှင် အဘယ်ကျေးဇူးရှိသနည်းဟု ဆိုလို၏။ [4]
သင်နှင့်သင်၏အပေါင်းအဘော်တို့စကားကို ငါချေပါမည်။ [5] မိုဃ်းကောင်းကင်ကိုမျှော်၍၊ သင့်ထက်မြင့်သော မိုဃ်းတိမ်တို့ကို
ကြည့်ရှုလော့။ [6] သင်သည် ဒုစရိုက်ကိုပြုသော်လည်း၊ ဘုရား သခင်ကို အဘယ်သို့ ထိခိုက်နိုင်သနည်း။ ပြစ်မှားသော
အပြစ်များသော်လည်း၊ အကျိုးတော်ကို အဘယ်သို့ ဖျက်နိုင်သနည်း။ [7] သင်သည် ဖြောင့်မတ်သော်လည်း၊ ဘုရားသခင်၏
အကျိုးတော်ကို အဘယ်သို့ပြုစုနိုင်သနည်း။ သင့်လက် မှ အဘယ်ကျေးဇူးကို ခံတော်မူမည်နည်း။ [8] သင်ပြုသော ဒုစရိုက်သည်
သင်နှင့်တူသော လူသတ္တဝါကိုသာ ထိခိုက်နိုင်၏။ သင်ပြုသော သုစရိုက် သည်လည်း လူသားတို့၌သာ ကျေးဇူးပြုနိုင်၏။ [9]
များပြားသော ညှဉ်းဆဲခြင်းကို ခံရသောသူတို့သည် အော်ဟစ်တတ်ကြ၏။ အားကြီးသောသူ နှိပ်စက် သောကြောင့်၊ ပြင်းစွာ
အော်ဟစ်တတ်ကြ၏။ [10] သို့သော်လည်းငါ့ကို ဖန်ဆင်းတော်မူထသော၊ ညဉ့်အချိန်၌ သီချင်းဆိုရသောအခွင့်ကို ပေးတော်မူထ သော၊
[11] မြေတိရစ္ဆာန်နားလည်သည်ထက်သာ၍ နားလည်သောဉာဏ်နှင့်ငင်း၊ မိုဃ်းကောင်းကင် ငှက်မရ၊ ထူးဆန်းသောပညာနှင့်ငင်း၊
ငါတို့ကို ပြည့်စုံ စေတော်မူသော ဘုရားသခင်သည် အဘယ်မှာရှိတော် မူသနည်းဟု အဘယ်သူမျှမမေးမြန်းတတ်။ [12]
ထိုကြောင့်အဓမ္မလူ၊ ထောင်လွှားစော်ကားခြင်းကိုခံရ၍ အော်ဟစ်သော်လည်း၊ ဘုရားသခင်သည် ထူးတော်မမူ။ [13]
အကယ်စင်စစ်ဘုရားသခင်သည် အချည်းနှီး သောစကားကို နားထောင်တော်မမူ။ အနန္တတန်ခိုးရှင် သည် ထိုသို့သောစကားကို မမှတ်ဘဲ
နေတော်မူ၏။ [14] ဘုရားသခင်ကို မတွေ့မမြင်ရဟု သင်ဆိုသော်လည်း၊ တရားသဖြင့် စီရင်တော်မူသောကြောင့် မြော်လင့်
လျက်နေလော့။ [15] ယခုမူကား၊ အမျက်ထွက်၍ ဆုံးမတော်မမူ။ ပြစ်မှားသောအပြစ်ကို ကျပ်တည်းစွာ မှတ်တော်မမူ သောကြောင့်၊ [16]
ယောဘသည်အချည်းနှီးသော စကားကို မြွက်ဆိုတတ်၏။ ပညာမရှိဘဲ များစွာပြောတတ်သည်ဟု မြွက်ဆို၏။


generated on Tue Jul 2 12:50:28 2024

## Chapter 36

1 တဖန်ဧလိဟု ဆက်၍မြွက်ဆိုသည်ကား၊ 2 ငါ့ကိုသည်းခံပါလော့။ အကျိုးအကြောင်းကို ငါပြဦးမည်။ ဘုရားသခင့်အဘို့
ပြောစရာရှိသေး၏။ 3 ငါသည်ဝေးသော အရပ်က ကိုယ်ပညာကို ဆောင်ခဲ့မည်။ ငါ့ကို ဖန်ဆင်းတော်မူသောဘုရားသခင်
သည်ဖြောင့်မတ်တော်မူကြောင်းကို ငါပြမည်။ 4 အကယ်စင်စစ်မမှန်သောစကားကို ငါမပြော။ ပညာ အတတ် စုံလင်သောသူသည်
သင်၌ရှိ၏။ 5 ဘုရားသခင်သည် တန်ခိုးကြီးတော်မူ၏။ သို့သော်လည်းမထီမဲ့ မြင်ပြုတော်မမူတတ်။ အစွမ်းသတ္တိ၊
ဉာဏ်သတ္တိနှင့်ပြည့်စုံတော်မူ၏။ 6 မတရားသောသူတို့၏ အသက်ကို စောင့်တော်မမူ။ ဆင်းရဲခံရသောသူတို့ဘက်၌
တရားစီရင်တော်မူ၏။ 7 ဖြောင့်မတ်သောသူတို့ကို ပမာဏမပြုဘဲ နေ တော်မမူ။ ရှင်ဘုရင်နှင့်အတူ ရာဇပလ္လင်ပေါ်မှာ ထာဝရ
နေရာချ၍ ချီးမြှောက်တော်မူ၏။ 8 သူတို့သည်အကျဉ်းနေ၍ ဒုက္ခကြိုးနှင့် ချည် နှောင်ခြင်းကို ခံရလျှင်၊ 9 သူတို့ပြုမိသောအမှုနှင့်
ပြစ်မှားလွန်ကျူးမိသော အပြစ်များတို့ကို ပြတော်မူ၏။ 10 ဆုံးမသောစကားကို နားထောင်ချင်သော သဘောကိုသွင်းပေး၍၊
ဒုစရိုက်ကိုစွန့်စေမည်အကြောင်း ပညတ်တော်မူ၏။ 11 စကားတော်ကိုနားထောင်၍ အမှုတော်ကိုဆောင်ရွက်လျှင်၊
စည်းစိမ်ချမ်းသာနှင့်ပျော်မွေ့လျက်၊ နှစ်လနေ့ရက်ကာလကို လွန်စေတတ်ကြ၏။ 12 နားမထောင်လျှင် ထားဘေးဖြင့် ဆုံး၍၊ ပညာ
အတတ်မရှိဘဲ သေတတ်ကြ၏။ 13 အဓမ္မသဘောရှိသောသူတို့သည် အမျက် တော်ကို သိုထားတတ်ကြ၏။ ချည်နှောင်တော်မူသော
အခါ မအော်ဟစ်တတ်ကြ။ 14 အသက်ငယ်စဉ်ကပင်သေ၍၊ ဆိုးညစ်သော သူတို့နှင့်အတူ ဆုံးတတ်ကြ၏။ 15
အမှုရောက်သောဆင်းရဲသားတို့ကို ကယ်တင် တော်မူ၏။ ညှဉ်းဆဲခြင်းကိုခံရသောအခါ၊ နားထောင်စေ ခြင်းငှါ ပြုတော်မူ၏။ 16
ထိုသို့သင့်ကိုလည်း ကျဉ်းမြောင်းသောအရပ်မှ ကျယ်ဝန်းရှင်း လင်းသောအရပ်သို့ပြောင်းစေ၍၊ သင်၏ စားပွဲပေါ်မှာ ကောင်းသော
အရသာနှင့်ပြည့်စုံသော ခဲဘွယ်စားဘွယ်ကို တင်ထားတော်မူလိမ့်မည်။ 17 သို့မဟုတ် မတရားသော သူကဲ့သို့ အပြစ်နှင့် ပြည့်စုံလျှင်၊
အပြစ်နှင့် ယှဉ်သောဒဏ်ကိုခံရမည်။ 18 အမျက်တော်ထွက်တတ်သည်ဖြစ်၍၊ ဒဏ်ခတ် တော်မူမည်ဟု စိုးရိမ်စရာရှိ၏။
အမှုရောက်မှများသော အဘိုးကိုပေးသော်လည်း ကိုယ်ကို မရွေးမနှုတ်နိုင်။ 19 သင်၏ဥစ္စာကို ပမာဏပြုတော်မူမည်လော။ ရွှေကိုဂုဏ်း၊
များစွာသော စည်းစိမ်ကိုဂုဏ်း ပေးချင်သော် လည်း၊ ပမာဏပြုတော်မမူ။ 20 ညဉ့်ကိုမတောင့်တနှင့်။ ညဉ့်အခါလူတို့သည်
ပယ်ရှင်းခြင်းကို ခံရတတ်ကြ၏။ 21 သတိပြုပါ။ မတရားသောအမှုကို မငဲ့ကွက်နှင့်။ ထိုသို့သော အမှုကိုဆင်းရဲခြင်းထက် သင်သည်
အလို ရှိလေပြီတကား။ 22 ဘုရားသခင်သည် တန်ခိုးတော်အားဖြင့် ချီးမြှောက်ခြင်းရှိတော်မူ၏။ ဘုရားသခင်ကဲ့သို့ အဘယ်သူ
အုပ်ချုပ်နိုင်သနည်း။ 23 ကြွတော်မူရသောလမ်းကို အဘယ်သူ စီရင်သနည်း။ ကိုယ်တော်သည် မတရားသောအမှုကို ပြုမိပြီဟု
အဘယ်သူဆိုရာသနည်း။ 24 လူတို့သည် ချီးမွမ်းအပ်သော အမှုတော်ကို ချီးမြှောက်ခြင်းငှါ သတိပြုလော့။ 25 လူခပ်သိမ်းတို့သည်
အမှုတော်ကို မြင်ကြ၏။ အဝေးက ကြည့်ရှုတတ်ကြ၏။ 26 ဘုရားသခင်သည် ကြီးမြတ်တော်မူ၏။ ငါတို့ သည် ဘုရားသခင်ကို
မသိနိုင်။ အသက်တော်နှစ်ပေါင်း ကို စစ်၍မကုန်နိုင်ကြ။ 27 ရေကိုသုန်ဖျင်းစေ၍၊ အထက်သို့ဆွဲယူတော် မူသဖြင့်၊
ရေငွေ့ရှိသည်အတိုင်း မိုဃ်းရွာတတ်၏။ 28 မိုဃ်းတိမ်မှ လူတို့အပေါ်သို့ မိုဃ်းပေါက်ကျ၍၊ များစွာသော မိုဃ်းရွာတတ်၏။ 29
မိုဃ်းတိမ်တော်နှံ့ပြားခြင်း၊ တဲတော်အသံမြည် ခြင်းကို အဘယ်သူ နားလည်သနည်း။ 30 တဲတော်အပေါ်မှာ အလင်းတော်ကို
ဖြန့်တော်မူ၏။ သမုဒ္ဒရာ၌ အနက်ဆုံးသောအရပ်ကိုလည်း ဖုံးလွှမ်း တော်မူ၏။ 31 ထိုသို့သောအားဖြင့် လူမျိုးတို့ကို
တရားစီရင်တော်မူ၏။ များစွာသော အစာအာဟာရကိုလည်း ပေးတော်မူ၏။ 32 အလင်းကိုလက်တော်နှင့် ကွယ်ကာ၍၊ တဖန်
ရန်သူရှိရာသို့ လွှတ်တော်မူ၏။ 33 ထိုသူမှစသော တိရစ္ဆာန်များနှင့် အပင်များကို အလိုတော်မရှိကြောင်း ထင်ရှား၏။

---

## Chapter 37

1 ဤအမှုကြောင့် ငါ့နှလုံးသည် တုန်လှုပ်၍ မိမိ နေရာမှ ရွေ့သွား၏။ 2 မြွက်တော်မူသောအသံနှင့် နှုတ်တော်မှထွက် သောအသံကို
စေ့စေ့နားထောင်ကြလော့။ 3 မိုဃ်းကောင်းကင်အောက်၌ အနှံ့အပြားလွှတ်၍၊ မြေကြီးစွန်းတိုင်အောင် လျှပ်စစ်ပြက်စေတော်မူ၏။ 4
လျှပ်စစ်ပြက်ပြီးမှ အသံတော်ထွက်၏။ ဘုန်းအာနုဘော်တော်အသံနှင့်မိုဃ်းချုန်းတော်မူ၏။ အသံ တော်မြည်သောအခါ
မိုဃ်းသက်မုန်တိုင်းကို ချုပ်တည်း တော်မမူ။ 5 အံ့သြဘွယ်သော အခြင်းအရာပါလျက်၊ ဘုရားသခင်သည်
အသံတော်နှင့်မိုဃ်းချုန်းတော်မူ၏။ ကြီး သောအမှု ငါတို့နားမလည်နိုင်သော အမှုတို့ကို ပြုတော်မူ၏။ 6 မြေပေါ်မှာဖြစ်စေဟု
မိုဃ်းပွင့်ကိုငှင်း၊ သုန်ဖျင်းသောမိုဃ်းရေနှင့် တန်ခိုးတော်ကြောင့် ပြင်းထန်သော မိုဃ်းရေ ကိုငှင်း မိန့်တော်မူ၏။ 7 ဖန်ဆင်းတော်မူသော
လူအပေါင်းတို့သည် ကိုယ်တော်ကို သိမည်အကြောင်း လူတိုင်းလုပ်သော အလုပ်ကို ဆီးတားတော်မူ၏။ 8 ထိုအခါသားရဲတို့သည်
မြေတွင်းထဲသို့ဝင်၍၊ သူတို့နေရာ၌ နေတတ်ကြ၏။ 9 လေဘွေသည် တောင်မျက်နှာမှငှင်း၊ အချမ်း သည် မြောက်မျက်နှာမှငှင်း
ထွက်လာတတ်၏။ 10 ဘုရားသခင်မှုတ်တော်မူသဖြင့်၊ ရေခဲဖြစ်၍ ရေမျက်နှာသည် ခဲလျက်ရှိ၏။ 11 မိုဃ်းတိမ်မှမိုဃ်းရေကို
သက်ရောက်စေ၍၊ ရောင်ခြည်တော်အားဖြင့် မိုဃ်းတိမ်ကို ပျောက်လွင့် စေတော်မူ၏။ 12 လောကဓာတ်မြေကြီးတရှောက်လုံးကို
မှာထား တော်မူသမျှအတိုင်း ပြုစေခြင်းငှါ ပညာတော်အားဖြင့် လှည့်လည်စေတော်မူ၏။ 13 ဒဏ်ခတ်သော်ငှင်း၊ မြေတော်
ကိုပြုစုသော်ငှင်း၊ ချမ်းသာပေးသော်ငှင်း လာစေတော် မူ၏။ 14 အိုယောဘ၊ ဤစကားကိုနားထောင်လော့။ ဘုရားသခင်၏
အံ့ဘွယ်သောအမှုတော်တို့ကို ငြိမ်သက် စွာနေ၍ ဆင်ခြင်လော့။ 15 ထိုအမှုတို့ကို ဘုရားသခင်စီရင်၍၊ မိုဃ်းတိမ်တော်အလင်းကို
ထွန်းလင်းစေတော်မူသောအခါ၊ သင်သည် သိသလော။ 16 ပညာစုံလင်သောဘုရား၏ အံ့ဘွယ်သောအမှုတော်တည်းဟူသော
မိုဃ်းတိမ်တို့သည် မပေါ့မလေး မှန်မှန်မိုးမည်အကြောင်း၊ ပြုတော်မူသောအမှုကိုငှင်း၊ 17 မြေပေါ်မှာ တောင်လေဖြင့်အချမ်းပျောက်စေ
တော်မူသောအခါ၊ သင်၏အဝတ်သည် အဘယ်သို့သော အားဖြင့် နွေးသည်ကိုငှင်း နားလည်သလော။ 18 သွန်းသော ကြေးမုံကဲ့သို့
တည်လျက်ရှိသော မိုဃ်းကောင်းကင်ကို သင်သည် ဘုရားသခင်နှင့် ဝိုင်းညီ၍ ကြက်သလော။ 19 ငါတို့သည်
အဘယ်သို့လျှောက်ရမည်ကို သွန်သင်ပါ။ ငါတို့သည် မိုက်သောကြောင့်၊ အလိုအလျောက် မလျှောက်တတ်ကြ။ 20 ငါပြောသော
စကားကို ဘုရားသခင်အား ကြားလျှောက်လိမ့်မည်လော။ အကယ်၍ လူသည် ဘုရားသခင်ကို လျှောက်ဝံ့လျှင် ပျက်စီးခြင်းသို့ ရောက်
လိမ့်မည်။ 21 လေသည် လာ၍မိုဃ်းကောင်းကင်ကို ရှင်းလင်းစေသောအခါ၊ လူသည် ထွန်းလင်းသောရောင်ခြည်ကို မကြည့်နိုင်။ 22
မြောက်မျက်နှာမှ ရွှေရောင်ခြည်ထွက်တတ်၏။ ဘုရားသခင်သည် ကြောက်မက်ဘွယ်သော ဘုန်းအာနု ဘော်နှင့် ပြည့်စုံတော်မူ၏။ 23
အနန္တတန်ခိုးရှင်ကို ငါတို့သည် စစ်၍မကုန်နိုင်ကြ။ အစွမ်းသတ္တိအားဖြင့်ငှင်း၊ တရားစီရင်ခြင်းနှင့် ဖြောင့်မတ်ခြင်းအားဖြင့်ငှင်း
ထူးဆန်းတော်မူ၏။ အဘယ် သူကိုမျှ ညှဥ်းဆဲတော်မမူ။ 24 သို့ဖြစ်၍လူတို့သည် ကြောက်ရွံ့စရာအကြောင်းရှိကြ၏။
ဉာဏ်ကောင်းသောသူ တစုံတယောက်မျှ ဘုရားသခင်ကို မဖူးမကြည့်နိုင်ဟု မြွက်ဆို၏။


generated on Tue Jul 2 12:50:28 2024

## Chapter 38

1 ထိုအခါ ထာဝရဘုရားသည် ယောဘစကားကို လှန်ပြန်၍၊ မိုဃ်းသက်မုန်တိုင်းထဲက မိန့်တော်မူသည် ကား၊ 2
ပညာမရှိဘဲစကားပြောကာမျှနှင့် ငါ့အကြံကို မိုက်စေသော ဤ သူကား အဘယ်သူနည်း။ 3 လူယောကျ်ားကဲ့သို့ သင့်ခါးကို စီးလော့။
ငါမေးမြန်းသော ပြဿနာတို့ကို ဖြေလော့။ 4 မြေကြီးအမြစ်ကို ငါတည်သောအခါ၊ သင်သည် အဘယ်မှာရှိသနည်း။ နားလည်လျှင်
ဘော်ပြလော့။ 5 မြေကြီးအတိုင်းအရှည်ပမာဏကို အဘယ်သူ စီရင်သနည်း။ နားလည်လျှင်ပြောလော့။ မျဉ်းကြိုးကို
အဘယ်သူတန်း၍ချသနည်း။ 6 မြေကြီးတိုက်မြစ်ကို အဘယ်အရပ်၌ စွဲစေ သနည်း။ 7 နံနက်ကြယ်တို့သည် တညီတညွတ်တည်း
သီချင်းဆို၍၊ ဘုရားသခင်သားအပေါင်းတို့သည် ဝမ်း မြောက်သဖြင့်၊ ကြွေးကြော်ကြစဉ်၊ တိုက်ထောင့်အထွဋ် ကျောက်ကို
အဘယ်သူတင်ထားသနည်း။ 8 သမုဒ္ဒရာသည်အမိဝမ်းထဲက ဘွား၍ ထွက်လာ သောအခါ၊ အဘယ်သူသည် တံခါးပိတ်နှင့် ပိတ်ထား
သနည်း။ 9 သမုဒ္ဒရာကို မိုဃ်းတိမ်နှင့် ငါခြုံ၍ ထူထပ်သော မှောင်မိုက်နှင့် ထုပ်ရစ်သည်ကာလ၌၎င်း၊ 10
သင်သည်ဤအရပ်တိုင်အောင်လာရ၏။ 11 တိုး၍မလွန်ရ၊ ဤအရပ်၌သင်၏ ထောင်လွှားသောလှိုင်းတံပိုးဆုံးရ၏ဟု ပညက်လျက်၊
သမုဒ္ဒရာအပိုင်း အခြားကို ငါစီရင်၍၊ တံခါးပိတ်နှင့်ကန့်လန့်ကျင်တို့ကို ထားသည်ကာလ၌၎င်း၊ အဘယ်သူသည် ဝိုင်း၍ ကူညီ သနည်း။
12 သင်သည်တသက်လုံးတွင် တခါမျှ နံနက်ကို မှာထားဘူးသလော။ မိုဃ်းသောက်လင်းကို နေရာချဘူး သလော။ 13
နံနက်အလင်းသည် မြေကြီးစွန်းကိုကိုင်လျက်၊ လူဆိုးတို့ကိုခါ၍ ပစ်စေခြင်းငှါ စီရင်ဘူးသလော။ 14 မြေကြီးသည်
တံဆိပ်ခတ်သကဲ့သို့ပုံပေါ်၍ အဝတ်တန်ဆာဆင်သကဲ့သို့ ရှိ၏။ 15 လူဆိုးတို့၏ အလင်းသည်ကွယ်၍ ချီကြွသော လက်လည်း
ကျိုးတတ်၏။ 16 သင်သည်သမုဒ္ဒရာ စမ်းရေပေါက်ထဲသို့ ဝင်ဘူးသလော။ နက်နဲသော အောက်ဆုံးအရပ်၌ လှည့်လည်ဘူး သလော။ 17
သေခြင်းတံခါးတို့ကို သင့်အားဖွင့်ဘူးသလော။ သေမင်းအရိပ်ထဲသို့ဝင်သော လမ်းဝတို့ကို မြင်ဘူး သလော။ 18
မြေကြီးမျက်နှာတပြင်လုံးကို ကြည့်ရှုဘူး သလော။ အလုံးစုံကို သိမြင်လျှင်ဘော်ပြလော့။ 19 အလင်းနေရာသို့ အဘယ်မည်သော
လမ်းဖြင့် ရောက်ရသနည်း။ မှောင်မိုက်နေရာလည်း အဘယ်မှာ ရှိသနည်း။ 20 အကယ်စင်စစ်သင်သည် အလင်းအမိုက်အပိုင်း
အခြားသို့ ငါတို့ ကိုပို့ဆောင်နိုင်၏။ သူတို့နေရာအိမ်သို့ ရောက်သောလမ်းတို့ကို သိလိမ့်မည်။ 21 သင်သည်ရှေးကာလ၌ ဘွားမြင်၍
အလွန် အသက်ကြီးသောကြောင့် သိလိမ့်မည်။ 22 သင်သည် မိုဃ်းပွင့်ဘဏ္ဍာတိုက်ထဲသို့ ဝင်ဘူး သလော။ 23
ဘေးရောက်ရာအချိန်ကာလနှင့် စစ်ပြိုင်၍ တိုက်ရာအချိန်ကာလဘို့၊ ငါသိုထားသော မိုဃ်းသီးဘဏ္ဍာ များကို မြင်ဘူးသလော။ 24
အလင်းသည် အဘယ်သို့သောလမ်းဖြင့် နှံ့ပြားသနည်း။ အရှေ့လေသည်မြေကြီးပေါ်မှာ အဘယ်ကြောင့် လွင့်သနည်း။ 25
လူမရှိသောမြေနှင့် လူမနေသောတော၌ မိုဃ်း ရွာစေခြင်းငှါ၎င်း၊ 26 လွတ်လပ်သောလွင်ပြင်ကို ရေနှင့်ဝစေ၍၊
နုသောမြက်ပင်အညှောက်ကို ထွက်စေခြင်းငှါ၎င်း၊ 27 လျှံသောမိုဃ်းရေစီးရာလမ်း၊ မိုဃ်းကြိုးနှင့် ဆိုင်သော လျှပ်စစ်ပြက်ရာလမ်းကို
အဘယ်သူဖွင့်သနည်း။ 28 မိုဃ်းရေ၏အဘကား အဘယ်သူနည်း။ နှင်း ပေါက်တို့ကို အဘယ်သူဖြစ်ဘွားစေသနည်း။ 29
ရေခဲသည်အဘယ်သူ၏ ဝမ်းထဲက ထွက်လာ သနည်း။ မိုဃ်းကောင်းကင်နှင်းခဲကို အဘယ်သူသည် ပဋိသန္ဓေပေးသနည်း။ 30 ရေသည်
ကျောက်ခဲကဲ့သို့ဖြစ်၍ ပင်လယ် မျက်နှာတင်းမာလျက် ရှိ၏။ 31 သင်သည် ခိမကြယ်စု၏သာယာစွာ ပြုပြင်ခြင်း ကို
ချုပ်တည်းနိုင်သလော။ ကသိလကြယ်၏ ချည်နှောင် ခြင်းကို ဖြည်နိုင်သလော။ 32 မာဇရုတ်ကြယ်တို့ကို အချိန်ရောက်လျှင် ထုတ်
ဘော်နိုင်သလော။ အာရှုကြယ်နှင့်သူ၏သားတို့ကို ပဲ့ပြင် နိုင်သလော။ 33 မိုဃ်းကောင်းကင်တရားတို့ကို နားလည် သလော။
ထိုတရားတို့သည် မြေကြီးကို အုပ်စိုးမည် အကြောင်း အခွင့်ပေးနိုင်သလော။ 34 များစွာသော မိုဃ်းရေသည် သင့်ကို လွှမ်းမိုး စေခြင်းငှါ
မိုဃ်းတိမ်တို့ကို အသံလွှင့်နိုင်သလော။ 35 လျှပ်စစ်တို့ကို လွှတ်နိုင်သလော။ သူတို့က ကျွန်တော်တို့ရှိပါ၏ဟု သင့်ကိုလျှောက်လျက်
သွားကြ လိမ့်မည်လော။ 36 ကိုယ်ခန္ဓာထဲသို့ ပညာကို အဘယ်သူသွင်း သနည်း။ နားလည်နိုင်သောဉာဏ်ကို အဘယ်သူပေး သနည်း။
ပညာရှိ၍ မိုဃ်းတိမ်တို့ကို အဘယ်သူရေတွက် နိုင်သနည်း။ 37 မြေမှုန့်သည် လုံးထွေး၍ မြေစိုင်တို့သည် ကပ်လျက်နေသောအခါ၊ 38
မိုဃ်းကောင်းကင်၏ရေဘူးတို့ကို အဘယ်သူသွန်းချသနည်း။ 39 သင်သည်ခြင်္သေ့မအဘို့ စားစရာအကောင်ကို လိုက်ရှာနိုင်သလော။ 40
ခြင်္သေ့ပျိုတို့သည် ခိုလှုံရာ၌ဝပ်၍၊ ချုံဖုတ် အောက်၌ ချောင်းကြည့်လျက်နေသောအခါ၊ သူတို့ကို ဝစွာကျွေးနိုင်သလော။ 41
ကျီးအသငယ်တို့သည် စားစရာမရှိကြောင့်လှည့်လည်၍ ဘုရားသခင်ကိုအော်ဟစ်သောအခါ၊ စားစရာကိုအဘယ်သူပေးသနည်း။


generated on Tue Jul 2 12:50:28 2024

## Chapter 39

1 သင်သည် တောဆိတ်မွေးရသောကာလကို သိသလော။ သမင်ဒရယ်မ သားဘွားခြင်းဝေဒနာခံရ သောအချိန်ကို မှတ်နိုင်သလော။ 2
ကိုယ်ဝန်ဆောင်ရသောနေ့လတို့ကို ရေတွက်၍၊ ဘွားရသော အချိန်ကာလကို သိသလော။ 3 သူတို့သည် ကျောကိုင်း၍သားငယ်ကို
မွေးဘွား သဖြင့် ဝေဒနာငြိမ်းကြ၏။ 4 သားငယ်တို့သည် ကျန်းမာ၍၊ လွင်ပြင်၌ ကြီးပွါး တတ်ကြ၏။ အခြားသို့သွား၍
အမိထံသို့ပြန်မလာဘဲ နေတတ်ကြ၏။ 5 တောမြည်းကိုအဆီးအတားမရှိစေခြင်းငှါ အဘယ်သူလွှတ်သနည်း။
တောမြင်း၌ချည်နှောင်ခြင်းကို အဘယ်သူဖြေသနည်း။ 6 တောကို သူ့အိမ်ဘို့၎င်း၊ လွင်ပြင်ကိုသူ့နေရာဘို့ ၎င်း ငါခန့်ထားပြီ။ 7
မြို့၌ဖြစ်သောလူတို့၏ အသံဗလံကို သူသည် မထီမဲ့မြင်ပြုတတ်၏။ နှင်သောသူအော်ဟစ်နှိုးဆော်သံကို မမှတ်တတ်။ 8 တောင်ရိုး၌
ကျက်စား၍၊ စိမ်းသော အပင် အမျိုးမျိုးကို ရှာတတ်၏။ 9 ကြံ့သည် သင်၏အမှုကိုဆောင်ရွက်၍၊ သင်၏ တင်းကုပ်၌ နေခြင်းငှါ
အလိုရှိလိမ့်မည်လော။ 10 ကြံကိုထွန်ကြောင်းသို့ လိုက်စေခြင်းငှါ ကြိုးနှင့် ချည်နိုင်သလော။ သို့မဟုတ်သင့်နောက်သို့ လိုက်၍ချိုင့်၌
လယ်ထွန်လိမ့်မည်လော။ 11 ကြံ့သည် အားကြီးသောကြောင့် သူ့ကိုယုံမည် လော။ သင်လုပ်ရသော အလုပ်ကိုသူ၌ အပ်မည်လော။ 12
သင်၏စပါးကို ဆောင်ခဲ့၍ စပါးကျီ၌ စုသိမ်းလိမ့်မည်ဟု ယုံသလော။ 13 ကုလားအုပ်ငှက်သည် အတောင်ခတ်လျက် နေတတ်၏။
တောင်နှင့်သည် အမွေးအတောင်နှင့် ပြည့်စုံ၏။ 14 သို့သော်လည်း မြေ၌ဥ၍ အဥတို့ကို မြေမှုန့်၌ နွေးစေတတ်၏။ 15
သူ့ခြေသည်အဥတို့ကို နင်းမိမည်၊ သားရဲခွဲလိမ့် မည်ဟု မစိုးရိမ်။ 16 သားငယ်တို့ကို ကိုယ်သားကဲ့သို့မမှတ် ကြမ်းတမ်းစွာ ပြုတတ်၏။
စိုးရိမ်ခြင်းမရှိ။ သားဘွားခြင်း ဝေဒနာကို အချည်းနှီးခံတတ်၏။ 17 အကြောင်းမူကား၊ ဘုရားသခင်သည် ပညာမဲ့ စေခြင်းငှါ
ဖန်ဆင်းတော်မူ၏။ ဥာဏ်ကိုပေးတော်မမူ။ 18 သို့သော်လည်း ကိုယ်ကို ချီကြွသောအခါ၊ မြင်းနှင့်မြင်းစီးသော သူကိုပင် ရယ်တတ်၏။
19 သင်သည် မြင်းကိုခွန်အားနှင့် ပြည့်စုံစေသလော။ သူ၏လည်ပင်း၌ မိုဃ်းကြိုးလက္ခဏာကို သွင်းသလော။ 20 ကျိုင်းကောင်
ခုန်သကဲ့သို့ ခုန်တတ်စေသလော။ သူ၏နှာခေါင်းမြည်သံသည် ကြောက်မက်ဘွယ်ဖြစ်၏။ 21 လွင်ပြင်ကိုယက်၍၊ မိမိခွန်အား၌
ဝါကြွားလျက်၊ သူရဲများကို တွေ့အံ့သောငှါ သွားတတ်၏။ 22 ကြောက်စရာအကြောင်းကို ကဲ့ရဲ့၍၊ ကြောက် လန့်သောသဘောနှင့်
ကင်းလွတ်သဖြင့်၊ ထားဘေးကို မရှောင်တတ်။ 23 သူ့တဘက်၌ မြှားတောင့်လှုပ်သံမြည်၍၊ လှံနှင့် ဒိုင်းလွှားသည်
ပြောင်လက်လျက်ရှိ၏။ 24 မာနကြီး၍ပြင်းထန်သော စိတ်နှင့် မြေကို မျိုတတ်၏။ တံပိုးသံကို ကြားသောအခါ၊ ငြိမ်ဝပ်စွာ မနေနိုင်။ 25
တံပိုးများ အလယ်သို့ရောက်၍ အေ့ဟေ၊ အေ့ဟေဟုဆိုတတ်၏။ ဗိုလ်မြေအော်ဟစ်၍ အသံဗလံ ပြုခြင်းနှင့်တကွ၊ စစ်တိုက်ပွဲကို
အဝေးက အနံ့ခံတတ်၏။ 26 သင်ပေးသော ဥာဏ်အားဖြင့် သိမ်းငှက်သည် အတောင်ကို ဖြန့်၍ တောင်မျက်နှာသို့ ပျံသွားတတ်
သလော။ 27 သင်စီရင်သောကြောင့် ရွှေလင်းတသည် အထက်သို့တက်၍၊ မြင့်သောအရပ်၌ အသိုက်ကို လုပ်တတ်သလော။ 28 သူသည်
ကျောက်ပေါ်မှာနေ၍ တောင်ထိပ်နှင့် ကျောက်ငူပေါ်မှာ နေရာကျတတ်၏။ 29 ထိုအရပ်ကကြည့်၍ ကိုက်စားစရာအကောင်ကို
အဝေးကပင် မြင်တတ်၏။ 30 သူ၏သားငယ်တို့သည် အသွေးကို သောက်တတ်၏။ အသေကောင်ရှိရာအရပ်၌ ထိုငှက်ရှိသည်ဟု
မိန့်တော်မူ၏။


generated on Tue Jul 2 12:50:28 2024

## Chapter 40

1 တဖန်ထာဝရဘုရားက၊ အနန္တတန်ခိုးရှင်ကို ဆုံးမသော သူသည် ဆန့်ကျင်ဘက်ပြုဦးမလော။ 2 ဘုရားသခင်ကို အပြစ်တင်သော
သူသည် ပြန်ပြောစေတော့ဟု ယောဘအား မိန့်တော်မူလျှင်၊ 3 ယောဘက အကျွန်ုပ်သည် ဆိုးယုတ်ပါ၏။ 4 ကိုယ်တော်အား အဘယ်သို့
ပြန်လျှောက်ရပါမည်နည်း။ အကျွန်ုပ်သည် ကိုယ်နှုတ်ကို ကိုယ်လက်နှင့် ပိတ်ပါမည်။ 5 တကြိမ်ပြောမိပါပြီ။ တဖန်မပြောဝံ့ပါ။
နှစ်ကြိမ်တိုင်အောင် ပြောမိပါပြီ။ သို့ရာတွင် ထပ်၍မပြောဝံ့ပါဟု ထာဝရဘုရားအား ပြန်၍ လျှောက်လေ၏။ 6
တဖန်ထာဝရဘုရားသည် မိုဃ်းသက်မုန်တိုင်း ထဲက ယောဘအား မိန့်တော်မူသည်ကား၊ 7 လူယောကျ်ားကဲ့သို့ သင်၏ခါးကိုစည်းလော့။
ငါမေးမြန်း သောပြဿနာတို့ကို ဖြေလော့။ 8 သင်သည် ငါတရားစီရင်ချက်ကို ပယ်မည်လော။ သင်သည်
ကိုယ်တိုင်ဖြောင့်မတ်ဟန်ရှိစေခြင်းငှါ၊ ငါကိုအပြစ်ရှိသည်ဟု စီရင်မည်လော။ 9 သင်သည်ဘုရားသခင်၏ လက်ရုံးကဲ့သို့သော
လက်ရုံးရှိသလော။ ဘုရားသခင်၏ အသံကဲ့သို့သော အသံနှင့် မိုဃ်းချုန်းနိုင်သလော။ 10 ထူးဆန်းသော ဘုန်းတန်ခိုးအာနုဘော်ကို
ဝတ်ဆောင်လော့။ တင့်တယ်သော ဂုဏ်အသရေနှင့် တန်ဆာဆင်လော့။ 11 သင်၏အမျက်အရှိန်ကို လွှတ်လော့။ မာန
ထောင်လွှားသောသူအပေါင်းတို့ကို ကြည့်ရှု၍ နှိမ့်ချ လော့။ 12 မာနထောင်လွှားသော သူအပေါင်းတို့ကို ကြည့်ရှု၍ ရှုတ်ချလော့။
အဓမ္မလူတို့ကို နှိပ်နင်း၍၊ 13 သူတို့ကိုမြေမှုန့်၌ တစုတည်း ဝှက်ထားလော့။ သူတို့မျက်နှာများကို မှောင်မိုက်၌ ဖုံးအုပ်လော့။ 14
သို့ပြုလျှင် သင်၏လက်ျာလက်ရုံးသည် သင့်ကို ကယ်တင်နိုင်သည်ဟု ငါဝန်ခံမည်။ 15 သင်နှင့်အတူ ငါဖန်ဆင်းသော ဗေဟမုတ်ခြင်း
ကို ကြည့်ရှုလော့။ နွားကဲ့သို့ မြက်ကို စားတတ်၏။ 16 သူ၏တန်ခိုးသည် ခါး၌၎င်း၊ သူ၏ခွန်အားသည် ဝမ်းကြော၌၎င်း
တည်လျက်ရှိ၏။ 17 သူ့အမြီးသည် အာရဇ်ပင်ကဲ့သို့ လှုပ်တတ်၏။ ပေါင်ကြောတို့သည် အထပ်ထပ်ရှိကြ၏။ 18 အရိုးငယ်တို့သည်
ကြေးဝါချောင်း၊ အရိုးကြီး တို့သည် သံတုံးကဲ့သို့ဖြစ်ကြ၏။ 19 ဘုရားသခင်ဖန်ဆင်းသော သတ္တဝါတို့တွင် ထူးဆန်းသော
သတ္တဝါဖြစ်၏။ သူ့ကိုဖန်ဆင်းသော ဘုရားသာလျှင် သူ၏တံစဉ်ကို ပေးပြီ။ 20 မြေတိရစ္ဆာန်အပေါင်းတို့ ကစားရာတောင်ရိုး သည်
သူ၏ကျက်စားရာအရပ်ဖြစ်၏။ 21 အရိပ်ကောင်းသော အပင်အောက်၊ ကျူပြင် ချုံဖုတ်အောက်၊ ရေများသောအရပ်၌ နေတတ်၏။ 22
ထိုအပင်တို့သည် အရိပ်နှင့်လွှမ်းမိုး၍ ချောင်း နားမိုဃ်းမခပင်တို့သည် ဝိုင်းကြ၏။ 23 မြစ်ရေထသော်လည်း သူသည်မပြေးတတ်။
သူ၏ခံတွင်းကို ယော်ဒန်မြစ်ရေ ဝေ့တိုက်သော်လည်း မတုန်မလှုပ်ဘဲ နေတတ်၏။ 24 ထိုမြင်းကို ထင်ရှားစွာ ဘမ်းယူမည်လော။
သူ၏နှာခေါင်းကို သံချိတ်နှင့် ဖောက်မည်လော။

---

### Job 01

ဆက်စပ်ဖော်ပြချက်
ဘုရားသခင်သည် ဆက်ပြီး ယောဘကို စိန်ခေါ်ထားပါသည်။

တဖန်ထာဝရဘုရားက၊ အနန္တတန်ခိုးရှင်ကို ဆုံးမသော သူသည် ဆန့်ကျင်ဘက်ပြုဦးမည်လော။
ဘုရားသခင်က ယောဘကို ဆုံးမသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါနှင့် ငြင်းခုံရန် ငါ့ကို အပြစ်ရှာသောသူ တစ်ယောက်မျှ မရှိပါ။ အဘယ်ကြောင့်ဆိုသော် ငါသည် ဘုရားသခင်ဖြစ်တော်မူသောကြောင့် ဖြစ်သည်" သို့မဟုတ် "သင်တို့သည် ဘုရားသခင်ဖြစ်သော ငါ့ကို အပြစ်ရှာချင်သော်လည်း သင်တို့သည် ငါ့ကို ပြုပြင်ရန် မကြိုးစားသင့်ပါ"

ဘုရားသခင်ကို အပြစ်တင်သော သူသည် ပြန်ပြောစေတော့ဟု
ဘုရားသခင်က ယောဘနှင့် သူကိုယ်တိုင်ကို မည်သည့်နေရာ၌မဆို အငြင်းအခုံ မလုပ်သင့်ကြောင်းကို ယောဘအား အသိပေးသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် ငါနှင့် ငြင်းခုံချင်လျှင်၊ ငါ့ကို ပြန်ပြောပါ"

ငါဖြစ်သည်ကို ကြည့်ပါ၊
သင်သည် မှန်ကန်ကြောင်းကို ပြောဆိုသောအခါ ငါဖြစ်သည်။ "ငါ့ကို ကြည့်ပြီး ငါဖြစ်သည့်အတိုင်းကို မြင်ကြလိမ့်မည်"

### Job 03

အကျွန်ုပ်သည် ဆိုးယုတ်ပါ၏
"ကျွန်ုပ်သည် အရေးပါသောသူ မဟုတ်ပါ"

အဘယ်သို့ ပြန်လျှောက်ရပါမည်နည်း
ယောဘသည် သူ၏ မေးခွန်းများအတွက် ဘုရားသခင်အား တောင်းပန်သော စကားဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်သည် သင့်ကို ပြန်မဆိုဝံ့ပါ။"

### Job 06

လူယောကျ်ားကဲ့သို့ သင်၏ ခါးကိုစည်းလော့
ခါးစည်းခြင်းသည် ခက်ခဲသော အလုပ်ကို လုပ်ရန် အသင့်ပြင်ဆင်နေခြင်း ဖြစ်သည်။ ယောဘသည် ဘုရားသခင် ပေးမည့် ခက်ခဲသောအဖြေအတွက် ပြင်ဆင်နေခြင်းကို ဆိုလိုသည်။


generated on Tue Jul 2 12:50:28 2024

## Job 08

ဆက်စပ်ဖော်ပြချက်
ဘုရားသခင်သည် ဆက်ပြီးယောဘကို စိန်ခေါ်ထားပါသည်။

ငါ့ကိုအပြစ်ရှိသည်ဟု စီရင်မည်လော။
ယောဘက ဘုရားသခင်သည် မတရားသောသူ နှင့် ယောဘအနေဖြင့် သူပြောချင်သောအရာများကို ပြောဆိုရန် သေချာမှု ပြုလုပ်သင့်သည်ကို ဘုရားသခင်သည် အံ့သြနေပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် မတရားသောသူ ဖြစ်သည်ကို ပြောဆိုသောကြောင့် ငါသည် အံ့သြနေပါသည်" သို့မဟုတ် "သင့်အနေဖြင့် ငါသည် ဖြောင့်မတ်သောသူ ဖြစ်သည်ကို ပြောချင်လျှင် သေချာအောင် ပြောသင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုအရာသည် သင်ပြောဆိုထားသောအရာဖြစ်သည်"

သင်သည် ကိုယ်တိုင်ဖြောင့်မတ်ဟန်ရှိစေခြင်းငှါ၊ ငါ့ကိုအပြစ်ရှိသည်ဟု စီရင်မည်လော
ဤအရာကို စကားပြောတစ်ခုလို ဘာသာပြန်ဆိုနိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် အပြစ်မရှိသောသူဟု ဆိုရလောက်အောင် သင်သည် ငါ့ကို ပြစ်တင်ရှုတ်ချနေပါသည်"

ဘုရားသခင်၏ လက်ရုံးကဲ့သို့
လက်ဟူသည်မှာ လက်ထဲ၌ ရှိသော ခွန်အားကို အစားထိုးထားသောအရာဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်၏ ခွန်အားကဲ့သို့သော"

ဘုရားသခင်၏ အသံကဲ့သို့သော အသံနှင့် မိုယ်းချုန်းနိုင်သလော။
ဤအရာကို စကားပြောတစ်ခုအဖြစ် ဘာသာပြန်ဆိုနိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်သည် သူ့အသံအားဖြင့် မိုးချုန်းစေနိုင်သကဲ့သို့ သင်သည် တကယ် လုပ်ဆောင်နိုင်မည် မဟုတ်ပါ"

ဘုရားသခင်၏ အသံကဲ့သို့သော
"သူလုပ်သော အသံကဲ့သို့" သို့မဟုတ် "ဤအသံကဲ့သို့သော"

## Job 10

ထူးဆန်းသော ဘုန်းတန်ခိုးအာနုဘော်ကို ဝတ်ဆောင်လော့။ တင့်တယ်သော ဂုဏ်အသရေနှင့် တန်ဆာဆင်လော့။
စိတ္တဇနာမ်များဖြစ်ကြသော "ဘုန်းတန်ခိုးအာနုဘော်" "ဂုဏ်အသရေ" "တင့်တယ်ခြင်း" နှင့် ဂုဏ်တို့ကို လူတစ်ယောက် အဝတ်တန်ဆာဆင်သကဲ့သို့ ထိုအရာများသည်လည်း တန်ဆာဆင်ရန်ဖြစ်ကြောင်းကို ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်ကိုယ်တိုင် ဘုန်းကြီးသောသူဖြစ်အောင် လုပ်ဆောင်ပါ" ကြီးမြတ်သောအရာများကို လုပ်ဆောင်ပါ။ သို့ပြုလျှင် လူများသည် သင့်ကို လေးစားပြီး ဂုဏ်ပြုကြမည်ဖြစ်သည်။ သင်သည် ကြီးမြတ်သော ဘုရင်တစ်ပါးအလား လူများက ထင်မြင်စေရန် လုပ်ဆောင်ပါ"

သင်၏အမျက်အရှိန်ကို လွှတ်လော့။
ဤစိတ္တဇနာမ်ဖြစ်သော "ဒေါသ" ဟူသည်မှာ ပုံမှန်အားဖြင့် တစ်ခုခုကို စုဆောင်းထားနိုင်သောပုံးကဲ့သို့ ဖြစ်သည်။ သို့သော် ဤသို့သော အခြေအနေတွင် ကျယ်ပြန့်စေရန် မလိုအပ်သောအရာများစွာ ရှိသည်။ ၎င်းသည် သူက စိတ်ဆိုးသောအချိန်၌ ကျင့်ကြံ ပြုမူတတ်သသော အရာအတွက် အစားထိုးထားသောအရာဖြစ်သည်။ သင့်အနေဖြင့် တစ်စုံတစ်ယောက် စိတ်ဆိုးဒေါသထွက်သောအခါ တိကျမှုပြုလုပ်ရန် လိုအပ်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူများသည် ဝါကြွားပြီး သူတို့ကို အပြစ်ပေးသောကြောင့် စိတ်ဆိုးသောသူဖြစ်လာသည်"

နှိမ့်ချ လော့။
သူဝါကြွားထားသောအရာအတွက် အားလုံး ယူဆောင်သွားပါ။

အပေါင်းတို့ကို ကြည့်ရှု၍
"မျက်နှာ" ဟူသည်မှာ လူတစ်ယောက်လုံးကို ပုံဆောင်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့ကို"

ဝှက်ထားလော့
လူများသေဆုံးသောအခါ လူများ၏ ဝိညာဉ်များ သွားသောနေရာအတွက် အသုံးပြုသောစကား တစ်ခုဖြစ်သည်။

## Job 12

သူတို့မျက်နှာများ
လူပုဂ္ဂိုလ်တစ်ခုလုံးကို ရည်ညွှန်းခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူတို့"

မှောင်မိုက်၌
သေဆုံးသော လူများ၏ ဝိညာဉ်များ သွားရာအရပ် ဖြစ်သည်

## Job 15

ဗေဟမုတ်ခြင်း
ကျယ်ပြန့်သောရေတိရိစ္ဆာန်၊ ဖြစ်နိုင်သည်မှာ ရေမြင်းဖြစ်သည်။

စားတတ်၏။
ဗေဟမုတ်ခြင်းကို စားသည်။

နွားကဲ့သို့ မြက်ကို စားတတ်၏။
ဗေဟမုတ်ခြင်းနှင့် နွားကဲ့သို့ မြက်ပင်ကို စားသည်။

ခါး၌၎င်း......ခွန်အားသည် ဝမ်းကြော၌၎င်း တည်လျက်ရှိ၏။
ဤစကားစုနှစ်ခုတို့သည် ခန္ဓာကိုယ်တစ်ခုတည်းကိုသာ ရည်ညွှန်းထားသောအရာဖြစ်သည်။


generated on Tue Jul 2 12:50:28 2024

Job 17

အာရဖ်ပင်ကဲ့သို့
အာရဗ်ပင်သည် ခက်ထန်သော သစ်သားဖြစ်ပြီး သူ့အမြီးပိုင်းသည် မာကျောသည်။

ကြေးဝါချောင်း၊ အရိုးကြီး
သူ့အရိုးများတွင် ကြေးဝါချောင်းရှိသော တိရိစ္ဆာန်သည် မည်မျှ ခိုင်ခံ့သည်ကို ပြသရန် နှိုင်းယှဉ်ထားပါသည်။

အရိုးကြီး တို့သည် သံတုံးကဲ့သို့
ကြီးမားသော တိရိစ္ဆာန်များ၏ ခွန်အားကို ဖော်ပြထားပါသည်။

Job 19

သတ္တဝါတို့တွင် ထူးဆန်းသော သတ္တဝါဖြစ်၏
"ဖန်ဆင်းခံသောသူများ၏ အရေးကြီးဆုံးသောအရာ" သို့မဟုတ် "' ဖန်ဆင်းခံသူများ"

သူ့ကိုဖန်ဆင်းသော ဘုရားသာလျှင်
ဘုရားသခင်ကို လူတစ်ယောက်ကဲ့သို့ ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါဖန်ဆင်းထားသောအရာများ။ ငါ ဘုရားသခင်သာလျှင် ဖြစ်သည်"

တောင်ရိုးသည် သူ၏ကျက်စားရာအရပ်ဖြစ်၏။
တောင်ရိုးများကို အစာများ ပေးကမ်းနိုင်သော လူများကဲ့သို့ ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တောင်ရိုးမှ အစားအစာများကို ပေါက်ရောက်စေသည်"

အရိပ်ကောင်းသော အပင်အောက်၊
ကျူပင် ချုံပုတ်အောက် အရပ်တွင် ပေါ်ပေါက်လာသော အပင်များ။

ကျူပင်
ရှည်လျားပြီး ချုံပုတ်များ သို့မဟုတ် ရွှံ့စေးမြေများတွင် တွေ့ရသောအပင်ဖြစ်သည်။

Job 22

အရိပ်နှင့်လွှမ်းမိုး၍
ရွှံ့စေးရှိသော ရေအောက်တွင် ပေါက်ရောက်လာသော အပင်များ။ [ယောဘ ၄၀: ၁၉]တွင် မည်သို့ ဘာသာပြန်ဆိုထားသည်ကို ကြည့်ပါ (../40/19.md).

ချောင်း နားမိုဃ်းမခပင်တို့သည် ဝိုင်းကြ၏။
မိုဃ်းမခပင်များသည် စိုထိုင်းသော အရပ်များတွင် ကြီးထွားသော အပင်များဖြစ်သည်။ ထိုအရာများကို သင့်အနေဖြင့် မသိခဲ့လျှင် သင်သည် ယေဘုယျအားဖြင့် ရေနားမှာ စိုက်ပျိုးသောအရာများအတွက် အသုံးပြုနိုင်ပါသည်။

မြစ်ရေ
မြစ်၏ ဘေးဖက်ခြမ်း၌။

သူ၏ခံတွင်းကို ယော်ဒန်မြစ်ရေ ဝှေ့တိုက်သော်လည်း မတုန်မလှုပ်ဘဲ နေတတ်၏
ယော်ဒန်မြစ်မှ သူ့ပါးစပ်သို့ စီးဆင်းလာပေးသင့်သည်။

ထိုမြင်းကို ထင်ရှားစွာ ဘမ်းယူမည်လော။ သူ၏နှာခေါင်းကို သံချိတ်နှင့် ဖောက်မည်လော။
ဤအရာကို စကားပြောတစ်ခုအဖြစ် ဘာသာပြန်ဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘယ်သူကမျှ နှခေါင်းကို သံချိတ်နှင့်ဖောက်ထားသကဲ့သို့ သို့မဟုတ် မည်သူကမျှ မဖမ်းဆုပ်နိုင်ပါ"


generated on Tue Jul 2 12:50:28 2024

## Translation Questions

Job 40:3

ယောဘက မိမိသည် ထာဝရဘုရားကို ဖြေဖို့ရန် မထိုက်တန်ကြောင်းကို မည်သို့ ဖော်ပြသနည်း?

ယောဘသည် မိမိလက်ကို နှုတ်ခမ်းတွင် တင်သည်။

Job 40:6

မည်သည့်နေရာမှ ထာဝရဘုရားသည် ယောဘကို ဖြေတော်မူသနည်း?

ပြင်းထန်သောမုန်တိုင်းမှ ထာဝရဘုရားသည် ယောဘကို ဖြေတော်မူသည်။

ထာဝရဘုရားက ယောဘသည် သူ့ကိုဖြေဖို့ရန် မည်သည့်အရာကိုပြင်ဆင်ဖို့ရန် သူ့ကို ပြောသနည်း?

သူသည် ယောကျာ်းပီပီ သူ့အကြောများကို ခိုင်မာစေရန်ပြောသည်။

Job 40:8

ယောဘသည် ထာဝရဘုရားကို ပြစ်တင်သည်ဟု အဘယ်ကြောင့် ထာဝရဘုရား ပြောသနည်း?

ယောဘသည် မိမိဖြောင့်မတ်ကြောင်း ပြောဖို့ရန် သူသည် ထာဝရဘုရားကိုပြစ်တင်သည်ဟု ပြောခြင်းဖြစ်သည်။

Job 40:10

ယောဘကို သူ့ကိုယ်သူ ဘာနှင့်ဖုံးဖို့ရန် ထာဝရဘုရား စိန်ခေါ်သနည်း?

ယောဘက မိမိကိုယ်ကို ဘုန်း၊ ဂုဏ်သိက္ခာ၊ ရိုသေခြင်း နှင့် ဘုန်းတော်တို့ဖြင့် ဖုံးရန် ထာဝရဘုရား စိန်ခေါ်သည်။

Job 40:12

မိုက်မဲသူများကို မည်သို့လုပ်ဖို့ ထာဝရဘုရားသည် ယောဘကို ပြောသနည်း?

သူတို့ရပ်သည့်နေရာတွင် သူတို့ကို နင်းချေဖို့ရန် ထာဝရဘုရားက ယောဘကိုပြောသည်။

Job 40:15

ဗေဟမုတ်သည် ဘာကိုစားသနည်း?

သူသည် နွားထီးကဲ့သို့ မြက်ကိုစားသည်။

Job 40:17

ဗေဟမုတ်၏အမြီးသည် ဘာနှင့်တူသနည်း?

သူ့အမြီးသည် အာရဇ်ပင်နှင့်တူသည်။

Job 40:19

မည်သူသည် ဗေဟမုတ်ကို နိုင်မည်နည်း?

ဘုရားသခင်တစ်ပါးတည်းသာ ဗေဟမုတ်ကို နိုင်သည်။

ဗေဟမုတ်သည် ဘယ်မှာ လဲလျောင်းသနည်း?

သူသည် ကျူပင်များအောက်ရှိ ကြာပင်များအောင်တွင် လဲလျောင်းသည်။

Job 40:22

မြစ်သည်ကြီး၍ ယော်ဒန်သည်တိုးလာသောအခါ ဗေဟမုတ်သည် ဘာစဥ်းစားသနည်း?

သူသည် မပူပင်၊ စိတ်ချလျက်နေသည်။

## Chapter 41

1 လဝိသန်ကိုငါးမျှားနှင့် ဆွဲယူ၍၊ သူ၏လျှာကို ကြိုးနှင့်နှိပ်နင်းမည်လော။ 2 သူ့ကို နှာရှုတ်တပ်၍၊ ပါးရိုး၌သံကွင်းလျှိုမည် လော။ 3
သူသည်သင့်ကိုများစွာ တောင်းပန်လိမ့်မည် လော။ ချော့မော့သောစကားကို ပြောလိမ့်မည်လော။ 4 သင်နှင့်ဝန်ခံခြင်း ပဋိညာဉ်ကို
ပြုလိမ့်မည် လော။ သင်၏အမှုကို အစဉ်ဆောင်ရွက်စေခြင်းငှါ သူ့ကို ခန့်ထားမည်လော။ 5 ငှက်နှင့်ကစားသကဲ့သို့
သူနှင့်ကစားမည်လော။ သင်၏မိန်းမကလေးတို့အဘို့ သူ့ကိုချည်နှောင်မည်လော။ 6 သင်၏အပေါင်းအဘော်တို့သည် သူ့ကိုဝိုင်း၍
စားသောက်ပွဲခံကြလိမ့်မည်လော။ ကုန်သည်တို့တွင် ဝေကြလိမ့်မည်လော။ 7 သူ၏အရေကို မှိန်းနှင့်၎င်း၊ သူ၏ခေါင်းကို
ငါးထိုးသောလှံနှင့်၎င်း၊ အနှံ့အပြားထိုးဖောက်နိုင် သလော။ 8 သူ့အပေါ်မှာ လက်တင်ရုံမျှသာ ပြုပါ။ သူ့ကို တိုက်မည်အကြံကို
နောက်တဖန်မအောက်မေ့ရ။ 9 တိုက်သောသူသည်နိုင်မည်ဟု အချည်းနှီး ထင်၏။ မြင်ကာမျှနှင့် စိတ်မပျက်သလော။ 10
သူ့ကိုနှိုးဆော်ခြင်းငှါ အဘယ်သူမျှမရဲရင့်။ သို့ဖြစ်၍ ငါ့ရှေ့မှာ အဘယ်သူရပ်နိုင်သနည်း။ 11 ငါသည် ကျေးဇူးတုံ့ပြုရမည်အကြောင်း
အဘယ် သူသည် ငါ၌ ကျေးဇူးပြုဘူးသနည်း။ မိုဃ်းကောင်းကင် အောက်၌ ရှိသမျှတို့သည် ငါ၏ ဥစ္စာဖြစ်ကြ၏။ 12
လဝိသန်၏အင်္ဂါများ၊ ခွန်အား၊ တင့်တယ်သော တန်ဆာတို့ကို ငါသည် ဝှက်၍မထား။ 13 သူ၏အဝတ်ကို အဘယ်သူလှန်နိုင်သနည်း။
နှစ်ထပ်ရှိသော ပါးရိုးကို အဘယ်သူချဉ်းကပ်လိမ့်မည် နည်း။ 14 သူ၏မျက်နှာတံခါးကို အဘယ်သူဖွင့်လိမ့်မည်နည်း။ သူ၏
သွားတန်းတို့သည် ကြောက်မက်ဘွယ် ဖြစ်ကြ၏။ 15 လုံခြုံစွာ တံဆိပ်ခတ်သကဲ့သို့ တချပ်နှင့် တချပ် ပူးကပ်သောအကြေးများနှင့်
ဝါကြွားတတ်၏။ 16 လေမျှမဝင်နိုင်အောင် တချပ်နှင့်တချပ် ပူးကပ် လျက်ရှိကြ၏။ 17 တချပ်နှင့်တချပ် မခွါနိုင်အောင် တခဲနက်
ရှက်တင်လျက်ရှိကြ၏။ 18 သူချေဆတ်သောအခါ အလင်းတောက်တတ်၏။ သူ့မျက်စိသည် နံနက်မျက်တောင်ခတ်သကဲ့သို့ ဖြစ်၏။
19 ပစပ်ထဲက မီးရှူးထွက်၍ မီးပွါးတို့လည်း လွင့်ကြ၏။ 20 ကြွက်ကြွက်ဆူသော အိုးကင်းထဲက အခိုးအငွေ့တတ်သကဲ့သို့
သူ့နှာခေါင်းထဲက အခိုးအငွေ့တက်တတ် ၏။ 21 အသက်ရှူသောအခါ မီးခဲတောက်၍ ပစပ်ထဲက မီးလျှံထွက်တတ်၏။ 22 လည်ပင်း၌
တန်ခိုးနေတတ်၏။ သူ့ရှေ့မှာ ကြောက်လန့်ခြင်းသည် ကခုန်တတ်၏။ 23 အသားအကြောတို့သည် တခဲနက်ဖြစ်၍ မရွေ့နိုင်အောင်
ခိုင်မာလျက် ရှိကြ၏။ 24 နှလုံးသည် ကျောက်ကဲ့သို့မာ၏။ အောက်ကြိတ် ဆုံကျောက်ကဲ့သို့ မာ၏။ 25 သူထသောအခါ
ခွန်အားကြီးသောသူတို့သည် ကြောက်လန့်ကြ၏။ ကြောက်လန့်အားကြီးသောကြောင့် အရူးကဲ့သို့ ဖြစ်ကြ၏။ 26
သူ့ကိုတိုက်လျှင်ထားမခိုင်တတ်။ လှံ၊ မြှား၊ သံချပ်မခိုင်တတ်။ 27 သံကို ကောက်ရိုးကဲ့သို့၎င်း၊ ကြေးဝါကို သစ်ဆွေး ကဲ့သို့၎င်း
မှတ်တတ်၏။ 28 လေးနှင့်ပစ်၍ သူ့ကိုမပြေးစေနိုင်။ လောက်လွှဲ နှင့်ပစ်သောကျောက်ခဲတို့သည် သူ၌ အမှိုက်ကဲ့သို့ ဖြစ်ကြ၏။ 29
ဒုတ်ကြီးကို ဖွဲကဲ့သို့မှတ်၍၊ လှံနှင့်ရွယ်သောအခါ ရယ်တတ်၏။ 30 သူ့အောက်မှာ ထက်သောအိုးစောင်းခြမ်းများရှိ၏။ ရွှံ့ပေါ်မှာ
ထွန်သွားများကို ဖြန့်တတ်၏။ 31 အိုးကင်းဆူသကဲ့သို့ ပင်လယ်ကိုဆူစေတတ်၏။ သမုဒ္ဒရာကို ဘယောင်းချက်ကဲ့သို့ ဖြစ်စေတတ်၏။
32 သူလွန်သွားသောလမ်းသည် ထွန်းတောက် သဖြင့်၊ ပင်လယ်သည် ဆံပင်ဖြူယောင်ဆောင်တတ်၏။ 33
မြေပေါ်မှာသူနှင့်ခိုင်းနိုင်သော တိရစ္ဆာန်မရှိ။ ပကတိအားဖြင့် ကြောက်တတ်သောသဘောနှင့် ကင်းလွတ်၏။ 34
ကြီးမြင့်သောအရာရှိသမျှတို့ကို မထီမဲ့မြင်ပြု တတ်၏။ မာနထောင်လွှားသောသူအပေါင်းတို့အပေါ်၌ မင်းဖြစ်သည်ဟု မိန့်တော်မူ၏။



generated on Tue Jul 2 12:50:28 2024

## Chapter 42

[1] ယောဘသည်ထာဝရဘုရားအား ပြန်လျှောက်သည်ကား၊ [2] ကိုယ်တော်သည် အလုံးစုံတို့ကို တတ်နိုင်တော်မူ ကြောင်းကိုင်၄း၊
အကြံအစည်တော်ကို အဘယ်သူမျှ မဆီးတားနိုင်ကြောင်းကို၄င်း အကျွန်ုပ်သိပါ၏။ [3] ပညာမရှိဘဲ အကြံအစည်တော်ကိုမိုက်စေသော
သူကားအဘယ်သူနည်း။ သို့ရာတွင် အကျွန်ုပ်သည် နားမလည်သောအရာတို့ကို၄င်း၊ ကိုယ်တိုင်မသိ၊ အံ့သြ၍ မကုန်နိုင်သော
အရာတို့ကို၄င်း ပြောမိပါပြီ။ [4] နားထောင်တော်မူပါ။ အကျွန်ုပ်လျှောက်ပါမည်။ အကျွန်ုပ်မေးလျှောက်သော အရာတို့ကို သွန်သင်
တော်မူပါ။ [5] သိတင်းတော်ကို အကျွန်ုပ်သည် နားနှင့်ကြားဘူး ပါပြီ။ ယခုမူကား၊ ကိုယ်တော်ကို မျက်စိနှင့်မြင်ရပါ၏။ [6]
ထို့ကြောင့်အကျွန်ုပ်သည် ကိုယ်ကိုရွံ့ရှာပါ၏။ မြေမှုန့်နှင့်မီးဖိုပြာ၌ထိုင်၍ နောင်တရပါ၏ဟု လျှောက် လေ၏။ [7]
ထိုသို့ထာဝရဘုရားသည် ယောဘအား မိန့်တော်မူပြီးမှ၊ တေမန်အမျိုးသား ဧလိဖတ်အားလည်း သင်နှင့်သင်၏
အဆွေခင်ပွန်းနှစ်ယောက် ကိုငါအမျက် ထွက်၏။ အကြောင်းမူကား၊ ငါ့ကျွန်ယောဘသည် ငါ့အ ကြောင်းအရာတို့ကို ဟုတ်မှန်စွာ
ပြောသကဲ့သို့ သင်တို့သည် မပြော။ [8] သို့ဖြစ်၍ နွားထီးခုနစ်ကောင်နှင့် သိုးထီးခုနစ် ကောင်တို့ကိုယူ ပြီးလျှင်၊ ငါ့ကျွန်ယောဘ
ထံသို့သွား၍၊ မိမိတို့မီးရှို့ရာယဇ်ကို ပူဇော်ကြလော့။ ငါ့ကျွန်ယောဘသည် သင်တို့အဘို့ ဆုတောင်းရမည်။ သူ၏မျက်နှာကို
ငါထောက်မည်။ သို့မဟုတ်ငါ့ကျွန်ယောဘသည် ငါ့ အကြောင်းအရာတို့ကို ဟုတ်မှန်စွာပြောသကဲ့သို့၊ သင်တို့ သည်
မပြောသောအပြစ်နှင့် အလျောက်ငါစီရင်မည်ဟု မိန့်တော်မူ၏။ [9] ထိုသို့ထာဝရဘုရားမှာ ထားတော်မူသည် အတိုင်း
တေမန်အမျိုးသားဧလိဖတ်၊ ရှုအာအမျိုးသား ဗိလဒဒ်၊ နေမတ်အမျိုးသားဇောဖာတို့သည် သွား၍ ပြုကြ၏။ ထာဝရဘုရားသည်လည်း
ယောဘ၏မျက်နှာ ကို ထောက်တော်မူ၏။ [10] ယောဘသည် အဆွေခင်ပွန်းတို့အဘို့ ဆုတောင်းပြီးမှ၊ သူခံရသောဒုက္ခအကြောင်းကို
ထာဝရ ဘုရားသည် ပယ်ရှင်း၍၊ အရင်ထက် နှစ်ဆသောဥစ္စာကို ပေးတော်မူ၏။ [11] ထိုအခါ သူ၏ညီအစ်ကိုနှမများ၊ အရင်သိကျွမ်း
သောသူများ၊ အပေါင်းတို့သည် သူ့ထံသို့လာ၍ သူ၏ အိမ်၌ သူနှင့်အတူစားသောက်ကြ၏။ အပေါ်မှာ
ထာဝရဘုရားရောက်စေတော်မူသော ဒုက္ခဆင်းရဲရှိသမျှကို အောက်မေ့၍ သူနှင့်အတူ ညည်းတွားခြင်းနှင့် နှစ်သိမ့် စေခြင်းကို
ပြုကြ၏။ ထိုသူအပေါင်းတို့သည်လည်း၊ ငွေ တပြားစီနှင့် ရွှေနားတောင်းတဘက်စီပေးကြ၏။ [12] ထိုသို့ထာဝရဘုရားသည် ယောဘ၏
ရှေ့ဖြစ်ဟန်ကို ကောင်းကြီးပေးတော်မူသဖြင့်၊ သူသည် သိုး တသောင်းလေးထောင်၊ ကုလားအုပ်ခြောက်ထောင်၊ နွားယှဉ်တထောင်၊
မြည်းမတထောင်ကို ရတတ်၏။ [13] သားခုနစ်ယောက်နှင့် သမီးသုံးယောက်ကို လည်း ရပြန်၏။ [14] သမီးကြီးကား၊ ယေမိမ၊
သမီးလပ်ကား ကေဇိ၊ သမီးငယ်ကား ကေရဟ်ပ္ပုတ်အမည်ရှိသတည်း။ [15] တပြည်လုံး၌ယောဘ၏ သမီးကဲ့သို့
လှသောမိန်းမတစုံတယောက်မျှမရှိ။ သူတို့၏အဘသည်သူတို့ မောင်များနှင့်အညီအမျှ သူတို့အားအမွေဥစ္စာကို ဝေပေး လေ၏။ [16]
ထိုနောက် ယောဘသည် အနှစ်တရာလေးဆယ် အသက်ရှင်၍ မိမိသား၊ မြေး၊ မြစ်တို့ကိုပင် မြင်ရပြီးမှ၊ [17] အသက်ကြီးရင့်၍
နေ့ရက်ကာလနှင့် ကြွယ်ဝ သော်၊ အနိစ္စ ရောက်လေ၏။

---


generated on Tue Jul 2 12:50:28 2024

# Psalms

## Chapter 1

[1] မတရားသောသူတို့၏ တိုက်တွန်းခြင်းသို့ မလိုက်၊ [2] လူဆိုးတို့၏ လမ်းတွင်မရပ်မနေ၊ မထီမဲ့မြင်ပြုသော သူတို့၏
အစည်းအဝေး၌မထိုင်၊ ထာဝရဘုရား၏ တရားတော်၌ မွေ့လျော်၍၊ တရားတော်ကို နေ့ညဉ့်မပြတ် ဆင်ခြင်အောက်မေ့သောသူသည်
မင်္ဂလာရှိ၏။ [3] အကြောင်းမူကား၊ ထိုသူသည် မြစ်နားမှာ စိုက်လျက် မိမိအချိန်တန်မှ အသီးကိုသီး၍၊ အရွက်မညှိုး နွမ်းတတ်သော
အပင်နှင့်တူ၏။ ပြုလေသမျှတို့၌ အောင်လိမ့်သတည်း။ [4] မတရားသော သူတို့မူကား ထိုကဲ့သို့မဟုတ်။ လေတိုက်၍
လွင့်သောဖွဲနှင့်တူကြ၏။ [5] ထိုကြောင့် တရားဆုံးဖြတ်တော်မူရာကာလ၌၊ မတရားသောသူတို့သည် မတည်မနေရကြ။ ဖြောင့်မတ် သော
သူတို့၏အပေါင်းအသင်းထဲသို့ လူဆိုးတို့သည် မဝင်ရကြ။ [6] အကြောင်းမူကား၊ ဖြောင့်မတ်သောသူတို့၏ လမ်းကို
ထာဝရဘုရားကျွမ်းတော်မူ၏။ မတရားသော သူတို့၏ လမ်းသည်ဆုံးရှုံးခြင်းသို့ ရောက်ရလိမ့်သတည်း။

---

---

### Psalms 001

ယေဘုယျအချက်အလက်

နှိုင်းယှဉ်ခြင်း သည် ပေဖြကဗျာစာပေ၌ ခဏခဏ တွေ့ရသည်။

မတရားသောသူတို့၏ တိုက်တွန်းခြင်းသို့ မလိုက်၊

"မတရားသောသူတို့၏ တိုက်တွန်းခြင်း" ဆိုသည့် စကားလုံးသည် လိုက်နာရမည့် ခိုင်းစေခြင်း စကားကဲ့သို့ သုံးသည်။ အခြားသော ဘာသာပြန်ဆိုချက်- "ကောက်ကျစ်/ယုတ်မာသော သူများ၏ အကြံပေးချက်ကို မလိုက်နာသူ"

လူဆိုးတို့၏ လမ်းတွင်မရပ်မနေ၊

ဤနေရာ၌ "လမ်း" ဆိုသည့် စကားလုံးသည် လူသားများ၏ အသက်ရှင်သည့် နည်းလမ်း ကိုဖော်ပြခြင်းဖြစ်သည်။ "ရပ်နေ" ဆိုသည့်စကားလုံးသည် "လျှောက်လှမ်းခြင်း" နှင့် တွဲသုံးလေ့ရှိသည်။ အခြားသော ဘာသာပြန်ဆိုချက်- "အပြစ်သားများ၏ အကျင့်များ လိုက်တုခြင်း" ။

မထီမဲ့မြင်ပြုသော သူတို့၏ အစည်းအဝေး၌မထိုင်

ဘုရားကို မထီမဲ့မြင်ပြုုသူ/သရော်သူ များနှင့်ထိုင်ခြင်း သည် ဘုရားကို မထီမဲ့မြင်ပြုသူ/သရော်သူများနှင့် ပေါင်းခြင်း/ သဟာယပြုခြင်း ကိုခေါ်သည်။ အခြားသော ဘာသာပြန်ဆိုချက်- "ဘုရားကို သရော်သူများနှင့် အဖော်ပြုခြင်း" သို့မဟုတ် "ဘုရားကို သရော်သူများနှင့် ပူးပေါင်းပြီး ပမာမခန့် ပြုခြင်း"

မွေ့လျော်

"ကျေနပ်ခြင်း" သို့မဟုတ် "ဝမ်းမြောက်ခြင်း"

ထာဝရဘုရား

ဓမ္မဟောင်းကျမ်းထဲ၌ ဘုရားသခင်သည် သူ့လူမျိုး အပေါ် ဖော်ပြထားသော အမည်ဖြစ်သည်။ (ရှု- Translation Word page about Yahweh concerning how to translate this)

### Psalms 003

ယေဘုယျအချက်အလက်

ဤကျမ်းပိုဒ်သည် သမာဓိရှိသောလူ တစ်ယောက်၏ ပုံသဏ္ဌာန်ကို အသီးသီးသောသစ်ပင် နှင့် နှိုင်းယှဉ်ဖော်ပြထားသည်။

မိမိအချိန်တန်မှ အသီးကိုသီး၍၊ အရွက်မညှိုး နွမ်းတတ်သော အပင်နှင့်တူ၏

သမ္မာကျမ်းစာထဲ၌ လူသားများကို သစ်ပင်နှင့် နှိုင်းလေ့ရှိသည်။ ထာဝရဘုရား၏ လမ်းစဉ်အတိုင်းလိုက်လျှောက်သောသူ၊ အလိုတော်အတိုင်းလိုက်နာသော သူသည် မြစ်နားမှာ စိုက်လျက် မိမိအချိန်တန်မှ အသီးကိုသီးသော အပင်နှင့် နှိုင်းထားပါသည်။

မြစ်နားမှာ စိုက်

မြစ်နားမှာ စိုက်သော သစ်ပင်များသည် ကျန်းမာစွာ ကြီးထွားနိုင်ရန် လုံလောက်သောရေ ရရှိသည်။

အချိန်တန်မှ အသီးကိုသီး

ကျန်းမာသောသစ်ပင်သည် အချိန်တန်သောအခါ အသီးသီးသည်။

အရွက်မညှိုး နွမ်း

သစ်ပင်များသည် ရေလုံလောက်စွာ ရရှိပါက အရွက်များမခြောက်၊ အပင် မသေပါ။

ပြုလေသမျှတို့၌ အောင်လိမ့်သတည်း။

"လုပ်လေသမျှ၌ အောင်မြင်လိမ့်မည်"

### Psalms 004

မတရားသော သူတို့မူကား

မတရားသောသူ တို့၏ အသက်တာ၌ ကွဲပြားမှု ရှင်းလင်းစွာတွေ့မြင်နိုင်သည်။ "မတရားသော သူတို့သည် မကြီးပွား၊ မချမ်းသာ" သို့မဟုတ် "မတရားသောသူ မချမ်းသာ"။



generated on Tue Jul 2 12:50:28 2024

လေတိုက်၍ လွင့်သောဖွဲ့နှင့်တူကြ၏
ဖွဲ ကဲ့သို့သော အသက်တာကို ရှင်းလင်းစွာဖော်ပြထားသည်။ အခြားသော ဘာသာပြန်ဆိုချက်- "ထိုသို့မဟုတ်၊ သူတို့၏ အသက်တာသည် ဖွဲကဲ့သို့လွင့်စင် ပျောက်ကွယ်သွားသည်"

တရားဆုံးဖြတ်တော်မူရာကာလ၌၊ မတရားသောသူတို့သည် မတည်မနေရကြ
ဘုရားသခင်၏ တရားစီရင်ခြင်းမှ ကင်းလွတ်ခြင်းကို "အတည်နေခြင်း" ဟုဖေါ်ပြထားသည်။ အခြားသော ဘာသာပြန်ဆိုချက်- "ဘုရားသခင်မှ အပြစ်စီရင်သော အခါ အတည်မနေကြရ" သို့မဟုတ် "ဘုရားသခင်မှ အပြစ်စီရင်သောအခါ အပြစ်ပေးခြင်း ခံရမည်"။

အပေါင်းအသင်းထဲသို့ လူဆိုးတို့သည် မဝင်ရကြ
ဘာသာပြန်သူများမှ ကြိယာ "ရပ်တည်နေခြင်း" ကို ထပ်ဖြည့်နိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်- "လူဆိုးတို့သည် အစုအဝေးထဲသို့ မဝင်ရကြ"

ဖြောင့်မတ်သောသူတို့၏ အပေါင်းအသင်းထဲသို့ လူဆိုးတို့သည် မဝင်ရကြ
ဘုရားသခင်မှ ဖြောင့်မတ်သောသူ ဟု လက်ခံထားသောသူတို့သည် ဖြောင့်မတ်သောသူ တို့၏ အပေါင်းအသင်းထဲ၌ အတည်နေရခြင်း/ရပ်တည်နေရခြင်း ဟုခေါ်ဆိုထားသည်။ အခြားသော ဘာသာပြန်ဆိုချက်- "ထို့ပြင် ဘုရားသခင်သည် ဖြောင့်မတ်သောသူများ နှင့်အတူ လူဆိုးများကို လက်မခံ"

Psalms 006

အကြောင်းမူကား၊ ဖြောင့်မတ်သောသူတို့၏ လမ်းကို ထာဝရဘုရားကျွမ်းတော်မူ၏။ မတရားသော သူတို့၏ လမ်းသည်ဆုံးရှုံးခြင်းသို့ ရောက်ရလိမ့်သတည်း။
ဤ စာစုနှစ်ခု၌ ဖြောင့်မတ်သောသူ နှင့် မတရားသောသူတို့ အပေါ်မှာ သက်ရောက်မည့် အကျိုးဆက်များကို နှိုင်းယှဉ် ဖော်ပြထားသည်။

ဖြောင့်မတ်သောသူတို့၏ လမ်း
လူ့ဘဝ၊ အသက်တာကို လိုက်လျှောက်ရမည့် "ခရီးလမ်း" သို့မဟုတ် "လမ်း" ဖြင့် ဖေါ်ပြလေ့ရှိသည်။ အခြားသော ဘာသာပြန်ဆိုချက်- "ဖြောင့်မတ်သောသူတို့၏ အသက်တာ"

မတရားသော သူတို့၏ လမ်းသည်ဆုံးရှုံးခြင်းသို့ ရောက်ရလိမ့်သတည်း
ဤနေရာ၌ "လမ်း" သည် လူဆိုးများ၏ အသက်တာကို ဖော်ပြထားသည်။ အခြားသော ဘာသာပြန်ဆိုချက်- "လူဆိုး/ မတရားသောသူ တို့သည် သူတို့လျှောက်လှမ်းသော လမ်းကြောင့် ပျက်စီးကြလိမ့်မည်" သို့မဟုတ် "သူတို့၏ လျှောက်သောလမ်းကြောင့် မတရားသောသူတို့ သေရလိမ့်မည်"

## Translation Questions

Psalms 1:1

မင်္ဂလာရှိသောသည် အဘယ်အရပ်သို့ မသွားတတ်သနည်း။
မတရားသောသူတို့၏ တိုက်တွန်းခြင်းလမ်းသို့မလိုက်တတ်ပါ။

မင်္ဂလာရှိသောသူသည် အဘယ်အရပ်၌ မရပ်တတ်သနည်း။
လူဆိုးတို့၏လမ်းတွင် မရပ်နေတတ်ပါ။

မင်္ဂလာရှိသောသူသည် မည်သည့်နေရာ၌ မထိုင်တတ်သနည်း။
မထီမဲ့မြင် ပြုသောသူတို့၏ အစည်းဝေး၌မထိုင်တတ်ပါ။

မင်္ဂလာရှိသောသူသည် မည့်သည့်အရာနှင့် ပျော်မွေ့တတ်သနည်း။
ထာဝရဘုရား၏ တရားတော်၌ ပျော်မွေ့တတ်သည်။

မင်္ဂလာရှိသောသူသည် မည်သို့သောအချိန်၌ တရားတော်ကိုဆင်ခြင်တတ်သနည်း။
မင်္ဂလာရှိသောသူသည် နေ့ညဥ့်မပြတ် ဆင်ခြင်အောက်မေ့တတ်သည်။

Psalms 1:3

မင်္ဂလာရှိသောသူသည် ဘယ်အရာနှင့်တူသနည်း။
မြစ်နားမှာစိုက်လျက် ရှိသောသစ်ပင်နှင့်တူသည်။

မင်္ဂလာရှိသောသူသည် ပြုလေသမျှတို့၌ မည်ကဲ့သို့ဖြစ်လာမည်နည်း။
ပြုလေသမျှတို့၌ အောင်မြင်လိမ့်မည်။

Psalms 1:4

မတရားသောသူတို့သည် မည်သည့်အရာနှင့် တူသနည်း။
သူတို့သည် လေတိုက်၍ လွင့်သောဖွဲ့နှင့်တူသည်။

တရားဆုံးဖြတ်တော်မူရာကာလ၌ မတရားသောသူတို့သည်မည်ကဲ့သို့ ဖြစ်လာကြမည်နည်း။
သူတို့သည် ဖြောင့်မတ်သောသူတို့နှင့် အတူမရပ်မနေကြပါ။

Psalms 1:6

ဖြောင့်မတ်သောသူတို့၏ လမ်းကိုမည်သူကနှစ်သက်ကျေနပ်တော်မူသနည်း။
ထာဝရဘုရားသခင်သည် သိကျွမ်းကျေနပ်တော်မူသည်။

မတရားသောသူတို့၏လမ်းသည် မည်ကဲ့သို့ ဖြစ်လာမည်နည်း။
မတရားသောသူတို့၏ လမ်းသည် ဆုံးရှုံးခြင်းသို့ ရောက်လိမ့်မည်။


generated on Tue Jul 2 12:50:28 2024

## Chapter 2

1 လူမျိုးတို့သည် အဘယ်ကြောင့် ရုန်းရင်းခတ် ပြုကြသနည်း။ လူစုတို့သည် အဘယ်ကြောင့် အချည်းနှီး ကြံစည်ကြသနည်း။ 2
လောကီရှင်ဘုရင်တို့သည် ထကြ၍၊ မှူးမတ် အရာရှိတို့လည်း၊ ထာဝရဘုရားနှင့် ခရစ်တော်ကို ရန်ဘက်ပြုလျက်၊ 3
သူတို့ချည်နှောင်ခြင်းကို ဖြေကြကုန်အံ့။ ချည် နှောင်သောကြိုးတို့ကို ဖယ်ကြကုန်အံ့ သင်းဖွဲ့ကြ၏။ 4 ကောင်းကင်ဘုံ၌
ထိုင်တော်မူသောသူသည် ပြုံးရယ်၍၊ ထာဝရဘုရားသည် သူတို့ကို ကဲ့ရဲ့တော်မူ၏။ 5 ထိုအခါအမျက်တော်ထွက်၍၊ သူတို့ကိုမိန့်တော်
မူမည်။ ပြင်းစွာသော အမျက်တော်နှင့် သူတို့ကို ပူပန် စေတော်မူမည်။ 6 ငါ၏ရှင်ဘုရင်ကို သန့်ရှင်းသော ဇိအုန်တောင် တော်ပေါ်မှာ၊
ငါ့ကိုယ်တိုင် ဘိသိတ်ပေးပြီဟု မိန့်တော် မူမည်။ 7 ဗျာဒိတ်တော်အချက်ကို ငါပြန်ကြားပေအံ့။ ထာဝရဘုရားက သင်သည်
ငါ့သားဖြစ်၏။ ယနေ့ပင် သင့်ကို ငါဖြစ်ဘွားစေပြီ။ 8 ငါ့ကိုတောင်းလော့။ လူအမျိုးမျိုးတို့ကို သင်၏ အမွေဥစ္စာဘို့ ငါပေးမည်။
မြေကြီးစွန်းတိုင်အောင် ပိုင် ထိုက်သော အခွင့်ကိုလည်း ငါပေးမည်။ 9 သင်သည်သူတို့ကို သံလှံတံနှင့်အုပ်စိုး၍၊ မြေအိုးကို ခွဲဖျက်သကဲ့
သို့ခွဲဖျက်လိမ့်မည်ဟု ငါ့အားမိန့်တော်မူပြီ။ 10 သို့ဖြစ်၍ ရှင်ဘုရင်တို့၊ ပညာသတိရှိကြလော့။ လောကီမင်းတို့၊ ဆုံးမခြင်းကို ခံကြလော့။
11 ကြောက်ရွံ့သောစိတ်နှင့် ထာဝရဘုရား၏ အမှု တော်ကို ထမ်းရွက်၍၊ တုန်လှုပ်ခြင်းနှင့် ဝမ်းမြောက်ကြ လော့။ 12 သားတော်ကို
နမ်းကြလော့။ သို့မဟုတ်လျှင် အမျက်တော်ထွက်၍၊ သင်တို့သည်လမ်း၌ ပျက်စီးခြင်းသို့ ရောက်ကြလိမ့်မည်။ အမျက်တော်သည်
ချက်ခြင်းထွက်လိမ့်မည်။ သားတော်ကို ကိုးစားသောသူအပေါင်းတို့ သည် မင်္ဂလာရှိကြ၏။

---

---

Psalms 001

ယေဘုယျအချက်အလက်များ
နှိုင်းယှဉ်ခြင်း သည် ဟေဗြဲကဗျာစာပေ၌ ခဏခဏ တွေ့ရသည်။

လူမျိုးတို့သည် အဘယ်ကြောင့် ရုန်းရင်းခတ် ပြုကြသနည်း... လူစုတို့သည် အဘယ်ကြောင့် အချည်းနှီး ကြံစည်ကြသနည်း။
ဤ စာစုနှစ်ခု၌ အဓိပ္ပါယ်များ ဆင်တူဖြစ်ပြီး၊ "လူမျိုး" နှင့် "လူစု" တို့သည် လူစုလူဝေး တစ်ခုကို ညွှန်းထားသည်။ "လူမျိုးများ" နှင့် "လူစုများ" ဆိုသည့် စကားလုံးများသည် သူတို့၏ အုပ်ချုပ်သူများကို ညွှန်းခြင်း ဖြစ်နိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်- "ခေါင်းဆောင်တို့သည် အဘယ်ကြောင့် ရုန်းရင်းခတ် ပြုကြပြီး၊ အဘယ်ကြောင့် အချည်းနှီး ကြံစည်ကြသနည်း။"

လူမျိုးတို့သည် အဘယ်ကြောင့် ရုန်းရင်းခတ် ပြုကြသနည်း။ လူစုတို့သည် အဘယ်ကြောင့် အချည်းနှီး ကြံစည်ကြသနည်း
ဤမေးခွန်းများသည် လူများ၏ မှားယွင်းစွာနှင့် မိုက်မဲစွာလုပ်ဆောင်မှု အလန့်တကြားဖေဖော်ပြခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်- "လူမျိုးတို့သည်ရုန်းရင်းခတ် ပြုနေကြပြီး၊ လူစုတို့သည် ပျက်စီးမည့်အရာကို လုပ်နေကြသည်။"

လူမျိုးတို့သည် ရုန်းရင်းခတ် ပြုကြ
ဤစကားစုသည် လူမျိုးတို့၏ ဆူညံစွာနှင့် စိတ်ဆိုးစွာ ရုတ်ရုတ်သဲသဲ ပြုလုပ်ခြင်း ကို ဖော်ပြခြင်း ဖြစ်နိုင်သည်။

အချည်းနှီး ကြံစည်ကြ
ဤစကားစုသည် ဘုရားသခင်နှင့် သူ့လူမျိုးစု ကိုဆန့်ကျင်ပြီး ကြံစည်နေခြင်းကို ဖော်ပြခြင်းလဲ ဖြစ်နိုင်သည်။

လောကီရှင်ဘုရင်တို့သည် ထကြ၍၊ မှူးမတ် အရာရှိတို့လည်း ... သင်းဖွဲ့ကြ၏
ဤစကားစု နှစ်ခုသည် တူညီသောအဓိပ္ပာယ်များ ရှိသည်။

... သင်းဖွဲ့ကြ၏။
"တိုက်ခိုက်ဖို့ရန် စုဝေးကြ၏" သို့မဟုတ် "တော်လှန်ဖို့ရန် ပေါင်းစည်း-ပြင်ဆင်ကြ၏"

ချည်နှောင်ခြင်းကို ဖြေကြကုန်အံ့။ ချည်နှောင်သောကြိုးတို့ကို ဖယ်ကြကုန်အံ့
ထာဝရဘုရားနှင့် ခရစ်တော်၏ အုပ်ချုပ်မှုသည် ချည်နှောင်သော သံကြိုးနှင့် ခြေကျင်းဝတ် ဖြစ်ပါက အခြားသော လူမျိုးများက ပြောဆိုကြခြင်း ဖြစ်ပါသည်။

Psalms 004

ထိုင်တော်မူသောသူ... ထာဝရဘုရား
ဤစကားစုသည် ထာဝရဘုရား (Yahweh) ကို ညွှန်းပါသည်။ ထာဝရဘုရားကို "သခင်"ဟု ခေါ်လေ့ရှိသော်လည်း "သခင်" နှင့် "ထာဝရဘုရား" သည် အဓိပ္ပါယ် ခြားနားပါသည်။

ကောင်းကင်ဘုံ၌ ထိုင်တော်မူသော
ဤနေရာ၌ "ထိုင်နေခြင်း" သည် အုပ်ချုပ်နေခြင်း ကို ဖော်ပြခြင်း ဖြစ်သည်။ ဘယ်အပေါ် ထိုင်နေသည် ကို ရှင်းလင်းစွာ ဖော်ပြထားသည်။ အခြားသော ဘာသာပြန်ဆိုချက်- "ကောင်းကင်ဘုံ၌ အုပ်စိုးခြင်း"

ထာဝရဘုရားသည် သူတို့ကို ကဲ့ရဲ့တော်မူ၏
"ထာဝရဘုရားသည် ပြုံးရယ်၍ သူတို့ကို ကဲ့ရဲ့တော်မူ၏"။ ဘာကြောင့်ကဲ့ရဲ့ သည်ကို ရှင်းလင်းစွာ တွေ့နိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်- "ထာဝရဘုရားသည် သူတို့၏ မိုက်မဲသော အစီအစဉ်များကြောင့် ကဲ့ရဲ့တော်မူ၏။"


generated on Tue Jul 2 12:50:28 2024

ပြင်းစွာသောအမျက်တော်နှင့်
"အမြတ်တော်" သည် ပြင်းထန်စွာ စိတ်ဆိုး၊ ဒေါသထွက်ခြင်းကို ရည်ညွှန်းခြင်း ဖြစ်သည်။

ပူပန်စေခြင်း
အထိတ်တလန့် ဖြစ်စေသည်။ စိုးရိမ်ပူပန်စေသည်။

Psalms 006

ငါ့ကိုယ်တိုင်
ထာဝရဘုရားသည် သူတစ်ဦးတည်းသာ ရှင်ဘုရင်ကို ဘိသိက်ပေးနိုင်ကြောင်း၊ သူကလွဲလို့ တစ်ခြားဘယ်သူမှ မလုပ်နိုင်ကြောင်း အသားပေး ဖော်ပြသည်။

ငါ၏ရှင်ဘုရင်ကို... ဘိသိတ်ပေးပြီ
"ငါ၏ရှင်ဘုရင်ကို အုပ်ချုပ်ရန် ရွေးကောက်ပြီ"

(ထာဝရဘုရား၏)ဗျာဒိတ်တော်အချက်ကို ငါပြန်ကြားပေးအံ့
ဤစကားကိုပြောသော သူသည် ရှင်ဘုရင် ဖြစ်သည်။ ဤအချက်ကို ရှင်းလင်းစွာဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်- "ထာဝရဘုရား၏ ဗျာဒိတ်တော်အချက်ကို ငါပြန်ကြားပေးအံ့ ဟု ရှင်ဘုရင် မိန့်ကြား တော်မူ၏"။

... သင်သည် ငါ့သားဖြစ်၏
"ထာဝရဘုရားက ကျွန်ုပ်ကို မိန့်မှာခဲ့၏.."

သင်သည် ငါ့သားဖြစ်၏။ ယနေ့ပင် သင့်ကို ငါဖြစ်ဘွားစေပြီ
ထိုခေတ်-ထိုဒေသ၌ မိမိ၏အမွေ ဆက်ခံနိုင်ရန်အတွက် အမွေစား၊ အမွေခံ ကို ယောက်ျားများက တရားဝင် ဆုံးဖြတ် မွေးစားနိုင်သည်။ ဤနေရာ၌ ထာဝရဘုရားသည် လူတစ်ယောက်ကို မွေးစားပြီး ဣသရေလလူမျိုး၏ ရှင်ဘုရင်အဖြစ်တင်မြောက်သည်။ အခြားသော ဘာသာပြန်ဆိုချက်- "သင့်ကို ငါ့သားလုပ်လိုက်ပြီ။ ငါသည် ယနေ့ပင် သင့်ဖခင် ဖြစ်၏" သို့မဟုတ် "ယခုပင် သင်သည် ငါ့သား၊ ငါသည်သင့် ဖခင်ဖြစ်၏"။

Psalms 008

ဆက် စပ်မှုကို ဖော်ပြချက်
ထာဝရဘုရားက ဣသရေလ ဘုရင်သစ်ကို ဆက်လက်စကားပြောသည်။

လူ့အမျိုးမျိုးတို့ကို သင်၏ အမွေဥစ္စာ... မြေကြီးစွန်းတိုင်အောင် ပိုင်ထိုက်သော အခွင့်
ဤစကားစုများသည် ဆင်တူခံယူချက် များကို ဖော်ပြထားသည်။

မြေကြီးစွန်းတိုင်
"အင်မတန်မှ ဝေးလံသော မြေကြီး"

သင်သည်သူတို့ကို သံလုံတံနှင့်အုပ်စိုး၍၊ မြေအိုးကို ခွဲဖျက်သကဲ့ သို့ခွဲဖျက်လိမ့်မည်...။
ဤစကားစုများသည် ဆင်တူခံယူချက် များကို ဖော်ပြထားသည်။

သံလုံတံနှင့်အုပ်စိုး၍၊ မြေအိုးကို ခွဲဖျက်သကဲ့သို့ ခွဲဖျက်လိမ့်မည်
လူမျိုး များကို အနိုင်ယူခြင်းကို သူတို့ကို "ခွဲဖျက်ခြင်း"နှင့် ဖော်ပြပြီး၊ စွမ်းရည်ကို သံလုံတံနှင့် ဖော်ပြထားသည်။ အခြားသော ဘာသာပြန်ဆိုချက်- "သူတို့ကို သင်၏ စွမ်းရည်ဖြင့် ဖျက်ဆီးပစ်လိမ့်မည်"။

သူတို့ကို... ခွဲဖျက်လိမ့်မည်
လူမျိုး များကို အပြီးအပိုင်ဖျက်ဆီးခြင်းကို မြေအိုကို အစိပ်စိပ် အမွှာမွှာ ခွဲဖျက်ခြင်းနှင့် နှိုင်းပြထားသည်။ အခြားသော ဘာသာပြန်ဆိုချက်- "သင်သည် သူတို့ကို မြေအိုးခွဲသကဲ့သို့ ဖျက်ဆီးရလိမ့်မည်။"

(အိုးထိန်းသူ၏) မြေအိုး
အိုးထိန်း/အိုးပြုလုပ်သူ သည် မြေအိုး/ခယားများ ထုတ်လုပ်သူ ကို ခေါ်သည်။ ဤထုတ်ကုန်များသည် ပျက်စီးလွယ်ပြီး အလွယ်တကူ ကွဲနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်- "မြေခယားတစ်ခု" သို့မဟုတ် "မြေအိုးတစ်လုံး"။

Psalms 010

သို့ဖြစ်၍ ရှင်ဘုရင်တို့၊ ပညာသတိရှိကြလော့။ လောကီမင်းတို့၊ ဆုံးမခြင်းကို ခံကြလော့။
ဤစကားစု နှစ်ခုသည် ဆင်တူ အဓိပ္ပါယ်များ ရှိသည်။ အခြားသော ဘာသာပြန်ဆိုချက်- "သို့ဖြစ်၍ ရှင်ဘုရင်နှင့် လောကီမင်းတို့၊ ပညာသတိရှိပြီး ဆုံးမခြင်းကို ခံကြလော့။"

ပညာသတိရှိကြလော့-
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်- "ဤသတိပေးချက်ကို နားထောင်ကြလော့" သို့မဟုတ် "လိမ္မာပါးနပ်စွာ နေလော့။"

ဆုံးမခြင်းကို နာခံကြလော့
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်- "ဤအမှားပြင်ချက်များကို နာခံလော့" သို့မဟုတ် "ဤကဲ့သို့ပြုပြင်လော့"

Psalms 012

သားတော်ကို နမ်းကြလော့
လူများသည် သူတို့၏ ရှင်ဘုရင်အပေါ်သစ္စာရှိခြင်းကို အနမ်းဖြင့်ဖော်ပြလေ့ရှိသည်

သင်တို့သည်လမ်း၌ ပျက်စီးခြင်းသို့ ရောက်ကြလိမ့်မည်။
ဤစကားသည် လူတစ်ဦး ထွက်မပြေးခင် ထိုနေရာ၌ပင် သေကြေ ပျက်စီးနိုင်ကြောင်း ဖော်ပြထားခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်- "ချက်ခြင်းပင် သေသွားလိမ့်မည်။"

အမျက်တော်သည် ချက်ခြင်းထွက်လိမ့်မည်။
ရှင်ဘုရင်၏ အမျက်ဒေါသကို ချက်ခြင်းလောင်ကျွမ်းစေသော မီး ကဲ့သို့ ဖော်ပြလေ့ရှိသည်။ အခြားသော ဘာသာပြန်ဆိုချက်- "ချက်ခြင်း အမျက်တော် ထွက်လိမ့်မည်"။

ကိုးစားသောသူအပေါင်းတို့ သည် မင်္ဂလာ ရှိကြ၏။
ရှင်ဘုရင်ကို ခိုလှုံခွင့်တောင်းခံခြင်းကို မင်္ဂလာရှိခြင်းနှင့် ပြောဆိုလေ့ ရှိသည်။ အခြားသော ဘာသာပြန်ဆိုချက်- "ကာကွယ်စောင့်ရှောက်ဖို့ ရှင်ဘုရင်ကို တောင်းလျှောက်ပါ၏"။

---

## Translation Questions

### Psalms 2:1

လောကီရှင်ဘုရင်တို့သည်ထကြ၍ မှူးမတ်အရာရှိများနှင့်ပူးပေါင်းလျက် ဆန့်ကျင်နေသောသူတို့မှာ အဘယ်သူများဖြစ်သနည်း။
မှူးမတ်အရာရှိတို့သည် ထာဝရဘုရားနှင့် ခရစ်တော်ကိုရန်ဘက်ပြုကြသည်။

လောကီရှင်ဘုရင်တို့သည် မည်သည့်အရာကို ချိုးဖျက်ဖြေလွှတ်လိုကြသနည်း။
ထာဝရဘုရားနှင့် ခရစ်တော်အားချည်နှောင်ထားသော ခြေကျင်းများနှင့် ချည်ကြိုးများကို ချိုးဖျက်ဖြေလွှတ်လိုကြသည်။

### Psalms 2:4

မည်သူသည် ကောင်းကင်ဘုံ၌ထိုင်တော်မူ၍၊ ငြင်းဆန်ပုန်ကန်သောတိုင်းနိုင်ငံတို့ကို ပြက်ရယ်ပြုတော်မူသနည်း။
ဘုရားသခင်သည် သူတို့ကိုကဲ့ရဲ့တော်မူသည်။

### Psalms 2:6

ဘုရားသခင်သည် မည်သူ့အား ဘိသိတ်ပေးတော်မူသနည်း။
ဘုရားသခင်သည် ရှင်ဘုရင်ကို ကိုယ်တော်၏သန့်ရှင်းသောဇိအုန်တောင်ပေါ်၌ ဘိသိတ် ပေးတော်မူသည်။

ဘုရားသခင်သည် စာရေးသူအား ဗျာဒိတ်တော်အချက်ကို မည်ကဲ့သို့ပြန်ကြားစေတော်မူသနည်း။
ဘုရားသခင်က "သင်သည်ငါ့သားဖြစ်၏။ ယနေ့ပင်သင့်ကို ငါဖြစ်ဘွားစေပြီ။" ဟုမိန့်တော်မူသည်။

### Psalms 2:8

ထာဝရဘုရားသည် လူအမျိုးမျိုးတို့ကို မြေကြီးစွန်းတိုင်အောင်တည်သောအရပ်ဌာနတို့ကို မည်ကဲ့သို့ပြုတော်မူမည်နည်း။
ထာဝရဘုရားသည် အမွေဥစ္စာနှင့်ပိုင်းထိုက်သောအခွင့်ကို ပေးတော်မူလိမ့်မည်။

လူအမျိုးမျိုးတို့ထံ မည်သည့် အရာများဖြစ်လိမ့်မည်နည်း။
သူတို့သည် ဖျက်ဆီး၍ ကြေမွကြလိမ့်မည်။

### Psalms 2:10

လောကီမင်းနှင့် ရှင်ဘုရင်တို့သည် ထာဝရဘုရားသခင်၏ ဆုံးမတော်မူခြင်းကို မည်သို့တုံ့ပြန်သင့်သနည်း။
သူတို့သည် ကြောက်ရွံ့သောစိတ်နှင့် ထာဝရဘုရား၏ အမှုတော်ကိုထမ်းရွက်၍ တုန်လှုပ်ခြင်းနှင့် ဝမ်းမြောက်သင့်သည်။

### Psalms 2:12

ရှင်ဘုရင်တို့သည် အဘယ်ကြောင့် ထာဝရဘုရား၏သားတော်အပေါ်၌ သစ္စာခံသင့်သနည်း။
အမျက်တော်ထွက်၍ ပျက်စီးခြင်းလမ်းသို့ မရောက်မည် အကြောင့် သူတို့သည်သားတော် အပေါ် ၌သစ္စာစောင့်သိသင့်ပါသည်။

သားတော်၌ ခိုလှုံကိုးစားသောသူအပေါင်းတို့သည် မည်သို့ ဖြစ်မည်နည်း။
သားတော်ကို ကိုးစားသောသူအပေါင်းတို့သည် မင်္ဂလာ ရှိကြ၏။

---



generated on Tue Jul 2 12:50:28 2024

## Chapter 3

[1] အိုထာဝရဘုရား၊ အကျွန်ုပ်၏ရန်သူတို့သည်၊ အလွန်တိုးပွါး၍၊ အကျွန်ုပ်တဘက်၌ ထသောသူတို့သည် များကြပါ၏။ [2]
သူသည်ဘုရားသခင်ကို အမှီပြု၍ချမ်းသာမရဟု အကျွန်ုပ်ကို ရည်ဆောင်၍ ပြောသောသူ အများ ရှိကြပါ၏။ [3] သို့သော်လည်း၊
အိုထာဝရဘုရား၊ ကိုယ်တော် သည် အကျွန်ုပ်၏အကွယ်အကာဖြစ်တော်မူ၏။ အကျွန်ုပ် ၏ ဘုန်းလည်းဖြစ်တော်မူ၏။
အကျွန်ုပ်၏ဦးခေါင်းကို ချီကြွသော သူလည်းဖြစ်တော်မူ၏။ [4] ငါသည် ထာဝရဘုရားထံသို့ အသံကိုလွှင့်၍ အော်ဟစ်သောအခါ၊
သန့်ရှင်းသော တောင်တော်ပေါ်မှာ နားထောင်တော်မူ၏။ [5] ထာဝရဘုရားသည် ငါ့ကိုမစတော်မူသော ကြောင့်၊ ငါသည် အိပ်၍
ပျော်ခြင်းအခွင့်နှင့် နိုးခြင်း အခွင့်ရှိ၏။ [6] ငါ့ကိုရန်ဘက်ပြု၍ ဝန်းရံသော သူအထောင် အသောင်းကို ငါမကြောက်ဘဲနေမည်။ [7]
အိုထာဝရဘုရားထတော်မူပါ။ အကျွန်ုပ်၏ ဘုရားသခင်၊ အကျွန်ုပ်ကို ကယ်မတော်မူပါ။ ကိုယ်တော် သည် အကျွန်ုပ်၏ ရန်သူတို့၏
ပါးရိုးကိုရိုက်၍၊ မတရား သောသူတို့၏ သွားကိုချိုးတော်မူ၏။ [8] ထာဝရဘုရား၏ ကျေးဇူးတော်ကြောင့် ချမ်း သာရပါ၏။
ပေးတော်မူသော ကောင်းကြီးမင်္ဂလာသည် ကိုယ်တော်၏ လူစုအပေါ်သို့ သက်ရောက်ပါစေသော။ ဒါဝိဒ်သည်သားတော်အဗရှလုံရှေ့မှ
ပြေးသောအခါ စပ်ဆိုသောဆာလံ။

---

---

Psalms 001

ယေဘုယျအချက်အလက်
နှိုင်းယှဉ်ခြင်း သည် ပေမြဲကဗျာစာပေ၌ ခဏခဏ တွေ့ရသည်။

(ဒါဝိဒ် ၏ ဆာလံတစ်ပုဒ်)
ဖြစ်နိုင်ခြေရှိသော အဓိပ္ပါယ်များများ (၁) ဒါဝိဒ် က ဤဆာလံရေးသည် (၂) ဒါဝိဒ်ကြောင်း သီကုံးထားသော ဆာလံ (၃) ဤဆာလံသည် ဒါဝိဒ် ရေးသားဟန်များ (စတိုင်) ဖြင့် သီကုံး သည်။

ထာဝရဘုရား၊ အကျွန်ုပ်၏ရန်သူတို့သည် အလွန်တိုးပွါး၍...
ဤဟစ်ကြွေးသံသည် ဒါဝိဒ်၏ ရန်သူများကို ကြောက်ရွံ့ခြင်း ကို ဖော်ပြသည်။ အခြားသော ဘာသာပြန်ဆိုချက်- "အိုထာဝရဘုရား၊ အကျွန်ုပ်သည် ရန်သူ အလွန်များပြားပါ၏။"

အကျွန်ုပ်တဘက်၌ ထသောသူတို့သည် များကြပါ၏
တစ်စုံတစ်ဦးက တိုက်ခိုက်ခြင်းကို 'သူ့တဘက်၌ ထသောသူ' အဖြစ် သီဆိုထားသည်။ အခြားသော ဘာသာပြန်ဆိုချက်- "ကျွန်ုပ်ကို လာပြီး ဆန့်ကျင်ကြ၏"

(Selah)
ဤစာလုံးသည် လူများကို 'တူရိယာ ဘယ်လိုတီး မှုတ်/ ဘယ်လိုသီဆိုရမည်ကို' ဖော်ပြသော တေးသွားစာ ဖြစ်နိုင်သည်။ အချို့သော ဘာသာပြန်ဆိုချက် များ၌ ပေမြဲစာလုံးဖြင့် ဖော်ပြပြီး၊ တစ်ချို့က ချန်ထားသည်။

Psalms 003

အိုထာဝရဘုရား၊ ကိုယ်တော် သည် အကျွန်ုပ်၏ အကွယ်အကာဖြစ်တော်မူ၏။
အကွယ်အကာ

အကျွန်ုပ်၏ ဘုန်း
"အကျွန်ုပ်၏ ဘုန်းဖြစ်တော်မူ၏"။ ဒါဝိဒ် က ထာဝရဘုရား၏ ဘုန်းတော်ကို သီကုံးရာ၌ "ထာဝရဘုရား သည် သူ့ကို ဘုန်းတန်ခိုးပေးသောသူ" ဖြစ်သည် ဟုသီကုံး ထားသည်။

အကျွန်ုပ်၏ဦးခေါင်းကို ချီကြွသော သူ
"ကိုယ်တော်သည် အကျွန်ုပ်၏ ဦးခေါင်းကို မြင့်တင်ပေးတင်ပေးသောသူ ဖြစ်၏"။ လူတစ်ဦးကို ရဲစွမ်းသတ္တိမွေးပေးခြင်း ကို ဦးခေါင်းကို မြင့်တင်ပေးခြင်း/ ချီကြွခြင်း အဖြစ် ဖေါ်ပြထားသည်။ အခြားသော ဘာသာပြန်ဆိုချက်- "အကျွန်ုပ် ကို ရဲစွမ်းသတ္တိ ပေးသောသူ"။

အသံကိုလွှင့်၍ အော်ဟစ်သောအခါ
တစ်စုံတစ်ယောက်က အကူအညီတောင်းခြင်းကို အသံကိုလွှင့်၍ အော်ဟစ်ခြင်း နှင့် ဖော်ညွှန်းထားသည်။ အခြားသော ဘာသာပြန်ဆိုချက်- "ငါသည် အော်ခေါ်ပါ၏။"

(Selah)
ဤစာလုံးသည် လူများကို 'တူရိယာ ဘယ်လိုတီး၊ ဘယ်လိုသီဆို' ဖော်ပြသော တေးသွားစာသား ဖြစ်နိုင်သည်။ အချို့သော ဘာသာပြန်ဆိုချက် များ၌ ပေမြဲစာလုံးဖြင့် ဖော်ပြပြီး၊ တစ်ချို့က ချန်ထားသည်။

Psalms 005

ငါ့ကိုရန်ဘက်ပြု၍ ဝန်းရံသောသူအထောင် အသောင်း
"ငါ့ကို ဖျက်စီးဖို့ရန် ဝန်းရံကြပါ၏"။

Psalms 007

ထတော်မူပါ
ဒါဝိဒ် က 'တစ်ခုခု စလုပ်တော့မည်' ကို ထတော်မူခြင်း ဖြင့် စပ်ဆိုထားသည်။ အခြားသော ဘာသာပြန်ဆိုချက်တွင်"အရေးယူဆောင်ရွက်ခြင်း" သို့မဟုတ် "တစ်ခုခု ပြုလုပ်ခြင်း"

အကျွန်ုပ်၏ ရန်သူတို့၏ ပါးရိုးကိုရိုက်ချိုး၍၊ မတရား သောသူတို့၏ သွားကိုချိုးတော်မူ၏။

ဤစကားစုများသည် တူညီသော အချက်များ စပ်ဆိုထားသည်။ "အကျွန်ုပ်၏ ရန်သူတို့" နှင့် "မတရား သောသူတို့" သည် အဖွဲ့တစ်ခုတည်းကို ပြောဆိုခြင်း ဖြစ်သည်။

ရန်သူတို့၏ ပါးရိုးကိုရိုက်၍

ဤစကားသည် လူများကို စော်ကားခြင်း၊ ဆဲဆိုခြင်း ဖြစ်သည်။ ထာဝရဘုရား ကြွလာပြီး သူ့ရန်သူများကို ကိုယ်ထိလက်ရောက် အပြစ်ပေးစေလိုမှုကို ဒါဝိဒ်မှ သီကုံးခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်- "လူတစ်ဦးကို ပါးချသကဲ့သို့ အကျွန်ုပ်၏ ရန်သူများကို စော်ကားပေးတော်မူပါ"

မတရားသောသူ တို့၏ သွားကိုချိုးတော်မူ၏

တိရစ္ဆာန်များက သူတို့၏ သွားဖြင့် တိုက်ခိုက်ကြ၏။ သူတို့၏သွားကို ချိုးပစ်လိုက်ခြင်းသည် သူတို့၏ တိုက်ခိုက်နိုင်စွမ်းကို ဖျက်ဆီးခြင်းဖြစ်သည်။ ထာဝရဘုရား ကြွလာပြီး မတရားသောသူများကို ကိုယ်ထိလက်ရောက် အပြစ်ပေးစေလိုမှုကို ဒါဝိဒ်မှ သီကုံးခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်- "မတရားသောသူများက ကျွန်ုပ်ကို ဒုက္ခမပေးနိုင်အောင် ကြမ်းကြုတ်သောတိရစ္ဆာန်များ၏သွား ချိုးပစ်သကဲ့သို့ ပြုတော်မူပါ"

ထာဝရဘုရား၏ ကျေးဇူးတော်ကြောင့် ချမ်းသာရပါ၏။ (ကယ်တင်ခြင်းရပါ၏)

ချမ်းသာရခြင်း

---

## Translation Questions

Psalms 3:1

ဒါဝိဒ်ရန်သူတို့သည် သူ၌အဘယ်အရာကိုပြုခဲ့ကြနည်း။

သူတို့သည် လှည့်သွား၍ တိုက်ခိုက်ကြပါသည်။

Psalms 3:3

ဒါဝိဒ်သည် ထာဝရဘုရားကို မည်သည့်အရာနှင့် နှိုင်းယှဉ်သနည်း။

ထာဝရဘုရားသည် သူ၏အကွယ်အကာ၊ ဘုန်းနှင့် သူ၏ ဦးခေါင်းကို ချီးကြွသောသူအဖြစ် ခိုင်းနှိုင်းခဲ့သည်။

ဒါဝိဒ်သည် အသံကိုလွှင့်၍အော်ဟစ်သောအခါ ထာဝရဘုရားသည် မည်သို့ ပြုတော်မူသနည်း။

ထာဝရဘုရားသည် သန့်ရှင်းသောတောင်တော်ပေါ်မှာ နာထောင်တော်မူမည်။

Psalms 3:5

ဒါဝိဒ်သည် ထာဝရဘုရား၏ ကွယ်ကာစောင့်မခြင်းနှင့် အဘယ်သူကို မကြောက်ဘဲနေလိမ့်မည်နည်း။

ဒါဝိဒ်သည် သူ့ကိုဆန့်ကျင်ရန်ဘက်ပြုသောသူတို့ကို မကြောက်ဘဲနေလိမ့်မည်။

Psalms 3:7

ထာဝရဘုရားသည် ဒါဝိဒ်၏ ရန်သူတို့ကို အဘယ်သို့ ပြုတော်မူမည်နည်း။

ထာဝရဘုရားသည် ရန်သူအပေါင်းတို့၏ ပါးရိုးတို့ကို ရိုက်၍ ဆိုးညစ်သောသူတို့၏ သွားများကို ချိုးတော်မူလိမ့်မည်။

ဘယ်သူ့ထံမှ မစကယ်တင်ခြင်းထွက်ပေါ်လာသနည်း။

ထာဝရဘုရားထံမှ မစကယ်တင်ခြင်း ထွက်ပေါ်လာသည်။

---

## Chapter 4

[1] အကျွန်ုပ်ကိုဖြောင့်မတ်စေတော်မူသော ဘုရား၊ အကျွန်ုပ်ခေါ်သောအခါ နားထောင်တော်မူပါ။ အကျွန်ုပ် သည်ဆင်းရဲစဉ်တွင်
ကိုယ်တော်သည် ချမ်းသာပေးတော် မူပါပြီ။ ယခုလည်းသနား၍ အကျွန်ုပ်၏ ပဌနာစကား ကို နားထောင်တော်မူပါ။ [2]
အချင်းလူသားတို့၊ အဘယ်မျှ ကာလပတ်လုံး ငါ၏ဘုန်းကို ရှုတ်ချကြမည်နည်း။ အဘယ်မျှကာလပတ် လုံး အနတ္တကို နှစ်သက်၍
မုသာကို လိုက်ရှာကြမည် နည်း။ [3] ထာဝရဘုရားသည် မိမိသန့်ရှင်းသူကို ရွေးထား တော်မူသည်ကို သိမှတ်ကြလော့။ ငါခေါ်၍ လျှောက်
သောအခါ၊ ထာဝရဘုရားသည် နားထောင်တော်မူလိမ့် မည်။ [4] ကြောက်ရွံ့တုန်လှုပ်၍ ဒုစရိုက်အပြစ်ကို ရှောင် ကြလော့။ အိပ်ရာပေါ်မှာ
ကိုယ်စိတ်နှလုံးနှင့် ဆွေးနွေး စဉ်းစား၍ တိတ်ဆိတ်ခြင်းရှိကြလော့။ [5] တရားသဖြင့်ယဇ်ပူဇော်၍ ထာဝရဘုရားကို ကိုးစားကြလော့။ [6]
ကောင်းမွန်သော အရာကို ငါတို့အား အဘယ် သူပြမည်နည်းဟု မေးတတ်သော သူအများရှိပါသည် ဖြစ်၍၊ အိုထာဝရဘုရား၊
မျက်နှာတော်အလင်းကို အကျွန်ုပ်တို့အပေါ်မှာ ပေါ်ထွန်းစေတော်မူပါ။ [7] သူတို့၌ ဆန်စပါး၊ စပျစ်ရည်ပေါ်များ၍၊ သူတို့
ဝမ်းမြောက်ခြင်းရှိသည်ထက် အကျွန်ုပ်ကိုသာ၍ ဝမ်း မြောက်စေတော်မူ၏။ [8] ငြိမ်ဝပ်စွာအိပ်၍ ပျော်ပါမည်။ အကြောင်းမူ ကား၊
အကျွန်ုပ်သည် လုံခြုံစွာနေရသောအခွင့်ကို ကိုယ် တော်အရှင် ထာဝရဘုရားသာလျှင် အခွင့်ပေးတော်မူ၏။

---

---

Psalms 001

ယေဘုယျအချက်အလက်
"အန္နိုင်းကဗျာ" သည် ဟေဗြဲကဗျာတွင် အများဆုံး
ဖွဲ့ဆိုသီကုံးလေ့ရှိသော ကဗျာအမျိုးအစားဖြစ်သည်။

ဂီတမှူး
"ဤဆာလံသည်ဝတ်ပြုကိုးကွယ်ခြင်းတွင်
ဂီတမှူးအသုံးပြုရန်အတွက် ဖြစ်သည်"

ကြိုးတပ်တူရိယာဖြင့်
"ဤသီချင်းကိုသီဆိုသောအခါ ကြိုးတပ်တူရိယာဖြင့်တီးခတ်၍
သီဆိုသင့်သည်"

ဒါဝိဒ်၏ဆာလံ
ဖြစ်နိုင်ခြေရှိသောအဓိပ္ပာယ်များမှာ ၁) ဒါဝိဒ်စပ်ဆိုခဲ့သောဆာလံ၊
၂) ဒါဝိဒ်အကြောင်းစပ်ဆိုထားသောဆာလံ၊ ၃)
ဒါဝိဒ်၏ဆာလံများနှင့်အမျိုးအစားတူသောဆာလံ

အကျွန်ုပ်ကိုဖြောင့်မတ်စေတော်မူသော ဘုရား
"အကျွန်ုပ်ဖြောင့်မတ်ကြောင်း ပြတော်မူသောဘုရား"

အကျွန်ုပ်ခေါ်သောအခါ နားထောင်တော်မူပါ
"အကျွန်ုပ်ခေါ်သံကို နားထောင်၍ အဖြေပေးတော်မူပါ" (သို့)
"အကျွန်ုပ်ခေါ်သောအခါ အကျွန်ုပ်ကို မစတော်မူပါ"

Psalms 002

ယေဘုယျအချက်အလက်
ဒါဝိဒ်က သူ့ရန်သူများကိုစကားပြောနေသည့်သဖွယ် ဤအပိုဒ်ကို
သီဆိုထားသည်။

အချင်းလူသားတို့၊ အဘယ်မျှ ကာလပတ်လုံး ငါ၏ဘုန်းကို ရှုတ်ချကြမည်နည်း
ဒါဝိဒ်က အမေးဝါကျကိုအသုံးပြု၍ သူ့ရန်သူများကို
ပြစ်တင်မောင်းမဲထားသည်။ အခြားဘာသာပြန်ဆိုချက်
"အချင်းလူတို့ သင်တို့သည်ငါ့ဘုန်းကို
အဆက်မပြတ်ရှုတ်ချကြပါ၏" (ရှု၊

ငါ၏ဘုန်းကို ရှုတ်ချကြ၏
သူ့ကိုဂုဏ်မပြုဘဲ သူ့ကိုအရှက်ခွဲခြင်းသည်
သူ့့ဘုန်းကိုရှုတ်ချရာရောက်သည်နှင့်အတူတူပင်ဖြစ်ကြောင်းဒါဝိဒ်ဖော်ပြထားသည
အခြားဘာသာပြန်ဆိုချက် "ငါ့ကိုဂုဏ်ပြုမည့်အစား
ငါ့ကိုအရှက်ခွဲကြ၏" (သို့) "ငါကိုဂုဏ်ပြုသင့်လျက်နှင့်
ငါကိုရှုတ်ချကြ၏"

အဘယ်မျှကာလပတ် လုံး အနတ္တကို နှစ်သက်၍ မုသာကို လိုက်ရှာကြမည်
နည်း
ဒါဝိဒ်က အမေးဝါကျကိုအသုံးပြု၍ သူ့ရန်သူများကို
ပြစ်တင်မောင်းမဲထားသည်။ အခြားဘာသာပြန်ဆိုချက်
"သင်တို့သည် တန်ဖိုးမဲ့သောအရာကို နှစ်သက်၍
မုသာနောက်တကောက်ကောက်ပါအောင်လိုက်သွားကြ၏"

အနတ္တကို နှစ်သက်၍ မုသာကို လိုက်ရှာကြ၏
အဓိပ္ပာယ်ဆင်တူသောစကားစုနှစ်စုဖြစ်သည်။ "အနတ္တဖြစ်သော
မုသာ"

ထာဝရဘုရားသည် မိမိသန့်ရှင်းသူကို ရွေးထား တော်မူသည်
"ထာဝရဘုရားသည် ဘုရား၏တရားတော်ကိုင်းရှိုင်းသောသူတို့ကို
မိမိအဖို့ ရွေးကောက်တော်မူ၏"

Psalms 004

ကြောက်ရွံ့တုန်လှုပ်၍
အခြားဘာသာပြန်ဆိုချက် "ထာဝရဘုရားကို ကြောက်ရွံ့၍
တုန်လှုပ်ခြင်းရှိကြလော့"

တုန်လှုပ်၍
"တုန်ခါ၍"

ကိုယ်စိတ်နှလုံးနှင့် ဆွေးနွေး စဉ်းစား၍
မြန်မာစကားတွင် ဦးနှောက်

 generated on Tue Jul 2 12:50:28 2024

တရားသဖြင့်ယဇ်ပူဇော်၍
"မှန်သောယဇ်ကို ပူဇော်၍"

ထာဝရဘုရားကို ကိုးစားကြလော့
ကိုးစားခြင်းကို ခိုလှုံနိုင်သည့်နေရာအဖြစ် ဖော်ပြထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရ ဘုရားကိုကိုးစားလော့"

Psalms 006

ကောင်းမွန်သော အရာကို ငါတို့အား အဘယ် သူပြမည်နည်း
တစုံတရာမေးမြန်းဖို့အတွက်သော်လည်းကောင်း၊ ဖြစ်မလာခဲ့သောဆန္ဒကို ဖော်ပြဖို့အတွက်သော်လည်းကောင်း ဤအမေးဝါကျကို အသုံးပြုထားခြင်းဖြစ်သည်။ အခြားဘာသာပြန်ဆိုချက် "ကျေးဇူးပြု၍ ကောင်းသောအရာကို ငါတို့အား ပြတော်မူပါ"

ကောင်းမွန်သော အရာကို ငါတို့အား အဘယ် သူပြမည်နည်း
ကောင်းသောအရာကိုပြသခြင်းသည် ကောင်းသောအရာကိုယူဆောင်လာခြင်း

မျက်နှာတော်အလင်းကို အကျွန်ုပ်တို့အပေါ်မှာ ပေါ်ထွန်းစေတော်မူပါ
ဆာလံဆရာက သူတို့အားထာဝရဘုရားမျက်နှာသာပေး သည်ကို ဘုရားထာဝရဘုရား၏ မျက်နှာတော်ရောင်ခြည်သည် သူတို့ထံ အမှန်တကယ်ရောက်ရှိလာသည့်သဖွယ် သီကုံးစပ်ဆိုထားသည်။ အခြားဘာသာပြန်ဆိုချက် "အကျွန်ုပ်တို့အား မျက်နှာသာပေးတော်မူပါ"

သူတို့ ဝမ်းမြောက်ခြင်းရှိသည်ထက် အကျွန်ုပ်ကိုသာ၍ ဝမ်းမြောက်စေတော်မူ၏
ဝမ်းမြောက်ခြင်းကို ပေးယူနိုင်သည့် အရာဝတ္ထုဟန်ဖြင့်ပြောထားသည်။ အခြားသေဘာသာပြန်ဆိုချက်၊ "သင်သည် တခြားသူများထက် ငါ့ကိုဝမ်းမြောက်စေသည်"

သူတို့၌ ဆန်စပါး၊ စပျစ်ရည်ပေါ်များ၍၊
"စပျစ်ရည်" သည် စပျစ်သီးကို ကိုယ်စားပြုဖွယ်ရှိသည်။ အခြားဘာသာပြန်ဆိုချက် "စပါးခင်းကို ရိတ်သိမ်း၍ စပျစ်သီးမှည့်ကို ဆွတ်ခူးသောအခါ

ကျေနပ်သော စိတ်နှင့်အိပ်စက်ခြင်း
ကျေနပ် သောစိတ် နှင့်ငြိမ်သက်စွာ အိပ်စက် ခြင်း

## Translation Questions

Psalms 4:1

ဒါဝိဒ်သည် သူခေါ်သောအခါ နားထောင်းတော်မူမည်ဟုဘယ်သူအား မေးသနည်း။
ခေါ်သောအခါနားထောင်တော်မူမည်အကြောင့် အကျွန်ုပ်ကိုဖြောင့်မတ်စေတော်မူသောထာဝရဘုရားကို ဆုတောင်း သည်။

Psalms 4:2

လူတို့သည် ဒါဝိဒ်၏ဘုန်းအသရေကို အဘယ်သို့ ပြုမူကြသနည်း။
သူတို့သည် အသရေကို ရှုတ်ချကြသည်။

ထာဝရဘုရားသည် မည်သူကို သီးသန့်ရွေးချယ်တော်မူသနည်း။
ထာဝရဘုရားသည် မိမိသန့်ရှင်းသူတို့ကို ရွေးချယ်တော်မူသည်။

Psalms 4:4

တရားတော်ကို အဘယ်ကဲ့သို့ ဆင်ခြင်ရန် ဒါဝိဒ်ပြောသနည်း။
ဒါဝိဒ်က "အိပ်ရာပေါ်မှာ ကိုယ်စိတ်နှလုံးနှင့် ဆွေးနွေးစဉ်းစား၍ တိတ်ဆိတ်ခြင်းရှိကြလော့" ဟူ၍ပြောသည်။

မည်ကဲ့သို့သော ပူဇော်သက္ကာမျိုးကို ယဇ်ပူဇော်ရန် ဒါဝိဒ်ပြောသနည်း။
ဖြောင့်မတ်ခြင်းယဇ်ကို ပူဇော်ရန် ဒါဝိဒ်ပြောသည်။

ဘယ်သူကို ယုံကြည်ကိုးစားရန် ဒါဝိဒ်ပြောသနည်း။
ထာဝရဘုရားကို ခိုလှုံကိုးစားရန် ဒါဝိဒ်ပြောသည်။

Psalms 4:6

လူအများတို့သည် အဘယ်သို့ မေးတတ်ကြသနည်း။
"ကောင်းမွန်သောအရာကို ငါတို့အား အဘယ်သူပြမည်နည်း" ဟု လူအများတို့သည် မေးတတ်ကြသည်။

ဒါဝိဒ်သ်ည ထာဝရဘုရားအား မည်သည့်အရာပေါ်ထွက်လာစေရန် တောင်းသနည်း။
ဒါဝိဒ်သည် ထာဝရဘုရား၏မျက်နှာတော်အလင်းကို မိမိတို့အပေါ်၌ ပေါ်ထွန်းလာစေရန် တောင်းသည်။

ထာဝရဘုရားသည် ဒါဝိဒ်၏နှလုံးသားအား အဘယ်အရာကို ပေးသနည်း။
ဆန်စပါး၊ စပျစ်ရည် ပေါ်များ၍ အခြားသူတို့ဝမ်းမြောက်သည်ထက် ဒါဝိဒ်၏နှလုံးသားအား ဝမ်းမြောက်စေပါ သည်။

ဒါဝိဒ်အား ငြိမ်းချမ်းစွာနှင့်လုံခြုံစွာအိပ်ပျော်ရသောအခွင့်ကို အဘယ်သူပေးသနည်း။
ထာဝရဘုရားတစ်ပါးတည်းသာလျှင် ဒါဝိဒ်ကို လုံခြုံစွာနေရသောအခွင့်ကို ပေးပါသည်။

## Chapter 5

[1] အိုထာဝရဘုရား၊ အကျွန်ုပ်၏စကားကို နား ထောင်တော်မူ၍၊ အကျွန်ုပ်မြည်တမ်းခြင်းကို ဆင်ခြင် တော်မူပါ။ [2]
အကျွန်ုပ်၏ရှင်ဘုရင်၊ အကျွန်ုပ်၏ဘုရား၊ အကျွန်ုပ်သည် ကိုယ်တော်ကို ဆုတောင်းသည်ဖြစ်၍၊ အကျွန်ုပ်အော်ဟစ်သောအသံကို
နားထောင်တော်မူပါ။ [3] အိုထာဝရဘုရား၊ နံနက်အခါ အကျွန်ုပ် စကားသံကို ကြားတော်မူရပါ၏။ နံနက်အခါကိုယ်တော် ကို
မျက်မှောက်ပြု၍ မြော်လင့်ပါမည်။ [4] ကိုယ်တော်သည် မတရားသော အမှုကို နှစ်သက်သော ဘုရားမဟုတ်။ ဆိုးသောသူကို လက်ခံ
တော်မမူ။ [5] မိုက်သော သူသည် အထံတော်သို့ မဝင်ရ။မတရားသဖြင့် ပြုသောသူအပေါင်းတို့ကို မုန်းတော်မူ၏။ [6]
မုသာစကားပြောသောသူတို့ကို ဖျက်ဆီးတော် မူ၏။ လူအသက်ကို သတ်တတ်သောသူနှင့် လှည့်စား တတ်သောသူတို့ကို ထာဝရဘုရား
စက်ဆုပ်ရွံရှာတော် မူ၏။ [7] အကျွန်ုပ်မူကား၊ များစွာသော ကျေးဇူးတော်ကို ခံစားရသဖြင့်၊ အိမ်တော်သို့ရောက်၍၊ ကိုယ်တော်ကို
ကြောက်ရွံ့သော စိတ်နှင့်သန့်ရှင်းသော ဗိမာန်တော်တွင် ကိုးကွယ်ပါလိမ့်မည်။ [8] အိုထာဝရဘုရား၊ အကျွန်ုပ်၏ ရန်သူတို့ကြောင့်
အကျွန်ုပ်ကို တရားတော်လမ်းထဲသို့ပို့ဆောင်တော်မူပါ။ ကိုယ်တော်၏လမ်းကို အကျွန်ုပ်ရှေ့မှာ ဖြောင့်စေတော် မူပါ။ [9]
သူတို့၏နှုတ်တွင် သစ္စာမရှိပါ။ သူတို့နှလုံးသည် အလွန်ဆိုးဝါး၏။ သူတို့၏လည်ချောင်းသည် ဖွင့်ထား သော သင်္ချိုင်းတွင်းဖြစ်ပါ၏။
သူတို့သည် လျှာနှင့် ချော့မော့တတ်ကြ၏။ [10] အိုဘုရားသခင်၊ သူတို့အပေါ်မှာ အပြစ်ရောက် စေတော်မူပါ။
မိမိတို့အကြံအစည်အားဖြင့် လဲကြပါစေ သော။ ကိုယ်တော်ကို ပုန်ကန်သော သူဖြစ်၍၊ ပြစ်မှား သော အပြစ်များသောကြောင့်၊ သူတို့ကို
နှင်ထုတ်တော် မူပါ။ [11] ကိုယ်တော်ကို ကိုးစားသော သူတို့မူကား၊ ဝမ်းမြောက်ကြပါစေသော။ စောင့်ရှောက်တော်မူခြင်းကို ခံရ၍
ဝမ်းမြောက်သည်နှင့် ကြွေးကြော်ကြပါစေသော။ နာမတော်ကို ချစ်သောသူတို့သည် ကိုယ်တော်ကြောင့် ဝမ်းသာရွှင်လန်းခြင်း
ရှိကြပါစေသော။ [12] အိုထာဝရဘုရား၊ ကိုယ်တော်သည် ဖြောင့်မတ် သော သူကို ကောင်းကြီးပေး၍ ကျေးဇူးတော်အားဖြင့် ကွယ်ကာ
စောင့်မတော်မူလိမ့်သတည်း။

---

---

Psalms 001

ယေဘုယျအချက်အလက်
"အနိုင်းကဗျာ" သည် ပေမြဲကဗျာတွင် အများဆုံး ဖွဲ့ဆိုသီကုံးလေ့ရှိသော ကဗျာအမျိုးအစားဖြစ်သည်။

ဂီတမှုး
"ဤဆာလံသည်ဝတ်ပြုကိုးကွယ်ခြင်းတွင် ဂီတမှုးအသုံးပြုရန်အတွက် ဖြစ်သည်"

လေမှုတ်တူရိယာဖြင့်
"ဤသီချင်းကိုသီဆိုသောအခါ လေမှုတ်တူရိယာဖြင့်တီးမှုတ်၍ သီဆိုသင့်သည်"

ဒါဝိဒ်၏ဆာလံ
ဖြစ်နိုင်ခြေရှိသောအဓိပ္ပာယ်များမှာ ၁) ဒါဝိဒ်စပ်ဆိုခဲ့သောဆာလံ၊ ၂) ဒါဝိဒ်အကြောင်းစပ်ဆိုထားသောဆာလံ၊ ၃) ဒါဝိဒ်၏ဆာလံများနှင့်အမျိုးအစားတူသောဆာလံ

အကျွန်ုပ်၏စကားကို နား ထောင်တော်မူ၍
အကူအညီတောင်းခံသောစကားဖြစ်သည်။ အခြားဘာသာပြန်ဆိုချက် "အကျွန်ုပ်စကားကိုနားထောင်တော်မူပါ။ အကျွန်ုပ်အကူအညီတောင်းခံလျက်နေပါ၏"

မြည်တမ်းခြင်း
ဒုက္ခဝေဒနာခံစားနေရစဥ် မချိတင်ကဲ ညည်းညူလေ့ရှိသော အသံမျိုး

နံနက်အခါ အကျွန်ုပ် စကားသံကို ကြားတော်မူရပါ၏။ နံနက်အခါကိုယ်တော် ကို မျက်မှောက်ပြု၍ မြော်လင့်ပါမည်
"မနက်ခင်းတွင် ကိုယ်တော်သည် အကျွန်ုပ်ဆုတောင်းသံကိုကြားတော်မူ၏။ မနက်ခင်းတွင် အကျွန်ုပ်သည် ကိုယ်တော့်အား တောင်းလျှောက်အသနားခံပါ၏"

ကိုယ်တော် ကို မျက်မှောက်ပြု၍ မြော်လင့်ပါမည်
"ကိုယ်တော့်ရှေ့တွင် အကျွန်ုပ်၏လိုအပ်မှုကို တင်ပြပါမည်" (သို့) "အကျွန်ုပ်လိုအပ်သမျှ ကိုယ်တော့်အား တောင်းလျှောက်ပါမည်"

Psalms 007

အိမ်တော်သို့ရောက်၍
"အိမ်တော်" သည် "ဗိမာန်တော်" ကိုရည်ညွှန်းခြင်းဖြစ်သည်။ အခြားဘာသာပြန်ဆိုချက် "ဗိမာန်တော်သို့ရောက်၍"

တရားတော်လမ်းထဲသို့ပို့ဆောင်တော်မူပါ
ဒါဝိဒ်က ဘုရားသခင်၏ တရားတော်ကို လမ်းသဖွယ်ဖော်ပြထားသည်။ "တရားတော်လမ်း" သည် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းကို ရည်ညွှန်းခြင်းဖြစ်သည်။ အခြားဘာသာပြန်ဆိုချက် "ကိုယ်တော်ဖြောင့်မတ်တော်မူသည့်အတိုင်း အကျွန်ုပ်သည်လည်း ဖြောင့်မတ်ခြင်းနှင့် အသက်ရှင်နိုင်အောင် သွန်သင်တော်မူပါ"

ကိုယ်တော်၏လမ်းကို အကျွန်ုပ်ရှေ့မှာ ဖြောင့်စေတော် မူပါ
ဖြောင့်သောလမ်းသည် ကြည့်ရ၊ လျှောက်ရ လွယ်ကူသည်။ အခြားဘာသာပြန်ဆိုချက် "ဖြောင့်မတ်မှန်ကန်သောနည်းလမ်းဖြင့်

 generated on Tue Jul 2 12:50:28 2024

အသက်ရှင်နိုင်ပါမည့်အကြောင်း
အကျွန်ုပ်အားသွန်သင်တော်မူပါ"

Psalms 009

ယေဘုယျအချက်အလက်
ဒါဝိဒ်က သူ့ရန်သူများအကြောင်းပြောပြနေသည်။

သူတို့၏နှုတ်တွင် သစ္စာမရှိပါ
သစ္စာမရှိသောနှုတ်သည် အမှန်မပြောသောနှုတ်ကို ကိုယ်စားပြုသည်။ အခြားဘာသာပြန်ဆိုချက် "သူတို့သည် မှန်မှန်ကန်ကန် ဘယ်တော့မှ မပြောပါ"

သူတို့နှလုံးသည် အလွန်ဆိုးဝါး၏
နှလုံးသည် လူ့အတွေး နှင့် လူ့ဆန္ဒကို ကိုယ်စားပြုသည်။ အခြားဘာသာပြန်ဆိုချက် "သူတို့၏ အတွေး နှင့် သူတို့၏ ဆန္ဒသည် အလွန်ဆိုးညစ်ကြ၏"

သူတို့၏လည်ချောင်း
လည်ချောင်းသည် စကားကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက် "သူတို့စကား" (သို့) "သူတို့ပြောသောအရာ"

သူတို့၏လည်ချောင်းသည် ဖွင့်ထား သော သင်္ချိုင်းတွင်းဖြစ်ပါ၏
လူသေအလောင်းမြှုပ်နှံရန်အဆင်သင့်တူးဖော်ဖွင့်ဟထားသော သင်္ချိုင်းနှင့် သူတို့၏လည်ချောင်းကို ခိုင်းနှိုင်းဖော်ပြထားသည်။ ဖြစ်နိုင်ခြေရှိသောအဓိပ္ပာယ်များမှာ ၁) လူသတ်ဖို့အကြောင်းသူတို့ပြောကြသည်။ ၂) သူတို့ပြောသောအရာသည် လူကိုသေစေလောက်၏"

သူတို့သည် လျှာနှင့် ချော့မော့တတ်ကြ၏
"နားဝင်ချိုစေသောစကားလုံးလှလှလေးများဖြင့် လူတွေကို လှည့်စားတတ်ကြ၏"

သူတို့သည် လျှာနှင့်
လျှာသည် ပြောစကားများကို ကိုယ်စားပြုသည်။

မိမိတို့အကြံအစည်အားဖြင့် လဲကြပါစေ သော
"သူတို့၏ မကောင်းသောအကြံအစည်သည် သူတို့၏ သေတွင်းဖြစ်စေသော်"

အကြံအစည်
"မကောင်းကြံစည်ခြင်း" (သို့) "လူတွေကိုဘေးပြုရန်ကြံစည်သောအကြံ"

လဲကြပါစေ သော
တစုံတခုက တစုံတယောက်ကို ဒုက္ခဖြစ်စေသည်ကို ဆိုလိုသည်။ ဒုက္ခနှင့်တွေ့ကြုံ၍ ဘဝပျက်စီးရသည်ကို ခလုတ်တိုက်မိ၍ လဲကျသွားသည်နှင့် နှိုင်းယှဉ်ဖော်ပြလေ့ရှိသည်။

Psalms 011

ကိုယ်တော်ကို ကိုးစားသော သူတို့မူကား၊ ဝမ်းမြောက်ကြပါစေသော။ စောင့်ရှောက်တော်မူခြင်းကို ခံရ၍ ဝမ်းမြောက်သည်နှင့် ကြွေးကြော်ကြပါစေသော
ဤဝါကျနှစ်ကြောင်းသည် အဓိပ္ပာယ်အတူတူပင် ဖြစ်သည်။

နာမတော်ကို ချစ်သောသူတို့သည်
နာမတော်သည် ဘုရားသခင်ကို ကိုယ်စားပြုသည်။ အခြားဘာသာပြန်ဆိုချက် "ကိုယ်တော့်ကိုချစ်သောသူ"

---

## Translation Questions

Psalms 5:1

ဒါဝိဒ်သည် မိမိအော်ဟစ်သံအား နားထောင်၍ သူ၏ မြည်တမ်းခြင်းကို ဘယ်သူက ဆင်ခြင်တော်တော်မူသနည်း။
ဒါဝိဒ်သည် မိမိအော်ဟစ်သံအား နားထောင်၍၊ မြည်တမ်းခြင်းအား ဆင်ခြင်တောမူရန် ထာဝရဘုရားအား ဆုတောင်းလျက်ရှိသည်။

ဒါဝိဒ်သည် မိမိအော်ဟစ်သောအသံကို နားထောင်တော်မူသောသူအတွက် မည်သည့်နာမည်များကို အသုံးပြုသနည်း။
"အကျွန်ုပ်၏ ရှင်ဘုရင်၊ အကျွန်ုပ်၏ ဘုရား" ဟူ၍ ဒါဝိဒ်ခေါ်ဝေါ်သည်။

ဒါဝိဒ်သည် မနက်ခင်းအချိန်တွင် မည်သည့်အရာကိုပြုသနည်း။
ဒါဝိဒ်သည် သူ၏အသနားခံတောင်းလျှောက်ချက်ကို ထာဝရဘုရားထံယူဆောင်လာပြီး၊ မျှော်လင့်လျက်စောင့်ဆိုင်းလေ့ရှိသည်။

Psalms 5:4

ဘုရားသခင်သည် အဘယ်အရာကို အလွန်စက်ဆုပ်ရွံ့ရှာတော်မူသနည်း။
ဘုရားသခင်သည် ဆိုးညစ်ခြင်းကို လုံးဝမနှစ်သက်ပေ။ ဆိုးညစ်သောသူများကိုလည်း အတွေ့ခံတော်မမူ။

ဘုရားသခင်၏ မျက်မှောက်တော်၌ အဘယ်သူသည် မဝင်ရမည်နည်း။
မိုက်သောသူသည် ဘုရားသခင်၏ မျက်မှောက်တော်၌ မဝင်ရပါ။

ဘုရားသခင်သည် မည်သူကို မုန်းတော်မူသနည်း။
ဘုရားသခင်သည် မတရားသဖြင့် ပြုသောသူအပေါင်းတို့ကို မုန်းတော်မူ၏။

ဘုရားသခင်သည် မုသာပြောသောသူတို့အား အဘယ်သို့ ပြုတော်မူမည်နည်း။
ဘုရားသခင်သည် မုသာပြောသောသူတို့အား ဖျက်ဆီးတော်မူလိမ့်မည်။



generated on Tue Jul 2 12:50:28 2024

ဘုရားသခင်သည် မည်သူကို စက်ဆုပ်ရွံရှာတော်မူသနည်း။
ဘုရားသခင်သည် ကြမ်းကြုတ်သောသူနှင့် မုသာနှင့်ပြည့်သော သူတို့ကို စက်ဆုပ်ရွံ့ရှာတော်မူသည်။

Psalms 5:7

ထာဝရဘုရား၏ အိမ်တော်သို့ အဘယ်ကြောင့် ဒါဝိဒ်ရောက်လာရသနည်း။
ထာဝရဘုရား၏ ကြီးမားသော ပဋိညာဉ် ကျေးဇူးတော် ကြောင့်၊ ဒါဝိဒ်သည် ထာဝရဘုရား၏ အိမ်တော်သို့ ရောက်လာရသည်။

ထာဝရဘုရား၏ သန့်ရှင်းသော ဗိမာန်တော်တွင် ဒါဝိဒ်သည် မည်သို့ကိုးကွယ်လိမ့်မည်နည်း။
ဒါဝိဒ်သည် ကြောက်ရွံ့သောစိတ်နှင့် ကိုးကွယ်လိမ့်မည်။

ဖြောင့်မတ်ခြင်းတရားလမ်းထဲ၌ ပို့ဆောင်ရန် ဒါဝိဒ်သည် ဘုရားသခင်အား အဘယ်ကြောင့် တောင်းလျှောက်သနည်း။
ဖြောင့်မတ်ခြင်းတရားလမ်းထဲ၌ ပို့ဆောင်ရန် ဒါဝိဒ်သည် ဘုရားသခင်အား သူ၏ ရန်သူများကြောင့် တောင်းလျှောက်ခြင်းဖြစ်သည်။

Psalms 5:9

ဒါဝိဒ်သည် သူ၏ ရန်သူများအကြောင်းကို မည်သို့ ဖော်ပြထားသနည်း။
"သူတို့၏နှုတ်တွင် သစ္စာမရှိပါ။ သူတို့နှလုံးသည် အလွန်ဆိုးဝါး၏။ သူတို့၏ လည်ချောင်းသည် ဖွင့်ထားသော သင်္ချိုင်းတွင်းဖြစ်ပါ၏။ သူတို့သည် လျှာနှင့်ချော့မော့တတ်ကြ၏" ဟူ၍ ဒါဝိဒ်သည် သူ၏ ရန်သူများအကြောင်းကို ဖော်ပြထားသည်။

မိမိရန်သူတို့၏ ဘုရားသခင်အပေါ်များစွာသော ပြစ်မှားခြင်းနှင့် ပုန်ကန်ခြင်းများကြောင့် ဒါဝိဒ်သည် ဘုရားသခင်ကို အဘယ်သို့ အမှုပြုရန် တောင်းလျှောက်သနည်း။
မိမိရန်သူတို့၏ အပြစ်များကြောင်းကို ထင်ရှားစေပါမည် အကြောင်း၊ ဒါဝိဒ်သည် ဘုရားသခင်အား တောင်းလျှောက်သည်။

Psalms 5:11

ထာဝရဘုရား၌ ခိုလှုံသောသူတို့သည် အဘယ်ကြောင့် ဝမ်းမြောက်ခြင်းဖြင့် ကြွေးကြော်ရပါမည်နည်း။
ထာဝရဘုရားသည် ထိုသူတို့အား ကာကွယ်စောင့်ရှောက်တော်မူသောကြောင့် ဝမ်းမြောက်ခြင်းဖြင့် ကြွေးကြော်ကြရပါမည်။

ထာဝရဘုရားသည် ဖြောင့်မတ်သောသူတို့အား မည်သို့ပြုတော်မူမည်နည်း။
ထာဝရဘုရားသည် ဖြောင့်မတ်သောသူတို့ကို ကောင်းကြီးပေး၍ ကျေးဇူးတော်နှင့် ရစ်ပတ်လျက် ကွယ်ကာစောင့်မတော်မူလိမ့်မည်။

## Chapter 6

1 အိုထာဝရဘုရား၊ အမျက်တော်ထွက်၍ အကျွန်ုပ်ကို အပြစ်တင်တော်မမူပါနှင့်။ ပြင်းစွာအမျက် ထွက်၍ ဆုံးမတော်မမူပါနှင့်။ 2
အိုထာဝရဘုရား၊ အကျွန်ုပ်သည် ခွန်အားနည်း လှပါ၏။ ကယ်မသနားတော်မူပါ။ အိုထာဝရဘုရား၊ အကျွန်ုပ်အရိုးတို့သည်
တုန်လှုပ်ကြပါ၏။ ကျန်းမာပကတိ ရှိစေတော်မူပါ။ 3 အကျွန်ုပ်စိတ်ဝိညာဉ်သည် အလွန်တုန်လှုပ်ပါ ၏။ အိုထာဝရဘုရား၊
ကိုယ်တော်သည် အဘယ်မျှကာလ ပတ်လုံးနေတော်မူမည်နည်း။ 4 အိုထာဝရဘုရား၊ တဖန်ကြွလာ၍ အကျွန်ုပ် စိတ်ဝိညာဉ်ကို
ကယ်ယူတော်မူပါ။ ကရုဏာတော်နှင့် အညီ အကျွန်ုပ်ကို ကယ်တင်တော်မူပါ။ 5 အကြောင်းမူကား၊ သေလျက်နေစဉ်တွင် ကိုယ်
တော်ကို အောက်မေ့ခြင်းမရှိပါ။ မရဏာနိုင်ငံတွင် ကျေးဇူး တော်ကို အဘယ်သူချီးမွမ်းပါမည်နည်း။ 6 အကျွန်ုပ်သည် ညည်းတွား၍
ပင်ပန်းလှပါ၏။ အကျွန်ုပ်ခုတင်ကို ကိုယ်မျက်ရည်၌ တည၌လုံးမျှော၍၊ အိပ်ရာကိုလည်း မွန်းစေပါ၏။ 7 ဝမ်းနည်းခြင်းအားဖြင့်
မျက်စိပျက်၍၊ ရန်သူ များကြောင့် ပြာမှုန်လျက် ရှိပါ၏။ 8 မတရားသဖြင့်ပြုသောသူအပေါင်းတို့၊ ငါ့ထံမှ ဖယ်သွားကြ။ ငါငိုကြွေးသံကို
ထာဝရဘုရား ကြားတော် မူ၏။ 9-10 ငါတောင်းပန်ခြင်းကို ထာဝရဘုရား ကြားတော် မူ၏။ ငါပြုသော ပဌနာစကားကို ထာဝရဘုရား
နာယူတော်မူ၏။ ငါ့ရန်သူအပေါင်းတို့သည် ရှက်ကြောက် ၍ ဆုံးရှုံးခြင်း ရှိကြလိမ့်မည်။ ချက်ခြင်းပြန်သွား၍ ရှက်
ကြောက်ခြင်သို့ရောက်ကြလိမ့်မည်။

---

Psalms 001

ယေဘုယျအချက်အလက်
"အနှိုင်းကဗျာ" သည် ဟေဗြဲကဗျာတွင် အများဆုံး ဖွဲ့ဆိုသီကုံးလေ့ရှိသော ကဗျာအမျိုးအစားဖြစ်သည်။

ဂီတမှူး
"ဤဆာလံသည်ဝတ်ပြုကိုးကွယ်ခြင်းတွင် ဂီတမှူးအသုံးပြုရန်အတွက် ဖြစ်သည်"

ကြိုးတပ်တူရိယာ
"ဤသီချင်းကိုသီဆိုသောအခါ ကြိုးတပ်တူရိယာဖြင့်တီးခတ်၍ သီဆိုသင့်သည်"

ရှင့်မနှင့် အမျိုးအစား
သီချင်းအမျိုးအစားကို ရည်ညွှန်းခြင်းဖြစ်သည်။

ဒါဝိဒ်၏ဆာလံ
ဖြစ်နိုင်ခြေရှိသောအဓိပ္ပာယ်များမှာ ၁) ဒါဝိဒ်စပ်ဆိုခဲ့သောဆာလံ၊ ၂) ဒါဝိဒ်အကြောင်းစပ်ဆိုထားသောဆာလံ၊ ၃) ဒါဝိဒ်၏ဆာလံများနှင့်အမျိုးအစားတူသောဆာလံ

အကျွန်ုပ်အရိုးတို့သည် တုန်လှုပ်ကြပါ၏
အရိုးသည် ခန္ဓာကိုယ်တစ်ခုလုံးကို ကိုယ်စားပြုသည်။ ခန္ဓာကိုယ်တုန်လှုပ်ရခြင်းမှာ အဖျားကြောင့်ဖြစ်နိုင်သလို မောပန်းသောကြောင့်လည်းဖြစ်နိုင်သည်။ အခြားဘာသာပြန်ဆိုချက် "အကျွန်ုပ် ခန္ဓာကိုယ်တစ်ခုလုံး တုန်လှုပ်လျက်ရှိ၏"

Psalms 003

အလွန်တုန်လှုပ်ပါ ၏
"အလွန်ကြောက်ရွံ့လျက်နေပါ၏" (သို့) "အလွန်ပူပန်လျက်နေပါ၏"

ဘယ်မျှကာလ ပတ်လုံးနေတော်မူမည်နည်း
ဒါဝိဒ်က ဒုက္ခဝေဒနာများ ဆက်လက်မခံစားလိုတော့ကြောင်းကို ဖော်ပြလိုသောကြောင့် ဤမေးခွန်းကို သုံးခြင်းဖြစ်သည်။ အခြားဘာသာပြန်ဆိုချက် "ကျေးဇူးပြု၍ ဒီအရာတွေကို ထပ်မံမခံစားစေနဲ့တော့"

အိုထာဝရဘုရား၊ တဖန်ကြွလာ၍
တဖန်ကြွလာခြင်းသည် တဖန်ကူညီမစခြင်းကို ဆိုလိုခြင်းဖြစ်သည်။ အခြားဘာသာပြန်ဆိုချက် "အိုထာဝရဘုရား အကျွန်ုပ်ထံ တဖန်ပြန်ကြွလာတော်မူပါ"

သေလျက်နေစဉ်တွင် ကိုယ် တော်ကို အောက်မေ့ခြင်းမရှိပါ။ မရဏာနိုင်ငံတွင် ကျေးဇူး တော်ကို အဘယ်သူချီးမွမ်းပါမည်နည်း
အဓိပ္ပာယ်တူညီသော ဝါကျနှစ်ကြောင်းဖြစ်သည်။

သေလျက်နေစဉ်တွင် ကိုယ် တော်ကို အောက်မေ့ခြင်းမရှိပါ
အောက်မေ့ခြင်းသည် ချီးမွမ်းခြင်းကို ကိုယ်စားပြုသည်။ အခြားဘာသာပြန်ဆိုချက် "သေဆုံးသွားသောလူတို့သည် ကိုယ်တော့်အား ချီးမွမ်းခြင်းမပြုတော့ပါ"

မရဏာနိုင်ငံတွင် ကျေးဇူး တော်ကို အဘယ်သူချီးမွမ်းပါမည်နည်း
မရဏာနိုင်ငံ၌ ရှိသောမည်သူမဆို ဘုရားသခင်အား ချီးမွမ်းခြင်းမပြုကြကြောင်း မေးခွန်းအားဖြင့်အလေးအနက်ဖော်ပြထားသည်။ အခြားဘာသာပြန်ဆိုချက် "မရဏာနိုင်ငံတွင် အဘယ်သူမျှ ကိုယ်တော်၏ ကျေးဇူးတော်ကို ချီးမွမ်းကြလိမ့်မည်မဟုတ်" (သို့) "လူသေတို့သည် ကိုယ်တော့်အား မချီးမွမ်းနိုင်ကြ"


generated on Tue Jul 2 12:50:28 2024

## Psalms 006

အကျွန်ုပ်သည် ညည်းတွား၍ ပင်ပန်းလှပါ၏
သူ့ညည်းတွားခြင်းသည် သူခံစားရသော ဆင်းရဲခြင်း၊ နာကျင်ခြင်းကို ကိုယ်စားပြုသည်။ အခြားဘာသာပြန်ဆိုချက် "အကျွန်ုပ်သည် နာကျင်ခြင်းကြောင့် ပင်ပန်းလှပါ၏"

အကျွန်ုပ်ခုတင်ကို ကိုယ်မျက်ရည်၌ တညဥ့်လုံးမျှော၍၊ အိပ်ရာကိုလည်း မွန်းစေပါ၏
အဓိပ္ပာယ်တူဝါကျနှစ်ကြောင်းကို ဖော်ပြထားခြင်းဖြစ်သည်။

အကျွန်ုပ်ခုတင်ကို ကိုယ်မျက်ရည်၌ တညဥ့်လုံးမျှော၍
"အကျွန်ုပ်မျက်ရည်ဖြင့် အကျွန်ုပ်ကုတင်ကို တညဥ့်လုံး စွတ်စိုစေပါ၏" (သို့) "အကျွန်ုပ်ငိုကြွေးခြင်းမျက်ရည်ကြောင့် ကုတင်သည် စိုရွှဲလျက်ရှိပါ၏"

အိပ်ရာကိုလည်း မွန်းစေပါ၏
"အိပ်ရာကိုလည်း မျက်ရည်ဖြင့် စိုရွှဲစေပါ၏"

ဝမ်းနည်းခြင်းအားဖြင့်
ဝမ်းနည်းခြင်းသည် ငိုကြွေးခြင်းကို ဆိုလိုသည်။ အခြားဘာသာပြန်ဆိုချက် "ငိုကြွေခြင်းကြောင့်" (သို့) "ငိုရလွန်းလို့"

မျက်စိပျက်၍ ... ပြာမှုန်လျက် ရှိပါ၏
မျက်စိသည် အမြင်စွမ်းအားကို ကိုယ်စားပြုသည်။ အခြားဘာသာပြန်ဆိုချက် "အကျွန်ုပ် အမြင်အာရုံသည် မှုန်ဝါးလျက် နေ၏" (သို့) "အကျွန်ုပ်သည် ရှင်းရှင်းလင်းလင်း မမြင်နိုင်တော့ပေ"

## Psalms 008

ငါငိုကြွေးသံကို ထာဝရဘုရား ကြားတော် မူ၏။ ငါတောင်းပန်ခြင်းကို ထာဝရဘုရား ကြားတော် မူ၏
ဤဝါကျနှစ်ကြောင်းသည် အဓိပ္ပာယ်ဆင်တူသော ဝါကျများဖြစ်ကြသည်။

ငါပြုသော ပဌနာစကားကို ထာဝရဘုရား နာယူတော်မူ၏
ဆုတောင်းချက်ပြည့်စုံအောင်လုပ်ပေးသည်ကို နာယူသည့်သဘောဖြင့် ဖော်ပြထားသည်။ အခြားဘာသာပြန်ဆိုချက် "ငါပြုသော ပဌနာစကားကို ထာဝရဘုရား တုံ့ပြန်တော်မူ၏"

# Translation Questions

## Psalms 6:1

ထာဝရဘုရားအား မည်သည့်အရာကို မပြုမည့်အကြောင်း ဒါဝိဒ်တောင်းလျှောက်သနည်း။
အမျက်တော်ထွက်၍ အပြစ်တင်တော်မမူရန်နှင့် ပြင်းစွာအမျက်ထွက်၍ မဆုံးမရန် ဒါဝိဒ်တောင်းလျှောက်သည်။

ဒါဝိဒ်သည် အားနည်းသောကြောင်း ထာဝရဘုရားအား မည်ကဲ့သို့လျှောက်သနည်း။
သူ၏အပေါ်၌ ကယ်မသနားရန်နှင့် ပကတိကျန်းမာခြင်းပေးရန် တောင်းလျှောက်သည်။

## Psalms 6:3

ထာဝရဘုရားသည် ဒါဝိဒ်အား အဘယ်ကြောင့် ရွေးနှုတ်ကယ်တင်သင့်ပါသနည်း။
ထာဝရဘုရား၏ ပဋိညာဉ်သစ္စာတရားကြောင့်ဖြစ်သည်။

သေခြင်းတရား၌ မည်သည့်အရာကို မေ့လျော့မည်နည်း။
သေခြင်းတရား၌ ထာဝရဘုရားအား အောက်မေ့ခြင်း ရှိမည် မဟုတ်ပါ။

## Psalms 6:6

ညည်းတွား၍ ပင်ပန်းလှသောကြောင့် ဒါဝိဒ်သည် မိမိ၏ အိပ်ယာကို မည်သို့ ဖြစ်စေသနည်း။
အကျွန်ုပ်ခုတင်ကိုမျက်ရည်၌ တညဥ့်လုံးမျောခွဲ အိပ်ယာကိုလည်း မွန်းစေပါသည်။

ဝမ်းနည်းမှုများနှင့် ဆင်းရဲဒုက္ခများကြောင့် ဒါဝိဒ်၏ မျက်စိ၌ မည်သို့ ဖြစ်ပျက်သနည်း။
သူ၏ မျက်စိ၌ ပြာမှုန်၍ အားပျက်လာပါသည်။

## Psalms 6:8

မတရားသဖြင့် ပြုသောသူများသည် အဘယ်ကြောင့် ဒါဝိဒ်ထံမှ ထွက်သွားကြရမည်နည်း။
အဘယ်ကြောင့်ဆိုသော် ဒါဝိဒ်၏ အသနားခံခြင်းနှင့် ငိုကြွေးခြင်းကို ထာဝရဘုရားကြားတော်မူ၍ ဆုတောင်းသံကို လက်ခံတော်မူသောကြောင့်ဖြစ်သည်။

ဒါဝိဒ်၏ ရန်သူတို့၌ မည်သို့ ဖြစ်လိမ့်မည်နည်း။
သူ၏ရန်သူအပေါင်းတို့သည် ရှက်ကြောက်ခြင်းသို့ ရောက်ကြ၍ ဆုံးရှုံးခြင်းသို့ ရောက်လိမ့်မည်။

## Chapter 7

1 အကျွန်ုပ်၏ ဘုရားသခင် ထာဝရဘုရား၊ ကိုယ် တော်ကို အကျွန်ုပ်ခိုလှုံပါ၏။ အကျွန်ုပ်ကို ညှဉ်းဆဲသော သူအပေါင်းတို့၏လက်မှ
အကျွန်ုပ်ကို နှုတ်ယူ၍ ကယ်တင် တော်မူပါ။ 2 သို့မဟုတ်နှုတ်ယူသောသူမရှိစဉ်၊ ရန်သူသည် ခြင်္သေ့ကဲ့သို့ အကျွန်ုပ်၏စိတ်ဝိညာဉ်ကို
လုယူကိုက်ဖြတ် ပါလိမ့်မည်။ 3 အကျွန်ုပ်၏ ဘုရားသခင် ထာဝရဘုရား၊ အကျွန်ုပ်သည် ထိုသို့ပြုသော်၎င်း၊ အကျွန်ုပ်လက်မှာ
အဓမ္မအမှုရှိသော်၎င်း၊ 4 အကျွန်ုပ်နှင့် သင့်တင့်သောသူကို အကျွန်ုပ် ပြစ်မှား၍၊ အကြောင်းမရှိဘဲလျက် ရန်ပြုသောသူကို
အကျွန်ုပ်ညှဉ်းဆဲသော်၎င်း၊ ထိုသို့သော အပြစ်တစုံတခု ရှိလျှင်၊ 5 ရန်သူသည် အကျွန်ုပ်၏ စိတ်ဝိညာဉ်ကိုလိုက်၍ မှီပါစေ။
အကျွန်ုပ်အသက်ကို မြေပေါ်မှာနင်း၍၊အကျွန်ုပ် အသရေကို မြေမှုန့်၌ နှိမ့်ချပါစေ။ 6 အိုထာဝရဘုရား၊ အမျက်တော် ထွက်၍
ထတော်မူပါ။ အကျွန်ုပ်၏ရန်သူတို့ ပြင်းထန်ခြင်းကို ဆီးတား၍ အားထုတ်တော်မူပါ။ အကျွန်ုပ်အဘို့ နိုးတော် မူပါ။
တရားစီရင်ဆုံးဖြတ်တော်မူပါ။ 7 လူမျိုးတို့သည်စည်းဝေး၍ ကိုယ်တော်ကို ဝန်းရံ ကြလျက်၊ သူတို့အဘို့ မြင့်ရာအရပ်သို့
ပြန်ကြွတော်မူပါ။ 8 ထာဝရဘုရားသည် လူမျိုးတို့ကို တရားစီရင် တော်မူ၏။ အိုထာဝရဘုရား၊ အကျွန်ုပ်ဖြောင့်မတ်ခြင်း ကို၎င်း၊
စုံလင်ခြင်းကို၎င်း ထောက်၍ အကျွန်ုပ်အမှုကို စီရင်ဆုံးဖြတ်တော်မူပါ။ 9 မတရားသော သူတို့၏ ဓမ္မအမှုကိုဆုံးရှုံး၍၊
တရားသောသူတို့ကိုမြဲမြံစေတော်မူပါ။ တရားသဖြင့် ပြုတော်မူသော ဘုရား၊ ကိုယ်တော်သည် နှလုံးနှင့် ကျောက်ကပ်ကို
စစ်တော်မူတတ်ပါ၏။ 10 သဘောဖြောင့်သောသူတို့ကို ကယ်တင်တတ် သော ဘုရားသခင်သည် ငါ၏အကွယ်အကာဖြစ်တော် မူ၏။
11 ဘုရားသခင်သည် တရားသဖြင့် စီရင်သော ဘုရားဖြစ်၍၊ မတရားသောသူကို အစဉ်အမျက် ထွက်တော်မူ၏။ 12
ထိုသူသည်မပြောင်းလဲလျှင် ထားတော်ကို သွေး တော်မူ၏။ လေးတော်ကိုတင်၍ ရွယ်တော်မူ၏။ 13 သေစေသော လက်နက်ကိုလည်း
သူ့အဘို့ ပြင်ဆင်၍ မြှားတော်တို့ကို လောင်စေတော်မူ၏။ 14 ထိုသူသည် ဒုစရိုက်ဘွားသော ဝေဒနာကို ခံရ ၏။ မကောင်းသော
အကြံအစည်ကို ပဋိသန္ဓေယူ၍၊ စိတ်ပျက်ခြင်းကို ဘွားမြင်တတ်၏။ 15 တွင်းကိုလည်း နက်စွာတူးသဖြင့်၊ မိမိတူးသော တွင်းထဲသို့
မိမိကျတတ်၏။ 16 မိမိမကောင်းသော အကြံအစည်သည် မိမိ ခေါင်းပေါ်မှာ ပြန်ရောက်၍၊ မိမိကြမ်းတမ်းသောအမှု သည်
မိမိခေါင်းထိပ်ပေါ်မှာ သက်ရောက်တတ်၏။ 17 ငါမူကား၊ ထာဝရဘုရား၏ တရားသောအမှု တော်ကို ချီးမွမ်း၍၊
အမြင့်ဆုံးသောထာဝရဘုရား၏ နာမတော်ကို ထောမနာသီချင်းဆိုပါမည်။ ဒါဝိဒ်သည် ဗင်္ယာမိန် အမျိုးသားကုရှ၏စကားကြောင့်
ထာဝရဘုရားရှေ့တော် ၌ အသံညှိ၍ဆိုသောဆာလံ။

---

---

Psalms 001

ယေဘုယျအချက်အလက်
"အနိုင်းကဗျာ" သည် ဟေဗြဲကဗျာတွင် အများဆုံး ဖွဲ့ဆိုသီကုံးလေ့ရှိသော ကဗျာအမျိုးအစားဖြစ်သည်။

အသံညှိဆိုသောဆာလံ
"ဒါဝိဒ် စပ်ဆိုထားသော သီချင်း"

ဗင်္ယာမိန်အမျိုး ကုရှ၏စကား
အခြားဘာသာပြန်ဆိုချက် "ဗင်္ယာမိန်အမျိုးဖြစ်သော ကုရှ ပြောသောစကား"

ကိုယ်တော်ကို အကျွန်ုပ်ခိုလှုံပါ၏
ဘုရားသခင်၏အကာအကွယ်ကို အရိပ်ခိုလှုံခြင်းနှင့် ခိုင်းနှိုင်းဖော်ပြထားသည်။ အခြားဘာသာပြန်ဆိုချက် "ကိုယ်တော့် အကာအကွယ်ရယူခြင်းငှါ ကိုယ်တော့်ထံ လာပါ၏" (ရှု၊

နှုတ်ယူသောသူမရှိစဉ်
"ကယ်တင်မည့်သူ မရှိ"

ခြင်္သေ့ကဲ့သို့ အကျွန်ုပ်၏စိတ်ဝိညာဉ်ကို လုယူကိုက်ဖြတ် ပါလိမ့်မည်
ဒါဝိဒ်က သတ်ဖြတ်တတ်သောရန်သူကို အပိုင်းပိုင်းကိုက်ဖြတ်တတ်သော ခြင်္သေ့နှင့် ခိုင်းနှိုင်းဖော်ပြထားသည်။ အခြားဘာသာပြန်ဆိုချက် "ခြင်္သေ့သည် အပိုင်းပိုင်းကိုက်ဖြတ်တတ်သကဲ့သို့ ရန်သူသည် အကျွန်ုပ်ကို ရက်ရက် စက်စက်သတ်ဖြတ်ပါလိမ့်မည်" (ရှု၊

Psalms 003

အကျွန်ုပ်လက်မှာ အဓမ္မအမှုရှိသော်၎င်း
လက်သည် ပုဂ္ဂိုလ်တစ်ယောက်ယောက်ကို ကိုယ်စားပြုသည်။ လက်ဖြင့်အဓမ္မအမှုပြုခြင်းသည် တရားမျှတမှုမရှိသောအမှုပြုခြင်းကို ဆိုလိုသည်။ အခြားဘာသာပြန်ဆိုချက် "ကျွန်ုပ်သည် မတရားသောအမှုကို ပြုသောလည်းကောင်း"

Psalms 005

အကျွန်ုပ်၏ စိတ်ဝိညာဉ်
စိတ်ဝိညာဉ်သည် လူပုဂ္ဂိုလ်အား ကိုယ်စားပြုသည်။ အခြားသာသာပြန်ဆိုချက် "အကျွန်ုပ်ကို"

အကျွန်ုပ်အသက်ကို မြေပေါ်မှာနင်း၍
"အကျွန်ုပ်အသက်" သည် ဆာလံဆရာကို ရည်ညွှန်းခြင်းဖြစ်သည်" အခြားဘာသာပြန်ဆိုချက် "ရန်သူသည် အကျွန်ုပ်ကို ဖျက်ဆီးပါစေ"

အကျွန်ုပ် အသရေကို မြေမှုန့်၌ နှိမ့်ချပါစေ
လူသေအလောင်းကိုမြေမမြှုပ်ဘဲထားခြင်းဖြင့် အသရေရှုတ်ချခြင်းကို ဆိုလိုသည်။

Psalms 006

အိုထာဝရဘုရား၊ အမျက်တော် ထွက်၍ ထတော်မူပါ
"ထခြင်း" သည် တစုံတခုပြုခြင်းကို ကိုယ်စားပြုသည်။ အခြားဘာသာပြန်ဆိုချက် "အမျက်ထွက်၍ တစုံတရာ ပြုတော်မူပါ"

ရန်သူတို့ ပြင်းထန်ခြင်း
ပြင်းထန်ခြင်းသည် တိုက်ခိုက်ခြင်းကို ကိုယ်စားပြုသည်။ အခြားဘာသာပြန်ဆိုချက် "ရန်သူတို့၏တိုက်ခိုက်ခြင်း"

နိုးတော် မူပါ
"နိုးထခြင်း" သည် တစုံတခုပြုခြင်းကို ဆိုလိုသည်။ အခြားဘာသာပြန်ဆိုချက် "တစုံတခုပြုတော်မူပါ"

အကျွန်ုပ်အဘို့
"ကျွန်ုပ်အဖို့" (သို့ "ကျွန်ုပ်အတွက်"

လူမျိုးတို့သည်စည်းဝေး၍
"လူမျိုးတို့" သည် တိုက်ခိုက်ရန်စုဝေးလာသော ရန်သူများကိုဆိုလိုသည်"

သူတို့အဘို့ မြင့်ရာအရပ်သို့ ပြန်ကြွတော်မူပါ
လူတွေအပေါ်အုပ်စိုးခြင်းကို လူတွေထက်မြင့်သောအရပ်၌နေခြင်းနှင့် ခိုင်းနှိုင်းဖွဲ့ဆိုထားသည်။ မြင့်သောအရပ်သည် ကောင်းကင်ဘုံ (သို့ လူတွေအပေါ်အုပ်စိုးခြင်းကို ဆိုလိုသည်။ အခြားဘာသာပြန်ဆိုချက် "ကောင်းကင်ဘုံမှ သူတို့ကို အုပ်စိုးတော်မူပါ"

Psalms 008

အကျွန်ုပ်အမှုကို စီရင်ဆုံးဖြတ်တော်မူပါ
"အကျွန်ုပ်တွင် အပြစ်မရှိကြောင်း သူတို့အား သက်သေပြတော်မူပါ"

တရားသောသူတို့ကိုမြဲမြံစေတော်မူပါ
"ဖြောင့်မတ်သောသူတို့ကို ခိုင်ခံ့စေတော်မူပါ" (သို့ "ဖြောင့်မတ်သောသူတို့ကို ကြွယ်ဝစေတော်မူပါ"

ကိုယ်တော်သည် နှလုံးနှင့် ကျောက်ကပ်ကို စစ်တော်မူတတ်ပါ၏
နှလုံး နှင့် ကျောက်ကပ်သည် ဆန္ဒ နှင့် အတွေး ကို ရည်ညွှန်းခြင်း ဖြစ်သည်။ အခြားဘာသာပြန်ဆိုချက် "ကိုယ်တော်သည် ကျွန်ုပ်တို့၏ အတွင်းမနေောစိတ် ကိုသိတော်မူ၏"

Psalms 012

ထားတော်ကို သွေး တော်မူ၏။ လေးတော်ကိုတင်၍ ရွယ်တော်မူ၏
ဤအခန်းငယ် ၁၂၊ ၁၃ တွင် ဒါဝိဒ်က လူဆိုးတို့အား အပြစ်ပေးတော်မူသော ဘုရားသခင်ကို လက်နက်များဖြင့်စစ်တိုက်တော်မူသော ဘုရားသခင်အဖြစ် တင်စားဖော်ပြထားသည်။ အခြားဘာသာပြန်ဆိုချက် "စစ်ပွဲအတွက် ဓားကိုသွေး၍ မြှားကို ပြင်ဆင်သကဲ့သို့ ဘုရားသခင်သည် ထိုသူတို့ကို အပြစ်ပေးတော်မူမည်"

Psalms 014

ထိုသူသည် ဒုစရိုက်ဘွားသော ဝေဒနာကို ခံရ ၏။ မကောင်းသော အကြံအစည်ကို ပဋိသန္ဓေယူ၍၊ စိတ်ပျက်ခြင်းကို ဘွားမြင်တတ်၏
ဒါဝိဒ်က လူဆိုး၏အမူအကျင့်ကို သူသည်ကိုယ်ဝန် ဆောင်၍ မကောင်းမှုကို သားအဖြစ် မွေးဖွားတတ်ဟု ဖော်ပြထားသည်။ အခြားဘာသာပြန်ဆိုချက် "လူဆိုးသည် မကောင်းကြံ၍ အန္တရာယ်ဖြစ်စေသော မုသား ကိုပြောတတ်၏"

မိမိမကောင်းသော အကြံအစည်သည် မိမိ ခေါင်းပေါ်မှာ ပြန်ရောက်၍၊ မိမိကြမ်းတမ်းသောအမှု သည် မိမိခေါင်းထိပ်ပေါ်မှာ သက်ရောက်တတ်၏
အခြားဘာသာပြန်ဆိုချက် "သူ၏ မကောင်းသောအကြံအစည်သည် သူ့ကိုသာ ဖျက်ဆီး၍ သူ၏ ကြမ်းတမ်းသောအမှုသည် သူ့ကိုသာ တိုက်ခိုက်လိမ့်မည်"

---

## Translation Questions

Psalms 7:1

မည်သူ့ထံ၌ ဒါဝိဒ်ခိုလှုံသနည်း။
ဒါဝိဒ်သည် ထာဝရဘုရားထံ၌ ခိုလှုံမည်။

ထာဝရဘုရားအား မည်သို့ပြုမူရန် ဒါဝိဒ်တောင်းလျှောက်သနည်း။
ဒါဝိဒ်သည် မိမိအား လိုက်ဖမ်းနေသော လူများလက်မှ ကယ်နှုတ်ရန်နှင့် ချမ်းသာပေးရန် တောင်းလျှောက်သည်။

ဒါဝိဒ်အတွက် ထာဝရဘုရားလုပ်ဆောင်ပေးနိုင်မည့် အရာမှာ အဘယ်အရာနည်း။
အဘယ်သူမှ မတတ်နိုင်သော်လည်း ထာဝရဘုရားသည် ဒါဝိဒ်ကို လုံခြုံရာသို့ ပြန်ပို့ဆောင်ပေးနိုင်သည်။

Psalms 7:3

အဘယ်အရာကို ပြုလုပ်မည်မဟုတ်ကြောင်း ဒါဝိဒ်ပြောသနည်း။
မိမိ၏ ရန်သူတို့ပြောသကဲ့သို့ မိမိမပြုသည်သာမက သူ့လက်၌ အဓမ္မအမှုမရှိကြောင်း ဒါဝိဒ်သည် ထာဝရဘုရားအား ပြောပြသည်။

မိမိနှင့် သင့်တင့်သောသူနှင့် ပြစ်မှားသောသူအား မည်သို့ မပြုခဲ့ကြောင်း ဒါဝိဒ်ပြောသနည်း။
ဒါဝိဒ်ပြောသည်မှာ မိမိနှင့် သင့်တင့်သူနှင့် အကြောင်းမရှိဘဲ ရန်ပြုသောသူတို့အား အဘယ်ခါမှ ညှင်းဆဲခြင်းမရှိခဲ့ပါ ဟူ၍ ဖြစ်သည်။

Psalms 7:5

မိမိအမှန်မပြောလျှင် ထာဝရဘုရားအနေဖြင့် မည်သို့ ပြုပါမည်အကြောင်း ဒါဝိဒ်ပြောသနည်း။
ထာဝရဘုရားအနေဖြင့် ရန်သူတို့သည် ဒါဝိဒ်၏ စိတ်ဝိညာဉ်ကို လိုက်မှီ၍ အသက်ကို မြေမှာနင်း၍၊ အသရေကို မြေမှာ နှိမ့်ချခွင့်ပေးနိုင်ကြောင်း လျှောက်သည်။

Psalms 7:6

ထာဝရဘုရားသည် အမျက်တော်၌ အဘယ်သို့ ပြုပါမည်အကြောင်း ဒါဝိဒ်တောင်းလျှောက်သနည်း။
ထာဝရဘုရားသည် ထ၍ မိမိရန်သူတို့တဖက်၌ ရပ်ပါမည် အကြောင်း ဒါဝိဒ်တောင်းလျှောက်သည်။

မိမိအတွက် အဘယ်သို့ပြုပါမည်အကြောင်း ထာဝရဘုရားအား ဒါဝိဒ်လျှောက်သနည်း။
ထာဝရဘုရားအား နိုးထ၍ တရားစီရင်ဆုံးဖြတ်ပါမည် အကြောင်း ဒါဝိဒ်တောင်းလျှောက်သည်။

လူမျိုးတို့အား ထာဝရဘုရားမည်သို့ပြုရန် ဒါဝိဒ်အလိုရှိသနည်း။
လူမျိုးတို့အတွက် အထက်မြင့်ရာအရပ်သို့ ထာဝရဘုရားနေရာယူကြွတော်မူရန် ဒါဝိဒ်အလိုရှိသည်။

Psalms 7:8

ဒါဝိဒ်သည် ဘုရားသခင်အား အဘယ်သူကို တရားစီရင်စေချင်သနည်း။
ဒါဝိဒ်သည် ဘုရားသခင်အား လူမျိုးတို့ကို တရားစီရင်စေချင်သည်။

ဖြောင့်မတ်သောဘုရားသည် မည်သို့ပြုကြောင်း ဒါဝိဒ်ပြောသနည်း။
ဘုရားသခင်သည် နှလုံးနှင့် ကျောက်ကပ်ကို စစ်တော်မူ၏။

Psalms 7:10

ဒါဝိဒ်၏အကာအကွယ်သည် မည်သည့်နေရာမှ လာသနည်း။
ဒါဝိဒ်၏အကာအကွယ်သည် ဘုရားသခင်ထံမှ လာသည်။

ထာဝရဘုရားသည် မည်သူ့ကို ကယ်တင်သနည်း။
ဘုရားသခင်သည် သဘောဖြောင့်သောသူတို့ကို ကယ်တင်သည်။

ဒါဝိဒ်သည် ထာဝရဘုရားအား မည်ကဲ့သို့ ဖော်ပြသနည်း။
ဘုရားသခင်သည် ဖြောင့်မတ်သော တရားသူကြီးဖြစ်၍ မတရားသောသူကို အစဉ်အမျက်ထွက်တော်မူ၏။

Psalms 7:12

အကယ်၍ မတရားသောသူသည် နောင်တမရလျှင် ထာဝရဘုရားသည် မည်သို့ပြုတော်မူမည်နည်း။
ထာဝရဘုရားသည် ထားတော်ကို သွေးတော်မူ၍ လေးတော်ကို ရွယ်တော်မူလိမ့်မည်။

Psalms 7:14

နောင်တမရသော သူ၏ အတွင်း၌ရှိသော ဆိုးညစ်မှုကို ဒါဝိဒ်မည်သို့ဖော်ပြသနည်း။
ထိုသူသည် ဒုစရိုက်ဘွားသော ဝေဒနာကို ခံရ၍ မကောင်းသောအကြံအစည်ကို ပဋိသန္ဓေယူ၍ စိတ်ပျက်ခြင်းကို ဘွားတတ်သည်ဟု ဖော်ပြသည်။

နက်သောတွင်းကို တူးတတ်သော ဆိုးသောသူ၌ မည်သို့ ဖြစ်တတ်သနည်း။
သူသည် မိမိတူးသောတွင်းထဲသို့ မိမိကျတတ်သည်။

မကောင်းသောအကြံအစည်ရှိသောသူ၌ မည်သို့ ဖြစ်တတ်သနည်း။
သူ၏ မကောင်းသောအကြံအစည်သည် သူ၏ခေါင်းပေါ်ရောက်၍ မိမိ၏ ကြမ်းတမ်းသောအမှုသည် မိမိခေါင်းပေါ်သို့ ပြန်ရောက်သည်။

Psalms 7:17

အဘယ်အကြောင်းကြောင့် ဒါဝိဒ်သည် ထာဝရဘုရားအား ကျေးဇူးတင်လိမ့်မည်နည်း။
ထာဝရဘုရား၏ တရားသောအမှုကြောင့် ထာဝရဘုရားအား ကျေးဇူးတင်လိမ့်မည်။

ဒါဝိဒ်သည် အဘယ်သူ့ကို ထောမနာသီချင်းဆိုမည်နည်း။
ဒါဝိဒ်သည် အမြင့်ဆုံးသော ထာဝရဘုရား၏ နာမတော်ကို ထောမနာ သီချင်းဆိုမည်။

## Chapter 8

[1] အိုအကျွန်ုပ်တို့၏ ဘုရားရှင်ထာဝရဘုရား၊ နာမ တော်သည် မြေကြီးတပြင်လုံး၌ အလွန်ကြီးမြတ်တော်မူ ၏။
ဘုန်းအာနုဘော်တော်သည် မိုဃ်းကောင်းကင်ပေါ်မှာ တည်လျက်ရှိပါ၏။ [2] ကိုယ်တော်၏ရန်သူတို့ကို ရည်ဆောင်၍ ရန်သူ ကိုငင်း၊
အငြိုးထားသောသူကိုငင်း၊ တိတ်ဆိတ်စွာနေစေ ခြင်းငှါ၊ နို့စို့သူငယ်တို့၏နှုတ်ထဲမှ အစွမ်းသတ္တိကို စီရင် တော်မူ၏။ [3]
လက်ညှိုးတော်အလုပ်တည်းဟူသော ကိုယ်တော် ၏ မိုဃ်းကောင်းကင်ကိုငင်း၊ ပြင်ဆင်တော်မူသောလနှင့် ကြယ်များကိုငင်း၊
အကျွန်ုပ်ဆင်ခြင်သော်၊ [4] လူသည် အဘယ်သို့သော သူဖြစ်၍၊ ကိုယ်တော် သည် အောက်မေ့တော်မူရသနည်း။ လူသားသည်
အဘယ်သို့သော သူဖြစ်၍ အကြည့်အရှု ကြွလာတော်မူရ သနည်း။ သူ့ကို ကောင်းကင်တမန်တို့အောက်၌ အနည်း ငယ်နှိမ့်တော်မူပြီ။ [5]
သူ၏ခေါင်းကို ဘုန်းအသရေနှင့် ပတ်ရစ်တော် မူပြီ။ [6] ဖန်ဆင်းတော်မူသော အရာများကိုအုပ်စိုးစေ၍၊ သိုးနွားအစရှိသော
မြေတိရစ္ဆာန်မိုဃ်းကောင်းကင်ငှက်၊ [7] ပင်လယ်ငါးနှင့်ပင်လယ်လမ်း၌ သွားတတ်သောတိရစ္ဆာန် မှစ၍၊ [8] ခပ်သိမ်းသောအရာတို့ကို
သူ၏ခြေအောက်၌ ချထားတော်မူပြီ။ [9] အိုအကျွန်ုပ်တို့၏ ဘုရားရှင်ထာဝရဘုရား၊ ကိုယ်တော်၏နာမသည် မြေကြီးတပြင်လုံး၌
အလွန်ကြီး မြတ်တော်မူသတည်း။

---

---

Psalms 001

ယေဘုယျအချက်အလက်
"အန္တိုင်းကဗျာ" သည် ဟေဗြဲကဗျာတွင် အများဆုံး ဖွဲ့ဆိုသီကုံးလေ့ရှိသော ကဗျာအမျိုးအစားဖြစ်သည်။

ဂီတမှူး
ဤဆာလံသည် ဝတ်ပြုကိုးကွယ်ခြင်း၌ ဂီတမှူး အသုံးပြုရန်အတွက်ဖြစ်သည်။

ဂိတင့်အမျိုးစား
သီချင်းအမျိုးအစား နာမည်ဖြစ်သည်။

ဒါဝိဒ်၏ ဆာလံ
ဖြစ်နိုင်ခြေရှိသောအဓိပ္ပာယ်များမှာ ၁) ဒါဝိဒ်စပ်ဆိုခဲ့သောဆာလံ၊ ၂) ဒါဝိဒ်အကြောင်းစပ်ဆိုထားသောဆာလံ၊ ၃) ဒါဝိဒ်၏ဆာလံများနှင့်အမျိုးအစားတူသောဆာလံ

နာမတော်သည် မြေကြီးတပြင်လုံး၌ အလွန်ကြီးမြတ်တော်မူ၏
ထာဝရဘုရား၏ နာမတော်သည် ထာဝရဘုရား၏ဖြစ်တည်မှု တစ်ခုလုံးကို ကိုယ်စားပြုသည်။ အခြားဘာသာပြန်ဆိုချက် "မြေကြီးတစ်ပြင်လုံး၌ အသက်ရှင်နေထိုင်သောလူအပေါင်းတို့သည် ကိုယ်တော်ကြီးမြတ်တော်မူကြောင်းသိကြပါလိမ့်မည်"

နို့စို့သူငယ်တို့၏နှုတ်ထဲမှ အစွမ်းသတ္တိကို စီရင် တော်မူ၏
အခြားဘာသာပြန်ဆိုချက် "နို့စို့သူငယ်များအား ကိုယ်တော့်ကို ချီးမွမ်းနိုင်သော အစွမ်းသတ္တိကို ပေးတော်မူ၏"

Psalms 003

လက်ညှိုးတော်အလုပ်တည်းဟူသော ကိုယ်တော် ၏ မိုဃ်းကောင်းကင်ကိုငင်း
ဘုရားသခင်၏ လက်ညှိုးတော်သည် ဘုရားသခင်ကိုယ်တော်တိုင်ကို ရည်ညွှန်းခြင်းဖြစ်သည်။

အခြားဘာသာပြန်ဆိုချက် "ကိုယ်တော်ဖန်ဆင်းထားသော မိုးကောင်းကင်များ"

လူသည် အဘယ်သို့သော သူဖြစ်၍၊ ကိုယ်တော် သည် အောက်မေ့တော်မူရသနည်း။ လူသားသည် အဘယ်သို့သော သူဖြစ်၍ အကြည့်အရှု ကြွလာတော်မူရ သနည်း
အမေးဝါကျကို အသုံးပြုခြင်းသည် လေးနက်မှုကို ဖော်ပြလို၍ ဖြစ်သည်။ အခြားဘာသာပြန်ဆိုချက် "ကိုယ်တော်သည် လူကိုအလေးထား၍ လူ့အတွက် ပူပန်ပေးသည်မှာ အံ့သြဖွယ်ကောင်းလှပါတကား ။

လူသည် ...လူသည်
အဓိပ္ပာယ်တူသော စကားလုံးနှစ်လုံးဖြစ်သည်။

သူ၏ခေါင်းကို ဘုန်းအသရေနှင့် ပတ်ရစ်တော် မူပြီ
ပတ်ရစ်ခြင်းသည် ဦးခေါင်း၌ သရဖူဦးရစ် ပတ်ရစ်ခြင်းကို ဆိုလိုသည်။ ဘုန်းအသရေကို သရဖူဦးရစ် ဆောင်းပေးသည့်သဖွယ် ဖော်ပြထားသည်။ "ဘုန်း" နှင့် "အသရေ

Psalms 006

ဖန်ဆင်းတော်မူသော အရာများကိုအုပ်စိုးစေ၍ ... ခပ်သိမ်းသောအရာတို့ကို သူ၏ခြေအောက်၌ ချထားတော်မူပြီ
အဓိပ္ပာယ်တူညီသော ဝါကျနှစ်ကြောင်းကို အသုံးပြုထားသည်။

အုပ်စိုးစေ၍ ...သူ၏ခြေအောက်၌ ချထားတော်မူပြီ
"သူ" သည် "လူသား" များကို ရည်ညွှန်းခြင်းဖြစ်သည်။

ခပ်သိမ်းသောအရာတို့ကို သူ၏ခြေအောက်၌ ချထားတော်မူပြီ
ထိန်းချုပ်ပိုင်ခွင့်

Psalms 009

ကိုယ်တော်၏နာမသည် မြေကြီးတပြင်လုံး၌ အလွန်ကြီး မြတ်တော်မူသတည်း
ဒါဝိဒ်က ဘုရားသခင်၏ ကြီးမြတ်ခြင်းကို မြင်ရသည်မှာ အလွန်အံ့သြဝမ်းမြောက်ရကြောင်း


generated on Tue Jul 2 12:50:28 2024

ဤကဲ့သို့ကြွေးကြော်ဖော်ပြထားသည်။ အခြားဘာသာပြန်ဆိုချက် "ကိုယ်တော်၏ နာမသည် မြေကြီးတပြင်လုံး၌ အံ့သြဖွယ် ထင်ရှားလျက်ရှိပါ၏"

ကိုယ်တော်၏နာမ

ဘုရားသခင်၏ "နာမ" သည် ဘုရားသခင်ကိုယ်တော်တိုင် ကို ရည်ညွှန်းခြင်းဖြစ်သည်။ အခြားဘာသာပြန်ဆိုချက် "ကိုယ်တော်၏ သတင်း"

အလွန်ကြီး မြတ်တော်မူသတည်း

"အလွန်အံ့သြဖွယ်ကောင်းလှပေ၏"

---

## Translation Questions

### Psalms 8:1

မည်သူ၏ နာမတော်သည် မြေတပြင်လုံး၌ ကြီးမြတ်တော်မူသနည်း။

ကျွန်ုပ်တို့၏ ဘုရားရှင်ထာဝရဘုရား၏ နာမတော်ဖြစ်သည်။

ကလေးငယ်နှင့် နို့စို့သူငယ်တို့၏နှုတ်မှ မည်သည့်အရာကို ထာဝရဘုရားဖန်ဆင်းတော်မူသနည်း။

ချီးမွမ်းခြင်းနှင့် အစွမ်းသတ္တိကို ဖန်ဆင်းတော်မူသည်။

ထာဝရဘုရားသည် ချီးမွမ်းခြင်းနှင့်အစွမ်းသတ္တိကို အဘယ်ကြောင့် ဖန်ဆင်းသနည်း။

ရန်သူတို့လက်မှငင်၊ အငြိုးထားသောသူကိုငင်၊ တိတ်ဆိတ်စွာနေခြင်းငှါ ဖန်ဆင်းခြင်းဖြစ်သည်။

### Psalms 8:3

လူသားမျိုးသည် အရေးမကြီးဟု ထင်စေသော မည်သည့်အရာအား ဒါဝိဒ်ဆင်ခြင်ကြည့်သနည်း။

သူသည် ကောင်းကင်၊လမင်း၊ကြယ်များကို ဆင်ခြင်ကြည့်ရှုသည်။

လူသားမျိုးနွယ်နှင့် ကောင်းကင်တမန်တို့အား အဘယ်သို့ နှိုင်းယှဉ်သနည်း။

ဘုရားသခင်သည် လူသားမျိုးနွယ်အား ကောင်းကင်တမန်တို့အောက် အနည်းငယ်နိမ့်၍ ဖန်ဆင်းတော်မူသည်။

ဘုရားသခင်သည် လူသားအား အဘယ်အရာနှင့် ပတ်ရစ်သနည်း။

ဘုရားသခင်သည် လူသားတို့အား ဘုန်းအသရေနှင့်ပတ်ရစ်တော်မူသည်။

### Psalms 8:6

ထာဝရဘုရားသည် လူသားတို့အား မည်သည့်အရာကို ပြုစေသနည်း။

လူသားတို့အား ဖန်ဆင်းတော်မူသမျှသောအရာတို့ကို အုပ်စိုးစေသည်။

လူသားတို့ခြေရှေ့၌ ထာဝရဘုရားချထားတော်မူသော အချို့အရာတို့မှာ အဘယ်အရာနည်း။

ဘုရားသခင်သည် လူသားတို့ ခြေအောက်၌ သိုးနွား၊ မြေတိရစ္ဆာန်၊ မိုယ်းကောင်းကင်ငှက်၊ ပင်လယ်ငါးနှင့် ပင်လယ်လမ်း၌ သွားတတ်သော တိရစ္ဆာန်မှ စ၍ ခပ်သိမ်းသောအရာကို ချထားတော်မူ၏။

### Psalms 8:9

အဘယ်သူ၏ နာမသည် မြေတပြင်လုံး၌ ကြီးမြတ်တော်မူသနည်း။

ကျွန်ုပ်တို့၏ ဘုရားသခင်ထာဝရဘုရား၏ နာမတော်သည် မြေတပြင်လုံး၌ ကြီးမြတ်တော်မူ၏။

---

## Chapter 9

1 အိုထာဝရဘုရား၊ အကျွန်ုပ်သည် စိတ်နှလုံး အကြွင်းမဲ့ကိုယ်တော်ကို ချီးမွမ်းပါမည်။ အံ့ဘွယ်သော အမှုတော်ရှိသမျှတို့ကို
ပြည့္စုံပါမည်။ 2 ကိုယ်တော်ကို အမှီပြု၍ ဝမ်းသာရွှင်လန်းပါ မည်။ နာမတော်ကို ထာမနာသီချင်းဆိုပါမည်။ အမြင့်ဆုံး သောဘုရား။ 3
အကြောင်းမူကား၊ အကျွန်ုပ်၏ရန်သူတို့သည် ပြန်ဆုတ်၍ လဲကြပါ၏။ ရှေ့တော်၌ ပျက်စီးကြပါ၏။ 4 ကိုယ်တော်သည်
အကျွန်ုပ်ဘက်မှာ တရား ဆုံးဖြတ်တော်မူပြီ။ ပလ္လင်တော်ပေါ်မှာ ထိုင်၍ဖြောင့်မတ် စွာ စီရင်တော်မူပြီ။ 5 တပါးအမျိုးသားတို့ကို
ဆုံးမတော်မူပြီ။ ဆိုးသော သူတို့ကို ဖျက်ဆီး၍ သူတို့ နာမကိုကာလအစဉ်အဆက် ချေဖျောက်တော်မူပြီ။ 6 ရန်သူတို့သည်
အကုန်အစင်ပျက်စီးခြင်းသို့ ရောက်ကြပါပြီ။ မြို့တို့ကို ဖြိုဖျက်တော်မူ၍၊ သူတို့အမှတ် မျှမရှိပျောက်ပါပြီ။ 7 ထာဝရဘုရားမူကား၊
ကာလအစဉ်အဆက် တည်တော်မူ၏။ တရားပလ္လင်တော်ကို ပြင်ဆင်၍၊ 8 မြေကြီးသားတို့ကို တရားသဖြင့် စီရင်တော်မူ ၏။
လူမျိုးတို့အား ဖြောင့်မတ်စွာသော စီရင်ခြင်းကို ပြုတော်မူ၏။ 9 ထာဝရဘုရားသည် ညှဉ်းဆဲခြင်းကိုခံရသော သူတို့၏ခိုလှုံရာ၊
ဘေးအန္တရာယ်ရောက်သည် ကာလ ခိုလှုံရာဖြစ်တော်မူ၏။ 10 နာမတော်ကို သိသောသူတို့သည် ကိုယ်တော်ကို ယုံကြည်ကြပါလိမ့်မည်။
အကြောင်းမူကား၊ အိုထာဝရ ဘုရား၊ ကိုယ်တော်ကိုရှာသော သူတို့ကိုစွန့်ပစ်တော်မမူ တတ်ပါ။ 11 ဇိအုန်မြို့မှာ ကျိန်းဝပ်တော်မူသော
ထာဝရ ဘုရားကို ထောမနာသီချင်းဆိုကြလော့။ အမှုတော်များကို လူမျိုးတို့အား ဟောပြောကြလော့။ 12 လူအသက်သတ်ခြင်းအမှုကို
စစ်တော်မူ၍၊ အသေခံရသောသူတို့ကို အောက်မေ့တော်မူ၏။ နှိမ့်ချ လျက်ရှိသော သူတို့၏အော်ဟစ်ခြင်း အသံကိုမေ့လျော့
တော်မမူတတ်ပါ။ 13 အိုထာဝရဘုရား၊ အကျွန်ုပ်ကို ကယ်မသနား တော်မူပါ။ အကျွန်ုပ်ကို မုန်းသောသူတို့၏ ညှဉ်းဆဲခြင်း
အမှုကိုကြည့်ရှု၍၊ သေမင်းလက်မှ အကျွန်ုပ်ကို ကယ်နှုတ် တော်မူပါ။ 14 သို့ဖြစ်၍ ဂုဏ်ကျေးဇူးတော်အပေါင်းကို ဇိအုန် မြို့တံခါးဝမှာ
အကျွန်ုပ်ပြည့္စုံပါမည်။ ကယ်တင်တော် မူခြင်းကျေးဇူးကို အမှီပြု၍ ဝမ်းမြောက်ပါမည်။ 15 တပါးအမျိုးသားတို့သည် ကိုယ်တူးသော
တွင်းထဲသို့ ကိုယ်ကျကြ၏။ ကိုယ်ဝှက်ထားသော ကျော့ ကွင်းထဲမှာ ကိုယ်ခြေတို့သည် ကျော့မိကြ၏။ 16 ထာဝရဘုရားသည်
တရားစီရင် ဆုံးဖြတ်တော်မူ ခြင်းအားဖြင့် ထင်ရှားတော်မူ၏။ မတရားသောသူသည် မိမိလုပ်သော အလုပ်ထဲမှာ
ကျော့မိခြင်းကိုခံရ၏။ 17 မတရားသောသူတို့နှင့် ဘုရားသခင်ကို မေ့ လျော့သော အမျိုးသားအပေါင်းတို့သည် မရဏာနိုင်ငံသို့
နှင်ခြင်းကို ခံရကြလိမ့်မည်။ 18 ငတ်မွတ်သော သူတို့ကို အစဉ်မေ့လျော့တော် မမူ။ ဆင်းရဲသော သူတို့သည် မြော်လင့်၍ မရဘဲ အစဉ်
မနေရကြ။ 19 အိုထာဝရဘုရား၊ ထတော်မူပါ။ လူမနိုင်ပါစေ နှင့်။ တပါးအမျိုးသားတို့သည် ရှေ့တော်၌ စစ်ကြောစီရင် ခြင်းကို
ခံရကြပါစေသော။ 20 အိုထာဝရဘုရား၊ သူတို့ကို ချောက်လှန့်တော် မူပါ။ သို့ဖြစ်၍ မိမိတို့သည် လူသက်သက်ဖြစ်သည်ကို
လူမျိုးတို့သည် သိကြပါလိမ့်မည်။

---

---

Psalms 001

ယေဘုယျအချက်အလက်
"အနှိုင်းကဗျာ" သည် ဟေဗြဲကဗျာတွင် အများဆုံး
ဖွဲ့ဆိုသီကုံးလေ့ရှိသော ကဗျာအမျိုးအစားဖြစ်သည်။

ဂီတမှူး
ဤဆာလံသည် ဝတ်ပြုကိုးကွယ်ခြင်း၌ ဂီတမှူး
အသုံးပြုရန်အတွက်ဖြစ်သည်။

မုလာဗန်
သီချင်းအမျိုးအစား နာမည်ဖြစ်သည်။

ဒါဝိဒ်၏ ဆာလံ
ဖြစ်နိုင်ခြေရှိသောအဓိပ္ပာယ်များမှာ ၁) ဒါဝိဒ်စပ်ဆိုခဲ့သောဆာလံ၊
၂) ဒါဝိဒ်အကြောင်းစပ်ဆိုထားသောဆာလံ၊ ၃)
ဒါဝိဒ်၏ဆာလံများနှင့်အမျိုးအစားတူသောဆာလံ

အကျွန်ုပ်သည် စိတ်နှလုံး အကြွင်းမဲ့ကိုယ်တော်ကို ချီးမွမ်းပါမည်။
ထာဝရဘုရားထံ သီချင်းဆိုခြင်းဖြစ်သည်။ ထာဝရဘုရားကို
"သင့်ထံ" ဟုပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊
"ထာဝရဘုရား သင့်ထံသို့ငါ့စိတ်နှလုံးအားလုံး ဖြင့်
ချီးမွမ်းသီချင်းဆိုပါမည်"

အံ့ဘွယ်သော အမှုတော်ရှိသမျှတို့ကို
"အမှုတော်" ဟူသော နာမ်ပုဒ် အစား "ပြုတော်မူသည်" ဟူသော
ကြိယာပုဒ်ကို အထားထိုးနိုင်သည်။ အခြားဘာသာပြန်ဆိုချက်
"အံ့သြဖွယ် ပြုတော်မူသမျှတို့ကို"

နာမတော်ကို ထောမနာသီချင်းဆိုပါမည်
ဘုရားသခင်၏ နာမတော်သည် ဘုရားသခင်ကိုယ်တော်တိုင်ကို
ရည်ညွှန်းခြင်းဖြစ်သည်။ "ကိုယ်တော်အား ထောမနာသီချင်း
ဆိုပါမည်"

Psalms 003

ပြန်ဆုတ်၍
"ကြောက်ကြောက်ရွံ့ရွံ့နှင့် ထွက်ပြေး၍"

ပလ္လင်တော်ပေါ်မှာ ထိုင်၍ဖြောင့်မတ် စွာ စီရင်တော်မူပြီ
ရှင်ဘုရင်သည် လူထုကို တရားစီရင်ပိုင်ခွင့်ရှိသကဲ့သို့
တရားစီရင်သောအခါ၌လည်း ပလ္လင်တော်ပေါ်၌


generated on Tue Jul 2 12:50:28 2024

ထိုင်စီရင်လေ့ရှိသည်။ ဤနေရာ၌ ဒါဝိဒ်သည် ဘုရားသခင်အား လောကရှင်ဘုရင်သဖွယ် ဖော်ပြထားသည်။ အခြားဘာသာပြန်ဆိုချက် "ကိုယ်တော်သည် ရှင်ဘုရင်ကဲ့သို့ ပလ္လင်ပေါ်မှာထိုင်၍ တရားစီရင်တော်မူ၏။ တရားစီရင်ချက်လည်း ဖြောင့်မတ်မှန်ကန်ပါ၏"

Psalms 005

နာမကိုကာလအစဉ်အဆက် ချေဖျောက်တော်မူပြီ
နာမည်ကို ချေဖျောက်ခြင်းသည် မေ့ပျောက်ခြင်းကို ဆိုလို သည်။ အခြားဘာသာပြန်ဆိုချက် "နာမည်စာရင်းမှ နာမည်များကို ချေဖျက်သကဲ့သို့ သူတို့ကို မေ့ပျောက်တော်မူပြီ"

သူတို့အမှတ် မျှမရှိပျောက်ပါပြီ
"အမှတ်" ကို နာမ်ဖြင့်မဟုတ်ဘဲ "အမှတ်ရသည်" ဟု ကြိယာဖြင့်လည်း ရေးသားဖော်ပြနိုင်သည်။ အခြားဘာသာပြန်ဆိုချက် "အဘယ်သူမျှ သူတို့ကို အမှတ်ရလိမ့်မည်မဟုတ်"

Psalms 007

ထာဝရဘုရားမူကား၊ ကာလအစဉ်အဆက် တည်တော်မူ၏။
"တည်ရှိသည်" သည် နန်းတော်၌ရှင်ဘုရင်အဖြစ်ထိုင်ခြင်းကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည်သူ့နန်းတော်၌ ထာဝရထိုင်တော်မူသည်"

တရားပလ္လင်တော်ကို ပြင်ဆင်၍
ဘုရားသခင်၏ တရားပလ္လင်သည် ဘုရားသခင်၏ အုပ်စိုးခြင်းကို ဆိုလိုသည်။ ဖြစ်နိုင်ချေရှိသော အဓိပ္ပာယ်များမှာ ၁) "လူတွေကို တရားစီရင်ဖို့ သူအုပ်စိုးနေသည်"

မြေကြီးသားတို့ကို တရားသဖြင့် စီရင်တော်မူ ၏။ လူမျိုးတို့အား ဖြောင့်မတ်စွာသော စီရင်ခြင်းကို ပြုတော်မူ၏
အဓိပ္ပာယ်တူသော ဝါကျနှစ်ကြောင်းကို အသုံးပြုထားခြင်းဖြစ်သည်။

မြေကြီးသားတို့ကို တရားသဖြင့် စီရင်တော်မူ၏
အခြားဘာသာပြန်ဆိုချက် "မြေကြီးသားတို့ကို တရားမျှတစွာ စီရင်တော်မူ၏"

Psalms 009

ထာဝရဘုရားသည် ညှဉ်းဆဲခြင်းကိုခံရသော သူတို့၏ခိုလှုံရာ
သွားပြီးခိုလှုံ၍ ရသော နေရာတစ်နေရာ အနေဖြင့် ထာဝရဘုရားကိုဖော်ပြထားသည်။ အခြားဘာသာပြန်ဆိုချက် "ထာဝရဘုရားသည် ညှဉ်းဆဲခံရသောသူတို့ကို ကာကွယ်စောင့်ရှောက်လိမ့်မည်"

ခိုလှုံရာ
"နားခိုရာ" (သို့) "အရိပ်မြို"

နာမတော်ကို သိသောသူတို့သည်
"နာမတော်" သည် ဘုရားသခင်ကို ကိုယ်စားပြုသည်။ အခြားဘာသာပြန်ဆိုချက် "ကိုယ်တော့်ကိုသိသောသူ"

စွန့်ပစ်တော်မမူ
"ကျောခိုင်းတော်မမူ" (သို့) "ပစ်ထားတော်မမူ"

Psalms 011

ဇိအုန်မြို့မှာ ကျိန်းဝပ်တော်မူသော
"ယေရုရှလင်မြို့တွင် ရှိတော်မူသော"

လူမျိုးတို့အား ဟောပြောကြလော့။
"လူမျိုး" သည် လူသားအားလုံးကို ကိုယ်စားပြုသည်။

လူအသက်သတ်ခြင်းအမှုကို စစ်တော်မူ၍၊ အသေခံရသောသူတို့ကို အောက်မေ့တော်မူ၏
အခြားဘာသာပြန်ဆိုချက် "ကလဲ့စားချေတော်မူသောဘုရားသခင်သည် အသေသတ်ခြင်းခံရသောသူတို့ကို အောက်မေ့တော်မူ၏"

သူတို့၏အော်ဟစ်ခြင်း အသံကိုမေ့လျော့ တော်မမူတတ်ပါ
"သူတို့၏ အော်ဟစ်ငိုယိုခြင်းအသံကို လျစ်လျူရှုမထားပါ"

Psalms 013

အကျွန်ုပ်ကို မုန်းသောသူတို့၏ ညှဉ်းဆဲခြင်း အမှုကိုကြည့်ရှု၍
အခြားဘာသာပြန်ဆိုချက် " အကျွန်ုပ်ကိုမုန်းသောသူတို့သည် အကျွန်ုပ်ကို အဘယ်ကဲ့သို့ နှိပ်စက်ကြောင်း ကြည့်တော်မူပါ

သေမင်းလက်မှ အကျွန်ုပ်ကို ကယ်နှုတ် တော်မူပါ
သေခြင်းတရားကို လက်ရှိသော လူပုဂ္ဂိုလ်တစ်ဦး နှင့် ခိုင်းနှိုင်းဖော်ပြထားသည်။ အကယ်၍ တစုံတယောက်ထံ သေမင်းလက်ရောက်လာပြီဆိုလျှင် ထိုသူသည် မကြာမီသေရတော့မည်ဟု အဓိပ္ပာယ်ရသည်။ သို့ပေမဲ့ ထိုသူသည် အသက်မသေဘဲ အသက်ဆက်ရှင်ခဲ့သည်ရှိသော် သေမင်းလက်မှ လွတ်မြောက်လာသည်ဟု ပြောစမှတ်ပြု ကြသည်။ အခြားဘာသာပြန်ဆိုချက် "သေးခြင်းတရားမှ အကျွန်ုပ်အား ကယ်နှုတ်တော်မူပါ"

Psalms 015

တပါးအမျိုးသားတို့သည် ကိုယ်တူးသော တွင်းထဲသို့ ကိုယ်ကျကြ၏
လူတို့သည် တွင်းတူးခြင်းဖြင့် တရိစ္ဆာန်များကို ဖမ်းတတ်၏။ ဤနေရာ၌ တွင်းတူးခြင်းသည် သူများ မကောင်းကြံစည်ခြင်းကို ရည်ညွှန်းခြင်းဖြစ်သည်။ အခြားဘာသာပြန်ဆိုချက် "တပါးအမျိုးသားတို့သည် သူတပါးကျစေဖို့တွင်းတူးပြီးမှ ထိုတွင်းထဲသို့ မိမိတို့ကိုယ်တိုင်ပြန်ကြသောသူတို့နှင့် တူကြ၏"

ကိုယ်ဝှက်ထားသော ကျော့ ကွင်းထဲမှာ ကိုယ်ခြေတို့သည် ကျော့မိကြ၏
လူတို့သည် တရိစ္ဆာန်များကို ထောက်ချောက်ထောင်ဖမ်းလေ့ရှိကြ၏။ ဤနေရာ၌ ကျော့ကွင်း


generated on Tue Jul 2 12:50:28 2024

ကျော့မိကြ၏

"ဖမ်းမိကြ၏"။ ဤနေရာ၌ ကျော့မိခြင်းသည် ပျက်စီးခြင်းကို ရည်ညွှန်းခြင်းဖြစ်သည်။

Psalms 017

ငတ်မွတ်သော သူတို့ကို အစဉ်မေ့လျော့တော် မမူ။

ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငတ်မွတ်သောသူတို့ကို ဘုရားသခင်အစဉ်အမြဲ မမေ့ပါ"

Psalms 019

ထတော်မူပါ

"ထခြင်း" သည် တစုံတရာ စတင်လုပ်ဆောင်ခြင်းကို ဆိုလိုသည်။ အခြားဘာသာပြန်ဆိုချက် "တစုံတခုပြုတော်မူပါ"

လူ

"လူများ"

စစ်ကြောစီရင် ခြင်း

စစ်ကြောစီရင်ခြင်းသည် အပြစ်ပေးခြင်းကို ဆိုလိုသည်။ အခြားဘာသာပြန်ဆိုချက် "အပြစ်ပေးခြင်း"

တပါးအမျိုးသားတို့သည် ရှေ့တော်၌ စစ်ကြောစီရင်ခြင်းကို ခံရကြပါစေသော

ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားဘာသာပြန်ဆိုချက် "တပါးအမျိုးသားတို့ကို ရှေ့တော်၌ တရားစီရင်တော်မူပါ"

---

## Translation Questions

Psalms 9:1

ဒါဝိဒ်သည် ဘုရားသခင်အား မည်သို့ ကျေးဇူးတော်ချီးမွမ်းလိမ့်မည်နည်း။ အဘယ်အရာကို ပြောလိမ့်မည်နည်း။

ဒါဝိဒ်သည် ထာဝရဘုရားအား နှလုံးသား အကြွင်းမဲ့ချီးမွမ်း၍ အံ့ဖွယ်သော အမှုတို့ကို ပြည့်ွှန်ပါလိမ့်မည်။

Psalms 9:3

ဒါဝိဒ်၏ ရန်သူတို့ ပြန်ဆုတ်သောအခါ မည်သို့ ဖြစ်ပျက်လိမ့်မည်နည်း။

သူတို့သည် ထာဝရဘုရား၏ ရှေ့တော်၌ လဲကြ၍ ပျက်စီးကြ၏။

ဖြောင့်မတ်သောတရားသူကြီးသည် ဒါဝိဒ်အတွက်ဘယ်အမှုကို ပြုခဲ့သနည်း။

ပလ္လင်တော်ပေါ်မှာ ထိုင်၍ ဒါဝိဒ်ဘက်မှာ ဖြောင့်မတ်စွာစီရင်တော်မူပြီ။

Psalms 9:5

ဖြောင့်မတ်သောတရားသူကြီးသည် တပါးအမျိုးသားတို့နှင့် ဆိုးသောသူတို့ကို မည်သို့ စီရင်တော်မူသနည်း။

ကိုယ်တော်၏ စစ်ကြွေးကြော်သံနှင့် တပါးအမျိုးသားတို့ကို ကြောက်ရွံ့စေ၍ ဆိုးသော သူတို့ကို ဖျက်ဆီးပြီးလျှင် သူတို့၏ အမှတ်ရှိသမျှကို ပျောက်ကွယ်စေသည်။

ဖြောင့်မတ်သောတရားသူကြီးသည် ရန်သူတို့၏ မြို့တို့ကို ဖြိုဖျက်သောအခါ မည်သို့ ဖြစ်လိမ့်မည်နည်း။

ရန်သူတို့သည် အကုန်အစင် ပျက်စီးခြင်းရောက်၍ အမှတ်ပြန်ရဖွယ်တို့သည် ပျက်စီးကြလိမ့်မည်။

Psalms 9:7

ထာဝရကာလတိုင် တည်တော်မူ၍ တရားပလ္လင်ကို ပြင်ဆင်သောသူမှာ အဘယ်သူနည်း။

ထာဝရဘုရားသည် အစဉ်အမြဲတည်ရှိ၍ တရားပလ္လင်ကိုတည်ဆောက်သည်။

ထာဝရဘုရားသည် မြေကြီးသားတို့နှင့် လူမျိုးတို့အား မည်သို့ စီရင်တော်မူသနည်း။

မြေကြီးသားတို့ကို တရားသဖြင့် စီရင်တော်မူ၍ လူမျိုးတို့အား တရားသော စီရင်ခြင်းကို ပြုတော်မူ၏။

Psalms 9:9

ညှင်းဆဲခြင်းကို ခံရသောသူတို့အဖို့ ထာဝရဘုရားသည် မည်သူဖြစ်သနည်း။

ထာဝရဘုရားသည် ညှင်းဆဲခြင်းကို ခံရသောသူခိုလှုံရာ၊ ဘေးအန္တရာယ်ရောက်သည့် ကာလ ခိုလှုံရာဖြစ်တော်မူသည်။

ကိုယ်တော်ကို ရှာသောသူတို့အား မည်သို့ ပြုတော်မူပါရန် ဒါဝိဒ်တောင်းလျှောက်သနည်း။

ကိုယ်တော်ကို ရှာသောသူတို့အား စွန့်ပစ်တော်မမူရန် တောင်းလျှောက်သည်။

Psalms 9:11

ဇိအုန်မြို့၌ အုပ်ချုပ်နေသောသူတို့သည် ထာဝရဘုရားအား မည်ကဲ့သို့ ပြုမူရန် ဒါဝိဒ်ပြောသနည်း။

ထာဝရဘုရားအဖို့ ထောမနာသီချင်းကို ဆိုကြ၍ ပြုတော်မူသော အမှုတော်တို့အား လူမျိုးတို့ကို ဟောပြောကြရန် ဒါဝိဒ်ပြောသည်။

ဘုရားသခင်သည် အဘယ်အရာကို မေ့လျော့တော်မမူသနည်း။
ဘုရားသခင်သည် ညှင်းဆဲခံရသော သူတို့၏ အော်ဟစ်သံကို မမေ့ပါ။

Psalms 9:13

မိမိအဖို့ အဘယ်သို့ ပြုပေးရန် ထာဝရဘုရားအား ဒါဝိဒ်တောင်းဆိုသနည်း။
မိမိအပေါ် ၌ ကယ်မသနားရန် ဒါဝိဒ်တောင်းလျှောက်သည်။

မည်သူ့အားဖြင့် ဒါဝိဒ်သည် ညှင်းဆဲခြင်းခံရသနည်း။
ဒါဝိဒ်သည် သူ့ကို မုန်းသောသူအားဖြင့် ညှင်းဆဲခြင်းခံရသည်။

ကယ်တင်တော်မူခြင်းကျေးဇူးအတွက် ဒါဝိဒ်သည် အဘယ်နေရာ၌ ဝမ်းမြောက်လိမ့်မည်နည်း။
လှန်ခြင်းကိုခံရ၍
စိတ်ရှုပ်ထွေးစေသည် (သို့) ဇဝေဇဝါဖြစ်စေသည်။

လေတိုက်သောဖွဲ့ကဲ့သို့
စာရေးသူ၏ရန်သူများသည် လေတိုက်လျှင် လွယ်ကူစွာ
လွင့်သွားသောဖွဲ့ကဲ့သို့ တင်စားထားသည်

သူတို့သွားသောလမ်း
သူတို့၏ဘဝအသက်တာများ

မိုက်သောလမ်း၊ ချောသောလမ်း
မမြင်ရသောလမ်းခရီးသည် အန္တရာယ်ရှိကြောင်း
ရည်ညွှန်းထားပါသည်

သူတို့ကိုလိုက်ပါစေသော
စာရေးသူ၏ ရန်သူများကို
ဘုရား၏ကောင်းကင်တမန်များလိုက်၍
တိုက်ခိုက်ကြောင်းရည်ညွှန်းထားသည်

Psalms 007

အကျွန်ုပ်အဘို့ကျော့ကွင်းကို ဝှက်ထားကြပါပြီ
စာရေးသူ၏ ရန်သူများသည် သူ့ကို အန္တရာယ်ပြုရန်
လျှို့ဝှက်ကြံစည်ကြသည်

အကျွန်ုပ်အသက်ကို သတ်စရာဘို့တွင်းကို တူးကြပါပြီ
မတရားသောသူများသည် အကျွန်ုပ်ကို ဖမ်းဆီးဘို့တွင်းကို
တူးကြပြီ

အကျွန်ုပ်အသက်
စာရေးသူကို ရည်ညွှန်းသည်

ထိုသို့သောသူသည် အမှတ်တမဲ့ပျက်စီးခြင်းသို့ ရောက်ပါစေသော
မမျှော်လင့်ဘဲ တိုက်ခိုက်ခံရသော တိရိစ္ဆာန်ကဲ့သို့
တင်စားဖော်ပြထားသည်

မိမိဝှက်ထားသောကျော့ကွင်း
စာရေးသူကို ရန်သူများသည် ကျော့ကွင်းဖြင့်
ထောင်ချောက်ဆင်ဖမ်းကြသည်

မိမိတွင်းထဲသို့မိမိကျပါစေသော

ပျက်စီးခြင်းသို့ရောက်ပါစေသော

Psalms 009

ကယ်တင်တော်မူခြင်း

အကျွန်ုပ်အရိုးရှိသမျှ
အရိုးဟု ဆိုရာတွင် လူပုဂ္ဂိုလ်တစ်ဦး၏ အတွင်းပိုင်းဖြစ်ခြင်း
တစ်ခုလုံးကို ရည်ညွှန်းသည်

အိုထာဝရဘုရား၊ အစိုးတရပြုသောသူ၏ လက်မှဆင်းရဲသားကို နှုတ်တော်မူ၍
.....ကိုယ်တော်နှင့် အဘယ်သူတူပါ သနည်း။
ထာဝရဘုရားနှင့် အဘယ်သူမျှမတူကြောင်းကို မေးဖြေပုံစံဖြင့်
ရေးသားထားသည်

ဆင်းရဲငတ်မွတ်လျက်ခံနေသောသူ
ဆင်းရဲ၍ လိုအပ်နေသော သူဆင်းရဲများသည်
ထာဝရဘုရား၏အကူအညီနှင့် ကယ်နှုတ်မစခြင်းကို


generated on Tue Jul 2 12:50:28 2024

လိုအပ်သောသူများဖြစ်သည်ဟူ၍ ရည်ရွယ်၍
ဖော်ပြထားပါသည်။

Psalms 011

ပေါ်လာ၍
တရားခံသက်သေ အထောက်အထားများပေါ်လာခြင်းဟူ၍
အဓိပ္ပာယ်ရသည်

ငါမသိသောမှု ပြစ်တို့ကို ငါ့အပေါ်မှာတင်ကြ၏
သူတို့ကို ကောင်းသောအရာများပြုလုပ်ခဲ့သော်လည်း ငါ့အပေါ်၌
မကောင်းသော ဒုစရိုက်များကို သူတို့ပြုကြ၏

မကောင်းသောအရာ ..... ကျေးဇူး

မကောင်းသောအရာကို ဆပ်ပေးကြ၏
အလွန်အမင်းဝမ်းနည်းကြေကွဲ၍

Psalms 013

သူတို့၌အနာရောဂါစွဲသောအခါ
မဟုတ်မမှန်သက်သေခံသောသူများကို ရည်ညွှန်းသည် (၃၅:၁၁)

လျှော်တေအဝတ်ကို ဝတ်ဆင်လျက်
ကျွန်ုပ်ဝမ်းနည်းပူဆွေးကြောင်းပြသသည် (UDB)

ကိုယ်ရင်ခွင်ကို မျက်နှာပြုလျက်
ဆုတောင်းခြင်းဖြစ်ကြောင်းပုံဖော်ပြထားသည်
"ဦးခေါင်းညွှတ်ကိုင်း၍ ဆုတောင်းလေ၏"

ငါ၏ညီအစ်ကိုကဲ့သို့သဘောထား၍
စာရေးသူ၏ဝမ်းနည်းပူဆွေးခြင်းသည် ညီအကို သေဆုံးသကဲ့သို့
ပူဆွေးရကြောင်းရေးထားသည်

ကိုယ်အမိကိုအောက်မေ့၍ စိတ်မသာညည်းတွားသောသူကဲ့သို့
စာရေးသူသည် သူ၏မိခင်သေဆုံးသွား၍
ငိုကြွေးဝမ်းနည်းသကဲ့သို့ တင်စားထားသည်

ကိုယ်ရင်ခွင်ကို မျက်နှာပြုလျက်
နာကျင်ခံစား၍ ဝမ်းနည်းကြောင်း လက္ခဏာဖြစ်သည်။

Psalms 015

စည်းဝေးကြ၏
အတူတကွစည်းဝေးကြ၏ (သို့) အတူတကွတက်ရောက်ကြ၏။

ငါ့တဘက်၌
ထိုသူများသည် စာရေးသူကို တိုက်ခိုက်ဆန့်ကျင်ခြင်းငှါ
အတူတကွတက်ရောက်ကြ၏။

ငါ့ကိုဆွဲဖြတ်ကြ၏
စာရေးသူသည် ရန်သူများသူ့ကို တိုက်ခိုက်ခြင်းကို
အကျီဆွဲဖြဲသကဲ့သို့ တင်စားထားသည်

ပွဲ၌ကစားတတ်သောလူဆိုးတို့နှင့်
အချည်းနှီးသောလူများသည် ကျွန်ုပ်ကို ကဲ့ရဲ့ကြ၏ (သို့)
ကျွန်ုပ်ကို မထီမဲ့မြင် လှောင်ပြောင်ကြ၏

ငါ့ကိုအံသွားခဲကြိတ်ကြ၏
မုန်းတီးနာကြည်းခြင်းကို ပုံဆောင်သည်။ အံသွားကြိတ်လျက်
ကျွန်ုပ်ကို မုန်းတီးရန်လိုနေကြပါသည်။

Psalms 017

အဘယ်မျှကာလပတ်လုံးကြည့်ရှု၍ နေတော်မူမည်နည်း
ဘုရားသခင်၏ ကူညီမစခြင်းကို ရယူလိုခြင်းနှင့်
စောင့်ကြည့်နေခြင်းကို အဆုံးသတ်ရန် တောင်းပန်ထားသည်

အကျွန်ုပ်အသက်ကို
စာရေးသူ၏အသက်ကို ရည်ညွှန်းသည်

ခြင်္သေ့တို့မှရင်းကယ်လွှတ်တော်မူပါ

ကျွန်ုပ်အသက်
သူ၏ဘဝကို ရည်ညွှန်းသည်။

ခြင်္သေ့တို့မှ
စာရေးသူသည် ရန်သူများကို ခြင်္သေ့နှင့် ခိုင်းနှိုင်းထားသည်

Psalms 019

မဟုတ်မမှန်ဘဲ အကျွန်ုပ်ကို ရန်ဘက်ပြုသော
အကျွန်ုပ်ကို မုသာဖြင့်ပြောသောရန်သူများကို ခွင့်မပြုပါစေနှင့်။

အကြောင်းမရှိဘဲ အကျွန်ုပ်ကို မုန်းသောသူတို့
သူတို့၏ မကောင်းကြံစည်သောအရာများ။

သူတို့သည် အမှုငြိမ်းစေသောစကားကို မပြောကြပါ

အမှုငြိမ်းစေသော စကားကို မပြောကြပါ
မုသာကို သုံးသောနည်းလမ်းကို လိုက်လျှောက်ကြ၏။

ငြိမ်ဝပ်စွာနေသောပြည်သားတို့
ပြည်၌ငြိမ်ဝပ်စွာနေသောလူများ။

ငြိမ်ဝပ်စွာနေသော

Psalms 021

အကျွန်ုပ်ကိုပစပ်ဟ၍ ........ ကိုယ်မျက်စိနှင့်မြင်ရပြီဟု ဆိုကြပါ၏
ပစပ်ဟ၍ ဆိုသည်မှာ စာရေးသူကို ပြစ်တင်စွပ်စွဲခြင်းဖြစ်သည်
(အခြားသောဘာသာပြန်ဆိုချက်) သူတို့သည် ကျွန်ုပ်ကို
အော်ဟစ်ပြစ်တင်စွပ်စွဲကြသည်။ (ရှု


generated on Tue Jul 2 12:50:28 2024

အေ့ဟေ၊ အေ့ဟေ
အမေဋ္ဌိတ်အော်သံဖြစ်သည်။ အကြောင်းအရာတစ်ခုကို အမှတ်မထင်ရုတ်တရက်မြင်ရခြင်းကြောင့် အံ့သြပြီး ရေရွတ်သံထွက်ပေါ်လာခြင်းကို ဖော်ပြထားသည်။

ကိုယ်မျက်စိနှင့် မြင်ရပြီဟု ဆိုကြပါ၏
ရန်သူများ၏ မျက်လုံးကို ရည်ညွှန်းသည် စာရေးသူကိုမှားယွင်းသောအရာပြုလုပ်၍ မြင်ရကြောင်း ပြောဆိုထားသည်

ကိုယ်တော်သည် သိမြင်တော်မူ၏
ရန်သူများမတရားပြစ်တင်စွပ်စွဲခြင်းကို ရည်ညွှန်းသည်

တိတ်ဆိတ်စွာနေတော်မမူပါနှင့်
သူတို့ပြုလုပ်သည့်အရာကို မသိကျိုးကျွန်မပြုပါနှင့်

ကျွန်ုပ်နှင့် ဝေးဝေးနေတော်မမူပါနှင့်

ကိုယ်ကို နှိုးဆော်၍ ထတော်မူပါ
ဘုရားသခင်သည် အိပ်ပျော်နေ၏ဟူ၍ ပြောဆိုနေသော အဓိပ္ပာယ်မဟုတ်ပါ စာရေးသူသည် ဘုရားသခင်ကို ကြားဝင်စေလိုသော ရည်ရွယ်ချက်ဖြင့် အရေးတကြီး တောင်းလျှောက်ထားခြင်းဖြစ်သည်။

စီရင်တော်မူမည်အကြောင်း ..... ထတော်မူပါ

အကျွန်ုပ်၌ရောက်သောအမှု
စာရေးသူကို ရည်ညွှန်းသည်။

Psalms 024

သူတို့သည် အကျွန်ုပ်ကို နိုင်၍ ဝမ်းမမြောက်ကြပါစေနှင့်
သူတို့ကို ဝမ်းမမြောက်ကြပါစေနှင့် အကျွန်ုပ်သည် ဝမ်းနည်းပူဆွေးနေပါ၏။

ငါတို့အလိုပြည့်စုံပြီဟု မအောက်မေ့ကြပါစေနှင့်

အဲ
အံ့သြခြင်းကြောင့်ထွက်ပေါ်လာသောအသံဖြစ်ပါသည်

ငါတို့အလိုပြည့်စုံပြီ
ရန်သူများသည် စာရေးသူမှာအပြစ်ရှိကြောင်းကို ဖော်ပြစေချင်သည်

ငါတို့သည်သူ့ကိုမျိုပြီ
ရန်သူများသည် ရိုင်းစိုင်းသောတိရိစ္ဆာန်များကဲ့သို့ စာရေးသူကို ဝါးမျိုပြီဟူ၍ ပြောဆိုထားပါသည်

အရှက်ကွဲ၍
အရှက်ရခြင်း (သို့) သိက္ခာမဲ့ခြင်း

အကျွန်ုပ်၌ဘေးရောက် .... မျက်နှာပျက်ကြပါစေသော
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်) အကျွန်ုပ်ကို မခံချင်အောင် ပြောသောသူများသည် မျက်နှာပျက်၍ အရှက်ရကြပါစေသော။

အသရေပျက်ခြင်း
သူတပါးစိတ်ဆိုးအောင် ထိကပါးရိကပါးပြောသည်

အသရေပျက်ခြင်းနှင့် ရှက်ကြောက်ခြင်းသက်ရောက်ပါစေသော
ရှက်ကြောက်ခြင်းဝတ်ရုံကို ဝတ်ဆင်ခြင်းဟူ၍ တင်စားထားသည်

Psalms 027

အကျွန်ုပ်၏ဟုတ်မှန်ခြင်းဘက်၌ နေသောသူ
ထာဝရဘုရားသည် ဆာလံဆရာ၏ အပြစ်မရှိသောအမှုကို သက်သေထူပေးသော ဘုရားဖြစ်သည်။

အစဉ်မပြတ်မြွတ်ဆိုကြပါစေသော
အစဉ်အမြဲ ပြောဆိုကြပါစေသော

ကိုယ်တော်ကိုချီးမွမ်းပါမည်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်) ထာဝရဘုရားကို ချီးမွမ်းကြစို့။

နှစ်သက်တော်မူသော
ဝမ်းသာအားရတော်မူသော (သို့) ဝမ်းမြောက်တော်မူသော။

ချမ်းသာတိုးပွားခြင်း
သုခချမ်းသာ၊ ဝမ်းမြောက်ရွှင်လန်း

ကိုယ်တော်၏ ဖြောင့်မတ်တော်မူခြင်း


generated on Tue Jul 2 12:50:28 2024

## Chapter 36

1 ဘုရားသခင်ကို ကြောက်ရွံ့ရသောအကြောင်း သည် မတရားသောသူ၏ မျက်စိ၌မထင်ဟု၊ ထိုသူပြု တတ်သော ဒုစရိုက်ကို
ငါထောက်၍ သဘောကျ၏။ 2 သူ၏အပြစ်ကို တွေ့တော်မမူ၊ ရွံရှာတော်မမူဟု ကိုယ်မျက်စိရှေ့၌ ကိုယ်ကောင်းသော အယောင်ကို
ဆောင်တတ်၏။ 3 သူပြောသောစကားသည် အဓမ္မစကား၊ လှည့် စားသောစကားဖြစ်၏။ ကောင်းသောအကျင့်ကို ကျင့်စေ
တတ်သောပညာကို စွန့်လေပြီ။ 4 အိပ်ရာပေါ်မှာ မကောင်းသောအမှုကို ကြံစည် တတ်၏။ မကောင်းသော လမ်းသို့အမြဲလိုက်၍၊
ဆိုးယုတ် သောအကျင့်ကို ရွံရှာခြင်းမရှိ။ 5 အိုထာဝရဘုရား၊ ကရုဏာတော်သည် ကောင်း ကင်သို့ရောက်၍၊ သစ္စာတော်သည်
မိုဃ်းတိမ်သို့ရောက်၍ မှီပါ၏။ 6 ဖြောင့်မတ်တော်မူခြင်းတရားသည် ကြီးမားစွာ သောတောင်ရိုးနှင့် တူပါ၏။ တရားစီရင်တော်မူချက်
တို့သည် အလွန်နက်နဲရာ ဖြစ်ကြပါ၏။ အိုထာဝရာဘုရား၊ ကိုယ်တော်သည် လူမျိုးနှင့် တိရစ္ဆာန်မျိုးကို စောင့်မတော် မူ၏။ 7
အိုဘုရားသခင်၊ ကရုဏာတော်သည် အလွန် မြတ်နိုးဘွယ်ဖြစ်ပါ၏။ ထိုကြောင့် လူသားတို့သည် အတောင်တော်အရိပ်ကို
ခိုလှုံလျက်နေရကြပါ၏။ 8 အိမ်တော်၏ကြွယ်ဝခြင်းနှင့် ရောင့်ရဲလျက် နေ၍၊ ကိုယ်တော်၏ချမ်းသာမြစ်ရေကို သောက်စေခြင်း ငှါ
အခွင့်ပေးတော်မူ၏။ 9 အကြောင်းမူကား၊ ကိုယ်တော်ထံမှာ အသက် စမ်းရေတွင်းရှိပါ၏။ အလင်းတော်ထဲမှာ အကျွန်ုပ်တို့ သည်
အလင်းကို ရကြပါ၏။ 10 ကိုယ်တော်ကို သိသောသူတို့အား၊ ကရုဏာ တော်ကိုရောက်၍၊ သဘောဖြောင့်သောသူတို့အား ဖြောင့်မတ်
တော်မူခြင်း တရားကိုရောက်၍ တည်မြဲတည်စေတော်မူပါ။ 11 မာန၏ခြေသည် အကျွန်ုပ်ကို မနင်းပါစေနှင့်။ မတရားသောသူတို့သည်
အကျွန်ုပ်ကို နေရာမရွေ့ကြပါ စေနှင့်။ 12 ဒုစရိုက်ကို ပြုသောသူတို့သည် ထိုအရပ်၌ပင် လဲလျက်နေရကြပါ၏။ လှဲခြင်းကို
ခံရသောကြောင့်၊ တဖန်ထခြင်းငှါ မတတ်နိုင်ကြပါ။

---

---

Psalms 001

ယေဘုယျအချက်အလက်
"အနှိုင်းကဗျာ" သည် ဟေဗြဲကဗျာတွင် အများဆုံး
ဖွဲ့ဆိုသီကုံးလေ့ရှိသော ကဗျာအမျိုးအစားဖြစ်သည်။

အပြစ်သည် နတ်ကောင်းကဲ့သို့ အယောင်ဆောင်ကာပြောဆိုတတ်သည်။
ပြစ်သည် မှားယွင်းသော ပရောဖက်၊ အကြားအမြင်ရသော
သူကဲ့သို့ ဖော်ပြထားသည်။ (အခြားသောဘာသာပြန်ဆိုချက်)
"အပြစ်သည်မှားယွင်းစွာ ဟောပြောတတ်သော မိစ္ဆာပရောဖက်
ကဲ့သို့ဖြစ်သည်။"

မတရားသောသူ၏ ပြုတတ်သောဒုစရိုက်
စိတ်နှလုံးသည် လူပိုဂ္ဂိုလ်၏ အတွင်းဖြစ်ခြင်းကို ရည်ညွှန်းသည်။
(အခြားသောဘာသာပြန်ဆိုချက်)
"မတရားသောသူ၏အတွင်းဖြစ်ခြင်း"

မတရားသောသူ
မတရားသောလူ အများစုကို ရည်ညွှန်းသည်။

သူ၏မျက်စိ၌
မတရား? မိုက်မဲသောသူများ၏မျက်လုံးကိုရည်ညွှန်းသည်။
(အခြားသောဘာသာပြန်ဆိုချက်) "သူထဲ၌"

သူ၏အပြစ်ကိုတွေ့တော်မမူ
သူကိုယ်တိုင်ယုံကြည်သည်(သို့) "စဉ်းစားလိုသည်"

သူ၏အပြစ်ကိုတွေ့တော်မမူ၊ ရွံ့ရှာတော်မမူ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်)"ဘုရားသခင်သည်
သူ၏အပြစ်များကို ရှာဖွေတွေ့ရှိတော်မမူ၍ မုန်းတော်မမူ"

Psalms 003

သူပြောသောစကားသည်

ကောင်းသောအကျင့်
(အခြားသောဘာသာပြန်ဆိုချက်) "ကောင်းသောအရာများကို
လုပ်ဆောင်ခြင်း"

မကောင်းသောအမှုကို ကြံစည် တတ်၏
မကောင်းသောအပြစ်ဒုစရိုက်ပြုလုပ်ရန်
လျှောက်လှမ်းသောလမ်း။ (အခြားသောဘာသာပြန်ဆိုချက်)
"ဆိုးယုတ်သောအရာများကို ပြုလုပ်ဖို့ရန် အစပြုသည်"

ဆိုးယုတ်သော အကျင့်ကိုရွံ့ရှာခြင်းမရှိ
(အခြားသောဘာသာပြန်ဆိုချက်)"မကောင်းသော
ဒုစရိုက်မပြုလုပ်ရန် ငြင်းပယ်ခြင်းမရှိပေ"

Psalms 005

ကောင်း ကင်သို့ရောက်၍---မှီပါ၏
ကြီးမြတ်လှသော ဘုရားသခင်၏ကတိတော်။
သစ္စာတော်မြတ်သည် မိုးကောင်းကင်သမျှ
မြင့်မြတ်လှကြောင်းပြောဆိုထားသည်။


generated on Tue Jul 2 12:50:28 2024

မိုယ်းတိမ်သို့ရှင်း မိုပါ၏။
ကြီးမားလှသော ဘုရားသခင်၏ တော်ဝင်သစ္စာတော်
သည်အလွန်မြင့်မားကြောင်း ပြောဆိုထားသည်။
(အခြားသောဘာသာပြန်ဆိုချက်)"မိုးတိမ်သမျှမြင့်မားလှသည်(သို့
တိုင်းတာ၍ မမှီနိုင်သောကြီးမြတ်မှု"

ဖြောင့်မတ်တော်မူခြင်းတရားသည် ကြီးမားစွာ သောတောင်ရိုးနှင့် တူပါ၏။
တရားစီရင်တော်မူချက်တို့သည် အလွန်နက်နဲရာ ဖြစ်ကြပါ၏
ဤစာပိုဒ်သည် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းနှင့်
တရားစီရင်ခြင်းသည် အလွန်မြင့်မားနက်နဲလှကြောင်း
ဖော်ပြထားသည်။
(အခြားသောဘာသာပြန်ဆိုချက်)"တောင်တန်းများကဲ့သို့
မြင့်မားပြီး သမုဒယကဲ့သို့ နက်နဲသော

စောင်မတော်မူ၏
"ကိုယ်တော်၏ ကူညီမစခြင်း" (သို့) "ကယ်နှုတ်တော်မူခြင်း"

Psalms 007

ကရုဏာတော်သည် အလွန် မြတ်နိုးဘွယ်ဖြစ်ပါ၏။
ဘုရားသခင်၏ သစ္စာတော်မြတ်သည် အဖိုးတန်သောရတနာကဲ့သို့
မြတ်နိုးဖွယ်ဖြစ်ကြောင်းပြောဆိုထားသည်။

လူသားတို့သည် ခိုလှုံလျက်နေရကြပါ၏။
လူများသည်အကွယ်အကာကို ရှာဖွေလျက်ရှိ၏။

လူသားတို့သည် အတောင်တော်အရိပ်ကို ခိုလှုံလျက်နေရကြပါ၏။
ဘုရားသခင်၏ အကွယ်အကာကို ပုံဆောင်ထားသည်။
(အခြားသောဘာသာပြန်ဆိုချက်)"ငှက်ကလေးများသည်
မိခင်ငှက်မကြီး၏အတောင်တော်အောက်၌ လုံခြုံခိုလှုံ သကဲ့သို့
လူသားသည်လုံခြုံကွယ်ကာမှုရှိသော ဘုရား၏အရိပ်အောက်၌
ခိုလှုံကြသည်။ "

ကြွယ်ဝခြင်းနှင့် ရောင့်ရဲလျက် နေ၍၊
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်ပါသည်။
အခြားသောဘာသာပြန်ဆိုချက်) ကိုယ်တော်သည် ထိုသူများကို
ကြွယ်ဝသော ရောင့်ရဲခြင်းကို ပေးတော်မူသည်။

အိမ်တော်၏ကြွယ်ဝခြင်း
ကိုယ်တော်၏အိမ်တော်၌ရှိသောကြွယ်ဝပြည့်စုံခြင်း
အစားအသောက်ဟူ၍ တင်စားဖော်ပြထားသည်။
(အခြားသောဘာသာပြန်ဆိုချက်) "ကိုယ်တော့်အိမ်တော်၌
သူတို့သည် ကြွယ်ဝသောအစာများစားရလိမ့်မည်"(သို့)
"ကြွယ်ဝသောကောင်းကြီးမင်္ဂလာ"

ကိုယ်တော်၏ချမ်းသာမြစ်ရေကို သောက်စေခြင်း ငှါအခွင့်ပေးတော်မူ၏။
ဘုရားသခင်၏ ကောင်းကြီးမင်္ဂလာကို အစဉ်မပြတ်စီးဆင်းသော
စမ်းရေတွင်းနှင့် မြစ်ရေကဲ့သို့ တင်စားဖော်ပြထားသည်။
ထိုကောင်းကြီးကို ရေကဲ့သို့ သောက်နိုင်ကြောင်း
ရေးသားထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊

"ကိုယ်တော်၏ အဖိုးထိုက်တန်သော ကောင်းကြီးမင်္ဂလာသည်
မြစ်ရေကဲ့သို့ စီးဆင်း၍ ကျွန်ုပ်တို့သောက်ဖို့ရန် ပေးတော်မူသည်။

စမ်းရေတွင်း
အသက်၏အရင်းအမြစ်

အလင်းတော်ထဲမှာ အကျွန်ုပ်တို့ သည် အလင်းကိုရကြပါ၏။
"အလင်း"ဟုဆိုရာတွင် စစ်မှန်သော
အသိပညာကိုဖော်ကျူးခြင်းဖြစ်သည်။
(အခြားသောဘာသာပြန်ဆိုချက်)"ကိုယ်တော် အကျွန်ုပ်တို့ကို
ညဏ်ပညာအလင်းဖွင့်ပြတော်မူလျှင်စစ်မှန်ခြင်းကို
မြင်ရမည်"(သို့) " ကိုယ်တော်အလင်းသည်
စစ်မှန်ခြင်းအကြောင်းကိုသိမြင်စေသည်"။

Psalms 010

တရားတော်ကိုရှင်း တည်မြဲစေတော်မူပါ
"ကိုယ်တော်၏ ကရုဏာတော်သစ္စာအစဉ်အမြဲတည်စေတော်မူပါ"

သဘောဖြောင့်သောသူတို့အား ဖြောင့်မတ် တော်မူခြင်း တရားကိုရှင်း
တည်မြဲတည်စေတော်မူပါ။
ကွယ်ကာမစတော်မူပါဟူ၍ဖော်ပြထားသည်။

သဘောဖြောင့်သောသူတို့
(အခြားသောဘာသာပြန်ဆိုချက်)"မှန်ကန်စိတ်ဖြောင့်သောသူများ"(သို့)
"ဖြောင့်မတ်သောအမှုကိုပြုသောလူများ"

မာန၏ခြေသည် အကျွန်ုပ်ကို မနင်းပါစေနှင့်။
မတရားသောလူများ၏
ဒုစရိုက်ပြုခြင်းကိုရည်ညွှန်းခြင်းဖြစ်ပါသည်။
ဆိုးယုတ်သောလူများကိုယေဘုယျပြောဆိုခြင်းဖြစ်သည်။
(အခြားသောဘာသာပြန်ဆိုချက်) "မာနကြီးသောသူများ------
ဆိုးယုတ်သောလူများ"

အကျွန်ုပ်ကို နေရာမရွှေ့ကြပါ စေနှင့်။
"ဝေးသောနေရာသို့ ကျွန်ုပ်ကို နှင်ထုတ်ခြင်း" (သို့)
"ကျွန်ုပ်နေရာမှ ထွက်ခွာစေခြင်း"

ဒုစရိုက်ကို ပြုသောသူတို့သည် ထိုအရပ်၌ပင် လဲလျက်နေရကြပါ၏။
လဲ့ခြင်းကို ခံရသောကြောင့်၊ တဖန်ထခြင်းငှါ မတတ်နိုင်ကြပါ။
ဤစာပိုဒ် သုံးကြောင်းစလုံးသည် မကောင်းမှုလုပ်သော ဒုစရိုက်
လူများသည် ကျရှုံးလျက်
နောက်တဖန်ထခြင်းငှာမတတ်နိုင်ကြဟူ၍ ဖော်ပြထားသည်။

လဲလျက်နေရကြပါ၏။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်) "ကိုယ်တော်သည်
ထိုသူများကိုလှဲစေတော်မူမည်"

တဖန်ထခြင်းငှါ မတတ်နိုင်ကြပါ။
တဖန်ထခြင်း၊ ပြန်ခည်ထူခြင်းငှာ မတတ်နိုင်ကြ။

## Chapter 37

1 လူဆိုးတို့အကြောင်းကြောင့် စိတ်မပူနှင့်။ မတရား သဖြင့် ပြုသောသူတို့ကို မငြူစူနှင့်။ 2 အကြောင်းမူကား၊ သူတို့သည် မကြာမမြင့်မှီ
မြက်ပင်ကဲ့သို့ ရိတ်ခြင်းကိုခံရ၍၊ စိမ်းသောပျိုးပင် ညှိုးနွမ်းသကဲ့သို့ ဖြစ်ရလိမ့်မည်။ 3 ထာဝရဘုရားကို ခိုလှုံ၍၊ ကောင်းသောအကျင့်
ကို ကျင့်လော့။ ပြည်တော်၌နေ၍၊ သစ္စာတရားကို ကျက်စားလော့။ 4 ထာဝရဘုရား၌ မွေ့လျော်ခြင်းရှိလော့။ သူတို့ပြု လျှင်၊ စိတ်နှလုံး
အလိုပြည့်စုံရသောအခွင့်ကို ပေးတော် မူမည်။ 5 ကိုယ်အမှုအရာကို ထာဝရဘုရား၌ အပ်လော့။ ကိုယ်တော်ကို ကိုးစားလော့။
သို့ပြုလျှင်စီရင်တော် မူမည်။ 6 သင်၏ဖြောင့်မတ်ခြင်းအကြောင်းကို အလင်း ကဲ့သို့၎င်း၊ တရားသဖြင့်ပြုခြင်းအရာကို မွန်းတည့်ရောင်
ခြည်ကဲ့သို့၎င်း၊ ဘော်ပြတော်မူမည်။ 7 ထာဝရဘုရားရှေ့မှာ ငြိမ်ဝပ်စွာနေ၍၊ ကိုယ် တော်ကိုငံ့လင့်လော့။ မိမိအမှု၌
အောင်တတ်သောသူ၊ မကောင်းသောအကြံအစည်တို့ကို ပြီးစေသောသူ၏ အကြောင်းကြောင့် စိတ်မပူနှင့်။ 8 အမျက်မထွက်စေနှင့်။
ဒေါသစိတ်ကို စွန့်ပယ် လော့။ ပြစ်မှားစေခြင်းငှါ တိုက်တွန်းတတ်သော စိတ် မရှိစေနှင့်။ 9 ပြစ်မှားသောသူတို့သည် ပယ်ရှင်းခြင်းကို
ခံရကြ လိမ့်မည်။ ထာဝရဘုရားကို မြော်လင့်သောသူတို့မူကား၊ ပြည်တော်ကို အမွေခံရကြလိမ့်မည်။ 10 ခဏကြာပြီးမှ၊
မတရားသောသူသည်မရှိရ။ သူ၏နေရာကိုစေ့စေ့ရှာ၍မတွေ့ရ။ 11 စိတ်နှိမ့်ချသောသူတို့မူကား၊ ပြည်တော်ကို အမွေခံ၍၊
များပြားသောငြိမ်သက်ခြင်း၌ မွေ့လျော်ကြ လိမ့်မည်။ 12 မတရားသောသူသည် ဖြောင့်မတ်သော သူတဘက်၌ ကြံစည်၍
အံသွားခဲကြိတ်တတ်၏။ 13 သို့သော်လည်း သူ၏ နေ့ရက်အချိန်ရောက်မည် ကို ဘုရားရှင်သိမြင်၍၊ သူ့ကိုပြုံးရယ်တော်မူ၏။ 14
မတရားသောသူတို့သည် ဆင်းရဲငတ်မွတ်သော သူတို့ကို လှဲချခြင်းငှါ၎င်း၊ ဖြောင့်မတ်စွာကျင့်သော သူတို့ကိုသတ်ခြင်းငှါ၎င်း၊
ထားကိုထုတ်လျက်၊ လေးကို တင်လျက် နေတတ်ကြ၏။ 15 သို့သော်လည်း၊ သူတို့ထားသည် သူတို့နှလုံးထဲသို့ ဝင်လိမ့်မည်။
သူတို့လေးတို့သည်လည်း ကျိုးကြလိမ့်မည်။ 16 ဖြောင့်မတ်သောသူ၌ နည်းသောဥစ္စာသည် မတရားသောသူကြီးတို့၌
ကြွယ်ဝသောဥစ္စာထက် သာ၍ကျေးဇူးရှိ၏။ 17 အကြောင်းမူကား၊ မတရားသောသူ၏လက်ရုံး သည် ကျိုးရလိမ့်မည်။
ဖြောင့်မတ်သောသူကိုကား၊ ထာဝရ ဘုရားမစတော်မူ၏။ 18 ဖြောင့်မတ်သောသူတို့၏ နေ့ရက်ကာလကို
ထာဝရဘုရားသိမှတ်တော်မူ၍၊ သူတို့၏ အမွေဥစ္စာသည် အစဉ်အမြဲတည်လိမ့်မည်။ 19 သူတို့သည် ခဲယဉ်းသောကာလ၌
မျက်နှာမပျက်၊ အစာခေါင်းပါးသည်ကာလ၌ ဝစွာစားရကြ၏။ 20 မတရားသောသူတို့မူကား၊ ပျက်စီးခြင်းသို့ ရောက်ရကြမည်။
ထာဝရဘုရား၏ ရန်သူတို့သည် ကျက်စားရာအရပ်၏အသရေကဲ့သို့ဆုံး၍၊ မီးခိုးဖြစ်လျက် ကွယ်ပျောက်ကြလိမ့်မည်။ 21
မတရားသောသူသည် ချေးငှါး၍ မဆပ်ဘဲ နေတတ်၏။ ဖြောင့်မတ်သောသူမူကား၊ သနားသော စိတ်ရှိ၍ ပေးတတ်၏။ 22
ကောင်းကြီးပေးတော်မူခြင်းကို ခံရသောသူ သည် ပြည်တော်ကို အမွေခံရလိမ့်မည်။ ကျိန်တော်မူခြင်း ကို ခံရသော သူမူကား၊
ပယ်ရှင်းခြင်းသို့ ရောက်ရလိမ့် မည်။ 23 ကောင်းသောသူ၏ခြေရာတို့ကို ထာဝရဘုရား သည် ပဲ့ပြင်၍၊ သူသွားရာလမ်းကို
နှစ်သက်တော်မူ၏။ 24 ထိုသူသည် လဲသော်လည်း ဆုံးရာသို့မရောက်ရ။ အကြောင်းမူကား၊ ထာဝရဘုရားသည် သူ၏လက်ကို
ကိုင်မတော်မူ၏။ 25 ဖြောင့်မတ်သောသူသည် စွန့်ပစ်ခြင်းကိုခံရ သည်အကြောင်း၊ သူ၏သားမြေးတို့သည် တောင်း၍
စားရသည်အကြောင်းကို ငါသည် အသက်ပျိုသည် ကာလမှစ၍ အိုသည်တိုင်အောင် မမြင်စဖူး။ 26 သူသည်အစဉ်သနားသော
စိတ်ရှိသည်နှင့်၊ သူတပါးတို့အား ချေးငှါးတတ်သည်ဖြစ်၍၊ သူ၏သားမြေး တို့သည် ကောင်းကြီးမင်္ဂလာကိုခံ ရကြ၏။ 27
ဒုစရိုက်ကိုလွှဲရှောင်၍ သုစရိုက်ကို ပြုလော့။ သို့ပြုလျှင် အစဉ်အမြဲနေရလိမ့်မည်။ 28 ထာဝရဘုရားသည် တရားကိုနှစ်သက်တော်
မူ၏။ မိမိသန့်ရှင်းသူတို့ကိုလည်း စွန့်တော်မမူ။ သူတို့သည် စောင့်မတော်မူခြင်းကို အစဉ်အမြဲခံရကြလိမ့်မည်။မတရားသောသူ၏
သားမြေးတို့မူကား၊ ပယ်ရှင်းခြင်းကို ခံရကြလိမ့်မည်။ 29 ဖြောင့်မတ်သောသူတို့သည် ပြည်တော်ကို အမွေ ခံ၍ အစဉ်အမြဲ
နေရကြလိမ့်မည်။ 30 ဖြောင့်မတ်သောသူ၏နှုတ်သည် ပညာကို မြွက်ဆိုတတ်၏။ သူ၏လျှာသည်လည်း တရားသော စကားကို
ပြောဆိုတတ်၏။ 31 ထာဝရဘုရား၏ တရားတော်သည် သူ၏ စိတ်နှလုံးထဲမှာ တည်သည်ဖြစ်၍၊ သူသွားသောအခါ မချော်မလဲရ။ 32
မတရားသောသူသည် ဖြောင့်မတ်သောသူကို ချောင်းမြောင်း၍ သတ်ခြင်းငှါ ရှာကြံတတ်၏။ 33 သို့သော်လည်း၊ ထာဝရဘုရားသည်
ထိုသူ၏ လက်၌ ဖြောင့်မတ်သောသူကို စွန့်ပစ်တော်မူမည်မဟုတ်။ အစစ်ခံရသောအခါ အပြစ်စီရင်တော်မူမည်မဟုတ်။ 34
ထာဝရဘုရားကို မြော်လင့်၍၊ လမ်းတော်ကို ရှောက်သွားလော့။ ပြည်တော်ကို အမွေခံရသောအခွင့်နှင့် ချီးမြှောက်တော်မူမည်။
မတရားသောသူတို့ ဆုံးရှုံးခြင်းကို သင်သည် ကြည့်မြင်ရလိမ့်မည်။ 35 မတရားသောသူသည် အစိုးတရပြု၍၊ ပေါက်ရင်
အရပ်မှာကြီးပွားသော သစ်ပင်လန်းလန်းရှိသကဲ့သို့၊ ကိုယ်ကိုကိုယ်ပြန့်ပွါးစေသည်ကို ငါမြင်ရသော်လည်း၊ 36 နောက်တဖန်သူသည်
ရွေ့သွား၍ ကွယ်ပျောက် ၏။ သူ့ကိုလည်း ငါရှာ၍မတွေ့ရ။ 37 စုံလင်ခြင်းတရားကိုစောင့်ရှောက်လော့။ ဖြောင့် မတ်ခြင်းတရားကို
ကြည့်ရှုဆင်ခြင်လော့။ ထိုသို့ပြုသော သူသည် အဆုံး၌ ငြိမ်သက်ခြင်းကို ခံစားရလိမ့်မည်။ 38 ပြစ်မှားသောသူအပေါင်းတို့သည်
ပျက်စီးခြင်းသို့ ရောက်၍၊ မတရားသောသူတို့သည် အဆုံး၌ပယ်ရှင်းခြင်းကို ခံရကြလိမ့်မည်။ 39 ဖြောင့်မတ်သောသူတို့၏
ကယ်တင်ခြင်းအမှုကို ထာဝရဘုရားစီရင်တော်မူ၏။ ဘေးရောက်သည်ကာလ၌ သူတို့ခိုလှုံရာဖြစ်တော်မူ၏။ 40 ထာဝရဘုရားသည်
သူတို့ကို မစကယ်တင်တော် မူမည်။ ယုံကြည်ခိုလှုံသောကြောင့်၊ မတရားသောသူတို့ လက်မှ နှုတ်ယူကယ်တင်တော်မူမည်။


generated on Tue Jul 2 12:50:28 2024

Psalms 001

ယေဘုယျအချက်အလက်
"အနှိုင်းကဗျာ" သည် ဟေဗြဲကဗျာတွင် အများဆုံး ဖွဲ့ဆိုသီကုံးလေ့ရှိသော ကဗျာအမျိုးအစားဖြစ်သည်။

ဒါဝိဒ်၏ဆာလံ
ဖြစ်နိုင်ခြေရှိသောအဓိပ္ပာယ်များမှာ ၁) ဒါဝိဒ်စပ်ဆိုခဲ့သောဆာလံ၊ ၂) ဒါဝိဒ်အကြောင်းစပ်ဆိုထားသောဆာလံ၊ ၃) ဒါဝိဒ်၏ဆာလံများနှင့်အမျိုးအစားတူသောဆာလံ

မတရား သဖြင့် ပြုသောသူတို့ကို မငြူစူနှင့်။
"လူဆိုးများကြောင့် စိတ်ပျက်ဝမ်းနည်းခြင်းမရှိနှင့်" (သို့) "လူဆိုးများ ပြုမူခြင်းကြောင့် စိတ်အနှောင့်အယှက် မဖြစ်စေနှင့်" ။

မြက်ပင်ကဲ့သို့ ရိတ်ခြင်းကိုခံရ၍၊ စိမ်းသောပျိုးပင် ညှိုးနွမ်းသကဲ့သို့
မကောင်းသောသူများကို
ပူပြင်းသည့်ရာသီဥတုတွင်ခြောက်သွေ့သောမြက်ပင်များကဲ့သို့ပြောထားသည်။
ဤဥပမာနစ်ခုသည် သူတို့သေလိမ့်မည်ဟုဆိုလိုသည်။
(အခြားသောဘာသာပြန်ဆိုချက်)
"သေဆုံးခြင်း"(သို့)"အဆုံးသတ်သွားခြင်း"

Psalms 003

သစ္စာတရားကို ကျက်စားလော့။
သစ္စာရှိခြင်းကို ကောင်းသောကျက်စားရာတွင် ကျွေးမွေးခြင်းဖြင့် ခွန်အားပြည့်နေသော တိရိစ္ဆာန်တစ်ကောင်ကဲ့သို့ ခိုင်းနှိုင်းပြောဆိုထားသည်။ (အခြားသောဘာသာပြန်ဆိုချက်) "အစာခွန်အားဖြစ်သောသစ္စာတရား"(သို့) "တိုးပွားသော သစ္စာတရား"

စိတ်နှလုံး အလိုပြည့်စုံရသောအခွင့်
ဤတွင်"စိတ်နှလုံး"သည် လူပုဂ္ဂိုလ်တစ်ဦး၏ အတွင်းဖြစ်ခြင်းတစ်ခုကို ကိုယ်စားပြုသည်။
(အခြားသောဘာသာပြန်ဆိုချက်)
"သင်၏အနက်ရှိုင်းဆုံးအတွင်းပိုင်းလိုအင်ဆန္ဒများ"(သို့မဟုတ်)"သင်ဆန္ဒအရှိဆုံးအရာများ"

Psalms 005

ကိုယ်အမှုအရာကို ထာဝရဘုရား၌ အပ်လော့။
ဤတွင် "သင်၏အသက်သာပေးခြင်း" သည်ကိုယ့်အသက်တာတစ်ခုလုံးကို ထာဝရဘုရားထိန်းချုပ်ဖို့ အပ်နှံလိုက်ခြင်းကို ဆိုလိုသည်။
(အခြားသောဘာသာပြန်ဆိုချက်) "သင်ဘဝ၌ ထာဝရဘုရားဦးဆောင်အစိုးရဖို့ တောင်းဆို အပ်နှံလိုက်သည်"

ကိုယ်အမှုအရာကို -----အပ်လော့
ဤတွင် အခြားသောဥပဒေများကိုဆန့်ကျင်ရန် ကိုယ်စားပြုထားပါသည်။ ဤနေရာတွင် ထာဝရဘုရားကို ယုံကြည်ကိုးစားသောအခါ သူသည်ကွယ်ကာမစခြင်းနှင့် ဖြောင့်မတ်ခြင်းလမ်းသို့ ပို့ဆောင်လိမ့်မည်။

အလင်းကဲ့သို့၎င်း၊ တရားသဖြင့်ပြုခြင်းအရာကို မွန်းတည့်ရောင်ခြည်ကဲ့သို့၎င်း၊
ဤစာပိုဒ်နှစ်ကြောင်း၏ အဓိပ္ပာယ် တူညီသည်။

မွန်းတည့်ရောင်ခြည်ကဲ့သို့၎င်း၊
မွန်းတည့်နေရောင်ခြည်ကဲ့သို့ မြင်နိုင်သောဟု အဓိပ္ပာယ်ရသည်။
"လူတိုင်း၏အမြင်အားလုံးထဲတွင်"။

Psalms 007

ငြိမ်ဝပ်စွာနေ၍
"တိတ်ဆိတ် ငြိမ်သက်စွာ"

Psalms 008

ပယ်ရှင်းခြင်းကို ခံရကြ လိမ့်မည်။
မတရားသောသူများကို အပြစ်စီရင်ခြင်းဖြင့် ဖျက်ဆီးရှင်းလင်းလိမ့်မည် ဟူသောအကြောင်းအရာကို သစ်ကိုင်ခုတ်ဖြတ်၍ အဝေးလွှင့်ပစ်လိုက်သောသစ်ကိုင်းတစ်ကိုင်းကဲ့သို့ တင်စားထားသည်။

ထာဝရဘုရားကို မြော်လင့်သောသူတို့မူကား
"ထာဝရဘုရားကို ယုံကြည်ကိုးစားသူများ"

ပြည်တော်ကို အမွေခံရကြလိမ့်မည်။
အပိုင်ရသော ပြည်တော်ကို အမွေခံရသကဲ့သို့ ပြောဆိုထားသည်။ (အခြားသောဘာသာပြန်ဆိုချက်) "သူတို့၏ အပိုင်ရသောပြည်တော်ကဲ့သို့ သိမ်းပိုက်ရယူသည်"(သို့) "ဘေးလုံခြုံစွာနဲ့ပ ထိုပြည်တော်မှာ နေရလိမ့်မည်။"

ရှာ၍မတွေ့ရ။
မကောင်းသော လူများသေဆုံးသွားခြင်းကို ရည်ညွှန်းသည်။
(အခြားသောဘာသာပြန်ဆိုချက်)"သေဆုံးသွားသောကြောင့် နောက်တစ်ဖန် မမြင်ရတော့ပေ။"

Psalms 011

စိတ်နှိမ့်ချသော
စိတ်နှိမ့်ချသောလူများကို ရည်ညွှန်းသည်။
(အခြားသောဘာသာပြန်ဆိုချက်) "နှိမ့်ချသောလူများ"

ပြည်တော်ကို အမွေခံ၍
ထိုမြေ၏ပိုင်ဆိုင်မှုကို အမွေအဖြင့် လက်ခံရသည်။(၃၇:၈) တွင်ဘာသာပြန်ထားချက်နှင့် တူညီသည်။


generated on Tue Jul 2 12:50:28 2024

အခြားသောဘာသာပြန်ဆိုချက်မှာ
"ဒီမြေကိုသူတို့ပိုင်သည့်မြေအဖို့လက်ခံလိမ့်မည်" (သို့မဟုတ်)
ထိုပြည်တွင် လုံခြုံစွာနေထိုင်လိမ့်မည်။

မတရားသောသူ
၎င်းသည် တိကျသောလူကို ရည်ညွှန်းခြင်းမဟုတ်ပါ။
လူဆိုးများကိုရည်ညွှန်းသည်။

ဖြောင့်မတ်သောသူ
၎င်းသည် တိကျသောလူကို ရည်ညွှန်းခြင်းမဟုတ်ပါ။ ဤသည်
ဖြောင့်မတ်သောသူများကိုရည်ညွှန်းသည်။

အံသွားခဲကြိတ်
မတရားသောသူများသည် ဖြောင့်မတ်သောသူများကို
အလွန်မုန်းတီးခြင်းကြောင့် သွားကြိတ်ကာ ဒေါသဖြစ်ပွား
ခြင်းဖြစ်သည်။

သူ၏ နေ့ရက်အချိန်ရောက်မည်
"သူ့နေ့" သူ၏စီရင်တော်မူသောနေ့ရက်ကို ရည်ညွှန်းသည်။

Psalms 014

မတရားသော
ဤသည် မတရားသော သူများကို ရည်ညွှန်းထားသည်။

ထားကိုထုတ်လျက်၊ လေးကို တင်လျက် နေတတ်ကြ၏
"ထား"နှင့်"လေး"နှစ်ခုလုံးသည် လူများကို တိုက်ခိုက်ရန်
လက်နက်ဖြစ်သည်။ ထိုသူများသည် လူများကို တိုက်ခိုက်ရန်
အမြဲအဆင်သင့် ပြင်ထားကြသည်။

လုံ့ချခြင်းငှာ၎င်း
ဤသည် ဆင်းရဲငတ်မွတ်သောလူများကို ဖျက်ဆီးကြသော
လူများသည် မြေအိုးကိုမြေပေါ်၌ ပစ်ခွဲသကဲ့သို့
ကျိုးပဲ့ကျေမွအောင် လုံ့ချကြသည်။
(အခြားသောဘာသာပြန်ဆိုချက်)"ဖျက်ဆီးဖို့ရန်"

ဆင်းရဲငတ်မွတ်သော သူတို့
ဤဝေါဟာရနှစ်ခုသည် သြဇာအာဏာမဲ့သော
ဆင်းရဲသားများသည် သူတို့ကိုယ်သူတို့ မကာကွယ်နိုင်ပါ။

သူတို့ထားသည် သူတို့နှလုံးထဲသို့ ဝင်လိမ့်မည်။
ဓားသည် လက်နက်ဖြစ်၍ "နှလုံး"သည်
လူများကိုကိုယ်စားပြုသည်။ နှလုံးထဲသို့
စိုက်ဝင်သွားခြင်းသည်"အသေသတ်ခြင်း"ဟူ၍
အဓိပ္ပာယ်ရသည်။

Psalms 016

ဖြောင့်မတ်သောသူ၌ နည်းသောဥစ္စာသည် မတရားသောသူကြီးတို့၌
ကြွယ်ဝသောဥစ္စာထက် သာ၍ကျေးဇူးရှိ၏။
ဤနေရာတွင် ဒုတိယစာကြောင်းသည်
ပထမစာကြောင်းနှင့်ခြားနားသည်။

(အခြားသောဘာသာပြန်ဆိုချက်)"ဖြောင့်မတ်ခြင်းပါရမီနှင့်ယှဉ်သောဥစ္စာအနည်းငယ
မတရားသဖြင့်ရစေဥစ္စာအများထက်သာ၍ကောင်း၏။(ရှု၊
Parallelism)

ဖြောင့်မတ်သောသူ၌ နည်းသောဥစ္စာ
"ဖြောင့်မတ်စွာပြု၍ ဥစ္စာပစ္စည်းဆင်းရဲခြင်း ကသာ၍ ကောင်း၏။
"

နည်းသော
ဤသည်မှာ ဖြောင့်မတ်သောသူ
ပိုင်ဆိုင်ဥစ္စာအနည်းငယ်သာရှိသည်ဟူ၍ ရည်ညွှန်းသည်။

ဖြောင့်မတ်သောသူ၌ နည်းသော
ဖြောင့်မတ်သောလူများကိုရည်ညွှန်းသည်။ (အခြားသော
ဘာသာပြန်ဆိုချက်)"ဖြောင့်မတ်သောလူများ၌ရှိသော"

ကြွယ်ဝသော
မတရားသောလူများ၌ ရှိသောကြွယ်ဝပေါများသော စည်းစိမ်ကို
ရည်ညွှန်းသည်။

မတရားသောသူ၏လက်ရုံး သည် ကျိုးရလိမ့်မည်။
ဤတွင်"လက်ရုံး"ဟုဆိုရာတွင် မတရားသောလူများ၏
အင်အားတောင့်တင်းခြင်းကို ကိုယ်စားပြုသည်။
သူတို့လွှမ်းမိုးသော အာဏာများကို
ပြန်လည်ရုပ်သိမ်းသွားမည်ဖြစ်သည်။

Psalms 018

ထာဝရဘုရားသိမှတ်တော်မူ၍
"စောင့်ကြည့်ခြင်း" တစ်စုံတစ်ဦးကို ကွယ်ကာရန် ဟူ၍
အဓိပ္ပာယ်ရသည်။ အပြစ်မရှိသောလူများဟူ၍ ရည်ညွှန်းသည်။
(အခြားသောဘာသာပြန်ဆိုချက်)"အပြစ်မရှိသောလူများကို
ကွယ်ကာစောင့်ရှောက်တော်မူမည်။"

နေ့ရက်ကာလ
"နေ့ရက်အစဉ်အမြဲ" (သို့) "အစဉ်ဆက်မပြတ်"

ခဲယဉ်းသောကာလ၌
ဤစကားစုသည် အစာငတ်မွတ် ခေါင်းပါးခြင်းကို
ရည်ညွှန်းသည်။ (အခြားသောဘာသာပြန်ဆိုချက်) "ဘေးဒုက္ခ၊
ကပ်ဘေးဆိုက်သောကာလ)"။

Psalms 020

ထာဝရဘုရား၏ ရန်သူတို့သည် ကျက်စားရာအရပ်၏ အသရေကဲ့သို့ဆုံး၍
စာရေးသူသည် ထာဝရဘုရား၏ရန်သူများကို
မြက်ခင်းလွင်ပြင်၌ ပေါက်သောနှင်းပင် နှင့်ခိုင်းနှိုင်းထားသည်။

မီးခိုးဖြစ်လျက် ကွယ်ပျောက်ကြလိမ့်မည်
စာရေးသူသည် မတရားသောသူများကို ဖျက်ဆီးလိမ့်မည်ဟူ၍
ပြောဆိုထားသည်။ထိုသူများသည် လယ်ပြင်၌ မီးဖြင့်
လောင်မြိုက်ခြင်းကို ခံရသောမြက်ပင်ကဲ့သို့ဖြစ်လိမ့်မည်ဟူ၍
နှိုင်းယှဉ် ထားသည်။ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။

သနားသော စိတ်ရှိ၍ ပေးတတ်၏။
ဤတွင်ပေးကမ်းချင်သောစိတ်ရှိသော ဖြောင့်မတ်သောသူဟူ၍ အဓိပ္ပာယ်ရှိသည်။

Psalms 022

ကောင်းကြီးပေးတော်မူခြင်းကို ခံရသောသူ သည်
သူတို့သည်
ဘုရားသခင်အားဖြင့်ကောင်းကြီးပေးသောသူများဖြစ်သည်။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်) "ဘုရားသခင်၏
ကောင်းကြီးမင်္ဂလာကို ခံရသောသူများ"

ပြည်တော်ကို အမွေခံရလိမ့်မည်
ဤတွင် ထိုမြေ၏ ပိုင်ဆိုင်မှုကို
အမွေအဖြစ်လက်ခံရသည်ဟုဆိုထားသည်။ (၃၇:၈)
ဘာသာပြန်ထားချက်နှင့် တူညီသည်။
အခြားသောဘာသာပြန်ဆိုချက်
"ထိုမြေကိုသူတို့ပိုင်သောမြေအဖြင့်ခံယူရမည်" (သို့မဟုတ်)
"ထိုပြည်တွင်လုံခြုံစွာနေထိုင်ခွင့်ပြုမည်"။

ကျိန်တော်မူခြင်း ကို ခံရသော သူမူကား
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်)"ထာဝရဘုရား ကျိန်တော်မူခြင်း
ခံရသောသူများ"

ပယ်ရှင်းခြင်းသို့ ရောက်ရလိမ့် မည်။
ဆာလံ(၃၇:၈)ဘာသာပြန်ထားချက်နှင် တူညီသည်။

ကောင်းသောသူ၏ခြေရာတို့ကို ထာဝရဘုရားသည် ပဲ့ပြင်၍၊ သူသွားရာလမ်းကို နှစ်သက်တော်မူ၏။
ဤသည်မှာကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်) "ထာဝရဘုရား
နှစ်သက်တော်မူသော
တရားလမ်းသို့အသက်ရှင်လျှောက်လှမ်းသောသူကို
ထာဝရဘုရားပြုပြင်တော်မူလိမ့်မည်။"

ထိုသူသည် လဲသော်လည်း ဆုံးရာသို့မရောက်ရ။ အကြောင်းမူကား၊ ထာဝရဘုရားသည် သူ၏
လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ကို ရည်ရွယ်၍ မပြောဆိုဘဲ
အများနှင့်ဆိုင်သော ယေဘုယျ လူများကို
ရည်ညွှန်းပြောဆိုထားသည်။

သူ၏ခြေရာ
ဤတွင် "သူ၏ခြေ" လူတစ်ဦးတစ်ယောက်၏
အသက်ရှင်လျှောက်လှမ်းသောအသက်တာကို ဖော်ဆောင်သည်။
အခြားသောဘာသာပြန်ဆိုချက်)
"လူ့အသက်တာဘဝတစ်လျှောက်လုံး"

Psalms 025

ဖြောင့်မတ်သောသူသည် စွန့်ပစ်ခြင်းကိုခံရ သည့်အကြောင်း
ဤတွင်ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်) "ဖြောင့်မတ်သောလူကို
ထာဝရဘုရားကျောခိုင်း စွန့်ပစ်သည်။"

ဖြောင့်မတ်သောသူ
ဤသည် တိကျသောသူတို့ကိုမဆိုလိုပါ။ လူအများကို
ရည်ညွှန်းသည်။

တောင်း၍ စားရသည်။
ဤတွင် "အစားစာ" အစားအသောက်များကို
ကိုယ်စားပြုထားသည်။ အခြားသေသာပြန်ဆိုချက်
"အစားအသောက်များအတွက်"။

သူသည်အစဉ်
သူ့ဘဝအသက်တာတစ်လျှောက်လုံး။
(အခြားသောဘာသာပြန်ဆိုချက်) "သူသည် အစဉ်အမြဲ"

သူ၏သားမြေး တို့သည် ကောင်းကြီးမင်္ဂလာကို ခံရကြ ၏။
ကောင်းကြီးခံရသော သားမြေးများသည် သူတပါးအတွက်လည်း
ကောင်းကြီး ရစေသည်။

လွှဲရှောင်၍
သူတို့ပြုနေသောအမှု တစ်စုံတရာကို ရပ်တန့်လိုက်သည်။
(အခြားသောဘာသာပြန်ဆိုချက်) ပြုလုပ်သောအရာကို
ရပ်တန့်လိုက်သည်။ လွှဲရှောင်သည်။

Psalms 028

သူတို့သည် စောင့်မတော်မူခြင်းကို အစဉ်အမြဲခံရကြလိမ့်မည်။
ဤသည်တွင် ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်)ထာဝရဘုရားသည် ထိုသူတို့ကို
ထာဝရ အစဉ်ကွယ်ကာတော်မူမည်။

ပယ်ရှင်းခြင်းကို ခံရကြလိမ့်မည်။
ဆာလံ(၃၇:၈)တွင် ဘာသာပြန်ထားချက်ကို ကြည့်ရန်

ဖြောင်မတ်သောသူ
ဖြောင်မတ်သောလူများကိုရည်ရွယ်သည်။
(အခြားသောဘာသာပြန်ဆိုချက်) "ဖြောင့်မတ်သောလူများ။"

ပြည်တော်ကို အမွေ ခံ၍
ဆာလံ(၃၇:၈) တွင်ဘာသာပြန်ထားချက်ကို ကြည့်ရန်။
အခြားသောဘာသာပြန်ဆိုချက်
"ဤမြေကိုသူတို့ပိုင်သည့်မြေအဖြင့်လက်ခံလိမ့်မည်" သို့မဟုတ်
"ထိုပြည်တွင်လုံခြုံစွာနေထိုင်လိမ့်မည်။


generated on Tue Jul 2 12:50:28 2024

ဖြောင့်မတ်သောသူ၏နှုတ်
"နှုတ်"သည် လုပုဂ္ဂိုလ်၏ ပြောသမျှစကားများကို ကိုယ်စားပြုသည်။ (အခြားသောဘာသာပြန်ဆိုချက်) "ဖြောင့်မတ်သောသူ"

ပညာကိုမြွက်ဆိုတတ်၏
(အခြားသောဘာသာပြန်ဆိုချက်) အခြားသောသူများကို ပညာရှိ အကြံပေးစကားပြောဆိုတတ်သည်။

တရားစကားကို ပြောဆိုတတ်သည်။
(အခြားသောဘာသာပြန်ဆိုချက်) ဖြောင့်မတ်မှန်ကန်စွာ အသက်ရှင်ရန် အခြားသောသူများကို ခွန်အားပေးတတ်သည်။

Psalms 031

ထာဝရဘုရား၏ တရားတော်သည် သူ၏ စိတ်နှလုံးထဲမှာ တည်သည်ဖြစ်၍၊
အတွင်းဆုံး နက်နဲသောအပိုင်းကို ရည်ညွှန်းသည်။

သူသွားသောအခါ မချော်မလဲရ။
ထာဝရဘုရား၏ စကားကိုနားထောင်လိုက်လျှောက်သော သူများသည် ချော်လဲ့ခြင်းနှင့် ကျရှုံးခြင်းမှ ကွယ်ကာလုံခြုံမှုကိုရရှိမည်ဟူ၍ ပြောဆိုထားသည်။

မတရားသောသူသည် ဖြောင့်မတ်သောသူ-------
ဤသည်မှာ တိကျသည့်လူတွေကိုမဆိုလို။ သူတို့သည်ယေဘုယျ လူများကိုရည်ညွှန်း ပြောဆိုသည်။

ဖြောင့်မတ်သောသူကို ချောင်းမြောင်း၍
ဖြောင့်မတ်သောသူများကို အန္တရာယ်ပြုဖို့ အမြဲစောင့်ကြည့်နေသည်။

ထိုသူ၏ လက်၌
ထိန်းချုပ်

အစစ်ခံရသောအခါ
ထာဝရဘုရားသည် ဖြောင့်မတ်သောသူကို တရားစီရင်သောအခါ ဟူ၍ရည်ညွှန်းသည်။ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်) "ထာဝရ ဘုရားသည် သူ့ကိုတရားစီရင်သောအခါ"

Psalms 034

ပြည်တော်ကို အမွေခံရသောအခွင့်နှင့် ချီးမြှောက်တော်မူမည်။
ဤသည်မှာ ဘုရားသခင်ကို ယုံကြည်ကိုးစားသောသူများကို "ချီးမြှောက်တော်မူမည်"ဟူ၍ ရည်ညွှန်းထားသည်။

မတရားသောသူတို့
ဤသည်မှာ မတရားသောသူကိုရည်ညွှန်းထားသည်။ အခြားသောဘာသာပြန်ဆိုချက် "မတရားသောလူ"

ဆုံးရှုံးခြင်း
ဤစကားစုကိုဆာလံ(၃၇:၈)တွင်ဘာသာပြန်ထားချက်ကို ကြည့်ရန်။

Psalms 035

မတရားသောသူ
ဤသည်မှာ တိကျသောသူကိုရည်ညွှန်းထားသည်မဟုတ်။ မတရားသောလူများ၊ ယေဘုယျ ကိုရည်ညွှန်းသည်။

ပေါက်ရင် အရပ်မှာကြီးပွားသော သစ်ပင်လန်းလန်းရှိသကဲ့သို့
ဤသည်မှာ မတရားသော လူများသည် ကိုယ့်နေရာအရပ်မှာ ချမ်းသာကြီးပွားခြင်းကို မြေသြဇာကောင်းသော နေရာ၌ သန်မာထွားကြိုင်းသောအပင်ကြီး၊ စိမ်းလန်းဝေဆာခြင်းနှင့် တင်စားထားသည်။

သူ့ကိုလည်း ငါရှာ၍မတွေ့ရ
ဤသည်မှာကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက် "ငါရှာ၍ မတွေ့ရ"

Psalms 037

စုံလင်ခြင်းတရားကိုစောင့်ရှောက်သောသူ
ဤသည်မှာ တိကျသောသူကိုရည်ညွှန်းထားသည်မဟုတ်။ ယေဘုယျ လူများကို ရည်ညွှန်းပြောဆိုသည်။

ဖြောင့်မတ်ခြင်းတရားကို ကြည့်ရှုဆင်ခြင်လော့။
"ကောင်းသောသူများကို သေချာဂရုစိုက်သောသူ" (သို့) "ကောင်းမွန်သော လူများကို ဂရုပြုခြင်းမရှိသောသူ"။

မတရားသောသူတို့သည် အဆုံး၌ပယ်ရှင်းခြင်းကို ခံရကြလိမ့်မည်။
ဤသည်မှာ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်)"ဘုရားသခင်သည် ထိုသူ၏အမျိုးအနွယ်ကို ပယ်ရှင်းတော်မူမည်"

အဆုံး၌
ထိုသူ၏ နောက်မွေးဖွားလာမည့် အမျိုးအနွယ်ကို ရည်ညွှန်းသည်။

မတရားသောသူတို့
ဤသည်မှာ တိကျသောသူကိုရည်ညွှန်းထားသည်မဟုတ်။ ယေဘုယျနှင့် ဆိုင်သောလူအများကို ရည်ညွှန်းသည်။

ပယ်ရှင်းခြင်းကို ခံရကြလိမ့်မည်။
ဆာလံ (၃၇:၈) ဘာသာပြန်ထားချက်ကို ကြည့်ရန်

Psalms 039

ဖြောင့်မတ်သောသူတို့၏ ကယ်တင်ခြင်းအမှုကို ထာဝရဘုရားစီရင်တော်မူ၏။
"ကယ်တင်ခြင်း" နာမ် အနေဖြင့်လုပ်ဆောင်မှုတစ်ခုကိုဖော်ပြထားသည်။ (အခြားသောဘာသာပြန်ဆိုချက်) ဖြောင့်မတ်သောသူလူများကို ထာဝရဘုရား ကယ်နှုတ်တော်မူမည်။

ဖြောင့်မတ်သောသူတို့
ဤသည်မှာ တိကျသောသူကိုရည်ညွှန်းထားသည်မဟုတ်။

ကယ်တင်တော် မူမည်။
ထာဝရဘုရားကို ခိုလှုံသောသူတို့ကို ကူညီမစ ကယ်တင်တော်မူမည် ဟူ၍ တူညီသောရည်ရွယ်ချက် စကားလုံးဖြစ်သည်။

သူတို့ခိုလှုံရာဖြစ်တော်မူ၏။
ကွယ်ကာမစမှု ရရှိရန် ထာဝရဘုရားထံသို့လာခြင်း။ (အခြားသောဘာသာပြန်ဆိုချက်) "ကိုယ်တော်၏ ကွယ်ကာခြင်းရရှိရန် အထံတော်သို့လာသည်။"


generated on Tue Jul 2 12:50:28 2024

## Chapter 38

1 အိုထာဝရဘုရား၊ အမျက်တော်ထွက်၍ အကျွန်ုပ်ကို အပြစ်တင်တော်မမူပါနှင့်။ ပြင်းစွာသော စိတ်တော်ရှိ၍ ဆုံးမတော်မမူပါနှင့်။ 2
မြှားတော်တို့သည် အကျွန်ုပ်၌ စုဝေး၍၊ လက်တော်သည် အကျွန်ုပ်ကို နှိပ်လျက်ရှိပါ၏။ 3 အမျက်တော်ထွက်သောကြောင့်၊ အကျွန်ုပ်
အသားသည် ကျန်းမာခြင်းမရှိပါ။ ဒုစရိုက်အပြစ်ကြောင့် အရိုးများထဲမှာ သက်သာခြင်း မရှိပါ။ 4 အကျွန်ုပ်ပြုမိသော ဒုစရိုက်တို့သည်
အကျွန်ုပ် ခေါင်းကို လွှမ်းမိုး၍၊ လေးသောဝန်ကဲ့သို့ အကျွန်ုပ်မထမ်း နိုင်အောင် လေးကြပါ၏။ 5 အကျွန်ုပ်မိုက်သောအမှုကြောင့်
အနာတို့သည် နံစော်၍ ရိယွဲ့လျက်ရှိကြပါ၏။ 6 အကျွန်ုပ်သည် ပြင်းထန်စွာခံရ၍၊ အလွန်နှိမ်ချ လျက်၊
ကြမ်းတမ်းသောအဝတ်ကိုဝတ်လျက် တနေ့လုံး သွားရပါ၏။ 7 အကျွန်ုပ်ခါးသည် ပူလောင်သောအနာစွဲ၍၊ အသားသည်လည်း
ကျန်းမာခြင်းမရှိပါ။ 8 နန်နဲခြင်း၊ ကြေကွဲရှိ၍၊ စိတ်နှလုံးလှုပ်ရှားသဖြင့် အော်ဟစ်ရပါသည်။ 9 အိုဘုရားရှင်၊
အကျွန်ုပ်အလိုရှိသမျှသည် ရှေ့တော်၌ ထင်ရှားပါ၏။ အကျွန်ုပ်ညည်းတွားခြင်း ကိုလည်း အကြွင်းမဲ့သိတော်မူ၏။ 10 အကျွန်ုပ်၏
နှလုံးတုန်လှုပ်၍၊ ခွန်အားလည်း ကုန်ပါပြီ။ မျက်စိအလင်းသည် ကွယ်ပျောက်ပါပြီ။ 11 အကျွန်ုပ်၏အဆွေခင်ပွန်း၊ အပေါင်းအဘော်
တို့သည် အကျွန်ုပ် အနာရောဂါကြောင့်၊ ဝေးဝေးရပ် လျက်၊ ပေါင်းဘော်တို့သည်လည်း၊ ရှောင်လျက် နေကြ ပါ၏။ 12
အကျွန်ုပ်အသက်ကို ရှာသောသူတို့သည် ကျော့ ကွင်းများကို ထောင်ထားကြပါ၏။ အကျွန်ုပ်၌ အပြစ် ပြုခြင်းအခွင့်ကို
ရှာသောသူတို့သည် တနေ့လုံးမနာလို သောစကားကိုပြော၍၊ မကောင်းသောပရိယာယ်ကို ကြံစည်ကြပါ၏။ 13 အကျွန်ုပ်မူကား၊
နားပင်းသောသူကဲ့သို့ မကြား။ နှုတ်ကို မဖွင့်တတ်လူကဲသို့ ဖြစ်ပါ၏။ 14 နားမကြား၊ ပြန်၍မငြင်းနိုင်သော သူကဲ့သို့ ဖြစ်ပါ၏။ 15
အကြောင်းမူကား၊ အိုထာဝရဘုရား၊ ကိုယ် တော်ကိုအကျွန်ုပ် ကိုးစားပါ၏။ အကျွန်ုပ်၏ အရှင် ဘုရားသခင်၊ ကိုယ်တော်သည်
ပြန်ပြောတော်မူမည်။ 16 သို့မဟုတ်၊ သူတို့သည် အကျွန်ုပ်အမှုမှာ ဝမ်း မြောက်ကြပါလိမ့်မည်။ အကျွန်ုပ်သည် ခြေချော်သော အခါ
အကျွန်ုပ်တဘက်၌ ကိုယ်ကိုချီးမြှောက်ကြပါ လိမ့်မည်ဟု လျှောက်ပါပြီ။ 17 အကျွန်ုပ်လဲလုသည်ဖြစ်၍၊ ကိုယ်ဆင်းရဲခြင်းကို
အစဉ်အောက် မေ့လျက်နေပါ၏။ 18 ကိုယ်အပြစ်ကိုဘော်ပြပါ၏။ ပြစ်မှားမိသော ကြောင့် စိတ်ပူပန်ခြင်းရှိပါ၏။ 19 အကျွန်ုပ်၏
ရန်သူတို့ကား၊ ကျန်းမာလျက်၊ ခွန်အားကြီးလျက်ရှိ ကြပါ၏။ အကျွန်ုပ်ကို မဟုတ်မှန်ဘဲ မုန်းသောသူတို့ကား၊ များပြားကြပါ၏။ 20
အကျွန်ုပ်သည် ကျေးဇူးတရားကို ကြိုးစား၍ ကျင့်သောကြောင့် ကျေးဇူးအတွက် အပြစ်ပြုတတ်သော သူတို့သည်အကျွန်ုပ်ကို
ရန်ဘက်ပြုကြပါ၏။ 21 အိုထာဝရဘုရား၊ အကျွန်ုပ်ကို စွန့်ပစ်တော်မမူ ပါနှင့်။ အကျွန်ုပ်၏ ဘုရား၊ အကျွန်ုပ်နှင့်ဝေးဝေးနေတော်
မမူပါနှင့်။ 22 အကျွန်ုပ်ကို ကယ်တင်တော်မူသောဘုရားရှင်၊ အကျွန်ုပ်ကိုမစခြင်းငှါ အလျင်အမြန်ကြွလာတော်မူပါ။
အောက်မေ့စေခြင်းငှါ စပ်ဆိုသောဆာလံ။

---

Psalms 001

အမျက်တော်ထွက်၍ အကျွန်ုပ်ကို အပြစ်တင်တော်မမူပါနှင့်။ ပြင်းစွာသော စိတ်တော်ရှိ၍ ဆုံးမတော်မမူပါနှင့်။
ဤစာပိုဒ်သည် ဆိုလိုရင်း အဓိပ္ပာယ်နှင့် ရည်ရွယ်ချက်ကို ထပ်ကာ ဖော်ပြထားသည်။

မြှားတော်တို့သည် အကျွန်ုပ်၌ စုဝေး၍
စာရေးသူသည် ထာဝရဘုရား၏
ပြစ်ဒဏ်စီရင်ခြင်းများစွာရှိသည့်အနက်မှ သူ့ကိုမြှားဖြင့်ပစ်၍
အပြစ်ပေးသကဲ့သို့ ပြောဆိုထားသည်။
(အခြားသောဘာသာပြန်ဆိုချက်)
"ကိုယ်တော်ကျွန်ုပ်ကိုအပြစ်ပေး စီရင်ခြင်းသည်မြှားဖြင့် ပစ်၍
စိုက်ဝင်သကဲ့သို့ နာကျင်လှပါသည်။

လက်တော်သည် အကျွန်ုပ်ကို နှိပ်လျက်ရှိပါ၏။
စာရေးသူသည် ထာဝရဘုရား၏ ပြစ်ဒဏ်ပေးခြင်းများထဲမှ
သူ့အားလက်တော်ဖြင့် ထုချေရိုက်နှက်သကဲ့သို့
ပြောဆိုထားသည်။ ဤနေရာတွင် "လက်တော်"
ထာဝရဘုရား၏တန်ခိုးတော်ဟုရည်ညွှန်းထာသည်။

Psalms 003

ယေဘုယျအချက်အလက်
ဒါဝိဒ်သည် သူ၏အပြစ်များနှင့်အရှက်များသည်
သူ့ခန္ဓာကိုယ်တစ်ခုလုံးအား
ဖော်ပြပေးထားကြောင်းဆက်လက်ပြောဆိုသည်။
ဤသင်ခန်းစာများသည် သူ့အားအကျိုးဖြစ်စေသည့်
အကြောင်းရည်ရွယ်ဖွဲ့ဆိုထားသည်။

ဒုစရိုက်အပြစ်ကြောင့် အရိုးများထဲမှာ သက်သာခြင်း မရှိပါ။
ဤသည်မှာ "ငါ့အရိုးများ" ဟု စာရေးသည်
ကိုယ်စားပြုရည်ညွှန်းထားသည်။

အကျွန်ုပ် ခေါင်းကို လွှမ်းမိုး၍
ရေကြီး၍ လွှမ်းမိုးသကဲ့သို့ စာရေးသူကို
ဒုစရိုက်များလွှမ်းမိုးပြီးဟု ပြောဆိုထားသည်။

လေးသောဝန်ကဲ့သို့ အကျွန်ုပ်မထမ်း နိုင်အောင် လေးကြပါ၏။
စာရေးသူ၏အပြစ်ဒုစရိုက်များသည် ဝန်ကဲ့သို့ ဖြစ်လျှင်
မထမ်းနိူင်အောင် လေးလံလှပါသည်။


generated on Tue Jul 2 12:50:28 2024

(အခြားသောဘာသာပြန်ဆိုချက်) "ထိုအရာများသည် လေး၍ မထမ်းနိုင်သော ဝန်ကဲ့သို့ အလွန်လေးလံလှပါသည်။

Psalms 005

ယေဘုယျအချက်အလက်
-

အနာတို့သည် နံစော်၍ ရိယွဲ့လျက်ရှိကြပါ၏။
အနေရာတွင်
အသားများပုပ်စော်နံလျက်ရှိသောအနာများကြောင့်စာရေးသူ "အနံ့ " ဟုရည်ညွှန်းသည်။

အလွန်နှိမ့်ချ လျက်၊
စာရေးသူ၏အနာရောဂါများကြောင့် နာကျင်ခံစားရကာ ကိုယ်ကိုကိုင်းညွတ်ကွ့လျက် အသက်ကြီးသူကဲ့သို့ နေရပါသည်။ (အခြားသောဘာသာပြန်ဆိုချက်) "ငါနာကျင်သောကြောင့် ကိုယ်ကိုကိုင်း၍ ငုံ့ထားရပါသည်။"

Psalms 007

ပူလောင်သောအနာစွဲ၍
စာရေးသူသည် အဖျားကြီး၍ နာကျင်ပူလောင်စွာ ခံစားနေရပါသည်။ (အခြားသောဘာသာပြန်ဆိုချက်) ကျွန်ုပ်ကိုယ်ထဲ၌ မီးလောင်သကဲ့သို့ အဖျားကြီးနေပါသည်။"

အသားသည်လည်း ကျန်းမာခြင်းမရှိပါ
ဤသည်မှာစာရေးသူသည်၏ အသားကို ရည်ညွှန်းသည်။

နန်နဲခြင်း၊ ကြေကွဲရှိ၍
စာရေးသူသည် အလွန်ဖျားနာသောကြောင့် ကိုယ်အလေးချိန်လျော့ကျကာ ပိုလျက်သားလှဲကျသွားသကဲ့သို့ ပြောဆိုထားသည်။

စိတ်နှလုံးလှုပ်ရှားသဖြင့်
ဤသည်မှာစာရေးသူ၏ နှလုံးခုန်မြန်ခြင်းကို ရည်ညွှန်းသည်။

Psalms 009

စိတ်နှလုံးလှုပ်ရှားသဖြင့် အော်ဟစ်ရပါသည်။
"ကျွန်ုပ်နှလုံး"ကိုဤနေရာတွင်စာရေးသူသည် ကျန်းမာစေလိုသောဆန္ဒအလွန်ပြင်းပြကာ အကူအညီတောင်းခံနေကြောင်း ရည်ညွှန်းသည်။ (အခြားသောဘာသာပြန်ဆိုချက်) "အကျွန်ုပ်၏ အပြင်းပြဆုံးသောအလိုဆန္ဒ" (သို့မဟုတ်) "ကိုယ်တော်အကျွန်ုပ်ကို ပျောက်ကင်းစေလိုသောဆန္ဒ" ။

အကျွန်ုပ်ညည်းတွားခြင်း ကိုလည်း အကြွင်းမဲ့သိတော်မူ၏။
ဤသည်မှာကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်)"အကျွန်ုပ်ဝမ်းနည်း၍ ညည်းထွားခြင်းကို ကိုယ်တော်မြင်ပါ၏။"

ခွန်အားလည်း ကုန်ပါပြီ။
"ကျွန်ုပ်သည် အလွန်အားလျော့ပါပြီ"

မျက်စိအလင်းသည် ကွယ်ပျောက်ပါပြီ။
"ကျွန်ုပ်မျက်စိသည် ကောင်းစွာ မမြင်နိုင်ပါ။"

Psalms 011

ကျော့ ကွင်းများကို ထောင်ထားကြပါ၏။
စာရေးသူ၏ ရန်သူများသည် သားကောင်များကို ဖမ်းသကဲ့သို့ သူ့ကိုရန်ရှာကာ ထောင်ချောက်သဖွယ် ကြံစည်ကြပါ၏ဟူ၍ ပြောဆိုထားသည်။

တနေ့လုံးမနာလို သောစကားကိုပြော၍၊ မကောင်းသောပရိယာယ်ကို ကြံစည်ကြပါ၏။
ဤစာပိုဒ်နှစ်ကြောင်း စလုံးသည် လူများ၏မကောင်းကြံစည်မှုကိုဖော်ပြထားခြင်း အဓိပ္ပာယ် တူညီသည်။"

Psalms 013

အကျွန်ုပ်မူကား၊ နားပင်းသောသူကဲ့သို့ မကြား။ နှုတ်ကို မဖွင့်တတ်လူကဲသို့ ဖြစ်ပါ၏။
အပိုဒ်ငယ် ၁၃ နှင့် ၁၄သည် အလွန်ဖျားနာသော ဝေဒနာခံစားရ၍ နားပင်းကဲ့သို့ ဖြစ်သွားရကြောင်း အဓိပ္ပာယ်ဖြင့် ရည်ညွှန်း၍ရေးထားသည်။

နားမကြား၊ ပြန်၍မပြင်းနိုင်သော သူကဲ့သို့ ဖြစ်ပါ၏။
ဒုတိယစာပိုဒ် အပိုဒ်ငယ် ၁၃ နှင့် ၁၄တွင်စာရေးသူသည် အလွန်ဖျားနာသော ဝေဒနာခံစားရ၍ စကားမပြောနိုင်သောသူကဲ့သို့ ဖြစ်ရကြောင်း အဓိပ္ပာယ်ဖြင့် ဖော်ပြထားသည်။

နှုတ်ကို မဖွင့်တတ်လူကဲသို့
စကားမပြောနိုင်သော သူ"နှုတ်ဆွံ့အ"

Psalms 015

ကိုယ်တော်သည် ပြန်ပြောတော်မူမည်။
ဖြစ်နိုင်ခြေအဓိပ္ပာယ်(၂)မျိုးရှိသည်။ (၁) ကျွန်ုပ်ကို ပြန်လည်ဖြေကြားလိမ့်မည်။ (၂) ရန်သူများကိုပြန်လည်တုန့်ပြန်တော်မူမည်။

အကျွန်ုပ်အမှုမှာ ဝမ်း မြောက်ကြပါလိမ့်မည်။
"အကျွန်ုပ်၏ ဆင်ရဲဒုက္ခခံရသော ဝေဒနာကို ကျေနပ်ကြပါလိမ့်မည်"

အကျွန်ုပ်သည် ခြေချော်သော အခါ
ဤသည်မှာ "ကျွန်ုပ်ခြေဖဝါး"စာရေးသူကို ကိုယ်စားပြုသည်။ "ခြေချော်ခြင်း"ဆိုသည်မှာ စာရေးသူ၏ ဒုက္ခပြဿနာများနှင့် ကံဆိုးမိုးမှောင်ကျခြင်းကို တင်စားထားသည်။



generated on Tue Jul 2 12:50:28 2024

(အခြားသောဘာသာပြန်ဆိုချက်) ကျွန်ုပ်အမှားပြုမိလျှင် ကြီးစွာသော ပြဿနာများရင်ဆိုင်ရလိမ့်မည်။

Psalms 017

အကျွန်ုပ်လဲလုသည်ဖြစ်၍၊
ဖြစ်နိုင်ခြေအဓိပ္ပာယ်(၂)မျိုးရှိသည်။ (၁) "ကျွန်ုပ်သည် အလွန်ဖျားနာသောကြောင့် သေလုမြောပါးဖြစ်ပါ၏။" (၂) "ကျွန်ုပ်သည် မကြာမီ ပျက်စီးခြင်းသို့ ရောက်ပါပြီး"

ဆင်းရဲခြင်းကို အစဉ်အောက် မေ့လျက်နေပါ၏။
နာကျင်ခြင်းဝေဒနာကို အစဉ်ခံစားရသည်။

Psalms 019

အကျွန်ုပ်၏ ရန်သူတို့ကား၊ ကျန်းမာလျက်၊ ခွန်အားကြီးလျက်ရှိ ကြပါ၏။
ဤစာပိုဒ်နှစ်၏ အခြေခံ သဘာတရားတူညီသည်။

အကျွန်ုပ်ကို မဟုတ်မှန်ဘဲ မုန်းသောသူတို့ကား
စာရေးသူသည် သူပြုမူသောကျေးဇူးတရားများကို ရန်သူများက ဆိုးညစ်ခြင်းများဖြင့်သာ တုန့်ပြန်ကြသည်ဟူ၍ ငွေကြေးလှဲလှယ်သကဲ့သို့ ပြောဆိုထားသည်။

အပြစ်ပြုတတ်သော သူတို့သည်အကျွန်ုပ်ကို ရန်ဘက်ပြုကြပါ၏။
စာရေးသူသည် ရန်သူများသူကို ပြန်လည်တိုက်ခိုက်ခြင်းကို ကျောက်ခဲဖြင့် ပေါက်ခံရသကဲ့သို့ ပြောဆိုထားသည်။

ကျေးဇူးတရားကို ကြိုးစား၍ ကျင့်သောကြောင့်
စာရေးသူသည် ကောင်းမွန်သောအရာ နောက်သို့ လိုက်ပြေးသကဲ့သို့ ကောင်းသောအရာများကို လုပ်ဆောင်လိုသာဆန္ဒရှိသည်။

Psalms 021

အိုထာဝရဘုရား၊ အကျွန်ုပ်ကို စွန့်ပစ်တော်မမူ ပါနှင့်
ဤစာပိုဒ် နှစ်ကြောင်းသည် အဓိပ္ပာယ် အလွန်တူညီသည်။

အကျွန်ုပ်နှင့်ဝေးဝေးနေတော် မမူပါနှင့်။
ထာဝရဘုရားသခင်သည် စာရေးသူ၏ တောင်းဆိုမှုကို မတုန့်ပြန်သေးပေ။ စာရေးသူနှင့် အလွန်ဝေးကွာသော နေရာ၌ ရှိနေသကဲ့သို့ ပြောဆိုထားသည်။

အကျွန်ုပ်ကိုမစခြင်းငှါ အလျင်အမြန်ကြွလာတော်မူပါ
(အခြားသောဘာသာပြန်ဆိုချက်)"အကျွန်ုပ်ကို ကယ်တင်တော်မူသော တစ်ပါတည်းသော အရှင်"

## Chapter 39

1 ငါသည်စကားဖြင့်မျှ မပြစ်မှားမည်အကြောင်း၊ ကိုယ်ကျင့်ကို သတိပြုမည်။ မတရားသောသူသည် ငါ့ရှေ့ မှာရှိစဉ်၊
ငါသည်ကိုယ်နှုတ်ကို ချည်နှောင်မည်ဟု ငါပြော ထား၏။ 2 စကားမပြောဘဲအလျက်နေ၏။ ကောင်းသော အရာကိုပင် မပြော။
ထိုသို့နေစဉ်၊ ငါသည် စိတ်ညစ်ညူး ခြင်းရှိ၏။ 3 ကိုယ်အထဲမှာ နှလုံးပူဆွေးခြင်းရှိ၏။ ငါညည်း တွားစဉ်၊ မီးလောင်လေ၏။
ထိုအခါငါသည် နှုတ်မြွက်၏။ 4 အိုထာဝရဘုရား၊ အကျွန်ုပ်သည် ကိုယ်ပျက် တတ်သော သဘောကိုသိရပါမည်အကြောင်း၊ အကျွန်ုပ်
၏လမ်းဆုံးကိုငင်း၊ အကျွန်ုပ်၏ အသက်အပိုင်းအခြားကိုငင်း သိစေတော်မူပါ။ 5 အကျွန်ုပ်အသက်တာကို တမိုက်မျှသာ ခန့်ထား
တော်မူပြီ။ အကျွန်ုပ်အရွယ်သည် ရှေ့တော်၌ ဘာမျှ မဟုတ်သကဲ့သို့ဖြစ်ပါ၏။ အကယ်စင်စစ် လူမည်သည် ကား၊ လူ၏အထွဋ်သို့
ရောက်သော်လည်း၊ အနတ္တသက် သက်ဖြစ်ပါ၏။ 6 အကယ်စင်စစ်လူသည် အရိပ်၌သာ ကျင်လည် ပါ၏။ အကယ်စင်စစ် လူသည်
အရိပ်၌သာ ကျင်လည် ပါ၏။ အကယ်စင်စစ် လူတို့သည် အကျိုးမဲ့ပင်ပန်းကြ ပါ၏။ ဥစ္စာကိုဆည်းဖူးသော်လည်း
အဘယ်သူရအံ့သည် ကို မသိရပါ။ 7 ယခုမူကား၊ အကျွန်ုပ်သည် အဘယ်သို့ မြော်လင့်ရပါမည်နည်း။ အိုထာဝရဘုရား၊ ကိုယ်တော်၌
သာ မြော်လင့်စရာအကြောင်းရှိပါ၏။ 8 ပြစ်မှားမိသမျှသောအပြစ်တို့မှ အကျွန်ုပ်ကို လွှတ်တော်မူပါ။ မိုက်သော သူတို့၏ ကဲ့ရဲ့ခြင်းကို
ခံစေတော်မမူပါနှင့်။ 9 ကိုယ်တော်စီရင်တော်မူရာ ဖြစ်သောကြောင့်၊ အကျွန်ုပ်ပြောစရာမရ။ နှုတ်ကို မဖွင့်ဘဲနေရပါ၏။ 10 အကျွန်ုပ်ကို
ဒဏ်ခတ်တော်မမူပါနှင့်ဦး။ လက်တော်အောက်၌ ဆုံးမခြင်းကိုခံရ၍ အားကုန်ပါပြီ။ 11 ကိုယ်တော်သည် လူတို့အပြစ်ကြောင့် ဆုံးမ၍
ဒဏ်ခတ်တော်မူလျှင်၊ ပိုးရွဖျက်တတ်သကဲ့သို့၊ လူတို့၏ တင့်တယ်ခြင်းအသရေကို ပြယ်ပျောက်စေတော်မူ၏။
အကယ်စင်စစ်လူခပ်သိမ်းတို့သည် အနတ္တသက်သက် ဖြစ်ကြပါ၏။ 12 အိုထာဝရဘုရား၊ အကျွန်ုပ်ဆုတောင်းခြင်း ပဌနာကို
ကြားတော်မူပါ။ အကျွန်ုပ်အော်ဟစ်သော အသံကို နားထောင်တော်မူပါ။ အကျွန်ုပ်မျက်ရည်ကို ကြည့်၍ နေတော်မမူပါနှင့်။
ဘိုးဘေးအပေါင်းတို့သည် ဖြစ်ဘူးသကဲ့သို့၊ အကျွန်ုပ်သည် ရှေ့တော်၌ဧည့်သည် အာဂန္တုဖြစ်၏။ 13 အကျွန်ုပ်သည် ရှေ့သွား၍
မပျောက်မှီတွင် သက်သာရမည်အကြောင်း၊ မျက်နှာလွှဲတော်မူပါ။

---

---

Psalms 001

ယေဒုသန်
ဒါဝိဒ်၏ ဂီတဆိုင်ရာ ပညာရှင်များအနက် တစ်ဦးဖြစ်သည်။
ဤသည်မှာထိုပုဂ္ဂိုလ်ကို ရည်ညွှန်းပြောဆိုခြင်း ဖြစ်သည်။

ဒါဝိဒ်၏ဆာလံ
ဖြစ်နိုင်ခြေရှိသောအဓိပ္ပာယ်များမှာ ၁) ဒါဝိဒ်စပ်ဆိုခဲ့သောဆာလံ၊
၂) ဒါဝိဒ်အကြောင်းစပ်ဆိုထားသောဆာလံ၊ ၃)
ဒါဝိဒ်၏ဆာလံများနှင့်အမျိုးအစားတူသောဆာလံ

ကိုယ်ကျင့်ကို သတိပြုမည်။
ဤတွင်အာရုံစူးစိုက် ဂရုပြုခြင်းကို ဆိုလိုသည်။

ငါသည်စကားဖြင့်မျှ မပြစ်မှားမည်အကြောင်း
စာရေးသူ၏နှုတ်မှ ထွက်သောစကားကို ရည်ညွှန်းသည်။

ကိုယ်နှုတ်ကို ချည်နှောင်မည်
နှုတ်ပိတ်သည်ဟူ၍ အဓိပ္ပာယ်ရသည်။ ဒါဝိဒ်သည်
မကောင်းသောသူအရှေ့မှာ မည်သည့် စကားမျှမပြောဆိုပေ။

Psalms 002

စကားမပြောဘဲအလျက်နေ၏။ ကောင်းသော အရာကိုပင် မပြော။
ဤစာကြောင်းနှစ်ခု၏ ဆိုလိုရင်းရည်ရွယ်ချက် တူညီသည်။
စာရေးသူသည် စကားတစ်ခွန်းမျှမပြောဆိုခဲ့ပါ။

(အခြားသောဘာသာပြန်ဆိုချက်) "ကျွန်ုပ်သည်
လုံးလုံးစကားမပြောပဲ တိတ်ဆိတ်စွာနေသည်"

ကောင်းသော အရာကိုပင် မပြော
"ငါ့စကားလုံးများ" ဤသည်မှာစာရေးသူ၏
ပြောဆိုသောစကားကိုရည်ညွှန်းသည်။
(အခြားသောဘာသာပြန်ဆိုချက်) "စကားမပြောပါ"

ကိုယ်အထဲမှာ နှလုံးပူဆွေးခြင်းရှိ၏။ ငါညည်း တွားစဉ်၊ မီးလောင်လေ၏
"နှလုံး"သည် လူပုဂ္ဂိုလ်၏ ဖြစ်ခြင်းတစ်ခုလုံးကို
ကိုယ်စားပြုသည်။ စာရေးသူသည်
နှလုံးပူပန်ခြင်းအကြောင်းအရာကို တွေးတောလျှင် အတွင်း၌
မီးလောင်သကဲ့သို့ ပူလောင်ခံစားရကြောင်း ပြောဆိုထားသည်။
(အခြားသောဘာသာပြန်ဆိုချက်) "ထိုအကြောင်းအရာများကို
စဉ်းစားလိုက်တိုင်း ကျွန်ုပ်သည် အလွန်အမင်းပူဆွေးသောက
ဝေဒနာခံစားရသည်။"

Psalms 004

အကျွန်ုပ် ၏လမ်းဆုံးကိုငင်း၊ အကျွန်ုပ်၏ အသက်အပိုင်းအခြားကိုငင်း
ဤစာကြောင်း၏ ဆိုလိုရင်းအဓိပ္ပာယ် တူညီသည်။

အကျွန်ုပ်၏ အသက်အပိုင်းအခြားကိုငင်း သိစေတော်မူပါ။
"အကျွန်ုပ်ဘဝ တိုတောင်းခြင်းကိုသိစေတော်မူပါ" (သို့)
"ကျွန်ုပ်၏အသက် မြန်ဆန်စွာ ကုန်ဆုံးခြင်းကို သိစေတော်မူပါ"



generated on Tue Jul 2 12:50:28 2024

အကျွန်ုပ်အသက်တာကို တမိုက်မျှသာ ခန့်ထား တော်မူပြီ။
စာရေးသူ၏ ဘဝသက်တမ်းသည် လက်အတိုင်းအရှည် ပမာဏမျှသာ ရှိကြောင်းပြောဆိုထားသည်။

အကယ်စင်စစ် လူမည်သည် ကား၊ လူ၏အထွဋ်သို့ ရောက်သော်လည်း၊ အနတ္တသက် သက်ဖြစ်ပါ၏။
လူ့ဘဝသက်တမ်းအတိုချုံးကို အချိန်ပမာဏ အတိုင်းအတာမျှသာရှိကြောင်း ပြောဆိုထားသည်။ (အခြားသောဘာသာပြန်ဆိုချက်) "အကယ်စင်စစ် လူ၏ဘဝသက်တမ်းသည် အသက်တစ်ခါရှူရှိုက်သော အချိန်ပမာဏ မျှသာရှိသည်။

Psalms 006

အကယ်စင်စစ်လူသည် အရိပ်၌သာ ကျင်လည်ပါ၏။
လူတွေ၏ ဘဝအသက်တာသည် အရေးမပါသော အရိပ်ကဲ့သို့သာဖြစ်ကြောင်း ပြောဆိုထားသည်။

ဥစ္စာကိုဆည်းဖူးသော်လည်း အဘယ်သူရအံ့သည် ကို မသိရပါ။
ဤသည်မှာ ဥစ္စာပစ္စည်း ချမ်းသာသောသူ အသက်ဆုံးရှုံးလျှင် သူ့အမွေများကို မည်သူရရှိသွားသည်ကို မသိလိုက်ပါ။

ယခုမူကား၊ အကျွန်ုပ်သည် အဘယ်သို့ မျော်လင့်ရပါမည်နည်း။
လူများသည် သူ့ကိုမကူညီနိုင်ကြောင်း စာရေးသူကမေးခွန်းဖြင့်ပြောဆိုထားသည်။ (အခြားသောဘာသာပြန်ဆိုချက်) "ယခုမူကား၊ ထာဝရဘုရား၊ ကျွန်ုပ်သည် မည်သူတစ်ဦးတစ်ယောက်ဆီမျှရရှိဖို့ မမျော်လင့်နိုင်တော့ပါ။"

Psalms 008

အကျွန်ုပ်ပြောစရာမရ။ နှုတ်ကို မဖွင့်ဘဲနေရပါ၏။
ဤစာပိုဒ်အဓိပ္ပာယ်၏ ဆိုလိုရင်း အခြေခံသဘောတရား တူညီသည်။

ကိုယ်တော်စီရင်တော်မူရာ ဖြစ်သောကြောင့်
"ကိုယ်တော်ထံမှ အပြစ်စီရင်ခြင်းကို ကျွန်ုပ်ခံရပါပြီ။"

Psalms 010

ဒဏ်ခတ်တော်မမူပါနှင့်
ဘုရားသခင်၏ ပြစ်ဒဏ်စီရင်ခြင်းသည် လက်နက်ဖြင့်အနာတရဖြစ်စေသကဲ့သို့ ပြောဆိုထားသည်။

အားကုန်ပါပြီ။
"လုံးလုံး ပျက်စီးခြင်း သို့ရောက်ပါပြီ"

လက်တော်အောက်၌ ဆုံးမခြင်းကိုခံရ၍
စာရေးသူသည် ဘုရားသခင်၏ ပြစ်ဒဏ်စီရင်ခြင်းခံရပုံကို ထင်ရှားသည့်ပုံစံဖြင့် ပြောဆိုထားသည်။

ပိုးရွဖျက်တတ်သကဲ့သို့၊ လူတို့၏ တင့်တယ်ခြင်းအသရေကို ပြယ်ပျောက်စေတော်မူ၏။
ဘုရားသခင်သည် လူတွေတန်ဖိုးထားသော အရာများကို ပိုးမွှားများအဝတ်ထည် ကိုကိုက်ဖြတ်စားသောက်သကဲ့သို့ ပျက်စီးစေမည်။

အကယ်စင်စစ်လူခပ်သိမ်းတို့သည် အနတ္တသက်သက် ဖြစ်ကြပါ၏။
စာရေးသူသည် လူများ၏ ဖြစ်စဉ်တစ်လျှောက်လုံးကို နောက်ဆုံး၌ အခိုးအငွေ့လို လျင်မြန်စွာ ကွယ်ပျောက်သွားမည်ဟူ၍ ပြောဆိုထားသည်။ (အခြားသောဘာသာပြန်ဆိုချက်)"လူသားတိုင်းသည် မတည်မြဲကြပါ။"

Psalms 012

အကျွန်ုပ်ဆုတောင်းခြင်း ပဌနာကို ကြားတော်မူပါ။ အကျွန်ုပ်အော်ဟစ်သော အသံကို နားထောင်တော်မူပါ။
ဤစာကြောင်း သုံးကြောင်းသည် ဆိုလိုရင်းအဓိပ္ပာယ် အခြေခံသဘောတရား တူညီစွာဖော်ပြထားသည်။ စာရေးသူသည် ဘုရားသခင်၏ တုန့်ပြန်ခြင်းကို ဆန္ဒပြင်းပြကြောင်း ရေးသားထားသည်။

အကျွန်ုပ်အော်ဟစ်သော အသံကို နားထောင်တော်မူပါ။
ထာဝရဘုရားသည် စာရေးသူ၏ အော်ဟစ်သံကို မကြားသကဲ့သို့ ရေးဖွဲ့ထားသည်။

အကျွန်ုပ်သည် ရှေ့တော်၌ဧည့်သည် အာဂန္တုဖြစ်၏။
ထာဝရဘုရားသခင်သည် သူ့အား ဧည့်သည်ကဲ့သို့ ယူဆထားကြောင်းပြောဆိုထားသည်။

အကျွန်ုပ်ထံ မျက်နှာလွှဲတော်မူပါ။
ထာဝရဘုရား၏ ပြစ်ဒဏ် စီရင်ခြင်းကို ကိုယ်စားပြုသည်။ (အခြားသောဘာသာပြန်ဆိုချက်) "အပြစ်ဒဏ်ခံခြင်းကို ရပ်တန့်တော်မူပါ။" (ရှု၊ metonymy)

အကျွန်ုပ် သက်သာရမည်အကြောင်း
ဤသည်မှာ "အပြုံး" ပျော်ရွှင်ဝမ်းမြောက်ခြင်းကို ရည်ညွှန်းသည်။

 generated on Tue Jul 2 12:50:28 2024

## Chapter 40

1 ငါသည် ထာဝရဘုရားကို စေ့စေ့မြော်လင့်သည် ကာလ၊ ငါ့ကို မျက်နှာပြု၍ ငါအော်ဟစ်သောအသံကို ကြားတော်မူ၏။ 2
ပျက်စီးရာတွင်းနှင့် အလွန်ဆိုးသောရွှံ့ထဲကငါ့ကို ဆယ်နှုတ်ပြီးလျှင် ငါ့ခြေတို့ကို ကျောက်ပေါ်မှာတင်၍ ငါခြေရာတို့ကို
တည်စေတော်မူ၏။ 3 ထိုသို့ငါတို့ဘုရားသခင်ကို ချီးမွမ်းရာသီချင်း သစ်ကို ငါမြွက်ဆိုစေခြင်းငှါ အခွင့်ပေးတော်မူ၏။ လူများ တို့သည်
သိမြင်၍ ကြောက်ရွံ့သောစိတ် နှင့်ထာဝရဘုရား ကို ကိုးစားကြလိမ့်မည်။ 4 မာနထောင်လွှားသောသူနှင့် မိစ္ဆာတရားလမ်း သို့
လွှဲသွားသော သူတို့ကိုမမှီဝဲ၊ ထာဝရဘုရားကို ကိုးစား သောသူသည် မင်္ဂလာရှိ၏။ 5 အကျွန်ုပ်၏ ဘုရားသခင်ထာဝရဘုရား၊
အကျွန်ုပ်တို့အဘို့ ပြုတော်မူသော အံ့သြဘွယ်အမှုတို့နှင့် ကြံစည်တော်မူသော အကြံအစည်တို့သည် များလှပါ၏။ ရှေ့တော်၌
အစဉ်အတိုင်းလျှောက်၍ မကုန်နိုင်ပါ။ အကျွန်ုပ်ထုတ်ဘော်ကြားပြောမည်ဟုဆိုသော်၊ ရေတွက် ၍ မကုန်နိုင်အောင် များလှပါ၏။ 6
ကိုယ်တော်သည် ယဇ်နှင့်ပူဇော်သက္ကာကို အလို တော်မရှိသည် ဖြစ်၍၊ အကျွန်ုပ်နားကို ဖွင့်တော်မူပြီ။ မီးရှို့ရာယဇ်နှင့်
အပြစ်ဖြေရာယဇ်များကို တောင်းတော် မမူသောအခါ၊ 7 ကျမ်းစာလိပ်၌ အကျွန်ုပ်ကို အမှတ်ပြု၍ ရေး ထားသည်နှင့်အညီ၊
အကျွန်ုပ်သည် သွားပါမည်ဟု ဝန်ခံ ပါ၏။ 8 အကျွန်ုပ်၏ ဘုရားသခင်၊ ကိုယ်တော်၏အလိုကို ဆောင်ရာ၌ အကျွန်ုပ်သည်
အားရဝမ်းမြောက်ပါ၏။ ကိုယ်တော်၏တရားသည်လည်း အကျွန်ုပ်နှလုံးထဲမှာ ရှိပါ၏။ 9 ဖြောင့်မတ်ခြင်းတရားကို
ပရိသတ်ကြီးအလယ် မှာ အကျွန်ုပ် ဟောပါပြီ။ အိုထာဝရဘုရား၊ အကျွန်ုပ်သည် ကိုယ်နှုတ်ကိုပိတ်၍ မနေကြောင်းကို
ကိုယ်တော်သိတော် မူ၏။ 10 ဖြောင့်မတ်စွာ စီရင်တော်မူခြင်းတရားကို အကျွန်ုပ်သည် ကိုယ်နှလုံးထဲမှာ ဝှက်၍မထားပါနှင့်။
သစ္စာစောင့်တော်မူခြင်းတရားနှင့် ကယ်တင်တော်မူခြင်း တရားနှင့် ကယ်တင်တော်မူခြင်းတရားကို ဟောပြော ပါပြီ။ ကရုဏာတော်နှင့်
သစ္စာတော်ကို ပရိသတ်ကြီး အလယ်မှာ မထိမ်းဝှက်ပါ။ 11 အိုထာဝရဘုရား၊ အကျွန်ုပ်၌ သနားစုံမက် တော်မူခြင်းစိတ်ကို
မချုပ်တည်းပါနှင့်။ ကရုဏာတော်နှင့် သစ္စာတော်သည် အကျွန်ုပ်ကို အစဉ်စောင့်မပါစေသော။ 12 အကြောင်းမူကား၊
အတိုင်းမသိများစွာသော ဘေးဥပဒ်တို့သည် အကျွန်ုပ်ကို ဝိုင်းကြပါပြီ။ အကျွန်ုပ်မျှော် ၍ မကြည့်နိုင်အောင်ခံရသော အပြစ်တို့သည်
အကျွန်ုပ် ကို မှီကြပါပြီ။ အကျွန်ုပ်ဆံပင်ထက်များပြားသည် ဖြစ်၍၊ အကျွန်ုပ်နှလုံးသည် အားလျော့ပါပြီ။ 13 အိုထာဝရဘုရား၊
အကျွန်ုပ်ကို နှုတ်ယူခြင်းငှါ အလိုရှိတော်မူပါ။ အိုထာဝရဘုရား၊ အကျွန်ုပ်မစခြင်းငှါ အလျင်မမြန်ပြုတော်မူပါ။ 14
အကျွန်ုပ်အသက်ကို သတ်ခြင်းငှါ ရှာကြံသော သူအပေါင်းတို့သည် အရှက်ကွဲ၍ မျက်နှာပျက်ကြပါစေ သော။ အကျွန်ုပ်၌
အန္တရယ်ပြုချင်သောသူတို့သည် လှန်ခြင်းကိုခံရ၍ ရှက်ကြောက်ခြင်းသို့ရောက်ကြပါစေ သော။ 15 အကျွန်ုပ်ကို အေ့ဟေ၊ အေ့ဟေဟု
ဆိုသော သူတို့သည် အရှက်ကွဲခြင်းအားဖြင့် မှိုင်တွေကြပါစေ သော။ 16 ကိုယ်တော်ကိုရှာသော သူအပေါင်းတို့သည် ကိုယ်တော်၌
ဝမ်းမြောက်ရွှင်လန်းကြပါစေသော။ ကယ်တင်တော်မူခြင်းကျေးဇူးကို နှစ်သက်သောသူတို့ သည်
ထာဝရဘုရားဘုန်းကြီးတော်မူစေသတည်းဟု အစဉ်မပြတ်ပြောကြပါစေသော။ 17 အကျွန်ုပ်မူကား၊ ဆင်းရဲငတ်မွတ်သော်လည်း၊
ထာဝရဘုရား သည် အကျွန်ုပ်ကို အောက်မေ့တော်မူ၏။ ကိုယ်တော်သည် အကျွန်ုပ်ကို မစသောသူ၊ ကယ်တင် သောသူဖြစ်တော်မူ၏။
အကျွန်ုပ်၏ ဘုရားသခင်၊ ဆိုင်းလင့်တော်မမူပါနှင့်။

---

### Psalms 001

ငါသည် ထာဝရဘုရားကို စေ့စေ့မြော်လင့်သည် ကာလ
ထာဝရဘုရား၏ ကူညီမစခြင်းကို စာရေးသူ စောင့်မျှော်နေခြင်းဟူ၍ အဓိပ္ပာယ် ဖြစ်သည်။

ငါအော်ဟစ်သောအသံကို ကြားတော်မူ၏။
ဤဖော်ပြထားသော အဓိပ္ပာယ်များသည် တူညီသည်။

ပျက်စီးရာတွင်းနှင့် အလွန်ဆိုးသောရွှံ့ထဲကငါ့ကို ဆယ်နှုတ်ပြီးလျှင်
ဤသည်မှာစာရေးသူ၏ ရင်ဆိုင်ရသော အန္တရာယ်များသည် ရွှံ့များဖြင့် ပြည့်နေသော သေတွင်းနှင့် ခိုင်းနှိုင်းထားသည်။

ငါ့ခြေတို့ကို ကျောက်ပေါ်မှာတင်၍
ဤသည်မှာစာရေးသူသည် လုံခြုံစိတ်ချရသော နေရာဟူ၍ ရည်ညွှန်းထားသည်။ (အခြားသောဘာသာပြန်ဆိုချက်) "လုံခြုံစိတ်ချစွာနဲ့ ပို့ဆောင်တော်မူသည်။"

### Psalms 003

ငါတို့ဘုရားသခင်ကို ချီးမွမ်းရာသီချင်း သစ်ကို ငါမြွက်ဆိုစေခြင်းငှါ အခွင့်ပေးတော်မူ၏။
ဖြစ်နိုင်ချေအဓိပ္ပာယ်(၂)မျိုးရှိသည်။ (၁) ကျွန်ုပ်ကို သီချင်းသစ်အတွက် စကားလုံးများကို သင်ပေးတော်မူသည်။ (၂) ကျွန်ုပ်သီချင်း ချီးမွမ်းခြင်းအတွက် အကြောင်း အရာအသစ်များ ပေးထားသည်။

ငါမြွက်ဆိုစေခြင်းငှါ
"ကျွန်ုပ်နုတ်" ဤတွင် စာရေးသူ၏ နှုတ်ကို ရည်ညွှန်းသည်။

ငါတို့ဘုရားသခင်ကို ချီးမွမ်းရာ
နာမ် "ချီးမွမ်းခြင်း" ကြိယာတစ်ခုအဖြစ်ဖော်ပြထားသည်။ အခြားသောဘာသာပြန်ဆိုချက် "ကျွန်ုပ်တို့ ဘုရားသခင်ကို ချီးမွမ်းဖို့ရန် သီချင်း"


generated on Tue Jul 2 12:50:28 2024

လူများ တို့သည် သိမြင်၍
စာရေးသူသည် ဘုရားသခင်သူ့ကို ပြုတော်မူသောအမှုဒများကို သီချင်းအားဖြင့် လူသားအားလုံးကို ကြားသိစေမည်ဟူ၍ ရည်ညွှန်းသည်။
(အခြားသောဘာသာပြန်ဆိုချက်)"လူအများအားလုံးသည် ကျွန်ုပ်အား ထာဝရဘုရားပြုတော်မူသော အမှုများကို ကြားသိစေမည်။"

ထာဝရဘုရားကို ကိုးစား သောသူသည် မင်္ဂလာရှိ၏။
"ထာဝရဘုရားကို ယုံကြည်ကိုးစားသောသူသည် ကောင်းကြီးမင်္ဂလာ ခံရလိမ့်မည်။' (သို့) "ကောင်းကြီးမင်္ဂလာရှိသောသူများသည် ထာဝရဘုရားကို ကိုးစားကြသည်။

မာနထောင်လွှား
ဤသည်မှာ စားရေးသူသည် မာနထောင်လွှားသော လူများကို ရည်ညွှန်းသည်။

မိစ္ဆာတရားလမ်း
ညစ်ညူးသောဟူသော ဟေဗြဲစကားလုံးဖြစ်သည်။ ဖြစ်နိုင်ခြေအဓိပ္ပာယ် (၂)မျိုးရှိသည်။ (၁) လိမ်လည်လှည့်ဖျားသောသူများ(၂) မိစ္ဆာနတ်များ။

Psalms 005

အကျွန်ုပ်တို့အဘို့ ပြုတော်မူသော အံ့သြဖွယ်အမှုတို့နှင့် ကြံစည်တော်မူသော အကြံအစည်တို့သည် များလှပါ၏။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်) "ကိုယတော်သည် ကျွန်ုပ်တို့အဘို့ ပြုတော်မူသော အံ့သြဖွယ် အကြံအစည်တော်များကို အဘယ်သူမျှ မရေမတွက်နိုင်အောင်များပြားလှပါ၏။

အကျွန်ုပ်ထုတ်ဘော်ကြားပြောမည်ဟုဆိုသော်၊ ရေတွက် ၍ မကုန်နိုင်အောင် များလှပါ၏။
ဤစာပိုဒ်များ၏ အဓိပ္ပာယ် တူညီသည်။ ပထမစာကြောင်းသည် အနုတ်လက္ခဏာဆောင်၍ ဒုတိယစာကြောင်းသည် အကောင်းဘက်မြင်သော လက္ခဏာကို ဆောင်သည်။

ကိုယ်တော်သည် ယဇ်နှင့်ပူဇော်သက္ကာကို အလို တော်မရှိသည် ဖြစ်၍၊

အကျွန်ုပ်နားကို ဖွင့်တော်မူပြီ။
ကြားနိုင်သောဟူ၍ ရည်ညွှန်းသည်။
(အခြားသောဘာသာပြန်ဆိုချက်) ကိုယ်တော်၏ မိန့်တော်မူချက်များကို ကြားနိုင်အောင် ကျွန်ုပ်ကို ဖွင့်ပြတော်မူပြီး။

မီးရှို့ရာယဇ်နှင့် အပြစ်ဖြေရာယဇ်များကို တောင်းတော် မမူသောအခါ၊
ယဇ်ပူဇော်သက္ကာများသည် ဘုရားသခင်အတွက် အရေးမကြီးပေ။

Psalms 007

ကျမ်းစာလိပ်၌
ထာဝရဘုရား၏ နှုတ်ကပတ်တော် ရေးသားထားသောကျမ်းစာလိပ်

ကိုယ်တော်၏တရားသည်လည်း အကျွန်ုပ်နှလုံးထဲမှာ ရှိပါ၏။
ဤတွင်စာရေးသူသည် အတွင်းအပြင်ဖြစ်ခြင်းကို ရည်ညွှန်းသည်။

ဖြောင့်မတ်ခြင်းတရားကို ပရိသတ်ကြီးအလယ် မှာ အကျွန်ုပ် ဟောပါပြီ။
"ပရိတ်သတ်ကြီးရှေ့မှာ ကိုယ်တော်၏ ဖြောင့်မတ်ခြင်း သတင်းကောင်းကို အကျွန်ုပ် ကြားပြောပါပြီ။"

ဖြောင့်မတ်ခြင်းတရား
ဤနေရာတွင်စာရေးသူသည် ဘုရားသခင် လူများကို ကယ်နှုတ်တော်မူသော သတင်းကောင်းကို ရည်ညွှန်းသည်။

အကျွန်ုပ်သည် ကိုယ်နှုတ်ကိုပိတ်၍ မနေကြောင်း
ဤတွင် "ငါ့နှုတ်ခမ်း" သည် စာရေးသူ၏ နှုတ်မှပြောသော စကားကို ရည်ညွှန်းသည်။

Psalms 010

ဖြောင့်မတ်စွာ စီရင်တော်မူခြင်းတရားကို အကျွန်ုပ်သည် ကိုယ်နှလုံးထဲမှာ ဝှက်၍မထားပါနှင့်။
ကိုယ်တော်၏ ဖြောင့်မတ်ခြင်းတရားကို ကျွန်ုပ်လျှို့ဝှက်မထားပါ။

ကိုယ်နှလုံးထဲမှာ
ဤသည်မှာ ကတ္တားပုံစံဖြင့်ဖော်ပြထားသည်။ ဤနေရာတွင် စာရေးကသူ၏ အတွင်းဖြစ်ခြင်း ကိုရည်ညွှန်းသည်။ "

သစ္စာစောင့်တော်မူခြင်းတရားနှင့် ကယ်တင်တော်မူခြင်း တရားနှင့် ကယ်တင်တော်မူခြင်းတရားကို ဟောပြော ပါပြီ။ ကရုဏာတော်နှင့် သစ္စာတော်ကို ပရိသတ်ကြီး အလယ်မှာ မထိမ်းဝှက်ပါ။

ကိုယ်တော်၏ သစ္စာစောင့်တော်မူခြင်း
ဤသည်မှာ
ကြိယာအနေဖြင့်သုံးပြီးလုပ်ဆောင်ချက်ကဲ့သို့ဖော်ပြထားသည်။

သစ္စာတော်
(အခြားသောဘာသာပြန်ဆိုချက်) "ကိုယ်တော်သည် အလွန်သစ္စာရှိသော ဘုရားဖြစ်သည်။

ကရုဏာတော်နှင့် သစ္စာတော်သည် အကျွန်ုပ်ကို အစဉ်စောင့်မပါစေသော။
ဤသည်မှာစာရေးသူသည် ကိုယ်တော်၏ သစ္စာတော်နှင့် ကရုတော်သည် သူ့ကို စောင့်ရှောက်ကြောင်း လူပုဂ္ဂိုလ် ကဲ့သို့ တင်စားထားသည်။ (အခြားသောဘာသာပြန်ဆိုချက်) "ကိုယ်တော်၏ ကရုဏာတော်နှင့် သစ္စာတော်သည် ကျွန်ုပ်ကို အစဉ်အမြဲကွယ်ကာစောင့်ရှောက်ဖို့ ကျွန်ုပ်အလိုရှိ၏။

## Psalms 012

အတိုင်းမသိများစွာသော ဘေးဥပဒ်တို့သည် အကျွန်ုပ်ကို ဝိုင်းကြပါပြီ။
ပြဿနာ အခက်အခဲများသည် ထောင်ချောက်ဆင်၍ ဝန်းရံထားသကဲ့သို့ ပြောဆိုထားသည်။

အတိုင်းမသိများစွာသော
ဤတွင် အနုတ်လက္ခဏာပုံစံဖြင့်ပြင်းထန်စွာဖော်ပြထားပါသည်။ ဆာလံ

အပြစ်တို့သည်
ဤသည်မှာ သူ၏အပြစ် အကျိုးဆက်များကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မရေမတွက်အောင်များပြားလှသော အကျွန်ုပ်အပြစ်များ"

အကျွန်ုပ် ကို မှီကြပါပြီ။
ဤသည်မှာ စာရေးသူ၏ အပြစ်များသည် ရန်သူများကဲ့သို့ သူ့ကို ဖမ်းဆီး၍ အန္တရာယ်ပေးကြသည် ဟုပြောဆိုထားသည်။

အကျွန်ုပ်မျှော် ၍ မကြည့်နိုင်အောင်ခံရသော အပြစ်တို့သည်
ဤတွင် စာရေးသူသည် အော်ဟစ်ငိုကြွေးလွန်းသောကြောင့် သူ၏မျက်စိများသည် ရှင်းလင်းစွာမမြင်ရဘဲ မျက်ရည်များကြောင့် မှုန်ဝါးနေသည် ဟူ၍ အဓိပ္ပာယ်ဖြင့် ရေးသားထားသည်။

အကျွန်ုပ်နှလုံးသည် အားလျော့ပါပြီ။
ဤသည်မှာ စာရေးသူသည်အတွင်းဖြစ်ခြင်း၏ ခံစားချက်တစ်ခုလုံးကို ရည်ညွှန်းသည်။ (အခြားသောဘာသာပြန်ဆိုချက်) ကျွန်ုပ်သည် အလွန်အမင်းအားယုတ်လျက်ရှိ၏။

## Psalms 014

အကျွန်ုပ်အသက်ကို သတ်ခြင်းငှါ ရှာကြံသော သူအပေါင်းတို့သည်
ဤသည်မှာ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်) "ကျွန်ုပ်အသက်ကို သတ်ခြင်းငှာ ကြိုးစားကြသောသူများကို အရှက်ခွဲခြင်းနှင့် စိတ်ပျက်ခြင်း ကြုံရပါစေသော"

အကျွန်ုပ်အသက်ကို သတ်ခြင်းငှါ ရှာကြံသော သူ
ဤတွင် "ကျွန်ုပ်ဘဝကိုလိုက်ခဲ့" ကျွန်ုပ်ကိုသတ်ခြင်းငှာ အလိုရှိသော သူများဟု အဓိပ္ပာယ်ရသည်။ (အခြားသောဘာသာပြန်ဆိုချက်) "ကျွန်ုပ်ကို သတ်ခြင်းငှာ ကြိုးပမ်းကြသောသူများ"

အကျွန်ုပ်၌ အန္တရာယ်ပြုချင်သောသူ
ဤသည်မှာ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်) ကျွန်ုပ်ကိုထိခိုက်နာကျင်အောင် အန္တရာယ်ပြုချင်သောသူများကို ရှုတ်ချ၍ ရပ်တန့်စေပါ။

လှန်းခြင်းကို ခံရ၍
ရပ်တန့်စေရန်

အကျွန်ုပ်ကို အေ့ဟေ၊ အေ့ဟေဟု ဆိုသော သူတို့သည်
အကျွန်ုပ်ကို အေ့ဟေ၊ အေ့ဟေဟု၍ ကဲ့ရဲ့ကြသောသူများ အရှက်ရပါစေသော"

သူတို့သည် အရှက်ကွဲခြင်းအားဖြင့် မှိုင်တွေကြပါစေ သော။
သူတို့အရှက်ကွဲ၍ အံ့ဩတွေဝေ ကြပါစေသော။

## Psalms 016

ကိုယ်တော်၌ ဝမ်းမြောက်ရွှင်လန်းကြပါစေသော။
ဤစကားစုနစ်ခုကိုအလွန်လေးနက်သော ဝမ်းမြောက်၊ ဝမ်းသာဖြစ်ခြင်းကို ရည်ရွယ်၍ ရေးသားထားသည်။ (အခြားသောဘာသာပြန်ချက်)"အလွန်အမင်း ဝမ်းမြောက်ရွှင်လန်းခြင်း"

ကယ်တင်တော်မူခြင်းကျေးဇူးကို နှစ်သက်သောသူတို့
နာမ် "ကယ်တင်ခြင်း"ကို လုပ်ဆောင်ချက်ပုံစံဖြင့်ဖော်ပြထားသည်။

ဆင်းရဲငတ်မွတ်
စာရေးသူသည် သူတို့၏စည်းစိမ်မှ သူတို့အား က,ယ်တင်မည်ဟု ယုံကြည်နေသော လူများအား ဆက်လက်ဖော်ပြနေသည်။

သိုးများကဲ့သို့
စာရေးသူမှ လူများသည် သိုးများကဲ့သို့ သေကျေကြလိမ့်မည်ဟု နှိုင်းယှဥ်ဖော်ပြပါသည်။ သိုးများသာ် သေမင်း၏ လက်မှ လွတ်မြောက်နိုင်မည် မဟုတ်ပါ။

ချထား ၍
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်) ဘုရားသခင်သည် သူတို့ အားချမှတ်ထား၏

သိုးများကဲ့သို့ မရဏာနိုင်ငံ၌ ချထား ၍
စာရေးသူမှ သိုးထိန်းသည် သချိုင်းသို့ ဦးဆောင်၍ သေခြင်းကို ယူဆောင်သွားသကဲ့သို့ဟု လူ၏ သေဆုံးခြင်းအား ပြောဆိုပါသည်။ (အခြားသောဘာသာပြန်ဆိုချက်) သေခြင်းသည် သိုးထိန်းမှ သိုးများအာည်း သားသတ်သမားထံ ခေါ်ဆောင်သွားသကဲ့သို့ ဖြစ်လိမ့်မည်။

ကာလမကြာမမြင့်မီ
ဤနေရာတွင် ကာလအချိန်ဟူသည် ဘုရားသခင်မှ သူ၏လူများအားသေခြင်းမှ ကယ်တင်မည်ကို သက်သေထူမည့် အလချိန်ဖြစ်သည်။

မရဏာနိုင်ငံ သည် သူတို့၏နေရာဖြစ်၏။
စာရေးသူမှ မရဏာသည် သောသောလူ

ငါ့ကိုမူကား၊ ဘုရားသခင်သိမ်းယူတော်မူ------
စာရေးသူမှ မရဏာအား သေသောသူများပေါ်တွင် ဩဇာလွှမ်းမိုးသူဟု ပြောပါသည်။ စကားစပ်အရ သေသောခန္ဓာအားစားသောက်ခြင်းကို ရည်ညွှန်းသော တန်ခိုးကိုဖော်ပြပါသည်။

 generated on Tue Jul 2 12:50:28 2024

ငါ့ကိုမူကား၊ ဘုရားသခင်သိမ်းယူတော်မူသောကြောင့်
"အသက်"သည် လူတစ်ကိုယ်လုံးကို ရည်ညွှန်းသည်။

Psalms 016

အိမ်၏ဂုဏ် အသရေတိုးပွါးသောအခါ
"ဂုဏ်"ဟူသည် ချမ်းသာကြွယ်ဝခြင်းကို ရည်ရွယ်ပါသည်။
ဆိုလိုချက်(၁) သူ၏အိမ်၌ ကြွယ်ခြင်းကို ပို၍ရရှိသောအခါ
ဆိုလိုချက်(၂) သူ၏မိသားစုများပို၍ ချမ်းသာလာသောအခါ

သူသည်သေသောအခါ၊ အဘယ်ဥစ္စာမျှ မပါရ။
သို့သည်သင်္ချိုင်းသို့ သွားလျှင် ဘာမျှပါမသွားပါ။

သူ၏ဂုဏ်အသရေသည် သူ့နောက်သို့ မဆင်းသက်ရ။
"သူ့နောက်ကို မဆင်းသက်ရ"ဟူသည် လူသေခြင်းပြီး ချိန်ကို ရည်ညွှန်းသည်။ (အခြားသောဘာသာပြန်ဆိုချက်) သူ၏ ဂုဏ်သရေသည် သေဆုံးသောအခါ သူနှင့်အတူမပါသွားရ

Psalms 018

မိမိဝိညာဉ်ကို ကောင်းကြီးပေးတတ်၏။
"ဝိညာဉ်"သည် လူတစ်ကိုယ်လုံးကို ရည်ညွှန်းသည်။
ဤစကားစုသည် သူ၏စည်းစိမ်ချမ်းသာများကြောင့် သူသည် ပျော်ရွှင်စွာနေမည်ကို ဆိုလိုပါသည်။

မိမိအကျိုးကို ပြုစုသော အခါ သူတပါးတို့သည်ချီးမွမ်းတတ်ကြ၏။
စာရေးသူသည် လူများအချင်းချင်းအောင်မြင်သောသူများအား ချီးမွမ်းသော ဖော်ပြချက်များကို ယေဘုယျ ဖော်ပြထားပါသည်။

မိမိအကျိုးကို ပြုစုသော အခါ
လောကလူနေမှု အဆင့်အရ အောင်မြင်သူများကို ရည်ညွှန်းသည်။

သူ၏ဘိုးဘေးအမျိုး ရှိရာသို့ သွားရလိမ့်မည်။
ချမ်းသာသူများသည် သေဆုံး၍ သူ၏မျိုးဆက်များသည် သူ့သင်္ချိုင်း၌ သူတို့အား ဆက်သွယ်လိမ့်မည်ဟု ဆိုလိုပါသည်။ (အခြားသောဘာသာပြန်ဆိုချက်) သူသည်သေဆုံး၍ သူ၏မျိုးနွယ်များနှင့် ဆက်သွယ်လိမ့်မည်။

ကာလအစဉ်အဆက် သူတို့သည်အလင်းကို မမြင်ရကြ။
"သူတို့"ဟူသည် ချမ်းသာသူများနှင့် သူ၏မျိုးနွယ်များကို ရည်ညွှန်းသည်။ "အလင်း"ဟူသည် နေရောင်)

## Chapter 50

1 တန်ခိုးကြီးသော ဘုရားသခင်တည်းဟူသော ထာဝရဘုရားသည် ဗျာဒိတ်ပေးတော်မူ၏။ နေထွက်ရာမှ သည် နေရာတိုင်အောင်
မြေကြီးကိုခေါ်တော်မူ၏။ 2 အသရေတင့်တယ်ခြင်းပြည့်စုံရာ ဇိအုန်တောင် ပေါ်မှာ ဘုရားသခင်၏ရောင်ခြည် တော်သည် ထွန်းပ၏။ 3
ငါတို့၏ ဘုရားသခင် ကြွလာတော်မူ၏။ တိတ်ဆိတ်စွာ နေတော်မမူ။ ရှေ့တော်၌ မီးလောင်လျက် ပတ်ဝန်းကျင်၌ မိုဃ်းသက်မုန်တိုင်း
ပြင်းပြလျက်ရှိ၏။ 4 မိမိလူတို့ကို စစ်ကြောစီရင်ခြင်းအလို့ငှါ အထက် ကောင်းကင်ကိုငင်း၊ မြေကြီးကိုငင်း ခေါ်တော်မူလျက်၊ 5
ယဇ်ပူဇော်သောအားဖြင့်၊ ငါနှင့်ပဋိညာဉ် ဖွဲ့သော ငါ၏သန့်ရှင်းသူတို့ကို ငါ့ထံသို့စုဝေးစေကြဟု မိန့်တော်မူ၏။ 6 ဘုရားသခင်သည်
ကိုယ်တော်တိုင် တရား ဆုံးဖြတ်တော်မူသည်ဖြစ်၍၊ ဖြောင့်မတ်တော်ခြင်း အကြောင်းကို ကောင်းကင်တို့သည် ထင်ရှားစွာ ပြကြ
လိမ့်မည်။ 7 ငါ၏လူများတို့နားထောင်ကြ။ ငါပြောမည်။ အိုဣသရေလအမျိုး၊ သင့်တဘက်၌ငါသက်သေခံမည်။
ငါသည်ဘုရားသခင်ဖြစ်၏။ သင်၏ဘုရားသခင်ဖြစ်၏။ 8 မီးရှို့သောယဇ်မှစ၍ ယဇ်ပူဇော်ခြင်းအမျိုးမျိုး အတွက် ငါသည်
သင်၌အပြစ်မတင်။ ထိုယဇ်တို့သည် ငါ့ရှေ့မှာ အစဉ်ရှိကြ၏။ 9 သင့်အိမ်ထဲက နွားကိုငင်း၊ သင့်ခြံထဲက ဆိတ်ထီးကိုငင်း ငါမခံမယူ။ 10
တောတိရစ္ဆာန်ရှိသမျှတို့နှင့် တထောင်သော တောင်ပေါ်မှာရှိသော တိရစ္ဆာန်တို့သည် ငါ၏ဥစ္စာ ဖြစ်ကြ၏။ 11 တောင်ပေါ်မှာ
နေတတ်သော ငှက်အပေါင်း တို့ကို ငါသိ၏။ တောသားရဲတို့သည် ငါ၌ရှိကြ၏။ 12 ငါသည် ငတ်မွတ်လျှင်သင့်ကိုမပြော။ လောက
ဓာတ်နှင့် လောကဥစ္စာသည် ငါ၏ဥစ္စာဖြစ်၏။ 13 နွားသားကိုငါစားမည်လော။ ဆိတ်သွေးကို ငါသောက်မည်လော။ 14
ကျေးဇူးချီးမွမ်းခြင်း ယဇ်ကိုဘုရားသခင်အား ပူဇော်လော့။ သစ္စာဂတိထားသည်အတိုင်း၊ အမြင့်ဆုံး သောအရာ၌
သစ္စာဝတ်ကိုဖြေလော့။ 15 အမှုရောက်သည်ကာလ၌ ငါ့ကိုပဌနာပြုလော့။ ငါသည် ကယ်လွှတ်မည်။ သင်သည်လည်း ငါ့ကိုချီးမွမ်း
လိမ့်မည်ဟု မိန့်တော်မူ၏။ 16 မတရားသောသူကိုကား၊ သင်သည် ငါ၏အထုံး အဖွဲ့တို့ကို ကြားပြော၍ ငါ၏ပဋိညာဉ်တရားကို မြွက်ဆို
ခြင်းငှါ အဘယ်သို့ဆိုင်သနည်း။ 17 ဆုံးမသွန်သင်ခြင်းကို သင်သည်မုန်း၍ ငါ့စကား ကို သင့်နောက်၌ ပစ်ထားပါသည်တကား။ 18
သင်သည် သူခိုးကိုမြင်လျှင်၊ သူနှင့်သဘောတူ တက်၏။ သူ့မယားကို ပြစ်မှားသော သူတို့နှင့်ဆက်ဆံ တတ်၏။ 19 သင်၏နှုတ်ကို
ဒုစရိုက်၌အပ်နှံ၍၊ သင်၏လျှာ ဖြင့် မုသာကို စီရင်တတ်၏။ 20 သင်သည်ထိုင်လျက်၊ ကိုယ်ညီအစ်ကိုကို ဆန့်ကျင်ဘက်ပြု၍
ပြောဆိုတတ်၏။ ကိုယ်အမိ၏သားကို ဆဲရေးတတ်၏။ 21 ထိုသို့ကျင့်၍ငါသည် တိတ်ဆိတ်စွာနေသော ကြောင့်၊
ငါ့ကိုသင်နှင့်တူသည်ဟု ထင်လေပြီတကား။ သင်၏အပြစ်ကို ငါဘော်ပြ၍၊ သင့်မျက်မှောက်၌ ခင်းထားမည်။ 22 ဘုရားသခင်ကို
မေ့လျော့သောသူတို့၊ ဤအမှုကို ဆင်ခြင်ကြလော့။ သို့မဟုတ် သင်တို့ကိုကယ်နှုတ်သော သူမရှိ။ ငါသည် အပိုင်းပိုင်းဆွဲဖြတ်မည်။ 23
ကျေးဇူးချီးမွမ်ခြင်း ယဇ်ပူဇော်သောသူသည် ငါ၏ဘုန်းကို ထင်ရှားစေသောသူဖြစ်၏။ မိမိသွားသော လမ်းကို
ဆင်ခြင်သောသူအားလည်း၊ ကယ်တင်တော်မူ ခြင်း ကျေးဇူးကို ငါပြမည်ဟု ဘုရားသခင်မိန့်တော်မူ၏။

---

Psalms 001

တန်ခိုးကြီးသော ဘုရားသခင်တည်းဟူသော ထာဝရ ဘုရားသည်
စာရေးသည် ကွဲပြားသောအမည်နာမ သုံးမျိုးကို သုံး၍
ဘုရားသခင်ထံစကားပြောသည်။

မြေကြီးကိုခေါ်တော်မူ၏။
ကမ္ဘာကြီးဟူသည် ကမ္ဘာမြေပေါ်တွင်
နေထိုင်သောလူများအားရည်ညွှန်းပါသည်။
(အခြားသောဘာသာပြန်ဆိုချက်) လူများအားလုံးကို ခေါ်သည်။

နေထွက်ရာမှ သည် နေရာတိုင်အောင်
ဤစာစုသည် နေဦးတည်ရာ လမ်းကြောင်းဖြစ်သည်။
နေထွက်ရာအရှေ့အရပ်နှင့် နေဝင်ရာအနောက်အရပ်
လမ်းကြောင်းကို ရည်ညွှန်းသည်။
(အခြားသောဘာသာပြန်ဆိုချက်)ကမ္ဘာမြေပေါ်ရှိ နေရာတိုင်း

သရေတင့်တယ်ခြင်းပြည့်စုံရာ ဇိအုန်တောင် ပေါ်မှာ
ဖြစ်နိုင်ချေ(၁) ---- လှပခြင်းနှင့် ပြည့်စုံသောဇိအုန်(သို့
ဖြစ်နိုင်ချေ(၂)---- အလှပဆုံးသောမြို့ဇိအုန်

ဘုရားသခင်၏ရောင်ခြည် တော်သည် ထွန်းပ၏။
စာရေးသူမှ ဘုရားသခင်အားတောက်ပသော အလင်းကဲ့သို့ဟု
ပြောပါသည်။ ဤအရာသည် လူအများဘုရားသခင်၏
ဘုန်းတော်ကို သိရှုန် ရည်ညွှန်းသောအရာ ဖြစ်သည်။

Psalms 003

တိတ်ဆိတ်စွာ နေတော်မမူ။
စာရေးသူမှ အနှုတ်ဆောင်သော အရာဖြင့် ကောင်းမွန်
သောရလဒ်ကို အထူးပြုထားသည်။

ရှေ့တော်၌ မီးလောင်လျက်
စာရေးသူမှ ရှေ့တော်မှ မီးလောင်သောအရာသည်
သူတို့၏စားစရာ ကဲ့သို့ဟု ပြောဆိုပါသည်။

ပတ်ဝန်းကျင်၌ မိုဃ်းသက်မုန်တိုင်း ပြင်းပြလျက်ရှိ၏။
"သူတို့ပတ်လည်၌ ကြီးမားသော မုန်တိုင်းရှိနေသည်။"


generated on Tue Jul 2 12:50:28 2024

အထက်ကောင်းကင်ကိုင်း၊ မြေကြီးကိုင်း----ခေါ်တော်မူ၏
ဆိုလိုချက်(၁)---ဘုရားသခင်သည် အထက်ကောင်းကင်ကိုင်း၊ မြေကြီးကိုင်းခေါ်လျက် သူ၏ လူများကို တရား စီရင်တော်မူ၏
ဆိုလိုချက်(၂)--ဘုရားသခင်သည် ကောင်းကင်နှင့်မြေကြီးကို လူများကဲ့သို့ခေါ်ဆို၍ တရားစီရင်တော်မူ၏။

Psalms 006

ကောင်းကင်တို့သည် ထင်ရှားစွာ ပြကြ လိမ့်မည်။
ဆိုလိုချက်(၁)----ကောင်းကင်များသည် ကောင်းကင်တမန်များနေထိုင်ရာကို ရည်ညွှန်းသည်။ (UDB) ဆိုလိုချက်

Psalms 007

ငါသည်သင့်အားသင်၏ ယဇ်ပူဇော်ခြင်းအတွက် အပြစ်တင်လိမ့်မည် မဟုတ်ပါ။
ဘုရားသခင်သည် သူတို့၏ ယဇ်ပူဇော်ခြင်းမှ ရည်ရွယ်ချက်မရှိသောကြောင့် သူတို့အား အပြစ်တင်သည်ကို ရှင်းပြသည်။

အပြစ်တင်သည်
ပြစ်တင်ပြောဆိုသည်။

ထိုယဇ်တို့သည် ငါ့ရှေ့မှာ အစဉ်ရှိကြ၏။
အဘယ်ကြောင့် ဘုရားသခင်သည် သူတို့အား အပြစ်တင်သည်ကို ရှင်းပြသည်။ ဤစကားစုသည် "ငါ့ရှေ့မှာ အစဉ်ရှိကြ၏"ဟူသည် ဘုရားသခင်၏မျက်မှောက်တော်၌ သူ၏လူများ မီးရှို့ရာယဇ်ပူဇော်ခြင်းသည် အစဉ်အမြဲ ဖြစ်နေသည်ကိုရည်ညွှန်းပါသည်။

Psalms 009

တိရစ္ဆာန်များ
မွေးမြူထားသော တိရစ္ဆာန်များ(သို့) အဝန်းအရံများ

တထောင်သော တောင်ပေါ်မှာရှိသော တိရစ္ဆာန်တို့သည်
ဤစကားစု "တထောင်သောတော်ပေါ်" ဟူသည်ဘုရားသခင်ပိုင်ဆိုင်သော အရေအတွက် အားလုံးကိုကိုယ်စားမပြုပါ။ ဘုရားသခင်သည် ကမ္ဘာပေါ်ရှိသော အရာများအားလုံးကို ပိုင်ဆိုင်သည်ဟု အထူးပြုပြောထားပါသည်။

တစ်ထောင်သော တောင်ပေါ်
တောင်

တောင်ပေါ်မှာ နေတတ်သော ငှက်အပေါင်း တို့ကို ငါသိ၏။
"သိသည်"ဟူသော စကားလုံးသည် ပိုင်ဆိုင်မှုကို ပြသည်။

Psalms 012

ငါသည် ငတ်မွတ်လျှင်
ဘုရားသခင်သည် ဆာလောင်မွတ်သိပ်ခြင်းမရှိပါ။

နွားသားကိုငါစားမည်လော။
ဘုရားသခင်သည် မေးခွန်းကို အသုံးပြု၍ သူ့အတွက် ယဇ်ပူဇော်ခြင်းများ မလိုအပ်ကြောင်းကို အထူးပြုပြောဆိုပါသည်။

Psalms 014

ကျေးဇူးချီးမွမ်းခြင်း ယဇ်
ဘုရားသခင်သည် သူ့ကိုယ်သူပြောခြင်းဖြစ်သည်။

သစ္စာဂတိထားသည်အတိုင်း၊ အမြင့်ဆုံး သောအရာ၌ သစ္စာဝတ်ကိုဖြေလော့။
စာရေးသူမှ လူများသည် ဘုရားသခင်ထံပေးလေ့ရှိသည့် ဂတိသစ္စာကို ပြောဆိုပါသည်။

အမှုရောက်သည်ကာလ၌ ငါ့ကိုပဌနာပြုလော့။
ဤနေရာတွင်"နေ့"ဟူသည် မည်သည့်အချိန်ကိုမဆိုရည်ညွှန်းပါသည်။

Psalms 016

မတရားသောသူကိုကား----
ဘုရားသခင်သည် သူ့ကိုယ်သူ တတိယပုဂ္ဂိုလ်ကဲ့သို့ စကားပြောနေပါသည်။ (အခြားသောဘာသာပြန်ဆိုချက်) မိုက်မဲသူများအား ငါပြောပြီ

မတရားသောသူ
"မတရားသောသူ"ဟူသည် မိုက်မဲသောသူများအား ရည်ညွှန်းပါသည်။

ဆုံးမသွန်သင်ခြင်းကို သင်သည်မုန်း၍ ငါ့စကား ကို သင့်နောက်၌ ပစ်ထားပါသည်တကား။
ဘုရားသခင်မှ ဤမေးခွန်းအား လူဆိုး၊ လူမိုက်များအတွက် ပြောဆိုထားပါသည်။

ပဋိညာဉ်တရားကို မြွက်ဆို ခြင်းငှါ
ဘုရားသခင်သည် မိုက်မဲသောသူများအား သူတို့နှုတ်တွင်က တရားစကားကိုရွတ်ကြောင်း ပြောပါသည်။

ငါ့စကား ကို သင့်နောက်၌ ပစ်ထားပါသည်တကား။
ဘုရားသခင်သည် မိုက်မဲသော သူများအား သူ၏စကားကို နောက်၌ ပစ်ထားကြောင်း ပြောပါသည်။

Psalms 018

သူနှင့်သဘောတူ တက်၏
ဖြစ်နိုင်ခြေ (၁) သူခိုး၏ အပြုအမူများကို အတည်ပြုပြောဆိုသည်။ (အခြားသောဘာသာပြန်ဆိုချက်) သင်သဘောတူ၏ (သို့) သူတို့သည် သူခိုးနှင့် ဆက်သွယ်လုပ်ဆောင်သည်။


generated on Tue Jul 2 12:50:28 2024

သင်၏နှုတ်ကို ဒုစရိုက်၌အပ်နှံ၍
ဘုရားသခင်မှ လူ၏နှုတ်သည်မကောင်းသောအရာကို လုပ်ဆောင်သော လူတစ်ဦး ကဲ့သို့ဟု ပြောပါသည်။ (အခြားသောဘာသာပြန်ဆိုချက်) သင်သည် မကောင်းသောအရာများကို အစဉ်အမြဲပြောဆိုသည်။

သင်၏လျှာ ဖြင့် မုသာကို စီရင်တတ်၏။
"လျှာ"ဟူသည် လူပုဂ္ဂိုလ် ၏ စကားပြောခြင်းကို ကိုယ်စားပြုသည်။

သင်သည်ထိုင်လျက်၊ ကိုယ်ညီအစ်ကိုကို ဆန့်ကျင်ဘက်ပြု၍ ပြောဆိုတတ်၏။
ထိုင်၍ပြောဆိုခြင်းသည် လူတစ်ဦးတစ်ယောက်မှ တစ်စုံတစ်ဦးအား ဆိုးဝါးသော အပြောအဆိုများကို ဆန့်ကျင် ပြောဆိုပါသည်။

Psalms 021

ငါ့ကိုသင်နှင့်တူသည်ဟု ထင်လေပြီတကား။
ဘုရားသခင်သည် တိတ်ဆိတ်နေပြီး ဆိုးသွမ်းသောလူများအား အပြစ်မတင်သည်ကို သူတို့လုပ်ဆောင်ခြင်းများအား ဘုရားသခင်၏ အတည်ပြုသည်ဟု ထင်မှတ်သည်။

ပြောင်းပြန်အပြစ်တင်သည်
ပြစ်တင်သည် (သို့) ပြင်းထန်စွာပြောဆိုသည်။

သင့်မျက်မှောက်၌ ပါခင်းထားပြီး။
ဘုရားသခင်မှာ မကောင်းသော လုပ်ဆောင်ချက် အရာများအားလုံးကို ငါချထားပြီး။

(အခြားသောဘာသာပြန်ဆိုချက်) မှတ်ထာပြီး-----
သင်လုပ်ဆောင်ပြီးသော အရာများ အားလုံးကို

သင့်မျက်မှောက်၌ ခင်းထားမည်။
"မျက်မှောက်၌" ဟူသည် သူတို့မြင်နိုင်သော နေရာဖြစ်သည်။ သူတို့ကို ဆန့်ကျင်သောသူများအား ဘုရား သခင် ပြောဆိုသည်ကို သူတို့ငြင်းနိုင်စွမ်းမရှိကြောင်းဆိုလိုပါသည်။

ဘုရားသခင်ကို မေ့လျော့သောသူတို့၊
မိုက်မဲသောသူများ သူ့အားငြင်းပယ်ခြင်းကို သူ့အားမေ့သည်ဟု ပြောပါသည်။ သူသည်တတိယ ပုဂ္ဂိုလ်ကဲ့သို့ ပြောပါသည်။ (အခြားသောဘာသာပြန်ဆိုချက်) ကျွန်ုပ်ကိုငြင်းပယ်သောသူ

ငါသည် အပိုင်းပိုင်းဆွဲဖြတ်မည်။
ဘုရားသခင်သည် ဆိုးသွမ်း သူများအား ခြင်္သေ့သည် သားကောင်ကိုဖျက်ဆီးသကဲ့သို့ အပိုင်းပိုင်း ဖျက်ဆီးပါမည်။

Psalms 023

မိမိသွားသော လမ်းကို ဆင်ခြင်သောသူ
ဘုရားသခင်မှ ခရီးသွားသူကဲ့သို့ မိမိလမ်းကိုဆင်ခြင်သောသူဟု ပြောဆိုပါသည်။ (အခြားသောဘာသာပြန်ဆိုချက်) မိမိလမ်းကို ဆင်ခြင်နေထိုင်သောသူ

ကယ်တင်တော်မူ ခြင်း ကျေးဇူးကို ငါပြမည်ဟု ဘုရားသခင်မိန့်တော်မူ၏။
ဤနေရာတွင် ဘုရားသခင်မှ လူအားကယ်တင်သည်ကို မြင်နိုင်သော ကယ်တင်ခြင်းကဲ့သို့ ပြောဆိုပါသည်။ သူသည်တတိယ ပုဂ္ဂိုလ်အဖြစ် အသုံးပြုထားပါသည်။ (အခြားသောဘာသာပြန်ဆိုချက်) ငါသည်သူ့ကို ကယ်တင်မည်။

---

## Translation Questions

Psalms 50:1

ဘုရားသခင်ကိုရည်ညွှန်းရန် မည်သည့်နာမည်များကို အသုံးပြုသနည်း။
"တန်ခိုးကြီးသောဘုရားသခင်၊" "ဘုရားသခင်၊" "ထာဝရဘုရား" ဟူသည့် နာမတို့ကို သုံးထားသည်။

Psalms 50:3

ဘုရားသခင်သည် မြေကြီးနှင့် ကောင်းကင်အား အဘယ်ကြောင့် ခေါ်တော်မူသနည်း။
မိမိလူတို့ကို စစ်ကြောစီရင်ခြင်းအလိုငှါ အထက်ကောင်း ကင်ကိုလည်းကောင်း၊ မြေကြီးလည်းကောင်း ခေါ်တော်မူမည်။

Psalms 50:7

ဘုရားသခင်သည် အဘယ်အရာကို အပြစ်မတင်ဟု ပြောသနည်း။
မီးရှို့သောယဇ်မှစ၍ ယဇ်ပူဇော်ခြင်းအမျိုးမျိုးအတွက် သူသည် အပြစ်မတင်ဟု ပြောသည်။

Psalms 50:9

ထာဝရဘုရားသည် မိမိလူတို့ထံမှ နွားနှင့်ဆိတ်တို့ကို မခံယူဟု အဘယ်ကြောင့် ပြောသနည်း။
တောတိရစ္ဆာန်ရှိသမျှတို့နှင့် ထောင်ချီသော သားကောင်တို့သည် ထာဝရဘုရား၏ ဥစ္စာဖြစ်သောကြောင့်ဖြစ်သည်။

Psalms 50:14

လူတိုင်းသည် ထာဝရဘုရားအား အဘယ်အရာကို ပူဇော်သင့်သနည်း။
ကျေးဇူးတော်ချီးမွမ်းခြင်းယဇ်ကို ပူဇော်၍ သစ္စာဝတ်ကို ဖြေသင့်ပါသည်။

Psalms 50:16

ဆိုးသောသူသည် အဘယ်အရာကို မုန်း၍ လွှင့်ပစ်တတ်သည်ဟု ဘုရားသခင်ပြောသနည်း။
ဆုံးမသွန်သင်ခြင်းကို သင်သည် မုန်း၍ နှုတ်ကပတ်တော်ကို နောက်၌ ပစ်ထားသည်ဟု ဘုရားသခင်ပြောသည်။

Psalms 50:21

ထာဝရဘုရား တိတ်ဆိတ်တော်မူသောအခါ မိုက်သောသူသည် မည်သို့ တွေးသနည်း။
မိမိတို့နှင့် ထာဝရဘုရားတူသည် ဟု ထင်မှတ်တော်မူသည်။

မိုက်သောသူအား ထာဝရဘုရားအပိုင်းပိုင်းဖြတ်သောအခါ မည်သူ ကယ်လိမ့်မည်နည်း။
ကယ်မည့်သူ တစ်ဦးမျှရှိမည်မဟုတ်ပါ။

Psalms 50:23

မည်သူအား ထာဝရဘုရားသည် ကယ်တင်ခြင်းကျေးဇူးကို ပြလိမ့်မည်နည်း။
ကျေးဇူးတော်ချီးမွမ်းခြင်းယဇ်ကို ပူဇော်၍ မိမိသွားသော လမ်းအား ဆင်ခြင်သောသူအား ထာဝရဘုရားသည် ကယ်တင်ခြင်းကျေးဇူးကို ပြလိမ့်မည်။


generated on Tue Jul 2 12:50:28 2024

## Chapter 51

1 အိုဘုရားသခင်၊ ကျေးဇူးပြုချင်သော စေတနာ စိတ်တော်ရှိသည်အတိုင်း၊ အကျွန်ုပ်ကိုသနားတော်မူပါ။ စုံမက်တော်မူခြင်း
ကရုဏာများပြားသည်နှင့်အညီ၊ အကျွန်ုပ်လွန်ကျူးခြင်း အပြစ်ကိုဖြေတော်မူပါ။ 2 ဒုစရိုက်အညစ်အကြေးကို အကုန်အစင်
ဆေးကြော၍၊ အကျွန်ုပ်ကို သန့်ရှင်းစေတော်မူပါ။ 3 အကျွန်ုပ်လွန်ကျူးပါပြီဟု ဝန်ချလျက် ကိုယ် အပြစ်ကို အစဉ်မပြတ်
အောက်မေ့လျက်နေပါ၏။ 4 ကိုယ်တော်ကို ပြစ်မှားပါပြီ။ ကိုယ်တော်ကိုသာ ပြစ်မှား၍ မျက်မှောက်တော်၌ပင် မတရားသောအမှုကို
ပြုပါပြီ။ သို့ဖြစ်၍ မိန့်တော်မူချက်သည် ဖြောင့်ပါ၏။ တရားစီရင်တော်မူချက်သည် အပြစ်လွတ်ပါ၏။ 5 အကျွန်ုပ်သည် မွေးစကပင်
အပြစ်ပါလျက် ရှိ၏။ အမိဝမ်းထဲမှာ ပဋိသန္ဓေယူစဉ်ပင် အပြစ်စွဲ၏။ 6 ဟုတ်မှန်ဖြောင့်မတ်သော စိတ်နှလုံးကို နှစ်သက်
တော်မူသည်ဖြစ်၍၊ အကျွန်ုပ်၏ စိတ်နှလုံးထဲမှာ ပညာကို သွန်သင်တော်မူပါ။ 7 အကျွန်ုပ်ကို စင်ကြယ်စေခြင်းငှါ၊ ဟုသုပ်ပင် ညွန့်နှင့်
သန့်ရှင်းခြင်းမင်္ဂလာကို ပေးတော်မူပါ။ အကျွန်ုပ် ကို မိုဃ်းပွင့်ထက်သာ၍ ဖြူစေခြင်းငှါ ဆေးကြောတော် မူပါ။ 8
စိတ်သက်သာဝမ်းမြောက်ခြင်း ရှိမည်အကြောင်း စကားကို အကျွန်ုပ်အားကြားစေတော်မူပါ။ သို့ပြုလျှင်၊ ချိုးဖွဲ့တော်မူသော
အရိုးတို့သည် ရွှင်မြူးခြင်းရှိကြပါလိမ့် မည်။ 9 အကျွန်ုပ်လွန်ကျူးခြင်း ဒုစရိုက်တို့မှ မျက်နှာ တော်လွှဲ၍၊ အကျွန်ုပ်
အပြစ်ရှိသမျှတို့ကိုလည်း ဖြေတော် မူပါ။ 10 အိုဘုရားသခင်၊ အကျွန်ုပ်အထဲ၌ စင်ကြယ် သောနှလုံးကို ဖန်ဆင်းတော်မူပါ။
မြဲမြံတည်ကြည်သော သဘောကို အသစ်ပြုပြင်တော်မူပါ။ 11 အကျွန်ုပ်ကို အထံတော်ထဲက နှင်ထုတ်တော် မမူပါနှင့်။
သန့်ရှင်းသောဝိညာဉ်တော်ကို ရုပ်သိမ်းတော် မမူပါနှင့်။ 12 ကယ်တင်တော်မူခြင်းနှင့်ယှဉ်သော ဝမ်းမြောက်ခြင်း အခွင့်ကို ပြန်၍
ပေးသနားတော်မူပါ။ ကြည်ညိုသော စေတနာစိတ်သဘောသည် အကျွန်ုပ်ကို ထောက်မပါ စေသော။ 13 အကျွန်ုပ်သည်လည်း
မတရားသောသူတို့အား တရားလမ်းကို ပြသသွန်သင်ပါမည်။ အပြစ်ရှိသော သူတို့သည် ကိုယ်တော်ထံသို့ ပြန်ကြပါလိမ့်မည်။ 14
အိုဘုရားသခင်၊ အကျွန်ုပ်ကို ကယ်တင်တော် မူသောဘုရား၊ လူအသက်ကို သတ်ခြင်းအပြစ်နှင့် အကျွန်ုပ်ကို ကင်းလွတ်စေတော်မူပါ။
တရားသဖြင့် စီရင်တော်မူခြင်းကို အကျွန်ုပ်လျှာသည် ရွှင်လန်းစွာ သီချင်း ဆိုပါမည်။ 15 အိုထာဝရဘုရား၊ အကျွန်ုပ်၏ နှုတ်ကို
ဖွင့်တော် မူပါ။ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်း၍ မြွက်ဆိုပါမည်။ 16 ယဇ်ပူဇော်ခြင်းကို အလိုတော်မရှိ။ သို့မဟုတ် လျှင်
ယဇ်ပူဇော်ပါမည်။ မီးရှို့သော ယဇ်ပူဇော်ခြင်းကိုပင် နှစ်သက်တော်မမူ။ 17 ဘုရားသခင်နှစ်သက်တော်မူသော ယဇ်မူကား၊
ကျိုးပဲ့သောစိတ်ပေတည်း။ အိုဘုရားသခင်၊ ကိုယ်တော် သည် ကျိုးပဲ့ကြေမွသော နှလုံးကို ငြင်းပယ်တော်မမူ တတ်ပါ။ 18
စေတနာစိတ်တော်ရှိ၍ ဇိအုန်တောင်ကို ကျေးဇူးပြုတော်မူပါ။ ယေရုရှလင်မြို့ရိုးကို တည်စေတော် မူပါ။ 19 ထိုအခါတရားသဖြင့်
ပူဇော်သောယဇ်၊ မီးရှို့ သောယဇ်၊ တကိုယ်လုံးမီးရှို့သောယဇ်နှင့် မွေ့လျော်တော် မူလိမ့်မည်။ ထိုအခါ ယဇ်ပလ္လင်တော်ပေါ်မှာ နွားလား
တို့ကို ယဇ်ပူဇော်ကြပါလိမ့်မည်။ ဒါဝိဒ်သည် ဗာသရှေဘနှင့်မှားယွင်း၍၊ မရောဖက်နာသန်၏ဆုံးမခြင်း ကိုခံပြီးမှ စပ်ဆိုသောဆာလံ။

---

### Psalms 001

ယေဘုယျအချက်အလက်
"အန္ဒိုင်းကဗျာ" သည် ဟေဗြဲကဗျာတွင် အများဆုံး
ဖွဲ့ဆိုသီကုံးလေ့ရှိသော ကဗျာအမျိုးအစားဖြစ်သည်။

ယေဘုယျအချက်အလက်
ဤဆာလံ၌ ဒါဝိဒ်က ဘုရားသခင်ထံ
ခွင့်လွှတ်ခြင်းကိုတောင်းလျှောက်သည်။

ဒါဝိဒ်၏ဆာလံ
ဖြစ်နိုင်ခြေရှိသောအဓိပ္ပာယ်များမှာ ၁) ဒါဝိဒ်စပ်ဆိုခဲ့သောဆာလံ၊
၂) ဒါဝိဒ်အကြောင်းစပ်ဆိုထားသောဆာလံ၊ ၃)
ဒါဝိဒ်၏ဆာလံများနှင့်အမျိုးအစားတူသောဆာလံ

ပရော်ဖက်နာသန် ဒါဝိဒ် ရှင်ဘုရင်ထံသို့ သွားသောအခါ
ပရော်ဖက်နာသန် ဒါဝိဒ် ရှင်ဘုရင်ထံသို့ သွားပြီးနောက် ဒါဝိဒ်၏
ပြန်လည်တုန့်ပြန်ပြောဆိုသော ဆာလံဖြစ်သည်။

ဒါဝဒ်သည်ဗေရှေဘနှင့် ပြစ်မှားသည့်နောက် စပ်ဆိုသောဆာလံဖြစ်သည်။
ဒါဝိဒ်သည် ဗေရှေဘနှင့် လွန်ကျူးပြီးနောက် စပ်ဆိုသော
ဆာလံဖြစ်သည်။

စုံမက်တော်မူခြင်း ကရုဏာများပြားသည်နှင့်အညီ
ကျေးဇူးကရုဏာပြုတော်မူသော အရာများ
အလွန်များပြားခြင်းကြောင့်

အကျွန်ုပ်လွန်ကျူးခြင်း အပြစ်ကိုဖြေတော်မူပါ။
အပြစ်ဖြေလွှတ်ဖို့ နှစ်မျိုးနှစ်စားရေးသားထားသည်။

စရိုက်အညစ်အကြေးကို အကုန်အစင် ဆေးကြော၍၊ အကျွန်ုပ်ကို
သန့်ရှင်းစေတော်မူပါ။
ဤစာပိုဒ် နှစ်ကြောင်း၏ အဓိပ္ပာယ် ဆင်တူသည်။

ဒုစရိုက်အညစ်အကြေးကို အကုန်အစင် ဆေးကြော၍
ဘုရားသခင် လက်ခံတော်မူရန် သန့်ရှင်းစင်ကြယ် ပေးရန်
ပြောဆိုထားသည်။ ဘုရားသခင် အပြစ်များကို
ခွင့်လွှတ်ပေးခြင်းဖြင့် လူများကို လက်ခံတော်မူသည်။


generated on Tue Jul 2 12:50:28 2024

အကုန်အစင်
လုံးလုံးပြည့်စုံစွာ

အကျွန်ုပ်ကို သန့်ရှင်းစေတော်မူပါ။
ဘုရားသခင်လက်ခံ၍ သန့်ရှင်းစင်ကြယ်ပေးရန် ပြောဆိုထားသည်။ ဘုရားသခင်သည် လူများ၏ အပြစ်များကို လွှတ်ပေးခြင်းဖြင့် လက်ခံပေးသည်။

Psalms 003

မျက်မှောက်တော်၌ပင် မတရားသောအမှုကို ပြုပါပြီ။
အပြစ်များသည် သူ၏မျက်မှောက်တော်ရှေ့၌ ရှိနေခြင်း၊ ဆိုလိုသည်မှာ မေ့ပျောက်ဖို့မရနိုင်ဘဲ အမြဲမြင်တွေ့နိုင်ကြောင်းပြောဆိုထားသည်။

မတရားသောအမှုကို ပြုပါပြီ
မကောင်းမှု၊ မတရားမှု ကို ကျွန်ုပ်ပြုမိပါပြီး။

Psalms 005

အကျွန်ုပ်သည် မွေးစကပင် အပြစ်ပါလျက် ရှိ၏။ အမိဝမ်းထဲမှာ ပဋိသန္ဓေယူစဉ်ပင် အပြစ်စွဲ၏။ ဟုတ်မှန်ဖြောင့်မတ်သော စိတ်နှလုံးကို နှစ်သက်တော်မူသည်ဖြစ်၍
(အခြားသောဘာသာပြန်ဆိုချက်) "ကျွန်ုပ်သည် အပြစ်၌ မွေးဖွားလာသောသူ ဖြစ်ပါ၏ ---- သို့သော် ကိုယ်တော်သည် သစ္စာနှင့် ပြည့်စုံသော နှလုံးသားကို နှစ်သက်တော်မူ၏။

အကျွန်ုပ်သည် မွေးစကပင် အပြစ်ပါလျက် ရှိ၏။ အမိဝမ်းထဲမှာ ပဋိသန္ဓေယူစဉ်ပင် အပြစ်စွဲ၏။
ဤစာကြောင်း၏ ရည်ရွယ်ချက် ဆိုလိုရင်းအဓိပ္ပာယ် ဆင်တူသည်။

အကျွန်ုပ်သည် မွေးစကပင် အပြစ်ပါလျက် ရှိ၏။
အပြစ်သားတစ်ယောက်သည် အပြစ်၌ရှိကြောင်း ပြောဆိုထားသည်။ (အခြားသောဘာသာပြန်ဆိုချက်) "ကျွန်ုပ်မွေးဘွားကတည်းမှ စ၍ အပြစ်သားဖြစ်ပါသည်။"

အမိဝမ်းထဲမှာ ပဋိသန္ဓေယူစဉ်ပင် အပြစ်စွဲ၏
(အခြားသောဘာသာပြန်ဆိုချက်) "အမိဝမ်းထဲ၌ပင်ကျွန်ုပ်သည် အပြစ်သားဖြစ်ပါသည်။"

ဟုတ်မှန်ဖြောင့်မတ်သော စိတ်နှလုံးကို နှစ်သက် တော်မူသည်ဖြစ်၍
စိတ်နှလုံးသည် လူပုဂ္ဂိုလ်တစ်ယောက်၏ အလိုဆန္ဒ

Psalms 007

အကျွန်ုပ်ကို စင်ကြယ်စေခြင်းငှါ၊ ဟုဿုပ်ပင်ညွန့်နှင့် သန့်ရှင်းခြင်းမင်္ဂလာကို ပေးတော်မူပါ။ အကျွန်ုပ်ကို မိုဃ်းပွင့်ထက်သာ၍ ဖြူစေခြင်းငှါ ဆေးကြောတော် မူပါ။
ဘုရားသခင် လက်ခံတော်မူရန် သန့်ရှင်းစင်ကြယ်စေတော်မူပါဟူ၍ ပြောဆိုထားသည်။ ဘုရားသခင်သည် ထိုသူများကို လက်ခံရန် အပြစ်များကို ခွင့်လွှတ်တော်မူသည်။

ဟုဿုပ်ပင် ညွန့်နှင့် သန့်ရှင်းခြင်းမင်္ဂလာကို ပေးတော်မူပါ။
စာရေးသူသည် ဘုရားသခင်အားယဇ်ပရောဟိတ် တစ်ပါးကဲ့သို့ အပြစ်သားတစ်ယောက်ကို သန့်စင်ရေဖျန်းကာ ဘုရားသခင်ခက်ခံအောင်ပြုလုပ်ပေးရန် ပြောဆိုထားသည်။ (အခြားသောဘာသာပြန်ဆိုချက်) "ဟုဿုပ်ပင် ညွန့်နှင့် သန့်ရှင်းခြင်းမင်္ဂလာကို ပေးတော်မူပါ။" (သို့) "အကျွန်ုပ်၏ အပြစ်များကို ခွင့်လွှတ်တော်မူ၍ လက်ခံပေးတော်မူပါ။"

ဟုဿုပ်ပင် ညွန့်
ဤ ဟုဿုပ်ပင် များကို ယဇ်ပရောဟိတ်များသည် သန့်ရှင်းသောမင်္ဂလာတော်ခံယူသည့် အချိန်၌ ရေစင်အားဖြင့်သော်၎င်း (သို့) တိရစ္ဆာန်၏ အသွေးအားဖြင့် သော်၎င်း လူ၏အပေါ်၌ ပက်ဖျန်း၍ ဘုရားသခင်လက်ခံတော်မူ၍ အသုံးပြုသောအပင်များ ဖြစ်သည်။

မိုဃ်းပွင့်ထက်သာ၍ ဖြူစေခြင်းငှါ
အပြစ်မရှိခြင်းသည် ဖြူစင်ကြောင်းကို ပြောဆိုထားသည်။

စိတ်သက်သာဝမ်းမြောက်ခြင်း ရှိမည်အကြောင်း
ဤစကားလုံး နှစ်ခုသည် အဓိပ္ပာယ် ရည်ရွယ်ချက် တူညီသည်။

ချိုးဖဲ့တော်မူသော အရိုးတို့သည် ရွှင်မြူးခြင်းရှိကြပါလိမ့် မည်။
မလွန်ဝမ်းနည်းဖွယ်ခံစားရကြောင်းကို အရိုးများကြေမွသကဲ့သို့ ပြောဆိုထားသည်။

အကျွန်ုပ်လွန်ကျူးခြင်း ဒုစရိုက်တို့မှ မျက်နှာ တော်လွှဲ၍
တစ်ဦးတစ်ယောက်၏ အပြစ်ကိုခွင့်လွှတ်ခြင်း(သို့) ငြင်းပယ်လိုက်ခြင်းဖြင့် မသိမမြင်လိုက်သကဲ့သို့ ဖြစ်အောင်တောင်းဆိုထားသည်။
(အခြားသောဘာသာပြန်ဆိုချက်)
"ကျွန်ုပ်အပြစ်ကိုမှတ်တော်မမူပါနှင့်" (သို့)" ကွန်ုပ်အပြစ်ကို အောက်မေ့တော်မမူပါနှင်" "

အကျွန်ုပ် အပြစ်ရှိသမျှတို့ကိုလည်း ဖြေတော် မူပါ။
တစ်ဦးတစ်ယောက်၏ အပြစ်များကိုခွင့်လွှတ်ပေးခြင်း (သို့)ငြင်းပယ် ပေးလိုက်ရန် ပြောဆိုထားသည်။ (၁) အပြစ်အနာအဆာများကို ဖယ်ရှားလိုက်ခြင်း (၂) မှတ်သား ထားသော အပြစ်များကို ချေဖျက်ပေးလိုက်ခြင်း
(အခြားသောဘာသာပြန်ဆိုချက်) "တစ်စုံတစ်ဦး၏ အပြစ်အနာအဆာများကို သုတ်သင်ရှင်းလိုက်သကဲ့သို့ ခွင့်လွှတ်ပေးခြင်း" (သို့) "ကျွန်ုပ်၏ မှတ်သားထားသော အပြစ်များကို ချေဖျက်ပေးလိုက်သကဲ့သို့ မေ့ပျောက်တော်မူပါ။" (ရှု၊ Metaphor)

Psalms 010

အကျွန်ုပ်အထဲ၌ စင်ကြယ် သောနှလုံးကို ဖန်ဆင်းတော်မူပါ။
နှလုံးသည် ခံစားချက်များနှင့် အလိုဆန္ဒများကို ကိုယ်စားပြုသည်။ စင်ကြယ်သောနှလုံးဆိုသည်မှာ


generated on Tue Jul 2 12:50:28 2024

ဘုရားသခင်ကို လုံးလုံးလျားလျား ကိုးကွယ်ဝတ်ပြုခြင်းနှင့် နာခံလိုက်လျှောက်ခြင်းဖြစ်သည်။
(အခြားသောဘာသာပြန်ဆိုချက်) "ကိုယ်တော်ကို လုံးလုံးဝတ်ပြုကိုးကွယ်ဖို့ရန် ကျွန်ုပ်ကို ပြုပြင်တော်မူပါ"

မြဲမြံတည်ကြည်သော သဘောကို အသစ်ပြုပြင်တော်မူပါ။
ဒါဝိဒ်၏ အလိုတော်နှင့် စိတ်သဘောထားကို ကိုယ်စားပြုသည်။
(အခြားသောဘာသာပြန်ဆိုချက်)"ကျွန်ုပ်၏ စိတ်နှလုံးကို မှန်ကန်စေပါ" (သို့) "စစ်မှန်သော အရာကိုလုပ်ဆောင်ရန် အစဉ်ပြုပြင်တော်မူပါ။"

အကျွန်ုပ်ကို အထံတော်ထဲက နှင်ထုတ်တော် မမူပါနှင့်။
ကိုယ်တော်ထံမှ အဝေးသို့နှင်ထုတ်တော် မမူပါနှင့်" ကိုဉယ်တော်၏ ငြင်းပယ်တော်မူခြင်းဖြင့် အဝေးသို့နှင်ထုတ်ခြင်းမပြုရန် ပြောဆိုထားသည်။
(အခြားသောဘာသာပြန်ဆိုချက်)"ကျွန်ုပ်ကို ငြင်းပယ်တော်မမူပါနှင့်။"

Psalms 012

အကျွန်ုပ်ကို ထောက်မပါ စေသော။
"ကူညီမစပေးသည်" (သို့) "ထောက်မပေးသည်"

တရားလမ်း
လူတွေကို တရားလမ်းသို့ လိုက်လျှောက်စေမူသည်။" (သို့) "လူတွေကို ကိုယ်တော့်အလိုတော်နှင့် လိုက်လျှောက်စေမူသည်။"

အပြစ်ရှိသော သူတို့သည် -------
ဤစကားလုံးသည် အပြစ်ဒုစရိုက် လွန်ကျူးသော လူများကို ဆိုလိုသည်။

Psalms 014

လူအသက်ကို သတ်ခြင်းအပြစ်
လူကိုသတ်ခြင်း အပြစ်ဟူ၍ ရည်ညွှန်းသည်။

အကျွန်ုပ်၏ နှုတ်ကို ဖွင့်တော် မူပါ။ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်း၍ မြွက်ဆိုပါမည်။
"နှုတ်ကိုဖွင့်တော်မူပါ"ဟူ၍ ဖော်ပြထားခြင်းသည် အပြစ်လုပ်ထား၍ စကားလုံးမထွက်လာနိုင်ကြောင်း ရည်ညွှန်းသည်။ နှုတ်ကို ဖွင့်လာနိုင်အောင် သူ၏အပြစ်များကို ခွင့်လွှတ်ပေးဖို့ တောင်းဆိုထားသည်။
(အခြားသောဘာသာပြန်ဆိုချက်)"အိုဘုရားသခင် အကျွန်ုပ်သည် ကိုယ်တော်ကိုချီးမွမ်းနိုင်ရန် နှုတ်ကိုဖွင့်ပေးတော်မူပါ။"

ယဇ်ပူဇော်ခြင်းကို အလိုတော်မရှိ။ သို့မဟုတ် လျှင် ယဇ်ပူဇော်ပါမည်။ မီးရှို့သော ယဇ်ပူဇော်ခြင်းကိုပင် နှစ်သက်တော်မမူ။
ဘုရားသခင်သည် ဤယဇ်ပူဇော်ခြင်းထက် အခြါးအရာကိုပို၍ အလိုတော်ရှိကြောင်း အဓိပ္ပာယ်ဖြစ်သည်။

Psalms 017

ဘုရားသခင်နှစ်သက်တော်မူသော ယဇ်မူကား
ဘုရားသခင်နှစ်သက်တော်သော ပူဇော်သက္ကာများ

ကျိုးပဲ့ကြေမွသော နှလုံး
စိတ်နှလုံးနှိမ့်ချခြင်းကို ပုံဆောင်သည်။

ကျိုးပဲ့ကြေမွသော နှလုံးကို ငြင်းပယ်တော်မမူ တတ်ပါ။
စစ်မှန်သောနောင်တများဖြင့် ကျိုးပဲ့ကြေမွကာ ဘုရားသခင်ထံ ပြန်လာသော နှလုံးသား၊ ဆန္ဒဟူ၍ ရည်ညွှန်းသည်။
(အခြားသောဘာသာပြန်ဆိုချက်) "လူတစ်ဦးတစ်ယောက်သည် သူ့အပြစ်များကြောင့် ဝမ်းနည်းကြေကွဲကာ စိတ်နှိမ့်ချခြင်းကို ဖော်ဆောင်သည်။"

ယေရုရှလင်မြို့ရိုးကို တည်စေတော် မူပါ။
မြို့ရိုးသည် မြို့များနှင့် ပြည်သူများကို ကာကွယ်ရန် ဖြစ်သည်။ ဖြစ်နိုင်ချေအဓိပ္ပာယ်(၂)မျိုးရှိသည်။ (၁)ယေရုရှလင်မြို့ရိုးကို တည်ဆောက်ရန်ဖြစ်သည်။ (သို့) (၂) ယေရုရှလင်မြို့ကို ကွယ်ကာရန်နှင့် ခိုင်ခံရန်ဖြစ်သည်။"

ယဇ်ပလ္လင်တော်ပေါ်မှာ နွားလား တို့ကို ယဇ်ပူဇော်ကြပါလိမ့်မည်။
နွားလားတိရိစ္ဆာန်များဖြင့် ယဇ်ပူဇော်ရန် ဘုရားသခင်စီမံလမ်းညွှန်ထားသည်။


generated on Tue Jul 2 12:50:28 2024

## Chapter 52

1 အားကြီးသော အချင်းလူ၊ သင်သည်သူ့အကျိုး ကို ဖျက်ခြင်းအမှု၌ အဘယ်ကြောင့် ဝါကြွားသနည်း။ ဘုရားသခင်၏
ကရုဏာတော်သည် အစဉ်မပြတ် တည်၏။ 2 သင်၏လျှာသည် ထက်သောသင်တုန်းကဲ့သို့ လှည့်စားသဖြင့်၊ သူ့အကျိုးကို
ဖျက်ခြင်းအမှုကို ပြုစု တတ်၏။ 3 သင်သည် သုစရိုက်ထက်ဒုစရိုက်ကိုငင်း၊ ဖြောင့် မတ်သောစကား ထက်မုသာစကားကိုငင်း သာ၍
နှစ်သက်တတ်၏။ 4 အိုလှည့်စားတတ်သောလျှာ၊ သင်သည် ပျက်စီး သော စကားရှိသမျှတို့ကို နှစ်သက်တတ်၏။ 5 အကယ်စင်စစ်
ဘုရားသခင်သည် သင့်ကို အစဉ်အမြဲ ချိုးဖျက်ပယ်ရှင်းလျက်၊ သင်၏နေရာထဲက နှင်ထုတ်၍၊ အသက်ရှင်သောသူတို့၏ နေရာထဲက
နှုတ်ပစ်တော်မူမည်။ 6 ဖြောင့်မတ်သော သူတို့သည်မြင်၍ ကြောက်ရွံ့ ကြလိမ့်မည်။ 7 ဘုရားသခင်ကိုမခိုလှုံ၊ မိမိဥစ္စာကြွယ်ဝခြင်း၌
ကိုးစား၍၊ မိမိဒုစရိုက်၌ခိုင်ခံ့သော သူကို ကြည့်ပါဟူ၍ သူ၌ရယ်ကြလိမ့်မည်။ 8 ငါမူကား၊ ဘုရားသခင်၏အိမ်တော်၌ စိမ်းလန်း
သောသံလွင်ပင်ကဲ့သို့ဖြစ်၍၊ ဘုရားသခင်၏ ကရုဏာ တော်၌ ကာလအစဉ်အမြဲကိုးစားမည်။ 9 ကိုယ်တော်စီရင်တော်မူသောကြောင့်၊
အကျွန်ုပ် သည် ကိုယ်တော်ကို ကာလအစဉ်အမြဲ ချီးမွမ်းပါမည်။ ကောင်းမြတ်တော်မူသောကြောင့်၊ ကိုယ်တော်၏သန့်ရှင်း သူတို့ရှေ့မှာ
နာမတော်ကို မြော်လင့်ပါမည်။ ဒါဝိဒ်သည် အဟိမလက်အိမ်သို့ရောက်ကြောင်းကို ဧဒုံအမျိုးသား ဒေါဂသည် ရှောလုထံသို့လာ၍
လျှောက်သောအခါ စပ်ဆိုသော ဆာလံ။

---

---

Psalms 001

ယေဘုယျအချက်အလက်
"အနိုင်းကဗျာ" သည် ဟေဗြဲကဗျာတွင် အများဆုံး
ဖွဲ့ဆိုသီကုံးလေ့ရှိသော ကဗျာအမျိုးအစားဖြစ်သည်။

ဧဒုံအမျိုး ဒေါဂ ------------ အဟိမလက်
ထိုပုဂ္ဂိုလ်များ၏ နာမည်များဖြစ်သည်။

အားကြီးသော အချင်းလူ၊ သင်သည်သူ့အကျိုး ကို ဖျက်ခြင်းအမှု၌ အဘယ်ကြောင့် ဝါကြွားသနည်း။
ဒါဝိဒ်သည် မတရားပြုသော သူကိုအမျက်ထွက်၍
ပြောဆိုထားသည်။

အားကြီးသော အချင်းလူ
ဒါဝိဒ်သည် ဧဒုံအမျိုးသားဒေါဂကို စောင်းမြောင်း၍
ပြောဆိုသောစကားဖြစ်သည်။

ဘုရားသခင်၏ ကရုဏာတော်သည် အစဉ်မပြတ် တည်၏။
ဒါဝိဒ်သည် ဘုရားသခင်၏ သစ္စာတော် ပဋိညာဉ်သည်
သူ့အားမတရားသော လူများလက်ထဲမှကွယ်ကာပေးကြောင်း
ရည်ညွှန်းပြောဆိုထားသည်။ (အခြားသောဘာသာပြန်ဆိုချက်)
"ဘုရားသခင်သည် သူ၏သစ္စာတော် အစဉ်အမြဲကတိတည်သော
ဘုရားဖြစ်သည်" (သို့) "ဘုရားသခင်၏ သစ္စာတော်သည်
မတရားသောလူများမှ ကယ်နှုတ်ကွယ်ကာပေးတော်မူသည်။"

ထက်သောသင်တုန်းကဲ့သို့
ထက်သော ဓားချွန်ကဲ့သို့

သင်၏လျှာသည် ထက်သောသင်တုန်းကဲ့သို့ လှည့်စားသဖြင့်
လျှာသည် ထက်သော ဓားသွားကဲ့သို့ တင်စားခြင်းမှာ
အလွန်အန္တရာယ် ဖြစ်စေသောအရာကြောင့် တင်စားထားသည်။

သင်၏လျှာ
ဒါဝိဒ် ပြောဆိုသော့ လူတစ်ဦးတစ်ယောက်ကို
ရည်ညွှန်း၍"သင်၏လျှာ" ဟူ၍ ပြောဆိုထားသည်။
(အခြားသောဘာသာပြန်ဆိုချက်) "သင်၏"

Psalms 003

ဆက်စပ်မှုကို ဖော်ပြချက်
ဒါဝိဒ်သည် ထိုအားကြီးသောလူအကြောင်းကို
ဆက်လက်ပြောဆိုထားသည်။ (၅၂:၁)

သင်သည် သုစရိုက်ထက်ဒုစရိုက်ကိုငင်း၊ ဖြောင့် မတ်သောစကား
ထက်မုသာစကားကိုငင်း သာ၍ နှစ်သက်တတ်၏။
သင်၏ စစ်မှန်သောအရာထက် လိမ်လည်လှည့်စားခြင်းကို
သာ၍နှစ်သက်သည်။

Psalms 004

ပျက်စီး သော စကားရှိသမျှတို့ကို
လှည့်စားတတ်သော စကားလုံးသည် တောရိုင်းတိရစ္ဆာန်ကဲ့သို့
သားကောင်ကို ဖျက်စီးဝါးမျိုလိုက်သည် ဟူ၍တင်စားထားသည်။

လှည့်စားတတ်သောလျှာ
စာရေးသူပြောဆိုနေသော ထိုပုဂ္ဂိုလ်၏ အကြောင်းဖြစ်သည်။

ချိုးဖျက်ပယ်ရှင်းလျက်၊ သင်၏နေရာထဲက နှင်ထုတ်၍၊
အသက်ရှင်သောသူတို့၏ နေရာထဲက နှုတ်ပစ်တော်မူမည်။
ကွဲပြားခြားနားစွာ သုံးနှုန်းထားသော စကားလုံးသည်
"သင့်ကိုဖယ်ရှားတော်မူမည်" ဟူ၍ဖြစ်သည်။

အသက်ရှင်သောသူတို့၏ နေရာထဲကနှုတ်ပစ်တော်မည်
ဤကမ္ဘာကြီး၌ အသက်ရှင်သော လူများထံမှနေ၍
ထိုမရားသောသူ၏ အသက်ကိုနှုတ်ယူတော်မူမည် ဟူ၍


generated on Tue Jul 2 12:50:28 2024

အပင်ပေါက်ရှင်သန်နေသော အပင်များကိုနှုတ်ပစ် သကဲ့သို့နှင့် ခိုင်းနှိုင်းထားသည်။

တေးဂီတနှင့်စပ်ဆိုင်သော အသုံးအနှုန်း
တေးဂီတနှင့်စပ်ဆိုင်သော အသုံးအနှုန်းဖြစ်၍ ဤသင်္ကေတကို မြင်လျှင် မည်ကဲ့သို့ သီဆိုရမည်ဟူ၍ ညွှန်းကြားပေးထားသော အရာဖြစ်သည်။ တစ်ချို့ ဟေဗြဲကျမ်းစာများ၌ ဘာသာပြန်ပေးထား၍ အချို့၌ မရှိပေ။

Psalms 006

ဖြောင့်မတ်သော သူတို့သည်မြင်၍ ကြောက်ရွံ့ ကြလိမ့်မည်။
"ဖြောင့်မတ်သောသူတို့သည် ဘုရားသခင်ကိုမြင်၍ သူ့ကိုကြောက်ရွံ့ ကြလိမ့်မည်။

ဘုရားသခင်ကိုမခိုလှုံ
ကွယ်ကာမစသောသသူဟူ၍ ကိုယ်စားပြုသည်။ (အခြားသောဘာသာပြန်ဆိုချက်) "ဘုရားသခင်ကို သူ၏ကွယ်ကာလုံခြုံမှုပေးသော သူဟူ၍ မကိုစား" (သို့) "ဘုရားသခင်ကို ကူညီမစရန် မတောင်းဆိုသောသူ"

Psalms 008

စိမ်းလန်းသော သံလွင်ပင်
စိမ်းလန်းသော သံလွင်ပင်သည် သန်မာကြီးထွား၍ အမြစ်တွယ်ကာ မပြိုလဲနိုင်ပေ။

ငါမူကား၊ ဘုရားသခင်၏အိမ်တော်၌ စိမ်းလန်း သောသံလွင်ပင်ကဲ့သို့ဖြစ်၍
လုံခြုံစိတ်ချရသော အသက်တာကို သန်စွမ်းသောသံလွင်ပင်နှင့် နှိုင်းယှဉ်ဖော်ပြထားသည်။

ဘုရားသခင် အိမ်တော်၌
ဘုရားသခင်အိမ်တော်ကို ရည်ညွှန်းသည်။

ကောင်းမြတ်တော်မူသောကြောင့်၊ ကိုယ်တော်၏သန့်ရှင်း သူတို့ရှေ့မှာ နာမတော်ကို မြော်လင့်ပါမည်။
ဘုရားသခင်၏ နာမတော်သည် ဘုရားသခင်ပုဂ္ဂိုလ်ကို ကိုယ်စားပြုသည်။ ဘုရားသခင်၏ ကူညီမစခြင်းကို မြော်လင့်ခြင်းဟူ၍ ရည်ညွှန်းသည်။


generated on Tue Jul 2 12:50:28 2024

## Chapter 53

[1] ဘုရားသခင်မရှိဟု မိုက်သောသူသည် ထင်တတ် ၏။ ထိုသို့သော သူတို့သည် ဆေးမြေ့ယိုယွင်း၍ စက်ဆုပ် ဘွယ်သော ဒုစရိုက်ကို
ပြုတတ်ကြ၏။ ကောင်းသောအမှု ကို ပြုသော သူတယောက်မျှမရှိ။ [2] နားလည်သောသူ၊ ဘုရားသခင်ကိုရှာသောသူ
တစုံတယောက်ရှိသည် မရှိသည်ကို သိမြင်ခြင်းငှါ ဘုရား သခင်သည် ကောင်းကင်ပေါ်က လူသားတို့ကို ငုံ့၍ ကြည့်ရှုတော်မူ၍၊ [3]
လူအပေါင်းတို့သည် ဆုတ်သွားကြပြီ။ တညီ တညွတ်တည်း ဆွေးမြေ့ယိုယွင်းခြင်းရှိကြ၏။ ကောင်း သောအကျင့်ကို
ကျင့်သောသူမရှိ။ တတောက်မျှမရှိ။ [4] မုန့်ကိုစားသကဲ့သို့ ငါ၏လူတို့ကို ကိုက်စား၍၊ ဘုရားသခင်ကို ပဌနာမပြုသော အဓမ္မလူတို့သည်
မသိဘဲနေရကြသလော့။ [5] သို့ဖြစ်၍ ကြောက်လန့်စရာမရှိသော်လည်း၊ အလွန်ကြောက်လန့်ကြလိမ့်မည်။ အကြောင်းမူကား၊
သင့်ကိုဝန်ရံ၍ တပ်ချသောသူ၏ အရိုးတို့ကို ဘုရားသခင် သည် ဖရိုဖရဲကွဲပြားစေတော်မူမည်။ သူတို့ကို ဘုရား သခင်
ရှုတ်ချတော်မူသောကြောင့်၊ သင်သည် သူတို့ကို အရှက်ခွဲရလိမ့်မည်။ [6] ဣသရေလအမျိုးကို ကယ်တင်ခြင်း ကျေးဇူး တော်သည်
ဇိအုန်းတောင်ပေါ်မှာ ပေါ်ထွန်းပါစေသော။ သိမ်းသွားခြင်းကို ခံရသောလူမျိုးတော်ကို တဖန် ဘုရား သခင်သည်
ဆောင်ခဲ့တော်မူသောအခါ၊ ယာကုပ်သည် ဝမ်းမြောက်ခြင်း၊ ဣသရေလသည်လည်း ရွှင်လန်းခြင်း ရှိလိမ့်မည်။

---

Psalms 001

လူသား
လူသားအပေါင်းတို့ကို ရည်ညွှန်းပြောဆိုထားသည်။

ဘုရားသခင်မရှိဟု မိုက်သောသူ
ဘုရားသခင်ကို ရှာဖွေသောသူ ဟူ၍အဓိပ္ပာယ်

လူအပေါင်းတို့သည် ဆုတ်သွားကြပြီ
ဘုရားသခင်ကို ငြင်းပယ်စွန့်ခွာကြပြီ။

Psalms 004

မုန့်ကိုစားသကဲ့သို့ ငါ၏လူတို့ကို ကိုက်စား၍
လူ့အသတ်ကို သတ်သောလူများသည် မုန့်ကိုစားသောက်သကဲ့သို့ဟူ၍ တင်စားထားသည်။ လူများကိုသတ်ဖြတ်ခြင်းသည် အလွန်လွယ်ကူ၍ မည်သည့်အပြစ်မျှမရှိ သကဲ့သို့ အစားသောက်မပျက် နေထိုင်ကြသည်။ (အခြားသောဘာသာပြန်ဆိုချက်) "ကျွန်ုပ်လူများကို သတ်ဖြတ်ထားကြသော်လည်း ဘာအပြစ်မှ မရှိသကဲ့သို့ (သို့) အစားအသောက်စားသကဲ့သို့ နေနိုင်ကြသည်။

သင့်ကိုဝန်ရံ၍ တပ်ချသောသူ၏ အရိုးတို့ကို ဘုရားသခင် သည် ဖရိုဖရဲကွဲပြားစေတော်မူမည်။
"အရိုးများဖရိုဖရဲ ကွဲပြားစေမည်"ဆိုသည်မှာ ထိုမတရားသောလူများသည် အသေသတ်ဖြတ်ခြင်းကို ခံရ၍ သူတို့၏ အလောင်းများသည်မြှုပ်နှံသဂြိုလ်ခြင်းမရှိဘဲ အရိုးများပျံ့ကြဲခြင်းဖြစ်သည်။ "ဘုရားသခင်သည် ထိုသူများတပ်ချသော နေရာတိုင်း၌ သတ်ဖြတ်၍ ဖျက်ဆီးပယ်ရှင်းကာ မြေကြီးပေါ်၌ သူတို့အလောင်းများပြန့်ကျဲစေတော် မူမည်။

သင့်ကိုဝန်ရံ၍ တပ်ချသောသူ၏
ရန်သူများသည် မိမိတို့စခန်းကို တိုက်ခိုက်လို၍ နီးစပ်ရာနေရာ၌ တပ်များဖြင့် ဝန်းရံတိုက်ခိုက်ရန် ပြင်ဆင်ထားသော ယာယီနေရာစခန်း။ (အခြားသောဘာသာပြန်ဆိုချက်) "သင့်ကို တိုက်ခိုက်သောရန်သူများ။"

Psalms 006

ဣသရေလအမျိုးကို ကယ်တင်ခြင်း ကျေးဇူး တော်သည် ဇိအုန်းတောင်ပေါ်မှာ ပေါ်ထွန်းပါစေသော။
(အခြားသောဘာသာပြန်ဆိုချက်)ဣသရေလအမျိုးကို ကယ်တင်သောကျေးဇူးတော် ပေါ်ထွန်းဖို့ အကျွန်ုပ်မျှော်လင့်ပါ၏။" (သို့) ကယ်တင်သောကျေးဇူးတော်ပေဂထွန်းဖို့ အကျွန်ုပ်ဆုတောင်းပါ၏။"

ကယ်တင်ခြင်း ကျေးဇူးတော်သည် ဇိအုန်းတောင်ပေါ်မှာ ပေါ်ထွန်းပါစေသော။
ကယ်တင်ခြင်း ကျေးဇူးတော်သည် ဇိအုန်းတောင်ပေါ်၌ ရှိသော ဘုရားသခင်၏ ဗိမာန်တော်ထံမှ ကြွလာမည်ဟူ၍ ကိုယ်စားပြုသည်။ (အခြားသောဘာသာပြန်ဆိုချက်) "ဣသရေအမျိုး၏ ကယ်တင်ရှင်သည် ဇိအုန်မှ ကြွလာတော်မူမည်"(သို့) "ဘုရားသခင်သည်ဇိအုန်မှ ကြွလာ၍ ဣသရေလအမျိုးကို ကယ်တင်တော်မူမည်။"

သိမ်းသွားခြင်းကို ခံရသောလူမျိုးတော်ကို တဖန် ဘုရား သခင်သည် ဆောင်ခဲ့တော်မူသောအခါ
"ဘုရားသခင်သည် သူ၏လူမျိုးများ ဖမ်းဆီးချုပ်နှောင်ခြင်းမှ ကယ်လွှတ်သောအခါ"

ယာကုပ်သည် ဝမ်းမြောက်ခြင်း၊ ဣသရေလသည်လည်း ရွှင်လန်းခြင်း ရှိလိမ့်မည်
ဤစာကြောင်း နှစ်ခုလုံးအဓိပ္ပာယ် ဖွင့်ဆိုချက် တူညီသည်။

ယာကုပ်
ယာကုပ် အမျိုးအနွယ်မှ ဆင်းသက်လာသော ဣသရေလများကို ရည်ညွှန်းသည်။


generated on Tue Jul 2 12:50:28 2024

## Chapter 54

[1] အိုဘုရားသခင်၊ နာမတော်အားဖြင့် အကျွန်ုပ်ကို ကယ်တင်တော်မူပါ။ တန်ခိုးတော်အားဖြင့် အကျွန်ုပ်ဘက် ၌ တရားစီရင်တော်မူပါ။ [2]
အကျွန်ုပ်ပြုသော ပဋ္ဌနာနှင့် အကျွန်ုပ်မြွက် သောစကားကို နားထောင်နားညောင်းတော်မူပါဘုရား။ [3] အကြောင်းမူကား၊
တကျွန်းတနိုင်ငံသားတို့သည် အကျွန်ုပ်ကို ရန်ဘက်ပြု၍ထကြပါပြီ။ ကြမ်းတမ်းသော သူတို့သည် အကျွန်ုပ်အသက်ကို ရှာကြပါ၏။
ဘုရားသခင် ၏ မျက်နှာတော်ကို မထောက်ကြပါ။ [4] ကြည့်ရှုလော့။ ဘုရားသခင်သည် ငါ့ကို ကူမ တော်မူ၏။ ငါ့အသက်ကို
ထောက်ပင့်သောသူတို့တွင် ထာဝရဘုရားရှိတော်မူ၏။ [5] ငါ၏ရန်သူတို့အား မကောင်းသောအကျိုးကို ဆပ်ပေးတော်မူမည်။
သစ္စာတော်ရှိသည်အတိုင်း သူတို့ကို ပယ်ရှင်းတော်မူပါ။ [6] အကျွန်ုပ်သည်လည်း၊ စေတနာစိတ်နှင့် ကိုယ်တော်အား ယဇ်ပူဇော်ပါမည်။
အိုထာဝရဘုရား၊ နာမတော်ကို ချီးမွမ်းပါမည်။ အကြောင်းမူကား၊ ကောင်း မြတ်တော်မူ၏။ [7] အကျွန်ုပ်ကို ခပ်သိမ်းသော ဒုက္ခထဲက
ကယ် နှုတ်တော်မူသဖြင့်၊ အကျွန်ုပ်သည် ရန်သူတို့ကို ကိုယ် မျက်စိနှင့် မြင်၍အားရပါ၏။ ဒါဝိဒ်သည် ကျွန်တော်တို့တွင်ပုန်းရှောင်၍
နေပါသည်မဟုတ်လောဟု၊ ဇိဖသားတို့သည် ရှောလုထံသို့လာ၍ လျှောက်သောအခါ စပ်ဆိုသော ဆာလံ။

---

---

### Psalms 001

ယေဘုယျ အချက်အလက်
"အနိုင်းကဗျာ" သည် ဟေဗြဲကဗျာတွင် အများဆုံး ဖွဲ့ဆိုသီကုံးလေ့ရှိသော ကဗျာအမျိုးအစားဖြစ်သည်။

ကြိုးပါသောတူရိယာများ
"လူများသည် ကြိုးပါသော တူရိယာကိုတီးခတ်ပြီး ဤသီချင်းဆာလံကို သီဆိုကြသည်။ "

-ဇိပေါမြို့
ယုဒတောင်တန်းများရှိ ဇိပေါမြို့သားများကို ရည်ညွှန်းပြီး ၎င်းသည်ဟေဗရုန်တောင်၏ အရှေ့မြောက် နေရာဒေသ၌ ရှိသည်။

အိုဘုရားသခင်၊ နာမတော်အားဖြင့် အကျွန်ုပ်ကို ကယ်တင်တော်မူပါ
ဘုရားသခင်၏ နာမတော်သည် သူ၏ဖြစ်ခြင်းကို ပုံဆောင်ပြီး ကိုယ်တော်၏တန်ခိုးတော်

တန်ခိုးတော်အားဖြင့် အကျွန်ုပ်ဘက် ၌ တရားစီရင်တော်မူပါ
ဒါဝိဒ်သည် သူ့ဘက်၌ တရားစီရင်ပေးတော်မူရန် ဘုရားသခင်အားတောင်းလျှောက်ခြင်းသည် သူကိုယ်၌ အပြစ်မရှိကြောင်းကို ဖော်ပြပေးသည်။ ဘုရားသခင်၏ တန်ခိုးတော်ဖြင့် သူ့ဘက်၌ အပြစ်မရှိကြောင်းကို စီရင်ပေးရန်တောင်းဆိုသည်။

အကျွန်ုပ်မြွက် သောစကားကို နားထောင်နားညောင်းတော်မူပါ
နားထောင်ပေးရန် တောင်းဆိုသော စကားဖြစ်သည်။

အကျွန်ုပ်မြွက်ဆိုသောစကားကို
စာရေးသူ ပြောသေညစကားများကို ကိုယ်စားပြုသည်။

အကျွန်ုပ်ကို ရန်ဘက်ပြု၍ထကြပါပြီ
တစ်ဖက်လူကို တိုက်ခိုက်ရန် ပုန်ကန်ထကြွခြင်းကို ဖော်ဆောင်သည်။

အကျွန်ုပ်အသက်ကို ရှာကြပါ၏
လူ့အသက်ကိုသတ်ခြင်း၌သာ ကြံစည်ကြသည်။

ဘုရားသခင် ၏ မျက်နှာတော်ကို မထောက်ကြပါ
ဘုရားသခင်ကို အာရုံဂရုစိုက်၍ မထားကြပေ။ (အခြားသေဘာသာပြန်ဆိုချက်) "ထိုသူတို့သည် ဘုရားသခင်ကို ဂရုမစိုက်ကြပေ" (သို့) "သူတို့သည် ဘုရားသခင်ကို လစ်လျူရှုကြသည်။"

### Psalms 004

ငါ့အသက်ကို ထောက်ပင့်သောသူ
ဘုရားသခင်၏ ဒါဝိဒ်ဘက်၌ ရပ်တည်ထောက်မပေးခြင်း၊ ကာကွယ်ပေးခြင်းကို ပြောဆိုထားသည်။ (အခြားသောဘာသာပြန်ဆိုခြင်း) ကျွန်ုပ်ဘက်၌ ရပ်တည်ကာကွယ်ပေးသူ" (သို့) "ကျွန်ုပ်အား လုံခြုံမှုပေးသောသူ"

ငါ၏ရန်သူတို့အား မကောင်းသောအကျိုးကို ဆပ်ပေးတော်မူမည်
အပြစ်စီရင်ခြင်းကို ခံရမည်ဟူ၍ ပြောဆိုထားသည်။ (အခြားသောဘာသာပြန်ဆိုချက်) "ကျွန်ုပ်ကို မကောင်းမှုဒပြုလုပ်ထားသော ရန်သူများကို ကိုယ်တော်သည် မကောင်းသောအရာများကို ပေးဆပ်တော်မူမည်" (သို့) ကျွန်ုပ်၏ ရန်သူများကို ကိုယ်တော်သည် ဆိုးသွမ်းသောအရာများကို ဖြစ်စေတော်မူမည်"

သစ္စာတော်ရှိသည်အတိုင်း သူတို့ကို ပယ်ရှင်းတော်မူပါ။
ဒါဝိဒ်သည် ဘုရားသခင်ကို ပြောဆိုနေသည်။ (အခြားသော ဘာသာပြန်ဆိုချက်) "ကိုယ်တော်သည် ကျွန်ုပ်ကို သစ္စာပြုသည့်အတိုင်း မတရားသောသူများကိုဖျက်စီးတော်မူပါ။ "


generated on Tue Jul 2 12:50:28 2024

Psalms 006

အိုထာဝရဘုရား၊ နာမတော်ကို ချီးမွမ်းပါမည်။ အကြောင်းမူကား၊ ကောင်း
မြတ်တော်မူ၏
ထာဝရဘုရားကို ကိုယ်စားပြုသည်။
(အခြားသောဘာသာပြန်ဆိုချက်) "ကျွန်ုပ်သည် ကိုယ်တော်၏
ကောင်းမြတ်တော်မူသောကြောင့် ချီးမွမ်းပါမည်။"

ကိုယ်မျက်စိနှင့် မြင်၍
မျက်စိသည် လူကိုကိုယ်စားပြုသည်
(အခြားသောဘာသာပြန်ဆိုချက်) "ငါသည်မြင်ရ၍"

အကျွန်ုပ်သည် ရန်သူတို့ကို ကိုယ် မျက်စိနှင့် မြင်၍အားရပါ၏
ဖြစ်နိုင်ခြေအဓိပ္ပာယ် နှစ်မျိုးရှိသည်။

## Chapter 55

[1] အိုဘုရားသခင်၊ အကျွန်ုပ်ဆုတောင်းသော စကားကို နားထောင်တော်မူပါ။ အသနားတော်ခံသော အခါ ရှောင်၍နေတော်မမူပါနှင့်။ [2]
ကြည့်ရှုနားထောင်တော်မူပါ။ ရန်သူ၏စကား သံကြောင့်၎င်း၊ မတရားသောညှဉ်းဆဲခြင်းကြောင့်၎င်း၊ အကျွန်ုပ်သည်
ညိုးငယ်သောစိတ်နှင့် ညည်းတွားမြည် တမ်းလျက်နေရပါ၏။ [3] သူတို့သည် အကျွန်ုပ်အပေါ်၌ အပြစ်ကို သက်ရောက်စေ၍၊
ဒေါသစိတ်နှင့်မုန်းကြပါ၏။ [4] အကျွန်ုပ်နှလုံးသည် ကိုယ်အထဲမှာတုန်လှုပ်၍ သေဘေးကို ကြောက်အားကြီးပါ၏။ [5]
ကြောက်ရွံ့တုန်လှုပ်ခြင်းသို့ ရောက်၍ အလွန် ထိတ်လန့်ခြင်း၌ မွန်းလျက်ရှိရပါ၏။ [6] ငါသည် ချိုးငှက်ကဲ့သို့ အတောင်ကို ရပါစေ
သော။ ထိုသို့ရလျှင် အခြားသို့ပျံသွား၍၊ ငြိမ်ဝပ်လျက် နေလိမ့်မည်။ [7] ဝေးစွာသွား၍ တောမှာ နေရာကျလိမ့်မည်။ [8] ပြင်းစွာသော
မိုဃ်းသက်မုန်တိုင်းနှင့် လွတ်ခြင်း ငှါ၊ အလျင်အမြန်ပြေးလိမ့်မည်ဟု အကျွန်ုပ်စိတ်ရှိပါ၏။ [9] အိုထာဝရဘုရား၊ သူတို့စကားကို
ပပျောက် အောင် ကွဲပြားစေတော်မူပါ။ မြို့တော်တွင် အနိုင်အထက် ပြုခြင်းနှင့် လုယူခြင်းကို အကျွန်ုပ် မြင်ပါပြီ။ [10] မြို့ရိုးပေါ်မှာ
နေ့ညဉ့်မပြတ် သူတို့သည် လည် ကြပါပြီ။ မြို့ထဲမှာ ဆိုးညစ်သောအမှုနှင့် နှောက်ယှက် ခြင်း အမှုရှိကြပါ၏။ [11] အဓမ္မတရားတို့သည်
မြို့အလယ်၌ရှိ၍၊ ညှဉ်းဆဲ ခြင်းနှင့် လှည့်စားခြင်းသည် လမ်းတို့၌နေရာကျကြပါ၏။ [12] ငါ့ကို ကဲ့ရဲ့သောသူသည် ငါ့ရန်သူမဟုတ်။
ဟုတ် လျှင် သည်းခံနိုင်၏။ ငါ့ကိုရန်ဘက်ပြုသောသူသည် ငါ့ကိုမုန်းသောသူမဟုတ်။ ဟုတ်လျှင် ထိုသူကို ငါရှောင် နိုင်၏။ [13]
ထိုသို့ပြုသောသူသည် သင်ဖြစ်၏။ ငါနှင့် ဘက်သောသူ၊ ငါ့မိတ်ဆွေ၊ ငါအသိအကျွမ်းဖြစ်၏။ [14] အချင်းချင်းသာယာသော
ဆွေးနွေးတိုင်ပင်ခြင်း ကို ပြုကြပြီ။ ဘုရားသခင်၏ အိမ်တော်သို့ လူအစုအဝေး နှင့် အတူသွားကြပြီ။ [15] သူတို့ကို
သေမင်းဘမ်းဆီးပါစေ။ အသက်ရှင် လျက် မရဏာနိုင်ငံသို့ဆင်းသက်ကြပါစေ။ အကြောင်းမူ ကား၊ ဒုစရိုက်တို့သည် သူတို့နေရာတွင်
သူတို့အထဲ၌ရှိကြ ၏။ [16] ငါမူကား၊ ဘုရားသခင်ကို ပဌနာပြု၍၊ ထာဝရ ဘုရားသည် ကယ်တင်တော်မူမည်။ [17] ညဦးအချိန်၊
နံနက်အချိန်၊ မွန်းတည့်အချိန်တို့၌ ငါသည် ညည်းတွားမြည်တမ်း၍၊ ငါ၏အသံကို ကြားတော် မူမည်။ [18] ငါ့ကို စစ်တိုက်ကြစဉ်တွင်၊
ငါ့အသက်ကို ရွေးနှုတ် ၍ ချမ်းသာပေးတော်မူမည်။ ငါ့ဘက်၌ နေသောသူ အများရှိကြ၏။ [19] ရှေးကာလမှစ၍ အမြဲစီရင်သော ဘုရား
သခင်သည် နားထောင်၍ သူတို့ကို နှိမ့်ချတော်မူမည်။ သူတို့သည် ပြောင်းလဲခြင်းမရှိသောကြောင့် ဘုရား သခင်ကို မကြောက်မရွံ့ကြ။
[20] ထိုသို့သောသူသည် မိတ်ဆွေဖြစ်သောသူကို ပြစ်မှား၍ သစ္စာပျက်တတ်၏။ [21] သူ၏စကားသည် ထောပတ်ထက် ချောသော် လည်း၊
စစ်တိုက်မည်ဟုအကြံရှိ၏။ သူ၏စကားသည် ဆီထက်ပြောသော်လည်း၊ ထုတ်သော ထားဖြစ်၏။ [22] ထမ်းရွက်ရသောဝန်ကို
ထာဝရဘုရား၌ ချထား လော့။ သင့်ကို မစတော်မူမည်။ ဖြောင့်မတ်သောသူကို အစဉ်အမြဲလှုပ်ရှားစေတော်မမူရာ။ [23] အိုဘုရားသခင်၊
အခြားသောသူတို့ကို ဖျက်ဆီး ရာ တွင်းထဲသို့ချတော်မူမည်။ လူအသက်ကို သတ်သောသူ နှင့် သစ္စာပျက်သောသူတို့သည်
မိမိအသက်တာတဝက် ခန့်မျှ မရှင်ရကြ။ အကျွန်ုပ်မူကား၊ ကိုယ်တော်၌ ခိုလှုံ ပါမည် ။

---

### Psalms 001

အကျွန်ုပ်ဆုတောင်းသော စကားကိုနားထောင်တော်မူပါ
နားထောင်ပေးစေချင်၍ ပြောသောစကားဖြစ်သည်။

အသနားတော်ခံသော အခါ ရှောင်၍နေတော်မမူပါနှင့်
ကိုယ်တော်၏ ဂရုပြုခြင်းသည် အကျွန်ုပ်ထံမှ
ပုန်းကွယ်ရှောင်ဖယ်သွားတော်မမူပါနှင့် ဟူ၍ပြောဆိုထားသည်။
(အခြားသောဘာသာပြန်ဆိုချက်) "အကျွန်ုပ် အသနား
တော်ခံသောအခါ လစ်လျူမရှုလိုက်ပါနှင့်။"

ရန်သူ၏စကားသံကြောင့်၎င်း
ရက်စက်သူများပြောသောစကားကို ကိုယ်စားပြုသည်။

အကျွန်ုပ်အပေါ်၌ အပြစ်ကို သက်ရောက်စေ၍
ဆင်းရဲဒုက္ခ ပြဿနာများဖြစ်ပွားစေသည်
ဟူ၍ပြောဆိုထားသည်။

### Psalms 004

အကျွန်ုပ်နှလုံးသည် ကိုယ်အထဲမှာတုန်လှုပ်၍
အလွန်စိတ်လှုပ်ရှား၍ ဝမ်းနည်း ကြေကွဲကြောင်းကို
ရည်ညွှန်းသည်။ ဤခံစားခြင်းသည်
အလွန်ကြောက်ရွံ့တုန်လှုပ်သောကြောင့်ဖြစ်သည်။
(အခြားသောဘာသာပြန်ဆိုချက်) "ကျွန်ုပ်သည် အလွန်စိုးရိမ်
ကောက်ရွံ့သောကြောင့် စိတ်လှုပ်ရှားတုန်လှုပ်သည်"

သေဘေးကို ကြောက်အားကြီးပါ၏
အလွန်ကြောက်ရွံ့စိုးရိမ်ခြင်း (သို့) တုန်လှုပ်ခြင်းသည် သူထံသို့
ကျရောက်လာ၍ ပြောဆိုထားသည်။
(အခြားသောဘာသာပြန်ဆိုချက်) "သေဘေးနှင့်
တွေ့ကြုံခြင်းသည် အကျွန်ုပ်ကို အလွန်ကြောက်ရွံ့စေသည်"(သို့)
"အကျွန်ုပ်သည် သေဆုံးသွားမည်ကို
အလွန်စိုးရိမ်ကြောက်လန့်သည်"


generated on Tue Jul 2 12:50:28 2024

ထိတ်လန့်ခြင်း၌ မွန်းလျက်ရှိရပါ၏
ထိတ်လန့်ကြောက်ရွံ့ဖွယ်သည် လူများကို ဖုံးလွှမ်းနိုင်သကဲ့သို့ ပြောဆိုထားသည်။

Psalms 006

ငါသည် ချိုးငှက်ကဲ့သို့ အတောင်ကို ရပါစေသော
စာရေးသူသည် အလွန်အမင်း ဆန္ဒရှိစွာဖြင့် ရေးသောဖော်ပြထားသည်။

ထိုသို့ရလျှင် အခြားသို့ပျံသွား၍
အကယ်၍ အတောင်ရရှိလျှင် အခြားအဝေး သို့ပျံသွားချင်သည်။

မြင်ရ၏
အမှန်စင်စင်စစ်

-
ဘာသာပြန်ဆို ထားချက်ကို ကြည့်ရန်။

Psalms 008

ယေဘုယျအချက်အလက်
စာရေးသူသည် သူပြောသောအကြောင်းအရာကို နိဂုံးချုပ် ပြောဆိုထားသည်။

ပြင်းစွာသော မိုးယံသက်မုန်တိုင်း
အားကြီးသော လေမုန်တိုင်း

အနိုင်အထက်ပြုခြင်း
ဖျက်စီးခြင်းအမှုများကို စားသောက်ဝါးမျိုလိုက်သကဲ့သို့ ပြောဆိုထားသည်။ ဖြစ်နိုင်ချေ အဓိပ္ပာယ်များမှာ "ကျွန်ုပ်ရန်သူများ ကြံစည်ထားသမျှကို ဖျက်ဆီးလိုက်ခြင်း" (သို့) ကျွန်ုပ်၏ ရန်သူများကို ဖျက်ဆီးခြင်း"

သူတို့စကားကို ပပျောက်အောင် ကွဲပြားစေတော်မူပါ
"စကား"သည် လူတွေအချင်းချင်း ပြောဆိုခြင်းဖြစ်၍ မကောင်းမှုပြုရန် ကြံစည်ရည်ရွယ် ထားသောအရာများကို အထူးသဖြင့် ရည်ညွှန်းထားသည်။ တစ်ယောက်နှင့်တစ်ယောက် နားမလည်နိုင်အောင် အကြံအစည်များကို ရှုပ်ထွေးလိုက်ခြင်းကို ပုံဆောင်သည်။ (အခြားသောဘာသာပြန်ဆိုချက်) "သူတို့ပြောဆိုသော စကားအချင်းချင်း နားမလည်အောင် ရှုပ်ထွေးစေပါ" (သို့) "သူတို့၏ အကြံအစည်ကိုရှုပ်ထွေး စေပါ။"

Psalms 010

မြို့ရိုးပေါ်မှာ နေ့ညဉ့်မပြတ် သူတို့သည် လည် ကြပါပြီ
ဆိုးညစ်သောအမှုနှင့် အဓမ္မတရားတို့သည် လူများကို နှိုင်းယှဉ် ပုံဆောင်ထားသည်။ ထိုဆိုးညစ်သော လူများသည် အဓမ္မ လူများသည်မြို့ရိုးများ၌ ရန်ပြုတိုက်ခိုက်ခြင်းနှင့် မတရားပြုမူခြင်းကို ပြုကြသည်။"

မြို့ရိုးပေါ်မှာ
" မြို့ရိုးပေါ် တစ်လျှောက်လုံးကို ပြောဆိုသည်။" ရှေ့ခေတ်ကမြို့ရိုးများကို ထူထပ်ကာကြီးမားခိုင်မာသော အုတ်နံရံဖြင့် တည်ဆောက်ထားပြီး ရန်သူများလက်မှ ကွယ်ကာစေသည်။ လူများသည် ထိုမြို့ရိုးတစ်လျှောက် လည်ပတ် ကင်းစောင့်ကာ ရန်သူများ လှုပ်ရှားသွားလာခြင်းကို ကြည့်မြင်နိုင်သည်။

မြို့ထဲမှာ ဆိုးညစ်သောအမှုနှင့် နှောက်ယှက်ခြင်း အမှုရှိကြပါ၏
မတရားမှုနှင့် ဒုက္ခပေးနှောင့်ယှက်ခြင်းများကို လူပုဂ္ဂိုလ်များ ဖြစ်သည်ဟူ၍ တင်စားထားသည်။ ထိုမတရားပြုသောသူများသည် လူများအား ဒုက္ခဆင်းရဲရောက်စေသည်။ (အခြားသောဘာသာပြန်ဆိုချက်) "မြို့တွင်း၌ မတရားပြုမူခြင်းနှင့် မြို့သားများကို ဒုက္ခပေးခြင်းကိုဖြစ်စေသည်။" (သို့) "အပြစ်ကျူးလွန်သောအများနှင့် ပြဿနာဒုက္ခများကို ဖြစ်ပေါ်စေသောလူများ"

ညှဉ်းဆဲခြင်း
ပြဿနာများ

အဓမ္မတရားတို့သည် မြို့အလယ်၌ရှိ၍
အဓမ္မတရားများကို ပြုသော လူများကိုရည်ညွှန်းထားသည်။ (အခြားသောဘာသာပြန်ဆိုချက်) "မြို့တွင်း၌ ဆိုးညစ်သောအမှုများကို ပြုကြသည်။" (သို့) "မြို့တွင်း၌ ဖျက်ဆီးခြင်း အမှုကိုပြုကြသည်။"

ညှဉ်းဆဲ ခြင်းနှင့် လှည့်စားခြင်းသည် လမ်းတို့၌နေရာကျကြပါ၏
လူဆိုးများသည် မြို့တွင်းရှိလူများအား နိုင်ထက်စီးနင်းနှင့် လှည့်စားလိမ်လည်မှုများ ထင်ရှားစွာပြုမူကြသည်။ (အခြားသောဘာသာပြန်ဆိုချက်) "မြို့လမ်းများတွင် လူများကိုညှဉ်းဆဲခြင်းနှင့် လိမ်လည်ခြင်းများ ပြုလုပ်ကြသည်။" (သို့) "လူများကို ဖိနှိပ်ခြင်းနှင့် လှည့်စားခြင်းကို အစဉ်ပြုမူကြသည်။"

လမ်းတို့၌
မြို့တွင်းရှိ ဈေးဆိုင်များ စည်ကားလျှက်ရှိသော နေရာ

Psalms 012

ငါ့ကို ကဲ့ရဲ့သောသူသည် ငါ့ရန်သူမဟုတ်။ ဟုတ် လျှင် သည်းခံနိုင်၏
သည်းခံခြင်း (သို့) ခံနိုင်ရည်ရှိခြင်းကို ပြောဆိုထားသည်။ (အခြားသောဘာသာပြန်ဆိုချက်) ပြစ်တင်မုန်းတီးခြင်းကို ကျွန်ုပ်သည်းခံနိုင်သည်။" (သို့) "ပြစ်တင်ဆူပူခြင်းကို ကျွန်ုပ်ဝမ်းနည်းခံစားရမည် မဟုတ်ပါ"

ငါ့ကိုရန်ဘက်ပြုသောသူ
"မောက်မာထောင်လွှား၍ တစ်ဘက်လူကို ရန်တွေ့ခြင်း" (အခြားသောဘာသာပြန်ဆိုချက်) "ကျွန်ုပ်ကို ပိတ်ပင်တားဆီးခြင်း" (သို့) "အထင်အမြင်သေးခြင်း"


generated on Tue Jul 2 12:50:28 2024

ထိုသို့ပြုသောသူသည် သင်ဖြစ်၏
ဆာလံဆရာသည် ထိုကဲ့သို့ မတရားပြုသောသူသည် သူပြောသော စကားနားထောင်နေသော သူဖြစ်ကြောင်း ပြစ်တင်ပြောဆိုထားသည်။

ငါနှင့် ဘက်သောသူ၊ ငါ့မိတ်ဆွေ၊ ငါအသိအကျွမ်းဖြစ်၏
(အခြားသောဘာသာပြန်ဆိုချက်) "သင်သည်ငါ၏ လုပ်ဖော်ဆောင်ဘက်နှင့် ရင်နှီးသော မိတ်ဆွေဖြစ်သည်"

ငါတို့
ဆာလံဆရာနှင့်သူ၏မိတ်ဆွေသူငယ်ချင်းကို ရည်ညွှန်းသည်။

အတူသွားကြပြီ
အတူတကွ (သို့) လူစုလူဝေး

Psalms 015

သူတို့ကို သေမင်းဘမ်းဆီးပါစေ
သေမင်းသည် လူပုဂ္ဂိုလ်ကဲ့သို့ သူတို့ကိုတိုက်ခိုက်ပါစေဟူ၍ ပြောဆိုထားသည်။ (အခြားသောဘာသာပြန်ဆိုချက်) "ငါ့ရန်သူများသည် ရုတ်တရက်သေကြေကြေပါစေ"(ရှု၊|Personification)

အသက်ရှင် လျက် မရဏာနိုင်ငံသို့ဆင်းသက်ကြပါစေ
ရုတ်တစ်ရက် သေဆုံးခြင်းကို မရဏာနိုင်ငံသို့ အလွန်လျင်မြန်စွာ ဆင်းသက်သွားခြင်းဟူ၍ ပြောဆိုထားသည်။ (အခြားသောဘာသာပြန်ဆိုချက်) "မရဏာနိုင်ငံသို့ ရုတ်တရက်ဆင်းသွားကြပါစေ။" (ရှု၊|Metaphor)

ဒုစရိုက်တို့သည် သူတို့နေရာတွင်
သူတို့လုပ်သော ဒုစရိုက်အမှုသည် သူတို့ထဲ၌ရှိ၍ လုပ်လေလေလုပ်ထရှိသော အရာဟူ၍ ပြောဆိုထားသည်။ (အခြားသောဘာသာပြန်ဆိုချက်) "သူတို့နေထိုင်သောနေရာ၌ ဒုစရိုက်အမှုကို အစဉ်အမြဲပြုလုပ်လေ့ရှိသည်။" (ရှု၊|Metaphor)

သူတို့အထဲ၌ရှိကြ ၏
ဤမတရားသော ဒုစရိုက်အမှုသည် သူတို့အနီးအနား၌ ရှိကြသည်ဟူ၍ပြောဆိုထားသည်။ ထိုဒုစရိုက် အမှုများသည် သူတို့နေထိုင်သော ပတ်ဝန်းကျင်အိမ်များ၌ သာမဟုတ်ဘဲ သူတို့ရှိသည့်နေရာများတွင် ပြုလုပ်လေ့ရှိသည်။ (အခြားသောဘာသာပြန်ဆိုချက်) "သူတို့နေထိုင်သော နေရာတိုင်း မတရားမှုပြုသည်" (သို့) "သူတို့ရှိသည့်နေရာတိုင်း" (ရှု၊ | Metaphor)

Psalms 016

ငါမူကား
စာရေးသူသည် အကောင်းအရာတစ်ခုကို ပြောဆိုခြင်းမှ ရပ်နားကာ သူ၏အကြောင်းကို ပြောဆိုခြင်းဖြစ်သည်။ (အခြားသောဘာသာပြန်ဆိုချက်) "သို့ပေမယ့်လည်း ငါသည်"

ညည်းတွားမြည်တမ်း၍
မြည်တမ်း ငိုကြွေး၍

ငါ၏အသံကို ကြားတော် မူမည်
ဆာလံဆရာ၏ ငိုကြွေးပြစ်တင်ပြောဆိုသံ

ငါ့အသက်
ဆာလံဆရာ၏ အသက်ကို ကိုယ်စားပြုသည်

ငါ့ဘက်၌ နေသောသူ အများရှိကြ၏။
ငါ့ကို ပုန်ကန်တိုက်ခိုက်သောသူ အများရှိကြ၏

Psalms 019

နားထောင်၍
ရက္ကသူများ၏ အသံကိုကြား၍ (သို့) "ကျွန်ုပ်၏ ရန်သူများပြောဆိုသောအသံကို ကြား၍ "

သူတို့ကို နှိမ့်ချတော်မူမည်
ဘုရားသခင်သည် သူတို့ကို အဘယ်မျှလောက်နှိမ့်ချလိုက်မည်ကို ရှင်းလင်းစွာ ဖော်ပြထားသည်။

Psalms 020

ထိုသို့သောသူသည် မိတ်ဆွေဖြစ်သောသူကို ပြစ်မှား၍
လူကို ဆန့်ကျင်တိုက်ခိုက်ခြင်းဟု ပုံဆောင်သည်။ ဤလူများသည် လူကိုအန္တရာယ်ပေးခြင်း

သူ၏စကားသည်
သူပြောဆိုသော စကားများကို ရည်ညွှန်းသည်။

သူ၏စကားသည် ထောပတ်ထက် ချောသော် လည်း
ပြောစကားသည် နှစ်သက်ဖွယ်

စစ်တိုက်မည်ဟု အကြံရှိ၏
ရန်လိုသော (သို့) မုန်းတီးသော

သူ၏စကားသည်
သူပြောသောစကားလုံးကို ရည်ညွှန်းသည်။ (အခြားသောဘာသာပြန်ဆိုချက်) "သူပြောသောစကားများ"

သူ၏စကားသည် ဆီထက်ပြောသော်လည်း
ဆီကို အသားအရေချောမွေ့ရန်နှင့် ဒဏ်ရာရသောနေရာ၌ သက်သာပျောက်ကင်းရန် အသုံးပြုသည်။ ထိုကဲ့သို့သော လူများ၏ ပြောစကားသည် တစ်ဖက်လူကို ကူညီပေးသောစကား

သူ၏စကားသည် ဆီထက်ပြောသော်လည်း၊ ထုတ်သော ထားဖြစ်၏။
လူများ၏ ပြောဆိုသောစကားများသည် ဓားကဲ့သို့ တက်ကာ ဒဏ်ရာရစေသည်။

ထုတ်သော ထား
ထုတ်သော ဓားသည် သူတို့၏ ပြောဆိုသောစကားဖြင့် လူများကို သတ်ဖြတ်ရန် အသင့်ဖြစ်သကဲ့သို့ ထုတ်သုံးတတ်သည်။

Psalms 022

ထမ်းရွက်ရသောဝန်ကို
ဆာလံဆရာသည် ထာဝရဘုရားကို ရှိသေသောလူများကိုပြောဆိုထားသည်။

ထမ်းရွက်ရသောဝန်ကို ထာဝရဘုရား၌ ချထား လော့
ဒုက္ခပြသနာများကို ထမ်းသောဝန်ယူ၍ တင်စားထား၍ လူများထမ်းရွက်နေကြသကဲ့သို့ ပြောဆိုထားသည်။ ဘုရားသခင်ကို ကူညီမစရန် ယုံကြည်အပ်နှံလိုက်ခြင်းသည် ဝန်ထုပ်ဝန်ပိုးများကို ကျွန်ုပ်တို့အတွက် ထာတရာဘုရား ထမ်းရွက်ပေးကြောင်း ပြောဆိုထားသည်။ (အခြားသောဘာသာပြန်ဆိုချက်) သင်၏ပြသနာများကို ဘုရားသခင်ထံ ပေးလော့" (သို့) "ဘုရားသခင်ကို ယုံကြည်ခြင်းသည် ကိုယ့်ထက်သန်မာသန်စွမ်းသော သူကိုဝန်ထုပ်သယ်ဆောင်ခိုင်းသကဲ့သို့ ကူညီမှုရရှိသည်"

သင့်ကို မစတော်မူမည်
ဂရုပြုကွယ်ကာခြင်း (သို့) ဒုက္ခပြသနာကြုံတွေ့ချိန် ကူညီမစထောက်ပံ့သောသူ(အခြားသောဘာသာပြန်ဆိုချက်) "ကိုယ်တော်သည် သင့်ကိုစောင်မတော်မူမည်" (သို့) "ကိုယ်တော်သည် သင့်ကို ကူညီမစတော်မူမည်"

ဖြောင့်မတ်သောသူကို အစဉ်အမြဲလှုပ်ရှားစေတော်မမူရာ
လူပုဂ္ဂိုလ် တစ်ဦးသည် ဘေးဒုက္ခမကြာခဏ တွေ့ကြုံခြင်းကိုယိမ်းယိုင်၍ ကျရှုံးတတ်သည်ဟူ၍ ပြောဆိုထားသည်။ (အခြားသောဘာသာပြန်ဆိုချက်) "ကိုယ်တော်သည် ဖြောင့်မတ်သောသူကို ယိမ်းယိုင်၍ ကျရှုံးတော်မမူပါ။ (သို့) "ကိုယ်တော်သည် ဖြောင့်မတ်သောသူကို ဖျက်ဆီးတော်မမူ"

အို ဘုရားသခင်
စာရေးသူသည် ဘုရားခင်ကို ပြောဆိုသည်

ဖျက်ဆီးရာ တွင်းထဲသို့
ဤနေရာကို သင်္ချိုင်းတွင်း (သို့) ငရဲတွင်းကို ရည်ညွှန်းခြင်း ဖြစ်သည်။

အခြားသော သူတို့ကို ပျက်ဆီးရာတွင် ဖျက်ဆီးရာတွင်းထဲသို့ ချတော်မူမည်

လူအသက်ကို သတ်သောသူ နှင့် သစ္စာပျက်သောသူတို့သည်
လိမ်ညာ၍ သူတပါးအသက်ကိုသတ်သောသူများ (သို့) "သစ္စာဖောက်၍ လူသတ်သောသူများ"

မိမိအသက်တာတဝက် ခန့်မျှ မရှင်ရကြ
လူ့အသက်၏တစ်ဝက်ခန့်မျှပင် ကြာရှည် အသက်မရှင်နိုင်ကြပေ။


generated on Tue Jul 2 12:50:28 2024

## Chapter 56

[1] အိုဘုရားသခင်၊ အကျွန်ုပ်ကို သနားတော်မူပါ။ လူတို့သည် ကိုက်စားအံ့သော ဒေါသနှင့်နေ့တိုင်းတိုက်၍ အကျွန်ုပ်ကို နှိပ်စက်ကြပါ
၏။ [2] ရန်သူတို့သည် နေ့တိုင်းကိုက်စားအံ့သော ဒေါသ ရှိ၍ မြင့်သောစိတ်နှင့် အကျွန်ုပ်ကို တိုက်သောသူ အများရှိကြပါ၏။ [3]
အကျွန်ုပ်သည် ကြောက်ရွံ့သောအခါ ကိုယ် တော်၌ ခိုလှုံပါမည်။ [4] ဘုရားသခင်ကို အမှီပြု၍ နှုတ်ကပတ်တော်၌ ဝါကြွားပါမည်။
ငါသည် ဘုရားသခင်ကို ခိုလှုံသည်ဖြစ်၍ ကြောက်စရာမရှိ။ လူသည် ငါ၌ အဘယ်သို့ပြုနိုင်သနည်း။ [5] သူတို့သည် နေ့တိုင်းငါ့စကားကို
အလွဲယူကြ၏။ ငါ၌ မကောင်းသောအကြံကိုသာ ကြံစည်ကြ၏။ [6] ငါ့အသက်ကို စောင့်စဉ်အခါစုဝေး၍ ချောင်း မြောင်းလျက်၊
ငါခြေရာတို့ကို ကြည့်မှတ်ကြ၏။ [7] သူတို့သည် မတရားသောအမှုအားဖြင့် လွတ် ခြင်းသို့ ရောက်ရပါမည်လော။ အိုဘုရားသခင်၊
ထိုလူများ တို့ကို အမျက်တော်ထွက်၍ လှဲတော်မူပါ။ [8] အကျွန်ုပ်သည် အရပ်ရပ်လည်ရသော အခြင်း အရာတို့ကို ကိုယ်တော်မှတ်၍
အကျွန်ုပ်မျက်ရည်တို့ကို ဘူးတော်ထဲမှာ ထည့်တော်မူပါ။ စာရင်းတော်၌ ရှိပါသည် မဟုတ်လော။ [9] ဘုရားသခင်သည် ငါ့ဘက်မှာ
နေတော်မူသော ကြောင့်၊ ငါအော်ဟစ်သောအခါ ရန်သူတို့သည် လှန်ခြင်း ကို ခံရကြမည်ကို ငါသိ၏။ [10] ဘုရားသခင်ကို အမှီပြု၍
နှုတ်ကပတ်တော်၌ ဝါကြွားမည်။ ထာဝရဘုရားကို အမှီပြု၍ နှုတ်ကပတ် တော်၌ ဝါကြွားမည်။ [11] ငါသည် ဘုရားသခင်ကို
ခိုလှုံသည်ဖြစ်၍ ကြောက်စရာမရှိ။ လူသည် ငါ၌အဘယ်သို့ ပြုနိုင် သနည်း။ [12] အိုဘုရားသခင်၊ အကျွန်ုပ်သည် ရှေ့တော်၌
သစ္စာပြုပါသည်ဖြစ်၍၊ သစ္စာဝတ်ကို ဖြေလျက်ကိုယ်တော် ကို ချီးမွမ်းပါမည်။ [13] ကိုယ်တော်သည် အကျွန်ုပ်အသက်ကို သေခြင်း မှ
ကယ်လွှတ်တော်မူပြီ။ အသက်ရှင်သောသူတို့၏ အလင်း ထဲမှာဘုရားသခင့်ရှေ့တော်၌ အကျွန်ုပ်ကျင့်နေပါမည် အကြောင်း၊
အကျွန်ုပ်ခြေကိုလည်း ထိမိ၍လဲခြင်းမှ ကယ်လွှတ်တော်မူမည်မဟုတ်လော။ ဒါဝိဒ်သည် ဂါသမြို့မှာ ဖိလိတ္တိလူတို့လက်သို့
ရောက်သောအခါ စပ်ဆိုသောဆာလံ။

---

Psalms 001

ကျွန်ုပ်ကို နှိပ်စက်ကြပါ၏
ကျွန်ုပ်ကို တိုက်ခိုက်ရန် ပိုပိုနီးကပ်လာပါပြီ

အများရှိကြပါ၏
ရန်သူများ၏ ရက်စက်သော တိုက်ခိုက်မှုကို ချီတက်၍
သူ၏ခန္ဓာကိုယ်အား ညဉ်းပမ်းနှိပ်စက်သည်ဟု ပြောပါသည်။

Psalms 003

-ငါသည်
ဘုရားသခင်အားရည်ညွှန်းသည်

လူသည်ငါ၌ အဘယ်သို့ပြုနိုင်သနည်း
ဆာလံဆရာသည် လူကို ကြောက်ရွံ့ခြင်းမရှိသည်မှာ လူတို့သည်
သူ့အားနာကျင်ခြင်းကို မပေးနိုင်သောကြောင့်ဖြစ်သည်။

လူ
လူ (သို့) လူထု။ လူ၌ တန်ခိုးမရှိပဲ ဘုရားသခင်၌သာ
တန်ခိုးရှိပါသည်။

Psalms 005

နေ့တိုင်း
အချိန်တိုင်း

ငါ့စကားကိုအလွဲယူကြ၏
တစုံတဦးအား ထပ်ခါထပ်ခါ ပြောသော်လည်း
အနဲငယ်သာပြောင်းလဲပြီး သူတို့၏ စကားကို ကလိမ်ကျ၍
တစုံတရာအား ကွဲပြားစေသကဲ့သို့ဖြစ်သည်

ငါ၌မကောင်းသောအကြံကိုသာ ကြံစည်ကြ၏
သူတို့သည် ကျွန်ုပ်ကို ဆန့်ကျင်၍ မကောင်းသောအကြံကို
အစဉ်အမြဲကြံစည်ကြလေပြီ

ငါ့ခြေရာတို့ကို ကြည့်မှတ်ကြ၏
လူတဦးတယောက်ကို ခက်ခဲပြသနာများအကြားတွင်
မည်သို့လျှောက်လှမ်းရန် စောင့်ကြည့်နေသည်ကို သူ၏
ခြေလှမ်းများကို ကြည့်ပါဟု ပြောဆိုသည်။ တစုံတယောက်မှ
လူတဦးအား ဖမ်းဆီးလိုသောအခါ သူ၏သွားလာခြင်းကို
စောင့်ကြည့်သကဲ့သို့ ဖြစ်ပါသည်။

ငါ့အသက်ကို စောင့်စဉ်အခါ
တစုံတဦးမှ သတ်ဖြတ်ရန် စောင့်နေသည်ကို သူ့အသက်အား
စောင့်ကြည့်သကဲ့သို့ဟု ပြောပါသည်။

Psalms 007

သူတို့သည် မတရားသောအားဖြင့် ... ရောက်ရပါမည်လော

လှဲတော်မူပါ
လှဲချခြင်းသည် ရန်သူများအား ရှုံးနိမ့်ခြင်းဖြစ်သည်။


generated on Tue Jul 2 12:50:28 2024

ကျွန်ုပ်သည်အရပ်ရပ်လည်ရသော
ဘုရားသခင်၏ ဆာလံဆရာအတွက်ထားသော ဂရုစိုက်ခြင်းသည် အရပ်ရပ်လည်၍ နှစ်သိမ့်ငိုကြွေးရန် နေရာမရှိပဲ ဝမ်းနဲရသော အချိန်များကို ဘုရားသခင်ရေတွက်သကဲ့သို့ဟု ပြောပါသည်။

မျက်ရည်တို့ကိုဘူးတော်ထဲမှာထည့်မူပြီ
ဘုရားသခင်၏ ဂရုစိုက်မှုအား ဆာလံဆရာမှ သူ၏မျက်ရည်များအား ဘူးထဲ၌ ထည့်လေပြီဟု ပြောဆိုပါသည်။ မျက်ရည်သည် ငိုကြွေးခြင်းအား ကိုယ်စားပြုသည်။

စာရင်းတော်၌ရှိသည် .... မဟုတ်လော
ဘုရားသခင်မှ ဆာလံဆရာအပေါ်ဂရုစိုက်ခြင်းသည် စာရင်းစာအုပ်၌ သူ၏မျက်ရည်များကို ရေတွက်ထားသည်မဟုတ်လောဟု ဆိုပါသည်။ ဤမေးခွန်းသည် ဘုရားသခင်မှ ဆာလံဆရာအား အဘယ်မျှလောက် ဂရုစိုက်သည်ကို ပြညွှန်သည်။

Psalms 009

လှန်ခြင်းကိုခံရကြမည်
ပြန်လှည့်လာမည် (သို့) လှည့်လာလိမ့်မည်

ဘုရားသခင်သည် ငါ့ဘက်မှာ
ဘုရားသခင်မှ သူ့အား မျက်နှာသာပေးသည်ကို ဆိုလိုသည်။ ဘုရားသခင်သည် ဆာလံဆရာ၏ ရန်သူများအား ကာကွယ်ပေးခြင်းနှင့် ဆန့်ကျင်တိုက်ခိုက်ပေးခြင်းကို ဆိုလိုသည်။

လူသည်အဘယ်သို့ပြုနိုင်သနည်း
ဆာလံဆရာသည် မေးခွန်းကဲ့သို့ အသုံးပြု၍ လူများအား မကြောက်ရွံ့ကြောင်းနှင့် အဘယ့်ကြောင့်ဆိုသည် သူ့အားပြင်းထန်စွာ မလုပ်နိုင်သောကြောင့်ဖြစ်သည်

Psalms 012

အိုဘုရားသခင် .... ချီးမွမ်းပါမည်
လူတဦး၌ တစုံတခုကို ပြုလုပ်ရန် တာဝန်ရှိသကဲ့သို့ ပြောဆိုသည်။

ကျွန်ုပ်ခြေကိုလည်း ထိမိ၍လဲခြင်းမှ
ခြေလှမ်းသည် လူကို ကိုယ်စားပြုသည်။ လဲခြင်းသည် သူ၏ရန်သူများ သတ်ဖြတ်ခြင်းဟု ပြောလိုပါသည်။

ဘုရားသခင်ရှေ့တော်၌ .... ကျင့်နေပါမည့်အကြောင်း
ဘုရားသခင်ရှေ့တော်၌ အသက်ရှင်လျှောက်လှမ်းပါပြီ။

အသက်ရှင်သောသူတို့၏အလင်း
အသက်ရှင်သောသူတို့၏အလင်းဟူသည် ဘုရားသခင်၏လူများ အသက်ရှင်နေထိုင်ခြင်းကို ကိုယ်စားပြုသည်။

## Chapter 57

[1] အိုဘုရားသခင်၊ အကျွန်ုပ်ကို သနားတော်မူပါ။ သနားတော်မူပါ။ ဘေးမလွန်မီတိုင်အောင် အကျွန်ုပ်၏ ဝိညာဉ်သည် ကိုယ်တော်ကို
ခိုလှုံပါ၏။ အတောင်တော် အရိပ်၌ ခိုလှုံပါ၏။ [2] ငါသည်အမြင့်ဆုံးသော ဘုရားသခင်၊ ငါ့အမှုကို ပြီးစီးစေတော်မူသော ဘုရားသခင်ကို
အော်ဟစ်မည်။ [3] ကောင်းကင်ကလက်တော်ကို ဆန့်တော်မူမည်။ ငါ့ကို ကိုက်စားအံ့သောသူကို အရှက်ခွဲသဖြင့်၊ ငါ့ကို
ကယ်တင်တော်မူမည်။ ကရုဏာတော်နှင့်သစ္စာတော်ကို ဘုရားသခင် စေလွှတ်တော်မူမည်။ [4] ငါ့ဝိညာဉ်သည် ခြင်္သေ့စုထဲမှာ နေရ၏။
ဒေါသ မီးလောင်လျက်ရှိသော လူသားတို့တွင် ငါအိပ်ရ၏။ သူတို့ သွားတို့သည် လှံနှင့်မြှားဖြစ်ကြ၏။ သတို့လျှာသည်လည်း
ထက်သောသန်လျက် ဖြစ်၏။ [5] အိုဘုရားသခင်၊ ကောင်းကင်မြင့်သည်ထက် ကိုယ်တော်ကြီးမြင့်တော်မူစေသတည်း။
မြေကြီးတပြင်လုံး ကို ဘုန်းတော်လွှမ်းမိုးပါစေသတည်း။ [6] သူတို့သည် ငါသွားရာလမ်း၌ ကျော့ကွင်းကို ပြင်ဆင်ကြပြီ။ ငါ့ဝိညာဉ်သည်
နှိမ့်ချလျက်ရှိ၏။ ငါ့ရှေ့၌ တွင်းကို တူးကြပြီးမှ ကိုယ်တူးသော တွင်းထဲသို့ ကိုယ်ကျ ကြပြီ။ [7] အိုဘုရားသခင်၊ အကျွန်ုပ်နှလုံးသည်
တည် ကြည်ပါ၏။ အကျွန်ုပ်နှလုံးသည် တည်ကြပါ၏။ သီချင်း ဆိုပါမည်။ ချီးမွမ်းထောမနာပြုပါမည်။ [8] အိုငါ့ဝိညာဉ်၊ နိုးလော့။
တယောနှင့်စောင်းတို့ နိုးကြလော့။ ငါလည်း စောစောနိုးမည်။ [9] အိုထာဝရဘုရား၊ ပရိသတ်အလယ်၌ ကိုယ် တော်ကို ချီးမွမ်းပါမည်။
လူမျိုးတို့တွင် ကိုယ်တော်အား ထောမနာသီးချင်းဆိုပါမည်။ [10] အကြောင်းမူကား၊ ကရုဏာတော်သည် ကောင်း ကင်သို့ငင်း၊
သစ္စာတော်သည် မိုဃ်းတိမ်သို့ငင်း မှီပါ၏။ [11] အိုဘုရားသခင်၊ ကောင်းကင်မြင့်သည်ထက် ကိုယ်တော်ကြီးမြင့်တော်မူစေသတည်း။
မြေကြီးတပြင်လုံး ကို ဘုန်းတော်လွှမ်းမိုးပါစေသတည်း။ ဒါဝိဒ်သည်ဥမင်၌ ရှောလုထံမှထွက်ပြေးသောအခါ စပ်ဆိုသောဆာလ။

---

---

Psalms 001

ကိုယ်တော့်ကို ခိုလှုံပါ၏

ဘုရားသခင်ကာကွယ်ပေးခြင်းသည် သူ၌ခိုလှုံခြင်းဖြစ်သည်ဟု ဆိုပါသည်။

အတောင်တော် ..... ခိုလှုံပါ၏

ဆာလံဆရာမှ ငှက်မကြီးသည် သူမ၏အတောင်ဖြင့် သူမ၏ကလေးများအား ကာကွယ်သကဲ့သို့ ကာကွယ်ပေးပါဟု ဘုရားသခင်အား ပြောပါသည်။

ဘေးမလွန်မီတိုင်အောင်

ဆာလံဆရာမှ ရန်သူကို သတ်ဖြတ်ရန်ရှာဖွေသကဲ့သို့ သူ၏ဝိညာဉ်ဆာလောင်မှုရှိခြင်းကို ပြောဆိုပါသည်။

Psalms 002

ငါ့အမှုကို ပြီးစီးစေတော်မူသောဘုရားသခင်

သူဘာကြောင့်ဘုရားသခင်၌ ငိုကြွေးသည်ကို ဤစာပိုဒ်မှ ရှင်းပြသည် (အခြားသောဘာသာပြန်ဆိုချက်) အဘယ့်ကြောင့်ဆိုသော ငါ့ကိုအရာအားလုံးလုပ်ပေးပြီ။

ငါ့ကိုကိုက်စားသောသူကို

ရန်သူများ၏ ရက်စက်စွာ တိုက်ခိုက်ခြင်းကို သူ့အားချီတက်၍ ကိုက်စားမည်ကဲ့သို့ဟု ပြောပါသည်။

ကရုဏာတော်နှင့်သစ္စာတော်ကို

ဘုရားသခင်၏ဖြစ်ခြင်း ဂရုဏာနှင့် သစ္စာတော်ကို သူ့ထံစေလွှတ်မည်ဟု ပြောပါသည်

Psalms 004

ငါ့ဝိညာဉ်သည်ခြင်္သေ့ထဲမှ

ဆာလံဆရာမှ သူ၏ရန်သူများသည် ခြင်္သေ့ကဲ့သို့ဟု ပြောပါသည်။

ဒေါသမီး ... ငါအိပ်ရ၏

ဖျက်ဆီးခြင်းသည် တစုံတရာကို အငမ်းမရစားသကဲ့သို့ဟု ပြောပါသည်။

-သူတို့ သွားတို့သည် လှံနှင့်မြှားဖြစ်ကြ၏

ရန်သူ၏လှံတံနှင့် မြှားသည် ခြင်္သေ့၏သွားများကဲ့သို့ဟု ပြောပါသည်။ ဆာလံဆရာသည် သူ၏ရန်သူများသည် ခြင်္သေ့သွားများကဲ့သို့ဟု ဆက်လက်ပြောပါသည်။

လှံနှင့် မြား

ဤအရာများသည် လက်နက်များဖြစ်သည်။

သူတို့လျှာသည် .... ကဲ့သို့

လျှာသည် တစုံတခုပြောဆိုခြင်းကို ကိုယ်စားပြုပြီး ရန်သူ၏ရက်စက်သောစကားလုံးများသည် သန်လျက်ကဲ့သို့ဟု ပြောပါသည်။

ကောင်းကင်မြင့်သည်ထက် .... မူစေသတည်း

ဆာလံဆရာသည် ဘုရားသခင်၏ အဆင့်ဂုဏ်ကို ဖော်ပြနေသည်။ ကောင်းကင်များထက်မြင့်ခြင်းဆိုသည်မှာ အလွန်ကြီးမြတ်ခြင်းကို ဆိုလိုပါသည်။

မြေကြီးတပြင်လုံးကို .... လွှမ်းမိုးပါစေသတည်း
ဆာလံဆရာမှ သူ၏ ကြီးမြတ်ခြင်းကို ဖော်ပြပါသည်။ (အခြားသောဘာသာပြန်ဆိုချက်) သင်၏ဘုန်းကြီးမြတ်ခြင်းကို မြေကြီးပေါ်၌ ပြသမှုပါ။

Psalms 006

သူတို့သည် .... ပြင်ဆင်ကြပြီ
သူ၏ရန်သူများသည် သူ့အားဖမ်းမိစေရန် မြေကြီးပေါ်၌ သူ့အတွက်ထောင်ချောက်ကို ပြင်ဆင်လေပြီ

ငါ့ရှေ့၌ တွင်းကိုတူးကြပြီ
သူ၏ရန်သူများသည် သူ့ကိုဖမ်းဆီးရန်အတွက် သူ၏ရှေ့၌တွင်းကို တူး၍ လဲကျရန်စီစဉ်ကြသည်။

ငါ့ရှေ့၌ တွင်းကိုတူးကြပြီးမှ .... ကိုယ်ကျကြပြီ
သူ၏ရန်သူများသည်သူ့အား ဖမ်းဆီးရန်ကြိုးပမ်းကြသည်။ သူ့အတွက် တွင်းတူး၍လဲကျရန်လုပ်ဆောင်သည်ဟု ပြောပါသည်။

Psalms 007

ကျွန်ုပ်နှလုံးသည် .... တည်ကြည်ပါ၏
ကျွန်ုပ်၏ စိတ်နှလုံးသည် လွယ်ကူစွာရွေ့လျားခြင်း

သီချင်းဆိုပါမည်
ငါသည်ဘုရားသခင်အား ချီးမွမ်းပါမည်

အိုငါ့ဝိညာဉ်နိုးလော့
နိုးလော့ဟူသည် ဘုရားသခင်အားချီးမွမ်းရန်ဖြစ်သည်။ နိုးလော့ဟူသည် တစုံတရာကို ပြင်ဆင်ရန်၊ စတင်ရန် ဥပမာပေးခြင်းဖြစ်သည်။ ဆာလံဆရာ၏ နှလုံးသည် သူ၏ ခံစားချက်ကို ကိုယ်စားပြုသည်

တယောနှင့်စောင်းတို့ နိုးကြလော့
ဆာလံဆရာမှ တယောနှင့် စောင်းကို တီး၍ ဘုရားသခင်အား ချီးမွမ်းရန် ပြောပါသည်။ (အခြားသောဘာသာပြန်ဆိုချက်) တယောနှင့် စောင်းတို့ နိုးကြလော့ ဘုရားသခင်ထံချီးမွမ်းကြလော့ (သို့) ငါသည် တယောနှင့် စောင်းကို တီး၍ ဘုရားသခင်အားချီးမွမ်းပါမည်။ (ရှု၊ and and )

ငါလည်းစောစောနိုးမည်
မိုးသောက်ချိန်သည် နိုးထချိန်ဖြစ်၍ စောစောနိုးထရန်နိုးဆော်ပါသည်။ အာဂုဏ်မတက်မီ နိုးထခြင်းသည် ဘုရားသခင်အား ချီးမွမ်းရန်ဖြစ်သည်။

Psalms 009

အကြောင်းမူကား ဂရုဏာတော်သည် .... မိုးပါ၏
စကားစုနှစ်ခုသည် အဓိပ္ပာယ်တူညီပါသည်။ ဘုရားသခင်၏ကြီးမားသော ချစ်ခြင်းနှင့် သစ္စာကြီးမားခြင်းသည် အကွာအဝေးတိုင်းတာ၍ ရသကဲ့သို့ ပြောပါသည်။

ဂရုဏာတော်သည် .... ကောင်းကင်
ကြီးမြတ်တော်မူသောဘုရားသခင်၏ မေတ္တာသည် အကွာအဝေးတိုင်းတာ၍ ရသကဲ့သို့ ပြောဆိုပါသည်။

သစ္စာတော်သည် မိုးတိမ်သို့..

အိုဘုရားသခင် .... မြင့်သည်ထက်
ဆာလံဆရာသည် ဘုရားသခင်၏ ဂုဏ်အသရေကို ဖော်ကျူးပြသပါသည်။ ကောင်းကင်များသည် ဘုရားသခင်၏ ကြီးမြတ်ခြင်းကို ကိုယ်စားပြုသည်။

မြေကြီးတပြင်လုံးကို .... ဘုန်းတော်လွှမ်းစေသတည်း
ဆာလံဆရာမှ ဘုရားသခင်ဘုန်းတော်ကို ချီးမြှောက်ပါသည်။ (အခြားသောဘာသာပြန်ဆိုချက်) မြေကြီးတပြင်လုံးဘုန်းတော်လွှမ်းမိုးမှုပါ။


generated on Tue Jul 2 12:50:28 2024

## Chapter 58

[1] အိုလူသားတို့၊ အကယ်စင်စစ် သင်တို့သည် စကားဖြောင့်ကြသလော။ [2] တရားသဖြင့်စီရင်ကြသလော။ အကယ်စင်စစ် သင်တို့သည်
မတရားသော အကြံကို ကြံစည်၍ မြေကြီး ပေါ်မှာ ကိုယ်လက်နှင့်ပြုသော ညှဉ်းဆဲခြင်းကို ချိန်တတ် ကြ၏။ [3] မတရားသော
သူတို့သည် အမိဝမ်းထဲမှစ၍ ရိုင်းသောသဘောရှိကြ၏။ မွေးကတည်းကလမ်းလွှဲ၍ မုသာစကားကို ပြောတတ်ကြ၏။ [4]
သူတို့အဆိပ်သည် မြွေအဆိပ်နှင့်တူ၏။ နားပင်း သော မြွေဆိုးသည် မိမိနားကို ပိတ်၍၊ [5] လိမ္မာသောအလမ္ပမြွက်ဆိုသော မန္တရားစကား
ကို နားမထောင်ဘဲနေသကဲ့သို့ ဖြစ်ကြ၏။ [6] အိုဘုရားသခင်၊ သူတို့ပစပ်ထဲမှာ သွားများကို ချိုးတော်မူပါ။ အို ထာဝရဘုရား၊
ခြင်္သေ့တို့၏ အံသွားများ ကို ချိုးတော်မူပါ။ [7] ထိုသူတို့သည် စီးသောရေကဲ့သို့ ကွယ်ပျောက်ကြ ပါစေသော။ လေးကိုတင်သောအခါ
မြှားတို့သည် ကျိုး သကဲ့သို့ ဖြစ်ကြပါစေသော။ [8] ခရုသည် သွားစဉ်တွင် ရွှံ့လျှားသကဲ့သို့၎င်း၊ ပျက် သော ကိုယ်ဝန်သည် နေရောင်ကို
မမြင်ရသကဲ့သို့၎င်း ဖြစ်ကြပါစေသော။ [9] ဆူးပင်နှင့်မွေးသော မီးပူမှန်းကို အိုးတို့သည် မသိမှီ၊ အသက်ရှင် သောဆူးပင်နှင့်
မီးလောင်လျက်ရှိ သော ဆူးပင်တို့ကို လေတွေတိုက်သွားပါစေသော။ [10] ဖြောင့်မတ်သောသူသည် ထိုသို့သောဒဏ်ပေး ခြင်းကို မြင်၍
ဝမ်းမြောက်ပါလိမ့်မည်။ [11] မတရားသောသူတို့၏ အသွေး၌ မိမိခြေတို့ကို ဆေးပါလိမ့်မည်။ [12] သူတပါးကလည်း၊ ဖြောင့်မတ်သော
သူသည် အကျိုးကို ဧကန်အမှန်ခံရ၏။ မြေကြီးပေါ်မှာ တရား စီရင်သော ဘုရားသခင်သည် ဧကန်အမှန်ရှိတော်မူ သည်ဟု
ဝန်ခံကြပါလိမ့်မည်။

---

---

Psalms 001

အိုလူသားတို့ ... စကားဖြောင့်ကြသလော
စာရေးသူသည် မေးခွန်းအသုံးပြု၍ မတရားသောသူများအား သင်တို့ဖြောင့်မတ်သလောဟု မေးပါသည်။

သင်
သင် နှင့် သင်တို့ဟူသည် လူများနှင့် စီရင်သူများကို ညွှန်းပါသည်။ ဤနေရာတွင် "သင်" သည် အများကိန်း ဖြစ်ပါသည်။

တရားသဖြင့်စီရင်ကြသလော
စာရေးသူသည် မတရားသောသူများအား မေးခွန်းအသုံးပြု၍ ဖြောင့်မတ်မှန်ကန်သလောဟု မေးပါသည်။

ဒါဝိဒ်၏ဆာလံသီချင်း
စာရေးသူသည် မေးခွန်းနှစ်ခုကို မေးခဲ့ပါသည်။

သင်တို့သည် မတရားသောအကြံကို ကြံစည်၍
နှလုံးသည် လူများ၏ အတွေးနှင့် အကြံဉာဏ်များကို ရည်ညွှန်းပါသည်။

မြေကြီးပေါ်မှာ ကိုယ်လက်နှင့်ပြုသော
မတရားသော အကြမ်းဖက်မှုများကို မြေကြီးပေါ်တွင် နေရာအနှံ့အပြားလုပ်ဆောင်ပြီးပျံ့နှံ့စေသည်

Psalms 003

မတရားသောသူတို့သည် ... ရိုင်းသောသဘောရှိ၏
ဤအရာသည် တူညီသော အဓိပ္ပာယ်ရှိ၍ ကွဲပြားသော နည်းလမ်းနှစ်မျိုးဖြင့် ဖော်ပြထားသည်။

လမ်းလွှဲ၍
အမှားပြုလုပ်သည်ကို လူများသည် မှားယွင်းသောလမ်းကို လျှောက်လှမ်းသကဲ့သို့ဟု ပြောပါသည်။

သူတို့အဆိပ်သည် ..... တူ၏
မိုက်မဲသောလူများ ပြောသောအရာသည်အဆိပ်နှင့်တူ၏

နားပင်းသော မြွေဆိုးသည်
ဆန့်ကျင်၍ အကြံပေးခြင်းလက်မခံသော လူဆိုးများသည် လိမ်ညာကောက်ကျစ်၍ အယောင်ဆောင်သော မြွေအလ္လမ္ပယ်ဆရာများကဲ့သို့ လုပ်ဆောင်ပြုမူကြသည်

နားပင်းသောမြွေဆိုးသည် မိမိနားကိုပိတ်၍
မြွေသည် မြွေအလမ္ပယ်ဆရာ၏ မြွက်ဆိုသံကို မတုံ့ပြန်သကဲ့သို့ တစုံတရာကို မကြားနိုင်အောင် နားကိုပိတ်ထားသကဲ့သို့ ပြောပါသည်

မြွေဆိုး
အဆိပ်ပြင်းသောမြွေဆိုးအမျိုးအစား

မြွေအလမ္ပယ်ဆရာမြွတ်ဆိုသော မန္တရား
မြွေကို ထိန်းချုပ်ရန် အသုံးပြုသောဂီတအသံ

နားမထောင်ပဲနေသကဲ့သို့
မြွေအလမ္ပယ်ဆရာသည် ကျွမ်းကျင်ကြည်လင်စွာ ပြုလုပ်နိုင်သည်။

Psalms 006

ယေဘုယျအချက်အလက်
စာရေးသူသည် မိုက်မဲသူများအား ဖျက်ဆီးရန် ဘုရားသခင်အား ပြောဆိုသည်။



generated on Tue Jul 2 12:50:28 2024

သူတို့ပါးစပ်ထဲမှ သွားများကို ...
ဤစာပိုဒ်တွင်ရှိသော လူဆိုးများသည် ခြင်္သေ့များကဲ့သို့ ခွန်အားမရှိသောလူများအားသတ်ရန် ပြုလုပ်သည့်အတွက် သူတို့၏ သွားများကို ချိုးဖျက်ရန်ဟု ပြောပါသည်။

ထိုသူတို့သည် စီးသောရေကဲ့သို့ ... စေသော်
မတရားသောသူများသည် ရေခဲ

မြွားသည်ကျိုးသကဲ့သို့
မြွားသည် ဦးတည်ချက်မရှိသကဲ့သို့

ခရု
ပက်ကျိ

ပျက်သောကိုယ်ဝန်သည် ... နေရောင်ကို မမြင်သကဲ့သို့
အမျိုးသမီးအထဲမှ ကလေးငယ်သည် နေရောင်ကို မမြင်ဘူးသကဲ့သို့ အသက်ရှင်ခွင့်မရှိပဲ သေသွားသောကလေးငယ်ကဲ့သို့ ဖြစ်ပါစေသော်

Psalms 009

ဆူးပင်နှင့်မွေးသောမီးပွပ္ပမှန်းကို ..... တိုက်သွားပါစေသော်
မတရားသောသူများသည် ဆူးခြုံပင်များကဲ့သို့ ဘုရားသခင်မှ အဝေးသို့လျင်မြန်စွာ သိမ်းဆည်းလွင့်ပစ်ခြင်းဖြင့် အပြစ်ပေးရန် ပြောပါသည်။

သင်
ဒါဝိဒ်သည် ဘုရားသခင်၏ လူများကို စကားပြောနေသည်။

ဆူးပင်
ဆူးခြုံများ

ဖြောင့်မတ်သောသူတို့သည် .... လိမ့်မည်
ဖြောင့်မတ်သောသူဟူသည် သာမန်ဖြောင့်မတ်သူများကို ရည်ညွှန်းသည်။

မတရားသောသူတို့၏ .... ဆေးပါလိမ့်မည်
ခြေတလှမ်းခြင်းသွေးပေါ်၌ လျှောက်ခြင်းကို သွေးဖြင့် ခြေဆေးသည်ဟု ပြောပါသည်။

မတရားသောသူတို့၏ ... ဆေးပါလိမ့်မည်
များစွာသော မတရားသော လူများသည် သေကြေ၍များစွာသော ဖြောင့်မတ်သူများသည် သူတို့၏ခြေကို လူများ၏သွေးဖြင့် ဆေးကြောမည်ဟု လွန်ကျူးစွာ ဖော်ပြထားသည်။

## Chapter 59

1 အို အကျွန်ုပ်၏ဘုရား၊ ရန်သူတို့လက်မှ အကျွန်ုပ် ကို ကယ်နှုတ်တော်မူပါ။ အကျွန်ုပ်ကို ရန်ဘက်ပြုသောသူ တို့၏ အပေါ်မှာ
အကျွန်ုပ်ကို ချီးမြှောက်တော်မူပါ။ 2 ဒုစရိုက်ကို ပြုသောသူတို့အထဲက အကျွန်ုပ်ကို နှုတ်ယူ၍၊ အသက်ကိုသတ်လိုသော သူတို့လက်မှ
ကယ် တင်တော်မူပါ။ 3 သူတို့သည် အကျွန်ုပ်အသက်ကို သတ်လို ၍ ချောင်းကြည့်လျက် နေကြပါ၏။ အားကြီးသောသူတို့
သည်အကျွန်ုပ်တဘက်၌ စည်းဝေးကြပါ၏။ အို ထာဝရ ဘုရား၊ အကျွန်ုပ်မှားယွင်း သောကြောင့်မဟုတ်ပါ။ အကျွန်ုပ်
အပြစ်ကြောင့်မဟုတ်ပါ။ 4 အကျွန်ုပ်၌ အပြစ်မရှိဘဲ သူတို့သည် ပြေးလာ၍ ပြင်ဆင်ကြပါ၏။ အကျွန်ုပ်ကို ကူမခြင်းငှါ နိုးတော်မူပါ။
ကြည့်ရှုတော်မူပါ။ 5 ဣသရေလအမျိုး၏ ဘုရားသခင်ထာဝရဘုရား၊ သာသနာပ လူအပေါင်းတို့ကို ဆုံးမခြင်းငှါ နိုးတော်မူပါ။
ဒုစရိုက်၌ ကျင်လည်သောသူ တစုံတယောက်ကိုမျှ သနား တော်မမူပါနှင့်။ 6 သူတို့သည် ညဦးယံ၌ ပြန်လာ၍၊ ခွေးဘာသာ အတိုင်း
မြည်လျက် မြို့ကိုလှည့်ပတ်ကြပါစေသော။ 7 ထိုသူတို့သည် စော်ကားသော စကားကိုပြော၍၊ သူတို့နှုတ်ခမ်း
တွင်ထားပါလျက်အဘယ်သူကြားလိမ့် မည်နည်းဟု ဆိုတတ်ကြပါ၏။ 8 သို့ရာတွင်၊ အိုထာဝရဘုရား၊ ကိုယ်တော်သည် သူတို့ကို
ပြုံးရယ်၍ သာသနာပလူအပေါင်းတို့ကို ကဲ့ရဲ့တော်မူမည်။ 9 အို အကျွန်ုပ်အစွမ်းသတ္တိ၊ ကိုယ်တော်ကို မြော်လင့်ပါမည်။
ဘုရားသခင်သည် အကျွန်ုပ် ခိုလှုံရာဖြစ်တော်မူ၏။ 10 ကရုဏာအရှင် ဘုရားသခင်သည် အကျွန်ုပ်ကို ကူမခြင်းငှါ ကြွလာတော်မူမည်။
ရန်သူတို့ကို အကျွန်ုပ်ကြည့်ရှု၍ အားရသောအခွင့် ရှိစေတော်မူမည်။ 11 အကျွန်ုပ်တို့ကို ကွယ်ကာတော်မူသော ဘုရားရှင်၊ သူတို့ကို
သတ်တော်မမူပါနှင့်။ သတ်လျှင် အကျွန်ုပ်၏ လူတို့သည် သတိလစ်ကြပါလိမ့်မည်။ တန်ခိုးတော်အားဖြင့် အရပ်ရပ် ကွဲပြားစေ၍
နှိမ့်ချတော်မူပါ။ 12 သူတို့ပြောမိသော စကားတည်းဟူသော သူတို့ နှုတ်၏အပြစ်ကြောင့် မိမိတို့မာနတွင် ကျော့မိပါစေ သော။ သူတို့
ကျိန်ဆဲသော စကားနှင့် မုသာစကားကြောင့်၊ 13 အမျက်တော်အားဖြင့် ပျောက်ပျက်စေတော်မူပါ။
အကုန်အစင်ပျောက်ပျက်စေတော်မူပါ။ ဘုရားသခင်သည် ယာကုပ်အမျိုးမှစ၍ မြေကြီးစွန်းတိုင်အောင် အုပ်စိုးတော်မူကြောင်းကို
သူတို့သည် သိကြ ပါစေသော။ 14 ညဦးယံ၌ ပြန်လာ၍၊ ခွေးဘာသာအတိုင်း မြည်လျက် မြို့ကို လှည့်ပတ်ကြပါစေသော။ 15 အစာကို
ရှာလျက် အရပ်ရပ်သို့ လည်၍မဝဘဲ တညဉ့်လုံး နေကြပါစေသော။ 16 အကျွန်ုပ်မူကား၊ တန်ခိုးတော်ကို သီချင်းဆိုပါမည်။ နံနက်ယံ၌
ကရုဏာတော်ကို ရွှင်လန်းစွာ သီချင်းဆိုပါမည်။ အကြောင်းမူကား၊ ဘေးရောက်သောကာလ၌ ကိုယ်တော်သည် အကျွန်ုပ်ခိုလှုံရာ၊
ဘေးလွတ်ရာ ဖြစ်တော်မူ၏။ 17 အိုအကျွန်ုပ်အစွမ်းသတ္တိ၊ ကိုယ်တော်ကို သီချင်းဆိုပါမည်။ ဘုရားသခင်သည် အကျွန်ုပ်ခိုလှုံရာ
ဖြစ်တော်မူ၏။ အကျွန်ုပ်၌ ကရုဏာအရှင် ဘုရားသခင်ဖြစ်တော်မူ၏။ ရှောလုစေလွှတ်သော သူတို့သည်
ဒါဝိဒ်အသက်ကိုသတ်ခြင်းငှါ၊ အိမ်ကိုစောင့်ကြသောအခါ ဒါဝိဒ်စပ်ဆိုသော

---

Psalms 001

ယေဘုယျအချက်အလက်
၅၇:၁ ၌ ပြန်ဆိုပြီး

ဒါဝိဒ်၏ဆာလံ
ဆိုလိုချက် (၁) ဒါဝိဒ်မှ စပ်ဆိုသောဆာလံ (၂) ဒါဝိဒ်အကြောင်းစပ်ဆိုသောဆာလံ (၃) ဆာလံသည် ဒါဝိဒ်၏သီချင်းပုံစံဖြစ်သည်။

စာလုံးသည်သေချာခြင်းမရှိပါ
၁၆:၁ ၌ ပြန်ဆိုပြီး

ရန်ဘက်ပြုသောသူ
ရှောလုသည်သူ့ကိုသတ်ရန်အတွက် အိမ်တော်၌ စောင့်ကြည့်နေသောအချိန် ရှောလုသည်သူ၏ စစ်သားများစေလွှတ်ရန် ဒါဝိဒ်အားသတ်ဖြတ်ရန် အခွင့်အရေးစောင့်ကြည့်နေချိန်

အပေါ်မှာချီးမြှောက်တော်မူပါ
မြင့်သောအရပ်ဟူသည် လုံခြုံ၍ ရန်သူများ မရောက်ရှိနိုင်သောနေရာကို ဆိုလိုပါသည်။

ကျွန်ုပ်ကို ရန်ဘက်ပြုသူတို့၏
သူ့ကိုဆန့်ကျင်နေသူ၏အထက်မှာ ချီးမြှောက်မူပါ

အသက်ကိုသတ်လိုသော
အသက်သတ်လိုသောဟူသည့်စကားသည် သွေးအပါအဝင် လူသတ်ခြင်းကို ဆာလောင်သည့် ဆန္ဒကို ရည်ညွှန်းသည်

Psalms 003

ကျွန်ုပ်အသက်ကို .... ချောင်းကြည့်နေပါ၏
ဒါဝိဒ်၏ရန်သူများသည် ပုန်းကွယ်၍သူ့အား တိုက်ခိုက်ရန် ချောင်းမြောင်းနေပါ၏

နိုးတော်မူပါ
တစုံတခုပြုလုပ်ရန် ဆုံးဖြတ်ချက်ချခြင်းနှင့် လုပ်ဆောင်ရန် အစပြုခြင်းအတွက် နိုးတော်မူပါဟု ပြောပါသည်။

(အခြားသောဘာသာပြန်ဆိုချက်) တစုံတရာပြုလုပ်ရန် နိုးဆော်မူပါ။

ကြည့်ရှုတော်မူပါ
ဘုရားသခင်မြင်စေချင်သည့်အရာဖြစ်သည်။

Psalms 005

နိုးတော်မူပါ
တစုံတခုပြုလုပ်ရန် ဆုံးဖြတ်ခြင်းနှင့် စတင်ခြင်းကို နိုးတော်မူပါဟု ပြောပါသည်

သာသနာပလူ
သာသနာပလူအပေါင်းဟူသည် ဘုရားသခင်၏ အခွင့်တော်အောက်၌ အသက်မရှင်သောလူများကို ကိုယ်စားပြုသည်။

Psalms 006

ညဦးယံ၌ ပြန်လာ၍
"သူတို့" ဟူသည် တရားအတိုင်းမလိုက်နာသော မိုက်မဲသူများကို ဆိုလိုပါသည်။

ခွေးဘာသာအတိုင်း
ဆာလံဆရာသည် သူ၏ရန်သူများအား လူများအား လိုက်၍ ဟောင်နေသောခွေးများကဲ့သို့ တိုက်ခိုက်ကြောင်းပြောဆိုပါသည်။

မြို့ကိုလှည့်ပတ် ...စေသော်
အဘယ်ကြောင့်သူတို့သည် မြို့ကိုလှည့်ပတ်ကြောင်းမြင်နိုင်ပါသည်။

ကြည့်ပါ
တစုံတရာကို ကြည့်ရှုရန် (အခြားသောဘာသာပြန်ဆိုချက်) ကြားနာသည်။

သူတို့နှုတ်ခမ်းတွင်ထားပါလျက်
ကြောက်မက်ဖွယ်သောစကားကို ပြောခြင်းကို စော်ကားသောစကားကဲ့သို့ဟု ပြောပါသည်။ ဤကြမ်းကြုတ်သောစကားများသည် ဆဲရေးသောစကား

စော်ကားသောစကား
ကျယ်လောင်စွာပြောခြင်း၊ အစာအိမ်မှပါးစပ်သို့တက်လာသောအသံ

သူတို့နှုတ်ခမ်းတွင်ထားပါလျက်
ရိုင်းစိုင်းသောအရာများကို ဆိုးညစ်သောလူများသည် ပြော၍ သူတို့နှုတ်သည် ထားကဲ့သို့ဖြစ်သည်ဟု ပြောပါသည်။

အဘယ်သူကြားလိမ့်မည်နည်း
သူတို့သည် မေးခွန်းသုံး၍ ဘုရားသခင်ကို ယုံကြည်သောသူတို့အား မည်သူကြားနိုင်မည်နည်း အပြစ်ပေးမည်နည်းဟု ပြောပါသည်။

Psalms 008

ကိုယ်တော်သည် သူတို့ကို ပြုံးရယ်၍
မာနထောင်လွှား၍ အထင်သေးခြင်း (သို့) သူတို့အားလှောင်ပြောင်ခြင်း ဘုရားသခင်သည် သူတို့အားပြုံးရယ်တော်မူသည်မှာ သူတို့သည် အစွမ်းအစမဲ့၍ အသုံးမကျသောကြောင့်ဖြစ်သည်။

သာသနာပလူအပေါင်းတို့ကို ကဲ့ရဲ့တော်မူမည်
လူအပေါင်းတို့ကို လှောင်ပြောင်၍ (သို့) သင်သိသော သာသနာပလူများသည် မိုက်မဲသောသူများဖြစ်သည်။

ကဲ့ရဲ့လှောင်ပြောင်
လှောင်ပြောင် (သို့) သရော်

ကျွန်ုပ်အစွမ်းသတ္တိ
ဘုရားသခင်သည် ဆာလံဆရာအားခွန်အားပေးသည်ကို ဘုရားသခင်မှ ကာကွယ်ပေးခြင်းကို ကိုယ်စားပြုသည်။

ကျွန်ုပ်ခိုလှုံရာ
အမြင့်ဆုံးသောအရပ်သည် လူအများရန်သူများထံမှ ခိုလှုံရာ အရပ်ဖြစ်သည်။ ဆာလံဆရာမှ ဘုရားသခင်အား ခိုင်ခံ့၍ လုံခြုံသော ဘုရားသခင်၏ ကွယ်ကာရာဟု ပြောပါသည်။

Psalms 010

ကျွန်ုပ်ကိုကူမခြင်းငှာ
ဘုရားသခင်မှ ဆာလံဆရာအားလာရောက်ကယ်မည်ကို ဘုရားသခင်မှ သူ့အားလာတွေ့မည်ဟု ပြောပါသည်။ (အခြားသောဘာသာပြန်ဆိုချက်) ဘုရားသခင်ငါ့အားကယ်တင်မူပြီ

အားရသောအခွင့်
"ဆန္ဒ" ဟူသည် "အလိုရှိသည်" ဟု ဖော်ပြနိုင်သည်။

ကွဲပြားစေလိမ့်မည်
အရပ်ရပ်သို့ကွဲပြားသွားစေလိမ့်မည်

ကျွန်ုပ်တို့ကို ကွယ်ကာမူသောအဘ
ဘုရားသခင်သည် ဖြောင့်မတ်သောသူများအား ကာကွယ်သည်ကို ဒိုင်းလွှားကဲ့သို့ ကာကွယ်သည်ဟု ပြောပါသည်။

Psalms 012

သူတို့ပြောမိသောစကားတည်းဟူသော .... ကျော့မိပါစေသော်
ပါးစပ်နှင့် နှုတ်ခမ်းသည် လူများပြောသည့်အရာကို ကိုယ်စားပြုသည်။

သူတို့မာနတွင်ကျော့မိပါစေသော်

အမျက်တော်အားဖြင့် ပျောက်ပျက်စေမူပါ
သူတို့အပြည့်ဝပျက်ဆီးရန် လောင်ကျွမ်းခြင်း


generated on Tue Jul 2 12:50:28 2024

ယာကုပ်
ယာကုပ်သည် ဣသရေလကို ရည်ညွှန်းသည်။

မြေကြီးစွန်းတိုင်
မြေကြီးစွန်းသည့်တိုင်အောင် ဤအရာသည် မြေကြီးနေရာအနှံ့ကို ကိုယ်စားပြုပါသည်။

Psalms 014

ခွေးဘာသာအတိုင်း
ဆာလံဆရာမှ သူ၏ ရန်သူများသည် လူများအားတိုက်ခိုက်ရန် ခွေးများကဲ့သို့ လှည့်လည်၍ ဟောင်ခြင်း၊ တိုက်ခိုက်ခြင်းများပြုနေသည်ဟု ပြောပါသည်။

တင်းတိမ်
ရောင့်ရဲကျေနပ်

Psalms 016

ကိုယ်တော်သည် ကျွန်ုပ်ခိုလှုံရာ ...ဘေးလွတ်ရာဖြစ်တော်မူ၏
အမြင့်ဆုံးသောခိုလှုံရာနေရာသည် သူတို့၏ ရန်သူများ၏ဘေးမှ ကာကွယ်ရန်နေရာအဖြစ်လူများသွားနိုင်သောနေရာဖြစ်သည်။ ဆာလံဆရာမှ ဘုရားသခင်သည် သူ၏လုံခြုံစိတ်ချရာအကာအကွယ်ဖြစ်သည်ဟု ပြောပါသည်။

ဘေးရောက်သောကာလ
"နေ့" ဟူသော စကားလုံးသည် ကာလအပိုင်းအခြားဖြစ်ပါသည်။

အိုကျွန်ုပ်အစွမ်းသတ္တိ ... သီချင်းဆိုပါမည်။

ကျွန်ုပ်အစွမ်းသတ္တိ
ဆာလံဆရာ၏ခွန်အားသည် ဘုရားသခင်ဖြစ်သည် သူ၏အကာအကွယ်လည်းဖြစ်သည်

ဘုရားသခင်သည် ကျွန်ုပ်ခိုလှုံရာဖြစ်တော်မူ၏
အမြင့်ဆုံးသောဘုရားသခင်၌ ခိုလှုံရာနေရာဟူသည်မှာ သူတို့ရန်သူများထံမှ ကာကွယ်ယူသောနေရာဖြစ်ပါသည်။ ဆာလံဆရာမှ ဘုရားသခင်သည် သူ့အတွက်ခိုင်ခံ့၍ လုံခြုံသောသူဟုပြောပါသည်။

ကျွန်ုပ်၌ ဂရုဏာအရှင်ဘုရားသခင်ဖြစ်တော်မူ၏
(အခြားသောဘာသာပြန်ဆိုချက်) သူသည်သစ္စာတော်နှင့်ပြည့်ဝသောဘုရားသခင်ဖြစ်တော်မူ၏ (သို့) သင်သည်သစ္စာနှင့်ပြည့်စုံသောဘုရားသခင်ဖြစ်တော်မူ၏။

## Chapter 60

[1] အိုဘုရားသခင်၊ ကိုယ်တော်သည် အမျက်ထွက်သဖြင့်၊ အကျွန်ုပ်တို့ကို စွန့်ပစ်၍ အရပ်ရပ်သို့ ကွဲပြားစေတော်မူပြီ။ တဖန်
အကျွန်ုပ်တို့ကို အသက်ရှင်စေတော်မူပါ။ [2] မြေကြီးကို လှုပ်၍ ခွဲတော်မူပြီ။ ကွဲအက်ရာတို့ကို တဖန် စေ့စပ်စေတော်မူပါ။
တုန်လှုပ်လျက် ရှိပါသေး၏။ [3] ကိုယ်တော်၏လူတို့ကို ခက်ထန်စွာ စီရင်၍၊ မိုက်တွေခြင်း စပျစ်ရည်ကို တိုက်တော်မူပြီ။ [4] ကိုယ်တော်ကို
ကြောက်ရွံ့သောသူတို့သည် သစ္စာတရားကြောင့် ထူရသော အလံကို ပေးသနားတော် မူပြီ။ [5] ချစ်တော်မူသော သူတို့သည်
ချမ်းသာရမည်အကြောင်း၊ အကျွန်ုပ်စကားကို နားထောင်၍၊ လက်ျာလက်ရုံးတော်အားဖြင့် ကယ်တင်တော်မူပါ။ [6]
သန့်ရှင်းခြင်းပါရမီတော်ကို တိုင်တည်၍ ဘုရားသခင်သည် ဗျာဒိတ်ထားတော်မူသောကြောင့်၊ ငါသည် ဝမ်းမြောက်မည်။ ရှေခင်မြို့ကို
ပိုင်းခြားမည်။ သုကုတ်လယ်ပြင်ကို တိုင်းထွာမည်။ [7] ဂိလဒ်ပြည်ကို ငါပိုင်ရ၏။ မနာရှေပြည်ကိုလည်း ငါပိုင်ရ၏။ ဧဖရိမ်ပြည်ကား၊
ငါ့ဦးခေါင်း၏အစွမ်း ဖြစ်ရ၏။ ယုဒပြည်ကား၊ ငါ၏ လွှတ်တော်ဖြစ်ရ၏။ [8] မောဘပြည်ကား၊ ငါ့ရေချိုးအိုးဖြစ်ရ၏။ ဧဒုံပြည်ကား၊
ငါ့ခြေနင်းရာ ဖြစ်ရ၏။ ဖိလိတ္တိပြည်အပေါ်မှာ အောင်သံနှင့် ကြွေးကြော်မည်။ [9] အားကြီးသော မြို့ထဲသို့ ငါ့ကို
အဘယ်သူသွင်းပေးမည်နည်း။ ဧဒုံပြည်သို့ ငါကို အဘယ်သူ လမ်းပြမည်နည်း။ [10] အို ဘုရားသခင်၊ အကျွန်ုပ်တို့ကို စွန့်ပစ်တော်မူသော
ကိုယ်တော်သည် ပြုတော်မူမည်မဟုတ်လော။ အိုဘုရားသခင်၊ အကျွန်ုပ်တို့ ဗိုလ်ခြေနှင့်အတူ ကြွတော်မမူသော ကိုယ်တော်သည်
ပြုတော်မူမည် မဟုတ်လော။ [11] ဒုက္ခနှင့် ကင်းလွတ်စေခြင်းငှါ မစတော်မူပါ။ လူတို့သည် ကယ်တင်ခြင်းငှါ မတတ်နိုင်ကြပါ။ [12]
ဘုရားသခင်အားဖြင့် ငါတို့သည် ရဲရင့်စွာ ပြုကြမည်။ ငါတို့၏ ရန်သူများကို ကိုယ်တော်တိုင် နင်းတော်မူမည်။ ဒါဝိဒ်သည်
မေသောပေါတာမိရှုရိလူတို့နှင့် ဇောဘရှုရိရှင်လူတို့ကိုစစ်တိုက်ပြီးမှ၊ ယွာဘသည် ပြန်၍ဧဒုံလူတသောင်း နှစ်ထောင်
တို့ကိုဆားချိုင့်၌လုပ်ကြံသောအခါ စပ်ဆိုသောဆာလံ။

---

---

Psalms 001

ယေဘုယျအချက်အလက်
"အနိုင်းကဗျာ" သည် ဟေဗြဲကဗျာတွင် အများဆုံး
ဖွဲ့ဆိုသီကုံးလေ့ရှိသော ကဗျာအမျိုးအစားဖြစ်သည်။

စွန့်ပစ်၍ အရပ်ရပ်သို့ကွဲပြားစေပြီ
ဘုရားသခင်သည် လူများအားစွန့်ပစ်၍ အဝေးသို့ကွဲလွင့်စေပြီ

အရပ်ရပ်သို့ကွဲပြားစေပြီ
ဘုရားသခင်ကိုယ်တော်တိုင် ဣသရေလ၏ အကာအကွယ်များကို
သူတို့၏ ရန်သူများအားဖြင့် ချိုးဖျက်ခွင့် ပြုသည်ဟု
ပြောပါသည်။

Psalms 002

ဆက်စပ်မှုဖော်ပြချက်
ဆာလံဆရာမှ ဘုရားသခင်ထံဆက်လက်စကားပြောနေသည်။

မြေကြီးကိုလှုပ်၍ ... စေ့စပ်စေတော်မူပါ
ဆာလံဆရာမှ သူ၏ တိုင်းပြည်မှ ဘေးအန္တရာယ်အား
ငလျင်လှုပ်သကဲ့သို့ဟုပြောပါသည်။

ကွဲအက်ရာတို့ကို
အက်ကွဲသွားသောနံရံများ

ကွဲအက်ရာ
မြေကြီး (သို့) နံရံ၌ ကြီးမားသော အက်ကွဲကြောင်း

ကိုယ်တော်၏ ... ခက်ထန်စွာစီရင်၍
"ကြည့်ရှုပါ" ဟူသည် အတွေ့အကြုံနှင့် ခံစားချက်ကို
ဆိုလိုပါသည်။

စပျစ်ရည်ကို ... မူပြီ
စပျစ်ဝိုင်သည်လူကို မူးယစ်စေသည်။
တည့်မတ်စွာရပ်နိုင်ရုံသာဖြစ်ပြီး ပတ်ဝန်းကျင်၌ ယိမ်းယိုင်၍
အကူအညီမဲ့သကဲ့သို့ဖြစ်ပါသည်။

Psalms 004

ထူရသောအလံကို
ဘုရားသခင်မှ သူ၏လူများကို စစ်ပွဲထဲတွင် လူသားဘုရင်ကဲ့သို့

အလံ
စစ်ပွဲအလံ။ ဘုရင် (သို့) စစ်ဗိုလ်ချုပ်မှ စစ်တပ်တွင်
တူညီစွာလှုပ်ရှားမှုအားပြသရန် မြင့်တင်ထားသောအလံ

သစ္စာထူရသောအလံကို ပေးတော်မူပြီ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်) ကြောက်ရွံ့သောကြောင့်
ရိုသေဦးညွှတ်ခြင်းကို ပြသခြင်း

ကြောက်ရွံ့သောသူတို့သည် ... ပေးသနားတော်မူပြီ
ကြောက်ရွံ့သောသူဟူသည် စစ်ပွဲ၌ ရန်သူစစ်သားများကို
ရည်ညွှန်းသည်။


generated on Tue Jul 2 12:50:28 2024

လကျာ်လက်ရုံးတော်အား
ဘုရားသခင်၏ လက်ရုံးတော်ဟူသည်
သူ၏အခွင့်အာဏာတန်ခိုးတော်ကို ပြောပါသည်။

ကယ်တင်တော်မူပါ
ကယ်တင်မူပါဟူသည် သူ၏မေတ္တာရပ်ခံချက်ဖြစ်သည်။

Psalms 006

ဧဖရိပြည်ကား ..... ငါ့ဦးခေါင်း၏ အစွမ်းဖြစ်ရ၏
ဘုရားသခင်သည် ဧဖရိမ်၏မျိုးနွယ်အားသူ၏ စစ်တပ်ကဲ့သို့
ပြောပါသည်။ "ခမောက်" သည် စစ်သုံးတန်ဆာပလာဖြစ်သည်။

ဦးခေါင်း၏အစွမ်း
စစ်အတွင်းသူတို့၏ ဦးခေါင်းကို ကာကွယ်ရန်အတွက်
မာသောဦးထုပ်

ယုဒပြည်ကားငါ၏လွှတ်တော်ဖြစ်ရ၏
ဘုရားသခင်သည် ယုဒပြည်မှ လူများကို ရွေးချယ်၍
သူ၏လူများသည် သူ၏လွှတ်တော်ထဲမှ လူများဟု ပြောပါသည်။

Psalms 008

မောဘပြည်ကားငါ့ရေချိုးအိုးဖြစ်ရ၏
ဘုရားသခင်သည်မောဘအား အရေးမပါသော
လူအမျိုးအစားကဲ့သို့ ရေချိုးအိုးဖြစ်ရ၏ဟု ပြောပါသည်။

ဧဒုံပြည်ကားငါ့ခြေနင်းရာဖြစ်၏
ဘုရားသခင်သည်ဧဒုံအားသူမြေကြီးပေါ်၌ စီးနင်းရာဖိနပ်ကဲ့သို့
ဖြစ်သည်ဟု ပြောပါသည်။

Psalms 010

အိုဘုရားသခင် ..... ပြုတော်မူမည် မဟုတ်လော
ဆာလံဆရာသည် ဤမေးခွန်းကို သူတို့အား
ဘုရားသခင်စွန့်ပစ်သောကြောင့် ဝမ်းနည်းခြင်းနှင့်
မေးထားပါသည်။

ဗိုလ်ခြေနှင့်အတူ .... မူမည်မဟုတ်လော
ဆာလံဆရာမှ ဘုရားသခင်သည် သူတို့နှင့်အတူ
တိုက်ခိုက်ရန်အတူ ချီတက်သကဲ့သို့ သူတို့အား
ကူညီရန်ပြောပါသည်။

မတတ်နိုင်ကြ
အချည်းအနှီးပင်

ရဲရင့်ခြင်း
အောင်မြင်မှုပြုခြင်း

ငါတို့၏ရန်သူများကို ... နင်းတော်မူမည်
ဆာလံဆရာမှ ဘုရားသခင်သည် သူတို့၏ရန်သူများကို
သူတို့ဘက်မှ ကူညီ၍ နင်းချေဖျက်ဆီးမည်ဟု ပြောပါသည်။


generated on Tue Jul 2 12:50:28 2024

# Translation Questions

## Psalms 60:1

ထာဝရဘုရားသည် ဣသရေးလလူတို့အား မည်သည့်အမှုပြုခဲ့သနည်း။
ဘုရားသခင်သည် သူတို့ကို အရပ်ရပ်သို့ စွန့်ပစ်ခြင်း ကျိုးပဲ့စေခြင်းဖြင့် အမျက်ထွက်တော်မူသည်။

## Psalms 60:2

ဘုရားသခင်သည် မြေကြီးကို မည်သို့ ပြုတော်မူခဲ့သနည်း။
ဘုရားသခင်သည် မြေကြီးကို တုန်လှုပ်စေ၍ အက်ကွဲစေတော်မူသည်။

ဘုရားသခင်သည် လူများကို မည်သည့်အရာများပြ၍ မည်သည့်အရာပြုလုပ်၍ သောက်စေသနည်း။
ဘုရားသခင်သည် မှိုင်တွေခြင်းစပျစ်ရည်ကို သောက်စေ၍၊ အလွန်ပြင်းထန်သောအရာများကို ပြတော်မူခဲ့သည်။

## Psalms 60:4

ဘုရားသခင်သည် မည်သူ့ကို အောင်ခြင်းအခွင့်ပေးတော်မူသနည်း။
ဘုရားသခင်ကို ကြည်ညိုသော သူကို ဘုရားသခင်သည် အောင်ခြင်းအခွင့်ပေးသည်။

## Psalms 60:6

ဘုရားသခင်သည် ရှေခင်မြို့နှင့် သုကုတ်တောင်ချိုင့်ဝှမ်းကို မည်သို့ ပြတော်မူမည်နည်း။
ဘုရားသခင်သည် ရှေခင်မြို့ကို ပိုင်းခြား၍ သုကုတ်တောင်ချိုင့်ဝှမ်းကို ခွဲဝေတော်မူလိမ့်မည်။

## Psalms 60:8

ဘုရားသခင်သည် ဧဒုံပြည်ကို မည်သို့ ပြုတော်မူမည်နည်း။
ဘုရားသခင်သည် ဧဒုံပြည်၌ ခြေတော်တင်တော်မူလိမ့်မည်။

## Psalms 60:10

ဘုရားသခင်သည် ဗိုလ်ခြေအတွက် မည်သို့ မပြုလုပ်ခဲ့သ နည်း။
ဘုရားသခင်သည် ဗိုလ်ခြေနှင့်အတူ စစ်မြေပြင်သို့မသွားခဲ့ပါ။

ဣသရေလူတို့သည် မည်ကဲ့သို့ အောင်ပွဲရရှိနိုင်မည်နည်း။
ဣသရေလလူမျိုးသည် ဘုရားသခင်၏ အကူအညီနှင့်အတူ ရန်သူကို နင်းခြေခြင်းဖြင့် အောင်ပွဲကို ရရှိပါသည်။

## Chapter 61

[1] အို ဘုရားသခင်၊ အကျွန်ုပ်အော်ဟစ်ခြင်းကို နားထောင်၍ အကျွန်ုပ်၏ ပဌနာစကားကို မှတ်တော်မူပါ။ [2] စိတ်နှလုံးညှိုးငယ်လျက်
မြေကြီးစွန်းမှ ကိုယ်တော်ကို အကျွန်ုပ်အော်ဟစ်ပါ၏။ အကျွန်ုပ်အထက်၌ မြင့်သော ကျောက်သို့ အကျွန်ုပ်ကို ပို့ဆောင်တော်မူပါ။ [3]
ကိုယ်တော်သည် အကျွန်ုပ်ခိုလှုံရာ၊ ရန်သူတို့ရှေ့မှာ ခိုင်ခံ့သော ရဲတိုက်ဖြစ်တော်မူ၏။ [4] တဲတော်၌ အစဉ်နေပါမည်။
အတောင်တော်ဖုံးအုပ်ရာ၌ ခိုလှုံပါမည်။ [5] အို ဘုရားသခင်၊ အကျွန်ုပ်ပြုသော သစ္စာဂတိတို့ကို ကြားတော်မူ၏။ နာမတော်ကို
ကြောက်ရွံ့သော သူတို့၏အမွေကို အကျွန်ုပ်အား ပေးတော်မူလိမ့်မည်။ [6] ရှင်ဘုရင်၏ အသက်နေ့ရက်ကာလကို ရှည်စေတော်မူ၍၊
နှစ်စဉ်မပြတ် နိစ္စထာဝရ တည်ပါစေသော။ [7] ဘုရားသခင် ရှေ့တော်၌ အနန္တကာလပတ်လုံး နေတော်မူစေသတည်း။ ကရုဏာနှင့်
သစ္စာတော်သည် သူ့ကို စောင့်မစေသတည်း။ [8] သို့ဖြစ်၍ နေ့ရက်အစဉ်အတိုင်း သစ္စာဝတ်ကို ဖြေခြင်းငှါ၊ နာမတော်ကို အစဉ်အမြဲ
ထောမနာသီချင်း ဆိုပါလေအံ့သတည်း။

---

---

### Psalms 001

ယေဘုယျအချက်အလက်
ပြိုင်တူနှိုင်းယှဉ်ချက်သည် ဟေဗြဲကဗျာတွင်
ဖြစ်နေကျအရာဖြစ်သည်။

ယေဘုယျအချက်အလက်
ဘုရားသခင်၏ သစ္စာရှိတော်မူခြင်းအကြောင်း သီချင်းဖြစ်သည်။

အကျွန်ုပ်အော်ဟစ်ခြင်းကို နားထောင်၍ အကျွန်ုပ်၏ ပဌနာစကားကို
မှတ်တော်မူပါ
ဤဝါကျနှစ်ခုသည်အဓိပ္ပါယ်ဆင်တူသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။ဘုရားသခင်၊
အကျွန်ုပ်စကားကို နားထောင်၍ ကျွန်ုပ်ဆုတောင်းချက်ကို
ဖြေတော်မူပါ။

စိတ်နှလုံးညှိုးငယ်လျက်
လွှမ်းခြုံချက်။

အကျွန်ုပ်အထက်၌ မြင့်သော ကျောက်သို့ အကျွန်ုပ်ကို ပို့ဆောင်တော်မူပါ
ဆာလံဆရာက ဘုရားသခင်သည် သူ၏အထက်၌ရှိ၍ သူတက်၍
အကွယ်အကာယူနိုင်သည့် မြင့်သောကျောက်ကဲ့သို့ ပြောဆိုသည်။

ရန်သူတို့ရှေ့မှာ ခိုင်ခံ့သော ရဲတိုက်
'ကျွန်ုပ်ကို လုံခြုံစေသော။ အခြားသောဘာသာပြန်ဆဆိုချက်။ ။
ကိုယ်တော်သည် ကျွန်ုပ်ကို ကျွန်ုပ်ရန်သူတို့ရှေ့လုံခြုံစေသော
ခိုင်ခံ့သောရဲတိုက်ကဲ့သို့ဖြစ်ပါသည်။

ခိုင်ခံ့သော ရဲတိုက်
စာရေးဆရာက သူ့ရန်သူများရှေ့မှ အကွယ်အကာပေးသည့်
ခိုင်ခံ့သောရဲတိုက်ကဲ့သို့ ဘုရားသခင်သည်ကို ပြောဆိုသည်။

### Psalms 004

အတောင်တော်ဖုံးအုပ်ရာ၌ ခိုလှုံပါမည်
အကွယ်အကာယူဖို့ရန် ထာဝရဘုရားထံသို့သွားခြင်းကို
သူ၌ခိုလှုံသည် ဟုဆိုသည်။ ကြက်မသည်
ကြက်ပေါက်လေးများကို အတောင်အောက်တွင်ဝှက်၍
ကွယ်ကာသကဲ့သို့ ထာဝရဘုရား၏ကွယ်ကာခြင်းကို
ဒုတိယတင်စားမှုတွင် ဖော်ပြထားသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။ကြက်ပေါက်လေးသည်
ကြက်မ၏အတောင်အောက်တွင် ပိုလုံခြုံသကဲ့သို့
ကိုယ်တော်ထံသို့ အကွယ်အကာယူဖို့လာကြပါ။

အမွေကို အကျွန်ုပ်အား ပေးတော်မူလိမ့်မည်
စာရေးဆရာသည် ဘုရားသခင်၏ကောင်းကြီးများကို သူရရှိသော
အမွေကဲ့သို့ပြောဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။
ကိုယ်တော်သည် ကျွန်ုပ်ကို ကောင်းကြီးပေးတော်မူပြီ။

နာမတော်ကို ကြောက်ရွံ့သောသူ
'နာမတော်' သည် ဘုရားသခင်ကို ဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။ကိုယ်တော်ကိုရိုသေသောသူ'
သို့မဟုတ် 'ကိုယ်တော်ကို ကောင်းစွာရိုသေသောသူ။'

### Psalms 006

အသက်နေ့ရက်ကာလကို ရှည်စေတော်မူ၍ နှစ်စဉ်မပြတ် နိစ္စထာဝရ
တည်ပါစေသော
ဤဝါကျနှစ်ခုသည် အဓိပ္ပါယ်ဆင်တူ၍ လေးနက်စေလို၍
ထပ်ခါထပ်ခါ ဖော်ပြခြင်းဖြစ်သည်။

ရှင်ဘုရင်၏ အသက်နေ့ရက်ကာလကို ရှည်စေတော်မူ၍
ကိုယ်တော်သည် ရှင်ဘုရင်၏အသက်ကိုရှည်စေ၍ သို့မဟုတ်
ကိုယ်တော်သည် ရှင်ဘုရင်၏အသက်ကို
ရှည်လျားစေတော်မူမည်။

နှစ်စဉ်မပြတ် နိစ္စထာဝရ တည်ပါစေသော
'နှစ်' သည် ရှင်ဘုရင်မည်မျှအသက်ရှင်မည်ကို
ဆိုလိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်။ ။သူသည်
မျိုးဆက်ပေါင်းများစွာ အသက်ရှင်လိမ့်မည်။

ဘုရားသခင် ရှေ့တော်၌ အနန္တကာလပတ်လုံး နေတော်မူစေသတည်း
'ဘုရားသခင်ရှေ့တော်၌ အနန္တကာလပတ်လုံးနေတော်မူခြင်း'
သည် ဘုရားသခင်နှင့်အတူနေခြင်းကိုဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။ဘုရားသခင်သည်

သူနှင့်အတူအစဉ်အမြဲရှိတော်မူလိမ့်မည်၊ သို့မဟုတ် 'ဘုရားသခင်သည် ရှင်ဘုရင်နှင့် အစဉ်အမြဲရှိတော်မူလိမ့်မည်။'

Psalms 008

နာမတော်ကို အစဉ်အမြဲ ထောမနာသီချင်း ဆိုပါလေအံ့သတည်း
'နာမတော်' သည် ဘုရားသခင်ကို ဆိုလိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ကျွန်ုပ်သည် ကိုယ်တော်ကို အစဉ်အမြဲချီးမွမ်းသီချင်း သီဆိုမည်။

သစ္စာဝတ်
နေ့တိုင်း ဘုရားသခင်ကို ယဇ်ပူဇော်ဖို့ရန်ပြုထားသော ကတိကိုဆိုလိုခြင်းဖြစ်သည်။ (ရှု UDB)

## Chapter 62

1 အကယ်စင်စစ် ငါ့ဝိညာဉ်သည် ဘုရားသခင်ရှေ့မှာ ငြိမ်ဝပ်စွာ နေတတ်၏။ ငါ့ကို ကယ်တင်ခြင်း အကြောင်းသည် အထံတော်က
သက်ရောက်ရ၏။ 2 အကယ်စင်စစ် ဘုရားသခင်သည် ငါ၏ကျောက်၊ ငါ့ကို ကယ်တင်ခြင်းအကြောင်း၊ ငါခိုလှုံရာဖြစ်တော် မူ၍၊ ငါ၌
လှုပ်ရှားခြင်းများစွာ မရှိရာ။ 3 သင်တို့သည် အဘယ်မျှကာလပတ်လုံး တယောက်သောသူကို တိုက်ကြမည်နည်း။ သူ့ကို တိမ်းသော
အုပ်ရိုး၊ လှုပ်သော ထရံကဲ့သို့ မှတ်၍၊ သင်တို့အပေါင်းသည် အဘယ်မျှကာလပတ်လုံး ဖြိုဖျက် ကြမည်နည်း။ 4 ထိုသူကို မြင့်သော
အရပ်က လှဲခြင်းငှါ ကြံစည်လျက် နေကြ၏။ မုသာကို နှစ်သက်ကြ၏။ နှုတ်ဖြင့်ကား၊ ကောင်းကြီးကို ပေးလျက်၊ နှစ်လုံး၌ကြား၊
ကျိန်ဆဲခြင်းကို ပြုတတ်ကြ၏။ 5 အကယ်စင်စစ် ငါ့ဝိညာဉ်သည် ဘုရားသခင်ရှေ့မှာ ငြိမ်ဝပ်စွာ နေတတ်၏။ ငါမြော်လင့်ခြင်း
အကြောင်းသည် အထံတော်က သက်ရောက်ရ၏။ 6 အကယ်စင်စစ် ဘုရားသခင်သည် ငါ၏ကျောက်၊ ငါ့ကို ကယ်တင်ခြင်းအကြောင်း၊
ငါခိုလှုံရာဖြစ်တော် မူ၍၊ ငါသည် လှုပ်ရှားခြင်းမရှိရာ။ 7 ငါ့ကို ကယ်တင်ခြင်းအကြောင်း၊ ငါ၏ဘုန်းပွင့်ခြင်းအကြောင်းကား
ဘုရားသခင်ပေတည်း။ ငါ့ကို အားပေးသောကျောက်၊ ငါခိုလှုံရာကား ဘုရားသခင်ပေတည်း။ 8 အိုလူများတို့၊ ဘုရားသခင်၌
အစဉ်မပြတ် ခိုလှုံကြလော့။ ရှေ့တော်၌ စိတ်နှလုံးကို ဖွင့်ပြကြလော့။ ဘုရားသခင်သည် ငါတို့ ခိုလှုံရာဖြစ်တော်မူ၏။ 9 အကယ်စင်စစ်
ယုတ်ညံ့သော သူတို့သည် အနတ္တ၊ အသရေရှိသော သူတို့သည် မုသာဖြစ်ကြ၏။ ချိန်ခွင်နှင့် ချိန်စက်လျှင် ထိုသူအပေါင်းတို့သည်
အနတ္တထက် သာ၍ ပေါ့ကြ၏။ 10 ညှဉ်းဆဲခြင်းကို မကိုးစားကြနှင့်။ အနိုင်အထက်လုယူ၍ မဝါကြွားကြနှင့်။ ဥစ္စာများပြားလျှင်
စိတ်စွဲလမ်းခြင်း မရှိကြနှင့်။ 11 ဘုရားသခင်သည် တကြိမ် ဗျာဒိတ်ပေးတော်မူပြီ။ နှစ်ကြိမ်မြောက် ငါကြားရသော ဗျာဒိတ်တော်ဟူမူ
ကား၊ တန်ခိုးသည် ဘုရားသခင်၌ ရှိ၏။ 12 အို ထာဝရဘုရား၊ ကိုယ်တော်သည် ကရုဏာနှင့် ပြည့်စုံတော်မူ၏။ ကိုယ်တော်သည်
လူအသီးအသီးတို့ အား သူတို့အကျင့်နှင့်အလျောက် အကျိုးအပြစ်ကို ဆပ်ပေးတော်မူ၏။

---

---

Psalms 001

ယေဘုယျအချက်အလက်
ပြိုင်တူနှိုင်းယှဉ်ချက်သည် ဟေဗြဲကဗျာတွင် ဖြစ်နေကျအရာဖြစ်သည်။

ယေဘုယျအချက်အလက်
ဤဆာလံသည် ဘုရားသခင်၏ သစ္စာရှိခြင်း အကြောင်းကိုသီဆိုသော သီချင်းဖြစ်သည်။

ငါ့ကို ကယ်တင်ခြင်း အကြောင်းသည် အထံတော်က သက်ရောက်ရ၏
'သူသည် ငါ့ကိုကယ်နှုတ်သောသူဖြစ်သည်' သို့မဟုတ် 'သူသည် ငါ့ကို ကယ်တင်သောသူဖြစ်သည်။'

အကယ်စင်စစ် ဘုရားသခင်သည် ငါ၏ကျောက်၊ ငါ့ကို ကယ်တင်ခြင်းအကြောင်း
သူ့ကိုကယ်တင်နိုင်သည့် ဘုရားသခင်၏အစွမ်းကို ဖော်ပြဖို့ရန် စာရေးဆရာသည် ဘုရားသခင်ကိုကျောက်ဆောင်ကဲ့သို့ ပြောဆိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ သူသာလျှင် ငါ့ကိုကွယ်ကာ၍ ကယ်တင်နိုင်သော သူဖြစ်သည်။

ငါခိုလှုံရာ
သူ့ကိုကယ်တင်နိုင်သည့် ဘုရားသခင်၏အစွမ်းကို ဖော်ပြဖို့ရန် စာရေးဆရာက ဘုရားသခင်ကိုမြင့်သောတိုက်ကဲ့သို့ ပြောဆိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ ကျွန်ုပ်ရန်သူများမမှီနိုင်အောင် ကျွန်ုပ်ကိုထားတော်မူသည်။

ငါ၌ လှုပ်ရှားခြင်းများစွာ မရှိရာ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ဘယ်အရာမျှ ကျွန်ုပ်ကို မလှုပ်နိုင်ပါ။

Psalms 003

သင်တို့
'ကျွန်ုပ်၏ရန်သူများ' သို့မဟုတ် 'ကျွန်ုပ်၏ရန်သူများအားလုံး။'

အဘယ်မျှကာလပတ်လုံး ...တိမ်းသော အုပ်ရိုး၊ ... အဘယ်မျှကာလပတ်လုံး ဖြိုဖျက် ကြမည်နည်း
ဒါဝိဒ်သည် သူ၏စိတ်မွန်းကြပ်မှုကို ဖော်ပြဖို့ရန် ဤမေးခွန်းကိုသုံးခြင်းဖြစ်သည်။ အဖြေကိုလိုချင်၍ မဟုတ်။ အခြားသောဘာသာပြန်ဆိုချက်။ ။အကျွန်ုပ်ရန်သူများသည် အကျွန်ုပ်ကို တိုက်ခိုက်ခြင်းကို ရပ်တန့်မည့်မရှိပါ။ အကျွန်ုပ်သည် ကိုယ်တော့်ထံတွင် ယိုင်နေသောနံရံ၊ ကျိုးပဲ့သော ခြံရိုးကဲ့သို့အားနည်းလျက်ရှိပါသည်။

တယောက်သောသူကို တိုက်
ကျွန်ုပ်ကို တိုက်ခိုက်သည်။

...ကြံစည်လျက်
'သူတို့သည် ကြံစည်သည် သို့မဟုတ် 'သူတို့သည် ကြံစည်၊ စီစဉ်သည်။'

ကြံစည်လျက် ... ကောင်းကြီးကို ပေးလျက် ... ကျိန်ဆဲခြင်းကို ပြုတတ်ကြ၏
ဤအပိုဒ်များတွင် 'သူ့ကို' ဟုဆို၍ ဒါဝိဒ်သည် မိမိကိုယ်ကို ရည်ညွှန်းနေခြင်းဖြစ်သည်။

 generated on Tue Jul 2 12:50:28 2024

နှုတ်ဖြင့်ကား
သူတို့၏ စကားများ၊ စကားလုံးများကို ရည်ညွှန်းသည်။

နှစ်လုံး၌
သူတို့၏ စိတ်ထဲရှိအကြံအစည်များကို ရည်ညွှန်းသည်။

Psalms 005

ငါမြော်လင့်ခြင်း အကြောင်းသည် အထံတော်က သက်ရောက်ရ၏
ငါသည် သူ၌ မျှော်လင့်ခြင်းရှိသဖြင့်။

အကယ်စင်စစ် ဘုရားသခင်သည် ငါ၏ကျောက်၊ ငါ့ကို ကယ်တင်ခြင်းအကြောင်း၊ ငါခိုလှုံရာဖြစ်တော် မူ၍၊ ငါသည် လှုပ်ရှားခြင်းမရှိရာ
စာရေးဆရာသည် ဘုရားသခင်ကို ကျောက်ဆောင်နှင့် ခိုလှုံရာ အဖြစ် ဆိုထားသည်။ ဤစာကြောင်းနှစ်ခုလုံးက ဘုရားသခင်သည် ရန်သူများလက်မှ ကွယ်ကာသူဖြစ်သည်ဟု တင်စားပြောဆိုခြင်းဖြစ်သည်။ 'ကယ်တင်ခြင်း' သည် ဘုရားသခင်မှ စာရေးသူကို ကယ်တင်ခြင်းကို ဆိုလိုသည်။ အခန်း ၆၂:၁ ရှိအလားတူစကားလုံးဘာသာပြန်ပုံကိုကြည့်ရန်။

ငါသည် လှုပ်ရှားခြင်းမရှိရာ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆုချက်။ ။မည်သည့်အရာမျှ ငါ့ကို မလှုပ်နိုင်။

Psalms 007

ငါ့ကို ကယ်တင်ခြင်းအကြောင်း၊ ငါ၏ဘုန်းပွင့်ခြင်းအကြောင်းကား ဘုရားသခင်ပေတည်း
စာရေးဆရာက ဘုရားသခင်သည် ကျောက်ဖြစ်၍ ရန်သူများလက်မှ ကယ်နှုတ်သောသူအဖြစ် ပြောဆိုထားသည်။ ဘုရားသခင်သည် ခိုလှုံရာဖြစ်၍ အကွယ်အကာပေးသောသူအဖြစ် ပြောဆိုထားသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။ဘုရားသခင်သည် ကျွန်ုပ်ကို အစဉ်အမြဲခွန်အားပေး၍ အကွယ်အကာပေးတော်မူသည်။

စိတ်နှလုံးကို ဖွင့်ပြကြလော့
အရည်တစ်ခုခု ကိုသွန်းလောင်းသကဲ့သို့ စိတ်တွင်းခံစားချက်များကို ဘုရားသခင်၏ပြောပြခြင်းကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။
မိမိ၏အကြီးမားဆုံးစိုးရိမ်မှုများကို ဘုရားသခင်အားပေးသည်။

ငါတို့ ခိုလှုံရာဖြစ်တော်မူ၏
'ငါတို့' သည် ဒါဝိဒ်နှင့် သူ့စကားကိုနားထောင်နေကြသည့် သူ၏လူများကို ရည်ညွှန်းသည်။

Psalms 009

အကယ်စင်စစ် ယုတ်ညံ့သော သူတို့သည် အနတ္တ၊ အသရေရှိသော သူတို့သည် မုသာဖြစ်ကြ၏
ချမ်းသာကြွယ်ဝမှု နှင့် အရေးပါမှုအလိုက်လူတန်းစားအလွှာအားလုံးကိုဆိုလိုခြင်းဖြစ်သည်။
'အနတ္တ' နှင့် 'မုသာ' တို့သည် အဓိပ္ပါယ်ဆင်တူသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။
မည်မျှပင်အရေးပါသောသူဖြစ်စေ၊ မည်သည့်လူကိုမျှ သင်တို့သည် မယုံကြည်ထိုက်ပါ။

ချိန်ခွင်နှင့် ချိန်စက်လျှင် ထိုသူအပေါင်းတို့သည် အနတ္တထက် သာ၍ ပေါ့ကြ၏
ဤလူများအားလုံးကို ချိန်ခွင်တွင်ချိန်လျှင်၊ သူတို့သည် အလေးချိန်ရှိမည်မဟုတ်ပါ။ သူတို့သည် သင်တို့အတွက် စစ်မှန်သော တန်ဖိုး မရှိခြင်းကိုဆိုလိုသည်။

ညှဉ်းဆဲခြင်း ... အနိုင်အထက်လုယူ
ဤစကားလုံးနှစ်ခုသည် အဓိပ္ပါယ်အတူတူဖြစ်သည်။
အခြားလူများထံမှလုယူရရှိသော ငွေကို သင်တို့ယုံကြည်စိတ်ချမှု မရှိနိုင်ပါ။

ဥစ္စာများပြားလျှင် စိတ်စွဲလမ်းခြင်း မရှိကြနှင့်။
'စိတ်စွဲလမ်းခြင်း' သည် တစ်စုံတစ်ခုကို ကြီးစွာလိုချင်တောင့်တခြင်းကို ဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။သူတို့ကို လိုချင်သောစိတ်မရှိနှင့်။

Psalms 011

ဘုရားသခင်သည် တကြိမ် ဗျာဒိတ်ပေးတော်မူပြီ။ နှစ်ကြိမ်မြောက် ငါကြားရသော ဗျာဒိတ်တော်ဟူမူ ကား
ဆိုလိုသည်မှာ ဘုရားသခင်သည် တစ်ကြိမ်ထက်မကပြောသည်ဟု ဆိုလိုခြင်းဖြစ်သည်။

တန်ခိုးသည် ဘုရားသခင်၌ ရှိ၏
ဘုရားသခင်သည်သာလျှင် တန်ခိုးရှိသောသူဖြစ်၏။

အို ထာဝရဘုရား၊ ကိုယ်တော်သည် ကရုဏာနှင့် ပြည့်စုံတော်မူ၏။
သူသည်သာ ကတိတော်ရှိသည်အတိုင်း သစ္စာရှိစွာဖြင့် ချစ်သောသူဖြစ်သည် (UDB)

ကိုယ်တော်သည် လူအသီးအသီးတို့ အား သူတို့အကျင့်နှင့်အလျောက် အကျိုးအပြစ်ကို ဆပ်ပေးတော်မူ၏
စာရေးဆရာသည် ဘုရားသခင်၏အကျိုးအပြစ်ပေးခြင်းကို အလုပ်အတွက်လုပ်ခပေးသကဲ့သို့ ပြောဆိုထားသည်။


generated on Tue Jul 2 12:50:28 2024

## Chapter 63

[1] အိုဘုရားသခင်၊ ကိုယ်တော်သည် အကျွန်ုပ်၏ ဘုရားသခင် ဖြစ်တော်မူ၏။ ကိုယ်တော်ကို ကြိုးစား၍ ရှာပါ၏။
ရေမရှိသွေ့ခြောက်သော လွင်ပြင်၌ အကျွန်ုပ်၏ဝိညာဉ်သည် ကိုယ်တော်ကို ငတ်ပါ၏။ အကျွန်ုပ်၏ ကိုယ်ခန္ဓာသည်လည်း
ကိုယ်တော်ကို လွမ်းဆွတ်ပါ၏။ [2] ဘုန်းတန်ခိုးအာနုဘော်တော်ကို မြင်ခြင်းငှါ၊ သန့်ရှင်းရာဌာနတော်၌ ထိုသို့ ကိုယ်တော်ကို
ဖူးမျှော်ပါပြီ။ [3] ကရုဏာတော်သည် အသက်ထက်သာ၍ ကောင်းသောကြောင့်၊ အကျွန်ုပ်၏နှုတ်သည် ကိုယ်တော်ကို ချီးမွမ်းရပါမည်။
[4] ထိုသို့ အသက်ရှင်စဉ်တွင် ကိုယ်တော်ကို ကောင်းကြီးပေးပါမည်။ နာမတော်ကို အမှီပြုလျက် လက်ကို ချီပါမည်။ [5] အိပ်ရာပေါ်မှာ
ကိုယ်တော်ကို အောက်မေ့၍၊ ညဉ့်ယံတို့၌ ကိုယ်တော်ကို ဆင်ခြင်လျက် နေသောအခါ၊ ဆီဥကိုဎင်း၊ ဆူသောအသားကိုဎင်း စား၍
ဝသကဲ့သို့၊ အကျွန်ုပ်၏ဝိညာဉ်သည် ဝ၍ ရွှင်လန်းသော နှုတ်ခမ်းနှင့် အကျွန်ုပ်၏နှုတ်သည် ကိုယ်တော်ကို ချီးမွမ်းပါမည်။ [6]
အကျွန်ုပ်ကို မစတော်မူသောကြောင့်၊ အတောင်တော် အရိပ်၌ ဝမ်းမြောက်ပါမည်။ [7] အကျွန်ုပ်၏ဝိညာဉ်သည် ကိုယ်တော်၌ မှီဝဲ၍၊
လက်ျာလက်တော်သည် အကျွန်ုပ်ကို ထောက်မ တော်မူ၏။ [8] အကျွန်ုပ်အသက်ကို ဖျက်ဆီးခြင်းငှါ ရှာသော သူတို့သည်
မြေကြီးအောက်အရပ်သို့ ဆင်းရကြမည်။ ထားဘေးဖြင့် ဆုံး၍၊ မြေခွေးစားရန် ဖြစ်ရကြလိမ့်မည်။ [9] ရှင်ဘုရင်မူကား၊ ဘုရားသခင်၌
ဝမ်းမြောက်လိမ့်မည်။ [10-11] ဘုရားသခင်ကို တိုင်တည်၍ ကျိန်ဆိုသောသူအပေါင်းတို့သည် ဝါကြွားကြလိမ့်မည်။ မုသာစကားကို
ပြောသောသူတို့၏နှုတ်မူကား ပိတ်လျက်ရှိလိမ့်မည်။ ဒါဝိဒ်သည်ယုဒတောၡ၌ရှိသောအခါ စပ်ဆိုသောဆာလံ။

---

---

Psalms 001

ယေဘုယျအချက်အလက်
ပြိုင်တူနှိုင်းယှဉ်ချက်သည် ဟေဗြဲကဗျာတွင်
ဖြစ်နေကျအရာဖြစ်သည်။

ကြိုးစား၍
စစ်မှန်စွာ။

အကျွန်ုပ်၏ဝိညာဉ်သည် ကိုယ်တော်ကို ငတ်ပါ၏။ အကျွန်ုပ်၏
ကိုယ်ခန္ဓာသည်လည်း ကိုယ်တော်ကို လွမ်းဆွတ်ပါ၏
ဤစကားနှစ်ခုသည် အဓိပ္ပါယ်ဆင်တူ၍ စာရေးသူသည်
ဘုရားသခင်ကို
မည်မျှလောက်တောင့်တသည်ကိုလေးနက်စေသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။ငါ၏အတွင်းရှိ
ရှိရှိသမျှတို့သည် ဘုရားသခင်နှင့်အတူနေလိုသည်။

ရေမရှိသွေ့ခြောက်သော လွင်ပြင်
ပူပြင်းသော၊ ခြောက်သွေ့ သောသဲကန္တာရ။

Psalms 003

အကျွန်ုပ်၏နှုတ်သည် ကိုယ်တော်ကို ချီးမွမ်းရပါမည်
'အကျွန်ုပ်၏နှုတ်' သည် လူပုဂ္ဂိုလ်တစ်ခုလုံးကို ဆိုလိုသည်။
အခြားသောသာပြန်ဆိုချက်။ ။ကိုယ်တော်ကို
ကျွန်ုပ်ချီးမွမ်းပါမည်။

နာမတော်ကို အမှီပြုလျက် လက်ကို ချီပါမည်
'နာမတော်၌' သည် 'ကိုယ်တော်ကို' ဟုဆိုလိုခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်။ ။ကိုယ်တော်ကို
အကျွန်ုပ်ချီးမွမ်းပါမည်၊ ကိုယ်တော်ထံသို့ ဆုတောင်းပါသည်။

Psalms 005

အိပ်ရာပေါ်မှာ ကိုယ်တော်ကို အောက်မေ့၍ ညဉ့်ယံတို့၌ ကိုယ်တော်ကို
ဆင်ခြင်လျက် နေသောအခါ
ဤစကားစုနှစ်ခုသည် အဓိပ္ပါယ်အတူတူဖြစ်၍ စာရေးသူသည်
ဘုရားသခင်အကြောင်းမည်မျှတွေးသည်ကို
လေးနက်စေခြင်းဖြစ်သည်။

ဆီဥကိုဎင်း၊ ဆူသောအသားကိုဎင်း စား၍ ဝသကဲ့သို့
ဘုရားသခင်ကို သိကျွမ်းခြင်းနှင့် ကိုးကွယ်ခြင်းသည်
အစားအစာကောင်းစားရသည်ထက်ပင်
စိတ်သာ၍ကျေနပ်စေကြောင်း စာရေးသူက ဆိုသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။အကျွန်ုပ်သည် အစားကောင်း၊
ဆီဥ ကိုစားသောသူထက်ပင် ဝမ်းမြောက်ပါလိမ့်မည်။

ရွှင်လန်းသော နှုတ်ခမ်းနှင့် အကျွန်ုပ်၏နှုတ်သည် ကိုယ်တော်ကို
ချီးမွမ်းပါမည်
'ရွှင်လန်းသော နှုတ်ခမ်း' သည် လူပုဂ္ဂိုလ်တစ်ခုလုံးသည်
ဘုရားသခင်ကို ဝမ်းမြောက်စွာချီးမွမ်းလိမ့်မည်
ဟုဆိုလိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်။ ။
အကျွန်ုပ်သည် ကိုယ်တော်ကို ဝမ်းမြောက်စွာချီးမွမ်းပါမည်။

Psalms 007

ကိုယ်တော်၌ မှီဝဲ၍
'ကိုယ်တော်ကို အကျွန်ုပ်လိုအပ်ပါသည်၊ သို့မဟုတ်
အကျွန်ုပ်သည် ကိုယ်တော်၌ မှီခိုပါ၏'

လက်ျာလက်တော်သည် အကျွန်ုပ်ကို ထောက်မ တော်မူ၏
ဤနေရာတွင် လက်ယာလက်သည်
တန်ခိုးနှင့်ခွန်အားကိုပြသည်လက္ခဏာဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်။ ။ကိုယ်တော်သည်


generated on Tue Jul 2 12:50:28 2024

ကျွန်ုပ်ကိုထောက်ပံ့ပေးသည်၊ သို့မဟုတ် ကိုယ်တော်သည် ကျွန်ုပ်ကို ချီပင့်တော်မူပြီ။

Psalms 009

မြေကြီးအောက်အရပ်သို့ ဆင်းရကြမည်
သူတို့သည် သေ၍၊ သေသောသူတို့ရှိရာသို့သွားမည်ဟု ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။သေ၍၊ သေသောသူတို့ရှိရာသို့သွားကြလိမ့်မည်

ထားဘေးဖြင့် ဆုံး၍
ဤနေရာတွင် 'ထား' သည် စစ်ပွဲ၌သေခြင်း၊ 'ထားကိုင်သောသူတို့သည်' သူတို့ကို သတ်မည့်ရန်သူများ ကို ရည်ညွှန်းကြသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ ဘုရားသခင်သည် သူတို့ကို စစ်ပွဲတွင် သေစေမည်။

မြေခွေးစားရန် ဖြစ်ရကြလိမ့်မည်
စစ်ပွဲ၌သေမည့်သူများကို ဆိုလိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်။ ။မြေခွေး

မြေခွေး
'မြေခွေး' သည် ခြေရှည်သော တောခွေးအမျိုးအစားဖြစ်သည်။ သူတို့သည် အပုပ်ကောင်၊ အသေကောင် နှင့် သစ်သီးများကို စားကြသည်။

Psalms 011

ရှင်ဘုရင်
ဒါဝိဒ်သည် မိမိကိုယ်ကို ပြောနေခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ငါသည်ရှင်ဘုရင်ဖြစ်သော ငါသည်။

ကျိန်ဆိုသောသူအပေါင်းတို့သည် ဝါကြွားကြလိမ့်မည်
'ဘုရားသခင်' ထံ ကျိန်ဆိုတိုင်တည်ခြင်း ကိုဆိုလိုသည်။

မုသာစကားကို ပြောသောသူတို့၏နှုတ်မူကား ပိတ်လျက်ရှိလိမ့်မည်
'နှုတ်' သည် လူကိုရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။လိမ်လည်သူများကို ဘုရားသခင်သည်တိတ်ဆိတ်စေမည်၊ သို့မဟုတ် မုသာစကားပြောသူများကို ဘုရားသခင် တိတ်ဆိတ်စေမည်။


generated on Tue Jul 2 12:50:28 2024

## Chapter 64

1 အို ဘုရားသခင်၊ အကျွန်ုပ်ဆုတောင်းသော စကားသံကို နားထောင်၍ အကျွန်ုပ်အသက်ကို ရန်သူဘေးမှ ကွယ်ကာစောင့်မတော်မူပါ။
2 လူဆိုးတို့၏ တိုင်ပင်ရာမှုငင်း၊ ဒုစရိုက်ကို ပြုလေ့ရှိသော သူတို့၏ စုဝေးရာမှုငင်း၊ အကျွန်ုပ်ကို ကွယ်ကာတော်မူပါ။ 3 ထိုသူတို့သည်
မိမိတို့လျှာကို ထားကဲ့သို့ သွေးတတ်ကြ၏။ 4 စုံလင်သောသူကို မထင်မရှားပစ်မည်အကြံနှင့်၊ ခါးသောစကားတည်းဟူသော မိမိတို့
မြှားကို ရွယ်တတ်ကြ၏။ မကြောက်မရွံ့ဘဲ ချက်ခြင်း ပစ်တတ်ကြ၏။ 5 မကောင်းသောအမှုမှာ တယောက်ကိုတယောက်
နှိုးဆော်တတ်ကြ၏။ ကျော့ကွင်းတို့ကို ထောင်ထား ခြင်းငှါ တိုင်ပင်၍၊ အဘယ်သူ မြင်လိမ့်မည်နည်းဟု ဆိုတတ်ကြ၏။ 6
မတရားသော အမှုတို့ကို ကိုယ်အဘို့ စစ်ဆေးရှာဖွေတတ်ကြ၏။ အသီးအသီး စိတ်နှလုံးထဲမှာ ကြံစည်သော အရာတို့သည်
အလွန်နက်နဲကြ၏။ 7 သူတို့၌ ဘုရားသခင် ပစ်တော်မူသော မြှားမှန်၍၊ သူတို့သည် အမှတ်တမဲ့ နာကြလိမ့်မည်။ 8 သို့ဖြစ်၍ မိမိတို့
လျှာသည် မိမိတို့ကို တိုက်စေ၍၊ မြင်သောသူအပေါင်းတို့သည် ပြေးသွားကြလိမ့်မည်။ 9 လူအပေါင်းတို့သည်လည်း ကြောက်ရွံ့၍၊
ဘုရားသခင်စီရင်တော်မူကြောင်းကို နားလည်သဖြင့် အမှုတော်ကို ကြားပြောကြလိမ့်မည်။ 10 ဖြောင့်မတ်သောသူသည် ထာဝရဘုရား၌
ဝမ်းမြောက်၍ ခိုလှုံလိမ့်မည်။ သဘောဖြောင့်သော သူအပေါင်းတို့သည် ဝါကြွားကြလိမ့်မည်။

---

---

### Psalms 001

ယေဘုယျ အချက်အလက်

ပြိုင်တူနှိုင်းယှဉ်ချက်သည် ဟေဗြဲကဗျာတွင် ဖြစ်နေကျအရာဖြစ်သည်။

ယေဘုယျသတင်းအချက်အလက်

ကူညီမစဖို့အတွက် ဆုတောင်းသည့် ဆာလံဖြစ်သည်။

ကွယ်ကာစောင့်မ

ကယ်တင်။

လူဆိုးတို့၏ တိုင်ပင်ရာမှုငင်း၊ ဒုစရိုက်ကို ပြုလေ့ရှိသော သူတို့၏ စုဝေးရာမှုငင်း၊ အကျွန်ုပ်ကို ကွယ်ကာတော်မူပါ။

ဤစကားစုနှစ်ခုသည် အဓိပ္ပါယ်ဆင်တူသည်။ ဒုတိယစာကြောင်းသည် 'တိုင်ပင်ခြင်း' ကိုအသေးစိတ်ဖော်ပြသည်။

စုဝေးရာမှုငင်း

အခြားသောဘာသာပြန်ဆိုချက်။ ။သူတို့စုဝေးရာမှ ကျွန်ုပ်ကို ဖုံးကွယ်တော်မူပါ။

စုဝေးရာ

အခြားသောဘာသာပြန်ဆိုချက်။ ။သူတို့စုဝေးရာမှ ကျွန်ုပ်ကို ဖုံးကွယ်တော်မူပါ။

### Psalms 003

ထိုသူတို့သည် မိမိတို့လျှာကို ထားကဲ့သို့ သွေးတတ်ကြ၏

စာရေးသူက သူ့ရန်သူများ၏လျှာများကို ဓားကဲ့သို့ ပြောဆိုထားသည်။ 'လျှာ' သည် သူ့ရန်သူများပြောသည့်စကားများဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်။ ။သူတို့ပြောသည့် ကြမ်းကြုတ်သောစကားများသည် ကျွန်ုပ်ကို ဓားကဲ့သို့နာကျင်စေသည်။

မြှား၊ ခါးသောစကား

စာရေးသူက သူ့ရန်သူများ၏ခါးသီးသောစကားများကို သူ့ကိုပစ်သောမြှားကဲ့သို့ ပြောဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။မြှားကဲ့သို့ ကျွန်ုပ်ကိုထိုးဖောက်သော ခါးသီးသောစကားလုံးများ။

### Psalms 005

အဘယ်သူ မြင်လိမ့်မည်နည်း

သူတို့ကို ဘယ်သူမျှမမြင်နိုင်ဘူး ဟုထင်ကြသောကြောင့် အဖြေရလို၍ မေးခြင်းမဟုတ်။ အခြားသောဘာသာပြန်ဆိုချက်။ ။ငါတို့လုပ်သောအရာကို မည်သူမျှမမြင်။

စိတ်နှလုံးထဲမှာ ကြံစည်သော အရာတို့သည် အလွန်နက်နဲကြ၏

စာရေးဆရာသည် 'လူ၏ အကြံအစည် နှင့် စိတ်နှလုံးများ' ကို အဘယ်သူမျှ အောက်ခြေထိမရှာဖွေနိုင်သော နက်နဲသော သမုဒ္ဒရာကဲ့သို့ ပြောဆိုထားသည်။

စိတ်နှလုံးထဲမှာ ကြံစည်သော အရာ

ဤအသုံးအနှုန်းနှစ်ခုလုံးသည် လ၏လျှို့ဝှက်သောအကြံအစည်များကို ရည်ညွှန်းသည်။

### Psalms 007

ယေဘုယျ အချက်အလက်

အခန်း ၆၄:၁ ရှိ လူဆိုးများအကြောင်းကို စာရေးဆရာ ဆက်ပြောသည်။

သူတို့၌ ဘုရားသခင် ပစ်တော်မူသော မြှားမှန်၍၊

စာရေးဆရာသည် လူဆိုးများအား ဘုရားသခင် ပြစ်ဒဏ်ပေးခြင်းကို သူတို့ကို မြှားဖြင့် ပစ်သကဲ့သို့ ပြောဆိုသည်။

မြင်သောသူအပေါင်းတို့သည် ပြေးသွားကြလိမ့်မည်။

စာရေးဆရာသည် လူဆိုးများ၏အကြံအစည်များကို ဘုရားသခင်ပျက်စီးစေခြင်းကို သူတို့သွားရာလမ်းတွင်


generated on Tue Jul 2 12:50:28 2024

ချော်လဲစေ သကဲ့သို့ ပြောဆိုသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။ဘုရားသခင်သည် သတို့ကို
လဲကျစေလိမ့်မည်၊ သို့မဟုတ် 'ဘုရားသခင်သည်
သူတို့အကြံအစည်များကို ကျရှုံးစေလိမ့်မည်။

မိမိတို့ လျှာသည် မိမိတို့ကို တိုက်စေ၍
ဤနေရာတွင် 'လျှာ' သည် သူတို့ပြောသည့်စကားများကို
ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။
သူတို့ပြောသောစကားများသည် သူတို့နှင့်ဆန့်ကျင်သောကြောင့်။

ဘုရားသခင်စီရင်တော်မူကြောင်း
ဘုရားသခင်ပြုလုပ်တော်မူသောအရာများ။

Psalms 010

ထာဝရဘုရား၌ ဝမ်းမြောက်၍ ခိုလှုံလိမ့်မည်
ထာဝရဘုရားထံသို့ သွားခြင်းကို သူ၌ခိုလှုံခြင်း
ကဲ့သို့ပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။
သူ၌အကာအကွယ်ယူပါ။

ဖြောင့်မတ်သောသူသည် ထာဝရဘုရား၌ ဝမ်းမြောက်၍
'ဖြောင့်မတ်သောသူ

## Chapter 65

1 အို ဘုရားသခင်၊ ဇိအုန်မြို့၌ ကိုယ်တော်ရှေ့မှာ ငြိမ်ဝပ်စွာ နေ၍ ချီးမွမ်းရပါ၏။ ကိုယ်တော် အားလည်း သစ္စာဝတ်ကို ဖြေရပါ၏။ 2
ပဌနာစကားကို နားထောင်တော်မူသော ဘုရား၊ ကိုယ်တော်ထံသို့ လူသားအပေါင်းတို့သည် ချဉ်းကပ် ရကြလိမ့်မည်။ 3
မတရားသောအမှုသည် အလွန်များ၍ အကျွန်ုပ်သည် မတတ်နိုင်ပါ။ သို့သော်လည်း၊ အကျွန်ုပ်တို့ ပြစ်မှားခြင်း အပြစ်များကို
ကိုယ်တော်ဖြေရှင်းတော်မူမည်။ 4 တန်တိုင်းတော်အတွင်း၌ နေ၍၊ အထံတော်သို့ ချဉ်းကပ်စေခြင်းငှါ၊ ကိုယ်တော်ရွေးကောက်
တော်မူသော သူသည် မင်္ဂလာရှိပါ၏။ သန့်ရှင်းသော ဗိမာန်တော်တည်းဟူသော အိမ်တော်၌ ကောင်းသော အရာတို့နှင့်
အကျွန်ုပ်တို့သည် ဝပြောကြပါစေသော။ 5 အကျွန်ုပ်တို့ကို ကယ်တင်တော်မူသော ဘုရား၊ အကျွန်ုပ်တို့၏ ပဌနာကို နားထောင်၍
အံ့ဘွယ်သော အမှုတို့ကို တရားတော်နှင့်အညီ ပြတော်မူ၏။ ကိုယ်တော်သည် ဝေးစွာသော မြေကြီးစွန်းနှင့်၊ ပင်လယ်စွန်းတို့၌
နေသောသူတို့၏ ကိုးစားရာ ဖြစ်တော်မူ၏။ 6 ကိုယ်တော်သည် တန်ခိုးနှင့် ပြည့်စုံသဖြင့်၊ အားကြီး၍ တောင်များကို
တည်စေတော်မူ၏။ 7 သမုဒ္ဒရာမြည်သံ၊ လှိုင်းတံပိုးဟုန်းသံ၊ လူတို့ ရုန်းရင်းခတ်သံများကိုလည်း ငြိမ်းစေတော်မူ၏။ 8 အဝေးဆုံးသော
အရပ်တို့၌နေသော သူတို့သည် ကိုယ်တော်၏ နိမိတ်များကို မြင်၍ ကြောက်ရွံ့ကြ ပါ၏။ နေထွက်ရာအရပ်နှင့် နေဝင်ရာအရပ်တို့ကို
ရွှင်လန်းစေတော်မူ၏။ 9 မြေကြီးကို အကြည့်အရှုကြွလာ၍၊ မိုဃ်းကို များစွာ ရွာစေလျက်၊ ရေနှင့် ပြည့်သော ဘုရားသခင်၏
မြစ်အားဖြင့် အလွန်ကြွယ်ဝစေတော်မူ၏။ ထိုသို့ မြေကို ပြုပြင်ပြီးမှ၊ မြေသားတို့အဘို့ စပါးကို ပြုပြင်တော်မူ၏။ 10 မြေရိုးတို့ကို
စိုစွတ်စေ၍၊ လယ်ပြင်ကို တညီတည်း စီရင်ပြီးမှ၊ မိုဃ်းရွာသောအားဖြင့် ပျော့စေ၍၊ ပေါက်သော အပင်များကို
ကောင်းကြီးပေးတော်မူ၏။ 11 နှစ်တို့ကို ကျေးဇူးတော်နှင့် ပတ်ရစ်တော်မူ၍၊ ခြေတော်ရာတို့သည် ဆီဥယိုတတ်ကြပါ၏။ 12
သာယာသော တောအရပ်တို့လည်း ယို၍၊ တောင်တို့သည်လည်း ပီတိခါးစည်းနှင့် စည်းလျက် ရှိကြပါ၏။ 13
ကျက်စားရာအရပ်တို့သည် သိုးဆိတ်စုတို့နှင့် ပြည့်စုံလျက်၊ လယ်ပြင်တို့လည်း စပါးပင်နှင့် လွှမ်းမိုးလျက် ရှိ၍၊ ကျူးသော အသံနှင့်
သီချင်းဆိုကြပါ၏။

---

Psalms 001

ယေဘုယျ အချက်အလက်
ပြိုင်တူနိုင်းယှဉ်ချက်သည် ဟေဗြဲကဗျာတွင်
ဖြစ်နေကျအရာဖြစ်သည်။

ယေဘုယျသတင်းအချက်အလက်
ဤဆာလံသည် ချီးမွမ်းခြင်းသီချင်း ဖြစ်သည်။

အို ဘုရားသခင်၊ ဇိအုန်မြို့၌ ကိုယ်တော်ရှေ့မှာ ငြိမ်ဝပ်စွာ နေ၍ ချီးမွမ်းရပါ၏
'ချီးမွမ်းခြင်း' သည် လူပုဂ္ဂိုလ် ဖြစ်သည်အလား ပြောဆိုသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။ဇိအုန်မြို့ရှိ ဘုရားသခင်၊
ကိုယ်တော်တစ်ပါးတည်းသာ ကျွန်ုပ်တို့ချီးမွမ်းမည်။

ပဌနာစကားကို နားထောင်တော်မူသော ဘုရား၊ ကိုယ်တော်ထံသို့ လူသားအပေါင်းတို့သည် ချဉ်းကပ် ရကြလိမ့်မည်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်။ ။ကျွန်ုပ်တို့ လုပ်မည်ဟု
ကိုယ်တော်ကိုကတိပြုထားသောအရာများကို ကျွန်ုပ်တို့
လုပ်ပါမည်။

မတရားသောအမှုသည် အလွန်များ၍ အကျွန်ုပ်သည် မတတ်နိုင်ပါ
မတရားမှုသည် လူပုဂ္ဂိုလ် တစ်ယောက်ဖြစ်၍ အနိုင်ယူ၊
ဖိနှိပ်တတ်သကဲ့သို့ ဒါဝိဒ်ပြောဆိုထားသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။မိမိတို့အပြစ်များသည် ငါတို့ကို
အနိုင်ယူနေသကဲ့သို့ ဖြစ်သည်။

ကိုယ်တော်ဖြေရှင်းတော်မူမည်
'မတရားသောသူတို့ကို' ဖြေရှင်းဖို့ဖြစ်သည်။

Psalms 004

ကိုယ်တော်ရွေးကောက် တော်မူသော သူ
ထာဝရဘုရားရွေးကောက်သောသူတို့။

တန်တိုင်းတော်အတွင်း၌ နေ၍
ဗိမာန်တော်၌ တကယ်နေခြင်းမဟုတ်ဘဲ ထာဝရဘုရားကို
ကိုးကွယ်ဖို့သူသည် ဗိမာန်တော်ထဲသို့
မကြာခဏသွားလေ့ရှိကြောင်းကို ဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။တန်တိုင်းတော်၌
မကြာခဏကိုးကွယ်သည်။

သန့်ရှင်းသော ဗိမာန်တော်တည်းဟူသော အိမ်တော်၌ ကောင်းသော အရာတို့နှင့် အကျွန်ုပ်တို့သည် ဝပြောကြပါစေသော
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်။ ။ကိုယ်တော်၏ သန့်ရှင်းသော
ဗိမာန်တော်၏ ကောင်းမြတ်ခြင်းသည် ကျွန်ုပ်တို့ကို
ကျေနပ်စေလိမ့်မည်။

အကျွန်ုပ်တို့
'ကျွန်ုပ်တို့' သည် ဒါဝိဒ်နှင့် သူပြောနေသည့်
လူများကိုရည်ညွှန်းသည်။


generated on Tue Jul 2 12:50:28 2024

သန့်ရှင်းသော ဗိမာန်တော်တည်းဟူသော အိမ်တော်
ကိုယ်တော်၏သန့်ရှင်းသောဗိမာန်တော်တည်းဟူသော ကိုယ်တော်၏အိမ်တော်။

Psalms 005

တရားတော်နှင့်အညီ
ကိုယ်တော်သည်ဖြောင့်မတ်တော်မူသောကြောင့်။

ကိုယ်တော်သည်
ကိုယ်တော်သည်...ဖြစ်သည်။

မြေကြီးစွန်းနှင့်၊ ပင်လယ်စွန်းတို့၌ နေသောသူတို့၏ ကိုးစားရာ
ဤစကားစုနှစ်ခုသည် အဓပ္ပါယ်ဆင်တူသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။တလောကလုံးနှင့် ပင်လယ်တပြင်လုံး၌ နေသောလူများအားလုံး၌။

မြေကြီးစွန်းနှင့်
ကမ္ဘာပေါ်တွင်နေထိုင်သောလူများ။

Psalms 006

အားကြီး၍
စာရေးဆရာက ဘုရားသခင်သည် သူ့ခွန်အားကို ခါးပတ်ကဲ့သို့ ပတ်သည့်အလားပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ကိုယ်တော်သည်အလွန်ခွန်အားကြီးမားကြောင်းပြသလျက်။

သမုဒ္ဒရာမြည်သံ၊ လှိုင်းတံပိုးဟုန်းသံ
ဤစကားစုနှစ်ခုသည် အဓိပ္ပါယ်တူ၍ စာဖတ်သူကို ကောင်းကောင်းမြင်စေလို၍ အတူတကွပေါင်းသုံးခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ပင်လယ်များ၏ အဆက်မပြတ်သောမြည်းဟည်းသံသည်။

မြည်သံ
လေလှိုင်းများမှ ဖြစ်လာသော ကျယ်လောင်သည့်အသံ။

ရုန်းရင်းခတ်သံများ
အခြားသောဘာသာပြန်ဆိုချက်။ ။ရုန်းရင်းခတ်သံများကို တိတ်ဆိတ်စေသည်။

ရုန်းရင်းခတ်သံ
ကျယ်လောင်သောအသံ။

Psalms 008

နိမိတ်များကို မြင်၍ (သက်သေ)
တစ်စုံတစ်ခုမှန်ကန်ကြောင်းပြသည့် အရာ၊ သက်သေ။

နေထွက်ရာအရပ်နှင့် နေဝင်ရာအရပ်တို့ကို ရွှင်လန်းစေတော်မူ၏။
'နေထွက်ရာ' နှင့် နေဝင်ရာ' သည် ကမ္ဘာပေါ်ရှိလူအားလုံးကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ ကိုယ်တော်သည် ကမ္ဘာပေါ်ရှိလူသားများအားလုံးကို ရွှင်လန်းစွာ ဟစ်ကြွေးစေတော်မူသည်။

မြေကြီးကို အကြည့်အရှုကြွလာ၍
ကမ္ဘာမြေကြီး (မြေသား) ကိုဆိုလိုသည်။

အလွန်ကြွယ်ဝစေတော်မူ၏
ကောင်းသောအရာများပေါက်ရန်အလို့ငှါ ကိုယ်တော်သည် မြေကို မြေသြဇာ ကောင်းစေတော် မူသည်။

ရေနှင့် ပြည့်သော ဘုရားသခင်၏ မြစ်
ဘုရားသခင်သည် မြေကြီးပေါ်ရှိ စမ်းချောင်းများကို ပြည့်စေခြင်းငှါ မိုးကောင်းကင်မှ မိုးရေကိုကျစေတော်မူခြင်းကို ရည်ညွှန်းသည်။

Psalms 010

မြေရိုးတို့
မြေကြီး၏ အကြောင်းများ။

မြေရိုး
မြေရိုး ဆိုသည်မှာ အပင်များစိုက်ပျိုးဖို့ရန်၊ သို့မဟုတ် စိုက်ပျိုးပြီးနောက် ရေလောင်းရန်ပြုလုပ်ထားသော မြောင်းငယ်လေးဖြစ်သည်။

လယ်ပြင်
အစွန်းများ။

နှစ်တို့ကို ကျေးဇူးတော်နှင့် ပတ်ရစ်တော်မူ၍၊
'နှစ်' သည် သရဖူဆောင်းသည့်လူသားအရည်အသွေး ပေးထားခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ ကိုယ်တော်သည် လယ်များကိုအထွက်ကောင်းစေ၍ နှစ်များကို ကောင်းကြီးပေးတော် မူပြီ။

ခြေတော်ရာတို့သည် ဆီဥယိုတတ်ကြပါ၏
'ဆီဥ' သည် မြေသြဇာကောင်း၍ အထွက်ကောင်းခြင်း သို့မဟုတ် ကောင်းမြတ်ခြင်းကို ဆိုရည်ညွှန်းသည်။ စကားစုတွင်ဖော်ပြထားသည့်အတိုင်း ထာဝရဘုရားသည် မြေကိုကောင်းစေ၍ အထွက်ကောင်းစေသည်ကို ညွှန်ပြသည်။

သာယာသော တောအရပ်တို့လည်း ယိုရ၍
စားကျက်များတွင် နှင်းများသည် ၎င်းနေရာကိုမြှုပ်သည်ဟု ပြောကြသည့်တိုင်အောင် များပြားလှသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။စားကျက်များသည် နှင်းများနှင့်ပြည့်နေသည်၊ သို့မဟုတ် တောနက်ထဲရှိစားကျက်များတွင် နှင်းများကျသည်။

တောင်တို့သည်လည်း ပီတိခါးစည်းနှင့် စည်းလျက် ရှိကြပါ၏
စာရေးဆရာသည် တောင်ကုန်းများ၏အလှကို ဝမ်းမြောက်သည့် လူကဲ့သို့ပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ တောင်ကုန်းများသည် ဝမ်းမြောက်ခြင်းကိုဆင်ယင်သောလူကဲ့သို့၊ တောင်ကုန်းများသည် ဝမ်းမြောက်သောလူများကဲ့သို့ဖြစ်သည်။


generated on Tue Jul 2 12:50:28 2024

Psalms 013

ကျက်စားရာအရပ်တို့သည် သိုးဆိတ်စုတို့နှင့် ပြည့်စုံလျက်
စားကျက်များသည်
အဝတ်ဝတ်ဆင်သကဲ့သို့ဖြစ်သည်အတိုင်အောင်
သိုးဆိတ်စုများဖြင့်ဖုံးထားလျက်ရှိသည် ဟုစာရေးဆရာက
ဆိုသည်။

စားကျက်
တိရစ္ဆာန်များကျက်စားရာ ကြီးမားသောကွင်းပြင်။

သိုးဆိတ်စု
သိုးနှင့်ဆိတ်များကဲ့သို့ တိရစ္ဆာန်စုများ။

ကျူးဧသော အသံနှင့် သီချင်းဆိုကြပါ၏
စာကျက်များ၊ တောင်ကုန်းများ နှင့် တောင်စွယ်များသည်
ဝမ်းမြောက်သီချင်းဆိုသကဲ့သို့ ပေါ်များလှသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။သူတို့သည်
သီချင်းဆိုသောလူများကဲ့သို့ဖြစ်သည်။

သီချင်းဆိုကြပါ၏
စားကျက်များနှင့် တောင်စွယ်များက သီဆိုခြင်းဖြစ်သည်။

## Chapter 66

1 မြေကြီးသားအပေါင်းတို့၊ ဘုရားသခင့်ရှေ့တော်၌ ကျူးဧသော အသံကို ပြု၍၊ 2 နာမတော်၏ဂုဏ်ကို သီချင်းဆိုကြလော့။
ချီးမွမ်းခြင်း၏ ဂုဏ်အသရေကို ပြကြလော့။ 3 ကိုယ်တော်စီရင်သောအမှုတို့သည် အလွန်အံ့သြဘွယ် ဖြစ်ကြပါ၏။
တန်ခိုးတော်ကြီးသောကြောင့်၊ ရန်သူတို့သည် ကိုယ်တော်ကို တောင်းပန်ကြပါလိမ့်မည်။ 4 မြေကြီးသားအပေါင်းတို့သည် ကိုယ်တော်ကို
ကိုးကွယ်၍၊ သီချင်းဆိုကြပါစေသော။ နာမတော်အား သီချင်းဆိုကြပါစေသောဟု ဘုရားသခင်အား လျှောက်ထားကြလော့။ 5
ဘုရားသခင် စီရင်တော်မူသော အမှုတော်ကို လာ၍ ကြည့်ကြလော့။ လူသားတို့တွင်စီရင်တော်မူသော အမှုတို့သည် အံ့သြဘွယ်
ဖြစ်ကြ၏။ 6 ပင်လယ်ကို ကုန်းဖြစ်စေတော်မူ၏။ သူတို့သည် ရေစီးရာအရပ်ကို ခြေဖြင့် ရှောက်သွားကြသည်ဖြစ်၍၊ ငါတို့သည်
ဘုရားသခင်၌ ဝမ်းမြောက်ကြ၏။ 7 တန်ခိုးတော်အားဖြင့် အစဉ်အမြဲ အုပ်စိုးတော်မူ၏။ မျက်စိတော်သည် လူအမျိုးမျိုးတို့ကို
ကြည့်ရှုသည် ဖြစ်၍၊ ငြင်းဆန်သောသူတို့သည် မဝါကြွားကြစေနှင့်။ 8 အချင်းလူစုတို့၊ ငါတို့ ဘုရားသခင်ကို
ကောင်းကြီးပေးကြလော့။ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းသော စကားသံနှင့် ကြွေးကြော်ကြလော့။ 9 ငါတို့အသက်ကို
မသေစေမည်အကြောင်းနှင့် ခြေကိုလည်း မချော်စေမည်အကြောင်းစောင့်မတော်မူ၏။ 10 အိုဘုရားသခင်၊ ကိုယ်တော်သည်
အကျွန်ုပ်တို့ကို စုံစမ်းတော်မူပြီ။ ငွေကို စစ်ဆေးသကဲ့သို့ အကျွန်ုပ်တို့ကို စစ်ဆေးတော်မူပြီ။ 11 ကျော့ကွင်းထဲမှာ ကျော့မိစေ၍၊
ကျောက်ကုန်းပေါ်မှာ လေးသော ဝန်ကို တင်တော်မူပြီ။ 12 အကျွန်ုပ်တို့ ခေါင်းပေါ်မှာ သူတပါးကို စီးစေတော်မူပြီ။ မီး၌ငုင်း၊ ရေ၌ငုင်း
သွားရသော်လည်း၊ ကျေးဇူးတော်ကြောင့် ကြွယ်ဝခြင်းသို့ ရောက်ကြပါ၏။ 13 မီးရှို့ရသော ယဇ်ပါလျက် အိမ်တော်သို့
အကျွန်ုပ်သွားပါမည်။ 14 ဆင်းရဲခံရစဉ်အခါ၊ အကျွန်ုပ်သည် နှုတ်ကို ဖွင့်၍ မြွက်ဆိုသည်အတိုင်း၊ သစ္စာဝတ်ကို ဖြေပါမည်။ 15
ဆူဖြိုးသော သိုးတို့ကို နံ့သာပေါင်းနှင့်တကွ မီးရှို့ရာယဇ် ပြု၍ ပူဇော်ပါမည်။ နွားနှင့် ဆိတ်တို့ကိုလည်း စီရင်ပါမည်။ 16 ဘုရားသခင်ကို
ကြောက်ရွံ့သော သူအပေါင်းတို့၊ လာ၍ နားထောင်ကြလော့။ ငါ့ဝိညာဉ်အဘို့ အဘယ်သို့ ကျေးဇူးပြုတော်မူသည်ကို ငါကြားပြောမည်။
17 ငါသည် ဘုရားသခင်ကို နှုတ်နှင့် အော်ဟစ်၍၊ ဂုဏ်တော်ကိုလည်း လျှာနှင့် ချီးမွမ်းရပြီ။ 18 ငါသည် စိတ်နှလုံးထဲမှာ ဒုစရိုက်ကို
ငဲ့ကွက်လျှင်၊ ဘုရားရှင်သည် နားထောင်တော်မမူ။ 19 ယခုမူကား၊ ဘုရားသခင်သည် နားထောင်၍၊ ငါမြွက်ဆိုသော ပဌနာစကားသံကို
မှတ်တော်မူပြီ။ 20 ငါမြွက်ဆိုသော ပဌနာကို ပယ်တော်မမူ။ ကျေးဇူးတော်ကို ငါမှ ရုပ်သိမ်းတော်မမူသော ဘုရားသခင် သည်
မင်္ဂလာရှိတော်မူစေသတည်း။

---

Psalms 001

ယေဘုယျ အချက်အလက်
ပြိုင်တူနှိုင်းယှဉ်ချက်သည် ဟေဗြဲကဗျာတွင်
ဖြစ်နေကျအရာဖြစ်သည်။

ယေဘုယျသတင်းအချက်အလက်
ဤဆာလံသည် ချီးမွမ်းခြင်း သီချင်းဖြစ်သည်။

ဘုရားသခင့်ရှေ့တော်၌ ကျူးဧသော အသံကို ပြု၍
'ဘုရားသခင်ရှေ့တော်၌ဝမ်းမြောက်ခြင်း' သည်
ချီးမွမ်းချင်းသီချင်းများကို ဘုရားသခင်ထံသီဆိုခြင်းဖြစသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။တလောကလုံး သီချင်းဆို၍၊
ဘုရားသခင်အား ဝမ်းမြောက်စွာကြွေးကြော်ကြပါစေ။

မြေကြီးသားအပေါင်းတို့
မြေကြီးပေါ်တွင်နေထိုင်သူအားလုံးကို ရည်ညွှန်းသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။ကမ္ဘာပေါ်ရှိလူတိုင်း။

နာမတော်၏ဂုဏ်ကို သီချင်းဆိုကြလော့။ ချီးမွမ်းခြင်း၏ ဂုဏ်အသရေကို ပြကြလော့
ဤစကားစုများသည် အဓိပ္ပါယ်တူ၍
ဘုရားသခင်မည်မျှကြီးမြတ်သည်ကို လေးနက်စေဖို့ရန်
အတူတကွသုံးခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်။ ။
ဘုရားသခင်၏နာမတော်မည်မျှကြီးမြတ်သည်ကို
သီချင်းဆိုလော့၊ မည်မျှကြီးမြတ်တော်မူကြောင်းကို
အံ့သြဘွယ်ချီးမွမ်းခြင်း သီချင်းဆိုလော့။

နာမတော်၏ဂုဏ်
နာမတော်သည် ဘုရားသခင်ကိုဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။သူ၏ဘုန်းတော်။

Psalms 003

ကိုယ်တော်စီရင်သောအမှုတို့သည် အလွန်အံ့သြဘွယ် ဖြစ်ကြပါ၏
ဘုရားသခင်သည်တန်ခိုးကြီး၍ သန့်ရှင်းတော်မူသည်ကို
ကျွန်ုပ်တို့သိသောကြောင့် သူ၏လုပ်ဆောင်မှုများသည်
ကျွန်ုပ်တို့ကိုအံ့သြ၊ ထိန့်လန့်စေသည်။

တန်ခိုးတော်ကြီးသောကြောင့်
ကိုယ်တော်၌ ကြီးမားသောတန်ခိုးရှိသောကြောင့်။

မြေကြီးသားအပေါင်းတို့သည် ကိုယ်တော်ကို ကိုးကွယ်၍
မြေကြီးပေါ်အသက်ရှင်နေထိုင်သောသူများကအားလုံးကိုရည်ညွှန်းသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။
မြေကြီးပေါ်၌ရှိသောသူများကအားလုံးသည် ကိုယ်တော်ကို
ကိုးကွယ်ကြပါလိမ့်မည်။

နာမတော်အား သီချင်းဆိုကြပါစေသော
'နာမတော်' သည် ဘုရားသခင်ကို ရည်ညွှန်းသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။သူတို့သည် ကိုယ်တော်ကို
ချီးမွမ်း၍ ဂုဏ်ပြုကြလိမ့်မည်။

Psalms 005

ဘုရားသခင်
ဘုရားသခင်။

အံ့သြဘွယ်
အံ့အားသင့်ဘွယ်။

လူသားတို့
လူသား။

ပင်လယ်ကို ကုန်းဖြစ်စေတော်မူ၏။ သူတို့သည် ရေစီးရာအရပ်ကို ခြေဖြင့် ရှောက်သွားကြသည်
ပင်လယ်နီကိုရည်ညွှန်းခြင်းဖြစ်သည်။ (ရှု: |Assumed Knowledge and Implicit Information)

ရှောက်သွားကြသည်
ဘုရားသခင်၏လူ (ဣသရေလလူ) များကို
လျှောက်သွားခဲ့ကြသည်။

ငါတို့သည် ဘုရားသခင်၌ ဝမ်းမြောက်ကြ၏
သူတို့၏ဘိုးဘေးဘီဘင်များဖြစ်သည့် ဣသရေလ လူမျိုးများ၊
ဒါဝိဒ် နှင့် သူ့စာလက်ခံမည့်သူများကို ရည်ညွှန်းသည်။ (ရှု: |Inclusive "We")

မျက်စိတော်သည် ... ကြည့်ရှုသည်
'မျက်စိတော်' သည် ဘုရားသခင်ကို ရည်ညွှန်းသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။သူမြင်တော်မူသည်။ (ရှု: |Synecdoche)

ငြင်းဆန်သောသူတို့သည် မဝါကြွားကြစေနှင့်
ငြင်းဆန်တတ်သောသူတို့သည် မိမိကိုယ်ကို
မချီးမြောက်ကြပါစေနှင့်၊ သို့မဟုတ်
ငြင်းဆန်တတ်သောသူတို့သည် မဝါကြွားကြပါစေနှင့်။

Psalms 008

ငါတို့ ဘုရားသခင်ကို ကောင်းကြီးပေးကြလော့။ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းသော စကားသံနှင့် ကြွေးကြော်ကြလော့
ဤစကားစုနှစ်ခုသည် အဓိပ္ပါယ်အတူတူဖြစ်သည်။
ဘုရားသခင်ကို ချီးမွမ်းခြင်းအရေးကြီးသည်ကို လေးနက်စေရန်
ထပ်ခါထပ်ခါပြောခြင်းဖြစ်သည်။

ငါတို့
ဤစကားလုံးတွင် ဒါဝိဒ် နှင့် သူ့စာလက်ခံမည့်သူများ ပါဝင်သည်။

ခြေကိုလည်း မချော်စေမည်အကြောင်းစောင့်မတော်မူ၏
စာရေးဆရာသည် သူ့လူများအတွက်
ဘုရားသခင်၏ကာကွယ်ခြင်းကို ခြေမချော်ခြင်း၊ ကမ်းပါးမှ
မချော်ကျခြင်းအဖြစ် ပြောဆိုသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။သူသည် ငါတို့အား
ဒုက္ခတွင်းထဲသို့ ရောက်စေခြင်းငှါ အခွင့်မပေး။

Psalms 010

ကျော့ကွင်းထဲမှာ ကျော့မိစေ၍၊
စာရေးဆရာသည် ဘုရားသခင်၏ပြစ်ဒဏ်ပေးခြင်းကို
ဘုရားသခင်သည် သူတို့ကို ကျော့ကွင်းထဲမိပြီးသကဲ့သို့
ပြောဆိုသည်။

ကျော့ကွင်း
ငှက် သို့မဟုတ် တိရစ္ဆာန်အတွက် ထောင်ချောက်။

ကျောက်ကုန်းပေါ်မှာ လေးသော ဝန်ကို တင်တော်မူပြီ။
စာရေးဆရာသည် လူများခံစားနေရသောအရာများကို
သူတို့ကျောကုန်းတွင် အလေးများတင်ထားသကဲ့သို့
ပြောထားသည်။

အကျွန်ုပ်တို့ ခေါင်းပေါ်မှာ သူတပါးကို စီးစေတော်မူပြီ
စစ်ပွဲတွင် ပက်ပက်စက်စက် ရှုံးနိမ့်ခြင်းကို ပုံဖော်ပြသသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။ကျွန်ုပ်တို့ရန်သူများသည်
ကျွန်ုပ်တို့ကို စစ်ပွဲတွင်နိုင်၍
လဲကျနေသောကျွန်ုပ်တို့ခန္ဓာကိုယ်များအပေါ်
သူတို့မြင်းများဖြင့်တက်ပြေးသည့်အလား ဖြစ်သည်။

မီး၌၎င်း၊ ရေ၌၎င်း သွားရ
ဘုရားသခင်သည် သူတို့ကို ရေ၊ မီး
စသည်သဘာဝဘေးန္တရာယ်များဖြင့် စမ်းသပ်သည်။
အခြားသောဘာသာပြန်ဆိုချက်။ ။မီးဘေး၊
ရေဘေးခံစားရသောသူများကဲ့သို့ ကျွန်ုပ်တို့ ခံစားခဲ့ရပါသည်။

ကြွယ်ဝခြင်း
ဣသရေလလူမျိုးများရရှိသောကောင်းကြီးမင်္ဂလာများကို
အလွန်ကျယ်ပြန့်၊ လုံခြုံသော လဟာပြင်ကြီးတွင် သူတို့ကို
ခေါ်ဆောင်သွားသကဲ့သို့ ပြောဆိုထားသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။ကျွန်ုပ်တို့လုံခြုံရာ
ကျယ်ပြန့်သောနေရာ။

Psalms 013

အကျွန်ုပ်သည် နှုတ်ကို ဖွင့်၍ မြွက်ဆိုသည်
'နှုတ်' နှင့် 'မြွက်ဆို' သည် ကတိပေးထားသော စကားကို
ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။
ကျွန်ုပ်ကတိပေးထားသော။

သိုးတို့ကို နံ့သာပေါင်း
ပူဇော်ထားသော ယဇ်ကောင်၏အနံ့။


generated on Tue Jul 2 12:50:28 2024

Psalms 016

ငါ့ဝိညာဉ်အဘို့ အဘယ်သို့ ကျေးဇူးပြုတော်မူသည်ကို ငါကြားပြောမည်
'ဝိညာဉ်' သည် လူပုဂ္ဂိုလ်တစ်ခုလုံးကို ဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။
သူငါ့အတွက်ပြုသောအရာများကို သင်တို့ကို ငါပြောပြမည်။

ငါသည် ဘုရားသခင်ကို နှုတ်နှင့် အော်ဟစ်
'နှုတ်' သည် ဘုရားသခင်ထံသို့ အောင်ဟစ်သော
လူပုဂ္ဂိုလ်တစ်ခုလုံးကို ဆိုလိုသည်။

ဂုဏ်တော်ကိုလည်း လျှာနှင့် ချီးမွမ်းရပြီ
'လျှာ' သည် စကားလံုး သို့မဟုတ် စကား ကိုဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။ငါသည် သူ့ကို ငါ၏လျှာဖြင့်
ချီးမွမ်းမည်၊ သို့မဟုတ် 'ငါသည်သူ့ကိုချီးမွမ်းသည်။

ဒုစရိုက်ကို ငဲ့ကွက်
အပြစ်ကို ချစ်သည်၊ သို့မဟုတ် ဒုစရိုက်ကိုထားသည်။

နားထောင်တော်မမူ
'နားထောင်တော်မမူ' သည် ဘုရားသခင်သည်
သူ၏ဆုတောင်းမှုကို ဖြေတော်မမူ' ဟုဆိုလိုသည်။

အခြားသောဘာသာပြန်ဆိုချက်။ ။သူ့ကိုငါခေါ်သောအသံကို
ကြားခဲ့လိမ့်မည်မဟုတ်၊ ငါ၏ဆုတောင်းချက်ကိုလည်း
ဖြေခဲ့လိမ့်မည်မဟုတ်။

Psalms 019

ယခုမူကား၊ ဘုရားသခင်သည် နားထောင်၍၊ ငါမြွက်ဆိုသော ပဌနာစကားသံကို
မှတ်တော်မူပြီ
ဤစကားစပ်နှစ်ခုသည် အဓိပ္ပါယ်တူညီ၍
ဘုရားသခင်သည်သူ့ဆုတောင်းချက်ကို ဖြေတော်မူသည်ကို
လေးနက်စေဖို့ရန်အတွက် တွဲသုံးခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်။ ။သို့သော်လည်း
ဘုရားသခင်သည် ငါ၏ဆုတောင်းချက်ကို ကြားတော်မူပြီ။

ငါမြွက်ဆိုသော ပဌနာစကားသံ
ဤနေရာတွင် စာရေးသူ၏ဆုတောင်းမှုသည်
တကယ်အသံရှိသကဲ့သို့ ပြောပြထားသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။ကျွန်ုပ်၏ ဆုတောင်းမှု။

ကျေးဇူးတော်ကို ငါမှ
အခြားသောဘာသာပြန်ဆိုချက်။ ။သို့မဟုတ်
သူ၏ကျေးဇူးတော်ကို ငါမှနှုတ်ယူ။


generated on Tue Jul 2 12:50:28 2024

## Chapter 67

[1] ဘုရားသခင်သည် အကျွန်ုပ်တို့ကို သနားခြင်း ကရုဏာစိတ်တော်ရှိသဖြင့်၊ ကောင်းကြီးပေး၍ မျက်နှာတော်၏အလင်းကို
အကျွန်ုပ်၌ အပြစ်ပြုခြင်း အခွင့်ကို ရှာသောသူတို့သည် မျက်နှာပျက်၍
အရှက်ကွဲခြင်းသို့ ရောက်ကြပါ၏
အကျွန်ုပ်ကိုနာကျင်စေခြင်းငှါ အခွင့်ကို ရှာသောသူတို့သည်
အရှက်ကွဲခြင်းသို့ရောက်၍ ရှုပ်ထွေးကြပါ၏။

မျက်နှာပျက်၍ အရှက်ကွဲခြင်းသို့ ရောက်ကြပါ၏
ကတ္တားဝါကျပုံစံဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်။ ။ဘုရားသခင်သည် သူတို့ကို
အရှက်ကွဲစေ၍ သူတို့သည်ရှုပ်ထွေးလျက်ရှိကြပါ၏။

အကျွန်ုပ်၌ အပြစ်ပြုခြင်း အခွင့်ကို ရှာသောသူတို့
စာရေးသူ၏ ရန်သူများကို ဆိုလိုသည်။ (၇၁:၈)။ အခန်း ၇၁:၁၂
ရှိ‌ဤစကားလုံး ဘာသာပြန်ပုံကိုကြည့်ရန်။

## Chapter 72

1 အိုဘုရားသခင်၊ ကိုယ်တော်၏ တရားဆုံးဖြတ်ခြင်းနှင့် ဖြောင့်မတ်စွာ စီရင်ခြင်း အခွင့်ကို မင်းသား ဖြစ်သော ရှင်ဘုရင်အား
ပေးသနားတော်မူပါ။ 2 ထိုမင်းသည် ကိုယ်တော်၏ လူတို့ကို ဖြောင့်မတ်စွာ စီရင်၍၊ ကိုယ်တော်၏ဆင်းရဲသားတို့ကို တရားပေး
ပါလိမ့်မည်။ 3 တောင်ကြီးတောင်ငယ်တို့သည် တရားတော်အားဖြင့်၊ ကိုယ်တော်၏ လူတို့အား ချမ်းသာပေးကြ ပါလိမ့်မည်။ 4
ထိုမင်းသည် ကိုယ်တော်၏ လူတို့တွင် ဆင်းရဲ သားတို့ကို တရားစီရင်လျက်၊ ငတ်မွတ်သောသူတို့၏ သား သမီးများကို ကယ်မ၍၊
ညှဉ်းဆဲသောသူကိုလည်း နှိပ်စက် ပါလိမ့်မည်။ 5 နေနှင့်လတည်သမျှသော ကာလပတ်လုံး၊ လူ အစဉ်အဆက်အပေါင်းတို့သည်
ကိုယ်တော်ကို ကြောက်ရွံ့ ကြပါလိမ့်မည်။ 6 ထိုမင်း၏ သက်ရောက်ခြင်းသည် ရိတ်သော မြက်ပင်ပေါ်မှာ ရွာသောမိုဃ်းကဲ့သို့၎င်း၊
မြေကို စိုစေ သော မိုဃ်းပေါက်များကဲ့သို့၎င်း ဖြစ်လိမ့်မည်။ 7 လက်ထက်တော်၌ လသည်ပပျောက်ခြင်းသို့ မရောက်မှီတိုင်အောင်၊
တရားသောသူသည် ပွင့်လန်း၍ ချမ်းသာများပြားလိမ့်မည်။ 8 ပင်လယ်တပါးမှ တပါးတိုင်အောင်၎င်း၊ မြစ်မှ သည်
မြေစွန်းတိုင်အောင်၎င်း အစိုးရတော်မူလိမ့်မည်။ 9 တောတွင်းသားတို့သည် ရှေ့တော်၌ ဦးချ၍၊ ရန်သူတို့သည်လည်း မြေမှုန့်ကို
လျက်ကြလိမ့်မည်။ 10 တာရှု မင်းတို့နှင့် ပင်လယ်တဘက်၌ နေသော မင်းတို့သည်အခွင်သွင်း၍၊ ဗရှာမင်းနှင့် သေဘမင်းတို့သည်
လည်း လက်ဆောင်ပဏ္ဏာများကို ဆက်ကြ လိမ့်မည်။ 11 ထိုမှျမက ရှင်ဘုရင်အပေါင်းတို့သည် ရှေ့တော်၌ ပြပ်ဝပ်၍၊ ခပ်သိမ်းသော
လူမျိုးတို့သည် အမှုတော်ကို ထမ်းကြလိမ့်မည်။ 12 အကြောင်းမူကား၊ ငတ်မွတ်သောသူ အော်ဟစ် သောအခါ၊ ထိုသူကို၎င်း၊
ကိုးကွယ်ရာမရှိ၍ ဆင်းရဲသော သူကို၎င်း ချမ်းသာပေးတော်မူလိမ့်မည်။ 13 ဆင်းရဲသောသူနှင့် ငတ်မွတ်သောသူကို သနား၍၊
ငတ်မွတ်သော သူတို့၏ အသက်ကို ကယ်တင်တော် မူလိမ့်မည်။ 14 သူတို့အသက်ကို လှည့်စားခြင်းနှင့်ညှဉ်းဆဲခြင်း၏ လက်မှ
ရွေးနှုတ်၍၊ သူတို့အသွေးကို နှမြောတော်မူလိမ့် မည်။ 15 အသက်တော်တည်၍ လူများတို့သည် ရှေဘရွှေ ကို ဆက်ခြင်း၊
ကိုယ်တော်အဘို့ အစဉ်မေတ္တာပို့ခြင်း၊ နေ့တိုင်းထောမနာချီးမွမ်းခြင်းတို့ကို ပြုကြလိမ့်မည်။ 16 ပြည်တော်၌ များစွာသော စပါးရှိ၍၊
အသီးအနှံ သည် လေဗနုန် တောကဲ့သို့ တောင်ထိပ်ပေါ်မှာ လှုပ်ရှား လိမ့်မည်။ မြို့သူမြို့သားတို့သည်လည်း၊ မြေ၏မြက်ပင်ကဲ့သို့
စည်ပင်ကြလိမ့်မည်။ 17 နာမတော်သည် အစဉ်အမြဲတည်လိမ့်မည်။ နေ သည် တည်သမျှသော ကာလပတ်လုံး နာမတော်တိုးပွား
လိမ့်မည်။ ကျေးဇူးတော်အားဖြင့် လူမျိုးအပေါင်းတို့သည် ကောင်းကြီးမင်္ဂလာကိုခံရကြ၏၊ မင်္ဂလာရှိတော်မူသည်ဟု
ချီးမွမ်းကြလိမ့်မည်။ 18 အံ့ဘွယ်သော အမှုတို့ကို တပါးတည်းသာ စီရင် တော်မူသော ထာဝရအရှင်ဘုရားသခင်၊ ဣသရေလအမျိုး၏
ဘုရားသခင်သည် မင်္ဂလာရှိတော်မူစေသတည်း။ 19 ဘုန်းကြီးသော နာမတော်သည်လည်း အစဉ်အမြဲ မင်္ဂလာရှိတော်မူစေသတည်း။
မြေကြီးတပြင်လုံးသည် ဘုန်းတော်နှင့်ပြည့်စုံပါစေသတည်း။ အာမင်နှင့်အာမင်။ 20 ယေရှဲ၏ သားဒါဝိဒ် ဆုတောင်းသောပဌနာ
စကားပြီး၏။

---

Psalms 001

ယေဘုယျ အချက်အလက်

ပြိုင်တူနှိုင်းယှဉ်ချက်သည် ဟေဗြဲကဗျာတွင်
ဖြစ်နေကျအရာဖြစ်သည်။

အိုဘုရားသခင်၊ ကိုယ်တော်၏ တရားဆုံးဖြတ်ခြင်းနှင့် ဖြောင့်မတ်စွာ စီရင်ခြင်း အခွင့်ကို မင်းသား ဖြစ်သော ရှင်ဘုရင်အား ပေးသနားတော်မူပါ

ဖြစ်နိုင်သောအဓိပ္ပါယ်များမှာ ၁) ဘုရင်ဖြစ်သော ကျွန်ုပ်အား ကိုယ်တော်၏ဖြောင့်မတ်စွာစီရင်ခြင်းအခွင့်ကိုပေးတော်မူပါ၊ ကိုယ်တော်၏ဖြောင့်မတ်ခြင်းကို ကျွန်ုပ်သားအားပေးတော်မူပါ။ သို့မဟုတ် ၂) ဘုရင်ဖြစ်သော ကျွန်ုပ်အား ကိုယ်တော်၏ဖြောင့်မတ်စွာစီရင်ခြင်းအခွင့်ကိုပေးတော်မူပါ၊ ကိုယ်တော်၏ဖြောင့်မတ်ခြင်းကို ဘုရင့်သားကျွန်ုပ်အားပေးတော်မူပါ။ ထိုခေတ်လူများသည် မိမိကိုယ်ကို အခြားတစ်ယောက်ဖြစ်သကဲ့သို့ စကားပြောဆိုလေ့ရှိကြသည်။ သို့သော်လည်း ဆာလံဆရာသည် မိမိကိုယ်ကို မဟုတ်ဘဲ အခြားတစ်ယောက်ယောက်ကို ပြောသည့်အတိုင်းဘာသာပြန်လျှင်အကောင်းဆုံးဖြစ်သည်။

ကိုယ်တော်၏ တရားစီရင်ဆုံးဖြတ်ခြင်း ... အခွင့်ကို ... ရှင်ဘုရင်အား ပေးသနားတော်မူပါ

ဘုရင်သည် တရားသဖြင့်တရားစီရင်နိုင်ပါမည်အကြောင်း တတ်နိုင်စေတော်မူပါ။ (ရှု UDB)

ဖြောင့်မတ်စွာ စီရင်ခြင်း အခွင့်ကို မင်းသား ဖြစ်သော ရှင်ဘုရင်အား ပေးသနားတော်မူပါ

ဘုရင်၏သားတော်သည် ကိုယ်တော်ကို ကျေနပ်စေသောအရာကို ပြုနိုင်စေတော်မူပါ။

ထိုမင်းသည် ... စီရင်

ဤစာရေးသူသည် ဒါဝိဒ်ဖြစ်လျှင်၊ သူ့သား (သူ့သားဘုရင်ဖြစ်လာမည့်အချိန်) ကို ဆိုလိုခြင်းဖြစ်သည်၊ ရှောလမုန်က ရေးခဲ့လျှင် မိမိကိုယ်ကိုအကြောင်းပြောခြင်းဖြစ်သော်လည်း အခြားတစ်စုံတစ်ယောက်ယောက်ကို ပြောသကဲ့သို့ ဘာသာပြန်လျှင်အကောင်းဆုံးဖြစ်သည်။ ဤနှစ်ခုထဲက ဘယ်တစ်ခုဖြင့်ပဲ ပြန်ပြန်၊ 'ရှင်ဘုရင်သည် စီရင်ပါစေ' ဟုပြန်လျှင်အကောင်းဆုံးဖြစ်သည်။


generated on Tue Jul 2 12:50:28 2024

ကိုယ်တော်၏ လူတို့ကို ... ကိုယ်တော်၏ဆင်းရဲသားတို့
ဆာလံဆရာသည် ဘုရားသခင်ကို ပြောနေခြင်းဖြစ်သည်။

ကိုယ်တော်၏လူဆင်းရဲသားတို့
ကိုယ်တော်၏လူဆင်းရဲသားတို့ကို ရှင်ဘုရင်သည် တရားစီရင်ပါစေ။

တောင်ကြီးတောင်ငယ်တို့သည် တရားတော်အားဖြင့်၊ ကိုယ်တော်၏ လူတို့အား ချမ်းသာပေးကြ ပါလိမ့်မည်။
ဆာလံဆရာသည် ဣသရေလလူများအား သူတို့နေထိုင်ရာ တောင်ကုန်းများကဲ့သို့ ပြောဆိုသည်။ ထိုတောင်ကုန်းတောင်တန်းများသည် ဣသရေလလူမျိုးတစ်ခုလုံးကဲ့သို့၊ သီးနှံများကို သီးသောဥယျာဉ်ကဲ့သို့၊ ၎င်းအသီးသည် ငြိမ်းချမ်းရေးနှင့် ဖြောင့်မတ်ခြင်းများဖြစ်သကဲ့သို့ သူပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ဤနေရာရှိလူများသည် ငြိမ်းချမ်းစွာနေကြပါစေသော်....အရာအားလုံးကို ဖြောင့်မတ်စွာ ပြုလုပ်ကြပါစေ။

Psalms 004

ထိုမင်း...ထိုမင်း
တရားစီရင်မည့်သူကို ဆိုလိုသည်။ (၇၂း၁)

ညှဉ်းဆဲသောသူကိုလည်း နှိပ်စက် ပါလိမ့်မည်
သူတို့ကို ဖိနှိပ်သောသူကို လုံးလုံးဖျက်ဆီးတော်မူပါ။

နေနှင့်လတည်သမျှသော ကာလပတ်လုံး
နေနှင့်လ သည် အချိန်အားလုံးကိုဆိုလိုသည့် နေနှင့်ည အတွက် ကိုယ်စားပြုစကားလုံးများဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ထာဝရ၊ အဆုံးမဲ့။

Psalms 006

ရိတ်သော မြက်ပင်ပေါ်မှာ ရွာသောမိုယ်းကဲ့သို့၎င်း၊
ရိတ်ခါစသောမြက်ပေါ်တွင် ကျသောမိုးကဲ့သို့ ဘုရင်သည် သူ့လူများအတွက် ကောင်း၍ ကောင်းသောအရာများကိုပြုလုပ်လိမ့်မည်။

မြေကို စိုစေ သော မိုယ်းပေါက်များကဲ့သို့
'ရွာသောမိုးကဲ့သို့ သူသည်ကြွလာပါစေ။' မိုးသည်မြေအတွက်ကောင်းသောအရာကို ပြုလုပ်ပေးကဲ့သို့ ဘုရင်သည် သူ့လူများအတွက် ကောင်း၍ ကောင်းသောအရာများကိုပြုလုပ်လိမ့်မည်။

တရားသောသူ
အခြားသောဘာသာပြန်ဆိုချက်။ ။တရားသောလူများ။

လက်ထက်
၁) ဘုရင်အုပ်ချုပ်စဉ်၊ ၂) ဖြောင့်မတ်သောသူအသက်ရှင်သမျှကာလ ပတ်လုံး သို့မဟုတ် ဖြောင့်မတ်သောသူများအသက်ရှင်သမျှကာလ ပတ်လုံး' ဟုဆိုလိုနိုင်သည်။

လသည်ပပျောက်ခြင်းသို့ မရောက်မှီတိုင်အောင်
'လသည်လင်းနေသရွေ့၊ သို့မဟုတ် ထာဝရ။'

ချမ်းသာများပြားလိမ့်မည်
ငြိမ်းချမ်းမှုသည် အစာဖြစ်သည်အလား ဆာလံဆရာဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ တရားသောသူတို့သည် စစ်မှန်သော ငြိမ်းချမ်းမှု၌ နေနိုင်ကြပါစေ။

Psalms 008

ပင်လယ်တပါးမှ တပါးတိုင်အောင်၎င်း၊ မြစ်မှ သည် မြေစွန်းတိုင်အောင်၎င်း
ကမ္ဘာမြေကြီးတစ်ခုလုံးကို ဆိုလိုသည့် စကားလုံးများဖြစ်သည်။

အစိုးရတော်မူလိမ့်မည်
ရှင်ဘုရင်သည် အစိုးရပါစေ။

ပင်လယ်တပါးမှ တပါး
အရှေ့ဘက်ရှိ ပင်လယ်သေနှင့် ဂနေ်သရက်အိုင်မှ အနောက်ဘက် မြေထဲပင်လယ် တိုင်အောင်။

မြစ်
မြောက်ဘက်သွား၍ ကုန်းလမ်းဖြင့် ဣသရေလလူများခရီးသွားရာ 'ဥဖရတ်မြစ်။'

မြေစွန်း
တောင်ဘက်သို့ ကုန်းလမ်းဖြင့် လူများ ခရီးသွားနိုင်သမျှ။ ဣသရေလလူမျိုးများသည် ကမ္ဘာမြေကြီးအဆုံးအစွန်များထိရှိသည့်အလား ပြောဆိုခဲ့ကြသည်။

မြေမှုန့်ကို လျက်ကြလိမ့်မည်
အလွန်တရာအရှက်တကွဲဖြစ်ခြင်းကို တင်စားပြောဆိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်။ ။သူ့တို့ကို သူခွင့်ပြုမည်ကြောင်း လုပ်နိုင်သမျှအားလုံး ပြုလုပ်ကြသည်။

တာရှု
နေရာ၏အမည်ဖြစ်သည်။

သွင်း
ပေးသည်။

လက်ဆောင်ဘဏ္ဍာများကို ဆက်သသည်
လက်ဆောင်များပေးသည်။

သေဘ
နိုင်ငံတစ်ခုအမည်ဖြစ်သည်။ ရှေဘ နှင့်မတူပါ။


generated on Tue Jul 2 12:50:28 2024

Psalms 011

ရှေ့တော်၌ ပြပ်ဝပ်
'သူ၏ရှေ့တော်တွင် ဦးချသည်၊ သို့မဟုတ် သူတို့၏ဘုရင်အဖြစ် သူ့ကို ချီးမြှောက်ကြသည်။'

ခပ်သိမ်းသော လူမျိုးတို့
နိုင်ငံတိုင်း၌နေသော လူများ။

ကိုးကွယ်ရာမရှိ
ကူညီမည့်သူ မရှိသောသူ။

Psalms 013

ဆင်းရဲသောသူနှင့် ငတ်မွတ်သောသူကို သနား၍
သူသည် ဆင်းရဲသောသူနှင့် ငတ်မွတ်သောသူများကို ဆင်းရဲငတ်မွတ်ခြင်းမှ ကင်းလွတ်စေလိုသည်။

ဆင်းရဲသောသူနှင့် ငတ်မွတ်သောသူ
'ဆင်းရဲ' နှင့် 'ငတ်မွတ်' သည် အဓိပ္ပါယ်ချင်းတူ၍ မိမိကိုယ်ကို မကူညီနိုင်သောသူများကို ဆိုလိုသည်။

သူတို့၏ အသက်ကို ကယ်တင်တော် မူလိမ့်မည်
'သူတို့ကို ရွေးနှုတ်၊ သူတို့ကို ကယ်တင်၊ သို့မဟုတ် သူတို့ကို ကယ်နှုတ်။'

လုည့်စားခြင်းနှင့်ညှဉ်းဆဲခြင်း
ဤစကားလုံးနှစ်ခုသည် အဓိပ္ပါယ်ရှိ၍ သူတို့မည်မျှလိုအပ်ကြသည်ကို လေးနက်စေသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။သူတို့ကို ဖိနှိပ်၊ နာကျင်စေသောသူများ။

သူတို့အသွေးကို နှမြောတော်မူလိမ့် မည်
'သူသည် သူတို့ကို ကောင်းစွာအသက်ရှင်စေလိုသည်။'

သူတို့အသွေး
'သူတို့အသက်များ၊ သို့မဟုတ် သူတို့၏ကောင်းစားခြင်း။'

Psalms 015

အသက်တော်တည်၍
'ရှင်ဘုရင်သည် သက်တော်ရှည်ပါစေ၊ သို့မဟုတ် ရှင်ဘုရင် သက်တော်ရှည်ဖို့ ငါအလိုရှိသည်။

လူများတို့သည် ရှေဘဒွေ ကို ဆက်ခြင်း၊
အခြားသောဘာသာပြန်ဆိုချက်။ ။သူ့အား ရှေဘရွှေကို ပေးကြပါစေ၊ သို့မဟုတ် သူသည် ရှေဘရွှေအား ရရှိပါစေ။

နေ့တိုင်း
အဆက်မပြတ်။

များစွာသော စပါး
'များစွာသောစပါး၊ စပါးအများအပြား။'

အသီးအနှံ
အစားအစာအတွက် လူများစိုက်ပျိုးကြသော အပင်များ။

လှုပ်ရှား
ရှည်လျားသောမြက်ပင် ကိုလေးညင်းတိုက်ခတ်သောအခါ ရှေ့နောက် ညင်သာစွာလှုပ်ရှားခြင်းဖြစ်သည်။

လေဗနုန် တောကဲ့သို့
'လေဗနုန်တောင်ရှိ အာရဇ်သစ်ကဲ့သို့။' ဤသစ်သည်လှုပ၍ ဆောက်လုပ်ရန်အတွက်ကောင်းသည်။

မြို့သူမြို့သားတို့သည်လည်း၊ မြေ၏မြက်ပင်ကဲ့သို့ စည်ပင်ကြလိမ့်မည်
မြို့နေလူများ၏ စည်ပင်ဝပြောမှုကို လယ်ပြင်တွင်ပွင့်လန်းသော မြက်ပင်များကဲ့သို့ ပြောဆိုထားသည်။

Psalms 017

နာမတော်သည် အစဉ်အမြဲတည်လိမ့်မည်
လူများသည် သူ့ကိုအစဉ်သိကြပါစေ။ သို့မဟုတ်လူများသည် သူ့ကို ဘယ်တော့မှ မမေ့ကြပါစေနှင့်။

နာမတော်
'ရှင်ဘုရင်၏နာမတော်' သို့မဟုတ် ရှင်ဘုရင်၏ဂုဏ်သတင်း၊ သို့မဟုတ် ရှင်ဘုရင်၏ ကျော်ကြားမှု။

နေ သည် တည်သမျှသော ကာလပတ်လုံး
နေသည် အလင်းပေးနေသမျှကာလပတ်လုံး။

လူမျိုးအပေါင်းတို့သည် ကောင်းကြီးမင်္ဂလာကိုခံရကြ၏၊
ကတ္တားဝါကျပုံစံဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်။ ။ဘုရားသခင်သည် သူ့အား သူ့လူများအတွက် ကောင်းသောအရာများကို ပြုလုပ်တော်မူပါစေ။

မင်္ဂလာရှိတော်မူသည်ဟု ချီးမွမ်းကြလိမ့်မည်။
'ဘုရားသခင်သည် သူတို့ကို ကောင်းကြီးပေးတော်မူကြောင်း ကိုအသိအမှတ်ပြုကြပါစေ။'

Psalms 018

ယေဘုယျ အချက်အလက်
ဤစကားများသည် ဆာလံကျမ်း၏အဆုံးမျှသာ မဟုတ်ပါ။ ဆာလံကျမ်းနံပါတ် ၄၂ တွင်စ၍ ၇၂ တွင်ဆုံးသည့် ဒုတိယ ဆာလံကျမ်း ၏အဆုံးပိုင်းဖြစ်သည်။

ထာဝရအရှင်ဘုရားသခင်၊ ဣသရေလအမျိုး၏ ဘုရားသခင်သည် မင်္ဂလာရှိတော်မူစေသတည်း
ကတ္တားဝါကျပုံစံဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်။ ။လူများတို့သည်


generated on Tue Jul 2 12:50:28 2024

ဣသရေလလူမျိုးတို့၏ဘုရား၊ ထာဝရဘုရားသခင်ကိုချီးမွမ်းကြပါစေ။

ဘုန်းကြီးသော နာမတော်သည်လည်း အစဉ်အမြဲ မင်္ဂလာရှိတော်မူစေသတည်း
ကတ္တားဝါကျပုံစံဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်။ ။လူများတို့သည်သူ၏ဘုန်းကြီးသောနာမတော်ကို ကောင်းကြီးပေးကြပါစေ၊ သို့မဟုတ် သူသည်မည်မျှဘုန်းကြီးတော်မူသည်ကို လူများတို့သည် သိကြပါစေ။

ဘုန်းကြီးသော နာမတော်သည်လည်း... မင်္ဂလာရှိတော်မူစေသတည်း
ဘုန်းကြီးသောသူသည် မင်္ဂလာရှိပါစေ။

မြေကြီးတပြင်လုံးသည် ဘုန်းတော်နှင့်ပြည့်စုံပါစေသတည်း
ကတ္တားဝါကျပုံစံဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်။ ။သူ၏ဘုန်းတော်သည်မြေကြီးတပြင်လုံးကိုပြည့်ပါစေ၊ သို့မဟုတ် သူသည်မြေကြီးတစ်ခုလုံးကို သူ၏ဘုန်းတော်ဖြင့် ပြည့်စေတော်မူပါစေ။

အာမင်နှင့်အာမင်
အရှေ့ကပြောသည့်အရာကို လေးနက်စေလို၍ အာမင်ကို ထပ်၍ဆိုခြင်းဖြစ်သည်။ အခန်း ၄၁:၁၃ ဘာသာပြန်ပုံကိုကြည့်ရန်။ အခြားသောဘာသာပြန်ဆိုချက်။ ။ ထိုအတိုင်းဖြစ်ပါစေ။

ယေရှဲ၏ သားဒါဝိဒ် ဆုတောင်းသောပဌနာ စကားပြီး၏။
ကတ္တားဝါကျပုံစံဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်။ ။ယေရှဲ၏သား ဒါဝိဒ်သည်သူ၏ဆုတောင်းမှုကို ပြီး၏၊ သို့မဟုတ် ဤသည်မှာ ယေရှဲ၏သား ဒါဝိဒ်၏ နောက်ဆုံးဆုတောင်းချက်ဖြစ်သည်။


generated on Tue Jul 2 12:50:28 2024

## Chapter 73

1 အကယ်စင်စစ် ဘုရားသခင်သည် နှလုံးသန့်ရှင်း သော သူတည်းဟူသော ဣသရေလအမျိုး၌ ကျေးဇူးကြီး တော်မူ၏။ 2 ငါမူကား၊
ခြေချော်လုလျက်၊ ခြေရာလွဲလုလျက် ရှိမိပြီ။ 3 အကြောင်းမူကား၊ မတရားသောသူတို့၏ စည်း စိမ်ကို မြင်သောအခါ၊
မိုက်သောသူတို့ကိုပင် ငါငြူစူမိပြီ။ 4 ထိုသူတို့သည် မသေမီတိုင်အောင် နာကြင်ခြင်း ဝေဒနာမရှိ။ ခိုင်မာသောအစွမ်းသတ္တိရှိကြ၏။ 5
သူတို့သည် လောကဓံဒုက္ခမရှိ။ လူများကဲ့သို့ အနှောင့်အရှက်ကိုမခံရကြ။ 6 ထိုကြောင့် မာနကို လည်ဆွဲတန်ဆာကဲ့သို့ဆင်၍၊
ညှဉ်းဆဲခြင်း အဝတ်ကိုလည်း ဝတ်တတ်ကြ၏။ 7 ဆူဝသောကြောင့် မျက်နှာမော်လျက်ရှိကြ၏။ စိတ်နှလုံးကြံစည်ခြင်းအားဖြင့်
လွန်ကျူးတတ်ကြ၏။ 8 ဆိုးသောညှဉ်းဆဲခြင်းကိုပင် ပြက်ယယ်ပြု၍ ပြော တတ်ကြ၏။ ထောင်လွှားသော စကားကိုလည်း သုံးတတ်
ကြ၏။ 9 သူတို့နှုတ်သည် ကောင်းကင်နှင့် ဆန့်ကျင်ဘက် ပြု၍၊ လျှာသည်လည်း မြေကြီးကို လှည့်လည်တတ်၏။ 10 ထိုကြောင့်
ဘုရားသခင်၏ လူတို့သည် သူတို့ ထံသို့ ပြန်သွား၍ များစွာသော ရေကိုမျိုရကြ၏။ 11 ဘုရားသခင်သည် အဘယ်သို့ သိတော်မူမည်
နည်း။ အမြင့်ဆုံးသော ဘုရား၌ ဥာဏ်ရှိပါလိမ့်မည်လော ဟု ဆိုတတ်ကြ၏။ 12 ထိုမတရားသော သူတို့သည် အစဉ်ကောင်းစား ၍
ဥစ္စာပွားများကြ၏။ 13 အကယ်စင်စစ် ငါ့နှလုံးကို ငါသန့်ရှင်းစေသော် လည်း အကျိုးမရှိ။ အပြစ်ကင်းခြင်းနှင့် ငါ့လက်ကို
ဆေးကြောသော်လည်း အကျိုးမရှိ။ 14 နေ့တိုင်းနှောင့်ရှက်ခြင်းနှင့် နံနက်တိုင်းဆုံးမ ခြင်းကို ငါခံရ၏။ 15 ထိုသို့သဘောကျမည်ဟု
အကျွန်ုပ်ဆိုလျှင်၊ ကိုယ်တော်၏ အမျိုးသားတို့ကို ပြစ်မှားရာသို့ ရောက်ပါ လိမ့်မည်။ 16 ထိုအမှုကိုနားလည်ရအောင်
ဆင်ခြင်သောအခါ အလွန်ခက်သည်ဟု ထင်ပါ၏။ 17 နောက်မှဘုရားသခင်၏ သန့်ရှင်းရာ ဌာနထဲသို့ ဝင်၍၊ သူတို့၏ အဆုံးကို
နားလည်ရပါ၏။ 18 အကယ်စင်စစ်ကိုယ်တော်သည် သူတို့ကို ချော သောအရပ်၌ ထားတော်မူပြီ။ ဖျက်ဆီးရာအရပ်သို့ ချတော်မူ၏။ 19
တခဏခြင်းတွင် အကျိုးနည်းကြပါပြီတကား။ ဘေးဥပဒ်များအားဖြင့် ရှင်းရှင်းပယ်ပျောက်လျက် ရှိကြပါ ပြီတကား။ 20
အိုထာဝရဘုရား၊ လူသည် နိုးသောအခါ အိပ် မက်ကိုမှတ်သကဲ့သို့ သူတို့ကို နှိုးတော်မူသောအခါ၊ သူတို့ အကြံအစည်ကို
မထီမဲ့မြင်ပြုတော်မူမည်။ 21 ထိုသို့ အကျွန်ုပ်သည် နှလုံးနာလျက်၊ ကျောက် ကပ်မွှေနှောက်လျက်ရှိ၍၊ 22 မိုက်သောသူ၊
ပညာမဲ့သောသူဖြစ်ပါ၏။ ရှေ့ တော်၌ တိရစ္ဆာန်ကဲ့သို့ဖြစ်ပါ၏။ 23 သို့သော်လည်း အကျွန်ုပ်သည် ကိုယ်တော်ထံမှာ အစဉ်ရှိ၍၊
အကျွန်ုပ်၏လက်ျာလက်ကို ဆွဲကိုင်တော်မူ၏။ 24 အကျွန်ုပ်ကို ဥာဏ်ပေး၍ပဲ့ပြင်တော်မူမည်။ နောက်တဖန် ဘုန်းအသရေ၌
သိမ်းယူတော်မူမည်။ 25 ကိုယ်တော်မှတပါး၊ ကောင်းကင်ဘုံမှာ အကျွန်ုပ် ၌ အဘယ်သူရှိပါသနည်း။ 26 အကျွန်ုပ်၏အသားနှင့်
နှလုံးသည် ပျက်ကြပါ ၏။ သို့သော်လည်း၊ ဘုရားသခင်သည် အကျွန်ုပ်နှလုံး၏ အစွမ်းသတ္တိ၊ အကျွန်ုပ်အစဉ်အမြဲ ခံစားရာအဘို့
ဖြစ်တော်မူ၏။ 27 အကယ်စင်စစ် ကိုယ်တော်နှင့် ဝေးဝေးနေသော သူတို့သည် ပျက်စီးခြင်းသို့ ရောက်ရကြပါ၏။ ကိုယ်တော် နှင့်
ကွာ၍မှားယွင်းသော သူအပေါင်းတို့ကို ပယ်ရှင်းတော် မူ၏။ 28 အကျွန်ုပ်မူကား၊ ဘုရားသခင့်ထံတော်သို့ ချဉ်း ကပ်၍ အကျိုးရှိပါ၏။
အမှုတော်ရှိသမျှတို့ကို ကြားပြော ခြင်းအလိုငှါ၊ အရှင်ထာဝရဘုရား၌ ခိုလှုံလျက်နေပါ၏။

---

---

Psalms 001

ယေဘုယျ အချက်အလက်
ပြိုင်တူနှိုင်းယှဉ်ချက်သည် ဟေဗြဲကဗျာတွင်
ဖြစ်နေကျအရာဖြစ်သည်။

ငါမူကား၊ ခြေချော်လုလျက်၊ ခြေရာလွဲလုလျက် ရှိမိပြီ
ဆာလံဆရာက သူဘုရားသခင်ကို မကိုးစားနိုင်ခြင်းကို
ချော်နေသောလမ်းတွင် လမ်းလျှောက်၍ လဲလုနီးပါးဖြစ်သကဲ့သို့
ပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ငါသည်
ဘုရားသခင်ကို ယုံကြည်ခြင်းမှ လွဲလုနီးပါးဖြစ်သည်၊ ငါသည်
ဘုရားသခင်ကို ပြစ်မှားလုနီးပါးဖြစ်သည်။

မိုက်သောသူတို့ကိုပင် ငါငြူစူမိပြီ
'မတရားသောသူတို့ကို ငါမနာလိုငြူစူမိပြီ' သို့မဟုတ် ငါသည်
မတရားသောသူတို့အား သူတို့ပိုင်ဆိုင်သောအရာများကို
မပိုင်ဆိုင်စေလို။

မိုက်သောသူတို့
အခြားသောဘာသာပြန်ဆိုချက်။ ။'စိတ်ကြီးဝင်သောလူများ။

မတရားသောသူတို့၏ စည်း စိမ်
အခြားသောဘာသာပြန်ဆိုချက်။ ။ဆိုးသောသူတို့သည်
အဘယ်သို့ ကောင်းသောအရာများကို ပိုင်ဆိုင်ကြသည်ကို။

မတရားသောသူတို့
အခြားသောဘာသာပြန်ဆိုချက်။ ။'ဆိုးသော၊
ယုတ်မာသောလူများ။

Psalms 004

ယေဘုယျ အချက်အလက်
အာဟတ်သည် မတရားသောသူများ နှင့်
မိုက်သောသူများအကြောင်းကို ဘုရားသခင်ထံ
မကြာခဏညည်းညူပြောဆိုလေ့ရှိကြောင်းကို ဖော်ပြသည်။
(၇၃:၁)။


generated on Tue Jul 2 12:50:28 2024

လောကစံဒုက္ခ
'ဒုက္ခ' သည် နေ့စဉ်အခက်အခဲ

လူများကဲ့သို့ အနှောင့်အရှက်ကိုမခံရကြ
သူတို့သည် အခြားလူများကဲ့သို့ ဒုက္ခမခံရကြ။

Psalms 006

ယေဘုယျ အချက်အလက်
အာဟတ်သည် မတရားသောသူများ နှင့်
မိုက်သောသူများအကြောင်းကို ဘုရားသခင်ထံ
ညည်းညူပြောဆိုချင်ကြောင်းကို ဖော်ပြသည်။ (၇၃:၁)။

မာနကို လည်ဆွဲတန်ဆာကဲ့သို့ဆင်၍၊ ညှဉ်းဆဲခြင်း အဝတ်ကိုလည်း ဝတ်တတ်ကြ၏
မိုက်မဲသောသူနှင့် ကြမ်းကြုတ်သောတို့သည် မိမိတို့မည်မျှမိုက်မဲ၊ ကြမ်းကြုတ်သည်ကို လည်ဆွဲ၊ လှပသောဝတ်လုံကို ဝတ်ဆင်သကဲ့သို့ လူတိုင်းကို ပြသကြသည်။

မာနကို လည်ဆွဲတန်ဆာ... အဝတ်
ချမ်းသာ၊ အရေးပါသောလူများ၌ရှိသော အရာများကိုဆိုလိုသည်။

လည်ဆွဲ
လည်ပင်းတွင်ဆွဲရသော ရွှေ သို့မဟုတ် အဖိုးတန်ရတနာများဖြင့် ပြုလုပ်သော ကြိုး။

ဆူဝသောကြောင့် မျက်နှာမော်လျက်ရှိကြ၏
သူတို့သည် မိမိသွားရာလမ်းကို မမြင်နိုင်သောလူကန်းကဲ့သို့ဖြစ်ကြသောကြောင့်၊ အပြစ်ကို မသိဘဲပြုကြသည်။ မျက်စိကန်းခြင်း ဟူသည်မှာ မိုက်မဲခြင်းကို မသိမမြင်နိုင်ခြင်းကို တင်စားခြင်းဖြစ်သည်။

စိတ်နှလုံးကြံစည်ခြင်းအားဖြင့် လွန်ကျူးတတ်ကြ၏
စိတ်နှလုံးအကြံအစည်များသည် လူပုဂ္ဂိုလ်များကဲ့သို့ပြောဆိုထားသည်။ မိုက်မဲသောသူများ၏ အတွင်းအကြံအစည်များကို လူများနေနိုင်သည့် အဆောက်အဦးကဲ့သို့ ဖော်ပြထားသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။သူတို့သည် မိမိအကြံအစည်များတွင် သာ၍ဆိုးသောအရာများကို လုပ်ဖို့စဉ်းစားကြသည်။ (UDB)

Psalms 008

ယေဘုယျ အချက်အလက်
ဆက်လက်၍အာဟတ်သည် မတရားသောသူများ နှင့် မိုက်သောသူများအကြောင်းကို ဘုရားသခင်ထံ ညည်းညူပြောဆိုချင်ကြောင်းကို ဖော်ပြသည်။ (၇၃:၁)။

ပြက်ယယ်ပြု၍ ပြော တတ်ကြ၏
အခြားသောဘာသာပြန်ဆိုချက်။ ။သူတို့သည် ဘုရားသခင်နှင့် သူ့လူများကို ပြက်ရယ်ပြုကြသည်။

သူတို့နှုတ်သည် ကောင်းကင်နှင့် ဆန့်ကျင်ဘက် ပြု၍၊
'ကောင်းကင်' သည် ကောင်းကင်၌ရှိသော ဘုရားသခင်ကိုဆိုလိုခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်။ ။သူတို့သည် ကောင်းကင်၌ရှိသော ဘုရားသခင်ကိုဆန့်ကျင်၍ ပြောကြသည်။

လျှာသည်လည်း မြေကြီးကို လှည့်လည်တတ်၏။
'လျှာ' သည် လူပုဂ္ဂိုလ်များကို ကိုယ်စားပြုသည့်စကားလုံးဖြစ်သည်။ သူတို့သည် ဆိုးညစ်သောစကားများကို ပြော၍ မြေကြီးကို လှည့်လည်ကြသည်၊ သို့မဟုတ် သူတို့သည် နေရာတကာသွား၍ ဝါကြွားကြသည်။

Psalms 010

ယေဘုယျ အချက်အလက်
အာဟတ်သည် မတရားသောသူများ နှင့် မိုက်သောသူများအကြောင်းကို ဘုရားသခင်ထံ ညည်းညူပြောဆိုချင်ကြောင်းကို ဖော်ပြသည်။ (၇၃:၁)။

ရားသခင်၏ လူတို့သည် သူတို့ ထံသို့ ပြန်သွား၍
ဘုရားသခင်၏လူတို့သည် မိုက်မဲသောလူများကို ချစ်ကြသည်၊ သို့မဟုတ် မိုက်မဲသောလူများသည် ဤနေရာသို့ပြန်လာကြသည်။

များစွာသော ရေကိုမျိုရကြ၏
ဘုရားသခင်၏လူတို့သည် လူမိုက်များပြောသောစကားကို ဝမ်းမြောက်စွာနားထောင်ကြသည်၊ သို့မဟုတ် လူမိုက်တို့သည် စားဖို့ရန်အစာနှင့် သောက်ဖို့ရန် ဝိုင်များစွာရှိကြသည်။

ဆိုတတ်ကြ၏
လူမိုက်များပြောသည်။

ဘုရားသခင်သည် အဘယ်သို့ သိတော်မူမည် နည်း။ အမြင့်ဆုံးသော ဘုရား၌ ဉာဏ်ရှိပါလိမ့်မည်လော
ဤမေးခွန်းများသည် ဘုရားသခင်ကို မထီလေးစား၊ အထင်မြင်သေးသောစကားများဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်။ ။ငါတို့လုပ်နေသောအရာကို ဘုရားသခင်လုံးဝမသိနိုင်ပါဘူး။ အမြင့်ဆုံးသောဘုရားကထိုအရာကို မသိပါဘူး။

Psalms 013

ယေဘုယျ အချက်အလက်
အခန်းငယ် ၁၃ နှင့် ၁၄ တွင်၊ အာဟတ်သည် မတရားသောသူများ နှင့် မိုက်သောသူများအကြောင်းကို ဘုရားသခင်ထံ ညည်းညူပြောဆိုချင်ကြောင်းကို ဖော်ပြသည်။ (၇၃:၁)။


generated on Tue Jul 2 12:50:28 2024

အခန်းငယ် ၁၅ တွင် သူအမှန်တကယ်စဉ်းစားသည့်အရာကို စတင်ပြောဆိုသည်။

ငါ
'ငါ' သည် 'အာဟတ်' ကိုဆိုလိုသည်။

ငါ့နှလုံးကို ငါသန့်ရှင်း
မြို့ကို ရန်သူလက်မှ ကွယ်ကာသကဲ့သို့ သူ့နှလုံးကို ကာကွယ်ကြောင်းပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ငါသည် ငါ့အကြံအစည်များကို သန့်ရှင်းစေပြီ။

အပြစ်ကင်းခြင်းနှင့် ငါ့လက်ကို ဆေးကြော
စာရေးသူသည် သူ့လက်ကို ရေအစား၊ အပြစ်ကင်းစင်ခြင်းနှင့်ဆေးကြောကြောင်းဆိုသည်။ အခန်း ၂၆း၆ ဘာသာပြန်ပုံကိုကြည့်ရန်။
အခြားသောဘာသာပြန်ဆိုချက်။ ။ငါ၏လုပ်ဆောင်မှုတို့သည် သန့်ရှင်းပြီ၊ သို့မဟုတ် ငါသည်သန့်ရှင်းကြောင်းပြသဖို့ရန် ငါ့လက်ကို ငါဆေးပြီ။

နေ့တိုင်း
အမြဲတမ်း၊ သို့မဟုတ် နေ့တိုင်း။

နှောင့်ယှက်ခြင်း ... ငါခံရ၏
သင်သည်ငါ့ကို ခံစားစေပြီ။ အခန်း ၇၃း၄ ရှိဤစကားလုံးဘာသာပြန်ပုံကိုကြည့်ရန်။

ဆုံးမ ခြင်းကို ငါခံရ၏
ငါသည် ....ပြစ်ဒဏ်ပေးခြင်းခံရ၏

ထိုသို့သဘောကျမည်ဟု အကျွန်ုပ်ဆိုလျှင်၊ ကိုယ်တော်၏ အမျိုးသားတို့ကို ပြစ်မှားရာသို့ ရောက်ပါ လိမ့်မည်။
ဤအခြေအနေသည် တကယ်မဖြစ်ပျက်ခဲ့ပါ။
အခြားသောဘာသာပြန်ဆိုချက်။ ။'သင့်ကလေးများ၏ မျိုးဆက်ကို သစ္စာမဖောက်ဖို့ရန် ဤအရာများကို ငါပြောမည်' ဟု ငါဘယ်တော့မှ မပြောခဲ့ပါ။

Psalms 016

ထိုအမှု
မိုက်သောသူများထံဖြစ်ပျက်သော ကောင်းသောအရာများ။ (၇၃း၄-၇၃း၁၀).

သူတို့၏ အဆုံး
မိုက်မဲသောသူများသေသောအခါ
သူတို့၌ဖြစ်သောအရာများ(UDB) သို့မဟုတ် မိုက်မဲသောသူများ သေမည့်ပုံစံ။

Psalms 018

သူတို့ကို...ထားတော်မူပြီ
သူတို့ သည် မိုက်မဲသောသူများကို ဆိုလိုသည်။

ချောသောအရပ်
'မလုံခြုံ၍၊ မတည်ငြိမ်သောနေရာ' အခန်း ၇၃း၁ ရှိ 'ခြေချော်ဘာသာပြန်ပုံကိုကြည့်ရန်။

တခဏခြင်းတွင် အကျိုးနည်းကြပါပြီတကား
'အကျိုးနည်း' သည် အရာအားလုံး ဆုံးရှုံးခြင်းကို ဆိုလိုသည့် တင်စားစကားလုံးဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ မိုက်မဲသောသူများ အဖျက်ဆီးခံပုံ။

နိုးသောအခါ အိပ် မက်ကိုမှတ်သကဲ့သို့
မိုက်မဲသောသူများသည် အိပ်မက်၌မြင်သောအရာထက် တည်မနေရကြ။ အိပ်ရာမှ နိုးသောအခါ ပျောက်ကွယ်သွားသည်။

Psalms 021

အကျွန်ုပ်သည် နှလုံးနာလျက်
'နှလုံး' သည် လူ၏အကြံအစည်များနှင့် စိတ်ခံစားချက်များကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ ကျွန်တော်သည်အလွန်ဝမ်းနည်းသည်။

ကျောက် ကပ်မွေနှောက်လျက်ရှိ၍
စိတ်ခံစားနာကျင်မှုကို ဆာလံဆရာသည် ကိုယ်ခန္ဓာဒဏ်ရာကဲ့သို့ ပြောဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ တစ်စုံတစ်ယောက်သည် ကျွန်ုပ်ကို ဓားဖြင့်၊ မြားဖြင့် အနာတရဖြစ်စေသကဲ့သို့ ကျွန်ုပ်ခံစားရသည်။

မိုက်သောသူ၊ ပညာမဲ့သောသူ
ဤနှစ်ခုသည် အဓိပ္ပါယ်ချင်းတူ၍ သူအသိဉာဏ်မည်မျှနည်းသည်ကို လေးနက်စေသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။အလွန်စိတ်မြင့်သော။

ပညာမဲ့သော
ဘာကိုမျှနားမလည်သော။

ရှေ့ တော်၌
ဘုရားသခင်၏ မျက်မှောက်တော်ကို ဆိုလိုသည်။

Psalms 023

အကျွန်ုပ်သည် ကိုယ်တော်ထံမှာ အစဉ်ရှိ၍
'အကျွန်ုပ်' သည် အာဟတ် ကို ဆိုလိုသည်။ ကိုယ်တော်သည် ဘုရားသခင်ကိုဆိုလိုသည်။

အကျွန်ုပ်၏လက်ျာလက်ကို ဆွဲကိုင်တော်မူ၏
ငြိမ်သက်မှု နှင့် လုံခြုံမှုကိုပေးသော ဘုရားသခင်နှင့်အကျွမ်းဝင်မှုကို ပြသသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။ကိုယ်တော်သည် ကျွန်ုပ်ကို ဆုပ်ကိုင်တော်မူသည်။

ဘုန်းအသရေ၌ သိမ်းယူတော်မူမည်။
၁) လူများသည် ကျွန်ုပ်ကိုချီးမြှောက်ရာအရပ်တွင် ကျွန်ုပ်ကို ထားတော်မူပါ၊ ၂) ကိုယ်တော်ရှိရာအရပ်တွင်

ကျွန်ုပ်ကိုခေါ်ဆောင်၍ ချီးမြှောက်တော်မူပါ။ အခန်း ၄၉:၁၄ ရှိ 'ကျွန်ုပ်ကိုလက်ခံတော်မူပါ' ဘာသာပြန်ပုံကိုကြည့်ရန်။

Psalms 025

ကိုယ်တော်မှတပါး၊ ကောင်းကင်ဘုံမှာ အကျွန်ုပ် ၌ အဘယ်သူရှိပါသနည်း
အခြားသောဘာသာပြန်ဆိုချက်။ ။ကိုယ်တော်မှတပါး၊ ကောင်းကင်ဘုံမှာ အကျွန်ုပ်အတွက် အဘယ်သူရှိပါသနည်း၊ သို့မဟုတ် အကျွန်ုပ်အတွက် ကောင်းကင်ဘုံမှာ ကိုယ်တော်တစ်ပါးတည်းသာရှိသည်။

ကောင်းကင်ဘုံမှာ
'ဘုရားများအကြား' သို့မဟုတ် သဘာဝလွန်အရာများကြား။

အကျွန်ုပ်၏အသားနှင့် နှလုံး
ဤစကားလုံးနှစ်ခုသည် အဓိပ္ပါယ်ချင်းတူ၍ လူပုဂ္ဂိုလ်တစ်ခုလုံးကိုရည်ညွှန်းသည်။

အခြားသောဘာသာပြန်ဆိုချက်။ ။အကျွန်ုပ်၏ခန္ဓာကိုယ်နှင့် အကျွန်ုပ်၏စိတ်။

Psalms 027

ယေဘုယျ အချက်အလက်
အာဟတ်သည် ဘုရားသခင်အကြောင်းကို ဆက်၍ပြောသည်။

ကိုယ်တော်နှင့် ဝေးဝေးနေသော သူတို့
ဘုရားသခင်နှင့် ဝေးခြင်းကို ဘုရားသခင်ကို နာမခံခြင်းအဖြစ်ပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ကိုယ်တော်ကို နာမခံချင်သောသူတို့။

ခိုလှုံ
စာရေးသူသည် ထာဝရဘုရားအား လုံခြုံမှုရရန်ထွက်ပြေးခိုလှုံနိုင်သော မိမိခိုလှုံရာအဖြစ်ပြောဆိုသည်။


generated on Tue Jul 2 12:50:28 2024

## Chapter 74

1 အို ဘုရားသခင်၊ အကျွန်ုပ်တို့ကို အဘယ် ကြောင့် အစဉ်စွန့်ပစ်တော်မူသနည်း။ ကိုယ်တော်ထံမှာ ကျက်စားသော သိုးတို့ကို
အဘယ်ကြောင့် အမျက်ထွက် တော်မူသနည်း။ 2 ရှေးကအပိုင်ရတော်မူသော လူအစည်းအဝေး ကိုငင်း၊ ရွေးတော်မူသော
အမွေတော်အဘို့ကိုငင်း၊ ကျိန်းဝပ်တော်မူရာ ဇိအုန်တောင်ကိုငင်း အောက် မေ့တော်မူပါ။ 3 သန့်ရှင်းရာဌာန၌ ရန်သူသည်
မတရားသဖြင့် ပြု၍၊ အမြဲ သုတ်သင်ပယ်ရှင်းရာအရပ်သို့ ကြွတော်မူပါ။ 4 ကိုယ်တော်၏ လူစည်းဝေးရာအရပ်၌ ရန်သူတို့ သည်
အော်ဟစ်ကြပါ၏။ လက္ခဏာသက်သေတော်အရာ ၌ သူတို့လက္ခဏာသက်သေတို့ကို ထားကြပါပြီ။ 5 လိမ္မာသောသူသည်
ထူထပ်သော တောကို ပုဆိန်နှင့် ခုတ်သကဲ့သို့၊ 6 ယခုတွင် ဗိမာန်တော် တန်ဆာများကိုပုဆိန်၊ သံတူနှင့် တပြိုင်နက် ရိုက်ချိုးကြပါ၏။ 7
သန့်ရှင်းရာဌာနတော်ကို မီးရှို့ကြပါ၏။ နာမ တော်ကျိန်းဝပ်ရာ တဲတော်ကို မြေတိုင်အောင် ရှုတ်ချ ကြပါ၏။ 8 ဤအမျိုးသား
အပေါင်းတို့ကို အတူဖျက်ဆီးကြ ကုန်အံ့ဟုဆို၍၊ မြေတပြင်လုံးတွင် ဘုရားသခင်၏ တရား စရပ်တို့ကို မီးရှို့ကြပါ၏။ 9
အကျွန်ုပ်တို့သည် ကိုယ်လက္ခဏာသက်သေများ ကို မမြင်ရပါ။ ပရောဖက်သည် တဖန်မပေါ်သရှိပါ။ အကျွန်ုပ်တို့တွင်
ကာလအပိုင်းအခြားကို သိသောသူ မရှိပါ။ 10 အို ဘုရားသခင်၊ ရန်သူသည် အဘယ်မျှကာလ ပတ်လုံး ကဲ့ရဲ့ပါလိမ့်မည်နည်း။
ရန်ဘက်ပြုသောသူသည် နာမတော်ကို အစဉ်မထီမဲ့မြင်ပြုရပါမည်လော။ 11 လက်ျာလက်တော်ကို အဘယ်ကြောင့် ရုပ်သိမ်း
တော်မူသနည်း။ ရင်ခွင်တော်ထဲကထုတ်၍ ဖျက်ဆီးတော် မူပါ။ 12 အကယ်စင်စစ် ဘုရားသခင်သည် ရှေးကာလမှ စ၍၊
ကယ်တင်တော်မူခြင်းကို မြေအလယ်၌ ပြုသော ငါတို့၏ ရှင်ဘုရင်ဖြစ်တော်မူ၏။ 13 ကိုယ်တော်သည် တန်ခိုးတော်အားဖြင့် ပင်လယ်
ကို ခွဲတော်မူပြီ။ ရေထဲမှာ မိကျောင်းတို့၏ ဦးခေါင်းတို့ကို ချိုးတော်မူပြီ။ 14 လဝိသန်၏ ဦးခေါင်းတို့ကို နှိပ်စက်၍ တော တွင်းသားတို့
စားစရာဘို့ အပ်ပေးတော်မူပြီ။ 15 စမ်းရေနှင့်ချောင်းရေကို ပေါက်စေတော်မူပြီ။ ရေမပြတ်သော မြစ်တို့ကိုလည်း
ခန်းခြောက်စေတော်မူပြီ။ 16 နေ့နှင့်ညဉ့်ကို ပိုင်တော်မူ၏။ နေမှစ၍ အလင်း အိမ်တို့ကို ဖန်ဆင်းတော်မူပြီ။ 17 မြေကြီး၏
အကန့်အကွက်ရှိသမျှတို့ကိုငင်း၊ နွေကာလနှင့် ဆောင်းကာလကိုငင်း စီရင်တော်မူပြီ။ 18 ရန်သူတို့သည် ထာဝရဘုရားကိုကဲ့ရဲ့၍၊
လူမိုက်တို့ သည် နာမတော်အား မထီမဲ့မြင်ပြုကြသည်ကို အောက် မေ့တော်မူပါ။ 19 ကိုယ်တော်၏ ချိုးငှက်အသက်ကို သားရဲ၌
အပ်တော်မမူပါနှင့်။ ကိုယ်တော်၏ ဆင်းရဲသားတို့ အစည်းအဝေးကို အစဉ်မေ့လျော့တော်မမူပါနှင့်။ 20 ပဋိညာဉ်တော်ကို
ထောက်တော်မူပါ။ အကြောင်းမူကား၊ မြေကြီးပေါ်မှာ မှောင်မိုက်သော အရပ်တို့သည် လုယူညှဉ်းဆဲခြင်းနေရာသက်သက်
ဖြစ်ကြပါ၏။ 21 နှိပ်စက်ခြင်းကို ခံရသောသူတို့သည် စိတ်ပျက်၍ မသွားကြပါ စေနှင့်။ ဆင်းရဲတော်မွတ်သောသူတို့သည် နာမတော်ကို
ချီးမွမ်းကြပါစေသော။ 22 အို ဘုရားသခင်၊ ထတော်မူပါ။ ကိုယ်အမှုကို စီရင်ဆုံးဖြတ်တော်မူပါ။ မိုက်သောသူသည် ကိုယ်တော် အား
အစဉ်ကဲ့ရဲ့သည်ကို အောက်မေ့တော်မူပါ။ 23 ကိုယ်တော်၏ရန်သူတို့ အသံကို မေ့လျော့တော် မမူပါနှင့်။ ကိုယ်တော်ကို
ပုန်ကန်သောသူတို့၏ ရုန်းရင်း ခတ်ခြင်းအသံသည် အစဉ်မပြတ်တိုးတက်လျက်ရှိပါ၏။

---

---

Psalms 001

ယေဘုယျ အချက်အလက်
ပြိုင်တူနှိုင်းယှဉ်ချက်သည် ဟေဗြဲကဗျာတွင်
ဖြစ်နေကျအရာဖြစ်သည်။

အို ဘုရားသခင်၊ အကျွန်ုပ်တို့ကို အဘယ် ကြောင့် အစဉ်စွန့်ပစ်တော်မူသနည်း
အခြားသောဘာသာပြန်ဆိုချက်။ ။အကျွန်ုပ်တို့သည်
အဘယ်အမှားမျှမကျူးလွန်ကြပါ၊ သို့သော် ကိုယ်တော်သည်
အကျွန်ုပ်တို့ကို ထာဝရ ငြင်းပယ်တော်မူပြီ။

ကိုယ်တော်ထံမှာ ကျက်စားသော သိုးတို့ကို အဘယ်ကြောင့် အမျက်ထွက် တော်မူသနည်း
အခြားသောဘာသာပြန်ဆိုချက်။ ။အကျွန်ုပ်တို့သည်
ကိုယ်တော်စောင့်ရှောက်မည်ဟု
ကတိထားသောသူများဖြစ်ပါသည်၊ အကျွန်ုပ်တို့သည်
အဘယ်အမှားမျှမကျူးလွန်ကြပါ၊ သို့သော်လည်း
ကိုယ်တော်သည် အကျွန်ုပ်တို့ကို အမျက်ထွက်တော်မူပါပြီ။

ကိုယ်တော်ထံမှာ ကျက်စားသော သိုးတို့
အာဟတ်က ဣသရေလလူများသည် သိုးစုဖြစ်သည်အလား
ပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ကိုယ်တော်သည်
စားကျက်တွင်ခေါ်ဆောင်၍ ကျက်စားစေသော
သိုးကဲ့သို့ဖြစ်ကြသော ဣသရေလလူများကို ဆန့်ကျင်၍။

ရွေးတော်မူသော အမွေတော်
ထာဝရ ကိုယ်တော်၏အပိုင်များ။

အောက် မေ့တော်မူပါ
'နားစွင့်တော်မူပါ' ဘုရားသခင်သည် မိမိလူများကို မစွန့်ပစ်၊
သို့သော်လည်း သူတို့အကြောင်းကို စဉ်းစားပုံမပေါ်။

Psalms 003

ယေဘုယျ အချက်အလက်
ယေရုရှလင်မြို့ရှိ ဗိမာန်တော်တိုက်ခိုက်ခံရခြင်း အဖြစ်အပျက်ကို
ဖော်ပြသည်။


generated on Tue Jul 2 12:50:28 2024

ကြွတော်မူပါ
အာဟတ် သည် ပျက်စီးမှုများကို လာ၍ကြည့်ရှုဖို့ ဘုရားသခင်ကို ပြောနေခြင်းဖြစ်သည်။

အော်ဟစ်
ရန်သူများသည် အောင်မြင်၍ ကျယ်လောင်စွာကြွေးကြော်ကြသည်။

တန်ဆာများ
သစ်သားပေါ်ရှိ ထွင်းချက်များ၊ ဗိမာန်တော်ရှိ သတ္တု သို့မဟုတ် ကျောက်။

Psalms 007

ယေဘုယျ အချက်အလက်
ဗိမာန်တော်ပျက်စီးမှုကို အာဟတ် ဆက်လက်၍ဖော်ပြသည်။

...ကုန်အံ့ဟုဆို၍
အခြားသောဘာသာပြန်ဆိုချက်။ ။သူတို့သည် အချင်းချင်းပြောကြ၊ စဉ်းစားကြသည်။

Psalms 009

ယေဘုယျ အချက်အလက်
အာဟတ် သည်သူမြင်သော ဗိမာန်တော်ပျက်စီးမှုကို ဆက်လက်၍ဖော်ပြသည်။

အကျွန်ုပ်တို့သည် ကိုယ်လက္ခဏာသက်သေများ ကို မမြင်ရပါ
၁) အကျွန်ုပ်တို့သည် မည်သည့်နိမိတ်လက္ခဏာမှ ဘုရားသခင်ထံမှ မမြင်ရတော့ပါ၊ ၂) ငါတို့၏အထွဋ်အမြတ်ထားရာအားလုံး မရှိတော့၊ ၃) စစ်တပ်အရပြောရလျှင် ငါတို့တပ်သည် လုံးလုံးဖျက်ဆီးခံရသည်။

အို ဘုရားသခင်၊ ရန်သူသည် အဘယ်မျှကာလ ပတ်လုံး ကဲ့ရဲ့ပါလိမ့်မည်နည်း
အခြားသောဘာသာပြန်ဆိုချက်။ ။ဘုရားသခင်၊ ရန်သူများတို့သည် ကိုယ်တော်ကို ကြာမြင့်စွာကဲ့ရဲ့ကြပါပြီ။

ရန်ဘက်ပြုသောသူသည် နာမတော်ကို အစဉ်မထီမဲ့မြင်ပြုရပါမည်လော
အခြားသောဘာသာပြန်ဆိုချက်။ ။ကိုယ်တော်သည် နာမတော်ကို မထီမဲ့မြင်ပြုသောသူများအား ရပ်တန့်စေမည့်ပုံမရှိပါ။

နာမတော်ကို အစဉ်မထီမဲ့မြင်ပြု
'နာမတော်သည် ဘုရားသခင်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ကိုယ်တော်သည် ဆိုးသည်ဟုဆိုကြသည်၊ သို့မဟုတ် ကိုယ်တော်ကိုစော်ကားကြသည်။

လက်ျာလက်တော်ကို အဘယ်ကြောင့် ရုပ်သိမ်း တော်မူသနည်း
ဘုရားသခင်တွင် ခန္ဓာကိုယ်ရှိသကဲ့သို့ စာရေးဆရာဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ကိုယ်တော်၏လက်၊ ညာလက်ကို ရုပ်သိမ်းတော်မမူပါနှင့်။

လက်တော်ကို အဘယ်ကြောင့် ရုပ်သိမ်း တော်မူ
'လက်' 'တန်ခိုး' ကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ကိုယ်တော်၏တန်ခိုးကို မပြ၊ သို့မဟုတ်ကိုယ်တော်၏ရန်သူများကို ဖျက်ဆီးဖို့ရန် တန်ခိုးတော်ကို မသုံး။

လက်ျာလက်တော်
အားအကြီးဆုံးလက်။

ရင်ခွင်တော်ထဲကထုတ်၍
ဘုရားသခင်တွင် ခန္ဓာကိုယ်ရှိသကဲ့သို့ စာရေးဆရာဆိုသည်။ တန်ခိုးတော်ဖုံးကွယ်ခြင်းကို ရပ်တန့်၍ အမှုပြုတော်မူပါ။

Psalms 012

ယေဘုယျ အချက်အလက်
ခေါင်းစဉ်အသစ်ကိုအစပြုသည်။ အာဟတ်သည် သူ့လူများ၏သမိုင်းတွင် ဘုရားသခင်ပြုခဲ့သော ကြီးမားသောအမှုများကို ပြောပြသည်။

အကယ်စင်စစ် ဘုရားသခင်သည် ရှေးကာလမှ စ၍၊ ... ငါတို့၏ ရှင်ဘုရင်ဖြစ်တော်မူ၏
ဖြစ်နိုင်သောအဓိပ္ပါယ်များမှာ ၁) အာဟတ်သည် ဣသရေလနိုင်ငံ၏ကိုယ်စားပြုတစ်ယောက်အား 'ငါတို့နိုင်ငံဖြစ်လာကတည်းက ဘုရားသခင်သည် ငါတို့၏ဘုရင်ဖြစ်တော်မူသည်' ဟု ပြောဆိုသည်၊ ၂) ငါတို့ရှင်ဘုရင် ဘုရားသခင်သည် ရှေးခေတ်ကပင် အသက်ရှင်သောဘုရားဖြစ်သည်။

ကယ်တင်တော်မူခြင်းကို မြေအလယ်၌ ပြုသော
လူများကို ကယ်တင်ခြင်း။

ကိုယ်တော်သည် တန်ခိုးတော်အားဖြင့် ပင်လယ် ကို ခွဲတော်မူပြီ
အာဟတ်သည် ဘုရားသခင်က ဣသရေလလူများကို အဲဂုတ္တုပြည်မှ ယူဆောင်စဉ်၊ ပင်လယ်ကို နှစ်ခြမ်းကွဲစေ၍ သူတို့ကို ခြောက်သွေ့သောမြေပေါ်တွင် သွားစေ၍ သူတို့နောက်လာသော ဖာရောဘုရင်၏လူများကို ရေတွင်နစ်စေသောအချိန်ကို ပြောနေခြင်းဖြစ်သည်။

ကိုယ်တော်သည် တန်ခိုးတော်အားဖြင့် ပင်လယ် ကို ခွဲတော်မူပြီ
ဘုရားသခင်တွင် ကိုယ်ခန္ဓာရှိသကဲ့သို့ အာဟတ် ပြောဆိုသည်။ ကိုယ်တော်သည် ပင်လယ်အလယ်မှာပင် မြေကိုခြောက်သွေ့စေနိုင်အောင် တန်ခိုးကြီးမားသည်။

ပင်လယ်
ကြီးမားသောရေ။

ရေထဲမှာ မိကျောင်းတို့၏ ဦးခေါင်းတို့ကို ချိုးတော်မူပြီ။
အာဟတ်က ဖာရောဘုရင်နှင့်သူ့လူများကို အကောင်းဆိုးဝါးကြီးများကဲ့သို့ ပြောဆိုခြင်းဖြစ်နိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ဖာရောဘုရင်၏တပ်ကို

သင်သတ်သည်မှာ ပင်လယ်ရှိကြီးမားဆုံးဝါးသောသတ္တဝါကြီးကို သတ်သကဲ့သို့ပင်ဖြစ်သည်။

Psalms 014

ယေဘုယျ အချက်အလက်
ဘုရားသခင်အရင်ကပြုလုပ်ခဲ့သောအရာများကို အာဟတ် ဆက်၍ပြောဆိုသည်။ သူသည် ဘုရားသခင်က ဣသရေလလူများကို အဲဂုတ္တုပြည်မှ ဆောင်ယူစဉ် ဖာရောဘုရင်၏တပ်များကို ရေတွင်နစ်မြုပ်စေသည့်အချိန်ကို ပြောခြင်းဖြစ်နိုင်သည်။

လဝိသန်
လဝိသန် သည်ရေသတ္တဝါကြီး ဖြစ်သည်။ ကြမ်းကြုတ်သော ရန်သူကို ပုံဆောင်သည်။

စမ်းရေနှင့်ချောင်းရေကို ပေါက်စေတော်မူပြီ။ ရေမပြတ်သော မြစ်တို့ကိုလည်း ခန်းခြောက်စေတော်မူပြီ
ကိုယ်တော်သည် စမ်းရေနှင့်ချောင်းရေများကို ခြောက်သွေ့သောမြေပြင်မှ စီးဆင်းစေသည်။

Psalms 016

ယေဘုယျ အချက်အလက်
အာဟတ် သည် ဘုရားသခင်၏ဖန်ဆင်းနိုင်ခြင်းကို ပြန်လည်ရေတွက်သည်။

မြေကြီး၏ အကန့်အကွက်ရှိသမျှတို့
မြေနှင့် ပင်လယ်နယ်နိမိတ်များ။

Psalms 018

ယေဘုယျ အချက်အလက်
အာဟတ်သည် ဘုရားသခင်ကူညီဖို့ရန်အတွက် တောင်းခံသည်။

ရန်သူတို့သည် ထာဝရဘုရားကိုကဲ့ရဲ့၍
ကဲ့ရဲ့သောစကားများသည် အရာဝတ္ထုများဖြစ်၍ ထာဝရဘုရားထံသို့ ပစ်ပေါက်နိုင်သောအရာများကဲ့သို့ အာဟတ် ပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ရန်သူတို့သည် ကိုယ်တောက်ကိုကဲ့ရဲ့ကြပြီ။

အောက် မေ့တော်မူပါ
'နားစွင့်တော်မူပါ' အခန် ၇၄:၁ ဘာသာပြန်ပုံကိုကြည့်ရန်။

ကိုယ်တော်၏ ချိုးငှက်အသက်
အာဟတ် သည် မိမိကိုယ်ကို မကာကွယ်နိုင်သော ချိုးငှက်အလား ကိုယ့်ကိုယ်ကို ပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ ကိုယ်တော်၏ချိုးငှက်ဖြစ်သော၊ အကျွန်ုပ်။ ဣသရေလလူများကို ဆိုလိုခြင်းဖြစ်နိုင်သည်။

ချိုးငှက်
မိမိကိုယ်ကို မကာကွယ်နိုင်သော၊ အိမ်မွေးအဖြစ် ထားလေ့ရှိသော ငှက်ငယ်။

သားရဲ
ဣသရေလလူများ၏ ရန်သူများကို ဆိုလိုသည် တင်စားမှုဖြစ်နိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ တောရိုင်းတိရစ္ဆာန်ကဲ့သို့၊ ကြမ်းကြုတ်သောရန်သူ။

ကိုယ်တော်၏ ဆင်းရဲသားတို့ အစည်းအဝေးကို အစဉ်မေ့လျော့တော်မမူပါနှင့်။
ဖိနှိပ်ခံသောသူတို့ကို မကူညီဘဲ ကြာမြင့်စွာနေတော်မမူပါနှင့်။ အခြားသောဘာသာပြန်ဆိုချက်။ ။ ကိုယ်တော်၏ဖိနှိပ်ခံရသောသူများကို ကူညီမစဖို့ အမြန်ဆုံးကြွလာတော်မူပါ။ .

Psalms 020

ယေဘုယျ အချက်အလက်
အာဟတ်သည် ဘုရားသခင်ထံဆက်လက်၍ ငိုကြွေးသည်။

မြေကြီးပေါ်မှာ မှောင်မိုက်သော အရပ်တို့သည် လုယူညှဉ်းဆဲခြင်းနေရာသက်သက် ဖြစ်ကြပါ၏
၎င်းနေရာများသည် ပုံးဖြစ်၍ မှောင်မိုက်မှုများကို ထည့်၍ရကဲ့သို့ အာဟတ်ပြောဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ မြေကြီးပေါ်တွင် ကြမ်းကြုတ်သောလူများသည် ဆိုးညစ်သောအမှုများကို မှောင်မိုက်သောအရပ်များတွင်ပြုလုပ်ကြသည်။

မြေကြီးပေါ်မှာ မှောင်မိုက်သော အရပ်တို့
'မှောင်မိုက်' သည် ဆိုးညစ်သောအရာများဖြစ်ပျက်ရာနေရာ သို့မဟုတ် ဣသရေလလူများ တိုင်းပြည်မှထွက်ခွာ၍ နေသောပြည်လည်းဖြစ်နိုင်သည်။

နှိပ်စက်ခြင်းကို ခံရသောသူတို့သည် စိတ်ပျက်၍ မသွားကြပါ စေနှင့်
မိုက်မဲသောလူများသည် ဖိနှိပ်ခံလူများကို နိုင်၍ အရှက်ကွဲစေခြင်းကို အခွင့်ပေးတော်မမူပါနှင့်။

နှိပ်စက်ခြင်းကို ခံရသောသူတို့
အာဏာရှိသောသူများက ရက်စက်စွာဆက်ဆံခံရသောလူများဖြစ်သည်။

ဆင်းရဲငတ်မွတ်သောသူတို့
'ဆင်းရဲ' နှင့် 'ငတ်မွတ်

Psalms 022

ကိုယ်အမှုကို စီရင်ဆုံးဖြတ်တော်မူပါ။
ကိုယ်တော်သည်ဖြောင့်မတ်တော်မူသည်ကို လူတိုင်းကို ပြတော်မူပါ။

အောက်မေ့တော်မူပါ
'နားစွင့်တော်မူပါ'။ မိုက်မဲသောသူတို့သည် သူ့ကိုကဲ့ရဲ့ကြသည်ကို ဘုရားသခင်မေ့လျော့တော်မမူ၊ သို့သော်လည်း ထိုအကြောင်းကို စဉ်းစားပုံမပေါ်။ အခန်း ၇၄:၁ ဘာသာပြန်ပုံကိုကြည့်ရန်။


generated on Tue Jul 2 12:50:28 2024

ကိုယ်တော်၏ရန်သူတို့ အသံ
'အသံ' သည် လူများပြောသော စကားလုံးများကို ဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။
ကိုယ်တော်၏ရန်သူများပြောသောအရာ။

ကိုယ်တော်ကို ပုန်ကန်သောသူတို့၏ ရုန်းရင်း ခတ်ခြင်းအသံသည်
အစဉ်မပြတ်တိုးတက်လျက်ရှိပါ၏။
ဘုရားသခင်ကို ပုန်ကန်သောသူတို့၏စကားများသည် လေ၊
ရေကဲ့သို့ တိရစ္ဆာန်များ၊
သက်မဲ့အရာဝတ္ထုများပြောသည့်အသံကဲ့သို့ဖြစ်ကြောင်း
ဆာလံဆရာဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်။ ။
ကိုယ်တော်ကို အစဉ်မပြတ်ကဲ့ရဲ့သောသူတို့၏ အသံများကို
နားစွင့်တော်မူပါ။

ကဲ့ရဲ့
ရဲရဲရင့်ရင့် ဆန့်ကျင်သည်။

---


generated on Tue Jul 2 12:50:28 2024

## Chapter 75

1 အိုဘုရားသခင်၊ အကျွန်ုပ်တို့သည် ကိုယ်တော် ကိုချီးမွမ်းကြပါ၏။ နာမတော်နီးကြောင်းကို အံ့ဘွယ် သော အမှုတော်တို့သည်
သက်သေခံကြသည်ဖြစ်၍၊ ကိုယ်တော်ကို ချီးမွမ်းကြပါ၏။ 2 ချိန်းချက်သော အချိန်ကာလနှင့် ငါတွေ့ကြုံ သောအခါ ဖြောင့်မတ်စွာ
တရားစီရင်မည်။ 3 မြေကြီးနှင့် မြေကြီးသားအပေါင်းတို့သည် လှုပ်ရှားခြင်းရှိသည် ဖြစ်၍၊ မြေကြီးတည်သော တိုင်တို့ကို
ငါထောက်ခံရ၏။ 4 မိုက်သော အကျင့်ကို မကျင့်ကြနှင့်ဟု မိုက် သော သူတို့အားငင်း၊ ဦးချိုကို မမြှောက်ကြနှင့်။ 5 သင်တို့၏ ဦးချိုကို
မချီးမြှောက်ကြနှင့်။ လည် ပင်းခိုင်မာလျက် မပြောကြနှင့်ဟု မတရားသောသူတို့ အားငင်း ငါပြောထား၏။ 6 အရှေ့၊ အနောက်၊
တောင်အရပ်တို့တွင် အဘယ်အရပ်မျှ ကျေးဇူးမပြုနိုင်။ 7 ဘုရားသခင်သည် စီရင်ပိုင်တော်မူ၏။တယောက် ကို နှိမ့်ချ၍၊ တယောက်ကို
ချီးမြှောက်တော် မူ၏။ 8 ထာဝရဘုရား၏လက်တော်၌ ဖလားရှိ၏။ နီသောစပျစ်ရည်ပါ၏။ ဆေးမျိုးနှင့်ရောလျက်ရှိ၏။
ထိုစပျစ်ရည်ကို လောင်းတော်မူ၏။ အနည်အဖတ်ကို လည်း မတရားသော မြေသားအပေါင်းတို့သည် ညှစ်၍ သောက်ရကြ၏။ 9
ငါမူကား အစဉ်မပြတ်ချီးမွမ်း၍၊ ယာကုပ်အမျိုး ၏ ဘုရားခင်ကို ထောမနာသီချင်းဆိုပါမည်။ 10 မတရားသောသူတို့၏
ဦးချိုအပေါင်းကို ငါချိုး မည်။ တရားသော သူ၏ဦးချိုတို့မူကား၊ ချီးမြှောက်ခြင်းသို့ ရောက်ရကြလိမ့်မည်။

---

Psalms 001

ယေဘုယျ အချက်အလက်
ပြိုင်တူနှိုင်းယှဉ်ချက်သည် ဟေဗြဲကျမ်းတွင်
ဖြစ်နေကျအရာဖြစ်သည်။

ယေဘုယျ အချက်အလက်
အခန်း ၇၅:၁ တွင် ဘုရားသခင်၏လူများစကားပြော၍ အခန်း
၇၅:၂-၃ တွင် ဘုရားသခင် စကားပြောသည်။

အပေါင်းတို့
ငင်းအထဲတွင် နေထိုင်သောလူများအားလုံး။

မြေကြီးတည်သော တိုင်တို့ကို ငါထောက်ခံရ၏
မြေကြီးကို ပျက်စီးခြင်းမှ ကာကွယ်ပါ၊
အခြားသောဘာသာပြန်ဆိုချက်။ ။ငါ၏လူများကို လုံခြုံစေပါ။

Psalms 004

ငါပြောထား၏
ဖြစ်နိုင်သောအဓိပ္ပါယ်များမှာ ၁)
ဘုရားသခင်သည်စကားပြောတော်မူ၏၊ သို့မဟုတ် ၂)
အာဟတ်သည် စကားပြောသည်။

မိုက်သော အကျင့်ကို မကျင့်ကြနှင့်ဟု မိုက် သော သူတို့အားငင်း၊ ဦးချိုကို မမြှောက်ကြနှင့်။ သင်တို့၏ ဦးချိုကို မချီးမြှောက်ကြနှင့်။ လည် ပင်းခိုင်မာလျက် မပြောကြနှင့်
ဤစကားပြောသောသူသည် မိုက်မဲသောလူများအားလုံးကို
ပြောဆိုသည်။

မိုက် သော သူတို့အား
မိုက်သောသူတို့ကို ငါပြော၏။

ဦးချိုကို မမြှောက်ကြနှင့်
မိုက်မဲသောသူများသည် တိရစ္ဆာန်များကဲ့သို့ ချိုပါ၍၊
အခြားတိရစ္ဆာန်များကို ခြောက်လှန့်ဖို့
လည်များကိုအမြင့်သို့ထောင်သကဲ့သို့ အာဟတ် ပြောဆိုသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။စိတ်မမြင့်နှင့်၊ သို့မဟုတ်
မည်မျှခွန်အားကြီးသည်ကို မကြွားဝါနှင့်။

သင်တို့၏ ဦးချိုကို မမြှောက်ကြနှင့်
မိုက်မဲသောသူများသည် တိရစ္ဆာန်များဖြစ်ကဲ့သို့ ချိုပါ၍၊
အခြားတိရစ္ဆာန်များကို ခြောက်လှန့်ဖို့
လည်များကိုအမြင့်သို့ထောင်သကဲ့သို့ အာဟတ် ပြောဆိုသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။သင်တို့သည်
ဘုရားသခင်ထက်ကြီးမြတ်သည် ဟုလုံးဝမဝါကြွားမိစေနှင့်။

လည်ပင်းခိုင်မာလျက်
မိုက်မဲသောသူများသည် တိရစ္ဆာန်များဖြစ်ကဲ့သို့ ချိုပါ၍၊
အခြားတိရစ္ဆာန်များကို ခြောက်လှန့်ဖို့
လည်များကိုအမြင့်သို့ထောင်သကဲ့သို့ အာဟတ် ပြောဆိုသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။စိတ်မြင့်စွာ။

အရှေ့၊ အနောက်၊ တောင်အရပ်တို့တွင် အဘယ်အရပ်မျှ ကျေးဇူးမပြုနိုင်။
ကျေးဇူးပြုသောသူသည် အမှန်တကယ်တစ်စုံတစ်ခုကို
မြှောက်ပင့်သကဲ့သို့ အာဟတ်ပြောဆိုသည်။ ဘုရားသခင်သည်
တစ်စုံတစ်ယောက်အား ခွန်အားနှင့် ချီးမြှောက်ခြင်းကိုပေးရာတွင်
ထိုပုဂ္ဂိုလ်ကိုအပေါ်သို့မြှောက်ပင့်သကဲ့သို့ အာဟတ် ပြောသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။
သင့်ကိုချီးမြှောက်သောသူသည် အရှေ့ပြည်မှမလာ၊ သို့မဟုတ်
သင့်ကိုခွန်အားရှိစေမည့်သူ၊
လူများသည်သင့်ကိုချီးမြှောက်စေမည့်သူသည်
အရှေ့ပြည်မှလာသောသူမဟုတ်။


generated on Tue Jul 2 12:50:28 2024

Psalms 007

ယေဘုယျ အချက်အလက်
အာဟတ် သည်ဘုရားသခင်အကြောင်းကိုပြောဆိုသည်။

တစ်ယောက်ကို နှိမ့်ချ၍၊ တယောက်ကို ချီးမြှောက်တော် မူ၏
'သူသည် အချို့ကိုနှိမ့်ချတော်မူ၍ အခြားသူတို့ကို ချီးမြှောက်တော်မူသည်။ 'နှိမ့်ချ' နှင့် 'ချီးမြှောက်' ကို ဘုရားသခင်သည် လူများအား ခွန်အားကြီးစေခြင်းနှင့် ခွန်အားရုတ်သိမ်းခြင်းကို တင်စားခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်။ ။သူသည် လူတစ်ယောက်ကို တစ်ယောက်သောသူနေရာတွင် ဘုရင်ဖြစ်စေသည်၊သို့မဟုတ် သူသည် လူတစ်ယောက်၏အာဏာကို နှုတ်ယူ၍ အခြားတစ်ယောက်ကိုပေးတော်မူသည်။

နီသောစပျစ်ရည်ပါ၏။ ဆေးမျိုးနှင့်ရောလျက်ရှိ၏။
ထာဝရဘုရားသည် လူများကို ပြစ်ဒဏ်ပေးသောအခါ သူတို့သည် ပြင်းသောဝိုင်ကိုသောက်၍ မူးပြီးဖျားနာသောသူများကဲ့သို့ ဖြစ်ကြသည်။

နီသောစပျစ်ရည်
လူများကိုယဇ်မူးစေနိုင်သည့် ဝိုင်၏ဂုဏ်သတ္တိကိုတင်စားခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်။ ။ပြင်းသောဝိုင်။

ဆေးမျိုး
အရွက်ခြောက်များ သို့မဟုတ် မြေထဲရှိအစေ့များ။

ထိုစပျစ်ရည်ကို လောင်းတော်မူ၏
လူများသောက်နိုင်ဖို့ရန် ပုံးအကြီးမှ ခွက်ကလေးများထဲသို့လောင်းထည့်သည်။

အနည်အဖတ်ကို လည်း မတရားသော မြေသားအပေါင်းတို့သည် ညှစ်၍ သောက်ရကြ၏
တစ်စက်မကျန်သောက်သည်။

Psalms 009

...လိမ့်မည်။
ဘုရားသခင်ပြောသောစကားများဖြစ်သည်။

ဦးချိုအပေါင်းကို ငါချိုး မည်
တိရစ္ဆာန်ဦးချိုများသည် လူတစ်ယောက်၏တန်ခိုးကို တင်စားသည့်စကားလုံးဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်။ ။...ထဲမှ တန်ခိုးများကိုနှုတ်ယူပါ။

တရားသော သူ၏ဦးချိုတို့မူကား၊ ချီးမြှောက်ခြင်းသို့ ရောက်ရကြလိမ့်မည်
တိရစ္ဆာန်ဦးချိုများသည် လူတစ်ယောက်၏တန်ခိုးကို တင်စားသည့်စကားလုံးဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်။ ။တရားသောသူတို့၏ ဦးချိုကို ငါချီးမြှောက်မည်၊ သို့မဟုတ် ငါသည် တရားသောသူများကို တန်ခိုးကြီးစေမည်။

## Chapter 76

[1] ယုဒပြည်မှာ ဘုရားသခင်ကို သိကြ၏။ ဣသရေလ တိုင်းမှာ နာမတော်သည် ကြီးမြတ်လေ၏။ [2] ယေရုရှလင်မြို့မှာ တဲတော်ရှိ၏။
ဇိအုန်တောင် မှာ ကျိန်ဝပ်လျက် နေတော်မူ၏။ [3] ထိုအရပ်၌ လေးမြှား၊ ဒိုင်းလွှား၊ ထားလက်နက်၊ စစ်အင်္ဂါတို့ကို ချိုးဖျက်တော်မူပြီ။ [4]
သင်သည် သားရဲနေသော တောင်တို့ထက်ဘုန်းသာ၍ ကြီးမြတ်ပေ၏။ [5] ရဲရင့်သော သူတို့သည် လုယူခြင်း ကို ခံရ၍ အိပ်ပျော်ကြပြီ။
အားကြီးသော သူတစုံ တယောက်မျှ မိမိလက်ကို မတွေ့ရ။ [6] ယာကုပ်အမျိုး၏ ဘုရားခင်၊ ကိုယ်တော်ဆုံးမ တော်မူသောအားဖြင့်၊
ရထားစီးသောသူနှင့် မြင်းစီးသော သူတို့သည် ကြီးစွာသော အိပ်ခြင်းဖြင့် အိပ်ပျော်ကြပါ၏။ [7] ကိုယ်တော်တပါးတည်းသာလျှင်
ကြောက်ရွံ့ ဘွယ်ဖြစ်တော်မူ၏။ အမျက်ထွက်တော်မူသောအခါ၊ ရှေ့တော်၌ အဘယ်သူရပ်နေနိုင်ပါမည်နည်း။ [8] ဘုရားသခင်သည်
နှိမ့်ချလျက်ရှိသော မြေကြီးသား အပေါင်းတို့ကို ကယ်တင်၍၊ [9] တရားဆုံးဖြတ်ခြင်းငှါ ထတော်မူသောအခါ၊ တရားဆုံးဖြတ်သံကို
ကောင်းကင်ထဲက လွှတ်တော်မူ သဖြင့်၊ မြေကြီးသည် ကြောက်၍ တိတ်ဆိတ်စွာနေပါ၏။ [10] အကယ်စင်စစ်လူတို့၏ ဒေါသသည်
ကိုယ်တော် ကို ချီးမွမ်းလိမ့်မည်။ ကြွင်းသောဒေါသကိုလည်း ခါးပန်း စည်းတော်မူမည်။ [11] သစ္စာဂတိပြုကြလော့။ သင်တို့၏ဘုရားခင်
ထာဝရဘုရားအား သစ္စာဝတ်ကိုလည်း ဖြေကြလော့။ ကိုယ်တော်၏ ပတ်လည်၌နေသော သူအပေါင်းတို့သည် ကြောက်ရွံ့
ရိုသေဘွယ်သော ဘုရားထံတော်သို့ လက်ဆောင်ကို ဆောင်ခဲ့ကြစေ။ [12] ထိုဘုရားသည် မင်းသားတို့၏ စိတ်ကို နှိမ့်ချ တော်မူ၏။
လောကီရှင်ဘုရင်တို့၌ ကြောက်ရွံ့ဘွယ် ဖြစ်တော်မူ၏။

---

---

Psalms 001

ယေဘုယျ အချက်အလက်
အလားတူ အချက်များကို ဟေဗြဲကဗျာများ၌ တွေ့ရတတ်သည်။

သီချင်းဦးဆောင်သူအတွက်
N/A

ယုဒပြည်မှာ ဘုရားသခင်ကို သိကြ၏
"ယုဒပြည်သူပြည်သားများအား ဘုရားသခင် အကြောင်းကို သိစေမည်" သို့မဟုတ် "ယုဒပြည်တလွှား ကျော်ကြားစေမည်"

ဣသရေလ တိုင်းမှာ နာမတော်သည် ကြီးမြတ်လေ၏
ပြန်ဆို၊ "ဣသရေလ လူမျိုးတို့သည် သူ၏ ကောင်းမြတ်ခြင်းနှင့် တန်ခိုးကြီးခြင်းကို သိမှတ်ကြလိမ့်မည်"

ကျိန်းဝပ်လျက် နေတော်မူ၏
"မိမိနေထိုင်ရန် ရွေးချယ်ထားသော အရပ်"

ကြိုးတပ်တူရိယာ
လူမျိုးတိုင်း ထိုဆာလံသီချင်းကို ကြိုးတပ်တူရိယာအသုံးပြု၍တီးခတ်သင့်သည်။

ထိုအရပ်၌ လေးမြှား၊ ဒိုင်းလွှား၊ ထားလက်နက်၊ စစ်အင်္ဂါတို့ကို ချိုးဖျက်တော်မူပြီ
ဤစကားစုက ဘုရားသခင်သည် သူ၏ လူမျိုးတော်တို့အား ရန်သူများ၏ ခြိမ်းခြောက်မှုဘေးမှ ကင်းလျက် လုံခြုံစွာ နေရမည့် အဖြစ်ကို ရည်ညွှန်းဆိုလိုခြင်း ဖြစ်သည်။ (ရှု၊

Psalms 004

ယေဘုယျအချက်အလက်
ဆာလံဆရာ အာဟပ်သည် ဘုရားသခင်ကို စစ်သူကြီးအလား ခိုင်းနှိုင်းထားပြီး စစ်ပွဲကို အောင်ခြင်းနှင့်အတူ ပြန်လာကာ တောင်များကို ဖြတ်ကျော်လျက် ရောက်လာသည် ဟု ဆိုထားသည်။

တောင်တို့ထက်ဘုန်းသာ၍ ကြီးမြတ်ပေ၏
ထာဝရဘုရား၏ တန်ခိုးတော်သည် ထာဝရဘုရား၏ တောက်ပခြင်းကို ပုံဆောင်သည်။

ဘုန်းသာ၍ ကြီးမြတ်
အခြားသောဘာသာပြန်ဆိုချက်၊ "ကိုယ်တော်သည် အဘယ်မျှလောက် ကြီးမြတ်ခြင်းကို ဖော်ကျူးခဲ့ပြီ"

ရဲရင့်သော သူတို့သည် လုယူခြင်း ကို ခံရ၍
အခြားသောဘာသာပြန်ဆိုချက်၊ "တပ်မတော်သည် ရဲရင့်သော ရန်သူများကို အသေသတ်၍ ပိုင်ဆိုင်သမျှကို ဆောင်ယူခဲ့ပြီ"

အိပ်ပျော်ကြပြီ
အခြားသောဘာသာပြန်ဆိုချက်၊ "သေပြီ" သို့မဟုတ် "သေသကဲ့သို့ အိပ်ကြသည်"

Psalms 006

ကိုယ်တော်ဆုံးမ တော်မူသောအားဖြင့်
ဆုံးမဟူသော စကားသည် အမျက်ထွက်ခြင်း သို့မဟုတ် ပြစ်တင်ခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကိုယ်တော်သည် ဆုံးမသော အခါ"

အိပ်ပျော်ကြပါ၏
"သေသည်" သို့မဟုတ် "သေသကဲ့သို့အိပ်ကြသည်"

 generated on Tue Jul 2 12:50:28 2024

ရှေ့တော်၌ အဘယ်သူရပ်နေနိုင်ပါမည်နည်း
အခြားသောဘာသာပြန်ဆိုချက်၊ "ကိုယ်တော်၏ အမျက်တော်ကို အဘယ်သူ ခံရပ်နိုင်မည်နည်း" သို့မဟုတ် "ကိုယ်တော် အမျက်တော် ထွက်သည့်အခါ လူများ သေကြေပျက်စီးနိုင်သည်"

Psalms 008

တရားစီရင်ဆုံးဖြတ်ခြင်း ... လွှတ်တော်မူသဖြင့်
"ကိုယ်တော်သည် တရားစီရင်ဆုံးဖြတ်ခဲ့ပြီ" သို့မဟုတ် "မတရားသော သူတို့အား အပြစ်ပေးမည်အကြောင်း မိန့်ဆိုခဲ့ပြီ"

မြေကြီးသည်
ဤစကားလုံးသည် လူသားအားလုံးကို ဆိုလိုသည်။ ပြန်ဆို၊ "မြေကြီးသား အပေါင်းတို့သည်"

တရားစီရင်ဆုံးဖြတ်သံကို
"တရားစီရင်ဆုံးဖြတ်နေသည်" သို့မဟုတ် "မတရားသော သူတို့အား အပြစ်ပေးသည်"

Psalms 010

အကယ်စင်စစ်
ဤစကားလုံးသည် ဆက်၍ဖြစ်လာမည့် အရာများသည် ဧကန်ဖြစ်လာမည်ဟု ဆိုလိုသည်။

လူတို့၏ ဒေါသသည် ကိုယ်တော် ကို ချီးမွမ်းလိမ့်မည်
ဖြစ်နိုင်ချေ အဓိပ္ပါယ်မှာ (၁) "ကိုယ်တော်သည် မတရားသောသူများအပေါ် စိတ်ဆိုးလျက် တရားသဖြင့် စီရင်ခြင်းကို လူများ သိ၍ ချီးမွမ်းလိမ့်မည်" သို့မဟုတ် (၂) "ကိုယ်တော်ကို စိတ်ဆိုးစေသော လူတို့သည် လူအများတို့အား ကိုယ်တော့်ကို ချီးမွမ်းရာ ဖြစ်စေလိမ့်မည်။"

ကြွင်းသောဒေါသကိုလည်း ခါးပန်း စည်းတော်မူမည်
ထာဝရဘုရား၏ အမျက်တော်သည် သူ၏ ခါးစည်းကဲ့သို့ ဖြစ်ကြောင်း ညွှန်းဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကိုယ်တော်သည် ကြွင်းသေးသော အမျက်တော်ကို ခါးစည်းကဲ့သို့ စည်းတော်မူပြီ"

Psalms 011

ကြောက်ရွံ့ ရိုသေဘွယ်သော ဘုရား
"ထာဝရဘုရားသည် ကြောက်ရွံ့ရိုသေအပ်သော ဘုရား"

မင်းသားတို့၏ စိတ်ကို နှိမ့်ချ တော်မူ
ဤစကားစုသည် မင်းတို့၏ ဝိညာဉ်ကို ဖြတ်တောက်တော်မူသည်ဟု ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မင်းသားတို့ကို နှိမ့်ချစေမူသည်"

လောကီရှင်ဘုရင်တို့၌ ကြောက်ရွံ့ဘွယ် ဖြစ်တော်မူ၏
ကတ္တားဝါကျပုံစံဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရင်အပေါင်းတို့သည် ကြောက်ရွံ့ကြပြီ"

## Chapter 77

1 ငါသည် ဘုရားသခင့်ထံသို့ အသံကို လွှင့်၍ အော် ဟစ်၏။ ဘုရားသခင့်ထံသို့ အသံကိုလွှင့်၍ ဘုရားသခင်သည် ငါ့စကားကို
နားထောင်တော်မူလိမ့်မည်။ 2 ဘေးရောက်သည်ကာလ၌ ငါသည် ထာဝရ ဘုရားကို ရှာရ၏။ ညဉ့်အချိန်၌ ပင်လက်ကို ဆန့်လျက်
နေရ၏။ ငါ့ဝိညာဉ်သည် သက်သာခြင်းကို ငြင်းပယ်၏။ 3 ဘုရားသခင်ကို အောက်မေ့၍ စိတ်ပူပန်ခြင်းရှိ၏။ ဆင်ခြင်၍
စိတ်ပျက်ခြင်းသို့ ရောက်တတ်၏။ 4 မျက်စိမှိတ်၍ မပျော်နိုင်။ လှုပ်ရှားခြင်းရှိသော ကြောင့် နှုတ်မမြွက်နိုင်။ 5 လွန်လေပြီးသော
နေ့ရက်ကိုဎင်း၊ ရှေးကာလ ကိုဎင်း အောက်မေ့၏။ 6 ညဉ့်အခါ၌လည်း ငါသည် ကိုယ်သီချင်းကို ဆင်ခြင်၍၊ ကိုယ်စိတ် နှလုံးနှင့်
ဆွေးနွေးသဖြင့်၊ ငါ့ဝိညာဉ် သည် စစ်ဆေးခြင်းကို ပြု၏။ 7 ထာဝရဘုရားသည် အစဉ်စွန့်ပစ်တော်မူမည် လော။ နောက်တဖန်
ကျေးဇူးအလျှင်းမပြုဘဲ နေတော် မူမည်လော။ 8 ကရုဏာတော်သည် အစဉ်ကုန်ပြီလော။ ဂတိ တော်လည်း
ကာလအစဉ်အဆက်ပျက်လိမ့်မည်လော။ 9 ဘုရားခင်သည် သနားခြင်းငှါ မေ့လျော့တော်မူ သလော။ အမျက်ထွက်သဖြင့်
စုံစမ်းခြင်းကရုဏာတော် ကို ချုပ်တည်းတော်မူသလော။ 10 ထိုသို့ဆိုသော် ငါသည် ကိုယ်မိုက်ကြောင်းကို ဝန်ခံရ၏။ ဤအမှုကား၊
အမြင့်ဆုံးသော ဘုရား၏ လက်ျာလက်တော်နှင့် ပြုပြင်တော်မူခြင်းပေတည်း။ 11 ထာဝရဘုရား၏ အမှုတော်တို့ကို အောက်မေ့
ပါမည်။ ရှေးကာလ၌ ကိုယ်တော်ပြုဘူးသော အံ့ဩဘွယ် တို့ကို အောက်မေ့ပါမည်။ 12 ပြုတော်မူသမျှတို့ကို ဆင်ခြင်၍စီရင်တော်မူ
သော အရာတို့ကို မြွက်ဆိုပါမည်။ 13 အိုဘုရားသခင်၊ ကိုယ်တော်၏ လမ်းသည် သန့်ရှင်းခြင်းနှင့်ယှဉ်ပါ၏။ ဘုရားသခင်ကဲ့သို့
အဘယ်မည်သော ဘုရားသည် ကြီးမြတ်သနည်း။ 14 ကိုယ်တော်သည် အံ့ဘွယ်သော အမှုတို့ကို ပြုတတ်သော ဘုရားဖြစ်တော်မူ၏။
လူမျိုးတို့တွင် တန်ခိုးတော်ကို ပြတော်မူပြီ။ 15 ကိုယ်တော်၏ လူတည်းဟူသော ယာကုပ်နှင့် ယောသပ်၏အမျိုးကို လက်ရုံးတော်နှင့်
ကယ်နှုတ်တော် မူပြီ။ 16 အို ဘုရားသခင်၊ ရေတို့သည် ကိုယ်တော်ကို မြင်ကြပါ၏။ ရေတို့သည် ကိုယ်တော်ကို မြင်၍ ကြောက်
ရွံ့ကြပါ၏။ ရေနက်နဲရာအရပ်တို့လည်း လှုပ်ရှားကြပါ၏။ 17 မိုဃ်းတိမ်တို့သည် ရေကို သွန်းလောင်း၍၊ မိုဃ်း ကောင်းကင်တို့လည်း
အသံဗလံပြုကြပါ၏။ ကိုယ်တော်၏ မြှားတို့သည် အရပ်ရပ်သို့ ရောက်ကြပါ၏။ 18 ကိုယ်တော်၏ မိုဃ်းကြိုးသံသည် လေဘွေ၌ပါ၍၊
လျှပ်စစ်ပြက်သဖြင့်၊ လောကကို လင်းစေပါ၏။ မြေကြီး သည်လည်း တုန်လှုပ်ပါ၏။ 19 ကိုယ်တော်သည် သမုဒ္ဒရာ၌ ကြွတော်မူ၍၊
လမ်းခရီးတော်သည် ကျယ်ဝန်းသော ရေတွင်ရှိသဖြင့်၊ ခြေတော်ရာတို့သည် မထင်ရှားကြပါ။ 20 မောရှေနှင့် အာရုန်တို့လက်ဖြင့်
ကိုယ်တော်၏ လူများတို့ကို သိုးစုကဲ့သို့ ပို့ဆောင်တော်မူ၏။

---

Psalms 001

ယေဘုယျအချက်အလက်
ပြိုင်တူသံပြိုင်များကို ပေမြဲကျမ်းများတွင် တွေ့ရတတ်သည်

Psalms 002

လက်ကို ဆန့်လျက်
"လက်ကို ဆန့်လျက် ငါဆုတောင်း၏"

ငါ့ဝိညာဉ်သည် သက်သာခြင်းကို ငြင်းပယ်၏
ကတ္တားဝါကျပုံစံဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "တစ်စုံတစ်ယောက်ကို ငါ့အား ဖျောင်းဖျရန် ငါငြင်းဆိုပြီ"

ဘုရားသခင်ကို အောက်မေ့၍ စိတ်ပူပန်ခြင်းရှိ၏။ ဆင်ခြင်၍ စိတ်ပျက်ခြင်းသို့ ရောက်တတ်၏
ဤစာကြောင်းနှစ်ခုသည် အနက်အဓိပ္ပါယ်ချင်းတူသည်။

စိတ်ပျက်ခြင်းသို့ ရောက်တတ်၏
"ငါ့ဝိညာဉ် ညိုးနွမ်း၏" သို့မဟုတ် "ငါ့ဝိညာဉ် စိတ်ပျက် ညိုးရော်နေ၏"

Psalms 004

ယေဘုယျအချက်အလက်
ဘုရားသခင်၏ အကြောင်းကို ဆင်ခြင်ပြီးလျှင် အာဆပ်သည် ဘုရားသခင်အား စကားပြောဆို၍၊ သူ့အကြောင်းကို ပြောဆိုနေသည်။

မျက်စိမှိတ်၍ မပျော်နိုင်
"ငါသည် ဘုရားသခင်အား 'ကိုယ်တော်သည် ငါ့မျက်စိများကို ထိန်းချုပ်ပေးသည်"

မျက်စိမှိတ်၍ မပျော်နိုင်
အခြားသောဘာသာပြန်ဆိုချက်၊ "အိပ်၍ မပျော်နိုင်အောင်" (ရှု၊

လွန်လေပြီးသော နေ့ရက်
အခြားသောဘာသာပြန်ဆိုချက်၊ "ရှေးလွန်လေပြီးသော အချိန်ကာလတွင် ဖြစ်ပျက်ခဲ့သည့်အရာများ"

Psalms 006

ဆင်ခြင်၍
သတိရခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါပြန်၍ သတိပြုမိ၏"


generated on Tue Jul 2 12:50:28 2024

ဖြစ်ပျက်ခဲ့သော
N/A

ထာဝရဘုရားသည် အစဉ်စွန့်ပစ်တော်မူမည် လော။ နောက်တဖန်
ကျေးဇူးအလျှင်းမပြုဘဲ နေတော် မူမည်လော။
ဤစကားစု နှစ်ခုလုံးတွင် ထာဝရဘုရား၏ ငြင်းဆိုခြင်းကို
တွေ့ရသည်။

ကျေးဇူးပြု
"ငါ့အပေါ်တွင် ကျေနပ်နေကြောင်း ပြသ၍ အမှုပြုသည်"

Psalms 008

ယေဘုယျအချက်အလက်
အာဆပ်သည် မေးခွန်းများ၏ အဖြေကို အတိအကျမသိပေ။
ယေဘုယျ မေးခွန်းများသာ ဖြစ်၍ ဤအတိုင်းသာ
ပြန်ဆိုအပ်ပေသည်။

ဂတိတော်လည်း ကာလအစဉ်အဆက်ပျက်
ထာဝရဘုရား၏ ဂတိ တော် အစဉ်အဆက်မပြတ်ခြင်းသည်
ဒါဝိဒ်မင်း၏ စိတ်ချမှုတစ်ခုဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊"အစဉ်အမြဲတည်သော
မေတ္တာတော်"

အမျက်ထွက်သဖြင့် စုံစမ်းခြင်းကရုဏာတော် ကို ချုပ်တည်းတော်မူသလော
အာဆပ်သည် အမျက်တော်သည် လူတစ်ယောက်အလား
တံခါးများကို ပိတ်လျက်၊ ထိန်းချုပ်ထားသည့် အသွင်
ဖော်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊
"ဘုရားသခင်သည် အမျက်တော်ထွက်သဖြင့် ဂရုဏာတော်ကို
ပိတ်ပင်ခဲ့သနည်း"

Psalms 010

ငါဝန်ခံသည်
ဖြစ်နိုင်ခြေ အနက်များမှာ (၁) ဆာလံဆရာသည် မိမိကိုယ်မိမိ
ပြောဆိုခြင်း သို့မဟုတ် (၂) ဆာလံဆရာသည် ထာဝရဘုရား အား
ပြောဆိုခြင်း ဖြစ်သည်။

အမြင့်ဆုံးသော ဘုရား၏ လက်ျာလက်တော်နှင့် ပြုပြင်တော်မူခြင်းပေတည်း
"လက်ျာလက်တော်" သည် ဘုန်းတန်ခိုး၊ အာဏာ၊ အစွမ်းကို
ရည်ညွှန်းလိုခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊
"အမြင့်ဆုံးသော ဘုရားသည် ငါတို့ကို ကယ်တင်ရန်
တန်ခိုးတော်ကို အသုံးမပြုတော့ချေ"

Psalms 011

ယေဘုယျအချက်အလက်
စာရေးသူသည် ထာဝရဘုရားအား ဦးစွာ စကားပြောဆိုသည်။

အောက်မေ့
"သတိရ"

ရှေးကာလ၌ ကိုယ်တော်ပြုဘူးသော အံ့သြဘွယ်
"ကြာမြင့်ပြီဖြစ်သော အချိန်တွင် ကိုယ်တော်ပြုသော
အံ့သြဘွယ်အမှုများ"

ပြုတော်မူသမျှတို့ကို ဆင်ခြင်၍စီရင်တော်မူ သော အရာတို့ကို မြွက်ဆိုပါမည်
ဤအကြောင်းအရာ နှစ်ခုတွင် ထာဝရဘုရား ပြုသောအမှုအပေါ်
ဆင်ခြင်နေခြင်း ဖြစ်သည်။

ဆင်ခြင်၍
"နက်နဲစွာ တွေးတောခြင်း"

မြွက်ဆို
"အဓိပ္ပါယ်သက်ရောက်မှုကို ဆင်ခြင်ခြင်း"

Psalms 013

ယေဘုယျအချက်အလက်
စာရေးဆရာသည် ထာဝရဘုရား အား
ဆက်လက်စကားပြောနေသည်။

ဘုရားသခင်ကဲ့သို့ အဘယ်မည်သော ဘုရားသည် ကြီးမြတ်သနည်း။
အခြားသောဘာသာပြန်ဆိုချက်၊ "ကိုယ်တော်ကို တုနှိုင်းဖို့ရန်
အခြားဘုရား မရှိပေ"

လူမျိုးတို့တွင် တန်ခိုးတော်ကို ပြတော်မူပြီ
"ကိုယ်တော်သည် အဘယ်မျှ တန်ခိုးကြီးကြောင်းကို
လူမျိုးတကာတို့အား ပြခဲ့ပြီ

ကိုယ်တော်၏ လူတည်းဟူသော ယာကုပ်နှင့် ယောသပ်၏အမျိုးကို
လက်ရုံးတော်နှင့် ကယ်နှုတ်တော် မူပြီ
"ကိုယ်တော်၏ လူမျိုးစုများအား အောင်မြင်ရသော အခွင့်ကို
ပေးပါ"

ယာကုပ်နှင့် ယောသပ်၏အမျိုး
ဣသရေလ လူမျိုးတစ်ခုလုံးကို ဆိုလိုခြင်း ဖြစ်သည်။

Psalms 016

ရေတို့သည် ကိုယ်တော်ကို မြင်၍ ကြောက် ရွံ့ကြပါ၏။
ရေနက်နဲရာအရပ်တို့လည်း လှုပ်ရှားကြပါ၏
အာဆပ်သည် ရေကို လူသတ္တဝါအလား ခိုင်းနှိုင်းရေးသား
ခြင်းဖြစ်သည်။

ရေနက်နဲရာအရပ်
"အနက်ဆုံးသော ရေ"

မိုဃ်းတိမ်တို့သည် ရေကို သွန်းလောင်း၍
အာဆပ်သည် မိုးပေါ်ရှိ ရေကန်ကြီးတစ်ခုမှ
ရေလောင်းချသည့်အလား ပြောဆိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊"ရေများကျလျက်" သို့မဟုတ်
"မိုးသည်းထန်စွာ ရွာသဖြင့်"


generated on Tue Jul 2 12:50:28 2024

ကိုယ်တော်၏ မြှားတို့သည် အရပ်ရပ်သို့ ရောက်ကြပါ၏
မိုးကြိုးပစ်သည်ကို ဘုရားသခင်၏ မြှားအလား
ခိုင်းနှိုင်းဖော်ပြခြင်း ဖြစ်သည်။

Psalms 018

မိုးဃ်းကြိုးသံ
မိုးခြိမ်းသံကို ဘုရားသခင်၏ အသံတော်အလား
ခိုင်းနှိုင်းဖော်ပြသည်။
အခြားသောဘာသာပြန်ဆိုချက်၊"မိုးခြိမ်းသံကဲ့သို့ အသံတော်
ကျယ်လောင်စွာ ကြားရ၍" သို့မဟုတ် "အလွန်ကျယ်သော အသံ"

လျှပ်စစ်ပြက်သဖြင့်၊ လောကကို လင်းစေပါ၏
လျှပ်စီးလက်ခြင်းသည် လောကတစ်ခွင်လုံးကို
လင်းစေသည့်အလား။ အခြားသောဘာသာပြန်ဆိုချက်။
"လျှပ်စီးလက်ခြင်းဖြင့် မြင်ရသော လောကတခွင်ကို လင်းစေ၏"

ခြေတော်ရာ
အာဆပ်သည် ထာဝရဘုရားကို လူနှင့် သဏ္ဍာန်တူစေသည်။
မူရင်းဘာသာအတိုင်းသာ ပြန်ဆိုသင့်ပါသည်

ခြေတော်ရာတို့သည် မထင်ရှားကြပါ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ကိုယ်တော်၏
ခြေရာတော်တို့ကို မည်သူမျှ မြင်နိုင်စွမ်း မရှိပါ"

ကိုယ်တော်၏ လူများတို့ကို သိုးစုကဲ့သို့ ပို့ဆောင်တော်မူ၏
လူမျိုးတော်ကို အစုအဖွဲ့လိုက်နေသော သတ္တဝါအနေဖြင့်
ခိုင်းနှိုင်းဆိုသည်။ (ရှု၊

လက်ဖြင့်
"လက်ဖြင့်" ဟူသည် "လုပ်ဆောင်မှုအားဖြင့်" သို့မဟုတ်
"လုပ်ဆောင်မှုအပေါ်" ဟုဆိုလိုသည်။

လက်
"လက်" ဟူသည် လူ၏ ခန္ဓာကိုယ် တစ်ခုလုံးကို ရည်ညွှန်းသည်။

---

## Chapter 78

1 ငါ၏လူများတို့၊ ငါ့တရားကို နာကြလော့။ ငါမြွက်သော စကားကို နားထောင်ကြလော့။ 2 ပုံစကားကို ငါမြွက်ဆို၍၊ ရှေးကာလ၏
နက်နဲ သော အရာများကို ဘော်ပြပေအံ့။ 3 ဘိုးဘေးတို့သည် ပြော၍ ငါတို့သည် ကြားသိရ သော ထိုအရာများကို၊ 4 သားမြေးတို့မှ
မဝှက်မထား။ ထာဝရဘုရား၏ ဂုဏ်ကျေးဇူးတော်နှင့် တန်ခိုးတော်ကိုငင်း၊ ပြုတော်မူ သော အံ့သြဘွယ်အမှုတို့ကိုငင်း၊
ဖြစ်လတံ့သောသူတို့အား ဘော်ပြကြမည်။ 5 အကြောင်းမူကား၊ ယာကုပ်အမျိုး၌ သက်သေ တရားကိုစီရင်၍၊ ဣသရေလအမျိုး၌
ပညတ်တရားကို ထားတော်မူ၏။ 6 သဘောမဖြောင့်၊ 7 ဘုရားသခင်၌ စိတ်ဝိညာဉ် အမြဲမဆည်းကပ် သောအမျိုး၊ 8 ငြင်းဆန်၍
ပုန်ကန်တတ်အမျိုးတည်းဟူသော ဘိုးဘေးတို့ကဲ့သို့ သားမြေးတို့သည် မဖြစ်၊ ဘုရားသခင် အမှုတော်တို့ကို မမေ့၊ ဘုရားသခင်ကို
ယုံကြည်ကိုးစား၍၊ ထိုတရားတို့ကို ဘိုးဘေးတို့သည် သားတို့အား ပြသ၍၊ ဖြစ်လတံ့သော အမျိုးတည်းဟူသော၊ ဘွားမြင်လတံ့သော
သားတို့သည် သိနားလည်၍၊ နောက်တဖန် မြေးမြစ်တို့ အား ပြသကြမည်အကြောင်း ပညတ်ထားတော်မူပြီ။ 9 ဧဖရိမ်
အမျိုးသားတို့သည် လေးလက်နက်ကို စွဲကိုင်သော်လည်း၊ စစ်တိုက်သောအခါ နောက်သို့ လှည့်ကြပါသည်တကား။ 10 ဘုရားသခင်၏
သစ္စာတော်ကို မစောင့်။ တရားတော်လမ်း၌ သွားခြင်းငှါ အလိုမရှိကြ။ 11 အမှုတော်တို့ကိုငင်း၊ ပြုတော်မူသောအံ့သြဘွယ် တို့ကိုငင်း
မေ့လျော့ကြ၏။ 12 အဲဂုတ္တုပြည်၊ ဇောနအရပ်တွင် သူတို့အဘများ မျက်မှောက်၌ အံ့ဘွယ်သော အမှုတို့ကို ပြုတော်မူ၏။ 13
ပင်လယ်ကိုခွဲ၍ သူတို့ကိုရှောက်သွားစေတော် မူ၏။ ရေများကို စုပုံ၍ ထားတော်မူ၏။ 14 နေ့အချိန်၌ကား၊ မိုဃ်းတိမ်ဖြင့်ငင်း၊
ညဥ့်အချိန်၌ကားတညဥ့်လုံးမီးအလင်းဖြင့်ငင်း သူတို့ကို လမ်းပြတော်မူ၏။ 15 တော၌ ကျောက်တို့ကိုဖေါက်၍၊ ပင်လယ်ရေ ကဲ့သို့
များစွာသော ရေကို သူတို့အား တိုက်တော်မူ၏။ 16 ကျောက်ထဲကစီးသော ရေကိုထွက်စေ၍၊ မြစ်ရေ ကဲ့သို့ရေများကို စီးစေတော်မူ၏။
17 ထိုသူတို့မူကား၊ အမြင့်ဆုံးသော ဘုရားကို တော၌ပုန်ကန်သောအားဖြင့် တိုး၍ပြစ်မှားကြ၏။ 18 မိမိတို့အလိုအလျောက်
အစာကိုတောင်း၍ စိတ် နှလုံးထဲမှာ ဘုရားသခင်ကို စုံစမ်းကြ၏။ 19 ဘုရားသခင်သည် တော၌စားပွဲကို ပြင်ဆင် နိုင်သလော။ 20
ကြည့်ကြလော့။ ကျောက်ကို ရိုက်တော်မူသဖြင့်၊ ရေထွက်၍ မြစ်ရေကဲ့သို့ စီးလေ၏။ မုန့်ကိုလည်း ပေးနိုင် သလော။ မိမိလူတို့အဘို့
အမဲသားကိုပြင်ဆင်နိုင်သလော ဟု ဘုရားသခင်ကို ဆန့်ကျင်ဘက်ပြုလျက် ပြောဆိုကြ၏။ 21 ထိုစကားကို ထာဝရဘုရားသည်
ကြား၍ အမျက်ထွက်တော်မူ၏။ ယာကုပ်အမျိုး၌ မီးလောင်၍၊ ဣသရေလအမျိုး၌ ဒေါသမီးတက်လေ၏။ 22-25 အကြောင်းမူကား၊
အထက်မိုဃ်းတမ်တို့ကို မှာထားလျက်၊ ကောင်းကင်တံခါးတို့ကို ဖွင့်၍၊ သူတို့ စားစရာဘို့ မန္နကို မိုဃ်းရွာစေသဖြင့်၊ ကောင်းကင် ဆန်
စပါးကို ပေးတော်မူသည်ဖြစ်၍၊ ထိုသူအပေါင်းတို့သည် ကြီးမြတ်သော သူတို့၏ အစာကိုသုံးဆောင်၍၊ ဝပြောစွာ စားကြမည်
အကြောင်းပြုတော်မူသော်လည်း၊ သူတို့သည် ဘုရားသခင်ကို မယုံကြည်။ ကယ်တင်တော်မူခြင်း ကျေးဇူးကို မကိုးစားဘဲ နေကြ၏။ 26
မိုဃ်းကောင်းကင်၌ အရှေ့လေကို ပယ်၍၊ အားကြီးသောတောင် လေကို ဆောင်ခဲ့သဖြင့်၊ 27 သူတို့အပေါ်သို့ အမဲသားကို
မြေမှုန့်နှင့်အမျှ ပျံတက်သောငှက်တို့ကို သမုဒ္ဒရာသဲလုံးနှင့်အမျှ၊ မိုဃ်းရွာ စေလျက်၊ 28 သူတို့တပ်ချ၍၊ နေရာအရပ်ပတ်လည်၌ ကျစေ
တော်မူ၏။ 29 ထိုသို့ သူတို့ အလိုရှိသည်အတိုင်း ပေးတော် မူသဖြင့်၊ သူတို့သည် ဝပြောစွာ စားရကြ၏။ 30 သူတို့
တပ်မက်သောအစာကိုမရောင့်ရဲမှီ စားကြစဉ်တွင်၊ 31 ဘုရားသခင်၏အမျက်တော်သည် သက်ရောက် သဖြင့်၊ ကျန်းမာသောသူတို့ကို
ကွပ်မျက်၍၊ ဣသရေလ လူပျိုတို့ကို လှဲချတော်မူ၏။ 32 ထိုအမှုအလုံးစုံတို့နှင့် ဣသရေလလူတို့သည် တွေ့ကြုံရသော်လည်း၊
အံ့ဘွယ်သော အမှုတော်တို့ကြောင့် ယုံကြည်ခြင်းမရှိ။ ပြစ်မှားလျက် နေကြသေး၏။ 33 ထိုကြောင့် သူတို့ နေ့ရက်ကာလကို အချည်းနှီး
လွန်စေ၍၊ သူတို့နှစ်များကို ဘေးဥပဒ်တွင် မြုပ်တော် မူ၏။ 34 သူတို့ကို ကွပ်မျက်တော်မူသောအခါ ကိုယ်တော် ကို ရှာကြ၏။
ပြန်လာ၍ ကိုယ်တော်ကို လိုက်ရှာကြ၏။ 35 ဘုရားသခင်သည် သူတို့၏ကျောက်၊ အမြင့်ဆုံး သော ဘုရားသည် သူတို့ကို
ကယ်တင်သော အရှင်ဖြစ် တော်မူသည်ကို ထိုအခါ သတိရကြ၏။ 36 သို့သော်လည်း၊ ကိုယ်တော်ကိုနှုတ်ဖြင့် ချော့မော့ ၍၊
လျှာဖြင့်လည်း မုသာစကားကို လျှောက်ဆိုကြ၏။ 37 သူတို့စိတ်သဘောမူကား၊ ရှေ့တော်၌ မဖြောင့်၊ သစ္စာတော်ကို
မစောင့်ဘဲနေကြ၏။ 38 ကိုယ်တော်မူကား၊ ကရုဏာစိတ်ရှိ၍ သူတို့ကို မဖျက်ဆီးဘဲ အပြစ်လွှတ်တော်မူ၏။ ကြိမ်ဖန်များစွာ
စိတ်တော်ပြေ၍၊ အမျက်တော် ကိုနှိုးဆော်တော်မမူ။ 39 သူတို့သည် အသားဖြစ်ကြောင်းကိုငင်း၊ စုတေ့၍ နောက်တဖန်
မလာတတ်သော ဝိညာဉ်ဖြစ်ကြောင်းကို ငင်း အောက်မေ့တော်မူ၏။ 40 သူတို့သည် ကိုယ်တော်ကို တော၌ပုန်ကန်၍၊ လူဆိတ်ညံ့ရာ
အရပ်၌ စိတ်တော်နာဘွယ်သော အကြောင်းကို ကြိမ်ဖန်များစွာ ပြုကြပါသည်တကား။ 41 ဘုရားသခင်ကို အဖန်ဖန်စုံစမ်း၍
ဣသရေလ အမျိုး၌ သန့်ရှင်းတော်မူသော ဘုရားကို ဆန့်ကျင်ဘက် ပြုကြပါသည်တကား။ 42 တန်ခိုးတော်ကိုငင်း၊ ဒုက္ခထဲက
ကယ်လွှတ်တော် မူသော နေ့ရက်ကာလကိုငင်း မအောက်မေ့ကြ။ 43 အဲဂုတ္တုပြည်၌ လက္ခဏာသက်သေတော်တို့ကိုငင်း၊ ဇောနအရပ်၌
အံ့ဘွယ်သော အမှုတို့ကိုငင်း ပြုတော်မူ၏။ 44 ထိုပြည်သားတို့သည် ရေမသောက်ရမည် အကြောင်း၊ သူတို့ မြစ်ရေ၊ စမ်းရေများကို
သွေးဖြစ် စေတော်မူ၏။ 45 သူတို့ကို ကိုက်စားတတ်သောယင်ရဲတို့ကိုငင်း၊ ဖျက်ဆီးတတ်သော ဘားတို့ကိုငင်း စေလွှတ်တော်မူ၏။ 46
သူတို့၏ မြေအသီးအနှံကို ခါသိလကျိုင်းတို့အားငင်း၊ သူတို့လုပ်၍ရသောဥစ္စာကို အရာဘကျိုင်းတို့အား ငင်း ပေးတော်မူ၏။ 47
သူတို့စပျစ်နွယ်ပင်များကို မိုဃ်းသီးဖြင့်ငင်း၊ သူတို့ သဖန်းပင်များကို နှင်းခဲဖြင့်ငင်း ဖျက်ဆီးတော်မူ၏။ 48 သူတို့၏ သိုးနွားများကို


generated on Tue Jul 2 12:50:28 2024

မိုယ်းသီး၌ငှင်း၊ ပြုစု သော တိရ စ္ဆာန်များကို မီး၌ငှင်း အပ်တော်မူ၏။ 49 အမျက်တော် အရှိန်အားဖြင့်သူတို့၌ ဆိုးသော တမန်တို့ကို
စေလွှတ်၍ လွှမ်းမိုးခြင်း၊ ဒဏ်ခတ်ခြင်း၊ နှောင့်ရှက်ခြင်းအမှုကိုဖြစ်စေတော်မူ၏။ 50 အမျက်တော်ဘို့ လမ်းကိုပြင်ဆင်တော်မူ၏။
သူတို့အသက်ကို မနှမြော၊ သေစေခြင်းငှါ ကာလနာသို့ အပ်နှံသဖြင့်၊ 51 အဲဂုတ္တုပြည်၌ သားဦးအပေါင်းတို့ကိုငှင်း၊ ဟာမသားတို့နေရာ
အရပ်၌ အထွဋ်အမြတ်များကိုငှင်း ဒဏ်ခတ်တော်မူ၏။ 52 မိမိလူများကိုကား၊ သိုးကဲ့သို့ ထွက်စေ၍၊ တော၌သူတို့ကို သိုးစုကဲ့သို့
ဆောင်တော်မူ၏။ 53 ဘေးနှင့်ကင်းလွတ်အောင် ဆောင်တော်မူ သဖြင့်၊ သူတို့သည် မကြောက်ရကြ။ ရန်သူတို့ကိုကား
ပင်လယ်ရေသည် လွှမ်းလေ၏။ 54 သန့်ရှင်းသော ပြည်တော်စွန်းတိုင်အောင်ငှင်း၊ လက်ျာလက်တော်အားဖြင့် အပိုင်ရတော်မူသော
ဤတောင်သို့ငှင်း၊ သူတို့ကို ပို့ဆောင်တော်မူ၏။ 55 သူတို့ရှေ့မှာလည်း၊ တပါးအမျိုးသားတို့ကို နှင် ထုတ်ပြီးလျှင်၊
ဣသရေလအမျိုးအနွယ် အသီးအသီးတို့ သည် အမွေခံရသော မြေကို တာထိုး၍ ပိုင်းခြားလျက် နေရာချတော်မူ၏။ 56 သို့သော်လည်း၊
သူတို့သည် အမြင့်ဆုံးသော ဘုရားကို စုံစမ်း၍ ပုန်ကန်ကြ၏။ သက်သေခံတော်မူချက် များကို မစောင့်ဘဲ၊ 57 ဘိုးဘေးများကဲ့သို့
ဖေါက်ပြန်၍သစ္စာကို ဖျက် ကြ၏။ လိမ်တတ်သော လေကဲ့သို့ လမ်းလွဲကြ၏။ 58 သူတို့သည် မြင့်သော အရပ်များအားဖြင့်၊
အမျက်တော်ကို နှိုးဆော်၍၊ ရုပ်တုများအားဖြင့်လည်း စိတ်တော်ကို ချုပ်ချယ်နှောင့်ရှက်ကြ၏။ 59 ဘုရားသခင်သည်
ကြားသိတော်မူလျှင်၊ အမျက် တော်ထွက်၍၊ ဣသရေလအမျိုးသားတို့ကို အလွန်ရွံရှာ သဖြင့်၊ 60 ရှိလောတဲတော်တည်းဟူသော၊
လူတို့တွင် နေရာချတော်မူသော အရပ်ကိုစွန့်တော်မူ၏။ 61 တန်ခိုးတော်ကို သိမ်းသွားစေခြင်းငှါငှင်း၊ ဘုန်း တော်ကို ရန်သူတို့လက်သို့
ရောက်စေခြင်းငှါငှင်း စီရင် တော်မူ၏။ 62 မိမိလူတို့ကိုလည်း ထားဘေး၌ အပ်၍၊ အမွေ တော်ကို အမျက်ထွက်တော်မူ၏။ 63
လူပျိုတို့သည် မီးလောင်ခြင်းကိုခံရသော်လည်း၊ အပျိုတို့သည် မငိုကြွေးရကြ။ 64 ယဇ်ပုရောဟိတ်တို့သည် ထားဘေးဖြင့် ဆုံး
သော်လည်း၊ မုတ်ဆိုးမတို့သည် မြည်တမ်းခြင်းကို မပြုရကြ။ 65 ထိုအခါ ဘုရားရှင်သည် အိပ်ပျော်ပြီးသော သူ ကဲ့သို့ငှင်း၊
စပျစ်ရည်ကြောင့် ငြိမ်ပြီးသောသူရဲကဲ့သို့ငှင်း နိုးတော်မူ၏။ 66 ရန်သူတို့ကိုဒဏ်ခတ်၍ လှန်သဖြင့်၊ အစဉ်အမြဲ အရှက်ကွဲစေတော်မူ၏။
67 သို့ရာတွင်၊ ယောသပ်၏ တဲတော်ကို ငြင်းပယ်၍ ဧဖရိမ်အမျိုးကို ရွေးတော်မမူ။ 68 ယုဒအမျိုးကိုငှင်း၊ ချစ်တော်မူသော ဇိအုန်
တောင်ကိုငှင်း ရွေးတော်မူ၏။ 69 သန့်ရှင်းရာဌာနတော်ကို အထွဋ်ကဲ့သို့ တည် ဆောက်၍၊ မြေကြီးကဲ့သို့ အစဉ်မြဲစေတော်မူ၏။ 70
ကျွန်တော်မျိုး ဒါဝိဒ်ကို သိုးခြံများထဲက ရွေးယူ တော်မူ၏။ 71 သားငယ်ရှိသော သိုးမတို့ကို ထိန်းခြင်းအမှုမှ နှုတ်၍၊
မိမိလူတည်းဟူသော ယာကုပ်အမျိုးသား၊ အမွေ တော်တည်းဟူသော ဣသရေလလူတို့ကို ကျွေးမွေးစေခြင်း ငှါ ခန့်ထားတော်မူ၏။ 72
ထိုသူသည် ဖြောင့်သောသဘောရှိသည်အတိုင်း ကျွေးမွေး၍၊ လိမ္မာသောလက်နှင့် ပို့ဆောင်လေ၏။

---

Psalms 001

ယေဘုယျအချက်အလက်
ပြိုင်တူ စကားစုများကို ဟေဗြဲကဗျာများတွင် အတွေ့ရ
များသည်။

ငါ့တရား
"သင့်ကို ဆုံးမနေသော ငါ"

ငါမြွက်သော စကား
မြွက်ဆိုသော လူကို ကိုယ်စားပြုသည်။
အခြားသောဘာသာပြန်ဆိုချက်၊"ငါ့နှုတ်"

ပုံစကားကို ငါမြွက်ဆို၍
"ငါသည် နှုတ်ကိုဖွင့်၍ ပုံစကားများကို ပြော၏"

ဘော်ပြပေအံ့
"သီကျူး"။ 19:1 ၌ တွေ့ရသော "ဖော်ကျူး" ကို ရှု၊

နက်နဲ သော အရာများ
ဤစကားလုံးထက် ပိုမိုထိရောက်သည့် စကားလုံး ရှိပါက
ဘာသာပြန်ဆိုရာ၌ သုံး၍ ရသည့်။

Psalms 003

ယေဘုယျအချက်အလက်
အပိုဒ်ငယ် ၃ သည် အပိုဒ်ငယ် ၂ မှ အစပြုခြင်း ဖြစ်သည်။

သားမြေးတို့မှ မဝှက်မထား
"သားမြေးများအား ပြောပြခြင်း မရှိဘဲ"

ပြုတော်မူသော အံ့ဩဘွယ်အမှုတို့ကိုငှင်း
"ထာဝရဘုရားကို ချီးမွမ်းရသည့် အကြောင်းရင်းများ"

Psalms 005

သက်သေ တရားကိုစီရင်
"ထာဝရဘုရား စီရင်သည်"

ပညတ်တရား
အခြား ဘာသာပြန်ဆိုချက်များတွင် "သက်သေခံ" သို့မဟုတ်
"ထုံးဖွဲ့သော တရားများ"


generated on Tue Jul 2 12:50:28 2024

Psalms 007

ယေဘုယျအချက်အလက်
စာရေးသူသည် 78:5 တွင် ဖော်ပြသည့် "ကလေးများ" ကို ရည်ညွှန်းခြင်း ဖြစ်သည်။

Psalms 009

ဧဖရိမ် အမျိုးသားတို့သည် လေးလက်နက်ကို စွဲကိုင်
ပဋိညာဉ်တရားကို မစောင့်ထိန်းခြင်းကို ဆိုလိုပေမည် (ငယ် ၁၀)။ သို့သော် ဤအတိုင်းသာ ပြန်ဆို၍ ရပါသည်။

ဧဖရိမ် အမျိုးသား
"ဧဖရိမ် စစ်သူရဲများ"

လေးလက်နက်ကို စွဲကိုင်
စစ်တပ်တွင် မြှားလည်း ရှိနိုင်ပါသည်။ ပြန်ဆို၊ "လေးနှင့် မြှားကို စွဲကိုင်လျက်"

Psalms 012

ဇောနအရပ်
အဲဂုတ္တုပြည်ရှိ ဇောနမြို့ အနီးတစ်ဝိုက်ကို ဆိုလိုပေသည်

Psalms 015

ဖေါက်
"ဘုရားသခင်သည် ဖောက်၍"

ပင်လယ်ရေ ကဲ့သို့ များစွာသော ရေ
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့ သောက်၍ မကုန်နိုင်လောက်အောင် များပြားစေသည်"

စီးသော ရေ
မြစ်ငယ်

Psalms 017

ဘုရားကို တော၌ပုန်ကန်
သူတို့သည် ဘုရားသခင်ကို ယုံကြည်နိုင်ရန်အတွက် ဘုရားသခင်သည် အရာခပ်သိမ်း တတ်နိုင်ကြောင်းကို ပြသစေလိုပါသည်။

ပြစ်မှား
"စိတ်နှလုံးအတွင်းမှ ပြစ်မှားခြင်း"

အစာကိုတောင်း၍
"မိမိတို့ ငတ်မွတ်ခဲ့သမျှကို ပြေစေနိုင်ဖို့ရန်"

Psalms 019

ပြောဆို
ဣသရေလလူမျိုးတို့ ပြောဆိုခြင်း

ဘုရားသခင်သည် တော၌စားပွဲကို ပြင်ဆင် နိုင်သလော
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်သည် တော၌ စားပွဲကို ပြင်ဆင်နိုင်မည်ကို ငါတို့ အယုံအကြည်မရှိ" သို့မဟုတ် "ကိုယ်တော်ဘုရား တော၌ စားပွဲကို ပြင်ဆိုင်နိုင်ကြောင်းကို သက်သေပြတော်မူပါ"

စားပွဲကို ပြင်ဆင်
"အစာ ကျွေးမွေးခြင်း"

ရေထွက်၍
ရေသည် ရုတ်တရက် လျှံထွက်လာခြင်း

မုန့်ကိုလည်း ပေးနိုင် သလော။ မိမိလူတို့အဘို့ အမဲသားကိုပြင်ဆင်နိုင်သလော
လူမျိုးတော်တို့သည် ဘုရားသခင်ကို လှောင်ပြောင်၍ ပြောဆိုခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်သည် မုန့်ကိုလည်းကောင်း၊ အသားကိုလည်းကောင်း ပေးနိုင်မည်ဆိုသည်မှာ သူအမှန်ပေးမှသာ ယုံနိုင်ပါမည်"

မုန့် .... အမဲသား
အပင်မှရသော အစာ သို့မဟုတ် တိရိစ္ဆာန်အကောင်မှရသော အစာ။ အစာမျိုးပေါင်းစုံကို ဆိုလိုခြင်း ဖြစ်သော်လည်း မူရင်းအတိုင်းသာ ဖွင့်ဆိုရန် သင့်တော်ပါသည်။

Psalms 021

အမျက်ထွက်တော်မူ၏
"အမျက်တော်ထွက်သဖြင့် ဣသရေလလူမျိုးများကို တိုက်ခိုက်သည်"

ကယ်တင်တော်မူခြင်း ကျေးဇူးကို မကိုးစားဘဲ နေကြ၏
"သူတို့ကို ကယ်တင်မည်အကြောင်း အယုံအကြည်မရှိခြင်း"

Psalms 023

အထက်မိုးတိမ်ကို မှာထားလျက်
အာဆပ်သည် မိုးတိမ်ကို ကြားသည့်နားရှိသည်အထင်ဖြင့် "အထက်မိုးတိမ်ကို စကားပြောလျက်"

အထက်မိုးတိမ်
"ကောင်းကင်" သို့မဟုတ် "မိုးတိမ်"

ကောင်းကင်တံခါးကို ဖွင့်၍
အာဆပ်သည် ကောင်းကင်တွင် တံခါးများရှိသည့်အလား ဖော်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ပစ္စည်းများ သိုလှောင်ရာ ကောင်းကင်တံခါးကို ဖွင့်၍"

သူတို့စားစရာဖို့ မန္နကို မိုးရွာစေသဖြင့်၊ ကောင်းကင်ဆန်စပါးကို ပေးတော်မူသည်ဖြစ်၍
ဤစာကြောင်းနှစ်ခုသည် တစ်ခုတည်းကိုသာ ရည်ညွှန်းသည်။

မန္နကို မိုးရွာစေသဖြင့်
"မန္နကို ကောင်းကင်မှ မိုးပွင့်ကဲ့သို့ ရွာစေပြီး"


generated on Tue Jul 2 12:50:28 2024

ကြီးမြတ်သော သူတို့၏ အစာ
မန္နကို ဆိုလိုသည်။ "ကောင်းကင်သားများ သုံးဆောင်သည့် အစာ"

ဝစွာ စားကြမည်
"အလွန်များပြားသော အစာ"

Psalms 026

He caused
N/A

အမဲသားကို မြေမှုန့်နှင့်အမျှ
"သူသည် မိုဃ်းကောင်းကင်မှ အမဲသားကို မိုးအလား ရွာစေပြီး၊ များပြားလွန်းပါသဖြင့် မြေတပြင်လုံး ဖုန်မှုန့်ပမာ ဖုံးလွှမ်းနေသည်"

အမဲသား
ငှက်များ

မြေမှုန့်နှင့်အမျှ ...သမုဒ္ဒရာသဲလုံးနှင့်အမျှ
ငှက်အရေအတွက်ကို ရေတွက်လို့မရအောင် များပြားသည်

Psalms 029

တပ်မက်
"အလွန်အကျူး လိုချင်သော"

Psalms 031

ထို့နောက်
N/A

ဘုရားသခင်၏အမျက်တော်သည် သက်ရောက်
ဘုရားသခင်သည် အမျက်တော်ထွက်သဖြင့် တိုက်ခိုက်ခြင်း ဖြစ်သည်။ 78:21 တွင်လည်း ဖော်ပြထားသည်။

လုံ့ချတော်မူ၏
"အသေသတ်၏"

အံ့ဘွယ်သော အမှုတော်တို့ကြောင့် ယုံကြည်ခြင်းမရှိ
အမှုတော်သည် ဘုရားသခင်ပြုမည့်အရာ ဖြစ်သည်။ အမှုပြုမည်ကို လူမျိုးတော်တို့ မယုံကြည်ကြပေ။ အခြားသောဘာသာပြန်ဆိုချက်၊ "အံ့သြဖွယ်အမှုများကို ပြုနေသော်လည်း လူမျိုးတော်ကို ကရုစိုက်မည်မဟုတ်ဟု ယုံကြည်နေခြင်း ဖြစ်သည်"

Psalms 033

ယေဘုယျအချက်အလက်
စာရေးသူသည် ဘုရားသခင်သည် လူမျိုးတော်အတွက် ပြုသည့် အမှုများကို ဆက်လက် ဖော်ပြသည်။

နေ့ရက်ကာလကို အချည်းနှီး လွန်စေ၍
"အသက်အရွယ်နုပျိုစဉ်တွင်ပင် အသေသတ်သည်"

သူတို့နှစ်များကို ဘေးဥပဒ်တွင် မြုပ်တော် မူ၏
အာဆပ်သည် နှစ်ကာလသည် ပစ္စည်းထည့်ရသည့် အိုးတစ်လုံးကဲ့သို့ ဖော်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တစ်နှစ်ပြီးတစ်နှစ် ကြောက်ရွံ့ခြင်းရှိ၏"

ကိုယ်တော် ကို ရှာကြ၏
ဘေးကင်းလုံခြုံဖို့ရန် ဘယ်အရာကို လုပ်ဆောင်သင့်သည်ကို ဘုရားသခင်အား မေးမြန်းသည်

သူတို့ကို ကွပ်မျက်တော်မူသောအခါ ကိုယ်တော် ကို ရှာကြ၏
ဤလူစုများသည် ဘုရားသခင် စီရင်သော လူများဖြစ်ကြသည်။ အချို့တို့သည် သေဆုံးကြရပြီးနောက်တွင် အချို့တို့သည် ဘုရားသခင်ကို "စ၍ ရှာကြ" ၏။

ပြန်လာ၍
"နောင်တရ၍" သို့မဟုတ် "မိမိတို့ အပြစ်များတွက် ဝမ်းနည်းပူဆွေးခြင်း"

ကိုယ်တော်ကို လိုက်ရှာ
"အပူတပြင်း" သို့မဟုတ် "အစွမ်းရှိသမျှဖြင့်"

Psalms 035

ယေဘုယျအချက်အလက်
ဣသရေလလူမျိုးများ၏ လုပ်ဆောင်ခဲ့သမျှကို ဖော်ပြသည်။

သတိရ
"ပြန်လည်အောက်မေ့သည်"

ဘုရားသခင်သည် သူတို့၏ကျောက်
ဆာလံဆရာသည် ရန်သူများဘေးမှ ကင်းဝေးစေရန် ခိုလှုံခဲ့သည့် တောင်ကုန်း သို့မဟုတ် ကုန်းမြင့်ကဲ့သို့ ဖြစ်သော ဘုရားသခင် အကြောင်းကို ဖော်ပြသည်။
အခြားသောဘာသာပြန်ဆိုချက်၊"ဘုရားသခင်သည် သူတို့ကို ကွယ်ကာ စောင့်ရှောက်သောသူ ဖြစ်သည်"

ကယ်တင်သော အရှင်
"သူတို့ကို ကယ်တင်သော သူ"

ကိုယ်တော်ကိုနှုတ်ဖြင့် ချော့မော့ ၍
"သူတို့ မယုံကြည်သော်ငြားလည်း အံ့သြဖွယ်ဖြစ်ကြောင်း ပြောဆိုခဲ့သည်"

လျှာဖြင့်လည်း
"လျှာ" ဆိုသည်မှာ နှုတ်မှ ထွက်သော စကားလုံးကို ရည်ညွှန်းခြင်း ဖြစ်သည်။

သူတို့စိတ်သဘောမူက သစ္စာတော်ကို မစောင့်ဘဲနေကြ၏
"သူတို့သည် မကိုးစားကြပေ" သို့မဟုတ် "သူတို့သည် သစ္စာမရှိကြတော့ပေ"

Psalms 038

အပြစ်လွှတ်တော်မူ
"မကောင်းမှုကို ပြုသော်လည်း ခွင့်လွှတ်မြဲနေသည်"

စိတ်တော်ပြေ
အာဆပ်သည် ဘုရားသခင်၏ အမျက်တော် ပြေလည်ခဲ့သည်ကို ဖော်ပြလိုခြင်း ဖြစ်သည်။ ပြန်ဆို၊ "သူသည် လွန်စွာ အမျက်ထွက်သော်လည်း အပြစ်ပေးခြင်း မရှိချေ"

အမျက်တော် ကိုနှိုးဆော်တော်မမူ
အမျက်တော်သည် အိပ်နေသောသူ ဖြစ်၍ ထခွင့်မပြုခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့အား ပြင်းစွာ အမျက်ထွက်သော်လည်း နိုးဆော်မမူခဲ့ပေ

Psalms 039

အောက်မေ့
"သတိရခြင်း"

သူတို့သည် အသားဖြစ်ကြောင်း
"အသား" ဟူသောစကားလုံးသည် အားနည်းသော၊ သေဆုံးတတ်သော ဟူသည် အဓိပ္ပါယ်ကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဣသရေလလူမျိုးတို့သည် အားနည်း၍ တစ်ချိန်တွင် သေဆုံးသွားပါမည်"

လူဆိတ်ညံရာ အရပ်
"မည်သည့်အပင်မျှ မရှင်သန်ရာအရပ်"

ဘုရားသခင်ကို အဖန်ဖန်စုံစမ်း၍
သူတို့သည် ဘုရားသခင်ကို သူမြွက်ဆိုခဲ့သည်အတိုင်း ပြုနိုင်မှ ယုံခြင်းရှိမည်ဟု စိန်ခေါ်ပြောဆိုခြင်းဖြစ်သည်။

Psalms 042

ယေဘုယျအချက်အလက်
ဆာလံဆရာက ဘုရားသခင်သည် ဣသရေလလူမျိုးများကို မည်သို့ကယ်တင်ခဲ့ကြောင်း ရေးသားသည်။

ဇောနအရပ်
အဲဂုတ္တုပြည်ရှိ မြို့တစ်မြို့

Psalms 044

ယေဘုယျအချက်အလက်
စာရေးသူသည် ဘုရားသခင်၏ အမှုတော်ကို ဖော်ပြသည်။

ကိုက်စားတတ်သောယင်ရဲ
ယင်ရဲပမာဏသည် အလွန်များပြား၍ မိုးတိမ်ပမာ ဖြစ်သည်။

ကိုက်စားတတ်သော
ယင်ရဲတို့သည် အဲဂုတ္တုပြည်သားများကို ကိုက်စားခဲ့သည်

သူတို့၏ မြေအသီးအနှံကို ခါသိလကျိုင်း
"လယ်ထွက်သီးနှံများကို ကျိုင်းကောင်များ ကိုက်စားစေ၍၊ မြေခွဲ ပင်ပန်းစွာ လုပ်ခဲ့သမျှကို ကျိုင်းများ လာရောက် စားသုံးဖျက်ဆီးကြသည်"

ကျိုင်း
ခုန်အားကောင်း ခြေတံရှည်သည့် အရွက်အပင်စား သတ္တဝါတစ်မျိုး။

သူတို့လုပ်၍ရသောဥစ္စာကို အရာဘကျိုင်းတို့
"သူတို့ လုပ်ဆောင်ခဲ့သည့်အရာသည် ကျိုင်းကောင်များ အတွက်သာ" စာရေးသူက ကျိုင်းကောင်များအတွက် သူတို့လုပ်အားသည် ဘုရားသခင်၏ ဆုလက်ဆောင်ဖြစ်ကြောင်း ဖော်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့ ကြိုးစား၍ လုပ်ဆောင်ခဲ့သော လယ်ထွက်သီးနှံများကို ကျိုင်းကောင်များ စားစေရန် ဘုရားသခင် အခွင့်ပေးသည်"

Psalms 047

ယေဘုယျအချက်အလက်
စာရေးသူသည် ဘုရားသခင်က အဲဂုတ္တုပြည်တွင် လုပ်ဆောင်ခဲ့သည် အမှုကို ဆက်လက် တင်ပြသည်။

သဖန်းပင်
အသီးသီးသော အပင်

မိုး
အခြားပြန်ဆိုချက်များတွင် မိုးခြိမ်းသံဟု သုံးနှုန်းသည်။

မိုးသီး
"မိုးသီးကို ယူလာသည်" သို့မဟုတ် "မိုးသီးကို ကြွေကျစေသည်"

အမျက်တော် အရှိန်အားဖြင့်သူတို့၌ ဆိုးသော တမန်တို့ကို စေလွှတ်၍
အာဆပ်သည် မျက်တော်၊ ဒေါသ၊ ဒုက္ခ အပေါင်းတို့သည် ဘုရားသခင်စေလွှတ်၍ သူ၏ အမှုတော်ကို ဆောင်ရွက်မည့်အရာများ ဖြစ်ကြောင်း ရေးသားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် အမျက်တော်ထွက်သဖြင့် အဲဂုတ္တုပြည်ကို နှောင့်ယှက်၍ ပြဿနာကြုံတွေ့စေပြီးလျှင် ကြီးစွာသော ဒုက္ခကို ခံစားစေမည်"

အမျက်တော် အရှိန်အားဖြင့်သူ
"ပြင်းစွာသော အမျက်တော်" (ရှု၊ igs_idiom)

 generated on Tue Jul 2 12:50:28 2024

## Psalms 050

ယေဘုယျအချက်အလက်
စာရေးသူသည် အဲဂုတ္တုပြည်တွင် ပြုခဲ့သည့်အရာများကို ဆက်လက်ဖော်ပြသည်။

အမျက်တော်ဘို့ လမ်းကိုပြင်ဆင်တော်မူ၏
ဆာလံဆရာက ဒေါသသည် ထာဝရဘုရားသွားရာလမ်းကို ချောမွတ်စေ၍ အပြစ်ပေးရန် ကြွလာရာလမ်းအတွက် ပြင်ဆင်သော အရာအဖြစ် ရှုမြင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် အမျက်တော် အလွန်ထွက်တော်မူသဖြင့် သူတို့ကို နာကျင်စေရန် နည်းလမ်းပေါင်းစုံ သုံးသည်" သို့မဟုတ် "သူ၏ ဒေါသသည် အလုံးအရင်းနှင့် ချီတက်လာသော စစ်သည်များဖြစ်၍ လာကြွလာရာလမ်းကို ညီညွတ်စေသည်"

သူတို့အသက်ကို မနှမြော
"အဲဂုတ္တုပြည်သားများကို သေစေသည်" သို့မဟုတ် "အဲဂုတ္တုပြည်သားများ အသက်ရှင်ခွင့်မပေး"

ကာလနာသို့ အပ်နှံ
အာဆပ်သည် ကာလနာကို ပစ္စည်းသဖွယ် အပြန်အလှန် အပ်နှံ၍ရသော အရာအဖြစ် ရှုမြင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့အားလုံးကို ကာလနာဘေးဖြင့် သေစေ၍"

သားဦးအပေါင်းတို့
သူတို့၏ အမွန်မြတ်ဆုံးနှင့် အရေးကြီးဆုံးသော လူသား

ဟာမသားတို့နေရာ အရပ်
"အဲဂုတ္တုပြည်ရှိ မိသားစု အားလုံး"

## Psalms 052

ယေဘုယျအချက်အလက်
ဆာလံဆရာသည် ဘုရားသခင်က လူမျိုးတော်အတွက် ပြုခဲ့သည်များကို ဖော်ပြသည်။

သိုးကဲ့သို့ ... သိုးစုကဲ့သို့
စာရေးသူသည် ဣသရေလ လူမျိုးတော်ကို သိုးစုကဲ့သို့ ပုံပမာပြုသည်။ ဘုရားသခင်သည် သူတို့အား ကျွေးမွေး၍ စောင့်ရှောက်ခဲ့ပြီး သိုးစုအလား ပြုစုပေးသည်။

လွှမ်း
"အကြီးအကျယ် လွှမ်းမိုးသည်"

## Psalms 054

ယေဘုယျအချက်အလက်
စာရေးသူသည် ဣသရေလလူမျိုးတော်အတွက် ဘုရားသခင် လုပ်ဆောင်သည် အမှုများကို ဆက်လက် ဖော်ပြသည်။

လက်ျာလက်တော်အားဖြင့် အပိုင်ရတော်မူသော
လက်ျာလက်သည် တန်ခိုးကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊"သူသည် သူ၏ တန်ခိုးတော်ကို အသုံးပြု၍ ပြန်လည် ကယ်တင်ခဲ့ပြီ"

အမွေခံရသော မြေကို တာထိုး
(၁) ဘုရားသခင်သည် ဣသရေလလူမျိုးတော်ကို တပါးအမျိုးတို့ မြေပေါ်တွင် နေရာချပေးထားသည် သို့မဟုတ် (၂) ဘုရားသခင်သည် သူနှင်ထုတ်သည့် တပါးအမျိုးတို့ကို အခြားတစ်နေရာတွင် နေရာချထားပေးသည်။ "ထိုမြေကို ထာဝရ အပိုင် ပေးတော်မူသည်"

နေရာချ

## Psalms 056

ယေဘုယျအချက်အလက်
စာရေးသူသည် ဣသရေလလူမျိုးအပေါ် ဘုရားသခင်၏ အမှုတော်ကို ဆက်လက် ဖော်ပြသည်။

စုံစမ်း၍ ပုန်ကန်ကြ၏
ဤနှစ်ခု၏ အနက်အဓိပ္ပါယ်သည် အတူတူပင် ဖြစ်သည်။ ဣသရေလလူမျိုးတို့သည် ဘုရားသခင် အမှုပြုမည့်အရာကို အယုံအကြည်မရှိကြောင်းကို လည်းကောင်း၊ အပြစ်ကို စီရင်ရာတွင်လည်း သံသယရှိကြောင်း ဖော်ပြသည်။

စုံစမ်း၍
လူမျိုးတော်တို့သည် ဘုရားသခင်ကို ယုံကြည်ပုံအပ်မှုမပြုခင် သူ၏ ကတိတော်များအတိုင်း ဆက်ဆက် လုပ်ဆောင်သွားရန် စုံစမ်းခြင်း ဖြစ်သည်။

ပုန်ကန်
"နာခံရန် ငြင်းဆိုသည်"

ဖေါက်ပြန်၍သစ္စာကို ဖျက် ကြ၏
ဤစကားလုံး နှစ်ခုသည် အတူတူပင်ဖြစ်သည်။ ဣသရေလလူမျိုးတော်တို့သည် ဘုရားသခင် စေခိုင်းသည့်အတိုင်း လိုက်လျှောက်ရန် ငြင်းဆိုနေခြင်း ဖြစ်သည်။

## Psalms 058

ယေဘုယျအချက်အလက်
ဆာလံဆရာသည် ဘုရားသခင်၏ လူမျိုးတော်အတွက် ပြုခဲ့သောအမှုတို့ကို ဖော်ပြခဲ့သည်။

မြင့်သော အရပ်များအားဖြင့်၊ အမျက်တော်ကို နှိုးဆော်၍၊ ရုပ်တုများအားဖြင့်လည်း စိတ်တော်ကို ချုပ်ချယ်နှောင့်ရှက်ကြ၏
ဤစာကြောင်းနှစ်ခုတွင် ပြိုင်တူအချက်အလက်များနှင့် တူညီသည့် အဓိပ္ပါယ်များရှိသည်။ (ရှု၊ igs_parallelism)


generated on Tue Jul 2 12:50:28 2024

Psalms 060

ယေဘုယျအချက်အလက်
ဆာလံဆရာသည် ဘုရားသခင်၏ လူမျိုးတော်အတွက် ပြုခဲ့သောအမှုတို့ကို ဖော်ပြခဲ့သည်။

တန်ခိုးတော်ကို သိမ်းသွားစေခြင်းငှါငှင်း၊ ဘုန်း တော်ကို ရန်သူတို့လက်သို့ ရောက်စေခြင်းငှါငှင်း စီရင် တော်မူ၏
တန်ခိုးတော်ကို သိမ်းသွားစေခြင်းငှါငှင်း၊ ဘုန်း တော်ကို ရန်သူတို့လက်သို့ ရောက်စေခြင်းငှါငှင်း စီရင် တော်မူ၏

Psalms 062

ယေဘုယျအချက်အလက်
စာရေးသူသည် ဘုရားသခင်၏ အမှုတော်ကို ဆက်လက် ဖော်ပြသွားသည်။

မိမိလူတို့ကိုလည်း ထားဘေး၌ အပ်၍
အာဆပ်သည် လူမျိုးတော်တို့အား ပမာဏသေးသည့် ပစ္စည်းတစ်ခုကဲ့သို့ မှတ်ယူသည်။ စစ်မက်ဘေးဆိုးသည် ထိုအရာကို လက်ခံမည့်သဘော ဆောင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူတို့သည် လူမျိုးတော်တို့ကို စစ်ဆင်၍ သေကြေစေရန် ဘုရားသခင် အခွင့်ပေးထားသည်"

အမွေ တော်ကို အမျက်ထွက်တော်မူ၏
"သူ၏ အပိုင်လူမျိုးတော် ဖြစ်သော်လည်း သူသည် အလွန် ဒေါသထွက်နေသည်"

လူပျိုတို့သည် မီးလောင်ခြင်းကိုခံ

မီးလောင်ခြင်းကိုခံ
"အသားကို လျင်မြန်စွာ စားသုံးသည်"

မင်္ဂလာဆောင်ပွဲ
လူများ ရွှင်လန်းသည့် ပွဲ

Psalms 064

ယဇ်ပုရောဟိတ်တို့သည် ထားဘေးဖြင့် ဆုံး
"ရန်သူတို့သည် ယဇ်ပုရောဟိတ်များကိုပင် လက်နက်ဖြင့် သတ်သည်"

မုဆိုးမတို့သည် မြည်တမ်းခြင်းကို မပြုရကြ
(၁) မုဆိုးမများ ငိုကြွေးခြင်းမပြုရန် အတင်းအကြပ် တားမြစ်ထားသည် သို့မဟုတ် (၂) ယဇ်ပုရောဟိတ် အများအပြား သေဆုံးသဖြင့် ဈာပနာအခမ်းအနားကို ကောင်းစွာ မပြုလုပ်နိုင်

မုဆိုးမ
အကြင်လင် ဆုံးသွားသော မိန်းမ

ဘုရားရှင်သည် အိပ်ပျော်ပြီးသော သူတို့ကို နိုးတော်မူ၏
"ဘုရားရှင် ကိုယ်တော်တိုင် အိပ်ခြင်းမှ နိုးလာသကဲ့သို့"

စပျစ်ရည်ကြောင့် ငြိမ်ပြီးသောသူရဲကဲ့သို့
(၁) စပျစ်ရည်မူး၍ စိတ်ဆိုးသဖြင့် ထ၍ တိုက်ခိုက်ဖို့ပြင်နေသည့် စစ်သည်တော် ကဲ့သို့ သို့မဟုတ် (၂) စပျစ်ရည်ကြောင့် မလှုပ်နိုင်သော စစ်သည်တော်သည် သတိချပ်လာပြီး စစ်တိုက်ဖို့ရန် ဆုံးဖြတ်သည်။

Psalms 067

ယေဘုယျအချက်အလက်
စာရေးသူသည် ဘုရားသခင်၏ အမှုတော်ကို ဆက်လက်၍ ဖော်ပြသည်။

ယောသပ်၏ တဲတော်
"ယောသပ်၏ အမျိုးအနွယ်"

ယောသပ် ... ဧဖရိမ်
ဧဖရိမ်သည် ယောသပ်၏ သားဖြစ်သည်။

ယုဒ ... ဇိအုန်တောင်
ဇိအုန်တောင်သည် ယုဒလူမျိုးများ နေထိုင်ရာ အရပ်တွင် တည်ရှိသည်။

အထွဋ်ကဲ့သို့
"ကောင်းကင်နှင့်အမျှ မြင့်သော"

မြေကြီးကဲ့သို့
"မြေကြီးကဲ့သို့ သန်မာ ကြံ့ခိုင်သော"

Psalms 070

ယေဘုယျအချက်အလက်
စာရေးသူသည် ဘုရားသခင်၏ အမှုတော်ကို ဆက်လက် ဖော်ပြသည်။

သိုးခြံများထဲက
"သူ အလုပ်လုပ်ရာ သိုးခြံများမှ"

သိုးခြံများ
သိုးများ လုံခြုံစွာ နေနိုင်ရန် ဆောက်ထားသော ခြံအိမ်။

ယာကုပ်အမျိုးသား၊ အမွေ တော်တည်းဟူသော ဣသရေလလူတို့ကို ကျွေးမွေးစေခြင်း ငှါ ခန့်ထားတော်မူ၏
သိုးထိန်းသည် လူမျိုးတော်တို့အား လမ်းပြ၊ ကွယ်ကာမှုပြုခြင်းကို ရည်ညွှန်းဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူပိုင်သော လူ၊ ဣသရေလလူမျိုး၊ ယာကုပ်အမျိုးအနွယ်ကို လမ်းပြ၍ ကွယ်ကာရန်"

အမွေ တော်
"သူ၏ အပိုင် ဖြစ်လာစေရန် ရွေးကောက်ခြင်းခံရသည်"


generated on Tue Jul 2 12:50:28 2024

ထိုသူသည် လိမ္မာသောလက်နှင့် ပို့ဆောင်လေ၏
အခြားသောဘာသာပြန်ဆိုချက်၊ "ဒါဝိဒ်သည် သိုးတို့ကို လမ်းပြ၍
စောင့်ရှောက်ခဲ့သည်"

---


generated on Tue Jul 2 12:50:28 2024

## Chapter 79

1 အိုဘုရားသခင်၊ တပါးအမျိုးသားတို့သည် အမွေတော်ထဲသို့ ဝင်ပြီးလျှင်၊ သန့်ရှင်းသော ဗိမာန်တော် ကို ညစ်ညူးစေ၍၊
ယေရုရှလင်မြို့ကို ဖြိုဖျက်ကြပါပြီ။ 2 ကိုယ်တော်၏ ကျွန်အသေကောင်တို့ကို မိုဃ်း ကောင်းကင်ငှက်တို့အားငှင်း၊ ကိုယ်တော်၏
သန့်ရှင်းသူတို့ အသားကို တောသားရဲတို့အားငှင်း ကျွေးကြပါပြီ၊ 3 သူတို့အသွေးကိုလည်း ရေကဲ့သို့ ယေရုရှလင်မြို့ ပတ်လည်၌
သွန်ကြ၍၊ သင်္ဂြိုဟ်သော သူလည်းမရှိပါ။ 4 အကျွန်ုပ်တို့သည် အိမ်နီးချင်းများ ကဲ့ရဲ့ရာ၊ ပတ်ဝန်းကျင်၌ နေသောသူများ
ပြက်ယယ်ပြု၍ အရှက်ခွဲ ရာ ဖြစ်ကြပါ၏။ 5 အို ထာဝရဘုရား၊ အမျက်တော်သည် အလျှင်း မငြိမ်းဘဲ
အဘယ်မျှကာလပတ်လုံးထွက်ပါမည်နည်း။ အဘယ်မျှကာလပတ်လုံး စိတ်တော်သည် မပြေ၊ မီးကဲ့သို့ လောင်ပါမည်နည်း။ 6
ကိုယ်တော်ကို မသိသောတပါး အမျိုးသားတို့ အပေါ်သို့ငှင်း၊ နာမတော်ကို ပဌနာမပြုသော တိုင်းနိုင်ငံ သားတို့အပေါ်သို့ငှင်း၊
အမျက်တော်ကို သွန်းလောင်း တော်မူပါ။ 7 အကြောင်းမူကား၊ သူတို့သည် ယာကုပ်အမျိုးကို ကိုက်စား၍၊ သူ၏နေရာကိုလည်း
သုတ်သင်ပယ်ရှင်းကြ ပါပြီ။ 8 ရှေးကပြစ်မှားမိသော အပြစ်များကို အကျွန်ုပ် တို့၌ မှတ်တော်မမူပါနှင့်။ အကျွန်ုပ်တို့သည် အလွန်
နှိမ့်ချလျက်ရှိပါသည်ဖြစ်၍၊ ကရုဏာ တော်သည် အလျင်အမြန်ကူမပါစေသော။ 9 ကယ်တင်တော်မူသောဘုရား၊ နာမတော်၏ ဂုဏ်ကို
ထောက်၍ အကျွန်ုပ်တို့ကို မစတော်မူပါ။ နာမတော်အတွက်ကြောင့်၊ အကျွန်ုပ်တို့ကို နှုတ်ယူ၍ အပြစ်များကို ဖြေရှင်းတော်မူပါ။ 10
သူတို့၏ ဘုရားသခင်သည် အဘယ်မှာရှိ သနည်းဟု တပါးအမျိုးသားတို့သည် အဘယ်ကြောင့် ဆိုရကြပါမည်နည်း။ သွန်ပြီးသော
ကျွန်တော်မျိုး၏ အသွေးဘက်မှာ တရားစီရင်တော်မူသော အကြောင်း သည် တပါးအမျိုးသားတို့တွင် အကျွန်ုပ်တို့ မျက်မှောက်၌
ထင်ရှားပါစေသော။ 11 အချုပ်ခံရသော သူ၏ ညည်းတွားသံကို နားထောင်တော်မူပါ။ သေရသောသူတို့ကို လက်ရုံးတော်
တန်ခိုးကြီးသည်နှင့်အညီ ချမ်းသာ ပေးတော်မူပါ။ 12 အကျွန်ုပ်တို့ အိမ်နီးချင်းတို့သည် ကိုယ်တော်အား ကဲ့ရဲ့ခြင်းအပြစ်ကို
သူတို့ရင်ခွင်ထဲသို့ ခုနစ်ဆတိုင်အောင် ဆပ်ပေးတော်မူပါဘုရား။ 13 သို့ဖြစ်၍၊ ကိုယ်တော်ထံ၌ ကျက်စားသော သိုးစုတည်းဟူသော
ကိုယ်တော်၏လူ အကျွန်ုပ်တို့သည် ကိုယ်တော်ကို အစဉ်မပြတ်ချီးမွမ်း၍၊ ဂုဏ်ကျေးဇူးတော် ကို အစဉ်အဆက်
ဖြစ်လတံ့သောသားတို့အား ဘော်ပြ ကြပါမည်။

---

Psalms 001

ယေဘုယျအချက်အလက်
အပြိုင်ရေးသားစပ်ဆိုသော သီချင်းကို ဟေဗြဲကဗျာများတွင် တွေ့ရတတ်သည်။

အမွေတော်
"ကိုယ်တော်ပိုင်သော တိုင်းပြည်"

သူတို့အသွေးကိုလည်း ရေကဲ့သို့
"သွေး" သည် အပြစ်မဲ့သူကို ရည်ညွှန်းသည်။ အသွေးစွန်းစေခြင်းသည် အပြစ်မဲ့သူများကို သတ်ဖြတ်ခြင်း ဖြစ်သည်။ ရေသည် နေ့စဉ် ထိတွေ့အသုံးပြုခဲ့သောအရာ ဖြစ်ပြီး၊ အသွေးသည် ထိုကဲ့သို့ များပြားရခြင်းမှာ အပြစ်မဲ့ပြည်သူ အများအပြား ဆုံးပါးခြင်းကြောင့် ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် အပြစ်မဲ့သူ အများအပြား သတ်ဖြတ်ခဲ့ပြီး အသွေးတို့သည် ရေကဲ့သို့ နေရာအနှံ့ စီးလျက် နေသည်"

သင်္ဂြိုဟ်သော သူလည်းမရှိ
"အလောင်းများကို သင်္ဂြိုဟ်မည့်သူ မရှိ"

Psalms 004

အကျွန်ုပ်တို့သည် အိမ်နီးချင်းများ ကဲ့ရဲ့ရာ၊ ပတ်ဝန်းကျင်၌ နေသောသူများ ပြက်ယယ်ပြု၍ အရှက်ခွဲ ရာ ဖြစ်ကြပါ၏
အခြားသောဘာသာပြန်ဆိုချက်၊ "အိမ်နီးချင်းတို့သည် ကျွန်ုပ်တို့အား ကဲ့ရဲ့၍၊ ပတ်ဝန်းကျင်၌ နေသောသူများသည် ပြက်ယယ်ပြုလျက် အရှက်ခွဲကြပါသည်"

အကျွန်ုပ်တို့သည် ... ဖြစ်ကြပါ၏
ဘုရားသခင်၏ လူမျိုးတော်

ပြက်ယယ်ပြု
အရှက်ရစေရန် ကျယ်လောင်စွာ ရယ်သည်

အမျက်တော်သည် အလျှင်း မငြိမ်းဘဲ အဘယ်မျှကာလပတ်လုံးထွက်ပါမည်နည်း
အခြားသောဘာသာပြန်ဆိုချက်၊ "အမျက်တော်သည် မငြိမ်းနိုင်သည့် မီးကဲ့သို့ လောင်ကျွမ်းလျက် နေသည်"

အမျက်တော်သည် အလျှင်း မငြိမ်းဘဲ
ဘုရားသခင်တွင် အငြိုးလည်းရှိ၊ အမျက်တော်လည်း ရှိသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကိုယ်တော်သည် အငြိုးရှိလျှက် အမျက်တော်လည်း ထွက်မည်လော"


generated on Tue Jul 2 12:50:28 2024

မီးကဲ့သို့ လောင်ပါမည်နည်း
ဘုရားသခင်၏ အမျက်တော်သည် မီးကဲ့သို့ လောင်ကျွမ်းတတ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဖျက်ဆီး၍"

Psalms 006

ယေဘုယျအချက်အလက်
စာကြောင်းနှစ်ခုတွင် တူညီသည့် အဓိပ္ပါယ်သက်ရောက်မှုများကို တစ်ပေါင်းတစ်စည်းတည်း တွေ့ရတတ်သည်။

တိုင်းနိုင်ငံ သားတို့အပေါ်သို့ အမျက်တော်ကို သွန်းလောင်း တော်မူပါ
အာဆပ်သည် ဘုရားသခင်၏ အမျက်တော်ကို အရည်ပမာ ဖွဲ့နွဲ့ထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကိုယ်တော်သည် အမျက်တော် ထွက်သဖြင့် တိုင်းနိုင်ငံများကို အပြစ်ဒဏ်စီရင်တော်မူပြီ"

နာမတော်ကို ပဌနာမပြုသော
"နာမတော်" သည် တစ်စုံတစ်ယောက်၏ တန်ခိုးနှင့် ဘုန်းကြီးခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကိုယ်တော်မပိုင်သောသူ" သို့မဟုတ် "ကိုယ်တော့်ထံသို့ အကူအညီ မတောင်းပါ"

သူတို့သည် ယာကုပ်အမျိုးကို ကိုက်စား၍
"ယာကုပ်" သည် သူ၏ အမျိုးအနွယ်၊ ဣသရေလလူမျိုးများကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် ဣသရေလလူမျိုးများကို အပြတ်ချေမှုန်းသည်

Psalms 008

ရှေးကပြစ်မှားမိသော အပြစ်များကို အကျွန်ုပ် တို့၌ မှတ်တော်မမူပါနှင့်
"ကျွန်ုပ်တို့ အဘိုးအဘွားများ၏ အပြစ်ကို မှတ်တော်မမူဘဲ၊ ပြစ်ဒဏ်ကို မချမှတ်ပါနှင့်" သို့မဟုတ် "အဘိုးအဘွားတို့၏ အပြစ်များကို ယခုတွင် လွှတ်ပေးတော်မူပါ"

အကျွန်ုပ်တို့သည် အလွန် နှိမ့်ချလျက်ရှိ
"ကျွန်ုပ်တို့သည် အားနည်းလျက် ရှိပါ၏"

ကယ်တင်တော်မူသောဘုရား
"ဘုရားသခင်သည် ကယ်တင်တော်မူသည်"

နာမတော်၏ ဂုဏ်ကို ထောက်၍
"နာမတော်" သည် သူ၏ ဖြစ်ခြင်း၊ အများသိမှတ်ခြင်း အကြောင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူသားအားလုံးသည် ကိုယ်တော်၏ ဘုန်းတော်ကိ သိရှိနိုင်ရန်"

နာမတော်အတွက်ကြောင့်
ဘုရားသခင်၏ နာမတော်သည် သူ၏ ဖြစ်ခြင်းနှင့် ထိုက်တန်ခြင်းအားလုံးကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူသားအားလုံးသည် ချီးမွမ်းနိုင်ရန်" သို့မဟုတ် "ကိုယ်တော့်အတွက် သက်သက်ကြောင့်"

Psalms 010

ဘုရားသခင်သည် အဘယ်မှာရှိ သနည်းဟု တပါးအမျိုးသားတို့သည် အဘယ်ကြောင့် ဆိုရကြပါမည်နည်း
အခြားသောဘာသာပြန်ဆိုချက်၊ "တပါးသော အမျိုးသားတို့သည် 'သူတို့၏ ဘုရားသခင် ဘယ်မှာရှိသနည်း' ဟု မေးမြန်းနိုင်စရာမရှိပေ"

ဘုရားသခင်သည် အဘယ်မှာရှိ သနည်း
"သူတို့၏ ဘုရားသခင်သည် ဘာမျှတတ်နိုင်ခြင်း မရှိပေ"

သွန်ပြီးသော ကျွန်တော်မျိုး၏ အသွေးဘက်မှာ တရားစီရင်တော်မူသော အကြောင်း သည် တပါးအမျိုးသားတို့တွင် အကျွန်ုပ်တို့ မျက်မှောက်၌ ထင်ရှားပါစေ
သွေးသွန်ခြင်းသည် အပြစ်မဲ့သူများအား သတ်ဖြတ်ခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တပါးအမျိုးသားတို့ သတ်ဖြတ်ခဲ့သော အပြစ်မဲ့ သူများအတွက် လက်စားချေတော်မူပါ"

အကျွန်ုပ်တို့ မျက်မှောက်၌
"ကျွန်ုပ်တို့ ရှေ့တွင်" သို့မဟုတ် "ကျွန်ုပ်တို့ မျက်စိဖြင့် မြင်ရသည်"

အချုပ်ခံရသော သူ၏ ညည်းတွားသံကို နားထောင်တော်မူပါ
အာဆပ်သည် ချုပ်နှောင်ခံရသူများ၏ ညည်းတွားသံကို ဘုရား၏ ရှေ့တော်တွင် ရောက်သည်ဟု ဖော်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ချုပ်နှောင်ခံရသူများ၏ ငိုကြွေးသံများအား ကြားလျက် ကယ်နှုတ်တော်မူပါ"

သေရသောသူတို့
"သေဆုံးရန် စီရင်ခြင်းခံရသူတို့"

Psalms 012

ကိုယ်တော်အား ကဲ့ရဲ့ခြင်းအပြစ်ကို ... ဆပ်ပေးတော်မူပါဘုရား
အာဆပ်သည် အိမ်နီးချင်းတိုင်းပြည်များ၏ ပြစ်မှားခြင်းကို "စော်ကားခြင်း" ဟု ဖော်ပြထားသည်။ ထိုအပြစ်များကို ဘုရားသခင်သည် သိမှတ်လျှက် စော်ကားထားသော တိုင်းပြည်များကို ခုနစ်ဆတိုင်အောင် ဒဏ်ပေးရန် နိုးဆော်ထားသည်။

ဆပ်ပေးတော်မူ
"ပြန်၍ ပေးသည်" သို့မဟုတ် "လုပ်ခဲ့သည့်အတိုင်း"

သူတို့ရင်ခွင်ထဲ
ထိုင်လျှက် ဒူးနှင့် ပေါင်ပေါ်တွင်။ "တိုက်ရိုက် သို့မဟုတ် ပုဂ္ဂိုလ်ချင်း" ဟု အနက်ရှိသည်


generated on Tue Jul 2 12:50:28 2024

ကိုယ်တော်ထံ၌ ကျက်စားသော သိုးစုတည်းဟူသော ကိုယ်တော်၏လူ အကျွန်ုပ်တို့သည် ကိုယ်တော်ကို အစဉ်မပြတ်ချီးမွမ်း၍
"သိုး" ဟူသည် အကူအညီမဲ့၍ သိုးထိန်းကသာ ထိန်းကျောင်း၊ လမ်းပြပေးရသည့် လူစုကို ဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ကိုယ်တော်၏ လူတို့သည် ကိုယ်တော် ကွယ်ကာလျက် လမ်းပြသော သူများဖြစ်၍ ကျေးဇူးတင်အပ်သည်

ဂုဏ်ကျေးဇူးတော် ကို အစဉ်အဆက် ဖြစ်လတ္တံ့သောသူတို့အား ဘော်ပြ ကြပါမည်
"လူမျိုး အစဉ်အဆက်သည် ကိုယ်တော်၏ ကောင်းမြတ်ခြင်းကို သိရှိလာကြလိမ့်မည်"

ဂုဏ်ကျေးဇူးတော်
"လူအများ ချီးမွမ်းစရာ ကိုယ်တော်ပြုသော ကောင်းမြတ်ခြင်း"

## Chapter 80

1 သိုးစုကို ပို့ဆောင်သကဲ့သို့ ယောသပ်အမျိုးကို ပို့ဆောင်တော်မူသော ဣသရေလသိုးထိန်းကြီး၊ နား ထောင်တော်မူပါ။ ခေရုဗိမ်တွင်
ကျိန်းဝပ်တော်မူသော ဘုရား၊ ရောင်ခြည်တော်ကို လွှတ်တော်မူပါ။ 2 ဧဖရိမ်အမျိုး၊ ဗင်္ယာမိန်အမျိုး၊ မနာရှေအမျိုးတို့ ရှေ့မှာ
တန်ခိုးတော်ကို နှိုးဆော်၍၊ အကျွန်ုပ်တို့ကို ကယ်တင်ခြင်းငှါ ကြွတော်မူပါ။ 3 အို ဘုရားသခင်၊ အကျွန်ုပ်တို့ကို ပြောင်းလဲ စေ၍၊
မျက်နှာတော် အလင်းကိုပြတော်မူပါ။ သို့ပြုလျှင်၊ အကျွန်ုပ်တို့သည် ကယ်တင်ခြင်းသို့ ရောက်ကြပါလိမ့် မည်။ 4
ကောင်းကင်ဗိုလ်ခြေအရှင်ဘုရားသခင် ထာဝရ ဘုရား၊ ကိုယ်တော်၏ လူတို့ပြုသော ပဌနာစကားကို အဘယ်မျှကာလပတ်လုံး
အမျက်ထွက်တော်မူမည်နည်း။ 5 သူတို့ကို မျက်ရည်မုန့်နှင့်ကျွေး၍၊ မျက်ရည် ကိုလည်း ကြွယ်ဝစွာ တိုက်တော်မူ၏။ 6 အနီးအပါး၌
နေသောသူတို့သည် အကျွန်ုပ်တို့ အတွက် ငြင်းခုံကြပါ၏။ ရန်သူတို့သည်လည်း ဝါကြွား၍ အကျွန်ုပ်တို့ကို ပြက်ယယ်ပြုကြပါ၏။ 7
ကောင်းကင်ဗိုလ်ခြေအရှင် ဘုရားသခင်၊ အကျွန်ုပ်တို့ကို ပြောင်းလဲစေ၍၊ မျက်နှာတော်အလင်းကို ပြတော်မူပါ။ သို့ပြုလျှင်
အကျွန်ုပ်တို့သည် ကယ်တင် ခြင်းသို့ ရောက်ကြပါလိမ့်မည်။ 8 ကိုယ်တော်သည် စပျစ်နွယ်ပင်ကို အဲဂုတ္တုပြည် ကဆောင်ခဲ့၍၊
တပါးအမျိုးသားတို့ကို နှင်ထုတ်ပြီးမှ စိုက် ပျိုးတော်မူ၏။ 9 သူ၏နေရာကိုပြုပြင်တော်မူသဖြင့်၊ သူသည် အမြစ်ကျ၍ တပြည်လုံးကို
နှံ့ပြားပါ၏။ 10 သူ၏အရိပ်သည် တောင်တို့ကိုငှင်း၊ အခက် အလက်တို့သည် အမြင့်ဆုံးသော အာရဇ်ပင်တို့ကိုငှင်း လွှမ်းမိုးကြပါ၏။
11 သူသည် အခက်အလက်တို့ကို ပင်လယ်တိုင် အောင်ငှင်း၊ အညွန့်တို့ကို မြစ်ကြီးတိုင်အောင်ငှင်း ပြန့်ပွား စေပါ၏။ 12 ယခုမူကား၊
လမ်း၌ ရှောက်သွားသော သူ အပေါင်းတို့သည် ဆွတ်စေခြင်းငှါ၊ သူ၏ခြံကို အဘယ် ကြောင့် ချိုးဖျက်တော်မူသနည်း။ 13
တောဝက်သည် ထိုအပင်ကို ကိုက်ခဲ၍၊ တော သားရဲသည်လည်း စားပါ၏။ 14 ကောင်းကင်ဗိုလ်ခြေအရှင် ဘုရားသခင်၊ တဖန်
ကြွလာတော်မူမည်အကြောင်း တောင်းပန်ပါ၏။ ကောင်း ကင်က ကြည့်ရှုတော်မူပါ။ ထိုစပျစ်နွယ်ပင်ကို အကြည့်
အရှုကြွလာတော်မူပါ။ 15 လက်ျာလက်တော်နှင့် စိုက်ပျိုးသောအပင်၊ ကိုယ်တော်အဘို့ ခိုင်မာစေတော်မူသော ပျိုးပင်ကို
ကွယ်ကာတော်မူပါ။ 16 မီးရှို့ပါပြီ။ ခုတ်လှဲပါပြီ။ မျက်နှာတော်ဖြင့် ဆုံးမခြင်းကို ခံရသော သူတို့သည် ပျက်စီးခြင်းသို့ ရောက်
ရကြပါ၏။ 17 လက်ျာလက်တော်နှင့်ဆိုင်သောလူ၊ ကိုယ်တော် အဘို့ ခိုင်မာစေတော်မူသော လူသား၏အပေါ်မှာ
လက်တော်ကိုတင်ပါစေသော။ 18 သို့ပြုလျှင် အကျွန်ုပ်တို့သည် ကိုယ်တော်ထံမှ မဆုတ်ရကြပါ။ အကျွန်ုပ်တို့ကို
အသက်ရှင်စေတော်မူပါ။ နာမတော်ကို ပဌနာပြုကြပါမည်။ 19 ကောင်းကင်ဗိုလ်ခြေအရှင် ဘုရားသခင်ထာဝရ ဘုရား၊ အကျွန်ုပ်တို့ကို
ပြောင်းလဲစေ၍၊ မျက်နှာတော် အလင်းကို ပြတော်မူပါ။ သို့ပြုလျှင် အကျွန်ုပ်တို့သည် ကယ်တင်ခြင်းသို့ ရောက်ကြပါလိမ့်မည်။

---

Psalms 001

ယေဘုယျအချက်အလက်
အပြိုင်စပ်ဆိုသော ကဗျာအရေးအသားများကို
ဟေဗြဲကဗျာများတွင် တွေ့ရတတ်သည်။

ဣသရေလသိုးထိန်းကြီး
ဘုရားသခင်သည် ဣသရေလလူမျိုးတော်ကို လမ်းပြသူနှင့်
စောင့်ရှောက်သူ ဖြစ်ကြောင်း ရေးသားသည်။

သိုးစုကို ပို့ဆောင်သကဲ့သို့ ယောသပ်အမျိုး
"ကိုယ်တော်သည် သိုးစုကို ပို့ဆောင်သကဲ့သို့ ယောသပ်အမျိုးကို
ပို့ဆောင်တော်မူသည်"

ယောသပ်
ဣသရေလလူမျိုးကို ဆိုလိုသည်။

ခေရုဗိမ်တွင် ကျိန်းဝပ်တော်မူသော ဘုရား
ဗိမာန်တော်ရှိ ပဋိညာဉ်သေတ္တာအဖုံးပေါ်တွင် ရွှေဖြင့်
ထုဆစ်ထားသည့် ခေရုဗိမ်နှစ်ပါးကို အစွန်းနှစ်ခုတွင်
မျက်နှာချင်းဆိုင်လျက် တည်ထားသည်

ရောင်ခြည်တော်ကို လွှတ်တော်မူပါ
ဘုရားသခင်သည် နေမင်းကြီးအလား ရောင်ခြည်ပေး၍
စိတ်ကောင်း စေတနာကို ရည်ညွှန်းသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "အလင်းပေးတော်မူပါ"
သို့မဟုတ် "ကောင်းစွာ အသက်ရှင်နိုင်ဖို့ရန်အတွက်
တရားသောလမ်းကို ညွှန်ပြတော်မူပါ"

တန်ခိုးတော်ကို နှိုးဆော်၍
"ဆောင်ရွက်ရန် အသင့်ရှိနေခြင်း"

မျက်နှာတော် အလင်းကိုပြတော်မူပါ
စာရေးသူသည် ထာဝရဘုရား၏ မျက်နှာသာပေးခြင်းကို
အထူးဖော်ပြလိုခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊
"ကျွန်ုပ်တို့အား မျက်နှာသာရစေတော်မူပါ"

ကယ်တင်ခြင်းသို့ ရောက်ကြပါလိမ့် မည်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ကယ်တင်တော်မူပါ" သို့မဟုတ်
"ကယ်တင်တော်မူရန်အတွက်"


generated on Tue Jul 2 12:50:28 2024

Psalms 004

ကိုယ်တော်၏ လူ
ဣသရေလ

တို့ကို မျက်ရည်မုန်နှင့်ကျွေး၍၊ မျက်ရည် ကိုလည်း ကြွယ်ဝစွာ တိုက်တော်မူ၏
ဝမ်းနည်းသော စိတ်ရှိခြင်းကို ဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် အစဉ်မပြတ်
ဝမ်းနည်းနေသည်ကို ထင်ရှားစေသည်"

Psalms 007

ယေဘုယျအချက်အလက်
အာဆပ်သည် ဣသရေလလူမျိုးများ ကိုယ်စား
စကားပြောပေးနေသည်။ အပိုဒ်ငယ် ၈ မှစ၍ ဘုရားသခင်သည်
ဣသရေလလူမျိုးတို့ကို ပြည်တော်တွင်
နေထိုင်စေခဲ့သည့်အဖြစ်ကို ဥယျာဉ်မှူးမှ စပျစ်ခြံကို ရှင်းလင်း၍
စိုက်ပျိုးသကဲ့သို့ ခိုင်းနှိုင်းထားသည်။

မျက်နှာတော်အလင်းကို ပြတော်မူပါ
ထာဝရဘုရားသည် ဣသရေလလူမျိုးတို့အပေါ်တွင် မျက်နှာတော်
ထွန်းလင်းစေကြောင်း ဖော်ပြသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "မျက်နှာသာပေးနေသည်"

အကျွန်ုပ်တို့သည် ကယ်တင် ခြင်းသို့ ရောက်ကြပါလိမ့်မည်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ကိုယ်တော်သည်
ကယ်တင်ပါလိမ့်မည်"

စပျစ်နွယ်ပင်ကို အဲဂုတ္တုပြည်ကဆောင်ခဲ့၍
အာဆပ်သည် ဣသရေလလူမျိုးတော်ကို စိုက်ပျိုးရန်
အသင့်ရှိသော စပျစ်နွယ်ကဲ့သို့ ခိုင်းနှိုင်းထားသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ကိုယ်တော်သည်
စပျစ်နွယ်အလား အဲဂုတ္တုပြည်မှဆောင်ယူတော်မူသည်"

တပါးအမျိုးသားတို့ကို နှင်ထုတ်ပြီးမှ စိုက် ပျိုးတော်မူ၏
ဆာလံဆရာသည် သူ၏ လူမျိုးတို့ကို ထာဝရဘုရား စိုက်ပျိုးသော
အပင်ဟူ၍ ခိုင်းနှိုင်းဖော်ပြသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ကိုယ်တော်သည် ဤပြည်၌
နေဘူးသောသူတို့ကို နှင်ထုတ်၍ ထိုပြည်တွင် ကျွန်ုပ်တို့ကို
စိုက်ပျိုးလျက် နေတော်မူ၏"

Psalms 009

ယေဘုယျအချက်အလက်
အာဆပ်သည် ဣသရေလလူမျိုးများကို ဘုရားသခင်သည်
ပြည်တော်တွင် နေထိုင်စေခဲ့သည့်အဖြစ်ကို ဥယျာဉ်မှူးမှ
စပျစ်ခြံကို ရှင်းလင်း၍ စိုက်ပျိုးသကဲ့သို့ ဆက်လက်၍
ခိုင်းနှိုင်းသည်။

သူ၏နေရာကိုပြုပြင်တော်မူသဖြင့်
"ကိုယ်တော်သည် စပျစ်ပင်အတွက် မြေကို ရှင်းလင်း၍"

သူသည် အမြစ်ကျ၍
"စပျစ်ပင်သည် အမြစ်တွယ်လျက်" သို့မဟုတ် "စပျစ်ပင်သည်
ရှင်သန်ကြီးထွားလာသည်"

ပြည်လုံးကို နှံ့ပြား၏
"အနွယ်တို့သည် တိုင်းပြည်ကို ဖုံးလွှမ်းထားသည်"

သူ၏အရိပ်သည် တောင်တို့ကိုငင်း၊ အခက် အလက်တို့သည် အမြင့်ဆုံးသော
အာရဇ်ပင်တို့ကိုငင်း လွှမ်းမိုးကြပါ၏
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "အရိပ်သည် တောင်များကို
ဖုံးလွှမ်းထားပြီး၊ အကိုင်းတို့သည် ဘုရားသခင်၏ အာရဇ်ပင်ကို
ဖုံးလွှမ်းထားသည်။

အခက် အလက်တို့သည် အမြင့်ဆုံးသော အာရဇ်ပင်
"အခက်အလက်တို့သည် ဘုရားသခင်၏ အာရဇ်ပင်ကို
ဖုံးလွှမ်းထားသည်" ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "အကိုင်းအခက်တို့သည်
ဘုရားသခင်၏ အာရဇ်ပင်ကို လွှမ်းမိုးထားသည်"

အမြင့်ဆုံးသော အာရဇ်ပင်
(၁) အမြင့်ဆုံးသော အာရဇ်ပင်။ ဣသရေလပြည် မြောက်ပိုင်းရှိ
လက်ဘနွန်အရပ် တောင်များပေါ်တွင် စိုက်ထားသည့်
အာရဇ်ပင်များ သို့မဟုတ် (၂) ဘုရားသခင် ပိုင်ဆိုင်သော
အာရဇ်ပင်များ။

ပင်လယ်
ဣသရေလတိုင်းပြည် အနောက်ဘက်ရှိ မြေထဲပင်လယ်

အညွန့်
မြေပေါ်သို့ ထိုးထွက်လာသည့် အခက်အလက်

Psalms 012

ယေဘုယျအချက်အလက်
အာဆပ်သည် ဣသရေလလူမျိုးများကို ဘုရားသခင်သည်
ပြည်တော်တွင် နေထိုင်စေခဲ့သည့်အဖြစ်ကို ဥယျာဉ်မှူးမှ
စပျစ်ခြံကို ရှင်းလင်း၍ စိုက်ပျိုးသကဲ့သို့ ဆက်လက်၍
ခိုင်းနှိုင်းသည်။

သူ၏ခြံ
ကျောက်ဖြင့် ကာထားသည်၊ သစ်သားကို မသုံးပါ

တောဝက်
ခြံစိုက်သီးနှံနှင့် ယာသီးနှံများကို ဖျက်ဆီး၍ လူကို
နှောင့်ယှက်သည့် တောဝက်။ မိမိဘာသာတွင် တောဝက်မရှိပါက
အသီးအနှံများနှင့် လူကို ခြောက်လှန့်သော အကောင် တစ်မျိုးမျိုး


generated on Tue Jul 2 12:50:28 2024

တော
သစ်ပင်များ ပေါက်ရောက်သည့် နေရာ

သားရဲ
တောရိုင်း တိရိစ္ဆာန်တစ်ခုခု

တော
သီးနှံပင်များစိုက်ထားသော နေရာ

Psalms 014

ယေဘုယျအချက်အလက်
အာဆပ်သည် ဘုရားသခင်၏ စပျစ် ခြံလုပ်ငန်း ဆောင်ရွက်မှုကို အဆုံးသတ်ထားသည်။

ကြွလာတော်မူမည်
"ပြန်၍ လာပါ" သို့မဟုတ် "အကူအညီပေးရန် ကြွလာပါ"

ကြည့်ရှုတော်မူပါ
"သိမှတ်တော်မူပါ"

စပျစ်နွယ်
စာရေးသူသည် ဣသရေလလမျိုးတော်နှင့် စပျစ်နွယ်ကို ခိုင်းနှိုင်းသည်

လက်ျာလက်တော်နှင့် စိုက်ပျိုးသောအပင်
လက်ျာလက်တော်သည် ဘုရားသခင်၏ တန်ခိုးတော်နှင့် အုပ်စိုးခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဤအမြစ်ကို ထာဝရဘုရား စိုက်ပျိုးထားသည်"

ပျိုးပင်
မြေပေါ်သို့ ထိုးထွက်လာသည့် အခက်အလက်

ခုတ်လှဲပါပြီ။ မျက်နှာတော်ဖြင့် ဆုံးမခြင်းကို ခံရသော သူတို့သည် ပျက်စီးခြင်းသို့ ရောက် ရကြပါ၏
(၁) ခုတ်လှဲပြီ၊ လူမျိုးတော်ကို ကိုယ်တော်သည် ပြစ်တင်ဆုံးမသဖြင့် ပျက်စီးကြပြီ သို့မဟုတ် (၂) ခုတ်လှဲပြီ။ ကိုယ်တော်၏ ရန်သူများသည် ကိုယ်တော် ဆုံးမခြင်းကြောင့် ပျက်စီးကြပါစေ"

Psalms 017

လက်တော်
ထာဝရဘုရား၏ တန်ခိုးတော်နှင့် အစွမ်းသတ္တိ

လက်ျာလက်တော်နှင့်ဆိုင်သောလူ
ဣသရေလ တိုင်းပြည်၊ ထာဝရဘုရား ရွေးကောက်တော်မူသော လူမျိုး

လက်ျာလက်
ဣသရေလအမျိုးသား တစ်ဦးဦးသည် အခြားသူတစ်ယောက်ကို ချီးမြှောက်လိုပါက သူ၏ လက်ျာဘက်တွင် နေစေပြီး မတ်တပ်ရပ်စေသည်

အကျွန်ုပ်တို့သည် ကိုယ်တော်ထံမှ မဆုတ်ရကြပါ
"ကျွန်ုပ်တို့သည် ကိုယ်တော်ကို ကိုးကွယ်ရန်နှင့် စကားတော်ကို လိုက်နာရန် မရပ်တန့်ပါ" သို့မဟုတ် "ကိုယ်တော့်ကို အစဉ်အမြဲ ကိုးကွယ်၍ နာခံပါမည်"

Psalms 019

အလင်းကို ပြတော်မူပါ
ထာဝရဘုရားသည် ရွှင်လန်းတော်မူ၍ သူတို့ကို မျက်နှာတော်အလင်း ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်တို့ကို မျက်နှာသာပေးတော်မူပါ"

ကယ်တင်ခြင်းသို့ ရောက်ကြပါလိမ့်မည်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊"ကိုယ်တော်သည် ကယ်တင်ပါလိမ့်မည်"

---

## Translation Questions

Psalms 80:1

ယောဣသရေ၏ သိုးထိန်းကို စာရေးသူက ဘာလုပ်ဖို့တောင်းလျှောက်သနည်း။
မိမိတို့အသံကို နားထောင်၍ ဘုန်းရောင်ခြည်ထွန်းလင်းပေးရန် တောင်းလျှောက်သည်။

ဧဖရိမ်၊ ဗင်္ယာမိန်အမျိုး၊ မနာရှေအမျိုးတို့၌ မည်သို့ ပြုရန် သိုးထိန်းကြီးအား တောင်းလျှောက်သနည်း။
တန်ခိုးတော်ကို နှိုးဆော်၍ သူတို့အား ကယ်တင်ရန် တောင်းဆိုသည်။

ထာဝရဘုရားအား မည်ကဲ့သို့ ပြုရန် တောင်းဆိုသနည်း။
ကယ်တင်ခြင်းကို ခံရ၍ မျက်နှာတော်အလင်းကို ပြပါမည် အကြောင်း တောင်းလျှောက်သည်။

Psalms 80:4

ထာဝရဘုရား၏လူတို့ဆုတောင်းသောအခါ ဘုရားသခင်သည် မည်သို့တုံ့ပြန်သနည်း။
သူတို့ဆုတောင်းသောအခါ အမျက်ထွက်တော်မူသည်။


generated on Tue Jul 2 12:50:28 2024

ထာဝရဘုရားသည် သူတို့ စားဖို့နှင့် သောက်ဖို့ကို အဘယ်အရာကို ပေးသနည်း။
မျက်ရည်မုန့်နှင့်ကျွေး၍ မျက်ရည်ကို တိုက်တော်မူသည်။

ဣသရေလတို့၏ ရန်သူနှင့် အိမ်နီးချင်းတို့သည် မည်သို့ ပြုကြသနည်း။
အိမ်နီးချင်းတို့သည် ဆွေးနွေးငြင်းခုံကြလျက် ရန်သူတို့က ပြက်ယယ်ပြုကြပါသည်။

Psalms 80:7

ထာဝရဘုရားသည် သူတို့အား ရွေးယူ၍ မျက်နှာအလင်းပြလျှင် မည်သို့ ဖြစ်မည်နည်း။
ကယ်တင်ခြင်းခံရလိမ့်မည်။

ထာဝရဘုရားသည် အဲဂုတ္တုပြည်မှ ယူဆောင်လာသော စပျစ်နွယ်အား မည်သို့ ပြုသနည်း။
တပါးအမျိုးသားတို့ကို နှင်ထုတ်၍ ထိုစပျစ်နွယ်ကို စိုက်တော်မူ၏။

Psalms 80:9

စပျစ်နွယ်ပင်ကို စိုက်ရန် ထာဝရဘုရားမည်သို့ ပြင်ဆင်သနည်း။
မြေနေရာကို ရှင်းလင်းတော်မူ၏။

စပျစ်ခက်တို့သည် ဘယ်အရာကို ဖုံးလွှမ်းသွားသနည်း။
တောင်တို့နှင့် အာရဇ်ပင်တို့အထက် ဖုံးလွှမ်းလေသည်။

စပျစ်အခက်နှင့် အမြစ်တို့သည် ဘယ်နေရာထိ ရောက်သနည်း။
ပင်လယ်တိုင်အောင်၎င်း၊ မြေကြီးစွန်းတိုင်အောင်၎င်း၊ ပြန့်ပွားပါသည်။

Psalms 80:12

စပျစ်နွယ်ပင်၏ တံတိုင်းတို့ကို ဖြိုချခံရပြီးနောက် မည်သို့ ဖြစ်ပျက်သနည်း။
ဖြတ်သွားသမျှတို့သည် ဆွတ်ခူးကြသည်။

တောဝက်နှင့်တောသားရဲတို့က မည်သို့ ပြုလုပ်ကြသ နည်း။
သားရဲတို့သည် ဖျက်ဆီး၍ တောဝတ်တို့သည် စားသောက်ကြပါ၏။

Psalms 80:14

ကျမ်းရေးသူက ထာဝရဘုရားအား မည်သို့ ပြုရန် တောင်းဆိုသနည်း။
ကောင်းကင်မှ ကြည့်၍ ဂရုစိုက်ပါရန် တောင်းလျှောက်သည်။

စပျစ်နွယ်ပင်ကို မည်သူစိုက်သနည်း။
ထာဝရဘုရား၏ လက်ျာလက်တော်ဖြင့် စိုက်ပျိုးသည်။

စပျစ်နွယ်ပင်၌ မည်သို့ ဖြစ်လိမ့်မည်နည်း။
မီးရှို့၍ ခုတ်လှဲခြင်းကို ခံရသည်။

ကျမ်းရေးသူသည် ထာဝရဘုရား၏ ရန်သူတို့၌ မည်သို့ ဖြစ်စေလိုသနည်း။
ထာဝရဘုရား၏ ဆုံးမခြင်းဖြင့် ပျက်စီးခြင်းသို့ ရောက်စေလိုသည်။

Psalms 80:17

လက်ျာလက်တော်နှင့် ဆိုင်သောသူအား ထာဝရဘုရားမည်သို့ ပြုရန် ကျမ်းရေးသူအလိုရှိသနည်း။
ထာဝရဘုရား၏ လက်ျာလက်တော်အား သူ့အပေါ်၌ တင်စေလိုသည်။

လူသားအဖို့ ထာဝရဘုရားမည်သို့ ပြုသနည်း။
ထာဝရဘုရားအဖို့ ခိုင်ခံ့စေတော်မူ၏။

ထာဝရဘုရားကယ်တင်တော်မူလျှင် လူတို့သည် မည်သို့ ပြုကြမည်နည်း။
နာမတော်အား ပဌနာပြုကြလိမ့်မည်။

Psalms 80:19

ထာဝရဘုရား၏ မျက်နှာတော်ကို ထင်ရှားပြလျှင် မည်သို့ ဖြစ်လာမည်နည်း။
လူတို့သည် ကယ်တင်ခြင်းသို့ ရောက်ကြလိမ့်မည်။

## Chapter 81

1 ငါတို့ အစွမ်းသတ္တိတည်းဟူသော ဘုရားသခင် အား ရွှင်လန်းစွာ သီချင်းဆိုကြလော့။ ယာကုပ်အမျိုး၏ ဘုရားသခင်အား
ကျူးဧသော အသံကို ပြုကြလော့။ 2 တုရိယာမျိုးကိုဆောင်ကြ။ ပတ်သာကိုငင်း၊ သာယာသော စောင်းနှင့်တယောကိုငင်း ယူခဲ့ကြ။ 3
လဆန်းနေ့ လပြည့်နေ့ ပွဲသဘင်နေ့၌ တံပိုး မှုတ်ကြ။ 4 ထိုသို့ ဣသရေလအမျိုး၌ထုံးဖွဲ့၍၊ ယာကုပ် အမျိုး၏ ဘုရားသခင်သည်
ဆုံးဖြတ်တော်မူ၏။ 5 နားမလည်သော စကားကိုကြားရာအရပ်၊ အဲဂုတ္တုပြည်တဘက်၌ ကြွသွားတော်မူသောအခါ၊ ယောသပ်အမျိုး၌
ထိုသို့သော သက်သေခံချက်ကို စီရင် တော်မူ၏။ 6 ငါသည်သူ၏ ပခုံးကိုဝန်နှင့် လွတ်စေ၏။ သူ၏ လက်ကိုလည်း တင်ခြင်းတို့
အထဲက နှုတ်ယူ၏။ 7 သင်သည်ဒုက္ခကိုခံရသောအခါ၊ ငါ့ကိုခေါ်၍ ငါသည်ချမ်းသာပေး၏။ မထင်ရှားသော မိုဃ်းကြိုးနေရာ ၌
ငါပြန်ပြော၏။ မေရိဘာရေနားမှာ သင့်ကို ငါစုံစမ်း၏။ 8 ငါ၏လူစု၊ နားထောင်လော့။ ငါမှာထားမည်။ အိုဣသရေလအမျိုး၊ သင်သည်
ငါ့စကားကို နားထောင် ပါစေသော။ 9 သင်၌ တပါးအမျိုး၏ ဘုရားမရှိရ။ တကျွန်း တနိုင်ငံဘုရားကို မကိုးကွယ်ရ။ 10 ငါသည်သင့်ကို
အဲဂုတ္တုပြည်မှ ကယ်နှုတ်ဆောင် ယူခဲ့ပြီးသော သင်၏ဘုရားသခင်ထာဝရဘုရားဖြစ်၏။ သင်၏နှုတ်ကို ကျယ်ကျယ်ဖွင့်လော့။
ဝပြောစွာ ကျွေး မည်။ 11 ငါ၏လူများမူကား၊ ငါ့စကားကို နားမထောင် ကြ။ ဣသရေလအမျိုးသည် ငါ့ကိုအလိုမရှိကြပါတကား။ 12
ငါသည်လည်း ထိုသူတို့ကို သူတို့နှလုံးခိုင်မာ ခြင်း၌ အပ်၍၊ သူတို့သည် မိမိတို့အလိုသို့ လိုက်ကြ၏။ 13 ငါ၏လူစုသည် ငါ့စကားကို
နားထောင်၍၊ ဣသရေလအမျိုးသည် ငါ့လမ်း၌ လိုက်ပါစေသော။ 14 လိုက်လျှင် ငါသည်သူတို့ရန်သူများကို အလျင် အမြန် နှိပ်စက်၍၊
ရန်ဘက်ပြုသောသူတို့ကို ဒဏ်ခတ် မည်။ 15 ထာဝရဘုရားကို မုန်းသောသူတို့သည် တောင်း ပန်ခြင်းကို ပြု၍၊ ငါ၏လူတို့သည်လည်း၊
အစဉ်အမြဲ တည်ရသော အခွင့်ရှိကြလိမ့်မည်။ 16 အကောင်းဆုံးသော ဆန်စပါးနှင့် ငါကျွေးမည်။ ကျောက်ထဲက
ထွက်သောပျားရည်နှင့်လည်း ဝပြော စေမည်။

---

### Psalms 001

ယေဘုယျအချက်အလက်
"အနိုင်းကဗျာ" သည် ဟေဗြဲကဗျာတွင် အများဆုံး ဖွဲ့ဆိုသီကုံးလေ့ရှိသော ကဗျာအမျိုးအစားဖြစ်သည်။

ယေဘုယျအချက်အလက်
အာဆပ်၏ ဆာလံသီချင်း

အစွမ်းသတ္တိတည်းဟူသော ဘုရားသခင်
"အစွမ်းသတ္တိ" သည် "ခွန်အားကြီးခြင်း" ကို ဆိုလိုသည်။ ပြန်ဆို၊ "ဘုရားသခင်သည် ငါတို့အား ခွန်အားကြီးစေ တော်မူပြီ"

ယာကုပ်အမျိုး၏ ဘုရားသခင်
"ယာကုပ်" သည် သူ၏ အမျိုးအနွယ်တစ်ခုလုံးကို ရည်ညွှန်းသည်။ ပြန်ဆို၊ "ဣသရေလဘုရားသခင်၊ ယာကုပ်အနွယ်ဝင်များ၏ တိုင်းပြည်"

တူရိယာမျိုးကိုဆောင်ကြ။ ပတ်သာကိုငင်း၊ သာယာသော စောင်းနှင့်တယောကိုငင်း
တူရိယာတန်ဆာများ ဖြစ်သည်။

ပတ်သာ
တူရိယာတစ်မျိုးဖြစ်၍ အရင်း၌ တီး၍ရသည့် ဗုံရှိပြီး တုန်ခါမှုအားဖြင့် အသံထွက်ပေါ်လာသည်။

လဆန်းနေ့
လဖြင့် ရေတွက်သော နေ့ရက်သစ်တစ်ခု အစပြုရာနေ့

လပြည့်နေ့
၁၅ ရက် တစ်ကြိမ် ကွယ်ချီ၊ ပြည့်ချီရှိသည်တွင် လပြည့်သည့်နေ့

ပွဲသဘင်နေ့
ပွဲတော် အစပြုသည့်နေ့

### Psalms 004

ထိုသို့
ပွဲတော်နေ့ကို ဆိုလိုသည်။

ယာကုပ် အမျိုး၏ ဘုရားသခင်သည် ဆုံးဖြတ်တော်မူ၏
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယာကုပ်၏ ဘုရားသခင်သည် စီရင်တော်မူသည်" သို့မဟုတ် "ယာကုပ်၏ ဘုရားသခင်သည် မိန့်ဆိုခဲ့သည်"

ယာကုပ် အမျိုး၏ ဘုရားသခင်
"ယာကုပ်၏ အမျိုးအနွယ် ဣသရေလလူမျိုးတို့ ဘုရားသခင်"

သက်သေခံချက်ကို စီရင် တော်မူ၏
"ပညတ်ချက် ပြုတော်မူသည်"

ယောသပ်အမျိုး၌
"ဣသရေလလူမျိုးတော်၌"


generated on Tue Jul 2 12:50:28 2024

အဲဂုတ္တုပြည်တဘက်၌ ကြွသွားတော်မူသောအခါ
ဣသရေလလူမျိုးများ အဲဂုတ္တုပြည်တွင် ကျွန်ခံသည့် အချိန်မှစ၍ ဘုရားသခင် ကယ်နှုတ်ခဲ့သည့် အဖြစ်အပျက်အားလုံး ပါဝင်သည်

အဲဂုတ္တုပြည်
"အဲဂုတ္တုပြည်သူ ပြည်သားများ"

Psalms 006

ယေဘုယျအချက်အလက်
ဤနေရာမှစ၍ ဘုရားသခင် စတင်၍ စကားပြောသည်။

သူ၏ ပခုံးကိုဝန်နှင့် လွတ်စေ၏
ဣသရေလလူမျိုးများ အဲဂုတ္တုပြည်တွင် ကျွန်ဘဝ၌ မတရားခိုင်းစေမှု အမျိုးမျိုးကို ဆိုလိုသည်

သူ၏ လက်ကိုလည်း တင်ခြင်းတို့ အထဲက နှုတ်ယူ၏
ဣသရေလလူမျိုးများ အဲဂုတ္တုပြည်တွင် ကျွန်ဘဝ၌ မတရားခိုင်းစေမှု အမျိုးမျိုးကို ဆိုလိုသည်

ဒုက္ခကိုခံရသောအခါ
"သင်တို့ စိတ်မသာ ညည်းတွားချိန်တွင်"

မထင်ရှားသော မိုဃ်းကြိုးနေရာ ၌ ငါပြန်ပြော၏
ဘုရားသခင် ပေါ်လာသည့်အချိန်တိုင်းတွင် သူ၏ အသွင်ကို မထင်မပေါ်စေရန် မိုးတိမ်၊ မှောင်မိုက် စသည်တို့ဖြင့် လွှမ်းခြုံ၍ ကိုယ်ယောင်ပြသည်။

မေရိဘရေနားမှာ သင့်ကို ငါစုံစမ်း၏
ဘုရားသခင်သည် ဣသရေလလူမျိုးတို့ကို ရေ ပေးမည် မပေးမည်ကို မေရိယသဲကန္တာရ၌ စုံစမ်းသည်

Psalms 008

ယေဘုယျအချက်အလက်
ထာဝရဘုရားသည် သူတို့ သဲကန္တာရတွင် ရှိနေချိန်တွင် မည်သို့ ပြောဆိုသည်ကို သတိရစေသည်။

ငါမှာထားမည်
"ငါသည် သင်တို့ကို သတိပေးခဲ့သည်"

ဣသရေလ
"ဣသရေလလူမျိုး" "လူမျိုးတော်"

ငါ့စကားကို နားထောင် ပါစေသော
"သင်တို့သည် ငါ့စကားကို နားထောင်ကြစေဟု ဆန္ဒပြုပါသည်" သို့မဟုတ် "သင်တို့သည် ငါ့စကားကို စ၍ နားထောင်နေမည်ဆိုလျှင်"

သင်၏နှုတ်ကို ကျယ်ကျယ်ဖွင့်လော့။ ဝပြောစွာ ကျွေးမွေး မည်
အမေဖြစ်သော ငှက်မကြီးက မိမိသားငယ်များကို ကျွေးမွေးခဲ့သည်နည်းတူ ဘုရားသခင်သည် သူ၏ လူမျိုးတော်ကို အစစအရာရာ ပံ့ပိုးပေးခဲ့သည်။ (ရှု၊

Psalms 011

ယေဘုယျအချက်အလက်
ယခုတွင် ထာဝရဘုရားသည် သူ၏ လူမျိုးများကို သတိပေးပြီးနောက်တွင် ဖြစ်ပျက်ခဲ့သမျှကို ပြောဆိုသည်။

ငါ့စကားကို
ထာဝရဘုရား၏ စကားတော်ဖြစ်သည်။ ပြန်ဆို၊ "ငါပြောဆိုခဲ့သော" သို့မဟုတ် "ငါဆိုသည်ကား"

ငါသည်လည်း ထိုသူတို့ကို သူတို့နှလုံးခိုင်မာ ခြင်း၌ အပ်၍
ဘုရားသခင်သည် သူ၏ လူမျိုးများ စိတ်နှလုံးခိုင်မာခဲ့ရခြင်းကြောင့် သူတို့၏ ရန်သူများ နှောင့်ယှက်ခြင်းကို ခံမည်အကြောင်း ပြောဆိုသည်။ ပြန်ဆို၊ "ထို့ကြောင့် ငါသည် သူတို့၏ စိတ်နှလုံးကို ခိုင်မာစေလျှက်"

Psalms 013

ဣသရေလအမျိုးသည် ငါ့လမ်း၌ လိုက်ပါစေသော
ဘုရားသခင်သည် သူ၏ လူမျိုးတော်ကို သူ၏ လမ်းခရီးတွင် လိုက်စေချင်သည့် ဆန္ဒရှိနေသည်။ ပြန်ဆို၊ "သူတို့သည် ငါ့စကားကို လိုက်လျှောက်ကြစေဟု ငါဆန္ဒပြုသည်"

ရန်ဘက်ပြုသောသူတို့ကို ဒဏ်ခတ် မည်
အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် ဖျက်ဆီး၍"

Psalms 015

ထာဝရဘုရားကို မုန်းသောသူတို့
တတိယပုဂ္ဂိုလ်နေရာတွင် စကားပြောနေသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့ကို မုန်းသောသူ ... "

တောင်း ပန်ခြင်းကို ပြု၍
"ကြောက်၍ ဦးညွှတ်သည်" သို့မဟုတ် "ကြောက်၍ ဒူးထောက်သည်"

အစဉ်အမြဲ တည်ရသော အခွင့်ရှိကြလိမ့်မည်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် သူတို့ကို အစဉ် နှိမ်မည်" သို့မဟုတ် "သူတို့ကို ငါသည် အစဉ်မပြတ် အပြစ်ပေးမည်"

အကောင်းဆုံးသော ဆန်စပါးနှင့် ငါကျွေးမည်
ဘုရားသခင်သည် ထိုပြည်၌ အကောင်းဆုံးဆန်စပါး ရှိနေခြင်းကို ဖော်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် သူတို့ကို အကောင်းဆုံးသော ဂျုံစပါး စားနိုင်ဖို့ရန် အခွင့်ပေးမည်"


generated on Tue Jul 2 12:50:28 2024

ငါကျွေးမည်
ဣသရေလလူမျိုးတော်ကို

ကျောက်ထဲက ထွက်သောပျားရည်နှင့်
ပျားရည်အရိုင်း ဖြစ်သည်။ ပျားသည် ကျောက်တွင်းထဲတွင်
အအုံဆောက်ပြီး ပျားရည်များ ထုတ်သည်


generated on Tue Jul 2 12:50:28 2024

# Chapter 82

[1] ဘုရားသခင်သည် ဘုရားတို့၏ ပရိသတ်၌ ရပ်လျက် နေတော်မူ၍၊ ဘုရားတို့ အလယ်၌ စီရင်တော်မူ ၏။ [2] သင်တို့သည်
မတရားသော သူတို့၏ မျက်နှာကို ထောက်၍၊ အဘယ်မျှ ကာလပတ်လုံး မတရားသဖြင့် စီရင်ကြမည်နည်း။ [3] ဆင်းရဲသော သူနှင့်
မိဘမရှိသောသူတို့ကို စောင့်မကြလော့။ ငြိုငြင်သောသူနှင့် ငတ်မွတ်သော သူတို့ဘက်၌ တရားစီရင်ကြလော့။ [4] ဆင်းရဲသောသူနှင့်
ငတ်မွတ်သော သူတို့ကို မတရားသော သူ၏လက်မှ ကယ်နှုတ်ကြလော့။ [5] သူတို့သည် မသိ၊ နားမလည်ကြ။ မှောင်မိုက်၌
ကျင်လည်ကြ၏။ မြေကြီးတိုက်မြစ်အပေါင်းတို့သည် လှုပ်ရှားလျက်ရှိကြ၏။ [6] သင်တို့သည် ဘုရားဖြစ်ကြ၏။ ရှိသမျှတို့သည်
အမြင့်ဆုံးသော ဘုရား၏သားဖြစ်ကြ၏ဟုငါဆိုသတည်း။ [7] သို့သော်လည်း၊ သင်တို့သည် လူကဲ့သို့သေ၍၊ အခြားသော မင်းကဲ့သို့
ဆုံးရှုံးခြင်းသို့ရောက်ကြလိမ့်မည်။ [8] အိုဘုရားသခင်၊ ထ၍မြေကြီးကို တရားစီရင် တော်မူပါ။ ကိုယ်တော်သည် လူမျိုးအပေါင်းတို့ကို
အပိုင် ရတော်မူ၏။

---

---

Psalms 001

ယေဘုယျအချက်အလက်
အပြိုင်ထားရှိသည့် စကားလုံးများကို ဟေဗြဲကဗျာများ၌ တွေ့ရများသည်။

ဘုရားတို့၏ ပရိသတ်၌
"ကောင်းကင် အစည်းအဝေး" သို့မဟုတ် "အထက်ရပ် စုဝေးရာအရပ်"

ဘုရားတို့ အလယ်၌ စီရင်တော်မူ ၏
"သူသည် တရားစီရင်သည်" အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်သည် တရားစီရင်တော်မူသည်"

ဘုရားတို့
ဖြစ်နိုင်ချေရှိ အဓိပ္ပါယ်များမှာ (၁) အထက်ကောင်းကင်ရှိ အခြားသော ဝိညာဉ်ခန္ဓာများ။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားခန္ဓာတော်များ" သို့မဟုတ် "ကောင်းကင်ရှိ တရားသူကြီးအဖွဲ့" သို့မဟုတ် (၂) ဘုရားရွေးချယ်ထားသော စီရင်ပိုင်ခွင့်ရှိ လူသားများ။ မည်သို့ပင်ဆိုစေ သူတို့သည် ထာဝရဘုရားနှင့် တစ်တန်းတည်း မဟုတ်ကြပေ။ ဘုရားသခင်သည် သူတို့ကို အခွင့်အာဏာ အတိုင်းအတာတစ်ခုထိပေး၍ တန်ခိုးလည်း အပ်နှင်းသည်။ ပြန်ဆို၊ "အစိုးရအဖွဲ့"

သင်တို့သည် မတရားသော သူတို့၏ မျက်နှာကို ထောက်၍၊ အဘယ်မျှ ကာလပတ်လုံး မတရားသဖြင့် စီရင်ကြမည်နည်း
ထာဝရဘုရားသည် သူ၏ အဖွဲ့အစည်းကို လူတို့အား မျှတစွာ မစီရင်သည့်အတွက် ဆဲဆိုသည့် စကားဖြစ်သည်။

Psalms 003

ဆင်းရဲသော သူနှင့် မိဘမရှိသောသူ
နာမဝိသေသနများသာ ဖြစ်သည်။

သူတို့ဘက်၌ တရားစီရင်ကြလော့
"သူတို့အတွက် အကောင်းဆုံး စီရင်ပေးကြ"

ငြိုငြင်သောသူနှင့် ငတ်မွတ်သော
နာမဝိသေသနများသာ ဖြစ်သည်။

ဆင်းရဲသောသူနှင့် ငတ်မွတ်သော သူ
နာမဝိသေသနများသာ ဖြစ်သည်။

မတရားသော သူ၏လက်မှ ကယ်နှုတ်ကြလော့
"လက်" တန်ခိုး သို့မဟုတ် ထိန်းချုပ်မှု။ အခြားသောဘာသာပြန်ဆိုချက်၊ "မတရားသောသူများအား ဆီးတားကြလော့"

Psalms 005

သူတို့သည် မသိ
(၁) "သူတို့" သည် "ဘုရားများ" သို့မဟုတ် (၂) "သူတို့" သည် မတရားသောသူ

မှောင်မိုက်၌ ကျင်လည်ကြ၏
မတရားမှုကို ပြုခြင်းသည် မှောင်မိုက်နေရာ၌ ကျင်လည်နေသည့် အလား ဖော်ပြသည်

မြေကြီးတိုက်မြစ်အပေါင်းတို့သည် လှုပ်ရှားလျက်ရှိကြ၏
ဘုရားသခင် တည်ဆောက်ခဲ့သော တိုက်မြစ်ကို မတရားမှုက ယိုင်နဲ့စေသည့်အဖြစ်ကို ပုံဖော်ခြင်း ထားဖြစ်သည်။

လှုပ်ရှား
"ယိုင်လဲနေသည်"

Psalms 006

သင်တို့သည် ဘုရားဖြစ်ကြ၏
ဤစကားစု၏ အနက်သည် ဝိညာဉ်ရေးရာ သို့မဟုတ် လူပုဂ္ဂိုလ်ဆိုင်ရာဖြစ်ပါက ထာဝရဘုရားကဲ့သို့ ဖြစ်ခြင်းကို မဆိုလိုပေ။ ထို့အတူ သူ၏ သားအရင်းဟူ၍လည်း သက်ရောက်ခြင်း မရှိအပ်ပေ။ ထိုသို့ပြောဆိုရခြင်း၏ ရည်ရွယ်ချက်မှာ ထာဝရဘုရားသည် သူ၏ တန်ခိုးတော်နှင့်


generated on Tue Jul 2 12:50:28 2024

အခွင့်အာဏာကို လူတို့အား အပ်နှင်းခြင်းဖြစ်ကြောင်း သဘောပေါက်သင့်ပါသည်။

အမြင့်ဆုံးသော ဘုရား၏သား
ထာဝရဘုရားသာ အမြင့်ဆုံးဘုရား

သို့သော်လည်း
"သို့တိုင်လည်း"

ဆုံးရှုံးခြင်းသို့ရောက်ကြ
သေဆုံးသည်ဟု အနက်ရှိသည်။

Psalms 008

ယေဘုယျအချက်အလက်
ဆာလံဆရာ စကားပြောနေသည်။

မြေကြီးကို တရားစီရင် တော်မူပါ
"မြေကြီး" သည် လူသားကို ဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "လူသားတို့ကို တရားစီရင်တော်မူပါ"

ကိုယ်တော်သည် လူမျိုးအပေါင်းတို့ကို အပိုင် ရတော်မူ၏
ထာဝရဘုရားသည် သူ၏လူမျိုးတော်တွေကို သူ၏ အပိုင်ဖြစ်ကြောင်းလည်းကောင်း၊ အုပ်စိုးခြင်းသည်လည်း နိုင်ငံအနှံ့ရှိကြောင်း ရည်ညွှန်းဆိုထားသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ကိုယ်တော်သည် တိုင်းနိုင်ငံအသီးသီးကို အုပ်စိုးတော်မူသည်"

လူမျိုးအပေါင်းတို့
နိုင်ငံနှင့် လူမျိုးအပေါင်းတို့

## Chapter 83

1 အိုဘုရားသခင်၊ တိတ်ဆိတ်စွာနေတော်မမူပါ နှင့်။ အို ဘုရားသခင်၊ အမိန့်တော်မရှိဘဲ ငြိမ်ဝပ်စွာ နေတော်မမူပါနှင့်။ 2
ကိုယ်တော်၏ရန်သူတို့သည် ရုန်းရင်းခတ်ပြုကြပါ၏။ ကိုယ်တော်ကို မုန်းသောသူတို့သည် ထကြပါ၏။ 3 ကိုယ်တော်၏
လူစုတဘက်၌ပရိယာယ်ကိုကြံ၍၊ ကိုယ်တော် ကွယ်ကာတော်မူသော သူတို့တဘက်၌ တိုင်ပင်ကြပါ၏။ 4 ဣသရေလ၏နာမကို
နောက်တဖန်အောက် မေ့စရာမရှိစေခြင်းငှါ လာကြ၊ သူတို့အမျိုးကို ပယ်ဖြတ် ကြကုန်အံ့ဟု ဆိုကြပါ၏။ 5 သဘော
တညီတညွတ်တည်း တိုင်ပင်၍၊ ကိုယ် တော်တဘက်၌ အချင်းချင်းသင်းဖွဲ့သော သူဟူမူကား။ 6 ဧဒုံပြည်၌နေသောသူ၊
ဣရှမေလအမျိုးသား၊ မောဘပြည်သား၊ ဟာဂရပြည်သား၊ 7 ဂေဗလပြည်သား၊ အမ္မုန်ပြည်သား၊ အာမလက် ပြည်သား၊
တုရုမြို့သားနှင့်တကွ ဖိလိတ္တိ အမျိုးသားတို့ သည် သင်းဖွဲ့ကြပါ၏။ 8 အာရှုရိအမျိုးသားတို့သည်လည်း၊ ဝိုင်း၍
လောတအမျိုးသားတို့ဘက်သို့ ဝင်ကြပါ၏။ 9 မိဒျန်အမျိုးကိုငှင်း၊ ခိရှုန်ချောင်းနားမှာ သိသရ မင်းနှင့် ယာဘိန်မင်းကိုငှင်း ပြုသကဲ့သို့
သူတို့ကို ပြုတော် မူပါ။ 10 ထိုသူတို့သည် အေန်ဒေါရအရပ်၌ ဆုံးရှုံး၍၊ မြေ ပေါ်မှာ နောက်ချေးကဲ့သို့ ဖြစ်ကြပါ၏။ 11 ငါတို့သည်
ဘုရားသခင်၏အိမ်များကို ကိုယ်ဘို့ သိမ်းယူကြကုန်အံ့ဟု ဆိုသောဩရဘမင်းနှင့် ဇေဘမင်း ကဲ့သို့၊ 12 ဤသူတို့၏မှူးမတ်များကိုငှင်း၊
ဇေဘဟမင်းနှင့် ဇာလမုန္နမင်း ကဲ့သို့ ဤသူတို့၏ မင်းသားအပေါင်းကိုငှင်း ဖြစ်စေတော်မူပါ။ 13 အကျွန်ုပ်၏ ဘုရားသခင်၊ လေဘွေ၌
ပါသွား သော အမှိုက်ကဲ့သို့ငှင်း၊ လေတိုက်၍ လွင့်သော ဖွဲ့ကဲ့သို့ ငှင်း၊ လေတိုက်၍ လွင့်သောဖွဲ့ကဲ့သို့ငှင်း သူတို့ကို ဖြစ်စေ တော်မူပါ။ 14
တောကို မီးရှို့သကဲ့သို့ငှင်း၊ တောင်ပေါ်မှာ မီးလောင်သကဲ့သို့ငှင်း၊ 15 ထိုနည်းတူ၊ မိုဃ်းသက်မုန်တိုင်းတော်အားဖြင့် သူတို့ကိုညှဉ်းဆဲ၍၊
ပြင်းစွာသော လေတော်အားဖြင့် ချောက်လှန့်တော်မူပါ။ 16 အိုထာဝရဘုရား၊ သူတို့မျက်နှာကို ရှက်စေတော် မူ၍ သူတို့သည်
နာမတော်ကို ရှာကြပါစေသော။ 17 စိတ်ပျက်၍ အစဉ်ပင်ပန်းခြင်းရှိကြပါစေသော။ အရှက်ကွဲ၍ ဆုံးရှုံးခြင်းသို့ ရောက်ကြပါစေသော။
18 ထာဝရဘုရားဟူ၍ နာမတော်ရှိသော ကိုယ် တော်တပါးတည်းသာလျှင်၊ မြေကြီးတပြင်လုံးအပေါ်မှာ
အမြင့်ဆုံးသောဘုရားဖြစ်တော်မူကြောင်းကို သိကြပါ စေသော။

---

Psalms 001

ယေဘုယျအချက်အလက်
အပြိုင်စပ်ဆိုသော ကဗျာအမျိုးအစားကို ဟေဗြဲကဗျာများတွင် တွေ့ရတတ်သည်

ငြိမ်ဝပ်စွာ နေတော်မမူပါနှင့်
"အကူအညီမပေးဘဲ နေတော်မူခြင်း"

ကိုယ်တော်၏ရန်သူတို့သည် ရုန်းရင်းခတ်ပြုကြပါ၏
ရန်သူတို့သည် ပုန်ကန်ထကြွ၍ နေခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကြည့်လော့၊ ရန်သူတို့သည် ကိုယ်တော်၏ တစ်ဖက်၌ ပုန်ကန်ကြပြီ"

ကိုယ်တော်ကို မုန်းသောသူတို့သည် ထကြပါ၏
"ခေါင်းကို မော့လာသည်" ဟူ၍ အဓိပ္ပါယ်ရှိပြီး ပုန်ကန်မှုကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကိုယ်တော်ကို မုန်းသောသူတို့သည် ဆန့်ကျင်ကြပါ၏"

Psalms 003

ကိုယ်တော် ကွယ်ကာတော်မူသော သူ
"ကိုယ်တော် ကွယ်ကာသော သူ" ဣသရေလလူမျိုးကို ဆိုလိုသည်။

ဣသရေလ၏နာမကို နောက်တဖန်အောက် မေ့စရာမရှိစေခြင်းငှါ
ကတ္တားဝါကျပုံစံဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဣသရေလလူမျိုး တည်ရှိခဲ့ကြောင်းကို မည်သူမျှ အောက်မေ့နေမည်မဟုတ်ပေ"

ကိုယ် တော်တဘက်၌ အချင်းချင်းသင်းဖွဲ့
"ကိုယ်တော်၏ တစ်ဘက်၌ မကောင်းမှုကို ကြံစည်ကြသည်"

သဘော တညီတညွတ်တည်း တိုင်ပင်၍
"သူတို့သည် စုပေါင်း၍ ကိုယ်တော်ကို တိုက်ခိုက်ကြသည်"

Psalms 006

ယေဘုယျအချက်အလက်
စာရေးသူသည် ဣသရေလလူမျိုးတော်ကို ဖျက်ဆီးချင်သော အစုအဖွဲ့များ မှတ်တမ်းတင်ထားသည်။

ဧဒုံပြည်၌နေသောသူ
တဲတွင် နေထိုင်ကြသော ဧဒုံလူမျိုးများ

ဟာဂရပြည်သား
ဤလူမျိုးတို့သည် ယော်ဒန်မြစ်၏ အရှေ့ဘက်ခြမ်းတွင် အစုလိုက် နေထိုင်ကြသည်။

ဂေဗလပြည်သား၊ အမ္မုန်ပြည်သား၊ အာမလက် ပြည်သား၊ တုရုမြို့သားနှင့်တကွ ဖိလိတ္တိ အမျိုးသားတို့
ထိုပြည်များ၌ နေထိုင်သော လူမျိုးများ။

 generated on Tue Jul 2 12:50:28 2024

ဂေဗလ
ပင်လယ်သေ၏ တောင်ပိုင်းရှိ ဒေသတစ်ခုအမည်

Psalms 008

အာရှုရိ
"အာရှုရိ အမျိုးသား"

လောတအမျိုးသားတို့
ဤ စကားလုံးသည် မောဘအမျိုးသားနှင့် အာမွန်အမျိုးသားတို့ကို ဆိုလိုသည်။

Psalms 009

ပြုသကဲ့သို့ ...
စာရေးသူက ဘုရားသခင်သည် လူမျိုးများ၏ ရန်သူများကို ရှေးယခင်က ပြုသည့်နည်းတူ ပြုရန် တောင်းဆိုခြင်း ဖြစ်သည်။

မိဒျန်အမျိုး
"မိဒျန်အမျိုးသားတို့ အပေါ်ပြုသကဲ့သို့"

သိသရ မင်းနှင့် ယာဘိန်မင်း
လူယောကျ်ား အမည်များဖြစ်သည်။ ယာဘိန်မင်းသည် ဟာဇောဘုရင်ဖြစ်သည်။ သိသရသည် ယာဘိန်မင်း၏ စစ်သူကြီးဖြစ်သည်။

ခိရှုန်ချောင်း
ဣသရေလပြည် မြောက်ပိုင်းရှိ ချောင်းဖြစ်သည်။

အဒေါရ
ဣသရေလပြည် မြောက်ပိုင်းရှိ မြို့တစ်ခုဖြစ်သည်။

မြေ ပေါ်မှာ နောက်ချေးကဲ့သို့ ဖြစ်ကြပါ၏
ဆိုလိုသည်မှာ သိသရနှင့် ယာဘိန်မင်းတို့၏ အလောင်းသည် မြေတွင် သင်္ဂြိုလ်ခြင်းမရှိဘဲ ထိုနေရာတွင်ပင် ဆွေးမြေ့သွားသည်။

Psalms 011

ယေဘုယျအချက်အလက်
စာရေးသူသည် ဆက်လက်၍ ဘုရားသခင်က အမှုပြုရန် တောင်းဆိုသည်။

ဩရေဘမင်းနှင့် ဇေဘမင်း ... ဇေဘဟမင်းနှင့် ဇာလမုန္နမင်း
ဘုရင်များ အမည်နာမ။

ဆိုကြ၏
ဩရေဘမင်းနှင့် ဇေဘမင်း ... ဇေဘဟမင်းနှင့် ဇာလမုန္နမင်း တို့ကို ရည်ညွှန်းသည်။

ဘုရားသခင်၏အိမ်များ
"ဘုရားသခင်၏ စားကျက်တော်" ဣသရေလနိုင်ငံကို ဖော်ပြလိုခြင်းဖြစ်သည်။ သိုးထိန်းသည် သိုးများကို စောင့်ကြည့်သကဲ့သို့ ဘုရားသခင်သည် မိမိလူမျိုးတို့ကို စောင့်ကြည့်နေသည့် သဘောကို ဆိုလိုသည်။

Psalms 013

ယေဘုယျအချက်အလက်
စာရေးသူသည် တူညီသည့်အချက်များကို ရွေး၍ ရန်သူများအပေါ် ပျက်စီးခြင်းကို ဖော်ပြသည်

လေဘွေ၌ ပါသွား သော အမှိုက်ကဲ့သို့၎င်း၊ လေတိုက်၍ လွင့်သော ဖွဲကဲ့သို့ ၎င်း
နှစ်ခုလုံးတွင် ဘုရားသခင်သည် ရန်သူများကို ဖျက်ဆီးရာတွင် လေကဲ့သို့ တိုက်၍ လွင့်စင်ခြင်း အဖြစ်ဖြင့် တူညီစွာ ရေးသားထားသည်။

တောကို မီးရှို့သကဲ့သို့၎င်း၊ တောင်ပေါ်မှာ မီးလောင်သကဲ့သို့၎င်း
ဘုရားသခင်၏ စီရင်တော်မူချက်သည် မီးကဲ့သို့ ဖြစ်၍ ရန်သူတို့သည် ကျွမ်းလောင်ခြင်းကို ဤနှစ်ပိုဒ်တွင် ဖော်ပြထားသည်။

မိုဃ်းသက်မုန်တိုင်းတော်အားဖြင့် သူတို့ကိုညှဉ်းဆဲ၍၊ ပြင်းစွာသော လေတော်အားဖြင့် ချောက်လှန့်တော်မူပါ
ဘုရားသခင်သည် ရန်သူများကို မုန်တိုင်းအားဖြင့် ဖျက်ဆီးမည်ဟု ဖော်ပြထားသည်

Psalms 016

သူတို့မျက်နှာကို ရှက်စေတော် မူ၍
"မျက်နှာ" သည် လူပုဂ္ဂိုလ်ကို ညွှန်းဆိုသည်။ ပြန်ဆို၊ "လွန်စွာ ရှက်ခြင်းကို ခံစားစေသည်"

သူတို့သည် နာမတော်ကို ရှာကြပါစေ
"နာမတော်" သည် ဘုရားသခင်၏ တန်ခိုးတော်ကို ဆိုလိုသည်။ ဘုရားသခင်၏ တန်ခိုးတော်ကို သိမြင်လာသည်နှင့် မျက်နှာတော်ကို ရှာဖွေကြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် ကိုယ်တော်၏ တန်ခိုးကြီးခြင်းကို သိမှတ်စေရန်"

နာမတော်ကို ရှာ
(၁) ရန်သူတို့သည် ဘုရားသခင်၏ တန်ခိုးတော်ကို ဝန်ခံခြင်း သို့မဟုတ် (၂) ရန်သူတို့သည် ဘုရားသခင်၏ အကူအညီကို တောင်းခံခြင်း သို့မဟုတ် (၃) ရန်သူတို့သည် ဘုရားသခင်ကို ကိုးကွယ်၍ နာခံလာခြင်း။

အရှက်ကွဲ၍ ဆုံးရှုံးခြင်းသို့ ရောက်ကြပါစေသော
ကတ္တားဝါကျပုံစံဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့ကို အရှက်ကွဲစေ၍ အစဉ်ကြောက်ရွံ့ကြပါစေ။

စိတ်ပျက်၍ အစဉ်ပင်ပန်းခြင်းရှိကြပါစေသော
"ရှက်ကြောက်ခြင်းဖြင့် ဘဝဆုံးပါးသွားကြစေ"

Psalms 018

သိကြပါ စေသော
"သူတို့သည် သိလာကြလိမ့်မည်"

မြေကြီးတပြင်လုံးအပေါ်မှာ အမြင့်ဆုံးသောဘုရား
မြေပြင်တစ်ခုလုံးကို ဘုရားသခင် အုပ်စိုးနေခြင်းကို
ဘုရားသခင်သည် အရာအားလုံးထက် ရှိနေခြင်းဖြင့်
ပုံဖော်ထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊
"ကြီးမြတ်တော်မူသဖြင့် မြေကြီးတပြင်လုံးရှိ ခပ်သိမ်းသော
အရာတို့ကို အုပ်စိုးတော်မူပြီ"

---

## Chapter 84

1 ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား၊ ကိုယ်တော် ကျိန်းဝပ်တော်မူရာ အရပ်ဌာနတို့သည်
အလွန်နှစ်သက်ဘွယ်ဖြစ်ပါသည်တကား၊ 2 ထာဝရဘုရား၏ တန်တိုင်းတော်တို့ကို အကျွန်ုပ် ၏ဝိညာဉ်သည် တသ၍
အားလျော့လျက်ရှိပါ၏။ အကျွန်ုပ်နှလုံးနှင့် ကိုယ်ခန္ဓာသည် အသက်ရှင်တော်မူ သော ဘုရားသခင်ကို အလိုရှိ၍ ကြွေးကြော်ပါ၏။ 3
ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား၊ အကျွန်ုပ်၏ရှင်ဘုရင်၊ အကျွန်ုပ်၏ ဘုရားသခင်၊ အကယ် စင်စစ်ယဇ်ပလ္လင်တော်တို့
အနားမှာ စာငှက်သည် နေရာ အရပ်ကိုငှင်း၊ ဇရက်သည်လည်း သားငယ်မွေးစရာ အသိုက်ကိုငှင်း တွေ့ရပါ၏။ 4 အိမ်တော်၌
နေသောသူတို့သည် မင်္ဂလာရှိပါ၏။ ကိုယ်တော်ကို အစဉ်ချီးမွမ်းကြပါလိမ့်မည်။ 5 ကိုယ်တော်ကို အားပြုသော သူသည် မင်္ဂလာ
ရှိပါ၏။ ထိုသို့သော သူတို့သည် လမ်းခရီးတော်တို့ကို နှလုံးသွင်းတတ်ကြပါ၏။ 6 သူတို့သည် ဗာကာလွင်ပြင်၌ ရှောက်သွားစဉ်၊
ထိုလွင်ပြင်ကို စမ်းရေထွက်ရာအရပ် ဖြစ်စေကြပါ၏။ အရင် မိုယ်းရေလည်း မင်္ဂလာများနှင့် လွှမ်းစေပါ၏။ 7 သူတို့သည်
အားတိုးတက်၍ ခရီးသွားလျက်၊ ဇိအုန်မြို့မှာ ဘုရားသခင့်ထံတော်၌ မျက်နှာပြကြပါ၏။ 8 ကောင်းကင်ဗိုလ်ခြေအရှင်
ဘုရားသခင်ထာဝရ ဘုရား၊ အကျွန်ုပ်၏ပဌနာစကားကို မှတ်တော်မူပါ။ ယာကုပ်အမျိုး၏ဘုရားသခင်၊ နားထောင်တော်မူပါ။ 9
အကျွန်ုပ်တို့ကို ကွယ်ကာတော်မူသောဘုရား၊ ကြည့်ရှုတော်မူပါ။ အထံတော်၌ ဘိသိတ်ခံသောသူ၏ မျက်နှာကို ထောက်ရှုတော်မူပါ။ 10
တန်တိုင်းတော်တို့အတွင်း၌ နေသောတရက် သည် အခြားအရပ်၌နေသော အရက်တထောင်ထက် သာ၍ ကောင်းပါ၏။ မတရားသော
သူ၏နေရာ၌ နေရ သော အခွင့်ထက်၊ အကျွန်ုပ်၏ ဘုရားသခင့် အိမ်တော် ၌ တံခါးစောင့်အရာကို အကျွန်ုပ်သာ၍ နှစ်သက်ပါ၏။ 11
ထာဝရအရှင် ဘုရားသခင်သည် နေလည်း ဖြစ်တော်မူ၏။ အကွယ်အကာလည်း ဖြစ်တော်မူ၏။ ထာဝရဘုရားသည် ကျေးဇူးတော်နှင့်
ဘုန်းအသရေကို ပေးတော်မူ၏။ ဖြောင့်မတ်စွာ ကျင့်သောသူတို့အား ကောင်းသောအရာကို ငြင်းတော်မမူ။ 12
ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား၊ ကိုယ်တော်၌ ခိုလှုံသော သူသည် မင်္ဂလာရှိပါ၏။

---

Psalms 001

ယေဘုယျအချက်အလက်
အပြိုင်သဘော ရေးသားခြင်းကို ဟေဗြဲကဗျာများတွင် တွေ့ရများသည်။

အလွန်နှစ်သက်ဘွယ်
"လှပသော"

ထာဝရဘုရား၏ တန်တိုင်းတော်တို့ကို အကျွန်ုပ် ၏ဝိညာဉ်သည် တမ်းသ၍
"ကျွန်ုပ်သည် တန်တိုင်းတော်တွင် နေချင်လှသည်"

ထာဝရဘုရား၏ တန်တိုင်းတော်
"တန်တိုင်းတော်" သည် ဗိမာန်တော်ကို ရည်ညွှန်းသည်။

အကျွန်ုပ် ၏ဝိညာဉ်သည် တသ၍ အားလျော့လျက်ရှိပါ၏
"တောင့်တသည့်အတွက် ညိုးနွမ်းလှပါ၏" သို့မဟုတ် "ကျွန်ုပ်သည် နေလိုသည့်အတွက် မောပန်းလှပါသည်"

အကျွန်ုပ်နှလုံးနှင့် ကိုယ်ခန္ဓာသည် အသက်ရှင်တော်မူ သော ဘုရားသခင်ကို အလိုရှိ၍ ကြွေးကြော်ပါ၏
"နှလုံး" သည် လူတစ်ယောက်ကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်သည် ကြီးစွာ အော်ဟစ်ခေါ်ဆိုမိပါသည်"

အသက်ရှင်တော်မူ သော ဘုရားသခင်
ဘုရားသခင်သည် အသက်ရှင်တော်မူလျက် အခြားအရာများကိုပင် ရှင်စေတော်မူသော ဘုရားဖြစ်ပါသည်။

Psalms 003

စာငှက် ... ဇရက်
ငှက် အမျိုးအမည်များ

အသိုက်ကိုငှင်း တွေ့ရပါ၏
"နေအိမ်ကို တွေ့ပါသည်" သို့မဟုတ် "အသိုက်ဆောက်၍ နေသည်"

ဇရက်သည် အသိုက်
အခြားသောဘာသာပြန်ဆိုချက်၊ "ဇရက်သည် အသိုက်ကို ဆောက်နေသည်" သို့မဟုတ် "ဇရက်သည် အသိုက်ကို ရှာဖွေတွေ့ရှိသည်"

သားငယ်မွေးစရာ
"အသိုက်တွင် ဥများ ဥ၍၊ သားငယ်များကို ပြုစုကျွေးမွေးရန်"

အိမ်တော်၌ နေသောသူတို့သည်
ဖြစ်နိုင်ချေများမှာ (၁) ဗိမာန်တော်တွင် ခစားလုပ်ဆောင်နေကြသော ယဇ်ပုရောဟိတ်များ သို့မဟုတ် (၂) ဗိမာန်တော်သို့ ဝတ်ပြုကိုးကွယ်လာကြသည့် ဘုရားရှိခိုးသူများ။

အစဉ်
"ကြိမ်ဖန်များစွာ"

Psalms 005

... သူသည် မဂ်လာ ရှိပါ၏၊
သာမန်လူကိုပင် ဆိုလိုသည်။

ကိုယ်တော်ကို အားပြုသော
ခွန်အားကို ဘုရားသခင်၌ တွေ့ရကြောင်း ရည်စူးသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကိုယ်တော် အားဖြည့်ပေးသောသူ"

သူတို့သည် လမ်းခရီးတော်တို့ကို နှလုံးသွင်းတတ်ကြပါ၏
နှလုံးသားတွင် တောင့်တသည့်အရာများ။ အခြားသောဘာသာပြန်ဆိုချက်၊ "ဇိအုန်သို့ တက်ရောက်ဖူးမြင်ချင်သော သူတို့" သို့မဟုတ် "ဇိအုန်သို့ တက်ရန် စိုင်းပြင်းနေကြသူ အပေါင်း"

လမ်းခရီးတော်
"လမ်းမကြီး"

ဇိအုန်ပေါ်
ဗိမာန်တော်ကြီးကို ယေရုရှလင်မြို့ရှိ ဇိအုန်တောင်ပေါ်တွင် တည်ဆောက်ထားသည်။

ဗာကာလွင်ပြင်
ခြောက်သွေ့ ရေရှားသော လွင်ပြင်။ "ဗာကာ" ၏ အနက်မှာ "ငိုကြွေးခြင်း" ဖြစ်သည်။

အရင် မိုဃ်းရေ
ဤမိုဃ်းရေသည် ဆောင်းတွင်းမရောက်ခင်တွင် ရွာသော မိုဃ်းဖြစ်သည်။ အောက်တိုဘာလ နှင့် နိုဝင်ဘာလ အတွင်း ဖြစ်နိုင်သည်။

မင်္ဂလာများ
"ရေတွင်းများ"

Psalms 007

သူတို့သည် အားတိုးတက်၍ ခရီးသွားလျက်
တဖြည်းဖြည်း အားကြီးလာခြင်းကို ဆိုလိုသည်။

သူတို့သည် ခရီးသွားလျက်
ဗိမာန်တော်သို့ လိုလိုလားလားဖြင့် သွားနေကြသူများကို ဆိုလိုသည်။

အကျွန်ုပ်တို့ကို ကွယ်ကာတော်မူသောဘုရား၊ ကြည့်ရှုတော်မူပါ
လူများကို ကာကွယ်နေသော ဘုရင်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်သည် ငါတို့ကို ကြည့်ရှုနေသော ဘုရင်ဖြစ်သည်။"

တန်တိုင်းတော်တို့အတွင်း၌ နေသောတရက် သည် အခြားအရပ်၌နေသော အရက်တထောင်ထက် သာ၍ ကောင်းပါ၏
အခြားသောဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်သည် အပြင်အရပ်၌ ရက်တစ်ထောင်နေခြင်းထက် တန်တိုင်းတော်တွင် တစ်ရက်သာ နေလိုပါသည်"

တထောင်
၁၀၀၀

တံခါးစောင့်
"တံခါးတော်ကို စောင့်သောသူ" သို့မဟုတ် "တံခါးနားတွင် ရပ်နေသူ"

မတရားသော သူ
အခြားသောဘာသာပြန်ဆိုချက်၊ "လူဆိုး" သို့မဟုတ် "ဆိုးသွမ်းသူ"

Psalms 011

ထာဝရအရှင် ဘုရားသခင်သည် နေလည်း ဖြစ်တော်မူ၏။ အကွယ်အကာလည်း ဖြစ်တော်မူ၏
လမ်းပြသူနှင့် ကွယ်ကာသူဖြစ်သော ထာဝရဘုရားကို နေမင်းနှင့် ဒိုင်းကာအဖြစ် ပုံဖော်ထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် နေ၏ အလင်းရောင်ဖြင့် လမ်းပြပြီး၊ ဒိုင်းကာဖြင့် ကွယ်ကာတော်မူသည်"

ထာဝရဘုရားသည် ကျေးဇူးတော်နှင့် ဘုန်းအသရေကို ပေးတော်မူ၏
"ထာဝရဘုရားသည် ကျေးဇူးပြု၍ ချီးမြှောက်တော်မူမည်"

ဖြောင့်မတ်စွာ ကျင့်သောသူတို့
လူ့ အသက်ရှင်ခြင်းနှင့် လုပ်ရှားခြင်းကို လမ်းလျှောက်ခြင်း အနေဖြင့် ဖော်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ရိုးဖြောင့်စွာ အသက်ရှင်သူ" သို့မဟုတ် "ရိုးသားသောသူ"

... သူသည် မင်္ဂလာရှိပါ၏
ယေဘုယျလူသားကို ဆိုလိုသည်။ "မင်္ဂလာရှိသူ"


generated on Tue Jul 2 12:50:28 2024

## Chapter 85

1 အို ထာဝရဘုရား၊ ကိုယ်တော်သည် ပြည်တော် ကိုစိတ်နှင့်တွေ့တော်မူ၍၊ ဘမ်းဆီးသိမ်းသွားခြင်းကို ခံရသော
ယာကုပ်အမျိုးသားတို့ကို ပြန်ပို့စေတော်မူပြီ။ 2 ကိုယ်တော်၏ လူတို့အပြစ်ကိုလွှတ်၍၊ သူတို့၏ ဒုစရိုက်အပေါင်းကိုလည်း
ဖုံးအုပ်တော်မူပြီ။ 3 စိတ်တော်ရှင်းရှင်းပြေ၍၊ အမျက်တော်အရှိန်ကို လျော့စေတော်မူပြီ။ 4 အကျွန်ုပ်တို့ကို ကယ်တင်တော်မူသော
ဘုရား၊ တဖန်အကျွန်ုပ်တို့ကို ပြောင်းလဲစေ၍၊ ထွက်ဘူးသော အမျက်တော်ကို ငြိမ်းစေတော်မူပါ။ 5 အကျွန်ုပ်တို့၌
အစဉ်အမျက်ထွက်တော်မူမည် လော။ ကာလအစဉ်အဆက် စိတ်တော်မပြေဘဲ နေတော် မူမည်လော။ 6 ကိုယ်တော်၏ လူတို့သည်
ကိုယ်တော်ကို အမှီပြု ၍ ဝမ်းမြောက်ပါမည်အကြောင်း၊ တဖန်အကျွန်ုပ်တို့ကို အသက်ရှင်စေတော်မူမည်မဟုတ်လော။ 7
အိုထာဝရဘုရား၊ အကျွန်ုပ်တို့အား ကရုဏာ တော်ကိုပြ၍၊ ကယ်တင်တော်မူခြင်းကျေးဇူးကို ပြုတော် မူပါ။ 8 ထာဝရအရှင်
ဘုရားသခင်သည် အဘယ်သို့ မိန့်တော်မူမည်ကို ငါနားထောင်မည်။ အကယ်စင်စစ် မိမိလူ၊ မိမိသန့်ရှင်းသူတို့အား
ငြိမ်သက်ခြင်းအကြောင်း ကို မိန့်တော်မူလိမ့်မည်။ သို့ရာတွင်၊ နောက်တဖန် မိုက် သော အကျင့်ကို မကျင့်ကြပါစေနှင့်။ 9 ငါတို့ပြည်၌
ဘုန်းတော်ကျိန်းဝပ်မည်အကြောင်း၊ ကယ်တင်တော်မူခြင်း ကျေးဇူးသည်၊ ဘုရားသခင်ကို ကြောက်ရွံ့သော သူတို့၏အနီးသို့
ဧကန်အမှန် ရောက် လေပြီ။ 10 ကရုဏာနှင့်သစ္စာဆုံမိပြီ။ တရားနှင့်ချမ်းသာ သည် တပါးကို တပါးနမ်းကြပြီ။ 11 သစ္စာသည်
မြေကြီးထဲက ပေါက်လိမ့်မည်။ တရားသည်လည်း ကောင်းကင်ပေါ်ကငုံ့ကြည့်လိမ့်မည်။ 12 အကယ်စင်စစ် ထာဝရဘုရားသည်
ကျေးဇူးပြု တော်မူ၍၊ ငါတို့ မြေသည် မိမိဘဏ္ဍာကို ပေးလိမ့်မည်။ 13 တရားသည် ရှေ့တော်၌သွား၍ ခြေတော်ရာ တို့ကို
ပဲ့ပြင်လိမ့်မည်။

---

---

### Psalms 001

ယေဘုယျအချက်အလက်
အပြိုင် စပ်ဆိုသည့် ကဗျာများကို ဟေဗြဲကဗျာများတွင် တွေ့ရတတ်သည်။

ကိုယ်တော်သည် ပြည်တော် ကိုစိတ်နှင့်တွေ့တော်မူ၍
"ပြည်တော်" သည် ဣသရေလလူမျိုးများ နေထိုင်ရာ တိုင်းပြည်

ပြန်ပို့စေတော်မူ
သာယာဖွံ့ဖြိုးလာသည်။ ပျော်ရွှင်သည်။

ယာကုပ်အမျိုးသားတို့
ယာကုပ်အမျိုးအနွယ်ဖြစ်သော ဣသရေလလူမျိုးများ

ဒုစရိုက်အပေါင်းကိုလည်း ဖုံးအုပ်
အပြစ်လွှတ်ခြင်းကို မမြင်နိုင်ရန်အတွက် ဖုံးအုပ်ထားခြင်းဟု သုံးနှုန်းသည်။ ပြန်ဆို၊ "ကိုယ်တော်သည် သူတို့၏ အပြစ်များကို လုံးလုံးမေ့ပစ်ထားသည်"

လူတို့အပြစ်
စာရေးသူသည် ဘုရာသခင်၏ လူအထဲတွင် မိမိကိုယ်မိမိ ထည့်တွက်ထားသည်။ ပြန်ဆို၊ "ငါတို့အပြစ်"

### Psalms 003

စိတ်တော်ရှင်းရှင်းပြေ၍
ဘုရားသခင်သည် စိတ်ဆိုးပြေ၍ လူမျိုးတော်တို့အား အပြစ်ပေးခြင်း မပြုတော့ခြင်းကို "အမျက်တော်ကို ပြန်လည် ရုပ်သိမ်းသည်" ဟု သုံးနှုန်းသည်။

အမျက်တော်အရှိန်ကို လျော့စေတော်မူပြီ
ဘုရားသခင်သည် ဣသရေလလူမျိုးများအပေါ် အမျက်တော်မထွက်တော့ခြင်းကို အရှိန်ပြင်းသည့် မီးကို ငြိမ်းသတ်သည့် အလား ဖော်ပြထားသည်

အကျွန်ုပ်တို့ကို ကယ်တင်တော်မူသော ဘုရား
"ကယ်တင်တော်မူသော ဘုရား"

ထွက်ဘူးသော အမျက်တော်ကို ငြိမ်းစေတော်မူပါ
ဘုရားသခင်၏ အမျက်တော် ရပ်တန့်စေရန် စာရေးသူသည် ဘုရားသခင်အား စိတ်မသက်သာခြင်းများ ချုပ်ငြိမ်းစေရန် တောင်းပန်သည်

အကျွန်ုပ်တို့၌ အစဉ်အမျက်ထွက်တော်မူမည် လော။ ကာလအစဉ်အဆက် စိတ်တော်မပြေဘဲ နေတော် မူမည်လော
စာရေးသူသည် ဘုရားသခင်၏ အမျက်တော် ရပ်တန့်စေရန် တောင်းဆိုသည့် မေးခွန်းများ ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကိုယ်တော်သည် အစဉ်အမြဲ အမျက်တော်ထွက် မမူပါနှင့်"

### Psalms 006

တဖန်အကျွန်ုပ်တို့ကို အသက်ရှင်စေတော်မူမည်မဟုတ်လော
စာရေးသူသည် ဘုရားသခင်အား ဣသရေလလူမျိုးတော်ကို ချမ်းသာခြင်းနှင့် ပျော်ရွှင်ခြင်း ကောင်းကျိုးကို ပေးပါမည်လောဟု မေးမြန်းခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်တို့ကို ချမ်းသာ ပေးတော်မူပါ"

 generated on Tue Jul 2 12:50:28 2024

အကျွန်ုပ်တို့အား ဂရုဏာ တော်ကိုပြ၍
အခြားသောဘာသာပြန်ဆိုချက်၊ "ကိုယ်တော်ကတိတော်အတိုင်း ဂရုဏာပြတော် မူပါ"

ကယ်တင်တော်မူခြင်းကျေးဇူးကို ပြတော် မူပါ
"ကယ်တင်တော်မူခြင်းအားဖြင့်"

Psalms 008

မိမိသန့်ရှင်းသူတို့အား ငြိမ်သက်ခြင်းအကြောင်း
"လူမျိုးတော်တို့နှင့် ငြိမ်းချမ်းစွာ ဆက်ဆံခြင်း" သို့မဟုတ် "လူမျိုးတော်တို့အား ငြိမ်သက်ခြင်း ဆောင်ယူသည်"

သို့ရာတွင်၊ နောက်တဖန် မိုက် သော အကျင့်ကို မကျင့်ကြပါစေနှင့်
အသက်တာ ပြောင်းလဲသွားသော သူ၏ အဖြစ်ကို ပုံဖော်ရာတွင် လားရာအရပ် ပြောင်းခြင်းဟု ခေါ်ဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် မိုက်မဲသော အကျင့်ကို နောက်တစ်ဖန် မပြုကြတော့ပေ"

ကယ်တင်တော်မူခြင်း ကျေးဇူးသည်၊ ဘုရားသခင်ကို ကြောက်ရွံ့သော သူတို့၏အနီးသို့ ဧကန်အမှန် ရောက် လေပြီ
ဘုရားသခင်သည် ကယ်တင်ခြင်းဟူသော အရာသည် တစ်စုံတစ်ယောက်၏ အနီးအပါး၌ ထားရသည့် ပစ္စည်းပမာ တင်စားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အကယ်စင်စစ် ဘုရားသခင်သည် သူတို့အား ကယ်တင်ရန် အသင့်ရှိသည်"

ငါတို့ပြည်၌ ဘုန်းတော်ကျိန်းဝပ်မည်
"ဘုန်းတော်" သည် ဘုရားသခင်၏ မျက်မှောက်တော်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် ကျွန်ုပ်တို့ပြည်၌ အစဉ် နေတော်မူမည်"

Psalms 010

ကရုဏာနှင့်သစ္စာဆုံမိပြီ

ဆုံမိပြီ .... တပါးကို တပါးနမ်းကြပြီ
စာရေးသူသည် နောင်လာမည့် အချိန်တွင် လူမျိုးတော်များ ချမ်းသာစည်းစိမ် ပိုင်ဆိုင်မည့်အကြောင်း ကြိုတင်ဟောကြားခြင်း ဖြစ်နိုင်သည်။ ပြန်ဆို၊ "ဆုံမိကြလိမ့်မည်... တပါးကို တပါး နမ်းကြလိမ့်မည်"

တရားနှင့်ချမ်းသာ သည် တပါးကို တပါးနမ်းကြပြီ

တပါးကို တပါးနမ်းကြပြီ
ရင်းနှီးသူများ ဆုံမိသည့်အချိန်တွင် ပြုလေ့ရှိသည့် အမူအရာ

သစ္စာသည် မြေကြီးထဲက ပေါက်လိမ့်မည်
ကမ္ဘာပေါ်ရှိ လူသားများ သစ္စာရှိကြခြင်းကို စိုက်ပျိုးထားသော အပင် ပေါက်လာသည့်အလား ခိုင်းနှိုင်းရေးသားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဤမြေပေါ်တွင် ကျွန်ုပ်တို့သည် ကိုယ်တော့်ထံသို့ သစ္စာရှိပါမည်"

တရားသည်လည်း ကောင်းကင်ပေါ်ကငုံ့ကြည့်လိမ့်မည်
တရားမျှတခြင်းသည် လူပုဂ္ဂိုလ်အလား ဘုရားသခင် နေရာမှ ကြည့်ရှုနေခြင်းကို ဖော်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်သည် စိတ်ကြည်နူးစွာ ကြည့်၍ အောင်မြင်ခြင်းကို ပေးမည်"

Psalms 012

တရားသည် ရှေ့တော်၌သွား၍ ခြေတော်ရာ တို့ကို ပဲ့ပြင်လိမ့်မည်
ဘုရားသခင် သွားမည့်လမ်းကို တရားမျှတခြင်းက ကြိုတင်၍ လမ်းရှင်းပေးသည့်အလား ဖော်ပြထားသည်။

ခြေတော်ရာတို့
ဘုရားသခင် သွားရာလမ်း


generated on Tue Jul 2 12:50:28 2024

## Chapter 86

1 အိုထာဝရဘုရား၊ နားတော်ကိုလှည့်၍ အကျွန်ုပ် စကားကို နားထောင်တော်မူပါ။ အကျွန်ုပ်သည် ဆင်းရဲ ငတ်မွတ်ပါ၏။ 2 အကျွန်ုပ်၏
ဘုရားသခင်၊ သန့်ရှင်းသူတို့အဝင် ဖြစ်သော အကျွန်ုပ်၏ ဝိညာဉ်ကိုစောင့်မ၍၊ ကိုယ်တော် ကို ကိုးစားသော ကိုယ်တော်၏ကျွန်ကို
ကယ်တင် တော်မူပါ။ 3 အို ထာဝရဘုရား၊ အကျွန်ုပ်သည် ကိုယ်တော်ကို အစဉ်အော်ဟစ်ပါသည်ဖြစ်၍၊ ကယ်မသနားတော်မူပါ။ 4 အို
ထာဝရဘုရား၊ ကိုယ်တော်ကို အကျွန်ုပ် တသပါသည်ဖြစ်၍၊ ကိုယ်တော်၏ကျွန်သည် ဝမ်းမြောက် မည်အကြောင်း ပြုတော်မူပါ။ 5 အို
ထာဝရဘုရား၊ ကိုယ်တော်သည် ကောင်း သောသဘော၊ သည်းခံတတ်သော သဘောနှင့် ပြည့်စုံ၍၊ ကိုယ်တော်ကို ပဌနာပြုသော
သူအပေါင်းတို့အား ကရုဏာတော်ကြွယ်ဝပါ၏။ 6 အို ထာဝရဘုရား၊ အကျွန်ုပ်၏ ပဌနာစကားကို နားထောင်တော်မူပါ။
အသနားတော်ခံသော စကားသံကို မှတ်တော်မူပါ။ ဘေးရောက်သည် ကာလ၊ ကိုယ်တော်ကို ခေါ်ပါမည်။ 7 ကိုယ်တော်လည်း
ထူးတော်မူတတ်ပါ၏။ 8 အို ထာဝရဘုရား၊ ဘုရားတို့တွင် ကိုယ်တော်နှင့် တူသော ဘုရားမရှိပါ။ အမှုတော်နှင့် တူသော အမှုလည်း
မရှိပါ။ 9 အို ထာဝရဘုရား၊ ဖန်ဆင်းတော်မူသော လူမျိုး အပေါင်းတို့သည် ချဉ်းကပ်လျက် ရှေ့တော်၌ ပြပ်ဝပ်၍၊ နာမတော်ကို
ချီးမြောက်ကြပါလိမ့်မည်။ 10 ကိုယ်တော်သည် ကြီးမြတ်၍ အံ့သြဘွယ်တို့ကို ပြုတော်မူ၏။ ကိုယ်တော်တပါးတည်းသာလျှင် ဘုရား
သခင်ဖြစ်တော်မူ၏။ 11 အို ထာဝရဘုရား၊ ကိုယ်တော်၏ လမ်းကို အကျွန်ုပ်အား ပြည့်ွန်တော်မူပါ။ ကိုယ်တော်၏ သမ္မာ တရားလမ်းသို့
လိုက်သွားပါမည်။ နာမတော်ကို ကြောက် ရွံ့မည်အကြောင်း၊ အကျွန်ုပ်၏နှလုံးကို စေ့စပ်စေတော် မူပါ။ 12 အကျွန်ုပ်၏ ဘုရားသခင်
ထာဝရဘုရား၊ အကျွန်ုပ်သည် ကိုယ်တော်ကို စိတ်နှလုံးအကြွင်းမဲ့ ချီးမွမ်း ၍၊ နာမတော်ကို အစဉ်အမြဲ ချီးမြောက်ပါမည်။ 13
အကျွန်ုပ်ခံရသော ကရုဏာတော်ကြီးလှပါ၏။ အကျွန်ုပ်၏ ဝိညာဉ်ကို မရဏာနိုင်ငံ အောက်အရပ်ထဲက ကယ်နှုတ်တော်မူပြီ။ 14 အို
ဘုရားသခင်၊ မာနကြီးသော သူတို့သည် အကျွန်ုပ်တဘက်၌ ထကြ၍၊ ကြမ်းတမ်းသော လူအစု အဝေးတို့သည် ကိုယ်တော်ကို
မျက်မှောက်မပြုဘဲ၊ အကျွန်ုပ်အသက်ကို ရှာကြပါ၏။ 15 အို ထာဝရဘုရား၊ ကိုယ်တော်သည် သနား စုံမက်တတ်သောသဘော၊
ကျေးဇူးပြုတတ်သောသဘော၊ သည်းခံတတ်သောသဘော၊ ကရုဏာနှင့်သစ္စာ ကြွယ်ဝ သော သဘောနှင့်
ပြည့်စုံသောဘုရားဖြစ်တော်မူ၏။ 16 အကျွန်ုပ်ကို မျက်နှာပြု၍ ကယ်မသနားတော် မူပါ။ ကိုယ်တော်၏ကျွန်အား
တန်ခိုးတော်ကိုပေး၍၊ ကိုယ်တော် ၏ ကျွန်မသားကို ကယ်တင်တော်မူပါ။ 17 အကျွန်ုပ်အားကောင်းသော နိမိတ်လက္ခဏာကို
ပြတော်မူပါ။ အကျွန်ုပ်ကို မုန်းသောသူတို့သည် မြင်၍ ရှက်ကြောက်ကြပါစေ။ အကြောင်းမူကား၊ အိုထာဝရ ဘုရား၊ ကိုယ်တော်သည်
အကျွန်ုပ်ကို မစ၍ ချမ်းသာ ပေးတော်မူ၏။

---

Psalms 001

ယေဘုယျအချက်အလက်
အပြိုင် စပ်ဆိုသည့် ကဗျာများကို ဟေဗြဲကဗျာများတွင် တွေ့ရတတ်သည်။

ဆင်းရဲ ငတ်မွတ်
"အားနည်းသူနှင့် လိုနေသူ"

ကိုယ်တော်၏ကျွန်ကို ကယ်တင် တော်မူပါ
ဒါဝိဒ်သည် သူ့ကိုယ်ကို "ကိုယ်တော်၏ ကျွန်" ဟူ၍ ခေါ်ဝေါ်သည်။

Psalms 003

အစဉ်
ချဲ့ကားရေးသားခြင်း ဖြစ်သည်။ ဒါဝိဒ်သည် တစ်နေ့ပတ်လုံး ငိုကြွေးခြင်း မပြုပါ။ သို့သော် ကြိမ်ဖန်များစွာ ငိုကြွေးခြင်းကို ဆိုလိုသည်။ "မရပ်မနား"

ကိုယ်တော်၏ကျွန်သည် ဝမ်းမြောက် မည်အကြောင်း
ဒါဝိဒ်သည် သူ့ကိုယ်သူ "ကိုယ်တော်၏ ကျွန်" ဟူ၍ ခေါ်ဝေါ်သည်။

Psalms 005

ဘေးရောက်သည့် ကာလ
ရှည်လျားသည့် အချိန်အတိုင်းအတာကို ဆိုလိုသည်။ ပြန်ဆို၊ "ခက်ခဲသည့် အချိန်များတွင်"

ကိုယ်တော်ကို ခေါ်ပါမည်
"ကိုယ်တော်ထံ ဆုတောင်းပါသည်"

Psalms 008

ဘုရားတို့တွင်
ဘုရားအများအပြားရှိကြောင်းကို အသိအမှတ်ပြုပေးခြင်း မဟုတ်ပါ။ စာရေးသူသည် တစ်ပါးအမျိုးသားတို့ ကိုးကွယ်သော မှားယွင်းသည့် ဘုရားများကိုသာ ရည်စူးသည်။

လူမျိုး အပေါင်းတို့
"နိုင်ငံ အသီးသီးမှ လူမျိုးအပေါင်းတို့"


generated on Tue Jul 2 12:50:28 2024

နာမတော်ကို ချီးမြှောက်ကြပါလိမ့်မည်
"နာမတော်" သည် လူပုဂ္ဂိုလ်တစ်ခုလုံးကို ဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် ငါ့ကို ချီးမြှောက်ကြလိမ့်မည်"

Psalms 010

အံ့သြဘွယ်တို့ကို ပြုတော်မူ၏
"ကျွန်ုပ်ကို အံ့သြမှင်တက်စေသော ကောင်းသည့်အရာများ"

ကိုယ်တော်တပါးတည်းသာလျှင် ဘုရား သခင်ဖြစ်တော်မူ၏
"ဘုရားတစ်ပါးတည်းဖြစ်နေထသည့် ကိုယ်တော်"

ကိုယ်တော်၏ လမ်းကို အကျွန်ုပ်အား ပြသွန်တော်မူပါ။ ကိုယ်တော်၏ သမ္မာတရားလမ်းသို့ လိုက်သွားပါမည်
ဘုရား၏ စကားတော်ကို နာခံသောသူသည် ဘုရား၏ လမ်းအတိုင်း လိုက်လျှောက်သူဖြစ်သည်ဟု ဆိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား ကိုယ်တော်၏ တရားတော်ကို သွန်သင်ပါ။ သို့မှသာ ကိုယ်တော်ပြောသည့်အရာကို နာခံနိုင်မည်"

နာမတော်ကို ကြောက် ရွံ့မည်အကြောင်း၊ အကျွန်ုပ်၏နှလုံးကို စေ့စပ်စေတော်မူပါ
"နှလုံး" သည် လူတစ်ယောက်၏ အကြံအစည်၊ ခံစားချက် နှင့် စိတ်ရင်း အခြေအနေကို ဆိုလိုသည်။ နှလုံးတို့သည် အစိတ်စိတ်အမွှာမွှာဖြစ်လျက် ရှိသေခြင်းအမှုကို ပြုနိုင်ရန် ထိုအရာတို့ကို စုစည်းပေးပါဟု အဓိပ္ပါယ်ရှိသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်၏ စိတ်နှလုံးဖြင့် အကြွင်းမဲ့ ရှိသေနိုင်ရန်အတွက် ပံ့ပြင်ပါ" သို့မဟုတ် "စိတ်နှလုံးအကြွင်းမဲ့ ရှိသေနိုင်ရန် ကျွန်ုပ်အား ဖန်ဆင်းတော်မူပါ"

အကျွန်ုပ်သည် ကိုယ်တော်ကို စိတ်နှလုံးအကြွင်းမဲ့ ချီးမွမ်း ၍
"နှလုံး" သည် လူတစ်ယောက်၏ အကြံအစည်၊ ခံစားချက် နှင့် စိတ်ရင်း အခြေအနေကို ဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်သည် အကြွင်းမဲ့စွာဖြင့် ကိုယ်တော့်ကို ချီးမွမ်းပါမည်"

နာမတော်ကို အစဉ်အမြဲ ချီးမြှောက်ပါမည်
"နာမတော်" သည် လူပုဂ္ဂိုလ်တစ်ခုလုံးကို ဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်သည် ကိုယ်တော့်ကို ချီးမွမ်းပါမည်"

Psalms 013

အကျွန်ုပ်ခံရသော ကရုဏာတော်ကြီးလှပါ၏
အခြားသောဘာသာပြန်ဆိုချက်၊ "ကိုယ်တော်၏ ကတိတော်အားဖြင့် ကိုယ်တော်သည် အစဉ်သစ္စာရှိတော်မူသည်"

အကျွန်ုပ်၏ ဝိညာဉ်ကို မရဏာနိုင်ငံ အောက်အရပ်ထဲက ကယ်နှုတ်တော်မူပြီ
သေခြင်းမှ ထိုသူကို ဘုရားသခင် အသက်ပြန်ရှင်လာစေသည်ဟု မဆိုလိုပေ။ သူအသက်ဆုံးခါနီးကာလတွင် ဘုရားသခင် ကယ်တင်ခဲ့ကြောင်းကို ဖော်ပြလိုခြင်း ဖြစ်သည်။

မာနကြီးသော သူ
"မာနကြီးသော လူပုဂ္ဂိုလ်"

အကျွန်ုပ်တဘက်၌ ထကြ၍
"သူတို့သည် စုဖွဲ့၍ နှောင့်ယှက်ကြပြီ"

အကျွန်ုပ်အသက်ကို ရှာကြပါ၏
အသေသတ်ရန် ကြံစည်သည်

Psalms 015

သနား စုံမက်တတ်သောသဘော၊ ကျေးဇူးပြုတတ်သောသဘော
ဘုရားသခင်၏ သစ္စာတော်ကို များစွာသော ကိရိယာတန်ဆာများပမာ တင်ပြထားသည်

အကျွန်ုပ်ကို မျက်နှာပြု၍
ဘုရားသခင်သည် သူ့ဘက်သို့ လှည့်၍ အကြည့်အရှုကြွရန် တောင်းဆိုသည်

ကိုယ်တော်၏ကျွန်အား တန်ခိုးတော်ကိုပေး၍
အခြားသောဘာသာပြန်ဆိုချက်၊ "ကိုယ်တော့်ကျွန်အား ခွန်အားပေးပါ" သို့မဟုတ် "ကိုယ်တော့်ကျွန်၏ အားကို တိုးပွားစေပါ"

ကိုယ်တော်၏ကျွန် ... ကိုယ်တော် ၏ ကျွန်မသား
စာရေးသူသည် မိမိကိုယ်ကို တတိယပုဂ္ဂိုလ်ကိုယ်အနေဖြင့် ရှုမြင်သည်

ရှက်ကြောက်ကြပါစေ
ကတ္တားဝါကျပုံစံဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် ရှက်ကြောက်ကြလိမ့်မည်"

## Chapter 87

1 ဘုံဗိမာန်တော်တိုက်မြစ်သည် သန့်ရှင်းသော တောင်ရိုးပေါ်မှာ တည်လျက်ရှိ၏။ 2 ထာဝရဘုရားသည် ယာကုပ်၏ နေရာအပေါင်း
တို့ထက် ဇိအုန်တံခါးတို့ကို သာ၍ နှစ်သက်တော်မူ၏။ 3 အိုဘုရားသခင်၏ မြို့တော်၊ သင်သည် ဘုန်း အသရေကြီးလိမ့်မည်ဟူသော
စကားကို ပြောထားလျက် ရှိ၏။ 4 ငါ့ကိုသိကျွမ်းသော သူတို့တွင်၊ ရာခပ်မြို့နှင့် ဗာဗုလုန်မြို့ကို ငါမှတ်ထားမည်။ ဖိလိတ္တိပြည်၊
တုရုပြည်၊ ကုရှုပြည်တို့ကိုလည်း ကြည့်ကြလော့။ ဤမည်သော ပြည်သားသည် မြို့တော်၌ ဘွားမြင်သောသူဖြစ်၏။ 5
ဇိအုန်မြို့ကိုလည်း လူအမျိုးမျိုးတို့သည်၊ ထိုမြို့၌ ဘွားမြင်ကြပြီ။ အမြင့်ဆုံးသောဘုရားသည် ထိုမြို့ကို ကိုယ်တော်တိုင်
မြဲမြံစေတော်မူပြီဟု ပြောဆိုကြလိမ့်မည်။ 6 ထာဝရဘုရားသည် လူမျိုးတို့ကို စာရင်းယူတော် မူသောအခါ၊ ဤမည်သော အမျိုးသည်
မြို့တော်၌ ဘွားမြင်သောအမျိုးဖြစ်သည်ဟု မှတ်တော်မူမည်။ 7 သီချင်းသည်နှင့်ပွဲသဘင်ခံသောသူ အစရှိသော
ငါ၏ပျော်မွေ့ခြင်းအကြောင်း ရှိသမျှတို့သည် သင်၌ရှိကြ သတည်း။

---

Psalms 001

ယေဘုယျအချက်အလက်
အပြိုင် စပ်ဆိုသည့် ကဗျာများကို ဟေဗြဲကဗျာများတွင် တွေ့ရတတ်သည်။

ဇိအုန်တံခါး
"ဇိအုန်တံခါး" မည်သည် ယေရုရှလင်မြို့ တစ်ခုလုံးကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယေရုရှလင်မြို့"

ယာကုပ်၏ နေရာအပေါင်း တို့
လူမျိုးတော်များ တော၌ ကျင်လည်စဉ်တွင် တဲများတွင် နေထိုင်ကြသည်။ အခြားပြန်ဆိုချက်များတတွင် "ယာကုပ်၏ တဲများ" ဟု ပြန်ဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဣသရေလ လူမျိုးတို့ နေထိုင်ခဲ့သည့် ဒေသများ"

ဘုရားသခင်၏ မြို့တော်၊ သင်သည် ဘုန်း အသရေကြီးလိမ့်မည်ဟူသော စကားကို ပြောထားလျက် ရှိ၏
စာရေးသူသည် ယေရုရှလင်မြို့အတွင်း နေထိုင်သူများနှင့် စကားပြောနေသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယေရုရှလင်မြို့ သူမြို့သားများ၊ အခြားသော လူမျိုးတို့သည် သင်၏ အံ့သြဖွယ်ရာများကို ပြောဆိုနေကြ၏"

Psalms 004

ငါမှတ်ထားမည်
"ငါပြောဆိုသည်"

ရာခပ်မြို့နှင့် ဗာဗုလုန်မြို့
"ရာခပ်" သည် ကဗျာများတွင် အဲဂုတ္တုပြည်ကို ရည်ညွှန်း၍၊ "ရာခပ်မြို့နှင့် ဗာဗုလုန်မြို့" တို့သည် အသီးသီး၏ နိုင်ငံသားများကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊"အဲဂုတ္တုပြည်သားများနှင့် ဗာဗုလုန်ပြည်သားများ"

ငါ့ကိုသိကျွမ်းသော သူ
"ငါ့ကို ကိုးကွယ်သောသူ"

ဖိလိတ္တိပြည်၊ တုရုပြည်၊ ကုရှုပြည်
ပြည်သားများကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဖိလိတ္တိပြည်၊ တုရုပြည်၊ ကုရှုပြည်များမှ ပြည်သားများ"

ဤမည်သော ပြည်သားသည် မြို့တော်၌ ဘွားမြင်သောသူ
"ဤမည်သော" ဟူသည် စာရေးသူ ဖော်ပြသော လူမျိုးကို ဆိုလိုသည်။ သူတို့သည် ဇိအုန်မြို့တွင် ဖွားမြင်ခြင်းမခံခဲ့သော်လည်း ဘုရားသခင်ကို ကိုးစားသောသူမည်သည် ယေရုရှလင်မြို့သားများ ဖြစ်ကြသည်။

Psalms 005

ဇိအုန်မြို့ကိုလည်း လူအမျိုးမျိုးတို့သည်
ကတ္တားဝါကျပုံစံဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူအပေါင်းတို့သည် ဇိအုန်အကြောင်းကို ပြောကြလိမ့်မည်"

ထိုမြို့၌ ဘွားမြင်ကြပြီ
ထာဝရဘုရားကို ကိုးကွယ်သော လူများကို ယေရုရှလင်မြို့တွင် ဖွားမြင်ခြင်းခံရကြောင်း ဖော်ကျူးထားခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်။ "ထိုသူများသည် ယေရုရှလင်မြို့တွင် မွေးဖွားခဲ့သည့်ပမာ ဖြစ်လာသည်"

ထိုမြို့၌
မြို့စသည်များကို ဣတ္ထိယလိင်ဖြင့် ရေးထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယေရုရှလင်၌" သို့မဟုတ် "ဇိအုန်၌"

အမြင့်ဆုံးသောဘုရားသည် ထိုမြို့ကို ကိုယ်တော်တိုင်
စာရေးသူသည် အမြင့်ဆုံးနှင့် ကိုယ်တော်တိုင် ဟူ၍ တွဲသုံးထားသည်။

မြဲမြံစေတော်မူပြီ
"ယေရုရှလင်မြို့ကို ခိုင်ခံ့စေမည်"

ထာဝရဘုရားသည် လူမျိုးတို့ကို စာရင်းယူတော် မူ
ထာဝရဘုရားသည် သူ၏ မြို့တော်နေသူများ စာရင်းကို ဘုရင်တစ်ပါးအလား စာရင်းကောက်တော်မူသည်။

ဤမည်သော အမျိုးသည် မြို့တော်၌ ဘွားမြင်သောအမျိုးဖြစ်သည်
"ဤမည်သော" ဟူသည် စာရေးသူ ဖော်ပြသော လူမျိုးကို ဆိုလိုသည်။ သူတို့သည် ဇိအုန်မြို့တွင်
ဖွားမြင်ခြင်းမခံခဲ့သော်လည်း ဘုရားသခင်ကို ကိုးစားသောသူမည်သည် ယေရုရှလင်မြို့သားများ ဖြစ်ကြသည်။

Psalms 007

ငါ၏ပျော်မွေ့ခြင်းအကြောင်း ရှိသမျှတို့သည် သင်၌ရှိကြ သတည်း
ယေရုရှလင်မြို့သည် ရောက်လာသူအပေါင်းတို့အတွက် ကောင်းချီးများကို ဝေပေးနေသည်မှာ ရေများစီးထွက်ရာ စမ်းရေအလား ပုံဖော်ထားသည်။

## Chapter 88

1 အကျွန်ုပ်ကို ကယ်တင်တော်မူသော ဘုရား သခင် ထာဝရဘုရား၊ အကျွန်ုပ်သည် ရှေ့တော်၌ နေ့ညဉ့် မပြတ် အော်ဟစ်ပါ၏။ 2
အကျွန်ုပ်ပြုသောပဌနာသည် အထံတော်သို့ ဝင်ပါစေသော။ အော်ဟစ်သံကို နားထောင်တော်မူပါ။ 3 အကျွန်ုပ်၏ ဝိညာဉ်သည်
ဒုက္ခနှင့်ပြည့်၍၊ အသက်သည်လည်း မရဏာနိုင်ငံအနီးသို့ ရောက်ပါပြီ။ 4 အကျွန်ုပ်သည် သင်္ချိုင်းတွင်းထဲသို့ ဆင်းသော သူတို့နှင့်အတူ
ရေတွက်ဝင်ခြင်းသို့ ရောက်ပါ၏။ အား ကုန်သော သူကဲ့သို့ ဖြစ်ပါ၏။ 5 အသေကောင်တို့တွင် ပစ်ထားသောသူ၊ ကွပ် မျက်၍
သင်္ချိုင်းတွင်း၌ အိပ်နေသောသူတည်းဟူသော အောက်မေ့တော်မမူ၊ လက်တော်၏ မစခြင်းနှင့်ကွာဝေး သော သူကဲ့သို့ ဖြစ်ပါ၏။ 6
အကျွန်ုပ်ကို အနက်ဆုံးသောတွင်း၊ မှောင်မိုက် ဖုံးလွှမ်း၍ အလွန်နက်နဲသော အရပ်၌ ချထားတော်မူပြီ။ 7 အမျက်တော်သည်
အကျွန်ုပ်အပေါ်၌ ဖိလျက် ရှိပါ၏။ လှိုင်းတံပိုးတော်အပေါင်းတို့နှင့် နှိပ်စက်တော် မူ၏။ 8 အကျွန်ုပ်၏ အသိအကျွမ်းများကို အဝေးသို့
ရွှေ့တော်မူပြီ။ သူတို့အား အကျွန်ုပ်ကို ရွံ့ရှာဖွယ် ဖြစ်စေတော်မူပြီ။ အကျွန်ုပ်သည် အချုပ်ခံရ၍၊ ပြင်သို့ မထွက်ရပါ။ 9
အကျွန်ုပ်ခံရသော ဒုက္ခကြောင့် အကျွန်ုပ် မျက်စိသည် ပျက်ပါ၏။ အို ထာဝရဘုရား၊ ကိုယ်တော်ကို အစဉ်အော်ဟစ်ပါ၏။
အထံတော်သို့ လက်ကိုဆန့်ပါ၏။ 10 သေလျက်နေသောသူတို့အား အံ့ဘွယ်သော အမှုတို့ကို ပြတော်မူမည်လော။
သင်္ချိုင်းသားတို့သည်ထ၍ ကိုယ်တော်ကို ချီးမွမ်းကြပါမည်လော။ 11 ကရုဏာတော်ကို သင်္ချိုင်းတွင်း၌၎င်း၊ သစ္စာ တော်ကို
ပျက်စီးရာအရပ်၌၎င်း ကြားပြောရကြပါ မည်လော။ 12 အံ့ဘွယ်သော အမှုတော်တို့ကို မှောင်မိုက်သော အရပ်၌၎င်း၊
ဖြောင့်မတ်တော်မူခြင်းတရားကို မေ့လျော့ ရာပြည်၌၎င်း သိရကြပါမည်လော။ 13 အိုထာဝရဘုရား၊ ကိုယ်တော်ကို အကျွန်ုပ်
အော်ဟစ်ပါ၏။ နံနက်အချိန်၌ အကျွန်ုပ်၏ ပဌနာသည် ရှေ့တော်သို့ရောက်ပါ၏။ 14 အိုထာဝရဘုရား၊ အကျွန်ုပ်၏ ဝိညာဉ်ကို
အဘယ်ကြောင့် ပယ်တော်မူသနည်း။ မျက်နှာတော်ကို အကျွန်ုပ်မှ အဘယ်ကြောင့်လွှဲတော်မူသနည်း။ 15 အကျွန်ုပ်သည်
ဒုက္ခဝေဒနာကိုခံရ၍ သေဆဲ ရှိပါ၏။ စီရင်တော်မူသောဘေးများကို ငယ်သောအရွယ် ကပင် ခံရ၍ ပင်ပန်းပါ၏။ 16 အမျက်တော်သည်
အကျွန်ုပ်ကို လွှမ်းမိုးပါ၏။ စီရင်တော်မူသော ဘေးတို့သည် အကျွန်ုပ်၏ အသက်ကို ညှဉ်းဆဲသည်တိုင်အောင်၊ 17 ရေကဲ့သို့
အစဉ်မပြတ်ဝိုင်း၍ တညီတညွတ် တည်း ဝန်းရံကြပါ၏။ 18 ချစ်သောသူနှင့်အဆွေခင်ပွန်းကို အကျွန်ုပ်နှင့် ဝေးဝေးရွှေ့တော်မူပြီ။
အသိအကျွမ်းတို့သည် မှောင်မိုက် ထဲမှာရှိကြပါ၏။

---

Psalms 001

အကျွန်ုပ်ကို ကယ်တင်တော်မူသော ဘုရား သခင် ထာဝရဘုရား
"ကိုယ်တော်သည် ကျွန်ုပ်ကို ကယ်တင်ခဲ့ပါပြီ"

နေ့ညဉ့် မပြတ်
စာရေးသူသည် နေ့ညဉ့်မပြတ် ငိုကြွေးနေခြင်းကို ပြောဆိုလိုခြင်း ဖြစ်သည်။

Psalms 003

အကျွန်ုပ်၏ ဝိညာဉ်သည် ဒုက္ခနှင့်ပြည့်၍
စာရေးသူသည် မိမိကိုယ်မိမိ ထည့်၍ရသည့်ပုံပမာ တင်စားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် ဆင်းရဲခံရ၍ ဒုက္ခများနှင့် ပြည့်၍"

အသက်သည်လည်း မရဏာနိုင်ငံအနီးသို့ ရောက်ပါပြီ
စာရေးသူသည် သူသေခါနီးဖြစ်၍ မရဏာနိုင်ငံတွင် နေရာအသင့်ရှိကြောင်း ရေးသားထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသေရတော့မည်"

အကျွန်ုပ်သည် သင်္ချိုင်းတွင်းထဲသို့ ဆင်းသော သူတို့နှင့်အတူ ရေတွက်ဝင်ခြင်းသို့ ရောက်ပါ၏
"တွင်း" နှင့် မရဏာနိုင်ငံသည် အတူတူ ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊"လူတို့သည် ငါ့ကို အသေကောင်ကဲ့သို့ ဆက်ဆံကြပြီ"

Psalms 005

အသေကောင်တို့တွင် ပစ်ထားသောသူ
မြှုပ်နှံထားခြင်း မခံရသော လူသေအလောင်း ကဲ့သို့။ အခြားသောဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်သည် သေနေလျက် ပစ်ထားခြင်းကို ခံရသကဲ့သို့ ရှိပါသည်"

ကွပ်မျက်၍ သင်္ချိုင်းတွင်း၌ အိပ်နေသောသူ
လူသာမက ဘုရားသခင်ကပါ စွန့်ပစ်ထားသော သင်္ချိုင်းတွင်းက လူသေကောင်အလား

သင်္ချိုင်းတွင်း၌ အိပ်နေသောသူ
အခြားသောဘာသာပြန်ဆိုချက်၊ "လျောင်းနေသော အသေကောင်" သို့မဟုတ် "လူသေများ လျောင်းနေသည်"

အောက်မေ့တော်မမူ
"ကိုယ်တော်၏ ဂရုစိုက်ခြင်းကို မရရှိတော့သော" သို့မဟုတ် "ဂရုစိုက်ခြင်း မပြုတော့သည် လူများ"


generated on Tue Jul 2 12:50:28 2024

လက်တော်၏ မစခြင်းနှင့်ကွာဝေး သော သူကဲ့သို့
ဘုရားသခင်သည် သူ၏ တန်ခိုးတော်ကို သေသူများအား ကူညီရန် အသုံးမပြုခဲ့ခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊"ကိုယ်တော်သည် သူတို့ကို ကူညီရန် တန်ခိုးတော်ကို မသုံးမပြုခဲ့ပါ"

အကျွန်ုပ်ကို အနက်ဆုံးသောတွင်း၊ မှောင်မိုက် ဖုံးလွှမ်း၍ အလွန်နက်နဲသော အရပ်၌ ချထားတော်မူပြီ
ဘုရားသခင်၏ စွန့်ပစ်ထားခြင်းကို အနက်ဆုံးသော တွင်း၊ မရဏအရပ်တွင် နေခြင်းကဲ့သို့ ဖော်ပြထားသည်။

Psalms 007

အမျက်တော်သည် အကျွန်ုပ်အပေါ်၌ ဖိလျက် ရှိပါ၏
ဘုရားသခင်၏ အမျက်တော်သည် စာရေးသူ၏ အပေါ်တွင် လေးလံသော ဝတ္ထုတစ်ခုပမာ ကျရောက်လျက် ရှိသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကိုယ်တော်၏ မျက်တော်ကြီးကို ခံစားရသည်" သို့မဟုတ် "ကိုယ်တော်သည် အဘယ်မျှလောက် ဒေါသထွက်နေကြောင်း ခံစားရသည်"

လှိုင်းတံပိုးတော်အပေါင်းတို့နှင့် နှိပ်စက်တော် မူ၏
ဘုရားသခင်၏ အမျက်တော်သည် ပင်လယ်လှိုင်းလုံးများကဲ့သို့ စာရေးသူ၏ အပေါ်သို့ ကျရောက်သည်

Psalms 008

အကျွန်ုပ်၏ အသိအကျွမ်းများ
"ကျွန်ုပ်ကို သိကျွမ်းသော လူများ"

သူတို့အား အကျွန်ုပ်ကို ရွံ့ရှာဖွယ် ဖြစ်စေတော်မူပြီ
"ကိုယ်တော်သည် သူတို့မြင်ကွင်းတွင် ကျွန်ုပ်ကို အရှက်ခွဲခဲ့ပါပြီ" သို့မဟုတ် "ကိုယ်တော်ကြောင့် ကျွန်ုပ်ကို မြင်ခဲ့သော လူများသည် အံ့အားလျက် နေကြပြီ"

အကျွန်ုပ်သည် အချုပ်ခံရ၍
စာရေးသူ၏ လက်ရှိအခြေအနေသည် အနေအထိုင် ကျပ်တည်းနေကြောင်း သိရပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်သည် အကျဉ်းချခံရသကဲ့သို့ ဖြစ်နေပါ၏"

Psalms 009

ခံရသော ဒုက္ခကြောင့် အကျွန်ုပ် မျက်စိသည် ပျက်ပါ၏
"မျက်စိ" သည် မြင်နိုင်သည့် အစွမ်းကို ဆိုလိုသည်။ အဓိပ္ပါယ်မှာ ဒုက္ခဆင်းရဲများသည် သူ့ကို ကြီးစွာသော ငိုကြွေးခြင်းကို ဖြစ်စေသဖြင့် အမြင်အာရုံ ချို့ယွင်းလာသည်။

အထံတော်သို့ လက်ကိုဆန့်ပါ၏
"လက်များ မြှောက်လျက် နေပါ၏" ဘုရားသခင်တွင်သာ မှီခိုအားထားပါသည်

သေလျက်နေသောသူတို့အား အံ့ဘွယ်သော အမှုတို့ကို ပြတော်မူမည်လော
သေဆုံးသွားသော သူအတွက် ဘုရားသခင်သည် အမှုသစ်ကို ပြုပေးမည်မဟုတ်ဟု နားလည်ရသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကိုယ်တော်သည် သေဆုံးသော သူအတွက် အမှုပြုလေ့မရှိပေ"

သင်္ချိုင်းသားတို့သည်ထ၍ ကိုယ်တော်ကို ချီးမွမ်းကြပါမည်လော
ဘုရားသခင်သည် သေခြင်းလက်သို့ အပ်ပါက နာမတော်ကို ချီးမွမ်းနိုင်မည်မဟုတ်ဟု စာရေးသူ ဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သေဆုံးသွားသော သူတို့သည် ထ၍ ကိုယ်တော့်ကို မချီးမွမ်းနိုင်သည်မှာ ကိုယ်တော် အသိဖြစ်သည်"

Psalms 011

ကရုဏာတော်ကို သင်္ချိုင်းတွင်း၌၎င်း၊ သစ္စာ တော်ကို ပျက်စီးရာအရပ်၌၎င်း ကြားပြောရကြပါ မည်လော
ဤအချက်နှစ်ချက်တို့သည် အတူတူပင် ဖြစ်သည်။ သေပြီးသောသူသည် ဘုရား၏ သစ္စာတော်ကို ချီးမွမ်းနိုင်စွမ်း မရှိပေ။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်္ချိုင်းတွင်းမှ ကိုယ်တော်၏ သစ္စာတော်ကို ချီးမွမ်းသူ မရှိဘူးပေ"

သင်္ချိုင်းတွင်း... ပျက်စီးရာအရပ် ... မှောင်မိုက်အရပ် .... မေ့လျော့ရာပြည်
ဤအရပ်သည် လူသေများ လဲလျောင်းရာ နေရာဖြစ်သည်။

သစ္စာ တော်ကို ပျက်စီးရာအရပ်၌
အခြားသောဘာသာပြန်ဆိုချက်၊ "အသေကောင်များလဲလျောင်းရာ နေရာတွင် ကိုယ်တော်၏ သစ္စာတော်ကို ဝန်ခံခဲ့ဘူးသလော" သို့မဟုတ် "သေဆုံးသွားသော လူတို့သည် သစ္စာတော်ကို ချီးမွမ်းမည် မဟုတ်ပေ"

အံ့ဘွယ်သော အမှုတော်တို့ကို မှောင်မိုက်သော အရပ်၌၎င်း၊ ဖြောင့်မတ်တော်မူခြင်းတရားကို မေ့လျော့ ရာပြည်၌၎င်း သိရကြပါမည်လော
မေးခွန်းနှစ်ခုတွင် တူညီသည့် အရာကို မေးနေခြင်း ဖြစ်သည်။ စာရေးသူတွင် လူသေများက ဘုရားသခင်၏ အမှုတော်အကြောင်းကို သိမှတ်ခြင်း၊ ဝန်ခံခြင်း မရှိကြောင်း မေးမြန်းထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မှောင်မိုက်အရပ်၌ ကိုယ်တော်၏ ကရုဏာတော် တည်မြဲကြောင်း လူတို့သည် ပြောဆိုကြလိမ့်မည် မဟုတ်ပေ"

ဖြောင့်မတ်တော်မူခြင်းတရားကို မေ့လျော့ ရာပြည်၌
အခြားသောဘာသာပြန်ဆိုချက်၊ "မေ့လျော့ရာပြည်တွင် ကိုယ်တော်၏ ဖြောင့်မတ်ခြင်းကို သိပါမည်လော" သို့မဟုတ် "မေ့လျော့ရာပြည်သည် ကိုယ်တော်၏ ဖြောင့်မတ်ခြင်းကို သိမှတ်ခြင်း မပြုပေ"

Psalms 013

အကျွန်ုပ်၏ ပဌနာသည် ရှေ့တော်သို့ရောက်ပါ၏
ဆုတောင်းပဌနာပြုခြင်းသည် ထာဝရဘုရားနှင့် တိုက်ရိုက်စကားပြောဆိုခြင်းကို ဆိုလိုသည်။


generated on Tue Jul 2 12:50:28 2024

မျက်နှာတော်ကို အကျွန်ုပ်မှ အဘယ်ကြောင့်လွှဲတော်မူသနည်း
ဘုရားသခင်သည် သူ့ကို စွန့်ခွာ၍ မျက်နှာလွှဲခြင်း သို့မဟုတ် စာရေးသူထံမှ အပြီးအပိုင် ထွက်ခွာသွားခြင်း

Psalms 015

အမျက်တော်သည် အကျွန်ုပ်ကို လွှမ်းမိုးပါ၏
ဘုရားသခင်၏ လုပ်ဆောင်ချက်သည် ပင်လယ်ပြင်မှ တက်လာသော ရေလှိုင်းကဲ့သို့ ရေးသားထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကိုယ်တော်၏ အမျက်တော်သည် ကျွန်ုပ်ကို ရိုက်ခတ်ပါ၏"

စီရင်တော်မူသော ဘေးတို့သည် အကျွန်ုပ်၏ အသက်ကို ညှဉ်းဆဲသည်
ဘုရားသခင်သည် စာရေးသူအား ချေမှုန်းပစ်လိုက်သည့်အလား ရေးသားထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကိုယ်တော်ပြုသော အမှုအရာတို့သည် ကျွန်ုပ်ကို ဖျက်ဆီးလိုက်ပြီ" သို့မဟုတ် "ကိုယ်တော်ပြုသော အမှုတို့သည် ကျွန်ုပ်ကို ဖျက်ဆီးလုပြီ"

Psalms 017

ရေကဲ့သို့ အစဉ်မပြတ်ဝိုင်း၍ တညီတညွတ် တည်း ဝန်းရံကြပါ၏
စာရေးသူသည် ဘုရားသခင်၏ အမျက်တော်နှင့် ကြောက်မက်ဖွယ်ကောင်းသော အမှုများကို ရေလွှမ်းမိုးသကဲ့သို့ တင်စားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "နေ့ညမပြတ် ထိုအရာများသည် ရေကဲ့သို့ ငါ့ကို တိုက်စားခဲ့လေပြီ"

သူတို့သည်
ဘုရားသင်၏ အမျက်တော် နှင့် ကြောက်မက်ဖွယ်ကောင်းသော အမှုများကို ဆိုလိုသည်။

ဝန်းရံကြပါ၏
ဘုရားသင်၏ အမျက်တော် နှင့် ကြောက်မက်ဖွယ်ကောင်းသော အမှုများသည် ဝန်းရံလျက်ရှိသော ရန်သူများကဲ့သို့ ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် ငါ့ကို ရန်သူများအလား ဝန်းရံကြပြီ"

ချစ်သောသူနှင့်အဆွေခင်ပွန်း
ငါချစ်သော သူနှင့် သိသောသူ အပေါင်း

အသိအကျွမ်းတို့သည် မှောင်မိုက် ထဲမှာရှိကြပါ၏
မှောင်မိုက်သည် လူပုဂ္ဂိုလ်ကဲ့သို့ဖြစ်၍ လူကို အဖော်ပြုသည်။ အထီးကျန် ခံစားနေကြောင်း ရေးသားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသွားရာအရပ်တို့သည် မှောင်မိုက်အတိ လွှမ်းထားသည်"

# Chapter 89

1 အကျွန်ုပ်သည် ထာဝရဘုရား၏ ကရုဏာတော် ကို အစဉ်အမြဲ သီချင်းဆိုပါမည်။ ကိုယ်တော်၏သစ္စာကို လူမျိုးအဆက်ဆက်တို့အား
ဟောပြောမြွက်ဆိုပါမည်။ 2 ကရုဏာတော်သည် အစဉ်အမြဲတည်ရပါ၏။ သစ္စာတော်ကို ကောင်းကင်၌ခိုင်ခံ့မြဲမြံစေတော်မူသည် ဟု
အကျွန်ုပ်သဘောကျပါ၏။ 3 ကိုယ်တော်မိန့်တော်မူသည်ကား၊ သင်၏အမျိုး အနွယ်ကို အစဉ်မပြတ် ငါမြဲမြံစေမည်။ 4
သင်၏ပလ္လင်ကိုလည်း လူမျိုးအဆက်ဆက် တည်စေမည်ဟု ငါရွေးကောက်သောသူနှင့် ငါသည် ပဋိညာဉ်ဖွဲ့၍၊ ငါ၏ ကျွန်ဒါဝိဒ်အား
ကျိန်ဆိုခြင်းကိုပြုပြီ။ 5 အို ထာဝရဘုရား၊ ကောင်းကင်သည် အံ့ဘွယ် သော အမှုတော်တို့ကိုငင်း၊ သန့်ရှင်းသောသူတို့သည်
စည်းဝေးလျက် သစ္စာတော်ကိုငင်း ချီးမွမ်းကြပါစေသော။ 6 အကြောင်းမူကား၊ ကောင်းကင်တွင် ထာဝရ ဘုရားနှင့်
အဘယ်သူပြိုင်နိုင်သနည်း။ ဘုရားသခင်၏ သားတို့တွင် ထာဝရဘုရားနှင့် အဘယ်သူတူသနည်း။ 7 ဘုရားသခင်သည်
သန့်ရှင်းသူတို့၏ ပရိသတ် တွင် အလွန်ကြောက်ရွံ့ဘွယ်ဖြစ်တော်မူ၏။ အထံတော်၌ ပတ်လည်နေသောသူအပေါင်းတို့ထက်
ရိုသေဘွယ် ဖြစ်တော်မူ၏။ 8 ကောင်းကင်ဗိုလ်ခြေအရှင် ဘုရားသခင်ထာဝရ ဘုရား၊ ကိုယ်တော်နှင့် အဘယ်သူ တူပါသနည်း။ ထာဝရ
ဘုရားသည် ခွန်အားကြီးတော်မူ၏။ သစ္စာတော်လည်း ကိုယ်တော်ကို ပတ်ဝန်းလျက်ရှိပါ၏။ 9 သမုဒ္ဒရာ ဟုန်းခြင်းကို
အစိုးရတော်မူ၏။ လှိုင်း တံပိုးထသောအခါ ငြိမ်းစေတော်မူ၏။ 10 ကိုယ်တော်သည် သူရဲကဲ့သို့ ရာခပ်ကိုချိုးဖျက်၍၊ အားကြီးသော
လက်ရုံးတော်ဖြင့် ရန်သူတို့ကို အရပ်ရပ်သို့ ကွဲပြားစေတော်မူ၏။ 11 ကောင်းကင်နှင့်မြေကြီးသည် ကိုယ်တော်၏ ဥစ္စာဖြစ်ပါ၏။
လောကဓာတ်နှင့် လောကဓာတ်တန်ဆာ များကို တည်တော်မူပြီ။ 12 မြောက် မျက်နှာနှင့်တောင်မျက်နှာ ကိုလည်းဖန်ဆင်းတော်မူပြီ။
တာဗော်တောင်နှင့် ဟေရမုန် တောင်သည် နာမတော်ကို အမှီပြု၍ ရွှင်လန်းစွာ သီချင်း ဆိုကြပါ၏။ 13 တန်ခိုးရှိသော လက်ရုံးနှင့်
ပြည့်စုံတော်မူ၏။ လက်တော်သည် အားကြီး၍၊ လက်ျာလက်တော်သည် မြင့်ပါ၏။ 14 တရားသဖြင့် စီရင်ခြင်း၊ ဖြောင့်မတ်စွာ ဆုံးဖြတ်
ခြင်းသည် ပလ္လင်တော်၏ တည်ရာဖြစ်ပါ၏။ ကရုဏာနှင့် သစ္စာသည် မျက်နှာတော်ရှေ့၌ သွားကြပါ၏။ 15 အို ထာဝရဘုရား၊
နှိုးဆော်တော် မူခြင်းအသံကို နားလည်သော လူမျိုးသည် မင်္ဂလာရှိပါ၏။ 16 သူတို့သည် မျက်နှာတော်အလင်း၌ သွားလာ ရကြပါ၏။
နာမတော်၌အစဉ် ဝမ်းမြောက်၍ ဖြောင့်မတ် တော်မူခြင်းတရားအားဖြင့် ချီးမြှောက်ခြင်းသို့ ရောက်ရ ကြပါ၏။ 17 ကိုယ်တော်သည်
သူတို့အစွမ်းသတ္တိ၏ ဘုန်းဖြစ် တော်မူ၏။ ကျေးဇူးတော်အားဖြင့်လည်း အကျွန်ုပ်တို့၏ ဦးချိုသည် ချီးမြှောက်လျက် ရှိပါ၏။ 18
ထာဝရဘုရားသည် အကျွန်ုပ်တို့ကို ကွယ်ကာ တော်မူ၏။ ဣသရေလအမျိုး၏သန့်ရှင်းသော ဘုရား သည် အကျွန်ုပ်တို့၏
ရှင်ဘုရင်ဖြစ်တော်မူ၏။ 19 တရံရောအခါ ကိုယ်တော်၏ သန့်ရှင်းသူတို့ကို ဗျာဒိတ်တော်အားဖြင့် မိန့်မြွက်တော်မူသည်ကား၊
အားကြီးသော သူသည် ကူမမည် အကြောင်းငါခန့် ထားပြီ။ လူစုထဲက ရွေးကောက်သောသူတယောက်ကို ငါချီးမြှောက်ပြီ။ 20 ငါ၏
ကျွန် ဒါဝိဒ်ကို ငါတွေ့၍၊ သန့်ရှင်းသော ဆီနှင့်ဘိသိက်ပေးပြီ။ 21 သူ့ဘက်မှာ ငါ့လက်သည် တည်လိမ့်မည်။ ငါ့လက်ရုံးသည် သူ့ကို
မြဲမြံခိုင်ခံ့စေမည်။ 22 ရန်သူသည် သူ၏ဥစ္စာကို အနိုင်အထက်မယူရ။ မတရားသော သူသည် မညှဉ်းဆဲရ။ 23 သူ၏ ရန်သူတို့ကို
သူ့ရှေ့မှာ ငါနှိပ်စက်၍၊ သူ့ကိုမုန်းသော သူတို့ကို ဒဏ်ခတ်မည်။ 24 ငါ၏သစ္စာနှင့် ကရုဏာသည် သူ့ဘက်မှာနေ၍၊ ငါ၏နာမအားဖြင့်
သူ၏ ဦးချိုသည် ချီးမြှောက်လျက် ရှိလိမ့်မည်။ 25 သူ၏လက်ကိုလည်း၊ ပင်လယ်ပေါ်မှာငင်း၊သူ၏လက်ျာလက်ကို မြစ်များပေါ်မှာငင်း
ငါတင်၍ ထားမည်။ 26 သူကလည်း၊ ကိုယ်တော်သည် အကျွန်ုပ်၏အဘ၊ အကျွန်ုပ်၏ ဘုရားသခင်၊ အကျွန်ုပ်ကို ကယ်တင်ရာ
ကျောက်ဖြစ်တော်မူ၏ဟု၊ ငါ့ကို ကြွေးကြော်လိမ့်မည်။ 27 အကယ်စင်စစ်သူ့ကို သားဦးအရာ၌ ခန့်ထား၍၊ လောကီရှင်
ဘုရင်တို့အပေါ်မှာ ချီးမြှောက်မည်။ 28 ငါ၏ ကရုဏာကို သူ့အဘို့ငါသည် အစဉ်စောင့်၍၊ ငါ၏ ပဋိညာဉ်တရားသည် သူ့၌
မြဲမြံလိမ့်မည်။ 29 သူ၏ အမျိုးအနွယ်ကို အစဉ်အမြဲ တည်စေ မည်။ သူ၏ပလ္လင်သည် ကောင်းကင်ကာလကဲ့သို့ နိစ္စ
ထာဝရဖြစ်လိမ့်မည်။ 30 သူ၏သားမြေးတို့သည် ငါ့တရားကို စွန့်ပယ်၍၊ ငါ၏စီရင်ချက်တို့ကို မကျင့်၊ 31 ငါ၏အထုံးအဖွဲ့တို့ကို
ရှုတ်ချ၍၊ ငါ၏ပညတ် တို့ကို မစောင့်ဘဲနေလျှင်၊ 32 ငါသည် သူတို့ပြစ်မှားသောကြောင့်၊ ကြိမ်လုံးနှင့် ဆုံးမ၍ ဒဏ်ချက်တို့နှင့်
ဒုစရိုက်အတိုင်း အပြစ်ပေးမည်။ 33 သို့သော်လည်း၊ ငါ၏ကရုဏာကိုသူမှ ငါမနှုတ် မပယ်။ ငါ၏သစ္စာကိုလည်း မဖျက်။ 34
ငါ၏ပဋိညာဉ် တရားကိုလည်း မရှုတ်ချ။ ငါမိန့် မြွက်သော စကားလည်း ဖေါက်ပြန်ခြင်းမရှိရ။ 35 ငါသည် ဒါဝိဒ်ကို မလှည့်စားဟု
ငါ၏သန့်ရှင်း ခြင်း ပါရမီကို တိုင်တည်၍ တခါကျိန်ဆိုပြီ။ 36 သူ၏အမျိုးအနွယ်သည် အစဉ်အမြဲ တည်ရ မည်။
သူ၏ပလ္လင်သည်လည်း၊ ငါ့ရှေ့၌ နေကဲ့သို့ ဖြစ်ရ မည်။ 37 လကဲ့သို့ငင်း၊ မိုဃ်းကောင်းကင်၌ သစ္စာစောင့် သော သက်သေကဲ့သို့ငင်း၊
အစဉ်မြဲမြံရမည်ဟု ကိုယ် တော်သည် မိန့်တော်မူပါပြီ။ 38 သို့သော်လည်း၊ ကိုယ်တော်သည် ယခုစွန့်ပယ်၍ ရွံရှာတော်မူပြီ။ အထံတော်၌
ဘိသိက်ခံသော သူကို အမျက်ထွက်တော်မူပြီ။ 39 ကိုယ်တော်၏ ကျွန်နှင့်ဖွဲ့သော ပဋိညာဉ်ကို ဖျက်၍၊ သူ၏သရဖူကို မြေတိုင်အောင်
ရှုတ်ချတော်မူပြီ။ 40 သူ၏ခြံရှိသမျှတို့ကိုချိုး၍၊ သူ၏တိုက်များကို ဖြိုဖျက်တော်မူပြီ။ 41 လမ်း၌ရှောက်သွားသော
သူအပေါင်းတို့သည် သူ့ကိုလုယူကြ၏။ အိမ်နီးချင်းတို့တွင် ကဲ့ရဲ့ဘွယ်ဖြစ်ပါ၏။ 42 သူ၏ရန်သူတို့ လက်ျာလက်ကို ချီးမြှင့်၍၊
ရန်ဘက်ပြုသောသူ အပေါင်းတို့ကို ဝမ်းမြောက်စေ တော်မူ၏။ 43 သူ၏ထားသွားကိုလိပ်စေ၍၊ သူစစ်တိုက်ရာတွင်
ထောက်မတော်မမူပါ။ 44 သူ၏ဘုန်းကိုကွယ်စေ၍၊ သူ၏ရာဇပလ္လင်ကို မြေသို့နှိမ့်ချတော် မူပြီ။ 45 သူ၏ပျိုသောအရွယ်ကို တိုစေ၍

အရှက်ခွဲတော် မူပြီ။ [46] အို ထာဝရဘုရား၊ ကိုယ်တော်သည် အလျှင်း မထင်ရှားဘဲ၊ အဘယ်မျှကာလပတ်လုံးပုန်း၍ နေတော်
မူမည်နည်း။ အမျက်တော်သည် အဘယ်မျှကာလပတ်လုံး မီးကဲ့သို့ လောင်ရပါမည်နည်း။ [47] အကျွန်ုပ်၏ အသက်တာသည် အဘယ်မျှ
လောက် တိုသည်ကိုင်၊ အဘယ်မျှလောက်ပျက်တတ် စေခြင်းငှါ၊ လူသားအပေါင်းတို့ကို ဖန်ဆင်းတော်မူသည် ကိုင်၊
အောက်မေ့တော်မူပါ။ [48] သေခြင်းသို့မရောက်၊ အသက်ရှင်၍ မိမိဝိညာဉ် ကို မရဏာနိုင်ငံတန်ခိုးမှ ကယ်နှုတ်နိုင်သော သူကား
အဘယ်သူနည်း။ [49] အို ထာဝရဘုရား၊ သစ္စာတော်နှင့်တကွ ကိုယ် တော်၏ ကျွန်ဒါဝိဒ်အား ကျိန်ဆိုတော်မူသော ရှေး
ကရုဏာတော်သည် အဘယ်မှာ ရှိပါသနည်း။ [50] အိုထာဝရဘုရား၊ ကိုယ်တော်၏ ကျွန်တို့သည် ခံရသောကဲ့ရဲ့ခြင်းကို
အောက်မေ့တော်မူပါ။ များစွာ သော လူတို့၏ အမှုအလုံးစုံကို အကျွန်ုပ်သည် ကိုယ် ရင်ခွင်၌ ဆောင်ရပါ၏။ [51] အကြောင်းမူကား၊
အိုထာဝရဘုရား၊ ကိုယ် တော်၏ ရန်သူတို့သည် ကဲ့ရဲ့တတ်ကြပါ၏။ အထံတော်၌ ဘိသိက်ခံသောသူ၏ ခြေတော်ရာတို့ကို
ကဲ့ရဲ့တတ်ကြ ပါ၏။ [52] ထာဝရဘုရားသည် ကမ္ဘာအဆက်ဆက်မင်္ဂလာ ရှိတော်မူစေသတည်း။ အာမင်နှင့်အာမင်။

---

Psalms 001

ယေဘုယျအချက်အလက်
အပြိုင်စပ်ဆိုသော ကဗျာအမျိုးအစားသည် ဟေဗြဲကဗျာများတွင် တွေ့ရတတ်သည်။

ကရုဏာတော် ကို အစဉ်အမြဲ
"သစ္စာရှိတော်မူခြင်း" သို့မဟုတ် "ကရုဏာသက်ရောက်တော်မူခြင်း"

ကရုဏာတော်သည် အစဉ်အမြဲတည်ရပါ၏
ထာဝရဘုရားသည် သူကတိပြုသည် အရာကို ဆက်ဆက် အမှုပြုမည်အကြောင်းကို အဆာက်အဦးဖြစ်သော လူမျိုးတော်အပေါ် ထာဝရဘုရားသည် တည်၍ ခိုင်ခံ့စေမည်ဟု ဖော်ပြထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကိုယ်တော်သည် ကတိတော်အားဖြင့် သစ္စာရှိကြောင်းကို ဖော်ပြပေမည်"

သစ္စာတော်ကို ကောင်းကင်၌ခိုင်ခံ့မြဲမြံစေတော်မူသည်
ထာဝရဘုရားသည် သူကတိပြုသည် အရာကို ဆက်ဆက် အမှုပြုမည်အကြောင်းကို အဆာက်အဦးဖြစ်သော လူမျိုးတော်အပေါ် ထာဝရဘုရားသည် တည်၍ ခိုင်ခံ့စေမည်ဟု ဖော်ပြထားသည်။

ကောင်းကင်၌
(၁) ဘုရားသခင် ကျိန်းဝပ်ရာ နေရာ။ ဘုရားသခင်သည် ကောင်းကင်ကို အခြေပြု၍ အုပ်စိုးသည်။ သို့မဟုတ် (၂) လေဟာပြင်။ ဘုရားသခင်၏ ကတိတော်များသည် အစဉ်အမြဲ တည်ရှိနေခြင်း။

Psalms 003

ငါရွေးကောက်သောသူနှင့် ငါသည် ပဋိညာဉ်ဖွဲ့၍
ဒါဝိဒ်ကို ရည်ညွှန်းခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် ငါရွေးချယ်သော ဒါဝိဒ်နှင့်အတူ ကတိတစ်ခု ပြုထားပြီ"

ငါဖွဲ့ခဲ့ပြီ
ထာဝရဘုရားသည် ၈၉:၃-၄ တွင် စကားပြောနေသည်။

သင်၏အမျိုး အနွယ်ကို အစဉ်မပြတ် ငါမြဲမြံစေမည်
ထာဝရဘုရားသည် ဒါဝိဒ်အမျိုးအနွယ်မှ ဘုရင်တစ်ပါး ပေါ်ထွန်းလာစေမည့်အကြောင်းကို အဆာက်အဦးဖြစ်သော လူမျိုးတော်အပေါ် ထာဝရဘုရားသည် တည်၍ ခိုင်ခံ့စေမည်ဟု ဖော်ပြထားသည်။

သင်၏ပလ္လင်ကိုလည်း လူမျိုးအဆက်ဆက် တည်စေမည်
"ပလ္လင်" သည် ဘုရင်အာဏာစက်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ အမျိုးအနွယ်မှလာသော ဘုရင်သည် ငါ၏ လူများကို အဆက်ဆက် အုပ်စိုးစေမည်" နှင့်

Psalms 005

ကောင်းကင်သည် အံ့ဘွယ် သော အမှုတော်
"ကောင်းကင်" ဟူသည် မိုးတင်းနေထိုင်ကြသော ပုဂ္ဂိုလ်များကို ဆိုလိုသည်။

သစ္စာတော်ကိုင် ချီးမွမ်းကြပါစေ
"ထာဝရဘုရားကို ချီးမွမ်းလျက် အံ့သြဖွယ်ရာ အမှုတော်များကို ဖော်ပြသည်"

သန့်ရှင်းသောသူတို့သည် စည်းဝေးလျက် သစ္စာတော်ကိုင် ချီးမွမ်းကြပါစေသော
"သစ္စာတော်" သည် "ကိုယ်တော်သည် ကတိထားသည်အတိုင်း အမှုပြုခဲ့သည်" ဟူ၍ အဓိပ္ပါယ်သက်ရောက်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သန့်ရှင်းသူများသည် ကိုယ်တော် ပေးခဲ့သော ကတိတော်များ အစဉ်ဆောင်ရွက်သဖြင့် ချီးမွမ်းလျက် နေကြ၏"

သန့်ရှင်းသောသူတို့သည် စည်းဝေးလျက်
ကောင်းကင်အရပ်ရှိ တမန်တော်များ

ကောင်းကင်တွင် ထာဝရ ဘုရားနှင့် အဘယ်သူပြိုင်နိုင်သနည်း
စာရေးသူသည် ကိုယ်တော်ကဲ့သို့သော သူမရှိကြောင်း ဖော်ကျူးထားခြင်း ဖြစ်သည်။


generated on Tue Jul 2 12:50:28 2024

ဘုရားသခင်၏ သားတို့
"သား" ဟူသည် အဖ၏ အကျင့်စရိုက်လက္ခဏာများ ရှိခြင်းကို ဆိုလိုသည်။ ဤစကားလုံးကို အထက်ကောင်းကင်အရပ်ရှိ ဝိညာဉ်များကို ရည်ညွှန်းလိုခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကောင်းကင်တမန်များ" သို့မဟုတ် "ဝိညာဉ်ခန္ဓာများ"

Psalms 007

ဘုရားသခင်သည် သန့်ရှင်းသူတို့၏ ပရိသတ် တွင် အလွန်ကြောက်ရွံ့ဘွယ်ဖြစ်တော်မူ၏
ကတ္တားဝါကျပုံစံဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "စုဝေးနေသော သန့်ရှင်းသူတို့သည် ဘုရားသခင်ကို ချီးမြှောက်ကြပါသည်"

သန့်ရှင်းသူတို့၏ ပရိသတ်
"ကောင်းကင်သားများ စုဝေးရာအရပ်" သို့မဟုတ် "ကောင်းကင်တမန်များ အစုအဝေး"

ကိုယ်တော်နှင့် အဘယ်သူ တူပါသနည်း
ကိုယ်တော်ကဲ့သို့ တန်ခိုးကြီးသောသူ မရှိကြောင်း ပြောဆိုထားပါသည်။

သစ္စာတော်လည်း ကိုယ်တော်ကို ပတ်ဝန်းလျက်ရှိပါ၏
ထာဝရဘုရား ကတိပြုထားသော အရာများသည် ဝတ်ရုံတော်များအလား ပတ်ရစ်လွှမ်းခြုံထားကြောင်း ဖော်ကျူးထားသည်။

Psalms 009

သမုဒ္ဒရာ ဟုန်းခြင်းကို အစိုးရတော်မူ၏
"ကိုယ်တော်သည် အားကြီးသော ပင်လယ်ကို ထိန်းချုပ်မူပြီ"

ကိုယ်တော်သည် သူရဲကဲ့သို့ ရာခပ်ကိုချိုးဖျက်၍
"ရာခပ်" သည် သမုဒ္ဒရာရှိ သတ္တဝါတစ်ကောင် ဖြစ်သည်။

အားကြီးသော လက်ရုံးတော်ဖြင့်
"လက်" သည် တန်ခိုးကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကိုယ်တော်၏ တန်ခိုးတော်အားဖြင့်"

Psalms 011

မြောက် မျက်နှာနှင့်တောင်မျက်နှာ
စာရေးသူသည် "မြောက်" နှင့် "တောင်" ဟု ရေးရာတွင် ဘုရားသခင် ဖန်ဆင်းခဲ့သော အရပ်ရပ်ရှိ အရာဟူသမျှကို ဆိုလိုသည်။

တာဗော်တောင်နှင့် ဟေရမုန် တောင်သည် နာမတော်ကို အမှီပြု၍ ရွှင်လန်းစွာ သီချင်း ဆိုကြပါ၏
တာဗော်တောင်သည် ဂါလိလဲအိုင်၏ အနောက်တောင်တွင် ရှိပြီး၊ ဟေရမုန်တောင်သည် ဂါလိလဲအိုင်၏ အရှေ့မြောက်တွင် ရှိသည်။ ထိုတောင်များသည် လူကဲ့သို့ ဝမ်းသာနိုင်သည့် သဏ္ဍာန်များရှိသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "နာမတော်၌ တာဗော်တောင်နှင့် ဟေရမုန်တောင်တို့ ရွှင်လန်းစွာ သီချင်းဆိုကြလေသည်"

နာမတော်ကို အမှီပြု၍
"နာမတော်" သည် လူပုဂ္ဂိုလ် တစ်ခုလုံးကို ဆိုလိုသည်။ ပြန်ဆို၊ "ကိုယ်တော်၌"

Psalms 013

တန်ခိုးရှိသော လက်ရုံးနှင့် ပြည့်စုံတော်မူ၏။ လက်တော်သည် အားကြီး၍၊ လကျ်ာလက်တော်သည် မြင့်ပါ၏
"လက်ရုံး" "လက်တော်" "လကျ်ာလက်" တို့သည် ဘုရားသခင်၏ တန်ခိုးတော်ကို ညွှန်ပြခြင်း ဖြစ်သည်။

လကျ်ာလက်တော်သည် မြင့်ပါ၏
လကျ်ာလက် အမြင့်ကို မြှောက်ရခြင်းမှာ တန်ခိုးကို ပြလိုသော ရည်ရွယ်ချက်ဖြစ်သည်။

တရားသဖြင့် စီရင်ခြင်း၊ ဖြောင့်မတ်စွာ ဆုံးဖြတ် ခြင်းသည် ပလ္လင်တော်၏ တည်ရာဖြစ်ပါ၏
ဘုရားသခင်၏ ပလ္လင်တော်သည် အဆောက်အဦးတစ်ခုပမာ တရားမှုနှင့် ဖြောင့်မတ်ခြင်းတို့သည် အုတ်မြစ်များဖြစ်ကြောင်း ဖော်ပြသွားခြင်း ဖြစ်သည်

ပလ္လင်တော်
ဘုရားသခင်သည် ဘုရင်အဖြစ် အုပ်စိုးခြင်း

ကရုဏာနှင့် သစ္စာသည် မျက်နှာတော်ရှေ့၌ သွားကြပါ၏
ဘုရားသခင်သည် သစ္စာရှိ၍ သူ၏ကတိတော်များ ဆက်၍ ဖြစ်လာမည်ကို သစ္စာတော်နှင့် ကရုဏာတော်သည် ဘုရားသခင်အား ဆီးကြိုနေသည့်အသွင် ရေးသားထားသည်

Psalms 015

ကိုးကွယ်သူ
ကိုးကွယ်ရာတွင် အော်ဟစ်ခြင်းနှင့် တံပိုးမှုတ်ခြင်းတို့ ပါဝင်ပါသည်။ ထိုအရာသည် ဣသရေလလူမျိုးများ ပွဲလမ်းသဘင်အခမ်းအနားများတွင် တွေ့ရတတ်သည်

သွားလာ ရကြပါ၏
လူများ အသက်ရှင်လျက် သွားလာနေကြသည်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အသက်ရှင်လျက် နေကြသည်"

မျက်နှာတော်အလင်း၌
ထာဝရဘုရား၏ မျက်နှာသာပေးခြင်းခံရမှုကို ဖော်ပြလိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကိုယ်တော်သည် သူတို့အား မျက်နှာသာပေးသည်ကို သိမြင်လျက်"


generated on Tue Jul 2 12:50:28 2024

နာမတော်၌
လူပုဂ္ဂိုလ်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကိုယ်တော်၌"

ဖြောင့်မတ် တော်မူခြင်းတရားအားဖြင့် ချီးမြှောက်ခြင်းသို့ ရောက်ရ ကြပါ၏
အခြားသောဘာသာပြန်ဆိုချက်၊ "ကိုယ်တော်သည် တရားသောအမှုကို ပြုသဖြင့် သူတို့သည် ချီးမြှောက်ကြပါသည်"

Psalms 017

ကိုယ်တော်သည် သူတို့အစွမ်းသတ္တိ၏ ဘုန်းဖြစ် တော်မူ၏
"ကိုယ်တော်သည် သူတို့အား အံ့သြဘွယ်ရာ အစွမ်းကို ပေးလေပြီ"

ကိုယ်တော်သည် သူတို့၏
"သူတို့" သည် ဣသရေလလူမျိုးတော်ကို ဆိုလိုသည်။ စာရေးသူသည် မိမိကိုယ်တိုင်ပင် ပါဝင်ကြောင်း ထည့်သွင်းသင့်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကိုယ်တော်သည် ငါတို့၏"

အကျွန်ုပ်တို့၏ ဦးချိုသည် ချီးမြှောက်လျက်
"ကျွန်ုပ်တို့" သည် ဣသရေလလူမျိုးများကို ရည်ညွှန်းသည်။

ထာဝရဘုရားသည် အကျွန်ုပ်တို့ကို ကွယ်ကာ တော်မူ၏
မိမိလူတို့ကို ကာကွယ်သော ဘုရင်နှင့် ထာဝရဘုရား ရွေးကောက်တင်မြှောက်သောသူသည် လူမျိုးတော်အတွက် အကာအကွယ်ဖြစ်သည်

Psalms 019

ယေဘုယျအချက်အလက်
စာရေးသူသည် စာဖတ်သူများက ဒါဝိဒ်ဘုရင် အကြောင်းကို သိရှိပြီးသားဟု ခံယူထားသည်။

အားကြီးသော သူသည် ကူမည် အကြောင်းငါခန့်ထားပြီ
ခေါင်းပေါ်တွင် သရဖူ တင်သည်ဟု အခြား ဘာသာပြန်ကျမ်းများတွင် ဖော်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် အားကြီးသောသူကို ဘုရင်အရာ ခန့်ထားပြီ" (ရှု၊

အားကြီးသော သူကို ငါခန့်ထားပြီ
အချို့ပြန်ဆိုချက်များတွင် "ခွန်အားကြီးသူကို ခွန်အားထပ်၍ ပေးပြီ" သို့မဟုတ် "ခွန်အားကြီးသူကို ကူညီခဲ့သည်" ဟူ၍ ပြန်ဆိုသည်။

လူစုထဲက ရွေးကောက်သောသူတယောက်ကို ငါချီးမြှောက်ပြီ
"ချီးမြှောက်" ဟူသည် ရွေးကောက်ခြင်းဟု အနက်ရှိသည်။ ဘုရားသခင်သည် သူ့အား ဘုရင်အရာ ခန့်ထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် သူတို့ထဲမှ တစ်ယောက်ကို ဘုရင်အဖြစ် ခန့်အပ်ထားပြီ"

သန့်ရှင်းသော ဆီနှင့်ဘိသိက်ပေးပြီ
တစ်စုံတစ်ယောက်၏ ခေါင်းတွင် ဆီလိမ်းပေးခြင်းသည် ဘုရင်အဖြစ် တင်မြှောက်ခြင်း ဖြစ်သည်။

သူ့ဘက်မှာ ငါ့လက်သည် တည်လိမ့်မည်။ ငါ့လက်ရုံးသည် သူ့ကို မြဲမြံခိုင်ခံ့စေမည်
"လက်" "လက်ရုံး" တို့သည် တန်ခိုးနှင့် ထိန်းချုပ်ခြင်းကို ပုံဆောင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် သူ့ကို ထောက်ပံ့၍ အားကြီးစေမည်"

မတရားသော သူ
စာရေးသူသည် မတရားသူနှင့် မတရားသောသူ၏ သားကို တန်းတူထားသည်။

Psalms 024

ဆက်စပ်မှုဖော်ပြချက်
ထာဝရဘုရားသည် ဒါဝိဒ်အကြောင်းကို ပြောဆိုနေသည်။

ငါ၏သစ္စာနှင့် ကရုဏာသည် သူ့ဘက်မှာနေ၍
ဘုရားသခင်သည် သစ္စာတော်နှင့် ပြည့်စုံ၍ သူကတိထားသည်အတိုင်း ဆောင်ရွက်သွားမည် ဖြစ်သည်။

ငါ၏နာမအားဖြင့် သူ၏ ဦးချိုသည် ချီးမြှောက်လျက် ရှိလိမ့်မည်
"နာမ" သည် ဘုရားသခင်၏ တန်ခိုးတော် ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် သူ့ကို အောင်မြင်ခြင်းပေးမည်" (ရှု၊

သူ၏လက်ကိုလည်း၊ ပင်လယ်ပေါ်မှာ၎င်း၊သူ၏လက်ျာလက်ကို မြစ်များပေါ်မှာ၎င်း ငါတင်၍ ထားမည်
လက်နှင့် လက်ျာလက်သည် တန်ခိုးနှင့် အခွင့်အာဏာကို ဆိုလိုသည်။ ပင်လယ်သည် မြေထဲပင်လယ်ကိုလည်းကောင်း၊ မြစ်များသည် အရှေ့ဘက်ရှိ ယူဖရိတ်မြစ်ကို ဆိုလိုသည်။ ဒါဝိဒ်သည် ထိုနယ်မြေဒေသများတွင် တန်ခိုးအင်အား ကြီးလာမည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် သူ၏ တန်ခိုးနှင့် အာဏာစက်ကို မြေထဲပင်လယ်မှစ၍ ယူဖရိတ်မြစ်အထိ ကျယ်ပြန့်စေမည်"

သူကလည်း၊ ကိုယ်တော်သည် အကျွန်ုပ်၏အဘ၊ အကျွန်ုပ်၏ ဘုရားသခင်၊ အကျွန်ုပ်ကို ကယ်တင်ရာ ကျောက်ဖြစ်တော်မူ၏ဟု၊ ငါ့ကို ကြွေးကြော်လိမ့်မည်
အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် ငါ့ကို သူ၏ အဘ၊ ဘုရားသခင် နှင့် ကယ်တင်ရာကျောက် ဖြစ်ကြောင်း ပြောဆိုမည်"

ကယ်တင်ရာ ကျောက်
ထာဝရဘုရားသည် ဒါဝိဒ်၏ အမျိုးအနွယ်ကို စောင့်ရှောက်ခဲ့ပုံမှာ ကျောက်ဆောင်များပမာ ခိုင်ခံ့ကြောင်း၊ ထိုအပေါ်တွင် ဒါဝိဒ်သည် လုံခြုံစွာ နေရမည်ဟု ရည်ညွှန်းသည်။


generated on Tue Jul 2 12:50:28 2024

Psalms 027

ဆက်စပ်မှုဖော်ပြချက်
ထာဝရဘုရားသည် ဒါဝိဒ်အကြောင်းကို ဆက်လက်၍ ပြောဆိုနေသည်။

သားဦးအရာ၌ ခန့်ထား၍
ထာဝရဘုရားသည် ဒါဝိဒ်ကို မျက်နှာသာပေး၍ အထူးအခွင့်အဖြစ် သားဦးအရာကို ခန့်ထားတော်မူသည်

သူ၏ပလ္လင်သည် ကောင်းကင်ကလာကဲ့သို့ နိစ္စ ထာဝရတည်လိမ့်မည်
ဒါဝိဒ်၏ သားစဉ်မြေးဆက်တို့သည် အစဉ်အုပ်စိုးမည် အကြောင်း ကောင်းကင်နှင့်အမျှ ဖော်ကျူးထားသည်။

သူ၏ပလ္လင်
ဘုရင်တစ်ပါး၏ တန်ခိုးအာဏာကို ညွှန်းဆိုသည်။

Psalms 030

သူ၏သားမြေး
"ဒါဝိဒ်၏ သားစဉ်မြေးဆက်များ"

ကြိမ်လုံးနှင့် ဆုံးမ၍
ဘုရားသခင်သည် ဒါဝိဒ်၏ သားမြေးများကို ကြိမ်လုံးဖြင့် ဆုံးမသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့ကို ပုန်ကန်သဖြင့် အပြစ်ပေးမည်"

ဒဏ်ချက်တို့နှင့် ဒုစရိုက်အတိုင်း အပြစ်ပေးမည်
ဘုရားသခင်သည် ဒါဝိဒ်သားမြေးများကို ထု၍ အပြစ်ပေးမည်။ အခြားသောဘာသာပြန်ဆိုချက်။ "ငါ့ကို ပြစ်မှားသောကြောင့် ငါဒဏ်ခတ်မည်"

Psalms 033

ငါ၏ကရုဏာကိုသူမှ ငါမနှုတ် မပယ်။ ငါ၏သစ္စာကိုလည်း မဖျက်
အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် ဒါဝိဒ်ကို ချစ်မြဲချစ်နေမည်။ ကတိတော်ထားသည့်အတိုင်း ငါမုချလုပ်ဆောင်မည်"

ငါမိန့် မြွက်သော စကား
နှုတ်ဖြင့် မြွက်ဆိုသော စကားဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါပြောခဲ့သည့်ကား"

Psalms 035

ငါ၏သန့်ရှင်း ခြင်း ပါရမီကို တိုင်တည်၍ တခါကျိန်ဆိုပြီ
ထာဝရဘုရားသည် ကျိန်ဆိုခြင်းကို ပြုရာတွင် သူ၏ သန့်ရှင်းခြင်းကို အခြေခံ၍ ပြောဆိုသည်။ သူကတိပေးထားသည့်အတိုင်း ဆက်ဆက်လုပ်ဆောင်မည်ဟု အဓိပ္ပါယ်ရှိသည်။

သူ၏ပလ္လင်သည်လည်း၊ ငါ့ရှေ့၌ နေကဲ့သို့ ဖြစ်ရ မည်
အခြားသောဘာသာပြန်ဆိုချက်၊ "သူ၏ ပလ္လင်သည် နေမဝင်ပလ္လင်တော် အဖြစ် တည်စေမည်"

သူ၏ပလ္လင်
"ပလ္လင်" သည် ဘုရင်၏ အုပ်စိုးခွင့်ကို ရည်ညွှန်းသည်။ ဘုရားသခင်သည် ဒါဝိဒ်၏ အမျိုးအနွယ်မှ ဘုရင်အရာကို အစဉ် ဆက်ခံရမည်ဟု ကတိပေးထားသည်။

ငါ့ရှေ့၌ နေကဲ့သို့
ဘုရားသခင်သည် ဒါဝိဒ်၏ အုပ်စိုးခြင်းကို နေမင်းကဲ့သို့ နောက်နောင်တွင် တက်လာမည့် သူများလည်း တောက်ပနေစေမည် ဟု ဖော်ပြသည်။

အစဉ်အမြဲ တည်ရ မည်
ကတ္တားဝါကျပုံစံဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် အစဉ်အမြဲ တည်နေစေမည်"

လကဲ့သို့၎င်း
ဘုရားသခင်သည် ဒါဝိဒ်၏ အုပ်စိုးခြင်းကို လမင်းကဲ့သို့ အစဉ်အဆက် တည်စေမည် ဟူသည်။

မိုဃ်းကောင်းကင်၌ သစ္စာစောင့် သော သက်သေကဲ့သို့၎င်း
လမင်းကို သက်သေအနေဖြင့် ဖော်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လမင်းသည် မိုးကောင်းကင်အတွက် သစ္စာရှိသော သက်သေဖြစ်သည့်အတွက်"

Psalms 038

ကိုယ်တော်သည် ယခုစွန့်ပယ်၍ ရွံရှာတော်မူပြီ
အခြားသောဘာသာပြန်ဆိုချက်၊ "ကိုယ်တော်သည် ဘုရင်ကို ငြင်းပယ်၍ ရှုတ်ချခဲ့ပြီ"

ဘိသိက်ခံသော သူ
"ကိုယ်တော် ရွေးသော ဘုရင်"

ကျွန်နှင့်ဖွဲ့သော ပဋိညာဉ်ကို ဖျက်၍
"ဖွဲ့ထားသော ကတိတော်ကို စွန့်လွှတ်ပြီ"

သူ၏သရဖူကို မြေတိုင်အောင် ရှုတ်ချတော်မူပြီ
ဤအချက်သည် အဆုံးစွန် ရှုတ်ချခြင်းကို ဖော်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ၏ သရဖူကို မြေမှုန့်ဖြင့် ပေစေပြီ" သို့မဟုတ် "သူ၏ သရဖူကို ရွှံ့တောထဲတွင် နစ်ခဲ့ပြီ"

သူ၏သရဖူ
ဘုရင်၏ တန်ခိုးတော်နှင့် အုပ်စိုးခြင်းအခွင့်ကို ဆိုလိုသည်။

သူ၏ခြံရှိသမျှတို့ကိုချိုး၍၊ သူ၏တိုက်များကို ဖြိုဖျက်တော်မူပြီ
ယေရုရှလင်မြို့ကို ရန်သူများ ဝင်ရောက်စီးနင်းခွင့်ကို ကိုယ်တော် အခွင့်ပေးသည်။ အခြားသောဘာသာပြန်ဆိုချက်၊


generated on Tue Jul 2 12:50:28 2024

"ရန်သူများသည် မြို့ရိုးကို ဖြိုဖျက်၍ တံတိုင်းတို့ကို ဖျက်ဆီးရန် ကိုယ်တော် အခွင့်ပေးသည်"

Psalms 041

အိမ်နီးချင်းတို့
နိုင်ငံ နယ်နိမိတ်တွင် နေထိုင်သူတို့ကို ဆိုလိုသည်။

ရန်သူတို့ လက်ျာလက်ကို ချီးမြှင့်၍
လက်ျာလက်သည် တန်ခိုးကို ဆိုလိုသည်။ ထာဝရဘုရားသည် ရန်သူတို့၏ တန်ခိုးအာဏာကို တောင့်တင်းစေရန် သူရွေးချယ်သော ဘုရင်ကို ကျရှုံးစေသည်။

သူ၏ထားသွားကိုလိပ်စေ၍
"ထား" သည် ဘုရင်၏ တန်ခိုးတော်ကို ဆိုလိုသည်။ ထားသွားကို လိပ်စေခြင်းသည် တိုက်ပွဲတွင် အနိုင်မရဘဲ ရှိနေခြင်းကို ဆိုလိုသည်။

ထားသွား
"ထားသွား" ဓါးတစ်ခုလုံးကို ဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူ၏ ဓါးလက်နက်"

သူစစ်တိုက်ရာတွင် ထောက်မတော်မမူ
အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် စစ်ပွဲတွင် အောင်နိုင်မည်အကြောင်း အကူအညီမပေးခဲ့ပါ"

Psalms 044

သူ၏ရာဇပလ္လင်ကို မြေသို့နှိမ့်ချတော် မူပြီ
"ပလ္လင်" သည် ဘုရင်တစ်ပါး၏ အာဏာကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် သူ၏ အုပ်စိုးခြင်းအခွင့်ကို ငြိမ်းသတ်ခဲ့ပြီ"

သူ၏ပျိုသောအရွယ်ကို တိုစေ၍
ဘုရင်သည် နုပျိုသေးသော်လည်း အိုမင်းရင့်ရော်နေသယောင် ရှိသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် နုပျိုငယ်ရွယ်သော်လည်း လူအိုကဲ့သို့ အားအင်ချည့်နဲ့စေပြီ"

အရှက်ခွဲတော် မူပြီ
ထာဝရဘုရားသည် ဘုရင်ကို အရှက်ခွဲရာတွင် ဝတ်ရုံကို ခြုံပေးလိုက်သည့်အလား အရှက်ဖွင့် လွှမ်းမိုးစေသည်။

Psalms 046

အို ထာဝရဘုရား၊ ကိုယ်တော်သည် အလျှင်း မထင်ရှားဘဲ၊ အဘယ်မျှကာလပတ်လုံးပုန်း၍ နေတော် မူမည်နည်း
စာရေးသူက ထာဝရဘုရားသည် ဘုရင်အား ငြင်းဆိုခြင်း မပြုရန် တောင်းပန်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သနားတော်မူသောအားဖြင့် ထာဝရဘုရားသည် ဘုရင်မင်းအား ငြင်းပယ်မမူပါနှင့်"

ပုန်း၍ နေတော် မူမည်နည်း
ဘုရင်မင်းမြတ်အား မကူညီသော ဘုရားသခင်ကို ပုန်းကွယ်၍နေသည်ဟု ဖော်ပြသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ကိုယ်တော်သည် ဘုရင်မင်းအား ကူညီရန် ငြင်းဆိုမည်လော"

မျက်တော်သည် အဘယ်မျှကာလပတ်လုံး မီးကဲ့သို့ လောင်ရပါမည်နည်း
စာရေးသူသည် ဘုရားသခင်အား ဆက်လက်၍ စိတ်ဆိုးတော်မမူရန် ဆန္ဒရှိသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "အမျက်တော် အစဉ်မပြတ် ထွက်နေမည်လော"

အမျက်တော်သည် မီးကဲ့သို့ လောင်နေ
ဘုရားသခင်သည် အမျက်ထွက်တော်မူသည့်အခါ မီးကဲ့သို့ တောက်လောင်နေသည်

အဘယ်မျှလောက်ပျက်တတ် စေခြင်းငှါ၊ လူသားအပေါင်းတို့ကို ဖန်ဆင်းတော်မူသည် ကိုရင်း
"အချည်းနှီး" ဟူသော အဓိပ္ပါယ်ကို ဆောင်ပါသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ကိုယ်တော်သည် အကျိုးမဲ့စွာ ဖန်ဆင်းထားသည့် လူသားကို သေစေခဲ့ပြီ"

လူသားအပေါင်းတို့
လူသားကို ရည်ရွယ်သည်။ ပြန်ဆို၊ "လူသား" သို့မဟုတ် "လူမျိုး"

သေခြင်းသို့မရောက်၊ အသက်ရှင်၍ မိမိဝိညာဉ် ကို မရဏာနိုင်ငံတန်ခိုးမှ ကယ်နှုတ်နိုင်သော သူကား အဘယ်သူနည်း
လူသားတိုင်း သေမျိုးဖြစ်ကြောင်း ဖော်ပြထားသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "လူသားသည် ကာလအစဉ် အသက်ရှင်မည်မဟုတ် သို့မဟုတ် သေပြီးသူသည် ပြန်၍ ရှင်မလာပါ"

မိမိဝိညာဉ် ကို မရဏာနိုင်ငံတန်ခိုးမှ ကယ်နှုတ်နိုင်သော သူ
အခြားပြန်ဆိုချက်များတွင် "လက်" ကိုသုံးသည်။ မရဏာ၏ လက်မှ မည်သူမျှ လွတ်ထုံးမရှိ။ ဖြစ်နိုင်ချေများမှာ

Psalms 049

အို ထာဝရဘုရား၊ သစ္စာတော်နှင့်တကွ ကိုယ် တော်၏ ကျွန်ဒါဝိဒ်အား ကျိန်ဆိုတော်မူသော ရှေး ကရုဏာတော်သည် အဘယ်မှာ ရှိပါသနည်း
စာရေးသူသည် ဒါဝိဒ်မင်းနှင့် ပြုခဲ့သော ပဋိညာဉ်များ အတိုင်း ကတိပြုရန် တောင်းဆိုသည်။ ပြန်ဆို၊ "ရှေးတွင် ဒါဝိဒ်မင်းနှင့် ပြုခဲ့သော ကတိတော်များအတိုင်း သစ္စာတော် တည်စေပါ"

အောက်မေ့တော်မူပါ
"သတိရပါ" သို့မဟုတ် "ဆင်ခြင်ပါ"

ကိုယ်တော်၏ ကျွန်တို့သည် ခံရသောကဲ့ရဲ့ခြင်း
ဣသရေလ လူမျိုးတော်ကို ဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ကိုယ်တော်၏ ကျွန်တို့ကို လှောင်ပြောင် ကဲ့ရဲ့ကြပါသည်"

 generated on Tue Jul 2 12:50:28 2024

များစွာ သော လူတို့၏ အမှုအလုံးစုံကို အကျွန်ုပ်သည် ကိုယ် ရင်ခွင်၌ ဆောင်ရပါ၏
"ရင်ခွင်" သည် လူတစ်ယောက်၏ စိတ်ခံစားမှုကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တစ်ပါးအမျိုးသားတို့၏ စော်ကားခြင်းကို ခံရပါ၏" သို့မဟုတ် "တစ်ပါးအမျိုးသားတို့သည် စော်ကားသဖြင့် ကြီးစွာ ခံစားရပါသည်"

များစွာ သော လူ
အရပ်ရပ်ရှိ တစ်ပါးအမျိုးသားများကို ဆိုလိုသည်။

ရန်သူတို့သည် ကဲ့ရဲ့တတ်ကြပါ၏
ကဲ့ရဲ့ခြင်းကို လက်နက်တန်ဆာပလာ ကဲ့သို့ အသုံးပြုသည်ကို ရည်ညွှန်းခြင်း ဖြစ်သည်။

ဘိသိက်ခံသောသူ၏ ခြေတော်ရာတို့ကို ကဲ့ရဲ့တတ်ကြ ပါ၏
"ခြေတော်ရာ" သည် ဘုရင် သွားရာလမ်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကိုယ်တော် ဘိသိက်သောသူ သွားရာ လမ်းတစ်လျှောက်တွင် လှောင်ပြောင် ကဲ့ရဲ့တတ်ကြသည်"

Psalms 052

ယေဘုယျအချက်အလက်
ဤအပိုဒ်သည် အခန်းကြီးတစ်ခုလုံး၏ နိဂုံးဖြစ်သည်။ ဆာလံကျမ်းတွင် အပိုင်း ၃ ရှိသည့်အနက် အခန်း ၇၃ မှ ၈၉ သည် ဒုတိယအပိုင်း ဟု သတ်မှတ်ထားသည်။

ထာဝရဘုရားသည် ကမ္ဘာအဆက်ဆက်မင်္ဂလာ ရှိတော်မူစေ
အခြားသောဘာသာပြန်ဆိုချက်၊"ထာဝရဘုရားကို အစဉ်အမြဲ ချီးမွမ်းကြစေ"

အာမင်နှင့်အာမင်
"အာမင်" စကားလုံးကို ပြောဆိုခဲ့ပြီးသော စကားအား အတည်ပြုသဘောတူခြင်း ဖြစ်သည်။


generated on Tue Jul 2 12:50:28 2024

## Chapter 90

1 အို ဘုရားရှင်၊ ကိုယ်တော်သည် ကာလ အစဉ် အဆက် အကျွန်ုပ်တို့ ခိုလှုံရာ ဖြစ်တော်မူ၏။ 2 တောင်များကို မဘော်၊ မြေကြီးနှင့်
လောက ဓာတ်ကို ဖန်ဆင်းတော်မမူမှီ၊ ကိုယ်တော်သည် ရှေးကမ္ဘာ အဆက်ဆက်မှစ၍၊ နောက်ကမ္ဘာ အဆက်ဆက်တိုင် အောင်
ဘုရားသခင်ဖြစ်တော်မူ၏။ 3 လူမျိုးကိုကား၊ ကြေမွစေတော်မူ၏။ အချင်း လူသားတို့၊ ပြန်ကြလော့ဟု မိန့်တော်မူ၏။ 4 ရှေ့တော်၌
အနှစ်တထောင်သည် လွန်ပြီးသော မနေ့ကဲ့သို့၎င်း၊ ညဉ့်ယံတယံကဲ့သို့၎င်း ဖြစ်ပါ၏။ 5 လူတို့ကိုလွှမ်းမိုးတိုက်သွားတော်မူ၏။
သူတို့သည် အိပ်ပျော်ခြင်း ကဲ့သို့ဖြစ်ကြပါ၏။ လူသည်မြက်ပင်ကဲ့သို့ နံနက်အချိန်၌ တိုးပွားတတ်ပါ၏။ 6 နံနက် အချိန်၌ကား၊
ပွင့်လန်း၍ တိုးပွားပါ၏။ ညဦးအချိန်၌ကား၊ ရိတ်၍ညှိုးနွမ်းပါ၏။ 7 အမျက်တော်ထွက်သောအားဖြင့် အကျွန်ုပ်တို့ သည်
ပျက်စီးခြင်းသို့ ရောက်ကြပါ၏။ စိတ်တော်မပြေသော ကြောင့်၊ စိုးရိမ်တုန်လှုပ်ခြင်း ရှိကြပါ၏။ 8 အကျွန်ုပ်တို့၏ ဒုစရိုက်များကို
ရှေ့တော်၌၎င်း၊ ဝှက်ထားသော အကျင့်များကို မျက်နှာတော်အလင်း ထဲ၌၎င်း၊ လှန်ထားတော်မူ၏။ 9 အကျွန်ုပ်တို့သည်
အမျက်တော်ကို ခံရသော ကြောင့်၊ နေ့ရက်ကာလရွေ့သွား၍၊ နှစ်များတို့သည် စိတ်ထင်ကဲ့သို့ လွန်တတ်ကြပါ၏။ 10 အကျွန်ုပ်တို့၏
အသက်အရွယ်သည် အနှစ်ခုနစ် ဆယ် အတိုင်းအရှည်ရှိပါ၏။ အားကြီး၍ အနှစ်ရှစ်ဆယ် ပြည့်သော်လည်း၊ ဝါကြွားခြင်းသည်
ပင်ပန်းခြင်းနှင့် ဝမ်းနည်းခြင်း ဖြစ်ပါ၏။ ထို အသက်သည်လည်း မြန်မြန်လွန် ၍၊ အကျွန်ုပ်တို့သည် စုတေ့ကြပါ၏။ 11
အမျက်တော်အရှိန်ကို အဘယ်သူ သိပါ သနည်း။ အမျက်ထွက်တော်မူခြင်းကို ကြောက်ရွံ့သင့် သည်အတိုင်း အဘယ်သူ
ကြောက်ရွံ့ပါသနည်း။ 12 အကျွန်ုပ်တို့သည် ပညာတရားကို နှလုံးသွင်း မိမည်အကြောင်း၊ ကိုယ်နေ့ရက်ကာလကို ရေတွက်နိုင်စေ
ခြင်းငှါ သွန်သင်တော်မူပါ။ 13 အို ထာဝရဘုရား၊ ပြန်လာတော်မူပါ။ အဘယ် မျှလောက်ကြာရပါမည်နည်း။ ကိုယ်တော်၏ ကျွန်တို့
အတွက် နာကြင်သော စိတ်ရှိတော်မူပါ။ 14 အကျွန်ုပ်တို့ကို ကရုဏာတော်နှင့် အလျင်အမြန် ရောင့်ရဲစေတော်မူပါ။ သို့ပြုလျှင်
တသက်လုံးဝမ်းမြောက် ရွှင်လန်းကြပါလိမ့်မည်။ 15 အကျွန်ုပ်တို့ကို ညှဉ်းဆဲတော်မူသော နေ့ရက် ကာလ၊ ဒုက္ခခံရခဲ့ပြီးသော
နှစ်ပေါင်းများသည်အတိုင်း၊ ဝမ်းမြောက်ရသော အခွင့်ကို ပေးသနားတော်မူပါ။ 16 အမှုတော်သည် ကိုယ်တော်၏ ကျွန်တို့အားဖြင့်၊
ဘုန်းတော်သည် သားမြေးတို့အားဖြင့် ထင်ရှားပါစေ သော။ 17 အကျွန်ုပ်တို့၏ ဘုရားသခင် ထာဝရဘုရား၏ ကျေးဇူးတော်သည်
အကျွန်ုပ်အပေါ်သို့ ရောက်ပါစေ သော။ အကျွန်ုပ်တို့ပြုသော အမှုတို့ကိုလည်း၊ အကျွန်ုပ်တို့ အဘို့ မြဲမြံစေတော်မူပါ။
ဘုရားသခင်၏လူမောရှေပြုသောပဋ္ဌနာ။

---

Psalms 001

ယေဘုယျအချက်အလက်
ယှဉ်တွဲနိုင်းယှဉ်ချက်သည် ဟေဗြဲကဗျာတွင်
အများတွေ့ရသည့်အရာဖြစ်သည်။

မောရှေ၏ ဘုရား
ဤအရာသည် မောရှေရေးသားသော ဆုတောင်းချက်ဖြစ်သည်။

ကိုယ်တော်သည် ကာလ အစဉ် အဆက် အကျွန်ုပ်တို့ ခိုလှုံရာ ဖြစ်တော်မူ၏
ဘုရားသခင်သည် သူ့လူမျိုးအား ကာကွယ်ခြင်းကို
ဘုရားသခင်သည် ခိုလှုံရာ ရဲတိုက်ဖြစ်ကြောင့်
ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် -
"ကိုယ်တော်သည် ငါတို့၏ အကွယ်အကာဖြစ်တော်မူ၏"

ရှေးကမ္ဘာ အဆက်ဆက်မှစ၍၊
"အမြဲတမ်း"

တောင်များကို မဘော်၊
ကတ္တားဝါကျပုံစံဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက် - "တောင်များကို မဖော်မှီ"

ဘော်
"ဖန်ဆင်းသည်" သို့မဟုတ် "ပုံသွင်းသည်"

မြေကြီးနှင့်
ဤအရာက မြေကြီးတွင် ရှိသမျှသောအရာအားလုံးကို
ပုံဆောင်ထားပါသည်။

နောက်ကမ္ဘာ အဆက်ဆက်တိုင် အောင်
ဤစကားစုသည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်များကို
ပုံဆောင်ထားပါသည်။

Psalms 003

လူမျိုးကိုကား၊ ကြေမွစေတော်မူ၏။
ဤအရာက ဘုရားသခင်သည် အစအဦး၌ လူ အာဒံကို
ဖန်ဆင်းပြီး မြေဆီလွှာမှ ထုတ်သောကြောင့် ဘုရားသခင်သည်
လူတို့သေဆုံးပြီးနောက် မြေမှုန့်သို့ပြန်သွားကြောင့်ကို
ရည်ညွှန်းပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် -
"လူတို့သည် သေဆုံးသောအခါ မြေမှုန့်သို့ ပြန်သွားသည်"

ပြန်ကြလော့ဟု မိန့်တော်မူ၏။
ဤတွင် "လူ" ဟူသည်မှာ ယေဘုယျအားဖြင့် လူများကို
ဆိုလိုပါသည်။


generated on Tue Jul 2 12:50:28 2024

လူမျိုးကိုကား၊ ကြေမွစေတော်မူ၏။
"မြေမှုန့်သို့ " သို့မဟုတ် "မြေဆီလွှာ" ဟူသည်မှာ နားလည်နိုင်သောစကားလုံးသာဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "သင်၏ အမျိုး" သို့မဟုတ် "သင့်အမျိုးသည် မြေဆီလွှာသို့ ပြန်သွားသည်"

အချင်း လူသားတို့
ဤအရာသည် ယေဘုယျအားဖြင့် လူသားများကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "လူသားများ" သို့မဟုတ် "လူများ"

ရှေ့တော်၌ အနှစ်တထောင်သည် လွန်ပြီးသော မနေ့ကဲ့သို့၎င်း၊ ညဥ့်ယံတယံကဲ့သို့၎င်း ဖြစ်ပါ၏။
အပြစ်မပြုနှင့်ဟု မိန့်တော်မူ၏။ 16 တဖန်တုံ၊ ထိုပြည်၌ မွတ်သိပ်ခြင်းဘေးကို ခေါ်၍၊ အစာအာဟာရတည်းဟူသော အထောက်အပင့်
ရှိသမျှကို ချိုးဖျက်တော်မူသောအခါ၊ 17 ကျွန်ဖြစ်စေဘို့ အရောင်းခံရသော ယောသပ် ကို သူတို့ရှေ့မှာ စေလွှတ်တော်မူ၏။ 18
သူ့ကိုခြေချင်းခတ်၍ သံနှင့်ညှဉ်းဆဲကြ၏။ 19 သူ၏စကား မပြည့်စုံမှီတိုင်အောင်၊ ထာဝရ ဘုရား၏ အမိန့်တော်အတိုင်း စုံစမ်းခြင်းကို
ခံရ၏။ 20 လူတို့ကို အစိုးရသော အရှင်တည်းဟူသော ရှင်ဘုရင်သည် စေလွှတ်၍ သူ့ကိုနှုတ်ပြီးမှ ချမ်းသာ ပေးတော်မူ၏။ 21 သူသည်
မိမိအလိုရှိသည်အတိုင်း မင်းအရာရှိ တို့ကို ချည်နှောင်၍၊ 22 မှူးတော်မတ်တော်တို့ကို ဆုံးမပိုင် သော အခွင့်နှင့် နန်းတော်အုပ်၊
နိုင်ငံတော်အုပ်အရာ၌ ထိုသူကို ခန့်ထားတော်မူ၏။ 23 ဣသရေလသည်လည်း အဲဂုတ္တုပြည်သို့ ရောက် လာ၍၊ ယာကုပ်သည်
ဟာမအမျိုးနေရာပြည်၌ တည်းခို၏။ 24 ဘုရားသခင်သည် မိမိလူတို့ကို အလွန်များပြား စေ၍၊ ရန်သူတို့ထက် အားကြီးစေတော်မူ၏။
25 မိမိလူတို့ကို ရန်သူတို့သည်မုန်း၍၊ မိမိကျွန်တို့ကို ပရိယာယ်ပြုမည် အကြောင်း၊ ထိုသူတို့ စိတ်နှလုံးကို ပြောင်းလဲစေတော် မူ၏။ 26
တဖန်မိမိကျွန် မောရှေနှင့်ရွေးကောက်တော်မူသော အာရုန်ကို စေလွှတ်တော်မူ၏။ 27 အဲဂုတ္တုပြည်သားတို့တွင်၊ လက္ခဏာသက်သေ
တော်တို့ကိုပြ၍၊ ဟာမအမျိုးနေရာပြည်၌ အံ့ဘွယ်သော အမှုတို့ကို ပြုကြ၏။ 28 မှောင်မိုက်ကိုစေလွှတ်၍၊ မိုက်မဲစေတော်မူ၏။
သူတို့သည် နှုတ်ကပတ်တော်ကို ဆန့်ကျင်ဘက်မပြုရကြ။ 29 သူတို့ရေများကို အသွေးဖြစ်စေ၍၊ ငါးများကို သေစေတော်မူ၏။ 30
သူတို့မြေသည် များစွာသော ဘားတို့ကို မင်းအိပ်ရာအခန်းတို့ ၌ပင်ဘွားလေ၏။ 31 အမိန့်တော်ရှိ၍ ယင်ရဲနှင့်ခြင်တို့သည် တပြည်
လုံးကို နှံ့ပြား ကြ၏။ 32 မိုဃ်းရေအစား မိုဃ်းသီးကိုင်၎င်း၊ သူတို့မြေပေါ် မှာ မီးလျှံကိုင်၎င်း ပေးတော်မူ၏။ 33 သူတို့စပျစ်နွယ်ပင်နှင့်
သင်္ဘောသဖန်းပင်တို့ကို ထိခိုက်၍၊ တပြည်လုံး၌ရှိသော သစ်ပင်များကို ချိုးတော် မူ၏။ 34 အမိန့်တော်ရှိ၍ မရေတွက်နိုင်အောင်၊ အရာ
ဘကျိုင်းနှင့် ယာလက်ကျိုင်းတို့သည် လာ၍၊ 35 သူတို့ပြည်မှာ ဟင်းသီးဟင်းရွက်ရှိသမျှတို့ကိုင်၎င်း၊ မြေသြဇာ
အသီးအနှံတို့ကိုင်၎င်းကိုက်စားကြ၏။ 36 သူတို့အစွမ်းသတ္တိ အထွဋ်အမြတ်တည်းဟူသော သူတို့ပြည်မှာ သားဦးအပေါင်းတို့ကို
ဒဏ်ခတ်တော်မူ၏။ 37 မိမိလူတို့ကို ရွှေငွေပါလျက် ထုတ်ဆောင်တော် မူ၍၊ သူတို့အစုစု၌ အားနည်းသော သူတယောက်မျှမရှိ။ 38
အဲဂုတ္တုပြည်သည် သူတို့ကို ကြောက်သော ကြောင့်၊ သူတို့သည် ထွက်သွားသောအခါ တပြည်လုံး ဝမ်းမြောက်၏။ 39 သူတို့အပေါ်မှာ
မိုဃ်းတိမ်ကိုဖြန့်မိုး၍၊ ညဉ့်အခါ လင်းစရာဘို့ မီးကိုပေးတော်မူ၏။ 40 သူတို့သည် တောင်းသောအခါ ငုံးများကို ဆောင်ခဲ့တော်မူ၍၊
သူတို့ကို ကောင်းကင်မုန့်နှင့် ရောင့်ရဲ စေတော်မူ၏။ 41 ကျောက်ကိုလည်း ဖွင့်လှစ်တော်မူသဖြင့်၊ ရေ သည် ထွက်၍
သွေ့ခြောက်သောအရပ်၌ မြစ်ကဲ့သို့စီးသွား လေ၏။ 42 အကြောင်းမူကား၊ မိမိကျွန် အာဗြဟံ၌ ထားခဲ့ ဘူးသော သန့်ရှင်းသော
ဂတိတော်ကို အောက်မေ့တော် မူ၏။ 43 ရွေးကောက်တော်မူသော မိမိလူတို့ကို ဝမ်း မြောက်ရွှင်လန်းခြင်းနှင့်တကွ
ထုတ်ဆောင်တော်မူ၏။ 44-45 သူတို့သည် အထုံးအဖွဲ့တော်တို့အတိုင်း ကျင့်၍၊ ပညတ်တရားတော်ကို စောင့်ရှောက်မည်အကြောင်း၊
တပါးအမျိုးသားတို့၏မြေကို ပေးတော်မူသဖြင့်၊ သူတို့ သည် အခြားသောလူတို့၏ အလုပ်ထဲသို့ ဝင်စားရကြ၏။ ဟာလေလုယ။

 generated on Tue Jul 2 12:50:28 2024

Psalms 001

ယေဘုယျအချက်အလက်
ပြိုင်တူနှိုင်းယှဉ်ချက်သည် ဟေဗြဲကဗျာ၌ အများသုံးတွေ့ရသည့်အရာဖြစ်သည်။

နာမတော်ကို ပဌနာပြုကြလော့။
ဤတွင် "နာမတော်" ဟူသည်မှာ ထာဝရဘုရားကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ကိုယ်တော့်ကို ခေါ်ဖိတ်ပါ။"

လူများတို့
ဤအရာသည် နိုင်ငံ၌ နေထိုင်သော လူများကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "နိုင်ငံ၏ လူမျိုးများ"

သန့်ရှင်းသောနာမတော်၌ ဝါကြွား ဝမ်းမြောက် ကြလော့။
ဤတွင် "နာမတော်" ဟူသည်မှာ ထာဝရဘုရားကို ပုံဆောင်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ထာဝရဘုရား၌ ဝါကြွားပါ။"

ထာဝရဘုရားကို ရှာသောသူတို့သည် စိတ်နှလုံး ရွှင်လန်းကြစေ။
ဤတွင် "စိတ်နှလုံး" ဟူသည်မှာ ထာဝရဘုရားကို ရှာသောသူကို ပုံဆောင်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ထာဝရဘုရားသခင်ကို ရှာသောသူသည် ဝမ်းမြောက်ကြစေ။"

Psalms 004

ထာဝရဘုရားနှင့် တန်ခိုးတော်ကို ရှာကြလော့။
"ထာဝရဘုရား၏ အစွမ်းကို ရှာဖွေရန်" ဟူသည်မှာ သူ့အား ခွန်အားကို တောင်းခံရန်ဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက် - "ဘုရားသခင်ကို ရှာဖွေပြီး သင့်အားခွန်အားပေးရန် တောင်းခံပါ။"

အောက်မေ့ကြလော့။
အောက်မေ့ပြီး စဉ်းစားကြပါ။

အံ့ဩဘွယ်တို့ကိုင်း
"အောက်မေ့ကြလော" ဟူသော စကားလုံးသည် အထက်၌ ဖော်ပြချက်ထဲမှ နားလည်မှုတစ်ခု ဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက် - "ကိုယ်တော့်၏ အံ့ဩဘွယ်တို့ကို"

အမှုတော်တို့နှင့် နှုတ်ထွက်ပညတ်တို့ကိုင်း
ဤတွင် "နှုတ်" ဟူသည်မှာ လူများပြောဆိုသော အရာများကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "သူပြောဆိုသော နှုတ်ထွက်စကားအတိုင်း"

ထာဝရဘုရား၏ကျွန်အာဗြဟံအမျိုး၊ ရွေး ကောက်တော်မူသော ယာကုပ်အနွယ်တို့၊
စာရေးသူက ဣသရေလ လူမျိုးများအား ဤအမည်နာမများအားဖြင့် စကားပြောဆိုထားပါသည်။

ထာဝရဘုရား၏ကျွန်အာဗြဟံအမျိုး၊
ထာဝရ ဘုရား၏အစေခံ ဖြစ်သော အာဗြဟံ။

Psalms 007

စီရင်တော်မူသော အံ့ဩဘွယ်တို့ကိုင်း၊ ထူးဆန်းသော အမှုတော်တို့နှင့် နှုတ်ထွက်ပညတ်တို့ကိုင်း အောက်မေ့ကြလော့။
ဤစကားလုံးနှစ်ခုတို့သည် တူညီသောအဓိပ္ပယ်များနှင့် အထူးပြုခြင်းအတွက် အတူတကွ အသုံးပြုထားပါသည်။ "စကားလုံး" ဟူသည်မှာ ပဋိညာဉ်တရားကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "သူဂတိထားသည့်အတိုင်း သူပဋိညာဉ်တရားကို စိတ်ထဲတွင် ထိန်းသိမ့် ထားသည်။"

အောက်မေ့ကြလော့။
ဤအရာ၏ ဆိုလိုရင်းမှာ တစ်စုံတစ်ခုကို စဉ်းစားပြီး အောက်မေ့ရန် ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "အောက်မေ့သည်။"

မျိုးဆက်များ
မျိုးဆက်သစ်၁၀၀၀

Psalms 009

ကျိန်ဆိုတော်မူလျက်၊
"ခေါ်သည်" ဟူသော စကားစုမှာ တစ်စုံတစ်ခုကို အောက်မေ့ရန် ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "အောက်မေ့တော်မူသည်။"

ဣဇာက် ၌ ကျိန်ဆိုတော်မူလျက်၊ ယာကုပ်၌ မြဲမြံသောတရား၊
ဤစကားစုနှစ်ခုဖြစ်သည့် "ပဋိညာဉ်" နှင့် "သစ္စာဂတိ" တို့သည် ဘုရားသခင်က သူ့လူမျိုးများအပေါ်ထားရှိသော ဂတိတော်များနှင့် အတူတူပင်ဖြစ်သည်။

ဣဇာက် ၌ ကျိန်ဆိုတော်မူလျက်၊
"သူကျိန်ဆိုတော်မူသော" ဟူသည့်စကားလုံးသည် အထက်၌ဖော်ပြထားသောပြီးစကားစုဖြစ်သည်။ ထိုအရာကို ထပ်မံသုံးထားခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "ဣဇာက်၌ ထားရှိသော သစ္စာတရား"

Psalms 012

ဆက်စပ်မှုဖော်ပြချက်
ဆာလံဆရာက ဣသရေလ လူမျိုးအကြောင့်နှင့် ပါတ်သက်ပြီး ရေးသားထားပါသည်။


generated on Tue Jul 2 12:50:28 2024

သူတို့သည် တမြို့မှတမြို့သို့၎င်း၊တနိုင်ငံမှ တနိုင်ငံသို့၎င်း၊ လှည့်လည်၍ သွားကြသောအခါ၊
"သူတို့" ဟူသောစကားလုံးမှာ ဣသရေလလူမျိုးများကို ရည်ညွှန်းထားပါသည်။

တနိုင်ငံမှ တနိုင်ငံသို့၎င်း၊
"ပြည်" ဟူသော အရာသည် ခါနန်ပြည်ကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ခါနန်ပြည်၌ ဧည့်သည်ဖြစ်သောသူများ"

သွားကြသောအခါ၊
သူတို့သည် ဆက်လက်ပြီး အံ့သြတွေဝေကြသည်။

သူတို့သည် တမြို့မှတမြို့သို့၎င်း၊တနိုင်ငံမှ တနိုင်ငံသို့၎င်း၊ လှည့်လည်၍ သွားကြသောအခါ၊
ဤစကားစု နှစ်ခုတို့သည် အဓိပ္ပါယ်အတူတူဖြစ်ပြီး အထူးပြုခြင်းအတွက်အတူတကွသုံးနှုန်းထားသောအရာဖြစ်သည်။

Psalms 014

ဆက်စပ်မှုဖော်ပြချက်
ဆာလံဆရာက ဣသရေလ လူမျိုးအကြောင့်ကို ရေးသားထားပါသည်။

သူတို့အတွက်လည်း
သူတို့၏ ကောင်းစားခြင်းအတွက်။ ဤတွင် ဣသရေလ လူများကို ရည်ညွှန်းထားပါသည်။

ငါ့ထံ၌ ဘိသိတ်ခံသောသူတို့ကို မထိမခိုက်နှင့်။
ဤတွင် "မထိမခိုက်စေနဲ့" ဟူသောအရာမှာ ဘုရားသခင်သည် သူ့လူမျိုးများအား မထိခိုက်စေရန် အတွက် တိုးချဲခြင်းအဖြစ် အသုံးပြုထားသောအရာဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက် - "ငါဘိသိပ်ထားသော လူများကို မထိမခိုက်စေရ။"

Psalms 016

ခေါ်၍၊
သူစေလွတ်သည်။ ဤအရာဆိုလိုသည်မှာ ဤတိုင်းပြည်တွင် အစာခေါင်းပါးခြင်း ဖြစ်ပေါ်စေသည်။

အစာအာဟာရတည်းဟူသော
ဤတွင် "အစာအဟာရ" ဟူသည်မှာ ယေဘုယျအစာကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ထောက်ပံ့သောအစာ"

ယောသပ် ကို သူတို့ရှေ့မှာ စေလွှတ်တော်မူ၏။
၎င်းသည် အီဂျစ်ပြည်သို့ သူ့ကို ပို့နှင်းလိုက်သည် ဟူသောအရာကို ဖော်ပြရန် အကူအညီပေးသည်။ အခြားသောဘာသာပြန်ဆိုချက် - "ကိုယ်တော်သည် ယောသပ်ကို အီဂျစ်ပြည်သို့ အရင်ပို့ဆောင်ခဲ့သည်။"

ကျွန်ဖြစ်စေဘို့ အရောင်းခံရသော ယောသပ်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက် - ယောသပ်၏ အကိုများသည် သူ့ကို ကျွန်အဖြစ်ရောင်းစားခဲ့ကြသည်။"

Psalms 018

သံနှင့်
အကျဉ်းသား၏ ခါး (သို့ ) အရိုးကို ခိုင်မာစွာ ထိန်းပေးသောသံကြိုး အဖြစ်အသုံးပြုသည်။

သူ့ကိုခြေချင်းခတ်၍ သံနှင့်ညှဉ်းဆဲကြ၏။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက် - "အီဂျစ်လူမျိုးများသည်" သူ့ခြေ၌ သံခြေချင်း ခတ်ထားပြီး၊ သူ့လည်ပင်း၌လည်း သံကြိုးဖြင့် ချီထားသည်။

ထာဝရ ဘုရား၏ အမိန့်တော်အတိုင်း စုံစမ်းခြင်းကို ခံရ၏။
ထာဝရဘုရား၏ တရားစကားသည် သူ့ကို စုံစမ်းစေသည်။

Psalms 020

လူတို့ကို အစိုးရသော အရှင်တည်းဟူသော ရှင်ဘုရင်သည် စေလွှတ်၍ သူ့ကိုနှုတ်ပြီးမှ ချမ်းသာ ပေးတော်မူ၏။
ဤစကားစုနှစ်ခုတို့သည် အခြေခံအားဖြင့် အဓိပ္ပယ်တူကြပြီး ရှင်ဘုရင်က ယောသပ်ကို လွတ်လပ်ခွင့် ပေးသည် ဟူသောအရာကို အထူးပြုစေရန် အတူတကွအသုံးပြုထားပါသည်။

ဣသရေလသည်လည်း အဲဂုတ္တုပြည်သို့ ရောက် လာ၍၊
ဤတွင် "ဣသရေလ" ဟူသည် ယာကုပ်ကို ရည်ညွှန်းထားပါသည်။ ယာကုပ်သည်လည်း သူ့မိသားစုကို ယူဆောင်လာသည်။ အခြားသောဘာသာပြန်ဆိုချက် - "ထို့နောက် ဣသရေလလူမျိုးများသည် သူ့မိသားစုနဲ့အတူ အီဂျစ်ပြည်၌ လာခဲ့ကြသည်။"

Psalms 024

ဘုရားသခင်သည် မိမိလူတို့ကို အလွန်များပြား စေ၍၊
စာရေးသူက ဣသရေလ လူမျိုးများ၏ တိုးပွားခြင်းကို သစ်ပင်တစ်ပင်သည် အသီးကို သီးစေသကဲ့သို့ ပြောဆိုထားပါသည်။ "ဘုရားသခင်သည် သူ့လူများကို ကြီးမားစွာ များပြားစေသည်"

မိမိလူတို့ကို ရန်သူတို့သည်မုန်း၍၊ မိမိကျွန်တို့ကို ပရိယာယ်ပြုမည် အကြောင်း၊
သူ့လူများကိုမုန်းတီးရန်နှင့် သူ့အစေခံများကို ပရိယာယ်ပြုထားသည်။

အဲဂုတ္တုပြည်သားတို့တွင်၊ လက္ခဏာသက်သေ တော်တို့ကိုပြ၍၊ ဟာမအမျိုးနေရာပြည်၌ အံ့ဘွယ်သော အမှုတို့ကို ပြုကြ၏။
ဤစကားစုနှစ်ခုတို့သည် အခြေခံအားဖြင့် အဓိပ္ပယ်အတူတူဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် -


generated on Tue Jul 2 12:50:28 2024

"မောရှေနှင့် အာရုံတို့သည် အီဂျစ်ပြည်၌ ဟာမ အမျိုးကြား၌ ဘုရားသခင်၏ နိမိတ်လက္ခဏာ ကိုလုပ်ဆောင်ခဲ့ကြသည်။"

ဟာမအမျိုးနေရာပြည်၌
"သူတို့ လုပ်ဆောင်ခဲ့သည်" ဟူသောစကားလုံးများကို အထက်က စကားစုမှ သိရှိနားလည်ရသောအရာဖြစ်သည်။ ထိုအရာများကို ထပ်ခါလုပ်ဆောင်ရသည်။ အခြားသောဘာသာပြန်ဆိုချက် - "သူတို့သည် ဤအံ့ဩဖွယ်ရာများကို ဟာမအမျိုး နေရာပြည်၌ လုပ်ဆောင်ခဲ့ကြသည်။"

ဟာမအမျိုးနေရာပြည်၌
ဟာမ သည် အီဂျစ်ပြည်၌ ရှိသောလူများ၏ ဘိုးဘေးဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "ဟာမ၏ မျိုးဆက်များ နေရာ"

Psalms 028

မှောင်မိုက်ကိုစေလွှတ်၍၊
ကောင်းကင်ကို မှောင်မိုက်စေသည်။

ဖားတို့ကို
ခုန်ဆွခုန်ဆွ ဖြစ်သော အကောင်ငယ် တွားတွားသတ္တဝါ။

သူတို့မြေသည် များစွာသော ဖားတို့ကို မင်းအိပ်ရာအခန်းတို့ ၌
သူတို့သည် မင်းအိပ်ရာခန်းတွင် ရှိကြသည်။

Psalms 031

ဆက်စပ်မှုဖော်ပြချက်
ဆာလံဆရာက အီဂျစ်ပြည် အပေါ် ဘုရားသခင်၏ တရားစီရင်ခြင်းကို ဆက်လက်ပြီး ဖော်ပြထားပါသည်။

ယင်ရဲနှင့်ခြင်တို့သည်
အုပ်စုလိုက် ပျံသန်းနိုင်သော အကောင်များ။

မှက်များ
ယင်ကောင်များကဲ့သို့ ပို၍သေးငယ်သော ပိုးကောင်များ။

မိုးသီး
မိုးရေကဲ့သို့ ကောင်းကင်မှ ကျဆင်းလာသော ရေခဲ။

သစ်ပင်များကို ချိုးတော် မူ၏။
ဘုရားသခင် စပျစ်သီးနှင့် စပျစ်ပင်ကို ဖျက်ဆီးစေရန် မိုးသီး၊ မိုးနှင့် အလင်းတန်းများကို ကို ဖြစ်စေသည်။ အခြားသောဘာသာပြန်ဆိုချက် - "ကိုယ်တော်သည် ဖျက်ဆီးစေရန်........ချိုးဖျက်ရန် ဖြစ်စေသည်။"

Psalms 034

အရာ ဘကျိုင်းနှင့်
ကျိုင်းကောင် များစွာရှိသည်။

အရာ ဘကျိုင်းနှင့် ယာလက်ကျိုင်းတို့သည် လာ၍၊ သူတို့ပြည်မှာ ဟင်းသီးဟင်းရွက်ရှိသမျှတို့ကိုငင်း၊ မြေသြဇာ အသီးအနှံတို့ကိုငင်းကိုက်စားကြ၏။
ဤစကားစုနှစ်ခုတို့သည် အခြေခံအားဖြင့် အဓိပ္ပာယ်အတူတူဖြစ်ပြီး အထူးပြုခြင်းအတွက် အတူတကွအသုံးပြုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ပိုးကောင်များသည် သစ်ပင်များနှင့် သူတို့ပြည်၌ ရှိသော အသီးအနှံများအားလုံးကို စားကြသည်။"

သူတို့အစွမ်းသတ္တိ အထွဋ်အမြတ်တည်းဟူသော သူတို့ပြည်မှာ သားဦးအပေါင်းတို့ကို ဒဏ်ခတ်တော်မူ၏။
ဤတွင် "အဦးသီးများ" ဟူသော ဒုတိယစကားစုသည် "သားဦး" ဟူသော ပထမ စကားစုကို သုံးပြီး ဖော်ပြထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "သူသည် သူတို့၏ နေရင်းတိုင်းပြည်၌ သူတို့၏ ခွန်အားဖြစ်သော သားဦးတိုင်းကို သတ်ဖြတ်ခဲ့သည်

Psalms 037

မိမိလူတို့ကို ရွှေငွေပါလျက် ထုတ်ဆောင်တော် မူ၍၊
ဣသရေလ လူမျိုးများသည် အီဂျစ်ပြည်ကို စွန့်ခွာသောအခါ ရွှေငွေများကို ယူဆောင်သွားကြသည်။ အခြားသောဘာသာပြန်ဆိုချက် - "သူသည် အီဂျစ်ပြည်မှ စွန့်ခွာသောအခါ သူတို့ပိုင်ဆိုင်သော ရွှေနှင့် ငွေများကို ယူဆောင်လာသည်။"

သူတို့အစုစု၌ အားနည်းသော သူတယောက်မျှမရှိ။
မည်သူမျှ အနောက်တွင် ကျန်ရစ်သောသူမရှိပါ။ အခြားသောဘာသာပြန်ဆိုချက် - "သူလူမျိုးများသည် သူတို့၏ ခရီးစဉ် လုပ်ဆောင်နိုင်သည်။"

သူတို့သည် ထွက်သွားသောအခါ တပြည်လုံး ဝမ်းမြောက်၏။
ဤတွင် "အီဂျစ်" ဟူသည်မှာ အီဂျစ်ပြည်၌ နေထိုင်သောလူများကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "အီဂျစ်ပြည်၌ ရှိသောလူတို့သည် ဝမ်းမြောက်ကြသည်။"

သူတို့အပေါ်မှာ မိုဃ်းတိမ်ကိုဖြန့်မိုး၍၊
ဤတွင် ဆာလံဆရာက ဘုရားသခင်သည်ကောင်းကင်၌ မိုးတိမ်ဖြန့်မိုးခြင်းကို အဝတ်ကို ဖြန့်ထားကဲ့သို့ဖြစ်ကြောင့် ပြောဆိုထားပါသည်။ မိုးတိမ်ကို နေပူဒဏ် ကာကွယ်ရန် ဖုံးလွှမ်းထားသည်။ အခြားသောဘာသာပြန်ဆိုချက် - "သူသည် နေပူဒဏ်ကနေကာကွယ်ပေးရန် ကောင်းကင်၌ နေရာချထားပေးသည်။"

Psalms 040

တောင်းသောအခါ ငုံးများကို ဆောင်ခဲ့တော်မူ၍၊
ငုံးသည် သေးငယ်သောငှက်ကလေးများဖြစ်ပြီး ဘုရားသခင်သည် ထိုငှက်များကို စားစရာဖို့ စေစားခဲ့သည်ကို


generated on Tue Jul 2 12:50:28 2024

သေချာစွာ ပံ့ပိုးပေးသည်။ အခြားသောဘာသာပြန်ဆိုချက် - "ဘုရားသခင်သည် စားစရာဖို့ ငုံးသားများကို စေလွှတ်ထားသည်။"

ကောင်းကင်မုန့်နှင့် ရောင့်ရဲ စေတော်မူ၏။

ထာဝရဘုရားသည် မုန့်တစ်မျိုးဖြစ်သော ကောင်းကင်မှကျသည့် မန္န မုန့်ကို ဖြစ်စေသည်။ အခြားသောဘာသာပြန်ဆိုချက် - "ကောင်းကင်မှ မန္န မုန့်ကို ချပေးသည်။

စီးသွား လေ၏။

ရေတို့သည် စီးဆင်းကြသည်။

အောက်မေ့တော် မူ၏။

ဤအရာဆိုလိုသည်မှာ အောက်မေ့ရန်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "အောက်မေ့သည်။"

Psalms 043

ရွေးကောက်တော်မူသော မိမိလူတို့ကို ဝမ်း မြောက်ရွှင်လန်းခြင်းနှင့်တကွ ထုတ်ဆောင်တော်မူ၏။

ဤစကားစုနှစ်ခုတို့သည် အခြေခံအားဖြင့် အဓိပ္ပာယ်တူပြီး အီဂျစ်ပြည်မှ ခေါ်ဆောင်လာသောအချိန်၌ ဘုရားလူတို့များသည် ဝမ်းမြောက်ကြောင်းကို အထူးပြုစေရန် အတူတကွအသုံးပြုထားပါသည်။ လူများသည် ဝမ်းမြောက်စွာ ဟစ်ကြော်ခဲ့ကြသည်။ အခြားသောဘာသာပြန်ဆိုချက် - "ကိုယ်တော်သည် ရွေးချယ်ထားသော လူများကို ဝမ်းမြောက်စွာ ဟစ်ကြော်ခြင်းနှင့် အောင်မြင်မှုအတွက် ထွက်သွားစေသည်။"

ရွေးကောက်တော်မူသော

ဤတွင် "ရွေးကောက်သောသူ" ဟူသောအရာမှာ ထာဝရဘုရား၏ လူများကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - သူ၏ ရွေးကောက်သောသူ"

မြေကို ပေးတော်မူသဖြင့်

ရန်သူများကို အနိုင်ရသောကြောင့် ဝမ်းမြောက်ခြင်းနှင့် ဟစ်ကြော်သောအချိန် လူများပြုလုပ်သောအသံ။

ပညတ်တရားတော်ကို စောင့်ရှောက်မည်အကြောင်း၊

ဤစကားစုနှစ်ခုတို့သည် အခြေခံအားဖြင့် အဓိပ္ပါယ်တူပြီး အထူးပြုခြင်းအတွက် အတူတကွ သုံးနှုန်းထားပါသည်။ "သူ့ ပညတ်တရားကို စောင့်ရှောက်ရန်ဟူသည်မှာ ထိုအရာများကို နာခံရန်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "ပညတ်တရားနှင့် သွန်သင်ချက်များကို နာခံပါ။"

---

## Translation Questions

Psalms 105:1

ထာဝရဘုရား၏ အမှုတော်တို့ကို သိစေခြင်းငှါ စာရေးသူသည် မည်သည့်နေရာကို ပြောသနည်း။

လူမျိုးခြားတို့တွင် ထာဝရဘုရား၏ အမှုတော်များကို လူတို့အား ကြားသိစေရန် လူကို ခေါ်သည်။

စာရေးသူသည် မည်သူတို့အား ဝမ်းမြောက်ရန် တိုက် တွန်းသနည်း။

ထာဝရဘုရားကို ရှာသောစိတ်နှလုံးသည် ရွှင်လန်းကြစေဟု ပြောခဲ့သည်။

Psalms 105:4

လူများသည် ထာဝရဘုရား၏ တည်ရှိမှုကို မည်မျှရှာဖွေသင့်သနည်း။

စာရေးသူသည် လူများအား သူ၏ ရှေ့မှောက်တွင် အမြဲ တမ်းရှာရန်ခေါ်သည်။

Psalms 105:7

ဘုရားသခင်မှာထားတော်မူသော စကားတော်ကို အဘယ်မျှကာလပတ်လုံး ဘုရားသခင်သည် သိုထားတော်မူသည်ဟု စာရေးသူက ပြောသနည်း။

ဘုရားသခင်က မိန့်မှာထားသည့် စကားလုံးများကို မျိုး ဆက် တစ်ဆက်အတွက် ထိန်းသိမ်းထားသည်ဟု စာရေးသူက ဆိုသည်။

Psalms 105:9

ဘုရားသခင်သတိရသည်ဟု စာရေးသူက မည်သည့်ပဋိညာဉ်ကို ပြောသနည်း။

ဘုရားသခင်သည်အာဗြဟံနှင့်ပြုခဲ့သောပဋိညာဉ်နှင့်ဣဇာက်အား ကျိန်ဆိုခြင်းကို ပြုရန် သတိရသည်။

ထာဝရဘုရားသည် ဣသရေလအမျိုးနှင့် အဘယ်သို့ ပဋိညာဉ်ပြုတော်မူသနည်း။

သူတို့အမွေခံရာဘို့ ခါနာန်ပြည်ကို သူတို့အား ပေးမည် အကြောင်း ထာဝရဘုရားသည် ဣသရေလအမျိုးနှင့် ပဋိညာဉ်ပြုခဲ့သည်။

Psalms 105:12

ထာဝရဘုရားသည် ဣသရေလအမျိုးနှင့် မည်သည့်အချိန်တွင် ပဋိညာဉ်ပြုမည်ဟု စာရေးသူပြောသနည်း။

စာရေးသူပြောသည်မှာ ထာဝရဘုရားသည် ဣသရေလလူအရေအတွက် နည်းသောအချိန်၊ ဤပဋိညာဉ်ကိုပြုသည်ဟု ပြောခဲ့သည်။

Psalms 105:14

ထာဝရဘုရားသည် ရှင်ဘုရင်တို့အား မည်သည့်အရာကို မထိရဟု ပြောခဲ့သနည်း။

ထာဝရဘုရားသည် သူ၏ ဘိသိက်ခံသောသူတို့ကို မထိမခိုက်ရဟု ရှင်ဘုရင်တို့အား ပြောခဲ့သည်။



generated on Tue Jul 2 12:50:28 2024

Psalms 105:16

ထာဝရဘုရားသည် ယောသပ်ကို ဣသရေလလူတို့ရှေ့မှာ မည်သို့စေလွှတ်တော်မူခဲ့သနည်း။
ကျွန်ဖြစ်စေဘို့ အရောင်းခံရသော ယောသပ်ကို သူတို့ရှေ့မှာ စေလွှတ်တော်မူသည်။

Psalms 105:18

ယောသပ်သည် သံကြိုးဖြင့် အဘယ်မျှကာလပတ်လုံးနေခဲ့သနည်း။
ယောသပ်သည် သူ၏ ခန့်မှန်းချက်ပြည့်စုံသည့်အချိန်အထိ သံကြိုးဖြင့် ချည်ထားခဲ့သည်။

Psalms 105:20

ယောသပ်သည် မိမိအိမ်ကို အုပ်စိုးသောရှင်ဘုရင်ကို ရည်မှတ်၍ အဘယ်အရာကို ရေးသား၍ အသုံးပြုခဲ့သနည်း။
ယောသပ်သည် ရှင်ဘုရင်၏ ဘဏ္ဍာရှိသမျှကို ရှင်ဘုရင်၏ အခွင့်အာဏာတိုင်း အုပ်ချုပ်ရသည်။

ယာကုပ်သည် အဲဂုတ္တုပြည်သို့ ရောက်လာသောအခါ အဘယ်နေရာမှာ တည်းခိုခဲ့သနည်း။
ယာကုပ်သည် ဟာမပြည်၌ တည်းခိုခဲ့သည်။

Psalms 105:24

ဘုရားသခင်သည် မိမိလူဣသရေလအမျိုးကို အဘယ်သူတို့သည် အမျက်ထွက်တော်မူသနည်း။
ဘုရားသခင်သည် ဘုရားသခင့်လူမျိုးကို နသရေလအမျိုး၏ ရန်သူတို့ကို ရွံ့ရှာတော်မူသည်။

မောရှေနှင့်အာရုန်သည် အဲဂုတ္တုလူတို့ကြား၌ ဘုရားသခင်၏ နိမိတ်လက္ခဏာကို အဘယ်နေရာမှာ ပြခဲ့သနည်း။
မောရှေနှင့်အာရုန်သည် အဲဂုတ္တုလူတို့ကြား၌ ဘုရားသခင်၏ နိမိတ်လက္ခဏာကို ပေးတော်မူသောအမှုတို့ကို ပြုကြသည်။

Psalms 105:28

ဘုရားသခင်သည် အဲဂုတ္တုပြည်သားများ၏ ရေနှင့်ငါးကို အဘယ်သို့ပြုခဲ့သနည်း။
ဘုရားသခင်သည် အဲဂုတ္တုပြည်သားများ၏ ရေကို သွေးဖြစ်စေ၍၊ သူတို့၏ ငါးကို သေစေသည်။

Psalms 105:31

အဲဂုတ္တုပြည်၌ မိုယ်းသီးနှင့်မိုယ်းရွာစေခြင်းငှါ ဘုရားသခင်သည် အဘယ်သို့စေလွှတ်မည်နည်း။
ဘုရားသခင်သည် သူတို့၏ ပြည်အား မိုးချုန်းသံနှင့်အတူ မီးလျှံ၊ မိုးကြိုးနှင့်မိုယ်သီးကို လွှတ်တော်မူသည်။

Psalms 105:34

ဘုရားသခင်သည် အဲဂုတ္တုပြည်၌ ဘယ်လူမျိုးကို သတ်ဖြတ်ခဲ့သနည်း။
ဘုရားသခင်သည် သူတို့၏ ခွန်အားအထွဋ်အမြတ်ကိုငင်း သူတို့၏ ပြည်၌ သားဦးတိုင်းကိုငင်း သတ်ခဲ့သည်။

Psalms 105:37

ဣသရေလအမျိုးသည် အဝေးသို့ ထွက်သွားသောအခါ အဲဂုတ္တုပြည်သည် အဘယ်ကြောင့် ဝမ်းမြောက်ကြသ နည်း။
အဲဂုတ္တုအမျိုးတို့သည် ဣသရေလအမျိုးကို ကြောက်သော ကြောင့် သူတို့သည် အဝေးသို့ထွက်သွားသောအခါ အဲဂုတ္တုပြည်သည် ဝမ်းမြောက်ကြသည်။

Psalms 105:40

ဘုရားသခင်သည် ဣသရေလလူတို့အား အဘယ်သို့သော အစားအစာဖြင့် ရောင့်ရဲစေခဲ့သနည်း။
ဘုရားသခင်သည် သူတို့ကို ကောင်းကင်မုန့်နှင့်ရောင့်ရဲစေတော်မူသည်။

ဣသရေလလူတို့နှင့် ပတ်သက်၍ အဘယ်သန့်ရှင်းသော ကတိတော်ကို ဘုရားသခင်သတိရစေခဲ့သနည်း။
မိမိကျွန် အာဗြဟံ၌ ထားခဲ့ဘူးသော သန့်ရှင်းသော ကတိတော်ကို အောက်မေ့စေတော်မူသည်။

Psalms 105:43

ဘုရားသခင်သည် မိမိလူမျိုးကို အဘယ်အရာပိုင်ဆိုင်ရန် ခွင့်ပြုတော်မူသနည်း။
ဘုရားသခင်၏လူတို့သည် အခြားလူများ၏ စည်းစိမ်ကို ပိုင်ဆိုင်စေသည်။

## Chapter 106

[1] ထာဝရဘုရားသည် ကောင်းမြတ်တော်မူ၍၊ ကရုဏာတော် အစဉ်အမြဲတည်သောကြောင့်၊ ဂုဏ် ကျေးဇူးတော်ကို ချီးမွမ်းကြလော့။ [2]
ထာဝရဘုရား၏ တန်ခိုးကြီးခြင်း အရာတော် တို့ကို အဘယ်သူပြောနိုင်သနည်း။ ဂုဏ်ကျေးဇူးတော်ကို အဘယ်သူသည် အကုန်အစင်
ဘော်ပြနိုင်သနည်း။ [3] ခပ်သိမ်းသော အခါတို့၌ တရားကို စောင့် ရှောက်၍၊ ဖြောင့်မတ်စွာ ကျင့်သောသူတို့သည် မင်္ဂလာ ရှိကြ၏။ [4] အို
ထာဝရဘုရား၊ အကျွန်ုပ်သည် ရွေးကောက် တော်မူသော သူတို့၏ကောင်းကျိုးကို မြင်စေခြင်းငှါ၎င်း၊ [5] ကိုယ်တော်၏
လူမျိုးဝမ်းမြောက်ခြင်း၌ ဝမ်းမြောက်၍၊ ကိုယ်တော်၏ အမွေဖြစ်သောသူတို့နှင့်အတူ ဝါကြွား ရွှင်လန်းစေခြင်းငှါ၎င်း၊ ကိုယ်တော်၏
လူတို့ခံရသော စေတနာတော်နှင့်တကွ၊ အကျွန်ုပ်ကို အောက်မေ့တော် မူပါ။ အကျွန်ုပ်ကို အကြည့်အရှုကြွလာ၍ ကယ်တင်တော် မူပါ။ [6]
အကျွန်ုပ်တို့သည် ဘိုးဘေးတို့နှင့်အတူ ပြစ်မှား ကြပါပြီ။ ဒုစရိုက်ကို ပြုကြပါပြီ။ မတရားသောအမှုကို ပြုကြပါပြီ။ [7] အဲဂုတ္တုပြည်၌
ပြုတော်မူသော အံ့သြဘွယ်တို့ကို ဘိုးဘေးတို့သည် နားမလည်ကြ။ များစွာသော ကရုဏာ တော်ကို မအောက်မေ့ကြ။ ပင်လယ်နား၊
ဧဒုံပင်လယ်နား မှာ ပုန်ကန်ကြပါ၏။ [8] သို့သော်လည်း၊ မဟာတန်ခိုးတော်ကို ထင်ရှား စေခြင်းငှါ၊ နာမတော်၏အကြောင်းကြောင့်
သူတို့ကို ကယ်တင်တော်မူ၏။ [9] ဧဒုံပင်လယ်ကို ဆုံးမတော်မူ၍၊ ပင်လယ်ရေ သည် ခန်းခြောက်လေ၏။ တော၌ ပို့ဆောင်သကဲ့သို့
နက်နဲရာအရပ်၌ သူတို့ကို ပို့ဆောင်တော်မူ၏။ [10] မုန်းသောသူ၏လက်မှ သူတို့ကို ကယ်တင်၍၊ ရန်သူ၏လက်မှ ရွေးနှုတ်တော်မူ၏။ [11]
ရန်သူတစုံတယောက်ကိုမျှ မကျန်ရစ်စေခြင်းငှါ၊ ရေသည် လွှမ်း မိုးလေ၏။ [12] ထိုအခါ စကားတော်ကို ယုံ၍ ဂုဏ်ကျေးဇူး တော်ကို
သီချင်းဆိုကြ၏။ [13] သို့သော်လည်း၊ အမှုတော်ကို အလျင်အမြန် မေ့လျော့သည်ဖြစ်၍၊ အကြံအစည်တော်ကို မဆိုင်းမလင့် ဘဲ၊ [14]
တော၌အလွန်တပ်မက်၍၊ လူဆိတ်ညံရာအရပ် ၌ ဘုရားသခင်ကို စုံစမ်းကြ၏။ [15] သူတို့တောင်းသော ဆုကို ပေးတော်မူ၏။
သို့သော်လည်း၊ သူတို့၌ ပိန်ကြုံခြင်းကို သွင်းပေး တော်မူ၏။ [16] ထိုသူတို့သည်လည်း၊ တပ်ထဲမှာ မောရှေကိုင်၎င်း၊ ထာဝရဘုရား၏
သန့်ရှင်းသူအာရုန်ကိုင်၎င်း ငြူစူကြ၏။ [17] မြေကြီးသည် ကွဲလျက် ဒါသန်ကိုမျို၍၊ အဘိရံ၏ အသင်းအဝင်ကို ဖုံးအုပ်လေ၏။ [18]
သူတို့အသင်းအဝင်ထဲမှာ မီးရှို့၍၊ မတရားသော သူတို့ကို လောင်လေ၏။ [19] သူတို့သည် ဟောရပ်တောင်နားမှာ နွားသငယ် ကို လုပ်၍၊
အရည်သွန်းသော ရုပ်တုကို ပြပ်ဝပ်ကိုးကွယ် ကြ၏။ [20] သူတို့၏ဘုန်းကိုလဲ၍ မြက်ကိုစားသော နွား၏ ပုံသဏ္ဍာန်ကို ယူကြ၏။ [21]
အဲဂုတ္တုပြည်၌ ကြီးသော အမှုတို့ကို၎င်း၊ [22] ဟာမအမျိုးနေရာ၌ အံ့ဘွယ်သောအမှုတို့ကို၎င်း၊ ဧဒုံပင်လယ်နားမှာ
ကြောက်မက်ဘွယ်သော အမှုတို့ ကို၎င်း ပြု၍၊ ကယ်တင်တော်မူသော အရှင်ဘုရားသခင် ကို မေ့လျော့ကြ၏။ [23] ထိုအခါ
ရွေးကောက်တော်မူသော မောရှေသည် အမျက်တော်ကို လွှဲ၍၊ ထိုသူတို့ကို ဖျက်ဆီးတော်မမူစေ ခြင်းငှါ၊ ဖျက်ဆီးရာအရပ်၊ ရှေ့တော်၌
မရပ်လျှင်၊ သူတို့ကို ဖျက်ဆီးမည်ဟု အကြံရှိတော်မူ၏။ [24] ထိုသူတို့သည်လည်း စကားတော်ကို မယုံ၊ သာယာသောပြည်ကို
မထီမဲ့မြင်ပြုကြ၏။ [25] မိမိတို့တဲများ၌ ဆန့်ကျင်ဘက်ပြု၍၊ ထာဝရ ဘုရား၏ နှုတ်ကပတ်တော်ကို နားမထောင်ဘဲနေကြ၏။ [26]
ထိုကြောင့် သူတို့ကို တော၌လဲ့ခြင်းငှါ၎င်း၊ [27] သူတို့အမျိုးအနွယ်ကို တပါးအမျိုးသားတို့တွင် လဲ့၍၊ အပြည်ပြည်အရပ်ရပ်သို့
ကွဲပြားစေခြင်းငှါ၎င်း၊ သူတို့တဘက်၌ ကျိန်ဆိုတော်မူ၏။ [28] ထိုသူတို့သည် ဗာလပေဂုရဘုရား၌ မှီဝဲ၍ လူသေရှေ့မှာ
ပူဇော်သောယဇ်ကောင်ကို စားကြ၏။ [29] ထိုသို့မိမိတို့အမှုများအားဖြင့် အမျက်တော်ကို နှိုးဆော်၍၊ ကာလနာသည် သူတို့ကို
လုယက်လေ၏။ [30] ထိုအခါ ဖိနဟတ်သည် ထ၍တရားစီရင်သဖြင့်၊ ကာလနာသည် ငြိမ်းလေ၏။ [31] ထိုအမှုကို
သူ၏ဖြောင့်မတ်ခြင်းကဲ့သို့ လူမျိုး အဆက်ဆက်တည်သော ကာလအစဉ်မပြတ် မှတ်ရ သတည်း။ [32] တဖန် မေရိဘရေအနားမှာ
အမျက်တော်ကို နှိုးဆော်ကြသဖြင့်၊ သူတို့အတွက်ကြောင့် မောရှေ၌ အမင်္ဂလာဖြစ်လေ၏။ [33] သူ၏စိတ်ကို
ချုပ်ချယ်နှောင့်ရှက်ကြသဖြင့်၊ သူသည် အမှတ်တမဲ့ မြွက်ဆို၏။ [34] ထာဝရဘုရားမိန့်တော်မူသည် အတိုင်းမပြု၊
တပါးအမျိုးသားတို့ကို မဖျက်ဆီးဘဲ နေကြ၏။ [35] သူတို့နှင့်ရောနှော၍ သူတို့၏ ဘာသာဓလေ့ကို သင်ကြ၏။ [36]
သူတို့၏ရုပ်တုများကို ဝတ်ပြု၍ ကျော့ကွင်း၌ ကျော့မိကြ၏။ [37] ကိုယ်သားသမီးတို့ကို နတ်ဆိုးတို့အား ယဇ် ပူဇော်ကြ၏။ [38]
ထိုသို့အပြစ်မရှိသော သူတို့၏ အသွေး၊ ခါနာန် ရုပ်တုတို့ရှေ့မှာ ယဇ်ပူဇော်သော ကိုယ်သားသမီးတို့၏ အသွေးကို သွန်ကြ၍၊
ထိုမြေသည် အသွေးနှင့် ညစ်ညူး လေ၏။ [39] သူတို့သည် ကိုယ်အကျင့်အားဖြင့် ကိုယ်ကို ညစ်ညူးစေ၍၊ ကိုယ်အမှုတို့တွင်
မှားယွင်းကြ၏။ [40] ထိုကြောင့် ထာဝရဘုရားသည် မိမိလူတို့ကို အမျက်တော်ထွက်၍၊ မိမိအမွေတော်ကို ရွံရှာတော်မူ၏။ [41] သူတို့ကို
တပါးအမျိုးသားတို့လက်သို့ အပ်တော် မူသဖြင့်၊ မုန်းသောသူတို့သည် အုပ်စိုးရကြ၏။ [42] ရန်သူတို့သည် ညှဉ်းဆဲ၍၊ သူတို့သည်
ရန်သူတို့ အောက်မှာ နှိမ့်ချခြင်းကို ခံရကြ၏။ [43] သူတို့ကို ကြိမ်ဖန်များစွာ ကယ်နှုတ်တော်မူသော်လည်း၊ ပုန်ကန်သော အကြံကိုသာ
ကြံ၍၊ မိမိတို့ဒုစရိုက် အပြစ်ကြောင့် နှိပ်စက်ခြင်းကို ခံရကြ၏။ [44] တဖန်သူတို့ အော်ဟစ်ခြင်းကို ကြားတော်မူလျှင်၊
သူတို့၌ဆင်းရဲဒုက္ခကို ကြည့်ရှုသဖြင့်၊ [45] ဝန်ခံခြင်းဂတိတော်ကို သူတို့အဘို့အောက်မေ့၍၊ ကရုဏာတော် များပြားသည်အတိုင်း
နောင်တရတော် မူ၏။ [46] သူတို့ကို ချုပ်ထားသိမ်းသွားသော သူအပေါင်း တို့သည် သနားရကြမည်အကြောင်း ပြုတော်မူ၏။ [47]
အကျွန်ုပ်တို့၏ ဘုရားသခင်ထာဝရဘုရား၊ သန့်ရှင်းသော နာမတော်၏ ဂုဏ်ကျေးဇူးသည် ကြီးလှပါ ၏ဟု အကျွန်ုပ်တို့သည် ဝန်ခံ၍၊
ကိုယ်တော်ကို ချီးမွမ်း ခြင်း၌ ဝါကြွားဝမ်းမြောက်မည်အကြောင်း၊ အကျွန်ုပ်တို့ကို ကယ်တင်လျက်၊ တပါးအမျိုးသားတို့အထဲက

 generated on Tue Jul 2 12:50:28 2024

နှုတ်ယူ၍ စုသိမ်းတော်မူပါ။ [48] ဣသရေလအမျိုး၏ ဘုရားသခင်ထာဝရဘုရား သည် ကမ္ဘာအဆက်ဆက်
မင်္ဂလာရှိတော်မူစေသတည်း။ လူခပ်သိမ်းတို့သည် အာမင်ဟု ဝန်ခံကြစေ။ ဟာလေ လုယ။

---

---

Psalms 001

ယေဘုယျအချက်အလက်
ပြိုင်တူနှိုင်းယှဉ်ချက်သည် ဟေဗြဲကဗျာ၌
အများသုံးတွေ့ရသည့်အရာဖြစ်သည်။

ထာဝရဘုရား၏ တန်ခိုးကြီးခြင်း အရာတော် တို့ကို အဘယ်သူပြောနိုင်သနည်း။
စာရေးသူက ဘုရားသခင်အား ချီးမွမ်းခြင်းနှင့်
ပါတ်သက်၍မေးမြန်းပြီး အကျိုးကိုမမျှော်လင့်ကြောင်းနှင့်
ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် -
မည်သူကမျှ ဘုရားသခင်၏ တန်ခိုးကြီးခြင်းတို့ကို
မဖော်ပြနိုင်ပါ။"

ကရုဏာတော် အစဉ်အမြဲတည်သောကြောင့်၊
"သစ္စာရှိခြင်း" ဟူသောနာမ်သည် နာမဝိသေသနအဖြစ်
ဘာသာပြန်ဆိုနိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက် -
"အကြောင့်မူကား သူ့ဂရုဏာ တော်သည် အစဉ်ထာဝရ
တည်တော်မူ၏။"

တန်ခိုးကြီးခြင်း အရာတော်
ချီးမွမ်းရန်ထိုက်တန်သော အရာများ။

Psalms 003

N/A
"အောက်မေ့သည်" ဟူသောစကားစုသည် တစ်စုံတစ်ခုအား
မှတ်မိသည်။ အခြားသောဘာသာပြန်ဆိုချက် - "ငါ့ကို
အောက်မေ့ပါ"

ရွေးကောက် တော်မူသော သူတို့
"ရွေးကောက်သည်" ဟူသောစကားလုံးသည်
ဘုရားသခင်ရွေးချယ်သော လူမျိုးကို ရည်ညွှန်းထားပါသည်။
အခြားသောဘာသာပြန်ဆိုချက် -
သင်ရွေးကောက်ထားသောလူများ"

ဂုဏ် ကျေးဇူးတော်ကို ချီးမွမ်းကြလော့။
ဤအရာများသည် ဒါဝိဒ်က
ကိုယ်တော်ရွေးကောက်သောလူတို့သည် ကြွယ်ဝခြင်းကို မြင်၍
သူသည်လည်းလုပ်ဆောင်မည်ကို ပြောဆိုထားပါသည်။
"ငါပြုလုပ်မည်" ဟူသော စကားလုံးသည် ဤတွင် ထပ်ခါထပ်ခါ
ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ငါသည်
ဝမ်းမြောက်ခြင်း နှင့်ဂုဏ်တော်ကို ချီးမွမ်းမည်။"

ဂုဏ်ကျေးဇူးတော်ကို
ဝမ်းမြောက်ခြင်း၊ နှစ်သက်သည်။

ထာဝရဘုရား၏ တန်ခိုးကြီးခြင်း အရာတော် တို့ကို အဘယ်သူပြောနိုင်သနည်း။
ဤတွင် "သင်၏အမွေ" ဟူသည်မှာ ဘုရားသခင် ရွေး ကောက်
သောလူများဖြစ်သည့် ဣသရေလ လူမျိုးများကို
ရည်ညွှန်းထားပါသည်။ ဤတွင် "ဘုန်းတော်" ဟူသည်မှာ
ဘုရားသခင်အကြောင်းနှင့် ပါတ်သက်ပြီး "ဂုဏ်ယူခြင်း"
ကိုဆိုလိုပါသည်။ အခြားသောဘာသာပြန်ဆိုချက် -
"ကိုယ်တော်၏ ကြီးမြတ်မှုကို သူတပါးနှင့် ဂုဏ်ပြုပါ"

တန်ခိုးကြီးခြင်း အရာတော် တို့ကို အဘယ်သူပြောနိုင်သနည်း။
ကိုယ်တော်ပြုသော အံ့သြဖွယ်အမှုများအတွက် မချီးမွမ်းနိုင်ပါ။"

Psalms 006

သူတို့သည် သစ္စာရှိခြင်းနှင့် စပ်ဆိုင်သော ပဋိညာဉ်ကို သင်၏
အပြုအမူတို့သည် ငြင်းဆန်ကြသည်။
"သစ္စာရှိခြင်း" ဟူသောနာမ်ကို နာမဝိသေသန
အဖြစ်ဘာသာပြန်ဆိုနိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်
- ကိုယ်တော်သည် ပြုတော်မူသော ပဋိညာဉ်တရား၌
သစ္စာရှိသောကြောင်း သူတို့သည် များစွာသောအမှုတို့ကို
လစ်လျူရှုကြသည်။"

ပင်လယ်၌..........ပင်လယ် ကျူပင်များ၌...
ဤစကားစုနှစ်ခုတို့သည် ပင်လယ်တစ်ခုကို
ရည်ညွှန်းထားပါသည်။ ဒုတိယ တစ်ခုမှာ
ပင်လယ်၏နာမည်ဖြစ်သည်။

Psalms 008

သို့သော်လည်း
ငါပြောဆိုသောအရာသည် မှန်ကန်သော်လည်း။

နာမတော်၏အကြောင်းကြောင့်
ဤတွင် "နာမတော်" ဟူသည်မှာ ထာဝရဘုရားကို
ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "သူ၏
ဂုဏ်နာမလေးစားခြင်းအတွက်"

တောၥ် ပို့ဆောင်သကဲ့သို့ နက်နဲရာအရပ်၌ သူတို့ကို ပို့ဆောင်တော်မူ၏။
ဤတွင် ဘုရားသခင်သည် ဣသရေလလူမျိုးများကို နက်နဲသော
ပင်လယ်နီထဲမှ တောလမ်းသို့ ပို့ဆောင်ထားသည်ကို ဒါဝိဒ်က
နှိုင်းယှဉ်ထားပါသည်။ "နက်နဲရာအရပ်" ဆိုသည်မှာ ဘုရားသခင်
ခွဲခြမ်းပေးသော နေရာကို ရည်ညွှန်းထားပါသည်။
အခြားသောဘာသာပြန်ဆိုချက် - "ပင်လယ်နီမှ သည်
ခြောက်သွေ့သောမြေသို့"

Psalms 010

မုန်းသောသူ၏လက်မှ သူတို့ကို ကယ်တင်၍၊ ရန်သူ၏လက်မှ ရွေးနှုတ်တော်မူ၏။
ဤစကားစုနှစ်ခုတို့သည် အခြေခံအားဖြင့် တူကြပြီး ထာဝရဘုရားသည် ရန်သူလက်မှ သူတို့ကို ကယ်နှုတ်သောသူဘုရားဖြစ်ကြောင့်ကို အထူးပြုစေရန် အတူတကွ အသုံးပြုထားပါသည်။

မုန်းသောသူ၏လက်မှ သူတို့ကို ကယ်တင်၍၊
ဤတွင် "လက်" ဟူသည်မှာ ထိန်းချုပ်သော တန်ခိုးကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "သူတို့ကို မုန်းသောသူတို့၏ တန်ခိုး"

မကျန်ရစ်စေခြင်းငှါ၊ ရေသည် လွှမ်း မိုးလေ၏။
ဤအရာသည် လွှမ်းမိုးခြင်းအကြောင့်ကို ယဉ်ကျေးသောနည်းလမ်းဖြင့် ပြောဆိုထားသောအရာဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "သူတို့၏ ရန်သူကို လွှမ်းမိုး ဖယ်ရှားပေးသည်။"

ထိုအခါ စကားတော်ကို ယုံ၍
ဤတွင် "သူတို့" ဟူသောစကားလုံးမှာ "သူတို့၏ ဘိုးဘေးများ" ကိုရည်ညွှန်းထားပြီး "သူ၏" ဟူသည်မှာ "ထာဝရဘုရားကို" ရည်ညွှန်းထားပါသည်။"

Psalms 013

အကြံအစည်တော်ကို မဆိုင်းမလင့် ဘဲ
၎င်းသည် ဘုရားသခင်က သူတို့အား သွားစေလိုသော အရာကို မရှာဖွေ မစောင့်ဆိုင်းပဲ သူတို့လိုချင်သောအရာများကိုသာ လုပ်ဆောင်တတ်ကြောင်းကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "သူတို့သည် ဘုရားသခင်၏ သွန်သင်ထားခြင်းကို မစောင့်ဆိုင်းပဲ လုပ်ဆောင်ခဲ့ကြသည်။"

တောဌ်အလွန်တပ်မက်၍၊
မက်မောတောင်းတမှုများကြောင့် ကျေနပ်ခြင်းမရှိနိုင်ပါ။

ဘုရားသခင်ကို စုံစမ်းကြ၏။
သူတို့သည် ဘုရားသခင်ကို ပုန်ကန်ကြသည်။

သူတို့၌ ပိန်ကြုံခြင်းကို သွင်းပေး တော်မူ၏။
ဤတွင် ဒါဝိဒ်က ဘုရားသခင်သည် လူသားများအား ရောဂါဘေးများ ကြုံစေခြင်းကို တစ်စုံတစ်ယောက်အား ရောဂါစေလွှတ်ခြင်းကဲ့သို့ ဖြစ်ကြောင်း ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ကိုယ်တော်သည် သူတို့အား ကြောက်စရာကောင်းသော ရောဂါများကို ကြုံတွေ့ခံစားစေသည်။"

Psalms 016

တပ်ထဲမှာ
ဤအရာသည် ဣသရေလလူမျိုးများ၏ တောဌ် လှည့်လည်စဥ်အခါက တပ်ချသောအရာကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "သဲကန္တာရ ထဲတွင် ရှိသော တပ်ထဲတွင်" ဟူ၍ဖြစ်သည်။

မြေကြီးသည် ကွဲလျက် ဒါသန်ကိုမျို၍၊
ဤတွင် မြေကြီးသည် ဖွင့်၍ လူများသည်မြှုပ်ခြင်းခံသောအရာကို ဖန်ဆင်းခံသောအရာများသည် မည်သို့ မြိုချသည့် အရာနှင့် ခိုင်းနှိုင်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "မြေကြီးသည် ဖွင့်၍ သင်္ဂြိုလ် ခြင်းခံရသည်။"

ဒါသန်
ဤလူသည် မောရှေအား တရားဝင် ဆန့်ကျင်သောသူဖြစ်သည်။

အဘိရံ၏ အသင်းအဝင်ကို ဖုံးအုပ်လေ၏။
အဘိရံ၏ နောက်လိုက်များသည် မြေကြီးက ဒေါသန်ကို မြိုချရာတွင် သင်္ဂြိုလ်ခြင်းခံရသည်။ အခြားသောဘာသာပြန်ဆိုချက် - ၎င်းသည် အဘိရံ၏ နောက်လိုက်များကို ဖုံးလွှမ်းထားသည်"

အဘိရံ
ဤသူသည် တရားဝင်မောရှေအား ပုန်ကန်သောသူဖြစ်သည်။

သူတို့အသင်းအဝင်ထဲမှာ မီးရှို့၍၊ မတရားသော သူတို့ကို လောင်လေ၏။
ဤစကားစုနှစ်ခု၏ ဆိုလိုရင်းမှာ အတူတူဖြစ်ပြီး ဆိုးသွမ်းသောသူတို့သည် မီးအားဖြင့်မည်သို့ သတ်ဖြတ်ခြင်းခံသည်ကို အထူးပြုစေရန် အတူတကွရေးသားထားပါသည်။

Psalms 019

သူတို့သည် ဟောရပ်တောင်နားမှာ နွားသငယ် ကို လုပ်၍၊
ဤသတင်းအချက်အလက်ကို သေချာအောင် နွားရုပ်တုဖြင့် တင်စားထားသော အရာအဖြစ် ပြန်လည် ဖော်ပြထားသောအရာဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - ဟောရပ်အရပ်၌ ကိုးကွယ် ရှိခိုးရန် နွားရုပ်တုကို ပြုလုပ်ခဲ့ကြသည်။"

သူတို့၏ဘုန်းကိုလဲ၍ မြက်ကိုစားသော နွား၏ ပုံသဏ္ဌာန်ကို ယူကြ၏။
ဤအရာဆိုလိုသည်မှာ ဘုရားသခင်ကို ချီးမွမ်းနေမည့်အစား နွားရုပ်တုကိုသာ ကိုးကွယ်ကြသည်။ အခြားသောဘာသာပြန်ဆိုချက် - "သူတို့သည် ဘုရားသခင်၏ ဘုန်းကို နွားရုပ်တုဖြင့် လဲကြသည်။"

သူတို့၏ဘုန်းကို
ဤတွင် ဘုရားသခင်ဆိုလိုသည်မှာ သူ့ဘုန်းတော်ကို ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "သူတို့၏ ဘုန်းကြီးသောဘုရားသခင်"


generated on Tue Jul 2 12:50:28 2024

Psalms 022

ဟာမအမျိုးနေရာ၌
ဤသည်မှာ ဟာမအမျိုးများ နေထိုင်သောနေရာဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက် - "ဟာမ အမျိုးများ
အခြေချနေထိုင်သောနေရာ"

အံ့ဘွယ်သောအမှုတို့
အံ့သြစရာများ။

ထိုသူတို့ကို ဖျက်ဆီးတော်မမူစေ ခြင်းငှါ၊ ဖျက်ဆီးရာအရပ်၊ ရှေ့တော်၌
မရပ်လျှင်၊ သူတို့ကို ဖျက်ဆီးမည်ဟု အကြံရှိတော်မူ၏။
ဒါဝိဒ် က မောရှေသည် ဣသရေလလူမျိုးများကို
မဖျက်ဆီးစေရန် ဝင်ရောက်စွက်ဖက်သောသဘောဖြင့်
ဆွဲဆောင်ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် -
ဘုရားသခင်နှင့် ဣသရေလ လူမျိုးအကြား သူတို့ကို
မဖျက်ဆီးရန် တောင်းပန်ခဲ့သည်။"

Psalms 024

စကားတော်ကို
ဤအရာသည် ဣသရေလလူမျိုးကို သူတို့
ပိုင်ဆိုင်သောအမွေမြေအဖြစ် ခါနန်ပြည်ကို သိမ်းပိုက်ခွင့်ပြုရန်
ဂတိပြုထားသောအရာကို ရည်ညွှန်းထားပါသည်။

ဆန့်ကျင်ဘက်ပြု၍၊
စောဒက တက်သည်။

Psalms 026

သူတို့တဘက်၌ ကျိန်ဆိုတော်မူ၏။
"သူ၏" ဟူသော စကားလုံးသည် ထာဝရဘုရားကို
ရည်ညွှန်းထားပါသည်။ နောက်ပြီး ဤအရာသည်
သစ္စာကျိန်ဆိုခြင်းပြုသောအခါ လက်တဖက်ကိုမြှောက်တာဟာ
ထုံးတမ်း တစ်ခုဖြစ်သည်။

အပြည်ပြည်အရပ်ရပ်သို့ ကွဲပြားစေခြင်းငှါရင်း၊
ဤစကားစုနှစ်ခုတို့သည် အခြေခံအားဖြင့် အဓိပ္ပာယ်တူပြီး
အထူးပြုခြင်းအတွက် အတူတကွ အသုံးပြုထားပါသည်။
အခြားသောဘာသာပြန်ဆိုချက် - "သူတို့၏ ဘိုးဘေးများကို
တိုင်းတပါး၌ နေထိုင်ရန် ပြုလုပ်ထားသည်။"

ကွဲပြားစေခြင်းငှါရင်း
ဤအရာ၏ဆိုလိုရင်းမှာ ပျံ့ကျဲစေသည် (သို့ ) တစ်စုံတစ်ခုကို
ကွဲပြားစေသည်။

Psalms 028

လူသေရှေ့မှာ ပူဇော်သောယဇ်ကောင်ကို
ဤအရာကို အပြုသဘောဖြင့် ဖော်ပြထားပါသည်။
အခြားသောဘာသာပြန်ဆိုချက် - "လူသေ ထံသို့ ပူဇော်သော
ယဇ်ကောင်"

လူသေရှေ့မှာ
လူသေ ဟူသည်မှာ ဣသရေလ လူမျိုးများကိုးကွယ်ခဲ့သော
ရုပ်တုများနှင့် နတ်ဘုရားများကို ရည်ညွှန်းထားပါသည်။
အခြားသောဘာသာပြန်ဆိုချက် - "သေဆုံးသော
နတ်ဘုရားထံသို့"

ကာလနာသည် သူတို့ကို လုယက်လေ၏။
ကာလနာသည် ပျံ့နှံ့ လေသည်။

အမျက်တော်ကို နှိုးဆော်၍
သူ့ကို အမျက်ထွက်သည်။

Psalms 030

ဖိနဟတ်သည် ထ၍တရားစီရင်သဖြင့်၊
ဖိနဟတ်သည် လူများကြား၌ ထ၍တရားစီရင်သဖြင့်
သူတို့၏အပြစ်များကို ပြစ်ဒဏ်ပေးသည်။ ဤအရာသည်
ရိုးရှင်းပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ဖိနဟတ်သည်
လူများအား သူတို့၏အပြစ်များကြောင့် ထ၍တရားစီရင်သည်။"

သူ၏ဖြောင့်မတ်ခြင်းကဲ့သို့ လူမျိုး အဆက်ဆက်တည်သော
ကာလအစဉ်မပြတ် မှတ်ရ သတည်း။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက် - "လူများတို့သည် သူ၌
ဖြောင့်မတ်သောသူကဲ့သို့ မှတ်ယူထားခဲ့သည်။"

Psalms 032

မေရိဘ
နေရာ၏နာမည်ဖြစ်သည်။

သူတို့အတွက်ကြောင့် မောရှေ၌ အမင်္ဂလာဖြစ်လေ၏။
မောရှေသည် လူများ၏ အပြစ်ကြောင့် အမင်္ဂလာခံစားရသည်။
ဤတွင် "သူတို့ကို" ဟူသောစကားလုံးမှာ လူအများအတွက်
နာမ်စားဖြစ်ပြီး သူတို့၏ အပြစ်များကို
အစားထိုးရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်
- "သူတို့၏ အပြုအမူများကြောင့် ဒုက္ခခံစားရသည်။"

တပါးအမျိုးသားတို့ကို မဖျက်ဆီးဘဲ နေကြ၏။
ဤတွင် ဒါဝိဒ်က အခြားသောအမျိုးသမီးများနှင့်
ပေါင်းသင်းခြင်းကို "တခြားအမျိုးနှင့် ရောနှောခြင်း"
အဖြစ်ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် -
သူတို့သည် တပါးအမျိုးသမီးများနှင့် လက်ထပ်ခြင်းဖြင့်
ရောနှောကြသည်။"

သူတို့၏ရုပ်တုများကို ဝတ်ပြု၍ ကျော့ကွင်း၌ ကျော့မိကြ၏။
ရုပ်တုများသည် သူတို့၌ ကျောကွင်း၌ ကျော့မိရာ ဖြစ်လာသည်။


generated on Tue Jul 2 12:50:28 2024

Psalms 037

ယဇ်ပူဇော်သော ကိုယ်သားသမီးတို့၏ အသွေးကို သွန်ကြ၍၊ ထိုမြေသည် အသွေးနှင့် ညစ်ညူး လေ၏။
"အသွေးသွန်းသည်" ဟူသော စကားစုသည် "သတ်ဖြတ်ခြင်း" အတွက် စကားလုံးအလှဖြင့် ဖော်ပြထားသောအရာဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "သူတို့သည် အပြစ်မရှိသောသူ၏ အသွေးကို သွန်း၍ သား၊သမီးများကို သတ်ဖြတ်ခဲ့သည်။"

သူတို့သည် ကိုယ်အကျင့်အားဖြင့် ကိုယ်ကို ညစ်ညူးစေ၍၊
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက် - "သူတို့၏ အပြုအမူသည် သူတို့ကို ဖျက်ဆီးတော်မူသည်။"

သူတို့သည် ကိုယ်အကျင့်အားဖြင့် ကိုယ်ကို ညစ်ညူးစေ၍၊ ကိုယ်အမှုတို့တွင် မှားယွင်းကြ၏။
ဤတွင် ဒါဝိဒ်က သူတို့၏ သစ္စာမရှိခြင်းကို ဘုရားသခင်သည် ပြည့်တန်ဆာမ အားပြောဆိုသောအရာနဲ့ ခိုင်းနှိုင်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "သူတို့သည် ထာဝရဘုရား၌ သစ္စာမရှိသောပြည့်တန်ဆာ ကဲ့သို့ ဖြစ်သည်။

Psalms 040

ထာဝရဘုရားသည် မိမိလူတို့ကို အမျက်တော်ထွက်၍၊ မိမိအမွေတော်ကို ရွံရှာတော်မူ၏။
ထို့ကြောင့် ထာဝရဘုရားသည် သူ့လူများကို အမျက်ထွက်ပြီး သူတို့ကို ရွံရှာတော်မူသည်။

သူတို့ကို တပါးအမျိုးသားတို့လက်သို့ အပ်တော် မူသ ဖြင့်၊
ဤတွင် "လက်" ဟူသည်မှာ တန်ခိုး

မုန်းသောသူတို့သည် အုပ်စိုးရကြ၏။
လူများသည် သူတို့ကို မုန်းတတ်ကြသည်။

Psalms 042

သူတို့သည် ရန်သူတို့ အောက်မှာ နှိမ့်ချခြင်းကို ခံရကြ၏။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက် - "သူတို့၏ ရန်သူများသည် သူတို့အောက်တွင် ထိန်းချုပ်ခြင်းကို ခံရသည်။"

မိမိတို့ဒုစရိုက် အပြစ်ကြောင့် နှိပ်စက်ခြင်းကို ခံရကြ၏။
ဤတွင် "နှိပ်စက်ခြင်း" ဟူသောစကားစုသည် ဖျက်ဆီးခြင်းခံသည် ဟုဆိုလိုပါသည်။ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက် - "သူတို့၏ အပြစ်သည် သူတို့ကို ဖျက်ဆီးသည်။"

Psalms 044

သော်လည်း
ငါပြောဆိုသောအရာသည် မှန်ကန်သော်လည်း။ ထိုအရာကို မည်သို့ဘာသာပြန်ဆိုထားသည်ကို ဤတွင် ကြည့်ပါ။ Psalms 106:8.

သူတို့ အော်ဟစ်ခြင်းကို
သူတို့၏ ဒုက္ခ (သို့ ) "သူတို့၏ ဝေဒနာခံစားခြင်း"

သူတို့အဘို့အောက်မေ့၍၊
"အောက်မေ့၍" ဟူသောစကားလုံးသည် တစ်စုံတစ်ခုအား သတိရခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက် - "အောက်မေ့သည်။"

ကရုဏာတော် များပြားသည်အတိုင်း နောင်တရတော် မူ၏။
သူသည်....ကရုဏာများပြားသောကြောင့် သူတို့ကို အပြစ်ဒဏ်ပေးရန် ဆုံးဖြတ်ခဲ့သည်။

သူတို့ကို ချုပ်ထားသိမ်းသွားသော သူအပေါင်း တို့သည်
သူတို့၏ ထိန်းချုပ်သူများ။ ဤအရာသည် သိမ်းပိုက်ခြင်းခံသော ဣသရေလ လူမျိုးများ၏ ရန်သူများကို ရည်ညွှန်းထားပါသည်။

သနားရကြမည်အကြောင်း
သူတို့တို့အား သနားခြင်း ရှိမည်အကြောင့်။

Psalms 047

ယေဘုယျအချက်အလက်
ဤတွင် ၁၀၆:၄၈ သည် ဤဆာလံကျမ်း၏ အဆုံးသတ်ပိုင်းထက်ပို၍များသည်။ ဤအရာသည် ဆာလံစာအုပ်၏ ၄ ခုမြောက်ကို ပိတ်ထားသောအရာဖြစ်ပြီး ထိုအရာသည် ဆာလံ ၉၀ မှ ၁၀၆ အထိအဆုံးဖြစ်သည်။

သန့်ရှင်းသော နာမတော်၏
ဤတွင် ထာဝရဘုရားကို သူ၏ "သန့်ရှင်းသော နာမတော်" ဟူ၍ ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "သင့်ထံ၌"

ဣသရေလအမျိုး၏ ဘုရားသခင်ထာဝရဘုရား သည် ကမ္ဘာအဆက်ဆက် မင်္ဂလာရှိတော်မူစေသတည်း။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက် - "ငါ့လူတို့သည် ဣသရေလ အမျိုး၏ ဘုရားသခင် ထာဝရဘုရားကို ချီးမွမ်းကြသည်။"


generated on Tue Jul 2 12:50:28 2024

# Translation Questions

Psalms 106:1

စာရေးသူသည် ထာဝရတည်သည့်အရာကို မည်သို့ ပြောထားသနည်း။
ထာဝရဘုရား၏ ပဋိညာဉ်သစ္စာတော်သည် အစဉ်အမြဲ တည်သည်။

Psalms 106:3

စာရေးသူသည် ထာဝရဘုရားအား အောက်မေ့ဖို့ရန် ခေါ်သည့်အခါ မည်သို့ မေးခဲ့သနည်း။
ထာဝရဘုရားသည် လူတွေကို နှစ်သက်သောအခါ သူ့ကိုသတိရရန် ထာဝရဘုရားအား မေးခဲ့သည်။

စာရေးသူသည် အဘယ်ကြောင့် ဝမ်းမြောက်လိမ့်မည်နည်း။
ထာဝရဘုရား ရွေးကောက်တော်မူသော သူတို့၏ စည်းစိမ်ကိုမြင်သောအခါ သူသည် ဝမ်းမြောက်လိမ့်မည်။

Psalms 106:6

ထာဝရဘုရား၏ အံ့ဖွယ်သောအမှုများကို စာရေးသူ၏ ဖခင်များသည် မည်သို့ တုံ့ပြန်ခဲ့ကြသနည်း။
အဲဂုတ္တုပြည်တွင် ထာဝရဘုရား၏ အံ့ဖွယ်သောအမှုများကို ဖခင်များသည် တန်ဖိုးမထားကြပေ။

Psalms 106:8

စာရေးသူ၏ ဘိုးဘေးများကို ထာဝရဘုရားသည် အဘယ်သို့ ကယ်တင်ခဲ့သနည်း။
တန်ခိုးတော်ထင်ရှားစေခြင်းငှါ သူ၏ နာမကြောင့် သူတို့ကို ကယ်တင်တော်မူသည်။

Psalms 106:10

ဣသရေလရန်သူတို့သည် အဘယ်သို့ ဖြစ်လိမ့်မည်နည်း။
ထိုရန်သူတို့သည် ရေလွှမ်းမိုးစေသဖြင့် တစ်ယောက်မျှ မကျန်ကြွင်းရ။

Psalms 106:13

သူတို့သည် တော၌ လောဘကြီး၍ တပ်မက်ကြသောအခါ လူတို့သည် အဘယ်သို့ လုပ်သနည်း။
သူတို့သည် တော၌ ဘုရားသခင်ကို စိန်ခေါ်ခဲ့သည်။

Psalms 106:16

မြေကြီးသည် ဒါသန်နှင့် အဘိရံ၏ နောက်လိုက်များကို မည်သို့ ပြုရသနည်း။
မြေကြီးသည် ကွဲလျက် ဒါသန်ကို မျိုပြီး အဘိရံ၏ နောက်လိုက်များကို ဖုံးအုပ်လေသည်။

Psalms 106:19

ထိုလူတို့သည် ဟောရပ်တောင်တွင် အဘယ်သို့ ကိုးကွယ်ခဲ့ကြသနည်း။
သူတို့သည် ဟောရပ်တောင်နားတွင် နွားသူငယ်တို့ကို လုပ်၍ ရုပ်တုကို ကိုးကွယ်ခဲ့ကြသည်။

Psalms 106:22

ဣသရေလအမျိုး ပျက်စီးခြင်းသို့ မရောက်စေခြင်းငှါ ထာဝရဘုရားသည် မည်သို့ ပြုသနည်း။
ထာဝရဘုရား၏ အမျက်တော်ကို မဖျက်ဆီးစေခြင်းငှါ ရွေးကောက်တော်မူသော မောရှေသည် အထံတော်သို့ ဝင်လေသည်။

Psalms 106:26

မိမိလက်ကို ဆန့်သောအခါ သူပြုလိမ့်မည်ဟု ဘုရားသခင်သည် မည်သို့ ကျိန်ဆိုခဲ့သနည်း။
သူတို့ကို တော၌ သေစေခြင်းငှါ ဘုရားသခင်သည် ကျိန်ဆိုတော်မူသည့်အတိုင်း သူတို့အမျိုးအနွယ်ကို တပါးအမျိုးသားတို့တွင် အရပ်ရပ်ကွဲပြားစေမည်ဟု ကျိန်ဆိုခဲ့သည်။

Psalms 106:28

ဣသရေလအမျိုးသည် ထာဝရဘုရားကို အမျက်တော်ထွက်စေသောအခါ မည်သို့ ဖြစ်ခဲ့သနည်း။
သူတို့တွင် ကပ်ဘေးတစ်ခု ဖြစ်ပွားခဲ့သည်။

Psalms 106:30

ဖိနဟတ်သည် လူတွေအတွက် ကြားဝင်စွက်ဖက်သောအခါ မည်သို့ ဖြစ်ခဲ့သနည်း။
ဖိနဟတ်သည် ထ၍တရားစီရင်သဖြင့် ကာလနသည် ငြိမ်းလေသည်။

Psalms 106:32

မောရှေသည် မေရိဘရေနားမှာ အဘယ်ကြောင့် အပြစ်ပြုခဲ့သနည်း။
လူများတို့သည် မောရှေကို အပြစ်တင်၍ မောရှေသည် ရက်စက်စွာပြောခဲ့သည်။

Psalms 106:37

သူတို့၏ ရုပ်တုများကို ကိုးကွယ်၍ သူတို့သည် တပါးအမျိုးသားတို့နှင့် ရောနှောနေသောအခါ လူတို့သည် အဘယ်သို့ ဖြစ်ခဲ့သနည်း။
သူတို့၏ ရုပ်တုများသည် သူတို့အတွက် ကျော့ကွင်းများဖြစ်လာကြသည်။

Psalms 106:40

ထာဝရဘုရားသည် အမျက်တော်ထွက်၍ သူတို့ကို လူအမျိုးမျိုးတို့လက်သို့ အပ်သောအခါ ဣသရေလလူတို့သည် အဘယ်သို့ ဖြစ်သနည်း။

သူတို့ကို တပါးအမျိုးသားလက်သို့ အပ်တော်မူသဖြင့် မုန်းသောသူတို့သည် အုပ်စိုးကြသည်။

Psalms 106:44

အဘယ်ကြောင့် ထာဝရဘုရားသည် ဣသရေလလူတို့၏ ဆင်းရဲဒုက္ခကို သနားခဲ့သနည်း။

ဘုရားသခင်၏ပဋိညာဉ်သည် သစ္စာတည်သောကြောင့် သူသည် မိမိကျွန်းတို့ကို သတိရပြီး သနားခဲ့သည်။

Psalms 106:47

ထာဝရဘုရားသည် ဣသရေလလူတို့ကို လူမျိုးအထဲတွင် အဘယ်ကြောင့် နှုတ်တော်မူသနည်း။

ထာဝရဘုရားသည် ဣသရေလလူတို့ကို လူမျိုးအထဲတွင် သူ၏ သန့်ရှင်းသောနာမတော်နှင့် ဘုန်းတန်ခိုးတော်ကို ချီးမွမ်းစေချင်သောကြောင့် ဖြစ်သည်။

## Chapter 107

1 ထာဝရဘုရားသည် ကောင်းမြတ်တော်မူ၍၊ ကရုဏာတော် အစဉ်အမြဲတည်သောကြောင့်၊ ဂုဏ် ကျေးဇူးတော်ကို ချီးမွမ်းကြလော့။
2-3 ရန်သူ၏လက်မှ ထာဝရဘုရားနှုတ်၍ အရှေ့ အနောက် တောင်မြောက်အရပ်ရပ်ထဲက စုသိမ်းသော သူတည်းဟူသော၊
ရွေးတော်မူသော သူတို့သည် ဝန်ခံ ကြစေ။ 4 သူတို့သည် တောတွင်းလူဆိတ်ညံရာအရပ်၌ လည်၍၊ နေစရာမြို့သို့ ရောက်သောလမ်းကို
မတွေ့ကြ။ 5 ဆာငတ်မွတ်သိပ်၍ စိတ်ပျက်ကြ၏။ 6 ဆင်းရဲခံရသောအခါ၊ ထာဝရဘုရားကို အော် ဟစ်၍၊ ဆင်းရဲဒုက္ခထဲက
ဆယ်နှုတ်တော်မူ၏။ 7 သူတို့နေစရာမြို့သို့ ရောက်စေခြင်းငှါ၊ ဖြောင့် သောလမ်းဖြင့် ပို့ဆောင်တော်မူ၏။ 8
လူသားတို့၌ပြုတော်မူသော ကရုဏာနှင့် အံ့ဘွယ်သော အမှုတော်တို့ကို ထောက်၍၊ ထာဝရဘုရား ၏ ဂုဏ်ကျေးဇူးတော်ကို
ချီးမွမ်းကြစေ။ 9 အကြောင်းမူကား၊ တောင့်တသော ဝိညာဉ်ကို ရောင့်ရဲစေ၍၊ မွတ်သိပ်သော ဝိညာဉ်ကိုလည်း၊ ကောင်း သောအရာနှင့်
ဝစေသော်မူ၏။ 10 ထိုသူတို့သည် ဘုရားသခင်၏ အမိန့်တော်ကို ငြင်းဆန်၍၊ အမြင့်ဆုံးသော ဘုရား၏ အကြံတော်ကို မထီမဲ့မြင်
ပြုသောကြောင့်၊ 11 မှောင်မိုက်၊ သေမင်းအရိပ်၌ ထိုင်လျက်၊ ဒုက္ခနှင့်ငှင်း၊ သံကြိုးနှင့်ငှင်း ချည်နှောင်လျက် နေရကြ၏။ 12
ဘုရားသခင်သည် အမှုရောက်စေ၍၊ သူတို့ စိတ်ကိုနှိမ့်ချတော်မူ၏။ သူတို့သည် လဲ၍ထောက်မသော သူမရှိဘဲ၊ 13
ဆင်းရဲခံရသောအခါ၊ ထာဝရဘုရားကို အော် ဟစ်၍ ဆင်းရဲဒုက္ခထဲက ကယ်တင်တော်မူ၏။ 14 မှောင်မိုက်နှင့် သေမင်းအရိပ်ထဲက
ထုတ် ဆောင်၍ သူတို့ချည် နှောင်ခြင်းကို ဖြေတော်မူ၏။ 15 လူသားတို့၌ ပြုတော်မူသော ကရုဏာနှင့်
အံ့ဘွယ်သောအမှုတော်တို့ကိုထောက်၍၊ ထာဝရဘုရား၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းကြစေ။ 16 အကြောင်းမူကား၊ ကြေးဝါးတံခါးတို့ကို
ချိုး၍၊ သံကန့်လန့်တို့ကို အပိုင်းပိုင်းဖြတ်တော်မူ၏။ 17 မိုက်သောသဘောရှိသော သူတို့သည်လမ်းလွှဲ၍၊ ဒုစရိုက်ကို ပြုသောကြောင့်
ဆင်းရဲခြင်းနှင့် တွေ့ကြုံ ရကြ၏။ 18 စားစရာမျိုးကို ရွံ၍ သေခြင်းတံခါး ငါ့အနီးသို့ ရောက်ကြ၏။ 19 ဆင်းရဲခံရသောအခါ
ထာဝရဘုရားကို အော် ဟစ်၍၊ ဆင်းရဲ ဒုက္ခထဲက ကယ်တင်တော်မူ၏။ 20 နှုတ်ကပတ်တော်ကိုလွှတ်သဖြင့်၊ သူတို့အနာကို ငြိမ်းစေ၍၊
ဖျက်ဆီးခြင်းအရာများထဲက နှုတ်ယူတော် မူ၏။ 21 လူသားတို့၌ ပြုတော်မူသော ကရုဏာနှင့် အံ့ဘွယ်သောအမှုတော်တို့ကို
ထောက်၍၊ ထာဝရဘုရား ၏ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းကြစေ။ 22 ကျေးဇူးတော် ဝန်ခံရာယဇ်ကို ပူဇော်၍၊ ရွှင် လန်းသော
အသံနှင့်တကွ အမှုတော်တို့ကို ကြားပြော ကြစေ။ 23 သင်္ဘောစီးလျက်ပင်လယ်ကိုကူး၍၊ ရေများပေါ်မှာ လုပ်ဆောင်သော သူတို့သည်၊
24 နက်နဲရာအရပ်၌ ထာဝရဘုရား၏ အမှုတော် တို့နှင့်၊ အံ့ဘွယ်သော အမှုတော်တို့ကို မြင်ရကြ၏။ 25 အမိန့်တော်ရှိ၍
လေပြင်းမုန်တိုင်းတိုက်သဖြင့်၊ လှိုင်းတံပိုးတို့ကို ထစေ၏။ 26 မိုဃ်းကောင်းကင် တိုင်အောင်တက်လျက်၊ နက်နဲရာထဲသို့ ဆင်းလျက်
တွေ့သောဘေးကြောင့်၊ သူတို့သည် စိတ်ပျက်ကြ၏။ 27 တလည်လည်သွားလျက် ယစ်မူးသော သူကဲ့သို့ တိမ်းယိမ်းလျက်နေ၍
ဉာဏ်တိမ်မြုပ်ခြင်းရှိကြ၏။ 28 ဆင်းရဲခံရသောအခါ ထာဝရဘုရားကို အော် ဟစ်၍၊ ဆင်းရဲ ဒုက္ခထဲက ထုတ်ဆောင်တော်မူ၏။ 29
လေပြင်းကို ပျောက်စေတော်မူ၍၊ လှိုင်းတံပိုး များလည်း ငြိမ်ဝပ်ကြ၏။ 30 ထိုသို့ ငြိမ်ဝပ်သောကြောင့် သူတို့သည် ဝမ်းမြောက်ကြ၏။
အလိုရှိရာ သင်္ဘောဆိပ်သို့ ပို့ဆောင် တော်မူ၏။ 31 လူသားတို့၌ ပြုတော်မူသော ကရုဏာနှင့် အံ့ဘွယ်သော အမှုတော်တို့ကို ထောက်၍၊
ထာဝရ ဘုရား၏ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းကြစေ။ 32 လူပရိတ်သတ်၏ အလယ်မှာ ထာဝရဘုရားကို ချီးမြှောက်၍
အသက်ကြီးသူတို့၏ အစည်းအဝေး၌ ချီးမွမ်းကြစေ။ 33 မြစ်တို့ကို လွင်ပြင်ဖြစ်စေခြင်းငှါ၎င်း၊ စမ်းရေ ထွက်ရာအရပ်ကိုလည်း
သွေ့ခြောက်စေခြင်းငှါ၎င်း ပြုတော်မူ၏။ 34 မြေကောင်းသော ပြည်ကို ပြည်သူပြည်သားတို့ ၏ အပြစ်ကြောင့်
ဆားမြေဖြစ်စေတော်မူ၏။ 35 တဖန်လွင်ပြင်ကို ရေနှင့်ပြည့်စေခြင်းငှါ၎င်း၊ သွေ့ခြောက်သော အရပ်ကိုလည်း စမ်းရေထွက်စေခြင်းငှါ
၎င်း ပြုတော်မူ၏။ 36 ထိုအရပ်၌လည်း၊ ငတ်မွတ်သောသူတို့ကို နေရာ ချတော်မူ၍၊ သူတို့သည် မိမိနေစရာဘို့မြို့ကို တည်ကြ၏။ 37
လယ်လုပ်လျက်၊ စပျစ်ဥယျာဉ်ကိုလည်း စိုက်ပျိုး လျက်၊ မြေအသီးအနှံတို့ကို ပြုစုကြ၏။ 38 ကောင်းကြီးပေးတော်မူ၍၊ သူတို့သည်
အလွန် ပွားများကြ၏။ သူတို့သိုးနွားများကိုလည်း လျော့စေတော် မမူ။ 39 တဖန်သူတို့သည် လျော့၍ညှဉ်းဆဲခြင်း၊ ငြိုငြင် ခြင်း၊
စိတ်ပူပန်ခြင်းအားဖြင့် နှိမ့်ချလျက်နေရကြ၏။ 40 မင်းသားတို့ကို အရှက်ခွဲ၍၊ လမ်းမရှိသော တော အရပ်၌ လည်စေတော်မူ၏။ 41
ဆင်းရဲသောသူကိုလည်း ဒုက္ခမှ ထမြောက်စေ ၍၊ သိုးစုကဲ့သို့ အိမ်ထောင်ပွားများစေတော်မူ၏။ 42 ဖြောင့်မတ်သောသူတို့သည် မြင်၍၊
ဝမ်းမြောက် ကြ၏။ ခပ်သိမ်းသော ဒုစရိုက်သည်လည်း မိမိနှုတ်ကို ပိတ်ရ၏။ 43 အကြင်သူသည်ပညာရှိ၏၊ ထိုသူသည် ဤအမှု
အရာတို့ကို ဆင်ခြင်၍၊ ထာဝရဘုရား၏ ကရုဏာ ကျေးဇူးတော်ကို နားလည်လိမ့်မည်။

---

 generated on Tue Jul 2 12:50:28 2024

Psalms 001

ယေဘုယျအချက်အလက်
ပြိုင်တူနှိုင်းယှဉ်ချက်သည် ဟေဗြဲကဗျာ၌ အများသုံးတွေ့ရသည့်အရာဖြစ်သည်။

ကရုဏာတော် အစဉ်အမြဲတည်သောကြောင့်၊
"သစ္စာရှိခြင်း" ဟူသော နာမ်ကို နာမဝိသေသနအဖြစ် ဘာသာပြန်ဆိုနိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ကိုယ်တော်သည် သူ၏ ပဋိညာဉ်တရား၌ သစ္စာရှိသောဘုရားဖြစ်သည်။"

ရွေးတော်မူသော
ရွေးနှုတ်တော်မူသော ဟူသည်မှာ ထာဝရဘုရားရွေးနှုတ်ကယ်တင်သောသူတို့အား ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ထာဝရဘုရား ကယ်တင်သောသူ"

ချီးမွမ်းကြလော့။
ဤအရာဆိုလိုသည်မှာ သူတပါးအား အခြားသောအရာများကို ပြောဆိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "ထာဝရဘုရားပြုတော်မူသော အမှုများကို ချီးမွမ်းကြလော"

ရန်သူ၏လက်မှ
ဤတွင် "လက်" ဟူသည်မှာ တန်ခိုးကို ရည်ညွှန်းထားသည်။ အခြားသောဘာသာပြန်ဆိုချက် - "ရန်သူ၏ တန်ခိုးလက်အောက်မှ"

အရှေ့ အနောက် တောင်မြောက်အရပ်ရပ်ထဲက
ဤတွင် လမ်းညွှန်ချက် ၄ ခုတို့သည် ဘုရားသခင်က အနယ်နယ်အရပ်ရပ်မှ စုသိမ်း ကြောင်းကို အထူးပြုစေရန် ပေးထားသောအရာဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "လမ်းညွှန်ချက်တိုင်းမှ"

အရှေ့ အနောက် တောင်မြောက်အရပ်ရပ်ထဲက စုသိမ်းသော သူတည်းဟူသော၊ ရွေးတော်မူသော သူတို့သည် ဝန်ခံ ကြစေ။
ဤအရာက ထာဝရဘုရားသည် သူ့လူမျိုးများကို စုသိမ်းပြီး နေရာချထားကြောင့်ကို ဖော်ပြထားသည်။ အခြားသောဘာသာပြန်ဆိုချက် - ကိုယ်တော်သည် သူ့လူမျိုးများကို အရှေ့၊ အနောက်၊ တောင်၊ မြောက်မှ သူတို့ကို စုသိမ့်ထားသည်။"

Psalms 004

သူတို့သည် လှည့်လည်ကြသည်။
တစ်ချို့သော သူများသည် လှည့်လည်ကြသည်။

နေစရာမြို့သို့ ရောက်သောလမ်းကို
သဲကန္တာရ ၌ရှိသော လမ်း။

နေစရာမြို့သို့
သူတို့ နေထိုင်လို့ လို့ရသောမြို့။

ဆင်းရဲခံရသောအခါ၊ ထာဝရဘုရားကို အော် ဟစ်၍၊
သူတို့သည် ဘုရားသခင်ကို ဆုတောင်းပြီး သူတို့ကို မစတော်မူကြောင့် ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ထိုသို့ သူတို့သည် ဘုရားသခင်အား ဆုတောင်းပြီး ကိုယ်တော်သည် ဒုက္ခရောက်သောကာလ၌ မစတော်မူသည်။"

ဆင်းရဲဒုက္ခထဲက
သူတို့၏ အခက်အခဲများ ( သို့ ) "သူတို့၏ ဒုက္ခများ"

Psalms 008

ကရုဏာနှင့် အံ့ဘွယ်သော အမှုတော်တို့ကို ထောက်၍၊ ထာဝရဘုရား ၏ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းကြစေ။
ဤတွင် "Oh" ဘုရားသခင်ကို ချီးမွမ်းရန် ဆန္ဒပြင်းပြမှုကို အသုံးပြုသောအရာဖြစ်သည်။ "သစ္စာရှိခြင်း" ဟူသောနာမ်စကားလုံးသည် နာမဝိသေသနအဖြစ် ဘာသာပြန်ဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "လူသားတို့သည် ကိုယ်တော်၏ ပဋိညာဉ်တရား၌ သစ္စာတရားကြောင်း ချီးမွမ်းကြစေ"

ထိုသူတို့သည်
လူသားများအားလုံးအတွက်။

မွတ်သိပ်သော ဝိညာဉ်ကိုလည်း၊ ကောင်းသောအရာနှင့် ဝစေသော်မူ၏။
အကြောင့်မူကား မွတ်သိပ်သောသူတို့၌သော်လည်းကောင်း၊ ဆန္ဒရှိသောသူတို့အား ရေကိုပေးတော်မူ၏။

တောင့်တသော ဝိညာဉ်ကို ရောင့်ရဲစေ၍၊ မွတ်သိပ်သော ဝိညာဉ်ကိုလည်း၊ ကောင်း သောအရာနှင့် ဝစေသော်မူ၏။
ဆာလောင်နေသောသူတို့နှင့်အစာစားလိုသောသူတို့အား ကိုယ်တော်သည် ကောင်းသောအစားများကို ပေးတော်မူသည်။"

မထီမဲ့မြင် ပြုသောကြောင့်
၎င်းသည် ဘုရားသခင်ကို ကယ်နှုတ်သောအရာကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - ဘုရားသခင်သည် မထီမဲ့မြင်ပြုသော သူ့လူများကို ကယ်နှုတ်သည်။"

အမိန့်တော်ကို ငြင်းဆန်၍၊
"အမှောင်" နှင့် "မှောင်ရီဖြိုးဖြိုးဖြစ်ခြင်း" အခြေခံအားဖြင့် အဓိပ္ပါယ်တူကြပြီး အကျဉ်းထောင်သည် မည်မျှပင် မှောင်မိုက်ကြောင်းကို အထူးပြုစေရန်အသုံးပြုထားသည်။ အခြားသောဘာသာပြန်ဆိုချက် - "လုံးဝ မှောင်မိုက်အတိဖြစ်သော"


generated on Tue Jul 2 12:50:28 2024

Psalms 011

မှောင်မိုက်၊ သေမင်းအရိပ်၌ ထိုင်လျက်၊ ဒုက္ခနှင့်၎င်း၊ သံကြိုးနှင့်၎င်း ချည်နှောင်လျက် နေရကြ၏။
ဤစကားစုများသည် အစိပ္ပါယ်တူကြပြီး သူတို့သည် အဘယ်ကြောင့် ချည်နှောင်ခံရသည်ကို၎င်း၊ ဘုရားသခင်အားမည်မျှ ပုန်ကန်ကြောင်းကို အထူးပြုစေသည်။

ဘုရားသခင်သည် အမှုရောက်စေ၍၊ သူတို့ စိတ်ကိုနှိမ့်ချတော်မူ၏။
ဤတွင် စိတ်နှလုံးဟူသည် လူတစ်ယောက်ကို ပုံဆောင်ထားသည်၊ သူ့အလိုတော်ကိုတိကျစွာ ညွှန်းထားသည်။
အခြားသောဘာသာပြန်ဆိုချက် - "ကိုယ်တော်သည် သူတို့ ကို ဝေဒနာခံစားစေရန် ခွင့်ပြုခြင်းအားဖြင့် နှိမ့်ချစေသည်။"

ဆင်းရဲဒုက္ခ
ဖြစ်နိုင်သောအဓိပ္ပယ်များမှာ - ၁ ) "ဒုက္ခ" (သို့ ) - ၂ ) "ခက်ခဲစွာ လုပ်ဆောင်သည်။"

သူတို့သည် လဲ၍ထောက်မသော သူမရှိဘဲ၊
"ထောက်မသောသူ" ဟူသောစကားလုံးမှာ ဤလူများ ခက်ခဲသောအခြေအနေများ ရင်ဆိုင်ကြုံတွေ့ရသော အချိန်ကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "သူတို့သည် ဒုက္ခများ ရင်ဆိုင်ရ၍ မည်သူမှ သူ့ကို ကူညီပေးနိုင်သောသူမရှိပါ။"

ထာဝရဘုရားကို အော် ဟစ်၍ ဆင်းရဲဒုက္ခထဲက ကယ်တင်တော်မူ၏။
သူတို့သည် ဆုတောင်း၍ ဘုရားသခင်သည် သူတို့ကို နားထောင်တော်မူသည် ဟူသောအရာကို ရည်ညွှန်းထားပါသည်။ ( ရှု - Psalms 107:6. အခြားသောဘာသာပြန်ဆိုချက် - သူတို့သည် ဒုက္ခရောက်သောအခါ ဘုရားသခင်၌ ဆုတောင်းကြသည်။

ဆင်းရဲဒုက္ခထဲက
ခက်ခဲခြင်းများ (သို့ ) "ဒုက္ခဆင်းရဲ" ရှု - Psalms 107:6.

ကယ်တင်တော်မူ၏။
ဤတွင် ဒါဝိဒ်သည် သူတို့ ခန္ဓာကိုယ်ပိုင်းဆိုင်ရာ ခက်ခဲခြင်းများထဲမှ ဘုရားသခင်သည် ကယ်တင်တော်မူကြောင့်ကို ဖော်ပြထားပါသည်။
အခြားသောဘာသာပြန်ဆိုချက် - "ကယ်တင်သည်။"

Psalms 014

ထုတ် ဆောင်၍
ထာဝရဘုရားသည် အကျဉ်းထောင်ထဲမှ ရွှေ့ဝယ်ထုတ်ဆောင်ခဲ့သည်။

မှောင်မိုက်နှင့် သေမင်းအရိပ်
"မှောင်မိုက်" နှင့် "မှောင်ရီဖြိုးခြင်း" ဟူသောအရာကို အခြေခံအားဖြင့် အဓိပ္ပါယ်တူပြီး အကျဉ်းထောင်သည် မည်မျှ မှောင်မိုက်ကြောင်းကို အထူးပြုထားသည်။ - ရှု [Psalms 107:10]

လူသားတို့၌ ပြုတော်မူသော ကရုဏာနှင့် အံ့ဘွယ်သောအမှုတော်တို့ကိုထောက်၍၊ ထာဝရဘုရား၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းကြစေ။
ဤတွင် "အို့ " ဟူသော စကားလုံးသည် ဘုရားသခင်ကို ချီးမွမ်းရန် ဆန္ဒရှိခြင်းအတွက် အသုံးပြုထားပါသည်။
"သစ္စာရှိခြင်း" ဟူသော နာမ်ကို နာမဝိသေသနအဖြစ် ဘာသာပြန်ဆိုနိုင်သည်။ ရှု - [Psalms 107:8]

အကြောင်းမူကား
အဘယ်ကြောင့်ဆိုသော်။

အကြောင်းမူကား၊ ကြေးဝါးတံခါးတို့ကို ချိုး၍၊ သံကန့်လန့်တို့ကို အပိုင်းပိုင်းဖြတ်တော်မူ၏။
ဤစကားစု နှစ်ခုတို့သည် ထာဝရဘုရားသည် အကျဉ်းထောင်မှ လူများကိုအမှန်တကယ် လွတ်မြောက်စေသည်ကို အထူးပြုစေရန်အသုံးပြုထားသည်။
အခြားသောဘာသာပြန်ဆိုချက် - ကိုယ်တော်သည် သူ့လူများကို ထောင်ထဲမှ လွတ်မြောက်စေသည်။"

Psalms 017

မိုက်သောသဘောရှိသော သူတို့သည်လမ်းလွဲ၍
သူတို့သည် မိုက်မဲစွာ ထာဝရဘုရားကို ဆန့်ကျင်၍ လမ်းလွဲကြသည်။

ဆင်းရဲခြင်းနှင့် တွေ့ကြုံ ရကြ၏။
သူတို့သည် ဝေဒနာခံစားကြရသည်။ အထူးသဖြင့်သူတို့သည် ဖျားနာခြင်းအားဖြင့် ဆင်းရဲဒုက္ခကြုံကြသည်။
အခြားသောဘာသာပြန်ဆိုချက် - သူတို့သည် ဖျားနာကြသည်။"

သေခြင်းတံခါး ငါ့အနီးသို့ ရောက်ကြ၏။
ဤတွင် "သေခြင်း" ဟူသောအပြုအမူကို "သေခြင်းတံခါး" ၏နေရာကဲ့သို့ ဖော်ပြထားပါသည်။
အခြားသောဘာသာပြန်ဆိုချက် - "သူတို့သည် သေလုနီးပါးဖြစ်သည်။"

ဆင်းရဲခံရသောအခါ ထာဝရဘုရားကို အော် ဟစ်၍၊
သူတို့သည် ဆုတောင်းသောကြောင့် ထာဝရဘုရားသည် သူတို့ကို မစ ကူညီကြောင့်ကို ရည်ညွှန်းထားသည်။ ရှု - Psalms 107:6.
အခြားသောဘာသာပြန်ဆိုချက် - သူတို့သည် ဘုရားသခင်ကို ဆုတောင်းပြီး သူတို့၏ ဒုက္ခဆင်းရဲကို မစပေးခဲ့သည်။"

Psalms 020

နှုတ်ကပတ်တော်ကိုလွှတ်သဖြင့်၊ သူတို့အနာကို ငြိမ်းစေ၍၊
ဤတွင် ဒါဝိဒ်က ဘုရားသခင်၏ စကားပြောခြင်းကို သူ၏ နှုတ်ကပတ်တော်စေလွှတ်ခြင်းကဲ့သို့ ဖော်ပြထားပါသည်။
ဖြစ်နိုင်သောအဓိပ္ပယ်များမှာ - ၁ ) "ကိုယ်တော်သည် သူတို့အား အမိန့်ပေးပြီးကျန်းမာစေသည်"


generated on Tue Jul 2 12:50:28 2024

လူသားတို့၌ ပြုတော်မူသော ကရုဏာနှင့် အံ့ဘွယ်သောအမှုတော်တို့ကို ထောက်၍၊ ထာဝရဘုရား ၏ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းကြစေ။
ဤတွင် "အို" ဟူသောစကားလုံးသည် ဘုရားသခင်အားချီးမွမ်းရန် ဆန္ဒပြင်းပြခြင်းအတွက် အသုံးပြုထားသည်။ "သစ္စာရှိခြင်း" ဟူသော နာမ်ကို နာမဝိသေသနအဖြစ် ဘာသာပြန်ဆိုနိုင်ပါသည်။ ရှု - [Psalms 107:8]

ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းကြစေ။
သူတို့သည် ကျေးဇူးတော်ချီးမွမ်းကို ပြသပေးသည်။

ရွှင် လန်းသော အသံနှင့်တကွ
ထိုအမှုများကို ချီးမွမ်းသီဆိုခြင်းအားဖြင့်။

Psalms 023

သဘော်စီးလျက်ပင်လယ်ကိုကူး၍
သူတို့သည် အရာဝတ္ထုများကိုရောင်းဝယ်ရန် သဘော်ဖြင့် ရွက်လွှင့်ကြသည်။ အခြားသောဘာသာပြန်ဆိုချက် - "ဝေးသောမြို့များတွင် ရွက်လွှင့် ကြသည်။"

Psalms 025

အမိန့်တော်ရှိ၍ လေပြင်းမုန်တိုင်းတိုက်သဖြင့်၊ လှိုင်းတံပိုးတို့ကို ထစေ၏။
"ကိုယ်တော်သည် လေကိုအမိန့် ပေးပြီး ပင်လယ်လှိုင်းတံပိုးတို့ကိုပင် ရပ်တန့် စေသည်။"

လေပြင်းမုန်တိုင်း
မိုးသက်လေပြင်းနဲ့အတူပါလာသော လေပြင်းမုန်တိုင်း။

လှိုင်းတံပိုးတို့ကို ထစေ၏။
ဤတွင် ဒါဝိဒ်က လှိုင်းတံပိုးများသည် မြင်းမားစွာဖြစ်စေခြင်းကို လေသည် တစ်စုံတစ်ခုကို အရှိန်ကြီးစွာ ထနေစေသည်။ အခြားသောသာပြန်ဆိုချက် - လှိုင်းတံပိုးများသည် ပင်လယ်ကို ကြီးမားသော လှိုင်းကယှက်များဖြစ်စေသည်။"

မိုယ်းကောင်းကင် တိုင်အောင်တက်လျက်၊ နက်နဲရာထဲသို့ ဆင်းလျက် တွေ့သောဘေးကြောင့်၊
ဤအရာသည် မိုးကောင်းကင်တိုင်အောင်တက်လျှက် လှိုင်းတံပိုးများနှင့် ဆင်းလျှက် ရှိကြောင့်ကို ဖော်ပြထားပါသည်။ အရှိန်ပြင်းစွာ ထလာခြင်းနှင့် လေသည်မည်သို့ ကြောက်စရာကောင်းအောင် တိုးချဲထားသည်ဟူသောအရာကို ဖော်ပြထားပါသည်။ ပြန်ဆို၊ "သူတို့၏ သဘော်သည် လှိုင်းကယှက်အပေါ် စီးနှင်းလျှက် လှိုင်းတံပိုးများကြား ကျဆင်းသွားသည်။"

တိမ်မြုပ်ခြင်းရှိကြ၏။
တိမ်မြုပ်ခြင်းရှိသည်" ဟူသောစကားစုသည်မှာ မည်သို့လုပ်ဆောင်ရမည်ကို မသိခြင်းဖြစ်သည်။ ပြန်ဆို၊ "မည်သို့လုပ်ဆောင်ရမည်ကိုမသိပါ"

Psalms 028

ဆင်းရဲခံရသောအခါ ထာဝရဘုရားကို အော် ဟစ်၍၊
ဤအရာသည် သူတို့အကူအညီရရှိရန် ဘုရားသခင်အား ဆုတောင်းခြင်းကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ဒုက္ခရောက်သောကာလ၌ မစရန် ဘုရားသခင်အားဆုတောင်းကြသည်။"

ထို့နောက် သူတို့သည်
သူတို့ဟူသော စကားလုံးသည် လှိုင်း သဘော်သားများကို ရည်ညွှန်းထားပါသည်။

လေပြင်းကို ပျောက်စေတော်မူ၍၊
ကိုယ်တော်သည် လေမုန်တိုင်းများကိုပင် ပျောက်စေပါသည်။

လှိုင်းတံပိုး များလည်း ငြိမ်ဝပ်ကြ၏။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက် - "ကိုယ်တော်သည် လှိုင်းတံပိုးများကို ငြိမ်ဝပ်စေသည်။"

ပို့ဆောင် တော်မူ၏။
"သူတို့ကို လမ်းပြတော်မူ၏။"

အလိုရှိရာ
"ဦးတည်ရာသည် သူတို့လိုချင်ရာသို့ ရွှေ့သွားတော်မူသည်။"

Psalms 031

လူသားတို့၌ ပြုတော်မူသော ကရုဏာနှင့် အံ့ဘွယ်သော အမှုတော်တို့ကို ထောက်၍၊ ထာဝရ ဘုရား၏ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းကြစေ။
လူသားများသည်သစ္စာတရားဖြင့် ထာဝရဘုရားကို ချီးမွမ်းကြစေ

အသက်ကြီးသူတို့၏ အစည်းအဝေး၌ ချီးမွမ်းကြစေ။
"အသက်ကြီးသောသူများအလယ်၌ ထိုင်နေကြသောအခါ." အဖွဲ့အစည်းအတွက် ဆုံးဖြတ်ချက်များချမှတ်ရန်နှင့် အဖွဲ့အစည်းနှင့်ပါတ်သက်သော အချက်များကို ဆွေးနွေးရန် အတူတကွထိုင်နေကြသည်။

Psalms 033

ပြုတော်မူ၏။
"ထာဝရဘုရားပြုလုပ်တော်မူ၏။"

ပြည်သူပြည်သားတို့ ၏ အပြစ်ကြောင့်
"ဆိုးသွမ်းသောသူတို့နေထိုင်သောကြောင့်"

တဖန်လွင်ပြင်ကို ရေနှင့်ပြည့်စေခြင်းငှါ၎င်း၊ သွေ့ခြောက်သော အရပ်ကိုလည်း စမ်းရေထွက်စေခြင်းငှါ ၎င်း ပြုတော်မူ၏။
ဤနှစ်ခုစလုံးတို့သည် အဓိပ္ပာယ်အတူတူဖြစ်ပြီး ဘုရားသခင်သည် သဲကန္တာရတွင်မည်သို့ ရေကိုပေါ်ထွက်စေကြောင့်ကို အထူးပြုဖော်ပြထားပါသည်။

အခြားသောဘာသာပြန်ဆိုချက် - "သဲကန္တာရဖြစ်သော မြေကိုရေစီးထွက်စေသည်။"

Psalms 036

ဝေတ်မွတ်သောသူတို့ကို နေရာ ချတော်မူ၍၊
"ထို" ၌ဟူသောစကားလုံးမှာ ထာဝရဘုရားက ရေထွက်စေပြီး ရေကန်ဖြစ်စေသောနေရာများကိုရည်ညွှန်းထားပါသည်။ နောက်ပြီး "ငတ်မွတ်သော" ဟူသည့်စကားစုသည် ဆာလောင်နေသောသူများကိုရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ဘုရားသခင်သည် ဆာလောင်နေသောသူများကိုပင် အသက်ရှင်စေသည်။"

စပျစ်ဥယျာဉ်ကိုလည်း စိုက်ပျိုး လျက်
"စပျစ်ဥယျာဉ်ကိုစိုက်ပျိုးသည်။"

မြေအသီးအနှံတို့ကို ပြုစုကြ၏။
"များပြားသောအသီးအနှံများကို ထုတ်လုပ်နိုင်ကြသည်။"

သူတို့သည် အလွန် ပွားများကြ၏။
"သူတို့သည် လူဦးရေ များပြားကြသည်။"

သူတို့သိုးနွားများကိုလည်း လျော့စေတော် မမူ။
အခြားသောဘာသာပြန်ဆိုချက် - "သူတို့၏ သိုး၊ နွားများကို များပြားစေသည်။"

Psalms 039

သူတို့သည်
"သူတို့" ဟူသောစကားလုံးသည် ဆာလောင်နေသောသူတို့အား ဘုရားသခင်သည် သူတို့နေရာသို့ ပြန်လည်ချပေးသော သူများကို ရည်ညွှန်းထားပါသည်။ ဤတွင် သူတို့ကို ဘုရားသခင်သည် သူတို့ကို မိမိနေရာသို့ ချပေးကြောင့်ကို ဖော်ပြထားသောအရာဖြစ်သည်။

ငြိုငြင် ခြင်း၊ စိတ်ပူပန်ခြင်းအားဖြင့် နှိမ့်ချလျက်နေရကြ၏။
အခြားသောဘာသာပြန်ဆိုချက် - "သူတို့၏ ခေါင်းဆောင်များသည် သူတို့၏ ပူပန်ခြင်းလျှော့စေပြီး သူတို့ကို နှိမ့်ချစေသည်။"

လျော့၍
"သူတို့သည် အရေအတွက်အားဖြင့် နည်းပါးကြသည်။"

လျော့၍ညှဉ်းဆဲခြင်း၊
ဤအရာဆိုလိုသည်မှာ နှိမ့်ချခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက် - "နှိမ့်ချသည်"

မင်းသားတို့ကို အရှက်ခွဲ၍၊
ဤတွင် ဒါဝိဒ်က ဘုရားသခင်သည် ခေါင်းဆောင်များအပေါ်၌ အရေကဲ့သို့သောအရာများကို သွန်းလောင်းထားသည်ကို ပြောဆိုထားပါသည်။

မင်းသားတို့ကို
"သီလနှင့် ပြည့်စုံသောသူများ" လူများကို ဖိနှိပ်သောခေါင်းဆောင်များကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "သူတို့ကို လွှမ်းမိုးနိုင်သောခေါင်းဆောင်များ"

လမ်းမရှိသော တော အရပ်၌
"လူများမသွားဖူးသောနေရာ။"

Psalms 041

သူသည်
"ထာဝရဘုရားသည်။"

ဆင်းရဲသောသူကိုလည်း
လိုအပ်နေသောသူများကိုရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "လိုအပ်နေသူများ"

သိုးစုကဲ့သို့ အိမ်ထောင်ပွားများစေတော်မူ၏။
ဤတွင် ဒါဝိဒ်က သိုးထိန်းသည် သိုးများကိုဂရုစိုက်သကဲ့သို့ ဘုရားသခင်သည်လည်း သူ့လူများကို မည်သို့ ဂရုစိုက်ကြောင့်ကို ခိုင်းနှိုင်းထားပါသည်။ ဖြစ်နိုင်သောအဓိပ္ပါယ်များမှာ - ၁ ) လူများကို မိသားစုများတွင် သိုးများကဲ့သို့ တိုးပွားစေသည်" - ၂ ) သိုးထိန်းသည် သိုးများကို ထိန်းကျောင်းသကဲ့သို့ သူတို့ကိုလည်း စောင့်ထိန်းထားပါသည်။

ဖြောင့်မတ်သောသူတို့သည်။
ဖြောင့်မတ်မှန်ကန်စွာ အသက်ရှင်နေထိုင်သောသူကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ဖြောင့်မတ်သောသူများ" သို့မဟုတ် "မှန်ကန်သောအမှုများကို လုပ်ဆောင်သောသူများ"

ဒုစရိုက်သည်လည်း
ဤတွင် ဆိုးသွမ်းသောသူများဟူသည်မှာ "ဒုစရိုက်ပြုလုပ်ခြင်း" ကိုရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ဒုစရိုက်ပြုသောသူများ"

မိမိနှုတ်ကို ပိတ်ရ၏။
ဤအရာသည် တုံ့ပြန်သောအရာကို မဆိုလိုပါ။ အခြားသောဘာသာပြန်ဆိုချက် - "ထာဝရဘုရားကို ဆန့်ကျင်ရပြောစရာဘာမှမရှိပါ"

ဤအမှု အရာတို့ကို ဆင်ခြင်၍၊
ဤတွင် စဉ်းစားစရာ အမှုများကိုဆိုလိုပါသည်။ အခြားသောဘာသာပြန်ဆိုချက် - ဤအရာများကို စဉ်းစားပါ" (သို့ ) "ဤအမှုများကို မှတ်သားပါ"



generated on Tue Jul 2 12:50:28 2024

# Translation Questions

Psalms 107:1

ထာဝရဘုရား၏ ကရုဏာတော်သည် မည်မျှကြာမည်နည်း။
ထာဝရဘုရား၏ ကရုဏာတော်သည် အစဉ်အမြဲတည်သည်။

ထာဝရဘုရားက မည်သည့်နေရာမှ ရွေးနှုတ်သောသူများကို စုသိမ်းမည်နည်း။
ထာဝရဘုရားက ရန်သူ၏ လက်နှင့် အရှေ့အနောက် တောင်မြောက်အရပ်ရပ်ထဲမှ ရွေးနှုတ်သောသူများကို စုသိမ်းသည်။

Psalms 107:4

ထိုသူတို့သည် ဆင်းရဲခံရ၍ ထာဝရဘုရားကို အော်ဟစ်သောအခါ ထာဝရဘုရားက မည်သို့ ပြုလုပ်ခဲ့သနည်း။
ထာဝရဘုရားက သူတို့ကို ဆင်းရဲဒုက္ခမှ ကယ်နှုတ်သည်။

Psalms 107:8

မည်သည့်အရာအတွက် လူများက ထာဝရဘုရား၏ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းကြသနည်း။
ကရုဏာနှင့်အံ့ဩဘွယ်သော အမှုတော်တို့ကို ထောက်၍ လူများက ထာဝရဘုရား၏ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းကြသည်။

Psalms 107:11

လူတို့၏ စိတ်ကို ထာဝရဘုရားက မည်ကဲ့သို့ နှိမ့်ချစေခဲ့သနည်း။
လူတို့၏ စိတ်ကို ဆင်းရဲဒုက္ခခံခြင်းအားဖြင့် ထာဝရဘုရားက နှိမ့်ချစေခဲ့သည်။

Psalms 107:14

မည်သည့်တံခါးနှင့် သံကန့်လန့်တို့ကို ထာဝရဘုရားက သူ၏ လူများအတွက် ချိုးခဲ့သနည်း။
ကြေးတံခါးတို့နှင့် သံကန့်လန့်တို့ကို ထာဝရဘုရားက သူ၏ လူများအတွက် ချိုးခဲ့သည်။

Psalms 107:17

လူများတို့သည် အဘယ်ကြောင့် ဆင်းရဲခြင်းနှင့် တွေ့ကြုံရကြသနည်း။
လူများတို့သည် ဒုစရိုက်အပြစ်ကို ပြုသောကြောင့် ဆင်းရဲခြင်းနှင့် တွေ့ကြုံရကြသည်။

Psalms 107:20

မည်သည့်ယဇ်ကို လူများက ထာဝရဘုရားအား ပူဇော်ကြသနည်း။
ကျေးဇူးတော်ဝန်ခံရာယဇ်ကို လူများက ထာဝရဘုရားအား ပူဇော်သည်။

Psalms 107:23

သင်္ဘောများဖြင့် ပင်လယ်ပေါ်သို့ ခရီးသွား၍ တိုင်းတပါးနိုင်ငံသို့ အလုပ်လုပ်ခဲ့သော လူတွေသည် ထာဝရဘုရား၏ မည်သည့်အရာကို မြင်တွေ့ခဲ့သနည်း။
သူတို့သည် ပင်လယ်ပေါ်၌ ထာဝရပြုတော်မူသော အံ့ဩဖွယ်ရာများကို မြင်တွေ့ခဲ့သည်။

Psalms 107:25

အဘယ်ကြောင့် လှိုင်းလုံးများသည် ကောင်းကင်မှ ရောက်ရှိလာပြီး သူတို့သည် အနက်သို့ တွဲကျခဲ့သောအခါ လူတို့တွင် ဖြစ်ပျက်ခဲ့သနည်း။
လူတွေ၏ ရဲရင့်ခြင်းသည် ဘေးအန္တရာယ်များကြောင့် အဝေးသို့ အရည်ပျော်ခဲ့သည်။

Psalms 107:28

သူတို့သည် ထာဝရဘုရားကို သူတို့၏ ဒုက္ခထဲတွင် ခေါ်သောအခါ လူတွေသည် မည်သည့်အရာဖြစ်ခဲ့သနည်း။
ထာဝရဘုရားသည် သူတို့၏ စိတ်ပူခြင်းမှ ဆောင်ယူခဲ့ပြီး မုန်တိုင်းကို ငြိမ်သက်စေခဲ့သည်။

Psalms 107:31

လူတွေသည် မည်သည့်နေရာတွင် ထာဝရဘုရားကို ချီးမြှောက်သင့်သနည်း။
လူပရိသတ်၏အလယ်မှာ ထာဝရဘုရားကို ချီးမြှောက်၍ အသက်ကြီးသူတို့၏ အစည်းအဝေး၌ ချီးမွမ်းကြပါသည်။

Psalms 107:33

ထာဝရဘုရားသည် လူတွေ၏ ဆိုးသွမ်းမှုများကြောင့် မြေအသီးအနှံများကောင်းသောပြည်ကို မည်သည့်အရာ လုပ်ခဲ့သနည်း။
မြေကောင်းသော ပြည်ကို ပြည်သူပြည်သားတို့၏ အပြစ်ကြောင့် ဆားမြေဖြစ်စေတော်မူ၏။

Psalms 107:36

လူတွေသည် သူတို့၏မြို့ထဲတွင် မည်သည့်အရာကို စိုက်ပျိုးခဲ့သနည်း။
သူတို့သည် စပျစ်ဥယျာဉ်များနှင့် လယ်များကို စိုက်ပျိုးခဲ့သည်။

Psalms 107:39

ထာဝရဘုရားသည် ခေါင်းဆောင်များအပေါ်တွင် ရှုံ့ရှာဖွယ်ဖြစ်ခြင်းကို သွန်းလောင်းသောအခါ သူတို့တွင် မည်သို့ ဖြစ်လိမ့်မည်နည်း။
ထာဝရဘုရားသည် လမ်းမရှိသောနေရာ၊ တောထဲမှာလှည့်ပတ်ဖို့ရန် သူတို့ကို ဖြစ်စေခဲ့သည်။


generated on Tue Jul 2 12:50:28 2024

Psalms 107:41

ဖြောင့်မတ်သောသူသည် ထာဝရဘုရား၏ ကွယ်ကာခြင်း၊ ဝမ်းမြောက်ခြင်းကို မြင်တွေ့သောအခါ ဆိုးသွမ်းသောသူတို့သည် မည်သည့်အရာလုပ်လိမ့်မည်နည်း။

ဆိုးသွမ်းသောသူတို့အားလုံးသည် သူတို့၏ ပါးစပ်ကို ပိတ်ကြလိမ့်မည်။

စာရေးသူသည် ထိုအရာတွေ၏ မှတ်သားမှုကို ယူဖို့ရန် မည်သူ့အပေါ် ခေါ်ဝေါ်ခဲ့သနည်း။

စာရေးသူသည် ပညာရှိသောသူတို့အား ထိုမှတ်စုကိုယူဖို့ရန်နှင့် သစ္စာရှိသော ပဋိညာဉ်စာချုပ်၏ ထာဝရဘုရားပြု တော်မူသောအရာအပေါ် ဆင်ခြင်ဖို့ရန် ခေါ်ဝေါ်ခဲ့သည်။

## Chapter 108

1 အိုဘုရားသခင်၊ အကျွန်ုပ် နှလုံးသည် တည် ကြည်ပါ၏။ သီချင်းဆိုပါမည်။ ဝိညာဉ်ပါလျက် ချီးမွမ်း ထောမနာပြုပါမည်။ 2
တယောနှင့် စောင်းတို့၊ နိုးကြလော့။ ငါလည်း စောစောနိုးမည်။ 3 အို ထာဝရဘုရား၊ ပရိတ်သတ်အလယ်၌ ကိုယ်တော်ကို
ချီးမွမ်းပါမည်။ လူမျိုးတို့တွင် ကိုယ်တော် အား ထောမနာသီချင်းဆိုပါမည်။ 4 အကြောင်းမူကား၊ ကရုဏာတော်သည် ကောင်း
ကင်သို့ငင်၊ သစ္စာတော်သည် မိုဃ်းတိမ်သို့ငင်း မှီပါ၏။ 5 အို ဘုရားသခင်၊ ကောင်းကင်မြင့်သည်ထက်
ကိုယ်တော်ကြီးမြင့်တော်မူစေသတည်း။ မြေကြီးတပြင်လုံး ကို ဘုန်းတော်လွှမ်းမိုးပါစေသတည်း။ 6 ချစ်တော်မူသော သူတို့သည်
ချမ်းသာရမည် အကြောင်း၊ အကျွန်ုပ်စကားကို နားထောင်၍၊ လက်ျာ လက်ရုံးတော်အားဖြင့် ကယ်တင်တော်မူပါ။ 7
သန့်ရှင်းခြင်းပါရမီတော်ကို တိုင်တည်၍၊ ဘုရား သခင်သည် ဗျာဒိတ်ထားတော်မူသောကြောင့်၊ ငါသည် ဝမ်းမြောက်မည်။ ရှေခင်မြို့ကို
ပိုင်းခြားမည်။ သုကုတ် လယ်ပြင်ကို တိုင်းထွာမည်။ 8 ဂိလဒ်ပြည်ကိုငါပိုင်ရ၏။ မနာရှေပြည်ကိုလည်း ငါပိုင်ရ၏။ ဧဖရိမ်ပြည်ကား
ငါ့ဦးခေါင်း၏ အစွမ်းဖြစ်ရ ၏။ ယုဒပြည်ကား ငါ၏လွှတ်တော်ဖြစ်ရ၏။ 9 မောဘပြည်ကား ငါ့ရေချိုးအိုး ဖြစ်ရ၏။ ဧဒုံပြည်ကား
ငါ့ခြေနင်းရာဖြစ်ရ၏။ ဖိလိတ္တိပြည် အပေါ်မှာ အောင်သံနှင့် ကြွေးကြော်မည်။ 10 အားကြီးသော မြို့ထဲသို့ ငါ့ကို အဘယ်သူ
သွင်းပေးမည်နည်း။ ဧဒုံပြည်သို့ ငါ့ကို အဘယ်သူလမ်းပြ မည်နည်း။ 11 အိုဘုရားသခင်၊ အကျွန်ုပ်တို့ကို စွန့်ပစ်တော် မူသော
ကိုယ်တော်သည် ပြုတော်မူမည်မဟုတ်လော။ အိုဘုရားသခင်၊ အကျွန်ုပ်တို့ ဗိုလ်ခြေနှင့်အတူ ကြွတော် မမူသော ကိုယ်တော်သည်
ပြုတော်မူမည် မဟုတ်လော။ 12 ဒုက္ခနှင့်ကင်းလွတ်စေခြင်းငှါ မစတော်မူပါ။ လူတို့သည် ကယ်တင်ခြင်းငှါ မတတ်နိုင်ကြပါ။ 13
ဘုရားသခင်အားဖြင့် ငါတို့သည် ရဲရင့်စွာ ပြုကြမည်။ ငါတို့၏ ရန်သူများကို ကိုယ်တော်တိုင် နင်းတော်မူမည်။

---

---

### Psalms 001

ယေဘုယျအချက်အလက်
ပြိုင်တူနှိုင်းယှဉ်ချက်သည် ဟေဗြဲကဗျာ၌ အများသုံးတွေ့ရသည့်အရာဖြစ်သည်။

ဒါဝိဒ်၏ ဆာလံ
ဖြစ်နိုင်သောအဓိပ္ပယ်များမှာ - ၁ ) ဒါဝိဒ်သည်ဆာလံကျမ်းကိုရေးသားခဲ့သည် သို့မဟုတ် ဆာလံသည် ဒါဝိဒ်အကြောင်းဖြစ်သည် သို့မဟုတ် ဆာလံသည် ဒါဝိဒ်၏ ဆာလံကဲ့သို့ ပုံစံဖြစ်သည်။

အိုဘုရားသခင်၊ အကျွန်ုပ် နှလုံးသည် တည် ကြည်ပါ၏။
ဤတွင် ဒါဝိဒ်က သူ့နှလုံးသားကို ရည်ညွှန်းထားပါသည်။ နောက်ပြီး တည်ကြည်သည် ဟူသောစကားလုံးသည် လုံးလုံးလျားလျား ယုံကြည်ကိုးစားခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "ငါ့နှလုံးသားသည် ထာဝရဘုရား၌ တည်ကြည်ပါသည်" သို့မဟုတ် "ငါသည် ထာဝရဘုရား၌ လုံးလုံးလျားလျား ကိုးစားပါသည်။"

ဝိညာဉ်ပါလျက် ချီးမွမ်း ထောမနာပြုပါမည်။
ဤတွင် ဒါဝိဒ်က သူ့ကိုသူ ထာဝဘုရားသခင်အား ရိုသေမှုပြုခြင်းကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ကိုယ်တော်သည် ချီးမွမ်းသီချင်းဆိုရန် ခွင့်ပေးထားသည်"

တယောနှင့် စောင်းတို့၊ နိုးကြလော့။
ဤတွင် ဒါဝိဒ်က တူရိယာတီးခြင်းကို အိပ်ရာမှ နိုးထခြင်းကဲ့သို့ ဖြစ်ကြောင့်ဖော်ပြထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ငါသည် တယောနှင့် စောင်းကိုတီးခြင်းအားဖြင့် ကိုယ်တော့်ကို ချီးမွမ်းပါမည်။"

ငါလည်း စောစောနိုးမည်။
ဒါဝိဒ်က စောစောနိုးထခြင်းကို လူတစ်ယောက်သည် မနက်စောစောနိုးထသကဲ့သို့ ဖော်ပြထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "မနက်စောစော နိုးပြီး ကိုယ်တော့်ကို ချီးမွမ်းပါမည်"

စောစော
နေထွက်လာသောအခါ

### Psalms 003

အကြောင်းမူကား၊ ကရုဏာတော်သည် ကောင်း ကင်သို့ငင်၊ သစ္စာတော်သည် မိုဃ်းတိမ်သို့ငင်း မှီပါ၏။
ဤစကားစုနှစ်ခုတို့သည် အတူတူဖြစ်သည်။ ဘုရားသခင်၏ သစ္စာတော်သည် မိုဃ်းတိမ်သို့မှီကြောင်းကို ဂရုဏာတော်သည်လည်း ကောင်းကင်သို့မှီကြောင်းကိုနှိုင်းယှဉ်ဖော်ပြထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ကိုယ်တော်၏ သစ္စာတော်သည် ကောင်းကင်နှင့် မြေကြီးဝေးကွာသည်ထက်သာ၍ ကြီးမြက်ပါသည်။

### Psalms 005

ကောင်းကင်မြင့်သည်ထက် ကိုယ်တော်ကြီးမြင့်တော်မူစေသတည်း။
ဆာလံဆရာက သူသည်ထာဝရဘုရားကိုချီးမြောက်ကြောင်းပြသပြောဆိုထားပါသည်။ ကောင်းကင်အထက်၌ ချီးမြောက်ခြင်းဟူသည် သူ၏ကြီးမြတ်ခြင်းကို ပုံဆောင်ထားပါသည်။

အခြားသောဘာသာပြန်ဆိုချက် - "ကိုယ်တော်သည် ကောင်းကင်အထက်တွင် ကြီးမြတ်တော်မူကြောင်းကို ပြသသည် သို့မဟုတ် ဘုရားသခင်သည် ကောင်းကင်ထက် သာ၍ကြီးမြတ်သောသူဖြစ်ကြောင့်ကို ပြသခဲ့သည်။"

ဘုန်းတော်လွှမ်းမိုးပါစေသတည်း။
ဤတွင် ထာဝရဘုရားသည် သူ့ဘုန်းတော်ကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ကိုယ်တော်သည် ဘုန်းကြီးတော်မူစေသတည်း။"

ချစ်တော်မူသော သူတို့သည် ချမ်းသာရမည် အကြောင်း။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက် - "ချမ်းသာမှုကို လိုအပ်နေသောသူများကြောင့်" သို့မဟုတ် "ချစ်တော်မူသောသူကို ကယ်တင်တော်မူသည်။"

လက်ျာ လက်ရုံးတော်အားဖြင့်
ဤတွင် ဘုရားသခင်၏ "လက်ရုံးတော်" ဟူသည်မှာ သူ့ဘုန်းကို ရည်ညွှန်းထားပါသည်။ အခြားသောဘာပြန်ဆိုချက် - "ကိုယ်တော်၏ ဘုန်းတန်ခိုးအားဖြင့်"

အကျွန်ုပ်စကားကို နားထောင်၍၊
ဤတွင် စကားကိုနားထောင်သည် ဟူသောအရာမှာ သူတောင်းလျှောက်သောအရာကို တုံ့ပြန်မှုဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "ငါတောင်းလျှောက်ချက်ကို နားထောင်တော်မူသည်" သို့မဟုတ် "ငါ့ဆုတောင်းချက်ကို အဖြေပေးသည်။"

## Psalms 007

သန့်ရှင်းခြင်းပါရမီတော်ကို တိုင်တည်၍၊ ဘုရား သခင်သည် ဗျာဒိတ်ထားတော်မူသောကြောင့်
ဤတွင် ဒါဝိဒ်က ဘုရားသခင်သည်သန့်ရှင်းသောကြောင့် ၎င်းကိုတိုင်တည်၍ စကားပြောကြောင်းကို ခံနွာကိုယ်ပိုင်းဆိုင်ရာ၌လည်း သန့်ရှင်းကြောင်း ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ဘုရားသခင်သည် သန့်ရှင်းကြောင်းကို ပြောဆိုထားသည်။"

ရှေခင်မြို့ကို ပိုင်းခြားမည်။ သုကုတ် လယ်ပြင်ကို တိုင်းထွာမည်။
ဤတွင် ဘုရားသခင်သည် ရှေခင်မြို့နှင့် သုကုတ်မြို့ ၏ နယ်မြေကို ခွဲဝေပေးကြောင်းကို ပြောဆိုထားပါသည်။

ငါပိုင်ရ၏
ပိုင်ဆိုင်သောအရာကို ခွဲဝေပိုင်းခြားသည်။

ဧဖရိမ်ပြည်ကား ငါ့ဦးခေါင်း၏ အစွမ်းဖြစ်ရ ၏။
ဘုရားသခင်သည် ဧဖရိမ်အမျိုးကို  သူ့တပ်သားကဲ့သို့ ပြောဆိုထားပါသည်။ ဦးခေါင်းဟူသည်မှာ စစ်ပွဲအတွက် ပြင်ဆင်ခြင်းကို ပုံဆောင်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ဧဖရိမ်သည် ငါရွေးကောက်သော ဦးခေါင်းကဲ့သို့ ဖြစ်သည်" သို့မဟုတ် "ဧဖရိမ်အမျိုးသည် ငါ၏ဗိုလ်ခြေဖြစ်သည်။"

ငါ့ဦးခေါင်း
စစ်သားများက ထိခိုက်ဒဏ်ရာမှ လွတ်ကင်းစေရန် ခက်ခဲစွာ ဝတ်ဆင်ထားသည့် ဦးထုတ်ဖြစ်သည်။

ယုဒပြည်ကား ငါ၏လွတ်တော်ဖြစ်ရ၏။
ဘုရားသခင်သည် ယုဒအမျိုးထဲမှ ရှင်ဘုရင်အဖြစ်ရွေ့ချယ်ပြီး ထိုလူမျိုးကို သူ့လွတ်တော်ကဲ့သို့ ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ယုဒအမျိုးသည် ငါ၏လွတ်တော်ကဲ့သို့ဖြစ်သည်" သို့မဟုတ် "ယုဒအမျိုးအားဖြင့် ငါ့လူမျိုးကို အုပ်စိုးစေသော အရာဖြစ်သည်။"

## Psalms 009

မောဘပြည်ကား ငါ့ရေချိုးအိုး ဖြစ်ရ၏။
ဘုရားသခင်က မောဘအမျိုးကို အရေးမပါသောလူမျိုး၊ နှိမ့်ကျသောလူမျိုးကဲ့သို့ ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "မောဘသည် ငါရေချိုးရာတွင် အသုံးပြုသော ရေခွက်ကဲ့သို့သာဖြစ်သည်။"

ဧဒုံပြည်ကား ငါ့ခြေနင်းရာဖြစ်ရ၏။
ဘုရားသခင်က ဧဒုံပြည်ကို သူပိုင်ဆိုင်သော ခြေနင်းရာအရပ်ကို လွင့်ပစ်သော သင်္ကေတအဖြစ် ပြောဆိုထားပါသည်။ သို့သော် အခြားသော အဓိပ္ပယ်ဖွင့်ဆိုချက်များလည်းရှိသည်။ အခြားသောဘာသာပြန်ဆိုချက် - "ငါသည် ဧဒုံပြည်ပိုင်သော မြေကိုယူဆောင်သည်" သို့မဟုတ် "ငါသည် ဧဒုံပြည်ကို ငါပိုင်သော မြေအဖြစ် လွင့်ပစ်ထားသည်။"

## Psalms 011

ယေဘုယျအချက်အလက်
၁၀၈:၁၁ မြောက်သော ဆာလံသည် စကားစုမရှိပါ။ သို့သော် ဟူသောအရာသည် ၆၀:၁၀ မှာကဲ့သို့ အစပြုထားပါသည်။

အိုဘုရားသခင်၊ အကျွန်ုပ်တို့ကို စွန့်ပစ်တော် မူသော ကိုယ်တော်သည် ပြုတော်မူမည်မဟုတ်လော။
ဆာလံဆရာက သူ၏ဝမ်းနည်းမှုသည် ဘုရားသခင်ငြင်းပယ်သောအရာကဲ့သို့ ဤမေးခွန်းကို အသုံးပြုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ကိုယ်တော်သည် ငါတို့ကို ငြင်းပယ်သကဲ့သို့ဖြစ်သည်" သို့မဟုတ် ကိုယ်တော်သည် ငါတို့ကို ဘေးဖယ်ထားကဲ့သို့ဖြစ်သည်။"

ငါတို့၏ ရန်သူများကို ကိုယ်တော်တိုင် နင်းတော်မူမည်။
ဆာလံဆရာက ဘုရားသခင်သည် ရန်သူများအားကူညီခြင်းကို သူသည်စစ်သွားတိုက်သကဲ့သို့ ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ငါတို့သည် စစ်ပွဲတိုက်ရာတွင် သင်သည်မကူညီခဲ့ပါ။"

မတတ်နိုင်ကြပါ။
"အချည်းနှီးဖြစ်သည်။"


generated on Tue Jul 2 12:50:28 2024

ကိုယ်တော်တိုင် နင်းတော်မူမည်။
"အောင်မြင်ခြင်း ရရှိသည်။"

ငါတို့၏ ရန်သူများကို ကိုယ်တော်တိုင် နင်းတော်မူမည်။
ဆာလံဆရာက ဘုရားသခင်သည် ရန်သူများကိုတိုက်ခိုက်ချေမှုန်ခြင်းကို သူသည် ရန်သူများအပေါ် တုန်လှုပ်စေသောအရာကဲ့သို့ ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ကိုယ်တော်သည် ငါတို့၏ရန်သူများကိုပင် တုန်လှုပ်နိုင်စွမ်းပြုစေမည်" သို့မဟုတ် "ကိုယ်တော်သည် ငါတို့၏ ရန်သူများအပေါ် တိုက်ခိုက်နိုင်စေပါသည်။"

---

## Translation Questions

Psalms 108:1

ဒါဝိဒ်သည် မည်ကဲ့သို့သော အရာဖြင့် ထောမနာသီချင်းကို ဆိုသနည်း။
ဒါဝိဒ်မင်းကြီးသည် ရိုသေလေးစားသောစိတ်ထားဖြင့် ထောမနာသီချင်းကို ဆိုသည်။

Psalms 108:3

ထာဝရဘုရား၌ ဖြောင့်မတ်စွာရှိသော ပဋိညာဉ်ကို ဒါဝိဒ်မင်းကြီးက မည်ကဲ့သို့ ကြီးမြတ်ကြောင်း ပြောကြားခဲ့သနည်း။
ထာဝရဘုရား၌ ဖြောင့်မတ်စွာရှိသော ပဋိညာဉ်ကိုဒါဝိဒ်ကမိုဃ်းကောင်းကင်ထက်သာ၍ မြင့်မားကြောင်း ပြောကြားခဲ့သည်။

Psalms 108:5

ထာဝရဘုရား၏ ဘုန်းအာနုဘော်ကို ချီးမြှောက်ရန် ဒါဝိဒ်က မည်သည့်နေရာကို ကြွေးကြော်ထားသနည်း။
ထာဝရဘုရား၏ ဘုန်းအာနုဘော်ကို ချီးမြှောက်ရန် ဒါဝိဒ်က မြေပြင်တခုလုံးကို ကြွေးကြော်ထားသည်။

Psalms 108:7

ဧဖရိမ်အမျိုးနှင့် ယုဒအမျိုးတို့အား ထာဝရဘုရားက မည်ကဲ့သို့ မြွက်ဆိုထားသနည်း။
ဘုရားသခင်က ဧဖရိမ်အမျိုးအား ဦးခေါင်းဖြစ်၍ ယုဒအမျိုးသည် သူ၏ လွှတ်တော်ဖြစ်သည်ဟု မြွက်ဆိုကြသည်။

Psalms 108:9

ဖိလိတ္တိလူတို့ကြောင့် ထာဝရဘုရားသည် မည်ကဲ့သို့ ကြွေးကြော်လိမ့်မည်နည်း။
ဖိလိတ္တိလူတို့အဖို့ ထာဝရဘုရားက အောင်သံနှင့် ကြွေးကြော်လိမ့်မည်။

Psalms 108:11

ဒါဝိဒ်က တစ်စုံတစ်ဦးထံမှ ကူညီခြင်းမဟုတ်သောအရာသည် အချည်းနှီးဟု ပြောကြာခဲ့သနည်း။
လူတို့သည် ကယ်တင်ခြင်းငှါမတတ်နိုင်သောကြောင့် ထာဝရဘုရားထံမှ ကူညီမစခြင်းကို ဒါဝိဒ်တောင်းလျှောက်သည်။

ဘုရားသခင်၏မစမှုဖြင့်ရရှိသောအောင်မြင်ခြင်းကို ဒါဝိဒ်မည်သို့ ဖော်ပြသနည်း။
ဘုရားသခင်၏ မစမှုကြောင့် အောင်မြင့်လိမ့်မည်ဟု ဒါဝိဒ်ပြောခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် ဒါဝိဒ်၏ရန်သူတို့ကို နင်းတော်မူမည်။

---

## Chapter 109

1 အကျွန်ုပ် ချီးမွမ်းသော ဘုရားသခင်၊ တိတ် ဆိတ်စွာနေတော်မမူပါနှင့်။ 2 မတရားသောသူနှင့် သစ္စာပျက်သော သူတို့ သည်
အကျွန်ုပ်တဘက်၌နှုတ်ကိုဖွင့်၍၊ မုသားစကားကို ပြောဆိုကြပါ၏။ 3 မနာလိုသောစိတ်နှင့် စကားပြောလျက်၊ အကျွန်ုပ်ကိုဝိုင်း၍
အကြောင်းမရှိဘဲ စစ်တိုက်ကြပါ၏။ 4 အကျွန်ုပ်၏ မေတ္တာအတွက် သူတို့သည် ရန်ဘက်ပြုကြပါ၏။ အကျွန်ုပ်မူကား ပဌနာပြုလျက်
နေပါ၏။ 5 အကျွန်ုပ်ပြုသော ကျေးဇူးအတွက် မကောင်း သောအပြစ်ကိုင်၎င်း၊ အကျွန်ုပ်မေတ္တာအတွက် မုန်းခြင်းကို ၎င်း
ဆပ်ပေးကြပါ၏။ 6 ထိုသို့သော သူ၏အပေါ်မှာ မတရားသောသူကို ခန့်ထားတော်မူပါ။ သူ၏လက်ျာနားမှာ ရန်သူနေပါစေ။ 7 သူသည်
တရားစီရင်ခြင်းကို ခံရာတွင်ရှုံးပါစေ။ သူပြုသော ပဌနာသည် ပြစ်မှားခြင်းဖြစ်ပါစေ။ 8 သူ၏အသက်တိုပါစေ။ သူ၏အရာကိုလည်း
အခြားသူရပါစေ။ 9 သူ၏သားတို့သည် ဘသားဆိုး၊ မယားလည်း မုတ်ဆိုးမဖြစ်ပါစေ။ 10 သူ၏သားတို့သည် အရပ်ရပ်လည်၍
သူတောင်း စား ဖြစ်ကြပါစေ။ ပျက်စီးသော မိမိတို့နေရာများမှ ထွက်၍၊ အစာကိုရှာကြပါစေ။ 11 သူ၌ရှိသမျှကို
ကြွေးရှင်သိမ်းယူပါစေ။ သူလုပ် ၍ရသော ဥစ္စာကိုလည်း တပါးအမျိုးသား လုယူပါစေ။ 12 သူ၌ကျေးဇူးပြုသောသူ၊ သူ၏ဘသားဆိုး
တို့ကို ကယ်မသနားသောသူ တယောက်မျှ မရှိစေနှင့်။ 13 သူ၏အနွယ်သည် ပြတ်ပါစေ။ လူမျိုးဆင်းသက် ၍ တဆက်တည်းတွင်၊
သူတို့၏ နာမည်သည် ကျေပျောက် ပါစေ။ 14 သူ့ဘိုးဘေးတို့၏ ဒုစရိုက်ကို ထာဝရဘုရား သည် သတိရတော်မူပါစေ။ သူ့အမိ၏
အပြစ်သည် မဖြေပါစေနှင့်။ 15 ထိုဒုစရိုက်အပြစ်သည် ထာဝရဘုရားရှေ့မှာ အစဉ်အမြဲ ထင်ရှား၍၊ မြေကြီးပေါ်မှာ ထိုသူတို့ကို
အောက်မေ့စရာ အမှတ်မျှ မရှိစေခြင်းငှါ၊ ပယ်ရှင်းတော်မူ ပါစေ။ 16 အကြောင်းမူကား၊ ထိုသူသည် ကယ်မ သနားခြင်းငှါ သတိမရှိ။
ဆင်းရဲငတ်မွတ်၍ စိတ်ပျက် သောသူကို သေစေသည်တိုင်အောင် ညှဉ်းဆဲပြီ။ 17 သူသည် ကျိန်ဆဲခြင်းကို နှစ်သက်သည်နှင့်အညီ၊
သူ့အပေါ်သို့ ရောက်ပါစေ။ ကောင်းကြီးမင်္ဂလာကို အလိုမရှိသည်အတိုင်း သူနှင့်ဝေးပါစေ။ 18 အဝတ်ကို ဝတ်သကဲ့သို့ ကျိန်ဆဲခြင်းကို
ဝတ်ရပါ စေ။ ရေကဲ့သို့ သူ၏ဝမ်းထဲသို့၎င်း၊ ဆီကဲ့သို့ သူ၏အရိုး ထဲသို့၎င်း ဝင်ပါစေ။ 19 သူ၏ကိုယ်ကိုခြုံသော အဝတ်ကဲ့သို့၎င်း၊
သူ၏ ခါး၌ အစဉ်စည်းသော ခါးစည်းကဲ့သို့၎င်း သူ၌ဖြစ်ပါစေ။ 20 ငါ၏ဝိညာဉ်တဘက်၌ မကောင်းသောစကားကို ပြောတတ်သော
ငါ၏ရန်သူတို့သည် ထိုသို့သော အကျိုး ကို ထာဝရဘုရားထံ ခံရကြပါစေ။ 21 အိုဘုရားရှင် ထာဝရဘုရား၊ နာမတော်အတွက် ကြောင့်
အကျွန်ုပ်အမှုကို စောင့်တော်မူပါ။ ကရုဏာတော် ကောင်းသည်ဖြစ်၍၊ အကျွန်ုပ်ကို ကယ်နှုတ်တော်မူပါ။ 22 အကျွန်ုပ်သည်
ဆင်းရဲငတ်မွတ်ပါ၏။ အကျွန်ုပ် အထဲ၌ နှလုံးနာလျက်ရှိပါ၏။ 23 ရှည်လျားသော အရိပ်ကဲ့သို့ အကျွန်ုပ်ရွေ့သွား ပါ၏။
ကျိုင်းကောင်ကဲ့သို့ လှုပ်ရှားလျက်ရှိပါ၏။ 24 အစာမစားဘဲ နေရသောကြောင့်၊ ဒူးဆစ်နုန့်နဲ့၍ အသားလည်း လျော့ပါ၏။ 25
အကျွန်ုပ်သည်လည်း သူတပါးတို့ ကဲ့ရဲ့စရာ အကြောင်းဖြစ်၍၊ သူတို့သည် အကျွန်ုပ်ကို မြင်သော အခါ၊ ခေါင်းညှိတ်ခြင်းကို
ပြုကြပါ၏။ 26 အကျွန်ုပ်၏ ဘုရားသခင်ထာဝရဘုရား၊ အကျွန်ုပ်ကို မစတော်မူပါ။ ကရုဏာတော်ရှိသည်အတိုင်း ကယ်တင်တော်မူပါ။
27 ထိုအမှုသည် တန်ခိုးတော်ကြောင့်ဖြစ်၍၊ ထာဝရဘုရားတည်းဟူသော ကိုယ်တော်စီရင်တော်မူ သည်ဟု ထိုသူတို့သည်
သိကြပါစေသော။ 28 ထိုသူတို့သည် ကျိန်ဆဲသော်လည်း၊ ကိုယ်တော်မူကား ကောင်းကြီးပေးတော်မူပါ။ သူတို့သည် ထသောအခါ
အရှက်ကွဲကြပါစေသော။ ကိုယ်တော်၏ ကျွန်မူကား၊ ဝမ်းမြောက်ပါစေသော။ 29 အကျွန်ုပ်၏ ရန်သူတို့သည် ရှက်ကြောက်ခြင်း
အဝတ်ကိုဝတ်၍၊ စောင်နှင့်ခြုံသကဲ့သို့၊ မျက်နှာပျက်ခြင်း နှင့် ကိုယ်ကိုခြုံကြပါစေသော။ 30 အကျွန်ုပ်သည် နှုတ်မြွက်၍၊
ထာဝရဘုရား၏ ဂုဏ်ကျေးဇူးတော်ကို အလွန်ချီးမွမ်းပါမည်။ များစွာသော သူတို့အလယ်မှာ ချီးမွမ်းပါမည်။ 31 အကြောင်းမူကား၊
ဆင်းရဲသောသူ၏ ဝိညာဉ်ကို အပြစ်စီရင်သော သူတို့၏လက်မှ ကယ်တင်ခြင်းငှါ၊ သူ၏လက်ျာဘက်မှာရပ်၍ နေတော်မူတတ်၏။

---

Psalms 001

ယေဘုယျအချက်အလက်
ပြိုင်တူနှိုင်းယှဉ်ချက်သည် ဟေဗြဲကဗျာတွင် အများသုံးတွေ့ရသည်။

အကျွန်ုပ် ချီးမွမ်းသော
ဤအရာသည် ဝတ်ပြုကိုးကွယ်ရန် အသုံးပြုရသော တေးဂီတ ညွှန်ကြားသူဖြစ်သည်။

ဆာလံဆရာ ဒါဝိဒ်
ဖြစ်နိုင်သောအဓိပ္ပယ်များမှာ - ၁ ) ဒါဝိဒ်သည် ဆာလံကို ရေးသားခဲ့သည် - ၂ ) ဆာလံသည် ဒါဝိဒ်၏ အကြောင်းနှင့် ရေးသားထားသည် - ၃ ) ဆာလံကျမ်းသည် ဒါဝိဒ်၏ ဆာလံပုံစံမျိုးဖြစ်သည်။

မနာလိုသောစိတ်နှင့် စကားပြောလျက်၊ အကျွန်ုပ်ကိုဝိုင်း၍ အကြောင်းမရှိဘဲ စစ်တိုက်ကြပါ၏။
"ဆိုးသွင်း" သည်ဟူသောစကားလုံး နှင့် "လှည့်စားသည်" ဟူသောစကားလုံးများသည် လူများကို ရည်ညွှန်းထားပါသည်။ ထိုနှစ်ခုတို့သည် အဓိပ္ပါယ်ဆင်တူကြပြီး ဤလူများသည် မည်မျှပင်ဆိုးသွမ်းကြောင်းကို အထူးပြုဖော်ပြထားသည်။


generated on Tue Jul 2 12:50:28 2024

အခြားသောဘာသာပြန်ဆိုချက် - "ဆိုးသွမ်းသောသူ နှင့် လှည့်ဖြားသောသူများကြောင့်ဖြစ်သည်။"

Psalms 004

အကျွန်ုပ်မေတ္တာအတွက် မုန်းခြင်းကို ၎င်း ဆပ်ပေးကြပါ၏။
"ငါသည်သူတို့ကို မေတ္တာထားသော်လည်း သူတို့သည်လည်း ငါ့ကို စွပ်စွဲကြသည်။"

အကျွန်ုပ်၏ မေတ္တာ
"ထိုသူတို့အတွက် ငါ၏ မေတ္တာ"

သူတို့သည် ရန်ဘက်ပြုကြပါ၏။
"သူတို့" ဟူသောစကားလုံးသည် ဆိုးသွင်းသောသူနှင့် လှည့်ဖြားတတ်သော လူများကို ရည်ညွှန်းထားပါသည်။

Psalms 006

ထိုသို့သော သူ၏အပေါ်မှာ မတရားသောသူကို ခန့်ထားတော်မူပါ။
ဤစကားစုနှစ်ခုတို့သည် အပြိုင်အဆိုင်ဖြစ်ပြီး "ဆိုးသွင်းသောသူ" နှင့် "စွပ်စွဲသူ" ဟူသည်မှာ ပုဂ္ဂိုလ်တစ်ပါးတည်းကိုသာ ရည်ညွှန်းထားပါသည်။

သူ၏လက်ျာနားမှာ ရန်သူနေပါစေ။
"ငါ့ ရန်သူ၏ လက်ျာလက်တွင်"

သူသည် တရားစီရင်ခြင်းကို ခံရာတွင်ရှုံးပါစေ။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက် - "သူသည် ဒုက္ခခံသောအခါ၌ တရားစီရင်ခြင်းသည် သူ့ကို တွေ့ရှိပါစေ။"

သူပြုသော ပဌနာသည် ပြစ်မှားခြင်းဖြစ်ပါစေ။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက် - "သူ့ဆုတောင်းသံကို ပြစ်မှားခြင်းကဲ့သို့ ယူဆပါသည်။"

Psalms 008

သူ၏အသက်တိုပါစေ။
"သူ၏နေ့ရက်များ" ဟူသည်မှာ သူ့အသက်၏ ရှည်လျားမှုကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "သူသည် အသက်မရှည်ပါစေနဲ့။"

သူ၏အရာကိုလည်း
"သူ၏ အရိုက်အရာဖြစ်သော အာဏာ"

သူတောင်း စား ဖြစ်ကြပါစေ။
အစားအစာ သို့မဟုတ် သူတောင်းစားများအတွက် ပေးကမ်းသည်။

ပျက်စီးသော မိမိတို့နေရာများမှ
"သူတို့၏ ဖျက်ဆီးခြင်းခံသော အိမ်နေရာများ"

Psalms 011

ကြွေးရှင်
တစ်စုံတစ်ယောက်အား ချေးငှားပေးသောသူ သို့သော် ထိုလူမှ ပြန်လည်ပေးအပ်ရန် မျော်လင့်သည်။

လုယူပါစေ။
"ခိုးယူသည်။"

လူမျိုးဆင်းသက် ၍ တဆက်တည်းတွင်၊ သူတို့၏ နာမည်သည် ကျေပျောက်ပါစေ။
ဤစကားစုနှစ်ခုတို့သည် အဓိပ္ပယ်တူကြပြီး ကလေးများသည် ပျက်စီးခြင်းခံသောအရာကို အထူးပြုထားပါသည်။

သူ၏အနွယ်သည် ပြတ်ပါစေ။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက် - "သူ၏ ကလေးများကို ပျက်သုန်းစေရန်အကြောင့်ဖြစ်စေသည်" ကလေးများကို သေဆုံးစေသည်။"

လူမျိုးဆင်းသက် ၍ တဆက်တည်းတွင်၊ သူတို့၏ နာမည်သည် ကျေပျောက်ပါစေ။
ဤတွင် မိသားစုတစ်စုအပေါ်ပြောဆိုသောအရာကို "သူတို့၏ နာမည်သည် ပျက်သုန်းပါစေ" ဟူ၍ပြောဆိုထားပါသည်။
အခြားသောဘာသာပြန်ဆိုချက် - "ဤနာမကို သုံးစွဲသောသူမရှိပါစေနဲ့။"

Psalms 014

သူ့ဘိုးဘေးတို့၏ ဒုစရိုက်ကို ထာဝရဘုရား သည် သတိရတော်မူပါစေ။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက် - "ထာဝရဘုရားသည် ဘိုးဘေးများ၏ အပြစ်များကို အောက်မေ့တော်မူပါစေ။"

သူ့အမိ၏ အပြစ်သည် မပြေပါစေနှင့်။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက် - "သူ့အမိ၏ အပြစ်သည် မေ့ပျောက်ခြင်းမရှိပါစေနဲ့။"

ထိုဒုစရိုက်အပြစ်သည် ထာဝရဘုရားရှေ့မှာ အစဉ်အမြဲ ထင်ရှား၍
ဤတွင် ဒါဝိဒ်က ဘုရားသခင်သည် သူတို့၏ အပြစ်များကို သူ့ရှေ့၌ ကိုယ်ခန္ဓာပိုင်း၌ ပြစ်မှုကျူးလွန်သကဲ့သို့ ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ထာဝရဘုရားသည် သူတို့၏ အပြစ်များကို ဆက်ပြီး ဆင်ခြင်ပါစေ။"

မြေကြီးပေါ်မှာ ထိုသူတို့ကို အောက်မေ့စရာ အမှတ်မျှ မရှိစေခြင်းငှါ၊ ပယ်ရှင်းတော်မူ ပါစေ။
ဒါဝိဒ်က "မြေကြီး" ဟူသောစကားလုံးကို လောကတွင်အသက်ရှင်သောသူအားလုံးကို ရည်ညွှန်းထားပါသည်။ "အောက်မေ့သည်" ဟူသောစကားလုံးသည်လည်း သူတို့သေဆုံးပြီးနောက်


generated on Tue Jul 2 12:50:28 2024

ကျန်ရစ်သောလူများကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ထာဝရဘုရားသည် လောကတွင် ရှိသော လူတိုင်း သူတို့ကို မအောက်မေ့စေရန် ပြုလုပ်သည်။"

ထိုသူသည် ကယ်မ သနားခြင်းငှါ သတိမရှိ။
ဤအရာသည် လူများအား သစ္စာမဲ့ခြင်းကို ပြသသောအရာဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "ဤလူသည် သစ္စာမဲ့သောသူများကို သနားရန် သတိမရှိပါ။"

ဆင်းရဲငတ်မွတ်၍ စိတ်ပျက် သောသူကို သေစေသည်တိုင်အောင် ညှဥ်းဆဲပြီ။
ဤတွင် အကူအညီလိုအပ်နေသောသူများနှင့် ဖိနှိပ်ခြင်းခံသောသူများကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "အကူအညီလိုအပ်သောသူများ၊ လူများကို ဖိနှိပ်သည်။"

စိတ်ပျက် သောသူကို
ဤတွင် စိတ်ပျက်သောသူတို့ကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "စိတ်ပျက်သောသူတို့ကို" သို့မဟုတ် "မျော်လင့်ချက်ကင်းမဲ့သောသူများ"

သေစေသည်တိုင်အောင်
"သေသည့်တိုင်အောင်" ဆိုလိုသည်မှာ သေသည့်တိုင်အောင် ညှင်းဆဲကြသည်။

Psalms 017

သူ့အပေါ်သို့ ရောက်ပါစေ။
"သူ၏ အမင်္ဂလာများသည် သူ့အပေါ်၌သာ သက်ရောက်ပါစေ။"

အဝတ်ကို ဝတ်သကဲ့သို့ ကျိန်ဆဲခြင်းကို ဝတ်ရပါ စေ။
ဒါဝိဒ်က ဆိုးသွမ်းသော သူ၏ အပြုအမူကို အဝတ်ကို ဆင်ယင်သကဲ့သို့ ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - ကိုယ်တော်သည် လူများကို အဝတ်ဆင်ယင်သကဲ့သို့ ကျိန်ဆိုထားပါသည်" သို့မဟုတ် "ကိုယ်တော်သည် လူများကို အမြဲကျိန်ဆဲတော်မူသည်။"

အဝတ်ကို ဝတ်သကဲ့သို့
"သူတို့သည် သူ၏ အဝတ်ကို ဝတ်ဆင်သကဲ့သို့ဖြစ်သည်။"

ရေကဲ့သို့ သူ၏ဝမ်းထဲသို့၎င်း၊ ဆီကဲ့သို့ သူ၏အရိုး ထဲသို့၎င်း ဝင်ပါစေ။
ဖြစ်နိုင်သောအဓိပ္ပယ်များမှာ - ၁ ) သူ့အဖြစ်ကို ကျိန်ခြင်းခံသောသူအဖြစ်အကြာခဏ ပြောဆိုထားသည်။ "ကျိန်ခြင်းအကြောင်း ပြောဆိုခြင်းသည် သူ၏ဘဝတစ်စိတ်တစ်ပိုင်းဖြစ်သည်" သို့မဟုတ် သူပြောဆိုသောအရာသူ၌ ဖြစ်ပျက်သည်။ သူပြောဆိုသောအရာအားဖြင့် သူသည် ကျိန်ခြင်းခံရသည်။"

ရေကဲ့သို့
ဤအရာသည် လူသောက်သောရေကိုရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "လူသောက်သောရေ"

ဆီကဲ့သို့ သူ၏အရိုး ထဲသို့၎င်း ဝင်ပါစေ။
ဤအရာက ဆီသည်မည်သို့ အသားထဲသို့ ဆိမ့်ဝင်သွားသည်ကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "သူ့အသားထဲသို့ သံလွင်ဆီသည် စီးဝင်သကဲ့သို့ ဖြစ်သည်။"

Psalms 019

သူ၏ကိုယ်ကိုခြုံသော အဝတ်ကဲ့သို့၎င်း၊ သူ၏ ခါး၌ အစဉ်စည်းသော ခါးစည်းကဲ့သို့၎င်း သူ၌ဖြစ်ပါစေ။
လူတို့သည် နေ့တိုင်းအဝတ်ကို ဝတ်ဆင်ကြသည်။ ဒါဝိဒ်က သူသည် အမြဲ အမင်္ဂလာနှင့် ပြည့်နက်ခြင်းကို သူ့ကိုယ်သူ အဝတ်ဖြင့် ဖုံးလွှမ်းခြင်းကဲ့သို့ ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "သူ့ကျိန်ခြင်းများသည် သူဝတ်ဆင်သော အဝတ်များကဲ့သို့ နေ့တိုင်းဖြစ်ပါစေ။"

သူ၏ ခါး၌ အစဉ်စည်းသော ခါးစည်းကဲ့သို့၎င်း
အခြားသောဘာသာပြန်ဆိုချက် - "အမင်္ဂလာသည် သူ၌ ခါးပန်းစည်းသကဲ့သို့ ဖြစ်သည်။"

ထိုသို့သော အကျိုး ကို ထာဝရဘုရားထံ ခံရကြပါစေ။
"ဤကျိန်ခြင်းများသည် အကျိုးတရားများဖြစ်ပါစေ။"

Psalms 021

အကျွန်ုပ်အမှုကို စောင့်တော်မူပါ။
ဤအရာသည် ထာဝရဘုရားထံ၌ ကောင်းမွန်စွာ စောင့်မရန် အသနားခံခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "ငါ့ကို ကြင်နာစွာ ဆက်ဆံပါ။"

နာမတော်အတွက် ကြောင့်
"ကိုယ်တော်၏ ဂုဏ်နာမကြောင့်"

အကျွန်ုပ်သည် ဆင်းရဲငတ်မွတ်ပါ၏။
ဤစကားလုံး နှစ်ခုတို့သည် အဓိပ္ပာယ်တူကြပြီး သူသည် သူ့ကိုယ်သူ ကူညီရန် မတတ်စွမ်းနိုင်ကြောင်းကို အထူးပြုထားသည်။"

အကျွန်ုပ် အထဲ၌ နှလုံးနာလျက်ရှိပါ၏။
ဤတွင် ဒါဝိဒ်က ကြီးမားသောစိတ်ပျက်မှုများကို သူ့နှလုံးသား နာကြင်သောအရာကဲ့သို့ ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ငါသည် ဝမ်းနည်းခြင်းနှင့် စိတ်ပျက်ခြင်းများ ပြည့်နှက်နေသည်။"

ရှည်လျားသော အရိပ်ကဲ့သို့ အကျွန်ုပ်ရွေ့သွား ပါ၏။ ကျိုင်းကောင်ကဲ့သို့ လှုပ်ရှားလျက်ရှိပါ၏။
ဒါဝိဒ်က အရိပ်နှင့် ကျိုင်းကောင်တို့သည် မည်သို့လျှင်မြန်စွာ ကွယ်ပျောက်တတ်ကြောင့်ကို သူသည်မကြာခင်သေဆုံးတော့မည် အရာကဲ့သို့ ခိုင်းနှိုင်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ညနေခင်းသည် မကြာခင် လွန်သွားပြီး ကျိုင်းကောင်များသည်လည်း လေအားဖြင့် လွင့်ပါတတ်သကဲ့သို့ ငါသည်လည်း မကြာခင် သေဆုံးရမည်အရာကဲ့သို့ ခံစားရသည်။"


generated on Tue Jul 2 12:50:28 2024

Psalms 024

ဒူးဆစ်နန့်နံ့၍ အသားလည်း လျော့ပါ၏။
ဆိုလိုသည်မှာ သူသည်အားနည်းသောကြောင့် မတ်တပ်ထရန် သူ့အတွက် ခက်ခဲပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ငါသည် ခက်ခဲစွာ မတ်တပ်ရပ်နေသည်" "ငါ့ကိုယ်ခန္ဓာသည် အားနည်းပါသည်။"

စာမစားဘဲ နေရသောကြောင့်
"ငါသည် အစာမစားပဲနေသောကြောင့်"

ဒူးဆစ်နန့်နံ့၍ အသားလည်း လျော့ပါ၏။
ဆိုလိုသည်မှာ သူသည် သူ့အလေးချိန်ကို ဆုံးရှုံးနေသည်။ အခြားသောဘာသာပြန်ဆိုချက် - "ငါ့ကိုယ်ခန္ဓာသည် အလွန်ပါးလာပါသည်။"

အကျွန်ုပ်သည်လည်း သူတပါးတို့ ကဲ့ရဲ့စရာ အကြောင်းဖြစ်၍၊
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက် - "ငါ့ကို ကဲ့ရဲသောသူတို့သည် ငါကို စွပ်စွဲ့ကြသည်။"

ခေါင်းညိတ်ခြင်းကို ပြုကြပါ၏။
မထောက်ခံခြင်းကို ပြသည့် အမူအရာဖြစ်သည်။

Psalms 026

ထိုသူတို့သည် သိကြပါစေသော။
"သူတို့" ဟူသောစကားလုံးသည် ဒါဝိဒ်၏ စွပ်စွဲချက်များနှင့် သူ့အကြောင်းကို မကောင်းပြောသူများအတွက် ရည်ညွှန်းထားပါသည်။

ကိုယ်တော်စီရင်တော်မူ သည်ဟု
"ငါ့ကို ကယ်တင်ပြီးပြီ"

Psalms 028

ထိုသူတို့သည် ကျိန်ဆဲသော်လည်း
"သူတို့" ဟူသောစကားလုံးသည် ဒါဝိဒ် နှင့် သူ့အကြောင်း မကောင်းပြောသူများကို ရည်ညွှန်းထားပါသည်။

သူတို့သည် ထသောအခါ အရှက်ကွဲကြပါစေသော။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက် - "သူတို့သည် အရှက်ကွဲကြပါစေသော" သို့မဟုတ် "သူတို့သည် အရှက်ရကြပါစေ။"

ကိုယ်တော်၏ ကျွန်မူကား၊ ဝမ်းမြောက်ပါစေသော။
"သို့သော် သင်၏ ကျွန် ဖြစ်သော ငါသည် ဝမ်းမြောက်စေ" သို့မဟုတ် "ငါသည် သင်၏ အစေခံဖြစ်သည်၊ ထို့ကြောင့် ငါသည် ဝမ်းမြောက်မည်"။ ဒါဝိဒ်က သူ့ကိုသူ ရည်ညွှန်းရန်အတွက် "သင်၏အစေခံ" ဟူ၍ စကားစုကို အသုံးပြုထားပါသည်။

အကျွန်ုပ်၏ ရန်သူတို့သည် ရှက်ကြောက်ခြင်း အဝတ်ကိုဝတ်၍၊
ဤစကားစုနှစ်ခုတို့သည် အဓိပ္ပာယ်တူကြပြီး သူ့အနေဖြင့် မည်မျှပင် အရှက်ရစေရန် ရည်ရွယ်ကြောင်းကို အထူးပြုထားပါသည်။

ရှက်ကြောက်ခြင်း အဝတ်ကိုဝတ်၍၊
ဤတွင် ဒါဝိဒ်က အရှက်တရားကို အဝတ်ဖုံးသကဲ့သို့ ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "အင်မတန်မှ အရှက်ရသည်။"

စောင်နှင့်ခြုံသကဲ့သို့၊ မျက်နှာပျက်ခြင်း နှင့် ကိုယ်ကိုခြုံကြပါစေသော။
ဒါဝိဒ်က အရှက်ရခြင်းကို အဝတ်နှင့် ခြုံသောအရာကဲ့သို့ ဖြစ်ကြောင့် ပြောဆိုထားပါသည်။
အခြားသောဘာသာပြန်ဆိုချက် - "သူတို့၏ အရှက်တရားကိုစောင့်ဖြင့် သူတို့ကို ပတ်ရစ်သကဲ့သို့ လွှင့်ခြုံထားပါသည်။"

Psalms 030

အကျွန်ုပ်သည် နှုတ်မြွက်၍၊
ဆိုလိုသည်မှာ သူသည်စကားပြောမည်ဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက် - "ငါသည် နှုတ်မြွတ်ပြီး ချီးမွမ်းခြင်းကို ပေးအပ်မည်။"

သူ၏လက်ျာဘက်မှာရပ်၍ နေတော်မူတတ်၏။
ဆိုလိုသည်မှာ သူသည် ကူညီပြီး ဆင်းရဲ့သောသူများကို ကာကွယ်ပေးမည်ဟူ၍ဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက် - "လိုအပ်နေသူများကို ကာကွယ်ပေးသည်။"

---

## Translation Questions

Psalms 109:1

ဒါဝိဒ်ကို မည်သူတို့က တိုက်ခိုက်ခဲ့သနည်း။
ဒါဝိဒ်အား မတရားသောသူနှင့် သစ္စာပျက်သောသူတို့က တိုက်ခိုက်ခဲ့ကြသည်။


generated on Tue Jul 2 12:50:28 2024

Psalms 109:1

ဒါဝိဒ်ကို မည်သူတို့က တိုက်ခိုက်ခဲ့သနည်း။
ဒါဝိဒ်အား မတရားသောသူနှင့် သစ္စာပျက်သောသူတို့က တိုက်ခိုက်ခဲ့ကြသည်။

Psalms 109:4

ဒါဝိဒ်၏ မေတ္တာအတွက် မတရားသောသူတို့က မည်ကဲ့သို့ ပြုမူတုံ့ပြန်ခဲ့သနည်း။
ဒါဝိဒ်၏ မေတ္တာအတွက် မတရားသောသူတို့က ရန်တုံ့ပြန်ခဲ့ကြပါသည်။

Psalms 109:6

ဒါဝိဒ်၏ ရန်သူတို့က မတရားသဖြင့် ပြုသောအခါ သူသည် မည်သည့်အရာဖြစ်ရန် တောင်းလျှောက်သနည်း။
ဒါဝိဒ်၏ ရန်သူတို့က မတရားသဖြင့် ပြုသောအခါ သူတောင်းသောဆုမှာ ရန်သူတို့ပြုသော ပဌာနာသည် ပြစ်မှားခြင်း၌ တည်ရန် ဖြစ်သည်။

Psalms 109:8

ဒါဝိဒ်က ရန်သူတို့၏ ကလေးသူငယ်များအတွက် မည်သည့်အရာကို တောင်းဆိုခဲ့သနည်း။
ဒါဝိဒ်က ရန်သူတို့၏ ကလေးသူငယ်များကို သူတောင်းစားဖြစ်စေရန်နှင့်၊ ပျက်စီးသောအရပ်သို့ သွား၍ အစာကို ရှာသောသူများဖြစ်စေရန် တောင်းလျှောက်ခဲ့သည်။

Psalms 109:11

ဒါဝိဒ်သည် ရန်သူတို့၏ ဝင်ငွေကို မည်ကဲ့သို့ ဖြစ်ရန် တောင်းလျှောက်ခဲ့သနည်း။
ဒါဝိဒ်သည် ရန်သူတို့၏ ဝင်ငွေတို့ကို ကြွေးရှင်များက သိမ်းယူရန် တောင်းလျှောက်ခဲ့သည်။

ဒါဝိဒ်က ထာဝရဘုရားသည် ကျေးဇူးပြုရန် အဘယ်ကြောင့် တောင်းဆိုခဲ့သနည်း။
ဒါဝိဒ်က ထာဝရဘုရားထံ၌ ကျေးဇူးပြုရန်အတွက် ထာဝရဘုရားကို အော်ဟစ်တောင်းတခဲ့သည်။

Psalms 109:14

ဒါဝိဒ်သည် ရန်သူတို့၏ အသိတရားထဲတွင် ထာဝရဘုရားက မည်ကဲ့သို့ သတိရတော်မူရန် တောင်းလျှောက်ခဲ့သနည်း။
ဒါဝိဒ်သည် ရန်သူတို့၏ အသိတရားထဲတွင် ထာဝရဘုရားက အောက်မေ့စရာတစ်ခုမျှမရှိ၊ ဖြတ်တောက်ပစ်ရန် တောင်းလျှောက်ခဲ့သည်။

ဒါဝိဒ်သည် ထာဝရဘုရားအား သူတို့မှတ်ဉာဏ်ကို ဖြတ်တောက်ရန် အဘယ်ကြောင့် တောင်းဆိုသနည်း။
အဘယ်ကြောင့်ဆိုသော် သူတို့သည် ပဋိညာဉ်သစ္စာတရားကို ပြသဖို့ရန် မနှောင့်ယှက်ခဲ့သောကြောင့် ဒါဝိဒ်က ထာဝရဘုရားအား သူတို့မှတ်ဉာဏ်ကို ဖြတ်တောက်ရန် တောင်းဆိုသည်။

Psalms 109:17

ဒါဝိဒ်၏ ရန်သူအပေါင်းတို့သည် ကောင်းကြီးမင်္ဂလာများကို မုန်းတီးစဉ်တွင် သူသည်မည်သည့်အရာအတွက် တောင်းလျှောက်ခဲ့သနည်း။
ဒါဝိဒ်၏ ရန်သူအပေါင်းတို့သည် ကောင်းကြီးမင်္ဂလာများကို မုန်းတီးသောသူတို့အပေါ်သို့ ကောင်းကြီးမင်္ဂလာထပ်မစီးဆင်းရန် တောင်းလျှောက်ခဲ့သည်။

Psalms 109:19

ဒါဝိဒ်က သူ့အား ဆန့်ကျင်သောသူတို့အတွက် ဆုလာဒ်ကို မည်သူ့ထံမှ တောင်းလျှောက်ခဲ့သနည်း။
ဒါဝိဒ်က သူ့အား ဆန့်ကျင်သောသူတို့အဘို့ ဆုလာဒ်ကို ထာဝရဘုရားထံမှ တောင်းလျှောက်ခဲ့သည်။

Psalms 109:21

ဒါဝိဒ်က သူ၏ အရိပ်ကို မည်သည့်အရာဖြင့် နှိုင်းယှဉ်ထားသနည်း။
ဒါဝိဒ်က သူ၏ အရိပ်ကို ညနေခင်း၏ အရိပ်ဖြင့် နှိုင်းယှဉ်ထားပါသည်။

Psalms 109:24

ဒါဝိဒ်ကို ပုန်ကန်သောသူတို့က မည်သို့သောအမူကို ပြုခဲ့သနည်း။
လူတို့သည် သူ့အားမြင်ကြသောအခါ ပုန်ကန်သူတို့က ဒါဝိဒ်အာ ခေါင်းညိတ်ခြင်းကို ပြုကြပါသည်။

Psalms 109:26

ဒါဝိဒ်က မည်သည့်အရာအားဖြင့် ထာဝရဘုရားက သူ့အား ကယ်တင်ရန် မည်ကဲ့သို့ တောင်းလျှောက်ခဲ့သနည်း။
ဒါဝိဒ်က ထာဝရဘုရား၏ သစ္စာကရုဏာတော်ဖြင့် ကယ်တင်ရန် တောင်းလျှောက်ခဲ့သည်။

Psalms 109:28

ဒါဝိဒ်သည် ပုန်ကန်သောသူတို့က တိုက်ခိုက်သောအခါ မည်သည့်အရာဖြစ်ရန် တောင်းလျှောက်ခဲ့သနည်း။
ဒါဝိဒ်သည် ပုန်ကန်သောသူတို့က တိုက်ခိုက်လာသောအခါ အရှက်ကွဲခြင်းကို ကြုံကြရန် ထာဝရဘုရားထံတောင်းလျှောက်ခဲ့သည်။

Psalms 109:30

ထာဝရဘုရားကို ဆာငတ်သောသူတို့တစ်ဖက်၌ ရပ်တည်သောအခါ မည်သည့်အမှုဖြစ်လိမ့်မည်ကို ဒါဝိဒ်က ပြောကြားခဲ့သနည်း။
ဆာငတ်သောသူတို့ကို ရှုတ်ချကဲ့ရဲ့သောသူတို့၏ တစ်ဖက်၌ ထာဝရဘုရားသည် အမြဲရပ်တည်လျက်ရှိမည့်အကြောင်း ဒါဝိဒ်က ပြောကြာခဲ့သည်။

## Chapter 110

1 ထာဝရဘုရားက၊ သင်၏ ရန်သူတို့ကို သင်၏ ခြေတင်ရာ၊ ငါမချထားမှီတိုင်အောင်၊ ငါ့လက်ျာဘက်၌ ထိုင်နေလော့ဟု
ငါ၏သခင်အား မိန့်တော်မူ၏။ 2 ထာဝရဘုရားသည် အရှင်၏ အာဏာတော် လှံတံကို ဇိအုန်မြို့မှ လွှတ်တော်မူမည်။ ကိုယ်တော်သည်
ရန်သူတို့၏အလယ်၌ အုပ်စိုးတော်မူလိမ့်မည်။ 3 တန်ခိုးတော်ပြသော နေ့ရက်ကာလ၌၊ ကိုယ်တော်၏ လူတို့သည် သန့်ရှင်းသော
တန်ဆာကို ဆင်လျက်၊ ကြည်ညိုသော စေတနာစိတ်ရှိ၍၊ လူပျိုတော် တို့သည် နံနက်ဝမ်းထဲကထွက်သော ဆီးနှင်းကဲ့သို့
ဖြစ်ကြပါလိမ့်မည်။ 4 ထာဝရဘုရားက၊ သင်သည် မေလခိဇေဒက် နည်းတူ ထာဝရယဇ်ပုရောဟိတ်ဖြစ်သည်ဟု ကျိန်ဆို၍၊
နောက်တဖန်စိတ်ပြောင်းလဲခြင်း ရှိတော်မမူ။ 5 လက်ျာတော်နားမှာ ရှိသောဘုရားရှင်သည် အမျက်တော် အချိန်ကာလ၌ ရှင်ဘုရင်တို့ကို
ဒဏ်ခတ် တော်မူမည်။ 6 ငါ၏သခင်သည် တပါးအမျိုးသားတို့တွင် တရား စီရင်လျက်၊ အသေကောင်တို့ကို အနှံ့အပြားဖြစ်စေ၍၊
ကျယ်သောမြေ၌ သူတို့ဦးခေါင်းကို နှိပ်စက်တော်မူမည်။ 7 လမ်းနားမှာ စီးသောရေကိုသောက်၍၊ ခေါင်း တော်ကို ချီးမြှင့်တော်မူမည်။

---

---

Psalms 001

ယေဘုယျအချက်အလက်
ပြိုင်တူနှိုင်းယှဉ်ချက်သည် ဟေဗြဲကဗျာ၌
အများသုံးတွေ့ရသည့်အရာဖြစ်သည်။

ဒါဝိဒ်၏ဆာလံ
အဓိပ္ပါယ်များ ၁) ဆာလံကျမ်းကိုဒါဝိဒ်ကရေးသည်၊ ၂)
ဆာလံကျမ်းသည်ဒါဝိဒ်အကြောင်းရေးသားသည်၊ ၃)
ဆာလံကျမ်းသည်ဒါဝိဒ်၏ဆာလံမှုပုံစံဖြစ်သည်။

ငါ့လက်ျာဘက်၌ထိုင်နေလော့။
ငါလက်ျာဘက်ထိုင်နေလောဆိုသောစကားစုဟာလေးစားခြင်းနေရာကိုရည်ညွှန်းသည်။
အခြားသောဘာသာပြန်ဆိုချက် "ငါ့လက်ျာဘက်၌ထိုင်နေလော။"
(ရှူး၊ figs idiom)

ရန်သူတို့၏ခြေတင်ရာ
ထာဝဘုရားက၊ ရန်သူတို့၏တန်းခိုးနှင့်ထိန်းချုပ်မှုကို
သူ့ခြေတင်ရာကိုချထားလော့ဟု ဒါဝိဒ်ကဖော်ပြသည်။
အခြားသောဘာသာပြန်ဆိုချက်
"ရန်သူများကိုသင်တန်းခိုအောက်၌ချထားလော့။" (ရှူး၊ figs
metaphor)

Psalms 002

ယေဘုယျအချက်အလက်
ယေဘုယျအချက်အလက်၊
ဒါဝိဒ်ကဘုရင်ကိုဆက်လက်စကားပြောသည်။

ထာဝရဘုရားသည် အရှင်၏အာဏာတော်လှံတံကိုမြို့မှလွှတ်တော်မူမည်။
ထာဝရဘုရားသည်အရှင်၏အာဏာတော်လှံတံကိုမြို့မှလွှတ်တော်မူမည်။
အခြားသောဘာသာပြန်ဆိုချက်:
"ကိုယ်တော်သည်ရန်သူတို့၏အလယ်၌အုပ်စိုးတော်မူလိမ့်မည်။" (ရှူး၊
figs explicit)

ရန်သူတို့အလယ်၌အုပ်စိုးခြင်း
"ဘုရင်၊ရန်သူတို့အလယ်၌အုပ်စိုးပါ။"
ဒီစကားကိုအမိန့်ဖြင့်ဘုရင်ကိုပြောသည်။

သူတို့၏လွတ်လပ်သောရွေးချယ်မှု
"သူတို့ရွေးချယ်မှု"ဆိုတာဘုရင်နောက်လိုက်ခြင်းကိုဆိုလိုသည်။

တန်းခိုးတော်ပြသောနေ့ရက်ကာလ
တန်းခိုးတော်ပြသောနေ့ရက်ကာလသည်ဘုရင်ကသူ့ရန်သူကိုစစ်တိုက်ရန်ခေါ်ဆောင
အခြားသောဘာသာပြန်ဆိုချက်ကိုရှင်းလင်းစွာဖော်ပြသည်။
"ရန်သူကိုစစ်တိုက်ရန်ခေါ်ဆောင်သောနေ့ရက်ကာလဖြစ်သည်။" (UDB)
(ရှူး၊ figs explicit)

လူပျိုတော်တို့သည်နံနက်ဝမ်းထဲကထွက်သောဆီးနှင်းကဲ့သို့
ဒါဝိဒ်ကလူပျိုတော်တို့သည်နံနက်ဝမ်းထဲကထွက်သောဆီးနှင်းကဲ့သို့ဖြစ်လိမ့်မည်။
အခြားသောဘာသာပြန်ဆိုချက်
"နံနက်သည်ဆီးနှင်းကဲ့သို့ဖြစ်သည်။" (ရှူး၊ figs
personification)

လူပျိုတို့သည်နံနက်ဝမ်းထဲကထွက်သောဆီးနှင်းကဲ့သို့
နံနက်စောစောဆီးနှင်းဘယ်လိုပေါ်ထွက်လာသည်ကိုနှိုင်းယှဉ်ပြီးဘုရင်သည်ခွန်အား
အခြားသောဘာသာပြန်ဆိုချက်၊
"ဆီးနှင်းသည်မြေကြီးကိုအကျိုးပြုသကဲ့သို့သင်သည်နံနက်တိုင်းခွန်အားသစ်ကိုရရှိ
figs metaphor)

Psalms 004

သင်သည်
ထာဝရဘုရားသည်ကိုယ်တော်ကိုစကားပြောတော်မူသည်။

ပြောင်းလဲခြင်းမရှိ
ထာဝရဘုရာ၏စကားတော်သည်နောက်တဖန်ပြောင်းလဲခြင်းမရှိဟုမိန့်တော်မူသည်၊
အခြားဘာသာပြန်ချက်၊ "နောက်တဖန်စိတ်ပြောင်းလဲခြင်းမရှိ"
(သို့)
"ဘုရားသခင်၏စကားတော်သည်ပြောင်းလဲခြင်းမရှိဟုမိန့်တော်မူသည်။" (ရှူး၊
figs explicit)


generated on Tue Jul 2 12:50:28 2024

မေလခိဇေဒက်နည်းတူ

ချန်ထားသောစကားကိုထည့်သွင်းသည်။ အခြားဘာသာပြန်ဆိုချက်၊ "မေလခိဇေဒက်သည်ယဇ်ပရောဟိတ်ဖြစ်ပြီးနောက်" (သို့) "နည်းတူမေလခိဇေဒက်သည်ယဇ်ပရောဟိတ်ဖြစ်သည်။" (ရှုး၊ figs ellipsis)

Psalms 005

လကျာ်တော်နားမှာရှိသောဘုရားဖြစ်သည်။

ရှင်ဘုရာသည်စစ်တိုက်ရန်ထွက်သွားသောအခါထာဝရဘုရားသည်လကျာ်တော်ဘက်မှာရှိတော်မူသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည်စစ်တိုက်သောအခါသင့်ကိုကူညီတော်မူသည်။" (ရှုး၊ figs idiom and figs explicit)

ဘုရားသခင်

ဘုရားသခင်းသည်ထာဝရဘုရားကိုရည်ညွှန်းသည်။

ဒဏ်ခတ်တော်မူမည်

"He" ဆိုသည်မှာ ထာဝရဘုရားကိုရည်ညွှန်းသည်။ ဘုရားရှင်သည်ရှင်ဘုရင်တို့ကိုဒဏ်ခတ်တော်မူမည်။ အခြားသောဘာသာပြန်ချက်၊ "ထာဝရဘုရာသည်ရှင်ဘုရင်တို့ကိုအသေသတ်မည်။" (သို့) "ဘုရင်ကိုသတ်ဖို့ရန်ထာဝဘုရားသည်ရန်သူကိုခွင့်ပေးတော်မူမည်။" (ရှုး၊ figs metonymy)

ဘုရင်များ

ရန်သူများကိုရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ရန်သူဘုရင်များ" (ရှုး၊ figs explicit)

အမျက်တော်အချိန်ကာလ

"အမျက်တော်အချိန်ကာလ၌"ထာဝရဘုရားသည်ရန်သူကိုအနိုင်ယူသောနေ့ဖြစ်ကြောင်းကိုဒါဝိဒ်ကပြောသည်။ အခြားသောဘာသာပြန်ချက်၊ "တရားစီရင်ချိန်ကာလတွင်ထာဝရဘုရာအမျက်ထွက်တော်မူမည်။" (ရှုး၊ figs explicit)

အသေကောင်တို့ကိုကျယ်သောမြေတွင်အနှံ့အပြားဖြစ်စေသည်။

ကျယ်သောမြေတွင်သေခြင်းကိုထာဝရဘုရားလုပ်ဆောင်သော်လည်း၊ သေသောလူများအားလုံးသည်ထာဝရဘုရားလုပ်ဆောင်ခြင်းသက်သက်မဟုတ်ပါ။ အခြားသောဘာသာပြန်ချက်၊ "အသေကောင်တို့ကိုကျယ်သောမြေ၌အနှံ့အပြားဖြစ်စေမည်။" (ရှုး၊ figs metonymy)

တိုင်းပြည်တွင်ရှိသောခေါင်းဆောင်များကိုအသေသတ်ခြင်း။

ခေါင်းဆောင်များကိုသတ်ခြင်းကိုထာဝရဘုရားလုပ်ဆောင်သော်လည်းခေါင်းဆော အခြားသာဘာသာပြန်ဆိုချက်၊ "တိုင်းပြည်တွင်ခေါင်းဆောင်များစွာကိုအသေသတ်သည်" (သို့) "ခေါင်းဆောင်များသေရန်သူကခွင့်ပြုသည်။" (ရှု၊ figs metonymy)

Psalms 007

လမ်းနားမှာစီးသောရေကိုသောက်သည်။

ရှင်ဘုရင်သည်ရေသောက်ခြင်းကိုရပ်၍ ရန်သူများကိုဆက်လက်လိုက်လံသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ရန်သူနောက်လိုက်နေ၍ စမ်းရေးကိုမသောက်ရပါ။" (ရှုး၊ figs explicit)

စမ်းချောင်း

စမ်းချောင်းရေသောက်ခြင်းကိုဆိုလိုသည်။ စမ်းချောင်းသည်ချောင်းဖြစ်သည်။ အခြာသောဘာသာပြန်ဆိုချက်၊ "သူသည်စမ်းချောင်းရေကိုသောက်သည်။" (ရှုး၊ figs synecdoche)

ထိုစဉ်

"ပြီးတော" (သို့) "ထို့ကြောင့်"

ခေါင်းမော့သည်။

အဓိပ္ပါယ်များ- ၁) ရှင်ဘုရင်သည်ခေါင်းမော့သည်။ ၂) ထာဝရဘုရားသည်ရှင်ဘုရင်ခေါင်းကိုမသည်။

အောင်မြင်သောကြောင့်သူ့ခေါင်းကိုမော့ကြည့်သည်။

ရှုံးမြောက်ခြင်း၊ ယုံကြည့်ခြင်း၊ အောင်မြင်ခြင်းများကိုပိုင်းဆိုင်သောအခါခေါင်းကိုမော့လာသည်။ အခြာဘာသာပြန်ချက်၊ "အောင်မြင်သောသူသည်ယုံကြည်စွာခေါင်းမော့လာသည်။" (သို့) "အောင်မြင်သောသူ" (ရှုး၊ figs idiom)

---

## Translation Questions

Psalms 110:1

ထာဝရဘုရားသည် ဒါဝိဒ်၏သခင်အား မည်သည့်နေရာတွင် ထိုင်၍ မည်မျှကြာမည်နည်း။

ထာဝရဘုရားက ရန်သူများကို သူ၏ ခြေတင်ရာမချထားမှီတိုင်အောင် လကျာ်ဘက်မှာထိုင်ဖို့ရန် တောင်းဆိုသည်။

Psalms 110:2

ဒါဝိဒ်၏ သခင်နောက်သို့ လိုက်သော သူတို့သည် မည်ကဲ့သို့ ဖြစ်မည်နည်း။

သူတို့သည် သန့်ရှင်းသော တန်ဆာကဲ့သို့ ဖြစ်ကြလိမ့်မည်။

Psalms 110:4

ထာဝရဘုရားသည် မည်သူ့ကို ကျိန်ဆို၍ မပြောင်းလဲသနည်း။
ထာဝရဘုရားက ဒါဝိဒ်၏ သခင်အား ထာဝရယဇ်ပုရောဟိတ်ဖြစ်သည်ဟု ကျိန်ဆိုခဲ့သည်။

Psalms 110:5

ဒါဝိဒ်၏ သခင်သည် ဒေါသအမျက်ထွက်သောနေ့၌ ရှင်ဘုရင်များကို မည်သို့ ပြုလိမ့်မည်နည်း။
ဒေါသအမျက်ထွက်သောနေ့၌ ရှင်ဘုရင်များကို သတ်လိမ့်မည်ဖြစ်သည်။

Psalms 110:7

ဒါဝိဒ်၏ သခင်သည် လမ်းနားမှာ စီးသောရေကို သောက်ပြီးနောက် မည်သို့ ပြုလုပ်သနည်း။
သူသည် ခေါင်းတော်ကို ချီးမြှင့်တော်မူမည်။

## Chapter 111

[1] ငါသည် ဖြောင့်မတ်သော သူတို့၏ အစည်း အဝေး၌၎င်း၊ ပရိသတ်၌၎င်း၊ ထာဝရဘုရား၏ ဂုဏ်တော်ကို စိတ်နှလုံးအကြွင်းမဲ့
ချီးမွမ်းမည်။ [2] ထာဝရဘုရား၏ အမှုတော်တို့သည် ကြီးမြတ် ကြ၏။ ကြည်ညိုသော သူတို့သည် ထိုအမှုတော်တို့ကို
ရှာဖွေလိုက်စစ်တတ်ကြ၏။ [3] စီရင်တော်မူသောအရာသည် ဘုန်းအသရေနှင့် ပြည့်စုံ၍၊ ဖြောင့်မတ်တော်မူခြင်းတရားလည်း
အစဉ်အမြဲ တည်၏။ [4] အံ့ဘွယ်သော အမှုတော်တို့ကို အောက်မေ့ဘို့ရာ စီရင်တော်မူပြီ။ ထာဝရဘုရားသည် ကျေးဇူးပြုတတ် သော
သဘော၊ သနားစုံမက်တတ်သော သဘောနှင့် ပြည့်စုံတော်မူ၏။ [5] ကြောက်ရွံ့ရိုသေသောသူတို့ကို ကျွေးမွေးတော် မူ၏။
ပဋိညာဉ်တရားတော်ကို အစဉ်အောက်မေ့တော် မူ၏။ [6] အမှုတော်တို့၌ရှိသော တန်ခိုးကို မိမိလူတို့အား ပြ၍၊ တပါးအမျိုးသားတို့၏
အမွေကို ပေးတော်မူ၏။ [7] လက်တော်နှင့်ပြုသော အမှုတို့သည် သစ္စာနှင့်၎င်း၊ တရားနှင့်၎င်း ယှဉ်ကြ၏။ ပညတ်တော် အလုံးစုံ
တို့သည် ဖေါက်ပြန်ခြင်းသဘောနှင့် ကင်းလွတ်ကြ၏။ [8] သစ္စာစောင့်ခြင်း၊ ဖြောင့်မတ်ခြင်းနှင့်ယှဉ်သော ကြောင့်၊
အစဉ်အမြဲတည်ကြ၏။ [9] မိမိလူတို့၌ရွေးတော်မူခြင်း ကျေးဇူးကို ပြုတော် မူ၏။ ပဋိညာဉ်တရားတော်ကို အစဉ်အမြဲ ထားတော် မူ၏။
နာမတော်သည် သန့်ရှင်း၏။ ကြောက်ရွံ့ရိုသေဘွယ် ဖြစ်၏။ [10] ထာဝရဘုရားကို ကြောက်ရွံ့သော သဘောသည် ပညာ၏
အချုပ်အခြာဖြစ်၏။ ပညတ်တော်တို့ကို စောင့်ရှောက်သမျှသော သူတို့သည် ကောင်းသောဉာဏ် ရှိကြ၏။ ဂုဏ်အသရေတော်သည်
အစဉ်အမြဲ တည် သတည်း။


generated on Tue Jul 2 12:50:28 2024

## Chapter 112

[1] ထာဝရဘုရားကို ကြောက်ရွံ့၍၊ ပညတ်တော်တို့ ၌ အလွန်မွေ့လျော်သော သူသည်မင်္ဂလာရှိ၏။ [2] ထိုသူ၏ သားမြေးတို့သည်
မြေပေါ်မှာ အားကြီး ကြလိမ့်မည်။ ဖြောင့်မတ်သော သူတို့၏အမျိုးအနွယ် သည် မင်္ဂလာရှိတတ်၏။ [3] ထိုသူ၏ အိမ်၌
စည်းစိမ်ဥစ္စာကြွယ်ဝ၍၊ သူ၏ ကောင်းကျိုးသည် အစဉ်အမြဲတည်တတ်၏။ [4] သဘောဖြောင့်သော သူတို့အဘို့၊ မှောင်မိုက် ထဲမှာ
အလင်း ပေါ်ထွန်းတတ်၏။ ထိုသို့သောသူသည် ကျေးဇူးပြုတတ်သော သဘောနှင့် သနားစုံမက်တတ် သော သဘောရှိ၍၊ တရားသဖြင့်
ပြုတတ်၏။ [5] ကရုဏာစိတ်ရှိ၍ ချေးငှါးတတ်သော သူသည် ကောင်းစားတတ်၏။ တရားဆုံးဖြတ်ရာ ကာလ၌ အောင် ခြင်းသို့
ရောက်လိမ့်မည်။ [6] အကယ်စင်စစ် လှုပ်ရှားခြင်းနှင့်အစဉ် ကင်း လွတ်လိမ့်မည်။ ဖြောင့်မတ်သော သူသည် အစဉ်အမြဲ
အောက်မေ့ဘို့ရာ ဖြစ်လိမ့်မည်။ [7] မကောင်းသော သိတင်းကိုမကြောက်ရ၊ စိတ် နှလုံးသည် ထာဝရဘုရားကို ကိုးစားသဖြင့် တည်ကြည်
တတ်၏။ [8] သူ၏စိတ်နှလုံးသည် မြဲမြံသည် ဖြစ်၍၊ ရန်သူ တို့၌ အားမရမှီတိုင်အောင်၊ ကြောက်ခြင်းနှင့် လွတ်လိမ့် မည်။ [9] သူသည်
စွန့်ကြဲပြီ။ ဆင်းရဲသော သူတို့အား ပေးကမ်းပြီ။ သူ၏ ဖြောင့်မတ်ခြင်းသည် အစဉ်အမြဲ တည်တတ်၏။ သူ၏ဦးချိုသည်
ဂုဏ်အသရေနှင့် ချီးမြှင့် ခြင်း ရှိလိမ့်မည်။ [10] မတရားသောသူတို့သည် မြင်၍၊ နာကြင်သော စိတ်ရှိကြလိမ့်မည်။ အံသွားခဲကြိတ်၍
ပိန်ချုံးကြလိမ့်မည်။ မတရားသောသူတို့၏ အလိုသည် ပျက်စီးရလိမ့်မည်။

---

## Chapter 113

[1] ထာဝရဘုရား၏ ကျွန်တော်တို့၊ ထာဝရဘုရား ၏နာမတော်ကို ချီးမွမ်းကြလော့။ ချီးမွမ်းကြလော့။ [2] ထာဝရဘုရား၏ နာမတော်သည်
ယခုမှစ၍၊ အစဉ်အဆက် မင်္ဂလာရှိစေသတည်း။ [3] နေထွက်ရာမှသည် နေဝင်ရာတိုင်အောင်၊ ထာဝရဘုရား၏နာမတော်သည်
ချီးမွမ်းဘွယ်ဖြစ်၏။ [4] ထာဝရဘုရားသည် လူမျိုးတကာတို့ အပေါ်၌ရှင်း၊ ဘုန်းတော်သည် ကောင်းကင်အပေါ်၌ရှင်း မြင့်တော်မူ၏။ [5]
ကိုယ်ကို ချီးမြှင့်၍ ကျိန်းဝပ်တော်မူသော်လည်း၊ [6] ကိုယ်ကိုနှိမ့်ချ၍ ကောင်းကင်အရာနှင့် မြေကြီး အရာတို့ကို ကြည့်ရှုတော်မူသော
ငါတို့၏ ဘုရားသခင် ထာဝရဘုရားနှင့် အဘယ်သူ တူသနည်း။ [7] ဆင်းရဲသောသူကို မြေမှုန့်ထဲကကြွလျက်၊ ငတ်မွတ်သော သူကို
နောက်ချေးပုံထဲက ချီးမြှောက်လျက်၊ [8] မင်းသားတို့တွင်ရှင်း၊ မိမိလူတို့ကို အုပ်စိုးသော မင်းတို့တွင်ရှင်း နေရာပေးတော်မူ၏။ [9]
မြုံနေသောမိန်းမသည် အိမ်၌နေ၍၊ဝမ်းမြောက် သောစိတ်နှင့် သားဘွားရသော အခွင့်ကို ပေးတော်မူ၏။ ဟာလေလုယ။

---



generated on Tue Jul 2 12:50:28 2024

## Chapter 114

[1] ဣသရေလအမျိုး၊ ယာကုပ်အနွယ်သည် ရိုင်း သောလူမျိုးနေရာ အဲဂုတ္တုပြည်က ထွက်သွားသောအခါ၊ [2] ယုဒအမျိုးသည်
သန့်ရှင်းရာဌာနတော်ဖြစ်၏။ ဣသရေလအမျိုးသည် နိုင်ငံတော်ဖြစ်၏။ [3] ပင်လယ်သည် မြင်၍ပြေးလေ၏။ ယော်ဒန်မြစ် လည်း
နောက်သို့ လှည့်လေ၏။ [4] တောင်ကြီးတို့သည် သိုးကဲ့သို့၎င်း၊ တောင်ငယ်တို့သည် သိုးသငယ်ကဲ့သို့၎င်း ခုန်ကြ၏။ [5] အချင်းပင်လယ်၊
သင်ပြေးသည် အ ကြောင်း၊ အချင်းယော်ဒန်မြစ်၊ သင်သည် နောက်သို့လှည့် သည်အကြောင်း၊ [6] အချင်းတောင်ကြီးတို့၊ သင်တို့သည်
သိုးကဲ့သို့ ခုန်ကြသည်အကြောင်း၊ အချင်းတောင်ငယ်တို့၊ သင်တို့ သည် သိုးသငယ်ကဲ့သို့ ခုန်ကြသည် အကြောင်းကား
အဘယ်သို့နည်း။ [7] အိုမြေကြီး၊ အရှင်၏မျက်နှာတော်ရှေ့၊ ယာကုပ် အမျိုးကိုးကွယ်သော ဘုရားသခင်၏ မျက်နှာတော်ရှေ့မှာ
တုန်လှုပ်လျက်နေလော့။ [8] ဘုရားသခင်သည် ကျောက်ကို ရေကန်၊ မီးကျောက်ကို စမ်းရေတွင်းဖြစ်စေတော်မူသတည်း။


generated on Tue Jul 2 12:50:28 2024

## Chapter 115

1 အကျွန်ုပ်တို့၌ ဘုန်းမရှိစေဘဲ၊ အို ထာဝရဘုရား၊ အကျွန်ုပ်တို့၌ ဘုန်းမရှိစေဘဲ၊ ကိုယ်တော်၏နာမ၌ ကရုဏာတော်နှင့်
သစ္စာတော်ကြောင့် ဘုန်းရှိပါစေ သတည်း။ 2 သူတို့၏ ဘုရားသခင်သည် အဘယ်မှာရှိ သနည်းဟု တပါးအမျိုးသားတို့သည်
အဘယ်ကြောင့် ဆိုရကြမည်နည်း။ 3 ငါတို့၏ ဘုရားသခင်သည် ကောင်းကင်ဘုံ၌ ရှိတော်မူ၏။ အလိုတော်ရှိသမျှအတိုင်း
ပြုတော်မူ၏။ 4 သူတို့၏ရုပ်တုများမူကား ငွေလည်းဖြစ်၏။ ရွှေလည်း ဖြစ်၏။ လူလက်ဖြင့် လုပ်သောအရာပေတည်း။ 5
ထိုရုပ်တုတို့သည် နှုတ်ရှိ၍ စကားမပြောတတ်။ မျက်စိရှိ၍ မမြင်တတ်။ 6 နားရှိ၍မကြားတတ်။ နှာခေါင်းရှိ၍မနမ်းတတ်။ 7 လက်ရှိ၍
မကိုင်တတ်။ ခြေရှိ၍မသွားတတ်။ သူတို့လည်ချောင်းဖြင့် အသံမပြုတတ်ပါတကား။ 8 လုပ်သောသူတို့လည်း အတူတူပါတကား။ 9 အို
ဣသရေလအမျိုး၊ ထာဝရဘုရားကို ကိုးစား လော့။ ထာဝရဘုရားသည် ဣသရေလအမျိုးကို မစသော သူ၊
ကွယ်ကာသောသူဖြစ်တော်မူ၏။ 10 အိုအာရုန်အမျိုးအနွယ်၊ ထာဝရဘုရားကို ကိုးစားလော့။ ထာဝရဘုရားသည်
အာရုန်အမျိုးအနွယ်ကို မစသောသူ၊ ကွယ်ကာသောသူ ဖြစ်တော်မူ၏။ 11 ထာဝရဘုရားကို ကြောက်ရွံ့သောသူတို့၊ ထိုဘုရားကို
ကိုးစားကြလော့။ ထာဝရဘုရားသည် ထိုသို့ သော သူတို့ကို မစသောသူ၊ ကွယ်ကာသောသူ ဖြစ်တော် မူ၏။ 12 ထာဝရဘုရားသည်
ငါတို့ကို အောက်မေ့တော် မူ၏။ ကောင်းကြီးပေးတော်မူမည်။ ဣသရေလအမျိုးကို ကောင်းကြီးပေးတော်မူမည်။
အာရုန်အမျိုးအနွယ်ကို ကောင်းကြီးပေးတော်မူမည်။ 13 ထာဝရဘုရားကို ကြောက်ရွံ့သောသူ အကြီး အငယ်တို့ကို
ကောင်းကြီးပေးတော်မူမည်။ 14 ထာဝရဘုရားသည် သင်တို့နှင့် သင်တို့ သားမြေးတို့၌ မင်္ဂလာကို တိုးပွားစေတော်မူမည်။ 15
သင်တို့သည် ကောင်းကင်နှင့်မြေကြီးကို ဖန် ဆင်းသော ထာဝရဘုရား ကောင်းကြီးပေးတော်မူသော သူ ဖြစ်ကြ၏။ 16
ကောင်းကင်ကား၊ ထာဝရဘုရား၏ ကောင်း ကင်ဖြစ်၏။ မြေကြီးကိုကား လူသားတို့အား ပေးတော် မူပြီ။ 17 သေလွန်သောသူ၊
ငြိမ်းရာထဲသို့ ဆင်းသောသူ ရှိသမျှတို့သည် ထာဝရဘုရားကို မချီးမွမ်းရကြ။ 18 ငါတို့မူကား၊ ထာဝရဘုရားကို ယခုမှစ၍ အစဉ်
အဆက် ကောင်းကြီးပေးကြလေအံ့သတည်း။ ဟာလေ လုယ။

## Chapter 116

1 ထာဝရဘုရားသည် ငါတောင်းပန်ခြင်း အသံကို ကြား၍၊ 2 ငါ့ဘက်သို့ နားတော်ကိုလှည့်တော်မူသော ကြောင့်၊ ငါနှစ်သက်၏။
ငါအသက်ရှည်သမျှ ကာလပတ် လုံး၊ ထာဝရဘုရားကို ပဌနာပြုမည်။ 3 သေခြင်းကြိုးတို့သည် ငါ့ကိုဝိုင်း၍ မရဏာနိုင်ငံ ဘေးတို့သည်
ငါ့ကို ဘမ်းမိသဖြင့်၊ ဆင်းရဲဒုက္ခဝေဒနာနှင့် ငါတွေ့ကြုံရ၏။ 4 ထိုအခါ အိုထာဝရဘုရား၊ အကျွန်ုပ်အသက်ကို
ကယ်နှုတ်တော်မူပါမည်အကြောင်း တောင်းပန်ပါ၏ဟု ထာဝရဘုရား၏နာမတော်ကို ပဌနာပြု၏။ 5 ထာဝရဘုရားသည်
ကျေးဇူးပြုတတ်သော သဘော၊ ဖြောင့်မတ်သော သဘောရှိတော်မူ၏။ ငါတို့ ဘုရားသခင်သည် ကရုဏာစိတ်ရှိတော်မူ ၏။ 6
ထာဝရဘုရားသည် မလိမ္မာသော သူတို့ကို စောင့်မတော်မူ၏။ ငါသည် နှိမ့်ချလျက်ရှိသောအခါ ကယ်တင်တော်မူ၏။ 7 အိုငါ့ဝိညာဉ်၊
သင်၏ငြိမ်ဝပ်ရာသို့ ပြန်လော့။ ထာဝရ ဘုရားသည် သင်၌ကျေးဇူးပြုတော်မူပြီ။ 8 ကိုယ်တော်သည် အကျွန်ုပ်အသက်ကို သေခြင်း
မှ၎င်း၊ အကျွန်ုပ်မျက်စိကို မျက်ရည်ကျခြင်းမှ၎င်း၊ အကျွန်ုပ်ခြေကိုလည်း ထိမိ၍လဲခြင်းမှ၎င်း ကယ်လွှတ်တော်မူပြီ။ 9 သို့ဖြစ်၍၊
အသက်ရှင်သောသူတို့၏ နေရာတွင်၊ ထာဝရဘုရားရှေ့တော်၌ ငါကျင့်၍ နေရ၏။ 10 ငါသည် အလွန်ညှိုးငယ်ခြင်းကို ခံရ၏ဟု
မြွက်ဆိုသော်လည်း၊ ယုံကြည်သော စိတ်ရှိသေး၏။ 11 လူအပေါင်းတို့သည် မုသာကို သုံးတတ်ကြ၏ဟု သတိလစ်လျက် ပြောမိ၏။ 12
ငါ၌ ထာဝရဘုရားပြုတော်မူသော ကျေးဇူး အလုံးစုံတို့ကို အဘယ်သို့ ဆပ်ရမည်နည်း။ 13 ကယ်တင်ခြင်းခွက်ဖလားကို ကိုင်ယူ၍၊
ထာဝရ ဘုရား၏ နာမတော်ကို ပဌနာပြုမည်။ 14 ထာဝရဘုရားအား သစ္စာဂတိထားသည် အတိုင်း၊ ထာဝရဘုရား၏ လူများရှေ့၌
သစ္စာဝတ်ကို ဖြေမည်။ 15 ထာဝရဘုရားရှေ့တော်၌ မိမိသန့်ရှင်းသူတို့၏ သေခြင်းအရာသည် အဘိုးကြီးလှ၏။ 16 အို ထာဝရဘုရား၊
အကျွန်ုပ်သည် ကိုယ်တော်၏ ကျွန်မှန်ပါ၏။ ကိုယ်တော်၏ ကျွန်မတွင် မြင်သောသား လည်း မှန်ပါ၏။ အကျွန်ုပ်၌ အချည်အနှောင်ကို
လွှတ်တော်မူပြီ။ 17 ကျေးဇူးတော်ချီးမွမ်းရာ ယဇ်ကို ရှေ့တော်၌ ပူဇော်၍၊ ထာဝရဘုရား၏ နာမတော်ကို ပဌနာပြုမည်။ 18
ထာဝရဘုရားအား သစ္စာဂတိထားသည် အတိုင်း၊ 19 အိုယေရုရှလင်မြို့၊ သင်၏အလယ်မှာ ထာဝရ ဘုရား၏
အိမ်တော်တန်တိုင်းအတွင်းတွင်၊ ထာဝရဘုရား ၏ လူများရှေ့၌သစ္စာဝတ်ကို ဖြေပါမည်။ ဟာလေလုယ။

---


generated on Tue Jul 2 12:50:28 2024

## Chapter 117

[1] လူမျိုးအပေါင်းတို့၊ ထာဝရဘုရားကို ချီးမွမ်း ကြလော့။ လူအနွယ်အပေါင်းတို့၊ အလွန်ချီးမွမ်းကြလော့။ [2] အကြောင်မူကား၊ ငါတို့၌
ကရုဏာတော်ကြီးလှ ၏။ ထာဝရဘုရား၏ သစ္စာတော်သည် အစဉ်အမြဲတည် ၏။ ဟာလေလုယ။


generated on Tue Jul 2 12:50:28 2024

## Chapter 118

1 ထာဝရဘုရားသည် ကောင်းမြတ်တော်မူ၍၊ ကရုဏာတော် အစဉ်အမြဲ တည်သောကြောင့်၊ ဂုဏ်ကျေးဇူး တော်ကို ချီးမွမ်းကြလော့။ 2
ကရုဏာတော် အစဉ်အမြဲတည်သည်ဟု ဣသ ရေလအမျိုး ဝန်ခံစေ။ 3 ကရုဏာတော် အစဉ်အမြဲတည်သည်ဟု အာရုန် အန္ဓယ်
ဝန်ခံစေ။ 4 ကရုဏာတော် အစဉ်အမြဲတည်သည်ဟု ထာဝရဘုရားကို ကြောက်ရွံ့သော သူတို့သည် ဝန်ခံကြ စေ။ 5 ငါသည်
ကျဉ်းမြောင်းရာထဲက ထာဝရဘုရားကို ခေါ်၍၊ ထာဝရဘုရားသည် ကျယ်ဝန်းသော အရပ်ထဲသို့ သွင်းတော်မူ၏။ 6 ထာဝရဘုရားသည်
ငါ့ဘက်မှာ ရှိတော်မူသည် ဖြစ်၍ ကြောက်စရာမရှိ။ လူသည် ငါ၌ အဘယ်သို့ ပြုနိုင်သနည်း။ 7 ထာဝရဘုရားသည် ငါ့ဘက်၌
မစတော်မူသည် ဖြစ်၍၊ ငါ့ကို မုန်းသောသူတို့၌ ငါ့အလိုပြည့်စုံလိမ့်မည်။ 8 ထာဝရဘုရား၌ ခိုလှုံခြင်းသည်၊ လူကို ကိုးစား ခြင်းထက်
သာ၍ ကောင်း၏။ 9 ထာဝရဘုရား၌ ခိုလှုံခြင်းသည် မင်းကို ကိုးစား ခြင်းထက် သာ၍ကောင်း၏။ 10 လူမျိုးအပေါင်းတို့သည်
ငါ့ကိုဝိုင်းကြသော်လည်း၊ ထာဝရဘုရား၏ နာမတော်အားဖြင့် သူတို့ကို ပယ်ဖြတ် ရ၏။ 11 ငါ့ကိုဝိုင်းကြ၏။ ဝိုင်းကြသော်လည်း၊
ထာဝရ ဘုရား၏ နာမတော်အားဖြင့် သူတို့ကို ပယ်ဖြတ်ရ၏။ 12 ပျားများကဲ့သို့ ငါ့ကိုဝိုင်း၍ အုံကြသော်လည်း၊ ဆူးပင်ကို လောင်သော
မီးကဲ့သို့ ငြိမ်းကြ၏။ ထာဝရ ဘုရား၏ နာမတော်အားဖြင့် သူတို့ကို ပယ်ဖြတ်ရ၏။ 13 သင်သည် ငါ့ကိုလှဲခြင်းငှါ ပြင်းထန်စွာ တွန်း
သော်လည်း၊ ထာဝရဘုရားသည် ငါ့ကိုမစတော်မူ၏။ 14 ထာဝရဘုရားသည် ငါ၏အစွမ်းသတ္တိ၊ ငါသီချင်း ဆိုရာအကြောင်း၊ ငါ့ကို
ကယ်တင်ခြင်းအကြောင်း ဖြစ်တော်မူ၏။ 15 ဖြောင့်မတ်သော သူတို့၏ နေရာ၌ ဝမ်းမြောက် ခြင်းအသံနှင့် ကယ်တင်ခြင်းအသံရှိ၏။
ထာဝရဘုရား၏ လက်ျာလက်တော်သည် ကြီးသောအမှုကိုပြု၏။ 16 ထာဝရဘုရား၏ လက်ျာလက်တော်သည် ချီးမြှင့်လျက်ရှိ၏။
ထာဝရဘုရား၏ လက်ျာလက်တော် သည် ကြီးသောအမှုကိုပြု၏။ 17 ငါမသေရသေး။ အသက်ရှင်၍ ထာဝရဘုရား ၏ အမှုတော်တို့ကို
ကြားပြောရဦးမည်။ 18 ထာဝရဘုရားသည် ငါ့ကိုကျပ်တည်းစွာ ဆုံးမ သော်လည်း၊ သေခြင်း၌ အပ်တော်မမူသေး။ 19
ဖြောင့်မတ်ခြင်းတံခါးတို့ကို ငါ့အားဖွင့်ကြ။ ငါဝင်၍ထာဝရဘုရား၏ဂုဏ်တော်ကို ချီးမွမ်းရမည်။ 20 ဤတံခါးသည် ထာဝရဘုရား၏
တံခါးဖြစ်၏။ ဖြောင့်မတ်သော သူတို့သည် ဝင်ရကြ၏။ 21 ကိုယ်တော်ကို အကျွန်ုပ် ချီးမွမ်းပါမည်။အကြောင်းမူကား၊
ကိုယ်တော်သည် အကျွန်ုပ်၏ စကား ကို နားထောင်၍၊ အကျွန်ုပ်ကို ကယ်တင်တော်မူ၏။ 22 တိုက်ကို တည်လုပ်သော
သူများပယ်ထားသော ကျောက်သည် နောက်တဖန် တိုက်ထောင့်အထွဋ်ဖျားသို့ ရောက်ပြန်၏။ 23 ထိုအမှုသည်
ထာဝရဘုရားပြုတော်မူသော အမှုဖြစ်၏။ ငါတို့ မျက်မှောက်၌လည်း အံ့ဩဘွယ်ဖြစ်၏။ 24 ဤနေ့ရက်သည်
ထာဝရဘုရားစီရင်တော်မူ သော နေ့ရက်ဖြစ်၍၊ ယနေ့ဝမ်းမြောက် ရွှင်လန်းကြ ကုန်အံ့။ 25 အို ထာဝရဘုရား၊ ကယ်တင်တော်မူပါဟု
တောင်းပန်ပါ၏။ အို ထာဝရဘုရား၊ ကောင်းကြီးမင်္ဂကို ပေးတော်မူပါဟု တောင်းပန်ပါ၏။ 26 ထာဝရဘုရား၏အခွင့်နှင့်
ကြွလာသောသူ သည် မင်္ဂလာရှိစေသတည်း။ ထာဝရဘုရား၏ အိမ်တော် ထဲက အကျွန်ုပ်တို့သည် ကိုယ်တော်ကို ကောင်းကြီး
ပေးကြပါ၏။ 27 ထာဝရဘုရားသည် ဘုရားသခင်ဖြစ်၍၊ ငါတို့၌ ရောင်ခြည်တော်ကို လွှတ်တော်မူ၏။ ယဇ်တင်ရန် အကောင်ကို
ယဇ်ပလ္လင်ဦးချို၌ ကြိုးနှင့် ချည်ကြလော့။ 28 ကိုယ်တော်သည် အကျွန်ုပ်၏ ဘုရားဖြစ်တော်မူ ၍၊ ကိုယ်တော်ကို ချီးမွမ်းပါမည်။
အကျွန်ုပ်၏ဘုရား ဖြစ်တော်မူ၍၊ ကိုယ်တော်ကို ချီးမြှောက်ပါမည်။ 29 ထာဝရဘုရားသည် ကောင်းမြတ်တော်မူ၍၊ ကရုဏာတော်
အစဉ်အမြဲတည်သောကြောင့်၊ ဂုဏ် ကျေးဇူးတော်ကို ချီးမွမ်းကြလော့။


generated on Tue Jul 2 12:50:28 2024

## Chapter 119

1 ထာဝရဘုရား၏ တရားလမ်း၌ မလွဲမတိမ်း၊ လိုက်သွားသော သူတို့သည် မင်္ဂလာရှိကြ၏။ 2 သက်သေခံတော်မူချက်တို့ကို စောင့်၍၊
ကိုယ်တော်ကို စိတ်နှလုံး အကြွင်းမဲ့ရှာသော သူတို့သည် မင်္ဂလာရှိကြ၏။ 3 ထိုသူတို့သည် ဒုစရိုက်ကိုမပြု၊ လမ်းခရီးတော်၌ လိုက်သွား
တတ်ကြ၏။ 4 အကျွန်ုပ်တို့သည် ကြိုးစား၍ ကျင့်ဘို့ရာ၊ ကိုယ်တော်သည် ဩဝါဒပေးတော်မူပြီ။ 5 ကိုယ်တော်၏ အထုံးအဖွဲ့များကို
စောင့်နိုင်မည် အကြောင်း၊ အကျွန်ုပ်သည် လမ်းဖြောင့်ပါစေသော။ 6 အကျွန်ုပ်သည် ပညတ်တော် အလုံးစုံတို့ကို
ထောက်ထားသောအခါ၊ ရှက်ကြောက်ခြင်းနှင့် ကင်းလွတ် ရပါ၏။ 7 ဖြောင့်မတ်စွာ စီရင်တော်မူချက်များကို အကျွန်ုပ်လေ့ကျက်ပြီးမှ၊
ဂုဏ်တော်ကို ဖြောင့်သော သဘောနှင့် ချီးမွမ်းပါမည်။ 8 ကိုယ်တော်၏ အထုံးအဖွဲ့များကို စောင့်ပါမည်။ အကျွန်ုပ်ကို
ရှင်းရှင်းစွန့်ပစ်တော် မမူပါနှင့်။ 9 လူပျိုသည် မိမိသွားသောလမ်းကို အဘယ်သို့ သန့်ရှင်းစေနိုင်ပါမည်နည်းဟူမူကား၊ နှုတ်ကပတ်တော်
အတိုင်း သတိပြုရမည်။ 10 အကျွန်ုပ်သည် ကိုယ်တော်ကို စိတ်နှလုံးအကြွင်း မဲ့ရှာပါ၏။ ပညတ်တော်လမ်းမှ လွဲစေတော်မမူပါနှင့်။ 11
ကိုယ်တော်ကို မပြစ်မှားဘဲ နေနိုင်မည် အကြောင်း၊ ဗျာဒိတ်တော်ကို နှလုံးထဲမှာ သိုထားပါပြီ။ 12 အို ထာဝရဘုရား၊ ကိုယ်တော်သည်
မင်္ဂလာရှိတော် မူ၏။ အထုံးအဖွဲ့တော်တို့ကို အကျွန်ုပ်၌ သွန်သင် တော်မူပါ။ 13 စီရင်တော်မူရာ နှုတ်တော်ထွက် အလုံးစုံတို့ကို
အကျွန်ုပ်သည် ကိုယ်နှုတ်နှင့် ဟောပြောပါ၏။ 14 ခပ်သိမ်းသော စည်းစိမ်ဥစ္စာကို ရဘိသကဲ့သို့၊ သက်သေခံတော်မူရာလမ်း၌
ဝမ်းမြောက်ပါ၏။ 15 ပေးတော်မူသော ဩဝါဒကို ဆင်ခြင်၍ လမ်း ခရီးတော်တို့ကို ကြည့်ရှုပါ၏။ 16 အထုံးအဖွဲ့တော်တို့၌
မွေ့လျော်ပါ၏။ နှုတ်က ပတ်တော်ကို မမေ့ဘဲမနေပါ။ 17 ကိုယ်တော်၏ ကျွန်သည် အသက်ရှင်၍၊ နှုတ်ကပတ်တော်ကို
စောင့်နိုင်ပါမည်အကြောင်း၊ ကျေးဇူး ပြုတော်မူပါ။ 18 တရားတော်၌ အံ့ဘွယ်သောအရာတို့ကို မြင်နိုင် ပါမည်အကြောင်း၊
အကျွန်ုပ်၏မျက်စိတို့ကို ဖွင့်တော်မူပါ။ 19 အကျွန်ုပ်သည် မြေကြီးပေါ်မှာ ဧည့်သည်ဖြစ်ပါ ၏။ ပညတ်တော်တို့ကို
ဝှက်ထားတော်မမူပါနှင့်။ 20 စီရင်တော်မူချက်တို့ကို အစဉ်မပြတ် တောင့်တ သောအားဖြင့်၊ အကျွန်ုပ်၏ စိတ်နှလုံးကြေကွဲလျက်
ရှိပါ၏။ 21 မာနကြီးသောသူနှင့် ပညတ်တော်တို့ကို လွန်ကျူး၍၊ အကျိန်ခံရသော သူတို့ကို ကိုယ်တော် ဆုံးမတော်မူ၏။ 22
အကျွန်ုပ်သည် သက်သေခံတော်မူချက်တို့ကို စောင့်ပါသည် ဖြစ်၍၊ ကဲ့ရဲ့ခြင်း၊ မထီမဲ့မြင်ပြုခြင်းနှင့် ကင်းလွတ်စေတော်မူပါ။ 23
မင်းတို့သည် အကျွန်ုပ်တဘက်၌ ထိုင်၍ပြောကြ ပါ၏။ ကိုယ်တော်၏ ကျွန်မူကား၊ အထုံးအဖွဲ့တော်တို့ကို ဆင်ခြင်လျက်နေပါ၏။ 24
သက်သေခံတော်မူချက်တို့သည် အကျွန်ုပ် မွေ့လျော်ရာ၊ အကျွန်ုပ်တိုင်ပင်ရာ ဖြစ်ကြပါ၏။ 25 အကျွန်ုပ်၏ အသက်သည် မြေမှုန့်၌
မှီဝဲလျက် ရှိပါ၏။ နှုတ်ကပတ်တော်အတိုင်း အသက်ရှင်စေတော် မူပါ။ 26 အကျွန်ုပ်သည် ကိုယ်အကျင့်တို့ကိုဘော်ပြ၍၊
ကိုယ်တော်သည် နားထောင်တော်မူပြီ။ အထုံးအဖွဲ့တော် တို့ကို အကျွန်ုပ်၌ သွန်သင်တော်မူပါ။ 27 ပေးတော်မူသော ဩဝါဒလမ်းကို
အကျွန်ုပ် နားလည်စေတော်မူပါ။ သို့ပြုလျှင် အံ့ဘွယ်သော အမှု တော်တို့ကို ဆင်ခြင်အောက်မေ့ပါမည်။ 28 အကျွန်ုပ်
ဝမ်းနည်းခြင်းအားဖြင့် စိတ်နှလုံး အရည်ယိုလျက် ရှိပါ၏။ နှုတ်ကပတ်တော်အတိုင်း တည်ကြည်စေတော်မူပါ။ 29 မုသာလမ်းကို
အကျွန်ုပ်ရှောင်ပါမည် အကြောင်း၊ ကယ်မ၍တရားတော်ကို ပေးသနားတော် မူပါ။ 30 သစ္စာလမ်းကို အကျွန်ုပ်ရွေးပါပြီ။ စီရင်တော်
မူချက်တို့ကို အကျွန်ုပ်ရှေ့မှာ ထားပါပြီ။ 31 သက်သေခံတော်မူချက်တို့၌ မှီဝဲပါပြီ။ အို ထာဝရဘုရား၊ အရှက်ကွဲစေတော်မမူပါနှင့်။ 32
အကျွန်ုပ်ဉာဏ်ကို ပွင့်စေတော်မူသည်ဖြစ်၍၊ ပညတ်တော်လမ်းသို့ အလျင်အမြန် လိုက်ပါမည်။ 33 အို ထာဝရဘုရား၊
အထုံးအဖွဲ့တော်လမ်းကို အကျွန်ုပ်အား သွန်သင်တော်မူပါ။ အဆုံးတိုင်အောင် လိုက်သွားပါမည်။ 34 ဉာဏ်ကို ပေးတော်မူပါ။
တရားတော်ကို စောင့် ပါမည်။ စိတ်နှလုံး အကြွင်းမဲ့စောင့်ပါမည်။ 35 ပညတ်တော်လမ်း၌ အကျွန်ုပ်ကို ပို့ဆောင်တော် မူပါ။ ထိုလမ်းကို
နှစ်သက်ပါ၏။ 36 အကျွန်ုပ်စိတ်နှလုံးကို လောဘဘက်သို့မဟုတ်၊ သက်သေခံတော်မူချက်တို့ ဘက်သို့ ဆွဲတော်မူပါ။ 37 အနတ္တကို
ပမာဏမပြုစေခြင်းငှါ အကျွန်ုပ် မျက်စိကို အခြားသို့ လွှဲတော်မူပါ။ လမ်းခရီးတော်၌ အကျွန်ုပ်အသက်ရှင်စေတော်မူပါ။ 38
ကိုယ်တော်ကို ကြောက်ရွံ့သော ကိုယ်တော်၏ ကျွန်နှင့်၌ ဗျာဒိတ်တော်ကို တည်စေတော်မူပါ။ 39 အကျွန်ုပ်ကြောက်သော ကဲ့ရဲ့ခြင်းကို
ပယ် ပျောက်စေတော်မူပါ။ စီရင်တော်မူချက်တို့သည် ကောင်း မွန်ကြပါ၏။ 40 ပေးတော်မူသော ဩဝါဒများကို တောင့်တပါ၏။
ဖြောင့်မတ်ခြင်းတရားတော်အားဖြင့် အကျွန်ုပ်ကို အသက်ရှင်စေတော်မူပါ။ 41 အို ထာဝရဘုရား၊ ဗျာဒိတ်တော်အတိုင်း
ကရုဏာတော်တည်းဟူသော ကယ်တင်တော်မူခြင်း ကျေးဇူးတော်သည် အကျွန်ုပ်၌ ရောက်ပါစေသော။ 42 ထိုသို့ အကျွန်ုပ်သည်
နှုတ်ကပတ်တော်ကို ကိုးစားသည်ဖြစ်၍၊ ကဲ့ရဲ့သော သူ၏စကားကို ချေစရာ အကြောင်း ရှိရပါလိမ့်မည်။ 43 စီရင်တော်မူချက်တို့ကို
အကျွန်ုပ် မြော်လင့်သည် ဖြစ်၍၊ အကျွန်ုပ်၏ နှုတ်ထဲက သစ္စာစကားကို အလျှင်း ရုပ်သိမ်းတော်မမူပါနှင့်။ 44 ကိုယ်တော်၏တရားကို
မခြားမလပ် အစဉ်အမြဲ ကျင့်စောင့်ပါမည်။ 45 ပေးတော်မူသော ဩဝါဒများကို အကျွန်ုပ်ရှာဖွေ မေးမြန်းသည်ဖြစ်၍၊
အဆီးအတားမရှိဘဲ သွားလာရ ပါ၏။ 46 သက်သေခံတော်မူချက်တို့ကို မင်းများထံမှာ ပြန်ပြော၍၊
ရှက်ကြောက်ခြင်းနှင့်ကင်းလွတ်ပါလိမ့်မည်။ 47 အကျွန်ုပ်သည် နှစ်သက်သော ပညတ်တော်တို့၌မွေ့လျော်ပါမည်။ 48 နှစ်သက်သော
ပညတ်တော် တို့အား လက်တို့ကို ချီ၍၊ အထုံးအဖွဲ့တော်တို့ကို ဆင်ခြင် အောက်မေ့ပါမည်။ 49 အကျွန်ုပ် မြော်လင့်စရာအကြောင်း၊
ကိုယ်တော် ၏ကျွန်နှင့်၌ ထားတော်မူသော နှုတ်ကပတ်တော်ကို အောက်မေ့တော်မူပါ။ 50 ဗျာဒိတ်တော်အားဖြင့် အကျွန်ုပ်အသက်ရှင်

 generated on Tue Jul 2 12:50:28 2024

သည် ဖြစ်၍၊ ဆင်းရဲကိုခံရစဉ်တွင်၊ ထိုနှုတ်ကပတ်တော် သည် အကျွန်ုပ်သက်သာစရာအကြောင်း ဖြစ်ပါ၏။ 51
မာနကြီးသောသူတို့သည် အကျွန်ုပ်ကို အလွန် ကဲ့ရဲ့သော်လည်း၊ ကိုယ်တော်၏ တရားလမ်းကို အကျွန်ုပ် မရှောင်ပါ။ 52 အို
ထာဝရဘုရား၊ ရှေးကာလ၌ စီရင်တော်မူ ချက်တို့ကို အကျွန်ုပ် အောက်မေ့၍၊ ကိုယ်ကိုကိုယ် နှစ်သိမ့် စေပါ၏။ 53 တရားတော်ကို
စွန့်ပယ်သော အဓမ္မလူတို့ ကြောင့်၊ အကျွန်ုပ်၌ ပူလောင်သော စိတ်စွဲလန်းလျက် ရှိပါ၏။ 54 အကျွန်ုပ်ဧည့်သည် နေရာအိမ်တွင်
အထုံးအဖွဲ့ တော်တို့သည် အကျွန်ုပ်သီချင်းဆိုရာအကြောင်းဖြစ်ကြပါ၏။ 55 အို ထာဝရဘုရား၊ ညဉ့်အချိန်၌ နာမတော်ကို အကျွန်
အောက်မေ့၍ တရားတော်ကို စောင့်ပါ၏။ 56 ပေးတော်မူသော ဩဝါဒများကို နားထောင် သောအားဖြင့် အားရပါ၏။ 57 အို
ထာဝရဘုရား၊ ကိုယ်တော်သည် အကျွန်ုပ်၏ အဘို့ဖြစ်တော်မူ၏။ နှုတ်ကပတ်စကားတော်တို့ကို နားထောင်ပါမည်ဟု
အကျွန်ုပ်ပြောထားပါပြီ။ 58 ကျေးဇူးတော်ကို ခံရပါမည်အကြောင်း၊ ကိုယ်တော်ကို စိတ်နှလုံးအကြွင်းမဲ့ တောင်းပန်ပါ၏။
ဗျာဒိတ်တော်အတိုင်း အကျွန်ုကို သနားတော်မူပါ။ 59 ကိုယ်လိုက်ရာလမ်းကို ဆင်ခြင်သောအခါ၊ သက်သေခံတော်မူ ချက်တို့သို့
လှည့်၍လိုက်ပါ၏။ 60 ပညတ်တော်တို့ကို စောင့်ခြင်းငှါ မဖင့်မနွှဲ အလျင်အမြန် ပြုပါ၏။ 61 မတရားသောသူ အစည်းအဝေးတို့သည်
အကျွန်ုပ်ကိုဝိုင်းကြသော်လည်း၊ အကျွန်ုပ်သည် တရား တော်ကို မမေ့မလျော့ပါ။ 62 တရားသဖြင့် စီရင်တော်မူချက်တို့ကို ထောက် ၍၊
ဂုဏ်တော်ကို ချီးမွမ်းခြင်းငှါ၊ သန်းခေါင်အချိန်၌ အကျွန်ုပ် ထတတ်ပါ၏။ 63 ကိုယ်တော်ကို ကြောက်ရွံ့သောသူ၊ ပေးတော်မူ သော
ဩဝါဒကို နားထောင်သောသူရှိသမျှတို့နှင့် အကျွန်ုပ်ပေါင်းဘော်တတ်ပါ၏။ 64 အိုထာဝရဘုရား၊ မြေကြီးသည် ကရုဏာတော်
နှင့်ပြည့်ဝပါ၏။ အထုံးအဖွဲ့တော်တို့ကို အကျွန်ုပ်၌ သွန်သင်တော်မူပါ။ 65 အိုထာဝရဘုရား၊ နှုတ်ကပတ်တော်အတိုင်း
ကိုယ်တော်၏ကျွန်၌ ကျေးဇူးပြုတော်မူ၏။ 66 ပညတ်တော်တို့ကို အကျွန်ုပ်ယုံကြည်သည် ဖြစ်၍၊ ကောင်းသော ဉာဏ်နှင့်
ပညာတော်အတတ်ကို သွင်းပေးတော်မူပါ။ 67 အကျွန်ုပ်သည် ဆင်းရဲမခံမှီလမ်းလွဲပါ၏။ ယခုမူကား၊ ဗျာဒိတ် တော်အတိုင်း
ကျင့်စောင့်ပါ၏။ 68 ကိုယ်တော်သည် ကောင်းသောသဘော၊ ကျေးဇူး ပြုတတ်သော သဘောရှိတော်မူ၏။ အထုံးအဖွဲ့တော်တို့ကို
အကျွန်ုပ်၌ သွန်သင်တော်မူပါ။ 69 မာနကြီးသော သူတို့သည် အကျွန်ုပ်တဘက်၌ မုသာစကားကို ကြံစည်သော်လည်း၊ ကိုယ်တော်၏
ဥပဒေ သများကို စိတ်နှလုံးအကြွင်းမဲ့ကျင့်ပါ၏။ 70 သူတို့နှလုံး သည် ဆီဥကဲ့သို့ ခဲလျက်ရှိ၏။ အကျွန်ုပ်မူကား၊ ကိုယ်တော်၏တရား၌
မွေ့လျော်ပါ၏။ 71 အထုံးအဖွဲ့တော်တို့ကို သွန်သင်စေခြင်းငှါ၊ အကျွန်ုပ်ဆင်းရဲခံရသော ကျေးဇူးသည် ကြီးပါ၏။ 72 နှုတ်တော်ထွက်
တရားတော်သည် ရွှေငွေ အထောင်အသောင်းထက်မက၊ အကျွန်ုပ်၌သာ၍ ကောင်းပါ၏။ 73 ကိုယ်တော်၏ လက်တို့သည် အကျွန်ုပ်ကို
ဖန်ဆင်း၍၊ ပုံသဏ္ဌာန်ကိုပေးတော်မူပြီ။ ပညတ်တော် တို့ကို အကျွန်ုပ်သင်နိုင်သော ဉာဏ်နှင့် ပြည့်စုံစေ တော်မူပါ။ 74
နှုတ်ကပတ်တော်ကို အကျွန်ုပ် မြော်လင့်သော ကြောင့်၊ ကိုယ်တော်ကို ကြောက်ရွံ့သောသူတို့သည် အကျွန်ုပ်ကို မြင်၍
ဝမ်းမြောက်ကြပါလိမ့်မည်။ 75 အို ထာဝရဘုရား၊ စီရင်တော်မူချက်တို့သည် ဟုတ်မှန်ကြောင်းကိုငှ၊ သစ္စာတော်နှင့်အညီ အကျွန်ုပ် ကို
ဆင်းရဲစေတော်မူကြောင်းကိုငှ အကျွန်ုပ်သိပါ၏။ 76 ကိုယ်တော်၏ ကျွန်၌ မိန့်တော်မူချက်အတိုင်း၊ ကရုဏာတော်သည် အကျွန်ုပ်ကို
ချမ်းသာပေးပါစေသော ဟု ဆုတောင်းပါ၏။ 77 ကိုယ်တော်၏ တရားသည် အကျွန်ုပ်မွေ့လျော် ရာဖြစ်ပါ၏။ ထိုကြောင့်
အကျွန်ုပ်အသက်ရှင်မည် အကြောင်း၊ သနားစုံမက်တော်မူခြင်းသည် သက်ရောက် ပါစေသော။ 78 မာနကြီးသော သူတို့သည်
ရှက်ကြောက်ကြပါ စေသော။ အကြောင်းမရှိဘဲ အကျွန်ုပ်၌ မတရားသဖြင့် ပြုကြပါပြီ။ အကျွန်ုပ်မူကား ကိုယ်တော်၏
ဥပဒေသများကို ဆင်ခြင်အောက်မေ့ပါမည်။ 79 ကိုယ်တော်ကို ကြောက်ရွံ့သောသူ၊ သက်သေ ခံတော်မူချက်တို့ကို သိသောသူတို့သည်
အကျွန်ုပ်ထံသို့ လှည့်ကြပါစေသော။ 80 ရှက်ကြောက်ခြင်းနှင့် ကင်းလွတ်မည် အကြောင်း၊ အကျွန်ုပ်နှလုံးသည် အထုံးအဖွဲ့တော်တို့၌
စုံလင်ပါစေသော။ 81 အကျွန်ုပ်၏ ဝိညာဉ်သည် ကယ်တင်တော်မူခြင်း ကျေးဇူးကို တောင့်တလျက်နှင့် ခွန်အားလျော့ပါ၏။
သို့သော်လည်း၊ နှုတ်ကပတ်တော် ကိုမြော်လင့်ပါ၏။ 82 အကျွန်ုပ်ကို အဘယ်ကာလမှ ချမ်းသာပေး တော်မူပါမည်နည်းဟူ၍၊
အကျွန်ုပ်မျက်စိတို့သည် ဗျာဒိတ်တော်ကို မြော်လင့်လျက်အားကုန်ပါ၏။ 83 မီးခိုး၌ရှိသော သားရေဘူးကဲ့သို့ အကျွန်ုပ်ဖြစ်ပါ ၏။
သို့သော်လည်း၊ အထုံးအဖွဲ့တော်တို့ကို မမေ့မလျော့ပါ။ 84 ကိုယ်တော်၏ ကျွန်နေရသော နေ့ရက်ကာလ အဘယ်မျှလောက်
ကြာရပါမည်နည်း။ အကျွန်ုပ်ကို ညှဉ်းဆဲသောသူတို့အား၊ အဘယ်ကာလမှ တရားဆုံးဖြတ် တော်မူမည်နည်း။ 85 မာနကြီးသောသူ၊
ကိုယ်တော်၏ တရားကို လွန်ကျူးသော သူတို့သည် အကျွန်ုပ်အဘို့တွင်းများကို တူးကြပါပြီ။ 86 အလုံးစုံသော ပညတ်တော်တို့သည်
သစ္စာနှင့် ပြည့်စုံကြပါ၏။ သူတပါးတို့သည် အကြောင်းမရှိဘဲ အကျွန်ုပ်ကိုညှဉ်းဆဲကြသည် ဖြစ်၍၊ မစတော်မူပါ။ 87 သူတို့သည်
အကျွန်ုပ်ကို မြေကြီးပေါ်က သုတ်သင်ပယ်ရှင်းလုပါပြီ။ သို့သော်လည်း၊ ကိုယ်တော်၏ ဥပဒေသများကို အကျွန်ုပ်မစွန့်ပါ။ 88
ကရုဏာတော်ရှိသည်အတိုင်း အကျွန်ုပ်ကို အသက်ရှင်စေတော်မူပါ။ နှုတ်တော်ထွက် ဗျာဒိတ်တော် ကို စောင့်ပါမည်။ 89
အိုထာဝရဘုရား၊ နှုတ်ကပတ်တော်သည် ကောင်းကင်ဘုံ၌ အစဉ်အမြဲတည်ပါ၏။ 90 သစ္စာတော်သည် လူမျိုးအဆက်ဆက်
မြဲမြံပါ၏။ မြေကြီးကို တည်စေတော်မူသဖြင့်၊ သူသည်အမြဲနေပါ၏။ 91 ခပ်သိမ်းသောအရာတို့သည် ကိုယ်တော်၏ ကျွန်ဖြစ်၍
စီရင်တော်မူသည်နှင့်အညီ၊ ယနေ့တိုင်အောင် အမြဲနေကြပါ၏။ 92 အကျွန်ုပ်သည် ကိုယ်တော်၏ တရား၌မွေ့လျော် ခြင်းမရှိလျှင်၊
အထက်ကဆင်းရဲခံစဉ် ပျက်စီးပါပြီ။ 93 ကိုယ်တော်၏ ဥပဒေများကို အစဉ်မမေ့မလျော့ နိုင်ပါ။ အကြောင်းမူကား၊
ထိုဥပဒေသများအားဖြင့်၊ အကျွန်ုပ်ကို အသက်ရှင်စေ တော်မူ၏။ 94 အကျွန်ုပ်သည် ကိုယ်တော်၏ ကျွန်ဖြစ်ပါ၏။ ကိုယ်တော်၏

 generated on Tue Jul 2 12:50:28 2024

ဥပဒေသများကို ရှာဖွေလိုက်စစ်သော ကြောင့် အကျွန်ုပ်ကို ကယ်တင်တော်မူပါ။ 95 အကျွန်ုပ်ကို ဖျက်ဆီးခြင်းငှါ၊ မတရားသော
သူတို့သည် စောင့်လျက်နေကြပါ၏။ သို့သော်လည်း၊ သက်သေခံတော်မူချက်တို့ကို အကျွန်ုပ်ဆင်ခြင် အောက် မေ့ပါမည်။ 96
ခပ်သိမ်းသော စုံလင်ခြင်း၏ အဆုံးကို အကျွန်ုပ် မြင်ပါပြီ။ ပညတ်တရားတော်မူကား၊ အလွန်ကျယ်ဝန်း ပါ၏။ 97
ကိုယ်တော်၏တရားကို အကျွန်ုပ်သည် အလွန် နှစ်သက်ပါ၏။ တနေ့လုံးဆင်ခြင်အောက်မေ့လျက် နေပါ၏။ 98
ပညတ်တရားတော်သည် အကျွန်ုပ်၏ ရန်သူတို့ ထက်၊ အကျွန်ုပ်ကိုသာ၍ ပညာရှိစေပါ၏။ ပညတ်တရား တော်သည် အကျွန်ုပ်၌
အစဉ်တည်ပါ၏။ 99 သက်သေခံတော်မူချက်တို့ကို အကျွန်ုပ်သည် ဆင်ခြင်အောက်မေ့သောကြောင့်၊ အကျွန်ုပ်၏ ဆရာ
အပေါင်းတို့ထက်သာ၍ နားလည်ပါ၏။ 100 ကိုယ်တော်၏ ဥပဒေသများကို စောင့်သော ကြောင့်၊ အသက်ကြီးသူတို့ထက်သာ၍
ဥာဏ်ကောင်း ပါ၏။ 101 နှုတ်ကပတ်တော်ကို စောင့်လိုသောငှါ၊ မကောင်း သောလမ်း ရှိသမျှတို့ကို လွှဲရှောင်ပါ၏။ 102
ကိုယ်တော်သည် သွန်သင်တော်မူသောကြောင့်၊ စီရင်တော်မူချက်တို့မှ အကျွန်ုပ်လွှဲ၍ မသွားပါ။ 103 မိန့်တော်မူချက်တို့သည်
အကျွန်ုပ်အာခေါင်၌ အလွန်ချိုကြပါ၏။ ခံတွင်းထဲမှာ ပျားရည်ထက်သာ၍ ချိုကြပါ၏။ 104 ကိုယ်တော်၏ ဥပဒေသများအားဖြင့်၊
အကျွန်ုပ် သည် ဥာဏ်တိုး ပွား၍၊ မိစ္ဆာလမ်းရှိသမျှတို့ကို မုန်းပါ၏။ 105 နှုတ်ကပတ်တော်သည် အကျွန်ုပ်ခြေရှေ့မှာ မီးခွက်ဖြစ်၍၊
အကျွန်ုပ်လမ်းခရီးကို လင်းစေပါ၏။ 106 ဖြောင့်မတ်စွာ စီရင်တော်မူချက်တို့ကို စောင့်ပါ မည်ဟု အကျွန်ုပ်ကျိန်ဆိုသည်
အတိုင်းပြုပါမည်။ 107 အို ထာဝရဘုရား၊ အကျွန်ုပ်သည် အလွန် ဆင်းရဲခြင်းကို ခံရပါ၏။ နှုတ်ကပတ်တော်အတိုင်း
အသက်ရှင်စေတော်မူပါ။ 108 အိုထာဝရဘုရား၊ အကျွန်ုပ်သည် စေတနာ စိတ်ရှိ၍၊ ကိုယ်နှုတ်နှင့်ဆက်သော ပူဇော်သက္ကာတို့ကို
နှစ်သက်တော်မူပါ၏။ စီရင်တော်မူချက်တို့ကိုလည်း၊ အကျွန်ုပ်၌ သွန်သင်တော်မူပါဟု တောင်းပန်ပါ၏။ 109 အကျွန်ုပ်အသက်သည်
ကိုယ်လက်၌ အစဉ်ရှိ ပါ၏။ သို့သော်လည်း၊ တရားတော်ကို မမေ့မလျော့ပါ။ 110 မတရားသော သူတို့သည် အကျွန်ုပ်ဘို့ ကျော့ ကွင်းကို
ထောင်ထားကြပါ၏။ သို့သော်လည်း၊ ကိုယ်တော် ၏ ဥပဒေသများမှ လွှဲ၍ မသွားပါ။ 111 သက်သေခံတော်မူချက်တို့သည် အကျွန်ုပ်
နှလုံး ရွှင်လန်းရာ ဖြစ်၍၊ ကိုယ်အမွေဥစ္စာဘို့ အစဉ်အမြဲ ခံယူ ပါ၏။ 112 အထုံးအဖွဲ့တော်တို့ကို အဆုံးတိုင်အောင် အစဉ်
လိုက်ခြင်းအလိုငှါ၊ ကိုယ်စိတ်နှလုံးကို တိုက်တွန်းပါ၏။ 113 အကျွန်ုပ်သည် အစိမ့်လူတို့ကို မုန်း၍၊ ကိုယ်တော်၏တရားကို
နှစ်သက်ပါ၏။ 114 ကိုယ်တော်သည် အကျွန်ုပ်၏ အကွယ်အကာ၊ အကျွန်ုပ်၏ ဒိုင်းလွှားဖြစ်တော်မူ၏။ နှုတ်ကပတ်တော်ကို
မြော်လင့်လျက်နေပါ၏။ 115 ဒုစရိုက်ကို ပြုသောသူတို့၊ ငါ့ထံမှ ဖယ်သွားကြ။ ငါသည် ဘုရားသခင်၏ ပညတ်တော်တို့ကို ကျင့်စောင့်
မည်။ 116 အကျွန်ုပ်သည် အသက်ရှင်ပါမည် အကြောင်း၊ မိန့်တော်မူချက်အတိုင်း ထောက်မတော်မူပါ။ အကျွန်ုပ်
မြော်လင့်ခြင်းအကြောင်းမှ မရှက်မကြောက်ပါစေနှင့်။ 117 အကျွန်ုပ်သည် ချမ်းသာရပါမည်အကြောင်း မစတော်မူပါ။
အထုံးအဖွဲ့တော်တို့ကို အစဉ်အမြဲ ထောက် ရှုပါမည်။ 118 အထုံးအဖွဲ့တော်တို့မှ လွှဲသွားသမျှသော သူတို့ ကို ပယ်တော်မူ၏။
သူတို့ပရိယာယ်သည် မုသာဖြစ်ပါ၏။ 119 မတရားသော မြေသားအပေါင်းတို့ကို ချော်ကဲ့ သို့ မှတ်တော်မူ၏။ ထိုကြောင့်
သက်သေခံတော်မူချက် တို့ကို အကျွန်ုပ်နှစ်သက်ပါ၏။ 120 ကိုယ်တော်ကို ထိတ်လန့်သဖြင့်၊ အကျွန်ုပ်သည် ကြက်သီးမွေးညှင်းထ၍၊
စီရင်တော်မူချက်တို့မှာ ကြောက် ပါ၏။ 121 အကျွန်ုပ်သည် တရားဆုံးဖြတ်ခြင်း၊ ဖြောင့်မတ် စွာ စီရင်ခြင်းကို ပြုပါပြီ။ ညှဉ်းဆဲသော
သူတို့လက်၌ အကျွန်ုပ်ကို ပစ်ထားတော်မမူပါနှင့်။ 122 ကိုယ်တော်၏ ကျွန်အဘို့အလိုငှါ အာမခံတော်မူ ပါ။ မာနကြီး သောသူတို့သည်
အကျွန်ုပ်ကို မနှိပ်စက်ကြ ပါစေနှင့်။ 123 ကယ်တင်တော်မူခြင်းကျေးဇူးကိုငဲ့၊ ဖြောင့် မတ်ခြင်းတရားတော်နှင့်ယှဉ်သော
ဗျာဒိတ်တော်ကိုငဲ့၊ အကျွန်ုပ်မျက်စိသည် မျှော်၍ အားကုန်ပါပြီ။ 124 ကရုဏာတော်ရှိသည်အတိုင်း၊ ကိုယ်တော်၏ ကျွန်၌ပြု၍၊
အထုံးအဖွဲ့တော်တို့ကို သွန်သင်တော်မူပါ။ 125 အကျွန်ုပ်သည် ကိုယ်တော်၏ ကျွန်ဖြစ်ပါ၏။
သက်သေခံတော်မူချက်တို့ကိုနားလည်နိုင်သော ဥာဏ်ကို ပေးသနားတော်မူပါ။ 126 အို ထာဝရဘုရား၊ စီရင်တော်မူချိန်ရောက်ပါပြီ။
သူတပါးများတို့သည် တရားတော်ကို ပယ်ကြပါ၏။ 127 အကျွန်ုပ်မူကား၊ ပညတ်တော်တို့ကို ရွှေထက် မက၊ ရွှေစင်ထက် သာ၍
နှစ်သက်ပါ၏။ 128 သို့ဖြစ်လျှင်၊ ကိုယ်တော်၏ ဥပဒေသအလုံးစုံတို့ သည် ဖြောင့်ကြသည်ဟုထင်မှတ်လျက်၊ မိစ္ဆာလမ်းရှိသမျှ တို့ကို
မုန်းပါ၏။ 129 သက်သေခံတော်မူချက်တို့သည် အံ့သြဘွယ် ဖြစ်၍၊ အကျွန်ုပ်ဝိညာဉ်သည် စောင့်ရှောက်တတ်ပါ၏။ 130
နှုတ်ကပတ်တော်ကို ဖွင့်ပြခြင်းသည် အလင်းကို ပေး၍၊ မလိမ္မာသောသူတို့ကို လိမ္မာစေတတ်ပါ၏။ 131 ပညတ်တော်တို့ကို အကျွန်ုပ်
တောင့်တအားကြီး သဖြင့်၊ နှုတ်ကို ဖွင့်၍ ပန်းတိုက်ပါ၏။ 132 နာမတော်ကို ချစ်သော သူတို့၌ ပြုတော်မူတတ် သည်အတိုင်း၊
အကျွန်ုပ်ကို ကြည့်ရှု၍ ကယ်မသနား တော်မူပါ။ 133 မိန့်တော်မူချက် အစဉ်အတိုင်း အကျွန်ုပ်ခြေ လှမ်းတို့ကို ဖြောင့်စေတော်မူပါ။
အကျွန်ုပ်ကို အဘယ်မည် သော ဒုစရိုက်မျှအစိုးမရပါစေနှင့်။ 134 လူတို့၏ ညှဉ်းဆဲခြင်းထဲက အကျွန်ုပ်ကို ရွေးနှုတ် တော်မူပါ။
ကိုယ်တော်၏ဥပဒေသများကို စောင့်ပါ မည်။ 135 မျက်နှာတော်၏အလင်းကို ကိုယ်တော်၏ ကျွန် အပေါ်မှာ ထွန်းလင်းစေ၍၊
အထုံးအဖွဲ့တော်တို့ကို သွန်သင်တော်မူပါ။ 136 သူတပါးများတို့သည် တရားတော်ကို မစောင့် သောကြောင့်၊ အကျွန်ုပ်မျက်စိတို့မှ
မျက်ရည်သည် မြစ်ရေ ကဲ့သို့စီးပါ၏။ 137 အို ထာဝရဘုရား၊ ကိုယ်တော်သည် ဖြောင့်မတ် တော်မူ၏။ စီရင်တော်မူချက်တို့သည်
ဖြောင့်မတ်ကြ ပါ၏။ 138 ထားတော်မူသော သက်သေခံတော်မူချက်တို့ သည်လည်း တရားနှင့်ညီ၍ သစ္စာမြဲကြပါ၏။ 139
ရန်သူတို့သည် စကားတော်တို့ကို မေ့လျော့သော ကြောင့်၊ စွဲလန်းပူပန်ခြင်းစိတ်သည် အကျွန်ုပ်ကို ညှဉ်းဆဲ ပါ၏။ 140


generated on Tue Jul 2 12:50:28 2024

နှုတ်ကပတ်တော်သည် အလွန်စင်ကြယ်သည် ဖြစ်၍၊ ကိုယ်တော်၏ကျွန်သည် နှစ်သက်ပါ၏။ 141 အကျွန်ုပ်သည် ငယ်သောသူ၊
မထီမဲ့မြင်ပြုခြင်း ကို ခံရသောသူ ဖြစ်ပါ၏။ သို့သော်လည်း၊ ကိုယ်တော်၏ ဥပဒေသများကို မမေ့မလျော့ပါ။ 142
ဖြောင့်မတ်တော်မူခြင်းသည် နိစ္စထာဝရ ဖြောင့် မတ်ခြင်းဖြစ်ပါ၏။ ကိုယ်တော်၏တရားသည် သစ္စာ တရားဖြစ်ပါ၏။ 143
ဆင်းရဲညှိုးငယ်ခြင်းသို့ရောက်သော်လည်း၊ ပညတ်တော်တို့သည် အကျွန်ုပ်မွေ့လျော်ရာဖြစ်ပါ၏။ 144 သက်သေခံတော်မူချက်တို့သည်
အစဉ်အမြဲ ဖြောင့်ကြပါ၏။ အကျွန်ုပ်သည် အသက်ရှင်ပါမည် အကြောင်း၊ ဥာဏ်ကိုပေးသနားတော်မူပါ။ 145 အကျွန်ုပ်သည်
စိတ်နှလုံးအကြွင်းမဲ့အော်ဟစ် ပါ၏။ အိုထာဝရဘုရား နားထောင်တော်မူပါ။ အထုံးအဖွဲ့တော်တို့ကို စောင့်ပါမည်။ 146 ကိုယ်တော်ကို
အော်ဟစ်ပါ၏။ ကယ်တင်တော် မူပါ။ သက်သေခံတော်မူချက်တို့ကို စောင့်ပါမည်။ 147 မိုဃ်းမလင်းမှီ အကျွန်ုပ် အော်ဟစ်တတ်ပါ၏။
နှုတ်ကပတ်တော်ကို မြော်လင့်လျက်နေပါ၏။ 148 ဗျာဒိတ်တော်တို့ကို ဆင်ခြင်အောက်မေ့လိုသော ငှါ၊ ညဉ့်ယံမလွန်မှီ
အကျွန်ုပ်နိုးတတ်ပါ၏။ 149 အို ထာဝရဘုရား၊ ကရုဏာတော်ရှိသည် အတိုင်း အကျွန်ုပ်စကားကို နားထောင်တော်မူပါ။ စီရင်
တော်မူချက်နှင့်အညီ အကျွန်ုပ်ကို အသက်ရှင်စေတော် မူပါ။ 150 မကောင်းသောအကြံအစည်၌ ကျင်လည်သော သူတို့သည်
အနီးသို့ချဉ်းကြပါ၏။ သူတို့သည် ကိုယ်တော် ၏တရားနှင့် ဝေးကြပါ၏။ 151 အို ထာဝရဘုရား၊ ကိုယ်တော်သည် နီးတော်မူ ၏။
အလုံးစုံသော ပညတ်တော်တို့သည် သစ္စာဖြစ်ကြ ပါ၏။ 152 သက်သေခံတော်မူချက်တို့ကို အစဉ်အမြဲထား တော်မူကြောင်းကို၊
ရှေ့ဦးစွာမှစ၍ အကျွန်ုပ်သိပါ၏။ 153 အကျွန်ုပ်ခံရသော ဆင်းရဲခြင်းကို ကြည့်ရှု၍၊ ကယ်နှုတ်တော်မူပါ။ ကိုယ်တော်၏တရားကို မမေ့
မလျော့ပါ။ 154 အကျွန်ုပ် အမှုကို စောင့်၍ အကျွန်ုပ်ကိုရွေးနှုတ် တော်မူပါ။ ဗျာဒိတ်တော်အားဖြင့် အသက်ရှင်စေတော် မူပါ။ 155
မတရားသောသူတို့သည် အထုံးအဖွဲ့တော်တို့ကို မရှာသောကြောင့်၊ ကယ်တင်ခြင်းနှင့် ဝေးကြပါ၏။ 156 အိုထာဝရဘုရား၊
သနားစုံမက်တော်မူခြင်း သဘောသည် ကြွယ်ဝပါ၏။ စီရင်တော်မူချက်နှင့်အညီ၊ အကျွန်ုပ်ကို အသက်ရှင်စေတော်မူပါ။ 157
အကျွန်ုပ်ကို ညှဉ်းဆဲသောသူနှင့် ရန်ဘက်ပြု သော သူတို့သည် များကြပါ၏။ သို့သော်လည်း၊ အကျွန်ုပ် သည်
သက်သေခံတော်မူချက်တို့မှ လွှဲ၍မသွားပါ။ 158 သစ္စာမရှိသောသူတို့ကို အကျွန်ုပ်သည်မြင်၍ စိတ်နာပါ၏။ အကြောင်းမူကား၊
သူတို့သည် ဗျာဒိတ်တော် စကားကို နားမထောင်ဘဲ နေကြပါ၏။ 159 ကိုယ်တော်၏ ဥပဒသများကို အကျွန်ုပ် နှစ်သက်ကြောင်းကို
မှတ်တော်မူပါ။ အိုထာဝရဘုရား၊ ကရုဏာတော်ရှိသည်အတိုင်း၊ အကျွန်ုပ်ကို အသက်ရှင် စေတော်မူပါ။ 160
နှုတ်ကပတ်တော်အလုံးစုံတို့သည် ဟုတ်မှန်ပါ ၏။ တရားသဖြင့် စီရင်တော်မူချက်ရှိသမျှတို့သည် အစဉ် အမြဲ တည်ကြပါ၏။ 161
အစိုးရသော သူတို့သည် အကြောင်းမရှိဘဲ အကျွန်ုပ်ကို ညှဉ်းဆဲကြသော်လည်း၊ အကျွန်ုပ်စိတ်နှလုံး သည် စကားတော်ကို
ကြောက်ရွံ့ပါ၏။ 162 လက်ရဥစ္စာများကို တွေ့သကဲ့သို့ ဗျာဒိတ်တော် စကားကြောင့် အကျွန်ုပ်ဝမ်းမြောက်ပါ၏။ 163 မုသာစကားကို
ကြားပျင်းရွံရှာပါ၏။ တရား တော်ကိုကား နှစ်သက်ပါ၏။ 164 ဖြောင့်မတ်စွာ စီရင်တော်မူချက်များကြောင့် ကိုယ်တော်ကို တရက်လျှင်
ခုနစ်ကြိမ် ချီးမွမ်းတတ်ပါ၏။ 165 တရားတော်ကို နှစ်သက်သော သူတို့၌ ကြီးစွာ သော ငြိမ်ဝပ်ခြင်း ရှိပါ၏။
သူတို့စိတ်ပျက်စရာအကြောင်း မရှိပါ။ 166 အိုထာဝရဘုရား၊ ကယ်တင်တော်မူခြင်းကျေးဇူး ကို အကျွန်ုပ်မြော်လင့်၍၊
ပညတ်တော်တို့ကို ကျင့်ပါ၏။ 167 သက်သေခံတော်မူချက်တို့ကို အကျွန်ုပ်ဝိညာဉ် သည် စောင့်ပါ၏။ အလွန်နှစ်သက်ပါ၏။ 168
ကိုယ်တော်၏ ဥပဒေသတို့နှင့် သက်သေခံတော် မူချက်တို့ကို စောင့်ပါ၏။ အကျွန်ုပ်အကျင့်ရှိသမျှတို့သည် ရှေ့တော်၌ရှိကြပါ၏။ 169
အို ထာဝရဘုရား၊ အကျွန်ုပ် အော်ဟစ်သံသည် ရှေ့တော်သို့ ရောက်ပါစေသော။ နှုတ်ကပတ်တော် အတိုင်း ဥာဏ်ကို
ပေးသနားတော်မူပါ။ 170 အသနားခံသောစကားသည် ရှေ့တော်သို့ ရောက်ပါစေသော။ ဗျာဒိတ်တော်အတိုင်း အကျွန်ုပ်ကို
ကယ်နှုတ်တော်မူပါ။ 171 အထုံးအဖွဲ့တော်တို့ကို သွန်သင်တော်မူသော အခါ၊ အကျွန်ုပ်၏နှုတ်သည် ချီးမွမ်းခြင်းကို မြွက်ဆို ပါမည်။
172 အလုံးစုံသော ပညတ်တော်တို့သည် ဖြောင့်မတ် ပါသည်ဖြစ်၍၊ အကျွန်ုပ်လျှာသည် ဗျာဒိတ်တော်ကို သီချင်းဆိုပါမည်။ 173
ကိုယ်တော်၏ ဥပဒေသများကို နှစ်သက်ပါ သည်ဖြစ်၍၊ လက်တော်သည် အကျွန်ုပ်ကို မစပါစေ သော။ 174 အို ထာဝရဘုရား၊
ကယ်တင်တော်မူခြင်း ကျေးဇူးကို အကျွန်ုပ် တောင့်တပါ၏။ တရားတော်သည် လည်း အကျွန်ုပ်မွေ့လျော်ရာ ဖြစ်ပါ၏။ 175
အကျွန်ုပ်သည် အသက်ရှင်၍၊ ကိုယ်တော်ကို ချီးမွမ်းပါစေသော။ စီရင်တော်မူချက်တို့သည် အကျွန်ုပ်ကို မစကြပါစေသော။ 176
ပျောက်သော သိုးကဲ့သို့ အကျွန်ုပ်သည် လမ်းလွဲ ပါပြီ။ ကိုယ်တော်၏ ကျွန်ကိုရှာတော်မူပါ။ အကျွန်ုပ်သည် ပညတ်တော်တို့ကို
မမေ့မလျော့ပါ။


generated on Tue Jul 2 12:50:28 2024

## Chapter 120

1 အကျွန်ုပ်သည် ဆင်းရဲခံရသောအခါ ထာဝရ ဘုရားကို အော်ဟစ်၍၊ ထာဝရဘုရားသည် နားထောင် တော်မူ၏။ 2 အိုထာဝရဘုရား၊
အကျွန်ုပ်အသက်ကို သစ္စာ မရှိသော နှုတ်မှငင်း၊ လှည့်စားတတ်သော လျှာမှငင်း ကယ်နှုတ်တော်မူပါ။ 3 အိုလှည့်စားတတ်သောလျှာ၊
သင်သည်အဘယ် ကျေးဇူးရှိ သနည်း။ အဘယ်အကျိုးကိုခံရသနည်း။ 4 အားကြီးသော သူ၏ ထက်သောမြှားကဲ့သို့၎င်း၊
ရသမ်သစ်သား မီးခဲကဲ့သို့၎င်းဖြစ်၏။ 5 ငါသည် မေရှက်ပြည်၌ တည်းခို၍၊ ကေဒါတဲ၌ နေရသည် အရာမှာ အမင်္ဂလာရှိ၏။ 6
ငြိမ်သက်ခြင်းကို မုန်းသော သူတို့နှင့်အတူ၊ ငါ့ဝိညာဉ်သည် ကြာမြင့်စွာနေရပါသည်တကား။ 7 ငါသည် ငြိမ်သက်ခြင်းဘက်မှာနေ၏။
ငါပြော လျှင်မူကား၊ သူတို့သည် စစ်တိုက်ခြင်းငှါ အလိုရှိကြ၏။

---

---

Psalms 001

ယေဘုယျ အချက်အလက်
ပြိုင်တူနှိုင်းယှဉ်ချက်သည် ဟေဗြဲကဗျာ၌
အများဆုံးတွေ့ရသည့်အရာဖြစ်သည်။

တက်သောသီချင်း
အဓိပ္ပါယ်များမှာ- ၁) ယေရုရှလင်မြို့၌
ပွဲကျင်းပဖို့ရန်တက်သောအခါ သီဆိုသော သီချင်းဖြစ်သည်၊ ၂)
ဗိမ္မာန်တော်သို့ဝင်သောအခါ သီဆိုသောသီချင်းဖြစ်သည်၊ ၃)
ခြေလှမ်းများကဲ့သို့သောစကားလုံးများ။"

ဆင်းရဲခံရသောအခါ
"ဒုက္ခခံရသောအခါ" (သို့) "ငါသည် ဒုက္ခခံရသောအခါ"

ကယ်နှုတ်တော်မူပါ။
"အသက်" ဆိုသည်မှာ လူပုဂ္ဂိုလ်ကိုရည်ညွှန်းသည်။
အခြားသောဘာသာပြန်ဆိုချက်မှာ၊ "ကယ်နှုတ်တော်မူပါ။"

အကျွန်ုပ်အသက်ကို သစ္စာ မရှိသော နှုတ်မှငင်း၊ လှည့်စားတတ်သော လျှာမှငင်း
"နှုတ်" နှင့် "လျှာ" စကားစုများသည်
မုသာလှည့်ဖျားသောသူများကို ပြောဆိုရာတွင် အသုံးပြုသည်။
အခြားသောဘာသာပြန်ဆိုချက်မှာ၊ "ငါကိုလိမ်သောသူနှင့်
လှည့်ဖျားသောသူတို့"

Psalms 003

အိုလှည့်စားတတ်သောလျှာ၊ သင်သည်အဘယ် ကျေးဇူးရှိ သနည်း။ အဘယ်အကျိုးကိုခံရသနည်း။
အခြားသောဘာသာပြန်ဆိုချက်မှာ၊ "အိုလှည့်စားတတ်သောလျှာ၊
သင်သည်အဘယ် ကျေးဇူးရှိ သနည်း။
အဘယ်အကျိုးကိုခံရသနည်း။"

လှည့်စားတတ်သောလျှာ
'လှည့်စားသောလျှာ' ဟူသည် မုသာသုံးသောသူကို ဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်မှာ၊ "မုသာသုံးသောသူ"

အားကြီးသော သူ၏ ထက်သောမြှားနှင့် အပြစ်ပေးတော်မူမည်။
မုသာပြောသောသူတို့ကို ဘုရားသခင်သည်မြှားနှင့်ပစ်သကဲ့သို့
ထိုသူတို့ကို အပြစ်ပေးတော်မူမည်။
အခြားသောဘာသာပြန်ဆိုချက်မှာ၊ အားကြီးသော သူ၏
ထက်သောမြှားနှင့်ပစ်သကဲ့သို့ ဘုရားသခင်သည်
သင့်ကိုပြင်းထန်စွာအပြစ်ပေးတော်မူမည်။"

ရသမ်သစ်သား မီးခဲကဲ့သို့၎င်းဖြစ်၏။
ကတ္တားဝါကျအနေနဲ့ ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်မှာ၊ ကိုယ်တော်သည်
ရသမ်သစ်သား မီးခဲကဲ့သို့၎င်းဖြစ်၏။"

Psalms 005

ငါသည် မေရှက်ပြည်၌ တည်းခို၍၊ ကေဒါတဲ၌ နေရသည် အရာမှာ အမင်္ဂလာရှိ၏။
ဤနေရာနှစ်ခုသည် တစ်နေရာနှင့်တစ်နေရာဝေးကွာ သည်။
အခြားသောဘာသာပြန်ဆိုချက်မှာ၊ "ငါသည် မေရှက်ပြည်၌
တည်းခို၍၊ ကေဒါတဲ၌ နေရသည်"

ကေဒါတဲ၌
ဤစကားစုသည် တဲ၌နေသော ကေဒါလူတို့ကိုရည်ညွှန်းသည်။
အခြားသောဘာသာပြန်ဆိုချက်မှာ၊ "ကေဒါ၌နေသောလူတို့"

ငြိမ်သက်ခြင်းကို
"ငြိမ်သက်ခြင်းကိုလိုချင်သည်။"

သူတို့သည် စစ်တိုက်ခြင်းငှါ အလိုရှိကြ၏။
"သူတို့သည် စစ်တိုက်ခြင်းငှါအလိုရှိကြ၏။"

---

# Translation Questions

## Psalms 120:1

စာရေးသူသည် စိတ်သောကရောက်၍ အော်ဟစ်သောအခါ ထာဝရဘုရားသည် အဘယ်သို့ပြုခဲ့သနည်း။

စာရေးသူက ထာဝရဘုရားသည် သူ့အား ဖြေကြားသည်ဟု ဆိုသည်။

စာရေးသူသည် သူ့အသက်အဘို့ ထာဝရဘုရားအား အဘယ် သို့ ပြုဖို့ရန် တောင်းဆိုခဲ့သနည်း။

စာရေးသူသည် သူ၏ အသက်ကို သစ္စာမရှိသောနှုတ်မှငှင်း၊ လှည့်စားတတ်သောလျှာမှငှင်း၊ ကယ်တင်ရန် ထာဝရဘုရားအား တောင်းဆိုခဲ့သည်။

## Psalms 120:3

စာရေးသူက လှည့်စားတတ်သောလျှာကို ထာဝရဘုရားသည် အဘယ်သို့ပြုလိမ့်မည်ဟု လူတို့အား ပြောခဲ့သနည်း။

ထာဝရဘုရားသည် သူတို့အပေါ်သို့ အားကြီးသောသူ၏ ထက်သောမြှားကဲ့သို့ငှင်း ရသမ်သစ်သားမီးခဲကဲ့သို့ငှင်း ပစ်လိမ့်မည်။

## Psalms 120:5

စာရေးသူက သူသည် မေရှက်ပြည်၌ ခေတ္တနေထိုင်ပြီး ယခင်ကနေထိုင်ခဲ့သည်ဟု ပြောသည်မှာ အဘယ်နေရာတွင် ဖြစ်သနည်း။

စာရေးသူက သူသည် မေရှက်ပြည်တွင် ခေတ္တနေထိုင်ခဲ့ပြီး ယခင်က ကေဒါတဲများကြားတွင် နေထိုင်ခဲ့သည်ဟု ဆိုသည်။

စာရေးသူပြောသော ငြိမ်သက်ခြင်းအကြောင်းသည် ဘာဖြစ်မည်နည်း။

စာရေးသူက သူ၏ ငြိမ်သက်ခြင်းသည် ငြိမ်သက်ခြင်းကို မုန်းသောသူတို့နှင့်အတူ ကြာမြင့်စွာ နေထိုင်ခဲ့သည်ဟု ပြောခဲ့သည်။

## Chapter 121

[1] ငါ့ကိုမစခြင်း အကြောင်းသည် ပေါ်ထွက်ရ သော တောင်ရိုးသို့ ငါမျှော်ကြည့်၏။ [2] ကော်းကင်နှင့်မြေကြီးကို ဖန်ဆင်းတော်မူသော
ထာဝရဘုရား ထံတော်မှ၊ ငါ့ကို မစခြင်းအကြောင်းသည် ပေါ်ထွက်ရ၏။ [3] သင်၏ ခြေကို ချော်စေခြင်းငှါ အခွင့်ပေးတော် မမူ။ သင့်ကို
စောင့်သောသူသည် အိပ်တော်မမူ။ [4] အကယ်စင်စစ် ဣသရေလအမျိုးကို စောင့် သောသူသည် ငိုက်မျဉ်းအိပ်ပျော်ခြင်း ရှိတော်မမူ။ [5]
ထာဝရဘုရားသည် သင့်ကို စောင့်တော်မူ၏။ ထာဝရဘုရားသည် သင်၏လက်ျာဘက်၌ရှိသော သင်ခိုလှုံရာ အရိပ်ဖြစ်တော်မူ၏။ [6]
နေ့အချိန်၌ နေအားဖြင့်ငင်း၊ ညဉ့်အချိန်၌ လအားဖြင့်ငင်း အထိအခိုက်မရှိရာ။ [7] ထာဝရဘုရားသည် မကောင်းသောအမှုအရာ
အလုံးစုံတို့ကို ကွယ်ကာ၍၊ သင်၏အသက်ကို စောင့်တော် မူလိမ့်မည်။ [8] ထာဝရဘုရားသည် သင်၏ ထွက်ခြင်းနှင့် ဝင်ခြင်းတို့ကို
ယခုမှစ၍ အစဉ်အပြတ် စောင့်တော်မူ လိမ့်မည်။

---



generated on Tue Jul 2 12:50:28 2024

## Chapter 122

[1] ငါတို့သည် ထာဝရဘုရား၏ အိမ်တော်သို့ သွားကြကုန်အံ့ဟု သူတပါးတို့သည် ပြောကြသောအခါ၊ ငါသည် ဝမ်းမြောက်ခြင်းရှိ၏။ [2]
အို ယေရုရှလင်မြို့၊ သင်၏တံခါးတို့အတွင်း၌ ငါတို့သည်ရပ်၍ နေကြလိမ့်မည်။ [3] ယေရုရှလင်မြို့သည် စေ့စပ်သော မြို့ကဲ့သို့
တည်၏။ [4] အမျိုးအနွယ်တို့သည် ထိုမြို့သို့တက်ကြ၏။ ဣသရေလအမျိုး ထုံးစံရှိသည်အတိုင်း၊ ထာဝရဘုရား၏
အမျိုးအနွယ်တို့သည် ထာဝရဘုရား၏ နာမတော်ကို ချီးမွမ်းခြင်းငှါ တက်သွားကြ၏။ [5] ထိုမြို့၌ တရားစီရင်ရာပလ္လင်၊
ဒါဝိဒ်မင်းမျိုး၏ ရာဇပလ္လင်တို့ သည်တည်ကြ၏။ [6] ယေရုရှလင်မြို့ ငြိမ်ဝပ်မည်အကြောင်း ဆု တောင်းကြလော့။ ထိုမြို့ကို
မြတ်နိုးစုံမက်သော သူတို့သည် ချမ်းသာရကြပါစေသော။ [7] သင်၏မြို့ရိုးအတွင်း၌ ငြိမ်ဝပ်ခြင်း၊ သင်၏ဘုံ ဗိမာန်တို့၌
ချမ်းသာခြင်းရှိပါစေသော။ [8] သင်၌ငြိမ်ဝပ်ခြင်းရှိပါစေသောဟု ငါသည် ညီအစ်ကိုအတွက်၊ အဆွေခင်ပွန်းတို့အတွက် ပြောဆို ပါမည်။
[9] ငါတို့ဘုရားသခင် ထာဝရဘုရား၏ အိမ်တော် ကို ထောက်၍၊ သင်၏အကျိုးကို ရှာပါမည်။


generated on Tue Jul 2 12:50:28 2024

## Chapter 123

[1] ကောင်းကင်ဘုံ၌ ကျိန်းဝပ်တော် မူသောဘုရား၊ ကိုယ်တော်ကို အကျွန်ုပ် မျှော်ကြည့်ပါ၏။ [2] ကျွန်တို့သည် သခင်လက်ကိုငင်း၊
ကျွန်မတို့သည် သခင်မလက်ကိုငင်း မျှော်ကြည့်သည်နည်းတူ၊ အကျွန်ုပ်တို့ သည် ကယ်မသနားတော်မူခြင်းကျေးဇူးကို မခံမှီတိုင်
အောင်၊ အကျွန်ုပ်တို့၏ ဘုရားသခင် ထာဝရဘုရားကို မျှော်ကြည့်လျက်နေကြပါ၏။ [3] အို ထာဝရဘုရား၊ ကယ်မသနားတော်မူပါ။
အကျွန်ုပ်တို့သည် အလွန်အရှက်ကွဲခြင်းကိုခံရပါသည် ဖြစ်၍၊ ကယ်မသနားတော်မူပါ။ [4] မထီမဲ့မြင်ပြုသော သူတို့၏ ကဲ့ရဲ့ခြင်းကိုငင်း၊
မာနကြီးသော သူတို့၏ အရှက်ခွဲခြင်းကိုငင်း၊ အကျွန်ုပ်တို့ ၏ ဝိညာဉ်သည် အလွန်ခံရပါ၏။



generated on Tue Jul 2 12:50:28 2024

## Chapter 124

[1] ထာဝရဘုရားသည် ငါတို့ဘက်မှာ ရှိတော် မမူလျှင်ဟူသော စကားနှင့် ချီ၍၊ ဣသရေလအမျိုးဆိုရ သောစကား ဟူမူကား၊ [2]
ထာဝရဘုရားသည် ငါတို့ဘက်မှာ ရှိတော် မမူလျှင်၊ လူတို့သည် ငါတို့ရန်ဘက်၌ နေကြသောအခါ၊ [3] အမျက်ထွက်၍ ငါတို့ကို
အသက်နှင့်တကွ မျိုကြပြီတကား။ [4] ထိုအခါ ငါတို့ကို ရေသည်၊ လွှမ်းမိုး၍ စီးသော ရေသည် ငါတို့ဝိညာဉ်အပေါ်မှာ ကျော်သွားပြီ
တကား။ [5] စော်ကားသော ရေတို့သည် ငါတို့အသက် ဝိညာဉ်အပေါ်မှာ ကျော်သွားကြပြီတကား။ [6] သူတို့သွားနှင့် ကိုက်ခဲရာဘို့ ငါတို့ကို
အပ်တော် မမူသော ထာဝရဘုရားသည် မင်္ဂလာရှိတော်မူစေ သတည်း။ [7] ငှက်သည် မုဆိုးတို့၏ ကျော့ကွင်းထဲက လွတ် သကဲ့သို့၊
ငါတို့အသက်သည် လွတ်လျက်ရှိ၏။ ကျော့ကွင်း ပြတ်၍ ငါတို့သည် လွတ်ကြပြီ။ [8] ကောင်းကင်နှင့် မြေကြီးကို ဖန်ဆင်းတော် မူသော
ထာဝရဘုရား၏ နာမတော်အားဖြင့်၊ ငါတို့သည် မစခြင်းကျေးဇူးကို ခံရကြသတည်း။

---



generated on Tue Jul 2 12:50:28 2024

## Chapter 125

[1] ထာဝရဘုရားကို ခိုလှုံသော သူတို့သည် မတုန် မလှုပ်၊ အစဉ်အမြဲတည်သော ဇိအုန်တောင်ကဲ့သို့ ဖြစ်ကြ ၏။ [2] တောင်ရိုးတို့သည်
ယေရုရှလင်မြို့ကို ဝန်းရံ သကဲ့သို့၊ ထာဝရဘုရားသည် မိမိလူတို့ကို ယခုမှစ၍၊ ကာလအစဉ်မပြတ်ဝန်းရံတော်မူ၏။ [3] ဖြောင့်မတ်သော
သူတို့သည် ဒုစရိုက်ကို ပြုသော အခွင့်မရှိစေခြင်းငှါ၊ မတရားသောသူတို့၏ လှံတံသည် ဖြောင့်မတ်သော သူတို့၏
အမွေခံရာအဘို့အပေါ်မှာ မတည်မနေရ။ [4] အိုထာဝရဘုရား၊ ကောင်းသောသူ၊ သဘော ဖြောင့်သော သူတို့အား ကျေးဇူးပြုတော်မူပါ။ [5]
ကောက်သောလမ်းများသို့ လွှဲသွားသော သူတို့ ကိုကား၊ ထာဝရဘုရားသည် မတရားသဖြင့်ပြုသော သူတို့နှင့်အတူ
ထုတ်သွားတော်မူမည်။ ဣသရေလအမျိုး ၌ ငြိမ်ဝပ်ခြင်း ရှိပါစေသော။


generated on Tue Jul 2 12:50:28 2024

## Chapter 126

1 ဘမ်းသွားချုပ်ထားသော ဇိအုန်သားတို့ကို ထာဝရဘုရား ပြန်လာစေတော်မူသောအခါ၊ ငါတို့သည် အိပ်မက်သောသူကဲ့သို့ ဖြစ်ကြ၏။
2 ထိုအခါ ငါတို့နှုတ်သည် ရယ်ခြင်းနှင့်၎င်း၊ ငါတို့ လျှာသည် သီချင်းဆိုခြင်းနှင့်၎င်း ပြည့်ဝ၏။ တပါးအမျိုး သားတို့ကလည်း၊
ထာဝရဘုရားသည် သူတို့အဘို့ ကြီးသောအမှုကို ပြုတော်မူပြီဟု ဆိုကြ၏။ 3 ထာဝရဘုရားသည် ငါတို့အဘို့ ကြီးသောအမှုကို
ပြုတော်မူပြီ။ ငါတို့သည်လည်း ဝမ်းမြောက်လျက် နေကြ ၏။ 4 အိုထာဝရဘုရား၊ ဘမ်းသွားချုပ်ထားခြင်းကို ခံရသော အကျွန်ုပ်တို့ကို
တောင်မျက်နှာ ချောင်းရေကဲ့သို့ တဖန်ပြန်လာစေတော်မူပါ။ 5 မျက်ရည်ကျလျက် မျိုးစေ့ကြဲသောသူတို့သည် ရွှင်လန်းလျက်
စပါးရိတ်ကြလိမ့်မည်။ 6 မျက်ရည်ကျလျက် ကြဲရန် မျိုးစေ့ကို ဆောင်၍ ထွက်သွားသော သူသည်၊ ကောက်လှိုင်းများကို ဆောင် လျက်
ရွှင်လန်းသောစိတ်နှင့် အမှန်ပြန်လာလိမ့်မည်။

## Chapter 127

[1] ထာဝရဘုရားသည် အိမ်ကို ဆောက်တော်မမူ လျှင်၊ ဆောက်သော သူတို့သည် အချည်းနှီးလုပ်ဆောင် ကြ၏။ ထာဝရဘုရားသည်
မြို့ကို စောင့်တော်မမူလျှင်၊ ကင်းစောင့်တို့သည် အချည်းနှီးစောင့်ကြ၏။ [2] စောစောထလျက်၊ ညဉ့်နက်သည်တိုင်အောင်
မအိပ်ဘဲနေလျက်၊ ပင်ပန်းစွာ အစာစားလျက်နေသော် လည်း အကျိုးမရှိ။ အိပ်ပျော်ရသော အခွင့်ကို ချစ်တော်မူ သော
သူအားအမှန်ပေးတော်မူ၏။ [3] ဘွားမြင်သော သားသမီးတို့သည်ထာဝရဘုရား ဆုချ၍ ပေးသနားတော်မူသော အမွေဥစ္စာဖြစ်ကြ၏။ [4]
အသက်ပျိုစဉ်၊ ဘွားမြင်သော သားသမီးတို့ သည် သူရဲလက်၌ ရှိသောမြှားကဲ့သို့ ဖြစ်ကြ၏။ [5] မိမိမြှားတောင့်ကို
သူတို့နှင့်ပြည့်စေသောသူ သည် မင်္ဂလာရှိ၏။ သူတို့သည် ရှက်ကြောက်ခြင်းမရှိ။ ရန်သူတို့ကို တံခါးဝ၌ ဆီးတားကြလိမ့်မည်။


generated on Tue Jul 2 12:50:28 2024

## Chapter 128

1 ထာဝရဘုရားကို ကြောက်ရွံ့၍၊ လမ်းခရီးတော် သို့ လိုက်သွားသမျှသော သူတို့သည် မင်္ဂလာရှိကြ၏။ 2 ထိုသို့ပြုလျှင် သင်သည်
မိမိလက်နှင့် လုပ် ဆောင်၍ရသော အစာကို စားရလိမ့်မည်။ မင်္ဂလာရှိ၍ ကောင်းစားရလိမ့်မည်။ 3 သင်၏မယားသည် သင့်အိမ်နားမှာ
များစွာ အသီးသီးသော စပျစ်နွယ်ပင်ကဲ့သို့၎င်း၊ သားသမီး တို့သည် သင့်စားပွဲပတ်လည်၌ စိုက်ပျိုးသော သံလွင်ပင် များကဲ့သို့၎င်း
ဖြစ်ကြလိမ့်မည်။ 4 ထာဝရဘုရားကို ကြောက်ရွံ့သောသူသည် ထိုသို့ သော မင်္ဂလာရှိရလိမ့်မည်။ 5 ထာဝရဘုရားသည်
ဇိအုန်တောင်ပေါ်က ကောင်းကြီးပေးတော်မူ၍၊ ယေရုရှလင်မြို့ခံရသော ကောင်းကျိုးကို တသက်လုံးမြင်ရလိမ့်မည်။ 6
မိမိသားသမီးတို့၌ ဘွားမြင်သော သားသမီး တို့ကိုလည်း မြင်ရလိမ့်မည်။ ဣသရေလအမျိုး၌ ငြိမ်ဝပ် ခြင်း ရှိပါစေသော။

---


generated on Tue Jul 2 12:50:28 2024

## Chapter 129

1 ငယ်သောအရွယ်မှစ၍၊ ကြိမ်ဖန်များစွာ ငါ့ကို သူတပါးတို့သည် ညှဉ်းဆဲကြပြီဟူသော စကားနှင့်ချီ၍၊ ဣသရေလအမျိုးဆိုရသော
စကားဟူမူကား၊ 2 ငယ်သောအရွယ်မှစ၍၊ ကြိမ်ဖန်များစွာ ငါ့ကို သူတပါးတို့သည် ညှဉ်းဆဲကြပြီ။ သို့သော်လည်း ငါ့ကို မနိုင်ကြ။ 3
ထွန်သော သူတို့သည် ငါ့ကျောပေါ်မှာ ထွန်၍၊ ရှည်သော ထွန်ကြောင်းတို့ကို ဖြစ်စေကြ၏။ 4 ထာဝရဘုရားသည် ဖြောင့်မတ်တော်မူ၏။
မတရားသော သူတို့၏ ကြိုးတို့ကို ဖြတ်တော်မူပြီ။ 5 ဇိအုန်မြို့ကို မုန်းသောသူအပေါင်းတို့သည် ရှက်ကြောက်၍ လှန်ခြင်းကို
ခံရကြပါစေ။ 6 အိမ်မိုးပေါ်မှာ ပေါက်၍၊ အဘယ်သူမျှ မနှုတ်ဘဲ ညှိုးနွမ်းတတ် သော မြက်ပင်ကဲ့သို့ဖြစ်ကြပါစေ။ 7 ထိုမြက်ပင်ကို
ရိတ်သောသူသည် လက်တဆုပ်မျှ မရ။ စည်းသောသူလည်း လက်တပွေ့မျှမရ။ 8 လမ်း၌ ရှောက်သွားသော သူတို့ကလည်း၊
ထာဝရဘုရားပေးတော်မူသော မင်္ဂလာသက်ရောက်ပါ စေသော။ ထာဝရဘုရား၏ နာမတော်ကို အမှီပြု၍၊ သင်တို့ကို
ကောင်းကြီးပေးကြ၏ဟု မပြောမဆိုရကြ။



generated on Tue Jul 2 12:50:28 2024

## Chapter 130

1 အိုထာဝရဘုရား၊ နက်နဲရာထဲက ကိုယ်တော်ကို အကျွန်ုပ်အော်ဟစ်ပါ၏။ 2 အို ထာဝရဘုရား၊ အကျွန်ုပ်၏ စကားသံကို ကြား၍၊
အကျွန်ုပ်ဆုတောင်းပဌနာပြုသံကို နားညောင်း တော်မူပါ။ 3 အို ဘုရားရှင်ထာဝရဘုရား၊ ကိုယ်တော်သည် ဒုစရိုက်အပြစ်များကို
မှတ်တော်မူလျှင် အဘယ်သူသည် ခံရပ်နိုင်ပါမည်နည်း။ 4 ကိုယ်တော်ကို ကြောက်ရွံ့စရာအကြောင်း ရှိစေ ခြင်းငှါ၊
အပြစ်လွှတ်ခြင်းအခွင့်ကို ပိုင်တော်မူ၏။ 5 ထာဝရဘုရားကို ငါစောင့်လျက်နေ၏။ ငါ့ဝိညာဉ် သည် စောင့်လျက်နေ၏။
နှုတ်ကပတ်တော်ကို ငါမြော် လင့်၏။ 6 နံနက်ကိုမြော်လင့်သော သူတို့ထက်မက၊ ငါ့ဝိညာဉ်သည် ဘုရားရှင်ကို မြော်လင့်လျက်နေ၏။
7-8 ဣသရေလအမျိုးသည် ထာဝရဘုရားကို မြော် လင့်ပါစေ။ အကြောင်းမူကား၊ ထာဝရဘုရား၌ ကရုဏာ ရှိ၏။ များစွာသော
ရွေးနှုတ်ခြင်းကျေးဇူးရှိ၏။ ဣသရေလ အမျိုးကို ခပ်သိမ်းသော ဒုစရိုက်အပြစ်တို့ အထဲက ရွေးနှုတ်တော်မူလိမ့်မည်။

---

### Psalms 001

ယေဘုယျ အချက်အလက်
ပြိုင်တူနှိုင်းယှဉ်ချက်သည် ဟေဗြဲကဗျာ၌ အများဆုံး
တွေ့ရသည့်အရာဖြစ်သည်။

နက်နဲရာထဲက
ဝမ်းနည်းခြင်းသည် ပုံး၏အောက်ခြေမှ လာသည်။
ဝမ်းနည်းခြင်းသည် ပုံးပြည့်၍ ပုံးအပေါ်ထိတက်လာသကဲ့သို့
ပြောထားခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်မှာ-
ငါသည်အလွန်ဝမ်းနည်းသောကြောင့်။

အကျွန်ုပ်၏ စကားသံကို ကြား၍၊
စာရေးသူက ထာဝရဘုရားသည် အမှန်တကယ်ကြားနိုင်သည်ကို
သိသဖြင့် ထာဝရဘုရားကြားဖို့ရန်ဆိုလိုခြင်းဖြစ်သည်။
တကယ်ကြားနာ၍ တုန့်ပြန်စေလိုခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်မှာကျေးဇူးပြု၍ နားစွင့်တော်မူပါ၊
သို့မဟုတ် ကျေးဇူးပြု၍ တုန့်ပြန်တော်မူပါ။

အကျွန်ုပ်ဆုတောင်းပဌနာပြုသံကို
စာရေးသူက ထာဝရဘုရားသည်
သူ့ကိုသနားဖို့ရန်မေးမြန်းတောင်းဆိုခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်မှာ-
ကျွန်ုပ်တောင်းလျှောက်သံများကို နားညောင်း၍ သနားတော်မူပါ။

### Psalms 003

အဘယ်သူသည် ခံရပ်နိုင်ပါမည်နည်း
မည်သူမျှ ဤနေရာတွင် ခံရပ်နိုင်မည်မဟုတ်ကြောင်း ဖော်ပြဖို့ရန်
ဤသို့မေးမြန်းခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်မှာ- မည်သူမျှ မခံမရပ်နိုင်။

အဘယ်သူသည် ခံရပ်နိုင်ပါမည်နည်း
'ခံရပ်နိုင်ခြင်း' သည် တစ်စုံတစ်ယောက်၏ တိုက်ခိုက်ခြင်းမှ
လွတ်မြောက်နိုင်ခြင်းကိုဆိုလိုသည်။ ဤနေရာတွင် အပြစ်ဒဏ်
မှလွတ် မြောက်ခြင်းကိုဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်မှာ မည်သူမျှ
ကိုယ်တော်၏အပြစ်ဒဏ်မှ မလွတ်နိုင် သို့မဟုတ် မည်သူမျှ
ကိုယ်တော်၏ ဒဏ်ပေးခြင်းကို မခံနိုင်။

### Psalms 005

ငါ့ဝိညာဉ်
'ငါ့ဝိညာဉ်' ဟူ သည် ဆာလံဆရာကိုဆိုလိုခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်မှာ 'ငါ'။

ငါ့ဝိညာဉ် သည် စောင့်လျက်နေ၏
ဆာလံဆရာသည် တစ်စုံတစ်ခုကို
မျှော်လင့်ချက်နှင့်စောင့်ဆိုင်းနေသကဲ့သို့ ဟုပြောဆိုထားသည်။
အခြားသောဘာသာပြန်ဆိုချက်မှာ ငါမျှော်လင့်သည် သို့မဟုတ်
ငါတစ်စုံတစ်ခု အလိုရှိသည်။

နံနက်ကိုမြော်လင့်သော သူတို့ထက်မက၊ ငါ့ဝိညာဉ်သည် ဘုရားရှင်ကို
မြော်လင့်လျက်နေ၏။
ဆာလံဆရာအတွက် ထာဝရဘုရားက သူ့ကိုကူညီမစ စေလိုသည့်
ဆန္ဒသည် တစ်ညလုံးအလုပ်လုပ်၍ နောက်မနက်အလာ
ကိုစောင့်မျှော်နေသူများထက်ပင်
ပိုကြောင်းဆိုထားခြင်းဖြစ်သည်။ (ရှု: [[rc://*/ta//man/
translate/figs-simile]])

မြော်လင့်သောသူ (အစောင့်)
မြို့များ၊ လယ်များကို ရန်သူ့ဘေးမှ
စောင့်ရှောက်သောသူများဖြစ်ကြသည်။ ထိုသို့ အလုပ်မျိုးကို
လုပ်သောသူများကို ဆိုလိုသည်။

### Psalms 007

ဣသရေလ ... ခပ်သိမ်းသော ဒုစရိုက်အပြစ်
ဣသရေလလူများကို
ယောကျာ်းတစ်ယောက်ကဲ့သို့ပြောဆိုထားခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်မှာ
'ဣသရေလလူမျိုးများ...သူတို့၏' သို့မဟုတ် 'ကျွန်ုပ်တို့
ဣသရေလလူမျိုးများ...ကျွန်ုပ်တို့၏။'


generated on Tue Jul 2 12:50:28 2024

# Translation Questions

Psalms 130:1

စာရေးသူသည် ထာဝရဘုရားကို မည်သည့်အရာကြောင့် အော်ဟစ်ရသနည်း။

စာရေးသူသည် အိုထာဝရဘုရား အကျွန်ုပ်ဆုတောင်းပဌာနပြုသံကို နားညောင်းတော်မူ၍ အကျွန်ုပ်၏ စကားသံကို ကြားတော်မူပါဟု အော်ဟစ်ပါသည်။

Psalms 130:3

ထာဝရဘုရားကို ရိုသေလေးမြတ်သင့်ကြောင်း စာရေးသူသည် အဘယ်ကြောင့် ပြောသနည်း။

အဘယ်ကြောင့်ဆိုသော် အပြစ်လွှတ်ခြင်းအခွင့်ကို ပိုင်တော်မူသောကြောင့် ထာဝရဘုရားကို ရိုသေလေးမြတ်သင့်ပါသည်။

Psalms 130:5

စာရေးသူ၏ ဝိညာဉ်သည် မည်သူ့ကို စောင့်၍ မြော်လင့်နေသနည်း။

စာရေးသူ၏ ဝိညာဉ်သည် ထာဝရဘုရားကို စောင့်လျက်နေ၍ သူ့နှုတ်ကပတ်တော်ကို မြော်လင့်နေပါသည်။

Psalms 130:7

ဣသရေလအမျိုးသည် ထာဝရဘုရားကို မြော်လင့်ဖို့ အဘယ်ကြောင့် စာရေးသူပြောဆိုရသနည်း။

ထာဝရဘုရားသည် ကရုဏာရှိ၍ များစွာသော ရွေးနှုတ်ခြင်းကျေးဇူးရှိတော်မူ၏။ ဣသရေလအမျိုး ခပ်သိမ်းသော ဒုစရိုက်အပြစ်တို့ အထဲမှ သူသည် ရွေးနှုတ်တော်မူလိမ့်မည်။

## Chapter 131

1 အိုထာဝရဘုရား၊ အကျွန်ုပ်သည် စိတ်မမြင့်ပါ။ မျက်နှာလည်း မမော်ပါ။ ကိုယ်နှင့်မတန်၊ ကြီးမြင့်သော အမှုတို့၌ မကျင်လည်ပါ။ 2
အကယ်စင်စစ် အကျွန်ုပ်သည် အမိနို့နှင့် ကွာ သော သူငယ်ကဲ့သို့၊ ကိုယ်စိတ်ကို ဖြေ၍ ငြိမ်းစေပါပြီ။ အကျွန်ုပ်စိတ်နှလုံးသည်
နို့ကွာသော သူငယ်ကဲ့သို့ ဖြစ်ပါ ၏။ 3 ဣသရေလအမျိုးသည် ယခုမှစ၍၊ ကာလ အစဉ်မပြတ် ထာဝရဘုရားကို မြော်လင့်ပါစေ။

 generated on Tue Jul 2 12:50:28 2024

## Chapter 132

1 အိုထာဝရဘုရား၊ ဒါဝိဒ်မင်းကိုင်င်း၊ သူခံရသမျှ သော ဆင်းရဲခြင်းကိုင်င်း အောက်မေ့တော်မူပါ။ 2-5 ထိုမင်းက၊ ယာကုပ်အမျိုး
ကိုးကွယ်သော တန်ခိုး ရှင် ထာဝရဘုရား ကျိန်းဝပ်တော်မူရာအရပ်ကို အကျွန်ုပ် သည် မတွေ့မှီတိုင်အောင်၊ ကိုယ်နေရာအိမ်သို့မဝင်၊
ကိုယ်အိပ်ရာပေါ်သို့မတက်၊ ကိုယ်မျက်စိအိပ်ရမည့်အခွင့်၊ မျက်ခမ်းမှိတ်ရမည့်အခွင့်ကို မပေးပါဟု၊ ယာကုပ်အမျိုး ကိုးကွယ်သော
တန်ခိုးရှင်ထာဝရဘုရားထံ ကျိန်ဆို၍ အဓိဋ္ဌာန်ပြု၏။ 6 တဲတော်သည် ဧဖရိမ်ပြည်မှာရှိကြောင်းကို ငါတို့သည်ကြားရပြီ။ ယာရိမ်တော၌
တွေ့ကြပြီ။ 7 ဘုံဗိမာန်တော်သို့ ဝင်၍၊ ခြေတော်တင်ရာ ခုံအောက်၌ ပြပ်ဝပ်ကိုးကွယ်ကြကုန်အံ့။ 8 အို ထာဝရဘုရား၊
ကျိန်းဝပ်တော်မူရာသို့ ဘုန်း တော်နှင့်ယှဉ်သော ဓမ္မသေတ္တာနှင့်တကွ တက်တော်မူပါ။ 9 ကိုယ်တော်၏ ယဇ်ပုရောဟိတ်တို့သည် ဖြောင့်
မတ်ခြင်း တန်ဆာကိုဆင်၍၊ ကိုယ်တော်၏ သန့်ရှင်း သူတို့သည် ရွှင်လန်းစွာ သီချင်းဆိုကြပါစေသော။ 10 ကိုယ်တော်၏
ကျွန်ဒါဝိဒ်မင်း၏ မျက်နှာကို ထောက်သဖြင့်၊ ကိုယ်တော်ထံ၌ ဘိသိက်ခံသောသူကို ငြင်းပယ်တော်မမူပါနှင့်။ 11 ထာဝရဘုရားသည်
ဒါဝိဒ်အား ဓိဋ္ဌာန်ကျိန်ဆို ခြင်းကိုပြု၍၊ သစ္စာဖျက်တော်မမူသော စကားဟူမူကား၊ သင်၏အမျိုးအနွယ်ကို သင်၏ပလ္လင်ပေါ်မှာ
ငါတင်မည်။ 12 သင်၏သားတို့သည် ငါ့ပဋိညာဉ်တရားကိုင်င်း၊ ငါသွန်သင်သော သက်သေခံချက်ကိုင်င်း စောင့် ရှောက်လျှင်၊
သူတို့၏သားများသည်လည်း သင်၏ပလ္လင် ပေါ်မှာ အစဉ်အမြဲ ထိုင်ရကြလိမ့်မည်ဟု ဗျာဒိတ်ထား တော်မူပြီ။ 13 ထာဝရဘုရားသည်
ဇိအုန်မြို့ကို ရွေးကောက်၍၊ အမြဲနေတော်မူရာဘို့ အလိုတော်ရှိသည်အရာမှာ၊ 14 ဤမြို့ကား ငါအစဉ်အမြဲ ကျိန်းဝပ်ရာမြို့တည်း။
ငါအလိုရှိသည် ဖြစ်၍၊ ဤမြို့၌ငါနေမည်။ 15 သူ၏ အစာအာဟာရကို အထူးသဖြင့် ကောင်း ကြီးပေးမည်။ သူ၌ဆင်းရဲသားတို့ကို
ဝစွာကျွေးမည်။ 16 သူ၏ ယဇ်ပုရောဟိတ်တို့ကို ကယ်တင်ခြင်း တန်ဆာကို ဆင်စေသဖြင့်၊ သူ၌သန့်ရှင်း သူတို့သည် ရွှင်လန်းသော
သီချင်းကို ရွှင်လန်းစွာ ဆိုရကြလိမ့်မည်။ 17 ထိုမြို့၌ ဒါဝိဒ်၏ ဦးချိုကို ငါပေါက်စေမည်။ ငါ့ထံ၌ ဘိသိက်ခံ သောသူတို့ မီးခွက်ကို
ငါပြင်ဆင်ပြီ။ 18 ထိုအရှင်၏ ရန်သူများကို ရှက်ကြောက်ခြင်းနှင့် ငါဖုံးလွှမ်းမည်။ သူ၏ဦးရစ်သရဖူသည် ဘုန်းပွင့်လျက် ရှိလိမ့်မည်ဟု
ဗျာဒိတ်တော်ရှိ၏။

---

## Chapter 133

[1] ညီအစ်ကိုတို့သည် သဘောတူလျက်ပေါင်းဘော် ကြသည်အရာမှာ အလွန်ကောင်းပေ၏။ အလွန်တင့် တယ်လျောက်ပတ်ပေ၏။ [2]
အာရုံ၏ ခေါင်းပေါ်မှာ လောင်းလျက်၊ သူ၏ မုတ်ဆိတ်သို့စီး၍၊ လည်စွပ်တိုင်အောင် ကျသောနံ့သာဆီ ကဲ့သို့ ဖြစ်၏။ [3]
ဟေရမုန်တောင်နှင့် ဇိအုန်တောင်ရိုးပေါ်သို့ ကျသော နှင်းကဲ့သို့ ဖြစ်၏။ ထိုသို့နေကြသော အရပ်၌၊ ထာဝရဘုရားသည် အစဉ်အမြဲ
အသက်ရှင်ခြင်းအခွင့် တည်းဟူသော ကောင်းကြီးမင်္ဂလာကို စီရင်တော်မူ၏။

---



generated on Tue Jul 2 12:50:28 2024

## Chapter 134

[1] ထာဝရဘုရား၏ အိမ်တော်၌ ညဉ့်ယံစောင့် သော ထာဝရဘုရား၏ ကျွန်တော်အပေါင်းတို့၊ ထာဝရ ဘုရားကို
ကောင်းကြီးပေးကြလော့။ [2] သန့်ရှင်းရာဌာနတော်သို့ လက်ကိုချီ၍၊ ထာဝရ ဘုရားကို ကောင်းကြီးပေးကြလော့။ [3] ကောင်းကင်နှင့်
မြေကြီးကိုဖန်ဆင်းတော်မူ သော ထာဝရဘုရားသည် ဇိအုန်တောင်ပေါ်က၊ သင့်ကို ကောင်းကြီးပေးတော်မူပါ စေသော။

---

## Chapter 135

1 ထာဝရဘုရား၏ နာမတော်ကို ချီးမွမ်းကြ လော့။ 2 ထာဝရဘုရား၏ အိမ်တော်၊ ငါတို့ ဘုရား သခင်၏ အိမ်တော်တန်တိုင်းတွင်
အမှုစောင့်သော ထာဝရဘုရား၏ ကျွန်တော်တို့၊ ချီးမွမ်း ခြင်းကိုပြုကြ လော့။ 3 ထာဝရဘုရားသည် ကောင်းမြတ်တော်မူသော ကြောင့်၊
ထာဝရဘုရားကို ချီးမွမ်းကြလော့။ နာမတော်ကို ထောမနာသီချင်းဆိုကြလော့။ ထိုသို့သော အမှုသည် တင့်တယ်လျောက်ပတ်ပေ၏။ 4
အကြောင်းမူကား၊ ထာဝရဘုရားသည် ယာကုပ် အမျိုးကို ကိုယ်တော်အဘို့ငှင်း၊ ဣသရေလအမျိုးကို ဘဏ္ဍာတော်ဖြစ်စေခြင်းငှါငှင်း
ရွေးကောက်တော်မူပြီ။ 5 ထာဝရဘုရားသည် ကြီးတော်မူကြောင်း၊ ငါတို့ ၏ဘုရားရှင်သည် ဘုရားတကာတို့ထက် မြတ်တော်
မူကြောင်းကို ငါသိ၏။ 6 ထာဝရဘုရားသည် ကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာ၊ နက်နဲရာအရပ်ရပ်တို့၌ အလိုတော်ရှိသမျှတို့ကို
ပြုတော်မူ၏။ 7 မြေကြီးစွန်းမှ မိုဃ်းတိမ်တို့ကို တက်စေတော် မူ၏။ မိုဃ်းနှင့်တကွ လျှပ်စစ်ကို ဖန်ဆင်းတော်မူ၏။
ဘဏ္ဍာတော်တိုက်ထဲက လေကို ထုတ်တော်မူ၏။ 8 အဲဂုတ္တုပြည်၌ လူမှစ၍ တိရ စ္ဆာန်တိုင်အောင် သားဦးရှိသမျှတို့ကို
ဒဏ်ခတ်တော်မူ၏။ 9 အို အဲဂုတ္တုပြည်၊ သင်၏အထဲမှာ ဖာရောမင်းမှ စ၍၊ သူ၏ကျွန်အပေါင်းတို့၏အပေါ်သို့ လက္ခဏာ သက်သေ၊
အံ့ဘွယ်သောအမှုတို့ကို စေလွှတ်တော်မူ၏။ 10 အာမောရိပြည်ကို အစိုးရသော ရှိဟုန်မင်း၊ 11 ဗာရှန်ပြည်ကို အစိုးရ
သောဩဃမင်းနှင့်တကွ၊ ဘုန်းကြီးသော ရှင်ဘုရင်များကို ကွပ်မျက်၍၊ များပြား သော လူမျိုးနှင့်တကွ၊ ခါနာန်တိုင်းနိုင်ငံအပေါင်းတို့ကို
လုပ်ကြံသဖြင့်၊ 12 သူတို့နေရာ မြေကိုလွှဲ၍၊ မိမိလူ ဣသရေလ အမျိုးအား အမွေကို ပေးချေတော်မူ၏။ 13 အိုထာဝရဘုရား၊
ကိုယ်တော်၏ အမည်သည် နိစ္စထာဝရဖြစ်ပါ၏။ အိုထာဝရဘုရား၊ ဘွဲ့နာမတော် သည် ကာလအစဉ်အဆက် တည်ပါ၏။ 14
ထာဝရဘုရားသည် မိမိကျွန်တို့၏ အတွက် နောင်တရ၍၊ မိမိလူစုဘက်မှ တရားစီရင်တော်မူ၏။ 15 သာသနာပလူတို့ ကိုးကွယ်သော
ရုပ်တုတို့ကား ငွေလည်းဖြစ်၏။ ရွှေလည်းဖြစ်၏။ လူလက်ဖြင့် လုပ် သော အရာပေတည်း။ 16 ထိုရုပ်တုတို့သည် နှုတ်ရှိ၍
စကားမပြောတတ်။ မျက်စိရှိ၍ မမြင်တတ်။ 17 နားရှိ၍ မကြားတတ်။ သူတို့ပစပ်၌လည်း ထွက်သက်ဝင်သက် မရှိပါတကား။ 18
လုပ်သော သူတို့လည်း အတူတူ၊ ကိုးစားသော သူအပေါင်းတို့လည်း အတူတူပါတကား။ 19 အိုဣသရေလ အမျိုး၊ ထာဝရဘုရားကို
ကောင်းကြီးပေးလော့။ အိုအာရုန် အမျိုးအနွယ်၊ ထာဝရဘုရားကို ကောင်းကြီးပေးလော့။ 20 အိုလေဝိအမျိုးအနွယ်၊ ထာဝရဘုရားကို
ကောင်း ကြီးပေးလော့။ ထာဝရဘုရားကို ကြောက်ရွံ့သောသူတို့၊ ထာဝရဘုရားကို ကောင်းကြီး ပေးကြလော့။ 21 ယေရုရှလင်မြို့မှာ
ကျိန်းဝပ်တော်မူသော ထာဝရဘုရားသည် ဇိအုန်တောင်ပေါ်မှာ မင်္ဂလာရှိတော် မူစေသတည်း။ ဟာလေလုယ။

## Chapter 136

1 ထာဝရဘုရားသည် ကောင်းမြတ်တော်မူ၍၊ ကရုဏာတော် အစဉ်အမြဲတည်သောကြောင့်၊ ဂုဏ် ကျေးဇူးတော်ကို ချီးမွမ်းကြလော့။ 2
ဘုရားတို့၏အရှင်၊ ဘုရားသခင်၏ ကရုဏာ တော် အစဉ်အမြဲတည်သောကြောင့်၊ ဂုဏ်ကျေးဇူး တော်ကို ချီးမွမ်းကြလော့။ 3
အရှင်တို့၏သခင်၊ ဘုရားရှင်၏ ကရုဏာတော် အစဉ်အမြဲ တည်သောကြောင့်၊ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းကြလော့။ 4
ကရုဏာတော် အစဉ်အမြဲတည်သည်ဖြစ်၍၊ အံ့ဘွယ်သောအမှုတို့ကို တပါးတည်းသာပြုတော် မူထသော၊ 5 ကရုဏာတော်အစဉ်အမြဲ
တည်သည်ဖြစ်၍၊ ပညာတရားအတိုင်း ကောင်းကင်ကို ဖန်ဆင်းတော်မူ ထသော၊ 6 ကရုဏာတော်အစဉ်အမြဲတည်သည်ဖြစ်၍၊
ရေပေါ်မှာ မြေကြီးကို ဖြန့်တော်မူထသော၊ 7 ကရုဏာတော်အစဉ်အမြဲတည်သည်ဖြစ်၍၊ အလင်းအိမ်ကြီးတို့ကို
ဖန်ဆင်းတော်မူထသော၊ 8 ကရုဏာတော်အစဉ်အမြဲတည်သည်ဖြစ်၍၊ နေ့ကိုအုပ်စိုးရသော နေကိုငင်း၊ 9
ကရုဏာတော်အစဉ်အမြဲတည်သည်ဖြစ်၍၊ ညဥ့်ကို အုပ်စိုးရသော လနှင့်ကြယ်များကိုငင်း ဖန်ဆင်း တော်မူထသော၊ 10
ကရုဏာတော်အစဉ်အမြဲတည်သည်ဖြစ်၍၊ အဲဂုတ္တုပြည်မှာ သားဦးများကို ဒဏ်ခတ်တော်မူထသော၊ 11
ကရုဏာတော်အစဉ်အမြဲတည်သည်ဖြစ်၍၊ အားကြီးသော လက်၊ ဆန့်သော လက်ရုံးတော်ကို လက်နက်ပြုတော်မူထသော၊ 12
ကရုဏာတော်အစဉ်အမြဲတည်သည်ဖြစ်၍၊ ဣသရေလအမျိုးကို အဲဂုတ္တုပြည်သားတို့ အထဲက ထုတ်ဆောင်တော်မူထသော၊ 13
ကရုဏာတော်အစဉ်အမြဲတည်သည်ဖြစ်၍၊ ဧဒုံပင်လယ်ကို အပိုင်းပိုင်းခွဲတော်မူထသော၊ 14 ကရုဏာတော်အစဉ်အမြဲတည်သည်ဖြစ်၍၊
ပင်လယ်အလယ်၌ ဣသရေလအမျိုးကို ရှောက်သွား စေတော်မူထသော၊ 15 ကရုဏာတော်အစဉ်အမြဲတည်သည်ဖြစ်၍၊
ဖာရောမင်းနှင့်ဗိုလ်ခြေများကို ဧဒုံပင်လယ် ထဲ၌ လှဲချတော်မူထသော၊ 16 ကရုဏာတော် အစဉ်အမြဲ တည်သည်ဖြစ်၍၊
မိမိလူစုကိုတော၌ ပို့ဆောင်တော်မူထသော၊ 17 ကရုဏာတော် အစဉ်အမြဲ တည်သည်ဖြစ်၍၊ ကြီးသောဘုရင်တို့ကို
ဒဏ်ခတ်တော်မူထသော၊ 18-20 ကရုဏာတော်အစဉ်အမြဲတည်သည်ဖြစ်၍၊ အာမောရိပြည်ကို အစိုးရသော ရှိဟုန်မင်းကိုငင်း၊
ကရုဏာတော်အစဉ်အမြဲ တည်သည်ဖြစ်၍၊ ဗာရှန်ပြည် ကိုအစိုးရသော ဩဃမင်းကိုငင်း၊ ကရုဏာတော် အစဉ် အမြဲတည်သည်ဖြစ်၍၊
ဘုန်းကြီးသော ဘုရင်များကိုငင်း လုပ်ကြံတော်မူထသော၊ 21 ကရုဏာတော် အစဉ်အမြဲတည်သည်ဖြစ်၍၊ သူတို့နေရာမြေကို
လွှဲတော်မူထသော၊ 22 ကရုဏာတော်အစဉ်အမြဲတည်သည်ဖြစ်၍၊ မိမိကျွန်ဣသရေလအမျိုးအား အမွေကို ပေးချတော်မူ ထသော၊ 23
ကရုဏာတော်အစဉ်အမြဲတည်သည်ဖြစ်၍၊ နှိမ့်ချလျက်နေသော ငါတို့ကိုအောက်မေ့တော်မူထသော၊ 24
ကရုဏာတော်အစဉ်အမြဲတည်သည်ဖြစ်၍၊ ငါတို့ကိုရန်သူတို့ အထဲက ရွေးနှုတ်တော်မူထသော၊ 25
ကရုဏာတော်အစဉ်အမြဲတည်သည်ဖြစ်၍၊ ခပ်သိမ်းသောသတ္တဝါတို့ကို ကျွေးမွေးတော်မူသော၊ 26 ကောင်းကင်ဘုံ၏
အရှင်ဘုရားသခင်၏ ကရုဏာတော်သည် အစဉ်အမြဲတည်သောကြောင့်၊ ဂုဏ် ကျေးဇူးတော်ကို ချီးမွမ်းကြလော့။



generated on Tue Jul 2 12:50:28 2024

## Chapter 137

[1] ဗာဗုလုန်မြစ်တို့အနားမှာ ငါတို့သည်ထိုင်၍၊ ဇိအုန်မြို့ကို အောက်မေ့လျက် ငိုကြွေးကြ၏။ [2] ငါတို့စောင်းများကိုလည်း ထိုအရပ်တွင်
မိုဃ်း မခပင်တို့၌ ဆွဲထားကြ၏။ [3] အကြောင်းမူကား၊ ထိုအရပ်၌ ငါတို့ကို ဘမ်း သွားချုပ်ထားသော သူနှင့်၊
ငါတို့ကိုညှဉ်းဆဲသောသူတို့က၊ ဇိအုန်သီချင်းကို ငါတို့အား ဆိုကြလော့ဟု၊ သီချင်းဆိုသံကို ၎င်း၊ ရွှင်လန်းသော အသံကို၎င်း ငါတို့၌
တောင်းကြပါ သည်တကား။ [4] တကျွန်းတနိုင်ငံ၌ ထာဝရဘုရား၏ သီချင်းကို အဘယ်သို့ ဆိုရပါမည်နည်း။ [5] အိုယေရုရှလင်မြို့၊
သင့်ကို ငါမေ့လျှင် ငါ့လက်ျာ လက်သည် မိမိအတတ်ကိုမေ့ပါစေ။ [6] သင့်ကိုငါမအောက်မေ့၊အမြတ်ဆုံးသော ဝမ်း
မြောက်ခြင်းအကြောင်းထက်၊ ယေရုရှလင်မြို့ကို အမြတ် မထားလျှင်၊ ငါ့လျှာသည် အာခေါင်၌ထပ်ပါစေ။ [7] အိုထာဝရဘုရား၊
ယေရုရှလင်မြို့၏နေ့ရက် အချိန်ရောက်သောအခါ၊ မြို့ရိုးကို အမြစ်တိုင်အောင် ရှင်းလိုက်ကြ၊ ရှင်းလိုက်ကြဟု ဆိုကြသော
ဧဒုံအမျိုးသား တို့ကို အောက်မေ့တော်မူပါ။ [8] ဖျက်ဆီးတတ်သော ဗာဗုလုန်မင်းသမီး၊ သင် သည် ငါတို့၌ ပြုသည်အတိုင်း၊
သင်၌အပြစ်ကိုဆပ်ပေး သောသူသည် မင်္ဂလာရှိ၏။ [9] သင်၏သူငယ်တို့ကိုကိုင်ယူ၍၊ ကျောက်ပေါ်မှာ ဆောင့်သော သူသည်
မင်္ဂလာရှိ၏။

---

## Chapter 138

[1] အိုထာဝရဘုရား၊ ကိုယ်တော်ကိုစိတ်နှလုံး အကြွင်းမဲ့ အကျွန်ုပ်ချီးမွမ်းပါမည်။ အခြားတပါးသော ဘုရားတို့ရှေ့မှာ ကိုယ်တော်ကို
ထောမနာသီချင်း ဆိုပါ မည်။ [2] သန့်ရှင်းသော ဗိမာန်တော်သို့ မျက်နှာပြုလျက် ပြပ်ဝပ်ကိုးကွယ်၍၊ ကရုဏာတော်နှင့်
သစ္စာတော်ကြောင့် နာမတော်ကိုချီးမွမ်းပါမည်။ အကြောင်းမူကား၊ ဂတိတော် ကိုသိတင်းတော်ရှိသမျှထက် ချီးမြှောက်တော်မူပြီ။ [3]
အကျွန်ုပ်အော်ဟစ်သောနေ့တွင် နားထောင် တော်မူ၍၊ စိတ်ဝိညာဉ်ထဲသို့ ခွန်အားကို သွင်းသဖြင့်၊ အကျွန်ုပ်ကို ခိုင်မာစေတော်မူ၏။ [4]
အိုထာဝရဘုရား၊ လောကီရှင်ဘုရင်အပေါင်း တို့သည် နှုတ်တော်ထွက်စကားတို့ကို ကြားရသည်ဖြစ်၍၊ ဂုဏ်တော်ကို
ချီးမွမ်းကြပါလိမ့်မည်။ [5] ထာဝရဘုရား၏ လမ်းခရီးတော်တို့၌ လိုက်၍ သီချင်းဆိုကြပါလိမ့်မည်။ အကြောင်းမူကား၊ ထာဝရ
ဘုရားသည် ဘုန်းကြီးတော်မူ၏။ [6] ထာဝရဘုရားသည် မြင့်မြတ်တော်မူသော် လည်း၊ စိတ်နှိမ့်ချသော သူတို့ကို ကြည့်ရှုတော်မူ၏။
စိတ်မြင့်သော သူတို့ကိုကား၊ အဝေးကသိတော်မူ၏။ [7] အကျွန်ုပ်သည် ဆင်းရဲဒုက္ခများ၌ ကျင်လည် သော်လည်း၊ ကိုယ်တော်သည်
အကျွန်ုပ်ကို အသက်ရှင် စေတော်မူလိမ့်မည်။ လက်တော်ကို ဆန့်လျက်၊ ရန်သူတို့ ၏အမျက်ဒေါသကို ဆီးတား၍၊ လက်ျာလက်တော်
အားဖြင့် အကျွန်ုပ်ကို ကယ်တင်တော်မူလိမ့်မည်။ [8] ထာဝရဘုရားသည် ငါ၏အမှုကို ပြီးစီးစေတော် မူမည်။ အိုထာဝရဘုရား၊
ကရုဏာတော်သည် အစဉ်အမြဲ တည်ပါသည်ဖြစ်၍၊ ကိုယ်တော်၏ လက်နှင့်ပြုစုသော အမှုတို့ကို စွန့်ပစ်တော်မမူပါနှင့်။


generated on Tue Jul 2 12:50:28 2024

## Chapter 139

1 အိုထာဝရဘုရား၊ကိုယ်တော်သည် အကျွန်ုပ်ကို စစ်ကြော၍ သိတော်မူ၏။ 2 အကျွန်ုပ်ထိုင်ခြင်း၊ ထခြင်းအရာတို့ကို သိတော် မူ၏။
အကျွန်ုပ် အကြံအစည်တို့ကို အဝေးကပင် နား လည်တော်မူ၏။ 3 အကျွန်ုပ်သွားသောလမ်းကိုင်း၊ အိပ်ရာကိုင်း စစ်ဆေး၍၊
အကျွန်ုပ်ကျင့်သော အကျင့်အလုံးစုံတို့ကို ကျွမ်းတော်မူ၏။ 4 အကျွန်ုပ်သည် စကားတခွန်းကိုမျှ မမြွက်သော် လည်း၊ အိုထာဝရဘုရား၊
ကိုယ်တော်သည် အကြွင်းမဲ့ သိတော်မူ၏။ 5 ကိုယ်တော်သည်အကျွန်ုပ်ကို ပတ်လည်ဝိုင်းထား ၍၊ အကျွန်ုပ်အပေါ်မှာ
လက်တော်ကိုတင်တော်မူပြီ။ 6 ထိုသို့သော ဉာဏ်သည် အံ့သြဘွယ်ဖြစ်၍၊ အကျွန်ုပ်မတတ်နိုင်ပါ။ မြင့်မြတ်သည်ဖြစ်၍ အကျွန်ုပ်
မမှီနိုင်ပါ။ 7 ဝိညာဉ်တော်နှင့်လွတ်ခြင်းအလိုငှါ အဘယ် အရပ်သို့ သွားနိုင်ပါမည်နည်း။ မျက်နှာတော်နှင့် လွတ်ခြင်းအလိုငှါ
အဘယ်အရပ်သို့ ပြေးနိုင်ပါမည်နည်း။ 8 ကောင်းကင်သို့တက်လျှင် ကိုယ်တော်ရှိတော်မူ ၏။ မရဏာနိုင်ငံ၌ အိပ်ရာကိုခင်းလျှင်
ကိုယ်တော်ရှိတော် မူ၏။ 9 နံနက်အတောင်တို့ကိုယူ၍ သမုဒ္ဒရာစွန်း၌ နေလျှင်၊ 10 ထိုအရပ်၌ပင် ကိုယ်တော်၏လက်သည် အကျွန်ုပ်ကို
ပို့ဆောင်လျက်၊ လက်ျာလက်တော်သည် ကိုင်လျက်ရှိပါလိမ့်မည်။ 11 အကယ်၍ မှောင်မိုက်သည်ငါ့ကိုဖုံးလွှမ်းမည်ဟု တဖန်ဆိုလျှင်၊
ညဥ့်သည်လည်း အကျွန်ုပ်ပတ်ဝန်းကျင်၌ အလင်းဖြစ်ပါလိမ့်မည်။ 12 အကယ်စင်စစ်မှောင်မိုက်သည် ရှေ့တော်၌ အဘယ်အရာကိုမျှ
မဖုံးနိုင်ပါ။ ညဥ့်သည် နေကဲ့သို့ လင်းပါ၏။ မှောင်မိုက်သဘောနှင့်အလင်းသဘောသည် တူပါ၏။ 13 ကိုယ်တော်သည် အကျွန်ုပ်၏
ကျောက်ကပ်ကို ပင် ဖန်ဆင်း၍၊ အမိဝမ်းထဲမှာ အကျွန်ုပ်ကို ဖုံးအုပ်တော် မူပြီ။ 14 အကျွန်ုပ်သည် ကြောက်မက်ဘွယ်သော လက္ခဏာ၊
ထူးဆန်းသော လက္ခဏာတို့နှင့် ပြည့်စုံသည် ဖြစ်၍၊ ကိုယ်တော်ကို ချီးမွမ်းပါမည်။ ပြုပြင်တော်မူသော အမှုတို့သည်
အံ့သြဘွယ်ဖြစ်ကြောင်းကို အကျွန်ုပ်၏ စိတ်ဝိညာဉ်သည်အမှန်သိပါ၏။ 15 မထင်ရှားသော အရပ်၌ အကျွန်ုပ်ကိုဖန်ဆင်း ၍၊
မြေကြီးအောက်အရပ်၌ စေ့စပ်စွာ ပြုပြင်တော်မူသော အခါ၊ အကျွန်ုပ်၏ကိုယ်ခန္ဓာသည် ရှေ့တော်၌ ထင်ရှား လျက်ရှိပါ၏။ 16
မစုံလင်သေးသော အကျွန်ုပ်၏အလုံးအထွေးကို လည်း ကိုယ်တော်သည်ကြည့်ရှု၍ မြင်တော်မူပြီ။ ထိုအရာ တို့ကို ပြုပြင်၍ တစုံတခုမျှ
မရှိမှီကာလတွင်၊ ကိုယ်တော်၏ စာရင်း၌အကုန်အစင်မှတ်သားလျက် ရှိကြပါ၏။ 17 အိုဘုရားသခင်၊ အကျွန်ုပ်၌ ကိုယ်တော်၏
အကြံအစည်တို့သည် အလွန်ထူးဆန်းကြပါ၏။ အလွန် များပြားကြပါ၏။ 18 ထိုအကြံအစည်တော်တို့ကို ရေတွက်လျှင်၊ သဲလုံး
နှင့်အမျှမက သာ၍များပြားကြပါ၏။အကျွန်ုပ်သည် နိုးသောအခါကိုယ်တော်ထံ၌ အစဉ်ရှိပါ၏။ 19 အိုဘုရားသခင်၊ ကိုယ်တော်သည်
မတရားသော သူတို့ကို ကွပ်မျက်တော်မူပါစေသော။ လူအသက်ကို သတ်တတ်သောသူတို့၊ ငါ့ထံမှ ဖယ်သွားကြ။ 20 ထိုသူတို့သည်
ကိုယ်တော်တဘက်၌ မနာလို သောစိတ်နှင့်ပြောဆို၍၊ ကိုယ်တော်၏ရန်သူတို့သည် မတရားသဖြင့် ဝါကြွားကြပါ၏။ 21
အိုထာဝရဘုရား၊ ကိုယ်တော်ကို မုန်းသောသူ တို့ကို အကျွန်ုပ်မုန်းပါသည်မဟုတ်လော။ အာဏာတော် ကို ဆန်သောသူတို့ကို
အကျွန်ုပ်ရွံ့ရှာပါသည် မဟုတ် လော။ 22 ထိုသူတို့ကို စိတ်နှလုံးအကြွင်းမဲ့မုန်းပါ၏။ ကိုယ် ရန်သူကဲ့သို့ မှတ် ပါ၏။ 23 အိုဘုရားသခင်၊
အကျွန်ုပ်ကို စစ်ကြော၍၊ အကျွန်ုပ်၏နှလုံးကို သိမှတ်တော်မူပါ။ စုံစမ်း၍ စိတ် အထင်များကိုလည်း သိမှတ်တော်မူပါ။ 24
ဆိုးသောလမ်းသို့ အကျွန်ုပ်လိုက်သည် မလိုက် သည်ကို ကြည့်ရှု၍၊ ထာဝရလမ်းထဲသို့ သွေးဆောင်တော် မူပါ။


generated on Tue Jul 2 12:50:28 2024

## Chapter 140

1 အိုထာဝရဘုရား၊ ဆိုးသောသူ၏လက်မှ အကျွန်ုပ်ကို ကယ်နှုတ်တော်မူပါ။ ကြမ်းတမ်းသော သူ၏လက်မှ အကျွန်ုပ်ကို
ကွယ်ကာစောင့်မတော်မူပါ။ 2 ထိုသူတို့သည်နှလုံးထဲမှာမကောင်းသော အကြံ အစည်ရှိ၍၊ စစ်မှုကို အစဉ်နှိုးဆော်ကြပါ၏။ 3
သူတို့သည်မြွေကဲ့သို့ မိမိတို့လျှာကို သွေးတတ် ကြပါ၏။ သူတို့နှုတ်ခမ်းအထဲမှာ မြွေဆိုးအဆိပ် အတောက်ရှိပါ၏။ 4 အိုထာဝရဘုရား၊
မတရားသောသူ၏ လက်မှ အကျွန်ုပ်ကိုကွယ်ကာစောင့်မတော်မူပါ။ ကြမ်းတမ်းသော သူ၏လက်မှကွယ်ကာစောင့်မတော်မူပါ။
သူတို့သည် အကျွန်ုပ်ကိုလှဲခြင်းငှါ ကြံစည်ကြပါ၏။ 5 မာနကြီးသောသူတို့သည် အကျွန်ုပ်ဘို့ ကျော့ ကွင်းနှင့်ကြိုးသေးများကို
ဝှက်ထားကြပါ၏။ အကျွန်ုပ် သွားရာလမ်း၌ ကွန်ရွက်ကိုဖြန့်၍ ညွှတ်များကို ထားကြ ပါ၏။ 6 ကိုယ်တော်သည်အကျွန်ုပ်၏
ဘုရားသခင်ဖြစ် တော်မူ၏ဟု ထာဝရဘုရားအား လျှောက်ထားပါ၏။ အိုထာဝရဘုရား၊ အကျွန်ုပ်ဆုတောင်းသောစကားကို
နားထောင်တော်မူပါ။ 7 အိုဘုရားရှင်ထာဝရဘုရား၊ ကိုယ်တော်သည် အကျွန်ုပ်၏ ကယ်တင်ခြင်းအစွမ်းသတ္တိဖြစ်တော်မူ၏။
စစ်တိုက်ရသောနေ့၌ အကျွန်ုပ် ၏ဦးခေါင်းကို ဖုံးအုပ် တော်မူ၏။ 8 အိုထာဝရဘုရား၊ မတရားသောသူ၏ အလို ပြည့်စုံရသောအခွင့်၊
သူ၏အကြံထမြောက်ရသောအခွင့် ရှိစေတော်မမူပါနှင့်။ 9 ထိုသို့သောသူတို့သည် အကျွန်ုပ်ပတ်လည်၌၊ မိမိတို့ဦးခေါင်းကို
မချီးမြှောက်ရဘဲ၊ မိမိတို့မြွက်ဆိုသော မကောင်းကျိုးသည် မိမိတို့ကို လွှမ်းမိုးပါစေသော။ 10 မီးခဲတို့သည် ထိုသူတို့အပေါ်သို့
ကျရောက်ကြပါ စေသော။ မီးထဲသို့၎င်း၊ နက်သောတွင်းထဲသို့၎င်း ကျကြ ပါစေသော။ တဖန်မထကြပါစေနှင့်။ 11
ကဲ့ရဲ့တတ်သောသူသည် မြေပေါ်မှာ နေရာမမြဲ ပါစေနှင့်။ ကြမ်းတမ်းသောသူကိုလည်း ဖျက်ဆီးသည် တိုင်အောင်ဘေးဥပဒ်သည်
လိုက်ပါစေသော။ 12 ထာဝရဘုရားသည်ဆင်းရဲသော သူ၏အမှုကို စောင့်၍၊ ငတ်မွတ်သောသူဘက်၌ တရားစီရင်တော်မူ မည်ဟု
ငါသိ၏။ 13 အကယ်စင်စစ် တရားသောသူတို့သည် နာမ တော်ကို ချီးမွမ်းကြပါလိမ့်မည်။ သဘောဖြောင့်သော သူတို့သည်
အထံတော်၌နေရကြပါလိမ့်မည်။

---

Psalms 001

ယေဘုယျ အချက်အလက်
ပြိုင်တူနှိုင်းယှဉ်ချက်သည် ဟေဗြဲကဗျာ၌
အများသုံးတွေ့ရသည့်အရာဖြစ်သည်။

စစ်မှုကို အစဉ်နှိုးဆော်ကြပါ၏
ဤနေရာတွင် 'စစ်မှု' သည် စကားများခြင်းအပါအဝင်
ပဋိပက္ခအားလုံးကို ရည်ညွှန်းခြင်းဖြစ်နိုင်သည်။

သူတို့သည်မြွေကဲ့သို့ မိမိတို့လျှာကို သွေးတတ် ကြပါ၏
စကားအားဖြင့် ပြဿနာဖြစ်စေသောသူများကို မြွေပွေး၏လျှာ
ရှိသောသူများဟု ပြောဆိုထားသည်။ မြွေသည်
လျှာဖြင့်မထိခိုက်သော်လည်း ကိုက်ခြင်းနှင့် အဆိပ်ဖြင့်
နာကျင်စေသည်။ မည်သူမျှမိမိလျှာကို ထက်အောင်မလုပ်နိုင်ပါ။
ထက်သောလျှာသည် ပြဿနာကိုဖြစ်စေသော
စကားပြောခြင်းမျိုးကို ဆိုလိုခြင်းဖြစ်သည်။
မြွေတွင်ထက်သောလျှာရှိသည်ဟူသည့်စကားသည် သူတို့တွင်
အဆိပ်ရှိသည်ဟုဆိုလိုခြင်းဖြစ်သည်။

Psalms 004

မတရားသောသူ၏ လက်
ဆိုးညစ်သောသူများ၏ အာဏာတန်ခိုးကိုဆိုလိုသည်။

ကျော့ ကွင်း ...ကွန်ရွက်...ညွှတ်များ
ဖော်ပြထားသည့် ထောင်ချောက်အမည်များထက် ဆိုလိုရင်းသည်
သာ၍အရေးကြီးသည်။

'ဆိုးညစ်သော...ကြမ်းကြုတ်သောလူများ' သည် ဆာလံဆရာကို
ပြဿနာရအောင်ကြံစည်နေကြသည်။

Psalms 006

အကျွန်ုပ်ဆုတောင်းသောစကားကို နားထောင်တော်မူပါ
ကူညီရန်အတွက် တောင်းလျှောက်ခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်။ ။ကူညီရန်အတွက်
ကိုယ်တော့်ထံ အကျွန်ုပ်၏ဆုတောင်းသံကို နားညောင်းတော်မူပါ။

စစ်တိုက်ရသောနေ့၌ အကျွန်ုပ် ၏ဦးခေါင်းကို ဖုံးအုပ် တော်မူ၏
ဦးခေါင်းသည် စစ်တိုက်စဉ်တွင် အလွန်အန္တရာယ်ကြီးသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။အကျွန်ုပ်
စစ်ပွဲသို့သွားသောအခါ ကိုယ်တော်သည် ကာကွယ်တော်မူသည်။

စစ်ပွဲ
ဤနေရာတွင် 'စစ်ပွဲ' သည်
အလွန်ခက်ခဲသောအခြေအနေအားလုံးကို
ဆိုလိုခြင်းဖြစ်နိုင်သည်။

မတရားသောသူ၏ အလို ပြည့်စုံရသောအခွင့်၊
သူ၏အကြံထမြောက်ရသောအခွင့် ရှိစေတော်မမူပါနှင့်
ကျေးဇူးပြု၍ မတရားသောသူတို့၏ အကြံအစည် (စိတ်ဆန္ဒ)
အထမြောက်ခွင့်ပေးတော်မမူပါနှင့်။

မတရားသောသူများ
အခြားသောဘာသာပြန်ဆိုချက်။ ။ဆိုးညစ်သော


generated on Tue Jul 2 12:50:28 2024

Psalms 009

မိမိတို့ဦးခေါင်းကို မချီးမြှောက်ရဘဲ (သူတို့ခေါင်းများကို မြှောက်ကြသောကြောင့် ဤသို့ဆိုခြင်းဖြစ်သည်)
မောက်မာခြင်းလက္ခဏာဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်။ ။မောက်မာသည်။

မိမိတို့မြွက်ဆိုသော မကောင်းကျိုးသည် မိမိတို့ကို လွှမ်းမိုးပါစေသော
ဘုရားသခင်သည် မကောင်းသောသူများအား
သူတို့ပြောသည့်စကားများဖြင့်
ဖြစ်စေကြသောပြဿနာများ၏ဆိုးကျိုးကို
ပြန်လည်ခံစားစေဖို့ရန် ဆုတောင်းချက်ဖြစ်သည်။

မိမိတို့မြွက်ဆိုသော မကောင်းကျိုး
သူတို့ပြောသောစကားအားဖြင့် ဖြစ်စေကြသော ပြဿနာ။

လွှမ်းမိုး
နောက်ထပ်ပြဿနာမလုပ်တော့အောင် ရပ်တန့်ဖို့။

မီးခဲတို့သည် ထိုသူတို့အပေါ်သို့ ကျရောက်ကြပါ စေသော မီးထဲသို့ငင်း၊
မီးဟူသည့် ပုံရိပ်သည် မတရားသောသူများအား ပြင်းထန်သော ပြစ်ဒဏ်ပေးခြင်းဖြစ်သည်။

နက်သောတွင်း
မရဏာ (ငရဲ)၊ သေသောသူတို့၏နေရာ
ကိုဆိုလိုခြင်းဖြစ်နိုင်သည်။

ကဲ့ရဲ့တတ်သောသူ
အကြောင်းမရှိဘဲ
အခြားသူများမကောင်းကြောင်းပြောသောသူများ။

မြေပေါ်မှာ နေရာ မမြဲ ပါစေနှင့်
ဤဘဝတွင် မလုံခြုံပါစေနှင့်။

ကြမ်းတမ်းသောသူကိုလည်း ဖျက်ဆီးသည် တိုင်အောင်ဘေးဥပဒ်သည် လိုက်ပါစေသော
ဘေးဥပဒ် သည် တစ်စုံတစ်ယောက်ကို
လက်စားချေနိုင်သောလူပုဂ္ဂိုလ်အလား ပြောဆိုထားသည်။

Psalms 012

ထာဝရဘုရားသည်ဆင်းရဲသော သူ၏အမှုကို စောင့်၍
တရားမျှတမှုသည် တစ်စုံတစ်ယောက်ကိုပေး၍ရသော
အရာဝတ္ထုကဲ့သို့ ပြောဆိုထားသည်။
အခြားသောဘာသာပြန်ဆိုချက်။ ။လိုအပ်သောသူများကို ကူညီဖို့
သူသည်တရားမျှတစွာ ပြုမူလိမ့်မည်။

နာမ တော်ကို
ကိုယ်တော့်ကို။

---

## Translation Questions

Psalms 140:1

အဘယ်သူထံမှ ဒါဝိဒ်ကို ကယ်နှုတ်ရန် ထာဝရဘုရားသည် လိုအပ်တော်မူသနည်း။
ဆိုးသောသူ၏ လက်မှ ကယ်နှုတ်တော်မူဖို့ရန်နှင့်
ကြမ်းတမ်းသောသူ၏ လက်မှ ကွယ်ကာစောင့်မတော်မူခြင်းကို
ခံဖို့ရန် ဒါဝိဒ်သည် ထာဝရဘုရားကို လိုအပ်ခဲ့သည်။

ဆိုးသောသူတို့သည် မည်သည့်အရာနှင့် တူသည်ဟု ဒါဝိဒ်ပြောဆိုသနည်း။
သူတို့၏ လျှာသည် မြွေကဲ့သို့ သွေးတတ်ကြသည်။
သူတို့နှုတ်ခမ်းအထဲမှာ မြွေဆိုးအဆိပ်အတောက်ရှိပါ၏ ဟု
သူသည် ပြောသည်။

Psalms 140:4

ကြမ်းတမ်းသောသူတို့သည် ဒါဝိဒ်ကို မည်ကဲ့သို့ လုပ်ဖို့ ကြံစည်ထားသနည်း။
သူတို့သည် ကျွန်ုပ်ကို လှဲခြင်းငှါ ကြံစည်ကြပါသည်။

ဒါဝိဒ်အဘို့ မာနကြီးသောသူတို့သည် မည်ကဲ့သို့ ထားတော်မူသနည်း။
သူတို့သည် ကွန်ရွက်ကိုဖြန့်၍၎င်း၊ ကျော့ကွင်းနှင့်
ကြိုးသေးများကို အကျွန်ုပ်ဘို့ ဝှက်ထားကြပါသည်။

Psalms 140:6

ထာဝရဘုရား နားထောင်တော်မူဖို့ရန် ဒါဝိဒ်သည် မည်ကဲ့သို့ တောင်းလျှောက်ရသနည်း။
ဒါဝိဒ်သည် သနားခြင်းကရုဏာအဘို့ အော်ဟစ်ကာ
ထာဝရဘုရားနားထောင်ဖို့ရန် တောင်းလျှောက်ပါသည်။

စစ်တိုက်ရသောနေ့၌ ဒါဝိဒ်အဘို့ ထာဝရဘုရားသည် မည်ကဲ့သို့ ပြုတော်မူသနည်း။
စစ်တိုက်ရသောနေ့၌ ဒါဝိဒ်၏ဦးခေါင်းကို ထာဝရဘုရားသည်
ဖုံးအုပ်တော်မူသည်။

Psalms 140:9

ဒါဝိဒ်ပတ်လည်၌ရှိသောသူတို့ကို သူသည် မည်ကဲ့သို့ လွှမ်းမိုးရန် ဆန္ဒရှိစေသနည်း။
သူတို့ နှုတ်မြွက်သော မကောင်းကျိုးများသည် မိမိတို့ကို
လွှမ်းမိုးဖို့ရန် ဒါဝိဒ်သည် ဆန္ဒရှိသည်။

ကဲ့ရဲ့တတ်သောသူတို့ကို ဒါဝိဒ်သည် မည်ကဲ့သို့ ဖြစ်စေဖို့ရန် ဆန္ဒရှိခဲ့သနည်း။
ကဲ့ရဲ့တတ်သောသူတို့သည် မြေပေါ်မှာ နေရာမမြဲစေရန်
ဒါဝိဒ်သည် ဆန္ဒရှိသည်။

Psalms 140:12

ထာဝရဘုရားသည် ဆင်းရဲသောသူနှင့် ငတ်မွတ်သောသူတို့အဘို့ အဘယ်သို့ ပြုတော်မူလိမ့်မည်နည်း။
ထာဝရဘုရားသည် ဆင်းရဲသောသူ၏ အမှုကိုစောင့်၍ ငတ်မွတ်သောသူဘက်၌ တရားစီရင်တော်မူလိမ့်မည်ဖြစ်သည်။

အကယ်စင်စစ် တရားသောသူတို့သည် မည်ကဲ့သို့ ပြုတော်မူလိမ့်မည်နည်း။
အကယ်စင်စစ် တရားသောသူတို့သည် ထာဝရဘုရား၏ နာမတော်ကို ချီးမွမ်းကြပါလိမ့်မည်ဖြစ်သည်။

သဘောဖြောင့်သောသူတို့သည် မည်ကဲ့သို့ဖြစ်လိမ့်မည်နည်း။
သဘောဖြောင့်သောသူတို့သည် ထာဝရဘုရား၏ အထံတော်၌ နေရကြလိမ့်မည်ဖြစ်သည်။

---


generated on Tue Jul 2 12:50:28 2024

## Chapter 141

1 အိုထာဝရဘုရား၊ ကိုယ်တော်ကို အကျွန်ုပ် အော်ဟစ်ပါ၏။ အလျင်အမြန် ကြွလာတော်မူပါ။ ကိုယ် တော်ကို အော်ဟစ်သောအခါ၊
အကျွန်ုပ်၏ စကားသံကို နားထောင်တော်မူပါ။ 2 အကျွန်ုပ်၏ ပဌနာသည်မီးရှို့သော နံ့သာပေါင်း ကဲ့သို့၎င်း၊ လက်ကိုချီခြင်းသည်
ညဦးယံပူဇော်သက္ကာ ကဲ့သို့၎င်း၊ ရှေ့တော်၌ပြင်ဆင်လျက် ရှိပါစေသော။ 3 အိုထာဝရဘုရား၊ အကျွန်ုပ်၏နှုတ်ရှေ့မှာ ကင်း ကို
ထားတော်မူပါ။ အကျွန်ုပ်၏နှုတ်ခမ်းတံခါးကို စောင့် တော်မူပါ။ 4 ဒုစရိုက်ကိုပြုသောသူတို့နှင့် အတူအကျွန်ုပ်ပါ၍၊ မတရားသောအမှု၊
ဒုစရိုက်အမျိုးမျိုး၌ ကျင်လည်စေခြင်း ငှါ၊ အကျွန်ုပ်၏စိတ်နှလုံးကို မကောင်းသောအမှုအရာသို့ သွေးဆောင်တော်မမူပါနှင့်။
ထိုသူတို့၏ ခဲဘွယ်စားဘွယ် တို့ကို အကျွန်ုပ်မစားပါစေနှင့်။ 5 ဖြောင့်မတ်သော သူသည်အကျွန်ုပ်ကို ဒဏ်ခတ် ပါစေသော၊
ကျေးဇူးရှိပါလိမ့်မည်။ ဆုံးမပါစေသော၊ အကျွန်ုပ်ဦးခေါင်းကိုလိမ်းသောဆီဖြစ်ပါလိမ့်မည်။ ထပ်၍ ပြုသော်လည်း အကျွန်ုပ်မငြင်းပါ။
ယခုမူကား၊ သူတပါး ပြုသော အဓမ္မအမှုတဘက်၌ ဆုတောင်းရပါ၏။ 6 သူတို့၏အကဲအမှူးတို့သည် ကျောက်တွင်းနားမှ လွတ်၍၊
အကျွန်ုပ်၏စကားကို ကြားရကြပါ၏။ ထိုစကား လည်း ချိုပါ၏။ 7 မြေပေါ်မှာထင်းကိုခုတ်၍ခွဲသကဲ့သို့၊ မရဏာ နိုင်ငံတံခါးဝမှာ
အကျွန်ုပ်တို့၏ အရိုးများတို့သည် ကွဲပြား လျက်ရှိကြပါ၏။ 8 အိုဘုရားရှင်ထာဝရဘုရား၊ ကိုယ်တော်ကို အကျွန်ုပ်မျှော်ကြည့်ပါ၏။
ကိုယ်တော်၌ခိုလှုံပါ၏။ အကျွန်ုပ်၏အသက်ကို သွန်ပစ်စေတော်မမူပါနှင့်။ 9 အကျွန်ုပ်ဘို့ ထောင်ထားကြသောကျော့ကွင်းမှ ၎င်း၊
ဒုစရိုက်ကို ပြုသောသူတို့၏ညွတ်မှ၎င်း၊ အကျွန်ုပ်ကို လွတ်စေတော်မူပါ။ 10 ထိုသို့အကျွန်ုပ်သည်လွန်သွားသောအခါ၊ မတရားသော
သူအပေါင်းတို့သည် မိမိတို့ကျော်ကွင်းထဲသို့ ကျကြပါစေသော။

---


generated on Tue Jul 2 12:50:28 2024

## Chapter 142

[1] ငါသည် ထာဝရဘုရားထံသို့ အသံကိုလွှင့်၍ အော်ဟစ်၏။ ငါ့အသံကို ထာဝရဘုရားထံသို့လွှင့်၍ ဆုတောင်းပဋ္ဌနာပြု၏။ [2]
ရှေ့တော်၌ မြည်တမ်းသော စကားကို မြွက်၍၊ ခံရသောဆင်းရဲဒုက္ခကို ကြားလျှောက်ရ၏။ [3] အကျွန်ုပ်သည်
စိတ်ပျက်လျက်ရှိသောအခါ ၊ အကျွန်ုပ်သွားသောလမ်းကို ကိုယ်တော်သိတော်မူ၏။ အကျွန်ုပ်သွားသောလမ်း၌ ကျော့ကွင်းကို
ဝှက်ထားကြ ပါပြီ။ [4] လက်ျာဘက်သို့ အကျွန်ုပ်ကြည့်ရှုသောအခါ၊ အကျွန်ုပ်သိကျွမ်းသောသူမရှိပါ။ ပြေးလွတ်ရာလမ်းလည်း
ပိတ်ပါ၏။ အကျွန်ုပ်အသက်ကို နှမြောသောသူမရှိပါ။ [5] အိုထာဝရဘုရား၊ ကိုယ်တော်ကိုအော်ဟစ်ပါ၏။ အသက်ရှင်သောသူတို့၏
နေရာ၌ကိုယ်တော်သည် အကျွန်ုပ်ခိုလှုံရာ၊ အကျွန်ုပ်ခံစားရာအဘို့ ဖြစ်တော်မူ၏။ [6] အလွန်နှိမ့်ချလျက်နေသော အကျွန်ုပ်၏ ကြွေး
ကြော်သံကို နားထောင်တော်မူပါ။ အကျွန်ုပ်ကို ညှဥ်းဆဲ သောသူတို့လက်မှ ကယ်နှုတ်တော်မူပါ။ သူတို့သည် အကျွန်ုပ်ထက်သာ၍
ခွန်အားကြီးကြပါ၏။ [7] နာမတော်ကို အကျွန်ုပ်ချီးမွမ်းရမည်အကြောင်း၊ အကျွန်ုပ်ကို ထောင်ထဲကနှုတ်ဆောင်တော်မူပါ။ ထိုသို့
ကျေးဇူးပြုတော်မူသောအခါ၊ ဖြောင့်မတ်သောသူတို့သည် အကျွန်ုပ်ကို ဝန်းရံလျက်နေကြပါလိမ့်မည်။

---


generated on Tue Jul 2 12:50:28 2024

## Chapter 143

1 အိုထာဝရဘုရား၊ အကျွန်ုပ်၏ပဌနာကိုကြား၍၊ ဆုတောင်းသော စကားကိုနားထောင်တော်မူပါ။ သစ္စာ စောင့်ခြင်း၊
ဖြောင့်မတ်ခြင်းရှိတော်မူသည်အတိုင်း ပြန် ပြောတော်မူပါ။ 2 ကိုယ်တော်၏ကျွန်နှင့် တရားတွေ့တော်မမူပါ နှင့်။
အသက်ရှင်သောသူမည်သည်ကား၊ ရှေ့တော်၌ အပြစ်ကင်းစင်ရာသို့ မရောက်ရပါ။ 3 ရန်သူသည်အကျွန်ုပ်၏ဝိညာဉ်ကို ညှဉ်းဆဲ၍၊
အသက်ကိုလည်း မြေတိုင်အောင်နှိပ်နင်း၍၊ ကြာမြင့်စွာ သေနေသောသူကဲ့သို့၊ အကျွန်ုပ်ကို မှောင်မိုက်ထဲမှာ နေစေပါ၏။ 4
အကျွန်ုပ်သည်စိတ်ပျက်လျက်၊ ကိုယ်အထဲ၌ နှလုံးကြေကွဲလျက် ရှိပါ၏။ 5 ရှေးလွန်လေပြီးသော ကာလကိုအောက်မေ့၍၊
အလုံးစုံသော အမှုတော်တို့ကိုင်ငင်း၊ လက်တော်နှင့်ပြုပြင် သော အရာများကိုင်ငင်း ဆင်ခြင်ပါ၏။ 6 ကိုယ်တော်ထံသို့ လက်တို့ကို
ဆန့်ပါ၏။ သွေ့ ခြောက်သောမြေကဲ့သို့ အကျွန်ုပ်၏ဝိညာဉ်သည် ကိုယ်တော်ကိုတောင့်တပါ၏။ 7 အိုထာဝရဘုရား၊ အလျင်အမြန်
နားထောင် တော်မူပါ။ အကျွန်ုပ်သည် စိတ်ပျက်ပါပြီ။ မျက်နှာလွှဲ တော်မူသဖြင့်၊ တွင်းထဲသို့ဆင်းသောသူကဲ့သို့ အကျွန်ုပ်ကို
ဖြစ်စေတော်မမူပါနှင့်။ 8 ကရုဏာတော်စကားသံကို အလျင်အမြန်ကြား စေတော်မူပါ။ ကိုယ်တော်၌ကိုးစားပါ၏။ ကိုယ်သွားရမည်
လမ်းကိုသိစေတော်မူပါ။ ကိုယ်တော်ကို အကျွန်ုပ်တသ ပါ၏။ 9 အိုထာဝရဘုရား၊ ရန်သူတို့လက်မှ အကျွန်ုပ်ကို ကယ်နှုတ်တော်မူပါ။
ကိုယ်တော်ကိုခိုလှုံပါ၏။ 10 အလိုတော်သို့လိုက်စေမည်အကြောင်း သွန်သင် တော်မူပါ။ ကိုယ်တော်သည် အကျွန်ုပ်၏ဘုရားသခင်
ဖြစ်တော်မူ၏။ ကောင်းမြတ်သောဝိညာဉ်တော်သည် ဖြောင့်သောလမ်း၌ အကျွန်ုပ်ကိုသွေးဆောင်တော်မူပါ စေသော။ 11
အိုထာဝရဘုရား၊ နာမတော်အတွက်ကြောင့်၊ အကျွန်ုပ်ကို အသက်ရှင်စေတော်မူပါ။ ဖြောင့်မတ်တော်မူ သည်နှင့်အညီ၊ အကျွန်ုပ်၏
ဝိညာဉ်ကိုဆင်းရဲဒုက္ခအထဲက နှုတ်ယူတော်မူပါ။ 12 ကရုဏာတော်ရှိသည်အတိုင်း၊ အကျွန်ုပ်၏ ရန်သူတို့ကို ပယ်ရှင်း၍၊ အကျွန်ုပ်ကို
ညှဉ်းဆဲသော သူအပေါင်းတို့ကို ဖျက်ဆီးတော်မူပါ။ အကျွန်ုပ်သည် ကိုယ်တော်၏ကျွန်ဖြစ်ပါ၏။

---



generated on Tue Jul 2 12:50:28 2024

## Chapter 144

1 ငါ၏ကျောက်တည်းဟူသော ထာဝရဘုရား သည် မင်္ဂလာရှိတော်မူစေသတည်း။ ငါ့လက်သည် စစ် တိုက်၍၊
လက်ချောင်းတို့လည်းစစ်မှုကို လေ့ကျက်မည် အကြောင်းသွန်သင်တော်မူ၏။ 2 ငါ့ကိုသနားသောသူ၊ငါ၏မြို့ရိုး၊ ငါ၏ရဲတိုက်၊
ငါ့ကိုကယ်လွှတ်သောသခင်၊ ငါ၏အကွယ်အကာ ဖြစ်တော်မူ၏။ ထိုဘုရားသခင်ကို ငါကိုးစား၏။ ငါ၏ လူမျိုးကို ငါ့အောက်သို့
နှိမ်ချတော်မူ၏။ 3 အိုထာဝရဘုရား၊ လူသည်အဘယ်သို့သော သူဖြစ်၍၊ ကိုယ်တော်သည် မှတ်တော်မူရသနည်း။ လူသားသည်
အဘယ်သို့သောသူဖြစ်၍၊ ပမာဏ ပြုတော် မူရသနည်း။ 4 လူသည်အငွေ့နှင့် တူပါ၏။ သူ၏နေ့ရက်တို့သည် လွန်သွားတတ်သော
အရိပ်ကဲ့သို့ဖြစ်ကြပါ၏။ 5 အိုထာဝရဘုရား၊ ကိုယ်တော်၏ မိုဃ်း ကောင်းကင်ကို ညွတ်၍ဆင်းသက်တော်မူပါ။ တောင်တို့ကို
တို့တော်မူပါ။ သူတို့သည် မီးခိုးထွက်ကြပါလိမ့်မည်။ 6 လျှပ်စစ်ပြက်စေ၍ လေးမြှားတော်တို့ကို ပစ် သဖြင့်၊ ရန်သူတို့ကို
အရပ်ရပ်သို့ကွဲပြားစေ၍ နှိပ်စက် တော်မူပါ။ 7 အထက်အရပ်က လက်တော်ကိုဆန့်၍ အကျွန်ုပ် ကို နှုတ်တော်မူပါ။
တခဲနက်သောရေထဲကငင်း၊ တကျွန်း တနိုင်ငံသားတို့၏လက်ထဲကငင်း၊ ဆယ်ယူကယ်တင် တော်မူပါ။ 8 သူတို့၏နှုတ်သည်
မုသာစကားကို ပြောတတ် ပါ၏။ သူတို့၏ လက်ျာလက်သည်လည်း လှည့်စားတတ် သော လက်ဖြစ်ပါ၏။ 9 အိုဘုရားသခင်၊
ရှေ့တော်၌ အသစ် သောသီချင်းကို ဆိုပါမည်။ ကြိုးဆယ်ပင်ရှိသော တုရိယာ နှင့်ထောမနာသီချင်းဆိုပါမည်။ 10
အောင်မြင်ရသောအခွင့်ကို ရှင်ဘုရင်တို့အား ပေးတော်မူ၏။ ကိုယ်တော်၏ ကျွန်ဒါဝိဒ်ကိုဆိုးသော ထားဘေးနှင့်
ကင်းလွတ်စေတော်မူ၏။ 11 တကျွန်းတနိုင်ငံသားတို့၏လက်မှ၊ အကျွန်ုပ်ကို နှုတ်ယူ၍ ကယ်တင်တော်မူပါ။ သူတို့၏နှုတ်သည် မုသာ
စကားကို ပြောတတ်ပါ၏။ သူတို့၏လက်ျာလက်သည် လည်း လှည့်စားတတ်သော လက်ဖြစ်ပါ၏။ 12 အကျွန်ုပ်တို့၏သားတို့သည်
ငါသည်ပညာရှိ၏ဟု ကိုယ်ကို မမြင်နှင့်
ကျမ်းရေးသူသည် လူတစ်ဦး၏ထင်မြင်ချက်ကို တစ်စုံတစ်ခုကို သူ၏မျက်လုံးဖြင့် မြင်တွေ့နေသကဲ့သို့ ပြောဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ပညာရှိသည်ဟု ကိုယ့်ကိုယ်ကို မထင်နှင့်။"

ဒုစရိုက်ကို ရှောင်လော့
ကျမ်းရေးသူသည် မကောင်းသောအမှု ကျူးလွန်ခြင်းကို မကောင်းမှုမှ ရှောင်လွဲရသကဲ့သို့ ပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မကောင်းသောအမှုကို ကျူးလွန်ခြင်းမပြုပါနှင့်"

သို့ပြုလျှင် သင်၏အကြောတို့သည် အားသန်၍၊ အရိုးတို့သည် ခြင်ဆီနှင့် ပြည့်စုံကြလိမ့်မည်
"သို့" ဟူသော စကားလုံးသည် ကျမ်းရေးသူမှ အရင်ကျမ်းချက်တွင် ပေးထားသော လမ်းညွှန်ချက်တို့ကို ပြန်လည်ရည်ညွှန်းသည်။ ပြီးပြည့်စုံသော အဓိပ္ပါယ်ကို ရှင်းလင်းစွာ ပေးနိုင်သည်။ "အသွေးအသား" ဟူသောစကားလုံးသည် လူတစ်ကိုယ်လုံးကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထိုသို့ပြုလျှင်၊ သင်၏ ခန္ဓာကိုယ်သည် အနာရောဂါ ပျောက်ကင်းလိမ့်မည်။"

Proverbs 09

ရှိသမျှ၊ ထွက်သမျှ
"ရိတ်သိမ်းသမျှ"


generated on Tue Jul 2 12:50:28 2024

သင်၏စပါးကျီတို့သည် ကြွယ်ဝလိမ့်မည်
ဤနေရာတွင် ကတ္တားကို ပြည့်သူအဖြစ် ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ စပါးကျီတို့သည် ပြည့်လိမ့်မည်"

စပါးကျီ၊ ဘဏ္ဍာသိုက်
စားစရာတို့ကို သိုလှောင်ထားသော အခန်း သို့မဟုတ် အဆောက်အအုံ

စပျစ်သီးနယ်ရာ တန်ဆာတို့ကို အသစ်သော စပျစ်ရည် လျှံလိမ့်မည်
အဆင်သင့်ဖွင့်ထားမည် ဆိုလျှင်သင်၏ စပျစ်ထည့်သောစည်တို့သည် ကွဲထွက်လုမတတ် ပြည့်လျှံနေလိမ့်မည်။

## Proverbs 11

ယေဘုယျအချက်အလက်၊
ကျမ်းရေးသူသည် ဖခင်တစ်ဦးမှ သူ၏သားကို သွန်သင်ပေးသကဲ့သို့ ရေးသားထားသည်။

နှစ်သက်တော်မူသော သူကို
"သူ နှစ်သက်တော်မူသော သားတစ်ဦး။" ဤနေရာတွင် သားအပေါ်ထားသော ချစ်ခြင်းမေတ္တာကို ရည်ညွှန်းပြီး၊ သား၏ အမူအကျင့်ကို ဖခင်၏ ခွင့်ပြုမှုမျိုးမဟုတ်ပါ။ အခြားသောဘာသာပြန်ဆိုချက်၊ "သူချစ်တော်မူသော သားတစ်တယောက်ကို"

## Proverbs 13

ဉာဏ်ပညာကို ရှာ၍ရသောသူသည်
ကျမ်းရေးသူသည် "ဉာဏ်ပညာ" ကို ရှာဖွေ၍ရသော ဝတ္ထုပစ္စည်းကဲ့သို့ ပြောဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဉာဏ်ပညာကို ကြိုးပမ်းရရှိသူ"

ငွေကုန်သွယ်ခြင်း
ဤနေရာတွင် အကျိုးအမြတ်တွက် ငွေကို ကုန်သွယ်ခြင်း သို့မဟုတ် ရင်းနှီးမြှုပ်နှံခြင်းတို့ ပြုလုပ်နိုင်ကြောင်း ရည်ညွှန်းသည်။

## Proverbs 15

ယေဘုယျအချက်အလက်၊
ကျမ်းစာရေးသူသည် ဉာဏ်ပညာကို အမျိုးသမီးကဲ့သို့ ပြောဆိုထားသည်။

အဖိုးထိုက်
"အဖိုးတန်သော" သို့မဟုတ် "တန်ဖိုးကြီးသော"

သူ၏လက်ျာလက်၌ အသက်တာရှည်သော ကာလ၊ လက်ဝဲလက်၌ စည်းစိမ်နှင့် ဂုဏ်အသရေရှိ၏
ကျမ်းစာရေးသူသည် ဉာဏ်ပညာရှိခြင်းမှ ရရှိသော အကျိုးအမြတ်များကို သူ၏လက်၌ ဤအရည်အသွေးများ ဝတ်ဆင်ပြီး လူအများကို မျှဝေပေးသည့် အမျိုးသမီးကဲ့သို့ ဉာဏ်ပညာကို ပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဉာဏ်ပညာသည် လူကို အသက်ရှည်ခြင်း၊ ချမ်းသာခြင်းနှင့် ဂုဏ်အသရေကို ပေးသည်။"

အသက်တာရှည်သော ကာလ
ဤဥပစာစကားသည် အသက်ရှည်ခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အသက်ရှည်ခြင်း"

## Proverbs 17

ပညာလမ်းတို့သည် သာယာသောလမ်း၊ ပညာလမ်းခရီးရှိသမျှတို့သည် ငြိမ်ဝပ်လျက်ရှိကြ၏
ကျမ်းရေးသူသည် ဉာဏ်ပညာကို အမျိုးသမီးတစ်ဦးနှင့် လူတစ်ဦးကို ဉာဏ်ပညာမှပေးသော အကျိုးအမြတ်ကဲ့သို့လည်းကောင်း၊ ထိုသူ၏ လမ်းခရီးတစ်လျှောက် ဉာဏ်ပညာမှ ဦးဆောင်နေသကဲ့သို့လည်းကောင်း ပြောဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဉာဏ်ပညာသည် အစဉ်အမြဲ သင်တို့ကို ကြင်နာစွာ ပြုစု၍ ငြိမ်းချမ်းခြင်းကို ပေးလိမ့်မည်။"

ပညာကို ကိုင်ဆွဲသောသူသည် အသက်ပင်ကို ရပြီ
ကျမ်းရေးသူသည် ဉာဏ်ပညာကို အသက်အသီး သီးသော သစ်ပင်တစ်ပင်အဖြစ်နှင့် ဉာဏ်ပညာမှ အကျိုးအမြတ်ရရှိသော လူတစ်ဦးကဲ့သို့လည်းကောင်း၊ ထိုသူသည် အသီးကို စားသကဲ့သို့လည်းကောင်း ပြောဆိုရေးသားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဉာဏ်ပညာသည် သူ၏အသီးကို စားသုံးသောသူအား အကျိုးပြုတတ်သော သစ်ပင်ကဲ့သို့ဖြစ်သည်။"

အသက်ပင်
"အသက်ကို ပေးသောအပင်" သို့မဟုတ် "သူ့အသီးမှ အသက်ကို အကျိုးပြုသောအပင်"

လက် မလွှတ်သောသူ
"သူ့အသီးကို လက်မလွှတ်သောသူ"

## Proverbs 19

ထာဝရဘုရားသည် မြေကြီးကိုတည်၍၊ မိုးကောင်းကင် ကို ပြင်ဆင်တော်မူပြီ
ကျမ်းရေးသူသည် ထာဝရဘုရားမှ မြေကြီးနှင့် ကောင်းကင်ကို ဖန်ဆင်းသောအကြောင်းကို သူသည် အဆောက်အအုံ အုတ်မြစ်ချသကဲ့သို့ ရေးသားထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် မြေကြီးကို ဖန်ဆင်းခဲ့တယ် ... ကောင်းကင်ကို ဖန်တီးခဲ့သည်။"

နက်နဲသောအရပ် အက်ကွဲ၍
မြေကြီးအောက်ထဲတွင် ရေတည်ရှိသည်ဟု ရှေးကာလ၌ တွေးခေါ်ယုံကြည်ခဲ့ကြသည်။ ဤပုဒ်စုသည် ဘုရားသခင်က မြေအောက်မှရေထွက်လာစေရန် ပြုလုပ်တော်မူပြီး သမုဒ္ဒရာနှင့် မြစ်တို့ဖြစ်တည်လာရန် ပြုလုပ်တော်မူကြောင်းကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူသည်


generated on Tue Jul 2 12:50:28 2024

မြစ်တို့ကို စီးဆင်းစေတော်မူသည်" သို့မဟုတ် "သူသည် သမုဒ္ဒရာတို့ကို ဖြစ်တည်စေတော်မူသည်။"

နှင်းရည်
ညဥ့်အချိန်၌ မြေကြီးပေါ်တွင် စုစည်းဖြစ်ပေါ်လာသော ရေ

Proverbs 21

မျက်မှောက်မှ မကွာစေဘဲ
ကျမ်းရေးသူသည် တစ်စုံတစ်ရာကို မေ့လျော့ခြင်းမရှိရန်အလို့ငှာ ထိုအရာကို မျက်စိဖြင့် အမြဲတမ်းမြင်တွေ့နေရသကဲ့သို့ ပြောဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထိုအရာများကို မမေ့နှင့်။"

ထိုရတနာတို့သည် သင်၏ဝိညာဉ်၌ အသက်ဖြစ်လိမ့်မည်
ဤနေရာတွင် "ဝိညာဉ်" ဟူသောစကားလုံးသည် လူကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထိုအရာတို့သည် သင်အတွက် အသက်ဖြစ်လိမ့်မည်။"

သင်၏လည်ပင်း၌ ဂုဏ်အသရေ
ကျမ်းရေးသူသည် "သမ္မာသတိ" နှင့် "ပညာရတနာ" ကို လူတစ်ယောက်သည် လည်ပင်းတွင်ရစ်ပတ်၍ ဆင်မြန်းနိုင်သော လည်ဆွဲကဲ့သို့ ဝတ္ထုပစ္စည်းကဲ့သို့ ပြောဆိုထားသည်။ ပုံဆောင်မှုမှ ဤအရာများသည် လူ၏ အပြင်ပန်း၌ ဖော်ပြသော အဖိုးထိုက်သည့် အရာများကို ညွှန်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လည်ဆွဲရတနာနှင့် သူ့ကိုယ်သူ တန်ဆာဆင်ထားသောသူကဲ့သို့ ဂုဏ်အသရေဖြစ်လိမ့်မည်"

ဂုဏ်အသရေ
ဖြစ်တန်ရာသော အဓိပ္ပာယ်များမှာ (၁) "ဂုဏ်သရေရှိသော အဆင်တန်ဆာ" သို့မဟုတ် (၂) ထာဝရဘုရား၏ ဂုဏ်အသရေကို ဖော်ပြနိုင်သည့် အဆင်တန်ဆာ။"

Proverbs 23

သင်သည်ခရီးသွားရာ၌ ဘေးမရှိ
ကျမ်းရေးသူသည် လူတစ်ယောက်၏ အသက်ရှင်နေထိုင်ခြင်းကို လမ်းခရီးတစ်ခုကို လျှောက်လှမ်းနေသကဲ့သို့ ပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ဘဝ၌ လုံခြုံစွာ နေထိုင်ရလိမ့်မည်။"

ခြေမတိုက်မိဘဲ သွားလိမ့်မည်
"ခြေ" ဟူသောစကားသည် လူတစ်ကိုယ်လုံးကို ကိုယ်စားပြုသည်။ ကျမ်းရေးသူသည် မှားယွင်းမှုပြုသည်ကို လမ်း၌ အရာဝတ္ထုတစ်ခုအား ခလုတ်တိုက်သကဲ့သို့ ပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မှားယွင်းသောအမှုတို့ကို မပြုဘဲနေရမည်။"

အိပ်သောအခါ
ဤနေရာတွင် လူတစ်ယောက် အိပ်စက်ရန် လဲလျောင်းနေသည်ကို သွယ်ဝိုက်ညွှန်းဆိုသည်။ ယင်းအဓိပ္ပာယ်ကို ရှင်းလင်းစွာ ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အိပ်စက်ရန် လဲလျောင်းသောအခါ"

ကောင်းမွန်စွာ အိပ်ပျော်ရလိမ့်မည်
ကျမ်းရေးသူသည် ငြိမ်းချမ်းစွာနှင့် ရွှင်လန်းနှစ်ခြိုက်စွာ အိပ်စက်ခြင်းကို ချိုမြိန်သော အရသာရှိစွာ အိပ်စက်သကဲ့သို့ ပြောဆိုသည်။ "အိပ်စက်ခြင်း" ကို ကြိယာအဖြစ် အနက်ပြန်နိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏အိပ်စက်ခြင်းသည် နှစ်လိုဖွယ်ဖြစ်လိမ့်မည်" သို့မဟုတ် "သင်သည် ငြိမ်းချမ်းစွာ အိပ်စက်ရလိမ့်မည်။"

Proverbs 25

လူဆိုးတွေ့တတ်သော ပျက်စီးရာဘေး၊ ပေါ်လာသောအခါ
ဤဟာကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူဆိုးက ပျက်စီးရာဘေးကို ဖြစ်စေသောအခါ"

ထာဝရဘုရားသည် သင်ယုံကြည်ကိုးစားရာဖြစ်၍
"ထာဝရဘုရားသည် သင်၏ဘေး၌ ရှိနေလိမ့်မည်။" လူတစ်ယောက်သည် အခြားတစ်ယောက်၏ နံဘေး၌ရပ်နေသည်ဟူသည်မှာ ဥပစာအသုံးတစ်ခုဖြစ်ပြီး တစ်ယောက်သောသူမှ အခြားတစ်ယောက်ကို ကူညီထောက်ပံ့သည်လိမ့်မည်ဟု အဓိပ္ပာယ်ရသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် သင့်ကို ထောက်ပံ့၍ ကွယ်ကာတော်မူလိမ့်မည်။"

သင်၏ခြေကို မကျော့မိစေခြင်းငှာ စောင့်မတော်မူလိမ့်မည်
ကျမ်းရေးသူသည် လူတစ်ယောက် "ကြောက်ရွံ့ခြင်း" နှင့် "ပျက်စီးရာဘေး" ကြုံတွေ့နေရခြင်းကို လူတစ်ယောက် ကျော့ကွင်းထောင်ချောက်မိသကဲ့သို့ ပြောဆိုသည်။ "ခြေ" ဟူသော စကားလုံးသည် လူတစ်ကိုယ်လုံးကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင့်ကို ဒုက္ခပေးချင်သောသူတို့ထံမှ ကွယ်ကာတော်မူလိမ့်မည်။"

Proverbs 27

မပြုဘဲမနေနှင့်
"ကောင်းသောအရာတို့ကို မပြုဘဲမနေနှင့်" သို့မဟုတ် "ကောင်းသောကျင့်ကြံခြင်းကို မပြုဘဲမနေနှင့်"

ကျေးဇူးပြုရ သော အခွင့်ရှိလျှင်
"ကျေးဇူးပြုနိုင်သော အခွင့်ရရှိလျှင်"

အိမ်နီးချင်းကို ပေးစရာရှိလျက်
"သင်၏လက်ထဲတွင် ပိုက်ဆံရှိနေသောအချိန်၌။" ဤနေရာတွင် လူတစ်ယောက်သည် ကူညီရန် ယနေ့တွင် ပိုက်ဆံရှိပါလျက်နှင့်၊ သူ၏အိမ်နီးခြင်းအား မနက်ဖြန်မှလာရန်ပြောဆိုသည်ဟု အဓိပ္ပာယ်ရသည်။


generated on Tue Jul 2 12:50:28 2024

Proverbs 31

သူလိုက်သော လမ်းတစ်စုံတစ်ခုကိုမျှ အလိုမရှိနှင့်
အစ္စမလူတို့ ပြုကျင့်သည်အတိုင်း အတုမခိုးရန်အလို့ငှာ ရွေးချယ်ခြင်းမပြုမည်အကြောင်း သွယ်ဝိုက်ပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့လိုက်သောလမ်းများကို အတုခိုးရန် ရွေးချယ်ခြင်း ... မပြုနှင့်"

ထာဝရဘုရားသည် သဘောကောက်သော သူတို့ကို စက်ဆုပ်ရွံ့ရှာတော်မူ၏
"ထာဝရဘုရားသည် စဉ်းလဲသောသူကို စက်ဆုပ်ရွံရှာသည်"

သဘောကောက်သော သူ
မရိုးသားသော သို့မဟုတ် လိမ်လည်လှည့်ဖြားတတ်သော သူ

ဖြောင့်မတ်သောသူတို့မူကား၊ ကိုယ်တော်နှင့် မိတ်သဟာယ ဖွဲ့ရသောအခွင့်ရှိကြ၏
ထာဝရဘုရားသည် မှန်ကန်သောအမှုပြုသူနှင့် နီးကပ်စွာ၊ ယုံကြည်ရသည့် သူငယ်ချင်းအဖြစ် စိတ်တူကိုယ်တူ မျှဝေနေထိုင်တော်မူသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် သမာဓိရှိသောသူနှင့် ရင်းနှီးသော သူငယ်ချင်း ဖြစ်ကြသည်။"

Proverbs 33

မတရားသောသူ၏ နေရာသည် ထာဝရဘုရား ကျိန်တော်မူခြင်းကို တွေ့တတ်၏
ကျမ်းရေးသူသည် ထာဝရဘုရား၏ ကျိန်ခြင်းကို မတရားသောသူ၏ အိမ်ဦးအရပ်ရှိ ဝတ္ထုတစ်ခုကဲ့သို့ ပြောဆိုသည်။ "နေရာ၊ အိမ်" ဟူသော စကားလုံးသည် မိသားစုကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် မတရားသောသူ၏ မိသားစုကို ကျိန်ခြင်းပြုတော်မူသည်။"

တရားသောသူ၏ နေရာကိုကား ကောင်းကြီးပေးတော်မူ၏
"နေရာ၊ အိမ်" ဟူသော စကားလုံးသည် မိသားစုကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် တရားသောသူတို့၏ မိသားစုဝင်များကို ကောင်းကြီးပေးတော်မူသည်။"

စိတ်နှိမ့်ချသောသူတို့အားကား၊ ကျေးဇူးပြုတော်မူ၏
ကျမ်းရေးသူသည် ထာဝရဘုရား၏ ကျေးဇူးပြုတော်မူခြင်းကို လူတို့အား ပေးတော်မူသော ပစ္စည်းကဲ့သို့ ပြောဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် စိတ်နှလုံးနှိမ့်ချသောသူတို့ထံတွင် ကျေးဇူးတော်ကို ပြတော်မူသည်" သို့မဟုတ် "သူသည် စိတ်နှလုံးနှိမ့်ချသောသူတို့အပေါ်တွင် သနားခြင်းကရုဏာ ထားရှိတော်မူသည်။"

Proverbs 35

ပညာရှိသောသူတို့သည် ဘုန်းအသရေကို အမွေခံရ၍
ကျမ်းရေးသူသည် ပညာရှိသောသူတို့ ရရှိထားသော ဘုန်းအသရေနှင့် ဂုဏ်သိက္ခာကို သူတို့သည် ရာသက်ပန်ပိုင်ဆိုင်ထားသည့် ဂုဏ်သိက္ခာကို အမွေခံစားသကဲ့သို့ ပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ပညာရှိသောသူတို့သည် ဂုဏ်သိက္ခာရှိကြလိမ့်မည်" သို့မဟုတ် "ပညာရှိသောသူသည် လေးစားလောက်သော ဘုန်းအသရေကို ရရှိလိမ့်မည်။"

မိုက်သောသူတို့မူကား၊ အရှက်ကွဲခြင်းကို ထမ်းသွားရကြလိမ့်မည်
ကျမ်းရေးသူသည် ထာဝရဘုရားမှ မိုက်သောသူ၏ အရှက်ရစေခြင်းအား အယောက်တိုင်းမြင်သာစေရန် ပြုတော်မူသည်ကို ထာဝရဘုရားသည် မိုက်သောသူတို့ကို အများမြင်စေရန် ထမ်းသွားသကဲ့သို့ ပြောဆိုထားသည်။ ဤဟာကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်ဆိုချက်၊ "ထာဝရဘုရားသည် မိုက်သောသူတို့ အရှက်ကွဲခြင်းကို အယောက်စီတိုင်းရှုမြင်ရန်အလို့ငှာ ပြုတော်မူလိမ့်မည်။"

---

## Translation Questions

Proverbs 3:1

ဉာဏ်ပညာ၏မိန့်မှာချက်များနှင့် သွန်သင်ချက်များသည် သူမ၏သားအား မည်သည့်အရာကို ထပ်၍ပေးမည်နည်း?
ဉာဏ်ပညာ၏ ပညတ်တော်နှင့်တရားတော်သည် သူမ၏ သားကို ငြိမ်သက်ခြင်းနှင့် ရှည်လျားသောအသက်တာကိုတိုးပွားစေလိမ့်မည်။

Proverbs 3:3

သစ္စာတရားနှင့် ဂရုဏာတရားကို ဘယ်မှာရေးရပါမည်နည်း။
သစ္စာတရားနှင့်ဂရုဏာတရားကို နှလုံးသား၏ကျောက်ပြားပေါ်မှာရေးသွင်းသင့်ပါသည်။

Proverbs 3:5

သားသည်အဘယ်အပေါ်မှာ အမှီ မပြုသင့်သနည်း။
သားသည် ကိုယ့်ဉာဏ်ကို အမှီမပြုရ။

Proverbs 3:7

သားသည် မိမိကိုယ်ကို မည်သို့ မမြင်သင့်သနည်း?
မိမိကိုယ်မိမိ ပညာရှိကဲ့သို့ မမြင့်သင့်ပါ။

Proverbs 3:9

သားသည် မိမိဥစ္စာဖြင့် အဘယ်သို့ ပြုရမည်နည်း။
သားသည် မိမိဥစ္စာဖြင့် ထာဝရဘုရားကို ပူဇော်သင့်သည်။

Proverbs 3:11

ထာဝရဘုရားသည် မည်သူတို့ကို ဆုံးမသနည်း။
ထာဝရဘုရားသည် သူချစ်သောသူများ တို့ကို ဆုံးမတတ်သည်။

Proverbs 3:13

ဉာဏ်ပညာသည် ဘယ်အရာတွေထက်ကောင်းသနည်း။
ဉာဏ်ပညာသည် ရွှေငွေတွေထက် သာ၍ ကောင်းသည်။

Proverbs 3:17

ဉာဏ်ပညာအပေါင်းတို့၏ လမ်းခရီးဟာ ဘာဖြစ်သနည်း။
ဉာဏ်ပညာအပေါင်းတို့၏ လမ်းခရီးဟာ ငြိမ်သက်ခြင်းဖြစ်သည်။

Proverbs 3:19

ထာဝရဘုရားသည် ဉာဏ်တော်အားဖြင့် ဘာလုပ်ခဲ့သနည်း။
ထာဝရဘုရားသည် ဉာဏ်တော်အားဖြင့် မိုးကောင်ကင်ကို တည်ဆောက်ခဲ့သည်။

Proverbs 3:21

ထိုသား၏ ဝိညာဉ်အဖို့ အဘယ်အရာသည် အသက် ဖြစ်လိမ့်မည်နည်း။
ပညာတရားနှင့် သမ္မာသတိသည် ထိုသား၏ဝိညာဉ်အဖို့ အသက်ဖြစ်လိမ့်မည်။

Proverbs 3:23

ဉာဏ်ပညာအထဲ၌ သားသည်လျှောက်လှမ်းခဲ့မည်ဆိုလျှင် အိပ်သည့်အခါ အဘယ်အရာတွေ ဖြစ်လာမည်နည်း။
သူသည် အိပ်သည့်အခါ ကြောက်ရွံ့ ခြင်းမရှိဘဲ ကောင်းမွန်စွာ အိပ်ပျော်ရသောအခွင့်ရလိမ့်မည်။

Proverbs 3:25

သားသည် မည်သည့်အရာကို မကြောက်ရွံ့ရမည်နည်း?
ရုတ်တရက်ထိတ်လန့်ခြင်း (သို့) ဖျက်ဆီးတတ်သောဘေးတို့ကို မကြောက်သင့်ပါ။

Proverbs 3:27

ကျေးဇူးခံထိုက်သောသူတို့အတွက်သားလုပ်သင့်တဲ့အရာသည် ဘာဖြစ်မည်နည်း။
ကျေးဇူးခံထိုက်သောသူတွေကို မနှိမ်သင့်ပါ။

Proverbs 3:29

အိမ်နီးနားချင်းတွေကို အဘယ်သို့မပြုသင့်သနည်း။
အိမ်နီးနားချင်းတွေကို ထိခိုက်နစ်နာစေသောမကောင်းသောအကြံ ကြံစည်ခြင်းမပြုသင့်ပါ။

Proverbs 3:31

ထာဝရဘုရားထံသို့ မတရားသောသူသည် အဘယ်သူနည်း။
မုသာပြောသောသူသည် ထာဝရဘုရားထံသို့ မတရားသောသူဖြစ်သည်။

Proverbs 3:33

ကဲ့ရဲ့ လှောင်ပြောင်သောသူကိုထာဝရဘုရားသည် အဘယ်သို့လုပ်သနည်း။
ထာဝရဘုရားသည် ကဲ့ရဲ့တတ်သောသူကို ကဲ့ရဲ့တော်မူ၏။

Proverbs 3:35

ပညာရှိတို့၏ အမွေမှာ ဘာဖြစ်မည်နည်း။
ပညာရှိတို့သည် ဘုန်းအသရေကို အမွေခံရ၏။

## Chapter 4

1 ငါ့သားတို့၊ အဘ၏နည်းဥပဒေသကို နားထောင်၍၊ ဉာဏ်သဘောကို နားလည်ခြင်းငှါ စေ့စေ့မှတ် ကြလော့။ 2 ကောင်းသောဩဝါဒကို
ငါပေး၏။ ငါ့ပညတ် တရားကို မပယ်ကြနှင့်။ 3 ငါမူကား၊ အဘ၏ရင်နှစ်၊ အမိရှေ့မှာနူးညံ့၍ အချစ်ဆုံးသော သားဖြစ်၏။ 4
ငါ့အဘသွန်သင်၍မြွက်ဆိုလေသည်ကား၊ ငါ့စကားကို သင်၏နှလုံး၌ သွင်းမိ၍၊ ငါ့ပညတ်တို့ကို ကျင့်စောင့်သဖြင့် အသက်ရှင်လော့။ 5
ပညာကိုဆည်းဖူးလော့။ ဉာဏ်ကို ဆည်းဖူး လော့။ သတိမလစ်စေနှင့်။ ငါ၏နှုတ်ထွက်စကားကို မလွှဲမရှောင်နှင့်။ 6 ပညာကိုမစွန့်နှင့်။
သူသည်သင့်ကို ထိန်းသိမ်း လိမ့်မည်။ သူ့ကိုချစ်လော့။ သင့်ကို စောင့်မလိမ့်မည်။ 7 ပညာသည် အမြတ်ဆုံးသောအရာဖြစ်၏။
ပညာကိုဆည်းဖူးလော့။ ဆည်းဖူးသမျှသောဥစ္စာတို့တွင် ဉာဏ်ကိုဆည်းဖူးလော့။ 8 သူ့ကိုအမြတ်ထားလော့။ သူသည် သင့်ကို
ချီးမြှောက်လိမ့်မည်။ သူ့ကိုဘက်ယမ်းလျှင်၊ ဂုဏ်အသရေ ကို ပေးလိမ့်မည်။ 9 သင်၏ခေါင်းကို တင့်တယ်သောဦးရစ်နှင့် ပတ်ရစ်၍၊
ဘုန်းကြီးသောသရဖူကို အပ်နှံလိမ့်မည်။ 10 ငါ့သား၊ ငါ့စကားကိုနားထောင်နာယူလော့။ သို့ပြုလျှင်၊ သင့်အသက်
နှစ်ပေါင်းများလိမ့်မည်။ 11 ပညာလမ်းကိုငါပြသ၍၊ မှန်သောလမ်းခရီးတို့၌ သင့်ကိုငါပို့ဆောင်၏။ 12 ရှောက်သွားလျှင်
ကျဉ်းမြောင်းရာသို့မရောက်၊ ပြေးသောအခါ တိုက်မိ၍မလဲရ။ 13 ဥပဒေသကိုကိုင်ဆွဲလော့။ မလွှတ်နှင့်။ စောင့်ထား လော့။
အသက်ရှင်ခြင်း၏အကြောင်းဖြစ်၏။ 14 အဓမ္မလူတို့ လမ်းထဲသို့မဝင်နှင့်။ ဆိုးယုတ် သောသူတို့နှင့်အတူ မလိုက်နှင့်။ 15
သူတို့လမ်းကိုကြဉ်ရှောင်လော့။ လိုက်မသွားနှင့်။ လွှဲ၍သွားလော့။ 16 သူတို့သည်သူတပါး၌ အပြစ်မပြုရလျှင် မအိပ် တတ်။
တစုံတယောက်သော သူကိုမလဲစေလျှင် အိပ်၍ မပျော်တတ်။ 17 ဒုစရိုက်နှင့်ဆိုင်သောမုန့်ကိုစား၍ ညှဉ်းဆဲခြင်း နှင့်ဆိုင်သော
စပျစ်ရည်ကို သောက်တတ်ကြ၏။ 18 ဖြောင့်မတ်သောသူတို့၏လမ်းသည် တက်သော အာရုဏ်ကဲ့သို့ဖြစ်၍၊ နေထွက်သည်တိုင်အောင်
တိုးပွါး ထွန်းလင်းတတ်၏။ 19 မတရားသောသူတို့၏လမ်းမူကား၊ မှောင်မိုက် ကဲ့သို့ဖြစ်၍၊ သူတို့သည် လဲသောအခါ၊ အဘယ်အရာကို
တိုက်မိသည်ဟု မသိရကြ။ 20 ငါ့သား၊ ငါ့စကားကိုနားထောင်လော့။ ငါ ဟောပြောချက်တို့ကို နားသွင်းလော့။ 21 သင့်မျက်မှောက်မှ
မကွာစေနှင့်။ နှလုံးတွင်း၌ စောင့်ထားလော့။ 22 အကြောင်းမူကား၊ ထိုတရားစကားကို တွေ့ရ သောသူတို့သည် အသက်ရှင်ခြင်း၊
တကိုယ်လုံးကျန်းမာ ခြင်းအကြောင်းကို တွေ့ရပြီ။ 23 နှလုံးသည်အသက်၏အခြေအမြစ် ဖြစ်သော ကြောင့်၊ သင်၏နှလုံးကို
အထူးသဖြင့်စောင့်ရှောက်လော့။ 24 ကောက်သောစကားတို့ကိုငှင်း၊ ငြင်းဆန်တတ် သော နှုတ်ခမ်းတို့ကိုငှင်း ဝေးစွာ ပယ်ရှောင်လော့။
25 သင်၏မျက်စိသည် ရှေ့ရှုကြည့်၍၊ မျက်ခမ်းတို့ သည် တည့်တည့်အာရုံပြုစေလော့။ 26 သင်သွားရာလမ်းကို စူးစမ်း၍၊ သွားလေ
ရာရာ၌ တည်ကြည်ခြင်းရှိစေလော့။ 27 လက်ျာဘက်၊လက်ဝဲဘက်သို့ မတိမ်းမလွှဲနှင့်။ ဒုစရိုက်ပြုရာ လမ်းကိုရှောင်လော့။

---

Proverbs 01

ယေဘုယျအချက်အလက်၊
ကျမ်းရေးသူသည် ဖခင်တစ်ဦးမှ သူ၏သားကို
သွန်သင်ပေးနေသကဲ့သို့ ပြောဆိုထားသည်။

စေ့စေ့ မှတ်ကြလော့
"သေချာစွာ နားထောင်ကြပါ"

ဉာဏ်သဘောကို နားလည်ခြင်းငှာ
"သင်သည် မည်ကဲ့သို့ သဘောပေါက်ရမည်ကို သိရှိလာလိမ့်မည်"
သို့မဟုတ် "သင်သည် ဉာဏ်သဘောကို ဆည်းပူးမိလာလိမ့်မည်"

ကောင်းသောဩဝါဒကို ငါပေး၏
"ငါသွန်သင်ပေးနေသောအရာသည် ကောင်း၏"

Proverbs 03

ငါမူကား၊ အဘ၏ရင်နှစ် အချစ်ဆုံးသောသားဖြစ်၏
ဤအရေးအသားသည် ဖခင်၏အုပ်ထိန်းမှုအောက်တွင်
ကျမ်းရေးသူ နေခဲ့ရသော ငယ်ရွယ်စဉ်အချိန်အခါကို
ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊
"ဖခင်၏သွန်သင်မှုကို ခံယူနေစဉ် ကျွန်ုပ်၏
ငယ်စဉ်တောင်ကျေးဘဝတွင်"

နူးညံ့၍ အချစ်ဆုံးသော သား
ဤနေရာတွင် "နူးညံ့" ဟူသော စကားလုံးသည် ကလေးငယ်
ခွန်အားမပြည့်စုံမီ ငယ်စဉ်တောင်ကျေးဘဝကို ဆိုလိုသည်။ "...
ဆုံးသော" ဟူသော စကားလုံးဖြင့် အနက်တူ
ဖွင့်ဆိုရေးသားခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊
"အနူးညံ့ဆုံးသော သား"

ငါ့စကားကို သင်၏နှလုံး၌ သွင်းမိ၍
ဤနေရာတွင် "နှလုံး" ဟူသော စကားလုံးသည် လူ၏စိတ်ကို
ကိုယ်စားပြုသည်။ ကျမ်းရေးသူသည်
စကားလုံးများမှတ်မိသည်ကို နှလုံး၌သွင်းသကဲ့သို့
ပြောဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင့်အား
ငါသင်ပေးသည်တို့ကို အစဉ်အမြဲ သတိရပါ။"

Proverbs 05

ယေဘုယျအချက်အလက်၊
ဖခင်သည် သူ့အဘသွန်သင်ပေးသည်တို့ကို သူ၏သားအား
ဆက်လက်၍ သွန်သင်ပေးသည်။



generated on Tue Jul 2 12:50:28 2024

ပညာကို ဆည်းဖူးလော့
"ဉာဏ်ပညာရရှိရန် သင်ကိုယ်တိုင် ကြိုးစားအားထုတ်ပါ" သို့မဟုတ် "ပညာယူပါ"

သတိမလစ်စေနှင့်
"သတိရပါ"

မလွှဲမရှောင်နှင့်
"လက်ခံပါ"

ငါ၏ နှုတ်ထွက်စကားကို
ဤနေရာတွင် "နှုတ်" သည် စကားပြောသောသူကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါပြောသောအရာများကို"

ပညာကိုမစွန့်နှင့် သူသည်သင့်ကို ထိန်းသိမ်းလိမ့်မည်၊ သူ့ကိုချစ်လော့ သင့်ကို စောင့်မလိမ့်မည်
ကျမ်းရေးသူသည် ဉာဏ်ပညာကို သစ္စာစောင့်သိသောသူကို ကာကွယ်စောင့်ရှောက်သော အမျိုးသမီးကဲ့သို့ ပြောဆိုသည်။

ပညာကို မစွန့်နှင့်
ဤစာကြောင်းကို အပြုတ်ဝါကျအဖြစ် ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဉာဏ်ပညာကို သေချာစွာ ဆုပ်ကိုင်ထားပါ" သို့မဟုတ် "ဉာဏ်ပညာအပေါ်တွင် သစ္စာရှိပါ။"

သူမကိုချစ်လော့
"ဉာဏ်ပညာကို ချစ်ပါ"

Proverbs 07

ယေဘုယအချက်အလက်၊
ဖခင်သည် သူ၏အဘ သွန်သင်ပေးခဲ့သည့်အရာများကို သူ့ရဲ့ သားသမီးများအား သွန်သင်ပေးခြင်းဖြင့် ပြီးဆုံးသွားသည်။

ဆည်းဖူးသမျှသောဥစ္စာတို့တွင် ဉာဏ်ကိုဆည်းဖူးလော့
"သင်ပိုင်ဆိုင်သောအရာတို့ထက် ဉာဏ်ပညာသည် တန်ဖိုးထားပါ"

သူ့ကိုအမြတ်ထားလော့။ သူသည် သင့်ကို ချီးမြှောက်လိမ့်မည်
ကျမ်းရေးသူသည် ဉာဏ်ပညာကို အမျိုးသမီးတစ်ဦးကဲ့သို့လည်းကောင်း၊ ဉာဏ်ပညာမှ တစ်စုံတစ်ယောက်အား ကြီးစွာသောဂုဏ်ပြုခြင်းကို မြင့်သောနေရာသို့ မြင့်တင်ပေးသကဲ့သို့လည်းကောင်း ပြောဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဉာဏ်ပညာကို အလေးအမြတ်ထားလျှင်၊ သူမသည် သင့်ကို ကြီးစွာသောဂုဏ်ပြုခြင်း ပေးလိမ့်မည်။"

အမြတ်ထားသည်
တစ်ယောက်ယောက်ကို သို့မဟုတ် တစ်ခုခုကို ကိုယ်နှင့်ထပ်တူခံစား သို့မဟုတ် ကြီးစွာချစ်ခင်မြတ်နိုးမှုကို ပြသသည်

သူ့ကိုဖက်ယမ်းလျှင်၊ ဂုဏ်အသရေကို ပေးလိမ့်မည်
ကျမ်းရေးသူသည် ဉာဏ်ပညာကို အမျိုးသမီးတစ်ဦးအဖြစ်သော်လည်းကောင်း၊ တစ်ယောက်ယောက်မှ ဉာဏ်ပညာအား တန်ဖိုးထားခြင်းကို သူ၏လက်နှစ်ဘက်ဖြင့် သူမအား ပွေ့ဖက်သကဲ့သို့လည်းကောင်း ပြောဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် ဉာဏ်ပညာကို အလေးအမြတ်ထား၍ ချစ်ခင်လျှင်၊ ဉာဏ်ပညာသည် လူအများက သင့်ကိုဂုဏ်ပြုရန်အကြောင်း ဖြစ်စေလိမ့်မည်။"

သင်၏ခေါင်းကို တင့်တယ်သောဦးရစ်နှင့် ပတ်ရစ်၍
ကျမ်းရေးသူသည် ဉာဏ်ပညာဆည်းပူးခြင်းမှရရှိသော ဂုဏ်ပြုခံရခြင်းကို ဉာဏ်ပညာမှ တစ်စုံတစ်ယောက်၏ ဦးခေါင်းပေါ်တွင် ဦးရစ်တင်ပေးသကဲ့သို့ ပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဉာဏ်ပညာသည် သင်၏ ကြီးမားသောဂုဏ်သိက္ခာကို ပြသသည်။ သင်၏ ဦးခေါင်းပေါ်မှ ဦးရစ်ကဲ့သို့ ဖြစ်လိမ့်မည်။"

ဦးရစ်
သစ်ရွက် သို့မဟုတ် ပန်းများဖြင့် အဝိုင်းသဏ္ဌာန် ယက်လုပ်ထားသည့် အရာ

ဘုန်းကြီးသောသရဖူကို အပ်နှံလိမ့်မည်
ကျမ်းရေးသူသည် ဉာဏ်ပညာဆည်းပူးခြင်းမှရရှိသော ဂုဏ်ပြုခံရခြင်းကို ဉာဏ်ပညာမှ တစ်စုံတစ်ယောက်၏ ဦးခေါင်းပေါ်တွင် သရဖူ တင်ပေးသကဲ့သို့ ပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဉာဏ်ပညာသည် သင်၏ဦးခေါင်းပေါ်တွင် လှပသော သရဖူကဲ့သို့ ဖြစ်လိမ့်မည်။"

Proverbs 10

ငါ့စကားကိုနားထောင်နာယူလော့
"ငါသွန်သင်ပေးသောအရာတို့ကို သေချာစွာ နားထောင်ပါ"

သင့်အသက် နှစ်ပေါင်းများလိမ့်မည်
"သင်သည် နှစ်ပေါင်းများစွာ အသက်ရှင်လိမ့်မည်။"

ပညာလမ်းကိုငါပြသ၍၊ မှန်သောလမ်းခရီးတို့၌ သင့်ကိုငါပို့ဆောင်၏
ကျမ်းရေးသူသည် အမြော်အမြင်ရှိစွာ နေထိုင်ရန် သူ၏သားအား သွန်သင်ခြင်းကို ဉာဏ်ပညာကို ရှာတွေ့နိုင်သောလမ်းများပေါ်၌ သူ၏သားကို လမ်းပြဦးဆောင်နေသကဲ့သို့ ပြောဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အမြော်အမြင်ရှိစွာ မည်ကဲ့သို့ နေထိုင်ရမည်အကြောင်း သင့်ကို ငါသင်ပေးသည်၊ မှန်သောလမ်းကိုလည်း ရှင်းလင်းဖော်ပြပေးသည်။"

လျှောက်သွားလျှင် ကျဉ်းမြောင်းရာသို့မရောက်၊ ပြေးသောအခါ တိုက်မိ၍ မလဲရ
ဤစာနှစ်ကြောင်းသည် တူညီသောအဓိပ္ပာယ်ကို ဆောင်ကြသည်။ ကျမ်းရေးသူသည် တစ်စုံတစ်ယောက်ပြုသော ဆုံးဖြတ်ချက်နှင့် လုပ်ဆောင်ချက်များကို ထိုသူသည် လမ်းပေါ်၌ လျှောက်နေခြင်း သို့မဟုတ် ပြေးနေခြင်း ရှိကဲ့သို့လည်းကောင်း၊ တစ်စုံတစ်ယောက်


generated on Tue Jul 2 12:50:28 2024

အောင်မြင်နေသည်ကို သူ့ကိုခလုတ်တိုက်စေနိုင်သော အခက်အခဲများ လမ်းခရီး၌ကင်းရှင်းသကဲ့သို့ ပြောဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် တစ်စုံတစ်ရာကို ကြံစည်သောအခါ၊ သင်သည် လုပ်ဆောင်သမျှတို့၌ အောင်မြင်လိမ့်မည်။"

Proverbs 13

ဥပဒေသကိုကိုင်ဆွဲလော့၊ မလွှတ်နှင့်
ကျမ်းရေးသူသည် တစ်စုံတစ်ယောက်မှ သင်ယူပြီးသောအရာတို့အား အမှတ်ရခြင်းကို "ဥပဒေသ" သည် တစ်စုံတစ်ဦးမှ ဆွဲကိုင်၍ရသော ဝတ္ထုပစ္စည်းတစ်ခုကဲ့သို့ ပြောဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသင်ပေးသောအရာတို့ကို ဆက်လက်လိုက်နာပြီး မေ့လျော့ခြင်းမရှိပါနဲ့။"

အသက်ရှင်ခြင်း၏ အကြောင်းဖြစ်၏
ကျမ်းရေးသူသည် လူ၏အသက်တာတွင် စည်းကမ်းလိုက်နာထိန်းသိမ်းနေခြင်းကို သူ၏ အသက်ရှင်ခြင်းကဲ့သို့ ပြောဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏အသက်တာကို ထိုအရာမှ ထိန်းသိမ်းပေးလိမ့်မည်။"

အဓမ္မလူတို့ လမ်းထဲသို့မဝင်နှင့်။ ဆိုးယုတ်သောသူတို့နှင့်အတူ မလိုက်နှင့်
ကျမ်းရေးသူသည် တစ်စုံတစ်ယောက်၏ ပြုလုပ်ဆောင်ရွက်ချက်များကို လမ်းတစ်ခု လျှောက်လှမ်းနေသကဲ့သို့ ပြောဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အဓမ္မလူတို့ ပြုသကဲ့သို့ မပြုနှင့်၊ ဆိုးယုတ်သောသူတို့ ပြုကြသောအရာများ၌ ပါဝင်ခြင်း မပြုနှင့်။"

လွှဲ၍သွားလော့
"အဓမ္မလူတို့၏ လမ်းကို ရှောင်ပါ"

Proverbs 16

သူတို့သည်သူတပါး၌ အပြစ်မပြုရလျှင် မအိပ်တတ်
ကျမ်းရေးသူသည် အဓမ္မလူတို့၏ မကောင်းသောအမှုလွန်ကျူးရန် ဆန္ဒရှိသည်ကို ချဲ့ကားသောပြောဆိုခြင်း အသုံးပြုထားသည်။

အိပ်၍ မပျော်တတ်
ကျမ်းရေးသူသည် လူတို့ အိပ်မပျော်နိုင်သည်ကို အိပ်စက်ခြင်းသည် သူတို့ထံမှ တစ်စုံတစ်ယောက်မှ ခိုးယူ၍ရသော ဝတ္ထုပစ္စည်းကဲ့သို့ ဖြစ်ကြောင်း ပြောဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် အိပ်၍ မပျော်နိုင်ကြပါ။"

တစုံတယောက်သောသူကို မလဲစေလျှင်
ကျမ်းရေးသူသည် အခြားသောသူအား ထိခိုက်နစ်နာစေခြင်း ဖြစ်စေသည်ကို လူတစ်ယောက် ခလုတ်တိုက်၍လဲသကဲ့သို့ ပြောဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် တစ်စုံတစ်ယောက်အား ထိခိုက်နာကြင်စေသည် တိုင်အောင်"

ဒုစရိုက်နှင့်ဆိုင်သောမုန့်ကိုစား၍ ညှဥ်းဆဲခြင်းနှင့်ဆိုင်သော စပျစ်ရည်ကို သောက်တတ်ကြ၏
ဖြစ်တန်ရာသော အဓိပ္ပာယ်များမှာ (၁) တင်စားခြင်းတစ်ခုဖြစ်ပြီး ကျမ်းရေးသူသည် အဓမ္မအမှုနှင့် ရက်စက်ကြမ်းကြုတ်မှု ကျူးလွန်နေကြသော ဤလူများကို မုန့်နှင့် စပျစ်ရည် စားသောက်နေကြသကဲ့သို့ ပြောဆိုထားသည်။ အခြားသောဘာသာပြန်၊ "အဓမ္မပြုခြင်းကို သူတို့စားသော မုန့်ကဲ့သို့လည်းကောင်း၊ ရက်စက်ကြမ်းကြုတ်ခြင်းကို သူတို့သောက်သော စပျစ်ရည်ကဲ့သို့လည်းကောင်း" သို့မဟုတ် (၂) ဤလူတို့သည် အဓမ္မမှုနှင့် ရက်စက်ကြမ်းကြုတ်မှုတို့ ကျူးလွန်ကြခြင်းအားဖြင့် သူတို့၏ အစားအသောက်ကို ရှာဖွေရယူကြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် အဓမ္မမှုပြုခြင်းမှ ရရှိသော မုန့်ကို စား၍ ရက်စက်ကြမ်းကြုတ်ခြင်းမှ ရရှိသော စပျစ်ရည်ကို သောက်သုံးကြသည်။"

Proverbs 18

ဖြောင့်မတ်သောသူတို့၏လမ်းသည် ... မတရားသောသူတို့၏လမ်းမူကား
ကျမ်းရေးသူသည် ဖြောင့်မတ်သောသူနှင့် မတရားသောသူတို့၏ ပြုလုပ်ချက်နှင့် ဘဝနေပုံထိုင်ပုံတို့ကို သူတို့လျှောက်နေသော "လူသွားလမ်း" သို့မဟုတ် "လမ်းခရီး" ကဲ့သို့ ပြောဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဖြောင့်မတ်သောသူတို့၏ ဘဝနေပုံထိုင်ပုံ ... မတရားသောသူ၏ ဘဝနေပုံထိုင်ပုံ"

ဖြောင့်မတ်သောသူတို့၏လမ်းသည် တက်သော အရုဏ်ကဲ့သို့ဖြစ်၍၊ နေထွက်သည်တိုင်အောင် တိုးပွား ထွန်းလင်းတတ်၏
ကျမ်းရေးသူသည် ဖြောင့်မတ်သောသူ၏ လမ်းခရီးသည် အရုဏ်ဦးနှင့် နှိုင်းယှဉ်ထားပြီး၊ ထိုသူတို့သည် လုံခြုံစွာနေရသည်ဟု အဓိပ္ပာယ်ရသည်၊ အဘယ်ကြောင့်ဆိုသော် ထိုသူတို လမ်းလျှောက်ရာတွင် အလင်းရှိသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဖြောင့်မတ်သောသူတို့သည် လုံခြုံစွာ သူတို့၏လမ်းခရီးကို လျှောက်လှမ်းကြသည်၊ အဘယ်ကြောင့်ဆိုသော် နံနက် အရုဏ်ဦးသည် သူတိုအပေါ်တွင် ထွန်းလင်း၍ အလင်းရောင် တိုးပွားလာသည်။"

အာရုဏ်
အရုဏ်ဦး၌ ထွက်သောနေကို ရည်ညွှန်းသည်။

နေထွက်သည်တိုင်အောင် တိုးပွါး
နေရောင်အတောက်ပဆုံး နေ့လည်ခင်းအချိန်ကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "နေရောင်ခြည် အတောက်ပဆုံးအချိန် တိုင်အောင်" သို့မဟုတ် "နေ့လည်ခင်းတိုင်အောင်"

မတရားသောသူတို့၏လမ်းမူကား၊ မှောင်မိုက် ကဲ့သို့ဖြစ်၍
ကျမ်းရေးသူသည် မတရားသောသူတို့၏ လမ်းခရီးကို မှောင်မိုက်ခြင်းနှင့် နှိုင်းယှဉ်ထားပြီး၊ သူတို့သည်

 generated on Tue Jul 2 12:50:28 2024

အန္တရာယ်ထဲတွင် ရှိနေကြသည်၊ အဘယ့်ကြောင့်ဆိုသော် သူတို့လျှောက်နေသောလမ်းခရီးတွင် အလင်းရောင်ကို မြင်တွေ့ရခြင်း မရှိပါ။ အခြားသောဘာသာပြန်ဆိုချက်၊ "မတရားသောသူသည် သူတို့၏လမ်းခရီးကို အန္တရာယ်ရှိစွာ လျှောက်လှမ်းကြသည်၊ အဘယ်ကြောင့်ဆိုသော် ထိုသူတို့သည် မြင်နိုင်ရန် အလင်းရောင်မရှိ။"

အဘယ်အရာကို တိုက်မိသည်ဟု မသိရကြ

ကျမ်းရေးသူသည် အန္တရာယ် ကိုယ်တွေ့ကြုံရသည်ကို လူတို့လျှောက်ရာ လမ်းခရီးတွင် အရာဝတ္ထုတစ်ခုကို ခလုတ်တိုက်မိသကဲ့သို့ ပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် အဘယ်ကြောင့် အန္တရာယ်နှင့် ကံဆိုးခြင်းတို့ကို တွေ့ကြုံကြကြောင်း မသိကြ။"

Proverbs 20

နားထောင်လော့

"သေချာစွာ နားထောင်ပါ"

ငါ ဟောပြောချက်တို့ကို နားသွင်းလော့

ဤနေရာတွင် "နား" ဟူသောစကားလုံးသည် နားထောင်နေခြင်းကို ကိုယ်စားပြုသည်။ ကျမ်းရေးသူသည် တစ်ယောက်သောသူကိုစကားကို အာရုံစိုက်လျက် နားထောင်ခြင်းအား ပြောနေသောသူဘက်သို့ နားကို ပို၍နီးကပ်စေလျက် ဆက်လက်သင်ယူနေသကဲ့သို့ ပြောဆိုထားသည်။ "ပြောဆိုခြင်း" ကို ကြိယာအဖြစ် အသုံးပြုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်ပြောဆိုနေသော အရာတို့ကို အာရုံစိုက်လျက် နားထောင်ကြပါ။"

သင့်မျက်မှောက်မှ မကွာစေနှင့်

ကျမ်းရေးသူသည် တစ်စုံတစ်ရာအား အမြဲတမ်း စဉ်းစားနေခြင်းကို မြင်တွေ့နိုင်သောနေရာတွင် သိမ်းဆည်းထားသကဲ့သို့ ပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထိုအရာတို့အား စဉ်းစားခြင်းကို မရပ်တန့်ပါနှင့်။"

နှလုံးတွင်း၌ စောင့်ထားလော့

ကျမ်းရေးသူသည် တစ်စုံတစ်ခုကို အောက်မေ့သတိရနေခြင်းအား တစ်ယောက်သောသူ၏ နှလုံးသားထဲသို့ ထိန်းသိမ်းထားသကဲ့သို့ ပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အစဉ်အမြဲ သတိရပါ။"

Proverbs 22

အသက်ရှင်ခြင်း

ကျမ်းရေးသူသည် သူ၏တရားစကားတို့သည် လူတို့၏ အသက်ကို ကာကွယ်စောင်းရှောက်နေသည်ကို ထိုသူ၏ အသက်ရှင်ခြင်းကဲ့သို့ ပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ၏တရားစကားတော်တို့သည် အသက်ကို ပေးသည်။"

တွေ့ရ သောသူတို့သည်

ကျမ်းရေးသူသည် သူ၏တရားစကားတို့ကို အပြည့်အဝ နားလည်သဘောပေါက်ခြင်းကို တစ်စုံတစ်ယောက်မှ ထိုအရာတို့အား ရှာဖွေပြီး တွေ့ရှိခြင်းကဲ့သို့ ပြောဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထိုအရာတို့ကို နားလည်သဘောပေါက်သောသူနှင့် ပြုကျင့်သောသူတို့သည်"

တကိုယ်လုံးကျန်းမာ ခြင်းအကြောင်း

"သူတို့" ဟူသောစကားလုံးသည် "ရှာဖွေတွေ့ရှိသောသူတို့" ကို ရည်ညွှန်းသည်။ ဤပုဒ်စုအတွက် ကတ္တားအဖြစ် ရှေ့ဖော်ပြပြီးသော ပုဒ်စုကို ဖြည့်စွက်နိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ၏တရားစကားတို့သည် ရှာဖွေသောသူ၏ ခန္ဓာကိုယ်တစ်ကိုယ်လုံးကို ကျန်းမာခြင်း ပေးလိမ့်မည်။"

သင်၏နှလုံးကို ... စောင့်ရှောက်လော့

ဤနေရာတွင် "နှလုံး" ဟူသော စကားလုံးသည် လူတစ်ဦး၏ စိတ်နှင့် အတွေးအခေါ်တို့ကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏စိတ်ကို ထိန်းသိမ်းပြီး သင်၏အတွေးအခေါ်တို့ကို စောင့်ရှောက်ပါ။"

အထူးသဖြင့်

အစဉ်မပြတ်နှင့် ထက်သန်သော ကြိုးစားမှုတို့ဖြင့်

ထိုနေရာမှ သက်စမ်းရေ စီးဆင်းစေပါ

"ထို" ဟူသော စကားလုံးသည် နှလုံးကို ရည်ညွှန်းပြီး စိတ်နှင့် အတွေးခေါ်တို့ကို ဆက်စပ်နှိုင်းယှဉ်ထားခြင်းဖြစ်သည်။ ကျမ်းရေးသူသည် လူတစ်ယောက်၏ ဘဝအသက်တာကို နှလုံးသားမှ အစပြုစီးဆင်းလာသော စမ်းရေကဲ့သို့ ပြောဆိုရေးသားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ အတွေးအခေါ်မှ သင်ပြောသမျှနှင့် ပြုသမျှတို့ စတင်လာသည်" သို့မဟုတ် "သင်၏ အတွေးအခေါ်တို့သည် သင်၏ ဘဝလမ်းကြောင်းကို ဖန်တီးသည်။"

Proverbs 24

ကောက်သောစကားတို့ကိုင်၎င်း၊ ငြင်းဆန်တတ် သော နှုတ်ခမ်းတို့ကိုင်၎င်း ဝေးစွာ ပယ်ရှောင်လော့

ကျမ်းရေးသူသည် လိမ်လည်ခြင်း သို့မဟုတ် လှည့်ဖြားခြင်းတို့ကို ကောက်သောစကားကဲ့သို့လည်းကောင်း၊ လူတစ်ယောက်သည် ဤကဲ့သို့သောစကား အသုံးမပြုရမည်ကို ထိုလူထံမှ ဝေးစွာ ပယ်ရှားခြင်းပြုရမည်ကဲ့သို့ ပြောဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မလိမ်လည်ပါနှင့်၊ လှည့်ဖြားသောစကားတို့ကို မပြောပါနှင့်။"

သင်၏မျက်စိသည် ရှေ့ရှုကြည့်၍၊ မျက်ခမ်းတို့ သည် တည့်တည့်အာရုံပြုစေလော့

ဤနေရာတွင် "မျက်စိ" ဟူသောစကားလုံးသည် ကြည့်သောသူကို ကိုယ်စားပြုသည်။ ကျမ်းရေးသူသည် လူတစ်ယောက်သည် ကောင်းသောအမှုကိုပြုရန် ဆုံးဖြတ်ပြီးဖြစ်သည်ကို ထိုသူသည် အခြားဘက်သို့ လှည့်မကြည့်ဘဲ ရှေ့တည့်တည့်ကို အစဉ်တစိုက်

ကြည့်နေခြင်းကဲ့သို့ ပြောဆိုထားသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "အစဉ်တစိုက်
ရှေ့တည့်တည့်ကိုသာ ကြည့်ပြီး၊ သင်၏ရှေ့တည့်တည့်ကိုသာ
အာရုံစိုက်ကြည့်ရှုပါ။"

Proverbs 26

သင်သွားရာလမ်းကို
ဤနေရာတွင် "ခြေထောက်" ဟူသောစကားလုံးသည်
လမ်းလျှောက်နေသူကို ရည်ညွှန်းသည်။ ကျမ်းရေးသူသည်
လူတစ်ယောက်၏ လုပ်ဆောင်ချက်ကို လမ်းခရီးတစ်ခု
လျှောက်နေသကဲ့သို့လည်းကောင်း၊ ထိုလုပ်ဆောင်ချက်တို့အား
သေချာစွာ ကြိုတင်ပြင်ဆင်ခြင်းကို သွားရာလမ်းကို
စူးစမ်းသကဲ့သို့လည်းကောင်း ပြောဆိုထားသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "လျှောက်ရမည့်လမ်းကို
စူးစမ်းလေ့လာပါ" သို့မဟုတ် "သင်လုပ်ချင်သောအရာကို
ကောင်းမွန်စွာ ပြင်ဆင်ပါ။"

သင်သွားရာလမ်းကို စူးစမ်း၍
"ချောမွေ့သောလမ်း" သို့မဟုတ် "ညီညာပြန့်ပြူးသောလမ်း"

သွားလေ ရာရာ၌ တည်ကြည်ခြင်းရှိစေလော့
ကျမ်းရေးသူသည် တစ်ယောက်သောသူ၏ လုပ်ဆောင်ချက်ကို
လမ်းခရီးတစ်ခုလျှောက်နေသကဲ့သို့လည်းကောင်း၊
ထိုလုပ်ဆောင်ချက်တို့အား အောင်မြင်စွာဆောင်ရွက်ခြင်းကို
လမ်းခရီးသည် လုံခြုံပြီး စိတ်ချရသကဲ့သို့ ပြောဆိုထားသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ထို့နောက်
သင်ပြုသမျှသောအရာတို့သည်
ဖြောင့်မတ်မှန်ကန်ခြင်းရှိလိမ့်မည်။"

လက်ျာဘက်၊လက်ဝဲဘက်သို့ မတိမ်းမလွှဲနှင့်
"လက်ယာဘက်" နှင့် "လက်ဝဲဘက်" လမ်းညွှန်ချက်တို့သည်
အရပ်မျက်နှာအားလုံးကို ဆိုလိုခြင်းဖြစ်ပြီး၊ လူတစ်ယောက်သည်
အခြားသောအရပ်မျက်နှာရှိ လမ်းများ၌
လိုက်လျှောက်မသွားဘဲနေခြင်းဟု အဓိပ္ပာယ်ရသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ရှေ့သို့ တည့်မတ်စွာသွား၍
လမ်းခရီးကို မလွဲနှင့်။"

ဒုစရိုက်ပြုရာ လမ်းကိုရှောင်လော့
ဤနေရာတွင် "ခြေထောက်" သည် လမ်းလျှောက်နေသောသူကို
ကိုယ်စားပြုသည်။ ကျမ်းရေးသူသည်
မကောင်းသောအမှုများပြုခြင်းကို
ဒုစရိုက်လမ်း၌လျှောက်လှမ်းနေသကဲ့သို့ ပြောဆိုထားသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဒုစရိုက်ကို ရှောင်ပါ" သို့မဟုတ်
"ဒုစရိုက်မှ ဝေးအောင်နေပါ။"

---

## Translation Questions

Proverbs 4:1

သားတို့ မမေ့သင့်သည့်အရာက ဘာဖြစ်သင့်သနည်း။
အဖ၏ နည်းဥပဒေသများတို့ကို မမေ့သင့်ပါ။

Proverbs 4:3

အဖပြောထားသောအရာများဖြင့် သားတစ်ယောက်သည် မည်ကဲ့သို့
အသက်ရှင်ရမည်နည်း။
သားတစ်ယောက်သည် အဖ၏ ပညတ်တို့ကို
စောင့်ရှောက်ခြင်းအားဖြင့်အသက်ရှင်ရမည်။

Proverbs 4:5

ပညာကို မစွန့်ဘဲ ချစ်ခင်လျှင် ထိုသားကို သူမသည်
အဘယ်သို့ပြုလိမ့်မည်နည်း။
ဉာဏ်ပညာသည် သူ့ကို စောင့်ရှောက်၍ လုံခြုံစေလိမ့်မည်။

Proverbs 4:7

သားသည် ပညာကို ပွေ့ဖက်၍ ချစ်ခင်မြတ်နိုးလျှင်ပညာသည် သားကို
မည်သို့လုပ်လိမ့်မည်နည်း။
ပညာသည် သားကို ချီးမြှောက်မည်၊ ဂုဏ်အသရေပေးမည်၊
လှပသောဦးရစ်သရဖူကို သူ့အား ပေးလိမ့်မည်။

Proverbs 4:10

အဖသည် သားကို မည်ကဲ့သို့ ဦးဆောင်လမ်းပြသနည်း။
အဖသည် သားကို မှန်သောလမ်းစဉ်ကို ဦးဆောင်လမ်းပြသည်။

Proverbs 4:13

သားတစ်ယောက်၏ အသက်ရှင်ခြင်းအကြောင်းသည်
ဘယ်အရာဖြစ်ရမည်နည်း။
သူ၏အသက်ရှင်ခြင်းအကြောင်းသည် ဥပဒေသကို
ကိုင်ဆွဲရမည်။

သားတစ်ယောက်အနေဖြင့် မည်သည့်လမ်းကို ကြဉ်ရှောင်ရမည်နည်း။
ဆိုးယုတ်သောလမ်းကို ကြဉ်ရှောင်ရမည်။

Proverbs 4:16

မတရားသောသူတို့သည် မအိပ်ခင်
မည်သည့်အရာကိုလုပ်ဆောင်ကြရမည်နည်း။
သူတို့သည် မအိပ်ခင် ဒုစရိုက်အပြစ်များကို
လုပ်ဆောင်ရကြသည်။

Proverbs 4:18

ဖြောင့်မတ်သောသူတို့၏ လမ်းသည် အဘယ်အရာဖြစ်သနည်း။
ဖြောင့်မတ်သောသူတို့၏ လမ်းသည် အာရုဏ်တက်ချိန်အလင်းကဲ့သို့ ဖြစ်၍ သာ၍ထွန်းလင်းတတ်သည်။

မတရားသောသူတို့၏ လမ်းသည် ဘာဖြစ်သနည်း။
မတရားသောသူတို့၏ လမ်းသည် မှောင်မိုက်ကဲ့သို့ဖြစ်သည်။

Proverbs 4:22

အဘယ်ကြောင့် သင်၏စိတ်နှလုံးသားကို လုံ့လဝိရိယဖြင့် စောင့်ရှောက်ရမည်နည်း။
အသက်စမ်းရေပေါက်စီးဆင်းဖို့ရန် အတွက် သင်၏နှလုံးသားကို လုံ့လဝိရိယနှင့် အတူ စောင့်ရှောက်ရမည်။

Proverbs 4:24

မည်သို့သော စကားမျိုးကို သားသည် ပယ်ရှားရမည်နည်း။
ကောက်သောစကားနှင့် စာရိတ္တပျက်ပြား၍ လာဘ်စားသော နှုတ်ခမ်းတို့ကို ပယ်ရှားရမည်။

သားသည် မည်သည့်နေရာသို့ ကြည့်ရမည်နည်း?
သားသည် သူ့ရှေ့တွင် တည့်တည့်မျက်နှာထား၍ အာရုံပြုရမည်။

## Chapter 5

1-2 ငါ့သား၊ သင်သည် သမ္မာသတိရှိ၍၊ သင့်၏နှုတ် ခမ်းသည် သိပ္ပံအတတ်ကို စောင့်မည်အကြောင်း၊ ငါ့ပညာ ကိုမှတ်ကျုံး၍၊
ငါပေးသောဉာဏ်သို့ သင့်နားကို လှည့်လော့။ 3 အကြောင်းမူကား၊ အမျိုးပျက်သောမိန်းမ၏ နှုတ်ခမ်းသည် ပျားလပို့ကဲ့သို့ယိုတတ်၍၊
သူပြောသောစကား သည် ဆီထက်ချောသော်လည်း၊ 4 အဆုံး၌ကား၊ သူသည်ဘင်းခါးရွက်ကဲ့သို့ခါး၍၊ သန်လျက်နှင့်အမျှ ထက်၏။ 5
သူ၏ခြေတို့သည် သေခြင်းသို့ဆင်း၍၊ သူသွား ရာလမ်းသည် မရဏာနိုင်ငံသို့ ရောက်တတ်၏။ 6 သင်သည်အသက်လမ်းကို
မဆင်ခြင်ရအောင်၊ သူ့ထုံးစံဓလေ့တို့သည် တရွေ့ရွေ့ပြောင်းလဲသဖြင့်၊ သင်သည် နားမလည်နိုင်ရ။ 7 သို့ဖြစ်၍ ငါ့သားတို့၊ ငါ့စကားကို
နားထောင်ကြ လော့။ ငါဟောပြောချက်တို့ကို မပယ်ကြနှင့်။ 8 ထိုသို့သောမိန်းမကို ဝေးစွာရှောင်သွားလော့။ သူ့နေရာတံခါးဝသို့
မချဉ်းနှင့်။ 9 သို့မဟုတ် သင်သည် ကိုယ်ဂုဏ်အသရေကို သူ တပါး၌ငှင်း၊ ကိုယ်အသက်ကို ကြမ်းတမ်းသော သူတို့၌ ငှင်း
အပ်လိမ့်မည်။ 10 တပါးအမျိုးသားတို့သည် သင်၏စည်းစိမ်နှင့် ပြည့်ဝကြလိမ့်မည်။ သင်လုပ်၍ ရသောဥစ္စာသည် တပါး
အမျိုးသားအိမ်သို့ ရောက်လိမ့်မည်။ 11 နောက်ဆုံး၌ သင့်အသား၊ သင့်ကိုယ်ကာယ ဆွေးမြေ့သောအခါ၊ 12 ငါသည် သွန်သင်ခြင်းကို
မုန်းလေပြီတကား။ ဆုံးမခြင်းကို စိတ်နှလုံးထဲမှာ မထီမဲ့မြင်ပြုလေပြီ တကား။ 13 ငါ့ဆရာတို့၏ စကားကိုနားမထောင်ဘဲ၊ ငါ့အား
သွန်သင်သော သူတို့၏စကားကို နားမခံဘဲနေလေပြီ တကား။ 14 စည်းဝေးသော ပရိတ်သတ်များအလယ်၌ ဒုစရိုက်မျိုးကို
ကုန်စင်လုသည်တိုင်အောင် ငါပြုလေပြီ တကားဟု မြည်တမ်းရလိမ့်မည်။ 15 ကိုယ်ဆိုင်သော ရေအိုးကို သုံး၍၊ ကိုယ်ရေတွင်း ထဲက
ထွက်သော စမ်းရေကို သောက်လော့။ 16 သင်၏ စမ်းရေများပြား၍၊ လမ်းများအနားမှာ စီးသော မြစ်များ ဖြစ်စေလော့။ 17
တပါးအမျိုးသားနှင့် ပေါင်းဘက်၍ မဆိုင်စေဘဲ၊ ကိုယ်တပါးတည်းသာ ဆိုင်စေလော့။ 18 သင်၏စမ်းရေတွင်း၌မင်္ဂလာရှိစေ၍၊
အသက် အရွယ်ပျိုစဉ် ကာလ၊ ပေါင်းဘော်သော မယားနှင့်အတူ ပျော်မွေ့လော့။ 19 သူသည်စုံမက်တတ်သော သမင်မ၊ နှစ်လိုဘွယ်
သော ဒရယ်မကဲ့သို့ဖြစ်၍၊ သူ၏သားမြတ်တို့သည် သင်၏အလိုဆန္ဒကို အစဉ်ပြေစေ၍၊ သူ့ကိုချစ်သော စိတ်နှင့်
အစဉ်ယစ်မူးလျက်နေလော့။ 20 ငါ့သား၊ သင်သည် အမျိုးပျက်သောမိန်းမနှင့် အဘယ်ကြောင့် ယစ်မူးသနည်း။ ပြည်တန်ဆာမ၏
ရင်ပတ်ကိုအဘယ်ကြောင့် ဘက်ယမ်းသနည်း။ 21 လူသွားလာသမျှသော လမ်းတို့သည် ထာဝရ ဘုရားမျက်မှောက်တော်၌ ရှိကြ၍၊
သွားလာသမျှသော အခြင်းအရာတို့ကို စူးစမ်းတော်မူ၏။ 22 အဓမ္မလူသည် မိမိပြုသော ဒုစရိုက်အပြစ်ဖြင့် ဘမ်းမိခြင်း၊
မိမိအပြစ်ကြိုးတို့ဖြင့် ချည်နှောင်ခြင်းကို ခံရ လိမ့်မည်။ 23 သူသည် အလွန်မိုက်သောကြောင့်မှားယွင်း၍၊ သွန်သင်ခြင်းကို
မခံရဘဲသေသွားရလိမ့်မည်။

---

---

### Proverbs 01

ယေဘုယျအချက်အလက်

ကျမ်းရေးသူသည် ဖခင်တစ်ဦးမှ သားသမီးတို့ကို သွန်သင်နေသကဲ့သို့ ပြောဆိုသည်။

ငါပေးသောဉာဏ်သို့ သင့်နားကို လှည့်လော့

ဤနေရာတွင် "နား" သည် နားထောင်သောသူကို ဆိုလိုသည်။ ကျမ်းရေးသူသည် တစ်ယောက်သောသူ၏ ပြောစကားအား အာရုံစိုက်စွာ နားထောင်ခြင်းကို စကားပြောသူဘက်သို့ သူ၏နားကို နီးကပ်စွာစွင့်လျက် ကိုယ်ကို ကိုင်းညွတ်နေခြင်းကဲ့သို့ ပြောဆိုသည်။ ကျမ်းချက် ၄:၂၀ တွင် သင် မည်ကဲ့သို့ အနက်ပြန်သည်ကို ကြည့်ပါ။ အခြားသောဘာသာပြန်ဆိုချက်၊ "အာရုံစိုက်လျက် နားစွင့်ပါ။"

သမ္မာသတိရှိ၍

သမ္မာသတိရှိခြင်းသည် တစ်စုံတစ်ယောက်၏ လုပ်ဆောင်ခြင်းများနှင့် စကားပြောခြင်းနှင့် ပတ်သက်၍ သတိထားတတ်သော စွမ်းရည်ဖြစ်သည်။ ကျမ်းချက် ၁:၄ တွင် သင် မည်သို့ အနက်ပြန်သည်ကို ကြည့်ပါ။

သင့်၏နှုတ်ခမ်းသည် သိပ္ပံအတတ်ကို စောင့်မည်အကြောင်း

ဤနေရာတွင် "နှုတ်ခမ်း" သည် စကားပြောသောသူကို ကိုယ်စားပြုသည်။ ကျမ်းရေးသူသည် မှန်သောအရာကို ပြောဆိုရာတွင် စဉ်းစဉ်းစားစား ရှိနေရမည်ကို တစ်ယောက်သောသူ၏ နှုတ်ခမ်းအား ဉာဏ်ပညာဖြင့် ကွယ်ကာသကဲ့သို့ ပြောဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် မှန်ကန်သောသောအရာကိုသာလျှင် ပြောဆိုရမည်"

### Proverbs 03

အမျိုးပျက်သောမိန်းမ၏ နှုတ်ခမ်းသည် ပျားလပို့ကဲ့သို့ယိုတတ်၍

ဖြစ်တန်ရာသော အဓိပ္ပာယ်များမှာ

သူပြောသောစကား သည် ဆီထက်ချောသော်လည်း

ဖြစ်တန်ရာသော အဓိပ္ပာယ်များမှာ

အဆုံး၌ကား၊ သူသည် တင်းခါးရွက်ကဲ့သို့ခါး၍

ကျမ်းရေးသူသည် အမျိုးပျက်သောမိန်းမနှင့် ဆက်ဆံမှုပြုလုပ်နေခြင်းမှ ရရှိသော ထိခိုက်နစ်နာခြင်းကို သူမသည် တင်းခါးရွက်ကဲ့သို့ အရသာရှိကြောင်း


generated on Tue Jul 2 12:50:28 2024

ပြောဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အဆုံးသတ်တွင်မူ၊ သူမသည် ခါးသက်သောအရသာရှိသည့် တင်းခါးကဲ့သို့လည်းကောင်း၊ သင့်ကို ထိခိုက်နစ်နာခြင်း ဖြစ်စေလိမ့်မည်။"

တင်းခါးရွက်
ခါးသက်သောအရသာရှိသည့် အပင် (သစ်နံကိုင်းပင်)

သန်လျက်နှင့်အမျှ ထက်၏
ကျမ်းရေးသူသည် အမျိုးပျက်သောမိန်းမနှင့် ဆက်ဆံသောသူတို့ ခံစားရမည့် နာကျင်ခြင်းကို သူမသည် လူကိုပြတ်ရှစေနိုင်သည့် ထက်လှစွာသောလက်နက်ကဲ့သို့ဖြစ်ကြောင်း ပြောဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူမသည် ထက်လှသည့် ဓားကဲ့သို့ လူကို ဒဏ်ရာရစေသည်။"

Proverbs 05

သူ၏ခြေတို့သည် သေခြင်းသို့ဆင်း၍
ဤနေရာတွင် "သူမ၏ခြေ" သည် အမျိုးပျက်သော မိန်းမ လမ်းလျှောက်နေသည်ကို ကိုယ်စားပြုသည်။ ကျမ်းရေးသူသည် သူမ၏ အပြုအမူကို လမ်းတစ်ခုလျှောက်လှမ်းနေသကဲ့သို့ ပြောဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူမသည် သေခြင်းသို့ ပို့ဆောင်သောလမ်းကို လျှောက်နေသည်" သို့မဟုတ် "သူမ၏ ဘဝနေထိုင်သည့်ပုံစံသည် သေခြင်းသို့ ပို့ဆောင်ပေးသည်"

သူသွား ရာလမ်းသည် မရဏာနိုင်ငံသို့ ရောက်တတ်၏
ကျမ်းရေးသူသည် သူမ၏အပြုအမူကို လမ်းတစ်ခုလျှောက်လှမ်းနေသကဲ့သို့ ပြောဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူမသည် မရဏာနိုင်ငံသို့ သွားသောလမ်းကို လျှောက်လှမ်းသည်" သို့မဟုတ် "သူမ၏ ဘဝနေထိုင်သည့်ပုံစံသည် သူမကို မရဏာနိုင်ငံသို့ ခေါ်ဆောင်သည်။"

သင်သည်အသက်လမ်းကို မဆင်ခြင်ရအောင်
ကျမ်းရေးသူသည် နေထိုင်ပြုမူပုံမှ လူတစ်ဦး၏ အသက်တာရှည်ခြင်းကို ပေးပိုင်သည်ကို အသက်လမ်းခရီးသို့ ပို့ဆောင်သကဲ့သို့ ပြောဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူမသည် အသက်ရှင်ရာသို့ ပို့ဆောင်ပေးသောလမ်းကို လျှောက်လှမ်းမည်အကြောင်း မစဉ်းစားပါ" သို့မဟုတ် "သူမသည် အသက်ရှင်ရာသို့ ပို့ဆောင်မည့် နေထိုင်ပြုမူသည့်ပုံစံကို စိတ်မဝင်စားပါ။"

သူ့ထုံးစံလေ့တို့သည် တရွေ့ရွေ့ပြောင်းလဲသဖြင့်
ဖြစ်တန်ရာသော အဓိပ္ပာယ်များမှာ (၁) "သူမသည် သူမလမ်းပျောက်သည့်အကြောင်း စဉ်းစားသည်၊" သို့မဟုတ် (၂) "သူမသည် မှားယွင်းသောလမ်းကို လျှောက်လှမ်းသည်။"

Proverbs 07

သို့ဖြစ်၍
ဤနေရာတွင် ဆရာသည် အကြံဉာဏ်ပေးရန် အမျိုးပျက်သောမိန်းမအကြောင်းမှ စကားကြောင်းပြောင်းသည်။

ငါ့စကားကို နားထောင်ကြ လော့။ ငါဟောပြောချက်တို့ကို မပယ်ကြနှင့်
ဤစကားအသုံးအနှုန်းနှစ်ရပ်တို့သည် ကျောင်းသူကျောင်းသားများ စိတ်ပါဝင်စားလာစေရန် ပြုလုပ်ရာ၌ တူညီသော စိတ်ကူးကို ဖော်ပြပြောဆိုခြင်းဖြစ်သည်။

ငါဟောပြောချက်တို့ကို မပယ်ကြနှင့်
ကျမ်းရေးသူသည် ပြုလုပ်နေသည်ကို ရုပ်ဆိုင်းခြင်းကို လူတစ်ယောက်၏ ခန္ဓာကိုယ် နောက်ပြန်လှည့်သကဲ့သို့ ပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "နာထောင်ခြင်းကို မရပ်ပါနှင့်။"

ငါဟောပြောချက်တို့ကို
ဤနေရာတွင် "နှုတ်ခမ်း" ဟူသောစကားလုံးသည် စကားပြောသောသူကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့စကားများ" သို့မဟုတ် "ငါဟောပြောချက်တို့"

ထိုသို့သောမိန်းမကို ဝေးစွာရှောင်သွားလော့
ဤနေရာတွင် "လမ်း" ဟူသော စကားလုံးသည် လူတစ်ယောက်၏ နေ့စဉ်ပြုမူနေထိုင်ပုံနှင့် ပတ်ဝန်းကျင်တို့ကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူမထံမှ သင့်ကိုယ်ကို ဝေးကွာစွာနေပါ" သို့မဟုတ် "သူမနှင့် ဝေးရာတွင်နေပါ"

သူ့နေရာတံခါးဝသို့ မချဉ်းနှင့်
ဤနေရာတွင် "တခါးဝ" သည် အိမ်ကို ကိုယ်စားပြုသည်။ "လာ" ဟူသောစကားလုံးထက် "သွား" ကိုသုံးလျှင်ပိုမို သင့်လျော်ပြီး ဒုတိယစာလုံးသည် စကားပြောသောသူအား အိမ်တံခါးဝတွင် ရှိနှင့်သကဲ့သို့ ပေါ်လွင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူမ၏ အိမ်တံခါးဝအနီးသို့ မသွားနှင့်" သို့မဟုတ် "သူမအိမ်အနီးကိုပင်လျှင် မသွားနှင့်။"

Proverbs 09

ထိုကဲ့သို့
"သင်သည် ဤသို့ပြုလျှင်။" ဤအသုံးအနှုန်းသည် ရှေ့ယခင်ကျမ်းပိုဒ်တို့တွင် ပြောဆိုထားသည့်အကြောင်းကို ရည်ညွှန်းသည်။

သင်သည် ကိုယ်ဂုဏ်အသရေကို သူတပါး၌ရင်း
"ဂုဏ်အသရေ" ၏ ဖြစ်တန်ရာသော အဓိပ္ပာယ်များမှာ (၁) လူတစ်ယောက်၏ ဂုဏ်သိက္ခာကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် အခြားလူတို့ကြားထဲတွင် သင်၏ဂုဏ်သိက္ခာကို မဆုံးရှုံးပါ" သို့မဟုတ် (၂) လူတစ်ယောက်၏ ချမ်းသာခြင်းနှင့် စည်းစိမ်ဥစ္စာကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊


generated on Tue Jul 2 12:50:28 2024

သင်သည် အခြားသောသူတို့ကို သင်ချမ်းသာသမျှကို ပေးလိမ့်မည်မဟုတ်ပါ" သို့မဟုတ် (၃) ခွန်အားကို ရည်ညွှန်းပြီး၊ တစ်ယောက်သောသူ၏ အရွယ်ကောင်းသောနှစ်များကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် အခြားသောသူတို့ကို သင့်ဘဝ၏ အကောင်းဆုံးအချိန်များကို ပေးပစ်လိမ့်မည် မဟုတ်ပေ။"

ကိုယ်အသက်ကို ကြမ်းတမ်းသော သူတို့၌ရှင်း အပ်လိမ့်မည်
ကျမ်းရေးသူသည် လူတစ်ယောက် အရွယ်မရောက်မီ သေဆုံးခြင်း

ကြမ်းတမ်းသောသူ
အမျိုးပျက်သောမိန်းမ၏ ခင်ပွန်းယောကျ်ားကို ရည်ညွှန်းပြီး၊ သူသည် သူမနှင့်အတူ ပျော်ပါးသောသူအား ကြမ်းတမ်းစွာ ဆက်ဆံလိမ့်မည်။

တပါးအမျိုးသားတို့သည် သင်၏စည်းစိမ်နှင့် ပြည့်ဝကြလိမ့်မည်
ကျမ်းရေးသူသည် တစ်ပါးသူ၏ စည်းစိမ်ချမ်းသာကို အခြားသူတို့က ယူ၍ ပျော်ရွှင်နေကြခြင်းကို ထိုသူတို့သည် ချမ်းသာခြင်း၌ ပျော်ပွဲရွှင်ပွဲ ကျင်းပသကဲ့သို့ ပြောဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တစ်ပါးသော အမျိုးသားတို့သည် သင်၏ ချမ်းသာခြင်း အားလုံးကို ယူသွားလိမ့်မည် မဟုတ်ပေ။"

သင်လုပ်၍ ရသောဥစ္စာသည် တပါးအမျိုးသားအိမ်သို့ ရောက်လိမ့်မည်
ဤနေရာတွင် "အိမ်" သည် လူတစ်ယောက်၏ မိသားစုကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်ရှာဖွေရတတ်သမျှသော အရာတို့သည် တစ်ပါးအမျိုးသား မိသားစုပိုင်အဖြစ် အဆုံးသတ်သွားမည်မဟုတ်ပေ။"

## Proverbs 11

သင့်အသား၊ သင့်ကိုယ်ကာယ ဆွေးမြေ့သောအခါ
"အသား" နှင့် "ကိုယ်ကာယ" သည် အခြေခံအားဖြင့် အဓိပ္ပာယ်ချင်းတူပြီး ခန္ဓာကိုယ်တစ်ခုလုံးကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ခန္ဓာကိုယ် ချုံးချုံးကျသော်" သို့မဟုတ် "သင် ချုံးချုံးကျသော်"

ဆွေးမြေ့
"ကိုယ်ခန္ဓာ ချုံးချုံးကျ" သို့မဟုတ် "အားအင်ချိနဲ့ခြင်းနှင့် နာမကျန်းဖြစ်ခြင်း"

ငါသည် သွန်သင်ခြင်းကို မုန်းလေပြီ ... စိတ်နှလုံးထဲမှာ မထီမဲ့မြင်ပြုလေပြီ
ဤစာကြောင်းနှစ်ကြောင်းသည် တူညီသော သဘောထားကိုဖော်ပြကြပြီး ဆရာ၏ ဆုံးမခြင်းကို မည်မျှနှစ်သက်ခြင်းမရှိကြောင်း အလေးပေးသည်။

ငါသည် သွန်သင်ခြင်းကို မုန်းလေပြီ
"မည်မျှ" ဟူသောစကားလုံးသည် အာမေဍိတ်ဖြစ်ပြီး သူ၏အမုန်းအင်အား မည်မျှကြီးကြောင်း အလေးပေးသည်။ "သွန်သင်ခြင်း" ဟူသောစကားလုံးကို ကြိယာပုဒ်စုဖြင့် တွဲဖက်၍ အနက်ပြန်နိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တစ်ယောက်ယောက်က ကျွန်ုပ်ကို သွန်သင်ဆုံးမသောအခါ အလွန်မုန်းပါသည်။"

ဆုံးမခြင်းကို စိတ်နှလုံးထဲမှာ မထီမဲ့မြင်ပြုလေပြီ
ဤနေရာတွင် "စိတ်နှလုံး" သည် လူပုဂ္ဂိုလ်နှင့် စိတ်ခံစားမှုအားလုံးကို ကိုယ်စားပြုသည်။ "ဆုံးမခြင်း" ကို ကြိယာပုဒ်စုဖြင့် တွဲဖက်၍ အနက်ပြန်နိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်သည် သူတို့က ဆုံးမသောအခါ လူတို့ကို စက်ဆုပ်ရွံရှာသည်။"

## Proverbs 13

ငါ့အား သွန်သင်သော သူတို့၏စကားကို နားမခံဘဲ
ဤနေရာတွင် "နား" ဟူသော စကားလုံးသည် နားထောင်နေသောသူကို ကိုယ်စားပြုသည်။ ကျမ်းရေးသူသည် တစ်ယောက်သောသူ၏ ပြောစကားကို အာရုံစိုက်လျက်နားထောင်နေခြင်းကို စကားပြောသောသူနှင့် နားသည်ပို၍ နီးကပ်စေရန် ကိုယ်ကို ရွှေ့သို့ကိုင်းနေသကဲ့သို့ ပြောဆိုထားသည်။ ကျမ်းချက် ၄:၂၀ တွင် သင်မည်ကဲ့သို့ အနက်ပြန်သည်ကို ကြည့်ပါ။ အခြားသောဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်ကို သွန်သင်ပေးသောသူ၏ စကားအား နားထောင်ပြီး"

စည်းဝေးသော ပရိတ်သတ်များအလယ်၌
ဤစာကြောင်းနှစ်ကြောင်းသည် အခြေခံအားဖြင့် တူညီသောအဓိပ္ပာယ်ရှိပြီး လူတို့၏ အဖွဲ့အစည်း အသိုင်းအဝိုင်းကို

## Proverbs 15

ကိုယ်ဆိုင်သော ရေအိုး ... ကိုယ်ရေတွင်း ထဲက ထွက်သော စမ်းရေ
ဤစာကြောင်းနှစ်ကြောင်းသည် အခြေခံအားဖြင့် အကြောင်းအရာ တူညီကြသည်။ ကျမ်းရေးသူက ယောကျ်ားသည် သူ၏ ဇနီးခင်ပွန်းနှင့်သာ အတူအိပ်ရမည်ကို သူသည် ရေကို သူပိုင်ဆိုင်သော ရေအိုး သို့မဟုတ် ရေတွင်းမှ သောက်ရမည်ဟု ပြောဆိုထားသည်။

ထွက်သော စမ်းရေကို
ကျမ်းရေးသူသည် သန့်သော သို့မဟုတ် စီးဆင်းနေသောရေကို ရေထွက်နေသည်ဟု ပြောဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ရေသန့်" သို့မဟုတ် "စီးဆင်းနေသည် ရေ"

သင်၏ စမ်းရေများပြား၍၊ လမ်းများအနားမှာ စီးသော မြစ်များ ဖြစ်စေလော့
ကျမ်းရေးသူသည် ဤအဖြေမတောင်းသောမေးခွန်းကို သူ၏သားက ဤအရာတို့ကို မပြုလုပ်ရန် အလေးပေး မေးမြန်းထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ စမ်းရေနှင့် ... စမ်းချောင်းရေတို့သည် လူအများစုဝေးရာအရပ်၌ မစီးဆင်းစေသင့်ပါ။"

သင်၏ စမ်းရေများပြား၍၊ လမ်းများအနားမှာ စီးသော မြစ်များ ဖြစ်စေလော့
ဤနေရာတွင် "စမ်း" နှင့် "စမ်းချောင်းရေ" တို့သည် ယောကျ်ား လိင်အင်္ဂါမှ သုတ်ရည်၏ စကားလှ ဖြစ်ကောင်းဖြစ်နိုင်သည်။ ဖြစ်တန်ရာသော အဓိပ္ပာယ်များမှာ


generated on Tue Jul 2 12:50:28 2024

လမ်းများအနားမှာ
လမ်းနှစ်လမ်း သို့မဟုတ် နှစ်လမ်းနှင့်အထက်ဆုံတွေ့ရာ မြို့တော် သို့မဟုတ် မြို့၌ရှိသော ရင်ပြင်ကျယ်။ လူအများတို့ ဆုံတွေ့၍ တစ်ယောက်နှင့်တစ်ယောက် စကားစမြည်ပြောကြသည့် အများနှင့်ဆိုင်သော နေရာ။

ထိုအရာကို ... မဆိုင်စေဘဲ
"ထို" ဟူသော စကားလုံးသည် "စမ်း" နှင့် "စမ်းချောင်းရေ" ကို ရည်ညွှန်းပြီး ထိုအရာတို့ကို ကိုယ်စားပြုသည်။

တပါးအမျိုးသားနှင့်
"တစ်ခြားသောသူတို့အား ထိုအရာတို့ကို မဝေမျှပါနှင့်"

Proverbs 18

သင်၏စမ်းရေတွင်း၌ မင်္ဂလာရှိစေ၍
ကျမ်းရေးသူသည် သား၏ဇနီးမယားကို စမ်းရေကဲ့သို့ ပြောဆိုထားသည်။ ဤနေရာတွင် "မင်္ဂလာ" ဟူသော စကားလုံးသည် ယောကျ်ားမှ သူ၏ ဇနီးမယားအပေါ်တွင် ထားရှိသော ပျော်မွေ့ခြင်းကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် အမြဲတမ်း သင်၏ဇနီးမယားနှင့် ပျော်မွေ့နေပါစေ"

အသက် အရွယ်ပျိုစဉ်ကာလ၊ ပေါင်းဘော်သော မယား
ဖြစ်တန်ရာသော အဓိပ္ပာယ်များမှာ (၁) "သင် ပျိုရွယ်စဉ် ပေါင်းသင်းလက်ထပ်ထားသော ဇနီးမယား" သို့မဟုတ် (၂) "သင်၏ ပျိုရွယ်သော မယား။"

သူသည်စုံမက်တတ်သော သမင်မ၊ နှစ်လိုဘွယ်သော ဒရယ်မကဲ့သို့ဖြစ်၍
ကျမ်းရေးသူသည် သား၏ ဇနီးမယားကို "စုံမက်တတ်သော သမင်မ၊ နှစ်လိုဖွယ်သော ဒရယ်မ" ကဲ့သို့ ပြောဆိုသည်။ ဤနေရာတွင် "သမင်" နှင့် "ဒရယ်" တို့သည် အမဖြစ်သည်ဟု အဓိပ္ပာယ်ရသည်။ သူတို့သည် ပုံပန်းသဏ္ဌာန်အားဖြင့်သော်လည်းကောင်း၊ လှုပ်ရှားမှုအရသော်လည်းကောင်း လှပခြင်း၏ သင်္ကေတဖြစ်ကြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူမသည် သမင်၊ ဒရယ်တစ်ကောင်ကဲ့သို့ လှပပြီး နှစ်လိုဖွယ်ကောင်းသည်" သို့မဟုတ် "သူမသည် သမင်မတစ်ကောင်ကဲ့သို့ လှပပြီး နှစ်လိုဖွယ်ကောင်းသည်။"

နှစ်လိုဘွယ်သော
ဤစကားလုံးသည် "ကျေးဇူးတော် ပြည့်ဝခြင်း" ကို မဆိုလိုပါ၊ သို့သော် "လှုပ်ရှားနေစဉ် လှပခြင်း" ဟူ၍ အဓိပ္ပာယ်ရပါသည်။

သူ၏သားမြတ်တို့သည် သင်၏အလိုဆန္ဒကို အစဉ်ပြေစေ၍
ဖြစ်တန်ရာသော အဓိပ္ပာယ်များမှာ

သူ့ကိုချစ်သော စိတ်နှင့် အစဉ်ယစ်မူးလျက်နေလော့
ဇနီးမယား တစ်ယောက်၏ ချစ်ရေးချစ်ရာတွင် အလွန် စိတ်လှုပ်ရှားခြင်းနှင့် ပျော်ရွှင်ခြင်းကို သူသည် ထိုချစ်ခြင်း၌ ယစ်မူးသကဲ့သို့ ပြောဆိုထားသည်။ ဤဟာကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်ဆိုချက်၊ "သူမ၏ အချစ်သည် သေရည်မှ သောက်သုံးသူကို မူးယစ်စေသကဲ့သို့ သင့်ကို ထိန်းချုပ်စေပါ။"

သူ့ကိုချစ်သော စိတ်နှင့်
ဖြစ်တန်ရာသော အဓိပ္ပာယ်များမှာ (၁) "သူမအပေါ် သင်၏ချစ်ခြင်းဖြင့်" သို့မဟုတ် (၂) "သင်အပေါ် သူမ၏ ချစ်ခြင်းဖြင့်။"

Proverbs 20

ငါ့သား၊ သင်သည် အမျိုးပျက်သောမိန်းမနှင့် အဘယ်ကြောင့် ယစ်မူးသနည်း။ ပြည်တန်ဆာမ၏ ရင်ပတ်ကိုအဘယ်ကြောင့် ဘက်ယမ်းသနည်း
ကျမ်းရေးသူသည် ဤအဖြေမတောင်းသော မေးခွန်းတို့ကို သူ၏သားသည် ဤသို့သောအရာများကို မပြုလုပ်ရမည်အကြောင်း အလေးပေးရန် မေးမြန်းထားခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့သား၊ အမျိုးပျက်သောမိန်းမ၏ ဖမ်းစားခြင်းကို မခံနှင့်။ ပြည့်တန်ဆာမ၏ ရင်သားတို့ကို ပွေ့ဖက်ခြင်း မပြုနှင့်။"

အမျိုးပျက်သောမိန်းမနှင့် အဘယ်ကြောင့် ယစ်မူးသနည်း
မိန်းမတစ်ယောက်၏ ဆန္ဒရမ္မက်မှ အရင်းခံသော အလွန်ပြင်းထန်သည့် စိတ်လှုပ်ရှားမှုကို သူသည် ထိုအမျိုးသမီး၏ ဖမ်းစားခြင်း ခံရသကဲ့သို့ ပြောဆိုထားသည်။ ဤဟာကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အမျိုးပျက်သောမိန်းမက ဖမ်းစားရန် ခွင့်ပြုသည်" သို့မဟုတ် "အမျိုးပျက်သောမိန်းမက ဆွဲဆောင်ရန် ခွင့်ပြုသည်။"

ပြည်တန်ဆာမ၏ ရင်ပတ်ကိုအဘယ်ကြောင့် ဘက်ယမ်းသနည်း
ဤနေရာတွင် "ရင်ပတ်" ဟူသော စကားလုံးသည် ပြည့်တန်ဆာမနှင့် သူမ၏ လိင်ဆွဲဆောင်မှုကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် အဘယ်ကြောင့် ပြည့်တန်ဆာအမျိုးသမီးတစ်ယောက်ကို ပွေ့ဖက်မည်နည်း။"

ပြည်တန်ဆာမ
ဖြစ်တန်ရာသော အဓိပ္ပာယ်များမှာ (၁) "သင်၏ ဇနီးမယား မဟုတ်သော အမျိုးသမီးတစ်ယောက်" သို့မဟုတ် (၂) "အခြားယောကျ်ားတစ်ယောက်၏ ဇနီးမယား မိန်းမတစ်ယောက်။"

မျက်မှောက်တော်၌ ... သွားလာသမျှသော အခြင်းအရာတို့ကို စူးစမ်းတော်မူ၏
ဤစာကြောင်းနှစ်ကြောင်းသည် တူညီသောအကြောင်းအရာနှင့် ဘုရားသခင်က မည်သူမဆို၏ ပြုသမျှသောအရာကို သိရှိတော်မူကြောင်း အလေးပေးသည်ဟု အဓိပ္ပာယ်ရသည်။

သွားလာသမျှသော အခြင်းအရာတို့ကို
ကျမ်းရေးသူသည် လူတစ်ယောက်၏ ပြုမူခြင်းများနှင့် ဘဝနေထိုင်သည့်ပုံစံတို့ကို လူတစ်ယောက် လျှောက်သော လမ်းတစ်ခုကဲ့သို့ ပြောဆိုထားသည်။


generated on Tue Jul 2 12:50:28 2024

အခြားသောဘာသာပြန်ဆိုချက်၊ "သူသွားသော နေရာတိုင်းတွင်" သို့မဟုတ် "သူပြုသမျှအရာတိုင်းတွင်"

Proverbs 22

အစမ္မလူသည် မိမိပြုသော ဒုစရိုက်အပြစ်ဖြင့် ဘမ်းမိခြင်း ခံရလိမ့်မည်
ကျမ်းရေးသူက အစ္စမလူသည် သူပြုသော ဒုစရိုက်အပြစ်၏ အကျိုးဆက်များကို ရှောင်လွဲ၍ ရနိုင်မည်မဟုတ်ကြောင်းကို ထိုဒုစရိုက်တို့သည် သက်ရှိလူများကဲ့သို့ အစ္စမလူတို့အား ဖမ်းဆီးသောသူဖြစ်သကဲ့သို့ ပြောဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အစ္စမလူ၏ ပိုင်ဆိုင်သော ဒုစရိုက်သည် သူ့ကို ဖမ်းဆီးလိမ့်မည်" သို့မဟုတ် "အစ္စမလူသည် သူပြုသော ဒုစရိုက်တို့၏ အကျိုးဆက်ကို ရှောင်လွဲနိုင်မည် မဟုတ်ပေ။"

မိမိအပြစ်ကြိုးတို့ဖြင့် ချည်နှောင်ခြင်းကို ခံရလိမ့်မည်
ကျမ်းရေးသူက အစ္စမလူသည် သူပြုသော ဒုစရိုက်အပြစ်၏ အကျိုးဆက်များကို ရှောင်လွဲ၍ ရနိုင်မည်မဟုတ်ကြောင်းကို ထိုအပြစ်သည် လူကို မိအောင်ဖမ်းတတ်သည့် ကြိုးဖြင့်ပြုလုပ်ထားသော ထောင်ချောက်ကဲ့သို့ဖြစ်ကြောင်း ပြောဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ၏ အပြစ်ကြောင့်၊ သူသည် ထောင်ချောက်တွင် မိနေသော တိရစ္ဆာန်ကဲ့သို့ ဖြစ်လိမ့်မည်။"

သူသည် အလွန်မိုက်သောကြောင့်မှားယွင်း၍
ဤဟာကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ၏ အလွန်မိုက်မဲမှုသည် သူ့ကို လမ်းမှားသို့ ပို့ဆောင်ပေးမည်။"

အလွန်မိုက်သောကြောင့်
"သူသည် လွန်စွာမိုက်မဲသောသူဖြစ်သောကြောင့်"

---

## Translation Questions

Proverbs 5:1

သားသည် ဂရုတစိုက်နားထောင်လျှင် မည်သည့်အရာကို သင်ယူလိမ့်မည်နည်း?
သားသည် ဂရုတစိုက်နားထောင်လျှင် လိမ္မာသိသိပ်မှု သမ္မာသတိအကြောင်းကို သင်ယူရပါလိမ့်မည်။

Proverbs 5:3

အမျိုးပျက်သောမိန်းမသည် အဆုံးတွင် မည်ကဲ့သို့ဖြစ်လိမ့်မည်နည်း။
အမျိုးပျက်သော မိန်းမသည် အဆုံး၌ ဘင်းခါးရွက်ကဲ့သို့ ဖြစ်လိမ့်မည်။

Proverbs 5:5

အမျိုးပျက်သောမိန်းမ၏ ခြေလှမ်းသည် ဘယ်ကို သွားရမည်နည်း။
အမျိုးပျက်သော မိန်းမ၏ ခြေလှမ်းသည် သေခြင်းနှင့် မရဏာနိုင်ငံသို့ သွားရမည်။

Proverbs 5:7

အမြော်အမြင်ရှိသောသားတို့သည် အမျိုးပျက်သောမိန်းမနှင့် သူ၏အိမ် နှင့် စပ်လျဉ်း၍ အဘယ်သို့လုပ်သင့်သနည်း။
အမြော်အမြင်ရှိသော သားတို့သည် အမျိုးပျက်သောမိန်းမ၏ အိမ်နီးနားမှ ဝေးကို ရှောင်၍ နေရမည်။

Proverbs 5:9

သားတို့သည် အကျင့်ပျက်သော မိန်းမနှင့်ပတ်သက်ခဲ့လျှင် မည်သည့်အရာကို ဆုံးရှုံးမည်နည်း။
သားတို့သည် အကျင့်ပျက်သော မိန်းမနှင့်ပတ်သက်ခဲ့လျှင် သူတို့၏ဂုဏ်အသရေ နှင့် အသက်ရှင်မည့်နှစ်များကို ဆုံးရှုံးရလိမ့်မည်။

Proverbs 5:11

သားတို့သည် အကျင့်ပျက်သောမိန်းမနှင့်ပတ်သက်ခဲ့လျှင် သူတို့ ဘဝ၏ အဆုံးတွင်မည်ကဲ့သို့ ဖြစ်လာလိမ့်မည်နည်း။
သားတို့သည် အကျင့်ပျက်သောမိန်းမနှင့်ပတ်သက်ခဲ့လျှင် သူတို့၏ ကိုယ်ခန္ဓာနှင့် အသွေးအသားသည် ဆွေးမြေ့ခြင်းသို့ ရောက်လိမ့်မည်။

သားတို့သည် အကျင့်ပျက်သောမိန်းမနှင့်ပတ်သက်ခဲ့လျှင် သူတို့ဘဝ၏ အဆုံးတွင် မည်ကဲ့သို့ နောင်တရဖြင့် ပြောကြလိမ့်မည်နည်း။
သားတို့သည် အကျင့်ပျက်သောမိန်းမနှင့်ပတ်သက်ခဲ့လျှင် သူတို့သည် သွန်သင်ခြင်းကို မုန်း၍ လေးစားစွာ ဆုံးမခြင်းကို မထီမဲ့မြင်ပြုလာကြလိမ့်မည်။

Proverbs 5:15

သားတို့သည် မည်သည့်ခွက်ဖြင့် သောက်ကြရမည်နည်း။
သားတို့သည် သူတို့၏ကိုယ်ပိုင်ရေတွင်းမှ သောက်သုံးရမည်။

Proverbs 5:18

သားတို့သည် မည်သူနှင့်အတူ ဝမ်းမြောက်ရမည်နည်း။
သားတို့သည် အသက်အရွယ်ပျိုစဉ် ပေါင်းဘော်သော မယားနှင့်အတူ ဝမ်းမြောက်ရမည်။

သားတို့သည် မည်သည့်အရာဖြင့် ယစ်မူးရမည်နည်း။
သားတို့သည် မိမိအသက်ပျိုရွယ်စဉ် ပေါင်းဘော်သော မယား၏ ချစ်ခြင်းမေတ္တာအားဖြင့် ယစ်မူးရမည်။

Proverbs 5:20

ထာဝရဘုရားသည် မည်သည့်အရာကိုတွေ့မြင်သနည်း။
ထာဝရဘုရားသည် လူတစ်ဦး၏ လုပ်ဆောင်သမျှအရာအားလုံးကို တွေ့မြင်တော်မူသည်။

Proverbs 5:22

မည်သည့်အရာသည် အဓမ္မလူကို ဖမ်းဆီး၊ ချည်နှောင်လိမ့်မည်နည်း။
အဓမ္မလူသည် မိမိပြုသော ဒုစရိုက် အပြစ်ဖြင့် ဖမ်းမိခြင်း၊ မိမိအပြစ်ကြိုးတို့ ဖြင့်ချည်နှောင် ခြင်းကို ခံရလိမ့်မည်။

## Chapter 6

1 ငါ့သား၊ သင်သည် အဆွေခင်ပွန်းအတွက် အာမခံမိသော်ငင်း၊ သူတပါးနှင့်လက်ဝါးချင်း ရိုက်မိ သော်ငင်း၊ 2
ကိုယ်နှုတ်ထွက်စကားဖြင့် ကျော့မိပြီ။ ကိုယ် ပြောသောစကားကြောင့် အမှုရောက်လေပြီ။ 3 ငါ့သား၊ သင်သည် အဆွေခင်ပွန်းလက်သို့
ရောက်မိလျှင်၊ ကိုယ်ကို နှုတ်အံ့သောငှါ အဘယ်သို့ ပြုရမည်နည်းဟူမူကား၊ အဆွေခင်ပွန်းထံသို့ သွား၍၊ ကိုယ်ကိုနှိမ့်ချလျက်သူ့ကို
နှိုးဆော်လော့။ 4 အိပ်မပျော်နှင့်။ မျက်စိမှိတ်၍ မငိုက်နှင့်။ 5 မုဆိုးလက်မှ သမင်ဒရယ်ကိုငင်း၊ ငှက်ကိုငင်း နှုတ်ရသကဲ့သို့
ကိုယ်ကိုနှုတ်လော့။ 6 အချင်းလူပျင်း၊ ပရွက်ဆိတ်ထံသို့သွား၍၊ သူ၏ အပြုအမူတို့ကို ဆင်ခြင်သဖြင့် ပညာရှိစေလော့။ 7
ပရွတ်ဆိတ်သည်ဆရာမရှိ၊ ပဲ့ပြင်သောသူမရှိ၊ မင်းမရှိဘဲလျက်၊ 8 နွေကာလနှင့် စပါးရိတ်ရာကာလ၌ မိမိ စားစရာအစာကို
ရှာဖွေသိုထားတတ်၏။ 9 အိုလူပျင်း၊ သင်သည် အဘယ်မျှကာလပတ်လုံး အိပ်လျက်နေလိမ့်မည်နည်း။ အဘယ်သော အခါနိုးလိမ့်မည်
နည်း။ 10 ခဏအိပ်လျက်၊ ခဏပျော်လျက်၊ အိပ်ပျော် အံ့သောငှါ ခဏလက်ချင်းပိုက်လျက် နေစဉ်တွင်၊ 11 ဆင်းရဲခြင်းသည်
ခရီးသွားသော သူကဲ့သို့ငင်း၊ ဥစ္စာပြုန်းတီးခြင်းသည် သူရဲကဲ့သို့ငင်း ရောက်လာ လိမ့်မည်။ 12 ဆိုးယုတ်သော
သူနှင့်မတရားသောသူသည် ကောက်လိမ်သော စကား၌ ကျင်လည်တတ်၏။ 13 မျက်တောင်ခတ်လျက်၊ ခြေဖြင့် အမှတ်ပေး လျက်၊
လက်ချောင်းတို့ဖြင့် သွန်သင်လျက် ပြုတတ်၏။ 14 ကောက်သော စိတ်သဘောနှင့် ပြည့်စုံ၍၊ မကောင်းသော အကြံကို
အစဉ်ကြံစည်တတ်၏။ သူတပါးချင်းရန်တွေ့စေခြင်းငှါ ပြုတတ်၏။ 15 ထိုကြောင့်သူသည် အမှတ်တမဲ့အမှုရောက်၍၊ ကိုးကွယ်စရာဘဲ
ချက်ခြင်းကျိုးပဲ့ပျက်စီးရလိမ့်မည်။ 16 ထာဝရဘုရား မုန်းတော်မူသော အရာ ခြောက် ပါးမက၊ စက်ဆုပ်ရွံရှာတော်မူသောအရာ
ခုနစ်ပါး ဟူမူကား၊ 17 ထောင်လွှားသော မျက်နှာတပါး၊ မုသာ၌ ကျင် လည်သော လျှာတပါး၊ အပြစ်မရှိသောသူ၏ အသက်ကို
သတ်သော လက်တပါး၊ 18 မကောင်းသော အကြံကို ကြံစည်သော နှလုံး တပါး၊ အပြစ်ပြုရာသို့ အလျင်အမြန် ပြေးတတ်သော
ခြေတပါး၊ 19 မုသာစကားကိုပြော၍ မမှန်သောသက်သေ တပါး၊ အပေါင်းအဘော်ချင်း ရန်တွေ့စေခြင်းငှါ ပြုတတ် သော
သူတပါးတည်း။ 20 ငါ့သား၊ အဘ၏ပညတ်စကားကို နားထောင် လော့။ အမိပေးသော တရားကို မပယ်နှင့်။ 21 နှလုံးပေါ်မှာ
အမြဲချည်၍ လည်ပင်း၌ ဆွဲထား လော့။ 22 သင်သည် အခြားသို့ သွားသောအခါ၊ ထိုပညတ် တရားသည် လမ်းပြလိမ့်မည်။
အိပ်သောအခါ သင့်ကို စောင့်လိမ့်မည်။ နိုးသောအခါ သင်နှင့် နှုတ်ဆက် လိမ့်မည်။ 23 အကြောင်းမူကား၊ ပညတ်တော်သည် မီးခွက်
ဖြစ်၏။ တရားတော်သည် အလင်းဖြစ်၏။ အပြစ်ကို ပြတတ်သော ဩဝါဒစကားသည် အသက်လမ်းဖြစ်၏။ 24
ဆိုးသောမိန်းမနှင့်ငင်း၊ အမျိုးပျက်သော မိန်းမ ချော့မော့တတ်သော နှုတ်နှင့်ငင်းလွတ်စေခြင်းငှါ၊ သင့်ကို စောင့်ဘို့ရာဖြစ်သတည်း။ 25
ထိုသို့သောမိန်းမသည် အဆင်းလှသော်လည်း၊ တပ်မက်သော စိတ်မရှိနှင့်။ သူသည် မျက်ခမ်းတို့ဖြင့် သင့်ကိုမကျော့မိစေနှင့်။ 26
အကြောင်းမူကား၊ ပြည်တန်ဆာမကို မှီဝဲသော ယောကျ်ားသည် ဆင်းရဲ၍၊ မုန့်တလုံးကိုသာ ရတတ်၏။ မျောက်မထားသော
မိန်းမသည်လည်း မြတ်သောအသက် ကို ဘမ်းတတ်၏။ 27 လူသည်အဝတ်မလောင်ဘဲ မီးကို ပိုက်ဘက်နိုင် သလော။ 28
ခြေမလောင်ဘဲမီးခဲပေါ်မှာ နင်းနိုင်သလော။ 29 သူ့မယားထံသို့ဝင်သောသူသည် ထိုနည်းတူ ဖြစ်၏။ သူ့မယားကို ပြစ်မှားသော
သူမည်သည်ကား၊ အပြစ် နှင့် မကင်းမလွတ်နိုင်ရာ၊ 30 မွတ်သိပ်သော စိတ်ပြေစေခြင်းငှါ၊ ခိုးသောသူ ပင် အပြစ်မလွတ်ရ။ 31
တွေ့မိလျှင် ခုနစ်ဆပြန်ပေးရမည်။ ကိုယ်အိမ်၌ ရှိသမျှသော ဥစ္စာတို့ကို လျော်ရမည်။ 32 သူ့မယားကိုပြစ်မှားသော သူသည် ဥာဏ်မရှိ။
ထိုသို့ပြုသော သူသည် မိမိအသက်ကို ဖျက်ဆီးတတ်၏။ 33 နာကျင်စွာ ထိခိုက်ခြင်းနှင့် အသရေရှုတ်ချခြင်း ကို ခံရလိမ့်မည်။
သူ၏အရှက်ကွဲခြင်းသည် မပြေနိုင်။ 34 အကြောင်းမူကား၊ ယောကျ်ားသည် မယားကို မယုံသောစိတ်ရှိလျှင်၊ ပြင်းထန်စွာ
အမျက်ထွက်တတ်၏။ အပြစ်ပေးချိန်ရောက်သောအခါ သနားခြင်းမရှိတတ်။ 35 လျော်ပြစ်ငွေမည်မျှကို ပမာဏမပြုတတ်။
များစွာသော လက်ဆောင်တို့ကိုပေးသော်လည်း စိတ် မပြေတတ်။

---

Proverbs 01

သင်၏ ငွေကိုစုပါ
ဤနေရာတွင် သင်၏ကတိပြုခြင်းကို ညွှန်ပြပြီး ပတ်ဝန်းကျင်က သင့်ငွေကိုစုရန် အတင်းအကြပ် စေခိုင်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ငွေအချို့ကို စုထားရမည်"

အဆွေခင်ပွန်းအတွက် အာမခံမိသော်
ဖြစ်တန်ရာသော အဓိပ္ပာယ်များမှာ (၁) သင်၏ အိမ်နီးချင်းတို့သည် ချေးငှားရန်အတွက် သင့်ထံသို့ လာကြလိမ့်မည် သို့မဟုတ် (၂) သင်၏ အိမ်နီးချင်းတို့သည် သူတစ်ပါးထံတွင် ချေးယူချင်ကြလိမ့်မည်၊ သို့သော် အကယ်၍ သင်၏အိမ်နီးချင်းသည် ပြန်မဆပ်နိုင်ပါက သင်သည် ချေးငှားသူအား ပြန်လည်ပေးဆပ်မည်ဟု ကတိပြုသည်။

 generated on Tue Jul 2 12:50:28 2024

အဆွေခင်ပွန်း (အိမ်နီးချင်း)
ဤစကားလုံးသည် ဟေဗြဲဘာသာစကားတွင် "သူငယ်ချင်း၊ အဆွေခင်ပွန်း" ဟူ၍လည်း အဓိပ္ပာယ်ရသည်။

ကိုယ်နှုတ်ထွက်စကားဖြင့် ကျော့မိပြီ
စကားပြောသည့် ပုံစံတစ်ခုဖြစ်ပြီး သင်သည် ကိုယ်တိုင်ထောင်ထားသော ကျော့ကွင်း၌ မိမည့်အကြောင်း ပြောဆိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် ကိုယ့်ကိုယ်ကို ပြန်မိမည့် ကျော့ကွင်းကို ထောင်သည်"

ကိုယ် ပြောသောစကားကြောင့်
"သင်ပြောခဲ့သည့် စကား" သို့မဟုတ် "သင်ပြုရန် ပေးထားခဲ့သော ကတိ"

Proverbs 03

ကိုယ့်ကိုယ်ကို ကယ်တင်ပါ
"ကိုယ့်ကိုယ်ကို ကာကွယ်ပါ" သို့မဟုတ် "ဤပြဿနာထဲမှ ကိုယ့်ကိုယ်ကို ရုန်းထွက်ပါ"

သင်သည် အဆွေခင်ပွန်းလက်သို့ ရောက်မိလျှင်
စကားပြောသည် ပုံစံတစ်ခုဖြစ်ပြီး "လက်" ဟူသောစကားလုံးသည် "ဒုက္ခပေးသည်" ဟု အဓိပ္ပာယ်ရသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ အိမ်နီးချင်းတို့သည် သူအလိုရှိသည်အတိုင်း ဒုက္ခကို ဆောင်ယူလာနိုင်သည်" သို့မဟုတ် "သင်၏ အိမ်နီးချင်းတို့သည် သင့်ကို လွှမ်းမိုးနိုင်စားမည်"

အဆွေခင်ပွန်း (အိမ်နီးချင်း)
"သူငယ်ချင်း၊ အဆွေခင်ပွန်း"

Proverbs 04

အိပ်မပျော်နှင့်။ မျက်စိမှိတ်၍ မငိုက်နှင့်
"သင်၏ မျက်စိကိုမှိတ်ပြီး အိပ်မပျော်နှင့်၊ သင်၏မျက်ခွံကို ပိတ်ပြီး အိပ်မပျော်နှင့်။" ဤစာကြောင်းနှစ်ကြောင်းသည် အကြောင်းအရာတူညီပြီး ပျင်းရိခြင်းမရှိရန် မည်မျှအရေးကြီးကြောင်း အလေးပေး ထပ်ဆင့်ပြောဆိုခြင်းဖြစ်သည်။ ပိုမို အလေးပေထင်ရှားစေရန်အတွက် အငြင်းပုံစံဖြင့်လည်း ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "နိုးကြားစွာနေပြီး၊ သင်လုပ်နိုင်သောအရာကို လုပ်ပါ"

သင့်မျက်လုံး ... သင့်မျက်တောင်
ဤအသုံးတွင် သင်၏မျက်နှာအစိတ်အပိုင်းတို့ကိုအသုံးပြုပြီး သင်၏ခန္ဓာကိုယ်တစ်ခုလုံးအား စကားပြောဆိုပုံဖော်ခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင့်ကိုယ်ကို ... သင့်ကိုယ်ကို"

မုဆိုးလက်မှ သမင်ဒရယ်ကိုငှင်း
"မုဆိုးလက်မှ ထွက်ပြေးသော သမင်ဒရယ်ကဲ့သို့ သင်၏ အိမ်နီးချင်းလက်မှ လွတ်မြောက်ရန် ကြိုးစားပါ"

သမင်ဒရယ်
အကောင်ကြီးသော၊ အသားများသော တိရစ္ဆာန်ဖြစ်ပြီး မျက်စားကာ လူတို့သည် အသားစားရန်အတွက် အမဲလိုက်ကြသည်။ လျင်မြန်စွာ ပြေးနိုင်သည့်အတွက် လူသိများသည်။

မုဆိုးလက်မှ
မုဆိုး၏လက်မှဟု ဆိုရာတွင် မုဆိုး၏ ချုပ်ကိုင်မှုအောက်မှဟူ၍ ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မုဆိုး၏ ချုပ်ကိုင်မှု အောက်မှ"

ငှက်ကိုငှင်း နုတ်ရသကဲ့သို့
"ငှက်မုဆိုးတို့လက်ထဲမှ ပျံသန်းသွားသောငှက်ကဲ့သို့ ထွက်ပြေးလွတ်မြောက်ပါ"

Proverbs 06

ဆင်ခြင်သဖြင့် ပညာရှိစေလော့
"သင်ယူပါ ... ဆင်ခြင်ပါ" သို့မဟုတ် "သေချာစွာ စူးစမ်းဆင်ခြင်ပါ"

ပရွက်ဆိတ်
ပုရွက်ဆိတ်သည် သေးငယ်သော အကောင်ဖြစ်ပြီး မြေကြီးထဲတွင် နေထိုင်ကြသည် သို့မဟုတ် ကိုယ်တိုင် အုံဖွဲ့၍နေကြသည်။ သူတို့သည် ထောင်ချီသောအုပ်စုများဖြင့် ဖွဲ့စည်းနေထိုင်ပြီး သူတို့၏ခန္ဓာကိုယ်ထက် လွန်စွာကြီးမားသော အရာဝတ္ထုတို့ကို မယူနိုင်သည်။

သူ၏ အပြုအမူတို့ကို ဆင်ခြင်သဖြင့်
သရုပ်ဖော် စကားပြောဆိုပုံဖြစ်ပြီး ပုရွက်ဆိတ်တစ်ကောင်၏ "နည်းလမ်း" သည် ပုရွက်ဆိတ်တို့၏ အပြုအမူကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ပုရွတ်ဆိတ်တို့ မည်ကဲ့သို့ပြုမူသည်ကို ဆင်ခြင်ပါ"

ဆရာမရှိ၊ ပဲ့ပြင်သောသူမရှိ၊ မင်းမရှိဘဲလျက်
ဤစကားသုံးလုံးတို့သည် အခြေခံအားဖြင့် တူညီသောအကြောင်းအရာရှိကြပြီး ပုရွက်ဆိတ်တစ်ကောင်ချင်းအပေါ်တွင် မည်သူကမျှ နည်းလမ်းကျသော အခွင့်အာဏာမရှိခြင်းကို အလေးပေးရာတွင် အသုံးပြုသည်။

နွေကာလနှင့် စပါးရိတ်ရာကာလ၌ မိမိ စားစရာအစာကို ရှာဖွေသိုထားတတ်၏
ဤစာကြောင်းနှစ်ကြောင်းသည် အခြေခံအားဖြင့် တူညီသော အဓိပ္ပာယ်ရှိကြပြီး ပုရွက်ဆိတ်သည် မည်သို့သော တာဝန်များထမ်းဆောင်ကြောင်း ပြသရန် ပြန်ကျော့ခြင်းဖြစ်သည်။


generated on Tue Jul 2 12:50:28 2024

နေ့ကာလ
နေ့ကာလသည် အချို့သစ်ပင်တို့မှ
အသီးသီးသောအချိန်ဖြစ်သည်။

Proverbs 09

သင်သည် အဘယ်မျှကာလပတ်လုံး အိပ်လျက်နေလိမ့်မည်နည်း။
အဘယ်သောအခါ နိုးလိမ့်မည်နည်း
ဆရာက လူပျင်းအား တစ်ချိန်လုံးအိပ်နေသည့်အတွက်
ဤမေးခွန်းတို့ကို ဆူပူကြိမ်းမောင်းရန် အသုံးပြုခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "နိုးပါ၊ အသင်လူပျင်း။
အိပ်ယာမှ ထပါ။"

ခဏအိပ်လျက် ... ခဏလက်ချင်းပိုက်လျက် နေစဉ်တွင်
ဤအရာတို့သည် လူပျင်းတို့ ပြောနေကျ
စကားအရာမျိုးဖြစ်သည်။

ခဏပျော်လျက်၊ အိပ်ပျော် အံ့သောင့်ါ
ဤကြောင်းအရာနှစ်ခုလုံးသည် တူညီသော အဓိပ္ပာယ်ရှိကြသည်။
ပြည့်စုံသော ဝါကျအဖြစ် ဖော်ပြရေးသားနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ခဏလေးကြာအောင်
ထပ်အိပ်လိုက်မည်။ "ကျွန်ုပ် နည်းနည်းလေး ထပ်အိပ်ပါရစေ။"

ခဏလက်ချင်းပိုက်လျက် နေစဉ်တွင်
လူတို့သည် လဲလျောင်းနေစဉ်
ပို၍သက်တောင့်သက်သာဖြစ်စေရန် တစ်ခါတရံ
သူတို့၏လက်များကို ပိုက်ထားလေ့ရှိသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်သည်
သက်တောင့်သက်သာစွာ လက်ပိုက်လျှက် ခေတ္တခဏ
အနားယူမည်။"

ဆင်းရဲခြင်းသည် ... ရောက်လာလိမ့်မည်
ပျင်းရိခြင်း၏ အကျိုးရလဒ်တစ်ခုဖြစ်ကြောင်း ရှင်းလင်းစေရန်
ဝါကျအသစ်တစ်ကြောင်းအဖြစ် ဖော်ပြရေးသားနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် ဆက်လက်၍
ပျင်းရိနေလျှင်၊ သင်၏ဆင်းရဲခြင်း ရောက်လာလိမ့်မည်"
သို့မဟုတ် "သင်အိပ်ပျော်နေစဉ်၊ ဆင်းရဲခြင်း
ရောက်လာလိမ့်မည်။"

ဆင်းရဲခြင်းသည် ခရီးသွားသော သူကဲ့သို့ငင်း
ပျင်းရိသူသည် ရုတ်ခြည်း ဆင်းရဲခြင်းသို့ ရောက်ကြောင်းကို
ခိုးသားဓားပြတို့သည် ရုတ်တရက် ချက်ချင်း ပေါ်လာပြီး
ပစ္စည်းများ ခိုးယူသကဲ့သို့ ဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ခိုးသားဓားပြတို့သည်
သင်၌ရှိသမျှသော ဥစ္စာပစ္စည်းတို့ကို လာ၍ ခိုးကြသကဲ့သို့၊
သင်သည် ရုတ်ခြည်း ဆင်းရဲသွားလိမ့်မည်။"

ဥစ္စာပြုန်းတီးခြင်းသည် သူရဲကဲ့သို့
ပျင်းရိသူသည် ရုတ်ခြည်း ဝတ္ထုပစ္စည်း ချို့တဲ့သွားခြင်းကို
လက်နက်ကိုင် စစ်သားများက လူတစ်ယောက်၏
ပိုင်ဆိုင်သောအရာအာလုံးကို လုယူသွားကြသကဲ့သို့ ဖြစ်သည်။
ပြည့်စုံသော ဝါကျတစ်ကြောင်းအဖြစ် ဖော်ပြရေးသားနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ လိုအပ်ချက်တို့သည်
သင့်ထံသို့ လက်နက်ကိုင် စစ်သားကဲ့သို့ ရောက်လာလိမ့်မည်"
သို့မဟုတ် "သင်၏ ပစ္စည်းတို့သည် လက်နက်ကိုင်စစ်သားများက
လုယက်ခိုးယူသွားသကဲ့သို့ သင်သည် ချို့တဲ့သောသူ
ဖြစ်လာလိမ့်မည်။"

သူရဲ
"လက်နက်ကိုင်သော စစ်သား" သို့မဟုတ် "လက်နက်ကိုင်သော
လူ"

Proverbs 12

ဆိုးယုတ်သောသူ—မတရားသောသူ
ဤစလုံးနှစ်လုံးသည် တူညီသောအဓိပ္ပာယ်ရှိကြပြီး ဤသူသည်
မည်မျှဆိုးကြောင်းကို အလေးပေး ဖော်ပြသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "တန်ဖိုးမရှိသောသူ—
ဆိုးယုတ်သောသူ"

ကောက်လိမ်သော စကား၌ ကျင်လည်တတ်၏
"အဆက်မပြတ် မုသားပြောဆိုသည်"

မျက်တောင်ခတ်လျက်၊ ခြေဖြင့် အမှတ်ပေး လျက်၊ လက်ချောင်းတို့ဖြင့်
သွန်သင်လျက်
ဤစာကြောင်းသုံးကြောင်းတို့သည် ဆိုးယုတ်သောသူက
အခြားသောသူတို့ကို လိမ်လည်ဖို့အလို့ငှာ လျှို့ဝှက်စွာ
ဆက်သွယ်မှုပြုသည့် လမ်းကြောင်းတစ်ခုကို ဖော်ပြသည်။

မျက်တောင်ခတ်လျက်
တစ်စုံတစ်ယောက် မျက်တောင်ခတ် (မျက်စပစ်) လျှင်၊ သူ၏
မျက်စိတစ်ဖက်ကို အခြားသောသူတစ်ယောက်အား
လျှို့ဝှက်အချက်ပြသကဲ့သို့ တဒင်္ဂခဏလေးမှိတ်ပြသည်။
အတည်ပြုခြင်းအတွက် ယုံကြည်မှု အမှတ်အသားတစ်ခု
ဖြစ်နိုင်ပြီး၊ သို့မဟုတ် အခြားသောအဓိပ္ပာယ်လည်း ရှိနိုင်သည်။

Proverbs 14

မကောင်းသော အကြံကို အစဉ်ကြံစည်တတ်၏
"သူသည် မကောင်းသောအကြံကို စီစဉ်သည်" သို့မဟုတ်
"မကောင်းသောအမှုတို့ ပြုရန် ပြင်ဆင်သည်"

သူတပါးချင်းရန်တွေ့စေခြင်းငှါ ပြုတတ်၏
"သူသည် အမြဲတမ်း ရန်ဖြစ်စေသည်" သို့မဟုတ် "သူသည်
ပဋိပက္ခကို အရှိန်မြင့်လာစေရန် အစဉ်မပြတ် ရှာဖွေတတ်သည်"

ထိုကြောင့်
"ထိုအကြောင်းကြောင့်"

ကိုးကွယ်ရာမရဘဲ ချက်ခြင်းကျိုးပဲ့ပျက်စီးရလိမ့်မည်
ဤနေရာတွင် လူနှင့် တိရစ္ဆာန်တို့ကဲ့သို့ အန္တရာယ်က
လိုက်လံဖမ်းဆီးသည်ကို သွယ်ဝိုက်၍ ဖော်ပြပြီး၊ များမကြာမီ


generated on Tue Jul 2 12:50:28 2024

သူ့အား ဖမ်းမိလိမ့်မည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ့အန္တရာယ်သည် သူ့ကို ဖမ်းမိလိမ့်မည်"

သူသည် အမှတ်တမဲ့အမှုရောက်၍
အန္တရာယ်သည် သူ့အပေါ်တွင် ကျရောက်ဖြစ်ပေါ်လာလိမ့်မည်၊ သို့သော် သူ့ကိုယ်တိုင်ပြုသော အန္တရာယ်သည် သူ့ကို ဒုက္ခပေးလိမ့်မည်။

အမှတ်တမဲ့ ... ချက်ချင်း
နှစ်ခုစလုံးသည် အဓိပ္ပာယ်တူညီပြီး၊ တစ်ခု သို့မဟုတ် နှစ်ခုစလုံးကို "ချက်ချင်းလက်ငင်း" သို့မဟုတ် "အလွန် လျင်မြန်စွာ" ဟူ၍ အစားထိုးနိုင်သည်။

Proverbs 16

ထာဝရဘုရား မုန်းတော်မူသောအရာ ခြောက်ပါး ... ခုနစ်ပါးဟူမူကား
ဤကျမ်းပိုဒ်တစ်ခုလုံးသည် ထာဝရဘုရားက တစ်ခုထက်မက အချို့သောအရာများအပေါ်တွင် မုန်းတော်မူကြောင်း အလေးပေးတင်ပြသည့် အလားတူပြုမှုတစ်ခုဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား မုန်းတီးတော်မူသောအရာ ခြောက်ပါး၊ ခုနစ်ပါး သောအရာတို့မှာ"

စက်ဆုပ်ရွံ့ရှာတော်မူသော
"ထိုအရာတို့သည် သူ့ကို စက်ဆုပ်ရွံရှာခြင်း ခံစားစေသည်" သို့မဟုတ် "သူ၏ အဆိုအရ ထိုအရာတို့သည် သင့်ကို စက်ဆုပ်ရွံရှာဖွယ်ဖြစ်စေသည်"

Proverbs 17

ဆက်စပ်သော ဖော်ပြချက်
ကျမ်းချက် ၆:၁၆ တွင် နိဒါန်းပျိုးထားသော ထာဝရဘုရား မုန်းတော်မူသည့် အရာများ၏ စာရင်းဖြစ်သည်။

မျက်နှာ ... လျှာ ... လက် ... နှလုံး ... ခြေ
ဤခန္ဓာအစိတ်အပိုင်းများသည် လူတစ်ကိုယ်လုံးကို ရည်ညွှန်းသည်။ သင်သည် ဤအရာတို့ကို "လူ၊ သူ" ဟု အနက်ပြန်နိုင်သည်။

အသက်ကို သတ်သော
"သတ်သည်" သို့မဟုတ် "လူသတ်မှု ကျူးလွန်သည်"

မကောင်းသော အကြံ
"မကောင်းသော အစီအစဉ်"

မုသာစကားကိုပြော၍
ဤတင်စားချက် "ထွက်သက်" ကို အမြဲတမ်းလိမ်လည်နေခြင်းအာ ရည်ညွှန်းရန် အသုံးပြုထားခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အမြဲတမ်း လိမ်လည်သည်။"

ရန်တွေ့စေခြင်း
ကျမ်းချက် ၆:၁၄ ကဲ့သို့ အနက်ပြန်ပါ။

ရန်တွေ့စေခြင်းငါ ပြုတတ်သောသူ တပါးတည်း
ဤတင်စားချက် "ပျိုး" က ရန်တွေ့ခြင်းကို ဖြစ်စေသည် သို့မဟုတ် ဆောင်ယူလာကြောင်း ရည်ညွှန်းရန် အသုံးပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ရန်တွေ့ခြင်းကို ဖြစ်စေသောလူတစ်ယောက်"

Proverbs 20

အဘ၏ပညတ်စကားကို နားထောင် လော့။ အမိပေးသော တရားကို မပယ်နှင့်
ဤစာကြောင်းနှစ်ကြောင်းသည် တစ်ဖက်တွင် တူညီသည့်အဓိပ္ပယ်ရှိသည်။ အခြားတစ်ဖက်တွင်မူ၊ "ဖခင်" နှင့် "မိခင်" တို့အား ထပ်ဆင့်၍ အလေးပေးထားကြောင်း သင်ပေးခြင်း/သင်ယူခြင်း ကဏ္ဍအားလုံးကို ပြုကြရာတွင် အမျိုးသမီးတို့သည် ပွင့်လင်းမြင်သာစွာ ထည့်သွင်းပါဝင်ထားကြသည်။

အမိပေးသော တရားကို မပယ်နှင့်
ဤတင်စားမှုတွင် အဟုတ် "နာထောင်သည်" ဟူသော စကားလုံးကို အငြင်း "ပယ်သည်" ဟူ၍ အသုံးပြုထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ မိခင် သွန်သင်ပေးသောအရာတို့ကို နားထောင်ပါ။"

နှလုံးပေါ်မှာ အမြဲချည်၍ လည်ပင်း၌ ဆွဲထားလော့
ဤစာကြောင်းနှစ်ကြောင်းသည် အခြေခံအားဖြင့် တူညီသောအဓိပ္ပာယ်ရှိကြသည်။ ပညတ်ချက်နှင့် လမ်းညွှန်ချက်တို့ကို ချရေးထားပြီး သင့်ကိုယ်ကိုသင် သတိပေးရန် သင်၏ ခန္ဓာကိုယ်ပေါ်တွင် ရေးထိုးထားသကဲ့သို့ ဖော်ပြထားသည်။

နှလုံးပေါ်မှာ အမြဲချည်၍
"ထိုအရာတို့ကို ချစ်ပါ" သို့မဟုတ် "ထိုအကြောင်းကို ဆင်ခြင်စဉ်းစားပါ"

Proverbs 22

သင်သည် သွားသောအခါ ... အိပ်သောအခါ ... နိုးသောအခါ
ဤစာကြောင်းသုံးကြောင်းကို ပညတ်တရားသင်ခန်းစာများသည် အစဉ်အမြဲ အသိုးတန်ကြောင်း အလေးပေးရန် အတူတကွ အသုံးပြုထားသည်။

ထိုပညတ် တရားသည် လမ်းပြလိမ့်မည် ... စောင့်လိမ့်မည် ... နှုတ်ဆက်လိမ့်မည်
ထပ်ဆင့်ရေးသားထားသော ဤစာကြောင်းတို့က ပညတ်တရားတို့သည် အမျိုးအစား အရာရာတို့အတွက် တန်ဘိုးရှိကြောင်း ပြသသည်။ ထိုပညတ်တို့ကိုလည်း လူကဲ့သို့ ပြောဆိုသုံးနှုန်းထားသည်။

ပညတ်တော်သည် ... တရားတော်သည်... အပြစ်ကို ပြတတ်သော ဩဝါဒစကား
ဤစာကြောင်းသုံးကြောင်းတို့သည် အခြေခံအားဖြင့် တူညီသောအဓိပ္ပာယ်ရှိကြပြီး၊ ၎င်းတို့သည် ဖခင်တစ်ဦးနှင့်


generated on Tue Jul 2 12:50:28 2024

မိခင်တစ်ဦးတို့၏ အမျိုးမျိုးသော သွန်သင်ချက်တို့ကို ပြသသည်။

မီးခွက် ... အလင်း ... အသက်လမ်း
ဤစာကြောင်းသုံးကြောင်းတို့သည် အခြေခံအားဖြင့် တူညီသောအဓိပ္ပာယ် ရှိကြပြီး၊ တကယ်တမ်းတွင် သွန်သင်ချက်များသည် ရှင်သန်ရာဘဝကို ပိုမိုကောင်းစေလျက် ပို၍လွယ်ကူစေကြောင်း အလေးပေးရန် ထပ်ဆင့်တင်ပြခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မီးအိမ်ကဲ့သို့ အသုံးဝင်၍ ... အလင်းကဲ့သို့ အမှောင်တွင် အကူအညီရ၍ ... ဘဝလမ်းခရီးတွင် လိုက်လျှောက်ရန် လိုအပ်၍"

အသက်လမ်း
"ဘဝရှင်သန်ရန် ဦးဆောင်သောလမ်း" သို့မဟုတ် "ဘုရားသခင်နှစ်သက်တော်မူသော ဘဝရှင်သန်ရာလမ်း"

Proverbs 24

သင့်ကို စောင့်ဘို့ရာ
ဤနေရာတွင် "ထို" ဟူသော စကားလုံးသည် ကျမ်းချက် ၆:၂၀ တွင်ပါရှိသည့် ဖခင်နှင့် မိခင်တို့၏ သွန်သင်ပေးသော သင်ခန်းစာတို့ကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထိုအရာတို့မှ သင့်ကို ကယ်တင်ဖို့ရန်" သို့မဟုတ် "ထိုအရာတို့မှ သင့်ကို ကာကွယ်ဖို့ရန်"

ဆိုးသောမိန်းမ ... အမျိုးပျက်သော မိန်းမ
ဤစာကြောင်းနှစ်ကြောင်း၏ အဓိပ္ပာယ်မှာ အခြေခံအားဖြင့် တူညီကြသည်။ ကျမ်းချက် ၅:၃ တွင် "အမျိုးပျက်သောမိန်းမ" ဟူသောစကားလုံးအား သင်မည်ကဲ့သို့ ဘာသာပြန်သည်ကို ကြည့်ပါ။

ဆိုးသောမိန်းမ
"ကိုယ်ကျင့်တရား ဆိုးယုတ်သော"

ထိုသို့သောမိန်းမသည် အဆင်းလှသော်လည်း (သူမ၏ အလှ)
"သူမ၏ အလှတရားကို" သို့မဟုတ် "သူမ"

ကျော့မိ
"ထိန်းချုပ်မှုခံရသည်"

သူသည် မျက်ခမ်းတို့ဖြင့်
"မျက်ခမ်း"

Proverbs 26

မုန့်တလုံးကိုသာ ရတတ်၏
ရုပ်ပိုင်းဆိုင်ရာ တန်ဖိုးကို ပြောဆိုခြင်းဖြစ်ပြီး၊ ဝိညာဉ်ပိုင်းဆိုင်ရာ သို့မဟုတ် ကိုယ်ကျင့်တရားဆိုင်ရာ တန်ဖိုးကို ပြောဆိုခြင်းမဟုတ်ပါ။ အခြားသောဘာသာပြန်ဆိုချက်၊ "အနည်းငယ်"

မြတ်သောအသက်ကို ဘမ်းတတ်၏
ဖြစ်တန်ရာသော အဓိပ္ပာယ်များမှာ (၁) အခြားသောယောက်ျား၏ မိန်းမသည် သင်၏ ဘဝကို ဖျက်ဆီးလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် သူမသည် အမြဲတမ်း အလိုရမ္မက် ကြီး၏ သို့မဟုတ် (၂) အခြားသော မိန်းမ၏ ခင်ပွန်းယောက်ျားသည် သင့်ကို အမဲလိုက်၍ အသေသတ်လိမ့်မည်။

လူသည်အဝတ်မလောင်ဘဲ မီးကို ပိုက်ဘက်နိုင် သလော
ဤပြုလုပ်ချက်သည် အလွန်အန္တရာယ်များပြီး ထိခိုက်စေလိမ့်မည်။ မေးခွန်းအား သွယ်ဝိုက်ညွှန်းဆိုချက်၏ အဖြေမှာ "မဖြစ်နိုင်" ဟူ၍ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မီးကို သူ၏ရင်ဘတ်တွင် ပွေ့ဖက် သယ်ဆောင်သောသူသည် သူ၏အဝတ် လောင်ကျွမ်းလိမ့်မည်။"

မလောင်ဘဲ
"ပျက်ဆီးခြင်း မရှိဘဲ" သို့မဟုတ် "မပျက်ဘဲ"

လူသည်အဝတ်
သူ၏ အဝတ်သည် လူခန္ဓာတစ်ခုလုံးကို ကိုယ်စားပြုသည်။

Proverbs 28

ခြေမလောင်ဘဲ မီးခဲပေါ်မှာ နင်းနိုင်သလော
ပူသော မီးသွေခဲပေါ်တွင် လမ်းလျှောက်ခြင်းသည် လူတစ်ယောက်၏ခြေကို မီးသင့်စေလိမ့်မည်၊ ထို့ကြောင့် သွယ်ဝိုက်ညွှန်းဆိုချက်၏ အဖြေမှာ "မဖြစ်နိုင်" ဟူ၍ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ပူသော မီးသွေးခဲပေါ်တွင် နင်းလျှောက်သောသူတိုင်း၏ ခြေထောက်သည် မီးသင့်လိမ့်မည်။"

မီးခဲပေါ်မှာ နင်း
သူ့မယားကို ပြစ်မှားသောသူကို ကိုယ်စားပြုသည်။

နင်း (လျှောက်)
ဝေးကွာသော ခရီးတစ်ခုကို လက်လှည့် သို့မဟုတ် မျက်လှည့်စွမ်းရည်ကို အသုံးမပြုဘဲ ဖြည်းညင်းစွာလျှောက်ခြင်း ဖြစ်သည်။

လောင်
"မီးသင့်သည်"

Proverbs 30

ခိုးသောသူ ပင်
"သူခိုးကို အထင်သေးဖွယ်ရာအဖြစ် မသတ်မှတ်ပါနှင့်" သို့မဟုတ် "သူခိုးကို ယုတ်ညံ့သောသူဟု မထင်ပါနှင့်"

 

တွေ့မိလျှင်
ဤဟာကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တစ်ယောက်ယောက်က သူ့ကို ဖမ်းမိလျှင်"

ကိုယ်အိမ်၌
ဤစကားပြော တင်စားချက်သည် ကိုယ်အိမ်၌ ဟူ၍ပြောသည်မှာ သူ၏အိမ်တွင် ပိုင်ဆိုင်သမျှသောအရာအားလုံးကို ဆိုလိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူပိုင်ဆိုင်သမျှ တို့ကို"

Proverbs 32

သူ
"လူ" သို့မဟုတ် "ယောကျာ်း"

ခံရ
"သူပြုခဲ့သောအမှုအတွက် သင့်လျော်သည် အပြစ်စီရင်ခြင်း"

အရှက်ကွဲခြင်း
ဤစကားပြော တင်စားချက်၌ "အရှက်ကွဲခြင်း" သည် သူပြုသောရှက်ဖွယ် အမှုအပေါ်တွင် ခံစားချက်ကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူပြုခဲ့သည့် ရှက်ဖွယ်အမှုကို သတိရခြင်း"

မပြေနိုင်
ဤစကားပြော တင်စားချက်၌ "မပြေနိုင်" ဟူသော အငြင်းစာကားက ထိုအရာသည် အစဉ်အမြဲ ရှိနေမည့်အကြောင်း ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အစဉ်အမြဲ ကျန်ရစ်နေလိမ့်မည်။"

Proverbs 34

ပြင်းထန်စွာ အမျက်ထွက်
"အလွန် စိတ်ဆိုး"

(သူသည်) သနားခြင်းမရှိ
"သူ" ဟူသည်မှာ သူ့မယားသည် တစ်ခြားယောကျာ်း ကာမပိုင်ရှိသူနှင့် ဖောက်ပြန်သောသူ အိမ်နီးချင်းဖြစ်သည်။

အပြစ်ပေးချိန် ရောက်သောအခါ
"သူက လက်တုံ့ပြန်သောအချိန်တွင်" သို့မဟုတ် "သူ၏ လက်တုံ့ပြန်သောအချိန် ရောက်လာသောအခါ"

အပြစ်ပေး
တစ်ယောက်ယောက်က လက်တုံ့ပြန်လျှင်၊ ထိုသူကို အရင်ဦးစွာ နာကျင်အောင်ပြုသောသူကို နာကျင်စေခြင်းဖြစ်သည်။

လျော်ပြစ်ငွေ
"ပေးချေသည့်ငွေ"

စိတ် မပြေတတ်
ဤဟာကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ၏ စိတ်ကို ပြောင်းလဲစေရန် လုံလောက်သောငွေကို သင်သည် ပေးချေနိုင်မည်မဟုတ်။"

ပေး သော်လည်း
"ပေး။ ဤအရာတို့သည် မှန်ကန်စေကာမူ"

ပေး
"ပေးသည်" သို့မဟုတ် "ကတိပြုသည်"

---

## Translation Questions

Proverbs 6:1

သားသည် မိမိကိုယ်ကိုအဖို့ မည်သို့ ထောက်ချောက်ဆင်သနည်း?
မိမိမသိသောသူ၏ချေးငွေအတွက် ကတိပေးခြင်းအားဖြင့် မိမိအဖို့ ထောက်ချောက်ဆင်နိုင်သည်။

Proverbs 6:3

ကိုယ့်ကိုကိုယ် ကယ်တင်ဖို့ရန် သားအနေဖြင့် အဘယ်သို့ပြုရပါမည်နည်း။
ကိုယ့်ကိုကိုယ် ကယ်တင်ဖို့ရန် သားအနေဖြင့် အိမ်နီးချင်းထံသို့သွား၍ လွှတ်ပေးဖို့ရန် တောင်းပန်ရပါမည်။

Proverbs 6:6

လူပျင်းတစ်ယောက်သည် မည်ကဲ့သို့ လေ့လာသင့်သနည်း။
လူပျင်းတစ်ယောက်သည် ပုရွက်ဆိတ်ထံသို့ သွား၍ လေ့လာသင့်ပါသည်။

ပုရွက်ဆိတ်သည် နွေကာလတွင် မည်သည့်အရာများလုပ်ဆောင်သနည်း။
ပုရွက်ဆိတ်သည် နွေကာလတွင် မိမိစားစရာအစာကို ရှာဖွေသိုထားလေ့ရှိသည်။

Proverbs 6:9

လူပျင်းသည် အိပ်မောကျခြင်းမှ မထလျှင် အဘယ်သို့ဖြစ်လိမ့်မည်နည်း။
လူပျင်းသည် အိပ်မောကျခြင်းမှ မထလျှင် ဆင်းရဲခြင်းသည် သူ့အပေါ်သို့ ကျရောက်လာလိမ့်မည်။

Proverbs 6:12

မတရားသောသူတစ်ယောက်သည် ဘယ်အရာအားဖြင့်အသက်ရှင်မည်နည်း။
မတရားသောသူတစ်ယောက်သည် သူ၏ ကောက်လိမ်သောစကား၌ အသက်ရှင်ကျင်လည်သည်။

Proverbs 6:14

မတရားသောသူ၏ မကောင်းသော အကြံစည်များကြောင့် သူသည် မည်ကဲ့သို့ ဖြစ်လာမည်နည်း။
သူသည် အမှတ်တမဲ့ ဘေးအန္တရာယ်နှင့် ကြုံ၍ ကိုးကွယ်ရာမရဘဲ ချက်ချင်းပျက်စီးလိမ့်မည်။

Proverbs 6:16

ထာဝရဘုရားမုန်းသောအရာနှင့် စက်ဆုပ်ရွံရှာတော်မူသောအရာသည် အဘယ်နည်း။
ထာဝရဘုရားမုန်းသောအရာမှာ ခြောက်ပါး နှင့် စက်ဆုပ်ရွံ့ရှာတော်မူသောအရာမှာ ခုနှစ်ပါးရှိပါသည်။

Proverbs 6:17

ထာဝရဘုရားမုန်းသော ခြေသည် မည်သို့သောအမျိုးအစားဖြစ်သနည်း။
ထာဝရဘုရား မုန်းသောခြေသည် အပြစ်လုပ်ရာတွင် လျင်မြန်စွာ ပြေးတတ်သော ခြေ ဖြစ်သည်။

ထာဝရဘုရားမုန်းသော သက်သေသည် မည်သို့သောအမျိုးအစားဖြစ်သနည်း။
မမှန်သောသက်သေကို ထာဝရဘုရားမုန်းတီးသည်။

Proverbs 6:22

ပညတ်တော်နှင့် တရားတော်ကို မည်ကဲ့သို့ ခိုင်းနှိုင်းထားသနည်း။
ပညတ်တော်သည် မီးခွက်ဖြစ်၍ တရားတော်သည် အလင်းဖြစ်သည်ဟု ခိုင်းနှိုင်းထားပါသည်။

Proverbs 6:26

ထိုသားသည် ပြည့်တန်ဆာမနှင့်အိပ်လျှင် အဘယ်သို့ဖြစ်လာမည်နည်း။
ထိုသားသည် ပြည့်တန်ဆာမနှင့်အိပ်လျှင် ထိုသား၏ ဘဝ သည် ပျက်စီးခြင်းသို့ ရောက်လိမ့်မည်။

Proverbs 6:30

သူခိုး ခိုးယူသော်လည်း လူများက မခန့်မညားမပြုနိုင်သည့်အချက်မှာ အဘယ်နည်း။
သူသည် ဆာလောင်မွတ်သိပ်၍ မိမိလိုအပ်ချက်ကိုကျေနပ်စေဖို့ခိုးယူလျှင် သူခိုးကို မခန့်မညားမပြုဘဲ နေကောင်းနေကြလိမ့်မည်။

Proverbs 6:32

သူများ၏ မယားကို ပြစ်မှားသောသူသည် အဘယ်သို့ဖြစ်လိမ့်မည်နည်း။
သူများ၏ မယားကို ပြစ်မှားသောသူသည် မိမိအသက်ကို ဖျက်ဆီးသောသူဖြစ်၏။

Proverbs 6:34

အိမ်ထောင်ရေးဖောက်ပြန်မှုအတွက် လက်စားချေသောသူသည် မည်သည့်အရာကို လက်မခံဘဲနေမည်နည်း?
အိမ်ထောင်ရေးဖောက်ပြန်မှုအတွက် လက်စားချေသောသူသည် လျော်ကြေးငွေကို လက်ခံမည်မဟုတ်ပါ။



generated on Tue Jul 2 12:50:28 2024

## Chapter 7

1 ငါ့သား၊ ငါ့စကားကို စေ့စေ့နားထောင်၍၊ ငါ့ပညတ်တို့ကို သင်၌ သိုထားလော့။ 2 ငါ့ပညတ်တို့ကို စောင့်ရှောက်၍ အသက်ရှင် လော့။
ငါပေးသောတရားကို ကိုယ်မျက်ဆန်ကဲ့သို့ စောင့်လော့။ 3 သင်၏လက်ချောင်းတို့၌ ချည်ထား၍၊ သင်၏ နှလုံးအင်းစာရင်း၌
ရေးမှတ်လော့။ 4 ပညာကိုကိုယ်နှမဟူ၍၎င်း၊ ဉာဏ်ကို ကိုယ် ပေါက်ဘော်ဟူ၍၎င်း ခေါ်လော့။ 5 သို့ပြုလျှင်သူတို့သည်
အမျိုးပျက်သောမိန်းမ၊ နှုတ်နှင့် ချော့မော့တတ်သော ပြည်တန်ဆာမိန်းမလက်မှ သင့်ကို ကယ်တင်ကြလိမ့်မည်။ 6
ငါ့အိမ်ပြတင်းရွက်ကြားမှ ငါကြည့်၍မြင်ရသော အမှုဟူမူကား၊ 7 ဉာဏ်တိမ်သော အမျိုးသားချင်းစုကို ငါကြည့်ရှုစဉ်တွင်၊
ဉာဏ်မရှိသော လူပျိုတယောက်သည်၊ 8 ထိုသို့သော မိန်းမနေရာလမ်းထောင့် အနားသို့ ရှောက်သွားသဖြင့်၊ 9 မိုဃ်းချုပ်၍ ညဦးအချိန်၊
ညဉ့်နက်သော အချိန် ရောက်သောအခါ၊ ထိုမိန်းမနေရာ လမ်းသို့ လိုက်လေ၏။ 10 ပြည်တန်ဆာ အဝတ်ကိုဝတ်၍၊ ဆန်းပြားသော
မိန်းမသည် ထိုသူကို ကြိုဆို၏။ 11 ထိုမိန်းမသည် ကျယ်သောအသံနှင့် ခိုင်မာသော စိတ်သဘောရှိ၏။ ကိုယ်အိမ်၌မနေ၊
လည်တတ်၏။ 12 ခဏအိမ်ပြင်၊ ခဏလမ်းထဲမှာနေလျက်၊ လမ်း ထောင့်အရပ်ရပ်၌ ချောင်းမြောင်း၍ကြည့်တတ်၏။ 13
ထိုလူပျိုကိုတွေ့သောအခါ၊ ရဲသောမျက်နှာနှင့် ဘမ်းဘက်နမ်းရှုပ်လျက်၊ 14 ငါ၌ မိဿဟာယပူဇော်သက္ကာရှိ၏။ ယနေ့ ငါ့ဂတိဝတ်ကို
ငါဖြေပြီ။ 15 ထိုကြောင့်သင့်ကို ကြိုဆိုအံ့သောငှါ ငါထွက် လာပြီ။ သင့်မျက်နှာကို ကြိုးစားရှာ၍တွေ့ပြီ။ 16 ငါ့ခုတင်ကိုချယ်လှယ်သော
အိပ်ရာခင်းနှင့်၎င်း၊ အဲဂုတ္တုပိတ်ချောနှင့်၎င်း ပြင်ဆင်ပြီ။ 17 ငါ့မွေ့ရာကို မုရန်၊ အကျော်၊ သစ်ကြံပိုးနှင့်ထုံပြီ။ 18 လာပါ၊
မိုဃ်းလင်းသည်တိုင်အောင် ကာမရာဂ စိတ်ကို ဖြေကြကုန်အံ့။ မေထုန်ပြု၍ မွေ့လျော်ကြကုန်အံ့။ 19 ငါ့အရှင်သည် အိမ်မှာမရှိ။
ငွေအိတ်ကို ဆောင် လျက်ဝေးသော အရပ်သို့သွားပြီ။ 20 ပွဲနေ့ရောက်မှသာ ပြန်လာလိမ့်မည်ဟု၊ 21 ချစ်ဘွယ်သော စကားနှင့် ထိုသူကို
သွေးဆောင် ၍ ချော့မော့တတ်သောနှုတ်ခမ်းနှင့်နိုင်သဖြင့်၊ 22 နွားသည်အသေခံရာသို့ လိုက်သကဲ့သို့၎င်း၊ သမင်ဒရယ်သည်
မိမိအသည်း၌ မြှားမထိုးမှီတိုင်အောင်၊ ဘမ်းမိရာထဲသို့ ဝင်သကဲ့သို့၎င်း၊ 23 ငှက်သည် မိမိအသက်ဆုံးစေခြင်းငှါ ထောင်
မှန်းကိုမရိပ်မိဘဲ၊ ကျော့ကွင်းထဲသို့ အလျင်အမြန် ဝင်သကဲ့သို့၎င်း၊ လူပျိုသည် ထိုမိန်းမနောက်သို့ ချက်ခြင်း လိုက်သွားတတ်၏။ 24
သို့ဖြစ်၍ ငါ့သားတို့၊ ငါ့စကားကိုနားထောင်၍ ငါဟောပြောချက်တို့ကို မှတ်ကျုံးကြလော့။ 25 ထိုသို့သော မိန်းမနေရာလမ်းကို
စိတ်မငဲ့ကွက် နှင့်။ သူကျင်လည်သော လမ်းခရီးသို့ လွှဲ၍မလိုက်နှင့်။ 26 အကြောင်းမူကား၊ သူသည်စစ်သူရဲအများတို့ကို လှဲလေပြီ။
ခွန်အားကြီးသော သူအများတို့ကို သတ်လေပြီ။ 27 သူ၏အိမ်သည် သေမင်း၏ဘုံဗိမာန်သို့ဆင်း၍၊ မရဏနိုင်ငံသို့
ရောက်သောလမ်းဖြစ်၏။

---

Proverbs 01

ငါ့စကားကို စေ့စေ့နားထောင်၍
ဤနေရာတွင် စေ့စေ့နားထောင်ခြင်းသည် နာခံခြင်းကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့စကားတို့ကို နာခံပါ။"

ငါ့ပညတ်တို့ကို သင်၌ သိုထားလော့
ဤနေရာတွင် ဘုရားသခင်၏ ပညတ်ချက်တို့ကို တစ်စုံတစ်ယောက်က သိုထားနိုင်သော ဝတ္ထုပစ္စည်းကဲ့သို့ ပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့ပညတ်တို့ကို မှတ်သားထားပါ။"

ငါ့ပညတ်တို့ကို စောင့်ရှောက်၍
ဤနေရာတွင် စောင့်ရှောက်ခြင်းသည် နာခံခြင်းကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့လမ်းညွှန်ချက်တို့ကို နာခံပါ။"

ကိုယ်မျက်ဆန်ကဲ့သို့
မျက်စိအတွင်းမှ မျက်ဆံဖြစ်ပြီး၊ လူတို့သည် သူတို့၏မျက်နှာရှေ့တွင် အရာဝတ္ထုတစ်ခုခု ပျံသန်းလာလျင် အလိုလိုကာကွယ်ပြီးသား ဖြစ်သည်။ ဤနေရာတွင် "မျက်ဆံ" သည် လူ၏တန်ဖိုးထားသောအရာနှင့် အဓိကကာကွယ်ပေးတတ်သော အရာတို့ကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ အလွန်တန်ဖိုးရှိသော ပိုင်ဆိုင်မှု"

သင်၏လက်ချောင်းတို့၌ ချည်ထား၍
ဖြစ်တန်ရာသော အဓိပ္ပာယ်များမှာ (၁) ကျမ်းရေးသူသည် သူ၏သားကို ဘုရားသခင်၏ ပညတ်တော်တို့ကို လက်စွပ်ပေါ်တွင် ထွင်ထုပြီး ဝတ်ဆင်စေချင်သည်၊ သို့မဟုတ် (၂) ကျမ်းရေးသူသည် သူ၏သားကို ဘုရားသခင်၏ ပညတ်တော်တို့အား အစဉ်အမြဲ အမှတ်ရစေချင်သည်ကို၊ သူသည် လက်စွပ်ကို အစဉ်အမြဲ ဝတ်ဆင်သကဲ့သို့ ဖြစ်စေချင်သည်။

သင်၏ နှလုံးအင်းစာရင်း၌ ရေးမှတ်လော့
ဤနေရာတွင် နှလုံးသည် လူ၏ စိတ်ကို ကိုယ်စားပြုပြီး၊ တစ်စုံတစ်ခုကို သတိရအောက်မေ့ခြင်းကို ကျောက်ပြားပေါ်တွင် ရေးသားထားသကဲ့သို့ ပြောဆိုထားသည်။ ကျမ်းချက် ၃:၃ တွင် သင် မည်ကဲ့သို့ အနက်ပြန်သည်ကို ကြည့်ပါ။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့ပညတ်တို့ကို ကျောက်ပေါ်တွင် ရေးသားသကဲ့သို့ ကောင်းမွန်စွာသတိရပါ။"

 generated on Tue Jul 2 12:50:28 2024

## Proverbs 04

ပညာကို ကိုယ်နှမဟူ၍ရင်း
ဤနေရာတွင် ပညာကို လူပုဂ္ဂိုလ်တစ်ဦးကဲ့သို့ ပြောကြားခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ နှမကိုချစ်သကဲ့သို့ ပညာကို တန်ဖိုးထားပါ။"

ဉာဏ်ကို ကိုယ်ပေါက်ဘော်ဟူ၍ရင်း ခေါ်လော့
ဤနေရာတွင် ဉာဏ်၏ အရည်အသွေးကို ပေါက်ဖော် သို့မဟုတ် ဆွေမျိုးကဲ့သို့ ပြောကြားခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ ဆွေမျိုးကို ဆက်ဆံသကဲ့သို့ ဉာဏ်ကို ဆက်ဆံပါ။"

ပေါက်ဘော်
"ဆွေမျိုး" သို့မဟုတ် "မိသားစုဝင်"

အမျိုးပျက်သောမိန်းမ
သူမကို လက်ထပ်သည့်ယောကျ်ား မရှိသော မည်သည့်အမျိုးသမီးကိုမဆို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူမနှင့်အတူ သင်မည်သို့မျှ မပြုမည့် အမျိုးသမီး"

ချော့မော့တတ်သော ပြည့်တန်ဆာမိန်းမ
သူမကို လက်ထပ်သည့်ယောကျ်ား မရှိသော မည်သည့်အမျိုးသမီးကိုမဆို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူမနှင့်အတူ သင်မည်သို့မျှ မပြုမည့် အမျိုးသမီး"

နှုတ်နှင့် ချော့မော့တတ်သော
လိမ်လည်ရန် ရည်ရွယ်ထားသည် စကားတို့ကို ချောမွေ့သော ဝတ္ထုပစ္စည်းကဲ့သို့ ပြောဆိုထားခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "နှစ်သက်ဖွယ်စကားအရာတို့ကို ပြောဆိုသော်လည်း၊ သင့်ကို လိမ်လည်ချင်သောသူ"

## Proverbs 06

ပြတင်း
သစ်သားကို ချောစေပြီး ခပ်စောင်းစောင်းယှက်ထားသည့် စတုရန်းပုံသဏ္ဌာန်ရှိ မှန်ကူကွက်များဖော်ထားသော ပြတင်းပေါက်

ဉာဏ်တိမ်သော
"အတွေ့အကြုံမရှိသော" သို့မဟုတ် "မရင့်ကျက်သေးသော"

## Proverbs 08

မိန်းမနေရာလမ်းထောင့်
ဤနေရာတွင် "မိန်းမ" သည် ကျမ်းပိုဒ် ၇:၄ ထဲတွင် ညွှန်းခဲ့သည့်အတိုင်း မည်သည့်သူစိမ်းမိန်းမကိုမဆို ရည်ညွှန်းသည်။ သူမသည် သင့်တော်သည် ယောကျ်ားတစ်ယောက် ဖြတ်လျှောက်မည်ကို စောင့်လျက်၊ လမ်းထောင့်တစ်နေရာရာတွင် မတ်တတ်ရပ်နေသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူစိမ်းအမျိုးသမီး မတ်တတ်ရပ်လျက်ရှိနေသော လမ်းထောင့်"

လမ်းထောင့်
လမ်းနှစ်သွယ် ဆုံတွေ့သောနေရာကို ရည်ညွှန်းသည်။

ညဦးအချိန်
တစ်နေ့တာတွင် တဖြည်းဖြည်းမှောင်လာပြီး ညဥ့်ကာလရောက်လာတော့မည့် ညနေရီသရောအချိန်

## Proverbs 10

ဆန်းပြားသော မိန်းမသည်
ဤနေရာတွင် "နှလုံး" သည် ပြုလိုခြင်း သို့မဟုတ် ကြိုတင်ကြံဆခြင်းများကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူမသည် တစ်ယောက်ယောက်ကို လိမ်လည်ရန် ကြိုတင်ကြံဆထားသည်"

ထိုမိန်းမသည် ကျယ်သောအသံနှင့် ခိုင်မာသော စိတ်သဘောရှိ၏
"ထိုမိန်းမသည် ကျယ်လောင်စွာ စကားပြောတတ်ပြီး သူမ စိတ်ဆန္ဒရှိသည့်အတိုင်း ပြုမူတတ်သည်"

ကိုယ်အိမ်၌မနေ၊ လည်တတ်၏
"သူမ၏ ခြေထောက်" ဟူသောပုဒ်စုသည် ထိုမိန်းမကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်၊ "ထိုမိန်းမသည် အိမ်တွင် မနေပါ။"

ချောင်းမြောင်း၍ကြည့်တတ်၏
ဤနေရာတွင် ထိုမိန်းမကို လူသားထောင်ချောက်တစ်ယောက် သို့မဟုတ် တိရစ္ဆာန်တစ်ကောင်ကဲ့သို့ ပြင်ဆင်နေကြောင်း ပြောဆိုသည်။ ထိုနည်းတူ၊ ဤနေရာတွင် ထောင်ချောက်ဆင်သည် ဟူ၍ဆိုရာ၌ တစ်စုံတစ်ယောက်ကို အပြစ်ကျူးလွန်ရန် သွေးဆောင်ဖြားယောင်းခြင်းကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူမသည် တစ်စုံတစ်ယောက်ကို ထောင်ချောက်ဆင်လျက် စောင့်ဆိုင်းနေသည်" သို့မဟုတ် "သူမသည် တစ်စုံတစ်ယောက်ကို အပြစ်ပြုရန် ဖြားယောင်း၍ ရလိုရငြား ရှာဖွေစောင့်စားနေသည်။"

## Proverbs 13

ထိုမိန်းမ
"ထိုမိန်းမ" သည် ကျမ်းချက် ၇:၁၀ ထဲတွင် စတင်ဖော်ပြထားသော မိန်းမကို ရည်ညွှန်းသည်။

ဘမ်းဘက်
"သူ့ကို မြဲမြံစွာ ဖက်ယမ်းလျက်"

ရဲသောမျက်နှာနှင့်
ဤနေရာတွင် "ရဲသော" ဟူသောစကားလုံးသည် "ဇွတ်တရွတ်နိုင်သော" ဟူ၍ ဖော်ပြသည်။ "ရဲသော မျက်နှာ" သည် လူတစ်ယောက်၏မျက်နှာတွင် ဖော်ပြသည့်

ဇွတ်တရွတ်နိုင်သော မျက်နှာထားဟူ၍ အဓိပ္ပာယ်ရသည်။ ၎င်းသည် ထိုမိန်းမက ဇွတ်တရွတ် ပြုလုပ်နေခြင်း၊ သူမသည် မှားမှန်းသိသောအရာကို တမင်သက်သက် ပြုခြင်းတို့ကို သွယ်ဝိုက်ညွှန်းဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူမ၏မျက်နှာပေါ်တွင် အရှက်ကင်းမဲ့သော မျက်နှာထားနှင့်။"

ငါ့ဂတိဝတ်ကို ငါဖြေပြီ
ဤနေရာတွင် "ကတိ၊ အဓိဋ္ဌာန်" သည် ဘုရားသခင်ကို ယဇ်ပူဇော်ရန် ကတိပြုခြင်းကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ပူဇော်သကာကို ငါပြုပြီ၊ ဘုရားသခင်ထံ အဓိဋ္ဌာန် ပြုပြီ။"

သင့်မျက်နှာကို ကြိုးစားရှာ၍
ဤနေရာတွင် "မျက်နှာ" သည် လူပုဂ္ဂိုလ်နှင့် အထူးသဖြင့် သူ၏အာရုံဆွဲဆောင်ထားနိုင်မှုကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင့်ကို ရှာနေသည်" သို့မဟုတ် "သင်ရှိမည့်နေရာကို ရှာဖွေနေသည်။"

Proverbs 16

ငါ့မွေ့ရာကို ... ထုံပြီ
"အိပ်ရာပေါ်တွင် ဖြန့်ကြဲသည်"

အကျော်
သစ်ပင်မှ ရသောသစ်သားဖြစ်ပြီး ကောင်းသောရနံ့ရှိသည်။

သစ်ကြံပိုး
ဤအမွှေးအကြိုင်ကို သစ်ခေါက်နှင့်ပြုလုပ်ထားပြီး အနံ့အရသာ ကောင်းမွန်သည်။

ကာမရာဂ စိတ်ကို ဖြေကြကုန်အံ့
ဤနေရာတွင် စိတ်ကူးယဉ်ဆန်၍ ကြည်နူးဖွယ်ကောင်းသော အချစ်ကို သောက်၍ကောင်းသော အရာကဲ့သို့ ပြောဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်တို့ အာသာပြေသည့်တိုင်အောင် အတူတကွ ကာမရာဂစိတ်ကို ဖြေပါရစေ။"

Proverbs 19

အိမ်မှာမရှိ
"အိမ်တွင် ရှိမနေ"

ပွဲနေ့ (လပြည့်နေ့ )
လမင်းကြီး ဓာတ်ပြားကဲ့သို့ ဝိုင်းစက်နေပြီး၊ အတောက်ပဆုံးလင်းစက်နေသည် အချိန်ကို လသည် ပြည့်နေသည်ဟူ၍ ပြောဆိုကြသည်။

သွေးဆောင်၍
တစ်စုံတစ်ယောက်ကို ထိုထိုသောနည်းလမ်းဖြင့် သွေးဆောင်ဖြားယောင်းသည်ကို လူတစ်ယောက်လမ်းလျှောက်နေစဉ် ဦးတည်ချက်ပြောင်းသကဲ့သို့ ပြောဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူမက သူ့ကို သွေးဆောင်ဖြားယောင်းသည်။"

သူမ၏ ... သူမ ... ထိုသူကို
လုလင်ပျိုနှင့်အတူ အိပ်ချင်သော အမျိုးသမီးသည် လက်ထပ်ထားပြီးသောသူဖြစ်သည်။

ချော့မော့တတ်သောနှုတ်ခမ်း
ဤနေရာတွင် "နှုတ်ခမ်း" သည် လူတစ်ယောက်၏ ပြောစကားကို ကိုယ်စားပြုသည်။ မရိုးသားသောအကြောင်းအရာတစ်ခုဖြင့် လူတစ်ယောက်ကို မြှောက်ပင့်ပြောဆိုသောအခါ၌ ဤစကားလုံးကို ချောမွေ့သော အရာဝတ္ထုကဲ့သို့ ပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မြှောက်ပင့်သော၊ လိမ်လည်သော စကားလုံးများ"

နိုင်သဖြင့်
"သူမသည် ဒုစရိုက်အမှုပြုရန် သူ့ကို သွေးဆောင်ခဲ့သည်" အခြားသောဘာသာပြန်ဆိုချက်၊ "သူမသည် အတူတကွအပြစ်ကျူးလွန်ရန် သူ့ကို သိမ်းသွင်းစည်းရုံးသည်။"

Proverbs 22

လူပျိုသည် ထိုမိန်းမနောက်သို့ ချက်ခြင်း လိုက်သွားတတ်၏
လူပျိုသည် သူပြုမည့်အမှုအတွက် စဉ်းစားရန် အချိန်နည်းငယ်ကိုသာ ယူသည်ဟူ၍ ပေါ်လွင်ပုံရသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် ထိုမိန်းမနောက်သို့လိုက်ရန် အလျင်အမြန် ဆုံးဖြတ်သည်။"

နွားသည်အသေခံရာသို့ လိုက်သကဲ့သို့၎င်း
အတွေ့အကြုံမရှိ၊ ရောက်လာမည် အန္တရာယ်မသိ လူပျိုလိုက်လျှောက်သည့် သူမယားနှင့်ပြစ်မှားခြင်းကို တိရစ္ဆာန်သုံးကောင်တို့သည် ကျရောက်လာမည့် အန္တရာယ်ကို မသိဘဲ ရှိနေကြသည်နှင့်တူကြောင်း နှိုင်းယှဉ်ထားသည်။

အသေခံ (သားသတ်သမား)
သူ့အသားကို စားရန်အတွက် တိရစ္ဆာန်တစ်ကောင် သတ်ခြင်းကို ရည်ညွှန်းသည်။

သမင်ဒရယ်
ကျမ်းချက် ၅:၁၉ အတိုင်း ဤတိရစ္ဆာန်ကို ဘာသာပြန်ပါ။

မိမိအသည်း၌ မြှားမထိုးမှီတိုင်အောင်
ဤစာကြောင်းက မုဆိုးတစ်ဦးသည် သူ၏မြှားဖြင့် ပစ်ရန်အတွက် သမင်ဒရယ်ကို ထောင်ချောက်ဆင်သည်ကို ညွှန်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မုဆိုးသည် သူ၏ အရေးကြီးဆုံးအပိုင်းကို မပစ်မီတိုင်အောင်"

အသည်း
ဤနေရာတွင် ဤခန္ဓာကိုယ်အစိတ်အပိုင်းသည် သမင်ဒရယ် ခန္ဓာကိုယ်၏ အလွန်ရေးကြီးသော အစိတ်အပိုင်းကို ကိုယ်စားပြုသည်။

မိမိအသက်ဆုံးစေခြင်းငှါ
ဤသူသည် အသက်သေဆုံးရမည့်အကြောင်း ပြောဆိုသည့် ပုံစံတစ်ခုဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထိုကဲ့သို့ အသတ်ခံရမည်" သို့မဟုတ် "သူသည် မကြာခင် သေမည်။"

Proverbs 24

သို့ဖြစ်၍
ဤအာလုပ်စကားသည် သွန်သင်ခြင်း၏ နိဂုံးပိုင်းကို ပြောသောသူ၏ သားများက အာရုံစိုက် သတိပြုမိလာစေရန်အတွက်ဖြစ်သည်။

ထိုသို့သော မိန်းမနေရာလမ်းကို စိတ်မငဲ့ကွက်နှင့်
ဤနေရာတွင် "လမ်း" သည် လူတစ်ယောက် ဆက်လက်လိုက်လျှောက်ရန် ရွေးချယ်သည့်လမ်းဟူ၍ အဓိပ္ပာယ်ရသည်။ လူတစ်ယောက်၏ အပြုအမူကို ကိုယ်စားပြုပြီး၊ သူ့အသက်တာတွင် ပြုလုပ်မည့်အရာကို ဆုံးဖြတ်ချက်ချသည်" အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ စိတ်နှလုံးကို ဇနီးခင်ပွန်းရှိ ယောကျ်ားနှင့် ဖောက်ပြန်တတ်သော မိန်းမ၏ လမ်းစဉ်တို့မှ ဝေးကွာသောအရပ်တွင် နေပါ" သို့မဟုတ် "သင်၏ စိတ်နှလုံးကို မယားရှိယောကျ်ားနှင့် ဖောက်ပြန်တတ်သောမိန်းမ ပြုသည်အတိုင်း မပြုချင်ပါစေနှင့်။"

စိတ် (သင်၏ နှလုံးသား)
ဤနေရာတွင် "နှလုံး" သည် လူတစ်ယောက်၏ ဆန္ဒရမ္မက်ကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်"

သူကျင်လည်သော လမ်းခရီးသို့ လွှဲ၍မလိုက်နှင့်
ဤစာကြောင်းသည် အထက်၌ဖော်ပြပြီးသောစာကြောင်းနှင့် အဓိပ္ပာယ် ထပ်တူကျသည်။ ပထမ သတိပေးခြင်းကို အားဖြည့်ပေးသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူမ လမ်းသို့လိုက်လျှောက်ရန် သင်၏ လမ်းမှန်ကို မစွန့်ပစ်ပါနှင့်။"

Proverbs 26

သူသည်စစ်သူရဲအများတို့ကို လှဲလေပြီ
များ သို့မဟုတ် လုံ ဖောက်ဝင်ခြင်းခံရသည်ဟူသည်မှာ အသေသတ်ခြင်းခံရသည်ကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူမသည် များပြားသောလူတို့ကို သေခြင်းသို့ ရောက်စေသည်။"

သူ၏အိမ်သည် သေမင်း၏ဘုံဗိမာန်သို့ဆင်း၍၊ မရဏနိုင်ငံသို့ ရောက်သောလမ်းဖြစ်၏
ဤနေရာတွင် "လမ်း" သည် မိုက်မဲသောသူတို့ ပါဝင်ပတ်သက်ရာတွင် ပြုမူကြသည့်ပုံသဏ္ဍာန်တို့ကို ကိုယ်စားပြုသည်။ "သေမင်း၏ ဘုံဗိမာန်" သည် သေလွန်သောသူတို့ နေထိုင်ကြသော ကမ္ဘာ၏ အမည်ဖြစ်သည်။

သေမင်း၏ဘုံဗိမာန်သို့ဆင်း၍၊ မရဏနိုင်ငံသို့ ရောက်သောလမ်းဖြစ်၏
ဤစာပုဒ်စုနှစ်ကြောင်းသည် အခြေခံအားဖြင့် တူညီသောအဓိပ္ပာယ်ရှိကြပြီး၊ အမျိုးသမီး၏ သားကောင်တို့သည် ဖျက်ဆီးခြင်းကို ခံရမည်အကြောင်း အလေးပေး ထပ်ဆင့်ဖော်ပြသည်။

မရဏနိုင်ငံ
ဤစကားအသုံးအနှုန်းသည် သေမင်း၏ဘုံဗိမာန်တွင် ကွဲပြားသော အခန်းအသီးသီးတို့၌ အိပ်စက်နေကြသော သူသေကို ပုံဖော်ခြင်းဖြစ်သည်။

---

## Translation Questions

Proverbs 7:1

သားသည် အသက်ရှင်နေထိုင်ဖို့ရန် မည်သည့်အရာ များကိုထိန်းသိမ်းစောင့်ရှောက် ရမည်နည်း။
မိမိအဘ၏သွန်သင်ချက်နှင့်ပညတ်တို့ကို ထိန်းသိမ်းစောင့်ရှောက်ရပေမည်။

Proverbs 7:4

ပညာနှင့်ဉာဏ်သည် သားကို မည်ကဲ့သို့ စောင့်ရှောက်သနည်း။
ပညာနှင့် ဉာဏ်သည် နှုတ်နှင့် ညှို့ယူဖမ်းစားတတ်သော မိန်းမ၏ လက်မှ သားကို စောင့်ရှောက်လိမ့်မည်။

Proverbs 7:6

ရှောလမုန်သည် သူ၏ အိမ်ပြတင်းရွက်ကြားမှ ကြည့်၍ မည်သည့်အရာကို မြင်သနည်း။
ဉာဏ်တိမ်သော အမျိုးသားတစ်စုနှင့် ဉာဏ်မရှိသော လူပျိုတစ်ယောက် ကို ရှောလမုန်တွေ့သည်။

Proverbs 7:10

မိန်းမသည် လူပျိုတစ်ယောက်ကို တွေ့ဖို့ရန် အဘယ်ကဲ့သို့ ဝတ်ဆင်သနည်း။
မိန်းမသည် ဆန်းပြားသော ပြည့်တန်ဆာ အဝတ်ကိုဝတ်ဆင်သည်။

လမ်းထောင့်အရပ်ရပ်တွင် မိန်းမသည် ဘယ်အရာလုပ်ဆောင်သနည်း။
လမ်းထောင့် အရပ်ရပ်တွင် မိန်းမသည် စောင့်ဆိုင်း၍ လိမ်လည်ခြင်းကို လုပ်ဆောင်ကြသည်။


generated on Tue Jul 2 12:50:28 2024

Proverbs 7:13

မိန်းမသည် မနက်စောစောအချိန်တွင် မည်သည့်အရာ ပြုသနည်း။
ထိုမိန်းမသည် နံနက်စောစော မိမိငြိမ်းချမ်းရေး အဘို့ပူဇော်သက္ကာကိုပြုလုပ်လေ့ရှိသည်။

ထိုမိန်းမသည် ဘယ်အရာကို စိတ်အားထက်သန်စွာရှာကြံသနည်း။
ထိုမိန်းမသည် လုလင်၏မျက်နှာကို စိတ်အားထက်သန်စွာရှာဖွေလေ့ရှိသည်။

Proverbs 7:16

ထိုမိန်းမသည် ဘယ်အရာကိုလုပ်ဖို့လုလင်ကိုဖိတ်ခေါ်သနည်း။
ထိုမိန်းမသည် ထိုလုလင်နှင့် နံနက်တိုင်အောင်သူမ၏အိပ်ယာတွင်သူမနှင့်အတူအိပ်ဖို့ ဖိတ်ခေါ်သည်။

Proverbs 7:19

သူမ၏ခင်ပွန်းသည် အဘယ်မှာရှိသနည်း။
သူမ၏ခင်ပွန်းသည် ခရီးဝေးသွားနေသည်။

Proverbs 7:22

လူပျိုသည်အဘယ်သို့သောလမ်းတွင် ထိုမိန်းမနောက်လိုက်သနည်း။
လူပျိုသည် ထိုမိန်းမနောက်ကို အသေသတ်ခြင်းခံမည့် နွားတစ်ကောင်ကဲ့သို့ငှင်း (သို့) ထောင်ချောက်အတွင်းဖမ်းမိသော သမင်ဒရယ်ကဲ့သို့ လိုက်သည်။

ထိုလူငယ်၏လုပ်ဆောင်မှုအတွက် သူသည် မည်သို့ပေးဆပ်ရမည်နည်း?
ထိုလူပျိုသည် မိမိဘဝတစ်ခုလုံးကို ဆုံးရှုံးပေးဆပ်ရမည်။

Proverbs 7:24

လူငယ်သည် ထိုမိန်းမ၏နှင့်ပါတ်သက်၍ မည်သည့် ပညာရှိသော သွန်သင်ချက်ပေးခံရသနည်း။
လူငယ်သည် ထိုမိန်းမကျင်လည်သော လမ်းခရီးသို့ လွှဲ၍ မလိုက်သွားဖို့ရန် သွန်သင်ချက်ပေးခံရပါသည်။

Proverbs 7:26

ထိုမိန်းမ၏အိမ်သည် မည်သည့်လမ်းမပေါ်တွင်ရှိသနည်း။
ထိုမိန်းမ၏ အိမ်သည် မရဏာနိုင်ငံ၏လမ်းတွင် တည်ရှိသည်။

## Chapter 8

1 ဉာဏ်ပညာသည်ခေါ်၍ မိမိအသံကို လွှင့်သည် မဟုတ်လော။ 2 မြင့်သောအရပ်ထိပ်၌၎င်း၊ လမ်းခရီးအနား၌ ၎င်းရပ်နေ၏။ 3
ကြီးသောတံခါးဝ၊ မြို့တံခါး၊ အိမ်တံခါးဝမှာ ကြွေးကြော်၍၊ 4 အချင်းလူတို့၊ သင်တို့အားငါခေါ်၏။ လူသားတို့ အား အသံကို
ငါလွှင့်၏။ 5 ဉာဏ်တိမ်သောသူတို့၊ ပညာတရားကို နား လည်ကြလော့။ လူမိုက်တို့၊ ထိုးထွင်းသော ဉာဏ်ရှိကြ လော့။ 6 နားထောင်ကြ။
မြတ်သောစကားကို ငါပြော မည်။ မှန်သောတရားစကားကို ငါနှုတ်မြွက်မည်။ 7 ငါ့နှုတ်ထွက်စကားသည် သမ္မာတရားနှင့်သာ ဆိုင်၍၊
ငါ့နှုတ်ခမ်းတို့သည် ဒုစရိုက်ကို စက်ဆုပ်ရွံ့ရှာ၏။ 8 ငါဟောပြောသမျှသော စကားတို့သည် ဖြောင့် မတ်၍၊ ကောက်သောသဘော၊
ဖောက်ပြန်သောသဘော နှင့် ကင်းစင်ကြ၏။ 9 နားလည်သောသူ၌ အလုံးစုံရှင်းလင်း၍၊ ပညာကိုရသော သူတို့အား ဟုတ်မှန်ကြ၏။ 10
ငွေအရင်၊ ငါ့နည်းကို၎င်း၊ မြတ်သောရွှေအရင်၊ ပညာအတတ်ကို၎င်း ခံယူကြလော့။ 11 အကြောင်းမူကား၊ ပညာသည် ပတ္တမြားထက်
သာ၍မြတ်၏။ နှစ်သက်ဘွယ်သမျှသော အရာတို့သည် ထိုရတနာကို မပြိုင်နိုင်ကြ။ 12 ငါ့ဉာဏ်ပညာသည် သမ္မာသတိနှင့်ပေါင်း၍၊
လိမ္မာသော သိပ္ပံ အတတ်များကို ဘော်တတ်၏။ 13 ထာဝရဘုရားကို ကြောက်ရွံ့သောသဘောကား၊
ဒုစရိုက်ကိုမုန်းသောသဘောတည်း။ မာနထောင်လွှား ခြင်း၊ စော်ကားခြင်း၊ မကောင်းသော လမ်းသို့လိုက်ခြင်း၊
ကောက်သောစကားဖြင့်ပြောဆိုခြင်းတို့ကို ငါမုန်း၏။ 14 အကြံပေးနိုင်သော အခွင့်နှင့်ပညာရတနာသည် ငါ၌ရှိ၏။ ငါသည်ဉာဏ်ဖြစ်၍
အစွမ်းသတ္တိနှင့်ပြည့်စုံ၏။ 15 ငါ့အားဖြင့် ရှင်ဘုရင်တို့သည် စိုးစံရသော အခွင့်၊ မင်းအရာရှိတို့သည် ဆုံးဖြတ်ရသော အခွင့်ရှိ ကြ၏။ 16
ငါ့အားဖြင့် မင်းသား၊ မှူးမတ်၊ တရားသူကြီး အပေါင်းတို့သည် အစိုးရသောအခွင့် ရှိကြ၏။ 17 ငါ့ကိုချစ်သော သူတို့ကို ငါချစ်၏။
ငါ့ကိုကြိုးစား ၍ ရှာသောသူတို့သည် တွေ့တတ်ကြ၏။ 18 ငါ၌စည်းစိမ်နှင့်ဂုဏ်အသရေရှိ၏။ မြဲသော စည်းစိမ်နှင့်
ဖြောင့်မတ်ခြင်းပါရမီရှိ၏။ 19 ငါပေးသောအကျိုးသည် ရွှေထက်မက၊ ရွှေစင် ထက်သာ၍မြတ်၏။
ငါကြောင့်ရသောအခွန်ဘဏ္ဍာသည် ငွေတော်ထက်သာ၍ မြတ်၏။ 20 ငါသည် ဖြောင့်မတ်ခြင်းလမ်း၊ တရားသဖြင့်
စီရင်ခြင်းလမ်းအလယ်၌ ရှောက်သွားသည်ဖြစ်၍၊ 21 ငါ့ကိုချစ်သော သူတို့သည် အမွေခံရသော အခွင့်နှင့်၊
သူတို့ဘဏ္ဍာတိုက်ပြည့်ဝစေသော အခွင့်ကို ငါပေးတတ်၏။ 22 ထာဝရဘုရားသည် ရှေးအမှုတော်ကို မပြုမှီ ထွက်ကြွတော်မူစကပင်
ငါ့ကို ပိုင်တော်မူ၏။ 23 မြေကြီးမဖြစ်မှီ၊ ရှေ့ဦးစွာသော ကာလ၊ အနန္တ ကာလမှစ၍ ငါသည် ဘိသိက်ခံပြီ။ 24 နက်နဲသောပင်လယ်မဖြစ်၊
ရေနှင့်ကြွယ်ဝသော စမ်းရေတွင်းမဖြစ်မှီ ငါ့ကိုဖြစ်ဘွားစေတော်မူ၏။ 25 တောင်ကြီးမတည်၊ တောင်ငယ်မဖြစ်မှီ၊ 26
မြေကြီးနှင့်လယ်တောများကို မဖန်ဆင်း၊ အဦး ဆုံးသော မြေမှုန့်ကိုမျှ မဖန်ဆင်းမှီ၊ ငါ့ကိုဖြစ်ဘွားစေ တော်မူ၏။ 27
မိုဃ်းကောင်းကင်ကို ပြင်တော်မူသော အခါငါရှိ ၏။ သမုဒ္ဒရာမျက်နှာကို ကန့်ကွက်သောအမှု၊ 28 အထက်မိုဃ်းတိမ်ကို
တည်စေသောအမှု၊ နက်နဲ သောအရပ်၌ စမ်းရေပေါက်တို့ကို ခိုင်ခံ့စေသောအမှု၊ 29 သမုဒ္ဒရာ၌ ကန့်ကွက်သောအပိုင်းအခြားကို ရေ
မလွှမ်းရမည်အကြောင်း စီရင်သောအမှု၊ မြေကြီးတိုက် မြစ်တည်သော အမှုတို့ကို ပြီးစီးစေတော်မူသောအခါ၊ 30
ငါသည်ကျွေးမွေးတော်မူသော သားကဲ့သို့၊ အထံတော်ပါးတွင် နေ၍၊ အစဉ်မပြတ်မွေ့လျော်တော်မူရာ ဖြစ်၏။ ရှေ့တော်၌ အစဉ် မပြတ်
ကစားလျက်၊ 31 ဖန်ဆင်းတော်မူသော မြေကြီးတပြင်လုံးတွင် ရွှင်လန်းလျက်၊ လူသားတို့နှင့်ပေါင်းဘော်၍ ပျော်ပါးလျက် နေ၏။ 32
သို့ဖြစ်၍ ငါ့သားတို့၊ငါ့စကားကို နားထောင်ကြ လော့။ ငါ၏လမ်းများကို စောင့်ရှောက်သောသူတို့သည် မင်္ဂလာရှိကြ၏။ 33
ငါဆုံးမခြင်းကို မပယ်ကြနှင့်။ နားထောင်၍ ပညာရှိကြလော့။ 34 ငါ့စကားကိုကြား၍ ငါ့တံခါးနားမှာ နေ့တိုင်း စောင့်လျက်၊
တံခါးတိုင်နားမှာ မြော်လင့်လျက်နေသော သူသည်မင်္ဂလာရှိ၏။ 35 ငါ့ကိုရှာ၍တွေ့သောသူသည်အသက်ကိုတွေ့၏။
ထာဝရဘုရား၏ကျေးဇူးတော်ကိုလည်းခံရ၏။ 36 ငါ့ကိုပြစ်မှားသော သူမူကား၊ မိမိအသက် ဝိညာဉ်ကိုပြစ်မှား၏။
ငါ့ကိုမုန်းသောသူအပေါင်းတို့သည် သေခြင်းကိုချစ်ကြ၏။

---

Proverbs 01

ယေဘုယျအချက်အလက်၊
အခန်းကြီး ၈ တွင် ဉာဏ်ပညာသည် လူအများတို့ကို ချင့်ချိန်ဆင်ခြင်တတ်ရန် သွန်သင်ပေးသော အမျိုးသမီးတစ်ဦးကဲ့သို့ ပြောဆိုသည်။

ယေဘုယျအချက်အလက်၊
အခန်းကြီး ၈ တွင် ကျမ်းပိုဒ်များသည် အလားတူမှုများရှိသည်။

ဉာဏ်ပညာသည်ခေါ်၍ မိမိအသံကို လွှင့်သည် မဟုတ်လော
ဤမေးခွန်းကို စာဖတ်သူတို့အား သူတို့သိနှင့်ပြီးသောအရာကို ပြန်လည်အသိပေးရန် အသုံးပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဉာဏ်ပညာက အော်ခေါ်သည်။

ဉာဏ်ပညာသည်ခေါ်၍ မိမိအသံကို လွှင့်သည် မဟုတ်လော
ဤနေရာတွင် ဉာဏ်ပညာကို အမျိုးသမီးတစ်ဦးဟူ၍ မှတ်ယူသည်။ ဘာသာစကားတွင် ဤကဲ့သို့သော ဥပစာတင်စားမှု ခွင့်မပြုခဲ့လျှင်၊ အခြား ဖြစ်တန်ရာသော ဘာသာပြန်များမှာ၊ (၁) "ဉာဏ်ပညာသည် အော်ခေါ်နေသော အမျိုးသမီးနှင့်တူသည်


generated on Tue Jul 2 12:50:28 2024

မဟုတ်ဘူးလား" သို့မဟုတ် (၂) "ဉာဏ်ပညာအမည်ရှိသော အမျိုးသမီးက အော်ခေါ်နေသည် မဟုတ်လား။"

မိမိအသံကို လွှင့်သည်
ဤနေရာတွင် "အသိအမြင်" သည် "ဉာဏ်ပညာ" နှင့် အဓိပ္ပာယ်တူညီသည်။

ကြီးသောတံခါးဝ၊ မြို့တံခါး၊ အိမ်တံခါးဝမှာ
ရှေးကာလာတွင် မြို့ကြီးများသည် အဝင်ပေါက်ပါသော အပြင်ဘက်အကာအရံ ကျုံးမြို့ရိုးများ ရှိကြသည်။

(သူမက) ကြွေးကြော်၍
ဉာဏ်ပညာကို လူပုဂ္ဂိုလ်အမျိုးသမီးတစ်ယောက်ကဲ့သို့ ဆက်လက် ရည်ညွှန်းသည်။

Proverbs 04

ယေဘုယျအချက်အလက်၊
ဉာဏ်ပညာသည် အခန်းကြီး ၄-၃၆ တွင် လူတို့ကို စကားပြောသည်။

လူသားတို့အား အသံကို ငါလွှင့်၏
ဤနေရာတွင် "အသံ" သည် ပြောကြားသောစကားလုံးတို့ကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့စကားတို့သည် လူသားမျိုးနွယ်တို့အတွက် ဖြစ်သည်။"

လူသားတို့
အနီးစပ်ဆုံးစကားလုံးဖြင့် အစားထိုးထားသည့် လူသားမျိုးနွယ်အားလုံးကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူသားအားလုံး"

ဉာဏ်တိမ်သောသူ
"အတွေ့အကြုံအရှိသောသူ၊ မရင့်ကျက်သောသူ"

ပညာတရားကို နားလည်ကြလော့
စိတ္တဇနာမ် စကားလုံး "ပညာတရား" သည် ပညာရှိသောသူ မည်သည်ကိုယုံကြည်ကြောင်း မည်သို့ ပြုမူတတ်ကြောင်းတို့ကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ပညာရှိတို့ပြုမူပုံကို သင်ယူလေ့လာပါ" သို့မဟုတ် "ပညာတတ်ရန် မည်မျှအရေးကြီးကြောင်း သင်ယူပါ။"

ထိုးထွင်းသောဉာဏ် ရှိကြလော့
အရာရာကို နားလည်သဘောပေါက်ခြင်းကို နားလည်တတ်သောစိတ် ရရှိနေသကဲ့သို့ ပြောဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် အရာရာကိုသင်၏စိတ်ဖြင့် နားလည်ရန် အစပြုရမည်။"

Proverbs 06

ငါနှုတ်မြွက်မည်
ဤနေရာတွင် "နှုတ်" သည် လူတစ်ယောက်၏ ပါးစပ်ကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်သည် ပါးစပ်ကိုဖွင့်၍ စကားပြောသောအခါ"

မှန်သော
"မှန်ကန်သော" သို့မဟုတ် "တရားမျှတသော"

ငါ့နှုတ်ထွက်စကား
ဤနေရာတွင် "နှုတ်" သည် ပြောသောလူပုဂ္ဂိုလ်ကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကျွန်ုပ် စကားပြောသည်"

သမ္မာတရားနှင့်သာ ဆိုင်၍
"လူတို့ ယုံကြည်ရမည့်အကြောင်းကိုသာ"

ငါ့နှုတ်ခမ်းတို့သည် ဒုစရိုက်ကို စက်ဆုပ်ရွံ့ရှာ၏
ဤနေရာတွင် "နှုတ်ခမ်း" သည် စကားပြောသောသူကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဒုစရိုက်သည် ကျွန်ုပ်အတွက် စက်ဆုပ်ဖွယ်ရာဖြစ်သည်" သို့မဟုတ် "ယုတ်မာသောအရာများ ပြောဆိုခြင်းသည် ကျွန်ုပ်အတွက် စက်ဆုပ်ရွံရှာဖွယ်ဖြစ်သည်ဆိုချက်"

ဒုစရိုက်
ဤနေရာတွင် စိတ္တဇနာမ် "ဒုစရိုက်" သည် ယုတ်မာသော အပြောအဆိုကို ကိုယ်စားပြုသည်။

Proverbs 08

ငါဟောပြောသမျှသော စကားတို့သည်
ဤနေရာတွင် "စကား" သည် မှာကြားချက် သို့မဟုတ် သွန်သင်ချက်ကို ကိုယ်စားပြုသည်။ ထို့အတူ၊ "နှုတ်ခမ်း" သည်လည်း စကားပြောနေသောသူကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသင်ပေးသော အရာများ"

ကောက်သောသဘော၊
"မှားယွင်းသော"

ရှင်းလင်း
"ရိုးသားပြီး ရှင်းလင်းသည်"

ပညာကိုရသော သူတို့အား ဟုတ်မှန်ကြ၏
ဖြစ်နိုင်ဖွယ်ရာသော အဓိပ္ပာယ်မှာ ဉာဏ်ပညာကို ရှာတွေ့သောသူက ဟောပြောသော သူ၏ သွန်သင်ချက်သည် မှန်ကန်ကြောင်း လွယ်ကူစွာ သဘောပေါက်လိမ့်မည်။ ဤနေရာတွင် "စကား" သည် မှာကြားချက် သို့မဟုတ် သွန်သင်ချက်ကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အကောင်းနှင့် အဆိုးကို


generated on Tue Jul 2 12:50:28 2024

သိသောသူသည် ငါသွန်သင်ပေးသော မှန်ကန်ခြင်း ရှိရန်ကိုသာ စဉ်းစားမည်။"

ဟုတ်မှန်
"ရိုးသား"

Proverbs 10

ငွေအရင်၊ ငါ့နည်းကိုငင်း
"သင်သည် ငွေအရင်ရရန်ထက် ငါ၏သွန်သင်ချက်တို့ကို သဘောပေါက်ရန် ပိုမိုကြိုးစားရမည်"

ပညာသည် ပတ္တမြားထက် သာ၍မြတ်၏။ နှစ်သက်ဘွယ်သမျှသော အရာတို့သည် ထိုရတနာကို မပြိုင်နိုင်ကြ
ဤနေရာတွင် အမျိုးသမီးတစ်ဦးကဲ့သို့ လူပုဂ္ဂိုလ်အဖြစ်တင်စားထားသော ဉာဏ်ပညာသည် စကားပြောနေခြင်းမဟုတ်ပါ။ သို့သော်၊ ဉာဏ်ပညာကိုယ်တိုင် စကားပြောသူအဖြစ်လည်း ဤနေရာတွင် အသုံးပြုနိုင်သည်။

Proverbs 12

ငါ့ဉာဏ်ပညာသည် သမ္မာသတိနှင့်ပေါင်း၍
သမ္မာသတိကို ဤနေရာတွင် လူပုဂ္ဂိုလ်တစ်ဦးကဲ့သို့ ကိုယ်စားပြု သုံးနှုန်းထားသည်။

သမ္မာသတိ
"သတိ" သို့မဟုတ် "ကောင်းသော ဝေဖန်ပိုင်းခြားနိုင်စွမ်း"

လိမ္မာသော သိပ္ပံအတတ်များကို ဘော်တတ်၏
"သိပ္ပံအတတ်" နှင့် "ကိုယ်ပိုင်ဆုံးဖြတ်ခွင့်" တို့၏ ယေဘုယျသဘောကို အခြားနည်းလမ်းဖြင့် ဖွင့်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် နှံ့စပ်စွာသိပြီး ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ရှိသည်" သို့မဟုတ် "ငါသည် များပြားစွာသောအရာတို့ကို သိရှိပြီး၊ ငါသည် သတိအလွန်ထားသည်။"

(ကိုယ်ပိုင် ဆုံးဖြတ်ခွင့်)
ကျွန်ုပ်တို့ ပြောဆိုရာတွင်နှင့် ပြုကျင့်ရာတွင် ဂရုစိုက်ခြင်း၊ အခြားသူကို နာကျင်ခြင်း သို့မဟုတ် အန္တရာယ် မဖြစ်စေရန် သတိထားခြင်း။

ကောက်သောစကားဖြင့်ပြောဆိုခြင်း
"ယုတ်မာသော အပြောအဆို"

ကောက်သော
အမှန်တရားမှ သွေဖယ်သော

Proverbs 14

(ကောင်းသော) အကြံ
"အမြော်အမြင်ရှိသော အကြံပြုချက်"

(အကြံဉာဏ်)
အခြားသူကို ကူညီရန်အတွက် အကြံဉာဏ်ပေးသည်။

ကြံခိုင်သော
ကောင်းသော၊ ယုံကြည်စိတ်ချရသော

ငါသည်ဉာဏ်ဖြစ်၍
ဤနေရာတွင် ဉာဏ်ပညာသည် သူမက ထိုးထွင်းသိမြင်နိုင်သောဉာဏ်ကဲ့သို့ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်တွင် ထိုးထွင်းသိမြင်နိုင်သော ဉာဏ်ရှိသည်။"

မင်းအရာရှိတို့
တိုင်းပြည်ထဲမှ အရေးပါသောမိသားစုဝင်တို့ကို ဦးဆောင်သော ဂုဏ်သရေရှိလူကြီးမင်းများ

Proverbs 17

ချစ်
ညီအစ်ကို သို့မဟုတ် မိတ်ဆွေ သို့မဟုတ် မိသားစုဝင် အချစ်ကို ရည်ညွှန်းသည်။ မိတ်ဆွေများ သို့မဟုတ် ဆွေမျိုးများအကြား ထားရှိသော လူသားသဘာဝချစ်ခြင်းမေတ္တာဖြစ်သည်။

ကြိုးစား၍
သတိထားလျက် ဆက်လက်ကြိုးစား၍

ငါ၌စည်းစိမ်နှင့် ဂုဏ်အသရေရှိ၏
"ကျွန်ုပ်တွင် စည်းစိမ်ချမ်းသာနှင့် ဂုဏ်အသရေရှိသည်"

မြဲသော စည်းစိမ်နှင့် ဖြောင့်မတ်ခြင်းပါရမီ
"စည်းစိမ်နှင့် ဖြောင့်မတ်ခြင်းပါရမီ" က မည်သည်ကိုဆိုလိုကြောင်း ရှင်းပြသည်။ စကားစပ်ရေးရာ၌ "ထို့ကြောင့်" ကိုထည့်ပြီး ရှင်းလင်းစွာရေးသား ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထို့ကြောင့်၊ ကျွန်ုပ်ကို ရှာသောသူအား အဆုံးမရှိသော စည်းစိမ်နှင့် ဖြောင့်မတ်ခြင်းပါရမီကို ပေးမည်။"

ဖြောင့်မတ်ခြင်းပါရမီ
"ဖြောင့်မတ်စွာ နေထိုင်တတ်သော အစွမ်းအစ"

Proverbs 19

ငါပေးသောအကျိုးသည်
ဉာဏ်ပညာကထုတ်လုပ်သော သို့မဟုတ် ဖြစ်စေသော

အကျိုး
ဉာဏ်ပညာကြောင့် ရရှိသော အကျိုးအမြတ် သို့မဟုတ် တိုးတက်မှု

ငါသည် ဖြောင့်မတ်ခြင်းလမ်း ... ရှောက်သွားသည်ဖြစ်၍
ဖြောင့်မတ်စွာ နေထိုင်ခြင်းကို ဖြောင့်မတ်သောလမ်းပေါ်တွင် လျှောက်သကဲ့သို့ ပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊

"ငါသည် မှန်ကန်စွာ နေသည်" သို့မဟုတ် "ငါသည် မှန်သောအမှုကို ပြုသည်။"

တရားသဖြင့် စီရင်ခြင်းလမ်းအလယ်၌
"ဖြောင့်မတ်ခြင်းလမ်း" ၏ဆိုလိုရင်းကို ပို၍ပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် လုံးဝမှန်ကန်ခြင်းကို ပြုသည်" သို့မဟုတ် "ငါသည် မှန်ကန်သောအမှုကိုသာ ပြုသည်။"

ဘဏ္ဍာတိုက်
အဖိုးတန်သောအရာတို့အတွက် ကုန်လှောင်ရုံ။ ဉာဏ်ပညာသည် သူ၏ နောက်လိုက်တပည့်တို့၏ ကုန်လှောင်ရုံကို အဖိုးတန်ပစ္စည်းများနှင့် ပြည့်စေတတ်သော အမျိုးသမီးကဲ့သို့ ပြောဆိုသည်။

Proverbs 22

ရှေးအမှုတော်ကို မပြုမီ ထွက်ကြွတော်မူစကပင်
"ကျွန်ုပ်သည် သူ၏ဖန်ဆင်းတော်မူသောအချိန်ကတည်းက အရင်ဦးဆုံးသောအရာ ဖြစ်သည်"

အနန္တ ကာလ
"အလွန် ရှေးကျသောကာလ"

ကာလ
"ကာလ" ဟူသောစကားသည် အချိန်အတိုင်းအတာကို သာမန် ရည်ညွှန်းခြင်းဖြစ်သည်။

ငါသည် ဘိသိက်ခံပြီ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်ဆိုချက်၊ "ဘုရားသခင်က ကျွန်ုပ်ကို ပြုလုပ်ဖန်ဆင်းတော်မူသည်။"

မြေကြီးမဖြစ်မှီ၊ ရှေ့ဦးစွာသော ကာလ
အစအဦး အကြောင်းကို ယေဘုယျသဘောမဆန်အောင်ဘာသာပြန်နိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်က ကမ္ဘာမြေကြီးကို ဖန်ဆင်းသည့်အချိန်မှစ၍"

Proverbs 24

ယေဘုယျ အချက်အလက်
ဉာဏ်ပညာက ဆက်လက်ပြောဆိုသည်။

တောင်ကြီးမတည်မီ
"တောင်များ၏ အခြေကို မဖြစ်စေမီ။" ဤဟာကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်က တောင်များ၏ အခြေကို ပြုလုပ်ဖန်ဆင်းပြီး နေရာတကျ ထားရှိခြင်း မတိုင်မီ"

Proverbs 26

ငါ့ကိုဖြစ်ဘွားစေ တော်မူ၏ ...
ဉာဏ်ပညာက သူမအကြောင်းကိုသူမ ပြောဆိုနေခြင်းဖြစ်သည်။

ဘွားစေ (ဖွားစေ)
"ကျွန်ုပ် အသက်ရှင်လျက် ရှိခဲ့သည်"

ပြင်တော်မူသော
တစ်စုံတစ်ခုကို ဖြစ်တည်လာစေရန် ခိုင်မာသော အုတ်မြစ်ပေါ်တွင် ဖြစ်ပေါ်လာစေသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဖန်ဆင်းခဲ့သည်" သို့မဟုတ် "ပြုလုပ်ခဲ့သည်"

သမုဒ္ဒရာမျက်နှာကို ကန့်ကွက်သောအမှု
ပင်လယ်ထဲက သင်္ဘောပေါ်မှ လူတစ်ယောက်သည် သူ့ဘေးပတ်လည် မိုးကုတ်စက်ဝိုင်းကို မည်မျှဝေးစွာမြင်နိုင်ကြောင်း ကန့်သတ်ထားသည်ကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ပင်လယ်ထဲမှ လူတစ်ယောက်သည် အရပ်မျက်နှာအားလုံးကို မည်မျှဝေးစွာမြင်နိုင်သည့်အထိ သမုဒ္ဒရာ၏ မျက်နှာပေါ်တွင် သူကအမှတ်အသားပြုသောအခါ"

(နက်ရှိုင်းခြင်း)
"သမုဒ္ဒရာ"

Proverbs 28

ယေဘုယျအချက်အလက်၊
ဉာဏ်ပညာက ဆက်လက်စကားပြောသည်။

တည်စေသော
အမြဲတမ်း ဖြစ်တည်စေသော

နက်နဲ သောအရပ်၌ စမ်းရေပေါက်တို့ကို ခိုင်ခံ့စေသောအမှု
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊"ဘုရားသခင်က နက်နဲသောအရပ်တွင် စမ်းရေတို့ကို ပြုပြင်စေသောအခါ"

နက်နဲ သောအရပ်၌ စမ်းရေပေါက်
ရှေးဟောင်းဟေဗြဲလူတို့က သမုဒ္ဒရာသည် ရေကို ပင်လယ်ကြမ်းပြင်အောက်ရှိ စမ်းရေပေါက်မှ ရသည်ဟူ၍ မှတ်ထင်ခဲ့ကြသည်။

သမုဒ္ဒရာ၌ ကန့်ကွက်သောအပိုင်းအခြားကို ရေ မလွှမ်းရမည်အကြောင်း စီရင်သောအမှု
သူသည် သမုဒ္ဒရာအတွက် ကမ်းရိုးတန်းများ ဖန်ဆင်းသည့်အချိန်တွင်။ "ပင်လယ်အတွက် အကန့်အသတ်" သည် သမုဒ္ဒရာတို့ကို ခြောက်သွေ့သောကုန်းမြေနှင့် ပိုင်းခြားထားသည်။

မြေကြီးတိုက် မြစ်တည်သော အမှုတို့ကို ပြီးစီးစေတော်မူသောအခါ
ဟေဗြဲဘာသာ စကားလုံးတွင် "မြေကြီး" သည် တစ်ခါတရံတွင် "ကုန်းမြေ" ဟူ၍လည်း အဓိပ္ပာယ်ရသည်။



generated on Tue Jul 2 12:50:28 2024

မြေကြီးတိုက် မြစ်တည်သော အမှုတို့ကို ပြီးစီးစေတော်မူသောအခါ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်က မြေကြီး၏
အခြေခံအုတ်မြစ် အကန့်အသတ်ကို တည်သောအချိန်တွင်"

Proverbs 30

အထံတော်ပါးတွင် နေ၍
ဉာဏ်ပညာသည် ဆက်လက်၍ စကားပြောနေဆဲဖြစ်သည်။
ဉာဏ်ပညာသည် ထာဝရဘုရား၏ အထံတော်ပါးတွင် သူမသည်
နေကြောင်း ယခုပြောနေခြင်းဖြစ်ပြီး၊ ဆိုလိုသည်မှာ သူမသည်
ကမ္ဘာကို ဖန်ဆင်းစဉ် ဘုရား၏ လက်ထောက်ဖြစ်သည်။

ကျွမ်းကျင်သော လက်မှုပညာသည်
ပရိဘောဂ သို့မဟုတ် အိမ်များကဲ့သို့ အသုံးဝင်သော
ပစ္စည်းကိရိယာတို့ကို ပြုလုပ်ရန် နှစ်ပေါင်းများစွာ
လေ့ကျင့်ထားသောသူ ဖြစ်သည်။

မွေ့လျော်
"ဝမ်းမြောက်ခြင်း၏ အရင်းအမြစ်" သို့မဟုတ် "ပျော်ရွှင်ခြင်း၏
အကြောင်းအရာ"

အစဉ် မပြတ်
ပုံမှန်ပြုနေကျ သို့မဟုတ် စဉ်ဆက်မပြတ် အခြေအနေကို
ဖော်ပြပြောဆိုရန် ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊
"အဆက်မပြတ်" သို့မဟုတ် "တစ်ချိန်လုံး"

ဖန်ဆင်းတော်မူသော မြေကြီးတပြင်လုံးတွင်
"သူ ဖန်ဆင်းထားသော မြေတစ်ပြင်လုံး" (UDB) သို့မဟုတ်
"သူဖန်ဆင်းထားသော အရာအားလုံး"

လူသားတို့နှင့်
လူသားမျိုးနွယ်အားလုံးကို ယေဘုယျ ညွှန်းဆိုခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူဖန်ဆင်းထားသော
လူသားများ" (UDB)

Proverbs 32

သို့ဖြစ်၍
ဤသွန်သင်ချက်၏ နိဂုံးပိုင်းအပေါ်တွင် သားသမီးတို့၏ အာရုံ
စုစည်းရန် ပြောသော အာလုပ်စကားဖြစ်သည်။

ငါ့စကားကို နားထောင်ကြလော့
ဉာဏ်ပညာသည် သူ့ကိုယ်သူ ဆက်လက်စကားပြောနေသည်။

ငါ၏လမ်းများကို စောင့်ရှောက်သောသူတို့သည်
ဤနေရာတွင် "ငါ၏လမ်းများ" သည် ဉာဏ်ပညာ၏ အပြုအမူကို
ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊
"ငါသင်ပေးသည့်အတိုင်း ပြုသောသူသည်" သို့မဟုတ် "ငါ၏
ဥပမာတို့ကို လိုက်လျှောက်သောသူတို့သည်"

မပယ်ကြနှင့်
"လျစ်လျူမရှုနှင့်" အခြားသောဘာသာပြန်ဆိုချက်၊ "သေချာစွာ
အာရုံစိုက်ရန်" သို့မဟုတ် "သေချာစွာ လိုက်လျှောက်ရန်"

ငါ့တံခါးနားမှာ နေ့တိုင်း စောင့်လျက်၊ တံခါးတိုင်နားမှာ
မြော်လင့်လျက်နေသောသူ
ဤစာကြောင်းနှစ်ကြောင်းသည် အခြေခံအားဖြင့်
အဓိပ္ပာယ်တူသည်။ ဉာဏ်ပညာကို အိမ်ပိုင်ဆိုင်ထားသကဲ့သို့
ဖော်ပြထားသည်၊ "မျှော်လင့်၊ ကြည့်ရှု" ၏ ဖြစ်တန်ရာသော
အဓိပ္ပာယ်များမှာ (၁) ပညာရှိတစ်ယောက်က
ဉာဏ်ပညာ၏အိမ်အပြင်ဘက်မှ နံနက်စောစောတွင်
သူမကိုပြုစုရန်အလို့ငှာ စောင့်ဆိုင်းသည်၊ သို့မဟုတ် (၂)
ပညာရှိတစ်ယောက်က ဉာဏ်ပညာ၏အိမ်အပြင်ဘက်မှ
သူမသည် လာ၍ သူ့ကို သင်ပေးမည်ကို စောင့်ဆိုင်းသည်။

Proverbs 35

ငါ့ကိုရှာ၍တွေ့သောသူသည် ... ငါ့ကိုပြစ်မှားသောသူမူကား
ဉာဏ်ပညာသည် သူ့ကိုယ်သူ ဆက်လက်စကားပြောနေသည်။

ငါ့ကိုပြစ်မှားသောသူ
ဆိုလိုရင်း အပြည့်အစုံမှာ "ငါ့ကိုရှာရန် ပျက်ကွက်သူ"

မိမိအသက်ဝိညာဉ်ကို
ဤနေရာတွင် "အသက်" သည် လူပုဂ္ဂိုလ်၏ အတ္တကို
ကိုယ်စားပြုသည်။

## Translation Questions

Proverbs 8:1

မြို့တံခါးဝ၏အပြင်ဘက်တွင် မည်သူကခေါ်သနည်း။
ဉာဏ်ပညာသည် မြို့တံခါးဝ၏အပြင်ဘက်နေရာတွင်ခေါ်သည်။

Proverbs 8:4

ပညာကဘယ်အရာကိုခေါ်သနည်း။
ပညာက လူသားအားလုံးကိုခေါ်သည်။


generated on Tue Jul 2 12:50:28 2024

Proverbs 8:6

ဉာဏ်ပညာပြောသောအရာသည် မည်သည့်အရာမျိုးဖြစ်သနည်း။
ဉာဏ်ပညာပြောသောအရာသည် မြင့်မြတ်သောအရာနှင့် မှန်သောတရားစကား များဖြစ်သည်။

Proverbs 8:10

ပညာသည်မည်သည့်အရာတွေထက် မြတ်သနည်း။
ပညာသည် ကျောက်မြတ်ရတနာတွေထက်သာ၍မြတ်သည်။

Proverbs 8:12

ထာဝရဘုရား မည်သည့်အရာကိုမုန်းသနည်း။
ထာဝရဘုရားကို ကြောက်ရွံ့သောသူတို့သည် မာနထောင်လွှားခြင်း၊ စော်ကားခြင်း၊ မကောင်းသော လမ်းသို့လိုက်ခြင်း၊ ကောက်သောစကားဖြင့်ပြောဆိုခြင်းများကို မုန်းတီးကြသည်။

Proverbs 8:14

ပညာရှိသော ဘုရင်နှင့် မှူးမတ် တို့သည် မည်သို့အုပ်ချုပ်ကြသနည်း။
ပညာရှိသော ဘုရင်နှင့် မှူးမတ် တို့သည် တရားမျှတစွာအုပ်ချုပ်ကြသည်။

Proverbs 8:19

ဉာဏ်ပညာ၏ အသီးသည် မည်သည့်အရာတွေထက် မြတ်သနည်း။
ဉာဏ်ပညာ၏အသီးသည် ရွှေနှင့်ငွေထက် သာ၍မြတ်သည်။

သူမကိုချစ်သောသူတို့ကို ဉာဏ်ပညာသည် မည်သည့်အရာကိုပေးသနည်း။
ဉာဏ်ပညာသည် သူမကိုချစ်သောသူတို့ကို အမွေခံရသောအခွင့်ကိုပေးတော်မူ၏။

Proverbs 8:22

ဉာဏ်ပညာကို မည်သည့်အချိန်မှာဖန်ဆင်းခဲ့သနည်း။
ဉာဏ်ပညာကို မြေကြီးမဖြစ်မှီ၊ ရှေ့ဦးစွာသော ကာလမှ ဖန်ဆင်းခဲ့သည်။

Proverbs 8:26

ထာဝရဘုရားသည် မိုးကောင်းကင်နှင့် မြေကြီးကိုဖန်ဆင်းသည့်အချိန် ဉာဏ်ပညာက အဘယ်မှာရှိသနည်း။
ဉာဏ်ပညာသည်မိုးကောင်းကင်နှင့် မြေကြီးကိုထာဝရဘုရားဖန်ဆင်းသည့်အချိန် တွင်တည်ရှိခဲ့ပြီးဖြစ်သည်။

Proverbs 8:30

ဘုရားသခင်သည် ခပ်သိမ်းသောအရာအားလုံးကိုဖန်ဆင်းသည့်အချိန် ဉာဏ်ပညာက ထာဝရဘုရား၏အနီးတွင်ဘာလုပ်သနည်း။
ဘုရားသခင်သည် ခပ်သိမ်းသောအရာအားလုံးကိုဖန်ဆင်းသည့်အချိန် ဉာဏ်ပညာက ဆရာကဲ့သို့တည်ရှိခဲ့သည်။

ဉာဏ်ပညာ နှစ်သက်ပျော်မွေ့သောအရာက ဘာလဲ။
ဉာဏ်ပညာ နှစ်သက်ပျော်မွေ့သောအရာသည် လူသားများဖြစ်သည်။

Proverbs 8:35

ဉာဏ်ပညာကိုတွေ့သောသူသည်လည်း ဘယ်အရာကိုတွေ့သနည်း။
ဉာဏ်ပညာကိုတွေ့သောသူသည် ထာဝရဘုရား၏မျက်နှာနှင့်အသက်ကို တွေ့ကြ၏။

ဉာဏ်ပညာကိုရှာဖွေဖို့ရန် ပျက်ကွက်သောသူတို့သည်လည်း မည်သည့်အရာကိုဆုံးရှုံးသနည်း။
ဉာဏ်ပညာကိုရှာဖွေဖို့ရန် ပျက်ကွက်သောသူတို့သည် မိမိအသက်ဝိညာဉ်ကို ဆုံးရှုံးတတ်သည်။

## Chapter 9

1 ဉာဏ်ပညာသည်အိမ်တိုင်ခုနစ်တိုင်ကိုခုတ်၍၊ မိမိနေရာအိမ်ကို ဆောက်လေပြီ။ 2 သူ၏အကောင်များကိုသတ်၍၊ စပျစ်ရည်ကို
ဘော်ပြီးမှ စားပွဲကို ခင်းလေပြီ။ 3 ကျွန်မတို့ကိုစေလွှတ်၍၊ မြို့တွင် အမြင့်ဆုံးသော အရပ်တို့၌ ကြွေးကြော်လေသည်ကား၊ 4
ဉာဏ်တိမ်သောသူသည် ဤအရပ်သို့ဝင်စေ။ အိုပညာမရှိသောသူ၊ 5 လာလော့။ ငါ့မုန့်ကိုစားလော့။ ငါဘော်သော စပျစ်ရည်ကို
သောက်လော့။ 6 မိုက်သောသူကို ရှောင်၍ အသက်ချမ်း သာရ လော့။ ပညာလမ်းသို့လိုက်လော့ဟုဆိုသတည်း။ 7
မထီမဲ့မြင်ပြုသောသူကို ဆုံးမသောသူသည် အရှက်ကွဲခြင်းကိုငင်း၊ လူဆိုးကိုအပြစ်ပြသော သူသည် ကဲ့ရဲ့ခြင်းကိုငင်း ခံရလိမ့်မည်။ 8
မထီမဲ့မြင်ပြုသော သူကိုမဆုံးမနှင့်။ သင့်ကို မုန်းလိမ့်မည်။ ပညာရှိကိုအပြစ်ပြလော့။ သူသည် သင့်ကို ချစ်လိမ့်မည်။ 9 ပညာရှိသော
သူကိုဆုံးမလျှင်၊ သူသည် သာ၍ ပညာရှိလိမ့်မည်။ ဖြောင့်မတ်သောသူကို သွန်သင်လျှင်၊ သူသည် သိပ္ပံအတတ်တိုးပွါးလိမ့်မည်။ 10
ထာဝရဘုရားကို ကြောက်ရွံ့သော သဘော သည် ပညာ၏မူလအမြစ် ဖြစ်၏။ သန့်ရှင်းတော်မူသော ဘုရားကိုသိကျွမ်းသော
သဘောသည် ဉာဏ်ဖြစ်၏။ 11 အကြောင်းမူကား၊ ငါ့ကိုအမှီပြု၍၊ သင်၏ နေ့ရက်ကာလနှင့် အသတ်အပိုင်းအခြား နှစ်ပေါင်း ကာလ
တိုးပွါးလိမ့်မည်။ 12 သင်သည်ပညာရှိလျှင်၊ ကိုယ်တိုင်အကျိုးကို ခံရ လိမ့်မည်။ မထီမဲ့မြင်ပြုလျှင် ကိုယ်တိုင်သာအပြစ်ကို ခံရလိမ့် မည်။
13 မိုက်သောမိန်းမသည် စကားသံကျယ်၍ ဉာဏ် တိမ်သဖြင့် အလျှင်းမသိတတ်။ 14 မိမိအိမ်တံခါးနားတွင် မြို့မြင့်ရာအရပ်
အနေအထိုင်ပေါ်မှာ ထိုင်လျက်၊ 15 လမ်း၌တည့်တည့် ခရီးသွားသော သူတို့ကို ခေါ်၍၊ 16 ဉာဏ်တိမ်သော သူသည် ဤအရပ်သို့ဝင်စေ။
အိုပညာမရှိသောသူ၊ 17 ခိုးသောရေသည် ချို၏။ တိတ်ဆိတ်စွာစား သောမုန့်လည်း မြိန်သည်ဟု ဆိုတတ်၏။ 18 ထိုအရပ်၌
သင်္ချိုင်းသားရှိကြောင်း၊ ထိုမိန်းမ၏ ဧည့်သည်တို့သည် မရဏာနိုင်ငံအနက်ဆုံး၌နေကြောင်း ကို ထိုယောကျ်ားသည်မသိမမှတ်။

---

Proverbs 01

ယေဘုယျအချက်အလက်၊
ဤအခန်းတို့ကို ဉာဏ်ပညာသည် လူတို့အား ကောင်းသောအကြံဉာဏ်ပေးသော အမျိုးသမီးတစ်ဦး အဖြစ် ထင်မှတ်ထားသည့် ပုံဆောင်ဇာတ်လမ်းတစ်ခုဖြင့် အစပြုထားသည်။

အိမ်ကို ဆောက်လေပြီ
ကျမ်းရေးသူက အိမ်အကြောင်းကို သူ့အိမ်ကို သူဆောက်လုပ်သော အမျိုးသမီးတစ်ဦး ဖြစ်ကဲ့သို့ ပြောဆိုထားသည်။

သူ၏ အကောင်များကို သတ်၍
ဉာဏ်ပညာ တည်ခင်းပေးသော ညစာတွင် စားသောက်ကြမည့် တိရစ္ဆာန်အသားကို ရည်ညွှန်းသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူမသည် ညနေစာတွင် အသားအတွက် တိရစ္ဆာန်များကို သတ်သည်။"

စပျစ်ရည်ကို ဘော်ပြီးမှ
ရှေးဟောင်းဣသရေလတွင်၊ လူတို့သည် စပျစ်ရည်ကို ရေဖြင့် တစ်ခါတရံ ရောခဲ့ကြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူမ၏ စပျစ်ရည်ကို ရေစပ်နှင့်ရောပြီး ပြင်ဆင်ထားသည်။"

စားပွဲကို ခင်းလေပြီ
"သူမသည် စားပွဲကို ခင်းသည်။"

Proverbs 03

ယေဘုယအချက်အလက်၊
ဤကျမ်းပိုဒ်တို့သည် အမျိုးသမီးတစ်ဦးကဲ့သို့ လူပုဂ္ဂိုလ်အဖြစ်တင်စာသုံးနှုန်းသော ဉာဏ်ပညာ၏ အာဘော်ကို ဖော်ပြပေးရန် စတင်သည်။

ကျွန်မတို့ကို စေလွှတ်၍
အမျိုးသမီးအိမ်ဖော် (ကျွန်) တို့က ဉာဏ်ပညာ တည်ခင်းသော စားသောက်ပွဲတွင် လူအများတို့ လာရောက်ကြရန် သွား၍ ဖိတ်ခေါ်သည်။

ကျွန်မတို့
ဉာဏ်ပညာကဲ့သို့ လေးစားဖွယ် မိန်းမကြီး၏ အစေခံဖြစ်ကြသည့် ငယ်ရွယ်သောမိန်းမများ သို့မဟုတ် အမျိုးသမီးများ။

ကြွေးကြော်လေသည်
"သူမက ကြေညာသည်" သို့မဟုတ် "သူမက ဆင့်ခေါ်သည်"
အခြားသောဘာသာပြန်ဆိုချက်၊ "သူမသည် ဖိတ်ကြားခြင်းကို ကျယ်လောင်စွာ ကြွေးကြော် သည်။"

မြို့တွင် အမြင့်ဆုံးသော အရပ်တို့၌
ဖိတ်ကြားခြင်းကို လူအများတို့က ကောင်းမွန်ပြတ်သားစွာကြားရမည့် အမြင့်ဆုံးသောအရပ်မှ ကြွေးကြော်ခြင်းဖြစ်သည်။

ဉာဏ်တိမ်သောသူသည် ... ပညာမရှိသောသူ
ဤစာကြောင်းနှစ်ကြောင်းသည် သူတို့၏ ဘဝတွင် ဉာဏ်ပညာကို သာ၍ လိုလားသည့် တူညီသော လူအုပ်ကို ဖော်ပြသည်။
ဤနေရာတွင် မေးခွန်းက ထိုကဲ့သို့သောသူအားလုံးကို

လိပ်မူသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဉာဏ်တိမ်သောသူ၊ ... ကောင်းသော ဆင်ခြင်တုံတရား မရှိသောသူ"

ဉာဏ်တိမ်သောသူ
"အတွေ့အကြုံ မရှိသောသူ သို့မဟုတ် မရင့်ကျက်သောသူ"

ဤအရပ်သို့ဝင်စေ
"သူ၏ လမ်းကို စွန့်ပြီး ကျွန်ုပ်၏ အိမ်ထဲသို့ ဝင်လာပါစေ။"

Proverbs 05

ယေဘုယျအချက်အလက်၊
ဤကျမ်းပိုဒ်သည် ဉာဏ်ပညာ၏ အာဘော်ကို ဆက်ပြောသည်။

လာလော့ ... စားလော့ ... သောက်လော့ ... ရှောင်လော့ ... ရလော့ ... လိုက်လော့
ဤစေခိုင်းချက်အမိန့်အားလုံး အများကိန်းဖြစ်ပြီး၊ ဉာဏ်ပညာက လူအများကို တစ်ပြိုင်နက်တည်း လိပ်မူပြောဆိုနေသည်။

ငါဘော်သော စပျစ်ရည်ကို
ရှေးဟောင်းကာလသရေလတွင်၊ လူတို့သည် စပျစ်ရည်ကို ရေဖြင့် ရံဖန်ရံခါ ရောခဲ့ကြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူမ၏ စပျစ်ရည်ကို ရေစပ်နှင့်ရောပြီး ပြင်ဆင်ထားသည်"

မိုက်သောသူကို ရှောင်၍
ဤနေရာတွင် ဉာဏ်တိမ်သောသူ၏ အပြုအမူတို့ကို လူတစ်ယောက်က တစ်နေရာတွင် ထားခဲ့၍ ရနိုင်သကဲ့သို့ပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ ဉာဏ်တိမ်သော အပြုအမူကို ရပ်လိုက်ပါ"

မိုက်သော
"အတွေ့အကြုံမရှိသော၊ မရင့်ကျက်သေးသော အပြုအမူများ"

ပညာလမ်းသို့
ဤနေရာတွင် ဉာဏ်ပညာကို နားလည်သဘောပေါက်သည့် လုပ်ငန်းစဉ်ကို လူတစ်ယောက် လိုက်လျှောက်နိုင်သော လမ်းတစ်လမ်းကဲ့သို့ ပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ပညာရှိသောသူ၌ရှိသော နေထိုင်ပြုမူပုံ"

Proverbs 07

ယေဘုယျအချက်အလက်၊
ဤကျမ်းပိုဒ်သည် ဉာဏ်ပညာ၏ အာဘော်ကို ဆက်ပြောသည်။

ဆုံးမသောသူ ... လူဆိုးကိုအပြစ်ပြသောသူ
ဤစာကြောင်းနှစ်ကြောင်းသည် အခြေခံအားဖြင့် တူညီသောအကြောင်းအရာကို ပြောဆိုသည်။

မထီမဲ့မြင်ပြုသောသူ
လူတို့ကို သရော်နေကျသူ။ အခြားသောဘာသာပြန်ဆိုချက်၊ "အခြားသူတို့ အကြောင်းကို စော်ကားပြောဆိုတတ်သောသူ" (UDB) သို့မဟုတ် "အခြားသူတို့ အဆင်မပြေသည်ကို မြင်လိုသောသူ"

အရှက်ကွဲခြင်း ... ခံရလိမ့်မည်
"ဆိုးဝါးပြင်းထန်သော ဆက်ဆံခြင်းကို ခံရမည်"

အပြစ်ပြသောသူသည်
"ပြုပြင်သော သူသည်"

မဆုံးမနှင့်
"မပြုပြင်နှင့်"

ပညာရှိသော သူကိုဆုံးမလျှင်၊ သူသည် ... ဖြောင့်မတ်သောသူကို သွန်သင်လျှင်၊ သူသည်
ဤအဆိုအမိန့်နှစ်ခုစလုံးတို့သည် ချွတ်ယွင်းချက်သဘောဆောင်သော အကြောင်းကို အမှန်အကန် သရုပ်ဖော်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် ပညာရှိသောသူကို ပေးသည့်ရှိသော်၊ သူသည် ... သင်သည် ဖြောင့်မတ်သောသူကို သင်ပေးသည့်ရှိသော်၊ သူသည်"

ပညာရှိသော သူကိုဆုံးမ ... ဖြောင့်မတ်သောသူကို သွန်သင်
ဤစာကြောင်းနှစ်ကြောင်းသည် အခြေခံအားဖြင့် တူညီသောအကြောင်းအရာကို ပြောဆိုသည်။

ပညာရှိသော သူကိုဆုံးမ
ပညာရှိသောသူကို သွန်သင်ပေးခြင်းကို ရည်ညွှန်းသည်။

Proverbs 10

ယေဘုယျအချက်အလက်၊
ဤကျမ်းပိုဒ်တို့သည် ဉာဏ်ပညာ၏ အာဘော်ကို အဆုံးသတ်သည်။

ထာဝရဘုရားကို ကြောက်ရွံ့သော သဘောသည်
ကျမ်းချက် ၁:၇ ကဲ့သို့ ဤစာကြောင်းကို ဘာသာပြန်ပါ။

ငါ့ကိုအမှီပြု၍၊ သင်၏ နေ့ရက်ကာလနှင့် အသက်အပိုင်းအခြား နှစ်ပေါင်းကာလ တိုးပွါးလိမ့်မည်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်ဆိုချက်၊ "ငါသည် သင်၏နေ့ရက်များကို တိုးပွားစေမည်" သို့မဟုတ် "ငါသည် သင့်ကို နေ့ရက်ပေါင်းများကို အသက်ရှင်နေထိုင်ရန် ပိုမိုရရှိစေမည်။"

ငါ့ကိုအမှီပြု၍
မိန်းမတစ်ဦးကဲ့သို့ လူပုဂ္ဂိုလ်ပြုထားသော ဉာဏ်ပညာသည် ဤနေရာတွင် ဆက်လက်၍ စကားပြောဆိုသည်။

သင်၏ နေ့ရက်ကာလနှင့် အသက်အပိုင်းအခြား နှစ်ပေါင်းကာလ တိုးပွါးလိမ့်မည်
ဤစာကြောင်းနှစ်ကြောင်းသည် အခြေခံအားဖြင့် တူညီသောအဓိပ္ပာယ်ရှိပြီး၊ ဉာဏ်ပညာ၌ရှိသည် ကြီးမားသော အကျိုးအမြတ်ကို အလေးပေးရန် အသုံးပြုခြင်းဖြစ်သည်။


generated on Tue Jul 2 12:50:28 2024

သင်၏ နေ့ရက်ကာလနှင့် အသက်အပိုင်းအခြား နှစ်ပေါင်းကာလ
တိုးပွါးလိမ့်မည်
ဉာဏ်ပညာသည် အသက်အပိုင်းအခြား နှစ်ပေါင်းကာလကို ရုပ်ဝတ္ထု ပစ္စည်းကဲ့သို့ ပြောဆိုသည်။ ဤဟာကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်ဆိုချက်၊ "ငါသည် သင်၏အသက်တာနှစ်ပေါင်းကို ဖြည့်ဆည်းပေးမည်" သို့မဟုတ် "ငါသည် သင်၏အသက်၌ နှစ်များ ဖြည့်ဆည်းပေးမည်" သို့မဟုတ် "ငါသည် သင်၏အသက်ပိုမိုရှည်လျားစွာ နေထိုင်စေရန် အထောက်အကူပေးမည်။"

သင်သည်ပညာရှိလျှင်၊ ... မထီမဲ့ပြုလျှင်
ဤစာကြောင်းနှစ်ကြောင်းတို့သည် ပညာရှိသောသူတို့က သူတို့၏ ဉာဏ်ပညာကြောင့် အကျိုးကျေးဇူးများ ရရှိကြပြီး၊ မထိမဲ့မြင်ပြုသောသူက သူတို့၏ အပြုအမူကြောင့် ထိခိုက်နစ်နာမည် ဟူ၍ အဓိပ္ပာယ်ရပါသည်။

ခံရလိမ့် မည်
တစ်ယောက်သောသူ၏ ဆိုးသော အပြုအမူ၏ အကျိုးအဆက်ကို တစ်စုံတစ်ယောက်မှ သူ၏နောက်ကျောတွင် လေးလံသော ပစ္စည်းကို ထမ်းပိုးရသကဲ့သို့ ဖြစ်ကြောင်း ပြောဆိုသည်။

## Proverbs 13

ယေဘုယျအချက်အလက်၊
ဤကျမ်းပိုဒ်သည် မိုက်မဲခြင်းကို စတင် ဖော်ပြပြီး၊ မိန်းမတစ်ဦးကဲ့သို့ လူပုဂ္ဂိုလ်ပြုထားသည်။

မိုက်သောမိန်းမသည်
"မိုက်မဲမှု" ဟူ၍လည်း သရုပ်ဖော်ရေးသားချက်အနေဖြင့် ဘာသာပြန်ရန် ဖြစ်နိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မိုက်မဲသော မိန်းမ။" သို့သော်လည်း၊ ဤအခန်းကြီး၏ အစပိုင်းတွင် ဘာသာစကားက ဉာဏ်ပညာကို လူပုဂ္ဂိုလ်ပြုနိုင်လျှင်၊ မိုက်မဲမှုကိုလည်း လူပုဂ္ဂိုလ်နေဖြင့် လက်ခံခွင့်ပြုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မိန်းမ မိုက်မဲမှု"

ဉာဏ်တိမ်သဖြင့် အလျှင်းမသိတတ်
ဤစာကြောင်းနှစ်ကြောင်းသည် အခြေခံအားဖြင့် အဓိပ္ပာယ်တူညီကြပြီး၊ မိုက်သောမိန်းမ မည်ကဲ့သို့ အသုံးမကျပုံကို ပြသရန် ပြန်လည်ပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူမသည် ဘယ်အရာကိုမျှ မသိပါ"

ဉာဏ်တိမ်သဖြင့်
"သူမသည် အတွေ့အကြုံမှ သင်ယူခြင်းမရှိ" သို့မဟုတ် "သူမသည် ငယ်ရွယ်ပြီး အတွေ့အကြုံမရှိ"

လမ်း၌တည့်တည့် ခရီးသွားသော သူတို့ကို
"သူတို့၏ ကိစ္စများကိုသာ တွေးတောနေကြသည်" သို့မဟုတ် "သူတို့၏ အလုပ်ကိုသာ စဉ်းစားနေကြသည်" ဟူသော ဥပစာအသုံးတစ်ခု ဖြစ်ပုံရသည်။

## Proverbs 16

ဉာဏ်တိမ်သော
"အတွေ့အကြုံမရှိ သို့မဟုတ် မရင့်ကျက်သော"

ဤအရပ်သို့ဝင်စေ
"သူ၏လမ်းကို စွန့်၍ ဤနေရာသို့ လာပါစေ"

ဆိုတတ်၏
ကျမ်းချက် ၉:၁၃ တွင် မိတ်ဆက်ပေးခဲ့ပြီးသော မိုက်သောမိန်းမဖြစ်သည်။

ပညာမရှိသောသူ
"ဉာဏ်ပညာ မရှိသောသူ" သို့မဟုတ် "ပညာမတတ်သောသူ"

ခိုးသောရေသည် ချို၏။ တိတ်ဆိတ်စွာစားသောမုန့်လည်း မြိန်သည်
မိုက်သောမိန်းမသည် အကယ်၍ သူတို့သည် သူမနှင့်အိပ်စက်ပျော်ပါးလျှင်၊ ကာမသုခ ပြည့်ဝမည့်အကြောင်း ယောကျ်ားတို့အား ခိုးသောရေ ချိုသကဲ့သို့လည်းကောင်း၊ တိတ်ဆိတ်စွာစားသောမုန့် စားကောင်းသကဲ့သို့လည်းကောင်း ပြောဆိုသည်။ ဥပမာအလင်္ကာတစ်ခုအဖြစ် ဖော်ပြနိုင်သည်။ "သင်သည် ကျွန်မနှင့်အတူ သင်ခိုးသောရေဖြင့် အငတ်ပြေသကဲ့သို့လည်းကောင်း သို့မဟုတ် တိတ်ဆိတ်စွာစားသော မုန့်ကဲ့သို့လည်းကောင်း အသုံးပြု ပျော်ပါးနိုင်ပါသည်။"

ထိုအရပ်၌ သင်္ချိုင်းသားရှိကြောင်း
"သူမနှင့် အတူနေသော ယောကျ်ားတို့သည် ယခုအချိန်တွင် သေလွန်ကြပြီ။"

မရဏာနိုင်ငံအနက်ဆုံး၌နေကြောင်း
"မရဏာ" သည် သေသောသူတို နေထိုင်သော ဘုံကမ္ဘာကို ရည်ညွှန်းသည်။ (ရှု၊ UDB).


generated on Tue Jul 2 12:50:28 2024

# Translation Questions

## Proverbs 9:1

ဉာဏ်ပညာသည် မည်သည့်အရာကိုတည်ဆောက်သနည်း။
ဉာဏ်ပညာသည် မိမိနေရာအိမ်ကို တည်ဆောက်တတ်သည်။

## Proverbs 9:3

ပညာမှ ဖိတ်ကြားထားသောသူများသည် မည်သူများနည်း?
ပညာမှ ဖိတ်ကြားထားသောသူများသည် ပညာမဆည်းပူးရသူများ နှင့် ဉာဏ်တိမ်သောသူများဖြစ်သည်။

## Proverbs 9:5

ပညာမဆည်းပူးရသူများသည် မည်သည့်အရာကို စွန့်ခွာရမည်ဟု ဉာဏ်ပညာဆိုသနည်း?
ပညာမဆည်းပူးရသူများသည် ထိုသို့ပညာမဆည်းပူးရသည့်နည်းလမ်းများကို စွန့်ခွာသင့်သည်။

## Proverbs 9:7

မထီမဲ့မြင်ပြုသောသူကို ပြစ်တင်ဆုံးမသောသူသည် မည်သို့ဖြစ်မည်နည်း။
မထီမဲ့မြင်ပြုသောသူကို ပြစ်တင်ဆုံးမသောသူသည်အရှက်ကွဲခြင်း၊ ကဲ့ရဲ့ခြင်းနှင့် မုန်းတီးခြင်းကို ခံရလိမ့်မည်။

ပညာရှိသောသူကို သွန်သင်ညွှန်ကြားသောသူသည် မည်သို့ဖြစ်မည်နည်း။
ပညာရှိသောသူကို ညွှန်ကြားသောသူသည် ချစ်ခြင်းမေတ္တာကိုခံရလိမ့်မည်။

## Proverbs 9:10

ပညာ၏မူလအမြစ် ကဘာလည်း။
ပညာ၏အရင်းမြစ်သည် ထာဝရဘုရားကိုကြောက်ရွံ့ခြင်းဖြစ်သည်။

နားလည်နိုင်ခြင်းဉာဏ်သည် အဘယ်နည်း?
သန့်ရှင်းသောသူကို သိကျွမ်းခြင်းသည် နားလည်နိုင်ခြင်းဉာဏ်ဖြစ်သည်။

## Proverbs 9:13

မိုက်သောမိန်းမတစ်ယောက်၏ အကျင့်စရိုက်လက္ခဏာသည် မည်သို့နည်း။
မိုက်သောမိန်းမတစ်ယောက်၏ အကျင့်စရိုက်လက္ခဏာသည် အော်ဟစ်ဆူညံခြင်း ၊ သင်ယူခြင်းမရှိ ၊ ဘာမှသိရှိခြင်းမရှိစသည်တို့ဖြစ်သည်။

## Proverbs 9:16

ခိုးယူထားသောပစ္စည်းများ နှင့် လျှို့ဝှက်သောအရာများကို ရသောသူအတွက် ထိုပစ္စည်းများသည် အစတွင်မည်သို့ဖြစ်မည်နည်း?
ခိုးယူထားသောပစ္စည်းများ နှင့် လျှို့ဝှက်သောအရာများကို ရသောသူအတွက် ထိုပစ္စည်းများသည် အစတွင် ချိုမြိန်ကောင်းချိုမြိန်လိမ့်မည်။

မိုက်သောအမျိုးသမီး၏အိမ်၌ မည်သူများနေသနည်း။
မရဏာနိုင်ငံ၏အနက်ရှိုင်းဆုံးနေရာမှ အသေကောင်များသည် မိုက်သောမိန်းမ၏အိမ်တွင် နေကြလိမ့်မည်။

## Chapter 10

1 ရှောလမုန်မင်း၏ သုတ္တံစကားဟူမူကား၊ ပညာ ရှိသောသားသည် အဘဝမ်းမြောက်ခြင်းအကြောင်း၊ မိုက် သောသားမူကား၊
အမိဝမ်းနည်းခြင်းအကြောင်းကို ဖြစ်စေတတ်၏။ 2 မတရားသောဥစ္စာဘဏ္ဍာသည် အကျိုးမရှိ။ ဖြောင့်မတ်ခြင်းပါရမီမူကား၊
သေခြင်းမှ ကယ်တင်တတ် ၏။ 3 ဖြောင့်မတ်သော သူကိုငတ်၍ သေစေခြင်းငှါ၊ ထာဝရဘုရားသည် အခွင့်ပေးတော်မမူ။ မတရားသော
သူတို့၏ အဓမ္မအမှုကိုကား ဖျက်ဆီးတော်မူ၏။ 4 ပျင်းရိသောသူသည် ဆင်းရဲခြင်း၊ လုံ့လဝီရိယ ရှိသောသူသည် ကြွယ်ဝခြင်းသို့
ရောက်တတ်၏။ 5 အသီးသီးသောအချိန်၌ သိမ်းယူသောသူသည် ပညာရှိသောသား ဖြစ်၏။ စပါးရိတ်ရာကာလ၌ အိပ်
တတ်သောသူမူကား၊ အရှက်ခွဲတတ်သောသားဖြစ်၏။ 6 တရားသောသူ၏ခေါင်းပေါ်မှာ မင်္ဂလာ သက် ရောက်တတ်၏။
မတရားသောသူ၏နှုတ်ကိုကား ညှဉ်းဆဲ ခြင်းအပြစ်သည် ပိတ်လိမ့်မည်။ 7 တရားသောသူကို အောက်မေ့သောအခါ
ကောင်းကြီးပေးတတ်၏။ မတရားသောသူ၏နာမမူကား ပုပ်ပျက်တတ်၏။ 8 လိမ္မာသောသူသည် ပညတ်တရားကို ခံတတ်၏။ 9
ဖြောင့်မတ်ခြင်းလမ်းသို့ လိုက်သောသူသည် အနင်းမှန်လိမ့်မည်။ ကောက်သောလမ်းသို့လိုက်သော သူမူကား၊
သဘောထင်ရှားလိမ့်မည်။ 10 မျက်စိမှိတ်သောသူသည် စိတ်ကိုပူစေတတ်၏။ စကားများသော လူမိုက်မူကားဆုံးရှုံးတတ်၏။ 11
ဖြောင့်မတ်သောသူ၏နှုတ်သည် အသက်ရေ တွင်းဖြစ်၏။ မတရားသောသူ၏ နှုတ်ကိုကား၊ ညှဉ်းဆဲ ခြင်းအပြစ်သည် ပိတ်လိမ့်မည်။
12 မုန်းသောစိတ်သည် ရန်တွေ့ရာသို့ တိုက်တွန်း တတ်၏။ ချစ်သော စိတ်မူကား၊ ခပ်သိမ်းသော အပြစ် တို့ကို ဖုံးအုပ်တတ်၏။ 13
ဉာဏ်ကောင်းသောသူသည် ပညာစကားကို ပြောတတ်၏။ ဉာဏ်မဲ့သောသူ၏ကျောအဘို့မူကား ကြိမ်လုံးရှိ၏။ 14
ပညာရှိသောသူတို့သည် ကြားသိသောအရာကို သိမ်းထားတတ်၏။ မိုက်သောသူ၏နှုတ်မူကား၊ အကျိုး နည်းခြင်းနှင့်နီးစပ်၏။ 15
ငွေရတတ်သောသူ၏ စည်းစိမ်သည် သူ၏ခိုင်ခံ့ သောမြို့ဖြစ်၏။ ဆင်းရဲသားတို့၏ဆင်းရဲခြင်းမူကား၊ သူတို့၏
အကျိုးနည်းကြောင်းဖြစ်၏။ 16 ဖြောင့်မတ်သောသူ၏အလုပ်အကိုင်သည် အသက်နှင့်ဆိုင်း၊ မတရားသောသူ၏ အကျိုးစီးပွါးသည်
အပြစ်နှင့်ဆိုင်း ယှဉ်၏။ 17 နည်းဥပဒေသကို စောင့်ရှောက်သောသူသည် အသက်လမ်းသို့ လိုက်တတ်၏။ ဆုံးမခြင်းကို ငြင်းပယ်
သောသူမူကား လမ်းလွဲတတ်၏။ 18 အငြိုးဖွဲ့သောသဘောကို မုသာနှုတ်ခမ်းဖြင့် ဖုံးထားသောသူ၊ သူ့အသရေပျက်အောင်
ပြောတတ်သော သူသည် မိုက်သောသဘောရှိ၏။ 19 စကားများသောအားဖြင့် အပြစ်ပါတတ်၏။ မိမိနှုတ်ကို ချုပ်တည်းသော
သူမူကား ပညာရှိ၏။ 20 ဖြောင့်မတ်သောသူ၏လျှာသည် ငွေစင်နှင့်တူ ၏။ ဆိုးသောသူ ၏ နှလုံးမူကား အဘိုးမထိုက်။ 21
ဖြောင့်မတ်သော သူ၏နှုတ်ခမ်းတို့သည် လူအ များကို ကျွေးတတ်၏။ မိုက်သောသူတို့မူကား၊ ဉာဏ်မ ရှိသောကြောင့် သေကြလိမ့်
မည်။ 22 ထာဝရဘုရား၏ ကောင်းကြီးမင်္ဂလာသည် စည်းစိမ်ကိုဖြစ်စေ တတ်၏။ ထိုစည်းစိမ်နှင့်လည်း၊ ဝမ်း နည်းခြင်းအကြောင်းကို
ရောနှော တော်မမူ။ 23 မိုက်သောသူသည် အပြစ်ပြုရာ၌ ပျော်မွေ့ တတ်၏။ ဉာဏ်ကောင်းသောသူမူကား ဆင်ခြင်တတ်၏။ 24
မတရားသောသူကြောက်တတ်သော အမှုသည် သူ့အပေါ်သို့ ရောက်လိမ့်မည်။ ဖြောင့်မတ်သောသူ တောင့်တသော အကျိုးကိုကား၊
ဘုရားသခင် ပေးတော်မူ မည်။ 25 မတရားသောသူသည် လွန်သွားသော လေဘွေ ကဲ့သို့ ပျောက်တတ်၏။ ဖြောင့်မတ်သောသူမူကား၊
မြဲမြံ သော တိုက်မြစ်ဖြစ်၏။ 26 ပုံးရည်သည်သွား၌ငှင်း၊ မီးခိုးသည် မျက်စိ၌ ငှင်း ဖြစ်သကဲ့သို့၊ ပျင်းရိသောသူသည် စေလွှတ်သော
သူ၌ဖြစ်၏။ 27 ထာဝရဘုရားကိုကြောက်ရွံ့သော သဘောသည် အသက်တာကို ရှည်စေတတ်၏။ မတရားသော သူ၏
နှစ်ပေါင်းကာလမူကား တိုတတ်၏။ 28 ဖြောင့်မတ်သောသူ၏ မြော်လင့်ခြင်းသည် ဝမ်းမြောက်စရာအကြောင်းဖြစ်၏။ ဆိုးသောသူ၏
မြော်လင့်ခြင်းမူကား ပျောက်ပျက်လိမ့်မည်။ 29 ထာဝရဘုရား၏ တရားလမ်းသည် ဖြောင့်မတ် သောသူ ခိုင်ခံ့ခြင်းအကြောင်း ဖြစ်၏။
မတရားသဖြင့် ကျင့်သောသူတို့မူကား၊ ပျက်စီးခြင်းသို့ ရောက်ရကြ လိမ့်မည်။ 30 ဖြောင့်မတ်သောသူသည် အစဉ်မပြတ်နေရာမှ
မရွေ့ရ။ မတရားသောသူမူကား၊ မြေပေါ်မှာ အတည် မကျရ။ 31 ဖြောင့်မတ်သောသူ၏ နှုတ်မှပညာစကား ထွက် တတ်၏။
ကောက်လိမ်သော လျှာမူကား၊ အဖြတ်ခံရ လိမ့်မည်။ 32 ဖြောင့်မတ်သောသူ၏ နှုတ်ခမ်းတို့သည် နှစ်သက်ဘွယ်သော အရာကို
သိကျွမ်းတတ်၏။ မတရား သော သူတို့မူကား၊ ဆန့်ကျင်သော စကားကို ပြောတတ် ကြ၏။

---

Proverbs 01

ယေဘုယျအချက်အလက်၊
အခန်းကြီး ၁၀ ထဲတွင်ရှိသော ကျမ်းပိုဒ်များသည်
အလားတူနှိုင်းယှဉ်မှုနှင့် သိသိသာသာကွဲပြားနေသည်

ရှောလမုန်မင်း၏ သုတ္တံစကား
အခန်းကြီး ၁-၉ အထိကို မိတ်ဆက်ပေးပြီးသော်၊ အခန်းကြီး ၁၀
တွင် သုတ္တံစကားစုစည်းမှုကို စတင်သည်၊
ဉာဏ်ပညာသွန်သင်ပေးသည့်
ဆိုရိုးစကားအတိုအထွာတို့ဖြစ်ကြသည်။

ဥစ္စာဘဏ္ဍာ
အချိန်များစွာပေး၍ ရှာဖွေသိုမှီးထားသည်

 generated on Tue Jul 2 12:50:28 2024

ဖြောင့်မတ်သော သူကိုငတ်၍ သေစေခြင်းငှါ၊ ထာဝရဘုရားသည် အခွင့်ပေးတော်မမူ
ဤနေရာတွင် "ဝိညာဉ်" ဟူသောစကားလုံးသည် လူပုဂ္ဂိုလ်ကို ရည်ညွှန်းသည်။ အဟုတ်ဝါကျအဖြစ် ဖော်ပြရေးသားနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် ဖြောင့်မတ်သောအမှုကို ပြုသောသူတွင် စားစရာ အစာရှိမည့်အကြောင်း သေချာစေတော်မူသည်။"

Proverbs 04

ပျင်းရိသောသူ
"လက်" သည် လူတစ်ယောက်၏ ခွန်အားနှင့် စွမ်းဆောင်ရည်ကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အလုပ်လုပ်ရန် ဆန္ဒမရှိသောသူ"

လုံ့လဝီရိယ ရှိသောသူ
"လက်" သည် လူတစ်ယောက်၏ ခွန်အားနှင့် စွမ်းဆောင်ရည်ကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အလုပ်ကြိုးစား လုပ်ကိုင်သူ"

Proverbs 06

တရားသောသူ၏ ခေါင်းပေါ်မှာ
"ခေါင်း" သည် လူ၏ ခန္ဓာကိုယ်အားလုံးကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ပေးခြင်းခံရမည်"

မတရားသောသူ၏ နှုတ်
"နှုတ်" သည် လူကပြောသောစကားကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မတရားသောသူ၏ ပြောသော စကားများ"

ပိတ်လိမ့်မည်
အမှန်တရားကို ဖုံးကွယ်ထားသည်

နာမ
"နာမ" သည် လူတစ်ယောက်၏ ဂုဏ်သိက္ခာကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မှတ်မိခြင်း"

Proverbs 08

ဆုံးရှုံးတတ်၏
"ဖျက်ဆီးခြင်း ခံရသည်" သို့မဟုတ် "သုံးမရအောင် လုပ်သည်"

ကောက်သော
မဖြောင့်သော၊ လိမ်ဖည်ရွဲ့စောင်းသော၊ မရိုးဖြောင့်သော၊ လိမ်လည်လှည့်ဖြားသော

Proverbs 10

မျက်စိမှိတ်သောသူသည်
"မျက်စိမှိတ်ပြ" သည် အခြားသောသူတစ်ယောက်အားရက်စက်ရန်အတွက် လျှို့ဝှက် အချက်ပြခြင်းကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ခြေဟန် လက်ဟန်ဖြင့် အချက်ပြခြင်းကို ပြုသောသူ"

ဆုံးရှုံးတတ်၏
ဆုံးရှုံးသောသူကို လှွင့်ပစ်ခံရသောသူကဲ့သို့ ပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အခြားသောသူတို့က သူ့ကို ဖျက်ဆီးလိမ့်မည်။"

ဖြောင့်မတ်သောသူ၏နှုတ်
"ဖြောင့်မတ်သောသူ၏ ပြောစကားများ"

အသက်ရေတွင်းဖြစ်၏
ဤပုဂ္ဂိုလ်၏ ပြောစကားကို သက်ရှိ တိရစ္ဆာန်နှင့် လူတို့အား ကာကွယ်စောင့်ရှောက်ထားသကဲ့သို့လည်းကောင်း၊ စမ်းချောင်းရေမှ ခြောက်သွေ့သောမြေကို အကျိုးပြုသကဲ့သို့လည်းကောင်း ပြောဆိုသည်။

မတရားသောသူ၏ နှုတ်
"နှုတ်" သည် လူပုဂ္ဂိုလ်တစ်ယောက်ပြောသောစကားကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မတရားသောသူ၏ ပြောစကားများ"

မတရားသောသူ၏ နှုတ်ကိုကား၊ ညှဥ်းဆဲ ခြင်းအပြစ်သည် ပိတ်လိမ့်မည်
မတရားသောသူသည် ထိခိုက်နစ်နာမှု မရှိသောအရာတို့ကို ပြောဆိုသည်ဟု ထင်ရသော်လည်း၊ အခြားသောသူတို့အပေါ်တွင် ရက်စက်ကြမ်းကြုတ်သောအရာတို့ကို ပြုရန် ကြိုတင်စီစဉ်ထားသည်ဟု ဆိုလိုသည်။

Proverbs 12

ချစ်သော စိတ်မူကား၊ ... ဖုံးအုပ်တတ်၏
ချစ်ခြင်းသည် လူအချင်းချင်းကြား ပြဿနာ၌ ဂြိုလ်ဝင်မွှေမည့်အစား တိတ်ဆိတ်တတ်သောသူ တစ်ယောက်ကဲ့သို့ ပြုမူသည်။

ဉာဏ်ကောင်းသောသူသည် ပညာစကားကို ပြောတတ်၏
"နှုတ်" သည် လူပုဂ္ဂိုလ်တစ်ယောက်ပြောသောစကားကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "စဉ်းစားချင့်ချိန်တတ်သော လူတစ်ယောက် ပြောစကား"

ကျောအဘို့မူကား ကြိမ်လုံးရှိ၏
"ကြိမ်လုံး" သည် ခန္ဓာကိုယ်ကို ပြင်းထန်သော အပြစ်ပေးဆုံးမခြင်းကို ကိုယ်စားပြုပြီး၊ "ကျော" သည် အပြစ်ပေးခြင်းခံရသောသူကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဉာဏ်မဲ့သောသူသည် ပြင်းထန်စွာ အပြစ်ပေးဆုံးမခြင်း လိုအပ်သည်"


generated on Tue Jul 2 12:50:28 2024

Proverbs 14

မိုက်သောသူ၏နှုတ်
"နှုတ်" သည် လူပုဂ္ဂိုလ်တစ်ယောက်ပြောသောစကားကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မိုက်သော လူတစ်ယောက်၏ ပြောသောစကားများ"

ခိုင်ခံ့သော မြို့
ကြီးပွားချမ်းသာခြင်းကို လုံခြုံသော အရပ်ကဲ့သို့ ကိုယ်စားပြုထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ၏ လုံခြုံမှု"

Proverbs 16

လုပ်ခ ... အမြတ်
ဤအသုံးအနှုန်းသည် အလုပ်သမား ရသော လုပ်ခငွေကြေးကို သာမန်အားဖြင်း ဖော်ပြသည်။ ဤနေရာတွင် ထိုအရာတို့သည် မှန်ကန်သောအမူပြုခြင်း သို့မဟုတ် မှားယွင်းသောအမူပြုခြင်း၏ အကျိုးရလဒ်ကို ကိုယ်စားပြုသည်။

နည်းဥပဒေသကို စောင့်ရှောက်သောသူသည် အသက်လမ်းသို့ လိုက်တတ်၏
ပညာရှိ ဆုံးမလမ်းညွှန်ချက်ကို ရှိသေလိုက်လျှောက်သောသူသည် အသက်ရှည်ခြင်းနှင့် ပျော်ရွှင်သော အသက်တာကို ရရှိလိမ့်မည်"

ဆုံးမခြင်းကို ငြင်းပယ် သောသူမူကား လမ်းလွဲတတ်၏
"သို့သော် ပညာရှိ ဆုံးမလမ်းညွှန်ချက်ကို ရိုသေလိုက်လျှောက်ခြင်း မရှိသောသူသည် ကောင်းမွန်သောအသက်တာကို ရရှိလိမ့်မည်မဟုတ်။"

Proverbs 18

မုသာနှုတ်ခမ်း
"နှုတ်ခမ်း" သည် လူပုဂ္ဂိုလ်တစ်ယောက်ပြောသော စကားကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မုသာကို ပြောသည်။"

အပြစ်ပါတတ်၏
"အပြစ်များ ရှိတတ်သည်"

Proverbs 20

ဖြောင့်မတ်သောသူ၏လျှာ
"လျှာ" သည် လူပုဂ္ဂိုလ်တစ်ယောက်ပြောသောစကားကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဖြောင့်မတ်သောသူပြောသော မည်သည့်အရာမဆို"

ငွေစင်နှင့်တူ၏
"ငွေစင်" သည် တန်ဖိုးရှိသော ပြောစကားကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အလွန်ပင် အဖိုးထိုက်တန်သည်။"

ဖြောင့်မတ်သောသူ၏ နှုတ်ခမ်း
"နှုတ်ခမ်း" သည် လူပုဂ္ဂိုလ်တစ်ယောက်ပြောသော စကားကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဖြောင့်မတ်သောသူ တစ်ယောက်၏ ပြောသောစကားများ"

ကျွေး
ဖွံ့ဖြိုး သို့မဟုတ် ပို၍ သန်မာကြီးထွားလာ စေသည်။

Proverbs 22

မိုက်သောသူသည် အပြစ်ပြုရာ၌ ပျော်မွေ့တတ်၏
ပြိုင်ပွဲသည် ပျော်ရွှင်စေရန်အတွက် လူတို့ ကစားကြသော လှုပ်ရှားမှု တစ်ခုဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မိုက်သောသူတို့သည် မတရားခြင်း၌ ပျော်မွေ့ခြင်းကို ရှာတွေ့သည်။"

Proverbs 24

သူ့အပေါ်သို့ ရောက်လိမ့်မည်
တစ်စုံတစ်ယောက်ကို အနိုင်ရသည်

မတရားသောသူသည် လွန်သွားသော လေဘွေကဲ့သို့
မုန်တိုင်းလေပွေလာပြီး အရာအားလုံး လွင့်ပါသွားသကဲ့သို့ မတရားသောသူတို့သည် လွင့်ပျောက်သွားလိမ့်မည်။

မြဲမြံသော တိုက်မြစ်ဖြစ်၏
"တိုက်မြစ်" သည် အခြေ သို့မဟုတ် လူတို့တည်ဆောက်သော အရာတစ်ခု၏ အစပြုရာကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အမြဲတည်ရှိနေမည့်အရာအတွက် အစပြုခြင်း ဖြစ်သည်။"

Proverbs 26

ပုံးရည်သည်သွား၌ငှင်း၊ မီးခိုးသည် မျက်စိ၌ ငှင်း ဖြစ်သကဲ့သို့၊ ပျင်းရိသောသူသည် စေလွှတ်သော သူ၌ဖြစ်၏
"ပုံးရည်" နှင့် "မီးခိုး" တို့သည် လူ၏ သွား နှင့် မျက်စိတို့အား နာကျင်စေသောအရာများကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လုပ်ငန်းတစ်ခု ပြီးမြောက်အောင်မြင်ရန် ပျင်းရိသောသူတစ်ယောက်ကို စေလွှတ်ခြင်းသည် စိတ်ပျက်စရာနှင့် နှစ်လိုဖွယ်မရှိပါ။"

ပုံးရည်
အစားအစာများ အနံ့အရသာ သို့မဟုတ် ကြာရှည်ခံစေရန် အသုံးပြုသည့် ချဉ်သောအရည်

မတရားသောသူ၏ နှစ်ပေါင်းကာလ
"နှစ်" သည် လူတစ်ယောက်၏ အသက်ရှင်နေထိုင်သော အချိန်ကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မတရားသောသူ၏ အသက်တာ"


generated on Tue Jul 2 12:50:28 2024

Proverbs 28

ဆိုးသောသူ၏ မြော်လင့်ခြင်း
ဤနေရာတွင် "နှစ်" သည် လူတစ်ယောက်၏ အသက်ရှင်နေထိုင်သော အချိန်ကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မတရားသောသူ၏ အသက်တာ"

အစဉ်မပြတ် နေရာမှ မရွှေ့ရ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်ဆိုချက်၊ "လုံခြုံစိတ်ချရလိမ့်မည်"

Proverbs 31

ဖြောင့်မတ်သောသူ၏ နှုတ်မှ
"နှုတ်" သည် လူပုဂ္ဂိုလ်တစ်ယောက်ပြောသောစကားကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဖြောင့်မတ်သောသူ၏ စကားများသည်"

ကောက်လိမ်သော လျှာမူကား၊ အဖြတ်ခံရလိမ့်မည်
"လျှာ" သည် လူပုဂ္ဂိုလ်တစ်ယောက်ပြောသော စကားကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်သည် မှားယွင်းသောစကား ပြောသောသူ၏ နှုတ်ကို ပိတ်တော်မူလိမ့်မည်။"

ဖြောင့်မတ်သောသူ၏ နှုတ်ခမ်းတို့သည် နှစ်သက်ဘွယ်သော အရာကို သိကျွမ်းတတ်၏
"နှုတ်ခမ်း" သည် လူပုဂ္ဂိုလ်တစ်ယောက်ပြောသောစကားကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဖြောင့်မတ်သောသူသည် လက်ခံနိုင်ဖွယ်ရာစကား မည်ကဲ့သို့ပြောရမည်ကို သိသည်။"

မတရား သော သူတို့မူကား
"နှုတ်" သည် လူပုဂ္ဂိုလ်တစ်ယောက်ပြောသောစကားကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မတရားသောသူ၏ ပြောစကားများ"

---

## Translation Questions

Proverbs 10:1

ပညာရှိသောသားကို ဖခင်သည် အဘယ်သို့တုံ့ပြန်သနည်း။
ပညာရှိသောသားသည် သူ၏ဖခင်ကိုဝမ်းမြောက်ခြင်းပေးသည်။

ထာဝရဘုရားသည်မတရားသောသူ၏ မက်မောခြင်းကိုမည်ကဲ့သို့လုပ်သနည်း။
မတရားသောသူ၏ တပ်မက်ခြင်းကို ထာဝရဘုရားသည် ဖျက်ဆီးတော်မူ၏။

Proverbs 10:4

ပျင်းရိသောလက်၏ ရလဒ်ကဘာလဲ။
ပျင်းရိသောလက်၏ ရလဒ်သည် ဆင်းရဲခြင်းဖြစ်သည်။

Proverbs 10:6

တရားစွာပြုမူသောသူတို့သည် ဘုရားသခင်ထံမှရရှိကြသနည်း။
တရားစွာပြုမူသောသူတို့သည် ဘုရားသခင်ထံမှ ဆုကျေးဇူးများ ရရှိကြသည်။

Proverbs 10:8

မိုက်မဲ၍စကားများသောသူ၌ မည်သို့ဖြစ်မည်နည်း။
မိုက်မဲ၍စကားများသောသူသည် ပျက်စီးခြင်းသို့ရောက်လိမ့်မည်။

Proverbs 10:12

ချစ်ခြင်းမေတ္တာသည်မည်သည့်အရာများကို ဖုံးလွှမ်းသနည်း။
ချစ်ခြင်းမေတ္တာသည် ခပ်သိမ်းသော အပြစ် တို့ကို ဖုံးလွှမ်းပေးသည်။

ဉာဏ်ကောင်းသောသူ၏ စကားတွင် မည်သည့်အရာတွေ့ရသနည်း။
ဉာဏ်ကောင်းသောသူ၏ စကားတွင် ပညာစကားကို တွေ့ရပါသည်။

Proverbs 10:16

ဆုံးမခြင်းကို ငြင်းပယ်သောသူသည် ဘာဖြစ်မည်နည်း။
ဆုံးမခြင်းကို ငြင်းပယ်သောသူသည် လမ်းလွဲတတ်သည်။

Proverbs 10:18

စကားများသောအခါ မည်သည့်ဖြစ်မည်နည်း။
စကားများသောအခါ အပြစ်ပါတတ်ပါသည်။

Proverbs 10:22

ထာဝရဘုရား ယူဆောင်လာသည့်ကောင်းကြီးမင်္ဂလာသည် အဘယ်နည်း။
ထာဝရဘုရား ယူဆောင်လာသည့်ကောင်းကြီးမင်္ဂလာသည် စည်းစိမ်ကို ဖြစ်စေတတ်သည်။

Proverbs 10:24

မတရားသောသူသည် မည်သည့်အရာနှင့် တူသနည်း။
မတရားသောသူသည် လွင့်သွားသော လေဘွေနှင့်တူပါသည်။

Proverbs 10:26

မီးခိုးသည် မျက်စိ၌ မည်သည့်အရာဖြစ်သနည်း။
မီးခိုးသည် မျက်စိ၌ ဖြစ်သကဲ့သို့၊ ပျင်းရိသောသူသည် စေလွှတ်သော သူ၌ ဖြစ်သည်။

မတရားသောသူ၏ နှစ်ကာလသည် မည်သို့ဖြစ်လိမ့်မည်နည်း။
မတရားသောသူ၏ နှစ်ကာလသည် တိုတတ်သည်။

Proverbs 10:28

ထာဝရဘုရား၏ တရားလမ်းသည် မည်သို့သောသူအတွက် ဖြစ်မည်နည်း။
ထာဝရဘုရား၏တရားလမ်းသည် သမ္မာသတိရှိသောသူ အတွက် ဖြစ်သည်။

Proverbs 10:31

ဖြောင့်မတ်သောသူ၏ နှုတ်မှ မည်သည့်အရာ ထွက်လာသနည်း။
ဖြောင့်မတ်သောသူ၏ နှုတ်မှ
ပညာစကားထွက်လာတတ်ပါသည်။



generated on Tue Jul 2 12:50:28 2024

## Chapter 11

1 မမှန်သောချိန်ခွင်သည် ထာဝရဘုရား စက်ဆုပ် ရွံရှာတော်မူဘွယ်၊ မှန်သောအလေးမူကား၊ နှစ်သက် တော်မူဘွယ်ဖြစ်၏။ 2
မာနထောင်လွှားသောအခါ အရှက်ကွဲခြင်း ဖြစ်တတ်၏။ စိတ်နှိမ့်ချသောသူတို့၌ကား ပညာရှိ၏။ 3 ဖြောင့်သောသဘောသည်
ဖြောင့်မတ်သော သူတို့ကိုပဲ့ပြင်တတ်၏။ ကောက်သောသဘောမူကား၊ လွန်ကျူးသောသူတို့ကို ဖျက်ဆီးတတ်၏။ 4
အမျက်ဒေါသထွက်သောကာလ၌ စည်းစိမ် ဥစ္စာသည် အကျိုးမပေးနိုင်။ဖြောင့်မတ်ခြင်းပါရမီမူကား၊ သေခြင်းမှကယ်တင်တတ်၏။ 5
ဖြောင့်မတ်ခြင်း ပါရမီသည်စုံလင်သောသူတို့ကို ပဲ့ပြင်တတ်၏။ မတရားသောသူမူကား၊ မိမိမတရားသော အမှုအားဖြင့်
ဆုံးရှုံးတတ်၏။ 6 ဖြောင့်မတ်သော သူတို့၏ဖြောင့်မတ်သော သဘောသည် သူတို့ကိုကယ်တင်တတ်၏။ လွန်ကျူးသော သူတို့မူကား၊
မိမိတို့အဓမ္မ၌ ကျော့မိတတ်ကြ၏။ 7 ဆိုးသောသူသည် သေသောအခါ မြော်လင့်ခြင်း ပျက်တတ်၏။
မတရားသောသူ၏တောင့်တခြင်းလည်း ပျက်တတ်၏။ 8 ဖြောင့်မတ်သောသူသည် ဒုက္ခထဲက ထွက် မြောက်၍၊ သူ့ကိုယ်စား
မတရားသောသူခံရ၏။ 9 အဓမ္မလူသည် မိမိနှုတ်ဖြင့် မိမိအိမ်နီးချင်းကို ဖျက်တတ်၏။ တရားသောသူမူကား၊ ပညာအတတ် အားဖြင့်
အမှုလွတ်တတ်၏။ 10 တရားသောသူသည် ကောင်းစားသောအခါ တမြို့လုံး ဝမ်းမြောက်ခြင်း ရှိ၏။ မတရားသောသူသည်
ဆုံးရှုံးသောအခါမူကား၊ ကြွေးကြော်ခြင်းရှိ၏။ 11 တရားသောသူသည် ကောင်းကြီးပေးသော အားဖြင့် သူ၏နေရာမြို့သည်
ချီးမြှောက်ခြင်းသို့ရောက်၏။ မတရားသော သူ၏နှုတ်ဖြင့် ဖြိုဖျက်ခြင်းသို့ရောက် တတ်၏။ 12 ပညာမဲ့သောသူသည် မိမိအိမ်နီးချင်းကို
မထီမဲ့မြင်ပြုတတ်၏။ ဉာဏ်ကောင်းသောသူမူကား၊ တိတ်ဆိတ်စွာ နေတတ်၏။ 13 လည်၍စကားများစွာ ပြောတတ်သောသူသည်
လျှို့ဝှက်အပ်သောအရာကို ဘော်ပြတတ်၏။ သစ္စာစောင့် သောသူမူကာ၊ ဝှက်ထားတတ်၏။ 14 အကြံပေးနိုင်သော ဉာဏ်မရှိလျှင်
ပြည်သားတို့ သည် ရှုံးတတ်၏။ အကြံပေးနိုင်သောသူ အများရှိလျှင် မူကား၊ ဘေးလွတ်တတ်၏။ 15 အကျွမ်းမဝင်သောသူ၏
အမှု၌အာမခံသော သူသည် အလွန်နာလိမ့်မည်။ လက်ဝါးချင်းရိုက်သော အမှု ကို မုန်းသောသူမူကား၊ စိုးရိမ်စရာမရှိ။ 16
နှစ်သက်ဘွယ်သောမိန်းမသည် ဂုဏ်အသရေ ကိုရ၏။ ခွန်အားကြီးသော ယောကျ်ားသည် စည်းစိမ်ကို ရ တတ်၏။ 17
သနားတတ်သောသူသည် မိမိကိုယ်၌ ကျေးဇူး ပြုတတ်၏။ ကြမ်းကြုတ်သောသူမူကား၊ မိမိကိုယ်ကိုပင် နှောင့်ရှက်တတ်၏။ 18
မတရားသောသူပြုသော အမှုသည် အမြဲ မတည်တတ်။ ဖြောင့်မတ်ခြင်းတရားမျိုးစေ့ကို ကြဲသော သူမူကား၊ မြဲမြံသော
အကျိုးကိုခံရလိမ့်မည်။ 19 ဖြောင့်မတ်ခြင်းတရားသည် အသက်ရှင်ခြင်းနှင့် ဆိုင်သကဲ့သို့၊ ဒုစရိုက်ကိုလိုက်ရှာသောသူသည်လည်း၊
မိမိသေခြင်းတိုင်အောင် လိုက်ရှာတတ်၏။ 20 သဘောကောက်သောသူတို့ကို ထာဝရဘုရား သည် စက်ဆုပ်ရွံရှာတော်မူ၏။
ဖြောင့်သောလမ်းသို့ လိုက်သော သူတို့ကိုကား၊ နှစ်သက်တော်မူ၏။ 21 လူဆိုးတို့သည် အသင်းဖွဲ့သော်လည်း၊ အပြစ်
ဒဏ်နှင့်မလွတ်ရကြ။ ဖြောင့်မတ်သောသူတို့၏ အမျိုး အနွယ်မူကား လွတ်ရ၏။ 22 သမ္မာသတိမရှိ၊ အဆင်းလှသော မိန်းမသည်
ဝက်မနှာခေါင်းဖျား၌တပ်သော ရွှေတန်ဆာနှင့်တူ၏။ 23 ဖြောင့်မတ်သောသူသည် မြတ်သောအရာကို သာတောင့်တတတ်၏။
မတရားသောသူမြော်လင့်သော အရာမူကား၊ ဒေါသအမျက်နှင့် ဆိုင်သတည်း။ 24 စွန့်ကြဲသော်လည်း ဥစ္စာတိုးပွါး တတ်သော သူရှိ၏။
အထောက်မတန်စုသိမ်း၍ ဆင်းရဲခြင်းသို့ ရောက်တတ်သော သူလည်းရှိ၏။ 25 စွန့်ကြဲတတ်သောသူသည် ကြွယ်ဝလိမ့်မည်။
သူတပါးကို ရေလောင်းသော သူသည် ကိုယ်တိုင် ရေလောင်းခြင်း အကျိုး ကို ခံရလိမ့်မည်။ 26 စပါးကိုသိုထားသော သူသည်
လူများကျိန်ဆဲ ခြင်းကို ခံရလိမ့်မည်။ ရောင်းချသောသူ၏ခေါင်း၌မူကား၊ ကောင်းကြီးမင်္ဂလာရှိလိမ့်မည်။ 27
ကောင်းသောအရာကိုကြိုးစား၍ ရှာသော သူသည် ကျေးဇူးကို ခံရလိမ့်မည်။ သူ့အကျိုးကိုဖျက်ခြင်းငှါ ရှာကြံသောသူမူကား၊
ကိုယ်အကျိုးပျက်ခြင်းရှိလိမ့်မည်။ 28 မိမိစည်းစိမ်ကို ကိုးစားသောသူသည် ရှုံးလိမ့် မည်။ ဖြောင့်မတ်သော သူမူကား၊ သစ်ခက်ကဲ့သို့
စိမ်း လန်းလိမ့်မည်။ 29 မိမိအိမ်ကိုနှောင့်ရှက်သော သူသည် လေကို အမွေခံရလိမ့်မည်။ မိုက်သောသူသည်လည်း၊ လိမ္မာသော သူထံ၌
ကျွန်ခံရလိမ့်မည်။ 30 ဖြောင့်မတ်သောသူ သီးသော အသီးသည် အသက်ပင်အသီးဖြစ်၏။ သူတပါးတို့၏ စိတ်ဝိညာဉ်ကို
ရသောသူသည်လည်း ပညာရှိဖြစ်၏။ 31 ဖြောင့်မတ်သောသူသော်လည်း မြေကြီးပေါ်မှာ အပြစ်ဒဏ်ကို ခံရ၏။ မတရားသောသူနှင့်
အပြစ် ထင်ရှားသောသူကိုမူကား၊ အဘယ်ဆိုဘွယ်ရာ ရှိသနည်း။


generated on Tue Jul 2 12:50:28 2024

## Chapter 12

1 နည်းဥပဒေကို ခံချင်သောသူသည် ပညာ အတတ်ကို နှစ်သက်၏။ ဆုံးမခြင်းကိုမုန်းသော သူမူကား၊ တိရစ္ဆာန်သဘောရှိ၏။ 2
သူတော်ကောင်းသည် ထာဝရဘုရားရှေ့တော်၌ မျက်နှာရတတ်၏။ မကောင်းသောအကြံကို ကြံစည်သော သူမူကား၊
အပြစ်စီရင်တော်မူခြင်းကို ခံရ၏။ 3 လူသည်ဒုစရိုက်အားဖြင့် မြဲမြံခြင်းသို့ မရောက် ရာ။ ဖြောင့်မတ်သောသူ၏အမြစ်မူကား မရွေ့ရာ။
4 သီလရှိသော မိန်းမသည် မိမိလင်၌ ဦးရစ်သရဖူ ဖြစ်၏။ အရှက်ခွဲတတ်သော မိန်းမမူကား၊ လင်၏အရိုး တို့၌
ဆွေးမြေ့ခြင်းကဲ့သို့ဖြစ်၏။ 5 ဖြောင့်မတ်သော သူ၏အကြံသည် ဖြောင့်၏။ မတရားသော သူပေးသော အကြံမူကား မုသာဖြစ်၏။ 6
မတရားသော သူ၏စကားသည် သူ့အသက်ကို သတ်ခြင်းငှါ စောင်းမြောင်းတတ်၏။ ဖြောင့်မတ်သော သူ၏နှုတ်မူကား၊
သူတပါးတို့ကို ကယ်နှုတ်တတ်၏။ 7 မတရားသော သူ၏အိမ်သည် ပြိုလဲပျောက် ပျက်ခြင်း၊ ဖြောင့်မတ်သောသူ၏ အိမ်မူကား၊
အမြဲတည် ခြင်းရှိတတ်၏။ 8 လူသည်ဉာဏ်ပညာရှိသည်အတိုင်း ချီးမွမ်းခြင်း ကိုခံရ၏။ သဘောကောက်သော သူမူကား၊ မထီမဲ့မြင်
ပြုခြင်းကို ခံရ၏။ 9 စားစရာမရှိဘဲ ဝါကြွားသောသူထက်၊ အသရေ မရှိ၊ ကိုယ်အလုပ်ကိုလုပ်ရသော သူသည်သာ၍ ကောင်း၏။ 10
ဖြောင့်မတ်သောသူသည် မိမိတိရစ္ဆာန်အသက် ကို နှမြောတတ်၏။ မတရားသောသူမူကား၊ ကရုဏာ အရာ၌ပင် ကြမ်းကြုတ်တတ်၏။
11 မိမိလယ်ယာကို လုပ်သောသူသည် ဝစွာစားရ ၏။ အချည်းနှီးသောအမှုကို စောင့်သောသူမူကား၊ ဉာဏ်ချို့တဲ့၏။ 12
မတရားသောသူသည် လူဆိုးသုံးတတ်သော ကျော့ကွင်းကို အလိုရှိ၏။ ဖြောင့်မတ်သော သူ၏အမြစ် မူကား၊ အသီးကိုသီးတတ်၏။ 13
စကားလွန်ကျူးရာတွင် ဆိုးသောကျော့ကွင်း ရှိ၏။ ဖြောင့်မတ်သောသူမူကား၊ အမှုထဲက ထမြောက် တတ်၏။ 14
လူသည်မိမိနှုတ်ခမ်းအသီးကို ဝစွာစားရ၏။ မိမိလက်လုပ်ရာ အကျိုးအပြစ်ကိုလည်း ခံရ၏။ 15 မိုက်သောသူသည်
မိမိပြုသောအမှုကို မှန်သည် ဟု ထင်တတ်၏။ အကြံပေးသောစကားကို နားထောင် သော သူမူကားပညာရှိ၏။ 16 မိုက်သောသူ၏
အမျက်ဒေါသသည် ချက်ခြင်း ထင်ရှားတတ်၏။ ပညာသတိရှိသောသူမူကား၊ ရှက်စရာ အမှုကို ဖုံးတတ်၏။ 17 မှန်သောစကားကို
ပြောသောသူသည် ဖြောင့် မတ်ခြင်းတရား၊ မမှန်သောသက်သေကို ခံသောသူမူကား၊ မုသာတရားကို ပြသတတ်၏။ 18
သန်လျက်နှင့်ထိုးသကဲ့သို့ စကားပြောတတ် သော လူတချို့ရှိ၏။ ပညာရှိတို့၏ လျှာမူကား အနာကို ပင် ပျောက်စေတတ်၏။ 19
သစ္စာနှုတ်ခမ်းသည် အစဉ်အမြဲတည်၏။ မုသာ လျှာမူကား ခဏသာတည်၏။ 20 မကောင်းသောအကြံကို ကြံသောသူတို့၏ စိတ်
ထဲမှာ လှည့်စားတတ်သောသဘောရှိ၏။ ရန်ပြေစေခြင်း ငှါ အကြံပေးသော သူတို့၌ကား၊ ဝမ်းမြောက်စရာ အကြောင်းရှိ၏။ 21
တရားသောသူ၌ အမင်္ဂလာမရောက်ရာ။ မတရားသော သူမူကား၊ အမင်္ဂလာနှင့်ပြည့်ဝရလိမ့်မည်။ 22 မုသာသုံးသောနှုတ်ခမ်းသည်
ထာဝရဘုရား စက်ဆုပ်ရွံရှာတော်မူဘွယ်ဖြစ်၏။ သစ္စာတရားကို စောင့် ရှောက်သောသူတို့မူကား၊ နှစ်သက်တော်မူဘွယ် ဖြစ်ကြ ၏။ 23
ပညာသတိရှိသောသူသည် မိမိသိသောအရာ ကိုပင် ထိမ်ဝှက်တတ်၏။ မိုက်သောသူမူကား၊ မိမိစိတ်
အလိုအလျောက်မိုက်သောသဘောကို ထင်ရှားပြတတ် ၏။ 24 လုံ့လဝီရိယ ပြုသောသူသည် အစိုးရတတ်၏။ ပျင်းရိသောသူမူကား၊
အခွန်ပေးရ၏။ 25 ဝမ်းနည်းခြင်းအကြောင်းသည် ညှိုးငယ်စေ တတ်၏။ ကောင်းသောစကားမူကား၊ ရွှင်လန်းစေတတ် ၏။ 26
ဖြောင့်မတ်သောသူသည် အိမ်နီးချင်းကို လမ်း ပြတတ်၏။ မတရားသောသူလိုက်သော လမ်းမူကား၊ သူ့ကိုပင် လှည့်စားတတ်၏။ 27
ပျင်းရိသောသူသည် မုဆိုးလုပ်သော်လည်း၊ ဘမ်း ရသောအကောင်ကို ကင်၍မစားရ။ လုံ့လဝီရိယပြုသော သူ၏ ဥစ္စာမူကား၊
အဘိုးထိုက်ပေ၏။ 28 ဖြောင့်မတ်ခြင်းတရားလမ်း၌ သေဘေးမရှိ၊ အသက်ချမ်းသာလမ်း ဖြစ်၏။


generated on Tue Jul 2 12:50:28 2024

## Chapter 13

1 ပညာရှိသောသားသည် အဘ၏သွန်သင်ခြင်း ကို နားထောင်တတ်၏။ မထီမဲ့မြင်ပြုသောသားမူကား၊ အပြစ်တင်ခြင်းကို
နားမထောင်တတ်။ 2 လူသည် မိမိနှုတ်၏အသီးတည်းဟူသော ကောင်းသောအရာကို စားရ၏။ ပြစ်မှားတတ်သော သူမူ ကား၊
ညှဉ်းဆဲခြင်းအပြစ်၏အသီးကို စားရ၏။ 3 မိမိနှုတ်ကိုစောင့်သောသူသည် မိမိအသက်ကို စောင့်၏။ မိမိနှုတ်ကို
ကျယ်ကျယ်ဖွင့်သောသူမူကား၊ ပျက်စီးခြင်းသို့ရောက်တတ်၏။ 4 ပျင်းရိသောသူသည် အဘယ်အရာကိုမျှ တောင့် တ၍ မရတတ်။
လုံ့လဝိရိယပြုသောသူမူကား၊ မိမိအလို ဆန္ဒပြည့်စုံရ၏။ 5 ဖြောင့်မတ်သောသူသည် မုသာစကားကို မုန်း တတ်၏။
မတရားသောသူမူကား၊ စက်ဆုပ်ဘွယ်ဖြစ်၍၊ အရှက်ကွဲခြင်းသို့ ရောက်တတ်၏။ 6 ဖြောင့်မတ်ခြင်းတရားသည် လမ်းမလွဲသော
သူကိုစောင့်တတ်၏။ ဒုစရိုက်တရားမူကား၊ အပြစ်ရှိသော သူကိုလှဲတတ်၏။ 7 အလွန်ဆင်းရဲလျက်နှင့် ရတတ်ဟန်ဆောင် သော
သူရှိ၏။ အလွန်ရတတ်လျက်နှင့် ဆင်းရဲဟန် ဆောင်သောသူလည်းရှိ၏။ 8 စည်းစိမ်သည် ရတတ်သောသူ၏အသက်ကို
ရွေးဘိုးဖြစ်၏။ ဆင်းရဲသောသူမူကား၊ အပြစ်တင်သော စကားကို မကြားဘဲနေ၏။ 9 ဖြောင့်မတ်သော သူ၏အလင်းသည် ရွှင်လန်း
၏။ မတရားသော သူ၏မီးခွက်မူကား၊ သေရလိမ့်မည်။ 10 မာနကြောင့်သာ ရန်တွေ့ခြင်းဖြစ်၏။ သတိပေး သော စကားကို
နားခံသောသူမူကား ပညာရှိ၏။ 11 လျှပ်ပေါ် ခြင်းအားဖြင့် ဥစ္စာသည်လျော့တတ် ၏။ ကြိုးစားအား ထုတ်၍ဆည်းဖူးသော
သူ၏ဥစ္စာမူကား၊ ပြန့်ပွားတတ်၏။ 12 မျှော်လင့်သောအရာသည် ဖင့်နွဲ့လျှင်၊ စိတ်နှလုံး ကို ပူပန်စေတတ်၏။
အလိုပြည့်စုံသောအခါမူကား အသက်ပင်ဖြစ်၏။ 13 နှုတ်ကပတ်တော်ကို မထီမဲ့မြင်ပြုသောသူသည် ပျက်စီးလိမ့်မည်။
ပညတ်တရားတော်ကိုခန့်ညားသော သူမူကား၊ ချမ်းသာရလိမ့်မည်။ 14 ပညာရှိသောသူ၏တရားသည် အသေခံရာ ကျော့ကွင်းတို့မှ၊
လွှဲရှောင်ရာအသက်စမ်းရေတွင်းဖြစ်၏။ 15 ကောင်းသောဉာဏ်ရှိသောသူသည် မျက်နှာ ရတတ်၏။ ပြစ်မှားသော သူတို့လမ်းမူကား၊
ခက်သော လမ်းဖြစ်၏။ 16 သမ္မာသတိရှိသော သူအပေါင်းတို့သည် ပညာ အတတ်နှင့်ပြုမူတတ်ကြ၏။ မိုက်သောသူမူကား၊ မိမိမိုက်
သော အပြစ်ကို ထင်ရှားစေတတ်၏။ 17 မတရားသောအစေခံသည် မိမိစောင့်သောအမှု ကို ဖျက်တတ်၏။သစ္စာရှိသော
သံတမန်မူကား၊ ကျန်းမာ ခြင်းအကြောင်းဖြစ်၏။ 18 သွန်သင်ခြင်းကို ငြင်းပယ်သောသူသည် ဆင်းရဲ ခြင်းနှင့်ရှက်ကြောက်ခြင်းသို့
ရောက်လိမ့်မည်။ ဆုံးမသော စကားကို နားထောင်သော သူမူကား၊ ဂုဏ်အသရေကို ရလိမ့်မည်။ 19 အလိုဆန္ဒပြည့်စုံခြင်းအရာသည်
ချိုမြိန်၏။ ဒုစရိုက်ကို ရှောင်သောအရာမူကား၊ မိုက်သောသူတို့ စက်ဆုပ်သော အရာဖြစ်၏။ 20 ပညာရှိတို့နှင့်ပေါင်းဘော်သောသူသည်
ပညာ ရှိတတ်၏။ လူမိုက်တို့နှင့် ပေါင်းဘော်သောသူမူကား၊ ပျက်စီးတတ်၏။ 21 အပြစ်ရှိသော သူတို့ကို ဘေးလိုက်တတ်၏။
ဖြောင့်မတ်သော သူတို့မူကား၊ ကောင်းသောအကျိုးကို ခံရလိမ့်မည်။ 22 သူတော်ကောင်းသည် သားမြေးတို့အဘို့ အမွေ ဥစ္စာကို
ချန်ထားတတ်၏။ အပြစ်ရှိသော သူ၏စည်းစိမ် မူကား၊ ဖြောင့်မတ်သော သူတို့အဘို့ သိုထားလျက်ရှိ၏။ 23 ဆင်းရဲသား၊
လယ်လုပ်ခြင်းအားဖြင့် စားစရာ ပွါးများ၏။ သို့ရာတွင်၊ မတရားသော အမှုကြောင့် ပျက်စီး ခြင်းသို့ ရောက်တတ်၏။ 24 ကြိမ်လုံးကို
မသုံးသောသူသည် မိမိသားကို မုန်းရာသို့ ရောက်၏။ သားကိုချစ်သောသူမူကား၊ ငယ် သောအရွယ်မှစ၍ ဆုံးမတတ်၏။ 25
ဖြောင့်မတ်သောသူသည် ဝစွာစားရသော အခွင့်ရှိ၏။ မတရားသော သူမူကား၊ မွတ်သိပ်ခြင်းကို ခံရလိမ့်မည်။



generated on Tue Jul 2 12:50:28 2024

## Chapter 14

[1] ပညာရှိသောမိန်းမသည် မိမိအိမ်ကို တည် ဆောက်တတ်၏။ မိုက်သောမိန်းမမူကား၊ ကိုယ်လက်နှင့် ဖြိုဖျက်တတ်၏။ [2]
ဖြောင့်သောလမ်းသို့လိုက်သောသူသည် ထာဝရ ဘုရားကို ကြောက်ရွံ့တတ်၏။ ကောက်သောလမ်းသို့ လိုက်သောသူမူကား၊
မထီမဲ့မြင်ပြုတတ်၏။ [3] မိုက်သောသူ၏ နှုတ်၌မာနကြိမ်လုံးရှိ၏။ ပညာ ရှိသောသူ၏ နှုတ်ခမ်းတို့သည် ကယ်တင်သောအမှုကို
ပြုတတ်၏။ [4] နွားထီးမရှိသော တင်းကုပ်သည် စင်ကြယ်၏။ သို့သော်လည်း၊ နွားခွန်အားကိုသုံး၍ များသောစီးပွားကို ရတတ်၏။ [5]
သစ္စာရှိသောသက်သေသည် မုသာမသုံးတတ်။ သစ္စာပျက်သော သက်သေမူကား၊ မုသာကိုသုံးတတ်၏။ [6] မထီမဲ့မြင်ပြုသောသူသည်
ပညာကိုရှာ၍ မတွေ့ရာ။ ဥာဏ်ရှိသောသူမူကား၊ ပညာအတတ်ကို ရလွယ်၏။ [7] မိုက်သောသူနှင့်တွေ့၍ သူ၏နှုတ်၌ ပညာ
အတတ်မရှိသည်ကို သိမြင်လျှင်၊ ထိုသူကို ရှောင်သွား လော့။ [8] ပညာသတိရှိသော သူ၏ပညာကား၊ ကိုယ်သွား ရသော လမ်းကို
သိခြင်းတည်း။ မိုက်သောသူ၏ မိုက်ခြင်း မူကား၊ ပရိယာယ်တည်း။ [9] မိုက်သောသူတို့သည် ဒုစရိုက်အပြစ်ကို မထီ လေးစားပြုကြ၏။
ဖြောင့်မတ်သော သူတို့မူကား၊ တယောက်ကိုတယောက် ကျေးဇူးပြုကြ၏။ [10] စိတ်နှလုံးသည် မိမိဒုက္ခကို သိ၏။ စိတ်နှလုံး
ရွှင်လန်းခြင်း အကြောင်းကိုလည်း သူတပါးမဆိုင်တတ်။ [11] မတရားသောသူ၏အိမ်သည် ပြိုလဲတတ်၏။ ဖြောင့်မတ်သော
သူ၏တဲမူကား၊ ပွင့်လန်းတတ်၏။ [12] လူထင်သည်အတိုင်း မှန်သောလက္ခဏာရှိသော် လည်း၊ အဆုံး၌ သေခြင်းသို့ပို့သော
လမ်းတမျိုးရှိ၏။ [13] လူသည် ရယ်စဉ်အခါပင်၊ ဝမ်းနည်းသော စိတ် သဘောရှိ၏။ ထိုရယ်မောရွှင်လန်းခြင်းအဆုံး၌လည်း
ညှိုးငယ်ခြင်းရှိတတ်၏။ [14] စိတ်နှလုံးဖေါက်ပြန်သောသူဖြစ်စေ၊ သူတော် ကောင်းဖြစ်စေ၊ မိမိအကျင့်တို့နှင့်ဝလိမ့်မည်။ [15]
ဥာဏ်တိမ်သော သူသည်သူတပါး ပြောသမျှကို ယုံတတ်၏။ ပညာသတိရှိသောသူမူကား၊ မိမိသွားရာ လမ်းကို စေ့စေ့ကြည့်ရှုတတ်၏။
[16] ပညာရှိသောသူသည် ကြောက်၍ ဒုစရိုက်ကို ရှောင်တတ်၏။ မိုက်သောသူမူကား မာနကြီး၍ ရဲရင့် တတ်၏။ [17]
စိတ်တိုသောသူသည် မိုက်စွာသောအမှုကို ပြုတတ်၏။ မကောင်းသောအကြံကို ကြံသောသူကိုလည်း သူတပါးမုန်းလိမ့်မည်။ [18]
ဥာဏ်တိမ်သော သူသည်မိုက်ခြင်းကို အမွေခံ တတ်၏။ ပညာသတိရှိသောသူမူကား၊ သိပ္ပံသရဖူကို ဆောင်းတတ်၏။ [19]
လူဆိုးတို့သည် သူတော်ကောင်းရှေ့၌၎င်း၊ မတရားသောသူတို့သည် ဖြောင့်မတ်သောသူ၏ အိမ် တံခါးဝ၌၎င်း ဦးချတတ်ကြ၏။ [20]
ဆင်းရဲသောသူသည် မိမိအိမ်နီးချင်း မုန်းခြင်း ကိုပင် ခံရမည်။ ငွေရတတ်သောသူ၌မူကား၊ များစွာ သော အဆွေခင်ပွန်းရှိလိမ့်မည်။ [21]
မိမိအိမ်နီးချင်းကို မထီမဲ့မြင်ပြုသော သူသည် အပြစ်ရှိ၏။ ဆင်းရဲသော သူကိုသနားသောသူမူကား၊ မင်္ဂလာရှိ၏။ [22] မကောင်းသော
အကြံကိုကြံတတ်သော သူတို့ သည် မှားယွင်းကြလိမ့်မည်။ ကျေးဇူးပြုမည်ဟု ကြံတတ် သောသူတို့မူကား၊ ကရုဏာအကျိုး
နှင့်သစ္စာအကျိုးကို ခံရကြလိမ့်မည်။ [23] ကြိုးစား၍ လုပ်လေရာရာ၌ကျေးဇူးရှိ၏။ စကား များခြင်းအကျိုးမူကား၊
ဆင်းရဲခြင်းသက်သက်တည်း။ [24] ပညာရှိသောသူတို့၏ စည်းစိမ်ဥစ္စာသည် သူတို့ ဦးရစ်သရဖူဖြစ်၏။ မိုက်သောသူတို့၏
မိုက်ခြင်းမူကား၊ အမိုက်သက်သက်ဖြစ်၏။ [25] မှန်သောသက်သေသည် သူ့အသက်ကို ကယ် တင်တတ်၏။ မမှန်သောသက်သေမူကား၊
မုသာကို သုံးတတ်၏။ [26] ထာဝရဘုရားကို ကြောက်ရွံ့ခြင်းသည် အားကြီး သော ကိုးစားရာအခွင့်ကိုဖြစ်စေတတ်၏။ သားတော်တို့
သည်လည်း ၊ ခိုလှုံရာအရပ်ကို ရကြလိမ့်မည်။ [27] ထာဝရဘုရားကို ကြောက်ရွံ့သောသဘောသည် အသေခံရာ ကျော့ကွင်းတို့မှ
လွှဲရှောင်ရာအသက် စမ်းရေ တွင်းဖြစ်၏။ [28] ပြည်သားများပြားရာ၌ ရှင်ဘုရင်၏ဘုန်းတော် တည်၏။ ပြည်သားနည်းပါးရာ၌ကား၊
မင်းအကျိုးနည်း ခြင်းရှိ၏။ [29] စိတ်ရှည်သောသူသည် ပညာကြီး၏။ စိတ်တို သောသူမူကား၊ အထူးသဖြင့် မိုက်ပေ၏။ [30]
ကျန်းမာသောနှလုံးသည် ကိုယ်အသက်ရှင်စေ သောအကြောင်း၊ ငြူစူသော သဘောမူကား၊ အရိုး ဆွေးမြေ့ခြင်းအကြောင်းဖြစ်၏။ [31]
ဆင်းရဲသားတို့ကို ညှဥ်းဆဲသောသူသည် ဖန် ဆင်းတော်မူသော ဘုရားကိုကဲ့ရဲ့၏။ ဘုရားကို ရိုသေ သောသူမူကား၊
ဆင်းရဲသောသူတို့ကို သနားတတ်၏။ [32] မတရားသောသူသည် မတရားသဖြင့် ပြုစဉ် အခါ၊ လှဲခြင်းကို ခံရ၏။
ဖြောင့်မတ်သောသူမူကား၊ သေသောအခါ၌ပင် မြော်လင့်စရာရှိ၏။ [33] ဥာဏ်ရှိသောသူ၏ နှလုံး၌ပညာကျိန်းဝပ်တတ် ၏။
မိုက်သောသူတို့၏အထဲ၌ ရှိသောအရာမူကား၊ ထင်ရှားတတ်၏။ [34] ဖြောင့်မတ်ခြင်းတရားသည် ပြည်သားတို့ကို ချီးမြှောက်တတ်၏။
ဒုစရိုက်အပြစ်မူကား၊ ပြည်သားများ တို့ကို ရှုတ်ချတတ်၏။ [35] ပညာရှိသော အကျွန်အားရှင်ဘုရင်သည် ကျေးဇူးပြုတတ်၏။
အရှက်ခွဲတတ်သော ကျွန်မူကား၊ အမျက်တော်ကို ခံရမည်။


generated on Tue Jul 2 12:50:28 2024

## Chapter 15

1 ဖြည်းညှင်းသော စကားသည် စိတ်ကိုဖြေတတ် ၏။ ကြမ်းတမ်းသောစကားမူကား၊ အမျက်ကို နှိုးဆော် တတ်၏။ 2 ပညာရှိသော
သူ၏လျှာသည် ပညာအတတ်ကို တင့်တယ်စေတတ်၏။ မိုက်သောသူတို့၏ နှုတ်မူကား၊ မိုက်သောအရာကို သွန်းလောင်းတတ်၏။ 3
ထာဝရဘုရား၏မျက်စိတော်သည် ခပ်သိမ်း သောအရပ်၌ရှိ၍၊ ကောင်းမကောင်းကို ကြည့်ရှုတော်မူ ၏။ 4 ဖြည်းညှင်းသောလျှာသည်
အသက်ဖြစ်၏။ ကြမ်းတမ်းသော လျှာမူကား စိတ်နာစေတတ်၏။ 5 မိုက်သောသူသည် အဘသွန်သင်ခြင်းကို မထီမဲ့ မြင်ပြုတတ်၏။
ဆုံးမသော စကားကို နားထောင်သော သူမူကား၊ သမ္မာသတိနှင့်ပြည့်စုံတတ်၏။ 6 ဖြောင့်မတ်သောသူ၏ အိမ်၌များစွာသော
စည်းစိမ်ရှိ၏။ မတရားသော သူခံရသောအခွန်မူကား၊ များစွာသော နှောင့်ရှက်ခြင်းနှင့်ယှဉ်၏။ 7 ပညာရှိသော သူ၏နှုတ်ခမ်းတို့သည်
ပညာ အတတ်ကို စွန့်ကြဲတတ်၏။ မိုက်သောသူ၏ နှလုံးမူကား ပညာမရှိ။ 8 မတရားသောသူ ပူဇော်သောယဇ်ကို ထာဝရ
ဘုရားစက်ဆုပ် ရွံ့ရှာတော်မူ၏။ သဘောဖြောင့်သောသူ ဆုတောင်းသော ပဌနာကိုကား၊ နှစ်သက်တော်မူ၏။ 9 မတရားသော
သူလိုက်သောလမ်းကို ထာဝရ ဘုရားစက်ဆုပ်ရွံရှာတော်မူ၏။ ဖြောင့်မတ်ခြင်း တရား လမ်းသို့ လိုက်သောသူကိုကား ချစ်တော်မူ၏။
10 လမ်းလွှဲသောသူသည် ဆုံးမသောစကားကို နားမခံလို။ သို့သော်လည်း၊ အပြစ်တင်ခြင်းကို မုန်းသော သူသည် သေရမည်။ 11
မရဏာနိုင်ငံနှင့်အဗဒ္ဒုန်နိုင်ငံသည် ထာဝရ ဘုရားရှေ့တော်၌ ထင်ရှား၏။ ထိုမျှမက၊ လူသားတို့၏ နှလုံးသည် သာ၍ထင်ရှား၏။ 12
မထီမဲ့မြင်ပြုသောသူသည် အပြစ်ပြသောသူကို မချစ်တတ်။ ပညာရှိထံသို့ မချဉ်းကပ်တတ်။ 13 ရွှင်လန်းသောစိတ်နှလုံးသည်
ချိုသောမျက်နှာ ကို ဖြစ်စေတတ်၏။ ညှိုးငယ်ခြင်းအားဖြင့်ကား၊ စိတ်ပျက် တတ်၏။ 14 ဥာဏ်ကောင်းသောသူ၏ စိတ်နှလုံးသည်
ပညာ အတတ်ကို ရှာတတ်၏။ မိုက်သောသူတို့၏ နှုတ်မူကား၊ မိုက်ခြင်းကို ကျက်စားတတ်၏။ 15 ဆင်းရဲငြိုငြင်သောသူ၏
နေ့ရက်ရှိသမျှတို့သည် ဆိုးယုတ်ကြ၏။ ရွှင်လန်းသောစိတ်နှလုံးမူကား၊ အစဉ် အမြဲခံရသောပွဲဖြစ်၏။ 16 နှောင့်ရှက်ခြင်းနှင့်ယှဉ်၍
ကြီးစွာသော စည်းစိမ် ထက် ထာဝရဘုရားကိုကြောက်ရွံ့ခြင်းနှင့် ယှဉ်သောဥစ္စာ အနည်းငယ်သည် သာ၍ကောင်း၏။ 17
ဆူအောင်ကျွေးသော နွားတကောင်လုံးကို အချင်းချင်း အငြိုးထားသောစိတ်နှင့်စားရသည်ထက်၊ ချစ်ခြင်းမေတ္တာပါသော
ဟင်းရွက်တနပ် စားသည်သာ၍ ကောင်း၏။ 18 မာနကြီးသောသူသည် ရန်ကိုနှိုးဆော်တတ်၏။ သည်းခံနိုင်သော
သူမူကားငြိမ်းတတ်၏။ 19 ပျင်းရိသောသူသွားရာ လမ်း၌ဆူးပင်ဆီးကာ လျက် ရှိ၏။ ဖြောင့်မတ်သောသူ သွားရာလမ်းမူကား၊
မို့မောက်လျက်ရှိ၏။ 20 ပညာရှိသောသားသည်အဘဝမ်းမြောက်ခြင်း အကြောင်းဖြစ်၏။ မိုက်သောသားမူကား၊ မိမိအမိကို
မထီမဲ့မြင်ပြုတတ်၏။ 21 ဥာဏ်မရှိသောသူသည် မိုက်ခြင်း၌ ပျော်မွေ့ တတ်၏။ ဥာဏ်ရှိသော သူမူကား၊ ဖြောင့်မတ်သော အကျင့် ကို
ကျင့်တတ်၏။ 22 တိုင်ပင်ခြင်းမရှိလျှင် အကြံပျက်တတ်၏။ တိုင် ပင်သော သူများလျှင်မူကား၊ အကြံတည်တတ်၏။ 23 လူသည်
ပြန်ပြောသောစကားအားဖြင့် ဝမ်း မြောက်စရာအကြောင်းရှိ၏။ အချိန်တန်၍ ပြောသော စကားသည်လည်း
အလွန်လျောက်ပတ်ပေ၏။ 24 ပညာရှိသော သူလိုက်ရာ အသက်လမ်းသည် အောက်အရပ်၊ မရဏာနိုင်ငံမှ လွှဲရှောင်၍၊ အထက်သို့
ပို့ဆောင်တတ်၏။ 25 မာနထောင်လွှားသော သူ၏အိမ်ကို ထာဝရ ဘုရားဖျက်ဆီးတော်မူမည်။ မုတ်ဆိုးမနေရာ အရပ်ကို ကား၊
တည်စေတော်မူမည်။ 26 မတရားသောသူ၏ အကြံအစည်တို့ကို ထာဝရ ဘုရား စက်ဆုပ်ရွံ့ရှာတော်မူ၏။ စင်ကြယ်သောသူ၏
စကားတို့ကိုကား၊ နှစ်သက်တော်မူ၏။ 27 မတရားသော စီးပွါးကို ရှာသောသူသည် မိမိ အိမ်သားတို့ကို နှောင့်ရှက်တတ်၏။
တံစိုးကိုရွံသောသူမူ ကား အသက်ချမ်းသာရလိမ့်မည်။ 28 ဖြောင့်မတ်သော သူသည်အဘယ်သို့ ပြန်ပြော ရမည်ကို စိတ်နှလုံးထဲမှာ
ဆင်ခြင်တတ်၏။ မတရားသော သူ၏နှုတ်မူကား၊ မကောင်းသောအရာတို့ကို သွန်း လောင်းတတ်၏။ 29 ထာဝရဘုရားသည်
မတရားသော သူတို့နှင့် ဝေးတော်မူ၏။ ဖြောင့်မတ်သောသူ၏ ပဌနာစကားကို ကား နားထောင်တော်မူ၏။ 30 မျက်စိအလင်းသည်
နှလုံးကို ရွှင်လန်းစေတတ် ၏။ ကောင်းသော သိတင်းစကားသည်လည်း၊ အရိုးတို့ကို ခြင်ဆီနှင့်ပြည့်ဝစေတတ်၏။ 31
အသက်နှင့်ယှဉ်သောဆုံးမခြင်းစကားကို နား ထောင်သောသူသည် ပညာရှိတို့နှင့် ပေါင်းဘော်ရသော အခွင့်ရှိ၏။ 32
ဆုံးမခြင်းစကားကို ပယ်သောသူသည် မိမိ အသက်ဝိညာဉ်ကို မထီမဲ့မြင်ပြုရာသို့ ရောက်၏။ နား ထောင်သော သူမူကား၊
ဥာဏ်ကိုရတတ်၏။ 33 ထာဝရဘုရားကိုကြောက်ရွံ့သော သဘောသည် ပညာကိုသွန်သင်ခြင်းဖြစ်၏။ ဂုဏ်အသရေအရင်၌
နှိမ့်ချခြင်း၏နေရာရှိ၏။

## Chapter 16

1 စိတ်နှလုံးအကြံအစည်တို့သည် လူနှင့်ဆိုင်ကြ၏။ လျှာနှင့်ပြန်ပြောချက်ကိုကား၊ ထာဝရဘုရားပိုင်တော် မူ၏။ 2 လူသည်
မိမိကျင့်သမျှသော အကျင့်တို့ကို နှစ်သက်တတ်၏။ ထာဝရဘုရားမူကား၊ စိတ်သဘော တို့ကို ချိန်တော်မူ၏။ 3
ကိုယ်ပြုသောအမှုတို့ကို ထာဝရဘုရား၌ အပ် လော့။ သို့ပြုလျှင် သင်၏အကြံအစည်တို့သည် တည်ကြ လိမ့်မည်။ 4
ထာဝရဘုရားသည် ခပ်သိမ်းသောအရာတို့ကို ကိုယ်တော်အဘို့၊ မတရားသောသူတို့ကိုလည်း ဘေးဒဏ် ခံရသော
နေ့အဘို့ဖန်ဆင်းတော်မူ၏။ 5 မာနကြီးသောသူအပေါင်းတို့ကို ထာဝရဘုရား စက်ဆုပ်ရွံရှာတော်မူ၏။ သူတို့သည် အသင်းဖွဲ့သော်
လည်း၊ အပြစ်ဒဏ်နှင့် မလွတ်ရကြ။ 6 ကရုဏာတရားနှင့် သစ္စာတရားအားဖြင့် အပြစ်ပြေတတ်၏။ ထာဝရဘုရားကို ကြောက်ရွံ့သော
သဘောအားဖြင့် ဒုစရိုက်ကို ရှောင်တတ်၏။ 7 လူကျင့်သောအကျင့်တို့ကို ထာဝရဘုရားသည် နှစ်သက်သောအခါ၊
ထိုသူ၏ရန်သူကိုပင် သူနှင့်သင့်တင့် စေတော်မူ၏။ 8 ဖြောင့်မတ်ခြင်းပါရမီနှင့် ယှဉ်သောဥစ္စာအနည်း ငယ်သည်၊
မတရားသဖြင့်ရသောဥစ္စာ အများထက်သာ၍ ကောင်း၏။ 9 လူသည် မိမိသွားရာလမ်းကို စိတ်ထဲမှာ ကြံစည် ၏။ သို့သော်လည်း
သူ၏ခြေရာတို့ကို ထာဝရဘုရား စီရင်တော်မူ၏။ 10 ရှင်ဘုရင်၏ နှုတ်ခမ်းတို့၌ ဗျာဒိတ်တော်ရှိသည် ဖြစ်၍၊ တရားဆုံးဖြတ်ရာအမှု၌
နှုတ်တော်သည် မမှားစေ နှင့်။ 11 မှန်သောအလေးနှင့် မှန်သောချိန်ခွင်သည် ထာဝရဘုရား၏ဥစ္စာဖြစ်၏။ အလေးအိတ်၌ပါသမျှသော
အလေးတို့သည် စီရင်တော်မူရာ ဖြစ်ကြ၏။ 12 ရှင်ဘုရင်ပြုသော ဒုစရိုက်သည် စက်ဆုပ်ရွံရှာ ဘွယ် ဖြစ်၏။ အကြောင်းမူကား၊
ရာဇပလ္လင်သည် ဖြောင့် မတ်ခြင်းအားဖြင့်သာ တည်တတ်၏။ 13 ဖြောင့်မတ်သော နှုတ်ခမ်းတို့သည် ရှင်ဘုရင် နှစ်သက်ရာဖြစ်၏။
မှန်ကန်စွာပြောသောသူကို ရှင်ဘုရင် ချစ်တတ်၏။ 14 ရှင်ဘုရင်၏ အမျက်သည် သေမင်းတမန်ကဲ့သို့ ဖြစ်၏။ သို့သော်လည်း၊
ပညာရှိသောသူသည် အမျက် တော်ကို ဖြေတတ်၏။ 15 ရှင်ဘုရင် မျက်နှာပွင့်လန်းသောအားဖြင့် အသက်ချမ်းသာရ၏။
ကျေးဇူးတော်သည် နောက်ရွာ သော မိုဃ်းတိမ်ကဲ့သို့ ဖြစ်၏။ 16 ရွှေကိုရတတ်ခြင်းထက် ပညာကို ရတတ်ခြင်း သည်
အလွန်ကောင်း၏။ ငွေကိုအမြတ်မထား၊ ဉာဏ်နှင့် ပြည့်စုံခြင်းကို အမြတ်ထားစရာအလွန်ကောင်း၏။ 17 ဖြောင့်မတ်သော
သူလိုက်သောလမ်းမူကား၊ ဒုစရိုက်ကိုရှောင်ခြင်းတည်း။ ထိုလမ်းမှ မလွှဲဘဲ အမြဲလိုက် သောသူသည် မိမိအသက်ဝိညာဉ်ကို
စောင့်တတ်၏။ 18 မာနသည်ပျက်စီးခြင်းအရင်၊ ထောင်လွှားသော သဘောသည် ရှုတ်ချခြင်း အရင်၌ နေရာကျတတ်၏။ 19
စိတ်နှိမ့်ချသောသူတို့နှင့် ပေါင်းဘော်၍ စိတ် နှိမ့်ချခြင်းသည်၊ မာနကြီးသော သူတို့နှင့် ဆက်ဆံ၍ လုယူ သောဥစ္စာကို ဝေမျှခြင်းထက်
သာ၍ကောင်း၏။ 20 ပညာနှင့်အမှုစောင့်သောသူသည် အကျိုးကို ရလိမ့်မည်။ ထာဝရဘုရားကို ခိုလှုံသောသူသည်လည်း မင်္ဂလာရှိ၏။
21 လိမ္မာသော စိတ်သဘောရှိသောသူသည် ပညာ သတိရှိသည်ဟု ကျော်စောရာသို့ရောက်တတ်၏။ ချိုသောစကားကို
ပြောတတ်သော နှုတ်သတ္တိသည်လည်း ပညာအတတ်ကိုတိုးပွါးစေတတ်၏။ 22 ဉာဏ်ပညာကိုရသော သူသည် အသက်စမ်းရေ
တွင်းကိုရ၏။ မိုက်သောသူတို့၏ သွန်သင်ခြင်းမူကား၊ မိုက်ခြင်းဖြစ်၏။ 23 ပညာရှိသော သူ၏နှလုံးသည် သူ၏နှုတ်ကို သွန် သင်၍၊
သူ၏နှုတ်ခမ်းတို့၌ ပညာအတတ်ကို ထပ်လောင်း တတ်၏။ 24 သာယာသောစကားတို့သည် ပျားလပို့ကဲ့သို့ ဖြစ်၍၊ စိတ်ဝိညာဉ်၌
ချိုမြိန်လျက်၊ ကိုယ်အရိုးကို ကျန်းမာ စေလျက်ရှိကြ၏။ 25 လူထင်သည်အတိုင်း မှန်သောလက္ခဏာရှိသော် လည်း၊ အဆုံး၌
သေခြင်းသို့ ပို့သောလမ်းတမျိုးရှိ၏။ 26 အလုပ်လုပ်သောသူသည်၊ မိမိပစပ်တောင်း သောကြောင့်၊ မိမိအဘို့ လုပ်တတ်၏။ 27
အဓမ္မလူသည် မကောင်းသော အမှုကိုကြိုးစား ၍ ကြံစည်တတ်၏။ သူ၏နှုတ်ခမ်း၌ လောင်သောမီးကဲ့သို့ ရှိ၏။ 28
သဘောကောက်သောသူသည် ရန်မျိုးစေ့ကို ကြဲတတ်၏။ ကုန်းတိုက်သော သူသည်လည်း၊ မိတ်ဆွေ တို့ကို ကွဲပြားစေတတ်၏။ 29
ကြမ်းကြုတ်သော သူသည် အိမ်နီးချင်းကို ချော့မော့၍၊ မကောင်းသောလမ်းထဲသို့ သွေးဆောင် တတ်၏။ 30 ကောက်သောအကြံကို
ကြံစည်ခြင်းငှါ မျက်စိ မှိတ်၍၊ နှုတ်ခမ်းတို့ကို လှုပ်သဖြင့်၊ ဆိုးယုတ်သောအမှုကို ပြီးစီးတတ်၏။ 31 ဖြူသောဆံပင်သည်
ဖြောင့်မတ်ခြင်း တရား လမ်း၌ တည်လျှင်၊ ဘုန်းကြီးသောသရဖူဖြစ်၏။ 32 စိတ်ရှည်သောသူသည် ခွန်အားကြီးသောသူ ထက်ငှင်း၊
မိမိစိတ်ကိုချုပ်တည်းသောသူသည် မြို့ကို တိုက်ယူသောသူထက်ငှင်းသာ၍ ကောင်း၏။ 33 စာရေးတံတို့ကို အိတ်ထဲ၌
လောင်းလျက်ရှိရာ တွင်၊ ခွဲဝေစီရင်ခြင်းအမှုကို ထာဝရဘုရားပိုင်တော်မူ၏။


generated on Tue Jul 2 12:50:28 2024

## Chapter 17

[1] တအိမ်လုံးပြည့်သော ယဇ်ပူဇော်ပွဲကို ရန်တွေ့သော စိတ်နှင့်စားရသည်ထက်၊ ငြိမ်သက်ခြင်းနှင့် ယှဉ် သော
မုန့်တလုပ်စာသည်သာ၍ကောင်း၏။ [2] ပညာရှိသောကျွန်သည် အရှက်ခွဲသောသားကို အုပ်စိုး၍ ညီအစ်ကိုတို့နှင့်အတူ အမွေခံတတ်၏။
[3] ငွေစစ်စရာဘို့မိုက်ကိုင်း၊ ရွှေစစ်စရာဘို့ မီးဖိုကို ငင်း သုံးတတ်၏။ စိတ်နှလုံးကိုကား၊ ထာဝရဘုရား စစ်တော်မူ၏။ [4]
မတရားသဖြင့်ပြုသော သူသည် မုသာစကားကို ယုံတတ်၏။ မုသာသုံးသော သူသည်လည်း ဆိုးညစ်သော စကားကို
နားထောင်တတ်၏။ [5] ဆင်းရဲသားတို့ကို မထီလေးစားပြုသော သူသည် ဖန်ဆင်းတော်မူသောဘုရားကိုကဲ့ရဲ့၏။ သူတပါး၌ ဘေး
ရောက်လျှင် ဝမ်းမြောက်တတ်သော သူသည်လည်း အပြစ်ဒဏ်နှင့် မလွတ်ရ။ [6] မြေးတို့သည် အသက်ကြီးသောသူ၏ သရဖူဖြစ် ၏။
သားတို့၏ဘုန်းကား အဘတည်း။ [7] မြတ်သောစကားသည် မိုက်သောသူနှင့် မတော် မသင့်။ ထိုမျှမက၊ မုသာစကားသည်
မင်းနှင့်မတော် မသင့်။ [8] လက်ဆောင်သည် ခံသောသူအထင်အတိုင်း ကျောက်မြတ်ကဲ့သို့ ဖြစ်၍၊ မျက်နှာပြုလေရာရာ၌
အောင်တတ်၏။ [9] သူတပါးပြစ်မှားသော အမှုကိုဝှက်ထားသော သူသည် မေတ္တာကို ပြုစု၏။ ကြားပြောသောသူမူကား၊ မိတ်ဆွေတို့ကို
ကွဲပြားစေ၏။ [10] မိုက်သောသူသည် ဒဏ်ချက်တရာကို အမှုထား သည်ထက်၊ ပညာရှိသောသူသည် ဆုံးမသော စကားကို သာ၍
အမှုထားတတ်၏။ [11] ပုန်ကန်သောသူသည် မတရားသောအမှုကိုသာ ပြုစုတတ်၏။ ထိုကြောင့်ကြမ်းကြုတ်သော တမန်ကို
သူ့ဆီသို့စေလွှတ်ရ၏။ [12] မိုက်သောစိတ်ထဆဲရှိသော လူမိုက်နှင့်မတွေ့ပါ စေနှင့်။ သားငယ်ပျောက်သော ဝံမနှင့်သာ၍ တွေ့ပါစေ
သော။ [13] အကြင်သူသည် ကျေးဇူးကိုမသိ၊ မကောင်းသော အမှုနှင့် ဆပ်၏၊ ထိုသူ၏အိမ်သည် မကောင်းသော
အမှုနှင့်မကင်းမလွတ်ရ။ [14] ရန်တွေ့စအမှုသည် ရေကန်ပေါင်ပေါက်စကဲ့သို့ ဖြစ်သောကြောင့်၊ ရန်မတွေ့မှီတွေ့စရာ အကြောင်းကို
ရှောင်လော့။ [15] မတရားသောသူတို့ကို အပြစ်မှလွှတ်သော သူနှင့်၊ ဖြောင့်မတ်သောသူတို့ကို အပြစ်စီရင်သော သူနှစ်ယောက်လုံးတို့ကို
ထာဝရဘုရား စက်ဆုပ်ရွံ့ရှာ တော်မူ၏။ [16] မိုက်သောသူသည် ပညာကိုအလိုမရှိသည် ဖြစ် ၍၊ ပညာအဘိုးကို အဘယ်ကြောင့်
သူ၌အပ်ရသနည်း။ [17] အဆွေခင်ပွန်းသည် အခါခပ်သိမ်းချစ်တတ်၏။ ညီအစ်ကိုသည် ဒုက္ခကာလအဘို့ မွေးဘွားလျက်ရှိ၏။ [18]
ဉာဏ်မဲ့သောသူသည် လက်ဝါးချင်းရိုက်၍၊ အဆွေ ခင်ပွန်းရှေ့မှာ အာမခံတတ်၏။ [19] ရန်တွေ့ခြင်းကို နှစ်သက်သောသူသည် လွန်
ကျူးခြင်းကိုလည်း နှစ်သက်တတ်၏။ မိမိတံခါးကို ချီးမြှင့် သော သူသည် ပျက်စီးခြင်းကို ရှာတတ်၏။ [20]
သဘောကောက်သောသူသည် ကောင်းသော အကျိုးကို မတွေ့တတ်။ စကားလိမ်သောသူသည် ဘေး ဥပဒ်နှင့် တွေ့ကြုံတတ်၏။ [21]
မိုက်သောသူကို ဖြစ်ဘွားစေသောသူသည် မိမိကို မိမိဝမ်းနည်းစေတတ်၏။ မိုက်သောသူ၏အဘ၌ ဝမ်းမြောက်စရာအကြောင်းမရှိ။ [22]
စိတ်ရွှင်လန်းခြင်းသည် ကျန်းမာစေတတ်၏။ စိတ်ပျက်ခြင်းမူကား၊ အရိုးတို့ကိုသွေ့ခြောက်စေတတ်၏။ [23] မတရားသောသူသည်
တရားလမ်းကိုဖျက်သော အဘိုးတံစိုးကို သူတပါး၏ ခါးပိုက်အိတ်ထဲက နှိုက်ယူ တတ်၏။ [24] ဉာဏ်ရှိသောသူသည် ပညာကို
မျက်မှောက် ပြုတတ်၏။ မိုက်သောသူ၏ မျက်စိမူကား၊ မြေကြီးစွန်း တိုင်အောင်လှည့်၍ ကြည့်ရှုတတ်၏။ [25] မိုက်သော သူသည်
အဘဝမ်းနည်းစရာ အကြောင်း၊ မွေးသော အမိစိတ်ညစ်စရာအကြောင်း ဖြစ်၏။ [26] ဖြောင့်မတ်သော သူကို အပြစ်ဒဏ်မပေး ကောင်း။
တရားသဖြင့် စီရင်သော မင်းကိုလည်း မထိခိုက် ကောင်း။ [27] သိပ္ပံအတတ်နှင့်ပြည့်စုံသော သူသည် စကား မများတတ်။
ဉာဏ်ကောင်းသောသူသည်လည်း၊ ဧသော စိတ်ရှိတတ်၏။ [28] မိုက်သောသူပင် တိတ်ဆိတ်စွာနေလျှင် ပညာရှိ ဟူ၍ငင်း၊
မိမိနှုတ်ကိုမဖွင့်ဘဲ နေသောသူကို လည်း၊ ဉာဏ်ကောင်းသောသူဟူ၍ငင်းသူတပါး ထင်တတ်၏။


generated on Tue Jul 2 12:50:28 2024

## Chapter 18

[1] သူတပါးများနှင့် မရောနှောသောသူသည် မိမိ စေတနာ အလိုရှိသည်အတိုင်း ရှာဖွေ၍၊ ပညာရတနာ အမျိုးမျိုးကို
စူးစမ်းမွေ့နှောက်တတ်၏။ [2] မိုက်သောသူမူကား၊ မိမိစိတ်သဘောကို ပြစရာ အခွင့်မှတပါး၊ အခြားသောအကြောင်းကြောင့် ဥာဏ်
ပညာ၌ မပျော်မွေ့တတ်။ [3] မတရားသောသူလာသောအခါ၊ မထီမဲ့မြင်ပြု ခြင်းကို ခံရ၏။ ဂုဏ်အသရေပျက်သောအခါ၊ ကဲ့ရဲ့ခြင်း
ကိုလည်း ခံရ၏။ [4] နှုတ်ထွက်သောစကားသည် နက်သောရေကဲ့သို့ ၎င်း၊ ပညာစမ်းရေတွင်းသည် ရေစီးသောမြစ်ကဲ့သို့၎င်း ဖြစ်၏။ [5]
တရားတွေ့ရာအမှု၌ ဖြောင့်မတ်သောသူကို ရှုံးစေခြင်းငှါ၊ မတရားသော သူ၏မျက်နှာကို မထောက် ကောင်း။ [6]
မိုက်သောသူ၏နှုတ်ခမ်းတို့သည် ရန်တွေ့ တတ်၏။ သူ၏နှုတ်သည်လည်း အပြစ်ဒဏ်ကို တောင်း တတ်၏။ [7]
မိုက်သောသူ၏နှုတ်သည် ပျက်စီးရာအကြောင်း၊ နှုတ်ခမ်းတို့သည်လည်း မိမိအသက်ကို ကျော့မိရာ အကြောင်းဖြစ်၏။ [8]
ကုန်းတိုက်သောသူ၏စကားသည် မြိန်သော ခဲဘွယ်စားဘွယ်ကဲ့သို့ဖြစ်၍၊ ဝမ်းအတွင်းသို့ဝင်တတ်၏။ [9] အလုပ်လုပ်သောအခါ
ပျင်းရိသောသူသည်၊ မိမိဥစ္စာကို အချည်းနှီးကုန်စေသော သူနှင့်ညီအစ်ကို တော်ပေ၏။ [10] ထာဝရဘုရား၏နာမတော်သည် ခိုင်ခံ့သော
ရဲတိုက်ဖြစ်၍၊ ဖြောင့်မတ်သောသူတို့သည် ပြေးဝင်သဖြင့်၊ လုံခြုံစွာနေရကြ၏။ [11] ငွေရတတ်သောသူက၊ ငါ့စည်းစိမ်သည် ခိုင်ခံ့
သောမြို့ဖြစ်၏။ မြင့်သောမြို့ရိုးနှင့်တူသည်ဟု ထင်တတ် ၏။ [12] ပျက်စီးခြင်းအရင်၌လူသည် စိတ်မြင့်ခြင်း၏ နေရာ၊ ဂုဏ်အသရေ
အရင်၌နှိမ့်ချခြင်း၏နေရာရှိ၏။ [13] အကျိုးအကြောင်းကို မစစ်မှီ၊ အမှုစီရင်သော သူသည်မိုက်သော အပြစ်၊
အရှက်ကွဲရသောအပြစ်ရှိ၏။ [14] လူ၏စိတ်ဝိညာဉ်သည် မိမိနာခြင်းဝေဒနာကို ခံနိုင်၏။ ကြေကွဲသောစိတ်ကိုကား၊ အဘယ်သူသည်းခံ
နိုင်သနည်း။ [15] သမ္မာသတိရှိသောသူ၏ စိတ်နှလုံးသည် ပညာ အတတ်ကို သိုထားတက်၏။ ပညာရှိသော သူ၏နားသည် လည်း၊
ပညာစကားကို ရှာတတ်၏။ [16] လူ၌ပါသော လက်ဆောင်အားဖြင့်၊ လမ်းရှင်း လင်း၍၊ လူကြီးထံသို့ ဝင်ရသောအခွင့်ရှိတတ်၏။ [17]
ကိုယ်အမှုကို အဦးစောင့်၍ပြောသောသူသည် ဖြောင့်မတ်ရာသို့ ရောက်သော်လည်း၊ အိမ်နီးချင်းလာ၍ စစ်ကြောတတ်၏။ [18]
စာရေးတံပြုခြင်းအားဖြင့် အငြင်းအခုံငြိမ်း၍၊ အားကြီးသော သူတို့အမှုကို ဆုံးဖြတ်တတ်၏။ [19] အငြိုးထားသောညီအစ်ကိုသည်
ခိုင်ခံ့သောမြို့ ထက် သာ၍ခက်၏။ ညီအစ်ကို ရန်တွေ့ခြင်းအမှုသည် ရဲတိုက်တံခါးကျင်ကဲ့သို့ ဖြစ်၏။ [20]
လူသည်မိမိနှုတ်၏အသီးနှင့်ဝမ်းပြည့်ရ၏။ မိမိနှုတ်ခမ်းတို့၏ စီးပွါးနှင့်ဝရ၏။ [21] လျှာသည်အသက်သေခြင်းနှင့် ရှင်ခြင်းကို အစိုးရ
၏။ လျှာကို နှစ်သက်သောသူသည်လည်း၊ လျှာ၏အသီးကို စားရ၏။ [22] မယားကိုရသောသူသည် ကောင်းသောအရာကို ရ၍၊
ထာဝရဘုရား၏ကျေးဇူးတော်ကို ခံရ၏။ [23] ဆင်းရဲသောသူသည် တောင်းပန်တတ်၏။ ငွေရ တတ်သောသူမူကား၊ ကြမ်းတမ်းစွာ
ပြန်ပြောတတ်၏။ [24] အပေါင်းအဘော်များသောသူသည် အကျိုး နည်းရှိတတ်၏။ မိတ်ဆွေမူကား၊ ညီအစ်ကိုစွဲကပ်သည် ထက် သာ၍
စွဲကပ်တတ်၏။


generated on Tue Jul 2 12:50:28 2024

## Chapter 19

1 ကောက်လိမ်သော စကားကိုသုံးတတ်သော လူမိုက်ထက်၊ ဖြောင့်မတ်ခြင်းလမ်းသို့လိုက်သော ဆင်းရဲ သူသည်သာ၍ ကောင်း၏။ 2
စိတ်ဝိညာဉ်သည် ပညာအတတ်မရှိဘဲ မနေ ကောင်း။ အလျင်အမြန်သွားသော သူသည်လည်း မှား ယွင်းတတ်၏။ 3 လူသည်
မိုက်သောသဘောကြောင့်၊ လမ်းလွဲ၍ စိတ်ထဲမှာ ထာဝရဘုရားကို ကဲ့ရဲ့ပြစ်တင်တတ်၏။ 4 စည်းစိမ်ရှိလျှင်
အဆွေခင်ပွန်းများတတ်၏။ ဆင်းရဲသားသူမူကား၊ မိမိအိမ်နီးချင်းနှင့်မျှ မပေါင်း ဘော်ရ။ 5 မမှန်သောသက်သေသည်
အပြစ်မခံဘဲမနေရ။ မုသာကို သုံးသောသူသည်လည်း ဒဏ်နှင့်မလွတ်ရ။ 6 များသောသူတို့သည် မင်းကိုဖျောင်းဖျတတ်ကြ ၏။
လက်ဆောင်ပေးသော သူကိုလည်း၊ လူတိုင်းမိတ်ဆွေ ဖွဲ့တတ်၏။ 7 ဆင်းရဲသောသူ၏ ညီအစ်ကိုရှိသမျှတို့သည် သူ့ကို
မုန်းတတ်ကြ၏။ သူ၏အဆွေခင်ပွန်းတို့သည် သူ့ကို သာ၍ ဝေးစွာရှောင်တတ်ကြ၏ လိုက်၍ခေါ်သော်လည်း ကွယ်ပျောက်ကြပြီ။ 8
ပညာကိုရသောသူသည် မိမိအသက်ဝိညာဉ်ကို ချစ်ရာရောက်၏။ ဉာဏ်ကိုစွဲလမ်းသောသူသည်လည်း၊ ကောင်းကျိုးကို ခံတတ်၏။ 9
မမှန်သောသက်သေသည် အပြစ်မခံဘဲမနေရ။ မုသာကိုသုံးသော သူသည်လည်း၊ ပျက်စီးခြင်းသို့ ရောက် လိမ့်မည်။ 10
မိုက်သောသူသည် မပျော်မွေ့သင့်။ ထိုမျှမက၊ ကျွန်သည်မင်းတို့ကို အစိုးမရသင့်။ 11 သမ္မာသတိရှိသော သူသည် မိမိအမျက်ဒေါသ ကို
ချုပ်တည်းတတ်၏။ သူတပါးပြစ်မှားခြင်းကို သည်းခံ သောသူသည်လည်း ဘုန်းအသရေရှိ၏။ 12 ရှင်ဘုရင်၏အမျက်တော်သည်
ခြသေ့်ဟောက် သကဲ့သို့ဖြစ်၏။ ကျေးဇူးတော်မူကား၊ မြက်ပေါ်မှာ ကျသော နှင်းရည်ကဲ့သို့ ဖြစ်၏။ 13 မိုက်သော သားသည်
အဘဆင်းရဲစရာ အကြောင်းဖြစ်၏။ ရန်တွေ့တတ်သောမယားသည်လည်း၊ အစက်စက်ကျသော မိုဃ်းပေါက်နှင့်တူ၏။ 14 အိမ်
နှင့်စည်းစိမ်သည် မိဘအမွေဥစ္စာဖြစ်၏။ သမ္မာသတိရှိသောမယားမူကား၊ ထာဝရဘုရားပေးသနား တော်မူရာဖြစ်၏။ 15 ပျင်းရိသော
သဘောသည် လွန်ကျူးစွာ အိပ် ပျော်စေ၍၊ ပျင်းရိသောသူသည် အငတ်ခံရ၏။ 16 ပညတ်တရားကို စောင့်သောသူသည် မိမိ
အသက်ဝိညာဉ်ကို စောင့်ရာရောက်၏။ မိမိသွားရာလမ်း တို့ကို မထီလေးစားပြုသောသူမူကား၊ အသေခံရ၏။ 17 ဆင်းရဲသားကို
သနားသောသူသည် ထာဝရ ဘုရားအား ချေးငှါးသောသူဖြစ်၍၊ သူပြုသောအမှု၏ အကျိုးကိုဆပ်ပေးတော်မူလိမ့် မည်။ 18
မြော်လင့်စရာရှိစဉ်အခါ၊ ကိုယ်သားကို ဆုံးမ လော့။ သူ့ကိုအကျိုးနည်းအောင် သနားသောစိတ်မရှိစေ နှင့်။ 19
ဒေါသအမျက်ကြီးသောသူသည် အပြစ်ဒဏ်ကို ခံရလိမ့်မည်။ သူ့ကိုကယ်နှုတ်လျှင် အဖန်ဖန်ကယ်နှုတ် ရမည်။ 20 နောက်ဆုံးကာလ၌
ပညာရှိဖြစ်လိုသောငှါ၊ ဆုံးမသော စကားကို နားထောင်၍ နည်းဥပဒေကို ခံယူ လော့။ 21 လူသည်အထူးထူး အပြားပြား
ကြံစည်တတ်၏။ သို့ရာတွင်၊ ထာဝရဘုရား၏အကြံတော်သည် တည်လိမ့် မည်။ 22 လူသည်စေတနာရှိလျှင် ကျေးဇူးပြုရာ ရောက်၏။
ဆင်းရဲသောသူသည်လည်း၊ မုသာသုံးသော သူထက်သာ၍ ကောင်း၏။ 23 ထာဝရဘုရားကို ကြောက်ရွံ့သောသဘောသည်
အသက်ရှင်ခြင်းနှင့်ဆိုင်သည်ဖြစ်၍ ထိုသဘောရှိသော သူသည် အလိုဆန္ဒပြည့်စုံ လျက်ရှိ၍၊ ဘေးဥပဒ်နှင့်ကင်းလွတ်လိမ့်မည်။ 24
ပျင်းရိသောသူသည် မိမိလက်ကို အိုး၌ သွင်း သော်လည်း တဖန်နှုတ်၍ မိမိပစပ်သို့ မခံ့လို။ 25 မထီမဲ့မြင်ပြုသောသူကို ရိုက်လျှင်
ဉာဏ်တိမ် သောသူသည် သတိရလိမ့်မည်။ ဉာဏ်ကောင်းသော သူကိုဆုံးမလျှင်၊ သူသည် ပညာတရားကို နားလည် လိမ့်မည်။ 26
အဘဥစ္စာကိုဖြုန်း၍ အမိကိုနှင်ထုတ်သော သားသည် အရှက်ခွဲသောသား၊ ကဲ့ရဲ့ခြင်းကိုခံစေသော သားဖြစ်၏။ 27 ငါ့သား၊
ပညာတရားကို ပယ်စေခြင်းငှါ၊ သွန်သင် သော သူ၏စကားကို နားမထောင်နှင့်။ 28 အဓမ္မသက်သေသည် တရားကို မထီမဲ့မြင်
ပြုတတ်၏။ မတရားသော သူသည်လည်း၊ ဒုစရိုက်ကို စား၍ မျိုတတ်၏။ 29 မထီမဲ့မြင်ပြုသောသူတို့အဘို့ အပြစ်စီရင်ခြင်း၊
မိုက်သော သူတို့၏ကျောအဘို့ ဒဏ်ပေးခြင်းသည် အသင့် ရှိ၏။



generated on Tue Jul 2 12:50:28 2024

## Chapter 20

1 စပျစ်ရည်သည် လှည့်စားတတ်၏။ သေရည် သေရက်သည် ရုန်းရင်းခတ်ပြုခြင်းအမှုကို ဖြစ်စေတတ် ၏။ ထိုသို့သောအားဖြင့်
မှားယွင်းသော သူသည် ပညာ မရှိ။ 2 ရှင်ဘုရင်ကြောက်စေသော အမှုအရာသည် ခြင်္သေ့ဟောက်ခြင်းနှင့်တူ၏။ အမျက်တော်ကို
နှိုးဆော် သောသူသည် မိမိအသက်ကို ပြစ်မှား၏။ 3 ရန်တွေ့ခြင်းကို ငြိမ်းစေသောသူသည် ဂုဏ် အသရေရှိ၏။ မိုက်သောသူမူကား၊
အမှုနှင့်ရောနှော တတ်၏။ 4 ချမ်းသောကြောင့် ပျင်းရိသောသူသည် လယ် မလုပ်လို။ ထိုကြောင့် စပါးရိတ်သော ကာလ၌သူတပါးကို
တောင်းသော်လည်း မရရာ။ 5 လူစိတ်နှလုံး၌ ပညာအကြံသည် နက်သော ရေနှင့်တူသော်လည်း၊ ဉာဏ်ကောင်းသောသူသည်
ခပ်ယူလိမ့်မည်။ 6 လူများတို့သည် မိမိတို့ပြုသော ကျေးဇူးကို ကြားပြောတတ်၏။ သစ္စာ ရှိသော သူကိုကား၊ အဘယ်သူရှာ၍
တွေ့နိုင်သနည်း။ 7 ဖြောင့်မတ်သောသူသည် မိမိဖြောင့်မတ်ခြင်း လမ်းသို့ လိုက်၍၊ သူ၏သားစဉ်မြေးဆက်တို့သည် မင်္ဂလာ ရှိကြ၏။ 8
တရားပလ္လင်ပေါ်မှာထိုင်သော ရှင်ဘုရင်သည် မကောင်းသော အမှုအရာရှိသမျှတို့ကို မျက်စိတော်နှင့် ပယ် ရှင်းတတ်၏။ 9 ငါသည်
ကိုယ်စိတ်နှလုံးကို စင်ကြယ်စေပြီ။ အပြစ်နှင့်ကင်းလွတ်၏ဟု အဘယ်သူဆိုနိုင်သနည်း။ 10 အလေးချင်းမတူသောအလေး၊ အဝင်ချင်း
မတူသော တင်းတောင်းတို့ကို ထာဝရဘုရား စက်ဆုပ် ရွံရှာတော်မူ၏။ 11 သူငယ်သော်လည်း၊ မိမိပြုသောအမှုသည်
စင်သည်မစင်သည်၊ မှန်သည်မမှန်သည်ကို မိမိအခြင်း အရာအားဖြင့် ပြ၍၊ မိမိသဘောကို ထင်ရှားစေ၏။ 12 ကြားတတ်သော
နားကိုင်း၊ မြင်တတ်သော မျက်စိကိုင်း၊ ထာဝရဘုရား ဖန်ဆင်းတော်မူပြီ။ 13 ဆင်းရဲမည်ဟု စိုးရိမ်စရာရှိသည်ဖြစ်၍၊ အိပ်
ခြင်းကိုမတပ်မက်နှင့်။ နိုးတတ်လျှင် ဝစွာစားရ၏။ 14 ဝယ်သောသူက၊ မကောင်းဘူး၊ မကောင်းဘူးဟု ဆိုတတ်၏။ ဝယ်၍သွားပြီးမှ
ဝါကြွားတတ်၏။ 15 ရွှေရှိ၏။ ပတ္တမြားလည်းရှိ၏။ ပညာအတတ်နှင့် ပြည့်စုံသော နှုတ်မူကား၊ အလွန် အဘိုးထိုက်သော ရတနာ
ဖြစ်၏။ 16 မကျွမ်းသောသူအတွက်၊ အမျိုးပျက်သော မိန်းမအတွက်၊ အာမခံတတ်သောသူသည် အဝတ်အစ ရှိသော ဥစ္စာတစုံတခုကို
ပေါင်းထားစေ။ 17 လှည့်စား၍ ရသောအစာသည် ချိုမြိန်သော် လည်း၊ စားသော သူ၏နှုတ်သည် ကျောက်စရစ်နှင့် ပြည့်လိမ့်မည်။ 18
အကြံရှိသောသူသည် သူတပါးနှင့်တိုင်ပင်လျှင်၊ အကြံထမြောက်တတ်၏။ ကောင်းသော တိုင်ပင်ခြင်း ရှိမှသာ စစ်မှုကို ပြုရမည်။ 19
လည်၍စကားများသောသူသည် လျှို့ဝှက်အပ် သောအရာကို ဘော်ပြတတ်၏။ သို့ဖြစ်၍ ချော့မော့တတ် သောသူနှင့်
မပေါင်းဘော်နှင့်။ 20 အကြင်သူသည် မိဘကို ကျိန်ဆဲ၏။ ထိုသူ၏ မီးခွက်သည် ထူထပ်သော မှောင်မိုက်၌ သေလိမ့်မည်။ 21
အမွေဥစ္စာကို အစအဦး၌ အလျင်ရနိုင်သော် လည်း၊ အဆုံး၌ အမင်္ဂလာဖြစ်လိမ့်မည်။ 22 ငါသည်ရန်တုံ့ပြုမည်ဟု မဆိုနှင့်၊ ထာဝရ
ဘုရားကို ငံ့လင့်လော့။ သို့ပြုလျှင် ကယ်တင်တော်မူ လိမ့်မည်။ 23 အလေးချင်းမတူသော အလေးတို့ကို ထာဝရ
ဘုရားစက်ဆုပ်ရွံရှာတော်မူ၏။ စဉ်းလဲသောချိန်ခွင် လည်း အပြစ်ရှိ၏။ 24 လူသွားရာလမ်းတို့ကို ထာဝရဘုရား စီရင်တော် မူ၏။
သို့ဖြစ်၍ သူသည် မိမိသွားရာလမ်းတို့ကို အဘယ် သို့ နားလည်နိုင်သနည်း။ 25 ဘုရားအမှု၌စကားလွန်မိသောသူ၊ သစ္စာ ဂတိထားပြီးမှ
မေးမြန်းသောသူသည် ကျော့ကွင်းနှင့် တွေ့မိပြီ။ 26 ပညာရှိသော ရှင်ဘုရင်သည် လူဆိုးတို့ကို ကွဲပြားစေ၍၊ ဘီးနှင့် ဖိတတ်၏။ 27
လူ၏စိတ်ဝိညာဉ်သည် ကိုယ်အတွင်း၌ ရှိရှိ သမျှတို့ကို စစ်ဆေးသော ထာဝရဘုရား၏ မီးခွက်ဖြစ်၏။ 28
ကရုဏာတရားနှင့်သစ္စာတရားသည် ရှင်ဘုရင် ကို စောင့်မတတ်၏။ ရာဇပလ္လင်တော်သည် ကရုဏာ တရားအားဖြင့် မြဲမြံတတ်၏။ 29
လူပျို၏ဘုန်းကား အစွမ်းသတ္တိ၊ လူအို၏ဂုဏ် အသရေကား ဖြူသောဆံပင်ဖြစ်၏။ 30 အနာကိုမွှေနှောက်ခြင်းအားဖြင့် အဆိုးအညစ်
နှင့်ကင်းစင်တတ်၏။ ဒဏ်ချက်ရာတို့သည်လည်း၊ ကိုယ် အတွင်းအရပ်တို့၌ ထိုသို့သော ကျေးဇူးကို ပြုတတ်၏။

---

Proverbs 01

စပျစ်ရည်သည် လှည့်စားတတ်၏။ သေရည် သေရက်သည် ရုန်းရင်းခတ်ပြုခြင်းအမှုကို ဖြစ်စေတတ်၏။
ဖော်ပြလိုသည့်အချက်သည် အတူတူပင်ဖြစ်ကာ အရက် သေစာ လွန်ကြူးစွာသောက်ခြင်း၏ အန္တရာယ်ကို အလေးပေး ဖော်ပြသည်။

စပျစ်ရည်သည် လှည့်စားတတ်၏။
"စပျစ်ရည်" ကို သောက်သုံးသူအစား ဖော်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "စပျစ်ရည်ကို သောက်သုံးသောသူသည် လှည့်စားတတ်သည်။"

သေရည် သေရက်သည် ရုန်းရင်းခတ်ပြုခြင်းအမှုကို ဖြစ်စေတတ်။
"ပြင်းသောသေရည်" သည် သောက်သုံးသူအစား ဖော်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သေရည်သေရက်ကို သောက်သုံးသောသူသည် ရန်စ၍ တိုက်ခိုက်တတ်၏။"

ရုန်းရင်းခတ်ပြုခြင်း။
လူများအလယ်၌ ရုန်းရင်းခတ် ပြုတတ်သောသူ

ထိုသို့သောအားဖြင့် မှားယွင်းသော သူသည် ပညာ မရှိ။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘာမျှ ကောင်းစွာမသိမှတ်သည်အထိ သောက်စားတတ်သောသူ"

 generated on Tue Jul 2 12:50:28 2024

သောက်စားခြင်း။
ယစ်မူးစေသော အရည်ကို ဆိုလိုသည်။

ပညာမရှိ။
"ပညာရှိ" နှင့် ဆန့်ကျင်သည့် စကားလုံးဖြစ်သည့် "ရူးမိုက်ခြင်း" ကို ဆိုလိုသည်

ရှင်ဘုရင်ကြောက်စေသော အမူအရာသည် ခြင်္သေ့ဟောက်ခြင်းနှင့်တူ၏။
ရှင်ဘုရင်၏ အမျက်တော်နှင့် ခြင်္သေ့၏ ဟိန်းဟောက်သံကို ခိုင်းနှိုင်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူတို့သည် ခြင်္သေ့၏ ဟိန်းသံကို ကြောက်ရွံ့သကဲ့သို့ ဘုရင်၏ အမျက်တော်ကိုလည်း ကြောက်ကြ၏။"

အမျက်တော်ကို နှိုးဆော် သောသူ။
"ဘုရင်ကို အမျက်ထွက်စေသည်"

မိမိအသက်ကို ပြစ်မှား၏။
သတ်သေခြင်းကို ဆိုလိုသည်။ "အသက်" သည် လူ့ခန္ဓာအသက်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သေမည်"

Proverbs 03

ဂုဏ်အသရေရှိ
"ဂုဏ်ယူဖွယ်ကောင်းသော"

မိုက်သောသူမူကား၊ အမှုနှင့်ရောနှော တတ်၏။
ရန်တွေ့စကားများခြင်းသည် မိုက်မဲသောသူ ခုန်ဆင်းသည့်အလား ဖော်ပြထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မိုက်သောသူသည် ရန်တွေ့စကားများသည်" သို့မဟုတ် "မိုက်သောသူသည် ရန်တွေ့စကားများသည့်ဝိုင်းသို့ ခုန်ဆင်းလာသည်။"

လယ်လုပ်
"စိုက်ပျိုးမြေအတွက် ပြင်ဆင်ခြင်း"

စပါးရိတ်သော ကာလ
ဆောင်းတွင်းကာလ

တောင်းသော်လည်း မရ။
လယ်၌ စိုက်ပျိုးခြင်းမရှိသဖြင့် ရိတ်သိမ်းစရာမရှိ။ အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် ရိတ်သိမ်းစရာ အသီးအနှံမရှိပါ။"

Proverbs 05

လူစိတ်နှလုံး၌ ပညာအကြံသည် နက်သော ရေနှင့်တူ
လူတစ်ယောက်၏ အတွင်းစိတ်ကို သိနားလည်ရန်မှာ ခက်ခဲကြောင်းကို နက်သောရေတွင်းမှ ရေကို ခပ်ယူရန် ခက်ခဲပုံနှင့် ခိုင်းနှိုင်းထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူ့စိတ်အတွင်းသဏ္ဍာန်ကို နားလည်ရန် ခက်ခဲမှုသည် နက်သောရေတွင်းမှ ရေကို ခပ်ယူသကဲ့သို့ဖြစ်သည်" သို့မဟုတ် "လူ့စိတ်၏ ကြံရွယ်ချက်တို့သည် နားလည်ရန် အလွန်ခက်ခဲသည်။"

ဉာဏ်ကောင်းသောသူ
"သဘောပေါက်တတ်သော ဉာဏ်ရှိသူ"

ခပ်ယူလိမ့်မည်။
လူ့စိတ်၏ ဦးတည်ရာကို သိရှိခြင်းကို နက်သောရေတွင်းမှ ရေခပ်ယူခြင်းနှင့် နှိုင်းယှဉ်ထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ရည်ရွယ်ချက်ကို သိရှိလာအောင် ဖန်တီးလိမ့်မည်" သို့မဟုတ် "သိနားလည်လာလိမ့်မည်"

သစ္စာ ရှိသော
"ယုံကြည်စိတ်ချရသည်"

သစ္စာ ရှိသော သူကိုကား၊ အဘယ်သူရှာ၍ တွေ့နိုင်သနည်း။
အဖြေမှာ အနည်းငယ်သော သူတို့သည်သာ တွေ့ကြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အနည်းငယ်သောလူတို့သည် သစ္စာရှိသောသူကို တွေ့ကြသည်" သို့မဟုတ် "သစ္စာရှိသောသူကို တွေ့ရန် အလွန်ခက်ခဲသည်။"

Proverbs 07

## Proverbs 30:18

အလွန်အံ့ဩဖွယ်ဖြစ်သောကြောင့် စာရေးသူနားမလည်နိုင်သည့် ဒုတိယ အရာကမည်သည့်အရာ ဖြစ်သနည်း။
စာရေးဆရာနားမလည်နိုင်သည့် အရာက ကျောက် ပေါ်မှာ မြွေသွားရာလမ်းဖြစ်သည်။

## Proverbs 30:21

မြေကြီးကိုတုန်လှုပ်စေသောအရာဟု စာရေးသူပြောထားသော ပထမအရာသည် မည်သည့်အရာဖြစ်သနည်း။
မြေကြီးကိုတုန်လှုပ်စေသောအရာဟု စာရေးသူပြောထားသောအရာသည် ကျွန်တစ်ယောက် ဘုရင်ဖြစ်လာခြင်း ဖြစ်သည်။

## Proverbs 30:27

စာရေးသူသည် မည်သည့်အံ့ဩဘွယ်ရာကို ကျိုင်းကောင်များတွင် တွေ့သနည်း?
ကျိုင်းကောင်များသည် ဘုရင်မရှိသော်လည်း အဖွဲ့လိုက်ချီတက်နိုင်သည့်အချက်ကို စာရေးသူသည် အံ့ဩစရာဟု မြင်သည်။

## Proverbs 30:29

အဘယ်သူကိုမျှ မရှောင်သောအရာသည် မည်သည့်အရာဖြစ်သနည်း။
အဘယ်သူကိုမျှ မရှောင်သောအရာသည် ခြင်္သေ့ဖြစ်သည်။

## Proverbs 30:32

ပုဂ္ဂိုလ်တစ်ဦးသည်မကောင်းသောအကြံကိုကြံစည်ပြီးသူတို့သည် အဘယ်သို့ပြုသနည်း။
ပုဂ္ဂိုလ်တစ်ဦးသည်မကောင်းသောအကြံကိုကြံစည်ပြီး သူ၏နှုတ်ကို လက်နှင့်ပိတ်ထားတတ်ကြသည်။

ဒေါသသည် မည်သည့်အရာကို ဖြစ်စေတတ်သနည်း။
ဒေါသသည် ခိုက်ရန်ဖြစ်ပွားခြင်းကို ဖြစ်စေတတ်၏။

## Chapter 31

[1] လေမွေလမင်းကြီး၏ မယ်တော်သည်သားကို ဆုံးမသွန်သင်သော တရားစကားဟူမူကား၊ [2] ငါ့သားအဘယ်သို့နည်း။
ငါ့ဘွားသောသား၊ အဘယ်သို့နည်း။ ငါ့၏သစ္စာဂတိနှင့်ဆိုင်သောသား အဘယ်သို့နည်းဟု မေးမြန်းသော်၊ [3] သင်၏အစွမ်းသတ္တိကို
မိန်မတို့အားမပေးနှင့်။ ရှင်ဘုရင်တို့ကိုဖျက်ဆီးတတ်သာအရာ၌ သင့်၏အကျင့် အကြံ အပြုအမူတို့ကို မအပ်နှင့်။ [4] အိုလေမွေလ၊
စပျစ်ရည်သောက်သောအမှုနှင့် သေရည်သောက်သောအမှုသည် ရှင်ဘုရင်၊ မင်းသား တို့ကိုနှင့် မတော်မသင့်။ [5]
သူတို့သည်သောက်လျက် တရားတော်ကို မေ့ လျော့၍၊ ဆင်းရဲသောအမှုကို မတရားသဖြင့် စီရင် ဆုံးဖြတ်မည်ဟု စိုးရိမ်စရာရှိ၏။ [6]
ဆုံးလုသောလူအား သေရည်သေရက်ကိုင်၊ စိတ်ညစ်သောသူအား စပျစ်ရည်ကိုင်၊ ပေးလော့။ [7] ထိုသူတို့သည် သောက်၍
မိမိဒုက္ခဆင်းရဲကို မအောက်မေ့ဘဲ မေ့လျော့ပါစေ။ [8] ကိုးကွယ်ရာမရှိသော သူအပေါင်းတို့၏အမှုကို စောင့်ခြင်းငှါ၊
စကားအသောသူတို့ဘက်မှာ နေ၍ပြော လော့။ [9] စကားပြောလျက်၊ တရားသဖြင့်စီရင်လျက်၊ ဆင်းရဲငတ်မွတ်သောသူတို့၏
အမှုကိုစောင့်လော့။ [10] သီလနှင့်ပြည့်စုံသော မိန်မကိုအဘယ်သူတွေ့ရ သနည်း။ ထိုသို့သောမိန်းမသည် ပတ္တမြားထက် အဘိုး သာ၍
ထိုက်ပေ၏။ [11] သူ၏ခင်ပွန်းသည် သူ့ကိုယုံ၍၊ ဆင်းရဲခြင်းနှင့် ကင်းလွတ်လိမ့်မည်။ [12] ထိုမယားသည် မိမိခင်ပွန်းအကျိုးကို မဖျက်၊
တသက်လုံးပြုစုတတ်၏။ [13] သိုးမွေးနှင့်ဝါကို ရှာ၍၊ မိမိလက်နှင့် အလို အလျောက် လုပ်တတ်၏။ [14] ကုန်သည် သင်္ဘောကဲ့သို့ဖြစ်၍၊
စားစရာကို ဝေးသောအရပ်မှ ဆောင်ခဲ့တတ်၏။ [15] မိုယ်းမလင်းမှီထလျက်၊ အိမ်သူအိမ်သားတို့အား စားစရာကိုင်၊ ကျွန်မတို့အား
အငန်အတာကိုင်၊ ပေးဝေတတ်၏။ [16] ကောင်းမွန်စွာ ဆင်ခြင်၍၊ လယ်ကွက်ကိုဝယ်ယူ တတ်၏။ ကိုယ်တိုင်လုပ်၍ရသောငွေနှင့်
စပျစ်ဥယျာဉ်ကို ပြုစုတတ်၏။ [17] မိမိခါးကို ခွန်အားနှင့်စည်း၍၊ မိမိလက်တို့ကို သတ်မြန်စေတတ်၏။ [18]
မိမိလုပ်သောဥစ္စာကောင်းသည်ကို ရိပ်မိ၍၊ သူ၏မီး ခွက်သည် တညလုံးမသေတတ်။ [19] ချည်ဖြစ်တတ်သော တန်ဆာတို့ကို ကိုယ်လက်
နှင့် ကိုင်၍ လုပ်ဆောင်တတ်၏။ [20] ဆင်းရဲသောသူတို့အား လက်ကိုဖြန့်၍၊ ငတ်မွတ် သောသူတို့အား လက်ရုံးကိုဆန့်တတ်၏။ [21]
မိုယ်းပွင့်ကျသော်လည်း၊ မိမိအိမ်သူ အိမ်သားတို့ အတွက်မစိုးရိမ်၊ အိမ်သူအိမ်သားအပေါင်းတို့သည် ကတ္တီပါနီကို ဝတ်ကြ၏။ [22]
ကိုယ်အလို့စောင်တို့ကို ရက်၍၊ ပိတ်ချောနှင့် မောင်းသောအထည်ကို ဝတ်တတ်ကြ၏။ [23] သူ၏ခင်ပွန်းသည်လည်း မြို့တံခါးတို့၌
ပြည်သား အသက်ကြီးသူတို့နှင့်ထိုင်၍၊ ထင်ရှားသောသူ ဖြစ်၏။ [24] ချောသောအထည်လိပ်ကို ရက်၍ရောင်းတတ် ၏။
ခါးစည်းတို့ကိုလည်း ကုန်သည်၌ချတတ်၏။ [25] လူလုပ်သောအထည်အလိပ်သည် ခိုင်ခဲ့၍၊ လှသောအဆင်းနှင့် ပြည့်စုံသဖြင့်၊
သူသည်နောင်ကာလ၌ ဝမ်းမြောက်လိမ့်မည်။ [26] ပညာစကားကို ပြောတတ်၍၊ မေတ္တာတရား အားဖြင့် နှုတ်မြွတ်တတ်၏။ [27]
အိမ်သူအိမ်သား ပြုမူသမျှတို့ကို ကြည့်ရှုတတ် ၏။ပျင်းရိခြင်းအစာကို မစားတတ်၊ [28] သူ၏သားသမီးတို့သည်ထ၍၊ အမိကို ကောင်း
ကြီးပေးတတ်ကြ၏။ သူ၏ခင်ပွန်းကလည်း၊ [29] လူမျိုးသမီးအများတို့သည် ကောင်းမွန်စွာ ပြုကြ ပြီ။ သို့ရာတွင်၊ သင်သည်
ထိုသူအပေါင်းတို့ကို လွန်ကဲပြီ ဟု သူ့ကို ချီးမွမ်းတတ်၏။ [30] ယဉ်ကျေးသောအရာသည် လှည့်စားခြင်းနှင့် ယှဉ်တတ်၏။
လှသောအဆင်းသည်လည်း အချည်းနှီးဖြစ် ၏။ ထာဝရဘုရားကို ကြောက်ရွံ့သော မိန်းမမူကား၊ ချီးမွမ်းခြင်းကို ခံရလိမ့်မည်။ [31]
ထိုသို့သော မိန်းမကျင့်ရာ အကျိုးကိုပေးလော့။ သူပြုသောအမှုသည် မြို့တံခါးတို့၌ သူ၏အသရေကို ထင်ရှားစေသတည်း။

---


generated on Tue Jul 2 12:50:28 2024

# Ecclesiastes

## Chapter 1

1 ဒါဝိဒ်၏သားတော်၊ ဓမ္မဒေသနာဆရာဖြစ်သော ယေရုရှလင်မင်းကြီး၏စကားဟူမူကား၊ 2 အနတ္တသက်သက်၊ အနတ္တသက်သက်၊
ခပ်သိမ်းသောအရာတို့သည် အနတ္တဖြစ်ကြ၏။ 3 လူသည် နေအောက်မှာ ကြိုးစားအားထုတ်သမျှ တို့၌ အဘယ်အကျိုးရှိသနည်း။ 4
လူတဆက်လွန်သွား၏။ တဆက်ပေါ်လာ၏။ မြေကြီးမူကား အစဉ်အမြဲတည်၏။ 5 နေလည်းထွက်လျက် ဝင်လျက်၊ ထွက်ရာအရပ်သို့
တဖန်ပြေးလျက်၊ တောင်လမ်းသို့လိုက်၍၊ တဖန် မြောက်လမ်းသို့ ပြန်လည်တတ်၏။ 6 လေသည်လည်း အစဉ်လည်သွား၍၊ လည်ပြီး
သောအရပ်သို့ တဖန်ပြန်၍လည်ပြန်တတ်၏။ 7 ခပ်သိမ်းသော မြစ်တို့သည် ပင်လယ်ထဲသို့ ရောက်ကြ၏။ သို့သော်လည်း၊
ပင်လယ်သည် မပြည့် တတ်။ မြစ်ရေသည် စီးထွက်ရာအရပ်သို့ တဖန်ပြန်သွား တတ်၏။ 8 ခပ်သိမ်းသော အရာတို့သည် လူမပြောနိုင်
အောင် ပင်ပန်းခြင်းနှင့် ယှဉ်ကြ၏။ မျက်စိသည် မြင်၍ မကုန်တတ်။ နားသည်လည်း ကြား၍မဝတတ်။ 9 ဖြစ်ဘူးသော အရာသည်
ဖြစ်လတံ့သောအရာ နှင့်တူ၏။ ယခုပြုသောအမှုသည် ပြုလတံ့သောအမှုအရာမရှိ။ 10 ကြည့်ပါ။ အသစ်ဖြစ်၏ဟုဆိုရသော အမှုအရာ
တစုံတခုရှိသလော။ ထိုအမှုအရာသည် ငါတို့အရင်၊ ရှေးကာလ၌ ဖြစ်ဘူးပြီ။ 11 ရှေးဖြစ်ဘူးသော အမှုအရာတို့ကို မေ့လျော့ တတ်၏။
နောက်ဖြစ်လတံ့သောအမှုအရာတို့ကိုလည်း၊ ထိုအမှုအရာနောက်၌ ဖြစ်လတံ့သော သူတို့သည် မေ့လျော့ကြလိမ့်မည်။ 12
ငါဓမ္မဒေသနာဆရာသည်၊ ယေရုရှလင်မြို့၌ ဣသရေလရှင်ဘုရင်ဖြစ်စဉ်တွင်၊ 13 မိုဃ်းကောင်းကင်အောက်၌ ပြုသမျှတို့ကို
ဉာဏ်ပညာ အားဖြင့်၊ ရှာဖွေစစ်ဆေးခြင်းငှါ နှလုံးထား၏။ လူသား တို့ ကျင်လည်ရာဘို့ ထိုပင်ပန်းစေသောအမှုကို ဘုရား
သခင်ပေးတော်မူပြီ။ 14 နေအောက်မှာ ပြုလေသမျှသော အမှုအရာ တို့ကို ငါမြင်ပြီ။ အလုံးစုံတို့သည် အနတ္တအမှု၊ လေကို
ကျက်စားသော အမှုဖြစ်ကြ၏။ 15 ကောက်သောအရာကို မဖြောင့်စေနိုင်။ ချို့တဲ့ သောအရာကို မရေတွက်ရ။ 16 ငါသည်
ကိုယ်စိတ်နှလုံးထဲမှာ ပြောဆိုသည်ကား၊ ငါသည်ငါ့အရင်၊ ယေရုရှလင်မြို့၌ ဖြစ်ဘူးသောသူ အပေါင်းတို့ထက် ကြီးမြင့်၍ပညာရှိ၏။
အကယ်စင်စစ် ငါ့စိတ်နှလုံးသည် ပညာအတတ်များကို အထူးသဖြင့် လေ့ကျက်၏။ 17 ပညာတရားကိုငင်း၊ လျှပ်ပေါ်ခြင်းနှင့် မိုက်မဲ
ခြင်းတို့ကိုငင်း ပိုင်းခြား၍ သိအံ့သောငှါ ငါသည်နှလုံး ထား၏။ ထိုအမှုသည်လည်း၊ လေကို ကျက်စားသောအမှု ဖြစ်သည်ကို ရိပ်မိ၏။
18 အကြောင်းမူကား၊ ပညာများလျှင်၊ ငြိုငြင်စရာ အကြောင်းများ၏။ သိပ္ပံအတတ် တိုးပွားသောသူသည် ဝမ်းနည်းခြင်း
တိုးပွားတတ်၏။

---

Ecclesiastes 01

လူတဆက်လွန်သွား၏။ တဆက်ပေါ်လာ၏။
ဤဖော်ပြချက်မှာ နေမင်းသည်နေ့ရက်၏အဆုံး၌ဝင်ပြီး နောက်တဖန်မကြာမီ ပြန်ထွက်ရန် မည်သို့အဆင့်သင့်ရှိသကဲ့သိုလည်းကောင်း၊ လူတစ်ယောက်သည် သူရှိနေသောနေရာမှ အခြားနေရာသို့ လျှင်မြန်စွာပြေးကြောင်းကိုဖော်ပြထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "မူလနေရာသို့ လျှင်မြန်စွာ ပြန်လှည့် လာခြင်း" (သို့ ) လျှင်မြန်စွာ မူလနေရာသို့သွားခြင်းဖြစ်သည်။ ( ရှု -

Ecclesiastes 04

ယေဘုယျအချက်အလက်
စာရေးသူအနေဖြင့် သူနားလည်ထားသည့်အတိုင်းသဘာဝ တရား၏ အစဉ်ညွှန်ကြားချက်များကို တင်ဆက်ထားပါသည်။

Ecclesiastes 07

ယေဘုယျအချက်အလက်
စာရေးသူသည် သဘာဝနှင့် ပါတ်သက်သော အစီအစဥ်များကို စူးစမ်းလေ့လာမှုများ ဆက်လက်လုပ်ဆောင်ပါသည်။

ခပ်သိမ်းသော အရာတို့သည် လူမပြောနိုင် အောင် ပင်ပန်းခြင်းနှင့် ယှဉ်ကြ၏
ပြီးနောက် လူသည်ဤအရာများကိုမရှင်းပြနိုင်ပဲ အချည်းနှီးသက်သက်သာ ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်များ " ခပ်သိမ်းသောအရာတို့သည်ပင်ပန်းမှုများဖြစ်လာခြင်း"

မျက်စိသည် မြင်၍ မကုန်တတ်
ဤတွင် "မျက်စိ" ဟူသည် လူပုဂ္ဂိုလ်တစ်ယောက်လုံးကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "လူတစ်ယောက်သည်သူမြင်သောအရာအားဖြင့်မကျေနပ်နိုင်ပါ။"

နားသည်လည်း ကြား၍မဝတတ်။
ဤတွင် "နား" ဟူသည်မှာ လူပုဂ္ဂိုလ်တစ်ယောက်လုံးကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - " ပုဂ္ဂိုလ်တစ်ယောက်သည် သူကြားသောအရာဖြင့် မဝနိုင်ပါ။"


generated on Tue Jul 2 12:50:28 2024

Ecclesiastes 09

ယေဘုယျအချက်အလက်
လူသည် မိမိ၏လုပ်ရှားမှုများနှင့် ပါတ်သက်သောအရာ အသစ်ဘာမျှမရှိပါ။

ဖြစ်ဘူးသော အရာသည် ဖြစ်လတ့်ံသောအရာ နှင့်တူ၏။
အခြားသောဘာသာပြန်ဆိုချက် - "ဖြစ်ဘူးသောအရာသည် နောက်ပြန်ဖြစ်လာလိမ့်မည်ဖြစ်သည်။" (ရှု၊ figs-activepassive)

ကြည့်ပါ။ အသစ်ဖြစ်၏ဟုဆိုရသော အမှုအရာ တစုံတခုရှိသလော
အခြားသောဘာသာပြန်ဆိုချက် - "ကြည့်ပါ ဤအရာသည် အသစ်သောအရာဖြစ်သည်ဟုပြောနိုင်သည့်အကြောင်း ဘာမျှမရှိပါ။" (ရှု၊

ထိုအမှုအရာနောက်၌ ဖြစ်လတ့ံသော သူတို့သည် မေ့လျော့ကြလိမ့်မည်။
ဤအရာကို အပြုသဘောဆောင်သော သဘောဖြင့်ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက် - "လူတို့သည် ထိုအရာများကို အောက်မေ့ကြမည်မဟုတ်ပါ။"

Ecclesiastes 12

ငါ နှလုံးထား၏။
အခြားသောဘာသာပြန်ဆိုချက် - "ငါကိုယ့်ငါ သန္နိဌာန်ချသည်။" (သို့) ငါ့ကိုယ်ငါ စိတ်ပိုင်းဖြတ်သည်။

ရှာဖွေစစ်ဆေးခြင်း
သူလေ့လာထားသော ဒီစကားစုနှစ်စုသည် အဓိပ္ပာယ်တူပြီး အလေးထားခြင်းလည်း တူညီသည်။

လူသားတို့ ကျင်လည်ရာ
အခြားသောဘာသာပြန်ဆိုချက် - "လူသားဖြစ်ခြင်း"

ပြုလေသမျှသော အမှုအရာ
အခြားသောဘာသာပြန်ဆိုချက် - "လူများလုပ်ဆောင်သော အရာတိုင်း"

အခိုးအငွေ့ပမာဏ
အခိုးအငွေ့ (သို့) အသက်ရှူခြင်း။ အခိုးအငွေ့သည် ကွယ်ပျောက်ပြီးအဆုံးမရှိသကဲ့သို့ အရာအားလုံးသည်လည်း ကြာရှည်ခံသော တန်ဖိုးလည်းမရှိပါ။
အခြားသောဘာသာပြန်ဆိုချက် - "လူတွေ ဘာလုပ်လုပ် ၎င်းသည် အသုံးမဝင်သော အခိုးအငွေ့ကဲ့သို့ (သို့ ) အဓိပ္ပာယ်မရှိသောအရာများကဲ့သို့ ဖြစ်သည်။" (ရှု -

လေကို ကျက်စားသောအမှု
စာရေးသူက လူများလုပ်ဆောင်သော အရာအားလုံးသည် လေကိုဖမ်းရန် ကြိုးစားခြင်း

ကွေ့ကောက်သောအရာမဖြောင့်စေနိုင် - လွန်သွားသောအရာသည်ရေတွက်၍မရနိုင်
အခြားသောဘာသာပြန်ဆိုချက် - "လူများသည် ကွေ့ကောက်သောအရာကို မဖြောင့်စေနိုင် - သူတို့သည် မရှိသောအရာကိုလည်း မရေတွက်နိုင်ပါ။"

Ecclesiastes 16

ငါသည်နှလုံး ထား၏။
အခြားသော ဘာသာပြန်ဆိုချက် - "ငါ ဆုံးဖြတ်ခဲ့သည်။"

လျှပ်ပေါ်ခြင်းနှင့် မိုက်မဲခြင်း
"မိုက်မဲခြင်း" နှင့် "လျှပ်ပေါ်ခြင်း" ဟူသော စကားလုံးသည် အဓိပ္ပာယ်အတူတူဖြစ်ပြီး မိုက်မဲစွာတွေးခေါ်ခြင်းနှင့် အကျင့်အကြံကို ကျက်သရေရှိစွာ ရည်ညွှန်းထားပါသည်။

ထိုအမှုသည်လည်း၊ လေကို ကျက်စားသောအမှု ဖြစ်သည်ကို ရိပ်မိ၏။
ဤအရာကို ဒေသနာ ၁:၁၄ ၌မည်သို့ဘာသာပြန်ဆိုထားသည်ကိုကြည့်ပါ။

---

## Translation Questions

Ecclesiastes 1:1

ဓမ္မဒေသနာဆရာသည် မည်သူမှ ဆင်းသက်လာသူဖြစ်သနည်း။
ဓမ္မဒေသနာဆရာသည် ယေရုရှလင်မြို့၏ဘုရင် ဒါဝိဒ်မှ ဆင်းသက်လာသူဖြစ်သည်။

Ecclesiastes 1:4

အစဉ်အမြဲတည်သောအရာသည် ဘာလဲ။
မြေကြီးသည် အစဉ်အမြဲတည်သည်။

Ecclesiastes 1:7

မျက်စိသည် ဘာအားဖြင့် မကုန်တတ်သနည်း။
မျက်စိသည်မြင်၍ မကုန်တတ်။

Ecclesiastes 1:9

ဘယ်အရာကို ပြီးမြောက်လိမ့်မည်နည်း။
ဖြစ်ဖူးပြီးသောအရာအားလုံးသည် ဖြစ်လာမည့်အရာများဖြစ်သည်။

Ecclesiastes 1:12

ဓမ္မဒေသနာဆရာသည် မိမိစိတ်ကို ဘာအပေါ်သို့ ထားခဲ့သနည်း။
ဓမ္မဒေသနာဆရာသည် ကောင်းကင်အောက်၌ရှိသော လူများပြုလုပ်၍ဖြစ်ပျက်ပြီးသောအရာခပ်သိမ်းကို ဉာဏ်ပညာအားဖြင့် လေ့လာရှာဖွေရန် စိတ်ဆုံးဖြတ်ထားသည်။

နေအောက်မှာ ပြုလေသမျှသော အမှုအရာ တို့သည် ဘာလုပ်ရန် ဖြစ်သနည်း။
နေအောက်မှာ ပြုလေသမျှသော အမှုအရာ တို့သည် အငွေ့ပြန်ရန်နှင့်လေကို ကျက်စားရန် ကြိုးပမ်းမှုဖြစ်သည်။

Ecclesiastes 1:16

မည်သည့်နေရာတွင် ငြိုငြင်စရာ များသနည်း။
ပညာကြွယ်ဝခြင်းတွင် ငြိုငြင်စရာ များ သည်။

## Chapter 2

1 တဖန်ငါသည် ကိုယ်စိတ်နှလုံးထဲမှာ ပြောသည် ကား၊ လာပါ။ ရွှင်လန်းခြင်းအားဖြင့် သင့်ကိုငါစုံစမ်းမည်။ သို့ဖြစ်၍၊
ကာမဂုဏ်၌ပျော်မွေ့လော့ဟု ဆိုရာတွင်၊ ထိုအမှုအရာသည်လည်း အနတ္တဖြစ်၏။ 2 ရယ်မောခြင်းကို သင်သည် အရူးဖြစ်၏ဟူ၍ ၎င်း၊
ရွှင်လန်းခြင်းကိုအဘယ်ကြောင့် ဤသို့ပြုသနည်း ဟူ၍၎င်း ငါဆိုရ၏။ 3 တဖန်လူသားတို့သည် မိုဃ်းကောင်းကင် အောက်၌၊
တသက်လုံးပြုသင့်သောအမှုကောင်းကို သိအံ့ သောငှါ၊ ပညာတရားကို လေ့ကျက်လျက်နှင့်၊ စပျစ်ရည် အလိုသို့လိုက်၍၊
မိုက်သောအကျင့်စလေ့၌ ကျင်လည်ခြင်း ငှါ၊ ငါကြံစည်၏။ 4 ကြီးကျယ်သောအလုပ်ကို စီရင်၍အိမ်တို့ကို ဆောက်၏။
စပျစ်ဥယျာဉ်တို့ကိုလည်း စိုက်၏။ 5 ဥယျာဉ်အမျိုးမျိုးကို ပြုစု၍၊ ခပ်သိမ်းသော အသီးမျိုးကို သီးသောအပင်တို့ကိုလည်း စိုက်၏။ 6
သစ်ပင်မျိုးနှင့် ပြည့်စုံသောတောကို ရေလောင်း စရာဘို့ ရေကန်တို့ကိုလည်း လုပ်၏။ 7 ကျွန်ယောက်ျား၊ ကျွန်မိန်းမတို့ကိုသိမ်းယူ၍၊
ကျွန်သားပေါက်များလည်းရှိကြ၏။ ငါ့အရင်၊ ယေရုရှလင် မြို့၌ဖြစ်ဘူးသော သူအပေါင်းတို့ထက်၊ ငါသည် တိရစ္ဆာန်
အကြီးအငယ်တို့နှင့် အလွန်ရတတ်၏။ 8 ရွှေငွေကိုင်၎င်း၊ ရှင်ဘုရင်နှင့်ဆိုင်သောဘဏ္ဍာ၊ ကျေးရွာတို့၌ ခွဲသောအခွန်ကို၎င်း
ငါဆည်းပူး၏။ အငြိမ့် သမားယောကျ်ားမိန်းမတို့ကို၎င်း၊ လူသားတို့ ပျော်မွေ့ တတ်သော ကြင်လျှာမိန်းမမောင်းမမိသံတို့ကို၎င်း
ငါသိမ်းယူ၏။ 9 ထိုသို့ငါ့အရင်၊ ယေရုရှလင်မြို့၌ ဖြစ်ဘူးသောသူ အပေါင်းတို့ထက်၊ ငါသည် တိုးပွါး၍ ကြီးမြင့်ခြင်းသို့ ရောက်၏။
ငါပညာလည်း တည်လျက်ရှိ၏။ 10 ငါ့မျက်စိတပ်မက် လိုချင်သောအရာ တစုံတခု ကိုမျှ ငါမငြင်း၊ ငါ့စိတ်ရွှင်လန်းစရာ
တစုံတခုကိုမျှမပယ်။ ငါကြိုးစားသမျှတို့၌ ဝမ်းမြောက်လျက်ရှိ၍၊ ကြိုးစားခြင်း အကျိုးကိုခံရ၏။ 11 ထိုအခါငါစီရင်ပြုပြင်သမျှ၊
ငါကြိုးစားအားထုတ် သမျှတို့ ကိုငါကြည့်ရှု၍၊ အလုံးစုံတို့သည် အနတ္တအမှု၊ လေကိုကျက်စားသော အကျိုးတစုံတခုမျှမရှိ။ 12
တဖန်ငါလှည့်၍ ပညာတရားကို၎င်း၊ လျှပ်ပေါ်ခြင်းနှင့် မိုက်မဲခြင်းတရားတို့ကို၎င်း ဆင်ခြင်၏။ရှင်ဘုရင် နောက်မှာ ဖြစ်သောသူသည်
အဘယ်သို့ ပြုနိုင်သနည်း။ ပြုဘူးသည်အတိုင်းသာ ပြုနိုင်၏။ 13 သို့ရာတွင်၊ အလင်းသည် မှောင်မိုက်ထက်မြတ် သကဲ့သို့၊ ပညာသည်
မိုက်မဲခြင်းထက်မြတ်သည်ကို ငါ သိမြင်၏။ 14 ပညာရှိသောသူ၏ မျက်စိတို့သည် သူ၏ ဦးခေါင်း၌ရှိ၏။ မိုက်သောသူမူကား၊
မှောင်မိုက်၌ ကျင်လည်တတ်၏။ သို့သော်လည်း ထိုသူအပေါင်းတို့သည် တခုတည်းသော်အမှုနှင့် တွေ့ကြုံတတ်သည်ကို ငါရိပ်မိ ၏။
15 သို့ဖြစ်၍၊ မိုက်သောသူတွေ့ကြုံသကဲ့သို့၊ ငါသည် တွေ့ကြုံလျှင်၊ အဘယ်ကြောင့်သူ့ထက်သာ၍ ပညာ ရှိသနည်းဟူ၍၎င်း၊
ဤအမှုအရာသည်လည်း အနတ္တ ဖြစ်သည်ဟူ၍ ငါအောက်မေ့၏။ 16 ယခုဖြစ်သမျှသော အမှုအရာတို့ကို နောင် ကာလ၌
မေ့လျော့လိမ့်မည်ဖြစ်၍၊ မိုက်သောသူသည် အစဉ်မအောက်မေ့သကဲ့သို့၊ ပညာရှိသောသူကိုလည်း အစဉ်မအောက်မေ့တတ်။
ပညာရှိသောသူသည် မိုက် သော သူသေသကဲ့သို့ သေတတ်ပါသည်တကား။ 17 ထိုကြောင့်၊ အသက်ရှင်ခြင်းကို ငါငြီးငွေ့၏။
နေအောက်မှာ ပြုသောအမှုသည် ငါ၌ခက်ခဲ၏။ အလုံးစုံ တို့သည် အနတ္တအမှု၊ လေကိုကျက်စားသောအမှု ဖြစ်ကြ ၏။ 18 ထိုမှတပါး၊
ငါသည်နေအောက်မှာ ကြိုးစား အားထုတ်သော အမှုအလုံးစုံတို့ကို ငါငြီးငွေ့ရသော အကြောင်းဟူမူကား၊ ထိုအမှုကို
ငါ့နောက်မှဖြစ်လတံ့ သောသူအဘို့ ငါချန်ထားရမည်။ 19 ထိုသူသည် ပညာရှိမည်လော၊ မိုက်မည်လောဟု အဘယ်သူ ပြောနိုင်သနည်း။
ထိုသူသည် ငါကြိုးစား အားထုတ်သမျှ၊ နေအောက်မှာငါ့ပညာကို ထင်ရှားပြလေ သမျှသော အမှုတို့ကို အစိုးရလိမ့်မည်။
ထိုအမှုအရာသည် လည်း အနတ္တဖြစ်၏။ 20 ထိုကြောင့်နေအောက်မှာ ငါကြိုးစားအားထုတ် သမျှတို့၌ မြော်လင့်စရာမရှိ။
စိတ်ပျက်အောင်တဖန် ငါကြံစည်၏။ 21 အကြောင်းမူကား၊ ပညာရှိလျက် သိပ္ပံအတတ် နှင့် ပြည့်စုံလျက်၊ အမှုအောင်လျက်
ကြိုးစားအားထုတ် သောသူဖြစ်သော်လည်း၊ မကြိုးစား၊ အားမထုတ်သောသူ ဝင်စရာဘို့ ထိုအမှုကိုစွန့်ထားရမည်။ ထိုအမှုအရာသည်
လည်း အနတ္တအမှု၊ အလွန်ဆိုးသောအမှုဖြစ်၏။ 22 လူသည်နေအောက်မှာ ကြိုးစားအားထုတ်သော အမှု အလွန်စိတ်စွဲလမ်းသောအမှု၊
အလုံးစုံတို့၌ အဘယ် အကျိုးရှိသနည်း။ 23 သူ၏နေ့ရက်အပေါင်းတို့သည် ဝမ်းနည်းခြင်း၊ သူ၏အလုပ်အကိုင်လည်း
ငြိုငြင်ခြင်းဖြစ်၏။ ညဉ့်အခါ၌ ပင် သူ၏စိတ်နှလုံး မငြိမ်ရ။ ထိုအမှုအရာသည်လည်း အနတ္တဖြစ်၏။ 24 စားသောက်ခြင်းငှါ၎င်း၊
ကြိုးစားအားထုတ်ရာ၌ စိတ်နှလုံးပျော်မွေ့ခြင်းငှါ၎င်း၊ လူ၌ကောင်းသောအခွင့် မရှိ။ ဘုရားသခင်၏ကျေးဇူးတော်ကြောင့်သာ၊
ထိုသို့သော အခွင့်ကို ရနိုင်သည်ဟု ငါသိမြင်၏။ 25 ဘုရားသခင်၏အခွင့်မရှိဘဲ အဘယ်သူစားရ သနည်း။ အဘယ်သူ ခံစားရသနည်း။
26 ရှေ့တော်၌ ကောင်းသောသူအား ဥာဏ်ပညာ၊ သိပ္ပံအတတ်နှင့် ဝမ်းမြောက်ခြင်းအခွင့်ကို ပေးတော်မူ၏။ အပြစ်ရှိသောသူအား
ပင်ပန်းစွာ အလုပ်လုပ်ရသော အခွင့်ကို၎င်း၊ ဘုရားသခင်၏ရှေ့တော်၌ ကောင်းသော သူ အားပေးစရာဘို့၊
ဆည်းဖူးသိုထားရသောအခွင့်ကို၎င်း ပေးတော်မူ၏။ ထိုအမှုအရာသည်လည်း အနတ္တအမှု၊ လေကိုကျက်စားသော အမှုဖြစ်၏။

---

Ecclesiastes 01

ငါသည် ကိုယ်စိတ်နှလုံးထဲမှာ ပြောသည်ကား
အခြားသောဘာသာပြန်ဆိုချက် - "ငါ့ကိုယ်ငါ ပြောသည်။"

ရွှင်လန်းခြင်းအားဖြင့် သင့်ကိုငါစုံစမ်းမည်
ဤနေရာ၌ "သင်" ဟူသောစကားလုံးသည် သူ့ကိုယ်သူ ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် -


generated on Tue Jul 2 12:50:28 2024

"ငါ့ကိုပျော်ရွှင်အောင်လုပ်ပေးသော အရာများဖြင့် ငါ့ကိုယ်ငါ စုံစမ်းမည်။"

သို့ဖြစ်၍၊ ကာမဂုဏ်၌ပျော်မွေ့လော့။
အခြားသောဘာသာပြန်ဆိုချက် - "သို့ဖြစ်၍ ငါ့ကိုပျော်ရွှင်စေသောအရာ၌ ငါသည်ပျော်မွေ့မည်။"

ရယ်မောခြင်းကို သင်သည် အရူးဖြစ်၏ဟူ၍ ၎င်း၊
အခြားသောဘာသာပြန်ဆိုချက် - "ရယ်မောစေသောအရာများအား အရူးဖြစ်၏ဟူ၍ ငါပြောဆိုရသည်။"

ရွှင်လန်းခြင်းကိုအဘယ်ကြောင့် ဤသို့ပြုသနည်း။
စာရေးသူက ပျော်ရွှင်ခြင်းများသည် အချည်းနှီးသက်သက်သာဖြစ်ကြောင်းကိုအထူးပြုစေရန် အလင်္ကာ မေးခွန်းကိုအသုံးပြုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - ၎င်းသည် အချည်းနှီးသက်သက် ဖြစ်သည်။

Ecclesiastes 03

ငါကြံစည်၏
အခြားသောဘာသာပြန်ဆိုချက် - ခက်ခက်ခဲခဲ ငါကြံစည်ခဲ့သည်။

ပညာတရားကို လေ့ကျက်လျက်နှင့်၊ စပျစ်ရည် အလိုသို့လိုက်၍၊
အခြားသောဘာသာပြန်ဆိုချက် - "ငါ့ကိုငါ ပျော်ရွှင်စေရန် စပျစ်ရည်ကို သုံးဆောင်သင့်သည်" ဟူ၍ ဖြစ်သည်။

ပညာတရားကို လေ့ကျက်လျက်နှင့်
ဤတွင် စာရေးသူက ပညာဟူသာစကားလုံးကို သူ့ကိုယ်သူ လမ်းညွှန်ရန် သင်ယူဆည်းပူးသောပညာသည် တစ်စုံတစ်ယောက်က သူ့ကို လမ်းညွှန်ပေးသောပညာကဲ့သို့ဖြစ်ကြောင်း အသုံးပြုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "လူပညာရှိများက ငါ့ကိုသွန်သင်ပေးသော အရာများအကြောင်းကို ငါတွေးတော ခဲ့ပါသည်။"

တသက်လုံး
အခြားသောဘာသာပြန်ဆိုချက် - သူတို့ အသက်ရှင်သော ကာလအတောအတွင်း။

Ecclesiastes 04

ကြီးကျယ်သောအလုပ်ကို စီရင်၍အိမ်တို့ကို ဆောက်၏။ စပျစ်ဥယျာဉ်တို့ကိုလည်း စိုက်၏
စာရေးသူက လူသားများကိုအလုပ်လုပ်ရန် ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "အိမ်များဆောက်သောသူနှင့် စပျစ်ဥယျာဉ်တို့ကို စိုက်သောသူများ ငါ၌ရှိသည်။"

ဥယျာဉ်အမျိုးမျိုး
ဤစကားလုံးနှစ်ခုသည် အဓိပ္ပာယ်အတူတူဖြစ်ပြီးအသီးသီးပြီးလှပသော သစ်သီးခြံများကိုရည်ညွှန်းထားပါသည်။

ပြည့်စုံသောတောကို ရေလောင်းစရာဘို့ ရေကန်
သစ်တောအတွက်ရေလောင်းစရာဖို့ ရေကန်

သစ်ပင်မျိုးနှင့် ပြည့်စုံသောတော
အခြားသောဘာသာပြန်ဆိုချက် - "သစ်ပင်များကြီးထွားရာ သစ်တော"

Ecclesiastes 07

ကျွန်သားပေါက်များလည်းရှိကြ၏
အခြားသောဘာသာပြန်ဆိုချက် - "ငါ့နန်းတော်၌မွေးဖွားသောကျွန်များ (သို့ ) "ငါ့ကျွန်သားပေါက်များနှင့် သူတို့သည်လည်း ငါ့ကျွန်များဖြစ်ကြသည်။"

ရွှေငွေကို၎င်း၊ ရှင်ဘုရင်နှင့်ဆိုင်သောဘဏ္ဍာ၊
ဤအရာသည် အိမ်နီးချင်းနိုင်ငံများမှ ဂ္ဂလသရေလ ရှင်ဘုရင်ထံသို့ပေးအပ်ရမည့် အခွန်ဖြစ်သော ရွှေနှင့်အခြားသောစည်းစိမ်ကို ရည်ညွှန်းထားပါသည်။

လူသားတို့ ပျော်မွေ့ တတ်သော ကြင်လျှာမိန်းမမောင်းမမိသံတို့ကို၎င်း
အခြားသောဘာသာပြန်ဆိုချက် - "တချို့သောယောကျာ်းများပျော်မွေ့သကဲ့သို့ ငါသည်လည်း များပြားလှသောမောင်းမမိသံများနှင့်ကြီးစွာ ပျော်မွေ့ခဲ့သည်။"

Ecclesiastes 09

ငါပညာလည်း တည်လျက်ရှိ၏
"ငါသည်ပညာရှိစွာ ဆက်လက်ပြီး ကျင့်ကြံသည်။" (သို့ "ငါသည် ဆက်လက်ပြီးပညာရှိသည်။"

ငါ့မျက်စိတပ်မက် လိုချင်သောအရာ တစုံတခု
အခြားသောဘာသာပြန်ဆိုချက် - ငါမြင်တွေ့ခဲ့ရသမျှနှင့် ငါလိုချင်သော အရာ။

လိုချင်သောအရာ တစုံတခု ကိုမျှ ငါမငြင်း
ဤအရာသည်သေချာခိုင်မာစွာပြောဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက် - "ထိုအရာများကို ငါရရှိခဲ့သည်။"

ငါ့စိတ်ရွှင်လန်းစရာ တစုံတခုကိုမျှမပယ်
၎င်းသည် "ပျော်ရွှင်သည်" ဟူသောအရာကို ကြိယာအနေနဲ့ သေချာစွာဖော်ပြနိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက် - ငါ့ကိုပျော်ရွှင်စေသော အရာတိုင်းအား ပျော်မွေ့ရန် ငါ့ကိုယ်ငါ ခွင့်ပြုထားသည်။"

ငါကြိုးစားသမျှတို့၌ ဝမ်းမြောက်လျက်
အခြားသောဘာသာပြန်ဆိုချက် - "ငါဝမ်းမြောက်သည်။"


generated on Tue Jul 2 12:50:28 2024

## Ecclesiastes 11

ငါစီရင်ပြုပြင်သမျှ၊ ငါကြိုးစားအားထုတ် သမျှ
ဤတွင်စာရေးသူက "သူ့လက်များ" ဟူ၍သူ့ကိုယ်သူ ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - ငါ၌ရှိသမျှသည် ပြီးမြောက်ခဲ့သည်။"

လေကိုကျက်စားသော အကျိုးတစုံတခုမျှမရှိ
အဘယ်သို့ ဘာသာပြန်ထားသည်ကို ၁း၁၂ တွင် ကြည့်ပါ။

လျှပ်ပေါ်ခြင်းနှင့် မိုက်မဲခြင်းတရားတို့ကိုငင်း
"မိုက်မဲခြင်း" နှင့် "လျှပ်ပေါ်ခြင်း" ဟူသောစကားလုံးသည် အဓိပ္ပာယ်အတူတူဖြစ်ပြီး မိုက်မဲစွာတွေးတောခြင်း နှင့် အကျင့်အကြံ ဟူ၍အသီးသီး ရည်ညွှန်းထားပါသည်။ ဒေသနာ ၁:၁၆ တွင်မည်သို့ဘာသာပြန်ဆိုထားသည်ကိုကြည့်ပါ။

ရှင်ဘုရင် နောက်မှာ ဖြစ်သောသူသည် အဘယ်သို့ ပြုနိုင်သနည်း။ ပြုဘူးသည်အတိုင်းသာ ပြုနိုင်၏။
စာရေးသူက နောက်လာလတံ့သော ရှင်ဘုရင်သည်အရင်က လုပ်ဆောင်ပြီးသောအရာများထက် သာ၍လုပ်ဆောင်နိုင်လိမ့်မည် မဟုတ်ကြောင်း သူ့အချက်ကိုအထူးပြုစေရန် အလင်္ကာမြောက်သောမေးခွန်းကိုမေးထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "နောက်ထပ်လာမည့်ဘုရင်သည် အရင်ကဘုရင်အနေဖြင့်မပြီးမြောက်နိုင်သောအရာများကိုလည်း ဘာမှလုပ်ဆောင်နိုင်မည်မဟုတ်ပါ"။

ရှင်ဘုရင် နောက်မှာ ဖြစ်သောသူသည်
လက်ရှိဘုရင်ထက် အောင်မြင်သောသူ (သို့ ) "ငါ့နောက်ရောက်လာမည့် နောက်ထပ်ဘုရင်"

## Ecclesiastes 13

အလင်းသည် မှောင်မိုက်ထက်မြတ် သကဲ့သို့၊ ပညာသည် မိုက်မဲခြင်းထက်မြတ်သည်ကို ငါ သိမြင်၏
ပညာသည်မိုက်မဲခြင်းထက်မြတ်သကဲ့သို့ အလင်းသည်လည်း မှောင်မိုက်ခြင်းထက်မြတ်ကြောင်းကို နှိုင်းယှဉ်ပြောဆိုထားပါသည်။

ပညာရှိသောသူ၏ မျက်စိတို့သည် သူ၏ ဦးခေါင်း၌ရှိ၏
ပညာရှိသောသူသည် သူဦးတည်နေသောနေရာကိုအာရုံစိုက်ပြီး မှန်ကန်သောဆုံးဖြတ်ချက်များချပြီးလျှောက်လှမ်းကြောင်းကိုပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ပညာရှိသောသူသည်သူသွားနေသောနေရာကို မြင်တတ်သောပုဂ္ဂိုလ်ကဲ့သို့ဖြစ်သည်။"

မျက်စိတို့သည် သူ၏ ဦးခေါင်း၌ရှိ၏။
အခြားသောဘာသာပြန်ဆိုချက် - မြင်နိုင်သည်။

မိုက်သောသူမူကား၊ မှောင်မိုက်၌ ကျင်လည်တတ်၏
ဤတွင် မိုက်မဲသောသူသည် မှောင်မိုက်ထဲ၌ လျှောက်လှမ်းစေရန် မှားယွင်းသောဆုံးဖြတ်ချက်များ ချသောသူတစ်ယောက်နှင့်နှိုင်းယှဉ်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "မိုက်မဲ့သောသူသည် အမှောင်ထဲ၌ လမ်းလျှောက်သောသူကဲ့သို့ဖြစ်သည်။"

## Ecclesiastes 15

ငါသည် တွေ့ကြုံလျှင်
ဤတွင်စာရေးသူက သူ့စိတ်ခံစားချက်များကိုအထူးပြုစေရန် "သူ့နှလုံး" ဟူ၍သူ့ကိုယ်သူရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ငါ့ကိုယ်ငါပြောသည်။"

မိုက်သောသူတွေ့ကြုံသကဲ့သို့၊ ငါသည် တွေ့ကြုံလျှင်၊ အဘယ်ကြောင့်သူ့ထက်သာ၍ ပညာ ရှိသနည်းဟူ၍ငင်း
ပညာရှိခြင်းသည်လည်းအကျိုးမရှိကြောင်းကိုအထူးပြုစေရန် စာရေးသူက အလင်္ကာမြောက်သောမေးခွန်းကိုအသုံးပြုထားပါသည်။ ဤမေးခွန်းကိုစကားပြောပုံစံဖြင့်ရေးသားထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ငါပညာရှိလျှင်လည်း ဘာထူးခြားမှုမှရှိလာမည်မဟုတ်ပါ။"

ငါအောက်မေ့၏
ဤနေရာ၌ စာရေးသူက သူ့စိတ်ခံစားချက်များကိုအထူးပြုစေရန် "သူ့နှလုံးသား" ဟူ၍ သူ့ကိုသူ ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ငါ သုံးသပ်မိသည်။"

ဤအမှုအရာသည်လည်း အနတ္တ ဖြစ်သည်ဟူငင်း
ငင်းမှာ မြူခိုးမျှသာဖြစ်သည်။ စာရေးသူက အချည်းနှီးဖြစ်ခြင်းနှင့် အဓိပ္ပာယ်ကင်းမဲ့ခြင်းများကို ထိုအရာများသည် လေကိုကျက်စားသောအမှုကဲ့သို့သာဖြစ်ကြောင်း ပြောဆိုထားပါသည်။ [ဒေသနာ ၁:၁၂] ၌ ဘာသာပြန်ဆိုချက်ကိုကြည့်ပါ။

မိုက်သောသူသည် အစဉ်မအောက်မေ့သကဲ့သို့၊ ပညာရှိသောသူကိုလည်း အစဉ်မအောက်မေ့တတ်။
အခြားသောဘာသာပြန်ဆိုချက် - "မိုက်သောသူတို့သည် အစဉ်မအောက်မေ့သကဲ့သို့ ပညာရှိသောသူသည်လည်းအစဉ်မအောက်မေ့တတ်ပါ။"

ယခုဖြစ်သမျှသော အမှုအရာတို့ကို နောင် ကာလ၌ မေ့လျော့လိမ့်မည်ဖြစ်၍
အခြားသောဘာသာပြန်ဆိုချက် - လူများသည် အရာအားလုံးကို နောက်ကာလ၌ မေ့လျော့ကြလိမ့်မည်။"

## Ecclesiastes 17

နေအောက်မှာ ပြုသောအမှုသည်
အခြားသောဘာသာပြန်ဆိုချက် - "လူများလုပ်ဆောင်သောအလုပ်အားလုံး။"


generated on Tue Jul 2 12:50:28 2024

အနတ္တအမှု၊ လေကိုကျက်စားသောအမှု
အဘယ်သို့ ဘာသာပြန်ထားသည်ကို ၁း၁၂ တွင် ကြည့်ပါ။

Ecclesiastes 19

ထိုသူသည် ပညာရှိမည်လော၊ မိုက်မည်လောဟု အဘယ်သူ ပြောနိုင်သနည်း
စာရေးသူက သူ၏စည်းစိမ်များကိုဆက်ခံမည့် ပုဂ္ဂိုလ်အား မည်သူကမျှ မသိနိုင်ကြောင်းကိုအထူးပြုစေရန် ဤအလင်္ကာမြောက်သောမေးခွန်းကိုအသုံးပြုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "အဘယ်ကြောင့်ဆိုသော် သူသည် ပညာရှိမည်လော၊ မိုက်မည်လောဟု မည်သူတစ်ယောက်ကမျှ မသိနိုင်သောကြောင့်ဖြစ်သည်။"

ထိုသူသည်
"ထိုသူ" ဟူသောစကားလုံးသည် စာရေးသူ၏ အမွေဆက်ခံသူကို ရည်ညွှန်းထားပါသည်။

စိတ်ပျက်အောင်တဖန် ငါကြံစည်၏။
ဤတွင် စာရေးသူက သူ့စိတ်ခံစားချက်များကို အထူးပြုစေရန် "သူ့နှလုံးသား" ဟူ၍သူ့ကိုယ်သူရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - ငါစိတ်ပျက်ရန် စတင်လာသည်"

Ecclesiastes 21

ပညာရှိလျက် သိပ္ပံအတတ် နှင့် ပြည့်စုံလျက်၊ အမှုအောင်လျက်
သူသင်ယူခဲ့ပြီးသောအရာများကိုအသုံးပြုပြီး ပညာရှိစွာ နှင့် ကျွမ်းကျင်စွာလုပ်ဆောင်သောသူ -

လူသည်နေအောက်မှာ ကြိုးစားအားထုတ်သော အမှု
အလွန်စိတ်စွဲလမ်းသောအမှု၊ အလုံးစုံတို့၌ အဘယ် အကျိုးရှိသနည်း
စာရေးသူက လူသည်ကြိုးစားအားထုတ်သော်လည်း အကျိုးမရှိကြောင်းကိုအထူးပြုစေရန် အလင်္ကာမြောက်သောမေးခွန်းကိုမေးထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "အကြောင်းမူကား လူသည်နေအောက်မှာ ကြိုးစားအားထုတ်၍ အလွန်စိတ်စွဲလန်းသော်လည်းအကျိုးမရှိသောကြောင့် ဖြစ်သည်။" (ရှု -

ကြိုးစားအားထုတ်သော အမှု အလွန်စိတ်စွဲလမ်းသောအမှု
ဤစကားစုနှစ်ခုသည် အခြေခံအားဖြင့် အတူတူဖြစ်ပြီး လူတစ်ယောက် မည်သို့ အစွမ်းကုန်လုပ်ဆောင်သည်ကိုအထူးပြုစေရန် ဆိုလိုပါသည်။

အလွန်စိတ်စွဲလမ်းသောအမှု၊
အခြားသောဘာသာပြန်ဆိုချက် - "စိတ်အားထက်သန်စွာ ကြိုးစားမှု"

သူ၏နေ့ရက်အပေါင်းတို့သည် ဝမ်းနည်းခြင်း၊ သူ၏အလုပ်အကိုင်လည်း ငြိုငြင်ခြင်းဖြစ်၏။
ဤစကားလုံးနှစ်ခုသည် အခြေခံအားဖြင့်အတူတူဖြစ်ပြီးလူသားတစ်ယောက်၏ အလုပ်သည် မည်မျှ ခက်ခဲကြောင်းကို အထူးပြုထားပါသည်။

သူ၏စိတ်နှလုံး မငြိမ်ရ။
ဤတွင် လူသား၏ စိတ်နှလုံးဟူသည်မှာ "သူ၏နက်ရှိုင်းသောအတွေးများ" ကိုအထူးပြုစေသော "သူ့စိတ်" ကိုရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "သူ့နှလုံးသည်မငြိမ်ရ"

Ecclesiastes 24

ဘုရားသခင်၏ကျေးဇူးတော်ကြောင့်သာ
ဤတွင် ဘုရားသခင်သည် လူသားများအားမည်သို့မစထောက်ပံ့ကြောင်းကိုအထူးပြုစေရန် "သူ့လက်တော်အနေဖြင့်" ကိုယ်စားပြုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ဘုရားသခင်ထံတော်ပါးမှ"

ဘုရားသခင်၏အခွင့်မရှိဘဲ အဘယ်သူစားရ သနည်း။ အဘယ်သူ ခံစားရသနည်း။
အခြားသောဘာသာပြန်ဆိုချက် - "ဘုရားသခင်၏အခွင့်မရှိဘဲ မည်သူမျှ စားနိုင်၊ ခံစားနိုင်သောအခွင့်မရှိပါ။"

Ecclesiastes 26

ဘုရားသခင်၏ရှေ့တော်၌ ကောင်းသောသူ အားပေးစရာဘို့၊ ဆည်းဖူးသိုထားရသောအခွင့်ကိုငင်း ပေးတော်မူ၏။
"သူ" ဟူသောစကားလုံးအတွက် ဖြစ်နိုင်ချေရှိသော အနက်အဓိပ္ပာယ်မျာ - ၁) ဘုရားသခင် ဖြစ်သည်။ (သို့ ) ၂ ) - အပြစ်သားဖြစ်သည်။ ဤအရာအား ရှင်းလင်းခြင်းမပါပဲ အပြစ်သားများသိုလှောင်ရာ ပေးထားသည့်အမှုများဟူ၍လည်းဘာသာပြန်ဆိုနိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ဘုရားသခင်ကိုကျေနပ်အားရစေရန် ပေးတော်မူသောသူ"

အနတ္တအမှု၊ လေကိုကျက်စားသော အမှု
[ဒေသနာ ၁: ၁၂] ၌ မည်သို့ဘာသာပြန်ထားသည်ကိုကြည့်ပါ။

---

## Translation Questions

Ecclesiastes 2:1

ဘယ်အရာသည် ယာယီလေပြေလေညင်းမျှသာ ဖြစ်သနည်း။
သာယာမှုသည် ယာယီလေပြေလေညင်းမျှသာ ဖြစ်သည်။


generated on Tue Jul 2 12:50:28 2024

Ecclesiastes 2:1

ဘယ်အရာသည် ယာယီလေပြေလေညင်းမျှသာ ဖြစ်သနည်း။
သာယာမှုသည် ယာယီလေပြေလေညင်းမျှသာ ဖြစ်သည်။

Ecclesiastes 2:3

ဓမ္မဒေသနာဆရာသည် မည်သည့်အရာကို ကိုရှာဖွေချင်ခဲ့သနည်း။
ဓမ္မဒေသနာဆရာသည် ကောင်းကင်အောက်၌ အသက်ရှင်သော နေ့ရက်တိုင်းတွင် အဘယ်အရာကကောင်းသည်ကို လူသားတို့အတွက်ရှာဖွေချင်ခဲ့သည်။

Ecclesiastes 2:4

ဓမ္မဒေသနာဆရာသည် အဘယ်ကြောင့် ရေကန်များကို ပြုလုပ်ခဲ့သနည်း။
ဓမ္မဒေသနာဆရာသည် သစ်ပင်မျိုးနှင့် ပြည့်စုံသောတောကိုလောင်း စရာဘို့ ရေကန်တို့ကို ပြုလုပ်ခဲ့သည်။

Ecclesiastes 2:7

ဓမ္မဒေသနာဆရာသည် မြေကြီးပေါ်ရှိ ယောက်ျားတိုင်းကို သာယာမှုပေးနိုင်မည့် မည်သည့်အရာကို လုပ်ခဲ့သနည်း?
မယားများစွာနှင့် ကိုယ်လုပ်တော်များကို သိမ်းယူခြင်းသည် မြေကြီးပေါ်ရှိ ယောက်ျားတိုင်းကို သာယာမှုပေးနိုင်ကြောင်း ပြသခဲ့သည်။

Ecclesiastes 2:9

ဓမ္မဒေသနာဆရာနှလုံးသည် မည်သည့်အရာတွင် ကျေနပ်အားရမှုကို တွေ့ခဲ့သနည်း။
ဓမ္မဒေသနာဆရာနှလုံးသည် သူ၏အလုပ်အားလုံးထဲတွင် ကျေနပ်အားရမှုကို တွေ့ခဲ့သည်။

Ecclesiastes 2:11

မည်သည့်နေရာတွင် အနတ္တဖြစ်သနည်း။
နေအောက်ရှိအရာအားလုံးသည် အနတ္တဖြစ်သည်။

Ecclesiastes 2:13

မည်သည့်အရာသည် လူသားတိုင်း တွေ့ကြုံတတ်နည်း။
လူတိုင်းအတွက် တူညီသောကကြမ္မာရှိသည်။

Ecclesiastes 2:15

မည်သူ့ကို အချိန်ကြာမြင့်စွာ မအောက်မေ့တတ်ကြသနည်း။
ပညာရှိသောသူများကို မိုက်သောသူများကဲ့သို့ အချိန်ကြာမြင့်စွာ အစဉ်မအောက်မေ့တတ်ကြ။

Ecclesiastes 2:17

ဓမ္မဒေသနာဆရာသည် အဘယ်ကြောင့် သူပြုလုပ်ခဲ့သမျှကို မုန်းခဲ့သနည်း။
နောက်လာမည့်သူများအဘို့ ထားခဲ့ရမည်ဖြစ်သောကြောင့် ဓမ္မဒေသနာဆရာသည် သူပြုလုပ်ခဲ့သမျှကို မုန်းခဲ့ခြင်းဖြစ်သည်။

Ecclesiastes 2:19

ဓမ္မဒေသနာဆရာ၏နှလုံးသည် သူ့အလုပ်နှင့်ပတ်သက်၍ မည်ကဲ့သို့ ခံစားလာခဲ့သနည်း။
ဓမ္မဒေသနာဆရာ၏နှလုံးသည် သူလုပ်ခဲ့သမျှသော အလုပ်အပေါ် စိတ်ပျက်စပြုလာခဲ့သည်။

Ecclesiastes 2:21

ကြိုးစားအားထုတ် သောသူ၏စိတ်သည် အဘယ်ကြောင့် ညအခါ၌ အနားမယူသနည်း။
နေ့တိုင်းနေ့တိုင်း သူ၏အလုပ်သည် နာကျင်စရာ၊ စိတ်ဖိစီးစရာများဖြစ်သောကြောင့် ညဘက်တွင် စိတ်အနားမယူနိုင်ခြင်းဖြစ်သည်။

Ecclesiastes 2:24

လူသားတို့အတွက် ဘယ်အရာထက် ပိုကောင်းသောအရာ မရှိသနည်း။
အလွယ်တကူ စားသောက်ခြင်း၊ သောက်သုံးခြင်းနှင့့် ကောင်းသောအလုပ်ထဲ၌ စိတ်နှလုံးပျော်မွေ့ခြင်းထက် ပိုကောင်းသောအရာသည် လူသားတို့အတွက် ဘာမှမရှိပါ။

Ecclesiastes 2:26

ဘုရားသခင်သည် အပြစ်သားတို့ကို ဘာပေးသနည်း။
ဘုရားသခင်သည် သူ့ကိုကျေနပ်စေသောသူကို ပေးဖို့ရန် အပြစ်ရှိသောသူများအား အလုပ်လုပ်၊ ရိတ်သိမ်းသိုလှောင်စေသည်။


generated on Tue Jul 2 12:50:28 2024

## Chapter 3

1 ခပ်သိမ်းသော အမှုအရာတို့သည် မိမိတို့အချိန် ရှိ၏။ မိုဃ်းကောင်းကင်အောက်၌ ကြံစည်သမျှ အသီးသီး ကို့ကို
ပြုရသောအချိန်ရှိ၏။ 2 ဘွားချိန်နှင့်သေချိန်လည်းရှိ၏။ စိုက်ပျိုးရသော အချိန်နှင့် စိုက်ပျိုးရသောအရာကို နှုတ်ရသေအချိန် လည်း
ရှိ၏။ 3 သတ်ရသောအချိန်နှင့် အနာပျောက်စေရသော အချိန်လည်း ရှိ၏။ ဖြိုဖျက်ရသော အချိန်နှင့် တည် ဆောက်ရသော
အချိန်လည်း ရှိ၏။ 4 ငိုရသောအချိန်နှင့် ရယ်ရသောအချိန်လည်းရှိ၏။ ညည်းတွားရသောအချိန်နှင့် ကခုန်ရသော အချိန်လည်း ရှိ၏။ 5
ကျောက်တို့ကို ဖြန့်ကြဲရသောအချိန်နှင့် စုသိမ်းရ သော အချိန်လည်း ရှိ၏။ ဘက်ယမ်းရသောအချိန်နှင့်၊ မဘက်ယမ်းဘဲ ခွဲခွါ၍
နေရသောအချိန်လည်း ရှိ၏။ 6 ဆည်းဖူးရသောအချိန်နှင့် ဥစ္စာပျောက်ရသော အချိန်လည်းရှိ၏။ သိုထားရသောအချိန်နှင့် ပစ်လိုက်
ရသောအချိန်လည်းရှိ၏။ 7 အဝတ်ကို ဆုတ်ရသောအချိန်နှင့် ချုပ်ရသော အချိန်လည်းရှိ၏။ တိတ်ဆိတ်စွာနေသောအချိန်နှင့်၊
စကားပြောရသော အချိန်လည်းရှိ၏။ 8 ချစ်ရသောအချိန်နှင့် မုန်းရသောအချိန်လည်း ရှိ၏။ စစ်တိုက်သောအချိန်နှင့်
စစ်ငြိမ်းရသောအချိန် လည်း ရှိ၏။ 9 လုပ်ကိုင်သောသူသည် ကြိုးစားအားထုတ်ရာ တွင်၊ အဘယ်ကျေးဇူးရှိသနည်း။ 10 လူသားတို့
ကျင်လည်ရာဘို့ ဘုရားသခင် ပေးတော်မူသော ပင်ပန်းခြင်းအမှုကို ငါကြည့်မြင်ပြီ။ 11 ခပ်သိမ်းသောအရာတို့ကို မိမိတို့အချိန်တန်မှ၊
လျောက်ပတ်စွာ ဖန်ဆင်းတော်မူပြီ။ လူစိတ်နှလုံးကို လည်း အနန္တကာလ၌ စွဲလန်းစေတော်မူပြီ။ သို့ရာတွင်၊
ဘုရားသခင်စီရင်တော်မူသောအမှုကို၊ အစမှအဆုံး တိုင်အောင်၊ လူသည် စစ်၍မကုန်နိုင်။ 12 ရွှင်လန်းခြင်းအမှုနှင့် အသက်ရှင်စဉ်တွင်
ကျေးဇူး ပြုခြင်း အမှုမှတပါး အခြားသော အမှုအရာတို့၌၊ အကျိုး ကျေးဇူးမရှိသည်ကို ငါသိ၏။ 13 လူတိုင်းစားသောက်ခြင်းငှါ၎င်း၊
မိမိကြိုးစား အားထုတ်သမျှသောအမှု၌ ပျော်မွေ့ခြင်းငှါ၎င်း၊ ဘုရားသခင် ၏ ကျေးဇူးတော်ကြောင့်သာ အခွင့်ရှိ၏။ 14
ဘုရားသခင်ပြုတော်မူသမျှသောအမှုသည် နိစ္စ ထာဝရဖြစ်သည်ကို ငါသိ၏။ ထပ်၍မပြုနိုင်ရာ။ နှုတ်၍ မယူနိုင်ရာ။ လူတို့သည်
ရှေ့တော်၌ ကြောက်ရွံ့မည် အကြောင်း၊ ဘုရားသခင်ပြုတော်မူ၏။ 15 ဖြစ်ဘူးသောအရာသည် ယခုဖြစ်သောအရာနှင့် တူ၏။
ဖြစ်လတံ့သောအရာသည်လည်း၊ ဖြစ်ဘူးသော အရာနှင့်တူ။ လွန်ပြီးသောအရာတို့ကိုလည်း ဘုရားသခင် တောင်းပြန်တော်မူ၏။ 16
ထိုမှတပါး၊ နေအောက်မှာ တရားစီရင်ရာအရပ် ၌ အဓမ္မအမှုရှိသည်ကို၎င်း၊ ဖြောင့်မတ်ရာအရပ်၌ ဒုစရိုက် ရှိသည်ကို၎င်း ငါမြင်ပြီ။ 17
ဘုရားသခင်သည် ဖြောင့်မတ်သောသူတို့၏အမှု နှင့်၊ မတရားသောသူတို့၏အမှုကို စစ်ကြောစီရင်တော်မူ မည်ဟု ငါအောက်မေ့၏။
အကြောင်းမူကား၊ ခပ်သိမ်း သောအကြံ၊ ခပ်သိမ်းသော အမှုတို့ကို စစ်ကြောစီရင် ရသော အချိန်ရှိ၏။ 18 လူသားတို့နေရာကို
ရည်မှတ်၍ ငါအောက်မေ့ သည်ကား၊ လူတို့ကို ဘုရားသခင် စုံစမ်းတော်မူမည် အကြောင်းနှင့်၊ သူတို့သည် တိရစ္ဆာန်ကဲ့သို့ဖြစ်သည်ကို
သူတို့သိမြင်မည်အကြောင်း၊ နေရာကျသတည်း၊ 19 လူသားတွေ့ကြုံသော အမှုကို တိရစ္ဆာန် တွေ့ကြုံတတ်၏။ ထိုသူနှစ်ဦးတို့သည်
တပါးတည်းသောအမှုကို တွေ့ကြုံလျက်၊ တဦးသေသကဲ့သို့ တဦးသေတတ်၏။ အလုံးစုံတို့သည် အသက်တမျိုးတည်းရှိကြ၏။
သို့ဖြစ်၍၊ လူသည်တိရစ္ဆာန်ထက် ထူးမြတ်သော အကြောင်းမရှိ။ အလုံးစုံတို့သည် အနတ္တဖြစ်ကြ၏။ 20 အလုံးစုံတို့သည်
တခုတည်းသောအရပ်သို့ ရောက်တတ်ကြ၏။ အလုံးစုံတို့သည် မြေမှုန့်ထဲကဖြစ် သည်နှင့်အညီ၊ မြေမှုန့်ထဲသို့ ပြန်သွားတတ်ကြ၏။ 21
သို့ရာတွင်၊ အထက်သို့တက်သော လူသား၏ ဝိညာဉ်ကို၎င်း၊ အောက်အရပ်မြေသို့ဆင်းတတ်သော တိရစ္ဆာန်၏ဝိညာဉ်ကို၎င်း၊
အဘယ်သူသည် ပိုင်းခြား၍ သိသနည်း။ 22 လူသည်မိမိပြုမူရာ၌ ပျော်မွေ့ခြင်းအမှုထက် သာ၍ ကောင်းသောအမှုမရှိသည်ကို
ငါသိမြင်၏။ ထိုအမှုသည်သူ၏ အဘို့ဖြစ်၏။ သူသည် မိမိနောက်မှာ အဘယ်သို့ဖြစ်လတံ့သည်ကို သိမြင်မည်အကြောင်း၊
အဘယ်သူဆောင်ခဲ့လိမ့်မည်နည်း။

---

Ecclesiastes 01

ယေဘုယျအချက်အလက်

စာရေးသူက ဘဝ၏ရှုထောင့်နှင့်ပတ်သတ်သော ထူးကဲမှုများကိုဖော်ပြရန်အသုံးပြုထားပါသည်။

ခပ်သိမ်းသော အမှုအရာတို့သည် မိမိတို့အချိန် ရှိ၏။ မိုဃ်းကောင်းကင်အောက်၌ ကြံစည်သမျှ အသီးသီး ကို့ကို ပြုရသောအချိန်ရှိ၏။

ဤစကားစုနှစ်ခုတို့သည်အခြေခံအားဖြင့် အတူတူဖြစ်ပြီး လေးနက်မှုအတွက် ပေါင်းစည်းထားပါသည်။

ဘွားချိန်နှင့်သေချိန်လည်းရှိ၏။

ဘဝတွင် ဘဝ တစ်ခုမှ တစ်ခုသို့ကူးပြောင်းသော ရှုထောင့် အမျိုးမျိုး ရှိသည်။

စိုက်ပျိုးရသော အချိန်နှင့် စိုက်ပျိုးရသောအရာကို နှုတ်ရသောအချိန်

ဖြစ်နိုင်ခြေအမျိုးမျိုးမှာ ၁) ရိတ်သိမ်းရသောအချိန် ၂) ပေါင်းသင်ရသောအချိန် ၃) နှုတ်ရသောအချိန်။



generated on Tue Jul 2 12:50:28 2024

Ecclesiastes 04

ယေဘုယျအချက်အလက်
စာရေးသူက ထူးကဲသောဘဝမှ သူတပါးထံသို့ များပြားသော ဘဝရှုထောင့်များကို ဖော်ပြန်ရန် ချီးကျူးခြင်းနှင့်အတူ ဆက်လက်လုပ်ဆောင်သည်။

ဘက်ယမ်းရသောအချိန်
တစ်စုံတစ်ယောက်အား ချစ်ကြောင်း

Ecclesiastes 06

ယေဘုယျအချက်အလက်
စာရေးသူက ဘဝ၏ရှုထောင့်နှင့်ပါတ်သက်သော ထူးကဲ့မှုများကိုဖော်ပြရန်ဆက်လက်ပြီးအသုံးပြုထားပါသည်။

Ecclesiastes 08

ယေဘုယျအချက်အလက်
စာရေးသူက ဘဝ၏ရှုထောင့်နှင့် ပါတ်သက်သော ထူးကဲမှုများကိုဖော်ပြရန် အဆုံးသတ်ထားပါသည်။

လုပ်ကိုင်သောသူသည် ကြိုးစားအားထုတ်ရာ တွင်၊ အဘယ်ကျေးဇူးရှိသနည်း
ဤအရာသည် နောက်ထပ် ဆွေးနွေးမယ့်ခေါင်းစဉ်အပေါ် အာရုံစိုက်စေရန် စာဖတ်သူအားစိတ်ပျက်ဖွယ်ကောင်းသောမေးခွန်းအတွေးမျိုးဖြစ်သည်။

Ecclesiastes 11

လူစိတ်နှလုံးကိုလည်း အနန္တကာလ၌ စွဲလန်းစေတော်မူပြီ
ဤတွင် "သူတို့၏" ဟူသောစကားလုံးမှာ လူသားများကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - " လူသားများ၏ စိတ်နှလုံးသားထဲ၌ အနန္တကာလ၌ နေရာချထားတော်ပြီ"

Ecclesiastes 12

လူသည် စစ်၍မကုန်နိုင်။
မည်သို့ပျော်မွေ့ ရမည်ကိုသင်ယူသင့်သည်။ (သို့ ) "ပျော်မွေ့သင့်ပေသည်။"

Ecclesiastes 14

ဘုရားသခင်ပြုတော်မူသမျှသောအမှုသည် နိစ္စ ထာဝရဖြစ်သည်။
အဘယ်သို့ ဘာသာပြန်ထားသည်ကို ၁း၁၉တွင် ကြည့်ပါ။

Ecclesiastes 16

တရားစီရင်ရာအရပ်၌ အဓမ္မအမှုရှိသည်ကိုငင်း၊ ဖြောင့်မတ်ရာအရပ်၌ ဒုစရိုက်ရှိသည်ကိုငင်း ငါမြင်ပြီ။
ဤစကားစုနှစ်ခုတို့သည် အတူတူဖြစ်ပြီး ဒုစရိုက်ကိုပြုသောသူများ၏ အကျင့်အကြံကို အများသဘောဖြင့်အထူးပြုထားပါသည်။

ဖြောင့်မတ်ရာအရပ်၌
အခြားသောဘာသာပြန်ဆိုချက် - ဖြောင့်မတ်ခြင်းရှိသင့်သောနေရာ။

ငါအောက်မေ့၏
ဤတွင်စာရေးသူက သူ့ ခံစားချက်များကိုအထူးပြုစေရန် "သူ၏စိတ်နှလုံး" ဟူ၍ သူ့ကိုယ်သူရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ငါ့ကိုငါပြောဆိုသည်။"

ခပ်သိမ်းသောအကြံ၊ ခပ်သိမ်းသော အမှု
ဤစကားစုနှစ်ခုသည် အခြေခံအားဖြင့်အတူတူဖြစ်ပြီး လူသားများလုပ်ဆောင်သောအပြုအမူတိုင်းကိုရည်ညွှန်းထားပါသည်။

Ecclesiastes 18

ငါအောက်မေ့ သည်ကား၊
ဤတွင်စာရေးသူက သူ့စိတ်ခံစားချက်များကို အထူးပြုစေရန် "သူ့စိတ်နှလုံး" ဟူ၍သူ့ကိုယ်သူ ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ငါ့ကိုငါပြောဆိုထားသည်။"

သူတို့သည် တိရ စ္ဆာန်ကဲ့သို့ဖြစ်သည်ကို
ဤတွင် စာရေးသူက လူသားများသည်တိရ စ္ဆာန်ကဲ့သို့ဖြစ်သည်ဟုပြောဆိုထားပါသည်။ နောက်စာမျက်နှာတွင်လည်း လူသားများသည်မည်သို့သော တိရ စ္ဆာန်ကဲ့သို့ဖြစ်သည်ကို ရှင်းပြထားပါသည်။

Ecclesiastes 19

သို့ဖြစ်၍၊ လူသည်တိရ စ္ဆာန်ထက် ထူးမြတ်သော အကြောင်းမရှိ
အခြားသောဘာသာပြန်ဆိုချက် - လူသားသည်လည်း တိရ စ္ဆာန်များထက်သာ၍ မကောင်းပါ။

အလုံးစုံတို့သည် အသက်တမျိုးတည်းရှိကြ၏။
အခြားသောဘာသာပြန်ဆိုချက် - "အရာခပ်သိမ်းသည် အသက်တစ်မျိုးသာဖြစ်သည်။"

Ecclesiastes 21

အောက်အရပ်မြေသို့ဆင်းတတ်သော တိရ စ္ဆာန်၏ဝိညာဉ်ကိုငင်း၊ အဘယ်သူသည် ပိုင်းခြား၍ သိသနည်း
စာရေးသူက လူသားများနှင့် တိရ စ္ဆာန်များသည် သေဆုံးပြီးနောက်ပိုင်းမည်ကဲ့သို့ဖြစ်ပျက်မည်ကို ဘယ်သူကမှမသိနိုင်ကြောင်းကို အထူးပြုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ဝိညာဉ်သည်


generated on Tue Jul 2 12:50:28 2024

အောက်အရပ်မြေသို့ သွားသည် မသွားသည်ကို မည်သူတစ်ယောက်မှမသိပါ။"

လူသည်မိမိပြုမူရာ၌ ပျော်မွေ့ခြင်းအမှုထက် သာ၍ ကောင်းသောအမှုမရှိသည်ကို ငါသိမြင်၏ [ဒေသနာ ၁: ၁၂] ၌မည်သို့ဘာသာပြန်ဆိုထားသည်ကိုကြည့်ပါ။

သူသည် မိမိနောက်မှာ အဘယ်သို့ဖြစ်လတံ့သည်ကို သိမြင်မည်အကြောင်း၊ အဘယ်သူဆောင်ခဲ့လိမ့်မည်နည်း။

လူသည်သေဆုံးပြီးနောက် မည်သို့ဖြစ်ပျက်မည်ကိုမည်သူတစ်ယောက်မှ မသိကြောင်းကို အထူးပြုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ငါတို့သေဆုံးပြီးနောက် မည်သို့ဖြစ်ပျက်မည်ကို မည်သူတစ်ဦးတစ်ယောက်မျှ မသိနိုင်ပါ။"

---

## Translation Questions

Ecclesiastes 3:1

မည်သည့်အရာများအတွက် ရာသီကာလလာရှိသနည်း။

မိုဃ်းကောင်းကင်အောက်၌ ကြံစည်သမျှသော ရည်ရွယ်ချက်တိုင်းအတွက် အချိန်ရှိသည်။

Ecclesiastes 3:8

ဓမ္မဒေသနာဆရာသည် ဘာကို မြင်ခဲ့သနည်း။

ဓမ္မဒေသနာဆရာသည် လူသားတို့ ကျင်လည်ရာဘို့ ဘုရားသခင် ပေးတော်မူသော ပင်ပန်းခြင်းအမှုကို မြင်ခဲ့သည်။

Ecclesiastes 3:11

ဘုရားသခင်သည် လူတို့၏နှလုံးသားများတွင် မည်သည့်အရာကို ထားပေးခဲ့သနည်း။

ဘုရားသခင်သည် လူတို့၏နှလုံးသားများတွင် ထာဝရကာလကို ထားပေးခဲ့သည်။

Ecclesiastes 3:12

ဘုရားသခင်ထံမှ ဆုလာဘ်သည် ဘာလဲ။

လူတစ်ယောက်၏ အလုပ်မှကောင်းသောအရာရရှိခြင်းသည် ဘုရားသခင်ထံမှ ဆုလာဘ်သည်။

Ecclesiastes 3:14

ဘုရားသခင်ပြုတော်မူသမျှသောအရာ၌ အဘယ်ကြောင့် မနှုတ်ရ၊ ထပ်မထည့်နိုင်သနည်း?

ဘုရားသခင်ပြုတော်မူသမျှသောအရာ၌ အဘယ်ကြောင့် မနှုတ်ရ၊ ထပ်မထည့်နိုင်ခြင်းမှာ ဘုရားသခင် ကိုယ်တိုင် ပြုလုပ်ပြီး ဖြစ်သောကြောင့်ဖြစ်သည်။

Ecclesiastes 3:16

ဖြောင့်မတ်ရာအရပ်၌ ဘာကို တွေ့ရလေ့ရှိသနည်း။

ဖြောင့်မတ်ရာအရပ်၌ဒုစရိုက်ကို တွေ့ရလေ့ရှိသည်။

Ecclesiastes 3:19

လူသားတို့သည် တိရိစ္ဆာန်နှင့် ဘယ်လိုတူသနည်း။

လူသားတို့သည် တိရိစ္ဆာန်ကဲ့သို့ သေတတ်၏။ သူတို့အားလုံးသည် တူညီသော လေကို ရှူကြ၏။ အလုံးစုံတို့သည် မြေမှုန့်ထဲကဖြစ်သည်နှင့်အညီ၊ မြေမှုန့်ထဲသို့ ပြန်သွားတတ်ကြ၏။

Ecclesiastes 3:21

ဘယ်အရာသည် လူသားတိုင်း၏တာဝန် ဖြစ်သနည်း။

မိမိပြုမူသည့်အရာ၌ ပျော်မွေ့ခြင်းသည် လူသားတိုင်း၏တာဝန် ဖြစ်သည်။

---

## Chapter 4

1 တဖန်တုံ၊ နေအောက်မှာ ပြုသမျှသော ညှဉ်းဆဲ ခြင်းတို့ကို ငါထပ်၍ဆင်ခြင်၏။ ညှဉ်းဆဲခြင်းကို ခံရသော သူတို့သည်
ငိုကြွေးသော်လည်း၊ ချမ်းသာပေးနိုင်သော သူမရှိ။ ညှဉ်းဆဲတတ်သော သူတို့သည် တန်ခိုးရှိသဖြင့် ချမ်းသာပေးနိုင်သောသူမရှိ။ 2
သို့ဖြစ်၍၊ သေလွန်ပြီးသော လူသေသည် အသက်ရှင်သေးသော လူရှင်ထက်သာ၍ မင်္ဂလာရှိသည် ဟု ငါဆိုရ၏။ 3 သို့ရာတွင် တခါမျှ
မဖြစ်သေးသောသူ၊ နေ အောက်မှာ ပြုသော ဒုစရိုက်ကိုမမြင်သေးသောသူသည် ထိုနှစ်ဦးထက်သာ၍ မင်္ဂလာရှိ၏။ 4 တဖန်
ကြိုးစားအားထုတ်ခြင်းအမှုနှင့်၊ ကောင်း မွန်စွာ ပြီးစီးသောအမှု အလုံးစုံတို့ကိုငင်း၊ ထိုသို့သော အမှုတို့ကြောင့် သူတပါး
ငြူစူကြောင်းကိုငင်း ငါဆင်ခြင် ၏။ ထိုအမှုအရာသည် အနတ္တအမှု၊ လေကို ကျက်စား သောအမှုဖြစ်၏။ 5 မိုက်သောသူသည်
မိမိလက်ချင်းပိုက်ထား၍၊ မိမိ အသားကို စားတတ်၏။ 6 ငြိမ်သက်ခြင်းနှင့် ယှဉ်လျက်၊ လက်တဆုပ် တည်းသောဥစ္စာသည်
ပင်ပန်းစွာလုပ်ခြင်း၊ လေကို ကျက်စားခြင်းနှင့်ယှဉ်လျက်၊ လက်နှစ်ဘက်၌ ပြည့်သော ဥစ္စာထက်သာ၍ ကောင်း၏။ 7 တဖန်ငါထပ်၍၊
နေအောက်မှာအနတ္တအမှုကို ဆင်ခြင်သောအရာဟူမူကား၊ 8 လူသည်အဘော်အဘက်၊ သားသမီး၊ ညီအစ်ကို မရှိ၊
တယောက်တည်းဖြစ်သော်လည်း၊ ကြိုးစားအားထုတ် ၍ မကုန်နိုင်။ မိမိစည်းစိမ်ကိုမြင်၍ မရောင့်ရဲနိုင်။ ငါသည် ကိုယ်ကိုညှဉ်းဆဲ၍၊
အဘယ်သူအဘို့ ကြိုးစား အားထုတ်သနည်းဟု မမေးတတ်။ ဤအမှုအရာသည် လည်း အနတ္တအမှု၊
အလွန်ပင်ပန်းစေသောအမှုဖြစ်၏။ 9 လူသည်တယောက်တည်းထက် နှစ်ယောက် သာ၍ကောင်း၏။ ကြိုးစားအားထုတ်လျှင်၊
ကောင်းသော အကျိုးကို ရတတ်၏။ 10 တယောက်လဲလျှင် တယောက်ထူလိမ့်မည်။ တယောက်တည်းသောသူလဲလျှင်မူကား
အကျိုးနည်းပြီ။ ထူသော သူမရှိ။ 11 လူသည် နှစ်ယောက်အတူအိပ်လျှင် နွေးတတ် ၏။ တယောက်တည်းသောသူမူကား၊ အဘယ်သို့
နွေးနိုင် သနည်း။ 12 လူတယောက်သည် တယောက်ကိုနိုင်လျှင် ထိုလူကိုနှစ်ယောက် ဆီးတားနိုင်၏။ သုံးလွှန်းတင်သော
ကြိုးသည်လည်း အလွယ်တကူမပြတ်တတ်။ 13 ဆုံးမခြင်းကိုမခံ၊ အသက်ကြီး၍ မိုက်သော ရှင် ဘုရင်ထက်၊ ပညာရှိသောဆင်းရဲသား
သူငယ်သည် သာ၍မြတ်၏။ 14 ထိုသို့သော သူငယ်သည် ထောင်ထဲကထွက်၍၊ နန်းတော်ပေါ်သို့ရောက်တတ်၏။ ထိုသို့သောရှင်ဘုရင်
မူကား၊ အဘအရိပ်အရာနှင့် နန်းထိုင်သော်လည်း၊ ဆင်းရဲခြင်းသို့ ရောက်တတ်၏။ 15 နေအောက်မှာ ကျင်လည်သော သတ္တဝါ
အပေါင်းတို့သည် မင်းအရိပ်အရာကိုခံရသော ထိုဒုတိယ သူဘက်၌ နေတတ်ကြသည်ကို ငါဆင်ခြင်၏။ 16 ထိုမင်းအုပ်စိုးသော
သူအပေါင်းတို့ကို ရေတွက် ၍ မကုန်နိုင်။ နောက်လာသောသူတို့သည်လည်း၊ ထိုမင်းကို အားမရဘဲနေကြလိမ့်မည်။ အကယ်စင်စစ်
ထိုအမှုအရာသည်လည်း အနတ္တအမှု၊ လေကို ကျက်စား သောအမှုဖြစ်၏။

---

Ecclesiastes 01

ညှဉ်းဆဲတတ်သော သူတို့သည် တန်ခိုးရှိသဖြင့်
ဤတွင် "သူတို့၏လက်" ဟူသည် သူတို့ပိုင်ဆိုင်ထားသောအရာကို ကိုယ်စားပြုထားပါသည်။ အခြားသော ဘာသာပြန်ဆိုချက် - "ညှင်းဆဲတတ်သောသူတို့သည် တန်ခိုးရှိကြသည်။"

ညှဉ်းဆဲခြင်းကို ခံရသော သူတို့သည် ငိုကြွေးသော်လည်း၊ ချမ်းသာပေးနိုင်သောသူမရှိ။
ညှဉ်းဆဲခြင်းကို ခံရသော သူတို့ကို အဘယ်သူမျှ အာဏာဖြင့် ကာကွယ်မပေးနိုင်။

Ecclesiastes 02

သေလွန်ပြီးသော လူသေသည် အသက်ရှင်သေးသော
"အသက်ရှင်ခြင်း" ဟူသောစကားလုံးသည် အမည်ခံနာမဝိသေသန ဖြစ်ပြီး အသက်ရှင်သောလူသားများကိုရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်- အသက်မရှင်သောသူသည် အသက်ရှင်သောသူထက်သာ၍ ကောင်း၏။

Ecclesiastes 04

အမှုတို့ကြောင့် သူတပါး ငြူစူကြောင်းကိုငင်း
ဖြစ်နိုင်သောအရာမှာ သူတပါး ငြူစူအောင် ပြုလုပ်ခြင်း (သို့) သူတပါးကိုငြူစူအောင် ပြုလုပ်နိုင်သောအရည်အချင်းရှိခြင်း ဖြစ်သည်။"

အနတ္တအမှု၊ လေကို ကျက်စား သောအမှု
လူသားများကြိုးစားလုပ်ဆောင်သော အမှုဟူသမျှသည် လေကိုကျက်စားသကဲ့သို့ အချည်းနှီးသာဖြစ်ကြောင်းပြောဆိုထားပါသည်။ [ဒေသနာ ၁:၁၂] ၌ မည်သို့ဘာသာပြန်ဆိုထားသည်ကို ကြည့်ပါ။

Ecclesiastes 05

မိုက်သောသူသည် မိမိလက်ချင်းပိုက်ထား၍
လက်ချင်းပိုက်ခြင်းဟုဆိုသည်မှာ ပျင်းရိခြင်း၏ အမှုအရာဖြစ်ပြီး တနည်းအားဖြင့်အလုပ်လုပ်ရန်ငြင်းပယ်သောပုဂ္ဂိုလ်ကိုပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - မိုက်သောသူသည် အလုပ်လုပ်ရန်ငြင်းပယ်သည်။"


generated on Tue Jul 2 12:50:28 2024

မိမိ အသားကို စားတတ်၏
အခြားသောဘာသာပြန်ဆိုချက် - အကျိုးရလဒ်အနေဖြင့် သူ့ကိုသူ ဖျက်ဆီးစေရန် အကြောင်းဖြစ်စေသည်။"

လေကို ကျက်စားခြင်းနှင့်ယှဉ်လျက်
အလုပ်အားလုံးသည် အကျိုးရှိသော အလုပ်မဟုတ်ပါ။ အချို့ အလုပ်သည် ကျက်စားသကဲ့သို့အချည်းနှီးသာဖြစ်သည်။

Ecclesiastes 07

သားသမီး၊ ညီအစ်ကို မရှိ
ဤပုဂ္ဂိုလ်သည် မိသားစုမရှိပါ။

မိမိစည်းစိမ်ကိုမြင်၍ မရောင့်ရဲနိုင်။
အခြားသောဘာသာပြန်ဆိုချက် - "သူသည်ကျေနပ်ရောင်းရဲမှု မရှိပါ။"

ငါသည် ကိုယ်ကိုညှဉ်းဆဲ၍၊ အဘယ်သူအဘို့ ကြိုးစား အားထုတ်သနည်း
အခြားသောဘာသာပြန်ဆိုချက် - "အဘယ်သူသည် အကျွန်ုပ်ပြုလုပ်သော အမှုအတွက်ကျေနပ်လိမ့်မည်နည်းထို့နောက် ကျွန်ုပ်ကိုယ်တိုင်ရော ကျေနပ်မည်လော။ (သို့) ကျွန်ုပ်ပြုလုပ်သော အရာသည် အဘယ်သူတွက်မျှ အကျိုးမရှိ၊ ကျွန်ုပ်ကိုယ်တိုင်လည်း ကျေနပ်မှုမရှိ။ (ရှု - figs rquestion)

Ecclesiastes 09

နှစ်ယောက်အတူအိပ်လျှင်၊ နွေးထွေးမည်
စာရေးသူက လူနှစ်ယောက်တို့သည် အတူတူဖြစ်လျှင် အေးသောညဥ့်၌လည်း နွေးထွေးမည်ဖြစ်ကြောင်းကို ပြောဆိုထားပါသည်။

တယောက်တည်းသောသူမူကား၊ အဘယ်သို့ နွေးနိုင် သနည်း။
အခြားသောဘာသာပြန်ဆိုချက် - "လူတစ်ယောက်တည်းဖြစ်သောအခါ မနွေးထွေးနိုင်ပါ။"

Ecclesiastes 12

လူတယောက်သည် တယောက်ကိုနိုင်လျှင် ထိုလူကိုနှစ်ယောက် ဆီးတားနိုင်၏။
လူတစ်ယောက်အပေါ် ဆီးတားနိုင်သော အခြားလူတစ်ယောက်"

သုံးလွန်းတင်သော ကြိုးသည်လည်း အလွယ်တကူမပြတ်တတ်။
ဤအရာသည်လည်း အပြုသဘောဆောင်သော အနေဖြင့် ဖော်ပြနိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "လူတို့သည် သုံးလွန်းတင်သောကြိုးကိုအလွယ်တကူ မပြတ်စေနိုင်ပေ။"

Ecclesiastes 13

နန်းထိုင်သော်လည်း၊ ဆင်းရဲခြင်းသို့ ရောက်တတ်၏။
အခြားသောဘာသာပြန်ဆိုချက် - "သူသည် မြေတွင်နေပြီးနောက်တွင်အုပ်စိုးမည့် ဆင်းရဲသောမိဘများမှ မွေးဖွားလာသည်။"

Ecclesiastes 15

ယေဘုယျအချက်လက်
ပညာရှိသော လူငယ်ကိုရွေးချယ်ရမည့်အစား ပညာပို၍ မရှိသော ဘုရင်၏သားကိုရွေးချယ်ကြသည်။

ကျင်လည်သော သတ္တဝါ အပေါင်းတို့သည်
"ရှင်သန်ခြင်း"
ဟူသောစကားလုံးနှင့်ကျင်လည်သောသူအပေါင်းဆိုသည်မှာ အခြေခံအားဖြင့် အတူတူဖြစ်ပြီး
အသက်ရှင်သောလူသားများအပေါင်းကို
အထူးပြုစေရန်ပေါင်းစည်းထားပါသည်။

ထိုမင်းအုပ်စိုးသော သူအပေါင်းတို့ကို ရေတွက် ၍ မကုန်နိုင်
ဤအရာသည် များပြားလှသောလူများကိုအထူးပြုစေရန် ပုံကြီးချဲ့ပြီးအသုံးပြုထားပါသည်။
အခြားသောဘာသာပြန်ဆိုချက် - "လူအင်မတန်မှ များပြားလှပါသည်။" (ရှု၊

အနတ္တအမှု၊ လေကို ကျက်စား သောအမှုဖြစ်၏။
အဘယ်သို့ ဘာသာပြန်ကြောင်း ၁း၁၂ တွင် ကြည့်ပါ။


generated on Tue Jul 2 12:50:28 2024

## Translation Questions

Ecclesiastes 4:1

မည်သည့်အရာအတွက် နှိမ့်သိမ့်သောသူ မရှိသနည်း။
ညှဉ်းဆဲခြင်းကြောင့် ငိုကြွေးသော်လည်း၊ နှိမ့်သိမ့်သောသူ မရှိ။

Ecclesiastes 4:2

သေလွန်ပြီးသောလူသေနှင့်အသက်ရှင်သောလူအားလုံးထက် ကံကောင်းသောသူသည် မည်သူနည်း။
အသက်မရှင်သေးသောသူသည် သေလွန်ပြီးသောလူသေနှင့်အသက်ရှင်သောလူအားလုံးထက် ကံကောင်းသောသူဖြစ်သည်။

Ecclesiastes 4:5

လေကိုထိန်းဖို့ကြိုးစား၍အလုပ်လုပ်သော လက်နှစ်ဘက်ထက် မည်သည့်အရာသည် သာ၍ကောင်းသနည်း။
လေကိုကျက်စားခြင်းမှရသော လက်နှစ်ဘက်၌ပြည့်သောအရာထက် ငြိမ်သက်စွာလုပ်ရသောလက်တစ်ဆုပ်စာရှိသောအမြတ်သည် သာ၍ ကောင်း၏။

Ecclesiastes 4:9

တယောက်လဲခဲ့လျှင်၊ အဘယ့်ကြောင့် လူသည်နှစ်ယောက်ရှိခြင်းသည် သာ၍ကောင်းသနည်း။
လူနှစ်ယောက်သည် လူတစ်ယောက်ထက် သာ၍ကောင်းရခြင်းမှာ တယောက်လဲလျှင် တယောက်သည် သူ့သူငယ်ချင်းကို ပြန်ထူနိုင်သည်။

Ecclesiastes 4:12

ဘယ်အရာသည် လွယ်လွယ်ကူကူ မပြတ်နိုင်သနည်း။
သုံးလွှန်းတင်သော ကြိုးသည်လွယ်လွယ်ကူကူ မပြတ်နိုင်ပါ။

Ecclesiastes 4:13

ဘယ်အရာသည် အသက်ကြီး၍ မိုက်သော ရှင် ဘုရင်ထက်သာ၍ မြတ်သနည်း။
ဆင်းရဲ၍ပညာရှိခြင်းသည် အသက်ကြီး၍မိုက်မဲသော ရှင် ဘုရင်ထက်သာ၍ မြတ်သည်။

Ecclesiastes 4:15

လူတို့သည် ရှင်ဘုရင်အသစ်အား ဘာလုပ်ရန် ဆန္ဒရှိကြသနည်း။
လူတို့သည် ရှင်ဘုရင်အသစ်ကို နာခံရန် ဆန္ဒရှိကြသည်။



generated on Tue Jul 2 12:50:28 2024

## Chapter 5

[1] ဘုရားသခင့်အိမ်တော်သို့ သွားသောအခါ၊ သင့်ခြေတို့ကို စောင့်လော့။ လူမိုက်ပြုသော ယဇ်ပူဇော် ခြင်းအမှုထက်၊
တရားနာခြင်းအမှုကိုသာ၍ ကြိုးစား လော့။ လူမိုက်တို့သည် ကိုယ်အပြစ် ကိုမဆင်ခြင်တတ် ကြ။ [2] သင်၏နှုတ်သည်
သတိမလစ်စေနှင့်။ ဘုရား သခင့်ရှေ့တော်၌ စကားပြောခြင်းငှါ၊ သင်၏စိတ်နှလုံး မလျင်မမြန်စေနှင့်။ ဘုရားသခင်သည်
ကောင်းကင်ဘုံ၌ ရှိတော်မူ၏။ သင်သည် မြေကြီးပေါ်မှာရှိ၏။ ထိုကြောင့် သင်၏စကားမများစေနှင့်။ [3] အမှုများသောအားဖြင့်
အိပ်မက်မြင်တတ်သကဲ့ သို့၊ စကားများသောအားဖြင့် မိုက်သော သူ၏အသံကို ကြားရ၏။ [4] ဘုရားသခင့်ထံတော်၌
သစ္စာဂတိပြုမိလျှင်၊ သစ္စာဝတ်ကို မဖြေဘဲမနေနှင့်။ မိုက်သောသူတို့ကို အားရ နှစ်သက်တော်မမူ။သစ္စာဂတိပြုသည်အတိုင်း ဝတ်ကို
ဖြေလော့။ [5] သစ္စာဂတိပြု၍ ဝတ်ကိုမဖြေဘဲနေသည်ထက်၊ သစ္စာဂတိအလျှင်းမဖြေဘဲနေသော် သာ၍ကောင်း၏။ [6] သင်၏နှုတ်သည်
သင်၏ကိုယ်ခန္ဓာ၌ အပြစ် မရောက်စေနှင့်။ အကျွန်ုပ်မှားပါပြီဟု၊ တမန်တော်ရှေ့မှာ ပြောရသော အကြောင်းမရှိစေနှင့်။
ဘုရားသခင်သည် သင်၏စကားသံကို အမျက်ထွက်၍၊ သင်ပြုစုသောအမှုကို အဘယ်ကြောင့် ဖျက်ဆီးတော်မူရမည်နည်း။ [7]
အိမ်မက်များရာ၌၎င်း၊ စကားများရာ၌၎င်း၊ အချည်းနှီးသောအကြောင်း အရာပါတတ်၏။ သင်မူကား ဘုရားသခင်ကို
ကြောက်ရွံ့လော့။ [8] ကျေးရွာ၌ ဆင်းရဲသားတို့ကို ညှဉ်းဆဲခြင်း၊ တရားလမ်းမှလွဲ၍၊ မတရားသဖြင့် အနိုင်အထက်စီရင်
စီရင်ဆုံးဖြတ်ခြင်းအမှုကိုမြင်လျှင်၊ ထိုသို့သောအကြံရှိ သည်ကို အံ့သြခြင်းမရှိနှင့်။ ကြီးမြင့်သောသူတယောက်ကို တယောက်
ကြည့်မှတ်သကဲ့သို့၊ အကြီးဆုံး၊ အမြင့်ဆုံး သောသူသည် ကြည့်မှတ်လျက်ရှိတော်မူ၏။ [9] မြေကြီးကဖြစ်သော
စီးပွါးသည်အလုံးစုံတို့အဘို့ ဖြစ်၏။ ရှင်ဘုရင်သော်လည်း၊ လယ်၏ ကျေးဇူးကိုခံရ၏။ [10] ငွေကိုတပ်မက်သောသူသည်
ငွေနှင့်အလိုဆန္ဒ မပြေနိုင်။ စည်းစိမ်ကိုတပ်မက်သောသူသည် စည်းစိမ် တိုးပွားသော်လည်း မရောင့်ရဲနိုင်။ ထိုအမှုအရာသည် လည်း
အနတ္တဖြစ်၏။ [11] ဥစ္စာတိုးပွားသောအခါ စားရသောသူတို့သည် လည်း တိုးပွားများပြားကြ၏။ ဥစ္စာရှင်သည် မျက်စိနှင့် ကြည့်ရှုခြင်း
ကျေးဇူးမှတပါး အဘယ်ကျေးဇူးရှိသနည်း။ [12] အလုပ်လုပ်သောသူသည် များစွာစားသည် ဖြစ်စေ၊ အနည်းငယ်စားသည်ဖြစ်စေ၊
အအိပ်မြိန်တတ်၏။ ရတတ်သောသူ၏ စည်းစိမ်မူကား၊ စည်းစိမ်ရှင်ကို အအိပ် ပျက်စေတတ်၏။ [13] စည်းစိမ်ရှင်သည်
ကိုယ်အကျိုးပျက်သည်တိုင် အောင်၊ စည်းစိမ်ကိုသိုထားခြင်းတည်းဟူသော၊ နေ အောက်၌ အလွန်ဆိုးသောအမှုအရာကို ငါမြင်ပြီ။ [14]
ထိုစည်းစိမ်သည် မကောင်းသောအမှုအားဖြင့် ပျောက်ပျက်တတ်၏။ စည်းစိမ်ရှင်မြင်သော သားသည် လည်း လက်ချည်းနေရ၏။ [15]
သို့မဟုတ်၊ စည်းစိမ်ရှင်သည် အမိဝမ်းထဲက အလျှင်းမပါဘဲ ထွက်လာသကဲ့သို့၊ ထိုနည်းတူပြန်သွား ရမည်။ ကြိုးစားအားထုတ်၍
ရသောဥစ္စာတစုံတခုကိုမျှ လက်နှင့်စွဲကိုင်လျက် ယူ၍မသွားရ။ [16] သူသည်လာသကဲ့သို့ အလျှင်းမခြားနားဘဲ၊ သွား ရသောမှုအရာသည်
အလွန်ဆိုးသောအမှုအရာဖြစ်၏။ လေကို ရအံ့သောငှါ ကြိုးစားအားထုတ်သော သူသည် အဘယ်ကျေးဇူးရှိသနည်း။ [17]
သူ၏နေ့ရက်လာလကို မှောင်မိုက်၌ လွန်စေ တတ်၏။ များစွာသောနှောင့်ရှက်ခြင်း၊ ညှိုးငယ်ခြင်း၊ အမျက်ထွက်ခြင်းကို ခံရ၏။ [18]
ငါသိမြင်သောအရာဟူမူကား၊ စားသောက်ခြင်း အမှု၊ နေအောက်၌ ဘုရားသခင်ပေးတော်မူသော အသက်ရှည်သမျှ ကာလပတ်လုံး၊
ကြိုးစားအားထုတ်၍ ရသော အကျိုး၌ပျော်မွေ့ခြင်းအမှုကို ပြုကောင်း၏။ လျောက်ပတ်၏။ ထိုအမှုသည် လူ၏အဘို့ ဖြစ်၏။ [19]
ဘုရားသခင် ပေးသနားတော်မူသော စည်းစိမ် ဥစ္စာကိုရသော လူတိုင်းမိမိအဘို့ကိုခံ၍ ဝင်စားခြင်းငှါ ၎င်း၊ ကြိုးစားအားထုတ်၌
ပျော်မွေ့ခြင်းငှါ၎င်း၊ ဘုရား သခင့်ကျေးဇူးတော်ကြောင့် အခွင့်ရှိ၏။ [20] လွန်သောနေ့ရက်ကာလကို များစွာမအောက် မေ့ရ။
စိတ်နှလုံး ရွှင်လန်းသောအခွင့်ကို ဘုရားသခင် ပေးသနားတော်မူ၏။

---

Ecclesiastes 01

သင့်ခြေတို့ကို စောင့်လော့။
ဤတွင် "ခြေများ" ဟူသည်မှာ ပုဂ္ဂိုလ်တစ်ယောက်၏ အပြုအမူကို အစားထိုးထားသောအရာဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "သင်အကျင့်အကြံကိုသတိပြုပါ။"

Ecclesiastes 02

ဘုရားသခင့်ရှေ့တော်၌ စကားပြောခြင်းငှါ၊
ဘုရားသခင်ကို အဓိဋ္ဌာန်ပြုရန်နှင့် ဂတိသစ္စာပြုရန်၊

သင်၏စိတ်နှလုံး မလျင်မမြန်စေနှင့်
ဤတွင်ပုဂ္ဂိုလ်တစ်ယောက်သည် သူ့စိတ်ခံစားချက်နှင့်ဆန္ဒများကိုအထူးပြုစေရန် "သူ့စိတ်နှလုံး" ဟူ၍အစားထိုးသုံးထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "မလုပ်နဲ့ "

သင်၏စကားမများစေနှင့်
စကားများများမပြောပါနဲ့


generated on Tue Jul 2 12:50:28 2024

Ecclesiastes 04

သစ္စာဝတ်ကို မဖြေဘဲမနေနှင့်။ မိုက်သောသူတို့ကို အားရ နှစ်သက်တော်မမူ
ငှင်းမှာ မိုက်သောသူတို့သည်ဘုရားသခင်၌ဂတိသစ္စာ
ပြုထားသောအရာကို
ပြန်ဖြေရန်နှောက်နှေးတတ်သောအရာကိုရည်စူးထားပါသည်။

Ecclesiastes 06

သင်၏နှုတ်သည် သင်၏ကိုယ်ခန္ဓာ၌ အပြစ် မရောက်စေနှင့်
သင်ပြောသောစကားကြောင့် အပြစ်မရောက်ပါစေနှင့်။

ဘုရားသခင်သည် သင်၏စကားသံကို အမျက်ထွက်၍၊ သင်ပြုစုသောအမှုကို အဘယ်ကြောင့် ဖျက်ဆီးတော်မူရမည်နည်း
"များယွင်းစွာ ဂတိသစ္စာပြုခြင်းသည်
ဘုရားသခင်အားစိတ်ဆိုးစေသောအရာဖြစ်ပြီး
မိုက်မဲ့သောအရာလည်းဖြစ်ကာ၊
သင့်လက်အားဖြင့်လုပ်သောအရာများကိုဖျက်ဆီးစေရန်ဘုရားသခင်အား
စိတ်ပျက်စေသောအရာလည်းဖြစ်သည်။"

သင်ပြုစုသောအမှုကို အဘယ်ကြောင့် ဖျက်ဆီးတော်မူရမည်နည်း
"သင်ပြုသမျှကိုဖျက်ဆီးပစ်ပါ" -

အိမ်မက်များရာ၌၎င်း၊ စကားများရာ၌၎င်း၊ အချည်းနှီးသောအကြောင်း အရာပါတတ်၏
ခပ်သိမ်းသောအရာသည် လေကိုကျက်စားသောအမှုကဲ့သို့
အချည်းနှီးနှင့် အလဟာသဖြစ်ကြောင်းကို ပြောဆိုထားပါသည်။
"အကြောင်းမူကား အိပ်မက်များနှင့်စကားများခြင်းများသည်
အခိုးအငွေ့ကဲ့သို့အချည်းနှီးသာဖြစ်သည်။"

Ecclesiastes 08

ဆင်းရဲသားတို့ကို ညှဉ်းဆဲခြင်း
အခြားသောဘာသာပြန်ဆိုချက် - ဆင်းရဲသောသူကို
လူများကညှဉ်းဆဲကြပြီး လုယှက်ကြပြီ။"

တရားသဖြင့် မှန်ကန်စွာ ဆက်ဆံခြင်း
တရားမျှတခြင်းနှင့် မှန်ကန်ခြင်းဟူသော စကားလုံးသည်
အခြေခံအားဖြင့် တူညီသော ပြုမူခြင်း အဓိပ္ပာယ်ကို
ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်- တရားမျှတစွာ
ဆက်ဆံခြင်း။

မတရားသဖြင့် အနိုင်အထက်စီရင် စီရင်ဆုံးဖြတ်ခြင်းအမှုကိုမြင်လျှင်၊
ထိုသို့သောအကြံရှိ သည်ကို အံ့ဩခြင်းမရှိနှင့်
သူတို့သည် လူသားများဖြစ်သောကြောင့် အံ့ဩခြင်းမရှိကြနှင့်။

ကြီးမြင့်သောသူ
အခြားသောဘာသာပြန်ဆိုချက် "လူအများသည် တန်ခိုးအစွမ်း
ရှိကြသည်။"

ကြီးမြင့်သောသူတယောက်ကို တယောက် ကြည့်မှတ်သကဲ့သို့
လူများကို အာဏာဖြင့်အုပ်စိုးသော လူအများလည်းရှိသည်။
အခြားသောဘာသာပြန်ဆိုချက် -
"သူတို့လုပ်ဆောင်သောအရာများထက်
ပိုပြီးအာဏာရှိသောလူများ"

မြေကြီးကဖြစ်သော စီးပွါးသည်အလုံးစုံတို့အဘို့ ဖြစ်၏
"တိုးပွားသည်" ဟူသောစကားလုံးသည်
ကြိယာကဲ့သိုဖော်ပြထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်
- မြေကြီးမှ ဖြစ်ပွားစေသော အစာ... လယ်မြေမှ သီးနှံထွက်များ"

Ecclesiastes 10

အနတ္တ
ခပ်သိမ်းသောရာတို့သည် မြူခိုးကဲ့သို့ အချည်းနှီး၊ အလာဟာသ
ဖြစ်သည်။ ငွေနှင့် အလိုဆန္ဒ မပြေနိုင်။

စည်းစိမ် တိုးပွားသော်လည်း
အခြားသောဘာသာပြန်ဆိုချက် -
"ပုဂ္ဂိုလ်တစ်ယောက်သာ၍ကြီးပွားလာသကဲ့သို့"

ဥစ္စာတိုးပွားသောအခါ စားရသောသူတို့သည်
ဖြစ်နိုင်ခြေရှိသော အဓိပ္ပာယ်မှာ ၁ ) "ငွေကိုပို၍သုံးစွဲသောသူ"
(သို့ ) ၂ ) "သူ့ဥစ္စာကိုသုံးစွဲသောလူအများ ရှိကြသည်။"

ဥစ္စာရှင်သည် မျက်စိနှင့် ကြည့်ရှုခြင်း ကျေးဇူးမှတပါး အဘယ်ကျေးဇူးရှိသနည်း
အခြားသောဘာသာပြန်ဆိုချက် -
"ဥစ္စာရှင်အနေဖြင့်သူ့ကိုအကျိုးပြုစေသောအရာမှာ
သူကြည့်နိုင်သောအရာဖြစ်သည်။"

Ecclesiastes 12

အလုပ်လုပ်သောသူသည် များစွာစားသည် ဖြစ်စေ၊ အနည်းငယ်စားသည်ဖြစ်စေ၊ အအိပ်မြိန်တတ်၏
ဤအရာသည်
လူတစ်ယောက်၏ကောင်းမွန်ပြည့်စုံစွာအိပ်စက်ခြင်းသည်
တစ်ခုခုကိုသူစားထားသောအရာချိုမြိန်သကဲ့သို့ဖြစ်ကြောင်းပြောဆိုထားပါသည်။
"အလုပ်လုပ်သောသူအိပ်စက်ခြင်းသည် နှစ်ခြိုက်ပါသည်"

များစွာစားသည် ဖြစ်စေ၊ အနည်းငယ်စားသည်ဖြစ်စေ၊
အစာများများစားသည်ဖြစ်စေ၊ အနည်းငယ်စားသည်ဖြစ်စေ

ရတတ်သောသူ၏ စည်းစိမ်မူကား၊ စည်းစိမ်ရှင်ကို အအိပ် ပျက်စေတတ်၏။
ရတတ်သောသူ၏ ဥစ္စာမူကား၊ စည်းစိမ်ရှင်ကို ညဉ့်၌ အအိပ်
ပျက်စေတတ်ပါသည်။ ချမ်းသာသောသူသည် အိပ်မပျော်နိုင်ပါ
အဘယ်ကြောင့်ဆိုသော် သူသည်ငွေနဲ့ပါတ်သက်ပြီး
တစ်စုံတစ်ဦးက သူ့ကိုအိပ်စေရန်
ခွင့်မပြုသကဲ့သို့ဖြစ်ကြောင့်ပြောဆိုထားပါသည်။
အခြားသောဘာသာပြန်ဆိုချက် - "ဥစ္စာရတတ်သောသူသည်

ကောင်းစွာအိပ်မပျော်နိုင်ပါ အဘယ်ကြောင့်ဆိုသော် သူ၏ငွေကြေး၌စိုးရိမ်တတ်သောကြောင့်ဖြစ်သည်။"

Ecclesiastes 13

စည်းစိမ်ရှင်သည် ကိုယ်အကျိုးပျက်သည်တိုင် အောင်၊ စည်းစိမ်ကိုသိုထားခြင်းတည်းဟူသော
အခြားသောဘာသာပြန်ဆိုချက် - "စည်းစိမ်ရှင်သည် စည်းစိမ်ကိုသိုထားသည်"

မကောင်းသောအမှုအားဖြင့်
ဖြစ်နိုင်သောအဓိပ္ပာယ်များမှာ ၁ ) "မကောင်းသောကံအားဖြင့်" (သို့ ) ၂ ) "မကောင်းသောစီးပွားလုပ်ဆောင်ခြင်းအားဖြင့်"

စည်းစိမ်ရှင်မြင်သော သားသည် လည်း လက်ချည်းနေရ၏။
ဤတွင် "သူ့လက်များ" ဟူသောစကားစုသည် စည်းစိမ်ရှင်ကို ကိုယ်စားပြုထားပါသည်။
၎င်းကိုအပြုသဘောဆောင်အနေဖြင့်လည်းဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက် - "သူသည် သူ့သားအတွက် ဘာစည်းစိမ်မှ မချန်ထားခဲ့ပါ။"

Ecclesiastes 15

စည်းစိမ်ရှင်သည် အမိဝမ်းထဲက အလျှင်းမပါဘဲ ထွက်လာသကဲ့သို့၊ ထိုနည်းတူပြန်သွားရမည်
လူသားသည်အမိဝမ်းမှမွေးဖွားသောအခါလက်ဗလာဖြစ်သောအရာကို ရည်ညွှန်းထားပါသည်။ ထို့အပြင် အဝတ်မပါခြင်းဟူသော စကားလုံးမှာ လူသည် ဘာမှပိုင်ဆိုင်မှုမပါဘဲမွေးဖွားခြင်းကို အထူးပြုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - လူသားသည်မွေးစဥ်အခါ ဘာမှမပါလာသကဲ့သို့အသက်ပြန်ထွက်သွားသောအခါ၌လည်း အလားတူဖြစ်မည်ဖြစ်သည်။

ထိုနည်းတူပြန်သွားရမည်
အခြားသောဘာသာပြန်ဆိုချက် - "သေလိမ့်မည်။"

ကြိုးစားအားထုတ်၍ ရသောဥစ္စာတစုံတခုကိုမျှ လက်နှင့်စွဲကိုင်လျက် ယူ၍မသွားရ
အခြားသောဘာသာပြန်ဆိုချက် - "သူပိုင်ဆိုင်သောဥစ္စာမှန်သမျှ ဘာမှသူနှင့်အတူယူသွားခွင့်မရပါ။"

သူသည်လာသကဲ့သို့ အလျှင်းမခြားနားဘဲ၊ သွားရသောအမှုအရာသည်
ဤအရာသည်လူသားတစ်ယောက်၏မွေးဖွားခြင်းနှင့် သေခြင်းကိုရည်ညွှန်းပြီး အထက်၌ဖော်ပြပါ ကျမ်းပိုဒ်ကဲ့သို့ ဖော်ပြထားပါသည်။

လေကို ရအံ့သောငှါ ကြိုးစားအားထုတ်သော သူသည် အဘယ်ကျေးဇူးရှိသနည်း။
စာရေးသူက လေကိုရအံ့သောငှာကြိုးစားသောသူသည် ဘာအကျိုးမှ မရသောအရာကို အထူးပြုစေရန် ဤအလင်္ကာမြောက်သောမေးခွန်းကိုအသုံးပြုထားပါသည်။
အခြားသောဘာသာပြန်ဆိုချက် - "မည်သူကမျှ လေကိုရအံ့သောငှာကြိုးစားသောသူသည် အကျိုးမရနိုင်ပါ"

လေကို ရအံ့သောငှါ ကြိုးစားအားထုတ်သော သူ
ဖြစ်နိုင်ရှိသောအဓိပ္ပာယ်များမှာ ၁ ) ဤအရာက လေကိုကျက်စားသောအမှုကဲ့သို့ ခိုင်မြဲခြင်းအကျိုးကျေးဇူး မရသောပုဂ္ဂိုလ်ကို ပြောဆိုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "လေကိုရအံ့သောငှာကြိုးစားသောသူ" - ၂ ) ပုဂ္ဂိုလ်တစ်ယောက်သည် သူ၏အကျိုးကျေးဇူးအဖြစ် အသက်ရှူခြင်းသာရရှိသောအရာကိုရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "အသက်ရှူသောလေကိုရရှိရန်ကြိုးစားသည်။"

သူ၏နေ့ရက်လာလကို မှောင်မိုက်၌ လွန်စေ တတ်၏
ဤတွင် "မှောင်မိုက်" ဟူသည်မှာ ဝမ်းနည်းခြင်းနှင့်ငြီးတွားခြင်းကို ကိုယ်စားပြုထားပါသည်။ ဖြစ်နိုင်သော အဓိပ္ပာယ်မှာ ၁) လူတစ်ယောက်သည်အမြဲဘဲ မှောင်မိုက်၌သာ စားသောက်သည် ၂) သူသည် ဝမ်းနည်းခြင်းနှင့်ငြီးတွားခြင်းများ၌သာသူ့ဘဝ၏အချိန်ကို ကုန်ဆုံးစေသည်။"

များစွာသောနှောင့်ရှက်ခြင်း၊ ညှိုးငယ်ခြင်း၊ အမျက်ထွက်ခြင်းကို ခံရ၏။
"ညှိုးငယ်ခြင်း" နှင့် "အမျက်ထွက်ခြင်း" ဟူသောစကားလုံးကို ကြိယာဝိသေသနအနေဖြင့် ဖော်ပြနိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ကြီးမားစွာခံစားရသည်၊ မကျန်းမာ၍အမျက်ထွက်သည်။"

Ecclesiastes 18

ငါသိမြင်သောအရာဟူမူကား
စာရေးသူက စာဖတ်သူအားနောက်ထပ်ပြောမည့်အရာကိုအရုံစိုက်စူးစိုက်မှုရှိစေရန် ဤစကားလုံးကိုအသုံးပြုထားပါသည်။ အခြားသော ဘာသာပြန်ဆိုချက် - "အာရုံစိုက်ပါ" (သို့ ) "နားထောင်ပါ"။

ကြိုးစားအားထုတ်၍ ရသော အကျိုး၌ပျော်မွေ့ခြင်းအမှုကို ပြုကောင်း၏။ လျောက်ပတ်၏
ဤတွင် "ကောင်းသည်" နှင့် "လျောက်ပတ်၏" ဟူသောစကားလုံး၏ဆိုလိုရင်းမှာအတူတူပင်ဖြစ်သည်။ ဒုတိယ စကားလုံးသည် ပထမ စကားလုံးထက် ပို၍အရှိန်ပြင်းပြပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ငါတွေ့မြင်ခဲ့သောအရာသည် လုပ်ဆောင်ရန်အကောင်းဆုံးဖြစ်သည်"။

ဘုရားသခင်ပေးတော်မူသော အသက်ရှည်သမျှ ကာလပတ်လုံး
အခြားသောဘာသာပြန်ဆိုချက် - "ဘုရားသခင်က အသက်ရှင်သန်ရန်ခွင့်ပေးသလောက်"

ထိုအမှုသည် လူ၏အဘို့ ဖြစ်၏။
ဖြစ်နိုင်သောအဓိပ္ပယ်များမှာ - ၁ ) "လူအတွက် ဆုလာဒ် ဖြစ်သည်" (သို့ ) - ၂ ) "လူတို့၏ ဘဝထဲမှာ"

Ecclesiastes 19

စည်းစိမ် ဥစ္စာ
ဤစကားလုံးနှစ်လုံးသည်အခြေခံအားဖြင့် အဓိပ္ပယ်အတူတူပင်ဖြစ်ပါသည်။ သူတို့သည်ငွေကြေးကိုရည်ညွှန်းပြီးငင်းငွေကြေးအားဖြင့်ဝယ်ယူနိုင်[illegible]

လူတိုင်းမိမိအဘို့ကိုခံ၍ ဝင်စားခြင်းငှါရင်း၊ ကြိုးစားအားထုတ်၍ ပျော်မွေ့ခြင်းငှါရင်း၊
ပေးအပ်ထားသောအရာကိုလက်ခံစေရန်ဖြစ်သည်။

လွန်သောနေ့ရက်ကာလကို များစွာမအောက် မေ့ရ။
မိုဃ်းကောင်းကင်၌ ကျင်လည်သော ငှက်သည် ထိုအသံကို ဆောင်သွားလိမ့်မည်။
ဤစကားစုနှစ်ခုသည် အခြေခံအားဖြင့် အဓိပ္ပာယ်တူပြီး လေးနက်မှုအတွက်ပေါင်းစပ်ထားပါသည်။ ၎င်းက ငှက်သည်သင်ပြောဆိုသောအရာကိုကြားပြီး သူတပါးဆီကိုပြောထားသကဲ့သို့ သင်ပြောဆိုအရာကိုသူတပါးက တွေ့ရှိကြောင်းကိုပြောဆိုထားပါသည်။

---

## Translation Questions

Ecclesiastes 10:1

လူမိုက်ဖြစ်ကြောင်း မည်သည့်အရာက ဖော်ပြတတ်သနည်း။
လူ၏တွေးခေါ် ခြင်းသည်ချို့တဲ့လျှင် သူသည် လူမိုက်ဖြစ်ကြောင်းထင်ရှားသည်။

Ecclesiastes 10:5

ဓမ္မဒေသနာဆရာက ကျွန်တို့သည် မည်သည့်အရာလုပ်နေသည်ကို မြင်ခဲ့သနည်း။
ဓမ္မဒေသနာဆရာက ကျွန်တို့သည်မြင်းကိုစီးနေသည်ကို မြင်ခဲ့သည်။

Ecclesiastes 10:8

တစ်စုံတစ်ယောက်သည် မြို့ရိုးကိုဖြိုဖျက်သည့်အချိန်တိုင်း မည်သည့်အရာဖြစ်ပျက်သနည်း?
တစ်စုံတစ်ယောက်သည် မြို့ရိုးကိုဖြိုဖျက်သည့်အချိန်တိုင်း သူသည်မြွေကိုက်ခြင်း ခံရလိမ့်မည်။

Ecclesiastes 10:10

ပုဆိန်တုံးသောအခါ မသွေးဘဲထားလျှင် ဘာဖြစ်လိမ့်မည်နည်း။
ပုဆိန်တုံးသောအခါ မသွေးဘဲထားလျှင်သာ၍ အားထုတ်ရလိမ့်မည်။

Ecclesiastes 10:13

နောက်ဆုံးတွင်၊ မိုက်သောသူ၏ နှုတ်တွင် မည်သည့်အရာထွက်သနည်း။
မိုက်သောသူ၏ နှုတ်တွင် အဆုံး၌ အပြစ်ပြုတတ်သော ရူးသွပ်ခြင်း နောက်ဆုံးတွင်၊ မိုက်သောသူ၏ နှုတ်တွင်သည်။

Ecclesiastes 10:16

မည်သည့်အချိန်တွင် ပြည်သည် အခက်အခဲ ရှိသနည်း။
ဘုရင်သည် အသက်ငယ်၍၊ ခေါင်းဆောင်တို့သည် နံနက်ပိုင်းတွင် ပွဲလုပ်ခြင်းဖြစ်ပါက တိုင်းပြည်တွင် အခက်အခဲရှိသည်။

Ecclesiastes 10:18

အဘယ်ကြောင့် အိမ်သည် ယိုသနည်း။
အလွန်ပျင်းရိခြင်းအားဖြင့် အိမ်သည် ယိုတတ်သည်။

Ecclesiastes 10:20

လူတို့သည် အဘယ်ကြောင့် ရှင်ဘုရင်ကို ကျိန်ဆဲခြင်း မပြုသင့်သနည်း။
လူတို့သည် ရှင်ဘုရင်ကို ကျိန်ဆဲခြင်း မပြုသင့်ရခြင်းမှာ မိုယ်းကောင်းကင်၌ ကျင်လည်သော ငှက်သည် ထိုအသံကို ဆောင်သွား လိမ့်မည်။

## Chapter 11

[1] သင်၏အစာကို ရေပေါ်မှာပစ်ချလော့။ ကာလ ကြာမြင့်မှ တဖန်တွေ့လေဦးမည်။ [2] လူခုနစ်ယောက်မက၊ ရှစ်ယောက်တို့အား ဝေမျှ
လော့။ မြေပေါ်မှာအဘယ်အမှုရောက်မည်ကို သင်မသိ။ [3] မိုဃ်းတိမ်တို့သည် မိုဃ်းရေနှင့်ပြည့်သောအခါ မြေပေါ်မှာရွာတတ်၏။
သစ်ပင်သည် တောင်ဘက်သို့ လဲသည်ဖြစ်စေ၊ မြောက်လက်သို့လဲသည်ဖြစ်စေ၊ လဲသောအရပ်၌ နေရာကျ၏။ [4]
လေကိုမှတ်တတ်သောသူသည် မျိုးစေ့ကိုမကြဲ။ မိုဃ်း တိမ်တို့ကို ပမာဏပြုတတ်သော သူသည်လည်း စပါးကိုမရိပ် ရာ။ [5]
နံ့ဝိညာဉ်သွားရာလမ်းကိုငင်း၊ ကိုယ်ဝန်ဆောင် သော မိန်းမဝမ်း၌အရိုးတို့သည် အဘယ်သို့တိုးပွားသည်ကို ငင်း မသိနိုင်သကဲ့သို့၊
အလုံးစုံတို့ကို ဖန်ဆင်းတော်မူသော ဘုရားသခင်၏အမှုတော်တို့ကို မသိနိုင်။ [6] နံနက်အချိန်၌ မျိုးစေ့ကိုကြဲလော့။ ညဦးအချိန်၌ လည်း
မကြဲဘဲမနေနှင့်။ အကြောင်းမူကား၊ အဘယ်အရာ သည် အကျိုးရှိမည်ကိုငင်း၊ နှစ်ပါးစလုံးတို့သည် အညီ အမျှအကျိုးရှိမည်ကိုငင်း
မသိနိုင်။ [7] အကယ်စင်စစ် အလင်းသည်ချို၏။ နေရောင် ခြည်ကိုမြင်၍ ပျော်ပါးစရာရှိ၏။ [8] သို့ရာတွင်၊ လူသည်အသက်တာရှည်၍
အစဉ် ရွှင်လန်းသော်လည်း၊ မှောင်မိုက်ကာလကို အောက်မေ့ ပါစေ။ ထိုကာလကြာမြင့်လိမ့်မည်။ ဖြစ်လတံ့သမျှတို့သည်
အနတ္တသက်သက်ဖြစ်ကြ၏။ [9] အချင်းလူပျို၊ အသက်ပျိုသောအခါ ပျော်မွေ့ လော့။ အသက်ပျိုစဉ်ကာလတွင် စိတ်ရွှင်လန်းခြင်း
ရှိလော့။ ကိုယ်အလိုရှိရာလမ်းနှင့်၊ ကိုယ်ဉာဏ်ပြသော လမ်းသို့လိုက်လော့။ သို့ရာတွင်၊ ထိုအမှုအလုံးစုံတို့ကို ဘုရားသခင်စစ်ကြော၍၊
သင့်ကို အပြစ်ပေးတော်မူမည် ဟု အောက်မေ့လော့။ [10] သို့ဖြစ်၍၊ စိတ်ညှိုးငယ်ခြင်းအကြောင်းနှင့်၊ ကိုယ် ဆင်းရဲခြင်းအကြောင်းကို
ပယ်ရှားလော့။ အသက်ငယ် ခြင်းအရာနှင့် အရွယ်ပျိုခြင်းအရာသည် အနတ္တဖြစ်၏။

---


generated on Tue Jul 2 12:50:28 2024

## Chapter 12

1 ငါနေ၍ မပြောနိုင်ဟုဆိုရသော ကာလသည် မနီး၊ ဆိုးသောကာလမရောက်မှီ၊ ယခုအသက်ပျိုစဉ်အခါ ပင်၊ သင့်ကို
ဖန်ဆင်းတော်မူသောအရှင်ကို အောက်မေ့ လော့။ 2 နေနှင့်အလင်း၊ လနှင့်ကြယ်တို့သည် ကွယ်၍ မိုဃ်းရွာပြီးမှ၊
အထပ်ထပ်ရွာတတ်သော ကာလမရောက် မှီ အောက်မေ့လော့။ 3 ထိုကာလ၌ အိမ်စောင့်တို့သည် တုန်လှုပ်၍၊ ခိုင်ခံ့သော သူတို့သည်
အားလျော့ကြလိမ့်မည်။ ဆန် ကြိတ်သောသူတို့သည် နည်းသောကြောင့် ရပ်ကြလိမ့် မည်။ ပြတင်းပေါက်ဖြင့် ကြည့်သော သူတို့သည်
အလင်း ကွယ်ကြလိမ့်မည်။ 4 ကြိတ်သံလျော့သောအခါ၊ လမ်းနားမှာ တံခါး ရွက်တို့သည် စေ့လျက်ရှိလိမ့်မည်။ ငှက်သံကိုကြားသော
အခါ၊ စောစောထလိမ့်မည်။ သီချင်းသည်မ အပေါင်းတို့ သည် အသံသေးကြလိမ့်မည်။ 5 ထိုကာလ၌ မြင့်သောအရာတို့ကို ကြောက်ကြ
လိမ့်မည်။ လမ်း၌ဘေးတွေ့မည်ဟု ထင်ကြလိမ့်မည်။ ဗာတံပင်ပွင့်လိမ့်မည်။ ကျိုင်းကောင်သည် မိမိ၌မိမိ လေးလိမ့်မည်။
အလိုဆန္ဒလျော့လိမ့်မည်။ အကြောင်းမူ ကား၊ လူသည်ထာဝရနေရာသို့ သွားဆဲရှိ၍၊ ငိုခြင်းသည် တို့သည် လမ်းတို့၌ လှည့်လည်ကြ၏။
6 ငွေကြိုးပြုတ်ခြင်း၊ ရွှေဖလားကွဲခြင်း၊ စမ်းရေတွင်း ၌ ရေပုံးပေါက်ခြင်း၊ ရေကျင်းနားမှာစက်ကျိုးခြင်း အခြင်း အရာတို့သည်
ဖြစ်ကြလိမ့်မည်။ 7 ထိုကာလ၌ မြေမှုန့်သည် နေရင်းမြေသို့ငှင်း၊ ဝိညာဉ်သည် အရင်ပေးတော်မူသော ဘုရားသခင့်ထံသို့ ငှင်း
ပြန်သွားရလိမ့်မည်။ 8 အနတ္တသက်သက်၊ အလုံးစုံတို့သည် အနတ္တဖြစ် ကြသည်ဟု ဓမ္မဒေသနာဆရာဟော၏။ 9
ဓမ္မဒေသနာဆရာသည် ပညာရှိသည်အတိုင်း၊ ပရိသတ်တို့အား ပညာအတတ်ကို သွန်သင်လေ့ရှိ၏။ လုံ့လဝိရိယပြုလျက် များစွာသော
သုတ္တံစကားတို့ကို ရှာဖွေ၍စီရင်၏။ 10 ဓမ္မဒေသနာဆရာသည် နားထောင်ဘွယ်သော စကားကိုရှာ၍၊ ရေးထားချက်စကားသည်
ဖြောင့်မတ် သောစကား၊ သမ္မာစကားဖြစ်၏။ 11 ပညာရှိသောသူ၏စကားသည် တုတ်ချွန်နှင့် ငှင်း၊ တပါးတည်းသော
သိုးထိန်းကြီးအပ်ပေတော်မူ၍၊ ပရိသတ်အုပ်တို့ ရိုက်ထားသောသံချွန်နှင့်ငှင်း တူ၏။ 12 တဖန်တုံ၊ ငါ့သား၊ ထိုသို့သောစကားအားဖြင့်
ဆုံးမခြင်းကို ခံလော့။ စာများကိုစီရင်၍ မကုန်နိုင်။ စာကို ကြိုးစား၍ ကြည့်ရှုခြင်းအမှုသည်၊ ကိုယ်ကို နှောင့်ရှက် သောအမှုဖြစ်၏။ 13
အချုပ်အခြာစကားဟူမူကား၊ ဘုရားသခင်ကို ကြောက်ရွံ့၍၊ ပညတ်တော်တို့ကို စောင့်ရှောက်လော့။ ဤရွေ့ကား၊ လူနှင့်ဆိုင်သော
အမှုအရာအလုံးအစုံတို့ကို ချုပ်ခြာသတည်း။ 14 အကြောင်းမူကား၊ ဘုရားသခင်သည် ခပ်သိမ်း သော ဝှက်ထားခြင်းမှစ၍၊
အလုံးစုံသောအမှု၊ ကောင်း မကောင်းရှိသမျှတို့ကို စစ်ကြော၍၊ တရားသဖြင့် စီရင် တော်မူလတံ့သတည်း။

# Song of Solomon

## Chapter 1

1 သီချင်းတကာတို့တွင် အထွဋ်ဖြစ်သော ရှော လမုန်သီချင်း။ 2 သခင်နှုတ်ဆက်သော နမ်းခြင်းဖြင့် ကျွန်မကို နမ်းပါးစေ။
ကိုယ်တော်၏မေတ္တာသည် စပျစ်ရည်ထက် သာ၍ ကောင်းပါ၏။ 3 ကိုယ်တော်၌ မွှေးကြိုင်းသော နံ့သာဆီကဲ့သို့၊ နာမတော်သည်
သွန်းလောင်းသောနံ့သာဆီဖြစ်ပါ၏။ ထိုကြောင့်သတို့သမီးကညာတို့သည် ကိုယ်တော်ကိုချစ်ကြ ပါ၏။ 4 ကျွန်မကို
သွေးဆောင်တော်မူပါ။ ကျွန်မတို့ သည် နောက်တော်သို့ပြေး၍ လိုက်ကြပါမည်။ အရှင် မင်းကြီးသည် အိမ်တော်အတွင်းခန်းထဲသို့
ကျွန်မကို ဆောင်ခဲ့တော်မူပြီ။ ကျွန် မတို့သည် ကိုယ်တော်ကြောင့် ဝမ်းမြောက်ရွှင်လန်းကြမည်။ မေတ္တာတော်ကို စပျစ်ရည် ထက်သာ၍
ချီးမွမ်းကြမည်။ သတို့သမီးကညာတို့သည် ကိုယ်တော်ကိုမှန်ကန်စွာ ချစ်ကြပါ၏။ 5 အိုယေရုရှလင်မြို့သမီးတို့၊ ငါသည်ကေဒတဲ
ကဲ့သို့ မည်းသေအဆင်းရှိသော်လည်း၊ ရှောလမုန်မင်း၏ ကုလားကာကဲ့သို့ တင့်တယ်သေး၏။ 6 ငါသည်နေပူကိုခံ၍
မည်းသောအဆင်းရှိသော ကြောင့်၊ ငါ့ကိုမကြည့်ရှုကြပါနှင့်။ ငါ့မိခင်၏သားသမီးတို့ သည် ငါ့ကို မနာလိုသောစိတ်ရှိ၍၊
စပျစ်ဥယျာဉ်တို့ကို စောင့်စေကြ၏။ ကိုယ်ဥယျာဉ်ကို မစောင့်ရပါ။ 7 ကျွန်မနှစ်သက်နှစ်လိုရာအရှင်၊ ကိုယ်တော် သည်
သိုးများကိုအဘယ်မှာ ထိန်းတော်မူသည်ကိုငင်း၊ မွန်းတည့်ချိန်၌ အဘယ်မှာအရပ်ခိုစေတော်မူသည်ကိုငင်း ပြတော်မူပါ။ ကျွန်မသည်
အခြားတပါးသော သိုးထိန်း နောက်သို့ အဘယ်ကြောင့် လမ်းလွှဲ၍လိုက်ရပါအံ့နည်း။ 8 မိန်းမတကာတို့ထက် အဆင်းလှသောအစ်မ၊
သင်သည်မသိလျှင်၊ သိုးများခြေရာသို့လိုက်သွား၍၊ သိုးထိန်းတဲများအနားမှာ သင်၏သိုးသငယ်တို့ကို ကျွေး မွေးပါလော့။ 9
ငါချစ်သောနှမ၊ သင့်ကိုဖာရောမင်းရထား၌ ကသော မြင်းနှင့် ငါပုံပြမည်။ 10 သင်၏ပါးသွယ်၌ မုတ်ပုတီးတန်ဆာဆင်လျက်၊
လည်ပင်း၌ ပုလဲအသွယ်သွယ်ဆွဲလျက်၊ သင်သည် တင့်တယ်လှ၏။ 11 ငွေနှင့်အပြောက်ချယ်သော ရွှေပုတီးအသွယ် သွယ်ကိုလည်း
လုပ်၍ ပေးဦးမည်။ 12 အရှင်မင်းကြီးသည် စားပွဲတော်နားမှာ ထိုင်နေ စဉ်၊ ငါထုံသော နာဒုဆီမွှေးအနံ့သည် တပျံ့ပျံ့တလှိုင်လှိုင်
ဖြစ်လေ၏။ 13 ငါချစ်ရာသခင်သည် ငါ၌မုရန်နံ့သာပုံဖြစ်၍၊ ငါ့ရင်အုံကြားမှာ တညဥ့်လုံးအိပ်ရမည်။ 14 ငါချစ်ရာသခင်သည်
အင်္ဂေဒိဥယျာဉ်မှ ဖြစ် သော ဟန်နာခက်ရွက်စည်းကဲ့သို့ဖြစ်ပါ၏။ 15 ငါချစ်သောနှမ၊ သင်သည် အဆင်းလှပေ၏။ အလွန်လှပေ၏။
ချိုးမျက်စိနှင့်ပြည့်စုံ၏။ 16 ငါချစ်ရာသခင်သည် အဆင်းလှ၍၊ ချစ်ဘွယ် သော လက္ခဏာနှင့် ပြည့်စုံတော်မူ၏။ ငါတို့အိပ်ရာခင်း
သည် စိမ်းသော အဆင်းရှိ၏။ 17 ငါတို့ ဗိမာန်တိုင်တို့သည် အာရဇ်ပင်၊ အမိုးသည် ထင်းရှူးပင်ဖြင့်ပြီးသတည်း။

---

Song of Solomon 01

ယေဘုယျအချက်အလက်

ယေဘုယျအချက်အလက်
ဤစာအုပ်၏ ပထမပိုင်းသည် အခန်းကြီး ၁ ၊ အငယ် ၂
ဖြင့်စတင်သည်။

ရှောလမုန်သီချင်း
"အကောင်းဆုံးသီချင်း" ( သို့ ) " အပြောင်မြောက်ဆုံးသီချင်း "

အထွဋ်ဖြစ်သော ရှောလမုန်သီချင်း။
ရှောလမုန်သီချင်း သည် ရှောလမုန်အကြောင်း (သို့
ရှောလမုန်စပ်ဆိုထားသောသီချင်း ဖြစ်သည်။

မွှေးကြိုင်းသော နံ့သာဆီ
"နှစ်သက်ဖွယ်ကောင်းသော အနံ "

သွန်းလောင်းသောနံ့သာဆီ
ကျွန်ုတော်တို့ ခန္ဓာကိုယ် ပေါ်၌ သုတ်လိမ်းသောဆီဖြစ်သည်။

နာမတော်သည် သွန်းလောင်းသောနံ့သာဆီ
ထိုမိန်းမသည် သူမ၏ ချစ်သူ
ကောင်းသောဂုဏ်သတင်းရှိကြောင်းသိရသည်။
အခြားသောဘာသာပြန်ဆိုချက် " ကိုယ်တော်၏နာမတော်သည်
တစ်စုံတစ်ယောက် သွန်းလောင်းသော နှစ်သက်ဖွယ်ကောင်းသော
နံ့သာဆီကဲ့သို့ဖြစ်သည်"။ (ရှု - နှင့် နှင့်" )

ကျွန်မကို သွေးဆောင်တော်မူပါ
" ကျွန်ုပ်မကို သင်နှင့်အတူ ခေါ်ဆောင်ပါ။ " သင် "
ဟူသောစကားလုံသည် သင်၏ ချစ်သူကို
ရည်ညွှန်းခြင်းဖြစ်သည်။

ကျွန်မတို့ သည် နောက်တော်သို့ပြေး၍ လိုက်ကြပါမည်
"ကျွန်မတို့" ဟူသောစကားလုံးသည် သူမ၏
ချစ်သူနှင့်အတူရှိသော မိန်းမပျိုကို ဆိုလိုခြင်းဖြစ်သည်။

ကိုယ်တော်ကြောင့်
" သင့်ကြောင့်"

ထက်သာ၍ ချီးမွမ်းကြမည်။
"ကျွန်တော်ကို ချစ်မွမ်းစေ"


generated on Tue Jul 2 12:50:28 2024

သတို့သမီးကညာတို့သည် ကိုယ်တော်ကိုမှန်ကန်စွာ ချစ်ကြပါ၏။
သင့်ကိုချစ်သောသူအားလုံးတို့သည် မှန်ကန်ကြပါသည်။

Song of Solomon 05

ငါသည်ကေဒတဲ ကဲ့သို့ မည်းသောအဆင်းရှိသော်လည်း
ကေဒတဲ အမျိုးထဲ၌ရှိသော လူမျိုးစုတို့သည် သူတို့အိမ်တည်ဆောက်ရာ၌ အမည်းရောင်ရှိသော ဆိတ်အရေခွံကို အသုံးပြုကြသည်။

မည်းသောအဆင်းရှိသော်လည်း၊ တင့်တယ်သေး၏
" ကျွန်တော်အသားမည်းသော်လည်း ၊ လှပနေဆဲဖြစ်သည်။ "

ရှောလမုန်မင်း၏ ကုလားကာကဲ့သို့ တင့်တယ်သေး၏။
သူမသည် သူမ၏အသားအရည်ကို စောလမုန်မင်းကြီး သူ၏ နန်းတော် သို့မဟုတ် ဗိန်မာန်တော်၌ အသုံးပြုရန်ထုတ်လုပ်ထားသော လကုလားကာ၏ လှပမှု နှင့် နှိုင်းယှဥ်ထားသည်။

နေပူကိုခံ၍
"နေလောင်ထားသော"

ငါ့မိခင်၏သားသမီး
" ငါ၏ဝမ်းကွဲညီများ" ထိုညီသည် မအေတူ ဖအေကွဲဖြစ်နိုင်သည်။

စပျစ်ဥယျာဉ်စောင့်
"စပျစ်ဥယျာဉ်ကိုစောင့်ရှောက်သောသူ"

ကိုယ်ဥယျာဉ်ကို မစောင့်ရပါ
ထိုမိန်းမသည် မိမိကိုယ်ကိုယ်ကို စပျစ်ဥယျာဉ် နှင့် နှိုင်းယှဥ်ထားသည်။ အခြားသောဘာသာပြန်ဆိုချက် " ဒါပေမဲ့ ငါသည် မိမိကိုယ်ကိုယ်ကို မစောင့်ထိန်းနိုင်ခဲ့ပါ။

Song of Solomon 07

သိုးများကိုထိန်းတော်မူသည်
"သိုးများကို စားကျက်တွင် လွှတ်ထားသည်"

အရပ်ခိုစေတော်မူသည်
"သင့်၏သိုးကိုအနားပေးသည်"

ကျွန်မသည် အခြားတပါးသော သိုးထိန်း နောက်သို့ အဘယ်ကြောင့် လမ်းလွဲ၍လိုက်ရပါအံ့နည်း။
အခြားသောဘာသာပြန်ဆိုချက် - ကျွန်မကိုယ်တော်ကို ရှာသောအခါ အခြားသော သိုးထိန်း နောက်သို့လမ်းလွဲမသွားဖို့ရန် ပြောတော်မူပါ။

လမ်းလွဲ
" ပတ်ပတ်လည်လျောက်သွားသည် "

Song of Solomon 08

သိုးများခြေရာသို့လိုက်သွား
" သိုးစုများ နောက်သို့ တောက်လျှောက်လိုက်သည် "

ခြေရာ
မြေပေါ်၌ ကျန်ရှိသော သိုးများ၏ ခြေရာများ။

သင်၏သိုးသငယ်တို့ကို ကျွေး မွေးပါ
" သင်၏သိုးငယ်တို့ကို ကျောင်းသည် " သို့ "
သင်၏သိုးသငယ်တို့ကို မြက်စားစေပါ "

Song of Solomon 09

ယေဘုယျ အချက်အလက်
ထိုမိန်းမ၏ ချစ်သူ ဆက်လက်စကားပြောသည်။

ငါချစ်
" ငါချစ်သောသူ"

သင့်ကိုဖာရောမင်းရထား၌ ကသော မြင်း
၎င်းချစ်သူသည် ထိုမိန်းမငယ်ကို လှပသောမြင်းမတစ်ကောင် နှင့် နှိုင်းယှဥ်ထားသည်။

ဖာရောမင်းရထား၌ ကသော မြင်း
"ရထားကိုဆွဲသော ဖာရောမင်း၏ မြင်း"

ငွေနှင့်အပြောက်ချယ်သော
"ငွေ၏အပြောက်နှင့်ချယ်"

Song of Solomon 12

စားပွဲတော်နားမှာ ထိုင်နေစဉ်
"သူ့စားပွဲ၌ထိုင်နေခြင်း"

နာဒု
လူများသည်စျေးကြီးသောနာဒု(ပန်းအဖြူရောင် "သို့" အပန်းရောင်ရှိသော valerian ဗပ်ရီယမ်း ပင် ) မှ ထိုဆီကိုရရှိပြီး နှစ်လိုဖွယ်သော အနံ့ကိုရရှိရန် သူတို့၏ အရေခွံကိုပျော့ပြောင်းအောင်လုပ်ပြီး အသုံးပြုလေ့ရှိသည်။

နာဒုဆီမွှေးအနံ့သည် တပျံ့ပျံ့တလှိုင်လှိုင် ဖြစ်လေ၏
"၎င်း၏ ကောင်းသောအနံ့ကိုထုတ်ပေးသည်"

ငါချစ်ရာသခင်သည်
" ငါအတွက် ၊ ငါချစ်ရာသခင်သည်ဤကဲ့သို့ဖြစ်သည်။

ငါ့ရင်အုံကြားမှာ တညဥ့်လုံးအိပ်ရမည်
" ငါရင်ခွင်ကြား၌တညလုံး အိပ်သည်"။ မိန်းကလေးများသည် သူတို့၏ ခန္ဓာကိုယ်မွေးကြိုင်ဖို့ရန် သူတို့၏ ရင်ခွင်၌ စျေးကြီးသောမုရန်အနည်းငယ်ကို သူတို့၏ ရင်ခွင်၌ ဖြန်းထားသည်။


generated on Tue Jul 2 12:50:28 2024

ဟန်ခက်ရှက်
လူများသည် ကန္တာရ၌ပေါက်သောအပင်ငယ်၏ပန်းများကို ရေမွှေးအဖြစ်အသုံးလေ့ရှိသည်။

Song of Solomon 15

ချိုးမျက်စိနှင့်ပြည့်စုံ
ချိုးငှက်သည် သန့်ရှင်းခြင်း၊ အပြစ်ကင်းခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ နှင့် ချစ်ခြင်း တို့၏သင်္ကေတဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက် - " သင်၏မျက်စိသည် ချိုးငှက်၏မျက်စိကဲ့သို့ နူးညံ့သိမ်မွေ့ ပြီး နှစ်သက်ဖွယ်ကောင်းသည်။

Song of Solomon 16

အဆင်းလှ
"ကြည့်ကောင်းသော" သို့ "ချစ်စရာကောင်းသော " သို့ "လှပသော"

စိမ်းသော အဆင်း
စိမ်းလန်း စိုစွတ်ပြီး များပြားစွာပေါက်သော အပင်များဖြစ်သည်။

ငါတို့အိပ်ရာခင်း
"ကျွန်ုပ်တို့အိပ်ရာဖြစ်သည်" ။ ထိုမိန်းမသည် အပြင်ဘက်၌ရှိသောထိုစိမ်းလန်းသောအပင်ပေါ်၌ သူတို့ အိပ်ရာကဲ့သို့ မည့်ကဲ့သို့ အိပ်ခဲ့ကြောင်းကိုဖော်ပြခြင်းဖြစ်သည်။

ငါတို့ ဗိမာန်တိုင်တို့သည် အာရဇ်ပင်
ထိုမိန်းမသည် ထိုသစ်တောကို သူတို့ အိမ်ကဲ့သို့ဖော်ပြသည်။ အခြားသောဘာသာပြန်ဆိုချက် - အာရဇ်ပင်၏ သစ်ကိုင်းတို့သည် သူတို့ ၏ အိမ်တိုင်ကဲ့သို့ဖြစ်သည်။

တိုင်
အိမ်အားလုံးကိုအထောက်အကူပေးသော ကြီးမားသောသစ်တုံးများ။

အမိုးသည် ထင်းရှူးပင်ဖြင့်ပြီးသတည်း။
" ထင်းရှူးပင်၏သစ်ကိုင်းများသည် ကျွန်ုပ်တို့၏ အမိုးကဲ့သို့ဖြစ်သည်။

အမိုး
သစ်သားများစွာဖြစ် အိမ်တစ်လုံး၏အမိုးအဖြစ်ကာသည်။

---

## Translation Questions

### Song of Solomon 1:1

ရှောလမုန် သီချင်းကို မည်သူ ရေးခဲ့သနည်း။
ရှောလမုန်မင်းကြီးသည် ရှောလမုန် သီချင်းကို ရေးခဲ့သည်။

မိန်းမပျိုလေးသည် သူ့ချစ်သခင်အား ဘာလုပ်ရန် တောင်းဆိုခဲ့သနည်း။
မိန်းမပျိုလေးသည် သူ့ချစ်သခင်အား နှုတ်ဆက်သောအနမ်းဖြင့် နမ်းရန် တောင်းဆိုခဲ့ပါသည်။

မိန်းမပျိုလေးသည် မည်သည့်အရာကို စပျစ်ရည်ထက်ချိုသည်ဟု ဆိုလိုသနည်း။
မိန်းမပျိုလေးသည် သူ့ချစ်သခင်၏ မေတ္တာကို စပျစ်ရည်ထက်ချိုသည်ဟု ဆိုပါသည်။

မိန်းမပျိုလေးသည် သူ့ချစ်သူသခင်၏အမည်ကို ဘာနှင့်တူသည်ဟု ပြောခဲ့သနည်း။
မိန်းမပျိုလေးသည် သူ့ချစ်သူသခင်၏အမည်ကို သွန်းလောင်းသော နံ့သာဆီကဲ့သို့ ဖြစ်သည်ဟု ဆိုသည်။

ရှင်ဘုရင်သည် မိန်းမပျိုလေးအား မည်သည့်နေရာတွင် ဆောင်တော်မူခဲ့သနည်း။
ရှင်ဘုရင်သည် မိန်းမပျိုလေးအား သူ၏အခန်းထဲသို့ ဆောင်တော်မူခဲ့သည်။

### Song of Solomon 1:5

မိန်းမပျိုလေးသည် မည်ကဲ့သို့ သူမ၏ အသားအရေကို ဖော်ပြခဲ့သနည်း။
မိန်းမပျိုလေး၏ အသားအရေသည် ကေဒါတဲကဲ့သို့ မည်းသောအဆင်းရှိ၍ ရှောလမုန် မင်း၏ ကုလားကာကဲ့သို့ တင့်တယ်သည်။

သူမသည် အခြားသော မိန်းမများ၏ စိုက်ကြည့်ခြင်းကို ဘာကြောင့် မလိုလားသနည်း။
သူမသည် နေပူခံ၍ မည်းသောအဆင်းရှိသောကြောင့် အခြားသော မိန်းမများ၏ စိုက်ကြည့်ခြင်းကို မလိုလားပေ။

သွေးချင်းညီအစ်ကိုများသည် သူမကိုစိတ်ဆိုးကြသောအခါ ဘာလုပ်ကြသနည်း။
သွေးချင်းညီအစ်ကိုများသည် သူမကိုစိတ်ဆိုးကြသောအခါ စပျစ်ဥယျာဉ်ကိုစောင့်စေကြ၏။

### Song of Solomon 1:7

မိန်းမပျိုလေးသည် သူမ၏ ချစ်သခင်အား ဘာမေးမြန်းခဲ့သနည်း။
မိန်းမပျိုလေးသည် သူမ၏ ချစ်သခင်အား သိုးများကိုအဘယ်မှာ ထိန်းတော်မူသည်ကိုလည်းကောင်း၊ မွန်းတည့်ချိန်၌ အဘယ်မှာအရပ်ခိုစေတော်မူသည်ကိုလည်းကောင်းမေးမြန်းခဲ့သည်။

Song of Solomon 1:8

မိန်းမပျိုလေး၏ ချစ်သူသည် သူ့ကို ရှာဖွေနိုင်ရန် သူမအား မည်သို့ပြောသနည်း။
မိန်းမပျိုလေးသည် သိုးများခြေရာသို့လိုက်သွားရန်နှင့် သိုးထိန်းတဲများအနားမှာ သူမ၏သိုးသငယ်တို့ကို ကျွေး မွေးရန် ပြောပါသည်။

Song of Solomon 1:9

မိန်းမပျိုလေး၏ ချစ်သူသည် မိန်းမပျိုလေးအား ဘာနှင့် နှိုင်းယှဉ်ခဲ့သနည်း။
မိန်းမပျိုလေး၏ ချစ်သူသည် မိန်းမပျိုလေးအား ဖာရောမင်းရထားပေါ်၌ မြင်းများနှင့် နှိုင်းယှဉ်ခဲ့ပါသည်။

မိန်းမပျိုလေး၏ ချစ်သူသည် မိန်းမပျိုလေး၏ ပါးနှင့် လည်းပင်းသည် ဘာဖြစ်သည်ဟု ဆိုခဲ့သနည်း။
မိန်းမပျိုလေး၏ ချစ်သူသည်မိန်းမပျိုလေး၏ပါး၌ မုတ်ပုတီးတန်ဆာဆင်လျက်၊ လည်ပင်း၌ ပုလဲအသွယ်သွယ်ဆွဲလျက်ရှိသည်ဟု ဆိုခဲ့ပါသည်။

မိန်းမပျိုလေး၏ ချစ်သူသည် သူမအတွက် ဘာလုပ်လိမ့်မည်ဟု ဆိုခဲ့သနည်း။
မိန်းမပျိုလေး၏ ချစ်သူသည် သူမအတွက် ငွေနှင့်အပြောက်ချယ်သော ရွှေပုတီးအသွယ် သွယ်ကို လုပ်ပေးလိမ့်မည်ဟု ဆိုခဲ့သည်။

Song of Solomon 1:12

မိန်းမပျိုသည် မိမိကိုယ်ကို စကားပြောနေစဉ်တွင် အရှင်မင်းကြီးသည် မည်သည့်နေရာတွင် လဲလျောင်းနေခဲ့သနည်း။
မိန်းမပျိုသည် မိမိကိုယ်ကို စကားပြောနေစဉ်တွင် အရှင်မင်းကြီးသည် ညောင်စောင်းနားတွင် လဲလျောင်းနေခဲ့သည်။

သူမ၏ချစ်သူသည် တညဉ့်လုံး မည်သည့်နေရာတွင် အိပ်ခဲ့သနည်း။
သူမ၏ချစ်သူသည် တညဉ့်လုံး သူမရင်အုံကြားတွင် အိပ်ခဲ့ပါသည်။

မိန်းမပျိုလေးသည် သူမ၏ချစ်သူအား ဘာနှင့် ပုံခိုင်းလေ့ရှိသနည်း။
မိန်းမပျိုလေးသည် သူမ၏ချစ်သူအား အင်္ဂေဒိဥယျာဉ်မှ ဖြစ်သော ဟင်္နာခက်ရွက်စည်းနှင့် ပုံခိုင်းလေ့ရှိသည်။

Song of Solomon 1:15

မိန်းမပျိုလေး၏ချစ်သူသည် သူမ၏မျက်လုံးအား မည်သို့ ဖော်ပြခဲ့သနည်း။
မိန်းမပျိုလေး၏ချစ်သူက သူမ၏မျက်လုံးအား ချိုးမျက်စိကဲ့သို့ဖြစ်သည်ဟု ဆိုသည်။

Song of Solomon 1:16

မိန်းမပျိုသည် သူတို့၏အိပ်ရာကို ဘာနှင့် ခင်းထားသည်ဟု ဆိုသနည်း။
စိမ်းလန်းသောအပင်တို့သည် သူတို့၏အိပ်ရာဖြစ်သည်။

မိန်းမပျိုသည် ဗိမာန်တိုင်တို့နှင့် အမိုးတို့ကို ဘာဖြင့် ပြုလုပ်ထားသည်ဟု ဆိုသနည်း။
မိန်းမပျိုသည် ဗိမာန်တိုင်တို့သည် အာရဇ်ပင်၊ အမိုးသည် ထင်ရှူးပင်ဖြင့် ပြုလုပ်ထားသည်။


generated on Tue Jul 2 12:50:28 2024

## Chapter 2

[1] ကျွန်မသည် ရှာရုန်အရပ်နှင့်ဆီးပွင့်၊ ကွင်းပြင် ပေါက်သော နှင်းပွင့်မျှသာဖြစ်ပါ၏။ [2] ဆူးတောထဲမှာ နှင်းပွင့်ထင်သကဲ့သို့၊ ငါချစ်
သောသတို့သမီးသည် လူမျိုးသမီးစုထဲမှာထင်ပေ၏။ [3] တောပင်စုထဲမှာ ရှောက်ချိုပင်ကဲ့သို့ ငါချစ်ရာ သခင်သည် လူမျိုးသားစုထဲမှာ
ဖြစ်တော်မူ၏။ ငါသည် သူ၏အရိပ်ဝယ် ပျော်မွေ့နေထိုင်၍၊ မြိန်စွာသော အသီး ကို စားရ၏။ [4] ပွဲခံရာအိမ်သို့ ငါ့ကိုဆောင်သွား၍၊
မေတ္တာတော် အလံကို ငါ့အပေါ်မှာ မိုးတော်မူပြီ။ [5] ငါသည်ချစ်ခြင်းအားဖြင့် ကြင်နာသည်ဖြစ်၍၊ ငါ့ကိုစပျစ်သီးပျဉ်နှင့် အားဖြင့်ကြပါ။
ရှောက်ချိုသီးကို ကျွေး၍သက်သာ စေကြပါ။ [6] သင်၏ လက်ဝဲဘက်သည် ငါ့ခေါင်းကို ထောက် မလျက်၊ လက်ျာလက်သည်
ငါ့ကိုဘက်လျက်နေတော် မူပါစေ။ [7] ယေရုရှလင်မြို့သမီးတို့၊ ငါချစ်သော သတို့သမီး သည် အလိုလိုမနိုးမှီတိုင်အောင်၊ မလှုပ်မနှိုးမည်
အကြောင်း၊ တော၌ ကျင်လည်သော သမင်ဒရယ်များကို တိုင်တည်၍ သင်တို့ကို ငါမှာထား၏။ [8] ငါချစ်ရာသခင်၏စကားသံပေ။
ကြည့်ပါ။ တောင်ကြီးတောင်ငယ်တို့ကို ခုန်ကျော်လျက်ကြွလာ၏။ [9] ငါချစ်ရာသခင်သည် သမင်ဒရယ် သငယ်နှင့် တူ၏။ ကြည့်ပါ။
အုတ်ရိုးပြင်မှာရပ်တော်မူ၏။ ပြတင်း ပေါက်ဝတွင် ကြည့်လျက်၊ ပြတင်းရွက်ကြားမှာ ကိုယ်ကို ပြလျက်နေတော်မူ၏။ [10] ငါချစ်ရာ
သခင်သည် ခေါ်၍ပြောသည်ကား၊ ငါချစ်သောနှမ၊ ငါ၏မိန်းမလှ၊ ထ၍လာခဲ့ပါ။ [11] ဆောင်းကာလလွန်ပြီ။ မိုဃ်းလည်းကြည်လင်ပြီ။
[12] မြေကြီးပေါ်မှာ ပန်းများ ပွင့်ကြပြီ။ ငှက်တို့ မြည်တွန်ချိန်လည်း ရောက်လေပြီ။ ငါတို့မြေ၌ ချိုးငှက် တွန်သံကိုလည်း ကြားရ၏။ [13]
သင်္ဘောသဖန်းပင်သည် စိမ်းသောအသီးကို မှည့်စေ၏။ စပျစ်နွယ်ပင်လည်း ပွင့်လျက်မွှေးကြိုင်၏။ ငါချစ်သောနှမ၊ ငါ၏မိန်းမလှ၊
ထ၍လာခဲ့ပါ။ [14] တောင်ပေါ်၌ ခိုလှုံရာကျောက်ကြားတွင် ရှိသော ငါ၏ချိုးငှက်၊ သင်၏မျက်နှာကိုမြင်ပါရစေ။ သင်၏စကား သံကို
ကြားပါရစေ။ သင်၏စကားသံသည် ချို၏။ သင်၏ မျက်နှာလည်း လှ၏။ [15] စပျစ်နွယ်ပင်တို့ကို ဖျက်လတ့ံသော မြေခွေးများ နှင့်
မြေခွေးကလေးများကို ငါတို့ကို ဘမ်းကြလော့။ ငါတို့ စပျစ်နွယ်ပင်တို့သည် အပွင့်ပွင့်လျက်ရှိကြ၏။ [16]
ငါချစ်ရာသခင်ကိုငါဆိုင်ပေ၏။ ငါ့ကိုလည်း သခင်ဆိုင်ပေ၏။ နှင်းတော၌ ကျက်စားတော်မူ၏။ [17] မိုဃ်းမသောက်၊
မှောင်မိုက်အရိပ်မပြေးမှီ၊ ငါ ချစ်ရာသခင်၊ ဗေသာတောင်ပေါ်မှာ သမင်ဒရယ်သငယ် ကဲ့သို့ တဖန်ပြုတော်မူပါ။

---

---

Song of Solomon 01

ယေဘုယျအချက်အလက်

ကျွန်မသည်ကွင်းပြင် ပေါက်သော နှင်းပွင့်မျှသာဖြစ်ပါ၏
ထိုမိန်းမသည် တောရွာ၌နေထိုင်းသော သာမန် ရိုးသားသော မိန်းကလေးဖြစ်ပြီး သူမ၏ ချစ်သူပေးသောအချစ်နှင့် မထိုက်တန်းကြောင်း ဖော်ပြရန် မိမိကိုယ်ကိုယ်ကို ကွင်းပြင်၌ ပေါက်သော နှင်းပွင့်သဖွယ် ခိုင်းနှိုင်းထားပါသည်။

ကွင်းပြင်
ညီညာပြန့်ပြူးသော နေရာ ၊ သစ်ပင်ကြီးများမရှိသောနေရာ ၊ နှင့် မြက်ပင်အမျိုးမျိုး နှင့် ပန်းအမျိုးမျိုး ပေါက်သောနေရာ သို့ ကွင်းပြင် ဖြစ်သည်။

နှင်းပွင့်မျှသာ
ထိုမိန်းမသည် မိမိကိုယ်ကိုယ် ကွင်းပြင်၌ ပေါက်သော နှင်းပွင့် သဖွယ်နှိုင်းယှဉ်ခြင်း နှင့် မိမိကိုယ်ကိုယ် ချိုင်းဝှမ်းတွင် ပေါက်သော နှင်းပွင့် နှင့်
နှိုင်းယှဉ်သည်ကိုဆိုလိုခြင်းတစ်ခုသာဖြစ်သည်။

နှင်းပွင့်
နှစ်သက်ဖွယ်သော အနံ့ ရှိသောပန်းဖြစ်ပြီး ခရာ ကဲ့သို့သော ပုံသဏ္ဍာန် ရှိသည်။

နှင်းပွင့်ထင်သကဲ့သို့ ........ ငါ လူမျိုး
ထိုယောကျာ်းသည် ထိုမိန်းမဟာတခြားသော မိန်းမလေး တွေထက် ပို၍ လှပ တန်းဖိုးရှိခြင်းက နှင်းပွင့်ပင်သည် ၎င်း၏ ပတ်ပတ်လည််၌ ရှိသော ဆူးပင်အားလုံးထက် ပို၍လှပ တန်းဖိုးရှိကြောင်းကို ဆိုလိုသည်။

ငါချစ် သောသတို့သမီး
အခန်း ၁ အငယ် ၉ ၏ ဘာသာပြန်ဆိုချက်ကို ကြည့်ရန်။

လူမျိုးသမီးစု
" အခြားသော မိန်းမပျို"

Song of Solomon 03

ရှောက်ချိုပင်ကဲ့သို့ ...... ငါလူမျိုးသား
ရှောက်ချိုပင်သည် သစ်တောထဲရှိ အခြားသောသစ်ပင်များ ထက်ပို၍ သာယာ သကဲ့သို့ ထိုမိန်းမငယ်၏ ချစ်သူသည်လည်း ထိုကဲ့သို့ ပင်ဖြစ်သည်။

ရှောက်ချိုပင်
အတော်ချိုသော အဝါရောင်သစ်သီးငယ် ကို သီးသော အပင် တစ်မျိုး။

ငါသည် သူ၏အရိပ်ဝယ် ပျော်မွေ့နေထိုင်
သူမ ၏ချစ်သူနှင့်အတူရှိခြင်းသည် အလွန်ပျော်ရွှင် ကြည်နူးဖွယ်ဖြစ်သည်။


generated on Tue Jul 2 12:50:28 2024

မြိန်စွာသော အသီး ကို စားရ၏
ထိုမိန်းမသည် သူမ၏ ချစ်သူနှင့်အတူနေရခြင်း၏ပျော်ရွှင်မှုကို ချိုသော အသီးနှင့် ခိုင်းနှိုင်းထားသည်။

ပွဲခံရာအိမ်
လူများတစ်ယောင်နှင့်တစ်ယောက် အလည်သွားပြီး အတူကွ ပျော်ရွှင်စွာစားသောက်၍ ရသော အလွန်ကျယ်သောအခန်းကြီးတစ်ခန်း။

အလံ
အလံသည် အလွန်ကြီးသော ပိတ်စတစ်ခုဖြစ်ပြီး စစ်တပ်တစ်ခုကို ခွန်အားပေးရန် နှင့် ရှေ့သို့ ချီတက်ရန်၌ အသုံးပြုသော ပိတ်စ ဖြစ်သည်။

မေတ္တာတော် အလံကို ငါ့အပေါ်မှာ မိုးတော်မူပြီ
ထိုမိန်းမသည် ပွဲခံရာအိမ်သို့သွားရန် ကြောက်သော်လည်းသူမ၏ ချစ်သူ သည် သူမကို ထိုပွဲသို့ ဝင်ရန် ခွန်အားပေးသည်။ အခြားသောဘာသာပြန်ဆိုချက် - " အလံ ကဲ့သို့ သူမ၏ချစ်သူသည် သူမကို လမ်းညွှန်၍ခွန်အားပေးသည်။

Song of Solomon 05

ငါသည်ချစ်ခြင်းအားဖြင့် ကြင်နာသည်ဖြစ်၍
ငါ၏ချစ်ခြင်းသည် အလွန်အားကြီးသည်ဖြစ်၍ ငါကို ချည့်နဲ့စေသည်။

အားဖြင့်
"ခွန်အားပြန်၍ ရသည်" သို့ " အားအင်ပေးသည် "

စပျစ်သီးပျဉ်နှင့်
ကျွန်ုပ်ကို အပြားနှစ်ပြားနှင့်အတူ ကပ်ထားသော စပျစ်သီးပျဉ်ကို ကျွေးခြင်းအားဖြင့်" သို့ "စပျစ်သီးပျဉ်ကို ပေးခြင်းအားဖြင်း "

ရှောက်ချိုသီးကို ကျွေး၍သက်သာစေကြပါ
"ကျွန်ုပ်ကို ရှောက်ချိုသီး ဖြင့် ထောက်ပံ့ခြင်း" သို့ "ရှောက်သီးချို ပေးခြင်းအားဖြင့်"

လက်ဝဲ .... လက်ျာလက်
"လက်ဝဲလက် .... လက်ျာလက်"

ဘက်လျက်
" ငါကို ဘက်သည်"

Song of Solomon 07

ယေရုရှလင်မြို့သမီး
" ယေရုရှလင်၏ မိန်းမပျို"။ဤမိန်းမပျိုများက ပြောနေသောသူမအသံကို မကြားရ၊ ထိုနေရာတွင် မရှိကြသော်လည်း၊ မိန်းမပျိုများကြားနေ၍ရှိနေသကဲ့သို့ ဆိုထားပါသည်။

အလိုလိုမနိုးမှီတိုင်အောင်၊ မလှုပ်မနှိုးမည် အကြောင်း၊
" ကျွန်ုပ်တို့၏ ချစ်တင်းမှု မပြီးမီတိုင်အောင် အနှောက်အယှက်မရှိစေရ"

တော၌ ကျင်လည်သော သမင်ဒရယ်များကို တိုင်တည်၍ သင်တို့ကို ငါမှာထား၏။
ဤတိရစ္ဆာန်သည် ကြောက်တတ်သောတိရစ္ဆာန်ဖြစ်သော်လည်း လွတ်လပ်စွာ ကျင်လည်သည်။

တော၌
"တောပိုင်း၌နေထိုင်သည်"

သမင်ဒရယ်
သမင်နှင့်တူ၍ ကျစ်လှစ်၊ လျင်မြန်စွာပြေးပြီးကြောက်တတ်သောတိရစ္ဆာန်များ။

Song of Solomon 08

ယေဘုယျအချက်အလက်
ဒုတိယပိုင်းကို ဤအခန်းတွင်စတင်သည်။

ကြည့်ပါ
ဤနေရာတွင် "ကြည့်ပါ " ဟူသော ဝေါဟာရသည် ၎င်း၏နောက်တွက်လိုက်လာသော စကားလုံးကို လေးနက်အောင်ပေါင်းထည့်ပေးသည်။ အခြားသောဘာသာပြန်ဆိုချက် - " စင်စစ်"

တောင်ကြီးတောင်ငယ်တို့ကို ခုန်ကျော်လျက်ကြွလာ၏
"တောင်များတို့ကို ခုန်ကျော်၍ ၊ တောင်ကုန်းများပေါ်သို့ လျင်မြန်စွာပြေးသွားသည်။ "ထိုချစ်သူသည် ကြမ်းတမ်းသော တောင်ကုန်များ ပေါ်သို့ ပြေးရသော်လည်းသမင်သရယ်ကဲ့သို့ ကြော့ကြော့မော့မော့ လျင်မြန်စွာပြေးသွားသည်။

သမင်ဒရယ် သငယ်နှင့် တူ၏
ထိုမိန်းမသည် သူမ၏ချစ်သူကို သမင်သရယ်သငယ်နှင့်နှိုင်းယှဉ်ထားသည်။ အဘယ်ကြောင့်ဆိုသော် သူသည် ယင်းတိရစ္ဆာန်ကဲ့သို့ လျင်မြန်လျင်မြန် ၊ သာသာယာယာနှင့် ကြော့ကြော့မော့မော့ ဖြစ်သောကြောင့်ဖြစ်သည်။

သမင်ဒရယ်
" သမင်သရယ် " အခန်းကြီး ၈ ၊ အငယ် ၂ ၏ ဘာသာပြန်ဆိုချက်ကိုကြည့်ပါ။

သမင်ငယ်
" သမင်ဖိုငယ် "

ကြည့်ပါ။ ပြင်မှာရပ်တော်မူ၏
ဤနေရာတွေ"ကြည့်"ဟူသော ဝေါဟာရသည် ထိုမိန်းမသည် စိတ်ဝင်စရာကောင်းသော အရာတစ်စုံတစ်ခုကို တွေ့နေကြောင်း ဖော်ပြသည်။


generated on Tue Jul 2 12:50:28 2024

အုတ်ရိုးပြင်မှာ
"အုပ်နံရံ၏ အခြားတစ်ဖက်" ။ ထိုမိန်းမသည်
အိမ်တွင်းထဲမှာနေပြီး သူမ၏ ချစ်သူသည်
အိမ်၏အပြင်၌ရှိခြင်းဖြစ်သည်။

ပြတင်း ပေါက်ဝတွင် ကြည့်လျက်
" သူသည် ပြတင်းပေါက်မှ ငေးကြည့်သည်။"

ပြတင်းရွက်
တစ်စုံတစ်ယောက်သည်သစ်သားကို
ညီညာသောအချိုးအစားချွတ်တိုက်၍ ပြတင်းပေါက် (သို့)
ဝင်ပေါက်တစ်ခုခုကို ပိတ်ရန် ပြုလုပ်ထားသောအရာဖြစ်သည်။

ပြတင်းရွက်ကြားမှာ ကိုယ်ကို ပြလျက်နေတော်မူ၏
"သူသည် ပြတင်းရွက်မှ ချောင်းကြည့်သည်။

Song of Solomon 10

ငါချစ်
" အခန်းကြီး ၁ ၊ အငယ် ၉ ၏ ဘာသာပြန်ဆိုချက်ကိုကြည့်ရန်"

ထ
" ထလော့"

မိုဃ်းလည်းကြည်လင်ပြီ။
ဣသရေလတိုင်းပြည်၏ ဆောင်းဥတု၌သာ မိုးရွာသည်။

Song of Solomon 12

မြေကြီးပေါ်မှာ
"မြေတပြင်လုံး"

ပန်းများပွင့်ကြပြီ
အခြားသောဘာသာပြန်ဆိုချက်၊
"သင်ပန်းပွင့်များကိုတွေ့နိုင်သည်"

ငှက်တို့ မြည်တွန်ချိန်လည်း ရောက်လေပြီ။
" ငှက်များ တွန်ချိန်"

ချိုးငှက် တွန်သံကိုလည်း ကြားရ၏
အခြားသောဘာသာပြန်ဆိုချက် -"သင်သည် ချိုးငှက်၏
တွန်သံကို ကြားရပြီ။" သို့ " လူများသည် ချိုးငှက်၏ တွန်သံကို
ကြားရပြီ။

စပျစ်နွယ်ပင်လည်း ပွင့်
"စပျစ်နွယ်လည်း ပွင့်နေသည် " သို့ " စပျစ်နွယ်လည်း ပန်းများစွာ
ပွင့်သည်။"

မွှေးကြိုင်
" နှစ်သက်ဖွယ်သော အနံ့"

Song of Solomon 14

ယေဘုယျ အချက်အလက်
ထိုမိန်းမ၏ချစ်သူ စတင်စကားပြောသည်။

ငါ၏ချိုး
ထိုမိန်းမ၏ ချစ်သူသည် ထိုမိန်းမကို ချိုးငှက်သဖွယ်
နှိုင်းယှဉ်ခြင်းသည် သူမသည် ချိုးငှက်ကဲ့သို့ လှပသောမျက်နှာ
နှင့် သာယာသောအသံရှိသောကြောင့်ဖြစ်သည်။
အဘယ်ကြောင့်ဆိုသော် သူနှင့်သူချစ်သူသည်ချိုးငှက်ကဲ့သို့
လူနှင့်ဝေးကွာရာ အရပ်၌ နေထိုင်ရခြင်းဖြစ်သည်။

ကျောက်ကြား
"ကျောက်ဆောင်များကြား ပုန်းခိုနိုင်သည့်နေရာများ"

သင်၏ မျက်နှာ
" သင်၏ ဟန်ပန် " သို့ " သင်၏ သွင်ပြင် " သို့ " သင်၏ ပင်ကိုယ်
"

Song of Solomon 15

ဖျက်
"ဖျက်ဆီးသည်" သို့ " ပျက်စေသည်" ။ မြေခွေးသည် စပျစ်ခြံကို
တွင်းတူးပြီး စပျစ်သီးကို စားခြင်းဖြစ် ဖျက်စီးသည်။ လူပျိုသည်
မိန်းမပျိုကို ဖျက်ဆီးသကဲ့သို့ တင်စားဖော်ပြထားသည်။

မြေခွေး
"မြေခွေး" များဟုပြန်ဆိုနိုင်သည်။ အမျိုးသမီးပျိုကို
ဖျက်ဆီးလိုချင်သည့် လူပျိုများကို ကဗျာတွင် ခွေးများဖြင့်
ခိုင်းနှိုင်းလေ့ရှိသည်။

မြေခွေးကလေး
" မြေခွေးကလေး " မြေခွေးသည် စပျစ်နွယ်ပင် အပွင့်ပွင့်သော
နွေဦး ကာလ၌ မြေခွေး ကလေး မွေး ကြသည်။

ငါတို့
"ငါတို့ " ဟူသော ဝေါဟာရသည် ဖြစ်နိုင်ရာ အကြောင်းနှစ်ချက်ကို
ရည်ညွှန်းနိုင်သည်။ ၁ ။ "သူမ နှင့် သူမ၏ ချစ်သူ " သို့ " ၂။
သူမနှင့် ကျန်ရှိသော မိသားစု " ။

အပွင့်ပွင့်
ဤစလုံးသည် လက်ထပ်ရန် ၊ မီးဖွားရန် အရောက်သော
မိန်းမပျိုကို တင်စားဖော်ပြထားသည်။ အခန်းကြီး ၂ ၊ အငယ် ၁၂
၏ ဘာသာပြန်ဆိုချက်ကို ကြည့်ရန် ။

Song of Solomon 16

ငါချစ်ရာသခင်ကိုငါဆိုင်ပေ၏။
"ငါပိုင်သော ငါချစ်သူ"

ငါ့ကိုလည်း သခင်ဆိုင်ပေ၏
" သူသည်လည်းငါ့ကိုပိုင်သည်။ "



generated on Tue Jul 2 12:50:28 2024

ကျက်စား
" ကျွေးမွေးခြင်း " သို့ " မြက်စားခြင်း" ။ ထိုမိန်းမသည် သူမ၏ ချစ်သူကို နှင့်ပန်းပင်ကြားတွင် ကျက်စားနေသော သမင်ဒရယ် သို့ သမင်ငယ် နှင့်နှိုင်းယှဥ်ထားသည်။

မိုဃ်းသောက်
"နေ့တစ်နေ့၏ နေထွက်ရာအချိန်"

မှောင်မိုက်အရိပ်ပြေး
ထိုမိန်းမသည် သူတို့နေရောင်ခြည်မှ ထွက်ပြေးကြောင်းကို တင်စားဖို့ရန် အရိပ်ကိုအသုံးပြုထားသည်။
အခြားသောဘာသာပြန်ဆိုချက် -"
အရိပ်ပျောက်ကွယ်သွားသည်။"

ဗေသာတောင်
" ကျောက်တုံးကျောက်ခဲပြည့်နှက်နေသော" သို့ " ကြမ်းသော "

သမင်ဒရယ်သငယ် ကဲ့သို့
အခန်းကြီး ၂ ၊ အငယ် ၈ ၏ ဘာသာပြန်ဆိုမှုကို ကြည့်ရန်။

သမင်ဒရယ်
သမင်နှင့်ဆင်၍ ရှည်ကွေးသောချိုရှိသော တိရစ္ဆာန်တစ်မျိုး။

သမင်ဒရယ်သငယ်
"သမင်ဖိုငယ်"

---

## Translation Questions

### Song of Solomon 2:1

မိန်းမပျိုလေးသည် မိမိကိုယ်ကို မည်သို့ ဖော်ပြခဲ့သနည်း။
မိန်းမပျိုလေးသည် မိမိကိုယ်ကို ရှာရုန်အရပ်နှင့်ဆီးပွင့်၊ ကွင်းပြင်ပေါက်သော နှင်းပွင့်မျှသာဖြင့်ဖော်ပြခဲ့သည်။

လူယောကျ်ားသည် သူမအား လူအမျိုးသမီးတို့အလယ်၌ ဘာနှင့်တူသည်ဟု ဆိုခဲ့သနည်း။
လူယောကျ်ားသည် သူမအား လူအမျိုးသမီးတို့အလယ်၌ ဆူးတောထဲက နှင်းပွင့်နှင့်တူသည်ဟု ဆိုခဲ့သည်။

### Song of Solomon 2:3

မိန်းမပျိုလေးသည် လူပျိုများကြားထဲက သူမ၏ချစ်သူအား မည်သို့ ဖော်ပြခဲ့သနည်း။
မိန်းမပျိုလေးသည် လူပျိုများကြားထဲက သူမ၏ချစ်သူအား တောပင်စုထဲက ရှောက်ချိုပင်ကဲ့သို့ ဖော်ပြခဲ့သည်။

မိန်းမပျိုလေးသည် မည်သည့်နေရာတွင် ထိုင်ခဲ့သနည်း။
မိန်းမပျိုလေးသည် သူ၏အရိပ်တွင် အလွန်ကျေနပ်စွာထိုင်ခဲ့သည်။

မည်သည့်အရာသည် သူမ၏ခံတွင်းတွင် ချိုမြိန်ခဲ့သနည်း။
သူ၏အသီးသည် သူမ၏ခံတွင်းတွင် ချိုမြိန်ခဲ့သနည်း။

မိန်းမပျိုလေး၏ချစ်သူသည် သူမကို မည်သည့်နေရာ သို့ ခေါ်ဆောင်ခဲ့သနည်း။
မိန်းမပျိုလေး၏ချစ်သူသည် သူမကို ပွဲခံရာအိမ်သို့ ခေါ်ဆောင်ခဲ့ပါသည်။

သူမအပေါ်သို့ သူ၏စာတန်းက အဘယ်သို့နည်း။
သူမအပေါ်သို့ သူ၏စာတန်းသည် မေတ္တာ ဖြစ်သည်။

### Song of Solomon 2:5

မိန်းမပျိုလေးသည် ပြန်၍ အသက်ရှင်လာရန်နှင့် အားသစ်တိုးစေရန် ဘာကို အလိုရှိခဲ့သနည်း။
မိန်းမပျိုလေးသည် စပျစ်သီးပျဥ်ကို ပြန်၍အသက်ရှင်လာရန်နှင့် ရှောက်ချိုသီးကို အားသစ်တိုးစေရန် အလိုရှိခဲ့သည်။

လူပျိုလေး၏ လက်ဝဲနှင့်လက်ယာလက်သည် မည်သည့်နေရာတွင် ရှိသနည်း။
လူပျိုလေး၏ လက်ဝဲလက်သည် သူမခေါင်းကို ထောက်၍လည်းကောင်း၊ လက်ယာလက်သည် သူမကို ဘက်လျက်နေတော်မူခဲ့သည်။

### Song of Solomon 2:7

မိန်းမပျိုလေးသည် ယေရုရှလင်မြို့သမီးတို့အား ဘာကို ကျိန်ဆိုစေခဲ့သနည်း။
မိန်းမပျိုလေးသည် ယေရုရှလင်မြို့သမီးတို့အား သူမနှင့် သူမ၏ချစ်သူတို့သည် အလိုလိုမနိုးမှီတိုင်အောင်၊ မလှုပ်မနှိုးမည် အကြောင်းကျိန်ဆိုစေခဲ့သည်။

### Song of Solomon 2:8

မိန်းမပျိုလေးသည် ဘာအသံကို ကြားခဲ့သနည်း။
မိန်းမပျိုလေးသည် ချစ်ရာသခင်၏စကားသံကို ကြားခဲ့သည်။

မိန်းမပျိုလေးသည် သူမ၏ချစ်သခင်က ဘာလုပ်နေသည်ကို ပြောခဲ့သနည်း။
မိန်းမပျိုလေးသည် သူမ၏ချစ်သခင်သည် တောင်ကြီးတောင်ငယ်တို့ကို ခုန်ကျော်လျက်နေသည်ကို ပြောခဲ့သည်။

မိန်းမပျိုလေးသည် သူမ၏ချစ်သခင် သည် ဘာနှင့်တူကြောင်း ပြောခဲ့သနည်း။
မိန်းမပျိုလေးသည် သူမ၏ချစ်သခင် သည် သမင်ဒရယ် သငယ်နှင့် တူသည်ဟု ပြောခဲ့သည်။

Song of Solomon 2:10

မိန်းမပျိုလေး၏ချစ်သူသည် သူမနှင့်အတူလုပ်ရန် ဘာကို လိုချင်ခဲ့သနည်း။
မိန်းမပျိုလေး၏ချစ်သူသည် သူမနှင့်အတူထရန်နှင့် အဝေးကိုသွားရန် လိုချင်ခဲ့သည်။

သူသည် မည်သည့်အရာသည်ကျော်သွား၍ မည်သည့်အရာသည် လွန်သွားသနည်းဟု ဆိုသနည်း။
သူက ဆောင်းကာလသည် ကျော်သွား၍ မိုးကာလသည်လည်းလွန်သွားသည်ဟု ဆိုသည်။

Song of Solomon 2:12

မြေကြီးပေါ်မှာ မည်သည့်အရာများ ပေါ်ပေါက်လျက်ရှိသနည်း။
မြေကြီးပေါ်မှာ ပန်းများ ပွင့်ကြလျက်ရှိပါသည်။

မည်သည့်အချိန်ကာလဖြစ်သနည်း။
ငှက်တို့ မြည်တွန် ချိန်ကာလဖြစ်ပါသည်။

မည်သည့်အရာ မှည့်ချိန်နှင့် မည်သည့်အရာ ပွင့်လန်းအချိန် ဖြစ်သနည်း။
စိမ်းသော သင်္ဘောသဖန်းသီး မှည့်ချိန်နှင့် စပျစ်နွယ်ပင်လည်း ပွင့်လျက်ရှိခဲ့ပါသည်။

မိန်းမပျိုလေး၏ချစ်သူသည် သူ၏ လှပသောအပျိုမလေးအား ဘာလုပ်ရန် လိုချင်ခဲ့သနည်း။
မိန်းမပျိုလေး၏ချစ်သူသည် သူ၏ လှပသောအပျိုမလေးအား ထ၍လာစေလိုခဲ့သည်။

Song of Solomon 2:14

မိန်းမပျိုလေး၏ချစ်သူသည် သူမအား မည်သို့ ခေါ်သနည်း။
မိန်းမပျိုလေး၏ချစ်သူသည် သူမအား သူ၏ချိုးငှက်ဟု ခေါ်ပါသည်။

မိန်းမပျိုလေး၏ချစ်သူသည် ဘာကို မြင်ရန်နှင့် ကြားရန် လိုချင်ခဲ့သနည်း။
မိန်းမပျိုလေး၏ချစ်သူသည် ချစ်သူ၏ ချစ်စဖွယ်ကောင်းသောမျက်နှာနှင့် သူမ၏ချိုသာသော စကားကို ကြားချင်ပါသည်။

Song of Solomon 2:15

မိန်းမပျိုလေးသည် သူ့အား ဘာကို ဘမ်းရန် လိုချင်ခဲ့သနည်း။
မိန်းမပျိုလေးသည် ခွေးအတို့ကို ဘမ်းရန် သူ့အား လိုချင်ခဲ့ပါသည်။

Song of Solomon 2:16

မိန်းမပျိုလေး၏ ချစ်သူသည် မည်သူနှင့် ဆိုင်သနည်း။
မိန်းမပျိုလေး၏ ချစ်သူသည် သူမနှင့်ဆိုင်သည်။

မိန်းမပျိုလေးသည် မည်သူနှင့် ဆိုင်သနည်း။
မိန်းမပျိုလေးသည် သူမ၏ ချစ်သူနှင့် ဆိုင်သည်။

မိန်းမပျိုလေး၏ ချစ်သူသည် နှင်းတော၌ ဘာလုပ်ခဲ့သနည်း။
မိန်းမပျိုလေး၏ ချစ်သူသည် နှင်းတောၓ သာယာမှုနှင့်လဲလျောင်းခဲ့သည်။

မိန်းမပျိုလေးသည် သူမ၏ ချစ်သူအား ဘာလုပ်ရန် ဆန္ဒရှိခဲ့သနည်း။
မိန်းမပျိုလေးသည် သူမ၏ ချစ်သူအား အဝေးကိုသွားရန် ဆန္ဒရှိခဲ့သည်။

မိန်းမပျိုလေးသည် သူမ၏ချစ်သူအား မည်သည့်အချိန်တွင် အဝေးကိုသွားရန် ဆန္ဒရှိခဲ့သနည်း။
မိန်းမပျိုလေးသည် သူမ၏ ချစ်သူအား မိုဃ်းမသောက်၊ မှောင်မိုက်အရိပ်မပြေးမှီတွင် အဝေးကိုသွားရန် ဆန္ဒရှိခဲ့သည်။

မိန်းမပျိုလေးသည် သူ့ကို မည်ကဲ့သို့ဖြစ်ရန် ဆန္ဒရှိခဲ့သနည်း။
မိန်းမပျိုလေးသည် သူ့ကို ဗေသာတောင်ပေါ်မှာ သမင်ဒရယ်သငယ် ကဲ့သို့ဖြစ်ရန် ဆန္ဒရှိခဲ့သည်။

## Chapter 3

[1] ငါ့ဝိညာဉ်ချစ်သောသူကို ညဥ့်အခါအိပ်ရာပေါ်မှာ ငါရှာ၏။ ရှာသော်လည်းမတွေ့။ [2] ငါထမည်။ မြို့လမ်းတို့တွင် လည်မည်။ ငါ့
ဝိညာဉ်ချစ်သောသူကို လမ်းမတို့တွင်ရှာမည်ဟုဆိုလျက် ရှာသော်လည်း မတွေ့။ [3] မြို့ကိုလည်သော ကင်းစောင့်တို့သည် ငါ့ကို
တွေ့ကြသော်၊ ငါ့ဝိညာဉ်ချစ်သော သူကိုမြင်ကြသလော ဟု ငါမေး၏။ [4] သူတို့မှ အနည်းငယ်လွန်ပြန်လျှင်၊ ငါဝိညာဉ် ချစ်သော
သူကိုတွေ့၏။ ငါသည် သူ့ကိုမလွှတ်။ အမြဲကိုင် ၍ ငါ့ကိုဘွားမြင်သော မိခင်၏အိမ်၌ အိပ်ရာအခန်းထဲသို့ ဆောင်ခဲ့ ၏။ [5]
ယေရုရှလင်မြို့သမီးတို့၊ ငါချစ်သော သတို့သမီး သည် အလိုလိုမနိုးမှီတိုင်အောင်၊ မလှုပ်မနှိုးမည် အကြောင်း၊ တော၌
ကျင်လည်သောသမင် ဒရယ်များကို တိုင်တည်၍၊ သင်တို့ကို ငါမှာထား၏။ [6] မုရန်၊ လောဗန်အစရှိသော ကုန်သည် ရောင်း
တတ်သောနံ့သာမှုန့်မျိုးကို မီးရှို့၍၊ ထသော မီးခိုးတိုင် သဏ္ဌာန်ရှိလျက် တော်ထဲကလာသော ထိုသူကား၊ အဘယ်
သူဖြစ်ပါလိမ့်မည်နည်း။ [7] ထိုသူအပေါင်းတို့သည် ထားကိုင်လျက်၊ စစ်မှု စစ်ရေး၌ လေ့ကျက်သောသူ ဖြစ်ကြ၏။ [8] ညဥ့်အခါ
စိုးရိမ်စရာရှိသောကြောင့်၊ လူတိုင်းမိမိ အပေါ်၌ မိမိထားကိုမြှောင်ထားလျက်ရှိ၏။ [9] လေဗနုန်သစ်သားဖြင့် ရှောလမုန်မင်းကြီး
လုပ်တော်မူသော ယာဉ်ပျံတော်ဖြစ်၏။ [10] ကွန်းစင်တိုင်တို့ကို ငွေဖြင့်၎င်း၊ အောက်ပိုင်းကို ရွှေဖြင့်၎င်း၊ ထိုင်ရန်ဖုံကို နီမောင်းသော
ကမ္ဗလာဖြင့်၎င်း၊ ပြီးစေတော်မူ၏။ အတွင်းကိုမူကား၊ ယေရုရှလင်မြို့သမီး တို့သည် မေတ္တာနှင့်ချယ်လှယ်ကြပြီ။ [11]
ဇိအုန်သတို့သမီးတို့၊ လက်ထပ်မင်္ဂလာဆောင် သောနေ့၊ နှလုံးတော်ရွှင်လန်းသောနေ့၌ မယ်တော်တင် သော ဦးရစ်သရဖူကို
ဆောင်းတော်မူသော ရှောလမုန် မင်းကြီးကို သွား၍ဖူးမြင်ကြလော့။ ရှောလမုန်မင်း၏ ယာဉ်ပျံတော် ကို ကြည့်ကြလော့။
သူရဲခြောက်ကျိပ်၊ ဣသရေလအမျိုး သားသူရဲ အခြွေအရံရှိကြ၏။

---

Song of Solomon 01

ငါ့ဝိညာဉ်ချစ်သောသူကို ညဥ့်အခါအိပ်ရာပေါ်မှာ ငါရှာ၏။
လေးနက်မှုကို ပြန်ပြောထားသည်။

ရှာသော်လည်းမတွေ့
" သူနှင့်အတူရှိချင်ခြင်း" သို့ " သူကိုတမ်းတခြင်း"

မြို့လမ်းတို့တွင် လည်မည်
"မြို့ကို ဖြတ်လျှောက်သည်"။

ငါ့ ဝိညာဉ်ချစ်သောသူကိုရှာမည်
အခန်းကြီး ၁ အငယ် ၇ ၏ ဘာသာပြန်သာဆိုချက်ကြည့်ရန်။ " ငါ့ဝိညာဥ်ချစ်သာသူ"

ရှာ
" ရှာဖွေသည်"

Song of Solomon 03

ကင်းစောင့်
မြို့ထဲ၌ရှိသောလူများ လုံခြုံရန် ညအချိန်၌ စောင့်သောသူ။

ငါ့ကိုဘွားမြင်သော မိခင်
"ငါနှင့်အတူ ပဋိသန္ဓေရှိသောသူ " သို့ " ငါ့ကိုသူ၏ဝမ်း၌ ထိန်းသိမ်းထားသောသူ" သူမ၏ မိခင်ကိုရည်ညွှန်းခြင်းဖြစ်သည်။

အိပ်ရာအခန်း
"အိပ်ဖို့ရန် ဆောက်ထားသော အခန်း"

Song of Solomon 06

ယေဘုယျ အချက်အလက်
အပိုဒ် ၃ ကို ဤနေရာတွင်စတင်သည်။

မှုန်
အစိုင်အခဲ တစ်စုံတစ်ခုကို ခြေ၍ ဖြစ်ပေါ်လာသော ကောင်းသောအမှုန်တစ်မျိုး။

မီးခိုးတိုင် သဏ္ဌာန်ရှိလျက်
အဘယ်ကြောင့်ဆိုသော် ထိုလူများ ခရီးသွားသောခါ လေထဲသို့ ဖုန်ထ ခြင်းကြောင့်ဖြစ်သည်။ ထိုဖုန်သည် အဝေး၌ ရှိသော မီးခိုးငွေ့ကဲ့သို့ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "မီးခိုးတိုင်ဖြင့်ပေါ်လာခြင်း"

တော်ထဲကလာသော
လူအုပ်စု တစ်စုသည် တောအရပ်မှ ယေရုဇလင်သို့ ခရီးသွားခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် တောအရပ်သည် ယော်ဒန်မြစ် နိမ့်ရာအရပ်၌ရှိပြီး ယေရုဇလင်သည် တောင်ပေါ်၌ ရှိသောကြောင့် ထိုနေရာသို့ရောက်ဖို့အလိုငှါ လျှောက်သွားရခြင်းဖြစ်သည်။

စစ်မှု စစ်ရေး
ဤစကားစုနှစ်စုမှာ ဆိုလိုရင်းအတူတူဖြစ်သည်။ "စစ်သည်များ"

စစ်ရေး၌ လေ့ကျက်သောသူ
"တိုက်ခိုက်သောသူ"

စစ်ရေး
" စစ်ပွဲထဲ၌"


generated on Tue Jul 2 12:50:28 2024

Song of Solomon 08

ညဥ့်အခါ စိုးရိမ်စရာရှိသော
ညအချိန်၌ ဖြစ်တတ်သော အန္တရာယ်အမျိုးမျိုးကို ဆိုလိုသည်။ ဓားမြတိုက်ခြင်း စသည်ဖြင့်......

မိမိထားကိုမြှောင်ထားလျက်
" စောင့်ရှောက်ဖို့ရန် " သို့ " တိုက်ခိုက်ဖို့ရန်"

ယာဉ်ပျံတော်
အရေးကြီးသောလူပုဂ္ဂိုလ်ကိုသယ်ဆောင်ဖို့ရန် ရှည်လျားသောတိုင်ရှိသော ကုလားထိုင်တစ်မျိုး။

Song of Solomon 10

ကွန်းစင်တိုင်
"ကွန်းစင်တိုင်" ဟူသော စကားလုံးသည် ရှောလမုန်မင်းကြီး၏ ယာဉ်ပျံတော် ကိုဆိုလိုခြင်းဖြစ်သည်။

တိုင်
ဤနေရာရှိ "တိုင်" ဟူသော စကားလုံးသည် သူ၏ ကုလားထိုင် ပတ်ပတ်လည်လည်၌ ကာထားသော ပိတ်စကို ထိန်းထားဖို့ရန် စိုက်ထားသော သစ်သားတုံးကို ဆိုလိုခြင်းဖြစ်သည်။

အတွင်းကိုမူကား
" ဤ အတွင်း၌ရှိသော"

မေတ္တာနှင့်ချယ်လှယ်ကြပြီ
" လှသော မေတ္တာတရားဖြစ်ပေါ်စေခြင်း" သို့ " မေတ္တာတရားဖြင့် ပန်းထိုးခြင်း " ။ ထိုမိန်းမသည် ထူးခြားလှပသော ယာဉ်ပျံတော်ကို လုပ်ဆောင်ခြင်းဖြင့် စောလမုန်မင်းကြီးပေါ် သူတို့ထားရှိသော မေတ္တာတရားကို ဤ စာသားဖြစ် ဖော်ပြခြင်းသည်။

ဦးရစ်သရဖူကို ဆောင်းတော်မူသော
" သရဖူ ကိုဆောင်းခြင်း "

ရှောလမုန် မင်းကြီးကို သွား၍ဖူးမြင်ကြလော့
"ရှောလမုန် မင်းကြီးကို ငေးကြည့်ခြင်း " ငေးကြည့်ခြင်းဟူသော ဝေါဟာရ သည် အထူးသဖြင့် ခံစားချက်အပြည့်နှင့် တစ်စုံတစ်ယောက် (သို့) တစ်စုံတစ်ခုကို ကြာမြင့်စွာ စိုက်ကြည့်ခြင်းဖြစ်သည်။

---

## Translation Questions

Song of Solomon 3:1

မိန်းမပျိုလေးသည် မည်သူ့ကို တမ်းတသော်လည်း ရှာမတွေ့ခဲ့ရသနည်း။
မိန်းမပျိုလေးသည် သူမ၏ချစ်သူကို တမ်းတသော်လည်း ရှာမတွေ့ခဲ့ပါ။

မိန်းမပျိုလေးသည် မည်သူ့ကို မြို့လမ်း၊ လမ်းမပေါ်ရှာခဲ့သော်လည်း မတွေ့ခဲ့ရသနည်း။
မိန်းမပျိုလေးသည် သူမ၏ချစ်သူကို မြို့လမ်း၊ လမ်းမပေါ်ရှာခဲ့သော်လည်း မတွေ့ခဲ့ရပါ။

Song of Solomon 3:3

မိန်းမပျိုလေးအား ကင်းစောင့်တို့သည်တွေ့သောအခါ သူမသည် ဘာမေးခဲ့သနည်း။
မိန်းမပျိုလေးအား ကင်းစောင့်တို့သည် တွေ့သောအခါ သူမသည် "ငါ့ဝိညာဉ် ချစ်သောသူကိုမြင်ကြသလော" ဟုမေးခဲ့ပါသည်။

သူမ၏ဝိညာဉ် ချစ်သောသူကို မည်သည့်အချိန်တွင် တွေ့ခဲ့သနည်း။
သူမ၏ဝိညာဉ် ချစ်သောသူကို မြို့ထဲရှိကင်းစောင့်တို့မှ အနည်းငယ်လွန်သောအခါ တွေ့ခဲ့ပါသည်။

မိန်းမပျိုလေးသည် သူမ၏ချစ်သူနှင့် ဘာလုပ်ခဲ့သနည်း။
မိန်းမပျိုလေးသည် သူမ၏ချစ်သူကို မလွှတ် မိခင်၏အိမ်သို့ မဆောင်ခဲ့မချင်း အမြဲကိုင်ခဲ့ပါသည်။

Song of Solomon 3:5

မိန်းမပျိုလေးသည် ယေရုရှလင်အမျိုးသားတို့၏သမီးတို့အား ဘာကိုကတိပေးရန် လိုချင်ခဲ့သနည်း။
မိန်းမပျိုလေးက ယေရုရှလင်အမျိုးသားတို့၏သမီးတို့အား သူမနှင့် သူမ၏ချစ်သူတို့သည် အလိုလိုမနိုးမှီတိုင်အောင်၊ မလှုပ်မနှိုးမည် အကြောင်း ကတိပေးရန် လိုချင်ခဲ့သည်။

Song of Solomon 3:6

မိန်းမပျိုလေးသည် တောထဲကလာသော မုရန်၊ လောဗန်အစရှိသောနံ့သာမှုန်မျိုးကို မီးရှို့၍၊ ထသော မီးခိုးတိုင် သဏ္ဌာန်တွင် ဘာ မြင်ခဲ့သနည်း။
မိန်းမပျိုလေးသည် ရှောလမုန်မင်းကြီး၏ ခရီးသွားထမ်းစင်နှင့် စစ်သည်တော် အယောက်ခြောက်ဆယ်တို့က ဝိုင်းရံထားသည်ကို မြင်ခဲ့သည်။

Song of Solomon 3:8

စစ်သည်တော်တို့သည် မည်သည့် နေရာတွင် တော်ကြသနည်း။
စစ်သည်တော်တို့သည် စစ်တိုက်သည့်နေရာတွင် တော်ကြသည်။

ရှောလမုန်မင်းကြီးသည် မိမိအတွက် ဘာလုပ်ခဲ့သနည်း။
ရှောလမုန်မင်းကြီးသည် မိမိအတွက် လေဗနုန်သစ်သားဖြင့် ယာဉ်ပျံတော်ကို လုပ်တော်မူခဲ့သည်။


generated on Tue Jul 2 12:50:28 2024

Song of Solomon 3:10

ရှောလမုန်မင်းကြီး၏ ယာဉ်ပျံတော်သည် ဘာနှင့်တူသနည်း။
ယာဉ်ပျံတော်ကို ငွေဖြင့်လည်းကောင်း၊ အောက်ပိုင်းကို ရွှေဖြင့်လည်းကောင်း ထိုင်ခုံကို ကမ္ဗလာဖြင့်လည်းကောင်း ဖုံး၍ မေတ္တာဖြင့် ချယ်လှယ်ထားသည်။

ထိုနေရာတွင် မိန်းမပျိုလေးသည် ယေရုရှလင်သမီးတို့အား ဘာကို ကြည့်ရန် လိုချင်ခဲ့သနည်း။
သူမသည် သူတို့အား ရှောလမုန်မင်းကြီးကို ကြည့်ကြရန် လိုချင်ခဲ့ပါသည်။

ရှောလမုန်မင်းကြီးသည် လက်ထပ်မင်္ဂလာဆောင် သောနေ့၌ ဘာကို ဆောင်းတော်မူမည်နည်း။
သူသည် လက်ထပ်မင်္ဂလာဆောင် သောနေ့၌ မယ်တော်တင်သော ဦးရစ်သရဖူကို ဆောင်းတော်မူမည်။

## Chapter 4

[1] သင်သည် အဆင်းလှပေ၏။ ငါချစ်သောနှမ၊ အလွန်လှပေ၏။ ဗျာပါဆံကြားမှာ ချိုးမျက်စိနှင့် ပြည့်စုံ ၏။ ဆံပင်သည်လည်း
ဂိလဒ်တောင်ပေါ်မှ ဆင်းလာ သော ဆိတ်စုကဲ့သို့ဖြစ်၏။ [2] သင်၏သွားတို့သည်လည်း အမွေးညှပ်၍၊ ရေချိုးရာမှ တက်လာသော
သိုးစုကဲ့သို့ဖြစ်ကြ၏။ တကောင်မျှမလျော့။ အမွှာသာ ဘွားတတ်ကြ၏။ [3] နှုတ်ခမ်းသည်လည်း နီတွေးသောကြိုးနှင့်တူ၏။
စကားသံလည်း သာယာပေ၏။ နားပန်းဆံကြားမှာ ပါးတို့ သည် သလဲသီးရှက်နှင့်တူကြ၏။ [4] လည်ပင်းသည်လည်း၊
သူရဲတို့သာသုံးဆောင် တတ်သော ဒိုင်လွှားတထောင်ဆွဲထားသော လက်နက်စုံ ဘဏ္ဍာတိုက်တည်းဟူသော ဒါဝိဒ်မင်း၏ ရဲတိုက်နှင့်
တူ၏။ [5] ရင်သားနှစ်ဘက်တို့သည် နှင်းတော၌ ကျက်စား သော ဒရယ်သငယ်အမွှာနှင့် တူကြ၏။ [6] မိုဃ်းမသောက်၊
မှောင်မိုက်အရိပ်မပြေးမှီ၊ ငါသည်မုရန် တောင်နှင့် လောဗန်ကုန်းသို့သွားမည်။ [7] ငါချစ်သောနှမ၊ သင်သည်အပြစ်တစုံတခုမျှမရှိ။
တကိုယ်လုံးလှပေ၏။ [8] ငါနှင့်အတူ လေဗနုန်တောင်က လာပါအပယ်။ ငါနှင့်အတူ လေဗနုန်တောင်က လာပါ။ အာမနတောင် ထိပ်၊
ရှနိရတောင်၊ ဟေရမုန်တောင်ထိပ်၊ ခြင်္သေ့တွင်းများ၊ ကျားသစ်နေရာ တောင်များအပေါ်က ကြည့်ရှုပါ။ [9] ငါ့နှမ၊ ငါ့ခင်ပွန်း၊ သင်သည်
ငါ့နှလုံးကိုလုယူပြီ။ သင်၏ မျက်စိတကြည့်၊ လည်ပင်းတလည့်ဖြင့် ငါနှလုံးကို လုယူပြီ။ [10] ငါ့နှမ၊ ငါ့ခင်ပွန်း၊ သင်၏မေတ္တာသည်
အလွန် ချိုပေ၏။ သင်၏မေတ္တာသည် စပျစ်ရည်ထက် အထူး သဖြင့် ကောင်းပေ၏။ သင်းထုံသောနံ့သာဆီသည်
နံ့သာမျိုးတကာတို့ထက် အထူးသဖြင့် မွှေးကြိုင်ပေ၏။ [11] ငါ့ခင်ပွန်း၊ သင်၏နှုတ်ခမ်းသည် ပျားလပို့ကဲ့သို့ ယိုတတ်၏။
လျှာအောက်မှာ နို့နှင့်ပျားရည်ရှိ၏။ အဝတ် တန်ဆာသည်လည်း လေဗနုန်အမွှေးအကြိုင်းကဲ့သို့ မွှေးကြိုင်လျက်ရှိ၏။ [12] ငါ့နှမ၊
ငါ့ခင်ပွန်းသည် ဝင်းကာသောဥယျာဉ်၊ ပိတ်ထားသော ရေကန်၊ တံဆိပ်ခတ်ထားသော ရေတွင်း ဖြစ်ပေ၏။ [13] သင်၏ပျိုးပင်တို့ကား၊
ချိုသောအသီးကို သီးတတ် သော သလဲတော၊ နာဒုပင်နှင့် ရောသောဟန်နာတော၊ [14] နာဒုပင်၊ ကုရကုမပင်၊ ကြံပင်၊ သစ်ကြံပိုးပင်၊
လောဗန်ပင်မျိုး၊ မုရန်ပင်၊ အကျော်ပင်၊ အမြတ်ဆုံးသော နံ့သာပင်မျိုးပါကြ၏။ [15] ဥယျာဉ်များကို ရေလောင်းစရာရေကန်၊ စမ်း
ရေတွင်း၊ လေဗနုန်တောင်က စီးထွက်သော မြစ်ရေလည်း ပါသတည်း။ [16] မြောက်လေ၊ နိုးပါ။ တောင်လေ၊ လာပါ။ ငါ့ဥယျာဉ်အပေါ်သို့
လာကြပါ။ မွှေးကြိုင်သောအနံ့သည် ပျံ့လှိုင်ပါစေ။ ငါချစ်ရာသခင်သည် ဥယျာဉ်တော်သို့ ဝင်၍၊ ချိုသောအသီးကို စားတော်မူပါစေ။

---

Song of Solomon 01

ယေဘုယျ အချက်အလက်

သင်သည် အဆင်းလှပေ၏ .... ချိုးမျက်စိနှင့် ပြည့်စုံ ၏
အခန်းကြီး ၁ ၊ အငယ် ၁၅ ၏ ဘာသာပြန်ဆိုချက်ကို ကြည့်ရန်။

ဆံပင်သည်လည်း .... ဂိလဒ်တောင်ပေါ်
ဆိတ်များ ၏ အရောင်သည် အမည်းရောင်ဖြစ်လေ့ရှိသည်။
သူတို့တောင်ပေါ်၌ လျှောက်သွားသည့်ခါ သူတို့၏ အမွေးသည်
ဝှမ်းယမ်းလျက်ရှိသော ထိုမိန်းမ၏
ရှည်လျားသောဆံပင်နှင့်တူသည်။

Song of Solomon 02

သင်၏သွားတို့သည်လည်း အမွေးညှပ်သော သိုးစုကဲ့သို့ဖြစ်ကြ၏
သိုးတို့သည် သူတို့၏ အမွေးရိတ်၍ ရေချိုးပြီးနောက်တွေ
သူတို့အရေခွံသည် အဖြူသလိုဖြစ်သည်။ ဤ စကားစု သည်
ထိုမိန်မငယ်၏ သွားဖြူဖွေးမှုနှင့်နှိုင်းယှဉ် ထားခြင်းဖြစ်သည်။

ရေချိုးရာမှ တက်လာသော
ဤ စာကြောင်းသည် သိုးများရေချိုးပြီး ရေမှထွက်လာသည်ဟု
သွယ်ဝိုက်ညွှန်းဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက် _
လူများသည် ၎င်းတို့ကို ချိုးပြီးသောခါ ရေမှထွက်လာသည်ဟု
ဖော်ပြထားသည်။

တကောင်မျှမလျော့
ထိုမိန်းမ၏တဘက်၌ ရှိသော သွားအချောင်းတိုင်းသည်
အခြားတဘက်ရှိသွားများနှင့် တစ်ထပ်တည်းဖြစ်သည်။
ထိုမိန်းမ၏ သွားများသည်တချောင်းမျှ
မလျော့ကြောင်းဖော်ပြသည်။

အမွှာသာ ဘွားတတ်ကြ၏
သိုးများသည် ထိုးစံအတိုင်း တစ်ခါမွေးတိုင်း
နှစ်ကောင်စီမွေးလေ့ရှိသည်။ သိုးအမွှာသည်
တကောင်နှင့်တကောင် တူလေ့ရှိသည်။ ထိုမိန်းမ၏တဘက်၌
ရှိသော သွားအချောင်းတိုင်းသည် အခြားတဘက်ရှိသွားများနှင့်
တစ်ထပ်တည်းဖြစ်သည်။ ထိုကြောင့် သိုးအမွှာ နှင့်သည်ဟု
ခိုင်းနှိုင်းခြင်းဖြစ်သည်။

Song of Solomon 03

ယေဘုယျ အချက်အလက်
သူ့မ၏ချစ်သူသည် သူမကို ဆက်လက်ချီးကျူးသည်။

နီတွေးသောကြိုးနှင့်တူ၏။
ဤစကားစုသည် နီတွေးသောကြိုး၏ အရောင်ကိုအသုံးပြု၍
သူမ၏နှုတ်ခမ်းနှင့် နှိုင်းယှဉ်ထားသည်။
အခြားသောဘာသာပြန်ဆိုချက် - " အလွန်နီသော
နီတွေးကြိုးနှင့်တူသည်"


generated on Tue Jul 2 12:50:28 2024

နီတွေး
"သွေး၏အရောင်နှင့် ဆင်တူဖြစ်သော အနီရင့်အရောင်"

သာယာပေ၏
"ကြည်နူးဖွယ်ကောင်း၏"

နားပန်းဆံကြားမှာ
အခန်းကြီး ၄ ၊ အငယ် ၁ ၏ ဘာသာပြန်ဆိုချက်ကိုကြည့်ရန်။

သလဲသီးရှက်နှင့်တူကြ၏။
သလဲသီးသည် ချောမွေ့သော ၊ နီသောအရောင် နှင့် ဝိုင်းလျက်ရှိသည်။အခြားသောဘာသာပြန်ဆိုချက် - " နှစ်ခြမ်းခွဲထားသော ဝိုင်း၍ နီတွေးတွေးရှိသော တလဲသီးနှင့်တူသည်။"

Song of Solomon 04

ယေဘုယျ အချက်အလက်
သူမ၏ချစ်သူသည် သူမကို ဆက်လက်ချီးကျူးသည်။

လည်ပင်းသည်လည်း
အခြားသောဘာသာပြန်ဆိုချက် - လည်ပင်းသည် ရှည်လျားပြီးလှပသည်။

သူရဲတို့သာသုံးဆောင် တတ်သော ဒိုင်လွှား
" စစ်သည်များ အားလုံး ပိုင်ဆိုင်ထားသော ဒိုင်းလွှား"

ဒိုင်လွှားတထောင်ဆွဲထားသော
သူမ၏ ချစ်သူသည် သူမ၏လည်ပင်း၌ ဆွဲထားသော လည်ဆွဲ၏ လှပမှုကို ရဲတိုက်၌ ချိတ်ထားသောဒိုင်းလွှားနှင့် ခိုင်းနှိုင်းထားပါသည်။

ဒိုင်လွှားတထောင်
'ဒိုင်းလွှားတထောင်ခု"

ဒါဝိဒ်မင်း၏
" ဒါဝိဒ်မင်း တည်ဆောက်ထားသည်"

နှင်းတော၌ ကျက်စား သော
" နှင်းတောပင်ကြား၌ မြတ်စားနေခြင်း" လှပသော ဒရယ်သငယ်သည် နှင်းတောပင်ကြား၌ရှိသောခါ ပို၍ လှပသည်။

ဒရယ်သငယ်အမွှာနှင့် တူကြ၏။
ထိုမိန်းမ၏ရင်သားသည် ဒရယ်ငယ်အမွှာ၏ နုပျိုမှု ကဲ့သို့ လှပခြင်းဖြစ်သည်။

ဒရယ်
အခန်းကြီး ၂ ၊ အငယ် ၇ ၏ ဘာသာပြန်ဆိုချက်ကိုကြည့်ရန်။

အမွှာ
" မိခတစ်ယောက်မှ တစ်ပြန်တည်း မွေးလာသော ကလေးများ"

Song of Solomon 06

ယေဘုယျ အချက်အလက်
သူ့မ၏ချစ်သူသည် သူမကို ဆက်လက်ချီးကျူးသည်။

မိုယ်းမသောက်၊ မှောင်မိုက်အရိပ်မပြေးမှီ
အခန်းကြီး ၂ ၊ အငယ် ၁၆ ၏ ဘာသာပြန်ဆိုချက်ကြည့်ရန်။
အသုံးအနှုန်းအတူတူ သုံးထားသည်။

ငါသည်မုရန် တောင်နှင့် လောဗန်ကုန်းသို့သွားမည်။
ထိုချစ်သူသည် သူမ၏ ရင်သား နှင့်ပျော်မွေ့ ချင်သော ဆန္ဒကို သူကြိုက်သော တောင်နှင့် ခိုင်းနှိုင်းထားသည်။သူမ၏ ရင်သားသည် တောင်ကဲ့သို့ ငေါထွက်၍ လုံးသည်။ ၎င်း သည် မုရန် နှင့် လောဗန် ကဲ့သို့ မွေးသည်။

မုရန် တောင်
" မုရန် နှင့်လုပ်ထားသောတောင် " သို့ " မုရန်ရှိသောတောင်"

ငါချစ်သော
အခန်းကြီး ၁ ၊ အငယ် ၉ ၏ ဘာသာပြန်ဆိုချက်ကိုကြည့်ရန်။

သင်သည်အပြစ်တစုံတခုမျှမရှိ
" သင်၌ အပြစ်မရှိပါ "

တကိုယ်လုံးလှပေ၏။
" သင်၏အစိတ်အပိုင်းအားလုံးလှပသည်" "
အရာရာအားလုံးလှပသည်"

Song of Solomon 08

ယေဘုယျ အချက်အလက်
သူ့မ၏ချစ်သူသည် သူမကို ဆက်လက်ချီးကျူးသည်။

ငါနှင့်အတူ .... ကျားသစ်နေရာ
ထိုချစ်သူသည် သူ၏သတို့သမီးကို သူနှင့်အတူဝေးကွာရာ အရပ်၌ အတူလိုက်ပါစေချင်သည်။ ဤစာကြောင်းသည် တင်စားမှုသာတစ်ခုသာဖြစ်သည်။ ထိုဆုံတွဲသည် ထိုတောင် နှင့် ထိုကျားသစ်ရှိရာနေရာ၌ တကယ်မရှိပါ။

လေဗနုန်တောင်က
" လေဗနုန်တောင် အဝေးမှ "

အာမနတောင်
ဒမာသက်မြို့အနီးရှိ တောင်တစ်ခု ၏ အမည် ။

ရှုနိရတောင်
အာမာန တောင် နှင့် ဟာမွန် တောင် အနီးရှိ တောင်တစ်ခု၏ အမည်။ တစ်စုံလူသည် ထိုတောင်သည် ဟာမွန်တောင် နှင့်အတူတူဖြစ်သည် ဟု ထင်ကြသည်။

ခြင်္သေ့တွင်းများ
ခြင်္သေ့နှင့် ကျားသစ်များခိုအောင်းရာ ဂူ၊ တွင်းများဖြစ်သည်။


generated on Tue Jul 2 12:50:28 2024

Song of Solomon 09

ယေဘုယျ အချက်အလက်
သူ့မ၏ချစ်သူသည် သူမကို ဆက်လက်ချီးကျူးသည်။

ငါ့နှမ
ထိုမိန်းမကို သူ၏ ညီမရင်းကဲ့သို့ မြတ်နိုးသောချစ်သူဖြစ်သည်။ တကယ်တော့ သူတို့သည်မောက်နှမ ရင်းမဟုတ်ပါ။ အခြားဘာသာပြန်ဆိုချက် - "ငါ့ချစ်လေး "သို့ " ငါအချစ်လေး"

မျက်စိတကြည့်၊ လည်ပင်းတလည့်ဖြင့်
သူ၏ မျက်စိ နှင့် ရတနာ နှစ်ခုလုံးသည် သူမ၏ချစ်သူကို သူမထံဆွဲဆောင် ပေးသည်။

ငါ့နှလုံးကိုလုယူပြီ
သူ၏ ချစ်ခြင်းသည် သူမပိုင်ဆိုင်ကြောင်း ပြောနေသည်။ အခြားသောဘာသာပြန်ဆို - " ငါအချစ်ကို ဖမ်းယူပြီ"

Song of Solomon 10

ယေဘုယျ အချက်အလက်
သူ့မ၏ချစ်သူသည် သူမကို ဆက်လက်ချီးကျူးသည်။

ငါ့နှမ၊ ငါ့ခင်ပွန်း
အခန်းကြီး ၄ ၊ အငယ် ၉ ၏ ဘာသာပြန်ဆိုချက်ကိုကြည့်ရန်။

သင်၏မေတ္တာသည် အလွန် ချိုပေ၏
သင်၏အချစ်သည် နှစ်သက်ဖွယ်ကောင်းသည်။

သင်၏မေတ္တာသည် စပျစ်ရည်ထက် အထူး သဖြင့် ကောင်းပေ၏။
ဤ စာကြောင်းသည် အဓိပ္ပာယ်တူ၍ မတူညီသောစကားလုံးကို လေးနက်စေရန် ပြန်လည်ဖော်ပြသည်။

သင်၏မေတ္တာသည် စပျစ်ရည်ထက် အထူး သဖြင့် ကောင်းပေ၏။
သူ၏ အချစ်သည် စပျစ်ဝိုင်ထက်သာ၍ ကောင်းသည်။အခန်းကြီး ၁ ၊ အငယ် ၁ ၏ ဘာသာပြန်ဆိုချက်ကိုကြည့်ရန်။

သင်းထုံသောနံ့သာဆီ
အခန်းကြီး ၁ ၊ အငယ် ၁ ၏ ဘာသာပြန်ဆိုချက်ကိုကြည့်ရန်။

သည် နံ့သာမျိုးတကာတို့ထက် အထူးသဖြင့်
သင်ဆီ၏အနံ့သည် ဟင်းခက်အမွှေးကြိုင်ထက်သာ၍ကောင်းသည်။

ငါ့ခင်ပွန်း၊သင်၏နှုတ်ခမ်း ၊ ၊ ပျားလပို့
ထိုချစ်သူသည် ထိုမိန်းမ၏ အနမ်းများသည် ပျားလပို့ကဲ့သို့ ချိုသည်ဟု

သင်၏နှုတ်ခမ်း .... လျှာအောက်မှာ
ဤ စာကြောင်းသည် အဓိပ္ပာယ်တူ၍ မတူညီသောစကားလုံးကို လေးနက်စေရန် ပြန်လည်ဖော်ပြသည်။

လျှာအောက်မှာ နို့နှင့်ပျားရည်ရှိ၏
ထိုချစ်သူသည် ထိုမိန်းမ၏ အနမ်းများသည် ပျားလပို့ကဲ့သို့ ချိုသည်ဟု

အဝတ် တန်ဆာသည်လည်း လေဗနုန်အမွှေးအကြိုင်ကဲ့သို့ မွှေးကြိုင်လျက်ရှိ၏။
သူမ၏ အင်္ကျီအနံ့သည် လေဗနုန် အနံ့ကဲ့သို့ မွှေးကြိုင်သည်။ လေဗနုန်တောင်တွေ တောင်ကမာ(cedar) ပင်များ ပေါက်ကြသည်။ တောင်ကမာ(cedar) ပင်များသည် အနံ့မွှေးသည်။ ထို့ကြောင့်လေဗနုန်တောင်သည် မွှေးကြိုင်သောအနံ့ရှိလိမ့်မည်။

Song of Solomon 12

ယေဘုယျ အချက်အလက်
သူ့မ၏ချစ်သူသည် သူမကို ဆက်လက်ချီးကျူးသည်။

ငါ့နှမ၊ ငါ့ခင်ပွန်း
အခန်းကြီး ၄ ၊ အငယ် ၉ ၏ ဘာသာပြန်ဆိုချက်ကိုကြည့်ရန်။

ဝင်းကာသောဥယျာဉ်၊ ပိတ်ထားသော
" ပိတ်ထားသော ဥယျာဉ် " ။ ထိုချစ်သူသည် သူမကိုပိတ်ထားသောဥယျာဉ် နှင့်ခိုင်းနှိုင်းထားခြင်းသည် သူမသည်သူတစ်ယောက်သာပိုင်ဆိုင်ကြောင်း နှင့် ပျော်မွေ့နိုင်ကြောင်း ဖော်ပြခြင်းဖြစ်သည်။ သူဟာ သူမနှင့် မပျော်မွေ့ ရသေးကြောင်းနှင့် သူမသည်အပျိုကညာ ဖြစ်သေးကြောင်း ဤကဲ့သို့ ပြောနိုင်သည်။

တံဆိပ်ခတ်ထားသော ရေတွင်း ဖြစ်ပေ၏။
ထိုချစ်သူသည် ထိုမိန်းမကို တံဆိပ်ခတ်ထားသော ရေတွင်း နှင့်ခိုင်းနှိုင်းခြင်းနှင့် သူမကိုပိတ်ထားသောဥယျာဉ် နှင့်ခိုင်းနှိုင်းထားခြင်းသည် ဆိုလိုခြင်းဖြစ်သည်။

သင်၏ပျိုးပင် .... အမြတ်ဆုံးသော နံ့သာပင်မျိုး
ထိုချစ်သူသည် နှစ်သက်ဖွယ်ကောင်းသောအရာမျိုးစုံနှင့် ပြည့်စုံသော ဥယျာဉ်ကို အသုံးပြု၍ ထိုမိန်းမသည် မည်ကဲ့သို့ နှစ်သက်ဖွယ်ကောင်းသည်ကို ဖော်ထုတ်ခြင်းဖြစ်သည်။

ဟန်နာတော
အခန်းကြီး ၁ ၊ အငယ် ၁၂ ၏ ဘာသာပြန်ဆိုချက်ကိုကြည့်ရန်။

နာဒုပင်
အခန်းကြီး ၁ ၊ အငယ် ၁၂ ၏ ဘာသာပြန်ဆိုချက်ကိုကြည့်ရန်။

ကုရကုမ
ကုရကုမပင်သည် ဘိသိက်ဆီအဖြင့် လူများ အသုံးပြုရာ၍ သာယာဖွယ်ကောင်းသောအနံ့ရှိသော ကျူပင်တစ်မျိုး။

သစ်ကြံပိုး
သစ်ကြံပိုးသည် သစ်ပင်အခွံ တစ်မျိုးဖြစ်ပြီး လူများဟင်းချက်ရာ၌ အသုံးပြုသော အမွှေးအကြိုင်တစ်မျိုး။


generated on Tue Jul 2 12:50:28 2024

မုရန်
အခန်းကြီး ၁ ၊ အငယ် ၁၂ ၏ ဘာသာပြန်ဆိုချက်ကိုကြည့်ရန်။

အကျော်
အတော်မွေးသော အနံ့ရှိပြီး ကြီးမားသောအပင်တစ်မျိုး။

အမြတ်ဆုံးသော နံ့သာပင်မျိုး
" အကောင်းဆုံးသော အမွေးအကြိုင်"

Song of Solomon 15

ယေဘုယျ အချက်အလက်
သူမ၏ချစ်သူသည် သူမကို ဆက်လက်ချီးကျူးသည်။

ဥယျာဉ်များကို ရေလောင်းစရာရေကန်စမ်း ရေတွင်း၊
" သင်သည် ဥယျာဉ်၌ ရှိသောစမ်းရေတွင်းဖြစ်သည်။
ထိုချစ်သူသည် သူ၏ ချစ်သူဟာ
မည်လောက်နှစ်သက်ဖွယ်ကောင်းသည်ကိုကောင်းသောရေ နှင့်
ခိုင်းနှိုင်း၍ ဖော်ပြ ခြင်းဖြစ်သည်။

စမ်း ရေတွင်း
"သောက်သုံးနိုင်သောရေ"

လေဗနုန်တောင်က စီးထွက်သော မြစ်ရေလည်း ပါသတည်း။
လေဗနုန်တောင် သည် သစ်ပင်ပေါမျာသောကြောင့် ၎င်းမှ
စီးဆင်းလာသောရေသည် အေးမြ၍ ကြည်လင်လိမ့်မည်။

နိုးပါ ...မွှေးကြိုင်သောအနံ့သည် ပျံ့လှိုင်ပါစေ
ထိုမိန်းမသည် မြောက်လေ နှင့် တောင်လေ ကို လူနှင့်
စကားပြောသကဲ့သို့ ပြောသည်။

နိုးပါ
" စတင် ရွေ့လျားသည်"

မွှေးကြိုင်သောအနံ့သည် ပျံ့လှိုင်ပါစေ
" သူတို့၏ အနံ့ကို ပြန့်လွင့်စေသည်။"

ဥယျာဉ်တော်သို့ ဝင်၍
ထိုမိန်းမသည် သူမ၏ ခန္ဓာကိုယ်ကို ပြောဆိုရာ၌ ဥယျာဉ်တစ်ခု
သဖွယ်ပြောဆိုထားသည်။

ငါချစ်... ချိုသောအသီးကို စားတော်မူပါစေ
ထိုမိန်းမသည် သူမချစ်သူကို သူမနှင့် ဇနီးကဲ့သို့ အတူတကွ
ပျော်မွေ့ရန် ဖိတ်ခေါ် ခြင်းဖြစ်သည်။

ချိုသောအသီး
" နှစ်သက်ဖွယ်သောအသီး"

---

## Translation Questions

Song of Solomon 4:1

မိန်းမပျိုလေး၏ချစ်သူသည် သူမ၏မျက်လုံးများကို ဘယ်လို ဖော်ပြခဲ့သနည်း။
သူမ၏မျက်လုံးများသည် ဗျာပါဆံကြားမှာ ချိုးများကဲ့သို့
ဖြစ်သည်ဟု ဖော်ပြခဲ့သည်။

မိန်းမပျိုလေး၏ ချစ်သူသည် သူမ၏ဆံပင်များကို မည်ကဲ့သို့ ဖော်ပြခဲ့သနည်း။
သူမ၏ဆံပင်များသည် ဂိလဒ်တောင်ပေါ်မှ ဆင်းလာ သော
ဆိတ်စုကဲ့သို့ဖြစ်သည်ဟု ဖော်ပြခဲ့သည်။

Song of Solomon 4:2

မိန်းမပျိုလေး၏ ချစ်သူသည် သူမ၏သွားများကို မည်ကဲ့သို့ ဖော်ပြခဲ့သနည်း။
သူမ၏သွားများသည် အမွေးညှပ်၍၊ ရေချိုးရာမှ တက်လာသော
သိုးစုကဲ့သို့ဖြစ်သည်ဟုဖော်ပြခဲ့သည်။

Song of Solomon 4:3

မိန်းမပျိုလေး၏ ချစ်သူသည် သူမ၏နှုတ်ခမ်းများနှင့်
ပါးစပ်များအကြောင်းကို ဘာပြောခဲ့သနည်း။
သူက သူမ၏ နှုတ်ခမ်းသည် နီတွေးသောကြိုးနှင့်တူ၍
စကားသံလည်း သာယာပါသည်ဟု ပြောခဲ့သည်။

မိန်းမပျိုလေး၏ချစ်သူသည် သူမ၏ပါးများကို မည်ကဲ့သို့ ဖော်ပြခဲ့သနည်း။
သူသည် သူမ၏ပါးများကို နားပန်းဆံကြားမှာ
သလဲသီးရှက်နှင့်တူကြသည်ဟု ဖော်ပြခဲ့သည်။

Song of Solomon 4:4

မိန်းမပျိုလေး၏ချစ်သူသည် သူမ၏လည်ပင်းကို မည်ကဲ့သို့ ဖော်ပြခဲ့သနည်း။
သူသည် သူမ၏လည်ပင်းကို သူရဲတို့သာသုံးဆောင်တတ်သော
ဒိုင်းလွှားတထောင်ဆွဲထားသော လက်နက်စုံ
ဘဏ္ဍာတိုက်တည်းဟူသော ဒါဝိဒ်မင်း၏ ရဲတိုက်နှင့် တူသည်ဟု
ဖော်ပြခဲ့ပါသည်။

မိန်းမပျိုလေး၏ချစ်သူသည် သူမ၏ရင်သားနှစ်ဘက်ကို မည်ကဲ့သို့
ဖော်ပြခဲ့သနည်း။
သူသည် သူမ၏ ရင်သားနှစ်ဘက်ကို နှင်းတောခြ၌ ကျက်စားသော
ဒရယ်သငယ်အမွှာနှင့် တူကြသည်ဟု ဖော်ပြခဲ့ပါသည်။

Song of Solomon 4:6

မိန်းမပျိုလေး၏ချစ်သူသည် မိုယ်းမသောက်၊ မှောင်မိုက်အရိပ်မပြေးမှီ
မည်သည့်နေရာသို့ သွားရမည်နည်း။
သူသည် မုရန် တောင်နှင့် လောဗန်ကုန်းသို့သွားရပါမည်ဟု
ပြောခဲ့သည်။

သူ၏ချစ်သူသည် မည်သို့ဖြင့် လှသနည်း။
သူ၏ချစ်သူသည် တကိုယ်လုံးလှပါသည်။

သူ၏လှပသောချစ်သူတွင် ဘာမရှိခဲ့သနည်း။
သူ၏လှပသောချစ်သူတွင် အပြစ်တစုံတခုမျှမရှိပါ။

Song of Solomon 4:9

ရှောလမုန်မင်းကြီးသည် သူ၏သတို့သမီးကို မည်သို့ခေါ်ခဲ့သနည်း။
ရှောလမုန်မင်းကြီးသည် သူမကို ငါ၏နှမဟု ခေါ်ခဲ့ပါသည်။

ရှောလမုန်မင်းကြီးက သူ၏သတို့သမီးသည် သူ့ထံမှ ဘာကိုခိုးယူပြီဟု သူမကို ပြောခဲ့သနည်း။
ရှောလမုန်မင်းကြီးက ငါ၏နှလုံးကို ခိုးယူပြီဟု သူမအား ပြောပါသည်။

ရှောလမုန်မင်းကြီးသည် မည်သည့်အရာကိုကို လှပသည်ဟူ၍လည်းကောင်း၊ ဘာထက် ကောင်းသည်ဟူ၍လည်းကောင်း ဆိုခဲ့သနည်း။
ရှောလမုန်မင်းကြီးသည် သူမ၏အချစ်သည် လှပသည်ဟူ၍လည်းကောင်း၊ စပျစ်ရည် ထက်ကောင်းသည်ဟူ၍ လည်းကောင်း ဆိုခဲ့သည်။

Song of Solomon 4:10

သူမ၏ သင်းထုံသော နံ့သာဆီသည် ဘာထက် ပို ကောင်းသနည်း။
သူမ၏ သင်းထုံသော နံ့သာဆီသည် နံ့သာမျိုးသကာတို့ထက် ပိုကောင်းပါသည်။

သူ့သတို့သမီး၏ ပျော့ညံ့သောနှုတ်ခမ်းသည် ဘာနှင့် တူသည်ကိုလည်းကောင်း၊ လျှာအောက်မှာ ဘာရှိသည်ဟူ၍လည်းကောင်း ဆိုခဲ့သနည်း။
သူ့သတို့သမီး၏ ပျော့ညံ့သောနှုတ်ခမ်းသည် ပျားလပို့ကဲ့သို့ ယိုတတ်သည် ဟူ၍လည်းကောင်း၊ လျှာအောက်မှာနို့နှင့် ပျားရည်ရှိသည်ဟူ၍လည်းကောင်း ဆိုခဲ့ပါသည်။

မိန်းမပျိုလေးအဝတ်တန်ဆာ၏ အနံ့သည် ဘာနှင့် တူသနည်း။
မိန်းမပျိုလေးအဝတ်တန်ဆာ၏ အနံ့သည် လေဗနုန်အမွှေးအကြိုင်ကဲ့သို့ မွှေးကြိုင်ပါသည်။

Song of Solomon 4:12

မည်သည့်ဥယျာဉ်မျိုးနှင့် မည်သည့်ရေတွင်းမျိုးကို ရှောလမုန်မင်းကြီးသည် သူ၏နှမ၊ သတို့သမီးနှင့် တူသည်ဟု ဆိုခဲ့သနည်း။
ရှောလမုန်မင်းကြီးသည် သူမကို ဝင်းကာသောဥယျာဉ်၊ တံဆိပ်ခတ်ထားသော ရေတွင်း ဖြစ်သည်ဟု ဆိုခဲ့သည်။

မိန်းမပျိုလေး၏ ပျိုးပင်တို့ကို သူသည် ဘာနှင့် ပုံခိုင်းလေ့ရှိသနည်း။
မိန်းမပျိုလေး၏ ပျိုးပင်တို့ကို ချိုသောအသီးကို သီးတတ် သော သလဲတော၊ နာဒုပင်နှင့် ရောသောဟန်နာတောနှင့်အမြတ်ဆုံးသော နံ့သာပင်မျိုးနှင့် ပုံခိုင်းလေ့ရှိသည်။

Song of Solomon 4:15

မည်သည့်ရေအမျိုးအစားကဲ့သို့ ရှောလမုန်မင်းကြီးသည် သူ၏ချစ်ရသောသူအား ဖော်ပြခဲ့သနည်း။
ရှောလမုန်မင်းကြီးသည် သူ၏ချစ်ရသောသူအား ရေလောင်းစရာရေကန်၊ စမ်း ရေတွင်း၊ လေဗနုန်တောင်က စီးထွက်သော မြစ်ရေကဲ့သို့ ဖော်ပြခဲ့ပါသည်။

မိန်းမပျိုလေးသည် မည်သည့်အပေါ်တွင် မြောက်လေနှင့် တောင်လေတို့ တိုက်ရန် လိုချင်ခဲ့သနည်း၊ အဘယ်ကြောင့်နည်း?
သူမသည် မွှေးကြိုင်သောအနံ့သည် ပျံ့လွှင့်ရန်အတွက် မြောက်လေ နှင့် တောင်လေတို့သည် သူ၏ဥယျာဉ်အပေါ်သို့ တိုက်ရန် လိုချင်ပါသည်။

သူမသည် သူ၏ချစ်သခင်အား ဘာလုပ်ရန်နှင့် စားစေလိုခဲ့သနည်း။
သူမသည် သူ၏ချစ်သခင်အား ဥယျာဉ်တော်သို့ ဝင်၍၊ ချိုသောအသီးကို စားစေလိုခဲ့သည်။

## Chapter 5

1 ငါနှမ၊ ငါ့ခင်ပွန်း၊ ငါ့ဥယျာဉ်ထဲသို့ ငါဝင်လာပြီ။ ငါ့မုရန်နှင့် နံ့သာမျိုးကို ခံယူပြီ။ ငါ့ပျားရည်နှင့် ပျားလပို့ ကို စားရပြီ။ ငါ့နို့နှင့်
စပျစ်ရည်ကိုသောက်ရပြီ။ ငါ့အဆွေ တို့၊ စားကြလော့။ ငါ့မိတ်ဆွေတို့၊ သောက်ကြ။ ဝစွာ သောက်ကြလော့။ 2 ငါသည် အိပ်ပျော်စဉ်၊
နှလုံးနိုးလျက်ရှိ၏။ ငါချစ်ရာ သခင်၏စကားသံပေ။ ငါ့နှမ၊ ငါချစ်သောအမိ၊ ငါ့ချိုး၊ ငါ၏စုံလင်သူ၊ ငါ့အားဖွင့်ပါ။ ငါ့ခေါင်းသည်
နှင်းနှင့်ငှင်း၊ ငါ့ဆံပင်သည် ညဉ့်၌ကျတတ်သော နှင်းစက် များနှင့်ငှင်း စိုပြီဟုဆိုလျက်၊ ခေါက်၍နေတော်မူ၏။ 3 ကျွန်မသည်
အဝတ်ကိုချွတ်ပါပြီ။ အဘယ် ကြောင့် ဝတ်ပြန်ရမည်နည်း။ ခြေကိုလည်းဆေးပါပြီ။ တဖန်ညစ်အောင် အဘယ်ကြောင့်
ပြုရပါမည်နည်း။ 4 ငါချစ်ရာသခင်သည် လက်တော်ကိုတံခါးပေါက် အထဲသို့ သွင်းတော်မူသည်ဖြစ်၍၊ သူ့ကိုချစ်သနားသော စိတ်
အားကြီးသဖြင့်၊ 5 ငါချစ်ရာသခင်အား တံခါးကိုဖွင့်အံ့သောငှါ ထသောအခါ၊ ငါ့လက်မှမုရန်ဆီ၊ ငါ့လက်ချောင်းတို့မှ
ပကတိမုရန်ဆီသည် တံခါးကျင်တိုက်ပေါ်မှာ စက်စက် ကျလေ၏။ 6 ငါချစ်ရာသခင်အားငါဖွင့်သည်ရှိသော်၊ ငါချစ် ရာ
သခင်သည်ထွက်သွားနှင့်ပြီ။ စကားသံတော်ကို စေ့စေ့ နားထောင်လျက်၊ သခင်ကိုငါရှာသော်လည်း မတွေ့။ ခေါ်သော်လည်း
ထူးတော်မမူ။ 7 မြို့တွင်လည်သော ကင်းစောင့်တို့သည် ငါ့ကို တွေ့သော်၊ နာကျင်စွာရိုက်ကြ၏။ မြို့ရိုးစောင့်တို့သည် ငါ့မျက်နှာဖုံးကို
လုယူကြ၏။ 8 အိုယေရုရှလင်မြို့သမီးတို့၊ သင်တို့သည် ငါချစ် ရာ သခင်ကိုတွေ့လျှင်၊ သူ့ကိုငါချစ်၍ နာနေကြောင်းကို
ကြားပြောကြပါဟု၊ ငါမှာထားတောင်းပန်ပါ၏။ 9 မိန်းမတကာတို့ထက် အဆင်းလှသောအစ်မ၊ သင်ချစ်ရာသခင်သည်
အခြားတပါးသော ချစ်ရာသခင် ထက် အဘယ်သို့သာသနည်း။ အကျွန်ုပ်တို့ကို ထိုသို့မှာထားတောင်းပန်ရမည်အကြောင်း၊ သင်ချစ်ရာ
သခင်သည် အခြားတပါးသော ချစ်ရာသခင်ထက် အဘယ်သို့ သာယာနည်း။ 10 ငါချစ်ရာသခင်သည် ဖြူသောအအဆင်း၊ နီသော
အဆင်းနှင့် ပြည့်စုံ၍၊ လူတသောင်းတို့တွင် အထွဋ် အမြတ်ဖြစ်တော်မူ၏။ 11 ဦးခေါင်းတော်သည် ရွှေစင်နှင့်တူ၏။ ဆံပင် တော်သည်
ထူထပ်၍၊ ကျီးအဆင်းကဲ့သို့ နက်၏။ 12 မျက်စိတော်တို့သည် နို့၌ချိုးလျက် မြစ်ရေပေါ်မှာ ပုံ့ပုံ့ ကြွကြွဝပ်သော ချိုးနှင့်တူကြ၏။ 13
ပါးတော်တို့သည် နံ့သာတော၊ မွှေးကြိုင်သော ပန်းတောကဲ့သို့ငှင်း နှုတ်ခမ်းတော်တို့သည် ပကတိမုရန် ဆီယိုသော
နှင့်ပွင့်ကဲ့သို့ငှင်းဖြစ်ကြ၏။ 14 လက်တော်တို့သည် မျက်ရွဲစီသောလက်စွပ်ကဲ့သို့ငှင်း၊ ကိုယ်တော်သည် နီလာကျောက်ဖြင့် စီချယ်သော
ဆင်စွယ်ဖြူကဲ့သို့ငှင်းဖြစ်၏။ 15 ခြေထောက်တော်တို့သည် ရွှေစင်ဘိနပ်ပေါ်၌ တည်သော ကျောက်ဖြူတိုင်နှင့်တူကြ၏။ မျက်နှာတော်
သည် လေဗနုန်တောင်ကဲ့သို့ဖြစ်၍၊ အာရဇ်ပင်ကဲ့သို့ ထူးမြတ်ပေ၏။ 16 နှုတ်တော်သည် အလွန်ချိုပေ၏။ တကိုယ်လုံး၌ ချစ်ဖွယ်သော
ဂုဏ်တော်အပေါင်းတို့နှင့်ပြည့်စုံတော်မူ၏။ ယေရုရှလင်မြို့သမီးတို့၊ ဤသူသည် ငါချစ်ရာသခင်၊ ငါ့မိတ်ဆွေဖြစ်တော်မူသတည်း။

---

Song of Solomon 01

ယေဘုယျ အချက်အလက်

ငါနှမ
ထိုယောကျာ်းသည် သူ၏ ညီမရင်းကိုချစ်သကဲ့သို့
ထိုမိန်းမကိုချစ်သောကြောင့် ငါနှမဟု ခေါ်ခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက် - " ငါချစ်သောသူ"

ငါ့ဥယျာဉ်ထဲသို့ ငါဝင်လာပြီ
ထိုယောကျာ်းသည် ထိုမိန်းမကို ဥယျာဉ်တစ်ခု ကဲ့သို့ ဖော်ပြသည်။
နောက်ဆုံးတွေ့ ထိုယောကျာ်းသည် မင်္ဂလာဦးည ၌ ထိုမိန်းမနှင့်
ဆန္ဒပြည့်ဝစွာ ပျော်မွေ့နိုင်ခဲ့သည်။သူသည် ဤအရာကို
ငါ့ဥယျာဉ်ထဲသို့ ငါဝင်လာပြီ ဟု ဖော်ပြခြင်းဖြစ်သည်။

ငါဝင်လာပြီ
ထိုမိန်းမ၏ ချစ်သူသည် စကားပြောသောသူဖြစ်ကြောင်း
ထင်ရှားပါသည်။

ငါ့မုရန်နှင့် နံ့သာမျိုးကို ခံယူပြီ .... ငါ့ပျားရည်နှင့်
ထိုယောကျာ်းသည် မိန်းမမျိုးစုံ နှင့် ပျော်မွေ့ ဖူးကြောင်းကို
ဖော်ပြရာ၌ ဥယျာဉ်တစ်ခုမှ ရုပ်ပုံများကို အသုံးပြု
ခြင်းဖြစ်သည်။

Song of Solomon 02

ယေဘုယျ အချက်အလက်
ဤစာအုပ်၏ အပိုင်း ၄ သည် ဤနေရာတွင်စတင်သည်။

ယေဘုယျ အချက်အလက်
ထိုမိန်းမပျိုသည် သူမ၏အိပ်မက်ကိုဖော်ပြဖို့ရန် စကားနု
စကားယဉ်ကို သုံးထားသောကြောင့် မတူညီသော အနက်ဖွင့်ခြင်း
နှစ်ခုမျိုးရရှိနိုင်သည်။ ၁၊ ညအခါ၌ သူမ၏ ချစ်သူသည်
သူမ၏အိမ်၌ လာရောက်လည်ပတ်သော အိပ်မက်တစ်ခု နှင့် ၂၊
သူမ၏ချစ်သူနှင့် အတူစတင်အိပ်တော့မည့် အိမ်မက်တစ်ခုကို
ဖော်ပြခြင်းဖြစ်သည်။

ငါ့ နှလုံးနိုးလျက်ရှိ၏
"အခြားသောဘာသာပြန်ဆိုချက် - ငါ့စိတ်နိုးလျက်ရှိ၏ "
အခြားသောဘာသာပြန်ဆိုချက် - ငါ့ခံစားချက်သည်
လှုပ်ယမ်းလျက်ရှိသည်။


generated on Tue Jul 2 12:50:28 2024

ငါ့အားဖွင့်ပါ
ဤစာကြောင်းသည် တံခါးဖွင့်ဖို့ရန် ရည်ညွှန်းနိုင်သကဲ့သို့ ကာမဆက်ဆံရန်တောင်းဆိုမှုဟုလည်း အနက်ဖွင့်နိုင်သည်။ အခြားသောဘာသာပြန်ဆိုချက် - "ငါ့ကို တံခါးဖွင့်ပေးခြင်း" သို့ " သင့်ခန္ဓာကိုယ်ကို ဖွင့် ပြခြင်း"

ငါ့နှမ
" ချစ်ခြင်း၏ ဝေါဟာရ " အခန်းကြီး ၄ ၊ အငယ် ၉ ၏ ဘာသာပြန်ဆိုချက်ကိုကြည့်ရန်။

ငါ့ချိုး
အခန်းကြီး ၂ ၊ အငယ် ၁၄ ၏ ဘာသာပြန်ဆိုချက်ကိုကြည့်ရန်။

ငါ၏စုံလင်သူ
" ငါ၏ ပြည့်စုံသောသူ " သို့ " ငါ၏ သစ္စာရှိသောသူ" သို့ " ငါ၏ အပြစ်ကင်းသောသူ"

နှင်းစက်
အပူချိန်ကျဆင်းပြီးအေးချမ်းသောညအချိန်၌ ကျဆင်းသော ရေစက် (သို့ ) ရေငွေ့။

ဆံပင်သည် ညဥ့်၌ကျတတ်သော နှင်းစက် များ
သူမသည် အပြင်တွေ ရပ်နေသောကြောင့် ညအချိန်၌ တိုက်လာသောစိုစွတ်သည့်လေ သည် သူမ၏ ဆံပင်ကို စိုစွတ်စေသည်။

ငါ့ခေါင်းသည် နှင်းနှင့်ငှင်း၊ ငါ့ဆံပင်သည် ညဥ့်၌ကျတတ်သော နှင်းစက် များနှင့်ငှင်း စိုပြီ
ဤစာကြောင်းနှစ်ကြောင်းသည် အခြေခံအားဖြင့် တူညီသောအကြောင်းကို ဆိုလိုခြင်းဖြစ်သည်။

Song of Solomon 03

အဘယ် ကြောင့် ဝတ်ပြန်ရမည်နည်း
"အခြားသောဘာသာပြန်ဆိုချက် - ငါသည် နောက်တဖန် အဝတ် မဝတ်ချင်တော့ပါ"

ခြေကိုလည်းဆေးပါပြီ
ဖြစ်နိုင်သော အနက်ဖွင့်ချက်များ ၁ ။ ထိုမိန်းမသည်သူမ၏ ခြေကို ဆေးထားပြီးသောကြောင့် အိပ်ယာဝင်နိုင်သည်။

ငါချစ်ရာသခင်သည် လက်တော်ကိုတံခါးပေါက် အထဲသို့ သွင်းတော်မူသည်
ဖြစ်နိုင်သော အနက်ဖွင့်ချက်များ ၁ ။သူမချစ်သူသည် အိမ်ထဲသို့ ဝင်ရန် တံခါးပေါက်တွင် ဝင်ရမည့်အစား အပေါက်တစ်ခု၌ဝင်ရောက်ခြင်းဖြစ်သည်။ သို့ ၂ ။ ဤစာကြောင်းသည် လိင်ဆက်ဆံမှု၏အစ ၊ စသည်ဖြင့် . .... ဖော်ပြသည်။ ဤ စကားစပ်အရ "လက်" ဟူသောစကားလုံးသည် ယောကျ်ားတစ်ယောက်၏ အစိတ်အပိုင်းများထဲမှသူ၏ ကိုယ်ပိုင်ပစ္စည်း ကို စကားနု စကားယဉ် အဖြစ် အသုံးပြုသည်။

ငါချစ်
အခန်းကြီး ၁ ၊ အငယ် ၁၂ ၏ ဘာသာပြန်ဆိုချက်ကိုကြည့်ရန်။

တံခါးပေါက်
"တံခါး"

Song of Solomon 05

ငါချစ်ရာသခင်အား တံခါးကိုဖွင့်အံ့သောငှါ ထသောအခါ
ဖြစ်နိုင်သော အဓိပ္ပာယ်များ - ၁ ။ ထိုမိန်းမပျိုသည် သူမ၏ ချစ်သူ အိမ်ထဲသို့ဝင်ရန် အိပ်ရာပေါ်မှ ဆင်းသည်။

ငါ့လက် ... ငါ့လက်ချောင်း
"လက်" နှင့် " လက်ချောင်း " ဟူသောဝေါဟာရသည် မိန်းကလေး တစ်ယောက်၏ လိင်အင်္ဂါကို ရည်ညွှန်းသည်နှင့်တူသည်။

ပကတိမုရန်ဆီ
"မုရန်အရည်"

Song of Solomon 06

ယေဘုယျအချက်အလက်များ
ထိုမိန်းမပျိုသည် သူမ၏အိပ်မက်ကို ဆက်လက်တင်ပြသည်။

ငါချစ်ရာသခင်အားငါဖွင့်သည်
အခြားသောဘာသာပြန်ဆိုချက် - သူမ၏ ချစ်သူအဖို့ မိမိကိုယ်ကိုယ် ချွတ်ပြသည်။

ငါချစ်
အခန်းကြီး ၁ ၊ အငယ် ၁၂ ၏ ဘာသာပြန်ဆိုချက်ကိုကြည့်ရန်။

Song of Solomon 07

ကင်းစောင့်
ညအချိန်၌ မြို့ကို စောင့်ရှောက်သောသူ ။

ငါ့ကို တွေ့သော်
"ငါ" ဟူသောဝေါဟာရသည် ထိုမိန်းမပျိုကို ရည်ညွှန်းခြင်းဖြစ်သည်။

ငါ့ကိုနာကျင်စွာရိုက်ကြ၏
" ငါ့ကို ရိုက်သည်" သို့ " ငါကိုထုသည်"

မြို့ရိုးစောင့်တို့
" မြို့ရိုးကိုစောင့်သောသူများ"

Song of Solomon 08

အိုယေရုရှလင်မြို့သမီးတို့
" ယေရုရှလင်၏ မိန်းမပျို"။ဤမိန်းမပျိုများက ပြောနေသောသူမအသံကို မကြားရ၊ ထိုနေရာတွင် မရှိကြသော်လည်း၊ မိန်းမပျိုများကြားနေ၍ရှိနေသကဲ့သို့ ဆိုထားပါသည်။


generated on Tue Jul 2 12:50:28 2024

သူ့ကိုငါချစ်၍ နာနေကြောင်း
သူ၏ အချစ်သည် အလွန်ပြင်းထန်သောကြောင့် ဖျားသလိုခံစားနေသည်။

Song of Solomon 09

မိန်းမတကာတို့ထက် အဆင်းလှသောအစ်မ၊
"အဆင်းအလှပဆုံးသောမိန်းမ"

သင်ချစ်ရာသခင်သည် အခြားတပါးသော ချစ်ရာသခင် ထက် အဘယ်သို့သာသနည်း
" သင်၏ချစ်သူကို ပို၍သာ စေသောအချက်"

အကျွန်ုပ်တို့ကို ထိုသို့မှာထားတောင်းပန်ရမည်အကြောင်း
"သင်သည် ကျွန်ုပ်တို့ကို ကျမ်းသစ္စာကျိန်စေသောအကြောင်းရင်း"

Song of Solomon 10

ဖြူသောအဆင်း၊ နီသောအဆင်း
သူချစ်သည့် အမျိုးသမီး၏အသားအရေကိုဖော်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဖြူသောအဆင်း၊ နီသောအဆင်းရှိသည့် အရေပြား"

ဖြူသောအဆင်း
"ဖြူစင်သော" "ကျန်းမာသော" ကိုဆိုလိုသည်။

နီသောအဆင်း
ကျန်းမာရေးကောင်းပြီး နီညိုရောင်ရှိသည့်အသားအရေအရောင်

လူတသောင်းတို့တွင် အထွဋ် အမြတ်ဖြစ်တော်မူ၏
"လူတသောင်း ထဲမှ အကောင်းဆုံးသူ "
အခြားသောဘာသာပြန်ဆိုချက် - "လူတကာထက်သာသည်" သို့ " သူနှင့်တူသောသူမရှိ "

ဦးခေါင်းတော်သည် ရွှေစင်နှင့်တူ၏
ထိုချစ်သူ၏ခေါင်းသည် ထိုမိန်းမလေးအတွက် ရွှေစင် ကဲ့သို့ တန်းဖိုးရှိသည်။

ကျီး
"အမွေးအမည်းရောင်ရှိသောငှက်တစ်မျိုး"

Song of Solomon 12

ယေဘုယျ အချက်အလက်
ထိုမိန်းမပျိုသည် သူမ၏ ချစ်သူအကြောင်းကို ဆက်လက်တင်ပြသည်။

မျက်စိတော်တို့သည် ချိုးနှင့်တူကြ၏။
"ချိုးမျက်စိနှင့်ပြည့်စုံ၏" စာကြောင်း ဘာသာပြန်ဆိုချက်ကိုကြည့်ရန် ။ ခန်းကြီး ၁ ၊ အငယ် ၁၅ ။

နို့၌ချိုးလျက်
" မိမိကိုယ်ကိုယ် နို့၌ချိုးခြင်း " ချိုးငှက်သည် သူမ၏ချစ်သူရဲ့တပည့်ကို ကိုယ်စားပြုထားသည်။ နို့ကဲ့သို့ဖြူဖွေးသောမျက်စိဖြစ်ဝိုင်းရံထားသည်။

မြစ်ရေပေါ် မှာ
ထိုမိန်းမသည် သူမ၏ချစ်သူမျက်စိသည် မြစ်ရေကဲ့သို့ စိုနေကြောင်းကို ဖော်ပြဖို့ရန် ဤရုပ်ကို အသုံးခြင်းဖြစ်သည်။

Song of Solomon 13

ယေဘုယျ အချက်အလက်
ထိုမိန်းမပျိုသည် သူမ၏ ချစ်သူအကြောင်းကို ဆက်လက်တင်ပြသည်။

ပါးတော်တို့သည် နံ့သာတော
ဤရှင်းလင်းချက်သည် သူ၏ပါးတော်နှစ်ဖက်လုံးဟာ နှစ်သက်ဖွယ်သောအနံ့ ပေးသောကြောင့် မွှေးကြိုင်သောပန်းခင်း ကဲ့သို့ ဖြစ်သည်။

ပန်းတော
လူများ ဟင်းခက်အမွေးကြိုင်ပင်ကို စိုက်သော ဥယျာဉ်တစ်ခု သို့ ဥယျာဉ်တစ်ပိုင်း။

မွှေးကြိုင်သော ပန်းတောကဲ့သို့ရှင်း
" နှစ်သက်ဖွယ်သောအနံ့ ပေးခြင်း "

နှုတ်ခမ်းတော်တို့သည် နှင့်ပွင့်ကဲ့သို့ရှင်းဖြစ်ကြ၏။
ထိုမိန်းမသည် သူမ၏ချစ်သူ နှုတ်ခမ်းကို နှင်းပွင့်နှင့် ခိုင်းနှိုင်းခြင်းအကြောင်းသည် ကဲ့သို့ ကြည်နူးဖွယ်ကောင်းသော အနံ့ ရှိသောကြောင့်ဖြစ်သည်။

ပကတိမုရန် ဆီယိုသော
" ပကတိမုရန် အစက် " ။ သူ့နှုတ်ခမ်းသည် စိုပြီး မုရန်ကဲ့သို့ နှစ်သက်ဖွယ်သော အနံ့ ရှိသည်။

နှင်းပွင့်
အခန်းကြီး ၂ ၊ အငယ် ၁၆ ၏ ဘာသာပြန်ဆိုချက်ကိုကြည့်ရန်။

Song of Solomon 14

ယေဘုယျ အချက်အလက်
ထိုမိန်းမပျိုသည် သူမ၏ ချစ်သူအကြောင်းကို ဆက်လက်တင်ပြသည်။

လက်တော်တို့သည် မျက်ရွဲစီသောလက်စွပ်ကဲ့သို့ရှင်း၊
သူ၏လက်သည် ရတနာနှင့်ပြည့်စုံသော ရွှေ၏ ဆလင်ဒါ ဖြစ်သည်။ သူ၏လက်သည် လှပပြီး တန်ဖိုးကြီးကြောင်းကို ပြောဖို့ရန် ဤရုပ်ပုံကို အသုံးပြုခြင်းဖြစ်သည်။


generated on Tue Jul 2 12:50:28 2024

ကိုယ်တော်သည် နီလာကျောက်ဖြင့် စီချယ်သော ဆင်စွယ်ဖြူကဲ့သို့ငင်းဖြစ်၏။
သူ၏ဝမ်းပိုက်သည် နီလာနှင့်မွမ်းမံထားသော ချောမွေ့သည့်ဖြစ်သည်။ သူ၏ဝမ်းပိုက်သည် လှပပြီး တန်ဖိုးကြီးကြောင်းကို ပြောဖို့ရန် ဤရုပ်ပုံကို အသုံးပြုခြင်းဖြစ်သည်။

ဆင်စွယ်
အရိုးနှင့်တူသော တိရစ္ဆာန်တို့၏ ဖြူသောသွား (သို့)အစွယ် ။ လူများသည် ချောမွေ့ပြောင်မြောက်သော အနုပညာလက်ရာကို ဆင်စွယ်ဖြစ်ပြုလုပ်ကြသည်။

နီလာ
နီလာသည် ကြည်လင်ပြီး တန်ဖိုးရှိသော ကျောက်တစ်မျိုးဖြစ်သည်။ ၎င်းကဲ့သို့သော နီလာသည် ဝါသောအရောင် (သို့ ) ရွှေရောင် ဖြစ်နိုင်သည်။

Song of Solomon 15

ယေဘုယျ အချက်အလက်
ထိုမိန်းမပျိုသည် သူမ၏ ချစ်သူအကြောင်းကို ဆက်လက်တင်ပြသည်။

ခြေထောက်တော်တို့သည် ရွှေစင်ဘိနပ်ပေါ်၌ တည်သော ကျောက်ဖြူတိုင်နှင့်တူကြ၏။
သူ၏ ခြေသည် သန်မာပြီး လှပသော ကျောက်ဖြူတိုင်နှင့်တူသည်။

ရွှေစင်ဘိနပ်ပေါ်၌
အခြားသောဘာသာပြန်ဆိုချက် - သူတို့၏အုပ်မြစ်သည် ရွှေစင်ကဲ့သို့ ဖြစ်သည်။ သူ၏ခြေသည် ကျောက်ဖြူတိုင်ကို ထောက်ပံ့ပေးသော တန်ဖိုးရှိသည့် ရွှေစင်အောက်ခြေကဲ့သို့ဖြစ်သည်။

ကျောက်ဖြူ
အရောင်မျိုးစုံရှိသော အလွန်မာကျောသောကျောက်တစ်မျိုး။ လူများသည် ၎င်းကို ပြောင်လက်အောင် တိုက်ချွတ်သည်။

မျက်နှာတော် သည် လေဗနုန်တောင်ကဲ့သို့
" သူသည်လေဗနုန်တောင်နှင့် တူသည်။ " လေဗနုန်တောင်သည် တောင်များ နှင့် သစ်ပင်များစွာရှိသော အလွန်လှပသည့် နေရာဖြစ်သည်။

အာရဇ်ပင်ကဲ့သို့ ထူးမြတ်ပေ၏။
" အာရဇ်ပင်ကဲ့သို့ နှစ်လိုဖွယ်ဖြစ်သော " သို့ " အာရဇ်ပင်ကဲ့သို့ ထူးမြတ်သော"

Song of Solomon 16

ယေဘုယျ အချက်အလက်
ထိုမိန်းမပျိုသည် သူမ၏ ချစ်သူအကြောင်းကို ဆက်လက်တင်ပြသည်။

နှုတ်တော်သည် အလွန်ချိုပေ၏
ထိုမိန်းမသည် သူမရဲ့ချစ်သူ၏ ချိုမြိန်သော အနမ်းနှင့် ချိုမြိန်သော အပြောကို ဖော်ပြဖို့ရန် ဤရုပ်ပုံကို အသုံးပြုသည်။

တကိုယ်လုံး၌ ချစ်ဖွယ်သော
" တကိုယ်လုံး ချစ်စရာကောင်းသည် " သို့ " သူ၏ အရာရာအားလုံးသည် နှစ်သက်ဖွယ်ကောင်းသည်။ "

ယေရုရှလင်မြို့သမီးတို့
ခန်းကြီး ၁ ၊ အငယ် ၅ ၏ ဘာသာပြန်ဆိုချက်ကို ကြည့်ရန်။

ငါချစ်ရာသခင်၊ ငါ့မိတ်ဆွေ
"ဤသူ" သည် အမျိုးသမီးကိုဆိုလိုသည်။ "ငါချစ်သောသူသည် ထိုကဲ့သို့၊ ငါ့မိတ်ဆွေသည်ထိုကဲ့သို့ဖြစ်သည်" ဟု ပြန်ဆိုနိုင်သည်။

---

## Translation Questions

Song of Solomon 5:1

ရှောလမုန်မင်းကြီးသည် မည်သည့်နေရာသို့ လာခဲ့ပြီးသနည်း။
ရှောလမုန်မင်းကြီးသည် သူ၏ဥယျာဉ်တော်ထဲသို့ ဝင်လာခဲ့ပြီးဖြစ်သည်။

Song of Solomon 5:2

ရှောလမုန်မင်းကြီး၏ သတို့သမီးသည် ဘာကို အိမ်မက် မက်နေလျက် ရှိသနည်း။
ရှောလမုန်မင်းကြီး၏ သတို့သမီးသည် သူမ၏ အိမ်မက်တွင် ချစ်သခင်သည် ခေါက်လျက် စကားပြောလျက် ရှိသည်ဟု အိပ်မက်မက်သည်။

Song of Solomon 5:3

ရှောလမုန်၏ချစ်နှမသည် ဘာလုပ်ထားနှင့်ပြီးသနည်း။
ရှောလမုန်၏ချစ်နှမသည် သူမ၏ အဝတ်ကို ချွတ်ပြီး၊ ခြေကိုလည်း ဆေးပြီးဖြစ်ပါသည်။

ရှောလမင်းကြီးသည် မိမိလက်ကို မည်သည့်နေရာတွင် ထားနှင့်ပြီးဖြစ်သနည်း။
ရှောလမုန်မင်းကြီးသည် မိမိလက်ကို တံခါးပေါက်အတွင်းထဲသို့ သွင်းတော်မူနှင့်ပြီး ဖြစ်သည်။



generated on Tue Jul 2 12:50:28 2024

Song of Solomon 5:5

သတို့သမီးသည် တံခါးကို ဖွင့်သောအခါ သူမ၏လက်သည် ဘာနှင့် စက်စက်ကျသနည်း။
သူမ၏လက်သည် ပကတိမုရန်ဆီနှင့် စက်စက်ကျပါသည်။

Song of Solomon 5:6

သတို့သမီးသည် တံခါးဖွင့်သောအခါ ဘာကို တွေ့ခဲ့၍ မည်ကဲ့သို့ ခံစားခဲ့သနည်း။
သူမသည် ချစ်သခင် ထွက်သွားနှင့်ပြီးဖြစ်သည်ကိုတွေ့သဖြင့် နှလုံးတုန်လှုပ်၍ ဝမ်းနည်းလာပါသည်။

Song of Solomon 5:7

ကင်းစောင့်တို့သည် ရှောလမုန်မင်းကြီး၏ သတို့သမီးကို မြင်သောအခါ ဘာလုပ်ခဲ့ကြသနည်း။
ကင်းစောင့်တို့သည် သူမကို နာကျင်စွာ ရိုက်၍ မျက်နှာဖုံးကို လုယူကြပါသည်။

Song of Solomon 5:8

သတို့သမီးသည် ယေရုရှလင်အမျိုးသမီးတို့အား ဘာကို ကတိပေးရန် တောင်းဆိုခဲ့သနည်း။
သတို့သမီးသည် ယေရုရှလင်မြို့သမီးတို့အား သူမ၏ချစ်သခင်ကို တွေ့လျှင် သူမကိုပြောရန် နေတောင်းဆိုခဲ့ပါသည်။

မိန်းမပျိုလေး၏ချစ်သူသည် သူမအား မည်ကဲ့သို့ ခံစားအောင် ပြုလုပ်ခဲ့သနည်း။
မိန်းမပျိုလေး၏ချစ်သူသည် သူမအား ရင်ကွဲနာကျခြင်း ဝေဒနာကို ခံစားအောင် ပြုလုပ်ခဲ့ပါသည်။

Song of Solomon 5:9

ငယ်ရွယ်သောမိန်းမတို့သည် သတို့သမီးအား ဘာမေးခဲ့သနည်း။
သူတို့သည် သူမအား၊ သူမ၏ချစ်သခင်သည် တခြားသူထက် ဘယ်လို ကောင်း၍ အဘယ်သို့ သာသနည်း ဟု မေးကြပါသည်။

Song of Solomon 5:10

မိန်းမပျိုလေးသည် သူမ၏ချစ်သခင်ကို မည်ကဲ့သို့ ဖော်ပြခဲ့သနည်း။
သူမ၏ချစ်သခင်ကို ဖြူသောအဆင်း၊ နီသောအဆင်းနှင့် ပြည့်စုံ၍ ထက်မြတ်သောသူ ဖြစ်သည်ဟု ဖော်ပြခဲ့ပါသည်။

မိန်းမပျိုလေးသည် သူမချစ်သခင်၏ ဦးခေါင်းနှင့် ဆံပင်တို့ကို မည်ကဲ့သို့ ဖော်ပြခဲ့သနည်း။
သူမချစ်သခင်၏ဦးခေါင်းသည် ရွှေစင်ကဲ့သို့လည်းကောင်း၊ သူ၏ဆံပင်တို့သည် ကောက်လိမ်၍ အဆင်းနက်သည်ဟု ဖော်ပြခဲ့ပါသည်။

Song of Solomon 5:12

မိန်းမပျိုလေးသည် သူမချစ်သခင်၏ မျက်စိကို မည်ကဲ့သို့ ဖော်ပြခဲ့သနည်း။
မိန်းမပျိုလေးသည် သူမချစ်သခင်၏ မျက်စိကို နို့၌ချိုးသော ချိုးငှက်နှင့်တူပါသည်။

Song of Solomon 5:13

ရှောလမုန်မင်းကြီး၏ သတို့သမီးသည် သူ၏ ပါးတော်နှင့် နှုတ်ခမ်းတို့ကို မည်ကဲ့သို့ ဖော်ပြခဲ့သနည်း။
သူ၏ ပါးတော်တို့သည် နံ့သာဥယျာဉ်ကဲ့သို့ လည်းကောင်း၊ နှုတ်ခမ်းတော်တို့သည် ပကတိမုရန် ဆီယိုသော နှင့်ပွင့်ကဲ့သို့လည်းကောင်း ဖော်ပြခဲ့ပါသည်။

Song of Solomon 5:14

မိန်းမပျိုသည် သူမချစ်သခင်၏ လက်မောင်းနှင့် ကိုယ်တော်ကို မည်ကဲ့သို့ ဖော်ပြခဲ့သနည်း။
သူမချစ်သခင်၏ လက်မောင်းတို့သည် မျက်ရွဲစီသောလက်စွပ်ကဲ့သို့လည်းကောင်း၊ ကိုယ်တော် သည် နီလာကျောက်ဖြင့် စီချယ်သော ဆင်စွယ်ဖြူကဲ့သို့လည်းကောင်း ဖော်ပြထားပါသည်။

Song of Solomon 5:15

မိန်းမပျိုသည် သူမချစ်သခင်၏ ခြေထောက်တို့နှင့် မျက်နှာတော်ကို မည်ကဲ့သို့ ဖော်ပြခဲ့သနည်း။
သူမချစ်သခင်၏ ခြေထောက်တို့သည် ရွှေစင်ဘိနပ်ပေါ်၌ တည်သော ကျောက်ဖြူတိုင်ကဲ့သို့လည်းကောင်း၊ မျက်နှာတော် သည် လေဗနုန်တောင်နှင့်၊ အာရဇ်ပင်ကဲ့သို့ ထူးမြတ်သည်ဟု ဖော်ပြထားပါသည်။

Song of Solomon 5:16

ရှောလမုန်မင်းကြီး၏သတို့သမီးသည် သူမချစ်သခင်၏ နှုတ်တော်နှင့် ယေရုရှလင်မြို့သမီးတို့အား မည်သို့ ဖော်ပြခဲ့သနည်း။
သူမချစ်သခင်၏ နှုတ်တော်သည် အလွန်ချိုသည် ဟူ၍လည်းကောင်း၊ ရှောလမုန်မင်းကြီးအား အလွန်ချစ်သောသူဖြစ်သောသူ ဟူ၍ လည်း ကောင်း ဖော်ပြခဲ့ပါသည်။

## Chapter 6

[1] မိန်းမတကာတို့ထက် အဆင်းလှသောအစ်မ၊ သင်ချစ်ရာသခင်သည် အဘယ်အရပ်သို့ကြွတော်မူသ နည်း။ အကျွန်ုပ်တို့သည်
သင်နှင့်အတူ သူ့ကိုရှာရမည် အကြောင်း၊ သင်ချစ်ရာသခင်သည် အဘယ်အရပ်သို့ လွှဲသွားတော်မူသည်ကို ပြောပါ။ [2]
ငါချစ်ရာသခင်သည် ဥယျာဉ်တော်၌ သစ်သီးကို စား၍၊ နှင်းပွင့်ကို ဆွတ်ယူမည်ဟု၊ ဥယျာဉ်တော်တွင် နံ့သာတောသို့
ဆင်းသွားတော်မူပေ၏။ [3] ငါချစ်ရာသခင်သည် ငါ့ကိုဆိုင်တော်မူ၏။ ငါသည်လည်း သခင်ကို ဆိုင်ပေး၏။ နှင်းတော်၌
ကျက်စားတော်မူ၏။ [4] ငါချစ်သောနှမ၊ သင်သည်တိရဇမြို့ကဲ့သို့ လှ၏။ ယေရုရှလင်မြို့ကဲ့သို့ တင့်တယ်၏။ စစ်မျက်နှာကဲ့သို့
ကြောက်မက်ဘွယ်ဖြစ်၏။ [5] သင်၏မျက်စိတို့ကို ငါမှလွှဲပါ။ သူတို့သည် ငါ့ကို အောင်ပြီ။ သင်၏ဆံပင်သည်လည်း၊ ဂိလဒ်တော်ပေါ်မှ
ဆင်းလာသော ဆိတ်စုကဲ့သို့ဖြစ်၏။ [6] သင်၏သွားတို့သည်လည်း၊ ရေချိုးရာမှ တက် လာသော သိုးစုကဲ့သို့ဖြစ်ကြ၏။
တကောင်မျှမလျော့၊ အမွှာသာ ဘွားတတ်ကြ၏။ [7] နားပန်းဆံကြားမှာ ပါးတို့သည် သလဲသီးရှက် နှင့် တူကြ၏။ [8] မိဖုရားခြောက်ကျိပ်၊
မောင်းမမိသံရှစ်ကျိပ်၊ အပျိုတော်အတိုင်းမသိ ရှိကြ၏။ [9] ငါ့ချိုး၊ ငါ၏စုံလင်သူသည် ငါ၌တပါးတည်းရှိ၏။ ဘွားမြင်သောမိခင်၌
အချစ်ဆုံးသောသမီးဖြစ်၏။ လူမျိုး သမီးတို့သည် သူ့ကိုမြင်၍ ကောင်းကြီးပေးကြ၏။ မိဖုရား များနှင့် မောင်းမမိသံများတို့သည်
ချီးမွမ်းကြ၏။ [10] လကဲ့သို့ တင့်တယ်လျက်၊ နေကဲ့သို့ ထွန်းလင်း လျက်၊ စစ်မျက်နှာကဲ့သို့ ကြောက်မက်ဘွယ်ဖြစ်လျက်၊ နံနက်ကဲ့သို့
မျှော်ရှုသော သတို့သမီးကား၊ အဘယ်သူ နည်း။ [11] ချိုင့်ထဲမှာ သစ်သီးများကိုကြည့်ရှု၍၊ စပျစ်နွယ် ပင် သန်သည် မသန်သည်ကိုငှင်း၊
သလဲပင်ပွင့်သည် မပွင့်သည်ကိုငှင်း သိခြင်းငှါ၊ ငါပြုစုသော ဥယျာဉ်သို့ ငါဆင်းသွား၏။ [12] သတိမရမှီ ငါ့ဝိညာဉ်သည်
အမိနဒိပ်ရထားကို စီးသကဲ့သို့ ဖြစ်၏။ [13] အိုရှုလမိတ်၊ ပြန်လာပါ။ ပြန်လာပါ။ အကျွန်ုပ် တို့သည် သင့်ကိုရှုမြင်ရမည်အကြောင်း၊
ပြန်လာပါ။ ပြန်လာပါ။ ရှုလမိတ်၌ အဘယ်သို့သောအရာကို တွေ့မြင် ကြလိမ့်မည်နည်း။ စစ်တပ်နှစ်ထပ်ကဲ့သို့ တွေ့မြင်ကြ ပါမည်။

---

Song of Solomon 01

ယေဘုယျအချက်အလက်
( ရှု - နှင့်

မိန်းမတကာတို့ထက် အဆင်းလှသောအစ်မ၊
ခန်းကြီး ၁ ၊ အငယ် ၈ ၏ ဘာသာပြန်ဆိုချက်ကို ကြည့်ရန်။

သင်ချစ်ရာသခင်သည် အဘယ်အရပ်သို့ကြွတော်မူသနည်း။
" သင့်ချစ်သူဘယ်အရပ်သို့ သွားသနည်း။ "

အကျွန်ုပ်တို့သည် သင်နှင့်အတူ သူ့ကိုရှာရမည် အကြောင်း
အခြားသောဘာသာပြန်ဆိုချက် - "" သူနှင့်အတူ
လိုက်ရှာလို့ရအောင် ငါတို့ကို ပြောပါ ။ "

Song of Solomon 02

ငါချစ်ရာသခင်သည် ဥယျာဉ်တော်တွင် နံ့သာတောသို့ ဆင်းသွားတော်မူပေ၏
ခန်းကြီး ၅ ၊ အငယ် ၁ ၏ ဘာသာပြန်ဆိုချက်ကို ကြည့်ရန်။

ဥယျာဉ်တော်၌ သစ်သီးကို စား၍၊ နှင်းပွင့်ကို ဆွတ်ယူမည်ဟု
သူမ၏ချစ်သူသည် သူမ၌ ကျေနပ်ကြောင်းကို ဖော်ပြဖို့ရန်
ဤပုံကားချပ်ကို သုံးခြင်းဖြစ်သည်။

နှင်းပွင့်
ခန်းကြီး ၂ ၊ အငယ် ၁၆ ၏ ဘာသာပြန်ဆိုချက်ကို ကြည့်ရန်။

နံ့သာတော
အခန်းကြီး ၅ ၊ အငယ် ၁၃ ၌ရှိသော " မွှေးကြိုင်သော ပန်းတော"
ဟူသောစကားစု၏ အနက်ဖွင့်ချက်ကိုကြည့်ရန်။ ထိုချစ်သူသည်
တောနံ့သာကဲ့သို့ နှစ်သက်ဖွယ်ကောင်းသော ထိုမိန်းမ၏
ဆွဲဆောင်မှုရှိသည့်ခန္ဓာကို နှင့် ပျော်မွေ့ရန်လာခြင်းဖြစ်သည်။

ငါချစ်ရာသခင်သည် ငါ့ကိုဆိုင်တော်မူ၏။ ငါသည်လည်း သခင်ကို ဆိုင်ပေး၏။
ခန်းကြီး ၂ ၊ အငယ် ၁၆ ၏ ဘာသာပြန်ဆိုချက်ကို ကြည့်ရန်။

နှင်းတော်၌ ကျက်စားတော်မူ၏။
ခန်းကြီး ၂ ၊ အငယ် ၁၆ ၏ ဘာသာပြန်ဆိုချက်ကို ကြည့်ရန်။

Song of Solomon 04

ယေဘုယျ အချက်အလက်
အပိုင်း၅ကို ဤနေရာတွင်စတင်သည်။

ငါချစ်သောနှမ၊ သင်သည်တိရဇမြို့ကဲ့သို့ လှ၏
ထိုချစ်သူသည် ထိုမိန်းမ၏ လှပမှု နှင့် ယဉ်ကျေးဖော်ရွေမှု ကို
မြို့များ၏ လှပမှု နှင့် ယဉ်ကျေးဖော်ရွေမှု နှင့် ခိုင်းနှိုင်းထားသည်။

တင့်တယ်
ခန်းကြီး ၁ ၊ အငယ် ၅ ၏ ဘာသာပြန်ဆိုချက်ကို ကြည့်ရန်။

စစ်မျက်နှာကဲ့သို့ ကြောက်မက်ဘွယ်ဖြစ်၏။
" စစ်သည်သည်သူတို့၏ အောင်လံတခွန်နှင့် စေ့ဆောင်ခြင်း "
ထိုမိန်းမ ၏ လှပမှုသည် အလွန်အားကြီးသောကြောင့် သူမ၏
ချစ်သူသည် စစ်သည်များသူ့ထံချီတက်လာ၍ အကူအညီမဲ့
ဖြစ်သွားသကဲ့သို့ ခံစားစေသည်။ ( သူမ၏ လှပမှုသည် သူ့ကို
ရှုံးစေသည် ) ။


generated on Tue Jul 2 12:50:28 2024

Song of Solomon 05

ယေဘုယျအချက်အလက်
ထိုချစ်သူသည် ထိုမိန်းမကို ဆက်လက်ချီးကျူးနေသည်။

သူတို့သည် ငါ့ကို အောင်ပြီ
" ငါ့ကို လန့်စေသည် " ထိုမိန်းမ၏မျက်စိသည် အလွန်လှပသည်။ ထို့ကြောင့် သူမ၏လှပမှုသည်သူမ၏ချစ်သူကို ကြောက်လန့်စေသည်။ အဘယ်ကြောင့်ဆိုသော် ထိုချစ်သူသည် သူမ၏လှပမှုမှ မလွှန်ဆန်နိုင်သောကြောင့်ဖြစ်သည်။

သင်၏ဆံပင်သည်လည်း၊ ဂိလဒ်တော်ပေါ်မှ ဆင်းလာသော ဆိတ်စုကဲ့သို့ဖြစ်၏။
အခန်းကြီး ၄ ၊ အငယ် ၁ ၌ရှိသော " ဆံပင်သည်လည်း .... ဂိလဒ်တောင်ပေါ် " ဟူသော စာကြောင့်၏အနက်ဖွင့်ထားချက်ကိုကြည့်ရန်။

Song of Solomon 06

ယေဘုယျအချက်အလက်
ထိုချစ်သူသည် ထိုမိန်းမကို ဆက်လက်ချီးကျူးနေသည်။

နားပန်းဆံကြားမှာ ပါးတို့သည် သလဲသီးရှက် နှင့် တူကြ၏။
အခန်းကြီး ၄ ၊ အငယ် ၃ ၏ ဘာသာပြန်ထားချက်ကိုကြည့်ရန်။

Song of Solomon 08

မိဖုရားခြောက်ကျိပ်၊ မောင်းမမိသံရှစ်ကျိပ်
"ဘုရင်မ ၆၀ယောက် နှင့် ကိုယ်လုပ်တော် ၈၀ ယောက်"

အပျိုတော်အတိုင်းမသိ ရှိကြ၏
" အတိုင်းမသိ " ဟူသောဝေါဟာရသည် မည်သူမျှ မရေတွက်နိုင်ကြောင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက် - " မိန်းမပျို အမြောက်အများ "

ငါ့ချိုး၊ ငါ၏စုံလင်သူ
အခန်းကြီး ၅ ၊ အငယ် ၂ ၏ အနက်ပြန်ထားချက်ကိုကြည့်ရန်။

တပါးတည်းရှိ၏
" တစ်မူထူးဖြစ်သည်' သို့ " တစ်မျိုးသာရှိသည်" ။ ထိုချစ်သည် ထိုမိန်းမကို အခြားသောမိန်းမနှင့် ယှဉ်ကြည့်နေခြင်းဖြစ်သည်။ ဤကမ္ဘာပေါ်တွင် လှပသောမိန်းမအများကြီးရှိသော်လည်း ထိုမိန်းမသည် ၎င်းတို့ကြားတွေ အထူခြားဆုံးဖြစ်သည်။

ဘွားမြင်သောမိခင်
" သူမကို ဖွားမြင်သောသူ" ဤစကားစု သည် သူမ၏ မိခင်ကို ရည်ညွှန်းသည်။

ဘွားမြင်သောမိခင်၌ အချစ်ဆုံးသောသမီးဖြစ်၏
" သူမသည် အထူးခြားဆုံး သမီးဖြစ်သည် "

သူ့ကိုမြင်၍ ကောင်းကြီးပေးကြ၏
" အရာရာအားလုံး ပြီးသွားသောကြောင့် အထူးသဖြင့် သူမအတွက် "ကောင်းသည်" ဟု ပြောဆိုသောစကား" သို့ " " သူသည်ကံကောင်းသည် " ဟုဆန္ဒပြုသော စကား"

Song of Solomon 10

ယေဘုယျ အချက်အလက်
မိဖုရားများ နှင့် မောင်းမမိသံများ ထိုမိန်းမပျို အကြောင်းကို ပြောသောစကား။ မည်သို့ဖြစ်စေကာမူ ၊ တစ်ချို့သော သူများသည် ဤကျမ်းပိုဒ်မှာလည်း ထိုမိန်းမ ၏ ချစ်သူဆက်လက် စကားပြောနေသည်ဟု ထင်မြင်ကြသည်။

စစ်မျက်နှာကဲ့သို့ ကြောက်မက်ဘွယ်ဖြစ်လျက်
" စစ်သည်သည်သူတို့၏ အောင်လံတခွန်နှင့် စေ့ဆောင်ခြင်း " ထိုမိန်းမ ၏ လှပမှုသည် အလွန်အားကြီးသောကြောင့် သူမ၏ ချစ်သူသည် စစ်သည်များသူ့ထံချီတက်လာ၍ အကူအညီမဲ့ ဖြစ်သွားသကဲ့သို့ ခံစားစေသည်။ ( သူမ၏ လှပမှုသည် သူ့ကို ရှုံးစေသည် )

နံနက်ကဲ့သို့ မျှော်ရှုသော သတို့သမီးကား
အခြားသောဘာသာပြန်ဆိုချက် - " သူသည်နံနက်အရုဏ်ဦး ကဲ့သို့ ဖြစ်သည်။ " ထိုချစ်သူသည် ထိုမိန်းမ၏ သာယာလှပမှုနှင့် ကြီးကျယ် ခမ်းနားမှုကို နံနက်အရုဏ်ဦး၌ ထွန်းတောက်သောအလင်းရောင်၏ ရုပ်ပုံကားချပ်ကိုအသုံးပြု၍ ဖော်ပြခြင်းဖြစ်သည်။

နံနက်ကဲ့သို့ မျှော်ရှုသော သတို့သမီးကား၊ အဘယ်သူ နည်း။
သူတို့သည် ထိုမိန်းမအံ့သြနေသည် ဟုသည့်ထင်မြင်ချက်ကို ပြောဖို့ရန် မေးခွန်းစကားလုံးကိုအသုံးပြုထားခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - " အံ့သြ စရာကောင်းသောမိန်းကလေးပါလား" သူသည်နံနက်အရုဏ်ဦး ကဲ့သို့ ဖြစ်သည်။

Song of Solomon 11

ယေဘုယျ အချက်အလက်
ထိုချစ်သူသည် သူ၏ စကားကို ဤနေရာတွင်အဆုံးသတ်သည်။

ပွင့်သည်ကိုရှင်း
" အစိုထွက်သည်" အစိုသည် ပန်းများအဖြစ် ပြောင်းသော အပင်များမှထွက်သည့်သေးငယ်၍ဝိုင်းသော အရာတစ်မျိုး။

ဥယျာဉ်
အခန်းကြီး ၄ ၊ အခန်းငယ် ၁၂ ၏ အနက်ပြန်ဆိုချက်ကိုကြည့်ရန်။

သတိမရမှီ ငါ့ဝိညာဉ်သည် အမိနဒိပ်ရထားကို စီးသကဲ့သို့ ဖြစ်၏
ထိုချစ်သူသည် သူမည်မျှလောက်ပျော်ရွှင်သည်ကိုဖော်ပြဖို့ရန် ဤရုပ်ပုံကို အသုံးပြုခြင်းဖြစ်သည်။

Song of Solomon 13

ပြန်လာပါ။ ပြန်လာပါ
" ပြန်လာပါ " " ပြန်လာပါ " နှစ်ကြိမ်ဖော်ပြခြင်းသည် လေးနက်မှုကို ဖော်ပြခြင်းဖြစ်သည်။

ရှုမြင်
ခဏအတွင်း တစ်ခုခု စိုက်ကြည့်သည်

## Translation Questions

### Song of Solomon 6:1

ယေရုရှလင်မြို့သမီးတို့သည် မိန်းမပျိုလေးအား ဘာမေးခွန်းကို မေးမြန်းခဲ့သနည်း။
သူတို့သည်မိန်းမပျိုလေးအား သင်ချစ်ရာသခင်သည် အဘယ်အရပ်သို့ကြွတော်မူ၍၊ ဘယ်အရပ်သို့ လွှဲသွားတော်မူသည်ကို မေးမြန်းခဲ့ပါသည်။

မိန်းမပျိုလေးသည် ဘာကို ရှာဖွေချင်ခဲ့သနည်း။
မိန်းမပျိုလေးသည် သူမ၏ချစ်သခင်ကို ရှာဖွေချင်ခဲ့ပါသည်။

### Song of Solomon 6:2

မိန်းမပျိုလေးသည် သူမ၏ချစ်သခင် ဘာလုပ်လျက် ရှိနေသည်ဟု ပြောခဲ့သနည်း။
မိန်းမပျိုလေး ပြောခဲ့သည်မှာ နှင်းပွင့်ကို ဆွတ်ယူရန် ဥယျာဉ်တော်တွင် နံ့သာတောသို့ ဆင်းသွားတော်မူခဲ့သည်။

မိန်းမပျိုလေးနှင့် သူမချစ်သခင်တို့သည် မည်သူနှင့် သက်ဆိုင်သနည်း။
မိန်းမပျိုလေးနှင့် သူမချစ်သခင်တို့သည် တစ်ယောက်ကို တစ်ယောက် သက်ဆိုင်ကြသည်။

မိန်းမပျိုလေး၏ချစ်သူသည် မည်သည့်နေရာတွင် ကျက်စားတော်မူသနည်း။
မိန်းမပျိုလေး၏ချစ်သူသည် နှင်းတော၌ ကျက်စားတော်မူခဲ့သည်။

### Song of Solomon 6:4

မိန်းမပျိုလေး၏ချစ်သူသည် သူမကို ဖော်ပြရန်အတွက် မည်သည့်မြို့နှစ်မြို့ကို အသုံးပြုခဲ့သနည်း။
သူသည် တိရဇမြို့နှင့် ယေရုရှလင်မြို့နှစ်မြို့အား သူမကို ဖော်ပြရန် အသုံးပြုခဲ့သည်။

သူမ၏ချစ်သူသည် သူမနှင့်ပတ်သက်၍ မည်ကဲ့သို့ ခံစားခဲ့သနည်း။
သူသည် စစ်မျက်နှာကဲ့သို့ ကြောက်မက်ဘွယ်ဖြစ်သည်ဟု ခံစားခဲ့ပါသည်။

### Song of Solomon 6:5

အဘယ်ကြောင့် မိန်းမပျိုလေး၏ချစ်သူသည် သူမအား သူ့ထံမှ မျက်စိလွှဲစေချင်ခဲ့သနည်း။
မိန်းမပျိုလေး၏ချစ်သူသည် သူမအား သူ့ထံမှ မျက်စိလွှဲစေချင်ခဲ့သည်မှာ သူမ၏မျက်စိများသည် သူ့အား လွှမ်းမိုးသောကြောင့်ဖြစ်သည်။

မိန်းမပျိုလေး၏ချစ်သူသည် သူမ၏ဆံပင်များကို မည်ကဲ့သို့ ဖော်ပြခဲ့သနည်း။
မိန်းမပျိုလေး၏ချစ်သူသည် သူမ၏ဆံပင်များကို ဂိလဒ်တော်ပေါ်မှ ဆင်းလာသော ဆိတ်စုကဲ့သို့ဖြစ်သည်ဟု ဖော်ပြခဲ့ပါသည်။

### Song of Solomon 6:6

မိန်းမပျိုလေး၏ချစ်သူသည် သူမ၏သွားများကို မည်ကဲ့သို့ ဖော်ပြခဲ့သနည်း။
မိန်းမပျိုလေး၏ချစ်သူသည် သူမ၏သွားများကို ရေချိုးရာမှ တက်လာသော သိုးစုကဲ့သို့ဖြစ်သည်ဟု ဖော်ပြခဲ့ပါသည်။

မိန်းမပျိုလေး၏ချစ်သူသည် သူမ၏ပါးကို မည်ကဲ့သို့ ဖော်ပြခဲ့သနည်း။
မိန်းမပျိုလေး၏ချစ်သူသည် နားပန်းဆံကြားမှာ ပါးတို့သည် သလဲသီးရှက် နှင့် တူသည်ဟု ဖော်ပြခဲ့ပါသည်။

### Song of Solomon 6:8

မိန်းမပျိုလေး၏ချစ်သူသည် ထိုနေရာတွင် မည်မျှသော မိန်းမရှိသည်ဟု ပြောပြခဲ့သနည်း။
မိန်းမပျိုလေး၏ချစ်သူသည် ထိုနေရာတွင် မိဖုရားခြောက်ကျိပ်၊ မောင်းမမိဿံရှစ်ကျိပ်၊ အပျိုတော်အတိုင်းမသိ ရှိကြသည်ဟု ပြောပြခဲ့သည်။

မိန်းမပျိုလေး၏ချစ်သူသည် သူ၏ချိုးကို မည်သို့ ဖော်ပြခဲ့သနည်း။
မိန်းမပျိုလေး၏ချစ်သူက သူ၏စုံလင်သူသည် သူ၌တပါးတည်းရှိ၍ ဘွားမြင်သောမိခင်၌ အချစ်ဆုံးသောသမီးဖြစ်သည်ဟု သူ၏ချိုးအား ဖော်ပြခဲ့ပါသည်။

မိဖုရားများနှင့် မောင်းမမိဿံများတို့သည် သူမကိုတွေ့သောအခါ ဘာပြောခဲ့ကြသနည်း။
မိဖုရား များနှင့် မောင်းမမိဿံများတို့သည် သူမကိုချီးမွမ်းကြပါသည်။

Song of Solomon 6:10

မိန်းမပျိုလေး၏ချစ်သူသည် သူမကို မည်ကဲ့သို့ ဖော်ပြခဲ့သနည်း။
မိန်းမပျိုလေး၏ချစ်သူသည် သူမကို လကဲ့သို့ တင့်တယ်လျက်၊ နေကဲ့သို့ ထွန်းလင်း လျက်၊ စစ်မျက်နှာကဲ့သို့ ကြောက်မက်ဘွယ်ဖြစ်သည်ဟု ဖော်ပြခဲ့ပါသည်။

Song of Solomon 6:11

မိန်းမပျိုလေး၏ချစ်သူသည် ချိုင့်ထဲရှိ သစ်သီးများကို ကြည့်ရန် အဘယ်ကြောင့် သွားခဲ့သနည်း။
မိန်းမပျိုလေး၏ချစ်သူသည် ချိုင့်ထဲရှိ သစ်သီးများကို ကြည့်ရန် သွားခဲ့ရခြင်းမှာ စပျစ်နွယ်ပင်များ သန်သည်မသန်သည်ကိုလည်းကောင်း၊ သလဲပင်များ ပွင့်သည် မပွင့်သည်ကိုလည်းကောင်း ကြည့်ရန် ဖြစ်သည်။

မိန်းမပျိုလေး၏ချစ်သူသည် မည်ကဲ့သို့ ခံစားခဲ့သနည်း။
မိန်းမပျိုလေး၏ချစ်သူသည် အမိနဒိပ်ရထားကို စီးသကဲ့သို့ ခံစားခဲ့ရသည်။

Song of Solomon 6:13

မိန်းမပျိုလေး၏ချစ်သူသည် သူမအား ဘာကိုလုပ်စေချင်ခဲ့သနည်း။
မိန်းမပျိုလေး၏ချစ်သူသည် သူမကို သူ့ဆီသို့ပြန်လာစေချင်ခဲ့သည် ။

မိန်းမပျိုလေး၏ချစ်သူသည် အဘယ်ကြောင့် သူမကို သူ့ဆီသို့ပြန်လာစေချင်ခဲ့သနည်း ။
မိန်းမပျိုလေး၏ချစ်သူသည် သူမကို သူ့ဆီသို့ပြန်လာစေလိုခဲ့ခြင်းမှာ သူသည် သူမကိုတစိမ့်စိမ့်ကြည့်နေ့ဖို့ ဖြစ်သည်။

မိန်းမပျိုလေးသည် မိမိအကြောင်းကို မည်ကဲ့သို့ ပြောခဲ့သနည်း။
မိန်းမပျိုလေးသည် မိမိအကြောင်းကို ဖော်ပြသည်မှာ မိမိသည် အတန်းအစားနှစ်ခုကြားတွင်ကနေသော ကချေသည်ကဲ့သို့ ပြည့်စုံသော မိန်းမဖြစ်သည်။

## Chapter 7

1 အိုမင်းသမီး၊ ခြေနင်းစီးလျက်၊ သင်၏ခြေတို့ သည် အလွန်တင့်တယ်ပါ၏။ သင်၏ခါးဆစ်တို့သည် လိမ္မာသောသူ
ပြုပြင်သောကျောက်ကောင်းရတနာကဲ့သို့ ဖြစ်ကြပါ၏။ 2 သင်၏ခါးသည် အရည်နှင့်ပြည့်သော ဖလားလုံး ဖြစ်ပါ၏။ ဝမ်းသည်လည်း
နှင်းပန်းစီချယ်သော စပါးပုံ ဖြစ်ပါ၏။ 3 သင်၏ရင်သားနှစ်ဘက်တို့သည် ဒရယ်သငယ် အမွှာနှင့် တူကြပါ၏။ 4
လည်ပင်းသည်ဆင်စွယ်ရဲတိုက် ကဲ့သို့၎င်း၊ မျက်စိတို့သည် ဟေရှဘုန်မြို့၊ ဗာသရဗ္ဗိမ်တံခါးနားမှာ ရှိသောရေကန်ကဲ့သို့၎င်း၊
နှာခေါင်းသည် ဒမာသက်မြို့သို့ မျက်နှာပြုသော လေဗနုန်ရဲတိုက်ကဲ့သို့၎င်း ဖြစ်ပါ၏။ 5 သင်၏ဦးခေါင်းသည် ကရမေလတောင်နှင့်
တူ၍၊ ဆံပင်သည်လည်း နီမောင်းသော တန်ဆာဆင်ပါ ၏။ မင်းကြီးသည် ကျစ်သောဆံပင်နှင့် နှောင်ဖွဲ့လျက် ရှိတော်မူ၏။ 6
ငါချစ်သောနှမ၊ ငါပျော်မွေ့ဘို့ရာ သင်သည် အလွန်လှပေ၏။ အလွန်ချစ်ဘွယ်သော လက္ခဏာနှင့် ပြည့်စုံပေ၏။ 7 သင်၏အရပ်သည်
စွန်ပလွံပင်ကဲ့သို့ဖြစ်၍၊ သင်၏ရင်သားတို့လည်း စွန်ပလွံသီးပြွတ်နှင့်တူကြ၏။ 8 စွန်ပလွံပင်ကို ငါတက်မည်၊ အကိုင်းအခက် တို့ကို
ကိုင်မည်ဟု ငါဆိုသော်၊ တဖန်သင်၏ရင်သားတို့ သည် စပျစ်သီးပြွတ်ကဲ့သို့၎င်း၊ သင်ရှူသောအသက်အနံ့ သည်
ရှောက်ချိုသီးအနံ့ကဲ့သို့၎င်း၊ 9 သင်၏နှုတ်သည်လည်း အကောင်းဆုံးသော စပျစ်ရည်ကဲ့သို့၎င်း ဖြစ်၏။ 10 ငါချစ်ရာသခင်သည်
ငါ့ကိုဆိုင်တော်မူ၏။ ငါ့အလိုသို့လည်း လိုက်တော်မူတတ်၏။ 11 ကြွလာတော်မူပါ၊ ငါချစ်ရာသခင်။ ကြွလာတော် မူပါ။ တောအရပ်သို့
ထွက်သွား၍ ရွာတို့၌ ညဉ့်ကိုလွန်စေ ကြကုန်အံ့။ 12 နံနက်စောစောထ၍ စပျစ်ဥယျာဉ်သို့သွားကြ ကုန်အံ့။ စပျစ်နွယ်ပင်
သန်သည်မသန်သည်ကို၎င်း၊ အပွင့်များသည် မများသည်ကို၎င်း၊ သလဲပင်ပွင့်သည် မပွင့်သည်ကို၎င်း၊ ကြည့်ရှုကြကုန်အံ့၊ ထိုအရပ်၌
ကျွန်မ၏ မေတ္တာကို ကိုယ်တော်၌ အပ်ပေးပါမည်။ 13 အနုဆေးပင်တို့သည် မွှေးကြိုင်ကြပါ၏။ ငါတို့ တံခါးနားမှာ ချိုသောအသီးမျိုး
အသစ်အဟောင်းတို့ကို ကိုယ်တော်ဘို့ ကျွန်မသိုထားပါပြီ၊ ငါချစ်ရာသခင်။ ထိုစပျစ်ရည်သည် ငါချစ်ရာသခင်အဘို့ ဖြောင့် စွာ
စီးတတ်ပါ၏။ အိပ်ပျော်သောသူတို့၏ နှုတ်ခမ်းသို့ အမှတ်တမဲ့ ရောက်တတ်ပါ၏။

---

Song of Solomon 01

အိုမင်းသမီး
ထိုမိန်းမသည်
တော်ဝင်အမျိုးမှာဆက်သက်လာသောသူမဟုတ်သော်လည်း
သူမ၏ နေပုံထိုင်ပုံသည် မင်းသမီးတစ်ယောက် ပုံပေါ်နေသည်။
အခြားသောဘာသာပြန်ဆိုချက် - "
မြင့်မြတ်သောလက္ခဏာရှိသည်" သို့ " သင်သည်
တပ်မက်ဖွယ်ကောင်းသောသူ"

အိုမင်းသမီး၊ ခြေနင်းစီးလျက်၊ သင်၏ခြေတို့ သည် အလွန်တင့်တယ်ပါ၏
၎င်းသည် အခန်းကြီး ၆ ၊ အငယ် ၁၃ ကို
သွယ်ဝိုက်ညွှန်းပြခြင်းဖြစ်ပြီး ထိုမိန်းမ၏ချစ်သူသည်
သူမကနေသကဲ့သို့ ဖော်ပြနေခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက် - သင်ကသကဲ့သို့
ခြေနင်းစီးလျက်ရှိသောသင့်ခြေသည် အလွန်လှပနေသည်။

သင်၏ခါးဆစ်တို့သည် လိမ္မာသောသူ
ပြုပြင်သောကျောက်ကောင်းရတနာကဲ့သို့ ဖြစ်ကြပါ၏။
ထိုမိန်းမ၏ ပေါင်တံသည်
ကျွမ်းကျင်ထုထွင်းတတ်သောသူလက်မှတန်ဖိုးကြီးသောကျောက်တုံးကို
အသုံးပြု၍ သေသပ်လှပစွာထုထွင်းထားသော ကျောက်တိုင် နှင့်
တူသည်။

ခါးဆစ်
"ခါးဆစ်" ဟူသောစကားလုံးသည် ထိုမိန်းမ၏ တင်ပါး နှင့်
ပေါင်းကိုဆိုလိုသည်။

Song of Solomon 02

ယေဘယျ အချက်အလက်
ထိုမိန်းမပျို၏ ချစ်သူသည် သူချစ်သောသူအကြောင်းကို
ဆက်လက်ဖော်ပြနေသည်။

သင်၏ခါးသည် အရည်နှင့်ပြည့်သော ဖလားလုံး ဖြစ်ပါ၏
ထိုမိန်းမ၏ချက်သည် ဖလားကဲ့သို့ လှပသည်။

အရည်နှင့်ပြည့်သော
လူတို့သည် ပွဲတစ်ခုအတွက် စပျစ်ရေ နှင့် ရေ (သို့) နှင်းတို့ကို
ဖျော်ဖို့ရန် ကြီးသော ဇလုံကို အသုံးပြုသည်။ လူတို့သည် ပွဲ၌
စပျစ်ရည် သောက်လျက်ရှိသည်။
အခြားသောဘာသာပြန်ဆိုချက် -" ၎င်း၏လှပမှုနှင့်
အမြဲတမ်းပျော်မွေ့ပါရစေ။" သို့ " သူတို့သည် ၎င်း၏လှပမှုနှင့် အ
မြဲတမ်းပျော်မွေ့ပါရစေ။"

ဝမ်းသည်လည်း နှင်းပန်းစီချယ်သော စပါးပုံ ဖြစ်ပါ၏
သူတို့သည် စပါး၏အရောင်သည် အသားအရေ၏
အလှဆုံးအရောင်ဖြစ်ပြီး စပါးပုံဟာလည်း
အလွန်လှပသည်ဟုထင်ကြသည်။
အခြားသောဘာသာပြန်ဆိုချက် - " သင်၏ ဝမ်းဗိုက်သည်
လှသောအရောင်ရှိပြီး စပါးကဲ့သို့ လုံးဝန်းသည်။"

နှင်းပန်းများ
ပန်းများ ထဲမှ ပန်းတစ်မျိုး။


generated on Tue Jul 2 12:50:28 2024

နှင်းပန်းစီချယ်သော
ထိုလှပသောပန်းသည် စပါးပုံကို ပို၍လှစေသကဲ့သို့ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - ၎င်းကို နှင်းပန်းများဝိုင်းထားလျက်ရှိသည်။

စပါးပုံ
စပါးကိုလှေ့ပြီး ပုံထားသည့်အရာဖြစ်သည်။

Song of Solomon 03

ယေဘုယျအချက်အလက်
ထိုမိန်းမပျို၏ ချစ်သူသည် သူချစ်သောသူအကြောင်းကို ဆက်လက်ဖော်ပြနေသည်။

သင်၏ရင်သားနှစ်ဘက်တို့သည် ဒရယ်သငယ် အမွှာနှင့် တူကြပါ၏
အခန်းကြီး ၄ ၊ အငယ် ၄ ၏ ဘာသာပြန်ဆိုချက်ကိုကြည့်ရန်။

လည်ပင်းသည်ဆင်စွယ်ရဲတိုက် ကဲ့သို့၎င်း
ထိုချစ်သူသည် သူမကို ဆင်စွယ်ရဲတိုက်နှင့် ခိုင်းနှိုင်းထားသည်။

ဆင်စွယ်
အရိုးနှင့်တူသော တိရစ္ဆာန်တို့၏ ဖြူသောသွား (သို့)အစွယ် ။ လူများသည် ပြောင်မြောက်သော အနုပညာလက်ရာကို ဆင်စွယ်ဖြစ်ပြုလုပ်ကြသည်။

မျက်စိတို့သည် ဟေရှဘုန်မြို့၊ ဗာသရဗ္ဗိမ်တံခါးနားမှာ ရှိသောရေကန်ကဲ့သို့၎င်း၊
အခြားသောဘာသာပြန်ဆိုချက် - သင်၏မျက်စိသည် ဟေရှဘုန်မြို့ ၌ရှိသောရေကန် ကဲ့သို့ ကြည်လင်သည်။

ဟေရှဘုန်မြို့
ယော်ဒန်မြို့ အရှေ့ဘက်၌ ရှိသော မြို့တစ်မြို့၏နာမည်။

ဗာသရဗ္ဗိမ်
မြို့တစ်မြို့၏ နာမည်။

ဒမာသက်မြို့သို့ မျက်နှာပြုသော
လူတို့ကို ဒမာသက်မြို့သို့ ရှုမြင်စေသည်။

နှာခေါင်းသည် ဒမာသက်မြို့သို့ မျက်နှာပြုသော လေဗနုန်ရဲတိုက်ကဲ့သို့၎င်း ဖြစ်ပါ၏။
သူမ၏ နှာခေါင်းသည် ထိုရဲတိုက်ကဲ့သို့ ရှည်၍ ဖြောင့်သည်။

Song of Solomon 05

ယေဘုယျ အချက်အလက်
ထိုမိန်းမပျို၏ ချစ်သူသည် သူချစ်သောသူအကြောင်းကို ဆက်လက်ဖော်ပြနေသည်။

သင်၏ဦးခေါင်းသည် ကရမေလတောင်နှင့် တူ၍
ထိုမိန်းမကို ၎င်း၏ဘေး၌ရှိသော တောင်တွေထက်မြင့်သော ကရမေလတောင် နှင့် နှိုင်းယှဉ်ထားသည်။

နီမောင်းသော
ဖြစ်နိုင်သောအနက်ဖွင့်ချက်များ ။ ၁ ။ "အမည်းရင့်" (သို့) " အနီရင့် " ။

မင်းကြီးသည် ကျစ်သောဆံပင်နှင့် နှောင်ဖွဲ့လျက် ရှိတော်မူ၏
အခြားသောဘာသာပြန်ဆိုချက် - ကျစ်လျက်ရှိသောသင့်ဆံပင်၏လှပမှုသည် ထိုမင်းကြီးကို မခံမရပ်နိုင်အောင်ဆွဲဆောင်နေသည်။

ကျစ်သောဆံပင်
မိန်းကလေးတစ်ယောက်၏ ဦးခေါင်းမှ ကျလာသော ဆံပင်၏အပြွတ်။ ဤစကားလုံးကို ဆံပင်များ (သို့) အခွေအလိပ်များ (သို့) ဆံနွယ်ခွေများ ဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါသည်။

Song of Solomon 07

ယေဘုယျအချက်အလက်များ
ထိုချစ်သူသည် သူချစ်သောသူနှင့် ဘယ်လိုနေချင်ကြောင်းကို ဖော်ပြနေသည်။

သင်၏အရပ်သည် စွန်ပလွံပင်ကဲ့သို့ဖြစ်၍၊
"သင်သည် စွန်ပလွံပင်ကဲ့သို့ ရပ်လျက်နေသည်။ " ထိုမိန်းမသည် အရပ်လည်းမြင့်၊ မတ်လည်းမတ်သောကြောင့် စွန်ပလွံပင်ကဲ့သို့ ဆွဲဆောင်မှုရှိသည်။

စွန်ပလွံပင်
စွန်ပလွံပင်သည် မြင့်၍ဖြောင့်သောအပင်ဖြစ်ပြီး ချိုသောအညိုရောင်အသီး ပြီး စေးကပ်သောအသီး ကို အခိုင်းလိုက်သီးသော အပင်ဖြစ်သည်။

သင်၏ရင်သားတို့လည်း စွန်ပလွံသီးပြွတ်နှင့်တူကြ၏
စွန်ပလွံပင်၏ အသီးသည် အသီး များစွာသီးပြီး လှသော အခိုင်ဖြင့်သီးသည်။

စွန်ပလွံပင်ကို ငါတက်မည်၊
ထိုယောကျ်ားသည် ထိုမိန်းမကို ကိုင်ဖက်ချင်သည်။

တဖန်သင်၏ရင်သားတို့ သည် စပျစ်သီးပြွတ်ကဲ့သို့၎င်း
ထိုယော်ကျ်ားသည် သစ်သီးရည်နှင့်ပြည့်သောစပျစ်သီးကဲ့သို့တောက်ပြီး ပျော့သော သူမ၏ ရင်သားကို ကိုင်ချင်သည်။

သင်ရှူသောအသက်အနံ့ သည် ရှောက်ချိုသီးအနံ့ကဲ့သို့၎င်း၊
သင်၏နှာခေါင်းမှထွက်လာသောလေသည် ရှောက်ချိုသီးကဲ့သို့ချိုမွှန်သည်။

ရှောက်ချိုသီး
ရှောက်ချိုသီးဟူသောဝေါဟာရသည် အရသာကောင်းခြင်း ၊ ဝါသောအရောင်နှင့် ချိုသောအသီး၏ အပိုင်း တို့ကို ရည်ညွှန်းသည်။


generated on Tue Jul 2 12:50:28 2024

Song of Solomon 09

ယေဘုယျအချက်အလက်
ထိုချစ်သူသည် သူ၏ချစ်သူနှင့်ဘာလုပ်ချင်ကြောင်းကို ဆက်လက်တင်ပြနေခြင်းဖြစ်သည်။

သင်၏နှုတ်သည်လည်း အကောင်းဆုံးသော စပျစ်ရည်ကဲ့သို့ဋင်း ဖြစ်၏။
အခြားသောဘာသာပြန်ဆိုချက် - ( အကောင်းဆုံးသောစပျစ်ရည်ကဲ့သို့ သင်၏နုတ်ကို မြည်းစမ်းချင်သည်။

Song of Solomon 10

ငါချစ်ရာသခင်သည် ငါ့ကိုဆိုင်တော်မူ၏
ငါချစ်ရာသခင်သည် ငါ့ကိုဆိုင်တော်မူ၏ ဘာသာပြန်ဆိုချက်ကိုကြည့်ရန်။

ငါ့အလိုသို့လည်း လိုက်တော်မူတတ်၏
" သူသည် ငါ့ကို သဲကြီးမဲကြီး အသဲစွဲသည်။ (သို့) သူသည်ငါ့ကို လိုချင်သည်။"

Song of Solomon 12

ယေဘုယျအချက်အလက်
ထိုမိန်းမသည် သူမ၏ချစ်သူကို ဆက်လက်စကားပြောနေသည်။

နံနက်စောစောထ၍
"စောစောထသည်" သို့ " စောစောနိုးသည်"

သန်သည်
"ပန်းပွင့်ချိန်၏အစ"

ပွင့်
ပန်းများပွင့်သောအချိန်ဖြစ်သည်။

ပွင့်သည်
အပင်ပေါ်၌ ပန်းများရှိသည်။

ကျွန်မ၏ မေတ္တာကို ကိုယ်တော်၌ အပ်ပေးပါမည်။
ငါ့၏အချစ်ကိုသင်အားပြလိမ့်မည်။ သို့ " သင်နှင့်ချစ်တင်းနှောမည်။

Song of Solomon 13

ယေဘုယျအချက်အလက်
ထိုမိန်းမသည် သူမ၏ချစ်သူကို ဆက်လက်စကားပြောနေသည်။

အနုဆေးပင်
ပြင်းသောအနံ့ရှိသော်လည်း နှစ်သက်ဖွယ်ကောင်းသော ရနံ့ကိုပေးသော အပင်တမျိုး၏နာမည်ဖြစ်သည်။ထိုရနံ့သည် အနည်းငယ်ယစ်မူးစေခြင်းနှင့် နှိုးဆွပေးခြင်း ဖြစ်ပေါ်စေပြီး ကာမစိတ်ကို တိုးမြင့်ပေးသည်။

မွှေးကြိုင်ကြပါ၏
၎င်း၏ရနံ့ကို ထုတ်လွှင့်ပေးသည်။

တံခါးနားမှာ
၎င်းသည် သူတို့၏ အိမ်တံခါးကို ရည်ညွှန်းခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - " ငါတို့အိမ်ထွက်ပေါက်အပေါ်၌" သို့ " ငါတို့တံခါးများအနားမှာ"

ချိုသောအသီးမျိုး အသစ်အဟောင်း
" အကောင်းဆုံးသော အသီးမျိုးစုံ ၊ သစ်သီးအသစ်နှင့် သစ်သီးအဟောင်း "

ကိုယ်တော်ဘို့ ကျွန်မသိုထားပါပြီ
သင့်အတွက်သိမ်းထားသည်။ သို့ သင့်အတွက် လုံလုံခြုံခြုံထားသည်။

---

## Translation Questions

Song of Solomon 7:1

ရှောလမုန်သည် ခြေနင်းစီးသည့်အချိန် သူ့ချစ်သူမိန်းကလေး၏ခြေ နှင့် သူမ၏ပေါင်ခွေများကို မည်သို့ ဖော်ပြခဲ့သနည်း?
ခြေနင်းစီးသည့်အချိန် မိန်းကလေး၏ခြေသည် အလွန်လှပ၍ သူမ၏ပေါင်ခွေများသည် လက်ဝတ်ရတနာများကဲ့သို့ဖြစ်သည်ဟု သူဖော်ပြသည်။

Song of Solomon 7:2

ရှောလမုန်သည် သူ့ချစ်သူမိန်းကလေး၏ချက် နှင့် ဝမ်းဗိုက်များကို မည်သို့ ဖော်ပြခဲ့သနည်း?
ချက်သည် ဝိုင်ဖြင့်အမြဲပြည့်သောဖလားကဲ့သို့ဋင်း၊ သူမ၏ဝမ်းဗိုက်သည် ပန်းများဝိုင်းရံသော တောင်ပူစာကဲ့သို့ဖြစ်သည်ဟု တင်စားလေသည်။

Song of Solomon 7:3

ရှောလမုန်သည် သူ့ချစ်သူမိန်းကလေး၏ ရင်သားနှစ်ဘက်ကို မည်သို့ ဖော်ပြခဲ့သနည်း?
သူမ၏ရင်းသားနှစ်ခုသည် သမင်ပျိုကဲ့သို့ဋင်း၊ ဂဇဲအမွာကဲ့သို့ဖြစ်သည် ဟုတင်စားသည်။

ရှောလမုန်သည် သူ့ချစ်သူမိန်းကလေး၏ လည်၊ မျက်လုံးနှင့် နှာခေါင်းကို မည်သို့ ဖော်ပြခဲ့သနည်း?

သူမ၏လည်သည် ဆင်စွယ်တိုက်ကဲ့သို့၎င်း၊ မျက်လုံးများသည် ရေအိုင်ကဲ့သို့၎င်း၊ နှာခေါင်းသည် လေဗနုန်တောင်ရဲတိုက်ကဲ့သို့ ဖြစ်သည်ဟု တင်စားသည်။

Song of Solomon 7:5

ရှောလမုန်သည် သူ့ချစ်သူမိန်းကလေး၏ ခေါင်းနှင့်ဆံပင်များကို မည်သို့ ဖော်ပြခဲ့သနည်း?

သူမ၏ခေါင်းသည် ကရမေလတောင်ကဲ့သို့ဖြစ်၍၊ သူမ၏ဆံပင်သည် နက်ပါသည်ဟု တင်စားသည်။

Song of Solomon 7:7

ရှောလမုန်သည် သူ့ချစ်သူမိန်းကလေးနှင့် သူမ၏ရင်သားကို မည်သို့ ဖော်ပြခဲ့သနည်း?

သူမသည် စွန်ပလွံကဲ့သို့၎င်း၊ သူမ၏ရင်သားများသည် သစ်သီးပုံကဲ့သို့ဖြစ်သည် ဟုတင်စားလေသည်။

သူသည် သူ့ချစ်သူမိန်းကလေး၏ရင်သားနှင့် အသက်ရှူခြင်းကို မည်သို့ဖြစ်စေလိုသနည်း?

သူ့ချစ်သူမိန်းကလေး၏ရင်သားများကို စပျစ်ခိုင်များနှင့်တူစေလို၍ သူမ၏အသက်ရှူခြင်းကို ဆီးသီးတစ်မျိုးကဲ့သို့ချိုမြိန်စေလိုသည်။

Song of Solomon 7:9

သူသည် သူ့ချစ်သူမိန်းကလေး၏ နှုတ်ခမ်းကို ဘာနှင့်တူစေလိုသနည်း?

သူမ၏နှုတ်ခမ်းကို အကောင်းဆုံးဝိုင်နှင့်တူစေလိုသည်။

Song of Solomon 7:10

မိန်းကလေးသည် မည်သူနှင့်ဆိုင်၍ မည်သူသည် သူမကို အလိုရှိသနည်း?

မိန်းကလေးသည် သူမချစ်သူနှင့်ဆိုင်၍ သူမချစ်သူက သူမကိုအလိုရှိသည်။

မိန်းကလေးသည် သူမချစ်သူနှင့်အတူ မည်သည့်နေရာသို့ သွားလိုသနည်း?

သူမသည် သူမချစ်သူနှင့်အတူ ကျေးလက်ဒေသများသို့သွား၍ ရွာများတွင် ညအိပ်လိုသည်။

Song of Solomon 7:12

အဘယ်ကြောင့် မိန်းကလေးသည် သူမချစ်သူကို စောစောထစေလိုသနည်း?

မိန်းကလေးက စပျစ်ခြံရှိစပျစ်ပင်များနှင့် သလဲသီးတို့သည် အဖူးငုံမငုံကိုကြည့်ရှုဖို့ရန် သူမချစ်သူကို စောစောထစေလိုသည်။

စပျစ်ခြံသို့ရောက်လျှင် မည်သည့်အရာကို သူမချစ်သူအားပေးမည်ဟု မိန်းကလေး ပြောသနည်း?

သူမသည် သူ့ချစ်သူကို မေတ္တာပေးမည်ဟု ပြောသည်။

Song of Solomon 7:13

အိပ်ဆေးဖော်ပင် များသည် မည်သို့လုပ်လိမ့်မည်ဟု မိန်းကလေး ပြောသနည်း?

အိပ်ဆေးဖော်ပင်များသည် ရနံ့ကြွလိမ့်မည်ဟု သူမပြောသည်။

သူမနှင့်သူမချစ်သူတို့နေသော တံခါးနားတွင် ဘာရှိသည်ဟု မိန်းကလေးပြောသနည်း?

သူတို့နေသောတံခါးနားတွင် သူမစုဆောင်းထားသော ရွေးချယ်စရာအသီးအနှံ အသစ်အဟောင်းများ ရှိသည်ဟု သူမက ပြောသည်။

## Chapter 8

1 ကိုယ်တော်သည် ကျွန်မ၏ မိခင်နို့ကိုစို့သော မောင်ရင်းကဲ့သို့ ဖြစ်စေချင်ပါ၏။ သို့ဖြစ်လျှင်၊ ကျွန်မ သည် ပြင်မှာတွေ့၍
နမ်းပါလိမ့်မည်။ သူတပါးမကဲ့ရဲ့ရ။ 2 ကိုယ်တော်ကို လက်ဆွဲ၍၊ မိခင်၏အိပ်ခန်းထဲသို့ ဆောင်သွားပါလိမ့်မည်။ သူသည်လည်း
ကျွန်မကို သွန်သင်သဖြင့်၊ ကျွန်မသည်ဆေးရောသော စပျစ်ရည် နှင့် ကျွန်မသလဲရည်ကို ကိုယ်တော်အား သောက်တော် မူပါစေမည်။ 3
သခင်၏ လက်ဝဲလက်သည် ငါ့ခေါင်းကိုထောက် မလျက်၊ လက်ျာလက်သည် ငါ့ကိုဘက်လျက် နေတော် မူပါစေ။ 4
ယေရုရှလင်မြို့သမီးတို့၊ ငါချစ်သောသတို့သမီး သည် အလိုလိုမနိုးမှီတိုင်အောင်၊ မလှုပ်မနှိုးမည် အကြောင်း၊ တော်၌ကျင်လည်သော
သမင်ဒရယ်များကို တိုင်တည်၍ သင်တို့ကို ငါ့မှာထာ၏။ 5 မိမိချစ်ရာသခင်၌ မြှောင်၍တောထဲက လာ သောထိုသူကား၊ အဘယ်သူ
ဖြစ်ပါလိမ့်မည်နည်း။ 6 ကျွန်မကို ကိုယ်တော်၏နှလုံးပေါ်မှာ တံဆိပ် ခတ်တော်မူပါ။ လက်ရုံးတော်ပေါ်မှာ တံဆိပ်ခတ်တော် မူပါ။
အကြောင်းမူကား၊ မေတ္တာသည် သေခြင်းနှင့်အမျှ တန်ခိုးကြီးပါ၏။ ခင်ပွန်းကို မယုံသော စိတ်သဘောသည် မရဏာနိုင်ငံနှင့်အမျှ
ခက်ထန်ပါ၏။ သူ၏အရှိန်သည် မီးအရှိန်၊ လျှပ်စစ်အရှိန်ဖြစ်ပါ၏။ 7 သို့ရာတွင်၊ ရေများတို့သည် မေတ္တာကို မသတ် နိုင်။
မြစ်ရေတို့သည် မလွှမ်းမိုးနိုင်။ လူသည် မိမိအိမ်၌ ရှိသမျှသော ပစ္စည်းဥစ္စာတို့ကို မေတ္တာဘိုးပေးချင်သော် လည်း၊
အလွန်တရာမထီမဲ့မြင်ပြုခြင်းကို ခံရလိမ့်မည်။ 8 ငါတို့၌ ညီမငယ်တယောက်ရှိ၏။ သူသည် သားမြတ်မပေါ်သေး။ ထိုညီမကို
တောင်းသောအခါ၌၊ သူ့အဘို့အဘယ်သို့ ပြု့ရပါမည်နည်း။ 9 သူသည်မြို့ရိုးဖြစ်လျှင်၊ သူ့အပေါ်မှာငွေပြအိုးကို ဆောက်မည်။
တံခါးဖြစ်လျှင် အာရဇ်ပျဉ်ပြားဖြင့် ခိုင်ခံ့ စေမည်။ 10 ငါသည်မြို့ရိုးဖြစ်၏။ ငါ့သားမြတ်တို့သည် ပြအိုး ကဲ့သို့ ဖြစ်ကြ၏။ သို့ဖြစ်၍၊
ရှေ့တော်၌ မျက်နှာရသော ကျေးဇူးရှိ၏။ 11 ဗာလဟာမုန်ပြည်၌ ရှောလမုန်မင်း၏ စပျစ် ဥယျာဉ်တဆူရှိ၏။ ဥယျာဉ်စောင့်တို့၌
ငှါးသဖြင့် သူတို့ သည် အသီးကို စားရသည်အတွက် ငွေတထောင်စီ ဆက်ရကြ၏။ 12 ငါပိုင်သောစပျစ်ဥယျာဉ်သည် ငါ့ရှေ့မှာရှိ၍၏။
အိုရှောလမုန်၊ ငွေတထောင်ကို ကိုယ်တော်အားဆက်၍ အသီးသီးစောင့်သော သူတို့သည် နှစ်ရာကိုယူရကြ၏။ 13
ဥယဉ်တို့၌နေသောသူ။ သင်၏စကားသံကို သင်၏ အပေါင်း အဘော် တို့သည် နားထောင် တတ်ကြ၏။ ငါသည်လည်းကြားပါရစေ။ 14
အလျင်အမြန် ကြွလာတော်မူပါ၊ ငါချစ်ရာ သခင်။ နံ့သာတောင်ပေါ်မှာ သမင်ဒရယ်သငယ်ကဲ့သို့ ပြုတော်မူပါ။

---

Song of Solomon 01

ယေဘုယျအချက်အလက်
(ရှု - and )

ကိုယ်တော်သည်မောင်ရင်းကဲ့သို့ ဖြစ်စေချင်ပါ၏
ထိုမိန်းမသည် သူမ၏မောင်ရင်းအပေါ်၌ထားရှိသော ချစ်ခြင်းကို အများပြည်သူရှေ့ တွင်ပြသနိုင်သကဲ့သို့ သူမ၏ချစ်သူအပေါ်၌လည်း ဤကဲ့သို့ပြနိုင်ကြောင်း ဆန္ဒပြုပါသည်။

ပြင်မှာ
" အများပြည်သူရှေ့မှာ "

နမ်းပါလိမ့်မည်
ထိုမိန်းမသည် သူ၏မောင်ကိုနှုတ်ဆက်ဖို့ရန် သူ၏ပါးပြင်ပေါ်၌ နမ်းခြင်းဖြစ်နိုင်လိမ့်မည်။

မကဲ့ရဲ့ရ
ငါ့ကိုအရှက်ရစေလိမ့်မည်။

Song of Solomon 02

ယေဘုယျအချက်အလက်
ထိုမိန်းမသည် သူမ၏ချစ်သူကို ဆက်လက်စကားပြောနေသည်။

ကိုယ်တော်ကို လက်ဆွဲ၍၊ မိခင်၏အိပ်ခန်းထဲသို့ ဆောင်သွားပါလိမ့်မည်
ထိုချစ်သူသည် သူမ၏မောင်ဖြစ်လျှင် ၊ သူမသည်သူကို သူတို့မိသားစုဆီသို့ ခေါ်သွားနိုင်းသည်။ ဤသည် ထိုချိန်၏ ယဥ်ကျေးမှု၏ သဘာဝနှင့် အခုခေတ်၏ချို့နေရာ လည်း ယင်းကဲ့သို့ဖြစ်နေဆဲဖြစ်သည်။

သွန်သင်သဖြင့်၊
ဤစာကြောင်းကို " သူမသည် ငါ့ကို သွန်သင်လိမ့်မည်ဟု " ဘာသာပြန်ဆိုနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ထိုမိန်းမသည် သံဝါသပြုရာ၌ အတွေ့အကြုံမရှိသောကြောင့် သူမ၏ချစ်သူ (သို့) သူမ၏မိခင်သည် သူမကို မည်ကဲသို့သံဝါသပြုမည်ကိုသင်ပေးလိမ့်မယ်ဟု စိတ်ကူးနေသည်။

ကျွန်မသည်ဆေးရောသော စပျစ်ရည် နှင့် ကျွန်မသလဲရည်ကို ကိုယ်တော်အား သောက်တော် မူပါစေမည်။
ထိုမိန်းမသည်သူမ၏ချစ်သူနှင့်သံဝါသပြုမည့်အကြောင်းကိုဖော်ပြရန် ဤရုပ်ပုံကိုအသုံးပြု သည်။

စပျစ်ရည်
"အမွှေးကြိုင်များထည့်သည့် စပျစ်ရည်" ကိုဆိုလိုသည်။ အချစ်နဲ့စွဲစွဲလမ်းလမ်းရှိသည်ကိုကိုယ်စားပြုသည်။ (ရှု၊ figs metaphor)



generated on Tue Jul 2 12:50:28 2024

သလဲရည်
ထိုမိန်းမသည် မိမိကိုယ်ကိုယ်ကို သလဲသီးမှရသောအဆီအနှစ်နှင့်ပြည့်စုံသော မွေးကြိုင်သောအရည်နှင့် တင်စားထားသည်။

လကျာလက်သည် ငါ့ကိုဘက်လျက် နေတော် မူပါစေ
အခန်းကြီး ၂၊ ၅ ။ "သင်၏ လက်ဝဲဘက်သည် ငါ့ခေါင်းကို ထောက် မလျက်၊ လကျာ်းလက်သည် ငါ့ကိုဘက်လျက်နေတော်မူပါစေ။" ၏ဘာသာပြန်ဆိုချက်ကိုကြည့်ပါ။

## Song of Solomon 04

ယေရုရှလင်မြို့သမီးတို့ . . . . ငါ့မှာထား၏
" ယေရုရှလင်၏ မိန်းမပျို"။ဤမိန်းမပျိုများက ပြောနေသောသူမအသံကို မကြားရ၊ ထိုနေရာတွင် မရှိကြသော်လည်း၊ မိန်းမပျိုများကြားနေ၍ရှိနေသကဲ့သို့ ဆိုထားပါသည်။

## Song of Solomon 05

ယေဘုယျအချက်အလက်
အပိုင်း၆ ၊ နောက်ဆုံးပိုင်းကိုဤနေရာတွင်အစပြုသည်။

လာ သောထိုသူကား၊ အဘယ်သူ ဖြစ်ပါလိမ့်မည်နည်း။
အခြားသောဘာသာပြန်ဆိုချက် - "သူမအနားကပ်လာသည်ကိုထူးဆန်းသော မိန်းမတစ်ယောက်ကဲ့သို့ ကြည့်သည် ။" အခန်းကြီး ၆၊ အငယ်၁၀ ၏ဘာသာပြန်ဆိုချက်ကိုကြည့်ရန်။

## Song of Solomon 06

ယေဘုယျအချက်အလက်
ထိုမိန်းမသည် သူမ၏ချစ်သူကို ဆက်လက်စကားပြောနေသည်။

ကျွန်မကို ကိုယ်တော်၏နှလုံးပေါ်မှာ တံဆိပ် ခတ်တော်မူပါ။
လက်ရုံးတော်ပေါ်မှာ တံဆိပ်ခတ်တော် မူပါ။
ဖြစ်နိုင်သော ဆိုလိုချက်များ - ၁ ။ တံဆိပ်များသည် အရမ်းအရေးကြီးသောကြောင့် ၊ လူများသည် သူတို့၏ လက်

မေတ္တာသည် သေခြင်းနှင့်အမျှ တန်ခိုးကြီးပါ၏။
သေခြင်းသည် အလွန်တန်ခိုးကြီးသည် အဘယ်ကြောင့်ဆိုသော် ဤကမ္ဘာပေါ်ရှိ တန်းခိုးအကြီးဆုံးသူကိုတောင် စိုးမိုးသောကြောင့်ဖြစ်သည်။

မရဏာနိုင်ငံနှင့်အမျှ ခက်ထန်ပါ၏
" မရဏာနိုင်ငံ ကဲ့သို့ ကြမ်းတမ်းသည် " မရဏာသည် သေပြီးသောသူကို ဘယ်တော့မှ အသက်ပြန်ရှင် ခွင့်မပြုပါ။ ချစ်ချင်းသည် မရဏာနိုင်ငံကဲ့သို့ခိုင်မြဲသည် ။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် ဘယ်တော့မှ မပြောင်းလဲသောကြောင့်ဖြစ်သည်။

သူ၏အရှိန်သည် မီးအရှိန်၊ လျှပ်စစ်အရှိန်ဖြစ်ပါ၏။
ချစ်ခြင်းမေတ္တာသည် မီးကဲ့သို့ တန်းခိုးကြီးသည်။ ( ရှု -

## Song of Solomon 07

ယေဘုယျ အချက်လက်
ထိုမိန်းမသည် သူမ၏ချစ်သူကို ဆက်လက်စကားပြောနေသည်။

ရေများ
"ပမာဏကြီးသောရေ" "သမုဒ္ဒရာရေ"

ရေများတို့သည် မေတ္တာကို မသတ် နိုင်
မေတ္တာသမိမိအိမ်၌ ရှိသမျှသော ပစ္စည်းဥစ္စာတို့ကို မေည် မီးကဲ့သို့ပူပြီး အလွန်အားကြီးသဖြင့် သမုဒ္ဒရာရှိရေတောင် ထိုမီးကို မငြိမ်းနိုင်ပါ။

မသတ် နိုင်
"မငြိမ်းနိုင်"

မြစ်ရေတို့သည် မလွှမ်းမိုးနိုင်
ချစ်ခြင်းမေတ္တာသည် ဘယ်တော့မှမပြောင်းလဲပါ ။ အမြဲတမ်းတည်ငြိမ်သောကြောင့် အားကြီးသော မြစ်ရေ မဖြိုဖျက်နိုင်သော အရာတစ်စုံတစ်ခုနှင့်တူသည်။

မလွှမ်းမိုးနိုင်
"သယ်သွားသည်" (သို့) "ဆေးကြောပစ်သည်"

မိမိအိမ်၌ ရှိသမျှသော ပစ္စည်းဥစ္စာတို့ကို
" သူပိုင်ဆိုင်သမျှအားလုံး "

မေတ္တာဘို့
" အချစ်ခံရန် " သို့ " မေတ္တာကိုဝယ်ရန်"

အလွန်တရာမထီမဲ့မြင်ပြုခြင်းကို ခံရလိမ့်မည်
" လူများသည် သူ့ကို အထင်အမြင်သေးလိမ့်မည်။" သို့ " လူများသည်သူ့ကို ပြင်းထန်စွာ သလှော်သည်။ ( ရှု -

## Song of Solomon 08

ညီမငယ်
ညီမငယ်

## Song of Solomon 09

ယေဘုယျ အချက်အလက်
ထိုမိန်းမသည် သူမ၏ချစ်သူကို ဆက်လက်စကားပြောနေသည်။

သူသည်မြို့ရိုးဖြစ်လျှင် . . . . အာရဇ်ပျဉ်ပြား
သူမ၏ရင်သားသည် သေးသောကြောင့် သူမသည်မြို့ရိုးကဲ့သို့ပြားသောရင်သား

Song of Solomon 10

ငါ့သားမြတ်တို့သည် ပြအိုး ကဲ့သို့ ဖြစ်ကြ၏
သူမ၏ရင်သားသည် ပြအိုးကဲ့သို့ တောက်နေသည်။ (ရှု -

ရှေ့တော်၌
ဤနေရာ၏ " ရှေ့တော်၌" သည် သူမ၏ ချစ်သူကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက် - သူ့ဆီ ( ရှု -

ရှေ့တော်၌ မျက်နှာရသော ကျေးဇူးရှိ၏။
အခုသူမ၏ချစ်သူသည် သူမဟာ ပြီးပြည့်စုံစွာ ပြုပြင်ထားသော မိန်းမတယောက်ဖြစ်ပြီး
သူ့ကိုကျေနပ်စေသောမိန်းမတစ်ယောက်အဖြစ် ရှုမြင်သည်။ အခြားသောဘာသာပြန်ဆိုချက်များ - " ငါ၏ ချစ်သူကို ငါကျေနပ်သည်။ "

Song of Solomon 11

ဗာလဟာမုန်
၎င်းသည် ဣသရေလနိုင်ငံ မြောက်ဘက်၌ ရှိသော မြို့တစ်မြို့၏ မြို့နာမည်ဖြစ်သည်။ .

စပျစ် ဥယျာဉ်တဆူရှိ၏။
စပျစ်ဥယာဉ်ကို ငှမ်းပေးသည်။

ဥယျာဉ်စောင့်တို့၌ ငှါးသဖြင့်
"၎င်းကို စောက်ရှောက်သောသူဆီသို့ "

သူတို့ သည် အသီးကို စားရသည်အတွက် ငွေတထောင်စီ ဆက်ရကြ၏။
အခြားသောဘာသာပြန်ဆိုချက် -
လူတစ်ယောက်ချင်းဆီတိုင်းသည် စပျစ်သီးခကို စောလှမုန်မင်းကြီးထံ တစ်ယောက်ကို ငွေတထောင်စီ ပေးရမည်။ "

ငွေတထောင်စီ ဆက်ရကြ၏
" ငွေတထောင် ပေးရန်"

ငါပိုင်သောစပျစ်ဥယျာဉ်
"ငါပိုင်သောဥယျာဉ်ကို ငါစောင့်ထိန်းရ၏။ " ထိုမိန်းမသည် မိမိကိုယ်ကိုယ် စပျစ်ဥယျာဉ် ကဲ့သို့ အခန်းကြီး ၁၊ အခန်းငယ် ၅ ၌ ရည်ညွှန်းသည်။

အိုရှောလမုန်၊ ငွေတထောင်ကို ကိုယ်တော်အားဆက်၍
ထိုမိန်းမသည် စပျစ်ဥယျာဉ်၏ အမြတ်ဟာသူမ၏အပိုင်းဖြစ်ပြီး မည်သူ့ကိုမဆို ပေးနိုင်သော်လည်း စောလှမုန်မင်းကြီးကို အခမဲ့ ပေးသည်။

Song of Solomon 14

နံ့သာတောင်ပေါ်မှာ
" နံ့သာအပြည့်ရှိသော တောင်များ " " ထိုမိန်းမသည် သူချစ်သူကို သူမနှင့် ပျော်မွေ့ဖို့ရန် ဤရုပ်ပုံကို အသုံးခြင်းဖြစ်သည်။ အခန်းကြီး ၄ ၊ အခန်းငယ် ၆ ၌ မုရန် တောင်နှင့် လောဗနကုန်း ၏ အနက်ဖွင့်ချက်ကို ကြည့်ရန်။

သမင်ဒရယ်သငယ်ကဲ့သို့
အခန်းကြီး ၂ ၊ အခန်းငယ် ၁၆ ၏ ဘာသာပြန်ဆိုချက်ကို ကြည့်ရန်။

---

## Translation Questions

Song of Solomon 8:1

မိန်းကလေးသည် မိမိချစ်သူအား မည်သို့ဖြစ်ရန် အလိုဆန္ဒရှိခဲ့သနည်း?
မိန်းကလေးက သူမ၏ချစ်သူသည် သူမအမြဲတမ်းနမ်း၍ မည်သူမျှအထင်မသေးမည့် အစ်ကိုကဲ့သို့ဖြစ်ရန် လိုချင်ခဲ့သည်။

Song of Solomon 8:2

မိန်းကလေးသည် သူမချစ်သူကို မည်သည့်နေရာသို့ ခေါ်ဆောင်လိုခဲ့သနည်း?
သူမသည် သူမကို သွန်သင်ဖို့ရန် သူ့ကို သူမအမေအိမ်သို့ ခေါ်သွားလိုခဲ့သည်။

သူမချစ်သူ၏ဘယ်ညာလက်နှစ်ဘက်သည် ဘာလုပ်နေခဲ့ကြသနည်း?
သူ့ဘယ်လက်သည် သူ့ခေါင်းကိုကိုင်၍ ညာလက်သည် သူမကို ဖက်ထားသည်။

Song of Solomon 8:4

မိန်းကလေးသည် ယေရုရှလင်အမျိုးသမီးများအား မည်သို့ ကတိပေးစေလိုသနည်း?
မိန်းကလေးသည် ယေရုရှလင်အမျိုးသမီးများအား သူတို့နှစ်ဦးချစ်တင်နှီးနှောခြင်းကို ပြီးသည်တိုင်အောင် မနှောင့်ယှက်ရန် ကတိပေးစေလိုသည်။

Song of Solomon 8:5

ယေရုရှလင်အမျိုးသမီးတို့သည် မည်သို့မေးခဲ့ကြသနည်း?
မည်သူသည် တောနက်ထဲမှလာ၍ သူမ၏ချစ်သူ၌ မှီမည်နည်း ဟု မေးကြသည်။

မိန်းကလေးသည် သူမ၏ချစ်သူကို စွန်ပလွံပင်အောက်တွင် နိုးသောအခါ သူ့ကို ဘာပြောပြသနည်း?

မိန်းကလေးက သူ့ချစ်သူ၏မိခင်သည် သူ့ကိုကိုယ်ဝန်လွယ်၍ စွန်ပလွံပင်အောက်တွင် မွေးဖွားခဲ့သည်ဟု ပြောပြသည်။

Song of Solomon 8:6

မိန်းကလေးသည် သူမ၏ချစ်သူကို ဘာလုပ်စေချင်သနည်း၊ အဘယ်ကြောင့်နည်း?

မေတ္တာသည် သေခြင်းနှင့်လောင်ကျွမ်းသောမီးကဲ့သို့ ခိုင်မာသောကြောင့် သူသည် သူမအား သူ့နှလုံးသား၌တံဆိပ်ကပ်ထားဖို့ရန် အလိုရှိသည်။

Song of Solomon 8:7

ဘာက မေတ္တာကို မတားနိုင်သနည်း?

ကြီးစွာသောရေစီးသည် မေတ္တာကို မတားနိုင်ပါ။

Song of Solomon 8:8

မိန်းကလေး၏ အစ်ကိုများသည် သူမအကြောင်းကို မည်သို့ပြောကြသနည်း?

သူတို့က သူမ၏ရင်သားများသည် မထွားသေး၊ သူမသည် မင်္ဂလာဆောင်ရန်ဖြစ်သောအခါ သူမအတွက်မည်သို့လုပ်ပေးရမည်ကို စဥ်းစားကြသည် ဟုပြောကြသည်။

Song of Solomon 8:9

သူမသည်သာ မြို့ရိုးဖြစ်ခဲ့ပါက သူမအစ်ကိုများသည် မည်သို့လုပ်ကြလိမ့်မည်နည်း?

သူမသာ မြို့ရိုးဖြစ်ခဲ့ပါက သူတို့သည် သူမအပေါ် ငွေရဲတိုက်ဆောက်ကြမည်ဖြစ်သည်။

သူမသည်သာ တံခါးဖြစ်ခဲ့ပါက သူမအစ်ကိုများသည် မည်သို့လုပ်ကြလိမ့်မည်နည်း?

သူမသည်သာ တံခါးဖြစ်ခဲ့ပါက သူမအစ်ကိုများသည် သူမကို အာရဇ်ပင်များဖြင့် ပြုလုပ်ဆင်ယင်မည်ဖြစ်သည်။

Song of Solomon 8:10

မိန်းကလေးသည် မိမိကိုယ်ကို မည်သို့ ဖော်ပြသနည်း?

မိန်းကလေးက မိမိသည် ခံတပ်ရဲတိုက်များနှင့်တူသောရင်သားများရှိသည့် မြို့ရိုးကဲ့သို့ဖြစ်၍ လုံးလုံးရင့်ကျက်အရွယ်ရောက်သည် ဟုဖော်ပြသည်။

Song of Solomon 8:11

ဗာလဟာမုန်ပြည်ရှိ စပျစ်ခြံကို ရှောလမုန်သည် မည်သို့ပြုလုပ်သည်ဟု မိန်းကလေး ပြောသနည်း?

ရှောလမုန်သည် သူ့စပျစ်ခြံကို ကြည့်ရှုစောင့်ရှောက်မည့်သူများထံ အငှါးချသည်။

မိန်းကလေးသည် သူမကိုယ်ပိုင်စပျစ်ခြံနှင့် စောင့်ထိန်းသူများကြောင်းကို မည်သို့ပြောသနည်း?

ထိုမှရရှိသော အခွက် ၁၀၀၀ ကိုရှောလမုန်ပိုင်၍ အခွက် ၂၀၀ ကိုစောင့်ထိန်းသူများက ပိုင်သည် ဟုသူမပြောသည်။

Song of Solomon 8:13

ဥယာဉ်တွင်နေသော မိန်းကလေး၏ချစ်သူက သူနှင့် သူ့မိတ်ဆွေများသည် ဘာကို ကြားချင်သည်ဟု သူမကိုပြောသနည်း?

သူနှင့်သူ့မိတ်ဆွေများသည် သူမအသံကို ကြားချင်သည် ဟုသူကပြောသည်။

Song of Solomon 8:14

မိန်းကလေးသည် သူမချစ်သူအား ဘာကိုလုပ်စေလို၍ မည်ကဲ့သို့ ဖြစ်စေလိုသနည်း?

သူမသည် သူမချစ်သူအား မြန်ဆန်စေလို၍၊ သမင်ကဲ့သို့ဖြစ်စေလိုသည်။

# Isaiah

## Chapter 1

1 ယုဒရှင်ဘုရင် ဩဇိမင်း၊ ယောသံမင်း၊ အာခတ် မင်း၊ ဟေဇကိမင်းတို့ လက်ထက်၌၊ အာမုတ်၏သား ဟေရှာယသည်
ယေရုရှလင်မြို့မှစ၍၊ ယုဒပြည်နှင့်ဆိုင် သော ဗျာဒိတ်တော်ကို ခံရသည်မှာ၊ 2 ထာဝရဘုရား မိန့်တော်မူသည်ဖြစ်၍၊ အို ကောင်းကင်၊
ကြားလော့။ အိုမြေကြီး၊ နားထောင် လော့။ မိန့်တော်မူချက်ဟူမူကား၊ ငါကျွေးမွေးပြုစုသော သားသမီးတို့သည် ငါ့ကို ပုန်ကန်ကြပြီ။ 3
နွားသော်လည်း မိမိအရှင်ကိုသိ၏။ မြည်းသော် လည်း မိမိသခင်၏ မြည်းဇောင်းကို သိ၏။ ဣသရေလ အမျိုးသားတို့မူကား၊
ငါ့ကိုမသိကြ။ ငါ၏လူမျိုးမူကား၊ မဆင်ခြင်တတ်ပါတကား။ 4 ဆိုးယုတ်သောအမျိုး၊ ဒုစရိုက်ဝန်ကို ထမ်းရွက် သော လူစု၊
မတရားသဖြင့်ပြုသောအနွယ်၊ ဖောက်ပြန် သော သားသမီးပါတကား။ ထာဝရဘုရားကို စွန့်ကြပြီ။ ဣသရေလအမျိုး၏
သန့်ရှင်းသောဘုရားကို မရိုမသေ ပြု၍ ပယ်ကြပြီ။ ကျောခိုင်း၍ ခွာ၍သွားကြပြီ။ 5 သူတို့ကိုအဘယ်သို့ ဒဏ်ပေးရဦးမည်နည်း။
အဘယ်သို့ ထပ်၍ ဆုံးမရဦးမည်နည်း။ ဦးခေါင်းသည် အနာသက်သက်ရှိ၏။ နှလုံးသည်လည်း ခွန်အားအလျှင်း မရှိ။ 6
ခြေဘဝါးမှသည် ဦးခေါင်းတိုင်အောင် ကျန်းမာ ခြင်းမရှိ။ စုတ်ရှသောအနာ၊ ထိခိုက်၍ရောင်သောအနာ၊ ရိယွဲသော
အနာသက်သက်ရှိ၏။ ထိုအနာများကို မနှိပ် မနယ်ရ။ အဝတ်နှင့်မစည်းရ။ ဘယောင်းဆီးနှင့် မပြေ စေရသေး။ 7 သင်တို့ပြည်သည်
လူဆိတ်ညံလျက်ရှိ၏။ သင်တို့ မြို့များကို မီးလောင်ပြီ။ သင်တို့မြေကိုလည်း တကျွန်း တနိုင်ငံသားတို့သည်
သင်တို့မျက်မှောက်၌စားကြ၏။ ရန်သူဖျက်ပြီးသကဲ့သို့၊ လူဆိတ်ညံလျက်ရှိ၏။ 8 ဇိအုန်သတို့သမီးသည်လည်း၊ စပျစ်ဥယျာဉ်ထဲ ၌
တဲကဲ့သို့၎င်း၊ သခွါးတောင်ယာ၌ လင့်စင်ကဲ့သို့၎င်း၊ ရန်သူဝိုင်းသောမြို့ကဲ့သို့၎င်း ကျန်ရစ်လေ၏။ 9 ကောင်းကင်ဗိုလ်ခြေ
အရှင်ထာဝရဘုရားသည် ငါတို့ ၌အနည်းငယ်မျှ ကြွင်းစေတော်မမူလျှင်၊ ငါတို့သည် သောဒုံမြို့ကဲ့သို့ဖြစ်၍ ဂေါမောရမြို့နှင့် တူကြပြီ။
10 သောဒုံမြို့ကို အစိုးရသောမင်းတို့၊ ထာဝရ ဘုရား၏ နှုတ်ကပတ်တော်ကို ကြားကြလော့။ ဂေါမောရမြို့သားတို့၊
ငါတို့ဘုရားသခင်၏ တရား တော်ကို နားထောင်ကြလော့။ 11 ထာဝရဘုရား မိန့်တော်မူသည်ကား၊ သင်တို့ ပူဇော်သော ယဇ်များကို
ငါသည်အဘယ်သို့ဆိုင်သနည်း။ မီးရှို့၍ ပူဇော်သောသိုးကောင်၊ ဆူဖြိုးအောင်ကျွေးသော တိရစ္ဆာန်တို့၏ ဆီဥနှင့် ငါဝပြီ။
နွားနှင့်သိုးသငယ်၊ ဆိတ် တို့၏အသွေးကို ငါမနှစ်သက်။ 12 သင်တို့သည် ငါ့ရှေ့မှာ မျက်နှာပြခြင်းငှါ လာကြ သောအခါ၊
ငါ့တန်တိုင်းတော်ကို ကျော်နင်းသောသင်တို့၌ ထိုသို့သော ဝတ်ကို အဘယ်သူတောင်းသနည်း။ 13 အချည်းနှီးသော ပူဇော်သက္ကာကို
နောက်တဖန် မဆောင်ခဲ့ကြနှင့်၊ သင်တို့မီးရှို့သောနံ့သာပေါင်းကို ငါရွံရှာ၏။ လဆန်းနေ့၊ ဥပုသ်နေ့၊ ပရိသတ်စည်းဝေး သော
နေ့ကိုလည်း ရွံရှာ၏။ အဓမ္မအမှုနှင့်ရောနှော သော ဓမ္မစည်းဝေးခြင်းတို့ကို သည်းမခံနိုင်။ 14 ငါ့ဝိညာဉ်သည် သင်တို့လဆန်းနေ့များနှင့်၊
သင်တို့ပွဲများကို မုန်း၏။ ငါ့ကိုနှောက်ရှက်စရာဖြစ်၏။ သည်းခံခြင်းအားဖြင့် ငါပင်ပန်း၏။ 15 သင်တို့သည်လက်ဝါးတို့ကို
ဖြန့်ကြသောအခါ၊ ငါသည်မျက်စိကိုလွှဲမည်။ များစွာသော ပဌနာကို ပြုကြသောအခါ၊ ငါသည်နားမထောင်။ သင်တို့လက်တို့ သည်
အသွေးနှင့် ပြည့်ကြ၏။ 16 ကိုယ်ကိုကိုယ်ဆေးကြောကြလော့။ ကိုယ်ကို ကိုယ်စင်ကြယ်စေကြလော့။ သင်တို့ ဒုစရိုက်များကို
ငါ့မျက်မှောက်မှ ပယ်ရှားကြလော့။ မကောင်းသော အကျင့်ကို ဖြတ်ကြလော့။ 17 ကောင်းသောအကျင့်ကို ကျင့်အံ့သောငှါ
သင်ကြလော့။ တရားသဖြင့် ပြုခြင်းငှါ ကြံကြလော့။ ကောင်းသောအရာကို ဖြောင့်စေကြလော့။ မိဘမရှိသော သူတို့အဘို့
တရားသဖြင့် စီရင်ကြလော့။ မုဆိုးမတို့၏အမှု ကို စောင့်ကြလော့။ 18 ထာဝရဘုရားမိန့်တော်မူသည်ကား၊ လာကြ။
တရားစီရင်ကြကုန်အံ့။ သင်တို့အပြစ်သည် နီသော အဆင်းရှိသော်လည်း၊ မိုယ်းပွင့်ကဲ့သို့ ဖြူလိမ်မည်။ ကတ္တီ ပါနီနှင့်တမျှ
နီသော်လည်း၊ သိုးမွေးကဲ့သို့ဖြစ်လိမ့်မည်။ 19 သင်တို့သည် ကြည်ညိုနားထောင်လျှင်၊ မြေအသီး အနှံကို စားရကြလိမ့်မည်။ 20
သို့မဟုတ်လျှင်၊ ငြင်းဆန်ပုန်ကန်လျှင် ထား လက်နက်ဖြင့် ဆုံးရလိမ့်မည်ဟု၊ ထာဝရဘုရား၏ နှုတ် တော်ထွက်အမိန့်တော်ရှိ၏။ 21
သစ္စာရှိသောမြို့သည် အဘယ်သို့မျောက် မထားပြန်သနည်း။ အထက်က ဖြောင့်မတ်စွာ စီရင်ခြင်း နှင့်ပြည့်၏။ တရားသည်
သူ၏အထဲမှာ နေရာကျ၏။ ယခုမူကား၊ လူအသက်ကို သတ်သောသူတို့သည် နေရာ ကျကြ၏။ 22 သင်၏ ငွေသည်လည်းချော်
ဖြစ်လေပြီ။ သင်၏ စပျစ်ရည်သည် ရေနှင့်ရောလျက်ရှိ၏။ 23 သင်၏မင်းတို့သည် ပုန်ကန်ကြပြီ။ သူခိုး လက်ခံဖြစ်ကြပြီ။
ထိုမင်းအပေါင်းတို့သည် လက်ဆောင်ကို အလိုရှိကြ၏။ တံစိုးကိုစားကြ၏။ မိဘမရှိသော သူတို့ အဘို့ တရားမစီရင်ကြ။
မုတ်ဆိုးမအမှုကို နားမထောင် ကြ။ 24 ထိုကြောင့်၊ ဣသရေလ အမျိုး၌ တန်ခိုးကြီး သောဘုရား၊ ကောင်းကင်ဗိုလ်ခြေသခင်
အရှင်ထာဝရ ဘုရားမိန့်တော်မူသည်ကား၊ အဲ၊ ငါ့တဘက်၌ နေသော သူတို့ကို ပယ်ရှားပြီးမှ ငါချင်ရဲပြေမည်။ ကိုယ်အဘို့ကို စောင့်၍
ငါ့ရန်သူတို့ကို အပြစ်နှင့် အလျောက်စီရင်မည်။ 25 သင့်ကိုလည်း ငါကိုင်ယူပြီးလျှင်၊ ချော်နှင့်ရှင်း ရှင်း ကင်းစင်စေ၍
သင်၏ကြေးဖြူရှိသမျှကိုလည်း ပယ်ရှားမည်။ 26 သင်၏ တရားသူကြီးတို့နှင့် တိုင်ပင်မှူးမတ် တို့ကို ရှေ့ဦးစွာခန့်ထားသည် နည်းတူ၊
တဖန်ငါခန့်ထား ဦးမည်။ ထိုနောက်မှ၊ သင်၏နာမကို တရားသောမြို့၊ သစ္စာစောင့်သောမြို့ဟု သမုတ်ကြလိမ့်မည်။ 27 ဇိအုန်မြို့သည်
တရားအားဖြင့်၎င်း၊ မြို့သူမြို့ သားတို့သည် ဖြောင့်မတ်သောအားဖြင့်၎င်း၊ ရွေးနှုတ်ခြင်း ကို ခံရကြလိမ့်မည်။ 28 လွန်ကျူးသောသူနှင့်
ပြစ်မှားသောသူတို့သည် ပျက်စီးခြင်းသို့ အတူရောက်၍၊ ထာဝရဘုရားကို စွန့်သော သူတို့သည် ဆုံးရှုံးကြလိမ့်မည်။ 29 သင်တို့သည်

တပ်မက်ဘူးသော သပိတ်ပင်တို့ ကြောင့် ရှက်ကြလိမ့်မည်။ သင်တို့သည် ရွေးယူဘူးသော ဥယျာဉ်တို့ကြောင့်
မျက်နှာပျက်ကြလိမ့်မည်။ 30 အကြောင်းမူကား၊ အရွက်နွမ်းသော သပိတ်ပင် ကဲ့သို့၎င်း၊ ရေမရှိသောဥယျာဉ်ကဲ့သို့၎င်း
ဖြစ်ကြလိမ့်မည်။ 31 ခွန်အားကြီးသောသူသည် ပိုက်ဆန်လျှော်ဖြစ် လျက်၊ သူ၏အမှုသည် မီးပွားဖြစ်လျက်၊ ထိုနှစ်ပါးသည်
အတူလောင်းကြလိမ့်မည်။ ထိုမီးကိုအဘယ်သူမျှ မသတ်ရ။

---

Isaiah 01

ယေရှာယတွေ့မြင်ခဲ့သော ရူပါရုံမှာ
ထာဝရဘုရားသည် ယေရှာယကို ပြသောရူပါရုံမှာ (သို့) ဤဗျာဒိတ်ရူပါရုံသည် ယေ ရှာယ ကို ထာဝရဘုရားပြသသောရူပရုံဖြစ်သည်။

အာမုတ်
အာမုတ်သည် ယေရှာယ၏ ဖခင်ဖြစ်သည်။

ယုဒပြည်နှင့် ယေရုရှလင်မြို့
ယုဒပြည်သည် အစ္စရေး၏ တောင်ပိုင်းကို ကိုယ်စားပြုသည်။ ယေရုရှလင်မြို့သည် အချက်အချာ အကျဆုံးမြို့တော်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်- ယုဒပြည်ရှိ ယေရုရှလင်တွင်နေထိုင်သောသူများ

ယုဒဘုရင် ဩဇိမင်း၊ ယောသံမင်း၊ အာခတ်မင်း၊ ဟေဇကိမင်း တို့လက်ထက်
ဤခေတ်ကာလရှိ ဘုရင်အသီးသီး၏ အုပ်စိုးခဲ့ချိန်ကာလကို ရည်ညွှန်းသည်။ ထိုကာလသည် တစ်ချိန်တည်း အုပ်ချုပ်ခြင်းခြင်းမဟုတ်ပဲတစ်ယောက်ပြီး တစ်ယောက်အုပ်စိုးခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ချက်- ယုဒ၏ဘုရင်များဖြစ်သော ဩဇိမင်း၊ ယောသံမင်း၊ အာခတ်မင်းတို့အချိန်

Isaiah 02

ယေဘုယျအချက်အလက်
ယေရှာယသည် ယုဒလူများအား ကဗျာလင်္ကာသဏ္ဍာန်ဖြင့် စကားပြောနေသည်။

အိုကောင်းကင်ကြားလော့၊ မြေကြီးနားထောင်လော့
ဤမိန့်တော်မူချက်သည် ယုဒပြည်နှင့် ယေရုရှလင်၌ ရှိသော လူများအတွက် ဖြစ်သော်လည်း သူတို့နားထောင်မည် မဟုတ်ကြောင်းယေရှာယသိနေသည်။ ဆိုလိုချက် (၁) ထာဝရဘုရား၏ စကားကို နားထောင်ရန် ကောင်းကင်နှင့် မြေကြီးအား ယေရှာယ ပြောဆိုခဲ့သည်။ ဆိုလိုချက် (၂) ကောင်းကင်နှင့် မြေကြီးအပြင်အခြား ထူးခြားသော အသက်ရှင်သည့် အရာများအားလုံး အခြားသောဘာသာပြန်ဆိုချက်၊ ကောင်းကင်ဘုံ၌ အသက်ရှင်သကဲ့သို့ မြေကြီးပေါ်တွင်လည်းအသက်ရှင်သူ (ရှု၊ | Apostrophe နှင့် | Personification နှင့် | Merism)

ထာဝရဘုရား
ဓမ္မဟောင်းကာလ အစ္စရေးလူမျိုးများကို ဖွင့်ပြသော ဘုရားသခင်၏ အမည်နာမဖြစ်သည်

ငါကြည့်ရှုမစသော်လည်း ငါ့ကို မသိနားမလည်ကြ
ဤစကားလုံးသည် ယေရှာယမှ အစ္စရေးလူများကို ထာဝရဘုရားအတွက်ပြောနေသော စကားဖြစ်ပါသည်။

ငါကျွေးမွေးပြုစုသော သားသမီးတို့သည်
သူ၏ သားသမီးများဖြစ်သောအစ္စရေးလူမျိုးများအား အစာကျွေးသကဲ့သို့ဟု ထာဝရဘုရားဆိုလိုပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ ငါသည် ယုဒပြည်ရှိ ငါ၏လူမျိုးတော်ကို ကြည့်ရှုမည်။ (ရှု၊ | Metaphor)

မြည်းသော်လည်း မိမိသခင်၏ မြည်းဇောင်းကိုသိ၏
အခြားသောဘာသာပြန်ဆိုချက်၊ မြည်းသည် အစာကျွေးသော မိမိသခင်အား သိကျွမ်းသကဲ့သို့ (ရှု၊ | Ellipsis)

အစ္စရေးအမျိုးသားတို့မူကားငါ့ကိုမသိကြ
ဆိုလိုချက်မှာ အစ္စရေးလူမျိုးတို့သည် ငါ့ကို မသိကြ၊ သူတို့အားကြည့်ရှု စောင့်ရှောက်နေသော ငါ့ကို နားမလည်ကြ။

အစ္စရေး
အစ္စရေးလူမျိုးများဖြစ်သည်။ ယုဒပြည်သည် အစ္စရေးနိုင်ငံ၏ ဒေသတစ်ခုဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ (ရှု၊ | Metonymy)

Isaiah 04

ယေဘုယျအချက်အလက်
ယေရှာယသည် ယုဒပြည်သားများအား ကဗျာလင်္ကာကဲ့သို့ စကားပြောနေသည်။

ဆိုးယုတ်သောအမျိုး၊ ဒုစရိုက်ဝန်ကို ထမ်းရွက်သောလူစု
ဆိုလိုချက် (၁) ယေရှာယသည် သူတို့အကြောင်းကို ခြားနားချက်နှစ်မျိုးဖြင့် ပြောနေပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အစ္စရေးပြည်သားများ၊ ဆိုးယုတ်သောသူများ" သို့မဟုတ် ဆိုလိုချက် (၂) သူသည် သူတို့၏ ဆိုးညစ်မှုများကို ဖော်ပြနေသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဆိုးယုတ်သောနိုင်ငံသားများတို့"

ဒုစရိုက်ဝန်ကိုထမ်းရွက်သောလူစု
ကြီးလေးစွာသော ဒုစရိုက်ဝန်ကို ထမ်းရွက်နေသော လူတစ်စု ဖြစ်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့အပြစ်သည် လေးလံသော အိတ်ကဲ့သို့ ပုခုံးပေါ်သယ်ပိုးထားပြီး ထိုအပြစ်က သူတို့အား လျှောက်လှမ်းရန် အခက်တွေ့စေသည်"

မတရားသဖြင့်ပြုသောအနွယ်
မကောင်းသောအရာကို သားစဉ်မြေးဆက်ပြုလုပ်ခဲ့သောအမျိုးအနွယ်။ အခြားသောဘာသာပြန်ဆိုချက် "မကောင်းသော ဒုစရိုက်ကို ထပ်တူပြန်လည်လုပ်ဆောင်ခြင်း"

ဒုစရိုက်ပြုသည်
မကောင်းသောအရာကို ပို၍ လုပ်ဆောင်သည်။

ထာဝရဘုရားကို စွန့်ကြပြီ
ထာဝရဘုရားထံမှ ထွက်သွားကြပြီ

စက်ဆုပ်ရွံ့ရှာဖွယ်ပြုလုပ်သည်
နာခံမှုကိုငြင်းပယ်ကြပြီး လေးစားမှုကိုငြင်းပယ်ပြီး

အစ္စရေးလူမျိုးများ
ယုဒပြည်သည် အစ္စရေးနိုင်ငံ၏ ဒေသတစ်ခုဖြစ်သည်။

သူ့ထံမှ ကျောခိုင်း၍ ခွာသွားကြပြီ
တစ်ချိန်မှာ မိတ်ဆွေဖြစ်ခဲ့သော်လည်း ယခုတွင် မသိသူများကဲ့သို့ ပြုမူကြသည်။

Isaiah 05

ယေဘုယျအချက်အလက်
ဟေရှာယသည် ယုဒလူမျိုးများအား ကဗျာလင်္ကာဆန်စွာပြောဆိုနေသည်။

သူတို့ကို အဘယ်သို့ ဒဏ်ပေးရမည်နည်း၊ အဘ ယ်သို့ ထပ်၍ ဆုံးမရမည်နည်း
ဟေရှာယသည် ဤမေးခွန်းဖြင့် ယုဒပြည်သားများကို ဆူပူနေသည်။ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်ဆက်လက်ပြီး ပုန်ကန်နေမည်ဆိုလျှင် ထာဝရဘုရားသည် သင်တို့အားပြစ်ဒဏ်ပေးလိမ့်မည်။"

သင်
ယုဒပြည်၌ရှိသော လူအားလုံးကို ရည်ညွှန်းသည်။

ဦးခေါင်းသည် အနာသက်သက်ရှိ၏။ နှလုံးသည်လည်းခွန်အားမရှိ။
ယုဒပြည်၌ရှိသော သူများအားလုံးသည် ရိုက်နှက်ခြင်းခံထားရသော သူတစ်ဦးကဲ့သို့ဟု နှိုင်းယှဉ်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည်နှလုံးတွင်အားလျော့၍ ဦးခေါင်း၌ ကျပ်စည်းထားသော ဒဏ်ရာရရှိသူတစ်ဦးကဲ့သို့ ဖြစ်နေသည်" သို့မဟုတ် "စိတ်နှလုံးနာကျင်အားနဲသော သူတစ်ဦးကဲ့သို့ဖြစ်နေသည်"

ကျန်းမာကောင်းမွန်သည့် နေရာမရှိပါ
တစ်စုံတစ်ဦးသည် သင့်အားနေရာအနှံ့ထိခိုက်နာကျင်စေပြီ။

ထိုအနာများကို မနှိမ့်မနယ်ရ။ အဝတ်နှင့်မစည်းရ။ဖယောင်းဆီနှင့် မပျောက်စေရသေး။
အဝတ်နှင့် မစည်းရ၊ မသန့်စင်စေရ၊ ဆီလိမ်းခြင်းမပြုရ။ ဘုရားသခင်သည် သူ၏လူမျိုးတော်အား အပြင်ရုပ်ပိုင်းဆိုင်ရာ ဒဏ်ရာပေးခြင်းဖြင့်ဖြင့် ပြစ်ဒဏ်ပေးသည်ဟုနှိုင်းယှဉ်ဖော်ပြထားပါသည်။ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မည်သူအဝတ်စည်းပေးသနည်း၊ သန့်စင်ပေးသနည်း၊ ကျပ်စည်းပေးသနည်း" သို့မဟုတ် "ဆီလိမ်းပေးသနည်း"

Isaiah 07

ယေဘုယျအချက်အလက်
ဟေရှာယသည် ယုဒပြည်ရှိလူများအား ကဗျာလင်္ကာကဲ့သို့ စကားပြောနေသည်။

သင်တို့ပြည်သည် လူဆိတ်ညံလျက်ရှိ၏
အပြင်သရုပ်သဏ္ဍာန်ကဲ့သို့ ဖော်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့တိုင်းပြည်သည် ပျက်စီးပြီ" သို့မဟုတ် "သင်၏ရန်သူများက သင်၏တိုင်းပြည်ကို ဖျက်ဆီးပြီ"

သင်၏မြို့များမီးလောင်ကျွမ်းပြီ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့မြို့များသည် မီးလောင်ကျွမ်းပြီး"

သင်တို့မြေကိုလည်းတစ်ကျွန်းတစ်နိုင်ငံသားတို့သည် သင်တို့မျက်မှောက်၌စားကြ၏
သင်၏ရှေ့မှာပင် သင်၏လယ်မြေမှ အသီးအနှံများကို သင်၏တိုင်းပြည်မှမဟုတ်သော သူများကလုယက်ကြပြီ။

ရန်သူဖျက်ပြီးသကဲ့သို့ လူဆိတ်ညံလျက်ရှိ၏
ရန်သူဖျက်ဆီးခြင်းခံ၍ ဖွတ်ဖွတ်ညက်ညက်ကြေလျက်ရှိ၏။ အခြားသောဘာသာပြန်ဆိုချက်၊ "ပြည်သည်ဖျက်ဆီးခံရ၍ ထိုနေရာ၌ အသက်ရှင်သောသူမရှိ"

ရန်သူများဖျက်ဆီးပြီး
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ရန်သူများသင်၏တိုင်းပြည်ကို ဖျက်ဆီးပြီ" သို့မဟုတ် "တစ်ပါးအမျိုးသားစစ်တပ်များမှ ၎င်းတို့ကိုအပြည့်အဝသိမ်းပိုက်လေပြီ"

ဇိအုန် သတို့သမီးသည်လည်း ကျန်ရစ်လေပြီ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် ဇိအုန်သတို့သမီးကို စွန့်ခဲ့ပြီ"


generated on Tue Jul 2 12:50:28 2024

စပျစ်ဥယျာဉ်ထဲ၌ တဲကဲသို့ငှင်း၊ သခွားတောင်ယာ၌ လင့်စင်ကဲ့သို့ငှင်း
ဆိုလိုချက်

သခွားတောင်ယာ၌ လင့်စင်ကဲ့သို့ငှင်း၊ ရန်သူဝိုင်းသောမြို့ကဲ့သို့
ငှင်းကျန်ရစ်လေ၏
သူမကို ရန်သူများဝန်းရံထားသည်။

Isaiah 09

ယေဘုယျအချက်အလက်
ဟေရှာယသည် ယုဒလူများကို ကဗျာလင်္ကာကဲ့သို့
ပြောဆိုနေသည်။

အရှင်ထာဝရဘုရားသည်
ဤဖော်ပြချက်တွင် ထာဝရဘုရားသည် အတိတ်၌
မလုပ်ခဲ့သောအရာကို ဖြစ်အောင်လုပ်ဆောင်နိုင်ခဲ့သည်။

အနည်းငယ်မျှ ကြွင်းကျန်စေခြင်း
အနည်းငယ်သောအကြွင်းအကျန်

ငါတို့သည်
ဟေရှာယအပါအဝင် ယေရုရှလင်နှင့်
ယုဒပြည်ရှိသူများအားလုံးကို ဆိုလိုသည်။

ငါတို့သည် သောဒုံမြို့ကဲ့သို့ဖြစ်၍ ဂေါမောရမြို့နှင့်တူကြပြီး
ယုဒသည် သောဒုံနှင့် ဂေါမောရကဲ့သို့ ဖြစ်မည်ဟု
တိကျစွာဖော်ပြထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊
"ဘုရားသခင်သည် ငါတို့ကို သောဒုံနှင့် ဂေါမောရကဲ့သို့
ဖျက်ဆီးပြီ"

Isaiah 10

ယေဘုယျအချက်အလက်
ဟေရှာယသည် ယုဒပြည်သားတို့ကို
ကဗျာလင်္ကာဆန်စွာပြောဆိုနေသည်။

သောဒုံမြို့ကို အုပ်စိုးရသောမင်းတို့၊
ဂေါမောရမြို့သားတို့ထာဝရဘုရား၏နှုတ်ကပတ်တော်ကို ကြားကြလော့
ယေရှာယသည် ယုဒပြည်သားများအား သောဒုံနှင့် ဂေါမောရ၏
အပြစ်သက်ရောက်ပုံကို အထူးပြု၍
နှိုင်းယှဉ်ဖော်ပြထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊
"အပြစ်နှင့်ပြည့်ဝသော သောဒုံမြို့ကို အုပ်ချုပ်နေသူများ
ဂေါမောရတွင် နေထိုင်ရန် ဒုစရိုက်အပြစ်နှင့် ပြည့်ဝနေသူများ"

သင်တို့ပူဇော်သော ယဇ်များကိုငါသည် အဘယ်သို့ဆိုင်သနည်း
ဘုရားသခင်သည် မေးခွန်းထုတ်ခြင်းဖြင့်
ဆူပူကြိမ်းမောင်းနေသည်။ အခြားသောဘာသာပြန်ဆိုချက်၊
"သင်၏များစွာသော ယဇ်ပူဇော်ခြင်းများပြုလည်း
ငါ့အတွက်အချည်းအနှီးပင်ဖြစ်သည်။"

Isaiah 12

ယေဘုယျအချက်အလက်၊
ဟေရှာယသည် ယုဒလူများကို ကဗျာလင်္ကာကဲ့သို့
ပြောဆိုနေသည်။

ငါ့တံတိုင်းတော်ကို ကျော်နင်းသော သင်တို့၌ ထိုသို့သော ဝတ်ကို
အဘယ်သူတောင်းသနည်း
ခြေဖဝါးအောက်တွင် နင်းချေသည် ဟုဆိုလိုပါသည်။
ယုဒပြည်ရှိလူများကို မေးခွန်းမေးခြင်းအားဖြင့် ဘုရားသခင်
ဆူပူနေပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊
"ငါ့တံတိုင်းတော်ပတ်လည်တွင် အဘယ်သူကျော်နင်းရန်
တောင်းဆိုသနည်း"

အချည်းအနှီးသော ပူဇော်သက္ကာကို နောက်တစ်ဖန်မဆောင်ခဲ့ကြနှင့်
အချည်းနှီးသော လက်ဆောင်များကို
နောက်တစ်ဖန်မယူဆောင်လာနှင့်။

သင်တို့နံ့သာပေါင်း မီးရှို့ရာကို ငါရွံရှာ၏
ဤနေရာတွင် စက်ဆုပ်ရွံရှာခြင်းဟူသည် မုန်းတီးခြင်းကို
ဖော်ပြပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊
"ယဇ်ပရောဟိတ်များ ပူဇော်သောနံ့သာပေါင်းကို
ငါရွံရှာမုန်းတီး၏"

ဓမ္မစည်းဝေးခြင်းတို့ကို သည်းမခံနိုင်
ဆိုလိုချက် (၁) "အတူတကွ ဆိုးညစ်မှုပြုနေခြင်းများကို
ခွင့်မပြုနိုင်" ဆိုလိုချက် (၂) "သင်တို့ ဆိုးညစ်မှုအတူ
ပြုလုပ်နေခြင်းကို ငါသည် ကြည့်ရှုခြင်းမပြုနိုင်"

Isaiah 14

ယေဘုယျအချက်အလက်
ဟေရှာယသည် ယုဒလူများထံသို့ ထာဝရဘုရား၏
နှုတ်ကပတ်တော်ကို ကဗျာလင်္ကာကဲ့သို့ ပြောနေသည်။

ငါ့ဝိညာဉ်သည် သင်တို့လဆန်းနေ့များနှင့် သင်တို့ပွဲများကိုမုန်း၏
လဆန်းနေ့များ လဆန်းနေ့တွင် ကျင်းပသောပွဲများကိုဆိုလိုသည်။
ထိုပွဲများသည် ပုံမှန်ပြုလုပ်သောပွဲများဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့၏
ပုံမှန်လုပ်နေကျပွဲတော်များနှင့် လဆန်းနေ့ပြုလုပ်သောပွဲများ"

လဆန်း
လဆန်းနေ့ဟူသည် လကွယ်(အမှောင်)
ပြီးနောက်အလင်းရောင်စထွက်လာချိန်ဖြစ်သည်

ငါ့ကိုနှောက်ရှက်စရာဖြစ်၏။ သည်းခံခြင်းအားဖြင့်ငါပင်ပန်း၏
လူတွေလုပ်ဆောင်နေသော ကြီးမားသောပွဲတော်များကြောင့်
ဘုရားသခင်မည်သို့ခံစားနေရသည်ကို နှိုင်းယှဉ်ဖော်ပြထားသည်။
အခြားသောဘာသာပြန်ဆိုချက်၊
"သင်တို့တင်သောဝန်တွေကြောင့် ငါသည် မောပန်းလျက်ရှိ၏"


generated on Tue Jul 2 12:50:28 2024

ငါသည်မျက်စိကိုလွှဲမည်
ဤအသုံးအနှုန်းသည် "ငါသည်သင့်ကို ကြည့်ရှုမည်မဟုတ်" သို့မဟုတ် "ငါ့ရဲ့အာရုံစိုက်ကြည့်ရှုခြင်းကို ပြတော့မည်မဟုတ်" ဟုပြောဆိုခြင်းဖြစ်သည်။

သင်တို့၏ လက်တို့သည် အသွေးနှင့်ပြည့်ကြ၏
သင်တို့လက်များသည် သွေးနှင့်ပြည့်ကြ၏။

Isaiah 16

ယေဘုယျအချက်အလက်
ဟေရှာယသည် ယုဒလူတို့အား ထာဝရဘုရား၏ ဗျာဒိတ်တော်ကို ကဗျာလင်္ကာကဲ့သို့ ပြောနေသည်။

ကိုယ်ကိုကိုယ်ဆေးကြောကြလော့။ စင်ကြယ်ကြလော့
လူတစ်ဦးသည်
မိမိခန္ဓာကိုယ်အားဆေးကြောသန့်စင်သကဲ့သို့အပြစ်ပြုလုပ်ခြင်းများ ရပ်ဆိုင်းရန် ဘုရားသခင်ပြောဆိုပါသည်။
အခြားသောဘာသာပြန်ဆိုချက်၊
"ခန္ဓာကိုယ်အညစ်အကြေးများကို ဆေးကြောသန့်စင်သကဲ့သို့ နှလုံးသားမှ အပြစ်များကို ဆေးကြောသန့်စင်ရန်"

သင်တို့ ဒုစရိုက်များကို ငါ့မျက်မှောက်မှ ပယ်ရှားကြလော့
ဘုရားသခင်သည် မကောင်းမှု ဒုစရိုက်များကို ပြုလုပ်ရန် ပြောဆိုခြင်းမပြုပဲ လုပ်ဆောင်မှုများကို ရပ်တန့်ရန်ပြောဆိုခဲ့သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင့်ကို ငါကြည့်ရှုနေ၍ မကောင်းမှုပြုခြင်းများကို ရပ်တန့်လော့"

ကောင်းသောအကျင့်ကို ကျင့်အံ့သောငှာသင်ကြလော့
ဘုရားသခင်မှ
လူမျိုးတော်အားမတရားသဖြင့်ပြုခြင်းအရာများထက် တရားသောအရာကို လေ့ကျင့်သင်ယူရန်နှင့် ဖြောင့်မတ်သောအရာကို ပြုလုပ်ရန် ခေါ်ဆိုခဲ့သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "မျှော်လင့်ရာမဲ့သူများ၊ နာကျင်ဝမ်းနည်းသောသူများနှင့် မကောင်းသောအမှုများခံစားနေရသူများအတွက် ရပ်တည်ဆောင်ရွက်ပေးရန်"

တရားသဖြင့်ပြုခြင်းငှာ ကြံကြလော့
မိဘမရှိသော ကလေးသူငယ်များအတွက် တရားမျှတမှုကို ဆောင်ရွက်ပေးရန်

မုဆိုးမတို့၏ အမှုကို စောင့်ကြလော့
ခင်ပွန်းဆုံးပါးသွားသော အမျိုးသမီးများကို ကာကွယ်ပေးရန်

Isaiah 18

ယေဘုယျအချက်အလက်
ထာဝရဘုရားသည် ယုဒပြည်မှ လူများအား ဆက်လက်စကားပြောနေသည်။

လာကြတရားစီရင်ကြကုန်အံ့
ထာဝရဘုရားသည် သူပြောမည့်အရာများကို နားထောင်ရန် ဂရုဏာကြွယ်ဝစွာဖြင့်ခေါ်ဖိတ်နေပါသည်။ ကျေးဇူးပြု၍ ငါ့စကားကို နားထောင်ကြပါ။ သင်တို့အားကူညီလိုသောကြောင့် ငါ့ဆီကိုလှည့်ကြပါ။

ထာဝရဘုရားမိန့်တော်မူသည်ကား
"အတူတကွတွေ့ဆုံဆွေးနွေးကြစို့" သို့မဟုတ်
"ငါတို့တွေ့ဆုံညှိနှိုင်းရန်လိုအပ်တယ်" သို့မဟုတ်
"ငါတို့ဘာလုပ်နေကြသလဲ" ထာဝရဘုရားသည် အနာဂတ်ကို ဆွေးနွေးရန် လူများအားဖိတ်ခေါ်နေသည်။
ဤနေရာတွင်ထာဝရဟူသောစကားလုံးသည် ထာဝရဘုရားအပါအဝင် သူ၏လူများအားလုံးကို ရည်ညွှန်းပါသည်။

သင်တို့အပြစ်သည် နီသောအဆင်းရှိသော်လည်း သို့မွေးကဲ့သို့ဖြစ်လိမ့်မည်
ဟေရှာယသည် သူ၏လူများအား သူတို့၏အပြစ်သည် နီသောအဆင်းရှိသောလည်း သိုးမွေးကဲ့သို့ ဖြစ်လိမ့်မည်ဟု ပြောဆိုပါသည်။ ထာဝရဘုရားအပြစ်များကို ခွင့်လွှတ်တော်မူလျှင် သူတို့အဝတ်များဖြူသကဲ့သို့ ပို၍ ဖြူလာလိမ့်မည်။

နီမြန်းနေသော်လည်း
အနီရောင်တောက်ပနေပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊
"အနီရောင်တောက်ပခြင်း"

မိုးပွင့်ကဲ့သို့ ဖြူလိမ့်မည်
အဖြူရောင်သည် သန့်ရှင်းခြင်းနှင့် သန့်စင်ခြင်းကိုဆိုလိုပါသည်။
နှင်းသည် အလွန်ဖြူ၍ အေးမြသောမိုးသီးဖြစ်သည်။
အလွန်သန့်ရှင်းဖြူစင်ခြင်းကို ဖော်ပြပါသည်။
အဖြူရောင်ချိုးငှက်ကဲ့သို့ဟု
အဖြူရောင်အားတင်စားထားပါသည်။ ဤအရာသည် အပြစ်များခွင့်လွှတ်ခံပြီးကြောင်းကို ဆိုလိုပါသည်။

ကတ္တီပါနှင့်တမျှနီသော်လည်း
အနီရောင်ရင့်ရင့်ကို ဆိုလိုပါသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "အနီရင့်ရောင်"

သို့မွေးကဲ့သို့
သို့မွေးသည် ဆိတ်

Isaiah 19

ယေဘုယျအချက်အလက်
ဘုရားသခင်သည် ယုဒပြည်ရှိလူများကို ဆက်လက်ပြောပြနေသည်။

သင်တို့သည် ကြည်ညိုနားထောင်လျှင်
ဤနေရာတွင် ဆန္ဒရှိစွာဟူသော စကားလုံးနှင့် နာခံခြင်းစကားလုံးသည် အဓိပ္ပာယ်တူညီပါသည်။


generated on Tue Jul 2 12:50:28 2024

အခြားသောဘာသာပြန်ဆိုချက်၊
"သင်သည်ပြင်းပြသောနာခံလိုစိတ်ရှိလျှင်"

မြေအသီးနှံကို စားရကြလိမ့်မည်
မြေသည် သင့်အတွက် ကောင်းသောအစာကို
ထုတ်လုပ်ပေးလိမ့်မည်။

ထား လက်နက်ဖြင့် ဆုံးရလိမ့်မည်
ထားလက်နက် ဟူသည်မှာ ယုဒ၏ရန်သူများကို ဆိုလိုပါသည်။
ရိုင်းသော တိရစ္ဆာန်သည် သားကောင်ကို
အငမ်းမရဝါးစားသကဲ့သို့ ယုဒ၏ ရန်သူများသည်လည်း
ယုဒပြည်သားများကို သတ်ဖြတ်၍ရောက်လာလိမ့်မည်ဟု
ခိုင်းနှိုင်းဖော်ပြပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊
"သင်၏ ရန်သူများသင့်ကို သတ်ဖြတ်လိမ့်မည်"

ထာဝရဘုရား၏ နှုတ်တော်ထွက် အမိန့်တော်ရှိ၏
"နှုတ်ထွက်တော်" ဟူသော စကားလုံးသည် ဘုရားသခင်က
အမှန်တကယ်ဖြစ်ပွားမည့် အရာကို
အထူးပြုပြောဆိုခြင်းဖြစ်ပါသည်။
အခြားသောဘာသာပြန်ဆိုချက်၊

Isaiah 21

ယေဘုယျအချက်အလက်
ဟေရှာယသည် ယုဒပြည်သားများအား ကဗျာလင်္ကာကဲ့သို့
ဆက်လက်ပြောနေသည်။

သစ္စာရှိသောမြို့သည် အဘယ်သို့မျောက် မထားပြန်သနည်း
ဤဖွင့်ဆိုချက်သည် ယေရုရှလင်မြို့အပေါ် ဟေရှာ၏
အမျက်ဒေါသနှင့် ဝမ်းနည်းခြင်းကို ဖွင့်ဟပြသည်။
အခြားသောဘာသာပြန်ဆိုချက်၊
"ဘုရားသခင်အပေါ်သစ္စာရှိခဲ့ကြသော ယေရုရှလင်မြို့သားများ
အဘယ်သို့ ဖြစ်ကြသနည်း"

အဘယ်သို့ မျောက်မထားသနည်း
ယေရှာယသည် ဖောက်ပြန်သော အမျိုးသမီးသည် တရားဝင်
ယောကျ်ားနှင့် မနေဘဲ ငွေကြေးအတွက် အခြားသောလူများနှင့်
ပျော်ပါးသကဲ့သို့မြို့ကို နှိုင်းယှဉ်ပြထားပါသည်။ လူများသည်
ဘုရားသခင်၌ ကိုးစားခြင်းမရှိတော့ဘဲ မှာယွင်းသော
ဘုရားများကို ဝတ်ပြုနေသည်။ အခြားသောဘာသာပြန်ဆိုချက်၊
"ပြည့်တန်ဆာ တစ်ယောက်၏ အသက်တာမျိုးကဲ့သို့"

ဖြောင့်မတ်စွာ စီရင်ခြင်းနှင့်ပြည့်၏
သူမဟူသည် ယေရုရှလင်နှင့် မြို့ထဲရှိလူများကို ဆိုလိုပါသည်။
ကျမ်းစာတွင် မြို့များကို အမျိုးသမီးများဟု တင်စားကြသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ယေရုရှလင်ရှိလူများသည်
တရားမျှတခြင်းနှင့် ဖြောင့်မတ်စွာကျင့်သောအရာများကို
လုပ်ဆောင်ခဲ့သည်"

ယခုမူကား လူ့အသက်ကို သတ်သောသူတို့သည် နေရာကျ၏
သူမဟူသည် ယေရုရှလင်မြို့နှင့် သူ၏လူများကို ဆိုလိုပါသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ယခုတွင်မူ ယေရုရှလင်သည်
လူ့အသက်ကို သတ်သောအရာများနှင့် ပြည့်လျက်ရှိ၏"

သင်၏ငွေသည်လည်းလချော်ဖြစ်လေပြီ။ သင်၏စပျစ်ရည်သည်
ရေနှင့်ရောလျက်ရှိ၏
ဆိုလိုချက်(၁) ငွေနှင့်စပျစ်ဝိုင်ဟူသည် ယေရုရှလင်ရှိလူများကို
ရည်ညွှန်းခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊
"ငွေသည် ကြာရှည်စွာ ဖြူစင်ခြင်းငှာ မစွမ်းနိုင်သကဲ့သို့
စပျစ်ဝိုင်သည်လည်း ရေနှင့်ရောနှောလျက်ရှိ၏" ဆိုလိုချက်(၂)
အထက်က ကောင်းသောအရာများကို လုပ်ဆောင်ခဲ့သည်။
အခြားသောဘာသာပြန်ဆိုချက်၊
"ယခင်ကောင်းသောအရာများကို လုပ်ဆောင်ခဲ့သော်လည်း
ယခုမူကားဆိုးညစ်မှုများနှင့် ပြည့်နှက်လျက်ရှိ၏"

ငွေသည်လည်း ချော်ဖြစ်လေပြီ
ငွေကို အမြဲသန့်စင်ပေးရန်လိုသည် သို့မဟုတ်လျှင် ယင်းသည်
ကြာရှည်စွာတောက်ပခြင်းငှာ မစွမ်းပါ။

စပျစ်ရည်သည် ရေနှင့်ရောလျက်ရှိ၏
ရေများပြားစွာ ပါဝင်နေသော စပျစ်ရည်သည် အရသာမရှိပါ။

Isaiah 23

ယေဘုယျအချက်အလက်
ဟေရှာယသည် ယုဒလူများထံ ဘုရား ဗျာဒိတ်တော်ကို
ကဗျာလင်္ကာကဲ့သို့ ပြောပြနေသည်။

သင်၏ မင်းတို့သည် ပုန်ကန်ကြပြီ
သင်၏ ခေါင်းဆောင်များသည် ဘုရားသခင်အား ပုန်ကန်ကြပြီ

သူခိုးလက်ခံ ဖြစ်ကြပြီ
သူတို့သည် သူခိုးများနှင့် ပေါင်းသင်းမိတ်ဆွေ ဖြစ်ကြပြီ

ထိုမင်းအပေါင်းတို့သည် လက်ဆောင်ကို အလိုရှိကြ၏။ တံစိုးကို စားကြ၏
လူများသည် တရားမျှတမှုမရှိသော အုပ်စိုးသူများကို
တံစိုးလက်ဆောင်ပေး၍ မတရားမှုပြုကြပြီး အုပ်စိုးသူများသည်
တံစိုးလက်ဆောင်ကိုယူ၍တရားသော အမှုများအားမတရားသော
နည်းလမ်းဖြင့် လုပ်ဆောင်ကြပြီ။

လက်ဆောင်ကို အလိုရှိကြ၏။ တံစိုးကို စားကြ၏
အခြားသောဘာသာပြန်ဆိုချက်၊ "လူတစ်ဦးသည် သူ၏
မရိုးသားမှုများကို ငွေပေးပြီး လာဘ်ထိုးခြင်းဖြင့် လုပ်ဆောင်ချက်
ပြုသည်"

မိဘမရှိသော သူတို့ အဘို့ တရားမစီရင်ကြ
သူတို့သည် မိဘမရှိသောသူများအား ကာကွယ်ပေးမှုမရှိကြ။


generated on Tue Jul 2 12:50:28 2024

မုဆိုးမအမှုကို နားမထောင်ကြ
"သူတို့သည် မုဆိုးမအမှုကို နားမထောင်သည့်အပြင် ဥပဒေကို ချိုးဖောက်ကြပြီ" သို့မဟုတ် "သူတို့သည် မုဆိုးမအား ကူညီမှုမပြုသည့် အပြင် မတရားမှုကို ပြုကြလေပြီ။"

Isaiah 24

ယေဘုယျအချက်အလက်
ဟေရှာယသည် ထာဝရဘုရား၏ နှုတ်ကပတ်တော်ကို ကဗျာလင်္ကာကဲ့သို့ ယုဒလူမျိုးများအားပြောပြနေသည်။

ထို့ကြောင့်
ထို့အကြောင်းအရာကြောင့်

ကောင်းကင်ဗိုလ်ခြေသခင် အရှင်ထာဝရဘုရား မိန့်တော်မူသည်ကား
အခြားသောဘာသာပြန်ဆိုချက်၊ "ထိုအရာသည် ဘုရားသခင်၏ မိန့်တော်မူချက်ဖြစ်သည်"

ငါ့တဘက်၌ နေသော သူတို့ကို ပယ်ရှားပြီးမှ ငါချင်ရဲပြေမည်။ ကိုယ်အဘို့ကို စောင့်၍ ငါ့ရန်သူတို့ကို အပြစ်နှင့် အလျောက်စီရင်မည်
စကားစုနှစ်မျိုးဖြစ်သော်လည်း အဓိပ္ပာယ်တစ်ခုတည်းဖြစ်သည်။ "ငါ့တဘက်၌ နေသောသူတို့ကို ငါပယ်ရှားမည်" ဟူသည်မှာ ထာဝရဘုရားသည် သူ့ကို ဆန့်ကျင်သူတို့အား ဖယ်ရှားပြီးမှ သူစိတ်ပျော်မည်ဟု ဆိုလိုပါသည်။ "ငါ့ရန်သူတို့ကို အပြစ်နှင့် အလျောက်စီရင်မည်" ဆိုသည်မှာ ထာဝရ ဘုရားသည် သူ၏ရန်သူများကို အမှန်တကယ်အပြစ်ပေးမည်ကို ဆိုလိုပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့ကိုဆန့်ကျင်သူတို့အား ငါအပြစ်ပေးမည်" သို့မဟုတ် "ငါ၏ ရန်သူများကို အပြစ်ပေးခြင်းနှင့် ငါ့ကိုဆန့်ကျင်သူများကို ငါကျေနပ်သည်အထိ လုပ်ဆောင်အပြစ်ပေးရမည်"

သင့်ကိုလည်း ငါကိုင်ယူပြီးလျှင်
ဤနေရာတွင် "လက်" ဆိုသည်မှာ ဘုရားသခင်၏ တန်ခိုးကို ညွှန်းဆိုပြီးသူ၏ လူများကို အပြစ်ပေးရန်အတွက် အသုံးပြုမည်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့ကို ဆန့်ကျင်သောသူအတွက် ငါ့အစွမ်းတန်ခိုးကို ငါအသုံးပြုမည်"

အဖျင်းအသိမ်
ကြေးဖြူကို သန့်ရှင်းစင်ကြယ်စေရန် အညစ်အကြေးကို ဖယ်ရှားသကဲ့သို့ လူများထံမှ ဖယ်ရှားလိမ့်မည်။

Isaiah 26

ယေဘုယျအချက်အလက်
ဟေရှာယသည် ယုဒလူများထံ ဘုရားသခင်၏ စကားတော်ကို ကဗျာလင်္ကာကဲ့သို့ ပြောနေသည်။

ရှေ့ဦးစွာခန့်ထားသည့် နည်းတူ
အစ္စရေးနိုင်ငံ ဖြစ်ပေါ်သောအချိန်နှင့် အစ္စရေးသမိုင်းအစပြုလာခြင်းကို နည်းလမ်းနှစ်မျိုးဖြင့် ဆိုလိုပါသည်။

ထိုနောက်မှ သင်၏နာမကို သမုတ်ကြလိမ့်မည်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူအများကသင့်ကိုခေါ်လိမ့်မည်"

တရားသောမြို့၊ သစ္စာစောင့်သောမြို့ဟု သမုတ်ကြလိမ့်မည်
ဤနေရာတွင် မြို့နှင့်မြို့တော်မှာ ယေရုရှလင်တွင် နေထိုင်သောလူများကို ဆိုလိုပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်ထံ သစ္စာရှိသော၊ တရားသောမြို့၌ နေသောလူများ"

Isaiah 27

ယေဘုယျအချက်အလက်
ဟေရှာယသည် ယုဒပြည်ရှိလူများအား ဘုရားသခင်၏ စကားတော်ကို ကဗျာလင်္ကာကဲ့သို့ပြောနေသည်။

ဇိအုန်မြို့သည် တရားအားဖြင့်ရှင်၊ ရွေးနှုတ်ခြင်း ကို ခံရကြလိမ့်မည်
အသွင်သဏ္ဌာန် ထင်ရှားလာလိမ့်မည်ကို ဆိုလိုပါသည်။ ပြည့်စုံသော ဆိုလိုချက်ကို ရှင်းလင်းစွာဖော်ပြနိုင်ပါသည်။ ဆိုလိုချက်

ဇိအုန်
ဇိအုန်တောင်၌ နေထိုင်သောသူများကို ဆိုလိုပါသည်။

လွန်ကျူးသောသူနှင့် ပြစ်မှားသောသူများသည် ပျက်စီးခြင်းသို့ အတူရောက်၍
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်သည် သူ့အားပုန်ကန်သောသူနှင့် ပြစ်မှားသောသူတို့ကို ဖျက်ဆီးလိမ့်မည်"

ထာဝရဘုရားကို စွန့်သောသူတို့သည် ဆုံးရှုံးကြလိမ့်မည်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် သူ့ကို စွန့်ပယ်သူတို့အား လုံးလုံးလျားလျားစွန့်ပယ်မည်။ သူ့ကို ငြင်းပယ်သူများအားဖျက်ဆီးလိမ်းလိမ့်မည်"

Isaiah 29

ယေဘုယျအချက်အလက်
ဟေရှာယသည် ယုဒပြည်ရှိလူများအား ဘုရားသခင်၏ စကားတော်ကို ကဗျာလင်္ကာကဲ့သို့ပြောနေသည်။

တပ်မက်ဖူးသော သပိတ်ပင်တို့ ကြောင့် ရှက်ကြလိမ့်မည်။ သင်တို့သည် ရွေးယူဘူးသော ဥယျာဉ်တို့ကြောင့် မျက်နှာပျက်ကြလိမ့်မည်
ဤစကားစုသည် ရုပ်တုဆင်းတုများကိုးကွယ်သော ယုဒပြည်ရှိလူများကိုဆိုလိုပါသည်။

မျက်နှာပျက်ကြလိမ့်မည်
တစ်ချို့သောကျမ်းစာ၌ သင်သည် အရှက်တကွဲဖြစ်လိမ့်မည်။ လူတစ်ဦးသည် အမှားအယွင်းတစ်ခုခုပြုလုပ်မိလျှင် မျက်နာနီ၍ အရှက်ရသကဲ့သို့ဖြစ်ပါသည်။

အရွက်နွမ်းသော သပိတ်ပင် ကဲ့သို့၄င်း၊ ရေမရှိသောဥယျာဉ်ကဲ့သို့၄င်း ဖြစ်ကြလိမ့်မည်
ရေသည် ဥယျာဉ်နှင့် သစ်ပင်ပန်းမာများကို အသက်ရှင်စေရန် စွမ်းဆောင်ပေးသည်။ လူများသည် ထိုအရာများကို ဖြတ်တောက်ဖျက်ဆီးသကဲ့သို့ ထာဝရဘုရားသည်လည်း သူတို့ကို ဖယ်ရှားလိမ့်မည်။

Isaiah 31

ယေဘုယျအချက်အလက်
ဟေရှာယသည် ယုဒပြည်ရှိလူများအား ဘုရားသခင်၏ စကားတော်ကို ကဗျာလင်္ကာကဲ့သို့ပြောနေသည်။

ခွန်အားကြီးမားသောသူ
"ခွန်အားကြီးသောပုဂ္ဂိုလ်" သို့မဟုတ် "ခွန်အားတန်ခိုးနှင့် ပြည့်စုံသူ" ဖြစ်သည်။ ထိုလူသည် အခြားသောလူများကို လွှမ်းမိုးသွားသောအရေးကြီးသည့် ပုဂ္ဂိုလ်တော်ဖြစ်သည်။

ပိုက်ဆန်လျှော်ဖြစ် လျက်
မီးရှို့ရာတွင်အလွယ်တကူလောင်စေသောအရာ

သူ၏အမှုသည် မီးပွားဖြစ်လျက်
လူတစ်ဦးသည် မကောင်းသောစာတန်၏ လုပ်ရပ်များကို လုပ်ဆောင်ခြင်းသည် လျှော်များကို မီးပိုမိုလောင်စေရန် လုပ်ဆောင်သကဲ့သို့ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ၏အလုပ်သည် မီးစလောင်ရန် လုပ်ဆောင်သကဲ့သို့ ဖြစ်ပါသည်"

---

## Translation Questions

Isaiah 1:1

ဟေရှာယသည် မည်သူနည်း။
ဟေရှာယသည် အာမုတ်၏ သားဖြစ်သည်။

ဟေရှာယ၏ ရူပါရုံသည် မည်သည့်အကြောင်းဖြစ်သနည်း။
ဟေရှာယ၏ ရူပါရုံသည် ယုဒပြည်နှင့် ယေရုရှလင်မြို့အကြောင်း ဖြစ်သည်။

ဟေရှာယသည် သူ၏ရူပါရုံကို မည်သည့်အချိန်တွင် ရသနည်း။
ဟေရှာယသည် သူ၏ရူပါရုံကို ယုဒရှင်ဘုရင် ဩဇိမင်း၊ ယောသံမင်း၊ ဟေဇကိမင်း၊ အာခတ်မင်းနှင့် ဟေဇကိမင်းတို့ လက်ထက်၌ ရသည်။

Isaiah 1:2

အဘယ်ကြောင့် ကောင်းကင်သည် ကြားသင့်၍ မြေကြီးသည် နားထောင်သင့်သနည်း။
ကောင်းကင်သည် ကြားသင့်၍ မြေကြီးသည် နားထောင်သင့်သည်၊ အဘယ်ကြောင့်ဆိုသော် ထာဝရဘုရားမိန့်တော်မူသောကြောင့် ဖြစ်သည်။

ထာဝရဘုရားသည် မည်သည့်အရာကို လုပ်ခဲ့သနည်း။
ထာဝရဘုရားသည် သားသမီးများကို ကျွေးမွေး၍ ပြုစုပျိုးထောင်ခဲ့သည်။

ထာဝရဘုရား၏ သားသမီးတို့သည် မည်သို့ ပြုလုပ်ခဲ့သနည်း။
သူတို့သည် ထာဝရဘုရား တစ်ဘက်၌ ဆန့်ကျင်ခဲ့သနည်း။

Isaiah 1:4

ဤလူမျိုးနွယ်စုကို မည်ကဲ့သို့ ဖော်ပြခဲ့သနည်း။
သူတို့ကို အပြစ်သားများ၊ အကျင့်ဆိုးနှင့် ပြည့်နေသောသူများ၊ မကောင်းသောအရာကို ပြုလုပ်သောနွယ်၊ အကျင့်စာရိတ္တ ပျက်ပြားစွာ ပြုလုပ်သော သားများဟု ဖော်ပြခဲ့သည်။

လူမျိုးနွယ်စုသည် မည်သည့်အရာများကို ပြုလုပ်ခဲ့သနည်း။
သူတို့သည် ထာဝရဘုရားကို စွန့်ပစ်ခဲ့၍ ဣသရေလအမျိုး၏ သန့်ရှင်းသော ဘုရားကို စိမ်းကားပြီး မရိုမသေပြုခဲ့ကြသည်။

Isaiah 1:7

သူတို့၏ နိုင်ငံနှင့် မြို့များ၏ အခြေအနေသည် အဘယ်သို့နည်း။
သူတို့၏ နိုင်ငံသည် လူနေအိမ်ခြေကင်းမဲ့၍ သူတို့၏ မြို့များသည် မီးလောင်ကျွမ်းခဲ့သည်။

Isaiah 1:9

ထာဝရဘုရားသည် သူတို့အား မည်သည့်အရာကို ချန်ထားခဲ့သနည်း။
အနည်းငယ်သော ကျန်ရစ်သည့် အစအနကို သူတို့အား ချန်ထားခဲ့သည်။

Isaiah 1:10

မည်သည့်အရာသည် ထာဝရဘုရားကို မကျေမနပ်ဖြစ်စေခဲ့သနည်း။
နွားများ၊ သိုးများနှင့် ဆိတ်ထီးတို့၏ အသွေးသည် သူ့ကို မကျေမနပ်ဖြစ်စေခဲ့သည်။


generated on Tue Jul 2 12:50:28 2024

Isaiah 1:14

မည်သည့်အရာကို ထာဝရဘုရားမုန်းသနည်း။
သူတို့၏ လဆန်းများနှင့် သူတို့၏ ပွဲများကို သူမုန်းသည်။

အဘယ်ကြောင့် သူတို့၏ ဆုတောင်းသံများကို နားညောင်းတော်မူမည်နည်း။
သူတို့၏ လက်များသည် အသွေးနှင့် ပြည့်သောကြောင့် နားညောင်းတော်မူမည် မဟုတ်ပါ။

Isaiah 1:16

ထာဝရဘုရားသည် မည်သည့်အရာကို လုပ်ဆောင်ရန် သူတို့အား ပြောထားသနည်း။
ထာဝရဘုရားသည် သူတို့အား မကောင်းသောအရာလုပ်နေခြင်းကို ရပ်တန့်ရန်၊ ကောင်းသောအရာကို လုပ်နိုင်ဖို့ သင်ယူရန်၊ တရားမျှတမှုကိုရှာရန်၊ နှိပ်စက်ညှင်းဆဲခံသောသူကို ကူညီရန်၊ မိဘမဲ့များကို တရားမျှတမှုပေးရန်နှင့် မုဆိုးမများကို ကာကွယ်စောင့်ရှောက်ရန် ပြောထားသည်။

Isaiah 1:19

သူတို့သည် မြေကြီး၏ ကောင်းသောအရာကို စားနိုင်ရန် မည်သို့ လုပ်ဆောင်ရမည်နည်း။
သူတို့သည် ဆန္ဒရှိစွာနှင့် နာခံရမည်။

သူတို့သည် ဆန့်ကျင်၍ ပြင်းပယ်လျှင် မည်ကဲ့သို့ ဖြစ်မည်နည်း။
ဓားလက်နက်သည် သူတို့ကို လုယက်စားလိမ့်မည်။

Isaiah 1:21

သစ္စာရှိသောမြို့သည် ယုတ်ညံ့သော မြို့မဖြစ်မီ မည်ကဲ့သို့ ဖြစ်မည်နည်း။
သစ္စာရှိသော မြို့သည် တရားမျှတမှု အပြည့်နှင့် ဖြောင့်မတ်သောမြို့ဖြစ်သည်။

သစ္စာရှိသောမြို့သည် မည်သို့သော အရာများနှင့် ပြည့်သောမြို့ဖြစ်သနည်း။
သစ္စာရှိသောမြို့သည် လူ့အသက်ကို သတ်သောသူများနှင့် ပြည့်သောမြို့ဖြစ်သည်။

Isaiah 1:24

ထာဝရဘုရားသည် မည်သို့ လုပ်မည်နည်း။
သူသည် သူ၏ရန်သူတို့ တစ်ဘက်၌ လက်တုံ့ပြန်လိမ့်မည်။

Isaiah 1:29

မည်သည့်အရာသည် သူတို့ကို အရှက်ရစေပြီး မျက်နှာပျက်စေခဲ့သနည်း။
သူတို့သည် တပ်မက်ခဲ့သော သပိတ်ပင်တို့ကြောင့် အရှက်ရပြီး၊ သူတို့ရွေးခဲ့သော ဥယျာဉ်ကြောင့် မျက်နှာပျက်ခဲ့ကြသည်။

Isaiah 1:31

ခွန်အားကြီးသောသူနှင့် သူ့အလုပ်သည် မည်ကဲ့သို့ ဖြစ်မည်နည်း။
သူတို့သည် အတူတူ လောင်ကြလိမ့်မည်။

## Chapter 2

1 ယုဒပြည်နှင့် ယေရုရှလင်မြို့ကို ရည်ဆောင်၍၊ အာမုတ်၏သားဟေရှာယခံရသော ဗျာဒိတ်တော်အချက် ဟူမူကား၊ 2 နောက်ဆုံးသော
ကာလ၌ ထာဝရဘုရား၏ အိမ်တော်တည်သောတောင်သည် တောင်ကြီးတောင်ငယ် တို့၏ ထိပ်ပေါ်မှာ ချီးမြှောက်၍ တည်လိမ့်မည်။
ခပ်သိမ်း သောလူမျိုးတို့သည် ထိုတောင်သို့ စည်းဝေးကြလိမ့်မည်။ 3 များပြားသောသူတို့ကလည်း၊ လာကြလော့။
ထာဝရဘုရား၏တောင်တော်၊ ယာကုပ်အမျိုး၏ ဘုရား သခင့်အိမ်တော်သို့ တက်သွားကြကုန်အံ့။ လမ်းခရီးတော် တို့ကို
ပြသသွန်သင်တော်မူ၍၊ ငါတို့သည် ခြေတော်ရာသို့ လိုက်သွားကြမည်ဟု ခရီးသွားလျက် ပြောဆိုကြလိမ့်မည်။ တရားတော်သည်
ဇိကုန်တောင်မှငင်း၊ ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ယေရုရှလင်မြို့မှငင်း၊ ပေါ်ထွက် လိမ့်မည်။ 4 ထာဝရဘုရားသည်
လူမျိုးတို့တွင် တရားစီရင် ၍၊ များပြားသောသူတို့ကို ဆုံးမတော်မူသဖြင့်၊ သူတို့ ထားလက်နက်များကို တံစဥ်ဖြစ်စေခြင်းငှါငင်း
ထုလုပ်ကြ လိမ့်မည်။ တပြည်ကို တပြည်စစ်မတိုက်၊ စစ်အတတ်ကို လည်း နောက်တဖန်မသင်ရကြ။ 5 အိုယာကုပ် အမျိုးသားတို့၊
လာကြလော့။ ထာဝရဘုရား၏အလင်းတော်၌ ကျင်လည်ကြကုန်အံ့။ 6 အကယ်စင်စစ် ကိုယ်တော်သည် ယာကုပ်အမျိုး
သားတည်းဟူသော ကိုယ်တော်၏လူတို့ကို စွန့်ပစ်တော် မူပြီ။ အကြောင်းမူကား၊ သူတို့သည် အရှေ့ပြည်အတတ် နှင့် ကြွယ်ဝ၍၊
ဖိလိတ္တိလူတို့ကဲ့သို့ အနာဂတ္တိဆရာ ဖြစ်ကြ၏။ တပါးအမျိုးသားနှင့် အပေါင်းအဘော် ပြုကြ၏။ 7 သူတို့ပြည်သည်
ရွှေငွေနှင့်ကြွယ်ဝ၍၊ ဥစ္စာ ပစ္စည်း အတိုင်းမသိများ၏။ သူတို့ပြည်သည် မြင်းနှင့် ကြွယ်ဝ၍၊ မြင်းရထား အတိုင်းမသိများ၏။ 8
သူတို့ပြည်သည် ရုပ်တုဆင်းတုနှင့်ကြွယ်ဝ၍၊ မိမိလက်နှင့်လုပ်သောအရာ၊ မိမိလက်ချောင်းတို့နှင့် ဖန်ဆင်းသောအရာကိုပင်
သူတို့သည် ဦးချကြသည် တကား။ 9 ထိုကြောင့်၊ ယုတ်သောသူလည်း ဦးနှိမ့်ခြင်း၊ မြတ်သောသူလည်း ရှုတ်ချခြင်းကို ခံရလိမ့်မည်။
သူတို့ အပြစ်ကိုလည်း ကိုယ်တော်သည် လွှတ်တော်မမူရာ။ 10 ထာဝရဘုရားသည် မြေကြီးကို ချောက်လှန့်အံ့ သောငှါ ထတော်မူသော
ထိုအခါ၊ ဘုရားကိုကြောက်ခြင်း အရှိန်၊ ဘုန်းတန်ခိုးအာနုဘော်တော်အရှိန်ကြောင့်၊ ကျောက်ထဲသို့ ဝင်လော့။ မြေမှုန့်၌ ပုန်း၍နေလော့။
11 ထိုကာလ၌ လူတို့၏မော်သော မျက်နှာကို နှိမ့်ရ မည်။ လူတို့၏မာနကိုလည်း ရှုတ်ချရမည်။ ထာဝရဘုရား တပါးတည်း
သာချီးမြှောက်ခြင်းသို့ ရောက်တော်မူလိမ့် မည်။ 12 ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား၏ နေ့ရက် ကာလသည်
ကြီးမြင့်သောအရာနှင့် မိုမောက်သောအရာ ရှိသမျှတို့ကို ဆီးတား၍၊ သူတို့သည် နှိမ့်ချခြင်းရှိကြ လိမ့်မည်။ 13 ကြီးမြင့်သော
လေဗနုန်အာရဇ်ပင် ရှိသမျှကိုငင်း၊ 14 မြင့်သောတောင်ရှိသမျှကိုငင်း၊ မိုမောက်သော တောင်ပို့ရှိသမျှကိုငင်း၊ 15 မြင့်သော
ရဲတိုက်ရှိသမျှကိုငင်း၊ ခိုင်ခံ့သော မြို့ရိုးရှိသမျှကိုငင်း၊ 16 တာရှုသင်္ဘောအပေါင်းတို့ကိုငင်း၊ နှစ်သက် ဘွယ်သော ရုပါရုံ
အလုံးစုံတို့ကိုငင်း ဆီးတားလိမ့်မည်။ 17 ထိုကာလ၌ လူတို့၏မာနကို ရှုတ်ချ၍၊ လူတို့၏ စိတ်မြင့်သော သဘောကိုနှိမ့်ရမည်။
ထာဝရဘုရား တပါးတည်းသာ ချီးမြှောက်ခြင်းသို့ ရောက်တော်မူ လိမ့်မည်။ 18 ရုပ်တု ဆင်းတုတို့သည် ရှင်းရှင်းကွယ်ပျောက်ကြလိမ့်
မည်။ 19 ထာဝရဘုရားသည် မြေကြီးကိုချောက် လှန့်အံ့ သောငှါ ထတော်မူသောအခါ၊ ထိုဘုရားကိုကြောက်ခြင်း အရှိန်၊
ဘုန်းတန်ခိုးအာနုဘော်တော်အရှိန်ကြောင့် လူတို့သည် ကျောက်တွင်း၊ မြေတွင်းထဲသို့ ဝင်ကြလိမ့်မည်။ 20 ထိုကာလ၌ လူတို့သည်
မိမိတို့ကိုးကွယ်ဘို့ မိမိတို့ လုပ်ဘူးသော ငွေရုပ်တု၊ ရွှေရုပ်တုတို့ကို ပွေးများ၊ လင်းနို့ များ၌ ပစ်ထားကြလိမ့်မည်။ 21 ထာဝရဘုရားသည်
မြေကြီးကို ချောက်လှန့်အံ့ သောငှါ ထတော်မူသောအခါ၊ ထိုဘုရားကို ကြောက်ခြင်း အရှိန်၊ ဘုန်းတန်ခိုးအာနုဘော်တော်အရှိန်ကြောင့်
ကျောက်တွင်း၊ ချောက်ကြားထဲသို့ ပြေးဝင်ကြလိမ့်မည်။ 22 နှာခေါင်းနှင့်အသက်ရှုတတ်သော လူသတ္တဝါကို မကိုးစားကြနှင့်။
ထိုသို့သော သူကိုအဘယ်သို့ ပမာဏ ပြုစရာရှိသနည်း။

---

Isaiah 01

ယေဘုယျအချက်အလက်
ဟေရှာယသည် ယုဒပြည်ရှိလူများအား ဘုရားသခင်၏ စကားတော်ကို ကဗျာလင်္ကာကဲ့သို့ပြောနေသည်။

ယုဒပြည်နှင့် ယေရုရှလင်
ယုဒပြည်နှင့် ယေရုရှလင်၌ နေသောလူများ။ အခြားသောဘာသာပြန်ဆိုချက်၊ "ယေရုရှလင်နှင့် ယုဒပြည်တွင်နေထိုင်သူများ"

နောက်ဆုံးသောကာလ
အနာဂတ်တွင်

ထာဝရဘုရား၏ အိမ်တော်တည်သောတောင်

တောင်ကြီးတောင်ငယ်တို့၏ ထိပ်ပေါ်မှာ
ဟေရှာယသည် ရုပ်ပိုင်းဆိုင်ရာအမြင်ကို ပြောလိုခြင်းဖြစ်၍ အရေးကြီးဆုံးအရာဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တောင်များထဲတွင် အရေးကြီးဆုံး" သို့မဟုတ် "မြေပြင်ပေါ်၌ အရေးကြီးဆုံးသောနေရာ"

ထိပ်ပေါ်မှာ ချီးမြှောက်၍တည်လိမ့်မည်
ဟေရှာယသည် အပြင်ပိုင်းအသွင်သဏ္ဍာန်ဖြင့် ဂုဏ်ပြု၍ပြောသည်။ ဆိုလိုချက်


generated on Tue Jul 2 12:50:28 2024

ခပ်သိမ်းသောလူမျိုးတို့သည်
ဤနေရာတွင်တိုင်းနိုင်ငံများဟူသည်
နိုင်ငံအတွင်းနေထိုင်သောလူများကို ဆိုလိုပါသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "နိုင်ငံများမှလူများ"

စည်းဝေးကြလိမ့်မည်
မြေပြင်ပေါ်ရှိ လူအမျိုးမျိုးတို့သည်
ထာဝရဘုရားတည်ရာတောင်၌ စုဝေးကြမည်ကို
မြစ်ရေစီးခြင်းသဏ္ဌာန်နှင့် နှိုင်းယှဉ်ဖော်ပြထားပါသည်။
အထူးပြုချက်သည် အနည်းငယ်သော လူမဟုတ်ဘဲ လူများစွာ
စုဝေးကြလိမ့်မည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မြစ်ကဲ့သို့
ထိုနေရာ၌ စီးဆင်းကြလိမ့်မည်။ ထိုနေရာ၌ စုဝေးကြလိမ့်မည်"
(UDB)

Isaiah 03

ယေဘုယျအချက်အလက်
ဟေရှာယသည် ယုဒပြည်ရှိလူများအား ဘုရားသခင်၏
စကားတော်ကို ကဗျာလင်္ကာကဲ့သို့ပြောနေသည်။

ယာကုပ်အမျိုး၏ ဘုရား သခင့်အိမ်တော်သို့ တက်သွားကြကုန်အံ့။ လမ်းခရီးတော် တို့ကို ပြသသွန်သင်တော်မူ၍၊ ငါတို့သည် ခြေတော်ရာသို့ လိုက်သွားကြမည်ဟု ခရီးသွားလျက် ပြောဆိုကြလိမ့်မည်
"လမ်းခရီးတော်"နှင့် "ခြေရာတော်" ဟူသည်မှာ ပုဂ္ဂိုလ်တော်၏
အသက်ရှင်ခြင်းလမ်းကို ဆိုလိုပါသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် ကျွန်ုပ်တို့ကို
သူ့အလိုကို သွင်သင်၍ နာခံလိုက်လျှောက်လိမ့်မည်"

တရားတော်သည် ဇိအုန်တောင်မှ ၎င်းထာဝရဘုရား၏ နှုတ်ကပတ်သည် ယေရုရှလင်မြို့မှလည်းကောင်း
ဤစကားစုသည် အဓိပ္ပာယ်တူညီသည်။
ပြည်သားများအားလုံးသည် စစ်မှန်သော သမ္မာတရားကို
ယေရုရှလင်၌ တွေ့၍ နားလည်သဘောပေါက်မည်ဟု
ဟေရှာယအထူးပြု ပြောဆိုထားသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဇိအုန်၌ ရှိသောလူများသည်
တရားတော်ကို သွန်သင်ပေးလိမ့်မည်။ ယေရုရှလင်၌
ရှိသောလူများသည် ထာဝရဘုရား၏ စကားတော်ကို
သွန်သင်ပေးလိမ့်မည် ဖြစ်သည်"

နှုတ်ကပတ်တော်သည် ယေရုရှလင်မှ၎င်း
နှုတ်ကပတ်တော်သည် ယေရုရှလင်မြို့မှ၎င်း ပေါ်ထွက်လိမ့်မည်။
"လူ၏ လုပ်ရှားလုပ်ဆောင်မှုမပါဘဲ ရွေ့လျားသောမြစ်ကဲ့သို့
ထာဝရဘုရား၏ စကားတော်ဖြစ်လိမ့်မည်" ဟု
ဟေရှာယပြောသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့ကို
သွန်သင်သောနှုတ်ကပတ်တော်သည် ယေရုရှလင်မှ
ထွက်ပေါ်လာလိမ့်မည်" သို့မဟုတ် "ထာဝရဘုရားသည်
ယေရုရှလင်မှ သူ၏စကားတော်ကို မိန့်မြွက်လိမ့်မည်"

Isaiah 04

ယေဘုယျအချက်အလက်
ဟေရှာယသည် ယုဒပြည်ရှိလူများအား ဘုရားသခင်၏
စကားတော်ကို ကဗျာလင်္ကာကဲ့သို့ပြောနေသည်။

သူတရားစီရင်လိမ့်မည်
ထာဝရဘုရားသည် တရားစီရင်လိမ့်မည်။

လူမျိုးတို့တွင် တရားစီရင်၍
အငြင်းပွားစရာများ ဖြေရှင်းလိမ့်မည်။

သူတို့ ထားလက်နက်များကို တံစဉ်ဖြစ်စေခြင်းငှါ၎င်း ထုလုပ်ကြ လိမ့်မည်
ပြည်သားများသည် သူတို့၏ အသက်မွေးဝမ်းမှုအတွက်
စစ်လက်နက် ပစ္စည်းကိရိယာများကို ပြန်လည်အသုံးပြုသည်။

ဓားရှည်များကို တံစဉ်းဖြစ်စေခြင်းငှာလည်းကောင်း
ငြိမ်းချမ်းရေး အသွင်သဏ္ဌာန်ဖော်ပြရန်အတွက်
လက်နက်ကိရိယာများကို အသုံးပြုသည်။

တံစဉ်းဖြစ်စေခြင်းငှာလည်းကောင်း ထုလုပ်ကြလိမ့်မည်
ငြိမ်းချမ်းသော အသွင်သဏ္ဌာန်ကို
လက်နက်ကိရိယာများအစားထိုးဖော်ပြရာတွင် အသုံးပြုသည်။

သူတို့ ထားလက်နက်များကို တံစဉ်ဖြစ်စေခြင်းငှါ၎င်း ထုလုပ်ကြ လိမ့်မည်
သူတို့၏ တံစဉ်များကို စိုက်ပျိုးမျိုးစေ့ချရန်အတွက်
ကိရိယာအဖြစ်အသုံးပြုလိမ့်မည်။ တံစဉ်းသည် ရိတ်ဖြတ်ရန်နှင့်
မြေကြီးကို တူးဆွရန်အတွက် အသုံးပြုနိုင်သည်။

တံစဉ်ဖြစ်စေခြင်းငှါ၎င်း ထုလုပ်ကြ လိမ့်မည်
သူတို့၏ တူလက်နက်များကို တံစဉ်းဖြစ်စေလိမ့်မည်။ သူတို့၏
ထား၊ တံစဉ်းများကို စိုက်ပျိုးရေးအတွက် အသုံးပြုလိမ့်မည်။
တံစဉ်းကို အလိုမရှိသော အကိုင်းအခတ်များကို
ဖြတ်ခုတ်ရန်အတွက် လူများအသုံးပြုသည်။

တပြည်ကို တပြည်စစ်မတိုက်၊ စစ်အတတ်ကို လည်း နောက်တဖန်မသင်ရကြ
တစ်ပြည်နှင့် တစ်ပြည် ဓားလက်နက်ဖြင့်
ဆန့်ကျင်တိုက်ခိုက်ခြင်းမပြုရ။ ဓားသည် စစ်ပွဲတွင်
အသုံးပြုသော အရာဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊
"တစ်ပြည်နှင့်တစ်ပြည် တိုက်ခိုက်ဆန့်ကျင်မှုများမပြုရ"

စစ်အတတ်ကိုလည်း နောက်တဖန် မသင်ရကြ
နောက်တစ်ကြိမ်စစ်ပွဲအတွက် တိုက်ခိုက်ရန်
သင်ယူကြရမည်မဟုတ်ပါ။

Isaiah 05

ယေဘုယျအချက်အလက်
အငယ် ၂:၅ တွင် ဟေရှာယသည် ယုဒလူမျိုးများကို
ပြောနေခြင်းဖြစ်ပြီး ၂:၆ တွင် ထာဝရဘုရားကို ပြောနေသည်။
နှစ်ခုလုံးကို ကဗျာလင်္ကာဆန်စွာဖြင့်ပြောနေသည်။


generated on Tue Jul 2 12:50:28 2024

ယာကုပ် ၏အိမ်တော်
ယာကုပ်မှ ဆင်းသက်သောမျိုးနွယ်များ

လာကြလော့
ကြားနာသူများလုပ်ဆောင်ကြရန် နှိုးဆော်သူသည်
နူးညံ့သိမ့်မွေ့စွာ တွန်းအားပေးခြင်း

ထာဝရဘုရား၏ အလင်းတော်၌ ကျင်လည်ကြကုန်အံ့
ဟေရှာယသည် လူမျိုးတော်အား ထာဝရဘုရားအလိုတော်ကို သင်ယူရန်နှင့် လုပ်ဆောင်ရန် ထာဝရဘုရားသာလျှင် အမှောင်ထဲမှ ထွန်းလင်းသောမီးအိမ်ကဲ့သို့ လမ်းခရီးတော်ကို မြင်စေကြောင်းသွန်သင်နေသည်။

ကိုယ်တော်သည် သူ၏လူတို့ကိုစွန့်ပစ်တော်မူပြီ
သင်သည် သင်၏လူများကို စွန့်ခွာပြီး သူတို့ပြဿနာများကိုလည်း ဂရုပြုခြင်းမရှိလေပြီ။ ဤနေရာတွင် "သင်" ဟူသည်ထာဝရဘုရားကိုရည်ညွှန်းသည်။

သူတို့သည်အရှေ့ပြည်အတတ်တို့နှင့် ကြွယ်ဝ၍
ဟေရှာယသည် အရှေ့ပြည်ဘက်မှလာသော ကုန်များနှင့် ပြည့်နေသောကုန်သေတ္တာနှင့် လူမျိုးကိုနှိုင်းယှဉ်ပြသည်။ ဆိုလိုချက်

အနာဂတ္တိဆရာ
တိရစ္ဆာန်အစိတ်အပိုင်းများ၊ သစ်ရွက်များစသည်တို့ကို ကြည့်၍ အနာဂတ်ကို ဟောကြားနိုင်သောသူများကို ခေါ်ပါသည်။

တပါးအမျိုးသားနှင့် အပေါင်းအဘော် ပြုကြ၏
လက်ဆွဲနှုတ်ဆက်ပွေ့ဖက်ခြင်းသည် ငြိမ်းချမ်းရေးနှင့် မိတ်ဆွေဖြစ်ခြင်းကို သင်္ကေတန်ထင်ရှားစေသော လက္ခဏာဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အစ္စရေးလူမျိုးမဟုတ်သောလူများနှင့် ငြိမ်းချမ်းရေးလုပ်ဆောင်ရန် အလုပ်အတူတူလုပ်ဆောင်ကြပြီ"

Isaiah 07

ယေဘုယျအချက်လက်
ဟေရှာယသည် ထာဝရဘုရားကို ကဗျာလင်္ကာကဲ့သို့ စကားပြောနေသည်။

သူတို့ပြည်သည် ရွှေနှင့်ငွေကြွယ်ဝ၍ ....... မြင်းနှင့်ကြွယ်ဝ၍....... ရုပ်တုဆင်းတုနှင့် ကြွယ်ဝ၍
သူတို့ပြည်သည် ရွှေငွေများ၊ မြင်းများ၊ ရုပ်ဝတ္ထုများနှင့် ပြည့်နှက်နေကြောင်း ဟေရှာယကပြောပြနေသည်။ "ပြည်နယ်" ဟူသည် နေထိုင်ရာဒေသမှလူများကို ဆိုလို၍ ပြည့်နှက်နေခြင်းသည် သူတို့၏ ပိုင်ဆိုင်မှုများကို ဖော်ပြနေသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် များစွာသော ရွှေငွေများပိုင်ဆိုင်ခြင်း၊ မြင်းများကို ပိုင်ဆိုင်ခြင်း၊ ရုပ်တုဆင်းတုများပိုင်ဆိုင်ခြင်း"

မိမိလက်နှင့်လုပ်သောအရာ၊ မိမိလက်ချောင်းတို့နှင့် ဖန်ဆင်းသောအရာကိုပင် သူတို့သည် ဦးချကြသည်တကား
ဤစကားစုနှစ်ခုသည် အထူးပြုခြင်းတူညီ၍ စစ်မှန်သောဘုရားမဟုတ်သည့်အရာများကို အထူးပြုထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အရာအားလုံးသည် သူတို့လက်မှလုပ်သောအရာများဖြစ်သည်ကို ဆိုလိုသည်"

မိမိလက်နှင့်လုပ်သောအရာ
"လက်များ" ဟူသည် သူတို့အတွက် ကိုယ်တိုင်လုပ်ဆောင်ခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကိုယ်ပိုင်လုပ်ဆောင်ခြင်း" သို့မဟုတ် "သူတို့၏ လက်များဖြင့် လုပ်ဆောင်သောအရာ" ကိုဆိုလိုပါသည်။

မိမိလက်ချောင်းတို့နှင့် ဖန်ဆင်းသောအရာကိုပင်
"လက်ချောင်းများ" ဟူသည် လူများမိမိတို့ဘာသာလုပ်ဆောင်ခြင်းကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အရာအားလုံးကို သူတို့ကိုယ်တိုင်ဖြင့်လုပ်ဆောင်ခြင်းဖြစ်သည်"

Isaiah 09

ယေဘုယျအချက်အလက်
အငယ် ၂:၉ တွင် ဟေရှာယသည် ထာဝရဘုရားကို စကားပြောခြင်းပြီးဆုံးသည်။ အငယ် ၂:၁၀ တွင် ယုဒလူများကို ပြောသည်။ နှစ်မျိုးစလုံးကို ကဗျာလင်္ကာကဲ့သို့ပြောဆိုသည်။

ထိုကြောင့်၊ ယုတ်သောသူလည်း ဦးနှိမ့်ခြင်း၊ မြတ်သောသူလည်း ရှုတ်ချခြင်းကို ခံရလိမ့်မည်
ထိုသို့ အရှက်ကွဲသောသူများ၊ အသုံးမရသောသူများနှင့် သူတို့ကိုယ်သူတို့ မည်သည့်အရာမျှလုပ်ဆောင်နိုင်ခြင်းမရှိသူများသည် မြေကြီးပေါ်၌ နှိမ့်ကျလိမ့်မည်။ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်သည် သူတို့ကို အရှက်ရစေလိမ့်မည်။ သူတို့သည် အသုံးမရသောသူများဖြစ်ကြောင်းသိလာရလိမ့်မည်။

လူများ
လူများသည် တိရစ္ဆာန်များကဲ့သို့ ဆန့်ကျင်မှုပြုသည်။

တဦးချင်း
တစ်ဦးချင်းစီ

သူတို့အပြစ်ကိုလည်းလွှတ်တော်မမူရာ
လွှတ်ခြင်းဟူသော စကားလုံးသည် ထာဝရဘုရားက လူများအား အပြစ်လွှတ်ခြင်းကို ဆိုလိုပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့အပြစ်ကို ခွင့်မလွှတ်ပါနဲ့ "

ကျောက်ထဲသို့ ဝင်လော့
အသင့်လျော်ဆုံးသော ဆိုလိုချက်မှာ လူများသည် (၁) မတ်စောက်သောတောင်စောင်းရှိ လိုင်ဂူများ (ရှု၊ UDB) သို့မဟုတ်


generated on Tue Jul 2 12:50:28 2024

(၂) ကြီးမားသော ကျောက်ဆောင်ကြီးများရဲ့ အကွယ်မှာ သွားသင့်သည်။

မြေ၌ ပုန်း၍နေလော့
အသင့်လျော်ဆုံးသော ဆိုလိုချက်မှာ လူများသည် (၁) မြေကြီးထဲရှိ သဘာဝဂူများ (၂) မြေကြီးထဲ တူးထားသောတွင်းများ သို့ဝင်ပုန်းသင့်သည်။ (ရှု၊ UDB)

ဘုရားကို ကြောက်ခြင်းအရှိန်မှ
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား၏ တန်ခိုးတော်၊ မျက်မှောက်တော်မှ" သို့မဟုတ် "သူ့ကို အလွန်အမင်းကြောက်ရွံ့လိမ့်မည် ဖြစ်သောကြောင့်"

ဘုန်းတန်ခိုး အာနုဘော်အရှိန်ကြောင့်
"ဘုရင်ကဲ့သို့ လုပသောခမ်းနားခြင်း" သို့မဟုတ် "သူ၏ ခမ်းနားထည်ဝါမှု"

ထိုကာလ၌ လူတို့၏မော်သော မျက်နှာကို နှိမ့်ရ မည်
ထာဝရဘုရားသည် လူ၏မော်ကြွားသောအရာများကို နှိမ့်ချလိမ့်မည်။ မော်သောမျက်နှာရှိသူသည် အများသူငါထက်မိမိပို၍ သာလွန်ကောင်းမွန်သည်ဟု ပြသလိုသည်။ သူတို့သည် ထာဝရဘုရားထက်သာလွန်သည်ဟူသော ညစ်ညူးစွာတွေးထင်ပြီး သူတို့၏ မာနများဖြင့် ထာဝရ ဘုရားအားကိုးကွယ်ကြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် သူတို့၏မာနများကြောင့် သူတို့ကို အရှက်ရစေလိမ့်မည်"

လူတို့၏ မာနကိုလည်း ရှုတ်ချရမည်
ထာဝရဘုရားသည် မာနကြီးသော သူတို့ကို အရှက်ရစေလိမ့်မည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရ ဘုရားသည် လူတို့၏ မာနကိုရှုံ့ချလိမ့်မည်။ "လူ၏ မာန" ဟူသည် လူမျိုးတော်၏ မာနကိုဆိုလိုပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် လူမျိုးတော်၏ မာနကို နှိမ့်ချလိမ့်မည်"

ထာဝရဘုရားတပါးတည်းသာ ချီးမြှောက်ခြင်းသို့ ရောက်တော်မူလိမ့်မည်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူအများတို့သည် ထာဝရဘုရားတစ်ပါးတည်းကိုသာ ချီးမြှောက်ကြလိမ့်မည်"

ထိုကာလ၌
အခြားသာဘာသာပြန်ဆိုချက်၊ "ထိုနေ့တွင် ထာဝရဘုရားသည် တစ်ဦးချင်းစီကို စီရင်လိမ့်မည်"

Isaiah 12

ယေဘုယျအချက်အလက်
ဟေရှာယသည် ယုဒလူမျိုးများအား ကဗျာလင်္ကာကဲ့သို့ စကားပြောနေသည်။

ကြီးမြင့်သောအရာနှင့် မို့မောက်သောအရာ
လူတစ်ယောက်သည် မိမိကိုယ်ကို သူတစ်ပါးထက်သာ၍ ကြီးမြတ်သည်ဟု ခံယူသည်။ အခြားသောဘာသာပြန်ဆိုချက်၊ " အခြားသူထက်မိမိ ပို၍ကြီးမြတ်သူ၊ မြင့်မြတ်သူဟု ခံယူသူ" သို့မဟုတ် "သူများထက် မိမိပို၍ တော်သည်ဟုတွေးထင်သူ"

မို့မောက်သောအရာ
လူတစ်ယောက်သည် အခြားသူများထက်သူသည် ပို၍သာလွန်ထူးကဲသည်ဟု မှတ်ယူလျင် စိတ်ကြီးဝင်နေသူဖြစ်သည်။ ဤစကားစုနှစ်ခုသည် အဓိပ္ပာယ်တူညီ၍ ထာဝရဘုရားသည် ထိုသူတို့အား အပြစ်ပေးလိမ့်မည်ဟု ဆိုလိုပါသည်။

သူတို့သည် နှိမ့်ချခြင်းရှိကြလိမ့်မည်
မာနကြီးသူများအားလုံးနှိမ့်ချခြင်းရှိခံရလိမ့်မည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားကိုယ်တိုင် သူတို့ကို နှိမ့်ချလိမ့်မည်"

ကြီးမြင့်သော လေဗနုန်အာရဇ်ပင် ရှိသမျှကိုရင်း
ထာဝရဘုရား၏ နေ့ရက်သည် မြင့်သောအပင်များကို ဆန့်ကျင်ပြိုလဲလိမ့်မည်။ ဆိုလိုချက်မှာ

Isaiah 14

ယေဘုယျအချက်အလက်
ဟေရှာယသည် ယုဒလူများအား ကဗျာလင်္ကာဆန်စွာ ဆက်လက်စကားပြောနေသည်။ သူသည် ထာဝရဘုရား၏ နေ့ရက်များ၌ ဖြစ်ပွားမည့်အရာများကို ဆက်လက်ဖော်ပြနေသည်။

ဆန့်ကျင်သော
ဟေရှာယသည်ထာဝရဘုရားဖျက်ဆီးမည့် အရာများကို ဖော်ပြနေသည်။ ဆိုလိုချက် (၁) မာနကြီးသော သူများကို ထာဝရဘုရားနှိမ့်ချလိမ့်မည်ဟု ဆိုလိုပါသည်။ ဆိုလိုချက် (၂) ထာဝရဘုရားသည် မှတ်သားထားသောသူများကို အမှန်ပင်ဖျက်ဆီးလိမ့်မည်ဖြစ်သည်။

တောင်များ......တောင်ပို့များ
ဤစကားစုသည် အစ္စရေးလူမျိုး မာနကြီးသူများကို ခေါ်သည်။

မြင့်သောတောင်၊ တောင်ပို့
အခြားသောဘာသာပြန်ဆိုချက်၊ "အလွန့်မြင့်သောအရာ"

မြင့်သောရဲတိုက်ရှိသမျှကိုလည်းကောင်း .......
ခိုင်ခံ့သောမြို့ရိုးရှိသမျှတို့ကိုလည်းကောင်း
လူများသည် ရန်သူများမဝင်ရောက်လာနိုင်ရန် သူတို့၏ မြို့များကို မြင့်မားသော မြို့ရိုးများတည်ဆောက်ခြင်းကို ဆိုလိုပါသည်။ လူမျိုးတော်၏ မာနနှင့်ယုံကြည်ချက်မှာ သူတို့သည် ထာဝရဘုရားကို မလိုအပ်ဘဲ မည်သည့်ပြစ်ဒဏ်၊ အပြစ်ပေးခြင်းမဆို ခုခံနိုင်သည်၊ ရပ်တည်နိုင်သည် ဟုဖြစ်သည်။


generated on Tue Jul 2 12:50:28 2024

ခိုင်ခံ့သောမြို့ရိုး
"မည်သည့်အရာကမျှ ချိုးဖျက်ခြင်းမပြုနိုင်သောနံရံ"

တာရှုသင်္ဘောအပေါင်းတို့ကိုရှင်း၊ နှစ်သက် ဘွယ်သော ရုပ်ပါရုံ အလုံးစုံ
ဤအရာသည် များစွာသောလူများကို
သယ်ဆောင်သောသင်္ဘောက ပင်လယ်ထဲမှာခရီးသွားပြီး
မြို့များသို့သယ်ယူသွားကြောင်း ရည်ညွှန်းသည်။

တာရှုသင်္ဘောများ
တာရှုမြို့သို့သွားသောသင်္ဘောများ

Isaiah 17

ယေဘုယျအချက်အလက်
ဟေရှာယသည် ယုဒလူများအား ကဗျာလင်္ကာဆန်စွာ
ဆက်လက်စကားပြောနေသည်။ သူသည် ထာဝရဘုရား၏
နေ့ရက်များ၌ ဖြစ်ပွားမည့်အရာများကို
ဆက်လက်ဖော်ပြနေသည်။

ထိုကာလ၌ လူတို့၏မာနကို ရှုတ်ချ၍
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူသည်မာနကြီးသော
လူတိုင်းကို နှိမ့်ချလိမ့်မည်" သို့မဟုတ် "မာနကြီးသောသူများကို
အရှက်ရစေလိမ့်မည်"

လူတို့၏ စိတ်မြင့်သောသဘောကိုနှိမ့်ရမည်
"မောက်မာသော"သည် နာမဝိသေသနဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "မောက်မာနေသော လူများ၏
စိတ်မှ မောက်မာခြင်းများကို ရပ်တန့်စေမည်"

ထာဝရဘုရားတစ်ပါးတည်းသာ ချီးမြှောက်ခြင်းသို့ ရောက်လိမ့်မည်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "လူများအားလုံး
ထာဝရဘုရားတစ်ပါးတည်းကိုသာ ချီးမြှောက်ကြလိမ့်မည်"

ရုပ်တုဆင်းတုတို့သည် ရှင်းရှင်းကွယ်ပျောက်ကြလိမ့်မည်
"ရုပ်တုဆင်းတုများအားလုံး ပျောက်ကွယ်သွားလိမ့်မည်" (UDB)
"ထိုနေရာ၌ ရုပ်တုဆင်းတုများရှိတော့မည်မဟုတ်"

ထာဝရဘုရား၏ ဘုန်းတန်ခိုးအရှိန်ကြောင့်လူများကြောက်ရွံ့ကြလိမ့်မည်
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား၏
ဘုန်းအာနုအရှိန်မှ လူများပုန်းကွယ်ကြလိမ့်မည်"

ကျောက်တွင်းဂူများ
ကြီးမားသော ကျောက်ဂူကြီးများဖြစ်သည်။ လက်ထဲ၌
ကိုင်ထား၍ ရသောသေးငယ်သည့် ကျောက်များမဟုတ်ပါ။

ထာဝရဘုရား၏ တန်ခိုးအာနုဘော်နှင့် ထာဝရဘုရားအားကြောက်ရွံ့ခြင်း
(၂:၉) အတိုင်း ဘာသာပြန်ပါ။

ထာဝရဘုရားအားကြောက်ရွံ့ခြင်းမှာ
သူတို့သည် ထာဝရဘုရားအား
အလွန်ကြောက်ရွံ့ကြသောကြောင့်ဖြစ်သည်။

သူ၏ ဘုန်းအာနုဘော်
ဤနေရာတွင် "ဘုန်းအရှိန်အဝါ"သည် "ခန့်ညားထည်ဝါခြင်း"
ကိုဖော်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊
"ဘုရင်ကဲ့သို့ဂုဏ်အသရေရှိခြင်း"

ထာဝရဘုရားသည် မြေကြီးကိုချောက် လှန့်အံ့ သောငှါ ထတော်မူသောအခါ
ထာဝရဘုရားသည် လူများအားစီရင်သောအခါ
မြေတပြင်လုံးရှိလူများတို့က ကြောက်ရွံ့ကြသည်။

Isaiah 20

ယေဘုယျအချက်အလက်
ဟေရှာယသည် ယုဒလူများအား
ကဗျာလင်္ကာကဲ့သို့ပြောနေသည်။ သူသည် ထာဝရဘုရား၏
နေ့ရက်များကို ဆက်လက်ဖော်ပြနေသည်။

ပွေးများ၊ လင်းနို့ များ၌ ပစ်ထားကြလိမ့်မည်
မြေကြီးအောက်၌ တွင်းတူးနေကြသော သေးငယ်သော
သတ္တဝါများဖြစ်သည်။ လင်းနို့များသည် ဂူများထဲတွင်နေ၍
ပျံသန်းသောသတ္တဝါငယ်များဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "တိရစ္ဆာန်များ"

ကျောက်တွင်းချောက်ကြားထဲသို့ ပြေးဝင်ကြလိမ့်မည်
အက်ကြောင်းနှင့် အက်ကွဲကြောင်းသည်
ကျောက်ဆောင်ကွဲအက်သောအခါ ဖြစ်ပေါ်လာခြင်းဖြစ်သည်။

ထာဝရဘုရားကို ကြောက်မက်ဖွယ်ရာမှ
အဘယ်ကြောင့်ဆိုသော် သူတို့သည် ထာဝရဘုရားကို
ကြောက်ရွံ့ကြသည်။ ၂:၁၇ တွင် ဘာသာပြန်ထားသည်။

သူ၏ ဘုန်းတန်ခိုးအရှိန်ကြောင့်
"ဘုရင်ကဲ့သို့ တင့်တယ်ခြင်းနှင့် ဘုန်းတန်ခိုး" သို့မဟုတ် "သူ၏
တော်ဝင်သောလုပခြင်း" (၂:၉ အတိုင်း ဘာသာပြန်ပါ)

ကမ္ဘာမြေကြီးကိုချောက်လှန့်သောအခါ
ထာဝရဘုရားသည် လူများကို စီရင်သောအခါ သူတို့သည်
ကြောက်ရွံ့ကြ၏ (၂:၁၇ အတိုင်းဘာသာပြန်ပါ)

နှာခေါင်းနှင့် အသက်ရှုသော လူသတ္တဝါ
နှာခေါင်းသည် အားနည်း၍ နှာခေါင်းပေါက်သည် မလုပပါ။
ထို့ကြောင့် အားနည်းသော သူများကို ပုံဆောင်ပါသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "အားနည်း၍ သေမည့်သူ"
သို့မဟုတ် "အသက်ရှင်ရန် နှာခေါင်းများနှင့်ရှုရှိုက်ဖို့ လိုအပ်သူ"

နှာခေါင်းပေါက်
လူများအသက်ရှင်ရန်အတွက် နှာခေါင်းပေါက်

သူ့ကို အဘယ်သို့ ပမာဏပြုစရာရှိသနည်း
အစ္စရေးလူမျိုးများကို သူတို့
သိပြီးသားအရာဖြင့်ပင်မေးခွန်းပြန်လည်မေးပြီး သတိပေးသည်။

ဤမေးခွန်းများကိုဖော်ပြချက်တစ်ခုအဖြစ် အသုံးပြုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဘာမျှမရှိသောပမာဏ"
သို့မဟုတ် "လူသည်ဘာမျှတန်ဖိုးမရှိ"

---

## Translation Questions

### Isaiah 2:1

ဟေရှာယမြင်သော နှုတ်ကပတ်စကားသည် မည်သည့်အရာနှင့် ဆက်စပ်ခဲ့သနည်း။

ဟေရှာယမြင်သော နှုတ်ကပတ်စကားသည် ယုဒပြည်နှင့် ယေရုရှလင်မြို့နှင့် ဆက်စပ်ခဲ့သည်။

နောက်ဆုံးသောအချိန်၌ မည်သည့်အရာ ဖြစ်ပျက်မည်နည်း။

နောက်ဆုံးသောအချိန်၌ ထာဝရဘုရားအိမ်၏ တောင်တော်သည် တည်ထောင်လိမ့်မည်။

မည်သူသည် ထာဝရဘုရား၏ အိမ်တော်သို့ လာမည်နည်း။

ခပ်သိမ်းသော လူမျိုးတို့သည် ထိုအိမ်တော်သို့ ဝင်လိမ့်မည်။

### Isaiah 2:3

အဘယ်ကြောင့် လူအစုအဝေးတို့သည် ထာဝရဘုရား၏ တောင်တော်သို့ တက်သွားမည်နည်း။

အချို့သော ထာဝရဘုရား၏ နည်းလမ်းများကို သွန်သင်ခြင်းခံရန်အတွက် သူတို့သည် တက်သွားလိမ့်မည်။

### Isaiah 2:4

ထာဝရဘုရားသည် နိုင်ငံများနှင့် လူများအတွက် မည်သို့လုပ်မည်နည်း။

ထာဝရဘုရားသည် စီရင်ဆုံးဖြတ်ချက်ပေး၍ တရားစီရင်လိမ့်မည်။

လူမျိုးနိုင်ငံများသည် မည်သည့်အရာကို မလုပ်ကြမည်နည်း။

သူတို့သည် ဓားလက်နက်ဖြင့် တစ်ယောက်နှင့် တစ်ယောက်တိုက်ခိုက်ခြင်း (သို့) စစ်တိုက်ရန်အတွက် လေ့ကျင့်ခြင်းများ မလုပ်ကြတော့ပါ။

### Isaiah 2:5

ယာကုပ်အမျိုးသားများကို မည်သည့်အရာ ပြုလုပ်ရန် ပြောခဲ့သနည်း။

သူတို့ကို ထာဝရဘုရား၏ အလင်းတော်၌ လျှောက်လှမ်းရန် ပြောခဲ့သည်။

ထာဝရဘုရားသည် မည်သည့်အရာကို လုပ်ခဲ့သနည်း။

သူသည် ယာကုပ်အမျိုးဖြစ်သော သူ၏ လူတို့ကို စွန့်ပစ်ခဲ့သည်။

ထာဝရဘုရားသည် အဘယ်ကြောင့် ယာကုပ်အမျိုးကို စွန့်ပစ်ခဲ့သနည်း။

သူတို့သည် အရှေ့ပြည်မှလာသော ထုံးတမ်းအလေ့အကျင့်တို့နှင့်ပြည့်၍၊ ဖိလိတ္တိလူတို့ကဲ့သို့ နိမိတ်ဖတ်သောသူများ ဖြစ်ကြပြီး တစ်ပါးအမျိုးသားတို့၏ သားသမီးများနှင့် လက်ဆွဲပေါင်းဖော်ကြသောကြောင့် ထာဝရဘုရားသည် သူတို့ကို စွန့်ပစ်ခဲ့သည်။

### Isaiah 2:9

အဘယ်ကြောင့် ယာကုပ်အမျိုးသားတို့သည် ကျောက်များသော နေရာများသို့ ဝင်၍၊ မြေမှုန့်များထဲ၌ ပုန်းသင့်သနည်း။

ထာဝရဘုရား၏ ကြောက်မက်ဖွယ်ရာ ဖြစ်ရပ်နှင့် သူ၏ဘုန်းတန်ခိုး ထင်ပေါ်ကျော်ကြားမှုကြောင့် သူတို့သည် ပုန်းသင့်သည်။

ယုတ်မာသောသူနှင့် မာနကြီးသောသူတို့၌ မည်သည့်အရာဖြစ်မည်နည်း။

သူတို့သည် နှိမ့်ချခြင်းနှင့် ရှုတ်ချခြင်းခံရမည်။

မည်သူသည် ထိုနေ့ရက်ကာလ၌ ချီးမြှောက်ခြင်းခံရမည်နည်း။

ထာဝရဘုရား တစ်ပါးတည်းသာလျှင် ထိုနေ့ရက်ကာလ၌ ချီးမြှောက်ခြင်းခံရမည်။

### Isaiah 2:17

ရုပ်တုတို့၌ မည်သည့်အရာ ဖြစ်ပျက်မည်နည်း။

ရုပ်တုတို့သည် လုံးလုံးလျားလျား ပျောက်ကွယ်ကြလိမ့်မည်။

လူတို့သည် ထိုကာလ၌ မည်သည့်နေရာသို့ သွားကြမည်နည်း။

သူတို့သည် ကျောက်ဂူများထဲသို့နှင့် မြေတွင်းများထဲသို့ သွားကြလိမ့်မည်။

### Isaiah 2:20

မည်သူ့ကို ယုံကြည်ကိုးစားခြင်း ရပ်တန့်ရန် ယာကုပ်အမျိုးသားတို့ကို ပြောခဲ့သနည်း။

လူသားကို ယုံကြည်ကိုးစားခြင်း ရပ်တန့်ရန် သူတို့ကို ပြောခဲ့သည်။

---


generated on Tue Jul 2 12:50:28 2024

## Chapter 3

1 အကြောင်းမူကား၊ ကောင်းကင်ဗိုလ်ခြေသခင်၊ အရှင်ထာဝရဘုရားသည် မုန့်အထောက်အပင့်နှင့် ရေအထောက်အပင့် ရှိသမျှမှစ၍၊
ခပ်သိမ်းသော အထောက်အပင့်တို့ကို ယေရုရှလင်မြို့နှင့် ယုဒပြည်မှ ပယ်ရှားတော်မူ၏။ 2 တန်ခိုးကြီးသောသူ၊ စစ်တိုက်သောသူ၊
တရားသူ ကြီး၊ ပရောဖက်၊ ဗေဒင်တတ်၊ အသက်ကြီးသူ၊ 3 သွေးသောက်ကြီး၊ အရာရှိ၊ တိုင်ပင်မှူးမတ်၊ လက် သတ္တိရှိသောသူ၊
နှုတ်သတ္တိရှိသောသူတို့ကို ပယ်ရှား တော်မူ၏။ 4 ထိုပြည်တွင် သူငယ်တို့ကို မင်းအရာ၌ ငါခန့်ထား ၍ နို့စို့သူငယ်တို့သည်
အုပ်စိုးကြလိမ့်မည်။ 5 ပြည်သားတို့သည် တယောက်ကိုတယောက်၊ အိမ်နီးချင်းတယောက်ကိုတယောက် ညှဉ်းဆဲကြလိမ့်မည်။
သူငယ်သည် အသက်ကြီးသူကိုငှင်း၊ လူယုတ်သည် လူမြတ်ကိုငှင်း စော်ကားလိမ့်မည်။ 6 ထိုကြောင့်၊ လူသည်
ပေါက်ဘော်ချင်းညီအစ်ကို ကို ကိုင်ဆွဲ၍၊ သင်၌ အဝတ်ရှိသေး၏။ လာပါ။ အကျွန်ုပ် တို့အပေါ်၌ မင်းပြုပါ။ အကျွန်ုပ်တို့
ပြိုပျက်ရာကိုလည်း ပြုပြင်ပါဟုဆိုလျှင်၊ 7 သူကလည်း၊ ငါသည်ပြုပြင်နိုင်သော သူမဟုတ်။ ငါ့အိမ်၌ မုန့်လည်းမရှိ။ အဝတ်လည်းမရှိ။
ငါ့ကို ပြည် သားတို့ အပေါ်မှာမင်းမပြုစေနှင့်ဟု အတည့်အလင်း ပြောဆိုလိမ့်မည်။ 8 ယေရုရှလင်မြို့ပြိုလဲလျက်၊
ယုဒပြည်ဆုံးရှုံးလျက် ရှိ၏။ အကြောင်းမူကား၊ သူတို့စကားနှင့် သူတို့အကျင့်တို့ သည် ထာဝရဘုရား၏ အလိုတော်နှင့်မညီ၊ ဘုန်းကြီး
သော မျက်စိတော်တို့ကို ဆန့်ကျင်ဘက်ပြုကြ၏။ 9 သူတို့မျက်နှာအနေအထားသည် သူတို့တဘက်၌ သက်သေခံ၏။
မိမိဒုစရိုက်ကိုမဝှက်၊ သောဒုံမြို့သားကဲ့သို့ ထင်ရှားစွာ ပြုကြ၏။ သူတို့ဝိညာဉ်၌ အမင်္ဂလာရှိ၏။ အကြောင်းမူကား၊ မကောင်းကျိုးကို
မိမိတို့၌ ဆပ်ပေး ကြပြီ။ 10 ဖြောင့်မတ်သောသူသည် မင်္ဂလာရှိ၏ဟု ထိုသူ အား ပြောလော့။ အကြောင်းမူကား၊ သူသည် မိမိအကျင့်
တို့၏အကျိုးကို ခံစားရလိမ့်မည်။ 11 မတရားသောသူသည်အမင်္ဂလာရှိ၏။မကောင်း သော အမှုနှင့်တွေ့လိမ့်မည်။ အကြောင်းမူကား၊
သူကျင့် သော အကျင့်တို့၏အပြစ်ကို သူ၌ဆပ်ပေးရလိမ့်မည်။ 12 ငါ၏လူများကိုကား၊ သူငယ်တို့သည် ညှဉ်းဆဲကြ ၏။
မိန်းမတို့သည်လည်း အုပ်စိုးကြ၏။ ငါ၏လူများတို့၊ သင်တို့အား လမ်းပြသောသူတို့သည် လမ်းလွဲစေကြ၏ သင်တို့သွားသော
လမ်းခရီးကိုလည်း ဖျက်ကြ၏။ 13 ထာဝရဘုရားသည် မိမိအမှုကို စောင့်အံ့သော ငှါ ထတော်မူ၏။ မိမိလူတို့ကို တရားစီရင်မည်ဟု
အားထုတ်တော်မူ၏။ 14 ထာဝရဘုရားသည် မိမိလူတို့တွင်၊ အသက်ကြီး သူတို့ကိုငှင်း၊ မင်းတို့ကိုငှင်း တရားစီရင်ရာ၌ ဆီးကြိုး
တော်မူမည်။ သင်တို့သည် ငါ့ဥယျာဉ်တော်ကိုစားကြပြီ။ ဆင်းရဲသောသူတို့၏ ဥစ္စာကို လုယူ၍၊ မိမိတို့အိမ်၌ သိုထားကြပြီ။ 15
ငါ၏လူတို့ကို အဘယ်ကြောင့် နှိပ်စက်ကြသ နည်း။ ဆင်းရဲသားတို့၏မျက်နှာကို အဘယ်ကြောင့် ကြိတ်ကြသနည်းဟု
ကောင်းကင်ဗိုလ်ခြေသခင် အရှင် ထာဝရဘုရား မိန့်တော်မူ၏။ 16 တဖန်ထာဝရဘုရား မိန့်တော်မူသည်ကား၊ ဇိအုန်သတို့သမီးတို့သည်
စိတ်မြင့်၍၊ မိမိလည်ပင်းကို ပြလျက်၊ မျက်စိလော်လည်လျက်၊ ခြေချင်းတန်ဆာမြည် လျက်၊ စိတ်စိတ်လှမ်းသွားတတ်သောကြောင့်၊
17 ဘုရားရှင်သည် ဇိအုန်သတို့သမီးတို့ကို ခေါင်းတုံး ဖြစ်စေတော်မူမည်။ ထာဝရဘုရားသည် သူတို့မှ အဝတ် ကိုပယ်၍
အရှက်ခွဲတော်မူမည်။ 18 ထိုကာလ၌ ဘုရားရှင်သည် သူတို့ခြေချင်း၊ စှာဦးထုပ်၊ လဆန်းရုပ်လည်ဆွဲ၊ 19 နားသန်သီး၊ လက်ကောက်၊
မျက်နှာဖုံး၊ 20 ပေါင်းသရဖူ၊ ရွှေခြေကြိုး၊ ခါးပန်း၊ နှာခေါင်းဘူး၊ 21 လက်ဖွဲ့၊ လက်စွပ်၊ နှာဆွဲ၊ 22 ရွှေစှာအင်္ကျီ၊ တပက်၊ ခေါင်းခြုံ၊
လွယ်အိတ်၊ 23 လွယ်မှန်၊ အတွင်းအင်္ကျီ၊ ဦးရစ်၊ တင်းတိမ်တို့ကို ပယ်ရှင်းတော်မူမည်။ 24 မွှေးသော အနံ့အရာ၌ ပုပ်စပ်သောအနံ့၊
ခါးစည်းအရာ၌ ခါးကြိုး၊ ကျစ်သောဆံပင်အရာ၌ ခေါင်း ထုံးခြင်း၊ ရင်စည်းတန်ဆာအရာ၌လျှော်တေကြိုး၊ လှသော အဆင်းရာ၌
သံပူထိုးချက်ရာ ဖြစ်ရလိမ့်မည်။ 25 သင်၏ လူတို့သည် ထားလက်နက်ဖြင့်ငှင်း၊ သင်၏သူရဲတို့သည် စစ်တိုက်သဖြင့်ငှင်း လဲ၍
ဆုံးရှုံးကြ လိမ့်မည်။ 26 သူ၏တံခါးတို့သည် ငိုကြွေးမြည်တမ်း၍၊

---

---

Isaiah 01

ကြည့်ရှုလော့

"ကြည့်ရှုလော့" ဟူသည် "နားထောင်ကြလော့" သို့မဟုတ် "အမှန်တကယ်" ဟု ပြန်ဆိုနိုင်သည်။

အထောက်အပံ့ရှိသမျှ

ဤစကားစုနှစ်ခုသည် ယိမ်းယိုင်သွားခြင်းမရှိရန်အတွက် အထောက်အမကဲ့သို့ လမ်းလျှောက်တုန်း အဖြစ်ရည်ညွှန်းသည်။ လူအများအသက်ရှင်ရန်အတွက် အစားအစာနှင့် ရေလိုအပ်သကဲ့သို့ ထောက်မပေးခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အရာခပ်သိမ်းကို သင့်အတွက် ထောက်မံပေးတယ်" သို့မဟုတ် "အရာရာကို သင်အမှီပြုနေသည်"

တန်ခိုးကြီးသောသူ ........ နှုတ်သတ္တိရှိသောသူတို့ကို ပယ်ရှား တော်မူ၏

ဤအရာသည် အခြားသောအရာများကို အမှီပြုနေသောလူများကို တိကျစွာပြောထားသော စာရင်းဖြစ်သည်။ သူတို့သည် တစ်ဦးချင်းစီကို အထူးမညွှန်းဆိုပါ။ UDB တွင် အများဟူပြီးပြန်ဆိုနိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တန်ခိုးကြီးသောသူ...... နှုတ်သတ္တိရှိသောသူ"

ဗေဒင်တတ်

(ရှု၊ ၂:၅ တွင်ပြန်ဆိုထားသည်ကို ကြည့်ရန်)

သွေးသောက်ကြီး

စစ်သားများ


generated on Tue Jul 2 12:50:28 2024

ငါးဆယ်
"၅၀"

Isaiah 04

ထိုပြည်တွင် သူငယ်တို့ကို မင်းအရာ၌ ငါခန့်ထား ၍ နို့စို့သူငယ်တို့သည် အုပ်စိုးကြလိမ့်မည်
ဆိုလိုချက်

နေရာချထားလိမ့်မည်
"ငါ" သည် ထာဝရဘုရားကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ ထာဝရဘုရားက "ငါလူငယ်များကို ခေါင်းဆောင်အဖြစ် အစားထိုးမည်" ဟုပြောသည်။

ပြည်သားတို့သည် တစ်ယောက်ကိုတစ်ယောက်၊ အိမ်နီးချင်းတစ်ယောက်ကိုတစ်ယောက်ညှဉ်းဆဲကြလိမ့်မည်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူတိုင်း တစ်ဦးကိုတစ်ဦးနှိပ်စက်၍ အိမ်နီးချင်းများကိုလည်း အကြမ်းဖက်ကြလိမ့်မည်"

ဂုဏ်သိက္ခာညှိုးနွမ်းစေသည်
"လေးစားခြင်းမရှိသောလူများ" သို့မဟုတ် "ရိုသေခြင်းမရှိသောလူများ"

ဂုဏ်သရေရှိသော
"ဂုဏ်သရေရှိသောလူများ" သို့မဟုတ် "တစ်ဦးနှင့်တစ်ဦး ရိုသေလေးစားသူများ"

Isaiah 06

သင်၏ပျက်ဆီးခြင်းသည် သင်၌ရှိပါစေသော
ဤနေရာတွင် "လက်" သည် အခွင့်အာဏာကိုရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ပျက်စီးခြင်းများကို ပြုပြင်ပါ" သို့မဟုတ် "ဤပျက်စီးခြင်းများ၏ အထက်တွင်ရှိသော အခွင့်အာဏာ"

ဤပြိုပျက်ခြင်းများ
ဆိုလိုချက်

ငါသည် ပြုပြင်နိုင်သောသူမဟုတ်
လူများ၏ ပြဿနာကိုဖြေရှင်းရန်ဟူသည် သူတို့အား ပြုပြင်ပေးနိုင်ခြင်းကို ဆိုလိုပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဤပြဿနာများကို ဖြေရှင်းနိုင်လိမ့်မည်မဟုတ်ပါ" သို့မဟုတ် "ကျွန်ုပ်လုံးဝ မကူညီနိုင်ပါ" (UDB)

Isaiah 08

ဆက်စပ်မှုဖော်ပြချက်
ပရောဖက်သည် ဤအခြေအနေကို မှတ်ချက်ပြုရန်စတင်သည်။

ယေရုရှလင်မြို့ပြိုလဲလျက် ယုဒပြည်ဆုံးရှုံးလျက်ရှိ၏
ဘုရားသခင်အား နာမခံခြင်းအားဖြင့် ပြိုလဲခြင်းနှင့် ဆုံးရှုံးခြင်းဖြစ်စေသည်။

ဘုန်းကြီး သော မျက်ဆံတော်တို့ကို
"မျက်စိ" သည် ဘုန်းတန်ခိုးကြီးသူဖြစ်သော ဘုရားသခင်ကို ကိုယ်စားပြုသည်။

သူတို့မျက်နှာအနေအထားသည် သူတို့တဘက်၌ သက်သေခံ၏
မာနကြီး၍ စိတ်ကြီးဝင်နေသော သူ၏မျက်နှာသည် သူတို့၏ မာနများကို သက်သေခံနေပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မာနကြီးသော မျက်နှာများသည် ထာဝရဘုရားအား ဆန့်ကျင်သည်ကို ပြသနေသည်"

မိမိဒုစရိုက်ကိုမဝှက်၊ သောဒုံမြို့သားကဲ့သို့ ထင်ရှားစွာ ပြုကြ၏
ယုဒလူမျိုးများသည် သောဒုံမြို့သားများကဲ့သို့ မိမိအပြစ်များကို ထင်ရှားဂုဏ်ယူစွာ လုပ်ဆောင်ကြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သောဒုံမြို့သားများကဲ့သို့ သူတို့အပြစ်များကို ပြောဆိုပြီး သူတို့အားလူတိုင်းသိကြသည်"

မကောင်းသောကျိုးကို မိမိတို့၌ ဆပ်ပေးကြပြီ
ကပ်ဘေးသည် ရောက်လာနေသော်လည်း ထိုအရာများရောက်လာစေရန် လူများသည် လုပ်ဆောင်ပြီးဖြစ်နေသည်။ မကောင်းသောဘေးများရောက်လာရန် မိမိကိုယ်ကိုလုပ်ဆောင်နေသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မကောင်းသော ကပ်ဘေးများကို မိမိတို့၌ ဖြစ်ပွားစေပြီ"

Isaiah 10

ဖြောင့်မတ်သောသူသည် မင်္ဂလာရှိ၏
ကောင်းသောအရာကို ပြောသောသူ၊ လုပ်ဆောင်သောသူအား ငါသာ၍ ကောင်းသောအရာကို ပေးမည်။

ဖြောင့်မတ်သောသူ
ဖြောင့်မတ်သောသူသည် သာမန်လူဖြစ်သည်။

မိမိအကျင့် တို့၏အကျိုးကို ခံစားရလိမ့်မည်
သစ်ပင်စိုက်ပျိုးလျှင် အသီးကို စားရလိမ့်မည်။ အသီးဟူသည်မှာ ကောင်းသောအရာလုပ်ဆောင်ခြင်းအတွက် အကျိုးရလဒ်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် သူတို့၏ လုပ်ဆောင်မှုများအတွက် ဆုလာဘ်ကို လက်ခံရရှိလိမ့်မည်" သို့မဟုတ် "သူတို့၏ လုပ်ဆောင်ခဲ့ပြီးသော ကောင်းသောအရာများအတွက် ဆုလာဘ်ကို လက်ခံရရှိလိမ့်မည်"

သူကျင့်သော အကျင့်တို့၏ အပြစ်ကို သူ၌ ဆပ်ပေးရလိမ့်မည်
ဤနေရာတွင် လက်များသည် လူတစ်ဦး၏ ပြီးစီးပြီးသော အလုပ်အတွက် ဖော်ပြနေသည်။ အခြားသောဘာသာပြန်ဆိုချက်၊


generated on Tue Jul 2 12:50:28 2024

"မကောင်းသောလူ လုပ်ဆောင်ပြီးသော မကောင်းမှုအတွက် သူပြန်လည်ပေးဆပ်ရလိမ့်မည်"

ငါ၏လူများကိုကား

ဆိုလိုချက် (၁) ဟေရှာယသည် ပြောကြားနေ၍ "ကျွန်ုပ်" သည် ဟေရှာယကို ညွှန်းဆိုသည်။ ဆိုလိုချက် (၂) ထာဝရဘုရားသည် ပြောနေ၍ "ကျွန်ုပ်" သည် ထာဝရဘုရားကို ညွှန်းနေသည်။

သူငယ်တို့သည် ညှဥ်းဆဲကြ၍

ဆိုလိုချက်

မိန်းမတို့သည်လည်း အုပ်စိုးကြ၏

ဆိုလိုချက် (၁) မိန်းမများသည် လူများအပေါ်အုပ်စိုးကြသည်။ ဆိုလိုချက် (၂) သူတို့ ခေါင်းဆောင်များသည် မိန်းမများကဲ့သို့ အားနည်းလာသည်။

သင်တို့အား လမ်းပြသောသူတို့သည် လမ်းလွဲစေကြ၏ သင်တို့သွားသော လမ်းခရီးကိုလည်း ဖျက်ကြ၏

အရှေ့အလယ်ပိုင်းဒေသတွင် နိုင်ငံရေးခေါင်းဆောင်များကို သိုးထိန်းများဟု မှတ်ယူသည်။ သိုးထိန်းများသည် သိုးများကို လုံခြုံစွာလမ်းပြသကဲ့သို့ ခေါင်းဆောင်များသည် လူများအား အမှာတရားနှင့် အမှန်တရားကို သွန်သင်ပေးရမည်။ ယုဒခေါင်းဆောင်များသည် ဤကဲ့သို့မလုပ်ဆောင်ပါ။ အခြားသောဘာသာပြန်ဆိုချက်၊ "ခေါင်းဆောင်များသည် ဆိုးသောသိုးထိန်းများကဲ့သို့ ဖြစ်ပြီးသိုးများအား ကောင်းသောလမ်းသို့ ညွှန်မပြပေ။

Isaiah 13

ထာဝရဘုရားသည် မိမိအမှုကို စောင့်အံ့သော ငှါ ထတော်မူ၏။ မိမိလူတို့ကို တရားစီရင်မည်ဟု အားထုတ်တော်မူ၏

ဟေရှာယသည် ထာဝရဘုရား၏ စီရင်မည့် အရာကို ဆန့်ကျင်သော အစ္စရေးလူမျိုးများအားပြောပြနေသည်။ ဒုတိယပိုင်းပြောသောအရာတွင်လည်း ပထမအကြိမ်ပြောသည်ထက် ပို၍ပြည့်စုံစွာ ပြောပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် တရားစီရင်ရာရုံးသို့ လူများအား တရားစီရင်ချက်ပြုရန် အဆင်သင့်ဖြစ်နေကြောင်းပြောပြသည်"

တရားစီရင်ရာ၌ ဆီးကြိုး တော်မူမည်

တရားစီရင်ခြင်းသည် အခြားသောလူတစ်ဦးအား ခေါ်ဆောင်လာပြီး စီရင်ချက် ချမှတ်ခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ၏ တရားစီရင်မည့် အရာကို ထုတ်ဖော်ခြင်း" သို့မဟုတ် "သူ၏ တရားစီရင်မည့် အရာကိုကြေငြာခြင်း"

သင်တို့သည် ငါ့ဥယျာဉ်တော်ကို စားကြပြီ

ဤနေရာတွင် "သင်တို့" ဟူသည် ဦးဆောင်သူများနှင့် အခွင့်အာဏာရှိသူများကို ရည်ညွှန်းပါသည်။ ထာဝရ ဘုရားက သူ့လူမျိုးတော်အား ဥယျာဉ်ဟု ခေါ်ဆိုပါသည်။ လူသည် စပျစ်ခြံကို မပြုစုလျှင် စပျစ်သီးမသီးနိုင်သကဲ့သို့ ခေါင်းဆောင်များသည် လူများအား ဘုရား၏အမှုတော်၌ ကောင်းမွန်စွာ နိုးကြားမှုမပြုပေးနိုင်ခြင်းကြောင့် ပျက်စီးနေခြင်းကိုဆိုလိုပါသည်။

ဆင်းရဲသောသူတို့၏ ဥစ္စာကို လုယူ၍ မိမိတို့အိမ်၌ သိုထားကြပြီ

ဆင်းရဲသောသူ၏ အိမ်မှ ပစ္စည်းဥစ္စာများကို ရယူခြင်း

ဆင်းရဲသောသူ

"ဆင်းရဲသောသူများ"

ငါ၏ လူတို့ကျူ အဘယ့်ကြောင့်နှိပ်စက်ကြသနည်း။ ဆင်းရဲသားတို့၏ မျက်နှာကို အဘယ့်ကြောင့်ကြိတ်ကြသနည်း

ထာဝရဘုရားသည် ဤမေးခွန်းကို တရားစီရင်ချက်အဖြစ်ခေါင်းဆောင်များအားမေးခြင်းဖြစ်သည်။ ဤစီရင်ချက်ကို အချက်တစ်ခုအဖြစ်ဖော်ပြနိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ၏လူများ၏ မျက်နှာကို ကြိတ်၍ နှိပ်စက်ကြသော လူဆိုးများကြောင့်ငါသည် အလွန်ပင် အမျက်ထွက်လျက်ရှိ၏"

လူများအားနှိပ်စက်ခြင်း

လူများအား လေးလံသောဝန်များကို တင်စေပြီး နှိပ်စက်ခြင်းများကို ပြု၍ နာကျင်ခံစားစေသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အနာတရဖြစ်စေသော လူမျိုးများ"

ဆင်းရဲသားများ၏ မျက်နှာကို ကြိတ်ကြပြီ

လူများအား အနာတရဖြစ်စေရန် သူတို့မျက်နှာအားမြေကြီးပေါ်တွင် နင်းချေသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူများအား နာကျင်စေရန် နှိပ်စက်ညှည်းပမ်းသည်"

Isaiah 16

ဇိအုန်သတို့သမီး

"ဇိအုန်" ဟူသည် ယေရုရှလင်ရဲ့ မြို့တော်အမည်ဖြစ်ပြီး သမီးများ၏ မိခင်ဟု အဓိပ္ပာယ်ရသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဇိအုန် အမျိုးသမီး"

မိမိလည်ပင်းကို ပြလျက်

စိတ်ကြီးဝင်ခြင်းကို ဆိုလိုသည်။

မျက်စိလော်လည်လျင်

ဤနေရာတွင် မျက်လုံးများသည် အမျိုးသားများအားကြည့်သောအမျိုးသမီးများကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အမျိုးသမီးများ အထင်ကြီးရန်အတွက် လုပ်ဆောင်သောနည်းလမ်း"

စိတ်စိတ်လှမ်းသွားတတ်သောကြောင့်

ခြေလှမ်းစိပ်စိပ်လှမ်းခြင်း



generated on Tue Jul 2 12:50:28 2024

ခြေချင်းတန်ဆာမြည်လျက်
"သူတို့၏ ခြေမျက်စိ၌ လက်ကောက်
ဝတ်ထားပြီးတချွင်ချွင်မြည်သံ" သို့မဟုတ် "သူတို့ ခြေမျက်စိ၌
တပ်ထားသောခြူသံလေးများဆူညံသံ"

Isaiah 18

ယေဘုယျအချက်အလက်
ယေရုရှလင် အမျိုးသမီးအား ထာဝရဘုရားမည်သို့
တရားစီရင်မည်ကို ဆက်လက်ဖော်ပြထားသည်။

ထာဝရဘုရား ဖယ်ရှားလိမ့်မည်
ဤနေရာတွင် "ဖယ်ရှားခြင်း" ဟူသည် တစ်စုံတစ်ရာများကို
ဖယ်ရှားရန်ဟု ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊
"ဘုရားသခင် ဖယ်ရှားလိမ့်မည်"

ခြေချင်း
အမျိုးသမီးများ၏ ခြေဖဝါးအထက်ခြေမျက်စိ၌
ဝတ်ဆင်ကြသောအရာ။

ဈာဦးထုပ်
အမျိုးသမီးများ ဦးခေါင်းတွင် အလှဝတ်ထားသောအရာ။

လဆန်းရုပ်လည်ဆွဲ
"လဆန်းနေ့တွင် ဝတ်ဆင်ခြင်းဖြင့် ရန်သူဘေးမှ
ကာကွယ်ပေးသည်" ဟုလူများယုံကြည်ခြင်း။

နားသန်သီး
နားအထက်တွင် ဆင်မြန်းသောကျောက်မြတ်။၊

လက်ကောက်
အမျိုးသမီးများ၏ လက်မောင်းတွင် ဝတ်ဆင်ကြခြင်း။

မျက်နှာဖုံး
အမျိုးသမီးဦးခေါင်းနှင့် မျက်နှာတွင် ဖုံးကွယ်ထားသောအရာ။

ပေါင်းသရဖူ
အမျိုးသမီးများ၏ ဦးခေါင်းဆံပင်ထက်တွင်
စည်းထားသောပါး၍ ရှည်လျားသော အဝတ်အပိုင်းအစ။

အမျိုးသမီးများ၏ ခြေဖဝါး၌ ဝတ်ဆင်သောအရာ
ခြေလှမ်းသောအခါ သာယာသောအသံကိုပေးခြင်း။

ခါးပန်း
ခါးတဝိုက်ကို ခိုင်ခံ့အောင် ချည်ထားသော အဝတ်အပိုင်းအစ။

နားခေါင်းဘူး
အမွှေးနံ့သာပါသော ဘူးသေးလေးများကို ကွင်းဆက်၍
အမျိုးသမီးများ၏ လည်ပင်းတွင် ဆင်မြန်းခြင်းဖြင့်
မွှေးသောအနံ့ကို ရရှိခြင်း။

နှစ်မြို့ဖွယ်
ကျောက်မျက်များ ဝတ်ဆင်ခြင်းဖြင့် ကောင်းသောအရာများကို
ယူဆောင်လာမည်ဟု လူများယုံကြည်ထားသည်။

Isaiah 21

လက်စွပ်
လက်ချောင်းလေးများအား ဝတ်ဆင်ပေးသောအရာ။

နှာဆွဲ
နှာခေါင်း၌ အလှဆင်ဝတ်ဆင်သောအရာ

ရွှေစရာအင်္ကျီ
အပေါ်မှထပ်ဝတ်ရသော အင်္ကျီရှည်။

တဘက်
အဝတ်အစားအပြင်ဘက် ပခုံးထက်မှာ ဆင်မြန်းရသောအရာ။

ခေါင်းခြုံ
၃:၁၉ ကဲ့သို့ ဘာသာပြန်ပါ။

လွယ်အိတ်
သေးငယ်သော အရာများကို ထည့်၍ လွယ်ရန်။

လက်ကိုင်မှန်
လက်ထဲမှာ ကိုင်၍ကြည့်ရသောမှန်။

အတွင်းအင်္ကျီ
ချမ်းသာသော လူများဝတ်ဆင်သော
သက်တောင့်သက်သာအင်္ကျီ။

ဦးရစ်
ဦးခေါင်းဆံပင်ထက်တွင် ဝတ်ဆင်ရသော သေးငယ်သောအဝတ်။

တင်းတိမ်
အမျိုးသမီးများ ပို၍ လှပရန်အတွက် သူတို့ကိုယ်သူတို့
ဆင်မြန်းသောအရာ။

Isaiah 24

ခါးစည်း
၃:၁၂ ကိုကြည့်ပါ။

ခါးကြိုး
ယုဒလူများ ဖမ်းဆီးခံရသောအခါ ရန်သူများက
ချည်နှောင်ရန်သုံးသောအရာ သို့မဟုတ်
ယေရှုလင်အမျိုးသမီးများက အဝတ်များကို လုံခြုံခိုင်ခံ့ရန်
ချည်သောအရာကို ဆိုလိုခြင်းဖြစ်နိုင်သည်။

ကျစ်သောဆံပင်အရာ၌ ခေါင်း ထုံးခြင်း
ဆံပင်ကို စနစ်တကျစည်းခြင်း။ လှပသောဆံပင်၊
သူတို့ဦးခေါင်းများသည် သပ်ရပ်နေလိမ့်မည်။

 generated on Tue Jul 2 12:50:28 2024

သင်၏ လူတို့သည် ထားလက်နက်ဖြင့်၎င်း၊ သင်၏သူရဲတို့သည် စစ်တိုက်သဖြင့်၎င်း လဲ၍ ဆုံးရှုံးကြ လိမ့်မည်
ကျဆုံးခြင်းသည် သတ်ဖြတ်ခံရခြင်းကို ရည်ညွှန်းသည့် စစ်ပွဲကို ပုံဆောင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏လူများသည် စစ်ပွဲ၍ အသတ်ခံရလိမ့်မည်။ သင်၏ သန်စွမ်းခြင်းသည် စစ်ထဲတွင် သတ်ခံရလိမ့်မည်" သို့မဟုတ် "ရန်သူများသည် သင်၏ စစ်သားများအား စစ်မြေပြင်တွင် သတ်ဖြတ်လိမ့်မည်"

ယေရုရှလင်မြို့ဝင်တံခါးတို့သည် ငိုကြွေးမြည်တမ်း၍
ဟေရှာယသည် မြို့ဝင်တံခါးအနီး ပြည်သူများသွားလာသောနေရာ၍ ငိုကြွေးမြည်တမ်းခြင်းများရှိလိမ့်မည် ဟုပြောဆိုနေသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယေရုရှလင်၌ရှိသော လူများသည် မြို့ဝင်ဂိတ်များ၌ ထိုင်၌ငိုကြွေးမြည်တမ်းလိမ့်မည်"

သူ၏တံခါးတို့သည် ငိုကြွေးမြည်တမ်း၍
ယေရုရှလင်၌ ရှိသောလူများကို ရန်သူများဘေးမှ မည်သူမျှမကယ်နိုင်။ မြို့တော်သည် မြေကြီးပေါ်မှာပြိုလဲ၍ သူ၏ မိတ်ဆွေများမှလဲစွန့်ခွာလိမ့်မည်။ (UDB)

---

## Translation Questions

### Isaiah 3:1

ထာဝရဘုရားသည် မည်သည့်အရာကို ယေရုရှလင်မြို့နှင့် ယုဒပြည်မှ ပယ်ရှားသနည်း။
ထာဝရဘုရားသည် သူတို့၏ အထောက်အပံ့နှင့် မှူးမတ်အရာရှိများကို ပယ်ရှားရသည်။

### Isaiah 3:4

မည်သူသည် ယုဒပြည်နှင့် ယေရုရှလင်မြို့ကို ဦးဆောင်မည်နည်း။
လူငယ်များသည် သူတို့ကို ဦးဆောင်ရန် အသက်ငယ်သောသူများသည် သူတို့ကို အုပ်ချုပ်လိမ့်မည်။

မည်သူသည် လူတို့ကို ဖိနှိပ်ချုပ်ချယ်မည်နည်း။
လူတို့သည် တစ်ယောက်နှင့်တစ်ယောက် ဖိနှိပ်ချုပ်ချယ်ညှင်းဆဲပြီး အချင်းချင်း သူတို့၏ အိမ်နီးချင်းနှင့် ဖိနှိပ်စော်ကားကြလိမ့်မည်။

### Isaiah 3:8

အဘယ်ကြောင့် ယေရုရှလင်သည် ပျက်စီး၍ ယုဒပြည်သည် ကျရှုံးသနည်း။
သူတို့၏ အပြောအဆိုနှင့် အကျင့်တို့သည် ထာဝရဘုရားကို ဆန့်ကျင်သောကြောင့် သူတို့သည် ပျက်စီး၍ ကျရှုံးခဲ့သည်။

မည်သည့်အရာသည် ယုဒပြည်နှင့် ယေရုရှလင်မြို့တို့ တစ်ဘက်၌ သက်သေပြုသနည်း။
သူတို့၏ မျက်နှာ အနေအထားသည် သူတို့တစ်ဘက်၌ သက်သေပြုကြသည်။

### Isaiah 3:10

ဖြောင့်မတ်သောသူ၌ မည်သည့်အရာ ဖြစ်ပျက်မည်နည်း။
ဖြောင့်မတ်သောသူ၌ ကောင်းသောအရာဖြစ်ပျက်မည်။

မတရားသောသူ၌ မည်သည့်အရာ ဖြစ်ပျက်မည်နည်း။
မတရားသောသူ၌ ဆိုးသောအရာ ဖြစ်ပျက်မည်။

သူတို့၏ ခေါင်းဆောင်များသည် မည်သည့်နေရာသို့ ဦးဆောင်သနည်း။
သူတို့၏ ခေါင်းဆောင်များသည် သူတို့ကို လမ်းလွှဲစေ၍ သူတို့လမ်း၏ ဦးတည်ချက်တို့ကို ရှုပ်ထွေးစေခဲ့သည်။

### Isaiah 3:13

ထာဝရဘုရားသည် သူ၏ လူဖြစ်သော အသက်ကြီးသောသူများနှင့် မင်းအရာရှိတို့ကို မည်ကဲ့သို့ လုပ်လိမ့်မည်နည်း။
ထာဝရဘုရားသည် သူတို့အပေါ်သို့ တရားစီရင်ခြင်း ထုတ်ပြန်မည်။

### Isaiah 3:16

ထာဝရဘုရားသည် ဇိအုန် သတို့သမီးတို့ကို မည်သို့ လုပ်မည်နည်း။
ထာဝရဘုရားသည် သူတို့၏ ခေါင်းပေါ်၌ အနာဖြစ်စေ၍ ခေါင်းတုံးဖြစ်စေမည်။

### Isaiah 3:24

လူတို့သည် မည်ကဲ့သို့ ဖြစ်မည်နည်း။
လူတို့သည် ဓားလက်နက်ဖြင့် ဆုံးရှုံးကြလိမ့်မည်။

## Chapter 4

1 သူသည် လူဆိတ်ညံ့ရာမြေပေါ်မှာ ထိုင်ရလိမ့် မည်။ ထိုကာလ၌ မိန်းမခုနစ်ယောက်တို့သည် ယောကျ်ား တယောက်ကို ကိုင်ဆွဲလျက်၊
ကျွန်မတို့သည် ကိုယ်မုန့်ကို စားပါမည်။ ကိုယ်အဝတ်ကိုလည်း ဝတ်ပါမည်။ ကျွန်မ တို့ကို မောင်၏နာမဖြင့် သမုတ်ခြင်းသာရှိစေ၍၊
ကျွန်မတို့ ရှက်ကြောက်ခြင်းကို ပယ်ဖျောက်ပါဟု ဆိုကြလိမ့်မည်။ 2 ထိုကာလ၌ ထာဝရဘုရား၏အညွန့်သည် ဘုန်း
အသရေပွင့်လန်းလိမ့်မည်။ လွတ်သောဣသရေလ အမျိုးသားတို့အဘို့ မြေအသီးအနှံသည် ကောင်းမြတ် လျောက်ပတ်လိမ့်မည်။ 3
ထာဝရဘုရားသည် တရားစီရင်သောဝိညာဉ်၊ မီးလောင်သော ဝိညာဉ်တော်အားဖြင့်၊ 4 ဇိအုန်သတို့သမီးတို့၏ အညစ်အကြေးကို ဆေး
ကြော၍၊ ယေရုရှလင်မြို့၌ နေရစ်သော သူတည်းဟူသော အသက်စာရင်းဝင်သမျှသော ယေရုရှလင်မြို့သားတို့ သည်
သန့်ရှင်းခြင်းရှိကြလိမ့်မည်။ 5 ထာဝရဘုရားသည်လည်း ဇိအုန်တောင်မှာရှိ သမျှသော အိမ်များနှင့် စည်းဝေးရာ ပရိသတ်များအပေါ်
တွင်၊ နေ့အချိန်၌ မိုဃ်းတိမ်နှင့် မီးခိုးကိုင်၎င်း၊ ညဉ့်အချိန်၌ မီးလျှံအလင်းကို၎င်း ဖန်ဆင်းတော်မူ၍၊ မြတ်သောအရာ အလုံးစုံတို့ကို
လွှမ်းမိုးတော်မူလိမ့်မည်။ 6 နေ့အချိန်၌လည်း နေပူကိုကွယ်ကာသောတဲ၊ မိုဃ်းသက်မုန်တိုင်းရောက်မှ လုံခြုံသော ခိုလှုံရာဖြစ်လိမ့်
မည်။

---

---

Isaiah 01

သင်၏ နာမည်ဖြင့် သမုတ်ခြင်း
ဤစကားစုသည် "သင့်ကို လက်ထပ်ရန်" ဟုဆိုလိုသည်။

ထာဝရဘုရား၏ အညွန့်သည် ဘုန်းအသရေပွင့်လန်းလိမ့်မည်
ဆိုလိုချက်

ဘုန်းအသရေပွင့်လန်းလိမ့်မည်
ဘုန်းတော်နှင့် လှပခြင်းများဖြင့်ပြည့်ဝလိမ့်မည်။

မြေအသီးအနှံသည် ကောင်းမြတ် လျောက်ပတ်လိမ့်မည်။
"သီးနှံ" မြေမှ ကောင်းသော သီးနှံများထုတ်လုပ်ပေးခြင်းကို ဝိညာဉ်ရေးရာတွင် ကောင်းကြီးမင်္ဂလာဟု ဆိုလိုသည်။ ဆိုလိုချက်

Isaiah 03

ယေရုရှလင်မြို့၌ နေရစ်သော သူတည်းဟူသော
ဖော်ပြချက် နှစ်ခုစလုံးသည် အဓိပ္ပာယ်တူညီသည်။ ဤနေရာတွင် လူများသည် ယေရုရှလင်၌ နေထိုင်နေသော သူများကို ဆိုလိုသည်။ အခြားသောလာသာပြန်ဆိုချက်၊ "ယေရုရှလင်တွင် ကျန်ရစ်သောလူ"

သန့်ရှင်းခြင်းရှိကြလိမ့်မည်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် သန့်ရှင်းရန် သူတို့အားခေါ်သည်" သို့မဟုတ် "ထာဝရဘုရား၌ ခိုလှုံကြလိမ့်မည်"

အသက်စာရင်းဝင်သမျှသော ယေရုရှလင်မြို့သားတို့သည်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယေရုရှလင်၌ ရှိသော အသက်စာရင်းဝင်သမျှသောသူ"

ဇိအုန်သတို့သမီးတို့၏ အညစ်အကြေးတို့ကို ဆေးကြော၍
ဤအရာသည် အပြင်ပိုင်းဆိုင်ရာ ညစ်ကြေးကို ဖော်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဇိအုန် သတို့သမီး၏ အညစ်အကြေးများကို သခင်ဘုရားမှ ဖယ်ရှားပေးသောအခါ"

ဇိအုန်သတို့သမီး
ဆိုလိုချက် (၁) ယေရုရှလင်မိန်းမ။ ဆိုလိုချက် (၂) ယေရုရှလင်၏ လူများ။

ယေရုရှလင်မှ အသက်စာရင်းဝင်သော
"သွေးစွန်းထင်ခြင်း" သည်အကြမ်းဖက်ခြင်းနှင့် သတ်ဖြတ်ခြင်းကို ဆိုလိုပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယေရုရှလင်မှ အပြစ်မရှိသောသူများကို နာကျင်ခြင်းမှ ယူဆောင်သွားလိမ့်မည်"

တရားစီရင်သောဝိညာဉ်၊ မီးလောင်သောဝိညာဉ်တော်အားဖြင့်
ယေရုရှလင်မှ အပြစ်ကို မည်သို့ဘုရားသခင်ဖယ်ရှားမည်ကိုဆိုလိုသည်။ ဤနေရာတွင် "ဝိညာဉ်" သည် လောင်ကျွမ်းခြင်း၊ တရားစီရင်ခြင်းကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တရားစီရင်ခြင်းနှင့် တောက်လောင်ခြင်း"

Isaiah 05

မြတ်သောအရာ အလုံးစုံတို့ကို လွှမ်းမိုးတော်မူလိမ့်မည်
ဆိုလိုချက် (၁) ဘုန်းနှင့် ပြည့်သောမြို့တော်ကို ကာကွယ်ရန်အတွက် အဖုံးအကာ။ ဆိုလိုချက် (၁) မြို့တော်ကို ကာကွယ်ရန်အတွက် ဘုရားသခင်၏ ဘုန်းတော်သည် အဓိကဖြစ်သည်။ မြို့တော်သည် ဘုန်းနှင့် ပြည့်စုံခြင်းဟူသည်မှာ ထာဝရဘုရား၏ မျက်မှောက်တော်ရှိနေသောကြောင့်ဖြစ်သည်။

အဖုံးအကာ
နာသောအရာများအတွက် ဖုံးအုပ်ကာကွယ်ရန်အဝတ်

---

 generated on Tue Jul 2 12:50:28 2024

# Translation Questions

Isaiah 4:1

အဘယ်ကြောင့် မိန်းမခုနှစ်ယောက်တို့သည် ယောကျ်ားတစ်ဦးကို ဆွဲကိုင်သနည်း။
သူတို့သည် သူ၏ နာမည်ကို ယူ၍ သူတို့၏ အရှက်ကို ဖယ်ရှားချင်သည်။

Isaiah 4:3

ထာဝရဘုရားသည် တရားမျှတသော ဝိညာဉ်၊ လောင်ကျွမ်းသော ဝိညာဉ်အားဖြင့် မည်ကဲ့သို့ လုပ်မည်နည်း။
ထာဝရဘုရားသည် ဇိအုန် သတို့သမီးတို့၏ အညစ်အကြေးကို ဆေးကြော၍ ယေရုရှလင်မြို့ အလယ်မှ သွေး အစွန်းအထင်းများကို သန့်ရှင်းစေမည်။

ဇိအုန်တောင်နှင့် ယေရုရှလင်မြို့ ၌ ကျန်ကြွင်းသူများကို မည်ကဲ့သို့ ခေါ်မည်နည်း။
ဇိအုန်တောင်နှင့် ယေရုရှလင်မြို့၌ ကျန်ကြွင်းသူများကို သန့်ရှင်းခြင်းဟု ခေါ်မည်။

Isaiah 4:5

ထာဝရဘုရားသည် ဇိအုန်တောင်တစ်ခုလုံးအပေါ်နှင့် သူ၏ စုဝေးရာအပေါ် မည်သည့်အရာ ဖန်ဆင်းပေးမည်နည်း။
သူသည် နေ့ အချိန်၌ မိုးတိမ်နှင့် မီးခိုးငွေ့ကိုဎင်း၊ ညအချိန်၌ မီးလျှံအလင်းကိုဎင်း၊ ဖန်ဆင်း၍ ဘုန်းကြီးခြင်းအားလုံးနှင့် ဖုံးလွှမ်းတော်မူမည်။

## Chapter 5

1 ငါချစ်ရာသခင်၏ စပျစ်ဥယျာဉ်တော်ကို အကြောင်းပြု၍၊ မေတ္တာသီချင်းကို ရေးတော်၌ဆိုပေအံ့။ မြေကောင်းသော တောင်ပေါ်မှာ
ငါချစ်ရာသခင်၏ စပျစ်ဥယျာဉ်တော်တဆူရှိ၏။ 2 မြေကိုတူး၍ ကျောက်ခဲတို့ကို ရှင်းလင်းစေပြီးမှ၊ အကောင်းဆုံးသော
စပျစ်နွယ်ပင်တို့ကို စိုက်ပျိုးတော် မူ၏။ ဥယျာဉ်ထဲမှာ မှီခိုရာတဲလင့်ကိုလည်း ဆောက်၍၊ စပျစ်သီးနယ် ရာကျင်းကိုလည်း
တူးတော်မူ၏။ ထိုအခါ စပျစ်သီးကို သီးမည်ဟုမြော်လင့်သည်ရှိသော်၊ ဖောရှသီး ကို သီးပါသည်တကား။ 3 ယခုမှာ အိုယုဒပြည်သူ၊
ယေရုရှလင်မြို့သားတို့၊ ငါနှင့်ငါ့စပျစ်ဥယျာဉ်အမှုကို စီရင်ကြပါလော့။ 4 ငါ့စပျစ်ဥယျာဉ်၌ ငါ့ကျေးဇူးပြုနိုင်လျက်၊ မပြု သေးသော
အရာတစုံတခုရှိသလော။ စပျစ်သီးကို သီးမည်ဟု မြော်လင့်သည်ရှိသော်။ ဖောရှသီးကို အဘယ် ကြောင့် သီးသနည်း။ 5
ယခုနားထောင်ကြ။ ငါ့စပျစ်ဥယျာဉ်၌ ငါပြု ရမည်အမှုကို သင်တို့အား ငါဘော်ပြမည်။ စောင်းရန်းကို ငါပယ်ရှင်းသဖြင့်။
သူတပါးတို့သည် စားကြလိမ့်မည်။ အုတ်ရိုကိုဖျိုသဖြင့်၊ သူတပါးတို့သည် ကျော်နင်းကြ လိမ့်မည်။ 6 ဥယျာဉ်ကို
ငါရှင်းရှင်းဖျက်ဆီးမည်။ အဘယ်သူ မျှ မပြင်ဆင်ရ။ အဘယ်သူမျှ မတူးဆွရ။ ဆူးပင် အမျိုးမျိုးပေါက်ကြလိမ့်မည်။
ထိုဥယျာဉ်အပေါ်မှာလည်း မိုဃ်းမရွာစေခြင်းငှါ ငါပညတ်မည်။ 7 ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား၏ စပျစ်ဥယျာဉ်ကား၊
ဣသရေလအမျိုးတည်း။ နှစ်သက် တော်မူသော ပျိုးပင်ကား၊ ယုဒလူတည်း၊ တရားစီရင်ခြင်း ကို မြော်လင့်တော်မူခြင်းအရာ၌လည်း
ငိုကြွေးခြင်းကိုငှင်း တွေ့မြင်တော်မူ၏။ 8 မိမိတို့သည် မြေ၏အလယ်၌ တစုတည်းနေရာ ကျ၍၊ လပ်သောအရပ် မရှိစေခြင်းငှါ၊
အိမ်တဆောင်နှင့် တဆောင်ကိုငှင်း၊ လယ်တကွက်နှင့်တကွက်ကိုငှင်း၊ ဆက်တတ်သောသူတို့သည် အမင်္ဂလာရှိကြ၏။ 9
ငါ၏နားအပါး၌ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်တော်မူသည်ကား၊ အကယ်စင်စစ် ကြီး ကျယ်တင့်တယ်သော
အိမ်အများတို့သည် နေသောသူ မရှိ။ လူဆိတ်ညံရာဖြစ်ကြလိမ့်မည်။ 10 အကြောင်းမူကား၊ စပျစ်ဥယျာဉ်တပယ်သည်
စပျစ်ရည်တဖတ်ကိုမျှသာ ဖြစ်စေမည်။ မျိုးစေ့ကိုလည်း ကြဲသောအခါ၊ ဆယ်ဘို့တွင်တဘို့ကိုမျှသာ ရကြလိမ့်မည်။ 11
သေရည်သေရက်ကို သောက်အံ့သောငှါ၊ နံနက် စောစောထ၍ စပျစ်ရည်နှင့် ယစ်မူးအံ့သောငှါ၊ ညဉ့်ကို လည်း လွန်စေတတ်သော
သူတို့သည် အမင်္ဂလာရှိကြ၏။ 12 သူတို့၏ပွဲ၌စောင်း၊ တယော၊ ပတ်သာ၊ ပုလွေ၊ စပျစ်ရည်ပါတတ်၏။ ထာဝရဘုရား၏
အမှုတော်ကိုကား၊ ပမာဏမပြုကြ။ လက်တော်နှင့် ပြုပြင်တော်မူရာကို မရိပ် မိကြ။ 13 ထိုကြောင့် ငါ၏လူတို့သည် ပညာမရှိ၊ ဘမ်းဆီး
သိမ်းသွားခြင်းကို ခံရကြ၏။ မှူးမတ်တို့သည် မွတ်သိပ်၍ သေကြ၏။ ဆင်းရဲသားတို့သည် ရေငတ်၍ ပူဆွေးလျက် ရှိကြ၏။ 14
ထိုကြောင့်၊ မရဏာနိုင်ငံသည် မိမိလောဘကို ကျယ်စေ၍ မိမိပစပ်ကိုအတိုင်းအရှည်မရှိဘဲ ဖွင့်ဟ သဖြင့်၊ သူတို့၏
ဂုဏ်အသရေအလုံးအရင်း၊ အသံဗလံပြု ခြင်း၊ ရွှင်လန်းခြင်းတို့သည် ဆင်းမြုပ်ရကြ၏။ 15 ယုတ်သောသူလည်း ဦးနှိမ့်ခြင်း၊
မြတ်သော သူလည်း ရှုတ်ချခြင်းကိုခံရ၍၊ မာနကြီးသော သူတို့၏ မျက်နှာလည်းပျက်ရ၏။ 16 ကောင်းကင်ဗိုလ်ခြေ
အရှင်ထာဝရဘုရားသည် တရားစီရင်ခြင်းအားဖြင့် ချီးမြှောက်ခြင်းသို့ ရောက်တော် မူလိမ့်မည်။ သန့်ရှင်းတော်မူသော
ဘုရားသခင်သည် ဖြောင့်မတ်ခြင်းအားဖြင့်၊ သန့်ရှင်းခြင်းရှိတော်မူလိမ့်မည်။ 17 ထိုအခါ သိုးသငယ်တို့သည် အလိုအလျောက်
ကျက်စားကြလိမ့်မည်။ သူဌေးသူကြွယ်ပိုင်းဘူး၍။ လူဆိတ်ညံရာအရပ်၌လည်း ဧည့်သည်တို့သည် စားရကြ လိမ့်မည်။ 18 ဒုက္ခကို
ဒုစရိုက်ဖြင့် ဆွဲသောသူ၊ လှည်းကြိုးဖြင့် ဆွဲသကဲ့သို့၊ အပြစ်ကိုဆွဲငင်သော သူတို့သည် အမင်္ဂလာ ရှိကြ၏။ 19 သူတို့ကလည်း၊
ဘုရားသခင်၏အမှုကို ငါတို့ သည် မြင်ရမည်အကြောင်း၊ အလျင်အမြန်ကြိုးစားတော် မူပါစေ။ ငါတို့သည်
သိနားလည်ရမည်အကြောင်း၊ ဣသ ရေလအမျိုး၏သန့်ရှင်းသော ဘုရား၏အကြံတော်သည်၊ အနီးသို့ချဉ်း၍ ပြည့်စုံပါစေဟု
ဆိုတတ်ကြ၏။ 20 မကောင်းကိုအကောင်း၊ အကောင်းကိုမကောင်း ဟု ခေါ်တတ်သောသူ၊ အလင်းအရာ၌အမိုက်၊ အမိုက် အရာ၌
အလင်းကိုငှင်း၊ အချိုအရာ၌ အခါး၊ အခါးအရာ ၌အချိုကိုငှင်း၊ အလွဲယူတတ်သော သူတို့သည် အမင်္ဂလာ ရှိကြ၏။ 21 ငါသည်
ပညာရှိသည်ဟု ကိုယ်ကိုထင်သောသူ၊ သမ္မာသတိနှင့် ပြည့်စုံသည်ဟု ထင်မှတ်သောသူတို့သည် အမင်္ဂလာရှိကြ၏။ 22 စပျစ်ရည်ကို
များစွာသောက်နိုင်သောသူ၊ ဆေးနှင့်ရောသော သေရည်သေရက်ကို သောက်ခြင်း အမှု၌၊ အားကြီးသော သူတို့သည်
အမင်္ဂလာရှိကြ၏။ 23 ထိုသူတို့သည် တံစိုးကိုစားခြင်းငှါ၊ မတရားသော သူတို့ကို အပြစ်မပေးဘဲလွှတ်၍၊ ဖြောင့်မတ်သောသူတို့၏
ဖြောင့်မတ်ခြင်းကို ဝန်မခံ၊ ပယ်ရှားတတ်ကြ၏။ 24 ထိုကြောင့်၊ မီးလျှာသည် ကောက်ရိုးကိုလျက်၊ မီးလျှံသည် မြက်ခြောက်ကို
ကျွမ်းစေသည်နည်းတူ၊ သူတို့၏အမြစ်သည် ဆွေးမြေ့သော သစ်သားကဲ့သို့ဖြစ်၍၊ အပွင့်သည်လည်း မြေမှုန့်ကဲ့သို့ လွင့်တတ်လိမ့်မည်။
အကြောင်းမူကား၊ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရ ဘုရား၏တရားတော်ကို ကယ်ကြပြီ။ ဣသရေလအမျိုး ၏သန့်ရှင်းသော
ဘုရား၏ဗျာဒိတ်တော်ကို မထီမဲ့မြင် ပြုကြပြီ။ 25 ထိုကြောင့်၊ ထာဝရဘုရားသည် မိမိလူတို့ကို အမျက်တော်ထွက်လျက်၊
သူတို့၌လက်တော်ကိုဆန့်၍ ဒဏ်ခတ် တော်မူသဖြင့်၊ တောင်တို့သည်တုန်လှုပ်၍၊ သူတို့၏အသေ ကောင်တို့သည် လမ်းများ၌
မစင်ကဲ့သို့ဖြစ်ကြ၏။ သို့သော်လည်း အမျက်တော်သည် မငြိမ်း၊ လက်တော် သည် ဆန့်လျက်ရှိသေး၏။ 26
ဝေးသောအရပ်မှာနေသော လူမျိုးတို့အဘို့ အလံကိုထူ၍၊ မြေကြီးစွန်းသားတို့ကို နှိုးဆော်တော်မူ သဖြင့်၊ သူတို့သည်
အလျင်အမြန်လာကြလိမ့်မည်။ 27 သူတို့တွင်မောသောသူမရှိ။ ထိမိ၍ လဲသောသူ မရှိ။ ငိုက်မျည်းသောသူ၊
အိပ်ပျော်သောသူလည်းမရှိ။ သူတို့ ခါးစည်းမပြေ။ ခြေနင်းကြိုးလည်းမကျွတ်။ 28 သူတို့ မြှားတို့သည် ထက်ကြ၏။ လေးတို့သည်

 generated on Tue Jul 2 12:50:28 2024

လည်း တင်းလျက်ရှိကြ၏။ မြင်းခွာတို့သည် မီးကျောက် ကဲ့သို့၄င်း၊ ရထားဘီးတို့သည်လည်း၊ လေဘွေကဲ့သို့၄င်း ထင်ကြ၏။ [29]
သူတို့အသံဗလံသည် ခြင်္သေ့ဟောက်သံနှင့်တူ၍၊ ခြင်္သေ့ပျိုကဲ့သို့ ဟောက်ကြလိမ့်မည်။ ဟောက်လျက် အကောင်ကိုဘမ်း၍
ဆောင်သွားကြလိမ့်မည်။ အဘယ်သူ မျှ မကယ်မနှုတ်ရ။ [30] ထိုကာလ၌ သူတို့သည် သမုဒ္ဒရာ အသံဗလံ ကဲ့သို့
ဟုန်းဟုန်းမြည်ကြလိမ့်မည်။ ထိုပြည်ကိုကြည့်ရှုလျှင်၊ မှောင်မိုက်အတိ၊ ဒုက္ခဆင်းရဲသက်သက်ရှိ၍၊ မိုဃ်းကောင်း ကင် အလင်းသည်
ကွယ်ပျောက်လိမ့်သတည်း။

---

Isaiah 01

ယေဘုယျအချက်အလက်
ဟေရှာယသည် လယ်သမားနှင့် သူ၏ စပျစ်ခြံအကြောင်းကို ပြောနေသည်။ လယ်သမားသည် ဘုရားသခင်ကို ကိုယ်စားပြု၍ စပျစ်ခြံသည် အစ္စရေးတောင်ပိုင်းရှိ ယုဒလူမျိုးများကို ကိုယ်စားပြုသည်။

ငါချစ်ရာသခင်
ငါချစ်သောမိတ်ဆွေ

မြေကောင်းသော တောင်ပေါ်မှာ
အပင်များ ကြီးထွားဖွံ့ဖြိုး၍ မြေကောင်းသောတောင်ပေါ်။

သူမြေကိုတူး၍
မြေဆီလွှာကို ပြုပြင်သည်။ အပင်စိုက်ပျိုးရန်အတွက် မြေကြီးကို တွင်းတူး၍ မြေဆီလွှာကို ပြုပြင်သည်။

မှီခိုရာတဲလင့်ကိုလည်း ဆောက်၍
သူသည် မြင့်သော အဆောက်အဦးကို ဥယျာဉ် အလယ်၌ ဆောက်၍ စောင့်ကြည့်နေ၏။ လူတစ်ယောက်သည် ဥယျာဉ်ထဲရှိ မျှော်စင်ထိပ်ပေါ်မှာ မည်သည့်တိရစ္ဆာန်၊ လူမျှမဝင်လာနိုင်ရန် စောင့်ကြည့်နေသည်။

အကောင်းဆုံးသော စပျစ်နွယ်ပင်
စပျစ်နွယ်ပင်ကို စိုက်ပျိုး၏။

ဗောရှပင်
"စပျစ်သီးမသီးသောစပျစ်ပင်" သို့မဟုတ် "အရသာဆိုးသော စပျစ်နွယ်ပင်"

Isaiah 03

ယေဘုယျအချက်အလက်
ဟေရှာယပုံဆောင်၍ ပြောသော စပျစ်ခြံ၊ စပျစ်ခြံပိုင်ရှင်သည် ဘုရားသခင်၊ ယုဒနှင့် ယေရုရှလင်၌ ရှိသောလူမျိုးများကို ကိုယ်စားပြု၍ပြောသောအရာဖြစ်ပါသည်။

အိုယုဒပြည်သူ၊ ယေရုရှလင်မြို့သားတို့
ယုဒနှင့် ယေရုရှလင်၌ နေထိုင်ကြသော လူအများကို ပုံဆောင်သည်။

ယေရုရှလင် ........ ယုဒ
"ယုဒ" သည် ဣသရေလတောင်ပိုင်း ပြည်နယ်အမည်ဖြစ်၍ "ယေရုရှလင်" သည် မြို့တော်အမည်ဖြစ်သည်။

ငါနှင့်ငါ့စပျစ်ဥယျာဉ်အမှုကို စီရင်ကြပါလော့
"နှစ်ခုသောအရာထဲမှ တစ်ခုကို ရွေးချယ်ရန်" သို့မဟုတ် "အခြားသော အရာထဲမှ ရွေးရန်" ဟူသော သဘောသဘာဝကိုဖော်ပြပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မှန်ကန်သော အရာကိုရွေးချယ်ဆုံးဖြတ်ရန်၊ ငါ သို့မဟုတ် ငါ၏ စပျစ်ခြံ"

ငါ့စပျစ်ဥယျာဉ်၌ ငါ့ကျေးဇူးပြုနိုင်လျက်၊ မပြု သေးသော အရာတစုံတခုရှိသလော
စပျစ်ခြံပိုင်ရှင်မှ မေးခွန်းတစ်ခုအဖြစ်အသုံးပြုထားသောဖော်ပြချက်ဖြစ်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့ရဲ့ စပျစ်ခြံအတွက် လုပ်ဆောင်နိုင်သမျှ အရာအားလုံးကို ငါလုပ်ဆောင်ပြီးပါပြီ"

စပျစ်သီးကို သီးမည်ဟု မျှော်လင့်သည်ရှိသော်။ ဗောရှသီးကို အဘယ် ကြောင့် သီးသနည်း
ပိုင်ရှင်သည် သူ၏ စပျစ်ခြံမှကောင်းသော စပျစ်ရည်ထွက်သင့်သည်ဟု မေးခွန်းတစ်ခုအဖြစ်အသုံးပြုထားသော ဖော်ပြချက်ဖြစ်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကောင်းသော စပျစ်ရည်အရသာငါအလိုရှိသော်လည်း စပျစ်ရည်အရိုင်းများကို ထုတ်လုပ်လေပြီ"

Isaiah 05

ယေဘုယျအချက်အလက်
ဟေရှာယသည် စပျစ်ခြံပိုင်ရှင်နှင့် သူ၏ စပျစ်ခြံအကြောင်းကို ပုံဆောင်ချက်ဖြင့် ဆက်လက်ဖော်ပြနေသည်။

စောင်းရန်းကို ငါပယ်ရှင်းသဖြင့်
"စောင်းရန်း" ဟူသည် "ချုံဖုတ်ငယ်များ" သို့မဟုတ် "အပင်ငယ်လေးများ" ကို ဥယျာဉ်အားကာကွယ်ရန် စိုက်သော အမျိုးအစားဖြစ်သည်။ ဤနေရာတွင် "စောင်းရန်း" ဟူသည် စပျစ်ခြံပတ်ပတ်လည် ကျောက်နံရံပေါ်တွင် စိုက်ပျိုးထားသော အပင်များကို ညွှန်းဆိုသည်။

သူတပါးတို့သည် စားကြလိမ့်မည်
ငါသည် တိရစ္ဆာန်များကို စားစေရန်အခွင့်ပေးမည်။ ဤနေရာကို တိရစ္ဆာန်များစားစေရန်အတွက် မြက်များကိုပေါ်များစေမည်။

 

သူတပါးတို့ ကျော်နင်းကြ လိမ့်မည်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "တိရစ္ဆာန်များ
ကျော်နင်းဝင်ရောက်လိမ့်မည်"

ငါသည် ရှင်းရှင်းဖျက်ဆီးမည်
ငါဖျက်ဆီးမည်။

အဘယ်သူမျှမပြင်ဆင်ရ၊ မတူးဆွရ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "အဘယ်သူမျှမပြင်ဆင်ရ၊
မတူးဆွရ၊ အဘယ်သူမျှ အကိုင်းအခက်များကို မဖြတ်ရ၊ မြေကို
မပြုပြင်ရ"

ဆူးပင်အမျိုးမျိုးပေါက်ကြလိမ့်မည်
ဆူးပင်၊ နှင်းဆီရိုင်းများကို မြို့များနှင့်
မြေများဖျက်ဆီးရန်အတွက် အသုံးပြုလိမ့်မည်။

Isaiah 07

ယေဘုယျအချက်အလက်
ဟေရှာယသည် စပျစ်ခြံကို ဥပမာဖြင့်ရှင်းပြပေးနေသည်။

ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား၏ စပျစ်ဥယျာဉ်ကား၊
ဣသရေလအမျိုးတည်း
"ထာဝရဘုရား၏ စပျစ်ဥယျာဉ်သည် အစ္စရေးတို့၏ အိမ်ကို
ကိုယ်စားပြုသည်" သို့မဟုတ် "ဣသရေလလူမျိုးများသည်
ထာဝရဘုရား၏ စပျစ်ဥယျာဉ်ဖြစ်ပြီး သခင်ဘုရား၏
ကောင်းကင်တံမန်တပ်များလည်း ဖြစ်ကြသည်"

ဣသရေလအမျိုး
လူမျိုးများနှင့် မျိုးနွယ်စုကို သမ္မာကျမ်းစာတွင် အိမ်၊
မိသားစုများဟု ခေါ်ဆိုပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊
"ဣသရေလလူမျိုးများ"

နှစ်သက်တော်မူသော ပျိုးပင်ကားယုဒလူတည်း
ကြည်နူး၊ သာယာမှုကိုပေးသော စပျစ်ဥယျာဉ်ကဲ့သို့
ယုဒအနွယ်အား နှစ်သက်တော်မူ၏။

ယုဒအမျိုးသား
ဤနေရာတွင် "အမျိုးသား"သည် ယုဒလူများအားလုံးကို
ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊
"ယုဒလူမျိုးများ"

တရားစီရင်ခြင်း ကို မျှော်လင့်တော်မူခြင်းအရာ၌လည်း ငိုကြွေးခြင်းကိုငှင်း
တွေ့မြင်တော်မူ၏
"တရားမျှတခြင်း" ကို "တရားမျှတစွာလုပ်ဆောင်သည်"
ဟုဖော်ပြလိုခြင်းဖြစ်သည်။ ယေဘုယျအားဖြင့် "သတ်ခြင်း"
ဟူသည် အခြားတစ်ယောက်ကို သတ်သည်ဟု ဖော်ပြနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည်
လူများတရားမျှစွာလုပ်ဆောင်ရန် စောင့်ဆိုင်းသော်လည်း
သူတို့သည် အချင်းချင်းသတ်ဖြတ်ကြသည်"

ဖြောင့်မတ်ခြင်းအတွက်
"သူစောင့်ခဲ့သည်" ဟူသော စကားစုသည် နားလည်ပေးခဲ့သည်
ဟုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူသည်
ဖြောင့်မတ်ခြင်းကို စောင့်မျှော်ခဲ့သည်" သို့မဟုတ် "သူသည်
အမှန်တရားကို လုပ်ဆောင်ရန် စောင့်ဆိုင်းပေးခဲ့သည်"

ကူညီပေးရန်အတွက် လုပ်ဆောင်ပေးလိုသော်လည်း
"လူများသည် အော်ဟစ်ကာ အကူအညီတောင်းကြသည်"
ဟုရှင်းလင်းစွာဖော်ပြထားသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "အားနည်းသောသူများမှ
အော်ဟစ်ကူညီတောင်းသော်လည်း သူတို့သည်
တိုက်ခိုက်နေရသောကြောင့်"

အော်ဟစ်သည်
များစွာအော်ဟစ်ကာ ကူညီတောင်းကြသည်။

Isaiah 08

ယေဘုယျအချက်အလက်
ဟေရှာယသည် ဘုရားသခင်၏ တရားစီရင်မှုကို ကြေငြာသည်။

အိမ်တဆောင်နှင့် တဆောင်ကိုငှင်း
အိမ်တစ်ဆောင်ပြီးတစ်ဆောင်၊ လယ်တစ်ကွက်ပြီးတစ်ကွက်
ပိုင်ဆိုင်ယူဆောင်ကြသည်။ ဟေရှာယသည် သူ့လူများကို
မိသားစုအတည်တကျနေခြင်းနှင့် လယ်ယာမြေရယူခြင်းနှင့်
ဆိုင်သော ဥပဒေများကိုသိကြသည်ဟု ယူဆပုံရသည်။
အဓိပ္ပာယ်အပြည့်အစုံကို

ငါ၏ နားအပါး၌
၁:၉ ကိုကြည့်ရန်။

နေထိုင်သောသူမရှိ
နေမည့်သူတစ်ဦးမျှမရှိ

စပျစ်ဥယျာဉ်တဗတ်
ဥယျာဉ်တပယ်* - စပျစ်ဥယျာဉ်တပယ်သည်
တစ်နေ့စာနွားထားတယှဉ်းစာ၊ ထယ်ထိုးစာမျှ
ကျယ်ဝန်းခြင်းဖြစ်သည်။ နွားထီးတယှဉ်းသည်
ဥယျာဉ်ခြံတပယ်စာဖြစ်လာသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "စပျစ်ဥယျာဉ်၏
ကြီးမားခြင်းသည် နွားထီး ဆယ်ယှဉ်းစာမျှဥ်ထယ်ထိုးရန်
အကျယ်အဝန်းရှိသည်"

စပျစ်ရည်တဗတ်မျှသာ
စပျစ်ရည်တဗတ်သည် "၂၂" လီတာ ဖြစ်သည်။

မျိုးစေ့ကိုလည်း ကြဲသောအခါ၊ ဆယ်ဘို့တွင်တဘို့ကိုမျှသာ ရကြလိမ့်မည်
"၂၂၀" လီတာမျှ မျိုးစေ့ကို စိုက်ပျိုးထားသော်လည်း "၂၂"
လီတာစေ့" သာရရှိလိမ့်မည်။ တစ်ဘို့သည် ဆယ်ဘို့နှင့်
ညီမျှသည်။

Isaiah 11

သေရည်သေရက်ကို သောက်အံ့သောငှါ၊ နံနက် စောစောထ၍ စပျစ်ရည်နှင့်
ယစ်မူးအံ့သောငှါ၊ ညဉ့်ကို လည်း လွန်စေတတ်သော သူတို့သည်
အမင်္ဂလာရှိကြ၏
လူများသည် တစ်နေကုန် ဘာမျှမလုပ်ပဲ
အရက်သေစာသောက်စားမူးယဇ်နေခြင်းကို ဆိုလိုပါသည်။

စပျစ်ရည်နှင့် ယဇ်မူးအံ့သောငှာ
ဝိုင်အရက်သည် မူးယစ်စေပြီဟု ပြောဆိုထားပြီး
လောင်ကျွမ်းစေသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဝိုင်၊
အရက် သောက်စားမူးယဇ်နေသည်"

စောင်း၊ တယော၊ ပတ်သာ၊ ပုလွေ၊ စပျစ်ရည်ပါတတ်၏
တူရိယာများနှင့် ဝိုင်အရက်သည် လူများအား ပျော်ရွင်မှုကို
ပေးသည်။

ပတ်သာ
ဤတူရိယာပစ္စည်းသည် ဗုံကဲ့သို့ လက်နှင့်ရိုက်ပြီးတီးရသော
အမျိုးအစားဖြစ်သည်။ ပတ်သာ ပတ်လည်တွင်
သတ္တုအပိုင်းအစလေးများရှိပြီး တီးခတ်သူမှ တီးခါသောအခါ
အသံမြည်ပါသည်။ ပတ်သာသည် သေးငယ်ပြီး တီးသူရဲ့
လက်တစ်ဖက်နှင့် ကိုင်၍တီးခတ် ရပါသည်။

ပမာဏပြု
လေးလေးနက်နက်ထား၍ စဉ်းစားသည်။

လက်တော်နှင့် ပြုတော်မူရာကို
"လုပ်နေသည်" ဆိုသည်မှာ လုပ်ပြီးနေပြီကို ဖော်ပြခြင်းဖြစ်သည်။
"ဖန်တီးလုပ်ဆောင်ပြီးပြီ" ကိုဆိုလိုပါသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူလုပ်ဆောင်ပြီးပြီ" သို့မဟုတ်
"သူဖန်တီးပြီးပြီ"

Isaiah 13

ယေဘုယျအချက်အလက်
ဤအချက်သည် လူများတွေ့ကြုံရမည့် အရာကို ပြောသည်။
အဘယ်ကြောင့်ဆိုသော် သူတို့သည် ဘုရားသခင်စကားကို
နာမခံ၍ဖြစ်သည်။

ငါ၏ လူတို့သည် ဖမ်းဆီးသိမ်းသွားခြင်းကို ခံကြရ၏။
ပရောဖက်ပြုချက်များသည် အနာဂတ်၌ ဖြစ်လာမည့်အရာများကို
ပြောသော်လည်း ဖြစ်ပွားပြီးနေပြီဖြစ်သည်။
ဤအထူးပြုချက်သည်
အမှန်တကယ်ဖြစ်လာမည့်အရာဖြစ်သည်။

အခြားသောဘာသာပြန်ဆိုချက်၊ "အခြားသောပြည်မှ
ရန်သူများသည် ငါ၏လူတို့ကို ကျွန်အဖြစ်ဖမ်းဆီးသွားလိမ့်မည်"

ဖမ်းဆီးသိမ်းသွားခြင်းကို ခံရကြ၏
ပြည့်စုံစွာရှင်းလင်း ဖော်ပြသော်လည်း သူတို့နားမလည်နိုင်ပါ။
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည်
ထာဝရဘုရားကိုလည်း မသိကျွမ်းပါ။ သူ၏ပညတ်တော်ကိုလည်း
မသိပါ။

မရဏာနိုင်ငံသည် မိမိလောဘကို ကျယ်စေရန် မိမိပါးစပ်ကို
အတိုင်းအရှည်မရှိပဲ ဖွင့်ဟသဖြင့်
ဤစာစုသည် မရဏာကို ဖွင့်ဆိုရာတွင်
သေခြင်းအပေါ်ရပ်နေခြင်း၊ တိရစ္ဆာန်သည်
အခြားအကောင်များကို သတ်စားရန် အဆင်သင့်ရှိနေသကဲ့သို့နှင့်
ဖော်ပြထားပါသည်။ ယင်းသည် များစွာသောလူများ
သေလိမ့်မည်ဟု ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "
သေခြင်းသည် ဆာလောင်နေသောတိရစ္ဆာန် ပါးစပ်ဖွင့်ထား
သကဲ့သို့ များစွာသော လူများကို ဝါးမျိုရန်ပြင်ထားသည်။

ဂုဏ်သရေအလုံးအရင်း၊ အသံဗလံပြုခြင်း၊ ရွှင်လန်းခြင်းတို့သည်
ဆင်းမြုပ်ရကြ၏
ပရောဖက်က အနာဂတ်ကသည် ယခုဖြစ်ပျက်နေသည်ဟု
ဆိုပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊
"များစွာသောလူများ၊ အရေးကြီးဂုဏ်သရေရှိပုဂ္ဂိုလ်များ၊
ခေါင်းဆောင်များ အားလုံးသည် ပျော်ပါးခြင်းများနှင့် မရဏာသို့
ဆင်းလေပြီ။

Isaiah 15

ယုတ်သောသူလည်း ဦးနှိမ့်ခြင်း၊ မြတ်သော သူလည်း ရှုတ်ချခြင်းကိုခံရ၍
ဤစကားစုနှစ်ခု၏ဆိုလိုရင်းမှာ အတူတူဖြစ်သည်။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်သည်
လူတိုင်းကိုဦးချပြီး နှိမ့်ချစေမည်" ၂:၉ ကိုရှု၊

ယုတ်သောသူလည်း ဦးနှိမ့်ခြင်း၊ မြတ်သော သူလည်း ရှုတ်ချခြင်းကိုခံရ၍
အနာဂတ်၌ဖြစ်လာမည့်အရာများကို
ယခုဖြစ်ပျက်ပြီးသည့်ဟန်ဖြင့် ပြောထားသည်။

ယုတ်သောသူလည်း ဦးနှိမ့်ခြင်း
ဦးနှိမ့်ခြင်းသည် နှိမ့်ချခြင်း၏ သင်္ကေတဖြစ်သည်။

မြတ်သော သူလည်း ရှုတ်ချခြင်းကိုခံရ၍၊
အထင်သေးခြင်းသည် တခါတရံ
ရှက်ကြောက်ခြင်းသင်္ကေတဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊
"မာနကြီးသောသူတို့၏မျက်စိသည် အရှက်ရမည်" သို့မဟုတ်
"မာနကြီးသောသူတို့သည် ယခုတွင်အရှက်ရကြသည်" ၂:၉ ၌
ဘာသာပြန်ကိုရှု


generated on Tue Jul 2 12:50:28 2024

မြတ်သော သူ
မာနကြီးသော၊ ယုတ်မာသောလူတို့ကို တခြားသောလူများထက် မြင့်သည်ဟုပြောခြင်းဖြစ်သည်။ အခြားသောဘာဘာသာပြန်ဆိုချက်၊ "မာနကြီးသောသူ"

ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရားသည် တရားစီရင်ခြင်းအားဖြင့် ချီးမြှောက်ခြင်းသို့ ရောက်တော် မူလိမ့်မည်။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာဘာသာပြန်ဆိုချက်၊ "ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရားကို တရားသဖြင့် လူတို့က ချီးမြှောက်ကြမည်"

ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား
၁: ၉ အတိုင်းဘာသာပြန်ရန်

ချီးမြှောက်ခြင်းသို့ ရောက်တော် မူလိမ့်မည်။
လေးစားမှုပြုသည်ကို အမြင့်သို့မ,တင်သည်ဖြင့် ပြောခြင်းဖြစ်သည်။ အခြားသောဘာဘာသာပြန်ဆိုချက်၊ "ကြီးမားစွာလေးစားခြင်းခံရမည်"

သိုးသငယ်တို့သည် အလိုအလျောက် ကျက်စားကြလိမ့်မည်။
"ဥယျာဉ်" ဟုခေါ်သည့် ယေရုရှလင်ကို ထာဝရဘုရားသည် ဖျက်ဆီးမည်။ ၎င်းနေရာသည် သိုးများအတွက် မြက်စားရန်မှအပ မည်သည့်အတွက်မျှမကောင်းပါ။

ကျက်စား
မြက်ကိုစားသည်

သိုးသငယ်တို့သည် အလိုအလျောက် ကျက်စားကြလိမ့်မည်။
သိုးသငယ်သည် ထိုနေရာ၌ကျက်စားမည်။ ထိုမြေသည် အခြားသူများအတွက် အနတ္တဖြစ်မည်။

## Isaiah 18

ဒုက္ခကို ဒုစရိုက်ဖြင့် ဆွဲသောသူ၊ လှည်းကြိုးဖြင့် ဆွဲသကဲ့သို့၊ အပြစ်ကိုဆွဲငင်သော သူတို့သည် အမင်္ဂလာ ရှိကြ၏
စကားစုနှစ်ခု၏ ဆိုလိုရင်းအတူတူဖြစ်သည်။ အခြားသောဘာဘာသာပြန်ဆိုချက်၊ "လှည်းကိုကြိုးဖြင့် ဆွဲသူကဲ့သို့၊ အပြစ်လုပ်ရန်ကြိုးစားသူတို့သည် အမင်္ဂလာရှိကြ၏"

ပြောသူတို့
အပြစ်ကိုဆက်လုပ်နေကြသူများကိုဆိုလိုသည်။ ဘုရားကိုပျက်ရယ်ပြုစွာဖြင့် သူတို့ကိုရပ်တန့်စေရန်စိတ်ခေါ်ကြသည်။ အခြားသောဘာဘာသာပြန်ဆိုချက်၊ "ပြက်ရယ်စကားဆိုသူများ"

ဣသ ရေလအမျိုး၏သန့်ရှင်းသော ဘုရား၏အကြံတော်သည်၊ အနီးသို့ချဉ်း၍ ပြည့်စုံပါစေ
ဘုရားသခင်၏အကြံအစည်ကို သူတို့ကိုယ်တိုင်ရောက်လာမည့် အရာဝတ္ထုများသဖွယ်ပြောထားသည်။ အခြားသောဘာဘာသာပြန်ဆိုချက်၊ "ဣသ ရေလအမျိုး၏သန့်ရှင်းသော ဘုရား၏အကြံတော်သည် ပြည့်စုံပါစေ"

ဣသ ရေလအမျိုး၏သန့်ရှင်းသော ဘုရား
5:15 ၌ ပြန်သည့်အတိုင်း "သန့်ရှင်းသောသူ" ဟုပြန်ရန်ဖြစ်သည်။

## Isaiah 20

မကောင်းကိုအကောင်း၊ အကောင်းကိုမကောင်း ဟု ခေါ်တတ်သောသူ၊ အလင်းအရာ၌အမိုက်၊ အမိုက် အရာ၌ အလင်းကိုငင်၊ အချိုအရာ၌ အခါး၊ အခါးအရာ ၌အချိုကိုငင်၊ အလွဲယူတတ်သော သူတို့သည် အမင်္ဂလာ ရှိကြ၏။
ဤအရာအားလုံးလုပ်သူများသည် "မကောင်းကို အကောင်း၊ အကောင်းကို မကောင်း" ဟုမြင်သူများနှင့်အတူတူဖြစ်သည်။ အခြားသောဘာဘာသာပြန်ဆိုချက်၊ "ထိုသူတို့သည် အမှောင်ကို အလင်းဟုငင်၊ အလင်းကို အမှောင်ဟုငင်းမြင်သောသူတို့နှင့်တူကြသည်။ ထိုသူတို့သည် ခါးသည့်အရာကို အချိုဟုငင်၊ အချိုကို အခါးဟုငင်းမြင်သောသူတို့နှင့်တူကြသည်။

ငါသည် ပညာရှိသည်ဟု ကိုယ်ကိုထင်သောသူ၊
"မျက်စိ" သည် သူတို့၏တွေးခေါ်မှုကိုဆိုလိုသည်။ အခြားသောဘာဘာသာပြန်ဆိုချက်၊ "ပညာရှိသည်ဟု ကိုယ့်ကိုကိုယ်ထင်သောသူများ"

သမ္မာသတိနှင့် ပြည့်စုံသည်ဟု ထင်မှတ်သောသူတို့
"သူတို့က အရာရာတိုင်းကိုနားလည်သူဟု ကိုယ့်ကိုကိုယ်ထင်သောသူ"

## Isaiah 22

မတရားသော သူတို့ကို အပြစ်မပေးဘဲလွှတ်၍
ဤအပိုဒ်က တရားရုံး၌ အကျင့်ပျက်ချစားသည့်တရားသူကြီးများကို ပြောခြင်းဖြစ်သည်။

မတရားသော သူတို့ကို အပြစ်မပေးဘဲလွှတ်၍
"အပြစ်ရှိသူများကို အပြစ်ကင်းသူများဟုကြေငြာ"

ဖြောင့်မတ်သောသူတို့၏ ဖြောင့်မတ်ခြင်းကို ဝန်မခံ
"အပြစ်ကင်းသောလူများကို တရားမျှတစွာမဆက်ဆံ"

## Isaiah 24

မီးလျှာသည်
"လောင်နေသည့်မီးလျှာ"

သူတို့၏အမြစ်သည် ဆွေးမြေ့သော သစ်သားကဲ့သို့ဖြစ်၍၊ အပွင့်သည်လည်း မြေမှုန့်ကဲ့သို့ လွင့်တတ်လိမ့်မည်။
ဤစကားစုများ၏ဆိုလိုရင်းမှာ အတူတူဖြစ်သည်။ ဘုရားသခင်သည် လူတို့ကို အပြစ်ပေးမည်ဟု 5:18 ၌ ဖော်ပြထားသည်။ အခြားသောဘာဘာသာပြန်ဆိုချက်၊ "မီးသည် ပင်စည်နှင့်မြက်တို့ကိုလောင်သကဲ့သို့"


generated on Tue Jul 2 12:50:28 2024

သစ်သား
"ပင်စည်ခြောက်" လယ်ကွင်း၌ လယ်သမားများက
စားစရာစုဆောင်းကြပြီးနောက် သေပြီး
ကျန်နေသည့်အပင်၏အစိတ်အပိုင်းကိုဆိုလိုသည်။

သူတို့၏အမြစ်သည် ဆွေးမြေ့သော သစ်သားကဲ့သို့ဖြစ်၍၊ အပွင့်သည်လည်း မြေမှုန့်ကဲ့သို့ လွင့်တတ်လိမ့်မည်။
ဟေရှာယက ဤလူတို့ကို သေနေသည့်အပင်များသဖွယ်
ပြောထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊
"အမြစ်ဆွေးသည့်အပင်များကဲ့သို့ သေပြီး၊ သူတို့အပွင့်သည်
လေထဲ၌လွင့်ထွက်သွားသည့်အပင်များကဲ့သို့ဖြစ်သည်။

Isaiah 25

ထာဝရဘုရားသည် မိမိလူတို့ကို အမျက်တော်ထွက်လျက်
ဟေရှာယက ထာဝရဘုရားအမျက်ထွက်သည်ကို
မီးလောင်သည့်ဟန်ဖြင့် ပြောထားသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည်
အလွန်အမျက်ထွက်လျက်"

တို့၌လက်တော်ကိုဆန့်၍ ဒဏ်ခတ် တော်မူသဖြင့်
အနာဂတ်၌ဖြစ်လာမည့်အရာကို ယခုဖြစ်ပြီးသည့်ဟန်ဖြင့်
ပရောဖက်ဟေရှာယပြောထားသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူက
သူ၏တန်ခိုးကြီးသည့်လက်တော်ဖြင့် သူတို့ကို ပြစ်ဒဏ်ပေးမည်"

တို့၌လက်တော်ကိုဆန့်၍
"လက်" သည် ဘုရားသခင်၏ တန်းခိုးတော်ကိုဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့ကိုဆန့်ကျင်ရန်
သူ့တန်ခိုးကိုပြသည်"

အသေကောင်များ
"လူသေအလောင်းများ"

သူတို့၏အသေ ကောင်တို့သည် လမ်းများ၌ မစင်ကဲ့သို့ဖြစ်ကြ၏
လူသေကောင်များသည် လမ်းများ၌ အမှိုက်ကဲ့သို့
ရှိရန်ကိုခွင့်ပြုကြသည်။ လူအများသေကြေကြပြီး၊
သူတို့ကိုမြှုပ်နှံမည့်သူမရှိသည်ကို ဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "အမှိုက်" ကို "ငြင်းဆိုသည်"
ဟုပြန်နိုင်သည်။

အမျက်တော်သည် မငြိမ်း၊
"ဤအရာအားလုံးဖြစ်ပျက်သော်လည်း၊ သူ၏အမျက်သည်
မငြိမ်းသေးပါ"

လက်တော် သည် ဆန့်လျက်ရှိသေး၏။
"လက်" သည် ဘုရားသခင်၏ တန်းခိုးတော်ကိုဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့ကိုပြစ်ဒဏ်ပေးရန် သူ
အဆင်သင့်ဖြစ်မည်"

Isaiah 26

ဝေးသောအရပ်မှာနေသော လူမျိုးတို့အဘို့ အလံကိုထူ၍၊ မြေကြီးစွန်းသားတို့ကို နှိုးဆော်တော်မူ သဖြင့်
ဟေရှာယက အတူတူကို နှစ်နည်းဖြင့် ပြောထားသည်။
ယုဒနိုင်ငံ၏အဝေးမှနေသည့် စစ်တပ်များသည် ဘုရားသခင် ကို
သူတို့ကို လာစေပြီး တိုက်ခိုက်စေမည်ကို သူသည်
သူတို့ကိုအလံလွှင့်ပြီး နှိုးဆော်တော်မူမည်ဟု ပြောခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊
"ယုဒနိုင်ငံ၏အဝေးတွင်နေကြသည့် စစ်တပ်များကို သူကခေါ်ပြီး
လာဖို့ရန် သူတို့ကိုပြောမည်"

နှိုးဆော်သံ
ကျယ်လောင်ပြီး အဝေးတစ်နေရာတွင်နေသည့် လူ (သို့)
တိရိစ္ဆာန်ကိုခေါ်သည့်အခါ သူတို့၏အသံမြင့်ဖြင့် ခေါ်ခြင်းမျိုး

သူတို့ လာကြလိမ့်မည်
"ရန်သူများများလာကြမည်"

အလျင်အမြန်
ဤစကားလုံးနှစ်လုံးသည် အခြေခံအားဖြင့်
ဆိုလိုရင်းအတူတူဖြစ်သည်သော်လည်း
မည်မျှလောက်လျှင်မြန်စွာလာမည်ကို အလေးနက်ပေးလိုသဖြင့်
သုံးခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊
"အလွန်လျှင်မြန်စွာ"

Isaiah 27

ယေဘုယျအချက်အလက်
ယုဒပြည်ကိုတိုက်ခိုက်မည့် စစ်တပ်ကို ဟေရှာယက
ဖော်ပြထားသည်။ တည်ရှိနှင့်ပြီးသားဖြင့် သူကဖော်ပြထားသည်။
(ရှု၊ [ISA 5:26](#))

မောသည်...လဲသည်...ငိုက်မျည်းသည်....အိပ်ပျော်သည်
ဤစကားလုံးလေးလုံးသည် အလုပ်လုပ်ခြင်းမှ
လမ်းတောင်ကောင်းကောင်းမလျှောက်နိုင်၊ မနိုးကြားနိုင်၊
နိုပ်ခြိုက်စွာမအိပ်ပျော်နိုင်အောင်
ပင်ပန်းခြင်းတဆင့်ခြင်းကိုဖော်ပြသည်။ ဘာသာပြန်သည့်အခါ
ဤလေးဆင့်စလုံးကို ဖော်ပြသင့်သည်။

သူတို့ ခါးစည်းမပြေ
စစ်သားတို့က
သူတို့အဝတ်အစားများကိုတင်းကျပ်စွာချည်ထားကြသည်၊
သို့မှသာ လွယ်ကူစွာရွေ့လျား တိုက်ခိုက်နိုင်ကြမည်ဖြစ်သည်။

ခြေနင်းကြိုး
"သူတို့၏ဖိနပ်ကြိုးများ"

မြင်းခွာတို့သည် မီးကျောက် ကဲ့သို့ငှင်း
ဟေရှာယက မြင်းခွာ၏မာကျောသည့်အပိုင်း ကို
မီးကျောက်နှင့်နှိုင်းယှဉ်ထားသည်။ ငှင်းကျောက်သည်


generated on Tue Jul 2 12:50:28 2024

မာကျောပြီး ပွတ်တိုက်သည့်အခါ မီးပွင့်စေသည်။
ဖြစ်နိုင်သည့်အဓိပ္ပါယ်

ရထားဘီးတို့သည်လည်း၊ လေဘွေကဲ့သို့
ဟေရှာယက မြင်းရထားများကို သူသွားရာလမ်း၌ရှိသမျှကို ဖျက်ဆီးနိုင်သည့် လေဘွေနှင့်နှိုင်းယှဉ်ထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မြင်းရထားဘီးများသည် လေဘွေကဲ့သို့ လည်မည်"

ရထားဘီးတို့သည်
ဤရထားဘီးများတွင် သူနားချဉ်းကပ်လာသူများကို အပိုင်းပိုင်းရန်မည့် အလွန်ထက်သောဓားများကို တွဲထားလေ့ရှိသည်။

Isaiah 29

ယေဘုယျအချက်အလက်
ယုဒပြည်ကိုတိုက်ခိုက်မည့် စစ်တပ်ကို ဟေရှာယက ဆက်လက်ဖော်ပြသည်။ (ရှု၊ 5:26)

သူတို့အသံဗလံသည် ခြင်္သေ့ဟောက်သံနှင့်တူ၍၊ ခြင်္သေ့ပျိုကဲ့သို့ ဟောက်ကြလိမ့်မည်
ဤစကားစုနှစ်ခုလုံး၏ဆိုလိုရင်း အတူတူဖြစ်သည်။ ရန်သူစစ်သားများကို ခြင်္သေ့နှင့် နှိုင်းယှဉ်ထားသည်။ သူတို့၏တိုက်ခိုက်မှုသည် ယုဒလူတို့အတွက် အလွန်ကြောက်စရာကောင်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊

"သူတို့စစ်သားများစစ်ပွဲ၌အော်ကြသည့်အခါ ခြင်္သေ့ဟိန်းသံကဲ့သို့ဖြစ်သည်"

ခြင်္သေ့ပျို
နုပျိုခြင်းသည် ခွန်အားရှိခြင်းကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အသန်မာဆုံးသောခြင်္သေ့"

ဟောက်လျက် အကောင်ကိုဘမ်း၍
ဟေရှာယသည် ရန်သူတို့ကယုဒလူတို့အား သတ်ဖြတ်သည်ကို တိရိစ္ဆာန်များသတ်ဖြတ်သည့် ခြင်္သေ့နှင့် ခိုင်းနှိုင်းထားသည်။ ဖြစ်နိုင်သည့်အဓိပ္ပါယ်များ

သားကောင်
အခြားတိရိစ္ဆာန်က ဖမ်းပြီးသတ်ချင်သည့် တိရိစ္ဆာန်တစ်ကောင်။

အဘယ်သူ မျှ မကယ်မနှုတ်ရ။
"သူတို့ကို မည်သူကမျှကယ်တင်နိုင်မည်မဟုတ်"

သမုဒ္ဒရာ အသံဗလံ ကဲ့သို့ ဟုန်းဟုန်းမြည်ကြလိမ့်မည်
အပိုဒ် (၂၉) မှ "ဟိန်းသံ" ကို ပြန်သုံးထားခြင်းဖြစ်သည်။ လှိုင်း၏အသံကို သင့်ဘာသာစကား၌သုံးသည့်အတိုင်း ပြန်ဆိုနိုင်သည်။

မိုဃ်းကောင်း ကင် အလင်းသည် ကွယ်ပျောက်လိမ့်
မှောင်မိုက်သည် ဒုက္ခဝေဒနာနှင့် ဘေးဒုက္ခမျိုးစုံကို ကိုယ်စားပြုသည်။ ဤတင်စားချက်ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မှောင်နေသည့်မိုးတိမ်သည် နေ၏အလင်းကို ဟန့်တားလိမ့်မည်"

---

## Translation Questions

Isaiah 5:1

သီဆိုထားသော သီချင်းသည် မည်သည့်အကြောင်းဖြစ်သနည်း။
သီဆိုထားသော သီချင်းသည် သူချစ်ခင်သော သခင်၏ စပျစ်ဥယျာဉ် အကြောင်းဖြစ်သည်။

သီချင်းသည် မည်သူ့အတွက် ဆိုထားခြင်း ဖြစ်သနည်း။
သီချင်းသည် သူချစ်ခင်သော သခင်အတွက် ဆိုထားခြင်းဖြစ်သည်။

စပျစ်ဥယျာဉ်သည် မည်သို့သောအရာကို သီးသနည်း။
စပျစ်ဥယျာဉ်သည် မကောင်းသော စပျစ်သီးကို သီးသည်။

သူသည် စပျစ်ဥယျာဉ်ကို မည်ကဲ့သို့ လုပ်သနည်း။
သူသည် မြေကို စွလျက်၊ ကျောက်ခဲများကို ဖယ်ရှားခဲ့၍ အကောင်းဆုံးသော စပျစ်နွယ်ပင်တို့ကို စိုက်ပျိုးခဲ့ပြီး မှီခိုရာတဲနှင့် စပျစ်သီးနယ်ရာ ကျင်းကိုလည်း ပြုလုပ်သည်။

Isaiah 5:3

ယေရုရှလင်မြို့သားများနှင့် ယုဒပြည်သားတို့သည် မည်သည့်အရာကို စီရင်ကြမည်နည်း။
သူတို့သည် ချစ်ခင်ရသော သမင်နှင့် သူ၏ စပျစ်ဥယျာဉ်ကို စီရင်ကြမည်။

Isaiah 5:5

ချစ်မြတ်နိုးသောသခင်သည် သူ၏ စပျစ်ဥယျာဉ်ကို မည်သို့ ပြုလုပ်မည်နည်း။
သူသည် ချုံတန်းကိုဖယ်ရှား၍ စပျစ်ဥယျာဉ်ကို စားကျက်မြေ ဖြစ်စေပြီး အုတ်နံရံကို ဖြိုပျက်သဖြင့်ငင်း ဥယျာဉ်သည် အမှိုက်ပုံဖြစ်၍ ထိုဥယျာဉ် မကျတော့ပါ။

Isaiah 5:7

ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား၏ စပျစ်ဥယျာဉ်သည် မည်သူနည်း။
ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား၏ စပျစ်ဥယျာဉ်သည် ဣသရေလအမျိုးဖြစ်သည်။


generated on Tue Jul 2 12:50:28 2024

ထာဝရဘုရားသည် မည်သည့်အရာအတွက် စောင့်ခဲ့သနည်း။
ထာဝရဘုရားသည် တရားမျှတမှုနှင့် ဖြောင့်မတ်ခြင်းအတွက် စောင့်ခဲ့သည်။

ထာဝရဘုရားသည် တရားမျှတမှုနှင့် ဖြောင့်မတ်ခြင်း အစား မည်သည့်အရာကို ရခဲ့သနည်း။
ထာဝရဘုရားသည် အသေသတ်ခြင်းနှင့် ကူညီဖို့ရန် ငိုကြွေးခြင်းကို ရခဲ့သည်။

Isaiah 5:8

များစွာသော အိမ်များ၌ မည်သည့်အရာဖြစ်ပျက်မည်နည်း။
များစွာသော အိမ်များသည် လွတ်လပ်သော နေရာဖြစ်၍ နေသူမရှိ ဖြစ်ကြမည်။

Isaiah 5:13

ဣသရေလလူများနှင့် ယုဒလူတို့သည် အဘယ်ကြောင့် ဘမ်းဆီးသိမ်းသွားခြင်း ခံရသနည်း။
သူတို့သည် အသိအမြင်ကင်းမဲ့သောကြောင့် ဘမ်းဆီးသွားခြင်း ခံရသည်။

Isaiah 5:15

မည်သည့်အရာသည် ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားကို ချီးမြှောက်သနည်း။
ထာဝရဘုရား၏ တရားစီရင်ခြင်းသည် သူ့ကို ချီးမြှောက်သည်။

သန့်ရှင်းတော်မူသော ဘုရားသည် မည်ကဲ့သို့ အသိအမှတ်ပြုခဲ့သနည်း။
ဘုရားသခင်သည် သူ၏ ဖြောင့်မတ်ခြင်းအားဖြင့် အသိအမှတ်ပြုခဲ့သည်။

Isaiah 5:24

အဘယ်ကြောင့် ဣသရေလလူမျိုး၏ အမြစ်တ်သည် ဆွေး မြေ့၍ သူတို့၏ အပွင့်သည်လည်း မြေမှုန့်ကဲ့သို့ လွင့်လိမ့် မည်နည်း။
သူတို့သည် ထာဝရဘုရား၏ ပညတ်တော်ကို ငြင်းပယ်၍ ဣသရေလအမျိုး၏ သန့်ရှင်းသောဘုရား၏ တရားတော်ကို မထီမဲ့မြင်ပြုသောကြောင့် သူတို့၏ အမြစ်သည် ဆွေး မြေ့၍ သူတို့၏ အပွင့်သည်လည်း မြေမှုန့်ကဲ့သို့ လွင့်လိမ့်မည်။

Isaiah 5:26

ထာဝရဘုရားသည် အဝေးမှာရှိသော လူမျိုးတို့ လာဖို့ရန် မည်ကဲ့သို့ ခေါ်မည်နည်း။
သူသည် သူတို့အတွက် အလံကိုထူ၍ နိုးဆော်ခြင်းအားဖြင့် သူတို့ကို ခေါ်သည်။

အဝေးမှာရှိသော လူမျိုးတို့သည် မည်ကဲ့သို့ လာမည်နည်း။
အဝေးမှာရှိသော လူမျိုးတို့သည် ချက်ချင်း အလျင်အမြန်လာမည်။


generated on Tue Jul 2 12:50:28 2024

## Chapter 6

1 သြဇိမင်းကြီးအနိစ္စရောက်သော နှစ်တွင်၊ ထာဝရဘုရားသည် အလွန်မြင့်မြတ်သောပလ္လင်ပေါ်မှာ ထိုင်တော်မူသည်ကို ငါမြင်၏။
အဝတ်တော်တန်ဆာ သည် ဗိမာန်တော်ကို ဖြည့်လေ၏။ 2 ကောင်းကင်တမန် သရပ်တို့သည် ပလ္လင်တော် တဘက်တချက်၌
ရပ်နေကြ၏။ သူတို့သည် အတောင် ခြောက်ခုစီရှိ၍၊ အတောင်နှစ်ခုဖြင့် မျက်နှာကိုဖုံး လျက်၊ အတောင်နှစ်ခုဖြင့် ခြေတို့ကို ဖုံးလျက်၊
အတောင်နှစ်ခုဖြင့် ပျံတတ်ကြ၏။ 3 သူတို့ကလည်း၊ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားသည် သန့်ရှင်းတော်မူ၏။ သန့်ရှင်းတော်
မူ၏။ သန့်ရှင်းတော်မူ၏။ မြေကြီးလုံးသည် ဘုန်းတော်နှင့် ပြည့်လေ၏ဟု တပါးကိုတပါး ကြွေးကြော်၍ မြွတ်ဆို ကြ၏။ 4 ထိုသို့သော
ကြွေးကြော်သံကြောင့်၊ တံခါးတိုင်တို့ သည် လှုပ်ရှား၍၊ မီးခိုးနှင့် တအိမ်လုံးပြည့်လေ၏။ 5 ငါကလည်း၊ ငါ၌အမင်္ဂလာရှိ၏။
ငါအကျိုးနည်းပြီ။ အကြောင်းမူကား၊ ငါသည်ညစ်ညူးသော နှုတ်ခမ်းရှိ လျက်၊ ညစ်ညူးသောနှုတ်ခမ်းရှိသော လူမျိုးတွင်နေလျက်
နှင့်၊ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားတည်း ဟူသော ရှင်ဘုရင်ကို၊ ကိုယ်မျက်စိနှင့်မြင်လေပြီတကားဟု ဆို၏။ 6 ထိုအခါ
ကောင်းကင်တမန် သရပ်တပါးသည် ယဇ်ပလ္လင်ပေါ်က မီးညှပ်ဖြင့်ယူသော မီးခဲတခဲကို လက်နှင့်ကိုင်လျက်၊ ငါရှိရာသို့ပျံလာ၍၊ 7
ငါ့နှုတ်ကိုတို့ပြီးလျှင်၊ ဤမီးခဲသည် သင်၏ နှုတ်ခမ်းကို တွေ့ပြီ။ သင်၏ဒုစရိုက်ကို သုတ်သင်ပြီ။ သင်၏အပြစ်လည်း ပြေရှင်းပြီဟု
ဆို၏။ 8 တဖန်ထာဝရဘုရားက၊ ငါသည်အဘယ်သူကို စေလွှတ်ရမည်နည်း။ ငါတို့အဘို့ အဘယ်သူသွားမည်နည်း ဟု မေးတော်မူသံကို
ငါကြားလျှင်၊ ငါက၊ အကျွန်ုပ်ရှိပါ၏။ အကျွန်ုပ်ကို စေလွှတ်တော်မူပါဟု လျှောက်လေ၏။ 9 ထာဝရဘုရားကလည်း၊ ထိုလူမျိုးရှိရာသို့
သွားပြီး လျှင်၊ သင်တို့သည် ကြားလျက်ပင်၊ အနက်ကို နားမလည် ဘဲ ကြားကြလိမ့်မည်။ မြင်လျက်ပင်အာရုံမပြုဘဲ မြင်ကြ
လိမ့်မည်ဟု ပြောလော့။ 10 သူတို့မျက်စိမမြင်၊ နားမကြား၊ စိတ်နှလုံးမသိ၊ အကျင့်မပြောင်းလဲ၊ သူတို့အနာရောဂါကို ငါမငြိမ်းစေရ
သည်တိုင်အောင်၊ သူတို့စိတ်နှလုံးကို မိုက်စေလော့။ သူတို့ နားကိုလည်း ထိုင်းစေလော့။ သူတို့မျက်စိကိုလည်း ပိတ်လော့ဟု
မိန့်တော်မူ၏။ 11 အိုထာဝရဘုရား၊ အဘယ်မျှကာလပတ်လုံး ကြာပါလိမ့်မည်နည်းဟု ငါမေးလျှောက်ပြန်လျှင်၊ မြို့တို့ သည်
မြို့သားမရှိ၊ အိမ်တို့သည် အိမ်သားမရှိအောင် ဖျက်ဆီးခြင်းသို့ရောက်သဖြင့်၊ တပြည်လုံးသည် လူဆိတ်
ညံရာသက်သက်ဖြစ်သည်တိုင်အောင်ငင်း၊ 12 ထာဝရဘုရားသည် လူတို့ကိုဝေးသောအရပ်သို့ ပြောင်းစေတော်မူ၍၊
ပြည်ထဲမှာများစွာသော စွန့်ပစ်ခြင်း ရှိသည်တိုင်အောင်ငင်း၊ ထိုကာလသည် ကြာလိမ့်မည်။ 13 ထိုပြည်၌ ဆယ်ဘို့တွင်တဘို့
ကြွင်းသေးသော် လည်း၊ ထိုအကြွင်းသည် အထပ်ထပ်ဖျက်ဆီးခြင်းကိုခံရ လိမ့်မည်။ သို့ရာတွင်၊ ထင်းရှူးပင်နှင့် သပိတ်ပင်တို့ကို
ခုတ်လှဲ၍၊ သစ်ငုတ်သည် ကြွင်းသကဲ့သို့၊ သန့်ရှင်းသော အနွယ်သည် ထိုပြည်၌ အငုတ်ဖြစ်လိမ့်မည်ဟု မိန့်တော် မူ၏။

---

Isaiah 01

အလွန်မြင့်မြတ်သော ပလ္လင်ပေါ်မှာ
"အမြင့်" ဟူသောစကားလုံးသည် "ပိုမြင့်နေခြင်း" ပတ်ဝန်းကျင်အရာများထက်မြင့်နေသော ပလ္လင်ဟု အထူးပြုထားပါသည်။ ပလ္လင်၏အမြင့်သည် အဘယ်မျှဘုရား၏ကြီးမားခမ်းနားခြင်းကို ဖော်ပြလိုခြင်းဖြစ်သည်။

ဗိမာန်တော်ကိုဖြည့်လေ၏
နန်းတော်သည်ပြည့်နေ၏။ ဗိမာန်တော်ဟူသော စကားလုံးသည် ဘုရင့်နန်းတော်ကို ကိုယ်စားပြုသည်။

ကောင်းကင်တမန်သရပ်တို့သည်
ကောင်းကင်တမန်ဟူသော စကားစုသည် မျုးစွာသော ကောင်းကင်တမန်များကို ဆိုလိုပါသည်။ ဆိုလိုချက်မှာ ဘုရားသခင်သည် ထိုင်နေပြီး ကောင်းကင်တမန်များသည် အနားတွင်ပျံသန်းနေလျက် ဘုရား၏အမှုကို ဆောင်ရန် အဆင်သင့်စောင့်ဆိုင်းနေကြသည်။

သရပ်
"ဤစကားလုံးသည် မြွေနှင့်ဆင်တူသော" သို့မဟုတ် "မီးလျှံကဲ့သို့ အသွင်အပြင်ရှိသော ဖန်ဆင်းခံ" ဟု အကြံပြုထားပါသည်။ အဘယ်ကြောင့်ဆိုသော် "သရပ်" ဆိုလိုချက်ကို သေချာမဖွင့်ဆိုနိုင်၍ "တောင်ပံများနှင့် ရှိသောဖန်ဆင်းခံများ" သို့မဟုတ် "တောင်ပံများနှင့် အသက်ရှင်နေသောအရာများ" ဟုအနီးစပ်ဆုံး ပြန်ဆိုနိုင်ပါသည်။

သူတို့သည် အတောင်ခြောက်ခုစီရှိ၍
ဖန်ဆင်းခံတစ်ခုချင်းစီ၌ တောင်ပံခြောက်ခုစီရှိသည်။

အတောင်နှစ်ခုဖြင့် မျက်နှာဖုံးကို ဖုံးလျက်၊ အတောင်နှစ်ခုတို့ဖြင့် ခြေတို့ကိုဖုံးလျက် အတောင်နှစ်ခုဖြင့် ပျံတတ်ကြ၏
"တောင်ပံများ" ဟူသောစကားလုံးနှင့် ကောင်းကင်တမန်များသည်နားလည်ပြီးသားဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တောင်ပံနှစ်ခုသည် သူ၏မျက်နှာကိုဖုံးအုပ်ထားပြီး၊ နောက်နှစ်ခုသည် ခြေဖဝါးကို ဖုံးအုပ်၍ နောက်နှစ်ခုမှာ ပျံသန်းပါသည်"

 generated on Tue Jul 2 12:50:28 2024

Isaiah 03

ယေဘုယျအချက်အလက်
ဟေရှာယသည် သူ၏ရှုပါရုံကို ဖော်ပြနေပါသည်။

တစ်ပါးကိုတစ်ပါး ကြွေးကြော်၍ မြွက်ဆိုကြ၏
"ကောင်းကင်တမန်တို့သည် တပါးကိုတပါးကြွေးကြော်ကြ၏" သို့မဟုတ် "တောင်ပံများပါသော ဖန်ဆင်းခံသတ္တဝါများသည် တပါးကိုတပါးကြွေးကြော်ကြ၏"

သန့်ရှင်းတော်မူ၏။ သန့်ရှင်းတော် မူ၏။ သန့်ရှင်းတော်မူ။ ထာဝရဘုရားသည် သန့်ရှင်းတော်မူ၏
"သန့်ရှင်း" ဟူသော စကားလုံးကို သုံးကြိမ်ခေါ်ခြင်းသည် ဘုရားသခင်ကို ပြည့်ဝစွာသန့်ရှင်းကြောင်းညွှန်ပြထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အရာအားလုံးထက် ထာဝရဘုရားသည် သန့်ရှင်းတော်မူ၏" သို့မဟုတ် "ထာဝရဘုရား၏ ဘုန်းတော်သည် အပြည့်အဝသန့်ရှင်း၏"

မြေကြီးလုံးသည် ဘုန်းတော်နှင့်ပြည့်လေ၏
မြေကြီးသည် ထည့်စရာအရာတစ်ခုဖြစ်လျှင် ဘုရား၏ဘုန်းတော်သည် ထည့်စရာမြေကြီးတစ်ခုလုံးပြည့်နေသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မြေကြီးရှိအရာရာတိုင်းသည် ဘုရားသခင်ဘုန်းတော်သက်သေများဖြစ်နေသည်"

Isaiah 04

ယေဘုယျအချက်အလက်
ဟေရှာယသည် သူ၏ ရှုပါရုံကို ဆက်လက်ဖော်ပြနေသည်။

ထိုသို့သော ကြွေးကြော်သံကြောင့်
ကောင်းကင်တမန်များ ကြွေးကြော်သံကြောင့် တံခါးတိုင်များနှင့် အုတ်မြစ်များကို လှုပ်ခါစေ၏။

မီးခိုးနှင့် တစ်အိမ်လုံးပြည့်လေ၏
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မီးခိုးသည် ဗိမာန်တော်၌ ပြည့်လေ၏" သို့မဟုတ် "မီးခိုးသည် နန်းတော်၌ ပြည့်လေ၏"

ငါကလည်း ငါ၌ အမင်္ဂလာရှိ၏
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ၌ ကြီးမားသော မကောင်းမှုရှိ၏။ အလွန်ဆိုးဝါးရှုံရှာဖွယ်ရာများသည် ငါ၌ ဖြစ်ပွားလေပြီ"

ညစ်ညူးသောနှုတ်ခမ်း
ဤနေရာတွင် နှုတ်ခမ်းသည် လူ၏ စကားများကို ဆိုလိုပါသည်။ လူများ၏ နှုတ်ခမ်းမှပြောဆိုသော စကားများသည် ဘုရားသခင်လက်မခံနိုင်ဖွယ်သောအရာများဖြစ်ပါသည်။ (ရှု၊ နှင့်

ထာဝရဘုရား၊ ထာဝရဘုရား၏ ဗိုလ်ခြေများ
ထာဝရဘုရား၏ ကောင်းကင်စစ်တပ်

ကိုယ်မျက်စိနှင့်မြင်လေပြီတကား
ဤနေရာတွင် မျက်လုံးများသည် ပုဂ္ဂိုလ်တစ်ယောက်လုံးအားကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် မြင်လေပြီ"

Isaiah 06

ယေဘုယျအချက်အလက်
ဟေရှာယသည် သူ၏ ရှုပါရုံကို ဆက်လက်ဖော်ပြနေသည်။

သရပ်
ကောင်းကင်တမန်သရပ်သည် မြွေနှင့် အဆင်းသဏ္ဍာန်တူ၍ မီးလျှံကဲ့သို့ သွင်ပြင်ရှိသော ဖန်ဆင်းခံသတ္တဝါဖြစ်သည်။ "ကောင်းကင်တမန်"ကို အတိအကျပြောဆိုရန် ခက်ခဲ၍ "ဖန်ဆင်းခံသတ္တဝါများ" သို့မဟုတ် "အသက်ရှင်သောအရာများ" ဟု ပြန်ဆိုနိုင်ပါသည်။ ၆:၁ ကိုကြည့်ပါ။

မီးညှပ်
ကိုင်တွယ်ရန်၊ ညှပ်ရန် အသုံးပြုသော ကိရိယာတခု။

သင်၏ ဒုစရိုက်ကို သုတ်သင်ပြီ..... အပြစ်လည်း ပြေရှင်းပြီ
ဤစကားစုနှစ်ခုသည် အခြေခံအားဖြင့်အဓိပ္ပာယ်တူညီသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် သင်၏ ဒုစရိုက်နှင့်အပြစ်များကို ဖြေရှင်းပြီးပြီ"

သင်၏ ဒုစရိုက်ကို သုတ်သင်ပြီ..... အပြစ်လည်း ပြေရှင်းပြီ
ထာဝရဘုရားက အပြစ်ရှိသူကို "အပြစ်သား" ဟုမသတ်မှတ်တော့ပါ။ (ရှု၊ figs metaphor)

Isaiah 08

ယေဘုယျအချက်အလက်
ဟေရှာယသည် သူ၏ရှုပါရုံကို ဆက်လက်ဖော်ပြနေသည်။

ထာဝရဘုရား၏ မေးတော်မူသံကို ကြားလျှင်
ဤနေရာတွင်" အသံ" သည် ထာဝရဘုရားအား ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား ပြောသည်"

ငါသည်အဘယ်သူကို စေလွှတ်ရမည်နည်း
ထာဝရဘုရားသည် ဣသရေလလူများအား နှုတ်ကပတ်တော်ပြောရန်တစ်စုံတစ်ဦးကို စေလွှတ်လိမ့်မည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူများအား သတင်းကောင်းပြောရန် အဘယ်သူအား ကျွန်ုပ်စေလွှတ်ရမည်နည်း"

ငါတို့အဘို့ အဘယ်သူသွားမည်နည်း
"ငါတို့" ဟူသည် ထာဝရဘုရားနှင့် ကောင်းကင်ဆိုင်ရာအဖွဲ့ဝင်များ အားရည်ညွှန်းပါသည်။

ထိုလူမျိုး
ဣသရေလလူများ

ကြားလျက်ပင်၊ အနက်ကို နားမလည် ........ မြင်လျက်ပင်အာရုံမပြုဘဲ မြင်ကြလိမ့်မည်
ဆိုလိုချက်

Isaiah 10

ယေဘုယျအချက်အလက်
ထာဝရဘုရားသည် သူ၏လူများထံ ဟေရှာယကို စေလွှတ်သောအခါ မည်သို့ဟောပြောရမည်ကို ဆက်လက်ပြောပြနေသည်။

သူတို့စိတ်နှလုံးကို မိုက်စေလော့
"နှလုံး" ဟူသည် သူတို့၏ စိတ်ထားကို ရည်ညွှန်းသည်။ လူတစ်ယောက်သည် ကောင်းစွာတွေးခေါ်နိုင်ခြင်းမရှိ၊ နားလည်နိုင်စွမ်းမတတ်နိုင်သော သူအားစိတ်နှလုံးမိုက်မဲသူဟု ခေါ်ဆိုနိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူများနားလည်ရန် မတတ်စွမ်းနိုင်"

ဤလူများ၏ စိတ်နှလုံး
"စိတ်နှလုံး" နှင့် "ဤလူများ" သည် အများကို ရည်ညွှန်းသည်။ ဤလူတို့၏ စိတ်နှလုံးများကို ပြုပြင်မည်။

စိတ်နှလုံးကို မိုက်စေလော့
ဤဆိုလိုချက်တွင် ထာဝရဘုရားသည် ဟေရှာယပြောပြသော သတင်းစကားအားဖြင့် လူများ၏ စိတ်နှလုံးမိုက်မဲမှု လျော့နည်းလာရန် လုပ်ဆောင်လိမ့်မည်။

နားကိုလည်း ထိုင်းစေလော့ ...... မျက်စိကိုပိတ်လော့
သူတို့မကြားအောင်ပြုလုပ်နိုင်သကဲ့သို့ သူတို့မမြင်နိုင်အောင်လည်းပြုလုပ်နိုင်သည်။ ဟေရှာယသည် ထာဝရဘုရား၏ သတင်းကောင်းကို ပြောသော်လည်း လူတွေနားမလည်နိုင်။ သူပြောသောအရာကို လူတွေမကြားမမြင်နိုင်အောင် ထာဝရဘုရား ပြုလုပ်ထားသည်.

သူတို့မြင်ရမည် ...... သူတို့ကြားရမည်
လူများသည် ထာဝရဘုရား၏ နှုတ်ကပတ်တော်ကိုမှ နားလည်နိုင်လိမ့်မည်။ သူသည် ရုပက နှင့်ဆိုင်သော မြင်နိုင်ကြားနိုင်ခြင်းကို တတ်စွမ်းနိုင်သူဖြစ်ကြောင်းပြောကြားသည်။

နားလည်နိုင်သောစိတ်နှလုံး
နှလုံးသည် လူပုဂ္ဂိုလ်၏ စိတ်ကို ကိုယ်စားပြုသည်။ စစ်မှန်သော အမှန်တရားသည် သူတို့၏ စိတ်နှလုံးများကို နားလည်စေရန် လူတို့အားသေချာစွာ ဖြစ်ပွားစေသည့် တစ်စုံတစ်ရာဖြစ်သည်။

လှည့်စေ
လူတို့အား နောင်တရစေ၍ ထာဝရဘုရားထံသို့လှည့်ပြန်စေရန် အစပြုနေသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တစ်ဖန် ငါ၏ နောက်သို့လိုက်လာကြလော့" သို့မဟုတ် "ငါ့ကို ပြန်လည်စတင်ယုံကြည်ကြလော့"

ကျန်းမာစေပြီ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ " ငါသည် ကျန်းမာခြင်းကို သူတို့အားပေးပြီ"

Isaiah 11

မြို့တို့ သည် မြို့သားမရှိ ....... အိမ်တို့သည် အိမ်သားမရှိအောင် ဖျက်ဆီးခြင်းသို့ရောက်သဖြင့်
မြို့များအိမ်များသည် ပျက်စီး၍ တစ်စုံတစ်ယောက်မျှ နေမည့်သူမရှိသည့်တိုင်အောင်။

တပြည်လုံးသည် လူဆိတ် ညံ့ရာသက်သက်ဖြစ်သည် တိုင်အောင်ဌင်း
ဤနေရာတွင် "ပြိုလဲခြင်း"သည် ဆိုးဝါးဆုံးဖြစ်လာသည် ကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မြေသည် တိတ်ဆိတ်၍ လူဆိတ်ညိမ်ရာဖြစ်လာသည်"

ထာဝရဘုရားသည် လူတို့ကိုဝေးသောအရပ်သို့ ပြောင်းစေတော်မူ၍၊ ပြည်ထဲမှာများစွာသော စွန့်ပစ်ခြင်း ရှိသည်တိုင်အောင်ဌင်း၊ ထိုကာလသည် ကြာလိမ့်မည်
ဤနေရာတွင် ထာဝရဘုရားသည် တတိယပုဂ္ဂိုလ်အဖြစ် မိမိကိုယ်ကို စကားပြောသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မည်သူတစ်ဦးတစ်ယောက်ကိုမျှ မကျန်ရှိလေအောင် ထာဝရဘုရားသည် သူတို့မြေမှ လူများအားလုံးကို အဝေးသို့ ပို့လိမ့်မည်"

Isaiah 13

ထိုအကြွင်းသည် အထပ်ထပ်ဖျက်ဆီးခံရလိမ့်မည်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ရန်သူများသည် ဣသရေလမြေများကို အထပ်ထပ်ဖျက်ဆီးလိမ့်မည်"

ထင်းရှူးပင်နှင့် သပိတ်ပင်တို့ကို ခုတ်လှဲ၍၊ သစ်ငုတ်သည် ကြွင်းသကဲ့သို့၊ သန့်ရှင်းသော အနွယ်သည် ထိုပြည်၌
ထာဝရဘုရားသည် အစ္စရေးကို ဖျက်ဆီးသော်လည်းလူမျိုးတော်ကြားထဲတွင် သူ၏ အမှုကိုထမ်းရန် သူရွေးချယ်ထားလိမ့်မည်။

ထင်းရှူးပင်
ဝက်သစ်ချပင်အမျိုးအစား။

ပင်စည် ...... သစ်ငုတ်
ပင်စည်သည် သစ်ပင်ကြီးတစ်ပင်၏ ပင်မဖြစ်သည်။ သစ်ငုတ်သည် မြေကြီးမှသစ်ပင်ကို ခုတ်လှဲသောအခါကျန်ကြွင်းသော အပိုင်းဖြစ်သည်။


generated on Tue Jul 2 12:50:28 2024

သန့်ရှင်းသောအနွယ်
ရန်သူများအားဖြင့် လူမျိုးတော်ဖျက်ဆီးခံရသော်လည်း ထာဝရဘုရားကို အမှုဆောင်ရန် ကျန်ခဲ့သောလူစုသည် သန့်ရှင်းသောအနွယ်ဖြစ်လိမ့်မည်။

---

## Translation Questions

### Isaiah 6:1

ဟေရှာယသည် မည်သည့်အချိန်တွင် ထာဝရဘုရားသည် အမြင့်ဆုံးသော ပလ္လင်ပေါ်တွင် ထိုင်နေသည်ကို မြင်ခဲ့သနည်း။
ဟေရှာယသည် သြဇိမင်းကြီးသေဆုံးသောနှစ်တွင် ထာဝရဘုရားကို မြင်ခဲ့သည်။

အဘယ်သူသည် ထာဝရဘုရား၏ အပေါ်တွင်ရှိခဲ့သနည်း။
ကောင်းကင်တမန်တို့သည် ထာဝရဘုရား၏ အပေါ်တွင် ရှိခဲ့ကြသည်။

### Isaiah 6:4

ကောင်းကင်တမန်တို့သည် တယောက်နှင့်တယောက်ခေါ်ကြသောအခါ မည်သည့်အရာဖြစ်ခဲ့သနည်း။
ကောင်းကင်တမန်တို့သည် တယောက်နှင့်တယောက်ခေါ်ကြသောအခါ တံခါးများနှင့်တံခါးဝများသည် လှုပ်ခါသွားပြီး အိမ်သည် မီးခိုးငွေ့နှင့်ပြည့်ခဲ့သည်။

ဟေရှာယသည် ထိုအရာအားလုံးကို တွေ့သောအခါ ဘာပြောခဲ့သနည်း။
ဟေရှာယသည် ညစ်ညူးသောနှုတ်ခမ်းရှိလျက်၊ ညစ်ညူးသောနှုတ်ခမ်းရှိသော လူတွေနှင့်နေထိုင်လျက် ထာဝရဘုရားကို မြင်ခဲ့သောကြောင့် သူသည် တရားစီရင်ခံခဲ့ရသည်ဟု ပြောခဲ့သည်။

### Isaiah 6:6

ကောင်းကင်တမန်သည် ယဇ်ပလ္လင်မှ မီးခဲနှင့်ဟေရှာယ၏ နှုတ်ခမ်းကို ထိသောအခါ သူသည် ဘာပြောခဲ့သနည်း။
ထိုအရာသည် သင်၏ နှုတ်ခမ်းကို ထိခဲ့ပြီ၊သင်၏ဒုစရိုက်သည် အဝေးသို့ယူသွားခဲ့ပြီ။သင်၏ အပြစ်လည်းပြေရှင်းစပြီဟု ပြောခဲ့သည်။

### Isaiah 6:8

ဟေရှာယသည် ထာဝရဘုရားမေးခဲ့သော မည်သည့်အရာကို ကြားခဲ့သနည်း။
ထာဝရဘုရားသည် အဘယ်သူကို စေလွှတ်ရမည်နည်း။ အဘယ်သူသည် သွားမည်နည်း ဟု ပြောခဲ့သည်။

ဟေရှာယသည် ထာဝရဘုရားမေးခဲ့သောအရာကို မည်ကဲ့သို့ တုံ့ပြန်ခဲ့သနည်း။
ဟေရှာယသည် အကျွန်ုပ်ရှိပါသည်၊ အကျွန်ုပ်ကိုစေလွှတ်မူပါဟု ပြောခဲ့သည်။

ထာဝရဘုရားသည် လူတွေကို ပြောဖို့ရန် ဟေရှာယကို ဘာပြောခဲ့သနည်း။
ထာဝရဘုရားသည် ဟေရှာယကို လူတွေသည် နားမလည်သော်လည်း ကြားရမည်၊ အာရုံမပြုဘဲမြင်ကြရမည်ဟု ပြောခဲ့သည်။

### Isaiah 6:11

ဟေရှာယသည် လူတွေကို ဘုရားသခင်၏ စကားကို ပြောဖို့ရန် မည်မျှလောက်ကြာအောင် ထင်မြင်ခဲ့သနည်း။
ဟေရှာယသည် ထာဝရဘုရား၏ စကားကို မြို့တို့သည် မြို့သားများမရှိသည့်တိုင်အောင် အိမ်တို့သည် အိမ်သားမရှိ၊ တပြည်လုံးသည် လူဆိတ်ညံ့ရာ သက်သက်ဖြစ်သည်တိုင်အောင်နှင့် ထာဝရဘုရားသည် လူတွေကို အဝေးသို့ ပို့ပြီ၊ များစွာသောစွန့်ပစ်ခြင်းရှိသည့်တိုင်အောင်ရင်း ပြောဖို့ရန်ဖြစ်သည်။

## Chapter 7

[1] ယုဒရှင်ဘုရင်သြဇိသားဖြစ်သော၊ ယောသံ၏ သား အာခတ်မင်းလက်ထက်၌၊ ရှုရိရှင်ဘုရင် ရေဇိန်မင်း နှင့် ဣသရေလရှင်ဘုရင်
ရေမလိမင်း၏သား ပေကာမင်း တို့သည်၊ ယေရုရှလင်မြို့ကိုတိုက်ခြင်းငှါ ချီလာကြ၏။ သို့သော်လည်း၊ အကြံမမြောက်နိုင်ကြ။ [2]
ရှုရိပြည်သည် ဧဖရိမ်ပြည်ကို အမှီပြုသည်ဟု ဒါဝိဒ်မင်းမျိုးကြားသောအခါ၊ တော၌သစ်ပင်တို့သည် လေကြောင့် လှုပ်ရှားသကဲ့သို့၊
မင်းကြီး၏နှလုံးနှင့် ပြည် သားတို့၏နှလုံးသည် တုန်လှုပ်လျက်ရှိကြ၏။ [3] ထိုအခါ ထာဝရဘုရားသည် ဟေရှာယကို မိန့်
တော်မူသည်ကား၊ သင်သည်သင်၏သား ရှာယာရှုပ်နှင့် အတူသွား၍၊ ခဝါသည်၏ လယ်နားမှာ ရှောက်သော လမ်း၊ အထက်ရေကန်
ပြွန်ဝ၌အာခတ်မင်းကို ကြိုဆို၍ တွေ့လျှင်၊ ဆင့်ဆိုရမည်မှာ၊ [4] သတိပြု၍ ငြိမ်သက်စွာနေလော့။ မီးခိုးထွက် သော
ဤထင်းစနှစ်ခုတည်းဟူသော၊ ရှုရိမင်းရေဇိန်နှင့် ရေမလိ၏သားတို့သည် ပြင်းစွာအမျက်ထွက်သော်လည်း၊ မစိုးရိမ်နှင့်၊
စိတ်မပျက်နှင့်။ [5] ရှုရိပြည်၊ ဧဖရိမ်ပြည်၊ ရေမလိသားတို့က၊ [6] ငါတို့သည် တိုက်ယူ၍ ပြည်အလယ်မှာ တဗာလ ၏သားကို မင်းအရာ၌
ခန့်ထားကြကုန်အံ့ဟု သင့်ဘက်၌ မကောင်းသောအကြံကို ကြံကြသော်လည်း၊ [7] ဘုရားရှင် ထာဝရဘုရားက၊ ထိုအကြံမတည်ရ။
ထိုသို့မဖြစ်ရ။ [8] ရှုရိပြည်၏ခေါင်းကား၊ ဒမာသက်မြို့။ [9] ဒမာသက်မြို့၏ ခေါင်းကား၊ ဧဖရိမ်ပြည်၏ ခေါင်းကား၊ ရှမာရိမြို့။
ရှမာရိမြို့၏ခေါင်းကား၊ ရေမလိ သားဖြစ်ရ၏။ သို့သော်လည်း၊ခြောက်ဆယ်ငါးနှစ်အတွင်း တွင်၊ ဧဖရိမ်ပြည်ကို
ပြည်မဖြစ်စေခြင်းငှါ၊ ချိုးဖွဲ့လိမ့်မည်။ သင်တို့သည် မယုံလျှင်၊ မတည်ရကြဟု မိန့်တော်မူ၏။ [10] တဖန်ထာဝရဘုရားက၊
သင်၏ဘုရားသခင် ထာဝရဘုရားထံမှာနိမိတ်လက္ခဏာကိုတောင်းပန်လော့။ [11] နက်သောအရပ်၌ဖြစ်စေ၊ မြင့်သောအထက်
အရပ်၌ဖြစ်စေ၊ တောင်းပန်လော့ဟု အာခတ်မင်းကို မိန့်တော်မူလျှင်၊ [12] အာခတ်မင်းက၊ ကျွန်ုပ်မတောင်းပန်းပါ။ ထာဝရဘုရားကို
မစုံစမ်းပါဟု ပြန်ပြော၏။ [13] ထိုအခါ ဟေရှာယက၊ အိုဒါဝိဒ်အမျိုးသားတို့၊ နားထောင်ကြလော့။ သင်တို့သည် လူကိုငြီးငွေ့စေသည်
သာမက၊ ငါကိုးကွယ်သော ဘုရားသခင်ကို ငြီးငွေ့စေကြ မည်လော့။ [14] ထို့ကြောင့်၊ ထာဝရဘုရားသည် ကိုယ်တော်တိုင်
နိမိတ်လက္ခဏာကို သင်တို့အားပေးတော်မူမည်။ ကြည့်ရှု လော့။ သတို့သမီးကညာသည် ပဋိသန္ဓေစွဲယူ၍၊ သား ယောကျ်ားကို
ဘွားမြင်လတံ့။ ထိုသားကို ဧမာနွေလ အမည်ဖြင့် မှည့်ရလတံ့။ [15] ထိုသူသည် မကောင်းသောအရာကိုပယ်၍၊ ကောင်းသောအရာကို
ရွေးယူတတ်သည်တိုင်အောင်၊ နို့ဓမ်းနှင့်ပျားရည်ကို စားရလိမ့်မည်။ [16] ထိုသူငယ်သည် မကောင်းသောအရာကိုမပယ်၊
ကောင်းသောအရာကို မရွေးမယူတတ်မှီ၊ သင်ကြောက် သောရှင် ဘုရင်နှစ်ဦး အစိုးရသောပြည်သည် စွန့်ပစ် သော အရပ်ဖြစ်လိမ့်မည်။
[17] ဧဖရိမ်အမျိုးသည် ယုဒအမျိုးနှင့် ကွာသွားသောနေ့မှ စ၍၊ မဖြစ်ဘူးသော နေ့ရက်ကာလကို ထာဝရဘုရား သည်
သင်၏အပေါ်၌၎င်း၊ သင်၏လူများပေါ်၌၎င်း၊ သင်၏အမျိုးရင်းအပေါ်၌၎င်း၊ ရောက်စေတော်မူမည်။ [18] ထိုကာလ၌
အဲဂုတ္တုမြစ်လက်ကြားတို့ အနားမှာ ရှိသော ယင်ကောင်ကို၎င်း၊ အာရှုရိပြည်၌ရှိသော ပျား ကောင်ကို၎င်း၊ နှိုးဆော်တော်မူသဖြင့်၊ [19]
သူတို့သည်လာ၍ လူဆိတ်ညံသောချိုင့်များ၊ ချောက်ကြား၊ တောအုံ၊ ကျက်စားရာများအပေါ်မှာ အကုန်အစင်နားကြလိမ့်မည်။ [20]
ထိုကာလတွင် မြစ်ကြီးတဘက်၌နေသောသူ၊ အာရှုရိရှင်ဘုရင်တည်းဟူသော ငှါးသောသင်တုန်းဖြင့် ထာဝရဘုရားသည် ဆံပင်နှင့်
ခြေမွေးကို ရိတ်တော် မူမည်။ မုတ်ဆိတ်ကိုလည်း ပယ်ရှင်းတော်မူမည်။ [21] ထိုကာလ၌ လူသည်နွားမကလေးတကောင်၊
သိုးဆိတ်နှစ်ကောင်ကိုမွေးစားလျှင်၊ [22] သူတို့၌များစွာသော နို့ကိုရသဖြင့် နို့ဓမ်းကို စားရ၏။ ပြည်၌ ကျန်ကြွင်းသမျှသောသူတို့သည်
ထောပတ်နှင့် ပျားရည်ကို သာစားရကြလိမ့်မည်။ [23] ထိုအခါ စပျစ်နွယ်ပင်တထောင်ရှိ၍၊ ငွေ တထောင် အဘိုးထိုက်သော
စပျစ်ဥယျာဉ်တိုင်း၊ ဆူးပင် မျိုးသက်သက် ဖြစ်ရလိမ့်မည်။ [24] လေးနှင့်မြှားကို ဆောင်လျက် ထိုအရပ်သို့ သွားကြလိမ့်မည်။
မြေတပြင်လုံး၌ ဆူးပင်မျိုးသက်သက် ဖြစ်ရလိမ့်မည်။ [25] ပေါက်တူးနှင့်တူးဆွရာ တောင်ယာရှိသမျှတို့ သည်၊ ဆူးပင်မျိုးကြောင့်
အဘယ်သူမျှမချည်းဝံ့သဖြင့်၊ နွားလွှတ်၍ ကျက်စားရာ၊ သိုးဆိတ်တို့ ကျော်နင်းရာဖြစ်ရ ကြလိမ့်မည်ဟု ဟောလေ၏။

---

Isaiah 01

ယုဒရှင်ဘုရင်သြဇိသားဖြစ်သော
ယုဒဘုရင် အာဟပ်

ရေဇိန်မင်း..ပေကာမင်း....ရေမလိမင်း
လူ၏အမည်

ရေဇိန်မင်း..ပေကာမင်း...တက်သွားကြသည်
ရေဇိန်မင်းနှင့် ပေကာမင်းတို့ ဦးဆောင်သောစစ်တပ်သည်
စစ်ချီလာကြ၏။

ဒါဝိဒ်မင်း
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဒါဝိဒ်မင်းမျိုးကြားသောအခါ

ဒါဝိဒ်မင်းမျိုး
"အိမ်" သည် မိသားစုများ နေထိုင်ရာအတွက်ဖြစ်သည်။

-ရှုရိပြည်သည် ဧဖရိမ်ပြည်ကို အမှီပြု
ယာခတ်နှင့် ဧဖရိန်သည် ဘုရင်များဖြစ်သည်။ ဧဖရိန်သည်
မြောက်ပိုင်းတခုလုံး အုပ်စိုးရသော ဘုရင်ဖြစ်သည်။


generated on Tue Jul 2 12:50:28 2024

-မင်းကြီး၏နှလုံးနှင့် ပြည် သားတို့၏နှလုံးသည် တုန်လှုပ်လျက်ရှိကြ၏
တော၌သစ်ပင်တို့သည် လေကြောင့်လှုပ်ရှားလေတိုက်သောအခါ သစ်ရွက်များလှုပ်ခါသကဲ့သို့ သူ၏နှလုံးသည် တုန်လှုပ်လေ၏။

Isaiah 03

ယေဘုယျအချက်အလက်
ဟေရှာယသည် သူ၌ဖြစ်ပြီးသောအရာများကို တစုံတယောက်၌ ဖြစ်ခဲ့သကဲ့သို့ရေးနေသည်။

ရှာယာရှုပ်
ရှာယာရှုပ် အဓိပ္ပယ်မှာ အကြွင်းအကျန်ပြန်လာလိမ့်မည်။ အာဟပ်ဟာ မျှော်လင့်ချက်ပေးကောင်းပေးမည်ဟု ဆိုလိုသည်။

အထက်ရေကန်ပြွန်ဝ၌
ရေဝင်သောရေကန်ပြွန်ဝ

ပြွန်ဝ
ရေစီးဆင်းရန်လူမှုလုပ်ထားသောပြွန်

လမ်း
မြင့်သောနေရာမှ နိမ့်သောနေရာသို့ ပြုလုပ်ထားသောလူသွားလမ်း

ခဝါသည်၏ လယ်နား
ဆိုလိုချက် (၁) လူများအခေါ်လယ်ကွင်း (၂) ခဝါသည်၏ လယ် (သို့) လူများလျှော်ဖတ်သည့်လယ်ကွင်း (သို့) အမျိုးသမီးများ အဝတ်လျှော်သောကွင်းများ

သူ့ကိုပြောသည်
အာဟပ်ကိုပြောသည်

ရှုရိမင်းရေဇိန်နှင့် ရေမလိ၏သားတို့သည် ပြင်းစွာအမျက်ထွက်သော်လည်း၊ မစိုးရိမ်နှင့်၊ စိတ်မပျက်နှင့်။
မစိုးရိမ်နှင့် စိတ်မပျက်နှင့် ထာဝရဘုရားသည် ရေဇိန်နှင့် ပေကာ သယ်လာသော ထင်းစသည် မီးငြိမ်းမည်ကို နှိုင်းယှဉ်ထားသည်။ သူတို့သည် ယုဒအား အမှန်တကယ် အနိုင်ယူနိုင်မည်မဟုတ်ကြောင်း ဘုရားသခင် အထူးပြုထားသည်။ ရေဇိန်နှင့် ပေကာကို မကြောက်ရွံ့နှင့် သူတို့၏ အမျက်သည် ထင်းစကဲ့သို့ တောက်လောင်သော်လည်း ငြိမ်းသတ်လိမ့်မည်။

မစိုးရိမ်နှင့်၊ စိတ်မပျက်နှင့်။
ကြောက်ရွံ့ခြင်းနှင့် ထိတ်လန့်ခြင်းသည် အဓိပ္ပာယ်တူညီသည်။

Isaiah 05

ယေဘုယျအချက်အလက်
ထာဝရဘုရားသည် အာဟပ်အားပြောရမည့်အရာကို ဟေရှာယထံဆက်လက်ပြောနေသည် (ရှု၊ [ISA 7:3])

ရှုရိပြည်၊ ဧဖရိမ်ပြည်၊ ရေမလိသား
ရှုရိ၊ ဧဖရိမ်သည် ထိုပြည်နယ်မှ ဘုရင်များကို ရည်ညွှန်းသည်။ ဧဖရိမ်သည် မြောက်ပိုင်း ဣသရေလပြည် ဘုရင်ဖြစ်သည်။

ရေမလိ
၇:၁ ၌ ပြန်ပြီး

သင့်ဘက်၌ မကောင်းသောအကြံကို ကြံကြသော်လည်း၊
"သင်" သည် အာဟပ်ဘုရင်ကို ညွှန်းသည်။

တဗာလ ၏သား
အမည်မသိလူနာမည်

Isaiah 07

ယေဘုယျအချက်အလက်
(၇:၅-၆) ၌ပြန်ပြီး

ဒမသက်၏ခေါင်းဧဖရိမ်
ဒမသက်၏ ဘုရင်ဧဖရိမ်။ အားနဲ့သောသူ

ရှာမာရိမြို့၏ခေါင်းကား၊
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
ဧဖရိမ်သန်မြောက်ပိုင်းဣသရေလကို ရည်ညွှန်းသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဧဖရိမ်စစ်တပ်သည် ဖျက်ဆီးခံရလိမ့်မည်။
ဣသရေလလူမျိုးအဖြစ်ကြာရှည်စွာရှိမည်မဟုတ်ပေ။

ခြောက်ဆယ်ငါးနှစ်
၆၅ နှစ်

ရှမာရိမြို့၏ခေါင်းကား .... ရေမလိသားဖြစ်ရ၏
ပေကာသည် ဣသရေလအားလုံးနှင့် ရှမာရိ၏ ဘုရင်ဖြစ်သည်ဟု ဆိုလိုသည်။ (အခြားသောဘာသာပြန်ဆိုချက်)
ရှမာရိဘုရင်ပေကာ၊ အားနဲ့သောသူ

သင်တို့သည်မယုံလျှင်မတည်ရကြ
သင်တို့သည်မယုံလျှင်

မတည်ရကြ
မတည်ရကျ၊ တည်လိမ့်မည်မဟုတ်

Isaiah 10

နက်သောအရပ်၌ဖြစ်စေ၊ မြင့်သောအထက် အရပ်၌ဖြစ်စေ၊
နက်သောအရပ်၌ဖြစ်သေ အာခတ်အားမည်သည့်အရပ်၌ဖြစ်စေ၊ နိမ့်သည်ဖြစ်စေ၊ မြင့်သည်ဖြစ်စေဟူသော စကားကိုသုံးပါသည်။

နက်သောအရပ်၌ဖြစ်စေ၊ မြင့်သောအထက် အရပ်၌ဖြစ်စေ၊
နက်သောအရာ၊ မြင့်သောအရာ သင်၏အထက်၌၊ သင်၏အောက်၌ရှိသောနေရာ


generated on Tue Jul 2 12:50:28 2024

မတောင်းပန်းပါ။
မတောင်းပန်ပါ။ နိမိတ်လက္ခဏာအတွက်ထာဝရဘုရားအား
တောင်းလိမ့်မည်မဟုတ်။

Isaiah 13

ဒါဝိဒ်အမျိုးသားတို့
(၇:၁)၌ပြန်ပြီး

သင်တို့သည် လူကိုငြီးငွေ့စေသည် သာမက၊ ငါကိုးကွယ်သော ဘုရားသခင်ကို
ငြီးငွေ့စေကြ မည်လော့။
လူတို့ကို ငြီးငွေ့စေကြမည်လော။ ဘုရင်သည်
ကြီးမားသောအပြစ်ပြုခြင်းကို မေးခွန်းသုံး၍
အထူးပြုထားပါသည်။

သတို့သမီးကညာသည် ပဋိသန္ဓေစွဲယူ၍
သတို့သမီးကညာသည်။ သတို့သမီးကညာ၌ ပဋိသန္ဓေရှိပြီး

ထိုသားကို ဧမာနွေလ အမည်ဖြင့်
ဧမာနွေလအမည်ဖြင့် ဧမာနွေလအဓိပ္ပာယ်
"ငါတို့နှင့်အတူရှိသောဘုရားသခင်"

နို့စမ်းနှင့် ပျားရည်ကိုစား
ဆိုလိုချက်(၁) သူငယ်သည်မကောင်းသောအရာကိုပယ်၍
ကောင်းသောအရာကို ရွေးချယ်နိုင်သည့်တိုင်
ပျားရည်နှင့်နို့စမ်းကိုစားသုံးရန်လုံလောက်၏။ သူငယ်သည်
အစားအမှန်ကို ရွေးချယ်နိုင်သောအချိန်အထိ
အလွှန်ငယ်ရွယ်လိမ့်မည်ဟု အထူးပြုထားပါသည်။ ဆိုလိုချက်

နို့ဓမ်း
ဒိန်ခဲ နို့အားခဲသွားစေရန်ပြုလုပ်သည်။

မကောင်းသောအရာကိုပယ်၍
မကောင်းသောအရာကိုငြင်းပယ်နိုင်ရန်နှင့် ကောင်းသောအရာကို
ရွေးယူနိုင်ရန်

Isaiah 16

ယေဘုယျအချက်အလက်
ဟေရှာယသည် ထာဝရဘုရားမှ ဒါဝိဒ်၏
အိမ်တော်ပေးလိမ့်မည်အကြောင်း အရိပ်အမြွတ်ဖော်ပြနေသည်။

မကောင်းသောအရာကိုမပယ်၊ ကောင်းသောအရာကို မရွေးမယူတတ်မှီ
"မကောင်းသည့်အရာလုပ်ဖို့ ငြင်းပါ၊ ကောင်းသည့်အရာလုပ်ဖို့
ရွေးချယ်ပါ"

သင်ကြောက်သော
"သင်"သည် အာဟပ်ကို ရည်ညွှန်းသည်။

သင်၏လူ
ယုဒလူများကိုရည်ညွှန်းသည်။

ဧဖရိမ်မျိုးသည်ယုဒအမျိုးနှင့်
ဧဖရိမ်မျိုးသည် ယုဒမျိုးနှင့် ကွာသောလူမျိုးများ

Isaiah 18

ထိုကာလ၌
(၇:၁၃)၌ ပြန်ဆိုပြီး

နိုးဆော်တော်မူသဖြင့်
ထာဝရဘုရားခေါ်လိမ့်မည် (သို့) ထာဝရဘုရားဆင့်ခေါ်လိမ့်မည်။

ယင်ကောင်ကိုရင်း .... ပျားကောင်ကိုရင်း
အဲဂုတ္တုမြစ်လက်ကြား၌ရှိသော နေရာတိုင်း၌ရှိသော
ယင်ကောင်များ ပျားများကဲ့သို့ အဲဂုတ္တု၌ရှိသော စစ်တပ်များ

Isaiah 20

ယေဘုယျအချက်အလက်
ဣသရေလတို့အား အာရှုရိစစ်တပ်မှ တိုက်သောအချိန်
ဟေရှာယမှ ဆက်လက်ပြောပြနေသည်။

ထိုကာလတွင်မြစ်ကြီးတဘက်၌နေသောသူ
အာရှုရိဘုရင်သည် ထာဝရဘုရား၏ အလုပ်အားငွေကို လက်ခံရန်
ယူဆောင်သကဲ့သို့ သူ၏စစ်တပ်ကို ခိုင်းစေမည်။

ငှားသည်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက် " ဝယ်သည်"

ဆံပင်နှင့်ခြေမွေးကို
ဦးခေါင်းထိပ်မှ ရိတ်ရန်ဟူသည် မကောင်းသောအရာဖြစ်ပြီး
ဆံပင်နှင့် ခြေမွေးကိုရိတ်ခြင်းသည် တစုံတဦးအတွက်
အရာအားလုံးသည် အဆိုးဆုံးဖြစ်သည်။

-
ဟေရှာယသည် ထာဝရဘုရားမှ
မည်သူ၏ဦးခေါင်းဆံပင်ရိတ်ခြင်းခံရမည်ကို မပြောသော်လည်း
စာဖတ်သူမှ ယုဒပြည်ရှိနေထိုင်သောလူများအား အာဟပ်မှ

ဦးခေါင်း
ဦးခေါင်း၌ရှိသောဆံပင်

ခြေမွေး
ဆိုလိုချက်

ပယ်ရှင်းတော်မူမည်
အာရှုရိဘုရင်သည်လှည်းကျင်းတော်မူမည်။
လှည်းကျင်းလိမ့်မည်။ ထာဝရဘုရားမှ ဖယ်ရှားလိမ့်မည်။

သူတို့၌များစွာသောနို့ကိုရသဖြင့်
များစွာသောနို့ကိုရသဖြင့် စားရကြလိမ့်မည်။


generated on Tue Jul 2 12:50:28 2024

Isaiah 23

ယေဘုယျအချက်အလက်
ဟေရှာယသည် ဣလသရေလပြည်အား အာရှုရိတပ်မှ တိုက်ခိုက်သောအရာကို ဆက်လက်ဖော်ပြသည်။

စပျစ်နွယ်ပင်တထောင်ရှိရန်
စပျစ်နွယ်ပင်တထောင် ဟေရှာယရေးသားချိန်၌ စပျစ်နွယ်ပင်တစ်ထောင်ထက် ပို၍များပြားသည်။ သူသည်ဤစပျစ်နွယ်ပင်များမှာ ဆူးခြုံပင်များပြည့်လာမည်ဟု ပြောခဲ့သည်။

ငွေတထောင်

ဆူးပင်မျိုးသက်သက်
နှင်းဆီရိုင်းနှင့်ဆူးပင်ရိုင်းနှစ်ခုစလုံး အသုံးမဲ့သောအရာကို ညွှန်းဆိုသည်။

မြေတပြင်လုံး၌ ဆူးပင်မျိုးသက်သက်ဖြစ်လိမ့်မည်
မြေတပြင်လုံး၌ဆူးပင်မျိုးသက်သက်ဖြစ်ရလိမ့်မည်။ အဘယ့်ကြောင့် မုဆိုးများ ဤမြေသို့လာကြမည်ကို ရှင်းလင်းစွာဖော်ပြထားသည်။

ပေါက်တူးနှင့် တူးဆွရာတောင်ယာရှိသမျှတို့သည်လည်း
ပေါက်တူးနှင့်တူးဆွရာတောင်ယာရှိသမျှတို့သည်

---

## Translation Questions

Isaiah 7:1

အာခတ်သည် အဘယ်သူနည်း။
အာခတ်သည် ယုဒရှင်ဘုရင်သြဇိသားဖြစ်သော ယောသံ၏သားဖြစ်သည်။

အာခတ်မင်းကာလအချိန်တွင် မည်သည့်မင်းသည် ယေရုရှလင်မြို့ကို ရန်ဘက်ပြုဖို့ရန် ချီတက်လာခဲ့သနည်း။
ရှုရိရှင်ဘုရင်ရေဇိန်မင်းနှင့် ဣလသရေလရှင်ဘုရင်ရေမလိမင်း၏သားပေကာမင်းတို့သည် ယေရုရှလင်မြို့ကို ရန်ဘက်ပြုဖို့ရန်ချီတက်လာခဲ့ကြသည်။

အာခတ်နှင့်သူ့လူတို့သည် ရှုရိရှင်ဘုရင်သည် ဧဖရိမ်ပြည်နှင့် မဟာမိတ်ဖွဲ့ခဲ့သည်ကို ကြားသောအခါ မည်ကဲ့သို့ ပြန်၍ လုပ်ခဲ့သနည်း။
ထိုအရာကို ကြားသောအခါ အာခတ်၏ နှလုံးသားနှင့် သူ့လူတို့သည် တုန်လှုပ်ခဲ့သည်။

Isaiah 7:3

ထာဝရဘုရားသည် ဟေရှာယကို မည်သည့်လုပ်ငန်းကို လုပ်ဖို့ရန် ပြောခဲ့သနည်း။
ထာဝရဘုရားသည် ဟေရှာယအား အာခတ်ကိုတွေ့ပြီး သူ့သားနှင့်ထွက်သွားဖို့ရန်ပြောခဲ့သည်။

ထာဝရဘုရားသည် အာခတ်ကို မည်သူတို့အား မကြောက်ရဟု ပြောခဲ့သနည်း။
ထာဝရဘုရားသည် အာခတ်ကို ရေဇိန်နှင့် ပေကာအားဖြင့် ခြိမ်းခြောက်မှုကို မစိုးရိမ်ရဟု ပြောခဲ့သည်။

Isaiah 7:5

ရှုရိပြည်၊ ဧဖရိမ်ပြည်နှင့် ရေမလိသားတို့သည် မည်သည့်အရာလုပ်ဖို့ရန် ကြံစည်ခဲ့ကြသနည်း။
ထိုလူတို့သည် ယုဒနှင့်အာခတ်ကို ရန်ဘက်ပြုဖို့ရန် ကြံ စည်ခဲ့ကြသည်။ သူတို့သည် ယုဒပြည်ကို ခြောက်လှန့်ဖို့ရန်နှင့် ဖျက်ဆီးဖို့ရန် ကြံစည်ပြီး တဗာလ၏သားကို မင်းအရာ၌ ခန့်ထားခဲ့သည်။

Isaiah 7:7

ထာဝရဘုရားသည်အာခတ်ကို ဧဖရိမ်၏ အကြောင်းကို မည်သို့ပြောခဲ့သနည်း။
ထာဝရဘုရားသည် အာခတ်ကို ခြောက်ဆယ်ငါးနှစ်အ တွင်း ဧဖရိမ်ပြည်ကို အစိတ်စိတ်ပိုင်းခြားလိမ့်မည်၊ လူတွေကို မတည်ရကြလိမ့်မည်ဟု ပြောခဲ့သည်။

ထာဝရဘုရားသည် အာခတ်ကို သူ့ယုံကြည်ခြင်းသည် မခိုင်မြဲလျှင် မည်သည့်အရာဖြစ်လိမ့်မည်ဟု ပြောခဲ့သ နည်း။
အာခတ်သည် သူ၏ ယုံကြည်ခြင်းမခိုင်လျှင် လုံခြုံမှုရှိလိမ့်မည်မဟုတ်ပါ ဟုပြောခဲ့သည်။

Isaiah 7:10

ဘုရားသခင်သည် သူ၏ ထာဝရဘုရားထံမှ နိမိတ်လက္ခဏာကို တောင်းဖို့ရန်ပြောသောအခါ အာခတ်၏ တုံ့ပြန်ခြင်းသည် ဘာဖြစ်မည်နည်း။
အာခတ်သည် ငါသည် မတောင်းပန်၊ ထာဝရဘုရားကို မစုံစမ်းပါ ဟုပြောခဲ့သည်။

Isaiah 7:13

ဟေရှာယသည် မည်သည့်အရာကို အာခတ်လုပ်နေသည်ဟု ပြောခဲ့သနည်း။
သူသည် လူတွေ၏ စိတ်ရှည်ခြင်းကို စုံစမ်းနေသည်မဟုတ်ဘဲ ဘုရားသခင်၏ စိတ်ရှည်ခြင်းကို စုံစမ်းနေသည်ဟု ဟေရှာယသည် ပြောခဲ့သည်။


generated on Tue Jul 2 12:50:28 2024

Isaiah 7:16

ထာဝရဘုရားသည် သူ့ကို ဆန့်ကျင်မည့် အဘယ်သူတို့ကို သွေးဆောင်လာလိမ့်မည်ဟု ဟေရှာယသည် အာခတ်မင်းကို ပြောခဲ့သနည်း။
ထာဝရဘုရားသည် သူနှင့်သူ့လူတွေကို ဆန့်ကျင်မည့် အာရှုရိပြည်၏ ဘုရင်ကို သွေးဆောင်လာလိမ့်မည်ဟု ဟေရှာယသည် အာခတ်ကို ပြောခဲ့သည်။

Isaiah 7:20

အာရှုရိပြည်၏ ဘုရင်သည် မည်သည့်အရာကို လုပ်လိမ့်မည်နည်း။
အာရှုရိပြည်၏ ဘုရင်သည် အာခတ်၏ ဦးခေါင်း၊ ခြေလက်များနှင့်မုတ်ဆိတ်ကို အမွေးအမျှင်ရိတ်လိမ့်မည်။

Isaiah 7:23

ပြည်သည် မည်သည့်အရာဖြစ်လာလိမ့်မည်နည်း။
ပြည်သည် နှင်းဆီရိုင်း၊ ဆူးပင်များနှင့်ပြည့်နှံ့နေလိမ့်မည်၊ ထိုအရာသည် တိရစ္ဆာန်များနှင့် သိုးများ၏ ကျက်စားရာနေရာဖြစ်လိမ့်မည်။


generated on Tue Jul 2 12:50:28 2024

## Chapter 8

1 တဖန်ထာဝရဘုရားက၊ သင်သည်ကြီးသော ကျောက်သင်ပုန်းကိုယူပြီးလျှင်၊ အသော့လုယက် မြန်မြန် ဖျက်လော့ဟု ဆိုလိုသော၊
မဟေရရှာလလဟာရှဗတ် ဟူသော အက္ခရာစာလုံးကို လူဘာသာအားဖြင့် ရေးထား လော့ဟု ငါ့အား မိန့်တော်မူ၏။ 2 ထိုအခါ
သက်သေခံစေခြင်းအလိုငှါ၊ ယုံလောက် သောသက်သေ၊ ယဇ်ပုရောဟိတ်ဥရိယနှင့် ယေဗရခိ၏ သား ဇာခရိတို့ကို ငါခေါ်ထား၏။ 3
ထိုနောက်မှငါသည် ပရောဖက်ကတော်ကို ချဉ်း သဖြင့်၊ သူသည် ပဋိသန္ဓေစွဲယူ၍ သားယောက်ျားကို ဘွားမြင်လေ၏။
ထာဝရဘုရားကလည်း၊ ထိုသားကို မဟေရရှာလလဟာရှဗတ်ဟူသော အမည်ဖြင့်မှည့်လော့။ 4 အကြောင်းမူကား၊ ထိုသူငယ်သည်
အမိအဘ ဟူမခေါ်တတ်မှီ၊ ဒမာသက်မြို့၏ စည်းစိမ်၊ ရှမာရိမြို့၌ လုယက် သောဥစ္စာကို အာရှုရိရှင်ဘုရင်သည် သိမ်းသွား လိမ့်မည်ဟု
မိန့်တော်မူ၏။ 5 တဖန်ထာဝရဘုရားက၊ ဤလူမျိုးသည် ဖြည်း ညှင်းစွာစီးသော ရှိလောင်ချောင်းကို ငြင်းပယ်၍၊ 6 ရေဇိန်နှင့်
ရေမလိသားတို့၌ ဝမ်းမြောက်ကြ သောကြောင့်၊ 7 ထာဝရဘုရားသည် အလုံးအရင်းပါသော အာရှု ရိရှင်ဘုရင်တည်းဟူသော၊
ခွန်အားဗလကြီး၍များသော မြစ်ရေနှင့်သူတို့ကို လွှမ်းမိုးစေတတ်တော်မူသဖြင့်၊ ထိုမြစ် သည် မိမိချောင်းများကို လွှမ်း၍၊
မိမိကမ်းများကို လျှံလျက်၊ 8 ယုဒပြည်ကို ချင်းနင်းလွှမ်းမိုး ဖြန့်သွား၍၊ လည်ပင်းတိုင်အောင်မှီလိမ့်မည်။ သူ၏ အတောင်တို့ကို လည်း
ဖြန့်သဖြင့်၊ ကိုယ်တော်၏မြေတပြင်လုံးကို အုပ်မိုး လိမ့်မည်၊ အိုဧမာနွေလဟု မိန့်တော်မူ၏။ 9 အချင်းလူများတို့၊
သင်းဖွဲ့၍မှိုင်တွေကြလော့။ ဝေး သောပြည်သားအပေါင်းတို့၊ နားထောင်ကြလော့။ ခါးစည်း၍ မှိုင်တွေကြလော့။ ခါးစည်း၍ မှိုင်တွေကြ
လော့။ 10 တိုင်ပင်ကြလော့။ သင်တို့အကြံသည် ပျက်လိမ့်မည်။ စီရင်ကြ လော့။ စီရင်သည်အတိုင်း မတည်ရ။ အကြောင်းမူကား၊
ဘုရားသခင်သည် ငါတို့ဘက်၌ ရှိတော်မူ၏။ 11 ဤလူမျိုး၏ ဘာသာဓလေ့အတိုင်း၊ ငါမကျင့်ရ မည်အကြောင်း၊ ထာဝရဘုရားသည်
တန်ခိုးပြလျက်၊ ငါ့ကို သွန်သင်၍မိန့်တော်မူသည်ကား၊ 12 သင်းဖွဲ့ခြင်းဟု၊ ဤလူမျိုးဆိုသမျှအတိုင်း၊ သင်တို့ သည် သင်းဖွဲ့ခြင်းဟု
မဆိုကြနှင့်။ သူတို့ကြောက်တတ် သောအရာကို မကြောက်ကြနှင့်။ မထိန့်လန့်ကြနှင့်။ 13 ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရားကို
ရိုသေခြင်းရှိကြလော့။ ထိုဘုရားကိုသာ ကြောက်ရွံ့ခြင်း၊ ထိန့်လန့်ခြင်းရှိကြလော့။ 14 ထိုသို့ပြုလျှင်၊ ထိုဘုရားသည် သင်တို့ခိုလှုံရာ
ဖြစ်တော်မူလိမ့်မည်။ သို့ရာတွင် ဣသရေလလူနှစ်မျိုးတို့ ထိမိ၍လဲစရာကျောက်၊ မှားယွင်းစရာကျောက်၊ ယေရု ရှလင်မြို့သားတို့၌
ကျော့ကွင်းနှင့် ထောင်ချောက် ဖြစ်တော်မူလိမ့်မည်။ 15 ထိုသူအများတို့သည် ထိမိ၍ တိမ်းလဲကျိုးပဲ့ခြင်း၊ ကျော့မိဘမ်းဆီးခြင်းသို့
ရောက်ကြလိမ့်မည်။ 16 ဤသက်သေခံချက်ကို ငါ့တပည့်တို့တွင် ထုပ် ထား၍၊ ပညတ်တရားကို တံဆိပ်ခတ်လော့ဟု မိန့်တော် မူ၏။ 17
ယာကုပ်အမျိုးသားတို့တွင် မျက်နှာတော်ကို ကွယ်ထားတော်မူသော ထာဝရဘုရားကို ငါသည် ဆိုင်းငံ့ လျက် မျှော်လင့်မည်။ 18 ငါမှစ၍
ငါ့အားထာဝရဘုရားပေးတော်မူသော သူငယ်တို့သည် ရှိကြ၏။ ဇိအုန်တောင်ပေါ်မှာ ကျိန်းဝပ် တော်မူသော ကောင်းကင်ဗိုလ်ခြေအရှင်
ထာဝရဘုရား ထံတော်က၊ ဣသရေလအမျိုး၌ ပုပ္ပနိမိတ်နှင့် အံ့ဘွယ် သော အရာဖြစ်စေခြင်းငှါ ပေးတော်မူသတည်း။ 19
တိုးတိုးပြော၍ မန္တန်သရဇ္ဈာယ်တတ်သော နတ် ဝင်နှင့် စုန်းတို့၌ ဆည်းကပ်ကြလော့ဟု သင်တို့အား ဆိုလျှင်မူကား၊ လူတို့သည်
မိမိတို့ဘုရားသခင်၌ မဆည်း ကပ်အပ်သလော။ အသက်ရှင်သော သူ၏အမှုမှာ အသက်သေသောသူ၌ ဆည်းကပ်အပ်သလော။ 20
တရားတော်ကိုငှင်း၊ သက်သေခံတော်မူချက်ကိုငှင်း နားထောင်ကြကုန်။ သူတို့ပြောသောစကားသည် နှုတ်ကပတ်တော်နှင့်မညီလျှင်၊
သူတို့၌ အာရုဏ်မတတ် သေး။ 21 ပင်ပန်းခြင်းနှင့် မွတ်သိပ်ခြင်းကိုခံလျက် လွန် သွားရကြလိမ့်မည်။ မွတ်သိပ်သောအခါလည်း
ကိုယ်ကို ကိုယ်နှောင့်ရှက်၍၊ မိမိတို့ ရှင်ဘုရင်နှင့် မိမိတို့ ဘုရားသခင်ကို ကျိတ်ဆဲကြလိမ့်မည်။ 22 အထက်သို့မျှော်သည်ဖြစ်စေ၊
မြေကြီးကို ကြည့်သည်ဖြစ်စေ၊ ဒုက္ခဆင်းရဲနှင့် မှောင်မိုက်အတိရှိပါ ၏။ ထူထပ်သော မှောင်မိုက်နှင့်တွေ့၍၊ အလင်းကွယ်
ပျောက်ရာသို့ နှင်ထုတ်ခြင်းကို ခံရကြလိမ့်မည်။

---

---

Isaiah 01

ထာဝရဘုရားက ကျွန်ုပ်ကိုမိန့်တော်မူသည်
"ငါ" ဟူသည် ဟေရှာယကို ရည်ညွှန်းပါသည်။

သက်သေခံစေခြင်းအလို့ငှာ ယုံလောက်သောသက်သေ
ဆိုလိုချက် (၁) ထာဝရဘုရားစကားပြောနေသည်။ ငါသည်
ရိုးသားသောလူများကို ငါ၏သက်သေအဖြစ်ခေါ်မည်။ ဆိုလိုချက်
(၂) ဟေရှာယစကားပြောနေသည်။ ငါသည်
ရိုးသားသောလူများကို သက်သေဖြစ်စေမည်။ ဆိုလိုချက် (၃)
ထာဝရဘုရားသည် ဟေရှာယကို ညွှန်ကြားနေသည်။
ရိုးသားသောလူများကို သက်သေအဖြစ်ခေါ်ယူရန်။

Isaiah 03

ပရောဖက်ကတော်ကို ချဉ်း သဖြင့်
ဟေရှာယသည် ရှေ့အနာဂတ်ဟောသူ အမျိုးသမီးနှင့်
လက်ထပ်ခဲ့ကြောင်း ရှင်းလင်းစွာ သိနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် ငါ၏ဇနီးသည်
ပရောဖက်မနှင့် အိပ်နေခဲ့သည်"

ဒမာသက်မြို့၏ စည်းစိမ်၊ ရှမာရိမြို့၌ လုယက် သောဥစ္စာကို အာရှုရိရှင်ဘုရင်သည် သိမ်းသွား လိမ့်မည်
အခြားသောဘာသာပြန်ဆိုချက်၊ "အာရှုရိရှင်ဘုရင်သည် ရှမာရိနှင့် ဒမာသက်မြို့၌ ရှိသောစည်းစိမ်ဥစ္စာများကို ယူဆောင်သွားလိမ့်မည်"

Isaiah 05

တဖန်ထာဝရဘုရားက၊ ဤလူမျိုးသည် ဖြည်း ညင်းစွာစီးသော ရှိလောင်ချောင်းကို ငြင်းပယ်၍
"ညင်စွာစီးသောချောင်း" ဟု ထာဝရဘုရား၏ပညတ်တော်ကို တင်စားထားသည်။ "ရှိလောင်ချောင်းကဲ့သို့ ညင်သာသည့် ထာဝရဘုရား၏ပညတ်တော်ကို ဤလူများငြင်းဆိုကြသည်"

ဤလူမျိုး
ဤလူမျိုးသည် ပျော်ရွှင်ဝမ်းမြောက်မှုကို ငြင်းပယ်ပြီ။

ရေဇိန်နှင့် ရေမလိသားတို့၌ ဝမ်းမြောက်ကြ သောကြောင့်
အခြားသောဘာသာပြန်ဆိုချက်၊ "ဝမ်းမြောက်ကြလော့။ အာရှုရိစစ်တပ်သည် ရေဇိန်၊ အာရန်ဘုရင်၊ ပတ်ကာ၊ အစ္စရေးဘုရင်ရေမလိ ၏သားတို့အား အနိုင်ရလေပြီ။ ၇:၂ ကိုကြည့်ပါ။

ထာဝရဘုရားသည်
ထာဝရဘုရားသည် သူမည်သူဖြစ်ကြောင်း လူများအားသတိပေးလေ့ရှိသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သို့ဖြစ်၍ ငါသည် ထာဝရဘုရားဖြစ်သည်"

အလုံးအရင်းပါသော
"ယူဆောင်လာသည်" ဟူသည်မှာ "သူတို့ အပေါ်သို့" ဟုဆိုလိုသည်။

သူတို့ကို
ယုဒလူများ

မြစ်ရေနှင့်သူတို့ကို လွှမ်းမိုးစေတတ်တော်မူသဖြင့်
မြစ်သည် အာရှုရိစစ်တပ်ကို ပုံဆောင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အာရှုရိတပ်သည် အင်အားကြီးသောမြစ်ကို ဆိုလိုသည်"

မြစ်
အာရှုရှိပြည်မှ ယူဖရေးတီးမြစ်။

Isaiah 08

ယေဘုယျအချက်အလက်
အာရှိပြည်၏ စစ်တပ်သည် ယုဒလူမျိုးများအား မြစ်ရေကဲ့သို့ လွှမ်းမိုးမည့်အကြောင်းထာဝရဘုရားသည် ဆက်လက်ဖော်ပြနေသည်။ (ရှု၊ ၈:၅)

ယုဒပြည်ကို ချင်းနင်းလွှမ်းမိုး ဖြန့်သွား၍၊ လည်ပင်းတိုင်အောင်မှီလိမ့်မည်
အာရှိရိစစ်တပ်သည် မြစ်ရေလွှမ်းသကဲ့သို့ဖြစ်လိမ့်မည်။ အခြားသောဘာသာပြန်ဆိုချက်၊ "များစွာသောစစ်သားများသည် လည်ပင်းတိုင်အောင် ရေမြင့်တက်လာသကဲ့သို့ ဖြစ်လိမ့်မည်"

မြစ်
အာရှိပြည်မှ ယူဖရေးတီးမြစ်ဖြစ်သည်။ ဤအရာသည် အာရှိပြည်က စစ်သားများအား ယူဖရေးတီးမြစ်ဖြင့် သူတို့၏ အိမ်မှလာကြမည်ကိုပုံဆောင်သည်။

အတောင်တို့ကိုလည်းဖြန့်သဖြင့်
ဆိုလိုချက်

အို ဧမာနွေလ
ဧမာနွေလအဓိပ္ပာယ်မှာ ငါတို့နှင့် အတူရှိသောဘုရားဖြစ်သည်။ (၇:၁၃) ကိုကြည့်ရန်။

Isaiah 09

အချင်းလူများတို့၊ သင်းဖွဲ့၍မှိုင်တွေကြလော့
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် သင်၏ စစ်တပ်များကို အပိုင်းပိုင်းဖြစ်စေမည်"

ဝေး သောပြည်သားအပေါင်းတို့၊ နားထောင်ကြလော့
ဟေရှာယသည် အခြားသောပြည်မှ လူများကို သူ၏ အသံ ကြားနိုင်ရန် ပြောသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "နားထောင်ကြ ရပ်ဝေးတွင်ရှိသော သူများအားလုံး"

ခါးစည်း၍ မှိုင်တွေကြ လော့
အခြေခံအားဖြင့် တူညီချက်နှစ်ခုကို ပြောသည်။ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ စစ်ပွဲအတွက် သင်ပြင်ဆင်နိုင်သော်လည်း ငါဖျက်ဆီးလိမ့်မည်"

တိုင်ပင်ကြလော့။ သင်တို့အကြံသည် ပျက်လိမ့်မည်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယုဒကို သင်တိုက်ခိုက်ရန် ပြင်ဆင်သော်လည်း သင့်အကြံအောင်မြင်မည်မဟုတ်ပေ"

စီရင်ကြ လော့။ စီရင်သည်အတိုင်း မတည်ရ
တိုင်ပင်ဆွေးနွေးကြခြင်းသည် အစီအစဉ်ရေးဆွဲကြခြင်းဖြစ်ပြီး အချင်းချင်း သိစေရန် အသိမှတ်ပြုလိုခြင်းဖြစ်သည်။ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်စီစဉ်ရေးဆွဲလည်း တတ်စွမ်းနိုင်မည်မဟုတ်ပါ။ သင်၏ စစ်သားများကို သင်အမိန့်ပေးသော်လည်း သူတို့လုပ်ဆောင်နိုင်မည်မဟုတ်ပါ"

## Isaiah 11

ဤလူမျိုး၏ ဘာသာဓလေ့အတိုင်း၊ ငါမကျင့်ရ မည်အကြောင်း
ထာဝရဘုရားသည် ငါ့အားအလွန်ကောင်းမွန်သော နည်းလမ်းဖြင့် စကားပြောခဲ့သည်။

ထာဝရဘုရားသည် တန်ခိုးပြလျက်၊ ငါ့ကို သွန်သင်၍မိန့်တော်မူသည်ကား
၈:၁၇ ၌ဖော်ပြပြီးဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်ကို သတိပေးပြီး 'ဤလူမျိုးကဲ့သို့ မပြုမူရန်' ပြောဆိုခဲ့သည်"

သင်းဖွဲ့ခြင်းဟု၊ ဤလူမျိုးဆိုသမျှအတိုင်း၊ သင်တို့ သည် သင်းဖွဲ့ခြင်းဟု မဆိုကြနှင့်
လူများသည် အသင်းကွဲမည်ကို တွေးကြပြီး ထိုအတွေးများသည် စိုးရိမ်ပူပန်ခြင်းများကို ဖြစ်စေသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဤလူမျိုးများကဲ့သို့ မကြောက်ကြနှင့်။ သူတို့သည် အစဉ်အမြဲအန္တရယ်ကိုကြောက်ရွံ့နေကြသည်"

ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရားကို ရှိသေခြင်းရှိကြလော့။ ထိုဘုရားကိုသာ ကြောက်ရွံ့ခြင်း၊ ထိန့်လန့်ခြင်းရှိကြလော့
"သို့သော်လည်း သင်သည် ငါထာဝရဘုရား၏ ဘုန်းဂုဏ်တော်ကို ဆင်ခြင်အောက်မေ့လိမ့်မည်။ နောက် သင်သည် ငါ၏နာမကို အံ့သြ၍ ကြောက်ရွံ့လိမ့်မည်"

## Isaiah 14

ယေဘုယျအချက်အလက်
ဟေရှာယသည် ထာဝရဘုရားအား ၈:၁၁ အစတွင် သွယ်ဝိုက်၍ ဆက်လက် ကိုးကားပြောဆိုသည်။ ထာဝရဘုရားကို ပထမပြောသည့်ပုဂ္ဂိုလ်အဖြစ် တိုက်ရိုက်ပြန်ဆိုနိုင်သည်။

ထိုသို့ပြုလျှင်၊ ထိုဘုရားသည် သင်တို့ခိုလှုံရာ ဖြစ်တော်မူလိမ့်မည်
"ခိုလှုံရာ" ဟူသော စကားလုံးသည် ထာဝရဘုရားက သူ၏လူများအား ကာကွယ်ပြီး ထိန်းသိမ်းစောင့်ရေှာက်သည့်အတွက် ဆိုထားခြင်းဖြစ်သည် ။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ့ထံသွားသောအခါ သူကာကွယ်လိမ့်မည်"

ထိမိ၍လဲစရာကျောက်၊ မှားယွင်းစရာကျောက်
ထာဝရဘုရားသည် "လဲစရာကျောက်နှင့်မှားယွင်းစရာကျောက်" များအဖြစ် သူ၏လူများအား ဥပမာပေးရန်အတွက် နာကျင်ခြင်းကို ပေးသည်။ တစ်ချို့သည် "သိသာထင်ရှားခြင်း" နှင့် "တိုက်မိခြင်း" တို့ကို "တိုက်မိခြင်း" နှင့် "ကျဆုံးခြင်း" ဟုပြန်ဆိုပြီး အခြားသူများက "တိုက်စစ်" နှင့် "'ထိုးစစ်" ဟု ပြန်ဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူများသည် သူတို့၏ ခြေဖြင့်ကျောက်ခဲကို တိုက်လျှင် နာကျင်သကဲ့သို့ နှင့် ကျောက်တုံးကို တိုက်လျှင် လဲကျသကဲ့သို့ သူ၏လူများကိုပြုမည်"

ယေရု ရှလင်မြို့သားတို့၌ ကျော့ကွင်းနှင့် ထောင်ချောက် ဖြစ်တော်မူလိမ့်မည်
"ထောင်ချောက်" နှင့် ကျော့ကွင်း" ဟူသောသော စကားလုံးသည် ထာဝရဘုရားက ယေရုရှလင်မြို့သားများအား လွတ်မြောက်ခြင်းငှာ မတတ်စွမ်းနိုင်ရန် အပြစ်ပေးမည်ကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် ယေရုရှလင်မြို့သားများအား လွတ်မြောက်ခြင်းမပြုနိုင်အောင် ထောင်ချောက်ပြုလုပ်လိမ့်မည်"

ထောင်ချောက်
အသိုက် သို့မဟုတ် ခြင်းထဲ ငှက်ဖမ်းရသော ကိရိယာတစ်ခု။

ကျော့ကွင်း
တိရစ္ဆာန်များ၏ ခြေထောက် သို့မဟုတ် နှာခေါင်းကို ချုပ်ကိုင်ထားသော ထောင်ချောက်။

ထိုသူအများတို့သည် ထိမိ၍ တိမ်းလဲကျိုးပဲ့ခြင်း၊ ကျော့မိဘမ်းဆီးခြင်းသို့ ရောက်ကြလိမ့်မည်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "များစွာသော လူတို့သည် ကျောက်ခဲကို တိုက်မိ၍ ပြန်မထနိုင်ကြ ထို့နောက် များစွာသော လူများသည် ထောက်ချောက်ထဲ၌ ပိတ်မိ၍မလွတ်မြောက်နိုင်ကြ"

ကျော့မိဘမ်းဆီးခြင်း
စကားစုနှစ်စုသည် အဓိပ္ပာယ်တူညီသည်။ ကျော့ကွင်း၌ ဖမ်းမိလိမ့်မည်ဟု အသားပေးဖော်ပြခြင်းဖြစ်သည်။

## Isaiah 16

ဤသက်သေခံချက်ကို ငါ့တပည့်တို့တွင် ထုပ် ထား၍၊ ပညတ်တရားကို တံဆိပ်ခတ်လော့ဟု မိန့်တော် မူ၏
ဤစကားစုနှစ်ခုသည် အခြေခံအဓိပ္ပာယ်တူညီသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ၏ နှုတ်ထွက်စကားတော်ကို ရေးထားသော သက်သေခံချက်ကို ချည်၍ထုပ်ထားလော့"

ငါ၏သက်သေခံချက် ........ ငါ၏ပညတ်တရား
"ကျွန်ုပ်"သည် ဤနေရာတွင် မရှင်းမလင်းဖြစ်သည်။ ဟေရှာယ သို့မဟုတ် ထာဝရဘုရားဖြစ်နိုင်သည်။

ထာဝဘုရားကို ငါသည် ဆိုင်းငံ့ လျက်
ဤနေရာတွင် "ငါ"သည် ဟေရှာယကို ရည်ညွှန်းသည်။

ယာကုပ်အမျိုးသားတို့တွင် မျက်နှာတော်ကို ကွယ်ထားတော်မူသော ထာဝရဘုရား
ထာဝရဘုရား၏ မျက်နှာသည် သူ၏ကောင်းကြီး သို့မဟုတ် မျက်နှာသာပေးခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယာကုပ်၏ အိမ်မှကောင်းကြီးများကို အဝေးသို့ ယူဆောင်သွားသည်" သို့မဟုတ် "ယာကုပ်၏အိမ်မှ အဖ၏ ကောင်းကြီးသည် ကြာရှည်မည်မဟုတ်ပါ"

ယာကုပ်၏အိမ်
ဣသရေလလူမျိုးများ


generated on Tue Jul 2 12:50:28 2024

ငါမှစ၍ ငါ့အားထာဝရဘုရားပေးတော်မူသော သူငယ်တို့သည် ရှိကြ၏
ငါ့အား ငါနှင့်ထာဝရဘုရား၏သူငယ်များကို ဣသရေလလူများအား သတိပေးသကဲ့သို့ ထာဝရဘုရားသတိပေးခိုင်းထားသည်။ သူငယ်များမှာ ရှီယာဂျပ်နှင့် မဟာရှာလာဟရှ်ဘတ် စသည် လူမျိုးတော်၏ အမည်များဖြစ်သည်။ (ရှု၊ ၇:၃ နှင့် ၈:၁)

Isaiah 19

ယေဘုယျအချက်အလက်
ဟေရှာယသည် စကားပြောနေသည်။

တိုးတိုးပြော၍ မန္တန်သရဇ္ဈာယ်တတ်သော နတ် ဝင်နှင့် စုန်းတို့၌ ဆည်းကပ်ကြလော့ဟု သင်တို့အား ဆိုလျှင်မူကား၊ လူတို့သည် မိမိတို့ဘုရားသခင်၌ မဆည်း ကပ်အပ်သလော။ အသက်ရှင်သော သူ၏အမှုမှာ အသက်သေသောသူ၌ ဆည်းကပ်အပ်သလော
ဆိုလိုချက် (၁) ရေရွတ်တတ်သော စုန်းကဝေနှင့်နတ်များ၊ လူဝင်စားများကို မေးကြလေပြီ။ လူတို့သည် မိမိတို့ဘုရား၌ မေးမြန်းသင့်သည်မဟုတ်လော။ သူတို့သည် သက်သေခံချက်နှင့်သွန်သင်ခြင်းများအတွက် အသက်ရှင်သူများ၏အရာကို သေသောသူအား ဆွေးနွေးကြပြီ။ ဆိုလိုချက် (၂) သူတို့သည် စုန်း၊ နတ်ဝင်များ လူဝင်စားများထံဆွေးနွေးခြင်းမှာ လူများသည် သူတို့ဘုရားများနှင့် မဆွေးနွေးကြသလော။ အသက်ရှင်သောသူများ၏အရာကိုသောသေသူများနှင့် ဆွေးနွေးသင့်သလော။ သက်သေခံချက်နှင့် ပညတ်များကို ထာဝရဘုရားထံမေးလျှောက်သင့်ပြီ။

သူတို့ပြောကြလိမ့်မည်
ဤနေရာတွင် ဆိုလိုသော "ထိုသူတို့" သည် ထာဝရဘုရားအား ကိုးစားခြင်းမပြုသူများဖြစ်သည်။ "သင်" သည် အများစုဖြစ်သော ထာဝရဘုရားအား ကိုးစားသူများကို ရည်ညွှန်းသည်။

တိုးတိုးပြော၍ မန္တန်သရဇ္ဈာယ်တတ်သော နတ် ဝင်နှင့် စုန်းတို့၌
မှော်ဆရာ၊ ပယောဂဆရာများနှင့် သင်သည်ဆွေးနွေးလေပြီ။

နတ်ဝင်နှင်စုန်းတို့၌ ချဉ်းကပ်ကြလော့
"ရေရွတ်ခြင်း" နှင့် "ရွတ်ဖတ်ခြင်း" ဟူသည် ပယောဂဆရာများမှ လူသေများနှင့် စကားပြောသောအခါ ထွက်ရှိသောအသံဖြစ်သည်။အခြားသောဘာသာပြန်ဆိုချက်၊ "လူသေများနှင့် စကားပြောသောအခါ ကြိုးစား၍ တီးတိုးရေရွတ်ပြောဆိုသည်"

ရေရွတ်သည်
ငှက်၏ အသံကဲ့သို့ ပြုလုပ်သည်။

အသက်ရှင်သော သူ၏အမှုမှာ အသက်သေသောသူ၌ ဆည်းကပ်အပ်သလော
လူများသည် အသက်ရှင်သောဘုရားအားစကားပြောမည့် အစားမိုက်မဲသောအရာများဖြစ်သည့် လူသေများအားစကားပြောနေသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သို့သော်လူများသည် သူတို့အား ထာဝရဘုရား ဦးဆောင်ရန်ပြောဆိုသင့်သည်။ သူတို့သည် သေသောသူများထံမှ အဖြေကို မရှာဖွေသင့်ပါ"

တရားတော်ကို ၎င်းသက်သေခံတော်မူချက်ကို၎င်း
ဆိုလိုချက် (၁) ဘုရားသခင်၏ ညွှန်ကြားခြင်းနှင့် သွန်သင်ချက်ကို အာရုံစိုက်လော့။ (UDB) ဆိုလိုချက် (၂) ထို့နောက်သင်သည် ငါပေးသောသက်သေခံချက်နှင့် သွန်သင်ချက်ကိုသတိရလိမ့်မည်။ (8:16)

တရားတော်
8:16 သည် "တရားဝင်မှတ်တမ်း" ဟူသည့် စကားလုံးနှင့်တူညီသည်။

သက်သေခံတော်မူချက်
8:16 ကဲ့သို့ ဘာသာပြန်သည်။

သူတို့ပြောသောစကားသည် နှုတ်ကပတ်တော်နှင့်မညီလျှင်
သူတို့သည် သက်သေခံချက်နှင့်တရားတော်အတိုင်းမပြောဆိုလျှင်

သူတို့၌ အာရုဏ်မတတ် သေး
ထိုလူမျိုးသည် အလင်းမရှိသော အမှောင်ထဲ၌ လမ်းလျှောက်နေသော ထာဝရဘုရားအားမသိသောလူများဟု ပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် အမှောင်၌ ဆုံးရှုံးနေသောလူတစ်ဦးကဲ့သို့ ဖြစ်နေသည်"

Isaiah 21

ဒုက္ခဆင်းရဲနှင့် မှောင်မိုက်အတိရှိပါ ၏
ဝမ်းနဲခြင်းများဖြင့် စိတ်ဓာတ်ကျခြင်း။

အလင်းကွယ် ပျောက်ရာသို့ နှင်ထုတ်ခြင်းကို ခံရကြလိမ့်မည်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် သူတို့အား အမှောင်ထဲသို့ လုံးလုံးပစ်ချလိမ့်မည်"


generated on Tue Jul 2 12:50:28 2024

# Translation Questions

Isaiah 8:1

ထာဝရဘုရားသည် ဟေရှာယကို မည်သည့်အရာလုပ်ဖို့ရန် ပြောခဲ့သနည်း။
သူသည် ဟေရှာယကို ကြီးသောကျောက်သင်ပုန်းကို ယူဖို့ရန်နှင့် ထိုအရာပေါ်တွင် မဟေရရှာလလဟာရှဗတ် ဟူ၍ ရေးဖို့ရန် ပြောခဲ့သည်။

ထာဝရဘုရား၏ ယုံလောက်သော သက်သေခံဖြစ်ဖို့ရန် အဘယ်သူဖြစ်သနည်း။
ထာဝရဘုရား၏ သက်သေခံသည် ယဇ်ပုရောဟိတ်ဥရိယနှင့် ယေဗရခိ၏သား ဇာခရိတို့ဖြစ်သည်။

Isaiah 8:3

အဘယ်ကြောင့် ထာဝရဘုရားသည် ဟေရှာယကို သူ့သားအမည် မဟေရရှာလလဟာရှဗတ်ဟု မှည့်ပေးဖို့ရန် ပြောခဲ့သနည်း။
ထိုသူသည် အမိအဘဟု မခေါ်တတ်ခင်၊ ဒမာသက်မြို့၏ စည်းစိမ်၊ ရှမာရိမြို့တွင် လုယက်သောဥစ္စာကို အာရှုရိရှင်ဘုရင်သည် သိမ်းသွားလိမ့်မည်ဖြစ်သောကြောင့် ထာဝရဘုရားသည် မဟေရရှာလလဟာရှဗတ်ဟု မှည့်ပေးခဲ့သည်။

Isaiah 8:11

ဟေရှာယသည် လူတွေ၏ မည်သည့်နည်းလမ်းများကို လျှောက်ဖို့ရန် သတိမပေးခဲ့သနည်း။
ဟေရှာယသည် လူတွေက ပူးပေါင်းကြံစည်ခြင်းကို ခေါ်ခဲ့သော အရာရာကို ပူးပေါင်းကြံစည်ဖို့ရန် သတိမပေးခဲ့ပါ။ သူတို့ကြောက်သောအရာကို မကြောက်ဖို့ရန် (သို့) ထိုအရာအားလုံး၏ ထိတ်လန့်မှုတွင် ရှိနေဖို့ရန် ဖြစ်သည်။

ဟေရှာယသည် အဘယ်သူကို ကြောက်ရွံ့ဖို့ရန်နှင့် ရိုသေဖို့ရန် ပြောခဲ့သနည်း။
ဟေရှာယသည် ထာဝရဘုရားသန့်ရှင်းသကဲ့သို့ ရိုသေဖို့ရန်နှင့် ကြောက်ရွံ့ဖို့ရန် ပြောခဲ့သည်။

Isaiah 8:14

ထာဝရဘုရားသည် ဣသရေလ လူတွေ၏ အိမ်များနှင့် ယေရုရှလင်မြို့သားတို့ကို မည်သည့်အရာဖြစ်ဖို့ရန် ဖြစ်ခဲ့သနည်း။
သူသည် ဣသရေလ လူတို့ထိမိ၍ လဲစရာကျောက်၊ မှားယွင်းစရာကျောက်၊ ယေရုရှလင်မြို့သားတို့၌ ကျော့ကွင်းနှင့်ထောင်ချောက်ဖြစ်တော်မူလိမ့်မည်။

Isaiah 8:16

ဟေရှာယ၏ သက်သေခံချက်သည် သူ့တပည့်တော်များကို မည်သည့်အရာပေးဖို့ရန် ဖြစ်ခဲ့သနည်း။
ဟေရှာယသည် သူနှင့်သူ၏သားများအပေါ်သို့ ထာဝရဘုရားပေးသော ဣသရေလ၏ နိမိတ်လက္ခဏာများကို စောင့်လျက်သက်သေခံသည်။

Isaiah 8:19

ဟေရှာယအနာဂတ္တိကျမ်းအရ၊ ဣသရေလလူမျိုးများသည် ဟေရှာယ၏ တပည့်များကို မည်သည့်အရာကို ပြောရန်ဖြစ်စေသနည်း။
သူတို့သည် ဟေရှာယ၏ တပည့်များကို နတ်ဝင်သောသူများ၊ ဝိဇ္ဇာတတ်ကျွမ်းကျင်သူများနှင့် နှီးနှောဖို့ရန် ပြောဖို့ဖြစ်လာခဲ့သည်။

ဟေရှာယသည် မည်သူနှင့်လူတွေသည် နှီးနှောသင့်သည်ဟု ပြောခဲ့သနည်း။
လူတွေသည် သူတို့၏ ဘုရားနှင့်နှီးနှောသင့်သည်။

ဟေရှာယသည် သူ့တပည့်များကို မည်သည့်အတွက်အာ ရုံစိုက်မှုပေးဖို့ရန် အမိန့်ပေးခဲ့သနည်း။
သူတို့သည် သက်သေခံချက်နှင့် ပညတ်တရားကို အာရုံစိုက်ပေးဖို့ရန် အမိန့်ပေးခဲ့သည်။

Isaiah 8:21

ဣသရေလ လူတွေသည် ပင်ပန်းခြင်း၊ မွတ်သိပ်ခြင်းနှင့် စိတ်ဆိုးလာသောအခါ မည်သည့်အရာကို လုပ်လိမ့်မည်နည်း။
သူတို့သည် သူတို့၏ ဘုရားနှင့်သူတို့၏ ဘုရင်ကို ကျိန်ဆဲပြီး သူတို့၏ မျက်နှာသည် လှည့်လာလိမ့်မည်။

ဣသရေလလူတို့သည် မည်သည့်အရာဖြစ်လာလိမ့်မည်နည်း။
သူတို့သည် မှောက်မိုက်သောပြည်ထဲသို့ နှင်ထုတ်လိမ့် မည်။

## Chapter 9

[1] သို့သော်လည်း၊ ဒုက္ခဆင်းရဲခြင်းကို ခံရသော ပြည်သည် နောက်မှ မှောင်မိုက်နှင့်ကင်းလွတ်လိမ့်မည်။ ဇာဗုလုန်ခရိုင်နှင့်
နဿလိခရိုင်ကို အထက်က ရှုတ်ချ တော်မူသော်လည်း၊ နောက်တဖန်အိုင်နားရှောက်သော လမ်း၊ ယော်ဒန်မြစ်တဘက်၊
တပါးအမျိုးသားနေရာ ဂါလိလဲပြည်ကို ဂုဏ်အသရေနှင့် ပြည့်စုံစေတော်မူ၏။ [2] မှောင်မိုက်ထဲမှာ သွားလာသောလူများတို့သည်
ကြီးစွာသော အလင်းကိုမြင်ရ၍၊ သေမင်း၏နိုင်ငံအရိပ် တွင် ရှိနေသော သူတို့၌ အလင်း ပေါ်ထွန်းလျက်ရှိ၏။ [3] ကိုယ်တော်သည်
အမျိုးသားတို့ကို များပြားစေ၍၊ သူတို့၏ ဝမ်းမြောက်ခြင်းကို တိုးပွားစေတော်မူ၏။ စပါးကို စုသိမ်းရာကာလ၌
ဝမ်းမြောက်သကဲ့သို့၎င်း၊ လုယူသော ဥစ္စာကို ဝေသောသူ ဝမ်းမြောက်သကဲ့သို့၎င်း၊ ရှေ့တော်၌ သူတို့သည် ဝမ်းမြောက်ကြပါ၏။ [4]
အကြောင်းမူကား၊ မိဒျန်လက်ထက်၌ ပြုတော် မူသကဲ့သို့၊ ကိုယ်တော်သည် သူတို့ထမ်းရသောထမ်းဘိုး၊ ကျော၌ခံရသောတုတ်ကို၎င်း၊
ညှဉ်းဆဲသောသူ၏ လှံတံကို၎င်း ချိုးတော်မူပြီ။ [5] စစ်တိုက်သောသူရဲ၏ ခြေစွပ်နှင့် အသွေးလူးသော အဝတ်တန်ဆာရှိသမျှတို့သည်
မီးရှို့ဘို့မီးစာ ဖြစ်ရကြ လိမ့်မည်။ [6] အကြောင်းမူကား၊ ငါတို့အဘို့ သူငယ်ကို ဘွား မြင်၏။ ငါတို့အား သားကိုသနားတော်မူ၏။
ထိုသူသည် အုပ်စိုးခြင်း အာဏာစက်ရှိလိမ့်မည်။ နာမတော်ကာ အံ့ဩဘွယ်၊ တိုင်ပင်ဘက်၊ တန်ခိုးကြီးသောဘုရားသခင်၊ ထာဝရအဘ၊
ငြိမ်သက်ခြင်းအရှင်ဟု ခေါ်ဝေါ်သမုတ် ခြင်းကို ခံတော်မူလိမ့်မည်။ [7] ဒါဝိဒ်မင်း၏ ရာဇပလ္လင်ပေါ်မှာထိုင်၍၊ နိုင်ငံ တော်ကို
နောင်ကာလအစဉ်မပြတ်၊ တရားတော်အတိုင်း ဖြောင့်မတ်စွာစီရင်၍အမြဲတည်စေတော်မူမည်အကြောင်း၊ အာဏာတော်
တိုးတက်ခြင်းနှင့် ငြိမ်သက်တော်မူခြင်း သည် နိစ္စအမြဲရှိလိမ့်မည်။ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားသည်
အလိုတော်အားကြီး၍၊ ထိုအမှုကို ပြီးစီးစေတော်မူလိမ့်မည်။ [8] ထာဝရဘုရားသည် ဗျာဒိတ်တော်ကို ယာကုပ် အမျိုးသို့လွှတ်၍၊
ဣသရေလအမျိုးအပေါ်မှာ သက် ရောက်စေတော်မူ၏။ [9] အုတ်ရိုးပြို သော်လည်း၊ ဆစ်သောကျောက်နှင့် တည်ပြန်မည်။ [10]
သဖန်းပင်များကို ခုတ်လှဲသော်လည်း၊ သူတို့ အရာ၌ အာရဇ်ပင်များကို စိုက်ထားမည်ဟု မာနကြီးမား ထောင်လွှားသော
ရှမာရိမြို့သားမှစ၍ ဧဖရိမ်လူ အပေါင်းတို့သည် သိရကြလိမ့်မည်။ [11] ထာဝရဘုရားသည်လည်း၊ ထိုသူတို့တဘက်၌
ရေဇိန်မင်း၏ရန်သူတို့ကို ချီးမြှောက်၍၊ ဧဖရိမ်အမျိုး၏ ရန်သူတို့ကို ထစေတော်မူသဖြင့်၊ [12] ရှေ့၌ကား ရှုရိလူ၊ နောက်၌ကား
ဖိလိတ္တိလူတို့ သည် ပစပ်ဟ၍၊ ဣသရေလအမျိုးကို ကိုက်စားကြ လိမ့်မည်။ သို့သော်လည်း၊ အမျက်တော်သည် မငြိမ်း၊
လက်တော်သည် ဆန့်လျက်ရှိသေး၏။ [13] ဤလူမျိုးသည် ဒဏ်ခတ်တော်မူသော သူထံသို့ မလှည့်မပြန်၊ ကောင်းကင်ဗိုလ်ခြေအရှင်
ထာဝရဘုရားကို မရှာမဖွေတတ်။ [14] ထိုကြောင့်၊ ထာဝရဘုရားသည် ဣသရေလ အမျိုးမှ ဦးခေါင်းနှင့်အမြီးကို၎င်း၊ စွန်ပလွံလက်နှင့်
ကိုင်းပင်ကို၎င်း တနေ့ခြင်းတွင် ခုတ်ဖြတ်တော်မူလိမ့် မည်။ [15] ဦးခေါင်းကား၊ အသက်ကြီးသူနှင့် အသရေရှိသူ တည်း။ အမြီးကား၊
မုသာကိုဟောပြောသော ပရော ဖက်တည်း။ [16] ဤလူမျိုးကို လမ်းပြသောသူတို့သည် လမ်းလွဲ စေခြင်းငှါ ပြုကြ၏။
လိုက်သောသူတို့သည်လည်း ပျက်စီး ခြင်းသို့ ရောက်ကြလိမ့်မည်။ [17] ထိုကြောင့်၊ ထာဝရဘုရားသည် သူတို့တွင် ရှိသော လူပျိုတို့ကို
အားရတော်မမူ။ မိဘမရှိသောသူငယ် နှင့် မုတ်ဆိုးမတို့ကို သနားတော်မမူ။ ထိုသူအပေါင်းတို့ သည် အဓမ္မပြုသောသူ၊
ဆိုးညစ်သောသူဖြစ်၍၊ မတရား သော စကားကိုပြောတတ်ကြ၏။ သို့ဖြစ်၍၊ အမျက်တော် သည် မငြိမ်း၊ လက်တော်သည် ဆန့်လျက်
ရှိသေး၏။ [18] အဓမ္မသည် မီးကဲ့သို့ လောင်တတ်၏။ ဆူးပင် အမျိုးမျိုးကို ကျွမ်းစေမည်။ တောအုပ်ကိုလည်း မီးရှို့ သဖြင့်၊
အပင်တို့သည် မီးခိုးနှင့်တကွ လွင့်တတ်ကြလိမ့် မည်။ [19] ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား၏ အမျက်တော်ကြောင့်၊
မြေသည်မီးလောင်၍၊ မြေသားတို့ သည် မီးမွေးဘို့ ထင်းဖြစ်ကြလိမ့်မည်။ ညီအစ်ကိုချင်း တယောက်ကိုတယောက် မနှမြောရ။ [20]
လက်ျာဘက်၌ ခုတ်ဖြတ်သော်လည်း၊ ငတ်မွတ် လိမ့်မည်။ လက်ဝဲဘက်၌ ကိုက်စားသော်လည်း မဝရ။ အိမ်နီးချင်းအသားကို
လူတိုင်းကိုက်စားရလိမ့်မည်။ [21] မနာရှေအမျိုးသည် ဧဖရိမ်အမျိုးကို၎င်း၊ ဧဖရိမ် အမျိုးသည် မနာရှေအမျိုးကို၎င်း
ကိုက်စားကြလိမ့်မည်။ ထိုနှစ်မျိုးတို့သည် ယုဒအမျိုးကို တညီတညွတ်တည်း ရန်ပြုကြလိမ့်မည်။ သို့သော်လည်း၊ အမျက်တော်သည်
မငြိမ်း၊ လက်တော်သည် ဆန့်လျက်ရှိသေး၏။

---

---

Isaiah 01

သို့သော်လည်း၊ ဒုက္ခဆင်းရဲခြင်းကို ခံရသော ပြည်သည် နောက်မှ မှောင်မိုက်နှင့်ကင်းလွတ်လိမ့်မည်

ဟေရှာယသည် အမှောင်ထဲတွင် လျှောက်နေသူများဖြစ်သည့် ဝိညာဉ်ရေးရာလမ်းပျောက်နေသူများအား စကားပြောနေသည်။ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် ဆင်းရဲဒုက္ခခံရခြင်းကို ဖယ်ရှားလိမ့်မည်"

ဒုက္ခဆင်းရဲခြင်း

ဤစကားလုံးသည် "တစ်ပိုင်းတစ်စ" သို့မဟုတ် "လုံးဝအမှောင်ထု" (8:21)

မှောက်မိုက်နှင့် ကင်းလွတ်လိမ့်မည်

သူမသည် ကြီးစွာသော ဝမ်းနည်းခြင်းနှင့် နာကျင်ခြင်းကို ခံစားရသည်။ ယုဒလူများအား တင်စားထားခြင်းဖြစ်သည်။

ဇာဗုလုန်ခရိုင်နှင့် နဿလိခရိုင်ကို အထက်က ရှုတ်ချ တော်မူသော်လည်း
"မြေ" သည် ယင်းနေရာတစ်ဝိုက်တွင် နေခဲ့သောလူများကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အတိတ်တွင် သခင်ဘုရားသည် ဇာဗုလုန်နှင့် နဿလိတွင် နှိမ့်ချစွာနေထိုင်ခဲ့သည်"

နောက်တဖန်အိုင်နားရှောက်သော လမ်း၊ ယော်ဒန်မြစ်တဘက်၊ တပါးအမျိုးသားနေရာ ဂါလိလဲပြည်ကို ဂုဏ်အသရေနှင့် ပြည့်စုံစေတော်မူ၏
ဤနေရာတွင် "၎င်း" သည် ဂါလိလဲတွင်ရှိသော လူများအားရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လာမည့် ကာလတွင် ထာဝရဘုရားသည် ဂါလိလဲ၌ နေတော်မူသောသူများ အထူးသဖြင့် မြေထဲပင်လယ်နှင့် ယော်ဒန်မြစ်တစ်လျှောက်တွင် နေထိုင်သူများအားချီးမြှောက်လိမ့်မည်"

ဂါလိလဲပြည်
"ပြည်များ" သည် ဂါလိလဲဒေသတွင်ရှိသော ပြည်များကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဂါလိလဲသည် များစွာသောတစ်ပါးနိုင်ငံသားများ နေထိုင်ရာဒေသဖြစ်သည်"

မှောင်မိုက်ထဲမှာ သွားလာသောလူများတို့သည် ကြီးစွာသော အလင်းကိုမြင်ရ၍၊ သေမင်း၏နိုင်ငံအရိပ် တွင် ရှိနေသော သူတို့၌ အလင်း ပေါ်ထွန်းလျက်ရှိ၏
ဟေရှာယသည် ဝမ်းနည်းခြင်းများ၊ ဒုစရိုက်အပြစ်များနှင့် အသက်ရှင်နေသောသူများအား စကားပြောနေပါသည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် အမှောင်တွင် လျှောက်လှမ်းပြီး သေမင်းအရိပ်၌ အသက်ရှင်နေကြသောကြောင့်ဖြစ်ပါသည်။

ကြီးစွာသော အလင်းကိုမြင်ရ၍
အလင်းဟူသည် ကြီးစွာသော မျှော်လင့်ခြင်းနှင့် လွတ်မြောက်ခြင်းကိုကိုယ်စားပြုသည်။

သေမင်း၏နိုင်ငံအရိပ်
"သေမင်း၏ အရိပ်" ဟူသောစကားစုသည် လုံးလုံးအမှောင်ထုဟုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မြေသည် အလွန်ပင်နက်ရှိုင်းသောအမှောင်ထုဖြစ်သည်"

Isaiah 03

ယေဘုယျအချက်အလက်
ဟေရှာယသည် ထာဝရဘုရားမှ သူ၏လူများကို ကယ်တင်မည့်အချိန် ရောက်ရှိပြီဟုဖော်ပြနေသည်။

ကိုယ်တော်သည် အမျိုးသားတို့ကို များပြားစေ၍၊ သူတို့၏ ဝမ်းမြောက်ခြင်းကို တိုးပွားစေတော်မူ၏
"သင်" သည် ထာဝရဘုရားကိုရည်ညွှန်းသည်။ "သူတို့" သည် ဣသရေလလူများအား ရည်ညွှန်းသည်။ သို့သော်ဟေရှာယသည်လည်း ဣသရေလလူမျိုးအပါအဝင်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် လူမျိုးတော်အား ဝမ်းမြောက်ခြင်းကို တိုးပွားစေတော်မူ၏"

စပါးကို စုသိမ်းရာကာလ၌ ဝမ်းမြောက်သကဲ့သို့၎င်း ........ ရှေ့တော်၌ သူတို့သည် ဝမ်းမြောက်ကြပါ၏။
"သူတို့သည် သူတို့၏ စပါးကို စုသိမ်းရာကာလ၌ ဝမ်းမြောက်သကဲ့သို့ သို့မဟုတ် စစ်သားများသည် စစ်ပွဲ၌ အောင်မြင်သကဲ့သို့ ဝမ်းမြောက်လိမ့်မည်"

Isaiah 04

ယေဘုယျအချက်အလက်
ဟေရှာယသည် ထာဝရဘုရားမှ သူ၏လူများကို ကယ်တင်မည့်အချိန် ရောက်ရှိပြီဟုဖော်ပြနေသည်။

အကြောင်းမူကား၊ မိဒျန်လက်ထက်၌ ပြုတော် မူသကဲ့သို့၊ ကိုယ်တော်သည် သူတို့ထမ်းရသောထမ်းဘိုး၊ ကျောခွ်ခံရသောတုတ်ကိုင်၎င်း၊ ညှဉ်းဆဲသောသူ၏ လှံတံကို၎င်း ချိုးတော်မူပြီ
ဟေရှာယသည် အာရှုရိ၏ကျွန်ဖြစ်သော အစ္စရေးလူမျိုးများသည် နွားထီး ထမ်းပိုးထမ်းထားရသကဲ့သို့ ဖြစ်နေသည်ဟုပြောဆိုပါသည်။ ဤအရာသည် အနာဂတ်တွင် ဖြစ်မည့််အရာဖြစ်သော်လည်း ဖြစ်ပြီးသကဲ့သို့ပြောသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တစ်နေ့တွင် မိဒျန်လက်ထက်မှ ဣသရေလသည် ကျွန်မှလွတ်မြောက်လိမ့်မည်။ တိရစ္ဆာန်ပုခုံးမှ ထမ်းပိုးကို လူကဖယ်ရှားသကဲ့သို့ ထာဝရာဘုရားသည် ညှဉ်းပမ်းသောသူများအားဖယ်ရှားလိမ့်မည်"

သူတို့ထမ်းရသောထမ်းဘိုး၊ ကျောခွ်ခံရသောတုတ်ကိုင်၊ ညှဉ်းဆဲသောသူ၏ လှံတံ
ဟေရှာယသည် သူ၏လူများအား လူတစ်ဦးဖြစ်သကဲ့သို့ ပြောနေသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့၏ ထမ်းဘိုး၊ သူတို့ပုခုံးများ၊ သူတို့အား ညှဉ်းပမ်းနှိပ်စက်သူ"

သူတို့ထမ်းရသောထမ်းဘိုး
ရက်မသည် ထမ်းဘိုး၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး နွားထီး၏ ပုခုံးပေါ်မှာတင်ထားသောအရာဖြစ်သည်။

ရက်မ၊ တုတ်ချောင်း၊ တောင်ဝှေး
သစ်သားရှည်တစ်ခုဖြစ်ပြီး နွားများအား အလုပ်လုပ်ရန် ရိုက်နှက်၍အသုံးပြုသည်။ လူတစ်ဦးသည် အခြားလူများအပေါ် ဩဇာလွှမ်းမိုးခြင်းသင်္ကေတဖြစ်သည်။

ကျောခွ်ခံရသောတုတ်ကိုင်၎င်း
နွားများအားခိုင်းစေရန်အတွက် ဒုတ်ချောင်း အသုံးပြုရသကဲ့သို့ ယုဒလူများအပေါ် ဩဇာသက်ရောက်ညှဉ်းပန်းခြင်းဖြစ်မည်ဟု ဟေရှာယပြောသည်။

မိဒျန်လက်ထက်
"နေ့" ဟူသည် တစ်နေ့နေ့တစ်ချိန်ချိန်တွင် ဖြစ်ပျက်လာမည့်အရာကို ပြောပြရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မိဒျန်လူများ၏ ဖျက်ဆီးခြင်းကိုခံရလိမ့်မည်"


generated on Tue Jul 2 12:50:28 2024

စစ်တိုက်သောသူရဲ၏ ခြေစွပ်နှင့် အသွေးလူသော
အဝတ်တန်ဆာရှိသမျှတို့သည် မီးရှို့ဘို့မီးစာ ဖြစ်ရကြ လိမ့်မည်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "စစ်တိုက်သောသူ၏ ခြေစွပ်နှင့် အသွေဖုံးသောအဝတ်များသည် လောင်ကျွမ်းလိမ့်မည်"

မီးရှို့ဘို့မီးစာ
အခြားသောဘာသာပြန်ဆိုချက်၊ "စစ်ဝတ်စုံများ၊ ဖိနပ်များသည် မီးလောင်ရန်အတွက် လောင်စာများဖြစ်လိမ့်မည်"

Isaiah 06

ယေဘုယျအချက်အလက်
ထာဝရဘုရားသည် သူ၏ လူမျိုးတော်အားကယ်တင်မည့် အကြောင်း ဟေရှာယကို ဖော်ပြနေသည်။

အကြောင်းမူကား၊ ငါတို့အဘို့ သူငယ်ကို ဘွား မြင်၏။ ငါတို့အား
သားကိုသနားတော်မူ၏
စကားစုနှစ်ခုစလုံးသည် အခြေခံအားဖြင့်တူညီကြသည်။ "ကျွန်ုပ်တို့" ဟူသောစကားလုံးသည် ပြောကြားသူကြားနာသူနှစ်ဦးစလုံးကို ရည်ညွှန်းသည်။ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့တို့အဘို့ သူငယ်ကို ထာဝရဘုရားသနားတော်မူပြီ"

ထိုသူသည် အုပ်စိုးခြင်း အာဏာစက်ရှိလိမ့်မည်
"ဘုရင်မင်းမြတ်တို့၏ အခွင့်အာဏာကို သူ့အားပေးလိမ့်မည်" သို့မဟုတ် "ထာဝရဘုရားသည် သူ့အားအခွင့်တာဝန်များကို ပေးအပ်လိမ့်မည်"

တိုင်ပင်ဘက်
ဘုရင်များအား အကြံဉာဏ်ပေးသူ။

အာဏာတော် တိုးတက်ခြင်းနှင့် ငြိမ်သက်တော်မူခြင်း သည် နိစ္စအမြဲရှိလိမ့်မည်
လူများအပေါ်မှာ သူ၏ အခွင့်အာဏာသည် ပို၍လွှမ်းမိုးမည့်အပြင် ပို၍ငြိမ်သက်အေးချမ်းစွာနေထိုင်ကြလိမ့်မည်။

ဒါ့ဝိဒ်မင်း၏ ရာဇပလ္လင်ပေါ်မှာထိုင်၍
ဒါဝိဒ်မင်း၏ ပလ္လင်ပေါ်ထိုင်ခြင်းဟူသည် အခွင့်အာဏာရရှိထားခြင်းကို ဆိုလိုသည်။ ဒါဝိတ်မျိုးနွယ်သာလျှင် ဣသရေလဘုရင်ဖြစ်နိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဒါဝိတ်မျိုးနွယ်ကဲ့သို့ အခွင့်အာဏာရရှိထားသူ"

ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား
1:9 တွင်ဘာသာပြန်သကဲ့သို့ ပြန်ဆိုပါ။

Isaiah 08

ထာဝရဘုရားသည် ဗျာဒိတ်တော်ကို ယာကုပ် အမျိုးသို့လွှတ်၍၊
ဣသရေလအမျိုးအပေါ်မှာ သက် ရောက်စေတော်မူ၏
"စေလွှတ်ခြင်း" ဟူသည် ပြောဆိုခြင်းကို ဆိုလိုပါသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် ဣသရေလလူများကို ဆန့်ကျင်၍ စကားပြောဆိုသည်"

ယာကုပ် .... အစ္စရေး ..... ဧဖရိမ် ..... ရှာမာရိ
ဤအမည်များအားလုံးသည် အစ္စရေးနိုင်ငံ မြောက်ပိုင်းမှ လူများကိုရည်ညွှန်းသည်။

မာနကြီးမား ထောင်လွှားသော ရှမာရိမြို့သားမှစ၍ ဧဖရိမ်လူ အပေါင်းတို့သည်
သိရကြလိမ့်မည်
အခြားသောဘာသာပြန်ဆိုချက်၊ "လူများအားလုံးသည် ဧဖရိမ်နှင့် ရှမာရိတို့တွင်သော်လည်းကောင်း ထာဝရဘုရားသည် တရားမျှတသည်ကို သိကြလိမ့်မည်"

သဖန်းပင်များကို ခုတ်လှဲသော်လည်း၊ သူတို့ အရာ၌ အာရဇ်ပင်များကို
စိုက်ထားမည်ဟု မာနကြီးမား ထောင်လွှားသော ရှမာရိမြို့သားမှစ၍ ဧဖရိမ်လူ
အပေါင်းတို့သည် သိရကြလိမ့်မည်
အဓိပ္ပာယ်အပြည့်အစုံကို ရှင်းလင်းစွာ ဖော်ပြနိုင်သည်။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "အုတ်ရိုးများပြိုလဲသော်လည်း အဖိုးတန်ကျောက်မြတ်များနှင့် အစားထိုးတည်ဆောက်မည်။ သဖန်းပင်များ ခုတ်လှဲသော်လည်း တန်းဖိုးရှိသော အာရဇ်ပင်များကို စိုက်ထားမည်"

Isaiah 11

ထာဝရဘုရားသည်လည်း၊ ထိုသူတို့တဘက်၌ ရေဇိန်မင်း၏ရန်သူတို့ကို
ချီးမြှောက်၍
ဤနေရာတွင် ရေဇိန်သည် သူ၏စစ်တပ်ကို ကိုယ်စားပြုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဤနေရာတွင် ထာဝရဘုရားသည် ဣသရေလလူမျိုးများကို ဆန့်ကျင်သောရေဇိန်နှင့် သူ၏စစ်တပ်ကို ယူဆောင်လိမ့်မည်"

ရေဇိမ်
လူ၏ အမည်ဖြစ်သည်။ 7:1 ၌ပြန်ဆိုထားသည်။

ရန်သူတို့ကို ထမြောက်စေတော်မူသဖြင့်
"ထမြောက်" ဟူသော စကားစုသည် တိုက်ခိုက်ရန်အတွက်လှုံ့ဆော်သည်ဟု ဆိုလိုပါသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် ဣသရေလရန်သူများကို တိုက်ခိုက်ရန် လှုံ့ဆော်လိမ့်မည်" (ရှု၊

ပစပ်ဟ၍၊ ဣသရေလအမျိုး ကို ကိုက်စားကြ လိမ့်မည်
"ကိုက်စား" သည် တိရ စ္ဆာန်ရိုင်းများက သူတို့၏သားကောင်များကို မည်ကဲ့သို့ စားကြောင်းဖော်ပြသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ရိုင်းသော တိရ စ္ဆာန်များသည် သူတို့၏ သားကောင်များကို အငမ်းမရစားသကဲ့သို့


generated on Tue Jul 2 12:50:28 2024

ဣလသရေလလူမျိုးများကို သူတို့၏ ရန်သူများမှ ဖျက်ဆီးလိမ့်မည်"

အမျက်တော်သည် မငြိမ်း၊ လက်တော်သည် ဆန့်လျက်ရှိသေး၏
"သို့သော်လည်း ထိုအရာများသည် ဖြစ်ပွားနေလိမ့်မည်။ သူ၏အမျက်နှင့် လက်တော်သည် ဆက်လက်ရှိနေသည်" 5:25 ၌ ပြန်ဆိုထားပြီးဖြစ်သည်။

လက်တော်သည် ဆန့်လျက်ရှိသေး၏
ထာဝရဘုရားသည် အခြားလူတစ်ဦး၏ လက်သီးဖြင့် လူတစ်ယောက်အား ရိုက်သကဲ့သို့ ပြောနေသည်။ ဤအရာသည် ထာဝရဘုရားမှ ဣလသရေလလူမျိုးအားအပြစ်ပေးခြင်းဖြစ်သည်။ 5:25 ကိုကြည့်ပါ။ အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် သူတို့အားအပြစ်ပေးရန် အဆင်သင့် ရှိနေလိမ့်မည်"

Isaiah 13

ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား
1:9 ကဲ့သို့ ဘာသာပြန်ဆိုသည်။

ဦးခေါင်းနှင့်အမြီး
ဟေရှာယသည် အငယ် ၁၅ ၌ရှင်းပြထားသည်။ ဦးခေါင်းသည် တိရစ္ဆာန်၏ ကိုယ်အပိုင်းတစ်ခုဖြစ်သည်။ လူတစ်ယောက်သည် မြင့်မြတ်သောလူတစ်ဦးဖြစ်လိုသည်ကိုဆိုလိုသည်။ အမြီးသည် တိရစ္ဆာန်၏ ညစ်ပတ်သောအပိုင်းဖြစ်သည်။ လိမ်လည်၍ မုသာပြောသော ပရောဖက်များကို ဆိုလိုပါသည်။

စွန်ပလွံလက်နှင့် ကိုင်းပင်
"စွံပလွန်" သည် မြင့်သောအရပ်၌ ပေါက်သောအပင်ဖြစ်၍ အရေးကြီးသောပုဂ္ဂိုလ်များနှင့် အခွင့်အာဏာရှိသူများကို ဆိုလိုသည်။ "ကိုင်းပင်"သည် ရေတိမ်သောနေရာတွင် ပေါက်သောအပင်ဖြစ်သည်။ ဆင်းရဲ၍ ဖိနှိပ်ခံရသောသူများကို ရည်ညွှန်းပါသည်.

Isaiah 16

ဤလူမျိုးကို လမ်းပြသောသူတို့သည် လမ်းလွဲ စေခြင်းငှါ ပြုကြ၏
ခေါင်းဆောင်များသည် လူမျိုးတော်အားမှားယွင်းသောလမ်းသို့ ဦးဆောင်ခဲ့သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဣလသရေလခေါင်းဆောင်များသည် လူမျိုးတော်အား ဘုရားသခင်ထံ မနာခံစေပြီ"

လိုက်သောသူတို့သည်လည်း ပျက်စီး ခြင်းသို့ ရောက်ကြလိမ့်မည်
ဥပစာတင်စားချက်တစ်ခုဖြစ်သည်။ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ ဆိုလိုချက်

မတရား သော စကားကိုပြောတတ်ကြ၏
ဤနေရာတွင် "နှုတ်ခမ်း" သည် လူပုဂ္ဂိုလ်ကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူတိုင်းသည် ညစ်ညမ်းသောအရာများကို ပြောဆိုနေသည်"

အမျက်တော် သည် မငြိမ်း၊ လက်တော်သည် ဆန့်လျက် ရှိသေး၏
5:25 ကဲ့သို့ ဘာသာပြန်ဆိုသည်။

လက်တော်သည်
5:25 ကဲ့သို့ ဘာသာပြန်ဆိုသည်။

Isaiah 18

အဓမ္မသည် မီးကဲ့သို့ လောင်တတ်၏။ ဆူးပင် အမျိုးမျိုးကို ကျွမ်းစေမည်။ တောအုပ်ကိုလည်း မီးရှို့ သဖြင့်
ဆိုးသွမ်းသော လူများကို မီးဖြင့် ဖျက်ဆီးလိမ့်မည်။ ထိုမီးသည် ဆူးချုံရိုင်းများနှင့် အပင်များကို လောင်ကျွမ်းစေ၍ မည်သူမျှ အသက်မရှင်နိုင်။ တောအုပ်သည် မီးခိုးနှင့် ပြည့်၍ လူများနေထိုင်ရာကို ဖျက်ဆီးသောကြောင့် မည်သူမျှ အသက်မရှင်နိုင်။

ဆူးချုံရိုင်းများ
"ဆူးချုံရိုင်းများ" နှင့် "နှင်းဆီရိုင်းများ"သည် အသုံးမဝင်ခြင်းကိုရည်ညွှန်းသည်။ 7:23 ၌ဘာသာပြန်ဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဆူးချုံပုတ်များ"

ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား၏ အမျက်တော်ကြောင့်၊ မြေသည်မီးလောင်၍၊ မြေသားတို့ သည် မီးမွေးဘို့ ထင်းဖြစ်ကြလိမ့်မည်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မီးတောက်များ ကြီးမားသကဲ့သို့ ဘုရားသခင်၏ အမျက်ဒေါသသည် သူ၏လူမျိုးတော်ကို ဖျက်ဆီးလိမ့်မည်"

ညီအစ်ကိုချင်း တယောက်ကိုတယောက် မနမြောရ
မည်သူတစ်ဦးတစ်ယောက်မျှ လွတ်မြောက်ရန်မကယ်နိုင်ကြ။

Isaiah 20

လက်ျာဘက်၌ ခုတ်ဖြတ်သော်လည်း၊ ငတ်မွတ် လိမ့်မည်
လူများသည် တွေ့သမျှအစာများကို လုယူကြလိမ့်မည်။

အိမ်နီးချင်းအသားကို လူတိုင်းကိုက်စားရလိမ့်မည်
ဆိုလိုချက်

သို့သော်လည်း၊ အမျက်တော်သည် မငြိမ်း၊ လက်တော်သည် ဆန့်လျက်ရှိသေး၏
5:25 ၌ပြန်ဆိုပြီးဖြစ်သည်။

လက်တော်သည် ဆန့်လျက်ရှိသေး၏
5:25 ၌ပြန်ဆိုပြီးဖြစ်သည်။

# Translation Questions

## Isaiah 9:1

ကြီးမားသောဒုက္ခထဲ၌ ရှိခဲ့သောသူသည် မည်သည့်အရာဖြစ်လာလိမ့်မည်နည်း။
မှောင်မိုက်သည် ကွယ်ပျောက်သွားလိမ့်မည်။

အစောပိုင်းတွင် ထာဝရဘုရားသည် မည်သည့်ပြည်ကို နှိမ့်ချခဲ့သနည်း။
ထာဝရဘုရားသည် ဇာဗုလုန်ခရိုင်နှင့် နဿလိခရိုင်ကို နှိမ့်ချခဲ့သည်။

အစောပိုင်းကာလတွင် ဘုရားသခင်သည် ဇာဗုလုန်နှင့် နဿလိကို ဘာလုပ်လိမ့်မည်နည်း။
သူသည် သူတို့ကို ဘုန်းအသရေနှင့် ပြည့်စုံအောင်လုပ်လိမ့်မည်။

အဘယ်သူတို့အပေါ်တွင် အလင်းသည် တောက်ပခဲ့သ နည်း။
အလင်းသည် သေမင်း၏ နိုင်ငံအရိပ်တွင် နေသောသူတို့အပေါ်တွင် တောက်ပခဲ့သည်။

## Isaiah 9:6

သူ့ပခုံးပေါ်တွင် အုပ်စိုးခြင်းကို သယ်ဆောင်လိမ့်မည့်သူတစ်ယောက်၏ အမည်သည် မည်သူနည်း။
သူ့အမည်သည် အံ့ဩဘွယ်၊တိုင်ပင်ဘက်၊ တန်ခိုးကြီးသောဘုရားသခင်၊ ထာဝရအသက်ငြိမ်သက်ခြင်းအရှင်ဟု ခေါ်ဝေါ်လိမ့်မည်။

သူသည် မည်ကဲ့သို့ အုပ်စိုးလိမ့်မည်နည်း။
သူသည် ဖြောင့်မတ်ခြင်းနှင့်တရားမျှတခြင်းနှင့်အုပ်စိုးလိမ့် မည်။

သူသည် မည်မျှတိုင် အုပ်စိုးမည်နည်း။
သူသည် အာဏာတော်တိုးတက်ခြင်းနှင့်ထာဝရတိုင်အုပ်စိုးလိမ့်မည်။

## Isaiah 9:8

ဣသရေလ လူတွေသည် မာနကြီးမားထောင်လွှားခြင်းနှင့် မည်ကဲ့သို့ ပြောခဲ့သနည်း။
ဣသရေလလူတို့သည် သဖန်းပင်များကို ခုတ်လှဲသော် လည်း ထိုနေရာ၌ အာရဇ်ပင်များကို စိုက်မည်၊ အုတ်ရိုးပြိုသော်လည်း ဆစ်သောကျောက်နှင့်တည်မည်ဟု ပြောခဲ့ကြသည်။

## Isaiah 9:11

ထာဝရဘုရားသည် ဣသရေလ လူတွေကို ဆန့်ကျင်၍ မည်သူကို တက်လာစေခဲ့သနည်း။
ထာဝရဘုရားသည် ဣသရေလ လူတွေကို ဆန့်ကျင်၍ ရေဇိန်မင်း၊ ဧဖရိမ်အမျိုးနှင့် ဖိလိတ္တိလူတွေကို ထစေခဲ့သည်။

ထိုအရာအားလုံးပြီးသောအခါ ထာဝရဘုရား၏ အမျက်ဒေါသသည် ကျဆင်းခဲ့သနည်း။
ထာဝရဘုရား၏ အမျက်ဒေါသသည် မကျဆင်းခဲ့ပါ။
သူ့လက်တော်သည် ဣသရေလ လူတွေကို ရိုက်ဖို့ဆွဲနေခဲ့သည်။

## Isaiah 9:13

လူတို့သည် ထာဝရဘုရားထံ လှည့်ပြန်ခဲ့ကြသနည်း။
လူတို့သည် ထာဝရဘုရားထံ မလှည့်ပြန်ခဲ့ကြပါ။

အဘယ်သူသည် ထာဝရဘုရားက တနေ့ဖြတ်တောက်မည့် ဦးခေါင်းနှင့်အမြီးဖြစ်ခဲ့သနည်း။
အသက်ကြီးသူနှင့် အသရေရှိသူသည် ဦးခေါင်းဖြစ်ပြီး ပရောဖတ်ဆရာများသည် အမြီးဖြစ်ခဲ့ကြသည်။

## Isaiah 9:16

အဘယ်ကြောင့် ထာဝရဘုရားသည် သူတို့၏ မိဘမဲ့နှင့်မုဆိုးမများအပေါ်တွင် ကြင်နာခြင်းမရှိခဲ့သနည်း။
သူသည် ထိုသူတို့အပေါ်တွင် ကြင်နာခြင်းမရှိခဲ့ခြင်းမှာအား လုံးသည် အဓမ္မပြုသောသူ၊ ဆိုးညစ်သောသူ၊ မတရာသော စကားကို ပြောတတ်ကြသော သူတွေဖြစ်သောကြောင့်ဖြစ်သည်။

ထိုအရာအားလုံးပြီးသောအခါ ထာဝရဘုရား၏ အမျက်ဒေါသသည် ကျဆင်းခဲ့သနည်း။
ထာဝရဘုရား၏ အမျက်ဒေါသသည် မကျဆင်းခဲ့ပါ။
သူ့လက်တော်သည် ဣသရေလ လူတွေကို ရိုက်ဖို့ ဆွဲဆန့်နေခဲ့သေးသည်။

## Isaiah 9:18

ထာဝရဘုရား၏ အမျက်ဒေါသ စီးဆင်းခြင်း၏ ရလဒ်သည် မည်သည့်အရာဖြစ်ခဲ့သနည်း။
ထာဝရဘုရားသည် မီးကဲ့သို့ ပြည်ကို လောင်စေခဲ့ပြီး လူတို့သည် မီးအတွက် လောင်စာကဲ့သို့ ဖြစ်စေခဲ့သည်။

## Isaiah 9:20

မနာရှေအမျိုးသား၊ ဧဖရိမ်အမျိုးနှင့် ယုဒအမျိုးတို့ကို မည်သို့ ဖြစ်ခဲ့သနည်း။
မနာရှေအမျိုးသားနှင့် ဧဖရိမ်အမျိုးတို့သည် တယောက်ကို တယောက်ကိုက်စားပြီး သူတို့သည် ယုဒကို တိုက်ခိုက်ခဲ့သည်။

ထိုအရာအားလုံးပြီးသောအခါ ထာဝရဘုရား၏ အမျက်ဒေါသသည် ကျဆင်းခဲ့သနည်း။
ထာဝရဘုရား၏ အမျက်ဒေါသသည် မကျဆင်းခဲ့ပါ။
သူ့လက်တော်သည် ဣသရေလ လူတွေကို ရိုက်ဖို့ ဆွဲဆန့်နေခဲ့သေးသည်။

## Chapter 10

1 ငတ်မွတ်သော သူတို့ကို တရားရှုံးစေခြင်းငှါငှင်း၊ 2 ငါ၏လူမျိုးတွင် ဆင်းရဲသားတို့၏ အခွင့် အရာကို ရုပ်သိမ်းခြင်းငှါငှင်း၊
မုတ်ဆိုးမတို့ကို ညှဉ်းဆဲ၍၊ မိဘမရှိသောသူတို့၏ ဥစ္စာကိုလုယူခြင်းငှါငှင်း၊ မတရား သဖြင့်စီရင်သောသူ၊ ကျပ်တည်းစွာသော
မှတ်ချက်ကို မှတ်သားသော စာရေးတို့သည် အမင်္ဂလာရှိကြ၏။ 3 ငါကြည့်ရှုစီရင်သည်ကာလ၊ အဝေးကရောက်လတံ့ သော
ဖျက်ဆီးခြင်းဖြစ်သည်ကာလ၌၊ သင်တို့သည် ချမ်း သာရအံ့သောငှါ၊ အဘယ်သူထံသို့ ပြေးကြလိမ့်မည်နည်း။ သင်တို့ စည်းစိမ်ဥစ္စာကို
အဘယ်မှာ သိုထား ကြ လိမ့်မည် နည်း။ 4 ငါ့ကျေးဇူးကို မခံရသောသူတို့သည်၊ ချုပ်ထား လျက်ရှိသော သူတို့အောက်မှာ
ဦးချရကြလိမ့်မည်။ အသေသတ်ခြင်းကို ခံရသော သူတို့အောက်မှာ လဲကြ လိမ့်မည်။ သို့သော်လည်း၊ အမျက်တော်သည်မငြိမ်း၊
လက်တော်သည်ဆန့်လျက်ရှိသေး၏။ 5 အာရှုရိလူသည် အမင်္ဂလာရှိ၏။ ငါ့အမျက်၏ လှံတံဖြစ်၏။ သူကိုင်သောတောင်ဝေးသည်
ငါဒဏ်ပေး စရာဘို့ ဖြစ်၏။ 6 အဓမ္မ လူမျိုးရှိရာသို့ သူ့ကိုငါစေလွှတ်မည်။ ငါ့အမျက်ခံရာ လူစုကို လုယူဖျက်ဆီး၍၊ လမ်း၌ ရွှံ့ကို ကဲ့သို့
ကျော်နင်းစေခြင်းငှါ၊ သူ့ကိုငါမှာထားမည်။ 7 သို့သော်လည်း၊ သူသည်အခြားသောအကြံ၊ အခြားသော အလိုရှိ၏။ သူသည်ဖျက်ဆီး၍၊
များစွာ သောလူမျိုးတို့ကို ဖယ်ရှင်းခြင်းငှါ အလိုရှိ၏။ 8 သူသည် အဘယ်သို့ ဆိုသနည်းဟူမည်ကား၊ ငါ၏ မှူးမတ်တို့သည်
မင်းကြီးဖြစ်ကြသည်မဟုတ်လော။ 9 ကာလနောမြို့သည် ခါခေမိတ်မြို့ကဲ့သို့ငှင်း၊ ဟာမတ်မြို့သည် အာပဒ်မြို့ကဲ့သို့ငှင်း၊
ရှမာရိမြို့သည် ဒမာသက်မြို့ကဲ့သို့ငှင်း ဖြစ်သည် မဟုတ်လော။ 10 ရှမာရိရုပ်တုနှင့် ယေရုရှလင်ရုပ်တုထက် သာ၍ မြတ်သော ရုပ်တု
ဆင်းတုကို ကိုးကွယ်သော တိုင်းနိုင်ငံ များကို ငါလုယူသကဲ့သို့ငှင်း၊ 11 ရှမာရိမြို့နှင့် သူ၏ ရုပ်တုတို့ကို ငါပြုသကဲ့သို့ ငှင်း၊
ယေရုရှလင်မြို့နှင့် သူ၏ ရုပ်တုတို့ကို ငါပြုမည် မဟုတ်လော ဟုဆိုတတ်၏။ 12 သို့သော်လည်း၊ ထာဝရဘုရားသည် ဇိအုန် တောင်နှင့်
ယေရုရှလင်မြို့၌ အမှုတော်ကို လက်စသတ် တော်မူပြီးမှ၊ အာရှုရိ ရှင်ဘုရင်၏ မာနထောင်လွှားခြင်း၊ မော်သော မျက်နှာနှင့်
စော်ကားခြင်းကို ငါကြည့်ရှု၍ စီရင်မည်။ 13 ထိုမင်းက၊ ငါသည် ကိုယ်လက်ရုံး သတ္တိနှင့် ကိုယ် ဉာဏ်အားဖြင့် ငါတတ်နိုင်၏။
ပညာသတ္တိနှင့် ငါပြည့်စုံ ၏။ လူမျိုးနေရာ အပိုင်းအခြားတို့ကို ငါရွှေ့ပြီ။ သူတို့၏ ဘဏ္ဍာကို လုယူပြီ။ ဘုရင်တို့ကို သူရဲကဲ့သို့ နှိမ့်ချပြီ။
14 ငါ့လက်သည် ငှက်သိုက်ကို တွေ့သကဲ့သို့၊ လူတို့၏ဥစ္စာပစ္စည်းကို တွေ့ပြီ။ စွန့်ပစ်သောငှက်ဥတို့ကို သိမ်းယူသကဲ့သို့၊
မြေကြီးတန်ဆာရှိသမျှ တို့ကိုငါ သိမ်းယူ ပြီ။ အဘယ်သူမျှ အတောင်ကိုမလှုပ်၊ နှုတ်သီးကိုမဖွင့်၊ မမြည်မတွန်ဟုဆိုသည် ဖြစ်၍၊ 15
ကြိမ်လုံးသည် ကိုင်သောသူကိုလှုပ်သကဲ့သို့ငှင်း၊ တောင်ဝေးသည် မိမိသခင်ကိုချီကြွသကဲ့သို့ငှင်း၊ ပုဆိန် သည် ခုတ်သော
သူကိုစော်ကားရမည်လော။ လွှသည် တိုက်သော သူကို ရန်ပြု၍ ထောင်လွှားရမည်လော။ 16 ထိုကြောင့်၊
ကောင်းကင်ဗိုလ်ခြေသခင်အရှင် ထာဝရဘုရားသည် ထိုမင်း၏ ဆူဝသောသူတို့၌ ပိန်ကျုံ့ ခြင်းကို သွင်းပေးတော်မူမည်။ သူ၏
ဘုန်းအောက်၌ လည်း မီးလောင်သကဲ့သို့ လောင်စေခြင်းငှါ ရှို့တော် မူမည်။ 17 ဣသရေလ အမျိုး၏အလင်းသည် မီးဖြစ်တော် မူမည်။
သန့်ရှင်းသော ဘုရားသည် မီးလျှံဖြစ်တော်မူမည်။ တနေ့ခြင်းတွင်၊ ထိုမင်း၏ ဆူးပင်အမျိုးမျိုးတို့ကို မီးရှို့၍၊ ကျွမ်းစေတော်မူမည်။ 18
တော၏ဘုန်းကိုငှင်း၊ အသီးအနှံထွက်သောလယ်၏ ဘုန်းကိုငှင်း၊ သူ၏ ကိုယ်ခန္ဓာနံဝိညာဉ်နှင့်တကွ ကုန်စေ တော်မူသဖြင့်၊
ထိုမင်းသည် နာသောသူကဲ့သို့ အားလျော့ လိမ့်မည်။ 19 ကြွင်းသော တောပင်တို့ကို သူငယ်သည် စာရင်း ယူနိုင်အောင်၊
အနည်းငယ်မျှသာ ဖြစ်လိမ့်မည်။ 20 ထိုအခါမှစ၍၊ ဘေးလွတ်လျက် ကြွင်းသော ဣသရေလအမျိုးနှင့် ယာကုပ်အမျိုးသားတို့သည်၊
မိမိ တို့ကို ညှဉ်းဆဲသောသူ၌ နောက်တဖန် မကိုးစားဘဲ၊ ဣသ ရေလအမျိုး၏ သန့်ရှင်းသောအရှင် ထာဝရဘုရား၌
အမှန်ကိုးစားကြလိမ့်မည်။ 21 ကြွင်းသောသူတည်းဟူသော၊ ယာကုပ်အမျိုး၌ ကြွင်းသောသူတို့သည် တန်ခိုးကြီးတော်မူသော ဘုရား
သခင့်ထံသို့ ပြန်လာကြလိမ့်မည်။ 22 အိုဣသရေလအမျိုး၊ သင်၏အမျိုးသားတို့သည် သမုဒ္ဒရာသဲလုံးနှင့်အမျှ များသော်လည်း၊
ကြွင်းသောသူ တို့သာလျှင် ပြန်လာကြလိမ့်မည်။ စီရင်ဆုံးဖြတ်သော သုတ်သင် ပယ်ရှင်းခြင်းသည် တရားသဖြင့် လွှမ်းမိုးရ လိမ့်မည်။
23 ကောင်းကင်ဗိုလ်ခြေရှင် ထာဝရဘုရားသည် မြေတပြင်လုံးအလယ်၌ စီရင်ဆုံးဖြတ်သော၊ သုတ်သင် ပယ်ရှားခြင်းကို
ပြုတော်မူလိမ့်မည်။ 24 ထိုကြောင့်၊ ကောင်းကင်ဗိုလ်ခြေသခင်အရှင် ထာဝရဘုရား မိန့်တော်မူသည်ကား၊ ဇိအုန်မြို့၌နေသော
ငါ၏လူမျိုး၊ အာရှုရိယမင်းကြောင့် မကြောက်နှင့်။ သူ၏ ကြိမ်လုံးနှင့် သင့်ကိုရိုက်မည်။ အဲဂုတ္တုမင်း ပြုသည်နည်း တူ သူ၏လှံတံကို
သင်၏အပေါ် မှာမိုးလိမ့်မည်။ 25 သို့သော်လည်း၊ ခဏကြာပြီးမှ သူတို့သည်ပျက် စီးခြင်းသို့ရောက်သောအားဖြင့်၊
ငါ့အမျက်သည်ငြိမ်း၍၊ 26 ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရ ဘုရားသည် ဩရဘကျောက်နားမှာ မိဒျန်အမျိုးသားတို့ကို ဒဏ်ခတ်
သကဲ့သို့ငှင်း၊ ပင်လယ်ကိုလှံတံတော်နှင့် မိုးသကဲ့သို့ငှင်း၊ ထိုမင်းအဘို့ ဘေးဥပဒ်ကို ပြင်ဆင်၍၊အဲဂုတ္တု လက်ထက် ၌ကဲ့သို့တဖန်
လှံတံတော်ကို ချီတော်မူမည်။ 27 ထိုကာလ၌ သူ၏ဝန်ကို သင်၏ပခုံးပေါ်ကငှင်း၊ သူ၏ထမ်းဘိုးကိုသင်၏လည်ပင်းပေါ်ကငှင်း ချရ၏။
ဆူဝခြင်းကျေးဇူးကြောင့် ထမ်းဘိုးပျက်စီးရ၏။ 28 အာရပ်မြို့သို့ ရောက်လေပြီ။ မိဂရုန်မြို့တိုင် အောင် လွန်သွားပြီ။ မိတ်မတ်မြို့၌
လှည်းများကို ချထားပြီ။ 29 တောင်ကြားကို လွန်ကြပြီ။ ဂေဗမြို့၌ စားခန်းချ ကြပြီ။ ရာမမြို့သည် ကြောက်လန့်လျက်ရှိ၏။ ရှောလု
နေရာဂိဗာမြို့သည် ပြေး၏။ 30 အိုဂလ္လိမ်မြို့သမီး၊ ကြွေးကြော်လော့။ အိုလဲရှမြို့၊ နားထောင်လော့။ အာနသုတ်မြို့သည်
အမင်္ဂလာရှိ၏။ 31 မာဒမေနမြို့သည် ပြောင်းသွားပြီ။ ဂေဗိပ်မြို့ သားတို့သည် လွတ်အောင်ပြေးကြ၏။ 32 နောဘမြို့၌တရက်နေပြီးမှ၊
ဇိအုန်သတို့သမီး၏ တောင်တည်းဟူသော ယေရှုရှလင်တောင်ကိုရွယ်၍၊ မိမိ လက်ကို လှုပ်လိမ့်မည်။ 33


generated on Tue Jul 2 12:50:28 2024

ကောင်းကင်ဗိုလ်ခြေသခင်အရှင် ထာဝရဘုရား သည် ကြောက်မက်ဘွယ်သော အခြင်းအရာနှင့် သစ်ပင် အထွဋ်ကို ပယ်ရှင်းတော်မူမည်။ အရပ်မြင့်သော အခက် တို့ကို ခုတ်လှဲ၍၊ ကြီးမားသော အခက်တို့ကို နှိမ့်ချ တော်မူမည်။ [34] တောအုပ်ကို ပုဆိန်နှင့် ခုတ်ပယ်တော်မူ၍၊ လေဗနန်တောသည် တန်ခိုးကြီးသော သူ၏လက်အားဖြင့် လဲလျက်နေလိမ့်သတည်း။ ငါ့စိတ်လည်းပြေလိမ့်မည်။

---

---

Isaiah 01

ငတ်မွတ်သော သူတို့ကို တရားရှုံးစေခြင်းငှါရင်း
ဤစကားစုနစ်ခုသည် အခြေခံသဘောတရားတူညီသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မတရား၊ ဘက်လိုက်သောတရားဥပဒေများကို ရေးဆွဲသည်"

ငါ၏လူမျိုးတွင် ဆင်းရဲသားတို့၏ အခွင့် အရာကို ရုပ်သိမ်းခြင်းငှါရင်း၊ မုတ်ဆိုးမတို့ကို ညှဉ်းဆဲ၍၊ မိဘမရှိသောသူတို့၏ ဥစ္စာကိုလုယူခြင်းငှါရင်း
ဤစကားရပ်နှစ်ခုသည် အခြေခံသဘောတရား၊ အဓိပ္ပါယ်တူညီသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဆင်းရဲသားများနှင့် အကူအညီလိုအပ်နေသော မရှိဆင်းရဲလူများကို မတရားစီရင်သည်"

ဆင်းရဲသား
မရှိဆင်းရဲသောလူများ။

မုတ်ဆိုးမတို့ကို ညှဉ်းဆဲ၍
မုတ်ဆိုးမတို့၏ ဥစ္စာပစ္စည်းများကို အဓမ္မလုယူခြင်း။

မိဘမရှိသောသူတို့၏ ဥစ္စာကိုလုယူခြင်းငှါရင်း
ဟေရှာယသည် မိဘမရှိသောသူများကိုသားကောင်နှင့် နှိုင်းယှဉ်ဖော်ပြထားသည်။ မိဘမဲ့သောသူများသည် သားကောင်းကဲ့သို့ အလွယ်တကူကိုက်ဖြတ်စားသောက်နိုင်ပြီး၊ သူတို့မှာလုပ်ပိုင်ခွင့်မရှိခြင်းကို အလေးထားဖော်ပြထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထိခိုက်နစ်နာသော မိဘမဲ့ကလေးသူငယ်များသည် သားကောင်များနှင့်တူသည်"

သားကောင်ကဲ့သို့
ဟေရှာယ ၅:၂၉ တွင် "သားကောင်" ဟူသည့်စကားလုံးကို ဘာသာပြန်ထားသည်။

Isaiah 03

ငါကြည့်ရှုစီရင်သည့်ကာလ၊ အဝေးကရောက်လတ့် သော ဖျက်ဆီးခြင်းဖြစ်သည့်ကာလ၌၊ သင်တို့သည် ချမ်း သာရအံသောငှါ၊ အဘယ်သူထံသို့ ပြေးကြလိမ့်မည်နည်း
ယုဒပြည်၌ရှိသော ဆင်းရဲသောသူများနှင့် အားငယ်မွဲတေသောသူများအား ထိခိုက်နစ်နာအောင်လုပ်သောသူများကို ဆူပူကြိမ်းမောင်းခြင်းနှင့် မေးခွန်းမေးသည့်ပုံစံဖြင့်သုံးနှုန်းထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့ကို တရားစီရင်သောနေ့ရက်၌ အဘယ်အမှုမျှတတ်နိုင်မည်မဟုတ်ပါ၊ အဘယ်သူထံသို့ပြေးကြလိမ့်မည်နည်း"

တရားစီရင်ရာနေ့
"ထာဝရဘုရားသခင်တရားစီရင်ရာနေ့" သို့မဟုတ် "ထာဝရဘုရားသခင် အပြစ်ဒဏ်ခတ်သောနေ့"

သင်တို့သည် ချမ်း သာရအံသောငှါ၊ အဘယ်သူထံသို့ ပြေးကြလိမ့်မည်နည်း။ သင်တို့ စည်းစိမ်ဥစ္စာကို အဘယ်မှာ သိုထား ကြ လိမ့်မည် နည်း
ဟေရှာယသည် ယုဒပြည်၌ရှိသော မရှိဆင်းရဲ၊ အားငယ်သောသူများအား မတရားအနိုင်ကျင့်သည့်သူများကို ဆူပူကြိမ်းမောင်းသောစကားရပ်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ပြေးလွှားအော်ဟစ်ကာ အကူအညီတောင်းမည့်နေရာ နှင့် ပုန်ကွယ်ခိုနားမည့်နေရာမရှိပါ"

မည်သည့်အရာမျှ ကျန်ကြွင်းခြင်းမရှိရ
"မည်သည့်အရာမျှ ကျန်ကြွင်းခြင်းမရှိပါ"

ချုပ်ထား လျက်ရှိသော သူတို့အောက်မှာ ဦးချရကြလိမ့်မည်။ အသေသတ်ခြင်းကို ခံရသော သူတို့အောက်မှာ လဲကြ လိမ့်မည်
"သင်၏ ရန်သူများသည် သင့်ကို ဖမ်းဆီးလျက်အသေသတ်ဖြတ်ခြင်းကို ခံကြရလိမ့်မည်"

သို့သော်လည်း၊ အမျက်တော်သည်မငြိမ်း
မည်သည့်အကြောင်းအရာကိစ္စများဖြစ်ပျက်လာသော်လည်း ဘုရားသခင်၏အမျက်တော်သည် မငြိမ်းနိုင်ပါ။ ၅:၂၅ မှပြန်ဆိုချက်။

လက်တော်သည်ဆန့်လျက်ရှိသေး၏
ဟေရှာယသည် ထာဝရဘုရားသခင်၏အစ္စရေးလူမျိုးများအပေါ်မရပ်မနားပြစ်ဒဏ်စီရင်ခြင်းကို တင်စားထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် အပြစ်ဒဏ်ခတ်ရန်အတွက် အဆင်သင့်ရှိနေသေး၏" ၅:၂၅ မှပြန်ဆိုချက်။

Isaiah 05

အမင်္ဂလာရှိ၏
ဤစကားလုံး၏ အမှတ်လက္ခဏာသည် အာရှုရိလူများဖြင့် အစ္စရေးလူများကို ပြင်းထန်စွာဒဏ်ခတ်စီရင်ရန် ဘုရားသခင်၏ ထုတ်ပြန်ကြေညာချက်ဖြစ်သည်။

အာရှုရိလူ
အာရှုရိရှင်ဘုရင်ကို ရည်ညွှန်းသည်။



generated on Tue Jul 2 12:50:28 2024

ငါ့အမျက်၏ လှံတံဖြစ်၏။ သူကိုင်သောတောင်ဝေးသည် ငါဒဏ်ပေး စရာဘို့ ဖြစ်၏
ဤစကားရပ်နှစ်ခုလုံးမှာ တူညီသော အဓိပ္ပာယ်ရှိသည်။ ထာဝရဘုရားသခင်သည် အာရှုရိရှင်ဘုရင်ကို သူ၏လက်နက်သဖွယ်လူမျိုးတော်ကို ရိုက်နှက်မည်ဟူ၍ နှိုင်းယှဥ်ဖော်ပြထားသည်။ အာရှုရိရှင်ဘုရင်နှင့် သူ၏စစ်တပ်များသည် အစ္စရေးလူမျိုးများကို ဒဏ်ခတ်ရန်အတွက် အသုံးပြုသောထာဝရဘုရားသခင်၏ လက်နက်ကိရိယာဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ၏ လက်တော်၌ လက်နက်သဖွယ် အသုံးပြု၍ ငါ၏အမျက်တော်ကို ဖော်ပြမည်"

သူ့ကိုငါစေလွှတ်မည်၊ သူ့ကိုငါမှာထားမည်
"သူ့ကို" ဟူသည့်စကားလုံးသည် အာရှုရိရှင်ဘုရင်ကို ရည်ညွှန်းခြင်းဖြစ်သည်။ အာရှုရိရှင်ဘုရင်နှင့်တကွ သူ၏စစ်တပ်များကို စေလွှတ်မည်ဆိုသည့် အဓိပ္ပာယ်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အာရှုရိစစ်တပ်များကို ငါစေလွှတ်မည် ... သူတို့ကို ငါမှာထားတော်မူမည်"

အဓမ္မ လူမျိုးရှိရာသို့ သူ့ကိုငါစေလွှတ်မည်။ ငါ့အမျက်ခံရာ လူစုကို လုယူဖျက်ဆီး၍
မာနထောင်လွှားခြင်းအပြည့်ရှိသော လူမျိုးသည် ငါ၏အမျက်တော်ကို ပြင်းစွာထွက်စေသောကြောင့် သူတို့ကို ချေမှုန်းရမည်။

ငါ့အမျက်ခံရာ
ထာဝရဘုရားသခင်သည် သူ၏အမျက်တော်ကို သည်းခံခြင်းမှလွန်၍ သူ၏လူမျိုးအပေါ်၌ ပြည့်လျှံဖိတ်ကျသွားလိမ့်မည် ဟူ၍ ပြောဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့ကို အပြစ်ဒဏ်ခတ်ပြီးရင်လည်း ငါ့အမျက်တော်မငြိမ်းနိုင်ရာ"

လုယူဖျက်ဆီး၍
"သူတို့ရှိသမျှ လုယူဖျက်ဆီးခြင်း"

လုယူဖျက်ဆီး၍
သားကောင်ကို ကိုက်ချီသွားသလို ဖျက်ဆီး၍။ ဟေရှာယ ၅:၂၉ ဘာသာပြန်ဆိုချက်ကို ကြည့်ရန်။

ရွှံ့ကို ကဲ့သို့ ကျော်နင်းစေခြင်းငှါ
ထာဝရဘုရားသခင်သည် အစ္စရေးလူမျိုးများကို အာရှုရိတပ်များဖြင့် ချေမှုန်းဖျက်ဆီးမည့်အကြောင်းကို ရွှံ့ကဲ့သို့ တန်ဖိုးမဲ့စွာ နင်းချေလိုက်မည်ဖြစ်ကြောင်းနှိုင်းယှဥ်ဖော်ပြထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့ကို ရွှံ့ကဲ့သို့ဖြစ်အောင် နင်းချေလိမ့်မည်။ သူတို့သည် နောက်တဖန်မပေါ်ထွန်းနိုင်အောင်အရှိန်ဖြင့် နင်းချေခံရလိမ့်မည်။ အပြီးတိုင် ရှင်းရှင်းချေဖျက်မည်ဟူ၍ ခိုင်းနှိုင်းဖော်ပြသည်" အခြားသောဘာသာပြန်ဆိုချက်၊ "လုံးလုံးချေမှုန်းမည်"

Isaiah 07

သို့သော်လည်း၊ သူသည်အခြားသောအကြံ၊ အခြားသော အလိုရှိ၍
"အခြားသောအကြံ" ဟူသည့်စကားလုံးကို ရှင်းလင်းစွာတွေ့နိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သို့သော်လည်း အာရှုရိရှင်ဘုရင်သည် ဘုရားသခင်မိန့်တော်မူချက်များကို ရည်ရွယ်ချက်ရှိစွာ ဦးတည်လုပ်ဆောင်မည်မဟုတ်သလို သူ့ကို လက်နက်သဖွယ်အသုံးပြုခြင်းကိုလည်း ထင်မြင်ယူဆမိလိမ့်မည်မဟုတ်ပါ"

သူသည်ဖျက်ဆီး၍၊ များစွာ သောလူမျိုးတို့ကို ဖယ်ရှင်းခြင်းငှါ အလိုရှိ၏
"ဖျက်ဆီး၍" နှင့် "ဖယ်ရှားခြင်း" ဟူသောစကားလုံးသည် အခြေခံသဘောတရားအဓိပ္ပာယ်တူညီသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် များစွာသော လူမျိုးများကို ရှင်းရှင်းဖျက်ဆီးခြင်းငှါ အလိုရှိသည်"

ငါ၏ မှူးမတ်တို့သည် မင်းကြီးဖြစ်ကြသည်မဟုတ်လော
အာရှုရိရှင်ဘုရင်သည် ရည်ရွယ်ချက်ရှိစွာ တိုင်းနိုင်ငံများကို သိမ်းပိုက်အောင်မြင်ပြီး၊ သူ၏မှူးမတ်မင်းကြီးများစွာကို နေရာချထားကြောင်း မေးခွန်းပုံစံဖြင့်ဖော်ပြသည်။

ကာလနောမြို့သည် ခါခေမိတ်မြို့ကဲ့သို့၎င်း၊ ဟာမတ်မြို့သည် အာပဒ်မြို့ကဲ့သို့၎င်း၊ ရှမာရိမြို့သည် ဒမာသက်မြို့ကဲ့သို့၎င်း ဖြစ်သည် မဟုတ်လော
အာရှုရိရှင်ဘုရင်သည် သူ၏လုပ်ဆောင်ချက်အပေါ်အလေးထားကာ မေးခွန်းပုံစံဖြင့်ဖော်ပြထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကာလနောမြို့သည် ခါခေမိတ်ကဲ့သို့၎င်း၊ ဟာမိတ်မြို့သည် အာပဒ်မြို့ကဲ့သို့၎င်း၊ ရှမာရိမြို့သည် ဒမာသက်မြို့ကဲ့သို့ ငါသိမ်းပိုက်အောင်မြင်သည်"

ကာလနော ... ခါခေမိတ် ... ဟာမိတ် ... အာပဒ်
မြို့များ၏ အမည်ဖြစ်သည်။

Isaiah 10

ယေဘုယျအချက်အလက်
ထာဝရဘုရားသခင်သည် အာရှုရိရှင်ဘုရင်ပြောဆိုသည့် အရာများကိုကိုးကားသည်။ (ရှု၊ ဟေရှာယ ၁၀:၇)

ငါလုယူသကဲ့သို့၎င်း
အာရှုရိရှင်ဘုရင်၏ အင်အားကြီးသော တပ်များကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ၏တန်ခိုးကြီးသော စစ်တပ်အောင်နိုင်သကဲ့သို့" သို့မဟုတ် "အောင်မြင်သိမ်းပိုက်သကဲ့သို့"

ငါ
အာရှုရိရှင်ဘုရင်ကို ရည်ညွှန်းသည်။


generated on Tue Jul 2 12:50:28 2024

သာ၍ မြတ်သော ရုပ်တု ဆင်းတုကို ကိုးကွယ်သော တိုင်းနိုင်ငံ များ
ထိုခေတ်ကာလ၌
အင်အားကြီးသောနိုင်ငံတော်တည်ထောင်နိုင်လျှင်
မိမိကိုးကွယ်သော ဘုရားရုပ်တုသည်
အခြားသောဘုရားရုပ်တုထက်ပို၍
တန်ခိုးကြီးကြောင်းယုံကြည်ခဲ့ကြသည်။ အာရှုရိရှင်ဘုရင်သည်
ယေရုရှလင်မြို့၏ ဘုရားသည် သူသိမ်းပိုက်ရယူခဲ့ပြီးသော
တိုင်းနိုင်ငံ၏ဘုရားကဲ့သို့ တန်ခိုးမကြီးကြောင်းပြောဆိုသည်။
ယေရှုရှလင်သည်
သူ့ကိုအောင်နိုင်ဖို့မတတ်နိုင်ကြောင်းပြောဆိုခဲ့သည်။

ရှမာရိမြို့နှင့် သူ၏ ရုပ်တုတို့ကို ငါပြုသကဲ့သို့ ၎င်း
ရှမာရိလူမျိုးများကို ပြောဆို၍ "သူ၏" ဟုဆိုရာတွင်
မြို့ကိုရည်ညွှန်းသည်။ မြို့နှင့်လူများသည် အားနွဲ့သော
မိန်းမသားများကဲ့သို့ပုံဆောင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊
"ရှမာရိမြို့နှင့်သူ၏တန်ဖိုးမရှိေသာရုပ်တုများကဲ့သို့ငါပြုမည်"

ယေရုရှလင်မြို့နှင့် သူ၏ ရုပ်တုတို့ကို ငါပြုမည် မဟုတ်လော ဟုဆိုတတ်၏
အာရှုရိရှင်ဘုရင်သည် ယေရုရှလင်မြို့ကို
ဧကန်မုချအောင်မြင်မည်ဖြစ်ကြောင်းကို
မေးခွန်းပုံစံဖြင့်ပြောဆိုထားသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ယေရုစလင်မြို့နှင့်
သူ၏ရုပ်တုတို့ကို ဧကန်အမှန်ငါပြုမည်မဟုတ်လော"

Isaiah 12

သို့သော်လည်း၊ ထာဝရဘုရားသည် ဇိအုန် တောင်နှင့် ယေရုရှလင်မြို့၌
အမှုတော်ကို လက်စသတ် တော်မူပြီးမှ၊ ငါကြည့်ရှု၍ စီရင်မည်
ထာဝရဘုရားသခင်သည် လူတစ်ယောက်ကဲ့သို့
မိမိကိုယ်ကိုပြောဆိုနေသည်။ "ငါ၊ ထာဝရဘုရားသခင်သည်
ဇိအုန်တောင်နှင့် ယေရုရှလင်မြို့၏ အမှုတော်ကို
လက်စသတ်တော်မူပြီးလျှင် ကြည့်ရှု၍ စီရင်မည်"

အမှုတော်ကို လက်စသတ် တော်မူပြီးမှ
ပြစ်ဒဏ်စီရင်သော အမှုတစ်ခုပြီးတစ်ခုလုပ်ဆောင်ခြင်း။
"စီရင်ခြင်းတစ်ခုပြီး၍ ... နောက်ထပ်စီရင်ခြင်းတစ်ခု"

အာရှုရိ ရှင်ဘုရင်၏ မာနထောင်လွှားခြင်း၊ မော်သော မျက်နှာနှင့်
စော်ကားခြင်းကို ငါကြည့်ရှု၍ စီရင်မည်
"အာရှုရိရှင်ဘုရင်၏ မာနထောင်လွှားခြင်း၊ မော်သောမျက်နှာနှင့်
စော်ကားခြင်းကို ငါကြည့်ရှု၍ စီရင်မည်"

ထိုမင်းက ငါသည်
အာရှုရိရှင်ဘုရင်ပြောဆိုသည်။

လူမျိုးနေရာ အပိုင်းအခြားတို့ကို ငါရွှေ့ပြီ
"ငါ" ဆိုသော စကားလုံးသည် အာရှုရိရှင်ဘုရင်ကို
ရည်ညွှန်းသည်။ သူ၏ အာရှုရိတပ်များကို ဦးဆောင်စီမံ၍
စစ်တပ်များကို နေရာချသည်။ အခြားသောဘာသာပြန်ဆိုချက်၊
"ငါ၏ တပ်များသည် လူမျိုးနေရာနယ်နိမိတ်များကို ရွှေ့ပြောင်း၊
ဖယ်ရှားပြီ"

ကိုယ်လက်ရုံး သတ္တိ
"သတ္တိ စွမ်းရည်နှင့် ပြည့်စုံသော နွားထီးကဲ့သို့"
တချို့ရှေးဟောင်းစာပေတွင် "အင်အားကြီးမားသော လူကဲ့သို့"
ဟူ၍ ဖတ်နိုင်သည်။

သိမ်းယူ၊ ဆောင်ခဲ့မယ်
ငါနှင့် ငါ၏စစ်တပ်သည် သိမ်းယူခေါ်ဆောင်ခဲ့မည်။

ဘုရင်တို့ကို သူရဲကဲ့သို့ နှိမ့်ချပြီ
အာရှုရိ ရှင်ဘုရင်သည် သူသိမ်းပိုက်အောင်မြင်ခဲ့သော
နိုင်ငံများကို အရှက်ရစေခဲ့သည်။ လူမျိုးတကာ၏
မင်းများကိုလည်း စိုးစံခြင်းမှ ဖယ်ရှားခဲ့သည်။

Isaiah 14

ယေဘုယျအချက်အလက်
ထာဝရဘုရားသခင်သည် အာရှုရိရှင်ဘုရင်ကို
ကိုးကားပြောဆိုသည်။ (ရှု၊ 10:12)

ငါ့လက်သည် ... သိမ်းယူ ပြီ
အာရှုရိ ရှင်ဘုရင်၏ တန်ခိုးအာဏာ သို့မဟုတ် သူ၏ စစ်တပ်ကို
"လက်" ဖြင့် တင်စားထားခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါ၏ တန်ခိုးအာဏာဖြင့်
ငါသိမ်းပိုက်သည်" သို့မဟုတ် "ငါ၏ စစ်တပ်သိမ်းပိုက်သည်"

ငါ့လက်သည် ငှက်သိုက်ကို တွေ့သကဲ့သို့၊ လူတို့၏ဥစ္စာပစ္စည်းကို တွေ့ပြီ
အာရှုရိ ရှင်ဘုရင်သည် လူမျိုးတိုင်းပြည်များ၏ ပစ္စည်းဥစ္စာကို
လုယူရာတွင် ငှက်သိုက်ထဲ၌ ရှိသောဥကိုနှိုက်ယူသကဲ့သို့
ခိုင်းနှိုင်းထားသည်။ ဤအလေးထားဖော်ပြချက်တွင် သူ၏
စစ်တပ်သည် တိုင်းပြည်များကိုတိုက်ခိုက်သိမ်းပိုက်ရာတွင်
လွန်စွာလွယ်ကူ၍ အောင်မြင်ကြောင်းရည်ရွယ်ဖော်ပြထားသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါ၏ စစ်တပ်သည်
လူမျိုးများ၏ စည်းစိမ်၊ ပစ္စည်းများကို လုယူသိမ်းပိုက်ရာတွင်
ငှက်သိုက်မှဥများကို ယူသကဲ့သို့ လွယ်ကူလှသည်"

စွန့်ပစ်သောငှက်ဥတို့ကို သိမ်းယူသကဲ့သို့၊ မြေကြီးတန်ဆာရှိသမျှ တို့ကိုငါ
သိမ်းယူ ပြီ
စွန့်ပစ်ထားသော ငှက်သိုက်ထဲမှ ဥကို ယူရာတွင်လွယ်ကူသကဲ့သို့
ငါ၏ စစ်တပ်သည် လူမျိုးနိုင်ငံများ၏ ဥစ္စာဘဏ္ဍာကို လွယ်ကူစွာ
သိမ်းပိုက်ယူသည်"

အဘယ်သူမျှ အတောင်ကိုမလှုပ်၊ နှုတ်သီးကိုမဖွင့်၊ မမြည်မတွန်ဟုဆိုသည်
ဖြစ်၍
ဤခိုင်းနှိုင်းချက်သည် ငှက်တစ်ကောင်၏ ဥများကို
ယူသော်လည်းငြိမ်းဝပ်ပိတ်ဆိတ်စွာနေသည်။ ဤစကားစု၏
ရည်ရွယ်ချက်မှာ အာရှုရိစစ်တပ်များသည် တိုင်းနိုင်ငံများ၏
ပိုင်ဆိုင်သည့်ဥစ္စာများယူငင်သွားသော်လည်း
ဘာမျှမကာကွယ်နိုင်ဟူ၍ဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ငှက်တစ်ကောင်သည်


generated on Tue Jul 2 12:50:28 2024

သူ၏ဥကိုယူသွားသော်လည်း အသံမမြည်၊ အတောင်ကိုမျှ မလှုပ်သကဲ့သို့ တိုင်းနိုင်ငံများ၏ ဥစ္စာပစ္စည်းများကို ယူသော်လည်း ဘာမျှမလုပ်နိုင်ပါ"

Isaiah 15

ကြိမ်လုံးသည် ကိုင်သောသူကိုလှုပ်သကဲ့သို့၎င်း၊ တောင်ဝေးသည် မိမိသခင်ကိုချီကြွသကဲ့သို့၎င်း၊ ပုဆိန် သည် ခုတ်သော သူကိုစော်ကားရမည်လော။ လွှသည် တိုက်သော သူကို ရန်ပြု၍ ထောင်လွှားရမည်လော
အာရှုရိရှင်ဘုရင်ကို မေးခွန်းပုံစံမေးခြင်းဖြင့်သရော်၊ လှောင်ပြောင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ပုဆိန်သည် ကိုင်ဆောင်ထားသော သူကို စော်ကား၍ ထောင်လွှားခြင်းမဖြစ်နိုင်သကဲ့သို့ လွှသည်လည်း ခုတ်ဖြတ်သောသူကို မစော်ကားနိုင်"

လွှ
သစ်တုံးများကို ခုတ်ထစ်ရန် ချွန်ထက်သောကိရိယာ။

ကြိမ်လုံးသည် ကိုင်သောသူကိုလှုပ်သကဲ့သို့၎င်း၊ တောင်ဝေးသည် မိမိသခင်ကိုချီကြွသကဲ့သို့၎င်း
ဤစကားစုနှစ်ရပ်သည် အခြေခံအဓိပ္ပါယ်တူညီသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တောင်ဝှေး သို့မဟုတ် သစ်သားဖြင့်ပြုလုပ်ထားသော အရာသည် လူကိုမသယ်ဆောင်သွားနိုင်ပါ"

ထိုကြောင့်၊ ကောင်းကင်ဗိုလ်ခြေသခင်အရှင် ထာဝရဘုရားသည် ထိုမင်း၏ ဆူဝသောသူတို့၌ ပိန်ကျုံ့ ခြင်းကို သွင်းပေးတော်မူမည်
"ပိန်ကျုံ့ခြင်း" ဆိုသည့် စကားလုံးသည် "အားလျော့စေသည်" ဆိုသည့် ကြိယာကို ဖော်ပြထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထို့ကြောင့် ငါ၊ ထာဝရဘုရားသခင်သည် အင်မတန်အားကြီးသော အာရှုရိတပ်ကို အားလျော့စေမည်"

သူ၏ ဘုန်းအောက်၌ လည်း မီးလောင်သကဲ့သို့ လောင်စေခြင်းငှါ ရှို့တော်မူမည်
ထာဝရဘုရားသခင်သည် သူ၏ပြစ်ဒဏ်စီရင်မည့်အရာကို မီးဖြင့်နှိုင်းယှဉ်ဖော်ပြထားသည်။ အင်မတန်မှ ကြီးကျယ်ခန့်ညားသော အာရှုရိနိုင်ငံတော်ကို ဘုရားသခင်၏ ဒဏ်ခတ်ခြင်းဖြင့် ရှင်းရှင်းဖျက်ဆီးမည့်အကြောင်းအလေးထားဖော်ပြထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ၏ ခန့်ညားထည်ဝါခြင်းကို လောင်သောမီးဖြင့်ရှို့သကဲ့သို့ ငါရှင်းရှင်းဖျက်ဆီးလိမ့်မည်"

Isaiah 17

ဣသရေလ အမျိုး၏အလင်းသည် မီးဖြစ်တော် မူမည်
"ဣသရေလအမျိုး၏အလင်း" ဟူသော စကားစုသည် ထာဝရဘုရားသခင်ကို ရည်ညွှန်းသည်။ ထာဝရဘုရား သို့မဟုတ် ဟေရှာယကိုယ်တိုင် ပြောဆိုခြင်းဖြစ်သည်ကို ရှင်းလင်းစွာ မဖော်ပြထားပါ။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ၊ ထာဝရဘုရားသခင်၊ ဣသရေလအမျိုး၏ အလင်းသည် မီးကဲ့သို့ဖြစ်တော်မူ၏"

မီး
"မီး" သည် ထာဝရဘုရားသခင်၏ တန်ခိုးတော်ကို အလေးထားဖော်ပြခြင်းဖြစ်၍ သူ့ကိုစော်ကားသောသူရှိသမျှကို ဖျက်ဆီးလိမ့်မည်။

သန့်ရှင်းသော ဘုရားသည် မီးလျှံဖြစ်တော်မူမည်
"ငါ၊ ထာဝရဘုရားသခင်၊ ဣသရေလအမျိုး၏ သန့်ရှင်းသောဘုရားသည်၊ မီးလျှံကဲ့သို့ဖြစ်တော်မူ၏"။ "သန့်ရှင်းသောသူ" ကို ဟေရှာယ 01:04 ဘာသာပြန်ထားသောအချက်တွင်ကြည့်ရန်။

ထိုမင်း၏ ဆူးပင်အမျိုးမျိုးတို့ကို မီးရှို့၍၊ ကျွမ်းစေတော်မူမည်
နားပင်းခြင်း နှင့် လွတ်ကြလိမ့်မည်။ 6 ခြေဆွံ့သောသူတို့သည် ဒရယ်ကဲ့သို့ ခုန်ကြလိမ့် မည်။ စကားအသောသူတို့သည်
သီချင်းဆိုကြလိမ့်မည်။ အကြောင်းမူကား၊ တော၌စမ်းရေထွက်၍၊ လွင်ပြင်၌မြစ် ရေစီးလိမ့်မည်။ 7 တံလျှပ်သည်
ရေကန်ဖြစ်လိမ့်မည်။ သွေ့ ခြောက်သောမြေသည် စမ်းရေတွင်းဖြစ်လိမ့်မည်။ မြေခွေး အိပ်ရာနေရာ၌ ကျူပင်နှင့် ဂမာပင်အစား၊
မြက်ပင် ပေါက်လိမ့်မည်။ 8 ထိုအရပ်၌ လမ်းမကြီး ရှိလိမ့်မည်။ ထိုလမ်းကို သန့်ရှင်းရာလမ်းဟု သမုတ်ကြလိမ့်မည်။ မစင်ကြယ်
သောသူသည် ထိုလမ်းကို မရှောက်မသွားရ။ သွားသော သူတို့နှင့်အတူ ကိုယ်တော်တိုင်ခရီးသွားလျက် ရှိတော်မူ သည်ဖြစ်၍၊
မိုက်သောသူသော်လည်း လမ်းမလွဲရ။ 9 ထိုလမ်း၌ ခြင်္သေ့မရှိရ။ သားရဲတကောင်မျှ မ တက်မလာရ။ ရှာ၍ မတွေ့ရ။
ရွေးနှုတ်သောသူတို့သာ လျှောက် ခရီးသွားကြလိမ့်မည်။ 10 ထာဝရဘုရား ကယ်လွှတ်တော်မူသောသူတို့ သည် ပြန်လာ၍၊
သီချင်းဆိုလျက်၊ ထာဝရဝမ်းမြောက် ခြင်း သရဖူကို ဆောင်းလျက်၊ဇိအုန်မြို့သို့ ရောက်ကြလိမ့် မည်။ ဝမ်းမြောက်ရွှင်လန်းခြင်း
အခွင့်ကို ရကြ၍၊ဝမ်း မြောက်ခြင်းနှင့် ညည်းတွားခြင်းသည် ပြေးသွားရလိမ့် မည်။

---

## Chapter 36

[1] ဟေဇကိမင်းကြီး နန်းစံဆယ်လေးနှစ်တွင် အာ ရှုရိရှင်ဘုရင် သနာခရိပ်သည်၊ ယုဒပြည်၌ခိုင်ခံ့သော မြို့ ရှိသမျှတို့ကို စစ်ချီ၍
လုပ်ကြံပြီးလျှင်၊ [2] ရာဗရှာခကို ခန့်ထား၍ များစွာသော ဗိုလ်ခြေ နှင့်တကွ၊ လာခိရှမြို့မှ ယေရုရှလင်မြို့၊ ဟေဇကိမင်းကြီး ထံသို့
စေလွှတ်လေ၏။ ထိုဗိုလ်ချုပ်မင်းသည် ရောက်၍၊ ခဝါသည်၏ လယ်နားမှာ ရှောက်သောလမ်း၊ အထက်ရေ ကန်ပြွန်ဝ၌ ရပ်နေ၏။ [3]
ထိုအခါ ဟိလခိသားဖြစ်သော နန်းတော်အုပ် ဧလျာကိမ်၊ စာရေးတော်ကြီးရှေဗန၊ အာသပ်သားအတွင်း ဝန်ယောအာတို့သည်
သူ့ထံသို့ထွက်ပြီးလျှင်၊ [4] ရာဗရှာခက၊ မဟာအရှင်မင်းကြီး၊ အာရှုရိရှင် ဘုရင်သည် ဟေဇကိကို မိန့်တော်မူသည်ကား၊ သင်ခိုလှုံ သဖြင့်
ခိုလှုံရာကား အဘယ်သို့နည်း။ [5] စစ်တိုက်လောက်အောင် ဥာဏ်သတ္တိ၊ အစွမ်းသတ္တိနှင့် ငါပြည့်စုံသည်ဟု အချည်းနှီးသောစကားကို
သင် ဆိုပါသည်တကား။ ငါ့ကို ပုန်ကန်ခြင်းငှါ အဘယ်သူကို ကိုးစားသနည်း။ [6] ကျိုးသော ကျူလုံးတောင်ဝေးတည်းဟူသော အဲ
ဂုတ္တုပြည်ကို ကိုးစားပါသည်တကား။ ထိုကျူလုံးသည် မှီ သောသူ၏ လက်ကိုဖောက်၍ လျှိုသွားလိမ့်မည်။ ထိုသို့ အဲဂုတ္တုမင်းကြီး
ဖာရောဘုရင်သည် မိမိ၌မှီသောသူအပေါင်းတို့ကိုပြုလိမ့်မည်။ [7] သင်တို့က၊ ငါတို့သည် ငါတို့၏ ဘုရားသခင် ထာဝရဘုရားကို
ကိုးစားသည်ဟု ဆိုပြန်လျှင်၊ ဟေဇကိ သည်မြင့်သောအရပ်ဌာနနှင့် ယဇ်ပလ္လင်တို့ကို ပယ်၍၊ ဤမည်သောယဇ်ပလ္လင်ရှေ့၌သာ
ကိုးကွယ်ရမည်ဟု ယုဒ ပြည်သူ၊ ယေရုရှလင်မြို့သားတို့ကို မှာထားသဖြင့်၊ သင် တို့ ပြစ်မှားသော ဘုရားဖြစ်သည်မဟုတ်လော။ [8]
သို့ဖြစ်၍၊ ယခုတွင်ငါ့သခင်၊ အာရှုရိရှင်ဘုရင်၌ အာမခံတို့ကို အပ်ပါလော့။ သင်၌မြင်းစီးသူရဲ လုံလောက် အောင်ရှိလျှင်၊
မြင်းနှစ်ထောင်တို့ကို ငါပေးမည်။ [9] သင်သည် ငါ့သခင်၏ ကျွန်တို့တွင် အငယ်ဆုံး သော ဗိုလ်ကို အဘယ်သို့ လှန်နိုင်မည်နည်း။
အဲဂုတ္တုပြည် မှရထားများ၊ မြင်းစီးသူရဲများကိုရမည်ဟု ယုံပါသည်တ ကား။ [10] ထာဝရဘုရား၏ အခွင့်မရှိဘဲ၊ ဤပြည်ကိုဖျက်
ဆီးခြင်းငှါ ငါလာသလော။ ထိုပြည်ကိုသွား၍ ဖျက်ဆီး လော့ဟု ထာဝရဘုရားသည် ငါ့အားမိန့်တော်မူပြီ။ ဤအ ကြောင်းအရာများကို
ပြန်ပြောကြလော့ဟု ပြောဆို၏။ [11] ထိုအခါဧလျာကိမ်၊ ရှေဗန၊ ယောအာတို့က၊ ရှု ရိဘာသာ စကားအားဖြင့် ကျွန်တော်တို့အား
အမိန့်ရှိပါ လော့။ ထိုစကားကို ကျွန်တော်တို့သည် နားလည်ပါ၏။ မြို့ရိုးပေါ်မှာ ရှိသောသူတို့သည် ကြားရအောင်၊ ယုဒ
ဘာသာစကားအားဖြင့် အမိန့်မရှိပါနှင့်ဟု ရာဗရှာခကို ဆိုကြလျှင်၊ [12] ရာဗရှာခက၊ ငါ့သခင်သည် သင်၏သခင်နှင့် သင့်အားသာ
ဤစကားကို ပြောစေခြင်းငှါ ငါ့ကိုစေလွှတ် တော်မူသလော။ မြို့ရိုးပေါ်မှာ ထိုင်လျက်၊ သင်တို့နှင့်အ တူ မိမိတို့မစင်ကိုစား၍၊
မိမိတို့ရေပေါင်းကို သောက် ရသော သူတို့ရှိရာသို့ စေလွှတ်တော်မူသည် မဟုတ်လော ဟု ဆိုပြီးလျှင်၊ [13] ရာဗရှာခသည် ထ၍
ယုဒဘာသာ စကားအား ဖြင့် ကျယ်သောအသံနှင့် ကြွေးကြော်လျက်၊ မဟာအရှင် မင်းကြီး အာရှုရိ ရှင်ဘုရင်၏ အမိန့်တော်ကို
နားထောင် ကြလော့။ [14] ရှင်ဘုရင်မိန့်တော်မူသည်ကား၊ ဟေဇကိသည် သင်တို့ကို မလှည့်စားစေနှင့်။ သူသည်သင်တို့ကို ကယ်ယူ
ခြင်းငှါ မတတ်နိုင်။ [15] ဟေဇကိက၊ ထာဝရဘုရားသည် ငါတို့ကို ဧကန် အမှန်ကယ်ယူတော်မူမည်။ ဤမြို့သည် အာရှုရိရှင် ဘု ရင်
လက်သို့ မရောက်ရဟု ဆိုသဖြင့်၊ ထာဝရဘုရားကို မကိုးစားစေနှင့်။ [16] ဟေဇကိစကားကို နားမထောင်ကြနှင့်။ အာရှုရိ ရှင်ဘုရင်
မိန့်တော်မူသည်ကား၊ ငါနှင့် မိဿဟာယဖွဲ့ကြ။ငါ့ထံသို့ ထွက်လာကြ။ [17] သင်တို့ပြည်နှင့် တူသောပြည်တည်း ဟူသော၊
ဆန်စပါးစပျစ်ရည်နှင့် ပြည့်စုံသောပြည်၊ မုန့်နှင့် စပျစ်ဥယျာဉ်များသောပြည်သို့၊ သင်တို့ကို ပို့ခြင်းငှါ ငါမ လာမှီတိုင်အောင်၊
သင်တို့သည် ကိုယ်စပျစ်ပင်၏အသီး၊ ကိုယ်သင်္ဘောသဖန်းပင်၏ အသီးကို စား၍၊ ကိုယ်ရေကန် ကရေကို
သောက်လျက်နေကြဦးလော့။ [18] ဟေဇကိက၊ ထာဝရဘုရားသည် ငါတို့ကို ကယ် ယူတော်မူမည်ဟု မဖြားယောင်းစေနှင့်။ အပြည်ပြည်
သောဘုရားတို့သည် မိမိတို့ပြည်များကို အာရှုရိရှင်ဘုရင် လက်မှ ကယ်လွှတ်ကြပြီလော။ [19] ဟာမတ်ပြည်၏ ဘုရား၊
အာပဒ်ပြည်၏ဘုရား တို့သည် အဘယ်မှာရှိကြသနည်း။ သေဖရဝိမ်ပြည်၏ ဘုရားတို့သည် အဘယ်မှာရှိကြသနည်း။ သူတို့သည် ရှ
မာရိပြည်ကို ငါ့လက်မှ ကယ်လွှတ်ကြပြီလော။ [20] ထိုအပြည်ပြည်သော ဘုရားတို့တွင်၊ အဘယ် မည်သော ဘုရားသည် မိမိပြည်ကို
ငါ့လက်မှကယ်လွှတ် ဘူးသနည်း။ ထာဝရဘုရားသည် ယေရုရှလင်မြို့ကို ငါ့ လက်မှ အဘယ်သို့ ကယ်လွှတ်နိုင်မည်နည်းဟု ဆိုလေ၏။
[21] ယုဒလူတို့လည်း၊ စကားတခွန်းကိုမျှမပြန်ဘဲ တိတ်ဆိတ်စွာ နေကြ၏။ အကြောင်းမူကား၊ ပြန်မပြော နှင့်ဟု ရှင်ဘုရင်
အမိန့်တော်ရှိသတည်း။ [22] ထိုအခါ ဟိလခိသားဖြစ်သော နန်းတော်အုပ်ဧ လျာကိမ်၊ စာရေးတော်ကြီး ရှေ့ဗန၊ အာသပ်သားအတွင်း
ဝန်ယောအာတို့သည် မိမိတို့အဝတ်ကိုဆုတ်လျက်၊ ဟေဇ ကိမင်းထံသို့လာ၍၊ ရာဗရှာခ စကားကို ကြားလျှောက် ကြ၏။

 generated on Tue Jul 2 12:50:28 2024

# Chapter 37

1 ထိုစကားကို ဟေဇကိမင်းကြီးသည် ကြားလျှင်၊ မိမိအဝတ်ကို ဆုတ်၍ လျှော်တေအဝတ်ကို ခြုံလျက် ဗိ မာန်တော်သို့ သွားလေ၏။ 2
လျှော်တေအဝတ်ကို ဝတ်လျက်ရှိသော နန်း တော်အုပ်လျောကိမ်၊ စာရေးတော်ကြီးရှေဗနာ၊ အသက် ကြီးသော ယဇ်ပုရောဟိတ်တို့ကို၊
အာမုတ်သားပရောဖက် ဟေရှာယထံသို့ စေလွှတ်လေ၏။ 3 ဟေဇကိမင်းမှာ ထားသော စကားဟူမူကား၊ ယနေ့သည် ဒုက္ခနေ့၊
ဆုံးမသောနေ့၊ ကဲ့ရဲ့ခြင်းကို ခံရ သောနေ့ဖြစ်၏။ သားဘွားချိန်ရောက်၍သားကို ဘွားနိုင် အောင်ခွန်အားမရှိ။ 4
အသက်ရှင်တော်မူသောဘုရားသခင်ကို ကဲ့ရဲ့ စေခြင်းငှါ၊ အာရှုရိရှင်ဘုရင် စေလွှတ်သော မိမိကျွန် ရာဗရှာခ စကားကို
သင်၏ဘုရားသခင် ထာဝရဘုရား ကြားတော်မူပါစေသော။ သင်၏ဘုရားသခင် ထာဝရဘု ရားသည်
ကိုယ်တော်တိုင်ကြားသောစကားကို ချေတော် မူပါစေသော။ သင်သည်လည်းကျန်ကြွင်းသော လူတို့အ ဘို့ ဆုတောင်းပဌနာပြုပါဟု
ပြောစေခြင်းငှါ၊ 5 ဟေဇကိမင်း စေလွှတ်သော ကျွန်တို့သည် ဟေ ရှာယထံသို့ ရောက်လာကြ၏။ 6 ဟေရှာယကလည်း၊
ထာဝရဘုရားမိန့်တော်မူ သည်ကား၊ အာရှုရိရှင်ဘုရင်၏ ကျွန်တို့သည် ငါ့ကို ကဲ့ရဲ့ ၍၊ သင်သည် ကြားရသော စကားကြောင့်
မကြောက်နှင့်။ 7 ထိုမင်း၌ အခြားသော စိတ်သဘောကို ငါသွင်း ပေးမည်။ သူသည် သိတင်းကြား၍ မိမိပြည်သို့ ပြန်သွား လိမ့်မည်။
ထိုပြည်၌ ထားဖြင့် ငါဆုံးစေမည်ဟူသော စ ကားတော်ကို သင်တို့၏ သခင်အား ပြန်ကြားကြလော့ဟု ပြောဆို၏။ 8 ထိုအခါ
အာရှုရိရှင်ဘုရင်သည် လာခိရှမြို့မှ ထွက် သွားကြောင်းကို ရာဗရှာခကြားလျှင်၊ ပြန်သွား၍ လိဗန မြို့ကို ရှင်ဘုရင်တိုက်နေသည်ကို
တွေ့လေ၏။ 9 နောက်တဖန် ကုရှမင်းကြီးတိရက္ကသည် စစ်ချီ၍ လာပြီဟု သိတင်းကြားသောအခါ၊ ဟေဇကိမင်းထံသို့ တ မန်တို့ကို
စေလွှတ်ပြန်၍၊ 10 သင်တို့သည် ယုဒမင်းကြီးဟေဇကိကို ပြောရ သော စကားဟူမူကား၊ သင်ကိုးစားသော ဘုရားသခင်က၊
ယေရုရှလင်မြို့သည် အာရှုရိရှင်ဘုရင်လက်သို့ မရောက် ရဟူ၍ သင့်ကို မလှည့်စားပါနှင့်။ 11 အာရှုရိရှင်ဘုရင်တို့သည်
ခပ်သိမ်းသောပြည်တို့ ကိုလုပ်ကြံ၍ ရှင်းရှင်းဖျက်ဆီးကြောင်းကို သင်သည်ကြား ရပြီ။ ကိုယ်တိုင်လွတ်လိမ့်မည်လော။ 12
ငါ့ဘိုးဘေးတို့သည် ဖျက်ဆီးသော အမျိုးသား၊ ဂေါဇန်အမျိုးသား၊ ခါရန်အမျိုးသား၊ ရေဇပ်အမျိုးသား၊ တေလသာမြို့၌
ရှိသောဒေဒ်အမျိုးသားတို့ကို၊သူတို့၏ ဘုရားများတို့သည် ကယ်ယူကြပြီလော။ 13 ဟာမတ်မင်းကြီး၊ အာပဒ်မင်းကြီးနှင့် သေဖရ
ဝိမ်မြို့၊ ဟေနမြို့၊ဣဝါမြို့ကို စိုးစံသောမင်းကြီးတို့သည် အဘယ်မှာ ရှိကြသနည်းဟု မှာလိုက်လေ၏။ 14 ထိုမှာစာကို
ဟေဇကိမင်းသည် သံတမန်လက်မှ ခံယူ၍ ကြည့်ပြီးလျှင်၊ ဗိမာန်တော်သို့ သွား၍ ထာဝရဘု ရားရှေ့တော်၌ ဖြန့်ထားလေ၏။ 15
ထိုအခါ ဟေဇတိမင်းသည် ထာဝရဘုရားရှေ့ တော်၌ လျှောက်ဆိုသည်ကား၊ 16 ခေရုဗိမ်ပေါ်မှာထိုင်တော်မူသော၊ ဣသရေလ အမျိုး၏
ဘုရားသခင် ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရ ဘုရား၊ ကိုယ်တော်သည် ဘုရားသခင်ဖြစ်တော်မူ၏။
ကိုယ်တော်တပါးတည်းသာလျှင်၊ မြေကြီးပေါ်မှာ ရှိသမျှ သောအတိုင်းတိုင်း အပြည်ပြည်တို့၏ဘုရားသခင် ဖြစ် တော်မူ၏။
ကိုယ်တော်သည် ကောင်းကင်နှင့် မြေကြီးကို ဖန်ဆင်းတော်မူ၏။ 17 အိုထာဝရဘုရား၊ နားတော်ကို လှည့်၍ နား ထောင်တော်မူပါ။
အိုထာဝရဘုရား၊ မျက်စိတော်ကို ဖွင့် ၍ ကြည့်ရှုတော်မူပါ။ သနာခရိပ်မင်းသည် အသက်ရှင် တော်မူသော ဘုရားသခင်ကို ကဲ့ရဲ့၍၊
ပြောစေသော စ ကားအလုံးစုံတို့ကို မှတ်တော်မူပါ။ 18 အိုထာဝရဘုရား၊ အကယ်စင်စစ် အာရှုရိရှင် ဘုရင်တို့သည် အတိုင်းတိုင်း
အပြည်ပြည်တို့ကို ဖျက်ဆီး၍၊ 19 သူတို့၏ ဘုရားများကို မီးထဲသို့ချပစ်ကြပါပြီ။ ထိုဘုရားတို့သည် ဘုရားမဟုတ်၊
လူလက်ဖြင့်လုပ်သော သစ်သားနှင့် ကျောက်ဖြစ်သောကြောင့်၊ ပျက်စီးခြင်းသို့ ရောက်ကြပါပြီ။ 20 အိုအကျွန်ုပ်တို့
ဘုရားသခင်ထာဝရဘုရား၊ကိုယ် တော် ထာဝရဘုရား တပါးသာ၊ ဘုရားသခင်ဖြစ်တော် မူသည်ကို မြေကြီးပေါ်မှာရှိသမျှသော
တိုင်းနိုင်ငံတို့သည် သိမည်အကြောင်း၊ အကျွန်ုပ်တို့ကို ထိုမင်းလက်မှ ယခု ကယ်ယူတော်မူပါ၊ အကျွန်ုပ်တောင်းပန်ပါသည်ဟု ပဌနာ
ပြုလေ၏။ 21 ထိုအခါ အာမုတ်သား ဟေရှာယသည် ဟေဇကိ မင်းထံသို့ စေလွှတ်၍၊ ဣသရေလ အမျိုး၏ ဘုရားသခင် ထာဝရဘုရား
မိန့်တော်မူသည်ကား၊ သင်သည် အာရှုရိ ရှင်ဘုရင်သနာခရိပ် အကြောင်းကြောင့်၊ ငါ့ရှေ့မှာ ပဌနာ ပြုသည် ဖြစ်၍၊ 22 ထိုမင်း၏အမှုမှာ
ထာဝရဘုရားမိန့်တော်မူ သော စကားဟူမူကား၊ ဇိအုန်သတို့သမီးကညာသည် သင့် ကို မထီမဲ့မြင် ပြု၍ ပြက်ယယ်၏။
ယေရုရှလင်သတို့သမီး သည် သင့်နောက်၌ ခေါင်းညိတ်၏။ 23 သင်သည် အဘယ်သူကို ကဲ့ရဲ့ဆဲရေး သနည်း။ အဘယ်သူကို
အော်ဟစ်၍ မျက်နှာထောင်လွှားသနည်း။ ဣသရေလအမျိုး၏ သန့်ရှင်းသောဘုရားကိုပင် ပြုပါ သည်တကား။ 24 သင်သည်
ကျွန်များအားဖြင့် ထာဝရဘုရားကို ကဲ့ရဲ့၍၊ ငါသည် ရထားများပြားသဖြင့် တောင်ထိပ်သို့ ၎င်း၊ လေဗနုန်တောင်အထွဋ်သို့၎င်း
တက်လာပြီ။ အရပ် မြင့်သောအာရဇ်ပင်နှင့် အကောင်းဆုံးသော ထင်းရှူးပင် တို့ကို ငါခုတ်လှဲပြီ။ အမြင့်ဆုံးသောအရပ်၊ အသီးများ
သောတောထဲသို့ ငါဝင်ပြီ။ 25 ငါသည် တွင်းတူး၍ ရေကိုသောက်ရပြီ။ ငါ၏ ခြေဘဝါးအားဖြင့် အဲဂုတ္တုမြစ်လက်ကြား ရေရှိသမျှကို
ခန်းခြောက်စေပြီဟု သင်ဆိုမိပြီတကား။ 26 ငါသည်အထက်က ဤအမှုကို စီရင်ကြောင်းနှင့်၊ ရှေးကာလ၌ ပြုပြင်ကြောင်းကို
သင်သည်မကြားသ လော။ ယခုမှာလည်း သင်သည် ခိုင်ခံ့သောမြို့တို့ကို ဖျက် ဆီး၍၊ ကျောက်ပုံ ဖြစ်စေသောသူဖြစ်မည် အကြောင်း
ငါစီရင် ခန့်ထားလေပြီ။ 27 ထိုကြောင့်၊ မြို့သားတို့သည် အားနည်းကြ၏။ မှိုင်တွေ၍ စိတ်ပျက်လျက်ရှိကြ၏။ တောမြက်ပင်နှင့် စိမ်း
သောစပါးပင်ကဲ့သို့၎င်း၊ အိမ်မိုးပေါ်မှာ ပေါက်သော မြက် ပင်နှင့်၊ မကြီးမီ ညှိုးနွမ်းသောစပါးပင်ကဲ့သို့၎င်း ဖြစ်ကြ၏။ 28 သင်၏
နေထိုင်ခြင်း၊ ထွက်ဝင်ခြင်း၊ ငါ၌အမျက် ဟုန်းခြင်းတို့ကို ငါသိ၏။ 29 ငါ၌ သင်၏အမျက်ဟုန်းခြင်း၊ စော်ကားခြင်းကို

 generated on Tue Jul 2 12:50:28 2024

ငါကြားရသောကြောင့်၊ သင့်ကို နှာရှုတ်တပ်၍ ဇက်ခွံ့ပြီး မှ၊ သင်လာသောလမ်းဖြင့် ပြန်စေမည်။ [30] သင်မှတ်ရသော
နိမိတ်လက္ခဏာဟူမူကား၊ ယ ခုနှစ်တွင် အလိုလိုကြီးရင့်သော အသီးအနှံကိုငင်း၊ ဒုတိယ နှစ်တွင် ထိုအတူ ပေါက်သောအရာများကိုငင်း
သင်တို့ သည် စားရမည်။ တတိယနှစ်တွင် မျိုးစေ့ကိုကြဲ၍ စပါးကို ရိတ်ကြလော့။ စပျစ်ဥယျာဉ်ကိုလည်း စိုက်၍ အသီးကို
စားကြလော့။ [31] ဘေးလွတ်၍ ကျန်ကြွင်းသော ယုဒအမျိုးသား တို့သည် တဖန်အောက်မှာ အမြစ်စွဲ၍၊ အထက်မှာ အသီး
သီးကြလိမ့်မည်။ [32] ကျန်ကြွင်းသောသူတို့သည် ယေရုရှလင်မြို့ထဲ ကငင်း၊ ဘေးလွတ်သောသူတို့သည် ဇိအုန်တောင်ပေါ်က
ငင်းပေါ်လာကြလိမ့်မည်။ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရ ဘုရားသည် အလိုတော်အားကြီး၍၊ ထိုအမှုကို စီရင်တော် မူလိမ့်မည်။ [33]
သို့ဖြစ်၍၊ ထာဝရဘုရားသည် အာရှုရိ ရှင်ဘုရင် ကို ရည်မှတ်၍ မိန့်တော်မူသည်ကား၊ သူသည် ဤမြို့သို့ မဝင်ရ။ မြို့ထဲသို့ မြှားကို
မပစ်ရ။ မြို့ရှေ့မှာ ဒိုင်းလွှားကို မပြရ။ မြို့ပြင်မှာ မြေရိုးကို မဖို့ရ။ [34] လာသောလမ်းဖြင့် ပြန်သွားရမည်။ ဤမြို့ထဲသို့ မဝင်ရ။ [35]
ငါသည် ကိုယ်မျက်နှာကိုငင်း၊ ငါ့ကျွန်ဒါဝိဒ်၏ မျက်နှာကိုငင်း ထောက်၍၊ ဤမြို့ကို ကယ်တင်ခြင်းငှါ စောင့်မမည်ဟု ထာဝရဘုရား
မိန့်တော်မူ၏။ [36] ထိုအခါ ထာဝရဘုရား၏ ကောင်းကင်တမန် သည် ထွက်၍၊ အာရှုရိတပ်တွင် လူတသိန်း ရှစ်သောင်း ငါးထောင်တို့ကို
ဒဏ်ခတ်လေ၏။ နံနက်စောစော ထချိန် ရောက်သောအခါ၊ ထိုသူအပေါင်းတို့သည် အသေကောင် ဖြစ်ကြ၏။ [37] အာရှုရိရှင်ဘုရင်
သနာခရိပ်သည်လည်း၊ ထို အရပ်မှထွက်၍ ပြန်သွားပြီးလျှင်၊ နိနေဝေမြို့၌ နေလေ ၏။ [38] နောက်တဖန် သူသည် မိမိဘုရား နိသရုတ်၏
ဗိမာန်၌ ကိုးကွယ်စဉ်တွင်၊ သားတော် အာဒြမ္မေလက်နှင့် ရှရေဇာသည် ခမည်းတော်ကို ထားနှင့် သတ်ပြီးလျှင်၊ အာရမနိပြည်သို့
ပြေးကြ၏။ သားတော် ဧသရဟဒ္ဒုန် သည်လည်း၊ ခမည်းတော်အရာ၌ နန်းထိုင်၏။


generated on Tue Jul 2 12:50:28 2024

## Chapter 38

1 ထိုကာလအခါ ဟေဇကိမင်းသည် သေနာစွဲ သဖြင့်၊ အာမုတ်သား ပရောဖက်ဟေရှာယသည် လာ၍၊ ထာဝရဘုရား
မိန့်တော်မူသည်ကား၊ ကိုယ်အိမ်အမှုကို စီရင်လော့။ သင်သည် အသက်မရှင်၊ သေရမည်ဟု အမိန့် တော်ကို ပြန်လေ၏။ 2-3
ဟေဇကိမင်းသည်လည်း ထရံသို့ မျက်နှာလှည့် ၍၊ အိုထာဝရဘုရား၊ အကျွန်ုပ်သည် ရှေ့တော်၌ သစ္စာ စောင့်လျက်၊ စုံလင်သော
စိတ်နှလုံးနှင့် ကျင့်၍၊ နှစ်သက် တော်မူသည်အတိုင်း ပြုကြောင်းကို အောက်မေ့တော် မူပါ။ အကျွန်ုပ်တောင်းပန်ပါ၏ဟု
အလွန်ငိုကြွေးလျက်၊ ထာဝရဘုရားကို ဆုတောင်းလေ၏။ 4 တဖန် ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ဟေရှာယသို့ရောက်၍၊ 5
သင်သည် ဟေဇကိမင်းထံသို့ သွားပြီးလျှင်၊ သင့်အဘ ဒါဝိဒ်၏ ဘုရားသခင်ထာဝရဘုရား မိန့်တော် မူသည်ကား၊ သင်၏
ပဌနာစကားကို ငါကြားပြီ။ သင်၏ မျက်ရည်ကိုလည်း ငါမြင်ပြီ။ သင်၏ အသက်၌ တဆယ် ငါးနှစ်ကို ငါဆက်၍ ပေးမည်။ 6 သင်နှင့်
ဤမြို့ကို အာရှုရိရှင်ဘုရင်လက်မှ ငါ ကယ်လွှတ်မည်။ ဤမြို့ကို ငါ ကွယ်ကာစောင့်မမည် အရာကို ပြောလော့ဟု မိန့်တော်မူ၏။ 7
ဟေရှာယက၊ ထာဝရဘုရား အမိန့်တော်ရှိသည် အတိုင်း ပြုတော်မူမည်ဟု ထာဝရဘုရားသည် သင့်အား ပေးတော်မူသော
လက္ခဏာသက်သေဟူမူကား၊ 8 ကြည့်ရှုလော့။ အာခတ်၏နေတိုင်းနာရီပေါ်မှာ ရွေ့သော အရိပ်ကို ဆယ်ချက်ပြန်စေမည်ဟု ဆို၏။
ဆိုသည်အတိုင်း ဆယ်ချက်ရွေ့ပြီးသော အရိပ်သော ဆယ်ချက်ပြန်လေ၏။ 9 ယုဒမင်းကြီးဟေဇကိသည် အနာမှ ထမြောက် ၍
ရေးထားသော စာဟူမူကား၊ 10 ငါသည် ငြိမ်သက်စွာ နေစဉ်အခါ၊ မရဏာနိုင်ငံ တံခါးသို့ ဝင်ရပါသည်တကား။ ငါ၌ ကြွင်းသော နှစ်များ
ကို ငါ ရှုံးပြီဟု ငါဆိုသတည်း။ 11 အသက်ရှင်သော သူတို့၏ နေရာ၌၊ ထာဝရ ဘုရားကို ငါမမြင်ရ။ ငြိမ်းရာအရပ်သားတို့နှင့် ပေါင်း
ဘော်ရသဖြင့်၊ နောက်တဖန် လူတို့ကို မမြင်ရ။ 12 သိုးထိန်းတဲကဲ့သို့ ငါနေသော အိမ်ကို နှုတ်ပယ် ၍၊ အခြားတပါးသို့ ဆောင်သွားပြီ။
ရက်ကန်းသည် ပြုသကဲ့သို့ ငါ့အသက်သည် လိပ်လျက်ရှိ၍၊ ရက်ကန်းစင် မှ ငါ့ကို ပယ်ဖြတ်တော်မူလိမ့်မည်။ တနေ့ခြင်းတွင် ငါ့ကို
ဆုံးစေ တော်မူလိမ့်မည်ဟု ငါဆိုသတည်း။ 13 ငါ့အရိုးရှိသမျှတို့ကို ချိုးတော်မူသည် ဖြစ်၍၊ ငါသည် ခြင်္သေ့ဟောက်သကဲ့သို့
နံနက်တိုင်အောင် မြည်ရ ၏။ တနေ့ခြင်းတွင် ငါ့ကို ဆုံးစေတော်မူလိမ့်မည်ဟု ငါဆိုသတည်း။ 14 ငါသည် တီတီတွတ်နှင့် ဇရက်ကဲ့သို့
မြည်၍ ချိုးကဲ့ သို့ ညည်းတွန်ရ၏။ ငါ့မျက်စိတို့သည် မျှော်ကြည့်၍ အားလော့ကြပြီ။ အိုဘုရားရှင်၊ ညှဉ်းဆဲခြင်းကို ခံရသော
အကျွန်ုပ်ဘက်၌ နေတော်မူပါ။ 15 အဘယ်သို့ ငါပြောရမည်နည်း။ ငါ့အား ဂတိ ပေးတော်မူပြီ။ ဂတိတော်အတိုင်းလည်း ပြုတော်မူပြီ။
ငါ၌ ကျန်ကြွင်းသော နှစ်စဉ်ကာလပတ်လုံး၊ ငါသည် စိတ် ဆင်းရဲခြင်းကို အောက်မေ့၍၊ ဖြည်းဖြည်းသွားပါမည်။ 16 အို ဘုရားရှင်၊
ထိုသို့သောအားဖြင့် အသက်ရှင် ရပါ၏။ ထိုအရာရှိသမျှတို့၌ အကျွန်ုပ်ဝိညာဉ်၏ အသက် တည်ရပါ၏။ ကိုယ်တော်သည် အကျွန်ုပ်
အနာရောဂါကို ငြိမ်းစေ၍၊ အကျွန်ုပ်အသက်ကို ရှင်စေတော်မူ၏။ 17 အကျွန်ုပ်ခံရသော ဝေဒနာသည် ငြိမ်းပါပြီ။ အကျွန်ုပ်၏
ဝိညာဉ်ကို သနား၍၊ ဖျက်ဆီးရာ တွင်းထဲက နှုတ်ယူတော်မူပြီ။ အကျွန်ုပ်အပြစ်ရှိသမျှတို့ကို နောက် တော်သို့ ပစ်လိုက်တော်မူပြီ။ 18
အကယ်စင်စစ် မရဏာနိုင်ငံသည် ဂုဏ်တော်ကို မချီးမွမ်းရပါ။ သေနေသော သူသည် ဂုဏ်တော်ကို ထောမနာသီချင်းမဆိုရပါ။
တွင်းထဲသို့ ဆင်းသော သူသည် သစ္စာတော်ကို မမြော်လင့်ရပါ။ 19 အသက်ရှင်သောသူ၊ အသက်ရှင်သော သူသာ လျှင်၊ ယနေ့
အကျွန်ုပ်ပြုသကဲ့သို့၊ ဂုဏ်တော်ကို ချီးမွမ်း ရပါလိမ့်မည်။ အဘသည် သားတို့အား သစ္စာတော်ကို ဘော်ပြရပါလိမ့်မည်။ 20
ထာဝရဘုရားသည် ငါ့ကို ကယ်တင်တော်မူပြီ။ ထိုကြောင့်၊ ငါတို့သည် တသက်လုံး ဗိမာန်တော်၌ စောင်း တီး၍
သီချင်းဆိုကြလိမ့်သတည်း။ 21 ဟေရှာယကလည်း၊ သင်္ဘောသဖန်းသီးအလုံး အထွေးကိုယူ၍ နယ်ပြီးမှ၊ အနာကို အုံကြလော့။ ထိုသို့
ပြုလျှင် မင်းကြီးသည် သက်သာရလိမ့်မည်ဟု ဆိုလေ၏။ 22 ဟေဇကိမင်းကလည်း၊ ငါသည် ဗိမာန်တော်သို့ တက်လိမ့်မည်ဆိုသော်၊
အဘယ်လက္ခဏာ သက်သေရှိ သနည်းဟု မေး၏။



generated on Tue Jul 2 12:50:28 2024

## Chapter 39

[1] ထိုကာလအခါ ဗာလဒန်သား၊ ဗာဗုလုန်မင်းကြီး မေရောဒဗ္ဗါလဒန်သည် ဟေဇကိမင်း နာ၍၊ အနာ ပျောက်သည်ကို ကြားသောကြောင့်၊
မေတ္တာစာနှင့် လက် ဆောင်ပါလျက်၊ တမန်တို့ကို စေလွှတ်လေ၏။ [2] ဟေဇကိမင်းသည် သူတို့ရောက်သောကြောင့် ဝမ်းမြောက်၍၊
ရွှေတိုက်မှစသော ရွှေတိုက်မှစသော ရွှေ၊ ငွေ၊ နံ့သာမျိုး၊ အဘိုးထိုက်သော နံ့သာဆီ၊ လက်နက် တိုက်နှင့် ဘဏ္ဍာတော်အလုံးစုံတို့ကို
ပြလေ၏။ နန်းတော်မှစ၍ နိုင်ငံတော်အရပ်ရပ်၌ မပြသောအရာ တစုံတခုမျှ မရှိ။ [3] ထိုအခါ ပရောဖက် ဟေရှာယသည် ဟေဇကိ
မင်းကြီးထံတော်သို့သွား၍၊ ထိုသူတို့သည် အဘယ်သို့ ပြောကြပါသနည်း။ အဘယ်ပြည်မှ အထံတော်သို့ လာကြပါသနည်းဟု
မေးလျှောက်သော်၊ ဟေဇကိမင်းက၊ ဝေးသောအရပ်၊ ဗာဗုလုန်ပြည်မှ ရောက်လာကြသည်ဟု ပြန်ပြော၏။ [4] နန်းတော်၌
အဘယ်အရာကို မြင်ကြပြီနည်းဟု မေးပြန်လျှင်၊ ဟေဇကိမင်းက၊ နန်းတော်၌ ရှိသမျှကို မြင်ရကြပြီ။ ဘဏ္ဍာတော်တွင်
ငါမပြသောအရာ တစုံတခု မျှ မရှိဟုပြန်ပြော၏။ [5] ထိုအခါ ဟေရှာယက၊ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား၏
နှုတ်ကပတ်တော်ကို နားထောင်လော့။ [6] နန်းတော်၌ ရှိသမျှကိုင်၎၊ ယနေ့တိုင်အောင် ဘိုးဘေးတို့သည် ဆည်းဖူးသမျှကိုင်၎၊
ဗာဗုလုန်မြို့သို့ ယူသွားရသော ကာလသည် ရောက်လိမ့်မည်။ တစုံတခုမျှ မကျန်ကြွင်းရဟု ထာဝရဘုရား မိန့်တော်မူ၏။ [7]
သင်နှင့်နွှယ်၍ရသော သင်၏ သားမြေးတို့ကို လည်း ယူသွား၍၊ သူတို့သည် ဗာဗုလုန်ရှင်ဘုရင်၏ နန်းတော်၌၊
လူပျိုတော်လုပ်ရကြလိမ့်မည်ဟု ဟေဇကိ မင်းအား ပြောဆိုလေ၏။ [8] ဟေဇကိမင်းကလည်း၊ သင်ပြန်ရသော ထာဝရ ဘုရား၏
နှုတ်ကပတ်တော် ကောင်းပါ၏ဟူ၍၎င်း၊ အကယ်စင်စစ် ငါ့လက်ထက်၌ ငြိမ်သက်ခြင်းနှင့် သစ္စာ စောင့်ခြင်းရှိရလိမ့်မည် ဟူ၍၎င်း၊
ဟေရှာယအား ဆိုလေ ၏။

---


generated on Tue Jul 2 12:50:28 2024

## Chapter 40

1 သင်တို့၏ ဘုရားသခင် မိန့်တော်မူသည်ကား၊ ငါ၏လူတို့ကို နှစ်သိမ့်စေကြလော့။ နှစ်သိမ့်စေကြလော့။ 2 စစ်မှုကို ထမ်းရသော
အချိန်စေ့ပြီ။ သင်၏ အပြစ်လည်း ဖြေရှင်းပြီဟု ယေရုရှလင်မြို့အား နှစ်သိမ့် စေသော စကားကို ပြော၍ ကြွေးကြော်ကြလော့။
အကြောင်းမူကား၊ ထာဝရဘုရား၏ လက်တော်၌ မိမိ အပြစ်အတွက် နှစ်ဆခံရပြီ။ 3 တော၌ ဟစ်ကြော်သော သူ၏အသံမှာ၊ ထာဝရ
ဘုရားကြွတော်မူရာ လမ်းကို ပြင်ကြလော့။ ငါတို့ ဘုရား သခင်၏ လမ်းခရီးတော်ကို လွင်ပြင်၌ ဖြောင့်စေကြ လော့။ 4 ချိုင့်ဝှမ်းရာ
ရှိသမျှတို့ကို ဖို့ရမည်။ တောင်ကြီး တောင်ငယ်ရှိသမျှတို့ကို ဖြိုရမည်။ ကောက်သော လမ်း များကို ဖြောင့်စေရမည်။ ကြမ်းတမ်းသော
လမ်းများကို လည်း သုတ်သင်ပြင်ဆင်ရမည်။ 5 ထာဝရဘုရား၏ ဘုန်းတော်ပေါ်ထွန်း၍၊ လူ အပေါင်းတို့သည် အတူမြင်ရကြလတံ့ဟု
ထာဝရဘုရား ၏ နှုတ်တော်ထွက်အမိန့်တော်ရှိ၏။ 6 တဖန် ထိုအသံက၊ ဟစ်ကြော်လော့ဟု ဆိုလျှင် ငါက၊ အဘယ်အရာကို
ဟစ်ကြော်ရမည်နည်းဟု မေးသော်၊ လူမျိုးရှိသမျှသည် မြက်ပင်ဖြစ်၏။ လူမျိုး၏ ဘုန်းရှိသမျှသည်လည်း တောအပွင့်ကဲ့သို့ ဖြစ်၏။ 7
ထာဝရဘုရား၏ လေတိုက်သောအခါ၊ မြက်ပင် သည် ညှိုးနွမ်းသွေ့ခြောက်တတ်၏။ အပွင့်လည်း ကြွေ တတ်၏။
အကယ်စင်စစ်လူတို့သည် မြက်ပင်ဖြစ်ကြ၏။ 8 မြက်ပင်သည် ညှိုးနွမ်းသွေ့ခြောက်တတ်၏။ အပွင့်လည်း ကြွေတတ်၏။
ထာဝရဘုရား၏ နှုတ်ကပတ် တရားမူကား၊ ကာလစဉ်အမြဲတည်၏ဟု ဆိုသတည်း။ 9 ဇိအုန်တောင်သို့ ဝမ်းမြောက်စရာ သိတင်းကို
ဆောင်ခဲ့သောသူ၊ မြင့်သောတောင်ပေါ်သို့တက်လော။ ယေရုရှလင် မြို့သို့ ဝမ်းမြောက်စရာ သိတင်းကို ဆောင်ခဲ့သောသူ၊
ကျယ်သောအသံကို လွှင့်လော့။ မစိုးရိမ်ဘဲ အသံကို လွှင့်လော့။ သင်တို့၏ ဘုရားသခင်ကို ကြည့်ရှုကြဟု ယုဒမြို့ရွာတို့အား
ပြောလော့။ 10 ကြည့်ရှုလော့။ အရှင်ထာဝရဘုရားသည်၊ ကြီး သော တန်ခိုးနှင့် ကြွလာ၍၊ လက်ရုံးတော်အားဖြင့် အစိုးရ
တော်မူလိမ့်မည်။ မိမိခံတော်မူထိုက်သောအခ မိမိ၌ ပါလျှက်၊ ဆုလပ်တော်သည် ရှေ့တော်၌ ရှိ၏။ 11 မိမိသိုးစုကို သိုးထိန်းကဲ့သို့
ကျွေးမွေးတော် မူမည်။ သိုးသငယ်တို့ကို ချီ၍ ပိုက်ပွေ့တော်မူမည်။ သားငယ်ရှိသော သိုးမတို့ကိုလည်း ဖြည်းညှင်းစွာ ပို့ဆောင်
တော်မူမည်။ 12 ရေများကို လက်ဆွန်းဖြင့် ခြင်သောသူ၊ မိုဃ်း ကောင်းကင်ကို မိမိလက်ဖြင့် ထွာသောသူ၊ မြေမှုန့်ကို တင်းတောင်းဖြင့်
ချင့်တွက်သောသူ၊ တောင်ကြီးကို ချိန်ခွင်ဖြင့်၎င်း၊ တောင်ငယ်ကို ကပ်ပယ်ဖြင့်၎င်း ချိန် သောသူကား အဘယ်သူနည်း။ 13
ထာဝရဘုရား၏ ဝိညာဉ်ကို အဘယ်သူ စစ်ကြောသနည်း။ ထိုဘုရားနှင့် တိုင်ပင်၍၊ အဘယ်သူ သည် အကြံပေးသနည်း။ 14
အဘယ်သူနှင့် တိုင်ပင်တော်မူသနည်း။ ထိုဘုရားကို အဘယ်သူ သွန်သင်သနည်း။ ထိုဘုရားအား တရားလမ်းကို ပြသောသူ၊
ပညာနည်းကို ပေးသောသူ၊ ဥာဏ်လမ်းကို ညွှန်သောသူကား အဘယ်သူနည်း။ 15 လူအမျိုးမျိုးတို့သည် ရေပုံးမှ ကျသော ရေစက်
ကဲ့သို့ ဖြစ်၍၊ ချိန်ခွင်၌ မြူမှုန်ကဲ့သို့ ထင်မှတ်စရာ ရှိ၏။ ကျွန်းတို့သည်လည်း၊ လွင့်တတ်သော အဏုမြူကဲ့သို့ ဖြစ်ကြ၏။ 16
လေဗနုန်တောသည် မီးမွေးဘို့မလောက်။ ထိုတော၌ရှိသော တိရစ္ဆာန်တို့သည်လည်း၊ မီးရှို့ရာ ယဇ် ဘို့မလောက်။ 17 ခပ်သိမ်းသော
လူအမျိုးမျိုးတို့သည် အဘယ်မျှ မဟုတ်သကဲ့သို့ ရှေ့တော်၌ ဖြစ်ကြ၏။ အဘယ်မျှမဟုတ် သော အရာထက်သာ၍ ငယ်သကဲ့သို့၎င်း၊
အနတ္တကဲ့သို့ ၎င်း မှတ်တော်မူ၏။ 18 သို့ဖြစ်၍၊ ဘုရားသခင်ကို အဘယ်သို့ ပုံပြရအံ့ နည်း။ ဘုရားသခင်နှင့် အဘယ်မည်သော
ပုံသဏ္ဍာန် တူသည်ဟု ဆိုရအံ့နည်း။ 19 ပန်းတဉ်းသမားသည် ရုပ်တုကို သွန်းပြီးမှ၊ ပန်းထိမ်သမားသည် ရွှေနှင့်မွမ်းမံ၍၊
ငွေကြိုးကိုလည်း လုပ်တတ်၏။ 20 အဘိုးထိုက်သော အလှူကို မလှူနိုင်သောသူ သည်၊ မဆွေးမြေ့တတ်သော သစ်သားကို
ရွေးကောက်ပြီး မှ၊ မြဲမြံသော ရုပ်တုကို လုပ်စေခြင်းငှါ၊ လိမ္မာသော လက် သမားကို ရှာတတ်၏။ 21 သင်တို့သည် မသိကြသလော။
မကြားကြသ လော။ ရှေ့ဦးစွာမှစ၍ သင်တို့အား မဘော်မပြသလော။ မြေကြီးတည်သည့်အကြောင်းကို နားမလည်ကြသလော။ 22
မြေကြီးစက်အပေါ်မှာ ထိုင်၍၊ မြေကြီးသား တို့ကို နှံကောင်ကဲ့သို့ မှတ်တော်မူထသော၊ မိုဃ်းကောင်း ကင်ကို မျက်နှာကြက်ကဲ့သို့
ကြက်၍၊ နေစရာတဲကဲ့သို့ ဖြန့်တော်မူထသော၊ 23 မင်းတို့ကို ရှုတ်ချ၍၊ မြေကြီးတရားသူကြီးတို့ကို အနတ္တကဲ့သို့ ဖြစ်စေတော်မူသော
သူပေတည်း။ 24 အကယ်စင်စစ်သူတို့ကို မစိုက်မပျိုးရ။ အကယ် စင်စစ် သူတို့၏မျိုးစေ့ကို မကြဲရ။ အကယ်စင်စစ် သူတို့ အပင်သည်
မြေ၌ အမြစ်မစွဲရ။ သူတို့အပေါ်မှာ မှုတ် တော်မူသဖြင့်၊ သူတို့သည် ညှိုးနွမ်းသွေ့ခြောက်၍၊ လေ ဘွေသည် သူတို့ကို ဖွဲ့ကဲ့သို့
တိုက်လွှင့်လိမ့်မည်။ 25 သို့ဖြစ်၍၊ ငါ့ကို အဘယ်သို့ ပုံပြရအံ့နည်း။ ငါသည် အဘယ်သူနှင့် တူရအံ့နည်းဟု သန့်ရှင်းသော
ဘုရားမေးတော်မူ၏။ 26 အထက်သို့ မျှော်ကြည့်ကြလော့။ ထိုအရာတို့ကို အဘယ်သူ ဖန်ဆင်းသနည်း။ ထိုသူသည် သူတို့အလုံး
အရင်းကို အရေအတွက်အားဖြင့် ထုတ်ဆောင်တော်မူ၏။ အလုံးစုံတို့ကို နာမည်ဖြင့် ခေါ်တော်မူ၏။ ခွန်အားကြီး၍ တန်ခိုးနှင့်
ပြည့်စုံတော်မူသောကြောင့်၊ တစုံတခုမျှ မပေါ်ဘဲမနေရ။ 27 အိုယာကုပ်အမျိုး၊ သင်သွားသော လမ်းကို ထာဝရဘုရား သိတော်မမူဟု
အဘယ်ကြောင့် ပြောသ နည်း။ အိုဣသရေလအမျိုး၊ သင့်အမှုကို သင်၏ဘုရား သခင် မှတ်တော်မမူဟု၊ အဘယ်ကြောင့်ဆိုရသနည်း။
28 ထာဝရဘုရားသည် အစဉ်အမြဲ တည်တော်မူ သော ဘုရားသခင်ဖြစ်ကြောင်းကို၎င်း၊ မြေကြီးစွန်းတိုင် အောင် ဖန်ဆင်းတော်မူသော
အရှင်ဖြစ်ကြောင်းကို၎င်း၊ မောတော်မူခြင်း၊ ပင်ပန်းတော်မူခြင်းမရှိ၊ စစ်၍ မကုန်နိုင် သော ဥာဏ်နှင့် ပြည့်စုံတော်မူကြောင်းကို၎င်း၊
သင်သည် မသိမကြားဘူးသလော။ 29 ထိုဘုရားသည် မောသောသူတို့အား၊ ခွန်အား ကို ပေးတော်မူ၏။ နွမ်းနယ်သော သူတို့အား၊
အစွမ်းသတ္တိ နှင့် ပြည့်စုံသော အခွင့်ကို ပေးတော်မူ၏။ 30 လူပျိုတို့သည် မော၍ ပင်ပန်းခြင်းသို့ ရောက်ကြ လိမ့်မည်။


generated on Tue Jul 2 12:50:28 2024

လုလင်တို့သည်လည်း ထိမိ၍ လဲကြလိမ့်မည်။ [31] ထာဝရဘုရားကို မြော်လင့်သောသူတို့မူကား၊ အားပြည့်ကြလိမ့်မည်။ ရွှေလင်းတကဲ့သို့ မိမိတို့ အတောင် ကို အသစ်ပြုပြင်ကြလိမ့်မည်။ ပြေးသော်လည်း မပင်ပန်း၊ ခရီးသွားသောအခါ မမောရကြ။

---

---

Isaiah 01

နှစ်သိမ့်စေကြလော့ ----- နှစ်သိမ့်စေကြလော့
"နှစ်သိမ့်" ဟူသောစကားလုံးကို ထပ်ခါရေးသားထား၍ အလေးထားဖော်ပြထားသည်။

သင်တို့ကို ဘုရားသခင်မိန့်တော်မူသည်ကား
"သင်တို့၏"ဟူ၍ မိန်းသုံးနျုန်းထားကာ ပရောဖက်သည် ဘုရား၏ လူများကို နှစ်သိမ့်ပေးသော စကားဖြစ်သည်။

ယေရုရှလင်မြို့အား နှစ်သိမ့် စေသောစကားကိုပြော၍
ပရောဖက်သည် ယေရုရှင်မြို့ကို မိန်းတစ်ဦးကဲ့သို့ ထာဝရဘုရားသခင်၏ ခွင့်လွှတ်ခြင်း အခွင့်ရရန် တောင်းဆိုလော့ဟူ၍ နှစ်သိမ့်စကားပြောခြင်းဖြစ်သည်။ (အခြားသောဘာသာပြန်ဆိုချက်) "ယေရုရှလင်မြို့ရှိ လူများကိုနှစ်သိမ့်ပေးသောစကားဖြစ်သည်။"

စစ်မှုကိုထမ်းရသော ----- နှစ်ဆခံရပြီ
ဤကြွေးကြော်သော စကားလုံးများသည် ယေရုရှလင်မြို့ကို ရည်ညွှန်းခြင်း ဖြစ်သည်။

စစ်မှုကို ထမ်းရသော
အဓိပ္ပာယ်နှစ်မျိုးသက်ရောက်သည်။ (၁) စစ်ပွဲ။ (၂) အဓမ္မခိုင်းစေခံရခြင်း။

အပြစ်လည်း ဖြေရှင်းပြီ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် သူမ၏အပြစ်များကို ခွင့်လွှတ်တော်မူပြီ။"

ထာဝရဘုရား၏ လက်တော်၌
"လက်တော်"ဟူသောအသုံးအနှုန်းသည် ထာဝရဘုရား ကိုယ်တော်တိုင်ကို ပုံဆောင်ခြင်းဖြစ်သည်။ (အခြားသောဘာသာပြန်ဆိုချက်) "ထာဝရဘုရား သခင်ထံတော်မှ"။"

Isaiah 03

တော်၌ ဟစ်ကြော်သော
"ဟစ်ကြော်" ဟူသောဟကားလုံးသည် "ငိုကြွေးဟစ်ကြော်ခြင်း" ကိုပုံဆောင်ထားသည်။

တော်၌ ----- လွင်ပြင်၌ ဖြောင့်စေကြလော့
ဤစာကြောင်းနှစ်ခုသည် အခြေခံအဓိပ္ပာယ်တူညီမှုရှိသည်။ ထာဝရဘုရားသခင် ကြွတော်မူရာ လမ်းခရီးကို ပြင်ဆင်ကြစို့ နှိုးဆော်ထားသော စာပိုဒ်ဖြစ်သည်။

ချိုင့်ဝှမ်းရှိသမျှ ------- ဖြိုရမည်။
ဤစကားစုသည် ထာဝရဘုရားကြွတော်မူရာ လမ်းခရီးကို လူများမည်သို့ ပြင်ဆင်ရမည်အကြောင်း ရှင်းလင်းထားသည်။ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ချိုင့်ဝှမ်းရှိသမျှတို့ကို ဖို့၍တောင်များ၊ တောင်ကုန်းများကို ဖြိုဖျက်ကာ ညီညာစွာလမ်းပြင်ကြလော့။"

ချိုင့်ဝှမ်းရာရှိသမျှတို့ကို ဖို့ရမည်
ချိုင့်ဝှမ်းများကို မြေပြင်ဖို့၍ တညီတည်းဖြစ်စေမည့် အကြောင်းရေးသားထားသည်။ (အခြားသောဘာသာပြန်ဆိုချက်) ချိုင့်ဝှမ်းရှိသမျှတို့ကိုမြေဖြင့် ဖို့ရမည်။"

ထာဝရဘုရားများ၏ ဘုန်းတော်ပေါ်ထွန်း၍
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက် "ထာဝရဘုရား၏ ဘုန်းတော်ပေါ်ထွန်းလိမ့်မည်။"

ထဝရဘုရား၏နှုတ်တော်ထွက် အမိန့်တော်ရှိ၏
"နှုတ်တော်" ဟူသောစကားလုံးသည် ထာဝရဘုရား ကိုယ်တော်တိုင်ဖြစ်ကြောင်း ဖော်ပြထားသည်။ အခြားသောဘာသာပြန်ဆိုချက်) "ထာဝရဘုရား ကိုယ်တော်တိုင်ပြောသော နှုတ်ထွက်စကားဖြစ်သည်။"

Isaiah 06

လူမျိုးရှိသမျှသည် မြက်ပင်ဖြစ်၏
လူမျိုးများသည် မြက်ပင်ကဲ့သို့ ဖြစ်ကြောင်းနှင့် လျင်မြန်စွာ သေကြေပျက်စီး လွယ်ကြောင်းရှင်းပြထားသည်။

လူမျိုး၏ဘုန်းရှိသမျှ ----- ကဲ့သို့ဖြစ်၏
လူများ၏ ကတိသစ္စာစီရင်ထုံးဖွဲ့ခြင်းများသည် တောနှင်းပွင့်ကဲ့သို့ လျင်မြန်စွာ ညှိုးနွမ်းသွေ့ခြောက်တတ်၏။

ထာဝရဘုရားလေတိုက်သောအခါ
ဖြစ်နိုင်ချေအဓိပ္ပာယ်(၂)မျိုးဖြစ်သည်။ (၁) ထာဝရဘုရားသခင်၏ အသက်လေဖြင့် မှုတ်လိုက်ခြင်း (သို့) (၂) ထာဝရဘုရားသခင်၏စေလွှတ်သောလေဖြင့် တိုက်လိုက်ဖျက်ဆီးခြင်း။"

လူတို့သည် မြက်ပင်ဖြစ်ကြ၏
(အခြားသောဘာသာပြန်ဆိုချက်) "လူများမြက်ပင်ကဲ့သို့ လျင်မြန်စွာ သေကြေပျက်စီးလွယ်သူ။ "

ထာဝရဘုရားနှုတ်ကပတ်တော် ------ အမြဲတည်၏
ဘုရားသခင်မိန့်တော်မူသော အရာများသည် ထာဝရအစဉ်တည်၏။ (အခြားသောဘာသာပြန်ဆိုချက်)


generated on Tue Jul 2 12:50:28 2024

"ဘုရားသခင်၏နှုတ်ကပတ်တော်တရားမူကား
ကာလအစဉ်အမြဲတည်၏။"

Isaiah 09

ဇီအုန်တောင်သို့ ------ မြင့်သောတောင်ပေါ်သို့တက်လာသော
ဇီအုန်တော်ကို သတင်းပို့ဆောင်သူကဲ့သို့ တင်စား၍
ပြောဆိုခြင်းဖြစ်သည်။ မြင့်သောတောင်ပေါ်သို့
တက်၍ဝမ်းမြောက်စရာသိတင်းကို ယူဆောင်သောသူ။

မြင့်သောတောင်ပေါ်သို့တက်လာသော
သိတင်းသယ်ယူ ပို့ဆောင်သောသူများသည် များသောအားဖြင့်
မြေပြင်ညီသည့်နေရာတွင် ပြောဆိုကြသည်။ မြင့်သောတောင်များ
ပေါ်တွင် ပြောဆိုခြင်းကြေငြာခြင်းသည် လူများစွာကြားနိုင်နည်
ဖြစ်သည်။

ဇီအုန်
ဇီအုန်မြို့ရှိ လူများကို ရည်ညွှန်းသည်။

ယေရုရှလင် ဝမ်းမြောက်စရာသိတင်းကို ဆောင်ခဲ့သောသူ
ယေရုရှလင်ကို ဝမ်းမြောက်ဖွယ်ရာ ပြောကြားသော
လူပုဂ္ဂိုလ်ကဲ့သို့ တင်စားထားသည်။

လက်ရုံးတော်အားဖြင့် အစိုးရတော်မူလိမ့်မည်
"လက်ရုံးတော်"သည် ဘုရားသခင်၏အားကြီးသော
တန်ခိုးတော်ဖြစ်သည်။

မိမိစံတော်မူသောအခ ------ ရှေ့တော်၌ ရှိ၏
စကားစုနှစ်ခု၏ အဓိပ္ပာယ် အကြောင်းအရာဆင်တူသည်။

Isaiah 11

မိမိသိုးစုကို သိုးထိန်းကဲ့သို့ -----ကျွေးမွေးတော်မူမည်
ထာဝရဘုရားသခင်သည် သူ၏လူမျိုးများ၏
သိုးထိန်းဖြစ်တော်မူ၍ သိုးထိန်းကဲ့သို့ ပြုစုစောင့်ရှောက်လိမ့်မည်။

Isaiah 12

ရေများကို လက်ဆွန်းဖြင့် ---- ချိန်သောသူကား အဘယ်သူနည်း။
ဖန်ဆင်းထားသော အရာများကို ဖန်ဆင်းရှင်တစ်ပါးတည်းသာ
ချိန်သွယ်၊တိုင်းတာနိုင်ကြောင်းကို အလေးထားဖော်ပြ၍
မေးထားသောမေးခွန်းဖြစ်သည်။

ကောင်းကင်ကို မိမိလက်ဖြင့်ထွာသောသူ
ထာဝရဘုရားသခင်သည် ကောင်းကင်၏ ထုထည်ပမာဏကို
လက်ဖြင့် တိုင်းထွာထားသကဲ့သို့ သိရှိတော်မူသော
ဘုရားဖြစ်သည်။

မြေမှုန့်ကို တင်းတောင်းဖြင့် ချင့်တွက်သောသူ
ထာဝရဘုရားသခင်သည် မြောကြီးပေါ်ရှိ မြေမှုန့်
ပမာဏမည်မျှရှိကြောင်း တင်းတောင်းဖြင့်ချင့်တွက်ခဲ့ဘူးသော
သူကဲ့သို့ သိရှိ၍ ပြောဆိုနေခြင်းဖြဟ်သည်။

တောင်ငယ်ကို ---- အဘယ်သူနည်း
တောင်များ၏ အလေးချိန်ပမာဏကို ကပ်ပယ်(စကေး)ဖြင့်
တွက်ချက်ခဲ့သော ဖန်ဆင်းရှင် ဘုရားသခင်ဖြစ်သည်။

Isaiah 13

ယေဘုယျအချက်အလက်
ဟေရှာယသည် ထာဝရဘုရား၏ တုနှိုင်းရာမှရှိသည့်
ဘုန်းတန်ခိုးကို မေးခွန်းပုံစံဖြင့် ဆက်လက်ရေးဖွဲ့ထားသည်။

ထာဝရဘုရား၏ ဝိညာဉ်ကို ---- အကြံပေးသနည်း
အဘယ်တစ်ဦးမျှ မလုပ်နိုင်ကြောင်းကို တင်စား၍
မေးခွန်းမေးသည့် ပုံစံဖြစ်သည်။
(အခြားသောဘာသာပြန်ဆိုချက်) "ထာဝရဘုရားသခင်၏
စိတ်သဘောကို အဘယ်သူသည် သိနိုင်သနည်း။
ထိုဘုရားသခင်နှင့် တိုင်ပင်ဆွေးနွေး၍ အဘယ်သူသည်
အကြံပေးနိုင်သနည်း။"

ထာဝရဘုရား၏ ဝိညာဉ်ကို အဘယ်သူစစ်ကြောသနည်း
ထာဝရဘုရား၏ အကြံအစည်စဉ်းစားခြင်း သာမက
သူ၏အလိုဆန္ဒတော်နှင့် အကြောင်းအရင်းများကို
ရည်ညွှန်းသည်။

အဘယ်သူနှင့် တိုင်ပင်တော်မူသနည်း။
(အခြားသောဘာသာပြန်ဆိုချက်) "မည်သူမျှ
သူ့ကုအကြံမပေးနိုင်သော ဘုရားသခင်ဖြစ်သည်။"

ထိုဘုရားကို အဘယ်သူသွန်သင် ---- အဘယ်သူနည်း
(အခြားသောဘာသာပြန်ဆိုချက်) "အဘယ်သူမျှ မသွန်သင်နိုင်၊
အကြံမပေးနိုင်၊ တရားလမ်းကို မပြနိုင်သော ဘုရားသခင်ဖြစ်၍
သူ၏ စိတ်တော်၊ လမ်းခရီးတော်ကို အဘယ်သူမျှ
နားလည်နိုင်သော ဘုရားဖြစ်သည်။"

Isaiah 15

လူအမျိုးမျိုးတို့သည် ----- ထင်မှတ်စရာရှိ၏
ပရောဖက်သည် တိုင်လူမျိုးများကို ရေစက်နှင့် မြေမှုန့်ကဲ့သို့
ဘုရားသခင်ရှေ့ အလွန်လှုကြောင်း ခိုင်းနှိုင်း ပြောဆိုထားသည်။

ရေပုံးမှ ကျသောရေစက်ကဲ့သို့
ရပုံးထဲသို့ ကျသောရေစက်များ (သို့) ရေပုံးမှ ထွက်ကျလာသော
ရေစက်များ

ချိန်ခွင်၌ မြူမှုန်ကဲ့သို့ ထင်မှတ်စရာ ရှိ၏
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်) "ထာဝရဘုရားသည်
ထိုလူမျိုးကို ချိန်ခွင်၌ ရှိသော မြေမှုန့်များကဲ့သို့ ထင်မှတ်စရာ
ရှိ၏။"


generated on Tue Jul 2 12:50:28 2024

အနတ္တကဲ့သို့ ၎င်းမှတ်တော်မူ၏
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်) "ထိုသူတို့ကို အနတ္တကဲ့သို့ မှတ်တော်မူ'"

Isaiah 18

သို့ဖြစ်၍ ဘုရားသခင်ကို ---- ဆိုရအံ့နည်း
ဟေရှာယသည် ဘုရားသခင်နှင့် အဘယ်မည်သော ပုံသဏ္ဍာန်နှင့် မျှနိုင်းယှဉ်ပုံဖော်၍ မရနိုင်ကြောင်း မေးခွန်းပုံစံဖြင့် အလေးထားဖော်ပြထားသည်။ (အခြားသောဘာသာပြန်ဆိုချက်) "အဘယ်မည်သော သူနှင့်မျှနိုင်းယှဉ်ပုံဖော်၍ မရနိုင်သော။ အဘယ်မည်သောပုံသဏ္ဍာန်နှင့်မျှ မတူသောဘုရားသခင် ဖြစ်သည်။"

ပန်းတဉ်းသမားသည် ရုပ်တုကို ------ လုပ်တတ်၏
အလွန်ကျွမ်းကျင်သော ပန်းတဉ်း၊ ပန်းထိမ်သမားများသည် ငွေ၊ ရွှေ၊တို့ဖြင့် ရွှေနှင့် မွမ်းမံသည့် အတက်ပညာရှိသည်။

Isaiah 21

ယေဘုယျအချက်အလက်
ဟေရှာယသည် ဘုရား၏လူများကို ဆက်လက်၍ ပြောဆိုသော စာပိုဒ်ဖြစ်သည်။

သင်တို့သည် မသိကြသလော---- မြေကြီးတည်သည် အကောင်းကို နားမလည်ကြသလော။
ထာဝရဘုရားဘုရားသခင်သည် ကြီးကျယ်မြင့်မြတ်သော ဖန်ဆင်းရှင်ဖြစ်ကြောင်းကို လူအများသိစေဖို့ ကရုဏာသံဖြင့် မေးခွန်းမေးထားသည်။

ရှေ့ဦးစွာမှစ၍ ------- မပြသလော
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ရှေ့ဦးစွာမှ စ၍ သင်တို့အား မပြောပြဖူးသလော?

မြေကြီး တည်သည်အကြောင်း
ပရောဖက်သည် ထာဝရဘုရားသခင်၏ ကမ္ဘာမြေကြီး ဖန်ဆင်းခြင်းကို ပြောဆိုသည်။

မြေကြီးစက်အပေါ်မှာ ထိုင်၍
ထာဝရဘုရားသခင်သည် ကမ္ဘာမြေကြီး အထက်ပလ္လင်ပေါ်မှာ ထိုင်၍ အုပ်စိုးသည့်အကြောင်း ပြောဆိုသည်။

မြေကြီးသားတို့ကို နှံကောင်ကဲ့သို့ မှတ်တော်မူထသော
ပရောဖက် ဖန်ဆင်းရှင်ဘုရားသခင်၏ ရှေ့မှောက်၌ လူအများသည် နှံကောင်ကဲ့သို့ သေးငယ်၍ အနည်းပုံကို နှိုင်းယှဉ် ဖော်ပြထားသည်။

မိုးကောင်းကင်ကို ---- ဖြန့်တော်မူထသော
ဤစာကြောင်းနှစ်ခု၏ ဆိုလိုရင်းအဓိပ္ပာယ်ဆင်တူသည်။
ထာဝရဘုရားသခင် ဖန်ဆင်းသော မိုးကောင်းကင်သည် သူ၏နေစရာတဲကဲ့သို့ ဖြန့်ကြက်ထားသည်။

Isaiah 23

မင်းတို့ကို ရှုတ်ချ၍
ထာဝရဘုရားသည် ရှုတ်ချတော်မူမည်။

အကယ်စင်စစ် သူတို့ကို မစိုက်မပျိုးရ ---- မကြဲရ ---- သွေ့ခြောက်၍
အုပ်ချုပ်သောမင်းများသည် အကူအညီမဲ့စွာ၊ ညှိုးနွမ်းခြောက်သွေ့သွားသော အပင်များကဲ့သို့ ထာဝရဘုရားသခင်၏ စီရင်ခြင်းဟူသော လေဘွေသည် သူတို့ကို ဖွဲကဲ့သို့ တိုက်လွင့်မည်ဟူ၍ ပြောဆိုထားသည်။

သူတို့အပေါ်မှာ မှုတ်တော်မူသဖြင့်
ထာဝရဘုရားသခင်၏ တန်ခိုးတော်ဖြင့် မြေကြီးပေါ်ရှိ တရားသူကြီး အုပ်ချုပ်သောမင်းများကို စီရင်ခြင်းသည် အပင်ငယ်များကို ပူပြင်းသော လေဘွေ တိုက်ခိုက်လျှင် လျင်မြန်စွာ ညှိုးနွမ်းသွားသကဲ့သို့ ဖြစ်စေတော်မူမည်။

လေဘွေသည် သူတို့ကို ဖွဲကဲ့သို့ တိုက်လွင့်လိမ့်မည်
အုပ်ချုပ်သော တရားမင်းများကို သွေ့ခြောက်သောအပင်နှင့် တင်စားထား၍ ထာဝရဘုရားသခင်ကို လေပြင်းတိုက်ခိုက်ခြင်းဖြင့် ခိုင်းနှိုင်းထားသည်။
ထာဝရဘုရားသခင်၏ တရားသူစီရင်ခြင်းသည် လေပြင်းကဲ့သို့ တိုက်ခိုက်သောအခါ လောကတရားသူကြီးများသည် သွေ့ခြောက်သော ဖွဲကဲ့သို့ လွင့်သွားကြလိမ့်မည်။

Isaiah 25

သို့ဖြစ်၍ ငါ့ကို အဘယ်သို့ ------ ဘုရားမေးတော်မူ၏
ထာဝရဘုရားသခင်သည် အဘယ်သူနှင့်မျှ မတူသောဘုရားဖြစ်ကြောင်းကို အလေးထားဖော်ပြထားသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့ကိုအဘယ်သူနှင့် နှိုင်းယှဉ်နိုင်မည်နည်း။ ငါ့ကိုအဘယ်သူနှင့် ဆင်တူသည်ဟု ပြနိုင်အံ့နည်း"

ထိုအရာတို့ကို အဘယ်သူဖန်ဆင်းသနည်း။
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသခင်သည် ကြယ်နက္ခတ်များ အားလုံးကို ဖန်ဆင်းထားတော်မူ၏။

ထိုသူ---- ထုတ်ဆောင်တော်မူ၏
ဟေရှာယသည် ဘုရားသခင်၏ ဖန်ဆင်းထားသော ကြယ်များကို ဘုရား၏ စစ်တပ်သဖွယ် ဖွဲ့၍စည်းတည်ဆောက်ထားသကဲ့သို့ ပြောထား၍ ဘုရားသခင်ကို ထိုအရာများကို တစ်လုံးချင်းနာမည် တပ်ထားသော နက္ခတ်ကြယ်များဖြစ်သည်။

ခွန်အားကြီး၍ တန်ခိုးနှင့် --- ဘဲမနေရ
ခွန်အားကြီး၍ တန်ခိုးနှင့် ပြည့်စုံတော်မူသော ထာဝရဘုရားသခင်၏ တန်ခိုးတော်ကို ရေးဖွဲ့ထားသည်။

တစ်စုံတစ်ခုမျှ မပေါ်ဘဲ မနေရ

Isaiah 27

အိုယာကုပ်အမျိုး ---- အဘယ်ကြောင့်ဆိုရသနည်း။
(အခြားသောဘာသာပြန်ဆိုချက်) "အိုယာကုပ်အမျိုး၊ သင်သွားသောလမ်းကို ထာဝရဘုရား သိတော်မမူဟု အဘယ်ကြောင့် ခုခံပြောဆိုရသနည်း။"

အိုယာကုပ်အမျိုး ---- အဘယ်ကြောင့်ဆိုရသနည်း။
ဤစာကြောင်းနှစ်ကြောင်းသည် ဣသရေလအမျိုးများကို ရည်ညွှန်းသည်။

သင်သွားသောလမ်းကို ထာဝရဘုရားသိတော်မမူ
ထာဝရဘုရားသခင်သည် သူတို့လျှောက်လှမ်းသော အသက်တာကို မမြင်နိုင်ဟု ထင်မှတ်ထားသော စာပိုဒ်ဖြစ်သည်။

သင့်၏ အမှုကို သင်၏ဘုရားသခင်မှတ်တော်မမူ
ဖြစ်နိုင်ချေအဓိပ္ပာယ်(၂)မျိုးရှိသည်။
(၁)အကျွန်ုပ်ဘုရားသခင်သည်သည် ကျွန်ုပ်မတရားပြုသော အမှုကို မှတ်တော်မမူ (သို့) (၂) အကျွန်ုပ်၏ အပြစ်ကိုမှတ်တော်မမူ ၍ တရားသဖြင့်စီရင် လိမ့်မည်။"

သင်သည် မသိမကြားဘူးသလော
ဟေရှာယသည် လူများကို ထာဝရဘုရား၏ ကြီးကျယ်ဆုံးသော ခွန်အားနှင့် တန်ခိုးအာနုဘော်ကို မကြားမသိ၊ မသိဘူးသလောဟူ၍ မေးခွန်းမေးထားသည်။ ဟေရှာယ (၄၀:၂၁)ဘာသာပြန်ဆိုချက်ကို ကြည့်ရန်။
(အခြားသောဘာသာပြန်ဆိုချက်) "သင်တို့သည် တိကျသေချာစွာ ကြားဖူး၍ သိကြသည်။"

မြေကြီးစွန်းတိုင်အောင်
မြေကြီးစွန်းသည် အင်မတန်မှ ဝေးကွာသောအတိုင်း အတာဖြစ်သည်။

Isaiah 29

ထိုဘုရားသည် မောသောသူတို့အား ---- အခွင့်ကိုပေးတော်မူ၏
ဤစာကြောင်းနှစ်ခု၏ အဓိပ္ပာယ်ဆင်တူသည်။ ထာဝရဘုရားသခင်သည် ခွန်အားမဲ့သော သူကို ခွန်အားပေးတော်မူသော သူဖြစ်သည်။

ခွန်အားကို ပေးတော်မူ၏
ထာဝရဘုရားသည် ခွန်အားကို ပေးတော်မူ၏

ရွှေလင်းတကဲ့သို့ မိမိအတောင်ကို အသစ်ပြုပြင်ကြလိမ့်မည်
ထာဝရဘုရားထံမှ ခွန်အားဖြည့်ခြင်း ခံရသောသူများသည် ရွှေလင်းတကဲ့သို့ ပျံဝဲနိုင်ခြင်းနှင့် တင်စားဖော်ပြထားသည်။ ရွှေလင်းတသည် ခွန်အားနှင့် တန်ခိုးကို ပုံဆောင်ထားသည့် ငှက်ဖြစ်သည်။

ပြေးသော်လည်းမပင်ပန်း ------ မမောရကြ
ဤစာကြောင်း နှစ်ခု၏အဓိပ္ပာယ်သည် ဆင်တူသည်။ ထာဝရဘုရားသခင်ထံမှ ခွန်အားအစွမ်းရရှိသော လူများသည် မမောမပန်းဘဲ ပြေးလွှားနိုင်သည်။ လျှောက်လှမ်းနိုင်သည်။

---

## Translation Questions

Isaiah 40:1

ဘုရားသခင်သည် မိမိလူမျိုးတို့ကို နှစ်သိမ့်စေရန် မည်ကဲ့သို့ မိန့်တော်မူသနည်း။
ဘုရားသခင်မိန့်တော်မူသည်မှာ စစ်မှုကို ထမ်းရသောအချိန်စေ့ပြီ။ သင်၏ အပြစ်လည်း ဖြေရှင်းပြီဟု ယေရုရှလင်မြို့အား နှစ်သိမ့်စေသော စကားကိုပြော၍ ကြွေး ကြော်ကြလော့။ ထာဝရဘုရား၏ လက်တော်၌ မိမိအပြစ်အတွက် နှစ်ဆခံရသည်။

Isaiah 40:3

အသံတစ်သံသည် မည်ကဲ့သို့ ဟစ်ကြော်သနည်း။
ဟစ်ကြော်သံမှာ ထာဝရဘုရား ကြွတော်မူရာလမ်းကို ပြင်ကြလော့။ ငါတို့ဘုရားသခင်၏ လမ်းခရီးတော်ကို လွင်ပြင်၌ ဖြောင့်စေကြလော့။

မည်သည့်အရာသည် ဣသရေလ ပြည်၌ ဖြစ်ပျက်လိမ့် မည်နည်း။
ချိုင့်ဝှမ်းရှိသမျှကို ပို့ရခြင်း၊ တောင်ကြီးတောင်ငယ်ရှိသမျှတို့ကို ဖြိုရခြင်း၊ ကောက်သောလမ်းများကို ဖြောင့်စေခြင်းနှင့် ကြမ်းတမ်းသော လမ်းများကို သုတ်သင်ပြင်ဆင်ရခြင်း ဖြစ်သည်။

ထာဝရဘုရား၏ ဘုန်းတော်ကို အဘယ်သူသည်ပေါ်ထွန်း စေသနည်း။
ထာဝရဘုရား၏ ဘုန်းတော်ကို လူအပေါင်းတို့သည် အတူမြင်ရကြသည်။

Isaiah 40:6

မည်သည့်အရာသည် ကာလအစဉ်အမြဲတည်တော်မူလိမ့်မည်နည်း။
ထာဝရဘုရား၏ နှုတ်ကပတ်ကို ကာလအစဉ်အမြဲ တည်စေမည်။

Isaiah 40:9

ယုဒမြို့နှင့် ယေရုရှလင်မြို့သို့ ဝမ်းမြောက်စရာသိတင်းကို မည်ကဲ့သို့ ကြွေးကြော်ခဲ့သနည်း။
ဝမ်းမြောက်စရာသိတင်းသည် ဤသူတို့၏ ဘုရားသခင်ဖြစ်သည်။

ထာဝရဘုရားသည် မည်ကဲ့သို့ ကြွလာသနည်း။
အောင်မြင်သော စစ်သည်တော်တစ်ဦးအနေဖြင့် ကြွလာ ၏။

ထာဝရဘုရားကြွလာသောအခါ မိမိနှင့်အတူ မည်သည့်အရာကိုပါ ဆောင်ခဲ့သနည်း။
ထာဝရဘုရားသည် ဆုလပ်တော်နှင့် မိမိအကျိုးကို ဆောင်ခဲ့သည်။

Isaiah 40:15

ထာဝရဘုရား ထံတော်၌ လူအမျိုးမျိုးတို့သည် မည်ကဲ့သို့ အရာနှင့်တူသနည်း။
လူအမျိုးမျိုးတို့သည် ရေပုံးမှ ကျသောရေစက်ကဲ့သို့ ဖြစ်၍ ချိန်ခွင်၌ မြူမှုန်ကဲ့သို့ ဖြစ်သည်ဟု ထာဝရဘုရားထင်မှတ်၏။

Isaiah 40:21

ဘုရားသခင်သည် အဘယ်မှာ ထိုင်တော်မူသနည်း။
ဘုရားသခင်သည် မြေကြီးစက်အပေါ်မှာ ထိုင်တော်မူသည်။

Isaiah 40:23

ဘုရားသခင်မင်းတို့ကို အဘယ်သို့ပြုလုပ်သနည်း။
မင်းတို့ကို ရှုတ်ချ၍၊ မြေကြီးတရားသူကြီးတို့ကို အနတ္တကဲ့သို့ ဖြစ်စေတော်မူသော ဘုရားသခင်ဖြစ်သည်။

Isaiah 40:25

ထာဝရဘုရားသည် ကြယ်တို့ကို မည်ကဲ့သို့ ပြုလုပ်သနည်း။
သူသည် သူတို့အလုံးအရင်းကို အရေအတွက်အားဖြင့် ထုတ်ဆောင်တော်မူခြင်း၊ အလုံးစုံတို့ကို နာမည်ဖြင့် ခေါ်တော်မူခြင်း၊ ခွန်အားကြီး၍ တန်ခိုးနှင့်ပြည့်စုံတော်မူသောကြောင့် တစ်စုံတစ်ခုမျှ မပေါ်ဘဲမနေရ ဖြစ်၏။

Isaiah 40:27

ထာဝရဘုရားသည် အဘယ်သူဖြစ်၍ မည်သည့်အရာကို တူတော်မူသနည်း။
ထာဝရဘုရားသည် အစဉ်အမြဲတည်တော်မူသော ဘုရားသခင်ဖြစ်ကြောင်းကိုင၍၊ မြေကြီးစွန်းတိုင်အောင် ဖန်ဆင်းတော်မူသောအရှင်ဖြစ်၏။ သူသည် မောတော်မူခြင်း၊ ပင်ပန်းတော်မူခြင်းမရှိ၊ စစ်၍မကုန်နိုင်သော ဉာဏ်နှင့်ပြည့်စုံတော်မူ၏။

Isaiah 40:29

မောသောသူနှင့် နွမ်းနယ်သောသူတို့အဘို့ ထာဝရဘုရားသည် မည်ကဲ့သို့ ပြုတော်မူသနည်း။
ထာဝရဘုရားသည် မောသောသူတို့အား ခွန်အားကို ပေးတော်မူ၍ နွမ်းနယ်သောသူတို့အား အစွမ်းသတ္တိနှင့် ပြည့်စုံသော အခွင့်ကို ပေးတော်မူ၏။

ထာဝရဘုရားကို မြော်လင့်သောသူတို့၌ မည်ကဲ့သို့ ဖြစ်ပျက်လိမ့်မည်နည်း။
ထာဝရဘုရားကို မြော်လင့်သော သူတို့သည်အားပြည့်ကြလိမ့်မည်။ ရွှေလင်းတကဲ့သို့ မိမိတို့အတောင်ကို အသစ်ပြုပြင်ကြလိမ့်မည်။ ပြေးသော်လည်း မပင်ပန်း၊ ခရီးသွားသောအခါ မမောရကြပါ။



generated on Tue Jul 2 12:50:28 2024

# Chapter 41

1 တကျွန်းတနိုင်ငံအရပ်တို့၊ ငါ့ရှေ့မှာ ငြိမ်ဝပ်စွာ နေကြ။ လူအမျိုးမျိုးတို့၊ အားဖြည့်ကြ။ ချဉ်းကပ်၍ ပြောကြ။ တရားတွေ့ကြကုန်အံ့။
2 ဖြောင့်မတ်ခြင်းမင်္ဂလာ လိုက်တတ်သော သူကို အရှေ့ပြည်က၊ အဘယ်သူ ပေါ်လာစေသနည်း။ လူ အမျိုးမျိုးတို့ သူ၌အပ်၍၊
ရှင်ဘုရင်တို့ကို အုပ်စိုးစေခြင်းငှါ၊ အဘယ်သူ စီရင်သနည်း။ ရန်သူတို့ကို သူ၏ထားရှေ့မှာ မြေမှုန့်ကဲ့သို့၎င်း၊ သူ၏လေးရှေ့မှာ
လွင့်သောဖွဲကဲ့သို့၎င်း အဘယ်သူဖြစ်စေသနည်း။ 3 ရန်သူတို့ကို လိုက်ရ၏။ မိမိခြေမနင်းဘူးသော လမ်းဖြင့်၊ ဘေးမရှိ၊ လွန်သွားရ၏။
4 ထိုအမှုများကို စီရင်ဖန်ဆင်းလျက်၊ ရှေ့ဦးစွာမှ စ၍ လူမျိုးအစဉ်အဆက်တို့ကို ခေါ်သောသူသည် အဘယ်သူနည်းဟူမူကား၊
အဦးဆုံးသော သူဖြစ်၍၊ နောက်ဆုံးသော သူတို့နှင့်ရှိသော ငါထာဝရဘုရား ပေတည်း။ 5 တကျွန်းတနိုင်ငံအရပ်တို့သည် မြင်၍
ကြောက် ကြ၏။ မြေကြီးစွန်းသားတို့သည် ထိတ်လန့်သော စိတ်နှင့် ချဉ်းကပ်၍ စုဝေးကြ၏။ 6 အိမ်နီးချင်းတယောက်ကို
တယောက်မစ၍၊ ညီအစ်ကိုချင်း တယောက်ကိုတယောက်၊ မစိုးရိမ်နှင့်ဟု ဆိုကြ၏။ 7 ထိုသို့ ပန်းတဉ်းသမားသည် ပန်းထိမ်သမားကို
နှိုးဆော်တတ်၏။ သံတူနှင့် ချောစေသော သူသည်။ ပေပေါ်မှာ ရိုက်သော သူကိုလည်း နှိုးဆော်၍၊ ဂဟေ ကောင်းသည်ဟု ဆိုတတ်၏။
ရုပ်တုကို မလှုပ်ရှားစေခြင်း ငှါ သံချွန်နှင့် ရိုက်ထားတတ်၏။ 8 ငါ့ကျွန်ဣသရေလ၊ ငါရွေးချယ်သောသူ ယာကုပ်၊
ငါ့အဆွေအာဗြဟံ၏သား၊ 9 မြေကြီးအစွန်းအနားမှ ငါလက်ဆွဲ၍ ခေါ်သော သူ၊ သင်သည် ငါ့ကျွန်ဖြစ်၏ဟူ၍၎င်း၊ သင့်ကို ငါရွေး
ချယ်ပြီ၊ သင့်ကို မပစ်မပယ်ဟူ၍၎င်း၊ ဂတိကို ခံရသောသူ၊ 10 မစိုးရိမ်နှင့်။ ငါသည် သင့်ဘက်မှာ ရှိ၏။ မကြောက်နှင့်။
သင်၏ဘုရားသခင် ငါသည် သင့်ကို ခိုင်ခံ့ စေမည်။ သင့်ကို စောင့်မမည်။ ငါ့သစ္စာလက်ျာလက်ဖြင့် ထောက်ပင့်မည်။ 11
သင်၌အမျက်ထွက်သော သူတို့သည် ရှက် ကြောက်ခြင်းနှင့် မျက်နှာပျက်ခြင်း ရှိကြလိမ့်မည်။ သင်၌ ရန်ပြုသော သူတို့သည်
အဘယ်မျှ မဟုတ်သကဲ့သို့ ဖြစ်၍၊ ရှင်းရှင်းပျက်စီးခြင်းသို့ ရောက်ကြလိမ့်မည်။ 12 သင်နှင့် ဆန့်ကျင်ဘက်ပြုသော သူတို့ကို သင်
သည် ရှာ၍ မတွေ့ရ။ သင့်ကို စစ်တိုက်သော သူတို့သည် အဘယ်မျှ မဟုတ်သကဲ့သို့၎င်း၊ အနတ္တသက်သက်ကဲ့သို့ ၎င်း
ဖြစ်ကြလိမ့်မည်။ 13 အကြောင်းမူကား၊ သင်၏ဘုရားသခင်ထာဝရ ဘုရားက၊ မစိုးရိမ်နှင့်။ ငါမစမည်ဟု သင့်အားဆိုလျက်၊
သင်၏လက်ျာလက်ကို ကိုင်မည်။ 14 အိုတီကောင်ယာကုပ်၊ အမျိုးငယ် ဣသရေလ၊ မစိုးရိမ်နှင့်။ ငါသည် သင့်ကို မစသော သူဖြစ်၏။
သင့်ကို ရွေးနှုတ်သောသူသည်၊ ဣသရေလအမျိုး၏ သန့်ရှင်း သော ဘုရားဖြစ်သည်ဟု ထာဝရဘုရား မိန့်တော်မူ၏။ 15 ငါသည်
သင့်ကို အသွားရှိသော စပါးနယ်စရာ ယန္တရားစက် အသစ်ဖြစ်စေမည်။ သင်သည် တောင်ကြီး တို့ကို နယ်၍ ညက်စေမည်။
တောင်ငယ်တို့ကို ဖွဲကဲ့သို့ ဖြစ်စေမည်။ 16 သူတို့ကို လှေ့၍၊ လေသည် သူတို့ကို တိုက်သွား လိမ့်မည်။ မုန်တိုင်းလွှင့်လိမ့်မည်။
သင်မူကား ထာဝရ ဘုရား၌ ဝမ်းမြောက်လိမ့်မည်။ ဣသရေလအမျိုး၏ သန့်ရှင်းသော ဘုရား၌ ဝါကြွားလိမ့်မည်။ 17
ဆင်းရဲသောသူနှင့် ငတ်မွတ်သော သူတို့သည် ရေကိုရှာ၍ မတွေ့၊ ရေငတ်၍ လျှာ သွေ့ခြောက်သော အခါ၊ ငါထာဝရဘုရားသည် သူတို့
စကားကို နားထောင် မည်။ ဣသရေလအမျိုး၏ ဘုရားသခင်ဖြစ်သော ငါသည် သူတို့ကို မစွန့်။ 18 မြင့်သောအရပ်တို့၌ မြစ်ကိုင်၎င်း၊
နိမ့်သော အရပ်တို့၌ စမ်းရေကို၎င်း ငါပေါက်စေမည်။ တောအရပ် ၌ ရေကန်များကို၎င်း၊ သွေ့ခြောက်သောအရပ်၌ စမ်းရေ
တွင်းများကို၎င်း ငါဖြစ်စေမည်။ 19 တော၌ အာရဇ်ပင်၊ အကာရှပင်၊ မုရတုပင်၊ သံလွင်ပင်များကို၎င်း၊ လွင်ပြင်၌ ထင်းရှူးပင်၊ တဒေရ
ပင်၊ တာရှုရပင်များကို၎င်း ရောနှောလျက် စိုက်မည်။ 20 သို့ဖြစ်၍၊ ထာဝရဘုရားသည် ဤအမှုကို စီရင် ၍၊ ဣသရေလအမျိုး၏
သန့်ရှင်းသော ဘုရားဖန်ဆင်း တော်မူကြောင်းကို၊ ထိုသူအပေါင်းတို့သည် သိမြင်၍၊ ဆင်ခြင်နားလည်ကြလိမ့်မည်။ 21 သင်တို့၏
အမှုကို စောင့်ကြလော့ဟု ထာဝရ ဘုရားမိန့်တော်မူ၏။ သင်တို့၏ခိုင်ခံ့သော သက်သေများ ကို ထုတ်ပြကြလော့ဟု ယာကုပ်အမျိုး၏
ရှင်ဘုရင် မိန့်တော်မူ၏။ 22 ထုတ်ဘော်၍ အနာဂတ္တိအရာတို့ကို ငါတို့အား ပြကြစေ။ အရင်ဖြစ်ဘူးသော အရာတို့သည် အဘယ်သို့
ဖြစ်သည်ကို ငါတို့ ဆင်ခြင်၍၊ ထိုအရာတို့၏ အဆုံးကို သိရမည်အကြောင်း ဘော်ပြကြစေ။ သို့မဟုတ်၊ ဖြစ်လတံ့ သောအရာတို့ကို
ငါတို့အား ဟောပြောကြစေ။ 23 သင်တို့သည် ဘုရားဖြစ်သည်ကို ငါတို့ သိရမည် အကြောင်း၊ ဖြစ်လတံ့သော အရာတို့ကို ပြကြလော့။
အချင်းချင်း တယောက်ကိုတယောက် ကြည့်ရှုတွေ့မြင် မည်အကြောင်း၊ ကောင်းသောအမှု၊ ဆိုးသောအမှု တစုံ တခုကို ပြုကြလော့။ 24
သင်တို့သည် အဘယ်မျှမဟုတ်သော အရာ ထက်သာ၍ ယုတ်မာကြ၏။ သင်တို့အမှုလည်း၊ အဘယ်မျှ မဟုတ်သော အမှုထက်သာ၍
ယုတ်မာ၏။ သင်တို့ကို ရွေးယူသော သူသည် ရွံ့ရှာဘွယ် ဖြစ်၏။ 25 မြောက်မျက်နှာ၌ လူတယောက်ကို ငါပေါ်ထွန်း စေ၍၊ သူသည်
လာလိမ့်မည်။ နေထွက်ရာမှလာ၍ ငါ့နာမကို ပဌနာပြုလိမ့်မည်။ အိုးထိန်းသမားသည် အိုးမြေကို နင်းသကဲ့သို့၊ ထိုသူသည် မင်းတို့ကို
အိုးမြေ အမှတ်နှင့် ကျော်နင်းလိမ့်မည်။ 26 ငါတို့သည် သိရမည်အကြောင်း၊ ရှေ့ဦးစွာမှစ၍ အဘယ်သူသည် ဟောပြောသနည်း။
မှန်ပေ၏ဟု ငါတို့ သည် ဆိုရမည်အကြောင်း၊ ရှေးမဆွက အဘယ်သူသည် ဟောပြောသနည်း။ ဘော်ပြသော သူတယောက်မျှမရှိ။
ဟောပြောသော သူတယောက်မျှမရှိ။ သင်တို့ စကားကို ကြားသောသူတယောက်မျှမရှိ။၏ 27 ဤမည်သောအမှုတို့သည်
ဖြစ်ကြလိမ့်မည်ဟု ရှေးဦးစွာ ငါသည် ဇိအုန်မြို့အား ပြော၏။ ဝမ်းမြောက် စရာ သိတင်းကို ကြားပြောသော တမန်ကိုလည်း၊ ယေရု
ရှလင်မြို့သို့ ငါစေလွှတ်၏။ 28 သူတို့ကို ငါကြည့်ရှုသောအခါ၊ တစုံတယောက်မျှ မရှိ။ သူတို့တွင် သတိပေးသော သူတယောက်မျှမရှိ။
ပြန်ပြောစေခြင်းငှါ သူတို့ကို ငါမေးမြန်းသော်လည်း၊ 29 သူတို့သည် အကြွင်းမဲ့အနတ္တဖြစ်ကြ၏။ သူတို့ အမှုများလည်း၊
အဘယ်မျှမဟုတ်။ သူတို့သွန်းသော ရုပ်တု တို့လည်း အတ္တမရှိ၊ လေသက်သက်ဖြစ်ကြ၏။

## Chapter 42

1 ငါထောက်မသော ငါ့ကျွန်ရင်း၊ ငါနှစ်သက် မြတ်နိုးရာ ငါရွေးချယ်သော သူကို ကြည့်ရှုလော့။ ထိုသူ ၏အပေါ်၌ ငါ့ဝိညာဉ်ကို
ငါတည်စေမည်။ သူသည် လူ အမျိုးမျိုးတို့ကို တရားပေးလိမ့်မည်။ 2 အော်ဟစ်ခြင်း၊ ကြွေးကြော်ခြင်းကို မပြုမူ၍၊
လမ်းခရီး၌သူ၏အသံကို အဘယ်သူမျှမကြားစေရ။ 3 နင်းနယ်လျက်ရှိသော ကျူပင်ကို မချိုး။ အတောက်သေးသော မီးစာကို
မသတ်။ တရားသည် မြဲမြံ ခြင်းသို့ ရောက်မည်အကြောင်း စီရင်လိမ့်မည်။ 4 မြေကြီးပေါ်မှာ တရားတော်ကို မတည်စေမှီတွင်
အားမလျော့၊ စိတ်လည်းမပျက်ရ။ သူ၏တရားကိုလည်း၊ တကျွန်းတနိုင်ငံသားတို့သည် မြော်လင့်ကြလိမ့်မည်။ 5 မိုဃ်းကောင်းကင်ကို
ဖန်ဆင်း၍ ကြက်တော်မူ ထသော၊ မြေကြီးနှင့် မြေကြီးထဲက ဖြစ်သမျှတို့ကို ခင်းကျင်းတော်မူထသော၊ မြေကြီးပေါ်မှာ ရှိသောသူတို့
အား အသက်ကိုင်၊ မြေကြီးကို ကျော်နင်းသော သူတို့ အား ဝိညာဉ်ကိုင်း ပေးတော်မူသော ဘုရားသခင် ထာဝရဘုရား
မိန့်တော်မူသည်ကား၊ 6 ငါ ထာဝရဘုရားသည် သင့်ကို တရားသဖြင့် ခေါ်ထားသည်ဖြစ်၍၊ 7 လက်ဆွဲလျက် ထောက်မမည်။ သင်သည်
ကန်း သော မျက်စိတို့ကို ဖွင့်စိမ့်သောငှါရင်း၊ ချုပ်ထားသော သူတို့ကို လွှတ်စိမ့်သောငှါရင်း၊ မှောင်မိုက်၌နေသော သူတို့ကို
အမိုက်ထောင်ထဲက နှုတ်ယူစိမ့်သောငှါရင်း၊ သင့်ကို လူများနှင့် ပဋိညာဉ်ဖွဲ့စရာဘို့၊ လူအမျိုးမျိုး လင်းစရာဘို့ ခန့်ထားမည်။ 8 ငါသည်
ထာဝရဘုရားဖြစ်၏။ ထိုနာမသည် ငါ့နာမဖြစ်၏။ ငါ့ဘုန်းကို အခြားသော သူအားရင်း၊ ငါ့ အသရေကို ရုပ်တုဆင်းတုတို့အားရင်း
ငါမပေး။ 9 အရင်ဟောသော အရာတို့သည် ဖြစ်ကြပြီ။ အသစ်သော အရာတို့ကို ယခု ငါဟော၏။ မပေါ်လာမှီ သင်တို့အား ငါပြနှင့်၏။
10 ပင်လယ်ကို ကူးသော သူမှစ၍၊ ပင်လယ်၌ ရှိသမျှတို့နှင့်တကွ၊ တကျွန်းတနိုင်ငံအရပ်များ၊ ထိုအရပ်၌ နေသော သူများတို့၊
ထာဝရဘုရားအား အသစ်သော သီချင်းကိုဆိုကြလော့။ မြေကြီးစွန်းတို့မှ ဂုဏ်တော်ကို ချီးမွမ်းကြလော့။ 11 တောနှင့်တကွ
တော၌ရှိသော မြို့ရွာ၊ ကေဒါ အရပ်သားတို့သည် ကြွေးကြော်ကြစေ။ ကျောက်၌ နေသော သူတို့သည် သီချင်းဆိုကြစေ။
တောင်ထိပ်ပေါ် က ကြွေးကြော်ကြစေ။ 12 ထာဝရဘုရားကို ချီးမြှောက်၍၊ တကျွန်းတနိုင်ငံ အရပ်တို့၌ ဂုဏ်တော်ကို ထင်ရှားစွာ
ချီးမွမ်းကြစေ။ 13 ထာဝရဘုရားသည် သူရဲကဲ့သို့ ထွက်ကြွ၍၊ စစ်သူရဲကဲ့သို့ ကိုယ်စိတ်ကို ကိုယ်နှိုးဆော်တော်မူလိမ့်မည်။
အော်ဟစ်ကြွေးကြော်၍ ရန်သူတို့တဘက်၌ အားထုတ် တော်မူလိမ့်မည်။ 14 ငါသည် ကြာမြင့်စွာ တိတ်ဆိတ်လျက်နေပြီ။ ထိုသို့နေ၍
အောင့်ရဦးမည်လော။ သားဘွားခြင်းဝေဒနာ ကို ခံရသော မိန်းမကဲ့သို့ ငါအော်ဟစ်မည်။ ပင့်သက်ရှူ၍ ချက်ခြင်း ဖျက်ဆီးမည်။ 15
တောင်ကြီးတောင်ငယ်များကို သွေ့ခြောက်စေ မည်။ သူတို့အပင်ရှိသမျှတို့ကိုလည်း ညှိုးနွမ်းစေမည်။ မြစ်များကို ကုန်းဖြစ်စေမည်။
ရေကန်များကို ခန်းခြောက် စေမည်။ 16 မျက်စိကန်းသော သူတို့ကို မိမိတို့မသိသော လမ်းဖြင့် ငါဆောင်မည်။ မိမိတို့ မကျွမ်းသော
ခရီး၌ သွားစေမည်။ သူတို့ရှေ့မှာ မှောင်မိုက်ကို လင်းစေမည်။ ကောက်သော လမ်းကိုလည်း ဖြောင့်စေမည်။ ထိုသို့သော ကျေးဇူးကို
ပြုမည်။ သူတို့ကို မစွန့်ပစ်။ 17 ရုပ်တုဆင်းတုကို ခိုလှုံ၍၊ ကိုယ်တော်သည် အကျွန်ုပ်တို့၏ ဘုရားဖြစ်တော်မူ၏ဟု သွန်းသော ရုပ်တု
တို့အား ဆိုသော သူတို့သည် လှန်ခြင်းကို ခံရ၍၊ အလွန် အရှက်ကွဲခြင်းသို့ ရောက်ကြလိမ့်မည်။ 18 နားပင်းသော သူတို့၊ ကြားကြလော့။
မျက်စိ ကန်းသောသူတို့၊ သင်တို့သည် မြင်ရအံ့သောငှါ ကြည့်ရှု ကြလော့။ 19 ငါ့ကျွန်မှတပါး အဘယ်သူ ကန်းသနည်း။
ငါစေလွှတ်သော တမန်ကဲ့သို့ အဘယ်သူသည် နားပင်း သနည်း။ ငါ့မိတ်ဆွေကဲ့သို့ အဘယ်သူကန်းသနည်း။ ထာဝရဘုရား၏
ကျွန်ကဲ့သို့ အဘယ်သူ ကန်းသနည်း။ 20 သင်သည် များစွာမြင်သော်လည်း အာရုံမပြု တတ်။ နားပွင့်လျက်ရှိသော်လည်း မကြားတတ်။
21 ထာဝရဘုရားသည် မိမိဖြောင့်မတ်ခြင်းကြောင့် အားရနှစ်သက်သဖြင့်၊ တရားတော်ကို ချီးမြှောက်၍ ဂုဏ်အသရေနှင့်
ပြည့်စုံစေတော်မူမည်။ 22 ဤလူမျိုးသည် လုယူဖျက်ဆီးခြင်းကို ခံရသော အမျိုးဖြစ်၏။ ရှိသမျှတို့သည် တွင်း၌ အချုပ်ခံရ၍၊ ထောင်
ထဲမှာ ပုန်းကွယ်လျက်နေကြ၏။ ဖျက်ဆီးရာဖြစ်သော အခါ၊ အဘယ်သူမျှ မနှုတ်မယူ။ လုယူရာဖြစ်သောအခါ၊ ပြန်ပေးလော့ဟု
အဘယ်သူမျှမဆို။ 23 သင်တို့တွင် အဘယ်သူသည် ဤစကားကို နားထောင်မည်နည်း။ နောင်ကာလဘို့ အဘယ်သူကြား၍
မှတ်မည်နည်း။ 24 လုယူရာဖြစ်စေခြင်းငှါ ယာကုပ်ကိုရင်း၊ ထားပြ တို့ လက်သို့ ဣသရေလကိုရင်း အဘယ်သူ အပ်သနည်း။ ငါတို့
ပြစ်မှားသော အရှင်ထာဝရဘုရား အပ်တော်မူ သည်မဟုတ်လော။ သူတို့သည် နောက်တော်သို့ မလိုက်၊ တရားတော်ကို မကျင့်ဘဲ
နေကြ၏။ 25 ထို့ကြောင့်၊ ပြင်းစွာသော အမျက်တော်ထွက် ခြင်း ကြမ်းတမ်းသော စစ်တိုက်ခြင်းကို သူတို့အပေါ်သို့
သွန်းလောင်းတော်မူသဖြင့်၊ သူတို့ပတ်လည်၌ မီးရှို့၏။ သို့သော်လည်း၊ သူတို့သည် မသိကြ။ မီးလောင်သော် လည်း၊ သတိမထားဘဲ
နေကြ၏။

 generated on Tue Jul 2 12:50:28 2024

## Chapter 43

1 အိုယာကုပ်အမျိုး၊ ဣသရေလအနွယ်၊ သင့်ကို ဖန်ဆင်းပြုပြင်တော်မူသော ထာဝရဘုရားမိန့်တော်မူ သည်ကား၊ မစိုးရိမ်နှင့်။ သင့်ကို
ငါ ရွေးနှုတ်ပြီ။ ငါ့နာမ ဖြင့် မှည့်ပြီ။ သင့်ကို ငါဆိုင်၏။ 2 သင်သည် ရေကို ရှောက်သွားသောအခါ၊ သင်နှင့်အတူ ငါရှိ၏။ မြစ်တို့ကို
ရှောက်သွားသောအခါ၊ မနစ်မမွန်းရ။ မီးကို ချင်းနင်းသောအခါလည်း မလောင် ရ။ မီးလျှံလည်း မညိရ။ 3 အကြောင်းမူကား၊ ငါသည်
သင်၏ဘုရားသခင် ထာဝရဘုရားဖြစ်၏။ သင့်ကို ရွေးသောသခင်၊ ဣသရေလအမျိုး၏ သန့်ရှင်းသောဘုရားဖြစ်၏။ သင့်ကို ရွေးဘို့၊
အဲဂုတ္တုပြည်ကိုငင်း၊ သင့်အတွက် ကုရှပြည်နှင့် သေဘပြည်ကိုငင်း ငါပေး၏။ 4 သင်သည် ငါမြတ်နိုးရာဖြစ်သောကြောင့်
အသရေရှိပြီ။ ငါလည်း ချစ်၏။ ထို့ကြောင့်၊ သင့်အတွက် လူတို့ကိုငင်း၊ သင်၏အသက်အတွက် လူမျိုးတို့ကိုငင်း ငါပေးမည်။ 5
မစိုးရိမ်နှင့်။ ငါသည် သင်နှင့်အတူ ရှိ၏။ အရှေ့ မျက်နှာမှ သင်၏အမျိုးအနွယ်ကို ငါဆောင်ခဲ့မည်။ အနောက်မျက်နှာမှ သင့်ကို
စုသိမ်းမည်။ 6 အပ်လော့ဟု မြောက်မျက်နှာကိုငင်း၊ မထိမ်နှင့် ဟု တောင်မျက်နှာကိုငင်း ငါပြောမည်။ ဝေးသောအရပ်၊ မြေကြီးစွန်းမှ
ငါ့သားသမီးတည်းဟူသော၊ 7 ငါနာမဖြင့် သမုတ်သောသူ၊ ငါ၏ဘုန်းအသရေ ဘို့ ငါဖန်ဆင်းပြုပြင်၍၊ ဧကန်စင်စစ်လုပ်ပြီးသော
သူအပေါင်းတို့ကို ဆောင်ခဲ့လော့ဟု ငါပြောမည်။ 8 မျက်စိရှိလျက်ပင် မျက်စိကန်းသော သူနှင့်၊ နားရှိ လျက်ပင် နားပင်းသော သူတို့ကို
ဆောင်ခဲ့လော့။ 9 လူအမျိုးမျိုး အစုစုတို့သည် စုရုံးစည်းဝေးကြစေ။ သူတို့တွင် အဘယ်သူသည် ဤအမှုကို ဘော်ပြမည်နည်း။
အရင်ဖြစ်လတံ့သောအရာကို အဘယ်သူ ဟောပြောမည် နည်း။ သူတို့သည် အပြစ်တင်ခွင့်နှင့်လွတ်မည်အကြောင်း၊ သက်သေတို့ကို
ပြကြစေ။ သို့မဟုတ် နားထောင်၍၊ ဤသို့မှန်သည်ဟု ဝန်ခံကြစေ။ 10 ထာဝရဘုရားမိန့်တော်မူသည်ကား၊ သင်တို့ သည်၊ ငါ့ကို
သိမှတ်ယုံကြည်၍၊ ငါသည် မှန်ပြီဟု နားလည်မည်အကြောင်း၊ ငါ၏သက်သေ၊ ငါရွေးကောက် သော ကျွန်ဖြစ်ကြ၏။ ငါ့ရှေ့မှာ
ဖန်ဆင်းရာထဲက အဘယ်ဘုရားသခင်မျှမဖြစ်၊ ငါ့နောက်မှာလည်း၊ အဘယ်ဘုရားသခင်မျှ မရှိရာ။ 11 ငါတပါးသည်
ထာဝရဘုရားဖြစ်၍၊ ငါမှတပါး ကယ်တင်သောသခင်မရှိ။ 12 ငါသည် ဗျာဒိတ်ထားနှင့်သည်အတိုင်း ကယ် တင်ပြီ။ ငါဘော်ပြနှင့်ပြီ။
သင်တို့တွင် အခြားတပါးသော ဘုရားသည် ဘော်ပြနှင့်သည်မဟုတ်။ ငါသည် ဘုရား သခင်မှန်ပြီဟု သင်တို့သည် ငါ၏
သက်သေဖြစ်ကြ၏။ 13 နေ့ရက်ကာလမဖြစ်မီ ငါသည် ဘုရားဖြစ်၏။ ငါ့လက်မှ အဘယ်သူမျှ မကယ်မနှုတ်နိုင်။ ငါပြုသော အမှုကို
အဘယ်သူ ဆီးတားမည်နည်းဟု ထာဝရဘုရား မိန့်တော်မူ၏။ 14 သင်တို့ကို ရွေးနှုတ်သော သခင်၊ ဣသရေလ အမျိုး၏ သန့်ရှင်းသော
ထာဝရဘုရား မိန့်တော်မူသည် ကား၊ ငါသည် သင်တို့အတွက်၊ ဗာဗုလုန်မြို့သို့ စေလွှတ် ၍၊ ပြေးသော မြို့သားတို့နှင့် ခါလဒဲလူများကို
သူတို့ ပျော်မွေ့ရာ သင်္ဘောသို့ ဆင်းစေမည်။ 15 ငါသည် သင်တို့၏ သန့်ရှင်းသော ထာဝရ ဘုရား၊ ဣသရေလအမျိုးကို
ဖန်ဆင်းသောဘုရား၊ သင်တို့၏ရှင်ဘုရင် ဖြစ်၏။ 16 ပြင်းထန်သော ပင်လယ်ရေ၌ လမ်းခရီးကို ဖန်ဆင်းတော်မူထသော၊ 17
ရထားများ၊ မြင်းများနှင့်တကွ၊ စစ်သူရဲအလုံး အရင်းတို့ကို ဆောင်ခဲ့တော်မူထသော၊ သူတို့ကို မထနိုင် အောင် တပြိုင်နက်တည်း
အိပ်စေ၍၊ မီးစာသေသကဲ့သို့၊ ငြိမ်းစေတော်မူသော ထာဝရဘုရား မိန့်တော်မူသည်ကား၊ 18 ဖြစ်ဘူးသောအမှုတို့ကို
မအောက်မေ့ကြနှင့်။ ရှေးကာလ၏အရာတို့ကို ပမာဏမပြုကြနှင့်။ 19 ကြည့်ရှုလော့။ အမှုသစ်ကို ငါပြုမည်။ ယခု ပေါ်လာလိမ့်မည်။
သင်တို့သည် အမှန်သိမြင်ရကြလိမ့် မည်။ အကယ်စင်စစ် တော၌လမ်းကိုငင်း၊ လွင်ပြင်၌ စီးသော ရေကိုငင်း ငါဖန်ဆင်းမည်။ 20
မြေခွေးနှင့် ကုလားအုပ်ငှက်မှစ၍၊ တောသားရဲ တို့သည် ငါ၏ဂုဏ်ကျေးဇူးကို ချီးမွမ်းကြလိမ့်မည်။ အကြောင်းမူကား၊
ငါရွေးကောက်သောသူ၊ ငါ၏လူတို့ သောက်စရာဘို့ တော၌ရေများကိုငင်း၊ လွင်ပြင်၌ မြစ်တို့ကိုငင်း ငါပေးမည်။ 21 ကိုယ်အဘို့
ငါဖန်ဆင်းသော ထိုလူမျိုးသည် ငါ၏ဂုဏ်ကျေးဇူးကို ပြရလိမ့်မည်။ 22 သို့သော်လည်း၊ အိုယာကုပ်အမျိုး၊ သင်သည် ငါ့ကို ပဌနာမပြု။
အိုဣသရေလအမျိုး၊ သင်သည် ငါ့ကို ငြီးငွေ့သည်တကား။ 23 မီးရှို့ရာ သိုးသငယ်ကို ငါ့ထံသို့ မဆောင်ခဲ့။ ယဇ် ပူဇော်ခြင်းအားဖြင့်
ငါ့ကို မချီးမြှောက်။ ငါသည် သင့်ကို အလှူဒါနနှင့် အမှုမထမ်းစေ။ လောဗန်ကို တောင်း၍ သင့်ကို မပင်ပန်းစေ။ 24 သင်သည် မွှေးသော
ကြံကို ငါ့ဘို့ ငွေနှင့်မဝယ်။ ပူဇော်သော ယဇ်ကောင်ဆီဥနှင့် ငါ့ကို ဝစွာ မကျွေး။ သင်သည် ဒုစရိုက်အပြစ်နှင့် ငါ့ကို အမှုထမ်းစေပြီ
တကား။ အဓမ္မအမှုကိုပြု၍ ငါ့ကိုပင်ပန်းစေပြီတကား။ 25 ငါတပါးတည်းသာလျှင် ကိုယ်အတွက်ကြောင့်၊ သင်၏အပြစ်တို့ကို
ဖြေမည်။ သင်၏ဒုစရိုက်အမှုတို့ကို မအောက်မေ့။ 26 ငါ့ကို သတိပေးလော့၊ တရားတွေ့ကြကုန်အံ့။ သင်သည်
အပြစ်လွတ်မည်အကြောင်း ပြောလော့။ 27 သင်၏ ပဌမအဘသည် ဒုစရိုက်ကို ပြုပြီ။ သင်၏ဆရာတို့သည် ငါ့ကို ပြစ်မှားကြပြီ။ 28
ထို့ကြောင့်၊ သန့်ရှင်းရာဌာန၏ မင်းတို့ကို ငါရှုတ် ချပြီ။ ယာကုပ်အမျိုးသည် ကျိန်ဆဲခြင်းကိုငင်း၊ ဣသရေလ အမျိုးသည်
ကဲ့ရဲ့ခြင်းကိုငင်း ခံစေခြင်းငှါ ငါစွန့်ပြီ။


generated on Tue Jul 2 12:50:28 2024

# Chapter 44

[1] ယခုမူကား၊ ငါ့ကျွန်ယာကုပ်၊ ငါရွေးကောက် သောသူ ဣသရေလ၊ နားထောင်လော့။ [2] သင့်ကို ဖန်ဆင်းတော်မူသော ဘုရား၊ ဘွားစ
ကပင် သင့်ကို ပြုပြင်၍၊ နောင်၌လည်း မစလတံ့သော ထာဝရဘုရား မိန့်တော်မူသည်ကား၊ ငါ့ကျွန် ယာကုပ်၊ ငါရွေးကောက်သောသူ
ယေရှုရုန်၊ မစိုးရိမ်နှင့်။ [3] အကြောင်းမူကား၊ ရေငတ်သော သူ့အပေါ်မှာ ရေကို ငါသွန်းလောင်း၍၊ သွေ့ခြောက်သော မြေကို
ရေလွှမ်းမိုးစေမည်။ သင်၏ အမျိုးအပေါ်မှာ ငါ့ဝိညာဉ်ကိုငင်း၊ သင်၏အနွယ်အပေါ်မှာ ငါ့ကောင်းကြီးမင်္ဂလာကို ငင်း
ငါသွန်းလောင်းမည်။ [4] သူတို့သည်လည်း ရေမြောင်းအနားမှာ မိုဃ်းမခ ပင်ကဲ့သို့ မြက်ပင်ထဲတွင် ပေါက်ကြလိမ့်မည်။ [5] တယောက်က၊
ငါသည် ထာဝရဘုရား၏ လူဖြစ် သည်ဟု ဆိုလိမ့်မည်။ တယောက်သည်လည်း၊ ယာကုပ် အမည်ဖြင့် ကိုယ်ကိုကိုယ် မှည့်လိမ့်မည်။
တယောက်သည် လည်း၊ ထာဝရဘုရား၏ လူဟူ၍ မိမိလက်တွင် စာထိုး လျက်၊ ဣသရေလအမည်သစ်ဖြင့် ကိုယ်ကိုကိုယ်
မှည့်လိမ့်မည်။ [6] ဣသရေလအမျိုး၏ ရှင်ဘုရင် ထာဝရဘုရား၊ ဣသရေလအမျိုးကို ရွေးနှုတ်သော၊ ကောင်းကင်ဗိုလ်ခြေ
အရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ ငါသည် အဦးဆုံးသောသူ၊ နောက်ဆုံးသောသူဖြစ်၏။ ငါမှတပါး အခြားသော
ဘုရားသခင်မရှိ။ [7] ရှေးလူမျိုးကို ငါခန့်ထားသည်မှစ၍၊ ငါကဲ့သို့ အဘယ်သူသည် ဤအမှုတို့ကို ငါ့အဘို့ ခေါ်၍ ထုတ်ဘော်
စီရင်နိုင်မည်နည်း။ ဖြစ်ဆဲသောအမှုနှင့် ဖြစ်လတံ့သော အမှုတို့ကို သူတို့အား ဘော်ပြကြစေ။ [8] မစိုးရိမ်ကြနှင့်။ မကြောက်ကြနှင့်။
အထက်က ငါဟောပြောပြသသည်မဟုတ်လော။ သင်တို့သည် ငါ၏ သက်သေဖြစ်ကြ၏။ ငါမှတပါး အခြားသော ဘုရားသခင်
ရှိသလော။ ငါမှတပါး အခြားသော မူလအမြစ်မရှိ။ တစုံတဦးကိုမျှ ငါမသိ။ [9] ရုပ်တုဆင်းတုကို လုပ်သောသူအပေါင်းတို့သည်
အချည်းနှီးသက်သက် ဖြစ်ကြ၏။ သူတို့နှမြောသောအရာ တို့သည် အကျိုးကို မပေးနိုင်ကြ။ ငါတို့သည် မမြင်တတ်၊
နားမလည်တတ်ဟု ရှက်စရာအကြောင်းကို ကိုယ်တိုင် သက်သေခံကြ၏။ [10] ဘုရားကို လုပ်သောသူ၊ အကျိုးမပေးနိုင်သော
ရုပ်တုဆင်းတုကို သွန်းသောသူကား အဘယ်သူနည်း။ [11] ထိုသူ၏အပေါင်းအဘော်ရှိသမျှတို့သည် ရှက်ကြလိမ့်မည်။
လုပ်သောသူတို့သည် လူသက်သက်ဖြစ် ကြ၏။ ရှိသမျှတို့သည် စုဝေး၍ ထကြစေ။ တပြိုင်နက် ထိတ်လန့်ရှက်ကြောက်ကြလိမ့်မည်။
[12] ပန်းပဲသမားသည် ပုဆိန်ကိုလုပ်ခြင်းငှါ မီးခဲ၌ ဖုတ်၍၊ လက်ရုံးအားထုတ်လျက် သံတူနှင့်ထုတတ်၏။ အကယ်၍ မွတ်သိပ်သော
အခါအားလျော့တတ်၏။ ရေမသောက်ရသောအခါ မောတတ်၏။ [13] လက်သမားသည် မျဉ်းချလျက် စူးနှင့် မှတ်သား ၍၊
လက်သမားတန်ဆာနှင့် လုပ်ပြီးလျှင်၊ အိမ်၌နေစေ ခြင်းငှါ ကွန်ပါနှင့် ရေးသား၍၊ လူအသရေပါအောင် လူပုံသဏ္ဌာန်နှင့်အညီ
ထုလုပ်တတ်၏။ [14] ကိုယ်အဘို့အလိုငှါ အာရဇ်ပင်တို့ကို ခုတ်၍ ကုပရုပင်၊ သပိတ်ပင်တို့ကို ရွေးယူသဖြင့်၊ တောပင်အမျိုး မျိုးတို့ကို
ဆည်းဖူးတတ်၏။ အာရဇ်ပင်ကိုစိုက်၍ မိုဃ်း ရေလည်း မွေးတတ်၏။ [15] လူသုံးရန် ထင်းဖြစ်၏။ လူလည်း ယူ၍ မီးလှုံ တတ်၏။
တဖန် မီးမွေး၍ မုန့်ကို ပေါင်းတတ်၏။ တဖန် ဘုရားကိုလုပ်၍ ကိုးကွယ်တတ်၏။ ရုပ်တုကို ထုလုပ်၍ ရုပ်တုရှေ့မှာ ပြပ်ဝပ်တတ်၏။ [16]
ထိုသစ်သားတပိုင်းနှင့် မီးမွေးတတ်၏။ တပိုင်းနှင့် အမဲသားကိုချက်၍ စားတတ်၏။ ဖုတ်ကင်ပြီးမှဝစွာ စား တတ်၏။
တဖန်မီးလှုံ၍အယ်၊ ငါနွေးပြီ။ မီးကို တွေ့ပြီဟု ဆိုတတ်၏။ [17] ကျန်သောအပိုင်းကိုလည်း ယူ၍ ရုပ်တုတည်း ဟူသော ဘုရားကို
လုပ်တတ်၏။ ထိုရုပ်တုရှေ့မှာ ပြပ်ဝပ် ၍ ကိုးကွယ်တတ်၏။ ကိုယ်တော်သည် အကျွန်ုပ်၏ ဘုရားဖြစ်တော်မူ၏။ အကျွန်ုပ်ကို
ကယ်တင်တော်မူပါ ဟူ၍ ဆုတောင်းတတ်၏။ [18] ထိုသို့သော သူသည် ပညာမရှိ။ ဉာဏ်မရှိ။ မမြင် နိုင်အောင် မျက်စိကိုငင်း၊
နားမလည်နိုင်အောင် စိတ်နှလုံး ကိုငင်း ပိတ်၏။ [19] ငါသည် တပိုင်းနှင့် မီးမွေးပြီး။ မုန့်ကိုလည်း ထိုမီးခဲပေါ်မှာ ဖုတ်လေပြီ။
အမဲသားကိုလည်း ကင်၍ စားလေပြီ။ ကြွင်းသော အပိုင်းကို စက်ဆုပ်ရွံ့ရှာဘွယ် ဖြစ်စေရမည်လော။ သစ်သားရှေ့မှာ ငါပြပ်ဝပ်ရမည်
လောဟု စိတ်နှလုံးထဲမှာ အောက်မေ့ဆင်ခြင်နိုင်သော ဉာဏ်ပညာအလျှင်းမရှိပါတကား။ [20] သူသည် မီးဖိုပြာကို ကျက်စားတတ်၏။
မိုက် သော စိတ်နှင့်လမ်းလွဲပြီ။ ထို့ကြောင့်၊ ကိုယ်ဝိညာဉ်ကို ကိုယ်မချွတ်နိုင်။ မိမိလက်ျာလက်၌ မိစ္ဆာဒိဋ္ဌိပါသလော ဟု
မအောက်မေ့နိုင်ပါတကား။ [21] အိုယာကုပ်အမျိုး၊ ဤအရာတို့ကို ဆင်ခြင် လော့။ အိုဣသရေလအမျိုး၊ သင်သည် ငါ့ကျွန်ဖြစ်၏။
သင့်ကို ငါဖန်ဆင်းသည်ဖြစ်၍၊ သင်သည် ငါ့ကျွန်ဖြစ် ၏။ အိုဣသရေလအမျိုး၊ သင့်ကို ငါမမေ့မလျော့။ [22] သင်၏ဒုစရိုက်တို့ကို
တိမ်တိုက်ကဲ့သို့ငင်း၊ သင်၏ အပြစ်တို့ကို တိမ်လွှာကဲ့သို့ငင်း ငါချေပြီ။ ငါ့ထံသို့ ပြန်လာလော့။ သင့်ကိုငါ ရွေးနှုတ်ပြီ။ [23]
အိုမိုဃ်းကောင်းကင်တို့၊ သီချင်းဆိုကြလော့။ ထာဝရဘုရား ပြုတော်မူပြီ။ မြေကြီးအောက်အရပ်တို့၊ ကြွေးကြော်ကြလော့။
တောင်များ၊ တောနှင့်တကွ သစ်ပင် များတို့၊ ကျူးဧသော အသံကို ပေးကြလော့။ ထာဝရဘုရား သည် ယာကုပ်ကို ရွေးနှုတ်တော်မူပြီ။
ဣသရေလအားဖြင့် ဘုန်းထင်ရှားတော်မူပြီ။ [24] သင့်ကို ရွေးနှုတ်တော်မူ၍၊ ဘွားစကပင် သင့်ကို ပြုပြင်တော်မူသော ထာဝရဘုရား
မိန့်တော်မူသည်ကား၊ မိုဃ်းကောင်းကင်ကို ငါတပါးတည်း ကြက်လျက်၊ မြေကြီး ကို အဘော်မရှိဘဲ ခင်းလျက်၊ ခပ်သိမ်းသော
အရာတို့ကို ဖန်ဆင်းသော ထာဝရဘုရားဖြစ်၏။ [25] ငါသည် မိစ္ဆာဆရာတို့၏ ပုပ္ပနိမိတ်များကို ပယ်ဖျောက်တတ်၏။ ဗေဒင်သမားတို့ကို
ရူးသွပ်စေတတ် ၏။ ပညာရှိတို့ကို လှန်၍ သူတို့၏ပညာကို မိုက်စေတတ် ၏။ [26] ငါသည် ငါ့ကျွန်၏ စကားကို တည်စေ၍၊ ငါ့တမန်တို့
ဟောပြောသည်အတိုင်း ပြုတတ်၏။ ယေရု ရှလင်မြို့ကို သင်သည် လူနေရာဖြစ်လိမ့်မည်ဟူ၍ငင်း၊ ယုဒမြို့တို့ကို သင်တို့သည်
တည်ဆောက်လျက်ရှိကြလိမ့် မည်။ ပြိုပျက်ရာများကို ငါပြုပြင်မည်ဟူ၍ငင်း ဆို၏။ [27] ပင်လယ်ကိုလည်း ရေကုန်စေ။ သင်၏ မြစ်
အပေါင်းကို ငါခန်းခြောက်စေမည်ဟူ၍ငင်း၊ [28] ကုရုမင်းကိုလည်း၊ သင်သည် ငါ့သိုးထိန်း ဖြစ်၏။ ငါ့အလိုရှိသမျှကို ပြည့်စုံစေလျက်၊
ယေရုရှလင်မြို့ တည်ဆောက်စေ၊ ဗိမာန်တော်တိုက်မြစ်ကျစေဟု စီရင် လိမ့်မည်ဟူ၍ငင်း ငါဆို၏။


generated on Tue Jul 2 12:50:28 2024

## Chapter 45

1 အကြင်သူ၏ရှေ့မှာ အပြည်ပြည်တို့ကို နှိမ့်ချ၍၊ ရှင်ဘုရင်တို့ကို တန်ဆာချွတ်လျက်၊ အတွင်းတံခါးတို့ကို မပိတ်ရဘဲ၊ နှစ်ရွက်ရှိသော
တံခါးတို့ကို ဖွင့်ခြင်းငှါ၊ အကြင်သူ၏ လက်ျာလက်ကို ငါထောက်မ၏။ ထိုသူ တည်းဟူသော ကုရုမင်း၊ ထာဝရဘုရား ပေးတော်မူ၍
ဘိသိက်ခံသောမင်းအား မိန့်တော်မူသည်ကား၊ 2 သင့်ရှေ့မှာ ငါသွား၍ မြင့်သောအရပ်ကို ညီစေ မည်။ ကြေးဝါတံခါးတို့ကို ချိုး၍၊
သံကန့်လန့်တို့ကို အပိုင်းပိုင်းဖြတ်မည်။ 3 မှောင်မိုက်၌ရှိသော ဘဏ္ဍာ၊ လုံခြုံစွာ ဝှက်ထား သော ဥစ္စာတို့ကို သင့်အား ငါပေးမည်။
သို့ဖြစ်၍၊ ငါသည် သင့်ကို နာမည်ဖြင့် ခေါ်သော ဣသရေလအမျိုး၏ ဘုရားသခင်၊ ထာဝရဘုရား ဖြစ်တော်မူကြောင်းကို
သင်သိရလိမ့်မည်။ 4 ငါ့ကျွန်ယာကုပ်၊ ငါရွေးကောက်သောသူ ဣသ ရေလအတွက် ၊ ငါသည် သင့်ကို နာမည်ဖြင့် ခေါ်၏။သင်သည်
ငါ့ကို မသိသော်လည်း၊ သင်၌ နာမည်သစ်ကို ထပ်၍ပေး၏။ 5 ငါတပါးတည်းသာ ထာဝရဘုရားဖြစ်၏။ ငါမှတပါး အခြားသော
ဘုရားသခင်မရှိ။ သင်သည် ငါ့ကို မသိသော်လည်း၊ သင်၏ခါးကို ငါစည်း၏။ 6 သို့ဖြစ်၍ ငါမှတပါး အခြားသော ဘုရားမရှိ၊
ငါတပါးတည်းသာ ထာဝရဘုရား ဖြစ်ကြောင်းကို၊ နေထွက်ရာအရပ်သားနှင့် အနောက်မျက်နှာသားတို့ သည် သိရကြလိမ့်မည်။ 7
ငါသည် အလင်းကိုလုပ်၏။ အမိုက်ကိုလည်း ဖန်ဆင်း၏။ ငြိမ်သက်ခြင်းကို ဖြစ်စေ၏။ အမင်္ဂလာ ကိုလည်း ဖန်ဆင်း၏။
ခပ်သိမ်းသော အမှုအရာတို့ကို ငါထာဝရဘုရား ပြုတော်မူ၏။ 8 မိုဃ်းကောင်းကင်တို့၊ အထက်မှယိုကြလော့။ မိုဃ်းတိမ်တို့သည်
တရားမိုဃ်းရွာကြစေ။ မြေကြီးသည် ပွင့်၍ ကယ်တင်ခြင်းအသီးကို သီးစေ။ ဖြောင့်မတ်ခြင်း တရားသည် တပြိုင်နက်ပေါက်စေ။ ထိုသို့
ငါထာဝရ ဘုရား ဖန်ဆင်း၏။ 9 အကြင်သူသည် မိမိကို ဖန်ဆင်းသော သူနှင့် ဆန့်ကျင်ဘက်ပြု၏၊ ထိုသူသည် အမင်္ဂလာရှိ၏။ မြေအိုး
ခြမ်းတို့တွင် အိုးခြမ်းပါတကား။ အိုးမြေက၊ သင်သည် အဘယ်သို့သော အရာကို လုပ်သနည်းဟု အိုးထိန်း သမားကို ဆိုရမည်လော။
ငါ့ကို လုပ်သောသူ၌ လက်မရှိ ဟု သင်လုပ်သော အရာကဆိုရမည်လော။ 10 မိမိအဘအား၊ သင်သည် အဘယ်သို့သော အရာကို
ဖြစ်ဘွားစေသနည်းဟု၍၎င်း၊ မိမိအမိအား၊ သင်သည် အဘယ်သို့သော အရာကို မွေးဘွားသနည်းဟူ ၍၎င်း ဆိုသောသူသည်
အမင်္ဂလာရှိ၏။ 11 ဣသရေလအမျိုး၏ သန့်ရှင်းသောဘုရား၊ ထိုအမျိုးကို ဖန်ဆင်းသော ထာဝရဘုရား မိန့်တော်မူ သည်ကား၊
သင်တို့သည်ဖြစ်လတံ့သော အမှုတို့ကို ငါ့ထံ၌ မေးမြန်းကြလော့။ ငါ့သားတို့အတွက်၊ ငါ့ကိုယ်တိုင် ပြုသော အမှုအတွက်ကြောင့်၊ ငါ့ကို
စီရင်ကြလော့။ 12 မြေကြီးကို ငါလုပ်လေပြီ။ မြေကြီးပေါ်မှာ လူကို လည်း ဖန်ဆင်းလေပြီ။ မိုဃ်းကောင်းကင်ကို ကိုယ်လက် နှင့်
ငါကြက်လေပြီ။ မိုဃ်းကောင်းကင်တန်ဆာအပေါင်း တို့ကို ငါခန့်ထားလေပြီ။ 13 ထိုသူကိုလည်း တရားတော်အတိုင်း ငါ
ပေါ်ထွန်းစေ၏။ သူသွားသော လမ်းကို ငါဖြောင့်စေမည်။ သူသည် ငါ၏မြို့ကို တည်ဆောက်လိမ့်မည်။ သိမ်းသွား ချုပ်ထားခြင်းကို
ခံရသော ငါ၏ လူတို့ကို သူသည် အဘိုး မခံ၊ ဆုမယူဘဲ လွှတ်လိမ့်မည်ဟု ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့်တော်မူ၏။ 14
တဖန် ထာဝရဘုရား မိန့်တော်မူသည်ကား၊ အဲဂုတ္တုပြည်၌ ဆည်းဖူးသောဥစ္စာ၊ ကုရှုပြည်သား၊ အရပ် မြင့်သော သေဘာအမျိုးသား
ပြုစုသော ကုန်သွယ်ဥစ္စာ သည် သင့်ဘက်သို့ ရောက်၍၊ သင်၏ဥစ္စာဖြစ်ရလိမ့်မည်။ ထိုသူတို့သည် သင့်နောက်သို့ လိုက်၍ သံကြိုးနှင့်
ချည် နှောင်လျက် လမ်း၌ ရှောက်သွားကြလိမ့်မည်။ သင့်ရှေ့မှာ ပြပ်ဝပ်၍၊ အကယ်စင်စစ် ကိုယ်တော်၌ ဘုရားသခင်ရှိ တော်မူ၏။
ထိုဘုရားမှတပါး အခြားသာ ဘုရားသခင် မည်မျှမရှိပါဟူ၍ တောင်းပန်ကြလိမ့်မည်။ 15 အိုဣသရေလ အမျိုး၏ဘုရားသခင်၊
ကယ်တင် တော်မူသောဘုရား၊ အကယ်စင်စစ် ကိုယ်တော်သည် ကိုယ်ကို ထင်ရှားစွာ ပြတော်မမူသော ဘုရားသခင် ဖြစ်တော်မူ၏။ 16
ရုပ်တုကိုလုပ်သော သူအပေါင်းတို့သည် ရှက် ကြောက်၍ မိန်းမောတွေဝေကြလိမ့်မည်။ အရှက်ကွဲ၍ တပြိုင်နက်
ဆုတ်သွားကြလိမ့်မည်။ 17 ဣသရေလအမျိုးမူကား၊ ထာဝရဘုရားအားဖြင့် ထာဝရကယ်တင်ခြင်းသို့ ရောက်၍၊ သင်တို့သည် ရှက်
ကြောက်ခြင်း၊ မှိုင်တွေခြင်းနှင့် ကမ္ဘာအဆက်ဆက် ကင်း လွတ်ကြလိမ့်မည်။ 18 မိုဃ်းကောင်းကင်ကို ဖန်ဆင်းတော်မူသော
ထာဝရဘုရား၊ မြေကြီးကို ပြုပြင်ဖန်ဆင်း၍ အမြဲတည် စေတော်မူသော အရှင်၊ အချည်းနှီးဖန်ဆင်းသည်မဟုတ်၊ သတ္တဝါနေစရာဘို့
ဖန်ဆင်းတော်မူသော ဘုရားသခင် မိန့်တော်မူသည်ကား၊ ငါသည် ထာဝရဘုရား ဖြစ်၏။ ငါမှတပါး အခြားသော ဘုရားမရှိ။ 19 ငါသည်
တိတ်ဆိတ်စွာ မဟော။ မြေကြီးထဲမှာ မှောင်မိုက်သော အရပ်၌မဟော။ သင်တို့သည် ကျေးဇူး မရှိဘဲ ငါ့ကို ရှာကြလော့ဟု
ယာကုပ်အမျိုးအား ငါမပြော။ ငါသည် ဖြောင့်မတ်စွာ ပြော၍ အတည့်အလင်းဟော တတ်သော ထာဝရဘုရားဖြစ်၏။ 20 သင်တို့သည်
စည်းဝေး၍ လာကြလော့။ အတိုင်း တိုင်းအပြည်ပြည်တို့မှ ဘေးလွတ်သော သူတို့၊ စည်းဝေး ကြလော့။ မိမိထုလုပ်သော သစ်သားကို
ဆောင်ရွက် သောသူ၊ မကယ်တင်နိုင်သော ဘုရားကို ပဌနာပြုသော သူတို့သည် ပညာမရှိကြ။ 21 သိတင်းကြားပြောကြလော့။
လူများကို အနီးသို့ ခေါ်ခဲ့၍ တိုင်ပင်ကြစေ။ ဤအမှုကို ရှေးကာလမှစ၍ အဘယ်သူ ဘော်ပြသနည်း။ အထက်က အဘယ်သူ
ဟောပြောသနည်း။ ငါထာဝရဘုရား ဟောပြောသည် မဟုတ်လော။ ငါမှတပါး အခြားသော ဘုရားသခင်မရှိ။ ငါသည် ဖြောင့်မတ်သော
ဘုရား၊ ကယ်တင်သောဘုရား ဖြစ်၏။ ငါမှတပါး အခြားသော ဘုရားမရှိ။ 22 မြေကြီးစွန်းသား အပေါင်းတို့၊ ငါ့ကို မျှော်ကြည့် ၍၊
ကယ်တင်ခြင်းကျေးဇူးကို ခံကြလော့။ ငါသည် ဘုရား သခင်ဖြစ်၏။ ငါမှတပါး အခြားသော ဘုရားမရှိ။ 23 ငါ့ရှေ့၌
လူတိုင်းဒူးထောက်ရမည်၊ လူတိုင်း မိမိ နှုတ်နှင့် သစ္စာခံရမည်ဟု ကိုယ်ကိုကိုယ်တိုင်တည်၍ ငါကျိန်ဆိုသော တရားစကားသည်
ငါ့နှုတ်မှ ထွက်သည် ဖြစ်၍၊ မပြည့်စုံဘဲ မနေရ။ 24 ထာဝရဘုရားအားဖြင့်သာ ဖြောင့်မတ်ခြင်းနှင့် အစွမ်းသတ္တိကို ရပါသည်ဟု
လူတိုင်းလျှောက်ရမည်။ ကိုယ်တော်ကို မနာလိုသော သူအပေါင်းတို့သည် အထံ တော်သို့ လာ၍၊ ရှက်ကြောက်ခြင်းသို့ ရောက်ရကြလိမ့်
မည်။ 25 ဣသရေလအမျိုးသားအပေါင်းတို့သည် ထာဝရ ဘုရားအားဖြင့် ဖြောင့်မတ်ရာသို့ ရောက်၍ ဝါကြွားကြ လိမ့်မည်။

## Chapter 46

[1] ဗေလသည် ကျပြီ။ နေဗောသည် ကျိုးပဲ့ပြီ။ သူတို့ ရုပ်တုတို့သည် အခြေလေးချောင်းရှိသော သားတိရစ္ဆာန် တို့ အပေါ်မှာ ရှိကြ၏။
သင်တို့ ထမ်းဘူးသော ဝန်ကို တင်၍၊ ပင်ပန်းသော တိရစ္ဆာန်တို့သည် ထမ်းရကြ၏။ [2] သူတို့သည် ကျိုးပဲ့လျက်၊ အတူလဲလျက်နေ၍၊
မိမိတို့ ထမ်းရသော ဝန်ကို မကယ်တင်နိုင်ဘဲ၊ ကိုယ်တိုင် သိမ်းသွားခြင်းကို ခံရကြသည်တကား။ [3] အိုယာကုပ်အမျိုးသားတို့၊
ငါ့စကားကို နား ထောင်ကြလော့။ ကျန်ကြွင်းသော ဣသရေလအမျိုးသား အပေါင်းတို့၊ ဘွားစကပင် သင်တို့ကို ငါထမ်းလေပြီ။ အမိ
ဝမ်းထဲမှစ၍ ငါဆောင်ရွက်လေပြီ။ [4] သင်တို့အသက်ကြီး၍ ဆံပင်ဖြူသည်တိုင် အောင်၊ ငါသည် ထိုသို့သော သူဖြစ်၍၊ သင်တို့ကို
ဆောင် ရွက်မည်။ ငါပြုခဲ့ပြီးသည်အတိုင်း ထမ်းဦးမည်။ ဆောင် ရွက်၍ ကယ်တင်မည်။ [5] သင်တို့သည် ငါ့ကို အဘယ်သူနှင့်
ပုံပြကြမည် နည်း။ အဘယ်သူနှင့် တူစေကြမည်နည်း။ တူအောင် အဘယ်သူနှင့် ခိုင်းနှိုင်းကြမည်နည်း။ [6] ရွှေကို အိတ်ထဲက များစွာ
ထုတ်လျက်၊ ငွေကို လည်း ချိန်ခွင်နှင့်ချိန်လျက်၊ ပန်းတိန်သမားကို ငှါး၍ ဘုရားကို လုပ်စေပြီးမှ၊ ပြပ်ဝပ်ကိုးကွယ်ကြသည်တကား။ [7]
ထိုဘုရားကို ပခုံးပေါ်မှာ ထမ်း၍ ဆောင်သွား သဖြင့် သူ့နေရာ၌ ထားကြ၏။ သူသည်လည်း မတ်တတ် နေ၏။ သူ၏နေရာမှ
သူမရွေ့နိုင်။ သူ့ကို အော်ဟစ် သော်လည်း၊ သူသည် မထူး။ ဒုက္ခဆင်းရဲထဲက မကယ် မနှုတ်နိုင်။ [8] အိုဖောက်ပြန်သောသူတို့၊ ဤအမှုကို
အောက် မေ့၍ ယောကျာ်းဂုဏ်ကို ပြကြလော့။ သတိနှင့် ဆင်ခြင်ကြလော့။ [9] ရှေးကာလ၌ ဖြစ်ဘူးသော အမှုအရာတို့ကို
အောက်မေ့ကြလော့။ ငါသည် ဘုရား သခင်ဖြစ်၏။ ငါမှတပါး အခြားသော ဘုရားမရှိ။ [10] အဦးမှစ၍ အဆုံးတိုင်အောင်၎င်း၊
ရှေးကာလမှ စ၍ မဖြစ်သေးသော အမှုအရာတို့ကို၎င်း ဘော်ပြလျက်၊ ငါ့အကြံတည်လိမ့်မည်။ ငါ့အလိုရှိသမျှကို ငါပြည့်စုံစေမည် ဟု
ဆိုလျက်၊ [11] ဝေးသောအရပ်၊ အရှေ့မျက်နှာမှ ငါ၏လက် ထောက်တည်းဟူသော ငှက်ရဲကို ခေါ်လျက်၊ ငါသည် ဘုရားသခင်ဖြစ်၏။
ငါနှင့်တူသော မည်မျှမရှိ။ ငါသည် နှုတ်ထွက်အတိုင်းပြုမည်။ ကြံသည်အတိုင်း စီရင်မည်။ [12] စိတ်ခိုင်မာ၍ ဖြောင့်မတ်ခြင်း တရားနှင့်
ဝေး သောသူတို့၊ ငါ့စကားကို နားထောင်ကြလော့။ [13] ငါ၏ဖြောင့်မတ်ခြင်းတရားကို အနီးသို့ ငါ ဆောင်ခဲ့မည်။ အဝေး၌မနေရ။
ငါ၏ကယ်တင်ခြင်း ကျေးဇူးလည်း မဖင့်နွှဲရ။ ဇိအုန်တောင်ပေါ်မှာ ငါ၏ ကယ်တင်ခြင်း ကျေးဇူးကို၎င်း၊ ဣသရေလအမျိုး၌
ငါ့ဘုန်းကို၎င်း ငါထားမည်။



generated on Tue Jul 2 12:50:28 2024

## Chapter 47

1 အိုဗာဗုလုန်သတို့သမီးကညာ၊ ဆင်း၍ မြေမှုန့်၌ထိုင်လော့။ အိုခါလဒဲသတို့သမီး၊ ရာဇပလ္လင်မရှိဘဲ မြေပေါ်မှာ ထိုင်လော့။ သင့်ကို
နူးညံ့သိမ်မွေ့သောသူ ဟူ၍ နောက်တဖန်မခေါ်ရ။ 2 ကြိတ်ဆုံကို ယူ၍ စပါးကို ကြိတ်လော့။ မျက်နှာဖုံးကို ဖွင့်လော့။ ရှည်သော အင်္ကျီကို
ချွတ်လော့။ ပေါင်အဝတ်ကိုပင့်၍ မြစ်ကို ကူးလော့။ 3 သင်သည် အဝတ်အချည်းစည်းရှိ၍၊ အရှက် ကွဲခြင်းကို ခံရမည်။ ငါသည်
အပြစ်ဒဏ်ကို ပေးမည်။ အဘယ်သူနှင့်မျှ မိဿဟာယမဖွဲ့။ 4 ငါတို့ကို ရွေးနှုတ်သောသူကား၊ ကောင်းကင်ဗိုလ် ခြေအရှင်
ထာဝရဘုရား၊ ဣသရေလအမျိုး၏ သန့်ရှင်း သော ဘုရားတည်းဟူသော ဘွဲ့နာမရှိတော်မူ၏။ 5 အိုခါလဒဲသတို့သမီး၊ တိတ်ဆိတ်စွာ
ထိုင်လော့။ မိုက်ရာသို့ သွားလော့။ သင့်ကို နိုင်ငံတို့၏ အရှင်မ ဟူ၍ နောက်တဖန် မခေါ်ရ။ 6 ငါသည် ငါ၏လူတို့ကို အမျက်ထွက်သော
ကြောင့်၊ ငါ၏ အမွေကို ရှုတ်ချ၍ သင့်လက်သို့ အပ်လိုက် ၏။ သင်သည် သနားသော စိတ်မရှိ။ အသက်ကြီးသူတို့ အပေါ်မှာ လေးသော
ထမ်းဘိုးကို တင်လေပြီ။ 7 သင်ကလည်း၊ ငါသည် အရှင်မ၏အရာ၌ အစဉ် အမြဲနေမည်ဟု ထင်သောကြောင့်၊ ဤအမှုအရာတို့ကို
မဆင်ခြင်။ သင်၌ နောက်ဆုံးဖြစ်လတံ့သော အမှုကို မအောက်မေ့။ 8 ထိုကြောင့်၊ ကာမဂုဏ်၌ ပျော်မွေ့၍၊ သောက
ကင်းလွတ်လျက်နေသော သူ၊ ငါရှိ၏။ ငါမှတပါး အဘယ် သူမျှမရှိ။ ငါသည် မုတ်ဆိုးမကဲ့သို့ ထိုင်၍ မနေရ။ သား ဆုံးခြင်းကို
ငါမခံရဟု အောက်မေ့သောသူ၊ နားထောင် လော့။ 9 သင်သည် ပြုစားသော အတတ်နှင့် နတ်ဝိဇ္ဇာ အတတ်များတို့ကို
အလွန်ပြုစုသော်လည်း၊ တနေ့တခဏ ခြင်းတွင် သားဆုံးခြင်းနှင့် လင်ဆုံးခြင်းတည်းဟူသော ဘေးနှစ်ပါးတို့သည် သင်၌
ရောက်လိမ့်မည်။ သင်၏ အပေါ်၌ အကုန်အစင် သင့်ရောက်လိမ့်မည်။ 10 သင်သည် ကိုယ်ပြုသော အဓမ္မအမှုကို ကိုးစား ပြီ။ ငါ့ကို
အဘယ်သူမျှ မမြင်ဟု ဆိုပြီ။ သင့်ဉာဏ်နှင့် သင့်ပညာအတတ်သည်၊ သင်၏စိတ်ကို မှောက်လှန်သည် ဖြစ်၍၊ သင်က ငါရှိ၏၊
ငါမှတပါး အဘယ်သူမျှမရှိဟု အောက်မေ့ပြီ။ 11 ထို့ကြောင့်၊ အဆုံးမထင်သော ဘေးဥပဒ်သည် သင်၏အပေါ်မှာ ရောက်လိမ့်မည်။
သင်သည် မဖြေနိုင် သော အပြစ်ဒဏ်နှင့်၎င်း၊ မမြော်လင့်နိုင်အောင် ချက် ခြင်း ဖျက်ဆီးခြင်းနှင့်၎င်း တွေ့ကြုံရလိမ့်မည်။ 12 သင်သည်
ငယ်သော အရွယ်မှစ၍၊ ကြိုးစား အားထုတ်သော နတ်ဝိဇ္ဇာအတတ်နှင့်၊ ပြုစားသော အတတ်အမျိုးမျိုးတို့ကို အမှီပြု၍ တည်နေလော့။
အကျိုး ကို ရကောင်းလျှင် ရလိမ့်မည်။ နိုင်ကောင်းလျှင် နိုင်လိမ့် မည်။ 13 သင်သည် များပြားသော တိုင်ပင်ခြင်းအားဖြင့် ပင်ပန်းလှပြီ။
မိုဃ်းကောင်းကင်ကို ကြည့်ရှုသော သူ၊ ကြယ်နက္ခတ်တို့ကို မှတ်သောသူ၊ သင်၌ဖြစ်လတံ့သော အမှုကို၊ လ၏အခြင်းအရာအားဖြင့်
ဟောတတ်သော သူတို့သည် ထ၍ သင့်ကို ယခု ကယ်တင်ကြစေ။ 14 သူတို့သည် အမှိုက်ကဲ့သို့ဖြစ်၍ မီးရှို့ခြင်းကို ခံရကြလိမ့်မည်။
မီးအရှိန်မှ မိမိတို့ကို မကယ်မနှုတ်ရကြ။ နွေးစရာဘို့ မီးတခဲမျှ၊ လှုံစရာဘို့ မီးအလျှင်းမျှ မကျန်ရစ် ရ။ 15 သင်နှင့် ဝိုင်းညီ၍
အမှုဆောင်ရွက်သော သူ၊ သင်ငယ်သော အရွယ်မှစ၍ သင်နှင့် ဖောက်ကားရောင်း ဝယ်သောသူတို့သည် သင်၌ ထိုသို့ ဖြစ်ကြ၍၊
ကိုယ်စီ ကိုယ်စီ မိမိနေရာအရပ်သို့ လွဲသွားသဖြင့်၊ သင့်ကို ကယ်တင်သောသူတစုံတယောက်မျှ မရှိရ။


generated on Tue Jul 2 12:50:28 2024

## Chapter 48

1 အို ယာကုပ်အမျိုး၊ ဣသရေလဟူ၍ သမုတ်ခြင်း ကို ခံသောသူ၊ ယုဒစမ်းရေတွင်းမှ ထွက်စီးသောသူ၊ ထာဝရဘုရား၏
နာမတော်အားဖြင့် ကျိန်ဆိုသောသူ၊ သစ္စာမရှိ၊ တရားနှင့်မညီဘဲ ဣသရေလအမျိုး၏ ဘုရား သခင်ကို ချီးမွမ်းသောသူ၊ 2
သန့်ရှင်းသော မြို့တော်အလိုက်၊ ကိုယ်ကိုကိုယ် သမုတ်သောသူ၊ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရ ဘုရားတည်းဟူသော
ဘွဲ့နာမရှိသော ဣသရေလအမျိုး ၏ ဘုရားသခင်ကို မှီခိုသော သူတို့၊ နားထောင်ကြလော့။ 3 ဖြစ်ဘူးသောအရာတို့ကို အထက်က
သင်တို့ အား ငါဟောလေပြီ။ ထိုအရာတို့သည် ငါ့နှုတ်မှထွက်၍ ထင်ရှားကြပြီ။ ချက်ခြင်း ငါပြုသောကြောင့် ဖြစ်ကြပြီ။ 4 သင်သည်
ခိုင်မာသော သဘော၊ သံချောင်း လည်ပင်း၊ ကြေးဝါနဖူးနှင့် ပြည့်စုံသည်ကို ငါသိသော ကြောင့်၊ 5 အထက်က သင့်အား ငါဟောပြီ။
အမှုမဖြစ်မှီ ငါဘော်ပြပြီ။ သို့ဖြစ်၍ သင်က ၊ ငါ၏ရုပ်တုသည် ဤအမှု ကို ပြုပြီ။ ငါထုသော ရုပ်တု၊ ငါသွန်းသော ရုပ်တုသည်
ဤအမှုကို စီရင်ပြီဟု ပြောရသော အခွင့်မရှိ။ 6 သင်သည် အရင်ကြားရပြီ။ ဤအမှုအလုံးစုံတို့ ကို ကြည့်ရှုလော့။ သူတပါးတို့အား
မကြားမပြောဘဲ နေမည်လော။ ယခုမှစ၍ အသစ်သောအရာ၊ ဝှက်ထား သောအရာ၊ သင်မသိသေးသော အရာတို့ကို ငါဘော်ပြ ၏။ 7
ထိုအရာတို့ကို ယခုပင် ဖန်ဆင်း၏။ အထက်က ဖန်ဆင်းသည်မဟုတ်။ ယနေ့တိုင်အောင် သင်သည် မကြားစဖူး။ သို့ဖြစ်၍ သင်က ၊
ငါသိနှင့်ပြီဟု ပြောရသော အခွင့်မရှိ။ 8 အကယ်စင်စစ် သင်သည် မကြားမသိစဖူး။ သင်၏ နားသည် အထက်က မပွင့်။
အကြောင်းမူကား၊ သင်သည် သစ္စာပျက်လိမ့်မည်။ ဘွားစကပင် သင့်ကို သူပုန်ဟူ၍ သမုတ်ရလိမ့်မည်ကို ငါသိ၏။ 9 သို့သော်လည်း၊
သင့်ကို ရှင်းရှင်း မပယ်မဖြတ် ခြင်းငှါ၊ ငါသည် ကိုယ်နာမအတွက် ကိုယ်အမျက်ကို ချုပ် တည်းမည်။ ကိုယ်ဂုဏ်အသရေအတွက်
သင်၏အမှု၌ ငါသည်းခံမည်။ 10 ငါသည် သင့်ကို စစ်ခဲ့ပြီ။ သို့သော်လည်း၊ ငွေကို စစ်သကဲ့သို့မဟုတ်၊ ဒုက္ခမီးဖို၌ သင့်ကို စုံစမ်းခဲ့ပြီ။ 11
ကိုယ်အတွက် ငါပြုဦးမည်။ ငါ့နာမသည် ရှုပ်ချခြင်းကို အဘယ်ကြောင့် ခံရမည်နည်း။ ငါ့ဂုဏ် အသရေကို သတပါးအား ငါမပေး။ 12
အိုယာကုပ်၊ ငါခေါ်သော ဣသရေလ၊ ငါ့စကား ကို နားထောင်လော့။ ငါသည် ဘုရားဖြစ်၏။ ငါသည် အဦးဆုံးသောသူ၊
နောက်ဆုံးသောသူ ဖြစ်၏။ 13 အကယ်စင်စစ် ငါ့လက်သည် မြေကြီးကို တည် လေပြီ။ ငါ့လက်ျာလက်သည် မိုဃ်းကောင်းကင်ကို
ကြက် လေပြီ။ ငါခေါ်၍ သူတို့သည် ချက်ခြင်း ပေါ်လာကြ၏။ 14 ရှိသမျှသော သင်တို့၊ စည်းဝေး၍ နားထောင် ကြလော့။
ဤအမှုအရာတို့ကို သင်တို့တွင် အဘယ်သူ သည် ရှေးမဆွက ဟောနှင့်သနည်း။ ထာဝရဘုရား ချစ် တော်မူသော သူသည်
ဗာဗုလုန်မြို့၌ အလိုတော်ကို ပြည့်စုံ စေမည်။ သူ၏ လက်သည်လည်း၊ ခါလဒဲလူတို့အပေါ်သို့ ရောက်လိမ့်မည်။ 15 ငါ့ကိုယ်တိုင်
အမိန့်တော်ရှိပြီ။ အကယ်စင်စစ် သူ့ကို ငါခေါ်ပြီ။ ငါဆောင်ခဲ့ပြီ။ သူသွားသောလမ်း၌ မင်္ဂလာရှိရလိမ့်မည်။ 16 ငါ့ထံသို့ ချဉ်းကပ်၍
ဤစကားကို နားထောင်ကြ လော့။ ရှေ့ဦးစွာမှစ၍ တိတ်ဆိတ်စွာ မဟော။ အမှု ဖြစ်စကာလ၌ ငါရှိ၏။ ယခုတွင် အရှင်ထာဝရဘုရားနှင့်
ဝိညာဉ်တော်သည် ငါ့ကို စေလွှတ်တော်မူ၏။ 17 သင့်ကို ရွေးနှုတ်သောသူ၊ ဣသရေလအမျိုး၏ သန့်ရှင်းသော အရှင်ထာဝရဘုရား
မိန့်တော်မူသည်ကား၊ ငါသည် သင်၏အကျိုးနှင့်ယှဉ်သော အရာကို သွန်သင်၍၊ သင်သွားအပ်သော လမ်းဖြင့် ပို့ဆောင်သော သင်၏
ဘုရားသခင်ထာဝရဘုရား ဖြစ်၏။ 18 သင်သည် ငါ၏ပညတ်တို့ကို စောင့်ရှောက်ပါ စေသော။ သို့ပြုလျှင်၊ သင်၏ချမ်းသာသည်
မြစ်ကဲ့သို့၎င်း၊ သင်၏ဖြောင့်မတ်ခြင်းပါရမီသည် သမုဒ္ဒရာလှိုင်းတံပိုး ကဲ့သို့၎င်း ဖြစ်ရလိမ့်မည်။ 19 သင်၏ အမျိုးအနွယ်သည်
သဲလုံးကဲ့သို့၎င်း၊ သင်၏သားမြေးတို့သည်၊ သမုဒ္ဒရာကျောက်စရစ်ကဲ့သို့ ၎င်း ဖြစ်ရကြလိမ့်မည်။ သင်၏နာမသည် ငါ့ရှေ့မှာ မပြတ်၊
မပျက်မစီးရ။ 20 ဗာဗုလုန်မြို့ထဲက ထွက်ကြလော့။ ရွှင်လန်းစွာ သီချင်းသံနှင့် ခါလဒဲလူတို့နေရာမှ ပြေးကြလော့။
ဤသိတင်းစကားကို မြေကြီးစွန်းတိုင်အောင် ပြန်ပြော မြွက်ဆို၍ အသံကို လွှင့်ကြလော့။ ထာဝရဘုရားသည် မိမိကျွန်ယာကုပ်ကို
ရွေးနှုတ်တော်မူပြီဟု ပြောဆိုကြ လော့။ 21 သူတို့သည် တောလမ်းဖြင့် ဆောင်သွားတော်မူ ခြင်းကို ခံသောအခါ ရေမငတ်ကြ။
သူတို့အဘို့ ကျောက် ထဲက ရေကို စီးစေတော်မူ၏။ ကျောက်ခဲကိုပင် ခွဲတော်မူ သဖြင့်၊ ရေသည် စီးထွက်လေ၏။ 22 မတရားသော
သူတို့၌ ချမ်းသာမရှိဟု ထာဝရ ဘုရားမိန့်တော်မူ၏။


generated on Tue Jul 2 12:50:28 2024

# Chapter 49

1 တကျွန်းတနိုင်ငံအရပ်တို့၊ ငါ့စကားကို ကြားကြ လော့။ ဝေးစွာသော လူမျိုးတို့၊ စေ့စေ့နားထောင်ကြလော့။ ငါဘွားစကပင်
ထာဝရဘုရားသည် ငါ့ကို ခေါ်တော်မူ ၏။ အမိဝမ်းထဲမှစ၍ ငါ၏နာမကို မှတ်တော်မူ၏။ 2 ငါ့နှုတ်ကို ထက်သော ထားကဲ့သို့ ဖြစ်စေ၍၊
လက်တော်အရိပ်၌ ဖုံးထားတော်မူ၏။ ငါ့ကိုလည်း ဦးသစ် သော စည်းသွားဖြစ်စေ၍၊ မိမိမြားထောင့်ထဲမှာ ဝှက်ထားတော်မူ၏။ 3
အိုဣသရေလ၊ သင်သည် ငါ၏ ကျွန်ဖြစ်၏။ သင့်အားဖြင့် ငါ့ဘုန်းသည် ထင်ရှားလိမ့်မည်ဟု ငါ့အား မိန့်တော်မူပြီ။ 4 ငါကလည်း၊
အကျိုးမရှိဘဲ ငါလုပ်ဆောင်ရပြီ။ အချည်းနှီးသက်သက် ငါ့ခွန်အားကုန်ရပြီ။ သို့သော်လည်း၊ ငါ့အမှုသည်
ထာဝရဘုရားရှေ့တော်၌ရှိ၏။ ငါခံရသော အခလည်း ငါ၏ဘုရားသခင်လက်တော်၌ရှိသည်ဟု ဆို၏။ 5 ငါသည်
ထာဝရဘုရားရှေ့တော်၌ အသရေ ထင်ရှား၍၊ ငါ၏ဘုရားသခင်သည် ငါ့ကို ခိုင်ခံ့စေတော် မူသည်အကြောင်းနှင့်တကွ၊
ဣသရေလအမျိုးသည် အထံ တော်၌ စုဝေးစေခြင်းကို မခံသော်လည်း၊ ငါသည် ယာကုပ်အမျိုးကို အထံတော်သို့ တဖန်
ဆောင်ခဲ့ရသော ကျွန်ဖြစ်စေမည်အကြောင်း၊ ငါ့ကို အမိဝမ်းထဲမှစ၍ ဖန်ဆင်းတော်မူသော ထာဝရဘုရား မိန့်တော်မူသည် ကား၊ 6
သင်သည် ယာကုပ်၏ အမျိုးအနွယ်တို့ကို ချီးမြှောက်ခြင်း၊ ဘေးလွတ်သော ဣသရေလသားတို့ကို အရင်ကဲ့သို့
ဖြစ်စေခြင်းအလိုငှါသာ၊ ငါ့အမှုကို ဆောင် ရွက်သောအမှုသည် သာမညအမှုဖြစ်၏။ ထိုအမှုမက၊ သင်သည် မြေကြီးစွန်းတိုင်အောင်
ငါ၏ ကယ်တင်ခြင်းကို ပြုစိမ့်သောငှါ၊ သင့်ကို တပါးအမျိုးသားတို့ လင်းစရာဘို့ ငါခန့်ထားသည်ဟု မိန့်တော်မူ၏။ 7
ဣသရေလအမျိုးကို ရွေးနှုတ်တော်မူ၍၊ ထို အမျိုး၏ သန့်ရှင်းသော ထာဝရဘုရားသည်၊ အဘယ်သူ မျှ မနှစ်သက်၊ တပြည်လုံး
ရွံရှာဘွယ်ဖြစ်၍၊ မင်းထံ၌ ကျွန်ခံရသောသူအား မိန့်တော်မူသည်ကား၊ သစ္စာရှိတော် မူသော ထာဝရဘုရား၊ သင့်ကို
ရွေးကောက်တော်မူသော ဣသရေလအမျိုး၏ သန့်ရှင်းသော ဘုရား၏ ကျေးဇူး တော်ကြောင့်၊ ရှင်ဘုရင်တို့သည် မြင်၍
ထကြလိမ့်မည်။ မင်းသားတို့သည်လည်း ကိုးကွယ်ကြလိမ့်မည်။ 8 ထာဝရဘုရား မိန့်တော်မူသည်ကား၊ နှစ်သက် ဘွယ်သော အချိန်၌
သင်၏စကားကို ငါနားထောင်ပြီ။ ကယ်တင်ရာကာလ၌ သင့်ကို မစပြီ။ သင့်ကိုလည်း ငါ စောင့်ရှောက်၍၊ သင်သည် ပြည်တော်ကို
ပြုပြင်လျက်၊ ဆိတ်ညံသော အမွေခံရာအရပ်တို့ကို အမွေပေးစေမည် အကြောင်း၊ 9 ထွက်ကြလော့ဟု ချုပ်ထားသော သူတို့အားငှင်း၊
ပေါ်လာကြလော့ဟု မှောင်မိုက်ထဲမှာ နေသောသူတို့အားငှင်း ပြောစေမည်အကြောင်း၊ လူမျိုးအား ပဋိညာဉ်တရား ကို ပြုစရာဘို့
သင့်ကို ခန့်ထားမည်။ သို့ဖြစ်၍၊ ထိုသူတို့ သည် လမ်းခရီးတို့အနားမှာ စားရ၍၊ မြင့်သော အရပ်ရပ် တို့၌ ကျက်စားရာကို
တွေ့ရကြလိမ့်မည်။ 10 သူတို့သည် ရေစာကို မငတ်မမွတ်ရ။ အပူကို လည်း မခံရကြ။ နေရောင်ခြည်မထိရ။ အကြောင်းမူကား၊ သူတို့ကို
သနားသော သူသည် သူတို့ကို ပို့ဆောင်၍၊ စမ်း ရေတွင်းအနားသို့ လမ်းပြလိမ့်မည်။ 11 ငါ၏တောင်ရှိသမျှတို့ကို သွားရာလမ်းဖြစ်စေ
မည်။ ငါ၏မြေတန်တားများကိုလည်း ငါဖို့မည်။ 12 ကြည့်ရှုလော့။ ဤသူတို့သည် ဝေးသောအရပ်မှ လာကြလိမ့်မည်။ ကြည့်ရှုလော့။
ထိုသူတို့သည် မြောက် မျက်နှာနှင့်အနောက်မျက်နှာမှငှင်း၊ ထိုသူတို့သည်လည်း၊ သိနိမ်ပြည်မှငှင်း လာကြလိမ့်မည်ဟု မိန့်တော်မူ၏။ 13
အို မိုဃ်းကောင်းကင်တို့၊ သီချင်းဆိုကြလော့။ အိုမြေကြီး၊ ဝမ်းမြောက်ခြင်းရှိလော့။ အိုတောင်များတို့၊ ရွှင်လန်းစွာ သီချင်းဆိုကြလော့။
အကြောင်းမူကား၊ ထာဝရဘုရားသည် မိမိလူတို့ကို နှစ်သိမ့်စေတော်မူ၏။ ဆင်းရဲခံရသော မိမိလူတို့ကို ကယ်မသနားတော်မူ၏။ 14
ဇိအုန်ကလည်း၊ ထာဝရဘုရားသည် ငါ့ကို စွန့် ပစ်တော်မူပြီ။ ဘုရားရှင်သည် ငါ့ကို မေ့လျော့တော်မူပြီဟု ဆိုလေသော်၊ 15 မိန်းမသည်
မိမိဘွားသော သားကို မသနား သည်တိုင်အောင်၊ မိမိနို့စို့သူငယ်ကို မေ့လျော့နိုင်သလော။ အကယ်၍ မေ့လျော့သော်လည်း၊ သင့်ကို
ငါမမေ့လျော့။ 16 ငါသည် ကိုယ်လက်ဝါး၌ သင့်ကို စာထိုးပြီ။ သင်၏ မြို့ရိုးသည် ငါ့ရှေ့မှာ အစဉ်ရှိ၏။ 17 သင်၏သားသမီးတို့သည်
အလျင်အမြန်ပြုကြ လိမ့်မည်။ သင့်ကို လုယူဖျက်ဆီးသော သူတို့သည် သင့်ထံ မှ ထွက်သွားကြလိမ့်မည်။ 18 အရပ်ရပ်သို့
မျှော်ကြည့်လော့။ ဤသူအပေါင်း တို့သည် စုဝေး၍ သင့်ထံသို့ လာကြ၏။ ထာဝရဘုရား မိန့်တော်မူသည်ကား၊ ငါအသက်
ရှင်သည်ဖြစ်၍၊ သင် သည် တင့်တယ်သော အဝတ်ကို ဝတ်သကဲ့သို့၊ ဤသူ အပေါင်းတို့ကို ဝတ်လိမ့်မည်။ မင်္ဂလာဆောင် သတို့သမီး
ပြုသည် နည်းတူတန်ဆာဆင်လိမ့်မည်။ 19 သင်၌ သုတ်သင်ပယ်ရှင်းသော အရပ်၊ ပျက်စီး သော ပြည်သည် နေသူများသောကြောင့်
ကျဉ်းကြလိမ့် မည်။ သင့်ကို ကိုက်စားသော သူတို့သည်လည်း ဝေးကြ လိမ့်မည်။ 20 သင်၏သားများဆုံးပြီးမှ၊ တဖန်ရပြန်သော
သားတို့က၊ နေရာမလောက်ပါ။ နေစရာ အရပ်ကို ပေးပါ ဟု သင့်အား တောင်းကြလေဦးမည်။ 21 သင်ကလည်း၊ ဤသူတို့ကို ငါ့အား
အဘယ်သူ ဖြစ်ဘွားစေသနည်း။ ငါသည် သားဆုံးသောသူ၊ ဆိတ်ညံ လျက်နေရသောသူ၊ နှင်ထုတ်ခြင်းကို ခံရသဖြင့်၊ အဝေးသို့
လည်ရသောသူဖြစ်၍၊ ဤသူတို့ကို အဘယ်သူ မွေးစား သနည်း။ ငါသည် တယောက်တည်း နေရသည်ဖြစ်၍၊ ဤသူတို့သည်
အဘယ်မှာ ရှိကြသနည်းဟု အောက်မေ့ လိမ့်မည်။ 22 အရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ ကြည့်ရှုလော့။ ငါသည်
အတိုင်းတိုင်းအပြည်ပြည်၌နေ သော လူမျိုးတို့အား လက်ကို ချီ၍ အလံကို ထူသဖြင့်၊ သူတို့သည် သင်၏သားသမီးတို့ကို လက်နှင့်
ပွေ့လျက်၊ ပခုံးပေါ်မှာ ထမ်းလျက်ဆောင်ခဲ့ကြလိမ့်မည်။ 23 ရှင်ဘုရင်တို့သည် သင်၏ ဘထွေး၊ မိဖုရားတို့ သည် သင့်ကို မွေးစားသော
အမိဖြစ်ကြလိမ့်မည်။ သင့် ရှေ့မှာ ဦးညွှတ်ပြပ်ဝပ်၍၊ သင်၏ခြေ၌ မြေမှုန့်ကို လျက် ကြလိမ့်မည်။ ငါသည်
ထာဝရဘုရားဖြစ်ကြောင်းကိုငှင်း၊ ငါ့ကို မြော်လင့်သောသူတို့သည် ရှက်ကြောက်ခြင်းမရှိ ကြောင်းကိုငှင်း သင်သိလိမ့်မည်။ 24
လုယူရာဥစ္စာကို အားကြီးသော သူ၏ လက်မှ ယူရမည်လော။ တရားသော သူသိမ်းသွားသော လူတို့ကို နှုတ်ရမည်လော။ 25
ထာဝရဘုရားမိန့်တော်မူသည်ကား၊ အကယ်စင် စစ်အားကြီးသောသူ သိမ်းသွားသော လူတို့ကို ယူရမည်။ ကြောက်မက်ဘွယ်သောသူ


generated on Tue Jul 2 12:50:28 2024

လုယူရာဥစ္စာကို နှုတ်ရလိမ့် မည်။ အကြောင်းမူကား၊ သင်နှင့် ရန်တွေ့သော သူကို ငါသည် ရန်တွေ့၍၊ သင်၏သားတို့ကို
ကယ်တင်မည်။ 26 သင့်ကို ညှဉ်းဆဲသော သူတို့ကို သူတို့၏အသား နှင့် ငါကျွေးမည်။ ချိုသော စပျစ်ရည်ကို သောက်သကဲ့သို့၊
သူတို့သည် မိမိအသွေးကိုဝစွာ သောက်ရကြမည်။ သို့ဖြစ်၍၊ ငါထာဝရဘုရားသည် သင့်ကို ကယ်တင်သော အရှင်၊ သင့်ကို
ရွေးနှုတ်သောသခင်၊ ယာကုပ်အမျိုး၌ တန်ခိုးကြီးသော ဘုရားဖြစ်ကြောင်းကို လူအပေါင်းတို့ သည် သိရကြလိမ့်မည်ဟု မိန့်တော်မူ၏။


generated on Tue Jul 2 12:50:28 2024

## Chapter 50

1 ထာဝရဘုရားမိန့်တော်မူသည်ကား၊ ငါလွှတ် လိုက်သော သင်တို့အမိ၏ ဖြတ်စာသည် အဘယ်မှာ ရှိသနည်း။ ငါ၌ကြွေးရှိ၍
အဘယ်မည်သော ကြွေးရှင်ထံ ၌ သင်တို့ကို ငါရောင်းသနည်း။ သင်တို့သည် ကိုယ်ပြု သော ဒုစရိုက်အတွက် ကျွန်ခံရကြ၏။
သင်တို့အပြစ် ကြောင့်၊ သင်တို့အမိကို ငါလွှတ်လိုက်၏။ 2 ငါလာသောအခါ အဘယ်ကြောင့် လူမရှိသ နည်း။ ငါခေါ်သောအခါ
အဘယ်ကြောင့် မထူးသနည်း။ ငါသည် မရွေးမနှုတ်နိုင်အောင် လက်တိုသလော။ ကယ် ချွတ်နိုင်သော တန်ခိုးမရှိသလော။
ကြည့်ရှုလော့။ ငါဆုံးမ သဖြင့် ပင်လယ်ရေသည် ခန်းခြောက်၏။ မြစ်တို့ကို လွင်ပြင်ဖြစ်စေ၏။ ရေမရှိသောကြောင့် ငါးတို့သည်
နံကြ၏။ ရေငတ်၍ သေကြ၏။ 3 ငါသည် မိုယ်းကောင်းကင်ကို နက်သော အဝတ် ဝတ်စေ၍၊ လျှော်တေအဝတ်နှင့် ခြုံ၏။ 4 ငါသည်
ပင်ပန်းသော သူအား မစခြင်းငှါ စကားပြောတတ်မည်အကြောင်း၊ အရှင်ထာဝရဘုရား သည် လူတတ်၏ နှုတ်သတ္တိကို
ငါ့အားပေးတော်မူပြီ။ နံနက်အစဉ်အတိုင်း ငါ့ကို နှိုးတော်မူ၏။ စာသင်သော သူကဲ့သို့ နားထောင်စေမည်အကြောင်း ငါ့နားကို နှိုးဆော်
တော်မူ၏။ 5 အရှင်ထာဝရဘုရားသည် ငါ့နားကို ဖွင့်တော်မူ ၍၊ ငါလည်း မငြင်းမဆန်၊ နောက်သို့မဆုတ်၊ 6 ရိုက်သော သူတို့အား
ငါ့ကျောကိုငှင်း၊ နားပန်း ဆံကို နှုတ်သောသူတို့အား၊ ငါ့ပါးကိုငှင်း ငါအပ်၏။ အရှက်ခွဲခြင်းနှင့် တံထွေးထွေးခြင်းမှ ငါသည် ကိုယ်မျက်
နှာကိုမလွှဲ။ 7 အရှင်ထာဝရဘုရားသည် ငါ့ကို စောင့်မတော်မူ လိမ့်မည်။ ထို့ကြောင့်၊ ငါမရှုံးရသည်ဖြစ်၍၊ ကိုယ်မျက်နှာ ကို
မီးကျောက်ကဲ့သို့ ထားလျက်၊ ရှက်ကြောက်ခြင်းသို့ မရောက်ရဟု ငါသိ၏။ 8 ငါ့ကို အပြစ်လွှတ်သော သူသည် အနီးမှာရှိ၏။
အဘယ်သူသည် ငါနှင့်တရားတွေ့မည်နည်း။ ပြိုင်၍ နေကြကုန်အံ့။ အဘယ်သူသည် ငါနှင့်ရန်ဘက်ပြုမည် နည်း။ ထိုသူသည်
ချဉ်းကပ်စေ။ 9 ကြည့်ရှုလော့။ အရှင်ထာဝရဘုရားသည် ငါ့ကို စောင့်မတော်မူမည်။ အဘယ်သူသည် ငါ့ကို တရားရှုံးစေ မည်နည်း။
ထိုသို့သော သူအပေါင်းတို့သည် အဝတ်ကဲ့သို့ ဟောင်းနွမ်းခြင်းသို့ ရောက်ကြလိမ့်မည်။ ပိုးကိုက်စားခြင်း ကိုလည်း ခံရကြလိမ့်မည်။ 10
သင်တို့တွင် အဘယ်သူသည် ထာဝရဘုရားကို ကြောက်ရွံ့သနည်း။ ထိုသူသည် ကိုယ်တော်ကျွန်၏ စကားသံကို နားထောင်ပါစေ။
အဘယ်သူသည် အလင်း မရှိဘဲ မှောင်မိုက်၌သွားလာသနည်း။ ထိုသူသည် ထာဝရ ဘုရား၏ နာမတော်ကို ခိုလှုံ၍၊ မိမိဘုရားသခင်ကို
အမှီ ပြုပါစေ။ 11 မီးကိုညှိ၍ မိမိတို့ကို မီးပွားတို့နှင့် ဝန်းရံစေသော သူအပေါင်းတို့၊ သင်တို့မီး၏အလင်း၌၎င်း၊ သင်တို့ ပြုစု သော
မီးစများ၌၎င်း သွားလာကြလော့။ ငါ့လက်၌ ခံရ သော အကျိုးဟူမူကား၊ သင်တို့သည် ဝမ်းနည်းလျက် အိပ်ရကြလိမ့်မည်။

---

---

### Isaiah 01

ငါလွှတ်လိုက်သော သင်တို့အမိ၏ ---- ရှိသနည်း

ထာဝရဘုရားသည် ဇိအုန်မြို့ကို ရည်မှတ်၍ ပြောဆိုထားသည်။ ထိုမြို့၌ နေထိုင်ကြသော လူများကို မိခင်ဇိအုန်၏ သားသမီးများကဲ့သို့ ပြောဆိုထားသည်။ ဘုရားသခင်သည် မိခင်ကို ကွာရှင်းလိုက်၍ သားသမီးများကို ရန်သူလက်ထဲသို့အပ်၍ တစ်ကျွန်းတစ်နိုင်ငံသို့ ပို့လိုက်သည်။ (ရှု၊ |Metaphor)

ငါ၌ ကြွေးရှိ၍ ---- ရောင်းသနည်း

ပြည်နှင်'ဏ်ဖြင့် ဖမ်းဆီးချုပ်နှောင်၍ ခေါ်သွားခြင်း ခံရသောလူများကို အကြွေးဖြင့်ရောင်းသဲ့သို့ ပြောဆိုထားသည်။ (ရှု၊ |Metaphor)

သင်တို့သည် ကိုယ်ပြုသော ---- ငါလွှတ်လိုက်၏

ထာဝရဘုရားသည် ထိုလူများကို ရောင်းလိုက်ခြင်း၊ သူ့မိခင်ကို ကွာရှင်းလိုက်ခြင်းသည် သူတို့၏ အပြစ်ဒုစရိုက်များကြောင့် ဖြစ်သည်ဟူ၍ ခိုင်လုံသောအကြောင်းအရာ ဖြင့်ဖော်ပြပေးသည်။ (အခြားသောဘာသာပြန်ဆိုချက်) 'သင်တို့၏အပြစ်ကြောင့် ရောင်းလိုက်၍ သင်တို့၏ ပုန်ကန်မှုကြောင့် သင်တို့အမိကို ကွာရှင်းလိုက်သည်။ (ရှု၊ |Metaphor)

### Isaiah 02

ယေဘုယျအချက်အလက်

ထဝရဘုရားသည် ဇိအုန်မြို့ကို သတို့သမီးကဲ့သို့ ဆက်လက်ပြောဆိုသည်။

ငါလာသောအခါ ------ မထူသနည်း။

ဤစာကြောင်းနှစ်ခု၏ အခြေခံသဘောတရား တူညီသည်။ ဣသရေလလူများသည် ဖမ်းဆီးချုပ်နှောင်ပြီး ခေါ်ဆောင်သွားခြင်း ခံရသောအခါ ဘုရားသခင်ကို မတုန့်ပြန်၍ဖြစ်ကြောင်းနှင့် ဘုရားသခင်သည် သူတို့ကို မကယ်နုတ်လိုသောကြောင့် မဟုတ်ပေ။

ငါသည် မရွေးမနှုတ် ---- မရှိသလော

ထာဝရဘုရားသည် သူတို့ကို မကယ်မနှုတ်နိုင်အောင် တန်ခိုးအစွမ်းမရှိသလောဟူ၍ ပြစ်တင်ပြောဆိုထားသည်။ (အခြားသောဘာသာပြန်ဆိုချက်) "ဖမ်းဆီးချုပ်နှောင်သွားသော သင်တို့ကို ပြန်လည်ကယ်နှုတ်ဖို့ ငါ၏လက်သည် အလွန်တိုသလော" (သို့ ) "သင်တို့၏ ရန်သူများလက်မှကယ်နှုတ်ရန် ငါ့တန်ခိုး အစွမ်းမရှိသလော။" (ရှု၊ )


generated on Tue Jul 2 12:50:28 2024

လက်တိုသလော
ထာဝရဘုရား၏ တန်ခိုးတော်ကို ရည်ညွှန်းသည်။ ထာဝရဘုရား၏ တန်ခိုးတော်သည် လက်တိုသကဲ့သို့ မတတ်စွမ်းနိုင်ကြောင်း ရေးသားထားသည်။

တန်ခိုးမရှိသလော
"ငါ၌ တန်ခိုးအစွမ်းမရှိသလော"

မြစ်တို့ကို လွင်ပြင်ဖြစ်စေ၍
ထာဝရဘုရားသည် မြစ်များကိုပင် ဝမ်းမြောက်စေ၍ ကန္တာရဖြစ်စေနိုင်ကြောင်း ပြောဆိုထားသည်။ (အခြားသောဘာသာပြန်ဆိုချက်)"မြက်များ ပင်ခမ်းခြောက်၍ ကန္တာရဖြစ်အောင် ငါလုပ်ဆောင်သည်။"

ရေမရှိသောကြောင့် ---- သေကြ၏
ရေနည်းတောင် ငါးများသည် သေကြေ၍ ပုပ်စော်နံလျက်ရှိသည်။ မြစ်များနှင့် ပင်လယ်များကို ရည်ညွှန်းသည်။

ငါသည် မိုးကောင်းကင်---- ခြုံ၍
ဤစာပိုဒ်နှစ်ကြောင်း၏ အဓိပ္ပာယ် အခြေခံသဘော တရားတူညီသည်။ ထာဝရဘုရားသည် မိုးကောင်းကင်ကို အဝတ်စဖြင့် ဖုံးအုပ်လိုက်သကဲ့သို့ မှောင်မိုက်သွားစေမည်ဟူ၍ ပြောဆိုထားသည်။

Isaiah 04

ယေဘုယျအချက်အလက်
ထာဝရဘုရား၏ ကျွန်ပြောဆိုထားသည်။

စကားပြောတတ်မည်အကြောင်း ---ငါ့အားပေးတော်မူပြီ
"နှုတ်သတ္တိ"ဟူသော စကားလုံးသည် ဟေရှာယပြောသော အရာများကို ရည်ညွှန်းသည်။ ဖြစ်နိုင်ချေ အဓိပ္ပာယ်

ငါ့နားကို နှိုးဆော်တော်မူ၏
ထာဝရဘုရားပြောသော စကားများကို ကြားနိုင်အောင် သူ၏နားကို အလင်းဖွင့်ပေးတော်မူ၏။ (အခြားသော ဘာသာပြန်ဆိုချက်) "သူပြောသောစကားကို ကြားနိုင်အောင် ငါ့အားသင်ကြားပေးတော်မူ၏"

စာသင်သောသူကဲ့သို့
ထာဝရဘုရားသည် သူ၏ကျွန်အား ဆရာနှင့် တပည့်စာသင်ကြားသကဲ့သို့ နှိုင်းယှဉ်ဖော်ပြထားသည်။ ဆရာ၏ သင်ကြားပေးခြင်းကို ခံယူသော တပည့်တစ်ဦးကဲ့သို့

Isaiah 05

ယေဘုယျ အချက်အလက်
ထာဝရဘုရား၏ ကျွန် ဆက်လက် ပြောဆိုသည်။

အရှင်ထာဝရဘုရား ----- ဖွင့်တော်မူ၍
ထာဝရဘုရား ပြောသောစကားကို နားလည်သဘောပေါက်စေအောင် ဖွင့်ပေးသော အကြားအာရုံကို ဆိုလိုသည်။

ငါလည်းမငြင်းမဆန်၊ နောက်သို့မဆုတ်
ထာဝရဘုရားပြောသော စကားများကို လိုက်လျှောက်ခြင်းနှင့် ငြင်းဆန်ခြင်းမရှိပေ။

ရိုက်သော သူတို့အား ---- ငါအပ်၏
ငါ့ကို ရိုက်သောသူဥ္ မုတ်ဆိတ်မွေးကို ဆွဲနှုတ်သောသူများကို ငါအခွင့်ပေး၏။

အရှက်ခွဲခြင်းနှင့် မလွှဲ
(အခြားသော ဘာသာပြန်ဆိုချက်)
"ငါ့ကိုလှောင်ပြောင်ပြက်ရယ်ပြု၍ တံတွေးဖြင့် ထွေးကြသော်လည်း ငါသည် ပြန်လည် ခုခံတွန်းလှန်ခြင်းမပြုပါ။"

Isaiah 07

ယေဘုယျ အချက်အလက်
ထာဝရဘုရား၏ ကျွန်ကို ဆက်လက် ပြောဆိုသည်။

ထိုကြောင့် ငါမရှုံးရ
ဘုရားသခင်၏ ကျွန်သည် မတရားနှိပ်စက်ခံရသော်လည်း စိတ်ပျက်ခြင်းမရှိဘဲ ထာဝရဘုရား၏ စကားကို လိုက်နာခဲ့သည်။ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် "ထို့ကြောင့် ငါသည်ရှက်ကြောက်ခြင်း မရှိ။"

ရှက်ကြောက်ခြင်းသို့ မရောက်ရဟု ငါသိ၏
ထာဝရဘုရား၏ ကျွန်၏ မျက်နှာသည်"မီးကျောက်"ကဲ့သို့ မာကြော၍ ရှက်ကြောက်ခြင်းများကို အံတုနိုင်သည်။

ရှက်ကြောက်ခြင်းသို့ မရောက်ရဟု ငါသိ၏
ထာဝရဘုရား၏ ကျွန်သည် ဘုရားသခင်ခေါ်သည့် နောက်သို့ ယုံကြည်စိတ်ချစွာဖြင့် လိုက်လျှောက်သည်။ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်) "ရန်သူများသည် အကျွန်ုပ်ကို အရှက်ကွဲခြင်း မပြုလုပ်နိုင်ကြောင်း ကျွန်ုပ်ယုံကြည်သည်၊"

Isaiah 08

ယေဘုယျအချက်အလက်
ထာဝရဘုရား၏ ကျွန် ဆက်လက်၍ ပြောဆိုသည်။

အဘယ်သူသည် ---- ပြိုင်၍ နေကြကုန်အံ့
ဘုရားသခင်၏ အစေခံသောသူသည် အဘယ်သူမျှဘုရားကိုစွပ်စွဲ အပြစ်မတင်နိုင်ဟူ၍ မေးခွန်းပုံစံသုံး၍ ရည်ရွယ်ချက် ဖော်ပြထားသည်။


generated on Tue Jul 2 12:50:28 2024

အဘယ်သူသည် ငါ့ကို တရားရှုံးစေမည်နည်း။
အစေခံ သူသည်အဘယ်သူမျှ သူ့ကိုပြစ်တင်၍ မရပါဟူ၍ မေးခွန်းဖြင့်ပြောဆိုထားသည်။

ထိုသို့သော သူအပေါင်းတို့သည်----ခံရကြလိမ့်မည်
သူတို့ပြစ်တင်သော သူအားလုံးသည် ဟောင်းနွမ်းသော အဝတ်ကို ချပိုးများ စားသကဲ့သို့ ပျက်စီးခြင်းကို ခံရလိမ့်မည် ဟူ၍ ပြစ်တင်ပြောဆိုထားသည်။

Isaiah 10

ယေဘုယျအချက်အလက်
ထာဝရဘုရား၏ ကျွန် ဆက်လက်၍ ပြောဆိုသည်။

သင်တို့တွင် ---- အမှီပြုပါစေ
(အခြားသော ဘာသာပြန်ဆိုချက်)"သင်တို့ထဲက တစ်စုံတစ်ဦးသည် ထာဝရဘုရားကိုကြောက်ရွံ့၍ သူ၏စကားကို လိုက်နာစောင့်ရှောက်သော သူသည် နက်နဲမှောင်မိုက်ထု၌ အလင်းမရှိသော်လည်း မကြောက်မရွံ့၊ မိမိဘုရားသခင်ကို ယုံကြည်ကိုးစားသောသူ ဖြစ်သည်။"

ကိုယ်တော်ကျွန်၏ စကားသံကို နားထောင်ပါစေ
ဘုရားသခင်၏ အစေခံကျွန် ပြောသော အကြောင်းအရာများကို နာခံသောသူ

အလင်းမရှိဘဲ
ဆင်းရဲဒုက္ခများ တွေ့ကြုံ၍ အကူအညီမဲ့နေသော သူများသည် အလွန်မှောင်မိုက်သော နေရာ၌ လျှောက်လှမ်းနေသော သူများဟူ၍ ပြောဆိုထားသည်။

ထိုသူသည် ထာဝရဘုရား၏ ---- အမှီပြုပါစေ
ထာဝရဘုရားကို လုံ့လလုံးလျားလျား မှီခို ကိုးစားနေသော သူများကို ရည်ညွှန်းသည်။

Isaiah 11

မီးကိုညှိ၍ ----- သွားလာကြလော့
အမှောင်ထု၌ လျှောက်လှမ်းသော သူများဟူ၍ အထက်ကဖော်ပြပြီး ဖြစ်သည်။ ဤစာပိုဒ်တွင် ဘုရားသခင်ကို မကိုးစားဘဲ မိမိ၏ ဉာဏ်ပညာကို အမှီပြုသောသူများသည် မိမိအလင်းကို ထွန်းညှိ၍ အမှောင်ထဲ၌ သွားလာကြသော သူများကို ပြောဆိုထားသည်။

သင်တို့သည် ဝမ်းနည်းလျက် အိပ်ရကြလိမ့်မည်
"အိပ်ရကြလိမ့်မည်" ဟူသော ဝေါဟာရသည် သေဆုံးရကြလိမ့်မည် ဟူ၍ရည်ညွှန်းထားသည်။ ဝမ်းနည်း၊ နာကျင်စွာဖြင့် တွေ့ကြုံရ၍ သေဆုံးသွားရလိမ့်မည်။ (အခြားသော ဘာသာပြန်ဆိုချက်) "ကြီးစွာသော ဝမ်းနည်းကြေကွဲခြင်းများဖြင့် သေဆုံးရ ကြလိမ့်မည်။" (ရှု၊ and

---

## Translation Questions

Isaiah 50:1

ဇိအုန်က အဘယ်ကြောင့် သူမ၏ အမိကို လွှတ်၍ ရောင်းခဲ့သနည်း။
ကိုယ်ပြုသော ဒုစရိုက်အတွက် ကျွန်ခံရကြ၍ သူမ၏အပြစ်ကြောင့်၊ အမိကိုလွှတ်လိုက်သောကြောင့် ဇိအုန်က ရောင်းခဲ့ခြင်းဖြစ်သည်။

Isaiah 50:2

ထာဝရဘုရား၏ ဆုံးမခြင်းသည် မည်ကဲ့သို့ ဖြစ်ပျက်လာသနည်း။
ထာဝရဘုရား ဆုံးမ သဖြင့် ပင်လယ်ရေသည် ခန်းခြောက်၍ မြစ်တို့ကို လွင်ပြင်ဖြစ်စေသည်။ မိုဃ်းကောင်းကင်ကို နက်သော အဝတ် ဝတ်စေ၍ လျှော်တေအဝတ်နှင့် ခြုံခြင်းဖြစ်လာသည်။

Isaiah 50:4

ထာဝရဘုရားက သူ၏ ကျွန်တို့အား မည်သည့်အရာကို ပေးခဲ့သနည်း။
ထာဝရဘုရားက သူ၏ ကျွန်တို့အား လူတတ်၏ နှုတ်သတ္တိကို ပေးတော်မူသည်။

ထာဝရဘုရားက သူ၏ ကျွန်တို့အားပေးခဲ့သောအရာနှင့် မည်သည့်အရာကို ပြောဆိုခဲ့သနည်း။
ပင်ပန်းသောသူအား မစရန် စကားပြောတတ်ခြင်းကို ပြောဆိုခဲ့သည်။

Isaiah 50:5

သူသည် မငြင်းမဆန်ဘဲ နောက်သို့မဆုတ်သောကြောင့် ထာဝရဘုရား၏ ကျွန်တို့က မည်သည့်အရာကို ပြုလုပ်ခဲ့သနည်း။
ထာဝရဘုရား၏ ကျွန်တို့ကို ရိုက်သော သူတို့အား ကျောကိုငင်း၊ နားပန်း ဆံကို နှုတ်သောသူတို့အား ပါးကိုငင်း ငါအပ်သည်။ အရှက်ခွဲခြင်းနှင့် တံထွေးထွေးခြင်းမှ ငါသည် ကိုယ်မျက်နှာကိုမလွှဲခြင်းကို ပြုလုပ်ခဲ့သည်။

Isaiah 50:7

ထာဝရဘုရား၏ ကျွန်တို့က မရှုံးရဟု အဘယ်ကြောင့် ပြောဆိုခဲ့သနည်း။
ထာဝရဘုရားက သူတို့ကို စောင့်မတော်မူမည်ဖြစ်သောကြောင့် မရှုံးရဟု ပြောဆိုခဲ့သည်။

Isaiah 50:8

ထာဝရဘုရား၏ ကျွန်တို့ကို ရန်ဘက်ပြု၍ သူတို့ကို အပြစ်ရှိကြောင်း ကြွေးကြော်သောသူများသည် မည်သို့ဖြစ်လိမ့်မည်နည်း။

ထာဝရဘုရား၏ ကျွန်တို့ကို ရန်ဘက်ပြု၍ သူတို့ကို အပြစ်ရှိကြောင်း ကြွေးကြော်သောသူများသည် အဝတ်ကဲ့သို့ ဟောင်းနွမ်းခြင်းသို့ ရောက်ကြ၍ ပိုးကိုက်စားခြင်းကိုလည်း ခံရကြလိမ့်မည်။

Isaiah 50:10

ထာဝရဘုရားကို ကြောက်ရွံ့သောသူ၊ သူ့ကျွန်၏ စကားကို နားထောင်သောသူနှင့် အလင်းမရှိဘဲ မှောင်မိုက်၌ သွားလာသောသူများသည် မည်သည့်အရာကို လုပ်သင့်သနည်း။

ထိုသူသည် ထာဝရဘုရား၏ နာမတော်ကို ခိုလှုံ၍၊ မိမိဘုရားသခင်ကို အမှီပြု၍ ကိုးစားသင့်သည်။

Isaiah 50:11

ထာဝရဘုရား၏ ကျွန်တို့က မီးစများ၌ သွားလာကြသောအခါ မည်ကဲ့သို့ ဖြစ်လိမ့်နည်း။

ဝမ်းနည်းလျက် အိပ်ရခြင်းအကျိုးကို ထာဝရဘုရား၏ ကျွန်တို့က ခံရကြလိမ့်မည်။

## Chapter 51

1 ဖြောင့်မတ်ခြင်းတရားသို့ လိုက်၍ ထာဝရ ဘုရားကို ရှာသောသူတို့၊ ငါ့စကားကို နားထောင်ကြ လော့။ သင်တို့ကို ခုတ်ယူရာ
ကျောက်နှင့်၊ တူးယူရာ တွင်းဝကို ကြည့်ရှုကြလော့။ 2 သင်တို့၏အဘ အာဗြဟံနှင့်၊ သင်တို့ကို ဘွား သော သူစာရာတို့ကို
ကြည့်ရှုကြလော့။ ငါသည် တယောက်တည်းသောသူ အာဗြဟံကို ခေါ်၍၊ ကောင်း ကြီးပေးသဖြင့် များပြားစေ၏။ 3 ထိုသို့နှင့်အညီ၊
ထာဝရဘုရားသည် ဇိအုန်မြို့ကို ချမ်းသာပေးတော်မူမည်။ သူ၏ဆိတ်ညံရာ အရပ်အလုံး စုံတို့ကို ချမ်းသာပေးမည်။ သူ၏တောကို
ဧဒင်အရပ်ကဲ့ သို့၎င်း၊ သူ၏လွင်ပြင်ကို ထာဝရဘုရား၏ဥယျာဉ်ကဲ့သို့ ၎င်း ဖြစ်စေတော်မူသဖြင့်၊ ဇိအုန်မြို့သည် ဝမ်းမြောက်ရွှင်
လန်းခြင်း၊ ကျေးဇူးတော်ကို ချီးမွမ်းခြင်း၊ သီချင်းဆိုခြင်း နှင့် ပြည့်စုံလိမ့်မည်။ 4 ငါ၏လူမျိုး၊ ငါ့လူစုတို့၊ ငါ့စကားကို နားထောင်
နာယူကြလော့။ ငါ့ထံမှ တရားထွက်၍ ငါစီရင်ချက်သည် လူများလင်းစရာဘို့ တည်ရလိမ့်မည်။ 5 ငါ၏ဖြောင့်မတ်ခြင်းတရားသည်
အနီးမှာရှိ၏။ ငါ၏ကယ်တင်ခြင်းတရားသည် ထွက်သွားပြီ။ ငါ့လက်ရုံး သည် လူတို့တွင် တရားမှုကို စီရင်လိမ့်မည်။ တကျွန်း
တနိုင်ငံသားတို့သည် ငါ့ကို မြော်လင့်၍၊ ငါ့လက်ရုံးကို ကိုးစားကြလိမ့်မည်။ 6 မိုဃ်းကောင်းကင်ကို မျှော်၍ကြည့်ကြလော့။
မြေကြီးကိုလည်း ငုံ့၍ ကြည့်ကြလော့။ မိုဃ်းကောင်းကင် သည် မီးခိုးကဲ့သို့ ကွယ်ပျောက်၍၊ မြေကြီးသည် အဝတ် ကဲ့သို့
ဟောင်းနွမ်းလိမ့်မည်။ မြေကြီးသားတို့သည် ခြင် ကောင်ကဲ့သို့ သေကြလိမ့်မည်။ ငါ၏ ကယ်တင်ခြင်းတရား မူကား
အစဉ်အမြဲတည်လိမ့်မည်။ ငါ၏ ဖြောင့်မတ်ခြင်း တရားလည်း ပပျောက်ခြင်း မရှိနိုင်ရာ။ 7 ဖြောင့်မတ်ခြင်းတရားကိုသိ၍၊
ငါ၏တရားကို နှလုံးသွင်းမိသော သူတို့၊ ငါ့စကားကို နားထောင်ကြ လော့။ လူတို့သည် အပြစ်တင်မည်ဟု မစိုးရိမ်ကြနှင့်။
လူတို့ကဲ့ရဲ့ခြင်းကို မကြောက်ကြနှင့်။ 8 အကြောင်းမူကား၊ ပိုးရွတို့သည် သိုးမွေးအဝတ် ကို ကိုက်စားသကဲ့သို့၊ ထိုသူတို့ကို
ကိုက်စားဖျက်ဆီးကြ လိမ့်မည်။ ငါ၏ဖြောင့်မတ်ခြင်းတရားမူကား နိစ္စထာဝရ ဖြစ်၍၊ ငါ၏ ကယ်တင်ခြင်းတရားသည်လည်း ကမ္ဘာ
အဆက်ဆက် တည်လိမ့်သတည်း။ 9 အို ထာဝရဘုရား၏ လက်ရုံးတော်၊ နိုးတော်မူ ပါ။ နိုး၍ ခွန်အားကို ယူတော်မူပါ။ ရှေးကာလနှင့်
လွန် ဘူးသော ကာလ၌ကဲ့သို့ နိုးတော်မူပါ။ ရာခပ်ကို ဒဏ်ခတ် ၍ နဂါးကို နာစေသောသူကား၊ ကိုယ်တော်ပင် မဟုတ် လော။ 10
ပင်လယ်ရေ၊ နက်နဲရာရေတို့ကို ခန်းခြောက်စေ ၍၊ ပင်လယ်နက်နဲရာ အရပ်တို့ကို ရွေးနှုတ်သော သူများ
သွားစရာလမ်းဖြစ်စေသောသူကား၊ ကိုယ်တော်ပင် မဟုတ်လော။ 11 သို့ဖြစ်၍၊ ထာဝရဘုရားကယ်လွှတ်တော်မူသော သူတို့သည်
ပြန်လာ၍ သီချင်းဆိုလျက်၊ ထာဝရဝမ်း မြောက်ခြင်းသရဖူကို ဆောင်းလျက်၊ ဇိအုန်မြို့သို့ ရောက် ကြလိမ့်မည်။
ဝမ်းမြောက်ရွှင်လန်းခြင်းအခွင့်ကို ရကြ၍၊ ဝမ်းနည်းခြင်းနှင့် ညည်းတွားခြင်းသည် ပြေးသွားရလိမ့် မည်။ 12 သင်တို့ကို
နှစ်သိမ့်စေသော သူကား၊ အခြားသူ မဟုတ်၊ ငါ့ကိုယ်တိုင်ပေတည်း။ သေရသော လူကို၎င်း၊ မြက်ပင်ကဲ့သို့ ဖြစ်လတံ့သော
လူသားကို၎င်း၊ သင်သည် ကြောက်ရမည်အကြောင်း၊ အဘယ်သို့သော သဘော ရှိသနည်း။ 13 မိုဃ်းကောင်းကင်ကို
ကြက်တော်မူထသော၊ မြေကြီးကိုလည်း တည်တော်မူထသော၊ သင့်ကို ဖန်ဆင်း တော်မူသော ထာဝရဘုရားကို သင်သည် မေ့လျော့၍၊
ညှဉ်းဆဲသောသူသည် ငါ့ကို ဖျက်ဆီးလုပြီဟု စိတ်ထင်နှင့်၊ သူ၏ဒေါသအမျက်ကို အစဉ်ကြောက်ရမည်အကြောင်း၊ အဘယ်သို့သော
သဘောရှိသနည်း။ ယခုမှာ ညှဉ်းဆဲ သော သူ၏ဒေါသအမျက်သည် အဘယ်မှာ ရှိသနည်း။ 14 အချုပ်ခံရသော သူသည် ထောင်ထဲမှာ
မသေ၊ ရေစာမပြတ်၊ လျင်မြန်စွာ ကယ်နှုတ်ခြင်းသို့ ရောက်လိမ့် မည်။ 15 ငါသည် သမုဒ္ဒရာကို ဆုံးမ၍ လှိုင်းတံပိုးကို ဟုန်းစေသော
သင်၏ဘုရားသခင်ထာဝရဘုရားဖြစ်၏။ ထိုဘုရား၏နာမတော်ကား၊ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားပေတည်း။ 16
မိုဃ်းကောင်းကင်ကို ဆောက်၍၊ မြေကြီးကို တည်စေခြင်းငှါ၎င်း၊ သင်သည် ငါ၏လူမျိုးဖြစ်၏ဟု ဇိအုန်မြို့ကို ပြောစေခြင်းငှါ၎င်း၊
ငါ့စကားကို သင်၏နှုတ် ထဲမှာ ငါထားပြီ။ ငါ့လက်၏အရိပ်နှင့် သင့်ကို ငါမိုးပြီ။ 17 ထာဝရဘုရား၏လက်တော်၌ အမျက်တော်
ဖလားကို သောက်သော ယေရုရှလင်မြို့၊ နိုးလော့။ နိုး၍ ထလော့။ သင်သည် တုန်လှုပ်စေသောဖလားကို အကုန် သောက်ခဲ့ပြီ။
အနည်အဖက်ကိုလည်း ညှစ်ခဲ့ပြီ။ 18 ကိုယ်တိုင်ဘွားမြင်သော သားတို့တွင်၊ သင့်ကို လမ်းပြသော သူတယောက်မျှမရှိ။
ကိုယ်တိုင်မွေးစားသော သားတို့တွင်၊ သင့်ကို လက်ဆွဲသော သူတယောက်မျှမရှိ။ 19 အစာခေါင်းပါး၍ လူဆိတ်ညံခြင်းဘေး၊ ထား ဖြင့်
ဖျက်ဆီးခြင်းဘေးတည်းဟူသော ဘေးနှစ်ပါးတို့သည် သင်၏အပေါ်မှာ ရောက်လာသည်ဖြစ်၍၊ သင့်အတွက် အဘယ်သူ
ငိုကြွေးမြည်တမ်းသနည်း။ ငါသည် အဘယ် သို့ ချမ်းသာပေးနိုင်သနည်း။ 20 သင်၏သားတို့သည် မိန်းမောတွေဝေကြ၏။ ကျော့ကွင်း၌
ဘမ်းမိသော စိုင်ကဲ့သို့ ခပ်သိမ်းသော လမ်း ဝမှာအိပ်၍၊ ထာဝရဘုရား၏ အမျက်ထွက်တော်မူခြင်း၊
သင်၏ဘုရားသခင်ဆုံးမတော်မူခြင်းနှင့် ဝကြ၏။ 21 သို့ဖြစ်၍၊ ညှဉ်းဆဲခြင်းကို ခံရသောသူ၊ စပျစ် ရည်မှတပါး အခြားသော
ယစ်မျိုးနှင့် ယစ်မူးသောသူ၊ နားထောင်လော့။ 22 သင်၏အရှင်၊ မိမိလူတို့၏အမှုကို စောင့်တော်မူ သော
သင်၏ဘုရားသခင်ထာဝရဘုရား မိန့်တော်မူသည် ကား၊ ကြည့်ရှုလော့။ တုန်လှုပ်စေသော ဖလား၊ ငါ့အမျက် တော်ဖလား၏
အနည်အဖတ်ကို သင်၏လက်မှ ငါရုပ်၍၊ သင်သည် နောက်တဖန်မသောက်ရ။ 23 သင်သည် ခရီးသွားသော သူတို့ရှေ့မှာ ကိုယ်ကို
မြေတန်တားလုပ်၍၊ အလျားဝပ်စေခြင်းငှါ ဝပ်လျက်နေ တော့။ ငါကျော်သွားမည်ဟုဆို၍၊ သင့်ကို ညှဉ်းဆဲသော သူတို့လက်၌
ထိုဖလားကို ငါထားမည်။


generated on Tue Jul 2 12:50:28 2024

## Chapter 52

1 အို ဇိအုန်မြို့၊ နိုးလော့။ နိုး၍ ခွန်အားကို ယူလော့။ အိုယေရုရှလင်မြို့တည်းဟူသော၊ သန့်ရှင်းသော မြို့၊ သင်၏တင့်တယ်သော
အဝတ်တန်ဆာတို့ကို ဝတ် ဆင်လော့။ အကြောင်းမူကား၊ နောက်တဖန်အရေဖျား လှီးခြင်းကို မခံသောသူနှင့် ညစ်ညူးသော သူတို့သည်
သင်၏အထဲသို့ မဝင်ရကြ။ 2 အိုယေရုရှလင်မြို့၊ ကိုယ်၌ ကပ်သော မြေမှုန့်ကို ခါလိုက်၍၊ မြင့်သော အရပ်၌ ထိုင်လော့။ အိုချုပ်ထား
လျက်ရှိသော ဇိအုန်သတို့သမီး၊ သင်၏လည်ကြိုးကို ချွတ် လော့။ 3 ထာဝရဘုရားမိန့်တော်မူသည်ကား၊ သင်တို့ သည် ကိုယ်ဘိုးငွေကို
မရဘဲ ကျွန်ခံရသည်ဖြစ်၍၊ ငွေမပေးဘဲ ရွေးခြင်းသို့ ရောက်ကြလိမ့်မည်။ 4 အရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ ငါ၏လူတို့သည်
အထက်က အဲဂုတ္တုပြည်၌ တည်းခိုအံ့ သောငှါ သွားကြ၏။ နောက်မှ အာရှုရိလူတို့သည် အကြောင်းမရှိဘဲ ညှဥ်းဆဲကြ၏။ 5
ထာဝရဘုရား မိန့်တော်မူသည်ကား၊ ငါ၏ လူတို့ကို အကြောင်းမရှိဘဲ ယူသွား၍၊ အစိုးရသော သူတို့သည် ဝါကြွားလျက် ငါ့နာမကို
နေ့တိုင်းကဲ့ရဲ့ကြသည် ဖြစ်၍၊ ငါသည် အဘယ်သို့ ပြုရမည်နည်း။ 6 သို့ဖြစ်၍၊ ငါ၏လူတို့သည် ငါ့ကို သိကြလိမ့်မည်။
ဂတိထားသောသူကား၊ ငါဖြစ်သည်ကို အချိန်ရောက်မှ သိကြလိမ့်မည်။ အကယ်စင်စစ် ငါရှိသည်ဟု ထာဝရ ဘုရားမိန့်တော်မူ၏။ 7
ငြိမ်သက်ခြင်း၏ ဝမ်းမြောက်စရာ သိတင်းကို ကြားပြောသောသူ၊ ကယ်တင်ခြင်းကောင်းကျိုးချမ်းသာ၏ ဝမ်းမြောက်စရာ သိတင်းကို
ကြားပြောသောသူ၊ သင်၏ ဘုရားသခင်စိုးစံတော်မူ၏ဟု ဇိအုန်မြို့အား ပြောသော သူ၏ ခြေတို့သည် တောင်ပေါ်မှာ
အလွန်တင့်တယ်လှစွ တကား။ 8 သင်၏ကင်းစောင့်တို့၏အသံကို နားထောင်ကြ လော့။ သူတို့သည် အသံကို လွှင့်၍၊ ရွှင်လန်းသော
အသံ နှင့် တညီတညွတ်တည်း ကြွေးကြော်ကြ၏။ အကြောင်းမူ ကား၊ ထာဝရဘုရားသည် ဇိအုန်မြို့သို့ ပြန်လာတော်မူ ကြောင်းကို
ကိုယ်တိုင်မြင်ရကြ၏။ 9 ယေရုရှလင်မြို့၌ ပြိုပျက်ရာအရပ်တို့၊ တညီ တညွတ်တည်း သီချင်းဆိုသံနှင့် ကြွေးကြော်ကြလော့။
ထာဝရဘုရားသည် မိမိလူတို့ကို နှစ်သိမ့်စေတော်မူပြီ။ ယေရုရှလင်မြို့ကို ရွေးနှုတ်တော်မူပြီ။ 10 ထာဝရဘုရားသည် ခပ်သိမ်းသော
လူအမျိုးမျိုး တို့ ရှေ့မှာ၊ သန့်ရှင်းသော လက်ရုံးတော်ကို ဖွင့်ပြတော်မူ သဖြင့်၊ မြေကြီးစွန်းရှိသမျှတို့သည် ငါတို့ဘုရားသခင်၏
ကယ်တင်တော်မူခြင်းကျေးဇူးကို သိမြင်ကြလတံ့။ 11 ထွက်ကြ။ ထွက်ကြ။ ထိုအရပ်မှ ထွက်သွားကြ လော့။ မစင်ကြယ်သောအရာကို
လက်နှင့်မျှ မတို့ကြနှင့်။ ထိုအရပ်ထဲက ထွက်သွားကြလော့။ ထာဝရဘုရား၏ အဆောက်အဦးတို့ကို ဆောင်ရွက်သော သူတို့၊ သန့်ရှင်း
ခြင်းရှိကြလော့။ 12 သင်တို့သည် အလျင်အမြန် မထွက်ရကြ။ ပြေး ၍ မသွားရကြ။ ထာဝရဘုရားသည် သင်တို့ရှေ့၌ ကြွ တော်မူမည်။
နောက်၌လည်း ဣသရေလအမျိုး၏ ဘုရား သခင်သည် သင်တို့ အကွယ်အကာဖြစ်တော်မူမည်။ 13 ကြည့်ရှုလော့။ ငါ့ကျွန်သည်
အမှုဆောင်၍ အောင်လိမ့်မည်။ ချီးမြှောက်ချီးမြှင့်ခြင်းသို့ ရောက်၍၊ အထွဋ်အမြတ်ဖြစ်လိမ့်မည်။ 14 သူသည် လူမဟုတ်သကဲ့သို့
မျက်နှာပျက်ခြင်း၊ လူသားမဟုတ်သကဲ့သို့ အဆင်းအသရေပျက်ခြင်းရှိသည် ကို၊ အများသော သူတို့သည် အံ့သြမိန်းမောကြသည်
ဖြစ်၍၊ 15 ထိုအတူ သူသည် အများသော လူမျိုးတို့ကို သန့်ရှင်းစေလိမ့်မည်။ ရှေ့တော်၌ ရှင်ဘုရင်တို့သည် မိမိ တို့ နှုတ်ကို ပိတ်၍
နေရကြလိမ့်မည်။ သူတပါး မပြဘူး သောအရာကို သူတို့သည် မြင်ကြလိမ့်မည်။ မကြားဘူး သော အရာကိုလည်း
နားလည်ကြလိမ့်မည်။

---


generated on Tue Jul 2 12:50:28 2024

## Chapter 53

1 ငါတို့ ဟောပြောသော သိတင်းစကားကို အဘယ်သူ ယုံသနည်း။ ထာဝရဘုရား၏ လက်တော် သည် အဘယ်သူအား
ထင်ရှားတော်မူသနည်း။ 2 ထာဝရဘုရား၏ကျွန်သည် အညွန့်ကဲ့သို့၎င်း၊ သွေ့ခြောက်သောမြေ၌ ပေါက်သောအတက်ကဲ့သို့၎င်း၊
ရှေ့တော်၌ ကြီးပွား၏။ ပမာဏပြုစရာ အဆင်းတင့်တယ် ခြင်းမရှိ။ ချစ်လိုဘွယ်သော မျက်နှာလက္ခဏာနှင့် မပြည့်စုံ။ 3
မထီမဲ့မြင်ပြုခြင်းကို ခံ၍၊ လူတို့တွင် အယုတ်ဆုံး သော သူဖြစ်၏၊ ငြိုငြင်သောသူ၊ နာကြဉ်းခြင်းဝေဒနာနှင့် ကျွမ်းဝင်သော သူဖြစ်၏။
သူတပါးမျက်နှာလွှဲခြင်းကို ခံရ သော သူကဲ့သို့ဖြစ်၏။ မထီမဲ့မြင်ပြုခြင်းကို ခံလျက်ရှိ၍၊ ငါတို့သည် မရိုသေကြ။ 4 သို့သော်လည်း၊
ထိုသူသည် ငါတို့အနာရောဂါ ဝေဒနာများကို ယူတင်ဆောင်ရွက်လေ၏။ ဒဏ်ခတ် တော်မူခြင်းကို၎င်း၊ ဘုရားသခင်ဆုံးမ၍
နှိမ့်ချတော်မူ ခြင်းကို၎င်း ခံရသောသူဖြစ်သည်ဟု ငါတို့သည် ထင်မှတ် ကြပြီ။ 5 ထိုသူသည် ငါတို့ လွန်ကျူးခြင်းအပြစ်များ ကြောင့်၊
နာကျင်စွာ ထိုးခြင်း၊ နှိပ်စက်ခြင်းကို ခံရလေ၏။ ငါတို့၏ ငြိမ်သက်ခြင်းချမ်းသာကိုဖြစ်စေသော ဆုံးမခြင်း သည် သူ့အပေါ်သို့
ရောက်၍၊ သူခံရသော ဒဏ်ချက်အား ဖြင့် ငါတို့သည် အနာပျောက်လျက် ရှိကြ၏။ 6 ငါတို့ရှိသမျှသည် သိုးကဲ့သို့ လမ်းလွဲလျက်၊
ကိုယ်လမ်းသို့အသီးအသီး လိုက်သွားကြသည်ဖြစ်၍၊ ထာဝရဘုရားသည် ခပ်သိမ်းသော ငါတို့၏အပြစ်များကို သူ့အပေါ်၌
တင်တော်မူ၏။ 7 ထိုသူသည် ညှဉ်းဆဲခြင်းနှင့် နှိမ့်ချခြင်းကို ခံ၍ နှုတ်ကို မဖွင့်ဘဲနေ၏။ အသေသတ်ခြင်းငှါ ဆောင်သွား သော
သိုးသငယ်ကဲ့သို့ သူ့ကို ဆောင်သွား၍၊ သိုးသည် အမွေးညှပ်သောသူရှေ့မှာ မမြည်ဘဲနေသကဲ့သို့၊ သူသည် နှုတ်ကို မဖွင့်ဘဲ နေ၏။ 8
မတရားစွာ စီရင်ခြင်းအားဖြင့် သူ့ကို ထုတ်သွား ကြ၏။ အသက်ရှင်သော သူတို့၏ နေရာမှ သူ့ကို သုတ် သင်ပယ်ရှင်းသည်ဖြစ်၍၊
သူ၏အမျိုးအနွယ်ကို အဘယ် သူပြည့်စွန်မည်နည်း။ ငါ၏လူမျိုးအပြစ်ကြောင့် ဒဏ်ခတ် တော်မူခြင်းကို ခံလေ၏။ 9 ပြစ်မှားခြင်းကို
မပြု။ သူ၏နှုတ်၌ မုသာမရှိ သော်လည်း၊ လူဆိုးတို့နှင့်အတူ မြေမြှုပ်ခြင်းငှါ စီရင် ကြ၏။ သို့ရာတွင် သေပြီးမှ သူဌေး၌ ရှိ၏။ 10
ထာဝရဘုရားသည် သူ့ကို နှိပ်စက်ခြင်းငှါ အလို တော်ရှိ၍ နာစေတော်မူ၏။ သူသည် အပြစ်ဖြေသော ယဇ်ကိုပူဇော်ပြီးမှ၊
အမျိုးအနွယ်တော်ကို မြင်ရလိမ့်မည်။ အသက်တော်လည်း ရှည်လိမ့်မည်။ ထာဝရဘုရား၏ အကြံတော်သည်လည်း သူ၏လက်၌
ပြည့်စုံခြင်းသို့ ရောက်လိမ့်မည်။ 11 မိမိစိတ်ဝိညာဉ်ခံရသော ဝေဒနာ၏အကျိုးကို မိမိမြင်၍ အားရလိမ့်မည်။ ထိုဖြောင့်မတ်သော
ငါ၏ကျွန် ကို သိကျွမ်းခြင်းအားဖြင့်၊ သူသည် အများသော သူတို့ကို ဖြောင့်မတ်ရာ၌ တည်စေလိမ့်မည်။ သူတို့၏အပြစ်ကို
ကိုယ်တိုင်ဆောင်ရွက်ရ၏။ 12 ထိုသို့ မိမိအသက်ကို သေခြင်း၌ သွန်း၍၊ မတရားသော သူတို့နှင့် ရေတွက်ဝင်ခြင်းသို့ ရောက်သ ဖြင့်၊
လူများတို့၏အပြစ်ကို ဆောင်ရွက်၍၊ မတရားသော သူတို့အဘို့ တောင်းပန်သောကြောင့်၊ လူကြီးတို့ကို သူ၏ အဘို့ဖြစ်စေခြင်းငှါ
ငါခွဲမည်။ အစွမ်းသတ္တိရှိသော သူတို့ ကို သူ၏လက်ရဥစ္စာကဲ့သို့၊ ကိုယ်တိုင်ဝေဖန်ရသော အခွင့် ရှိလိမ့်မည်။


generated on Tue Jul 2 12:50:28 2024

## Chapter 54

1 သားမဘွားသော အမြုံမ၊ ဝမ်းမြောက်လော့။ သားဘွားခြင်းဝေဒနာကို မခံသေးသော မိန်းမ၊ ကြွေး ကြော်အော်ဟစ်လော့။
အကြောင်းမူကား၊ စွန့်ထားသော မိန်းမသည် လင်ရှိသော မိန်းမထက်သာ၍ များသော သားတို့ကို ဘွားမြင်ပြီဟု
ထာဝရဘုရားမိန့်တော်မူ၏။ 2 သင်၏တဲရာကို ကျယ်စေလော့။ သင်၏နေရာ မျက်နှာကြက်ကို ကြက်ဦးလော့။ နှမြောသော စိတ်မရှိ
နှင့်။ ကြိုးတို့ကို ရှည်စေဦးလော့။ တိုင်တို့ကို မြဲစွာ စိုက် လော့။ 3 အကြောင်းမူကား၊ သင်သည် လကျာ်ဘက်၊ လက်ဝဲဘက်၌
တိုးပွားလိမ့်မည်။ သင်၏အမျိုးအနွယ် သည် တပါးအမျိုးသားတို့ကို အမွေခံ၍၊ သူတို့၏ ဆိတ်ညံ သော မြို့တို့၌ နေကြလိမ့်မည်။ 4
မစိုးရိမ်နှင့်။ ရှက်ကြောက်ခြင်းသို့မရောက်ရ။ မျက်နှာမပျက်နှင့်။ အရှက်ကွဲခြင်းကို မခံရ။ အသက် ငယ်စဉ်အခါ ခံရသော
ရှက်ကြောက်ခြင်းကို မေ့လျော့ လိမ့်မည်။ မုတ်ဆိုးမဖြစ်၍ ခံရသော ကဲ့ရဲ့ခြင်းကို နောက် တဖန် မအောက်မေ့ရ။ 5 အကြောင်းမူကား၊
သင့်ကို ဖန်ဆင်းသော သူ သည် သင်၏လင်ဖြစ်တော်မူ၏။ နာမတော်ကား၊ ကောင်း ကင်ဗိုလ်ခြေအရှင်ထာဝရဘုရားတည်း။ သင့်ကို
ရွေးနှုတ် သော သူသည် ဣသရေလအမျိုး၌ သန့်ရှင်းသော ဘုရား ဖြစ်တော်မူ၏။ မြေကြီးတပြင်လုံးကို အစိုးရသော ဘုရားဟူ၍
ခေါ်ရကြ၏။ 6 စွန့်ပစ်၍ စိတ်ငြိုငြင်သော မိန်းမ၊ ငယ်စဉ်တွင် မယားဖြစ်၍၊ နောက်မှ ငြင်းပယ်သော မိန်းမကို တဖန် ခေါ်သကဲ့သို့
သင့်ကို ငါခေါ်မည်ဟု သင်၏ဘုရားသခင် မိန့်တော်မူ၏။ 7 သင့်ကို ခဏသာ ငါစွန့်သည် ဖြစ်၍၊ များစွာ သော ကရုဏာနှင့်
တဖန်သိမ်းဆည်းဦးမည်။ 8 ပြင်းစွာသော အမျက်ထွက်၍ ခဏမျှ ငါမျက်နှာ လွှဲသော်လည်း၊ ထာဝရမေတ္တာနှင့် သင့်ကို ကယ်မသနား
ဦးမည်ဟု သင့်ကို ရွေးနှုတ်သော ထာဝရဘုရား မိန့်တော် မူ၏။ 9 နောဧလက်ထက်၌ လွှမ်းမိုးသောရေကို ငါသည် မှတ်၍၊ ထိုရေသည်
မြေကြီးကို နောက်တဖန်မလွှမ်းမိုးရ ဟု ကျိန်ဆိုခြင်းကို ပြုသည်နည်းတူ၊ သင့်ကို အမျက် မထွက်၊ မဆုံးမဟု ကျိန်ဆိုခြင်းကို ပြုပြီ။ 10
တောင်ကြီးတို့သည် ရွေ့၍၊ တောင်ငယ်တို့သည် လှုပ်ရှားသော်လည်း၊ ငါ၏မေတ္တာသည် သင်မှ မရွေ့ရ။ ငါ၏ငြိမ်သက်ခြင်း
ပဋိညာဉ်လည်း မလှုပ်ရှားရဟု သင်၌ သနားခြင်းကရုဏာစိတ်ရှိတော်မူသော ထာဝရဘုရား မိန့်တော်မူ၏။ 11 အို ညှဉ်းဆဲခြင်းနှင့်
မိုဃ်းသက်မုန်တိုင်း တိုက် ခြင်းကို ခံရ၍၊ သက်သာမရနိုင်သောသူ၊ သင်၏ တိုက်ကို ဟင်းသပြတားသရွတ်နှင့် ငါစေ့စပ်မည်။
တိုက်မြစ်ကို နီလာဖြင့်၎င်း၊ 12 ပြအိုးတို့ကို ကျောက်နီဖြင့်၎င်း၊ တံခါးတို့ကို ပတ္တ မြားဖြင့်၎င်း၊ ပတ်ဝန်းကျင်တန်ဆာများကို
ကျောက်မြတ် အမျိုးမျိုးဖြင့်၎င်း ငါပြီးစေမည်။ 13 သင်၏သားသမီးအပေါင်းတို့သည် ထာဝရ ဘုရား ဆုံးမ
သွန်သင်တော်မူသောသူဖြစ်၍၊ များစွာ သော စည်းစိမ်ချမ်းသာနှင့် ပြည့်စုံ ကြလိမ့်မည်။ 14 သင်သည် ဖြောင့်မတ်ခြင်းတရားအားဖြင့်
တည် လိမ့်မည်။ ညှဉ်းဆဲခြင်းနှင့် ဝေးသည်ဖြစ်၍ မကြောက်ရ။ ထိတ်လန့်ခြင်းသည်လည်း ဝေး၍၊ သင့်အနီးသို့မရောက် ရ။ 15
ငါ၏အခွင့်မရှိဘဲ သင့်တဘက်၌ အဘယ်သူမျှ နေရာမကျရ။ နေရာကျဘူးသောသူတို့သည် သင့်ဘက်သို့ ဝင်စားကြလိမ့်မည်။ 16
မီးကိုမှုတ်၍၊ မိမိအလုပ်တည်းဟူသောလက်နက် ကိုလုပ်တတ်သောပန်းပဲကို၎င်း၊ ဖျက်ဆီးစေခြင်းငှါ ဖျက်ဆီးသောသူကို၎င်း
ငါဖန်ဆင်း၏။ 17 သင့်တဘက်၌ လုပ်သောလက်နက် တစုံတခုမျှ အထမမြောက်ရ။ သင့်ကိုတရား တွေ့သောသူ မည်သည် ကား၊
အရှုံးခံရလိမ့်မည်။ ထာဝရဘုရား၏ ကျွန်တို့သည် ထိုသို့သော အမွေကို ခံရ၍၊ ငါ့ကြောင့် ဖြောင့်မတ်ရာသို့ ရောက်ရကြလိမ့်မည်ဟု
ထာဝရဘုရား မိန့်တော်မူ၏။


generated on Tue Jul 2 12:50:28 2024

## Chapter 55

[1] အိုရေငတ်သောသူအပေါင်းတို့၊ ရေရှိရာသို့ လာ ကြလော့။ ငွေမရှိသောသူတို့၊ လာကြ။ ဝယ်၍ စားသောက် ကြလော့။ ငွေမပါဘဲ၊
အဘိုးကိုမပေးဘဲလာ၍ စပျစ်ရည် နှင့် နို့ကို ဝယ်ကြလော့။ [2] အစာမဟုတ်သောအရာအဘို့ သင်တို့ငွေကိုငင်း၊
အမွတ်မပြေနိုင်သောအရာအဘို့ သင်တို့ဥစ္စာကိုငင်း၊ အဘယ်ကြောင့် ကုန်စေကြသနည်း။ ငါ့စကားကို စေ့စေ့ နားထောင်လျက်၊
ကောင်းသောအစာကို စားကြလော့။ သင်တို့၏ဝိညာဉ်သည် ချိုသောအရာတို့၌ မိမိကိုမိမိ မွေ့လျော်စေလိမ့်မည်။ [3] နားညွတ်သော
နားနှင့် ငါ့ထံသို့ လာကြလော့။ နားထောင်ကြလော့။ သို့ပြုလျှင် သင်တို့၏ ဝိညာဉ်သည် အသက်ရှင်ရလိမ့်မည်။ ငါသည်လည်း၊
သင်တို့နှင့် ထာဝရ ပဋိညာဉ်ပြု၍၊ ဒါဝိဒ်၌ မြဲမြံသော ကျေးဇူးတော်ကို သင်တို့ အား ပေးမည်။ [4] ကြည့်ရှုလော့။ ထိုသူကို
ဥပဇ္ဈာယ်ဆရာဖြစ်စေ ခြင်းငှါ၎င်း၊ စီရင်အုပ်စိုးသော အရှင်ဖြစ်စေခြင်းငှါ၎င်း၊ လူမျိုးတို့အား ငါပေးပြီ။ [5] ကြည့်ရှုလော့။ သင်သည်
မသိဘူးသော လူမျိုးကို ခေါ်လိမ့်မည်။ သင့်ကို မသိဘူးသော လူမျိုးတို့သည်လည်း၊ သင်၏ဘုရားသခင် ထာဝရဘုရား၊
ဣသရေလအမျိုး၏ သန့်ရှင်းသော ဘုရားကြောင့်၊ သင့်ထံသို့ ပြေးလာကြလိမ့် မည်။ ထိုဘုရားသည် သင်၏ဘုန်းကို ပွင့်စေတော်မူ၏။
[6] တွေ့နိုင်သည် ကာလတွင် ထာဝရဘုရားကို ရှာကြလော့။ နီးတော်မူသည်ကာလတွင် ဆုတောင်း ပဌနာပြုကြလော့။ [7] ဆိုးသော
သူသည် မိမိလမ်းကိုငင်း၊ မတရား သောသူသည် မိမိအကြံတို့ကိုငင်း စွန့်ပစ်၍၊ ထာဝရ ဘုရားထံတော်သို့ ပြောင်းလဲပါစေ။ သို့ပြုလျှင်
သနား တော်မူလိမ့်မည်။ ငါတို့ ဘုရားသခင့်ထံတော်သို့ ပြောင်းလဲ ပါစေ။ သို့ပြုလျှင် အထူးသဖြင့် အပြစ်ကို လွှတ်တော်မူ လိမ့်မည်။ [8]
ထာဝရဘုရားမိန့်တော်မူသည်ကား၊ ငါ၏ အကြံ အစည်သည် သင်တို့၏ အကြံအစည်နှင့်မတူ။ ငါ၏ အကျင့်သည်လည်း သင်တို့၏
အကျင့်နှင့်မတူ။ [9] မိုဃ်းကောင်းကင်သည် မြေကြီးထက်သာ၍ မြင့် သကဲ့သို့၊ ငါ၏အကျင့်သည် သင်တို့၏အကျင့်ထက်၎င်း၊
ငါ၏အကြံအစည်သည် သင်တို့၏ အကြံအစည်ထက်၎င်း သာ၍ မြင့်၏။ [10] မိုဃ်းရေနှင့် မိုဃ်းပွင့်တို့သည် မိုဃ်းကောင်းကင် မှ
ဆင်းသက်၍ နောက်တဖန်မပြန်၊ မြေသည် မျိုးစေ့ကြဲ သောသူအား မျိုးစေ့ကို၎င်း၊ အစာစားသောသူအား
အစာကို၎င်းပေးမည်အကြောင်း၊ မြေကို စိုစေသဖြင့်၊ အပင်ပေါက်စေ၍၊ အသီးကို သီးစေသကဲ့သို့၊ [11] ထိုအတူ
ငါ၏နှုတ်ကပတ်စကားသည် ဖြစ်လိမ့် မည်။ အကျိုးမရှိဘဲ ငါ့ထံသို့ မပြန်ရ။ ငါ့အလိုကို ပြည့်စုံ စေမည်။ ငါစေခိုင်းသော အမှု၌
အောင်လိမ့်မည်။ [12] သင်တို့သည် ဝမ်းမြောက်သော စိတ်နှင့်ထွက်၍၊ ချမ်းသာစွာ ပို့ခြင်းကို ခံရကြလိမ့်မည်။ တောင်ကြီး
တောင်ငယ်တို့သည် သင်တို့ရှေ့မှာ သီချင်းဆိုသံနှင့် ကြွေး ကြော်၍၊ တော၌ရှိသမျှသော အပင်တို့သည် လက်ခုပ်တီး ကြလိမ့်မည်။ [13]
အမျိုးမျိုးသော ဆူးပင်အရာ၌ ထင်းရှူးပင်နှင့် မုရတုပင်တို့သည် ပေါက်ကြလိမ့်မည်။ ထိုအမှုသည် ထာဝရဘုရားရှေ့တော်၌
အောက်မေ့ဘို့ရာ၊ မပျောက် မပျက်ရသော ထာဝရသက်သေဖြစ်ရလိမ့်မည်။


generated on Tue Jul 2 12:50:28 2024

## Chapter 56

1 ထာဝရဘုရားမိန့်တော်မူသည်ကား၊ တရားကို စောင့်၍ ဖြောင့်မတ်စွာ ကျင့်ကြလော့။ ငါ၏ကယ်တင် ခြင်း ကျေးဇူးရောက်ချိန်နှင့်၊
ငါ၏ဖြောင့်မတ်ခြင်းတရား ထင်ရှားချိန်ရောက်လုနီးပြီ။ 2 ထိုသို့ပြုသောသူ၊ အမြဲစွဲလမ်းသော လူသား သည်၊ ဥပုသ်နေ့ကို မရှုတ်ချ၊
စောင့်ရှောက်၍ ဒုစရိုက်ကို မပြုမည်အကြောင်း၊ မိမိလက်ကို ချုပ်တည်းလျှင်လည်း မင်္ဂလာရှိ၏။ 3 ထာဝရဘုရား၌ မှီဝဲသော
တပါးအမျိုးသားက၊ ထာဝရဘုရားသည် ငါ့ကို မိမိလူမျိုးနှင့် ရှင်းရှင်းခွဲထား တော်မူပြီဟု မဆိုစေနှင့်။ မိန်းမလျှာကလည်း၊ ငါသည်
သွေ့ခြောက်သော အပင်ဖြစ်သည်ဟု မဆိုစေနှင့်။ 4 ထာဝရဘုရား မိန့်တော်မူသည်ကား၊ ငါ၏ဥပုသ် နေ့ကို စောင့်လျက်၊
ငါနှစ်သက်သောအရာကို ရွေးယူ၍၊ ငါ၏ပဋိညာဉ်ကို မှီဝဲသော မိန်းမလျှာတို့အား၊ 5 သားသမီးတို့ ထက်မြတ်သောအရာ၊ မြတ်သော
နာမကို ငါ့အိမ်၊ ငါ့တန်တိုင်းအတွင်း၌ ငါပေးမည်။ မပျောက်နိုင်သော ထာဝရနာမကို သူတို့အား ငါပေးမည်။ 6 ထာဝရဘုရားထံ၌
အမှုစောင့်ခြင်း၊ နာမတော် ကို ချစ်ခြင်း၊ ကျွန်တော်ရင်းဖြစ်ခြင်း အလိုငှါ၊ ထာဝရ ဘုရား၌မှီဝဲသော တပါးအမျိုးသားတို့ကိုင်း၊
ဥပုသ်နေ့ကို မရှုတ်ချ၊ စောင့်ရှောက်၍၊ ငါ၏ပဋိညာဉ်ကို စွဲလမ်းသော သူအပေါင်းတို့ကိုင်း၊ 7 ငါ၏သန့်ရှင်းသော တောင်သို့
ငါဆောင်ခဲ့၍၊ ငါ၏ပဌနာအိမ်၌ ဝမ်းမြောက်စေမည်။ သူတို့ မီးရှို့ရာ ယဇ်နှင့် ယဇ်အမျိုးမျိုးတို့ကို ငါ့ယဇ်ပလ္လင်ပေါ်မှာ လက်ခံ မည်။
ငါ့အိမ်ကို လူအမျိုးမျိုးဆုတောင်းရာ အိမ်ဟူ၍ ခေါ်ဝေါ်ကြလတံ့။ 8 အရပ်ရပ်၌ ကွဲပြားသော ဣသရေလအမျိုးသား တို့ကို
စုဝေးစေသော အရှင်ထာဝရဘုရား မိန့်တော်မူ သည်ကား၊ စုဝေးပြီးသော သူများမှတပါး အခြားသော သူတို့ကို ထိုအစုအဝေး၌
ငါစုဝေးစေဦးမည်ဟု မိန့်တော် မူ၏။ 9 အို လယ်ပြင်သားအပေါင်းနှင့် တော၌လည် သော သားရဲအပေါင်းတို့၊ ကိုက်စားခြင်းငှါ
လာကြလော့။ 10 သူ၏ကင်းစောင့်တို့သည် မျက်စိကန်းကြ၏။ ရှိသမျှတို့သည် မိုက်ကြ၏။ အ၍မဟောင်နိုင်သော ခွေး၊
ယောင်ယမ်းသောခွေး၊ အိပ်လျက်အိပ်ချင်အားကြီးသော ခွေးဖြစ်ကြ၏။ 11 စားချင်အားကြီး၍ ဝမ်းမပြည့်နိုင်သော ခွေး လည်း
ဖြစ်ကြ၏။ သိုးထိန်းတို့သည်လည်း မကြည့်မရှု တတ်ကြ။ ထိုသိုးထိန်းရှိသမျှတို့သည် လမ်းလွှဲ၍ မိမိတို့ လမ်းသို့ လိုက်ကြပြီ။
တယောက်မျှမကြွင်း၊ တညီတညွတ် တည်း ကိုယ်အကျိုးစီးပွားကိုသာ ရှာကြ၏။ 12 လာကြ။ စပျစ်ရည်ကို ယူခဲ့မည်။ သေရည်
သေရက်ကို ဝစွာသောက်ကြစို့။ ယနေ့ဖြစ်သကဲ့သို့ နက်ဖြန်နေ့ဖြစ်လိမ့်မည်။ ထိုမျှမက၊ သာ၍ ကြွယ်ဝလိမ့် မည်ဟု ဆိုတတ်ကြ၏။


generated on Tue Jul 2 12:50:28 2024

## Chapter 57

1 ဖြောင့်မတ်သော သူသည် ဆုံး၍ ကျေးဇူးပြု တတ်သော သူတို့သည် ပယ်ရှားခြင်းကို ခံရသောအခါ၊ ဖြောင့်မတ်သောသူကို
မကောင်းသော အမှုအရာထဲက ရုပ်သိမ်းပြီဟု အဘယ်သူမျှ မဆင်ခြင်၊ အဘယ်သူမျှ မအောက်မေ့ကြ။ 2 ထိုသို့သော သူသည်
ချမ်းသာထဲသို့ ဝင်ရ၏။ ဖြောင့်မတ်စွာ ကျင့်လျက်မိမိအိပ်ရာပေါ်မှာ ငြိမ်ရ၏။ 3 စုန်းမသား၊ မျောက်မထားသော မိန်းမသား၊
ပြည်တန်ဆာမသားတို့၊ ချဉ်းကပ်ကြလော့။ 4 သင်တို့သည် အဘယ်သူကို ကျီစယ်ကြသနည်း။ အဘယ်သူအား နှုတ်ကိုဖွင့်၍ လျှာကို
ထုတ်ပြကြသနည်း။ သင်တို့သည် ဖောက်ပြန်သောအမျိုး၊ သစ္စာပျက်သော အမျိုးဖြစ်ကြသည်မဟုတ်လော။ 5 စိမ်းသော
သစ်ပင်ရှိသမျှ အောက်မှာ ရုပ်တု ဆင်းတုၢ တပ်မက်သောသူ၊ ချိုင့်ထဲ၊ ကျောက်စောင်း အောက်မှာ သူငယ်ကို
သတ်သောသူမဟုတ်လော။ 6 ချိုင့်ထဲမှာ ချောသောကျောက်ခဲတို့တွင် သင်၏ တာရှိ၏။ ထိုသို့သော အရာတို့သည်
သင်၏အမွေဖြစ်၏။ ထိုသို့သော အရာရှေ့မှာ သွန်းလောင်းရာ ပူဇော်သက္ကာ နှင့် ဘောဇဉ်ပူဇော်သက္ကာကို ပြုတတ်၏။ ထိုအမှုတို့ကို
ငါနှစ်သက်တတ်သလော။ 7 မြင့်လှသော တောင်ကြီးပေါ်မှာ သင်၏ခုတင် ကို ထားပြီးလျှင်၊ ထိုအရပ်သို့တက်၍ ယဇ်ပူဇော်တတ်၏။ 8
သင်အောက်မေ့စရာသက်သေကို တံခါးနှင့် တိုင်နောက်မှာ ထားပြီး။ ငါမှတပါး အခြားသူတို့အား အဝတ်ကို ချွတ်၍၊ အိပ်ရာပေါ်သို့
တက်လေပြီ။ မိမိ ခုတင်ကို ကျယ်စေ၍ သူတို့နှင့် ဝန်ခံပြီ။ သူတို့ခုတင်ကို လည်း တပ်မက်၍၊ နေရာအရပ်ကို ရှာလေပြီ။ 9
ဆီမွှေးပါလျက်၊ ရှင်ဘုရင့်ထံသို့သွားပြီ။ နံ့သာ မျိုးများကို သုံးပြီ။ တမန်တို့ကို ဝေးသော အရပ်သို့ စေလွှတ်၍၊ မရဏာနိုင်ငံတိုင်အောင်
မိမိကိုမိမိ နှိမ့်ချပြီ။ 10 ဝေးစွာခရီးသွား၍ ပင်ပန်းသော်လည်း စိတ် မပျက်။ ကြိုးစား၍ အသက်လွတ်သောကြောင့် အားလျော့ ခြင်းမရှိ။
11 သင်သည် သစ္စာပျက်သည်တိုင်အောင်ၚင်း၊ ငါ့ ကို မေ့လျော့၍ သတိမပြုဘဲ နေသည်တိုင်အောင်ၚင်း၊ အဘယ်သူကို
ကြောက်ရွံ့သနည်း။ ငါသည် ရှေးကာလမှ စ၍ တိတ်ဆိတ်စွာနေသောကြောင့်၊ သင်သည် ငါ့ကို မကြောက်ဘဲနေသည်မဟုတ်လော။ 12
သင်၏ကုသိုလ်နှင့်၊ သင်ပြုသော အမှုတို့ကို ငါဘော်ပြမည်။ 13 ထိုသို့သော အမှုသည် အကျိုးကို မပေးနိုင်။ သင်သည်
အော်ဟစ်သောအခါ၊ သင်၏အလုံးအရင်းတို့ သည် ကယ်နှုတ်ကြစေ။ လေသည် သူတို့ကို တိုက်သွားလိမ့် မည်။ လေတမှုတ်နှင့်
လွင့်ကြလိမ့်မည်။ ငါ့ကို ကိုးစား သော သူမူကား၊ ပြည်တော်ကို ပိုင်၍၊ ငါ၏သန့်ရှင်းသော တောင်ကို အမွေခံရလိမ့်မည်။ 14 ထိုအခါ
မြေကို ဖို့ကြ။ မြေကို ဖို့ကြ။ လမ်းကို ပြင်ကြ။ ငါ့လူတို့၏ လမ်းခရီး၌ အဆီးအတားမရှိစေနှင့် ဟု ငါပြောဆိုရ၏။ 15
အကြောင်းမူကား၊ သန့်ရှင်းခြင်းဟု နာမရှိတော် မူထသော၊ အနန္တကာလတည်းဟူသော ဘုံဗိမာန်၌ စံတော်မူထသော၊
အထွဋ်အမြတ်ဖြစ်တော်မူသော ဘုရားမိန့်တော်မူသည်ကား၊ ငါသည် မြင့်မြတ်သန့်ရှင်း သော အရပ်၌နေ၏။ စိတ်နှိမ့်ချသောသူနှင့်၊
နှလုံးကြေကွဲ သော သူတို့၏စိတ်ဝိညာဉ်အသက်ရှင်စေခြင်းငှါ၊ ကြေကွဲ နှိမ့်ချသော စိတ်သဘောရှိသောသူတို့၌လည်း ငါနေ၏။ 16
ငါသည် အစဉ်မပြတ်တရားတွေ့မည်မဟုတ်။ အစဉ်မပြတ်အမျက်ထွက်မည်မဟုတ်။ ထိုသို့ဟုတ်လျှင်၊ အသက်သည် ငါ့ရှေ့မှာ
ပျောက်၍၊ ငါဖန်ဆင်းသော ဝိညာဉ်သည် ပျက်စီးခြင်းသို့ ရောက်လိမ့်မည်။ 17 သူ၏လောဘလွန်ကျူးခြင်း အပြစ်ကြောင့်၊ ငါသည်
အမျက်ထွက်၍ ဒဏ်ခတ်လေ၏။ အမျက်ထွက်၍ မျက်နှာကို လွှဲလေ၏။ သူသည်လည်း မိမိအလိုရှိရာ လမ်း သို့ လွှဲသွားလေ၏။ 18
သူ၏အကျင့်ဓလေ့တို့ကို ငါမြင်ပြီ။ သူ့ကို အနာ ပျောက်စေ၍ လမ်းပြဦးမည်။ သူ့ကိုၚင်း၊ သူနှင့်အတူ စိတ်ညှိုးငယ်သော သူတို့ကိုၚင်း၊
ချမ်းသာပေးဦးမည်။ 19 ငါသည် နှုတ်ခမ်းအသီးကို ဖန်ဆင်း၏။ ဝေး သောသူ၌ၚင်း၊ နီးသောသူ၌ၚင်း ငြိမ်သက်ခြင်းဖြစ်စေ၊
ငြိမ်သက်ခြင်းဖြစ်စေ၊ သူ၏အနာကို ငါပျောက်စေမည်ဟု ထာဝရဘုရား မိန့်တော်မူ၏။ 20 မတရားသော သူတို့မူကား၊ မငြိမ်နိုင်ဘဲ လှုပ်
ရှား၍၊ ရွှံ့နှင့်အမှိုက်ကို ပက်သောပင်လယ်ရေနှင့် တူကြ ၏။ 21 မတရားသော သူတို့၌ ငြိမ်သက်ခြင်းမရှိဟု ငါ၏ဘုရားသခင်
မိန့်တော်မူ၏။


generated on Tue Jul 2 12:50:28 2024

# Chapter 58

1 အသံမလျော့ဘဲ ကြွေးကြော်လော့။ တံပိုးသံကဲ့ သို့ အသံကိုလွှင့်၍၊ ယာကုပ်အမျိုးသားဖြစ်သော ငါ၏ လူတို့အား၊
သူတို့ဒုစရိုက်အပြစ်ကို ဘော်ပြလော့။ 2 သူတို့သည် တရားကျင့်သောအမျိုး၊ မိမိဘုရား သခင်၏ပညတ်တို့ကို မစွန့်သောအမျိုးကဲ့သို့၊
နေ့တိုင်း ငါ့ကိုရှာ၍ ငါ၏တရားလမ်း၌ မွေ့လျော်ကြသည်တကား။ ဖြောင့်မတ်စွာ တရားစီရင်ချက်တို့ကို ငါ့ထံမှာ အစဉ် မေးမြန်း၍၊
ဘုရားသခင့်ထံသို့ ချဉ်းကပ်ရာ၌ မွေ့လျော် ကြသည်တကား။ 3 အကျွန်ုပ်တို့သည် အစာရှောင်ခြင်း အကျင့်ကို ကျင့်သောအခါ၊
ကိုယ်တော်သည် အဘယ်ကြောင့်မြင် တော်မမူသနည်း။ အကျွန်ုပ်တို့သည် ခြိုးခြံစွာ ကျင့်သော အခါ၊ ကိုယ်တော်သည် အဘယ်ကြောင့်
သိမှတ်တော်မမူ သနည်းဟုဆိုသော်၊ သင်တို့သည် အစာရှောင်သောနေ့၌ ကိုယ်တိုင်ပျော်မွေ့၍၊ ကျွန်တို့ကိုပင်ပန်းစွာ လုပ်စေကြ၏။ 4
သင်တို့သည် ငြင်းခုံရန်တွေ့လျက်၊ အဓမ္မ လက်ဆုပ်နှင့် ထိုးလျက် အစာရှောင်ကြ၏။ မြင့်သော အရပ်၌ မိမိတို့ အသံကို
ကြားစေခြင်းငှါ၊ ယခုကာလအခါ အစာရှောင်ကြသည်မဟုတ်။ 5 ငါနှစ်သက်သော အစာရှောင်ခြင်းသည် ထိုသို့ သော
လက္ခဏာရှိသလော။ လူသည် တရက်တွင် ခြိုးခြံစွာ ကျင့်ခြင်း၊ ကိုင်းပင်ကဲ့သို့ ဦးချခြင်း၊ အိပ်ရာဘို့ လျော်တေ နှင့်ပြာကို ခင်းခြင်း၊
လက္ခဏာရှိလျှင်၊ အစာရှောင်ခြင်း ဟူ၍၎င်း၊ ထာဝရဘုရားနှစ်သက်တော်မူသော နေ့ရက် ဟူ၍၎င်း မှည့်အပ်သလော။ 6
ငါနှစ်သက်သောအစာရှောင်ခြင်းဟူမူကား၊ မတရားသော အချည်အနှောင်ကို ချွတ်ခြင်း၊ လေးသော ဝန်ကိုချခြင်း၊ ညှဉ်းဆဲခံရသော
သူတို့ကို လွှတ်ခြင်း၊ ထမ်းဘိုးရှိသမျှကို ချိုးခြင်းမဟုတ်လော။ 7 မွတ်သိပ်သောသူကို အစာကျွေးခြင်း၊ နေရာမရှိ၊ ဆင်းရဲသောသူတို့ကို
ကိုယ်အိမ်သို့ ဆောင်ခြင်း၊ အဝတ် မရှိသော သူကိုမြင်လျှင်၊ အဝတ်ကို ပေးခြင်း၊ ကိုယ် အသားကို မရှောင်ဘဲနေခြင်း မဟုတ်လော။ 8
သို့ပြုလျှင် သင်၏အလင်းသည် မိုဃ်းသောက် သော အလင်းကဲ့သို့ ပေါ်ထွန်း၍၊ အလျင်အမြန် ကျန်းမာ ခြင်းသို့ ရောက်လိမ့်မည်။
သင်၏ဖြောင့်မတ်ခြင်း ပါရမီ သည် သင့်ရှေ့၌ သွား၍၊ ထာဝရဘုရား၏ဘုန်းတော် သည် နောက်၌ လုံခြုံစေလိမ့်မည်။ 9 သို့ပြုလျှင်၊
ထာဝရဘုရားသည်၊ သင်ခေါ်သော အခါ ထူးတော်မူလိမ့်မည်။ အော်ဟစ်သောအခါ၊ ငါရှိ သည်ဟု မိန့်တော်မူလိမ့်မည်။ သင်သည်
သင်၏အထဲက ထမ်းဘိုးကို၎င်း၊ လက်ညှိုးထိုးခြင်းကို၎င်း၊ ကဲ့ရဲ့သော စကားကို၎င်း ပယ်ရှား၍၊ 10 မွတ်သိပ်သော သူနှင့်
ဆင်းရဲခံရသော သူကို သနားသောစိတ်နှင့်ချမ်းသာပေးလျှင်၊ မရှင်းလင်းသော အရာမှာ သင်၏အလင်းသည် ပေါ်ထွန်း၍၊ သင်၏
မှောင်မိုက်သည် မွန်းတည့်အလင်းကဲ့သို့ ဖြစ်လိမ့်မည်။ 11 ထာဝရဘုရားသည် သင့်ကို အစဉ် ပဲ့ပြင်တော် မူမည်။ အစာခေါင်းပါးသည်
ကာလ၌ ဝစွာ ကျွေး၍၊ သင်၏အရိုးတို့ကို ခိုင်ခံ့စေတော်မူမည်။ သင်သည် ရေလောင်းသော ဥယျာဉ်ကဲ့သို့၎င်း၊ ရေမပြတ်နိုင်သော
စမ်းရေတွင်းကဲ့သို့၎င်း ဖြစ်လိမ့်မည်။ 12 သင်၏အမျိုးအနွယ်သည် ရှေးပြိုပျက်ရာတို့ကို ပြုပြင်ကြလိမ့်မည်။
ရှေးကာလ၌တည်ဘူးသော တိုက်မြစ် များအပေါ်မှာ ထပ်ဆင့်၍ တည်ဆောက်ကြလိမ့်မည်။ သင်သည်လည်း၊ ပြိုပျက်သော မြို့ရိုးကို
ပြုပြင်သောသူ၊ လူနေရာလမ်းများကို ပြင်ဆင်သော သူဟူ၍ သမုတ်ခြင်း ကို ခံရလိမ့်မည်။ 13 သင်သည် ဥပုသ်နေ့ကို မရှုတ်ချ။
ငါသန့်ရှင်း သော နေ့မှာ ကိုယ်အလိုသို့မလိုက်၊ ဥပုသ်နေ့ကို မွေ့လျော် ရာနေ့၊ ထာဝရဘုရားအဘို့ သန့်ရှင်းသောနေ့၊ ရိုသေ
ဘွယ်သောနေ့ဟူ၍ ခေါ်သဖြင့် ကိုယ်အမှုကိုမပြု၊ ကိုယ် အလိုသို့မလိုက်၊ ကိုယ်စကားကို မပြောဘဲ နေ၍ ထိုနေ့ကို ရိုသေလျှင်၊ 14
သင်သည် ထာဝရဘုရား၌ ပျော်မွေ့ရလိမ့်မည်။ မြေကြီးပေါ်မှာ မြင့်သော အရပ်တို့ကို ငါစီးစေ၍၊ သင့် အသယာကုပ်၏အမွေဥစ္စာနှင့်
ငါကျွေးမည်ဟု ထာဝရ ဘုရား၏ နှုတ်တော်ထွက်အမိန့်တော်ရှိ၏။


generated on Tue Jul 2 12:50:28 2024

## Chapter 59

1 ကြည့်ရှုလော့။ ထာဝရဘုရားသည်မကယ်မတင် နိုင်အောင် လက်တော်တိုသည်မဟုတ်။ မကြားနိုင်အောင်
နားတော်ထိုင်းသည်မဟုတ်။ 2 သင်တို့ ဒုစရိုက်သည် သင်တို့ကို ဘုရားသခင်နှင့် ကွာစေပြီ။ ကြားတော်မမူစေခြင်းငှါ၊
သင်တို့အပြစ်သည် မျက်နှာတော်ကို လွှဲစေပြီ။ 3 သင်တို့လက်သည် အသွေးနှင့်ငှင်း၊ လက်ချောင်း တို့သည် ဒုစရိုက်နှင့်ငှင်း
ညစ်ညူးကြ၏။ သင်တို့သည် နှုတ်ခမ်းနှင့် လျှာအားဖြင့် မုသာစကား၊ အဓမ္မစကားကို ပြောတတ်ကြ၏။ 4 တရားကို
အဘယ်သူမျှမရှာ၊ သစ္စာကို အဘယ် သူမျှမစောင့်၊ အနတ္တကို ကိုးစား၍ မုသာစကားကို ပြော တတ်ကြ၏။ မကောင်းသောအကြံကို
ပဋိသန္ဓေယူ၍၊ အဓမ္မအမှုကို ဘွားကြ၏။ 5 သူတို့သည် မြွေဆိုး၏ အဥတို့ကို ဝပ်၍ ပေါက် စေကြ၏။ ပင့်ကူအမြှေးကိုလည်း
ရက်ကြ၏။ သူတို့ ဥများ ကို စားသော သူသည် သေတတ်၏။ အဥကို ခွဲလျှင် မြွေဆိုးပေါက်တတ်၏။ 6 သူတို့ရက်သော အမြှေးဖြင့်
အဝတ်ကို မလုပ်ရ။ ကိုယ်အကျင့်နှင့် ကိုယ်ကိုမခြုံရကြ။ သူတို့ပြုသော အမှု သည် အဓမ္မအမှုဖြစ်၏။ သူတို့လက်၌ ကြမ်းတမ်းသော
အမှုရှိ၏။ 7 သူတို့ခြေသည် အဓမ္မအမှုကို ပြုခြင်းငှါ ပြေး တတ်၏။ အပြစ်မရှိသော သူ၏အသက်ကို သတ်ခြင်းငှါ လျင်မြန်၏။
သူတို့အကြံသည် အဓမ္မအကြံဖြစ်၍၊ သူတို့ သွားရာလမ်း၌ ပျက်စီးခြင်းနှင့် ဒုက္ခဆင်းရဲခြင်း ရှိ၏။ 8 ချမ်းသာလမ်းကို သူတို့မသိကြ။
သူတို့ခရီးသွား ရာတွင် တရားမပါ။ မိမိတို့သွားစရာဘို့ ကောက်သော လမ်းတို့ကို ပြင်ဆင်ကြပြီ။ လိုက်သွားသော သူမည်သည် ကား၊
ချမ်းသာကို မသိရ။ 9 ထို့ကြောင့်၊ ဖြောင့်မတ်စွာ စီရင်ခြင်းသည် ငါ တို့နှင့်ဝေး၏။ တရားသည်လည်း ငါတို့ကိုမမှီ။ အလင်းကို
မြော်လင့်သောအခါ ရှင်းလင်းခြင်းမရှိ။ ရောင်ခြည်ကို မြော်လင့်သော်လည်း၊ မှောင်မိုက်၌ သွားလာရကြ၏။ 10 မမြင်နိုင်သော သူကဲ့သို့
နံရံကို စမ်းသပ်ရကြ၏။ မျက်စိမရှိသော သူကဲ့သို့ စမ်းသပ်ရကြ၏။ ညအချိန်၌ ဖြစ်သကဲ့သို့ မွန်းတည့်အချိန်၌ ထိမိ၍ လဲကြ၏။
စည်းစိမ် ကို ခံစားလျက်၊ သေသောသူကဲ့သို့ ဖြစ်ကြ၏။ 11 ငါတို့ရှိသမျှသည် ဝံကဲ့သို့မြည်တမ်း၍၊ ချိုးကဲ့သို့ ညည်းညူကြ၏။
တရားစီရင်ခြင်းကို မြော်လင့်၍ မရကြ။ ကယ်တင်ခြင်းကျေးဇူးကို မြော်လင့်သော်လည်း၊ ငါတို့နှင့် ဝေးလှ၏။ 12 ငါတို့အပြစ်တို့သည်
ရှေ့တော်၌ များပြားကြ၏။ ဒုစရိုက်တို့သည် ငါတို့တဘက်၌ သက်သေခံကြ၏။ ကိုယ် အပြစ်တို့သည် ကိုယ်၌ စွဲကပ်လျက်၊
ကိုယ်ပြုမိသော ဒုစရိုက်များကို ကိုယ်သိကြ၏။ 13 ထာဝရဘုရားကို ပြစ်မှားခြင်း၊ ငြင်းပယ်ခြင်းကို ပြု၍၊ ငါတို့၏ဘုရားသခင်ကို
စွန့်ကြပြီ။ ညှဉ်းဆဲသော စကား၊ ပုန်ကန်သော စကားကို ပြောခြင်း၊ မဟုတ်မမှန် သောစကားကို အောက်မေ့၍၊ စိတ်နှလုံးထဲက မြွက်ဆို
ခြင်းကို ပြုကြပြီ။ 14 ဖြောင့်မတ်စွာ စီရင်ခြင်းသည် ဆုတ်သွားပြီ။ တရားသည် အဝေးကရပ်၍ နေ၏။ သစ္စာသည် လမ်း၌ လဲပြီ။
ဖြောင့်သောသဘော မဝင်နိုင်ရာ။ 15 သစ္စာသည် ပျက်ခဲ့ပြီ။ ဒုစရိုက်ကို ရှောင်သောသူ သည် လုယူခြင်းကို ခံရ၏။ ထိုအမှုကို
ထာဝရဘုရားသည် မြင်လျှင်၊ တရားမရှိသောကြောင့် မုန်းတော်မူ၏။ 16 လူတယောက်မျှမရှိသည်ကို မြင်တော်မူ၏။
တောင်းပန်သောသူတယောက်မျှမရှိသည်ကို အံ့ဩတော် မူ၏။ ထို့ကြောင့်၊ မိမိလက်တော်သည် မိမိအဘို့ ကယ်တင်ခြင်းအမှုကိုပြု၍၊
မိမိဖြောင့်မတ်ခြင်းတရားသည် မိမိကို ထောက်ပင့်၏။ 17 ဖြောင့်မတ်ခြင်းတရားတည်းဟူသော ရင်ကျပ် ကို ဝတ်ဆင်၍၊
ကယ်တင်ခြင်းတည်းဟူသော သံခမောက် လုံးကို ဆောင်းတော်မူ၏။ အပြစ်ပေးခြင်းအဝတ်ကိုငှင်း၊ စိတ်အားကြီးခြင်းဝတ်လုံကိုငှင်း
ယူတင်ဝတ်ဆောင်တော် မူ၏။ 18 သူတို့အကျင့်အတိုင်း အကျိုးအပြစ်ကို ဆပ်ပေး တော်မူမည်။ ရန်ဘက်ပြုသော သူတို့အား
အမျက်တော် ကိုငှင်း၊ ရန်သူတို့ ခံထိုက်သည်အတိုင်း အပြစ်ကိုငှင်း၊ တကျွန်းတနိုင်ငံသားတို့အား အကျိုးအပြစ်ကိုငှင်း
ဆပ်ပေးတော်မူမည်။ 19 သို့ဖြစ်၍၊ အနောက်မျက်နှာသားတို့နှင့်၊ နေထွက် ရာအရပ်သားတို့သည် ထာဝရဘုရား၏ နာမတော်နှင့်
ဘုန်းတော်ကို ရိုသေကြလိမ့်မည်။ ရန်သူသည် ရေလွှမ်းမိုး သကဲ့သို့ ဝင်သောအခါ၊ ထာဝရဘုရား၏ ဝိညာဉ်တော် သည်
ဆီးတားတော်မူမည်။ 20 ထာဝရဘုရား မိန့်တော်မူသည်ကား၊ ရွေးနှုတ် သောသခင်သည် ဇိအုန်တောင်ပေါ်သို့ ကြွ၍၊ မတရား သော
အမှုမှလွှဲသော ယာကုပ်အမျိုးသားတို့ ရှိရာသို့ ရောက်လတံ့။ 21 သူတို့၌ ငါကိုယ်တိုင်ပေးသော ပဋိညာဉ်တရား ဟူမူကား၊
သင်၏အပေါ်မှာ ကျိန်းဝပ်သော ငါ၏ဝိညာဉ် နှင့် သင်၏နှုတ်၌ ငါထားသော စကားသည်၊ ယခုမှစ၍ ကာလအစဉ်အဆက်
သင်၏နှုတ်၊ သင့်အမျိုးအနွယ်၏ နှုတ်နှင့်၊ သင့်အမျိုးအနွယ်၏ အမျိုးအနွယ်၏နှုတ်ထဲက မထွက်မပျောက်ရဟု ထာဝရဘုရား
မိန့်တော်မူ၏။

---


generated on Tue Jul 2 12:50:28 2024

## Chapter 60

1 သင်ထလော့။ လင်းလော့။ သင်၏အလင်း ရောက်လာပြီ။ ထာဝရဘုရား၏ဘုန်းတော်သည် သင်၏ အပေါ်မှာ ပေါ်ထွန်းလျက်ရှိ၏။ 2
ကြည့်ရှုလော့။ မှောင်မိုက်သည် မြေကြီးကို ဖုံး လွှမ်းလိမ့်မည်။ ထူထပ်သော မှောင်မိုက်သည် လူများကို ဖုံးလွှမ်းလိမ့်မည်။
သို့သော်လည်း၊ သင်၏အပေါ်မှာ ထာဝရဘုရားသည် ပေါ်ထွန်းတော်မူ၍၊ ဘုန်းတော်သည် သင်၏အပေါ်မှာ ထင်ရှားလျက် ရှိလိမ့်မည်။
3 တပါးအမျိုးသားတို့သည် သင်၏အလင်းသို့၎င်း၊ ရှင်ဘုရင်တို့သည် သင်၌ ပေါ်ထွန်းခြင်းအရောင်သို့၎င်း လာကြလိမ့်မည်။ 4
အရပ်ရပ်သို့ မျှော်ကြည့်လော့။ ခပ်သိမ်းသော သူတို့သည် စုဝေး၍ သင့်ထံသို့ လာကြ၏။ သင်၏ သား သမီးတို့သည် အဝေးကလာ၍၊
သင်၏အနားမှာ မွေးစား ခြင်းကို ခံကြလိမ့်မည်။ 5 ထိုအခါ သင်သည် ကြောက်ရွံ့ခြင်းနှင့် ရွှင်လန်း ခြင်း ရှိလိမ့်မည်။ နှလုံးတုန်လှုပ်၍
ဝမ်းမြောက်လိမ့်မည်။ အကြောင်းမူကား၊ သမုဒ္ဒရာ၏ကြွယ်ဝခြင်းသည် သင့် ဘက်သို့ ပြောင်းလဲ၍၊ တပါးအမျိုးသားတို့၏ စည်းစိမ်
သည် သင့်လက်သို့ ရောက်လိမ့်မည်။ 6 ကုလားအုပ်များနှင့် မိဒျန်ပြည်၊ ဧဖာပြည်မှ ဖြစ်သော ကုလားအုပ်မျိုးတို့သည် သင့်ကို
နှံ့ပြားကြလိမ့် မည်။ ရှေဘပြည်သား အပေါင်းတို့သည် လာကြလိမ့်မည်။ ရွှေနှင့်လောဗန်ကို ဆောင်ခဲ့၍၊ ထာဝရဘုရား၏ ဂုဏ်
ကျေးဇူးတော်တို့ကို ဝမ်းမြောက်စွာ ချီးမွမ်းကြလိမ့်မည်။ 7 ကေဒါပြည်၏ သိုးစုအပေါင်းတို့သည် သင့်ထံမှာ စုဝေးကြလိမ့်မည်။
နဗာယုတ်ပြည်၏ ဆိတ်တို့သည် သင် ၏အမှုကို ဆောင်ရွက်၍၊ နှစ်သက်ဘွယ်သော လက္ခဏာ နှင့် ငါ၏ယဇ်ပလ္လင်ပေါ်သို့
တက်ကြလိမ့်မည်။ ငါ့ဘုန်း ထင်ရှားရာဗိမာန်ကို ငါသည် သာ၍ ဘုန်းပွင့်စေမည်။ 8 မိုဃ်းတိမ်ကဲ့သို့၎င်း၊ မိမိတို့အိမ်သို့ ပျံသော ချိုး
များကဲ့သို့၎င်း ပျံလာသော ဤသူတို့ကား၊ အဘယ်သူ ဖြစ်ကြလိမ့်မည်နည်း။ 9 အကယ်စင်စစ် သင်၏ဘုရားသခင် ထာဝရ ဘုရား၏
နာမတော်ကြောင့်၎င်း၊ သင်၏ဘုန်းကိုပွင့်စေ သော၊ ဣသရေလအမျိုး၏သန့်ရှင်းသော ဘုရားကြောင့် ၎င်း၊ သင်၏သားတို့နှင့်တကွ
သူတို့ရွှေငွေများကို အဝေး မှ ဆောင်ခဲ့ခြင်းငှါ၊ တကျွန်းတနိုင်ငံသားတို့သည် ငါ့ကို စောင့်နေ၍၊ တာရှုသင်္ဘောတို့သည်
အဦးပြုကြလိမ့်မည်။ 10 တပါးအမျိုးတို့သည် သင်၏မြို့ရိုးကို တည်ကြ လိမ့်မည်။ ရှင်ဘုရင်တို့သည်လည်း သင့်ကို ပြုစုကြလိမ့်
မည်။ အကြောင်းမူကား၊ ငါသည် အမျက်ထွက်၍ သင့်ကို ဒဏ်ခတ်သော်လည်း၊ စေတနာစိတ်နှင့် သနားဦးမည်။ 11
တပါးအမျိုးသားတို့၏ စည်းစိမ်ကို သင့်ထံသို့ ဆောင်ခဲ့၍၊ သူတို့၏ရှင်ဘုရင်တို့ကိုလည်း ပို့သမည် အကြောင်း၊ သင်၏တံခါးတို့ကို
နေ့ညဉ့်မပိတ်ဘဲ အစဉ် ဖွင့်ထားရလိမ့်မည်။ 12 အကြင်ပြည်နှင့် အကြင်နိုင်ငံသည် သင်၏အမှု ကို မဆောင်၊ ထိုပြည်နှင့် ထိုနိုင်ငံသည်
ပျက်စီးရလိမ့် မည်။ ထိုသို့သော တိုင်းနိုင်ငံတို့သည် သုတ်သင်ပယ်ရှင်း ခြင်းကို အမှန်ခံရကြလိမ့်မည်။ 13 ငါ၏သန့်ရှင်းရာဌာနကို
တင့်တယ်စေခြင်းငှါ၊ လေဗနုန်ဘုန်းနှင့်တကွ ထင်းရှူးပင်၊ တဒေရပင်၊ တာရှု ရပင်တို့သည် သင့်ထံသို့ တညီတညွတ်တည်း ရောက်လာ
ကြလိမ့်မည်။ ငါသည် ငါ၏ခြေတင်ရာအရပ်ကို ဘုန်းပွင့် စေမည်။ 14 သင့်ကို ညှဉ်းဆဲသော သူတို့၏သားတို့သည် သင့်ထံသို့ လာ၍
ဦးချကြလိမ့်မည်။ သင့်ကို မထီမဲ့မြင် ပြုသောသူအပေါင်းတို့သည် သင်၏ခြေရင်း၌ ဝပ်နေကြ လိမ့်မည်။ ထာဝရဘုရား၏မြို့၊
ဣသရေလအမျိုး၏ သန့်ရှင်းသော ဘုရား၏ ဇိအုန်မြို့ဟူ၍၊ သင့်ကို သမုတ် ကြလိမ့်မည်။ 15 သင့်ကို အဘယ်သူမျှ ရှောက်၍
မသွားရမည် အကြောင်း၊ သူတပါးတို့သည် သင့်ကို စွန့်ပစ် ရွံရှာကြ သည်အတွက်၊ ငါသည် သင့်ကို ထာဝရအထွဋ်အမြတ်ဖြစ် စေမည်။
လူမျိုးအစဉ်အဆက်ဝမ်းမြောက်စရာအကြောင်း လည်း ဖြစ်စေမည်။ 16 သင်သည် တပါးအမျိုးသားတို့၏ နို့ကို စို့ရလိမ့် မည်။
ရှင်ဘုရင်တို့၏သားမြတ်ကိုလည်း စို့ရလိမ့်မည်။ ငါထာဝရဘုရားသည်၊ သင့်ကို ကယ်တင်သောသူ၊ ယာ ကုပ်အမျိုး၌
တန်ခိုးကြီးသောဘုရားသည်၊ သင့်ကို ရွေး နှုတ်သော သူဖြစ်ကြောင်းကို သင်သည် သိရလိမ့်မည်။ 17 ကြေးဝါအရာ၌ ရွှေကို၎င်း၊
သံအရာ၌ ငွေကို ၎င်း၊ သစ်သားအရာ၌ ကြေးဝါကို၎င်း၊ ကျောက်အရာ၌ သံကို၎င်း ငါဆောင်ခဲ့မည်။ သင်၏ အရာရှိတို့ကို ငြိမ်
သက်သောသဘော၊ အခွန်ခံတို့ကို ဖြောင့်မတ်သော သဘောနှင့် ပြည့်စုံစေမည်။ 18 သင်၏ပြည်၌ အနိုင်အထက် ပြုခြင်းအသံကို
နောက်တဖန် မကြားရ။ သင်၏နယ်အတွင်းတွင် လုယူ ဖျက်ဆီးခြင်းမရှိရ။ သင်၏မြို့ရိုးကို ကယ်တင်ခြင်းဟူ၍ ၎င်း၊ မြို့တံခါးတို့ကို
ချီးမွမ်းခြင်းဟူ၍၎င်း သမုတ်ရလိမ့် မည်။ 19 နောက်တဖန် နေ့အချိန်၌ သင်၏အလင်းသည် နေပေးသော အလင်းမဟုတ်၊
ညဉ့်အချိန်၌လည်း၊ လ အရောင်သည် သင့်ကို မလင်းစေရ။ အကြောင်းမူကား၊ ထာဝရဘုရားသည် သင်၌ ထာဝရအလင်း၊
သင်၏ဘုရား သခင်သည် သင်၏ဘုန်းအသရေဖြစ်တော်မူလိမ့်မည်။ 20 နောက်တဖန် သင်၏နေသည်မဝင်ရ။ သင်၏ လသည်လည်း
မဆုတ်ရ။ ထာဝရဘုရားသည် သင်၌ ထာဝရအလင်းဖြစ်တော်မူ၍၊ စိတ်မသာညည်းတွားရာ ကာလကုန်လေပြီ။ 21
သင်၏လူအပေါင်းတို့သည် ဖြောင့်မတ်၍၊ ပြည် တော်ကို အစဉ်အမြဲအမွေခံသဖြင့်၊ ငါ၏ဘုန်းပွင့်စေခြင်း ငှါ၊ ငါ့ကိုယ်တိုင်စိုက်၍
ပြုစုသော ပျိုးပင်ဖြစ်ရကြလိမ့် မည်။ 22 သူငယ်တယောက်သည် လူတထောင်ဖြစ်ရလိမ့် မည်။ အားနည်းသော သူတယောက်သည်
အားကြီးသော လူမျိုးဖြစ်ရလိမ့်မည်။ ငါထာဝရဘုရားသည် အချိန် ရောက်လျှင် ထိုအမှုကို နှိုးဆော်မည်။



generated on Tue Jul 2 12:50:28 2024

Isaiah 01

ယေဘုယျအချက်အလက်
ဟေရှာယသည် ဣသရေလလူများအား
ဆက်လက်စကားပြောနေသည်။

သင်ထလော့၊ လင်းလော့
ဤအရာသည် ထာဝရဘုရားမှ
ယေရုရှလင်မြို့နေထိုင်သူများအတွက် လုပ်ဆောင်ပေးပြီးသော
ဘုန်းတောင်ကိုရည်ညွှန်းသည်။ သူတို့သည် အနာဂတ်တွင်
မျှော်လင့်ချက်ရှိရန်လုပ်ဆောင် ပြောဆိုရန်အတွက်
ယခုဘုန်းထွန်းလင်းရန်ဖြစ်သည်။

Isaiah 02

ယေဘုယျအချက်အလက်
(၆၀:၁)၌ ပြန်ဆိုပြီး။ သူသည်အလင်းအကြောင်း ဥပမာပေးသည်။

မှောင်မိုက်သည် မြေကြီးကို
စကားစုများသည် အဓိပ္ပာယ်တူညီ၍ အတူတွဲလျက်
အထူးပြုထားသည်။ ဝိညာဉ်ရေးအမှောင်ကျခြင်းကို ဆိုလိုသည်။
ဤအရာမှာ တလောကလုံးရှိလူများသည် ထာဝရဘုရားအား
မသိကြခြင်း

ဘုန်းတော်သည် သင်၏အပေါ်မှာ ပေါ်ထွန်းလိမ့်မည်
ထာဝရဘုရား၏ မျက်မှောက်တော်သည်
ဣသရေလလူများအတွက် ပေါ်ပေါက်၍ ၎င်းသည်
သူတို့သွားရမည့်လမ်းကို ပြသလိမ့်မည်။

သင်၏အလင်းသို့၎င်း
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်) "တိုင်းနိုင်ငံများရှိ လူများသည်
သင်၏ဘုန်းတော်ထွန်းလင်းခြင်းကို မြင်ရလိမ့်မည်။

Isaiah 04

ယေဘုယျအချက်အလက်
ဤနေရာတွင် ထာဝရဘုရား စတင်စကားပြောနေသည်။

ခပ်သိမ်းသော သူတို့သည် စုဝေး၍
"သူတို့" ဟူသည် ယေရုရှလင်မှ ပြန်လာသော သူများကို
ရည်ညွှန်းသည်။

သင်၏ သား သမီးတို့သည် အဝေးကလာ၍
သူတို့သည် သင်၏သားသမီးများကို သူတို့၏လက်များဖြင့်
ခေါ်ဆောင်သွားကြလိမ့်မည်။

ကြောက်ရွံ့ခြင်းနှင့် ရွှင်လန်းခြင်းရှိလိမ့်မည်
စကားစုနှစ်ခုသည် အဓိပ္ပာယ်တူညီသည်။ ယေရုရှလင်၌
ဖြစ်ပျက်သောအကြောင်းအရာကြောင့်
သူတို့အလွန်ပင်ဝမ်းမြောက်ကြလိမ့်မည်ဟု ဆိုလိုပါသည်။

သမုဒ္ဒရာ၏ကြွယ်ဝခြင်းသည်
ဤအရာသည် ယေရုရှလင်၌ ကြွယ်ဝခြင်းများ
မြေထဲပင်လယ်ဖြစ် ကုန်တင်ရွက်သင်္ဘောများအားဖြင့်
ရောက်လာမည်ကို ဆိုလိုပါသည်။

ကြွယ်ဝခြင်းသည် သင့်ဘက်သို့ပြောင်းလဲ၍
ကြွယ်ဝခြင်းများသည် ရေကဲ့သို့ စီးထွက်သည်

Isaiah 06

ယေဘုယျအချက်အလက်
ထာဝရဘုရားသည် ဣသရေလလူများအား
ဆက်လက်စကားပြောနေသည်။

ကုလားအုပ်မျိုး
ကုလားအုပ်ငယ်များ

ဧဖာပြည်...ကေဒါပြည်..နဗာယုတ်ပြည်
အာရေဗျနယ်မှ အမည်များဖြစ်ပါသည်။

ကေဒါပြည်၏သိုးစု .... စုဝေးကြလိမ့်မည်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်) ကေဒါပြည်၏
သိုးစုအပေါင်းတို့သည် သင့်အတွက် စုဝေးကြလိမ့်မည်

နာဗာယုတ်ပြည်၏ ဆိတ်တို့သည်
သူတို့ပူဇော်ရန်အတွက် လိုအပ်သောအရာကို ရည်ညွှန်းသည်။

နှစ်သက်ဖွယ်သောလက္ခဏာနှင့် ယဇ်ပလ္လင်
ငါ ထာဝရဘုရားသည် ငါ၏ယဇ်ပလ္လင်ပေါ်မှာ သူတို့ကို
လက်ခံလိမ့်မည်။

Isaiah 08

ယေဘုယျအချက်အလက်
ထာဝရဘုရားသည် ဣသရေလလူတို့ကို
ဆက်လက်စကားပြောနေသည်။

မိမိတို့အိမ်သို့ ပျံသော ချိုး များကဲ့သို့၎င်း ပျံလာသော ဤသူတို့ကား၊
အဘယ်သူ ဖြစ်ကြလိမ့်မည်နည်း
ထာဝရဘုရားသည် မေးခွန်းသုံး၍ ကဗျာဆန်ဆန်
အာရုံဆွဲဆောင်မှု ပြုထားသည်။ သူသည် မိုးတိမ်များ
ချိုးငှက်များနှင့် ရွက်လွှင့်ခြင်းကို နှိုင်းယှဉ်ပြထားသည်။
ဤအရာသည် ဣသရေလလူများ ပြည်တော်ပြန်လှသောအရာကို
ပန်းချီသဖွယ်ချယ်မှုန်းထားသည်။

တကျွန်းတနိုင်ငံသားတို့သည်
ကမ်းခြေ၌ နေသောလူများကို ရည်ညွှန်းသည်။

တာရှုသင်္ဘော
ပင်လယ်ရေကြောင်းခရီးရှည်အတွက်ကြီးမားသော
သင်္ဘောကြီးများကို ဖော်ပြသည်။

သန့်ရှင်းသော ဘုရား
(၁:၄) ၌ ပြန်ပြီး။

အဦးပြုကြလိမ့်မည်
ထာဝရဘုရားသည် ဣသရေလကို ချီးမြှောက်လိမ့်မည်။

Isaiah 10

ယေဘုယျအချက်အလက်
(၆၀:၇-၈) ၌ ပြန်ပြီး

နေ့ညမပိတ်ပဲ အစဉ်ဖွင့်ထားရလိမ့်မည်။
ဤနေရာတွင် နေ့နှင့် ည ဟူသည် အချိန်တိုင်းကို ဆိုလိုသည်။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်) မည်သူတဦးမျှ ထိုအရာကို ပိတ်နိုင်မည်မဟုတ်

တပါးအမျိုးသားတို့၏စည်းစိမ်ကို
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်) တပါးအမျိုးသားတို့၏ ဘုရင်နှင့် စည်းစိမ်ကို သင်တို့ထံဆောင်ခဲ့လိမ့်မည်

Isaiah 12

ယေဘုယျအချက်အလက်
(၆၀:၇-၈) ၌ ပြန်ဆိုပြီး။

ထိုပြည်နှင့် ... ပျက်စီးရလိမ့်မည်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်) ငါသည် ထိုလူမျိုးကို အသေအချာ ဖျက်ဆီးလိမ့်မည်။

လေဗနုန်ဘုန်းနှင့်တကွ
လေဗနုန်သည် ဆိုက်ပရပ်နှင့် ဆီဒေါ၌ရှိသော လှပ်သည်ဟု ကျော်ကြားသော အပင်များဖြစ်သည်။ အပင်အားလုံးကို မသိသောကြောင့် တိကျသောအရာကို ဖော်ပြသည်။

ငါ၏ခြေတင်ရာအရပ်ကို
ထိုအရာသည် ထာဝရဘုရား၏ ဗိမာန်တော်ကို ရည်ညွှန်းပါသည်။

Isaiah 14

ယေဘုယျအချက်အလက်
(၆၀:၇-၈) ၌ ပြန်ပြီး။

သန့်ရှင်းသော ဘုရား
(၁:၄) ၌ ပြန်ပြီး။

Isaiah 15

ယေဘုယျအချက်အလက်
(၆၀:၇-၈) ၌ ပြန်ပြီး။

သင့်ကို အဘယ်သူမျှရှောက်၍ မသွားရမည်အကြောင်း
သူတပါးတို့သည် သင့်ကိုရှောင်ရှားမည် (သို့) တပါးအမျိုးသားတို့သည် သင်၏မြေကို ရှောင်သွားမည်။

သင်သည်တပါးအမျိုးသား၏နို့ကို စို့ရလိမ့်မည်
တပါးအမျိုးသားတို့ဆီမှ ကြွယ်ဝခြင်းများစီးဆင်းလာလိမ့်မည်ဟု ရည်ညွှန်းသည်။

ကယ်တင်သောသူ
(၄၁:၁၄) ၌ ပြန်ပြီး။

ယာ ကုပ်အမျိုး၌ တန်ခိုးကြီးသောဘုရား
(၄၉:၂၆) ၌ ပြန်ပြီး

Isaiah 17

ယေဘုယျအချက်အလက်
(၆၀:၇-၈) ၌ ပြန်ဆိုပြီး။

ကြေးဝါအရာ၌ ရွှေကိုငှင်း၊ သံအရာ၌ ငွေ
ထာဝရဘုရားသည် ပို၍ တန်ဖိုးရှိသော အဆောက်အဦးပစ္စည်းများကို သူတို့အားပေးလိမ့်မည်

သင်၏အရာရှိတို့ကို ငြိမ်သက်သောသဘော
ထာဝရဘုရားသည် ငြိမ်းချမ်းရေးနှင့် တရားမျှတခြင်း လူသားဆိုင်ရာနည်းဥပဒေသကို ဖော်ပြသည်။ ဤအရာသည် ဣသရေလပြည်၌ တရားဥပဒေနှင့် ငြိမ်းချမ်းခြင်းပြည့်စုံလိမ့်မည်ကို ဆိုလိုပါသည်။

အနိုင်အထက်ပြုခြင်း
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်) "သင်၏ပြည်၌ နိုင်လိုကြမ်းဖက်ပြုခြင်း ရှိလိမ့်မည်မဟုတ်ပါ။

သင်၏မြို့ရိုးကို ကယ်တင်ခြင်းဟူ၍ခေါ်ရင်း
အပြင်ပိုင်းဆိုင်ရာ ရုပ်ဝတ္ထုများသည် ဝိညာဉ်ရေးရာ အရည်အချင်း၏ အမည်နာမများဖြစ်သည်။ ယေရုရှလင်မြို့သည် လုံခြုံမှုရှိ၍ လူများစွာသည် ထာဝရဘုရားကို ချီးမွမ်းကြလိမ့်မည်

Isaiah 19

ယေဘုယျအချက်အလက်
ထာဝရဘုရားသည် ဣသရေလလူတို့ကို ဆက်လက်စကားပြောနေသည်။

ထာဝရဘုရားသည် ထာဝရအလင်း
ကျမ်းချက်များသည် အထူးပြုချက်တူညီသည်

နောက်တဖန်သင်၏ နေသည် မဝင်ရ လသည် ပျောက်ကွယ်သွားမည်မဟုတ်
ထိုအရာသည် ထာဝရဘုရား၏ အလင်းနှင့် နှိုင်းယှဉ်ခြင်းဖြစ်သည်။ နေ၏အရောင်နှင့် လ၏အရောင်သည် ရှိမည်မဟုတ်

Isaiah 21

ယေဘုယျအချက်အလက်
ထာဝရဘုရားသည် ဣသရေလလူတို့ကို ဆက်လက်စကားပြောနေသည်။

ငါကိုယ်တိုင် စိုက်၍ပြုစုသော ပျိုးပင်
ဤစကားစုများသည် ခန့်မှန်းတူညီ၍ အထူးပြုဆိုချက် ထပ်ခါပြုသည်။

ငါ့ကိုယ်တိုင်စိုက်၍ ပြုစုသော ပျိုးပင်
ထာဝရဘုရားသည် ဥယျာဉ်မှူးတဦးကဲ့သို့ ငယ်ရွယ်သော သူများအား ပြုစုခြင်းကို နှိုင်းယှဉ်ထားပါသည်။ ထာဝရ ဘုရားသည် ဣသရေလပြည်၌ သူ၏လူများအားနေရာချသည်။ သူ၏လူများကို မျှော်လင့်ချက်ပေးသည်။

ငါကိုယ်တိုင်စိုက်၍
ထာဝရဘုရားသည် သူ၏လူများအား သူ၏လက်ဖြင့် လုပ်ဆောင်သော လက်မှုပညာကဲ့သို့ နှိုင်းယှဉ်ပါသည်

ငါ၏ဘုန်းပွင့်စေခြင်းငါ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်) "များစွာသောလူများ၌ ငါ၏ဘုန်းထင်ရှားမည်။

တစ်ထောင်
၁၀၀၀

---

Translation Questions

Isaiah 60:2

မှောင်မိုက်သည် မြေကြီးကို ဖုံးလွှမ်းသောအခါ ထာဝရဘုရားသည် ဣသရေလလူများအတွက်မည်သို့ပြုပေးလိမ့်မည်နည်း။
ထာဝရဘုရားသည် သူတို့အပေါ်မှာ
သူ၏ဘုန်းတော်ကိုပေါ်ထွန်းစေမည် ဖြစ်သည်။

ဣသရေလ၏အလင်းဆီသို့မည်သူသည် လာလိမ့်မည်နည်း။
တပါးအမျိုးသားတို့နှင့် ရှင်ဘုရင်တို့သည် သူတို့၏အလင်းဆီသို့ လာမည်ဖြစ်သည်။

Isaiah 60:4

ဣသရေလအမျိုးတို့သည် ဘာကြောင့်ကြောက်ရွံ့ခြင်းနှင့် ရွှင်လန်း၍ သူတို့နှလုံးတုန်လှုပ်၍ ဝမ်းမြောက်ကြသနည်း။
ထိုသို့ဖြစ်ရခြင်းမှာ သမုဒ္ဒရာ၏ကြွယ်ဝခြင်းသည် သူတို့ ဘက်သို့ ပြောင်းလဲ၍၊ တပါးအမျိုးသားတို့၏ စည်းစိမ် သည် သူတို့၏လက်သို့ ရောက်လာသောကြောင့်ဖြစ်သည်။

Isaiah 60:8

ဣသရေလတို့၏သားများကို မည်သူသည် အဝေးသို့ခေါ်ဆောင်သွားသနည်း။
တာရှု၏သင်္ဘောတို့သည်ခေါ်ဆောင်သွားသည်။

Isaiah 60:10

ထာဝရဘုရား၏မြို့ရိုးကို မည်သူသည်တည်ဆောက်၍ သူတို့ကိုမည်သူကပြုစုလိမ့်မည်နည်း။
တပါးအမျိုးတို့သည် သူတို့၏မြို့ရိုးကို တည်ဆောက်၍ ရှင်ဘုရင်တို့ကလည်း သူတို့အားပြုစုကြလိမ့်မည် ဖြစ်သည်။

မြို့တံခါးကို ဘာကြောင့် အစဉ်ဖွင့်ထားသနည်း။
တပါးအမျိုးသားတို့၏ စည်းစိမ်ကိုသူတို့ထံသို့ ဆောင်ခဲ့ကြသောကြောင့် မြို့တံခါးကို အစဉ်ဖွင့်ထားခြင်းဖြစ်သည်။

Isaiah 60:12

အမှုကိုမဆောင်ရွက်သော ထိုပြည်နှင့်နိုင်ငံများသည် မည်သို့ဖြစ်လိမ့်မည်နည်း။
အမှုကိုမဆောင်ရွက်သော ထိုပြည်နှင့်နိုင်ငံများသည် ပျက်စီး၍ သုတ်သင်ပယ်ရှင်းခြင်းကို ခံရလိမ့်မည်ဖြစ်သည်။

Isaiah 60:15

ထာဝရဘုရား၏မြို့တော်ဖြစ်ရန်ထာဝရဘုရားသည် မည်သို့ပြုလုပ်မည်နည်း။
ထာဝရဘုရားသည် သူတို့ကို ထာဝရအထွဋ်အမြတ်ဖြစ်၍ လူမျိုးအစဉ်အဆက်ဝမ်းမြောက်စရာအကြောင်းကို ပြုမည်ဖြစ်သည်။

Isaiah 60:17

ဇိအုန်နယ်အတွင်းတွင် ဘယ်အရာကို နောက်ထပ်မကြားရလိမ့်မည်နည်း။
အနိုင်အထက် ပြုခြင်းအသံကိုသူတို့သည် နောက်ထပ်မကြားရ၍ သူတို့၏နယ်အတွင်းတွင်
လုယူဖျက်ဆီးခြင်းမရှိစေမည်ဖြစ်သည်။

Isaiah 60:19

မည်သည့်အရာသည် သူတို့မြေ၏အလင်းဖြစ်မည်နည်း။
ထာဝရဘုရားသည် သူတို့၏ထာဝရအလင်းဖြစ်လိမ့်မည် ဖြစ်သည်။


generated on Tue Jul 2 12:50:28 2024

Isaiah 60:21

ထာဝရဘုရား၏လူများသည် မည်မျှကြာအောင် ပြည်တော်ကို ပိုင်ဆိုင်လိမ့်မည်နည်း။
သူတို့သည် ပြည်တော်ကို အစဉ်အမြဲပိုင်ဆိုင်ရမည်ဖြစ်သည်။

ထာဝရဘုရားအတွက် ထိုအရာများကိုပြီးမြောက်စေရန် မည်မျှအချိန်ယူရမည်နည်း။
ထာဝရဘုရားသည် အချိန်ရောက်လျှင် ထိုအမှုများကို ပြီးမြောက်စေမည် ဖြစ်သည်။

---

## Chapter 61

[1] ထာဝရဘုရား၏ ဝိညာဉ်တော်သည် ငါ့အပေါ် မှာ တည်တော်မူ၏။ အကြောင်းမူကား၊ ဆင်းရဲသားတို့ အား ဝမ်းမြောက်စရာ
သိတင်းကို ကြားပြောစေခြင်းငှါ၊ ငါ့ကို ဘိသိက်ပေးတော်မူပြီ။ နှလုံးကြေကွဲသောသူတို့၏ အနာကို စည်းစေခြင်းငှါ၎င်း၊
ဘမ်းသွားချုပ်ထားလျက် ရှိသော သူတို့အား လွတ်ခြင်းအကြောင်းနှင့်၊ အကျဉ်းခံ လျက်ရှိသော သူတို့အား ထောင်တံခါးဖွင့်ခြင်း
အကြောင်းကို ပြစေခြင်းငှါ၎င်း၊ [2] ထာဝရဘုရား၏မင်္ဂလာနှစ်နှင့်၊ ငါတို့ဘုရား သခင် အပြစ်ပေးတော်မူရာ နေ့ရက်ကာလကို ကြားပြော
စေခြင်းငှါ၎င်း၊ စိတ်မသာညည်းတွားသော သူတို့အား နှစ်သိမ့်စေခြင်းငှါ၎င်း၊ [3] စိတ်မသာညည်းတွားသော ဇိအုန်မြို့သားတို့ အဘို့
စီရင်၍၊ ပြာအရာ၌ ပေါင်းသရဖူ၊ ဝမ်းနည်းခြင်း အရာ၌ ဝမ်းမြောက်ခြင်းဆီ၊ ညှိုးငယ်သော စိတ်သဘော အရာ၌
ချီးမွမ်းခြင်းအဝတ်တန်ဆာကို သူတို့အား ပေး စေခြင်းငှါ၎င်း၊ ငါ့ကို စေလွှတ်တော်မူပြီ။ ထိုသူတို့သည် ဖြောင့်မတ်ခြင်းသပိတ်ပင်၊
ဘုန်းအသရေတော်ဘို့ ထာဝရဘုရားစိုက်ပျိုးတော်မူသော အပင်ဟူ၍ သမုတ်ခြင်းကို ခံရကြလိမ့်မည်။ [4] ရှေးပြိုပျက်ရာတို့ကို
ပြုပြင်ကြလိမ့်မည်။ ရှေး ကာလ၌ သုတ်သင်ပယ်ရှင်းရာတို့ကို တည်ဆောက်ကြ လိမ့်မည်။ ဆိတ်ညံသောမြို့ရာ၊ အစဉ်အဆက်
စွန့်ပစ်ရာ အရပ်တို့ကို ပြုစုကြလိမ့်မည်။ [5] တပါးအမျိုးသားတို့သည် ရပ်လျက်၊ သင်တို့သိုးစု များကို ထိန်းကျောင်းကြလိမ့်မည်။
တကျွန်းတနိုင်ငံသား တို့သည် သင်တို့အဘို့ လယ်လုပ်၍၊ စပျစ်ဥယျာဉ်ကိုလည်း ပြုစုကြလိမ့်မည်။ [6] သင်တို့မူကား၊ ထာဝရဘုရား၏
ယဇ်ပုရော ဟိတ်ဟူ၍၎င်း၊ ငါတို့ဘုရားသခင်၏ အမှုတော်ထမ်းဟူ၍ ၎င်း သမုတ်ခြင်းကို ခံရကြလိမ့်မည်။ တပါးအမျိုးသားတို့ ၏
စည်းစိမ်ကို စား၍၊ သူတို့၏ ဘုန်းအသရေ၌ ဝါကြွား ဝမ်းမြောက်ကြလိမ့်မည်။ [7] သင်တို့အရှက်ကွဲခြင်းအရာ၌ နှစ်ဆသော အကျိုးကို
ခံရ၍၊ အသရေပျက်ခြင်းအရာ၌လည်း၊ သူတို့ အဘို့ကို ခံစားလျက် ဝမ်းမြောက်ကြလိမ့်မည်။ သူတို့မြေ၌ နှစ်ဆသောအဘို့ကို
အမွေခံရ၍၊ ထာဝရဝမ်းမြောက်ခြင်း နှင့် ပြည့်စုံကြလိမ့်မည်။ [8] အကြောင်းမူကား၊ ငါထာဝရဘုရားသည် တရားသဖြင့် စီရင်ခြင်းကို
နှစ်သက်၏။ လုယူခြင်းအမှု နှင့် အဓမ္မအမှုကို မုန်း၏။ သစ္စာအတိုင်း သူတို့အား အကျိုးကို ပေးမည်။ သူတို့နှင့် ထာဝရပဋိညာဉ်ကို
ဖွဲ့မည်။ [9] သူတို့အမျိုးအနွယ် သားစဉ်မြေးဆက်တို့သည် တပါးအမျိုးသားနေရာအရပ်ရပ်၌ ကျော်စောကြလိမ့် မည်။ သူတို့သည်
ထာဝရဘုရား ကောင်းကြီးပေးတော်မူ သော အမျိုးအနွယ်ဖြစ်ကြ၏ဟု သူတို့ကို မြင်သောသူ အပေါင်းတို့သည် ဝန်ခံကြလိမ့်မည်။ [10]
ထာဝရဘုရားကြောင့် ငါသည် အလွန်ဝမ်း မြောက်၍၊ ငါ၏ဘုရားသခင်ကြောင့် ငါ့ဝိညာဉ်သည် ရွှင် လန်းမည်။ အကြောင်းမူကား၊
မင်္ဂလာဆောင်လုလင် သည် ပေါင်းသရဖူကို ဆောင်းသကဲ့သို့၎င်း၊ မင်္ဂလာ ဆောင်သတို့သမီးသည် တန်ဆာဆင်သကဲ့သို့၎င်း၊
ကယ်တင်ခြင်းအဝတ်တန်ဆာနှင့် ငါ့ကို ဝတ်ဆင်စေ၍၊ ဖြောင့်မတ်ခြင်းဝတ်လုံနှင့် ခြုံတော်မူပြီ။ [11] မြေကြီးသည် အပင်ကို
ပေါက်စေသကဲ့သို့၎င်း၊ ထိုအတူ ထာဝရဘုရားသည် ခပ်သိမ်းသော လူမျိုးရှေ့မှာ၊ ဖြောင့်မတ်ခြင်းနှင့် ချီးမွမ်းခြင်းကို
ပေါ်ထွန်းစေတော်မူ လိမ့်မည်။

---


generated on Tue Jul 2 12:50:28 2024

## Chapter 62

[1] ဇိအုန်မြို့တည်းဟူသော ယေရုရှလင်မြို့၏ ဖြောင့်မတ်ခြင်းသည် ရောင်ခြည်ကဲ့သို့၄င်း၊ သူ၏ ကယ် တင်ခြင်းသည်
ထွန်းတောက်သော ဆီမီးခွက်ကဲ့သို့၄င်း မထင်ရှားမှီတိုင်အောင် ထိုမြို့အတွက် ငါသည် တိတ် ဆိတ်ငြိမ်သက်စွာ မနေရ။ [2]
တပါးအမျိုးသားတို့သည် သင်၏ဖြောင့်မတ်ခြင်း ကို၄င်း၊ ရှင်ဘုရင်အပေါင်းတို့သည် သင်၏ ဘုန်းအသရေ ကို၄င်း မြင်ရကြလိမ့်မည်။
ထာဝရဘုရား၏ နှုတ်တော် ထွက်နာမသစ်ဖြင့် သင့်ကို ခေါ်ကြလိမ့်မည်။ [3] သင်သည် ထာဝရဘုရား၏ လက်တော်၌ တင့် တယ်သော
ဦးရစ်၊ သင်၏ဘုရားသခင်ကိုင်တော်မူသော မင်းမြောက်သရဖူ ဖြစ်လိမ့်မည်။ [4] သင့်ကို၊ စွန့်ပစ်သော သူဟူ၍၄င်း၊ သင်၏မြေ ကို၊
လူဆိတ်ညံသော မြေဟူ၍၄င်း နောက်တဖန် မခေါ် ရ။ သင်သည် ငါနှစ်သက်သောသူ၊ သင်၏ မြေသည်လက်ထပ်သောမြေဟူသော
အမည်ကို ရလိမ့်မည်။ အကြောင်းမူကား၊ ထာဝရဘုရားသည် သင့်ကို နှစ်သက် တော်မူ၏။ သင်၏မြေကိုလည်း လက်ထပ်ရလိမ့်မည်။
[5] လူပျိုသည် အပျိုကညာနှင့် လက်ထပ်သကဲ့သို့၊ သင်၏သားတို့သည် သင်နှင့် လက်ထပ်ကြလိမ့်မည်။ မင်္ဂလာဆောင်လုလင်သည်
မင်္ဂလာဆောင်သတို့သမီး၌ ဝမ်းမြောက်သကဲ့သို့၊ သင်၏ဘုရားသခင်သည် သင်၌ ဝမ်းမြောက်တော်မူလိမ့်မည်။ [6] အိုယေရုရှလင်မြို့၊
နေ့ညဉ့်မပြတ် တိတ်ဆိတ်စွာ မနေရသော လူစောင့်တို့ကို သင်၏မြို့ရိုးပေါ်မှာ ငါထား ပြီ။ ထာဝရဘုရားကို အောက်မေ့စေသော သူတို့၊
တိတ် ဆိတ်စွာ မနေကြနှင့်။ [7] ယေရုရှလင်မြို့ကို အမြဲတည်တော်မမူ၊ မြေကြီး ပေါ်မှာ ချီးမွမ်းစရာအကြောင်းဖြစ်စေတော်မမူမှီတိုင်
အောင်၊ ဘုရားသခင်ကို မငြိမ်စေကြနှင့်။ [8] ထာဝရဘုရားက၊ သင်၏ ရန်သူတို့ကို သင်၏ စပါးနှင့် နောက်တဖန် ငါမကျွေး။ သင်သည်
ကြိုးစား၍ လုပ်သော စပျစ်ရည်ကို တပါးအမျိုးသားတို့သည် မသောက်ရကြ။ [9] စပါးကို ရိတ်သောသူတို့သည် ကိုယ်တိုင်စား၍၊
ထာဝရဘုရားကို ချီးမွမ်းကြလိမ့်မည်။ စပျစ်သီးကို သိမ်း သော သူတို့သည် ငါ၏ သန့်ရှင်းရာဌာနတန်တိုင်းအတွင်း ၌ စပျစ်ရည်ကို
သောက်ကြလိမ့်မည်ဟု တန်ခိုးကြီးသော လက်ျာလက်ရုံးတော်ကို တိုင်တည်၍ ကျိန်ဆိုတော်မူပြီ။ [10] မြို့တံခါးမှ ထွက်ကြ။ ထွက်ကြ။
လူများဘို့လမ်း ကို ပြင်ကြ။ မြေဖို့ကြ။ ဖို့ကြ။ ကျောက်များကို ပယ်ရှင်းကြ။ လူများဘို့အလံကို ထူကြ။ [11] မြေကြီးစွန်းတိုင်အောင်
ထာဝရဘုရားမိန့်တော် မူသည်ကား၊ သင့်ကို ကယ်တင်သော သူသည် လာ၏။ မိမိခံထိုက်သော အခသည် မိမိ၌ပါလျက်၊ ဆုလပ်တော်
သည် ရှေ့တော်၌ရှိ၏ဟု ဇိအုန်သတို့သမီးကို ပြောကြ လော့။ [12] သူတို့သည် သန့်ရှင်းသောသူ၊ ထာဝရဘုရား ရွေးနှုတ်တော်မူသော
သူဟူ၍၄င်း၊ သင်သည် သူတပါး မစွန့်ပစ်၊ စည်ပင်သော မြို့ဟူ၍၄င်း သမုတ်ခြင်းကို ခံရလိမ့်မည်။

---


generated on Tue Jul 2 12:50:28 2024

## Chapter 63

1 တင့်တယ်သော အဝတ်တန်ဆာဆင်ခြင်း၊ ကြီးသောတန်ခိုးကြောင့် ဝါကြွားခြင်းရှိ၍၊ ပန်းဆိုးသော အဝတ်ကိုဝတ်လျက်၊
ဧဒုံပြည်ဗောဇရမြို့မှလာသော ဤသူကား၊ အဘယ်သူဖြစ်ပါလိမ့်မည်နည်း။ 2 ကိုယ်တော်သည် အဘယ်ကြောင့် နီသောအဝတ်ကို
ဝတ်တော်မူသနည်း။ အဝတ်တော်သည် စပျစ်သီးကို နင်းနယ်သော သူ၏အဝတ်နှင့် အဘယ် ကြောင့် တူပါသနည်း။ 3 စပျစ်သီးကို
ငါတယောက်တည်းနင်းနယ်ရပြီ။ လူများအထဲကတယောက်မျှမပါ။ သူတို့ကို ငါအမျက်ထွက်၍ ကျော်နင်းပြီ။ ပြင်းစွာအမျက်ထွက်၍
နှိပ်နင်းပြီ။ သူတို့အသွေးသည် ငါ့အဝတ်ပေါ်မှာ ဖျန်းလျက်ရှိပြီ။ ငါ့ အဝတ်တန်ဆာရှိသမျှကို ငါဆိုးပြီ။ 4 အပြစ်ပေးသော နေ့ရက်ကို
ငါအောက်မေ့ပြီ။ ငါရွေးနှုတ်သော သူတို့၏ နှစ်သည် ရောက်လာပြီ။ 5 ငါကြည့်ရှု၍ မစသော သူမရှိ။ မှိုင်တွေသော် လည်း
ထောက်ပင့်သောသူမရှိ။ ထိုကြောင့်၊ ကိုယ်လက် သည် ကိုယ်အဘို့ ကယ်တင်ခြင်းကို ပြုပြီ။ ကိုယ်ဒေါသ အမျက်သည် ကိုယ်ကို
ထောက်ပင့်ပြီ။ 6 လူများကို အမျက်ထွက်၍ ကျော်နင်းပြီ။ ပြင်းစွာ အမျက်ထွက်၍ ကျပ်ကျပ်နှိပ်နင်းပြီ။ သူတို့အသွေးကို မြေပေါ်မှာ
သွန်ပြီ။ 7 ကရုဏာနှင့် မဟာမေတ္တာတော်အတိုင်း ထာဝရဘုရားသည် ငါတို့အား သနားတော်မူသော အရာအလုံး စုံကိုငဲ့၊
ဣသရေလအမျိုးသားတို့၌ ပြုတော်မူသော မဟာကျေးဇူးတော်ကိုငဲ့ ထောက်၍၊ ထာဝရဘုရား၏ မဟာမေတ္တာတော်နှင့်၊
ထာဝရဘုရား၏ ဂုဏ်ကျေးဇူးတော်ကို ငါချီးမွမ်းမည်။ 8 အကယ်စင်စစ် သူတို့သည် ငါ၏လူဖြစ်ကြ၏။ သစ္စာမပျက်သော သားလည်း
ဖြစ်ကြ၏ဟု မိန့်တော်မူ သဖြင့်၊ သူတို့ကို ကယ်နှုတ်တော်မူ၏။ 9 အမှုရောက်လေရာရာ၌ သူတို့ကို ညှဉ်းဆဲတော်မမူ။ ရှေ့တော်မှ
စေလွှတ်သော ကောင်းကင်တမန်သည် ကယ်တင်လျက်၊ မေတ္တာကရုဏာတော်ရှိသည်အတိုင်းရွေးနှုတ်တော်မူ၏။ ရှေးကာလပတ်လုံး
သူတို့ကို ချီဆောင်တော်မူ၏။ 10 သူတို့သည်လည်း ပုန်ကန်၍၊ သန့်ရှင်းသော ဝိညာဉ်တော်ကို နာစေကြ၏။ ထိုကြောင့်၊ သူတို့ကို ရန်
ဘက်ပြု၍ စစ်တိုက်တော်မူ၏။ 11 ထိုအခါ ထာဝရဘုရား၏ လူတို့သည် ရှေးကာလ၊ မောရှေ၏ကာလကို အောက်မေ့ကြ၏။ မိမိလူတို့
ကို သိုးထိန်းနှင့်တကွ ပင်လယ်ထဲက ထုတ်ဆောင်သော ဘုရားသည် အဘယ်မှာ ရှိတော်မူသနည်း။ မိမိလူတို့အထဲ ၌ သန့်ရှင်းသော
ဝိညာဉ်တော်ကို သွင်းလျက်၊ 12 မောရှေ၏လက်ျာနားမှာ ဘုန်းကြီးသော လက်ရုံးတော်ကို သွင်း၍၊ အသရေတော်ကို အစဉ်
ထင်ရှားစေခြင်းငှါ၊ သူတို့ရှေ့မှာ ရေကို ခွဲသဖြင့်၊ 13 လွင်ပြင်၌ မြင်းကို နှင်သကဲ့သို့၊ အဆီးအတား မရှိဘဲ နက်နဲရာအရပ်၌ သူတို့ကို
ဆောင်သွားသော ဘုရား သည် အဘယ်မှာ ရှိတော်မူသနည်း။ 14 ချိုင့်ထဲသို့သိုးနွား ဆင်းသွားသကဲ့သို့၊ ထာဝရဘုရား၏
ဝိညာဉ်တော်သည် ငြိမ်ဝပ်ရသော အခွင့်ကို ပေးတော်မူ၏။ ထိုသို့ အသရေတော်ကို ထင်ရှားစေခြင်းငှါ၊ ကိုယ်တော်၏လူတို့ကို
ဆောင်သွားတော်မူပါပြီ။ 15 ကောင်းကင်ဘုံက ငုံ့ကြည့်တော်မူပါ။ သန့်ရှင်း၍ ဘုန်းကြီးသောနေရာက ကြည့်ရှုတော်မူပါ။ စိတ်တော်
အားကြီး၍ တန်ခိုးကို ပြတော်မူခြင်း၊ ကရုဏာတော်လှုပ်ရှား၍ အကျွန်ုပ်တို့ကို သနားစုံမက်တော်မူခြင်းသည် အဘယ်မှာရှိပါသနည်း။
ချုပ်တည်းတော်မူသလော။ 16 အာဗြဟံသည် အကျွန်ုပ်တို့ကိုမသိ၊ ဣသရေလသည် လက်မခံသော်လည်း၊ အကယ်စင်စစ်ကိုယ်တော်
သည် အကျွန်ုပ်တို့အဘဖြစ်တော်မူ၏။ အိုထာဝရဘုရား၊ ကိုယ်တော် သည် အကျွန်ုပ်တို့အဘဖြစ်တော်မူ၏။ ရှေးကာလမှစ၍
အကျွန်ုပ်တို့ကို ရွေးနှုတ်သော ဘုရားဖြစ်တော်မူ၏။ 17 အိုထာဝရဘုရား၊ ကိုယ်တော်၏လမ်းမှ အကျွန်ုပ်တို့ကို
အဘယ်ကြောင့်လွှဲစေတော်မူသနည်း။ ကိုယ်တော်ကိုမကြောက်ရွံ့မည်အကြောင်း၊ အကျွန်ုပ်တို့၏ စိတ်နှလုံးကိုအဘယ်ကြောင့်
ခိုင်မာစေတော်မူသနည်း။ ကိုယ်တော်၏ ကျွန်ုပ်တို့အတွက်၊ အမွေတော်ဖြစ်သောအနွယ်တို့အတွက် ပြန်လာတော်မူပါ။ 18
ကိုယ်တော်၏ သန့်ရှင်းသူတို့သည် ခဏသာအစိုးရပြီးမှ၊ ရန်သူတို့သည် သန့်ရှင်းရာဌာနတော်ကို ကျော်နင်း ကြသည်ဖြစ်၍၊ 19
အကျွန်ုပ်တို့သည် ကိုယ်တော်မအုပ်စိုးဘူးသော သူကဲ့သို့၎င်း၊ နာမတော်ဖြင့် သမုတ်ခြင်းကိုမခံဘူးသော သူကဲ့သို့၎င်းဖြစ်ကြပါ၏။
ဖြောင့်မတ်ခြင်းတရားကို ဟော၍၊ ကယ်တင်ခြင်းငှါ တန်ခိုးကြီးသော ငါပေတည်း။

## Chapter 64

[1] ကိုယ်တော်သည် မိုယ်းကောင်းကင်ကို ဖွင့်လှစ်၍၊ ဆင်းသက်တော်မူပါစေသော။ ရှေ့တော်၌ တောင်တို့သည် လှုပ်ကြပါစေသော။ [2]
မီးသည်အမှိုက်ကို လောင်သကဲ့သို့၎င်း၊ ရေကိုဆူ စေသကဲ့သို့၎င်း ဖြစ်ပါစေသော။ သို့ဖြစ်လျှင်၊ ကိုယ်တော် ၏ ရန်သူတို့သည်
နာမတော်ကို သိ၍၊ ရှေ့တော်၌ လူအမျိုး မျိုးတို့သည် တုန်လှုပ်ကြပါလိမ့်မည်။ [3] အကျွန်ုပ်တို့ မျှော်လင့်သည်ထက်၊ အံ့ဘွယ်သော
အမှုတို့ကို ပြုတော်မူသောအခါ၊ ဆင်းသက်တော်မူ၍ တောင်တို့သည် ရှေ့တော်၌ လှုပ်ကြပါ၏။ [4] ကိုယ်တော်ကို
မျှော်လင့်သောသူတို့အဘို့အလို့ငှါ ကျေးဇူးပြုတော်မူသောဘုရား၊ ကိုယ်တော်မှတပါး အခြားသော ဘုရားသခင်ကို ကမ္ဘာဦးမှစ၍
အဘယ်သူမျှ မကြားမသိပါ။ နားဖြင့်မကြား၊ မျက်စိဖြင့်မမြင်စဖူးပါ။ [5] ဝမ်းမြောက်သောစိတ်နှင့် ဖြောင့်မတ်စွာ ကျင့် သောသူ၊ တရား
တော်လမ်းတို့၌ ကိုယ်တော်ကို အောက် မေ့သောသူတို့နှင့် ကိုယ်တော်သည် မိဿဟာယ ဖွဲ့တော် မူ၏။ ထိုလမ်းတို့မှ အကျွန်ုပ်တို့သည်
အစဉ်လွဲတတ် သောကြောင့် အမျက်ထွက်တော်မူ၏။ ကယ်တင်ခြင်းသို့ ရောက်ရကြပါ မည်လော။ [6] အကျွန်ုပ်တို့ရှိသမျှသည်
စင်ကြယ်ခြင်းမရှိပါ။ ပြုဘူးသမျှသော ကုသိုလ်ကောင်းမှုတို့သည် ညစ်သော အဝတ်နှင့်တူကြပါ၏။ အကျွန်ုပ်တို့ ရှိသမျှသည်
သစ်ရွက် ကဲ့သို့ ညှိုးနွမ်းလျက်ရှိ၍၊ ကိုယ်အပြစ်တို့သည် လေကဲ့သို့ အကျွန်ုပ်တို့ကို တိုက်သွားပါပြီ။ [7] နာမတော်ကို ပဌနာပြုသောသူ၊
ကိုယ်တော်ကို မှီဝဲခြင်းငှါ ကိုယ်ကိုကိုယ်နှိုးဆော်သော သူတယောက်မျှ မရှိပါ။ အကြောင်းမူကား၊ မျက်နှာတော်ကိုလွှဲ၍ အကျွန်ုပ်တို့ကို
ဒုစရိုက်အပြစ်အားဖြင့် ဆုံးရှုံးစေတော်မူပြီ။ [8] သို့ရာတွင်အိုထာဝရဘုရား၊ ကိုယ်တော်သည် အကျွန်ုပ်တို့ အဘဖြစ်တော်မူ၏။
အကျွန်ုပ်တို့သည် အိုးမြေဖြစ်ပါ၏။ ကိုယ်တော်သည် အကျွန်ုပ်တို့၏ အိုးထိန်းဖြစ်တော်မူ၏။ အကျွန်ုပ်တို့ရှိသမျှသည် လက်တော်နှင့်
ဖန်ဆင်းသောအရာ ဖြစ်ပါ၏။ [9] အိုထာဝရဘုရား၊ ပြင်းစွာ အမျက်ထွက်တော် မမူပါနှင့်။ ပြစ်မှားမိသော အပြစ်တို့ကို အစဉ်မပြတ်
အောက်မေ့တော်မမူပါနှင့်။ ကြည့်ရှုတော်မူပါ။ အကျွန်ုပ်တို့ ရှိသမျှသည် ကိုယ်တော်၏ လူဖြစ်ကြပါ၏။ [10]
သန့်ရှင်းသောမြို့တော်တို့သည် တောဖြစ်ကြပါ ပြီ။ ဇိအုန်တောင်လည်း တောဖြစ်ပါပြီ။ ယေရုရှလင်မြို့ လည်းပျက်စီးပါပြီ။ [11]
ကိုယ်တော်ကို ဘိုးဘေးတို့ချီးမွမ်းရာအရပ်၊ အကျွန်ုပ်တို့၏ သန့်ရှင်းတင့်တယ်သော ဗိမာန်တော်ကို မီးလောင်ပါပြီ။ အကျွန်ုပ်တို့နှစ်
သက်ဘွယ်သော အရာရှိသမျှတို့သည် သုတ်သင်ပယ်ရှားလျက်ရှိကြပါ၏။ [12] အိုထာဝရဘုရား၊ ဤအမှုတို့ကို သည်းခံတော်မူ
မည်လော၊ အောင့်လျက်နေ၍ အကျွန်ုပ်တို့ကို အလွန် ဆင်းရဲစေတော်မူမည်လော။

## Chapter 65

1 ငါ့ကိုမမေးမလျှောက်သောသူတို့၏ စကားကို ငါနားထောင်ပြီ။ ငါ့ကိုမရှာသောသူတို့သည် ငါ့ကိုတွေ့ရ ကြပြီ။ ငါ့ကိုကြည့်ကြလော့။
ကြည့်ကြလော့ဟု ငါ့နာမကို ပဌနာမပြုသောလူမျိုးအား ငါပြောဆိုပြီ။ 2 မိမိအလိုအတိုင်း မကောင်းသောလမ်းကို လိုက်၍၊
ငြင်းဆန်တတ်သော လူမျိုးကို မျက်နှာပြုလျက်၊ တနေ့လုံး ငါသည် ကိုယ်လက်ဝါးကိုဖြန့် ရပြီ။ 3 ထိုလူမျိုးသည် ဥယျာဉ်၌
ယဇ်ပူဇော်၍၊ အုတ်ပေါ်မှာ လောဗန်ကို မီးရှို့သဖြင့်၊ ငါ့အမျက်ကို နှိုးဆော် ခြင်းငှါ၊ ငါ့မျက်မှောက်၌ အစဉ်ပြုတတ်၏။ 4
သင်္ချိုင်းမှာနေ၍၊ သင်္ချိုင်းတွင်း၌ အိပ်တတ်၏။ ဝက်သားကို စား၍၊ ရွံ့ရှာဘွယ်သော အမဲသားပြုတ်ရည် ကို သောတတ်၏။ 5
သူတို့ကလည်း၊ သင်သည် အသီးအခြားနေလော့။ ငါ့ထံသို့ မချဉ်းနှင့်။ ငါသည်သင့်ထက်သာ၍ သန့်ရှင်းသည်ဟု ဆိုတတ်၏။
ထိုသို့သော သူတို့သည် ငါ့နှာခေါင်း၌ မီးခိုးကဲ့သို့၎င်း၊ အစဉ်လောင်သောမီးကဲ့သို့ ၎င်း ဖြစ်ကြ၏။ 6 ငါ့ရှေ့မှာ
စာရင်းမှတ်လျက်ရှိသည်ဖြစ်၍၊ ငါသည် တိတ်ဆိတ်စွာမနေ၊ အကျိုးအပြစ်ကို ဆပ်ပေးမည်။ 7 သင်တို့၏ ဒုစရိုက်အပြစ်ကို၎င်း၊
တောင်ပေါ်မှာ လောဗန်ကို မီးရှို့၍၊ ကုန်းပေါ်မှာ ငါ့ကိုကဲ့ရဲ့သော သင်တို့ ဘိုးဘေး၏ ဒုစရိုက်အပြစ်ကို၎င်း သင်တို့ရင်ခွင်၌
ငါဆပ်ပေးမည်။ အကယ်စင်စစ်သူတို့ပြုဘူးသော အကျင့် တို့၏ အကျိုးအပြစ်ကို သူတို့ရင်ခွင်၌ ငါခြင်၍ ပေးမည်ဟု၊
ထာဝရဘုရားမိန့်တော်မူ၏။ 8 တဖန်ထာဝရဘုရား မိန့်တော်မူသည်ကား၊ စပျစ်သီးပြွတ်၌ စပျစ်ရည်ကို တွေ့သောအခါ မဖျက်နှင့်၊
မင်္ဂလာရှိသည်ဟု ဆိုတတ်သကဲ့သို့၊ ထိုအတူ၊ ငါ့ကျွန်တို့၏ အကျိုးအလို့ငှါ ငါပြုမည်။ အကုန်အစင်မဖျက်။ 9 ယာကုပ်အမျိုးထဲက
မျိုးစေ့ကို၎င်း၊ ယုဒအမျိုးထဲက ငါ့တောင်ကို အမွေခံရသောသူကို၎င်း ငါထုတ်ဘော် မည်။ ငါရွေးကောက်သော သူတို့သည်
ပြည်တော်ကို အမွေခံ၍၊ ငါ၏ကျွန်တို့သည် နေရကြလိမ့်မည်။ 10 ငါ့ကိုရှာသော ငါ၏လူတို့အဘို့၊ ရှာရုန်အရပ်သည်
သိုးခြံဖြစ်လိမ့်မည်။ အာခေါ်ချိုင့်သည်လည်း နွားများ အိပ်ရာအရပ်ဖြစ်လိမ့်မည်။ 11 သင်တို့မူကား၊ ထာဝရဘုရားကိုစွန့်ပစ်သောသူ၊
ငါ၏သန့်ရှင်းသော တောင်ကိုမေ့လျော့သောသူ၊ ဂါဒ ဘုရားရှေ့မှာ စားပွဲကိုခင်း၍၊ မေနိဘုရားအား သွန်းလောင်းရာ ပူဇော်သက္ကာကို
ပြင်သောသူ ဖြစ်ကြ၏။ 12 သင်တို့ကို ငါရေတွက်၍၊ ထား၌အပ်မည်။ ရှိသမျှတို့သည် အသေသတ်ခြင်းကိုခံရအောင် ဦးချရကြ
လိမ့်မည်။ အကြောင်းမူကား၊ သင်တို့သည် ငါခေါ်သော အခါမထူးကြ။ ငါပြောသောအခါ နားမထောင်ကြ။ ငါ့ မျက်မှောက်၌
မကောင်းသော အကျင့်ကို ကျင့်ကြ၏။ ငါမနှစ်သက်သော အရာကို ရွေးယူကြ၏။ 13 ထိုကြောင့်၊ အရှင်ထာဝရဘုရား
မိန့်တော်မူသည်ကား၊ ငါ၏ကျွန်တို့သည် စားကြလိမ့်မည်။ သင်တို့ မူကား၊ မွတ်သိပ်ကြလိမ့်မည်။ ငါ၏ကျွန်တို့သည်
သောက်ကြလိမ့်မည်။ သင်တို့မူကား၊ ရေငတ်ကြလိမ့်မည်။ ငါကျွန် တို့သည် ဝမ်းမြောက်ကြလိမ့်မည်။ သင်တို့မူကား၊ ရှက်
ကြောက်ကြလိမ့်မည်။ 14 ငါ၏ကျွန်တို့သည် ရွှင်လန်းသော စိတ်နှင့် သီချင်းဆိုကြလိမ့်မည်။ သင်တို့မူကား၊ ဝမ်းနည်းသောစိတ် နှင့်
ငိုကြွေးကြလိမ့်မည်။ ကြေကွဲသော နှလုံးနှင့် ညည်းတွား မြည်တမ်းကြလိမ့်မည်။ 15 သင်တို့သည် ကိုယ်နာမကို၊ ငါရွေးကောက်သော
သူတို့၌ ကျိန်ဆဲဘို့ရာ ကျန်ရစ်စေကြလိမ့်မည်။ အရှင် ထာဝရဘုရားသည် သင်တို့ကို ကွပ်မျက်၍၊ ကိုယ်တော်၏ ကျွန်တို့ကို
အခြားသောနာမဖြင့် မှည့်တော်မူမည်။ 16 မြေကြီးပေါ်မှာ မိမိကို မိမိကောင်းကြီးပေးသော သူသည်၊ သစ္စာစောင့်တော်မူသော
ဘုရားသခင်ကို အမှီပြု၍ ကောင်းကြီးပေးလိမ့်မည်။ မြေကြီးပေါ်မှာ ကျိန်ဆိုသောသူသည်၊ သစ္စာစောင့်တော်မူသော ဘုရားသခင် ကို
တိုင်တည်၍ ကျိန်ဆိုလိမ့်မည်။ အကြောင်းမူကား၊ အရင်အမှုတို့ကို မေ့လျော့ရ၏။ ငါ့မျက်မှောက်၌ ကွယ် ပျောက်လျက်ရှိကြ၏။ 17
ကြည့်ရှုလော့။ မိုဃ်းကောင်းကင်သစ်နှင့် မြေကြီးသစ်ကို ငါဖန်ဆင်းမည်။ အရင်မိုဃ်းကောင်းကင် နှင့်မြေကြီးကို မအောက်မေ့ရ။
နှလုံးမမှတ်မိရ။ 18 ငါဖန်ဆင်းလတံ့သောအရာကြောင့်၊ သင်တို့ သည် အစဉ်အမြဲ ဝမ်းမြောက်ရွှန်လန်းကြလိမ့်မည်။ ယေရု ရှလင်မြို့ကို
ဝမ်းမြောက်စရာအကြောင်း၊ မြို့သားတို့ကို ရွှင်လန်းစရာအကြောင်းဖြစ်စေခြင်းငှါ ငါဖန်ဆင်း၏။ 19 ငါသည်လည်း
ယေရုရှလင်မြို့ကြောင့် ဝမ်းမြောက်မည်။ ငါ၏လူတို့ကြောင့် ရွှင်လန်းမည်။ ထိုမြို့၌ ငိုကြွေးသံနှင့် အော်ဟစ်သံကို
နောက်တဖန်မကြားရ။ 20 ထိုမြို့၌ အသက်ငယ်သောသူငယ်မရှိရ။ မသက် မပြည့်စုံသော လူအိုလည်းမရှိရ။ အသက်တရာရှိလျက်
သေသောသူကို သူငယ်ဟူ၍မှတ်ရ၏။ အပြစ်ရှိသော သူသည် အသက်တရာရှိလျက်သေလျှင်၊ ကျိန်ခြင်းကို
ခံရသောသူဟူ၍မှတ်ရ၏။ 21 ထိုသူတို့သည် ကိုယ်ဆောက်သောအိမ်၌ နေကြလိမ့်မည်။ ကိုယ်စိုက်သော စပျစ်ဥယျာဉ်အသီးကို စားကြ
လိမ့်မည်။ 22 သူတို့သည် အိမ်ကို ဆောက်၍ အခြားသောသူ နေရမည်မဟုတ်။ သူတို့သည် စပျစ်ဥယျာဉ်ကိုစိုက်၍
အခြားသောသူစားရမည်မဟုတ်။ ငါ၏ လူတို့အသက်သည် သစ်ပင်၏အသက်ကဲ့သို့ဖြစ်၍၊ သူတို့သည် ကိုယ်ပြုစုသောအရာကို
ကြာမြင့်စွာ သုံးဆောင်ရကြ လိမ့်မည်။ 23 ငါရွေးကောက်သော သူတို့သည် အချည်းနှီး မလုပ်မဆောင်ရကြ။ အသက်တိုသော
သားကိုမဘွား မမြင်ရကြ။ ကိုယ်တိုင်မှစ၍ အမျိုးအနွယ်တို့သည်၊ ထာဝရဘုရားပေးတော်မူသော ကောင်းကြီးမင်္ဂလာကို
ခံရသောသူဖြစ်ကြလိမ့်မည်။ 24 ငါသည် သူတို့မခေါ်မှီကပင် ထူးမည်။ လျှောက် စဉ်တွင်ပင် ငါနားထောင်မည်။ 25 တောခွေးနှင့်
သိုးသငယ်တို့သည် အတူကျက် စားကြလိမ့်မည်။ ခြင်္သေ့သည်နွားကဲ့သို့ မြက်ကိုစားလိမ့် မည်။ မြွေမူကား၊ မြေမှုန့်ကိုသာ
စားရလိမ့်မည်။ ငါ၏ သန့်ရှင်းသောတောင်တပြင်လုံး၌ အချင်းချင်း ညှဉ်းဆဲ ခြင်း၊ ဖျက်ဆီးခြင်းကို မပြုရကြဟု ထာဝရဘုရား
မိန့်တော် မူ၏။


generated on Tue Jul 2 12:50:28 2024

## Chapter 66

[1] ထာဝရဘုရားမိန့်တော်မူသည်ကား၊ ကောင်းကင်ဘုံသည် ငါ့ပလ္လင်ဖြစ်၏။ မြေကြီးသည် ငါ့ခြေတင် ရာခုံဖြစ်၏။ အဘယ်သို့သော
ဗိမာန်ကို ငါ့အဘို့ တည်ဆောက်ကြမည်နည်း။ အဘယ်အရပ်သည် ငါကျိန်းဝပ်ရာ အရပ်ဖြစ်မည်နည်း။ [2] ဤအရာအလုံးစုံတို့သည်
ငါ့ကိုယ်တိုင်ဖန်ဆင်းသောကြောင့် ဖြစ်ကြ၏။ စိတ်နှိမ့်ချခြင်း၊ နှလုံးကြေကွဲ ခြင်း၊ ငါ့စကားကြောင့် တုန်လှုပ်ခြင်းရှိသောသူကိုသာ
ငါကြည့်ရှုမည်။ [3] တဖန်မိန့်တော်မူသည်ကား၊ နွားကိုသတ်သော သူသည် လူကို သတ်သောသူနှင့်တူ၏။ သိုးသငယ်ကို
ယဇ်ပူဇော်သောသူသည် ခွေးလည်ပင်းကိုဖြတ်သော သူနှင့်တူ၏။ အလှူဒါနကို လှူဒါန်းသောသူသည် ဝက်သွေးကို
လှူဒါန်းသောသူနှင့်တူ၏။ လောဗန်ကိုမီးရှို့သောသူသည် ရုပ်တုကိုကောင်းကြီးပေးသောသူနှင့်တူ၏။ အကယ်စင် စစ် ထိုသူတို့သည်
မိမိအလိုရှိရာ လမ်းကိုရွေးကြ၏။ မိမိဆိုးညစ်သောအမှုတို့၌ မွေ့လျော်ကြ၏။ [4] ငါသည်လည်း၊ သူတို့ဘို့ ဘေးဥပဒ်များကိုရွေးမည်။
သူတို့ကြောက်သောအမှုကို ရောက်စေမည်။ အကြောင်းမူကား၊ ငါခေါ်သောအခါ အဘယ်သူမျှမထူး။ ငါပြောသောအခါ သူတို့သည်
နားမထောင်ကြ။ ငါ့ မျက်မှောက်၌ မကောင်းသော အကျင့်ကိုကျင့်၍၊ ငါမနှစ်သက်သောအရာကို ရွေးယူကြ၏။ [5] ထာဝရဘုရား၏
နှုတ်ကပတ်စကားတော်ကြောင့် တုန်လှုပ်သော သူတို့၊ စကားတော်ကို နားထောင် ကြလော့။ သင်တို့ကိုမုန်း၍၊
ငါ့နာမကြောင့်နှင်ထုတ်သော ညီအစ်ကိုတို့က၊ ငါတို့သည်သင်တို့၏ ဝမ်းမြောက်ခြင်းကို မြင်ရမည်အကြောင်း၊ ထာဝရဘုရားသည်
ဘုန်းပွင့်တော်မူစေသတည်းဟု ပြောတတ်သော်လည်း၊ ရှက်ကြောက်ကြ လိမ့်မည်။ [6] မြို့၌ အုတ်အုတ်ကျက်ကျက်သောအသံ၊
ဗိမာန်တော်ထဲက ထွက်သောအသံ၊ ရန်သူတို့အား အကျိုး အပြစ်ကို ပေးတော်မူသော ထာဝရဘုရား၏စကားသံ ပေတည်း။ [7]
ဇိအုန်သတို့သမီးသည် သားဘွားခြင်းဝေဒနာကို မခံမှီသားကိုဘွား၏။ ဝေဒနာခံချိန်မရောက်မှီ သား ယောက်ျားကိုမြင်၏။ [8]
ထိုသို့သောအမှုကို အဘယ်သူသည် ကြားဘူး သနည်း။ ထိုသို့သောအမှုကို အဘယ်သူသည် မြင်ဘူး သနည်း။ တိုင်းနိုင်ငံကို
တနေ့ခြင်းတွင် ဘွားတတ်သလော။ ပြည်သူပြည်သားအပေါင်းတို့ကို တပြိုင်နက် ဘွားတတ်သလော။ ဇိအုန်သတို့သမီးသည်
သားဘွားခြင်းဝေဒနာကို ခံအုံ့ဆဲဆဲတွင်၊ သားများကို ဘွားမြင်ပါသည် တကား။ [9] သားဘွားမည်အကြောင်းကို ငါသည်စီရင်ပြီးမှ၊
မဘွားစေဘဲနေရမည်လောဟု ထာဝရဘုရားမေးတော် မူ၏။ ငါသည် ပဋိသန္ဓေပေးပြီးမှ၊ မဘွားနိုင်အောင် ချုပ်ထားရမည်လောဟု
သင်၏ဘုရားသခင်မေးတော် မူ၏။ [10] ယေရုရှလင်မြို့ကို ချစ်သောသူအပေါင်းတို့၊ သူနှင့်အတူ ဝမ်းမြောက်ရွှင်လန်းကြလော့။
ယေရုရှလင် မြို့အတွက် စိတ်မသာညည်းတွားသောသူအပေါင်းတို့၊ သူနှင့်အတူ အလွန်ဝမ်းမြောက်ကြလော့။ [11] သို့ပြုလျှင်၊
သူ၏ချမ်းသာခြင်းသားမြတ်ကိုစို့၍ ဝကြလိမ့်မည်။ သူ၏စည်းစိမ်ကြွယ်ဝခြင်းအထဲက ထုတ်ယူ၍ မွေ့လျော်ကြလိမ့်မည်။ [12]
ထာဝရဘုရား မိန့်တော်မူသည်ကား၊ မြစ်ကဲ့သို့ ချမ်းသာကိုငှင်၊ စီးသောရေကဲ့သို့တပါး အမျိုးသားတို့၏ စည်းစိမ်ကိုငှင်း
ယေရုရှလင်မြို့သို့ ငါရောက်စေမည်။ သင်တို့သည် သားမြတ်ကိုစို့၍ ခါး၌ချီခြင်း၊ ဒူးပေါ်မှာ မြှူခြင်းကို ခံစားရကြလိမ့်မည်။ [13]
အမိသည် သားငယ်ကို နှစ်သိမ့်စေသကဲ့သို့၊ သင်တို့ကို ငါနှစ်သိမ့်စေမည်။ ယေရုရှလင်မြို့၌ ချမ်းသာ ရကြလိမ့်မည်။ [14] ထိုသို့
တွေ့မြင်သဖြင့်၊ သင်တို့၏နှလုံးသည် ရွှင်မြူး၍၊ အရိုးတို့ သည်စိမ်းလန်းသော အပင်ကဲ့သို့ သန်ကြလိမ့်မည်။ ထာဝရဘုရား၏
လက်တော်သည်လည်း ကျွန်တော်တို့အားငှင်၊ အမျက်တော်သည် ရန်သူ တို့အားငှင်း ထင်ရှားလိမ့်မည်။ [15] ကြည့်ရှုလော့။
ထာဝရဘုရားသည် ပြင်းစွာသော အရှိန်အားဖြင့် အမျက်တော်ကိုငှင်၊ မီးလျှံအားဖြင့် ဆုံးမ တော်မူခြင်းကိုငှင်း ထင်ရှားစွာ ပြခြင်းငှါ၊
လေဘွေကဲ့သို့သော ရထားတော်တို့ကိုစီး၍၊ မီးကဲ့သို့ ကြွလာတော် မူလိမ့်မည်။ [16] ထာဝရဘုရားသည် မီးနှင့်ထားအားဖြင့်၊
လူသတ္တဝါအပေါင်းတို့ကို အပြစ်ပေးတော်မူ၍၊ ထာဝရ ဘုရားကွပ်မျက်တော်မူသော သူတို့သည် များကြလိမ့်မည်။ [17]
တဖန်မိန့်တော်မူသည်ကား၊ ဝက်သား၊ ကြွက် သား၊ ရွံရှာဘွယ်သောအရာကို စားလျက်၊ ဥယျာဉ်တို့တွင် အလယ်၌ရှိသော
သူတယောက်နောက်သို့ လိုက်၍၊ မိမိတို့ကို သန့်ရှင်းစင်ကြယ်စေသော သူတို့သည် တပြိုင် နက် ပျက်စီးခြင်းသို့ ရောက်ကြလိမ့်မည်။
သူတို့၏အကျင့် ကိုငှင်း အကြံအစည်တို့ကိုငှင်း ငါသိ၏။ [18] အချိန်တန်မှ ဘာသာစကားခြားနားသော လူ အမျိုးမျိုးအပေါင်းတို့ကို
ငါစည်းဝေးစေသဖြင့်၊ သူတို့သည် လာ၍ ငါ၏ဘုန်းကို ဖူးမြင်ကြလိမ့်မည်။ [19] ထိုသူတို့တွင် အလံကို ငါထူမည်။ ဘေးလွတ် သော
သူတို့ကို တာရှုပြည်၊ ဖုလပြည်၊ လေးလက်နက်ကို သုံးတတ်သော လုဒပြည်၊ တုဗလပြည်၊ ယာဝန်ပြည်မှစ၍၊ ငါ၏နာမကိုမကြား၊
ငါ၏ဘုန်းကိုမမြင်၊ ဝေးစွာသော တကျွန်းတနိုင်ငံအရပ်သို့ စေလွှတ်သဖြင့်၊ တပါး အမျိုးသားတို့တွင် ငါ၏ဘုန်းကို
ဟောပြောကြလိမ့်မည်။ [20] ဣသရေလအမျိုးသားတို့သည် စင်ကြယ်သော ဖလား စသည်တို့နှင့်၊ ပူဇော်သက္ကာကို ဗိမာန်တော်သို့
ဆောင်ခဲ့သကဲ့သို့၊ ထိုသူတို့သည် သင်တို့၏ ညီအစ်ကို အပေါင်းကို မြင်း၊ ရထား၊ ထမ်းစင်၊ မြည်း၊ ကုလားအုပ် ပေါ်၌တင်၍၊
ထာဝရဘုရားအားပူဇော်ဘို့ရာ၊ ခပ်သိမ်း သောအပြည်ပြည်တို့မှငါ၏ သန့်ရှင်းသောတောင်၊ ယေရု ရှလင်မြို့သို့ဆောင်ခဲ့ကြလိမ့်မည်ဟု
ထာဝရဘုရား မိန့်တော်မူ၏။ [21] ထိုသူအချို့တို့ကို ငါရွေးယူ၍၊ ယဇ်ပုရောဟိတ် အရာနှင့် လေဝိလူအရာ၌ခန့်ထားမည်ဟု ထာဝရဘုရား
မိန့်တော်မူ၏။ [22] ငါဖန်ဆင်းသော ကောင်းကင်သစ်နှင့် မြေကြီးသစ်သည် ငါ့ရှေ့၌ တည်သကဲ့သို့၊ သင်တို့၏အမျိုးအနွယ် နှင့်
သင်တို့၏ နာမသည်လည်း တည်ရလိမ့်မည်ဟု ထာဝရဘုရား မိန့်တော်မူ၏။ [23] လူသတ္တဝါအပေါင်းတို့သည် ငါ့ရှေ့မှာ ကိုးကွယ်ခြင်းငှါ
လဆန်းနေ့နှင့်ဥပုသ်နေ့ အစဉ်အတိုင်းလာကြ လိမ့်မည်ဟု ထာဝရဘုရားမိန့်တော်မူ၏။ [24] ထိုသူတို့သည်၊ ငါ့ကိုပြစ်မှားသောသူတို့၏
အသေကောင်များကို ထွက်၍ ကြည့်ရှုကြလိမ့်မည်။ သူတို့၏ ပိုးသည်မသေနိုင်ရာ။ သူတို့၏မီးသည်လည်းမငြိမ်းနိုင်ရာ။
လူသတ္တဝါအပေါင်းတို့၌ ရွံရှာဘွယ်ဖြစ်ရကြ လိမ့်မည်ဟု မိန့်တော်မူ၏။


generated on Tue Jul 2 12:50:28 2024

# Jeremiah

## Chapter 1

1 ယုဒရှင်ဘုရင် အာမုန်သားယောရှိမင်းနန်းစံ ဆယ်သုံးနှစ်တွင်၎င်း၊ ယုဒရှင်ဘုရင်ယောရှိသား ယောယ ကိမ်လက်ထက်၌၎င်း၊ 2
ယုဒရှင်ဘုရင်ယောရှိသား ဇေဒကိ မင်းနန်းစံ ဆယ်တနှစ်စေ့၍ ပဥ္စမလတွင်၊ ယေရုရှလင် မြို့သားတို့ကို
သိမ်းသွားချုပ်ထားသည်တိုင်အောင်၊ 3 ထာဝရဘုရား၏ ဗျာဒိတ်တော်ကိုခံသော ဗင်္ယာမိန်ပြည်၊ အာနသုတ်မြို့နေ
ဟိလခိသားယဇ်ပုရောဟိတ် ယေရမိ စကားမှာ၊ 4 ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ငါ့ဆီ သို့ ရောက်၍ မိန့်တော်မူသည်ကား၊ 5
သင့်ကိုအမိဝမ်းထဲ၌ ငါမဖန်ဆင်းမှီသင့်ကို ငါသိပြီ။ မဘွားမှီကပင် သင့်ကို ငါသန့်ရှင်းစေ၍၊ လူ အမျိုးမျိုးတို့အဘို့၊ ပရောဖက်အရာ၌
ခန့်ထားပြီဟု မိန့်တော်မူ၏။ 6 ငါကလည်း၊ အိုအရှင်ထာဝရဘုရား၊ အကျွန်ုပ် သည် မဟောမပြောတတ်ပါ။ သူငယ်ဖြစ်ပါ၏ဟု
လျှောက်လျှင်၊ 7 ထာဝရဘုရားကလည်း၊ အကျွန်ုပ်သည် သူငယ် ဖြစ်ပါ၏ဟု မပြောနှင့်။ အကြင်သူရှိရာသို့ သင်ကို ငါ စေလွှတ်၏။
ထိုသူရှိရာသို့ သင်သွားရမည်။ အကြင် စကားကို ငါမှာထား၏။ ထိုစကားကို သင်ဆင့်ဆိုရမည်။ 8 သူတို့ကိုမကြောက်နှင့်။ သင့်ကို
ကယ်နှုတ်ခြင်းငှါ သင်နှင့်အတူ ငါရှိသည်ဟု မိန့်တော်မူပြီးမှ၊ 9 လက်တော်ကိုဆန့်၍ ငါ့နှုတ်ကိုတို့တော်မူလျက်၊ သင်၏နှုတ်၌
ငါ့စကားကို ငါသွင်းထားပြီ။ 10 ကြည့်ရှုလော့။ သင်သည်နှုတ်ပယ်ဖြိုချ ဖျက်ဆီး မှောက်လှဲရသောအခွင့်၊
တည်ဆောက်စိုက်ပျိုးရသော အခွင့်နှင့် သင့်ကို လူအမျိုးမျိုးတို့၏ တိုင်းနိုင်ငံများ အပေါ်မှာ ယနေ့ငါခန့်ထားပြီဟု မိန့်တော်မူ၏။ 11
တဖန် ထာဝရဘုရား၏နှုတ်ကပတ်တော်သည် ငါ့ဆီသို့ရောက်၍၊ ယေရမိ၊ သင်သည်အဘယ်အရာကို မြင်သနည်းဟု မေးတော်မူလျှင်
ငါက၊ အကျွန်ုပ်သည် ဗာတံတိုင်းကို မြင်ပါ၏ဟု လျှောက်သော်၊ 12 ထာဝရဘုရားက၊ သင်သည်မှန်ကန်စွာမြင်ပြီ။ အကြောင်းမူကား၊
ငါ့စကားကို ပြည့်စုံစေခြင်းငှါ၊ ငါစောင့် နေမည်ဟု မိန့်တော်မူ၏။ 13 တဖန်ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ဒုတိယအကြိမ်
ငါ့ဆီသို့ရောက်၍၊ သင်သည် အဘယ် အရာကို မြင်သနည်းဟု မေးတော်မူလျှင် ငါက၊ အကျွန်ုပ် သည် ဆူပွက်သော အိုးကင်းကို
မြင်ပါ၏။ မြောက် ဘက်သို့မျက်နှာပြုလျက်ရှိပါ၏ဟု လျှောက်လျှင်၊ 14 ထာဝရဘုရားက၊ မြောက်မျက်နှာဘက်ကဘေးဥပဒ်သည်၊
ဤပြည်သားတို့အပေါ်သို့ ထွက်လာလိမ့်မည်။ 15 အကြောင်းမူကား၊ မြောက်တိုင်းနိုင်ငံသား အမျိုးမျိုးအပေါင်းတို့ကို ငါခေါ်၍၊
သူတို့သည် လာပြီးလျှင်၊ ယေရုရှလင်မြို့တံခါးဝများတို့၌၎င်း၊ မြို့ရိုးပတ်ဝန်းကျင် အရပ်ရပ်တို့၌၎င်း၊ ယုဒမြို့ရွာအလုံးစုံတို့၌၎င်း
မိမိတို့ ရာဇပလ္လင်များကို အသီးအသီး တည်ထားကြလိမ့်မည်။ 16 ပြည်သူပြည်သားတို့သည် ငါ့ကိုစွန့်သောအပြစ်၊ အခြားသော
ဘုရားတို့အား နံ့သာပေါင်းကို မီးရှို့သော အပြစ်၊ မိမိတို့လက်ဖြင့် လုပ်သော အရာကို ကိုးကွယ် သောအပြစ်ရှိသမျှတို့ကြောင့်၊ သူတို့ကို
ငါစစ်ကြော၍၊ အပြစ်နှင့်အလျောက် စီရင်မည်။ 17 သို့ဖြစ်၍ သင်သည် ခါးပန်းကို စည်း၍ထလော့။ ငါမှာထားသမျှကို သူတို့အား
ဟောပြောလော့။ သူတို့ ရှေ့မှာ သင့်ကို ငါအရှက်မခွဲရမည်အကြောင်း သူတို့ကို မကြောက်နှင့်။ 18 ကြည့်ရှုလော့။ ယုဒရှင်ဘုရင်၊
မင်းသား၊ ယဇ် ပုရောဟိတ်၊ ပြည်သူပြည်သားတည်းဟူသော တနိုင်ငံလုံး တဘက်၌၊ ခိုင်ခံ့သော မြို့၊ သံတိုင်၊ ကြေးဝါထရံအရာ၌
သင့်ကို ယနေ့ ငါခန့်ထား၏။ 19 သူတို့ဥည် သင့်ကိုစစ်တိုက်၍ မနိုင်ရကြ။ သင့်ကို ကယ်နှုန်ခြင်းငှါ၊ သင်နှင့်အတူ ငါရှိသည်ဟု
ထာဝရဘုရား မိန့်တော်မူ၏။

---

Jeremiah 01

အာနသုတ်
မြို့တစ်မြို့၏အမည်

ဟိလခိ...အာမုန်
အမျိုးသားများ၏ အမည်နာမများ

ထာဝရဘုရား၏ဗျာဒိတ်တော်ရောက်လာသည်ကား
၎င်းဝေါဟာရကို ဘုရားသခင်သည် သူ၏ ပရောဖက်များဆီသို့ ပြောဆိုသောအခါ အသုံးပြုသည်။ "ထာဝရဘုရား မိန့်ဆိုသော စကားတော်" သို့မဟုတ် "ထာဝရဘုရား ပြောသောစကား"

ထာဝရဘုရား
ထာဝရဘုရား၏ အမည် နာမသည် ဓမ္မဟောင်းကျမ်း၌ သူ၏လူမျိုးတော်များကို ဖွင့်ပြသောအမည်ဖြစ်သည်။

ငါ့ထံသို့လာသည်
ယေရမိထံသို့ လာသည်

ဆယ့်သုံး.......ဆယ့်တစ်

မင်းနန်းစံ
"ယောရှိမင်း နန်းစံသည်"

ရောက်လာသည်
ထာဝရဘုရား၏ စကားတော်ရောက်လာသည်။

 generated on Tue Jul 2 12:50:28 2024

ပဥ္စမလ
ဟေဗြဲပြက္ခဒိန်၏ ငါးလမြောက်ဖြစ်သည်။
အနောက်နိုင်များအတွက် ဇူလိုင်လ နောက်ဆုံးအပတ်နှင့်
ဩဂုတ်လပထမအပတ်တွင် ကျရောက်သည်။

ဇေဒကိမင်း၏
ဇေဒကိမင်း စိုးစံသည်

Jeremiah 04

ထာဝရဘုရား၏နှုတ်ကပတ်တော်ရောက်လာသည်
ထာဝရဘုရား၏နှုတ်ကပတ်တော်ရောက်လာသည်။ (ရှု၊
မည်ကဲ့သို့ဘာသာပြန်သည်ကို 1:1.)

ငါ့ဆီသို့ရောက်လာသည်
"ယေရမိဆီသို့ ရောက်လာသည်"

ပုံဖော်သည်
"ဖွံ့ဖြိုးပြီး" သို့မဟုတ် "သဏ္ဍာန်ရှိပြီး"

Jeremiah 07

ထာဝရဘုရား မိန့်တော်မူ၏
"ထာဝရဘုရားမိန့်တော်မူသည်" သို့မဟုတ်
"ထာဝရဘုရားပြောဆိုသည်"

Jeremiah 09

သင့်နှုတ်ကိုငါ၏စကားကိုထားခဲ့ပြီ
အခြားသောဘာသာပြန်ဆိုချက်၊ "လူတွေဆီသို့ ပြောကြားရန်
သင့်အတွက် ငါ၏ တရားပေးခဲ့ပြီ"

နှုတ်ပယ်သည်
မြေပြင်မှ ဆွဲယူသည်။ စိုက်ပျိုးသည်၏ ဆန့်ကျင်ဘက် စကားလုံး
ဖြစ်သည်။

ဖြိုချသည်
တည်ဆောက်သည် ၏ ဆန့်ကျင်ဘက် စကားလုံးဖြစ်သည်။

ဖျက်ဆီးသည်နှင့် မှောက်လှဲသည်
ယေရမိသည် ၎င်းစကားလုံးအား ဖြစ်ပျက်မှုတစ်ခုအတွက်
အဓိပ္ပါယ်တူညီစွာ အသုံးပြုထားသည်။

Jeremiah 11

ထာဝရဘုရား၏ နှုတ်ကပတ်တော် ရောက်လာသည်
မည်ကဲ့သို့ဘာသာပြန်သည်ကို ရှု၊ 1:1.

အကျွန်ုပ်သည် ဗာတံတိုင်းကိုမြင်ပါ၏
ထာဝရဘုရားက ယေရမိအား ရူပါရုံ ပြခဲ့သည်။

ဗာတံတိုင်း
အစေ့မှာသော အပင်တစ်မျိုး

ငါ့စကားပြည့်စုံစေခြင်းငှါ ငါစောင့်နေမည်
ဟေဗြဲစကားလုံးများဖြစ်သော "အာမွန်"နှင့်
"စောင့်ကြည့်နေသည်" ဟူသော စကားလုံးသည် သဘောတရား
တူညီသည်။ ဘုရားသခင်က ယေရမိအား
သူ့စကားလုံးကိုအချိန်တိုင်းမှာ အောင်မြင်ဖို့
အာမွန်အကိုင်းကိုတွေ့မြင်သကဲ့သို့ သိရှိစေရန်ဖြစ်သည်။

Jeremiah 13

ထာဝရဘုရား၏နှုတ်ကပတ်တော်ရောက်လာသည်
မည်ကဲ့သို့ ဘာသာပြန်သည်ကို ရှု _ 1:1.

Jeremiah 15

အမျိုးအပေါင်းတို့
မြောက်ပိုင်း နိုင်ငံတော်မှ ခေါင်းဆောင်များ

ရာဇပလ္လင်များကို အဝင်တံခါးဝမှတည်ကြလိမ့်မည်
အခြားသောဘာသာပြန်ဆိုချက်၊ "မြို့တော်ရဲ့ အဝင်တံခါးဝမှာ
တရားစီရင်လိမ့်မည်။

သူတို့ကိုငါစစ်ကြောစီရင်မည်
"ငါသည် သူတို့ကို မည်ကဲ့သို့ စီရင်မည်ကို ကြေညာမည်"

Jeremiah 17

မတုန်မလှုပ်စေနှင့်.......ငါတုန်လှုပ်စေမည်
"အကြောက်တရား မလွှန်စေနှင့်.....ငါသည် အလွန်တုန်လှုပ်
ကြောက်ရွံ့စေမည်"

တုန်လှုပ်(ကြောက်ရွံ့သည်)
အပိုင်းအစငယ်များအဖြစ် ကျိုးပဲ့သည်။

ကြည့်ရှုလော့
အာရုံစိုက်ခြင်း

သံတိုင်....ကြေးဝါ
၎င်းအချိန်ခါတွင် အမာဆုံးသော အရာဝတ္ထုများဖြစ်ပါသည်။

ထာဝရဘုရား မိန့်တော်မူ၏
မည်ကဲ့သို့ ဘာသာပြန်သည်ကို ရှု၊ 1:7.

# Translation Questions

## Jeremiah 1:1

ယေရမိသည် မည်သည့်အလုပ်ကို လုပ်ခဲ့သနည်း။
ယေရမိသည် ယဇ်ပုရောဟိတ်ဖြစ်ခဲ့သည်။

ယေရမိထံ ပထမဆုံး ထာဝရဘုရား၏ စကားရောက်လာသောအခါ မည်သူသည် ဘုရင်ဖြစ်ခဲ့သနည်း။
ယောရှိမင်း ဘုရင်ဖြစ်သည့်ကာလာတွင် ယေရမိထံ ပထမဆုံး ထာဝရဘုရား၏ စကားရောက်လာခဲ့သည်။

## Jeremiah 1:4

ထာဝရဘုရားသည် ယေရမိကို မည်သည့်အချိန်တွင် ပရောဖက်အရာ၌ ရွေးချယ်ခဲ့သနည်း။
ယေရမိသည် မမွေးခင်ကပင် ထာဝရဘုရားသည် သူ့ကို ရွေးချယ်ခဲ့သည်။

အဘယ်ကြောင့် ယေရမိက မိမိသည် မပြည့်မှီဘူး ဟု ပြောခဲ့သနည်း။
သူသည် အလွန်ငယ်ရွယ်ခဲ့သောကြောင့် ပြောခဲ့ခြင်းဖြစ်သည်။

## Jeremiah 1:7

ထာဝရဘုရားသည် ယေရမိကို မည်သည့်အရာကို ပြောဖို့ရန် မိန့်မှာခဲ့သနည်း။
ထာဝရဘုရားက သူပြောစေလိုသည့်အရာအားလုံးကို ပြောဖို့ရန် ယေယမိအား မိန့်မှာခဲ့သည်။

အဘယ်ကြောင့် ယေရမိသည် မကြောက်ရွံ့ရမည်နည်း။
ထာဝရဘုရားသည် သူ့ကို ကယ်တင်ပြီး သူနှင့်အတူ ရှိနေသောကြောင့် သူသည် မကြောက်ရွံ့ရန်ဖြစ်သည်။

## Jeremiah 1:9

ထာဝရဘုရားသည် ယေရမိ၏ နှုတ်ထဲတွင် မည်သည့်အရာကို ထည့်ပေးခဲ့သနည်း။
ထာဝရဘုရားသည် ယေရမိ၏ နှုတ်ထဲတွင် သူ၏စကားကို ထည့်ပေးခဲ့သည်။

## Jeremiah 1:11

ယေရမိသည် မည်သည့်အရာကို မြင်ခဲ့သနည်း။
သူသည် ဗာတံတိုင်းကို မြင်ခဲ့သည်။

ထာဝရဘုရားသည် သူ၏ စကားဖြင့် မည်သည့်အရာကို လုပ်လိမ့်မည်နည်း။
သူသည် ထိုစကားအတိုင်းအမှုပြုလိမ့်မည်။

## Jeremiah 1:13

ယေရမိမြင်တွေ့ခဲ့သော မြေအိုး၏ အဓိပ္ပာယ်သည် မည်သို့နည်း။
မြေအိုးသည် ဖြစ်လာမည့် ဘေးအန္တရာယ်၏ ပုံရိပ်ဖြစ်သည်။

## Jeremiah 1:15

ထာဝရဘုရားသည် ခေါ်သောအခါ မြောက်ပိုင်းနိုင်ငံအမျိုးသားတို့သည် ဘာလုပ်ကြမည်နည်း?
သူတို့သည်လာပြီး ယေရုရှလင်မြို့နှင့် ယုဒမြို့ပတ်လည်အားလုံးတွင် ရာဇပလ္လင်များကို တည်ထားကြလိမ့်မည်။

အဘယ်ကြောင့် ထာဝရဘုရားသည် ယေရုရှလင်မြို့နှင့် ယုဒမြို့ကို ဆန့်ကျင်၍ ပြောဆိုလိမ့်မည်နည်း။
သူတို့သည် သူ့ကို မနာခံခဲ့သောကြောင့် သူသည် သူတို့ကို ဆန့်ကျင်ပြောဆိုလိမ့်မည်။

## Jeremiah 1:17

ယေရမိသည် လူများတို့ကို စကားပြောပြီးနောက် သူတို့သည် မည်သို့ပြုလုပ်လိမ့်မည်နည်း။
လူများသည် သူ့ကို ဆန့်ကျင်တိုက်ခိုက်ကြလိမ့်မည်။

## Chapter 2

1 တဖန်ထာဝရဘုရား၏ နှုတ်ကပတ်တော်သည်ငါ့ဆီသို့ရောက်၍၊ သင်သည်ယေရုရှလင်မြို့သို့ သွားပြီး လျှင်၊ 2
အော်ဟစ်ရမည်အရာဟူမူကား၊ ထာဝရဘုရားက၊ လယ်မလုပ်သော တောအရပ်၌ သင်သည် ငါ့နောက် သို့လိုက်သောအခါ၊
အသက်အရွယ်နုငယ်၍ခံရသောကျေးဇူးကိုငင်း၊ ထိမ်းမြားပေးစားခြင်းနှင့်ယှဉ်သော ချစ်ခြင်းမေတ္တာကိုငင်း ငါအောက်မေ့၏။ 3
ထိုအခါ ဣသရေလအမျိုးသည် ထာဝရဘုရားအဘို့ သန့်ရှင်း၏။ စီးပွားတော်အဘို့ အဦးသီးသော အသီးဖြစ်၏။ သူတို့ကို
လုယူသောသူအပေါင်းတို့သည် အပြစ်ရှိကြ၏။ ထိုသူတို့အပေါ်မှာ ဘေးဥပဒ်ရောက်ရ သည်ဟု ထာဝရဘုရားမိန့်တော်မူ၏။ 4
အိုယာကုပ်အမျိုးနှင့် ဣသရေလ အမျိုးအနွယ် အပေါင်းတို့၊ ထာဝရဘုရား၏ နှုတ်ကပတ်တော်ကို နား ထောင်ကြလော့။ 5
ထာဝရဘုရား မိန့်တော်မူသည်ကား၊ သင်တို့၏ဘိုးဘေးတို့သည် ငါ့ထံမှဝေးစွာထွက်သွား၍၊ အနတ္တလမ်း သို့လိုက်လျက်၊
အနတ္တသက်သက်ဖြစ်ရမည်အကြောင်း၊ ငါ၌ အဘယ်မည်သောအပြစ်ကို တွေ့ကြသနည်း။ 6 သူတို့က၊ ငါတို့ကို အဲဂုတ္တုပြည်မှ
ကယ်နှုတ်၍၊ တောတရှောက်လုံး၊ လွင်ပြင်၊ မြေတွင်းနှင့်ပြည့်စုံသော ပြည်၊ သွေ့ခြောက်၍ သေမင်းအရိပ် လွှမ်းမိုးသောပြည်၊
ခရီးသွားသောသူ၊ နေရာကျသောသူမရှိသော ပြည်တ ရှောက်လုံးသို့ပို့ဆောင်သော ထာဝရဘုရားသည် အဘယ် မှာ ရှိတော်မူသနည်းဟု
မမေးကြ။ 7 ဝပြောသော ပြည်၏အသီးအနှံဆီဥဆီကြည်ကို စားစေခြင်းငှါ သင်တို့ကို ငါဆောင်သွင်း၍၊ သင်တို့သည်
ဝင်စားသောအခါ၊ ငါ့ပြည်ကို ညစ်ညူးစေ၍၊ ငါ၏အမွေ ကို ရွံ့ရှာဘွယ်ဖြစ်စေကြသည်တကား။ 8 ယဇ်ပုရောဟိတ်တို့က၊
ထာဝရဘုရားသည် အဘယ်မှာ ရှိတော်မူသနည်းဟု မမေးကြ။ ကျမ်းတတ်တို့ သည် ငါ့ကိုမသိကြ။ သင်းအုပ်တို့သည် ငါ့ကို ပြစ်မှား
ကြ၏။ ပရောဖက်တို့သည် ဗာလကို အမှီပြု၍ ဟောပြော လျက်၊ ကျေးဇူးမဲ့သောလမ်းသို့ လိုက်ကြ၏။ 9 ထိုကြောင့်၊ သင်တို့နှင့်
သင်တို့သားသမီးများကို ငါစစ်ကြောမည်ဟု ထာဝရဘုရားမိန့်တော်မူ၏။ 10 ခိတ္တိမ်ကျွန်းတို့သို့ကူး၍ ကြည့်ရှုကြလော့။ ကေဒါပြည်သို့
လူကို စေလွှတ်၍၊ ထိုသို့ဖြစ်ဘူးပြီလောဟု စေ့စေ့ကြည့်ရှုဆင်ခြင်ကြလော့။ 11 အခြားတပါးသော လူမျိုးကိုးကွယ်သော ဘုရား သည်
ဘုရားမဟုတ်သော်လည်း၊ ပြောင်းလဲဘူးပြီလော။ ငါ၏လူမျိုးသည် ကျေးဇူးမပြုနိုင်သောအရာဘို့ မိမိတို့ ဘုန်းကို
ပြောင်းလဲကြပြီတကား။ 12 ထာဝရဘုရား မိန့်တော်မူသည်ကား၊ အို မိုဃ်း ကောင်းကင်တို့၊ ထိုအမှုကို မိန်းမောတွေဝေ၍၊ ကြက်သီး
မွေးညှင်းထသည်တိုင်အောင် ထိတ်လန့်လျက် နေကြ လော့။ 13 ငါ၏ လူတို့သည် အသက်စမ်းရေတွင်းတည်း ဟူသော၊ ငါ့ကိုစွန့်ပစ်၍၊
ရေမလုံ၊ ပဲ့ပျက်သောရေကျင်း တို့ကို တူးသောအားဖြင့် ဒုစရိုက်နှစ်ပါးကို ပြုကြပြီ။ 14 ဣသရေလသည် ကျွန်ဖြစ်သလော။ ကျွန်သား
ပေါက် ဖြစ်သလော။ အဘယ်ကြောင့် လုယူခြင်းကို ခံရသနည်း။ 15 ခြင်္သေ့တို့သည် သူ့ကိုဟောက်၍ အသံမြည်ကြ ပြီ။ သူ၏ပြည်ကို
ဖျက်ဆီးကြပြီ။ သူ၏မြို့တို့သည် မီးလောင်သောကြောင့်၊ အဘယ်သူမျှ မနေရ။ 16 နောဖမြို့သားနှင့် တာပနက်မြို့သားတို့သည်
သင်၏ဦးထိပ်ကို စားကြပြီ။ 17 သင့်ကိုပို့ဆောင်တော်မူသော သင်၏ဘုရား သခင် ထာဝရဘုရားကို သင်သည်စွန့်သောကြောင့်၊
ထိုသို့သော အပြစ်ရောက်သည် မဟုတ်လော။ 18 ယခုမှာ သင်သည် ရှိဟောရမြစ်ရေကို သောက် အံ့သောငှါ၊ အဲဂုတ္တုလမ်းသို့
အဘယ်ကြောင့် လိုက် သနည်း။ ဥဖရတ်မြစ်ရေကို သောက်အံ့သောငှါ၊ အာရှုရိ လမ်းသို့ အဘယ်ကြောင့် လိုက်သနည်း။ 19 သင်၏
ဒုစရိုက်သည် သင့်ကိုဆုံးမမည်။ သင်၏ ဖောက်ပြန်ခြင်းသည် သင့်ကို အပြစ်ပေးမည်။ သို့ဖြစ်၍ သင်၏ဘုရားသခင် ထာဝရဘုရားကို
စွန့်ပစ်သောအမှု၊ ငါ့ကိုမကြောက်ဘဲ နေသောအမှုသည်၊ မကောင်းသော အမှု၊ ခါးသောအမှုဖြစ်သည်ကို သိမြင်ရမည်ဟု ကောင်း
ကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား မိန့်တော်မူ၏။ 20 ရှေးကာလ၌ သင်ထမ်းရသော ထမ်းဘိုး၊ သင်၌ ချည်သော နှောင်ဖွဲ့ခြင်းကို
ငါချိုးချွတ်၍ သင်က၊ အကျွန်ုပ်သည် မမှားယွင်းဘဲ နေပါမည်ဟု ဂတိထား သော်လည်း၊ မြင့်သောတောင်ရှိသမျှ အပေါ်၌ငင်း၊
စိမ်းသောသစ်ပင်ရှိသမျှအောက်၌ငင်း၊ ကိုယ်ကိုချ၍ ပြည်တန်ဆာလုပ်လေ၏။ 21 အကောင်းဆုံးသော စပျစ်နွယ်ပင်အမျိုးစစ်
ဖြစ်သော သင့်ကို ငါစိုက်ပျိုးသော်လည်း၊ သင်သည် ငါ့ရှေ့ မှာ အဘယ်မျှလောက် ဖောက်ပြန်၍၊ အမျိုးမစစ်သော
စပျစ်နွယ်ပင်ဖြစ်ပါသည်တကား။ 22 သင်သည် ပေါက်ဆပ်ပြာနှင့် ရေချိုး၍၊ ချက် သော ဆပ်ပြာအများကို သုံးသော်လည်း၊
သင်၏အပြစ် သည် ငါ့ရှေ့မှာထင်ရှားသည်ဟု အရှင်ထာဝရဘုရား မိန့်တော်မူ၏။ 23 သင်ကလည်း၊ ငါသည် ညစ်ညူးခြင်းမရှိ၊ ဗာလ
ဘုရားတို့ နောက်သို့မလိုက်ဟု အဘယ်သို့ ဆိုနိုင်သနည်း။ ချိုင့်၌ သင်လိုက်သော လမ်းကိုကြည့်ရှုလော့။ သင်ပြု သော အမှုတို့ကို
ဝန်ခံလော့။ လျင်မြန်စွာ ပြေး၍ လှည့် လည်တတ်သော ကုလားအုပ်မပါတကား။ 24 တော၌ လှည့်လည်၍ ကိလေသာရာဂစိတ်နှင့်
လေကိုရှူတတ်သော မြည်းရိုင်းမပါတကား။ အချိန်ရောက် သောအခါ အဘယ်သူ ဆီးတားနိုင်သနည်း။ သူ့ကိုရှာအံ့ သောငှါ
အဘယ်သူမျှ ပင်ပန်းခြင်းကို မခံရ။ အချိန်စေ့ သောအခါ သူ့ကိုတွေ့လိမ့်မည်။ 25 သင်၏ခြေနင်းကို မပျက်စေနှင့်။ ရေငတ်ခြင်း
အကြောင်းကို မပြုနှင့်ဟုဆိုသော်လည်း၊ သင်ကမြော်လင့် စရာမရှိ၊ အလျှင်းမရှိ။ သူတပါးတို့ကို ငါချစ်၍၊ သူတို့ နောက်သို့
လိုက်မည်ဟု ပြန်ပြော၏။ 26 ဘမ်းမိသောသူခိုးသည် ရှက်သကဲ့သို့၊ ဣသ ရေလအမျိုး၏ ရှင်ဘုရင်၊ မင်းသား၊ ယဇ်ပုရောဟိတ်၊
ပရောဖက်နှင့်တကွ အမျိုးသားများတို့သည် ရှက်ကြ၏။ 27 သစ်တုံးအား၊ ကိုယ်တော်သည် အကျွန်ုပ်အဘ ဖြစ်တော်မူ၏ဟူ၍ငင်း၊
ကျောက်အားလည်း၊ ကိုယ်တော် သည် အကျွန်ုပ် ကို ဘွားမြင်တော်မူပြီဟူ၍ငင်း ဆိုလျက်၊ စင်စစ်ငါ့ကို မျက်နှာမပြု၊
ကျောခိုင်းကြသော်လည်း၊ အမှု ရောက်လျှင်မူကား၊ ထတော်မူပါ၊ အကျွန်ုပ်တို့ကို ကယ်မ တော်မူပါဟု လျှောက်တတ်ကြ၏။ 28
ကိုယ်အဘို့ သင်လုပ်သော ဘုရားတို့သည် အဘယ်မှာရှိကြသနည်း။ အမှုရောက်သောအခါ သူတို့ သည် တတ်နိုင်လျှင်ထ၍

ကယ်ကြပါလေစေ။ အိုယုဒ ပြည်၊ သင်သည် မြို့များ အရေအတွက်ရှိသည်အတိုင်း၊ သင်၏ဘုရားများရှိပါသည်တကား။ [29]
ထာဝရဘုရား မိန့်တော်မူသည်ကား၊ သင်တို့ သည် အဘယ်အကျိုးအလို့ငှါ ငါနှင့်တရားတွေ့ကြမည် နည်း။ သင်တို့ရှိသမျှသည် ငါ့ကို
ပြစ်မှားကြပြီ။ [30] ငါသည်သင်တို့ သားများကို အချည်းနှီးဒဏ်ပေး ပြီ။ သူတို့သည် ဆုံးမခြင်းကို မခံကြ။ သင်တို့၏ ထား သည်
လုယူဖျက်ဆီးတတ်သော ခြင်္သေ့ကဲ့သို့၊ သင်တို့၏ ပရောဖက်များကို ဖျက်ဆီးလေပြီ။ [31] ယခုဖြစ်သော အမျိုးသားတို့၊
ထာဝရဘုရား၏ အမိန့်တော်ကို ဆင်ခြင်ကြလော့။ ငါသည် ဣသရေလ အမျိုး၌ တောကဲ့သို့၎င်း၊ မှောင်မိုက်နိုင်ငံကဲ့သို့၎င်း ဖြစ်ဘူး
သလော။ ငါ၏လူတို့က၊ ငါတို့သည် အရပ်ရပ်သို့ လည် မည်။ ကိုယ်တော်ထံသို့ နောက်တဖန်မချဉ်းကပ်ဟု အဘယ်ကြောင့်
ဆိုကြသနည်း။ [32] အပျိုမသည် မိမိ၌ဆင်သောတန်ဆာကို၎င်း၊ မင်္ဂလာဆောင် သတို့သမီးသည် မိမိခါးပန်းကို၎င်း
မေ့လျော့နိုင်သလော။ သို့သော်လည်း၊ ငါ၏လူတို့သည် မရေတွက်နိုင်အောင် များစွာသောကာလပတ်လုံး ငါ့ကို မေ့လျော့ကြပြီ။ [33]
သင်သည် ရည်းစားကို ရှာခြင်းငှါ သင်တို့ ဘာသာဓလေ့တို့ကို အဘယ်ကြောင့်ပြုပြင်သနည်း။ သင်၏အသိအကျွမ်းတို့ကို
သွေးဆောင်လေပြီတကား။ [34] ထိုမှတပါး၊ အနိုင်အထက်ပြုသည်ကို သင် မတွေ့။ အပြစ်မရှိသော ဆင်းရဲသားတို့ကို အသေသတ်၍၊
သွန်းသော အသွေးသည် သင်၏အဝတ်စွန်း၌ ထင်ရှား ၏။ [35] ထိုသို့သော အပြစ်များရှိသော်လည်း သင်က၊
ငါ၌အပြစ်မရှိသောကြောင့်၊ ဘုရားသခင်၏ အမျက် တော်သည် ငါမှလွှဲသွားလိမ့်မည်ဟု ဆိုပါသည်တကား။
ငါ၌အပြစ်မရှိဟုဆိုသောကြောင့်၊ သင့်ကို ငါစစ်ကြော စီရင်မည်။ [36] သင်သည် အရပ်ရပ်သို့ ပြောင်းလဲခြင်းငှါ၊ အဘယ်ကြောင့်
ဤမျှလောက်လှည့်လည်သနည်း။ အာရှုရိပြည်ကို ရှက်ကြောက်သည်နည်းတူ၊ အဲဂုတ္တုပြည် ကို ရှက်ကြောက်လိမ့်မည်။ [37] သင်သည်
မိမိလက်ကို မိမိခေါင်းပေါ်မှာ တင်လျက်၊ ထိုပြည်မှ အမှန်ထွက်သွားရလိမ့်မည်။ အကြောင်းမူကား၊ သင်ခိုလှုံသောအရာတို့ကို ထာဝရ
ဘုရားသည် ပယ်တော်မူသောကြောင့်၊ ခိုလှုံ၍ အကျိုးကို မရနိုင်ရာ။

---

Jeremiah 01

ထာဝရဘုရား၏ နှုတ်ကပတ်တော်သည်
မည်ကဲ့သို့ ဘာသာပြန်သည်ကို ကြည့်ရန် 1:1.

ကျွန်ုပ်ဆီသို့
ယေရမိဆီသို့

ယေရုဆလင်မြို့သို့သွားပြီးအော်ဟစ်ရမည်မှာ
အခြားသောဘာသာပြန်ဆိုချက်၊ "ယေရုရှလင်မြို့၏ လူများအား သွားပြီးပြောရန်"

သင်၏အဖို့အလို့ငှါ
"သင်အကျိုးအလို့ငှါ" သို့မဟုတ် "သင်၏ အောက်မေ့ခြင်း၌"

ကျွန်တော်တို့ထိမ်းမြားပေးစားသောအခါ
"လက်ထပ်ထိမ်းမြားရန် နှစ်ဦးနှစ်ဘက် သဘောတူသောအခါ"
ဣသရေလများ သူ့ကိုချစ်ပြီး သစ္စာရှိသောအခါ

လယ်မလုပ်သောတောအရပ်(အခြား။ မထွန်ယက်မစိုက်ပျိုးသောမြေ)
အခြားသောဘာသာပြန်ဆိုချက်၊ "စိုက်ပျိုးခြင်း မရှိသောမြေ" " မြေလွတ်မြေရိုင်း " သို့မဟုတ် " အစားစာများ မရှိသောမြေနေရာ"

ထာဝရဘုရားမိန့်တော်မူ၏
ဘာသာပြန်ဆိုချက်ကြည့်ရန် 1:7

Jeremiah 04

ယာကုပ်အမျိုးနှင့်ဣသရေလအမျိုးအပေါင်းတို့
၎င်း စကားစုနှစ်ခုသည် တူညီမှုရှိပြီး ဆိုလိုရင်းလည်းတူသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့အားလုံးသည် ယာကုပ်အမျိုးမှ ဆင်းသက်လာကြသောသူများဖြစ်ကြပါသည်"

သင်တို့၏ဘိုးဘေးတို့သည်ငါ့ထံမှဝေးစွာထွက်သွား၍၊ အနတ္တလမ်းသို့လိုက်လျက်၊ အနတ္တသက်သက်ဖြစ်ရမည်အကြောင်း၊ ငါ၌အဘယ်မည်သော အပြစ်ကိုတွေ့ကြသနည်း။
အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့ ဘိုးဘေးတို့ကိုမှားယွင်းသောအပြစ်မပြုဘဲ၊ အဘယ်ကြောင့် ငါ့ကိုအပြစ်တွေ့ကြသနည်း။ အကျိုးမဲ့သော ရုပ်တုတို့ကို ကိုးကွယ်ခြင်းဖြင့် မိမိကိုယ်ကို အချည်းနှည်း ဖြစ်စေကြသနည်း။"

အနတ္တသက်သက်
"တန်ဖိုးမဲ့ခြင်း" "အဓိပ္ပါယ်မရှိသော"

ငါတို့ကို အဲဂုတ္တုပြည်မှ ခေါ်ဆောင်သော၊ အသက်ချမ်းသာစွာပို့ဆောင်သော ထာဝရဘုရားသည်အဘယ်မှာရှိသနည်း။
"ထာဝရဘုရား အလိုတော်ကို ကျွန်တော်တို့သည် လိုက်လျှောက်သင့်သည်။ သူသည် ကျွန်ုပ်တို့ကို အဲဂုတ္တုပြည်မှ ခေါ်ဆောင်သူ....ချမ်းသာ၊ ကြွယ်ဝစွာ ပို့ဆောင်သူဖြစ်သည်"

Jeremiah 07

သင်တို့ဝင်စားသောအခါ၊ ငါ့ပြည်ကိုညစ်ညူးစေ၍၊ ငါ၏အမွေကိုရွံရှာဘွယ်ဖြစ်စေကြသည်တကား။
အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့သည် အပြစ်ပြုပြီး ငါပေးသော ပြည်ကို ညစ်ညမ်းစေကြသည်"

ယဇ်ပုရောဟိတ်တို့က ထာဝရဘုရားသည် အဘယ်မှာရှိတော်မူသနည်း။
အခြားသောဘာသာပြန်ဆိုချက်၊ "ယဇ်ပုရောဟိတ်နှင့်
အခြားသော ဘာသာရေး ခေါင်းဆောင်များတို့သည် ကျွန်ုပ်ကို
မသိချင်ကြပါ။"

ထာဝရဘုရားသည်အဘယ်မှာရှိတော်မူသနည်း။
"ကျွန်တော်တို့သည် ထာဝရဘုရားကို နာခံရန် လိုအပ်သည်"

သိုးထိန်းတို့သည်ငါ့ကိုဆန့်ကျင်ကြပြီ
"သူတို့ ခေါင်းဆောင်များသည် ကျွန်ုပ်ကို ဆန့်ကျက်ဘက်ပြုပြီး
အပြစ်ပြုကြပြီ"

သိုးထိန်းများ
"ခေါင်းဆောင်များ"

အကျိုးမဲ့သောလမ်းသို့လိုက်ကြ၍
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားများကို ဆုတောင်းကြပြီး
ဗာလဘုရားက သူတို့ကိုမကူညီနိုင်"

လမ်းသို့လိုက်ကြပြီး
" နာခံခဲ့ကြသည်"

Jeremiah 09

ထို့ကြောင့် ငါသည်သင်တို့ကိုစစ်ကြောမည်
"ထို့ကြောင့် ငါသည် ဣသရေလအမျိုးအိမ်ကို စွပ် စွဲမည်"

ထာဝရဘုရားမိန့်တော်မူ၏
မည်ကဲ့သို့ဘာသာပြန်သည်ကို ရှု၊ 1:7

သင်တို့သားသမီးများ
"သင်တို့၏ အနာဂတ်မျိုးဆက်သစ်များ"

ခိတ္တိမ်ကျွန်းကိုဖြတ်၍
"သမုဒ္ဒရာကို ဖြတ်ပြီးခိတ္တိမ်ကျွန်းသို့"

ခိတ္တိမ်
ကုပရု

ကေဒါ
ကေဒါပြည်သည် ဣသရေလပြည်၏ ဝေးသော အရှေ့ပြည်ဘက်

အခြားသောလူမျိုးကိုးကွယ်သောဘုရားများ...ဘုရားများ
"မည်သည့် လူမျိုးများမှ အခြားသောဘုရားအား ပြောင်းပြီး
မကိုးကွယ်သည်ကို တွေ့ရလိမ့်မည်နည်း"

မိမိတို့ဘုန်း
"ဘုန်းတော်"သည် ဣသရေလတို့၏
ဘုရားသခင်သာဖြစ်ကြောင်းကို ဖော်ပြလိုခြင်း ဖြစ်ပါသည်။

သူတို့ကိုကျေးဇူးမပြုနိုင်သော( မကူညီနိုင်သော)
"ဘုရားများသည် သူတို့ကို မကူညီနိုင်"

Jeremiah 12

အိုမိုးကောင်းကင်၊မိန်းမောတွေဝေ၍တုန်လှုပ်ကြောက်ရွံ့ ထိတ်လန့်စေမည်၊
စကားပြောသူမှ မိုးကောင်းကင်အား ပုဂ္ဂိုလ်အဖြစ်
ဖော်ပြချင်သည်။

အသက်စမ်းရေတွင်းဟူသောငါ့ကိုစွန့်ပစ်၍
အခြားသောဘာပြန်ဆိုချက်၊ "ငါ့ကို စွန့်ပစ်သည်၊ သူတို့၏
အသက်စမ်းရေ"

ရေမလုံ၊ ပဲ့ပျက်သောရေကျင်းတို့ကို တူးသောအားဖြင့်
ပဲ့ပျက်သော ရေကျင်းအား ရုပ်တုဆင်းတုနှင့်ခိုင်းနှိုင်းခြင်း။
အခြားသောဘာပြန်ဆိုချက်၊ "အသုံးမဝင်သောဘုရားများကို
ဝတ်ပြုခြင်း၊ ကိုးကွယ်ခြင်း"

ရေလှောင်ကန်
"ရေသိုလှောင်ရန် နက်သော အပေါက်၊ ကျင်း"

Jeremiah 14

ဣသရေလသည် ကျွန်ဖြစ်သလော။ အိမ်၌ဘွားမြင်သောသူမဖြစ်သလော။
အဘယ်ကြောင့်လုယူခြင်းကိုခံရသနည်း။
အခြားသောဘာသာပြန်ဆိုချက်၊ "ဣသရေလ လူမျိုးသည် ကျွန်မှ
မွေးဖွားသည်မဟုတ်၊ ယခုတွင် ရန်သူတို့၏ လုယူခြင်းကို
ခံကြရသည်။"

အဘယ်ကြောင့်အဓမ္မလုယူခြင်းခံရသနည်း။
အခြားသောဘာသာပြန်ဆိုချက်၊ "ပိုင်ဆိုင်မှုအားလုံး အာဏာဖြင့်
လုယူခြင်း၊ သိမ်းဆည်းခြင်းကိုခံရသည်။"

ခြင်္သေ့ပျိုတို့သည်ဟောက်၍ဆန့်ကျင်ပြီး ဆူညံသံဖြင့်သူ၏ပြည်ကိုဖျက်ဆီးပြီ။
သူတို့မြို့တို့သည်ပျက်ဆီးကုန်သောကြောင့်မည်သူမျှမနေရ။
အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့ ရန်သူများသည်
ခြင်္သေ့ပျိုတို့ကဲ့သို့ သင့်ကိုဟောက်ပြီး တိုက်ခိုက်နေသည်။
သူတို့သည် သင်၏ မြေကို ဖျက်ဆီးပြီး
သင်မြို့ကိုလည်းမီးရှို့သောကြောင့် မည်သူမျှ အသက်ရှင်သူ
မရှိတော့ပါ။"

ခြင်္သေ့ပျိုတို့ဟောက်သည်
တောရိုင်းတိရိစ္ဆာန်မှ ကျယ်လောင်စွာ ဟောက်သည်။

နေထိုင်သူများ
နေရာတစ်ခုတွင် နေထိုင်သော လူများ။

နောဖမြို့နှင့်တာပနက်မြို့
အဲဂုတ္တုပြည်၏ မြို့များ

သင်၏ဦးခေါင်းကိုရိတ်ပြီးစားကြပြီ
အဲဂုတ္တုလူမျိုးတို့သည် သူတို့ ကျွန်တို့၏ ဦးခေါင်းအား
အမှတ်သားပြုလုပ်ခဲ့ကြသည်။


generated on Tue Jul 2 12:50:28 2024

သင်တို့ဦးခေါင်းကိုရိတ်ကြပြီ
ဟေဖြဲစကားလုံး၌ ခေတ်သစ်တွင် အနက်ဖွင့်သည်မှာ "ဦးခေါင်းတွင် ခြစ်သည်၊ အမှတ်သားပြုသည်။"

သင့်ကိုပို့ဆောင်တော်မူသောဘုရားသခင်အား စွန့်သောကြောင့် ထိုသို့သောအပြစ်ရောက်သည်မဟုတ်လော့။
အခြားသောဘာသာပြန်ချက်၊ "သင့်ကို ပို့ဆောင်သောဘုရားသခင်ကို စွန့်သောကြောင့် သင်သည် ဤကဲ့သို့ ဖြစ်ရသည်။"

Jeremiah 18

ယခုမှာသင်သည် ရှိဟောရမြစ်ရေကိုသောက်အံ့သောငှါ၊ အဲဂုတ္တုလမ်းသို့အဘယ်ကြောင့်လိုက်သနည်း။
အခြားသောဘာပြန်ဆိုချက်၊ "သင်သည် ရှိဟောရပြည်သို့မသွားဘဲ အဲဂုတ္တုပြည်ဘုရင်တို့လည်း မိတ်မဖွဲ့ရ။ ဥဖရတ်မြစ်သို့ သွားပြီးအာရှုရိတို့နှင့်လည်း မိတ်မဖွဲ့ရ"

ရှိဟောရ
ခါနန်ပြည်၏ အနောက်တောင်ဘက်ဒေသ၊ ခြောက်သွေ့သော မြစ်တစ်မြစ်။

သင်၏ ဖောက်ပြန်ခြင်းသည်သင့်ကို အပြစ်ပေးမည်။ သင်၏ ဒုစရိုက်သည်သင့်ကို ဆုံးမမည်။
ၚင်းစကားစုနှစ်ခုသည် သူတို့၏ သူတို့ကောက်ကျစ်သောအမှုတို့ကိုပြုသောကြောင့် အပြစ်ပေးမည်ကိုဆိုလိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အဘယ်ကြောင့်ဆိုသော် သင်၏ ကော်ကျစ်သောအမှု၊ သစ္စာမရှိခြင်းအမှုတို့ကြောင့် ငါသည်သင့်ကို အပြစ်ပေးမည်။"

ကောက်ကျစ်သောအမှု၊ ခါးသီးသောအမှုဖြစ်သည်
"ခါးသီးသောအမှု" ဆိုသည်မှာ "ကောက်ကျစ်စဉ်းလဲခြင်း" ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ခါးသီးကောက်ကျစ်စဉ်းလဲသော အမှုဖြစ်သည်" သို့မဟုတ် "အလွန်ကောက်ကျစ်သော အမှုဖြစ်သည်"

ကြောက်လန့်စေသည်
အလွန်ကြောက်ရွံ့ ထိတ်လန့်စေသည်။

Jeremiah 20

ရှေးကာလ၌သင်ထမ်းရသောဝန်၊ သင်၌ချည်သောနှောင်ဖွဲ့ခြင်းကိုငါချိုးချွတ်၍သင်က "အကျွန်ုပ်သည်မမှားယွင်းဘဲနေပါမည်ဆိုသော်လည်း"
အခြားသောဘာသာပြန်ဆိုချက်၊ "ရှေးကာလက သင့်ကိုကျွန်ဘဝမှ လွတ်မြောက်စေ၏၊ သို့သော် ယခု သင်သည်ငါ့ကို ကိုးကွယ်ရန် ငြင်းပယ်ပြီ"

မြင့်သောတောင်ရှိသမျှအပေါ်၌၎င်း၊ စိမ်းသောသစ်ပင်ရှိသမျှတို့အောက်၌၎င်း၊ ကိုယ့်ကိုကိုယ်ချ၍ ပြည်တန်ဆာလုပ်လေ၏။
သင်သည် ပြည်တန်ဆာမကို ပြစ်မှားသော အမျိုးသားကဲ့သို့ ရုပ်တုဆင်းတုတို့ကို ကိုယ့်အဖို့ ပြုလုပ်ပြီးကိုးကွယ်ပြီ"

ချည်နှောင်ခြင်း
လူသို့မဟုတ် အကောင်တို့ကို ချိန်းကြိုးဖြင့် ကျစ်လစ်စွာ ချည်သည်၊ တုပ်နှောင်သည်။

အောက်၊ မထိုက်တန်သော
အောက်တွင်

အကောင်းဆုံးသောစပျစ်နွယ်ပင်မျိုးစစ်ကိုစိုက်သော်လည်း
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် အစအဦး၌ သင်နှင့်အစပြုခဲ့သည်။"

စိုက်ပျိုးခဲ့သည်
မြေပြင်ပေါ်တွင် ကြီးထွားရန် စိုက်ပျိုးခြင်း၊

အခြားမှအမျိုးမစစ်သော စပျစ်နွယ်ပင်
အခြားသောဘာသာပြန်ဆိုချက်၊ "ပုံးထိုးသော၊ တန်ဖိုးမဲ့သော စပျစ်နွယ်ပင်ကဲ့သို့"

သစ္စာမဲ့သော
သစ္စာမဲ့သော၊ ဖောက်ပြန်သော

သင်၏မတရားမှုအစွန်းအထင်း
အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် အပြစ်ထဲမှအစွန်းအထင်းများ ရှိနေသည်။"

အစွန်းအထင်း
ဣသရေလလူမျိုးတို့၏ အပြစ်တရားများကို ဖော်ပြလိုခြင်းဖြစ်သည်။

ထာဝရဘုရားမိန့်တော်မူသည်ကား
မည်ကဲ့သို့ဘာသာပြန်သည်ကို ရှု၊ 1:7.

Jeremiah 23

နောက်သို့မလိုက်
"ကိုးကွယ်ခဲ့သည်"

ချိုင့်၌သင်လိုက်သောလမ်းကိုကြည့်ရှုလော့။ သင်ပြုသောအမှုတို့ကိုနားလည်လော့၊ လျင်မြန်စွာပြေး၍ လှည့်လည်တတ်သော ကုလားအုတ်မ မဟုတ်လော့။
အခြားသောဘာသာပြန်ဆိုချက်၊ "ယေရုရှလင်၏ အပြင်ဘက်ချိုင့်၌ သင်ပြုသောအမှုကို ကြည့်ရှုလော့။ ကုလားအုတ်မ သည်ရှေ့၊ နောက်မသိ ပြေးသကဲ့သို့ဖြစ်၏"

လျင်မြန်သော
"မြန်သော" သို့မဟုတ် "လျင်မြန်"


generated on Tue Jul 2 12:50:28 2024

တော၌လှည့်လည်၍
ကိလေသာရာဂစိတ်နှင့်လေကိုရှူတတ်ပြီးဒေါသစိတ်ရှိသော မြည်းရိုင်းမ ဖြစ်၏။ သူ့ကိုချည်နှောင်ရန်မည်သူမျှပင်ပန်းခြင်းကိုမခံ။ သူတို့သည် သူမ၏ဒေါသကြောင့် အဝေးသို့ထွက်ပြေးကြ၏။
အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် တောကန္တာရ၌ ရှိသောနှပျိုသောမြည်းမနှင့် တူ၏။ ပြင်းထန်သော စိတ်ရှိသောအခါ ထိန်းချုပ်မှုပြင်ပမှ အမဲလိုက်အထီးကို ရှာတတ်၏။ သူမသည် ဖိတ်ခေါ်သော်လည်း မြည်းထီးတို့သည် မလာသောကြောင့် သူမသည် သူတို့ရှိရာသို့ လာရ၏။"

ဆာလောင်မွတ်သိပ်နေသည်
"ပြင်းပြသော ဆန္ဒအတွက်"

အမောတကောပြောနေသည်
ခက်ခဲလျင်မြန်စွာ အသက်ရှုသွင်းသည်။

သင်၏ခြေနင်းကို မပျက်စေနှင့်။ ရေငတ်ခြင်း အကြောင်းကို မပြုနှင့်ဟုဆိုသော်လည်း၊ သင်ကမြော်လင့် စရာမရှိ၊ အလျှင်းမရှိ။ သူတပါးတို့ကို ငါချစ်၍၊ သူတို့ နောက်သို့ လိုက်မည်ဟု ပြန်ပြော၏။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် မှားယွင်းသောဘုရားနောက်လိုက်ခြင်းကို ရပ်လော့ဟု ဆို၏။ အဘယ်ကြောင့်ဆိုသော် သင်ဝတ်ဆင်သော ဖိနပ်ကြိုးများ ပျက်စီးပြီး သင့်ကို ရေငတ်စေ၏။ သို့သော်လည်း သင်သည် မရပ်မနားနိုင်ဘဲ မှားယွင်းသော ဗာလဘုရားတို့ကို ကိုးကွယ်မည်ဟု ဆို၏။

ရေငတ်သော
ရေဆာသည်။

သူစိမ်းများ
ယခင်ကမတွေ့ဖူးသေးသော လူများ

Jeremiah 26

သူတွေ့သောအခါ
"သူ ဖမ်းမိသောအခါ"

သူတို့
"လူတွေ" (ဣသရေလလူတို့)

သစ်ပင်အား၊ သင်သည် အကျွန်ုပ်အဘ ဖြစ်တော်မူ၏ဟူ၍၎င်း၊ ကျောက်အားလည်း၊ သင်သည် အကျွန်ုပ် ကို ဘွားမြင်တော်မူပြီဟူ၍ဆိုလျက်
အခြားသောဘာသာပြန်ဆိုချက်၊ "သစ်တိုးအား 'သင်သည်အကျွန်ုပ်အဘ၊' ကျောက်တိုးကိုလည်း 'သင်သည်အကျွန်ုပ်ကို မွေးဖွားပေးသောအဘဖြစ်သည်' ဟု သူတို့သည် မြွက်ဆိုကြ၏။"

သူတို့ပြန်လှည့်လာသောမျက်နှာသည် သူတို့၏စင်စစ်မျက်နှာမဟုတ်
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် ငါ့ဆီသို့လှည့်လာသော်လည်း ငါ့ကို မကိုးကွယ်ကြ" သို့မဟုတ် " သူတို့၏ မျက်နှာကိုမမြင်၊ နောက်ကျောကိုသာ မြင်ရ၏"

အကျွန်ုပ်တို့ကိုထ၍ကယ်ကြပါ
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် အကျွန်ုပ်တို့အား လာ၍ ကယ်တင်တော်မူ၏"

Jeremiah 29

အဘယ်ကြောင့်သင်တို့ပြုသောအမှုအားငါ့ကိုစွပ်စွဲကြသနည်း၊ သင်တို့အားလုံးသည်ဆန့်ကျင်ပြီးအပြစ်ပြုကြပြီ။
အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့သည် အပြစ်လုပ်လျှက် ငါ့ထံသို့ အော်ဟစ်သော အသံကို ငါသည် မကြား၊ သင်တို့ကို မကယ်တင်ဟု သင်တို့သည် ငါ့ကို ပြစ်တင်ကြ၏"

ဖျက်ဆီးတတ်သော
ကြီးမားသော ရှုံးဆုံးမှုကို ဖြစ်စေသည်။

ယခုဖြစ်သောအမျိုးသားတို့၊ ထာဝရဘုရား၏ အမိန့်တော်ကိုဆင်ခြင်ကြလော့။
အခြားသောဘာသာပြန်ဆိုချက်၊ "ယုဒ၏ အိမ်သူ၊သားများ ငါ၏ မိန့်တော်မူချက်များတို့ကို ဆင်ခြင်ကြရမည်။"

ငါသည် ဣသရေလ အမျိုး၌ သဲကန္တာရကဲ့သို့၎င်း၊ မှောင်မိုက်နိုင်ငံကဲ့သို့၎င်း ဖြစ်ဘူး သလော။
အခြားသောဘာသာပြန်ဆိုချက်၊ " ငါသည် သင်တို့အား ဘယ်တော့အခါမှ သဲကန္တာရတွင်လည်းကောင်း၊ အလွန်မှောင်မိုက်သောပြည်တွင်လည်းကောင်း မစွန့်ပစ်ခဲ့ပါ။"

ငါ၏လူတို့က၊ ငါတို့သည် အရပ်ရပ်သို့ လည် မည်။ ကိုယ်တော်ထံသို့ နောက်တဖန်မချဉ်းကပ်ဟု အဘယ်ကြောင့် ဆိုကြသနည်း။
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားကို နောက်တဖန် မကိုးကွယ်ဘဲ ငါတို့အလိုရှိရာ အရပ်ရပ်သို့သွားမည်ဟု အဘယ်ကြောင့် ဆိုကြသနည်း။"

လှည့်လည်သွားလာသည်
ဦးတည်ချက်မရှိဘဲ ခြေဦးတည်ရာ လျှောက်လည်ပတ်နေသည်။

Jeremiah 32

အပျိုမသည် မိမိ၌ဆင်သောတန်ဆာကိုငှင်း၊ မင်္ဂလာဆောင် သတို့သမီးသည် မိမိခါးပန်းကိုငှင်း မေ့လျော့နိုင်သလော။
ထာဝရဘုရားသည် သူ့လူမျိုးတော်အား သူ့ကို မေ့လျောသောကြောင့် ပြင်းထန်စွာ အပြစ်တင်သည်။

သင်သည် ရည်းစားကို ရှာခြင်းငှါ သင်တို့ ဘာသာဓလေ့တို့ကို အဘယ်ကြောင့်ပြုပြင်သနည်း။ သင်၏အသိအကျွမ်းတို့ကို သွေးဆောင်လေပြီတကား။
ဣသရေလလူမျိုးတို့သည် ပြည်တန်ဆာမိန်းမအဖြစ်ဘာသာဓလေ့တို့ကို အသုံးပြုကာ မှားယွင်းသောဘုရားများအဖို့ ပြုကြပြီဟု ထာဝရဘုရား မိန့်တော်မူ၏။


generated on Tue Jul 2 12:50:28 2024

အပြစ်မရှိသော ဆင်းရဲသားတို့ကို အသေသတ်၍၊ သွန်းသော အသွေးသည် သင်၏အဝတ်စွန်း၌ ထင်ရှား ၏။
အခြားသောဘာသာပြန်ဆိုချက်၊ " သင်တို့ကို အပြစ်မပြုသောသူတို့ကို သတ်ကြ၏။" ထာဝရဘုရား မိန့်တော်မူသည်ကား ဣသရေလလူမျိုးတို့သည် သူတို့ကို အပြစ်မပြုသောသူတို့ကို သတ်ကြပြီ။

အပြစ်မရှိသော ဆင်းရဲသားတို့ကို အသေသတ်၍၊ သွန်းသော အသွေးသည် သင်၏အဝတ်စွန်း၌ ထင်ရှား ၏။
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့၏ ဥစ္စာကိုခိုးယူခြင်းအမှုသည် ဖုံးကွယ်လို့ မရနိုင်ပြီ။"

Jeremiah 35

ငါ၌
"ကျွန်တော်တို့သည်"

ဘုရားသခင်၏ အမျက် တော်သည် ငါမှလွှဲသွားလိမ့်မည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဧကန် ထာဝရဘုရား၏ အမျက်တော်သည် ငါတို့မှ လွဲသွားမည်။"

စစ်ကြောစီရင်သည်။
"ကြိမ်ဖန်များစွာ ပြစ်ဒဏ်ပေးသည်။"

အဘယ်ကြောင့်
"အဘယ်ကြောင့်ဆိုသော်"

ငါ၌ရှိ
"ငါတို့၌ ရှိသည်"

သင်သည် အရပ်ရပ်သို့ ပြောင်းလဲခြင်းငှါ၊ အဘယ်ကြောင့် ဤမျှလောက်လုပ်လည်သနည်း။
ဣသရေလူမျိုးတို့သည် တိုင်းနိုင်ငံတစ်ခုမှ အခြားတစ်ခု၏ အကူအညီကို တောင်းကာ ထာဝရဘုရားအား အကူညီ မတောင်းဆိုမှုကို ထာဝရဘုရားက ဆဲဆိုသည်။

ညင်သာစွာ
ဂရုစိုက်ခြင်း၊ ဂရုပြုခြင်း မရှိခြင်း (လုပ်ဆောင်သည်)

ရှက်ကြောက်စေသည်
အဲဂုတ္တုပြည်ဘုရင်က မကယ်တင်သောကြောင့် မပျော်ရွှင်ခြင်း၊ ဝမ်းနည်းခြင်း

သင်သည်ထိုပြည်မှထွက်သွားရလိမ့်မည်
အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် အဲဂုတ္တုပြည်မှ ထွက်သွားရလိမ့်မည်။"

စိတ်မချမ်းမြေ့သော
အဲဂုတ္တုတို့၏ အကူညီမရသောကြောင့် စိတ်ပျက်ရသည်။

မိမိလက်ကို မိမိခေါင်းပေါ်မှာ တင်လျက်
ဝမ်းနည်းပူဆွေးသည်ကို ဖော်ပြလိုခြင်းဖြစ်ပါသည်

---

## Translation Questions

Jeremiah 2:1

ထာဝရဘုရားသည် ယေရုရှလင်မြို့သူမြို့သားတို့နှင့်ပါတ်သက်၍ မည်သည့်အရာကို သတိရသနည်း။
ယေရုရှလင်မြို့သူမြို့သားတို့သည် သူ့ကို အရင်ကချစ်ခဲ့သည့်အကြောင်းအရာကို ထာဝရဘုရားသတိရသည်။

ဣသရေလလူများထံသို့ မည်သည့်အရာဖြစ်ပျက်လိမ့်မည်နည်း။
ဘေးဥပဒ်သည် ဣသရေလလူများအပေါ်တွင် ကျရောက်လိမ့်မည်။

Jeremiah 2:4

ထာဝရဘုရားက မည်သည့်အရာကို ယာကုပ်အမျိုးသားများက သူ့အား ပြောဖို့ရန် အလိုရှိသနည်း?
ထာဝရဘုရားက သူသည်မည်သည့်အမှားပြုလုပ်သည်ကို ယာကုပ်အမျိုးတို့က ပြောဖို့ရန်အလိုရှိသည်။

Jeremiah 2:7

ဘုရားသခင်သည် သူတို့ကို ဝပြောသောပြည်သို့ ပို့ဆောင်သောအခါ လူများသည် မည်သည့်အရာကို လုပ်ကြလိမ့်မည်နည်း။
သူတို့သည် ပြည်ကို ဂုဏ်သရေ ညစ်ညူးစေကြလိမ့်မည်။

ယဇ်ပုရောဟိတ်များသည် မည်သူ့အတွက် ဟောပြောခဲ့ကြသနည်း။
ယဇ်ပုရောဟိတ်များသည် ဗာလအတွက် ဟောပြောခဲ့သည်။

Jeremiah 2:9

ထာဝရဘုရား၏လူတို့သည် မည်သည့်အရာနှင့် သူတို့၏ ဘုန်းကို လဲလှယ်ခဲ့သနည်း။
ထာဝရဘုရား၏လူတို့သည် သူတို့ကို မကူညီနိုင်သည့်အရာများနှင့် သူတို့၏ ဘုန်းတော်ကို လဲလှယ်ခဲ့ကြသည်။

Jeremiah 2:12

ထာဝရဘုရား၏လူတို့သည် မည်သည့်အပြစ်နှစ်ခုကို ကျူးလွန်ခဲ့ကြသနည်း။
သူ့လူတွေသည် အသက်စမ်းရေတွင်းကို စွန့်ပယ်ကြပြီး ရေမလုံ၊ ပွဲပျက်သောရေကျင်းတို့ကို တူးခဲ့ကြသည်။

Jeremiah 2:14

ဣသရေလ၏ရန်သူများသည် ဣသရေလလူများအား မည်သို့လုပ်ခဲ့ကြသနည်း။
သူတို့သည် ဣသရေလပြည်ကို ကျွန်ခံစေခဲ့ကြသည်။

ဣသရေလ၏မြို့များသည် မည်သို့ဖြစ်ခဲ့ကြသနည်း။
သူ၏မြို့များသည် နေထိုင်သူ တယောက်မှမပါဘဲ ပျက်စီးခဲ့ကြသည်။

Jeremiah 2:20

ထာဝရဘုရားသည် သူတို့၏ ထမ်းဘိုးနှင့် အနှောင်အဖွဲ့များကို ဖျက်ဆီးသောအခါ လူများသည် မည်သို့ပြောဆိုခဲ့ကြသနည်း။
သူတို့က 'ငါတို့သည် အမှုထမ်းရွက်မည်မဟုတ်' ဟုပြောခဲ့သည်။

Jeremiah 2:23

လူများသည် မည်သည့်တိရိစ္ဆာန်နှင့်တူသည်ဟု ထာဝရဘုရားပြောခဲ့သနည်း။
လူများသည် ကုလားအုပ်မနှင့် မြည်းရိုင်းမနှင့် တူသည်ဟု ပြောခဲ့သည်။

Jeremiah 2:26

ဣသရေလအမျိုးသားတို့သည် မည်သည့်အပြစ်ကို ရှက်ကြလိမ့်မည်နည်း။
သူတို့သည် သစ်တုံးနှင့်ကျောက်များကို ကိုးကွယ်ခြင်းကို ရှက်ကြလိမ့်မည်။

Jeremiah 2:29

ထာဝရဘုရားသည် မည်သည့်အရာကို ထုတ်ပြန်သနည်း။
သင်တို့အားလုံးသည် ငါ့ထံ၌ အပြစ်ပြုကြပြီဟု ဆို၏။

အဘယ်ကြောင့် ထာဝရဘုရားသည် လူတွေကို အချည်းအနှီး အပြစ်ပေးခဲ့ပြီဟု ပြောခဲ့သနည်း။
သူတို့သည် (နည်းဥပဒေ) ဆုံးမခြင်းကို မခံယူကြသောကြောင့် သူတို့ကို အပြစ်ပေးခြင်းဖြစ်သည်။

Jeremiah 2:32

လူများသည် ဆင်းရဲသောသူနှင့်အပြစ်ကင်းသူတို့ကို မည်သို့ပြုခဲ့ကြသနည်း။
လူများသည် ဆင်းရဲသောသူနှင့် အပြစ်ကင်းသူတို့ကို သတ်ဖြတ်ခဲ့ကြသည်။

Jeremiah 2:35

အဘယ်ကြောင့် လူတွေသည် ထာဝရဘုရား၏ အမျက်ဒေါသက သူတို့ဆီမှ လှည့်သွားလိမ့်မည်ဟု တွေးထင်ခဲ့ကြသနည်း။
လူများက မိမိတို့သည် အပြစ်မပြုလုပ်ဘူး ဟု တွေးထင်ခဲ့ကြသောကြောင့် ဖြစ်သည်။

## Chapter 3

1 ယောကျ်ား စွန့်ပစ်သော မိန်းမသည် ထွက်သွား ၍၊ အခြားသော သူ၏မယားဖြစ်ပြီးမှ၊ အရင်လင်သည် ထိုမိန်းမကို
ပြန်၍ယူသင့်သလော။ ထိုသို့ပြုသော ပြည် သည် ညစ်ညူးသည်မဟုတ်လောဟု ဆိုလေ့ရှိလျက်နှင့်၊ သင်သည်များစွာသော
ရည်းစားတို့၌မှီဝဲ၍ မှားယွင်းသော် လည်း၊ ငါ့ထံသို့ ပြန်လာပါဟု ထာဝရဘုရား မိန့်တော် မူ၏။ 2 မြင့်သောအရပ်များကို မျှော်ကြည့်၍၊
လင်မနေ ဘူးသောအရပ် တစုံတခုကို ရှာလော့။ အာရပ်လူသည် တော၌စောင့်သကဲ့သို့၊ သင်သည် လမ်းတို့၌စောင့်နေ၍၊ မတရားသော
မေထုန်အားဖြင့်၎င်း၊ အဓမ္မအမှုအားဖြင့် ၎င်း ပြည်ကို ညစ်ညူးစေပြီ။ 3 မိုဃ်းခေါင်၍ နောက်မိုဃ်းတိုင်အောင် မရွာ သော်လည်း၊
သင်သည် ပြည်တန်ဆာနဖူးရှိ၍၊ ရှက်ခြင်း သဘောကိုပယ်ရှားပြီ။ 4 ယခုမှစ၍ သင်က၊ အကျွန်ုပ်အဘ၊ ကိုယ်တော် သည်
အကျွန်ုပ်အသက်ငယ်စဉ်၊ စောင့်မပါပြီဟု ငါ့အား အော်ဟစ်ပါစေသော။ 5 ဘုရားသခင်သည် အစဉ်အမြဲက်ထွက်တော်မူ မည်လော။
အဆုံးတိုင်အောင် အပြစ်ကို မှတ်တော်မူမည် လောဟု ဆိုပါစေသော။ ထိုသို့ဆိုသော်လည်း၊ တတ်နိုင် သမျှအတိုင်း အဓမ္မအမှုကို
ပြုပါသည်တကား။ 6 ယောရှိမင်းကြီးလက်ထက်၊ ထာဝရဘုရားသည် ငါ့အားမိန့်တော်မူသည်ကား၊ ဖောက်ပြန်သော ဣသ
ရေလအမျိုးပြုသောအမှုကို သင်မြင်ပြီလော။ မြင့်သော တောင်ရှိသမျှအပေါ်သို့တက်၍၎င်း၊ စိမ်းသောသစ်ပင် ရှိသမျှအောက်၌၎င်း
ပြည်တန်ဆာလုပ်လေပြီ။ 7 သူသည် ထိုအမှုအလုံးစုံတို့ကို ပြုပြီးမှ၊ ငါ့ထံသို့ ပြန်လာပါဟု ငါပြောသော်လည်း၊ သူသည်ပြန်၍မလာ။
ထိုအမှုကို သူ၏ညီမ၊ သစ္စာပျက်သောညီမ ယုဒသည် ကြည့်မြင်လေ၏။ 8 ဖောက်ပြန်သော ဣသရေလသည် မတရား သော မေထုန်ကို
ပြု၍၊ မှားယွင်းသော အပြစ်များကြောင့်၊ သူနှင့်ငါကွာ၍ ဖြတ်စာကို အပ်သော်လည်း၊ သစ္စာပျက် သောညီမ ယုဒသည်လည်း၊
မကြောက်ဘဲသွား၍၊ ပြည် တန်ဆာလုပ်ကြောင်းကို ငါမြင်ရ၏။ 9 သူသည် မတရားသော မေထုန်ကိုပြု၍ အလွန်
လော်လည်သောအားဖြင့် ပြည်ကို ညစ်ညူးစေ၍၊ ကျောက် နှင့်၎င်း၊ သစ်တုံးနှင့်၎င်း မှားယွင်းလေ၏။ 10
ထိုမျှလောက်အပြစ်ရှိသော်လည်း၊ သစ္စာပျက် သော ညီမယုဒသည် ငါ့ထံသို့စိတ်နှလုံးအကြွင်းမဲ့ပြန်၍ မလာ။
ပြန်လာဟန်ဆောင်သည်ဟု ထာဝရဘုရား မိန့်တော်မူ၏။ 11 တဖန်ထာဝရဘုရားသည် ငါ့အား မိန့်တော်မူ သည်ကား၊ သစ္စာပျက်သော
ယုဒသည် ဖောက်ပြန်သော ဣသရေလထက် အပြစ်ကြီး၏။ 12 သင်သည် သွား၍ မြောက်မျက်နှာသို့ ဟစ်ကြော် ရမည်
စကားဟူမူကား၊ အိုဖောက်ပြန်သော ဣသရေလ၊ ပြန်လာပါဟု ထာဝရဘုရား မိန့်တော်မူ၏။ သင်၌ ငါ သည်
မျက်မှန်းကြုံးခြင်းကိုမပြု၊ ကရုဏာစိတ်သဘော ရှိ၏။ အစဉ်အမြဲက်ထွက်တတ်သည်မဟုတ်ဟု ထာဝရ ဘုရား မိန့်တော်မူ၏။ 13
သင်သည် ငါ့စကားကို နားမထောင်။ သင်၏ ဘုရားသခင် ထာဝရဘုရားကို ပြစ်မှား၍၊ စိမ်းသော သစ်ပင်ရှိသမျှ အောက်၌တွေ့သော
ဧည့်သည်တို့နှင့် မှား ယွင်းသော အပြစ်ရှိကြောင်းကို ဝန်ချရုံမျှသာ ပြုလော့ဟု ထာဝရဘုရားမိန့်တော်မူ၏။ 14 အိုဖောက်ပြန်သော
သူငယ်တို့၊ ပြန်လာကြလော့ ဟု ထာဝရဘုရား မိန့်တော်မူ၏။ ငါသည် သင်တို့ကို ရွံရှာဘူးသော်လည်း၊ သင်တို့မြို့များထဲက တမြို့လျှင်
လူ တယောက်၊ အမျိုးသားချင်း အစုစုထဲက တစုလျှင် လူနှစ်ယောက်ကို ရွေးယူ၍ ဇိအုန်မြို့သို့ ပို့ဆောင်မည်။ 15 ငါသည်
နှစ်သက်သောသူတို့ကို သင်းအုပ်အရာ ၌ ခန့်ထား၍၊ သူတို့သည် ဉာဏ်ပညာနှင့် ပြည့်စုံလျက် သင်တို့ကို အုပ်ကြလိမ့်မည်။ 16
ထိုကာလတွင် သင်တို့သည် ပြည်တော်၌ တိုးပွါး များပြားသောအခါ၊ ထာဝရဘုရား၏ ပဋိညာဉ် သေတ္တာ တော်ဟူ၍ နောက်တဖန်
မပြောမဆိုရ။ ထိုသေတ္တာတော် ကို စိတ်မစွဲလမ်း၊ မအောက်မေ့၊ မပြုစုရ။ နောက်တဖန် မလုပ်ရဟု ထာဝရဘုရား မိန့်တော်မူ၏။ 17
ထိုအခါ ယေရုရှလင်မြို့ကို ထာဝရဘုရား၏ ပလ္လင်ဟူ၍ခေါ်ကြလိမ့်မည်။ လူမျိုးအပေါင်းတို့သည် လည်း၊
ထာဝရဘုရား၏နာမတော်ကို အမှီပြု၍၊ ထိုပလ္လင် သို့ စည်းဝေးကြလိမ့်မည်။ နောက်တဖန် မိမိတို့၌ ဆိုး
သောစိတ်နှလုံးခိုင်မာခြင်းသဘောသို့ လိုက်၍ မကျင့် ရကြ။ 18 ထိုကာလ၌ ယုဒအမျိုးသည် ဣသရေလအမျိုး နှင့် ပေါင်းဘော်လျက်၊
မြောက်မျက်နှာအရပ်က တစု တည်းလာ၍၊ သင်တို့ဘိုးဘေးများ အမွေခံဘို့၊ ငါပေးဘူး သော ပြည်သို့ ရောက်ကြလိမ့်မည်။ 19
ငါသည်သင့်ကို သားတို့တွင် အဘယ်သို့ ထားရ အံ့နည်း။ သာယာသောပြည်၊ တိုင်းနိုင်ငံအပေါင်းတို့၏ အထွဋ်၊ ဘုန်းကြီးသော
အမွေခံရာ ပြည်ကိုသင့်အား အဘယ်သို့ပေးရအံ့နည်းဟု ငါမေးသောအခါ၊ သင်သည် ငါ့ကို အကျွန်ုပ်အဘဟူ၍ ခေါ်ရလိမ့်မည်။
ငါ့ထံမှလွှဲ၍ မသွားရဟု ငါပြန်ပြော၏။ 20 အိုဣသရေလအမျိုး၊ မယားသည် မိမိခင်ပွန်း၌ သစ္စာဖျက်သကဲ့သို့၊ အကယ်စင်စစ်
သင်တို့သည်ငါ၌ သစ္စာဖျက်ကြပြီဟု ထာဝရဘုရားမိန့်တော်မူ၏။ 21 ဣသရေလ အမျိုးသားတို့သည် မြင့်သောအရပ်တို့၌ ငိုကြွေး၍
တောင်းပန်သောအသံကို ငါကြားရပြီ။ အကြောင်းမူကား၊ သူတို့သည် လမ်းလွှဲ၍၊ မိမိတို့ဘုရား သခင် ထာဝရဘုရားကို
မေ့လျော့ကြပြီ။ 22 အိုဖောက်ပြန်သော သူငယ်၊ သင်တို့ပြန်လာ ကြလော့။ ဖောက်ပြန်ရာများကို ငါပြုပြင်မည်။ သူတို့ ကလည်း၊
အကျွန်ုပ်တို့သည် ကိုယ်တော်ထံသို့ လာကြ ပါ၏။ ကိုယ်တော်သည် အကျွန်ုပ်တို့၏ ဘုရားသခင် ထာဝရဘုရားဖြစ်တော်မူ၏။ 23
အကယ်စင်စစ် ကုန်းများနှင့် တောင်ရိုးများတို့သည် အချည်းနှီးသက်သက် ဖြစ်ကြ၏။ အကယ်စင်စစ် အကျွန်ုပ်တို့၏ ဘုရားသခင်
ထာဝရဘုရားသည် ဣသရေလအမျိုးကို ကယ်တင်ရာ အကြောင်း ဖြစ်တော်မူ၏။ 24 ရှက်ဘွယ်သော အရာသည် အကျွန်ုပ်တို့၏
ဘိုးဘေးဥစ္စာတည်းဟူသော သူတို့ သိုး နွား၊ သားသမီး များကို အကျွန်ုပ်တို့ ငယ်သောအရွယ်ကပင် စား၍ ကုန်ပါပြီ။ 25
အကျွန်ုပ်တို့သည် ရှက်ကြောက်လျက် အိပ်ရ ကြ၏။ အသရေပျက်ခြင်း၌ နစ်မွန်းကြ၏။ အကြောင်း မူကား၊ အကျွန်ုပ်တို့သည်
ငယ်သော အရွယ်မှစ၍ ယခု တိုင်အောင် ဘိုးဘေးနှင့်တကွ အကျွန်ုပ်တို့၏ ဘုရား သခင် ထာဝရဘုရား၏ စကားတော်ကို နားမထောင်
အကျွန်ုပ်တို့၏ ဘုရားသခင် ထာဝရဘုရားကို ပြစ်မှားပါ ပြီဟု ဆိုကြ၏။


generated on Tue Jul 2 12:50:28 2024

Jeremiah 01

ယေဘုယျ အချက်အလက်
ထာဝရဘုရားသည် ရှေ့အခန်းကြီး ၂
တွင်ဖော်ပြသောအရာများကို ဆက်လက် ဖော်ပြသည်။

ထိုသို့သောပြည်သည်ညစ်ညူးသည်မဟုတ်လော
အခြားသောဘာသာပြန်ဆိုချက်၊ "သူမသည် လုံးလုံးလျားလျား ညစ်ညူးသည်"

ၛင်းမိန်းမသည် ဤပြည်ကဖြစ်သည်
"ဤပြည်သည် ၛင်းမိန်းမနှင့် တူသည်။ " ထာဝရဘုရားသည် ယခင်ယုဒလူတို့နှင့် ခွဲသော်လည်း သူ၏ အကြင်မယားအဖြစ် တဖန်ယူဆောင်လာသည်။

ပြည့်တန်ဆာမကဲ့သို့ပြုမူသည်
"ကိုယ့်လင်၌ မမှီဝဲဘဲ ပြည့်တန်ဆာမအလား ရည်းစားနှင့်မေထုန်မှီဝဲပြီး သကဲ့သို့ ရုပ်တုတို့ကို သင်၏ မေတ္တာကိုပေး၏။"

ငါ့ဆီသို့ပြန်လာမည်လော့
အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့ဆီသို့ သင်ပြန်လာဖို့ကြိုးစားသော်လည်း ငါသည် လက်ခံမည်မဟုတ်။"

ထာဝရဘုရားမိန့်တော်မူချက်ဖြစ်သည်
မည်ကဲ့သို့ ဘာသာပြန်သည်ကို၊ ရှု၊ 1:7.

မြင့်သောအရပ်သို့မျှော်ကြည့်၍
"ကြည့်ရှုသည်"

လင်မနေ ဘူးသောအရပ် တစုံတခုကို ရှာလော့။
"သင်သည် နေရာတကာသို့ သွားပြီး အမျိုးသားတို့နှင့်မေထုန်မှီဝဲသော မိန်းမနှင့် တူ၏"

အာရပ်လူ
အာရပ်ပြည်၏ သူခိုးများကို ဆိုလိုသည်။

Jeremiah 03

ပြည်တန်ဆာနဖူးရှိ၍
လူတကာနှင့် မေထုန်မှီဝဲသည်။

ကြည့်ရှုလော့
"အာရုံစိုက်လော့" သို့မဟုတ် "နားထောင်လော့"

Jeremiah 06

သူမသွားသည်
ဣသရေလ အမျိုးပြုသောအမှု

မြင့်သောတောင်တို့နှင့် စိမ်းသောသစ်ပင်များအောက်၌
မြင့်သောတောင်ထိပ်များနှင့် သစ်ပင်အရိပ်တို့သည် ရုပ်တုကိုးကွယ်ရာဖြစ်၏။

သစ္စာပျက်သောသူ၏ယုဒညီမသည်မြင်ခဲ့သည်
"ငါ့ စကားနားမထောင်သော ယုဒလူမျိုးသည် မြင်ခဲ့သည်။"

Jeremiah 08

ယေဘုယျ အချက်အလက်
ထာဝရဘုရား စကားပြောတော်မူသည်။

ဖောက်ပြန်သောဣသရေလလူမျိုး
"ဣသရေလလူမျိုးတို့သည် ငါ့ကိုမနာခံကြပြီ"

ဖောက်ပြန်ခြင်း
သစ္စာမဲ့ခြင်း၊ သစ္စာပျက်ခြင်း

ထာဝရဘုရားမိန့်တော်မူ၏
မည်ကဲ့သို့ ဘာသာပြန်သည်ကို ရှု၊ 1:7.

Jeremiah 13

ငါနှစ်သက်သော
"ငါချစ်သောသူ ငါ့ကို ပြန်ချစ်စေချင်သည်" သို့မဟုတ် "ငါ့ကို ပျော်ရွှင်စေချင်သည်" ဟု အဓိပ္ပါယ်ဖွင့်ဆိုနိုင်ပါသည်။

Jeremiah 16

သီးနှံများတိုးပွားများပြားလာလိမ်မည်
"သီးနှံများတိုးပွားလာခြင်း" ဆိုသည့်စကားစုသည် အရေအတွက်အားဖြင့် "တိုးပွားသည်" ကို ဆိုလိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အရေအတွက်အားဖြင့်တိုးပွားများပြားလာလိမ့်မည်။"

Jeremiah 17

ထိုကာလ၌ ယုဒအမျိုးသည် ဣသရေလအမျိုး နှင့် ပေါင်းဘော်လျက်
"ယုဒလူတို့သည် ဣသရေလလူတို့နှင့်အတူ နေထိုင်ကြလိမ့်မည်။"

Jeremiah 19

ငါသည်
"ငါ" ဆိုသည့်စကားလုံးသည် ထာဝရဘုရားကိုဆိုလိုခြင်းဖြစ်သည်။

သားအရာ၌...မိခင်ကဲ့သို့သဘောထားလျက်
အဘ ကဲ့သို့ဆိုသည့်ထက် အမိအရာသို့ ဆိုသည်မှာ ပိုမိုလေးနက်စေချင်သောကြောင့် ဖြစ်ပါသည်။

ထာဝရဘုရားမိန့်တော်မူ၏
မည်ကဲ့သို့ ဘာသာပြန်သည်ကို ရှု၊ 1:7

Jeremiah 21

အသံကိုကြားရ၏
"လူတို့၏ အသံကိုကြားရသည်"

ငိုကြွေးခြင်းနှင့် အသနားခံခြင်း
"ငိုကြွေးခြင်းနှင့် ကျယ်လောင်စွာ တောင်းပန်ခြင်း"

ကြည့်ရှုလော့
"ကြည့်ရှုလော့" ဟူသောစကားလုံးသည် အံ့ဘွယ်တစ်စုံတစ်ခု ရောက်လာမည့်အကြောင်း သို့မဟုတ်အာရုံစိုက်ရန်ပြောဆိုသည့်အရာဖြစ်ပါသည်။

Jeremiah 23

တောင်ကုန်းများတို့သည် အချည်းနှီးဖြစ်၏
ရုပ်တုတို့ကို ကိုးကွယ်ခြင်းမှ ကူမသူ ရောက်လာမည်ကိုမျှော်လင့်ကြသော်လည်း အချည်းနှီးသက်သက်ဖြစ်ကြ၏။

အကျွန်ုပ်တို့သည် ရှက်ကြောက်လျက် အိပ်ရ ကြ၏။ အသရေပျက်ခြင်း၌ နစ်မွန်းကြ၏။
ဋင်းစကားစုသည် "ရှက်ဖွယ်သောအမှုကို ပြုသည်ကို သိ၍" ဆိုသည့်အရာနှင့် တူညီသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ပြည့်ဝသော လူသားဆန်ခြင်းသို့ ရှိကြစို့။"

ငယ်သောအရွယ်မှစ၍
"တိုင်းပြည်ကို စတင်ခြင်း"

ထာဝရဘုရား၏အသံတော်
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား ပြောဆိုသည်"

---

## Translation Questions

Jeremiah 3:1

ပရောဖက်သည် လူတွေကို မည်ကဲ့သို့သော မိန်းမနှင့် နှိုင်းယှဉ်ခဲ့သနည်း။
သူသည် ယောက်ျားဆုံးသွားသော မိန်းမနှင့် သူတို့ကို နှိုင်းယှဉ်ခဲ့သည်။

Jeremiah 3:3

အဘယ်ကြောင့် မိုဃ်းများမရွာခဲ့သနည်း။
လူများသည် သူတို့၏ အပြစ်များကို မရှက်ခဲ့ကြသောကြောင့် မိုးမရွာခဲ့ခြင်းဖြစ်သည်။

Jeremiah 3:6

ဣသရေလ လူများသည် သစ်ပင်များ၏အောက်နှင့် တောင်ပေါ်များတွင် မည်သည့်အရာ လုပ်ခဲ့ကြသနည်း။
ဣသရေလ လူများသည် ရုပ်တုကိုးကွယ်ခြင်း အားဖြင့် မတရားသောမေထုန်ကို ပြုသောမိန်းမကဲ့သို့ ပြုမူခဲ့ကြသည်။

Jeremiah 3:8

ဘုရားသခင်သည် ဣသရေလကို မည်သို့ပြုခဲ့သနည်း။
သူသည် သူမ (ဣသရေလ) ကို တရားဝင်ကွာရှင်းခဲ့သည်။

ထာဝရဘုရားသည် ဣသရေလလူတွေကို တရားဝင်ကွာရှင်းပြီးသောအခါ ယုဒသည် မည်သည့်အရာကို လုပ်ခဲ့သနည်း။
ယုဒသည် ဣသရေလပြည်ပြုသည့်အတုင်း ပြုခဲ့သည်။

Jeremiah 3:11

ထာဝရဘုရားသည် ဣသရေလကို မည်သည့်အရာ လုပ်ဖို့ရန် ဖိတ်ခေါ်ခဲ့သနည်း။
သူသည် ပြန်လာဖို့ရန် သူတို့ကို ဖိတ်ခေါ်ခဲ့သည်။

Jeremiah 3:13

လူများသည် ပြန်လာသောအခါ မည်သည့်အရာကို ပြုရကြမည်နည်း။
သူတို့သည် သူတို့၏ အပြစ်ကို ဝန်ခံရမည်။

သူတို့သည် ပြန်လာခဲ့လျှင် ထာဝရဘုရားသည် သူတို့ကို မည်သည့်အရာကို ပေးလိမ့်မည်နည်း။
ထာဝရဘုရားသည် သူ၏စိတ်တော်နှင့်တွေ့သော သိုးထိန်းတို့ကို သူတို့အားပေးမည်။

Jeremiah 3:16

သူတို့သည် ပဋိညာဉ်သေတ္တာတော်အကြောင်း မည်သို့ တွေးထင်ကြလိမ့်မည်နည်း။
သူတို့သည် ထိုအရာအကြောင်းကို စဉ်းစားကြတော့မည်မဟုတ်။

Jeremiah 3:17

ယေရုရှလင်မြို့တွင် မည်သို့ ဖြစ်လိမ့်မည်နည်း။
လူမျိုးအပေါင်းတို့သည် ယေရုရှလင်မြို့၌ စုဝေးကြလိမ့်မည်။

ယုဒနှင့်ဣသရေလသည် ရန်သူများဖြစ်ကြသေးလိမ့်မည်လော။
မဟုတ်ပါ၊ သူတို့သည် အတူတကွ ပေါင်းစည်းကြလိမ့်မည်။

Jeremiah 3:19

ထာဝရဘုရားသည် လူတွေကို မည်သို့ ချီးမွမ်းဖို့လိုသနည်း။

သူသည် ဖခင်သည် သားကို ဂုဏ်ပြုသကဲ့သို့ သူတို့ကို ဂုဏ်ပြုချင်ခဲ့သည်။

Jeremiah 3:21

လွင်ပြင်များပေါ်တွင် မည်သည့်အသံများကို ကြားရသနည်း။

ဣသရေလလူတွေ၏ ငိုကြွေးခြင်းနှင့် တောင်းပန်ခြင်းသည် လွင်ပြင်များပေါ်တွင် ကြားရသည်။

Jeremiah 3:23

ဘိုးဘေးများပြုလုပ်ခဲ့သော အရာများသည် မည်သို့ဖြစ်လာခဲ့ကြသနည်း။

ဘိုးဘေးများလုပ်ခဲ့သော အရာများကို ရုပ်တုများက စားသုံးခဲ့သည်။

လူများနှင့် သူတို့၏ ဘိုးဘေးများသည် မည်သည့်အရာကို လုပ်ခဲ့ကြသနည်း။

သူတို့သည် သူတို့ဘုရား၊ ထာဝရဘုရား၏ စကားကို နားမထောင်ခဲ့ကြ။

## Chapter 4

1 အို ဣသရေလအမျိုး၊ သင်သည် ပြန်လာလိုလျှင် ငါ့ထံသို့ ပြန်လာပါ။ သင်၏ရွံရှာဘွယ်တို့ကို ပယ်လိုလျှင် ငါ့ထံမှမရွေ့ရ။ 2
သင်ကလည်း၊ ထာဝရဘုရား အသက်ရှင်တော်မူ သည်ဟု သစ္စာစောင့်ခြင်း၊ တရားစီရင်ခြင်း၊ ဖြောင့်မတ် ခြင်းအားဖြင့်
ကျိန်ဆိုလိမ့်မည်။ လူအမျိုးမျိုးတို့သည် လည်း၊ ထိုဘုရားသခင်အားဖြင့် မိမိတို့ကို ကောင်းကြီး ပေး၍၊ ထိုဘုရားသခင်ကို
အမှီပြုလျက် ဝါကြွားကြလိမ့် မည်ဟု ထာဝရဘုရား မိန့်တော်မူ၏။ 3 ထာဝရဘုရားသည် ယုဒပြည်သူယေရုရှလင်မြို့ သားတို့အား
မိန့်တော်မူသည်ကား၊ သင်တို့၏ လယ်ကို ထွန်ကြလော့။ ဆူးပင်တို့တွင် မျိုးစေ့ကို မကြဲကြနှင့်။ 4 အို ယုဒပြည်သူ
ယေရုရှလင်မြို့သားတို့၊ ထာဝရ ဘုရားအဘို့အလိုငှါ အရေဖျားလှီး မင်္ဂလာကိုခံ၍၊ သင်တို့ နှလုံး အရေဖျားကို လှီးဖယ်ကြလော့။
သို့မဟုတ်၊ သင်တို့၏ အကျင့်မကောင်းသောကြောင့်၊ ငါအမျက်သည်မီးကဲ့သို့ထွက်၍၊ အဘယ်သူမျှ မငြိမ်းနိုင် အောင်
လောင်လိမ့်မည်။ 5 ယုဒပြည်၌ တံပိုးမှုတ်ကြလော့ဟု၊ ယေရုရှလင်မြို့ မှစ၍ တပြည်လုံးကြွေးကြော်၍ သိတင်းကြားကြလော့။
စည်းဝေး၍ ခိုင်ခံ့သောမြို့များ အတွင်းသို့ ဝင်ကြကုန်အံ့ ဟုအရပ်ရပ်၌ အနှံ့အပြား ကြွေးကြော်ကြလော့။ 6 ဇိအုန်တောင်ပေါ်မှာ
အလံကို ထူကြလော့။ လွတ်အောင် ပြေးကြလော့။ ရပ်၍ မနေကြနှင့်။ အကြောင်းမူကား၊ ကြီးစွာသော ပျက်စီးခြင်း ဘေးဥပဒ်ကို
မြောက်မျက်နှာမှ ငါသည် ဆောင်ခဲ့မည်။ 7 ခြင်္သေ့သည် မိမိနေရာခြုံထဲက ထွက်လာပြီ။ တိုင်းနိုင်ငံတို့ကို ဖျက်ဆီးသောသူသည်
လမ်း၌လာဆဲ ရှိ၏။ သင်၏ပြည်ကို လူဆိတ်ညံ့ရာ အရပ်ဖြစ်စေခြင်းငှါ၊ သူသည် မိမိနေရာမှ ထွက်လာသည်ဖြစ်၍၊ သင်၏ မြို့တို့
သည် လူမနေနိုင်အောင် ပျက်စီးခြင်းသို့ ရောက်ကြလိမ့် မည်။ 8 ထိုအကြောင်းကြောင့် လျှော်တေအဝတ်ကို ဝတ်စည်းလျက်၊
ငိုကြွေးမြည်တမ်း၍ အော်ဟစ်ကြလော့။ အကြောင်းမူကား၊ ထာဝရဘုရား၏ ပြင်းစွာသော အမျက်တော်သည် ငါတို့မှ လွှဲရှောင်၍
မသွားသေး။ 9 ထိုအခါ ရှင်ဘုရင်နှင့်မှူးမတ်တို့သည် စိတ်ပျက် ကြလိမ့်မည်။ ယဇ်ပုရောဟိတ်တို့သည် မိန်းမောတွေဝေ လျက်၊
ပရောဖက်တို့သည် ထိတ်လန့်လျက်ရှိကြလိမ့်မည် ဟု ထာဝရဘုရား မိန့်တော်မူ၏။ 10 ငါကလည်း၊ အို အရှင်ထာဝရဘုရား၊ သန်လျက်
သည် အသက် ကိုထိသည်တိုင်အောင် ခွင်းသော်လည်း၊ သင်တို့သည် ငြိမ်သက်ခြင်း ရှိကြလိမ့်မည်ဟု ကိုယ်တော် သည်
မိန့်တော်မူသောအားဖြင့်၊ ဤလူများနှင့်တကွ ယေရုရှလင်မြို့သားတို့ကို အလွန်လှည့်စားတော်မူပါပြီ တကားဟု လျှောက်ဆို၏။ 11
ထိုကာလ၌ ဤလူများနှင့် ယေရုရှလင်မြို့သား တို့ကို ရည်မှတ်၍ ဆိုရမည်ကား၊ ပူသောလေသည် တော၌မြင့်သောအရပ်က
ငါ၏လူမျိုး သတို့သမီးထံသို့ လာလိမ့်မည်။ အမှော်လွင့်စေခြင်း၊ သန့်ရှင်းစေခြင်းငှါ လာသော လေမဟုတ်။ 12 ထိုလေထက်ပြင်းသော
လေသည် ငါ့အလိုကို ပြည့်စုံစေခြင်းငှါ လာလိမ့်မည်။ ယခုပင် သူတို့ကို ငါ့ကိုယ်တိုင် စစ်ကြောစီရင်မည်။ 13 လာသောမင်းသည်
မိုဃ်းတိမ်ကဲ့သို့ လာလိမ့် မည်။ သူ၏ရထားတို့သည် လေဘွေကဲ့သို့ဖြစ်ကြ၏။ သူ၏မြင်းတို့သည် ရွှေလင်းတထက် သာ၍ လျင်မြန်
ကြ၏။ ငါတို့သည် အမင်္ဂလာရှိကြ၏။ ပျက်စီးခြင်းသို့ ရောက်ကြပြီ။ 14 အို ယေရုရှလင်မြို့၊ သင်သည် ကယ်တင်ခြင်းသို့
ရောက်ခြင်းငှါ၊ သင်၏စိတ်နှလုံးကို ဒုစရိုက်အပြစ်နှင့် ကင်းစင်စေလော့။ သင်၏အဓမ္မအကြံအစည်တို့သည် အဘယ်မျှ ကာလပတ်လုံး
သင်၏ အထဲ၌တည်နေရမည် နည်း။ 15 ဒန်ပြည်၌ အသံကို ကြားရ၏။ ဧဖရိမ်တောင် ပေါ်မှာ ဒုက္ခသိတင်းကို ဟစ်ကြော်ကြ၏။ 16
အပြည်ပြည်တို့၌ သိတင်းကြားကြလော့။ ယေရု ရှလင်မြို့ကို ရည်မှတ်၍ ကြွေးကြော်ကြလော့။ ကင်းစောင့် တို့သည် ဝေးသောပြည်က
လာ၍၊ ယုဒမြို့များ တဘက်၌ ထူးကြလိမ့်မည်။ 17 လယ်ကိုစောင့်သောသူများကဲ့သို့၊ ထိုသူတို့သည် ယုဒပြည်ကို ဝန်းရံကြ၏။
အကြောင်းမူကား၊ ထိုပြည် သည် ငါ့ကို ပုန်ကန်ပြီ။ 18 သင်လိုက်သောထုံးစံနှင့် သင်ကျင့်သော အကျင့် တို့သည် သင့်အပေါ်မှာ
ဤအမှုကို သက်ရောက်စေပြီ။ သင်သည် ထိုသို့သော အမှုနှင့် တွေ့၍ ခါးစပ်သောစိတ်၊ နာကြည်းသော စိတ်ရှိရာ၏ဟု ထာဝရဘုရား
မိန့်တော် မူ၏။ 19 ငါ့အသည်းသည်နာ၏။ ငါ့အသည်းသည်နာ၏။ ငါ့နှလုံးအရေဖျားလည်းနာ၏။ ငါ့အထဲ၌ ငါ့နှလုံးပူဆွေး ၏။
ငါသည် တိတ်ဆိတ်စွာ မနေနိုင်။ အကြောင်းမူကား၊ အိုငါ့ဝိညာဉ်၊ သင်သည် တံပိုးမှုတ်သံနှင့် စစ်တိုက်သံကို ကြားရ၏။ 20 ပျက်စီးပြီ၊
ပျက်စီးပြီဟု အထပ်ထပ် ဟစ်ကြော် ရ၏။ တပြည်လုံးပျက်စီးပြီ။ ငါ၏တဲတို့သည် ခဏခြင်း တွင် ပျက်စီးကြပြီ။
ငါ၏ကုလားကာတို့သည် ချက်ခြင်း ပျက်စီးကြပြီ။ 21 ငါသည် အဘယ်မျှကာလပတ်လုံး အလံကို မြင်ရအံ့နည်း။
အဘယ်မျှကာလပတ်လုံး တံပိုးသံကို ကြားရအံ့နည်း။ 22 အကယ်စင်စစ် ငါ၏လူတို့သည် ထိုင်းမှိုင်း၍ ငါ့ကို မသိကြ။
မိုက်သောသူငယ်ဖြစ်၍ ဉာဏ်မရှိကြ။ မကောင်းသော အမှုတို့၌ လိမ္မာကြ၏။ ကောင်းသောအမှု တို့ကို မပြုတတ်ကြ။ 23
ငါသည်မြေကြီးကိုကြည့်ရှု၍ လွတ်လပ်လဟာ ဖြစ်၏။ မိုဃ်းကောင်းကင်ကိုလည်း ငါကြည့်ရှု၍ အလင်း မရှိ။ 24 တောင်တို့ကိုလည်း
ငါကြည့်ရှု၍၊ သူတို့နှင့်တကွ ကုန်းရှိသမျှတို့သည် တုန်လှုပ်လျက်နေကြ၏။ 25 ငါကြည့်ရှု၍ လူမရှိ။ မိုဃ်းကောင်းကင်ငှက်
အပေါင်းတို့သည် ပြေးကြပြီ။ 26 ငါကြည့်ရှု၍ ဝပြောသော ပြည်သည် တောဖြစ် လေပြီ။ မြို့များတို့သည် ပြိုပျက်လျက်ရှိကြ၏။
ထာဝရ ဘုရားရှေ့၊ ပြင်းစွာသော အမျက်တော်ရှေ့၌ ထိုသို့သော အခြင်းအရာတို့သည် ဖြစ်ရကြ၏။ 27
ထာဝရဘုရားမိန့်တော်မူသည်ကား၊ တပြည် လုံးပျက်စီးရာ ဖြစ်လိမ့်မည်။ ပျက်စီးခြင်းကို ငါမဆီးတား၊ 28 ထိုကြောင့်၊ မြေကြီးသည်
ညည်းတွားလိမ့်မည်။ မိုဃ်းကောင်းကင်လည်း နက်လိမ့်မည်။ ငါသည် ပြောပြီးမှ နောင်တမရှိ။ ကြံပြီးမှ အကြံမပျက်ရ။ 29
မြင်းစီးသူရဲနှင့် လေးကိုင်သူရဲတို့ ဟစ်သော အသံကြောင့်၊ မြို့သားအပေါင်းတို့သည် တောအုပ်သို့ ပြေးသွားကြ၏။ ကျောက်ပေါ်သို့
တက်ကြ၏။ မြို့ရှိသမျှ တို့ကို စွန့်ပစ်၍ နေသောသူတယောက်မျှ မရှိရ။ 30 သင်သည် ပျက်စီးခြင်းသို့ ရောက်သောအခါ


generated on Tue Jul 2 12:50:28 2024

အဘယ်သို့ပြုလိမ့်မည်နည်း။ နီမောင်းသော အဝတ်ကို ဝတ်သော်ငှင်း၊ ရွှေတန်ဆာကို ဆင်သော်ငှင်း၊ သင်၏
မျက်နှာစုတ်ပဲ့သည်တိုင်အောင် ဆေးသုတ်သော်ငှင်း၊ သင်၏တင့်တယ်ခြင်းကို အချည်းနှီးပြု၏။ သင်၏ ရည်းစားတို့သည်
သင့်ကိုစွန့်၍၊ သင်၏အသက်ကို သတ်ခြင်းငှါ ရှာကြံကြ၏။ [31] အကယ်စင်စစ် သားဘွားသော မိန်းမညည်းသံ၊ သားဦးဘွားသော
မိန်းမ၏ဝေဒနာခံရာ အသံကဲ့သို့၊ ဇိအုန်သတို့သမီး အော်ဟစ်သံကို ငါကြားရ၏။ ထိုသတို့ သမီးက၊ အကျွန်ုပ်သည် အမင်္ဂလာရှိပါ၏။
လူသတ် များကြောင့်၊ အကျွန်ုပ်စိတ်ပျက်ပါ၏ဟု မိမိလက်ဝါးကို ဖြန့်၍ ငိုကြွေးလျက်နေ၏။

---

---

Jeremiah 01

ကြ္လသရေလအမျိုး၊ သင်တို့ပြန်လာလိုလျှင်
"ဣသရေလလူမျိုးတို့ ငါ့ဆီသို့ သင်တို့ ပြန်လာလိုလျှင်"
သို့မဟုတ် "ဣသရေလအမျိုး၊ သင်တို့ပြုသောအမှုများကို
ပြုပြင်လိုလျှင်"

သင်တို့ငါ့ထံသို့ပြန်လာလျှင်
ဖြစ်နိုင်ချေအဓိပ္ပါယ်မှာ (၁)
ပထမစာကြောင်းတွင်ဖော်ပြသောစကားစုကိုပြန်သုံးသော "
ငါ့ဆီသို့ပြန်လာလိုလျှင်၊" အခြားသောဘာသာပြန်ဆိုချက်၊
"ငါ့ဆီသို့ပြန်လာကြ" သို့မဟုတ် "ငါ့ကို တဖန်ကိုးကွယ်ကြပါ"။
သို့မဟုတ် (၂) ပြန်လာရန် အမိန့်ပေးသောစကားလုံးဖြစ်ပါသည်
"ငါ့ဆီသို့ပြန်လှည့်လာပါ"

ထာဝရဘုရားမိန့်တော်မူ၏
မည်ကဲ့သို့ဘာသာပြန်သည်ကို ရှု၊ 1:7.

သင်၏ရွံရှာဘွယ်တို့ကို ပယ်လိုလျှင် ငါ့ထံမှမရွေ့ရ။
၎င်းစကားစုသည် ရွံရှာဘွယ်သောအရာကို
ဖော်ပြလိုခြင်းဖြစ်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်မှာ
"ငါ့ရှေ့မှောက်မှ ရွံရှာဘွယ်သော အရာများ ဖယ်ရှားရမည်။"

နောက်တဖန်ငါ့ထံမှ လမ်းမလွဲကြနှင့်
"လမ်းလွဲသည်" ဆိုသည်မှာ သစ္စာမရှိခြင်းကို
ပုံဆောင်ခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊
"သစ္စာရှိစွာဖြင့် သူ့ဆီ၌ နေရန်ဖြစ်သည်။"

သင်တို့၏ လယ်ကို ထွန်ကြလော့။ ဆူးပင်တို့တွင် မျိုးစေ့ကို မကြဲကြနှင့်။
ထာဝရဘုရားသည် သူ၏ လူတို့ကို
လယ်သမားများကဲ့သို့မိမိတို့မြေကို စိုက်ပျိုးရန်
ထွန်ယက်သည်နည်းတူ သူတို့ဘဝကို
ပြင်ဆင်ပြောဆိုခြင်းဖြစ်ပါသည်။

Jeremiah 04

အို ယုဒပြည်သူ ယေရုရှလင်မြို့သားတို့၊ ထာဝရ ဘုရားအဘို့အလိုငှါ
အရေဖျားလှီး မင်္ဂလာကိုခံ၍၊ သင်တို့ နှလုံး အရေဖျားကို လှီးဖယ်ကြလော့။
ထာဝရဘုရားသည်သူ၏လူမျိုးတော်အား အပြင်ပိုင်းသဏ္ဍာန်
ပဋိညာဥ်တရားထက် သူ့ကို
ဝတ်ပြုခြင်းအမှုကိုပြုလုပ်စေချင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ အသက်တာကို
ဘုရားသခင်၌ အလုံးစုံအပ်နှံထားခြင်းဖြစ်သည်။"

အရေဖျားလှီးကြ...သင်တို့နှလုံးအရေဖျားလှီးကြ
၎င်းစကားလုံးနှစ်ခုသည် ဆိုလိုရင်း အတူတူပင်ဖြစ်သည်။
ဆောင်ရွက်ရန် အမိန့်အား နှစ်ခုစလုံးကိုရည်ညွှန်းသည်။

ထာဝရဘုရားထံ၌အရေဖျားလှီးကြ
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား ထံတော်၌
ကိုယ့်ကိုယ်ကို အရေဖျားလှီးကြ။"

ငါ၏အမျက်သည်မီးကဲ့သို့ထွက်၍
ထာဝရဘုရား၏ အမျက်တော်သည် မီးကဲ့သို့ဖြစ်၍
အရာအားလုံးကို လောင်ကျွမ်းစေတတ်၏။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါ၏ အမျက်တော်သည်
မီးကဲ့သို့လောင်ကျွမ်းတတ်သော အရာဖြစ်သည်။"

ယုဒပြည်သို့သတင်းပို့လော့၊ ယေရုရှလင်မြို့သည်လည်းကြားမည်အကြောင်း
၎င်းစကားစုနှစ်ခုသည် အခြေခံအားဖြင့်တူညီသည်။
အမိန့်တော်ကို နှစ်ခုစလုံး အခြေပြုထားသည်။

ယေရုဆလင်မြို့လည်းကြားမည်အကြောင်း
အခြားသောဘာသာပြန်ဆိုချက်၊
"ယေရုရှလင်မြို့သားတို့ကြားနိုင်မည်အကြောင်း"

ပျက်စီးခြင်း....ကြီးစွာသောပြိုလဲခြင်း
၎င်းစကားလုံးသည် အခြေခံအားဖြင့်တူညီသည်။ "ကြီးမားသော
ပြိုလဲခြင်း" ဆိုသည်မှာ "ပျက်စီးခြင်း" ရောက်လာလိမ့်မည်" ဟု
ဆိုလိုသည်။

မြောက်မျက်နှာမှ
စစ်သူရဲများသည် မြောက်မျက်နှာမှ ရောက်လာလိမ့်မည်ကို
ဆိုလိုသည်။

Jeremiah 07

ခြင်္သေ့လာနေပြီ
အခြားသောဘာသာပြန်ဆိုချက်၊ "အင်အားကြီးမားပြီးကြင်နာမှု
ကင်းမဲ့သော စစ်သူရဲတို့ ချဥ်းကပ်လာနေသည်"

ခြုံပုတ်
ခြုံပုတ်သည် တဖြည်းဖြည်းနီးကပ်လာသည်။

ထွက်လာသည်
အခြားသောဘာသာပြန်ဆိုချက်၊ "စတင် ချီတက်သည်"

ကြောက်ရွံ့တုန်လှုပ်ခြင်း
ကြောက်သည်၊ ကြောက်လန့်သည်၊ တုန်လှုပ်သည်

မြည်တမ်းသည်
ကျယ်လောင်စွာ အဆက်မပြတ် ငိုကြွေးခြင်းနှင့်
ပြုခဲ့သောအပြစ်အတွက် နောင်တရသည်။

Jeremiah 09

ထာဝရဘုရားမိန့်တော်မူသည်
မည်ကဲ့သို့ဘာသာပြန်သည်ကို ရှု၊ 1:7.

သန်လျက်ဓါးသည် သူတို့၏အသက်ကိုထိအောင်ခွင်းတော်မူ၏။
"ရန်သူတို့၏ သန်လျက် ဓါးများသည်
ကျွန်ုပ်တို့အသက်ကိုသတ်လုနီးဖြစ်သည်။"

Jeremiah 11

ဆိုရမည်ကား
"ထာဝရဘုရား မိန့်ဆိုရမည်ကား"

တောင်၌မြင့်သောအရပ်မှလာသောလေသည်......ထိုလေထက်ပြင်းသော
ရက်စက်ကြမ်းကြုတ်လျက် ဂရုဏာမဲ့သော
ရန်သူသည်လာနေသည်။

ငါလူမျိုး၏ သမီး
တိုင်းပြည်ကို သနားကြင်နာတတ်သော သတို့သမီးနှင့်နှိုင်းသည်။

အမှောင်လွင့်စေခြင်း၊ သန့်ရှင်းစေခြင်းငှါ လာသော လေမဟုတ်။
"အမှောင်လွှင့်စေခြင်း" နှင့် "သန့်ရှင်းစေခြင်း"
ဆိုသောစကားလုံးနှစ်ရပ်မှာ အဆိုးကို လွင့်ပျောက်စေသည်နှင့်
သန့်ရှင်းစေခြင်းကိုလွှင့်စေသည်တို့ကို ဆိုလိုခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့၏ အပြစ်များကို
လွှတ်မည်မဟုတ်"

လေ...ငါ့အလိုကိုပြည့်စုံစေခြင်းငှါလာမည်
"အမိန့်ပေးခြင်း" ဆိုသည်မှာ ဘုရားသခင်သည်
လေကိုအမိန့်ပေး၍ လာစေမည်။

ငါ၏အမိန့်ကို (ငါ၏အလိုကို..ယုဒသန်)
၎င်းဟေဗြဲစကားလုံး၏ ဖော်ပြချက်မှာ
ခေတ်သစ်အသုံးအနှုန်းတွင် "ငါ့အတွက်" သို့မဟုတ် "ငါ့ဆီမှ"
ဟုဖော်ပြသည်။

သူတို့ကိုစစ်ကြောစီရင်မည်
"သူတို့ ပြစ်ဒဏ်ကို ကြေညာခြင်း"

Jeremiah 13

ကြည့်ရှုလော့၊သူသည်မိုးတိမ်ကဲ့သို့တိုက်ခိုက်ပြီး၊
သူ၏ရထားတို့သည်လေပြင်းမုန်တိုင်းကဲ့သို့ဖြစ်၏။
၎င်းစာကြောင်းသည် တူညီပြီး ဒုတိယစာသား၏ ဆိုလိုရင်းမှာ
အင်အားကြီးခြင်းကိုလည်း ဖော်ပြလိုခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ရန်သူစစ်သည်တော်တို့သည်
အားပြင်းသော မုန်တိုင်းကဲ့သို့ ဖျက်ဆီး၏။"

ပူဆွေးသောနှင့်ယူကျုံးမရဖြစ်စေသည်။
ရန်သူစစ်သူရဲများ ရောက်လာသောအခါ လူတွေငြီးကြသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်တို့သည်ပျက်စီးခြင်းသို့
ရောက်လိမ့်မည်ဟု ပြောဆိုသည်။"

သင်၏စိတ်နှလုံးနှင့် ကောက်ကျစ်သောသဘောကို သန့်ရှင်းစေလော့။
ဘုရားသခင်သည် ယေရုရှလင်မြို့သားတို့အား
နောင်တရရန်သတိပေးသည်။ အခြားသောဘာသာပြန်ဆိုချက်၊
"ထာဝရဘုရားသည် ယေရုရှလင်မြို့သားတို့အား
မိန့်တော်မူသည်မှာ 'သင်တို့ ပြုသောအမှုကို
ပြောင်းလဲရန်ဖြစ်သည်'။"

အသံသည်ရောက်လာ၏။ (အသံကိုကြားရ၏..ယုဒသန်)
"သတင်းယူဆောင်လာသူတို့သည် သတင်းကိုဟစ်ကြော်၏"

ပျက်စီးခြင်းလာသည်ကိုကြားရ၏။
"ပျက်စီးခြင်းလာနေသည်ကို လူတွေ ကြားရသည်။"

ဒန်ပြည်မှ....ဧဖရိမ်တောင်ပေါ်မှာ
သတိပေးခြင်းသည် သူတို့ဆီသို့ နီးကပ်လာသည်ကို
ထိုဒေသတို့အားဖြင့် သိစေသည်။

Jeremiah 16

လယ်ကိုစောင့်သောသူများကဲ့သို့၊ သူတို့သည်ယုဒပြည်ကိုဝန်းရံကြ၏။
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည်
လက်နက်လူသူများဖြင့် မြို့ကို ဝန်းရံကြသည်"

ထာဝရဘုရားမိန်တော်မူ၏
မည်ကဲသို့ဘာသာပြန်သည်ကို ရှု၊ 1:7.

သင်တို့၏နှလုံးကိုထုစေသည်
အခြားသောဘာသာပြန်ဆိုချက်၊ "သင်နှစ်သက်သောအရာများ
နာကြည်းခါးသီးစေသည်။"

Jeremiah 19

ငါ့နှလုံးသည်မချိတင်ကဲဝေဒနာခံစားရ၏။ ငါ့နှလုံးသည်ပူဆွေးနေ၏။
" ငါသည် နာကျင်ခြင်းဝေဒနာနှင့် ပြည့်နှက်နေ၏။"

ပူဆွေးခြင်းဝေဒနာ
တည်ငြိမ်ခြင်းမရှိ၊ ရှုပ်ထွေးခြင်း၊ ဖရိုဖရဲဖြစ်ခြင်းနှင့်
အကြမ်းဖက်မှုတို့ ပြည့်နှက်နေသည်။


generated on Tue Jul 2 12:50:28 2024

ပျက်စီးပြီးနောက်ပျက်စီးခြင်းသည်အထပ်ထပ်ဟစ်ကြော်၏။
"မြို့သည် ပျက်စီးပြီးထပ် ပျက်စီးနေသည့်အကြောင်း လူများ ပြောဆိုကြသည်။"

မြို့သည်ရုတ်ရက်မေ့နောက်ပျက်စီး၏။
"တိုင်းနိုင်ငံတို့သည် ရန်သူတို့အားဖြင့် ပျက်စီးရ၏။"

ငါ၏ဝတ်ပြုရာနေရာနှင့် တဲတော်
"ဝတ်ပြုရာနေရာ"နှင့်"တဲတော်" ဆိုသည့် စကားလုံးတို့သည် အဓိပ္ပါယ်တူညီကြသည်။ ဆိုလိုသည်မှာ "ငါတည်ရှိသော တဲတော်" ဖြစ်သည်။

Jeremiah 21

ငါသည် အဘယ်မျှကာလပတ်လုံး အလံကို မြင်ရအံ့နည်း။
အဘယ်မျှကာလပတ်လုံး တံပိုးသံကို ကြားရအံ့နည်း။
၎င်းစကားလုံးနှစ်လုံးသည် အဓိပ္ပါယ်တူညီသည်။ ဒုတိယစကားလုံးသည် ပို၍နက်နဲသော သဘောကိုဆောင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဒီစစ်ပွဲ မကြာခင် ပြီးဆုံးမည်ကို ဆန္ဒပြုပါသည်"

ထိုင်းမှိုင်းသောလူ
"ညဏ်ထိုင်းသော လူမျိုး"

Jeremiah 23

ငါသည်မြေကြီးကိုကြည့်ရှု၍
ဘုရားသခင်သည် ယေရမိအား ရူပါရုံကို ကြည့်ရှုရန် ဆိုသောစကားဖြစ်သည်။

ပုံစံမရှိခြင်းနှင့်ဗာလာနတ္တိ
ဣသရေလလူမျိုးများအား ကျွန်အဖြစ်သို့ သိမ်းသွင်းခြင်းခံကဲ့သို့ သူတို့၏ ပြည်သည် ဖြစ်လိမ့်မည်ကို နမိတ်ပြသည်။

ကြည့်ရှုလော့
"ကြည့်ရှုလော့"ဟူသောစကားလုံးသည် အကြောင်းအရာသတင်းတစ်ခုခုအား သေချာစွာ နားထောင်ရန်သုံးသောစကားလုံးဖြစ်သည်။

Jeremiah 27

မြေကြီးသည် ညည်းတွားလိမ့်မည်။ မိုဃ်းကောင်းကင်လည်း နက်လိမ့်မည်။
ထာဝရဘုရားသခင်၏ ပြစ်စီရင်ခြင်းတွင် မြေကြီးသည် ပူဆွေးရသော အချိန်ကာလရောက်မည် အကြောင်းကို ယေရမိက အလေးအနက်ထား ဖော်ပြသည်။

မြင်းစီးသူရဲ
မြင်းစီးသူရဲများ

မြို့သားအပေါင်းတို့သည် ထွက်ပြေးကြလိမ့်မည်....မြို့သားအပေါင်းတို့သည် ကျောက်ပေါ်သို့တက်ကြလိမ့်မည်။
လူတို့သည် ဝေးရာသို့ ထွက်ပြေးကြလိမ့်မည် ဆိုသည်ကိုဖော်ပြလိုခြင်းဖြစ်သည်။

မြို့ရှိသမျှ တို့ကို စွန့်ပစ်၍ နေသောသူတယောက်မျှ မရှိရ။
"နေသော သူတစ်ယောက်မျှမရှိ" ဆိုသည့် စကားလုံးသည် ပိုပြီး လေးနက်စေသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တစ်စုံတစ်ယောက်မျှ မြို့ထဲ၌ ရှိလိမ့်မည်မဟုတ်။"

Jeremiah 30

နီမောင်းသောအဝတ်ဝတ်သော်လည်း..ရွှေတန်ဆာ...မျက်လုံး...ဆေးခြယ်
"ပြည့်တန်ဆာကဲ့သို့ ဝတ်ဆင်သည်။"

ဆင်မြန်းသည်
"တန်ဆာဆင်သည်" သို့မဟုတ် "ဆွဲဆောင်မှု ရှိအောင်တင့်တယ်ခြင်းအတွက် တန်ဖိုးကြီးသောအရာများကို အသုံးပြုသည်။"

ရာဂစိတ်ရှိသောအမျိုးသားတို့သည်လည်း သင့်ကိုငြင်းပယ်ကြ၏။
ဣသရေလလူတို့သည် ချမ်းသာခြင်းအတွက် တပါးလူတို့အား မှီခိုသော်လည်း သူတို့သည် ဘုရားသခင်၏ အပြစ်စီရင်ခြင်းကို မြင်သောကြောင့် ငြင်းပယ်ကြ၏။

သားဖွားသောချိန်ကဲ့သို့ စိတ်ပန်ပင်ခြင်းဝေဒနာ
"သားဖွားသော မိန်းမ၏ စိတ်ပန်ပင်ခြင်း ဝေဒနာခံစားသကဲ့သို့"

ငါသည်မူးလဲပါ၏
"ငါမူကား ပူဆွေးသောကများကို ကြုံတွေ့ရ၏။"

---

## Translation Questions

Jeremiah 4:1

ဣသရေလသည် ထာဝရဘုရားထံပြန်လာခဲ့လျှင် မည်သည့်အရာ ဖြစ်ပျက်လိမ့်မည်နည်း။
လူမျိုးအပေါင်းတို့သည် ထာဝရဘုရား၏ ကောင်းကြီးများအတွက် တောင်းပန်ကြလိမ့်မည်။

Jeremiah 4:4

လူတွေ၏ ဆိုးသွမ်းခြင်းကြောင့် မည်သည့်အရာဖြစ်လာလိမ့်မည်နည်း။
ထာဝရဘုရားသည် သူတို့ကိုပြင်းစွာအမျက်ထွက်၍ မြောက်ဘက်မှ ဘေးအန္တရာယ်ကို ယူဆောင်လာလိမ့်မည်။

Jeremiah 4:7

ခြင်္သေ့သည် လူတွေကို မည်သို့လုပ်လိမ့်မည်နည်း။
သူသည် သူတို့၏ မြို့များကို ဖျက်ဆီးလိမ့်မည်။

အဘယ်ကြောင့် လူတွေသည် မိမိကို လျှော်တေအဝတ်ဖြင့် ပတ်ရစ်ကြလိမ့်မည်နည်း။
သူတို့၏ အပြစ်များအတွက် တောင်းပန်သည်ကို ထင်ရှားစေရန် ထိုသို့ လုပ်ကြလိမ့်မည်။

Jeremiah 4:9

အဘယ်ကြောင့် ထာဝရဘုရားသည် လူတွေကို လိမ်လည်ခဲ့သည်ဟု ယေရမိသည် တွေးထင်ခဲ့သနည်း။
ထာဝရဘုရားသည် လူတွေကို ငြိမ်းချမ်းဖို့ရန် ကတိပေးခဲ့သော်လည်း တစ်စုံတစ်ယောက်သည် သူတို့ကို တိုက်ခိုက်ခဲ့ခြင်းကြောင့် ဖြစ်သည်။

Jeremiah 4:13

ယေရုရှင်လင်လူများကို မည်သို့ကယ်တင် နိုင်မည်နည်း။
သူတို့သည် မိမိတို့စိတ်နှလုံးများကို ဆိုးသွမ်းမှုမှ သန့်စင်စေရမည်။

Jeremiah 4:16

အဘယ်ကြောင့် ကင်းစောင့်တို့သည် ဝေးသောပြည်မှ လာခဲ့ကြသနည်း။
သူယုဒပြည်သည် ထာဝရဘုရားကို ပုန်ကန်ခဲ့သောကြောင့် သူတို့လာရခြင်းဖြစ်သည်။

Jeremiah 4:19

အဘယ်ကြောင့် ယေရမိသည် ကြီးမားသောဝေဒနာ ကြုံတွေ့ရသနည်း။
သူသည် စစ်ဖြစ်မည့်အသံပေးသံကို ကြားခဲ့သောကြောင့်ဖြစ်သည်။

Jeremiah 4:21

မည်သည့်အရာသည် လူတွေ၏မိုက်မဲမှု ဖြစ်သနည်း။
သူတို့သည် ထာဝရဘုရားကို မသိကြ။

Jeremiah 4:23

အဘယ်ကြောင့် ယေရမိမြင်ခဲ့သော ပြည်သည် လွတ်လပ်လဟာဖြစ်ခဲ့သနည်း။
ထာဝရဘုရား အမျက်ထွက်တော်မူသောကြောင့် ပြည်သည် လွတ်လပ်လဟာဖြစ်ရခြင်းဖြစ်သည်။

Jeremiah 4:27

မြို့တိုင်းရှိလူများသည် မည်သို့ဖြစ်ကြလိမ့်မည်နည်း?
သူတို့ကို တိုက်ခိုက်သောသူများထံမှ ထွက်ပြေး၍ မြို့များကို စွန့်ပစ်ကြလိမ့်မည်။

Jeremiah 4:30

ယခု ချမ်းသာသောသူတွေသည် မည်သို့ဖြစ်လိမ့်မည်နည်း။
သူတို့သည် သတ်ဖြတ်ခြင်းခံကြလိမ့်မည်။

## Chapter 5

1 ယေရုရှလင်မြို့ကို အပြစ်မှ ငါလွှတ်မည် အကြောင်း၊ တရားသဖြင့် ကျင့်သောမြို့သား၊ သစ္စာစောင့် သောမြို့သား
တစုံတယောက်မျှရှိလျှင်၊ ထိုသူကို တွေ့အံ့ သောငှါ၊ မြို့လမ်းတို့၌ တောင်မြောက်ပြေး၍၊ ကျယ်သော အရပ်တို့၌
ရှာဖွေကြည့်ရှုကြလော့။ 2 သူတို့က၊ ထာဝရဘုရား အသက်ရှင်တော်မူ သည်ဟုဆိုသော်လည်း၊ အကယ်စင်စစ်မဟုတ်မမှန်
ကျိန်ဆိုတတ်ကြ၏။ 3 အို ထာဝရဘုရား၊ ကိုယ်တော်သည် သစ္စာ တရားကို ထောက်ရှုတော်မူသည် မဟုတ်လော။ ကိုယ်တော်သည်
ဒဏ်ခတ်တော်မူသော်လည်း သူတို့သည် ညှိုးငယ်သောစိတ်မရှိကြပါ။ ဖျက်ဆီးတော်မူသော်လည်း၊ သူတို့သည် ဆုံးမခြင်းကို
ငြင်းပယ်ကြပါပြီ။ မိမိတို့ မျက်နှာ ကို ကျောက်ထက်သာ၍ မာစေကြပါပြီ။ ငါတို့သည် ပြန်၍ မလာဟု ငြင်းဆန်လျက်နေကြပါပြီ။ 4
ငါကလည်း၊ အကယ်စင်စစ် ဤသူတို့သည် ဆင်းရဲသားဖြစ်ကြ၏။ ထာဝရဘုရား၏ တရားတော်ကိုငင်း၊ မိမိတို့
ဘုရားသခင်စီရင်တော်မူရာကိုငင်း၊ မသိ သောကြောင့် မိုက်ကြ၏။ 5 လူကြီးများထံသို့ ငါသွား၍ပြောမည်။ သူတို့သည်
ထာဝရဘုရား၏ တရားတော်ကိုငင်း၊ မိမိတို့ဘုရားသခင် စီရင်တော်မူရာကိုငင်း သိကြ၏ဟုဆိုသော်လည်း၊ သူတို့ သည်
ထမ်းဘိုးတော်ကိုချိုး၍၊ အနှောင်အဖွဲ့တော်တို့ကို ဖြတ်ကြပြီ။ 6 ထို့ကြောင့်၊ တောမှလာသော ခြင်္သေ့သည် သူတို့ ကို သတ်လိမ့်မည်။
ညဦးယံ၌ လည်တတ်သော တောခွေး သည် သူတို့ကို ကိုက်စားလိမ့်မည်။ ကျားသစ်သည် သူတို့မြို့ကို စောင့်၍၊ မြို့ပြင်သို့ထွက်
သွားသောသူ အပေါင်းတို့ကို အပိုင်းပိုင်းဖြတ်လိမ့်မည်။ အကြောင်းမူ ကား၊ သူတို့ပြစ်မှားသော အပြစ်များ၍၊ အကြိမ်ကြိမ် အထပ်ထပ်
ဖောက်ပြန်ကြပြီ။ 7 ထိုသို့သော အပြစ်မှ သင့်ကို အဘယ်သို့ ငါလွှတ် နိုင်သနည်း။ သင်၏ သားသမီးတို့သည် ငါ့ကိုစွန့်၍၊
ဘုရားမဟုတ်သော သူတို့ကို တိုင်တည်လျက် ကျိန်ဆို ကြပြီ။ ငါသည်ဝစွာကျွေးသော အခါသူတို့သည် ပြည်တန် ဆာအိမ်၌ စည်းဝေး၍
မှားယွင်းကြပြီ။ 8 ဝစွာစားရသော မြင်းကဲ့သို့ဖြစ်၍၊ အသီးအသီး အိမ်နီးချင်းမယားတို့ကို တပ်သောစိတ်နှင့် ဟီကြပြီ။ 9
ထိုသို့သောအပြစ်တို့ကို ငါသည် မစစ်ကြောဘဲ နေရမည်လော။ ထိုသို့သောအမျိုးကို ဒဏ်ပေး၍၊ ငါ့စိတ် ချင်ရဲမပြေဘဲ
နေရမည်လောဟု ထာဝရဘုရား မိန့်တော် မူ၏။ 10 မြို့ရိုးပေါ်သို့တက်၍ ဖျက်ဆီးကြလော့။ ပျက်စီး ခြင်းကို မစဲစေကြနှင့်။
ခြေလက်တို့ကို ပယ်ရှင်းကြလော့။ ထာဝရဘုရားဆိုင်တော်မမူ။ 11 ဣသရေလအမျိုးနှင့် ယုဒအမျိုးတို့သည် ငါ့ထံ၌ ခံဘူးသော
သစ္စာကိုဖျက်ကြပြီဟု ထာဝရဘုရား မိန့်တော် မူ၏။ 12 သူတို့က၊ ထာဝရဘုရားမရှိ။ ငါတို့အပေါ်၌ ဘေးဥပဒ် မရောက်ရ။ ထားဘေး၊
မွတ်သိပ်ခြင်းဘေးကို ငါတို့သည် မတွေ့ရကြ။ 13 ပရောဖက်တို့သည် လေသက်သက်ဖြစ်ကြ၏။ သူတို့၌ နှုတ်ကပတ်တော်မရှိ။
သူတို့ဟောပြောသည် အတိုင်း သူတို့ခံရလိမ့်မည်ဟု ထာဝရဘုရားကို ငြင်းပယ် လျက်ဆိုတတ်ကြ၏။ 14 သို့ဖြစ်၍၊
ကောင်းကင်ဗိုလ်ခြေအရှင် ဘုရား သခင် ထာဝရဘုရားမိန့်တော်မူသည်ကား၊ သူတို့သည် ထိုသို့ဆိုသောကြောင့်၊ ငါ့စကားကို
သင်၏နှုတ်၌ မီးကဲ့သို့ငင်း၊ ဤလူမျိုးကိုထင်းကဲ့သို့ငင်း ငါဖြစ်စေ၍ သူတို့ကို မီးလောင်ရလိမ့်မည်။ 15 ထာဝရဘုရား
မိန့်တော်မူသည်ကား၊ အို ဣသ ရေလအမျိုး၊ သင့်ကို တိုက်စေဘို့လူတမျိုးကို ဝေးသော အရပ်ကငါဆောင်ခဲ့မည်။
အားကြီးသောအမျိုး၊ ရှေး ကာလ၌ ဖြစ်ဘူးသောအမျိုး၊ သူတို့စကားကို သင်မသိ နားမလည်သော အမျိုးဖြစ်လိမ့်မည်။ 16 သူတို့
မြှားတောင့်သည် ဖွင့်ထားသော သင်္ချိုင်း တွင်းဖြစ်၏။ ထိုသူအပေါင်းတို့သည် ခွန်အားကြီးသောသူ ဖြစ်ကြ၏။ 17 ထိုသူတို့သည်
သင်၏အသီးအနှံနှင့် သင်၏မုန့် ကို စားကြလိမ့်မည်။ သင်၏သားသမီးတို့ကိုလည်း စားကြ လိမ့်မည်။ သင်၏သိုးနွားတို့ကိုလည်း
စားကြလိမ့်မည်။ သင်၏စပျစ်နွယ်ပင်နှင့် သင်္ဘောသဖန်းပင်တို့ကိုလည်း စားကြလိမ့်မည်။ သင်ခိုလှုံ၍ ခိုင်ခံ့သောမြို့တို့ကိုလည်း
တိုက်၍ လုပ်ကြံကြလိမ့်မည်။ 18 သို့ရာတွင်၊ ထိုကာလ၌ ငါသည် သင်၏အမှုကို မဆုံးဖြတ်သေးဟု ထာဝရဘုရားမိန့်တော်မူ၏။ 19
သင်တို့ကလည်း၊ ငါတို့ဘုရားသခင် ထာဝရ ဘုရားသည်၊ ငါတို့၌ ဤအမှုအလုံးစုံတို့ကို အဘယ်ကြောင့် စီရင်တော်မူသနည်းဟု
မေးကြသောအခါ၊ သင်တို့သည် ငါ့ကိုစွန့်ပစ်၍၊ ကိုယ်ပိုင်သော ပြည်၌ တကျွန်းတနိုင်ငံ ဘုရားတို့၏ အမှုကိုဆောင်ရွက်သကဲ့သို့၊
ကိုယ်မပိုင်သော ပြည်၌ တကျွန်းတနိုင်ငံသားတို့၏ အမှုကိုဆောင်ရွက် ရကြလိမ့်မည်ဟု၊ သင်သည်သူတို့အား ဆင့်ဆိုရမည်။ 20
ယာကုပ်အမျိုးနေရာ ယုဒပြည်၌ ဟောပြော ကြွေးကြော်ရမည်မှာ၊ 21 အို မျက်စိရှိလျက်နှင့် မမြင်၊ နားရှိလျက်နှင့် မကြား၊ ဉာဏ်မဲ့သော
လူမိုက်တို့၊ နားထောင်ကြလော့။ 22 ထာဝရဘုရား မိန့်တော်မူသည်ကား၊ ပင်လယ် မလွှန်နိုင်အောင် ဆီးတားဘို့ရာ သဲကိုထာဝရ အပိုင်း
အခြားခန့်ထားသော ငါကို သင်တို့သည် မကြောက်ကြ သလော။ ငါ၏ရှေ့တော်၌ မတုန်လှုပ်ကြသလော။ ပင်လယ်လှိုင်းတံပိုးတို့သည်
ထ၍မနိုင်၊ ဟုန်း၍မကျော် မလွှန်နိုင်သော်လည်း၊ 23 ဤလူမျိုးသည် ပြစ်မှားပုန်ကန်သော သဘော ရှိ၍၊ အစဉ်ပုန်ကန်တတ်ကြ၏။ 24
အချိန်တန်မှ အရင်မိုဃ်းနှင့် နောက်မိုဃ်းကို ရွာစေ၍၊ အသီးအနှံသိမ်းမြဲသိမ်းရာ ကာလကို ငါတို့အဘို့ သိုထားတော်မူသော ငါတို့၏
ဘုရားသခင် ထာဝရဘုရား ကို ယခုကြောက်ကြကုန်အံ့ဟု၊ သူတို့သည် စိတ်နှလုံးထဲ၌ မဆိုတတ်ကြ။ 25 သင်တို့ဒုစရိုက်သည်
ထိုသို့သော အရာတို့ကို လွှဲ၍၊ သင်တို့အပြစ်သည် သင်တို့၏ မင်္ဂလာကို ဆီးတား လေပြီ။ 26 ဝပ်လျက်နေသော မုဆိုးကဲ့သို့
ချောင်းမြောင်း သော လူဆိုးတို့သည် ငါ၏လူတို့တွင်ရှိကြ၏။ လူတို့ကို ထောင်ခြင်းငှါ ထောင်ချောက်ကို ထားကြပြီ။ 27
ငှက်ထောင်အိမ်သည် ငှက်တို့နှင့် ပြည့်သကဲ့သို့၊ သူတို့အိမ်သည် လှည့်စားခြင်းပရိယာယ်နှင့်ပြည့်၏။ ထိုသို့သူတို့သည် အားတိုးပွါး၍
ရတတ်ခြင်းသို့ ရောက် ကြ၏။ 28 ဝလျက်၊ မျက်နှာပြောင်လျက်ရှိကြ၏။ ဆိုးသော သူတို့ထက်သာ၍ ဆိုးကြ၏။
တရားသဖြင့်မစီရင်ကြ။ မိဘမရှိသောသူငယ်၏အမှုကို စောင့်၍ အနိုင်မပေးကြ။ ဆင်းရဲသော သူဘက်၌ တရားသဖြင့် မစီရင်ကြ။ 29
ထိုသို့သော အပြစ်တို့ကို ငါသည် မစစ်ကြောဘဲ နေရမည်လော။ ထိုသို့သော အမျိုးကို ဒဏ်ပေး၍၊ ငါစိတ် ချင်ရဲမပြေဘဲ

 generated on Tue Jul 2 12:50:28 2024

နေရမည်လောဟု ထာဝရဘုရား မိန့်တော် မူ၏။ [30] အံ့ဩဖွယ်ရှိရာဘွယ်သော အမှုကို ပြည်တော်၌ ပြုကြ၏။ [31] ပရောဖက်တို့သည် မဟုတ်မမှန်ဟောပြော ကြ၏။ ယဇ်ပုရောဟိတ်တို့သည် ဝန်ခံ၍ အစိုးရကြ၏။ ထိုသို့သောအမှုကို ငါ၏လူတို့သည် နှစ်သက်ကြ၏။ ထိုအမှုဆုံးသောအခါ သင်တို့သည် အဘယ်သို့ပြုကြလိမ့် မည်နည်း။

---

---

Jeremiah 01

ယေဘုယျ အချက်အလက်
ယေရမိသည် ယေရုရှလင်မြို့သားတို့ကို မိန့်ဆိုသည်။

မည်အကြောင်းပြေးလော့
"လျှင်မြန်စွာ အရပ်ရပ်သို့"

ထို့နောက် ရှာဖွေကြည့်ရှုလော့
"ရှာဖွေတွေ့ရှိစေလော့"

မြို့ပတ်လည်
လူများစုဝေးရန်အတွက် ကျယ်ပြန့်ပြီး ဖွင့်လျက်ရှိသော မြို့။

တစ်စုံတစ်ယောက်မျှရှိလျှင်
"တစ်စုံတစ်ယောက်ကို တွေ့ရှိပါက"

သစ္စာစောင့်မြို့သား
"တရားမျှတမှုကို ပြုသူ"

သူတို့သည်ဆိုသော်လည်း
"သူတို့" ဟူသော စကားလုံးသည် "ယေရုရှလင်မြို့သားတို့ကို ဆိုလိုခြင်းဖြစ်သည်။"

အသက်ရှင်တော်မူသောထာဝရဘုရား၌
ဘုရားသခင်သည် သူ၏ ကျိန်ဆိုထားသော အရာများကိုချိုးဖျက်ပါက ပြစ်ဒဏ်ပေးမည်ဆိုသော စကားလုံးမျိုးတွင်အသုံးပြုသော စကားလုံးဖြစ်သည်။ မည်ကဲ့သို့ဘာသာပြန်သည်ကို ရှု၊ 4:1.

ကိုယ်တော်သည် သစ္စာ တရားကို ထောက်ရှုတော်မူသည် မဟုတ်လော။
ထာဝရဘုရားသခင်သည် ဧကန်စင်စစ် သစ္စာရှိသောသဘောရှိဆိုသည့်အရာကို ယေရမိသည် ဖော်ပြလိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူတို့၏ သစ္စာတရားကို လိုအပ်သည်။"

ကိုယ်တော်သည် ဒဏ်ခတ်တော်မူသော်လည်း သူတို့သည် ညှိုးငယ်သောစိတ်မရှိကြပါ
အခြားသောဘာသာပြန်ဆိုချက်၊ "ကိုယ်တော်သည်ပြစ်ဒဏ်ပေးသော်လည်း သူတို့သည် ဂရုမစိုက်ကြပါ။"

သူတို့သည် ဆုံးမခြင်းကို ငြင်းပယ်ကြပါပြီ။
"ဧကန်အမှန် ငြင်းပယ်ကြသည်။

ဆုံးမခြင်းကိုနာခံရန်
"ပညတ်တော်များကို သင်ယူရန်"

မိမိတို့မျက်နှာကိုကျောက်ထက်မာစေကြပြီ
အခြားသောဘာသာပြန်ဆိုချက်၊ "ခေါင်းမာသောသူဖြစ်ကြ၏။"

Jeremiah 04

ငါပြောသည့်ကား
ယေရမိ၏ ပြောသောစကား

မိမိတို့ဘုရားသခင် စီရင်တော်မူရာကိုငင်း သိကြ၏ဟုဆိုသော်လည်း၊ သူတို့သည် ထမ်းဘိုးတော်ကိုချိုး၍၊ အနှောင်အဖွဲ့တော်တို့ကို ဖြတ်ကြပြီ။
ထမ်းဘိုးနှင့် အနှောင်အဖွဲ့တို့သည် ဘုရားသခင်မှ သူ၏ လူတို့အား ချမှတ်သော ပညတ်တရားဖြစ်သည်။

ခြင်္သေ့...တောခွေး..ကိုက်စားရန်ချောင်းကြည့်ခြင်း
ငင်းတိရိ စ္ဆာန်တို့သည် လူသားတို့ကို ကိုက်စားလိမ့်မည်။ (၁) "သားရဲတိရိ စ္ဆာန်တို့သည် ကိုက်စားလိမ့်မည်" သို့မဟုတ် (၂) "ရန်သူတို့သည်လာသတ်ကြလိမ့်မည်။"

ထူသောပေါင်းပင်
ထူသောပေါင်းပင်တို့သည် ပို၍နီးကပ်စွာ ကြီးထွားလာသည်။

တောခွေး
တောခွေးရိုင်း

စောင့်နေသည်
"စောင့်နေသည်။"

တောမြေခွေး
ကြီးသော တောမြေခွေး

အကန့်အသတ်မရှိ
မရေတွက်နိုင်အောင်

Jeremiah 07

အဘယ်ကြောင့်သူတို့ကိုငါလွှတ်နိုင်မည်နည်း
ထာဝရဘုရားသခင်သည် သူ၏ လူတို့ကို အပြစ်လွှတ်ရန်အကြောင်းမရှိသည်ကိုဖော်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့သည် ဤအမှုကိုပြုသောကြောင့်လွှတ်စရာအကြောင်းမရှိ"

သူတို့လူမျိုး
ယေရုရှလင်မြို့သားတို့

သင်၏သားသမီးများ
ထာဝရဘုရားသခင်သည် ယေရုရှလင်မြို့သားတို့အတွက်မိမိသည်မိခင်အဖြစ်

 generated on Tue Jul 2 12:50:28 2024

ဖော်ပြထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယေရုရှလင်မြို့သားတို့"

ငါသည်သူတို့ကိုဝစ္စာကျွေး၏
"ငါသည် သူတို့လိုအင်ဟူသမျှကို ပေး၏။"

သူတို့သည်ပြည်တန်ဆာအိမ်၌စည်းဝေးပြီး
"ပြည်တန်ဆာအိမ်၌ သွားပြီးစုဝေးကြသည်။"

မှားယွင်းကြပြီ
"အတူတကွ ထိမ်းမြားကြပြီ"

အိမ်ထောင်ဖက်
တိရိစ္ဆာန်များ အတူနေထိုင်ပြီး မွေးဖွားကြပြီ

အမျိုးသားတို့သည်အိမ်နားချင်းမယားတို့နှင့်မှားယွင်းပြီး
မြင်းထီးတို့သည် မြင်းမတို့နှင့်အတူနေချင်သောအခါ အော်သောအသံပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အမျိုးသားတို့သည် အိမ်နားချင်း မယားတို့နှင့်မေထုန်မှီဝဲရန် ပြုကြသည်။"

ထိုကဲ့သို့သောအပြစ်တို့ကိုငါသည်မစစ်ကြောဘဲနေမည်လော့။ ငါစိတ်မပြေဘဲနေမည်လော။
ထာဝရဘုရားသခင်သည် ထိုကဲ့သို့သော အပြစ်ဆိုးများကို ဒဏ်မပေးဘဲ သနားဂရုဏာထားမည်လော။ အခြားသောဘာသာပြန်ဆိုချက်၊ "ထိုကဲ့သို့ အမှုအတွက် ငါသည်ပြစ်ဒဏ်ပေးမည်... ငါသည် စစ်ကြောစီရင်မည်"

ထာဝရဘုရားသခင်မိန့်တော်မူ၏
ရှု၊ 1:7.

Jeremiah 10

ယေဘုယျ အချက်အလက်
ထာဝရဘုရား ပြောသောစကားတော် ဖြစ်သည်။

မြို့ရိုးပေါ်သို့တက်၍ ဖျက်ဆီးကြလော့။
"နံရံပေါ်သို့ တက်လော့"။ ထာဝရဘုရားသခင်သည် ယေရုရှလင်မြို့အား ဘေးပတ်လည်ရှိသော စပျစ်နွယ်ပင်အလား ခိုင်းနှိုင်းထားသည်။

တက်လော့
ထာဝရဘုရားသခင်သည် ယေရုရှလင်မြို့ ၌ ရှိသော ရန်သူများကို ပြောတော်မူ၏။

ပျက်စီး ခြင်းကို မစဲစေကြနှင့်။
"လုံးလုံး မဖျက်ဆီးဘဲ မထားကြနှင့်"

ခြေလက်တို့ကို ပယ်ရှင်းကြလော့။ ထာဝရဘုရားဆိုင်တော်မမူ။
ထာဝရဘုရားသခင်သည် ယေရုရှလင်မြို့သားတို့၏ ခြေလက်တို့ကို ဖြတ်တောက်ရန်အတွက် ပြောဆိုသောစကားဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ရန်သူတို့အား ပယ်ရှင်းလော့။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်နှင့် စပ်ဆိုင်သော အရာမဟုတ်။"

ဣသရေလလူမျိုးနှင့်ယုဒလူမျိုးတို့အတွက်
အခြားသောဘာသာပြန်ဆိုချက်၊ "ဣသရေနှင့် ယုဒလူမျိုးတို့အတွက်"

ထာဝရဘုရားမိန့်တော်မူ၏
ဘာသာပြန်သည်ကို ရှု၊ 1:7.

သူတို့သည်ငါ့ကိုငြင်းပယ်ကြ၏
"သူတို့သည် ငါ့ကို လိမ်ညာမုသာစကား သုံးကြပြီ"

ထာဝရဘုရားမရှိ
"ထာဝရဘုရားသည် မတည်ရှိ" အခြားသောဘာသာပြန်ဆိုချက်မှာ "သူသည် ပြုလိမ့်မည်မဟုတ်" သို့မဟုတ် "ဤကဲ့သို့ မပြုနိုင်"

ရန်သူတို့သည်လာမည်မဟုတ်၊ ငါတို့သည်အစာခေါင်းပါးခြင်းကပ်ဘေးရောက်လိမ့်မည်မဟုတ်
ၚင်းစာသားသည် အဓိပ္ပါယ်တူညီပြီး ဒုတိယစာသားဖြစ်သော အစာခေါင်းပါးခြင်းကပ်ဘေး ဆိုသောစကားလုံးကိုအထူးပြုသည်။

ရန်သူတို့သည်လာမည်မဟုတ်
ဆိုလိုသည်မှာ "ဘေးဥပဒ်သည် ကျွန်တော်တို့၌ ရောက်လိမ့်မည်မဟုတ်" ဖြစ်သည်။

ထားဘေးသို့မဟုတ်အစာခေါင်းပါးခြင်းမရှိ
အခြားသောဘာသာပြန်ဆိုချက်၊ "ကျွန်တော်တို့သည် စစ်တိုက်ခြင်း၊ အစာခေါင်းပါးခြင်းတို့ တွေ့ကြုံမည်မဟုတ်"

Jeremiah 14

သင်တို့ကြောင့်
"သင်တို့"ဆိုသော စကားလုံးသည် ဣသရေလလူမျိုးနှင့် ယုဒလူမျိုးတို့ကို ဆိုလိုခြင်းသည်။

ထိုသို့ဆိုသောကြောင့်
ထိုသူတို့ မည်ကဲ့သို့ ဆိုကြောင်းကိုကြည့်ရန် 5:10.

ကြည့်ရှုလော့
အခြားသောဘာသာပြန်ဆိုချက်၊ "ကြည့်ရှုလော့" သို့မဟုတ် "နားထောင်လော့" ဆိုသည်မှာ ဘုရားသခင်၏ မိန့်တော်မူချက်များကို နားထောင်ရန်ဖြစ်သည်"

ငါ့စကားကို သင်၏နှုတ်၌ မီးကဲ့သို့ၚင်း၊
"ငါ၏ စကားတော်သည် မီးကဲ့သို့ လောင်ရလိမ့်မည်"

သင်၏နှုတ်၌
"သင်"ဆိုသော စကားလုံးသည် ယေရမိကို ရည်ညွှန်းပြီး "သင်ကို ငါပြော၏"


generated on Tue Jul 2 12:50:28 2024

ဤလူမျိုး
ကလ္ဒဲလူမျိုး

ကုန်ဆုံးစေမည်
"မီးကဲ့သို့ လောင်ကျွမ်းစေမည်" ထာဝရဘုရားသည်
ကလ္ဒဲလူမျိုးတို့ကို မီးကဲ့သို့ လောင်ကျွမ်းစေမည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါ၏ စကားတော်ကိုသင်သည်
ပြောသောအခါ ကလ္ဒဲလူမျိုးတို့ကို မီးကဲ့သို့လောင်ကျွမ်း
ဖျက်ဆီးလိမ့်မည်။"

သင်ကိုရန်ဘက်ပြုစေမည်
"သင့်ကို တိုက်ခိုက်မည်။" "သင့်ကို" ဆိုသည်မှာ
ကလ္ဒဲလူမျိုးတို့ကို ဆိုလိုသည်။

ကလ္ဒဲလူမျိုးတို့
မည်ကဲ့သို့ ဘာသာပြန်သည် ကို 2:4.

သူတို့စကားကိုသင်သည်နားမလည်သော အမျိုးဖြစ်လိမ့်မည်
ထိုပြည်၌ နေသော သူတို့၏ စကားများကို
သင်တို့သည်နားလည်မည်မဟုတ်။
အခြားသောဘာသာပြန်ဆိုချက်၊ "တိုင်းတစ်ပါးတို့၏ စကားကို
သင်တို့သည် နားလည်မည်မဟုတ်"

Jeremiah 16

သူတို့ မြားတောင့်သည် ဖွင့်ထားသော သင်္ချိုင်း တွင်းဖြစ်၏။
ထိုသူအပေါင်းတို့သည် သင်္ချိုင်းတွင်း၌ပို့ဆောင်သကဲ့သို့
မြားတောင့်တို့သည် သူတို့အားသတ်ရန်ရောက်လာလိမ့်မည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် လူများကို
သတ်အံ့ခြင်းငှါ မြားတောင့်များကို သုံးကြလိမ့်မည်။"

မြှားကျည်တောက်
ကလ္ဒဲလူတို့အား တိုက်ခိုက်ရန် တစ်ပါးအမျိုးသားတို့
ယူလာလိမ့်မည်။

မြှားကျည်တောက်
မြှားကိုင်ရန် မြှားတောင့်

သင်တို့၏အသီးနှံများကိုလည်းစားကြလိမ့်မည်
အခြားသောဘာသာပြန်ဆိုချက်၊ "ရန်သူတို့သည်
သင်တို့အသီးနှံများကို စားကြလိမ့်မည်။"

သူတို့စားကြလိမ့်မည်
"သူတို့"ဆိုသောစကားလုံးသည် တိုင်းတစ်ပါး
ရန်သူတို့ကိုဆိုလိုခြင်းဖြစ်သည်။

သင်ခိုလှုံ၍ ခိုင်ခံ့သောမြို့တို့ကိုလည်း တိုက်၍ လုပ်ကြံကြလိမ့်မည်
ထားတို့ဖြင့်ဆိုသည်မှာ စစ်တိုက်ရာတွင်
အသုံးပြုသောကိရိယာများကို ဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့၏ ခိုင်ခန့်သောမြို့တို့ကို
လက်နက်မျိုးစုံတို့ဖြင့် တိုက်ခိုက်လိမ့်မည်"

သင်တို့ခိုလှုံ၍
"သင်တို့သည် ဘေးကင်းလွတ်ရန် အင်အားရှိသော်လည်း"

Jeremiah 18

ထိုကာလ၌
"ထိုကာလ၌"ဆိုသော စကားစုသည်
တိုင်းတစ်ပါးပြည်သားတို့သည်လာ၍ ကလ္ဒဲလူတို့ကို
တိုက်ခိုက်ကြလိမ့်မည်။

ထာဝရဘုရားသခင်မိန့်တော်မူ၏
ရှု၊ 1:7.

စီရင်ခြင်းငှါမကြံစည်
"ပျက်စီးရလိမ့်မည်မဟုတ်"

စီရင်တော်မူခြင်းရောက်သောအခါ
"သင့်အပေါ် ရောက်သောအခါ" သို့မဟုတ် "စီရင်သောအခါ"

အမှုအလုံးစုံ
ထာဝရဘုရားသခင်သည် ကလ္ဒဲလူမျိုးတို့အားတိုက်ခိုက်ရန်
တိုင်းတစ်ပါးတို့အား စေလွှတ်ခဲ့သည်။

တစ်ကျွန်းတစ်နိုင်ငံသားတို့ဘုရားများကိုကိုးကွယ်ခြင်း
များစွာသော ကျမ်းစာဘာသာပြန်သည်တွင်
တစ်ကျွန်းတစ်နိုင်ငံသားတို့၏ ဘုရားများ
အမှုကိုဆောင်ရွက်ခြင်း။ သို့သော်ဤနေရာတွင် ကိုးကွယ်ခြင်းကို
ဆိုလိုသည်။

Jeremiah 20

ယေဘုယျ အချက်အလက်
ထာဝရဘုရားသည် ကလ္ဒဲရလလူမျိုးတို့အား မိန့်ဆိုသည်။

ဟောပြောကြွေးကြော်လော့
"ဤအရာအား ပြောဆိုလော့"

ယာကုပ်အမျိုး
ရှုရန် - 2:4.

ယုဒပြည်၌ ကြားနာလော့
"ယုဒပြည်၌ ကြွေးကြော်ခြင်း"

ငါ၏လူတို့၊ ရှုတုတို့သည် အသက်မရှိ
"လူတို့သည် သိစိတ်မရှိ၊" အခြားသောဘာသာပြန်ဆိုချက်၊
"လူတို့သည်နားမလည်နိုင်ကြ"

မျက်စိရှိလျက်နှင့် မမြင်
အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည်
မည်ကဲ့သို့အမှုဆောင်ရွက်သည်ကို မျက်စိရှိလျက်ပင်
နားမလည်ကြ"

ထာဝရဘုရားမိန့်တော်မူ၏
ရှု၊ 1:7.

သင်တို့သည်ငါ့ကိုမကြောက်ကြသလော..မျက်နှာတော်
ထာဝရဘုရားသခင်ကို မကြောက်၍ မိုက်မဲသောကြောင့် သူ၏ လူတို့ကို မေးသောမေးခွန်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့သည် ငါ့ကို မကြောက်သောကြောင့် မိုက်မဲကြ၏။" (ရှု၊

ငါ၏မျက်နှာတော်အားမတုန်လှုပ်ကြသလော့
အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့ကြောင့် တုန်လှုပ်ကြောက်ရွံ့သည်"

ပင်လယ် မလွန်နိုင်အောင် ဆီးတားဘို့ရာ သဲကိုထာဝရ အပိုင်း အခြားခန့်ထားသော
"ကျယ်ပြန့်သော ပင်လယ်၏ သဲကန္တရ၌ ငါထားခဲ့၏။"

လှိုင်းတံပိုးတို့သည်ထ၍မဖျက်ဆီးနိုင်
"အရာခပ်သိမ်းတို့သည် အကန့်သတ်ဖြစ်၍ မကျော်လွန်နိုင်"

ပင်လယ်ထခြင်းနှင့် ကျခြင်း
"ရှေ့တိုး၊ နောက်ဆုတ်ပြုခြင်း"

မပျက်စီးနိုင်
အခြားသောဘာသာပြန်ဆိုချက်၊ "ကျယ်ပြန့်နက်နဲသောအရာကို ကျော်လွှား မအောင်မြင်နိုင်"

Jeremiah 23

ယေဘုယျ အချက်အလက်
ဣသရေလလူမျိုးတို့အား ပြောဆိုသော ထာဝရဘုရား၏ စကားတော် ဖြစ်သည်။

မာကျောသောနှလုံးရှိ၏
အခြားသောဘာသာပြန်ဆိုချက်၊ "ခေါင်းမာခြင်းနှင့် ပုန်ကန်ခြင်း"

တော်လှန်ပုန်ကန်ခြင်းနှင့်ဝေးရာသို့လိုက်ပြေးကြ၏
"ဝေးရာသို့ လိုက်ပြေးသည်" အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် နာခံမှုမရှိ၊ နားမထောင်"

သူတို့သည်စိတ်နှလုံးထဲ၌မဆိုတတ်
"သူတို့သည် မိမိကိုယ်ကို မဆင်ခြင်တတ်"

အသီးအနှံသိမ်းမြဲသိမ်းရာ ကာလကို ငါတို့အဘို့ သိုထားတော်မူသည်
" သီးနှံ ပုံမှန်ရိတ်သိမ်းရန်ကာလကို ငါတို့အဘို့ ပြင်ဆင်တော်မူသည်"

သင်၏ဒုစရိုက်များ
"သင်"ဟု ဖော်ပြသော စကားလုံးသည် ယာကုပ်အမျိုး၊ ယုဒအမျိုးမှ ဆင်းသက်လာသောသူကို ဆိုလိုပါသည်။

ထိုသို့သောအရာတို့ကို
မိုးချိန်နှင့် ရိတ်သိမ်းချိန်

Jeremiah 26

ယေဘုယျ အချက်အလက်
ဣသရေလလူမျိုးတို့အား ပြောဆိုသော ထာဝရဘုရား၏ စကားတော် ဖြစ်သည်။

လူဆိုးတို့သည်ငါ၏လူတို့တွင်ရှိကြ၏
အခြားသောဘာသာပြန်ဆိုချက်၊ "မတရားသောသူတို့သည် ငါ၏ လူတို့ကြားတွင်ရှိသည်ကို ငါတွေ့၏"

သူတို့သည်လူတို့ကိုထောင်ချောက်ဆင်လျက်ဖမ်းဆီးကြ၏။
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် လူတို့၏ အကျိုးကို ဖျက်ဆီးခြင်းငှါ ပြုလျက်ရှိကြသည်။"

တိုးပွားခြင်းနှင့် ရတတ်သောသူတို့ဖြစ်ကြ၏
ယေရုရှလင်မြို့သည်လည်း၊ မြေပုံများဖြစ်လိမ့်မည်။ ဗိမာန်တော်တောင်သည်လည်း၊ တောတောင်ကဲ့သို့ ဖြစ် လိမ့်မည်ဟု
ယုဒပြည်သားအပေါင်းတို့အား ဟောပြော၏။ 19 ထိုအခါ ယုဒပြည်သားအပေါင်းတို့နှင့်တကွ၊ ယုဒရှင်ဘုရင် ဟေဇကိသည်
ထိုပရောဖက်ကို သတ် သလော။ ထိုမင်းသည် ထာဝရဘုရားကို ကြောက်ရွံ့သည် မဟုတ်လော။ ရှေ့တော်၌ တောင်းပန်သည်
မဟုတ်လော။ ထာဝရဘုရားသည် သူတို့၌ ဘေးဥပဒ်ကို ရောက်စေမည် ဟု ခြိမ်းတော်မူသော်လည်း၊ တဖန်နောင်တရတော်မူ သည်
မဟုတ်လော။ ငါတို့မူကား၊ ကိုယ်အကျိုးကို ဖျက်ဆီး ခြင်းငှါ ပြုကြသည်တကားဟု စည်းဝေးသောသူ အပေါင်း တို့အား
ပြောဆိုကြ၏။ 20 ကိရယတ်ယာရိမ်မြို့နေ၊ ရှေမာယ၏သား ဥရိယသည်လည်း၊ ထာဝရဘုရား၏ နာမတော်ကို အမှီ ပြု၍၊ ထိုမြို့နှင့်
ထိုပြည်တဘက်၌ ပရောဖက်ပြု၍၊ ယေရမိ ဟောပြောသောစကားနှင့် တညီတည်းဟောပြော၏။ 21 ယောယကိမ် မင်းကြီးနှင့် မင်းများ၊
မှူးမတ်များ အပေါင်းတို့သည် ထိုပရောဖက်၏ စကားကို ကြားသော အခါ၊ သူ့ကို သတ်အံ့သောငှါ မင်းကြီးသည် ရှာကြံ၏။
ထိုသိတင်းကိုကြားလျှင်၊ ဥရိယသည်ကြောက်၍၊ အဲဂုတ္တု ပြည်သို့ ပြေးသွားလေ၏။ 22 ယောယကိမ်မင်းကြီးသည် အာခဗော်သား
ဧလနာသန်နှင့်တကွ လူအချို့တို့ကို အဲဂုတ္တုပြည်သို့ စေလွှတ်၍၊ 23 ထိုသူတို့သည် ဥရိယကို အဲဂုတ္တုပြည်မှ ယောယ ကိမ်မင်းထံသို့
ပို့ဆောင်သဖြင့်၊ မင်းကြီးသည် ဥရိယကို ထားနှင့် သတ်၍၊ အသေကောင်ကို ဆင်းရဲသားတို့၏ သင်္ချိုင်း၌ ပစ်ထားလေ၏။ 24
သို့သော်လည်း၊ ရှာဖန်သားအဟိကံသည် ယေရမိကို မစသောကြောင့်၊ အသေခံစေခြင်းငှါ လူများ တို့ လက်သို့မအပ်ရ။



generated on Tue Jul 2 12:50:28 2024

## Chapter 27

1 ယုဒရှင်ဘုရင် ယောရှိသား ဇေဒကိမင်းနန်းထိုင် စက၊ ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ယေရမိသို့ ရောက်လာ၍၊ 2
ထာဝရဘုရားသည် ငါ့အားမိန့်တော်မူသည် ကား၊ ကြိုးနှင့်ထမ်း ဘိုးများကိုလုပ်၍၊ သင်၏လည်ပင်း၌ တပ်လော့။ 3
ယုဒရှင်ဘုရင်ဇေဒကိထံ၊ ယေရုရှလင်မြို့သို့ ရောက်လာသော သံတမန်တို့တွင်၊ ထိုကြိုးနှင့် ထမ်းဘိုး တို့ကို ဧဒုံမင်း၊ မောဘမင်း၊
အမ္မုန်မင်း၊ တုရုမင်း၊ ဇိဒုန်မင်း သို့ ပေးလိုက်လော့။ 4 ထိုသံတမန်တို့အားလည်း၊ သင်တို့သည် သင်တို့ အရှင်များတို့အား
ဆင့်ဆိုရမည်မှာ၊ ဣသရေလအမျိုး၏ ဘုရားသခင်၊ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်တော်မူသည်ကား၊ 5 ငါသည်
မဟာတန်ခိုးနှင့်လက်ရုံးကို ဆန့်လျက် မြေကြီးကိုငင်၊ မြေကြီးပေါ်မှာရှိသော လူနှင့် တိရစ္ဆာန်တို့ကိုငင်း ဖန်ဆင်းသည်ဖြစ်၍၊ ငါသည်
ပေးလိုသောသူတို့အား ပေး၏။ 6 ယခုမှာ ဤပြည်ရှိသမျှတို့ကို ငါ့ကျွန်ဗာဗုလုန် ရှင်ဘုရင်၊ နေဗုခဒ်နေဇာလက်သို့ ငါအပ်ပေးပြီ။
သူစေစားဘို့ရာ တောတိရစ္ဆာန်များကိုလည်း ငါပေးပြီ။ 7 သူ၏နိုင်ငံ ဆုံးချိန်မရောက်မှီတိုင်အောင်၊ ဤ ပြည်သားအပေါင်းတို့သည်
သူ၏အမှုနှင့် သူ၏သားမြေး အမှုကို ဆောင်ရွက်ရကြမည်။ ထိုအချိန်ရောက်မှ၊ များစွာ သော လူမျိုးတို့နှင့် ကြီးသောရှင်ဘုရင်တို့သည်
သူ့ကို စေစားကြလိမ့်မည်။ 8 ထာဝရဘုရား မိန့်တော်မူသည်ကား၊ ဗာဗုလုန် ရှင်ဘုရင် နေဗုခဒ်နေဇာ၏ အစေကိုမခံ၊ သူ၏ထမ်းဘိုး ကို
မထမ်းလိုသော တိုင်းနိုင်ငံရှိသမျှကို၊ သူ၏လက်၌ ဆုံးရှုံးစေခြင်းငှါ၊ ထားဘေး၊ မွတ်သိပ်ခြင်းဘေး၊ ကာလ နာဘေးဖြင့်
ငါအပြစ်ပေးမည်။ 9 သို့ဖြစ်၍၊ သင်တို့သည် ဗာဗုလုန် ရှင်ဘုရင်၏ အစေကို မခံရဟု၊ သင်တို့အားပြောတတ်သော ပရော ဖက်၊
အနာဂတ်ဆရာ၊ အိပ်မက်မြင်သောဆရာ၊ နတ်ဝိဇ္ဇာ ဆရာ၊ ပြုစားတတ်သော ဆရာတို့၏ စကားကို နား မထောင်ကြနှင့်။ 10
ထိုသူတို့သည် သင်တို့ကို သင်တို့ပြည်မှ အဝေးသို့ ရွှေ့သွားစေခြင်းငှါ၊ သင်တို့ကို ငါနှင်ထုတ်၍ ဆုံးရှုံးစေခြင်း ငှါငင်း မုသာစကားကို
ဟောပြောတတ်ကြ၏။ 11 ဗာဗုလုန်ရှင်ဘုရင်၏ ထမ်းဘိုးထမ်း၍၊ သူ၏ အစေကိုခံသော လူမျိုးတို့အား၊ မိမိတို့ပြည်၌နေရသော
အခွင့်ကို ငါပေးသဖြင့်၊ သူတို့သည် မိမိတို့မြေ၌လုပ်၍ နေရကြလိမ့်မည်ဟု ထာဝရဘုရား မိန့်တော်မူ၏။ 12 ထိုစကားတော်ရှိသမျှကို
ငါပြန်၍ ယုဒ ရှင်ဘုရင်ဇေဒကိအား လျှောက်ဆိုသည်ကား၊ ဗာဗုလုန် ရှင်ဘုရင်၏ ထမ်းဘိုးကိုထမ်း၍၊ သူနှင့် သူ၏လူများ အစေကို
ခံလျက်၊ အသက်ချမ်းသာပါလော့။ 13 ဗာဗုလုန်ရှင်ဘုရင်၏ အစေကိုမခံသော လူမျိုး ကို ထာဝရဘုရား ရည်မှတ်၍
မိန့်တော်မူသည်အတိုင်း၊ ကိုယ်တော်နှင့် ကိုယ်တော်၏ လူတို့သည် ထားဘေး၊ မွတ်သိပ်ခြင်းဘေး၊ ကာလနာဘေးဖြင့် အဘယ်ကြောင့်
သေရပါမည်နည်း။ 14 သင်တို့သည် ဗာဗုလုန် ရှင်ဘုရင်၏ အစေကို မခံရဟု၊ သင်တို့အား ဟောပြောသောပရောဖက်တို့၏ စကားကို
နားမထောင်ကြနှင့်။ သူတို့သည် မုသာစကားကို ဟောပြောတတ်ကြ၏။ 15 ထာဝရဘုရား မိန့်တော်မူသည်ကား၊ သင်တို့နှင့် သင်တို့အား
ဟောပြောသော ပရောဖက်တို့ကို ငါနှင် ထုတ်၍ ဆုံးရှုံးစေခြင်းငှါ၊ ငါမစေလွှတ်ဘဲ သူတို့သည် ငါ့နာမကို အမှီပြု၍ မုသာစကားကို
ဟောပြော တတ်ကြ ၏။ 16 ယဇ်ပုရောဟိတ်တို့နှင့် လူအပေါင်းတို့အား လည်း၊ ထာဝရဘုရား၏ အမိန့်တော်ကို ငါပြန်ပြောသည် ကား၊
ကာလမကြာမမြင့်မှီ၊ ဗိမာန် တော် တန်ဆာတို့ကို ဗာဗုလုန်မြို့မှ တဖန် ဆောင်ခဲ့လိမ့်မည်ဟု သင်တို့ အား ဟောပြောသော
ပရောဖက်တို့၏ စကားကို နားမထောင် ကြနှင့်။ သူတို့သည် မုသာစကားကို ဟောပြောတတ် ကြ၏။ 17 သူတို့၏စကားကို
နားမထောင်ကြနှင့်။ ဗာဗု လုန်ရှင်ဘုရင်၏ အစေကိုခံ၍၊ အသက်ချမ်းသာကြလော့။ ဤမြို့သည် အဘယ်ကြောင့်
ပျက်စီးခြင်းသို့ရောက်ရ မည်နည်း။ 18 သူတို့သည် ထာဝရဘုရား၏ ဗျာဒိတ်တော်ကို ခံ၍၊ ပရောဖက်မှန်လျှင်၊ ဗိမာန်တော်၌ငင်း၊
နန်းတော်၌ ငင်း၊ ယေရုရှလင်မြို့၌ငင်း ကျန်ကြွင်းသေးသော တန်ဆာ တို့ကို ဗာဗုလုန်မြို့သို့ ယူ၍မသွားရမည်အကြောင်း၊
ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားအား တောင်း ပန်ကြလော့။ 19-21 ဗာဗုလုန် ရှင်ဘုရင်နေဗုခဒ်နေဇာသည် ယုဒ ရှင်ဘုရင်
ယောယကိမ်သား ယေခေါနိ အစရှိသော ယုဒပြည် ယေရုရှလင်မြို့ မှူးတော်မတ်တော်အပေါင်း တို့ကို၊ ယေရုရှလင်မြို့မှ ဗာဗုလုန်မြို့သို့
သိမ်းသွားသော အခါ၊ ထိုရှင်ဘုရင်သည် မသိမ်းမယူ၊ ဗိမာန်တော်၌ငင်း၊ နန်းတော်၌ငင်း၊ ယေရုရှလင်မြို့၌ငင်း ကျန်ကြွင်းသေး
သောတိုင်၊ ရကန်၊ ရေကန်အခြေတို့ကို ရည်မှတ်၍၊ ဣသရေလအမျိုး၏ ဘုရားသခင်၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား
မိန့်တော်မူသည်ကား၊ 22 ထိုတန်ဆာတို့ကို ဗာဗုလုန်မြို့သို့ သွားရလိမ့် မည်။ ငါအကြည့် အရှင်မကြွလာမှီတိုင်အောင်၊ ထိုမြို့၌
ရှိနေရကြလိမ့်မည်။ ငါကြွလာသောအခါ၊ ထိုတန်ဆာ တို့ကို ငါဆောင်ခဲ့၍၊ ဤအရပ်၌ ပြန်ထားမည်ဟု မိန့်တော်မူ၏။

## Chapter 28

1 ထိုနှစ်တည်းဟူသော ယုဒရှင်ဘုရင် ဇေဒကိ နန်းစံ စတုတ္ထနှစ်၊ ပဉ္စမလတွင်၊ ဂိဗောင်မြို့နေ၊ အာဇု ရသားဟာနနိက၊ 2
ဣသရေလအမျိုး၏ ဘုရားသခင်၊ ကောင်းကင် ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်တော်မူသည်ကား၊ ဗာဗုလုန်ရှင်ဘုရင်၏ ထမ်းဘိုးကို
ငါချိုးမည်။ 3 ဗာဗုလုန် ရှင်ဘုရင် နေဗုခဒ်နေဇာသည် ဤအရပ်မှ ဗာဗုလုန်မြို့သို့ ယူသွားသောဗိမာန်တော် တန်ဆာအလုံးစုံတို့ကို
နှစ်နှစ်အတွင်းတွင်၊ ဤအရပ်သို့ ငါဆောင်ခဲ့ဦးမည်။ 4 ဗာဗုလုန်မြို့သို့ သိမ်းသွားသော ယုဒပြည်သား အပေါင်းတို့နှင့်တကွ၊
ယုဒရှင်ဘုရင် ယောယကိမ်သား ယေခေါနိမင်းကိုလည်း၊ ဤအရပ် သို့ငါဆောင်ခဲ့ဦးမည်။ ဗာဗုလုန်ရှင်ဘုရင်၏ ထမ်းဘိုးကို
ငါချိုးမည်ဟု ထာဝရ ဘုရားမိန့်တော်မူကြောင်းကို၊ ဗိမာန်တော်၌ ယဇ် ပုရောဟိတ်များ၊ လူများအပေါင်းတို့ ရှေ့မှာ ငါ့အား ပြောဆို၏။
5 ထိုအခါ ပရောဖက် ယေရမိသည် ဗိမာန်တော်၌ ရပ်နေသော ယဇ်ပုရောဟိတ်များနှင့် လူများအပေါင်းတို့ ရှေ့မှာ၊
ပရောဖက်ဟာနနိအား ပြန်ပြောသည်ကား၊ 6 အာမင်၊ ထာဝရဘုရား ပြုတော်မူပါစေသော။ ဗိမာန်တော်တန်ဆာများနှင့်တကွ၊
ဤအရပ်မှ ဗာဗုလုန် မြို့သို့ သိမ်းသွားသော သူများအပေါင်းတို့ကို၊ ထာဝရ ဘုရားသည် တဖန်ဆောင်ခဲ့၍၊ သင်ဟောပြောသော
စကားမှန် ကြောင်းကို ပြုတော်မူပါစေသော။ 7 သို့ရာတွင်၊ သင်နှင့်တကွ လူအပေါင်းတို့အား ငါယခု ဟောပြောသော စကားကို
နားထောင်လော့။ 8 ငါတို့မဖြစ်မှီ ရှေးကာလ၌ဖြစ်ဘူးသော ပရော ဖက်တို့သည်၊ များပြားသော ပြည်၊ အားကြီးသော တိုင်း နိုင်ငံတို့ကို
ရည်မှတ်၍၊ စစ်တိုက်မည်အကြောင်း၊ ဘေး ရောက်မည်အကြောင်း၊ ကာလနာပေါ်မည်အကြောင်း တို့ကို ဟောပြောတတ်ကြ၏။ 9
ငြိမ်ဝပ်မည်အကြောင်းကို ဟောပြောသော ပရောဖက်ရှိလျှင်၊ သူ၏ စကားပြည့်စုံသောအခါ စင်စစ် ထာဝရဘုရား
စေလွှတ်တော်မူသော ပရောဖက်ဖြစ် ကြောင်း ထင်ရှားလိမ့်မည်ဟု ပြောဆို၏။ 10 ထိုအခါ ပရောဖက် ဟာနနိသည် ပရောဖက်
ယေရမိလည်ပင်း မှ ထမ်းဘိုးကို ယူ၍ချိုးလျက်၊ 11 ထာဝရဘုရား မိန့်တော်မူသည်ကား၊ ထိုသို့ လူအမျိုးမျိုးတို့၏ လည်ပင်းပေါ်မှာ
ဗာဗုလုန် ရှင်ဘုရင် နေဗုခဒ်နေဇာ တင်သောထမ်းဘိုး ကိုနှစ်နှစ်အတွင်းတွင် ငါချိုးပယ်မည်ဟု မိန့်တော်မူကြောင်းကို၊ လူအပေါင်း
တို့ရှေ့မှာ ပြောဆို၏။ ထိုအခါ ပရောဖက်ယေရမိသည် ထွက်သွားလေ၏။ 12 ပရောဖက်ဟာ နနိသည် ပရောဖက် ယေရမိ၏
လည်ပင်းမှ ထမ်းဘိုးကို ချိုးပယ်သောနောက်၊ တဖန် ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ယေရမိသို့ ရောက်လာသည်ကား၊ 13
သင်သွား၍ ထာဝရဘုရား၏ အမိန့်တော်ကို ဟာနနိအား ဆင့်ဆိုရမည်မှာ၊ သင်ချိုးသော သစ်သား ထမ်းဘိုးအစား၊ သံထမ်းဘိုးကို
လုပ်ရမည်။ 14 ဣသရေလအမျိုး၏ ဘုရားသခင်၊ ကောင်းကင် ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်တော်မူသည်ကား၊
ဤလူမျိုးရှိသမျှတို့သည် ဗာဗုလုန်ရှင်ဘုရင် နေဗုခဒ် နေဇာ၏ အစေကို ခံစေခြင်းငှါ၊ သူတို့လည်ပင်းပေါ်မှာ သံထမ်းဘိုးကို ငါတင်ပြီ။
ထိုသူတို့သည် ထိုမင်း၏ အစေ ကို ခံရကြမည်။ တောတိရစ္ဆာန်များကိုလည်း၊ သူ၌ ငါအပ်ပေးပြီဟု မိန့်တော်မူ၏။ 15 ပရောဖက်
ယေရမိကလည်း၊ ဟာနနိ၊ နား ထောင်လော့။ ထာဝရဘုရားသည် သင့်ကို စေလွှတ် တော်မမူ။ ဤလူမျိုးသည် မုသာ၌
ခိုလှုံမည်အကြောင်းကို သင်ပြုတတ်၏။ 16 ထိုကြောင့်၊ ထာဝရဘုရား မိန့်တော်မူသည်ကား၊ ဥင်သည်ထာဝရ ဘုရားကို
ပုန်ကန်စေခြင်းငှါ သွန်သင်သော ကြောင့်၊ သင့်ကို မြေပြင်မှ ငါပယ်ရှင်းမည်။ ယခုနှစ်တွင် သင်သည် သေရမည်ဟု ပရောဖက်ဟာနနိ
အား ပြောဆို၏။ 17 ထိုသို့နှင့်အညီ ပရောဖက်ဟာနနိသည် ထိုနှစ် တွင်၊ သတ္တမလ၌ သေလေ၏။

---


generated on Tue Jul 2 12:50:28 2024

## Chapter 29

1 ရှင်ဘုရင်ယေခေါနိနှင့်တကွ မိဖုရားအစ ရှိသော မိန်းမစိုးများ၊ ယုဒပြည် ယေရုရှလင်မြို့ မှူးတော် မတ်တော်များ၊ လက်သမား၊
ပန်းပဲသမားများတို့သည် ယေရုရှလင်မြို့မှ သွားသောနောက်၊ 2 ယုဒရှင်ဘုရင် ဇေဒကိသည် ဗာဗုလုန် ရှင်ဘုရင် နေဗုခဒ်နေဇာထံ၊
ဗာဗုလုန်မြို့သို့ စေလွှတ်သော ရှာဖန်သား ဧလောသာနှင့် ဟိလခိသား ဂေမရိတွင်၊ ပရောဖက်ယေရမိသည် စာရေး ၍ ယေရုရှလင်မြို့မှ
ဗာဗုလုန်မြို့သို့ နေဗုခဒ်နေဇာ သိမ်းသွားခြင်းကို ခံရသော အသက်ကြီးသူ၊ 3 ယဇ်ပုရောဟိတ်၊ ပရောဖက်၊ ဆင်းရဲသား
ကျန်ကြွင်းသမျှတို့ နေရာ သို့ ယေရုရှလင်မြို့မှ ပေးလိုက်သောစာဟူမူကား၊ 4 ဣသရေလအမျိုး၏ ဘုရားသခင်၊ ကောင်းကင်
ဗိုလ်ခြေအရှင် ထာဝရဘုရားသည် ယေရုရှလင်မြို့မှ ဗာဗုလုန်မြို့သို့ သိမ်းသွားစေတော်မူသော သူအပေါင်းတို့ အား
မိန့်တော်မူသည်ကား၊ 5 အိမ်တို့ကိုဆောက်၍ နေရာချကြလော့။ 6 ဥယျာဉ်တို့ကို စိုက်ပျိုး၍ အသီးကို စားကြလော့။ သင်တို့သည်
ထိုပြည်၌ ခေါင်းပါးခြင်းမရှိ၊ တိုးပွားများပြားမည်အကြောင်း၊ မယားနှင့်နေ၍ သားသမီးကို ဘွားမြင်ကြလော့။ သားသမီးတို့ကိုလည်း၊
အချင်းချင်း တယောက်ကိုတယောက်ပေးစား၍၊ တဖန်သားသမီးကို ဘွားမြင်စေကြလော့။ 7 ငါသည် သင်တို့ကို
သိမ်းသွားစေသောမြို့သည်လည်း၊ ငြိမ်သက်ခြင်းရှိမည်အကြောင်းကို ပြုစု၍၊ ထိုမြို့အဘို့အလိုငှာ၊ ထာဝရဘုရားအား
မေတ္တာပို့ကြလော့။ ထိုမြို့၏ငြိမ်သက်ခြင်းအားဖြင့်၊ သင်တို့သည်လည်း ငြိမ်သက်ခြင်းရှိကြလိမ့်မည်။ 8
ဣသရေလအမျိုး၏ဘုရားသခင်၊ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားမိန့်တော်မူသည်ကား၊ သင်တို့တွင်ရှိသော ပရောဖက်ဆရာ၊
အနာဂတ်ဆရာတို့သည် သင်တို့ကို မလှည့်စားကြစေနှင့်။ သင်တို့မြင် စေသော အိပ်မက်တို့ကိုလည်း မယုံမမှတ်ကြနှင့်။ 9
တဖန်မိန့်တော်မူသည်ကား၊ ထိုဆရာတို့သည် ငါစေလွှတ်သောသူမဟုတ်ဘဲ၊ ငါ့နာမကို အမှီပြု၍ မုသာစကားကို
ဟောပြောတတ်ကြ၏။ 10 တဖန်မိန့်တော်မူသည်ကား၊ ဗာဗုလုန်မြို့၌အနှစ်ခုနစ်ဆယ်စေ့သောအခါ၊ သင်တို့ကို ငါအကြည့်အရှု
ကြွလာမည်။ ငါထားသော ဂတိကောင်းကိုတည်စေ၍၊ သင်တို့ကို ဤပြည်သို့ငါပို့ဆောင်ဦးမည်။ 11 တဖန်မိန့်တော်မူသည်ကား၊ ငါသည်
သင်တို့ကိုအကျိုးနည်းစေခြင်းငှာ ကြံစည်သော အကြံမဟုတ်ဘဲ၊ သင်တို့သည် မြော်လင့်သော အကျိုးကိုရမည်အကြောင်း၊
ငြိမ်ဝပ်စေခြင်းငှာသာ၊ သင်တို့အဘို့ ကြံစည်သော အကြံတို့ကို ငါသိ၏။ 12 တဖန်မိန့်တော်မူသည်ကား၊ သင်တို့သည် ငါ့ကိုခေါ်၍
သွားလာကြလိမ့်မည်။ ဆုတောင်းသောအခါ သင်တို့စကားကို ငါနားထောင်မည်။ 13 ငါ့ကိုရှာသောအခါ စိတ်နှလုံးအကြွင်းမဲ့နှင့်ရှာလျှင်
တွေ့ကြလိမ့်မည်။ 14 ငါသည်လည်း၊ သင်တို့အတွေ့ကို ခံမည်။ အထက်ကငါနှင်ထုတ်၍ သင်တို့ခံရသော သိမ်းသွားခြင်း အမှုကို
ငါသည်ဖြေရှင်းခြင်းငှာ၊ တိုင်းနိုင်ငံ အရပ်ရပ်တို့မှ သင်တို့ကို ငါစုသိမ်းပြီးလျှင်၊ အထက်က ငါနှင်ထုတ် ၍ သင်တို့ရှိုးသောပြည်သို့
တဖန်ငါဆောင်ခဲ့ဦး မည်ဟုသာ ထာဝရဘုရားမိန့်တော်မူ၏။ 15 ဒါဝိဒ်၏ ရာဇပလ္လင်ပေါ်မှာထိုင်သော ရှင်ဘုရင်မှစ၍၊ ဤမြို့၌
နေသောသူအပေါင်းတည်းဟူသော၊ သင်တို့နှင့်အတူ သိမ်းသွားခြင်းကို မခံရသော သင်တို့ညီအစ်ကိုများကိုရည်မှတ်၍၊ 16
ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားမိန့်တော်မူသည်ကား၊ သူတို့အပေါ်မှာထားဘေး၊ မွတ်သိပ်ခြင်း ဘေး၊ ကာလနာဘေးတို့ကို
ငါစေလွှတ်မည်။ မစားနိုင်အောင် အလွန်ညှီသော သင်္ဘောသဖန်းသီးကဲ့သို့ ငါဖြစ်စေမည်။ 17 သူတို့ကို ထားဘေး၊ မွတ်သိပ်ခြင်းဘေး၊
ကာလနာဘေးဖြင့် ငါညှဉ်းဆဲမည်။ ငါနှင်ရာအရပ်ရပ်တို့၌ လူအမျိုးမျိုးတို့တွင်၊ သူတို့သည် ကျိန်ဆဲရာ၊ အံ့ဘွယ်ရာ၊
ကဲ့ရဲ့သံကိုကြားရာ၊ အသရေရှုတ်ချရာဖြစ်မည် အကြောင်း၊ မြေပေါ်မှာ တိုင်းနိုင်ငံ ရှိသမျှတို့၏ နှောင့်ရှက်ခြင်းသို့ သူတို့ကို
ငါအပ်မည်ဟု ထာဝရဘုရား မိန့်တော်မူ၏။ 18 အကြောင်းမူကား၊ ငါသည် စောစောထ၍၊ အထပ်ထပ် မှာထားစေလွှတ်သော
ငါ၏ကျွန်ပရောဖက် တို့၏ စကားကို သူတို့သည် နားမထောင်ကြဟု ထာဝရဘုရား မိန့်တော်မူ၏။ 19 ထို့ကြောင့် သိမ်းသွားခြင်းကို
ခံရ၍၊ ယေရုရှလင်မြို့မှ ဗာဗုလုန်မြို့သို့ ငါစေလွှတ်သောသူအပေါင်းတို့၊ ထာဝရဘုရား၏ စကားကို နားထောင်ကြလော့ဟု
မိန့်တော်မူ၏။ 20 ထာဝရဘုရားသည် ငါတို့အဘို့ ပရောဖက်များကို ဗာဗုလုန်မြို့၌ ပေါ်ထွန်းစေတော်မူပြီဟု သင်တို့ ဆိုကြသည်ဖြစ်၍၊
21 ဣသရေလအမျိုး၏ ဘုရားသခင်၊ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ ငါ၏နာမကို အမှီပြု၍
သင်တို့အား မုသားစကားကို ဟောပြောသော၊ ကောလာယသား အာဟပ်နှင့် မာသေယသား ဇေဒကိတို့ကို ဗာဗုလုန်ရှင်ဘုရင်
နေဗုခဒ်နေဇာလက်သို့ ငါအပ်၍၊ ထိုမင်းသည် သူတို့ကို သင်တို့မျက်မှောက်၌ သတ်လိမ့်မည်။ 22 ဗာဗုလုန်မြို့သို့ သိမ်းသွားခြင်းကို
ခံရသော ယုဒအမျိုးသားအပေါင်းတို့က၊ ဗာဗုလုန်ရှင်ဘုရင်သည် မီးရှို့သောဇေဒကိနှင့် အာဟပ်ကဲ့သို့၊ ထာဝရဘုရားသည် သင့်ကို
ဖြစ်စေတော်မူပါစေဟု ထိုသူတို့ကို ပုံဆောင်၍ ကျိန်ဆဲကြလိမ့်မည်။ 23 အကြောင်းမူကား၊ သူတို့သည် ဣသရေလအမျိုး၌
အဓမ္မအမှုကို ပြုကြပြီ။ သူ့မယားတို့ကို ပြစ်မှားကြပြီ။ ငါမမှာထားဘဲ၊ ငါ၏နာမကို အမှီပြု၍ မုသာစကားကို ဟောပြောကြပြီ။
ငါသိသည်အတိုင်း သက်သေဖြစ်သည်ဟု ထာဝရဘုရား မိန့်တော်မူ၏။ 24 နဟေလံရွာသား ရှေမာယကိုလည်း ပြောရမည်မှာ 25
ဣသရေလအမျိုး၏ ဘုရားသခင်၊ ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ သင်သည် ငါ၏နာမကို အမှီပြု၍၊
ယဇ်ပုရောဟိတ်မာသေယသား ဇေဖနိအစရှိသော ယဇ်ပုရောဟိတ်များတို့နှင့် ယေရုရှလင်မြို့သား ရှိသမျှတို့ကို စာပေးလိုက်၍၊ 26
သင်သည် ဗိမာန်တော်၌ လူစောင့်ကို ခန့်ထားသဖြင့်၊ ပရောဖက် လုပ်သော အရူးရှိသမျှကို ထောင်ထဲမှာလှောင်၍ ထိတ်ခတ်စေခြင်းငှာ၊
ထာဝရဘုရားသည် ယဇ်ပုရောဟိတ် ယောယဒ၏ကိုယ်စား သင့်ကို ယဇ်ပုရောဟိတ်အရာ၌ ခန့်ထားတော်မူ၏။ 27 သို့ဖြစ်၍၊
သင်တို့တွင် ပရောဖက်လုပ်သော အာနသုတ်ရွာသား ယေရမိကို အဘယ်ကြောင့် မဆုံးမ သနည်း။ 28 သူကလည်း၊ ဤအမှု
ကြာလိမ့်မည်။ အိမ်တို့ကို ဆောက်၍ နေရာချကြလော့။ ဥယျာဉ်တို့ကို စိုက်ပျိုး ၍ အသီးကို စားကြလော့ဟု၊ ဗာဗုလုန်မြို့၌နေသော


generated on Tue Jul 2 12:50:28 2024

ငါတို့ကို မှာလိုက်ပါပြီတကားဟု၊ 29 ရှေမာယပေးလိုက်သောစာကို ယဇ်ပုရောဟိတ် ဇေဖနိသည် ပရောဖက် ယေရမိရှေ့မှာ
ဘတ်လေ၏။ 30-32 ထိုအခါ နေဟေလံရွာသား ရှေမာယကို ရည်မှတ်၍၊ ထာဝရဘုရားမိန့်တော်မူသည်ကား၊ ငါမလွှတ်ဘဲ ရှေမာယသည်
သင်တို့အား ပရောဖက်ပြု၍ မုသာ၌ ခိုလှုံစေသောကြောင့်၊ ထာဝရဘုရား မိန့်တော်မူသည်ကား၊ နေဟေလံရွာသား ရှေမာယနှင့်
သူ၏အမျိုးကို ငါသည် ဒဏ်ပေးမည်။ ဤအမျိုးသားတို့တွင်၊ သူ၏လူ တယောက်မျှ နေရသောအခွင့် မရှိရ။ ထာဝရဘုရား
မိန့်တော်မူသည်ကား၊ သူသည် ထာဝရဘုရားကို ပုန်ကန်စေခြင်းငှာ သွန်သင်သောကြောင့်၊ ငါ၏လူမျိုး၌ ငါပြုလတံ့သောကျေးဇူးကို
သူသည် မမြင်ရဟု၊ သိမ်းသွားခြင်းကို ခံရသောသူအပေါင်းတို့ကို စာပေးလိုက်ရမည်အကြောင်း ထာဝရဘုရား၏
နှုတ်ကပတ်တော်သည် ယေရမိသို့ ရောက်လာ၍ မှာထားတော်မူ၏။

 generated on Tue Jul 2 12:50:28 2024

## Chapter 30

1 ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ယေရမိသို့ ရောက်လာ၍၊ 2 ဣသရေလအမျိုး၏ ဘုရားသခင် ထာဝရဘုရား
မိန့်တော်မူသည်ကား၊ သင့်အား ငါပြောသမျှသော စကားတို့ကို ရေးထားလော့။ 3 ထာဝရဘုရား မိန့်တော်မူသည်ကား၊ ယခု
သိမ်းသွားခြင်းကို ခံရသော ငါ၏ ဣသရေလအမျိုးနှင့် ယုဒအမျိုးသားတို့ကို ငါဆောင်ခဲ့ရသော အချိန်ကာလသည် ရောက်လိမ့်မည်။
သူတို့ဘိုးဘေးတို့အား ငါပေး သောပြည်သို့ ငါပြန်လာစေသဖြင့်၊ သူတို့သည် ပိုင်ရကြလိမ့်မည်ဟု မိန့်တော်မူ၏။ 4
ဣသရေလအမျိုးနှင့် ယုဒအမျိုးကို ရည်မှတ်၍ ထာဝရဘုရား မိန့်တော်မူသောစကားဟူမူကား၊ 5 ငါသည် ထိတ်လန့်ခြင်းစကားသံကို
ကြားရ၏။ ငြိမ်သက်ခြင်းမရှိ။ ကြောက်ရွံ့ဘွယ်သောအကြောင်းသာ ရှိ၏။ 6 ယောကျ်ားသည် သားဘွားတတ်သလောဟု
မေးမြန်းကြည့်ရှုကြလော့။ မိန်းမသည် သားဘွားခြင်း ဝေဒနာကိုခံရသောအခါ၊ မိမိခါး၌ လက်တင်သကဲ့သို့ ယောကျ်ားတိုင်းပြု၍၊
ခပ်သိမ်းသော သူတို့သည် မျက်နှာ ပျက်လျက်ရှိကြသည်ကို အဘယ်ကြောင့် ငါမြင်ရသနည်း။ 7 အလိုလေး၊ ထိုနေ့ရက်ကား
ခိုင်းနှိုင်းစရာမရှိ။ ကြီးသောနေ့ရက် ဖြစ်၏။ ယာကုပ်အမျိုး၌ အမှုရောက် သော နေ့ရက်ဖြစ်၏။ သို့ရာတွင်၊ သူတို့သည် ကယ်တင်
ခြင်းသို့ ရောက်ကြလိမ့်မည်။ 8 ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်တော်မူသည်ကား၊ ထိုနေ့ရက်၌ သူတို့ထမ်းရသော
ထမ်းဘိုးကို သူတို့လည်ပင်းမှ ငါချိုးပယ်မည်။ သူတို့ကို ချည်နှောင်သော ကြိုးများကို ငါဖြတ်မည်။ တပါး အမျိုးသားတို့သည်
နောက်တဖန်သူတို့ကို မစေစားရကြ။ 9 သူတို့သည် မိမိတို့ဘုရားသခင် ထာဝရဘုရား၏ အမှုကိုငင်း၊ သူတို့အဘို့
ငါပေါ်ထွန်းစေလတံ့သော ရှင်ဘုရင် ဒါဝိဒ်၏အမှုကိုငင်း ဆောင်ရွက်ရကြမည်။ 10 သို့ဖြစ်၍၊ ထာဝရဘုရား မိန့်တော်မူသည်ကား၊
အိုငါ့ကျွန် ယာကုပ်၊ မကြောက်နှင့်။ အို ဣသရေလအမျိုး၊ စိတ်မပျက်နှင့်။ သင့်ကို ဝေးသောအရပ်မှငင်း၊ သင်၏ အမျိုးသားတို့ကို
ခပ်သိမ်းသွားရာ ပြည်မှငင်း၊ ငါနှုတ်ယူ ဆောင်ခဲ့သဖြင့်၊ ယာကုပ်အမျိုးသည် ပြန်လာ၍၊ ချောက် လှန့်သောသူမရှိ၊ ငြိမ်ဝပ်ချမ်းသာစွာ
နေရလိမ့်မည်ဟု မိန့်တော်မူ၏။ 11 တဖန်မိန့်တော်မူသည်ကား၊ သင့်ကို ကယ်တင် ခြင်းငှါ သင်နှင့်အတူ ငါရှိ၏။ ငါသည်သင့်ကို
ငါကွဲပြား စေသော တိုင်းနိုင်ငံရှိသမျှတို့ကို ဆုံးစေသော်လည်း၊ သင့်ကိုမဆုံးစေ။ သို့ရာတွင်၊ အပြစ်ကို ရှင်းရှင်းမလွှတ်ဘဲ၊
အတော်အတန် ဆုံးမမည်။ 12 ထာဝရဘုရား မိန့်တော်မူသည်ကား၊ သင့်အနာ သည် ပျောက်ခဲ၏။ သင်ခံရသောဝေဒနာသည် ပြင်းလှ
၏။ 13 သင့်အနာကို စည်းအုံ့သောငှါ အဘယ်သူမျှ သင့်အမှုကို မစောင့်။ အနာပျောက်စေနိုင်သော ဆေးကို အဘယ်သူမျှမကု။ 14
သင်၏မိတ်ဆွေရှိသမျှတို့သည် သင့်ကို မေ့လျော့ ၍ မမေးမရှာဘဲနေကြ၏။ သင့်အပြစ်သည် ကြီး၍၊ သင်ပြုသော ဒုစရိုက်သည်
များပြားသောကြောင့်၊ ရန်သူ ပေးတတ်သော အနာနှင့်သင့်ကို ငါနာစေပြီ။ ကြမ်းတမ်း သောသူ ပေးတတ်သော ဒဏ်ကို ငါပေးပြီ။ 15
သင်သည် အနာကိုခံရသည်ဖြစ်၍၊ အဘယ် ကြောင့် ငိုကြွေးသနည်း။ သင်၏အပြစ်ကြီးသောကြောင့်၊ သင်ခံရသောဝေဒနာသည်
ပျောက်ခဲ၏။ သင်ပြုသော ဒုစရိုက်များပြားသောကြောင့်၊ ဤသို့ငါဆုံးမရ၏။ 16 သို့ရာတွင်၊ သင့်ကို ကိုက်စားသောသူအပေါင်း
တို့သည် ကိုက်စားခြင်း၊ သင်၏ရန်သူအပေါင်းတို့သည် သိမ်းသွားခြင်း၊ သင့်ကို လုယူဖျက်ဆီးသော သူအပေါင်းတို့ သည်
လုယူဖျက်ဆီးခြင်းကို ခံရကြမည်။ 17 ထာဝရဘုရား မိန့်တော်မူသည်ကား၊ သူတပါးတို့ က၊ သင်သည် စွန့်ပစ်ခြင်းကို ခံရသော
သူဟူ၍ငင်း၊ အဘယ်သူမျှမကြည့်ရှု မပြုစုသော ဇိအုန်မြို့ဟူ၍ငင်း ခေါ်သော်လည်း၊ သင်၏အနာရောဂါများကို ငါပျောက် စေ၍၊
ကျန်းမာပကတိဖြစ်စေမည်။ 18 ထာဝရဘုရား မိန့်တော်မူသည်ကား၊ သိမ်းသွား ခြင်းကိုခံရသော ယာကုပ်အမျိုးသားတို့၏ တဲများကို
ငါဆောင်ခဲ့ဦးမည်။ သူတို့အိမ်များကို သနားဦးမည်။ မြို့သည်လည်း၊ မိမိကုန်းပေါ်မှာ တဖန် တည်လျက်ရှိလိမ့် မည်။ နန်းတော်၌လည်း၊
ရှေးထုံးစံအတိုင်းနေကြလိမ့် မည်။ 19 ထိုသူတို့အထဲက ကျေးဇူးကို ချီးမွမ်းခြင်းအသံ၊ ရွှင်မြူးသော သူတို့၏ အသံသည်
ထွက်လိမ့်မည်။ ငါသည် သူတို့ကို မနည်းစေဘဲ များပြားစေမည်။ နှိမ့်ချခြင်းသို့ မရောက်၊ ချီးမြှောက်ခြင်းသို့ ရောက်စေမည်အကြောင်း
စီရင်မည်။ 20 အမျိုးသားတို့သည် အရင်ကဲ့သို့ဖြစ်၍၊ ပရိသတ် တို့သည် ငါ့ရှေ့မှာ တည်ကြလိမ့်မည်။ ညှဉ်းဆဲသော သူအပေါင်းတို့ကို
ငါသည် အပြစ်ပေးမည်။ 21 သူတို့၏ မင်းသည် သူတို့အမျိုးဖြစ်လိမ့်မည်။ သူတို့အထဲက ပေါ်ထွန်းသော သူသည် သူတို့ကို အုပ်စိုးရ
လိမ့်မည်။ ငါသွေးဆောင်၍ သူတို့သည် ငါ့ထံသို့ ချဉ်းကပ် ကြလိမ့်မည်။ ငါ့ထံသို့ ချဉ်းကပ် လိုသောငှါ၊ အဘယ်သူသည် မိမိစိတ်ကို
တန်းစေသနည်း။ 22 ထိုအခါ သင်တို့သည် ငါ၏လူဖြစ်၍၊ ငါသည် လည်း သင်တို့၏ ဘုရားသခင်ဖြစ်မည်ဟု ထာဝရဘုရား
မိန့်တော်မူ၏။ 23 ထာဝရဘုရား၏ လေဘွေတော်သည် ပူသော အရှိန်နှင့် ထွက်၏။ ပြင်းစွာသော လေဘွေဖြစ်၍၊ မတရားသော
သူတို့ခေါင်းပေါ်မှာ ပြင်းစွာ တိုက်လိမ့် မည်။ 24 ထာဝရဘုရားသည် လက်စသတ်၍၊ အကြံ အစည်တော်ကို ပြည့်စုံစေတော်မမူမီ၊
ပြင်းစွာသော အမျက်တော်မငြိမ်းရ။ နောင်ကာလ၌ သင်တို့သည် နားလည်ကြလိမ့်မည်။

---

Jeremiah 01

သင့်အား ငါပြောသမျှသော စကားတို့ကို ရေးထားလော့။
"ငါပြောသမျှသောအရာတို့ကို မှတ်တမ်းတင်ရေးထားလော့"

ကြည့်ရှုလော့
"သေချာစွာ နားထောင်လော့" ဘုရားသခင်
ပြောဆိုသောစကားတော်ကို နားထောင်စေသည်။


generated on Tue Jul 2 12:50:28 2024

ထာဝရဘုရားမိန့်တော်မူ၏
ရှု၊ 1:7.

ငါ၏လူတို့အား ပေါ့ကြွယ်ဝသောပြည်သို့ ငါသည် တဖန်တည်ဆောက်မည်။
"ငါသည် သူတို့အား ငါပေးသော ပြည်တွင် ထားရှိစေမည်။"

Jeremiah 04

ငါတို့သည် စကားသံကို ကြားရ၏။
"ငါတို့" ဆိုသည်မှာ ဣသရေလတို့အား ရည်ညွှန်းသည်

ထိတ်လန့်ခြင်း စကားသံနှင့် ငြိမ်သက်ခြင်းမရှိသံ
ဖြစ်နိုင်ချေဆိုလိုရင်းမှာ (၁) ငါ၏ လူတို့သည် ငြိမ်သက်ခြင်း မရှိသောကြောင့် ကြောက်ရွံ့သည်" သို့မဟုတ် (၂) ငြိမ်သက်ခြင်းအတွက် အော်ခေါ်ဆိုသည်။"

Jeremiah 06

ယောက်ျားသည် သားဘွားတတ်သလောဟု မေးမြန်းကြည့်ရှုကြလော့။
အခြားသောဘာသာပြန်ဆိုချက်။ "ယောက်ျားသည် သားမဘွားတတ်။"

မိန်းမသည် သားဘွားခြင်း ဝေဒနာကိုခံရသောအခါ၊ မိမိခါး၌ လက်တင်သကဲ့သို့ ယောက်ျားတိုင်းပြု၍၊ ခပ်သိမ်းသော သူတို့သည် မျက်နှာ ပျက်လျက်ရှိကြသည်ကို အဘယ်ကြောင့် ငါမြင်ရသနည်း။
ဘုရားသခင်သည် ယောက်ျားတို့အား မည်မျှကြောက်စရာကောင်းသည်ကို မေးခွန်းအဖြစ်ဖော်ပြထားသည်။
အခြားသောဘာသာပြန်ဆိုချက်။ "ယောက်ျားတို့သည် ကြောက်ရွံ့သဖြင့် သားဘွားသောမိန်းမကဲ့သို့ မျက်နှာပျက်လျက်ရှိကြသည်။"

ယာကုပ်အမျိုး၌ အမှုရောက် သော နေ့ရက်ဖြစ်၏။
အခြားသောဘာသာပြန်ဆိုချက်။ "ယာကုပ်အမျိုးတို့အား ငါသည် ထိုအမှုမှ ကယ်နှုတ်မည်"

Jeremiah 08

ယေဘုယျ အချက်အလက်
ဘုရားသခင်သည် ဣသရေလတို့ကို ဆက်လက်စကားပြောသည်။

ထိုနေ့ရက်၌ သူတို့ထမ်းရသော ထမ်းဘိုးကို သူတို့လည်ပင်းမှ ငါချိုးပယ်မည်။ သူတို့ကို ချည်နှောင်သော ကြိုးများကို ငါဖြတ်မည်။
စာပိုဒ်နှစ်ခုစလုံးသည် ဘုရားသခင်မှ သူ၏ လူမျိုးတို့အား ကျွန်ခံခြင်းမှ လွတ်မြောက်စေမည်ကို ဖော်ပြသည်။

သူတို့သည် ထာဝရဘုရားကို ကိုးကွယ်ကြလိမ့်မည်
"သူတို့" ဆိုသည်မှာ ယာကုပ်မျိုးနွယ်စုတို့ကို ဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် ဘုရားသခင်ကို ကိုးကွယ်လိမ့်မည်။"

ရှင်ဘုရင် ဒါဝိဒ်၏အမှုကိုရင်း ဆောင်ရွက်သည်
ဒါဝိဒ်၏ အမျိုးတို့ကို ဖော်ပြသည်။

Jeremiah 10

ယေဘုယျ အချက်အလက်
ဘုရားသခင်သည် ဣသရေလတို့ကို ဆက်လက် စကားပြောသည်။

ငါ့ကျွန် ယာကုပ်၊ မကြောက်နှင့်။ အို ဣသရေလအမျိုး၊ စိတ်မပျက်နှင့်။
စာပိုဒ်နှစ်ခုသည် ဆိုလိုရင်း တူညီသည်။

စိတ်မပျက်နှင့်။
"မစိုးရိမ်နှင့်"

ကြည့်ရှုလော့။
"သေချာစွာ နားထောင်လော့"

သင့်ကို ဝေးသောအရပ်မှရင်း၊ သင်၏ အမျိုးသားတို့ကို ခပ်သိမ်းသွားရာ ပြည်မှရင်း၊ ငါနုတ်ယူ ဆောင်ခဲ့သဖြင့်
ရင်းစာပိုဒ်နှစ်ခုသည် အဓိပ္ပါယ် တူညီသည်

သိမ်းသွားရာ ပြည်မှ
"သင်တို့အား သိမ်းသွင်းခြင်းခံရသော ပြည်မှ"

ယာကုပ်အမျိုးသည် ပြန်လာလိမ့်မည်
"လူတို့သည် သူတို့ပိုင်မြေသို့ ပြန်လာလိမ့်မည်"

သူသည်ငြိမ်ဝပ်ချမ်းသာစွာ နေရလိမ့်မည်
"လူတို့သည် ငြိမ်ဝပ်စွာနေရသော အခွင့်ရှိမည်"

ငါသည်သင့်ကို ငါကွဲပြား စေသောပြည်
"ငါသည် သင်တို့ကို စေလွှတ်သည်"

တိုင်းနိုင်ငံရှိသမျှတို့ကို ဆုံးစေသော်လည်း၊ သင့်ကိုမဆုံးစေရ။
"ငါသည် သင်တို့ကို လုံးလုံးဖျက်ဆီးမည်မဟုတ်"

အပြစ်ကို ရှင်းရှင်းမလွှတ်ဘဲ၊ အတော်အတန် ဆုံးမမည်။
"ငါသည် သင့်ကို ဧကန် ဆုံးမမည်"

Jeremiah 12

ယေဘုယျ အချက်အလက်
ယေရမိသည် ဘုရားသခင်၏ စကားတော်ကို ဣသရေလလူတို့အား ဟောပြောသည်။

သင့်အနာ သည် ပျောက်ခဲ၏။ သင်ခံရသောဝေဒနာသည် ပြင်းလှ၏။
ဘုရားသခင်၏ ဆုံးမခြင်းသည် အလွန်ပြင်းထန်ပြီး မည်သူမျှ မကယ်လွတ် နိုင်ရာ။

သင့်အနာကို စည်းအံ့သောငှါ အဘယ်သူမျှ သင့်အမှုကို မစောင့်
"သင့်ကို ငါဂရုဏာထားမည်အကြောင်း မည်သူကမျှ မတောင်းဆိုပါ"



generated on Tue Jul 2 12:50:28 2024

## Jeremiah 14

ယေဘုယျ အချက်အလက်
ဘုရားသခင်သည် ဣသရေလတို့အား စကားပြောတော်မူသည်။

သင်၏မိတ်ဆွေရှိသမျှတို့သည်
ဘုရားသခင်သည် ဣသရေလလူတို့အား ခင်ပွန်းကို သစ္စာမရှိသော မယားအဖြစ်ဖော်ပြပြီး အခြားသော ခင်ပွန်း

သင့်ကို မေ့လျော့ ၍ မမေးမရှာဘဲနေကြ၏။
"သူတို့သည် နောက်တဖန် သင်နှင့် မိတ်မဖွဲ့ချင်ကြ"

ရန်သူ ပေးတတ်သော အနာနှင့်သင့်ကို ငါနာစေပြီ။
ဘုရားသခင်သည် ဣသရေလလူတို့မှ သူ့အား ရန်သူတို့ကဲ့သို့ အနာတရဖြစ်စေသည်။

သင်သည် အနာကိုခံရသည်ဖြစ်၍၊ အဘယ် ကြောင့် ငိုကြွေးသနည်း။
အဘယ်ကြောင့် ငါ့အားကယ်တင်အံ့ငှါ ခေါ်ကြသနည်း။
အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့ အနာကြောင့် ငါ့အား ကယ်တင်အံ့ငှါ မခေါ်ကြနှင့်"

သင်ပြုသော ဒုစရိုက်များပြားသောကြောင့်၊
"သင်တို့၏ အပြစ်များသည် မရေတွက်နိုင်လောက်အောင်များပြား၏"

## Jeremiah 16

သင့်ကို ကိုက်စားသော သူအပေါင်းတို့သည် ကိုက်စားခြင်း၊ သင်၏ရန်သူအပေါင်းတို့သည် သိမ်းသွားခြင်း၊ သင့်ကို လုယူဖျက်ဆီးသော သူအပေါင်းတို့ သည် လုယူဖျက်ဆီးခြင်းကို ခံရကြမည်။
စာပိုဒ်နှစ်ခုသည် တူညီသော အဓိပ္ပါယ်ရသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "တိုင်းနိုင်ငံ ရှိသမျှတို့သည် သင်တို့အား ကျွန်ပြုခြင်းကို ခံရနည်း။"

သင့်ကို ကိုက်စားသောသူအပေါင်း တို့သည် ကိုက်စားခြင်းလာလိမ့်မည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့အား ဖျက်ဆီးခြင်းငှါ လာသောသူတို့သည် ဖျက်ဆီးခြင်းကို ပြုလိမ့်မည်။"

သူတပါးတို့ က၊ သင်သည် စွန့်ပစ်ခြင်းကို ခံရသော သူဟူ၍၎င်း၊ အဘယ်သူမျှမကြည့်ရှု မပြုစုသော ဇိအုန်မြို့ဟူ၍၎င်း ခေါ်သော်လည်း၊ သင်၏အနာရောဂါများကို ငါပျောက် စေ၍၊ ကျန်းမာပကတိဖြစ်စေမည်။
စာပိုဒ်နှစ်ခုသည် တူညီသောအဓိပ္ပါယ်ရှိသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် သင်တို့အား ခိုးခြင်း၊ သတ်ခြင်းငှါ ရန်သူတို့ကို ဖြစ်စေမည်။"

သင်သည် စွန့်ပစ်ခြင်းကို ခံရသော သူဟုခေါ်ကြလိမ့်မည်
စွန့်ပစ်ခြင်းခံရသူဆိုသည်မှာ မည်သူမျှ ဆက်ဆံခြင်းမပြုလိုသူဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် သင့်ကို စွန့်ပစ်သူ" သို့မဟုတ် "မည်သူမျှ အလိုမရှိသူ" ဟုခေါ်ကြမည်။ "

ဘယ်သူမျှမကြည့်ရှု မပြုစုသော ဇိအုန်မြို့
အခြားသောဘာသာပြန်ဆိုချက်၊ "ဂရုပြုခြင်း မရှိသော ဇိအုန်သား။"

## Jeremiah 18

ယေဘုယျ အချက်အလက်
ဘုရားသခင်သည် ဣသရေလတို့အား စကားပြောသည်။

ကြည့်ရှုလော့
"သေချာစွာ နားထောင်လော့။"

သိမ်းသွား ခြင်းကိုခံရသော ယာကုပ်အမျိုးသားတို့၏ တဲများကို ငါဆောင်ခဲ့ဦးမည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် ယာကုပ်အမျိုးတို့ကို ချမ်းသာစေမည်။ သူတို့ကို သနားကြင်နာမည်။"

မြို့သည်လည်း၊ မိမိကုန်းပေါ်မှာ တဖန် တည်လျက်ရှိလိမ့် မည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် ယေရုရှလင်မြို့ကို တဖန်တည်ဆောက်ရသော အခွင့်ရှိလိမ့်မည်။"

ထိုသူတို့အထဲက ကျေးဇူးကို ချီးမွမ်းခြင်းအသံ၊ ရွှင်မြူးသော သူတို့၏ အသံသည် ထွက်လိမ့်မည်။
"ထို့နောက်သူတို့သည် ရွှင်မြူးသောအသံဖြင့် ချီးမွမ်းကြလိမ့်မည်။"

ငါသည် သူတို့ကို မနည်းစေဘဲ များပြားစေမည်။
စကားစုနှစ်ခုသည် ဘုရားသခင်သည် ဣသရေလတို့ကို အရေအတွက်အားဖြင့် တိုးပွားစေမည်။"

သူတို့သည်နှိမ့်ချခြင်းသို့ မရောက်ရ။
အခြားသောဘာသာပြန်ဆိုချက်၊ "မည်သူမျှသူတို့ကို မနှိမ့်ချရ"

## Jeremiah 20

ယေဘုယျ အချက်အလက်
ထာဝရဘုရားသည် ဆက်လက် စကားပြောသည်။

အမျိုးသားတို့သည် အရင်ကဲ့သို့ဖြစ်၍၊ ပရိသတ် တို့သည် ငါ့ရှေ့မှာ တည်ကြလိမ့်မည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့အား လူတို့ရှေ့မှောက်ဝယ် ငါတည်စေမည်။"

သူတို့၏ မင်းသည် သူတို့အမျိုးဖြစ်လိမ့်မည်။ သူတို့အထဲက ပေါ်ထွန်းသော သူသည် သူတို့ကို အုပ်စိုးရ လိမ့်မည်။
စာကြောင်းနှစ်ခုသည် ဆိုလိုရင်း တူညီသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့၏ ခေါင်းဆောင်သည် သူတို့ထဲမှ ပေါ်လာမည်။"

ငါသွေးဆောင်၍ သူတို့သည် ငါ့ထံသို့ ချဉ်းကပ် ကြလိမ့်မည်။
ဘုရားသခင်သည် ဖိတ်ခေါ်ခြင်းမရှိဘဲ အဘယ်သူသည် ငါ့ထံသို့ လာမည်နည်းဟု မေးသော မေးခွန်းမျိုးဖြစ်ပါသည်။

Jeremiah 23

ထာဝရဘုရား၏အမျက်တော်တည်းဟူသော လေပြင်းမုန်တိုင်းကဲ့သို့အရာသည် ထွက်သွား၏။
ဘုရားသခင်၏ အမျက်တော်ကို လေပြင်းမုန်တိုင်းနှင့်ခိုင်းနှိုင်းထားသည်။

---

## Translation Questions

Jeremiah 30:1

သူ၏လူတွေအတွက် ထာဝရဘုရားသည် အဘယ်သို့လုပ်လိမ့်မည်နည်း။
သူတို့၏ ဥစ္စာများကိုပြန်ပေး၍ သူတို့ကိုပြည်တော်သို့ တဖန်ပြန်ဆောင်ခဲ့လိမ့်မည်။

Jeremiah 30:4

အဘယ်သူသည် " တုန်လှုပ်ခြင်းစကားအသံကို" ကြားခဲ့ရသနည်း။
ထာဝရဘုရားသည် မိမိကိုရည်ညွှန်း၍ "ငါတို့" ဟုဆိုသောအသံသည် ထိုအသံကိုကြားခဲ့သည်။

Jeremiah 30:6

အဘယ်ကြောင့် လူငယ်များသည် မိမိလက်များကို ပေါင်ပေါ်၌တင်၍ ဖျော့သောမျက်နှာများရှိကြသနည်း။
ယာကုပ်၏သားမြေးစဥ်ဆက်များ စိုးရိမ်ပူပန်ရသောအချိန်ကာလ ရှိလိမ့်မည်။

Jeremiah 30:8

ဣသရေလအမျိုးသားတို့သည် ကျွန်မှလွတ်မြောက်ခြင်းကို အဘယ်သို့ကျင်းပလိမ့်မည်နည်း။
ရှင်ဘုရင် ဘုရားသခင်ကို သူတို့၏ဘုရားအဖြစ်ကိုးကွယ်၍ ဒါဝိဒ်ကို သူတို့၏ဘုရင်အဖြစ် အမှုထမ်းကြလိမ့်မည်။

Jeremiah 30:10

အဘယ်ကြောင့်ယာကုပ်၏သားမြေးစဥ်ဆက် စိတ်မပျက်ရမနည်း။
ထာဝရဘုရားသည် သိမ်းသွားခြင်းခံရာမှ သူတို့ကို ပြန်လည်နှုတ်ဆောင်လိမ့်မည်။

Jeremiah 30:12

ဣသရေလတွေရဲ့ ဒဏ်ရာကိုပျောက်ကင်းအောင်အဘယ်သို့ ကုသနိုင်သနည်း။
၎င်းသည် မပျောက်နိုင်ပေ။

Jeremiah 30:14

အဘယ်ကြောင့်ထာဝရဘုရားသည် ဣသရေလလူတို့ကို ဆုံးမခဲ့သနည်း။
အဘယ်ကြောင့်ဆိုသော်သူတို့သည် အပြစ်နှင့်ဒုစရိုက်များပြားသောကြောင့်ဖြစ်သည်။

Jeremiah 30:16

ထာဝရဘုရားသည် ဣသရေလလူမျိုးကို တိုက်ခိုက်သောသူတို့ကို အဘယ်သို့ပြုသနည်း။
သူတို့၏ရန်သူများအားဖြင့် သူတို့ကို သိမ်းခြင်းခံစေ၍ သူတို့ဥစ္စာများကို လုယူစေမည်။

ဣသရေလလူတွေအတွက် ထာဝရဘုရားသခင်သည် မည်သို့လုပ်သနည်း။
ထာဝရဘုရားသည် ဣသရေလလူတွေ၏ ဒဏ်ရာများကို ကျန်းမာစေလိမ့်မည်။

Jeremiah 30:18

တစ်မြို့လုံးကိုပြန်လည်တည်ဆောက်ပြီးတဲ့နောက်လူတို့သည် မည်သို့ဖြစ်လိမ့်မည်နည်း။
သူတို့သည်သီချင်းတွေမနားတမ်းသီဆို ချီမွမ်း၍ သူတို့အရေအတွက် တိုးပွားပြီး ထာဝရဘုရားသည် သူတို့ကိုချီးမြောက်လိမ့်မည်။

Jeremiah 30:20

ဣသရေလအမျိုး၏အစည်းဝေးပွဲကိုတည်စေပြီးနောက် ထာဝရဘုရားသည် အဘယ်သို့ပြုလိမ့်မည်နည်း။
သူသည် ဣသရေလလူတွေအတွက် ခေါင်းဆောင်တစ်ဦးကိုရွေးချယ်လိမ့်မည်။

## Chapter 31

1 ထာဝရဘုရား မိန့်တော်မူသည်ကား၊ ထိုကာလ ၌ ငါသည် ဣသရေလအဆွေအမျိုးအပေါင်းတို့၏ ဘုရားသခင်ဖြစ်၍၊ သူတို့သည်
ငါ၏လူဖြစ်ကြလိမ့်မည်။ 2 တဖန် မိန့်တော်မူသည်ကား၊ ထားဘေးနှင့်လွတ် သော သူတို့သည် တောစ္ဆ၌ကျေးဇူးကို ခံရကြပြီ။ ငါသည်
ကြွသွား၍ ဣသရေလအမျိုးကို ချမ်းသာပေးမည်။ 3 ထာဝရဘုရားသည် အဝေးက ထင်ရှား၍ မိန့်တော်မူသည်ကား၊ အကယ်စင်စစ်
ထာဝရမေတ္တာနှင့် သင့်ကိုငါချစ်၏။ ထိုကြောင့်၊ ကရုဏာကျေးဇူးကို သင်၌ကြာမြင့်စွာပြု၏။ 4 အို ဣသရေလ သတို့သမီးကညာ၊
သင့်ကိုတဖန် ငါတည်ဆောက်သောကြောင့်၊ သင်သည် တည်ဆောက်ခြင်းသို့ ရောက်လိမ့်မည်။ သင်သည် တဖန် ပတ်သာ နှင့်
တန်ဆာဆင်လျက်၊ ရွှင်မြူးခြင်းကို ပြုသောသူတို့နှင့် အတူကခုန်လျက်သွားလိမ့်မည်။ 5 ရှမာရိတောင်ပေါ်မှာ စပျစ်ဥယျာဉ်ကို တဖန်
စိုက်လိမ့်မည်။ ဥယျာဉ်လုပ်သောသူတို့သည် စိုက်ပျိုး၍၊ အသီးကို ကိုယ်အလိုအလျောက် စားရကြလိမ့်မည်။ 6 ဧဖရိမ်တောင်ပေါ်မှာ
ကင်းစောင့်တို့က၊ ထကြ လော့။ ငါတို့ ဘုရားသခင် ထာဝရဘုရားရှိတော်မူရာ ဇိအုန်တောင်သို့သွားကြကုန်အံ့ဟု ကြွေးကြော်ရသော
အချိန်ကာလသည် ရောက်လိမ့်မည်။ 7 ထာဝရဘုရား မိန့်တော်မူသည်ကား၊ ယာကုပ် အမျိုးအား၊ ရွှင်လန်းစွာ သီချင်းဆိုကြလော့။
လူမျိုးတို့၏ အထွဋ်၌ ကြွေးကြော်ကြလော့။ အို ထာဝရဘုရား၊ ကိုယ်တော်၏ လူမျိုးတည်းဟူသော၊ ကျန်ကြွင်းသော
ဣသရေလအမျိုးသားကို ကယ်တင်တော်မူပြီဟု မြွက်ဆို လျက် သိတင်းကြားလိုက်၍ ချီးမွမ်းကြလော့။ 8 သူတို့ကို မြောက်ပြည်မှ
ငါဆောင်ခဲ့၍၊ မြေကြီး စွန်းမှ စုသိမ်းမည်။ မျက်စိကန်းသောသူ၊ ခြေဆွံ့သောသူ၊ ကိုယ်ဝန်ဆောင်သောမိန်းမ၊ သားဘွားခြင်းဝေဒနာကို
ခံရသော မိန်းမများလည်းပါလျက်၊ ကြီးစွာသော အစည်း အဝေးတို့သည် ပြန်လာကြလိမ့်မည်။ 9 ငိုကြွေးလျက် လာကြလိမ့်မည်။
ဆုတောင်း ပဌနာပြုလျက်ရှိသော ထိုသူတို့ကို ငါပို့ဆောင်မည်။ မြစ်နားမှာ ရှောက်သောလမ်း၊ ထိမိ၍ မလဲရသော လမ်းဖြောင့်တို့၌
ငါသွေးဆောင်မည်။ အကြောင်းမူကား၊ ငါသည် ဣသရေလအမျိုး၏ အဘဖြစ်၏။ ဧဖရိမ်အမျိုး သည် ငါ၏ သားဦးဖြစ်၏။ 10
အိုလူမျိုးတို့၊ ထာဝရဘုရား၏ အမိန့်တော်ကို နားထောင်ကြလော့။ ဝေးသောအရပ်ရပ်တို့၌ ကြွေးကြော် ၍၊ ဣသရေလ
အမျိုးသားတို့ကို အရပ်ရပ်သို့ ကွဲပြား စေသောသူသည် တဖန်စုသိမ်းပြီးလျှင်၊ သိုးထိန်းသည် မိမိသိုးစုကိုစောင့်တတ်သကဲ့သို့
စောင့်တော်မူမည်ဟု ကြားပြောကြလော့။ 11 အကြောင်းမူကား၊ ထာဝရဘုရားသည် ယာကုပ် အမျိုးကို ရွေးနှုတ်တော်မူပြီ။
သူ့ထက်အားကြီးသော သူ၏လက်မှ ကယ်လွှတ်တော်မူပြီ။ 12 ထိုကြောင့်အမျိုးသားတို့သည် လာ၍၊ ဇိအုန် တောင်ထိပ်၌
သီချင်းဆိုကြလိမ့်မည်။ ထာဝရဘုရား ပြုတော်မူခြင်း ကျေးဇူးတည်းဟူသော ဆန်စပါး၊ စပျစ် ရည်၊ ဆီ၊ သိုးသငယ်၊ နွားသငယ်တို့ကို
ရအံ့သောငှါ စည်းဝေးကြလိမ့်မည်။ သူတို့စိတ်ဝိညာဉ်သည် ရေ လောင်းသော ဥယျာဉ်ကဲ့သို့ဖြစ်၍၊ နောက်တဖန် ညှိုးငယ် ခြင်းမရှိရ။
13 ထိုအခါသမီးကညာသည် ကခုန်လျက်၊ လူပျို၊ လူအိုတို့နှင့်တကွ ပျော်မွေ့လိမ့်မည်။ သူတို့ညည်းတွားခြင်း အရာ၌
ဝမ်းမြောက်ခြင်းကို ငါဖြစ်စေမည်။ သူတို့သည် ဝမ်းနည်းခြင်းကို ခံရသောနောက်၊ စိတ်သက်သာ၍ ရွှင်လန်းမည်အကြောင်းကို
ငါပြုမည်။ 14 ယဇ်ပုရောဟိတ်တို့ကိုလည်း ဆူဖြိုးသော အမဲသားနှင့်ဝစွာ ကျွေးမည်။ ငါ၏လူတို့သည်လည်း ငါ့ကျေးဇူးနှင့်
ဝပြောကြလိမ့်မည်ဟု ထာဝရဘုရား မိန့်တော်မူ၏။ 15 ထာဝရဘုရား မိန့်တော်မူသည်ကား၊ ရာမအရပ် ၌ သည်းစွာသော
ညည်းတွားငိုကြွေးခြင်းအသံကို ကြားရ ၍၊ ရာခေလသည် မိမိသားတို့မရှိသောကြောင့်၊ ငို၍ စိတ်မပြေနိုင်။ 16 ထာဝရဘုရား
မိန့်တော်မူသည်ကား၊ သင်သည် ငိုကြွေးသံကို ချုပ်လော့၊ မျက်ရည်မကျစေနှင့်။ သင်သည် ကိုယ်ကျင့်သော အကျင့်၏
အကျိုးကိုခံရလိမ့်မည်။ သင်၏ သားတို့သည် ရန်သူပြည်မှ ပြန်လာကြလိမ့်မည်။ 17 သင်၏အဆုံး၌ မြော်လင့်စရာအကြောင်း ရှိ၏။
သင်၏ သားတို့သည် နေရင်းပြည်သို့ပြန်လာကြလိမ့်မည် ဟု ထာဝရဘုရား မိန့်တော်မူ၏။ 18 ဧဖရိမ်က၊ ကိုယ်တော်သည် အကျွန်ုပ်ကို
ဆုံးမ တော်မူပြီ။ အကျွန်ုပ်သည် ရိုင်းသောနွားလားကဲ့သို့ ဆုံးမခြင်းကို ခံရပါပြီ။ အကျွန်ုပ် ကိုသွေးဆောင်တော် မူပါ။ သို့ပြုလျှင်၊
အကျွန်ုပ်သည် ပြန်လာပါမည်။ အို ထာဝရဘုရား၊ ကိုယ်တော်သည် အကျွန်ုပ်၏ ဘုရား သခင်ဖြစ်တော်မူ၏။ 19 ပြန်လာသောနောက်၊
အကျွန်ုပ်သည် အမှန် နောင်တရပါ၏။ ဆုံးမတော်မူခြင်းကို ခံရသောနောက်၊ အကျွန်ုပ်သည် ကိုယ်ပေါင်ကို ရိုက်ပါ၏။ အသက်ငယ်စဉ်
ပြုမိသော အပြစ်ကြောင့် အသရေပျက်ခြင်းကို ခံရ သဖြင့်၊ ရှက်ကြောက်၍ မှိုင်တွေလျက်ရှိပါ၏ဟု ကိုယ်ကို အပြစ်တင်၍
မြည်တမ်းသောစကားကို ငါသည် ဆက် ဆက်ကြားရပြီ။ 20 ဧဖရိမ်သည် ငါ၏ချစ်သားဖြစ်သလော။ ချစ် ဘွယ်သော
သူငယ်ဖြစ်သလော။ သူ၏အကြောင်းကို ငါပြောလေရာရာ၌ ငါသည် အလွန်တရာ အောက်မေ့ လျက်နေ၏။ ထိုကြောင့်၊ ငါသည်
သူ့အတွက် စိတ်ကြင်နာ ခြင်းရှိ၏။ အကယ်စင်စစ် သူ့ကိုငါကယ်မသနားမည်ဟု ထာဝရဘုရား မိန့်တော်မူ၏။ 21
လမ်း၌မှတ်တိုင်တို့ကိုစိုက်လော့။ အလံတိုင်တို့ကို ထူလော့။ လိုက်သွားသောလမ်းမကို စိတ်စွဲလမ်းလော့။
အိုဣသရေလသတို့သမီးကညာ၊ ပြန်လာလော့။ သင်၏ နေရာ ဤမြို့များသို့ ပြန်လာလော့။ 22 အိုဖောက်ပြန်သော သတို့သမီး၊
သင်သည် အဘယ်မျှကာလပတ်လုံးလှည့်လည်၍ နေလိမ့်မည်နည်း။ ထာဝရဘုရားသည် မြေကြီးပေါ်မှာ ထူးဆန်းသော အမှု ကို
စီရင်တော်မူ၍၊ မိန်းမသည် ယောကျ်ားကို ပတ်ဝိုင်း လိမ့်မည်။ 23 ဣသရေလအမျိုး၏ ဘုရားသခင်၊ ကောင်းကင် ဗိုလ်ခြေအရှင်
ထာဝရဘုရား မိန့်တော်မူသည်ကား၊ သိမ်း သွားခြင်းကို ခံရသောသူတို့ကို ငါဆောင်ခဲ့ပြန်သောအခါ၊ ယုဒပြည်၏မြို့ရွာတို့၌
နေသောသူတို့က၊ အို ဖြောင့်မတ် ခြင်းနေရာအရပ်၊ အိုသန့်ရှင်းခြင်း နေရာတောင်၊ ထာဝရ ဘုရားသည် သင့်ကို
ကောင်းကြီးပေးတော်မူစေသတည်း ဟူသော စကားကို တဖန်သုံးကြလိမ့်မည်။ 24 ထိုအရပ်၌ ယုဒပြည်သူ၊ ယုဒမြို့ရွာသား
အပေါင်းတို့သည်၊ လယ်လုပ်သောသူနှင့် သိုးထိန်းသော သူများပါလျက်၊ အတူနေရကြလိမ့်မည်။ 25 ငတ်မွတ်သော သူအပေါင်းတို့ကို


generated on Tue Jul 2 12:50:28 2024

ငါကျွေးမွေး မည်။ ညှိုးငယ်သော သူအပေါင်းတို့ကို ငါသက်သာစေမည် ဟု မိန့်တော်မူ၏။ 26 ထိုနောက်၊ ငါသည်
နိုး၍ကြည့်ရှုသောအခါ၊ အိပ်ပျော်ခြင်းအားဖြင့် အားရလျက်ရှိ၏။ 27 ထာဝရဘုရား မိန့်တော်မူသည်ကား၊ ငါသည် ဣသရေလပြည်၊
ယုဒပြည်၌ လူမျိုးစေ့နှင့် တိရစ္ဆာန် မျိုးစေ့ကို ကြဲရသော အချိန်ကာလ ရောက်လိမ့်မည်။ 28 ငါသည် သူတို့ကို
နှုတ်ပယ်ဖြိုချမှောက်လှန် ဖျက်ဆီးညှဥ်းဆဲခြင်းအမှုကို ပြုဘူးသည်နည်းတူ၊ တဖန် တည်ဆောက် စိုက်ပျိုးခြင်းအမှုကို ပြုဦးမည်ဟု
မိန့်တော် မူ၏။ 29 ထိုကာလ၌ အဘသည် ချဥ်သောစပျစ်သီးကို စားသောကြောင့်၊ သားသည် သွားကျိန်းခြင်းကို ခံရ၏ ဟု မဆိုရကြ။
30 လူတိုင်း မိမိအပြစ်ကြောင့် မိမိသေရမည်။ ချဥ်သောစပျစ်သီးကို စားသောသူတိုင်း သွားကျိန်းခြင်းကို ခံရမည်။ 31 ထာဝရဘုရား
မိန့်တော်မူသည်ကား၊ ငါသည် 32 ဤလူမျိုး၏ ဘိုးဘေးတို့ကို လက်ဆွဲ၍ အဲဂုတ္တု ပြည်မှ ဆောင်သွားသောအခါ၊ သူတို့၌ ငါပေးသော
ပဋိညာဉ်တရားနှင့် ခြားနားသော ပဋိညာဉ်တရားသစ်ကို ဣသရေလ အမျိုးသား၊ ယုဒအမျိုးသားတို့၌ ငါပေးသော အချိန်ကာလ
ရောက်လိမ့်မည်။ အရင်ငါပေးဘူးသော ပဋိညာဉ်တရားကို သူတို့သည် ဖျက်၍၊ ငါသည်လည်း သူတို့ကို ရှုတ်ချ၏။ 33 နောက်ကာလအခါ
ဣသရေလအမျိုးသားတို့၌ ငါပေးအံ့သော ပဋိညာဉ်တရားဟူမူကား၊ ငါထာဝရ ဘုရားသည် ငါ၏ပညတ်တရားကို သူတို့အတွင်းထဲသို့
သွင်းမည်။ သူတို့နှလုံးပေါ်မှာ ရေးထားမည်။ ငါသည် သူတို့၏ ဘုရားဖြစ်သည်။ သူတို့သည်လည်း ငါ၏လူ ဖြစ်ကြလိမ့်မည်။ 34
ထိုသူတို့က၊ ထာဝရဘုရားကို သိလော့ဟု၊ အမျိုးသားချင်း၊ ညီအစ်ကိုအချင်းချင်း တယောက်ကို တယောက်ဆုံးမသြဝါဒမပေးရကြ။
အကြောင်းမူကား၊ အငယ်ဆုံးသော သူမှစ၍ အကြီးဆုံးသောသူတိုင်အောင်၊ ထိုသူအပေါင်းတို့သည် ငါ့ကိုသိကြလိမ့်မည်။ ထိုအခါ
ငါသည် သူတို့အပြစ်များကို သည်းခံမည်။ သူတို့ပြုသော ဒုစရိုက်များကို မအောက်မေ့ဘဲနေမည်ဟု ထာဝရဘုရား မိန့်တော်မူ၏။ 35
နေ့အချိန်၌ လင်းစရာဘို့နေကိုခန့်ထား၍၊ ညဥ့် အချိန်၌ လင်းစရာဘို့ လနှင့်ကြယ်တို့ကို စီရင်တော်မူ ထသော၊ သမုဒ္ဒရာကိုဆုံးမ၍
လှိုင်းတံပိုးကို ဟုန်းစေတော် မူထသော၊ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားဟူ သော ဘွဲ့နာမရှိတော်မူသော ထာဝရဘုရား
မိန့်တော် မူသည်ကား၊ 36 ထိုတရားတို့သည် ငါ့ရှေ့မှာ ကွယ်ပျောက်လျှင်၊ ဣသရေလ အမျိုးသည် ငါ့ရှေ့မှာ အမျိုးတိမ်မြုပ်၍
အစဉ်ကွယ်ပျောက်လိမ့်မည်ဟု မိန့်တော်မူ၏။ 37 တဖန်ထာဝရဘုရား မိန့်တော်မူသည်ကား၊ အထက်မိုဃ်းကောင်းကင်ကို
တိုင်းထွာနိုင်လျှင်၎င်း၊ မြေကြီးအောက်ဆုံးအမြစ်တို့ကိုလိုက်၍ စစ်နိုင်လျှင်၎င်း၊ ဣသရေလ အမျိုးသားအပေါင်းတို့ကို
သူတို့ပြုမိသမျှသော အပြစ်တို့ကြောင့် ငါစွန့်ပစ်မည်ဟု မိန့်တော်မူ၏။ 38 တဖန်ထာဝရဘုရား မိန့်တော်မူသည်ကား၊
ဟာနနေလရဲတိုက်မှ စ၍ မြို့ထောင့်တံခါးတိုင်အောင်၊ မြို့တော်ကို ထာဝရဘုရားအဘို့ တည်ထောင်ရသော အချိန်ကာလသည်
ရောက်လိမ့်မည်။ 39 ဂါရက်တောင်ကို လွန်၍ မျဉ်းကြိုးနှင့်တန်းချ လိမ့်မည်။ ဂေါသတောင်ကိုလည်း ဝိုင်းမိလိမ့်မည်။ 40
အရှေ့ဘက်မြင်းတံခါးရှိသော မြို့ထောင့်တိုင် အောင်၊ အသေကောင်များ၊ ပြာများစွန့်ပစ်ရာ ချိုင့် တရှောက်လုံးနှင့်၊
ကေဒြုန်ချောင်းအတွင်းတွင်၊ လယ်ပြင် ရှိသမျှတို့သည် ထာဝရဘုရားအဘို့ သန့်ရှင်းကြလိမ့် မည်။ နောက်တဖန် နှုတ်ပယ်ဖြိုချခြင်း
အလျှင်းမရှိရဟု မိန့်တော်မူ၏။

## Chapter 32

1 နေဗုခဒ်နေဇာ နန်းစံတဆယ်ရှစ်နှစ်၊ ယုဒ ရှင်ဘုရင် ဇေဒကိ နန်းစံဆယ်နှစ်တွင်၊ ထာဝရဘုရား ထံတော်မှ နှုတ်ကပတ်တော်သည်
ယေရမိသို့ ရောက် လာ၏။ 2 ထိုအခါ ဗာဗုလုန် ရှင်ဘုရင်၏ စစ်သူရဲတို့သည် ယေရုရှလင်မြို့ကို ဝိုင်းထားကြပြီ။ ပရောဖက်ယေရမိ
သည် ယုဒရှင်ဘုရင်၏ နန်းတော်ထောင်ဝင်းထဲမှာ အချုပ်ခံလျက်နေရ၏။ 3 အကြောင်းမူကား၊ ယုဒရှင်ဘုရင် ဇေဒကိသည် ခေါ်၍၊
ထာဝရဘုရားက၊ ဤမြို့ကို ဗာဗုလုန်ရှင်ဘုရင် လက်သို့ ငါအပ်၍၊ သူသည် သိမ်းယူလိမ့်မည်။ 4 ယုဒရှင်ဘုရင် ဇေဒကိသည်
ခါလဒဲလူတို့ လက်နှင့်မလွတ်၊ ဗာဗုလုန် ရှင်ဘုရင်လက်သို့ ဆက်ဆက် ရောက်လိမ့်မည်။ မျက်နှာချင်းဆိုင်၍ စကားပြောလျက်၊
တယောက်ကို တယောက်ကြည့်ရှုလျက် တွေ့ရလိမ့်မည်။ 5 ဇေဒကိကိုလည်း ဗာဗုလုန်မြို့သို့ ဆောင်သွား လိမ့်မည်။
ငါအကြည့်အရှုမလာမှီတိုင်အောင်၊ ထိုမြို့၌ နေရလိမ့်မည်။ သင်တို့သည် ခါလဒဲလူတို့ကို စစ်တိုက်၍ မနိုင်ရကြဟု ထာဝရဘုရား
မိန့်တော်မူကြောင်းကို၊ သင် သည် အဘယ်ကြောင့် ပရောဖက်ပြု၍ ဟောသနည်းဟု ဆို၍ ထောင်ထဲမှာ လှောင်ထားသတည်း။ 6
ထိုအခါယေရမိက၊ ငါ့ဆီသို့ရောက်လာသော ထာဝရဘုရား၏ နှုတ်ကပတ်တော်ဟူမူကား၊ 7 သင်၏ဘထွေး ရှလ္လုံသား
ဟာနမေလသည် သင့်ထံသို့လာ၍၊ အာနသုတ်မြို့မှာရှိသော ကျွန်ုပ်လယ်ကို သင်သည် ရွေးပိုင်သောကြောင့်၊ ဝယ်ပါဟု ပြောဆို
လိမ့်မည်အကြောင်းကို ထာဝရဘုရား မိန့်တော်မူသည်နှင့် အညီ၊ 8 ငါ့ဘထွေး သားဟာနမေလသည် ငါရှိရာ ထောင်ဝင်းထဲသို့ လာ၍၊
ဗယ်္ာမိန်ခရိုင်၊ အာနသုတ်မြို့၌ ရှိသော ကျွန်ုပ်လယ်ကို ဝယ်ပါလော့။ သင်သည် အမွေခံပိုင်သော အခွင့်နှင့် ရွေးပိုင်သော အခွင့်ရှိသည်
ဖြစ်၍၊ ကိုယ်အဘို့ ဝယ်ပါဟု ငါ့အားပြောဆို၏။ ထိုအခါ ထာဝရဘုရား စီရင်တော်မူသော အမှုဖြစ်ကြောင်းကို ငါသိသောကြောင့်၊ 9
အာနသုတ်မြို့၌ရှိသော ငါ့ဘထွေးသား ဟာနမေလ၏လယ်ကို ငါဝယ်၍ လယ်ဘိုးငွေ တဆယ် ခုနစ်ကျပ်ကို ချိန်ပေးလေ၏။ 10
စာချုပ်ကိုလည်း စီရင်၍ တံဆိပ်ခတ်ပြီးမှ၊ သက်သေတို့ကိုခေါ်၍ ငွေကို ချိန်ခွင်နှင့်ချိန်ပေး၏။ 11 ဓမ္မသတ်ထုံးစံအတိုင်း
တံဆိပ်ခတ်သော စာချုပ် တစောင်နှင့် ဖွင့်ထားသောလက်ခံတစောင်ကို ယူ၍၊ 12 ဘထွေးသား ဟာနမေလ အစရှိသော၊ စာချုပ်၌
အမည်ပါသော သက်သေများ၊ ထောင်ဝင်းထဲမှာ ထိုင်နေ သော ယုဒလူများအပေါင်းတို့ရှေ့တွင်၊ မာသေယသား ဖြစ်သော
နေရိ၏သားဗာရုတ်၌ အပ်လျက်၊ 13 ဣသရေလအမျိုး၏ ဘုရားသခင်၊ ကောင်းကင် ဗိုလ်ခြေအရှင် ထာဝရဘုရား
မိန့်တော်မူသည်ကား၊ 14 တံဆိပ်ခတ်သော ဤစာချုပ်တစောင်နှင့် ဖွင့်ထားသော ဤလက်ခံတစောင်ကို ယူ၍၊ ကာလ ကြာမြင့်စွာ
တည်နေစေခြင်းငှါ မြေအိုး၌ထားလော့။ 15 ဣသရေလအမျိုး၏ ဘုရားသခင်၊ ကောင်းကင် ဗိုလ်ခြေအရှင်
ထာဝရဘုရားမိန့်တော်မူသည်ကား၊ ဤပြည်၌အိမ်၊ လယ်ယာ၊ စပျစ်ဥယျာဉ်တို့ကို ပိုင်ရကြ လေဦးမည်ဟု မိန့်တော်မူကြောင်းကို
ပြန်ပြောသဖြင့်၊ ထိုသူတို့ရှေ့မှာ ဗာရုတ်ကိုမှာထားလေ၏။ 16 ထိုသို့နေရိသား ဗာရုတ်၌ စာချုပ်ကို အပ်ပြီးမှ၊ ထာဝရဘုရားအား
ငါဆုတောင်းသော ပဌနာစကား ဟူမူကား၊ 17 အိုအရှင်ထာဝရဘုရား၊ ကိုယ်တော်သည် မဟာ တန်ခိုးနှင့် လက်ရုံးတော်ကိုဆန့်၍၊
ကောင်းကင်နှင့် မြေကြီးကို ဖန်ဆင်းတော်မူပြီ။ ကိုယ်တော်မတတ်နိုင် သော အရာတစုံတစခုမျှ မရှိပါ။ 18 ကိုယ်တော်သည်
လူအထောင်အသောင်းတို့အား ကရုဏာကျေးဇူးပြုလျက်၊ အဘတို့၏အပြစ်ကို နောက် ဖြစ်သောသားတို့၏ ခေါင်းပေါ်သို့
သက်ရောက်စေတော် မူ၏။ အလွန်ကြီးမြတ်သောဘုရား၊ မဟာတန်ခိုးတော်နှင့် ပြည့်စုံသော ဘုရားဖြစ်၍၊ ကောင်းကင်ဗိုလ်ခြေအရှင်
ထာဝရဘုရားဟူသော ဘွဲ့နာမရှိတော်မူ၏။ 19 ထူးဆန်းသော အကြံကိုကြံ၍၊ ထူးဆန်းသော အမှုကို စီရင်တော်မူလျက်၊
လူအသီးအသီးတို့ ကျင့်ကြံ ပြုမူသည် အတိုင်းအကျိုးအပြစ်ကို ပေးခြင်းငှါ၊ လူသား များ သွားလာသော လမ်းအလုံးစုံတို့ကို
အစဉ်ကြည့်ရှု လျက်နေတော်မူ၏။ 20 အဲဂုတ္တုပြည်၊ ဣသရေလပြည်အစရှိသော လူအမျိုးမျိုးတို့၌ နိမိတ်လက္ခဏာအံ့ဘွယ်သော
အမှုတို့ကို ယနေ့တိုင်အောင် ပြတော်မူသဖြင့်၊ ယခုကဲ့သို့ အစဉ် ကျော်စောသော သိတင်းရှိတော်မူ၏။ 21 နိမိတ်လက္ခဏာ
အံ့ဘွယ်သောအမှုတို့ကို ပြလျက်၊ အားကြီးသော လက်၊ ဆန့်တော်မူသော လက်ရုံး၊ အလွန်ကြောက်မက်ဘွယ်သော
အခြင်းအရာနှင့်တကွ၊ ကိုယ်တော်၏ ဣသရေလလူတို့ကို အဲဂုတ္တုပြည်မှ နှုတ်ဆောင်တော်မူ၍၊ 22 ငါပေးမည်ဟု ဘိုးဘေးတို့အား
ကျိန်ဆိုတော်မူ သောပြည်တည်းဟူသော၊ နို့နှင့်ပျားရည်စီးသော ဤပြည် ကို ပေးသနားတော်မူသဖြင့်၊ 23 သူတို့သည်
ဝင်၍သိမ်းယူကြသော်လည်း၊ အမိန့် တော်ကို နားမထောင်၊ တရားတော်လမ်းသို့မလိုက်၊ မှာထားတော်မူသော အကျင့်တစုံတခုကိုမျှ
မကျင့်ဘဲ နေသောကြောင့်၊ ယခုခံရသမျှသော ဘေးဥပဒ်တို့ကို သူတို့အပေါ်သို့ ရောက်စေတော်မူပြီ။ 24
ပြအိုးမြေရိုးတို့ကိုကြည့်ရှုတော်မူပါ။ မြို့တော်ကို တိုက်ယူခြင်းငှါ ရောက်ကြပါပြီ။ ထားဘေး၊ မွတ်သိပ်ခြင်း ဘေး၊
ကာလနာဘေးတို့ဖြင့် တိုက်သော ခါလဒဲလူတို့ လက်သို့ မြို့တော်ကို အပ်တော်မူပြီ။ မိန့်တော်မူသော စကားပြည့်စုံကြောင်းကိုလည်း
ကိုယ်တော်တိုင် မြင်တော်မူ၏။ 25 ထိုမြို့တော်သည် ခါလဒဲလူတို့လက်သို့ ရောက်သော်လည်း၊ အိုအရှင် ထာဝရဘုရား၊ ထိုလယ်ကို
ငွေနှင့်ဝယ်၍၊ သက်သေတို့ကို ခေါ်ထား ရမည်အကြောင်း မိန့်တော်မူပါပြီတကားဟု လျှောက်လေ ၏။ 26 ထိုအခါ ထာဝရဘုရား၏
နှုတ်ကပတ်တော် သည် ယေရမိသို့ ရောက်လာသည်ကား၊ 27 ငါ ထာဝရဘုရားသည် ခပ်သိမ်းသော သတ္တဝါ တို့ကို အစိုးရသော
ဘုရားသခင်ဖြစ်၏။ ငါမတတ်နိုင် သော အရာတစုံတခုရှိလိမ့်မည်လော။ 28 သို့ဖြစ်၍၊ ထာဝရဘုရား မိန့်တော်မူသည်ကား၊ ဤမြို့ကို
ခါလဒဲလူတို့ လက်သို့၎င်း၊ ဗာဗုလုန်ရှင်ဘုရင် နေဗုခဒ်နေဇာလက်သို့၎င်း ငါအပ်၍၊ သူသည် သိမ်းယူ လိမ့်မည်။ 29 ဤမြို့ကို
တိုက်သော ခါလဒဲလူတို့သည်ဝင်၍ မီးရှို့ကြလိမ့်မည်။ ငါ့အမျက်ကိုနှိုးဆော်ခြင်းငှါ ဗာလ ဘုရားအဘို့ အိမ်မိုးပေါ်မှာ


generated on Tue Jul 2 12:50:28 2024

နံ့သာပေါင်းကိုမီးရှို၍၊ အခြား တပါးသော ဘုရားတို့အဘို့ သွန်းလောင်းရာပူဇော် သက္ကာ ကိုပြုရာ အိမ်များနှင့်တကွ၊ တမြို့လုံးကို
မီးလောင်စေကြ လိမ့်မည်။ 30 အကြောင်းမူကား၊ ဣသရေလအမျိုးသားတို့နှင့် ယုဒအမျိုးသားတို့သည်၊ ငယ်သော အရွယ်မှစ၍ ငါ့ရှေ့
မှာ ဒုစရိုက်ကိုသာ ပြုကြပြီ။ မိမိတို့ ပြုလေရာရာ၌ ငါ့အမျက်ကို နှိုးဆော်ခြင်းငှါသာ ပြုကြပြီ။ 31 ဣသရေလအမျိုးနှင့် ယုဒအမျိုး၏
32 ရှင်ဘုရင်၊ မှူးမတ်၊ ယဇ်ပုရောဟိတ်၊ ပရောဖက်၊ ယုဒပြည်သူ ယေရုရှလင်မြို့သားတို့သည် ငါ့အမျက်ကို နှိုးဆော်ခြင်းငှါ
ပြုလေသမျှသော ဒုစရိုက်ကြောင့်၊ ဤမြို့ ကို ငါ့ထံမှ ငါပယ်ရှားမည်အကြောင်း၊ မြို့တည်သော နေ့မှစ၍ ယနေ့တိုင်အောင်၊
ငါ့အမျက်ထွက်၍၊ အမျက် အရှိန်အားကြီးစေသော မြို့ဖြစ်၏။ 33 သူတို့သည် ငါ့ကိုမျက်နှာမပြုဘဲ ကျောခိုင်းကြပြီ။ ငါသည်
စောစောထ၍ အထပ်ထပ်ဆုံးမ သွန်သင်သော် လည်း၊ ငါ၏ဩဝါဒကို ခံလိုသောငှါ နားမထောင်ကြ။ 34 ငါ၏နာမဖြင့် သမုတ်သော
ဗိမာန်ကို ညစ်ညူး စေခြင်းငှါ၊ စက်ဆုပ်ရွံရှာဘွယ်သော အရာတို့ကို သွင်း ထားကြပြီတကား၊ 35 သူတို့သားသမီးတို့ကို
မောလုပ်ဘုရားအား ပူဇော်ခြင်းငှါ၊ ဟိန္နုံ သား၏ချိုင့်၌ရှိသော ဗာလဘုရား၏ ကုန်းတို့ကို တည်လုပ်ကြပြီ။ ယုဒအမျိုးအပေါ်သို့ အပြစ်
ရောက်စေခြင်းငှါ၊ ထိုမျှလောက် စက်ဆုပ်ရွံရှာဘွယ် သောအမှုကို ငါမမှာထား၊ ငါအလျှင်အလိုမရှိဘဲ ပြုကြပြီ ဟု ထာဝရဘုရား
မိန့်တော်မူ၏။ 36 သို့ရာတွင်၊ ထားဘေး၊ မွတ်သိပ်ခြင်းဘေး၊ ကာလနာဘေးအားဖြင့် ဗာဗုလုန်ရှင်ဘုရင် လက်သို့ ရောက်မည်ဟု
သင်တို့ဆိုတတ်သော ဤမြို့ကို ရည်မှတ် ၍၊ ဣသရေလအမျိုး၏ ဘုရားသခင် ထာဝရဘုရား မိန့်တော်မူသည်ကား၊ 37 ငါသည်
အမျက်ဟုန်းဟုန်းထွက်၍၊ အမျက် အရှိန်အားကြီးသည်နှင့်၊ သူတို့ကိုနှင်ထုတ်ရာ တိုင်းပြည် ရှိသမျှတို့မှ၊ တဖန်စုသိမ်း၍
ဤအရပ်သို့ဆောင်ခဲ့ပြီး လျှင်၊ ငြိမ်ဝပ်စွာနေစေမည်။ 38 သူတို့သည် ငါ၏လူဖြစ်ကြလိမ့်မည်။ ငါသည် လည်း သူတို့၏
ဘုရားသခင်ဖြစ်မည်။ 39 ကိုယ်အကျိုးအလိုငှါငှါရင်း၊ နောက်ဖြစ်လတံ့သော သားသမီးတို့၏ အကျိုးအလိုငှါငှါရင်း၊ ငါ့ကိုအစဉ် ကြောက်ရွံ့
စေခြင်းငှါ တညီတညွတ်တည်း ကျင့်ကြံနိုင်သော သဘော ကို ငါပေးမည်။ 40 သူတို့ကို မစွန့်ပစ်ဘဲ အစဉ်ကျေးဇူးပြုခြင်းငှါ၊ သူတို့၌
ထာဝရပဋိညာဉ်ကို ငါထားမည်။ သူတို့သည်လည် ငါ့ထံမှ မထွက်မသွားမည်အကြောင်း၊ ငါ့ကိုကြောက်ရွံ့ သော သဘောနှင့်
ပြည့်စုံစေမည်။ 41 သူတို့အား ကျေးဇူးပြုခြင်း အမှု၌ငါသည် အားရ ဝမ်းမြောက်၍၊ ငါ့စိတ်နှလုံးနှင့် နံဝိညာဉ်အကြွင်းမဲ့ ပါလျက်၊
သူတို့ကို ဤပြည်၌ ဆက်ဆက်နေရာချမည်။ 42 ထာဝရဘုရား မိန့်တော်မူသည်ကား၊ ဤလူမျိုး အပေါ်မှာ ကြီးစွာသော
ဤဘေးဥပဒ်အပေါင်းကို ရောက်စေသည် နည်းတူ၊ ငါဂတိထားသော ကောင်းကျိုး အပေါင်းကိုလည်း ငါရောက်စေမည်။ 43 လူမရှိ၊
တိရစ္ဆာန်မရှိ ဆိတ်ညံ့ပြီ၊ ခါလဒဲ လူတို့ လက်သို့ ရောက်လေပြီဟု သင်တို့ဆိုတတ်သော ဤပြည်၌၊ နောက်တဖန် လယ်ယာတို့ကို
ရောင်းဝယ်ကြလိမ့်မည်။ 44 ဗင်္ယာမိန်ပြည်၌၎င်း၊ ယေရုရှလင်မြို့ ပတ်ဝန်း ကျင်အရပ်တို့၌၎င်း၊ ယုဒပြည်တွင်ရှိသော မြို့တို့၌၎င်း၊
တောင်ပေါ်မြို့၊ ချိုင့်ထဲမြို့၊ တောင်ဘက်မြို့တို့၌၎င်း၊ လူတို့သည် လယ်ယာတို့ကို ငွေနှင့်ဝယ်ခြင်း၊ စာချုပ်ကို စီရင်ခြင်း၊
တံဆိပ်ခတ်ခြင်း၊ သက်သေတို့ကိုခေါ်ထားခြင်း အမှုများကို ပြုမြဲပြုကြလိမ့်မည်။ အကြောင်းမူကား၊ သိမ်း သွားခြင်းကို
ခံရသောသူတို့ကို တဖန် ငါဆောင်ခဲ့ဦး မည်ဟု ထာဝရဘုရား မိန့်တော်မူ၏။


generated on Tue Jul 2 12:50:28 2024

## Chapter 33

1 ယေရမိသည် ထောင်ဝင်းထဲမှာ အချုပ်ခံလျက် နေရသောအခါ၊ ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ဒုတိယအကြိမ်
ရောက်လာ၍၊ 2 ဤအမှုကကို ပြုသောဘုရား၊ ဤအမှုကို ဖန်ဆင်းစီရင်သော ဘုရား၊ ယေဟောဝါ အမည်ရှိသော ထာဝရဘုရား
မိန့်တော်မူသည်ကား၊ 3 ငါ့ကိုခေါ်လော့။ ငါထူးမည်။ ကြီးသောအရာ၊ သင်မသိနိုင်အောင် နက်နဲသော အရာတို့ကို ငါပြမည်။ 4
ပြအိုးမြေရိုးဖြင့်၎င်း၊ ထားဖြင့်၎င်း ပြိုပျက်သော ဤမြို့၏အိမ်များ၊ ယုဒရှင်ဘုရင်၏ ဘုံဗိမာန်များကို ရည်မှတ်၍၊
ဣသရေလအမျိုး၏ ဘုရားသခင် ထာဝရ ဘုရား မိန့်တော်မူသည်ကား၊ 5 ခါလဒဲလူတို့သည် စစ်တိုက်ခြင်းငှါ လာကြ၏။ ငါသည်
ပြင်းစွာ အမျက်ထွက်၍ ကွပ်မျက်သော သူတို့၏ အသေကောင်များနှင့် ထိုအိမ်များကို ပြည့်စေခြင်းငှါ လာကြ၏။ ထိုသူတို့၏
ဒုစရိုက်များကြောင့်၊ ဤမြို့မှ ငါသည် မျက်နှာကိုလွှဲပြီ။ 6 သို့ရာတွင်၊ ငါသည် ဤမြို့၏ အနာကို ဆေးအုံ ၍ ပျောက်စေမည်။
မြို့သားတို့သည် ကျန်းမာမည် အကြောင်း၊ မြဲသောစည်းစိမ်ချမ်းသာနှင့် ပြည့်စုံမည် အကြောင်းကို ငါပြမည်။ 7
သိမ်းသွားခြင်းကိုခံရသော ယုဒအမျိုးနှင့် ဣသရေလအမျိုးသားတို့ကို တဖန်ငါဆောင်ခဲ့၍ အရင် ကဲ့သို့ တည်ဆောက်မည်။ 8
သူတို့သည် ငါ့ကိုပြစ်မှားသမျှသော အပြစ်တို့ကို ငါဖြေရှင်းမည်။ ငါ့ကိုပြစ်မှား၍ ငါ၏တရားကို လွန်ကျူး သမျှသော အပြစ်တို့ကို
ငါလွှတ်မည်။ 9 ဤမြို့သည် ငါ၀မ်းမြောက်စရာအကြောင်း၊ မြေပေါ်မှ ခပ်သိမ်းသောလူမျိုးတို့တွင် ချီးမွမ်းစရာ အကြောင်း၊
ဂုဏ်အသရေတော်ကျော်စောစရာအကြောင်း ဖြစ်လိမ့်မည်။ ဤမြို့သားတို့အား ငါပြုသမျှသော ကျေးဇူးကို လူအမျိုးမျိုးတို့သည်
ကြားသိကြလိမ့်မည်။ ဤမြို့၌ ငါပြုစုသမျှသော စည်းစိမ်ချမ်းသာကိုထောက်၍ ကြောက်ရွံ့တုန်လှုပ်ကြလိမ့်မည်။ 10 ထာဝရဘုရား
မိန့်တော်မူသည်ကား၊ လူမရှိ၊ တိရစ္ဆာန်မရှိ၊ ဆိတ်ညံ့ပြီဟု သင်တို့ဆိုတတ်သော ဤအရပ်၌၎င်း၊ လူမရှိ၊ တိရစ္ဆာန်မရှိ၊ နေသောသူမရှိ၊
ဆိတ်ညံသောယုဒမြို့များ၊ ယေရုရှလင် လမ်းများတို့၌၎င်း၊ 11 နောက်တဖန်ဝမ်းမြောက်သော အသံ၊ ရွှင်လန်း သော အသံ၊
မင်္ဂလာဆောင်သတို့သားအသံ၊ မင်္ဂလာ ဆောင်သတို့သမီးအသံ၊ ထာဝရဘုရားသည် ကောင်းမြတ် တော်မူ၍ ကရုဏာတော်သည်
အစဉ်အမြဲတည်သော ကြောင့်၊ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားကို ချီးမွမ်းကြလော့ဟုဆိုသော သူတို့၏အသံ၊ ချီးမွမ်းရာ
ပူဇော်သက္ကာကို ဗိမာန်တော်သို့ဆောင်ခဲ့သော သူတို့၏ အသံကို ကြားရကြလိမ့်မည်။ အကြောင်းမူကား၊ သိမ်း သွားခြင်းကို ခံရသော
ပြည်သားတို့ကို ငါဆောင်ခဲ့၍၊ အရင်ကဲ့သို့ နေစေမည်ဟု မိန့်တော်မူ၏။ 12 ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်
တော်မူသည်ကား၊ လူမရှိ၊ တိရစ္ဆာန်မရှိ၊ ဆိတ်ညံသော ဤအရပ်တွင်၊ မြို့ရွာရှိသမျှတို့၌ သိုးစုကို ထိန်းသော
သိုးထိန်းနေရာရှိလေဦးမည်။ 13 တောင်ပေါ်မြို့၊ ချိုင့်ထဲမြို့၊ တောင်ဘက်မြို့၊ ဗယ်္ယာမိန်ပြည်၊ ယေရုရှလင်မြို့ ပတ်ဝန်းကျင်အရပ်၊
ယုဒမြို့များတို့၌၊ သိုးစုကိုရေတွက်သော သူ၏ လက် အောက်မှာ၊ သိုးစုတို့သည် တဖန်ရှောက်သွားကြလိမ့်မည် ဟု မိန့်တော်မူ၏။ 14
တဖန် ထာဝရဘုရား မိန့်တော်မူသည်ကား၊ ဣသရေလအမျိုးနှင့် ယုဒအမျိုးသားတို့၌ ငါထားသော ဂတိအတိုင်း ကျေးဇူးပြုရသော
အချိန်ကာလသည် ရောက်လိမ့်မည်။ 15 ထိုကာလအခါ သန့်ရှင်းသော အညွန့်ကို ဒါဝိဒ် အဘို့ငါ ပေါက်စေ၍၊ သူသည် မြေကြီးပေါ်မှာ
တရား သဖြင့် ဖြောင့်မတ်စွာ စီရင်လိမ့်မည်။ 16 ထိုကာလ၌ ယုဒပြည်သည် ကယ်တင်ခြင်းသို့ ရောက်၍၊ ယေရုရှလင်မြို့သည်လည်း
ငြိမ်ဝပ်ခြင်း ရှိလိမ့် မည်။ ထိုမြို့သည် ယေဟောဝါဇေဒကနုဟူသော ဘွဲ့နာမရှိလိမ့်သတည်း။ 17 ထာဝရဘုရား မိန့်တော်မူသည်ကား၊
ဣသ ရေလနန်းတော်ပေါ်မှာ ထိုင်ရသော ဒါဝိဒ်မင်းရိုးမင်းစဉ် သည် အလျှင်းမပြတ်ရ။ 18 ငါ့ရှေ့မှာ မီးရှို့ရာ ယဇ်ကိုပူဇော်လျက်၊
ဘောဇဉ် ပူဇော်သက္ကာကို မီးရှို့လျက်၊ ယဇ်ပူဇော်ရာဝတ်ကို အစဉ်ပြုရသော လေဝိသားယဇ်ပုရောဟိတ် ရိုးလည်း အလျှင်းမပြတ်ရဟု
မိန့်တော်မူ၏။ 19 တဖန် ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ယေရမိသို့ ရောက်၍၊ 20 ထာဝရဘုရား မိန့်တော်မူသည်ကား၊ ငါထား
သော နေ့ပဋိညာဉ်နှင့် ညဉ့်ပဋိညာဉ်တရားကို သင်တို့ သည် ဖျက်၍၊ နေ့ညဉ့်အပိုင်းအခြား မရှိစေခြင်းငှါ တတ် နိုင်လျှင်၊ 21 ငါ၏ကျွန်
ဒါဝိဒ်၌ ငါထားသော ပဋိညာဉ် ပျက်၍၊ ဒါဝိဒ်၏ ရာဇပလ္လင်ပေါ်မှာစိုးစံရသော ဒါဝိဒ် မင်းရိုးသည် ပြတ်လိမ့်မည်။ ငါ၏အမှု
ထမ်းလေဝိသား ယဇ်ပုရောဟိတ်ရိုးလည်း ပြတ်လိမ့်မည်။ 22 မိုဃ်းကောင်းကင် တန်ဆာတို့ကို မရေတွက်နိုင်၊ သမုဒ္ဒရာသဲလုံးတို့ကို
ကောင်းကင်နှင့် မခြင်နိုင်အောင် များပြားသကဲ့သို့၊ ငါ့ကျွန်ဒါဝိဒ်၏အမျိုးကို၎င်း၊ ငါ၏အမှု ထမ်းလေဝိသားတို့ကို၎င်း
ငါများပြားစေမည်ဟု မိန့်တော် မူ၏။ 23 တဖန် ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ယေရမိသို့ ရောက်လာသည်ကား၊ 24
ထာဝရဘုရား ရွေးကောက်သော လူမျိုးနှစ်မျိုး ကို တဖန်ပယ်တော်မူပြီဟု ဤလူတို့ပြောတတ်သော စကားကို
သင်သည်ဆင်ခြင်ပြီလော။ ထိုသို့သူတို့သည် ငါ၏လူမျိုးကို လူမျိုး ကဲ့သို့မမှတ်၊ မထီမဲ့မြင်ပြုကြပြီ။ 25 ထာဝရဘုရား
မိန့်တော်မူသည်ကား၊ နေ့နှင့်ညဉ့် အဘို့ငါ၏ပဋိညာဉ်မရှိလျှင်၎င်း၊ မိုဃ်းကောင်းကင်နှင့် မြေကြီးတရားတို့ကို ငါမစီရင်လျှင်၎င်း၊ 26
အာဗြဟံ၊ ဣဇာက်၊ ယာကုပ်အမျိုးကို အုပ်စိုး ရသော မင်းအရာ၌၊ ယာကုပ်အမျိုးနှင့် ငါ့ကျွန်ဒါဝိဒ်၏ အမျိုးသားစဉ် မြေးဆက်ထဲက
ငါရွေး၍ မခန့်ထားဘဲ စွန့်ပစ်မည်။ သို့မဟုတ် သိမ်းသွားခြင်းကိုခံရသော ထိုသူ တို့ကို တဖန်ငါဆောင်ခဲ့၍ မသာနားမည်ဟု မိန့်တော်
မူ၏။



generated on Tue Jul 2 12:50:28 2024

## Chapter 34

1 ဗာဗုလုန် ရှင်ဘုရင် နေဗုခဒ်နေဇာ မင်းကြီး သည် ဗိုလ်ခြေအပေါင်း၊ အစိုးရတော်မူသမျှသော တိုင်းနိုင်ငံသား၊ လူမျိုးအသီးအသီး
အပေါင်းတို့နှင့်တကွ၊ ယေရုရှလင်မြို့ကိုငှင်း၊ ထိုမြို့နှင့်ဆိုင်သမျှသော မြို့ရွာ တို့ကိုငှင်း တိုက်သောအခါ၊ ထာဝရဘုရား၏
နှုတ်ကပတ် တော်သည် ယေရမိသို့ရောက်၍၊ 2 ဣသရေလအမျိုး၏ ဘုရားသခင် ထာဝရဘုရား မိန့်တော်မူသည်ကား၊ သင်သည်
ယုဒရှင်ဘုရင် ဇေဒကိကို သွား၍ ပြောရမည်မှာ၊ ထာဝရဘုရား မိန့်တော်မူသည်ကား၊ ဤမြို့ကို ဗာဗုလုန် ရှင်ဘုရင်လက် သို့ ငါအပ်၍၊
သူသည် မီးရှို့လိမ့်မည်။ 3 သင်သည် ထိုမင်းလက်နှင့်မလွတ်ရ။ စင်စစ် သင့်ကိုဘမ်းဆီး၍ ထိုမင်းလက်သို့ အပ်ကြလိမ့်မည်။ သင်သည်
ဗာဗုလုန်ရှင်ဘုရင်ကို မျက်နှာချင်းဆိုင်၍ တယောက်နှင့်တယောက် စကားပြောရလိမ့်မည်။ ဗာဗုလုန်မြို့သို့လည်း သွားရလိမ့်မည်။ 4
သို့ရာတွင်၊ ယုဒရှင်ဘုရင် ဇေဒကိမင်းကြီး၊ ထာဝရဘုရား၏ စကားတော်ကို နားထောင်လော့။ မင်းကြီးကို ရည်မှတ်၍ ထာဝရဘုရား
မိန့်တော်မူသည် ကား၊ သင်သည် ထားဖြင့်အသေမခံရ။ 5 ငြိမ်ဝပ်စွာသေ၍ သင့်ရှေ့မှာ စိုးစံသော ဘိုးတော်ဘေးတော်တို့အဘို့
ပြုဘူးသည်နည်းတူ၊ သင့် အဘို့ နံ့သာပေါင်းကို မီးရှို့လျက်၊ ဩ သခင်ဟူ၍ ငိုကြွေး မြည်တမ်းကြလိမ့်မည်။ ငါပြောထားပြီဟု
ထာဝရဘုရား မိန့်တော်မူ၏။ 6 ဗာဗုလုန် ရှင်ဘုရင်၏ ဗိုလ်ခြေတို့သည် ယေရု ရှလင်မြို့ကိုငှင်း၊ 7 ယုဒပြည်၌ ခိုင်ခံ့၍
ကျန်ကြွင်းသောမြို့၊ လာခိရှ မြို့၊ အဇေကာမြို့တည်းဟူသော ယုဒပြည်၌ ကျန်ကြွင်း သော မြို့တို့ကိုငှင်း တိုက်သောအခါ၊ ပရောဖက်
ယေရမိ သည် ထိုစကားအလုံးစုံတို့ကို ယုဒရှင်ဘုရင် ဇေဒကိအား ဆင့်ဆိုလေ၏။ 8 ယေရုရှလင်မြို့သားအပေါင်းတို့သည် အသီး
အသီးစေစားသော ယုဒညီအစ်ကိုချင်း၊ 9 အစေခံရသော ဟေဗြဲအမျိုးကျွန်ယောကျ်ား မိန်းမတို့ကို နောက်တဖန်
မစေစားဘဲလွှတ်စေခြင်းငှါ၊ ဇေဒကိမင်းကြီးသည် လွှတ်ခြင်းတရားကို စီရင်မည်ဟု ဝန်ခံပြီးသည်နောက်၊ ထာဝရဘုရား၏
နှုတ်ကပတ်တော် သည် ယေရမိသို့ရောက်လာ၏။ 10 အကြောင်းမူကား၊ ဝန်ခံသောမှူးမတ်၊ ဆင်းရဲ သားအပေါင်းတို့သည် အသီးအသီး
စေစားသော ကျွန် ယောကျ်ား မိန်းမတို့ကို နောက်တဖန် မစေစားဘဲ လွှတ် မည်ဟု ကြားသောအခါ၊ နားထောင်၍ လွှတ်လိုက်ကြ၏။ 11
နောက်တဖန် ပြောင်းလဲ၍ ယခင်လွှတ်ပြီးသော ကျွန်ယောကျ်ား မိန်းမတို့ကို ခေါ် ပြန်၍ အစေကျွန်ခံစေ ကြ၏။ 12 ထိုကြောင့်၊
ထာဝရဘုရား၏ နှုတ်ကပတ်တော် သည် ယေရမိသို့ ရောက်၍၊ 13 ဣသရေလအမျိုး၏ ဘုရားသခင် ထာဝရဘုရား
မိန့်တော်မူသည်ကား၊ သင်တို့ ဘိုးဘေးများကို ကျွန်ခံ နေရာ အဲဂုတ္တုပြည်မှ ငါနှုတ်ဆောင်သောအခါ၊ 14 သင်တို့သည်
အသီးအသီးဝယ်သော ညီအစ်ကို ချင်း ဟေဗြဲအမျိုးသားတို့ကို ခုနစ်နှစ်စေ့လျှင် လွှတ်ရ မည်။ ခြောက်နှစ်ပတ်လုံး သင်တို့၌
အစေကျွန်ခံပြီးမှ၊ လွှတ်သော အခွင့်ကိုပေးရမည်ဟု ပညတ်သော်လည်း၊ သင်တို့ ဘိုးဘေးများတို့သည် ငါ့စကားကို နားမထောင်၊
နားကို ပိတ်လျက်နေကြ၏။ 15 သင်တို့သည် ယခုမှာပြောင်းလဲ၍၊ အသီးအသီး အိမ်နီးချင်းတို့ အား လွှတ်ရသော အခွင့်ကို ထင်ရှားစွာ
စီရင်သဖြင့်၊ ငါ့ရှေ့၌ တရားသော အမှုကို ပြုလျက်၊ ငါ့နာမဖြင့် သမုတ်သော ဗိမာန်တော်၌ ငါ့ရှေ့မှာ ဝန်ခံ ခြင်း
ပဋိညာဉ်ကိုပြုကြသော်လည်း၊ 16 တဖန်ပြောင်းလဲ၍ ငါ၏နာမကို ရှုတ်ချလျက်၊ အသီးအသီး ရှင်းရှင်းလွှတ်ဘူးသော ကျွန်ယောကျ်ား
မိန်းမတို့ကို ခေါ် ပြန်၍ အစေကျွန်ခံစေကြပြီတကား။ 17 ထိုကြောင့်၊ ထာဝရဘုရား မိန့်တော်မူသည်ကား၊ သင်တို့သည် အသီးအသီး
ညီအစ်ကိုချင်း၊ အိမ်နီးချင်းတို့ အား လွှတ်ရသောအခွင့်ကို ထင်ရှားစွာ မစီရင်၊ ငါ့စကား ကို နားမထောင်သောကြောင့်၊ ထာဝရဘုရား
မိန့်တော်မူ သည်ကား၊ ငါသည် သင်တို့အဘို့၊ ထားဘေး၊ ကာလနာ ဘေး၊ မွတ်သိပ်ခြင်းဘေးတို့အား လွှတ်သောအခွင့်ကို ထင်ရှားစွာ
စီရင်၍၊ အတိုင်းတိုင်းအပြည်ပြည်တို့၌ အနှောင့်အရှက်ခံစေမည်။ 18 နွားသငယ်ကို ထက်ခြမ်းခွဲ၍၊ အလယ်သို့ ရှောက်သွားလျက်၊
ငါ့ရှေ့မှာပြုသော ဝန်ခံခြင်းပဋိညာဉ် စကားအတိုင်းမကျင့်၊ ငါ၏ပဋိညာဉ်ကို ဖျက်သော သူတည်းဟူသော၊ 19 ယုဒမင်း၊
ယေရုရှလင်မင်း၊ မှူးမတ်၊ ယဇ်ပုရောဟိတ် အစရှိသော၊ နွားသငယ်ထက်ခြမ်းအလယ်သို့ ရှောက်သွားသော
ပြည်သူပြည်သားအပေါင်းတို့ကို၊ 20 သူတို့ရန်သူများလက်သို့ငှင်း၊ သတ်ချင်သော သူများလက်သို့ငှင်း ငါအပ်မည်။ သူတို့အသေကောင်
များတို့သည် မိုဃ်းကောင်းကင်ငှက်နှင့် တောသားရဲများ စားစရာဘို့ဖြစ်ကြလိမ့်မည်။ 21 ယုဒရှင်ဘုရင် ဇေဒကိမှစ၍ မှူးတော်မတ်တော်
တို့ကို သူတို့ရန်သူများလက်သို့ငှင်း၊ သတ်ချင်သောလူများ လက်သို့ငှင်း၊ ယခုလွှဲသွားသောဗာဗုလုန်ရှင်ဘုရင်၏
ဗိုလ်ခြေများလက်သို့ငှင်း ငါအပ်မည်။ 22 ငါသည် အမိန့်တော်ပေး၍ သူတို့ကို ဤမြို့သို့ ပြန်လာစေမည်။ သူတို့သည်
တိုက်ယူ၍မီးရှို့ကြလိမ့်မည်။ ငါသည်လည်း၊ ယုဒမြို့ရွာတို့ကို လူတို့ဆိတ်ညံရာအရပ် ဖြစ်စေမည်ဟု ထာဝရဘုရား မိန့်တော်မူ၏။


generated on Tue Jul 2 12:50:28 2024

## Chapter 35

[1] ယုဒရှင်ဘုရင် ယောရှိသား ယောယကိမ်မင်း လက်ထက်၊ ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ယေရမိသို့ ရောက်လာသည်ကား၊
[2] သင်သည်ရေခပ်အမျိုးသားတို့အိမ်သို့သွား၍၊ သူတို့နှင့်နှုတ်ဆက် ပြီးမှ၊ ဗိမာန်တော် အခန်းတခန်းထဲသို့ ခေါ်သွင်း၍
စပျစ်ရည်ကိုတိုက်ပေးလော့ဟု မိန့်တော်မူ သည်အတိုင်း၊ [3] ငါသည် ဟာဗဇိညာသားဖြစ်သော ယေရမိ၏ သား ယာဇညာမှစ၍၊
သူ၏ညီအစ်ကိုတို့နှင့် သားများ အပေါင်း၊ ရေခပ်အမျိုးသားအပေါင်းတို့ကို ခေါ်၍၊ [4] ဗိမာန်တော်အတွင်း၊ တံခါးစောင့်ရှလ္လုံသား
မာသေယ၏ အခန်းအပေါ်၊ မှူးတော်မတ်တော် စည်းဝေး ရာအခန်းနားမှာ ဘုရားသခင်၏လူ ဣဂဒါလိသား ဟာနန်၏သားတို့
နေသောအခန်းထဲသို့ ဆောင်သွား ပြီးလျှင်၊ [5] ထိုရေခပ် အမျိုးသားတို့ရှေ့၌ စပျစ်ရည်နှင့် ပြည့်သောအိုးများနှင့်
ခွက်ဖလားတို့ကိုထည့်၍၊ စပျစ်ရည် ကို သောက်ကြပါဟု သူတို့အား ဆို၏။ [6] သူတို့ကလည်း၊ အကျွန်ုပ်တို့သည် စပျစ်ရည်ကို
မသောက်ပါ။ အကြောင်းမူကား၊ အကျွန်ုပ်တို့အမျိုး၏ အဘရေခပ်၏ သားယောနဒပ်က၊ သင်တို့မှစ၍ သားစဉ် မြေးဆက်တို့သည်
စပျစ်ရည်ကို မသောက်ရကြ။ [7] အိမ်ကိုလည်း မဆောက်ရ၊ မျိုးစေ့ကိုလည်း မကြဲရ၊ စပျစ်ဥယျာဉ်ကိုလည်းမစိုက်ရ၊ မရှိစေရကြ။
သင်တို့သည် ဧည့်သည်ဖြစ်လျက်နေသော ပြည်၌ အသက်တာရှည်မည်အကြောင်း၊ တသက်လုံး တဲနှင့်သာ နေရကြမည်ဟု
အကျွန်ုပ်တို့ကို မှာထားပါပြီ။ [8] ထိုကြောင့်၊ အကျွန်ုပ်တို့သည် မယားသားသမီး နှင့်တကွ တသက်လုံးစပျစ်ရည်ကိုမသောက်။ [9]
နေစရာဘို့အိမ်ကိုလည်း မဆောက်။ စပျစ် ဥယျာဉ်မရှိ။ လယ်ယာမရှိ၊ မျိုးစေ့မရှိ။ [10] တဲနှင့်သာ နေ၍ အကျွန်ုပ်တို့အမျိုး၏ အဘ
ရေခပ်သား ယောနဒပ် မှာထားသမျှသော စကားကို နားထောင်လျက်၊ အဘယောနဒပ်မှာ ထားသမျှအတိုင်း ပြုကြပါပြီ။ [11]
ဗာဗုလုန်ရှင်ဘုရင် နေဗုခဒ်နေဇာသည် ဤ ပြည်သို့ လာသောအခါ၊ အကျွန်ုပ်တို့က၊ လာကြ။ ယေရု ရှလင်မြို့သို့ သွားကြကုန်အံ့။
ခါလဒဲစစ်သူရဲတို့နှင့် ရှုရိစစ်သူရဲတို့ကို ကြောက်စရာရှိသည်ဟု အချင်းချင်း ပြောဆို၍၊ ယခုယေရုရှလင်မြို့၌ နေကြပါသည်ဟု
ဆိုကြ၏။ [12] ထိုအခါ ထာဝရဘုရား၏ နှုတ်ကပတ်တော် သည် ယေရမိသို့ ရောက်လာ၍၊ [13] ဣသရေလအမျိုး၏ဘုရားသခင်၊
ကောင်းကင် ဗိုလ်ခြေ အရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ သင်သည်ယုဒပြည်သူ၊ ယေရုရှလင်မြို့သားတို့ ရှိရာသို့ သွား၍၊
သင်တို့သည် ငါ့စကားကို နားထောင် အံ့သောငှါ ဆုံးမခြင်းကို မခံကြသလောဟု ထာဝရဘုရား မေးတော် မူ၏။ [14] စပျစ်ရည်ကို
မသောက်ရဟု၊ ရေခပ်သားယောန ဒပ်သည် မိမိ သားတို့၌ ထားသော ပညတ်စကားအတိုင်း၊ သူတို့သည် ကျင့်၍ ယနေ့တိုင်အောင်
စပျစ်ရည်ကို မသောက်ဘဲနေလျက်၊ အဘ၏ပညတ်စကားကို နား ထောင်ကြ၏။ ငါသည် စောစောထ၍ သင်တို့ကို အထပ် ထပ်
ပြောသော်လည်း၊ သင်တို့သည် ငါ့စကားကို နား မထောင်ကြ။ [15] ငါ၏ကျွန်ပရောဖက်အပေါင်းတို့ကိုလည်း၊ ငါသည်စောစောထ၍
သင်တို့ရှိရာသို့ အထပ်ထပ် စေလွှတ်လျက်၊ သင်တို့အသီးအသီးလိုက်သော အဓမ္မ လမ်းကို ရှောင်ကြလော့။ သင်တို့အကျင့်ကို
ပြုပြင်ကြ လော့။ အခြားတပါးသော ဘုရားနောက်သို့မလိုက်၊ ဝတ်မပြုကြနှင့်။ ဤစကားကို နားထောင်လျှင်၊ သင်တို့
နှင့်သင်တို့၏ဘိုးဘေးတို့အား ငါပေးသောပြည်၌ နေရကြ လိမ့်မည်ဟု မှာလိုက်သော်လည်း၊ သင်တို့သည် နားကိုပိတ် လျက်၊
ငါ့စကားကို နားမထောင်ဘဲ နေကြပြီ။ [16] ရေခပ်သားဖြစ်သော ယောနဒပ်၏ သားမြေးတို့ သည် မိမိတို့ အဘမှာထားသော
စကားအတိုင်းကျင့်ကြ၍၊ ဤလူမျိုးသည် ငါ့စကားကို နားမထောင်သောကြောင့်၊ [17] ဣသရေလအမျိုး၏ဘုရားသခင်၊ ကောင်းကင်
ဗိုလ်ခြေအရှင် ဘုရားသခင် ထာဝရဘုရား မိန့်တော်မူ သည်ကား၊ ငါသည်ခြိမ်းသမျှသော ဘေးဥပဒ်တို့ကို ယုဒပြည်သူ၊
ယေရုရှလင်မြို့သား အပေါင်းတို့အပေါ်သို့ ရောက်စေမည်။ အကြောင်းမူကား၊ ငါပြောသော်လည်း၊ သူတို့သည် နား မထောင်ကြ။
ခေါ်သောလည်းမထူးကြဟု မိန့်တော်မူ၏။ [18] ရေခပ်အမျိုးသားတို့အားလည်း၊ ယေရမိဆင့်ဆို သော၊ ဣသရေလအမျိုး၏
ဘုရားသခင်၊ ကောင်းကင် ဗိုလ်ခြေအရှင် ထာဝရ ဘုရား၏ အမိန့်တော်ဟူမူကား၊ သင်တို့သည် သင်တို့အဘယောနဒပ်၏
ပညတ်စကားကို နားထောင်၍၊ သူစီရင်ထုံးဖွဲ့သမျှအတိုင်း ကျင့်စောင့် သောကြောင့်၊ [19] ရေခပ်ယောနဒပ်အမျိုး၌ ငါ့အမှုထမ်းတို့သည်
အစဉ်ရှိကြလိမ့်မည်ဟု ဣသရေလအမျိုး၏ဘုရားသခင်၊ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားမိန့်တော်မူ၏။


generated on Tue Jul 2 12:50:28 2024

## Chapter 36

[1] ယုဒရှင်ဘုရာင် ယောရှိသား ယောယကိမ်မင်း နန်းစံလေးနှစ်တွင်၊ ထာဝရဘုရား၏နှုတ်ကပတ်တော် သည် ယေရမိသို့
ရောက်လာသည်ကား၊ [2] သင်သည် စာလိပ်ကိုယူပြီးလျှင်၊ ယောရှိမင်း လက်ထက်၌ သင့်အား ငါပြောသော နေ့မှစ၍ ယနေ့ တိုင်အောင်
ဣသရေလပြည်၊ ယုဒပြည်အစရှိသော ခပ်သိမ်းသော တိုင်းပြည်တို့ကို ငါခြိမ်းသမျှသေ၌ စကား အတိုင်း ရေးထားလော့။ [3]
ယုဒအမျိုးတို့၌ ပြုမည်ဟု ငါကြံစည်သမျှသော ဘေးဥပဒ်တို့ကို သူတို့သည် ကြားသောအခါ၊ သူတို့ ဒုစရိုက်အပြစ်ကို
ငါလွှတ်မည်အကြောင်း၊ အသီးအသီး လိုက်ဘူးသော အဓမ္မလမ်းတို့ကို ရှောင်ကောင်း ရှောင်ကြ လိမ့်မည်ဟု မိန့်တော်မူ၏။ [4]
ထိုအခါယေရမိသည် နေရိသား ဗာရုတ်ကို ခေါ်ပြီးလျှင် ထာဝရဘုရားမိန့်တော်မူသမျှသော စကား တော်တို့ကို ပြန်ပြောသည်အတိုင်း၊
ဗာရုတ်သည် စာလိပ် ၌ ရေးထားလေ၏။ [5] ယေရမိကလည်း၊ ငါသည် အချုပ်ခံလျက် နေရ သောကြောင့်၊ ဗိမာန်တော်သို့ မသွားနိုင်။ [6]
သင်သွားလော့။ ငါပြန်ပြောသည်အတိုင်း၊ သင်သည် စာလိပ်၌ ရေးထားသော ထာဝရဘုရား၏ စကားတော်တို့ကို၊
အစာရှောင်သောနေ့တွင်၊ ဗိမာန် တော်၌ရှိသော သူတို့အားဘတ်လော့။ အမြို့မြို့အရွာရွာ ကလာသော ယုဒလူတို့အားလည်း
ဘတ်လော့။ [7] သူတို့သည် အသီးအသီးလိုက်ဘူးသော အဓမ္မလမ်း ကို ရှောင်လျက်၊ ထာဝရဘုရားအားပြပ်ဝပ်၍ ဆုတောင်း
ကောင်းဆုတောင်းကြလိမ့်မည်။ ဤလူမျိုး၌ ထာဝရဘုရား ခြိမ်းတော်မူသော အမျက်ဒေါသသည် အလွန်ပြင်းထန် ပေ၏ဟု
ဗာရုတ်အားမှာထားလေ၏။ [8] ထိုသို့ပရောဖက်ယေရမိ မှာထားသမျှအတိုင်း၊ နေရိသားဗာရုတ်သည်ပြု၍၊ ထာဝရဘုရား၏ စကား
တော်ပါသော စာကိုဗိမာန်တော်၌ ဘတ်လေ၏။ [9] ယုဒရှင်ဘုရင်ယောရှိသားယောယကိမ်မင်း နန်းစံငါးနှစ်၊ နဝမလတွင်
ယေရုရှလင်မြို့သားအပေါင်း တို့နှင့်၊ ယုဒမြို့ရွာမှ ယေရုရှလင်မြို့သို့ ရောက်လာသော သူအပေါင်းတို့သည် ထာဝရဘုရားရှေ့တော်၌
အစာ ရှောင်ရာအချိန်ကို ကြော်ငြာကြ၏။ [10] ထိုအခါဗာရုတ်သည် ဗိမာန်တော်တံခါးသစ်နား မှာ၊ အထက်တန်တိုင်းအတွင်း၊
စာရေးတော်ရှာဖန်သား ဂေမရိ၏အခန်း၌၊ ယေရမိစီရင်သော စာကို လူအပေါင်း တို့ ရှေ့မှာဘတ်လေ၏။ [11] ထိုစာ၌ပါသမျှသော
ထာဝရဘုရား၏ စကား တော်တို့ကို ရှာဖန်သားဖြစ်သော ဂေမရိ၏သားမိက္ခာယ သည်ကြားလျှင်၊ [12] နန်းတော်အတွင်း၊
စာရေးတော်အခန်းသို့ သွား၍၊ စာရေးတော် ဧလိရှမာ၊ ရှေမာယသားဒေလာယ၊ အာခဗော်သားဧလနာသန်၊ ရှာဖန်သား ဂေမရိ၊ ဟာန
နိသားဇေဒကိအစရှိသော မှူးတော်မတ်တော် အပေါင်း တို့သည် ထိုင်လျက်ရှိကြ၏။ [13] ထိုအခါဗာရုတ်သည် လူများတို့အား ဘတ် သော
စာထဲက မိက္ခာယကြားသမျှသော စကားတို့ကို ပြန်ပြောလေ၏။ [14] ထိုမင်းအပေါင်းတို့သည်လည်း၊ ကုရှိ၊ ရှေလမိ၊ နာသနိတို့မှ
ဆင်းသက်သောယေဟုဒိကို ဗာရုတ်ထံသို့ စေလွှတ်လျက်၊ သင်သည် လူများတို့အား ဘတ်သော စာလိပ်ကို သင့်လက်နှင့်ကိုင်၍
လာခဲ့ဟုခေါ်ကြ၏။ နေရိသားဗာရုတ်သည်လည်း၊ စာလိပ်ကိုကိုင်၍လာ၏။ [15] သူတို့ကလည်း ထိုင်လော့။ငါတို့အား ဘတ်လော့
ဟုဆိုသည်အတိုင်း၊ ဗာရုတ်သည် သူတို့ရှေ့မှာ ဘတ်လေ ၏။ [16] ထိုစကားအလုံးစုံတို့ကို မင်းများတို့သည် ကြား လျှင်၊ အချင်းချင်း
ကြောက်ရွံ့သော စိတ်ရှိ၍၊ ငါတို့သည် ဤစကားအလုံးစုံတို့ကို ရှင်ဘုရင်အား ဆက်ဆက်ကြားလျှောက်ရမည်ဟု ဗာရုတ်ကို ဆိုကြ၏။
[17] တဖန်သင်သည် ဤစကားအလုံးစုံတို့ကို သူ့နှုတ်မြွက်သည်အတိုင်း အဘယ်သို့ရေးထားသနည်းဟု မေးမြန်းလျှင်၊ [18] ဗာရုတ်က၊
သူသည်ဤစကားအလုံးစုံတို့ကို နှုတ်မြွက်၍၊ အကျွန်ုပ်သည် မှင်နှင့်ရေးထားပါ၏ဟု ပြန်ပြောသော်၊ [19] မင်းများတို့က၊
သင်သွားလော့။ ယေရမိနှင့် အတူ ပုန်းရှောင်၍နေလော့။ အဘယ်မှာနေသည်ကို တစုံတယောက်မျှ မသိစေနှင့်ဟုဗာရုတ် အားမှာခဲ့၍၊ [20]
စာလိပ်ကိုစာရေးတော်ဧလိရှမာ၏ အခန်း၌ ထားပြီးမှနန်းတော်အတွင်း၊ ရှင်ဘုရင်ထံသို့ဝင်၍၊ ထိုအမှု ကို အကုန်အစင်လျှောက်ကြ၍။
[21] ရှင်ဘုရင်သည် ထိုစာလိပ်ကိုယူချေဟု၊ ယေဟုဒိ ကိုစေလွှတ်သဖြင့်၊ ယေဟုဒိသည် စာရေးတော်ဧလိရှမာ ၏ အခန်းထဲကယူ၍၊
ရှင်ဘုရင်အစရှိသော အထံတော်၌ ရပ်နေသော မှူးမတ်အပေါင်းတို့ရှေ့မှာ ဘတ်လေ၏။ [22] ထိုအခါနဝမလဖြစ်၍၊ ရှင်ဘုရင်သည်
ဆောင်း ကာလ၌ စံပျော်ရာနန်းအခန်းတွင်ထိုင်၍၊ ရှေ့တော်၌ မီးမယ်ဖျူးပေါ်မှာ မီးခဲပုံရှိ၏။ [23] ယေဟုဒိသည် သုံးလေးခဏ်းလောက်
ဘတ်မိ လျှင်၊ ရှင်ဘုရင်သည် စာရေး၏ထားနှင့်လှီး၍ မီးမယ်ဖျူး ပေါ်မှာရှိသော မီးထဲသို့ စာလိပ်ကို ချပစ်လျှင်၊ အကုန်
အစင်ကျွမ်းလောင်လေ၏။ [24] ရှင်ဘုရင်မှစ၍၊ ထိုစကားအလုံးစုံတို့ကို ကြား သော ရှင်ဘုရင်၏ ကျွန်တယောက်မျှမကြောက်၊ မိမိ
အဝတ်ကိုလည်း မဆုတ်ကြ။ [25] ရှင်ဘုရင်သည် စာလိပ်ကိုမီးမရှို့စေခြင်းငှါ၊ ဧလနာသန်၊ ဒေလာယ၊ ဂေမရိတို့သည် တောင်းပန်သော်
လည်း၊ ရှင်ဘုရင်သည် သူတို့စကားကို နားမထောင်။ [26] တဖန်ရှင်ဘုရင်သည် စာရေးဗာရုတ်နှင့် ပရော ဖက်ယေရမိကို
ဘမ်းဆီးစေခြင်းငှါ၊ သားတော်ယေရ မေလ၊ အာဇရေလသားစရာယ၊ အာဗဒေလသားရှေလမိ တို့ကို စေလွှတ်လေ၏။ သို့ရာတွင်၊
ထာဝရဘုရားသည် ထိုသူနှစ်ယောက်တို့ကို ဝှက်ထားတော်မူ၏။ [27] ယေရမိနှုတ်မြွတ်သည်အတိုင်း ဗာရုတ်ရေးထား သော
ထိုစာလိပ်ကို ရှင်ဘုရင်မီးရှို့သောနောက်၊ ထာဝရ ဘုရား၏နှုတ်ကပတ်တော်သည် ယေရမိသို့ရောက်လာ သည်ကား၊ [28]
သင်သည်အခြားသော စာလိပ်ကိုယူ၍၊ ယုဒ ရှင်ဘုရင်ယောယကိမ်မီးရှို့သော အရင်စာလိပ်၌ ပါသမျှ သော စကားရင်းအတိုင်း
ရေးထားလော့။ [29] သင်သည် ယုဒရှင်ဘုရင် ယောယကိမ်အား ပြောဆိုရမည်မှာ၊ ထာဝရဘုရားမိန့်တော်မူသည်ကား၊ ဗာဗုလုန်
ရှင်ဘုရင်သည် ဆက်ဆက်လာ၍ ဤပြည်ကို ဖျက်ဆီးလိမ့်မည်။ လူနှင့်တိရစ္ဆာန်အပေါင်းတို့ကို သုတ် သင်ပယ်ရှင်းလိမ့်မည်ဟူသော
စကားကို အဘယ်ကြောင့် ရေးထားသနည်းဟု သင်သည်ဆို၍ စာလိပ်ကိုမီးရှို့ပြီ။ [30] ထိုကြောင့်၊ ထာဝရဘုရားသည် ယုဒရှင်ဘုရင်
ယောယကိမ်ကို ရည်မှတ်၍ မိန့်တော်မူသည်ကား၊ သူ၏အမျိုးအနွယ်သည် ဒါဝိဒ်၏ရာဇပလ္လင်ပေါ်မှာ မထိုင်ရ။ သူ၏အသေကောင်ကို


generated on Tue Jul 2 12:50:28 2024

နေ့အချိန်၌နေပူထဲသို့ ၎င်း၊ ညဉ့်အချိန်၌နှင်းခဲထဲသို့၎င်း ပစ်လိုက်ကြလိမ့်မည်။ [31] သူမှစ၍ သူ၏သားမြေးတို့ကို၎င်း၊ သူ၏ကျွန်တို့ကို၎င်း၊ အပြစ်နှင့်အလျောက် ငါစီရင်မည်။ သူတို့နှင့်ယေရှုရှလင်မြို့သူ ယုဒပြည်သားတို့သည် နား မထောင်၊ သူတို့အပေါ်သို့ ငါခြိမ်းသမျှသော ဘေးဥပဒ် တို့ကို ရောက်စေမည်ဟုမိန့်တော်မူ၏။ [32] ထိုအခါယေရမိသည်အခြားသော စာလိပ်ကို ယူ၍၊ နေရိသားစာရေးဗာရုတ်အားပေးသဖြင့်၊ ယုဒ ရှင်ဘုရင်ယောယကိမ်မီးရှို့သောစာ၌ ပါသမျှသော စကားတို့ကို ယေရမိသည်နှုတ်မြွက်၍၊ ဗာရုတ်သည်ရေး ထား၏။ အလားတူသော စကားအများကိုလည်းထပ်၍ သွင်းရ၏။

---



generated on Tue Jul 2 12:50:28 2024

## Chapter 37

1 ဗာဗုလုန်ရှင်ဘုရင်နေဗုခဒ်နေဇာသည် ယုဒ ရှင်ဘုရင်အရာ၌ ခန့်ထားသော ယောယကိမ်သားခေါ်နိ အရာ၌၊ ယောရှိမင်းကြီး၏
သားဇေဒကိမင်းကြီးသည် နန်းထိုင်လေ၏။ 2 ထာဝရဘုရားသည် ယေရမိအားဖြင့် မိန့်တော် မူသော စကားတော်တို့ကို၊
ထိုမင်းကြီးအစရှိသော ကျွန်များ၊ ပြည်သူပြည်သားများတို့သည် နားမထောင်ဘဲ နေကြ၏။ 3 တရံရောအခါ ဇေဒကိမင်းကြီးသည်၊
ရှေလမိ သားယေဟုကလနှင့်ယဇ်ပုရောဟိတ် မာသေယသား ဇေဖနိတို့ကို ပရောဖက်ယေရမိထံသို့ စေလွှတ်၍၊ ငါတို့
အဘို့ငါတို့ဘုရားသခင်ထာဝရ ဘုရားအားဆုတောင်း ပါလော့ဟု မှာလိုက်၏။ 4 ထိုအခါ ယေရမိသည် ထောင်ထဲသို့ မရောက် သေး။
လူများ တို့နှင့်ပေါင်းဘော်လျက် နေသေး၏။ 5 ယေရုရှလင်မြို့ကို ပိုင်းသော ခါလဒဲလူတို့သည်၊ အဲဂုတ္တုပြည်မှ ဖာရောဘုရင်၏
ဗိုလ်ခြေများစစ်ချီ၍ လာကြောင်းကို ကြားလျှင်၊ ထိုမြို့မှ ထွက်သွားကြပြီ။ 6 ထိုအခါ ထာဝရဘုရား၏နှုတ်ကပတ်တော်သည်
ပရောဖက်ယေရမိသို့ ရောက်၍၊ 7 ဣသရေလအမျိုး၏ ဘုရားသခင် ထာဝရဘုရား မိန့်တော်မူသည်ကား၊ ငါ့ကိုမေးလျှောက်စေခြင်းငှါ၊
သင့်ကိုမှာလိုက်သော ယုဒရှင်ဘုရင်အား ဤသို့ပြန်ပြော လော့။ သင်တို့ကိုစစ်ကူခြင်းငှါလာသော ဖာရောဘုရင်၏
ဗိုလ်ခြေတို့သည်သူတို့နေရင်း အဲဂုတ္တုပြည်သို့ ပြန်သွားကြ လိမ့်မည်။ 8 ခါလဒဲလူတို့သည် လာပြန်၍၊ ဤမြို့ကို တိုက်ယူ ပြီးလျှင်
မီးရှို့ကြလိမ့်မည်။ 9 ထာဝရဘုရားမိန့်တော်မူသည်ကား၊ အကယ်စင် စစ်ခါလဒဲလူတို့သည် ငါတို့ထံမှ ထွက်သွားကြလိမ့်မည်ဟု ဆို၍
ကိုယ်ကိုကိုယ်မလှည့်စားကြနှင့်။ သူတို့သည် ထွက်၍ မသွားရကြ။ 10 ထိုမျှမက၊ သင်တို့ကိုစစ်တိုက်သော ခါလဒဲ
စစ်သူရဲအပေါင်းတို့ကို သင်တို့သည်လုပ်ကြံသဖြင့်၊ သူတို့ တွင် ဒဏ်ချက်ထိသော သူသက်သက် ကျန်ကြွင်းသော် လည်း၊ သူတို့သည်
အသီးအသီးမိမိတို့ထဲ၌ထ၍၊ ဤမြို့သို့ မီးရှို့ရကြလိမ့်မည်ဟု မိန့်တော်မူ၏။ 11 ခါလဒဲစစ်သူရဲတို့သည် ဖာရောဘုရင်၏ဗိုလ်ခြေ တို့ကို
ကြောက်ရွံ့၍၊ ယေရုရှလင်မြို့မှ ဆုတ်သွားကြသော အခါ၊ 12 ယေရမိသည်မိမိအမျိုး၌ မိမိအမွေဥစ္စာကို ခံအံ့ သောငှါ၊
ဗယာမိန်ပြည်သို့သွားမည်ဟု အကြံရှိ၍ ယေရု ရှလင်မြို့မှ ထွက်သွားလေ၏။ 13 ဗယာမိန်တံခါးဝသို့ ရောက်သောအခါ၊ ဟာနနိ
သားဖြစ်သော ရှေလမိ၏ သားကင်းမှူးဣရိယက၊ သင်သည်ခါလဒဲ လူတို့ဘက်သို့ ကူးသွားပါသည် တကား ဟုဆိုလျက်၊
ပရောဖက်ယေရမိကိုဘမ်းဆီးလေ၏။ 14 ယေရမိ ကလည်း၊ မဟုတ်ပါ။ ခါလဒဲလူတို့ ဘက်သို့ ငါမကူးမသွားပါဟုဆိုသော်လည်း၊
ဣရိယသည် နားမထောင်ဘဲ၊ ယေရမိကို ယူ၍ မင်းများထံသို့ ပို့ဆောင် လေ၏။ 15 မင်းများတို့သည် အမျက်ထွက်၍ ယေရမိကို
ရိုက်ပြီးမှ၊ စာရေးတော်ယောနသန်၏အိမ်၌ လှောင်ထား ကြ၏။ ထိုအိမ်ကို လှောင်အိမ်လုပ်နှင့်သတည်း။ 16 ယေရမိသည်
အိမ်အောက်မြေတွင်း၊ လှောင် အိမ်ထဲသို့ရောက်၍၊ နေ့ရက်များစွာ နေရသောနောက်၊ 17 ဇေဒကိမင်းကြီးသည် လူကိုစေလွှတ်၍
ယေရမိ ကိုနှုတ်ပြီးမှ၊ ထာဝရဘုရား၏ နှုတ်ကပတ်တော်ရှိသလော ဟု နန်းတော်၌ တိတ်ဆိတ်စွာ မေးမြန်းလျှင်၊ ယေရမိက၊
နှုတ်ကပတ်တော်ရှိပါ၏။ ကိုယ်တော်သည် ဗာဗုလုန် ရှင်ဘုရင်လက်သို့ရောက်ပါလိမ့်မည်ဟု ပြန်လျှောက်၏။ 18 တဖန်ယေရမိက၊
အကျွန်ုပ်သည် ကိုယ်တော်ကို ပြစ်မှားသလော။ ကိုယ်တော်၏ကျွန်တို့ကို ပြစ်မှား သလော။ ဤလူမျိုးကို ပြစ်မှားသလော။
အဘယ်မည် သောအပြစ်ကြောင့် အကျွန်ုပ်ကို လှောင်ထားကြသနည်း။ 19 ဗာဗုလုန်ရှင်ဘုရင်သည် သင်တို့နှင့် ဤပြည်ကို
မတိုက်မလာရဟု ဟောပြောသောသင်တို့၏ ပရောဖက် တို့သည် ယခုအဘယ်မှာ ရှိကြသနည်း။ 20 သို့ဖြစ်၍၊
အကျွန်ုပ်သခင်အရှင်မင်းကြီး၊ နားထောင်တော်မူပါ၊ အကျွန်ုပ်တောင်းပန်သောစကားကို နားခံတော်မူပါ။ အကျွန်ုပ်ကို သေစေခြင်းငှါ၊
စာရေး တော်ယောနသန်အိမ်သို့ ပြန်စေတော်မမူပါနှင့်ဟု ဇေဒကိမင်းကြီးကို လျှောက်ဆို၏။ 21 ထိုအခါ
ဇေဒကိမင်းကြီးအမိန့်တော်ရှိ၍၊ ယေရမိကို ထောင်ဝင်း၌ ထားကြ၏။ မြို့တွင် မုန့်မကုန်မှီ တိုင်အောင်၊ မုန့်သည် တန်းမှမုန့်တလုံးကို
နေ့တိုင်း အစဉ်ပေးရ၏။ ထိုသို့ယေရမိသည် ထောင်ဝင်းထဲမှာ နေလေ၏။


generated on Tue Jul 2 12:50:28 2024

## Chapter 38

1 ထာဝရဘုရားမိန့်တော်မူသည်ကား၊ ဤမြို့ ထဲမှာနေသော သူသည် ထားဘေး၊ မွတ်သိပ်ခြင်းဘေး၊
ကာလနာဘေးတို့နှင့်သေလိမ့်မည်။ 2 ခါလဒဲလူတို့ ဘက်သို့ ထွက်သွားသော သူသည် အသက်ချမ်းသာ၍၊ လက်ရ ဥစ္စာကဲ့သို့
ကိုယ်အသက်ကို ရလိမ့်မည်ဟူ၍၎င်း၊ ဤမြို့ ကို ဗာဗုလုန်ရှင် ဘုရင်၏ဗိုလ်ခြေလက်သို့ ဆက်ဆက် အပ်၍၊ သူသည်
သိမ်းယူလိမ့်မည်ဟူ၍၎င်း၊ 3 ထာဝရဘုရား မိန့်တော်မူ၏ဟု၊ ယေရမိသည် လူအပေါင်းတို့အား ဟောပြောတတ်သော စကားများကို
မဿန်သားရှေဖတိ၊ ပါရှုရသားဂေဒလိ၊ ရှေလမိသားယေဟုကလ၊ မာလ ခိသားပါရှုရတို့သည်ကြားသောအခါ၊ 4 ထိုမှူးမတ်တို့သည်
ရှင်ဘုရင်ထံသို့ဝင်၍၊ ဤသူ သည် ဤသို့သော စကားကိုပြောသဖြင့်၊ မြို့ထဲမှာ ကျန်ကြွင်းသေးသောစစ်သူရဲ အစရှိသော လူအပေါင်း
တို့၏ လက်ကိုအားလျော့စေတတ်ပါ၏။ သူသည် ဤလူမျိုး ၏ အကျိုးကိုမပြုစုတတ်၊ ဖျက်ဆီးတတ်ပါ၏။ ထိုကြောင့်၊
သူ့ကိုကွပ်မျက်ပါမည်အကြောင်း အခွင့်တောင်းပန်ပါ၏ ဟု လျှောက်လျှင်၊ 5 ဇေဒကိမင်းကြီးက၊ သူသည် သင်တို့လက်၌ ရှိ၏။
ရှင်ဘုရင်သည် သင်တို့အလိုကို မဆီးတားနိုင်ဟု မိန့်တော်မူ၏။ 6 ထိုအခါ ယေရမိကို ယူ၍၊ ထောင်ဝင်းထဲမှာ ရှိသောသားတော်
မာလခိ၏မြေတွင်း၌ ကြိုးနှင့်လျှော့ချ ကြ၏။ ထိုမြေတွင်း၌ရေမရှိ၊ ရွှံ့သာရှိ၍၊ ယေရမိသည် ရွှံ့၌ ကျွံလျက်နေ၏။ 7 ထိုသို့ယေရမိကို
မြေတွင်း၌ ချထားကြောင်းကို နန်းတော်အရာရှိဖြစ်သောသူ၊ ကုရှအမျိုးသား ဧဗဒ မေလက်သည် ကြားသိသောအခါ၊ ရှင်ဘုရင်သည်
ဗင်္ယာမိန်တံခါးဝ၌ ထိုင်နေတော်မူစဉ်တွင်၊ 8 ထိုသူသည် နန်းတော်ထဲကထွက်၍ အထံတော်သို့ သွားပြီးလျှင်၊ 9
အကျွန်ုပ်သခင်အရှင်မင်းကြီး၊ ထိုသူတို့သည် ပရောဖက် ယေရမိကို ပြုလေသမျှတို့၌ မှားကြပါပြီ။ မြေတွင်း၌ချထားကြပါပြီ။
မြို့၌မုန့်ကုန်သောကြောင့်၊ ထိုတွင်း၌တတ်မွတ်၍ သေပါလိမ့်မည်ဟုလျှောက်သော်၊ 10 ရှင်ဘုရင်က၊ ပရောဖက်ယေရမိ မသေမီ ဤ
အရပ်မှ လူသုံးဆယ်ကို ခေါ်သွား၍၊ မြေတွင်းထဲက နှုတ်ယူလော့ဟု၊ ကုရှအမျိုးသား ဧဗဒမေလက်ကို အမိန့် တော်ရှိ၏။ 11
ဧဗဒမေလက်သည်လည်း လူတို့ကို ခေါ်၍ နန်းတော်အတွင်း ဘဏ္ဍာတိုက်အောက်သို့ဝင်ပြီးလျှင်၊ ဟောင်းနွမ်းသော အဝတ်စုတ်များကို
ယူပြီးမှ၊ ယေရမိ ရှိရာ မြေတွင်း၌ ကြိုးနှင့်လျှော့ချလေ၏။ 12 ထိုအခါကုရှ အမျိုးသားဧဗဒမေလက်က၊ ဟောင်းနွမ်းသော
ဤအဝတ်စုတ်တို့နှင့်သင်၏ လက်က တီးကြား၌ကြိုးကိုခုခံပါလော့ဟုဆိုသည်အတိုင်း ယေရမိ ပြုလေ၏။ 13
ထိုသို့ယေရမိကိုမြေတွင်းထဲကကြိုးနှင့် ဆွဲတင် ကြ၏။ ထိုနောက် ယေရမိသည် ထောင်ဝင်းထဲမှာ နေလေ ၏။ 14
တဖန်ဇေဒကိမင်းကြီးသည် လူကို စေလွှတ်၍၊ ဗိမာန်တော်၌ တတိယအတွင်းခန်းထဲသို့ ယေရမိကို ခေါ် ပြီးလျှင်၊ သင်၌ တစုံတခုကို
ငါမေးမြန်းမည်။ အဘယ်အရာကိုမျှ မထိမ်မဝှက်နှင့်ဟုဆိုသော်၊ 15 ယေရမိက၊ အကျွန်ုပ်လျှောက်လျှင်၊ အကျွန်ုပ်ကို
မသတ်ဘဲအမှန်နေတော်မူမည်လော။ အကျွန်ုပ်သည် အကြံပေးလျှင်၊ အကျွန်ုပ်စကားကို နားထောင်တော်မူ မည်လောဟု ဇေဒကိကို
မေးလျှောက်လေ၏။ 16 ဇေဒကိမင်းကြီးကလည်း၊ ငါတို့ကို အသက်ရှင် သော သတ္တဝါဖြစ်စေခြင်းငှါ ဖန်ဆင်းသော ထာဝရ
ဘုရားအသက်ရှင်တော်မူသည်အတိုင်း၊ သင့်ကိုငါမသတ်။ သင့်အသက်ကိုရှာသော ထိုလူတို့လက်သို့ သင့်ကိုငါ မအပ်ဟု
ယေရမိအားတိတ်ဆိတ်စွာ ကျိန်ဆိုလေ၏။ 17 ယေရမိကလည်း၊ ဣသရေလအမျိုး၏ ဘုရား သခင်၊
ကောင်းကင်ဗိုလ်ခြေအရှင်ဘုရားသခင် ထာဝရ ဘုရားမိန့်တော်မူသည်ကား၊ ကိုယ်တော် သည်ဗာဗုလုန် ရှင် ဘုရင်၏မှူးမတ်တို့ထံသို့
အမှန်ထွက်သွားလျှင် အသက်ချမ်းသာရတော်မူမည်။ ဤမြို့သည်လည်း မီးရှို့ ခြင်းနှင့်လွတ်လိမ့်မည်။ ကိုယ်တော်နှင့်တကွ ဆွေတော်
မျိုးတော်တို့သည် အသက်ချမ်းသာရကြလိမ့်မည်။ 18 သို့မဟုတ်၊ ကိုယ်တော်သည် ဗာဗုလုန်ရှင်ဘုရင် ၏ မှူးမတ်တို့ထံသို့
မထွက်မသွားလျှင်၊ ဤမြို့ကို ခါလဒဲ လူတို့လက်သို့အပ်၍၊ သူတို့သည် မီးရှို့ကြလိမ့်မည်။ ကိုယ်တော်သည်လည်း၊
သူတို့လက်နှင့်မလွတ်ရဟု ဇေဒကိကို လျှောက်ဆို၏။ 19 ဇေဒကိမင်းကြီးကလည်း၊ ခါလဒဲလူတို့ဘက်သို့ ကူးသွားသော ယုဒလူတို့ကို
ငါကြောက်၏။ ငါ့ကိုသူတို့ လက်သို့အပ်၍၊ ငါသည်ကဲ့ရဲ့ခြင်း ကိုခံရမည်စိုးရိမ်သည် ဟုဆိုလျှင်၊ 20 ယေရမိက၊ ကိုယ်တော်ကိုမအပ်ရ။
အကျွန်ုပ် ဆင့်ဆိုသော ထာဝရဘုရား၏အမိန့်တော်ကို နားထောင် တော်မူပါ။ ထိုသို့ပြုလျှင် ချမ်းသာရ၍ အသက်ရှင်တော် မူမည်။ 21
သို့မဟုတ်၊ ကိုယ်တော်က၊ ငါမထွက်မသွားဟု ငြင်းလျှင်၊ အကျွန်ုပ်အား ထာဝရဘုရား ပြတော်မူသော အရာဟူမူကား၊ 22 နန်းတော်၌
ကျန်ကြွင်းသမျှသော မိန်းမတို့ကို ဗာဗုလုန်ရှင်ဘုရင်၏မှူးမတ်တို့ထံသို့ ထုတ်ဆောင်ကြလိမ့် မည်။ ထိုမိန်းမတို့ကလည်း၊
ကိုယ်တော်၏အဆွေခင်ပွန်း တို့သည် သွေးဆောင်၍ နိုင်ကြပြီ။ ခြေတော်သည် ရွှံ့၌ ကျွံ၍၊ သူတို့သည် ဆုတ်သွားကြပြီဟု
ကိုယ်တော်အား ဆိုကြလိမ့်မည်။ 23 ထိုသို့ကိုယ်တော်၏ မယားနှင့်သားသမီး ရှိသမျှ တို့ကို ခါလဒဲလူတို့ထံသို့
ထုတ်ဆောင်ကြလိမ့်မည်။ ကိုယ်တော်လည်း သူတို့လက်နှင့်မလွတ်ဘဲ၊ ဗာဗုလုန် ရှင်ဘုရင်လက်သို့ရောက်၍၊ ဤမြို့ကို
မီးရှို့စေတော်မူမည်ဟု လျှောက် ၏။ 24 ဇေဒကိကလည်း၊ ဤစကားကို အဘယ်သူမျှ မကြားမသိစေနှင့်။ သို့ပြုလျှင်၊
သင်သည်မသေရ။ 25 ငါသည် သင်နှင့်စကားပြောကြောင်းကို မှူးမတ် တို့သည် ကြား၍ သင်ရှိရာသို့လာလျက်၊ သင်သည် ရှင်ဘုရင်အား
အဘယ်သို့လျှောက်သည်ကို ၎င်း၊ ရှင်ဘုရင်သည် သင့်အားအဘယ်သို့ မိန့်တော်မူသည်ကို ၎င်း၊ ငါတို့အား ကြားပြောပါလော့။
မထိမ်မဝှက်ပါနှင့် ဟုဆိုလျှင်၊ 26 သင်ကလည်း၊ငါ့ကိုသေစေခြင်းငှါ၊ ယောနသန် အိမ်သို့ ပြန်စေ တော်မမူမည်အကြောင်း၊
ရှင်ဘုရင်ထံ၌ ငါအသနားတော်ခံပြီဟု သူတို့အား ပြန်ပြောလော့ဟု၊ ယေရမိအား မိန့်တော်မူ၏။ 27 ထိုအခါမှူးမတ်အပေါင်းတို့သည်
ယေရမိရှိရာသို့ လာ၍ မေးစစ်ကြ၏။ သူသည်လည်း၊ ရှင်ဘုရင်မှာထား သမျှအတိုင်း ပြန်ပြောပြီးမှ၊ သူတို့သည် မမေးမစစ်ဘဲ


generated on Tue Jul 2 12:50:28 2024

နေကြ၏။ ထိုအမှုကိုအဘယ်သူမျှ မရိပ်မိကြ။ 28 ယေရုရှလင်မြို့ကို တိုက်၍ရသော နေ့တိုင် အောင်၊ ယေရမိသည်
ထောင်ဝင်းထဲမှာနေရ၏။ ယေရု ရှလင်မြို့သည် ရန်သူလက်သို့ ရောက်သောအခါ၊ ထောင်ဝင်းထဲမှာရှိသေး၏။


generated on Tue Jul 2 12:50:28 2024

## Chapter 39

[1] ယုဒရှင်ဘုရင် ဇေဒကိမင်းကြီးနန်းစံကိုးနှစ် ဒသမလတွင်၊ ဗာဗုလုန်ရှင်ဘုရင်နေဗုခဒ်နေဇာသည် ဗိုလ်ခြေအပေါင်းတို့နှင့်တကွ လာ၍
ယေရုရှလင်မြို့ကို ဝိုင်းထားကြ၏။ [2] ဇေဒကိမင်းကြီးနန်းစံဆယ်တနှစ်၊ စတုတ္ထလ ကိုးရက်နေ့၌ မြို့ကို ဖြိုဖေါက်၍၊ [3]
ရွှေထားဝန်နေရဂါလရှရေဇာ၊ မိန်းမစိုးအုပ်စာ သခိမ်၊ မာဂုပညာ ရှိအုပ်နေရဂါလရှရေဇာတည်းဟူသော
ဗာဗုလုန်ရှင်ဘုရင်၏မှူးမတ်အစရှိသော မှူးတော် မတ်တော်အပေါင်းတို့သည် မြို့ထဲသို့ဝင်၍၊ အလယ်ချက် တံခါးဝ၌ထိုင်ကြ၏။ [4]
ယုဒရှင်ဘုရင်ဇေဒကိမင်းနှင့် စစ်သူရဲအပေါင်း တို့သည် ထိုလူများကို မြင်လျှင်၊ ညဥ့်အခါပြေး၍ ဥယျာဉ် တော်လမ်းကို လိုက်လျက်၊
မြို့ရိုးနှစ်ထပ်စပ်ကြား တံခါးဖြင့် ထွက်ပြီးမှ လွင်ပြင်သို့ သွားကြ၏။ [5] ခါလဒဲစစ်သူရဲတို့သည် လိုက်လျက်၊ ယေရိခေါ
လွင်ပြင်၌ဇေဒကိ မင်းကိုမှီ၍ ဘမ်းဆီးပြီးမှ၊ ဗာဗုလုန် ရှင်ဘုရင် နေဗုခဒ်နေဇာရှိရာ ဟာမတ်ပြည်ရိဗလမြို့သို့ ဆောင်သွားကြ၏။
ဗာဗုလုန်ရှင်ဘုရင်သည် ဇေဒကိ မင်း၏ အမှုကို စစ်ကြောစီရင်၍၊ [6] ရိဗလမြို့မှာ ဇေဒကိသားတို့ကို အဘ မျက် မှောက်၌ သတ်လေ၏။
ယုဒမှူးမတ်အပေါင်းကိုလည်း သတ်လေ၏။ [7] ဇေဒကိမျက်စိကိုလည်း ဖောက်ပြီးမှ၊ သူ့ကိုကြေးဝါ ကြိုးနှင့် ချည်နှောင်လေ၏။ [8]
ခါလဒဲလူတို့သည်လည်း၊ နန်းတော်နှင့် ဆင်းရဲ သားအိမ်တို့ကို မီးရှို့၍၊ မြို့ရိုးကို ဖြိုဖျက်ကြ၏။ [9] ထိုအခါ
ကိုယ်ရံတော်မှူးနေဗုဇာရဒန်သည် မြို့ထဲမှာကျန်ကြွင်းသောသူ၊ ခါလဒဲလူဘက်သို့ ကူးသွား နှင့်သောသူ၊ ကျန်ကြွင်းသမျှသော
သူတို့ကိုဗာဗုလုန်မြို့သို့ သိမ်းသွားလေ၏။ [10] သို့ရာတွင်၊ ဥစ္စာအလျှင်းမရှိသော ဆင်းရဲသား အချို့တို့ကို ယုဒပြည်၌ထားခဲ့၍၊
စပျစ်ဥယျာဉ်နှင့် လယ်ယာတို့ကို ပေးလေ၏။ [11] ဗာဗုလုန်ရှင်ဘုရင်နေဗုခဒ်နေဇာသည် ယေရမိ အမှု၌၊ ကိုယ်ရံတော်မှူးနေဗုဇာရဒန်ကို
မှာထားနှင့် သည်ကား၊ [12] ယေရမိကိုယူ၍ ကောင်းမွန်စွာ ကြည့်ရှုလော့။ မညှဉ်းဆဲနှင့်။ သူပြောသည်အတိုင်း သူ့ကိုပြုလော့ဟု
မှာထားတော်မူသည်နှင့်အညီ၊ [13] ကိုယ်ရံတော်မှူးနေဗုဇာရဒန်၊ မိန်းမစိုးအုပ် နေဗုရှာဇဗန်၊ မာဂုပညာရှိအုပ်နေရဂါလရှရေဇာအစ ရှိသော
ဗာဗုလုန်ရှင်ဘုရင်၏မှူးမတ်အပေါင်းတို့သည် လူကိုစေလွှတ်၍၊ [14] ယေရမိကိုထောင်ဝင်းထဲက နှုတ်ယူပြီးလျှင်၊ သူ၏နေရာသို့
ပို့ဆောင်စေခြင်းငှါ၊ ရှာဖန်သားဖြစ်သော အဟိကံ၏သားဂေဒလိ၌ အပ်ကြ၏။ သို့ဖြစ်၍၊ ယေရမိ သည် ပြည်သားများနှင့်အတူ
နေရလေ၏။ [15] ယေရမိသည်ထောင်ဝင်းထဲမှာ အချုပ်ခံရသော အခါ၊ ထာဝရဘုရား၏ နှုတ်ကပတ်တော်ရောက်၍၊ [16] သင်သည်
ကုရှအမျိုးသား ဧဗဒမေလက်ကို ဆင့်ဆိုရမည်မှာ၊ ဣသရေလအမျိုး၏ဘုရားသခင်၊ ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား
မိန့်တော် မူသည်ကား၊ ဤမြို့၏အကျိုးကိုမပြုစု၊ ဖျက်ဆီးခြင်းငှါ ငါ့စကားကို ငါတည်စေမည်။ ကာလအချိန်ရောက်လျှင်၊ သင့်ရှေ့၌
ငါ့စကားပြည့်စုံလိမ့်မည်။ [17] သို့သော်လည်း၊ ထိုကာလ၌သင့်ကို ငါကယ်နှုတ် မည်။ သင်ကြောက်သော သူတို့လက်သို့ သင်မရောက်ရ။
[18] ငါသည် သင့်ကို စင်စစ်ကယ်နှုတ်မည်။ သင်သည် ထားဖြင့် မဆုံးရ။ လက်ရဥစ္စာကဲ့သို့ ကိုယ် အသက်ကို ရလိမ့်မည်။
အကြောင်းမူကား၊ သင်သည် ငါ့ကိုကိုးစားသော ကြောင့်တည်းဟု ထာဝရဘုရား မိန့်တော်မူ၏။


generated on Tue Jul 2 12:50:28 2024

## Chapter 40

1 ကိုယ်ရံတော်မှူး နေဗုဇာရဒန်သည် ယေရမိကို တဖန် သိမ်းသွား၍ ရာမမြို့၌ လွှတ်သောနောက်၊ ထာဝရဘုရားထံတော်မှ
နှုတ်ကပတ်တော်သည် ရောက် လာသည်အရာမှာ၊ ဗာဗုလုန်မြို့သို့ သိမ်းသွားခြင်းကို ခံရသော ယုဒပြည်သူ၊
ယေရုရှလင်မြို့သားအပေါင်း တို့နှင့်အတူ၊ ယေရမိသည်သံကြိုးနှင့် ချည်နှောင်ခြင်းကို ခံရသောအခါ၊ 2 ကိုယ်ရံတော်မှူးသည်
သူ့ကိုခေါ်၍၊ သင်၏ ဘုရားသခင်ထာဝရ ဘုရားသည် ဤပြည်၌ ရောက်သော အမှုကို ခြိမ်းတော်မူနှင့်ပြီ။ 3
ခြိမ်းတော်မူသည်အတိုင်းလည်း၊ အမှုကို ရောက် စေ၍ စီရင်တော်မူပြီ။ သင်တို့သည် အမိန့်တော်ကို နားမထောင်၊ ထာဝရဘုရားကို
ပြစ်မှားသောကြောင့်၊ ဤအမှုသည် သင်တို့အပေါ်သို့ ရောက်လေပြီ။ 4 ယခုမှာ သင့်လက်၌ ချည်နှောင်လျက်ရှိသော သံကြိုးကို
ငါချွတ်မည်။ ငါနှင့်အတူ ဗာဗုလုန်မြို့သို့ လိုက်လာခြင်းငှါ အလိုရှိလျှင် လိုက်လာပါ။ ငါသည် ကောင်းမွန်စွာ ကြည့်ရှုမည်။ ငါနှင့်အတူ
ဗာဗုလုန်မြို့သို့ လိုက်ခြင်းငှါ အလိုမရှိလျှင် မလိုက်နှင့်။ တပြည်လုံးသည် သင့်ရှေ့မှာရှိ၏။ အကြင်အရပ်သို့သွားကောင်းသည်ဟု
စိတ်ထင်လျှင်၊ ထိုအရပ်တည်းဟူသော စိတ်ရောက်ရာ အရပ်သို့ သွားပါလော့ဟုဆို၏။ 5 ယေရမိသည်ကိုယ်ရံတော်မှူးထံမှ မထွက်မှီ၊
ကိုယ်ရံတော်မှူးက၊ ဗာဗုလုန်ရှင်ဘုရင်သည် ယုဒ ပြည်နယ်တွင်၊ မြို့အုပ်အရာ၌ခန့်ထားတော်မူသော ရှာဖန်၏သားဖြစ်သော
အဟိကံ၏သားဂေဒလိထံ သို့ပြန်၍၊ ပြည်သားများနှင့်အတူနေပါလော့။ သို့မဟုတ်၊ စိတ်ရှိသည်အတိုင်း သွားပါလော့ဟုဆိုလျက်၊
စားစရိတ် နှင့်လက်ဆောင်ကို ပေး၍လွှတ်လိုက်လေ၏။ 6 ထိုအခါ ယေရမိသည် အဟိကံသားဂေဒလိရှိရာ မိဇပါမြို့သို့ သွား၍၊
ပြည်၌ကျန်ကြွင်းသေးသော သူတို့နှင့် အတူနေလေ၏။ 7 ဗာဗုလုန်ရှင်ဘုရင်သည် အဟိကံသား ဂေဒလိ ကိုပြည်အုပ်အရာ၌ ခန့်ထား၍၊
ဗာဗုလုန်မြို့သို့ သိမ်းယူ ရာ၌မပါသော ယောကျ်ားမိန်းမသူငယ်ဆင်းရဲသားအချို့ တို့ကို သူ၌အပ်ကြောင်းကို၊ တောမှာရှိသော
တပ်မှူးတို့ နှင့်စစ်သူရဲများတို့သည် ကြားသိကြသောအခါ၊ 8 နာသနိသားဣရှမေလ၊ ကာရာသားယောဟနန် နှင့်ယောနသန်၊
တာနုမက်သားစရာယ၊ နေတောဖတ် အမျိုး၊ ဧဖဲ၏သားများ၊ မာခသိအမျိုး သားယေဇနိတို့ သည် မိမိလူများနှင့်တကွ
ဂေဒလိရှိရာမိဇပါမြို့သို့လာ၍၊ 9 ရှာဖန်၏သားဖြစ်သော အဟိကံ၏သား ဂေဒလိက၊ ခါလဒဲမင်း၏အမှုကို ဆောင်ရွက်ရမည် အခွင့်ကို
မစိုးရိမ်ကြနှင့်။ ဤပြည်၌နေ၍ ဗာဗုလုန် ရှင်ဘုရင်အမှုကို ဆောင်ရွက်ကြလော့။ သို့ပြုလျှင်၊ ချမ်းသာရကြလိမ့်မည်။ 10 ငါမူကား၊
လာလတံ့သော ခါလဒဲလူတို့စကားကို နားထောင်ခြင်းငှါ မိဇပါမြို့မှာနေမည်။ သင်တို့မူကား၊ စပျစ်ရည်ကိုင်း၊ နွေကာလအသီးကိုင်း၊
ဆီကိုင်း သိမ်း၍အိုး၌သိုထားကြလော့။ ယခု ဝင်ပြန်သောမြို့ရွာ တို့၌နေကြလော့ဟူ၍၊ ထိုသူတို့အား သစ္စာပြုလေ၏။ 11
ဗာဗုလုန်ရှင်ဘုရင်သည် ယုဒပြည်၌ လူအချို့တို့ ကို ကျန်ကြွင်းစေ၍၊ ရှာဖန်၏သားဖြစ်သော အဟိကံ၏ သား ဂေဒလိကိုမင်းအရာ၌
ခန့်ထားကြောင်းကို၊ မောဘ ပြည်၊ အမ္မုန်ပြည်၊ ဧဒုံပြည်အစရှိသော အတိုင်းတိုင်း အပြည်ပြည်တို့၌ရှိသော ယုဒလူအပေါင်းတို့သည်
ကြားသိကြသောအခါ၊ 12 နှင်ထုတ်ရာပြည်အရပ်ရပ်တို့မှ ပြန်လာ၍၊ ယုဒပြည်။ ဂေဒလိရှိရာမိဇပါမြို့သို့ရောက်သဖြင့်၊ များစွာ သော
စပျစ်ရည်နှင့် နွေကာလအသီးကို သိမ်းယူကြ၏။ 13 ထိုနောက်မှ၊ ကာရာသားယောဟနန်သည် တော၌ရှိသောတပ်မှူးများနှင့်တကွ၊
ဂေဒလိရှိရာမိဇပါမြို့ သို့လာ၍၊ 14 ကိုယ်တော်ကိုသတ်စေခြင်းငှါ၊ အမ္မုန်ရှင်ဘုရင် ဗာလိတ်သည် နာသနိသားဣရှမေလကို စေလွှတ်
ကြောင်းကို အမှန်သိပါ၏လောဟု မေးလျှောက်သော် လည်း၊ ထိုစကားကို အဟိကံသားဂေဒလိသည်မယုံ။ 15 ထိုအခါ
ကာရာသားယောဟနန်ကလည်း၊ အကျွန်ုပ်သွား၍နာသနိသား ဣရှမေလကိုသတ်ရသော အခွင့်ကို ပေးပါလော့။ အဘယ်သူမျှမသိရ။
သူသည် ကိုယ်တော်ကိုသတ်၍၊ ကိုယ်တော်ထံ၌ စုဝေးသောယုဒလူ အပေါင်းတို့သည် အရပ်ရပ်သို့ကွဲပြားသဖြင့်၊ ယုဒပြည်၌
ကျန်ကြွင်းသော သူတို့သည် အဘယ်ကြောင့်ပျက်စီးရ ကြပါမည်နည်းဟု၊ မိဇပါမြို့၌ ဂေဒလိကို တိတ်ဆိတ်စွာ လျှောက်သော်လည်း၊
16 အဟိကံသားဂေဒလိက၊ သင်သည်ထိုသို့မပြုရ။ ဣရှမေလ၌ မမှန်သောစကားကိုပြန်ပြောပြီဟု၊ ကာရာ သားယောဟနန်အား
ပြန်ပြောလေ၏။

---

### Jeremiah 01

ထာဝရဘုရားထံတော်မှ ယေရမိဆီသို့ နှုတ်ကပတ်တော်သည် ရောက် လာသည်အရာမှာ
ဘုရားသခင်သည် ယေရမိအား စကားပြောသည်။

ရှင်ဘုရင်၏ကိုယ်ရံတော်မှူး နေဗုဇာရဒန်
မည်ကဲ့သို့ ဘာသာပြန်ဆိုသည်ကိုရှု _ 30:8.

ယေရမိသည်သံကြိုးနှင့် ချည်နှောင်ခြင်းကို ခံရသောအခါ၊
အခြားသောဘာသာပြန်ဆိုချက်၊ "ဗာဗုလုန် စစ်သူရဲတိုသည် ယေရမိအား သံကြိုးဖြင့် ချည်နှောင်ထားသည်။"

ဗာဗုလုန်မြို့သို့ သိမ်းသွားခြင်းကို ခံရသောသူ
အခြားသောဘာသာပြန်ဆိုချက်၊ "စစ်သူရဲတို့သည် သူတို့အား ဗာဗုလုန်ပြည်သို့ သိမ်းသွင်းသည်"

### Jeremiah 03

ခြိမ်းတော်မူသည်အတိုင်းလည်း၊ အမှုကို ရောက် စေ၍ စီရင်တော်မူပြီ။
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်သည် သူပြောသည့်အတိုင်း ပြုတော်မူပြီ"


generated on Tue Jul 2 12:50:28 2024

သင်တို့သည် အမိန့်တော်ကို နားမထောင်၊ ထာဝရဘုရားကို ပြစ်မှားသောကြောင့်
အခြားသောဘာသာပြန်ဆိုချက်၊
"ယုဒလူတို့သည်ဘုရားသခင်အား မနာခံမှု၊ စကားတော်ကို
နားမထောင်ခြင်းတို့ကြောင့်"

ဤအမှုသည် သင်တို့အပေါ်သို့ ရောက်လေပြီ။
"ပျက်စီးခြင်းသည် ရောက်လာပြီ"

ယခုကြည့်ရှုလော့
နေဗုခဒ်နေဇာသည် ယေရမိအား
ပြောစကားအားနားထောင်ပြောခြင်းဖြစ်သည်။

သင့်ရှေ့မှာရှိ၏။
အခြားသောဘာသာပြန်ဆိုချက်၊ "သင် အလိုရှိလျှင်"

Jeremiah 05

ဂေဒလိ.... အဟိကံ.... ရှာဖန်
မည်ကဲ့သို့ ဘာသာပြန်ဆိုသည်ကို ရှု _ 39:11.

ယုဒလူတို့၌
"ယုဒလူတို့ကြား၌"

စိတ်ရှိသည်အတိုင်း
"သင်ကောင်းသည်ဟု ထင်သည့်အတိုင်း"

ပြည်၌ကျန်ကြွင်းသေးသော သူတို့
"ယုဒပြည်၌ ကျန်ကြွင်းသောသူတို့"

Jeremiah 07

ယခု
ပုံပြင်သစ် အခန်းဆီသို့

ဗာဗုလုန်မြို့သို့ သိမ်းယူ ရာ၌မပါသော သူတို့
"ဗာဗုလုန်ပြည်သို့ သိမ်းသွင်းခြင်း မခံရသောသူတို့"

ကာရှမေလ...ယေဇနိ
၄ဝးစ၌ သူတို့၏ အမည်များ ဖော်ပြသည်။

မာခသိ၏သား
မာခပြည်သားကို ဆိုလိုသည်။

Jeremiah 09

အမှုကို ဆောင်ရွက်ရမည်ကိုကျိန်ဆိုသည်
"ယုဒတပ်မှူးတို့အား ကျိန်ဆိုသည်"

နွေကာလအသီး
ရာသီလိုက် အသီးအနှံ

ယခု ဝင်ပြန်သောမြို့ရွာ တို့၌နေကြလော့
"သင်တို့မြို့၌ နေကြလော့"

Jeremiah 11

ယုဒလူတို့အားလုံး
မည်ကဲ့သို့ ဘာသာပြန်ဆိုသည်ကိုရှု _ 32:10.

လူအပေါင်းတို့
အခြားသောဘာသာပြန်ဆိုချက်၊ "အမ္မုန်လူတို့အလယ်၌ ရှိသော
ယုဒလူတို့"

ယုဒပြည်၌ လူအချို့တို့
"ယုဒပြည်၌ ကျန်ကြွင်းသော လူအချို့တို့"

အရာ၌ ခန့်ထားသည်
"မင်းအရာ၌ ခန့်ထားသည်"

ရှာဖန်၏သားဖြစ်သော အဟိကံ၏ သား ဂေဒလိ
မည်ကဲ့သို့ ဘာသာပြန်ဆိုသည်ကိုရှု _ 39:11.

သူတို့အပေါ်သို့
"ယုဒလူတို့အပေါ်၌"

နှင်ထုတ်ရာပြည်အရပ်ရပ်
"သူတို့ ထွက်သွားရာအရပ်" သို့မဟုတ် "ဗာဗုလုန်တို့ သိမ်းယူရာ
အရပ်တို့"

များစွာ သော စပျစ်ရည်နှင့် နွေကာလအသီး
"များပြားသော စပျစ်ရည်နှင့် နွေကာလသီးနှံ"

နွေကာလအသီး
မည်ကဲ့သို့ ဘာသာပြန်ဆိုသည်ကို ရှု _ 40:9.

Jeremiah 13

ယောဟနန်.... ကာရာ
မည်ကဲ့သို့ဘာသာပြန်ဆိုသည်ကိုရှု _ 40:7.

ဂေဒလိ
မည်ကဲ့သို့ဘာသာပြန်ဆိုသည်ကိုရှု _ 39:11.

ကိုယ်တော်ကိုသတ်စေခြင်းငှါ၊ အမ္မုန်ရှင်ဘုရင် ဗာလိတ်သည်
နာသနိသားဣရှမေလကို စေလွှတ် ကြောင်းကို အမှန်သိပါ၏လော။
"အမ္မုန်ရှင်ဘုရင် ဗာလိတ်သည် နာသနိသား ဣရှမေလကို
စေလွှတ်ကြောင်းကို သင်သည် သိနားလည်ရ၏"

ဗာလိတ်
ရှင်ဘုရင်၏အမည် ဖြစ်သည်။

နာသနိသားဣရှမေလ
မည်ကဲ့သို့ ဘာသာပြန်ဆိုသည်ကို ရှု _ 40:7.

အဟိကံ
မည်ကဲ့သို့ ဘာသာပြန်ဆိုသည်ကို ရှု _ 26:22.

## Jeremiah 15

ယောဟနန်.... ကာရာ
မည်ကဲ့သို့ ဘာသာပြန်ဆိုသည်ကို ရှု _ 40:7.

တိတ်ဆိတ်ဖြင့် ဂေဒလိသို့ပြောလော့။
"လျှို့ဝှက်စွာ ဂေဒလိဆီသို့ ပြောလော့"

ဂေဒလိ
မည်ကဲ့သို့ ဘာသာပြန်ဆိုသည်ကို ရှု _ 39:11.

နာသနိသား ဣရှမေလ
မည်ကဲ့သို့ ဘာသာပြန်ဆိုသည်ကို ရှု _ 40:7.

အဘယ်သူမျှမသိရ။
"အဘယ်သူမျှ မသိစေရ"

သူတို့သည် အဘယ်ကြောင့်သင့်ကိုသတ်ရမည်နည်း။
"သင့်ကို သတ်အံ့ငှါ သူတို့ကို ခွင့်မပေး"

အဘယ်ကြောင့်ယုဒလူတို့အားအခွင့်ပေးတော်မူသည်နည်း။
"ယုဒလူတို့အား အခွင့်ပေးတော်မမူပါနှင့်"

ကိုယ်တော်ထံ၌ စုဝေးသောယုဒလူ အပေါင်းတို့သည်
"ယုဒလူတို့သည် ကိုယ်တော်ဆီသို့ လာကြပါ၏"

အရပ်ရပ်သို့ကွဲပြားသဖြင့်
"ပြည်အရပ်ရပ်သို့ ထွက်ပြေးသွားကြ၏"

ယုဒပြည်၌ ကျန်ကြွင်းသော သူတို့သည်
"ကျန်ကြွင်းသော ယုဒလူတို့ ပျက်စီးစေခြင်းငှါ"

ကျန်ကြွင်းသောယုဒလူ
မည်ကဲ့သို့ ဘာသာပြန်ဆိုသည်ကို ရှု _ 40:11.

အဟိကံ
မည်ကဲ့သို့ ဘာသာပြန်ဆိုသည်ကို ရှု _ 26:22.

---

# Translation Questions

## Jeremiah 40:1

နေဗုဇာရဒန်သည် ယေရမိအား ရာမမြို့မှ အဝေးသို့ သိမ်းသွားပြီးနောက် မည်သည့်အရာက ယေရမိထံသို့ လာခဲ့သနည်း။
နေဗုဇာရဒန်သည် ယေရမိအား ရာမမြို့မှ အဝေးသို့ သိမ်းသွားပီးနောက် ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ယေရမိထံသို့ လာခဲ့သည်။

ယေရုရှလင်မြို့သားများ၊ ယုဒပြည်သူတို့နှင့် နေဗုဇာရဒန်က မည်သည့်အရာကို ပြုလုပ်ရန်သွားခဲ့သနည်း။
ထိုသူတို့ကို ဗာဗုလုန်မြို့သို့ သိမ်းသွားခြင်းခံစေမည်ဖြစ်သည်။

ယေရုရှလင်မြို့နှင့် ထာဝရဘုရားအကြောင်းကို ကိုယ်ရံတော်မှူးက အဘယ်ကြောင့် ယေရမိအားပြောခဲ့သနည်း။
ကိုယ်ရံတော်မှူးက ထာဝရဘုရားသည် ဤပြည်အပေါ်တွင် ဘေးဆိုးများရောက်စေမည်အကြောင်း ပြောတော်မူပြီဟု ယေယမိကို ပြောသည်။

## Jeremiah 40:3

ယေရမိသည် မည်သည့်နေရာသို့ သွားရန် ကိုယ်ရံတော်မှူးက ပြောခဲ့သနည်း။
ကိုယ်ရံတော်မှူးက သူနှင့်အတူ ဗာဗုလုန်မြို့သို့ လိုက်လာခြင်းငှါ သို့မဟုတ် ဤပြည်အတွင်းသွားလိုသည့်နေရာတွင် သွားနိုင်ကြောင်း ယေယမိကို ပြောသည်။

## Jeremiah 40:5

ယေရမိသည် မည်သည့်နေရာသို့ သွားသင့်သည်ဟု ကိုယ်ရံတော်မှူးက ပြောခဲ့သနည်း။
ဂေဒလိထံသို့ သွား၍ ယုဒပြည်သားများနှင့် အတူနေပါဟု ကိုယ်ရံတော်မှူးက ယေရမိအားပြောခဲ့သည်။

ယေရမိသည် မည်သည့်နေရာသို့ သွား၍ နေထိုင်ခဲ့သနည်း။
ယေရမိသည် ဂေဒလိထံသို့ သွား၍ ပြည်၌ ကျန်ကြွင်းသေးသောသူများနှင့်အတူ နေထိုင်ခဲ့သည်။

## Jeremiah 40:7

ဂေဒလိသည် ဗာဗုလုန်မြို့သို့ ထွက်မသွားသည်ကို ထိုသူတို့က ကြားသိသောအခါ တပ်မှူး၊ စစ်သူရဲများတို့နှင့် ဆင်းရဲသားအချို့တို့က မည်သည့်အရာကို ပြုလုပ်ခဲ့သနည်း။
ထိုသူတို့သည် ဂေဒလိရှိရာ မိဇပါမြို့သို့ သွားခဲ့ကြသည်။

## Jeremiah 40:9

တပ်မှူး၊ စစ်သူရဲတို့နှင့် လူများတို့အား မည်သည့်အရာကိုပြုလုပ်ရန် ဂေဒကိက ပြောခဲ့သနည်း။
ဤပြည်၌နေ၍ ဗာဗုလုန်ရှင်ဘုရင်နှင့် ခါလဒဲလူတို့၏ အမှုကို ဆောင်ရွက်ကြရန် ဂေဒလိက ပြောခဲ့သည်။

တပ်မှူး၊ စစ်သူရဲတို့နှင့် လူများတို့အား စပျစ်ရည်ကိုငင်၊ နွေကာလအသီးကိုငင်၊ ဆီကို သိုထား၍ မည်သည့်အရာကို ပြုလုပ်ရန် ဂေဒကိက ပြောခဲ့သနည်း။
ထိုသူတို့အား ဝင်ပြန်သောမြို့ရွာ တို့၌နေကြရန် ဂေဒကိက ပြောခဲ့သည်။


generated on Tue Jul 2 12:50:28 2024

Jeremiah 40:11

ဗာဗုလုန်ရှင်ဘုရင်သည် ယုဒပြည်၌ လူအချို့တို့ကို ကျန်ကြွင်းစေသည်ကို ယုဒလူအပေါင်းတို့က ကြားသိကြသောအခါ ဘာလုပ်ခဲ့သနည်း။
ယုဒလူအပေါင်းတို့က နှင်ထုတ်ရာပြည်အရပ်ရပ်တို့မှ ပြန်လာ၍ ယုဒပြည်သို့ရောက်၍ များစွာ သော စပျစ်ရည်နှင့် နွေကာလအသီးကို သိမ်းယူကြသည်။

Jeremiah 40:13

ယောဟနန်နှင့် တပ်မှူးများတို့က ဂေဒလိရှိရာ ရာမိဇပါမြို့သို့ သွား၍ မည်သည့်အရာကို တောင်းလျှောက်ခဲ့သနည်း။
အမ္မုန်ရှင်ဘုရင် ဗာလိတ်သည် သူ့ကိုသတ်စေရန် ဣရှမေလကို စေလွှတ်ကြောင်းကို သူသိမသိမေးခဲ့ကြသည်။

ယောဟနန်နှင့် တပ်မှူးများပြောသောအရာများကို ဂေဒလိမည်သို့ ထင်မြင်ခဲ့သနည်း။
ဂေဒလိသည် ထိုသူတို့ပြောခဲ့သောစကားကို မယုံခဲ့ပါ။

Jeremiah 40:15

ယောဟနန်က မည်သည့်အရာကို ပြုလုပ်ရန် အလိုရှိသည်ဟု ဂေဒလိအားပြောခဲ့သနည်း။
ဣရှမေလကိုသတ်ရန် အလိုရှိသည်ဟု ယောဟနန်က ပြောခဲ့သည်။

ယောနသန်ပြောသော ဣရှမေလအကြောင်းကို ဂေဒလိသည် မည်သို့ ထင်မြင်ခဲ့သနည်း။
ယောနသန်သည် ဣရှမေလအကြောင်း မမှန်သောစကားကိုပြောသည်ဟု ဂေဒလိက ထင်မြင်ခဲ့သည်။

## Chapter 41

1 သတ္တမလတွင် ဆွေတော်မျိုးတော်ဖြစ်သော မင်းသား ဧလိရှမာ သားနာသနိ၏သား ဣရှမေလသည်၊ လူတကျိပ်နှင့်တကွ၊
အဟိကံသား ဂေဒလိရှိရာ မိဇပါမြို့ သို့လာ၍၊ ထိုမြို့၌တစုတည်းစားသောက်ကြ၏။ 2 ထိုအခါနာသနိသား ဣရှမေလနှင့် ထိုလူ
တကျိပ်တို့သည် ထ၍၊ ဗာဗုလုန်ရှင်ဘုရင်အခွင့်နှင့် ပြည် အုပ်လုပ်သော ရှာဖန်၏သားဖြစ်သော အဟိကံ၏သား
ဂေဒလိကိုထားနှင့်ခုတ်၍ သတ်ကြ၏။ 3 ဣရှမေလသည်လည်း၊ မိဇပါမြို့တွင် ဂေဒလိ ထံ၌ရှိသော ယုဒလူအပေါင်းတို့ကိုငှင်း၊
တွေ့သမျှသော ခါလဒဲ စစ်သူရဲတို့ကိုငှင်း သတ်လေ၏။ 4 ဂေဒလိကိုသတ်၍၊ နှစ်ရက်လွန်သော်လည်း၊ ထိုအမှုကို အဘယ်သူမျှ
မသိသေးသဖြင့်၊ 5 ရှေခင်မြို့၊ရှိလောမြို့၊ ရှမာရိမြို့မှထွက်လာသော လူရှစ်ကျိပ်တို့သည် မိမိတို့မုတ်ဆိတ်ကို ရိတ်ပြီးလျှင်၊
အဝတ်စုတ်ကိုဝတ်၍ ရှနသော ကိုယ်ရှိလျက်၊ ပူဇော သက္ကာနှင့်နံ့သာပေါင်းကို ဗိမာန်တော်သို့ ဆောင်ခဲ့လျက် ရောက်လာကြ၏။ 6
ထိုသူတို့ကို ကြိုဆိုအံ့သောငှါ၊ နာသနိသား ဣရှမေလသည် ငိုကြွေးလျက်၊ မိဇပါမြို့မှထွက်၍ တွေ့သောအခါ၊ အဟိကံသားဂေဒလိထံ
သို့လာကြလော့ ဟု ခေါ်လေ၏။ 7 မြို့ထဲသို့ရောက်ပြီးလျှင်၊ နာသနိသားဣရှမေလ နှင့် သူ၏လူများတို့သည် ထိုသူတို့ကိုသတ်၍၊
မြေတွင်း ထဲသို့ ပစ်ချကြ၏။ 8 ထိုသူတို့တွင်ပါသော လူတကျိပ်တို့က၊ အကျွန်ုပ် တို့ကို မသတ်ပါနှင့်။ အကျွန်ုပ်တို့သိုထားသော
ဥစ္စာတည်း ဟူသောဂျုံ၊ မုယော၊ ဆီ၊ ပျားရည်သည်တောအ၌ရှိပါ၏ဟု၊ ဣရှမေလအားပြောဆိုသောကြောင့်၊ ထိုသူတို့ကိုသူတို့
ညီအစ်ကိုများနှင့်အတူ မသတ်ဘဲနေ၏။ 9 ဣရှမေလသည် ဂေဒလိနှင့်အတူ သတ်သောသူ အသေကောင်များကို ပစ်ချသော
တွင်းသည်အခြားတွင်း မဟုတ်၊ အာသမင်းကြီးသည် ဣသရေလရှင်ဘုရင်ဗာရှာ ကို ကြောက်၍တူးသော တွင်းဖြစ်သတည်း။
ထိုတွင်းကို နာသနိသား ဣရှမေလသည် အသေကောင်များနှင့် ပြည့်စေ၏။ 10 ထိုအခါအဟိကံသား ဂေဒလိ၌ ကိုယ်ရံတော်မှူး
နေဗုဇာရဒန် အပ်သောမင်းသမီးများအစရှိသော၊ မိဇပါ မြို့၌ ကျန်ကြွင်းသမျှသော သူတို့ကို နာသနိသား ဣရှမေလသည် သိမ်းယူ၍၊
အမ္မုန်အမျိုးသားတို့ထံသို့ ထွက်သွားလေ၏။ 11 ထိုသို့နာသနိသား ဣရှမေလပြုသော အမှုဆိုး အလုံးစုံတို့ကို၊ ကာရသားယောဟနန်နှင့်
သူ့ထံ၌ရှိသမျှ သော တပ်မှူးတို့သည်ကြားလျှင်၊ 12 လူအပေါင်းတို့ကို ခေါ်၍၊ နာသနိသား ဣရှ မေလကိုတိုက်ခြင်းငှါ ထွက်သွားသဖြင့်၊
ဂိဗောင်ကန်နား မှာတွေ့လေ၏။ 13 ဣရှမေလ၌ပါသောသူ အပေါင်းတို့သည် ကာရသား ယောဟနန်နှင့်သူ၌ပါသော တပ်မှူး
အပေါင်းတို့ကို မြင်သောအခါ၊ ဝမ်းမြောက်ခြင်းသို့ ရောက်ကြ၏။ 14 ထိုအခါမိဇပါမြို့မှ ဣရှမေလသိမ်းသွားသော
လူအပေါင်းတို့သည် သူ့ထံမှထွက်၍၊ ကာရသား ယောဟနန်ထံသို့ ကူးသွားကြ၏။ 15 နာသနိသား ဣရှမေလသည် လူရှစ်ယောက်နှင့်
တကွ၊ ယောဟနန်လက်မှ လွတ်ပြေး၍၊ အမ္မုန်အမျိုးသား တို့ထံသို့ သွားလေ၏။ 16 ထိုသို့အဟိကံသား ဂေဒလိကို သတ်ပြီးသည်
နောက်၊ ကာရသားယောဟနန်နှင့် သူ့ထံ၌ရှိသော တပ်မှူးအပေါင်းတို့သည် နာသနိသား ဣရှမေလလက်မှ ငှင်း၊ မိဇပါမြို့မှငှင်းနှုတ်၍
ကျန်ကြွင်းသော သူတည်း ဟူသော၊ အားကြီးသော စစ်သူရဲများ၊ မိန်းမများ၊ သူငယ် များ၊ မိန်းမစိုးများ အပေါင်းတို့ကို ဂိဗောင်မြို့မှ
ဆောင်ခဲ့ ပြန်၍၊ 17 ခါလဒဲလူတို့ကြောင့် အဲဂုတ္တုပြည်သို့ပြောင်းမည် အကြံရှိလျက်၊ ဗက်လင်မြို့နှင့်နီးသော ခိမဟံရွာသို့သွား၍
နေကြ၏။ 18 အကြောင်းမူကား၊ ပြည်အုပ်အရာ၌ ဗာဗုလုန် ရှင်ဘုရင် ခန့်ထားသော အဟိကံသားဂေဒလိကို နာသနိ သား
ဣရှမေလသတ်သောကြောင့်၊ ခါလဒဲလူတို့ကို ကြောက်ကြ၏။


generated on Tue Jul 2 12:50:28 2024

## Chapter 42

1 ထိုအခါကာရာသား ယောဟနန်၊ ဟောရှဲသား ယေဇနိ အစရှိသော တပ်မှူးရှိသမျှတို့နှင့်လူအကြီး အငယ်အပေါင်းတို့သည် ပရောဖက်
ယေရမိထံသို့ ချဉ်းကပ်၍၊ 2 အကျွန်ုပ်တို့သည်အထက်ကများသော်လည်း၊ 3 ယခုကိုယ်တော်မြင်သည်အတိုင်း အနည်းငယ် သော
ကျန်ကြွင်းပါသည်ဖြစ်၍၊ အကျွန်ုပ်တို့ အသနား တော်ခံသော စကားကို မပယ်ပါနှင့်။ အကျွန်ုပ်တို့ သွားရသော လမ်းနှင့်ပြုရသော
အမှုကိုကိုယ်တော်၏ ဘုရားသခင် ထာဝရဘုရားသည် အကျွန်ုပ်တို့အား ပြတော် မူမည်အကြောင်း၊ ကျန်ကြွင်းသမျှသောသူ၊
အကျွန်ုပ်တို့ အဘို့ ကိုယ်တော်၏ဘုရားသခင် ထာဝရဘုရားထံတော်၌ ဆုတောင်းပါလော့ဟု တောင်းပန်ကြ၏။ 4 ပရောဖက်
ယေရမိကလည်း၊ ငါကြား၏ သင်တို့ပြောသည်အတိုင်း၊ သင်တို့၏ ဘုရားသခင် ထာဝရဘုရားအား ဆုတောင်း မည်။
ထာဝရဘုရားသည် သင်တို့အား မိန့်တော်မူသမျှ တို့ကို ပြန်ပြောမည်။ အဘယ်အရာကိုမျှ မထိမ်မဝှက်ဟု ပြောဆို၏။ 5 သူတို့ကလည်း၊
ကိုယ်တော်၏ ဘုရားသခင် ထာဝရဘုရားသည် ကိုယ်တော်အားဖြင့် အကျွန်ုပ်တို့ကို မှာထားတော်မူသမျှအတိုင်း၊ အကျွန်ုပ်တို့သည်
ပြုပါမည်ဟု၊ ထာဝရ ဘုရားသည်အကျွန်ုပ်တို့၌ မှန်ကန်၍ သစ္စာစောင့် သော သက်သေဖြစ်တော်မူစေသတည်း။ 6 အကျွန်ုပ်တို့သည်
အကျွန်ုပ်တို့၏ ဘုရားသခင် ထာဝရဘုရား၏ အမိန့်တော်ကို နားထောင်သောအခါ ချမ်းသာရပါမည်အကြောင်း၊ အကျွန်ုပ်တို့သည်။
ကိုယ်တော်ကိုစေလွှတ်ရာ အကျွန်ုပ်တို့၏ ဘုရားသခင် ထာဝရဘုရား၏ အမိန့်တော်သည်ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ၊
နားထောင်ပါမည်ဟု ယေရမိအား ပြောဆိုကြ၏။ 7 ထိုနောက် ဆယ်ရက်ကြာသောအခါ၊ ထာဝရ ဘုရား၏ နှုတ်ကပတ်တော်သည်
ယေရမိသို့ရောက်လျှင်၊ 8 ယေရမိသည် ကာရာသား ယောဟနန်မှစ၍၊ သူ၌ပါသမျှသော တပ်မှူးတို့နှင့် လူအကြီး၊ အငယ်
အပေါင်းတို့ကိုခေါ်၍၊ 9 သင်တို့သည် ငါ့ကိုစေလွှတ်၍ အသနားတော် ခံသော ဣသရေလအမျိုး၏ဘုရားသခင်ထာဝရဘုရား
မိန့်တော်မူသည်ကား၊ 10 အကယ်စင်စစ်သင်တို့သည် ဤပြည်၌နေလျှင်၊ ငါသည်သင်တို့ကို မဖြိုမဖျက်၊ တည်ဆောက်မည်။ သင်
တို့ကိုမနှုတ်၊ စိုက်ပျိုးမည်။ ငါသည် သင်တို့၌ ရောက်စေ သော ဘေးဒဏ်ကြောင့် နောင်တရ၏။ 11 သင်တို့ကြောက်တတ်သော
ဗာဗုလုန်ရှင်ဘုရင် ကို မကြောက်ကြနှင့်။ ထာဝရဘုရား မိန့်တော်မူသည် ကား၊ ထိုရှင်ဘုရင်ကို မကြောက်ကြနှင့်။ ငါသည် သင်တို့ကို
ကယ်တင်၍၊ ထိုမင်းလက်မှနှုတ်ယူခြင်းငှါ သင်တို့ဘက်၌ ရှိ၏။ 12 သင်တို့ကို ငါကယ်မသနားသောအားဖြင့်၊ ထိုရှင်ဘုရင်သည်
သင်တို့ကို သနား၍၊ နေရင်းပြည်သို့ ပြန်စေရလိမ့်မည်။ 13 သို့မဟုတ်၊ သင်တို့က၊ငါတို့သည်ဤပြည်၌မနေ၊ ငါတို့ဘုရား
သခင်ထာဝရဘုရား၏ အမိန့်တော်ကို နားမထောင်ဘဲ၊ 14 စစ်မှုကိုမတွေ့မမြင်၊ တံပိုးမှုတ်သံကို မကြား၊ မငတ်မမွတ်ရာအရပ်၊
အဲဂုတ္တုပြည်သို့သွား၍ နေမည်ဟု ဆိုလျှင်၊ 15 ကျန်ကြွင်းသော ယုဒအမျိုးသားတို့၊ ထာဝရ ဘုရား၏အမိန့်တော်ကို ကြားကြလော့။
ဣသရေလ အမျိုး၏ ဘုရားသခင်၊ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရ ဘုရားမိန့်တော်မူသည်ကား၊ သင်တို့သည် အဲဂုတ္တုပြည်သို့
သွားခြင်းငှါ ကျပ်ကျပ်မျက်နှာပြုလျက်၊ ထိုပြည်သို့အမှန်သွား၍ တည်းခိုလျှင်၊ 16 သင်တို့ကြောက်သော ထားဘေးသည် အဲဂုတ္တု
ပြည်၌ သင်တို့ကို မှီလိမ့်မည်။ သင်တို့ကြောက်သော မွတ်သိပ်ခြင်းဘေးသည်လည်း၊ အဲဂုတ္တုပြည်၌ သင်တို့ကို ကျပ်ကျပ်လိုက်၍၊
ထိုပြည်၌သင်တို့သည် သေကြလိမ့် မည်။ 17 အဲဂုတ္တုပြည်သို့သွား၍ တည်းခိုခြင်းငှါ မျက်နှာ ပြုသောသူအပေါင်းတို့သည် ထားဘေး၊
မွတ်သိပ်ခြင်း ဘေး၊ ကာလနာဘေးတို့ဖြင့် သေကြလိမ့်မည်။ သူတို့ အပေါ်သို့ငါရောက်စေသောဘေးဒဏ်နှင့် တယောက်မျှ မလွတ်ရ။
ကျန်ကြွင်းသောသူ တယောက်မျှမရှိရ။ 18 ဣသရေလအမျိုး၏ ဘုရားသခင်၊ ကောင်းကင် ဗိုလ်ခြေအရှင်
ထာဝရဘုရားမိန့်တော်မူသည်ကား၊ ယေရု ရှလင်မြို့သားတို့အပေါ်သို့ ငါ့အမျက်အရှိန်ကို ငါသွန်း လောင်းသည်နည်းတူ၊ သင်တို့သည်
အဲဂုတ္တုပြည်သို့ ဝင်သောအခါ၊ သင်တို့အပေါ်သို့ သွန်းလောင်းသဖြင့်၊ သင်တို့သည် ဆဲရေးခြင်း၊ အံ့ဩခြင်း၊ ကျိန်ခြင်း၊ ကဲ့ရဲ့
ခြင်းကိုခံဘို့ရာ ဖြစ်ကြလိမ့်မည်။ ဤအရပ်ကို နောက် တဖန်မမြင်ရ။ 19 ကျန်ကြွင်းသောယုဒအမျိုးသားတို့၊ အဲဂုတ္တု ပြည်သို့
မသွားကြနှင့်ဟု သင်တို့အား ထာဝရဘုရား အမိန့်တော်ရှိ၏။ ငါသည်သင်တို့ကို ယနေ့သက်သေ ခံကြောင်းကို သိမှတ်ကြလော့။ 20
အကယ်စင်စစ်သင်တို့က၊ အကျွန်ုပ်တို့၏ ဘုရားသခင်ထာဝရဘုရားအား အကျွန်ုပ်တို့အဘို့ ဆုတောင်းပါလော့။ အကျွန်ုပ်တို့၏
ဘုရားသခင်ထာဝရဘုရား မိန့်တော်မူသမျှတို့ကို ကြားပြောပါလော့။ အကျွန်ုပ်တို့သည် နားထောင်ပါ မည်ဟုဆို၍၊ ငါ့ကိုသင်တို့၏
ဘုရားသခင် ထာဝရဘုရားထံတော်သို့ စေလွှတ်သောအခါ၊ ကိုယ်စိတ်ကိုကိုယ် လှည့်စားကြပြီ။ 21 ငါသည်သင်တို့အား
ယနေ့ကြားပြော၏။ သင်တို့ မူကား၊ သင်တို့ ဘုရားသခင်ထာဝရဘုရား၏ အမိန့်တော် ကိုငှင်း၊ ငါ့အားဖြင့်
မှာလိုက်တော်မူသမျှတို့ကိုငြင်း၊ နားမထောင်ဘဲနေကြ၏။ 22 ထိုကြောင့် သင်တို့သည် သွား၍ တည်းခိုချင် သော အရပ်၌ ထားဘေး၊
မွတ်သိပ်ခြင်းဘေး၊ ကာလနာ ဘေးတို့ဖြင့် သေကြလိမ့်မည်အကြောင်းကို အမှန်သိမှတ် ကြလော့ဟု ယေရမိသည် ပြန်ပြောလေ၏။



generated on Tue Jul 2 12:50:28 2024

## Chapter 43

[1] ထိုလူများတို့၏ ဘုရားသခင်ထာဝရဘုရားသည် ယေရမိအားဖြင့် မှာတော်မူသမျှသော အမိန့်တော်တို့ကို၊ ယေရမိသည်
လူအပေါင်းတို့ အားအကုန်အစင်ကြားပြော သည်ရှိသော်၊ [2] ဟောရှဲသားအာဇရိနှင့် ကာရာသား ယေဟ နန်အစရှိသော၊
မာနထောင်လွှားသော သူအပေါင်းတို့က၊ သင်သည် မုသာစကားကိုပြော၏။ အဲဂုတ္တုပြည်သို့သွား၍ မတည်းခိုရဟု ငါတို့၏
ဘုရားသခင် ထာဝရဘုရားသည် သင့်အားဖြင့် မှာထားတော်မမူ။ [3] ခါလဒဲလူတို့သည် ငါတို့ကိုသတ်၍ ဗာဗုလုန် မြို့သို့
သိမ်းသွားစေမည်အကြောင်း၊ သူတို့လက်သို့ ငါတို့ကိုအပ်လိုသောငှါ၊ နေရိသားဗာရုတ် သည်သင့်ကို နှိုးဆော်တိုက်တွန်း၏ဟု
ဆိုကြပြီးလျှင်၊ [4] ကာရာသားယောဟနန်အစရှိသော တပ်မှူး များနှင့် လူများအပေါင်းတို့သည်၊ ယုဒပြည်၌နေရမည် ဟူသော
ထာဝရဘုရား၏ အမိန့်တော်ကို နားမထောင်ဘဲ၊ [5] အတိုင်းတိုင်းအပြည်ပြည်သို့ နှင်ထုတ်ခြင်းကို ခံရပြီးမှ ယုဒပြည်၌ နေအံ့သောငှါ၊ [6]
ပြန်လာသော ယုဒအမျိုးသားအကျန်အကြွင်း၊ ယောကျ်ား၊ မိန်းမ၊ သူငယ်၊ မင်းသမီးအစရှိသော ကိုယ်ရံ တော်မှူးနေဗုဇာရဒန်သည်
ရှာဖန်၏သားဖြစ်သော အဟိကံ၏သားဂေဒလိ၌အပ်သော လူအပေါင်းတို့ကိုငှင်း၊ ပရောဖက်ယေရမိ၊ နေရိသားဗာရုတ်ကိုငှင်း၊ ကာရာ
သားယောဟနန်နှင့် တပ်မှူးအပေါင်းတို့သည်ယူ၍၊ [7] ထာဝရဘုရား၏အမိန့်တော်ကို နားမထောင်ဘဲ၊ အဲဂုတ္တုပြည်သို့
သွား၍တာပနက်မြို့သို့ ရောက်ကြ၏။ [8] တာပနက်မြို့၌ ထာဝရဘုရား၏ နှုတ်ကပတ် တော်သည် ယေရမိသို့ ရောက်တော်မူသည်ကား၊
[9] သင်သည်ကြီးသော ကျောက်တို့ကို ကိုင်ယူ၍၊ တာပနက်မြို့၌ ဖာရောဘုရင်၏အိမ်တော်ဝနားမှာ ရှိသောအုတ်ဖိုမြေ၌၊
ယုဒလူများရှေ့တွင် မြှုပ်ထားလော့။ [10] သူတို့အားလည်း၊ ဣသရေလအမျိုး၏ ဘုရား သခင်၊ ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား
မိန့်တော် မူသည်ကား၊ ငါသည်လူကိုစေလွှတ်၍၊ ငါ၏ကျွန်ဗာဗုလုန် ရှင်ဘုရင်နေဗုခဒ်နေဇာကိုဆောင်ခဲ့ပြီးလျှင်၊ ငါမြှုပ်
ထားသောဤကျောက်တို့အပေါ်မှာ၊ သူ၏ရာဇပလ္လင်ကို ငါတည်မည်။ သူသည်လည်း၊ မိမိထဲတော်ကို ဤကျောက် တို့အပေါ်မှာ
ဖြန့်လိမ့်မည်။ [11] ထိုမင်းသည် ရောက်လာသောအခါ၊ အဲဂုတ္တု ပြည်ကိုလုပ်ကြံ၍၊ သေတန်သော သူတို့ကို သေခြင်းသို့ငှင်း၊
သိမ်းသွားချုပ်ထားတန်သော သူတို့ကို သိမ်းသွားချုပ်ထား ခြင်းသို့ငှင်း အပ်လိမ့်မည်။ [12] အဲဂုတ္တုဘုရားအိမ်တို့ကို ငါမီးရှို့မည်။
သူသည် လည်း၊ ထိုဘုရားတို့ကိုမီးရှို့၍ သိမ်းသွားချုပ်ထားလိမ့် မည်။ သိုးထိန်းသည် မိမိအဝတ်ကို ဝတ်သကဲ့သို့၊ ထိုမင်း သည်
အဲဂုတ္တုပြည်ကိုဝတ်၍ ငြိမ်ဝပ်စွာ ထွက်သွား လိမ့်မည်။ [13] အဲဂုတ္တုပြည်ဗက်ရှေမက်မြို့၌၊ ရုပ်တုဆင်းတု များကို ချိုးဖျက်၍၊
အဲဂုတ္တုဘုရားအိမ်များကို မီးရှို့လိမ့်မည်ဟု ထာဝရဘုရားမိန့်တော်မူ၏။

## Chapter 44

1 အဲဂုတ္တုပြည်၊ မိဂဒေါလမြို့၊ တာပနက်မြို့၊ နောဖမြို့၊ ပါသရုအရပ်၌နေသော ယုဒလူအပေါင်းတို့ကို ရည်မှတ်၍ ယေရမိသို့
ရောက်လာသော နှုတ်ကပတ် တော်အားဖြင့်၊ 2 ကြွလာရေလအမျိုး၏ဘုရားသခင်၊ ကောင်းကင် ဗိုလ်ခြေအရှင်
ထာဝရဘုရားမိန့်တော်မူသည်ကား၊ ယေရု ရှလင်မြို့အစရှိသော ယုဒမြို့ရွာ အရပ်ရပ်တို့အပေါ်သို့ ငါရောက်စေသောဘေးဒဏ်ကို
သင်တို့သည် မြင်ကြပြီ။ 3 ကြည့်ရှုကြလော့။ ယနေ့မှာ ထိုမြို့ရွာတို့သည်၊ နေသောသူမရှိ၊ လူဆိတ်ညံသောအရပ်ဖြစ်ကြ၏။
အကြောင်းမူကား၊ အရင်နေသောသူတို့သည် ကိုယ်တိုင် မသိ၊ ဘိုးဘေးတို့မသိ၊ အခြားတပါးသော ဘုရားတို့အား နံ့သာပေါင်းကို
မီးရှို့၍ဝတ်ပြုသဖြင့်၊ ငါ၏အမျက်တော်ကို နှိုးဆော်ခြင်းငှါ ပြုကြသောဒုစရိုက်ကြောင့် ဤအမှု ရောက်သတည်း။ 4
ငါ၏ကျွန်ပရောဖက်အပေါင်းတို့ကို ငါသည် စောစောထ၍ သင်တို့ရှိရာသို့ အထပ်ထပ်စေလွှတ်လျက်၊ ငါမုန်းသောအမှု၊
ဤစက်ဆုပ်ရွံရှာဘွယ်သောအမှုကို မပြုပါနှင့်ဟု ပြောသော်လည်း၊ 5 သူတို့သည်အခြားတပါးသော ဘုရားအားနံ့သာ ပေါင်းကို မီးမရှို့၊
ဒုစရိုက်ကို ရှောင်မည်အကြောင်း နားထောင်ခြင်းကို မပြုမနာမယူဘဲ နေကြ၏။ 6 ထို့ကြောင့်၊ ငါ၏အမျက်အရှိန်ကို ငါသွန်း
လောင်း၍၊ ယုဒမြို့များ ယေရုရှလင်လမ်းများတို့၌ အမျက်မီးရှို့သဖြင့်၊ သူတို့သည်ယနေ့၌ ဖြစ်သကဲ့သို့
သုတ်သင်ပယ်ရှင်းရာအရပ်ဖြစ်ကြ၏။ 7 ယခုမှာကြွလာရေလမျိုး၏ ဘုရားသခင်၊ ကောင်း ကင်ဗိုလ်ခြေ အရှင်ဘုရားသခင်၊ 8
ထာဝရဘုရားမိန့်တော် မူသည်ကား၊ သင်တို့သည် ကိုယ်ကိုကိုယ်ပယ်ဖြတ်လို သောငှါငှင်း၊ မြေကြီးပေါ်မှာလူအမျိုးမျိုးတို့တွင် ကဲ့ရဲ့
ကျိန်ဆဲရာဖြစ်လိုသောငှါငှင်း၊ သွား၍နေသောအဲဂုတ္တု ပြည်၌ အခြားတပါးသော ဘုရားတို့အား နံ့သာပေါင်းကို မီးရှို့လျက်၊
ကိုယ်တိုင်ပြုသောအမှုနှင့် ငါ၏အမျက်ကို နှိုးဆော်သဖြင့်၊ သင်တို့တွင် တယောက်မျှမကြွင်း၊ ယုဒ အမျိုးယောကျ်ားမိန်းမ၊
သူငယ်စို့နို့ကလေးအပေါင်းတို့ကို ပယ်ဖြတ်မည်အကြောင်း၊ ကြီးစွာသော ဒုစရိုက်ကို ကိုယ် စိတ်ဝိညာဉ်တဘက်၌ အဘယ်ကြောင့်
ပြုကြသနည်း။ 9 ယုဒပြည်၌ငှင်း၊ ယေရုရှလင်လမ်းတို့၌ငှင်း၊ သင်တို့ဘိုးဘေးများ ပြုသောဒုစရိုက်၊ ယုဒရှင်ဘုရင်များ
ပြုသောဒုစရိုက်၊ မိဖုရားများပြုသော ဒုစရိုက်၊ သင်တို့ ကိုယ်တိုင်ပြုသော ဒုစရိုက်၊ သင်တို့မယားများပြုသော ဒုစရိုက်တို့ကို
မေ့လျော့ကြပြီလော့။ 10 ယနေ့တိုင်အောင် သူတို့သည် နှိမ့်ချသော စိတ် မရှိ၊ ကြောက်ရွံ့သောစိတ်မရှိ၊ ငါ၏တရားလမ်း သို့မလိုက်၊
သင်တို့မှစ၍ သင်တို့ဘိုးဘေးတို့ရှေ့မှာ ငါထားသော ပညတ်များကို မစောင့်ရှောက်ကြ။ 11 သို့ဖြစ်၍၊
ကြွလာရေလအမျိုး၏ဘုရားသခင်၊ ကောင်းကင်ဗိုလ် ခြေအရှင်ထာဝရဘုရား မိန့်တော်မူ သည်ကား၊ သင်တို့ကိုအပြစ်ပြု၍
ယုဒအမျိုးသား အပေါင်းတို့ကို ပယ်ဖြတ်ခြင်းငှါ ငါသည် မျက်နှာ ထားမည်။ 12 အဲဂုတ္တုပြည်သို့သွား၍ တည်းခိုခြင်းငှါ မျက်နှာ
ပြုသော ယုဒအမျိုးသားအကျန်အကြွင်းတို့ကို ငါသည် ယူ၍၊ သူတို့သည်ထိုပြည်၌ သေကြေပျက်စီးကြလိမ့်မည်။ ထားဘေး၊
မွတ်သိပ်ခြင်းဘေးဖြင့်ပျက်စီးခြင်းသို့ငှင်း၊ အငယ်ဆုံးသော သူမှစ၍ အကြီးဆုံးသော သူတိုင်အောင် ထားဘေး၊
မွတ်သိပ်ခြင်းဘေးဖြင့် သေကြေပျက်စီးခြင်းသို့ ငှင်း ရောက်၍၊ ဆဲရေးခြင်း၊ အံ့သြခြင်း၊ ကျိန်ခြင်း၊ ကဲ့ရဲ့ခြင်းကိုခံဘို့ရာ
ဖြစ်ကြလိမ့်မည်။ 13 ယေရုရှလင်မြို့သားတို့ကို ထားဘေး၊ မွတ်သိပ် ခြင်းဘေး၊ ကာလနာဘေးတို့ဖြင့် ငါသည် ဒဏ်ပေးသည် နည်းတူ၊
အဲဂုတ္တုပြည်၌နေသော သူတို့ကို ငါသည် ဒဏ်ပေးသဖြင့်၊ 14 အဲဂုတ္တုပြည်သို့ သွား၍ တည်ခိုသော ယုဒ အမျိုးသား
အကျန်အကြွင်းတို့သည် ယုဒပြည်သို့ပြန်၍ နေချင်သော်လည်း၊ တယောက်မျှ ဘေးနှင့်မလွတ်ရ၊ တယောက်မျှ မကျန်ကြွင်းရကြ။
ဘေးလွတ်သော သူသာ လျှင် ပြန်ရကြလိမ့်မည်ဟု မိန့်တော်မူ၏။ 15 ထိုအခါ မိမိမယားတို့သည် အခြားတပါးသော ဘုရားအား
နံ့သာပေါင်းနှင့်မီးရှို့ကြောင်းကို သိသော လူများ၊ အနား၌ရပ်နေသော မိန်းမများ၊ ကြီးစွာသော အလုံးအရင်းတည်းဟူသော၊
အဲဂုတ္တုပြည်ပါသရုအရပ်၌ နေသောသူအပေါင်းတို့သည် ယေရမိကို ပြန်ပြော ကြသည်ကား၊ 16 သင်သည်ထာဝရဘုရား၏
နာမတော်ကို အမှီပြု ၍၊ ငါတို့အား ဟောပြောသောစကားကို ငါတို့သည် နားမထောင်။ 17 ငါတို့မှစ၍ ငါတို့ဘိုးဘေး၊ ရှင်ဘုရင်၊ မှူးမတ်
တို့သည် ယုဒမြို့များ၊ ယေရုရှလင်လမ်းများ၌ ပြုဘူး သကဲ့သို့၊ ကောင်းကင်မိဖုရားအဘို့ နံ့သာပေါင်းကို မီးရှို့၍၊ သွန်းလောင်းရာ
ပူဇော်သက္ကာကိုပြုခြင်းငှါ၊ ကိုယ် အလိုအလျောက် စီရင်သည်အတိုင်း ဆက်ဆက်ပြုမည်။ အထက်က ဝစွာစားရကြ၏။
ဘေးနှင့်လွတ်၍ ချမ်းသာ စွာ နေရကြ၏။ 18 ကောင်းကင်မိဖုရားအဘို့နံ့သာပေါင်းကို မီးမရှို့၊ သွန်းလောင်းရာပူဇော်သက္ကာကို
မပြုဘဲနေပြန်သော အခါ၊ အလွန်ဆင်းရဲခြင်း၊ ထားဘေး၊ မွတ်သိပ်ခြင်း ဘေးဖြင့် ပျက်စီးခြင်းသို့ ရောက်ကြပြီ။ 19
ကောင်းကင်မိဖုရားအဘို့ နံ့သာပေါင်းကိုမီးရှို့၍၊ သွန်းလောင်း ရာပူဇော်သက္ကာကို ပြုသောအခါ၊ ငါတို့၏ ယောကျ်ားမပါဘဲ
မုန့်ပြားတို့ကို လုပ်၍၊ သွန်းလောင်းရာ ပူဇော်သက္ကာပြုလျက် ကိုးကွယ်သလောဟုပြန်ပြောကြ၏။ 20 ထိုသို့ပြန်ပြောသော
ယောကျ်ားမိန်းမအပေါင်း တို့အား ယေရမိပြန်ပြောသည်ကား၊ 21 သင်တို့မှစ၍ သင်တို့ဘိုးဘေး၊ ရှင်ဘုရင်၊ မှူးမတ်၊
ပြည်သူပြည်သားတို့သည် ယုဒမြို့များ၊ ယေရု ရှလင်လမ်းများ၌ မီးရှို့သော နံ့သာပေါင်းကို ထာဝရ ဘုရားသည် မအောက်မေ့၊
နှလုံးမသွင်းဘဲ နေတော် မူသလော။ 22 သင်တို့ပြုသောဒုစရိုက်၊ စက်ဆုပ်ရွံရှာဘွယ် သောအမှုတို့ကို ထာဝရဘုရားသည်
သည်းခံတော်မမူနိုင် သောကြောင့်၊ သင်တို့ပြည်သည်၊ ယနေ့ဖြစ်သည်အတိုင်း၊ နေသောသူမရှိ၊ လူဆိတ်ညံရာ၊ အံ့သြဘွယ်ရာ၊
ကျိန်ဆဲရာ ဖြစ်လေပြီတကား။ 23 သင်ကိုသည် နံ့သာအပေါင်းကို မီးရှို့၍ ထာဝရ ဘုရားကိုပြစ်မှားသောကြောင့်ငှင်း၊ ထာဝရဘုရား၏
အမိန့်တော်ကို နားမထောင်၊ ထုံးဖွဲ့ချက်၊ သက်သေခံ ချက်ပညတ်တရားတော်လမ်းသို့ မလိုက်သောကြောင့် ငှင်း၊ ဤဘေးသည်
ယနေ့၌ရှိသည်အတိုင်း၊ သင်တို့၌ ရောက်လေပြီတကားဟု ပြောဆို၏။ 24 တဖန်မိန်းမအပေါင်းတို့နှင့် လူခပ်သိမ်းတို့အား

ယေရမိဟောပြောသည်ကား၊ အဲဂုတ္တုပြည်၌ရှိသော ယုဒ လူအပေါင်းတို့၊ ထာဝရဘုရား၏ အမိန့်တော်ကို နားထောင်ကြလော့။ [25]
ဣသရေလအမျိုး၏ ဘုရားသခင်၊ ကောင်းကင် ဗိုလ်ခြေအရှင် ထာဝရဘုရားမိန့်တော်မူသည်ကား၊ သင်တို့နှင့်သင်တို့မယားတို့က၊
ငါတို့သည် ကောင်းကင် မိဖုရားအဘို့ နံ့သာပေါင်းကို မီးရှို့၍ သွန်းလောင်းပူဇော် သက္ကာပြုခြင်းငှါ၊ သစ္စာဂတိထားသည်နှင့်အညီ
ဆက်ဆက်ပြုမည်ဟု နှုတ် နှင့်ပြော၍ လက်နှင့် ပြုသည်အတိုင်း၊ သင်တို့သည် ကိုယ်ထားသော သစ္စာဂတိ ကို ဆက်ဆက်စောင့်၍၊
သစ္စာဂတိထားသည်အတိုင်း ပြုကြလိမ့်မည်။ [26] သို့ဖြစ်၍ အဲဂုတ္တုပြည်၌ နေသောယုဒလူ အပေါင်းတို့၊ ထာဝရဘုရား၏ အမိန့်တော်ကို
နားထောင် ကြလော့။ ထာဝရဘုရားမိန့်တော်မူသည်ကား၊ အရှင် ထာဝရဘုရား အသက်ရှင်တော်မူသည်ဟူ၍ အဲဂုတ္တုပြည်
တရှောက်လုံးတွင်၊ ယုဒလူတယောက်မျှငါ၏ နာမကို မမြွက်မဆိုရမည်အကြောင်း၊ ငါသည် ကိုယ်မဟာနမကို တိုင်တည်၍ ကျိန်ဆို၏။
[27] သူတို့ကို ကျေးဇူးပြုခြင်းငှါမဟုတ်၊ အပြစ်ပြု ခြင်းငှါ ငါစောင့်သည် ဖြစ်၍၊ အဲဂုတ္တုပြည်၌ရှိသော ယုဒလူအပေါင်းတို့သည်
ဆုံးရှုံးခြင်းသို့ မရောက်မှီ တိုင်အောင် ထားဘေး၊ မွတ်သိပ်ခြင်းဘေးနှင့် ပျက်စီး ကြလိမ့်မည်။ [28] သို့ရာတွင်၊ ထားဘေးနှင့်လွတ်၍၊
အဲဂုတ္တုပြည်မှ ယုဒပြည်သို့ ပြန်ရသောသူတို့သည် နည်းကြလိမ့်မည်။ ငါ့စကားတည်မည်၊ သူတို့စကားတည်မည်ကို၊ အဲဂုတ္တုပြည်၌
တည်းခိုခြင်းငှါသွားသော ယုဒလူအကျန် အကြွင်းတို့သည် သိကြလိမ့်မည်။ [29] ဤအရပ်၌ သင်တို့ကိုငါဆုံးမ၍၊ သင်တို့၌
အပြစ်ရောက်စေခြင်းငှါ ငါ့စကားသည် ဆက်ဆက် တည်လိမ့်မည်ဟု သင်တို့သိမည်အကြောင်း၊ ငါပေးသော နိမိတ်လက္ခဏာဟူမူကား၊
[30] ယုဒရှင်ဘုရင်ဇေဒက်မင်းအသက်၏ ရန်သူ တည်းဟူသော ဗာဗု လုန်ရှင်ဘုရင်နေဗုခဒ်နေဇာမင်း ၏လက်သို့
ဇေဒကိမင်းကိုငါအပ်သည်နည်းတူ၊ အဲဂုတ္တု ရှင်ဘုရင်ဖာရောဟောဖရာအသက်ကို ရှာသောရန်သူ လက်သို့ ထိုမင်းကိုငါအပ်သည်ဟု
ထာဝရဘုရား မိန့်တော် မူ၏။

---


generated on Tue Jul 2 12:50:28 2024

## Chapter 45

[1] ယုဒရှင်ဘုရင်ယောရှိသား ယောယကိမ် လက်ထက်၊ နေရိသားဗာရုတ်သည်၊ ယေရမိမြွက်ဆိုသည် အတိုင်း၊ စကားတော်များကို စာ၌
ရေးထားသောနောက်၊ ပရောဖက်ယေရမိသည် ဗာရုတ်အားဆင့်ဆိုရသော နှုတ် ကပတ်တော်ဟူမူကား၊ [2-4] အိုဗာရုတ်၊ သင်က၊
ငါသည်အမင်္ဂလာရှိ၏။ ထာဝရဘုရားသည် ငါ၀မ်းနည်းစရာ အကြောင်းတပါး အပေါ်မှာတပါးကို ထပ်ဆင့်တော်မူသောကြောင့်၊
ငါသည် သက်သာမရ။ ညည်းတွား၍ စိတ်ပျက်ပါပြီဟု ဆိုသည်ဖြစ်၍၊ သင်သည်ဆင့်ဆိုရမည်မှာ၊ ဣသရေလ အမျိုး၏
ဘုရားသခင်ထာဝရဘုရား မိန့်တော်မူသည် ကား၊ ငါဆောက်သောအရာကို ငါဖြိုဖျက်မည်။ ငါစိုက် သော အရာတည်းဟူသော
ဤပြည်ကို အကြွင်းမဲ့ ငါနှုတ် ပစ်မည်။ [5] သင်သည် ကြီးစွာသော အရာတို့ကို ကိုယ်အဘို့ ရှာသလော။ မရှာနှင့်။ အကြောင်းမူကား၊
ငါသည် ခပ်သိမ်းသော သတ္တဝါတို့အပေါ်သို့ ဘေးရောက်စေမည်။ သို့ရာတွင်၊ သင်ရောက်လေရာအရပ်တို့၌၊ သင်၏ အသက်ကို
လက်ရဥစ္စာကဲ့သို့ သင့်အားငါပေးမည်ဟု ထာဝရဘုရားမိန့်တော်မူ၏။


generated on Tue Jul 2 12:50:28 2024

## Chapter 46

1 တပါးအမျိုးကိုရည်မှတ်၍ ပရောဖက်ယေရမိသို့ ရောက်လာသော ထာဝရဘုရား၏ နှုတ်ကပတ်တော် တည်းဟူသော၊ 2
ယုဒရှင်ဘုရင်ယောရှိသားယောယကိမ်မင်း နန်းစံ လေးနှစ်တွင်၊ ကာခေမိတ်အရပ်၊ ဥဖရတ်မြစ်နား၌ တပ်ချ၍၊
ဗာဗုလုန်ရှင်ဘုရင်နေဗုခဒ်နေဇာ လုပ်ကြံသော အဲဂုတ္တုရှင်ဘုရင် ဖာရော နေခေါ်၏ စစ်သူရဲ၊ အဲဂုတ္တုပြည်သားတို့ကို ရည်မှတ်သော
နှုတ်ကပတ် တော်ဟူမူကား၊ 3 ဒိုင်းလွှားတို့ကို ပြင်ဆင်၍၊ စစ်တိုက်ခြင်းငှါ ချဉ်းကပ်ကြလော့။ 4 မြင်းစီးသူရဲများတို့၊ မြင်းကို
ကကြိုးတန်ဆာ ဆင်၍စီးပြီးလျှင်၊ သံခမောက်လုံးကို ဆောင်းလျက် ထွက်ကြလော့။ လှံတို့ကိုပွတ်ကြလော့။ သံချပ်အင်္ကျီတို့ကို
ဝတ်ကြလော့။ 5 သူတို့သည်ကြောက်ရွံ့၍ ဆုတ်သွားကြသည်ကို အဘယ်ကြောင့် ငါမြင်ရသနည်း။ အားကြီးသော သူတို့ သည်
ရှုံးသဖြင့် ပြန်၍မကြည့်ဘဲ့ပဲ အလျင်အမြန်ပြေးကြ ၏။ ပတ်လည်အရပ်၌ ဘေးရှိသည်ဟု ထာဝရဘုရား မိန့်တော်မူ၏။ 6
လျင်မြန်သောသူကို မပြေးစေနှင့်။ အားကြီး သော သူကိုမလွတ်စေနှင့်။ ဥဖရတ်မြစ်နား၊ မြောက် မျက်နှာ၌ ထိမိ၍လဲကြလိမ့်မည်။ 7
နိလမြစ်ထသကဲ့သို့၎င်း၊ မြစ်ရေစီးသကဲ့သို့၎င်း တက်လာသော ဤသူကား အဘယ်သူနည်း။ 8 အဲဂုတ္တုပြည်သည်
နိလမြစ်ထသကဲ့သို့၎င်း၊ မြစ်ရေစီးသကဲ့သို့၎င်း တက်လာလျက်၊ ငါသည် ထ၍ မြေကြီးကို လွှမ်းမိုးမည်။ မြို့နှင့်တကွမြို့ သားတို့ကို
ဖျက်ဆီးမည်ဟု ပြောဆို၏။ 9 မြင်းများတို့၊ တက်ကြလော့။ ရထားများတို့၊ ဟုန်းဟုန်းမြည်ကြလော့။ သူရဲများတည်းဟူသော၊
ဒိုင်းလွှားကို ကိုင်တတ်သော ကုရှအမျိုး၊ ဖုတအမျိုးသား၊ လေးကိုကိုင်၍ ပစ်တတ်သောလုဒိအမျိုးသားတို့သည် ထွက်သွားကြစေ။ 10
ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား၏ ရန်သူတို့ကို ဒဏ်ပေးရသောနေ့၊ အမျက်တော်ကို ဖြေရသောနေ့ရက်ဖြစ်သည်နှင့် အညီ၊
ထားတော်သည် ကိုက်စား၍ဝလိမ့်မည်။ သူတို့အသွေးနှင့် ယစ်မူးလိမ့်မည်။ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရားအဘို့၊
မြောက်မျက်နှာ၌ ဥဖရတ်မြစ်နားမှာ ယဇ်ပူဇော်စရာ အကြောင်းရှိ၏။ 11 အိုအဲဂုတ္တုသတို့သမီးကညာ၊ ဂိလဒ်ပြည်သို့
သွား၍ဗာလစံဆေးကို ယူလော့။ သင်သည်များစွာသော ဆေးကိုအချည်းနှီးသုံးတတ်၏။ သင်၏အနာ မပျောက် နိုင်ရာ။ 12 သင်သည်
အရှက်ကွဲကြောင်းကို လူမျိုးတို့သည် ကြားကြပြီ။ သင် မြည်တမ်းသော အသံသည်းမြေတပြင် လုံး၌ နှံ့ပြားပြီး။
သူရချင်းတယောက်နှင့် တယောက် ထိခိုက်၍၊ နှစ်ယောက်တို့သည်လဲကြပြီဟု မိန့်တော်မူ၏။ 13 အဲဂုတ္တုပြည်ကိုလုပ်ကြံခြင်းငှါ
ဗာဗုလုန် ရှင်ဘုရင်နေဗုဒ်နေဇာလာမည်အကြောင်းကြောင့်၊ ထာဝရဘုရားသည် ပရောဖက်ယေရမိအား မိန့်တော်မူ သော
စကားဟူမူကား၊ 14 သင့်ပတ်လည်၌နေသောသူတို့ကို ထားတော် သည် ကိုက်စားပြီ။ ကိုယ်ကိုပြင်ဆင်၍ မြဲမြံစွာ နေလော့ ဟု
အဲဂုတ္တုပြည်၌ကြွေးကြော်ကြလော့။ မိဂဒေါလမြို့၌ သိတင်းကြားကြလော့။ နောဖမြို့၊ တာပနက်မြို့၌လည်း ကြားပြောကြလော့။ 15
သင်၏သူရဲသည် အဘယ်ကြောင့် ရှုံးသနည်း။ ထာဝရဘုရားတွန်းချတော်မူသောကြောင့်၊ သူသည် မရပ် မနေနိုင်ရာ။ 16
လူများတို့သည် ထိမိ၍တယောက်အပေါ်မှာ တယောက်လဲစေခြင်းငှါ ပြုတော်မူသည်ဖြစ်၍၊ သူတို့က၊ ထကြကုန်အံ့။
ညှဉ်းဆဲတတ်သော ထားကြောင့် ကိုယ် အမျိုး၊ ကိုယ်နေရင်းပြည်သို့ပြန်ကြကုန်အံ့ဟု ပြောဆို ကြ၏။ 17 ရောက်ပြီးမှ အဲဂုတ္တု
ရှင်ဘုရင်ဖာရောမင်းသည် ဆုံးရှုံးပြီ။ စည်းဝေးရသောအချိန်ကို လွန်စေပြီဟု ဟစ်ကြ၏။ 18 ကောင်းကင်ဗိုလ်ခြေအရှင်
ထာဝရဘုရားဟု ဘွဲ့နာမရှိသော ရှင်ဘုရင်မိန့်တော်မူသည်ကား၊ ငါသည် အသက်ရှင်သည်ဖြစ်၍၊ တောင်တို့တွင် တာဗော်တောင်
ကဲ့သို့၎င်း၊ ပင်လယ်နားမှာကရမေလတောင်ကဲ့သို့ ၎င်း ထိုမင်းသည် လာလိမ့်မည်။ 19 နေရာကျသော အဲဂုတ္တုသတို့သမီး၊ နေရာ
ပြောင်းစရာဘို့ ကိုယ်အသုံးအဆောင်များကို ပြင်လော့။ အကြောင်းမူကား၊ နေဖမြို့သည် နေသောသူမရှိအောင်
သုတ်သင်ဖျက်ဆီးခြင်းကို ခံရမည်။ 20 အဲဂုတ္တုပြည်သည်အဆင်းလှသော နွားမဖြစ်၏။ သို့ရာတွင်၊ မြောက်မျက်နှာဘက်က
နှောင့်ရှက်ခြင်း အကြောင်းပေါ်လာ၏။ 21 သူငှါးတို့သည် သူ၏အလယ်၌ ဆူအောင် ကျွေးသောနွားကဲ့သို့ ဖြစ်သော်လည်း၊
ပျက်စီးခြင်းနေ့၊ ဆုံးမခြင်းကိုခံရသော အချိန်ရောက်သောကြောင့်၊ သူတို့ သည် မရပ်မနေ၊ ကျောကိုလှည့်၍ တညီတညွတ်တည်း
ပြေးသွားကြ၏။ 22 သစ်ခုတ်သောသူကဲ့သို့ ပုဆိန်ပါလျက်၊ လူအလုံး အရင်းနှင့်တကွ ချီလာကြသောအခါ၊ သူ၏စကားသံ သည်
မြွေမြည်သံကဲ့သို့ ဖြစ်လိမ့်မည်။ 23 ထိုတောသည် အလွန်ရှုပ်သော်လည်း၊ သူတို့ သည် ကျိုင်းကောင်ထက်မက မရေတွက်နိုင်အောင်
များသောကြောင့် ခုတ်လှဲကြလိမ့်မည်ဟု ထာဝရဘုရား မိန့်တော်မူ၏။ 24 အဲဂုတ္တုသတို့သမီးသည် မိန်းမောတွေဝေလျက် ရှိ၏။
မြောက်မျက်နှာပြည်သားတို့ လက်သို့ရောက်လေပြီ။ 25 ဣသရေလအမျိုး၏ဘုရားသခင်ကောင်းကင် ဗိုလ်ခြေအရှင်
ထာဝရဘုရားမိန့်တော်မူသည်ကား၊ နောမြို့၌ရှိသော အမ္မုန်ဘုရားနှင့် ဖာရောဘုရင်မှစ၍ အဲဂုတ္တုပြည်သားဘုရားများ၊
ရှင်ဘုရင်များတည်း ဟူသော၊ ဖာရောဘုရင်အစရှိသော၊ ထိုဘုရင်ကို ကိုးစား သော သူတို့ကို ငါဆုံးမမည်။ 26 သူတို့အသက်ကို
ရှာသောသူတည်းဟူသော ဗာဗုလုန်ရှင်ဘုရင် နေဗုခဒ်နေဇာမင်းနှင့်သူ၏ ကျွန်တို့ လက်သို့ သူတို့ကို ငါအပ်မည်။ ထိုနောက်မှတဖန်
အဲဂုတ္တု ပြည်သည်အရင်ကဲ့သို့ စည်ပင်လိမ့်မည်ဟု ထာဝရဘုရား မိန့်တော်မူ၏။ 27 အိုငါ့ကျွန်ယာကုပ်၊ မကြောက်နှင့်။ အို
ဣသရေလအမျိုး၊ စိတ်မပျက်နှင့်။ သင့်ကိုဝေးသောအရပ်မှ၎င်း၊ သင်၏အမျိုးသားတို့ကို သိမ်းသွားရာ ပြည်မှ၎င်း ငါနှုတ်
ယူဆောင်ခဲ့သဖြင့်၊ ယာကုပ်အမျိုးသည်ပြန်လာ၍၊ ချောက်လှန့်သောသူမရှိ၊ ငြိမ်ဝပ်ချမ်းသာစွာ နေရ လိမ့်မည်။ 28
ငါ့ကျွန်ယာကုပ်မကြောက်နှင့်။ သင်နှင့်အတူ ငါရှိ၏။ သင့်ကို ငါနှင်ထုတ်သော တိုင်းနိုင်ငံရှိသမျှတို့ကို ငါသည်ဆုံးမစေသော်လည်း၊
သင့်ကို မဆုံးစေ။ သို့ရာတွင်၊ ရှင်းရှင်းအပြစ်မလွှတ်ဘဲ အတော်အတန် ဆုံးမမည်ဟု ထာဝရဘုရားမိန့်တော်မူ၏။


generated on Tue Jul 2 12:50:28 2024

## Chapter 47

1 ဖာရောဘုရင်သည် ဂါဇမြို့ကို မလုပ်ကြံမှီ၊ ဖိလိတ္တိအမျိုးသားတို့ကို ရည်မှတ်၍၊ ပရောဖက် ယေရမိသို့ရောက်လာသော
နှုတ်ကပတ်တော်အားဖြင့်၊ 2 ထာဝရဘုရားမိန့်တော်မူသည်ကား၊ မြောက် မျက်နှာဘက်က ရေသည်ထ၍ လွှမ်းမိုးသောပင်လယ်
ဖြစ်လျက်၊ တပြည်လုံးနှင့်၊ ပြည်၌ ပါသမျှကိုင်၄င်း၊ မြို့နှင့် မြို့၌နေသော သူတို့ကိုင်၄င်းလွှမ်းမိုး၍၊ သူတို့သည် အော်ဟစ် ကြလိမ့်မည်။
ပြည်သူပြည်သားတို့သည် မြည်တမ်းကြ လိမ့်မည်။ 3 ရန်သူစီးသော မြင်းခွါသံ၊ စိုင်းသောရထား ဘီးများ မြည်သံကြောင့်၊
အဘတို့သည် လက်အားလျော့၍ သားတို့ကိုပြန်မကြည့်ကြ။ 4 အကြောင်းမူကား၊ ဖိလိတ္တိအမျိုးသားတို့ကို ဖျက်ဆီးရသောနေ့၊
တုရုမြို့၊ ဇိဒုန်မြို့ကို စစ်ကူနိုင်သောသူ အကျန်အကြွင်းရှိသမျှကို ပယ်ဖြတ်ရသောနေ့သည် ရောက်၍၊ ထာဝရဘုရားသည်
ဖိလိတ္တိအမျိုးသားနှင့် ကျန် ကြွင်းသော ကတ္တောရပြည်သားတို့ကို သုတ်သင်ပယ်ရှင်း တော်မူမည်။ 5 ဂါဇမြို့သည်ဆံပင်ရိတ်ခြင်းကို
ခံရ၏။ အာရှ ကေလုန်မြို့နှင့် ကျန်ကြွင်းသောချိုင့်အရပ်သည်ပျက်စီးပြီ။ အဘယ်မျှကာလပတ်လုံး ကိုယ်အသားကို ခုတ်ဖြတ်ရမည်
နည်း။ 6 အိုထာဝရဘုရား၏ထားတော်၊ သင်သည် အဘယ်မျှကာလပတ်လုံး မငြိမ်ဘဲနေမည်နည်း။ ကိုယ် အိမ်၌ဝင်၍နေလော့။
နေရာကျ၍ ငြိမ်ဝပ်စွာနေလော့။ 7 အာရှကေလုန်မြို့နှင့် ပင်လယ်ကမ်းအမှု၌ ထာဝရဘုရား မှာထားတော်မူသောကြောင့်၊ အဘယ် သို့
ငြိမ်ဝပ်စွာနေနိုင်သနည်း။ ထိုအမှုကို ဆောင်ရွက်စေခြင်း ငှါ ခန့်ထားတော်မူ၏။


generated on Tue Jul 2 12:50:28 2024

# Chapter 48

1 ဣသရေလအမျိုး၏ ဘုရားသခင်ကောင်းကင် ဗိုလ်ခြေအရှင် ထာဝရဘုရားသည် မောဘပြည်ကို ရည်မှတ်၍ မိန့်တော်မူသည်ကား၊
နေဗောမြို့သည် အမင်္ဂလာရှိ၏။ ပျက်စီးခြင်းသို့ရောက်လေ၏။ ကိရယ သိမ်မြို့သည် ရှုံး၍လုယူခြင်းကို ခံရ၏။ မိသဂပ် မြို့
သည်လည်း ရှုံး၍ စိတ်ပျက်လေ၏။ 2 မောဘပြည်သည် နောက်တဖန် ဟေရှဘုန် မြို့၌ မဝါကြွားရ။ ရန်သူတို့က၊ မောဘပြည်ကို
ပြည်မဖြစ် စေခြင်းငှါ ပယ်ရှားကြကုန်အံ့ဟု၊ ရန်ပြုမည့်အကြံနှင့် ကြံစည်ကြ၏။ အိုမာဒမေနမြို့၊ သင်သည်လည်းပျက် စီးရမည်။
ထားဘေးသည် သင့်ကိုလိုက်လိမ့်မည်။ 3 ဟောရနိမ်မြို့၌လည်း ညှဉ်းဆဲခြင်းနှင့် ပြင်းစွာ သော ပျက်စီးခြင်းရှိ၍၊
အော်ဟစ်သောအသံကိုကြားရ၏။ 4 မောဘပြည်သည်ပျက်စီးခြင်းသို့ရောက်၍၊ သူငယ်တို့သည် မြည်တမ်းသောအသံကိုပြုကြ၏။ 5
ငိုကြွေးသောအသံသည် လုဟိတ်တောင်ပေါ်သို့ တက်ရ၏။ ဟောရနိမ်မြို့သို့ဆင်းရာအရပ်၌လည်း၊ ဆုံးရှုံးခြင်းအသံကိုရန်သူတို့သည်
ကြားရကြ၏။ 6 အသက်လွတ်အံ့သောငှါပြေးကြလော့။ လွင်ပြင် ၌ရှိသော သစ်ပင်ခြောက်ကဲ့သို့ဖြစ်ကြလော့။ 7
သင်သည်မိမိဆည်းဖူးသော ဘဏ္ဍာဥစ္စာကို ကိုးစားသောကြောင့်၊ သူတပါးလက်သို့ရောက်ရလိမ့်မည်။ ခေမုရှဘုရားကိုလည်း
သူ၏မင်း၊ သူ၏ယဇ်ပုရောဟိတ်တို့ နှင့်တကွ သိမ်းသွားကြလိမ့်မည်။ 8 လုယူသောသူသည် မြို့များအစဉ်အတိုင်း ရောက်လာ၍
မြို့တမြို့မျှမလွတ်ရ။ ချိုင့်နှင့်တကွ လွင်ပြင် သည်လည်း၊ ပျက်စီးခြင်းသို့ ရောက်ရလိမ့်မည်။ ထိုသို့ ထာဝရဘုရား မိန့်တော်မူပြီ။ 9
မောဘပြည်သည် လွတ်ရာသို့ ပြေးရအောင် ငှက်တောင်တို့ကို ပေးလော့။ မြို့တို့သည်နေသောသူမရှိ၊ လူဆိတ်ညံရာဖြစ်ကြလိမ့်မည်။
10 ထာဝရဘုရား၏ အမှုတော်ကို ကြိုးစား၍ မဆောင်သော သူသည် ကျိန်ဆဲခြင်းကိုခံစေ။ လူအသက် ကို မသတ်ဘဲမိမိထားကို
သိမ်းရုပ်သောသူသည် ကျိန်ဆဲ ခြင်းကိုခံစေ။ 11 မောဘသည်အိုးတလုံးမှ တလုံးသို့မပြောင်း၊ တကျွန်းတနိုင်ငံသို့ ယူသွားခြင်းကိုမခံ၊
ငယ်သော အရွယ်မှစ၍ ငြိမ်လျက်၊ မိမိအဖတ်အနည်ပေါ်၌ နေရာ ကျလျက်ရှိသောကြောင့်၊ မိမိအရသာသည် တည့်နေ၏။
မွှေးသောအနံ့လည်း မပျက်။ 12 သို့ရာတွင် ထာဝရဘုရားမိန့်တော်မူသည်ကား၊ စောင်း၍ထားတတ်သောသူတို့ကို သူ့ထံသို့ ငါစေလွှတ်ရ
သော အချိန်ရောက်လိမ့်မည်။ သူတို့သည် မောဘကို စောင်း၍ ထားပြီးလျှင်၊ သူ၏အိုးတို့ကိုသွန်၍ ရေဘူးတို့ကို ခွဲကြလိမ့်မည်။ 13
ဣသရေလအမျိုးသည် မိမိတို့ခိုလှုံသော ဗေသလဘုရားကြောင့် ရှက်ရသကဲ့သို့၊ မောဘအမျိုး သည်လည်း ခေမုရှဘုရားကြောင့်
ရှက်ရလိမ့်မည်။ 14 ငါတို့သည်အားကြီးသောသူ၊ စစ်တိုက်ခြင်းငှါ တတ်စွမ်းနိုင်သော သူဖြစ်ကြ၏ဟု၊ သင်တို့သည် အဘယ်သို့
ပြောဆိုကြလိမ့်မည်နည်း။ 15 မောဘပြည်သည် ပျက်စီးပြီ။ မြို့တို့သည် ကျွမ်း လောင်ကြပြီ။ သူရွေးချယ်သောလုလင်တို့သည်
ကွပ်မျက် ခြင်းကိုခံအံ့သောငှါ ဆင်းသွားကြပြီဟု၊ ကောင်းကင် ဗိုလ်ခြေအရှင်ထာဝရဘုရားဟူ၍ ဘွဲ့နာမရှိသော
ရှင်ဘုရင်မိန့်တော်မူ၏။ 16 မောဘကို လုပ်ကြံရသောအချိန်နီးပြီ။ သူခံရ သောဘေးသည် အလျင်အမြန်လာ၏။ 17
သူ့ပတ်လည်၌နေသော သူအပေါင်းတို့၊ သူ့အတွက်မြည်တမ်းကြလော့။ သူ၏နာမကို သိသော သူအပေါင်းတို့၊ တန်ခိုးကြီးသောလှံတံ၊
အသရေတင့်တယ် သောတံဖျာသည် ကျိုးလေပြီတကားဟု ပြောဆိုကြ လော့။ 18 ဒိဘုန်မြို့၌နေသောသတို့သမီး၊ သင်ခံစားရ သော
စည်းစိမ်မှ ဆင်း၍အငတ်ခံလျက်ထိုင်လော့။ မောဘကို လုယူသောသူသည် သင်ရှိရာသို့လာ၍၊ သင်၏ရဲတိုက်တို့ကို ဖျက်ဆီးလိမ့်မည်။
19 အိုအာရော်မြို့သား၊ လမ်းနားမှာရပ်၍ ကြည့်ရှု လော့။ အဘယ်အမှုရှိသနည်းဟု၊ ပြေးသောယောကျာ်းနှင့် အသက်လွတ်သော
မိန်းမကိုမေးမြန်းလော့။ 20 မောဘသည်စိတ်ပျက်လေ၏။ ပြိုလဲလျက်ရှိ၏။ ငိုကြွေးမြည်တမ်းကြလော့။ မောဘသည် ပျက်စီးကြောင်း
ကို အာနုန်မြို့၌ ကြားပြောကြလော့။ 21 လွင်ပြင်နှင့်တကွဟောလုန်မြို့၊ ယဟာဇမြို့၊ မေဖတ်မြို့၊ 22 ဒိဘုန်မြို့၊ နေဗောမြို့၊
ဗက်ဒိဗလသိမ်မြို့၊ 23 ကိရယသိမ်မြို့၊ ဗက်ဂမုလမြို့၊ ဗက်မောင်မြို့၊ 24 ကေရုတ်မြို့၊ ဗောဇရမြို့မှစ၍၊ မောဘပြည်၌ ရှိသောမြို့
အနီးအဝေးရှိသမျှတို့သည် အပြစ်ဒဏ်ကို ခံရ ကြ၏။ 25 မောဘ၏ဦးချိုသည် ပြတ်လေပြီ။ သူ၏လက်ရုံး သည် ကျိုးလေပြီဟု
ထာဝရဘုရားမိန့်တော်မူ၏။ 26 မောဘသည် ထာဝရဘုရားတဘက်၌ ဝါကြွား သောကြောင့် သူ့ကိုယစ်မူးစေကြလော့။ သူသည် မိမိ
အန်ဖတ်၌ လူးလည်း၍ ကဲ့ရဲ့ခြင်းကို ခံရ၏။ 27 သင်သည်ဣသရေလကို ကဲ့ရဲ့ပြီမဟုတ်လော။ သို့ရာတွင်၊
သူသည်သူခိုးတို့နှင့်ပေါင်းဘော်သည်ကို တွေ့ဘူးသလော။ သူ၏အကြောင်း ကိုပြောလေရာရာ၌
သင်သည်ခေါင်းကိုညိတ်ပါသည်တကား။ 28 မောဘပြည်၌နေသောသူတို့၊ မြို့တို့ကိုစွန့်၍ ကျောက်ကြား၌ နေကြလော့။
မြေတွင်းဝနားမှာ အသိုက် လုပ်တတ်သော ချိုးငှက်ကဲ့သို့ ပြုကြလော့။ 29 မောဘ၏မာနကိုငါတို့သည် ကြားသိကြ၏။ အလွန်ကြီးသော
မာနဖြစ်၏။ မာနကြီးခြင်း၊ ထောင်လွှား စော်ကားခြင်း၊ စိတ်နှလုံးမြင့်ခြင်းရှိသော်လည်း၊ 30 သူ၏ဒေါသအမျက်ထွက်ခြင်းကို
ငါသိသည် ဖြစ်၍၊ သူသည် အချည်းနှီးသက်သက်ဝါကြွားသော စကားကို ပြောလျက်နှင့်၊ မိမိအလိုမပြည့်စုံရာဟု ထာဝရ
ဘုရားမိန့်တော်မူ၏။ 31 ထိုကြောင့်၊ မောဘအတွက်ငါသည် ညည်းတွား မြည်တမ်းမည်။ မောဘအတွက်ငါသည် ညည်းတွား
မြည်တမ်းမည်။ မောသပြည်တပြည်လုံးအတွက် ငိုကြွေး မည်။ ကိရဟရက်မြို့သားတို့အတွက် ညည်းတွားခြင်း ရှိရမည်။ 32
အိုစိဗမာစပျစ်နွယ်ပင်၊ ယာဇာမြို့အတွက် မျက်ရည်ကျသည်ထက်၊ သင့်အတွက် ငါသည် မျက်ရည် မျက်ရည်ကျမည်။
သင်၏အညွန့်တို့သည် ပင်လယ်ကိုလွန်၍၊ ယာဇာပင် လယ်တိုင်အောင်ရောက်ကြ၏။ ဖျက်ဆီးသောသူသည် သင်၏သစ်သီးနှင့်
စပျစ်သီးတို့ကို လုယူ၏။ 33 ဝပြောသောလယ်ပြင်နှင့် မောဘပြည်ထဲမှာ ဝမ်းမြောက်ရွှင်လန်းခြင်းပြတ်လေပြီ။ စပျစ်သီးနယ်ရာ
ကျင်း၌စပျစ်ရည်ကို ငါပြတ်စေပြီ။ ကြွေးကြော်သံကိုပြု၍ စပျစ်သီးကိုမနင်းရ၊ ကြွေးကြော်သော အသံလည်း

ကြွေးကြော်သောအသံမဟုတ်ရ။ [34] ဟေရှဘုန်မြို့ ငိုကြွေးသံမှစ၍ ဧလာလေမြို့၊ ယာဟတ်မြို့တိုင်အောင်၎င်း၊ ဇောရမြို့မှစ၍
ဟောရနိမ် မြို့တိုင်အောင်၎င်း သုံးနှစ်အသက်ရှိသော နွားမမြည် သံကဲ့သို့အသံကို လွှင့်ကြ၏။ အကြောင်းမူကား၊ နိမရိမ်
ရေကန်တို့သည်လည်း ဆိတ်ညံလျက်ရှိကြ၏။ [35] မောဘပြည်၌မြင့်သော အရပ်ပေါ်မှာ ပူဇော် သောသူ၊ မိမိဘုရားတို့အား
နံ့သာပေါင်းကို မီးရှို့သော သူတို့ကို ငါပြတ်စေမည်ဟု ထာဝရဘုရား မိန့်တော်မူ၏။ [36] ထိုကြောင့်၊ ငါ့နှလုံးသည် မောဘပြည်အတွက်
ပုလွေကဲ့သို့ မြည်ရလိမ့်မည်။ ငါ့နှလုံးသည် ကိရဟရက် မြို့သားတို့အတွက် ပုလွေကဲ့သို့ မြည်ရလိမ့်မည်။ သူတို့ ဆည်းဖူးသော
ဘဏ္ဍာဥစ္စာပျက်စီးပြီ။ [37] လူတိုင်းဆံပင်တိုလျက်၊ မုတ်ဆိတ်ကိုရိတ်လျက်၊ လက်၌ရှနလျက်၊ ခါး၌လျှော်တေအဝတ်ကို ဝတ်လျက်
ရှိရ၏။ [38] အသုံးမရသော အိုးကိုခွဲတတ်သကဲ့သို့၊ မောဘ ပြည်ကို ငါခွဲသောကြောင့်၊ မောဘပြည်အိမ်မိုးများ အပေါ်၌၎င်း၊
လမ်းများ၌၎င်း၊ ညည်းတွားမြည်တမ်း ခြင်းနှင့်ပြားရမည်ဟု ထာဝရဘုရားမိန့်တော်မူ၏။ [39] သူတို့ကလည်း၊ မောဘပြည်ပြိုပျက်လေပြီ
တကား၊ ရှက်၍ဆုတ်သွားလေပြီတကားဟု ညည်းတွား မြည်တမ်းကြလိမ့်မည်။ မောဘသည် အရှက်ကွဲ၍ ကဲ့ရဲ့ ခြင်းကိုခံရလျက်၊
ပတ်လည်၌နေသော သူအပေါင်းတို့၏ ကြောက်လန့်စရာအကြောင်းဖြစ်ရလိမ့်မည်။ [40] ထာဝရဘုရားမိန့်တော်မူသည်ကား၊ ရန်သူသည်
ရွှေလင်းတပျံတတ်သကဲ့သို့ပျံလာ၍၊ အတောင်တို့နှင့် မောဘပြည်ကိုအုပ်မိုးလိမ့်မည်။ [41] မြို့တို့ကိုလုပ်ကြ၍ ရဲတိုက်တို့ကို
တိုက်ယူသော ကြောင့်၊ ထိုနေ့၌မောဘအမျိုးသူရဲတို့ စိတ်နှလုံးသည်၊ သားဘွားခြင်းဝေဒနာကိုခံရသော မိန်းမ၏စိတ်နှလုံး
ကဲ့သို့ဖြစ်ရလိမ့်မည်။ [42] မောဘသည် ထာဝရဘုရားတဘက်၌ ဝါကြွား သောကြောင့်၊ နောက်တဖန် ပြည်မဖြစ်နိုင်အောင်
ပျက်စီးရလိမ့်မည်။ [43] အိုမောဘအမျိုးသား၊ သင်သည် ကြောက်လန့်ဘွယ်သောအရာ၊ မြေတွင်း၊ ကျော့ကွင်းထဲသို့ ရောက် လေပြီ။ [44]
ကြောက်လန့်ဘွယ်သောအရာမှ ပြေးသော သူသည် မြေတွင်းထဲသို့ ကျလိမ့်မည်။ မြေတွင်းမှ လွတ်သောသူသည်
ကျော့ကွင်း၌ကျော့မိလိမ့်မည်။ ဆုံးမ ခြင်းကိုခံရသော နှစ်ကာလကို မောဘပြည်သို့ ငါရောက် စေမည်ဟု ထာဝရဘုရားမိန့်တော်မူ၏။
[45] ပြေးသောသူတို့သည်အားကုန်သောကြောင့်၊ ဟေရှဘုန်မြို့အရိပ်ကို ခိုကြသော်လည်း၊ ရှိဟုန်ဘုရင် နေရာဟေရှဘုန်မြို့မှ
မီးလျှံထွက်သဖြင့်၊ မာနထောင် လွှားသောသူတို့၏ အထွဋ်မှစ၍ မောဘပြည်စွန်း တိုင်အောင် လောင်လိမ့်မည်။ [46] အိုမောဘပြည်၊
သင်သည်အမင်္ဂလာရှိ၏။ အိုခေမုရှတပည့်တို့၊ သင်တို့သည် အကျိုးနည်းကြပြီ။ သင်တို့၏ သားသမီးများကို သိမ်းသွင်း ကြပြီ။ [47]
သို့ရာတွင်၊ သိမ်းသွားခြင်းကိုခံရသော မောဘ အမျိုးသားတို့ကို နောင်ကာလ၌ငါဆောင်ခဲ့ဦးမည်ဟု ထာဝရဘုရားမိန့်တော်မူ၏။
ဤရွေ့ကား၊ မောဘခံရ သော အပြစ်တရားပေတည်း။



generated on Tue Jul 2 12:50:28 2024

## Chapter 49

1 အမ္မုန်အမျိုးသားတို့ကို ရည်မှတ်၍ ထာဝရ ဘုရားမိန့်တော်မူသည်ကား၊ ဣသရေလ၌ သားမရှိ သလော။ အမွေခံမရှိသလော။
မိလကုံဘုရားသည် ဂဒ်ပြည်ကို အဘယ်ကြောင့် သိမ်းယူသနည်း။ သူ့တပည့် တို့သည် ဂဒ်မြို့တို့၌အဘယ်ကြောင့် နေကြသနည်း။ 2
ထိုကြောင့်၊ ထာဝရဘုရားမိန့်တော်မူသည်ကား၊ အမ္မုန်အမျိုးသားတို့ နေရာရဗ္ဗာမြို့၌ စစ်တိုက်ခြင်းအသံ ကို ငါကြားစေသောအချိန်
ရောက်လိမ့်မည်။ ထိုမြို့သည် ပျက်စီးရာပုံဖြစ်၍၊ သူ၏သမီးတို့သည်လည်း မီးရှို့ ခြင်းကို ခံရကြလိမ့်မည်။
ထိုအခါဣသရေလအမျိုး၏နေရာကို၊ သိမ်းယူသော သူတို့၏ နေရာကို၊ ဣသရေလသည် တဖန်သိမ်းယူရလိမ့်မည်ဟု
ထာဝရဘုရားမိန့်တော်မူ၏။ 3 အို ဟေရှဘုန်မြို့၊ ညည်းတွားမြည်တမ်းလော့။ အာဣမြို့ပျက်စီး ပြီ။ အိုရဗ္ဗာမြို့သမီးတို့၊
ငိုကြွေးကြလော့။ လျှော်တေအဝတ်ကိုဝတ်၍ မြည်တမ်းလျက်၊ ခြံနားမှာ တောင်မြောက်ပြေးကြလော့။ အကြောင်းမူကား၊ မိလကုံ
ဘုရားသည်သူ၏ယဇ်ပုရောဟိတ်၊ သူ၏မင်းများနှင့်တကွ သိမ်းသွားခြင်းကိုခံရ၏။ 4 ငါ့ထံသို့ အဘယ်ရန်သူရောက်လိမ့်မည်နည်းဟု
အောက်မေ့လျက်၊ မိမိမိစည်းစိမ်၌ ကိုးစားလျက် ဖောက် ပြန်သောသတို့သမီး၊ သင်သည် ချိုင့်တို့၌ အဘယ်ကြောင့် ဝါကြွားသနည်း။
သင်၏ချိုင့်သည် အသွေးစီးရာ ဖြစ်လိမ့် မည်။ 5 ကောင်းကင်ဗိုလ်ခြေသခင်အရှင် ထာဝရဘုရား မိန့်တော်မူသည်ကား၊
သင့်ပတ်လည်၌နေသော သူအပေါင်းတို့ကြောင့် ကြောက်လန့်သော အကြောင်းကို သင်၌ငါဖြစ်စေမည်။
သင်တို့အသီးအသီးရှိသမျှသည် နှင်ထုတ်ခြင်းကို အတည့်အလင်းခံရကြမည်။ ကွဲပြား သောသူတို့ကို စုဝေးစေသော သူလည်းမရှိရ။ 6
သို့သော်လည်း၊ သိမ်းသွားခြင်းကိုခံရသော အမ္မုန်အမျိုးသားတို့ကို နောက်တဖန်ငါဆောင်ခဲ့ဦးမည်ဟု ထာဝရဘုရားမိန့်တော်မူ၏။ 7
ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားသည် ဧဒုံပြည်ကို ရည်မှတ်၍ မိန့်တော်မူသည်ကား၊ တေမန် ပြည်၌ပညာကုန်သလော။
ပညာသတိရှိသောသူတို့သည် အကြံမပေးနိုင်သလော။ သူတို့ဥာဏ်သည် ဆုံးသလော။ 8 အိုဒေဒန်မြို့သူမြို့သားတို့၊ ဆုတ်၍
ပြေးသွားကြ လော့။ နက်နဲသောအရပ်၌ နေကြလော့။ ဧသောတွေ့ရ သောဘေး၊ ဆုံးမခြင်းကိုခံရသော အချိန်ကို ငါရောက် စေမည်။ 9
စပျစ်သီးကိုဆွတ်သော သူတို့သည်သင်ရှိရာသို့ လာလျှင်၊ သူတပါးလိုက်၍ ဆွတ်စရာဘို့ ကျန်ကြွင်း စေကြလိမ့်မည် မဟုတ်လော။
ညဥ့်အခါသူခိုးလာလျှင်၊ စိတ်ပြေလောက်အောင်သာ လုယူကြလိမ့်မည် မဟုတ် လော။ 10 ဧသော၏အဝတ်ကို ငါချွတ်မည်။ သူသည်
ပုန်း၍မနေနိုင်အောင် သူကွယ်သောနေရာအရပ်တို့ကို ငါလှန်မည်။ သူ၏အမျိုးအနွယ်၊ ညီအစ်ကို၊ အိမ်နီး ချင်းတို့သည် ပျက်စီး၍၊
သူ့ကိုယ်တိုင်လည်း ပျောက်ရ လိမ့်မည်။ 11 သင်၌မိဘမရှိသောသူငယ်တို့ကို ထားခဲ့လော့။ ငါစောင့်မမည်။သင်၏ မုတ်ဆိုးမတို့သည်
ငါ့ကိုခိုလှုံကြစေ။ 12 ထာဝရဘုရားမိန့်တော်မူသည်ကား၊ ခွက်ဖလား ကို မသောက်ထိုက်သော သူတို့သည် အကယ်၍ သောက် ကြသည်
မှန်လျှင်၊ သည်အပြစ်ကို မခံဘဲ ရှင်းရှင်း လွတ်ရမည်လော။ မလွတ်ဘဲမနေရ။ စင်စစ်သောက် ရမည်။ 13 ဗောဇရပြည်သည်အံ့သြရာ၊
ကဲ့ရဲ့ရာ၊ လူစိတ် ညံရာ၊ ကျိန်ဆဲရာဖြစ်လိမ့်မည်။ သူတို့၏ မြို့အလုံးစုံ သည်လည်း၊ အစဉ်သုတ်သင်ပယ်ရှင်း ရာဖြစ်ရကြလိမ့် မည်ဟု၊
ငါသည်ကိုယ်တော်ကို တိုင်တည်ကျိန်ဆိုပြီးဟု၊ ထာဝရဘုရားမိန့်တော်မူ၏။ 14 ထာဝရဘုရား ကြွေးကြော်တော်မူသံကို ငါကြား ၏။
သင်တို့သည် စည်းဝေး၍၊ ဧဒုံပြည်ကို တိုက်ခြင်းငှါ စစ်ချီ၍လာကြလော့ဟု တပါးအမျိုး သားတို့ထံသို့ သံမန်ကို စေလွှတ်တော်မူပြီ။ 15
တပါးအမျိုးသားတို့တွင် သင်သည် ယုတ်မာ မည်အကြောင်းနှင့်၊ လူတို့တွင် အသရေရှုတ်ချခြင်းကို ခံရမည်အကြောင်း ငါပြုမည်။ 16
ကျောက်ကြားတို့၌ နေ၍တောင်ထိပ်ကို ခိုလှုံ သော သူဖြစ်သောကြောင့်၊ သင်၏ကျောက်မက်ဖွယ်သော အခြင်းအရာ၊ သင်၏မာနသည်
သင့်ကိုလှည့်စားပြီ။ သင်သည် ရွေလင်းတကဲ့သို့ မြင့်သောအရပ်၌ အသိုက်ကို လုပ်သော်လည်း၊ ထိုအရပ်မှ သင့်ကို ငါနှိမ့်ချမည်ဟု
ထာဝရဘု ရားမိန့်တော်မူ၏။ 17 ဧဒုံပြည်သည် အံ့သြရာဖြစ်၍၊ ရှောက်သွား သော သူတိုင်းအံ့သြကြလိမ့်မည်။ သူခံရသော ဘေးဥပဒ်
အပေါင်းတို့ကြောင့် ကဲ့ရဲ့သံကို ပြုကြလိမ့်မည်။ 18 သောဒုံမြို့နှင့်ဂေါမောရမြို့မှစ၍ နီးစပ်သောမြို့ တို့၏ ပျက်စီးခြင်းကဲ့သို့ဖြစ်၍၊
ဧဒုံပြည်၌ အဘယ်သူမျှ မနေရ။ လူသားတစုံတယောက်မျှ နေရာမကျရဟု ထာဝရဘုရားမိန့်တော်မူ၏။ 19 ခြင်္သေ့သည် ယော်ဒန်မြစ်၏
ဂုဏ်အသရေမှ တတ်သကဲ့သို့၊ ရန်သူသည် ကျောက်နှင့်ပြည့်စုံသော နေရာသို့တက်သောအခါ၊ နေသောသူသည် ချက်ခြင်း
ပြေးမည်အကြောင်းကို ငါပြုမည်။ ရွေးချယ်သော သူကိုလည်း၊ ဧဒုံပြည်အပေါ်မှာ ငါခန့်ထားမည်။ ငါနှင့် အဘယ်သူတုသနည်း။
ငါ့အချိန်ကို အဘယ်သူ ချိန်းချက်မည်နည်း။ အဘယ်မည်သော သိုးထိန်းသည် ငါ့ရှေ့မှာ ရပ်နိုင်သနည်း။ 20 သို့ဖြစ်၍၊
ထာဝရဘုရားသည် ဧဒုံပြည်တဘက် ၌ ကြံစည်တော်မူသောအကြံ၊ တေမန်ပြည်သားတို့ တဘက်၌ ကြံစည်တော်မူသော
အကြံအစည်တို့ကို နားထောင်ကြလော့။ အကယ်စင်စစ်ရန်သူသည်၊ အားမရှိ သောထိုသိုးတို့ကို လုယက်လိမ့်မည်။ အကယ်စင်စစ်
သူတို့ရှိရာသို့လာ၍၊ ကျက်စားရာအရပ်တို့ကို ဖျက်ဆီး လိမ့်မည်။ 21 သူတို့ပြိုလဲသော အသံကြောင့် မြေကြီးလှုပ်ရှား ၏။
သူတို့အော်ဟစ်သော အသံကို ဧဒုံပင်လယ်တိုင် အောင် ကြားရ၏။ 22 ရန်သူသည် တက်၍ ရွေလင်းတကဲ့သို့ပျံလျက်၊ ဗောဇရမြို့ကို
အတောင်တို့နှင့် ဖြန့်မိုးလိမ့်မည်။ ထိုနေ့၌ ဧဒုံပြည်သားသူရဲတို့၏ စိတ်နှလုံးသည်၊ သားဘွားခြင်း ဝေဒနာကိုခံရသော
မိန်းမ၏စိတ်နှလုံးကဲ့သို့ဖြစ်လိမ့်မည်။ 23 ဒမာသက်မြို့ကို ရည်မှတ်သော စကားဟူမူ ကား၊ ဟာမတ်မြို့နှင့် အာပဒ်မြို့တို့သည်
မကောင်းသော သိတင်းကိုကြားသောကြောင့်၊ အရှက်ကွဲ ၍စိတ်ပျက် လျက်ရှိကြ၏။ ပင်လယ်တိုင်အောင် စိုးရိမ်စရာရှိသော ကြောင့်၊
ငြိမ်ဝပ်ခြင်းသို့မရောက်နိုင်။ 24 ဒမာသက်မြို့သည် အားလျော့ပြီ။ ပြေးအံ့သော ငှါ ကိုယ်ကိုလှည့်ပြီ။ တုန်လှုပ်လျက်နေ၏။ ဒုက္ခဆင်းရဲ
ကိုင်၊ သားဘွားသောမိန်းမခံရသကဲ့သို့၊ ပြင်းစွာသော ဝေဒနာကိုငင်း ခံရ၏။ 25 အသရေရှိသောမြို့၊ ငါဝမ်းမြောက်စရာမြို့သည်
အဘယ်ကြောင့် မကျန်ကြွင်းရသနည်း။ 26 သို့ဖြစ်၍၊ ထိုမြို့သားလုလင်တို့သည် လမ်းမတို့၌ လဲ၍၊ ထိုနေ့တွင်

စစ်သူရဲအပေါင်းတို့သည် ဆုံးရှုံးကြ လိမ့်မည်။ 27 ငါသည်လည်း၊ ဒမာသက်မြို့ရိုးကို မီးရှို့၍၊ ဗဟ်ာဒဒ်၏ နန်းတော်တို့ကို
လောင်စေမည်ဟု၊ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားမိန့်တော်မူ၏။ 28 ဗာဗုလုန်ရှင်ဘုရင် နေဗုခဒ်နေဇာ လုပ်ကြံသော
ကေဒါပြည်နှင့် ဟာဇော်နိုင်ငံတို့ကို ရည်မှတ်၍ ထာဝရ ဘုရားမိန့်တော်မူသည်ကား၊ ထကြလော့။ ကေဒါပြည်သို့ သွား၍၊
အရှေ့မျက်နှာအရပ်သားတို့ကို လုယူကြလော့။ 29 သူတို့တဲများနှင့်သိုးစုများကိုငင်း၊ ကုလားကာ များ၊ အသုံးအဆောင်များ၊
ကုလားအုပ်များကိုငင်း သိမ်း၍ ယူသွားရကြမည်။ သူတို့ပတ်လည်၌ ကြောက်လန့်စရာ အကြောင်းကို ကြွေးကြော်ရကြမည်။ 30
ထာဝရဘုရားမိန့်တော်မူသည်ကား၊ ဟာဇော် ပြည်သားတို့၊ ဝေးစွာ ပြေးသွားကြလော့။ နက်နဲသော အရပ်တို့၌ နေကြလော့။
ဗာဗုလုန်ရှင်ဘုရင် နေဗုခဒ် နေဇာသည် သင်တို့ကိုရည်ဆောင်၍ စီရင်မည်ဟု သင်တို့ တဘက်၌ ကြံစည်သောအကြံအစည်ရှိ၏။ 31
ထာဝရဘုရားမိန့်တော်မူသည်ကား၊ ထကြ လော့။ ငြိမ်ဝပ်စွာနေ၍ စိုးရိမ်စရာမရှိသောလူမျိုး၊ မြို့တံခါးနှင့်ကန့်လန့်ကျင်ကို မသုံးတတ်၊
အပေါင်းအဘော်မရှိ၊ တခြားစီနေတတ်သောလူမျိုးနေရာသို့ သွားကြလော့။ 32 သူတို့ကုလားအုပ်အစရှိသော တိရစ္ဆာန်အပေါင်း
တို့သည် လုယူရာဖြစ်ကြလိမ့်မည်။ ပါးမုန်းကိုရိတ်တတ် သော လူမျိုးကိုအရပ်ရပ်သို့ ငါကွဲပြားစေမည်။ အရပ်ရပ် တို့မှ သူတို့၌
ဘေးဥပဒ်ကိုငါရောက်စေမည်ဟု ထာဝရ ဘုရားမိန့်တော်မူ၏။ 33 ဟာဇော်ပြည်သည် မြေခွေးနေရာ၊ လူဆိတ်ညံ ရာ အစဉ်ဖြစ်၍၊
အဘယ်သူမျှမနေရ။ လူသားတစုံ တယောက်မျှမနေရ။ လူသားတစုံ တယောက်မျှနေရာ မကျရ။ 34 ယုဒရှင်ဘုရင်
ဇေဒကိမင်းနန်းစံစက၊ ဧလံပြည် ကို ရည်မှတ်သော ထာဝရဘုရား၏ နှုတ်ကပတ်တော် သည် ပရောဖက်ယေရမိသို့ ရောက်လာ၍၊ 35
ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်တော်မူသည်ကား၊ ဧလံ၏လေးတည်းဟူသော သူ၏ အစွမ်းသတ္တိအထွဋ်အမြတ်ကို
ငါချိုးမည်။ 36 အရပ်လေးမျက်နှာတို့က လေလေးမျိုးကို ဧလံပြည်သို့ငါဆောင်ခဲ့မည်။ ထိုလေတို့ရှေ့မှာ ပြည်သား များကို ငါလွှင့်မည်။
ထိုသို့နှင်ထုတ်သော ဧလံပြည်သား မရောက်သော တိုင်းနိုင်ငံတခုမျှမရှိရ။ 37 ဧလံပြည်သားတို့ကို ရန်သူတို့ရှေ့မှာငင်း၊ သူတို့
အသက်ကိုရှာသော လူတို့ရှေ့မှာငင်း၊ ငါကြောက်လန့်စေ၍၊ ပြင်းစွာသော ငါ၏အမျက်တည်းဟူသော ဘေးဥပဒ်ကိုသူတို့အပေါ်သို့
ရောက်စေမည်။ သူတို့ကို မဖျက်ဆီးမှီတိုင်အောင် သူတို့နောက်သို့ ထားကို လွှတ်လိုက်ရမည်ဟု ထာဝရ ဘုရားမိန့်တော်မူ၏။ 38
ဧလံပြည်၌ ငါ၏ပလ္လင်ကို တည်ထား၍၊ ရှင်ဘုရင်နှင့် မင်းသားတို့ကို သုတ်သင်ပယ်ရှင်းမည်ဟု ထာဝရဘုရားမိန့်တော်မူ၏။ 39
သို့ရာတွင်၊သိမ်းသွားခြင်းကိုခံရသော ဧလံ အမျိုးသားတို့ကို နောင်လာကာလ၌ ငါဆောင်ခဲ့ဦးမည်ဟု ထာဝရဘုရားမိန့်တော်မူ၏။

---


generated on Tue Jul 2 12:50:28 2024

## Chapter 50

1 ထာဝရဘုရားသည် ဗာဗုလုန်မြို့နှင့်ခါလဒဲပြည် ကို ရည်မှတ်၍၊ ပရောဖက်ယေရမိအားဖြင့် မိန့်တော် မူသောစကားဟူမူကား၊ 2
လူမျိုးတို့တွင် သိတင်းကြားပြောကြလော့။ ဝှက်၍ မထားဘဲအလံကို ထူ၍ကြော်ငြာကြလော့။ ကြားပြောရသောစကားဟူမူကား၊
ဗာဗုလုန်မြို့ကို တိုက်ယူကြပြီ။ ဗေလဘုရားသည် အရှက်ကွဲပြီ။ မေရော ဒပ်ဘုရားသည် ကျိုးပြီ။ ဗာဗုလုန်ရုပ်တုဆင်းတုတို့သည်
အရှက်ကွဲ၍ကျိုးပဲ့လျက်ရှိကြ၏။ 3 လူတမျိုးသည် မြောက်မျက်နှာမှလာ၍ ဗာဗု လုန်ပြည်ကို သုတ်သင်ပယ်ရှင်းလိမ့်မည်။ နေသော
သူမရှိရ။ လူနှင့်တိရစ္ဆာန်တို့သည်။ အကုန်အစင် ထွက်သွားကြလိမ့်မည်။ 4 ထာဝရဘုရားမိန့်တော်မူသည်ကား၊ ထိုကာလ အခါ
ဣသရေလအမျိုးသား တို့သည် ယုဒအမျိုးသား တို့နှင့် ပေါင်းဘက်၍လာကြလိမ့်မည်။ မျက်ရည်ကျလျက်၊ ခရီးသွားလျက်၊
သူတို့၏ဘုရားသခင်ထာဝရဘုရားကို သွား၍ ရှာကြလိမ့်မည်။ 5 ဇိအုန်မြို့သို့ မျက်နှာပြု၍ လမ်းကို ရှာကြလိမ့် မည်။
အစဉ်မမေ့လျော့ရသော ပဋိညာဉ်အားဖြင့် ထာဝရဘုရားထံတော်သို့ ချဉ်းကပ်၍ မိဿဟာယ ဖွဲ့ကြလိမ့်မည်။ 6 ငါ၏လူတို့သည်
ပျောက်သောသိုးဖြစ်ကြပြီ။ သိုးထိန်းတို့သည် တောင်များပေါ်မှာလမ်းလွဲစေကြပြီ။ သူတို့သည်တောင်တလုံးမှတလုံးသို့
လမ်းလွဲသွား၍၊ ငြိမ်ဝပ်သောအရပ်ကိုမေ့လျော့ကြပြီ။ 7 သူတို့ကို တွေ့ကြုံသမျှသောသူတို့သည် ကိုက်စား ကြပြီ။ ရန်သူတို့က၊
သူတို့သည်တရားသော ငြိမ်ဝပ်ရာ၊ ဘိုးဘေးတို့ခိုလှုံရာ ထာဝရဘုရား ကိုပြစ်မှားသောကြောင့်၊ ငါတို့သည်ကိုက်စားသော်လည်း
မလွန်ကျူးဟု ပြောဆို ကြပြီ။ 8 ဗာဗုလုန်မြို့ထဲကပြေးကြလော့။ ခါလဒဲပြည်မှ ထွက်သွားကြလော့။ သိုးစုရှေ့၌
သိုးထီးကဲ့သို့ပြုကြလော့။ 9 အကြောင်းမူကား၊ မြောက်မျက်နှာအရပ်၌ ကြီးစွာသော တိုင်းနိုင်ငံသားအစုအဝေးကို ငါနှိုးဆော်၍၊
ဗာဗုလုန်မြို့သို့ ဆောင်ခဲ့သမည်။ သူတို့သည် မြို့တဘက်၌ တပ်ခင်းကျင်း၍ တိုက်ယူကြလိမ့်မည်။ သူတို့ကစ်သော မြှားတို့သည်
လိမ္မာသော စစ်သူရဲ၏ မြှားကဲ့သို့ဖြစ်၍ မမှန်ဘဲမနေရ။ 10 ခါလဒဲပြည်သည် လုယူရာဖြစ်၍၊ လုယူသော သူတို့သည် ဝကြလိမ့်မည်ဟု
ထာဝရဘုရားမိန့်တော်မူ၏။ 11 ငါ့အမွေကို ဖျက်ဆီးသောသူတို့၊ သင်တို့သည် ဝမ်းမြောက်ရွှင်လန်းကြပြီ။ကျက်စားသောနွားမကဲ့သို့
ခုန်ကြပြီ။ မြင်းထီးကဲ့သို့ ဟီကြပြီ။ 12 ထိုကြောင့်၊ သင်တို့ အမိသည် မိန်းမော တွေဝေလိမ့်မည်။ သင်တို့ကိုမွေးဘွားသော သူသည်
အရှက်ကွဲလိမ့်မည်။ ပြည်တကာတို့တွင် အယုတ်ဆုံးသော ပြည်၊ သုတ်သင်သောအရပ်၊ သွေ့ခြောက်သော လွင်ပြင် ဖြစ်ရလိမ့်မည်။ 13
ထာဝရဘုရား၏ အမျက်တော်ကြောင့် နောက် တဖန်လူမနေရ။ ဆိတ်ညံသောအရပ် သက်သက်ဖြစ်ရ လိမ့်မည်။ ဗာဗုလုန်မြို့နားမှာ
ရောက်သွားသော သူတိုင်း အံ့သြ၍၊ သူခံရသောဘေးဥပဒ်ကို ထောက်လျက်၊ ကဲ့ရဲ့ သံကိုပြုကြလိမ့်မည်။ 14 ဗာဗုလုန်မြို့ပတ်လည်၌
တပ်ခင်းကျင်းကြ လော့။ သူသည် ထာဝရဘုရားကို ပြစ်မှားသောကြောင့်၊ လေးသမားအပေါင်းတို့၊ မြှားကိုမနှမြောဘဲ ပစ်ကြလော့။ 15
မြို့ပတ်လည်၌ ကြွေးကြော်ကြလော့။ သူသည် ဝန်ချပြီ။ မြို့ရိုးနှင့် ပြအိုးတို့သည် ပြိုလဲကြပြီ။ ထာဝရ ဘုရား၏အမျက်တော်ပြေခြင်း
အမှုဖြစ်၍၊ သူ့ကိုအပြစ် နှင့်အလျောက်စီရင်ကြလော့။ သူသည်ပြုဘူးသည် အတိုင်းသူ၌ ပြုကြလော့။ 16 ဗာဗုလုန်မြို့၌
မျိုးစေ့ကြဲသော သူနှင့်စပါး ရိတ်သော သူတို့ကိုပယ်ဖြတ်ကြလော့။ ညှဉ်းဆဲတတ်သော ထားကိုကြောက်သောကြောင့်၊
အသီးအသီးတို့သည် မိမိတို့လူမျိုးနေရာသို့ ပြန်သွား၍၊ မိမိတို့ပြည်သို့ပြေး ကြလိမ့်မည်။ 17 ဣသရေလသည်အရပ်ရပ်သို့
လွင့်ပြေးရသော သိုးဖြစ်၏။ ခြင်္သေ့တို့သည် နှောင့်ရှက်ကြပြီ။ အာရှုရိ ရှင်ဘုရင်သည် ရှေးဦးစွာ ကိုက်စားပြီ။ နောက်မှ ဗာဗု
လုန်ရှင်ဘုရင်နေဗုခဒ်နေဇာသည် သူ၏အရိုးတို့ကို ချိုးဖဲ့ပြီ။ 18 ထိုကြောင့်၊ ဣသရေလအမျိုး၏ဘုရားသခင်၊ ကောင်းကင်ဗိုလ်
ခြေအရှင်ထာဝရဘုရား မိန့်တော်မူ သည်ကား၊ ငါသည်အာရှုရိရှင်ဘုရင်ကို ဒဏ်ပေးသည် နည်းတူ၊ ဗာဗုလုန်ရှင်ဘုရင်နှင့် သူ၏နိုင်ငံကို
ဒဏ်ပေး မည်။ 19 ဣသရေလကိုသူ၏နေရင်းအရပ်သို့ ငါဆောင် ခဲ့ဦးမည်။ သူသည် ကရမေလတောင်နှင့်ဗာရှန်တောင် ပေါ်မှာ
ကျက်စား၍၊ ဧဖရိမ် တောင်နှင့်ဂိလဒ်တောင် ပေါ်မှာ ဝလိမ့်မည်။ 20 ထိုကာလအခါ ဣသရေလအပြစ်ကို စစ်ကြော သော်လည်း
အပြစ်မပေါ်ရ။ ယုဒဒုစရိုက်တို့ကိုရှာ၍ မတွေ့ရ။ ငါချန်ထားသော သူတို့၏ အပြစ်ကို ငါဖြေရှင်း မည်ဟု ထာဝရဘုရားမိန့်တော်မူ၏။
21 ပုန်ကန်တတ်သောပြည်၊ ဆုံးမအပ်သော ပြည်သားတို့ရှိရာသို့ စစ်ချီကြလော့။ သုတ်သင်ပယ်ရှင်း၍
သူတို့အမျိုးအနွယ်ကိုအကုန်အစင် ဖျက်ဆီးကြလော့။ ငါမှာထားသမျှအတိုင်း ပြုကြလော့ဟု ထာဝရဘုရား မိန့်တော်မူ၏။ 22
ထိုပြည်၌စစ်တိုက်ခြင်းအသံ၊ ကြီးစွာသော ဖျက်ဆီးခြင်းအသံကို ကြားရ၏။ 23 မြေတပြင်လုံးကို ရိုက်နှက်သောသံတူသည်
ကျိုးပြတ်လေပြီတကား၊ ဗာဗုလုန်မြို့သည် လူမျိုးတို့တွင် အံ့သြရာဖြစ်လေပြီတကား။ 24 အို ဗာဗုလုန်မြို့၊ သင်အဘို့ကျော့ကွင်းကို
ငါထောင်ထားသဖြင့်၊ သင်သည် သတိလစ်၍ကျော့မိပြီ။ ထာဝရဘုရား၏ အာဏာတော်ကို ဆန်သောကြောင့်၊ ရန်သူတွေ့၍
တိုက်ယူပြီ။ 25 ထာဝရဘုရားသည် လက်နက်စုံ တိုက်တော်ကို ဖွင့်၍၊ အမျက်တော်လက်နက်တို့ကို ထုတ်တော်မူပြီ။ ဤအမှုကား၊
ကောင်းကင်ဗိုလ်ခြေ သခင်အရှင် ထာဝရ ဘုရားသည် ခါလဒဲပြည်၌ ပြုတော်မူသော အမှုပေတည်း။ 26
မြို့တဘက်မှတဘက်တိုင်အောင် တိုက်ကြ လော့။ စပါးကျီတို့ကို ဖွင့်၍၊ စပါးပုံများကဲ့သို့ ပုံထားလျက်၊ အလျှင်းမကြွင်းစေခြင်းငှါ
ရှင်းရှင်းဖျက်ဆီးကြလော့။ 27 သူ၏နွားဥသဘရှိသမျှတို့ကို သတ်ကြလော့။ သတ်ရာအရပ်သို့ ဆင်းသွားစေကြလော့။ သူတို့သည်
အမင်္ဂလာရှိကြ၏။ အကယ်စင်စစ် သူတို့အချိန်၊ ဆုံးမခြင်းကို ခံရသော အချိန်ရောက်လေပြီ။ 28 ငါတို့ဘုရားသခင်ထာဝရဘုရား၏
အမျက်တော် ပြေခြင်း၊ ဗိမာန်တော်ကို ဖျက်ဆီးသောအပြစ်နှင့် အလျောက် ဒဏ်ပေးခြင်းသိတင်းကို ဇိအုန်မြို့၌ကြားပြေ အံ့သောငှါ၊
ဗာဗုလုန်ပြည်မှ ပြေးလွတ်သောသူတို့၏ အသံ ကို ကြားရ၏။ 29 လေးသမားတို့ကို ဗာဗုလုန်မြို့သို့ခေါ် ကြလော့။ ပစ်တတ်သော

 generated on Tue Jul 2 12:50:28 2024

သူအပေါင်းတို့၊ မြို့ပတ်ဝန်းကျင်၌ တပ်ချ ကြလော့။ မြို့သူမြို့သားတယောက်ကိုမျှ မလွတ်စေနှင့်။ ထိုမြို့ကျင့်သော
အကျင့်နှင့်အလျောက် အပြစ်ပေးကြ လော့။ သူပြုဘူးသမျှအတိုင်း သူ၌ပြုကြလော့။ သူသည်ဣ
သရေလအမျိုး၏သန့်ရှင်းတော်မူသော ဘုရား၊ ထာဝရ ဘုရားတဘက်၌ ဝါကြွားပြီတကား။ 30 ထိုကြောင့်၊ မြို့သားလုလင်တို့သည်
လမ်းမတို့၌ လဲနေ၍၊ ထိုနေ့တွင် စစ်သူရဲအပေါင်းတို့သည် ဆုံးရှုံးကြ လိမ့်မည်ဟု၊ ထာဝရဘုရား မိန့်တော်မူ၏။ 31
ကောင်းကင်ဗိုလ်ခြေသခင်အရှင် ထာဝရဘုရား မိန့်တော်မူသည်ကား၊ အိုမာနကြီးသောသူ၊ သင့်တဘက်၌ ငါနေ၏။
အကယ်စင်စစ်သင်၏အချိန်၊ ဆုံးမခြင်းကိုခံရ သော အချိန်ရောက်လေပြီ။ 32 မာနကြီးသောသူသည် ထိမိ၍ လဲပြီးမှ အဘယ်
သူမျှမကြွရ။ ငါသည်လည်း သူ့နေရာ မြို့တို့ကို မီးရှို့၍၊ သူ့ပတ်လည်၌နေသောသူအပေါင်းတို့ကို လောင်လိမ့်မည် ဟု မိန့်တော်မူ၏။ 33
ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်တော်မူသည်ကား၊ ဣသရေလအမျိုးသားတို့နှင့် တကွယုဒအမျိုးသားတို့သည်
ညှဉ်းဆဲခြင်းကို ခံရကြပြီ။ သူတို့ကိုသိမ်းသွားသော သူရှိသမျှတို့သည် ချုပ်ထားပြီး လျှင်၊ ငါတို့သည် မလွှတ်ဟု
ငြင်းပယ်လျက်နေကြပြီ။ 34 သို့ရာတွင်၊ သူတို့ကိုရွေးနှုတ်သော သခင်သည် အားကြီး၏။ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား
တည်းဟူသော ဘွဲ့နာမရှိတော်မူ၏။ ထိုသခင်သည်သူတို့ အမှုကို ကျပ်တည်းစွာစောင့်၍၊ ပြည်တော်ကို ငြိမ်ဝပ် စေလျက်၊
ဗာဗုလုန်မြို့သူမြို့သားတို့ကို နှောင့်ရှက်လျက် ပြုတော်မူမည်။ 35 ထာဝရဘုရားမိန့်တော်မူသည်ကား၊ ထားဘေး သည် ခါလဒဲပြည်သူ၊
ဗာဗုလုန်မြို့သားတို့နှင့်တကွ မင်းများ၊ ပညာရှိများအပေါ်သို့ သင့်ရောက်လိမ့်မည်။ 36 ထားဘေးသည် မိစ္ဆာဆရာတို့အပေါ်သို့ ရောက်
၍၊ သူတို့သည် အရူးဖြစ်ကြလိမ့်မည်။ ထားဘေးသည် ထိုမြို့သားစစ်သူရဲတို့အပေါ်သို့ ရောက်၍၊ သူတို့သည် စိတ်ပျက်ကြလိမ့်မည်။
37 ထားဘေးသည်မြင်းများ၊ ရထားများ၊ မြို့ထဲမှာ နေသောလူအမျိုးမျိုးရှိသမျှတို့အပေါ်သို့ ရောက်၍၊ သူတို့သည် မိန်းမကဲ့သို့
ဖြစ်ကြလိမ့်မည်။ ထားဘေးသည် မြို့ဘဏ္ဍာအပေါ်သို့ရောက်၍၊ ရန်သူတို့သည်လုယူ ကြလိမ့်မည်။ 38 ခန်းခြောက်ခြင်းဘေးသည်
မြို့၏ ရေတို့ အပေါ်သို့ရောက်၍ ခန်းခြောက်ကြလိမ့်မည်။ အကြောင်း မူကား၊ ထိုပြည်သည်ရုပ်တုတို့နှင့် အပြည့်ရှိ၏။ ပြည်သား
တို့သည် ဆင်းတုတို့ကို အမှီပြု၍ ဝါကြွားကြ၏။ 39 ထိုကြောင့်၊ တောသားရဲတို့သည် တောခွေးတို့ နှင့်တကွ ထိုမြို့၌ နေကြလိမ့်မည်။
ကုလားအုပ်ငှက်တို့ သည်လည်း နေရာကျကြလိမ့်မည်။ နောက်တဖန် အဘယ် သူမျှမနေရ။ ကာလအစဉ်အဆက် လူနေရာမဖြစ်ရ။ 40
သောဒုံမြို့နှင့်ဂေါမောရမြို့မှစ၍ နီးဆပ်သော မြို့များကို ဘုရားသခင်ဖျက်ဆီးတော်မူသဖြင့် လူဆိတ်ညံ သကဲ့သို့၊ ဗာဗုလုန်မြို့၌
အဘယ်သူမျှမနေရ၊ လူသားတစုံ တယောက်မျှနေရာမကျရဟု၊ ထာဝရဘုရားမိန့်တော် မူ၏။ 41 ကြည့်ရှုလော့။ လူမျိုးတမျိုးသည်
မြောက်မျက်နှာမှ လာ၏။ ကြီးစွာသော လူမျိုးနှင့်များစွာသော ရှင်ဘုရင်တို့ သည် မြေကြီးစွန်းတို့မှ ပေါ်လာကြ၏။ 42 လေးနှင့်လှံတို့ကို
လက်စွဲကြ၏။ ကြမ်းကြုတ် သော အမျိုးဖြစ်၍ သနားခြင်းကရုဏာမရှိ။ သူတို့စကား သံသည် သမုဒ္ဒရာမြည်သံကဲ့သို့ ဟုန်းတတ်၏။
အိုဗာဗု လုန်သတို့သမီး၊ စစ်သူရဲကဲ့သို့ တပ်ခင်းကျင်းလျက်မြင်း စီး၍၊သင်ရှိရာသို့ ချီလာကြလိမ့်မည်။ 43 သူတို့၏သိတင်းကို
ဗာဗုလုန်ရှင်ဘုရင်သည် ကြား၍လက်အားလျော့၏။ ဒုက္ခဆင်းရဲကိုငင်း၊ သားဘွား သောမိန်းမခံရသကဲ့သို့ ပြင်းစွာသော ဝေဒနာကိုငင်း
ခံရ၏။ 44 ခြင်္သေ့သည် ယော်ဒန်မြစ်၏ ဂုဏ်အသရေမှ တတ်သကဲ့သို့၊ ရန်သူသည် ကျောက်နှင့်ပြည့်စုံသော နေရာသို့တက်သောအခါ၊
နေသော သူသည် ချက်ခြင်း ပြေးမည်အကြောင်းကို ငါပြုမည်။ ရွေးချယ်သော သူကို လည်းဗာဗုလုန်မြို့အပေါ်မှာ ငါခန့်ထားမည်။
ငါနှင့် အဘယ်သူတူသနည်း။ ငါ့အချိန်ကို အဘယ်သူချိန်းချက် မည်နည်း။ အဘယ်မည်သော သိုးထိန်းသည် ငါ့ရှေ့မှာ ရပ်နိုင်သနည်း။
45 သို့ဖြစ်၍၊ ထာဝရဘုရားသည် ဗာဗုလုန်မြို့ တဘက်၌ ကြံစည်တော်မူသောအကြံ၊ ခါလဒဲပြည်တဘက် ၌ ကြံစည်တော်မူသောအကြံ
အစည်တို့ကို နားထောင်ကြ လော့။ အကယ်စင်စစ်ရန်သူသည် အားမရှိသော ထိုသိုး တို့ကို လုယက်လိမ့်မည်။
အကယ်စင်စစ်သူတို့ရှိရာသို့ လာ၍၊ ကျက်စားရာအရပ်ကို ဖျက်ဆီးလိမ့်မည်။ 46 ဗာဗုလုန်မြို့ကိုတိုက်ယူသော အသံကြောင့်
မြေကြီးလှုပ်ရှား၏။ အော်ဟစ်သောအသံကို လူအမျိုးမျိုး တို့သည် ကြားရကြ၏။

---

Jeremiah 01

ယေဘုယျ အချက်အလက်
ရှု၊ and

ပရောဖက်ယေရမိအားဖြင့်
"ယေရမိ၏ လုပ်ဆောင်တော်မူချက်အားဖြင့်"

သိတင်းကြားပြောကြလော့.... သိတင်းကြားပြောကြလော့
ထပ်ခါထပ်ခါ ရွတ်ဆိုသောစကားစုသည်
အရေးပါသောပညတ်တော်အား ဖော်ပြလိုခြင်းဖြစ်ပါသည်။

ဗေလဘုရားသည် အရှက်ကွဲပြီ။ မေရော ဒပ်ဘုရားသည် ကျိုးပြီ။
ဗာဗုလုန်ရုပ်တုဆင်းတုတို့သည် အရှက်ကွဲ၍ကျိုးပွဲလျက်ရှိကြ၏။
ငင်းစာကြောင်းတို့သည် ဘုရားသခင်မှ
ဗာဗုလုန်ဘုရားတို့အပေါ်၌ပြုတော်မူသော အရာတို့ဖြစ်သည်။

ဗေလ...မေရော ဒပ်
ဗာဗုလုန်တို့ နတ်ဘုရားကြီးများ ဖြစ်သည်။

Jeremiah 03

သူတို့ပေါ်လာသည်
"သူတို့" ဗာဗုလုန်ကို ဆိုလိုသည်။

သူမပြည်
"သူမ" သည် ဗာဗုလုန်ပြည်ကို ရည်ညွှန်းသည်။

ထိုနေရာ၌နေထိုင်သည်
"ထိုနေရာ" ဗာဗုလုန်ပြည်ကို ရည်ညွှန်းသည်။

ထိုနေ့ရက်နှင့်ထိုကာလ
မည်ကဲ့သို့ဘာသာပြန်ဆိုသည်ကိုရှု _33:14.

သူတို့ရှာကြလိမ့်မည်
"သူတို့" ဆိုရာတွင် ဣသရေလ သို့မဟုတ်
ယုဒလူတို့ကိုရည်ညွှန်းခြင်းဖြစ်ပါသည်။

မိမိတို့သည်ထာဝရဘုရားထံတော်သို့ ချဉ်းကပ်၍
ဘုရားသခင်အား စိတ်ဝိညာဉ်ဆိုင်ရာ ဆက်နွယ်ခြင်းကို
ပုံဖော်ထားသည်။

အစဉ်မမေ့လျော့ရသော
ပညတ်တော်တရားသည် အစဉ်လိုက်လျှောက်မည်။
အခြားသောဘာသာပြန်ဆိုချက်၊ "မည်သူမျှ မမေ့လျော့ရပါ"

Jeremiah 06

ပျောက်သောသိုး
ဣသရေလတို့အား ပျောက်သောသိုးဖြင့်နှိုင်းယှဉ်ထားသည်။

သူတို့သည် ကိုက်စား ကြပြီ။
၎င်းစာကြောင်းသည် အရာခပ်သိမ်းတို့အား ဖျက်ဆီးလျက်
ကိုက်စားပြီဖြစ်ကြောင့် နှိုင်းယှဉ်ထားသည်။

သူတို့သည်ကျူးလွန်ကြ၏
"သူတို့" စကားလုံးသည် ဣသရေလတို့ကို ရည်ညွှန်းသည်။

Jeremiah 08

ထွက်သွားသောသိုးထီးကဲ့သို့
ဘုရားသခင်သည် မိမိလူတို့အားဗာဗုလုန်ပြည်မှထွက်ခွါရန်
သိုးစုမှ သိုးထီးတို့ထွက်ပြေးသည်ကိုခိုင်းနှိုင်းထားသည်။

ဗာဗုလုန်သည် ဖမ်းဆီးခေါ်ဆောင်မည်
"လူမျိုးတို့အား ဗာဗုလုန်တို့သည် သိမ်းသွင်းမည်" (ရှု၊ )

ထာဝရဘုရား မိန့်တော်မူ၏။
မည်ကဲ့သို့ဘာသာပြန်ဆိုသည်ကို ရှု _ 1:7.

Jeremiah 11

သင်တို့သည်ကျက်စားသောနွားမကဲ့သို့ ခုန်ကြပြီ။
ဗာဗုလုန်ပြည်သားတို့သည် မြက်ခင်းပြင်၌
ပျော်မြူးစွာကျက်စားသော နွားမတို့ကဲ့သို့ ရှင်လန်းကြပြီ။

မြင်းထီးကဲ့သို့ ဟီကြပြီ။
ပျော်ရွှင်စွာ မြူးကြသည်ကို မြင်းထီးကဲ့သို့
ဟီကြပြီဟုနှိုင်းယှဉ်ထားသည်။

ထိုကြောင့်၊ သင်တို့ အမိသည် မိန်းမော တွေဝေလိမ့်မည်။ သင်တို့ကို
မွေးဘွားသော သူသည် အရှက်ကွဲလိမ့်မည်။
၎င်းစာကြောင်းသည် အခြေခံအားဖြင့် ဆိုလိုရင်းတူညီသည်။
မိခင်ဆိုသည်မှာ ဗာဗုလုန်ပြည် သို့မဟုတ် ဗာဗုလုန်လူတို့ကို
ဖော်ပြသည်။

သူတ်သင်သောအရပ်၊ သွေ့ခြောက်သော လွင်ပြင်
၎င်းစကားလုံးတို့သည် အခြေခံအားဖြင့် ဆိုလိုရင်းတူညီပြီး
လူသူမနေသော ဆိတ်ညံရာပြည်ကို ရည်ညွှန်းသည်။

ဘေးဥပတ်ကြောင့်တုန်လှုပ်သည်
ကြောက်ရွံ့ တုန်လှုပ်သည်။

ကဲ့ရဲ့ သံ
ကြီးမားသောအသံဖြင့် မြည်တမ်းသည်။

Jeremiah 14

ယေဘုယျ အချက်အလက်
ဘုရားသခင်သည် ဗာဗုလုန်ရန်သူတို့အား
မည်ကဲ့သို့တိုက်ခိုက်မည်ကို ပြောသည်။

လေးသမားအပေါင်းတို့၊ မြှားကိုမနှမြောဘဲ ပစ်ကြလော့။
လေးမြှားစစ်သည်တော်တို့အား မည်သို့
တိုက်ခိုက်မည်ကိုပြောဆိုသည်။

သူမအားပစ်ကြလော့
"သူမ"ဆိုရာတွင် ဗာဗုလုန်ပြည်ကို ဖော်ပြသည်။

မြို့ရိုးနှင့် ပြအိုးတို့သည် ပြိုလဲကြပြီ။
အခြားသောဘာသာပြန်ဆိုချက်၊ "လူမျိုးတို့သည် မြို့ရိုးတို့ကို
ပြိုလဲစေကြပြီ"

Jeremiah 16

ယေဘုယျ အချက်အလက်
ဘုရားသခင်သည် ဗာဗုလုန်ရန်သူတို့အား
မည်ကဲ့သို့တိုက်ခိုက်မည်ကို ပြောသည်။

မျိုးစေ့ကြဲသော သူနှင့်စပါး ရိတ်သော သူတို့ကိုပယ်ဖြတ်ကြလော့။
"တံစဉ်း"သည် လယ်သမားများ
ကောက်ရိတ်သောအခါအသုံးပြုသည်။

အသီးအသီးတို့သည် မိမိတို့လူမျိုးနေရာသို့ ပြန်သွား၍၊ မိမိတို့ပြည်သို့ပြေး
ကြလိမ့်မည်။
၎င်းစကားစုနှစ်ခုသည် ဆိုလိုရင်းတူညီပြီး သူစိမ်းတို့အား
ဗာဗုလုန်ပြည်သို့ ထွက်ပြေးအံ့ငှါ ပညတ်တော်မူမည်။

ညှဉ်းဆဲတတ်သော ထားကိုကြောက်သောကြောင့်၊
"ထား"ဆိုသည်မှာ ဗာဗုလုန်ကို တိုက်ခိုက်သော ရန်သူတို့ကို ရည်ညွှန်းသည်။

Jeremiah 17

ဣသရေလသည်အရပ်ရပ်သို့ လွင့်ပြေးရသော သိုးဖြစ်၏။ ခြင်္သေ့တို့သည် နှောင့်ရှက်ကြပြီ။
အခြားသောဘာသာပြန်ဆိုချက်၊ "ဣသရေလတို့သည်သိုးကဲ့သို့ ခြင်္သေ့လိုက်လျက်အရပ်ရပ်သို့လွင့်သောသူများအဖြစ် ဘုရားသခင်သည် နှိုင်းယှဉ်ထားသည်။

ကိုက်စားပြီ။
ဣသရေလတို့သည် အာရှုရိတို့ ဖျက်ဆီးခြင်းအား ခိုင်းနှိုင်းဖော်ပြထားသည်။

သူ၏အရိုးတို့ကို ချိုးဖဲ့ပြီ။
ပျက်စီးခြင်းခံရသည်ကို ဣသရေလလူတို့အား နေဗုခဒ်နေဇာမှ သူတို့၏ အရိုးတို့ကို ချိုးခြင်းဖြင့် နှိုင်းပြီးဖော်ပြသည်။

ငါသည်နည်းတူ
"ကြည့်ရှုလော့" ဆိုသည်မှာ နောက်ဖြစ်လာမည့် အရာအား နားစွင့်စေသည်။

Jeremiah 19

ငါဆောင် ခဲ့ဦးမည်။
"ငါ"ဆိုသည်မှာ ဘုရားသခင်ကို ရည်ညွှန်းသည်။

သူသည် ကရမေလတောင်နှင့်ဗာရှန်တောင် ပေါ်မှာ ကျက်စား၍
"ဣသရေလတို့သည် ကရမေလနှင့် ဗာရှန်တောင်ပေါ်တွင် အစာကို ကျွေးလိမ့်မည်။"

ထိုအချိန်နှင့်ထိုကာလအခါ
မည်ကဲ့သို့ ဘာသာပြန်ဆိုသည်ကို ရှု _ 33:14.

ဣသရေလအပြစ်ကို စစ်ကြော သော်လည်း အပြစ်မပေါ်ရာ။ ယုဒဒုစရိုက်တို့ကိုရှာ၍ မတွေ့ရာ။
ၡင်းစာကြောင်းနှစ်ခုသည် ဣသရေလလူတို့အား ဘုရားသခင်သည် သူတို့ပြုသောအပြစ်များကို ခွင့်လွှတ်မည်ဆိုသည့်အရာကို ဖော်ပြထားပါသည်

ယုဒဒုစရိုက်တို့ကိုရှာ၍ မတွေ့ရာ။
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်သည် ဣသရေလတို့၏ အပြစ်ကို ရှာသော်လည်း မတွေ့"

Jeremiah 21

မာရတန်
ဗာဗုလုန်ပြည်၏ အခြားသောအမည် တစ်ခုဖြစ်သည်။ "ရန်သူများ များပြားခြင်းကို ဖော်ပြသည်။"

ပက်ကော့
ခါလဒဲ၏ နောက်အမည်တစ်မျိုးဖြစ်သည်။

သူတို့အမျိုးအနွယ်တို့ကိုသုတ်သင်ပယ်ရှင်း၍
ထားဖြင့်သူတို့အား သတ်ဖြတ်မည် အကြောင်းကိုဖော်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့အား သုတ်သင်ပယ်ရှင်းလော့။"

ထာဝရဘုရား မိန့်တော်မူ၏။
မည်ကဲ့သို့ ဘာသာပြန်ဆိုသည်ကို ရှု _ 1:7.

Jeremiah 23

မြေတပြင်လုံးကို ရိုက်နှက်သောသံတူသည် ကျိုးပြတ်လေပြီတကား
"မြေတပြင်လုံးကို ရိုက်နှက်သော သံတူ" ဆိုသည်မှာ အားကြီးသော ဗာဗုလုန်စစ်သည်တို့ တိုက်ခိုက်နေသည်ကိုဖော်ပြသည်။ "

ကြောက်ရွံ့တုန်လှုပ်ခြင်း
အလွန်ကြောက်ရွံ့သည်၊ စိုးရိမ်သည်၊ ခြောက်ခြားသည်။

ဗာဗုလုန်သည်သင်တို့အားသိမ်းသွင်းပြီ
အခြားသောဘာသာပြန်ဆိုချက်၊ "ဗာဗုလုန်သည် သင့်ကိုဖမ်းဆီးပြီ"

သင်သည် သတိလစ်၍ကျော့မိပြီ။
အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည်သတိလစ်၍ကျောကွင်းထဲ၌မိလေပြီ"

Jeremiah 25

စပါးကျီတို့
သီးနှံ သိုလှောင်ရာနေရာ

စပါးပုံများကဲ့သို့ ပုံထားလျက်
စပါးပုံများထဲမှ မကျန်ကြွင်းအောင် ပြုလုပ်သည်။

Jeremiah 27

ယေဘုယျ အချက်အလက်
ဘုရားသခင်သည် ဗာဗုလုန်ပြည်နှင့် ခါလဒဲတို့အား မည်ကဲ့သို့ ဖျက်ဆီးမည်ကို ပြောဆိုသည်။

သူ၏နွားဥသဘရှိသမျှတို့ကို သတ်ကြလော့။
ငယ်ရွယ်သော စစ်သည်တော်များကို နွားဥသဘတို့ဖြင့်ခိုင်းနှိုင်းထားသည်။

သူ၏နွားဥသဘ
"သူ" ဆိုသည်မှာ ဗာဗုလုန်ကို ရည်ညွှန်းသည်။

သူတို့.သူတို့၏
"သူတို့.သူတို့၏" ဆိုသည်မှာ ဗာဗုလုန်ကို ရည်ညွှန်းသည်။


generated on Tue Jul 2 12:50:28 2024

ထိုအရာများ...ထိုအရာတို့
"ထိုအရာများ...ထိုအရာတို့" ဗာဗုလုန်တို့
လက်မှကျန်ကြွင်းသောသူတို့ကို ဆိုလိုပါသည်။

Jeremiah 29

ယေဘုယျ အချက်အလက်
ဘုရားသခင်သည် ဗာဗုလုန်ပြည်နှင့် ခါလဒဲတို့အား မည်ကဲ့သို့
ဖျက်ဆီးမည်ကို ပြောဆိုသည်။

သူမ၏..သူမ
"သူမ၏..သူမ" ဆိုသည်မှာ ဗာဗုလုန်ကို ရည်ညွှန်းသည်။

စစ်သူရဲအပေါင်းတို့သည် ဆုံးရှုံးကြ လိမ့်မည်
အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည်
သူတို့အားစစ်သူရဲတို့ဖြင့် တိုက်ခိုက်စေမည်။"

Jeremiah 31

ကြည့်ရှုလော့
အရေးပါသောအရာအား နာခံရန်ပြောဆိုသော စကားဖြစ်သည်။

မာနကြီးသောသူ
ဘုရားသခင်သည် ဗာဗုလုန်လူတို့ကို ရည်ညွှန်းသည်။

သင်၏အချိန်၊ ဆုံးမခြင်းကိုခံရ သော အချိန်ရောက်လေပြီ။
ဤစကားစုနှစ်ခုသည် ဆိုလိုရင်းတူညီပြီး နေ့ရက်ကာလကို
ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါဆုံးမခြင်း
နေ့ရက်ကာလသည် ရောက်လာပြီ။"

သင်၏အချိန်
ကြောက်စရာကောင်းသော ဆုံးမခြင်းကာလနေ့ရက်သည်
ဗာဗုလုန်ပြည်သို့ ရောက်လျက်ရှိသည်။

ငါသည်မီးရှို့မည်
"ငါ"ဟူသော စကားလုံးသည် ဘုရားသခင်ကို ဆိုလိုသည်။

မြို့တို့ကို မီးရှို့၍
ပျက်စီးခြင်းသည် ရောက်လျက်ရှိသည်ကို ဖော်ပြသည်။

Jeremiah 33

ဣသရေလအမျိုးသားတို့ ညှဥ်းဆဲခြင်းကို ခံရကြပြီ
အခြားသောဘာသာပြန်ဆိုချက်၊ "ဗာဗုလုန်လူတို့သည်
ဣသရေလတို့အား ညှဥ်းဆဲကြပြီ"

သူတို့ကိုသိမ်းသွားသည်
"သူတို့" ဆိုသည်မှာ ဣသရေလ လူတို့ဖြစ်သည်။

သူတို့ ငြင်းပယ်လျက်
"သူတို့" ဆိုသည်မှာ ဗာဗုလုန်လူတို့ ဖြစ်သည်။

သူတို့လွတ်စေခြင်းငှါ
"သူတို့" ဆိုသည်မှာ ဣသရေလလူတို့ ဖြစ်သည်။

Jeremiah 35

ထားဘေးသည် ခါလဒဲပြည်သူအပေါ်သို့ သင့်ရောက်လိမ့်မည်။
"ထားဘေး" ရန်သူတို့ကို ဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ရန်သူတို့သည် ခါလဒဲတို့အား
တိုက်ခြင်းငှါရောက်လျက်ရှိသည်။"

ထာဝရဘုရားမိန့်တော်မူ၏
မည်ကဲ့သို့ ဘာသာပြန်ဆိုသည်ကို ရှု _ 1:7.

သူတို့သည် အရူးဖြစ်ကြလိမ့်မည်။
"ဖွင့်ပြသည်" အရူးဖြစ်ကြောင်း
လူတို့မြင်တွေ့မည်ကိုဖော်ပြသည်။

သူတို့သည်ကြောက်လန့်ခြင်းပြည့်ကြလိမ့်မည်။
အခြားသောဘာသာပြန်ဆိုချက်၊
"ကြောက်လန့်ခြင်းသည်သူတို့အား ပြည့်လိမ့်မည်။"

သူတို့သည် မိန်းမကဲ့သို့ ဖြစ်ကြလိမ့်မည်။
"သူတို့သည် အားနည်းသော မိန်းမတို့ကဲ့သို့ ဖြစ်ကြလိမ့်မည်။"

မြို့ဘဏ္ဍာ
အဘိုးထိုက်သော ပစ္စည်းများ သိုထားရာနေရာ

ရန်သူတို့သည်လုယူ ကြလိမ့်မည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ရန်သူတိုသည် သူတို့အား
အဓမ္မလုယူကြလိမ့်မည်။"

Jeremiah 38

ရေတို့
"ရေတို့"သည် အသက်တို့အား ကိုယ်စားပြုပြီး ၎င်းမြစ်သည်
မြို့ထဲသို့ စီးဝင်သည်။

တောသားရဲ
တောသားရဲတို့သည် အာရှနှင့် အာဖရိကတိုက်တို့တွင်တွေ့ရှိသော
တောခွေးတို့ဖြစ်သည်။

ကုလားအုပ်ငှက်တို့ သည်လည်း နေရာကျကြလိမ့်မည်။
"ကုလားအုပ်ငှက်" တို့သည် အာဖရိကတိုက်တွင် ရှိပြီး
မပျံသန်းနိုင်ပေမယ့် အလွန်အပြေးမြန်သည်။

နောက်တဖန် အဘယ် သူမျှမနေရ။ ကာလအစဉ်အဆက် လူနေရာမဖြစ်ရ။
ဤစကားစုနှစ်ခုသည် ဆိုလိုရင်းတူညီပြီး ဗာဗုလုန်သည်
မည်သူမျှ မနေသောအရပ်ဖြစ်လိမ့်မည်ကို ဖော်ပြသည်။

အဘယ်သူမျှမနေရ၊
အခြားသောဘာသာပြန်ဆိုချက်၊ "အဘယ်သူမျှ မနေရ"

လူသားတစုံ တယောက်မျှနေရာမကျရ
ဂုင်းစကားစုသည် ဆိုလိုရင်းတူညီပြီး ဗာဗုလုန်သည် မည်သူမျှ မနေသောအရပ်ဖြစ်လိမ့်မည်ကို ဖော်ပြသည်။

Jeremiah 41

ကြည့်ရှုလော့။
ဘုရားသခင်သည် သူပြောချင်သောအရာအား သေချာနားထောင်စေချင်သော စကားဖြစ်သည်။

ကြီးစွာသော လူမျိုးနှင့်များစွာသော ရှင်ဘုရင်တို့
ဂုင်းစကားစုသည် ဗာဗုလုန်ပြည်အား မက်ဒဲနှင့် ပါရှုတို့သည် ဘီစီ၅၃၉ တွင် သိမ်းပိုက်ခဲ့သည်။

သူတို့၏သိတင်းကို
စစ်သည်တော်တို့သည် စစ်မြေပြင်တွင် တိုက်ခိုက်နေသည်။

ဗာဗု လုန်သတို့သမီး
ဗာဗုလုန်လူတို့ကို ဆိုလိုသည်။

Jeremiah 44

နားထောင်လော့
"နားထောင်လော့" စကားလုံးသည် နောက်ဖြစ်လာမည့်အရာအား ဖော်ပြပေးသည်။

သူသည်နေရာသို့တက်သည်
"သူ"သည် မြောက်အရပ်မှ စစ်တိုက်လာသော သူတို့ကိုဆိုလိုသည်။ (ရှု ။ 50:41)

ခြင်္သေ့ကဲ့သို့
မမျှော်လင့်ဘဲ အခြားတဘက်မှ တိုက်ခိုက်လာသောအရာကို ဖော်ပြသည်။

သူသည် ချက်ခြင်း ပြေးမည်အကြောင်းကို ငါပြုမည်။
"သူတို့"သည် ဗာဗုလုန်တို့ကို ဆိုလိုပြီး တိုက်ခိုက်စေမည်ကို ဖော်ပြသည်။

ရွေးချယ်သော သူကိုငါခန့်ထားမည်
အခြားသောဘာသာပြန်ဆိုချက်၊ "တစ်စုံတစ်ဦးကို ငါခန့်ထားမည်။"

ငါနှင့် အဘယ်သူတူသနည်း။ ငါ့အချိန်ကို အဘယ်သူချိန်းချက် မည်နည်း။
ဘုရားသခင်သည် သေးငယ်သောလူတို့အားမေးသောမေးခွန်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "အဘယ်သူသည် ငါနှင့်တူသနည်း၊ ငါ့အား အဘယ်သူကအမိန့်ပေး နိုင်သနည်း။"

ဆင့်ခေါ်သည်
ရောက်လာရန်ခေါ်သည်။

အဘယ်မည်သော သိုးထိန်းသည် ငါ့ရှေ့မှာ ရပ်နိုင်သနည်း။
ဘုရားသခင်သည် သူ့အား ဆန့်ကျင်သော ခေါင်းဆောင်တို့အား မေးသော မေးခွန်းဖြစ်သည်။

Jeremiah 45

ထာဝရဘုရားသည် ဗာဗုလုန်မြို့ တဘက်၌ ကြံစည်တော်မူသောအကြံ၊ ခါလဒဲပြည်တဘက် ၌ ကြံစည်တော်မူသောအကြံ အစည်တို့ကို နားထောင်ကြလော့။
ဂုင်းစကားစုနှစ်ခုသည် ဆိုလိုရင်း တူညီသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်သည် ဗာဗုလုန်မြို့နှင့် ခါလဒဲမြို့တို့အား ကြံစည်တော်မူသည်။"

သူတို့သည် လုယက်လိမ့်မည်။
ဗာဗုလုန်လူတို့သည် မိမိတို့နေရပ်မှအခြားသို့ စိတ်တော်မတွေ့သော်လည်း ခေါ်ဆောင်ခြင်းကို ခံရမည်။

သူတို့ကျက်စားရာအရပ်ကို ဖျက်ဆီးလိမ့်မည်။
"ငါသည် သူတို့ကျက်စားအရပ်အား ဖျက်ဆီးမည်။"

ဗာဗုလုန်မြို့ကိုတိုက်ယူသော အသံကြောင့် မြေကြီးလှုပ်ရှား၏။
ဂုင်းစကားစုသည် ဗာဗုလုန်မြို့ ကျဆုံးခြင်းအား ကျယ်လောင်စွာမြည်သော မြေကြီး၏လှုပ်ရှားသံနှင့် နှိုင်းယှဥ်ထားသည်။

ပူပန်သောက
နာကျင်ခြင်း သို့မဟုတ် ဝမ်းနည်းခြင်း

သူတို့၏ပူပန်သောကသံဖြင့်အော်ဟစ်ခြင်း
"သူတို့၏ နာကျင်စွာ အော်ဟစ်သံ"

---

## Translation Questions

Jeremiah 50:1

ဗာဗုလုန်မြို့တွင် မည်သည့်အရာဖြစ်လိမ့်မည်နည်း။
ဗာဗုလုန်မြို့ကို တိုက်ယူကြပြီး ဗေလ ဘုရားနှင့် ရုပ်တုဆင်းတုများသည် အရှက်ကွဲမည်ဖြစ်သည်။

Jeremiah 50:3

ဗာဗုလုန်မြို့ကို မည်သူသည် ဆန့်ကျင်မည်နည်း။
မြောက်အရပ်မှနိုင်ငံတစ်နိုင်ငံသည် ဗာဗုလုန်မြို့ကို ဆန့်ကျင်လိမ့်မည်။

ဗာဗုလုန်မြို့တိုက်ခိုက်ခံရသောအခါ ဣသရေလလူမျိုးများသည် မည်သို့ပြုကြမည်နည်း?

လူများသည် မျက်ရည်ကျလျက် ထာဝရဘုရားကိုရှာကြလိမ့်မည်။ သူတို့သည် ထာဝရဘုရားနှင့်ပြုထားသောပဋိညာဉ်ကို တဖန်အသစ်ပြန်လုပ်ဖို့ရန် ဇိအုန်မြို့သို့ သွားကြလိမ့်မည်။

Jeremiah 50:6

ထာဝရဘုရားသည် သူ၏လူများကို အဘယ်ကြောင့် ပျောက်သောသိုးဟု ဖော်ပြသနည်း။

သူတို့၏သိုးထိန်းများသည် တောင်များပေါ်မှာ သူတို့ကိုလမ်းလွဲစေ၍ သူတို့သည် မိမိတို့နေရာအရပ်ကိုမေ့လျော့ကြသောကြောင့် သူတို့ကို ထိုသို့ခေါ်ခြင်းဖြစ်သည်။

သူတို့သည် မည်သို့အားဖြင့် ထာဝရဘုရား၏လူများကို ကိုက်စားနိုင်ကြသည်ဟု သူတို့၏ရန်သူများက ဆိုကြသနည်း?

ထာဝရဘုရား၏လူများသည် ထာဝရဘုရားကို ပြစ်မှားသောကြောင့်ဖြစ်သည်ဟု သူတို့ရန်သူများက ပြောကြသည်။

Jeremiah 50:8

ဗာဗုလုန်မြို့ကိုမသိမ်းယူခင် ဣသရေလလူများသည် ဘာကြောင့် ဗာဗုလုန်မြို့မှထွက်သွားကြသနည်း။

မြောက်မျက်နှာအရပ်၌ ကြီးစွာသောတိုင်းနိုင်ငံသားအစုအဝေးတို့သည် ဗာဗုလုန်မြို့ကို သိမ်းယူမည်ဖြစ်သောကြောင့်ဖြစ်သည်။

Jeremiah 50:11

ထာဝရဘုရား၏အမွေကို ဖျက်ဆီးသောကြောင့် ဗာဗုလုန်ပြည်သည် မည်သို့ဖြစ်လိမ့်မည်နည်း။

ဗာဗုလုန်ပြည်သည် ပြည်တကာတို့တွင် အယုတ်ဆုံးသော ပြည်၊ သွေ့ခြောက်သော လွင်ပြင် ဖြစ်ရလိမ့်မည်။

Jeremiah 50:14

ထာဝရဘုရားကို ပြစ်မှားသောအပြစ်ကြောင့် ဗာဗုလုန်မြို့သည် မည်သို့ဖြစ်လိမ့်မည်နည်း။

လေးသမားအပေါင်းတို့သည် မြှားဖြင့်ပစ်၍ ဗာဗုလုန်၏အစွမ်းသည်လျော့ကျပြီး မြို့ရိုးနှင့် ပြအိုးတို့သည် ပြိုလဲကြလျက် သူတို့ပြုဘူးသည်အတိုင်း သူတို့၌ ပြုကြမည်ဖြစ်သည်။

Jeremiah 50:16

တခြားပြည်မှလာသောသူများသည် ဗာဗုလုန်မြို့တိုက်ခိုက်ခံရသောအခါ မည်သို့ပြုကြသနည်း။

သူတို့သည် သူတို့၏နေရင်းပြည်သို့ ပြန်ပြေးကြလေသည်။

Jeremiah 50:17

ထာဝရဘုရားက သူသည် အာရှုရိနှင့် ဗာဗုလုန်ပြည်ကို မည်သို့ပြုလိမ့်မည်ဟု ပြောသနည်း။

ထာဝရဘုရားသည် ဗာဗုလုန်ရှင်ဘုရင်နှင့်သူ၏လူများကိုအပြစ်ပေးပြီး အာရှုရိရှင်ဘုရင်ကိုလည်းထိုနည်းတူပြုမည်ဟု ပြောသည်။

Jeremiah 50:19

ထာဝရဘုရားသည် သူချန်ထားသောသူများ၏အပြစ်ကို မည်သို့ပြုလိမ့်မည်နည်း။

ထာဝရဘုရားသည် ဣသရေလများကို သူတို့၏နေရင်းအရပ်သို့ဆောင်၍ သူတို့၏အပြစ်များကို ဖြေလွှတ်ပေးမည်ဖြစ်သည်။

Jeremiah 50:21

ထာဝရဘုရားသည် ဗာဗုလုန်၏ရန်သူများအား မည်သို့ပြုရန် အားပေးသနည်း။

ထာဝရဘုရားသည် ထိုပြည်၌စစ်တိုက်ခြင်းအသံ၊ ကြီးစွာသော ဖျက်ဆီးခြင်းအသံကို ကြားရန် အလိုရှိလေသည်။

Jeremiah 50:23

ဗာဗုလုန်စစ်သူရဲများသည် ဘာကြောင့် သိမ်းသွားခံရမည်နည်း။

ဗာဗုလုန်စစ်သူရဲများသည် ထာဝရဘုရား၏ အာဏာတော်ကို ဆန်သောကြောင့် သိမ်းသွားခံရမည်ဖြစ်သည်။

Jeremiah 50:25

ထာဝရဘုရားပြုလုပ်ရမည့် အလုပ်သည် မည်သို့နည်း။

ထာဝရဘုရားသည် သူ၏လက်နက်တိုက်ကို ဖွင့်၍၊ လက်နက်များကို ထုတ်မည်၊ ဗာဗုလုန်ကိုတိုက်ဖို့ရန် ရန်သူများကို အားပေးမည်၊ သူတို့၏ စပါးကျီများကိုဖွင့်၍ ပျက်စီးစေခြင်းငှါ ပြုမည်ဖြစ်သည်။

Jeremiah 50:27

ဣသရေလလူများသည် အသက်ရှင်ကျန်သော ဗာဗုလုန်များအကြောင်းကို မည်သို့ပြောသနည်း။

ဇိအုန်မြို့တွင်ရှိသော ဗိမာန်တော်ကို ဖျက်ဆီးသောအပြစ်နှင့်အလျောက် သူတို့သည်ဆုံးမခြင်းကို ခံရသော အချိန်ရောက်လေပြီဟု ပြောကြသည်။

Jeremiah 50:29

ထာဝရဘုရားကို ဖီဆန်သောအပြစ်ကြောင့် သူ၌မည်သို့ဖြစ်လိမ့်မည်နည်း။

မြို့သူမြို့သားတယောက်ကိုမျှသည် ဗာဗုလုန်ရန်သူများ၏ဖျက်ဆီးခြင်းမှ မလွတ်ဘဲ ရန်သူသည်ထာဝရဘုရားအားသူတို့ ပြုခဲ့သောအရာများကြောင့်စစ်သူရဲများကိုဖျက်ဆီးလေသည်။


generated on Tue Jul 2 12:50:28 2024

Jeremiah 50:31

ထာဝရဘုရားက မာနကြီးသောသူများသည် မည်သို့ဖြစ်လိမ့်မည်ဟုကြွေးကြော်သနည်း။
မာနကြီးသောသူသည် ထိမိ၍ လဲမည်ဟုကြွေးကြော်လေသည်။

Jeremiah 50:33

ညှင်းဆဲခံရသော ဣသရေလလူများကို မည်သူသည် ကယ်မသနည်း။
ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားသည် ဣသရေလလူများကိုကယ်မခဲ့သည်။

Jeremiah 50:35

ဗာဗုလုန်မြို့သားများကို ရန်သူစစ်သည်များသည် မည်သို့ပြုလိမ့်မည်နည်း။
ဗာဗုလုန်မြို့သားတို့နှင့်တကွ မင်းများ၊ ပညာရှိများအပေါ်သို့ထားဘေးသည် သက်ရောက်လိမ့်မည်။ ထားဘေးသည် သူတို့၏ မိစ္ဆာဆရာတို့အပေါ်သို့ငှင်း၊ စစ်သူရဲတို့အပေါ်သို့ ငှင်း၊ ထားဘေးသည် မြင်းများ၊ ရထားများ၊ ပေါ်သို့ငှင်း သက်ရောက်လေသည်။

Jeremiah 50:38

ဗာဗုလုန်မြို့သည် မည်သည့်အရာနှင့်တူသနည်း။
ဗာဗုလုန်မြို့သည် သောဒုံမြို့နှင့်ဂေါမောရမြို့နှင့်တူလေသည်။

Jeremiah 50:41

မြောက်မျက်နှာရှိ လူများအကြောင်းကို ဗာဗုလုန်ရှင်ဘုရင်သည် မည်သို့ကြားသနည်း။
ရှင်ဘုရင်က သူတို့သည် ကြမ်းကြုတ်သော အမျိုးဖြစ်၍ သနားခြင်းကရုဏာမရှိသောအမျိုးဟု ကြားလေသည်။

ဗာဗုလုန်ရှင်ဘုရင်သည် မြောက်ဘက်စစ်သူရဲများသည် လာ၍ဗာဗုလုန်ကို သိမ်းယူမည်ဟူသောသိတင်းကို ယေရမိထံမှ ကြားပြီးနောက် မည်သို့ခံစားရသနည်း။
ထိုသိတင်းကိုကြားပြီးနောက် ရှင်ဘုရင်သည် သားဖွားသောမိန်းမကဲ့သို့ခံစားလေသည်။

Jeremiah 50:44

ထာဝရဘုရားသည် ဗာဗုလုန်မြို့ကို မည်သို့ပြုလိမ့်မည်နည်း။
ထာဝရဘုရားသည် ဗာဗုလုန်မြို့ရှိလူများကိုနှင်ဦးစီးဦးဆောင်ဖို့ရန် တစ်ယောက်ယောကိုခန့်ထားမည်ဖြစ်သည်။

Jeremiah 50:45

ထာဝရဘုရားသည် ဗာဗုလုန်လူများကို မည်သို့ပြုရန်အကြံစည်ရှိသနည်း။
ထာဝရဘုရားသည် ဗာဗုလုန်လူများကို ရှင်းရှင်းဖျက်ဆီးရန် အကြံစည်ရှိသည်။

## Chapter 51

1 ထာဝရဘုရားမိန့်တော်မူသည်ကား၊ ဗာဗုလုန် မြို့တဘက်၌၎င်း၊ ငါ၏ရန်သူတို့နှင့်ပေါင်းဘော်သော သူတို့တဘက်၌၎င်း၊
ဖျက်ဆီးတတ်သော လေကို ငါထစေ မည်။ 2 စံကောနှင့်ပြာတတ်သောသူတို့ကို ဗာဗုလုန်မြို့ သို့ ငါစေလွှတ်သဖြင့်၊ သူတို့သည်
တပြည်လုံးကိုပြာ၍ ရှင်းလင်းကြလိမ့်မည်။ အမှုရောက်သောကာလ၊ သူတို့ သည် မြို့ပတ်ဝန်းကျင်တို့၌ ရန်ဘက်ပြုလျက်နေကြ
လိမ့်မည်။ 3 လေးကိုကိုင်သောသူ၊ သံချပ်အင်္ကျီကိုဝတ်သော သူတို့ကို လေးတင်၍ ပစ်ကြလော့။ မြို့သားလုလင်တို့ကို မနှမြောဘဲ၊
မြို့သားအလုံးအရင်းရှိသမျှတို့ကို ရှင်းရှင်းဖျက်ဆီး ကြလော့။ 4 ထိုသို့သူရဲတို့သည် ခါလဒဲပြည်တွင်၊ လမ်းမတို့၌
လဲ၍အထိုးခံရကြလိမ့်မည်။ 5 ဣသရေလအမျိုးနှင့်ယုဒအမျိုးနေရာ ပြည်သည်၊ ဣသရေလအမျိုး၏သန့်ရှင်းတော်မူသော ဘုရားကို
ပြစ်မှားသော အပြစ်နှင့်ပြည့်သော်လည်း၊ သူတို့ ဘုရားသခင်၊ ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရ ဘုရား သည် ထိုအမျိုးတို့ကို
စွန့်ပစ်တော်မမူ။ 6 ဗာဗုလုန်မြို့ထဲက ထွက်ပြေး၍၊ အသီးအသီး ကိုယ်အသက်ကို ကယ်နှုတ်ကြလော့။ မြို့သားတို့၏အပြစ် နှင့်ရော၍
ဆုံးရှုံးခြင်ကို မခံကြနှင့်။ ဤအချိန်ကား၊ ထာဝရဘုရား၏အမျက်တော်ကို ဖြေချိန်ဖြစ်၍၊ အကျိုး အပြစ်နှင့်အလျောက်
စီရင်တော်မူမည်။ 7 ဗာဗုလုန်မြို့သည်၊ ထာဝရဘုရားကိုင်တော်မူ၍ မြေကြီးတပြင်လုံးကို ယစ်မူးစေသောရွှေဖလားဖြစ်၏။
ထိုဖလား၌ပါသော စပျစ်ရည်ကို လူအမျိုးမျိုးတို့သည် သောက်၍အရူးဖြစ်ကြ၏။ 8 ဗာဗုလုန်မြို့သည် ချက်ခြင်းပြိုလဲ၍ ပျက်စီးပြီ။
သူ၏အတွက် ငိုကြွေးမြည်တမ်းကြလော့။ သူ၏အနာ ပျောက်နိုင်လျှင်၊ ပျောက်စေခြင်းငှါ ဗာလစံစေးကို ယူကြလော့။ 9 ငါတို့သည်
ဗာဗုလုန်မြို့၏အနာကို ပျောက်စေ ခြင်းငှါ ပြုသော်လည်း၊ အနာမပျောက်နိုင်။ သူ့ကို စွန့်ပစ်၍၊ အသီးအသီး ငါတို့ နေရင်းပြည်သို့
သွားကြ ကုန်အံ့။ သူခံရသော အပြစ်သည် ကောင်းကင် တိုင်အောင် ရောက်၍၊ မိုဃ်းတိမ်ကို ထိလျက်ရှိ၏။ 10 ထာဝရဘုရားသည်
ငါတို့ဖြောင့်မတ်ကြောင်းကို ဘော်ပြတော်မူပြီ။ လာကြလော့။ ငါတို့ဘုရားသခင် ထာဝရဘုရားအမှုတော်ကို ဇိအုန်မြို့၌ ကြားပြောကြ
ကုန်အံ့။ 11 မြှားတို့ကို ပွတ်ကြလော့။ ဒိုင်းလွှားတို့ကို ကိုင်စွဲ ကြလော့။ ထာဝရဘုရားသည် မေဒိရှင်ဘုရင်တို့ကို နှိုးဆော်တော်မူပြီ။
ဗာဗုလုန်မြို့ကို ဖျက်ဆီးမည် အကြံ ရှိတော်မူ၏။ အကြောင်းမူကား၊ ထာဝရဘုရား၏ အမျက် တော်ကိုဖြေခြင်း၊
ဗိမာန်တော်ကိုဖျက်ဆီးသောအပြစ်နှင့် အလျောက် ဒဏ်ပေးခြင်းအမှုဖြစ်သတည်း။ 12 ဗာဗုလုန်မြို့ရိုးရှေ့မှာ အလံကိုထူကြလော့။
များစွာသော လူစောင့်တို့ကို ထား၍ကင်းထိုးကြလော့။ ချောင်းမြောင်းသော တပ်သားတို့ကို ပြင်ကြလော့။ ထာဝရ ဘုရားသည်
ဗာဗုလုန်မြို့သားတို့ကို ခြိမ်းသည်အတိုင်း ကြံစည်၍ လက်စသတ်တော်မူသည်။ 13 များစွာသော ရေအနားမှာနေ၍ စည်းစိမ်ကြီး
သောသူ၊ သင်၏ဆုံးရှုံးချိန်၊ သင်၏လောဘ အလိုပျက်ချိန် ရောက်လေပြီ။ 14 ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားသည်
ကိုယ်ကိုတိုင်တည်၍ ကျိန်ဆိုတော်မူသည်ကား၊ သင့်ကို ကျိုင်းကောင်များနှင့်ပြည့်စေသကဲ့သို့ လူများနှင့်ပြည့် စေမည်။
သူတို့သည်သင့်တဘက်၌ ကြွေးကြော်သံကို လွှင့် ကြလိမ့်မည်။ 15 တန်ခိုးတော်အားဖြင့် မြေကြီးကို ဖန်ဆင်းတော် မူပြီ။
ပညာတော်အားဖြင့် လောကဓာတ်ကို တည်တော် မူပြီ။ ဥာဏ်တော်အားဖြင့် မိုဃ်းကောင်းကင်ကို ကြက်တော်မူပြီ။ 16 အသံတော်ကို
လွှတ်တော်မူသောအခါ၊ မိုဃ်းရေ အသံဗလံဖြစ်တတ်၏။ မြေကြီးစွန်းမှမိုဃ်းတိမ်ကို တက်စေတော်မူ၏။ မိုဃ်းရွာသည်နှင့်
လျှပ်စစ်ပြက်စေ တော်မူ၏။ လေကိုလည်း ဘဏ္ဍာတော် တိုက်ထဲကထုတ် တော်မူ၏။ 17 လူမည်သည်ကား၊ မိမိဥာဏ်အားဖြင့်
တိရစ္ဆာန် ကဲ့သို့ဖြစ်၏။ ရုပ်တုကို သွန်းသော သူတိုင်းမိမိလုပ်သော ရုပ်တုအားဖြင့် မှောက်မှားလျက်ရှိ၏။ အကြောင်းမူကား၊
သွန်းသောရုပ်တုသည် မုသာဖြစ်၏။ သူ၌လည်း ထွက်သက်ဝင်သက်မရှိ။ 18 ထိုသို့သော အရာတို့သည် အချည်းနှီးသက်
သက်ဖြစ်ကြ၏။ လှည့်စားသောအရာလည်း ဖြစ်ကြ၏။ စစ်ကြောခြင်းကို ခံရသည်ကာလ ကွယ်ပျောက်ကြ လိမ့်မည်။ 19
ယာကုပ်အမျိုး၏ အဘို့ဖြစ်သောဘုရားသည် ထိုသို့သောအရာနှင့်တူတော်မမူ။ ခပ်သိမ်းသောအရာ တို့ကို
ဖန်ဆင်းသောဘုရားဖြစ်တော်မူ၏။ ဣသရေလ အမျိုးသည် အမွေခံတော်မူရာဖြစ်၏။ နာမတော်သည် ကောင်းကင်ဗိုလ်ခြေအရှင်
ထာဝရဘုရားပေတည်း။ 20 အိုသံတူကြီး၊ သင်သည် ငါစစ်တိုက်စရာ လက်နက်ဖြစ်၏။ သင့်ကို ငါကိုင်၍ အတိုင်းတိုင်း
အပြည်ပြည်တို့ကို ချိုးဖဲ့ပြီ။ 21 သင့်ကိုကိုင်၍ မြင်းနှင့်မြင်းစီးသူရဲကို၎င်း၊ ရထားနှင့်ရထားစီး သူရဲကို၎င်း ငါချိုးဖဲ့ပြီ။ 22 သင့်ကိုကိုင်၍
ယောကျာ်းနှင့်မိန်းမတို့ကို၎င်း၊ အသက်ကြီးသူနှင့် အသက်ငယ်သူတို့ကို၎င်း၊ လူပျိုနှင့် အပျိုမတို့ကို၎င်း ငါချိုးဖဲ့ပြီ။ 23 သင့်ကိုကိုင်၍
သိုးထိန်းနှင့်သိုးစုကို၎င်း၊ လယ် လုပ်သော သူနှင့် နွားယှဉ်ကို၎င်း၊ ဗိုလ်များနှင့် မင်းများကို ၎င်း ငါချိုးဖဲ့ပြီ။ 24 သို့ရာတွင်၊
ဗာဗုလုန်မြို့သူ၊ ခါလာဒဲပြည်သား အပေါင်းတို့သည် ဇိအုန်မြို့၌ပြုလေသမျှသော ဒုစရိုက် ရှိသည်အတိုင်း၊ ငါသည် သင်တို့
မျက်မှောက်၌ သူတို့အား အပြစ်ပေးမည်ဟု ထာဝရဘုရားမိန့်တော်မူ၏။ 25 ထာဝရဘုရားမိန့်တော်မူသည်ကား၊ ဖျက်ဆီး
တတ်သောသဘောရှိ၍၊ မြေကြီးတပြင်လုံးကို ဖျက်ဆီး တတ်သောတောင်ကြီး၊ သင့်တဘက်၌ ငါနေ၏။ သင့် အပေါ်မှာ
ငါ၏လက်ကိုဆန့်လျက်။ ကျောက်တို့မှ သင့်ကို လှိမ့်ချ၍၊ မီးနှင့်ကျွမ်းလောင်သော တောင်ဖြစ်စေမည်။ 26
တိုက်ထောင့်အထွဋ်ကျောက်၊ တိုက်မြစ်ကျောက် တစုံတခုကိုမျှ သင်၏အထဲကမနှုတ်မယူရ၊ အစဉ်မပြတ်
ပျက်စီးလျက်နေရလိမ့်မည်ဟု ထာဝရဘုရား မိန့်တော် မူ၏။ 27 ထိုပြည်၌အလံကိုထူကြလော့။ အပြည်ပြည်တို့၌ တံပိုးကိုမှုတ်၍၊
လူအမျိုးမျိုးတို့ကိုသူ၏ တဘက်၌ပြင်ဆင် ကြလော့။ အာရရတ်ပြည်၊ မိန္နိပြည်၊ အာရှကေနတ်ပြည် တို့ကို သူ၏တဘက်၌
စည်းဝေးစေကြလော့။ ဗိုလ်ချုပ်မင်းကိုခန့်ထား၍၊ အမွေး ကြမ်းသော ကျိုင်းကောင်ကဲ့သို့ မြင်းစီးသူရဲတို့ကို စစ်ချီ စေကြလော့။ 28

 generated on Tue Jul 2 12:50:28 2024

လူမျိုးများတို့နှင့်တကွ၊ မေဒိရှင်ဘုရင်မှစ၍ ဗိုလ်များ၊ မင်းများ၊ မေဒိနိုင်ငံသားအပေါင်းတို့ကို သူ၏ တဘက်၌ ပြင်ဆင်ကြလော့။ [29]
ဗာဗုလုန်ပြည်သည်တုန်လှုပ်၍ လိမ့်လိမ့်မည်။ ထိုပြည်သည်နေသူမရှိ၊ သုတ်သင်ပယ်ရှင်းရာ ဖြစ်စေခြင်း ငှါ၊
ထာဝရဘုရားကြံစည်တော်မူသော အကြံအစည် ရှိသမျှသည် ပြည့်စုံရလိမ့်မည်။ [30] ဗာဗုလုန်စစ်သူရဲတို့သည် စစ်မပြိုင်ဘဲရဲတိုက်
များ၌နေကြ၏။ အားလျော့၍မိန်းမကဲ့သို့ ဖြစ်ကြ၏။ မြို့သားနေရာတို့ကိုမီးရှို့၍၊ တံခါးကျင်တို့ကို ချိုးဖဲ့ကြ၏။ [31-32] ရန်သူတို့သည်
မြို့တော်ကို တဘက်တချက် တိုက်ဝင်ကြပြီဟူ၍၎င်း၊ လမ်းဝကို ပိတ်ထား၍ ရေကန် နားမှာမီးရှို့ကြောင်းနှင့်၊ စစ်သူရဲတို့သည်
ကြောက်လန့်လျက်ရှိကြပြီဟူ၍၎င်း၊ ဗာဗုလုန်ရှင်ဘုရင်အား ကြားလျှောက်အံ့သောငှါ၊ မင်းလုလင်ချင်းတယောက်ကို တယောက်၊
စေလွှတ်သူချင်းတယောက်ကို တယောက် တွေ့ကြုံလျက် ပြေးလာကြ၏။ [33] ဣသရေလအမျိုး၏ ဘုရားသခင်၊ ကောင်းကင်
ဗိုလ်ခြေအရှင် ထာဝရဘုရားမိန့်တော်မူသည်ကား၊ ဗာဗုလုန်သတို့သမီးသည် စပါးနယ်ရသော ကောက်နယ် တလင်းကဲ့သို့ဖြစ်၏။
စပါးရိတ်ရာအချိန်နီးပြီ။ [34] ဗာဗုလုန်ရှင်ဘုရင်နေဗုခဒ်နေဇာသည် ငါတို့ကို ကိုက်စား၍ နှိပ်စက်ပါပြီ။ ငါတို့ကို ဟင်းလင်း
သောအိုးဖြစ်စေပါပြီ။ နဂါးမျိုတတ်သကဲ့သို့ ငါတို့ကို မျို၍၊ ငါတို့ ပျော်မွေ့စရာအရာ တို့နှင့်မိမိဝမ်းကို ပြည့်စေ ပါပြီ။ ငါတို့ကို
နှင်ထုတ်ပါပြီ။ [35] ဇိအုန်မြို့သမီးက၊ ငါ၏ကိုယ်နှင့်ငါ၏အသား၌ ပြုသောအဓမ္မအမှုသည် ဗာဗုလုန်မြို့အပေါ်သို့ ရောက်ပါ
စေဟူ၍၎င်း၊ ယေရုရှလင်မြို့ကလည်း၊ ငါ၏အသွေးသည် ခါလဒဲပြည်သားတို့အပေါ်သို့ ရောက်ပါစေဟူ၍၎င်း ဆိုရ၏။ [36] သို့ဖြစ်၍၊
ထာဝရဘုရားမိန့်တော်မူသည်ကား၊ သင်၏အမှုကို ငါစောင့်မည်။ သင်ခံရသောအပြစ်ကို ပြန်ပေးမည်။ သူ၏ပင်လယ်ကို၎င်း၊
သူ၏စမ်းရေတွင်း တို့ကို၎င်း ငါခန်းခြောက်စေမည်။ [37] ဗာဗုလုန်မြို့သည် အမှိုက်ပုံ၊ မြေခွေးနေရာတွင်း၊ အံ့ဩဘွယ်ရာ၊ ကဲ့ရဲ့သံပြုရာ၊
လူဆိတ်ညံရာအရပ် ဖြစ်လိမ့်မည်။ [38] ထာဝရဘုရားမိန့်တော်မူသည်ကား၊ မြို့သားတို့ သည်ခြင်္သေ့ကဲ့သို့ ဟောက်သောအသံ၊
ခြင်္သေ့သငယ်ကဲ့သို့ မြည်သောအသံကိုတညီတည်း ပြုကြလိမ့်မည်။ [39] သူတို့သည်ပျော်မွေ့ကြမည်အကြောင်းနှင့်၊
နောက်တဖန်မနိုးဘဲ၊ အစဉ်မပြတ်အိပ်ပျော်မည် အကြောင်း၊ သူတို့သည် ရှင်လန်းအားကြီးသောအခါ၊ သောက်စရာဘို့ ငါတိုက်၍
ယစ်မူးစေမည်။ [40] အသေသတ်ခြင်းငှါ ဆွဲ၍ချသော သိုးသငယ်ကို ကဲ့သို့၎င်း၊ သိုးထီး၊ ဆိတ်ထီးကိုကဲ့သို့၎င်း ငါဆွဲ၍ချမည်။ [41]
ရှေရှက်မြို့ကိုတိုက်၍ ရလေပြီတကား။ မြေ တပြင်လုံး၌ ကျော်စောသော မြို့ကိုလုယူလေပြီတကား။ ဗာဗုလုန်မြို့သည်
အပြည်ပြည်တို့တွင် အံ့ဩရာဖြစ်လေပြီ တကား။ [42] ပင်လယ်သည် ဗာဗုလုန်ပြည်အပေါ်သို့တက်၍၊ များစွာသော လှိုင်းတံပိုးတို့သည်
လွှမ်းမိုးကြပြီ။ [43] မြို့များတို့သည် သုတ်သင်ပယ်ရှင်းရာအရပ်၊ သွေ့ခြောက်သော လွင်ပြင်ဖြစ်ကြပြီ။ အဘယ်သူမျှ မနေရ။
လူသားတစုံတယောက်မျှ ထိုလမ်းကိုမရှောက်ရ။ [44] ဗာဗုလုန်မြို့၌ ဗေလဘုရားကိုလည်း ငါသည် ဒဏ်ပေးမည်။
သူမျိုသောအရာတို့ကို တဖန်အန်စေမည်။ လူအမျိုးမျိုးတို့သည် နောက်တဖန်သူ့ထံမှာ စည်းဝေးရကြ။
မြို့ရိုးလည်းပြိုလဲလျက်ရှိရလိမ့်မည်။ [45] ငါ၏လူတို့၊ ဗာဗုလုန်မြို့ထဲကထွက်ကြလော့။ ထာဝရဘုရား၏ ပြင်းစွာသောအမျက်တော်မှ၊
အသီး အသီးကိုယ်အသက်ကို ကယ်နှုတ်ကြလော့။ [46] ထိုပြည်၌ကြားရသော သိတင်းကြောင့် စိတ် မပျက်၊
ကြောက်လန့်ခြင်းမရှိကြနှင့်။ တနှစ်ထက်တနှစ် သိတင်းကြားရလိမ့်မည်။ မင်းချင်းတယောက်ကို တယောက် လုယူ၍ညှဥ်းဆဲခြင်းအမှု
ရှိရလိမ့်မည်။ [47] ထိုနောက်မှဗာဗုလုန်မြို့၌ ထုလုပ်သော ရုပ်တု ဆင်းတုတို့ကို ငါသည် ဒဏ်ပေးသဖြင့်၊ တပြည်လုံး မိန်းမောတွေဝေ၍၊
သူရဲအပေါင်းတို့သည် မြို့ထဲမှာ လဲလျက်သေကြသော အချိန်ရောက်လိမ့်မည်။ [48] ထိုသို့မြောက်မျက်နှာအရပ်က လုယူသော သူတို့
သည် ဗာဗုလုန်မြို့သို့ ရောက်လာသောအခါ၊ မိုဃ်းမြေမှစ၍ အရပ်ရပ်၌ရှိသမျှတို့သည် ရွှင်လန်းသော အသံကို ပြုကြ လိမ့်မည်ဟု၊
ထာဝရဘုရားမိန့်တော်မူ၏။ [49] ဗာဗုလုန်မြို့ကြောင့် ဣသရေလအမျိုးသူရဲတို့ သည် လဲ၍သေသကဲ့သို့၊ ဗာဗုလုန်မြို့ထဲမှာ ပြည်သား
သူရဲအပေါင်းတို့သည် လဲ၍သေကြလိမ့်မည်။ [50] ထားဘေးနှင့်လွတ်သောသူတို့၊ သွားကြလော့။ ရပ်၍မနေကြနှင့်။ ဝေးသောအရပ်၌
ထာဝရဘုရားကို အောက်မေ့၍၊ ယေရုရှလင်မြို့ကိုလည်း စိတ်စွဲလမ်းကြ လော့။ [51] ငါတို့သည်ကဲ့ရဲ့သောအသံကို ကြားသော ကြောင့်
အရှက်ကွဲလျက်၊ မျက်နှာပျက်လျက်နေရကြပါ၏။ တပါးအမျိုးသားတို့သည် ဗိမာန်တော်တွင်၊ သန့်ရှင်းရာ အရပ်ဌာနတော်တို့၏
အထဲသို့ဝင်ကြပါပြီ။ [52] သို့ဖြစ်၍၊ ထာဝရဘုရားမိန့်တော်မူသည်ကား၊ ဗာဗုလုန်ပြည်ကိုးကွယ်သော ရုပ်တုဆင်းတုတို့ကို ငါသည်
ဒဏ်ပေး၍၊ တပြည်လုံး၌ ဒဏ်ချက်ထိသောသူတို့သည် ညည်းတွားကြသော အချိန်ရောက်လိမ့်မည်။ [53] ဗာဗုလုန်မြို့သည်
မိုဃ်းကောင်းကင်သို့တက်၍၊ မြို့ရိုးအထွဋ်ကို ခိုင်ခံ့စွာ တည်သော်လည်း၊ ငါစေလွှတ်၍ လုယူသော သူတို့သည် သူ့ရှိရာသို့
ရောက်ကြလိမ့်မည်ဟု၊ ထာဝရဘုရားမိန့်တော်မူ၏။ [54] ဗာဗုလုန်မြို့မှ ငိုကြွေးသံကို၎င်း၊ ခါလဒဲပြည်မှာ ပြင်းစွာသော ပျက်စီးသံကို၎င်း
ကြားရ၏။ [55] အကြောင်းမူကား ထာဝရဘုရားသည် ဗာဗုလုန် မြို့ကို ဖျက်ဆီး၍၊ သူပြုတတ်သောအသံကြီးကို ငြိမ်းစေ တော်မူ၏။
သူ၏လှိုင်းတံပိုးတို့သည် အားကြီးသော ရေကဲ့သို့ ဟုန်ဟုန်းမြည်သံဖြင့်၊ ကြီးစွာသောအသံဗလံကို ပြုတတ်ကြ၏။ [56] ဗာဗုလုန်မြို့ကို
တိုက်ဖျက်လုယူသော သူသည် ရောက်လျှင်၊ မြို့သားစစ်သူရဲတို့သည် ရန်သူတို့လက်သို့ ရောက်၍၊ သူတို့စွဲကိုင်သော
လေးရှိသမျှတို့သည် ကျိုးကြ ၏။ အကျိုးအပြစ်ကို ပေးတတ်သောဘုရား သခင်ထာဝရ ဘုရားသည် ဆက်ဆက်ပေးတော်မူပြီ။ [57]
ဗာဗုလုန်မင်းသား၊ တိုင်ပင်မှူးမတ်၊ စစ်ကဲ၊ မင်း အရာရှိ၊ ခွန်အားကြီးသော သူတို့ကို ငါယစ်မူးစေသဖြင့်၊ သူတို့သည်နောက်တဖန်မနိုးဘဲ
အစဉ်မပြတ် အိပ်ပျော် ကြလိမ့်မည်ဟု၊ ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရ ဘုရား ဟူ၍ ဘွဲ့နာမရှိသော ရှင်ဘုရင်မိန့်တော်မူ၏။ [58]
ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်တော်မူသည်ကား၊ ဒုကြီးသော ဗာဗုလုန်မြို့ရိုးတို့ကို အကုန်အစင်ဖြိုဖျက်၍၊
မြင့်သောမြို့တံ ခါးတို့ကိုလည်း မီးရှို့ကြလိမ့်မည်။ လူအမျိုးမျိုးတို့သည် အချည်းနှီးလုပ် ဆောင်၍၊ မီး၌ပင်ပန်းခြင်းကို ခံရကြပြီ။ [59]
ဗာဗုလုန်မြို့အပေါ်မှာ ရောက်လတံ့သော၊ ဘေးဥပဒ်အပေါင်းတည်းဟူသော၊ ဗာဗုလုန်မြို့ကို ရည်မှတ်၍


generated on Tue Jul 2 12:50:28 2024

ရေးထားသောဤစကားအလုံးစုံတို့ကို ပရောဖက်ယေရမိသည် ရေးကူး၍၊ [60] ယုဒရှင်ဘုရင် ဇေဒကိနန်းစံလေးနှစ်တွင်၊ ရှင်ဘုရင်နှင့်အတူ ဗာဗုလုန်မြို့သို့လိုက်သွားသော၊ မာသေယ၏သားဖြစ်သောနေရိ၏ သားအတွင်း ဝန်စရာယ ကိုမှာထားသော စကားဟူမူကား၊ [61] သင်သည် ဗာဗုလုန်မြို့သို့ရောက်သောအခါ၊ ဤစကားအလုံးစုံတို့ကို ကြည့်ရှု၍ ဘတ်ရမည်။ [62] ထိုအခါသင်က၊ အိုထာဝရဘုရား၊ ကိုယ်တော် သည် ဤအရပ်၌ လူမရှိ၊ တိရစ္ဆာန်မရှိ၊ အစဉ်မပြတ် ဆိတ်ညံရာအရပ်ဖြစ်စေ၍၊ သုတ်သင်ပယ်ရှင်းမည် အကြောင်းကို ခြိမ်းတော်မူပြီဟု လျှောက်ဆိုရမည်။ [63] ဤစာကို အကုန်အစင်ဘတ်ပြီးလျှင်၊ စာပေါ်မှာ ကျောက်ကို ချည်ထား၍၊ ဥဖရတ်မြစ်အလယ်မှာ ချပစ်လျက်၊ [64] ဗာဗုလုန်မြို့သည် ဤသို့နစ်ရလိမ့်မည်။ ငါ ရောက်စေသော ဘေးဥပဒ်ထဲကနောက်တဖန် မထမြောက်ရ။ မြို့သူမြို့သားတို့သည် အားကုန်လျက် နေရကြ လိမ့်မည်ဟု၊ မြွက်ဆိုရမည်အကြောင်းကို၊ ယေရမိသည် မှာထားလေ၏။ ဤရွေ့ကား၊ ယေရမိစကားပေတည်း။


generated on Tue Jul 2 12:50:28 2024

## Chapter 52

1 ဇေဒကိမင်းသည် အသက်နှစ်ဆယ်တနှစ် ရှိသော်၊ နန်းထိုင်၍ ယေရုရှလင်မြို့၌ တဆယ်တနှစ် စိုးစံလေ၏။ မယ်တော်ကား၊
လိဗနမြို့သူ ယေရမိသမီး ဟာမုတလဖြစ်သတည်း။ 2 ထိုမင်းသည်ယောယကိမ်မင်းပြုသမျှအတိုင်း၊
ထာဝရဘုရားရှေ့တော်၌ဒုစရိုက်ကိုပြု၏။ 3 ထာဝရဘုရားသည် ယုဒပြည်သူ၊ ယေရုရှလင် မြို့သားတို့ကို အထံတော်မှ
မနှင်ထုတ်မှီတိုင်အောင် အမျက်ထွက်တော်မူ၍၊ ဇေဒကိမင်းသည် ဗာဗုလုန် ရှင်ဘုရင်ကို ပုန်ကန်လေ၏။ 4 ဇေဒကိမင်းနန်းစံကိုးနှစ်၊
ဒသမလဆယ်ရက် နေ့တွင်၊ ဗာဗုလုန်ရှင်ဘုရင်နေဗုခဒ်နေဇာသည် ဗိုလ်ခြေ အပေါင်းတို့နှင့်တကွ ယေရုရှလင်မြို့သို့ စစ်ချီသဖြင့်၊
မြို့ပတ်လည်၌ တပ်ချ၍ မြေကတုပ်တို့ကို တူးလုပ်ပြီးမှ၊ 5 ဇေဒကိမင်းနန်းစံ တဆယ်တနှစ်တိုင်အောင် မြို့ကိုဝိုင်းထားလေ၏။ 6
ထိုနှစ်၊ စတုတ္ထလ ကိုးရက်နေ့တွင်၊ မြို့ထဲမှာ အလွန်အစာအာဟာရခေါင်းပါးသဖြင့်၊ မြို့သူမြို့သားတို့ သည် စားစရာမရှိသောအခါ၊ 7
ခါလဒဲလူတို့သည် မြို့ရိုးကို ဖြိုဖေါက်၍၊ မြို့ကို လည်း ဝိုင်းနေသောကြောင့်၊ မြို့သားစစ်သူရဲအပေါင်း တို့သည် ညဥ့်အခါပြေး၍၊
မြို့ရိုးနှစ်ထပ်စပ်ကြား၊ ဥယျာဉ် တော်နား တံခါးဝဖြင့် ထွက်ပြီးမှ လွင်ပြင်သို့သွားကြ၏။ 8 ခါလဒဲစစ်သူရဲတို့သည် ရှင်ဘုရင်ဇေဒကိကို
လိုက်၍၊ ယေရိခေါလွင်ပြင်၌မှီသဖြင့် ဇေဒကိမင်း၏ စစ်သူရဲအပေါင်းတို့သည် လွင့်ပြေးကြ၏။ 9 ရန်သူတို့သည် ရှင်ဘုရင်ကို
ဘမ်းဆီး၍၊ ဗာဗုလုန်ရှင်ဘုရင်ရှိရာ ဟာမတ်ပြည်ရိဗလမြို့သို့ ဆောင် သွားကြ၏။ ဗာဗုလုန် ရှင်ဘုရင်သည် ဇေဒကိ၏အမှုကို
စစ်ကြောစီရင်၍၊ 10 ဇေဒကိမင်း၏သားတို့ကို အဘမျက်မှောက်၌ သတ်လေ၏။ ရိဗလမြို့မှာ ယုဒမှူးမတ်အပေါင်းတို့ကို လည်း
သတ်လေ၏။ 11 ဇေဒကိမျက်စိကိုလည်း ဖေါက်ပြီးမှ၊ သူ့ကို ကြေးဝါကြိုးနှင့်ချည်နှောင်၍ ဗာဗုလုန်မြို့သို့ ယူသွား သဖြင့်၊
သေသည့်တိုင်အောင် ထောင်ထဲမှာ လှောင်ထား လေ၏။ 12 ဗာဗုလုန်ရှင်ဘုရင် နေဗုခဒ်နေဇာ နန်းစံ တဆယ်ကိုးနှစ်၊
ပဥ္စမလဆယ်ရက်နေ့တွင်၊ အမှုတော် ထမ်းကိုယ်ရံတော်မှူး နေဗုဇာရဒန်သည် ယေရုရှလင်မြို့ သို့လာ၍၊ 13 ဗိမာန်တော်၊ နန်းတော်၊
မင်းအိမ်၊ ဆင်းရဲသား အိမ်ရှိသမျှတို့ကို မီးရှို့လေ၏။ 14 ကိုယ်ရံတော်မှူး၌ပါသော ခါလဒဲ စစ်သူရဲ အပေါင်းတို့သည်
ယေရုရှလင်မြို့ရိုးရှိသမျှတို့ကို ဖြိုဖျက် ကြ၏။ 15 ထိုအခါ ကိုယ်ရံတော်မှူး နေဗုဇာရဒန်သည် မြို့ထဲမှာ ကျန်ကြွင်းသောဆင်းရဲသား၊
ဗာဗုလုန်ရှင်ဘုရင် ဘက်သို့ကူးသွားနှင့်သောမြို့သား၊ ကြွင်းသမျှသော သူတို့ကို သိမ်းသွားလေ၏။ 16 သို့ရာတွင်၊
စပျစ်ဥယျာဉ်ကိုပြုစု၍ လယ်လုပ် စေခြင်းငှါ၊ဆင်းရဲ သားအချို့တို့ကို ထားခဲ့လေ၏။ 17 ဗိမာန်တော်၌ ကြေးဝါတိုင်တို့ကိုင်း၊ ကြေးဝါ
ရေကန်ကိုင်း၊ ရေချိုးအင်တုံအခြေအမြစ်တို့ကိုင်း၊ ခါလဒဲလူတို့သည်ချိုးဖွဲ့၍၊ ကြေးဝါရှိသမျှကို ဗာဗုလုန် မြို့သို့ ယူသွားကြ၏။ 18
အိုးကင်း၊ တူးရွင်းပြား၊ မီးညှပ်၊ အိုး၊ ဇွန်းမှစ၍ အမှုတော်ထမ်းစရာ၊ ကြေးဝါတန်ဆာရှိသမျှတို့ကိုလည်း ယူသွားကြ၏။ 19 ရွှေတန်ဆာ၊
ငွေတန်ဆာတည်းဟူသော အင်တုံ၊ လင်ပန်း၊ အိုး၊ အိုးကင်း၊ မီးခုံ၊ ဇွန်း၊ ဖလားများကို၊ ရွှေဖြစ်စေ၊ ငွေဖြစ်စေ၊ ကိုယ်ရံတော်မှူးသည်
ယူသွား လေ၏။ 20 ဗိမာန်တော်၌ ရှောလမုန်မင်းကြီး လုပ်သော တိုင်နှစ်တိုင်၊ ရေကန်တခု၊ ရေကန်ခံစရာအခြေအမြစ်
ကြေးဝါနွားတဆယ်နှစ်ခု၌ပါသော ကြေးဝါသည် အချိန် အားဖြင့် အတိုင်းမသိများ၏။ 21 တိုင်အမြင့်ကား၊ တဆယ်ရှစ်တောင်ရှိ၏။
လုံးပတ်မူကား၊ တဆယ်နှစ်တောင်ရှည်သော ကြိုးတပတ် ရှိ၏။ ခေါင်းပါဖြစ်၍ဒုလေးသစ်ရှိ၏။ 22 ကြေးဝါတိုင်ထိပ်လည်း ရှိ၏။
တိုင်ထိပ်အမြင့် ကား၊ ငါးတောင်ရှိ၍ ထိပ်ပတ်လည်ကြေးဝါကွန်ရက်၊ ကြေးဝါသလဲသီးတို့နှင့်ပြည့်စုံ၏။ အခြားသော တိုင်သည်
လည်း၊ ထိုအတူဖြစ်၍ သလဲသီးတို့နှင့်ပြည့်စုံ၏။ 23 တိုင်တမျက်နှာ၌ သလဲသီးကိုးဆယ်ခြောက်လုံး စီရှိ၍၊ ကွန်ရက်တဘက်၌
သလဲသီးပေါင်းတရာ ရှိသတည်း။ 24 ကိုယ်ရံတော်မှူးနေဗုဇာရဒန်သည် ယဇ်ပုရော ဟိတ်မင်းစရာယ၊ ဒုတိယယဇ်ပုရောဟိတ်ဇေဖနိ၊
ဗိမာန် တော်တံခါးမှူးသုံးယောက်တို့ကို ဘမ်းဆီးလေ၏။ 25 စစ်သူရဲတို့ကို အုပ်သောဗိုလ်တယောက်၊ မြို့ထဲ ၌တွေ့မိသော
တိုင်ပင်မှူးမတ်ခုနှစ်ယောက်၊ ပြည်သူ ပြည်သားများကို နှိုးဆော်သော တပ်စာရေးကြီး တယောက်၊ မြို့ထဲ၌တွေ့မိသော
ပြည်သားခြောက်ဆယ် တို့ကို မြို့ထဲကခေါ်သွား၍၊ 26 ဗာဗုလုန်ရှင်ဘုရင်ရှိရာ ရိဗလမြို့သို့ဆောင်ခဲ့ပြီးလျှင်၊ 27 ဗာဗုလုန်ရှင်ဘုရင်သည်
ဟာမတ်ပြည်ရိဗလမြို့ ၌ ထိုသူတို့ကို ဒဏ်ပေး၍ကွပ်မျက်လေ၏။ ထိုသို့ ယုဒအမျိုးသည် မိမိပြည်မှသိမ်းသွားခြင်းကို ခံရသတည်း။
28 နေဗုခဒ်နေဇာမင်းသိမ်းသွားသော လူဟူမူကား၊ နန်းစံခုနစ်နှစ်တွင်၊ ယုဒအမျိုးသားသုံးထောင်နှစ်ဆယ် သုံးယောက်တို့ကို
သိမ်းသွားလေ၏။ 29 တဆယ်ရှစ်နှစ်တွင်၊ လူရှစ်ရာသုံးဆယ် နှစ်ယောက်တို့ကို ယေရုရှလင်မြို့မှ သိမ်းသွားလေ၏။ 30
နှစ်ဆယ်သုံးနှစ်တွင်။ ကိုယ်ရံတော်မှူး နေဗုဇာရ ဒန်သည် ယုဒအမျိုးသားခုနှစ်ရာလေးဆယ်ငါးယောက် တို့ကို သိမ်းသွား၏။
လူအပေါင်းကား၊ လေးထောင် ခြောက်ရာရှိသတည်း။ 31 ယုဒရှင်ဘုရင်ယေခေါနိသည် အချုပ်ခံရသော သက္ကရာဇ်သုံးဆယ်ခုနစ်နှစ်၊
ဒွါဒသမလနှစ်ဆယ်ငါး ရက်နေ့တွင်၊ ဗာဗုလုန်ရှင်ဘုရင် ဧဝိလမရောဒက် နန်းစံစက ယုဒရှင်ဘုရင်ယေခေါနိကို ထောင်ထဲကနှုတ် ၍
ချမ်းသာပေး လေ၏။ 32 ကောင်းမွန်စွာ နှုတ်ဆက်၍သူ၏ပလ္လင်ကို ဗာဗုလုန်မြို့မှ အထံတော်၌ရှိသော မင်းကြီးများထိုင်ရာပလ္လင်တို့
ထက်ချီးမြှင့်လေ၏။ 33 ယေခေါနိမင်းသည် ထောင်ထဲမှာဝတ်သော အဝတ်ကိုလဲ၍၊ အသက်ရှည်သမျှကာလပတ်လုံး အစဉ်
မပြတ်အထံတော်၌ စားသောက်ရ၏။ 34 အသေမှီတိုင်အောင် အသက်ရှည်သမျှ နေ့ရက် အစဉ်မပြတ်သူစားစရာဘို့၊ ဗာဗုလုန်ရှင်ဘုရင်
ပေးသနား တော်မူ၏။


generated on Tue Jul 2 12:50:28 2024

# Lamentations

## Chapter 1

1 စည်ပင်ခဲ့သော မြို့သည် လူဆိတ်ညံလျက် ထိုင်လေသည်တကား၊ လူမျိုးတို့တွင် ကြီးမြတ်ထူးသော သတို့သမီးသည်
မုတ်ဆိုးမကဲ့သို့ဖြစ်၏။ အပြည်ပြည်တို့၏ သခင်မသည် အခွန်ပေးရ၏။ 2 ညဉ့်အခါပြင်စွာ ငိုကြွေး၍၊ သူ၏ပါးသည်
မျက်ရည်နှင့်စိုစွတ်လေ၏။ ရည်းစားအပေါင်းတို့တွင် နှစ်သိမ့်စေသောသူတယောက်မျှမရှိ။ အဆွေခင်ပွန်း အပေါင်းတို့သည်
သစ္စာပျက်၍ ရန်သူဖြစ်ကြပြီ။ 3 ယုဒသတို့သမီးသည် ညှဉ်းဆဲခြင်း၊ ကြမ်းတမ်းစွာ စေစားခြင်းကို ခံရသောကြောင့်ပြောင်းသွားပြီ။
သာသနာ ပလူတို့အထဲမှာနေလျက် ချမ်းသာမရ။ လိုက်သော သူအပေါင်းတို့သည် ကျဉ်းမြောင်းရာ၌ မှီကြ၏။ 4
အဘယ်သူမျှပွဲသဘင်သို့ မလာသောကြောင့်၊ ဇိအုန်လမ်းတို့သည် ညည်းတွားကြ၏။ သူ၏မြို့တံခါး ရှိသမျှတို့သည်
လူဆိတ်ညံလျက်ရှိကြ၏။ သူ၏ယဇ်ပုရော ဟိတ်တို့သည်လည်း ညည်းတွားကြ၏။ သူ၏သမီးကညာ တို့သည်လည်း
နာကြည်းသောစိတ်ရှိ၍၊ သူသည် ကိုယ်တိုင် ညှိုးငယ်လျက်နေရ၏။ 5 သူပြစ်မှားသော အပြစ်များပြားသောကြောင့်
ထာဝရဘုရားသည် ဒဏ်ခတ်တော်မူသဖြင့်၊ သူနှင့် ဆန့်ကျင်ဘက်ပြုသော သူတို့သည် အစိုးရ၍၊ သူ၏ရန်သူ
မတရားသောမေထုန်အမှုတို့ကို များပြားစေ၏။ 26 ဆူဖြိုးသောသင်၏အိမ်နီးချင်း အဲဂုတ္တုလူတို့နှင့် မှားယွင်း၍၊ ငါ့အမျက်ကို
နှိုးဆော်လျက်၊ မတရားသော မေထုန်အမှုတို့ကို များပြားစေ၏။ 27 ထိုကြောင့်၊ ငါသည် လက်ကို ဆန့်ကျင် သင်၏ ရိက္ခာကို ဖြတ်၍၊
သင့်ကိုမုန်းသောသူ၊ သင့်ဆိုးညစ်သော အမှုများကြောင့် ရှက်တတ်သော ဖိလိတ္တိအမျိုးသမီးတို့ လက်သို့အပ်ရ၏။ 28
သင်သည်ကိလေသာ စိတ်မပြေသောကြောင့်၊ အာရှုရိလူတို့နှင့်လည်း မှားယွင်းလေ၏။ ထိုသို့မှားယွင်း သော်လည်း စိတ်မပြေနိုင်။ 29
ထိုမှတပါး၊ ခါနာန်ပြည်မှသည် ခါလဒဲပြည် တိုင်အောင်၊ မတရားသောမေထုန်အမှုတို့ကို များပြား စေသော်လည်းစိတ်မပြေနိုင်။ 30
အစိုးတရပြု၍ သီလပျက်သော မိန်းမပြုတတ် သမျှသော ဤအမှုတို့ကို သင်သည်ပြုမိလျက်၊ သင့်စိတ် နှလုံးသည်
အလွန်မိုက်ပါသည်တကား။ 31 သင်၏ကုဋီတိုက်ကို ခပ်သိမ်းသော လမ်း၌ တည်၍၊ လမ်းရှိတိုင်းမြင့်သော အရပ်ကိုလုပ်သဖြင့်၊
အခကိုငြင်းသောကြောင့် ပြည်တန်ဆာနှင့် မတူ။ 32 ကိုယ်မဆိုင်သော ယောက်ျားကို ကိုယ်လင်၏ ကိုယ်စား
လက်ခံ၍မျောက်မထားသော မိန်းမနှင့်တူ၏။ 33 ပြည်တန်ဆာမိန်းမရှိသမျှတို့သည် လက်ဆောင် ကို ခံယူတတ်ကြ၏။ သင်မူကား၊
သင်၏ရည်းစားအပေါင်း တို့အား လက်ဆောင်ကို ပေးတတ်၏။ အရပ်ရပ်တို့က လာ၍မတရားသော မေထုန်ကိုပြုစေခြင်းငှါ၊ သူတပါး
တို့ကို ငှါးတတ်၏။ 34 သို့ဖြစ်၍၊ သင်သည် အခြားသော ပြည်တန်ဆာ တို့နှင့် ခြားနားစွာ ပြုတတ်၏။ သင်ပြုသကဲ့သို့ အဘယ်သူ
မျှမတရားသော မေထုန်ကို မပြုတတ်။ သင်သည် အခကို ခမခံ၊ သူတပါးတို့အားပေးသောကြောင့် အခြားသော မိန်းမတို့နှင့်
ခြားနား၏။ 35 သို့ဖြစ်၍၊ အိုပြည်တန်ဆာမိန်းမ၊ ထာဝရဘုရား ၏အမိန့်တော်ကို နားထောင်လော့။ 36 အရှင်ထာဝရဘုရား
မိန့်တော်မူသည်ကား၊ သင် ၏ရည်းစားများ စက်ဆုပ်ရွံ့ရှာဘွယ်သော ရုပ်တုအပေါင်း တို့နှင့် မှားယွင်းခြင်းအားဖြင့်ငွေ၊

သူတို့အားပေးသော သား သမီးတို့၏ အသွေးအားဖြင့်ငင်း သင်သည်ကိုယ် ရှက် ကြောက်ခြင်း၊ အဝတ်အချည်းစည်းရှိခြင်းကို
ထင်ရှားစွာ ဘော်ပြသောကြောင့်၊ 37 သင့်ကိုချစ်သောရည်းစားရှိသမျှတို့နှင့် သင်ချစ် သောသူ၊ မုန်းသောသူ
အပေါင်းတို့ကိုငါစုဝေးမည်။ သင့်တဘက်ပတ်လည်၌ စုဝေးစေ၍၊ သင်၌အဝတ် အချည်းစည်းရှိခြင်းကို ငါပြသဖြင့်၊
ထိုသူအပေါင်းတို့သည် သင်၌ အဝတ်အချည်းစည်းရှိသမျှကို မြင်ရကြလိမ့်မည်။ 38 မျောက်မထားသောမိန်းမနှင့်၊ လူအသက်ကို
သတ်သော မိန်းမတို့ကို စီရင်သကဲ့သို့ သင့်ကိုငါစီရင်၍၊ ပြင်းစွာသော ဒေါသအမျက်အသွေးကို ငါတိုက်မည်။ 39 သင့်ကို သူတို့လက်သို့
ငါအပ်သဖြင့်၊ သူတို့သည် သင်၏ ကုဋီတိုက်ကို ဖျက်၍၊ သင်၏မြင့်သော အရပ်တို့ ကို ဖြိုချကြလိမ့်မည်။ သင့်အဝတ်တို့ကိုချွတ်၍
လှသော တန်ဆာတို့ကို လုယူပြီးလျှင်၊ သင့်ကို အဝတ်မပေး၊ အချည်းစည်းရှိစေခြင်းငှါ ပစ်ထားကြလိမ့်မည်။ 40
လူအလုံးအရင်းကိုလည်း ခေါ်သဖြင့်၊ သူတို့ သည် ခဲနှင့်ပစ်၍၊ ထားနှင့်ခုတ်ကြလိမ့်မည်။ 41 သင့်အိမ်တို့ကိုလည်း မီးရှို့၍များစွာသော
မိန်းမ တို့ရှေ့မှာ သင့်ကိုအပြစ်ဒဏ်ပေးကြသဖြင့်၊ သင်သည် နောက်တဖန်ပြည်တန်ဆာ မလုပ်ဘဲနေစေခြင်းငှါ ငါပြု မည်။
နောက်တဖန် သင်သည်သူတပါးတို့ကို မငှါးရ။ 42 ထိုသို့ ငါ့ဒေါသစိတ်ကို ငါဖြေမည်။ သင့်ကိုမယုံ။ အလွန်ပူပန်သော စိတ်ငြိမ်း၍၊
ငါသည်အမျက်မထွက်ဘဲ ငြိမ်သက်စွာ နေမည်။ 43 သင်သည် အသက်ငယ်သော ကာလကို မအောက်မေ့၊ အရာရာ၌ ငါ့စိတ်ကို
နှောင့်ရှက်သော ကြောင့်၊ သင့်အပြစ်ကို သင့်ခေါင်းပေါ်သို့ ငါသက်ရောက် စေမည်။ စက်ဆုပ်ရွံ့ရှာဘွယ်သော အမှုရှိသမျှတို့အပေါ် မှာ
ဆိုးညစ်သောအကြံကိုထပ်၍ ထိုအကြံအတိုင်းမပြုရ။ 44 စကားပုံကိုသုံးတတ်သော သူအပေါင်းတို့က၊ အမိကဲ့သို့ သမီးဖြစ်၏ဟု
သင့်ကိုရည်မှတ်၍ စကားပုံကို ပြောကြလိမ့်မည်။ 45 သင်သည်လင်နှင့်သားသမီးကိုရွံရှာသော မိန်းမ သမီးဖြစ်၏။
လင်နှင့်သားသမီးကိုရွံရှာသော မိန်းမ၏ ညီမလည်းဖြစ်၏။ သင့်အမိသည် ဟိတ္တိအမျိုး၊ သင့်အဘ သည် အာမောရိလူဖြစ်၏။ 46
သင့်အစ်မသည် မိမိသမီးတို့နှင့်တကွ သင့် လက်ဝဲဘက်၌နေသော ရှမာရိမြို့ဖြစ်၏။ သင့်ထက် အသက်ငယ်သော သင်၏ ညီမသည်
မိမိသမီးတို့နှင့်တကွ သင့်လက်ျာဘက်၌နေသော သောဒုံမြို့ ဖြစ်၏။ 47 သို့ရာတွင်၊ သင်သည် သူတို့ထုံးစံကိုမလိုက်၊
သူတို့ပြုသောရွံရှာဘွယ်အမှုမျှသာပြုသည်မဟုတ်၊ ထိုအမှုကို သာမညအမှုဟူ၍ ထင်မှတ် သဖြင့်၊ သင်သည်
အရာရာ၌သူတို့ထက်သာ၍ ဆိုးညစ်ပေ၏။ 48 ငါအသက်ရှင်သည်အတိုင်း၊ သင်သည် ကိုယ့် သမီးတို့နှင့်တကွ ပြုသကဲ့သို့၊
ညီမသောဒုံနှင့်သူ၏သမီးတို့ သည် မပြုကြ။ 49 သင့်ညီမသောဒုံ၏ အပြစ်ဟူမူကား၊ သူနှင့် သူ့သမီးတို့သည် မာနကြီးခြင်း၊
ဝစွာစားသောက်ခြင်း၊ ငြိမ်ဝပ်စွာကောင်းစားခြင်းရှိ၍၊ ဆင်းရဲငတ်မွတ်သော သူတို့ကို မထောက်ပံ့ဘဲ နေကြ၏။ 50 မာနထောင်လွှား၍
ငါ့ရှေ့မှာ စက်ဆုပ်ရွံ့ရှာ ဘွယ်သော အမှုတို့ကိုပြုကြ၏။ ထိုကြောင့်၊ သင်မြင်သည့် အတိုင်းသူတို့ကို ငါပယ်ရှင်းပြီ။ 51
ရှမာရိသည်လည်း၊ သင်ပြုမိသော ဒုစရိုက် တဝက်ကိုမျှမပြုမိ။ သင်မူကား၊ ညီအစ်မတို့၏အပြစ်ကို မထင်ရှားစေသည်တိုင်အောင်၊
စက်ဆုပ်ရွံရှာဘွယ်သော အမှုတို့ကို သူတို့ထက်မက များပြားစွာပြုလေပြီတကား။ 52 သင်သည်ညီအစ်တို့ကို အပြစ်တင်၍ စီရင်
လျက်ပင်၊ သူတို့ ပြုသည်ထက်စက်ဆုပ်ရွံ့ရှာဘွယ်သော အမှုတို့ကိုသာ၍ပြုသောကြောင့်၊ အရှက်ကွဲခြင်းကိုခံလော့။ သူတို့သည်
သင့်ထက်သာ၍ အပြစ်နည်းကြ၏။ သင် မူကား၊ ညီအစ်မတို့၏အပြစ်ကို မထင်ရှားစေသည် တိုင်အောင်ပြုသောကြောင့် စိတ်ပျက်၍
အရှက်ကွဲခြင်းကို ခံရလော့။ 53 သိမ်းသွားခြင်းကိုခံရသော သောဒုံနှင့်သူ၏ သမီးများ၊ ရှမာရိနှင့် သူ၏သမီးများကို တဖန်ငါဆောင်ခဲ့
သော အခါ၊သိမ်းသွားခြင်းကို ခံရသော သင်၏လူတို့ကို သူတို့နှင့်အတူ ငါဆောင်ခဲ့မည်။ 54 သို့ဖြစ်၍၊ သင်သည် သူတို့ကိုနှစ်သိမ့်စေ၍၊
ပြုလေသမျှတို့ကြောင့် စိတ်ပျက်လျက် အရှက်ကွဲခြင်းကို ခံရလိမ့်မည်။ 55 သင်၏ညီအစ်မသောဒုံနှင့် သူ၏သမီးများ၊ ရှမာရိနှင့်
သူ၏သမီးများတို့သည် အရင်နေရာသို့ ပြန်ရောက်သောအခါ၊ သင်သည်လည်း သင်၏ သမီးတို့ နှင့်တကွ
အရင်နေရာသို့ပြန်ရောက်ရလိမ့်မည်။ 56-57 ရှုရိသမီးများနှင့် သူတို့ပတ်လည်၌နေသော သူအပေါင်းတို့သည် သင့်ကိုကဲ့ရဲ့၍၊
သင့်ပတ်လည်၌ နေသော ဖိလိတ္တိသမီးများတို့သည်မထီမဲ့မြင်ပြုကြသဖြင့်၊ သင်ပြုသောဒုစရိုက်အပြစ်မထင်ရှားမှီ သင်သည်မာန
ထောင်လွှားစဉ်ကာလတွင်၊ သင့်ညီမသောဒုံ၏နာမကို အလျှင်းနှုတ်မမြွက်။ 58 ယခုမူကား၊ သင်သည် ကိုယ်ဆိုးညစ်သောအမှု နှင့်
စက်ဆုပ်ရွံ့ရှာဘွယ်သော အမှုတို့၏ အပြစ်ကို ခံရမည်ဟု ထာဝရဘုရားမိန့်တော်မူ၏။ 59 အရှင်ထာဝရဘုရားမိန့်တော်မူသည်ကား၊
သင်သည် ဝန်ခံခြင်းပဋိညာဉ်ကို ဖျက်လိုသောငှါ၊ သစ္စာ ဂတိကို မရိုမသေပြုသည်နှင့်အညီ သင်၌ငါပြုမည်။ 60 သို့သော်လည်း၊
ငါသည်သင့်အသက်ငယ်စဉ်၊ ဖွဲ့သောပဋိညာဉ်ကို အောက်မေ့၍၊ တဖန်ထာဝရ ပဋိညာဉ် သင်နှင့်ဖွဲ့ဦးမည်။ 61 သင်သည်
ဝန်ခံခြင်းပဋိညာဉ်ကို မစောင့်ရ သော်လည်း၊ ပဋိညာဉ်အားဖြင့် သင်၏ညီအစ်မတို့ကို သင်၏သမီးဖြစ်ဘို့ရာငါပေး၍၊ သင်သည်
ထိုသူတို့ကို လက်ခံသောအခါ၊ သင်ပြုမိသောအမှုများကို အောက်မေ့ ၍ ရှက်ကြောက်ရလိမ့်မည်။ 62 ထိုအခါငါ၏
ပဋိညာဉ်ကိုသင်နှင့်ငါဖွဲ့မည်။ ငါသည် ထာဝရဘုရားဖြစ်ကြောင်းကို သင်သိရလိမ့်မည်။ 63 သင်ပြုဘူးသမျှသော အမှုတို့ကို ငါမမှတ်။
စိတ်ပြေသောအခါ သင်သည် အောက်မေ့၍ ရှက် ကြောက်ခြင်းနှင့် မျက်နှာပျက်ခြင်းကြောင့်၊ နှုတ်ကို မဖွင့်ဘဲရေလိမ့်မည်ဟု
အရှင်ထာဝရဘုရား မိန့်တော် မူ၏။

## Chapter 17

1 တဖန်ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ငါ့ဆီသို့ ရောက်လာ၍၊ 2 အချင်းလူသား၊ သင်သည်ဣသရေလအမျိုးအား
စကားထာဝှက်၍ ပုံပြောလျက်၊ 3 ထာဝရဘုရားမိန့်တော်မူသော စကားကို ဆင့်ဆိုရမည်မှာ၊ ထူးခြားသော အဆင်းအရောင်၊ များပြား
သော အမွေးနှင့်ပြည့်စုံ၍၊ ရှည်လျားကြီးမားသော အတောင်ရှိသောရွှေလင်းတကြီးသည် လေဗနုန်တောင် သို့လာ၍၊
အာရဇ်ပင်၏အဖျားကိုကိုင်လျက်၊ 4 အမြင့်ဆုံးသော အညွန့်တို့ကို ချိုးဆိတ်၍ ကုန်သွယ်ရာပြည်သို့ ချီဆောင်ပြီးလျှင်၊ ကုန်သည်မြို့၌
စိုက်လေ၏။ 5 မျိုးစေ့ကိုလည်းယူ၍ ရေများရာလယ်ကွက်၌ ပျိုးလျက်၊ မိုယ်းမခပင်ကဲ့သို့ ထားလေ၏။ 6
အရပ်နိမ့်လျက်ရှည်လျားစွာနွယ်သော စပျစ် နွယ်ပင်ပေါက်၍၊ မိမိ အခက်အလက်တို့ကို ရွှေလင်းတရှိရာ သို့ ညွတ်လျက်၊
သူ့အောက်သို့ အမြစ်ထိုးသဖြင့်၊ အကိုင်း အခက် အလက်အညွန့်တို့နှင့် ပြည့်စုံသော စပျစ်နွယ်ပင် ဖြစ်လေ၏။ 7 အမွေးထူထပ်၍
ကြီးစွာသော အတောင်ရှိသော ရွှေလင်းတကြီးတကောင်ရှိ၏။ စပျစ်ပင်သည်မိမိစိုက်ရာ ချောင်းမြောင်းနားမှာ
ထိုရွှေလင်းတ၏ကျေးဇူးကြောင့်၊ ရေကိုရအံ့သောငှါ သူရှိရာသို့အမြစ်သွယ်ဝိုက်၍ အကိုင်း လည်း ထိုးလေ၏။ 8
အခက်အလက်နှင့်ပြည့်စုံ၍ အသီးကိုသီးသဖြင့်၊ သန်မြန်သော စပျစ်နွယ်ပင်ဖြစ်စေခြင်းငှါ ရေများရာ အရပ်၊
မြေကောင်းသောလယ်ကွက်၌ ထိုအပင်ကို စိုက်လေပြီ။ 9 သို့ဖြစ်၍၊ အရှင်ထာဝရဘုရား၏ အမိန့်တော်ကို ဆင့်ဆိုရမည်မှာ၊
ထိုအပင်သည် ကောင်းစားရမည်လော။ ညှိုးနွမ်းစေခြင်းငှါ အမြစ်ကို နှုတ်၍ အသီးကိုဆွတ်ရမည် မဟုတ်လော။
ပေါက်လေသမျှသော အရွက်တို့သည် ညှိုးနွမ်းရကြလိမ့်မည်။ အမြစ်နှင့် တကွသုတ်သင်ပယ်ရှင်း ခြင်း အမှုကိုပြီးစေခြင်းငှါကြီးသော
တန်ခိုး၊ များပြားသော အလုံးအရင်းကို အလိုမရှိ။ 10 စိုက်လျက်ရှိ၍ ကောင်းစားရာမည်လော။ အရှေ့လေတိုက်သောအခါ
အကုန်အစင်ညှိုးနွမ်းရမည် မဟုတ်လော။ ကြီးပွါးသော လယ်ကွက်၌ ညှိုးနွမ်းရ လိမ့်မည်ဟု မိန့်တော်မူ၏။ 11 တဖန်ထာဝရဘုရား၏
နှုတ်ကပတ်တော်သည် ငါ့ဆီသို့ရောက်လာ၍၊ 12 ပုန်ကန်တတ်သော အမျိုးအား သင်ပြောရ မည်မှာ၊
ဤစကားအဘယ်သို့ဆိုလိုသည်ကို နားလည်ကြ သလော။ ဗာဗုလုန်ရှင်ဘုရင်သည် ယေရုရှလင်မြို့သို့ ရောက်၍၊
ယေရုရှလင်ရှင်ဘုရင်နှင့်မှူးတော် မတ်တော် တို့ကို ဗာဗုလုန်မြို့သို့သိမ်းသွားပြီ။ 13 ဆွေတော်မျိုးတော်ထဲက တယောက်ကိုယူ၍
ပဋိညာဉ်ဖွဲ့လျက် သစ္စာတိုက်လေပြီ။ 14 ထိုနိုင်ငံသည် ယုတ်ညံ့၍နောက်တဖန်မထမကြွ ဘဲ၊ သစ္စာတော်ကို စောင့်သောအားဖြင့်သာ
တည်စေခြင်း ငှါ၊ အားကြီးသောနိုင်ငံသားတို့ကိုလည်း သိမ်းသွားပြီ။ 15 သို့ရာတွင်၊ မြင်းများ၊ လူများတို့ကို တောင်းခြင်း ငှါ သံတမန်ကို
အဲဂုတ္တုပြည်သို့စေလွှတ်၍ ပုန်ကန်လေပြီ။ ထိုသို့ပြုသောသူသည် ကောင်းစားရမည်လော။ ဘေး လွတ်ရမည်လော။
သစ္စာဖျက်ပြီးမှလွတ်ရမည်လော။ 16 အရှင်ထာဝရဘုရားမိန့်တော်မူသည်ကား၊ ငါအသက်ရှင်သည်အတိုင်း၊ အကယ်စင်စစ် ရှင်ဘုရင်
အရာ၌ ခန့်ထားသော ရှင်ဘုရင်၏သစ္စာကို မရိုမသေ ပြု၍ ပဋိညာဉ်ကိုဖျက်သောကြောင့်၊ ထိုရှင်ဘုရင်နေရာ
ဗာဗုလုန်မြို့အလယ်၌သေရလိမ့်မည်။ 17 ဖာရောဘုရင်သည်လည်း လူများတို့ကို သတ် ခြင်းငှါ၊ အားကြီးသော
ဗိုလ်ပါအလုံးအရင်းများနှင့်အတူ မြေရိုးတို့ကိုဖို့၍ ရဲတိုက်တို့ကို ဆောက်သော်လည်း၊ သူ့အဘို့စစ်တိုက်၍ မနိုင်ရာ။ 18
အကြောင်းမူကား၊ ယေရုရှလင်မင်းသည် လက်ချင်းရိုက်ပြီးမှ၊ သစ္စာတော်ကိုမရိုမသေပြု၍ ပဋိညာဉ်ကိုဖျက်လျက်၊
ဤအမှုအလုံးစုံတို့ကို ပြုသော ကြောင့် ဘေးမှမလွတ်ရ။ 19 ထိုကြောင့်၊ အရှင်ထာဝရဘုရား မိန့်တော်မူ သည်ကား၊
ငါအသက်ရှင်သည်အတိုင်း အကယ်စင်စစ် ငါ၏သစ္စာကို မရိုမသေပြု၍ ငါ၏ပဋိညာဉ်ကို ဖျက်သောအပြစ် ကို သူ၏ခေါင်းပေါ်သို့
ငါသက်ရောက်စေမည်။ 20 ငါသည် ပိုက်ကွန်နှင့်အုပ်၍၊ ငါ၏ကျော့ကွင်းနှင့် ကျော့ပြီးလျှင်၊ ဗာဗုလုန်မြို့သို့ဆောင်သွားမည်။ ငါ့ကို
ပြစ်မှားသောအပြစ်ကြောင့် ထိုမြို့၌ ငါစစ်ကြောစီရင် မည်။ 21 သူ့ထံမှပြေးသော သူများနှင့်သူရဲများအပေါင်း တို့သည် ထားဖြင့်
ဆုံးခြင်းသို့ရောက်၍၊ ကျန်ကြွင်းသော သူတို့သည် အရပ်ရပ်သို့ ကွဲပြားကြလိမ့်မည်။ ငါထာဝရ ဘုရားမိန့်တော်မူသည်ကို သင်တို့
သိရကြလိမ့်မည်ဟု မိန့်တော်မူ၏။ 22 တဖန် အရှင်ထာဝရဘုရား မိန့်တော်မူသည် ကား၊ မြင့်သော အာရဇ်ပင်၌ အမြင့်ဆုံးသော အညွန့်
ကို ငါယူ၍စိုက်မည်။ အညွန့်ဖျားတို့တွင် နုသော အညွန့်ကိုဆိတ်၍၊ မြင့်မြတ်သော တောင်ပေါ်မှာ ငါစိုက် ပျိုးမည်။ 23 အမြင့်ဆုံးသော
ဣသရေလတောင်ပေါ်မှာ ငါ စိုက်ပျိုးပြီးမှ၊ အခက်အလက်နှင့်ပြည့်စုံ၍ အသီးကို သီးသဖြင့်၊ ကောင်းမွန်သော
စပျစ်နွယ်ပင်ဖြစ်လိမ့်မည်။ ထိုအပင်အောက်၌ရင်း၊ အခက်အလက်အရိပ်၌ရင်း၊ ငှက်မျိုးအပေါင်းတို့သည် နေရာကျကြလိမ့်မည်။ 24
ငါထာဝရဘုရားသည်မြင့်သော အပင်ကိုနှိမ့်၍၊ နိမ့်သောအပင်ကိုချီးမြှောက်ကြောင်း၊ စိမ်းလန်းသော အပင်ကို သွေ့ခြောက်စေ၍၊
သွေ့ခြောက်သောအပင်ကို စိမ်းလန်းစေကြောင်းများကို၊ တောသစ်ပင်ရှိသမျှတို့သည် သိရကြလိမ့်မည်။ ငါထာဝရဘုရားသည်
စကားတော် ရှိသည်အတိုင်း ပြုမည်ဟုမိန့်တော်မူ၏။


generated on Tue Jul 2 12:50:28 2024

# Chapter 18

1 တဖန်ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ငါ့ဆီသို့ရောက်လာ၍၊ 2 အဘတို့သည် ချဉ်သောစပျစ်သီးကို စား၍ သားတို့သည်
သွားကျိန်းလျက်ရှိကြ၏ဟု၊ သင်တို့သည် ဣသရေလပြည်ကိုရည်မှတ်၍ စကားပုံကို သုံးသောအခါ အဘယ်သို့ဆိုလိုသနည်း။ 3
အရှင်ထာဝရဘုရားမိန့်တော်မူသည်ကား၊ ငါ အသက်ရှင်သည်အတိုင်း နောက်တဖန် ဣသရေလပြည် ၌ ထိုစကားပုံကိုသုံးရသော
အကြောင်းမရှိရ။ 4 ဝိညာဉ်အပေါင်းတို့ကို ငါပိုင်၏။ အဘ၏ဝိညာဉ် ကို ငါပိုင်သကဲ့ သို့သား၏ဝိညာဉ်ကိုလည်း ငါပိုင်၏။ ပြစ်မှားသော
ဝိညာဉ်သည် အသက်သေရမည်။ 5 လူမည်သည်ကား၊ သဘောဖြောင့်၍ တရား သောအမှု၊ ဟုတ်မှန်သော အမှုကိုပြုလျှင်၎င်း၊ 6
တောင်ပေါ်မှာမစား၊ ဣသရေလအမျိုး ကိုးကွယ်သော ရုပ်တုတို့ကို မဖူးမမြော်၊ သူ့မယားကို မပြစ်မှား၊ ဥတုရောက်သော မိန်းမကို
မချဉ်းကပ်၊ 7 အဘယ်သူကိုမျှ မညှဉ်းဆဲ၊ ကြွေးစားပေါင်ထား သော ဥစ္စာကို ပြန်၍မပေးဘဲမနေ၊ သူ့ဥစ္စာကို အနိုင် အထက်မလုမယူ၊
ငတ်မွတ်သောသူကို ကျွေးမွေး၍၊ အဝတ်မရှိသောသူကို အဝတ်နှင့်ဖုံးလွှမ်းလျှင်၎င်း၊ 8 အတိုးစား၍ ငွေကိုမချေး၊ အဓမ္မအမှုကို
လက်မခံ၊ သူတပါးအမှုကို တရားသဖြင့် စီရင်ခြင်း၊ 9 ငါစီရင်ထုံးဖွဲ့သည် အတိုင်းကျင့်၍ သစ္စာ စောင့်ခြင်းကိုပြုလျှင်၎င်း၊ ထိုသူသည်
ဖြောင့်မတ်သော သူဖြစ်၏။ အကယ်စင်စစ် အသက်ရှင်ရလိမ့်မည်ဟု အရှင်ထာဝရဘုရားမိန့်တော်မူ၏။ 10 သို့ရာတွင်၊
ထိုသူ၏သားသည် ထားပြတိုက် သောသူ၊ လူအသက်ကိုသတ်သောသူ၊ အရင်ဆိုခဲ့ပြီးသော ဒုစရိုက်တစုံတခုကို ပြုသောသူ၊ 11
အရင်ဆိုခဲ့ပြီးသော သုစရိုက်ကိုမပြု၊ တောင် ပေါ်မှာစားခြင်း၊ သူ့မယားကိုပြစ်မှားခြင်း၊ 12 ဆင်းရဲငတ်မွတ်သော သူကို ညှဉ်းဆဲခြင်း၊
သူ့ဥစ္စာကို အနိုင်အထက်လုယူခြင်း၊ ပေါင်ထားသော ဥစ္စာကို ပြန်၍မပေးဘဲနေခြင်း၊ ရုပ်တုကို ဖူးမြော်ခြင်း၊ ရွံ့ရှာဘွယ်သော
အမှုကိုပြုခြင်း၊ 13 အတိုးစား၍ငွေချေးခြင်းကိုပြုသော သူဖြစ်လျှင်၊ အသက်ရှင်ရမည်လော။ အသက်မရှင်ရ။ ထိုရွံ့ရှာဘွယ် သော
အမှုများကိုပြုသောကြောင့်၊ စင်စစ်အသေသတ် ခြင်းကို ခံရမည်။ သေထိုက်သောအပြစ်ရှိ၏။ 14 သို့ရာတွင်၊ ထိုသူ၏သားသည်
အဘပြုသမျှ သော ဒုစရိုက်တို့ကို မြင်၍ဆင်ခြင်သဖြင့်၊ ထိုသို့သော အမှုတို့ကိုမပြု၊ 15 တောင်ပေါ်မှာမစား၊
ဣသရေလအမျိုးကိုးကွယ် သော ရုပ်တုတို့ကို မဖူးမမြော်၊ သူ့မယားကိုမပြစ်မှား၊ 16 အဘယ်သူကိုမျှ မညှဉ်းဆဲ၊ ပေါင်ထားသော
ဥစ္စာကိုမသိမ်း၊ သူ့ဥစ္စာကို အနိုင်အထက်မလုမယူ၊ ငတ်မွတ်သောသူကို ကျွေးမွေးခြင်း၊ အဝတ်မရှိသော သူကိုအဝတ်နှင့်ဖုံးလွှမ်းခြင်း၊
17 ဆင်းရဲသော သူကိုချမ်းသာပေးခြင်း၊ အတိုး မစားဘဲငွေချေးခြင်းကို ပြု၍ငါစီရင်ထုံးဖွဲ့ချက်တို့ကို စောင့်ရှောက်လျှင်၊
ထိုသူသည်အဘ၏ အပြစ်ကြောင့် အသေခံရမည်မဟုတ်။ စင်စစ်အသက်ရှင်ရလိမ့်မည်။ 18 အဘမူကား၊ မိမိညီအစ်ကိုကိုအထပ်ထပ်
ညှဉ်းဆဲလျက်၊ သူ့ဥစ္စာကို အနိုင်အထက်လုယူလျက်၊ မိမိအမျိုးသားချင်းတို့ပတွင် မကောင်းသော အမှုကို ပြုသော အပြစ်ကြောင့်၊
အသေသတ်ခြင်းကို ခံရမည်။ 19 သင်တို့ကလည်း၊ အဘယ်သို့နည်း။ သားသည် အဘ၏ အပြစ်ကို မခံရသလောဟု မေးကြသော်၊ သား
သည် တရားသောအမှု၊ ဟုတ်မှန်သောအမှုကိုပြု၍၊ ငါစီရင်ထုံးဖွဲ့သမျှအတိုင်း ကျင့်စောင့်လျှင်၊ စင်စစ် အသက်ရှင်ရလိမ့်မည်။ 20
ပြစ်မှားသောသူသည် အသေခံရမည်။ သား သည် အဘ၏အပြစ်ကိုမခံရ။ အဘသည် သား၏အပြစ် ကို မခံရ။ တရားသောသူသည်
တရားစွာပြုခြင်းအကျိုး ကို၎င်း၊ မတရားသောသူသည် မတရားစွာပြုခြင်း အပြစ်ကို၎င်း ခံရလိမ့်မည်။ 21 သို့ရာတွင်၊
မတရားသောသူသည် မိမိပြုမိသမျှ သော ဒုစရိုက်တို့ကို ကြဉ်ရှောင်လျက်၊ ငါစီရင်ထုံးဖွဲ့သမျှ တို့ကို စောင့်ရှောက်၍၊ တရားသောအမှု၊
ဟုတ်မှန်သော အမှုတို့ကိုပြုလျှင်၊ သေခြင်းနှင့်လွတ်၍ စင်စစ်အသက် ရှင်ရလိမ့်မည်။ 22 ပြုမိသမျှသော ဒုစရိုက်အပြစ်တို့ကို
သူတဘက် ၌ မမှတ်ရ။ ပြုမိသောဖြောင့်မတ်ခြင်းအမှုကြောင့် အသက် ရှင်ရလိမ့်မည်။ 23 မတရားသောသူသည်မိမိအကျင့်
တို့ကိုရှောင်၍ အသက်မရှင်၊ အသေခံခြင်းအမှု၌ ငါသည်အနည်းငယ် သော ပျော်မွေ့ခြင်းရှိသလော။ 24 သို့ရာတွင်။
တရားသောသူသည်ဖောက်ပြန်၍၊ အဓမ္မအမှုကို၎င်း၊ မတရားသောသူပြုသမျှသော စက်ဆုပ် ရွံ့ရှာဘွယ် အမှုတို့ကို၎င်းပြုလျှင်၊
အသက်ရှင်ရမည် လော။ အရင်ပြုသမျှသော ဖြောင့်မတ်ခြင်းအမှုတို့ကို မမှတ်၊ သူသည် လွန်ကျူးသောအမှု၊ ပြစ်မှားသော
အပြစ်ကြောင့် အသေသတ်ခြင်းကို ခံရလိမ့်မည်။ 25 သို့သော်လည်း သင်တို့က၊ ထာဝရဘုရား စီရင်ချက်မဖြောင့်ဟု
ဆိုကြသည်တကား။ အိုဣသရေလ အမျိုး၊ ငါစီရင်ချက်သည် ဖြောင့်၍၊ သင်တို့ စီရင်ချက် ကောက်သည် မဟုတ်လော။ 26
တရားသောသူသည် တရားသောအမှုကိုပယ်၍ အဓမ္မအမှုကို ပြုလျှင်၊ ထိုအမှုကြောင့် သေရမည်။ ပြုမိသော အဓမ္မအမှုကြောင့်
အသေသတ်ခြင်းကို ခံရမည်။ 27 ထိုအတူ၊ မတရားသောသူသည် မိမိပြုမိသော အဓမ္မအမှုကို ရှောင်၍၊ တရားသောအမှု၊ ဟုတ်မှန်သော
အမှုကိုပြုလျှင်၊ မိမိအသက်ကို ကယ်နှုတ်ရလိမ့်မည်။ 28 ပြုမိသမျှသော အဓမ္မအမှုတို့ကို ဆင်ခြင်၍ ရှောင်သောကြောင့်၊
သေခြင်းနှင့်လွတ်၍ စင်စစ်အသက် ရှင်ရလိမ့်မည်။ 29 သို့သော်လည်း ဣသရေလအမျိုးက၊ ထာဝရ ဘုရားစီရင်ချက်မဖြောင့်ဟု
ဆိုကြသည်တကား။ အိုဣသ ရေလအမျိုး၊ ငါစီရင်ချက်သည် ဖြောင့်၍၊ သင်တို့ စီရင်ချက်ကောက်သည် မဟုတ်လော။ 30 သို့ဖြစ်၍၊
အိုဣသရေလအမျိုး၊ သင်တို့ အသီး အသီးကျင့်ကြသည်အတိုင်း အကျိုးအပြစ်ကိုငါစီရင်မည်။ သင်တို့သည် အဓမ္မအမှုရှိသမျှတို့ကို
စွန့်ပစ်၍ ပြောင်းလဲ ကြလော့။ ပြောင်းလဲကြလော့။ ဒုစရိုက်အပြစ်ကြောင့် ထိမိ၍ ဆုံးခြင်းသို့မရောက်ကြနှင့်။ 31 သင်တို့သည်
ပြုသမျှသော လွန်ကျူးခြင်းအမှု တို့ကို စွန့်ပစ်၍ အသစ်သောနှလုံး၊ အသစ်သော စိတ် သဘောကို ပြင်ဆင်ကြလော့။
အိုဣသရေလအမျိုး၊ သင်တို့သည် အဘယ်ကြောင့် အသေသတ်ခြင်းကို ခံလို သနည်း။ 32 အသေခံရသော သူ၏ အသေခံခြင်းအမှု၌
ငါသည် ပျော်မွေ့ခြင်းမရှိ။ ထိုကြောင့်၊ပြောင်းလဲ၍ အသက်ရှင်ကြလော့ဟု အရှင်ထာဝရဘုရား မိန့်တော် မူ၏။


generated on Tue Jul 2 12:50:28 2024

## Chapter 19

[1] ထိုမှတပါး၊ ဣသရေလမင်းသားတို့အတွက် ငိုကြွေးမြည်တမ်းလျက်ပြောရမည်မှာ၊ [2] သင်၏အမိကားအဘယ်သူနည်း။ ခြင်္သေ့မ
ဖြစ်၏။ ခြင်္သေ့တို့တွင် အိပ်လျက်နေ၍၊ ခြင်္သေ့ပျိုတို့တွင် မိမိသားတို့ကို ကျွေးမွေး၏။ [3] ကျွေးမွေးသောသားတကောင်သည် ခြင်္သေ့ပျို
ဖြစ်၍၊ တောတိရစ္ဆာန်တို့ကိုဘမ်းဆီးခြင်းငှါ၊ သင်၏ လူတို့ကိုလည်း ကိုက်စားတတ်၏။ [4] လူမျိုးတို့သည် ကြား၍မြေတွင်း၌
ထိုခြင်္သေ့ပျို ကို ဘမ်းပြီးလျှင်၊ သံကြိုးနှင့် ချည်နှောင်၍ အဲဂုတ္တုပြည်သို့ ယူသွားကြ၏။ [5] သားဆုံးရှုံးကြောင်းကို အမိသည် မြင်၍
စိတ် ပျက်သောအခါ၊ သားတကောင်ကို ယူပြန်၍ ခြင်္သေ့ပျို ဖြစ်စေခြင်းငှါ ပြုသဖြင့်၊ [6] သူသည်လည်း၊ ခြင်္သေ့တို့နှင့်ပေါင်းဘော်၍
ခြင်္သေ့ပျိုဖြစ်လျက်၊ တောတိရစ္ဆာန်တို့ကို ဘမ်းဆီးခြင်းငှါ၊ သင်၏လူတို့ကိုလည်း ကိုက်စား၏။ [7] သူတို့ မုဆိုးမများကိုသိ၍၊
သူတို့မြို့များကို သုတ်သင် ပယ်ရှင်းလေ၏။ ဟောက်သောအသံကြောင့် ပြည်နှင့်ပြည် ၌ ရှိသမျှတို့သည် ဆိတ်ညံလျက်ရှိကြ၏။ [8]
ထိုအခါ လူမျိုးတို့သည် ကျေးလက်အရပ်ရပ်တို့ က တိုက်လာ၍ ပိုက်ကွန်နှင့်ဝိုင်းပြီးလျှင်၊ မြေတွင်း၌ ဘမ်းကြ၏။ [9] သံကြိုးနှင့်
ချည်လျက်ဗာဗုလုန် ရှင်ဘုရင်ထံသို့ ဆောင်သွား၍၊ သူ၏အသံသည် ဣသရေလတောင် ပေါ်မှာ နောက်တဖန်မမြည်စေခြင်းငှါ
နှောင်အိမ်၌ လှောင်ထားကြ၏။ [10] သင်၏အမိသည် သင်နှင့်တူလျက်၊ ရေနားမှာ စိုက်သော စပျစ်နွယ်ပင်ကဲ့သို့ ဖြစ်၏။ ရေများသော
ကြောင့် အခက်အလက်နှင့် ပြည့်စုံ၍၊ များစွာသောအသီး ကို သီးတတ်၏။ [11] မင်းတို့အသုံးအဆောင် ရာဇလှံတံဘို့ ခိုင်ခံ့သော
တံဖျာတို့နှင့် ပြည့်စုံ၏။ ထူထပ်၍များပြားသော အခက် အလက်တို့နှင့် အရပ်မြင့်၍ ထင်ရှားလေ၏။ [12] သို့ရာတွင်၊
ဒေါသအရှိန်အားဖြင့် နှုတ်၍ မြေပေါ်မှာ လှဲချလေပြီ။ အရှေ့လေသည် တိုက်၍အသီး ကို ပိတ်ခြောက်စေ၏။ ခိုင်ခံ့သောတံဖျာတို့သည်
ကျိုး၍ သွေ့ခြောက်သဖြင့်၊ မီးလောင်ခြင်းကို ခံရကြပြီ။ [13] ယခုမူကား ရေမရှိ၊ သွေ့ခြောက်သောလွင်ပြင် အရပ်၌ စိုက်လျက်ရှိ၏။ [14]
အခက်အလက်တံဖျာတခုထဲက မီးထွက်၍ အသီးကို ကျွမ်းလောင်ပြီး။ အစိုးရသော ရာဇလှံတံဘို့ ခိုင်ခံ့သောတံဖျာတစုံ
တခုမျှမကျန်ကြွင်း။ ဤရွှေကား၊ ငိုကြွေးမြည်တမ်းခြင်း အကြောင်းဖြစ်၏။ ငိုကြွေးမည် တမ်းစရာ အကြောင်းလည်း ဖြစ်လိမ့်မည်။


generated on Tue Jul 2 12:50:28 2024

# Chapter 20

1 သတ္တမနှစ်၊ ပဉ္စမလဆယ်ရက်နေ့တွင်၊ ဣသရေလအမျိုး အသက်ကြီးသူတို့သည် ထာဝရဘုရား ကို မေးလျှောက်ခြင်းငှါ
လာ၍ငါ့ရှေ့မှာ ထိုင်နေကြ၏။ 2 ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ငါ့ဆီသို့ ရောက်လာ၍၊ 3 အချင်းလူသား၊
အရှင်ထာဝရဘုရား၏ အမိန့် တော်ကို ဣသရေလအမျိုး အသက်ကြီးသူတို့အား ဆင့်ဆို ရမည်မှာ၊ သင်တို့သည် ငါ့ထံ၌
မေးလျှောက်ခြင်းငှါ လာကြသလော။ ငါအသက်ရှင်သည်အတိုင်း သင်တို့ မေးလျှောက်ခြင်းကို ငါမခံ။ 4 အချင်းလူသား၊
သင်သည်သူတို့ကို စစ်ကြော လော့။ စစ်ကြောလော့။ သူတို့ဘိုးဘေးပြုဘူးသော စက်ဆုပ်ရွံရှာဘွယ်အမှုကို ဘော်ပြ၍၊ 5
အရှင်ထာဝရဘုရား၏ အမိန့်တော်ကိုဆင့်ဆို ရမည်မှာ၊ ဣသရေလအမျိုး ငါရွေးကောက်၍၊ အဲဂုတ္တု ပြည်၌ သူတို့အား ထင်ရှားလျက်၊
ငါသည်သင်တို့၏ ဘုရား သခင် ထာဝရဘုရားဖြစ်သည်ဟု၊ ယာကုပ်အမျိုး သားတို့ အား ကျိန်ဆိုသည်ကာလ၊ 6 သူတို့ကို
အဲဂုတ္တုပြည်မှ ငါနှုတ်ပြီးလျှင်၊ ပြည် တကာတို့၏ အထွဋ်ဖြစ်၍ နို့နှင့်ပျားရည် စီးသောပြည်၊ သူတို့အဘို့ငှါ ကြည့်ရှုသော ပြည်သို့
ဆောင်သွားခြင်းငှါ ကျိန်ဆိုသောအခါ၊ 7 သင်တို့အသီးအသီး ဖူးမျှော်သော စက်ဆုပ်ရွံရှာ ဘွယ်အရာတို့ကို စွန့်ပစ်ကြလော့။
အဲဂုတ္တုရုပ်တုတို့နှင့် ကိုယ်ကိုကိုယ် မညစ်ညူးစေကြနှင့်။ ငါသည်သင်တို့၏ ဘုရားသခင် ထာဝရဘုရားဖြစ်၏ဟု ငါဆိုသော်လည်း၊ 8
သူတို့သည် နားမထောင်၊ ငါ့ကိုပုန်ကန်ကြ၏။ အသီး သီးဖူးမြင်သော စက်ဆုပ်ရွံရှာဘွယ် အရာတို့ကိုငှင်း၊ အဲဂုတ္တုရုပ်တုကိုငှင်း၊
မစွန့်ပစ်ဘဲနေ ကြ၏။ ထိုကြောင့်၊ သူတို့၌ ငါ့ဒေါသစိတ်ပြေမည်အကြောင်း၊ အဲဂုတ္တုပြည် ထဲမှာ သူတို့အပေါ်သို့ ငါ့အမျက်ရှိန်ကို
သွန်းလောင်းမည် ဟု ငါအကြံရှိ၏။ 9 သို့ရာတွင်၊ သူတို့နေသော တပါးအမျိုးသားတို့ ရှေ့မှာ၊ ငါ၏နာမအသရေကို မပျက်စေခြင်းငှါ၊
ငါသည် နာမတော်အတွက်စီရင်၍၊ တပါးအမျိုးသားတို့ရှေ့မှာ ထင်ရှားလျက်၊ သူတို့ကို အဲဂုတ္တုပြည်မှ နှုတ်ဆောင်လေ ၏။ 10
အဲဂုတ္တုပြည်မှ နှုတ်ဆောင်၍ တောသို့ ရောက် သောအခါ၊ 11 ကျင့်သောသူ၌ အသက်ရှင်စရာအကြောင်း ဖြစ်သော
ငါ၏စီရင်ထုံးဖွဲ့ချက်တို့ကို ငါဘော်ပြ၏။ 12 ထိုမှတပါး၊ ငါထာဝရဘုရားသည် သူတို့ကို သန့်ရှင်းစေသည်ဟု သူတို့သည်
သိမည်အကြောင်း၊ ငါနှင့် သူတို့စပ်ကြားမှာ လက္ခဏာသက်သေဖြစ်စေခြင်းငှါ၊ ငါ၏ ဥပုသ်နေ့တို့ကို ငါခန့်ထား၏။ 13 သို့ရာတွင်၊
ဣသရေလအမျိုးသည် တောအခြင်္ငါ့ကို ပုန်ကန်ကြ၏။ ကျင့်သောသူ၌ အသက်ရှင်စရာ အကြောင်းဖြစ်သော ငါ၏စီရင်ထုံးဖွဲ့ချက်ကို
မစောင့် ရှောက်၊ မထီမဲ့မြင်ပြု၍ ငါ၏ဥပုသ်နေ့တို့ကို အလွန်ရှုတ်ချ ကြ၏။ ထိုအခါ သူတို့ဖျက်ဆီးခြင်းငှါ၊ တော၌သူတို့ အပေါ်သို့
ငါ့အမျက်အရှိန်ကို သွန်းလောင်းမည်ဟု အကြံ ရှိ၏။ 14 သို့ရာတွင်၊ ငါနှုတ်ဆောင်ခြင်းကျေးဇူးကို မြင် သော
တပါးအမျိုးသားတို့ရှေ့မှာ ငါ၏နာမအသရေကို မပျက်စေခြင်းငှါ၊ ငါသည် နာမတော်အတွက် စီရင် လေ၏။ 15 တဖန်၊
ပြည်တကာတို့၏ အထွဋ်ဖြစ်၍ နို့နှင့် ပျားရည်စီးသော ပြည်၊ သူတို့အားငါပေးသောပြည်သို့ မပို့ဆောင်ခြင်းငှါ၊ တော၌ ငါကျိန်ဆို၏။
16 အကြောင်းမူကား၊ သူတို့သည် ရုပ်တုများကို ငဲ့ကွက်သောကြောင့်၊ ငါ၏စီရင်ထုံးဖွဲ့ချက်တို့ကို မစောင့် ရှောက်၊ မထီမဲ့မြင်ပြု၍
ငါ၏ဥပုသ်နေ့တို့ကို ရှုတ်ချကြ၏။ 17 သို့သော်လည်း၊ ငါသည်သူတို့ကို နှမြောသော ကြောင့် မဖျက်ဆီး၊ တော၌ဆုံးရှုံးစေခြင်းငှါ မပြု။
18 သားမြေးတို့အားလည်း၊ သင်တို့၏ ဘိုးဘေး စီရင်ထုံးဖွဲ့ချက်တို့ကို မစောင့်ရှောက်ကြနှင့်။ သူတို့၏ ရုပ်တုများအားဖြင့်
ကိုယ်ကိုမညစ်ညူးစေကြနှင့်။ 19 ငါသည် သင်တို့၏ဘုရားသခင် ထာဝရဘုရား ဖြစ်၏။ ငါ၏စီရင်ထုံးဖွဲ့ချက်တို့ကို စောင့်ရှောက်၍
ကျင့်ကြံကြလော့။ 20 ငါ၏ဥပုသ်နေ့တို့ကိုလည်း သန့်ရှင်းစေကြလော့။ ငါသည် သင်တို့၏ဘုရားသခင် ထာဝရဘုရားဖြစ်သည် ဟု၊
သင်တို့သည်သိမည်အကြောင်း၊ ထိုဥပုသ်နေ့တို့ကို ငါနှင့်သင်တို့စပ်ကြားမှာ လက္ခဏာသက်သေဖြစ်စေကြ လော့ဟု ငါဆို၏။ 21
သို့သော်လည်း၊ သူတို့၏သားမြေးတို့သည် ငါ့ကို ပုန်ကန်ကြ၏။ ကျင့်သောသူ၌ အသက်ရှင်စရာ အကြောင်းဖြစ်သော၊
ငါ၏စီရင်ထုံးဖွဲ့ချက်တို့ကို မစောင့် ရှောက်၊ မကျင့်ကြံဘဲနေ၍၊ ငါ၏ဥပုသ်နေ့တို့ကို ရှုတ်ချ ကြ၏။ ထိုအခါ ငါသည်သူတို့၌
ဒေါသစိတ်ကို ပြေစေ ခြင်းငှါ၊ တောထဲမှာငါ၏ အမျက်အရှိန်ကို သူတို့အပေါ်သို့ သွန်းလောင်းမည်ဟု အကြံရှိ၏။ 22 သို့ရာတွင်၊
ငါနှုတ်ဆောင်ခြင်း ကျေးဇူးကို သိမြင်သော တပါးအမျိုးသားတို့ရှေ့မှာ ငါ၏နာမ အသရေကို မပျက်စေခြင်းငှါ၊
ငါသည်နာမတော်အတွက် သည်းခံလျက်နေ၏။ 23 တဖန် ငါသည် သူတို့ကို အတိုင်းတိုင်း အပြည် ပြည် အရပ်ရပ်တို့သို့
ကွဲပြားစေခြင်းငှါ တော၌ ကျိန်ဆို၏။ 24 အကြောင်းမူကား၊ သူတို့သည် ဘိုးဘေးတို့ ကိုးကွယ်သော ရုပ်တုများကို ငဲ့ကွက်သောကြောင့်၊
ငါ၏ စီရင်ထုံးဖွဲ့ချက်တို့ကို မစောင့်ရှောက်၊ မထီမဲ့မြင်ပြု၍ ငါ၏ ဥပုသ်နေ့တို့ကို ရှုတ်ချကြ၏။ 25 ထိုကြောင့်၊
မကောင်းသောစီရင်ချက်၊ အသက် မရှင်ရသော ထုံးဖွဲ့ချက်တို့ကို ငါပေး၏။ 26 ငါသည် ထာဝရဘုရားဖြစ်သည်ကို သူတို့သည်
သိမည်အကြောင်း၊ သူတို့ကိုဖျက်ဆီးခြင်းငှါ၊ သူတို့သည် သားဦးအပေါင်းတို့ကို မီးဖြင့် ပူဇော်ရာတွင်၊ သူတို့ပူဇော် သက္ကာများအားဖြင့်
ငါညစ်ညူးစေ၏။ 27 သို့ဖြစ်၍၊ အချင်းလူသား၊ အရှင်ထာဝရဘုရား ၏ အမိန့်တော်ကို ဣသရေလအမျိုးသားတို့အား ဆင့်ဆို
ရမည်မှာ၊ သင်တို့၏ဘိုးဘေးတို့သည် ငါ့ကိုအထပ်ထပ် ပြစ်မှား၍ ရှုတ်ချကြသည်တကား။ 28 သူတို့အား ပေးခြင်းငှါ
ငါကျိန်ဆိုသောပြည်သို့ ဆောင်သွင်းသောအခါ၊ သူတို့သည်မြင့်သောတောင်၊ ထူထပ်သော သစ်ပင်ရှိသမျှတို့ ကိုကြည့်ရှု၍၊ ထိုအရပ်တို့
၌ ယဇ်ပူဇော်ခြင်း၊ ငါ့အမျက်ကို နှိုးဆော်သော အလှူဒါန ကိုတင်ခြင်း၊ နံ့သာပေါင်းကို မီးရှို့ခြင်း၊ အရည်ပူဇော်
သက္ကာသွန်းလောင်းခြင်းတို့ကို ပြုကြ၏။ 29 ငါကလည်း၊ သင်တို့သွားတတ်သော မြင့်ရာ အရပ်ကား၊ အဘယ်နည်းဟု မေးသော်လည်း၊
ယနေ့ တိုင်အောင် မြင့်ရာအရပ်ဟု ဆိုလိုသော ဗာမာအမည် ဖြင့် သမုတ်ကြ၏။ 30 သို့ဖြစ်၍၊ သင်သည် အရှင်ထာဝရဘုရား၏

 generated on Tue Jul 2 12:50:28 2024

အမိန့်တော်ကို ဣသရေလအမျိုးသားတို့အား ဆင့်ဆို ရမည်မှာ၊ အိုဣသရေလအမျိုး၊ သင်တို့သည် ဘိုးဘေးတို့ ထုံးစံအတိုင်း
ညစ်ညူးလျက်၊ သူတို့ပြုသောစက်ဆုပ်ရွံ့ ရှာဘွယ် အမှုတို့ကိုပြု၍ မှားယွင်းလျက်၊ 31 ပူဇော်သက္ကာပြုသဖြင့်၎င်း၊ ကိုယ်သားတို့ကို
မီးဖြင့် ပူဇော်သဖြင့်၎င်း၊ ယနေ့တိုင်အောင် ရုပ်တု အပေါင်းတို့နှင့် ညစ်ညူးလျက်ရှိကြစဉ်တွင်၊ ငါသည် သင်တို့ မေးလျှောက်ခြင်းကို
ခံရမည်လော။ ငါအသက် ရှင်သည်အတိုင်း သင်တို့မေးလျှောက်ခြင်းကို ငါမခံ။ 32 ငါတို့သည် တပါးအမျိုးသားကဲ့သို့၎င်း၊ သစ်သား
ဘုရား၊ ကျောက်ဘုရားကိုဝတ်ပြုသော ပြည်သူပြည်သား များကဲ့သို့၎င်း ဖြစ်မည်ဟု၊ သင်တို့ ကြံစည်သည်အတိုင်း အကြံမမြောက်ရ။
33 အရှင်ထာဝရဘုရားမိန့်တော်မူသည်ကား၊ ငါ အသက်ရှင်သည်အတိုင်း အကယ်စင်စစ် အားကြီးသော လက်၊ ဆန့်သောလက်ရုံး၊
သွန်းလောင်းသောဒေါသအရှိန် အားဖြင့် သင်တို့ကို ငါအုပ်စိုးမည်။ 34 သင်တို့ကွဲပြားလျက်နေသော အတိုင်းတိုင်း အပြည်ပြည်တို့မှ၊
သင်တို့ အားကြီးသောလက်၊ ဆန့်သော လက်ရုံး၊ သွန်းလောင်းသောဒေါသအရှိန်နှင့် ငါဆောင် ခဲ့၍ စုဝေစေမည်။ 35 လူအမျိုးမျိုးနှင့်
ဆိုင်သောတောသို့ ဆောင် ခဲ့၍၊ ကိုယ်တိုင်ကိုယ်ကြပ်တရားတွေ့မည်။ 36 အဲဂုတ္တုပြည်နှင့်ဆိုင်သော တော၌သင်တို့၏ ဘိုးဘေးများ
တရားတွေ့သကဲ့သို့ သင်တို့နှင့် တရား တွေ့မည်။ 37 နှင်တံအောက်မှာ ရှောက်သွားစေ၍၊ ပဋိညာဉ် အချည်အနှောင်ကိုခံစေမည်။ 38
ငါ့ကိုပုန်ကန်၍ ပြစ်မှားသောသူတို့ကို သင်တို့ ထဲက နှုတ်ပယ်မည်။ သူတို့သည် တည်းနေသောပြည်မှ ထွက်သွားရသော်လည်း၊
ဣသရေလပြည်သို့ မဝင်ကြရ။ ငါသည်ထာဝရဘုရားဖြစ်ကြောင်းကို သင်တို့သိရကြ လိမ့်မည်။ 39 အိုဣသရေလအမျိုးသားတို့၊
အရှင်ထာဝရ ဘုရား မိန့်တော်မူသည်ကား၊ သွားကြလော့။ အသီး အသီးမိမိတို့ ရုပ်တုများကို ဝတ်ပြုကြလော့။ သို့ရာတွင်
အကယ်စင်စစ် နောက်တဖန်ငါ့စကားကို သော်လည်း၊ ငါ၏သန့်ရှင်းသောနာမတော်ကို သင်တို့ပူဇော်သက္ကာ များနှင့် ရုပ်တုများအားဖြင့်
မရှုတ်ချဘဲနေရကြလိမ့်မည်။ 40 အကြောင်းမူကား၊ ငါ၏သန့်ရှင်းသောတောင်၊ အမြင့်ဆုံးသော ဣသရေလတောင်ပေါ်မှာ ဣသရေလ
အမျိုးသား၊ ပြည်သူပြည်သားအပေါင်းတို့သည် ငါ့အား ဝတ်ပြုရကြလိမ့်မည်။ ငါသည်လည်း လက်ခံ၍၊ ထိုအရပ် ၌
သင်တို့ပြုသောပူဇော်သက္ကာများ၊ အဦးသီးသော အသီးတွင်ရွေး၍ဆက်ရသော အသီးအနှံများနှင့်တကွ၊ သင်တို့သန့်ရှင်းသော
အရာရှိသမျှတို့ကို ငါတောင်းမည်။ 41 သင်တို့သည် ကွဲပြားလျက်နေသော အတိုင်း တိုင်းအပြည်ပြည်တို့မှ ငါဆောင်ခဲ့၍
စုဝေးသောအခါ၊ သင်တို့၌ပါသော နံ့သာပေါင်း အမွှေးအကြိုင်နှင့်တကွ၊ သင်တို့ကို ငါသည်လက်ခံ၍၊ သင်တို့အားဖြင့်တပါးအမျိုး
သားတို့ရှေ့မှာ ဂုဏ်အသရေထင်ရှားခြင်း ရှိလိမ့်မည်။ 42 သင်တို့၏ ဘိုးဘေးတို့အားပေးခြင်းငှါ၊ ကျိန်ဆို သော ဣသရေလပြည်သို့
သင်တို့ကို ဆောင်သွင်းသော အခါ၊ ငါသည် ထာဝရဘုရားဖြစ်ကြောင်းကို သင်တို့ သိရကြလိမ့်မည်။ 43 သင်တို့ ညစ်ညူးသော
ကျင့်ကြံပြုမူရာအမှု ရှိသမျှတို့ကို ထိုပြည်၌ အောက်မေ့၍၊ ပြုမိသမျှသော ဒုစရိုက်တို့ကြောင့် ကိုယ်ကိုကိုယ် ရွံရှာကြလိမ့်မည်။ 44
အိုဣသရေလအမျိုးသားတို့၊ သင်တို့၏ဒုစရိုက် များ၊ သင်တို့ ဆိုးညစ်သောအကျင့်များနှင့်အညီ၊ ငါသည် သင်တို့ကိုမစီရင်။
ကိုယ်နာမတော်ကိုထောက်၍ စီရင် သောအခါ ထာဝရဘုရားဖြစ်ကြောင်းကို သင်တို့သိကြ ရလိမ့်မည်ဟု
အရှင်ထာဝရဘုရားမိန့်တော်မူ၏။ 45 တဖန်ထာဝရ ဘုရား၏ နှုတ်ကပတ်တော်သည် ငါ့ဆီသို့ ရောက်လာ၍၊ 46 အချင်းလူသား၊
တောင်ဘက်သို့ မျက်နှာ ပြုလျက်၊ တောင်မျက်နှာတဘက်၌မြွက်ဆို၍၊ တောင်ပြည် ၌ရှိသော တောတဘက်၌ဟောပြောလော့။ 47
အရှင်ထာဝရဘုရား၏ အမိန့်တော်ကို တောင် ပြည်၌ရှိသော တောအားဆင့်ဆိုရမည်မှာ၊ ငါသည် သင်၌ မီးကိုညှိမည်။ သင်၌
စိမ်းလန်းသောအပင်၊ သွေ့ခြောက် သောအပင်ရှိသမျှ လောင်လိမ့်မည်။ တောက်သော မီးလျှံသည်မငြိမ်းရ။ တောင်ဘက်မှသည်
မြောက်ဘက်သို့ တိုင်အောင် မြေတပြင်လုံးလောင်လိမ့်မည်။ 48 ထိုမီးကို ငါထာဝရဘုရားညှိကြောင်းကို၊ သတ္တဝါ အပေါင်းတို့သည်
သိရကြလိမ့်မည်။ ထိုမီးသည် မငြိမ်းရဟု မိန့်တော်မူ၏။ 49 ငါကလည်း၊ အိုအရှင်ထာဝရဘုရား၊ သူတို့က၊ ဤသူသည်ပုံပမာ
ကိုသာဆောင်၍ ဟောပြောတတ်သည် မဟုတ်လောဟု၊ အကျွန်ုပ်ကို ရည်မှတ်၍ဆိုတတ်ကြပါ သည်ဟု လျှောက်လေ၏။

---

Ezekiel 01

It came about
N/A

သက္ကရာဇ် ခုနစ်
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရင်ယောယကိမ်ထွက်နယ်နှင်ပြီး ခုနှစ်နှစ်မြောက်တွင်"

ပဉ္စမလဆယ်ရက်နေ့
ဤနေ့သည် ဟေဗြဲပြက္ခဒိန်၏ ငါးလပိုင်းဖြစ်သည်။ ဆယ်ရက်နေ့သည် အနောက်တိုင်းပြက္ခဒိန်များတွင် ဩဂုတ်လဆန်းပိုင်းဖြစ်သည်။

ငါ့ရှေ့မှာ
ငါ့ရှေ့တည့်တည့်တွင်။

Ezekiel 02

ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ... ရောက်လာ၍
ထာဝရဘုရားစကားပြောသည်။ အခန်း ၁:၁ ကိုကြည့်ရန်။

ငါအသက်ရှင်သည်အတိုင်း
အခန်း ၅:၁၁ ကိုကြည့်ရန်။

သင်တို့သည် ငါ့ထံ၌ မေးလျှောက်ခြင်းငှါ လာကြသလော
အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့သည် ငါ့ထံ၌မေးလျှောက်ဖို့ရန် အခွင့်ငါပေးမည်မဟုတ်"

 generated on Tue Jul 2 12:50:28 2024

Ezekiel 04

သင်သည်သူတို့ကို စစ်ကြော လော့။ စစ်ကြောလော့။
အခြားသောဘာသာပြန်ဆိုချက်၊ "အချင်းလူသား၊ သူတို့ကို သင်စစ်ကြောလော့"

နို့နှင့်ပျားရည် စီးသော
မို့နှင့်ပျားရည်များစွာရှိသောပြည်။
အခြားသောဘာသာပြန်ဆိုချက်၊
"မြေအထွက်ကောင်းသောသည်" သို့မဟုတ် "ဎင်းပြည်သည် တိရ စ္ဆာန်များနှင့်အပင်များကောင်းစွာ ကြီးထွားသော နယ်မြေဖြစ်သည်"

Ezekiel 07

ယေဘုယျ အချက်အလက်
ထာဝရဘုရားသည်
ဣသရေလခေါင်းဆောင်များအဖို့သတင်းစကားကို ယေဇကျေလအား ဆက်လက်ပေးသည်။

to them
N/A

from before his eyes
N/A

Ezekiel 08

ယေဘုယျ အချက်အလက်
ထာဝရဘုရားသည်
ဣသရေလခေါင်းဆောင်များအဖို့သတင်းစကားကို ယေဇကျေလအား ဆက်လက်ပေးသည်။

သူတို့သည်... ငါ့ကိုပုန်ကန်ကြ၏
'သူတို့' သည် 'ယာကုပ်၏ အမျိုးအနွယ်များကို ရည်ညွှန်းသည်။

နားမထောင်
နာမခံချင်ကြ။

သို့ရာတွင်၊ သူတို့နေသော တပါးအမျိုးသားတို့ ရှေ့မှာ၊ ငါ၏နာမအသရေကို မပျက်စေခြင်းငှါ၊
အခြားတိုင်းတပါးလူများက ငါ့နာမသည် မသန့်ရှင်း ဟုမထင်စေခြင်းငှါ ဟုဆိုလိုသည်။

သူတို့နေသော
သူတို့နေထိုင်သော။

ငါသည် ... တပါးအမျိုးသားတို့ရှေ့မှာ ထင်ရှားလျက်
ငါဘယ်သူဖြစ်သည်ကို တိုင်းနိုင်ငံများကို ငါပြသည်။

တပါးအမျိုးသားတို့ရှေ့မှာ
တိုင်းနိုင်ငံများက မြင်နိုင်သော နည်းလမ်းဖြင့်။

နှုတ်ဆောင်
ယာကုပ်၏ အမျိုးများကို နှုတ်ဆောင်။

Ezekiel 10

ယေဘုယျ အချက်အလက်
ထာဝရဘုရားသည်
ဣသရေလခေါင်းဆောင်များအဖို့သတင်းစကားကို ယေဇကျေလအား ဆက်လက်ပေးသည်။

နှုတ်ဆောင်၍
ယာကုပ်၏အမျိုးများကို နှုတ်ဆောင်ခြင်း ဖြစ်သည်။

Ezekiel 13

ယေဘုယျ အချက်အလက်
ထာဝရဘုရားသည်
ဣသရေလခေါင်းဆောင်များအဖို့သတင်းစကားကို ယေဇကျေလအား ဆက်လက်ပေးသည်။

ငါ့အမျက်အရှိန်ကို သွန်းလောင်းမည်
အခန်း ၂၀:၈ ကိုကြည့်ရန်။

ငါနှုတ်ဆောင်ခြင်းကျေးဇူးကို မြင် သော တပါးအမျိုးသားတို့ရှေ့မှာ ငါ၏နာမအသရေကို မပျက်စေခြင်းငှါ
အခန်း ၂၀:၈ ကိုကြည့်ရန်။

Ezekiel 15

ယေဘုယျ အချက်အလက်
ထာဝရဘုရားသည်
ဣသရေလခေါင်းဆောင်များအဖို့သတင်းစကားကို ယေဇကျေလအား ဆက်လက်ပေးသည်။

ငါကျိန်ဆို၏
အခန်း ၂၀:၄ ကို ကြည့်ရန်။

သူတို့
ဣသရေလလူများ။

ငါသည်သူတို့ကို နှမြောသော ကြောင့်
အခြားသောဘာသာပြန်ဆိုချက်၊ "သို့သော်လည်း ငါသည်သူတို့ကို သနားသည်"

မဖျက်ဆီး
ငါသည် သူတို့ကို မဖျက်ဆီး။


generated on Tue Jul 2 12:50:28 2024

Ezekiel 18

ယေဘုယျ အချက်အလက်
ထာဝရဘုရားသည်
ဣသရေလခေါင်းဆောင်များအဖို့သတင်းစကားကို
ယေဇကျေလအား ဆက်လက်ပေးသည်။

သင်တို့၏ ဘိုးဘေး စီရင်ထုံးဖွဲ့ချက်တို့ကို မစောင့်ရှောက်ကြနှင့်
သင်တို့မိဘများက ပြုလုပ်ရန် ပြောခဲ့သည်များကို
မပြုလုပ်ကြနှင့်။

သင်တို့၏ ဘိုးဘေး စီရင်ထုံးဖွဲ့ချက်တို့ကို မစောင့်ရှောက်ကြနှင့်။ သူတို့၏ ရုပ်တုများအားဖြင့် ကိုယ်ကိုမညစ်ညူးစေကြနှင့်
သူတို့၏ စီရင်ထုံးဖွဲ့ချက်များကို မနာခံကြနှင့်။

ငါ၏စီရင်ထုံးဖွဲ့ချက်တို့ကို စောင့်ရှောက်၍ ကျင့်ကြံကြလော့။
ထာဝရဘုရား၏ စီရင်ထုံးဖွဲ့ချက်များကို 'စောင့်ရှောက်' ခြင်းသည် 'နာခံခြင်း' ဖြစ်သည်။

ထာဝရဘုရားဖြစ်သည် ဟု၊ သင်တို့သည်သိမည်
အခန်း ၆:၆ ကိုကြည့်ရန်။

Ezekiel 21

ယေဘုယျအချက်အလက်
ထာဝရဘုရားသည်
ဣသရေလခေါင်းဆောင်များအဖို့သတင်းစကားကို
ယေဇကျေလအား ဆက်လက်ပေးသည်။

ငါ၏စီရင်ထုံးဖွဲ့ချက်တို့ကို မစောင့် ရှောက်
အခန်း ၂၀:၁၃ ကိုကြည့်ရန်။

ထိုအခါ ငါသည်သူတို့၌ ဒေါသစိတ်ကို ပြေစေ ခြင်းငှါ၊ တောထဲမှာငါ၏ အမျက်အရှိန်ကို သူတို့အပေါ်သို့ သွန်းလောင်းမည်ဟု အကြံရှိ၏။
အခန်း ၂၀:၈ ကိုကြည့်ရန်။

Ezekiel 23

ယေဘုယျ အချက်အလက်
ထာဝရဘုရားသည်
ဣသရေလခေါင်းဆောင်များအဖို့သတင်းစကားကို
ယေဇကျေလအားဆက်လက်ပေးသည်။

ကျိန်ဆို၏
'လက်မြှောက်' ခြင်းသည် 'ကျိန်ဆို' ဖို့ရန် အမှတ်ပြခြင်းဖြစ်သည်။

သူတို့ကို အတိုင်းတိုင်း အပြည် ပြည် အရပ်ရပ်တို့သို့ ကွဲပြားစေ
အခန်း ၁၂:၁၄ ကိုကြည့်ရန်။

သူတို့သည် ဘိုးဘေးတို့ ကိုးကွယ်သော ရုပ်တုများကို ငံ့ကွက်သောကြောင့်
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည်
သူတို့မိဘများကိုးကွယ်ခဲ့ကြသော ရုပ်တုများကို
ကိုးကွယ်ဖို့တောင့်တကြသည်"

Ezekiel 25

ယေဘုယျ အချက်အလက်
ထာဝရဘုရားသည်
ဣသရေလခေါင်းဆောင်များအဖို့သတင်းစကားကို
ယေဇကျေလအား ဆက်လက်ပေးသည်။

ထိုကြောင့်၊ မကောင်းသောစီရင်ချက်၊ အသက် မရှင်ရသော ထုံးဖွဲ့ချက်တို့ကို ငါပေး၏
ဤနေရာတွင်သုံးသော 'စီရထုံးဖွဲ့ချက်များ' သည်ဘုရားသခင်၏ ပညတ်တော်ကို ဆိုလိုခြင်းမဟုတ်။ ဘုရားသခင်သည် သူတို့ကို လူများပြုစု၍ မကောင်းသောဥပဒေနှင့် တရားစီရင်မှုဖြင့် အသက်ရှင်ဖို့အခွင့်ပေးခဲ့သည်။

ငါပေး၏။
ထာဝရဘုရားက အဲဂုတ္တုပြည်မှ ယူဆောင်လာသောသူများ၏ ကလေးများကို ပေးခြင်းဖြစ်သည်။

မီးဖြင့် ပူဇော်
ကလေးများကို မီးရှို့၍ ရုပ်တုများကို ယဇ်ပူဇော်ခြင်းကို ဆိုလိုသည်။

သူတို့ပူဇော် သက္ကာများအားဖြင့်
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့ ငါ့အားဆက်သသော လက်ဆောင် သက္ကာများအားဖြင့်"

Ezekiel 27

င်တို့သွားတတ်သော မြင့်ရာ အရပ်ကား၊ အဘယ်နည်း
အခြားသောဘာသာပြန်ဆိုချက်၊ "ဤမြင့်သောနေရာသည် သင်တို့ ပူဇော်သက္ကာများကို ပူဇော်ရန်မဟုတ်"

ဗာမာအမည် ဖြင့်သမုတ်ကြ၏
အခြားသောဘာသာပြန်ဆိုချက်၊ "ဎင်းနေရာကို လူများက ဗာမာ ဟုခေါ်ကြသည်" 'ဗာမာ' သည် ရုပ်တုများကို ကိုးကွယ်ရာ 'မြင့်သောအရပ်' ဟုအဓိပ္ပါယ်ရှိသည်။

Ezekiel 30

ယေဘုယျ အချက်အလက်
ထာဝရဘုရားသည် ဣသရေလလူများအဖို့ သတင်းစကားကို ယေဇကျေလအားဆက်လက်ပေးသည်။

ကိုယ်သားတို့ကို မီးဖြင့် ပူဇော်သဖြင့်
ကလေးများကို မီးရှို့၍ ရုပ်တုများအား ပူဇော်ခြင်း။

ဣလသရေလအမျိုးသားတို့.....ငါသည် သင်တို့ မေးလျှောက်ခြင်းကို ခံရမည်လော။
အခြားသောဘာသာပြန်ဆိုချက်၊ "ဣလသရေလအမျိုးသားတို့ သင်တို့သည် ငါ့ထံမေးလျှောက်ရန် အခွင့်မရှိကြ"

Ezekiel 33

ယေဘုယျ အချက်အလက်
ထာဝရဘုရားသည် ဣသရေလလူများအဖို့ သတင်းစကားကို ယေဇကျေလအား ဆက်လက်ပေးသည်။

အားကြီးသော လက်၊ ဆန့်သောလက်ရုံး၊
ဤစကားနှစ်ခုလုံးသည် ကြီးမားသော ခွန်အားကို ဆိုလိုသည်။

Ezekiel 36

ယေဘုယျ အချက်အလက်
ထာဝရဘုရားသည် ဣသရေလလူများအဖို့ သတင်းစကားကို ယေဇကျေလအား ဆက်လက်ပေးသည်။

Ezekiel 39

ယေဘုယျ အချက်အလက်
ထာဝရဘုရားသည် ဣသရေလလူများအဖို့ သတင်းစကားကို ယေဇကျေလအား ဆက်လက်ပေးသည်။

ဣလသရေလအမျိုးသားတို့
အခန်း ၃:၁ ကိုကြည့်ရန်။

ငါ့စကားကို နား...ထောင်သော်လည်း
'ငါ့ကိုနာခံဖို့ သို့မဟုတ် 'ငါ့ကို နားစွင့်ဖို့။

Ezekiel 40

ယေဘုယျ အချက်အလက်
ထာဝရဘုရားသည် ဣသရေလလူများအဖို့ သတင်းစကားကို ယေဇကျေလအား ဆက်လက်ပေးသည်။

ငါတောင်းမည်
ယူဆောင်လာဖို့ အမိန့်ပေး။

အဦးသီးသော အသီး
'အဦးသီး' သည် ဘုရားသခင်ကို ဆက်သရန် သီးသန့်ဖယ်ထားသော အကောင်းဆုံးအရာများ ဖြစ်နိုင်သည်။

သင်တို့သန့်ရှင်းသော အရာရှိသမျှတို့
ငါ့ကိုဆက်သရန် သင်တို့ သီးသန့်ဖယ်ထားသော ပူဇော်သက္ကာများ။

သင်တို့သည် ကွဲပြားလျက်နေသော အတိုင်း တိုင်းအပြည်ပြည်တို့မှ ငါဆောင်ခဲ့၍ စုဝေးသောအခါ
ဤစကားစုနှစ်ခုသည် အဓိပ္ပါယ်တူ၍ ထာဝရဘုရားသည် မိမိလူများကို သူဖြန့်ကျဲရာတိုင်းပြည်အသီးသီးမှ ပြန်လည်ယူဆောင်မည့်အရာကို လေးနက်စေသည်။

သင်တို့သည် ကွဲပြားလျက်နေသော အတိုင်း တိုင်းအပြည်ပြည်
အခြားသောဘာသာပြန်ဆိုချက်၊ "ငါသင်တို့ကို ဖြန့်ကျဲစေသော"

ငါသည်...သင်တို့အားဖြင့်တပါးအမျိုး သားတို့ရှေ့မှာ ဂုဏ်အသရေထင်ရှားခြင်း ရှိလိမ့်မည်။
ငါသည်သန့်ရှင်းတော်မူကြောင်းကို တပါးသူများသိဖို့ သင်တို့ကို ငါအသုံးပြုမည်။

Ezekiel 42

ယေဘုယျ အချက်အလက်
ထာဝရဘုရားသည် ဣသရေလလူများအဖို့ သတင်းစကားကို ယေဇကျေလအား ဆက်လက်ပေးသည်။

ကျိန်ဆို သော
ဤစကားစုသည် 'ငါကျိန်ဆိုထားသော၊ သို့မဟုတ် ငါကတိပေးထားသော' ဟုဆိုလိုသည်။

သောအခါ ထာဝရဘုရားဖြစ်ကြောင်းကို သင်တို့သိကြ ရလိမ့်မည်
အခန်း ၆:၆ ကိုကြည့်ရန်။

အရှင်ထာဝရဘုရားမိန့်တော်မူ၏
အခန်း ၅:၁၁ ကိုကြည့်ရန်။

Ezekiel 45

ထာဝရ ဘုရား၏ နှုတ်ကပတ်တော်သည် ငါ့ဆီသို့ ရောက်လာ၍၊
ထာဝရဘုရားသည် စကားပြောသည်။ အခန်း ၁:၁ ကိုကည့်ရန်။

Ezekiel 48

ယေဘုယျ အချက်အလက်
ထာဝရဘုရားသည် တောင်ပြည်၌ ရှိသော တောအဖို့ သတင်းစကားကို ယေဇကျေလအား ဆက်လက်ပေးသည်။

သိရကြလိမ့်မည်
နားလည်ကြလိမ့်မည်။

အို
ဝမ်းနည်းပူဆွေးမှုကို ဖော်ပြသည့် စကားလုံး။

ဤသူသည်ပုံပမာ ကိုသာဆောင်၍ ဟောပြောတတ်သည် မဟုတ်လော
အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် ပုံပြင်ကိုသာပြောသည်"


generated on Tue Jul 2 12:50:28 2024

# Translation Questions

## Ezekiel 20:1

မည်သို့သောသူတို့သည် ယေဇကျေလထံသို့လာခဲ့သနည်း။
ဣသရေလအမျိုး အသက်ကြီးသူတို့သည် ထာဝရဘုရား ကို မေးလျှောက်ရန်ယေဇကျေလထံသို့လာခဲ့သည်။

## Ezekiel 20:2

ယေဇကျေလ ထံလာသောသူတို့ကိုထာဝရဘုရားသည် အဘယ်သို့တုံ့ပြန်သနည်း။
ဣသရေလအမျိုး အသက်ကြီးသူတို့အား သူတို့သည် ငါ့ကိုမမေးမြန်းရဟု ပြောခဲ့သည်။

## Ezekiel 20:4

သူတို့သည် အဲဂုတ္တုပြည်၌ရှိစဉ် သူတို့အတွက် မည်သည့်အရာပြုပေးမည်ဟု ထာဝရဘုရား ကျိန်ဆိုခဲ့သနည်း။
ထာဝရဘုရားသည် နို့နှင့် ပျားရည်စီးသောပြည်၌ သူတို့ကို ငါပို့ဆောင်မည်ဟု ကျိန်ဆိုခဲ့သည်။

## Ezekiel 20:7

အဲဂုတ္တုပြည်တွင် ဣသရေလလူတို့ကို ထာဝရဘုရားသည် မည်သည့် အမိန့်ပေးခဲ့သနည်း။
သူတို့သည် အဲဂုတ္တုပြည်၏ ရုပ်တုဆင်းတုများကို စွန့်ပစ်ရန်ထာဝရဘုရား အမိန့်ပေးခဲ့သည်။

## Ezekiel 20:8

ထာဝရဘုရား၏အမိန့်တော်ကို ဣသရေလလူတို့သည် မည်သို့တုံ့ပြန်သနည်း။
ထာဝရဘုရား ၏အမိန့်တော်ကို ဣသရေလလူတို့သည် နားမထောင်ပဲ ပုန်ကန်ကြ၏။

အဲဂုတ္တုပြည်မှ ဣသရေလလူမျိုးကို ခေါ်ဆောင်ဖို့ရန် ထာဝရဘုရားသည် အဘယ်သို့ပြောခဲ့သနည်း။
တပါးအမျိုးသားတို့ ရှေ့မှာသူ၏နာမအသရေကို မပျက်စေဖို့ရန် သူသည် သူ၏နာမတော်အတွက်စီရင်၍ တပါးအမျိုးသားတို့ရှေ့မှာမြင်စေလျက် သူတို့ကို အဲဂုတ္တုပြည်မှ နှုတ်ဆောင်ခဲ့မည်ဟုထာဝရဘုရားဆိုခဲ့သည်။

## Ezekiel 20:10

တော၌ ဣသရေလလူမျိုးတွေကို ထာဝရဘုရားသည် မည်သည့်အရာပေးခဲ့သနည်း။
ထာဝရဘုရားသည် သူ၏အထုံးဖွဲ့တော်များနှင့် ဥပုသ်နေ့ကိုငင်း ပေးခဲ့သည်။

အကယ်၍သူတို့သည် သူ၏ထုံးဖွဲ့တော်တို့ကိုနာခံခဲ့လျှင် ထာဝရဘုရားသည် မည်သည့်အရာကိုလုပ်ပေးဖို့ရန် သူတို့ကိုပြောခဲ့သနည်း။
အကယ်၍သူတို့သည် သူ၏ထုံးဖွဲ့တော်တို့ကိုနာခံခဲ့လျှင် သူတို့သည် အသက်ရှင်လိမ့်မည်ဟုထာဝရဘုရားသည် ပြောခဲ့သည်။

## Ezekiel 20:13

ထာဝရဘုရာသည် ဣသရေလလူတို့ကိုတော၌သူပေးခဲ့သည့်အရာကို လူတို့သည် မည်သို့တုံ့ပြန်ကြသနည်း။
ထာဝရဘုရားကိုပုန်ကန်၍ သူ၏အထုံးဖွဲ့တော်တို့ကို လူတို့သည် ဆန့်ကျင်၍ ငြင်းပယ်ကြသည်။

အကယ်၍ သူတို့သည်သူ၏ထုံးဖွဲ့တော်ကိုနာခံလျှင် ထာဝရဘုရားသည် သူတို့အဖို့လုပ်ပေးဖို့ရန် လူတို့ကိုအဘယ်သို့ပြောခဲ့သနည်း။
သူ၏အထုံးဖွဲ့တော်ကိုနာခံလျှင် သူတို့သည် အသက်ရှင်လိမ့်မည်ဟုထာဝရဘုရားသည်လူတို့ကိုပြောသည်။

## Ezekiel 20:15

သူ၏အထုံးဖွဲ့တော်ကိုဆန့်ကျင်သောကြောင့် ဣသရေလလူများအတွက် မည်သည့်အရာကို မလုပ်ပေးဖို့ရန်ထာဝရဘုရား ကျိန်ဆိုခဲ့သနည်း။
သူတို့ကိုပျားရည်စီးသောပြည်သို့ မပို့ဆောင်ဖို့ရန် ထာဝရဘုရားသည် သူတို့ကို ကျိန်ဆိုတော်မူ၏။

## Ezekiel 20:21

သူ၏အထုံးဖွဲ့တော်ထဲမှာ လိုက်လျှောက်ဖို့ရန် ထာဝရဘုရားသည် သူတို့ကို အမိန့်ပေးသောအခါ
ဣသရေလတို့၏သားမြေးတို့သည်အဘယ်သို့တုံ့ပြန်သနည်း။
ဣသရေလတို့၏သားမြေးတို့သည်ထာဝရဘုရားကိုဆန့်ကျင်၍ သူ၏အထုံးဖွဲ့တော်တို့ကို မစောင့်ရှောက်ကြပေ။

အကယ်၍ သူတို့သည် သူ၏အထုံးဖွဲ့တော်ကိုနာခံလျှင် ထာဝရဘုရားသည်သူတို့အဖို့ မည်သည့်အရာလုပ်ပေးမည်ဟု ပြောခဲ့သနည်း။
သူ၏အထုံးဖွဲ့တော်ကိုနာခံလျှင် သူတို့သည် အသက်ရှင်လိမ့်မည်ဟု ထာဝရဘုရားသည်လူတို့ကိုပြောခဲ့သည်။

## Ezekiel 20:23

ထာဝရဘုရားသည် ဣသရေလအမျိုးသားတို့ကို မည်သို့ကျိန်ဆိုခဲ့သနည်း။
ထာဝရဘုရားသည်သူတို့ကို အတိုင်းတိုင်း အပြည်ပြည် အရပ်ရပ်သို့ ကွဲပြားစေရန် ကျိန်ဆိုခဲ့သည်။

## Ezekiel 20:27

ဣသရေလအမျိုး၏ဘိုးဘေးတို့သည် ထာဝရဘုရား၏ကဲ့ရဲ့ခြင်းကြောင့် အဘယ်သို့ ဖြစ်ခဲ့သနည်း။
ဣသရေလလူအမျိုးတို့၏ဘိုးဘေးတို့သည် မြင့်သောအရပ်မှာ ရုပ်တုများကိုပူဇော်သက္ကာပြုခြင်းဖြင့် ထာဝရဘုရားသည် သူတို့ကို ကဲ့ရဲ့ခြင်းကြောင့်ပျံ့နှံ့စေခဲ့သည်။


generated on Tue Jul 2 12:50:28 2024

Ezekiel 20:30

ဣသရေလလူတို့သည် သူတို့၏သားများကို မည်သို့လုပ်သနည်း။
ဣသရေလလူတို့သည် သူတို့၏သားသမီးများကို မီးထဲဖြတ်လျှောက်သွားစေခဲ့ကြသည်။

ဣသရေလလူမျိုးတို့၏စိတ်ထဲတွင် မည်သို့စဥ်းစားခဲ့ကြသနည်း။
ဣသရေလလူမျိုးများသည် သစ်သား၊ ကျောက်များကို ကိုးကွယ်၍ တိုင်းတပါးများကဲ့သို့ဖြစ်ချင်ကြသည်။

Ezekiel 20:33

သူတို့သည် မျက်နှာချင်းဆိုင် စစ်ကြောစီရင်နိုင်ရန် ဣသရေလလူမျိုးကို မည်သို့ပြုမည်ဟုထာဝရဘုရား ပြောခဲ့သနည်း။
လူများတို့သည်တောထဲတွင် ကွဲပြားလျက်ရှိသောနိုင်ငံများတွင် ဣသရေလလူတို့သည် စုသိမ်းမည်ဟုထာဝရဘုရားသည်ပြောခဲ့သည်။

Ezekiel 20:36

ထာဝရဘုရားသည် မည်သည့်အရာကို ဣသရေလလူမျိုးတို့အထဲကနုတ်ပယ်မည်ဟု ပြောခဲ့သနည်း။
ဣသရေလလူမျိုးတို့အထဲ ပုန်ကန်တတ်သောသူနှင့် ကျူးလွန်တတ်သောသူတို့ကို ပယ်မည်ဟုထာဝရဘုရားပြောခဲ့သည်။

Ezekiel 20:40

ထာဝရဘုရားသည် သူ၏သန့်ရှင်းသောတောင်ပေါ်မှာ ဣသရေလလူတို့ကိုစုဝေးစေပြီးနောက်ပိုင်းတွင် ဣသရေလလူတို့သည်ထာဝရဘုရားကို မည်သို့ဆက်ဆံလိမ့်မည်နည်း။
ထာဝရဘုရားသည် သူ၏သန့်ရှင်းသောတောင်ပေါ်မှာ ဣသရေလလူတို့ကိုစုဝေးစေပြီးနောက်ပိုင်းတွင် ဣသရေလလူတို့သည်ထာဝရဘုရားကို လူအမျိုးမျိုးတို့၏အမြင်မှာသန့်ရှင်းသောသူ ကဲ့သို့ဆက်ဆံလိမ့်မည်။

Ezekiel 20:42

သူတို့အတိတ်ကဆိုးယုတ်ခဲ့သည့်အကျင့်တို့ကို သတိရ၍ ဣသရေလလူတို့သည် မိမိကိုယ်ကို မည်သို့ထင်လိမ့်မည်နည်း။
ဣသရေလလူတို့သည် သူတို့ကျူးလွန်ခဲ့သည့်မကောင်းသောလုပ်ရပ်များအတွက် မိမိကိုယ်ကိုမုန်းလိမ့်မည်။

Ezekiel 20:45

ထာဝရဘုရားသည် တောင်ဘက်သားတို့တဘက်၌ မည်သို့ကြေညာခဲ့သနည်း။
ထာဝရဘုရားက တောင်ဘက်မှမြောက်ဘက်တိုင်လောင်မည့်မီးကိုညှိမည်ဟု ကြေညာခဲ့သည်။

Ezekiel 20:48

ဣသရေလလူတို့သည် ယေဇကျေလအကြောင်းကို အဘယ်သို့ဆိုခဲ့သနည်း။
ဣသရေလလူတို့က ယေဇကျေလသည် ဥပမာသက်သက်သာပြောသောသူအဖြစ် ပြောခဲ့ကြသည်။

## Chapter 21

1 တဖန်ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ငါ့ဆီသို့ရောက်လာ၍၊ 2 အချင်းလူသား၊ ယေရုရှလင်မြို့ကို မျက်နှာ ပြုလျက်၊
သန့်ရှင်းသော အရပ်ဌာနတို့တဘက်၌ မြွက်ဆို ၍ ဣသရေလပြည်တဘက်၌ ဟောပြောလော့။ 3 အရှင်ထာဝရဘုရား၏ အမိန့်တော်ကို
ဣသ ရေလပြည်အား ဆင့်ဆိုရမည်မှာ၊ ငါသည် သင့်ကို ရန်ဘက်ပြုလျက်၊ ငါ့ထားကိုထားအိမ်မှ ထုတ်၍၊ သင်၌ တရားသောသူ၊
မတရားသောသူတို့ကို ပယ်ဖြတ်မည်။ 4 ထိုသို့သင်၌ တရားသောသူ၊ မတရားသော သူတို့ကို ပယ်ဖြတ်စရာအကြောင်းရှိသောကြောင့်၊
ငါ့ထား သည် တောင်ဘက်မှသည် မြောက်ဘက်သို့တိုင်အောင်၊ ခပ်သိမ်းသောသတ္တဝါတို့ကို ရန်ဘက်ပြု၍ မိမိအိမ်မှ ထွက်ရလိမ့်မည်။
5 ငါထာဝရဘုရားသည် ငါ့ထားကို သူ့အိမ်မှ ထုတ်ကြောင်းကို၊ သတ္တဝါအပေါင်းတို့ သိရကြလိမ့်မည်။ ထိုထားသည် နောက်တဖန်
အိမ်သို့ မပြန်ရ။ 6 သို့ဖြစ်၍၊ အချင်းလူသား၊ ညည်းတွားသံကို ပြုလော့။ ခါးကျိုးလျက်၊ နှလုံးကြေကွဲလျက်၊ သူတို့ရှေ့မှာ
ညည်းတွားသံကို ပြုလော့။ 7 သူတို့ကလည်း၊ အဘယ်ကြောင့် ညည်းတွား သနည်းဟု သင့်ကိုမေးသောအခါ၊ သင်က၊ ငါသည်
သိတင်းစကားကြောင့် ညည်းတွား၏။ အမှုနီးပြီ။ လူ အပေါင်းတို့သည် ကြောက်အားကြီး၍ လက်အား လျော့ကြလိမ့်မည်။
စိတ်ပျက်၍ ဒူးသည်လည်းအရည် ဖြစ်လိမ့်မည်။ အမှုလာ၍ရောက်မည်အကြောင်းကို၊ အရှင်ထာဝရဘုရား
ဗျာဒိတ်ပေးတော်မူကြောင်းကို ပြန်ပြောလော့ဟု မိန့်တော်မူ၏။ 8 တဖန် ထာဝရဘုရား၏ နှုတ်ကပတ်တော်သည်
ငါ့ဆီသို့ရောက်လာ၍၊ 9 အချင်းလူသား၊ ပရောဖက်ပြု၍ အရှင်ထာဝရ ဘုရား၏ အမိန့်တော်ကို ဆင့်ဆိုရမည်မှာ၊ ထားတော်ကို
ထက်စွာ သွေးလေပြီ။ ပြောင်လက်စွာ ပွတ်လေပြီ။ 10 ထက်၍ အထူးသဖြင့် လုပ်ကြံစေခြင်းငှါ သွေး လေပြီ။ ပြောင်၍
အရောင်တောက်စေခြင်းငှါလည်း ပွတ် လေပြီ။ ငါ့သား၏ ရာဇလှံတံကြောင့် ရွှင်လန်းခြင်းကို ပြုရမည်လော။ ထိုထားသည်
သစ်သားရှိသမျှကို မထီမဲ့မြင် ပြုတတ်၏။ 11 သုံးစရာဘို့ ပွတ်စေခြင်းငှါ အပ်ထားပြီ။ လုပ် ကြံသောသူ၌ အပ်ခြင်းငှါ ထက်စွာလည်း
သွေးလေပြီ။ ပြောင်လက်စွာပွတ်လေပြီ။ 12 အချင်းလူသား၊ ငိုကြွေးအော်ဟစ်လော့။ အကြောင်းမူကား၊ ငါ၏ လူတို့၌ရောက်လိမ့်မည်။
ဣသ ရေလမင်းသားအပေါင်းတို့၌လည်း ရောက်လိမ့်မည်။ သူတို့နှင့်တကွ ငါ၏လူတို့ကို ထား၌အပ်လေ၏။ ထိုကြောင့်၊
သင်၏ပေါင်ကို ရိုက်လော့။ 13 စုံစမ်းခြင်းအမှုဖြစ်၏။ ထားတော်သည် လှံတံကို မရှိမသေပြုလျှင် အဘယ်သို့နည်း။
လှံတံဆုံးလိမ့်မည်ဟု အရှင်ထာဝရဘုရားမိန့်တော်မူ၏။ 14 သို့ဖြစ်၍၊ အချင်းလူသား၊ ပရောဖက်ပြု၍ လက်ခုပ်တီးလော့။
ထားတော်သည် နှစ်ခါက်၊ သုံးခါက် ရောက်ရ၏။ သူရဲထား၊ အားကြီးသော သူရဲထားဖြစ်၏။ သူတို့ကိုဝန်းရံသော ထားဖြစ်၏။ 15
သူတို့စိတ်ပျက်၍ အထူးသဖြင့်ဆုံးရှုံးစေခြင်းငှါ၊ ထားဘေးကိုမြို့ တံခါးရှိသမျှတို့၌ ငါရောက်စေပြီ။ ထားပြောင်လျက်ရှိ၏။
လုပ်ကြံစရာဘို့ ပွတ်ထားလျက် ရှိ၏။ 16 စုဝေးလော့။ လက်ျာဘက်သို့ ခုတ်လော့။ ပြင်ဦး လော့။ လက်ဝဲဘက် အစရှိသော
သင်၏အသွားမျက်နှာ ပြုသမျှဘက်သို့ ခုတ်လော့။ 17 ငါသည်လည်း လက်ချင်းရိုက်၍၊ ငါ့ဒေါသအရှိန် ကို ငြိမ်းစေမည်။
ထိုသို့ငါထာဝရဘုရား မိန့်တော်မူပြီ။ 18 တဖန် ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ငါ့ဆီသို့ရောက်လာ၍၊ 19 အချင်းလူသား၊
ဗာဗုလုန်ရှင်ဘုရင်၏ ထား သွားရာလမ်းနှစ်လမ်းကို မှတ်သားလော့။ လမ်းနှစ်လမ်း တို့သည် ပြည်တပြည်ထဲက ထွက်ရမည်။
မြို့သို့သွားသော လမ်းခွ၌ အရပ်တခုကို ရွေးလော့။ 20 အမ္မုန်ပြည်၌ ရဗ္ဗတ်မြို့သို့၎င်း၊ ယုဒပြည်၌ ခိုင်ခံ့သော ယေရုရှလင်မြို့သို့၎င်း၊
ထားရောက်ရာလမ်းကို မှတ်သားလော့။ 21 ဗာဗုလုန်ရှင်ဘုရင်သည် ဗေဒင်တွက်ခြင်းငှါ လမ်းနှစ်လမ်းဆုံမိရာလမ်းခွ၌ ရပ်၏။
မြှားတို့ကို ရောနှော ၏။ တေရပ်ရုပ်တုတို့ကို မေးမြန်း၏။ အသည်းကို ကြည့်ရှု ၏။ 22 ဝက်ခွတိုင်၌ တုံးတို့ကို ဆွဲထားစေခြင်းငှါ၎င်း၊
လုပ်ကြံခြင်းအမှုကို မှာထားစေခြင်းငှါ၎င်း၊ ကြွေးကြော် အော်ဟစ်စေခြင်းငှါ၎င်း၊ ရဲတိုက်ကို ဆောက်စေခြင်းငှါ ၎င်း၊
မြေရိုးကိုဖို့စေခြင်းငှါ၎င်း၊ လက်ျာဘက်၌ ယေရုရှ လင်မြို့အဘို့ ဗေဒင်တွက်၍ နေရာကျ၏။ 23 သို့ရာတွင်၊ ရှင်ဘုရင်ထံ၌
သစ္စာခံသောသူတို့ သည် ထိုဗေဒင်တွက်ခြင်းကို အချည်းနှီးသော ဗေဒင် တွက်ခြင်းကဲ့သို့ မှတ်ကြလိမ့်မည်။ ရှင်ဘုရင်မူကား၊ သူတို့ ကို
ဘမ်းမိလိုသောငှါ၊ သူတို့ပြစ်မှားသော အပြစ်ကို အောက်မေ့လိမ့်မည်။ 24 သို့ဖြစ်၍၊ အရှင်ထာဝရဘုရား မိန့်တော်မူသည် ကား၊
သင်တို့ပြုလေသမျှတို့၌ အပြစ်ထင်ရှားသည် တိုင်အောင်၊ သင်တို့သည် မိမိတို့ဒုစရိုက် အပြစ်ကို သူတပါးအောက်မေ့စေ၍၊ မိမိတို့
လွန်ကျူးခြင်း အမှုများ ကို ဘော်ပြလျက်၊ မိမိတို့ကို သူတပါး အောက်မေ့စေသော ကြောင့်၊ ထိုရှင်ဘုရင်လက်သို့
ရောက်ရကြလိမ့်မည်။ 25 အချင်းဆိုးယုတ်သော အဓမ္မ ဣသရေလ မင်းသား၊ အဓမ္မအမှုကြောင့်ဆုံးရှုံးရသောကာလ ရောက်
သောအခါ၊ သင်၏အချိန်ကာလသည် ရောက်လိမ့်မည်။ 26 ဦးရစ်တော်ကိုပယ်၍ ရာဇသရဖူကို ချွတ်လော့။ နောက်တဖန် မရှိရ။
နိမ့်သောသူကိုချီးမြှောက်ရမည်။ မြင့်သောသူကို နှိမ့်ချရမည်။ 27 နိုင်ငံကို ဆုံးရှုံးစေခြင်းငှါ၊ အစိုးပိုင်သောသူ မရောက်မှီတိုင်အောင်၎င်း
ငါမှောက်လှန်မည်။ မှောက် လှန်မည်။ မှောက်လှန်မည်။ အစိုးပိုင်သော သူ၌ ငါအပ် မည်ဟု အရှင်ထာဝရဘုရား မိန့်တော်မူ၏။ 28
အချင်းလူသား၊ အရှင်ထာဝရဘုရားသည် အမ္မုန်အမျိုးသားတို့ကို၎င်း၊ 29 သူတို့ကဲ့ရဲ့ခြင်းကို၎င်း ရည်မှတ်၍မိန့်တော်မူ သော စကားကို
ပရောဖက်ပြု၍ ဆင့်ဆိုရမည်မှာ၊ အဓမ္မ အမှုကြောင့် ဆုံးရှုံးရသော ကာလရောက်၍ အပြစ်ဒဏ် ခံရသောအခါ၊ အသေသတ်ခြင်းကို
ခံရသောအဓမ္မ လူတို့၏ လည်ပင်းပေါ်မှာ၊ သင့်ကိုနေရာကျစေခြင်းငှါ၊ သင့်အဘို့ အချည်းနှီးသောအရာကိုကြည့်မြင်၍၊ မုသာ
စကားကိုဟောပြောစဉ်တွင်၊ ထားတော်သည် လုပ်ကြံ ဘို့ရာ ထုတ်လျက်ရှိ၏။ ဖျက်ဆီးဘို့ရာ အရောင်တောက် သည်တိုင်အောင်
ပြောင်စွာပွတ်လေပြီ။ 30 သင့်ထားကို အိမ်သို့ပြန်စေလော့။ သင့်ကို ငါ ဖန်ဆင်းသောအရပ်၊ မွေးဘွားရာဌာန၌ သင့်ကို ငါစီရင် မည်။ 31


generated on Tue Jul 2 12:50:28 2024

သင့်အပေါ်သို့ ငါ့အမျက်ကို ငါသွန်းလောင်း မည်။ ငါ့ဒေါသမီးဖြင့် သင့်ကို မှုတ်မည်။ ကြမ်းတမ်းသော သဘောရှိ၍ ဖျက်ဆီးတတ်သော
လူတို့လက်သို့အပ်မည်။ 32 သင်သည်မီးမွေးဘို့ ထင်းဖြစ်ရလိမ့်မည်။ သင့် အသွေးသည် ပြည်အလယ်၌ ရှိရလိမ့်မည်။ နောက်တဖန်
အဘယ်သူမျှ မအောက်မေ့ရဟု ငါထာဝရဘုရား မိန့်တော်မူ၏။

## Chapter 22

1 တဖန် ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ငါ့ဆီသို့ရောက်လာ၍၊ 2 အချင်းလူသား၊ လူအသက်ကို သတ်တတ်သော မြို့ကို
သင်သည် စစ်ကြောလော့။ စစ်ကြောလော့။ သူ၌ ပြုသမျှသော စက်ဆုပ်ရွံရှာဘွယ် အမှုတို့ကိုပြလော့။ 3 အရှင်ထာဝရဘုရား၏
အမိန့်တော်ကို ဆင့်ဆို ရမည်မှာ၊ မိမိအချိန်ရောက်စေခြင်းငှါ၊ မိမိအလယ်၌ လူအသက်ကိုသတ်၍၊ မိမိကိုညစ်ညူးစေဘို့ မိမိတဘက်၌
ရုပ်တုတို့ကိုလုပ်တတ်သောမြို့၊ 4 သင်သည် လူအသက်ကို သတ်သောအားဖြင့် အပြစ်ရောက်၏။ လုပ်သောရုပ်တုအားဖြင့်
ညစ်ညူးခြင်း ရှိ၏။ သင်၏နေ့ရက်ကာလအချိန်ကို ကိုယ်တိုင်ရောက်စေ ပြီ။ ထိုကြောင့်၊ ငါသည် သင့်ကို အတိုင်းတိုင်းအပြည်ပြည်
တို့တွင် ကဲ့ရဲ့ရာ၊ ပျက်ချော်ရာဖြစ်စေမည်။ 5 အိုအသရေပျက်၍ နှောင့်ရှက်ခြင်းကို ခံရသောသင်ကို၊ အဝေးအနီး၌နေသော သူတို့သည်
ပျက်ချော်ကြလိမ့်မည်။ 6 ဣသရေလမင်းသားတို့သည် အသီးအသီးအခွင့် တန်ခိုးရှိသည်အတိုင်း၊ သင့်အလယ်၌ လူအသက်ကို
သတ်တတ်ကြ၏။ 7 သင့်အလယ်၌ မိဘတို့ကိုမထီမဲ့မြင်ပြုကြ၏။ တပါး အမျိုးသားတို့ကို အနိုင်အထက်ပြုကြ၏။ မိဘမရှိသောသူ
နှင့် မုတ်ဆိုးမတို့ကို ညှဉ်းဆဲကြ၏။ 8 သင်သည် ငါ၏သန့်ရှင်းသောအရာတို့ကို မထီမဲ့ မြင်ပြုပြီ။ ငါ၏ ဥပုသ်နေ့တို့ကို ရှုတ်ချပြီ။ 9
သင့်အလယ်၌ လူအသက်ကို သတ်လို၍ ကုန်းတိုက်သောသူ၊ တောင်ပေါ်မှာစားသောသူ၊ အဓမ္မ အမှုကိုပြုသောသူရှိကြ၏။ 10
သင့်အလယ်၌ အဘ၏မယားကို ပြစ်မှားကြ၏။ ဥတုရောက်သော မိန်းမနှင့်မှားယွင်းကြ၏။ 11 သင့်အလယ်၌ အချို့တို့သည်
အိမ်နီးချင်းမယား ကို ပြစ်မှားကြ၏။ အချို့တို့သည် မိမိချွေးမနှင့် ဆိုးညစ် သောအဓမ္မအမှုကို ပြုကြ၏။ အချို့တို့သည် မိမိနှမ၊
မိမိအဘ၏သမီးကို ရှုတ်ချကြ၏။ 12 သင့်အလယ်၌လည်း လူအသက်သတ်ခကို ခံကြ ၏။ အတိုးစား၍ ငွေကိုချေးကြ၏။
အိမ်နီးချင်း၏ ဥစ္စာကို လုယူကြ၏။ ငါ့ကိုလည်း မေ့လျော့ကြ၏။ 13 သို့ဖြစ်၍၊ သင်ဆည်းဖူးသောဥစ္စာ၊ သင့်အလယ် ၌သွန်းသော
အသွေးကြောင့် ငါလက်ခုပ်တီး၏။ 14 သင့်ကိုငါစီရင်သောအခါ၊ သင်၏နှလုံးသည် ခိုင်ခံ့နိုင်သလော။ သင်၏လက်သည်လည်း
အားကြီးနိုင် သလော။ ငါထာဝရဘုရားသည် အမိန့်တော်ရှိသည် အတိုင်း ပြုမည်။ 15 သင့်ကိုလည်း အတိုင်းတိုင်းအပြည်ပြည်တို့တွင်၊
အရပ်ရပ်သို့ ကွဲပြားစေမည်။ သင်၏အညစ်အကြေးကို လည်း ပယ်ရှင်းမည်။ 16 လူအမျိုးမျိုးတို့ရှေ့မှာ၊ သင်သည် ကိုယ်တိုင်
အသရေရှုတ်ချခြင်းကို ခံရ၍၊ ငါသည် ထာဝရဘုရား ဖြစ်ကြောင်းကိုသိရလိမ့်မည်ဟု အရှင်ထာဝရဘုရား မိန့်တော်မူ၏။ 17 တဖန်
ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ငါ့ဆီသို့ ရောက်လာ၍၊ 18 အချင်းလူသား၊ ဣသရေလအမျိုးသည် ငါ့ရှေ့ မှာ
ချော်ဖြစ်လေပြီ။ ထိုသူအပေါင်းတို့သည် မိုက်ထဲ၌ ထည့်သော ကြေးနီ၊ ကြေးဖြူ၊ သံ၊ ခဲကဲ့သို့ငွေနှင့် ကွာသော ချော်ဖြစ်ကြ၏။ 19
ထိုကြောင့် အရှင်ထာဝရဘုရား မိန့်တော်မူသည် ကား၊ သင်တို့အပေါင်းသည် ချော်ဖြစ်သောကြောင့်၊ ယေရုရှလင်မြို့ထဲ၌
ငါစုဝေးစေမည်။ 20 ငွေ၊ ကြေးနီ၊ ကြေးဖြူ၊ သံ၊ ခဲတို့ကို မီးမှုတ်၍ အရည်ကျိုခြင်းငှါ မိုက်ထဲ၌စုထားသကဲ့သို့၊ ထိုအတူ ငါသည်
ပြင်းစွာအမျက်ထွက်လျက်၊ သင်တို့ကို ထိုမြို့ထဲ၌ စုထား၍အရည်ကျိုမည်။ 21 အကယ်စင်စစ် စုထားပြီးမှ ငါ့အမျက်မီးကို မှုတ်၍၊
သင်တို့သည် မြို့ထဲမှာ အရည်ကျိုခြင်းကို ခံရကြ လိမ့်မည်။ 22 ငွေကိုမိုက်ထဲ၌ အရည်ကျိုသကဲ့သို့၊ သင်တို့သည် မြို့ထဲမှာ
အရည်ကျိုခြင်းကိုခံရသဖြင့်၊ ငါထာဝရဘုရား သည် သင်တို့အပေါ်သို့၊ ငါ၏ဒေါသအရှိန်ကို သွန်း လောင်းသည်ကို သိရကြလိမ့်မည်ဟု
မိန့်တော်မူ၏။ 23 တဖန် အရှင်ထာဝရဘုရား၏ နှုတ်ကပတ်တော် သည် ငါ့ဆီသို့ ရောက်လာ၍၊ 24 အချင်းလူသား၊
သင်ဆင့်ဆိုရမည်မှာ၊ အမျက် ထွက်သောနေ့၌ မိုဃ်းမရွာ၊ သင်သည် မိုဃ်းရေကို မခံရ သောပြည်ဖြစ်၏။ 25 ထိုပြည်အလယ်၌
ပရောဖက်တို့သည် သင်ဖွဲ့ ခြင်းကို ပြုကြပြီ။ ဟောက်၍အကောင်ကို ကိုက်ဖြတ် သော ခြင်္သေ့ကဲ့သို့ လူတို့ကို ကိုက်စားကြ၏။
ဘဏ္ဍာများနှင့် အဘိုးထိုက်လော ဥစ္စာများကို လုယူကြ၏။ ပြည်အလယ် ၌ မုတ်ဆိုးမတို့ကို များပြားစေကြ၏။ 26
ယဇ်ပုရောဟိတ်တို့သည်လည်း ငါ၏တရားကို ဖျက်၍၊ ငါ၏သန့်ရှင်းရာဌာနကိုလည်း ညစ်ညူးစေကြ ၏။ သန့်ရှင်းသောအရာ၊
မသန့်ရှင်းသောအရာတို့ကို မပိုင်းခြား၊ စင်ကြယ်သောအရာ၊ မစင်ကြယ်သောအရာ တို့ကို ရောနှောကြ၏။ ငါ၏ဥပုသ်နေ့တို့မှလည်း
မျက်နှာ လွှဲကြ၏။ သူတို့ အလယ်၌ ငါသည်ရှုတ်ချခြင်းကို ခံရ၏။ 27 မင်းတို့သည်လည်း အကောင်ကို ကိုက်ဖြတ် သော
တောခွေးကဲ့သို့ ပြည်အလယ်၌ဖြစ်၍၊ မတရားသော စီးပွားကို ရှာလိုသောငှါ လူအသက်ကို သတ်၍၊ သူတပါး တို့ကို
သုတ်သင်ပယ်ရှင်းတတ်ကြ၏။ 28 ပရောဖက်တို့ကလည်း၊ အရှင်ထာဝရဘုရား မိန့်တော်မူသည်ဟု ထာဝရဘုရားမိန့်တော်မမူဘဲ၊
အချည်းနှီးသောအရာကို မြင်၍၊ မုသားစကားကို ဟောပြောလျက်၊ သူတို့ကို အင်္ဂတေနှင့် မွမ်းမံကြ၏။ 29
ပြည်သူပြည်သားတို့သည်လည်း ညှဉ်းဆဲခြင်း၊ ထားပြတိုက်ခြင်း၊ ဆင်းရဲငတ်မွတ်သောသူတို့ကို နှိပ်စက် ခြင်း၊
တပါးအမျိုးသားတို့အား မတရားသဖြင့် ညှဉ်းဆဲ ခြင်းကို ပြုကြ၏။ 30 ထိုပြည်ကို ငါမဖျက်ဆီးစေခြင်းငှါ ကွယ်ကာ သောသူ၊
မြို့ရိုးပျက် ပေါ်မှာရပ်၍ ဆီးတားသောသူ တယောက်ကိုမျှ ငါရှာ၍မတွေ့။ 31 ထိုကြောင့်၊ ငါအမျက်ကို ငါသွန်းလောင်းလျက်၊
ငါ့ဒေါသမီးဖြင့် သူတို့ကိုရှို့၍၊ သူတို့အပြစ်ကို သူတို့ ခေါင်းပေါ်သို့ ရောက်စေမည်ဟု အရှင်ထာဝရဘုရား မိန့်တော်မူ၏။

## Chapter 23

1 တဖန် ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ငါ့ဆီသို့ရောက်လာ၍၊ 2 အချင်းလူသား၊ အမိမကွဲပြားသော ညီအစ်မ
နှစ်ယောက်ရှိ၏။ 3 သူတို့သည် အသက်ငယ်စဉ်အခါ၊ အဲဂုတ္တုပြည်၌ မတရားသော မေထုန်ကို ပြုကြ၏။ ထိုပြည်၌ သူတို့၏
သားမြတ်ကို ပွတ်နယ်၍ အပျိုမအသရေကို ရှုတ်ချကြ၏။ 4 အစ်မကား၊ အဟောလ၊ ညီမကား အဟောလိဗ အမည်ရှိ၏။
ထိုသူနှစ်ယောက်တို့သည် ငါ၏ခင်ပွန်းဖြစ်၍ သားသမီးတို့ကို ဘွားမြင်ကြ၏။ အဟောလအမည်သည် ရှမာရိဟူ၍၎င်း၊
အဟောလိဗအမည်သည် ယေရုရှလင် ဟူ၍ ၎င်းဆိုလိုသတည်း။ 5 အဟောလသည် ငါ၏ခင်ပွန်းဖြစ်စဉ်အခါ၊ မတရားသော
မေထုန်ကိုပြု၏။ 6 မိမိရည်းစားတည်းဟူသော၊ ပြာသောအဝတ်ကို ဝတ်သောမိမိအိမ်နီးချင်း အာရှုရိအမျိုးသား ဗိုလ်မင်း၊ ဝန်မင်း၊
ချစ်ဘွယ်သောလူပျို၊ မြင်းစီးသူရဲတို့ကို တပ်မက် ၏။ 7 ထိုအာရှုရိလူကောင်းလူမြတ်အပေါင်းတို့နှင့် မတရားသော မေထုန်ကိုပြု၏။
တပ်မက်သော သူအပေါင်းတို့၏ ရုပ်တုများနှင့် ကိုယ်ကို ညစ်ညူးစေ၏။ 8 အသက်ငယ်စဉ်အခါ အဲဂုတ္တုပြည်၌ သူနှင့် သင့်နေ၍၊
အပျိုမအသရေကို ရှုတ်ချသဖြင့်၊ အထပ်ထပ် မတရားသော မေထုန်ကိုပြုကြသည်နှင့်အညီ၊ အဲဂုတ္တု မေထုန်ကိုလည်း မစွန့်ပစ်၊
မှီဝဲလျက်နေ၏။ 9 ထို့ကြောင့်၊ သူတပ်မက်သော ရည်းစား၊ အာရှုရိ လူတို့၌ သူ့ကိုငါ အပ်၍၊ 10 သူတို့သည် အဝတ်ကို ချွတ်ကြ၏။
သူ၏ သားသမီးတို့ကို သိမ်းသွား၍၊ သူ့ကိုထားနှင့် ကွပ်မျက်ကြ ၏။ ထိုသို့အပြစ်စီရင်ခြင်းကို ခံရသောအားဖြင့်၊ မိန်းမ တကာတို့တွင်
ကျော်စောသောမိန်းမဖြစ်လေ၏။ 11 ထိုအမှုကို ညီမအဟောလိဗသည် မြင်သော အခါ၊ အစ်မထက်သာ၍ တပ်မက်သော
စိတ်ရှိသည်နှင့်၊ အစ်မထက်သာ၍ မတရားသောမေထုန်ကို ပြု၏။ 12 တင့်တယ်သော အဝတ်ကိုဝတ်သော မိမိအိမ်နီးချင်း
အာရှုရိအမျိုးသားဗိုလ်မင်း၊ ဝန်မင်း၊ ချစ်ဘွယ် သောလူပျို၊ မြင်းစီးသူရဲတို့ကို တပ်မက်၏။ 13 ထိုအခါ သူသည် ညစ်ညူးကြောင်းနှင့်၊
အစ်မ လိုက်သောလမ်းသို့ လိုက်ကြောင်းကို ငါသိမြင်၏။ 14 အထူးသဖြင့် မတရားသောမေထုန်ကို ပြုသော အကြောင်းအရာဟူမူကား၊
ခါးစည်းကိုစည်းလျက်၊ ထူးဆန်းသော ပန်းဆိုးခေါင်းပေါင်းကို ပေါင်းလျက်၊ မွေးဘွားရာဌာန ခါလဒဲပြည် ဗာဗုလုန်မြို့သားကဲ့သို့၊
မင်း၏အ သွင်ကိုဆောင်လျက်၊ 15 အုတ်ထရံ၌ဟင်းသပြတားနှင့်ရေးသော ခါလဒဲ လူ၏ ရုပ်ပုံတို့ကို မြင်သောအခါ၊ 16
တပ်မက်သောစိတ်ရှိ၍၊ ခါလဒဲပြည်သို့ တမန်ကို စေလွှတ်လေ၏။ 17 ဗာဗုလုန်မြို့သားတို့သည် သူနှင့်သံဝါသပြုရာခုတင်သို့လာ၍၊
မတရားသောမေထုန်ကို ပြုသော အားဖြင့် ညစ်ညူးစေကြ၏။ သူသည်လည်း ထိုသူတို့ကို ရွံရှာသည်
တိုင်အောင်ညစ်ညူးခြင်းကိုခံလေ၏။ 18 ထိုသို့ မတရားသော မေထုန်ကိုပြုခြင်း၊ အဝတ် အချည်းစည်းရှိခြင်းကို
ထင်ရှားဘော်ပြသောကြောင့်၊ ငါသည် သူ့အစ်မကိုရွံရှာသကဲ့သို့၊ သူ့ကိုလည်းရွံရှာ၏။ 19 အသက်ငယ်စဉ်အခါ အဲဂုတ္တုပြည်၌
မှားယွင်းသောကာလကို အောက်မေ့သဖြင့်၊ မှားယွင်းခြင်းကို အထပ်ထပ်ပြု၏။ 20 မြည်းအင်္ဂါနှင့်တူသော အင်္ဂါ၊ မြင်းသုတ်ရည်နှင့်
တူသောသုတ်ရည်ရှိသော ထိုရည်းစားတို့ကိုပင် တပ်မက် လေသည်တကား။ 21 သို့ဖြစ်၍၊ အိုအဟောလိဗ၊ အဲဂုတ္တုလူတို့သည်
သင့်အသရေကို ရှုတ်ချ၍၊ အပျိုမသားမြတ်တို့ကို ပွတ် နယ်ကြသဖြင့်၊ သင်အသက်ငယ်စဉ်အခါ သင်ပြုသော အဓမ္မအမှုကို
အထပ်ထပ်ပြုသောကြောင့်၊ 22 အရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ သင်ရွံရှာသော ရည်းစားတို့ကို ငါထစေပြီးလျှင်၊ အရပ်ရပ်
တို့ကလာ၍ တိုက်စေမည်။ 23 အာရှုရိလူများနှင့်တကွ အကြီးအကဲ၊ သူဌေး သူကြွယ်၊ ထင်ရှားသောသူဖြစ်သော ဗာဗုလုန်လူ၊ ခါလဒဲ
လူများတည်းဟူသော၊ ချစ်ဘွယ်သော လူပျို၊ ဗိုမင်း၊ ဝန်မင်း။ မှူးကြီးမတ်ကြီး၊ မြင်းစီးသူရဲအပေါင်းတို့သည်၊ 24 စစ်တိုက်လက်နက်နှင့်
လှည်းရထားပါလျက်၊ လူအလုံးအရင်းနှင့် တကွလာ၍ ဒိုင်း၊ လွှား၊ သံခမောက် လုံးတို့ကို သင့်ပတ်လည်၌ ခင်းကျင်းကြလိမ့်မည်။
တရား စီရင်သော အခွင့်ကိုသူတို့၌ငါအပ်ပေး၍၊ သူတို့သည် မိမိထုံးစံအတိုင်း စီရင်ကြလိမ့်မည်။ 25 သူတို့သည် သင့်ကို
မယုံမည်အကြောင်း၊ ငါပြု၍သင့်ကို ကြမ်းတမ်းစွာ စီရင်ကြလိမ့်မည်။ သင့်နှာ ခေါင်း၊ နားရွက်တို့ကို ဖြတ်၍အကျန်အကြွင်းကိုထားနှင့်
စဉ်းကြလိမ့်မည်။ သင်၏သားသမီးတို့ကို သိမ်းသွား ၍၊ ကျန်ကြွင်းသော သူတို့ကို မီးရှို့ကြ လိမ့်မည်။ 26 သင့်အဝတ်ကိုလည်းချွတ်၍၊
တင့်တယ်သော တန်ဆာတို့ကို သိမ်းယူကြလိမ့်မည်။ 27 ထိုသို့သင်သည် နောက်တဖန် မျှော်မကြည့်၊ အဲဂုတ္တုပြည်ကို
မအောက်မေ့စေခြင်းငှါ၊ သင်ပြုသော အဓမ္မမေထုန်ကို ငါငြိမ်းစေမည်။ 28 တဖန် အရှင်ထာဝရဘုရား မိန့်တော်မူသည် ကား၊
သင်မုန်းသောသူ၊ သင်ရွံရှာသော သူတို့လက်သို့ သင့်ကိုငါအပ်သဖြင့်၊ 29 သူတို့သည် မုန်းသည်အတိုင်းပြုလျက်၊ သင် ကြိုးစား၍
ဆည်းပူးသမျှသော ဥစ္စာတို့ကိုသိမ်းယူ၍၊ သင့်ကိုယ်၌ အဝတ်မရှိ၊ အချည်းစည်းရှိ ရစ်စေကြလိမ့်မည်။ သင်မှားယွင်း၍
အချည်းစည်းရှိခြင်း၊ အဓမ္မအမှုကို ပြုခြင်း၊ မတရားသောမေထုန်သို့ လိုက်ခြင်းအရာသည် ထင်ရှား ရလိမ့်မည်။ 30 သင်သည်တပါး
အမျိုးသားတို့နှင့် မှားယွင်း၍၊ သူတို့ရုပ်တုများနှင့် ညစ်ညူးသောကြောင့်၊ ထိုသို့ ငါစီရင် မည်။ 31 သင်သည် အစ်မလိုက်သော
လမ်းကိုလိုက်သော ကြောင့်၊ သူသောက်သော ခွက်ကို သင့်လက်၌ ငါထား မည်။ 32 အရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ သင့်
အစ်မ သောက်သောခွက်၊ ကျယ်၍စောက်သောခွက်ကို သင်သောက်ရမည်။ ထိုခွက်၌ များစွာဝင်သည်ဖြစ်၍၊ သင်သည်ကဲ့ရဲ့ခြင်းနှင့်
ပျက်ချော်ခြင်းကို ခံရမည်။ 33 သင့်အစ်မရှမာရိ သောက်သောခွက်၊ မှိုင်တွေ စေသော ခွက်ကို သောက်၍၊ ယစ်မူးခြင်း၊ ညှိုးငယ်ခြင်းနှင့်
ဝရလိမ့်မည်။ 34 ထိုခွက်ကို သောက်၍စုတ်ပြီးမှ ခွက်ခြမ်းကို ကိုက်ခဲ၍၊ ကိုယ်သားမြတ်တို့ကို ဆွဲဖြတ်ရလိမ့်မည်။ ငါပြောပြီဟု
အရှင်ထာဝရဘုရားမိန့်တော်မူ၏။ 35 သို့ဖြစ်၍၊ သင်သည် ငါ့ကို မေ့လျော့၍၊ သင့် ကျောနောက်သို့ ငါ့ကိုပစ်လိုက်သောကြောင့်၊
သင်သည် အဓမ္မအမှုနှင့်မတရားသော မေထုန်အမှု၏ အပြစ်ကို ခံလော့ဟု အရှင်ထာဝရဘုရား မိန့်တော်မူ၏။ 36


generated on Tue Jul 2 12:50:28 2024

တဖန်ထာဝရဘုရားသည် ငါ့အားမိန့်တော်မူ သည်ကား၊ အချင်းလူသား၊ သင်သည်အဟောလနှင့် အဟောလိဗတို့ကို စစ်ကြောလော့။
အကယ်စင်စစ် သူတို့ ပြုသော စက်ဆုပ်ရွံရှာဘွယ်အမှုတို့ကို ဘော်ပြရမည်။ [37] အကြောင်းမူကား၊ သူတို့သည် မျောက်မထား ကြပြီ။
လူအသက်ကို သတ်သောအပြစ်ရှိကြ၏။ ရုပ်တုတို့နှင့် ပင် မျောက်မထားကြပြီ။ ငါ့အဘို့ ဘွားမြင်သောသား တို့ကိုပင်
ရုပ်တုစားစရာဘို့ မီးဖြင့်ပူဇော်ကြပြီ။ [38] ထိုမှတပါး၊ ငါ၌ပြုသော အမှုဟူမူကား၊ ထိုနေ့ ခြင်းတွင်ငါ၏ သန့်ရှင်းရာဌာနကို
အတောင်နှစ်ဆယ်ရှိသော အတွင်းတန်တိုင်းရှေ့၊ ပြင်တန်တိုင်း ကျောက်ခင်းရှေ့တွင် တဘက်တချက်၌ နံရံ အခန်းသုံးဆင့်ရှိ၏။ 4
ထိုအခန်းများရှေ့မှာ တတောင်ကျယ်သော လမ်းနှင့်တကွ အတွင်းဘက်သို့ဝင်၍၊ အနံဆယ်တောင် ရှိသောစင်္ကြံရှိ၏။
အခန်းတံခါးတို့သည် မြောက်ဘက်သို့ မျက်နှာပြုကြ၏။ 5 အထက်ခန်းတို့သည် ကျဉ်းကြ၏။ သူတို့၏ ကြမ်းပြင်သည်
အောက်ခန်းကြမ်းပြင်၊ အလယ်ခန်း ကြမ်းပြင်နှင့်မညီ၊ အထဲသို့ဝင်လျက် ရှိကြ၏။ 6 အကြောင်းမူကား၊ အခန်းသုံးဆင့်ရှိသော်လည်း၊
ထိုအခန်းတို့သည် အခြားတန်တိုင်းကဲ့သို့တိုင်မရှိ၊ သို့ဖြစ်၍၊ အောက်ခန်းနှင့် အလယ်ခန်းထက်သာ၍ ကျဉ်းကြ၏။ 7
ထိုအခန်းများတဘက်တချက်၊ ပြင်တန်တိုင်း ဘက်မှာ အခန်းများရှေ့၌ကာသော နံရံသည် အလျား အတောင် ငါးဆယ်ရှိ၏။ 8
ပြင်တန်တိုင်းနှင့် ဆိုင်သောအခန်းတို့သည် အလျားအတောင်ငါးဆယ် ရှိကြ၏။ ဗိမာန်တော်ရှေ့မှာ အလျားသည် အတောင်တရာရှိ၏။
9 ပြင်တန်တိုင်းမှလာ၍၊ ထိုအခန်းများ ခြေရင်း အရှေ့ဘက်၌ ဝင်ရာလမ်းရှိ၏။ 10 အိမ်တော်တောင်ဘက်၊ လွတ်လပ်သော အရပ် ကို
ကာသော တန်တိုင်းနံရံ၌လည်း အခန်းများရှိကြ၏။ 11 ထိုအခန်းစုရှေ့မှာ ရှိသောစင်္ကြံမှစ၍ အခန်း အလျားအနံ၊ ထွက်ရာဝင်ရာ
တံခါးရှိသမျှတို့သည် မြောက်အခန်းစုနှင့် ပုံသဏ္ဌာန်တူကြ၏။ 12 တောင်ခန်းတံခါးတို့သည်လည်း မြောက်ခန်း တံခါးတို့နှင့် တူသည်
ဖြစ်၍၊ တန်တိုင်းတဘက်တချက်၊ အရှေ့သို့မျက်နှာပြုသော စင်္ကြံဦး၌ ဝင်ရာတတံခါးဝရှိ၏။ 13 တိုင်းသောသူကလည်း၊
လွတ်လပ်သော အရပ် ရှေ့မှာ မြောက်ခန်းနှင့် တောင်ခန်းတို့သည် သန့်ရှင်း သောအခန်း၊ ထာဝရဘုရားထံတော်သို့ ချဉ်းကပ်သော
ယဇ်ပုရောဟိတ်တို့သည် အလွန်သန့်ရှင်းသောအရာများ ကို စားရသောအခန်းဖြစ်ကြ၏။ ထိုအရပ်သည် သန့်ရှင်း သောကြောင့်အလွန်
သန့်ရှင်းသောအရာ၊ ဘောဇဉ်ပူဇော် သက္ကာ၊ အပြစ်ဖြေရာယဇ်၊ ဒုစရိုက်ဖြေရာယဇ်တို့ကို ထားရာအရပ်ဖြစ်၏။ 14
ယဇ်ပုရောဟိတ်တို့သည် ဝင်သောအခါ အမှု တော်ဆောင် အဝတ်ကိုဝတ်လျက်၊ သန့်ရှင်းသောအရပ်မှ ပြင်တန်တိုင်သို့မထွက်ရ။
ထိုအဝတ်သန့်ရှင်းသောကြောင့် ချွတ်ထား၍အခြားသော အဝတ်ကို ဝတ်ပြီးမှ၊ လူများရှိရာ သို့ ထွက်သွားရကြမည်ဟု
ငါ့အားပြောဆို၏။ 15 အတွင်းဗိမာန်တော်ကို တိုင်းပြီးသည်နောက်၊ အရှေ့တံခါးပြင်သို့ ခေါ်သွား၍၊ 16
တိုင်းစရာကျူလုံးနှင့်အရှေ့မျက်နှာကို တိုင်းလျှင် ကျူလုံးအပြန် ငါးရာရှိ၏။ 17 မြောက်မျက်နှာကိုတိုင်းလျှင်လည်း ကျူလုံး
အပြန်ငါးရာရှိ၏။ 18 တောင်မျက်နှာကိုတိုင်းလျှင်လည်း ကျူလုံး အပြန်ငါးရာရှိ၏။ 19 အနောက်မျက်နှာကိုတိုင်းလျှင်လည်း ကျူလုံး
အပြန်ငါးရာရှိ၏။ 20 လေးမျက်နှာကိုတိုင်း၍ ပတ်လည်း၌ရှိသော တန်တိုင်သည် သန့်ရှင်းသောအရပ်၊ မသန့်ရှင်းသော အရပ်တို့ကို
ပိုင်းခြင်းလျက်၊ အလျားအပြန်ငါးရာ၊ အနံ လည်း အပြန်ငါးရာရှိ၏။

---

 generated on Tue Jul 2 12:50:28 2024

## Chapter 43

1 ထိုနောက်မှ အရှေ့ဘက်သို့ မျက်နှာပြုသော တံခါးဝသို့ တဖန်ခေါ်သွား၏။ 2 ဣသရေလအမျိုး၏ ဘုရားသခင်ဘုန်းတော် သည်
အရှေ့မျက်နှာမှလာ၍၊ အသံသည် သမုဒ္ဒရာ သကဲ့သို့ဖြစ်၏။ ရောင်ခြည်တော်အားဖြင့် မြေတပြင်လုံး လင်း၏။ 3 ငါမြင်သော
ရူပါရုံသည် မြို့တော်ကိုဖျက်ဆီးခြင်း ငှါ လာသောအခါ၊ ငါမြင်သော ရူပါရုံနှင့်တူ၏။ ထင်ရှား သောအရာတို့သည် ခေဗာမြစ်နားမှာ
ငါမြင်ဘူးသော အရာများကဲ့သို့ဖြစ်၍၊ ငါသည် ပြပ်ဝပ်လျက်နေ၏။ 4 ထာဝရဘုရား၏ ဘုန်းတော်သည် အရှေ့ဘက် သို့
မျက်နှာပြုသော တံခါးလမ်းဖြင့် အိမ်တော်ထဲသို့ ဝင်တော်မူ၏။ 5 ထိုအခါ ဝိညာဉ်တော်သည် ငါ့ကိုချီလျက် အတွင်း တန်တိုင်းထဲသို့
ဆောင်သွား၍၊ ထာဝရဘုရား၏ ဘုန်းတော်သည် တအိမ်လုံးကို ဖြည့်တော်မူ၏။ 6 အရင်လူသည် ငါ့အနားမှာရပ်နေလျက်၊
အိမ်တော်ထဲက ငါ့အား မိန့်တော်မူသောအသံကို ငါကြား သည်ကား၊ 7 အချင်းလူသား၊ ဤအရပ်သည် ငါ့ပလ္လင်တည်ရာ အရပ်၊
ငါ့ခြေဘဝါးနင်းမြဲအရပ်၊ ဣသရေလအမျိုးသား တို့တွင် အစဉ်အမြဲငါ့နေရာအရပ် ဖြစ်၏။ ဣသရေလ ရှင်ဘုရင်များနှင့်
အမျိုးသားတို့သည် မှားယွင်းခြင်းအား ဖြင့်၎င်း၊ ရှင်ဘုရင်၏အသေကောင်အားဖြင့်၎င်း၊ မြင့်ရာ အရပ်တို့၌ငါ၏နာမတော်မြတ်ကို
နောက်တဖန် မရှုတ်ချရကြ။ 8 သူတို့တံခါးခုံကိုလည်း ငါ့တံခါးခုံအနားမှာ၎င်း၊ သူတို့တိုင်ကို လည်း ငါ့တိုင်အနားမှာ၎င်း
တည်စိုက်လျက်၊ ငါနှင့်သူတို့စပ်ကြားမှာ နံရံတခုတည်းသာရှိလျက်၊ သူတို့ ပြုမိသော စက်ဆုပ်ရွံရှာဘွယ်အမှုတို့ဖြင့်၊ ငါ၏နာမတော်
မြတ်ကို ရှုတ်ချသောကြောင့်၊ ငါသည်အမျက်ထွက်၍ သူတို့ကို ဖျက်ဆီးပြီ။ 9 ယခုမူကား၊ သူတို့မှားယွင်းခြင်းအမှုများနှင့်
ရှင်ဘုရင်၏အသေကောင်များကို ငါမှဝေးစွာ ပယ်ရှား ကြစေ။ ငါသည်လည်း သူတို့တွင် အစဉ်အမြဲနေမည်။ 10 အချင်းလူသား၊
ဣသရေလအမျိုးသားတို့သည် ကိုယ်ဒုစရိုက်အပြစ်ကြောင့် ရှက်ကြောက်စေခြင်းငှါ အိမ်တော်ကိုပြလော့။ အိမ်တော်ပုံကို သူတို့
တိုင်းကြ စေလော့။ 11 သူတို့သည် ကိုယ်ပြုမိသောအမှုများကြောင့် အမှန်ရှက်ကြောက်လျှင်၊ အိမ်ပုံသဏ္ဌာန်နှင့် ထွက်ရာ
ဝင်ရာတံခါးဝများ၊ ကျင့်ရသမျှသော ထုံးစံများ၊ စီရင် ထုံးဖွဲ့ချက်တရား အလုံးစုံတို့ကိုပြလော့။ သူတို့သည် ထုံးစံ များနှင့်
စီရင်ထုံးဖွဲ့ချက်အလုံးစုံတို့ကို ကျင့်စောင့်စေခြင်း ငှါ သူတို့ရှေ့မှာ ရေးထားလော့။ 12 တောင်ထိပ်ပေါ်မှာတည်သော အိမ်တော်၏
ကရားဟူမူကား၊ အိမ်တော်နယ်နိမိတ်ရှိသမျှတို့သည် အလွန်သန့်ရှင်းရကြမည်။ ဤရွေ့ကား၊ အိမ်တော်၏ တရားပေတည်း။ 13
ယဇ်ပလ္လင်အတိုင်းအရှည်ကား၊ သံတောင်ဖြင့် တိုင်းလျှင်၊ ဘိနပ်အမြင့်တတောင်၊ အကျယ်တတောင်၊ ပတ်လည်အနားပတ်
အကျယ်တထွာရှိ၍၊ ယဇ်ပလ္လင် ပြင်ဘက်၌ တည်ရ၏။ 14 အောက်အထစ်သည် မြေနှင့်နှစ်တောင်ကွာ၍ အကျယ်တတောင်ရှိရမည်။
ငယ်သောအထစ်နှင့် ကြီး သောအထစ်သည် လေးတောင်ကွာ၍ အကျယ်တတောင် ရှိရမည်။ 15 ယဇ်ပလ္လင်အမြင့်သည်လည်း
လေးတောင်ရှိရ မည်။ ဦးချိုလေးချောင်းလည်း တက်ရမည်။ 16 ယဇ်ပလ္လင်သည် စတုရန်းဖြစ်၍၊ အလျား တဆယ်နှစ်တောင်၊
အနံလည်း တဆယ်နှစ်တောင် ရှိရမည်။ 17 အောက်အထစ်သည်လည်း စတုရန်းဖြစ်၍ အလျား တဆယ်လေးတောင်၊
အနံလည်းတဆယ် လေးတောင်ရှိရမည်။ အနားပတ်သည်လည်း အကျယ် တထွာရှိရမည်။ ဘိနပ်သည်ယဇ်ပလ္လင်ပတ်လည်၌
တတောင်ထွက်၍၊ တက်ရာလမ်းသည် အရှေ့သို့ မျက်နှာ ပြုရမည်။ 18 တဖန်အချင်းလူသား၊ အရှင်ထာဝရဘုရား မိန့်တော်မူ
သည်အတိုင်း၊ မီးရှို့ရာယဇ်ကိုပူဇော်၍ အသွေးကိုဖျန် ဘို့ရာ၊ ယဇ်ပလ္လင်ကိုတည်သောနေ့၌ ကျင့်ရသောတရား ဟူမူကား၊ 19
အမှုတော်ကိုဆောင်၍ ငါ့ထံသို့ ချဉ်းကပ်သော လေဝိအမျိုး၊ ဇာဒုတ်သားယဇ်ပုရောဟိတ်တို့အား အပြစ် ဖြေရာယဇ်ဘို့၊
ပျိုသောနွားထီးတကောင်ကို အပ်ရမည်။ 20 နွားအသွေးအချို့ကိုယူ၍ ယဇ်ပလ္လင်ဦးချို လေးချောင်း၊ အထစ်လေးထောင့်၊
အနားပတ်ကိုလူးသော အားဖြင့် သန့်ရှင်းစင်ကြယ်စေရမည်။ 21 အပြစ်ဖြေရာ ယဇ်ဘို့နွားကောင်ကို ယူ၍ သန့်ရှင်းရာဌာနပြင်၊
ဗိမာန်တော်အတွင်းတွင် ခန့်ထားသော အရပ်၌မီးရှို့ရမည်။ 22 ဒုတိယနေ့၌လည်း အပြစ်မရှိသော ဆိတ်သငယ် ကို ယူ၍၊ အပြစ်ဖြေရာ
ယဇ်ဘို့ပူဇော်ရမည်။ ယဇ်ပလ္လင် ကို နွားအသွေးနှင့်သန့်ရှင်းစေသကဲ့သို့ ဆိတ်အသွေး နှင့် သန့်ရှင်းစေရမည်။ 23 ထိုသို့ယဇ်ပလ္လင်ကို
သန့်ရှင်းစေပြီးသည်နောက်၊ အပြစ်မရှိ၊ ပျိုသောနွားထီးနှင့် အပြစ်မရှိသော ဆိတ်ထီးကိုထာဝရဘုရား ရှေ့တော်၌ပူဇော်ရမည်။ 24
ယဇ်ပုရောဟိတ်တို့သည် ဆားကိုတင်လျက်၊ ထိုယဇ်ကောင်တို့ကို ထာဝရဘုရားအဘို့ မီးရှို့၍ ပူဇော် ရမည်။ 25 ခုနစ်ရက်ပတ်လုံး
တနေ့တနေ့လျှင်၊ ဆိတ်တ ကောင်ကို အပြစ်ဖြေရာယဇ်ပြု၍ ပူဇော်ရမည်။ အပြစ် မရှိ၊ ပျိုသောနွားထီးတကောင်နှင့်
သိုးထီးတကောင်ကို လည်း ပူဇော်ရမည်။ 26 ခုနစ်ရက်ပတ်လုံး ယဇ်ပလ္လင်ကို သန့်ရှင်း စင်ကြယ်စေ၍၊ ကိုယ်ကိုလည်း
ယဇ်ပုရာဟိတ်အရာ၌ ခန့်ထားရကြမည်။ 27 ခုနစ်ရက်စေ့သောနောက် အဋ္ဌမနေ့၌၎င်း၊ ထိုနေ့မှစ၍၎င်း၊ ယဇ်ပုရောဟိတ်တို့သည်
ယဇ်ပလ္လင် ပေါ်မှာ သင်တို့မီးရှို့ရာယဇ်များနှင့် မိဿဟာယယဇ်များ ကို ပူဇော်ရကြမည်။ ငါသည်လည်း၊ သင်တို့လက်ခံ မည်ဟု
အရှင်ထာဝရဘုရား မိန့်တော်မူ၏။



generated on Tue Jul 2 12:50:28 2024

# Chapter 44

1 ထိုနောက်၊ သန့်ရှင်းရာအရပ်အရှေ့သို့ မျက်နှာ ပြုသော ပြင်တံခါးသို့ ဆောင်သွား၍၊ ထိုတံခါးသည် ပိတ်လျက်ရှိ၏။ 2
ထာဝရဘုရားကလည်း၊ ဤတံခါးကိုမဖွင့်ဘဲ ပိတ်ထားလျက်ရှိရမည်။ လူများမဝင်ရကြ။ အကြောင်းမူ ကား၊ ဣသရေလအမျိုး၏
ဘုရားသခင် ထာဝရဘုရား ဝင်တော်မူသောကြောင့် ပိတ်ထားလျက်ရှိရမည်။ 3 မင်းသားအဘို့ဖြစ်၏။ မင်းသားသည် ထာဝရ
ဘုရားရှေ့တော်၌ စားသောက်၍ထိုတံခါးဝမှာ ထိုင်ရ လိမ့်မည် မင်းသားသည် ထိုတံခါးမုတ်ဖြင့် ထွက်ဝင် ရလိမ့်မည်ဟု မိန့်တော်မူ၏။
4 ထိုအခါ အိမ်တော်ရှေ့၊ မြောက်တံခါးလမ်းဖြင့် ငါ့ကိုဆောင်သွား၍။ ထာဝရဘုရား၏ဘုန်းတော်သည် ထာဝရဘုရား၏အိမ်တော်ကို
ဖြည့်တော်မူသဖြင့်၊ ငါသည် ပြပ်ဝပ်လျက်နေ၏။ 5 ထာဝရဘုရားကလည်း၊ အချင်းလူသား၊ စေ့စေ့ ကြည့်ရှု၍ မှတ်လော့။
ထာဝရဘုရား၏ အိမ်တော်အဘို့ ငါစီရင်ထုံးဖွဲ့ချက် ပညတ်တရားရှိသမျှတို့ကို နားထောင် လော့။ အိမ်တော်ဝင်ရာတံခါးဝနှင့်
သန့်ရှင်းရာဌာနမှ ထွက်ရာတံခါးဝရှိသမျှတို့ကို စေ့စေ့မှတ်လော့။ 6 ပုန်ကန်တတ်သောသူ ဣသရေလအမျိုးသားတို့ အား
အရှင်ထာဝရဘုရား၏ အမိန့်တော်ကို ဆင့်ဆိုရမည် မှာ၊ အိုဣသရေလအမျိုးသားတို့၊ 7 သင်တို့သည် ငါ့ဘောဇဉ်တည်းဟူသော
ဆီဥနှင့် အသွေးကို ပူဇော်သောအခါ၊ ငါ့ဗိမာန်ကိုညစ်ညူးစေခြင်း ငှါ၊ အရေဖျားလှီးခြင်းကို မခံသောစိတ်နှင့် အရေဖျားလှီးခြင်းကို မခံ
သောကိုယ်ရှိသော တပါးအမျိုးသားတို့ကို ငါ၏သန့်ရှင်း ရာဌာနထဲသို့ သွင်း၍နေရာချသဖြင့်၊ စက်ဆုပ်ရွံရှာ ဘွယ်သော အမှုများကို
ပြုမိသည်ဖြစ်၍၊ ရောင့်ရဲသော စိတ်ရှိကြလော့။ စက်ဆုပ်ရွံရှာဘွယ်သောအမှုများ အားဖြင့် ငါ့ပဋိညာဉ်ကို ဖျက်ကြပြီ။ 8
ငါ၏သန့်ရှင်းရာဌာနကို မစောင့်။ ထိုဌာန၌ စောင့်သောသူတို့ကို ကိုယ်အလိုအလျောက်ခန့်ထားကြပြီ။ 9 အရှင်ထာဝရဘုရား
မိန့်တော်မူသည်ကား၊ ဣသရေလအမျိုးသားတို့တွင်နေ၍၊ အရေဖျားလှီးခြင်းကို မခံသောစိတ်နှင့် အရေဖျားလှီးခြင်းကိုမခံသော
ကိုယ်ရှိ သောတပါးအမျိုးသားသည် ငါ၏သန့်ရှင်းရာဌာနထဲသို့ မဝင်ရ။ 10 ဣသရေလအမျိုးသားတို့သည် ငါ့ထံမှထွက်၍
လမ်းလွှဲပြီးလျှင်၊ မိမိတို့ရုပ်တုများနောက်သို့ လိုက်သွား သောအခါ၊ ငါ့ထံမှထွက်၍လမ်းလွှဲသော လေဝိသားတို့ သည်လည်း
ကိုယ်အပြစ်ကို ခံရကြမည်။ 11 သို့ရာတွင်၊ ငါ၏သန့်ရှင်းရာဌာနနှင့်ဆိုင်သော အမှုစောင့်ဖြစ်၍၊ ဗိမာန်တော်၌တံခါးတို့ကို စောင့်လျက်၊
အမှုတော်ကို ဆောင်ရွက်လျက်နေရကြမည်။ မီးရှို့ရာယဇ် နှင့် လူများပူဇော်သော ယဇ်ကောင်တို့ကို သတ်၍၊ လူများ ကိုယ်စား
အမှုတော်ကို ဆောင်ရွက်ရကြမည်။ 12 သူတို့သည် ရုပ်တုတို့ရှေ့မှာ လူများအမှုကို ဆောင်ရွက်သဖြင့်၊ ဣသရေလအမျိုးထိမိ၍ ဒုစရိုက်
အပြစ်ထဲသို့ လဲစရာအကြောင်းဖြစ်ဘူးသောကြောင့်၊ သူတို့ တဘက်၌ငါကျိန်ဆို၍၊ သူတို့သည် ကိုယ်အပြစ်ကို ခံရ ကြမည်။ 13
ယဇ်ပုရောဟိတ်လုပ်၍ ငါ့ထံသို့မချဉ်းကပ်ရကြ။ အလွန်သန့်ရှင်းသော ငါ့ဌာန၌ သန့်ရှင်းသောအရာတို့ကို မချဉ်းကပ်ရကြ။
ကိုယ်အရှက်ကွဲခြင်း၊ ကိုယ်ပြုမိသော စက်ဆုပ်ရွံရှာဘွယ်အမှုတို့ကို ခံရကြမည်။ 14 အိမ်တော်ကိုစောင့်၍၊ အိမ်တော်၌ ခပ်သိမ်း
သောအမှုတို့ကို ဆောင်ရွက်စေခြင်းငှါ ငါခန့်ထားမည်။ 15 ဣသရေလ အမျိုးသားတို့သည် ငါ့ထံမှထွက်၍ လမ်းလွဲသောအခါ၊
ငါ၏သန့်ရှင်းရာဌာနကို စောင့်နေ သော လေဝိအမျိုးဖြစ်သော ဇာဒုတ်သား၊ ယဇ်ပုရော ဟိတ်တို့သည် ငါ့အမှုကိုဆောင်ခြင်းငှါ ငါ့ထံသို့
ချဉ်းကပ် ကြ၏။ ငါ့အားဆီဥနှင့်အသွေးကို ပူဇော်ခြင်းငှါ အရှေ့မှာ ရပ်ရကြမည်ဟု အရှင်ထာဝရဘုရား မိန့်တော်မူ၏။ 16
ထိုသူတို့သည် ငါ၏သန့်ရှင်းရာဌာနထဲသို့ဝင်၍ ငါ့အမှုကိုဆောင်ခြင်းငှါ၊ ငါ့စားပွဲအနားသို့ ချဉ်းကပ်၍ ငါ့အမှုစောင့်ဖြစ်ရကြမည်။ 17
သူတို့သည် အတွင်းတန်တိုင်းတံခါး အတွင်းသို့ ဝင်သောအခါ၊ ပိတ်အဝတ်ကိုသာ ဝတ်ရကြမည်။ အတွင်း တန်တိုင်းတံခါးအတွင်း၌
အမှုတော်ကိုဆောင်ရွက်စဉ်၊ သိုးမွေးအဝတ်ကို မဝတ်ရကြ။ 18 ခေါင်းပေါ်မှာ ပိတ်ဦးထုပ်ကို ဆောင်း၍၊ ခါး၌
ပိတ်ပေါင်းဘီကိုဝတ်ရကြမည်။ ချွေးထွက်စေသော အဝတ်ကို မဝတ်ရကြ။ 19 လူများရှိရာ ပြင်တန်တိုင်းသို့ ထွက်သွားသော အခါ၊
အမှုတော်ကို ဆောင်စဉ်တွင် ဝတ်သောအဝတ်ကို ချွတ်၍၊ သန့်ရှင်းသောအခန်းတို့၌ ထားပြီးလျှင်၊ အခြား
သောအဝတ်ကိုဝတ်ရကြမည်။ အရင်အဝတ်ကိုဝတ်လျက် လူများတို့ကို မသန့်ရှင်းစေရကြ။ 20 မိမိတို့ဆံပင်ကိုလည်း မရိတ်ရ၊
မရှည်စေခြင်းငှါ ဖြတ်ရမည်။ 21 ယဇ်ပုရောဟိတ်သည် အတွင်းတန်တိုင်းထဲသို့ ဝင်သောအခါ စပျစ်ရည်ကိုမသောက်ရ။ 22
မုတ်ဆိုးမနှင့် မစုံဘက်ရ။ လင်ကွာသောမိန်းမ နှင့် မစုံဘက်ရ။ ဣသရေလအမျိုး အပျိုကညာနှင့် သော်၎င်း၊
ယဇ်ပုရောဟိတ်၏မယားဖြစ်ဘူးသော မုတ်ဆိုးမ နှင့်သော်၎င်း စုံဘက်ရမည်။ 23 ငါ၏လူတို့သည် သန့်ရှင်းသောအရာ၊ မသန့်ရှင်း
သောအရာတို့ကို၎င်း၊ စင်ကြယ်သောအရာ၊ မစင်ကြယ် သောအရာတို့ကို၎င်း ပိုင်းခြား၍သိစေခြင်းငှါ သွန်သင် ရကြမည်။ 24
တရားတွေ့မှုကိုစီရင်လျှင်၊ ငါ၏ဓမ္မသတ် အတိုင်း စီရင်ရကြမည်။ ငါ၏ဓမ္မပွဲတို့ကို ဆောင်ရွက်လျှင်၊ ငါစီရင်ထုံးဖွဲ့ချက်တို့ကို၎င်း၊
ငါ၏ဥပုသ်နေ့တို့ကို၎င်း စောင့်ရှောက်ရကြမည်။ 25 အသေကောင်ကိုချဉ်း၍ ကိုယ်ကို မညစ်ညူး စေရ။ သို့ရာတွင်၊ ကိုယ်မိဘ၊
သားသမီး၊ ညီအစ်ကို၊ လင်မနေသောနှမအတွက် ကိုယ်ကို ညစ်ညူးစေရသော အခွင့်ရှိ၏။ 26 သန့်ရှင်းခြင်းကိုပြုပြီးမှ
ခုနစ်ရက်နေရမည်။ 27 သန့်ရှင်းရာဌာန၌ အမှုတော်ကိုဆောင်ခြင်းငှါ အတွင်းတန်တိုင်း သန့်ရှင်းရာဌာနထဲသို့ ဝင်သောနေ့တွင်၊
အပြစ်ဖြေရာယဇ်ကို ပူဇော်ရမည်ဟု အရှင်ထာဝရဘုရား မိန့်တော်မူ၏။ 28 ထိုအရာသည် ယဇ်ပုရောဟိတ်တို့၏ အမွေဥစ္စာ ဖြစ်ရမည်။
ငါသည်သူတို့အမွေဥစ္စာဖြစ်၏။ ဣသရေလ ပြည်၌ သူတို့အားအမွေမြေကို မပေးရ။ ငါသည်သူတို့၏ အမွေမြေဖြစ်၏။ 29
ပူဇော်သောမုန့်ညက်နှင့်အပြစ်ဖြေရာယဇ်၊ ဒုစရိုက်ဖြေရာယဇ်ကို စားရကြမည်။ ဣသရေလအမျိုး သား ကျိန်ဆို၍
ပူဇော်သမျှတို့ကိုလည်း သိမ်းယူရကြမည်။ 30 အဦးသီးသောအသီးအမျိုးမျိုးနှင့်၊ ချီးမြှောက်ရာ ပူဇော်သက္ကာအလုံးစုံတို့ကို

ယဇ်ပုရောဟိတ်သည် သိမ်းယူ ရမည်။ သူသည်သင့်အိမ်၌ ကောင်းကြီးမင်္ဂလာကို သက် ရောက်စေခြင်းငှါ၊ အဦးနယ်သော မုန့်စိမ်းကို သူ၌ လှူရမည်။ 31 ငှက်ဖြစ်စေ၊ သားဖြစ်စေ၊ အလိုလိုသေသော အကောင်၊ သားရဲကိုက်၍ သေသောအကောင်ကို ယဇ်ပုရောဟိတ်မစားရ။

## Chapter 45

1 သင်တို့သည် မြေကို အမွေခံခြင်းငှါ စာရေးတံ ချ၍ ပိုင်းခြားသောအခါ၊ သန့်ရှင်းသောမြေတကွက်ကို ထာဝရဘုရားအား
ပူဇော်ရကြမည်။ ထိုအကွက်သည် အလျားကျူလုံးအပြန်နှစ်သောင်းငါးထောင်၊ အနံ တသောင်းရှိရမည်။ နယ်နိမိတ်ရှိသမျှသည်လည်း
သန့်ရှင်းရမည်။ 2 ထိုမြေကွက်အလယ်၌ အလျားအတောင်ငါးရာ၊ အနံလည်း အတောင်ငါးရာရှိသော စတုရန်းအကွက် သည်
သန့်ရှင်းရာဌာနဘို့ ဖြစ်ရမည်။ ထိုအကွက် ပတ်လည်၌ သန့်ရှင်းသော နယ်လည်းအတောင် ငါးဆယ် ရှိရမည်။ 3
ထိုသို့အလျားနှစ်သောင်းငါးထောင်၊ အနံ တသောင်းကိုတိုင်းပြီးမှ အလွန်သန့်ရှင်းသောအရပ်နှင့် သန့်ရှင်းသောဌာနတည်ရာ ဖြစ်ရမည်။
4 ထိုသန့်ရှင်းသောမြေသည် ထာဝရဘုရား၏ အမှုတော်ကို ဆောင်ခြင်းငှါ အထံတော်သို့ချဉ်းကပ်၍၊ သန့်ရှင်းရာဌာန၏ အမှုစောင့်၊
ယဇ်ပုရောဟိတ်တို့အဘို့ ဖြစ်ရမည်။ သူတို့ အိမ်ဆောက်စရာနှင့် သန့်ရှင်း ရာဌာန်တည်စရာတို့ သန့်ရှင်းသော မြေဖြစ်ရမည်။ 5
အလျားနှစ်သောင်းငါးထောင်၊ အနံတသောင်း ရှိသော အကွက်သည် အိမ်တော်အမှုစောင့်လေဝိလူတို့ နေရာအခန်းနှစ်ဆယ်
တည်ဆောက်စရာတို့ ဖြစ်ရမည်။ 6 မြို့တော်နှင့်ဆိုင်သောမြေသည် သန့်ရှင်းသော အရပ်တဘက်တချက်၌
အလျားတသောင်းငါးထောင်၊ အနံငါးထောင်ရှိ၍၊ ဣသရေလအမျိုးသားအပေါင်းတို့ အဘို့ ဖြစ်ရမည်။ 7
သန့်ရှင်းသောမြေကွက်နှင့်မြို့တော် နယ်နိမိတ် အနောက်ဘက်တရှောက်လုံးတပိုင်း၊ အရှေ့ဘက် တရှောက်လုံးတပိုင်းသည်
မင်းသားအဘို့ ဖြစ်ရမည်။ 8 ငါ၏မင်းသားတို့သည် နောက်တဖန် ငါ၏လူတို့ ကို မညှဉ်းဆဲမည်အကြောင်း၊ ထိုမြေသည် ဣသရေလ
ပြည်၌ မင်းသားပိုင်သော မြေဖြစ်ရမည်။ ကြွင်းသော မြေကို ဣသရေလအမျိုးအနွယ် အသီးအသီးတို့အား ပေးဝေရမည်။ 9
အရှင်ထာဝရဘုရားမိန့်တော်မူသည်ကား၊ အိုဣသရေလမင်းသားတို့၊ ရောင့်ရဲသော စိတ်ရှိကြလော့။ အနိုင်အထက်ပြုခြင်း၊
လုယူခြင်းအမှုတို့ကို ပယ်ရှား၍၊ တရားသောအမှု ဟုတ်မှန်သော အမှုတို့ကို ပြုကြလော့။ နောက်တဖန်ငါ၏ လူတို့ကို
မညှဉ်းဆဲမနှိပ်စက်ကြနှင့်ဟု အရှင်ထာဝရဘုရားမိန့်တော်မူ၏။ 10 မှန်သောချိန်ခွင်၊ မှန်သောဧဖါ၊ မှန်သော ဗတ်တို့ကို သုံးရကြမည်။ 11
ဧဖါနှင့်ဗတ်သည် အညီအမျှရှိရမည်။ နှစ်ပါး သည် ဟောမဲကို အမှီပြု၍၊ ဧဖါသည် တဟောမဲတွင် ဆယ်စုတစု၊ ဗတ်သည်လည်း
တဟောမဲတွင် ဆယ်စုတစု ရှိရမည်။ 12 ဂေရာနှင့်ဆယ်ကိုတကျပ်၊ အကျပ်ခြောက်ဆယ် ကို တမာနေရှိရမည်။ 13 ချီးမြှောက်ရာ
ပူဇော်သက္ကာပြုသောအခါ၊ ဂျုံဆန်ဖြစ်စေ၊ မုယောဆန်ဖြစ်စေ၊ တဟောမဲတွင်တသြမဲ ကို ပူဇော်ရမည်။ 14 ဆီနှင့်ဆိုင်သော
ပညတ်ဟူမူကား၊ တကောရ တွင် ဗတ်ဆယ်စုတစုကို ပူဇော်ရမည်။ တဟောမဲသည် ဆယ်ဗတ်ဖြစ်သောကြောင့်
တကောရသည်ဆယ်ဗတ် ဖြစ်သတည်း။ 15 သူတို့အပြစ်ကို ဖြေခြင်းငှါ ဣသရေလကျက်စား ရာ၊ ရေများသော အရပ်၌ရှိသော
သိုးနှစ်ရာတွင် သိုးသငယ်တကောင်ကို ဘော်ဇဉ်ပူဇော်သက္ကာနှင့်တကွ မီးရှို့ရာယဇ်၊ မိဿဟာယယဇ်တို့ကိုပူဇော်ရကြမည်ဟု
အရှင်ထာဝရဘုရား မိန့်တော်မူ၏။ 16 ထိုချီးမြှောက်ရာပူဇော်သက္ကာကို ပြည်သူ ပြည်သားအပေါင်းတို့သည် ဣသရေလမင်းသားအား
ဆက်ရကြမည်။ 17 မင်းသားသည်လည်းပွဲသဘင်နေ့၊ လဆန်းနေ့၊ ဥပုသ်နေ့ ဣသရေလအမျိုး ပရိသတ်စည်းဝေးသော နေ့ရက်
အစဉ်အတိုင်း မီးရှို့ရာယဇ်၊ ဘောဇဉ်ပူဇော် သက္ကာ၊ သွန်းလောင်းရာ ပူဇော်သက္ကာတို့ကို ပူဇော်ရမည်။ ဣသရေလအမျိုး၏အပြစ်ကို
ဖြေခြင်းငှါ အပြစ်ဖြေရာ ယဇ်၊ ဘောဇဉ်ပူဇော်သက္ကာ၊ မီးရှို့ရာယဇ်၊ မိဿဟာယ ယဇ်ကိုလည်း ပူဇော်ရမည်။ 18 အရှင်ထာဝရဘုရား
မိန့်တော်မူသည်ကား၊ ပဌမလတရက်နေ့တွင်၊အပြစ်မပါ၊ အသက်ပျိုသော နွားထီးတကောင်ကိုယူ၍ သန့်ရှင်းရာဌာနကို စင်ကြယ်
စေရမည်။ 19 ယဇ်ပုရောဟိတ်သည် အပြစ်ဖြေရာ ယဇ်ကောင် အသွေးအချို့ကို ယူ၍ အိမ်တော်တိုင်၌၎င်း၊ ယဇ်ပလ္လင်
အောက်ထစ်လေးထောင့်၌၎င်း၊ အတွင်းတန်တိုင်း တံခါး တိုင်၌၎င်း ထည့်ရမည်။ 20 ထိုမှတပါး၊ မှားယွင်းသောသူနှင့် မိုက်သောသူ
အတွက် ခုနစ်ရက်နေ့တွင်၊ ထိုနည်းတူ ပူဇော်၍၊ အိမ်တော်အတွက် အပြစ်ဖြေရာမင်္ဂလာကို ပြုရမည်။ 21
ပဌမလတဆယ်လေးရက်နေ့တွင်၊ ပသခါပွဲကို ခံရမည်။ ခုနစ်ရက်ပတ်လုံးပွဲခံစဉ်တွင် တဆေးမဲ့မုန့်ကို သာ စားရမည်။ 22 ထိုနေ့၌
မင်းသားသည် ကိုယ်ဘို့၎င်း၊ ပြည်သူ ပြည်သားအပေါင်းတို့ကို၎င်း၊ နွားထီးတကောင်ကို အပြစ် ဖြေရာ ယဇ်ပူဇော်ရမည်။ 23
ပွဲနေ့ခုနစ်ရက်ပတ်လုံး ထာဝရဘုရားအား မီးရှို့ ရယဇ်ကို နွားထီးခုနစ်ကောင်၊ အပြစ်မပါသော သိုးထီး ခုနစ်ကောင်ကို၎င်း၊
အပြစ်ဖြေရာ ယဇ်တို့ဆိတ်သငယ် တကောင်ကို၎င်း နေ့တိုင်းပူဇော်ရမည်။ 24 နွားဖြစ်စေ၊ သိုးဖြစ်စေ၊ တကောင်တကောင်နှင့် ပါရသော
ဘောဇဉ်ပူဇော်သက္ကာဘို့ မုန့်ညက်တဧဖါ၊ ဆီတဟိန်ကို ပြင်ဆင်ရမည်။ 25 သတ္တမလတဆယ်ငါးရက်နေ့တွင်၊ ပွဲခံ၍ ယခင်
အပြစ်ဖြေရာ ယဇ်၊ မီးရှို့ရာယဇ်၊ ဘောဇဉ်ပူဇော်သက္ကာ ကာ၊ ဆီပူဇော်သက္ကာပြုသည်အတိုင်း ခုနစ်ရက်ပတ်လုံး ပြုရမည်။

# Chapter 46

1 အရှင်ထာဝရဘုရားမိန့်တော် မူသည်ကား၊ အရှေ့သို့ မျက်နှာပြုသော အတွင်းတန်တိုင်း တံခါးကို အလုပ်လုပ်သောနေ့
ခြောက်ရက်ပတ်လုံး ပိတ်ထား ရမည်။ ဥပုသ်နေ့နှင့် လဆန်းနေ့၌ ဖွင့်ထားရမည်။ 2 မင်းသားသည် ထိုတံခါးမုတ်ဖြင့် ဝင်၍ တံခါး
တိုင်အနားမှာ ရပ်နေရမည်။ ယဇ်ပုရောဟိတ်တို့သည် မင်းသားမီးရှို့ရာ ယဇ်၊ မိဿဟာယယဇ်တို့ကို ပူဇော်၍၊ သူသည်တံခါးခုံ၌
ဦးညွတ်ချပြီးမှ ပြင်သို့ထွက်သွား ရမည်။ သို့ရာတွင်၊ ညဦးယံမရောက်မှီ ထိုတံခါးကို မပိတ်ရ။ 3 ထိုနည်းတူ၊ ဥပုသ်နေ့နှင့် လဆန်းနေ့၌
ပြည်သူ ပြည်သားတို့သည် ထိုတံခါးဝနားမှာ ထာဝရဘုရား ရှေ့တော်တွင် ဦးညွတ်ချရကြမည်။ 4 ဥပုသ်နေ့၌ မင်းသားသည်
မီးရှို့ရာယဇ်ဘို့ အပြစ်မပါသော သိုးသငယ် ခြောက်ကောင်၊ အပြစ်မပါသော သိုးထီးတကောင်ကို ထာဝရဘုရား ထံတော်သို့
ဆောင်ခဲ့ရမည်။ 5 ဘောဇဉ်ပူဇော်သက္ကာဘို့ သိုးထီးတကောင်နှင့် မုန့်ညက်တဧဖါ၊ ဆီတဟိန်ကိုငင်း၊ သိုးသငယ်နှင့်
အလိုရှိသမျှကိုငင်း ပူဇော်ရမည်။ 6 လဆန်းနေ့၌ အပြစ်မပါသော နွားထီး တကောင်၊ သိုးသငယ်ခြောက်ကောင်၊ သိုးထီးတကောင်ကို
ပူဇော်ရမည်။ 7 ဘောဇဉ်ပူဇော်သက္ကာဘို့ နွားတကောင်နှင့် မုန့်ညက်တဧဖါ၊ သိုးတကောင်နှင့် တဧဖါ၊ သိုးသငယ်နှင့်
အလိုရှိသမျှကိုငင်း၊ မုန့်ညက်တဧဖါနှင့် ဆီတဟိန်ကို ငင်းပူဇော်ရမည်။ 8 မင်းသားဝင်သောအခါ အရှေ့တံခါးမုတ်ဖြင့် ဝင်ရမည်။
ထိုတံခါးမုတ်ဖြင့်လည်း ထွက်ရမည်။ 9 ပြည်သူပြည်သားတို့သည် ဓမ္မပွဲခံချိန်ကာလ၌၊ ထာဝရဘုရားရှေ့တော်သို့ ဝင်သောအခါ၊
ဦးညွတ်ချခြင်း ငှါ မြောက်တံခါးဖြင့် ဝင်သော သူသည်တောင်တံခါးဖြင့် ထွက်ရမည်။ တောင်တံခါးဖြင့် ဝင်သော သူသည် မြောက်
တံခါးဖြင့် ထွက်ရမည်။ ဝင်သောတံခါးဖြင့် မထွက်ရ။ ဝင်သော တံခါးတဘက်တချက်၌ရှိသော တံခါးဖြင့် ထွက်ရမည်။ 10
ပြည်သားတို့တွင် မင်းသားဖြစ်သောသူသည် သူတို့ ဝင်သောအခါ ဝင်ရမည်။ သူတို့ထွက်သောအခါ ထွက်ရမည်။ 11 ပွဲခံ၍
ပရိသတ်စည်းဝေးရာ ကာလ၌ ဘောဇဉ် ပူဇော်သက္ကာဘို့၊ နွားတကောင်နှင့် မုန့်ညက်တဧဖါ၊ သိုး တကောင်နှင့် တဧဖါ၊ သိုးသငယ် နှင့်
အလိုရှိသမျှကိုငင်း၊ မုန့်ညက် တဧဖါနှင့် ဆီတဟိန်ကိုငင်း ပူဇော်ရမည်။ 12 မင်းသားသည် အလိုလိုပြုသော မီးရှို့ရာယဇ်၊
မိဿဟာယယဇ်ကို မိမိအလိုအလျောက် ထာဝရဘုရား အား ပူဇော်သက္ကာပြုသောအခါ၊ အရှေ့သို့မျက်နှာပြု သော တံခါးကိုဖွင့်ရမည်။
သူသည်ဥပုသ်နေ့၌မီးရှို့ရာ ယဇ်၊ မိဿဟာယယဇ်ကို ပူဇော်သကဲ့သို့ ပူဇော်ရမည်။ ပူဇော်ပြီးမှ ထွက်သွား၍ တံခါးကို ပိတ်ထားရမည်။
13 နေ့တိုင်းအစဉ်၊ ထာဝရဘုရားအား မီးရှို့ရာယဇ် ဘို့ အပြစ်မပါ၊ အခါမလည်သော သိုးသငယ်တကောင် ကို နံနက်အချိန်၌
ပူဇော်ရမည်။ 14 နံနက်တိုင်းအစဉ်၊ ထိုသိုးသငယ်နှင့်အတူ ဘောဇဉ်ပူဇော်သက္ကာဘို့ မုန့်ညက်တဧဖါတွင် ခြောက်စု တစုကိုငင်း၊
မုန့်ညက်နှင့်ရောရသော ဆီလေးလောဃ ကိုငင်း ပူဇော်ရမည်။ ဤရွေ့ကား၊ထာဝရဘုရားအား အစဉ် အမြဲပြုရသော
ဘောဇဉ်ပူဇော်သက္ကာတရားပေ တည်း။ 15 ထိုသို့မီးရှို့ရာယဇ်ကို နံနက်တိုင်း အစဉ်မပြတ် ပူဇော်စရာဘို့ သိုးသငယ်ကိုငင်း၊
ဘောဇဉ်ပူဇော်သက္ကာ နှင့် ဆီကိုငင်း ပြင်ဆင်ရမည်။ 16 အရှင်ထာဝရဘုရားမိန့်တော်မူသည်ကား၊ မင်းသားသည် မိမိသား၌
လက်ဆောင်တစုံတခုကို ပေးလျှင်၊ ထိုလက်ဆောင်သည် အမွေဥစ္စာဖြစ်၍၊ သားတော်သည် အမွေခံလျက် သိမ်းယူရမည်။ 17
မိမိကျွန်၌ အမွေဥစ္စာလက်ဆောင်တစုံတခုကို ပေးလျှင်မူကား၊ လွတ်ရာနှစ်သက္ကရာဇ်တိုင်ရုံမျှသာ ထိုကျွန်သည် ပိုင်ရမည်။ နောက်မှ
မင်းသားလက်သို့ ပြန်ရောက်ရမည်။ သားမူကား၊ အစဉ်အမြဲ အမွေခံရ မည်။ 18 ထိုမှတပါး၊ မင်းသားသည်ပြည်သားအမွေမြေကို
အနိုင်အထက် ယူ၍ မြေရှင်ကိုမနှင်ထုတ်ရ။ မိမိပိုင်သော မြေထဲကမိမိသားတို့အား အမွေပေးရမည်။ ငါ၏လူတို့ သည် မိမိတို့ပိုင်သော
အမွေမြေ၌ မနေရဘဲ အရပ်ရပ်သို့ ကွဲပြားစေခြင်းငှါ မပြုရ။ 19 ထိုနောက်မှ တံခါးအနား၌ရှိသော ဝင်ဝဖြင့် ငါ့ကို ဆောင်သွား၍၊
မြောက်သို့မျက်နှာပြုသော ယဇ် ပုရောဟိတ် သန့်ရှင်းသော အခန်းများ ထဲသို့ သွင်းသဖြင့်၊ အနောက်ဘက်၌ရှိသော အရပ်တခုကို
ငါမြင်၏။ 20 ဤအရပ်ကား၊ ယဇ်ပုရောဟိတ်တို့သည် ဒုစရိုက် ဖြေရာယဇ်၊ အပြစ်ဖြေရာယဇ်ကိုပြုတ်၍၊ ဘော်ဇဉ်ပူဇော် သက္ကာကို
ဖုတ်ရသော အရပ်ဖြစ်၏။ လူများကို သန့်ရှင်း စေခြင်းငှါ၊ ထိုအရာတို့ကို ပြင်တန်တိုင်းထဲသို့ မထုတ် ရကြဟု ငါ့အားပြောဆို၏။ 21
တဖန်ပြင်တန်တိုင်းထဲသို့ ငါ့ကိုခေါ်သွင်း၍ တန်တိုင်းထောင့် လေးထောင့်တို့ကို ရှောက်သွားစေသဖြင့်၊ ထိုလေးထောင့်တို့၌
တန်တိုင်းငယ် တခုစီရှိသည်ကို ငါမြင်၏။ 22 ထိုတန်တိုင်းငယ်တို့သည် အလျားအတောင် လေးဆယ်၊ အနံအတောင်သုံးဆယ်ရှိ၍၊
အတိုင်းအရှည် တညီတညွတ်တည်း ဖြစ်ကြ၏။ 23 ထိုလေးထောင့်တို့အတွင်း ပတ်လည်၌ ချက် ပြုတ်စရာဘို့ အစဉ်အတိုင်း
ခုံလောက်တန်းများ ရှိကြ၏။ 24 ဤအရပ်တို့ကား အိမ်တော်အမှုစောင့်တို့သည် လူများပူဇော်သော ယဇ်ကောင်တို့ကို ပြုတ်ရသော
အရပ် ဖြစ်ကြသည်ဟု ငါ့အား ပြောဆို၏။


generated on Tue Jul 2 12:50:28 2024

## Chapter 47

[1] ထိုနောက်မှ အိမ်တော်တံခါးသို့ တဖန်ငါ့ကို ဆောင်ခဲ့၍၊ တံခါးခုံအောက်မှာ အရှေ့ဘက်သို့ထွက်သော ရေကိုငါမြင်၏။
အိမ်တော်ဦးသည် အရှေ့သို့မျက်နှာပြု၍၊ ရေသည်အိမ်တော်တံခါးခုံလက်ျာအောက်၊ ယဇ်ပလ္လင် တော် တောင်ဘက်မှ စီးသွားလေ၏။
[2] တဖန် မြောက်တံခါးလမ်းဖြင့် ငါ့ကိုထုတ်၍ ပြင်၌ဝိုင်းသွားလျက်၊ အရှေ့သို့ မျက်နှာပြုသော ပြင်တံခါး လမ်းဝသို့ ရောက်သောအခါ၊
လက်ျာဘက်မှစီးသော ရေကို ငါမြင်၏။ [3] ကြိုးကိုကိုင်သောသူသည် အရှေ့သို့သွားပြီးလျှင်၊ အတောင်တတောင်စေ့အောင်တိုင်း၍
ငါ့ကို ရေကူးစေ၏။ ရေသည် ဖမျက်သို့ မှီလေ၏။ [4] တဖန်အတောင်တထောင်စေ့အောင်တိုင်း၍ ရေးကူးစေပြန်လျှင်၊ ရေသည်
ဒူးကိုမှီလေ၏။ တဖန် အတောင်တထောင်စေ့အောင်တိုင်း၍ ကူးစေပြန်လျှင်၊ ရေသည်ခါးကိုမှီလေ၏။ [5] တဖန်
အတောင်တထောင်စေ့အောင် တိုင်းသောအခါ မကူးနိုင်သော မြစ်ဖြစ်လေ၏။ ရေထ သောကြောင့် နင်း၍မကူးနိုင်၊ ခြေထောက်၍ မမှီပဲ
ကူးရသောမြစ်ဖြစ်၏။ [6] ထိုသူက၊ အချင်းလူကား၊ ဤအရာကို မြင်သည် မဟုတ်လောဟု ပြောပြီးမှ တဖန်ငါ့ကိုခေါ်သွား၍
မြစ်နားသို့ပြန်စေ၏။ [7] ပြန်စဉ်အခါ မြစ်နားနှစ်ဘက်၌ များစွာသော အပင်တို့ကို ငါမြင် ၏။ [8] ထိုသူကလည်း၊ ဤရေသည်
အရှေ့သို့စီး၍ တောကို ရောက်ပြီးမှ၊ အိုင်ထဲသို့ဝင်တတ်သော အားဖြင့် အိုင်ရေသည် ချိုလိမ့်မည်။ [9] အသက်ရှင်၍လှုပ်ရှားတတ်သော
သတ္တဝါ အမျိုးမျိုးတို့သည် ထိုမြစ်ရေရောက်သမျှသော အရပ်တို့၌ အသက်ရှင်၍၊ အလွန်များစွာသော ငါတို့လည်း ရှိကြ လိမ့်မည်။
ထိုမြစ်ရေသည် ချိုသောကြောင့်၊ ရောက်သမျှ သော အရပ်တို့၌ သတ္တဝါအမျိုးမျိုးတို့သည် အသက်ရှင် ကြလိမ့်မည်။ [10]
အိုင်နားမှာတံငါတို့သည် ရပ်၍၊ အင်္ဂေဒိရွာမှ စ၍ ဧနေဂလိမ်ရွာတိုင်အောင် ပိုက်ကွန်ဖြန့်ချရာ အရပ် ဖြစ်လိမ့်မည်။ ငါအမျိုးမျိုးတို့သည်
မဟာပင်လယ်ငါးကဲ့သို့ အလွန်များပြားကြလိမ့်မည်။ [11] ရွှံ့ပွက်ရည်နှင့် ရွှံ့အိုင်ရေမူကား မချိုရ၊ အစဉ် ငန်ရလိမ့်မည်။ [12]
မြစ်ကမ်းနားနှစ်ဖက်၌ စားစရာကောင်းသော အပင်အမျိုးမျိုး ပေါက်ကျလိမ့်မည်။ အရွက်လည်း မညှိုး မနွမ်းရ အသီးလည်းမပျက်ရ။
လတိုင်းအစဉ်နုသော အသီးကို သီးလိမ့်မည်။ အကြောင်းမူကား၊ သန့်ရှင်းရာ ဌာနထဲကထွက်သတည်း။ အသီးသည် စားစရာ အပိုဖြစ်
၏။ အရွက်သည် အနာရောဂါငြိမ်းစရာဘို့ဖြစ်သည်ဟု ငါ့အားပြောဆို၏။ [13] အရှင်ထာဝရဘုရား မိန့်တော်မူသည်အတိုင်း၊
ဣသရေလအမျိုး တဆယ်နှစ်မျိုးအမွေခံရသော မြေ အပိုင်းအခြားမူကား၊ ယောသပ်သည် မြေအပိုင်းအခြား နှစ်ခုကို ယူရမည်။ [14]
ဘိုးဘေးတို့အား ငါကျိန်ဆိုသည်အတိုင်း ငါပေး ရသော ထိုမြေသည် သင်တို့အမွေဖြစ်၍၊ သင်တို့သည် အချင်းချင်းအမွေခံရကြမည်။
[15] မြေမြောက်ဘက်အပိုင်းအခြားသည် မဟာ ပင်လယ်တဘက်တချက်၊ ဟေသလုန်လမ်း၊ ဇေဒဒ်လမ်းသို့ လိုက်လျက်၊ [16]
ဟာမတ်မြို့နှင့် ဗေရောသာမြို့ကိုငှင်း၊ ဒမာသက်နယ်နှင့်ဟာမတ်နယ်ဆက်ကြားမှာ သိဗရိမ် မြို့ကိုငှင်း၊ ဟောရန်မြို့အနားမှာ၊
ဟာဇာဟတ္တိကုန်းမြို့ကို ငှင်း ဝိုင်း၍၊ [17] တဖန်ပင်လယ်နှင့်ကွာပြီးမှ ဒမာသက်နယ် အနား၌ ဟာဇရေနန်မြို့၊ မြောက်ဘက်၌ ဇိဖြုန်မြို့၊
ဟာမတ်မြို့ပါရမည်။ ဤရွှေ့ကား မြောက်ဘက် အပိုင်း အခြားဖြစ်သတည်း။ [18] အရှေ့ဘက်အပိုင်းအခြားသည် ဟောရန်မြို့၊
ဒမာသက်မြို့၊ ဂိလဒ်ပြည်၊ ရောဒန်မြစ်နား ဣသရေလ ပြည်နယ်ကိုရှောက်၍၊ အရှေ့ပင်လယ်၌ ဆုံးရမည်။ ဤရွှေ့ကား၊
အရှေ့ဘက်အပိုင်းအခြား ဖြစ်သတည်း။ [19] တောင်ဘက်အပိုင်းအခြားသည် တာမာမြို့မှ စ၍ ကာဒေရှမြို့၊ မေရိဘာရေတိုင်အောင်ငှင်း၊
မဟာ ပင်လယ်ထဲသို့ ဝင်သောမြစ်တိုင်အောင်ငှင်း၊ ရှောက်သွား ရမည်။ ဤရွှေ့ကား၊ တောင်ဘက်အပိုင်းအခြားဖြစ်သ တည်း။ [20]
အနောက်ဘက်၌ မဟာပင်လယ်သည် တောင် ဘက်မှစ၍၊ ဟာမတ်မြို့တဘက်တချက်တိုင်အောင် ပိုင်းခြားလျက်ရှိရမည်။ ဤ၍ကား၊
အနောက်ဘက်အပိုင်း အခြားဖြစ်သတည်း။ [21] ထိုမြေကိုဣသရေလအမျိုး အသီးအသီးတို့အား ဝေရမည်။ [22]
အမျိုးသားချင်းအမွေခံဘို့ငှင်း၊ သင်တို့တွင်နေ၍ သားသမီးဘွားမြင်သော တပါးအမျိုးသားချင်း အမွေခံ ဘို့ငှင်း စာရေးတံချ၍ မြေကို
ဝေရမည်။ ထိုတပါး အမျိုးသားတို့ကို ပြည်၌ဘွားမြင်သော ဣသရေလ အမျိုးသားကဲ့သို့မှတ်ရမည်။ သူတို့သည် ဣသရေလ
အမျိုးသားတို့နှင့် အတူမြေကိုအမွေခံ ရကြလိမ့်မည်။ [23] တပါးအမျိုးသား နေလေရာရာခရိုင်၌ သူ့အမွေ ခံစရာမြေကို ပေးရမည်ဟု
အရှင်ထာဝရဘုရား မိန့်တော် မူ၏။


generated on Tue Jul 2 12:50:28 2024

## Chapter 48

1 ဣသရေလအမျိုးခရိုင်စုအမည်ကား၊ မြောက် ဘက်၌ဟေသလုန်လမ်းနှင့် ဟာမတ်လမ်းနား၊ ဟာဇ ရေနန်မြို့ပါလျက်
ဒမာသက်မြို့နယ် မြောက် ဟာမတ် မြို့နယ်တိုင်အောင်ငင်း၊ အရှေ့ဘက်မှသည် ပင်လယ် တိုင်အောင်ငင်း ဒန်ခရိုင်ရှိရမည်။ 2
ဒန်ခရိုင်အနား၊ အရှေ့ဘက်မှသည် အနောက် ဘက်တိုင်အောင် အာရှာခရိုင်ရှိရမည်။ 3 အာရှာခရိုင်အနား၊ အရှေ့ဘက်မှသည်
အနောက်ဘက်တိုင်အောင် နဿလိခရိုင်ရှိရမည်။ 4 နဿလိခရိုင်အနား၊ အရှေ့ဘက်မှသည် အနောက်ဘက်တိုင်အောင်
မနာရှည်ခရိုင်ရှိရမည်။ 5 မနာရှေခရိုင်အနား၊ အရှေ့ဘက်မှသည် အနောက်ဘက်တိုင်အောင် ဧဖရိမ်ခရိုင်ရှိရမည်။ 6 ဧဖရိမ်ခရိုင်အနား၊
အရှေ့ဘက်မှသည် အနောက်ဘက်တိုင်အောင် ရုဗင်ခရိုင်ရှိရမည်။ 7 ရုဗင်ခရိုင်အနား၊ အရှေ့ဘက်မှသည် အနောက် ဘက်တိုင်အောင်
ယုဒခရိုင်ရှိရမည်။ 8 ယုဒခရိုင်အနား၊ အရှေ့ဘက်မှသည် အနောက် ဘက်တိုင်အောင် သင်တို့ပူဇော်ရသော မြေကွက်ရှိရမည်။
ထိုမြေအနံကား၊ ကျူလုံးအပြန်နှစ်သောင်းငါးထောင်၊ အလျားကား အရှေ့ဘက်မှသည် အနောက်ဘက်တိုင် အောင်
ခရိုင်အလျားနှင့်ညီရမည်။ ထိုမြေအတွင်း၌ သန့်ရှင်းရာဌာန ရှိရမည်။ 9 ထာဝရဘုရားအား ပူဇော်ရသော မြေကွက် မူကား၊
အလျားနှစ်သောင်းငါးထောင်၊ အနံတသောင်း ရှိရမည်။ 10 ထိုသန့်ရှင်းသော ပူဇော်သက္ကာသည် ယဇ်ပရော ဟိတ်ဘို့ ဖြစ်၍
မြောက်ဘက်၌နှစ်သောင်းငါးထောင်၊ အနောက်ဘက်၌အနံတသောင်း၊ အရှေ့ဘက်၌ အနံ တသောင်း၊ တောင်ဘက်၌
အလျားနှစ်သောင်းငါးထောင် ကျယ်၍၊ ထာဝရဘုရား၏သန့်ရှင်းရာဌာနသည် ထိုအကွက်အလယ်၌ ရှိရမည်။ 11
ဣသရေလအမျိုးသားတို့သည် လမ်းလွဲသော အခါ လေဝိလူကဲ့သို့ လမ်းမလွဲ။ ငါ့အမှုကို အစဉ်ဆောင် ၍ သန့်ရှင်းသော
ဇာဒုတ်သားယဇ် ပုရောဟိတ်တို့အဘို့ ဖြစ်ရမည်။ 12 လေဝိလူနေရာ မြေအနားမှာ ထိုသို့ပူဇော်သော မြေသည် ယဇ်ပုရောဟိတ်တို့အဘို့
အလွန်သန့်ရှင်းသော မြေဖြစ်ရမည်။ 13 ယဇ်ပုရောဟိတ် မြေအနားမှာလေဝိ လူနေရာ မြေကွက်သည် အလျားနှစ်သောင်းငါးထောင်၊
အနံ တသောင်း ရှိရမည်။ 14 ထိုမြေသည် ထာဝရဘုရားအဘို့ သန့်ရှင်း သောကြောင့်၊ လေဝိလူတို့သည် မြေကို မရောင်းရ။
အဦးသီးသော အသီးကို အခြားသော ဥစ္စနှင့်မဖယ်လှယ် ရ။ အဘိုးနှင့်မရောင်းရ။ 15 နှစ်သောင်းငါးထောင်အနားမှာ ကြွင်းသေး သော
မြေငါးထောင်သည် လူနေရာမြို့နှင့် မြို့နယ်တည် စရာဘို့ဖြစ်၍၊ ထိုမြေအလယ်၌ မြို့တည်ရမည်။ 16 မြို့အတိုင်းအရှည်ကား၊
မြောက်ဘက်၌ လေး ထောင်ငါးရာ၊ တောင်ဘက်၌လေးထောင်ငါးရာ၊ အရှေ့ ဘက်၌ လေးထောင်ငါးရာ၊ အနောက်ဘက်၌ လေး
ထောင်ငါးရာရှိရမည်။ 17 မြို့နယ်ကား၊ မြောက်ဘက်၌နှစ်ရာငါးဆယ်၊ တောင်ဘက်၌ နှစ်ရာငါးဆယ်၊ အရှေ့ဘက်၌ နှစ်ရာ ငါးဆယ်၊
အနောက်ဘက်၌ နှစ်ရာငါးဆယ်ရှိရမည်။ 18 သန့်ရှင်းသော မြေအနားမှာအလျား၌ ကြွင်း သေးသော အရှေ့ဘက်၌ တသောင်း၊
အနောက်ဘက်၌ တသောင်းကျယ်သော မြေ၌ဖြစ်သော အသီးအနှံသည်၊ မြို့အမှုကို စောင့်သောသူတို့ စားစရာဘို့ ဖြစ်ရမည်။ 19
မြို့အမှုစောင့်တို့ကို ဣသရေလအမျိုးအပေါင်း ထဲက ရွေးကောက်ရမည်။ 20 ပူဇော်သော မြေကွက်ပေါင်းကား၊ အလျား
နှစ်သောင်းငါးထောင်၊ အနံနှစ်သောင်းငါးထောင်ကျယ်၍၊ မြို့နယ်ပါလျက် သန့်ရှင်းသော ထိုစတုရန်းမြေကို ပူဇော် ရမည်။ 21
ထိုသန့်ရှင်းသော ပူဇော်သက္ကာမြေနှင့်မြို့နယ် နှစ်ဘက်၌ ကြွင်း၍၊ အရှေ့ဘက်၌ နှစ်သောင်းငါးထောင်၊ အနောက်ဘက်၌
နှစ်သောင်းငါးထောင်ကျယ်သော မြေစွန်းနှစ်ကွက်တို့သည် မင်းသားအဘို့ ဖြစ်ရမည်။ သန့်ရှင်းသော ပူဇော်သက္ကာမြေနှင့် အိမ်တော်၏
သန့်ရှင်းရာဌာနသည် ထိုနှစ်ကွက်စပ်ကြားမှာ နေရာ ကျရမည်။ 22 ထိုသို့စပ်ကြားမှာကျသော လေဝိလူနေရာ အပိုင်းအခြား၊
မြို့နယ်အပိုင်းအခြား၊ ပြင်ဘက်နှစ်ဘက်၊ ယုဒခရိုင်၊ ဗယ်ာမိန်ခရိုင်စပ်ကြားမှာ ကျသောမြေရှိသမျှ သည် မင်းသားအဘို့ဖြစ်ရမည်။ 23
ကြွင်းသော ဣသရေလခရိုင်ဟူမူကား၊ အရှေ့ ဘက်မှသည် အနောက်ဘက်တိုင်အောင် ဗယ်ာမိန်ခရိုင် ရှိရမည်။ 24 ဗယာမိန်ခရိုင်အနား၊
အရှေ့ဘက်မှသည် အနောက်ဘက်တိုင်အောင်ရှိမောင် ခရိုင်ရှိရမည်။ 25 ရှိမောင်ခရိုင်အနား၊ အရှေ့ဘက်မှသည်
အနောက်ဘက်တိုင်အောင် ဣသခါခရိုင်ရှိရမည်။ 26 ဣသခါခရိုင်အနား၊ အရှေ့ဘက်မှသည် အနောက်ဘက်တိုင်အောင်
ဇာဗုလုန်ခရိုင်ရှိရမည်။ 27 ဇာဗုလုန်ခရိုင်အနား၊ အရှေ့ဘက်မှသည် အနောက်ဘက်တိုင်အောင် ဂဒ်ခရိုင်ရှိရမည်။ 28
ဂဒ်ခရိုင်တောင်ဘက် အပိုင်းအခြားသည် တာမာမြို့မှစ၍ ကာဒေရှမြို့၊ မေရိဘရေ တိုင်အောင်ငင်း၊ မဟာပင်လယ်ထဲသို့ဝင်သော
မြစ်တိုင်အောင်ငင်း ရှောက်သွားရမည်။ 29 ဤရွေ့ကား၊ ဣသရေလအမျိုးအနွယ်တို့ အမွေ ခံစရာဘို့ စာရေးတံချ၍ ဝေရသောမြေ၊
ဤရွေ့ကား၊ သူတို့ ပိုင်းခြား၍ နေရသော ခရိုင်အသီးအသီး ဖြစ်သတည်းဟု အရှင်ထာဝရဘုရား မိန့်တော်မူ၏။ 30
မြို့မှထွက်ရာတံခါးများဟူမူကား၊ မြို့မြောက် ဘက်၌ လေးထောင်ငါးရာကျယ်၍၊ 31 မြို့တံခါးတို့သည် ဣသရေလအမျိုးအနွယ်တို့
အမည်ကို ဆောင်လျက်၊ မြောက်ဘက်၌ ရုဗင်တံခါး၊ ယုဒတံခါး၊ လေဝိတံခါးတည်းဟူသော တံခါးသုံးပေါက် ရှိရမည်။ 32
မြို့အရှေ့ဘက်၌ လေးထောင်ငါးရာကျယ်၍၊ ယောသပ်တံခါး၊ ဗယ်ာမိန်တံခါး၊ ဒန်တံခါးတည်းဟူသော တံခါးသုံးပေါက်ရှိရမည်။ 33
မြို့တောင်ဘက်၌ လေးထောင်ငါးရာကျယ်၍၊ ရှိမောင်တံခါး၊ ဣသခါတံခါး၊ ဇာဗုလုန်တံခါးတည်း ဟူသော တံခါးသုံးပေါက်ရှိရမည်။
34 မြို့အနောက်ဘက်၌ လေးထောင်ငါးရာကျယ်၍၊ ဂဒ်တံခါး၊ အာရှာတံခါး၊ နဿလိတံခါးတည်းဟူသော တံခါးသုံးပေါက်ရှိရမည်။ 35
ထိုသို့ မြို့ပတ်လည်အတိုင်းအရှည်ကား၊ တသောင်းရှစ်ထောင် ရှိရလိမ့်မည်။ တည်သောနေ့မှစ၍ ထိုမြို့ကို ယေဟောဝါရှမ္မအမည်ဖြင့်
ခေါ်တွင်ရလိမ့် သတည်း။


generated on Tue Jul 2 12:50:28 2024

# Daniel

## Chapter 1

[1] ယုဒရှင်ဘုရင်ယောယကိမ်နန်းစံသုံးနှစ်တွင်၊ ဗာဗုလုန်ရှင်ဘုရင်နေဗုခဒ်နေဇာသည် ယေရုရှလင်မြို့သို့ ချီလာ၍ ဝန်းရံလေ၏။ [2]
ထာဝရဘုရားသည် ယုဒရှင်ဘုရင် ယောယကိမ် မှစ၍ ဗိမာန်တော်တန်ဆာအချို့တို့ကို နေဗုခဒ်နေဇာ လက်သို့ အပ်နှံတော်မူ၍၊
ထိုတန်ဆာများကို နေဗုခဒ် နေဇာမင်းသည် ရှိနာပြည်၌ရှိသော မိမိဘုရား၏ကျောင်း သို့ ယူသွားပြီးလျှင်၊ ရွှေတိုက်၌
သွင်းထားတော်မူ၏။ [3] ထိုအခါရှင်ဘုရင်သည် မိန်းမစိုးအုပ် အာရှ ပေနတ်ကို ခေါ်တော်မူ၍၊ [4] မကောင်းသော လက္ခဏာကင်းလျက်၊
လှသောအဆင်းသဏ္ဍာန်နှင့်ပြည့်စုံ၍၊ ကောင်းသောဉာဏ်နှင့် တကွ အထူးထူးအပြားပြားသော အတတ်ပညာများကို လေ့ကျက်၍၊
နန်းတော်၌ အမှုထမ်းခြင်းငှါ တတ်စွမ်း နိုင်သောလူပျိုတို့ကို ဣသရေလမင်းမျိုးမင်းသားထဲက ရွေးကောက်၍၊
ခါလဒဲဘာသာအတတ်ကို သင်စေဟု အမိန့်တော်ရှိ၏။ [5] ပွဲတော်မှ ကြွင်းသောအစာနှင့် သောက်တော်မူ သော စပျစ်ရည်ကို
နေ့တိုင်းပေး၍ သုံးနှစ်ကျွေးမွေးပြီးမှ၊ အမှုတော်ထမ်းရမည်အကြောင်း စီရင်တော်မူ၏။ [6] ထိုသူတို့တွင် ယုဒအမျိုးသားဒံယေလ၊
ဟာနနိ၊ မိရှေလ၊ အာဇရိတို့သည် ပါကြ၏။ [7] မိန်းမစိုးအုပ်သည် ထိုသူတို့ကို အမည်နာမလဲ၍၊ ဒံယေလကို ဗေလတရှာဇာ၊
ဟာနနိကိုရှာဒရက်၊ မိရှေလ ကိုမေရှက်၊ အာဇရိကို အဗေဒနေဂေါဟု၊ အသီးအသီး အမည်အသစ်ကို ပေး၏။ [8] ဒံယေလမူကား၊
ပွဲတော်မှကြွင်းသောအစာနှင့် သောက်တော်မူသော စပျစ်ရည်ကို မသောက်မစားဘဲ၊ ညစ်ညူးခြင်းကို ရှောင်မည်ဟု အကြံရှိ၍၊ မိမိကို
မညစ်ညူး စေမည်အကြောင်း၊ မိန်းမစိုးအုပ်ကို အခွင့်တောင်း၏။ [9] ဘုရားသခင်ပြုပြင်တော်မူသောအားဖြင့်၊ မိန်းမ စိုးအုပ်သည်
ဒံယေလကို အလွန်ချစ်သနားသော်လည်း၊ [10] ငါ့သခင်ကြည့်ရှုစေခြင်းငှါ မိန်းမစိုးအုပ်ခန့်ထား သော စားတော်ကဲကို ငါကြောက်၏။
သင်တို့အစား အသောက်ကို စီရင်တော်မူပြီ။ သင်တို့ မျက်နှာသည် အရွယ်တူ လူပျိုတို့၏ မျက်နှာလောက် အဆင်းမလှ သည်ကို
မြင်တော်မူလျှင်၊ သင်တို့အတွက် ငါသည် ရာဇဝတ်သင့်၍ အသက်မလွတ်ရဟု ဒံယေလကို ပြောဆို၏။ [11] ထိုအခါ ဒံယေလ၊ ဟာနနိ၊
မိရှေလ၊ အာဇရိ တို့ကို ကြည့်ရှုစေခြင်းငှါ မိန်းမစိုးအုပ်ခန့်ထားသော စားတော်ကဲကို ဒံယေလက၊ [12] အကျွန်ုပ်တို့ စားသောက်စရာဘို့
ဟင်းသီး ဟင်းရွက်နှင့် ရေကိုသာ ဆယ်ရက်ပတ်လုံးပေးစမ်းပါ။ [13] ထိုနောက်၊ အကျွန်ုပ်တို့မျက်နှာနှင့်၊ ပွဲတော်မှ ကြွင်းသော အစာကို
စားသောလူပျိုတို့၏မျက်နှာကို သခင်ရှေ့၌ စစ်တော်မူပါစေ။ ကိုယ်တော်တိုင်မြင်ပြီးမှ၊ အကျွန်ုပ်တို့ကို စီရင်တော်မူပါဟုပြောလျှင်၊ [14]
စားတော်ကဲသည် ဝန်ခံ၍ ဆယ်ရက်စုံစမ်း လေ၏။ [15] ဆယ်ရက်စေ့လျှင် သူတို့မျက်နှာသည်၊ ပွဲတော်မှ ကြွင်းသောအစာကို စားသော
လူပျိုအပေါင်းတို့၏ မျက်နှာထက် အဆင်းလှ၍ ဖွံ့ဝလျက်ရှိ၏။ [16] ထိုအခါစားတော်ကဲသည် သူတို့အစာကိုငှင်း၊ သူတို့သောက်ဘို့
စပျစ်ရည်ကိုငှင်း ရုပ်သိမ်း၍၊ ဟင်းသီး ဟင်းရွက်နှင့်သာ ကျွေးမွေး၏။ [17] ဘုရားသခင်သည် ထိုလုလင်လေးယောက်တို့ အား
အထူးထူးသော သိပ္ပံအတတ်ပညာတို့ကို သိစေခြင်း ငှါ၊ ထိုးထွင်း၍ နားလည်နိုင်သော ဉာဏ်သတ္တိကို ပေး သနားတော်မူ၏။
ဒံယေလသည်လည်း ဗျာဒိတ်ရူပါရုံနှင့် အိပ်မက်ကိုနားလည်နိုင်သော ဉာဏ်ပညာနှင့်ပြည့်စုံ၏။ [18] နန်းတော်သို့ သွင်းစေခြင်းငှါ
ချိန်းချက်တော်မူ သော အချိန်ရောက်သော်၊ မိန်းမစိုးအုပ်သည် လုလင်များ တို့ကို ခေါ်၍ နန်းတော်သို့ သွင်းလေ၏။ [19] ရှင်ဘုရင်သည်
ထိုလုလင်တို့နှင့် ဆွေးနွေး မေးမြန်းတော်မူပြီးလျှင်၊ ဒံယေလ၊ ဟာနနိ၊ မိရှေလ၊ အာဇရိတို့နှင့် တူသောသူတယောက်မျှမရှိသောကြောင့်၊
သူတို့သည် အထံတော်၌ ခံစားရသော အခွင့်အရာကို ရကြ၏။ [20] ရှင်ဘုရင်မေးတော်မူသမျှသော အတတ်ပညာကို ထိုလုလင်တို့သည်
နိုင်ငံတော်၌ရှိသမျှသော မာဂု ပညာရှိ၊ ဗေဒင်တတ်များထက်သာ၍ ဆယ်ဆတတ်ကြ သည်ကို တွေ့မြင်တော်မူ၏။ [21] ဒံယေလသည်
ကုရုမင်းကြီးနန်းစံပဌမနှစ်တိုင်အောင် ရှိနေသတည်း။

---

Daniel 01

ယုဒရှင်ဘုရင်ယောယကိမ်
ယုဒရှင်ဘုရင်ယောယကိမ်ဟုဆိုရာတွင် သူတစ်ဦးတည်ကိုဆိုလိုခြင်းမဟုတ်ဘဲ သူနှင့်စစ်သားများ ဟုဆိုလိုခြင်းပင်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် "ယုဒရှင်ဘုရင်ယောယကိမ်၏ စစ်သည်များဟူ၍ဖြစ်သည်"။

ဗာဗုလုန်ရှင်ဘုရင်နေဗုခဒ်နေဇာသည်
စစ်သားများနှင့် နေဗုခဒ်နေဇာမင်း၏ကွာဟချက်တွင်၊ ဘုရင်နေဗုခဒ်နေဇာတစ်ဦးတည်းမဟုတ်ပါ။ "ဘုရင်နေဗုခဒ်နေဇာ၏ စစ်သားများ" သို့မဟုတ်"ဗာဗုလုန်လူမျိုးများ၏ရှင်ဘုရင်နေဗုခဒ်နေဇာ လည်းဖြစ်ခြင်းနှင့် သူ့စစ်သားများ ဟူ၍ဖြစ်သည်"

ချီလာ၍ ဝန်းရံလေ၏။
"လူထုများ၏အထောက်အပံ့ဟူသမျှလက်ခံခြင်းများကို ရပ်တန့်ရန် ဖြစ်သည်"

နေဗုခဒ်နေဇာ လက်သို့ အပ်နှံတော်မူ၍
ရှင်ဘုရင် ယောယကိမ်သည် နေဗုခဒ်နေဇာ လက်သို့ အပ်နှံတော်မူခြင်းဖြစ်သည်။

မိမိဘုရား၏ကျောင်း သို့ ယူသွားပြီးလျှင်၊ ရွှေတိုက်၌ သွင်းထားတော်မူ၏။
၎င်းသည် သူတို့၏နတ်ဘုရားကို ပူဇော်ပသခြင်းဖြစ်သည်။



generated on Tue Jul 2 12:50:28 2024

Daniel 03

ထိုအခါရှင်ဘုရင်သည်
ဤနေရာတွင် ရှင်ဘုရင်နေဗုခဒ်နေဇာကို ရည်ညွှန်းထားခြင်းဖြစ်သည်။

အာရှ ပေနတ်
ဤအရာသည် အကြီးအကဲ ကိုဆိုလိုဖြစ်သည်။

မကောင်းသော လက္ခဏာကင်းလျက်
လှသောအဆင်းသဏ္ဍာန်နှင့်ပြည့်စုံ၍၊ ကောင်းသောဉာဏ်နှင့်ပြည့်သောသူ၊ ဒီ အကောင်းလက္ခဏာ ဖြစ်လာခြင်းကို ဆိုလိုသည်။

အတတ်ပညာများကို
"ကျွမ်းကျင်မှုအတတ်ပညာများ"

နန်းတော်
ဤအရာသည် ကြီးမားသောအိမ် သို့မဟုတ် ရှင်ဘုရင်နေထိုင်သောနေရာဖြစ်သည်။

ဣသရေလမင်းမျိုးမင်းသားထဲက
ဤအရာသည် အထက်တန်း မင်းမျိုး မင်းနွယ်ကိုဆိုလိုခြင်းဖြစ်သည်။

ဣသရေလမင်းမျိုးမင်းသားထဲက ရွေးကောက်၍
ရှင်ဘုရင်၏အမိန့်အဏာများအား သူ့အတွက် လုပ်ဆောင်ပေးရန်ဖြစ်သည်။ အခြားဘာသာပြန်ဆိုချက်၊ "ဘုရင့်အမှုထမ်းထဲမှ ရွေးနုတ်ခြင်းဖြစ်သည်"။

အတတ်ကို သင်စေရန်
"အာရှ ပေနတ်က သူတို့ကိုသင်ကြားရန်"

ပွဲတော်
အထူး၊ ရှားပါးသော၊ ကောင်းမွန်သော ဘုရင့်အစားအသောက်။

Daniel 06

ထိုသူတို့တွင်
"ဣသရေလ လူမျိုးများထဲက "

မိန်းမစိုးအုပ်
ရှင်ဘုရင်နေဗုခဒ်နေဇာ၏ အမှုထမ်း အာရှ ပေနတ်ကို ရည်ညွှန်းထားခြင်းဖြစ်သည်။

ဗေလတရှာဇာ...ရှာဒရက်...မေရှက်...အဗေဒနေဂေါ
ဤအရာများသည် ယောကျ်ားများနာမည်ဖြစ်သည်။

Daniel 08

ဒံယေလမူကား...ရှောင်မည်ဟု အကြံရှိ၍၊
ဤနေရာတွင် "အကြံ" က ဒံယေလကို ညွှန်ပြထားသည်။

မိမိကို မညစ်ညူး စေမည်အကြောင်း
မသန့်ရှင်းသောအရာသည် "ညစ်ညူးခြင်း"ကိုဖြစ်စေသည်။ တစ်ချို့အစားအသောက်များသည် ဗာဗုလုန်နိုင်ငံစားဖြစ်သော ဒံယေလ၏ ဘုရားနည်း ဥပဒေသတွင် မသန့်ရှင်းစေကြောင်းဖြစ်သည်။ ဤအားဖြင့် ရှင်းလင်းမှုကိုပေးသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား၏ နည်း ဥပဒေသ အရမသန့်ရှင်း ကြောင်းကို ထင်ရှားစေသည်။"

သင်တို့ မျက်နှာသည် အရွယ်တူ လူပျိုတို့၏ မျက်နှာလောက် အဆင်းမလှသည်ကို မြင်တော်မူလျှင်၊
သူတို့ မျက်နှာသည် အဆင်းပိုလှရန်ဟူသည် ဖော်ပြချက်

အစား အသောက် (ပွဲတော်)
ဤသည် အထူး၊ ရှားပါးသော၊ ဘုရင်စားသောက်သောက်သောအစာ ဟူ၍ဖြစ်သည်။အခန်း ၁:၅ တွင် မည်သို့ ဘာသာပြန်ဆိုထား ကြောင်း တွေ့နိုင်ပါသည်။

ရာဇဝတ်သင့်၍ အသက်မလွတ်
ဤသည် ဓလေ့သုံးစကားဖြစ်သည်။ အခြားဘာသာပြန်ဆိုချက်၊ ရှင်ဘုရင်က ငါ့ကိုခေါင်းဖြတ်ရန် သို့မဟုတ် ရှင်ဘုရင်က သတ်ဖြတ်မည်" ဟူ၍ဖြစ်သည်။

Daniel 11

စစ်တော်မူပါစေ။
ဒံယေလက ကျွန်တို့သည်အခြားသောသူများထက်သာ၍ ကြည့်ကောင်းမည်ဖြစ်ကြောင်း စားတော်ကဲအား မိန့်တော်မူ၏။ အခြားသောဘာသာပြန်ဆိုချက်အရ"အခြားသူများထက် ကြည့်ကောင်းမကောင်းကို နှိုင်းယှဉ်ပါ" ဟူ၍ဖြစ်သည်။

Daniel 14

စားတော်ကဲ
၎င်းသည် သူတို့ဘယ်အရာများကို စားသောက်သောအားဖြင့် ပို၍ကျန်းမာသန်စွမ်း ကြောင်းကို ဦးစီး၊ လုပ်ကျွေးသူကိုဆိုလိုခြင်းဖြစ်သည်။

စုံစမ်းလေ၏...သူတို့မျက်နှာ...၊ သူတို့အစာကိုငင်း၊ သူတို့သောက်ဘို့ စပျစ်ရည်ကိုငင်း
ဤအရာများသည် ဒံယေလ၊ ဟာနနိ၊ မိရှေလ၊ အာဇရိ တို့ကို ထင်ပေါ်စေ ကြောင်းတွေ့ရပါသသည်။

Daniel 17

ဘုရားသခင်သည်...ထိုးထွင်း၍ နားလည်နိုင်သော ဉာဏ်သတ္တိကို ပေး သနားတော်မူ၏။
ဘုရားသခင်သည် အထူးထူးသော သိပ္ပံအတတ်ပညာ၊ထိုးထွင်း၍ နားလည်နိုင်သော ဉာဏ်သတ္တိကို ပေး သနားတော်မူသောသူ ဖြစ်သည်။ အခြားဘာသာပြန်ဆိုချက်အရ" ဘုရားသားခင်သည် သူတို့အားသင်ယူနိုင်စွမ်းကိုပေးခြင်းနှင့် ရှင်းလင်းစွာ နားလည်မှု" များကိုပေးတော် မူသည်။


generated on Tue Jul 2 12:50:28 2024

သိပ္ပံအတတ်ပညာတို့ကို... ဉာဏ်ပညာနှင့်ပြည့်စုံ၏။
ဤအရာ၌ သူတို့၏ ပညာအတတ်နှင့် နားလည်နိုင်စွမ်း ရှိခြင်းများကို ဖော်ပြခြင်းဖြစ်သည်။

Daniel 19

ရှင်ဘုရင်သည် ထိုလုလင်တို့နှင့် ဆွေးနွေး မေးမြန်းတော်မူပြီးလျှင်၊
လုလင်လေးဦးတို့နှင့် ရှင်ဘုရင်ဆွေးနွေး တော်မူခြင်း(၁:၁၇)

ဒံယေလ၊ ဟာနနိ၊ မိရှေလ၊ နှင့် အာဇရိ
ဤအရာများသည် လူပုဂ္ဂိုလ်နာမည်များ ဖြစ်သည်။ ၁:၆ တွင် သင်မည်သို့ဘာသာပြန်ဆိုကြောင်းတွေ့ရပါမည်။

ဆယ်ဆတတ်ကြသည်ကို တွေ့မြင်တော်မူ၏။
ဒီနေရာမှာ "ဆယ်ဆ"ဆိုသည်မှာ သူတို့၏အတတ်ပညာကြီးမားခြင်း ကို ဖော်ပြသည်။

ကုရုမင်းကြီးနန်းစံပဌမနှစ်
"ဗာဗုလုန်နိုင်ငံကို အုပ်စိုးသော ကုရုမင်းကြီးနန်းစံပဌမနှစ် ကိုဆိုလိုခြင်းဖြစ်သည်"။

---

## Translation Questions

### Daniel 1:1

ဗာဗုလုန်ရှင်ဘုရင်နေဗုခဒ်နေဇာသည် ယေရုရှလင်မြို့ကို ဝန်းရံပြီး ထောက်မှုများကို ဖြတ်တောက်ဖို့ရန် မည်သည့်အချိန်တွင် လာခဲ့သနည်း?
နေဗုခဒ်နေဇာသည် ယေရုရှလင်မြို့သို့ ယုဒရှင်ဘုရင် ယောယကိမ် နန်းစံသုံးနှစ်တွင် လာခဲ့သည်။

နေဗုခဒ်နေဇာအား ယုဒရှင်ဘုရင်ယောယကိမ် အပေါ်အောင်နိုင်သော အခွင့်ကို အဘယ်သူ ပေးခဲ့သနည်း။
နေဗုခဒ်နေဇာအား ယောယကိမ်အပေါ် အောင်နိုင်သော အခွင့်ကို ဘုရားသခင်ကို ပေးခဲ့သည်။

### Daniel 1:3

ဘုရင်သည် မိန်းမစိုးအုပ် အာရှပေနတ်ကို ဘာလုပ်ဖို့ရန် ပြောခဲ့သနည်း။
ဘုရင်သည် မိန်းမစိုးအုပ် အာရှပေနတ်အား ခါလဒဲလ လူမျိုးထဲမှ မင်းမျိုးမင်းနွယ်များနှင့် မြင့်မြတ်သောသူ အချို့ကို ခေါ်လာဖို့ရန် ပြောခဲ့သည်။

ဘုရင်က အဘယ်သို့သော လူငယ်မျိုးကို ဗာဗုလုန် ထဲသို့ ခေါ်လာစေချင်သနည်း။
ဘုရင်သည် အကျင့်စာရိတ္တကောင်းမွန်သောသူ၊ မြင်မြင်သာသာ ဆွဲဆောင်မှုရှိသောသူ၊ ဉာဏ်ပညာထက်မြတ်သောသူ၊ အသိပညာဗဟုသုတ ကြွယ်သောသူ၊ နားလည်ခြင်းရှိသောသူနှင့် ဘုရင့်နန်းတော်အတွင်း အစေခံဖို့ရန် အရည်အချင်းပြည့်မှီသောသူ လူငယ်မျိုးကို လိုချင်ခဲ့သည်။

ထိုလူငယ်များအား မည်သည့်အရာများကို ကျွေးမွေးရန် ဖြစ်သနည်း။
ထိုလူငယ်များအား ဘုရင်၏ ဟင်းလျာများ၊ ဘုရင်သောက်သောဝိုင်ထဲမှ အချို့ကိုယူ၍ သူတို့အား နေ့စဉ်ကျွေးမွေးရန်ဖြစ်သည်။

### Daniel 1:6

ခါလဒဲလနိုင်ငံမှလာသော လူငယ်အချို့၏အမည်များမှာ အဘယ်နည်း။
ထိုသူတို့ကို အကြီးအကဲက မည်သည့်နာမည်များကို ပေးခဲ့သနည်း။
သူတို့၏အမည်များနှင့် အကြီးအကဲကပေးခဲ့သော အမည်များမှာ ဒံယေလကို ဗေလတရှာဇာ၊ ဟာနနိကို ရှာဒရက်၊ မိရှေလကို မေရှက်၊ အာဇရိကို အဗေဒနေဂေါ ဟူ၍ ဖြစ်ကြသည်။

### Daniel 1:8

ဒံယေလသည် သူ့အတွေးထဲမှာ ဘာကို ကြံစည်ခဲ့သနည်း။
ဒံယေလသည် ဘုရင်၏ ဝိုင်များနှင့် (သို့) ဟင်းလျာများနှင့် သူ့ကိုယ်သူမညစ်ညူးစေဖို့ရန် အတွေးထဲမှာ ကြံစည်ခဲ့သည်။

ဒံယေလက ဘုရင်၏ အကျွေးအမွေး ဝိုင်များနှင့် ကိုယ့်ကိုကိုယ် မညစ်ညူးစေဖို့ရန် ခွင့်ပြုချက်တောင်းဆိုခဲ့သောအခါ အကြီးအကဲများက ဘယ်လို တုန့်ပြန်ခဲ့သနည်း။
အကြီးအကဲမှူးက သူသည် ဘုရင့်ကို ကြောက်ရွံ့ကြောင်း ဒံယေလကို ပြောခဲ့ပြီး၊ ဒံယေလစားသောက်ရမည့်အရာများကို ဘုရင်က အမိန့်ချခဲ့ပြီဟု ဆိုသည်။ ဒံယေလ၏ ရုပ်ရည်သည် အခြားသော သူ့ရွယ်တူလူငယ်များထက် သာ၍ကျသည်ကို ဘုရင်မြင်ခဲ့လျှင် သူ၏ဦးခေါင်းကို ဖြတ်ပစ်နိုင်သည်ဟု ဒံယေလကို ပြောပြသည်။

### Daniel 1:11

ဒံယေလ၊ ဟာနနိ၊ မိရှေလ နှင့် အာဇရိတို့၏မိန်းမစိုးအား ဒံယေလသည် မည်သည့်အရာကို တောင်းဆိုခဲ့သနည်း။
ဒံယေလသည် ဆယ်ရက်အတွင်းစားစရာအဖို့ ဟင်းသီးဟင်းရွက်နှင့် သောက်စရာအဖို့ ရေသာလျှင် ပေးပြီး စမ်းသပ်ဖို့ရန်နှင့် ထိုဆယ်ရက်နောက်ပိုင်းတွင် ဘုရင့်၏ အကျွေးအမွေး ကို ခံနေသူအခြားသောလူငယ်များနှင့် သူတို့ကို နှိုင်းယှဉ်ဖို့ရန်နှင့် သူတို့ ဘာမြင်ခဲ့သည့်အရာပေါ်မှ စီမံဖို့ရန်အတွက် မိန်းမစိုးကို တောင်းဆိုခဲ့သည်။


generated on Tue Jul 2 12:50:28 2024

Daniel 1:14

မိန်းမစိုးက စမ်းသပ်ဖို့ရန် သဘောတူပြီးနောက်ပိုင်း ဆယ်ရက်ပြီး၍ ဒံယေလ၊ ဟာနနိ၊မိရှေလ၊ အာဇရိနှင့် အခြားသောလူငယ်များနှင့်နှိုင်းယှဉ်ကြည့်သောအခါ သူသည် ဘာကို သတိပြုမိခဲ့သနည်း။

ဒံယေလ၊ဟာနနိ၊မိရှေလနှင့် အာဇရိတို့သည် ဘုရင့်စားပွဲမှ အစာများကိုစားသောသူတို့ထက် သာ၍ကျန်းမာပြီး အဟာရပိုပြည့်သည်ကို မိန်းမစိုးသည် သတိထားမိသည်။

Daniel 1:17

ဘုရားသခင်က ဒံယေလ၊ဟာနနိ၊မိရှေလနှင့် အာဇရိတို့ကို ဘာပေးခဲ့သနည်း။

ဘုရားသခင်သည် သူတို့ကို ပညာဗဟုသုတနှင့် အသိပညာစာပေတွေမှာ ထိုးထွင်းသိမြင်တတ်ခြင်းကို ပေးခဲ့ပြီး ဒံယေလသည် ရူပါရုံအမျိုးမျိုးနှင့် အိမ်မက်များကို နားလည်သဘောပေါက်နိုင်သည်။

Daniel 1:19

ဘုရင်သည် လူငယ်တွေအားလုံးနှင့်စကားပြောခဲ့သော အခါ ဘာကို တွေ့ရှိခဲ့သနည်း။

ဘုရင်သည် ဒံယေလ၊ဟာနနိ၊မိရှေလ၊အာဇရိတို့နှင့် နှိုင်းယှဉ်နိုင်ဖို့ရန် တစ်ယောက်မှ မရှိသည်ကို တွေ့ရှိခဲ့သည်။ ဘုရင်က သူတို့ကို အသိပညာဗဟုသုတ နှင့်ဆိုင်သော မေးခွန်းမေးသည့်အခါတိုင်း မျက်လှည့် ဝိဇ္ဇာတတ်ကျွမ်းကျင်သူတွေနှင့် သေသောသူတို့နှင့်ပင်စကားပြောနိုင်သည်ဟု ကြွေးကြော်ကြသောသူများထက် ဆယ်ဆပို၍ ကောင်းမွန်နေကြောင်းကို တွေ့ရှိခဲ့သည်။

ဒံယေလသည် ဗာဗုလုန်နိုင်ငံတွင် မည်မျှကြာကြာနေခဲ့သနည်း။

ဒံယေလသည် ကုရုမင်းကြီး နန်းစံချိန် ပထမနှစ်တိုင်အောင်ရှိခဲ့သည်။



generated on Tue Jul 2 12:50:28 2024

## Chapter 2

[1] နေဗုခဒ်နေဇာမင်းသည် နန်းစံနှစ်နှစ်တွင်၊ အိပ်မက်ကို မြင်တော်မူ၍ ထိတ်လန့်ခြင်း စိတ်ရှိသော ကြောင့်၊
စက်တော်မခေါ်နိုင်သည်ဖြစ်၍၊ [2] အိပ်မက်တော်ကို ပြန်ပြောစေခြင်းငှါ မာဂု ပညာရှိ၊ ဗေဒင်တတ်၊ သူပြုဆရာ၊ ခါလဒဲဆရာတို့ကို
ခေါ်ချေဟု အမိန့်တော်ရှိသည်အတိုင်း၊ သူတို့သည် အထံတော်သို့ ရောက်လာကြသည်ရှိသော်၊ [3] ရှင်ဘုရင်က၊ ငါသည်
အိပ်မက်ကိုမြင်ပြီ။ ထိုအိပ်မက်ကိုမသိ၊ နားမလည်သည်ဖြစ်၍ စိတ်မအီ မသာရှိသည်ဟု မိန့်တော်မူ၏။ [4] ခါလဒဲပညာရှိတို့ကလည်း၊
အရှင်မင်းကြီး၊ အသက်တော်အစဉ်အမြဲ ရှင်ပါစေ။ အကျွန်ုပ်တို့အား အိပ်မက်တော်ကို မိန့်တော်မူပါ။ အကျွန်ုပ်တို့သည် အနက်ကို
ဘော်ပြပါမည်ဟု၊ ရှုရိဘာသာဖြင့် လျှောက် ကြ၏။ [5] ရှင်ဘုရင်ကလည်း၊ ငါအမိန့်တော်ရှိပြီ။ ထိုအိပ် မက်နှင့်အနက်ကို
သင်တို့မဘော်မပြလျှင်၊ သင်တို့ကို အပိုင်းပိုင်းစဉ်းမည်။ သင်တို့အိမ်များကိုလည်း နောက် ချေးပုံဖြစ်စေမည်။ [6] အိပ်မက်နှင့်အနက်ကို
ဘော်ပြလျှင်၊ ဆုလပ် သပ်ပကာ၊ ဂုဏ်အသရေများကို ငါပေးမည်။ သို့ဖြစ်၍၊ အိပ်မက်နှင့်အနက်ကို ငါ့အားဘော်ပြကြဟု၊ ခါလဒဲပညာ
ရှိတို့ကို မိန့်တော်မူ၏။ [7] ထိုသူတို့က၊ အရှင်မင်းကြီး၊ မြင်မက်တော်မူချက် ကို အမိန့်ရှိတော်မူပါ။ အကျွန်ုပ်တို့သည် အနက်ကို
ဘော်ပြပါမည်ဟု တဖန်လျှောက်ကြပြန်လျှင်၊ [8] ရှင်ဘုရင်က၊ ငါ့အမိန့်တော်ရှိပြီးသောကြောင့်၊ သင်တို့သည်
နေ့ရက်အချိန်ကာလကြာစေခြင်းငှါ ရွှေ့ချင် သည်ကို ငါအမှန်သိ၏။ [9] အိပ်မက်ကို ငါ့အားမဘော်မပြလျှင်၊ သင်တို့ သည်
အကြံတခုတည်းသာရှိသည်ဖြစ်၍၊ ကာလပြောင်း လဲသည်တိုင်အောင်၊ ငါ့ရှေ့၌ လျှောက်စရာဘို့ ကောက် ကျစ်လိမ်လစ်သောစကားကို
ပြင်ဆင်နှင့်ကြပြီ။ အိပ်မက် ကို ပြန်ပြောကြ။ ထိုသို့ပြောလျှင်၊ အိပ်မက်အနက်ကို ဘော်ပြနိုင်သည်ကို ငါသိမည်ဟု ပြန်၍
မိန့်တော်မူ၏။ [10] ခါလဒဲဆရာတို့ကလည်း၊ အရှင်မင်းကြီး၏ အမှု အရာကို ဖြေနိုင်မည်သူ၊ မြေကြီးပေါ်မှာ တယောက်မျှ မရှိပါ။
အဘယ်မည်သော ရှင်ဘုရင်သည် ဘုန်းတန်ခိုး ကြီးသော်လည်း၊ မာဂုပညာရှိ၊ ဗေဒင်တတ်၊ ခါလဒဲ ဆရာတို့ကို
ဤသို့မေးမြန်းလေ့မရှိပါ။ [11] အရှင်မင်းကြီး မေးမြန်းတော်မူသောအရာသည် ခက်ခဲသော အရာဖြစ်ပါ၏။ လူပကတိနှင့် မဆက်ဆံ
သော ဘုရားမှတပါး အဘယ်သူမျှ အရှင်မင်းကြီး ရှေ့တော်၌ မထုတ်မဘော်နိုင်ပါဟု တဖန်ပြန်ကြား လျှောက်ထားကြ၏။ [12]
ထိုစကားကို ကြားတော်မူလျှင် ပြင်းစွာ အမျက် တော်ထွက်၍၊ ဗာဗုလုန်မြို့၌ ရှိသမျှသော ပညာရှိတို့ကို ပယ်ရှင်းစေဟုအမိန့်တော်ရှိ၏။
[13] ထိုအမိန့်တော်ဆင့်၍ ဒံယေလနှင့် သူ၏ အပေါင်းအဘော်တို့ကို သတ်ခြင်းငှါ ရှာကြသော်၊ [14] ဒံယေလက၊
ရှင်ဘုရင်၏အမိန့်တော်သည် အဘယ်ကြောင့် ဤမျှလောက် လျင်မြန်သနည်းဟု၊ [15] ဗာဗုလုန်ပညာရှိတို့ကို ပယ်ရှင်းခြင်းငှါ ထွက်
သွားသော ကိုယ်ရံတော်မှူးအာရုတ်ကို သတိပညာနှင့် မေးမြန်း၍၊ အာရုတ်သည် ထိုအကြောင်းကို ကြားပြော လျှင်၊ [16] ဒံယေလသည်
နန်းတော်သို့ ဝင်၍ အိပ်မက် တော်ကို ဖြေရသော နေ့ရက်အချိန်ကို ပေးတော်မူမည် အကြောင်း အသနားတော်ခံပြီးမှ၊ [17]
မိမိအိမ်သို့ပြန်သွား၍၊ ထိုအကြောင်းကို မိမိ အပေါင်းအဘော် ဟာနနိ၊ မိရှေလ၊ အာဇရိတို့အား ကြားပြော၍၊ [18] ငါတိုပသည်
အခြားသော ဗာဗုလုန်ပညာရှိတို့ နှင့်အတူ မသေမပျောက်စေခြင်းငှါ၊ ဤနက်နဲသော အရာ၌ကရုဏာ ကျေးဇူးတော်ကို
ခံရမည်အကြောင်း၊ ကောင်းကင်ဘုံရှင်ဘုရားသခင်ကို ဆုတောင်းကြကုန် အံ့ဟုပြောဆို၏။ [19] ညဉ့်အခါ ဗျာဒိတ်တော်အားဖြင့်
ထိုနက်နဲသော အရာကို ဒံယေလအား ဘုရားသခင်ဘော်ပြတော်မူ၏။ [20] ထိုအခါ ဒံယေလသည် ကောင်းကင်ဘုံရှင် ဘုရားသခင်၏
ကျေးဇူးတော်ကို ချီးမွမ်းလျက်၊ ဘုရား သခင်၏ နာမတော်သည် ထာဝရမင်္ဂလာရှိပါစေ သတည်း။ ပညာနှင့်ဥင်း၊ အစွမ်းသတ္တိနှင့်ဥင်း
ပြည့်စုံ တော်မူ၏။ [21] ကာလအချိန် ဥတုများကို ပြောင်းလဲစေတော် မူ၏။ ရှင်ဘုရင်တို့ကိုလည်း နှိမ့်ချချီးမြှောက်တော်မူ၏။
ပညာရှိတို့အားပညာကို ပေးတော်မူ၏။ ဥာဏ်ရှိသော သူတို့သည် ကျေးဇူးတော်အားဖြင့်သာ၊ ထိုးထွင်း၍ နားလည်တတ်ကြ၏။ [22]
နက်နဲခက်ခဲသော အရာတို့ကို ထင်ရှားစွာ ပြတော်မူ၏။ မှောင်မိုက်၌ရှိသမျှတို့ကို သိမြင်၍ အလင်း ၏တည်ရာဖြစ်တော်မူ၏။ [23]
အကျွန်ုပ် ဘိုးဘေးတို့၏ ဘုရားသခင်၊ အကျွန်ုပ် အား ပညာအစွမ်းသတ္တိကို ပေးသနား၍၊ အကျွန်ုပ်တို့ ဆုတောင်းသည်အတိုင်း၊
ရှင်ဘုရင်၏ အိပ်မက်ကို ဖွင့်ပြတော် မူသော ကျေးဇူးတော်ကို ချီးမွမ်းထောမနာ ပြုပါ၏ဟု ဒံယေလမြွက်ဆိုပြီးမှ၊ [24]
ဗာဗုလုန်ပညာရှိတို့ကို ပယ်ရှင်းစေခြင်းငှါ၊ ရှင်ဘုရင်ခန့်ထားတော်မူသော အာရုတ်ထံသို့သွား၍၊ ဗာဗုလုန် ပညာရှိတို့ကို မလုပ်ကြံပါနှင့်။
အကျွန်ုပ်ကို အထံတော်သို့ခေါ်သွင်းပါ။ အကျွန်ုပ်သည် အိပ်မက် တော်နှင့် အနက်ကိုဘော်ပြ၍ လျှောက်ပါမည်ဟုဆို၏။ [25] ထိုအခါ
အာရုတ်သည် ဒံယေလကို အလျင် တဆော အထံတော်သို့ ခေါ်သွင်းပြီးလျှင်၊ အိပ်မက်တော် နှင့်အနက်ကို အရှင်မင်းကြီးအား
ဘော်ပြနိုင်သော သူတယောက်ကို ယုဒအမျိုး လက်ရလူတို့တွင် အကျွန်ုပ် တွေ့ပါပြီဟု လျှောက်လေ၏။ [26] ရှင်ဘုရင်ကလည်း၊
ငါမြင်မက်သော အိပ်မက်ကို ပြန်ပြော၍ အနက်ကို ဘော်ပြနိုင်သလောဟု၊ ဗေလတရှာ ဇာအမည်ရှိသော ဒံယေလကို မေးတော်မူလျှင်၊
[27] ဒံယေလက၊ အရှင်မင်းကြီးမေးမြန်းတော်မူ သောအရာကို ပညာရှိ၊ ဗေဒင်တတ်၊ မာဂုဆရာ၊ အနာ ဂတ္တိဆရာတို့သည်
အရှင်မင်းကြီးအား ဘော်ခြင်းငှါ မတတ်နိုင်ကြပါ။ [28] နက်နဲသော အရာတို့ကို ဖွင့်ပြ၍၊ နောင်ကာလ၌ ဖြစ်လတံ့သော အရာတို့ကို
နေဗုခဒ်နေဇာမင်းကြီးအား ကြားပြောတော်မူသော ဘုရားသခင်တဆူသည် ကောင်း ကင်ဘုံမှာ ရှိတော်မူ၏။ [29] အရှင်မင်းကြီး၊ နောင်၌
ဖြစ်လတံ့သော အရာ တို့ကို ကိုယ်တော်သည် စက်တော်ခေါ်၍ မြော်လင့်တော် မူ၏။ နက်နဲသောအရာကို ဖွင့်ပြတော်မူသော ဘုရား
သည် နောင်ကာလ၌ ဖြစ်လတံ့သော အရာတို့ကို ကိုယ်တော်အားပြတော်မူ၏။ [30] ဤနက်နဲသောအရာကိုကား၊ အခြားသော
သတ္တဝါအပေါင်းတို့ထက် အကျွန်ုပ်သာ၍ ပညာရှိသော ကြောင့်၊ အကျွန်ုပ်အား ဘုရားသခင် ဖွင့်ပြတော်မူသည် မဟုတ်ပါ။


generated on Tue Jul 2 12:50:28 2024

ကိုယ်တော်သည် စိတ်နှလုံးတော်၏ အထင်ကို နားလည်မည်အကြောင်း၊ ထိုအနက်ကို အကျွန်ုပ်ပြန်ကြား လျှောက်ထားစိမ့်သောငှါသာ
ဘုရားသခင် ဖွင့်ပြတော် မူ၏။ 31 အရှင်မင်းကြီး၊ စက်တော်ခေါ်၍ မြင်မက်တော် မူသော ရူပါရုံဟူမူကား၊ ကိုယ်တော်သည် ကြည့်ရှု၍
ရုပ်တုကြီးကို မြင်တော်မူ၏။ ထူးမြတ်သော အရောင်အဝါ နှင့် ပြည့်စုံ၍၊ ကြီးမြင့်သော ထိုရုပ်တုသည် ကြောက်မက် ဘွယ်သော
ပုံသဏ္ဌာန်ကိုဆောင်လျက် ကိုယ်တော်ရှေ့၌ တည်ရှိ၏။ 32 သူ၏ ဦးခေါင်းသည် ရွှေစင်ဖြစ်၏။ ရင်ပတ်နှင့် လက်နှစ်ဘက်သည်
ငွေဖြစ်၏။ 33 ဝမ်းနှင့်ပေါင်နှစ်ဘက်သည် ကြေးဝါဖြစ်၏။ ခြေသလုံးနှစ်ဘက်သည် သံဖြစ်၏။ ခြေဘဝါးနှင့် ဖမိုး သည်
သံတပိုင်းသရွတ်တပိုင်းဖြစ်၏။ 34 ကိုယ်တော်သည် ကြည့်ရှုတော်မူစဉ်၊ လက်ဖြင့် မထုမလုပ်ဘဲ အလိုလိုဖြစ်သော
ကျောက်တလုံးသည် သံနှင့်သရွတ်ဖြစ်သော ရုပ်တု၏ခြေကို ထိခိုက်၍ ချိုးဖဲ့ သည်ရှိသော်၊ 35 သံ၊ သရွတ်၊ ကြေးဝါ၊ ငွေ၊ ရွှေတို့သည်
ကျိုးပဲ့ ကြေမွလျက်၊ နွေကာလ၌ ကောက်နယ်တလင်း အမှုန့် ကဲ့သို့ဖြစ်သဖြင့်၊ လေတိုက်လွင့်၍ သူတို့နေရာမရှိ၊ ပျောက်လေ၏။
ရုပ်တုကို ထိခိုက်သော ကျောက်မူကား၊ တိုးပွားသဖြင့် တောင်ကြီးဖြစ်၍၊ မြေကြီးတပြင်လုံးကို ဖုံးလွှမ်းသည်ဟု မြင်မက်တော်မူ၏။ 36
ယခုတွင် အိပ်မက်တော်၏အနက်ကို ဘော်ပြ၍ နားတော်လျှောက်ပါမည်။ 37 အရှင်မင်းကြီး၊ ကိုယ်တော်သည် ဘုရင်တို့၏
ဘုရင်ဖြစ်တော်မူ၏။ ကောင်းကင်ဘုံရှင် ဘုရားသခင် သည် နိုင်ငံနှင့်တကွ တန်ခိုးအာနုဘော်အစွမ်းသတ္တိ ဘုန်းအသရေကို
ကိုယ်တော်အား ပေးတော်မူပြီ။ 38 လူနေရာ ရှိသမျှတို့နှင့် မြေကြီးသား တိရစ္ဆာန်၊ မိုယ်းကောင်းကင်ငှက်များတို့ကို ကိုယ်တော်လက်၌
အပ် ပေး၍၊ ကိုယ်တော်သည် အလုံးစုံတို့ကို အုပ်စိုးရသော အခွင့်ရှိတော်မူ၏။ ကိုယ်တော်သည် ရုပ်တု၏ ရွှေဦး ခေါင်းဖြစ်တော်မူ၏။
39 ကိုယ်တော်နောက်၌ ကိုယ်တော်၏ နိုင်ငံ လောက်မမြတ်သော နိုင်ငံတခုသည် တည်ထောင်လိမ့် မည်။ ထိုနောက်၊
မြေကြီးတပြင်လုံးကို အုပ်စိုးသော ကြေးဝါနိုင်ငံတည်းဟူသော တတိယနိုင်ငံတည်ထောင် လိမ့်မည်။ 40 စတုတ္ထနိုင်ငံသည်
သံကဲ့သို့ခိုင်မာသော နိုင်ငံ ဖြစ်လိမ့်မည်။ သံသည် အခြားသောအရာရှိသမျှတို့ကို ချိုးဖဲ့၍ နိုင်သကဲ့သို့၊ စတုတ္ထနိုင်ငံသည်
ချိုးဖဲ့နှိပ်စက်ခြင်း ကို ပြုလိမ့်မည်။ 41 ရုပ်တု၏ခြေနှင့် ခြေချောင်းတို့သည် သရွတ် တပိုင်း သံတပိုင်းရှိသည်ကို
မြင်တော်မူသည်အတိုင်း၊ အချင်းချင်းကွဲပြားသော နိုင်ငံဖြစ်လိမ့်မည်။ သို့သော် လည်း ဖုတ်သောသရွတ်နှင့် သံရောနှောသည်ကို မြင်
တော်မူသည်ဖြစ်၍၊ သံသည်ခိုင်မာခြင်း သတ္တိရှိလိမ့်မည်။ 42 ခြေချောင်းတို့သည် သံတပိုင်းသရွတ်တပိုင်း ဖြစ်သည်နှင့်အညီ၊
ထိုနိုင်ငံသည် ခိုင်မာခြင်းနှင့်ငှင်း၊ ကျိုးပဲ့ခြင်းနှင့်ငှင်းဆက်ဆံလိမ့်မည်။ 43 ဖုတ်သောသရွတ်နှင့် သံရောနှောသည်ကို မြင်
တော်မူသည်နှင့် လျော်စွာ၊ နိုင်ငံသားတို့သည် အခြား သော လူမျိုးသားတို့နှင့် ပေါင်းဘော်ကြလိမ့်မည်။ သို့သော် လည်း၊
သရွတ်နှင့်သံမရောနှောနိုင်သကဲ့သို့၊ သူတို့သည် အချင်းချင်း ပေါင်းဘော်၍ မသင့်နိုင်ကြ။ 44 လက်နှင့်မထုမလုပ်ဘဲ
ကျောက်တလုံးသည် တောင်ပေါ်ကအလို လိုပဲ့ကွာ၍၊ 45 သံကြေးဝါ၊ သရွတ်၊ ငွေ၊ ရွှေတို့ကို ချိုးဖဲ့သည်ကို မြင်တော်မူသည်
အကြောင်းအရာမှာ၊ ပျက်စီးခြင်းသို့ မရောက်နိုင်သော နိုင်ငံတခုကို ထိုမင်းကြီးများ လက်ထက်၌ ကောင်းကင်ဘုံရှင် ဘုရားသခင်သည်
တည်ထောင်စေတော်မူမည်။ ထိုနိုင်ငံသည် အခြားသော လူမျိုးလက်သို့ မရောက်ရဘဲ၊ အထက်ဆိုခဲ့ပြီးသော နိုင်ငံ ရှိသမျှတို့ကို
ချိုးဖဲ့ဖျက်ဆီး၍ အစဉ်အမြဲတည်လိမ့်မည်။ ထိုသို့နောက်၌ ဖြစ်လတံ့သောအရာတို့ကို ကြီးမြတ်တော် မူသော ဘုရားသခင်သည်
အရှင်မင်းကြီးအား ကြားပြော တော်မူ၏။ အိပ်မက်တော်ရွေ့ လျော့ခြင်းမရှိ။ အနက် သည်လည်း မှန်ပါ၏ဟု ဒံယေလသည်
အထံတော်၌ လျှောက်ထား၏။ 46 ထိုအခါ နေဗုခဒ်နေဇာ မင်းကြီးသည် ပြပ်ဝပ်၍ ဒံယေလကို ရှိခိုးကိုးကွယ်ပြီးလျှင်၊
ပူဇော်သက္ကာပြုခြင်းငှါငှင်း၊ နံ့သာမျိုးကို မီးရှို့၍ ဆပ်ကပ်ခြင်းငှါငှင်း စီရင် တော်မူလျက်၊ 47 ကိုယ်တော်သည် ဤနက်နဲသောအရာကို
ဖွင့်ပြ နိုင်သည်ဖြစ်၍၊ အကယ်စင်စစ် ကိုယ်တော်၏ ဘုရား သခင်သည် ဘုရားတို့၏ဘုရား၊ ဘုရင်တို့၏ အရှင်၊ နက်နဲသော
အရာကိုဖွင့်ပြတော်မူသော သခင်ဖြစ် တော်မူ၏ဟု မိန့်တော်မူ၍၊ 48 ဒံယေလကို ချီးမြှောက်လျက်၊ များစွာသော ဆုလပ်သပ်ပကာ
တို့ကိုပေး၍၊ ဗာဗုလုန်နိုင်ငံတွင် ဝန်ကြီး အရာ၌ငှင်း၊ ဗာဗုလုန်ပညာရှိတို့ကို အုပ်စိုးသော ဝန်အရာ၌ငှင်း ခန့်ထားတော်မူ၏။ 49 ထိုအခါ
ဒံယေလသည် သံတော်ဦးတင်သော ကြောင့်၊ မင်းကြီးသည် ရှာဒရက်၊ မေရှက်၊ အဗေဒနေ ဂေါတို့ကို ဗာဗုလုန်နိုင်ငံတွင် ဝန်အရာ၌
ခန့်ထားတော် မူ၏။ ဒံယေလသည် နန်းတော်ဦး၌ နေရလေ၏။

---

Daniel 01

နန်းစံနှစ်နှစ်
"နှစ်နှစ်အတွင်းတွင်"(ရှု ၊ |Ordinal Numbers)

အိပ်မက်ကို မြင်တော်မူခြင်း၊
နေဗုခဒ်နေဇာမင်းသည် အိပ်မက်ကို မြင်တော်မူ၏။

ထိတ်လန့်ခြင်း စိတ်ရှိခြင်း
ဤနေရာတွင်"စိတ်"က သူ၏အတွေးတွေကိုဖော်ပြထား သည်။(ရှု၊ |Metonymy)

စက်တော်မခေါ်နိုင်သည်ဖြစ်၍၊
သူ့ရဲပြဿနာများက မအိပ်စက်၊ အနားမယူနိုင်ဖြစ်စေသည်။
တခြားဘာသာပြန်ဆိုခြင်း "သူမအိပ်နိုင်"။

မာဂု ပညာရှိ၊ ဗေဒင်တတ်၊ သူပြုဆရာ၊ ခါလဒဲဆရာတို့ကို ခေါ်ချေဟု အမိန့်တော်ရှိသည်။
"ရှင်ဘုရင်သည် သေဆုံး လူများနှင့် စကားပြောသောသူများ နှင့် မှော်ဆရာများ ခေါ်တော်မူ၏။

သူတို့သည် အထံတော်သို့ ရောက်လာကြသည်။
"သူတို့ ဗိမာန်တော်ထဲသို့ ရောက်ရှိခြင်း"

 generated on Tue Jul 2 12:50:28 2024

Daniel 03

စိတ်မအီ မသာရှိသည်ဟု မိန့်တော်မူ၏။
ဤနေရာ၌ "စိတ်" ဟုဆိုရာ၌
ရှင်ဘုရင်သူ့ကိုယ်သူရည်ညွှန်းထားခြင်းဖြစ်သည်။
အခြားဘာသာပြန်ဆိုချက်၊ ကျွန်ုပ် စိတ်သောက
ရောက်နေသည်။"

စိတ်မအီမသာရှိသည်
"ပြဿနာ၊ အနှောက်အယှက်"

ခါလဒဲ
ဤသည်ကား ဗာဗုလုန်နိုင်ငံသားများ ပြောဆိုနေကြသော
ဘာသာစကားများဖြစ်သည်။

အရှင်မင်းကြီး၊ အသက်တော်အစဉ်အမြဲ ရှင်ပါစေ။
လူတွေက ရှင်ဘုရင်ကိုပေါ်လွင်စေလိုသောအားဖြင့်
ဖော်ပြခြင်းဖြစ်နိုင်သည်။ သူ့ကို မြင့်မြတ်စေသော၊
ဂုဏ်ပြုသောစကား ဖြစ်သည်။ တခြားဘာသာပြန်ဆိုချက်"ဘုရင်၊
အသက်ရှည်ပါမည်အကြောင်းကျွန်ုပ်တို့ မျော်လင့်ပါ၏။"

အကျွန်ုပ်တို့၊ သင့်အစေခံများ
လူတွေက သူ့ကိုသူ ရှင်ဘုရင်၏ အစေခံကျွန်ဟူ၍ ရှင်ဘုရင်အား
လေးစားမှုကိုဖော်ပြလိုကြောင်းဖြစ်သည်။"

ကျွန်ုပ်တို့သည် အနက်ကို ဘော်ပြပါမည်။
ဤနေရာရှိ "ကျွန်ုပ်တို့" ဟူသောစကားလုံးသည် အစေခံများကို
ဖော်ပြခြင်းဖြစ်သည်။

Daniel 05

ငါအမိန့်တော်ရှိပြီ။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားဘာသာပြန်ဆိုချက်အရ၊ အဘယ်သို့ပြုမည်ကို
ဆုံးဖြတ်ထားပြီးပြီ။"။

သင်တို့ကို အပိုင်းပိုင်းစဉ်းမည်။ သင်တို့အိမ်များကိုလည်း နောက်
ချေးပုံဖြစ်စေမည်။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားဘာသာပြန်ဆိုချက်အရ၊ "သင်တို့အိမ်
တွေကိုနောက်ချေးပုံဖြစ်စေပြီး၊ သင်တို့ကို
ကိုယ်ကိုအပိုင်းပိုင်းစဉ်းမည်ဟု ငါ့စစ်သားများကို
အမိန့်ပေးမည်ဟူ၍ ဖြစ်သည်။

ဆုလပ် သပ်ပကာ၊ ဂုဏ်အသရေများကို ငါပေးမည်။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားဘာသာပြန်ဆိုချက်အရ၊ "သင်ကို
ငါလက်ဆောင်ပေးမည်"။

Daniel 07

ငါ့အမိန့်တော်ရှိပြီးသောကြောင့်...အိပ်မက် ကို ပြန်ပြောကြ။
ခိုင်မြဲသောဆုံးဖြတ်ချက်အပေါ်
ပြောင်းလဲနိုင်တော့မည်မဟုတ်ကြောင်းဖြစ်သည်။

အိပ်မက်ကို ငါ့အားမဘော်မပြလျှင်၊
"သင့်အတွက် ပြစ်ဒဏ်တစ်ခုတည်းသာ ရှိသည်။"

ငါ့ရှေ့၌ လှော့ကစ်ရာဘို့ ကောက် ကျစ်လိမ်လစ်သောစကားကို
ပြင်ဆင်နှင့်ကြပြီ။
ဒီစကားနှစ်လုံးဖြင့် နှိုင်းယှဉ်ကြည့်သောအခါ "လိမ်လည်
လှည့်ဖျားရန် ရည်ရွယ်ထားခြင်းဖြစ်သည်။"

Daniel 10

အဘယ်မည်သော ရှင်ဘုရင်သည် ဘုန်းတန်ခိုး ကြီးသော်လည်း၊
ရှင်ဘုရင်၏ ဘုန်းတန်ခိုကြီးမားခြင်းကို
တင်စားလိုခြင်းပင်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုခြင်းအရ
"သာ၍ တန်ခိုးကြီးမားခြင်းဖြစ်သည်"

လူပကတိနှင့် မဆက်ဆံ သော ဘုရားမှတပါး
ဤအရာသည် အပေါင်းလက္ခဏာကို ပုံဆောင်ခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုခြင်းအရ"ဘုရားတစ်ပါးတည်းကသာလျှင်
ရှင်ဘုရင်ကိုဖော်ပြနိုင်သည်။"

Daniel 12

ပြင်းစွာ အမျက် တော်ထွက်၍၊
ရှင်ဘုရင်၏ ပြင်းပြင်းထန်ထန်အမြတ်ထွက်ခြင်းကို
ဖော်ပြထားခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုခြင်းအရ
"မယုံနိုင်လောက်သော အမျက်ဒေါသ"

ပယ်ရှင်းစေဟုအမိန့်တော်ရှိ၏။
ဤစီရင်ချက်သည် အသက်ဝင်လှုပ်ရှားလိမ့်မည်။
အခြားသောဘာသာပြန်ဆိုချက်"ရှင်ဘုရင်သည်
အာဏာတော်တစ်ခုကို ထုတ်လွှင့်သည်" သို့မဟုတ်"ရှင်ဘုရင်
အမိန့်တော်ပြန့်ကြားသည်။"

သတ်ခြင်းငှါ ရှာကြသော်၊
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုခြင်းအရ" သူတို့သည်
ပညာရှိဖြစ်သောကြောင့်စစ်သားများက သူတို့ကို
သတ်မည်ဖြစ်သည်။

Daniel 14

ရှင်ဘုရင်၏အမိန့်တော်သည်
ရှင်ဘုရင်၏ကြီးမားသော အမျော်အမြင်ကိုဖော်ပြသည်၊ ၊
အခြားသောဘာသာပြန်ဆိုချက် "တရားစီရင်ခြင်းနှင့်
သတိပေးခြင်း"'ဟူ၍ဖြစ်သည်။

ပယ်ရှင်းခြင်းငှါ
"သတ်ဖို့ရန် ရှင်ဘုရင် ခန့်အပ်သောသူ"

ကိုယ်ရံတော်မှူး
၎င်းအဖွဲ့သည် ရှင်ဘုရင်ကိုကာကွယ်သော
အသက်တော်စောင့်များဖြစ်ကြသည်။

အာရုတ်
၎င်းသည် ရှင်ဘုရင်၏ တပ်မှူးနာမည်ဖြစ်သည်။

ဒံယေလသည် နန်းတော်သို့ ဝင်၍
ဒံယေလသည် နန်းတော်အတွင်းသို့
သွားခဲ့ခြင်းလည်းဖြစ်နိုင်သည်။ အခြားသောဘာသာပြန်ဆိုခြင်း
"ဒံယေလသည် နန်းတော်အတွင်းသို့ သွားခဲ့ပြီဖြစ်သည်။"
သို့မဟုတ် "ဒံယေလသည် ရှင်ဘုရင်နှင့် စကားပြောရန် ဖြစ်သည်။
"

နေ့ရက်အချိန်ကို ပေးတော်မူမည် အကြောင်း
"ရှင်ဘုရင်နှင့် တွေ့ဆုံရန် အချိန် ခွဲခန့်ခြင်းဖြစ်သည်။"

Daniel 17

မိမိအိမ်
၎င်းသည် ဒံယေလ၏ နေအိမ်ဖြစ်နိုင်ခြေဖြစ်သည်။

ထိုအကြောင်းကို မိမိ အပေါင်းအဘော် ဟာနနိ၊ မိရှေလ၊ အာဇရိတို့အား
ကြားပြော၍၊
"ရှင်ဘုရင်၏ ရာဇဒဏ်အကြောင်းဖြစ်သည်"

ငါတို့သည်...ကောင်းကင်ဘုံရှင်ဘုရားသခင်ကို ဆုတောင်းကြကုန်
"ကျေးဇူးတော်ကို ခံရမည်အကြောင်း၊ ဆုတောင်းကူရန်
သူ့သူငယ်ချင်းများကို အကူညီတောင်းဆိုသည်။"

မသေမပျောက်စေခြင်းငှါ၊
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုခြင်းအရ" ဒါမှ
ရှင်ဘုရင်မသတ်မည်ဖြစ်ကြောင်းဖော်ပြသည်။"
သို့မဟုတ်"ရှင်ဘုရင်၏ တပ်မှူး

Daniel 19

ညဉ့်အခါ ဗျာဒိတ်တော်အားဖြင့် ထိုနက်နဲသော အရာကို ဒံယေလအား
ဘုရားသခင်ဘော်ပြတော်မူ၏။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်" ထိုညဉ့်မှာ ဗျာဒိတ်တော်အားဖြင့်
ဘုရားသခင် သည် ထိုနက်နဲသော အရာကိုဘော်ပြတော်မူ၏။

နက်နဲသောအရာ
၎င်းသည် ရှင်ဘုရင်၏ အိပ်မက်နှင့် အဓိပ္ပါယ်ကို
ရည်ညွှန်းခြင်းဖြစ်သည်။

Daniel 21

ယေဘုယျ အချက်အလက်
ဤအခန်း၌လည်း ဒံယေလ၏ဆုတောင်းသော အခန်းဖြစ်သည်။

ကာလအချိန် ဥတုများကို ပြောင်းလဲစေတော် မူ၏။
"ရှင်ဘုရင်၏ အမိန့်အာဏာနှင့် နည်းဥပဒေသများကိုလည်း
ပြုလုပ်သူ၊ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။အခြားသော ဘာသာပြန်ဆိုချက်" အကျွန်ုပ်၏ ဆင်ခြင်တုံတရားကင်းမဲ့ခြင်းနေ့ရက်ပြန်ရောက်၏" သို့မဟုတ်" အကျွန်ုပ်၏ ဆင်ခြင်တုံတရား ပြန်လည်ကျန်းမာလာသည်"

ထာဝရအသက်ရှင်တော်မူသော ဘုရားကိုချီးမွမ်းထောမနာပြုခြင်းနှင့် ဂုဏ်ပြုခြင်း၊
၎င်း စကားနှစ်လုံးသည် အဓိပ္ပါယ်အတူတူပင်ဖြစ်သည်။

အာဏာတော်သည် ထာဝရအာဏာဖြစ်၏။ နိုင်ငံတော်သည် ကမ္ဘာအဆက်ဆက်တည်၏။
ထာဝရ ဘုရားသခင်၏ အုပ်စိုးခြင်းအာဏာတော်ကိုဆိုလိုသည်။

Daniel 35

ယေဘုယျအချက်အလက်
အပိုဒ်ငယ်-၃၄-၃၇ နေဗုခဒ်နေဇာမင်းကြီး ပြောပြထားသောပထမ လူပုဂ္ဂိုလ်ကို ရည်ညွှန်းထားခြင်းဖြစ်သည်။

မြေကြီးသားအပေါင်းတို့သည် ရှေ့တော်၌ အဘယ်မျှမဟုတ်သကဲ့သို့ဖြစ်ကြ၏။ ကောင်းကင်ဗိုလ်ခြေ တို့၌၎င်း၊ မြေကြီးသားတို့၌၎င်း အလိုတော်ရှိသည်အတိုင်း စီရင်ပြုပြင်တော်မူ၏။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်" ကမ္ဘာပေါ်၌ရှိသည့်အရာအားလုံးကို အနတ္တဟု သူထင်သည်" (ရှု၊ figs activepassive)

မြေကြီးသားအပေါင်းတို့သည်၊
"ကမ္ဘာပေါ်ရှိ လူသားအားလုံး"

ကောင်းကင်ဗိုလ်ခြေ
"ကောင်းကင်ဘုံရှိ ကောင်းကင်တမန်တပ်များ"

အလိုတော်ရှိသည်အတိုင်း စီရင်ပြုပြင်တော်မူ၏။
"သူ့ရည်ရွယ် ဟူသမျှအတိုင်း တင်းတိမ်၏" သို့မဟုတ်" သူပြုလုပ်ချင်သမျှအားလုံး"

ကိုယ်တော်ကို ဆိုနိုင်သောသူ မရှိ။
သူ၏စွဲလန်းခြင်းများကို ထောက်ပံ့ပေးရန် အသေးစိတ်ရှင်းပြခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်မှာသူပြုသမျှတိုင်း၌ ဘယ်သူမျှတားမြစ်ပိုင်ခွင့်မရှိပါ"

အဘယ်သို့ ပြုသနည်းဟု ကိုယ်တော်ကို ဆိုနိုင်သောသူ မရှိ။
၎င်းဟူသည် ကိုးကားချက်၌ တိုက်ရိုက်အသုံးပြုခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်" သူပြုသမျှအပေါ် ဘယ်သူမှ ပြောပိုင်ခွင့်မရှိပါ"


generated on Tue Jul 2 12:50:28 2024

Daniel 36

ယေဘုယျအချက်အလက်
အပိုဒ်ငယ်-၃၄-၃၇ နေဗုခဒ်နေဇာမင်းကြီး ပြောပြထားသောပထမ လူပုဂ္ဂိုလ်ကို ရည်ညွှန်းထားခြင်းဖြစ်သည်။

ငါ့စိတ်ပကတိဖြစ်ပြန်၍၊
သူပြုခဲ့သောအမှုကြောင့် ဆင်ခြင်တုံတရား ကသူ့ဆီပြန်လှည့်လာကို ဖွင့်ပြောလိုခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်"ကျွန်ုပ်ပြန်ကောင်းမွန်လာပြီ"(ရှု၊

ငါ့ဘုန်းအာနုဘော်လည်း ယခင်ထက် တိုးပွါး၏။
ငါ့ဘုန်းအာနုဘော်လည်း ယခင်ထက် တိုးပွါး၏။ ဆိုလိုရင်းသည် နဂိုရှိပြီးသော တန်ခိုးတော်သည် ပြန်၍အားကောင်းလာသည် ဖော်ပြလိုခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်" ငါ၏ဘုန်းကြီးခြင်းနှင့် ကြီးမြတ်မှုကို ပြန်ရသည်" (ရှု၊ figs personification)

ငါ့နိုင်ငံ၏ အသရေဘို့ ယမန်ကဲ့သို့ တင့်တယ်ခြင်း အရောင်အဆင်း နှင့် ပြည့်စုံ၍၊
အခြေခံအားဖြင့် ဤစကားလုံးသည် သူ့ဘုန်းအသရေတော်နှင့် ကြီးမြတ်ခြင်းကို ဖော်ပြလိုခြင်းဖြစ်သည်၊၊

တိုင်ပင်သော မှူးတော် မတ်တော်တို့သည် ညီလာခံဝင်ကြလျှင်၊ ငါ၏အာဏာတည်မြဲတည်၏။
"ငါမြင့်မြတ်သောသူတွေကို ပြန်အကူညီပေးသည်"

စီရင်ဖန် ဆင်းတော်မူသမျှသော အရာတို့သည် သစ္စာနှင့် ပြည့်စုံ၍တရားနှင့် ညီလျော်ကြ၏။။
ရာဇပလ္လင်ဟုဖော်ပြလိုသောအရာ၌ သူ့အခွင့်အာဏာနှင့် အုပ်စိုးခြင်းကို ရည်ညွှန်းထားပါသည်။ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်"ငါ့နိုင်ငံတော်၏စည်းမျဉ်းသို့ပြန်လှည့်လာခြင်းသည် သာ၍ ကြီးမားသောအရာကို ရရှိခြင်းဖြစ်သည်"

ချီးမွမ်းထောပနာခြင်း၊ အလွန်အမင်းချီးကျူးခြင်းနှင့် ဂုဏ်ပြုခြင်း။
အခြေခံကျကျဒီစကားလုံး သုံးခု၏ အဓိပ္ပါယ်မှာ အတူတူပင်ဖြစ်ပြီး ဘုရားသခင်ကြီးမားခြင်းကြောင်းကို ချီးမွမ်းခြင်းဖြစ်သည်။

ဘယ်သူက မိမိဂုဏ်မာနနဲ့ လျှောက်လှမ်းသနည်း၊၊
အခြားသော ဘာသာပြန်ဆိုချက်" အဘယ်သူသည်မာန်မာနရှိရှိသနည်း"

---

Translation Questions

Daniel 4:1

နေဗုခဒ်နေဇာမင်းသည် မည်သူထံသို့ အမိန့်စာပို့ခဲ့သနည်း။
နေဗုခဒ်နေဇာမင်းသည် အမိန့်စာကို မြေကြီးတပြင်လုံး၌ နေထိုင်ကြသော လူမျိုးအားလုံး၊ အသီးသီးဘာသာစကားကို ပြောသော လူတွေအားလုံးထံသို့ ပို့ခဲ့သည်။

နေဗုခဒ်နေဇာသည် အဘယ်ကြောင့် အမိန့်စာပို့ခဲ့သနည်း။
နေဗုခဒ်နေဇာသည် အမြင့်ဆုံးသောသူက သူ့အတွက် ပြုလုပ်ခဲ့သော အံ့ဩဖွယ်အမှုများနှင့် နိမိတ်လက္ခဏာများအကြောင်းကို လူတိုင်းကို ပြောပြဖို့ရန်အတွက် အမိန့်စာကို ပို့ခဲ့ပါသည်။

နေဗုခဒ်နေဇာသည် အကြီးမြတ်ဆုံးသောသူအကြောင်းကို မည်သို့ပြောခဲ့သနည်း။
နေဗုခဒ်နေဇာသည် အကြီးမြတ်ဆုံးသောသူအကြောင်းကို "နိမိတ်လက္ခဏာတော်သည် အလွန်ကြီးမြတ်သည်၊ အံ့ဘွယ်သောအမှုများသည်လည်း တန်ခိုးနှင့် ပြည့်စုံသည်၊ ဘုရားသခင်၏နိုင်ငံတော်သည် ထာဝရနိုင်ငံဖြစ်သည်၊ အာဏာစက်သည်လည်း ကမ္ဘာအဆက်ဆက်တည်တော်မူ၏" ဟုပြောခဲ့သည်။

Daniel 4:4

အဘယ်အရာသည် နေဗုခဒ်နေဇာမင်းကို ကြောက်ရွံ့စေသနည်း။
အိမ်မက်သည် နေဗုခဒ်နေဇာမင်းကို ကြောက်ရွံ့စေခဲ့သည်။

နေဗုခဒ်နေဇာမင်းသည် အဘယ်ကြောင့် ဗာဗုလုန်နိုင်ငံ၌ရှိသော ပညာရှိအားလုံးကို ခေါ်လာဖို့ရန် အမိန့်စာထုတ်ခဲ့သနည်း။
နေဗုခဒ်နေဇာမင်းသည် သူ့အတွက် အိမ်မက်ကို လာပြီး အနက်ဖွင့်ပေးဖို့ရန်အတွက် ဗာဗုလုန်နိုင်ငံ၌ ရှိသော ပညာရှိများကို လိုချင်ခဲ့သည်။

Daniel 4:7

ဒံယေလ၏ဗာဗုလုန်အမည်နှင့် နေဗုခဒ်နေဇမင်း၏ နိုင်ငံတော်၌ သူ၏ ရာထူးကိုဖော်ပြပါ။
ဒံယေလ၏ဗာဗုလုန်အမည်သည် ဗေလတရှာဇာဟုခေါ်ဝေါ်သမုတ်ပြီး "ဝိဇ္ဇာပညာရှင်များ၏ အကြီးအကဲ' ရာထူးကိုရသည်။

သူ၏အိပ်မက်အနက်ကို မည်သူကဖော်ပြနိုင်သည်ဟု နေဗုခဒ်နေဇမင်းကြီးသည် ယုံကြည်ခဲ့သနည်း။
ဒံယေလသည် သူ၏အိအပ်မက်ကို ဒံယေလက ပြန်နိုင်သည်ဟု ယုံကြည်၍ 'သန့်ရှင်းသောဘုရားများ၏ဝိညာဉ်သည်သင်၌ရှိ၍ မည်သည့်ထူးဆန်းသောအရာပင် သင့်အတွက် မခက်လဲလှ' ဟု ဒံယေလအား ဆို၏။

Daniel 4:10

နေဗုခဒ်နေဇမင်းကြီးသည် သူ၏အိပ်မက်ပထမအပိုင်းကိုမည်သို့မြင်သနည်း။

နေဗုခဒ်နေဇမင်းကြီးသည် အလွန်ကြီးမား၍လှသောသစ်ပင်တစ်ပင်ကိုမြင်၏။ အရွက်သည်လည်းလှပြီးသတ္တဝါအပေါင်းတို့သည်စား၍ဝလောက်သောအသီးနှင့်ပြည့်စုံ၏။ မြေတိရစ္ဆာန်တို့သည် ထိုသစ်ပင်အရိပ်၌ ခိုကြသည်။ အခက်အလက်တို့၌ ကောင်း ကင်ငှက်တို့သည် နားနေကြ၏။

Daniel 4:13

ကောင်းကင်မှဆင်းလာသော သန့်ရှင်းသူတစ်ယောက်သည် သစ်ပင်ကိုမည်သို့ပြုလုပ်ဖို့ရန် ပြောခဲ့သနည်း။

သန့်ရှင်းသူတစ်ယောက်သည် သစ်ပင်ကို ခုတ်လှဲဖို့ အကိုင်းအခက်များကို ဖြတ်ဖို့၊ အရွက်များကို ချွေဖို့နှင့် အသီးများကို လည်း ကြဲပြန့်ဖို့ရန်ပြောခဲ့သည်။

Daniel 4:15

ကျန်ရစ်သောသစ်ငုတ်ကို မည်သို့ပြုရမည်နည်း။

သစ်ငုတ်ကို သံကြိုးဖြင့်ချည်၍ မြေ၌ရှိစေရန်ဖြစ်သည်။ နှင်းစက်ဖြင့် စိုစွတ်စေပါ။ တိရစ္ဆာန်များနှင့်အတူနေစေ။ ခုနစ်နှစ်တိုင်အောင် သူ့စိတ်သည် လူကဲ့သို့မဟုတ်ဘဲ တိရစ္ဆာန်နှင့်တူပါစေ။

Daniel 4:17

နေဗုခဒ်နေဇာမင်း၏ အိမ်မက်ထဲရှိ သစ်ပင်အား ထိုသို့ပြုရခြင်းမှာ အဘယ်ကြောင့်နည်း?

အကြောင်းရင်းမှာ အမြင့်ဆုံးသော ဘုရားသည် လောကီနိုင်ငံကို အုပ်စိုးတော်မူသည်ကိုငှင်း၊ ပေးလိုသောသူတို့အား ပေးတော်မူသည်ကိုငှင်း၊ အသက်ရှင်သောသူတို့သည် သိနားလည်ဖို့ရန်အတွက် ဖြစ်သည်။

Daniel 4:20

ဒံယေလက နေဗုခဒ်နေဇာမင်း၏ အိပ်မက်ထဲရှိ သစ်ပင်သည် မည်သူဖြစ်သည်ဟု ပြောခဲ့သနည်း။

ဒံယေလက သစ်ပင်သည် နေဗုခဒ်နေဇာဖြစ်သည်ဟုပြောခဲ့သည်။

Daniel 4:24

အမြင့်ဆုံးသော ဘုရားသည် လောကီနိုင်ငံကို အုပ်စိုးရန်၊ ပေးလိုသော သူတို့အား ပေးတော်မူသည်ကို မသိမမှတ်မှီ နေဗုခဒ်နေဇာမင်းကြီးသည် အဘယ်ကဲ့သို့ ဖြစ်မည်နည်း။

နေဗုခဒ်နေဇာမင်းကြီးသည် လူစုထဲက နှင်ထုတ်ခံရ၍ မြေတိရစ္ဆာန်တို့နှင့်အတူ နေရာချထားခြင်းခံရကာ နွားကဲ့သို့ မြက်ကို စား၍ မိုဃ်းစွတ်ခြင်းကို ခံလျက်နေရလိမ့်မည်။

အမြင့်ဆုံးသော ဘုရားသည် လောကီနိုင်ငံကို အုပ်စိုး၍ ပေးလိုသော သူတို့အား ပေးတော်မူသည်ကို နေဗုခဒ်နေဇာမင်းကြီး မသိမမှတ်မှီ မည်မျှ ကြာခဲ့သနည်း။

ခုနှစ်နှစ်ပတ်လုံးကျော်ဖြတ်ခဲ့ရသည်။

Daniel 4:26

နေဗုခဒ်နေဇာမင်းအတွက် အိပ်မက်ကို အနက်ဖွင့်ပြီးသည့်နောက် ဒံယေလသည် သူ့ကို မည်သို့အကြံပေးသနည်း။

ဒံယေလသည် နေဗုခဒ်နေဇာကို အပြစ်လုပ်ခြင်းကို ရပ်ဖို့ရန်နှင့် မှန်ကန်သောအရာကို လုပ်ဖို့ရန် အကြံပေးခဲ့သည်။ သူသည် နေဗုခဒ်နေဇာအား အပြစ်များမှလှည့်ပြန်၍ ဖိနှိပ်ခံရသောသူများကို ကရုဏာပြသဖို့ရန်လည်း ပြောခဲ့သည်။

Daniel 4:28

နေဗုခဒ်နေဇာ၏ အိပ်မက်ပြီးနောက် အနက်ဖွင့်ခြင်းမတိုင်မှီ မည်မျှကြာခဲ့သနည်း။

နေဗုခဒ်နေဇာ၏ အိပ်မက်ပြီးနောက် အနက်ဖွင့်ခြင်းမတိုင်မှီ ဆယ့်နှစ်လတွင် ကြာခဲ့သည်။

Daniel 4:34

သူ့စိတ်ကောင်းပြန်ရသည့်အချိန်တွင် နေဗုဒ်ခဒ်နေဇာသည် မည်သည့်အရာလုပ်ခဲ့သနည်း?

နေဗုခဒ်နေဇာမင်းသည် ထာဝရအုပ်ချုပ်သော အမြင့်ဆုံးဘုရားကို ချီးမွမ်းပြီး ကောင်းကြီးပေးခဲ့သည်။

Daniel 4:36

နေဗုခဒ်နေဇာမင်း၏ နိုင်ငံတွင် ဘာဖြစ်ပျက်ခဲ့သနည်း။

နေဗုခဒ်နေဇာမင်း၏ နိုင်ငံသည် ဆက်လက်တည်တံ့ခဲ့သည်။

ကောင်းကင်နိုင်ငံတော်နှင့် ပတ်သက်၍ နေဗုခဒ်နေဇာမင်း၏ နောက်ဆုံးထုတ်ပြန်ချက်သည် ဘာဖြစ်ခဲ့သနည်း။

သူ၏ ထုတ်ပြန်ချက်သည် "ယခုတွင် ငါနေဗုခဒ်နေဇာသည် ကောင်းကင်အရှင်အား ချီးမွမ်းထောမနာပြုပါသည်။ စီရင်တော်မူသော အရာအားလုံးသည် သစ္စာနှင့်ပြည့်၍ တရားနှင့်ပြည့်သည်။ မာနထောင်လွှားသော သူတွေကို နှိမ့်ချခြင်းငှာတတ်နိုင်သည်" ဟုဖြစ်သည်။



generated on Tue Jul 2 12:50:28 2024

# Chapter 5

1 တရံရောအခါ ဗေလရှာဇာမင်းကြီးသည် မှူးမတ်တထောင်ကို ခေါ်ပြီးလျှင် ကြီးစွာသော ပွဲကို လုပ်၍၊ မှူးမတ်တထောင်နှင့်တကွ
စပျစ်ရည်ကို သောက်တော်မူ၏။ 2 စပျစ်ရည်ကို မြည်းစမ်းသောအခါ၊ ယေရု ရှလင်မြို့ ဗိမာန်တော် ထဲကခမည်းတော် နေဗုခဒ်နေဇာ
သိမ်းယူဆောင်ခဲ့သော ရွှေဖလား၊ ငွေဖလားတို့နှင့် ကိုယ်တော်တိုင်မှစ၍ မင်းသား၊ မိဖုရား၊ မောင်းမမိသံ တို့သည်
သောက်ရမည်အကြောင်း၊ ထိုဖလားတို့ကို ယူခဲ့ရမည်ဟု အမိန့်တော်ရှိသည်အတိုင်း၊ 3 ယေရုရှလင်မြို့၌ရှိသော ဘုရားသခင်၏ ဗိမာန်
တော်တိုက်ထဲက သိမ်းယူဆောင်ခဲ့သော ရွှေဖလားတို့ကို ယူခဲ့၍၊ မင်းကြီး၊ မင်းသား၊ မိဖုရား၊ မောင်းမမိသံတို့သည် ထိုဖလားတို့နှင့်
သောက်ကြ၏။ 4 စပျစ်ရည်ကိုသောက်၍၊ ရွှေဘုရား၊ ငွေဘုရား၊ ကြေးဝါဘုရား၊ သံဘုရား၊ သစ်သားဘုရား၊ ကျောက် ဘုရားတို့ကို
ချီးမွမ်းကြ၏။ 5 ထိုအချိန်နာရီတွင် လူ၏လက်ဖျားသည် ပေါ်လာ၍ မီးခုံ အထက်၊ နန်းတော်အုတ်ထရံ အင်္ဂတေ၌ အက္ခရာတင်၍
ရေးထား၏။ ထိုသို့ရေးသောလက်ဖျားကို ရှင်ဘုရင် မြင်တော်မူလျှင်၊ 6 မျက်နှာတော်ညှိုးငယ်၍ စိတ်ပူပန်ခြင်းသို့ ရောက်သဖြင့်၊
ခါးဆစ်ပြုတ်မတတ်ဖြစ်၍ ဒူးခြင်းထိခိုက် သည်ရှိသော်၊ 7 ဗေဒင်တတ်၊ ခါလဒဲဆရာ၊ အနာဂတ္တိဆရာ တို့ကို ခေါ်ချေဟု
ဟစ်ကြော်ပြီးလျှင်၊ ထိုစာကို ဘတ်၍ အနက် ကို ဘော်ပြနိုင်သောသူသည် အဝတ်နီကိုဝတ်ဆင်၍ လည်ပင်း၌ ရွှေစလွယ်ဆွဲလျက်၊
နိုင်ငံတော်တွင် တတိယ မင်းဖြစ်စေဟု ဗာဗုလုန်ပညာရှိတို့အား အမိန့်တော်ရှိ၍၊ 8 ပညာရှိ ဆရာတော်အပေါင်းတို့သည် လာ
ရောက်ကြသော်လည်း၊ ထိုစာကို မတတ်နိုင်ကြ။ အနက် အဓိပ္ပါယ်ကို ရှင်ဘုရင်အား မဟောမပြောနိုင်သော ကြောင့်၊ 9
ဗေလရှာဇာမင်းကြီးသည် အလွန်စိတ်ပူပန်ခြင်း၊ မျက်နှာတော်ညှိုးငယ်ခြင်းရှိ၍၊ မှူးတော်မတ်တော်တို့ သည် မှိုင်လျက်နေကြ၏။ 10
ထိုအခါ မယ်တော်မိဖုရားသည် ရှင်ဘုရင်၏ စကား၊ မှူးမတ်တို့၏ စကားကို ကြားသိလျှင်၊ ပွဲတော်သို့ ဝင်၍၊ အရှင်မင်းကြီး၊
အသက်တော် အစဉ်အမြဲရှင်ပါစေ။ စိတ်တော်ပူပန်ခြင်း မရှိပါနှင့်။ မျက်နှာညှိုးငယ်တော် မမူပါနှင့်။ 11 သန့်ရှင်းသော ဘုရားသခင်၏
ဝိညာဉ်တော်နှင့် ပြည့်စုံသော သူတယောက်သည် နိုင်ငံတော်တွင် ရှိပါ၏။ ခမည်းတော်ဘုရားလက်ထက်တော်၌၊ ထိုသူတွင် ဘုရားပညာ
နှင့်တူသော ပညာဉာဏ်သတ္တိ ထင်ရှားလျက် ရှိပါ၏။ ထိုသူကို ခမည်းတော်ဘုရား နေဗုခဒ်နေဇာမင်းကြီး သည် မာဂုပညာရှိ၊
ဗေဒင်တတ်၊ ခါလဒဲဆရာ၊ အနာဂတ္တိ ဆရာတို့အပေါ်တွင် ဆရာအုပ်အရာ၌ ခန့်ထားတော် မူ၏။ 12 အကြောင်းမူကား၊
အိပ်မက်အနက်ကို ဘတ်ခြင်း၊ နက်နဲခက်ခဲသောအရာကို ဖွင့်ပြခြင်း၊ ပုစ္ဆာအမေးကို ဖြေခြင်းငှါ တတ်စွမ်းနိုင် သောဉာဏ်ပညာ
နှင့်တကွ၊ ထူးဆန်းသောစိတ်ဝိညာဉ်သည် ဒံယေလ အမည်ရှိသော ထိုသူတွင် ထင်ရှားလျက်ရှိပါ၏။ ဗေလတ ရှာဇာဟူသော
ဘွဲ့နာမကိုလည်း ရှင်ဘုရင် ပေးသနား တော်မူ၏။ ထိုဒံယေလကို ခေါ်တော်မူလျှင်၊ အနက်ကို ဟောပြောပါလိမ့်မည်ဟု လျှောက်သော်၊
13 ဒံယေလကို အထံတော်သို့ ခေါ်သွင်းလေ၏။ ရှင်ဘုရင်က၊ ငါ့ခမည်းတော်ဘုရားသည် ယုဒပြည်က သိမ်းယူတော်မူခဲ့၍၊ ယုဒလူစုဉ်၌
ပါသောဒံယေလ မှန်သလော။ 14 သင်သည် ဘုရားသခင်၏ ဝိညာဉ်နှင့်ငှင်း၊ ထူးဆန်းသော ပညာဉာဏ်သတ္တိနှင့်ငှင်း ပြည့်စုံသည်ဟု
သင်၏ သိတင်းကို ငါကြား၏။ 15 ထိုစာကို ဘတ်၍ အနက်ကို ငါ့အား ဘော်ပြစေ ခြင်းငှါ ဗေဒင်တတ်ပညာရှိတို့ကို ငါ့ထံသို့သွင်းသော်
လည်း၊ သူတို့သည်အနက်ကို မဘော်မပြနိုင်ကြ။ 16 သင်သည် အနက်များကို ဘော်ပြ၍ ပုစ္ဆာ အမေးတို့ကို ဖြေနိုင်သည်ဟု
ငါကြားပြီးအတိုင်း၊ ထိုစာကိုဘတ်၍ အနက်ကိုငါ့အားဘောပြနိုင်လျှင်၊ အဝတ်နီကိုဝတ်ဆင်၍ လည်ပင်း၌ ရွှေစလွယ်ဆွဲလျက်၊
နိုင်ငံတော်တွင် တတိယမင်းဖြစ်ရလိမ့်မည်ဟု မိန့်တော် မူ၏။ 17 ဒံယေလကလည်း၊ ဆုတော်လပ်တော်ကို ကိုယ်တော်၌ရှိစေတော်မူပါ။
ပေးလိုသောအရာများကို အခြားသူအား ပေးသနားတော်မူပါ။ သို့သော်လည်း၊ ရှေ့တော်၌ ထိုစာကို ဘတ်၍ အနက်ကိုဘော်ပြပါမည်။
18 အရှင်မင်းကြီး၊ အမြင့်ဆုံးသော ဘုရားသခင် သည် ခမည်းတော် နေဗုခဒ်နေဇာမင်းကြီး၌ နိုင်ငံတော် နှင့်တကွ ရွှေဘုန်းတော်မြတ်၊
ဂုဏ်အသရေတော်ကို ပေးသနားတော်မူ၏။ 19 ပေးသနားတော်မူသော ထိုရွှေဘုန်းတော်မြတ် ကြောင့်၊ အရပ်ရပ်တို့၌ နေ၍
အသီးသီးအခြားခြားသော ဘာသာစကားကို ပြောသော လူမျိုးတကာတို့သည် ရှေ့တော်၌ ကြောက်ရွံ့တုန်လှုပ်လျက် နေကြ၏။
သတ်လို သော သူတို့ကို သတ်တော်မူ၏။ အသက်ရှင်စေလိုသော သူတို့ကို ရှင်စေတော်မူ၏။ ချီးမြှောက်လိုသော သူတို့ကို
ချီးမြှောက်တော်မူ၏။ နှိမ့်ချလိုသောသူတို့ကို နှိမ့်ချတော်မူ၏။ 20 မာန်မာနစိတ်နှင့် ထောင်လွှားစော်ကားခြင်း ရှိသောအခါ၊
ဘုန်းတန်ခိုးကွယ်ပျောက်၍ နန်းတော်မှ ကျ၏။ 21 လူသားစုထဲက နှင်ထုတ်ခြင်းကိုခံ၍ တိရ စ္ဆာန် သဘောနှင့် ပြည့်စုံ၏။
အမြင့်ဆုံးသော ဘုရားသခင်သည် လောကီနိုင်ငံကို အုပ်စိုး၍၊ အလိုတော်ရှိသောသူတို့အား အပ်တော်မူသည်ကို မသိမှတ်မှီတိုင်အောင်၊
မြည်းရိုင်း တို့နှင့် ပေါင်းဘော်လျက်၊ နွားကဲ့သို့ မြက်ကိုစားလျက်၊ မိုယ်းစွတ်ခြင်းကို ခံ၍နေရ၏။ 22 အရှင်သားတော် ဗေလရှာဇာ၊
ကိုယ်တော်သည် ထိုအမှုအလုံးစုံတို့ကို သိသော်လည်း၊ စိတ်နှလုံးကို မနှိမ့်ချဘဲ၊ 23 ကောင်းကင်ဘုံ၏ အရှင်ကို ဆန့်ကျင်ဘက်ပြု၍၊
ဗိမာန်တော်၏ ဖလားတို့ကို ရှေ့တော်သို့ ယူခဲ့စေ၍၊ ကိုယ်တော်တိုင်မှစသော မှူးတော် မတ်တော်၊ မိဖုရား၊ မောင်းမမိသံတို့သည်
ထိုဖလားတို့နှင့်စပျစ်ရည်ကို သောက်ကြပြီတကား။ မျက်စိမမြင်၊ နားမကြား၊ အဘယ် အရာကိုမျှ မသိသော ငွေဘုရား၊ ရွှေဘုရား၊
ကြေးဝါ ဘုရား၊ သံဘုရား၊ သစ်သားဘုရား၊ ကျောက်ဘုရားတို့ကို ချီးမွမ်း၍၊ ကိုယ်တော်၏ အသက်သခင်တည်းဟူသော
ကိုယ်တော်၏ အမှုအလုံးစုံတို့ကိုစီရင်ပိုင်တော်မူသော ဘုရားသခင်ကို မချီးမွမ်းဘဲ နေပါပြီတကား။ 24 ထိုကြောင့်၊
လက်ဖျားကိုစေလွှတ်၍ ထိုစာကို ရေးစေတော်မူ၏။ 25 စာချက်ဟူမူကား၊ မေနေမေနေ၊ တေကလ၊ ဖေရက်ဟု အက္ခရာ
တင်လျက်ရှိ၏။ 26 မေနေ၏ အနက်အဓိပ္ပါယ်ကား၊ ကိုယ်တော်၏ နိုင်ငံကို ဘုရားသခင် ရေတွက်၍ ဆုံးစေတော်မူ၏။ 27 တေကလ၏


generated on Tue Jul 2 12:50:28 2024

အနက်အဓိပ္ပါယ်ကား၊ ကိုယ်တော် ကို ချိန်ခွင်နှင့် ချိန်၍လျော့ကြောင်းကို တွေ့မြင်တော် မူ၏။ [28] ဖေရက်၏ အနက်ဓိပ္ပါယ်ကား၊
နိုင်ငံတော်ကို ခွဲဝေ၍ မေဒိလူ၊ ပေရသိလူတို့အား အပ်ပေးတော်မူ၏ဟု ဆိုလိုသတည်းဟု ဒံယေလသည် အထံတော်၌ ပြန်ကြား
လျှောက်ထား၏။ [29] ထိုအခါ ဗေလရှာဇာ မင်းကြီးမိန့်တော်မူသည် အတိုင်း၊ ဒံလရှဇာမင်းကြီးမိန့်တော်မူသည်အတိုင်း၊ ဒံယေလကို
အဝတ်နီဝတ်ဆင်စေ၍ လည်ပင်း၌ ရွှေ စလွယ်ဆွဲပြီးမှ၊ နိုင်ငံတော်တွင် တတိယမင်းဖြစ်သည်ဟု မြို့ကိုလည်၍ဟစ်ကြော်ကြ၏။ [30]
ထိုည၌ပင် ခါလဒဲရှင်ဘုရင် ဗေလရှာဇာ မင်းသည် အသက်ဆုံး၍၊ [31] မေဒိအမျိုး ဒါရိမင်းသည် အသက်ခြောက်ဆယ် နှစ်နှစ်တွင်
နိုင်ငံတော်ကို သိမ်းယူတော်မူ၏။

---

Daniel 01

ဗေလရှာဇာမင်းကြီး
ဤသူသည် နေဗုခဒ်နေဇာမင်းကြီး၏သား သူ့ဖခင်၏အရိုက်၊ အရာဆက်ခံမည့်သူဖြစ်သည်။

တထောင်နှင့်တကွ
"လူပေါင်း ၁၀၀၀ အတွက်"

စပျစ်ရည်ကို မြည်းစမ်းသောအခါ
" ရှေ့တော်မှောက်၌ ဝိုင်ကို မြည်းစမ်း သောအခါ"

သိမ်းယူဆောင်ခဲ့သော ရွှေဖလား၊ ငွေဖလားတို့
ပြုလုပ်သူ၊ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်" ဣသရေလလူမျိုးများပြုလုပ်သော ရွှေဖလား၊ ငွေဖလားများဖြစ်သည်။

ဖလား၊ (ထည့်စရာများ)
လူတစ်ဦးကလက်ဖြင့် လွယ်ကူစွာ သယ်ယူနိုင်သော ခွက်ဖလား ဖြစ်သည်၊၊

ခမည်းတော် နေဗုခဒ်နေဇာ သိမ်းယူဆောင်ခဲ့သော
နေဗုခဒ်နေဇာမင်းကြီးနာမည်အသုံးပြုခြင်းသည် သူ့စစ်သားများကိုရည်ညွှန်းခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်" သူ့အဖေ နေဗုခဒ်နေဇာမင်းကြီး ခေါ်ထုတ်ထားသောစစ်သည်တော်များ"

Daniel 03

ယေရုရှလင်မြို့၌ရှိသော ဘုရားသခင်၏ ဗိမာန် တော်တိုက်ထဲက သိမ်းယူဆောင်ခဲ့သော ရွှေဖလားတို့၊
ပြုလုပ်သူ၊ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်" ရွှေဖလားများ ဆိုသည်မှာ ဗိမာန်တော်အပြင်၌ ရှိသော နေဗုခဒ်နေဇာ၏စစ်သည်တော်များကို တင်စားခြင်းဖြစ်သည်"

ဘုရားသခင်၏အိမ်တော်၊ ဗိမာန်တော်၏အပြင်
"ဘုရားသခင်၏ ဗိမာန်တော်အပြင်"ဆိုလိုရင်းသည် "ဘုရားသခင်၏အိမ်တော်" ဗိမာန်တော်အကြောင်း ပိုပြီးဖော်ပြခြင်းဖြစ်သည်။

Daniel 05

ထိုအချိန်နာရီတွင်
"သူတို့ပြုလုပ်ပြီးချက်ချင်း" သို့မဟုတ်" ချက်ခြင်း"(UDB)

နန်းတော်အုတ်ထရံ အင်္ဂတေ၌ အက္ခရာတင်၍ ရေးထား၏။
ခြောက်သွေ့လာသည်နှင့်အမျှ နံရံပေါ်တွင် စီချယ်ခြင်း သို့မဟုတ် မျက်နှာကျက် မှာချောမွေ့စီချယ်ရန် အသုံးပြုသော ဘိလပ်မြေ သို့မဟုတ် ရွှံ့ စသည်တို့ဖြစ်သည်။

မျက်နှာတော်ညှိုးငယ်၍ စိတ်ပူပန်ခြင်းသို့ ရောက်သဖြင့်၊
"သူ့မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်လာခြင်း"(UDB). ၎င်းသည် သူ့ကြောက်ရွံ့ခြင်းကို ဖော်ပြလိုခြင်းဖြစ်သည်။

လူ၏လက်ဖျားသည်
"သူ့ခြေထောက်များ"

ခါးဆစ်ပြုတ်မတတ်ဖြစ်၍ ဒူးခြင်းထိခိုက် သည့်ရှိသော်၊
၎င်းသည် သူ့ရဲ့ ကြောက်ရွံ့အားကြီးခြင်း ဖြစ်သည်။

Daniel 07

တတိယမင်းဖြစ်စေဟု ဗာဗုလုန်ပညာရှိတို့အား အမိန့်တော်ရှိ၍၊
ပညာရှင်များနှင့် ဗေဒင်တက်များ က အခိုင်အမာပြောဆိုခြင်းကို ရည်ညွှန်းထားပါသည်။

ထိုစာကိုဘတ်၍ အနက်ကို ဘော်ပြနိုင်သောသူသည် အဝတ်နီကိုဝတ်ဆင်၍ လည်ပင်း၌ ရွှေစလွယ်ဆွဲလျက်၊
ပြုလုပ်သူ၊ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်" ထိုစာကို ဖတ်၍ အနက်ကိုဖော်ပြနိုင်သောသူကို ငါသည် ခရမ်းရောင်နုအဝတ်နီကို နှင့် လည်ပင်း၌ ရွှေစလွယ်ကို ငါချီးမြောက်မည်"

ခရမ်းရောင်နုအဝတ်နီ
ရှားပါးသော ခရမ်းရောင်နုအဝတ်နှင့် ဘုရင်၏အမှုထမ်းအတွက် ထိုက်တန်သော အဝတ်နီဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်" ရှင်ဘုရင်မျိုးနွယ်များ၏ အဝတ်စား အဆင်အယင်"

တတိယ မင်းဖြစ်စေဟု
"နံပါတ်သုံးနေရာ၌အုပ်စိုးသူ"

Daniel 08

ဗေလရှာဇာ
နေဗုခဒ်နေဇာမင်းကြီး၏သား သူ့ဖခင်နေရာတွင်
ရာထူးဆက်ခံမည့်သူ ဖြစ်သည်။ အခန်းငယ် ၅:၁
၌တွေ့ရသည်အတိုင်း .

မျက်နှာတော်ညှိုးငယ်ခြင်းရှိ၍၊
"သူ့မျက်နှာ ဖြူဖက်
ဖြူရော်ဖြစ်လာသည်။"ရှင်ဘုရင့်မျက်နှာသည် အခန်းငယ်
၅:၅တွင် မီးခိုးရောင်ကဲ့သို့ ဖြစ်လာသည်။

အလွန်စိတ်ပူပန်ခြင်း
"စိတ်ရှုပ်ထွေးစေသည်။

Daniel 10

မယ်တော်မိဖုရားသည်
မျက်မှောက်ခေတ်သစ် ဘာသာပြန်ကျမ်းစာ
တွေမှာနားလည်လွယ်အောင်
မိဖုရား၏မယ်တော်ဟုနားလည်ရပြီး၊ ရှင်ဘုရင်၏
မယ်တော်ဟုဖော်ပြထားသည်။ မိဘုရားသည်
ရှေ့ဟောင်းဗာဗုလုန်ရှိ ဂုဏ်ပြုခြင်းကိုခံသောသူဖြစ်သည်။

အရှင်မင်းကြီး၊ အသက်တော် အစဉ်အမြဲရှင်ပါစေ။
ပုံမှန်အတိုင်း ရှင်ဘုရင်ကို နှုတ်ဆက်သောစကားဖြစ်သည်။

စိတ်တော်ပူပန်ခြင်း မရှိပါနှင့်။ မျက်နှာညှိုးငယ်တော် မမူပါနှင့်။
"မျက်နှာညှိုးငယ်စရာမလိုပါ"

Daniel 11

သန့်ရှင်းသော ဘုရားသခင်၏ ဝိညာဉ်တော်
နေဗုခဒ်နေဇာမင်းကြီးကိုးကွယ်ခဲ့သော ဘုရား
ဒံယေလ၏တန်ခိုးသည်လည်း မှားယွင်းသော နတ်ဘုရားများမှ
ဆင်းသက်လာသည်ဟု မိဘုရားသည် လက်ခံယုံကြည်သည်။
အခန်းငယ် ၄:၇ တွင် ဘာသာပြန်ဆိုသကဲ့သို့။

ခမည်းတော်ဘုရားလက်ထက်တော်၌၊
"သင်၏ဖခင်အုပ်စိုးချိန်တွင်"

အိပ်မက်အနက်ကို ဘတ်ခြင်း၊ နက်နဲခက်ခဲသောအရာကို ဖွင့်ပြခြင်း၊
ပုစ္ဆာအမေးကိုဖြေခြင်းငှါ တတ်စွမ်းနိုင် သောဉာဏ်ပညာ နှင့်တကွ၊
ထူးဆန်းသောစိတ်ဝိညာဉ်သည် ဒံယေလ အမည်ရှိသော ထိုသူတွင်
ထင်ရှားလျက်ရှိပါ၏။
ပြုလုပ်သူကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော
ဘာသာပြန်ဆိုချက်"သူ့မှာရှိသော ဉာဏ်အလင်းနှင့်
နားလည်နိုင်သော ပညာသည် ဘုရားသခင်၏
ဉာဏ်ပညာပင်ဖြစ်သည်။

ခမည်းတော်ဘုရား နေဗုခဒ်နေဇာမင်းကြီး၊ သင့်ဖခင် ရှင်ဘုရင်
"သင့်ဖခင်၊ နေဗုခဒ်နေဇာမင်းကြီး"

အကြောင်းမူကား၊ အိပ်မက်အနက်ကိုဘတ်ခြင်း၊ နက်နဲခက်ခဲသောအရာကို
ဖွင့်ပြခြင်း၊ ပုစ္ဆာအမေးကို ဖြေခြင်းငှါ တတ်စွမ်းနိုင် သောဉာဏ်ပညာနှင့်တကွ၊
ထူးဆန်းသောစိတ်ဝိညာဉ်သည် ဒံယေလအမည်ရှိသော ထိုသူတွင်
ထင်ရှားလျက်ရှိပါ၏။ ဗေလတရှာဇာဟူသော ဘွဲ့နာမကိုလည်း
ရှင်ဘုရင်ပေးသနားတော်မူ၏
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော
ဘာသာပြန်ဆိုချက်"ဒံယေလနှင့်အတူတူပင်ဖြစ်သည်၊
ရှင်ဘုရင်နာမည် ပေးအပ်ခြင်းခံရသောသူ၊
ထိုအရည်အချင်းအားလုံးနှင့်ပြည့်စုံသူ"

ဘာတွေရေးသားထားသလဲ။
"နံရံပေါ် ဘာတွေရေးသားထားသလဲ"ကတ္တားဝါကျဖြင့်
ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်" နံရံပေါ်တွ ွင်
ဘာတွေရေးသား ထားသနည်း။

Daniel 13

ဒံယေလကို အထံတော်သို့ ခေါ်သွင်းလေ၏။
ပြုလုပ်သူ၊ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော
ဘာသာပြန်ဆိုချက်"ဘုရင့်ရှေ့တော်၌
ဒံယေလကိုခေါ်သွင်းကြလေ၏။" သို့မဟုတ်" ဘုရင့်ရှေ့တော်၌
ဒံယေလကို စစ်သည်တော်များ ကခေါ်သွင်းကြလေ၏။"

ငါ့ခမည်းတော်ဘုရားသည် ယုဒပြည်က သိမ်းယူတော်မူခဲ့၍၊
ဤနေရာရှိ
"ဖခင်"နေရာတွင်စစ်သည်တော်များအားလုံးဖြစ်သည်။
အခြားသော ဘာသာပြန်ဆိုချက်"ယုဒပြည်ကနေ
ငါ့အဖေ၏စစ်သည်တော် ကသိမ်းယူတော်မူသော သူ"

ဘုရားသခင်၏ ဝိညာဉ်
ဗေလတရှာဇာ ကိုးကွယ်သော ဒံယေလ၏တန်ခိုးသည်
နတ်ဘုရားတန်ခိုးဖြစ်သည်ဟု ဗေလတရှာဇာ ယုံကြည်ခဲ့သည်။
၄:၇ တွင်တွေ့ရသည်အတိုင်းဖြစ်သည်။

ထူးဆန်းသော ပညာဉာဏ်သတ္တိနှင့်ငှင်း ပြည့်စုံသည်ဟု သင်၏ သိတင်းကို
ငါကြား၏။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော
ဘာသာပြန်ဆိုချက်မှာ" သင့်မှာအလင်းနှင့် နားလည်နိုင်သော
ဉာဏ်ပညာနှင့် အလွန်ထူးကဲသော ဉာဏ်ပညာအစွမ်း"

Daniel 15

သင်သည် အနက်များကို ဘော်ပြ၍ ပုစ္ဆာ အမေးတို့ကို ဖြေနိုင်သည်
ပြုလုပ်သူ၊ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော
ဘာသာပြန်ဆိုချက်"ယခုလူကို သိမြင်ခဲ့ပြီ...
ကျွန်တော်ရှေ့တွင်ရောက်လာပြီ"

သင်သည် အနက်များကို ဘော်ပြ၍
"အနက်အဓိပ္ပာယ်ကို ဖော်ပြသည်"

အဝတ်နီကိုဝတ်ဆင်၍ လည်ပင်း၌ ရွှေစလွယ်ဆွဲလျက်၊
ပြုလုပ်သူ၊ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်" သင့်ကိုငါသည် အဝတ်နီ၊ လည်ပင်း၌ ရွှေစလွယ်ကိုပေးမည်"

ခရမ်းရောင်နုအဝတ်နီ
ရှားပါးသော ခရမ်းရောင်နုအဝတ်နှင့် ဘုရင်၏အမှုထမ်းအတွက် ထိုက်တန်သော အဝတ်အစားဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်" ရှင်ဘုရင်မျိုးနွယ်များ၏ အဝတ်အစား အဆင်အယင်"

နိုင်ငံတော်တွင် တတိယမင်းဖြစ်ရလိမ့်မည်ဟု မိန့်တော် မူ၏။
"တတိယမြောက် အုပ်ချုပ်သူ"

Daniel 17

ဆုတော်လဒ်တော်ကို ကိုယ်တော်၌ရှိစေတော်မူပါ။
"ဒါကြောင့်၊ ဆုတော်လဒ်တော်များကို အကျွန်ုပ်မလိုပါ၊ "

အရပ်ရပ်တို့၌ နေ၍ အသီးသီးအခြားခြားသော ဘာသာစကားကို ပြောသော လူမျိုးတကာတို့၊
"အားလုံး"ဟူသော စကားလုံးသည် လူထုပေါင်းမြောက်များစွာကို ရည်ညွှန်း သောစကားလုံးဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်" လူထုများ၊ လူမျိုးနွယ်စုအသီးသီးနှင့် ဘာသာစကားအသီးသီး"

အခြားခြားသော ဘာသာစကားကို ပြောသော လူအမျိုး မျိုးတို့၊
ဤနေရာတွင်"လူမျိုး" နှင့် "ဘာသာစကားများ"တို့သည် အသီးသီးကွဲပြားခြားနားသော ဘာသာစကားနှင့် လူမျိုးများကို ကိုယ်စားပြုဖော်ပြခြင်းဖြစ်သည် အခန်းငယ် ၃း၃ တွင်ဖော်ပြသည်အတိုင်း။ အခြားသော ဘာသာပြန်ဆိုချက်" ဘာသာစကားအသီးသီးနှင့် လူမျိုးအမျိုးမျိုးများဖြစ်သည်။

ရှေ့တော်၌ ကြောက်ရွံ့တုန်လှုပ်လျက် နေကြ၏။
ဤစကားလုံး၏အခြေခံကျကျအားဖြင့် ပြင်းပြသော ကြောက်ရွံ့မှုကိုဖော်ပြခြင်းပင်ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်"သူ၏ရှေ့မှောက်တွင်အလွန်ကြောက်ရွံ့အားကြီးခြင်းနှင့်တုန်တင်စားလိုခြင်းဖြစ်သည်"

သတ်လိုသော သူတို့ကို သတ်တော်မူ၏။
အမှန်တကယ် ရှင်ဘုရင် နေဗုခဒ်နေဇာမင်းကြီးက လူထုများကို မသတ်ခြင်ပါ (သို့သော်လည်း) လူတစ်ချို့၏ အမိန့်တော်များကြောင်း သတ်ရခြင်းဖြစ်သည်၊၊ အခြားသော ဘာသာပြန်ဆိုချက်" ရှင်ဘုရင် နေဗုခဒ်နေဇာမင်းကြီးသေစေလိုသောသူများကို အမိန့်ပေးစီရင်စေသည်"

အသက်ရှင်စေလိုသော သူတို့ကို ရှင်စေတော်မူ၏။
"အသက်ရှင်စေလိုသော သူတို့ကို ရှင်စေတော်မူ၏။"

စေလိုသော...ဆန္ဒရှိသောသူ
စကားလုံး၏အဓိပ္ပါယ်သည် အခြေခံအားဖြင့်အတူတူပင်ဖြစ်သည်။

နှိမ့်ချလိုသောသူတို့ကို နှိမ့်ချတော်မူ၏။
"သူနှိမ့်ချလိုသောသူတို့ကို နှိမ့်ချတော်မူ၏။"

Daniel 20

မာန်မာနစိတ်နှင့် ထောင်လွှားစော်ကားခြင်း
"နှလုံး"ဋင်းစကားလုံး၌ ရှင်ဘုရင်သူ့ကိုသူ ဖော်ပြခြင်းဖြစ်သည်။ ရှင်ဘုရင်သည်မာန်မာနစိတ် ဝင်သည်"

ဘုန်းတန်ခိုးကွယ်ပျောက်၍ သူ့စိတ်ဝိညာဉ်သည် ထောင်လွှားစော်ကားလာသည်။
"ဝိညာဉ်" ဟူသောစကားလုံးသည် သူ့ကိုသူ ရည်ညွှန်းထားခြင်းဖြစ်သည်။ သူ့မာန်မာနကြောင့်ထွက်ဆိုသော စကား ခေါင်းမာခြင်းပင်ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်" ရှင်ဘုရင်ခေါင်းမာလာသည်"

တိရစ္ဆာန် သဘော
ရှိုင်းရှိုင်းပျပျ နှင့် ယုံကြည်စိတ်ချမှု လွန်ကဲခြင်း။

ဘုန်းတန်ခိုးကွယ်ပျောက်၍ နန်းတော်မှ ကျ၏။
"နန်းတော်"ဟုဆိုရာ၌ ရှင်ဘုရင်အမိန့်အာဏာဖြင့် အုပ်စိုးသောနေရာဖြစ်သည်။ ပြုလုပ်သူ၊ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်" လူတွေက သူနန်းတော်ကို သိမ်းယူခြင်းဖြစ်သည်" and

လူသားစုထဲက နှင်ထုတ်ခြင်းကိုခံ၍
ပြုလုပ်သူကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်" လူသားစုထဲက သူ့ကိုနှင်ထုတ်ခြင်းဖြစ်သည် "

တိရစ္ဆာန် သဘောနှင့် ပြည့်စုံ၏။
"သဘော"စကားလုံးသည် သူအတွေးကို ဖော်ပြခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်" သူ့အတွေးများသည် တိရစ္ဆာန်တွေးသကဲ့သို့ပင်ဖြစ်သည်။

မိုယံးစွတ်
မနက်ခင်းပိုင်းတွင် တွေ့ရသော နှင်းပွင့်

သူ့ ဆန္ဒရှိသည့် မည်သူမဆို
"ဘယ်သူဖြစ်ဖြစ် သူရွေးချယ်သောသူများ"

Daniel 22

ဗေလရှာဇာမင်းကြီး
ဤသူသည် နေဗုခဒ်နေဇာမင်းကြီး၏သား သူ့ဖခင်၏အရိပ်အရာဆက်ခံမည့်သူဖြစ်သည်။ ၅း၁ တွင်တွေ့ရသည်အတိုင်း ဖြစ်သည်။


generated on Tue Jul 2 12:50:28 2024

စိတ်နှလုံးကို မနှိမ့်ချဘဲ၊
"နှလုံး"ဟူသောစကားလုံးက ဗေလရှာဇာမင်းကြီးသူ့ကိုယ်သူ ဖော်ပြခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်" ကိုယ့်ကိုကိုယ် မနှိမ့်ချခြင်း"

ဘုရားသခင်ကို မချီးမွမ်းဘဲ နေပါပြီတကား။
ဘုရားသခင်ကို ပြန်လည်ပုန်ကန်ရန် ပြင်ဆင်နေချိန်အတွင်းတွင် ဘုရားကသူ့ကိုတုန့်ပြန်ခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်" ထာဝရဘုရားကိုသင်သည် ပုန်ကန်ပြီတကား"

သူ့အိမ်မှ
ဘာလဲနှင့် ဘယ်မှာလဲ "သူ့အိမ်တော်" ၎င်းသည် ရှင်းလင်းပါသည်။ အခြားသော ဘာသာပြန်ဆိုချက်"ယေရုဆလင်ရှိ သူ့အိမ်"

ကိုယ်တော်၏ အမှုအလုံးစုံတို့ကိုစီရင်ပိုင်တော်မူသော ဘုရားသခင်
ဤနေရာ၌ " အသက်ရှူ" အသက်ရှူခြင်းကို ရည်ညွှန်းခြင်းနှင့် "လက်တော်" တန်ခိုးတော် သို့မဟုတ် ထိန်းချုပ်ခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်""အသက်ရှူ" သင့်အသက်ကို ထိန်းချုပ်တော်မူသောဘုရားသခင်"

ထိုအမှုအလုံးစုံ
"သင်ပြုသော အမှုအရာအလုံးစုံ"

ထိုစာကို ရေးစေတော်မူ၏။
ပြုလုပ်သူ၊ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်"ဤစကားကိုရေးသားခြင်းဖြစ်သည်။

Daniel 25

စာချက်ဟူမူကား
ပြုလုပ်သူ၊ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်" ဤစကားလုံးသည် လက်ဖြင့်ရေးသော အရာဖြစ်သည်။

မေနေ၊ မေနေ၊ တေကလ၊ ဖေရက်
၎င်းနံရံပေါ်တွင် ရေးသော စာသည် အာရမိဘာသာစကားဖြစ်သည်။ အသံထွက်သောအသံမူကား ဘာသာစကားလုံးတွေကို သင့်လျှော်စေသည်။

မေနေ၏ အနက်အဓိပ္ပါယ်ကား၊ ကိုယ်တော်၏ နိုင်ငံကို ဘုရားသခင် ရေတွက်၍ ဆုံးစေတော်မူ၏။
မေနေ၏ အနက်အဓိပ္ပါယ်ကား၊ ဘုရားသခင် ဥ္စရှိ၍ ရေတွက်နိုင်သောနံပါတ်"

တေကလ ချိန်လျော့၏။
တေကလ၏ အနက်အဓိပ္ပါယ်ကား၊ သင့်ကို ချိန်ခဲ့ပြီ"

ဖေရက်
၎င်းသည် အနည်းကိန်းဖြစ်၍ "ဖေရက်" လူမျိုးအဖြစ်သည်။

ကိုယ်တော် ကို ချိန်ခွင်နှင့် ချိန်၍လျော့ကြောင်း
သူ့၏အုပ်ချုပ်မှုတွင် အားနည်းကြောင်း ကိုဖွင့်ပြလိုရာ၌ သုံးသောစကားဖြစ်သည်။ ၎င်း၏အဓိပ္ပာယ် ရှင်ဘုရင်က အုပ်စိုးရန် မထိုက်တန်တော့ကြောင်း ဖော်ပြထားခြင်းဖြစ်သည်။ အပြုအမှုကို ဆောင်သောသူကိုဖော်ပြခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်" ဘုရားသခင်က သင်သည် အုပ်စိုးရန်ထိုက်တန်းမှုရှိမရှိ ချင့်ချိန်သည်နှင့် သူတွေ့ထားသောအရာများမူကား သင်သည် မထိုက်တန်ကြောင်းတွေ့ရှိထားသည်။

နိုင်ငံတော်ကို ခွဲဝေ၍ မေဒိလူ၊ ပေရသိလူတို့အား အပ်ပေးတော်မူ၏
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်" ဘုရားသခင်သည် သင်၏နိုင်ငံတော်ကို ပိုင်းခြားပြီး မေဒိလူ၊ ပေရသိလူတို့အား အပ်ပေးတော်မူ၏

Daniel 29

ဗေလရှာဇာမင်းကြီး
ဤသူသည် နေဗုခဒ်နေဇာမင်းကြီး၏သား၊ သူ့ဖခင်၏အရိုက်အရာကို ဆက်ခံမည့်သူဖြစ်သည်။ ငယ် ၅:၁ တွင်တွေ့ရသည်အတိုင်း ဖြစ်သည်။

လည်ပင်း၌ ရွှေ စလွယ်ဆွဲပြီးမှ
အပြုအမှုကို ဆောင်သောသူကို ဖော်ပြခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်" သူတို့သည် ဒံယေလကို လည်ပင်း၌ ရွှေစလွယ်ဆွဲကြိုးကို ဆွဲပေးကြ၏"

တတိယမင်းဖြစ်သည်
"သုံးယောက်မြောက်အုပ်ချုပ်သူ"

နိုင်ငံတော်ကို သိမ်းယူတော်မူ၏။
" နိုင်ငံတော်ကို အုပ်စိုးသူဖြစ်လာခဲ့ခြင်း"

အသက်ခြောက်ဆယ် နှစ်နှစ်တွင်
အသက်နှစ်နှစ် အသက်ကြီးသည်_ "အသက် ၆၂ နှစ်အထက် ရောက်ချိန် ဖြစ်သည်"


generated on Tue Jul 2 12:50:28 2024

# Translation Questions

## Daniel 5:1

ဗေလရှာဇာမင်းသည် အဘယ်သူများအတွက်ကြီးမားသောစားသောက်ပွဲကိုလုပ်ခဲ့သနည်း။
သူသည် သူ၏ မှူးမတ်တထောင်များအတွက် ကြီးမားသောစားသောက်ပွဲကို လုပ်ခဲ့သည်။

ဗေလရှာဇာမင်းသည် အဘယ်သူနည်း။
သူသည် နေဗုခဒ်နေဇာမင်း၏ သားဖြစ်သည်။

## Daniel 5:3

သူတို့သည် စားသောက်ပွဲတွင် ဝိုင်ကို သောက်ဖို့ရန် ထည့်စရာ ဘာကိုအသုံးပြုခဲ့သနည်း။
သူတို့သည် ယေရုရှလင်မြို့ရှိ ဘုရားသခင်၏အိမ်၊ ဗိမာန်တော်ထဲမှ ယူဆောင်လာခဲ့သော ငွေဖလားများကို အသုံးပြုခဲ့ကြသည်။

သူတို့သည် ဝိုင်ကို သောက်ခဲ့ကြပြီး ထိုစားသောက်ပွဲတွင် ဘာလုပ်ခဲ့ကြသနည်း။
သူတို့သည် ရွှေဘုရား၊ ငွေဘုရား၊ ကြေးဝါဘုရား၊ သစ်သားဘုရား၊ သံဘုရား၊ ကျောက်ဘုရားတို့ကို ချီးမွမ်းခဲ့ကြသည်။

## Daniel 5:5

သူတို့သည် ဝိုင်ကို သောက်ခဲ့ကြပြီး သူတို့၏ ဘုရားများကို ချီးမွမ်းကြသဖြင့် ဘာဖြစ်ပျက်ခဲ့သနည်း။
လူတယောက်၏လက်ချောင်းများသည် မီးခွက်ထားသောနေရာဘက်တွင် ရောက်လာခဲ့ပြီး ဘုရင့်နန်းတော်၏ နံရံပေါ်တွင် အက္ခရာကို ရေးခဲ့သည်။

ဘုရင်သည် လက်ကို မြင်သောအချိန်တွင် ရုတ်တရက်ဘာတုန့်ပြန်ခဲ့သနည်း။
ဘုရင်၏ မျက်နှာသည် ပြောင်းလဲပြီး သူ့အတွေးများက သူ့ကို ထိတ်လန့်စေခဲ့သည်။ ခါးဆစ်ပြုတ်မတတ် ဖြစ်ပြီး ဒူးချင်းချင်းပင် ထိခိုက်သည်တိုင်ကြောက်ရွံ့ခဲ့သည်။

## Daniel 5:7

ဘုရင်သည် နံရံပေါ်က ရေးသားထားသော အက္ခရာ၏ အနက်အဓိပ္ပာယ်ကို ရှင်းပြနိုင်သောသူကို မည်သို့ ကတိပြုခဲ့သနည်း။
ၚင်းအရေး၏ အဓိပ္ပာယ်ကို ရှင်းပြနိုင်သော သူမည်သည်ကား ခရမ်းရောအထည်ဝတ်ဆင်စေမည်၊ လည်တွင် ရွှေကြိုးဆွဲစေမည်၊ နိုင်ငံတော်တွင် တတိယအမြင့်ဆုံးအာဏာရှိမည်' ဟု ဘုရင်သည် ကတိပေးခဲ့သည်။

## Daniel 5:13

ဘုရင်သည် ဒံယေလ၏ မည်သည့်အရည်အချင်းအကြောင်းကို ကြားခဲ့သည်ဟု ပြောခဲ့သနည်း။
ဘုရင်သည် ဒံယေလအထဲ၌ ဘုရားသခင်၏ ဝိညာဉ်နှင့် ထူးခြားသော ဉာဏ်ပညာထိုးထွင်းသိမြင်နိုင်သော ပညာရှိသည်ကို ကြားဖူးကြောင်း ဒံယေလကို ပြောခဲ့သည်။

## Daniel 5:17

ဘုရင်သည် ရေးသားသောအရာကို ဖတ်ပြီး ထိုအဓိပ္ပာယ်ကို ရှင်းပြပေးခြင်းအတွက် ရရှိမည့် ဆုလာဘ်အကြောင်းကို ပြောသောအချိန်မှာ ဒံယေလက ဘာတုန့်ပြန်ခဲ့သနည်း။
ဒံယေလသည် ဘုရင်ကို "သင့်ရဲ့ ဆုလာဘ်များသည် သင့်အတွက်ဖြစ်ပါစေ၊ ဆုလာဘ်ကို အခြားသောသူအား ပေးပါ။ သို့သော်ညလည်း ကျွန်ုပ်သည် စာကိုဖတ်ပြီး ဘုရင့်အတွက် အနက်ဖွင့်ပေးမည်" ဟု တုန့်ပြန်ခဲ့သည်။

## Daniel 5:20

ဘာကြောင့် နေဗုခဒ်နေဇာသည် သူရဲ့ ဘုရင်ပလ္လင်မှ ကျဆင်းခဲ့သနည်း။ ဘာကြောင့် သူ့ရဲ့ မြင့်မြတ်သော ဂုဏ်သရေများကို သူ့ဆီမှ ယူဆောင်ခြင်းခံခဲ့ရသနည်း။
နေဗုခဒ်နေဇာသည် သူရဲ့ ဂုဏ်သရေနှင့် ထီးနန်းဆုံးရှုံးခဲ့သည်မှာ သူရဲ့ နှလုံးသားသည် မောက်မာလာခဲ့ပြီး သူ့ရဲ့ ဝိညာဉ်သည်လည်း ပို၍ မာကျောလာပြီး ပို၍ စိတ်ကြီးဝင်လာသောအပြုအမူတွေဖြစ်လာသောကြောင့်ဖြစ်သည်။

## Daniel 5:22

ဗေလရှာဇာ၏တဘက်၌ စွဲချက်များသည် အဘယ်နည်း။
ဒံယေလက ဗေလရှာဇာသည် မိမိစိတ်နှလုံးကိုမနှိမ့်ချ၊ ကောင်းကင်ရှိဘုရားကို ဆန့်ကျင်ပြီး မိမိကိုယ်ကို ချီးမြှောက်ခဲ့ပြီး၊ သူ့လမ်းခရီးများအားလုံးသိ၍ သူ့အသက်ကို လက်၌ဆုပ်ကိုင်ထားသော ဘုရားကို မချီးမွမ်းပြီ' ဟု ဆိုသည်။

## Daniel 5:25

နံရံအပေါ်တွင် ရေးသားထားသော အက္ခရာ၏ အနက်အဓိပ္ပာယ်သည် အဘယ်နည်း။
အနက်အဓိပ္ပာယ်သည် "ဘုရားသခင်သည် ဗေလရှာဇာ၏ နိုင်ငံကို ရေတွက်ခဲ့ပြီး အဆုံးတိုင်ရောက်ရှိခဲ့သည်။ ဗေလရှာဇာသည် တိုင်းတာသောအချိန်တွင် ချိန်ဆခဲ့ပြီး အားနည်းချို့တဲ့နေသည်ကို တွေ့ခဲ့သည်။ ဗေလရှာဇာ၏ နိုင်ငံသည် ခွဲဝေပြီး မေဒိလူနှင့် ပေရသိလူတို့၏ လက်၌ ပေးခဲ့ပြီ" ဟုဖြစ်သည်။

Daniel 5:29

ဒံယေလသည် ဗေလရှာဇာကို ရေးသားထားသော စာသား၏ အဓိပ္ပာယ်ကို ဖွင့်ဆိုပြီးနောက် ထိုညတွင် ဘာဖြစ်ပျက်ခဲ့သနည်း။

ထိုညတွင် ဗာဗုလုန်နိုင်ငံ၏ ဘုရင် ဗေလရှာဇာသည် အသက်ဆုံးခဲ့ပြီး မေဒိအမျိုးဒါရိမင်းသည် နိုင်ငံတော်ကို သိမ်းပိုက်ရရှိခဲ့သည်။

မေဒိအမျိုးဒါရိမင်းသည် နိုင်ငံတော်ကို ရရှိသော အချိန်တွင် အသက်မည်မျှရှိသနည်း။

မေဒိအမျိုးဒါရိမင်းသည် နိုင်ငံတော်ကို ရရှိသော အချိန်တွင် အသက်ခြောက်ဆယ့်နှစ်နှစ် ရှိခဲ့ပြီ ဖြစ်သည်။

## Chapter 6

1 ဒါရိမင်းကြီးသည် နိုင်ငံတော် အမှုအရေး အလုံးစုံတို့ကို စီရင်ရသော မြို့ဝန်တရာနှစ်ဆယ်တို့ကိုင်၎င်း၊ 2 အကျိုးတော်ကို
မယုတ်မလျော့စေခြင်းငှါ၊ ထိုမြို့ဝန်အပေါင်းတို့ကို အုပ်ချုပ်စစ်ကြောရသော ဝန်ကြီး သုံးပါးကိုင၎်င်း အလိုတော်ရှိသည်အတိုင်း ခန့်ထား
တော်မူ၏။ ထိုဝန်ကြီး သုံးပါးတွင်ဒံယေလသည် ဝန်ကြီး အရာကို ရသည်သာမက၊ 3 ထူးဆန်းသော ဥာဏ်နှင့်ပြည့်စုံ၍ မြို့ဝန်တကာ၊
ဝန်ကြီးတကာတို့ထက် လွန်ကဲသောကြောင့်၊ နိုင်ငံတော် တနိုင်ငံလုံးကို သူ၌ အပ်နှင်းမည် ဟုရှင်ဘုရင်သည် အကြံရှိတော်မူ၏။ 4
ထိုအခါ ဝန်ကြီးနှင့်မြို့ဝန်တို့သည် ဒံယေလ၌ အပြစ်တင်ခွင့်ကို ရှာ၍၊ နိုင်ငံတော်အမှုအရေးများကို စစ်ကြောကြ၏။ ဒံယေလသည်
သစ္စာနှင့် ပြည့်စုံ၍ အပြစ်တစုံတခုမျှမရှိသောကြောင့်၊ အပြစ်တင်ခွင့်ကို ရှာ၍မတွေ့ကြသည်ရှိသော်၊ 5 ဘုရားသခင်၏
ဘာသာမှုမှတပါးအခြားသော အမှုတွင် ဒံယေလ၌ အပြစ်တင်ခွင့်ကိုငါတို့ မတွေ့နိုင် ကြဟု တိုင်ပင်ပြောဆိုပြီးမှ၊ 6 အထံတော်သို့
လာရောက်စည်းဝေးကြ၍၊ အရှင် မင်းကြီးဒါရိ၊ အသက်တော် အစဉ်အမြဲရှင်ပါစေ။ 7 ကိုယ်တော်မြတ်မှတပါး အခြားသော လူကို
ဖြစ်စေ၊ ဘုရားကို ဖြစ်စေ၊ အရက်သုံးဆယ်အတွင်းတွင် ဆုတောင်းသောသူမည်သည်ကို ခြင်္သေ့လှောင်သော တွင်း ထဲသို့
ချပစ်ရမည်ဟုမဖေါက်ပြန်နိုင်သော အမိန့်တော် မြတ်ကို ထုတ်စေခြင်းငှါ နိုင်ငံတော်ဝန်ကြီး၊ မြို့ဝန်၊ စော်ဘွား၊ တိုင်ပင်မှူးမတ်၊
စစ်ကဲအပေါင်းတို့သည် အညီအညွတ် တိုင်ပင်ကြပါပြီ။ 8 သို့ဖြစ်၍၊ အရှင်မင်းကြီး၊ အမိန့်ရှိတော်မူပါ။ မပြောင်းလဲတတ်သော မေဒိ၊
ပေရသိဓမ္မသတ်အတိုင်း အမိန့်တော်တည်စေခြင်းငှါ၊ တံဆိပ်ခတ်တော်မူပါဟု လျှောက်ထားကြလျှင်၊ 9 ဒါရိမင်းကြီးသည်
အမိန့်တော်ကိုပေး၍ တံဆိပ် ခတ်တော်မူ၏။ 10 အမိန့်တော်ထုတ်၍ တံဆိပ်ခတ်ကြောင်းကို ဒံယေလသည် ကြားသိသော်လည်း၊
မိမိအိမ်သို့သွား၍ ယေရုရှလင်မြို့သို့ မျက်နှာပြုရာ အထက်ခန်းပြတင်း ပေါက်ပွင့်လျက်ပင်၊ အထက်ပြုလေ့ရှိသည်အတိုင်း၊ တနေ့
သုံးကြိမ်ဒူးထောက်လျက် ဘုရားသခင်ကို ဆုတောင်း၍ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းလေ၏။ 11 ထိုသို့ဘုရားသခင်ကို
ဆုတောင်းပဌနာပြုလျက် နေသည်ကို မှူးမတ်အရာရှိတို့သည် စည်းဝေး၍ တွေ့မြင်ကြလျှင်၊ 12 အထံတော်သို့ဝင်၍၊ အရှင်မင်းကြီး၊
ကိုယ်တော် မြတ်မှတပါး အခြားသောလူကိုဖြစ်စေ၊ ဘုရားကိုဖြစ်စေ၊ အရက်သုံးဆယ်အတွင်းတွင် ဆုတောင်းသော သူမည် သည်ကို
ခြင်္သေ့လှောင်သောတွင်းထဲသို့ ချပစ်စေဟု အမိန့်တော်ကို တံဆိပ်ခတ်တော်မူလျှပ် ရှိပါသည်မဟုတ် လောဟု အမိန့် တော်အကြောင်းကို
မေးလျှောက်ကြ၏။ ရှင်ဘုရင်ကလည်း၊ မပြောင်းလဲတတ်သော မေဒိ၊ ပေရသိဓမ္မသတ်အတိုင်း မှန်ပေသည်ဟု မိန့်တော်မူ၏။ 13
မှူးမတ်အရာရှိတို့ကလည်း၊ အရှင်မင်းကြီး၊ ယုဒပြည်ကသိမ်းယူ ခဲ့သော ယုဒလူမျိုးဒံယေလသည် အာဏာတော်ကို ပမာဏမပြု၊
တံဆိပ်ခတ်တော်မူသော အမိန့်တော်ကို ဆန့်ကျင်လျက်၊ တနေ့သုံးကြိမ်တိုင်အောင် ဆုတောင်း၍ နေပါသည်ဟု လျှောက်ထားကြ၏။
14 ထိုစကားကို ကြားလျှင်၊ ရှင်ဘုရင်သည် အလွန် နောင်တရ၍ ဒံယေလကို လွှတ်ခြင်းငှါ စိတ်အားကြီး သဖြင့်၊ လွှတ်ရသောအခွင့်ကို
နေဝင်သည်တိုင်အောင် ကြိုးစား၍ ရှာတော်မူ၏။ 15 တဖန်မှူးမတ် အရာရှိတို့သည် အထံတော်သို့ စည်းဝေး၍၊ အရှင်မင်းကြီး၊
တခါထုတ်ပြီးသော အမိန့် တော်မပျက်နိုင်ရာဟု မေဒိ၊ ပေရသိဓမ္မသတ်၌ ပါကြောင်းကို သတိထားတော်မူပါဟု လျှောက်ကြပြန် လျှင်၊
16 တဖန် ရှင်ဘုရင်မိန့်တော်မူသည်အတိုင်း၊ ဒံယေလကိုခေါ်၍ ခြင်္သေ့တွင်းထဲသို့ချပစ်ကြ၏။ ရှင်ဘုရင်ကလည်း၊
သင်မပြတ်ကိုးကွယ်သော ဘုရား သခင်သည် သင့်ကိုကယ်လွှတ်ပါစေဟု ဒံယေလကို မိန့်တော်မူ၏။ 17 ကျောက်ပြားကိုလည်း ယူခဲ့၍
တွင်းဝကို ပိတ်ပြီးလျှင်၊ ဒံယေလအမှု၌ စီရင်ချက်ကို မတိုးမလျော့ စေခြင်းငှါ၊ ရှင်ဘုရင်တံဆိပ်နှင့် မှူးမတ်တို့တံဆိပ်ကို
ခတ်တော်မူ၏။ 18 ထိုနောက်၊ ရှင်ဘုရင်သည် နန်းတော်သို့ ပြန်၍ တညဉ့်လုံး စားတော်မခေါ်၊ အငြိမ့်တန်ဆာကို အထံတော် သို့
မသွင်းစေဘဲ စက်တော်ခေါ်၍ မပျော်နိုင်။ 19 နံနက်စောစောထ၍ ခြင်္သေ့တွင်းသို့ အလျင် အမြန် သွားတော်မူ၏။ 20 ရောက်လျှင်၊
ငိုကြွေးသော အသံနှင့် ဒံယေလကို ခေါ်၍၊ အသက်ရှင်တော်မူသော ဘုရားသခင်၏ ကျွန်ဒံယေလ၊ သင်မပြတ် ကိုးကွယ်သော
ဘုရားသခင် သည် သင့်ကိုခြင်္သေ့ဘေးမှ ကယ်လွှတ်နိုင်သလောဟု မေးတော်မူ၏။ 21 ဒံယေလက၊ အရှင်မင်းကြီး၊ အသက်တော်
အစဉ်အမြဲရှင်ပါစေ။ 22 အကျွန်ုပ်၏ ဘုရားသခင်သည် ကောင်းကင် တမန်ကို စေလွှတ်၍ ခြင်္သေ့နှုတ်ကို ပိတ်ထားတော်မူ သဖြင့်၊
အကျွန်ုပ်သည် ခြင်္သေ့ဘေးနှင့် လွတ်ပါ၏။ အကြောင်းမူကား၊ ဘုရားသခင့်ရှေ့၌ အကျွန်ုပ်သည် အပြစ်ကင်းပါ၏။
ကိုယ်တော်မြတ်ကိုလည်း အလျှင်းမပြစ် မှားပါဟု ပြန်လျှောက်လေ၏။ 23 ထိုအခါ ရှင်ဘုရင်သည် အလွန်ဝမ်းမြောက်၍၊ ဒံယေလကို
တွင်းထဲက ထုတ်ယူစေဟု အမိန့်တော်ရှိသည် အတိုင်း ဒံယေလကို တွင်းထဲက ထုတ်ယူ၍၊ ဘုရားသခင် ကို ယုံကြည်သောကြောင့်
သူ၌ထိခိုက် သောအနာတခုမျှ မရှိ။ 24 ထိုနောက်၊ ဒံယေလ၌ အပြစ်တင်သော သူတို့ကို ရှင်ဘုရင်၏ အမိန့်တော်နှင့် ခေါ်၍၊
သားမယားနှင့်တကွ ခြင်္သေ့တွင်းထဲသို့ ချပစ်ကြလျှင်၊ မြေသို့မရောက်မီ ခြင်္သေ့တို့သည် နိုင်၍သူတို့ အရိုးရှိသမျှတို့ကို ချိုးဖဲ့ကြ၏။ 25
ထိုအခါ မြေကြီးတပြင်လုံးတွင် အရပ်ရပ်တို့၌ နေ၍၊ အသီးသီးအခြားခြားသော ဘာသာစကားကို ပြောသော လူမျိုးတကာတို့ရှိရာသို့
အမိန့်တော်စာနှင့် စေလွှတ်တော်မူ၏။ စာချုပ်ဟူမူကား၊ သင်တို့၌ ငြိမ်ဝပ် ချမ်းသာခြင်း များပြားစေသော။ 26 ငါအစိုးရသော
တနိုင်ငံလုံးတွင် ရှိနေသော သင်တို့သည် ဒံယေလ၏ ဘုရားသခင်ကို ကြောက်ရွံ့ရိုသေ ကြကုန်ဟု ငါအမိန့်တော်ရှိ၏။
အကြောင်းမူကား၊ ထို ဘုရားသခင်သည် အသက်ရှင်တော်မူသောဘုရား၊ နိစ္စထာဝရတည်တော်မူသော ဘုရားဖြစ်တော်မူ၏။
နိုင်ငံတော်သည် ပျက်စီးခြင်းသို့ မရောက်နိုင်။ အာဏာ စက်တော်လည်း အစဉ်အဆက်တည်လိမ့်မည်။ 27 မစကယ်တင်ခြင်း
ကျေးဇူးကို ပြုတော်မူ၏။ ကောင်းကင်မြေကြီး၌ နိမိတ်လက္ခဏာ၊ အံ့ဩဘွယ်တို့ကို ဖြစ်စေတော်မူ၏။ ဒံယေလကို ခြင်္သေ့လက်မှ

 generated on Tue Jul 2 12:50:28 2024

ကယ်လွှတ် တော်မူသော ဘုရားသခင်သည် ထိုသို့သော ဘုရားဖြစ် တော်မူ၏ဟု အမိန့်တော်ရှိ၏။ [28] ထိုသို့ဒံယေလသည်ဒါရိမင်းကြီး လက်ထက်၌၎င်း၊ ပေရသိ အမျိုးကုရုမင်းကြီး လက်ထက်၌၎င်း ကောင်းစားလျက်နေ၏။

---

Daniel 01

ဆက်စပ်မှုဖော်ပြချက်
ဤအခန်းတွင် အရေးပါသော နေရာများမှာ ပါရှန်က သိမ်းယူပြီးနောက် ဗာဗုလုန်နိုင်ငံနှင့် ဒါရိ ဗာဗုလုန်က မေဒိ ကို အုပ်ချုပ်လာသည်။

ဒါရိမင်းကြီးသည် နိုင်ငံတော် အမှုအရေး အလုံးစုံတို့ကို စီရင်ရသော
"ဒါရိမင်းကြီး၏စီရင်ချက်ချထားခြင်း"

မြို့ဝန်တရာနှစ်ဆယ်တို့ကို၎င်း
"တစ်ရာ့နှစ်ဆယ် လက်အောက်ခံမြို့ ဝန်များ"

အလုံးစုံတို့ကို စီရင်ရသော
တစ်ရာ့နှစ်ဆယ် လက်အောက်ခံမြို့ ဝန်များ ကိုရည်မှတ်သောအားဖြင့် "သူတို့" ဟူသော စကားလုံး သုံးပြုထားသည်၊

အကျိုးတော်ကို မယုတ်မလျော့စေခြင်းငှါ၊ (ဒါမှ ဘုရင်ဝေဒနာမပျောက်ကင်းနိုင်မည်)
"သို့မှသာ ရှင်ဘုရင်ထံမှ ဘာတစ်ခုမှ ယူသွားလို့မရမည်" သို့မဟုတ်" သို့မှသာ ရှင်ဘုရင်ထံမှ ဘယ်သူတစ်ဦးမျှ မခိုးမယူနိုင်မည်ဖြစ်သည်"

ခွဲခြမ်းသိမြင်နိုင်မည်အကြောင်း
"ထူးကဲသောအကြောင်း" သို့မဟုတ်" တစ်ခုထက်မက ပြုလုပ်နိုင်သူ"

ဝန်ကြီးတကာတို့ထက် လွန်ကဲသောကြောင့်၊
ဒံယေလကိုရည်ညွှန်းသောအားဖြင့် "ဝိညာဉ်" ဟူသော စကားကိုအသုံးပြုထားသည်။ ဆိုလိုသည်မှာ တစ်စုံတစ်ခုကို ထူးထူးကဲကဲ ပြုလုပ်နိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်" သူသည် ထူးခြားသောပုဂ္ဂိုလ်ဖြစ်သည်။

လွန်ကဲသော
"အထင်ကြီးလောက်သော" သို့မဟုတ် " ထူးကဲသော"

သူ၌ အပ်နှင်းမည် ဟုရှင်ဘုရင်သည်
" သူ့ကို အခွင့်အာဏာများအပ်နှင်းခဲ့သည်" သို့မဟုတ်" အခွင့်အလမ်းများစွာ လုပ်ပိုင်ခွင့်ပေးထားသည်"

Daniel 04

ထိုအခါ ဝန်ကြီးနှင့်မြို့ဝန်တို့သည် ဒံယေလ၌ အပြစ်တင်ခွင့်ကို ရှာ၍၊ နိုင်ငံတော်အမှုအရေးများကို စစ်ကြောကြ၏။
တစ်ချို့သော အုပ်ချုပ်သူများက ဒံယေလ ကို သဝန်တိုကြသည်။ ဤအရာက ရှင်းရှင်းလင်းလင်းဖော်ပြခြင်းဖြစ်သည်။

အခြားသော ဘာသာပြန်ဆိုချက်" ဝန်ကြီးများနှင့်မြို့ဝန်တို့သည် ဒံယေလကို သဝန်တိုကြသည်။ နိုင်ငံတော်အမှုအရေးများကို စစ်ကြောကြသည်။

အပြစ်တင်ခွင့်ကို ရှာ၍မတွေ့ကြသည်ရှိသော်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်" အပြစ်တင်ခွင့်ကို ရှာကြသော်လည်း မတွေ့ကြပါ။ သို့မဟုတ် သူ့စကား၌ပေါ့ဆမှု"

ပေါ့ဆမှု
သင်၏တာဝန်ယူခြင်း အစ၌တစိုက် ကြည့်ရှုသည်၊

ဒံယေလ၌ အပြစ်တင်ခွင့်ကို ရှာ၍၊
"ဒံယေလအကြောင်း ပြဿနာတက်ခြင်း"

Daniel 06

အထံတော်သို့ လာရောက်စည်းဝေးကြ၍
"လက်ရှိရှင်ဘုရင်၏ အစီစဉ်တစ်ခု"

အသက်တော် အစဉ်အမြဲရှင်ပါစေ။
ရှင်ဘုရင်အားနှုတ်ခွန်းဆက်သ သောစကားဖြစ်သည်။

အရက်သုံးဆယ်
"ရက်ပေါင်း သုံးဆယ်အတွင်း"

အညီအညွတ် တိုင်ပင်ကြပါပြီ။
"မည်သူမဆို အကူအညီတောင်းလျှောက်မှု တစ်ခု"

ဆုတောင်းသောသူမည်သည်ကို ခြင်္သေ့လှောင်သော တွင်း ထဲသို့ ချပစ်ရမည်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်" သင့် စစ်သည်တော်များက ထိုပုဂ္ဂိုလ်ကို ခြင်္သေ့လှောင်အိမ်ထဲသို့ ပစ်ချရမည်ဖြစ်သည်။"

ခြင်္သေ့လှောင်သော တွင်း
၎င်းသည် ခြင်္သေ့လှောင်သော အခန်းတစ်ခု သို့မဟုတ် တွင်းဖြစ်သည်။

Daniel 08

ဆက်စပ်မှုဖော်ပြချက်
အုပ်ချုပ်ရေးမှူးများ ရှင်ဘုရင်ကိုစကားပြောနေခိုက်ဖြစ်သည်။ ငယ်- ၈

မပြောင်းလဲတတ်သော မေဒိ၊ ပေရသိဓမ္မသတ်အတိုင်း အမိန့်တော်တည်စေခြင်းငှါ၊
"ဥပဒေအတိုင်း"


generated on Tue Jul 2 12:50:28 2024

အမိန့်တော်တည်စေခြင်းငှါ၊
"ငြင်းပယ်လို့မရသော"

အမိန့်တော်ကိုပေး၍ တံဆိပ် ခတ်တော်မူ၏။
"အမိန့်တော်အတွက် တံဆိပ်ခတ် ပြုလုပ်ခြင်း"

Daniel 10

အမိန့်တော်ထုတ်၍ တံဆိပ်ခတ်ကြောင်းကို ဒံယေလသည် ကြားသိသော်လည်း၊
၎င်းသည် အရေးကြီးပြီးရှင်းလင်းမှတ်တမ်းဖြစ်ပြီး
ဥပဒေအသစ်ထုတ်ပြန်မှုကိုလည်း ဒံယေလသည်
သိသောကြောင်း ဘုရားသခင်ကို ဆုတောင်းခဲ့သည်။

မိမိအိမ်သို့သွား၍ ယေရုရှလင်မြို့သို့ မျက်နှာပြုရာ အထက်ခန်းပြတင်းပေါက်ပွင့်လျက်ပင်၊
ဒံယေလ၏ရန်သူများသည် ဘုရားသခင်ကို
ဒံယေလဘယ်လောက်ထိ ဆုတောင်းကြောင်းကို
နောက်ခံရှင်းပြထားခြင်းဖြစ်သည်။

ဘုရားသခင်ကို ဆုတောင်း၍ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းလေ၏။
"ဘုရားသခင်ကိုဆုတောင်းခြင်းဖြင့် ကျေးဇူးတော် ချီးမွမ်းခြင်း"

ထိုသို့ဘုရားသခင်ကို ဆုတောင်းပဌနာပြုလျက် နေသည်ကို မှူးမတ်အရာရှိတို့သည် စည်းဝေး၍ တွေ့မြင်ကြလျှင်၊
မကောင်းသော ရည်ရွယ်မှုနှင့် အစီစဉ်တစ်ခုပြုလုပ်ခြင်း

Daniel 12

ခြင်္သေ့လှောင်သောတွင်းထဲသို့ ချပစ်စေဟု အမိန့်တော်ကို တံဆိပ်ခတ်တော်မူလျပ် ရှိပါသည်မဟုတ် လောဟု
အမိန့်တော်ချမှတ်ရန် သူတို့သည်ရှင်ဘုရင်၏
အတည်ပြုခြင်းကိုရရန် ဤမေးခွန်းကိုတောင်းဆိုကြသည်။

အမိန့် တော်အကြောင်းကို မေးလျှောက်ကြ၏။
"ဘယ်သူက တောင်းဆိုမှုတစ်ခုပြုလုပ်သလဲ။

ခြင်္သေ့လှောင်သောတွင်း
ဤအရာသည် ခြင်္သေ့လှောင်သောတွင်း သို့မဟုတ် အခန်းကို
ရည်ညွှန်းထားခြင်းဖြစ်သည်။ ၆:၆
တွင်တွေ့ရသည်အတိုင်းဖြစ်သည်။

မပြောင်းလဲတတ်သော မေဒိ၊ ပေရသိဝမ္မသတ်အတိုင်း
"ဥပဒေအတိုင်း"

Daniel 13

သိမ်းယူခဲ့သော ယုဒလူမျိုးဒံယေလသည်
၎င်းသည် ဒံယေလအား မခန့်လေးစားသော
နည်းလမ်းပင်ဖြစ်သည်။
သူတို့သည်တမင်ရည်ရွယ်ချက်ဖြင့်အကြီးအကဲဖြစ်သောဒံယေလကို
မလေးစားမှုဖြင့်ခေါ်ဆိုခြင်းဖြစ်သည်။

ယုဒပြည်ကသိမ်းယူ ခဲ့သော ယုဒလူမျိုးဒံယေလသည် အာဏာတော်ကို ပမာဏမပြု၊
"ဘယ်သူသည် ယုဒပြည်ကနေသိမ်းယူ ခဲ့သောသူဖြစ်သနည်း"

တံဆိပ်ခတ်တော်မူသော အမိန့်တော်ကို ဆန့်ကျင်လျက်၊
ဆိုလိုသည်မှာ ရှင်ဘုရင်အား လျစ်လျူရှုခြင်းဖြစ်သည်။
အခြားသော ဘာသာပြန်ဆိုချက်" သင့်အား နာမခံခြင်းဖြစ်သည်"

ထိုစကားကို ကြားလျှင်၊ ရှင်ဘုရင်သည် အလွန်နောင်တရ၍ ဒံယေလကို လွှတ်ခြင်းငှါ စိတ်အားကြီး သဖြင့်၊ လွှတ်ရသောအခွင့်ကို နေဝင်သည်တိုင်အောင် ကြိုးစား၍ ရှာတော်မူ၏။
ဤနေရာတွင်"စိတ်"စကားလုံးသည်သူ့ရဲ့အတွေးတွေကို
ဆိုလိုခြင်းဖြစ်သည်။အခြားသော ဘာသာပြန်ဆိုချက်"
ဘယ်လိုလဲစသည့်အကြောင်းကို ခက်ခက်ခဲခဲ
သူတွေးတောခြင်းကြောင့်ဖြစ်သည်"

ကြိုးစား၍ ရှာတော်မူ၏။
ခန္ဓာကိုယ် ကျဉ်းကျပ်ခြင်းကိုဖော်ပြမည့်အစား။
စိတ်ကျဉ်းကျပ်မှုကိုဖော်ထုတ်လိုခြင်းဖြစ်သည်။

Daniel 15

တခါထုတ်ပြီးသော အမိန့် တော်မပျက်နိုင်ရာဟု
နားလည်လွယ်ရန် ကူညီဖေးမပေးသော
စာကြောင်းပေါင်းစပ်ခြင်းဖြစ်သည်။ အခြားသော
ဘာသာပြန်ဆိုချက် "အမိန့်ချသော အရာသည်
ပြန်ပြောင်းလို့မရပါ။ သူတို့သည် ဒံယေလကို
ခြင်္သေ့တွင်းထဲသို့ချပစ်ကြ၏။"

Daniel 16

ဒံယေလကိုခေါ်၍
"သူ့စစ်သည်တော်များက သွားပြီး ဒံယေလကို ဖမ်းကြသည်"

ခြင်္သေ့တွင်း
ဤသည် ခြင်္သေ့ နေသော တွင်း သို့မဟုတ်
အခန်းတစ်ခုကိုဆိုလိုခြင်းဖြစ်သည်။ ငယ်-၆:၆ တွင်
ဖော်ပြထားသည်နည်းတူဖြစ်၏။

သင်မပြတ်ကိုးကွယ်သော ဘုရား သခင်သည် သင့်ကိုကယ်လွှတ်ပါစေ
ရှင်ဘုရင်သည် ဒံယေလကိုကယ်တင်လိုသော သူ့ဆန္ဒကို
ဘုရားသခင်၌ အပ်နှံထားသည်။

သင့်ကိုကယ်လွှတ်ပါစေ
"သင့်ကို ခြင်္သေ့တွင်းထဲမှ ကယ်လွှတ်ပါစေ"

Daniel 17

ခြင်္သေ့လှောင်သောတွင်း
ဤအရာသည် ခြင်္သေ့လှောင်သောတွင်း သို့မဟုတ် အခန်းကို
ရည်ညွှန်းထားခြင်းဖြစ်သည်။ ၆:၆
တွင်တွေ့ရသည်အတိုင်းဖြစ်သည်။


generated on Tue Jul 2 12:50:28 2024

ဒံယေလအမှု၌ စီရင်ချက်ကို မတိုးမလျော့ စေခြင်းငှါ၊ ရှင်ဘုရင်တံဆိပ်နှင့် မှူးမတ်တို့တံဆိပ်ကို ခတ်တော်မူ၏။
တံဆိပ်တော်လက်စွဲက အမှုများကိုရှင်းလင်းစေသည်။ ရှင်ဘုရင်နှင့် မျိုးရိုးကြီးမြတ်သူများက လက်စွပ်ဖြင့် တံဆိပ်ခတ်ခြင်း ပြုလုပ်ကြသည်။ အခြားသော ဘာသာပြန်ဆိုချက်" ရှင်ဘုရင်က သူ့လက်စွပ်ကို ဖယောင်းအပေါ် ဖိထားခြင်းဖြင့် တံဆိပ်ရိုက်ထားသည်နည်းတူ၊ မျိုးရိုးကြီးမြတ်သူများကလည်းအလားတူပြုလုပ်ကြသည်။ ဤရိုက်ထားသော တံဆိပ်တုံးကို ဘယ်သူမှ ဖြတ်စီးပြီ ဒံယေလကိုတယ်တင်၍ မရပါ။

ဒံယေလအမှု၌ စီရင်ချက်ကို မတိုးမလျော့ စေခြင်းငှါ
"ဘယ်သူတစ်ဦးကမှ ဒံယေလကို မကယ်တင်နိုင်ပါ"

ရှင်ဘုရင်သည် နန်းတော်သို့ ပြန်၍ တညဉ့်လုံး စားတော်မခေါ်၊
ဒံယေလအမှု၌ရှင်ဘုရင် စက်တော်ခေါ်၍ မပျော်သောအရာကို ဖော်ပြလိုသောအရာပင်ဖြစ်သည်။

အငြိမ့်တန်ဆာကို အထံတော် သို့ မသွင်းစေဘဲ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်" သူ့ဖျော်ဖြေ ကပြပေးမည့်သူ တစ်ယောက်မှမရှိပါ"

စက်တော်ခေါ်၍ မပျော်နိုင်။
ရှင်ဘုရင်ထံတော်မှ ထွက်သွားခဲ့မည်ဆိုလျှင် သူသည် အိပ်စက်နိုင်မည်ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်"သူသည် ညလုံးပေါက်မအိပ်စက်နိုင်ပါ"

Daniel 19

ခြသေ့်လှောင်သောတွင်း
ဤအရာသည် ခြသေ့်လှောင်သောတွင်း သို့မဟုတ် အခန်းကို ရည်ညွှန်းထားခြင်းဖြစ်သည်။ ၆:၆ တွင်တွေ့ရသည်အတိုင်းဖြစ်သည်။

Daniel 21

အကျွန်ုပ်သည် အပြစ်ကင်းပါ၏။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်" သူ့မှာ အပြစ်မရှိကြောင်း သူသိသည်"

ကိုယ်တော်မြတ်ကိုလည်း အလျှင်းမပြစ် မှားပါဟု ပြန်လျှောက်လေ၏။
"အကျွန်ုပ်သည် သင့်ကို အပြစ်မပြုလုပ်ပါ"

Daniel 23

ခြသေ့်လှောင်သောတွင်း
ဤအရာသည် ခြသေ့်လှောင်သောတွင်း သို့မဟုတ် အခန်းကို ရည်ညွှန်းထားခြင်းဖြစ်သည်။ ၆:၆ တွင်တွေ့ရသည်အတိုင်းဖြစ်သည်။

သူ၌ထိခိုက် သောအနာတခုမျှ မရှိ။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်" ဒံယေလ၌ ဘာတစ်ခုမှထိခိုက်မှုကို မတွေ့ရပါ"

Daniel 24

ခြသေ့်လှောင်သောတွင်း
ဤအရာသည် ခြသေ့်လှောင်သောတွင်း သို့မဟုတ် အခန်းကို ရည်ညွှန်းထားခြင်းဖြစ်သည်။ ၆:၆ တွင်တွေ့ရသည်အတိုင်းဖြစ်သည်။

မြေသို့မရောက်မှီ
"ခြသေ့်မြေတွင်းသို့သူတို့မရောက်မှီ"

အရိုးရှိသမျှတို့ကို ချိုးဖဲ့ကြ၏။
"အရိုးရှိသမျှတို့ကို ချိုးဖဲ့ ပျက်စီးကြ၏။" (UDB)

အခြားခြားသော ဘာသာစကားကို ပြောသော လူအမျိုး မျိုးတို့၊
ဤနေရာတွင် "လူမျိုး" နှင့် "ဘာသာစကားများ"တို့သည် အသီးသီးကွဲပြားခြားနားသော ဘာသာစကားနှင့် လူမျိုးများကို ကိုယ်စားပြုဖော်ပြခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်" ဘာသာစကားအသီးသီးနှင့် လူမျိုးအမျိုးမျိုးများဖြစ်သည်။

မြေကြီးတပြင်လုံးတွင်
ဘုရင် ဒါရိမင်းကြီးက အလွန်ကြီးမားသော နိုင်ငံတော်ကြီးအကြောင်းရေးသားထားခြင်းဖြစ်သည်။ "မြေကြီးတပြင်လုံး"ဟုတင်စားသည်တွင် အလွန်ကျယ်ပြန့်ကြောင်းနှင့် မြေကြီးပေါ်ရှိအရောက်စီတိုင်းဟူ၍ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက် "သူ့နိုင်ငံတော်ထဲတွင်"

သင်တို့၌ ငြိမ်ဝပ် ချမ်းသာခြင်း များပြားစေသော။
ဤသည် နှုတ်ဆက်စကားများလည်းဖြစ်သလို တစ်စုံတစ်ယောက်ကို တောင်းဆုပြုခြင်းဖြစ်သည်။

Daniel 26

ထုတ်ပြန် ဆက်သွယ်ခြင်း။
ဤအခန်းတွင် အရေးပါသော နေရာများမှာ ပါရှန်က သိမ်းယူပြီးနောက် ဗာဗုလုန်နိုင်ငံနှင့် ဒါရိ ဗာဗုလုန်က မေဒိ ကို အုပ်ချုပ်လာသည်။

ဒံယေလ၏ ဘုရားသခင်ကို ကြောက်ရွံ့ရိုသေ ကြကုန်ဟု ငါအမိန့်တော်ရှိ၏။
ဤစကားလုံးနှစ်ခု၏ ဆိုလိုရင်းသည် အတူတူပင်ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်" ကြောက်ရွံ့ခြင်းနှင့် တုန်လှုပ်ခြင်း"

ဒံယေလ၏ ဘုရားသခင်
"ဒံယေလကိုးကွယ်သော ဘုရားသခင်" (UDB)

ထို ဘုရားသခင်သည် အသက်ရှင်တော်မူသောဘုရား၊ နိစ္စထာဝရတည်တော်မူသော ဘုရားဖြစ်တော်မူ၏။
ဤစကားနှစ်ခုသည် "အသက်ရှင်တော်မူသောဘုရား" နှင့် "နိစ္စထာဝရတည်တော်မူသော ဘုရား" ထပ်တူ နိစ္စထာဝရတည်တော်မူသော ဘုရားဖြစ်ကြောင်းကို ဖော်ပြလိုခြင်းဖြစ်သည်"

နိုင်ငံတော်သည် ပျက်စီးခြင်းသို့ မရောက်နိုင်။ အာဏာ စက်တော်လည်း အစဉ်အဆက်တည်လိမ့်မည်။
ဘုရားသခင်၏နိုင်ငံတော်သည် မည်သည့်အခါမျှကုန်ဆုံးမည်မဟုတ်တော်ကြောင့်ကို တင်စားဖော်ပြခြင်းဖြစ်သည်။

နိုင်ငံတော်သည် ပျက်စီးခြင်းသို့ မရောက်နိုင်။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်" သူ့နိုင်ငံတော်ကို ဘယ်သူမှမဖျက်စီးနိုင်ပါ" သို့မဟုတ်"သူ့နိုင်ငံတော်သည် အစဉ်အမြဲတည်မြဲလိမ့်မည်"

အာဏာ စက်တော်လည်း အစဉ်အဆက်တည်လိမ့်မည်။
"သူသည်သာလျှင် ထာဝရအမြဲအုပ်စိုးခြင်းရှိမည်"

ဒံယေလကို ခြင်္သေ့လက်မှ ကယ်လွှတ် တော်မူသော ဘုရားသခင်သည် ထိုသို့သော ဘုရားဖြစ် တော်မူ၏ဟု အမိန့်တော်ရှိ၏။
"ဒံယေလကို ခွန်အားကြီးသော ခြင်္သေ့၏အန္တယ်ပြုခြင်းကိုပင် အလိုမရှိပါ"

Daniel 28

ထိုသို့ဒံယေလသည်ဒါရိမင်းကြီး လက်ထက်၌၎င်း၊ ပေရသိ အမျိုးကုရုမင်းကြီး လက်ထက်၌၎င်း
ဒါရိမင်းကြီးလက်ထက်နှင့် ပေရသိအမျိုးကုရုမင်းကြီးလက်ထက်ပင်လျှင် ဒံယေလသည် နိုင်ငံကိုအုပ်စိုးတော်မူ၏။

---

## Translation Questions

Daniel 6:1

ဒါရိမင်းသည် နိုင်ငံတော်တွင် မည်သူတို့ကို ခန့်အပ်ခဲ့သနည်း။
ဒါရိမင်းသည် မြို့ဝန်တရာ့နှစ်ဆယ်တို့နှင့် ထိုမြို့တို့ကို အုပ်ချုပ်မည့် ဝန်ကြီးသုံးပါးကို ခန့်အပ်ခဲ့သည်။

ဝန်ကြီးသုံးပါးတို့ အထဲမှ တပါးသည် မည်သူနည်း။
ဒံယေလသည် ဝန်ကြီးသုံးပါးထဲမှ တပါးဖြစ်ခဲ့သည်။

ဘာကြောင့် ဝန်ကြီးသုံးပါးကို ခန့်အပ်ခဲ့သနည်း။
မြို့ဝန်များကို ကြီးကြပ်အုပ်ချုပ်ဖို့ရန် အတွက် ခန့်အပ်ခဲ့ပြီး ထိုမှသာ ဘုရင်သည် ဆုံးရှုံးရှိစေဖို့ရန် ဖြစ်သည်။

ဘုရင်သည် အဘယ်သူကို တနိုင်ငံလုံးအထက်တွင် ထားရန်ကြံစည်ခဲ့သနည်း။
ဘုရင်သည် ဒံယေလကို တနိုင်ငံလုံးအထက်တွင် ထားဖို့ရန် အတွက် ကြံစည်ခဲ့သည်။

Daniel 6:4

အခြားသော စီမံခန့်ခွဲသူအကြီးအကဲများနှင့် မြို့နယ်အုပ်ချုပ်သူများသည် ဒံယေလ၏အလုပ်တွင် အဘယ်ကြောင့် အကျင့်ပျက်ခြစားမှု၊ တာဝန်ပျက်ကွက်မှု၊ အမှားအယွင်းများ၊ အမှုမဲ့အမှတ်မဲ့ပြုလုပ်ခြင်းများကို မတွေ့ခဲ့ကြသနည်း?
ဒံယေလသည် သစ္စာရှိသောထိုသို့သောအမှုများကို မတွေ့နိုင်ခဲ့ခြင်းဖြစ်သည်။

အခြားသော စီမံခန့်ခွဲသူအကြီးအကဲများနှင့် မြို့နယ်အုပ်ချုပ်သူများသည် ဒံယေလကို စွပ်စွဲဖို့ရန်အတွက် တစုံတခုရှာတွေ့လိမ့်မည်ဟု ထင်သော တခုတည်းသော နေရာက ဒံယေလ၏မည်သည့်အချက် ဖြစ်သနည်း။
ထိုသူတို့သည် ဒံယေလကို စွဲချက်တင်ဖို့ရန်အတွက် သူ၏ဘုရားနှင့် ပတ်သက်ပြီး တစုံတခု ရှိလိမ့်မည်ဟု တွေးခဲ့ကြသည်။

Daniel 6:6

စီမံခန့်ခွဲသူအကြီးအကဲများနှင့် မြို့နယ်အုပ်ချုပ်သူများသည် ဒါရိဘုရင်ကို ဘာလုပ်ဖို့ရန်အတွက် အကြံပြုခဲ့ကြသနည်း။
ထိုသူတို့သည် ဒါရိမင်းကို ရက်သုံးဆယ်အတွင်း မည်သည့်လူဖြစ်စေ၊ မည်သည့်ဘုရားထံသို့မဆို ဆုတောင်းသောသူမည်ကို ခြင်္သေ့လှောင်ထားသော တွင်းထဲသို့ချဖို့ အမိန့်တော်ရှိဖို့ရန် အကြံပြုခဲ့ကြသည်။

Daniel 6:10

ဒံယေလသည် တရားဥပဒေ၌ ညွှန်ကြားချက်ရှိခြင်းနှင့် အမိန့်ထုတ်ထားခြင်းများကို သိရှိပြီးနောက် ဘာလုပ်ခဲ့သနည်း။
ဒံယေလသည် သူ့အိမ်ထဲသို့ဝင်ပြီး ဒူးကိုထောက်လျက်အရင်က ပြုလုပ်နေကျအတိုင်း ဘုရားသခင်ထံသို့ ကျေးဇူးတော်ချီးမွမ်းလျက်ဆုတောင်းခဲ့သည်။


generated on Tue Jul 2 12:50:28 2024

Daniel 6:13

ဒံယေလသည် ဘုရားသခင်ထံ အကူအညီတောင်းခံနေသည်ကို တွေ့ကြသောအခါ ဒံယေလတဘက်၌ သူတို့သည် မည်သို့ကြံစည်ခဲ့ကြသနည်း။

ထိုသူတို့သည် ဘုရင့်ထံသို့ သွားပြီး ဒံယေလသည် ဘုရင်၏ အမိန့်ကို အလေးမထား၊ သူ့ဘုရားထံ တနေ့သုံးကြိမ်အမြဲဆုတောင်းသည် ဟု ဘုရင်ကို ပြောခဲ့ကြသည်။

ဘုရင်သည် ဒံယေလက ဘုရင့်၏အမိန့်ကို ဖီဆန်သည်ကို ကြားသောအခါ ဘာလုပ်ခဲ့သနည်း။

ဘုရင်သည် အလွန်စိတ်ပူပင်သောကရောက်ခဲ့ပြီး သူ၏အမိန့်ထဲမှ သူ့ကိုကယ်ဖို့၊ သူလွတ်နိုင်မည့်လမ်းကို စဥ်းစားခဲ့သည်။

Daniel 6:17

ဒံယေလကို ခြင်္သေ့တွင်းထဲသို့ ပစ်ချခဲ့ပြီးနောက် ဘုရင်သည် ဘာလုပ်ခဲ့သနည်း။

ဘုရင်သည် ဘုရင်၏တံဆိပ်တော်အားဖြင့် ထိုတွင်းသို့ ဝင်ရောက်ခြင်းကို ပိတ်ပင်ခဲ့သည်။ သူသည် ထိုနေရာကို သွားပြီး မအိပ်ဘဲ တညလုံးမဆုတ်မတွန့်တောက်လျှောက်ရပ်နေခဲ့သည်။

Daniel 6:19

ဒံယေလကို ခြင်္သေ့တွင်းထဲသို့ ပစ်ချပြီး နောက်တနေ့တွင် ဘုရင်သည် ထိုနေရာကို သွားပြီး ဒံယေလကို ဘာမေးခဲ့သနည်း။

ဒံယေလအမြဲ ကိုးကွယ်သောဘုရားသည် သူ့ကိုခြင်္သေ့တွင်းမှ ကယ်တင်၊ မကယ်တင်ကို ဘုရင်ကမေးသည်။

Daniel 6:21

ဘုရင်ကို ဒံယေလကို ဘယ်လိုဖြေခဲ့သနည်း။

ဒံယေလသည် "ဘုရင်အသက်တော်ရှည်ပါစေ၊ အကျွန်ုပ်၏ ဘုရားသည် ကောင်းကင်တမန်ကို စေလွှတ်ရန် ခြင်္သေ့နှုတ်ကို ပိတ်ထားသဖြင့် သူတို့သည် ကျွန်ုပ်ကို မထိခိုက်ခဲ့ပါ။ အကြောင်းမူကား ကျွန်ုပ်သည် ဘုရားသခင်ရှေ့တော်၌ အပြစ်ကင်း၍၊ ဘုရင့်ကိုလည်း မည်သည့်အပြစ်မျှမပြုပါ' ဟုဘုရင်ကို ပြောခဲ့သည်။

Daniel 6:23

ဘုရင်သည် ခြင်္သေ့တွင်းထဲမှ ဒံယေလကို အသက်ရှင်လျက်တွေ့ခဲ့ပြီးနောက် ပထမဦးဆုံးဘာအမိန့်ပေးခဲ့သနည်း။

ဘုရင်၏ ပထမဦးဆုံးအမိန့်တော်သည် ဒံယေလအသက်ရှင်လျက်တွေ့ပြီးနောက် ဒံယေလကို ခြင်္သေ့တွင်းထဲမှ ထုတ်ယူဖို့ရန် အမိန့်ပေးခဲ့သည်။

Daniel 6:24

ဘုရင်သည် ဒံယေလကို ခြင်္သေ့တွင်းထဲမှ အသက်ရှင်လျက်တွေ့ပြီးနောက် ဒုတိယအမိန့်ဘာပေးခဲ့သနည်း။

ဒုတိယအမိန့်သည် ဒံယေလကို ထိုကဲ့သို့ ဖြစ်စေခဲ့သော လူတွေကို ခေါ်လာဖို့ရန်နှင့် သူတို့၏ မိသားစု သားသမီးအားလုံးနှင့် ခြင်္သေ့တွင်းထဲသို့ ပစ်ချဖို့ရန် အမိန့်ပေးခဲ့သည်။

Daniel 6:26

ဒါရိမင်းသည် ဒံယေလ၏ ဘုရားအကြောင်းကို သူ့အမိန့်တော်ထဲတွင် ဘုရားနှင့်ပတ်သက်၍ ဘာပြောခဲ့သနည်း။

ဒါရိမင်းသည် ဒံယေလ၏ ဘုရားကို "သူသည် အသက်ရှင်သောဘုရား၊ ထာဝရတည်ရှိသောဘုရား၊ နိုင်ငံတော်သည် မပျက်စီးနိုင်၊ အာဏာစက်တော်သည် အစဉ်တည်မြဲ၏။ သူသည် ကယ်တင်ခြင်းအမှုကို ကျွန်ုပ်တို့၌ ပြုတော်မူ၏။ သူသည် ခြင်္သေ့များ၏ တန်ခိုးထဲမှ ဒံယေလကို ကယ်နှုတ်တော်မူခဲ့ပြီ" ဟု ပြောဆိုခဲ့သည်။

Daniel 6:28

ဒံယေလသည် အဘယ်သူတို့၏ လက်ထက်တွင် အောင်မြင်မှုရခဲ့သနည်း။

ဒံယေလသည် ဒါရိမင်း၏ လက်ထက်နှင့် ပေရသိ အမျိုးကုရုမင်းကြီးလက်ထက်တွင် အောင်မြင်မှုရှိခဲ့သည်။

## Chapter 7

1 ဗာဗုလုန် ရှင်ဘုရင် ဗေလရှာဇာနန်းစံ ပဌမ နှစ်တွင်၊ ဒံယေလသည် အိပ်မက်ကို မြင်၍ အိပ်ပျော်စဉ်၊ စိတ်ထဲ၌အာရုံပြုပြီးမှ
မြင်မက်သော အရာတို့ကို ရေးထားသော အချက်ကား၊ 2 ငါ ဒံယေလသည် ညဉ့်အခါ အာရုံပြု၍၊ မိုဃ်း ကောင်းကင်လေးမျက်နှာ၌
လေတို့သည် မဟာသမုဒ္ဒရာ ပေါ်မှာ အချင်းချင်းတိုက်ကြလျှင်၊ 3 သဏ္ဍာန်ချင်းမတူသော သာရဲလေးကောင်တို့ သည် သမုဒ္ဒရာထဲက
ထွက်လာကြ၏။ ပဌမသားရဲသည် ခြင်္သေ့နှင့်တူ၏။ ရွှေလင်းတအတောင်လည်း ရှိ၏။ 4 ငါ ကြည့်ရှု၍ နေစဉ်၊ သူ၏အတောင်ကို
နှုတ်ကြ၏။ မြေမှ ကိုယ်ကို ချီကြွလျက် လူကဲ့သို့ ခြေဖြင့် မတ်တပ်ရပ်၍၊ လူစိတ်သဘောကိုလည်း ရ၏။ ဒုတိယ သားရဲသည်
ဝံနှင့်တူ၏။ 5 တဘက်၌ ကိုယ်ကိုကိုယ်ချီကြွ၏။ ပစပ်၌ နံရိုး သုံးချောင်းကို ကိုက်လျက်ရှိ၏။ သင်ထလော့။ အသား များကို
ကိုက်စားလော့ဟု သူ့အား ပြောကြ၏။ 6 တဖန်ငါကြည့်ရှုပြန်၍၊ ကျားသစ်နှင့်တူသော သားရဲတကောင်သည် ထင်ရှား၏။ ကျောပေါ်မှာ
ငှက် အတောင်လေးခုရှိ၏။ ခေါင်းလေးလုံးနှင့်ပြည့်စုံ၏။ အုပ်စိုးရသော အခွင့်လည်းရှိ၏။ 7 ထိုညဉ့်အခါ၊ တဖန်ငါသည် အာရုံပြုစဉ်၊
ကြီးစွာ သော ခွန်အားနှင့်ပြည့်စုံ၍ အလွန်ကြောက်မက်ဘွယ် သော စတုတ္ထသားရဲသည် ထင်းရှား၏။ ကြီးစွာသော သံသွားလည်းရှိ၏။
ကိုက်စားချိုးဖဲ့၍ ကြွင်းသော အရာကို ခြေဖြင့် နင်းချေ၏။ သူသည်အရင်သားရဲရှိသမျှတို့ထက် ထူးခြား၏။ ချိုဆယ်ချောင်းလည်း
ရှိ၏။ 8 ထိုချိုတို့ကို ငါကြည့်ရှုစဉ်၊ ချိုများအလယ်၌ ချိုငယ်တချောင်းသည် ပေါက်ပြန်၏။ ထိုချိုငယ်ရှေ့မှာ အရင်ချိုသုံးချောင်းကို
အမြစ်နှင့်တကွ နှုတ်လေ၏။ ထိုချိုငယ်သည် လူမျက်စိကဲ့သို့သော မျက်စိနှင့်၎င်း၊ ကြီးစွာသော စကားကို ပြောတတ်သော
နှုတ်နှင့်၎င်း ပြည့်စုံ၏။ 9 ထိုအခါ ငါကြည့်ရှုစဉ်၊ ရာဇပလ္လင်များကို တည်ထားလျက်ရှိ၍၊ အသက်ကြီးသော သူတဦးသည်
ထိုင်တော်မူ၏။ အဝတ်တော်သည် မိုဃ်းပွင့်ကဲ့သို့ဖြူ၏။ ဆံပင်တော်သည် ဖြူသော သိုးမွေးနှင့်တူ၏။ ပလ္လင် တော်သည်
မီးလျှံဖြစ်၏။ ပလ္လင်တော်အောက်၌ မီးစက် လှည်းဘီးရှိ၏။ 10 မျက်နှာတော်မှာ မီးရောင်ခြည်ထွက်လေ၏။ အတိုင်းမသိ များစွာသော
သူတို့သည် အမှုတော်ကို ဆောင်ရွက်၍၊ ကုဋေသင်္ချေမက ရှေ့တော်၌ ခစား၍ နေကြ၏။ တရားစီရင်ခြင်းငှါ ပြင်ဆင်၍ စာစောင်များ
ကိုဖွင့်ထားကြ၏။ 11 ထိုအခါ ချိုငယ်ပြောသော စကားကြီး အသံ ကြောင့် ငါကြည့်ရှု၍ နေစဉ်၊ ထိုသားရဲအသက်ကို သတ်ပြီးလျှင်
သူ၏ ကိုယ်ကိုမီးရှို့၍ ဖျက်ဆီးကြ၏။ 12 အခြားသော သားရဲမူကား၊ အစိုးရသော အခွင့် တန်းခိုးရှုံးသော်လည်း၊ ချိန်းချက်သော
ကာလပတ်လုံး အသက်ရှင်ရကြ၏။ 13 ထိုညဉ့်အခါ ငါသည် အာရုံပြု၍၊ လူသားနှင့် တူသောသူတဦးသည် မိုဃ်းတိမ်ကိုစီးလျက်၊
အသက်ကြီး သော သူ၏အထံတော်သို့ ရောက်လာ၏။ ထိုသူကို အထံတော်ပါးသို့သွင်းကြ၏။ 14 အရပ်ရပ်တို့၌နေ၍
အသီးသီးအခြားခြားသော ဘာသာစကားကို ပြောသောလူမျိုးတကာတို့ကို အုပ်စိုးစေခြင်းငှာ၊ ထိုသူသည် နိုင်ငံနှင့် တကွ
အာဏာစက်တန်ခိုးကိုရ၏။ အာဏာစက်တော် သည် ကမ္ဘာအဆက်ဆက်တည်၏။ နိုင်ငံတော်သည် ပျက်စီးခြင်းသို့ မရောက်နိုင်ရာ။ 15
ငါဒံယေလသည် ကိုယ်ခန္ဓာတုန်လှုပ်၍၊ ထိုရူပါရုံ ကြောင့် စိတ်ပူပန်ခြင်းရှိလျှင် 16 အနား၌ ရပ်နေသော သူတယောက်ထံသို့ သွား၍
ယခုမြင်သမျှကား၊ အဘယ်သို့ဆိုလိုသနည်းဟု မေးမြန်းသော်၊ 17 ထိုသူက၊ ဤသားရဲလေးကောင်တို့သည် မြေကြီး ပေါ်မှာ
ပေါ်လတံ့သော နိုင်ငံလေးပါးဖြစ်၏။ 18 သို့သော်လည်း၊ အမြင့်ဆုံးသော ဘုရား၏ သန့် ရှင်းသူတို့သည် နိုင်ငံကိုသိမ်းယူ၍
ကမ္ဘာအဆက်ဆက် စံစား ကြလတံ့ဟု အနက်အဓိပ္ပါယ်ကို ကြားပြော၏။ 19 ထိုအခါ အခြားသော သားရဲထက်ထူးခြား၍
အလွန်ကြောက်မက်ဘွယ်ဖြစ်လျက်၊ သံသွားနှင့်၎င်း၊ ကြေး ဝါလက်သည်းခြေသည်းနှင့်၎င်း ပြည့်စုံသဖြင့်၊ ကိုယ်စား ချိုးဖဲ့၍
ကြွင်းသမျှကို ခြေဖြင့်နင်းချေတတ်သော စတုတ္ထသားရဲကား၊ အဘယ်သို့ဆိုလိုသည်ကို၎င်း၊ 20 သူ၏ခေါင်း၌ရှိသော
ချိုဆယ်ချောင်းကား၊ အဘယ်သို့ဆိုလိုသည်ကို၎င်း၊ နောက်ပေါက်၍ အရင်ချို သုံးချောင်းကိုနှုတ်၍၊ ကြီးစွာသော စကားကို ပြောတတ်
သော နှုတ် နှင့် မျက်စိရှိသဖြင့်၊ မိမိအဘော်တို့ ထက်သာ၍ ရဲရင့်သော မျက်နှာအဆင်းရှိသော ချိုတချောင်းကား၊ အဘယ်သို့ ဆိုလို
သည်ကို၎င်း သိခြင်းငှါ ငါအလိုရှိ၏။ 21 ငါကြည့်ရှုစဉ်တွင် အသက်ကြီးသောသူသည် ရောက်လာလျှင်၊ အမြင့်ဆုံးသော ဘုရား၏
သန့်ရှင်းသော သူတို့အား စီရင်ရသော အခွင့်ကို ပေး၍၊ 22 ထိုသူတို့သည် နိုင်ငံကိုသိမ်းယူဝင်စားသော အချိန်ရောက်သည့်တိုင် အောင်
ထိုချိုသည် သန့်ရှင်းသူတို့ကို စစ်တိုက်၍ နိုင်လေ ၏။ 23 ထိုသူကလည်း စတုတ္ထသားရဲသည် မြေကြီးပေါ် မှာ အခြားသော
နိုင်ငံရှိသမျှတို့ထက် ထူးခြားသော စတုတ္ထနိုင်ငံရှိသမျှတို့ထက် ထူးခြားသော စတုတ္ထနိုင်ငံ ဖြစ်၏။ ထိုနိုင်ငံသည် မြေကြီးရှိသမျှကို
ကိုယ်စားချိုးဖဲ့ နင်းချေလိမ့်မည်။ 24 ထိုနိုင်ငံ၌ ပေါက်သော ချိုဆယ်ချောင်းသည် ပေါ်လတံ့သော မင်းကြီးဆယ်ပါးဖြစ်၏။
သူတို့နောက် အခြားသော မင်းကြီးပေါ်လာလိမ့်မည်။ အရင်မင်းကြီး ထက် ထူးခြား၍ သုံးပါးတို့ကို နှိမ့်ချလိမ့်မည်။ 25 အမြင့်ဆုံးသော
ဘုရားကို ဆန့်ကျင်ဘက်ပြု၍၊ ကြီးစွာသော စကားကို ပြောလိမ့်မည်။ အမြင့်ဆုံးသော ဘုရား၏သန့်ရှင်းသူတို့ကို
ညှဉ်းဆဲနှိပ်စက်လိမ့်မည်။ ကာလအချိန်နှင့်ပညတ်တရားတို့ကို ပြောင်းလဲစေခြင်းငှါ ကြံစည်လိမ့်မည်။ တကာလ၊ နှစ်ကာလ၊
ကာလတဝက် ပတ်လုံး သူသည် အခွင့်ရလိမ့်မည်။ 26 ထိုနောက်မှ တရားစီရင်ခြင်း ဖြစ်လိမ့်မည်။ ထိုအခါသူ၏ တန်ခိုးအာဏာကို
နှုတ်၍ရှင်းရှင်း ဖျက်ဆီး ကြလိမ့်မည်။ 27 ကောင်းကင်အောက်၌ နိုင်ငံနှင့်တကွ အာဏာ စက် ဘုန်းတန်ခိုးရှိသမျှကို အမြင့်ဆုံးသော
ဘုရား၏ သန့်ရှင်းသော အမျိုးသားတို့သည် ရကြလိမ့်မည်။ ထို ဘုရားသခင်၏ နိုင်ငံတော်သည် ထာဝရနိုင်ငံဖြစ်၏။ မင်းကြီး
အပေါင်းတို့သည် တိုးဝင်၍ ကျွန်ခံရကြလိမ့်မည်။ 28 ဤရှေ့ကား အနက်အဓိပ္ပါယ်ပေတည်းဟု ဆိုလေ၏။ ငါဒံယေလသည်
စိတ်ပူပန်ခြင်းသို့ရောက်၍ မျက်နှာညှိုးငယ်ခြင်းရှိ၏။ သို့သော်လည်း မြင်ရသော အာရုံများကို စိတ်နှလုံးထဲ၌သိုထား၏။


generated on Tue Jul 2 12:50:28 2024

Daniel 01

ယေဘုယျအချက်အလက်
အခန်း ၇ နှင့် ၈သည် မျိုးနွယ်ဆက်မဟုတ်ပါ။ ဒါရိမင်းကြီး လက်ထက်နှင့် ပေရသိ အမျိုးကုရုမင်းကြီး လက်ထက်မတိုင်ခင် ဗေလရှာဇာမင်းကြီးအုပ်စိုးနေတုန်းဖြစ်၍ အခန်း ၆တွင် ဖော်ပြခဲ့ပြီဖြစ်သည်။

ယေဘုယျအချက်အလက်
ဒံယေလ၏ရူပါရုံထဲတွင် တိရ စ္ဆာန်ကိုမြင်မက်ခဲ့သည်။ နောင်၌ ထိုအရာများကို တစ်စုံတစ်ဦးက ဖော်ပြထားသည်။

ဗေလရှာဇာ
ဤသည် နေဗုခဒ်နေဇာမင်းကြီး၏သားနာမည်ဖြစ်သည်။ သူ့အမွေဆက်ခံမည့်သူဖြစ်သည်။ ၅:၁။

အိပ်မက်ကို မြင်၍ အိပ်ပျော်စဉ်၊ စိတ်ထဲ၌အာရုံပြုပြီးမှ
"အိပ်မက်"နှင့် "ရူပါရုံ" စကားလုံးများသည် မြင်မက်သောအိပ်မက်ကို ဖော်ပြရာ တူညီသောစကားလုံးပင်ဖြစ်သည်။အခြားသော ဘာသာပြန်ဆိုချက်" အိပ်မက်ရူပါရုံကိုမြင်မက်နေခြင်း"

မိုဃ်း ကောင်းကင်လေးမျက်နှာ
"နေရာတကာမှ ပြတင်းပေါက်များ" သို့မဟုတ်" လေးမျက်နှာမှ အင်အားပြင်သော လေများ"(UDB)

အချင်းချင်းတိုက်ကြလျှင်၊
"ရိုက်ခတ်ဒဏ်" သို့မဟုတ်"အရည်ကိုလှုပ်သည်" သို့မဟုတ်" လှိုင်းလုံးများအထက်တွင်မြင့်တက်ခြင်း"

ပဌမသားရဲသည် ခြင်္သေ့နှင့်တူ၏။ ရွှေလင်းတအတောင်လည်း ရှိ၏။
ဤသည် ဖန်ဆင်းသောအရာများ၏ သင်္ကေတနှင့် တိရ စ္ဆာန်မှထွက်လာသောအရာမဟုတ်ပါ။ (ရှု။|Symbolic Language)

Daniel 04

ငါ ကြည့်ရှု၍ နေစဉ်၊ သူ၏အတောင်ကို နှုတ်ကြ၏။ မြေမှ ကိုယ်ကို ချီကြွလျက် လူကဲ့သို့ ခြေဖြင့် မတ်တပ်ရပ်၍၊
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်" ထိုအတောင်ပံများကို လူတစ်ဦးတစ်ယောက်က နှုတ်သကဲ့သို့ ခြေနှစ်ချောင်းနဲ့ မြေပြင်ပေါ်တွင် လူကဲ့သို့ မတ်တပ်ရပ်လျက်နေ၏" (ရှု။:|Active or Passive)

လူစိတ်သဘောကိုလည်း ရ၏။
"စိတ်"ဟူသောစကားသည် အတွေးအခေါ်ကို ရည်ညွှန်းထားခြင်းဖြစ်သည်။ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်" လူတစ်ဦးတစ်ယောက်ကဲ့သို့ တွေးခေါ်နိုင်စွမ်းကို ပေးသည်။"(ရှု၊|Metonymy and|Active or Passive)

ဒုတိယ သားရဲသည် ဝံနှင့်တူ၏။
၎င်းသည် တကယ့် ဝံ မဟုတ်ပါ သို့သော် ဝံနှင့် တူဖွယ်ရှိသည်။ (ရှု၊|Symbolic Language)

နံရိုး
ကွေးပြီးကြီးသောအရိုးသည် ရင်ဘက်နှင့် ဆက်သော အရိုးဖြစ်သည်။

သူ့အား ပြောကြ၏။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်"တစ်ဦးတစ်ယောက်က ဤအရာများကိုပြောသည်"(ရှု။|Active or Passive)

Daniel 06

ကျားသစ်နှင့်တူသော သားရဲတကောင်သည် ထင်ရှား၏။
၎င်းသည် တကယ်ကျားသစ်မဟုတ်ပါ သို့သော် တိရ စ္ဆာန်နှင့်တူသော ကျားသစ်၏သင်္ကေတ ဖြစ်သည်။

အတောင်လေးခုရှိ၏။ ခေါင်းလေးလုံးနှင့်ပြည့်စုံ၏။
အတောင်လေးခုနှင့် ခေါင်းလေးလုံး၏သင်္ကေတများဖြစ်သည်, သို့သော်လည်း ရှင်းလင်းမှုမရှိပါ။

ခေါင်းလေးလုံးနှင့်ပြည့်စုံ၏။
"ခေါင်းလေးလုံးနှင့်ပြည့်စုံသော တိရ စ္ဆာန်"

အုပ်စိုးရသော အခွင့်လည်းရှိ၏။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်" အုပ်စိုးရန် တစ်စုံတစ်ဦးက အခွင့်ပေးသည်"

စတုတ္ထသားရဲသည်....ချိုဆယ်ချောင်းလည်း ရှိ၏။
၎င်းသည်လည်း တကယ့် တိရိ စ္ဆာန်တော့မဟုတ်ပါ။ ဤသည် သက်ရှိတစ်ခု၏ သင်္ကေတဖြစ်သည်။

ကိုက်စားချိုးဖဲ့၍ ကြွင်းသော အရာကို ခြေဖြင့် နင်းချေ၏။
"ဖိပြီးမှ လျှောက်သည်"

Daniel 08

ယေဘုယျအချက်အလက်
အခန်း ၇:၆ တွင်မြင်မက်ခဲ့ပြီသော ဒံယေလ၏ တိရ စ္ဆာန်လေးကောင်းကိုမြင်မက်ခဲ့ရူပါရုံ ဖြစ်သည်။

ချိုများအလယ်၌ ချိုငယ်တချောင်းသည် ပေါက်ပြန်၏။
"ချိုများဟုဖော်ပြရာတွင် လက်ရှိခေါင်းဆောင်များ ဦးသဇာအာဏာရှိသောအရာကို အမှတ်ပေးဖော်ပြခြင်းဖြစ်သည်။"

ထိုချိုငယ်ရှေ့မှာ အရင်ချိုသုံးချောင်းကို အမြစ်နှင့်တကွ နှုတ်လေ၏။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်" ထိုချိုငယ်ရှေ့မှာ အရင်ချိုသုံးချောင်းကို အမြစ်နှင့်တကွ နှုတ်လေ၏။"

ထိုချိုငယ်သည် လူမျက်စိကဲ့သို့သော မျက်စိနှင့်၎င်း၊ ကြီးစွာသော စကားကို ပြောတတ်သော နှုတ်နှင့်၎င်း ပြည့်စုံ၏။
ချိုငယ်သည် စကားကို ပြောတတ်သော နှုတ်ဖြစ် ဝင့်ကြွားပြောဆိုလျက်ရှိ၏။အခြားသော ဘာသာပြန်ဆိုချက်"ချိုငယ်သည် နှုတ်ရှိသည်ဖြစ်၍ သူပြုခဲ့သောအရာအပေါ် ဝါကြွားစွာပြော၏"

Daniel 09

ယေဘုယျအချက်အလက်
အထူးသဖြင့် အငယ် ၉-၁၄၅၌တွေ့ရသော ဘာသာစကားနှင့် နှိုင်းယှဥ်သောအရာသည် အလားတူအဓိပ္ပါယ်ဖြစ်သည် ၎င်းအဖြစ်အပျက်တွင် ULB နှင့် UDB သည် နိုင်ငံရေးဆန်သော စကားလုံးများဖြစ်သည်။

ရာဇပလ္လင်များကို တည်ထားလျက်ရှိ၍၊
အပြုအမူကို ဆောင်သောသူကိုဖော်ပြခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်" တစ်ဦးတစ်ယောက်ကရာဇပလ္လင်များကို တည်ထားခြင်းဖြစ်သည်။"

အသက်ကြီးသော သူတဦးသည် ထိုင်တော်မူ၏။
၎င်းသည် ဘုရားဟုအဓိပ္ပါယ်ရပြီး ထာဝရတည်ရှိသော သူဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်"ထာဝရအသက်ရှင်သောသူ"သို့မဟုတ်" အမြဲတမ်းအသက်ရှင်နေသောသူ"

အသက်ကြီးသော သူတဦးသည် ထိုင်တော်မူ၏။
၎င်းသည်ခေတ်သုံးစကားဖြစ်ပြီး ထိုင်နေသည်။ အခြားသော ဘာသာပြန်ဆိုချက်"ပလ္လင်တော်ပေါ်တွင် ထိုင်တော်မူသည်။"

အဝတ်တော်သည် မိုယ်းပွင့်ကဲ့သို့ဖြူ၏။
စားသား၏ဆိုလိုရင်းမှာ ဘုရားသခင်ထိုင်တော်မူ၏၊အဝတ်နှင့် ဆံပင်တော်သည်လည်း လူကဲ့သို့ဖြစ်သည်။ ဘုရားသခင်သည် ထိုသို့ဖြစ်သည်ဟု ဆိုလိုသည်မဟုတ်သော်လည်း ဒံယေလသည် ဤအရာများကို မြင်မက်ခဲ့သည်။

အဝတ်တော်သည် မိုယ်းပွင့်ကဲ့သို့ဖြူ၏။
သူ့အဝတ်တော်သည် မိုယ်းပွင့်ကဲ့သို့ဖြူသည်ဟုတင်စားလိုခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက် "သူ့အဝတ်တော်သည် အင်မတန်ဖြူစင်သည်။"

ဆံပင်တော်သည် ဖြူသော သိုးမွေးနှင့်တူ၏။
ဘုရကားသခင်၏ ဆံပင်တော်သည် သိုးမွေးနှင့်တူသည်။ (၁) ၎င်းသည် အင်မတန်မှဖြူစင်သည်။ (UDB)နှင့်

သိုးမွေးနှင့်တူ၏။
"သန့်ရှင်းသော သိုးမွေး" သို့မဟုတ်" သန့်ရှင်းပြီးဖြစ်သော သိုးမွေး"

ပလ္လင်တော်သည် မီးလျှံဖြစ်၏။
ဘုရားသခင်၏ ပလ္လင်တော်သည် မီးလျှံကဲ့သို့ လိမ့်လျက်ရှိသည်။ "မီးလျှံ"နှင့် "လောင်မြိုင်းသောမီး" ဤစကားလုံး ၏ဆိုလိုရင်းမှာ အခြေခံအားဖြင့် အဓိပ္ပါယ်ခြင်းတူတူပင်ဖြစ်သည်။

မီးစက် လှည်းဘီးရှိ၏။
ဤသည်ညစ်ပတ်သောစကားဖြစ်သည် ဘုရားသခင်၏ ပလ္လင်တော်သည် လက်တွန်းလှည်ကဲ့သို့ဖြစ်သည်ဟု မှတ်ချက်ထားသည်။ တကယ်ပလ္လင်တော်သည် လက်တွန်းလှည်ကဲ့မဟုတ်ပါ သို့သော် စာရေးသူက လက်တွန်းလှည်းကဲ့ဖြစ်သည်ဟုသို့တင် စားထားခြင်းဖြစ်သည်။ ဖြစ်နိုင်ဖွယ်အားဖြင့် ယေဘုယျအခေါ်အတွက် "လက်တွန်းလှည်း"

Daniel 10

ယေဘုယျအချက်အလက်
အခန်း ၇:၆ တွင်ဒေယလမြင်မက်ခဲ့ပြီဖြစ်သော တိရစ္ဆာန်လေးကောင်းကို ကောင်းကင် ရေတွက်ခဲ့ရသလို မြင်မက်ခဲ့သော ရူပါရုံ ဖြစ်သည်။

ယေဘုယျအချက်အလက်
အထူးသဖြင့် အငယ် ၉-၁၄၅ တွေ့ရသော ဘာသာစကားနှင့် နှိုင်ယှဥ်သောအရာသည် အလားတူအဓိပ္ပါယ်ဖြစ်သည် ၎င်းအဖြစ်အပျက်တွင် ULB နှင့် UDB သည် နိုင်ငံရေးဆန်သော စကားလုံးများဖြစ်သည်။

မျက်နှာတော်မှာ မီးရောင်ခြည်ထွက်လေ၏။
မြစ်တစ်စင်း၌ရေစီးဆင်းသလို ထာဝရဘုရား၏ စကားအသံတော်သည် မီးရောင်ခြယ်ထွက်တောက်၏။ အခြားသော ဘာသာပြန်ဆိုချက် "မြစ်ချောင်းရေကဲ့သို့ ဘုရားသခင်ရှေ့တော်မှောက်တွင်ဖြစ်သည်။"

ကုဋေသချေမက
နံပတ်အသိအကျရေတွက်မဲ့အစား အဖွဲ့အစည်းများကို ဖော်ပြလိုသော အရာဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်"ကုဋေသချေ ချီသောလူများ" သို့မဟုတ်" လူထုမြောက်များစွာသော"

ကုဋေသချေ
နံပတ်အတိအကျရေတွက်မည့်အစား အဖွဲ့အစည်းများကို ဖော်ပြလိုသော အရာဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်"ထောင်ချီကိုအကြိမ် တစ်ဆယ်၊ ထောင်ချီကိုအကြိမ် တစ်ဆယ်ချီ" သို့မဟုတ်" ရေတွက်မရလောက်သောလူများ"

ရှေ့တော်၌
"သူ့ကို" ဟူသော စကားလုံး သည် ဘုရားသခင် ကို ဆိုလိုသည်။

တရားစီရင်ခြင်းငှါ ပြင်ဆင်၍ စာစောင်များ ကိုဖွင့်ထားကြ၏။
၎င်းသည် ဘုရားသခင်ကို ဆိုလိုခြင်းဖြစ်ပြီး၊ တရားစီရင်ခြင်း၊ သူ၏တရားစီရင်မှုသည် တရားမျှခြင်းကို သက်သေအားဖြင့် အဆင်သင့်ဖြစ်ကြောင်းဖော်ပြလိုပါသည်။ အခြားသော ဘာသာပြန်ဆိုချက်"တရားစီရင်သောသူသည် တရားစီရင်ဖို့ရန် အဆင်သင့်ဖြစ်သည်" သို့မဟုတ်" တရားခုံပေါ်ထိုင်ခွင့်ရှိသည်။"

Daniel 11

ယေဘုယျအချက်အလက်
အခန်း ၇:၆ တွင်ဒေယလမြင်မက်ခဲ့ပြီဖြစ်သော ၏တိရ စ္ဆာန်လေးကောင်းကို ကောင်းကင် ရေတွက်ခဲ့ရသလို မြင်မက်ခဲ့သော ရူပါရုံ ဖြစ်သည်။

ထိုသားရဲအသက်ကို သတ်ပြီးလျှင် သူ၏ ကိုယ်ကိုမီးရှို့၍ ဖျက်ဆီးကြ၏။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။အခြားသော ဘာသာပြန်ဆိုချက်" သူတို့ တိရ စ္ဆာန် ၄ ခုကိုသတ်ပြီ၊ ခန္ဓာကိုယ်ကိုဖျက်ဆီးပြီးမှ လူတစ်ယောက်ကို မီးရှို့စေသည်။"

သားရဲ
တိရ စ္ဆာန်လေးကောင်းတို့သည် ချိုဆယ်ချောင်းရှိပြီး ၎င်းချိုတို့သည် ကြွားကြွားဝါဝါ စကားပြောကြသည်။ အခြားသော ဘာသာပြန်ဆိုချက်" အထိန့်အလန့်ဖြစ်သော တိရ စ္ဆာန်" သို့မဟုတ်" ၎င်းတိရ စ္ဆာန်၌ ကြွားကြွားဝါဝါစကားပြောတက်သော ချိုရှိသည်။"

အခြားသော သားရဲမှုကား၊
ရှင်းလင်းမှုအရဆိုလျှင်"အခြားတိရ စ္ဆာန် သုံးကောင်"

အစိုးရသော အခွင့် တန်းခိုးရှုံးသော်လည်း၊
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်" သူတို့၏နည်းဥပဒေသနှင့် အခွင့်အာဏာများကို ဖယ်ထားခြင်း" သို့မဟုတ် "သူတို့၏နည်းဥပဒေသနှင့် အခွင့်အာဏာများသည် ကုန်ခန်းပြီဖြစ်သည်။"

ချိန်းချက်သော ကာလပတ်လုံး အသက်ရှင်ရကြ၏။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်" သူ့ခေတ်နှင့် သူသာ ကျန်ရစ်ကြမည်ဖြစ်သည်" သို့မဟုတ်"တရားစီရင်ချက်က အနည်းငယ်သာ နေခွင့်ရမည်ဖြစ်သည်။"

Daniel 13

ယေဘုယျအချက်အလက်
အထူးသဖြင့် အငယ် ၉-၁၄ ၌ တွေ့ရသော ဘာသာစကားနှင့် နှိုင်ယှဉ်သောအရာသည် အလားတူအဓိပ္ပါယ်ဖြစ်သည် ၎င်းအဖြစ်အပျက်တွင် ULB နှင့် UDB သည် နိုင်ငံရေးဆန်သော စကားလုံးများဖြစ်သည်။

ငါသည် အာရုံပြု၍၊ လူသားနှင့် တူသောသူတဦးသည် မိုဃ်းတိမ်ကိုစီးလျက်
ဒံယေလမြင်မက်သောအိပ်မက်ထဲက လူသည် သာမန်လူမဟုတ်ပါ သို့သော် လူရုပ်နှင့်တူ၏။ "ထိုနေ့ညမှာပင် ငါသည်လည်းမြင်မက်ခဲ့သည် ထိုသူသည် လူသားနှင့်ဆင်တူသည်၊ လူပုံနှင်တူသည်။ "

မိုဃ်းတိမ်ကိုစီးလျက်
"မိုးကောင်းကင်ယံထက်က မိုးတိမ်ပမာဖြစ်သည်။"

သူ၏အထံတော်သို့ ရောက်လာ၏။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်" သူတို့သည် ကုန်လွန်ခဲ့သောနေ့ရက်အတွက် လူသားကို ဖော်ပြထားခြင်းဖြစ်သည်" သို့မဟုတ်"သူ့ရှေ့မှာ သူသည် ရပ်နေ၏"

အခြားခြားသော ဘာသာစကားကို ပြောသော လူအမျိုး မျိုးတို့၊
ဤနေရာတွင်"လူမျိုး" နှင့် "ဘာသာစကားများ"တို့သည် အသီးသီးကွဲပြားခြားနားသော ဘာသာစကားနှင့် လူမျိုးများကို ကိုယ်စားပြုဖော်ပြခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်" ဘာသာစကားအသီးသီးနှင့် လူမျိုးအမျိုးမျိုးများဖြစ်သည်။

အုပ်စိုးစေခြင်းငှာ၊ ထိုသူသည် နိုင်ငံနှင့် တကွ အာဏာစက်တန်ခိုးကိုရ၏။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်" ဘုရားသားတော်နှင့်တူသောသူတစ်ဦးက အုပ်စိုးခြင်းအခွင့်ကိုရရှိသည်၊ဘုန်းတော်နှင့် မြင့်မြတ်သော ဘုန်းတန်ခိုးကိုခံရသည်။"

အာဏာစက်တော်သည်
၎င်းသည် အခွင့်အာဏာတော်ကို ရည်ညွှန်းထားခြင်းဖြစ်သည်။"

နိုင်ငံတော်သည် ပျက်စီးခြင်းသို့ မရောက်နိုင်ရာ။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်" ဘယ်သူမှ ဘယ်သောအခါမှ မဖြတ်စီးနိုင်တော့ပါ။"

Daniel 15

ငါဒံယေလသည် ကိုယ်ခန္ဓာတုန်လှုပ်၍၊ ထိုရူပါရုံ ကြောင့် စိတ်ပူပန်ခြင်းရှိလျှင်
ဤနှစ်ခုအပေါ် ဒံယေလသည် ဘယ်လိုခံစားရကြောင်းဖော်ပြခြင်းဖြစ်သည်။ ဒုတိယတစ်ခုက သူ့ကို ပိုပြီးအကြောင်းပြလာသည်၊ သူပူဆွေးမှုကို ဖော်ပြထားခြင်းဖြစ်သည်။

ထိုရူပါရုံ ကြောင့် စိတ်ပူပန်ခြင်းရှိလျှင်
ဤနေရာ၌"ငါဝိညာဉ်ဟုဖော်ပြသောအရာသည် ဒံယေလကို ရည်ညွှန်းထားခြင်းပင်ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်" ငါ့အတွင်း၌ အလွန်စိတ်ပူပန်ခြင်းရှိ၏။"

 generated on Tue Jul 2 12:50:28 2024

နား၌ ရပ်နေသော သူတယောက်
ငင်းသည်
ဘုရားသခင်၏ပလ္လင်တော်ရှေ့၌ရပ်နေသောသူနှင့်တူသည်။ (UDB) ဖြစ်နိုင်ဖွယ်သောအဓိပ္ပါယ်မှာ(၁)ငင်းသည် ကောင်းကင်တမန်များဖြစ်သည်။(၂) ငင်းတို့သည် သေလွန်ပြီးသောသူများဖြစ်ပြီး လက်ရှိတွင် ကောင်းကင်နိုင်ငံ၌ရှိနေကြသောသူများဖြစ်ကြသည်။

ယခုမြင်သမျှကား
"ငါကိုပြေပြသည်" (UDB) သို့မဟုတ်"ငါ့ကိုရှင်းပြနေသည်"

အဘယ်သို့ဆိုလိုသနည်းဟု မေးမြန်သော်၊
"ထိုအရာများကို ငါသည် မြင်မက်သည်"

Daniel 17

ဤသားရဲလေးကောင်တို့သည်
ဤသားရဲလေးကောင်တို့သည်

မြေကြီး ပေါ်မှာ ပေါ်လတံ့သော နိုင်ငံလေးပါးဖြစ်၏။
ဘုရင်လေးပါးကို ကိုယ်စားပြုသောအရာဖြစ်သည်။"

မြေကြီး ပေါ်မှာ ပေါ်လတံ့သော နိုင်ငံလေးပါးဖြစ်၏။
"မြေကြီး ပေါ်မှ"ဟုဆိုလိုသည်မှာ တကယ့်ဖြစ်လာမည့်လူများဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်" ဤလောကသို့ကြွလာမည့်ဘုရင်လေးပါးကိုဆိုလိုခြင်းဖြစ်သည်။"

ကမ္ဘာအဆက်ဆက် စံစား ကြလတံ့ဟု အနက်အဓိပ္ပါယ်ကို ကြားပြော၏။
"သူတို့သည် ကမ္ဘာကိုအုပ်စိုးရလိမ့်မည်ဖြစ်သည်။"

ကမ္ဘာအဆက်ဆက်
ဤနိုင်ငံတော်သည် ဘယ်တော့အခါမှ အဆုံးရောက်မည်မဟုတ်ကြောင်းကို တင်စားပြီး ထပ်မံဖော်ပြထားခြင်းဖြစ်သည်။

Daniel 19

ထိုအခါ အခြားသော သားရဲထက်ထူးခြား၍ အလွန်ကြောက်မက်ဘွယ်ဖြစ်လျက်
"အင်မတန်မှ ထိပ်လန့် ကြောက်မက်ဖွယ်ကောင်းသော"

ခြေဖြင့်နင်းချေတတ်သော
"နင်းခြေဖျက်ခြင်းနှင့် လျှောက်သည်"

သူ၏ခေါင်း၌ရှိသော ချိုဆယ်ချောင်းကား၊
တိရ စ္ဆာန်လေးကောင်တို့၏ခေါင်း၌ ချိုဆယ်ချောင်းရှိသည်"

အဘယ်သို့ဆိုလိုသည်ကိုငင်း၊ နောက်ပေါက်၍ အရင်ချို သုံးချောင်းကိုနှုတ်၍၊
" အရင်ချို သုံးချောင်းတို့သည် ငင်း၏ရှေ့တွင် နှုတ်ကျပြီး နောက်ပေါက်သောချို" သို့မဟုတ်" ထိုအကြောင်းကြောင့် ချိုသုံးချောင်းတို့သည် နှုတ်ကျရသည်"

အရင်ချို သုံးချောင်းကိုနှုတ်၍
"နှုတ်ကျခြင်း" ဟုဆိုရာ၌ ကြမ်းတမ်းလွန်းသောစကားဖြစ်ပြီး ဖျက်ဆီးသည်ဟုအဓိပ္ပါယ်ရသည်။" အခြားသော ဘာသာပြန်ဆိုချက်" ငင်းချိုဖြတ်ခြင်းခံရသော ချိုသုံးချောင်းကို ဆိုလိုခြင်းဖြစ်သည်။"

ကြီးစွာသော စကားကို ပြောတတ်သော နှုတ်
"ငင်းပါးစပ်သည် ဝါကြွားပြီးပြောဆိုတတ်ခြင်း" သို့မဟုတ်" ချိုအသစ်ပေါက်သောပါးစပ်မှ ထွက်သော စကားဖြစ်သည်။"

မိမိအဘော်တို့ ထက်သာ၍ ရဲရင့်သော မျက်နှာအဆင်းရှိသော ချိုတချောင်းကား၊
ချိုနှင့် မျက်စိများနှင့် တခြား ချိုများထပ် ပါးစပါကပို၍ ကြီးမားသည်။

Daniel 21

အသက်ကြီးသောသူသည် ရောက်လာလျှင်၊ အမြင့်ဆုံးသော ဘုရား၏ သန့်ရှင်းသော သူတို့အား စီရင်ရသော အခွင့်ကို ပေး၍၊
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်" ဘယ်သူမှ ဘယ်သောအခါမှ မဖြတ်စီးနိုင်တော့ပါ။"

အသက်ကြီးသော သူတဦးသည် ထိုင်တော်မူ၏။
ငင်းသည် ဘုရားဟုအဓိပ္ပါယ်ရပြီး ထာဝရတည်ရှိသော သူဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်"ထာဝရအသက်ရှင်သောသူ"သို့မဟုတ်" အမြဲတမ်းအသက်ရှင်နေသောသူ"

ဘုရား၏ သန့်ရှင်းသော သူတို့အား စီရင်ရသော အခွင့်ကို ပေး၍၊
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်" ဘုရားသခင်သည် နိုင်ငံတော်ကို သူ၏သန့်ရှင်းသောလူများကို အပ်ပေးလေသည်"

ထိုချိုသည်
"ငင်းချိုလေးချောင်းသည်" အခန်း ၇:၁၉ တွင်ဖော်ပြထားသောအရာဖြစ်သည်။၊

Daniel 23

ယေဘုယျအချက်အလက်
အထူးသဖြင့် အငယ် ၂၃-၂၇ ၌တွေ့ရသော ဘာသာစကားနှင့် နှိုင်ယှဉ်သောအရာသည် အလားတူအဓိပ္ပါယ်ဖြစ်သည် ငင်းအဖြစ်အပျက်တွင် ULB နှင့် UDB သည် နိုင်ငံရေးဆန်သော စကားလုံးများဖြစ်သည်။

ထိုသူကလည်း စတုတ္ထသားရဲသည် မြေကြီးပေါ်မှာ အခြားသော နိုင်ငံရှိသမျှတို့ထက် ထူးခြားသော စတုတ္ထနိုင်ငံရှိသမျှတို့ထက် ထူးခြားသော စတုတ္ထနိုင်ငံ ဖြစ်၏။
အခန်း ၇:၁၅ တွင် ဒံယေလချဉ်းကပ်သော ပုဂ္ဂိုလ်ဖြစ်သည်။


generated on Tue Jul 2 12:50:28 2024

ထိုသူကလည်း
"ထိုပုဂ္ဂိုလ်၏အဖြေသည်"

စတုတ္ထသားရဲသည်...ပေါက်သော ချိုဆယ်ချောင်းသည်
"တိရ စ္ဆာန်လေးကောင်နှင့်ပတ်သက်သော...
ချိုဆယ်ချောင်းနှင့်ပတ်သက်သော" သို့မဟုတ်" ယခု၊
တိရ စ္ဆာန်လေးကောင်နှင့်...ယခု၊ ချိုဆယ်ချောင်း"

ကိုယ်စားချိုးဖွဲ့ နင်းချေလိမ့်မည်။... ချိုးဖွဲ့
၎င်း၏ဆိုလိုရင်းသည်လေးနိုင်ငံက
ဂြိုဟ်ကိုဖျက်ဆီးပစ်မည်မဟုတ်ပါ သို့သော် ၎င်းသည်လူမဆန်စွာ
တိုက်ခိုက်ခြင်း၊ သိမ်းပိုက်ခြင်းနှင့် တခြားသော
နိုင်ငံမြေကြီးပေါ်ရှိသမျှကို ဖျက်စီးမည်ဖြစ်သည်။

ထိုနိုင်ငံ၌ ပေါက်သော ချိုဆယ်ချောင်းသည် ပေါ်လတ့်သော
မင်းကြီးဆယ်ပါးဖြစ်၏။
သူတို့က တစ်ယောက်ပြီးမှ တစ်ယောက် အုပ်စိုးကြလိမ့်မည်။
အတိအလင်းဖော်ပြခြင်းဖြစ်သည်။ အခြားဘာသာပြန်ဆိုချက်"
ဤလေးနိုင်ငံကို ဘုရင်းဆယ်ပါးက အုပ်စိုးမည်ဖြစ်ပြီး၊
တစ်ဦးပြီးမှ တစ်ဦးဖြစ်သည်၊"

သူတို့နောက် အခြားသော မင်းကြီးပေါ်လာလိမ့်မည်။
နောက်အခြားသော မင်းကြီးသည် ဆယ်ယောက်ထဲက
တစ်ယောက်မဟုတ်ပါ။ ထိုသူသည်
အထောက်အကူဖြစ်မည့်သူဖြစ်နိုင်ချေဖြစ်ပြီး"ဆယ့်တစ်ယောက်
ဘုရင်" အခြားဘာသာပြန်ဆိုချက်အရ" ၎င်းပြီးမှ
ဆယ့်တစ်ယောက်မြောက်ရှင်ဘုရင်သည်
သာ၍ဩဇာကြီးမည်ဖြစ်သည်"

အရင်မင်းကြီး ထက် ထူးခြား၍
"ဤသူသည် တခြားဆယ် ဘုရင်တို့ထက် ခြားနားလိမ့်မည်"

သုံးပါးတို့ကို နှိမ့်ချလိမ့်မည်။
အရင်းဆယ်ဘုရင်ထဲက ဘုရင်သုံးပါတို့ကိုအနိုင်ယူမည်။
၎င်းသည် အထောက်အမဖြစ်တည်ဖွယ်ရှိပြီး လက်ရှိရှင်ဘုရင်
သုံးပါးကိုကိုစားပြုသော ချိုသုံးချောင်း နုတ်ခြင်းပင်ဖြစ်သည်။
အခြားသော ဘာသာပြန်ဆိုချက်" ဤသူသည် ရှင်ဘုရင်
သုံးပါးကိုအနိုင်ယူခြင်းကို ချိုသုံးချောင်းနုတ်ခြင်းဟု
ဖော်ပြလိုသောအရာဖြစ်သည်"(UDB)

Daniel 25

ယေဘုယျအချက်အလက်
ဒံယေလအိပ်မက်ထဲကလူသည် ဒံယေလကို
ဆက်လက်စကားပြောနေသည်။

ယေဘုယျအချက်အလက်
အထူးသဖြင့် အငယ် ၂၃-၂၇ ၌တွေ့ရသော ဘာသာစကားနှင့်
နှိုင်ယှဉ်သောအရာသည် အလားတူအဓိပ္ပယ်ဖြစ်သည်
၎င်းအဖြစ်အပျက်တွင် ULB နှင့် UDB သည် နိုင်ငံရေးဆန်သော
စကားလုံးများဖြစ်သည်။

အမြင့်ဆုံးသော ဘုရားကို ဆန့်ကျင်ဘက်ပြု၍၊ ကြီးစွာသော စကားကို
ပြောလိမ့်မည်။
၎င်း၏ဆိုလိုရင်းသည် ရှင်ဘုရင်အသစ်စက်စက်လေးက
သဘောမတူမှုနှင့် အမြင့်ဆုံးသော ဘုရားကို ဆန့်ကျင်ဘက်ပြု၍
စကားဆိုများနှင့် ပြောနေမည်ဖြစ်သည်။

သန့်ရှင်းသူတို့ကို
"ဘုရားသခင်၏သန့်ရှင်းသူတို့"

ကာလအချိန်နှင့်ပညတ်တရားတို့ကို ပြောင်းလဲစေခြင်းငှါ ကြံစည်လိမ့်မည်။
"သူ"ဟူသောစကားလုံးနှင့်"သူ၏"စကားလုံးသည်
ရှင်ဘုရင်အသစ်ကို ဖော်ပြခြင်းဖြစ်သည်။
အမြင့်ဆုံးသောဘုရားသခင်ကို ဆိုလိုခြင်းမဟုတ်ပါ။

ကာလအချိန်နှင့်ပညတ်တရားတို့ကို ပြောင်းလဲစေခြင်းငှါ ကြံစည်လိမ့်မည်။
မောရှေ၏ပညတ်တော်များကို ရည်ညွှန်းထားခြင်းဖြစ်သည်။
ဓမ္မဟောင်းခေတ်တွင် ပွဲလမ်းသဘင်တို့သည် အင်မတန်မှ
အရေးပါအမြတ်တနိုးအားဖြင့် ဣသရေလလူတို့သည်
ထားကြသည်။

တကာလ၊ နှစ်ကာလ၊ ကာလတဝက် ပတ်လုံး
၎င်းသည်" သုံးနှစ်ခွဲဖြစ်သည်" (UDB). ၎င်းသည်
ဣသရေလလူတို့မျိုးတို့၏ သာမန်ရည်တွက်ခြင်းမဟုတ်ပါ။
အခြားသော ဘာသာပြန်ဆိုချက်" တစ်နှစ်အပေါင်'နှစ်နှစ်အပေါင်း
သုံးနှစ် ခြောက်လဖြစ်သည်။"

သူသည် အခွင့်ရလိမ့်မည်။
"သူ့လက်"၏ဆိုလိုရင်းမှာ သူအုပ်စိုးမှုကိုဆိုလိုခြင်းဖြစ်သည်။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော
ဘာသာပြန်ဆိုချက်" ရှင်ဘုရင်အသစ်က ဘာသာရေးပွဲများနှင့်
နည်းဥပဒေများကို ထိန်းချုပ်ထားမည်ဖြစ်သည်။"

ထိုနောက်မှ တရားစီရင်ခြင်း ဖြစ်လိမ့်မည်။
၎င်း၏အဓိပ္ပါယ်သည် တရားစီရင်ဖို့ရန်
အဆင်သင့်ပြီဖြစ်ကြောင်းနှင့် သိကျမှန်ကန်သော သက်သေနှင့်
သူ့၏စီရင်းခြင်းဖြစ်သည်။ အခြားဘာသာပြန်ဆိုချက်"
တရားစီရင်ခြင်းသည် စီရင်ခြင်းပင်ဖြစ်သည်"သို့မဟုတ်"
တရားစီရင်ခြင်းသည် ထိုင်သွားမည်ဖြစ်သည်။"

ထိုအခါသူ၏ တန်ခိုးအာဏာကို နှုတ်၍
"မြင့်မြတ်သောဘုန်းတန်ခိုးတော်များကို ရည်တွက်ထားသော
လူများက ရှင်ဘုရင်အသစ်ထံမှ သိမ်းယူသွားမည်ဖြစ်သည်။"

တန်ခိုးအာဏာကို
၎င်းသည်၊ ဤနေရာတွင်၊ စသည်တို့သည် "အခွင့်အာဏာကို
ရည်ညွှန်းထားခြင်းဖြစ်သည်။အခန်း ၇:၁၃
တွင်တွေးရသည်အတိုင်းဖြစ်သည်။

နှုတ်၍ရှင်းရှင်း ဖျက်ဆီး ကြလိမ့်မည်။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော
ဘာသာပြန်ဆိုချက် "နောက်ဆုံး၌ကုန်သည်နှင့် ဖျက်ဆီးသည်"

သို့မဟုတ် "နောက်ဆုံးတွင် သူ၏ဘုန်းတန်ခိုးများသည် လုံးလုံးလျှားလျှားဖျက်စီးပစ်သည်။"

Daniel 27

ယေဘုယျအချက်အလက်
ဒံယေလအိမ်မက်ထဲကလူသည် ဒံယေလကို ဆက်လက်စကားပြောနေသည်။

ယေဘုယျအချက်အလက်
အထူးသဖြင့် အငယ် ၂၃-၂၇ ၌ တွေ့ရသော ဘာသာစကားနှင့် နှိုင်းယှဉ်သောအရာသည် အလားတူအဓိပ္ပယ်ဖြစ်သည် ၎င်းအဖြစ်အပျက်တွင် ULB နှင့် UDB သည် နိုင်ငံရေးဆန်သော စကားလုံးများဖြစ်သည်။

နိုင်ငံနှင့်တကွ အာဏာစက် ဘုန်းတန်ခိုးရှိသမျှကို အမြင့်ဆုံးသော ဘုရား၏ သန့်ရှင်းသော အမျိုးသားတို့သည် ရကြလိမ့်မည်။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်" ဘုရားသခင်သည် သူ၏နိုင်ငံတော်နှင့် အာဏာစက်တို့ကို ...သူ၏သန့်ရှင်းသူတို့ကို ပေးအပ်မည်ဖြစ်သည်။"

နိုင်ငံနှင့်တကွ အာဏာစက်
၎င်းစကားလုံးနှစ်ခု၏အဓိပ္ပါယ်မှာ ဆင်တူဖြစ်သည်။အခြေခံအရ အမိန့်ပြဋ္ဌါန်းရာနှင့်ပတ်သက်မှုပိုရှိပါသည်။

ဘုရားသခင်၏ နိုင်ငံတော်သည် ထာဝရနိုင်ငံဖြစ်၏။
စိတ္တဇနာမ်ဖြစ်ပြီး" ကြီးမားခြင်း" နာမဝိသေသနနှင့်ဘာသာပြန်နိုင်သည်

"ကြီးမားခြင်း"အခြားဘာသာပြန်ဆိုချက် "အရာအားလုံးတို့သည်ကြီးမားမှုများသည် နိုင်ငံတော်အကြောင်းပင်ဖြစ်သည်။"

ကောင်းကင်အောက်၌ နိုင်ငံနှင့်တကွ
လောက၌ရှိသောနိုင်ငံတော်ဖြစ်သည်ဟု တင်စားလိုသောအခါ "ကောင်းကင်အောက်ရှိရှိသမျှ"ဟူသောစကားကို သုံးထားခြင်းဖြစ်သည်။ အခြားဘာသာပြန်ဆိုချက်" လောကရှိ ရှိသမျှတိုင်းနျင်ငံများ"

ဘုရားသခင်၏ နိုင်ငံတော်သည်
"အမြင့်ဆုံးသော နိုင်ငံတော်"

ထာဝရနိုင်ငံဖြစ်၏။
"နိုင်ငံတော်တစ်ခုသည် ထာဝရတည်ရှိလိမ့်မည်" သို့မဟုတ်" နိုင်ငံတော်တစ်ခုသည် ဘယ်တော့အခါမျှ အဆုံးမရှိတော့ပါ"

အနက်အဓိပ္ပါယ်ပေတည်းဟု ဆိုလေ၏။
ဒံယေလသည် သူ၏ ရူပါရုံကို ဖော်ပြအပြီးဖြစ်သည်၊ အခြားဘာသာပြန်ဆိုချက်" ငါမြင်မက်ခဲ့သော ထိုရူပါရုံ" (UDB) သို့မဟုတ်"၎င်းသည် ငါမှတ်ချက်ချပြီးသောထိုအရာတို့ပင်ဖြစ်သည်။"

မြင်ရသော အာရုံများကို စိတ်နှလုံးထဲ၌သိုထား၏။
"ငါ့မျက်နှာ ဖြူဖတ်ဖြူရော်ဖြစ်လာသည်၊"

---

## Translation Questions

### Daniel 7:1

ဒံယေလသည် ဘယ်အချိန်တွင် သူ့အတွေးထဲ၌ အိမ်မက်နှင့် ရူပါရုံကို ရရှိခဲ့သနည်း။
ဒံယေလသည် ဗာဗုလုန်ရှင်ဘုရင် ဗေလရှာဇာနန်းစံနှစ် ပထမနှစ်တွင် အိပ်ယာပေါ် အိပ်နေစဉ် အိမ်မက်ရူပါရုံကို ရရှိခဲ့ပါသည်။

ဒံယေလ၏ အိမ်မက်ထဲတွင် ကြီးမားသော သမုဒ္ဒရာပေါ် ဘာလှုပ်ရှားခဲ့သနည်း။
ကောင်းကင်လေးမျက်နှာမှ လေများသည် ကြီးမားသော သမုဒ္ဒရာပေါ်တွင် လှုပ်ရှားခဲ့သည်။

သမုဒ္ဒရာ၏ အပေါ်ကနေ ဘာဖြစ်လာခဲ့သနည်း။
သမုဒ္ဒရာ၏ အပေါ်တွင် ကြီးမားသော သတ္တဝါလေးကောင်၊ မတူညီသောနေရာမှ ထွက်ပေါ်လာခဲ့ကြသည်။

### Daniel 7:4

ခြင်္သေ့ကဲ့သို့ ဖြစ်သော သတ္တဝါကို မည်သည့်အရာပေးခဲ့သနည်း?
သူ့အား လူတယောက်၏ စိတ်ကို ပေးသည်။

ဝက်ဝံနှင့်တူသောသတ္တဝါကို ဘာလုပ်ဖို့ရန် ပြောခဲ့သနည်း။
ထ၍ လူများစွာကို ကိုက်စားဖို့ရန် ပြောသည်။

### Daniel 7:6

ကျားသစ်နှင့်တူသောသတ္တဝါကို ဘာပေးခဲ့သနည်း။
အုပ်ချုပ်ဖို့ရန် အာဏာကို ပေးခဲ့သည်။

စတုတ္ထမြောက်သော သတ္တဝါက ဘာလုပ်ခဲ့သနည်း။
စတုတ္ထမြောက်သော သတ္တဝါသည် ကျန်သောအရာအားလုံးကို ကိုက်စား၍ အပိုင်းပိုင်းဖျက်ဆီးပြီး ကျန်သောအရာတွေကို ခြေဖြင့် နင်းချေခဲ့သည်။


generated on Tue Jul 2 12:50:28 2024

Daniel 7:8

ဒံယေလက စတုတ္ထမြောက်သော သတ္တဝါ၏ ဦးချိုများ မည်သို့ဖြစ်ပျက်လာသည်ကို မြင်ခဲ့သနည်း။
ဒံယေလသည် ဆယ်ခုသော ဦးချိုများကြားတွင် အခြားသေးငယ်သော ဦးချိုထွက်လာသည်ကို မြင်ခဲ့သည်။ ပထမဦးချိုသုံးချောင်းကို အမြစ်များသည် ပြန်စုတ်လေသည်။ ဒံယေလသည် ထိုဦးချိုငယ်လေးတွင် လူကဲ့သို့သော မျက်လုံးရှိသည်ကို မြင်ခဲ့ပြီး ကြီးမြတ်သောအရာကို ကြွားဝါနေသော နှုတ်ကိုလည်း တွေ့ခဲ့သည်။

Daniel 7:9

တည်ရှိထားသော ပလ္လင်တခုပေါ်တွင် ဘယ်သူထိုင်ခဲ့သနည်း။
တည်ရှိထားသော ပလ္လင်အပေါ်တွင် နေ့ရက်ကာလ၏ရှေးကျသူတစ်ယောက် ထိုင်ခဲ့သည်။

Daniel 7:10

နေ့ရက်ကာလ၏ရှေးကျသောသူတစ်ယောက်သည် မည်သည့်အလုပ်ကို ဦးစီးဦးရွက်ပြုခဲ့သနည်း။
ရုံးတော်တွင် ကြားနာ၍ စာအုပ်များကိုလည်း ဖွင့်ထားသည်။

Daniel 7:11

လေးကောင်မြောက် သတ္တဝါ၌ ဘာဖြစ်ပျက်ခဲ့သနည်း။
ချိုရှိ၍ ဝါကြွားသောစကားကို ပြောသောသတ္တဝါသည် အသတ်ခံရ၍ အသေကောင်သည်ဖျက်ဆီးခံရ၍ မီးရှို့ဖို့ရန် အပ်ထားခြင်းခံရသည်။ ကျန်တိရိစ္ဆာန်သုံးကောင်သည် သူတို့အုပ်ချုပ်သူများကို နှုတ်ယူသွားကြသော်လည်း ခဏကြာအထိ အသက်ရှင်ခဲ့ကြသည်။

Daniel 7:13

ဒံယေလ၏ အိမ်မက်ထဲတွင်နေ့ရက်ကာလ၏ရှေးကျသောသူသည် အဘယ်သူကို ကိုယ်စားပြုထားသနည်း။
နေ့ရက်ကာလ၏ရှေးကျသောသူသည် ကောင်းကင်မှ ဝတ်လုံတော်နှင့် ကြွလာခဲ့သော လူသားကဲ့သို့သောသူကို ကိုယ်စားပြုထားခဲ့သည်။

လူသားနှင့်တူသော လူတဦးကို ဘာပေးခဲ့သနည်း။
ထာဝရတည်သော အုပ်စိုးခြင်းအာဏာ၊ ဘယ်တော့မှ ပျက်စီးခြင်းမရှိသော နိုင်ငံတော်၊ ဘုန်းကြီးခြင်း၊ တန်ခိုးတော်များသည် လူသားနှင့်တူသော သူတယောက်ကို ပေးခြင်းခံခဲ့သည်။

Daniel 7:17

သူ့အိမ်မက်ထဲက သတ္တဝါလေးပါးသည် မည်သည့်အရာများ ကိုယ်စားပြုသည်ဟု ဒံယေလအား ပြောပြခဲ့သနည်း။
သတ္တဝါလေးပါးသည် မြေကြီးပေါ်မှ တင်မြှောက်မည့် ဘုရင်လေးပါးဖြစ်သည်ဟု ဒံယေလကို ပြောခဲ့သည်။

အဘယ်သူသည် နိုင်ငံတော်ကို ထာဝရသိမ်းပိုက်ပြီးရရှိလိမ့်မည်နည်း။
အမြင့်ဆုံးဘုရား၏ သူတော်ကောင်းများသည် နိုင်ငံတော်ကို ထာဝရသိမ်းပိုက်ပြီး ရရှိခံစားလိမ့်မည်။

Daniel 7:23

ဒံယေလသည် ထိုနေရာတွင်ရပ်နေသောသူအား စတုတ္ထတိရိစ္ဆာန် အကြောင်းကိုမေးသောအခါ စတုတ္ထတိရိစ္ဆာန်သည် မည်သည့် အရာဖြစ်ခဲ့ပြီး မြေကြီးကို ဘာလုပ်လိမ့်မည်ဟု ပြန်ပြောခဲ့သနည်း။
ရပ်နေသောသူက လေးပါးမြောက်တိရိစ္ဆာန်သည် စတုတ္ထနိုင်ငံဖြစ်ပြီး မြေကြီး တခုလုံးကို ဖျက်ဆီးပြီး၊ အောက်သို့နင်းချေ၍ အစစအပိုင်းပိုင်း ဖျက်ဆီးည့်သူဖြစ်သည်ဟု ပြန်ပြောခဲ့သည်။

ထိုနေရာတွင်ရပ်နေသောသူသည် ဦးချိုဆယ်စုအကြောင်းကို မည်ကဲ့သို့ ပြောခဲ့သနည်း။
ထိုနေရာတွင်ရပ်နေသောသူက ဘုရင်ဆယ်ပါးသည် စတုတ္ထနိုင်ငံအထဲမှ ပေါ်ပေါက်လိမ့်မည်ဟု ဆိုခဲ့သည်။

Daniel 7:25

အမြင့်မြတ်ဆုံးသောသူကို ဆန့်ကျင်၍ ပြောသောသူသည် မည်သို့ဖြစ်၍၊ သူ၏ အဆုံးသတ်သည် မည်သို့ဖြစ်လိမ့်မည်နည်း။
သူသည် အမြင့်မြတ်ဆုံး၏ သန့်ရှင်းသောလူများကို ညှင်းပန်းနှိပ်စက်လိမ့်မည်။ သူသည် ပညတ်တရားနှင့် ပွဲတော်ကို ပြောင်းလဲဖို့ရန် ကြိုးစားလိမ့်မည်။ သူသည် တစ်နှစ်၊ နှစ်နှစ်နှင့် နှစ်ဝက်အတွက် ထိုအရာများအပေါ် အုပ်ချုပ်လိမ့်မည်။ သို့သော် သူ၏ကြီးမြတ်သောတန်ခိုးသည် နှုတ်ခြင်းခံရ၍ အဆုံးတွင် ဖျက်ဆီးခြင်းခံရမည်။

Daniel 7:27

ကောင်းကင်အောက်ရှိ နိုင်ငံတော်နှင့်အုပ်စိုးခြင်းကို မည်သူအား ပေးလိမ့်မည်နည်း။
၎င်းကို အမြင့်ဆုံးဘုရား၏ လူတို့အား ပေးလိမ့်မည်။

ထိုရူပါရုံကို ဒံယေလသည် မည်ကဲ့သို့ တုန့်ပြန်ခဲ့သနည်း။
ဒံယေလသည် ကြီးစွာစိုးရိမ်ခဲ့ပြီး သူ့မျက်နှာသည် မြင်သာစွာ ပြောင်းလဲခဲ့သော်လည်း သူသည် ထိုရူပါရုံကို သူ့ကိုသူသိမ်းထားခဲ့သည်။

## Chapter 8

[1] ဗေလရှာဇာမင်းကြီးနန်းစံ သုံးနှစ်တွင်၊ ငါ ဒံယေလသည် ယခင် ဗျာဒိတ်တော်ကို မြင်ပြီးသည်နောက်၊ တဖန် ဗျာဒိတ်ရူပါရုံကို
မြင်ရသောအကြောင်းအရာဟူ မူကား၊ [2] ဧလံပြည်၊ ရှုရှန်မြို့တော်၌ ဥလဲမြစ်နားမှာ ငါရှိ စဉ်၊ ရူပါရုံထင်ရှား၍၊ [3] ငါမျှော်ကြည့်သော၊
ရှည်လျားသော ချို နှစ်ချောင်းရှိသော သိုးတကောင်သည် မြစ်တဘက်၌ ရပ် နေ၏။ ထိုချိုနှစ်ချောင်းသည်မညီ၊ တချောင်းသာ၍
ရှည်၏။ သာ၍ ရှည်သောချိုသည် နောက်ပေါက် သတည်း။ [4] ထိုသိုးသည် အနောက်၊ တောင်၊ မြောက်၊ သုံး မျက်နှာသို့
တိုးခွေ့သောကြောင့် အဘယ်တိရစ္ဆာန်မျှ မခံနိုင်၊ အဘယ်သူမျှ သူ့လက်မှတ်မကယ်မလွှတ်နိုင်သည် ဖြစ်၍ မိမိအလိုရှိသည့်အတိုင်း
ပြုသဖြင့် ကြီးမားခြင်းသို့ ရောက်လာ၏။ [5] ထိုအမှုကို ငါဆင်ခြင်လျက်နေသောအခါ၊ မျက်စိ နှစ်လုံးကြား၌ ထူးဆန်းသော
ချိုတချောင်းရှိသော ဆိတ် တကောင်သည် အနောက်မျက်နှာကလာ၍၊ မြေကို မနင်းဘဲ မြေကြီးတပြင်လုံးကို ကျော်လေ၏။ [6]
ချိုနှစ်ချောင်းနှင့်မြစ်တဘက်၌ ထင်ရှားသော သိုးရှိရာသို့ ပြင်းစွာသော အဟုန်နှင့်ပြေး၍ [7] အနားသို့ ရောက်သောအခါ၊ ပြင်းစွာ
အမျက် ထွက်သဖြင့် သိုးကို ခတ်၍ သိုးချိုနှစ်ချောင်းကို ချိုးဖဲ့၏။ သိုးသည်ခံနိုင်သော တန်ခိုးမရှိသည် ဖြစ်၍ ဆိတ်သည် သူ့ကိုမြေ၌
လှဲ၍နင်းလေ၏။ သူ့လက်မှ အဘယ်သူမျှ သိုးကို မကယ်မလွှတ်နိုင်။ [8] သို့ဖြစ်၍၊ ထိုဆိတ်သည် အလွန်ကြီးမားခြင်းသို့ ရောက်လေ၏။
ခွန်အားကြီးသောအခါ ချိုကြီးကျိုးပဲ့၏။ ထိုချိုအရာ၌ ထူးဆန်းသော ချိုလေးချောင်းပေါက်၍၊ မိုဃ်းကောင်းကင်လေးမျက်နှာသို့
မျက်နှာပြုကြ၏။ [9] ထိုချိုလေးချောင်းတွင် တချောင်းထဲက အခြား သောချိုတကက်တ ချောင်းပေါက်ပြန်၍ တောင်မျက်နှာသို့၎င်း၊
အရှေ့မျက်နှာသို့၎င်း၊ သာယာသော ပြည်သို့၎င်း မျက်နှာပြု၍၊ အလွန်ကြီးမားခြင်းသို့ ရောက်လေ၏။ [10]
ကောင်းကင်ဗိုလ်ခြေတိုင်အောင်ကြီးမား၍၊ ထိုဗိုလ်ခြေအချို့တို့နှင့် ကြယ်အချို့တို့ကို မြေသို့ချ၍ နင်းလေ၏။ [11] ထိုမျှမက၊
ဗိုလ်ခြေသခင်တိုင်အောင် ထောင် လွှားခြင်းကို ပြုလျက်၊ နေ့ရက်အစဉ်ပြုသော ဝတ်ကိုပယ်၍၊ သန့်ရှင်းရာဌာနတော်ကို
ရှုတ်ချလေ၏။ [12] အပြစ်များသောကြောင့် နေ့ရက်အစဉ်ပြုသော ဝတ်နှင့်တကွ ဗိုလ်ခြေကိုလည်း ထိုချိုသည်ရ၍ သမ္မာ တရားကို
မြေသို့နှိမ့်ချ၏။ ထိုသို့ပြု၍ အောင်မြင်ခြင်းသို့ ရောက်လေ၏။ [13] ထိုအခါ သန့်ရှင်းသူတပါး၏ စကားပြောသံကို ငါကြား၏။
သန့်ရှင်းသူတပါးက၊ ယခင်ပြောသော သူကို ဟစ်၍၊ သန့်ရှင်းရာဌာနနှင့် ဗိုလ်ခြေကိုနင်းခြင်း အလိုငှာ နေ့ရက်အစဉ်ပြုသောဝတ်ကို
ပယ်ခြင်းနှင့်၎င်း၊ ဖျက်ဆီးတတ်သော လွန်ကျူးခြင်းနှင့်၎င်း စပ်ဆိုင်သော ဗျာဒိတ်ရူပါရုံသည်အဘယ်မျှ ကာလပတ်လုံး တည်လိမ့်
မည်နည်းဟုမေးမြန်းလျှင်၊ [14] ယခင်ပြောသူက ရက်ပေါင်းနှစ်ထောင်သုံးရာ တိုင်တိုင် တည်လိမ့်မည်။ ထိုနောက် သန့်ရှင်းရာဌာနကို
တဖန်ဆေးကြောသုတ်သင်ကြလိမ့် မည်ဟုပြန်၍ ပြောဆို ၏။ [15] ငါဒံယေလသည် ထိုရူပါရုံကို မြင်၍ အနက်ကို ရှာဖွေသောအခါ၊
လူသဏ္ဍာန်ရှိသောသူတဦးသည် ငါ့ရှေ့တွင် ရပ်နေ၏။ [16] အခြားသော သူက၊ ဂါဗြေလ၊ ထိုသူသည် ယခု မြင်သော ဗျာဒိတ်ရူပါရုံကို
နားလည်စေခြင်းငှါ အနက်ကို ပြန်ပေလော့ဟု၊ ဥလဲ မြစ်နားကြားမှာ လူအသံနှင့်ဟစ်၍ ပြောဆိုသည်ကို ငါကြား၏။ [17] ထိုသူသည်
ငါရပ်နေရာအပါးသို့လာလျှင်၊ ငါသည် ကြောက်ရွံ့၍ ပြပ်ဝပ်လျက်နေ၏။ ထိုသူက၊ အချင်းလူသား၊ နားလည်လော့။ ဤဗျာဒိတ်
ရူပါရုံသည် အမှုကုန် ရသောကာလနှင့်ဆိုင်သည်ဟု ငါ့အား ပြောဆို ၏။ [18] ထိုသို့ ဆိုသောအခါ ငါသည် မြေပေါ်မှာပြပ်ဝပ်၍ မိန်းမော
တွေဝေလျက်နေ၏။ ထိုသူသည်ငါ့ကိုလက်နှင့် တို့၍ ယခင်နေရာ၌ မတ်တတ်နေစေပြီးလျှင်၊ [19] ဒေါသအမျက်တော်အဆုံး၌
ဖြစ်လတံ့သော အရာကိုငါကြား ပြောဦးမည်။ ချိန်းချက်သောအချိန်၌ လက်စသတ်လိမ့်မည်။ [20] ချိုနှစ်ချောင်းနှင့် ပေါ်လာသော
သိုးသည် မေဒိ ရှင်ဘုရင်၊ ပေရသိရှင်ဘုရင်ဖြစ်၏။ [21] အမွေးကြမ်းသော ဆိတ်သည် ဟေလသ ရှင်ဘုရင် ဖြစ်၏။
မျက်စိနှစ်လုံးကြား၌ရှိသော ချိုကြီးသည် ပဌမမင်းဖြစ်၏။ [22] ထိုချိုကျိုးပဲ့၍၊ သူ့အရာ၌ ချိုလေးချောင်းပေါက် သည်မှာ
အရင်နိုင်ငံတွင် နိုင်ငံလေးပါး ထည်ထောင်လိမ့် မည်။ အရင်နိုင်ငံ၏တန်ခိုးနှင့် မပြည့်စုံကြ။ [23] ထိုနိုင်ငံတို့၏ အဆုံးစွန်သောကာလ၌
လွန်ကျူး သော သူတို့၏ အပြစ်ပြည့်စုံသောအခါ၊ ရဲရင့်သော မျက်နှာရှိ၍ ပရိယာယ်တို့ကို နားလည်သော မင်းကြီး တပါး
ပေါ်လာလိမ့်မည်။ [24] ထိုမင်းကြီးသည် ကိုယ်တန်ခိုးမရှိဘဲလျက် တန်ခိုးကြီးလိမ့်မည်။ အထူးသဖြင့် ဖျက်ဆီး၍ တိုးပွား
အောင်မြင်လိမ့်မည်။ စွမ်းအားကြီးသော လူစု၊ သန့်ရှင်း သော လူစုကို ပင် ဖျက်ဆီးလိမ့်မည်။ [25] သူသည်လိမ္မာစွာပြုသဖြင့်၊
မုသာလည်း အောင် မြင်လိမ့်မည်။ စိတ်ထောင်လွှားခြင်းနှင့်တကွ မိဿဟာယ ဖွဲ့သောအားဖြင့် လူများတို့ကို ဖျက်ဆီး၍၊
သခင်တို့၏သခင် ကို ဆန့်ကျင်ဘက်ပြုလိမ့်မည်။ သို့သော်လည်း၊ လူလက် ဖြင့် ဒဏ်မခတ်ဘဲ ကျိုးပဲ့ပျက်စီးခြင်းသို့ ရောက်လိမ့်မည်။
[26] ညဦးနှင့် နံနက်ကို တော်ပြသောဗျာဒိတ် ရူပါရုံ စကားမှန်သည် ဖြစ်၍ ထိုစကားကို တံဆိပ်ခတ်ထား လော့။ တာရှည်သော
ကာလတိုင်တိုင် တည်လိမ့်မည်ဟု ဆို၏။ [27] ထိုအခါ ငါဒံယေလသည် မော၍ နာလျက် နေ၏။ တဖန် အနာမထမြောက်၍
ဘုရင်၏အမှုတော်ကို ဆောင်ရွက်၏။ မြင်ပြီးသော ဗျာဒိတ်ရူပါရုံကို ငါ့အံ့ဩ သော်လည်း ထိုအမှုကို အဘယ်သူမျှ မရိပ်မိကြ။


generated on Tue Jul 2 12:50:28 2024

Daniel 01

ယေဘုယျအချက်အလက်
အခန်း ၇ နှင့် ၈ မျိုးစဉ်ဆက်တွေကို ဖော်ပြထားခြင်းမဟုတ်ပါ။ ဗေလရှာဇာမင်းကြီးဖြစ်နေဆဲဖြစ်ပြီးဒါရိမင်းရှေ့တွင် ဆွေးနွေးနေသည်ကို အခန်း ၆ တွင်ဖော်ပြထားပါသည်။

ယေဘုယျအချက်အလက်
ဒံယေလ၏အိပ်မက်ထဲတွင် မြင်မက်ခဲ့သော တိရစ္ဆာန်သင်္ကေတပင်ဖြစ်သည်။ ၎င်းသင်္ကေတကို လူတစ်ဦးတစ်ယောက်ကရှင်းပြပေးခြင်းဖြစ်သည်။

ဗေလရှာဇာမင်းကြီး
၎င်းသည်
သူ့အဖေနေဗုခဒ်နေဇာမင်းကြီး၏အရိပ်အရာကိုဆက်ခံမည့်သူ၏သားဖြစ်သည်။ ၅:၁ တွင်တွေ့ရသည့်အတိုင်းပင်ဖြစ်သည်။

သုံးနှစ်တွင်
"သုံးနှစ်အတွင်းတွင်"

ဗျာဒိတ်တော်ကို မြင်ပြီးသည်နောက်၊ တဖန် ဗျာဒိတ်ရူပါရုံကို မြင်ရသောအကြောင်းအရာဟူ မူကား
၎င်းသည် ဒံယေလ၏ ဒုတိယအကြိမ်မြင်မက်ခဲ့သော အိပ်မက်၏နောက်ခံများပင်ဖြစ်သည်။ အခြားဘာသာပြန်ဆိုချက်" ဒုတိယအိပ်မက်ကိုပြန်လည်မြင်မက်ခြင်း"

ခံတပ်
ကာကွယ်ခြင်းနှင့် ခံတပ်များ

ဧလံပြည်၊ ရှုရှန်မြို့တော်၌ ဥလဲမြစ်နားမှာ
နေရာ၏အမည်များ။

တူးမြောင်း
လူတွေတူးထားပြီး ကျဉ်းမြောင်းသော ရေတူးမြောင်းတစ်ခုဖြစ်သည်။

Daniel 03

ချို နှစ်ချောင်းရှိသော သိုးတကောင်သည်
ချို နှစ်ချောင်းရှိသော သိုးတကောင် ၎င်းသည် သာမန်သိုးအရွယ်ပင်ဖြစ်သည်။ မည်သို့ဆိုစေကာမူ ၎င်းသည် သင်္ကေတတစ်ခု၏ အစိပ်ပိုင်းဖြစ်သည်။

မြစ်တဘက်၌ ရပ် နေ၏။ ထိုချိုနှစ်ချောင်းသည်မညီ၊ တချောင်းသာ၍ ရှည်၏။
"သို့သော် ရှည်လျှားသော ထိုဦးချိုသည် နှေးကွေးစသည်ထက်သာ၍ တိုသောချိုထက်ပို၍ နှေးကွေးစွာထွက်လာသည်။"

ထိုသိုးသည် အနောက်၊ တောင်၊ မြောက်၊ သုံး မျက်နှာသို့ တိုးခွေ့သောကြောင့်
"အပြေးအလွှားသွားနေသောသိုးတစ်ကောင်ကို ငါသည် မြင်မက်သည်" သို့မဟုတ်"အင်မတန် အပြေးမြန်သောသိုးထီးကို ငါမြင်မက်သည်"

အဘယ်သူမျှ သူ့လက်မှမကယ်မလွှတ်နိုင်သည် ဖြစ်၍ မိမိအလိုရှိသည့်အတိုင်း ပြုသဖြင့် ကြီးမားခြင်းသို့ ရောက်လာ၏။
သိုးထီးမှာ လက်မရှိပါ။ ဤနေရာတွင်"လက်"ဟူသောစကားသည် သူ၏ ဩဇာအာဏာရှိခြင်းကို ဖော်ပြခြင်းဖြစ်သည်။ အခြားဘာသာပြန်ဆိုချက်" သူ့ထံမှာ တစ်ဦးတစ်ယောက်ကို ကယ်တင်ရန်ဖြစ်သည်" သို့မဟုတ်" သူ့ဩဇာအာဏာမှ တစ်ဦးတစ်ယောက်ကို ကယ်တင်ရန်ဖြစ်သည်"

Daniel 05

မျက်စိ နှစ်လုံးကြား၌ ထူးဆန်းသော ချိုတချောင်းရှိသောဆိတ် တကောင်သည် အနောက်မျက်နှာကလာ၍၊
ဆိတ်ဦးခေါင်းမှာ ချိုနှစ်ချောင်း ရှိသည်။ ဤပုံရိပ်ကို ရှင်းပြပေးသည်။ အခြားဘာသာပြန်ဆိုချက်" ဆိတ်တစ်ကောင်သည် ထူးဆန်းကြီးမားသော ချိုတချောင်းသည် ဦးခေါင်း၏ အလယ်၌ရှိသည်"

မြေကို မနင်းဘဲ မြေကြီးတပြင်လုံးကို ကျော်လေ၏။
"မြေကြီးတပြင်လုံးကို "၎င်းသည် အဝေးမှလာသည်ကို ဖော်ပြလို၍ အရှိထက်ပို၍ ချဲ့လွန်းခြင်းဖြစ်သည်။ အခြားဘာသာပြန်ဆိုချက်" ကုန်းမြေတွေကိုကျော်ဖြတ်ပြီး အဝေးမှလာသည်"

တူးမြောင်းတစ်နေရာ၏အကွေ့တွင် သိုးထီးတစ်ကောင်းရပ်နေသည်ကို ငါမြင်မက်သည်။
သိုးထီးတစ်ကောင်းရပ်နေသည့်နေရာကို ဖော်ပြလိုရာ၌ အသုံးပြုလိုသောစကားလုံးဖြစ်သည်။

ပြင်းစွာသော အဟုန်နှင့်ပြေး၍
"၎င်းသည် အလွန် ဒေါသထွက်၍ အရှိန်အဟုန်ဖြင့်ပြေးသည်"

Daniel 07

သိုးသည်ခံနိုင်သော တန်ခိုးမရှိသည် ဖြစ်၍ ဆိတ်သည် သူ့ကိုမြေ၌ လှဲ၍နင်းလေ၏။
"ဆိတ်မှ သိုးဖြစ်ခြင်းအကြောင်းမှာ သူ့တန်ခိုးကြောင့်ဖြစ်သည်။

သူ့ကိုမြေ၌ လှဲ၍နင်းလေ၏။
တစ်စုံတစ်ခုကိုခြေဖြင့် နင်းကျော်ဖြတ်ခြင်းဖြစ်သည်။

ထိုဆိတ်သည် အလွန်ကြီးမားခြင်းသို့ ရောက်လေ၏။
"ဆိတ်သည် အလွန်ကြီးမားပြီး ခွန်အားနှင့်ပြည့် ရောက်လေ၏။"

ခွန်အားကြီးသောအခါ ချိုကြီးကျိုးပဲ့၏။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားဘာသာပြန်ဆိုချက်" တစ်စုံတစ်ခုက ချိုကြီးကျိုးပဲ့၏"

ထိုချိုအရာ၌ ထူးဆန်းသော ချိုလေးချောင်းပေါက်၍၊ မိုဃ်းကောင်းကင်လေးမျက်နှာသို့ မျက်နှာပြုကြ၏။
ဤနေရာတွင် "ကောင်းကင်မှ တောင်ပံလေးခု"ဟူသော စကားလုံးသည် ဦးတည်ရာကိုဖော်ပြလိုခြင်းဖြစ်သည်။

Daniel 09

တောင်မျက်နှာသို့၎င်း၊ အရှေ့မျက်နှာသို့၎င်း၊
ဦးတည်ရမည့်နေရာကို ဆိုလိုခြင်းဖြစ်သည်။
၎င်းသည်အတည်ပြောလိုသောအရာဖြစ်သည်။
အခြားဘာသာပြန်ဆိုချက်"အလွန်လှပသော ဣသရေလနိုင်ငံကို တောင်အရပ်မှ ဦးတည်လာခြင်းနှင့် အရှေ့ပြည် စသည်တို့မှဖြစ်နိုင်သည်"(UDB)

အလွန်ကြီးမားခြင်းသို့ ရောက်လေ၏။
"အလွန်ကြီးမားခြင်းသို့ ရောက်လေ၏။"

သာယာသော ပြည်သို့၎င်း
၎င်းသည် ဣသရေလနိုင်ငံကို ကိုးကားထားခြင်းဖြစ်သည်။

အလွန်ကြီးမားခြင်းသို့ ရောက်လေ၏။
ဦးချို၏ဆိုလိုရင်းသည် လူပုဂ္ဂိုလ်၏အရည်အချင်းကို ဆိုလိုခြင်းဖြစ်ပြီး စစ်တိုက်ခြင်းကို ငှါးခြင်းဖြစ်သည်။

ထိုဗိုလ်ခြေအချို့တို့နှင့် ကြယ်အချို့တို့ကို မြေသို့ချ၍ နင်းလေ၏။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားဘာသာပြန်ဆိုချက် "၎င်းဦးချိုက စစ်သည်တော်များကို ပစ်ပေါက်ခြင်းနှင့် တစ်ချို့မှာ မြေသို့ချ နင်းခြင်းများဖြစ်သည်။"

ဗိုလ်ခြေသခင်တိုင်အောင် ထောင် လွှားခြင်းကို ပြုလျက်၊
ဦးချိုသည် လူပုဂ္ဂိုလ်၏အရည်အချင်းကို တင်စားခြင်းဖြစ်သည်။ ကြယ်တို့အပေါ်နှင့် စစ်တပ်များအပေါ်၌ သော်လည်းကောင်း မောက်မာစွာ ဆက်ဆံခဲ့သည်။

Daniel 11

ဆက်စပ်မှုဖော်ပြချက်
ဒံယေလသည် သူ၏ရူပါရုံဖြစ်သော ဦးချိုကို ဆက်လျက် သရုပ်ဖော်ခြင်းဖြစ်သည်။ (ရှု၊ 8:9)

ယေဘုယျအချက်အလက်
ဦးချိုသည် လူတစ်ဦး၏အရည်အချင်းကို ဖော်ပြထားခြင်းဖြစ်သည်။

ဗိုလ်ခြေသခင်တိုင်အောင်
ကောင်းကင်တမန်တပ်များကို ဦးဆောင်သောသူ၊ ဘုရားသခင်သူ့ကိုသူဖော်ပြထားခြင်းဖြစ်သည်။

နေ့ရက်အစဉ်ပြုသော ဝတ်ကိုပယ်၍၊ သန့်ရှင်းရာဌာနတော်ကို ရှုတ်ချလေ၏။
"ဖယ်ထုတ်ထားခြင်း" ၎င်းသည် ဦးချို၏ ကမ်းလှမ်းမှုကို ရပ်နားခြင်းဖြစ်သည်။ ဤတွင် "သူ့ကို" ဟုဆိုရာ၌ ဘုရားသခင်ကို ဆိုလိုခြင်းဖြစ်သည်။ အခြားဘာသာပြန်ဆိုချက်" လူတွေ သူ့ကို ပုံမှန်ပေးသော ဘဏ္ဍာတော်တွေကို ရပ်နားခြင်းဖြစ်သည်။ "

အပြစ်များသောကြောင့် နေ့ရက်အစဉ်ပြုသောဝတ်နှင့်တကွ ဗိုလ်ခြေကိုလည်း ထိုချိုသည်ရ၍ သမ္မာ တရားကို မြေသို့နှိမ့်ချ၏။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားဘာသာပြန်ဆိုချက် "မြင့်မြတ်သောနေရာကို အလေးမထားခြင်း"

ထိုသို့ပြု၍ အောင်မြင်ခြင်းသို့ ရောက်လေ၏။
ဦးချိုက အမှန်တရားနှင့် ဘုရားဝတ်ကို လျစ်လျူပြီးတော မြေသို့ချမည်ဖြစ်သည်။ တစ်ခြားဘာသာပြန်ဆိုချက် " သမ္မာတရားကို ဦးချိုကငြင်းပယ်ခြင်း"

Daniel 13

သန့်ရှင်းသူတပါး
"ကောင်းကင်တမန်"

သန်းရှင်းမြင့်မြတ်သူကို ပေးအပ်ခြင်း
"မြင့်မြတ်သောအရာတို့ကို လက်မြှောက်အရှုံးပေးခြင်း"

သန့်ရှင်းရာဌာနနှင့် ဗိုလ်ခြေကိုနင်းခြင်း အလိုငှာ နေ့ရက်အစဉ်ပြုသောဝတ်ကို ပယ်ခြင်းနှင့်၎င်း၊
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားဘာသာပြန်ဆိုချက်" ကောင်းကင်များအပေါ် ဗိုလ်ခြေကိုနင်းခြင်း"

ရက်ပေါင်းနှစ်ထောင်သုံးရာ တိုင်တိုင် တည်လိမ့်မည်။
"ဤနေရာရှိ "မနက်ခင်းနှင့် ညနေခင်း"ကောင်းမှုကုသိုလ်ကို တစ်နေ့လုံးပြုလုပ်ရာတွင် အရာအားလုံးရဲ့တနေ့တာကာလကို ဖော်ပြလိုခြင်းဖြစ်သည်။ အခြားဘာသာပြန်ဆိုချက်" ၂၃၀၀ နေဝင်ချိန် နှင့် နေထွက်ချိန်" သို့မဟုတ်" ၂၃၀၀ နေ့"

သန့်ရှင်းရာဌာနကို တဖန်ဆေးကြောသုတ်သင်ကြလိမ့် မည်ဟုပြန်၍ ပြောဆို၏။
"ဗိမာန်တော်သည် သန့်ရှင်းခြင်းသို့ပြန်လည်ပြုပြင်ခြင်းရှိမည်ဖြစ်သည်"(UDB)

Daniel 15

အခြားသော သူက၊ အိုဂါဗြေလ၊ ထိုသူသည် ယခု မြင်သော ဗျာဒိတ်ရူပါရုံကို နားလည်စေခြင်းငှါ အနက်ကို ပြန်ပြောလော့ဟု၊ ဥလဲ မြစ်နားကြားမှာ လူအသံနှင့်ဟစ်၍ ပြောဆိုသည်ကို ငါကြား၏။
ဤနေရာရှိလူတစ်ယောက်က သူ၏အသံကို ဖော်ပြလိုခြင်းဖြစ်သည်။" အခြားဘာသာပြန်ဆိုချက်" ဥလဲ မြစ်နားကြားမှ လူတစ်ယောက် ခေါ်ခြင်း" (ရှု၊

ဥလဲ မြစ်နားကြား
၈:၁ တွင် တွေ့ရသကဲ့သို့ လူများတူးဖော်နေသော တူးမြောင်းဖြစ်သည်"

ငါသည် ကြောက်ရွံ့၍ ပြပ်ဝပ်လျက်နေ၏။
၎င်းသည် လူတစ်ဦးသည် ကြမ်းပြင်တွင် ပြပ်ဝပ်ကိုးကွယ်ခြင်းကို ဖော်ပြလိုခြင်းဖြစ်သည်။


generated on Tue Jul 2 12:50:28 2024

ဤဗျာဒိတ် ရူပါရုံသည် အမှုကုန် ရသောကာလနှင့်ဆိုင်သည်ဟု ငါ့အား ပြောဆို၏။
"နောက်ဆုံးနေ့ "သို့မဟုန်" ကမ္ဘာကြီး၏နောက်ဆုံးနေ့ "
နောက်ဆုံးအချိန်၌ဖြစ်လာမည်ကို ဖော်ပြခြင်းမဟုတ်ပါ။
သို့သော်လည်း နောက်ဆုံးသောနေ့ရက်ကာလမဖြစ်မှီ
ဖြစ်ပြတ်လာမည့်အရာကို တင်စားလိုခြင်းပင်ဖြစ်သည်။

Daniel 18

ထိုသို့ ဆိုသောအခါ ငါသည် မြေပေါ်မှာပြပ်ဝပ်၍ မိန်းမော တွေဝေလျက်နေ၏။
၎င်းသည် လူတစ်ဦးနှစ်ခြိုက်စွာအိပ်မောကျနေသောအခါ
လူတစ်ဦးက နိုးသော်လည်း လွယ်လွယ်နဲ့
မနိုးထနိုင်ခြင်းဖြစ်သည်။

ထိုသူသည်ငါ့ကိုလက်နှင့် တို့၍ ယခင်နေရာ၌ မတ်တတ်နေစေပြီးလျှင်၊
၎င်းသည်
ဘုရားသခင်စီရင်မဲ့နေ့ရက်ကိုအချိန်ကိုရည်ညွှန်းခြင်းဖြစ်သည်။
ဤသည် ရှင်းလင်းမှုကို ဖော်ပြထားခြင်းဖြစ်သည်။
အခြားဘာသာပြန်ဆိုချက်" ဘုရားသခင်သည်
ဒေါသအမျက်တော်ဖြင့် တရားစီးရင်မည် ဖြစ်သည်"

ချိန်းချက်သောအချိန်၌ လက်စသတ်လိမ့်မည်။
"ကမ္ဘာကြီး၏နောက်ဆုံးနေ့ "

Daniel 20

ယေဘုယျ အချက်အလက်
ဒံယေလမြင်တွေ့သော ရူပါရုံအကြောင်းကို ကောင်းကင် တမန်က ရှင်းပြပေးသော အမှတ်အသားပေးခြင်းဖြစ်သည်။ တိရ စ္ဆာန်နှင့် ဦးချိုမှုကာ လူနှင့်အုပ်ချုပ်ရေးနှင့်
နိုင်ငံတော်အကြောင်းပင်ဖြစ်သည်။

ချိုနှစ်ချောင်းနှင့် ပေါ်လာသော
"ကိုယ်စားပြုသူများနှင့် ဦးချိုနှစ်ချောင်း"

မေဒိ ရှင်ဘုရင်၊ ပေရသိရှင်ဘုရင်ဖြစ်၏။
ဖြစ်နိုင်ချေရှိသောအဓိပ္ပါယ်များမှာ

ဟေလသ ရှင်ဘုရင်
ဖြစ်နိုင်ချေရှိသောအဓိပ္ပယ်များမှာ

မျက်စိနှစ်လုံးကြား၌ရှိသော ချိုကြီးသည် ပဌမမင်းဖြစ်၏။
"မျက်စိနှစ်လုံးကြား၌ရှိသော ချိုကြီး ဖြစ်သည်"

Daniel 22

ယေဘုယျအချက်အလက်
ဤအခန်းတွင် ကောင်းကင်တမန်က ဒံယေလကို
သူ့အိပ်မက်မြင်မက်ခြင်းအကြောင်းကို ရှင်းပြပေးခြင်းဖြစ်သည်။
တိရ စ္ဆာန်နှင့် ချို ၎င်းသည် ဘုရင့်နိုင်ငံတော်နှင့် လူသားများ၏
အုပ်ချုပ်မှုစည်းမျဥ်းကို ကိုယ်စားပြုခြင်းဖြစ်သည်။

ထိုချိုကျိုးပဲ့၍၊ သူ့အရာ၌ ချိုလေးချောင်းပေါက် သည်မှာ အရင်နိုင်ငံတွင် နိုင်ငံလေးပါး ထည်ထောင်လိမ့် မည်။
" ကြီးမားသော ဦးချိုသည် ကျုးပဲ့၍ ချိုလေးချောင်းပေါက်သည်"

နိုင်ငံလေးပါး ထည်ထောင်လိမ့် မည်။ အရင် နိုင်ငံ၏ တန်ခိုးနှင့် မပြည့်စုံကြ။
ဦးချိုလေးခုက နိုင်ငံအသစ်

အရင်နိုင်ငံ၏တန်ခိုးနှင့် မပြည့်စုံကြ။
" ဦးချို၏ကြီးမားခြင်းသည် ရှင်ဘုရင်ကို ကိုယ်စားပြုသော
ကြောင့် သူတို့၌ဘုန်းတန်ခိုးမရှိနိုင်ပါ "

ထိုနိုင်ငံတို့၏ အဆုံးစွန်သောကာလ၌ လွန်ကျူး သော သူတို့၏
အပြစ်ပြည့်စုံသောအခါ၊
"ထိုနိုင်ငံတို့၏ အဆုံးစွန်သောကာလ"

လွန်ကျူး သော သူတို့၏ အပြစ်ပြည့်စုံသောအခါ၊
"သူတို့၏ပြည့်စုံစွာရောက်ရှိနိုင်ခြင်း"
သို့မဟုတ်"သူတို့လမ်းကြောင်းသို့ပြေးခြင်း"

ရဲရင့်သော မျက်နှာရှိ၍ ပရိယာယ်တို့ကို နားလည်သော မင်းကြီး တပါး ပေါ်လာလိမ့်မည်။
မျက်နှာ-အာခံသော မျက်နှာဖြင့် တစ်ဦးတစ်ယောက်ကကြည့်ခြင်း
သို့မဟုတ် နာခံခြင်းကိုလိုလားခြင်း ဖြစ်သည်။

Daniel 24

ယေဘုယျအချက်အလက်
ဤအခန်းတွင် ကောင်းကင်တမန်က ဒံယေလကို
သူ့အိပ်မက်မြင်မက်ခြင်းအကြောင်းကို ရှင်းပြပေးခြင်းဖြစ်သည်။
တိရ စ္ဆာန်နှင့် ချို ၎င်းသည် ဘုရင့်နိုင်ငံတော်နှင့် လူသားများ၏
အုပ်ချုပ်မှုစည်းမျဥ်းကို ကိုယ်စားပြုခြင်းဖြစ်သည်။

ထိုမင်းကြီးသည် ကိုယ်တန်ခိုးမရှိဘဲလျက် တန်ခိုးကြီး လိမ့်မည်။
"သို့သော် တစ်ဦးတစ်ယောက်က သူ့တန်ခိုးကို
သူ့ဆီပေးမည်ဖြစ်သည်"

သူသည်လိမ္မာစွာပြုသဖြင့်၊ မုသာလည်း အောင်မြင်လိမ့်မည်။
ဤနေရာတွင်" မုသာ"ဟုဆိုရာ၌ ကြီးပွါးသောသူတစ်ယောက်က
ပြောဆိုသကဲ့သို့ဖြစ်သည်။အခြားဘာသာပြန်ဆိုချက်"
လိမ်လည်သည့်အတိုင်းတာအရ တိုးပွါးသည်"။

သခင်တို့၏သခင်
ဘုရားသခင်ကို ရည်ညွှန်းခြင်းဖြစ်သည်။

ကျိုးပဲ့ပျက်စီးခြင်းသို့ ရောက်လိမ့်မည်။
ဤနေရာ၌ "သူ" ဟုဆိုရာ၌ သူ၏တန်းခိုးသြောဇာကို
ဆိုလိုခြင်းဖြစ်သည်။"အခြားဘာသာပြန်ဆိုချက်"
သူ့အုပ်စိုးခြင်းသည် ကုန်ဆုံးတော့မည် ဖြစ်သည်။"

လူလက် ဖြင့် ဒဏ်မခတ်ဘဲ ကျိုးပဲ့ပျက်စီးခြင်းသို့ ရောက်လိမ့်မည်။
ဤနေရာ၌ "လက်" သည် ဘုန်းတန်ခိုးဖြစ်သည်။ ၎င်းသည်
အပြုသဘောကို ဖော်ပြခြင်းဖြစ်သည်။


generated on Tue Jul 2 12:50:28 2024

အခြားဘာသာပြန်ဆိုချက်အရ" လူသား၏ ဘုန်းတန်ခိုးမဟုတ်ပါ" သို့မဟုတ်" တန်ခိုးနှင့်ပတ်သက်သော"

Daniel 26

ယေဘုယျအချက်အလက်
ဤအခန်းတွင် ကောင်းကင်တမန်က ဒံယေလကို သူ့အိပ်မက်မြင်မက်ခြင်းအကြောင်းကို ရှင်းပြပေးခြင်းဖြစ်သည်။

ဗျာဒိတ် ရူပါရုံ စကားမှန်သည် ဖြစ်၍ ထိုစကားကို တံဆိပ်ခတ်ထား လော့။
ကောင်းကင်တမန်သည် ဗျာဒိတ် ရူပါရုံအကြောင်းရှင်းပြခြင်းဖြစ်ပြီး၊ ဖယောင်းလိပ် ပေါ်ရှိတံဆိပ်ရိုက်သကဲ့သို့ စာလိပ်ပေါ်တင်ထားမည်ဖြစ်သည်။ ၎င်းစာလိပ်မပြတ်မခြင်း ဘယ်သူမှ ကြည့်ပိုင်ခွင့်မရှိပါ။ အခြားဘာသာပြန်ဆိုချက်"

သင့်ရူပါရုံအကြောင်းဘယ်လိုရေးသားထားပြီး ပိတ်ထားခြင်း" သို့မဟုတ်" ယခုမြင်သော ရူပါရုံကို အဘယ်သူအားမဖွင့်ပြောရ"

Daniel 27

ထိုအခါ ငါဒံယေလသည် မော၍ နာလျက် နေ၏။
"အားအင်ကုန်ခန်းခြင်းနှင့် အခါအားလျှော်စွာ အိပ်ရာပေါ်တွင် ဖျားနာခြင်းနေ့ရက်များ"

တဖန် အနာမထမြောက်၍ ဘုရင်၏အမှုတော်ကို ဆောင်ရွက်၏။
"ရှင်ဘုရင်က လုပ်စရာအလုပ်ကို ပေးအပ်ခြင်းခံရသည်"

မြင်ပြီးသော ဗျာဒိတ်ရူပါရုံကို ငါအံ့သြ သော်လည်း ထိုအမှုကို အဘယ်သူမျှ မရိပ်မိကြ။
"ရူပါရုံကြောင့် တုန်လှုပ်ချောက်ချားဖြစ်နေသည်" သို့မဟုတ်" ရူပါရုံကြောင့် ရှုပ်ထွေးနေသည်"

---

## Translation Questions

Daniel 8:1

ဒံယေလသည် ဘယ်အချိန်တွင် သူ၏ ဒုတိယ ဗျာဒိတ်ရူပါရုံကို ရရှိခဲ့သနည်း။
ဒံယေလသည် ဗေလရှာဇာမင်းကြီး နန်းစံနှစ် သုံးနှစ်တွင် ဒုတိယဗျာဒိတ်ရူပါရုံကို ရရှိခဲ့သည်။

ဒံယေလသည် သူ့ ရူပါရုံရရှိစဉ်တွင် ဘယ်မှာရှိခဲ့သနည်း။
ဒံယေလသည် သူ၏ ရူပါရုံရရှိစဉ်တွင် ဧလံပြည်၊ ရှုရှန်မြို့တော်၌ ဥလဲမြစ်နားမှာ ရှိခဲ့သည်။

Daniel 8:3

ဒံယေလ ဗျာဒိတ်ရူပါရုံထဲတွင်မြင်ခဲ့သော တိရိစ္ဆာန်နှစ်ကောင်သည် အဘယ်နည်း။
ဒံယေလ ဗျာဒိတ်ရူပါရုံထဲတွင်မြင်ခဲ့သော တိရိစ္ဆာန်နှစ်ကောင်သည် သိုးထီးတစ်ကောင်နှင့်ဆိတ်ထီးတစ်ကောင် ဖြစ်သည်။

သိုးထီး၏ ချိုနှစ်ချောင်းသည် အဘယ်နည်း။
သိုးထီး၏ ချိုတစ်ချောင်းသည် အခြားချိုတစ်ချောင်းထက် ရှည်သော်လည်း တိုသောဦးချိုသည် ရှည်သောချိုထက်ကြီးထွားလာခဲ့သည်။

သိုးသည် မည်မျှ တန်ခိုးကြီးမားသနည်း။
အဘယ်တိရိစ္ဆာန်မျှမခံနိုင်၊ အဘယ်သူမျှသူ့လက်မှ မကယ်လွတ်နိုင်သည်ဖြစ်၍ မိမိအလိုရှိသည်အတိုင်းပြုသဖြင့် သိုးသည် ကြီးမားခြင်းသို့ ရောက်လေသည်။

Daniel 8:5

ဆိတ်သည် အဘယ်ကဲ့သို့သော ဦးချိုရှိခဲ့သနည်း။
ဆိတ်သည် မျက်စိနှစ်လုံးကြားတွင် ဦးချိုတချောင်းသာရှိခဲ့သည်။

Daniel 8:7

ဆိတ်သည် သိုးထီးကို ဘာလုပ်ခဲ့သနည်း။
ဆိတ်သည် သိုးထီးကိုထိုးပြီး သူ၏ဦးချိုနှစ်ချောင်းကို ချိုးခဲ့သည်။ သိုးထီးကို မြေ၌ လှဲပြီး သူ့အပေါ်၌ နင်းခဲ့သည်။

ဆိတ်၏ကြီးမားသောဦးချိုသည် ချိုးခဲ့ပြီးသည့်အခါ ထိုနေရာတွင် ဘာပေါက်ခဲ့သနည်း။
ထိုချိုးပစ်သောနေရာတွင် အခြားဦးချိုလေးချောင်းပေါက်လာခဲ့ပြီး မိုဃ်းကောင်းကင်ဘက်သို့ မျက်နှာပြုသည်။

Daniel 8:9

ဆိတ်၏ဦးချို တစ်ချောင်း မည်သို့ဖြစ်လာခဲ့သနည်း။
ဦးချိုလေးချောင်းထဲရှိ တစ်ချောင်းတွင် အခြားချိုတစ်ချောင်းပေါက်၍ အစတွင် သေးငယ်သော်လည်း၊ ကြီးထွား၍တောင်ဘက်၊ အရှေ့ဘက်တို့နှင့် ကြီးမြတ်သောက္ကသရေလနိုင်ငံတွင် အလွန်ကြီးမားလာခဲ့သည်။

ဤဦးချိုသည် ကြီးလာသောအခါ မည်သည့်အရာကို လုပ်ခဲ့သနည်း။
ထိုချိုသည် ကောင်းကင်စစ်သားနှင့် စစ်တိုက်လာသည်တိုင်အောင် ကြီးမားလာခဲ့သည်။

Daniel 8:11

အဘယ်ကြောင့် ဆိတ်ချိုကို ထိုစစ်တပ်အားပေး၍ မီးရှို့ရာယဇ်ကိုရပ်တန့်ရမည်နည်း?
ပုန်ကန်မှုကြောင့် ဤသို့ဖြစ်ရမည် ဖြစ်သည်။

Daniel 8:13

မီးရှို့ရာယဇ်အကြောင်းရူပါရုံ၊ ပျက်စီးခြင်းကို ယူဆောင်လာသောအပြစ်၊ သန့်ရှင်းရာဌာနကို ပေးအပ်ခြင်းနှင့် ကောင်းကင်စစ်တပ်များ နင်းချေခံရခြင်း၊ ဤအမှုအရာများသည် မည်မျှကြာလိမ့်မည်နည်း?
ဤအမှုအရာများသည် နံနက်နှင့်ညနေ နှစ်ထောင်သုံးရာ တိုင်အောင် ဖြစ်လိမ့်မည်။

ထိုနံနက်နှင့်ညနေ နှစ်ထောင်သုံးရာ ကျော်လွန်ပြီးနောက် ဘာတွေဖြစ်လာလိမ့်မည်နည်း။
သန့်ရှင်းရာဌာနတော်ကိုမှန်ကန်စွာ ပြန်ထားကြလိမ့်မည်။

Daniel 8:15

အဘယ်သူက ဒံယေလကို သူ့ ရူပါရုံ၏ အဓိပ္ပာယ်ကို နားလည်ရန် ကူညီပေးခဲ့သနည်း။
ဒံယေလ၏ ရူပါရုံကို ရှင်းပြနားလည်စေသောသူသည် ဂါဗြေလဖြစ်သည်။

Daniel 8:18

ထိုရူပါရုံသည် ဘယ်အချိန်အခါအတွက် ပြောခဲ့သနည်း။ ထိုအရာသည် ဘယ်အချိန်အခါနှင့် သက်ဆိုင်ခဲ့သနည်း။
ထိုရူပါရုံသည် အပြစ်ဒဏ်စီရင်ရာကာလအတွက် ပြောခဲ့သည်။ ထိုနောက်ဆုံးသောကာလသည် မပြောင်းလဲသောအချိန်နှင့်သက်ဆိုင်သည်။

Daniel 8:20

ဒံယေလ၏ ရူပါရုံထဲတွင် ဆိတ်ထီးနှင့် ချိုနှစ်ချောင်းရှိသော သိုးထီးပုံဥပမာသည် အဘယ်အရာဖြစ်သနည်း။
ဆိတ်ထီးသည် ဟေလသရှင်ဘုရင်ကို ပုံဆောင်ပြီး ချိုနှစ်ချောင်းရှိသော သိုးထီးသည် မေဒိရှင်ဘုရင်နှင့် ပေရသိရှင်ဘုရင်တို့ကို ပုံဆောင်ပြောဆိုထားပါသည်။

Daniel 8:22

ချိုးဖျက်ခံရသော ချို၏ နေရာ၌ ပေါ်ပေါက်လာခဲ့သော ချိုလေးချောင်းသည် အဘယ်အရာကို ပုံဆောင်သနည်း။
ချိုးဖျက်ခံရသော ချိုကို ပုံဆောင်သော နိုင်ငံတစ်ခုမှ ပေါ်ပေါက်လာသော ချိုလေးချောင်းကို ပုံဆောင်သော နိုင်ငံများဖြစ်သည်။

Daniel 8:24

ထိုခက်ထန်သောမျက်နှာနှင့် ပညာအလိမ်မာရှိသော ဘုရင်က ဘာလုပ်လိမ့်မည်နည်း။
ထိုဘုရင်သည် ပျံ့နှံ့စွာပျက်စီးခြင်းဖြစ်စေလိမ့်မည်၊ လုပ်လေရာ၌ အောင်မြင်လိမ့်မည်။ အင်အားကြီးသူများနှင့် သန့်ရှင်းသူများကို ဖျက်ဆီးလိမ့်မည်။ လှည့်ဖျားသောဥစ္စာဖြင့် တိုးပွားလိမ့်မည်၊ သူသည် ဘုရင်တကာဘုရင်တို့ကို ဆန့်ကျင်လာလိမ့်မည်။

ထိုခက်ထန်သော မျက်နှာရှိသည့်ဘုရင်က အဆုံးမှာ ဘာဖြစ်လိမ့်မည်နည်း။
သူသည် လူလက်ကြောင့်မဟုတ်ဘဲ၊ ပျက်စီးလိမ့်မည်။

Daniel 8:27

ဒံယေလရူ၏ပါရုံသည် သူ့ကိုမည်သို့ထိခိုက်သနည်း?
ဒံယေလသည် စိတ်လန့်၍ ရက်ပေါင်းများစွာ အားနည်းလျက်၊ သူ၏ရူပါရုံအားဖြင့် ကြောက်ရွံ့ခဲ့သည်။

---


generated on Tue Jul 2 12:50:28 2024

## Chapter 9

1 ယေရုရှလင်မြို့ပျက်စီး၍ အနှစ်ခုနစ်ဆယ် လွန် စေမည်ဟု၊ 2 ထာဝရဘုရား၏ ဗျာဒိတ်တော်ကို ပရောဖက် ယေရမိ ခံဘူးသည်ဖြစ်၍၊
ခါလာဒဲနိုင်ငံကို အစိုးရသော မေဒိအမျိုး၊ အာရွှေရုသားဒါရိုနန်းစံပဌမနှစ်တွင်၊ ငါ ဒံယေလသည် ထိုနှစ်ပေါင်းအရေအတွက်ကို
ကျမ်းစာ အားဖြင့် သိရသောကြောင့်၊ 3 အစာကိုရှောင်လျက်၊ လျှော်တေအဝတ်ကို ဝတ် လျက်၊ ပြာနှင့်လူးလျက်၊
အရှင်ဘုရားသခင့်ထံတော်သို့ ချဉ်းကပ်၍ ဆုတောင်းပဌနာပြု၏။ 4 ထိုသို့ အပြစ်ကို ဘော်ပြတောင်းပန်၍ ငါ ကိုးကွယ်သော
ဘုရားသခင် ထာဝရဘုရားထံ ငါပြုသော ပဌနာဟူမူကား၊ ကိုယ်တော်ကိုချစ်၍ ပညတ်တော်တို့ကို စောင့်သော သူတို့အား
သစ္စာတော်မပျက်၊ ကရုဏာ တရားကိုစောင့်တော် မူထသော၊ အလွန်ကြီးမြတ်၍ ကြောက်ရွံ့ဘွယ်ဖြစ်တော်မူသော အရှင်ဘုရားသခင်၊
5 အကျွန်ုပ်တို့သည် ပြစ်မှားမိပါပြီ။ ဒုစရိုက်ကို ပြုမိ ပါပြီ။ မတရားသဖြင့် ကျင့်မိပါပြီ။ ပုန်ကန်မိပါပြီ။ စီရင် ထုံးဖွဲ့တော်မူသော
တရားလမ်းမှ လွှဲမိပါပြီ။ 6 အကျွန်ုပ်တို့၏ရှင်ဘုရင်၊ မင်းသား အသက်ကြီး သူမှစ၍ ပြည်သူပြည်သားအပေါင်းတို့အား ကိုယ်တော်၏
ကျွန်၊ ပရောဖက်တို့၏စကားများကို အကျွန်ုပ်တို့သည် နား မထောင်ပဲနေကြပါပြီ။ 7 အိုဘုရားရှင်၊ ကိုယ်တော်သည် တရားနှင့် ဆိုင်
တော်မူ၏။ ကိုယ်တော်ကို ပြစ်မှားသောအပြစ်ကြောင့် နှင်ထုတ်တော်မူ၍ နီးသောပြည်၊ ဝေးသောပြည်၊ အရပ် ရပ်တို့၌နေရသော
ယုဒပြည်သူ၊ ယေရုရှလင်မြို့သားမှ စ၍ ဣသရေလလူအပေါင်းတည်းဟူသော အကျွန်ုပ်တို့ သည် ယနေ့၌ရှိသည်အတိုင်း၊
မျက်နှာပျက်ခြင်းနှင့် ဆိုင်ကြပါ၏။ 8 အိုဘုရားရှင်၊ ကိုယ်တော်ကို ပြစ်မှားသော ကြောင့်၊ အကျွန်ုပ်တို့၏ရှင်ဘုရင်၊ မင်းသား၊
အသက်ကြီး သူမှစ၍ အကျွန်ုပ်တို့သည် မျက်နှာပျက်ခြင်းနှင့် ဆိုင်ကြ ပါ၏။ 9 အကျွန်ုပ်တို့သည် ကိုယ်တော်ကို ပုန်ကန်သော် လည်း၊
အကျွန်ုပ်တို့အရှင်ဘုရားသခင်သည် ကရုဏာကို ပြခြင်း၊ အပြစ်ကို ဖြေရှင်းခြင်းအခွင့်နှင့် ဆိုင်တော်မူ၏။ 10 အကျွန်ုပ်တို့၏
ဘုရားသခင်ထာဝရဘုရားသည် ကျွန်တော်ရင်း၊ ပရောဖက်တို့ဖြင့် အကျွန်ုပ်တို့၌ ထားတော် မူသော ပညတ်တရားတော်လမ်းသို့
လိုက်ခြင်းငှါ၊ ဗျာဒိတ် တော်အသံကို အကျွန်ုပ်တို့သည်နားမထောင်ဘဲ နေကြ ပါပြီ။ 11 အကယ်စင်စစ်
ဣသရေလအမျိုးသားအပေါင်းတို့ သည် ဗျာဒိတ်တော်အသံကို နားမထောင်၊ လွှဲသွား၍ ပညတ်တရားတော်ကို လွန်ကျူးကြပါပြီ။
သို့ဖြစ်၍၊ ကိုယ်တော်ကို ပြစ်မှားသော အပြစ်ကြောင့်၊ ကျိန်ဆိုတော် မူခြင်းတည်းဟူသော ဘုရားသခင်၏ ကျွန်မောရှေ၏
ပညတ္တိကျမ်း၌ မှတ်သားသော အကျိန်ကို အကျွန်ုပ်တို့ အပေါ်သို့ သွန်းလောင်းတော်မူ၏။ 12 အကျွန်ုပ်တို့တဘက်၊ အကျွန်ုပ်တို့ကို
အုပ်သော တရားသူကြီးတို့ တဘက်၌ မိန့်တော်မူသော စကားတော် ကို တည်စေ၍၊ အကျွန်ုပ်တို့အပေါ်မှာ ကြီးစွာသော ဘေး ဥပဒ်ကို
ရောက်စေတော်မူပြီ။ အကြောင်းမူကား၊ ယေရု ရှလင်မြို့၌ ဘေးရောက်သကဲ့သို့ ကောင်းကင်အောက် တွင် အဘယ်အရပ်၌မျှ
မရောက်စဖူးပါ။ 13 မောရှေ၏ ပညတ္တိကျမ်းစာ၌ မှတ်သားသည် အတိုင်း၊ ဤဘေးဥပဒ်ရှိသမျှသည် အကျွန်ုပ်တို့အပေါ်မှာ
ရောက်ပါပြီ။ အကျွန်ုပ်တို့သည် ဒုစရိုက်များကိုရှောင်၍ သမ္မာတရားတော်ကို နားလည်ခြင်းအလိုငှါ၊ အကျွန်ုပ်တို့
ဘုရားသခင်ထာဝရဘုရားထံတော်၌ မတောင်းပန်ဘဲ နေကြပါပြီတကား။ 14 ထို့ကြောင့် ထာဝရဘုရားသည် ဘေးဥပဒ်ကို စောင့်၍
အကျွန်ုပ်တို့၏ ဘုရားသခင်ထာဝရဘုရားသည် ပြုတော်မူသမျှတို့၌ ဖြောင့်မတ်တော်မူ၏။ အကျွန်ုပ်တို့ သည် ဗျာဒိတ်တော်အသံကို
နားမထောင်ဘဲ နေကြပါပြီ တကား။ 15 တန်ခိုးကြီးသောလက်တော်ဖြင့် ကိုယ်တော်၏ လူတို့ကို အဲဂုတ္တုပြည်မှ နှုတ်ဆောင်၍
ယနေ့၌ရှိသည် အတိုင်း အသရေတော်ကို ထင်ရှားစေတော်မူသော အကျွန်ုပ်တို့၏ အရှင်ဘုရားသခင်၊ အကျွန်ုပ်တို့သည်
ပြစ်မှားမိပါပြီ။ မတရားသဖြင့်ပြုမိပါပြီ။ 16 အိုဘုရားရှင်၊ ဖြောင့်မတ်တော်မူခြင်း တရား တော်ရှိသမျှတို့နှင့်အညီ၊ သန့်ရှင်းသော
တောင်တော် တည်းဟူသော ကိုယ်တော်၏ ယေရုရှလင်မြို့မှ ပြင်းစွာ သော ဒေါသမျက်တော်ကို လွှဲတော်မူပါဟု အကျွန်ုပ်
တောင်းပန်ပါ၏။ အကြောင်းမူကား၊ အကျွန်ုပ်တို့ အပြစ် များမှစ၍ ဘိုးဘေးတို့၏ အပြစ်များကြောင့်၊ ယေရုရှလင် မြို့နှင့်
ကိုယ်တော်၏လူစုသည် ပတ်ဝန်းကျင်၌ရှိသော သူတို့တွင် ကဲ့ရဲ့စရာအကြောင်း ဖြစ်ပါ၏။ 17 ယခုမူကား၊ အကျွန်ုပ်တို့ဘုရားသခင်၊
ကိုယ် တော်၏ ကျွန်ပြုသော ပဌနာစကားကို နားထောင်တော် မူပါ။ ဆိတ်ညံလျက်ရှိသော သန့်ရှင်းရာဌာနတော်ကို ဘုရားရှင်၏
အကျိုးတော်ကြောင့်၊ မျက်နှာတော် ရောင်ခြည်ကို ထွန်းလင်းစေတော်မူပါ။ 18 အကျွန်ုပ်၏ဘုရားသခင်၊ နားတော်ကိုလှည့်၍
နားထောင်တော်မူပါ။ မျက်စိတော်ကိုဖွင့်၍ အကျွန်ုပ်တို့ ပျက်စီးရာများကိုငှင်း၊ နာမတော်ဖြင့် သမုတ်သောမြို့ကို
ငှင်းကြည့်ရှုတော်မူပါ။ အကျွန်ုပ်တို့သည် ကိုယ်ကုသိုလ်ကို အမှီမပြု၊ မဟာကရုဏာတော်ကိုသာ အမှီပြု၍ ပဌနာ စကားကို ရှေ့တော်၌
ဆက်ကပ်ပါ၏။ 19 အိုဘုရားရှင်၊ နားထောင်တော်မူပါ။ အိုဘုရား ရှင်၊ နားထောင်၍ ပြုတော်မူပါ။ အိုဘုရားရှင် နားထောင်
၍ပြုတော်မူပါ။ အကျွန်ုပ်၏ဘုရားသခင်၊ ကိုယ်တော် အတွက် ဖင့်နွှဲတော်မမူပါနှင့်။ ကိုယ်တော်၏ လူစုသည် နာမတော်ဖြင့်
သမုတ်ခြင်းရှိပါသည်ဟု ဆုတောင်းပဌနာ ပြု၏။ 20 ထိုသို့ဆုတောင်းပဌနာပြု၍၊ ကိုယ်အပြစ်ကိုငှင်း၊ အမျိုးသားချင်း
ဣသရေလလူတို့၏ အပြစ်ကိုငှင်း ဘော်ပြတောင်းပန်၍၊ ငါကိုးကွယ်သော ဘုရားသခင်၏ သန့်ရှင်းသော တောင်တော်အဘို့
ငါပြုသော ပဌနာ စကားကို၊ ငါ၏ဘုရားသခင်ထာဝရဘုရားရှေ့တော်၌ ဆက်ကပ် လျက်နေ၍၊ 21 ဆုတောင်းသော အမှုမပြီးမှီ
မြွက်ဆိုစဉ်တွင် ယခင်ဗျာဒိတ် ရူပါရုံ၌ ထင်ရှားသောသူ၊ ဂါဗြေလသည် လျင်မြန်စွာ ပျံ၍လာသဖြင့် ညဦးယံ ပူဇော်ချိန်၌ ရှိရာသို့
ရောက်၍ 22 နှုတ်ဆက်လျက်၊ အချင်းဒံယေလ၊ ငါသည် သင် ၌ ဉာဏ်ပညာတိုးပွားစေမည်အကြောင်း ထွက်လာပြီ။ 23 သင်သည်
ဆုတောင်းစပြုသောအခါ အမိန့်တော်ရှိသည်ဖြစ်၍ သင့်အားကြားပြောခြင်းငှါ ငါရောက် လာပြီ။ သင်သည်
အလွန်ချစ်အပ်သောသူဖြစ်၏။ ထိုကြောင့် ဗျာဒိတ်တော်အချက်ကို ဆင်ခြင်၍ နားလည် ရသော အခွင့်ရှိ၏။ 24 လွန်ကျူးခြင်းအမှုကို


generated on Tue Jul 2 12:50:28 2024

ဆီးတား၍ အပြစ်ကို တံဆိပ်ခတ်စေခြင်းငှါ၎င်း၊ ဒုစရိုက်အပြစ်ကို ဖြေရှင်း ထာဝရကုသိုလ်ကို သွင်းစေခြင်းငှါ၎င်း ဗျာဒိတ်ရူပါရုံနှင့် အနာဂတ္တိဗျာဒိတ်တော်တို့ကို တံဆိပ်ခတ်၍၊ အလွန် သန့်ရှင်းသော အရပ်ဌာနကိုလိမ်းစေခြင်းငှါ၎င်း၊ သိတင်း ခုနစ်ဆယ်ကို သင်၏ အမျိုးသားချင်းအဘို့နှင့် သင်၏ သန့်ရှင်းသောမြို့အဘို့ ဆုံးဖြတ်ခြင်းရှိ၏။ [25] ထို့ကြောင့်၊ ယေရုရှလင်မြို့ကိုတဖန် တည်ထောင်ပြုစုစေခြင်းငှါ အမိန့်တော်ရှိသည် နေ့မှစ၍ ခရစ်တော်သခင်၏ လက်ထပ်တိုင်အောင် ခုနစ်သိတင်းနှင့် ခြောက်ဆယ်နှစ်သိတင်း ကြာလိမ့်မည်ဟု သိမှတ်နားလည်လော့။ အနှောင့်အရှက် ခံရသောကာလ၌ မြို့လမ်းကို တဖန် တည်ထောင်ပြုစုရမည်ဟု စီရင်ဆုံးဖြတ်ခြင်းရှိ၏။ [26] ထိုသိတင်းခြောက်ဆယ်နှစ်သိတင်းလွန်ပြီးမှ ခရစ်တော်သည် အခွင့်မရဘဲအသေသတ်ခြင်းကို ခံရလိမ့် မည်။ ထိုနောက်မှလာသော သခင်၏ လူတို့သည် မြို့တော်ကို၎င်း၊ သန့်ရှင်းရာဌာနကို၎င်း ဖြိုဖျက်ကြလိမ့် မည်။ ရေ လွှမ်းမိုးသော အားဖြင့် ဆုံးရှုံးခြင်းဖြစ်လိမ့်မည်။ အဆုံးတိုင်အောင် စစ်တိုက်ခြင်း၊ ပျက်စီးရာနှင့်ဆိုင်သော စီရင်ဆုံးဖြတ်ခြင်းရှိလိမ့်မည်။ [27] တသိတင်းတွင် လူအများတို့နှင့် ပဋိညာဉ် ဖွဲ့ခြင်းရှိ၍ ထိုသိတင်းတဝက်တွင် ယဇ်ပူဇော်ခြင်းနှင့် ဆက်ကပ်ခြင်းကို ပပျောက်စေလိမ့်မည်။ ရွံ့ရှာဘွယ် သောအရာ၏ အထွဋ်ပေါ်သို့ ဖျက်ဆီးသော သူသည် ရောက်၍ စီရင်ဆုံးဖြတ်သော သုတ်သင်ပယ်ရှင်းခြင်း သည် ပျက်စီးအပ်သော သူတို့ကို မလွှမ်းမိုးမှီတိုင်အောင် ထိုသို့ဖြစ်လိမ့်မည်ဟု ကြားပြော၏။

---

Daniel 01

ယေဘုယျ အချက်အလက်
အခန်း၇ နှင့် ၈တွင်ရှိအစီစဉ်အတိုင်းမဟုတ်ပါ။ ဗေလရှာဇာမင်းကြီးဖြစ်နေဆဲအခိုက်ဖြစ်သည်။ အခန်းကြီး၆ တွင် မင်းဖြစ်လာသော ဒါရိမင်းကြီးသည် အခန်း ၉ တွင်ပြန်လည်ဖြစ်ပေါ်လာသည်။

ယေရုရှလင်မြို့ပျက်စီး၍ အနှစ်ခုနစ်ဆယ် လွန်စေမည်ဟု
"ယေရုဆလင်ပြတ်တုန်းကတည်းဖြစ်ပြီး၊ နှစ် ၇၀ ပျက်တုန်း ကျန်ရစ်ခြင်းဖြစ်သည်။"

အာရွှေရုသားဒါရိနန်းစံပဌမနှစ်တွင်၊
အာရွှေရု၏နောက်ခံသမိုင်းအကြောင်းများဖြစ်သည်။ UDB

ဗာဗုလုန်နိုင်ငံကို ဘုရင်အဖြစ်စိုးစံသူ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားဘာသာပြန်ဆိုချက်" ဗာဗုလုန်နိုင်ငံပေါ် ဘုရင်ဖြစ်လာခြင်း" သို့မဟုတ်" ဗာဗုလုန်နိုင်ငံကို သိမ်းပိုက်စိုးမိုးသူ"

ခါလာဒဲနိုင်ငံကို
"တိုင်းပြည်အပေါ်မှာ" သို့မဟုတ်"ဘုရင်နိုင်ငံအထက်"

Daniel 03

အစာကိုရှောင်လျက်၊ လျှော်တေအဝတ်ကို ဝတ် လျက်၊ ပြာနှင့်လူးလျက်၊
ဤသည် ဝမ်းနည်းခြင်းကို ဖော်ပြလိုသော သင်္ကေတဖြစ်သည်။

အရှင်ဘုရားသခင့်ထံတော်သို့ ချဉ်းကပ်၍ ဆုတောင်းပဌနာပြု၏။
ဤနေရာ၌ "မျက်နှာ" ဟုဖော်ပြခြင်းသည် ဒံယေလ၏ အာရုံစုစိုက်ခြင်းကို ဖော်ပြလိုခြင်းဖြစ်သည်။ အခြားဘာသာပြန်ဆိုချက်"ထာ)ရဘုရားသခင်၌ ငါသည် အာရုံစုစိုက်လျက်ရှိနေသည်။ သို့မဟုတ်"ငါအတွေးများသည် ထာဝရဘုရား၌ ဦးတည်ထားပါသည်"

ငါ ကိုးကွယ်သော ဘုရားသခင် ထာဝရဘုရားထံ ငါပြုသော ပဌနာဟူမူကား၊
ယာဝေကို သိလိုသောသူများသည်သူ၏ကျေးဇူးပြုခြင်း ကိုရ၏။ တကယ်ဘဲ လုံးစေ့ပတ်စေ့ရှာဖွေသောသူတို့သည် ယာဝေကိုတွေ့မည်ဖြစ်သည်။

ထိုသို့ အပြစ်ကို ဘော်ပြတောင်းပန်၍ ငါ ကိုးကွယ်သော
"ကျွန်ုပ်အပြစ်များအတွက် ကျွန်ုပ်သည် အပြစ်ဝန်ချသည်"

ကိုယ်တော်ကိုချစ်၍ ပညတ်တော်တို့ကို စောင့်သော သူတို့အား သစ္စာတော်မပျက်၊ ကရုဏာ တရားကိုစောင့်တော် မူထသော၊ အလွန်ကြီးမြတ်၍ ကြောက်ရွံ့ဘွယ်ဖြစ်တော်မူသော အရှင်ဘုရားသခင်၊
"
သင့်ပဋိညာဉ်စာချုပ်၌သင်ပြုလုပ်ရမည့်အရာများကိုပြောဆိုခြင်းနှင့် သင်ချစ်သောသူများအား သင်သစ္စာထားရှိခြင်း"

Daniel 05

ယေဘုယျ အချက်အလက်
ဣသရေလလူမျိုးများအတွက် ဒံယေလသည် ထာဝရဘုရားကို ဆက်လတ်ဆုတောင်းပေးခြင်းဖြစ်သည်။

အကျွန်ုပ်တို့သည် ပြစ်မှားမိပါပြီ။ ဒုစရိုက်ကို ပြုမိ ပါပြီ။
ဤစကားစပ်နှစ်ခုသည် တစ်ခုအားဖြင့် နည်းလမ်းဖော်ပြခြင်းဖြစ်သည်။

မတရားသဖြင့် ကျင့်မိပါပြီ။ ပုန်ကန်မိပါပြီ။
ဤစကားစပ်နှစ်ခုသည် တစ်ခုအားဖြင့် နည်းလမ်းဖော်ပြခြင်းဖြစ်သည်။

စီရင် ထုံးဖွဲ့တော်မူသော တရားလမ်းမှ လွှဲမိပါပြီ။
"ပညတ်ထားခြင်း"ဟူသောစကားလုံးနှင့် "စီရင်ချက်ချမှတ်ခြင်း" သည် ပညတ်တော်အားလုံးကို ဖော်ပြလိုခြင်းဖြစ်သည်။

ကိုယ်တော်၏ ကျွန်၊ ပရောဖက်တို့၏စကားများကို အကျွန်ုပ်တို့သည် နား မထောင်ပဲနေကြပါပြီ။
ဤနေရာတွင် "နားမထောင်ခြင်း"ဟုဆိုသည် မှာ သူတို့စကားကို ထိုသူတို့သည် နားမထောင်ခြင်းဖြစ်သည်။


generated on Tue Jul 2 12:50:28 2024

အခြားဘာသာပြန်ဆိုချက်"သင့်၏ပရောဖတ်ပြခြင်းကို ကျွန်ုပ်တို့သည် နားမထောင်ကြပါ။"

Daniel 07

ယေဘုယျအချက်အလက်

က္ကလသရေလလူမျိုးများအတွက် ဒံယေလသည် ဆက်လတ်ဆုတောင်းပေးခြင်းဖြစ်သည်။

အိုဘုရားရှင်၊ ကိုယ်တော်သည် တရားနှင့် ဆိုင် တော်မူ၏။

တရားမျှတခြင်းသည် ရာဝိတ်နှင့်ပတ်သတ်၍ ဖြောင့်မတ်ခြင်းဖြစ်သည်။ မတရားမှုကို ဖော်ပြလိုသောအရာများဖြစ်သည်။ အခြားဘာသာပြန်ဆိုချက်" ကိုယ်တော်သည် တရားမျှတစွာ အသက်ရှင်တော်မူသည်။"

အကျွန်ုပ်တို့ သည် ယနေ့၌ရှိသည်အတိုင်း၊ မျက်နှာပျက်ခြင်းနှင့် ဆိုင်ကြပါ၏။

"ရှက်ကြောက်ခြင်းကဟုပြောဆိုရာတွင် "ရှက်ခြင်း"ကလူသားတွေဆီမှာ ရှိတဲ့ မလိုအပ်သောအရာများပင်ဖြစ်သည်။ စိတ္တဇနာမ်ဖြစ်သော "ရှက်ခြင်း"ကြိယာတစ်ခုဖြစ်သည်။ အခြားဘာသာပြန်ဆိုချက်။ ကျွန်တော်တို့ပြုလုပ်သောအရာပေါ် ကျွန်တော်တို့သည် ရှက်ကြသည်။

အကျွန်ုပ်တို့ သည် ယနေ့၌ရှိသည်

"ကျွန်တော်တို့"ဟူသောစကားသည် က္ကလသရေလလူများနှင့် ဒံယေလအပါအဝင်ဖြစ်သည် သို့သော် ဘုရားသခင်မပါပါ။

မျက်နှာပျက်ခြင်းနှင့် ဆိုင်ကြပါ၏။

၎င်းသည် ခေတ်သုံးစကားဖြစ်ပြီး အရှက်တရားသည် လူသားအားလုံးမြင်တွေ့လို့ရသောအရာများဖြစ်သည်။

အိုဘုရားရှင်၊ ကိုယ်တော်ကို ပြစ်မှားသော ကြောင့်၊ အကျွန်ုပ်တို့၏ရှင်ဘုရင်၊ မင်းသား၊ အသက်ကြီး သူမှစ၍ အကျွန်ုပ်တို့သည် မျက်နှာပျက်ခြင်းနှင့် ဆိုင်ကြ ပါ၏။

"ကျနော်တို့သည် ကိုယ်တော့်ကို ပုန်ကန်ခဲ့သောကြောင့်ဖြစ်သည်" သို့မဟုတ်" ကျနော်တို့သည် ကိုယ်တော့်အပေါ် အလွန်ပင် သစ္စာမရှိကြပါ"(UDB)

Daniel 09

ယေဘုယျ အချက်အလက်

က္ကလသရေလလူမျိုးများအတွက်နှင့် ဒံယေလဆက်လက်ဆုတောင်းခြင်းဖြစ်သည်။

အကျွန်ုပ်တို့အရှင်ဘုရားသခင်သည် ကရုဏာကို ပြခြင်း၊ အပြစ်ကို ဖြေရှင်းခြင်းအခွင့်နှင့် ဆိုင်တော်မူ၏။

ထာဝရဘုရားရှေ့၌ထင်ရှားသော အပြုအမူကို ပြောလိုခြင်းဖြစ်သည်။ အခြားဘာသာပြန်ဆိုချက်" ကျွန်ုပ်တို့၏ ဘုရားသခင် ထာဝရဘုရားသည် ကရုဏာနှင့် ခွင့်လွှတ်ခြင်းရှိသောဘုရားသခင်ဖြစ်သည်။

အကျွန်ုပ်တို့၌ ထားတော် မူသော ပညတ်တရားတော်လမ်းသို့ လိုက်ခြင်းငှါ၊ ဗျာဒိတ် တော်အသံကို အကျွန်ုပ်တို့သည်နားမထောင်ဘဲ နေကြ ပါပြီ။

"အသံ" ဟုဖော်ပြလိုသည်မှာ ယာဝေ

လွှဲသွား၍

"တဖက်သို့လွဲခြင်း"ဟုဆိုသည်မှာ က္ကလသရေလလူမျိုးများသည် ဘုရားသခင်၏ ပညတ်တော်များကို နာမခံခြင်းကို ဖော်ပြလိုခြင်းဖြစ်သည်။

ဘုရားသခင်၏ ကျွန်မောရှေ၏ ပညတ္တိကျမ်း၌ မှတ်သားသော အကျိန်ကို အကျွန်ုပ်တို့ အပေါ်သို့ သွန်းလောင်းတော်မူ၏။

ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားဘာသာပြန်ဆိုချက်" မောရှေရေးသားသော ပညတ်တော်များဖြစ်သည်။"

အကျွန်ုပ်တို့၌ ထားတော် မူသော ပညတ်တရားတော်လမ်းသို့

လျှံပယ်တဲ့ ကျိန်ခြင်းတရားနှင့် ကျိန်စာများသည် မြစ်ရေကဲ့သို့ပင်ဖြစ်သည်။ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားဘာသာပြန်ဆိုချက်" ကျနော်တို့အတွက် ယူဆောင်လာခြင်းဖြစ်သည်။"

Daniel 12

ယေဘုယျ အချက်အလက်

က္ကလသရေလလူမျိုးများအတွက်နှင့် ဒံယေလဆက်လက်ဆုတောင်းခြင်းဖြစ်သည်။

အကျွန်ုပ်တို့တဘက်၊ အကျွန်ုပ်တို့ကို အုပ်သောတရားသူ ကြီးတို့ တဘက်၌ မိန့်တော်မူသော စကားတော်ကိုတည် စေ၍၊ အကျွန်ုပ်တို့အပေါ်မှာ ကြီးစွာသော ဘေး ဥပဒ်ကို ရောက်စေတော်မူပြီ။ အကြောင်းမူကား၊ ယေရုရှလင်မြို့ ၌ ဘေးရောက်သကဲ့သို့ ကောင်းကင်အောက်တွင်အဘယ်အရပ်၌မျှ မရောက်စဖူးပါ။

ဒံယေလသည် ယေရုဆလင်မြို့အတွက် ကြီးစွာသော ဝမ်းနည်းခြင်းကို ဖော်ပြလိုရာ၌ ချဲ့ကားပြောဆိုခြင်းပင်ဖြစ်သည်။

အကျွန်ုပ်တို့ သည် ဗျာဒိတ်တော်အသံကို နားမထောင်ဘဲ နေကြပါပြီ တကား။

"ဘာမှ မပြုလုပ်၊ မပြီးစီးသေးသော"

ယေရုရှလင်မြို့၌ ဘေးရောက်သကဲ့သို့ ကောင်းကင်အောက် တွင် အဘယ်အရပ်၌မျှ မရောက်စဖူးပါ။

ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားဘာသာပြန်ဆိုချက်" ယေရုရှလင်မြို့အတွက် သင်ဘာပြုခဲ့သလဲ။"

မောရှေ၏ ပညတ္တိကျမ်းစာ၌ မှတ်သားသည် အတိုင်း

ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားဘာသာပြန်ဆိုချက်" မောရှေ၏ ပညတ်တော်၌ ရေးသားထားသည့်အတိုင်းဖြစ်သည်။"

ဤဘေးဥပဒ်ရှိသမျှသည် အကျွန်ုပ်တို့အပေါ်မှာ ရောက်ပါပြီ။

"ကျွန်ုပ်တို့သည် မည်သူကြောင့် ဤအမှုရောက်သည်ကို သိနိုင်ရန်အတွက် စာရေးတံချရမည်။" ထိုလူများသည် ဘုရားက စာရေးတံကျသော သူဆီ၌ သူတို့သိစေလိုသော အရာများကို ဖော်ပြမည်ဟု ယုံကြပါသည်။ ဤအရာသည် ဘုရားနှင့်ဆိုင်သော အရာများအတွက် လုပ်လေ့ရှိသော ဓလေ့ဖြစ်ပါသည်။

ဤအမှု
ဤအမှုဆိုသည်မှာ ဆိုးရွားမုန်တိုင်း ကြုံတွေ့ခြင်းကို ဆိုလိုပါသည်။

ယောန၌ စာရေးတံကျ၏။
" စာရေးတံက ယောနသည် အပြစ်ရှိသော သူဖြစ်ကြောင်း ဖော်ပြသည်။

Jonah 08

တဖန် သူတို့က၊ အဘယ်အပြစ်ကြောင့် ဤအမှု ရောက်သည်ကို ပြောပါလော့။
"သင်္ဘောတွင် အလုပ်လုပ်သော ထိုလူတို့က ယောနကို မေးမြန်းသည်"

အဘယ်အပြစ်ကြောင့် ဤအမှုရောက်သည်ကို ပြောပါလော့။ သင်ဆောင်ရွက်သောအမှုကား၊ အဘယ်အမှုနည်း။
"ဘယ်သူကြောင့် ဤမကောင်းသောအရာများ ကျွန်ုပ်တို့အပေါ် ဖြစ်ပျက်နေသနည်း။"

ထာဝရဘုရားကို ကိုးကွယ်သောသူဖြစ်၏
'ကိုးကွယ် 'စကားလုံးမှာ ယောနသည် ဘုရားကို နက်ရှိုင်း စွာ ရိုသေကိုးကွယ်ခြင်းကို ဆိုလိုပါသည်။

သင်သည် အဘယ်ကြောင့် ဤသို့ပြုသနည်းဟု မေးကြ၏
သင်္ဘောသားတို့က ယောနနှင့်အတူရှိခြင်းသည် မည်မျှ ဆိုးဝါးကြောင်း သိရန် မေးမြန်းခြင်း ပါရမီများကို အသုံးပြုလျက် မေးမြန်းကြသည်။ အခြားသော ဘာသာ ပြန်ဆိုချက်၊ "သင်သည် ဆိုးရွားသော အရာကို လုပ်မိပြီ"

ထာဝရဘုရားထံတော်မှ မိမိပြေးကြောင်း
"ယောနသည် ထာဝရဘုရားထံမှ ထွက်ပြေးသည်" ယောနက ထာဝရဘုရားသည် ဣသရေလနိုင်ငံ၌သာ တည်ရှိမည်ဟု ထင်မှတ်ကာ ထာဝရဘုရားထံမှ ထွက်ပြေးရန် ကြိုးစားနေခြင်း ဖြစ်သည်။

ဘော် ပြသောကြောင့် သူတို့
ထိုသူတို့အား ပြောအရာမှာ ရှင်းလင်းပါသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဘော်ပြသောကြောင့် သူတို့ ထာဝရဘုရားထံမှ ထွက်ပြေးရန် ကျွန်တော် ကြိုးစားနေ သည်"

Jonah 11

သူတို့က၊ ငါတို့၌
"သင်္ဘောပေါ်ရှိလူတို့က ယောနကို မေးသည်" သို့မဟုတ် " "သင်္ဘောသားတို့က ယောနကို မေးသည်"

လှိုင်းတံပိုး ငြိမ်းစေခြင်းငှါ သင့်ကို အဘယ်သို့ပြုရပါမည်နည်း
" ပင်လယ်လှိုင်းတံပိုး ငြိမ်းစေနိုင်ဖို့ရန် သင့်ကို မည်သို့ပြုမည်နည်း" (UDB)

ပင်လယ်၌ လှိုင်းတံပိုးသည် တိုး၍ထ သောကြောင့်
လူတို့က ယောနကို မည်သည့်အရာ ပြုလုပ်သင့်ကြောင်း မေးမြန်းခြင်း ပင်ဖြစ်သည်။ ဤအကြောင်းကို အပိုဒ် ၁၁ UDB ကျမ်းတွင် တွေ့နိုင်ပါသည်။

ငါ့ကိုချီ၍ ပင်လယ်ထဲသို့ ချပစ်ကြလော့။ သို့ပြု လျှင်၊ လှိုင်းတံပိုးသည် သင်တို့၌ ငြိမ်းလိမ့်မည်။ ဤပြင်းစွာ သော မိုဃ်းသက်မုန်တိုင်းသည် ငါ့ကြောင့်သာ သင်တို့ အပေါ်သို့ ရောက်သည်
ယောနက ဤကြီးမားသော မုန်တိုင်းသည် မိမိအပြစ် ကြောင့် ဖြစ်သည်ကို သိသောကြောင့်ဖြစ်သည်။

ပြန်ပြောသော် လည်း၊ သင်္ဘောသားတို့သည် ကမ်းသို့ရောက်အံ့သောငှါ ပင်ပန်းစွာ တက်ခတ်
သင်္ဘောသားတို့သည် ယောနကို ပင်လယ်ထဲ ပစ်မချပဲ ကမ်းကို ရောက်နိုင်ရန်အတွက်သာ ကြိုးစား၍ ပင်ပန်းစွာ လှော်ခတ်ကြသည်။

လှိုင်းတံပိုးတိုး၍ ထ
" ထိုမုန်တိုင်းသည် ပို၍ ဆိုးလာပြီး လှိုင်းတံပိုးသည် ပို၍ ကြီးမားလာသည်"

Jonah 14

Therefore
N/A


generated on Tue Jul 2 12:50:28 2024

ထာဝရဘုရားအား ကြွေးကြော် တောင်းပန်ပြီး
"ထိုသူတို့သည် ထာဝရဘုရားထံ ဆုတောင်းကြသည်"

အပြစ်မရှိသောသူ၏အသက် သတ်သောအပြစ်ကို အကျွန်ုပ်တို့၌ တင်တော်မမူပါနှင့်
"ဤသူကို သေစေသောကြောင့် ကျွန်ုပ်တို့ကို မသတ်ပါနဲ့ " သို့မဟုတ် "ကျွန်ုပ်တို့သည် ဤလူကို သေစေတော့မည်ဖြစ်သည်။ ကျေးဇူးပြု၍ ကျွန်ုပ်တို့ကို မသတ်ပါနဲ့ "

အပြစ်မရှိသောသူ၏အသက် သတ်သောအပြစ်ကို အကျွန်ုပ်တို့၌ တင်တော်မမူပါနှင့်။
"ကျေးဇူးပြုပြီး သူသေဆုံးခြင်းကြောင့် ကျွန်ုပ်တို့ကို ပြစ်မတင်ပါနဲ့ " သို့မဟုတ် " ဤလူသေဆုံးသောအခါ ကျွန်ုပ်တို့၏ အပြစ်များကို မှတ်တော်မမူပါနဲ့ " ဤစာရေးသူက ဖော်ပြသော 'အပြစ်' ဆိုရာတွင် တစ်စုံတစ်ယောက်ထံပြန်လည် သက်ရောက်နိုင်သော အရာကို ဆိုလိုပါသည်။ တစ်စုံတစ်ယောက်က မိမိပြုလုပ်သောအရာများကို တာဝန်ယူခြင်းကို ရည်ညွှန်းပါသည်။

ပင်လယ်လှိုင်းတံပိုးသည် ငြိမ်းလေ
"ပင်လယ်သည် ရပ်တန့်သွားပါသည်" သို့မဟုတ် " ပင်လယ်ပြင်သည် ငြိမ်သက်သွားလေ သည်" (UDB)

ထာဝရဘုရားကို အလွန်ကြောက်ရွံ့သဖြင့်
ထာဝရဘုရား၏ တန်ခိုးတော်ကို ပို၍ ကြောက်ရွံ့လာကြသည်" (UDB)

Jonah 17

ယေဘုယျ အချက်အလက်
တစ်ချို့ ဘာသာပြန်ကျမ်းစာများတွင် ဤ ကျမ်းပိုဒ်ကို အခန်းကြီး ၂ ၏ ပထမအပိုဒ်တွင် ရှိပါသည်။ အဓိက အသုံးပြုသော ဘာသာပြန် ကျမ်းစာအတိုင်း အသုံးပြုနိုင်ပါသည်။

နှင့်အညီ
ဤစကားလုံးကို အင်္ဂလိပ်ဘာသာတွင် ပုံပြင်၏ နိဒါန်းအတွက် သုံးနှုန်းပါသည်။

သုံးရက်ပတ်လုံး
" သုံးရက် နှင့် သုံးည"

---

## Translation Questions

Jonah 1:1

ထာဝရဘုရားသည် ယောနကို မည်သည့်အရပ်သို့ ဘာလုပ်ဖို့ စေလွှတ်ခဲ့ပါသလဲ။
ထာဝရဘုရားသည် ယောနကို နိနေဝေမြို့ကို ဆန့်ကျင်ပြောဆိုရန် လွှတ်ခဲ့ပါသည်။

ထာဝရဘုရား၏ အမိန့်တော်ကို ရရှိပြီးနောက် ယောနဘာလုပ်ခဲ့ပါသလဲ။
ယောနသည် ထာဝရဘုရား မျက်မှောက်တော်မှ ခွာပြီး တာရှုမြို့သို့ထွက်ပြေးခဲ့ပါသည်။

Jonah 1:4

ယောနလိုက်ပါသွားသော သင်္ဘောကို ထာဝရဘုရား ဘာလုပ်ခဲ့ပါသလဲ။
ထာဝရဘုရားသည် ပင်လယ်ပေါ်သို့ လေပြင်းမုန်တိုင်းကို စေလွှတ်သဖြင့်၊ သင်္ဘောသည် ပျက်လုနီးပါး ဖြစ်ခဲ့သည်။

လေပြင်းမုန်တိုင်းကျရောက်သောအခါ သင်္ဘောသားတို့ ဘာလုပ်ကြပါသလဲ။
သင်္ဘောသားတို့သည် ကြောက်ရွံ့၍ အသီးအသီး မိမိတို့ဘုရားထံ အော်ဟစ်ကြ၏။

Jonah 1:6

မည်သူ့အပြစ်ကြောင့် ဤသို့မိုးသက်မုန်တိုင်းကျရောက်သည်ကို သိရှိအောင် သင်္ဘောသားတို့သည် ဘာလုပ်ကြပါသလဲ။ ဘယ်လို ရလဒ် ထွက်ပေါ်လာပါသလဲ။
မည်သူ့အပြစ်ကြောင့် ဤသို့ဖြစ်ရသည်ကို သိရှိအောင် သင်္ဘောသားတို့သည် စာရေးတံချကြရာ၊ ယောနကို ညွှန်ပြ၏။

Jonah 1:8

မည်သည့်အကြောင်းကြောင့် မုန်တိုင်းကျရောက်သည်ဟု ယောနပြောခဲ့ပါသနည်း?
ယောနက မိမိသည် ထာဝရဘုရားထံတော်မှ ထွက်ပြေးလာကြောင်း ဝန်ခံဖြေကြားခဲ့သည်။

Jonah 1:11

လှိုင်းတံပိုး မုန်တိုင်းငြိမ်းစေရန် မည်သို့ပြုလုပ်ရမည်ဟု ယောနပြောခဲ့ပါသလဲ။
ယောနက မိမိကို ပင်လယ်ထဲသို့ ချပစ်ပါက လှိုင်းတံပိုးငြိမ်းလိမ့်မည်ဟု ပြောခဲ့သည်။


generated on Tue Jul 2 12:50:28 2024

Jonah 1:14

သင်္ဘောသားများ ထာဝရဘုရားထံ ကြွေးကြော်တောင်းပန်သော အချက် ၂ ချက်မှာ အဘယ်နည်း။
သင်္ဘောသားတို့သည် ၎င်းတို့၏ အသက်ကို ကယ်တင်ပါရန်နှင့် ယောနကို သတ်သောအပြစ်ကို ၎င်းတို့အပေါ် မတင်ရန် ကြွေးကြော်တောင်းပန်ကြသည်။

ယောနကို သင်္ဘောသားများက ပင်လယ်ထဲ ပစ်ချလိုက်သောအခါ မည်သို့ဖြစ်လာသနည်း။
ယောနကို ပင်လယ်ထဲ ပစ်ချလိုက်သောအခါ ပင်လယ်လှိုင်းတံပိုး ငြိမ်းလေ၏။

Jonah 1:17

ပင်လယ်ထဲ ပစ်ချခံရပြီးနောက် ယောန ဘာဆက်ဖြစ်ပါသလဲ။
ငါးကြီးတကောင်က ယောနကို မျိုချပြီး ငါး၏ဝမ်းထဲ၌ သုံးရက်လုံး နေခဲ့ရသည်။

## Chapter 2

[1] ငါး၏ဝမ်းထဲမှာနေစဉ်တွင်၊ ယောနသည် မိမိ ဘုရားသခင် ထာဝရဘုရားကို ဆုတောင်းသောစကားဟူ မူကား၊ [2] ငါသည်
ဒုက္ခဆင်းရဲကို ခံရသောကြောင့်၊ ထာဝရ ဘုရားကို ဟစ်ခေါ်၍ ငါ့စကားကို ကြားတော်မူ၏။ မရ ဏာနိုင်ငံ၏ဝမ်းထဲက ဟစ်ခေါ်သော
စကားသံကို နား ထောင်တော်မူ၏။ [3] ကိုယ်တော်သည် အကျွန်ုပ်ကို နက်နဲသောအရပ်၊ သမုဒ္ဒရာအလယ်ချက်ထဲသို့ ချပစ်တော်မူသဖြင့်၊
ပင်လယ် ရေသည် ဝိုင်း၍ လှိုင်းတံပိုးတော်ရှိသမျှတို့သည် လွှမ်းမိုးကြပါ၏။ [4] ထိုသို့ မျက်မှောက်တော်မှ နှင်ထုတ်ခြင်းကို ခံရ
သော်လည်း၊ သန့်ရှင်းသောဗိမာန်တော်ကို မျက်မှောက်ပြု မြဲ ပြုပါမည်ဟု အောက်မေ့လျက်နေ၏။ [5] ရေတို့သည် အကျွန်ုပ်အသက်ကို
သေစေခြင်းငှါ ဝိုင်းသဖြင့်၊ အကျွန်ုပ်သည် ပင်လယ်အလယ်၌ အချုပ်ခံရ ပါ၏။ ပင်လယ်မြက်ပင်သည် အကျွန်ုပ်ခေါင်းကို
ပေါင်းစည်းလျက်ရှိပါ၏။ [6] တောင်ခြေရင်းအမြစ်သို့ အကျွန်ုပ်ဆင်း၍၊ မြေ ကန့်လန့်ကျင်အတွင်း၌ အစဉ်အမြဲပိတ်ထားသော်လည်း၊
အကျွန်ုပ်၏ဘုရားသခင် ထာဝရဘုရား၊ ကိုယ်တော်သည် အကျွန်ုပ်အသက်ကို ပျက်စီးရာမှ ကယ်ဆယ်တော်မူလိမ့် မည်။ [7]
အကျွန်ုပ်သည် စိတ်ပျက်သောအခါ ထာဝရဘုရား ကို အောက်မေ့၍၊ အကျွန်ုပ်၏ပဌနာသည် သန့်ရှင်းသော ဗိမာန်တော်၌
ကိုယ်တော်ထံသို့ ဝင်ပါ၏။ [8] မုသာအနတ္တကို မှီဝဲသောသူတို့သည် မိမိတို့ ကရုဏာခံရာအကြောင်းကို စွန့်ပစ်ကြပါ၏။ [9]
အကျွန်ုပ်မူကား၊ ကျေးဇူးတော်ကို ချီးမွမ်းသော စကားနှင့် ကိုယ်တော်အား ယဇ်ပူဇော်ပါမည်။ သစ္စာဂတိ ထားသည်အတိုင်း
သစ္စာဝတ်ကို ပြုပါမည်။ ထာဝရ ဘုရား၏ ကျေးဇူးတော်ကြောင့် ချမ်းသာရပါသည်ဟု ဆုတောင်းလေ၏။ [10] ထိုအခါ ငါးကြီးသည်
ထာဝရဘုရား၏ အမိန့် တော်ကို ခံ၍ ယောနကို ကုန်းပေါ်သို့ အန်လေ၏။

---

---

### Jonah 01

မိမိ ဘုရားသခင် ထာဝရဘုရား
ဤအရာမှာ "ယာဝေ" အမည်ရှိသည့် သူကိုးကွယ်သော ထာဝရဘုရားကို ဆိုလိုပါသည်။ 'မိမိဘုရား' ဟုသုံးနှုန်းရာ တွင် ယောန၏ ကိုယ်ပိုင်ဘုရားဟု ဆိုလိုခြင်း မဟုတ်ပါ။

ဆုတောင်းသောစကားဟူ မူကား၊
"ယောန ပြောသော စကား"

ငါသည် ဒုက္ခဆင်းရဲကို ခံရသောကြောင့်၊ ထာဝရ ဘုရားကို ဟစ်ခေါ်၍
"ငါသည် ဒုက္ခဆင်းရဲကို ခံရသောကြောင့်၊ ထာဝရ ဘုရားကို ဟစ်ခေါ်၍ "ယောန ဆုတောင်းသောအခါ ထာဝရဘုရားကို "သင်" ဟုမသုံးဘဲ ထာဝရဘုရား၏ အမည်နာမ ကိုသာ သုံးပါသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား၊ ငါ၏ ပူပင်သောကအတွက် သင့်ကို ခေါ်ပါ ၏"

ငါ့စကားကို ကြားတော်မူ၏
"ထာဝရဘုရားက သူ့ကို ပြန်လည် တုန့်ပြန်ခဲ့ပါသည်" သို့မဟုတ် "သူ ကျွန်တော့်ကို အကူအညီ ပေးပါသည်"

မရ ဏာနိုင်ငံ၏ဝမ်းထဲက
"မရဏာနိုင်ငံ၏ ဝမ်းထဲက" သို့မဟုတ် "မရဏာနိုင်ငံ၏ အနက်ဆုံးထဲက" ဖြစ်နိုင်ဖွယ်ရှိသော အဓိပ္ပါယ်မှာ

### Jonah 03

ယေဘုယျအချက်အလက်
အပိုဒ် ၂:၁ တွင် စခဲ့သော ယောန ဆုတောင်းခြင်း၏ အဆက် ဖြစ်သည်။ အပိုဒ် ၄ တွင် ဖော်ပြသော ဆုတောင်းချက်များမှာ ဤအရာများကို ဆုမတောင်းမီ တောင်းခဲ့သော အချက်များဖြစ်သည်။

နက်နဲသောအရပ်၊ သမုဒ္ဒရာအလယ်ချက်ထဲသို့
ဤအရာမှာ အလွန်ကျယ်ပြောနက်နဲသော သမုဒ္ဒရာအလယ်တွင် ယောန ရှိနေခြင်းကို ဆိုလိုပါသည်။

သမုဒ္ဒရာအလယ်ချက်
"ပင်လယ်ပြင်၏ အောက်ထဲသို့"

ပင်လယ် ရေသည် ဝိုင်း၍ လှိုင်းတံပိုးတော်ရှိသမျှတို့သည် လွှမ်းမိုး ကြပါ၏။
"ပင်လယ်ရေပြင်က သူ့ကို ဝန်းရံ ပိတ်ဆို့သည်"

လှိုင်းတံပိုးတော်
"ဤအရာများသည် သမုဒ္ဒရာရေပြင်ကြီးကို နှောင့်ယှက် သော အရာဖြစ်သည်"

ချပစ်တော်မူ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်က ကျွန်ုပ်ကို လိုရာ မောင်းနှင်နိုင်ပါသည်" သို့မဟုတ် "သင်က ကျွန်ုပ်ကို လိုရာ စေခိုင်းနိုင်ပါသည်"

မျက်မှောက်တော်မှ
"သင့်ထံမှ" "မျက်မှောက်တော်မှ" ဟု ယောန ဆိုရာ၌ သူ သည် ထာဝရဘုရား၏ အလုံးစုံ ဖြစ်တည်မှုကို ပြောဆိုလလိုခြင်း ဖြစ်သည်။

သန့်ရှင်းသောဗိမာန်တော်ကို မျက်မှောက်ပြု မြဲ ပြုပါမည်
ယောနက သူသည် နှင်ထုတ်ခံရသော်လည်း ဗိမာန်တော်ကို မြင်ရလိမ့်မည်ဟု မျှော်လင့်နေသည်။


generated on Tue Jul 2 12:50:28 2024

## Jonah 05

ယေဘုယျ အချက်အလက်
ယောနသည် ဆက်လက်၍ ဆုတောင်းနေသည်။

ရေတို့သည်
"ရေတို့သည်" ဆိုသည်မှာ ပင်လယ်ရေပြင်ကို ဆိုလိုပါသည်"

ပင်လယ်အလယ်၌အချုပ်ခံရ
တစ်ချို့ဘာသာပြန်ကျမ်းစာများတွင် ပဟေဠိစကားလုံးဖြင့် ဖော်ပြသော "ကျွန်ုပ်အသက်" ဟု အနက်ဖွင့် ကြပါသည်။ ဤဘာသာပြန်ဆိုခြင်းတွင် ထိုရေတို့က ယောနအသက်ကို ချုပ်ထားနေရခြင်းကို ဖော်ပြပါသည်။

ပင်လယ်မြက်ပင်သည် အကျွန်ုပ်ခေါင်းကို ပေါင်းစည်းလျက်
"နက်စွာသော ရေသည် ကျွန်ုပ်ကို ဝန်းရံနေသည်။"

ပင်လယ်မြက်ပင်
"ပင်လယ်ရေထဲတွင် ပေါက်သော မြက်ပင်"

တောင်ခြေရင်းအမြစ်သို့ အကျွန်ုပ်ဆင်း၍၊ မြေ ကန့်လန့်ကျင်အတွင်း၌ အစဉ်အမြဲပိတ်ထား
ယောနက မြေကြီးကို အချုပ်ထောင် ကဲ့သို့ ခိုင်းနိုင်း ဖော်ပြခဲ့သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မြေကြီးသည် အချုပ်ထောင်နှင့်တူပြီး အကျွန်ုပ်အတွက် အမြဲ ပိတ်ဆို့ နေခဲ့သည်"

ကိုယ်တော်သည် အကျွန်ုပ်အသက်ကို ပျက်စီးရာမှ ကယ်ဆယ်
ယောနသည် လူသေတို့ နေရာကို တွင်းကြီးတစ်ခုပမာ ဖော်ပြသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကိုယ်တော်သည် အကျွန်ုပ်အသက်ကို ပျက်စီးရာမှ ကယ်ဆယ်သည်" သို့မဟုတ် "ပျက်စီးရာ ထဲမှ လွတ်မြောက်လာခဲ့သည်"

အကျွန်ုပ်၏ ဘုရားသခင် ထာဝရဘုရား၊
တစ်ချို့ဘာသာစကားများတွင် ဝါကျ အစတွင် သုံးသည်။ "သင်" ဆိုသော နာမဝိသေသန၏ နောက်တွင် လည်း ထားတတ်ကြသည်။

## Jonah 07

ယေဘုယျအချက်အလက်
ယောန ဆက်လက်၍ ဆုတောင်းနေခြင်းဖြစ်သည်။

ထာဝရဘုရား ကို အောက်မေ့၍
"အကျွန်ုပ်သည်၊ ထာဝရဘုရား၏ အကြောင်းကို အောက်မေ့ခဲ့ပါ၏ " သို့မဟုတ် "ထာဝရဘုရား ၊ အကျွန်ုပ်သည် ကိုယ်တော်ကို အောက်မေ့ပါ၏" (UDB)

အကျွန်ုပ်၏ပဋ္ဌနာသည် သန့်ရှင်းသော ဗိမာန်တော်၌ ကိုယ်တော်ထံသို့ ဝင်ပါ၏
ယောန ဆုတောင်းသည်မှာ သူ၏ ဆုတောင်းသံ ကိုယ်တော် ထံရောက်ပါက ကိုယ်တော် နှင့်ကိုယ်တော့် ဗိမာန်တော်ထံသို့ ဝင်ရောက်နိုင်မည် ဟု ဆိုခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အကျွန်ုပ်ဆုတောင်းသောအရာကို သန့်ရှင်းသော ဗိမာန်တော်၌ ကိုယ်တော်ထံသည် နားညောင်းသောအခါ"

မုသာအနတ္တကို မှီဝဲသောသူတို့သည်
"ကိုးစား၍မရသော ဘုရားများကို ခိုလှုံကြသော လူများ"

မိမိတို့ ကရုဏာခံရာအကြောင်းကို စွန့်ပစ်ကြပါ၏။
"မိမိတို့အပေါ် သစ္စာရှိ၍ ကိုယ်တော်ကို ငြင်းဆန်ကြသည်"

## Jonah 09

ယေဘုယျအချက်အလက်
ယောန ဆက်လက်၍ ဆုတောင်းနေခြင်းဖြစ်သည်။

အကျွန်ုပ်မူကား
ဤအရာက ယောနနှင့် ထိုလူများအကြား ခြားနားချက်များကို နှိုင်းယှဉ် ဖော်ပြလိုခြင်းဖြစ်သည်။ သူတို့သည် အားကိုး၍ မရသော ဘုရားများကို အာရုံပြုနေကြသော်လည်း သူသည် ထာဝရဘုရားကိုသာ ကိုးကွယ်ပါသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သို့သော် အကျွန်ုပ်သည်"

ကျေးဇူးတော်ကို ချီးမွမ်းသော စကားနှင့် ကိုယ်တော်အား ယဇ်ပူဇော်ပါမည်။
ယောနသည် ကိုယ်တော်အား ယဇ်ပူဇော်လျက် ကျေးဇူးတော်ချီးမွမ်းခြင်းပင် ဖြစ်သည်။ ယောနက ကိုယ်တော်အား ကျေးဇူးတော် ချီးမွမ်းခြင်းကို သီချင်းအားဖြင့် သီဆိုချီးမွမ်းခြင်း သို့မဟုတ် ဝမ်းမြောက်စွာ အော်ဟစ်ချီးမွမ်းသည် ဟူ၍ မသဲမကွဲ ဖော်ပြထားသည်။

ထာဝရ ဘုရား၏ ကျေးဇူးတော်ကြောင့် ချမ်းသာရပါသည်ဟု
ဤစကားသည် နှုတ်အားဖြင့် ပြောဆိုနေကြသော "ကယ်တင်ခြင်း" ဆိုသော စကားလုံးကို "ချမ်းသာ" ဟူသော စကားလုံးဖြင့် ဖော်ပြခြင်းဖြစ်သည်။ "ထာဝရဘုရားသည် လူသားတို့ကို ချမ်းသာပေးသော တစ်ပါးတည်းသော ဘုရားဖြစ်သည်။"

ကုန်းပေါ်သို့
"မြေပြင်တွင်" သို့မဟုတ် "ကမ်းခြေတွင်"


generated on Tue Jul 2 12:50:28 2024

# Translation Questions

## Jonah 2:1

ငါး၏ ဝမ်းဗိုက်အတွင်းရှိစဉ် ယောနဘာလုပ်ခဲ့ပါသလဲ။

ယောနသည် ထာဝရဘုရားထံ အော်ဟစ်ဆုတောင်းခဲ့သည်။

## Jonah 2:3

ယောနက ဤတစ်သက် အဘယ်အရာကို ထပ်မံလုပ်ဆောင်နိုင်တော့မည် မဟုတ်ဟု တွေးထင်ခဲ့သနည်း။

ယောနသည် ဤတစ်သက် ထာဝရဘုရား၏ သန့်ရှင်းသော ဗိမာန်တော်ကို ထပ်မံမြင်တွေ့နိုင်မည်မဟုတ်ဟု တွေးထင်ခဲ့သည်။

## Jonah 2:5

ထာဝရဘုရားသည် ယောန၏အသက်အား အဘယ်အရာမှ ကယ်တင်ခဲ့ပါသနည်း။

ထာဝရဘုရားသည် ယောန၏အသက်ကို ပျက်စီးခြင်းမှ ကယ်တင်ခဲ့သည်။

## Jonah 2:7

အနတ္တဘုရားများကို မှီဝဲသောသူတို့တွင် မည်သည့်အရာများဖြစ်ပျက်သနည်း။

အနတ္တဘုရားများကို မှီဝဲသောသူတို့သည် ထာဝရ၏ သစ္စာတရားကို ငြင်းပယ်ကြသည်။

## Jonah 2:9

ယောနသည် ငါးကြီး၏ ဝမ်းဗိုက်မှ မည်သို့ ဂတိပြုခဲ့သနည်း။

ယောနသည် ထာဝရဘုရားအား သစ္စာကတိ ထားသည်အတိုင်း သစ္စာဝတ်ကို ပြုပါမည်ဟု ကတိပြုခဲ့သည်။

အဘယ်သူကြောင့် ချမ်းသာရာရသည်၊ ကယ်တင်ခြင်းအကြောင်းသည် မည်သူ့ထံမှ လာသည်ဟု ယောနပြောခဲ့သနည်း။

ထာဝရဘုရား၏ ကျေးဇူးတော်ကြောင့် ချမ်းသာရပါသည်ဟု ယောနပြောခဲ့ပါသည်။

ထာဝရဘုရားသည် ငါးကြီးကို မည်သို့အမိန့်ပေးခဲ့သနည်း။

ယောနကို ကုန်းပေါ်သို့ အန်ရန် ငါးကြီးအား ထာဝရဘုရားအမိန့်ပေးခဲ့သည်။

## Chapter 3

[1] နောက်တဖန် ထာဝရဘုရား၏ နှုတ်ကပတ်တော် သည် ယောနသို့ရောက်လာသည်ကား၊ [2] သင်ထ၍ နိနေဝေမြို့ကြီးသို့ သွားလော့။
ငါမှာ ထားသည်အတိုင်း ကြွေးကြော်လော့ဟု မိန့်တော်မူ၏။ [3] ထိုအခါ ထာဝရဘုရား၏ အမိန့်တော်အတိုင်း ယောနသည် ထ၍
နိနေဝေမြို့သို့ သွား၏။ နိနေဝေမြို့ သည် အလွန်ကြီးသောမြို့၊ သုံးရက်ခရီးကျယ်ဝန်းသော မြို့ဖြစ်သတည်း။ [4] ယောနသည်
မြို့ထဲသို့ဝင်၍ တနေ့ခရီးသွား လျက်၊ အရက်လေးဆယ်လွန်သော်၊ နိနေဝေမြို့သည် ပျက် စီးခြင်းသို့ရောက်လိမ့်မည်ဟု
ကြွေးကြော်လေ၏။ [5] နိနေဝေမြို့သားတို့သည် ဘုရားသခင်၏ အမိန့် တော်ကို ယုံ၍၊ လူကြီးလူငယ်အပေါင်းတို့သည် အစာ
ရှောင်ရာအချိန်ကို ကြော်ငြာ၍ လျှော်တေအဝတ်ကို ဝတ် ကြ၏။ [6] နိနေဝေမင်းကြီးသည် ထိုသိတင်းကို ကြားသော အခါ
နန်းတော်မှဆင်း၍ မင်းမြောက်တန်ဆာကို ချွတ်ပြီး မှ၊ လျှော်တေအဝတ်ကို ဝတ်၍ ပြာထဲ၌ ထိုင်တော်မူ၏။ [7] လူသတ္တဝါ
တိရစ္ဆာန်သိုးနွားတို့သည် အလျှင်းမ မြည်စေနှင့်။ အစာကို မစား၊ ရေကို မသောက်စေနှင့်။ [8] လူသတ္တဝါတိရစ္ဆာန်တို့သည်
လျှော်တေအဝတ် ကို ဝတ်ကြစေ။ ကြိုးစား၍ ဘုရားသခင်ကို ဆုတောင်းကြ စေ။ အသီးအသီးတို့သည် မိမိတို့လိုက်သော အဓမ္မလမ်း၊
မိမိတို့ပြုသော အဓမ္မအမှုကို ရှောင်ကြစေ။ [9] ငါတို့သည် ပျက်စီးခြင်းနှင့် ကင်းလွတ်မည်အ ကြောင်း၊ ဘုရားသခင်သည် ပြောင်းလဲ၍
နောင်တရ သဖြင့်၊ ပြင်းစွာသောအမျက်တော်ကို ငြိမ်းစေတော်မူမည် မမူမည်ကို အဘယ်သူပြောနိုင်သနည်းဟု မင်းကြီးအာဏာ၊
မှူးမတ်အာဏာနှင့် နိနေဝေတမြို့လုံးတွင် သိတင်းကြား ပြော၍ ကြော်ငြာစေတော်မူ၏။ [10] မြို့သားတို့သည် မိမိတို့လိုက်သော
အဓမ္မလမ်း ကို လွှဲရှောင်၍၊ ကျင့်သောအကျင့်များကို ဘုရားသခင် သည် မြင်လျှင်၊ အရင်ခြိမ်းသောဘေးဒဏ်ကို မပေးဘဲနေ
တော်မူ၏။

---

---

### Jonah 01

ထာဝရဘုရား၏ နှုတ်ကပတ်တော် သည် ယောနသို့ရောက်လာသည်ကား
ထာဝရဘုရားပြောသောစကားကို ဆိုလိုခြင်းဖြစ်သည်။ ၁:၁ တွင် မည်သို့ပြန်ဆိုထားသည်ကို ရှုပါ။ အခြားသော ဘာသာပြန်ဆိုချက်၊ " ထာဝရဘုရားက သူ၏ နှုတ်ကပတ်တော်ကို ဖွင့်ပြခဲ့သည်။"

ထာဝရဘုရား၏ နှုတ်ကပတ်တော်
ဤ စကားလုံးသည် ထာဝရဘုရား၏ သတင်း စကားကို ဆိုလိုပါသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား၏ သတင်းစကား။"

ထ၍ နိနေဝေမြို့ကြီးသို့ သွားလော့။
"နိနေဝေမြို့ကြီးသို့ သွားရန်"

ထ၍
ဤစကားလုံးက မူလရှိနေရာမှ အဝေးတစ်နေရာကို ထွက်ခွါခြင်းကို ဖော်ပြပါသည်။

ငါမှာ ထားသည်အတိုင်း ကြွေးကြော်လော့ဟု
"ထိုသူများကို ပြောပြရန် မှာထားသည့်အတိုင်း ထိုလူများဆီ ပြောဆို။"

ထိုအခါ ထာဝရဘုရား၏ အမိန့်တော်အတိုင်း ယောနသည် ထ၍ နိနေဝေမြို့သို့ သွား၏။
"ဤအချိန်သည် ယောနက နိနေဝေမြို့သို့ သွားဖို့ရန် ထာဝရဘုရား၏ စကားကို နာခံခဲ့ပြီးနောက် ဖြစ်သည်။"

ယောနသည် ထ၍
"ထိုအခါ ယောနသည် ကမ်းခြေမှ ထွက်ခွါလေသည်။" "ထ၍" စကားလုံးက ယောနသည် ထိုနေရာမှ ထွက်ခွါခြင်းကို ဆိုလိုသည်။

ထိုအခါ
နိနေဝေမြို့အကြောင်းကို စတင် ပြောဆိုသွားမည်အကြောင်း အသုံးပြုခြင်းဖြစ်သည်။

သုံးရက်ခရီးကျယ်ဝန်းသော မြို့
"သုံးရက်ခရီးကျယ်ဝန်းသော မြို့" တစ်စုံတစ်ယောက်သည် သုံးရက်လမ်းလျှောက်သွားမှသာ မြို့အစအဆုံး ရောက်နိုင်မည် ဖြစ်သည်။

### Jonah 04

ယောနသည် မြို့ထဲသို့ဝင်၍ တနေ့ခရီးသွား လျက်
ဖြစ်နိုင်သည့် အဓိပ္ပါယ်များမှာ (၁) "ယောနသည် တစ်ရက်ခရီး ပြုပြီးနောက် သူ ကြွေးကြော်သည်" သို့မဟုတ် (၂) ယောနသည် ပထမနေ့ လမ်းလျှောက်သွားစဉ်တွင်ပင် သူ ကြွေးကြော်ခဲ့ခြင်းဖြစ်သည်။

တနေ့ခရီးသွား လျက်
"တနေ့ခရီးသွားပြီး" တနေ့ခရီးစဉ်၏ အကွာအဝေးသည် ပုံမှန်အားဖြင့် လူများ တစ်နေ့သွားနိုင်သော ခရီးစဉ် ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ယောနသည် တစ်ရက်တာ ခြေကျင်ဖြင့် သွားပြီး"

ပျက် စီးခြင်းသို့ရောက်လိမ့်မည်ဟု ကြွေးကြော်လေ၏။
"သူကြွေးကြော်သည်" သို့မဟုတ် " သူဟစ်အော်သည်"


generated on Tue Jul 2 12:50:28 2024

အရက်လေးဆယ်
"ရက်ပေါင်း လေးဆယ်"

လျှော်တေအဝတ်ကို ဝတ် ကြ၏
အဘယ်ကြောင့် လူများ ကြီးစွာ ဝမ်းနည်းသည်ကို ထင်ရှားစွာ ဖော်ပြပေးသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူတို့သည် ဟောင်းသော အဝတ်အစားကို ဝတ်ပြီး သူတို့အပြစ်ရှိကြောင်း၊ ဝမ်းနဲေကြာင်းကို ဖော်ပြကြသည်"

လူကြီးလူငယ်အပေါင်းတို့သည်
"အရေးပါဆုံးသော လူမှစ၍ အငယ်ဆုံးသော လူများအထိ" သို့မဟုတ် "အရေးကြီးဆုံးလူများမှ အရေးမကြီးသော လူများအားလုံး အပါအဝင်" (UDB)

Jonah 06

ထိုသိတင်း
"ယောန၏ သတင်းစကား"

နန်းတော်မှဆင်း၍
"သူသည် သူ့နန်းတော်ပလ္လင်မှ ထပြီး" သို့မဟုတ် " သူသည် သူ့နန်းတော်ပလ္လင်မှ မတ်တပ်ရပ်ပြီး။" ထိုဘုရင်သည် သူ့နန်းတော်ပလ္လင်ကို ခွါထားခြင်းဖြင့် နှိမ့်ချစွာ ကျင့်ဆောင်ခြင်းကို ပြသခဲ့ပါသည်။

နန်းတော်
နန်းတော်သည် ထိုဘုရင်ထိုင်သော နေရာ ဖြစ်သည်။ ထိုအရာက သူဘုရင်ဖြစ်ခြင်းကို ဖော်ပြပေးသည်။

အလျှင်းမ မြည်စေနှင့်။
"သူသည် တရားဝင်ကြေငြာချက် ထုတ်ပြန်၍" သို့မဟုတ် "သူသည် နိနေဝေမြို့သားများကို သတင်း ဖြန့်ဝေသူများက ကြေငြာရန် စေလွှတ်ခဲ့သည်။

လူ
"အကြံပေးသူများ" (UDB)။ သူတိုသည် ဘုရင့်နိုင်ငံ အုပ်ချုပ်ရာတွင် ကူညီပေးကြသော အရေးကြီးသောလူများ ဖြစ်သည်။

တိရစ္ဆာန်သိုးနွားတို့သည်
လူများ ဂရုပြုရသည့် သတ္တဝါ နှစ်မျိုး နှစ်စားကို ဖော်ပြပေးခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "နွား နှင့်သိုး။"

အစာကို မစား၊ ရေကို မသောက်စေနှင့်။
"အစာကို မစား၊ ရေကို မသောက်စေနှင့်။" ဤအရာသည် သူတို့ ဘာမှ မစားမသောက်ခြင်းအားဖြင့် သူတို့၏ အပြစ်ကျူးလွန်မှုများအပေါ် ဝမ်းနည်းခြင်းကို ရှင်းလင်းစွာ ဖော်ပြပေးသော အကြောင်းပင် ဖြစ်ပါသည်။

Jonah 08

ယေဘုယျအချက်အလက်
ရှင်ဘုရင်က နိနေဝေမြို့သားများကို မိန့်မှာခဲ့သော အရာများကို ဆက်လက် ဖော်ပြခြင်းဖြစ်သည်။

လူသတ္တဝါတိရစ္ဆာန်တို့သည် လျှော်တေအဝတ် ကို ဝတ်ကြစေ။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "လူ နှင့် သတ္တဝါတိရစ္ဆာန်တို့သည် လျှော်တေအဝတ်ကို ဝတ်ကြစေ။" သို့မဟုတ် " လူတို့သည် မိမိတို့တိရစ္ဆာန်နှင့်တကွ လျှော်တေအဝတ်နှင့် ဖုံးကြစေ။"

တိရစ္ဆာန်
ထိုလူတို့က ပိုင်ဆိုင်သော တိရစ္ဆာန်များကို ဆိုလိုသည်။

ကြိုးစား၍ ဘုရားသခင်ကို ဆုတောင်း
"ဘုရားထံသို့ အလေးအနက် ဆုတောင်းခြင်း" သူတို့သည် ဆုတောင်းကြသောအရာများကို ထင်ရှားစွာ ဖော်ပြနိုင်ရန် ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဘုရားထံ ကျယ်လောင်စွာ ငိုကြွေးပြီး အသနား ခံသည်"

ပြင်းစွာသောအမျက်တော်ကို ငြိမ်းစေတော်မူမည် မမူမည်ကို
ဤအရာ၏ အနက်မှာ "ကိုယ်တော် လုပ်နိုင်သော ပြင်းထန်သော အရာများ" ဖြစ်သည်။

အဘယ်သူပြောနိုင်သနည်းဟု
ရှင်ဘုရင်က တိုင်းသူပြည်သားတို့ကို ဘုရားရှင်သည် သူတို့ အပြစ်များကို ရပ်တန့်စေမည်။ သေကျေပျက်စီးစေတော့မည်မဟုတ်ဟု ဘယ်သူသိနိုင်မည်ကို ထိရောက်သော မေးခွန်းမေးမြန်းခြင်းကို အသုံးပြု မိန့်ကြားခဲ့ပါသည်။ "ကျွန်ုပ်တို့မသိနိုင်ပါ" သို့မဟုတ် "ဖြစ်ကောင်းဖြစ်နိုင်" ။

ဘုရားသခင်သည် ပြောင်းလဲ၍ နောင်တရ သဖြင့်၊
"ဘုရားက ခြားနားသော အရာများဖြင့် ပြန်လည်ဆုံးဖြတ်နိုင်သည်" သို့မဟုတ် "ဘုရားက မိမိလုပ်မည်ဟု ဆိုခဲ့သော အရာကို မလုပ်တော့ဘဲ နေသည်။"

ငါတို့သည် ပျက်စီးခြင်းနှင့် ကင်းလွတ်မည်အကြောင်း
"ကျွန်ုပ်တို့ မသေဆုံးတော့ပါ" ဤအရာက ပင်လယ်ပြင်တွင် နစ်မြုပ်ပျက်စီးခြင်းနှင့် တူညီပါသည်။

Jonah 10

ကျင့်သောအကျင့်များကို ဘုရားသခင် သည် မြင်
"ဘုရားသခင်သည် သူတို့ အပြစ်မလုပ်တော့သည်ကို သိမြင်တော်မူသည်"

မြို့သားတို့သည် မိမိတို့လိုက်သော အဓမ္မလမ်း ကို လွှဲရှောင်၍
လူတို့က အပြစ်မလုပ်တော့ခြင်းကို ဆိုလိုသည်။


generated on Tue Jul 2 12:50:28 2024

ကျင့်သောအကျင့်များကို ဘုရားသခင် သည် မြင်လျှင်၊ အရင်ခြိမ်းသောဘေးဒဏ်ကို မပေးဘဲနေ တော်မူ၏။

"ဘုရားသခင်သည် ထိုသူတို့အပေါ် အရင်ခြိမ်းသောဘေးဒဏ်ကို မပေးဘဲနေ တော်မူ၏။" သို့မဟုတ် "ဘုရားသခင်က သူတို့အပေါ် ဘေးဒဏ်ပေးမည်ဟုဆိုခဲ့သောအရာကို ပြန်ရုပ်သိမ်းခဲ့သည်။

မပေးဘဲနေ တော်မူ၏။

ဘုရားက လုပ်ရမည့်အရာကို ရှင်းလင်းစွာ ဖွင့်ပြပေးခဲ့ သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူတို့ကို ဒဏ်ပေး မစီရင်တော့ပါ" သို့မဟုတ် "သူတို့ကို မဖျက်ဆီးတော့ပါ"

---

## Translation Questions

### Jonah 3:1

ထာဝရဘုရားသည် ယောနအား ဒုတိယအကြိမ်အဖြစ် မည်သို့ အမိန့်ပေးခဲ့သနည်း။

ထာဝရဘုရားသည် ယောနအား နိနေဝေမြို့သို့ သွား၍ သူမှာထားသည်အတိုင်း ကြွေးကြော်ဖို့ မိန့်တော်မူခဲ့သည်။

ထာဝရဘုရား ဒုတိယအကြိမ်အမိန့်ပေးသောအခါ ယောနမည်သို့ တုံ့ပြန်ခဲ့သနည်း။

ယောနသည် ထာဝရဘုရား၏ အမိန့်တော်အား နာခံ၍ နိနေဝေမြို့သို့ သွား၏။

### Jonah 3:4

ယောနသည် နိနေဝေမြို့သို့ ရောက်သောအခါ မည်သို့ ကြွေးကြော်သနည်း။

ရက်လေးဆယ်လွန်သော် နိနေဝေမြို့သည် ပျက်စီးခြင်းသို့ ရောက်လိမ့်မည်ဟု ကြွေးကြော်၏။

### Jonah 3:8

ယောနပြောကြားသော သတင်းစကားကြားသောအခါ နိနေဝေမြို့သားတို့ မည်သို့ ပြုလုပ်ကြသနည်း။

နိနေဝေမြို့သားတို့သည် အစာရှောင်ခြင်း၊ လျှော်တေအဝတ်ဝတ်ခြင်း၊ မိမိတို့လိုက်သော အဓမ္မလမ်း၊ အဓမ္မမှုတို့မှ ရှောင်ခြင်း၊ ထာဝရဘုရားထံ အော်ဟစ် ဆုတောင်းခြင်းတို့ ပြုကြသည်။

နိနေဝေမြို့နှင့် မြို့သားများအတွက် နိနေဝေမင်းကြီးသည် မည်သို့မျှော်လင့်ချက် ထားခဲ့သနည်း။

ထာဝရဘုရားသခင်သည် အလျှော့ပေးပြီး နောင်တရ၍ သူ၏ပြင်းစွာသောအမျက်တော်ကို ငြိမ်းစေတော်မူလိမ့်မည်ဟု မျှော်လင့်ချက်ထားခဲ့သည်။

### Jonah 3:10

နိနေဝေမြို့သားတို့ နောင်တရသောအခါ ထာဝရဘုရားသည် မည်သို့တုန့်ပြန်ခဲ့သနည်း။

ထာဝရဘုရားသည် အရင်ခြိမ်းခြောက်သော ဘေးဒဏ်ကိုမပေးဘဲ စိတ်တော်ကို ပြောင်းလဲတော်မူ၏။

---

# Chapter 4

1 ယောနသည် အလွန်စိတ်ညစ်၍ အမျက်ထွက် သဖြင့်၊ အို ထာဝရဘုရား၊ အကျွန်ုပ်တောင်းပန်ပါ၏။ အကျွန်ုပ်သည်
ကိုယ်ပြည်၌ရှိစဉ်၊ ဤသို့ပြောပါပြီမဟုတ် လော။ ထိုကြောင့်၊ ကိုယ်တော်ထံမှ တာရှုမြို့သို့ ကြိုးစား၍ ပြေးပါ၏။ 2 ကိုယ်တော်သည်
သနားစုံမက်တတ်သော ဘုရား ဖြစ်၍ စိတ်ရှည်သောသဘော၊ ကျေးဇူးပြုချင်သောသ ဘော၊ အပြစ်ဒဏ်ပေးမည့်အမှုကို
နောင်တရတတ်သော သဘောရှိတော်မူကြောင်းကို အကျွန်ုပ်သိပါ၏။ 3 သို့ဖြစ်၍၊ အိုထာဝရဘုရား၊ အကျွန်ုပ်အသက်ကို
နှုတ်ယူတော်မူပါ။ အကျွန်ုပ်အသက်ရှင်ခြင်းထက် သေ ခြင်းသည် သာ၍ကောင်းပါသည်ဟု တောင်းလျှောက်လေ ၏။ 4
ထာဝရဘုရားကလည်း၊ သင်သည် အမျက်ထွက် ကောင်းသလောဟု မေးတော်မူ၏။ 5 ယောနသည် မြို့၌ အဘယ်သို့ဖြစ်မည်ကို
သိမြင် ခြင်းငှါ၊ မြို့ပြင်သို့ထွက်၍ မြို့အရှေ့မျက်နှာ၌ တဲမိုးကို လုပ်ပြီးလျှင်၊ အမိုးအရိပ်တွင် ထိုင်၍နေ၏။ 6
အရှင်ထာဝရဘုရားသည်လည်း ကြက်ဆူပင်ကို ပြင်ဆင်ပြီးလျှင်၊ ယောန၏စိတ်ကို ပြေစေခြင်းငှါ သူ့ ခေါင်းပေါ်မှာ လွှမ်း၍
မိုးစေတော်မူ၏။ ထိုအပင်ကြောင့် ယောနသည် အလွန်အားရဝမ်းမြောက်၏။ 7 နက်ဖြန်မိုးလင်းသောအခါ ဘုရားသခင် ခန့်
ထားတော်မူသော ပိုးကောင်သည် ကြက်ဆူပင်ကို ကိုက်၍ ညှိုးနွမ်းစေ၏။ 8 နေထွက်သောအခါ ဘုရားသခင်သည် အလွန်ပူ
သောအရှေ့လေကို ပြင်ဆင်တော်မူ၍၊ ယောန၏ခေါင်းကို နေထိခိုက်သဖြင့် သူသည် မော၍ သေချင်သောစိတ်ရှိ လျက်၊
ငါ့အသက်သေခြင်းသည် ရှင်ခြင်းထက် သာ၍ ကောင်းသည်ဟု မြည်တမ်းလေ၏။ 9 ဘုရားသခင်ကလည်း၊ သင်သည် ကြက်ဆူပင်
အတွက် အမျက်ထွက်ကောင်းသလောဟု မေးတော်မူ လျှင်၊ ယောနက၊ အကျွန်ုပ်သည် အသက်သေသည်တိုင် အောင်
အမျက်ထွက်ကောင်းပါသည်ဟု လျှောက်ဆို၏။ 10 ထာဝရဘုရားကလည်း၊ သင်သည် ပင်ပန်းစွာ မလုပ်၊ ကြီးပွားစေခြင်းငှါလည်း
မပြုစု၊ တညဉ့်ခြင်းတွင် ပေါက်၍ တညဉ့်ခြင်းတွင် သေသော ကြက်ဆူပင်ကို နှမြောသည်တကား။ 11 ငါသည် များစွာသော
တိရစ္ဆာန်တို့ကိုမဆို၊ ကိုယ်လက်ျာလက်နှင့် လက်ဝဲလက်ကိုမျှ ပိုင်းခြား၍ မသိ သော သူတသိန်းနှစ်သောင်းမက၊ လူများသော နိနေဝေ
မြို့ကြီးကို ငါနှမြောသင့်သည်မဟုတ်လောဟု မိန့်တော် မူ၏။

---

---

## Jonah 01

အို ထာဝရဘုရား၊

"အို" ဤစကားလုံးက ယောန၏ စိတ်ရှုပ်ထွေး နေခြင်းကို ဖော်ပြပါသည်။

အကျွန်ုပ်သည် ကိုယ်ပြည်၌ရှိစဉ်၊ ဤသို့ပြောပါပြီမဟုတ် လော။

ယောနက ဘုရာအပေါ် မိမိမည်မျှ စိတ်ဆိုးသည်ကို ရှင်းလင်းတိကျစွာ ဖော်ပြပါသည်။ ထို့အပြင် ယောနက သူသည် မိမိတိုင်းပြည်တွင် နေစဉ် ဘုရားအလိုကို ဆန့်ကျင်ခဲ့ခြင်းကိုလည်း ရှင်းရှင်းလင်းလင်း ဆိုခဲ့ပါသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်သည် မိမိတိုင်းပြည်တွင် ရှိစဉ်ကပင် နိနေဝေမြို့သားတို့က ဘုရား ပြစ်ဒဏ်ပေးမည့်အကြောင်း သတိပေးပါက၊ သူတို့သည် နောင်တရကြပြီး သူတို့ကို ဖျက်ဆီးတော့မည်မဟုတ်ကြောင်း သိခဲ့သည်"

ကိုယ်တော်ထံမှ တာရှုမြို့သို့ ကြိုးစား၍ ပြေးပါ၏။

ဖြစ်နိုင်ချေ အဓိပ္ပါယ်များမှာ ( ၁) "ကျွန်ုပ်သည် တာရှုမြို့သို့ ထွက်ပြေးရန် ကြိုးစားခဲ့သည်" သို့မဟုတ် " ကျွန်ုပ်သည် လျင်မြန်စွာ တာရှုမြို့သို့ ထွက်ပြေးရန် ကြိုးစားခဲ့သည်" သို့မဟုတ် "ကျွန်ုပ်သည် တာရှုမြို့သို့ ထွက်ပြေးနိုင်ဖို့ရန် အတတ်နိုင်ဆုံး ကြိုးစားခဲ့သည်"

သနားစုံမက်တတ်သော ဘုရား

" အလွန် သစ္စာရှိသော" သို့မဟုတ် " လူသားအားလုံးကို အလွန်ချစ်သော ဘုရား" (UDB)

အပြစ်ဒဏ်ပေးမည့်အမှုကို နောင်တရတတ်သော သဘော

"ဘုရားသခင်က အပြစ်သားများအပေါ် ပြစ်ဒဏ်ပေးမည်ဆိုသော်လည်း ပြန်လည်ရုပ်သိမ်းခြင်းကို ဆိုလိုခြင်းဖြစ်သည်။" အခြားသော ဘာသာပြန်ဆိုချက်၊ "ဘုရားသခင်က အပြစ်သားများကို ပြစ်ဒဏ်မပေးဖို့ ဆုံးဖြတ်သည်။"

အကျွန်ုပ်အသက်ကို နှုတ်ယူတော်မူပါ။

ယောနက မိမိအသက် အဆုံးသတ်လိုကြောင်း ရှင်းလင်းစွာ ဖော်ပြထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကိုယ်တော်သည် နိနေဝေမြို့သားတို့ကို မဖျက်ဆီးတော့သဖြင့် ကျွန်ုပ်အသက်ကို ဖျက်ဆီးတော်မူပါ။"

အကျွန်ုပ်အသက်ရှင်ခြင်းထက် သေ ခြင်းသည် သာ၍ကောင်းပါသည်

"အကျွန်ုပ်အသက်ရှင်ခြင်းထက် သေ ခြင်းသည် သာ၍ ကောင်းသည်" သို့မဟုတ် " အကျွန်ုပ်သေချင်သည်။ အဘယ်ကြောင့်ဆိုသော် အကျွန်ုပ်အသက်မရှင်လိုတော့ပါ။"

## Jonah 04

သင်သည် အမျက်ထွက် ကောင်းသလော

ဘုရားသခင်သည် ထိုမေးခွန်းကို ယောနအား ပြစ်တင်ကြိမ်းမောင်းရန်သည့် စကားလုံး ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်၏ အမျက်ဒေါသ ထွက်ခြင်းသည် မကောင်းပါ။"

မြို့ပြင်သို့ထွက်၍
နိနေဝေမြို့ကို စွန့်ခွာသည်။

မြို့၌ အဘယ်သို့ဖြစ်မည်ကို
"မြို့ အဘယ်သို့ ဖြစ်ပျက်မည်" ယောနသည် ထိုမြို့ကို ဖျက်ဆီးမည်၊ မဖျက်ဆီးမည်ကို သိချင်သောကြောင့် ဖြစ်သည်။

Jonah 06

ယောန၏စိတ်ကို ပြေစေခြင်းငှါ သူ့ ခေါင်းပေါ်မှာ လွှမ်း၍ မိုးစေတော်မူ၏
"ယောန နေထိုင်ရာအထက်တွင် အရိပ်ဖြစ်စေသည်။"

စိတ်ကို ပြေစေခြင်းငှါ
နေလောင်ဒဏ်မှ ယောနကို ကာကွယ်ရန်။

ဘုရားသခင် ခန့်ထားတော်မူသော ပိုးကောင်
ဘုရားသခင်သည် ပိုးကောင်ကို စေလွှတ်သည်။

ကြက်ဆူပင်ကို ကိုက်၍
ပိုးကောင်သည် အပင်ကို ကိုက်သဖြင့်

ညှိုးနွမ်းစေ၏
အပင်သည် ခြောက်၍ ညှိုးနွမ်းလာသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အပင်သည် သေဆုံးသွားသည်။"

Jonah 08

ဘုရားသခင်သည် အလွန်ပူ သောအရှေ့လေကို ပြင်ဆင်တော်မူ၍
ဘုရားသခင်သည် အရှေ့လေကို တိုက်စေ၍ ယောနအား ပူလောင်စေသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဘုရားသခင်သည် အလွန်ပူတောက်သော အရာကို အရှေ့ဘက်မှ ယောနဆီသို့ စေလွှတ်သည်"

နေထိခိုက်သဖြင့်
နေသည် အလွန်ပူသဖြင့်

ယောန၏ခေါင်းကို
ယောနသည် အပူဒဏ်ကို ခေါင်းအားဖြင့်သာ ခံစားရသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ယောနထံသို့"

မော၍ သေချင်သောစိတ်ရှိ လျက်
"သူသည် အလွန်အားနည်းလာပြီး" သို့မဟုတ် "သူ၏ အားအင်ကုန်ခမ်းလာပြီး"

အသက်သေခြင်းသည် ရှင်ခြင်းထက် သာ၍ ကောင်းသည်
"ငါသည် အသက်ရှင်ရသည်ထက် သေချင်ပါသည်။" သို့မဟုတ် "ငါသည် အလွန်သေချင်သောကြောင့် အသက် မရှင်ချင်တော့ပါ။"

သင်သည် ကြက်ဆူပင် အတွက် အမျက်ထွက်ကောင်းသလော
ဘုရားသခင်သည် အပင်သေသဖြင့် စိတ်ဆိုးသော ယောနအား၊ မည်သည့်အတွက်ကြောင့် ထိုမြို့ရှိလူတို့ သေကြေရန် အလိုရှိကြောင်းကို သတိပေး၍ မေးခွန်းမေးခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အပင်သေသည့်အတွက် သင်စိတ်ဆိုးခြင်းသည် မကောင်းပါ။"

သင်သည် ကြက်ဆူပင် အတွက် အမျက်ထွက်ကောင်းသလော
အခြားသော ဘာသာပြန်ဆိုချက်၊ "ထိုအပင် သေခြင်းထက် နိနေဝေမြို့ရှိ လူတို့ သေဆုံးခြင်းကို သင်သည် စာနာသင့်သည်။"

အကျွန်ုပ်သည် အသက်သေသည်တိုင် အောင် အမျက်ထွက်ကောင်းပါသည်
ငါအမျက်ထွက်ခြင်းသည် ကောင်းသည်။ ငါသည် သေလောက်အောင် အမျက်ထွက်သည်။"

Jonah 10

ထာဝရဘုရားကလည်း
ထာဝရဘုရားသည် ယောနအား ပြောသည်။

ငါသည် ... နိနေဝေ မြို့ကြီးကို ငါနမြောသင့်သည်မဟုတ်လော
ဘုရားသခင်သည် နိနေဝေမြို့အပေါ် ကရုဏာသက်ကြောင်း ဤမေးခွန်းဖြင့် ဖော်ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါသည် နိနေဝေမြို့အတွက် ကရုဏာသက်သင့်ပါသည်။"

များစွာသော
အခြားသော ဘာသာပြန်ဆိုချက်၊ "အခြားများစွာ ရှိသေးသည်။" သို့မဟုတ် "၎င်းတွင် ထို့ထက်မက"

မသိ သော သူတသိန်းနှစ်သောင်းမက
လူ ၁၂၀၀၀၀။

ကိုယ်လက်ျာလက်နှင့် လက်ဝဲလက်ကိုမျှ ပိုင်းခြား၍ မသိ သော သူ
"သူတို့သည် ကောင်း၊ မကောင်း ဟူ၍ ပိုင်းခြားနိုင်သော ဉာဏ်မရှိသေးပါ။"

များစွာသော တိရစ္ဆာန်တို့
နိနေဝေမြို့သူမြို့သားများ နောင်တရခြင်းအတွက် ထာဝရဘုရား သိမှတ်ထားသောအရာ တစ်ခုမှာ တိရစ္ဆာန်တို့၏ ပါဝင်ပတ်သက်မှုသည် အရေးပါကြောင်းကို သက်သေပြသည်။


generated on Tue Jul 2 12:50:28 2024

# Translation Questions

Jonah 4:1

ယောနသည် အဘယ်ကြောင့် စိတ်ညစ်၍ အမျက်ထွက်သနည်း။
ထာဝရဘုရားသည် စိတ်တော်ကို ပြောင်းလဲပြီး နိနေဝေမြို့ကို အပြစ်ဒဏ် မပေးသဖြင့် ယောနသည် စိတ်ညစ် အမျက်ထွက်ခဲ့သည်။

ယောနသည် အဘယ်ကြောင့် တာရှုမြို့သို့ ထွက်ပြေးကြောင်း ပြောသနည်း။
ထာဝရဘုရားသည် သနားစုံမက်တတ်သောဘုရား ဖြစ်၍ စိတ်ရှည်သောသဘော၊ ကျေးဇူးပြုချင်သောသဘော၊ အပြစ်ဒဏ်ပေးမည့်အမှုကို နောင်တရတတ်သောသဘော ရှိတော်မူကြောင်း သူသိသဖြင့် တာရှုမြို့သို့ ထွက်ပြေးခဲ့ကြောင်း ပြောသည်။

ယောနသည် မိမိအား မည်သို့ပြုလုပ်ရန် ထာဝရဘုရားကို တောင်းလျှောက်ခဲ့သနည်း။
ယောနသည် မိမိ၏အသက်ကို နှုတ်ယူတော်မူပါဟု ထာဝရဘုရားကို တောင်းလျှောက်ခဲ့သည်။

Jonah 4:4

ထာဝရဘုရားသည် ယောနအား မည်သို့ မေးခဲ့သနည်း။
ထာဝရဘုရားသည် ယောနထံ အမျက်ထွက် ကောင်းသလောဟု မေးတော်မူ၏။

ယောနသည် အဘယ်ကြောင့် မြို့ပြင်သို့ ထွက်၍ ထိုင်နေသနည်း။
ယောနသည် နိနေဝေမြို့၌ မည်သို့ ဖြစ်မည်ကို သိမြင်လိုသဖြင့် မြို့ပြင်ထွက်၍ ထိုင်နေလေသည်။

Jonah 4:6

ယောန မြို့ပြင်ထွက်ထိုင်နေသောအခါ ထာဝရဘုရား မည်သို့ပြုလုပ်ခဲ့သနည်း။
ထာဝရဘုရားသည် ကြက်ဆူပင်ကို ပြင်ဆင်ပြီး အရိပ်ရစေရန် ယောန၏ ခေါင်းအပေါ် မိုးစေတော်မူ၏။ နောက်တစ်နေ့တွင် ကြက်ဆူပင် ညှိုးနွမ်းသွားအောင် ပိုးကောင်များဖြင့် ကိုက်စေ၏။ ထို့နောက် ပူပြင်းသော အရှေ့လေ တိုက်ခတ်စေရာ ယောနသည် မူးဝေပြီး သေချင်သော စိတ်ဖြစ်လေသည်။

Jonah 4:8

ထို့နောက် ထာဝရဘုရားသည် ယောနအား မည်သို့ မေးမြန်းခဲ့သနည်း။
ထာဝရဘုရားသည် ယောနထံ ကြက်ဆူပင်အတွက် အမျက်ထွက် ကောင်းသလောဟု မေးခဲ့သည်။

Jonah 4:10

ယောနသည် ကြက်ဆူပင်အတွက် မည်သို့ ခံစားရသနည်း။
ယောနသည် ကြက်ဆူပင်ကို နှမြောလေသည်။

ထာဝရဘုရာသည် မည်သည့်အရာကို နှမြောခဲ့သနည်း။
ထာဝရဘုရားသည် နိနေဝေမြို့သားများနှင့် တိရစ္ဆာန်တို့ကို နှမြောလေသည်။

# Micah

## Chapter 1

1 ယုဒရှင်ဘုရင်ယောသံမင်း၊ အာခတ်မင်း၊ ဟေဇ ကိမင်းတို့လက်ထက်၌ မောရုရှရွာသားမိက္ခာသည် ရှမာရိ မြို့နှင့်
ယေရုရှလင်မြို့အဘို့ ခံရသော ထာဝရဘုရား၏ ဗျာဒိတ်တော်ဟူမူကား၊ 2 အိုလူများအပေါင်းတို့၊ ကြားကြလော့။ အို ပြည် နှင့်
ပြည်သားအပေါင်းတို့၊ နားထောင်ကြလော့။ အရှင် ထာဝရဘုရားတည်းဟူသော သန့်ရှင်းသော ဗိမာန်တော် ထဲက ဘုရားရှင်သည်
သင်တို့ တဘက်၌ သက်သေ ခံတော်မူမည်။ 3 ထာဝရဘုရားသည် ကျိန်းဝပ်တော်မူရာ အရပ် ဌာနတော်ထဲက ထွက်ကြွဆင်းသက်၍၊
မြင့်သော မြေ အရပ်တို့ကို နင်းတော်မူမည်။ 4 မီးရှေ့မှာ ဘယောင်းကဲ့သို့၎င်း၊ ချောက်ကြီးမှ ဆင်းသော ရေကဲ့သို့၎င်း ရှေ့တော်၌
တောင်တို့သည် အရည်ဖြစ်၍၊ ချိုင့်တို့သည်လည်း အက်ကွဲကြလိမ့်မည်။ 5 ထိုအမှုသည် ယာကုပ်လွန်ကျူး၍ ဣသရေလ အမျိုး
ပြစ်မှားသောကြောင့် ရောက်သတည်း။ ယာကုပ် လွန်ကျူးရာကား အဘယ်သို့နည်း။ ရှမာရိမြို့မဟုတ် လော။ ယုဒ၏မြင့်ရာအရပ်ကား
အဘယ်မှာရှိသနည်း။ ယေရုရှလင်မြို့၌ရှိသည်မဟုတ်လော။ 6 ထိုကြောင့်၊ ရှမာရိမြို့ကို လယ်ပြင်၌ မြေပုံကဲ့သို့၎င်း၊ စပျစ်ဥယျာဉ်
စိုက်ရာအရပ်ကဲ့သို့၎င်း ငါဖြစ်စေ မည်။ မြို့ရိုးကျောက်တို့ကို ချိုင့်ထဲသို့ သွန်ပစ်၍၊ မြို့ရိုး အမြစ်ကို လှန်ပြမည်။ 7 ခပ်သိမ်းသော
ရုပ်တုဆင်းတုတို့ကို ချိုးဖဲ့မည်။ သူငှါးလုပ်၍ ရသမျှသောအခတို့ကို မီးရှို့မည်။ မှားသော ဘုရားရှိသမျှတို့ကို သုတ်သင်ပယ်ရှင်းမည်။
ပြည်တန်ဆာ လုပ်၍ ဥစ္စာကို ဆည်းဖူးသည်ဖြစ်၍၊ ထိုဥစ္စာသည် ပြည် တန်ဆာလက်သို့ တဖန်ရောက်ရဦးမည်။ 8 ထိုအမှုကြောင့်
ငါသည် ငိုကြွေးမြည်တမ်းမည်။ အဝတ်ကိုချွတ်၍ အချည်းစည်း လည်သွားမည်။ မြေခွေး ကဲ့သို့ အူလျက်၊ ကုလားအုပ်ငှက်ကဲ့သို့
မြည်လျက်နေမည်။ 9 သူခံရသော ဒဏ်နာမပျောက်နိုင်။ ယုဒပြည် အောင် ကူးသဖြင့်၊ ငါ၏အမျိုးသားနေရာ ယေရုရှလင်မြို့ တံခါးသို့
ရောက်လေပြီ။ 10 ဂါသမြို့၌ သိတင်းမပြောကြနှင့်။ အလျှင်းမငို ကြွေးကြနှင့်။ ဗေသောဖရာမြို့မှာ မြေမှုန့်၌ လူးလဲလျက်
နေကြလော့။ 11 အိုရှဖိရမြို့သမီး၊ အဝတ်ကို ချွတ်၍ အရှက်ကွဲ လျက် သွားလော့။ ဇာနန်မြို့သမီးသည် ငိုကြွေးခြင်းကို
ပြုလျက်မထွက်ရ။ ဗေသဇေလမြို့သည် သင်တို့တည်းခို ရသော အခွင့်ကို မပေးရ။ 12 မာရုတ်မြို့သမီးသည်လည်း ကောင်းသောအရာ
ကို တောင့်တ၍ နာကျင်လျက်ရှိ၏။ အကြောင်းမူကား၊ ထာဝရဘုရားထံတော်မှ ဘေးဒဏ်သည် ယေရုရှလင်မြို့ တံခါးသို့
ရောက်လေပြီ။ 13 အိုလာခိရှမြို့သမီး၊ လျင်မြန်သော မြင်းကို ရထား၌ကလော့။ သင်သည် ဣသရေလ၏ လွန်ကျူးခြင်း ကို လက်ခံ၍၊
ဇိအုန်သတို့သမီးအား အပြစ်လမ်းကို ပြသ တည်း။ 14 ထိုကြောင့် သင်သည် ဂါသပြည် မောရုရှက်မြို့ သို့ လက်ဆောင်ကို
ပေးလိုက်ရမည်။ အာခဇိပ်မြို့သားတို့ သည် ဣသရေလရှင်ဘုရင်တို့ကို လှည့်စားကြလိမ့်မည်။ 15 အိုမရေရှမြို့သမီး၊ သင်၏ဥစ္စာကို
အမွေခံသော သူကို ငါခေါ်ခဲ့မည်။ သူသည် ဣသရေလဘုန်း၊ အဒုလံ မြို့သို့ ရောက်လိမ့်မည်။ 16 ချစ်ဘွယ်သော
သင်၏သားသမီးတို့သည် သိမ်း သွားခြင်းကို ခံရသောကြောင့်၊ သူတို့အတွက် သင်သည် ခေါင်းပြောင်အောင် ဆံပင်ကို ရိတ်၍နေလော့။
ရွှေ လင်းတကဲ့သို့ ကျယ်စွာသော ခေါင်းပြောင်ခြင်းကို ပြုလော့။

---

Micah 01

ထာဝရဘုရားဗျာဒိတ်တော်ဟူမူကား
ဘုရားသခင်မိန့်တော်မူသည်ကား

ထာဝရဘုရား
ဤနာမသည် ဓမ္မဟောင်းခေတ်တွင် လူတို့အား ဖော်ပြသော
ဘုရားသခင်၏ နာမတော်ဖြစ်သည်။

မောရုရှရွာသား
ယုဒပြည်ရှိ မောရုရှမြို့သား တစ်ဦးဖြစ်ကြောင်း

ယုဒရှင်ဘုရင်ယောသံမင်း၊ အာခတ်မင်း၊ ဟေဇ ကိမင်းတို့လက်ထက်၌
ယုဒဘုရင်ယောသံ၊အာခတ်၊ဟေဇကိ တို့အုပ်ချုပ်သောအချိန်မှာ

ခံရသော ထာဝရဘုရား၏ ဗျာဒိတ်တော်ဟူမူကား၊
အခြားသော ဘာသာပြန်ဆိုချက်၊ "ဘုရားသခင်ထံမှ
ရှမာရိနှင့်ယေရုရှလင်များရှိ လူများအတွက် ရူပါရုံရရှိသည်မှာ"

Micah 02

ယေဘုယျအချက်အလက်
မိက္ခာ ၁:၂-၇ တွင် ရှမာရိတို့အပေါ် ဘုရားသခင်၏ အပြစ်
စီရင်ခြင်း အကြောင်းကို ဖော်ပြသည်။

အိုလူများအပေါင်းတို့၊ ကြားကြလော့။ အို ပြည် နှင့် ပြည်သားအပေါင်းတို့၊
နားထောင်ကြလော့။
မိက္ခာ၏ ပရောဖက်ပြုခြင်းကို အစပြုခြင်းဖြစ်၏။
ဤဝါကျနှစ်ခု၏ ဆိုလိုရင်းမှာ အတူတူပင်ဖြစ်၍၊
လူတိုင်းအလေးအနက်ထားကာ နားထောင်ကြဘို့ပင်ဖြစ်သည်။
မိက္ခာသည် သူ၏ စကားကို လူသားတို့ နားထောင်နေကြောင်း
သဘောထားသည် (ရှု၊ and )


generated on Tue Jul 2 12:50:28 2024

ထာဝရဘုရားသည် ကျိန်းဝပ်တော်မူရာ အရပ် ဌာနတော်ထဲက ထွက်ကြွဆင်းသက်၍၊ မြင့်သော မြေ အရပ်တို့ကို နင်းတော်မူမည်။
အခြားသော ဘာသာပြန်ဆိုချက်၊ "ကိုယ်တော်သည် မြင့်သောနေရာများအား ဖျက်ဆီးတော်မူ၍၊ မိမိခြေတော်ဖြင့်နင်းချေလိမ့်မည်"

မီးရှေ့မှာ ဘယောင်းကဲ့သို့၎င်း၊ ချောက်ကြီးမှ ဆင်းသော ရေကဲ့သို့၎င်း ရှေ့တော်၌ တောင်တို့သည် အရည်ဖြစ်၍၊ ချိုင့်တို့သည်လည်း အက်ကွဲကြလိမ့်မည်။
မည်သည့်အရာကိုမျှ မတတ်စွမ်းနိုင်အောင် ဘုရားသခင်သည် ရုပ်တုဆင်းတုများ ဖျက်ဆီးပစ်လိမ့်မည်။

Micah 05

ထိုအမှုသည် ယာကုပ်လွှန်ကျူး၍ ဣသရေလ အမျိုး ပြစ်မှားသောကြောင့် ရောက်သတည်း။
ဤစကားစုသည် အခြေခံအားဖြင့် အတူတူပင်ဖြစ်ပြီး၊ မြောက်ပိုင်းနှင့်တောင်ပိုင်း နိုင်ငံတို့၏ အပြစ်များအတွက် ဘုရားသခင်၏ လုပ်ဆောင်တော်ချက်များအား အလေးပေးထားသည်။

ထိုအမှုသည်
ဘုရားသခင်သည် လာ၍ တရားစီရင် လိမ့်မည်။

ယာကုပ် လွှန်ကျူးရာကား အဘယ်သို့နည်း။ ရှမာရိမြို့မဟုတ် လော။
ဤတွင် "ယာကုပ်" ဟူသည် မြောက်ပိုင်းနိုင်ငံတော်ကို ရည်ညွှန်းသည်။ ရှမာရိလူမျိုးများေြကာင့် ဣသရေလနိုင်ငံအပေါ် ဘုရားသခင်က လာ၍တရားစီရင်မည့်အကြောင်းကို အလေးပေးထား၏။

ယုဒ၏မြင့်ရာအရပ်ကား အဘယ်မှာရှိသနည်း။ ယေရုရှလင်မြို့၌ရှိသည်မဟုတ်လော။
မိက္ခာက မေးခွန်းများအသုံးပြု၍၊ ဘုရားသခင်သည် ယေရုရှလင်လူများကြောင့် ယုဒနိုင်ငံတော်ကြီးကို လာပြီး တရားစီရင်မည့် အကြောင်း အလေးအနက်ထားဖော်ပြသည်။

Micah 06

ငါဖြစ်စေ မည်။
ဤတွင် "ငါ"သည် ထာဝရဘုရားသခင်ကို ရည်ညွှန်းသည်။

ခပ်သိမ်းသော ရုပ်တုဆင်းတုတို့ကို ချိုးဖဲ့မည်။ သူငှါးလုပ်၍ ရသမျှသောအခတို့ကို မီးရှို့မည်။
ငါသည် တစစီ ခြေဖျက်ပြီး၊ မီးရှို့ပစ်မည်။

မြို့ရိုးကျောက်တို့ကို ချိုင့်ထဲသို့ သွန်ပစ်၍၊
"သူမ"သည် ရှမာရိမြို့ကို ဆိုလိုသည်။

ပြည့်တန်ဆာ လုပ်၍ ဥစ္စာကို ဆည်းဖူးသည်ဖြစ်၍၊ ထိုဥစ္စာသည် ပြည့်တန်ဆာလက်သို့ တဖန်ရောက်ရဦးမည်။
ရုပ်တုဆင်းတုကို ကိုးကွယ်ဝတ်ပြုခြင်း၌ ပြည့်တန်ဆာနှင့်အတူအိပ်ခြင်း ပါဝင်သည်။

Micah 08

ယေဘုယျအချက်အလက်
မိက္ခာ ၁:၈-၁၆ သည် ဘုရားသခင်၏ ယုဒအပေါ်တရားစီရင်မည့်အကြောင်းဖြစ်သည်။

ငါသည် ငိုကြွေးမြည်တမ်းမည်။
ဤတွင် "ငါ"သည် မိက္ခာကို ရည်ညွှန်းသည်။

အဝတ်ကိုချွတ်၍ အချည်းစည်း လည်သွားမည်။
၎င်းသည်တဖက်စွန်း ငိုကြွေးမြည်တမ်းခြင်းနှင့်အဝတ်အစား တို့၏ လက္ခဏာဖြစ်သည်။

အဝတ်အချည်းစည်း
အများအားဖြင့် မိက္ခာသည် အဝတ်ဗလာနေေြခင်းမဟုတ်။ လန်ကွတ်တီ (ပေါင်ရင်းနားထိသာ) ဝတ်ဆင်ခြင်းဖြစ်နိုင်သည်။

မြေခွေး ကဲ့သို့ အူလျက်၊ ကုလားအုပ်ငှက်ကဲ့သို့ မြည်လျက်နေမည်။
ဤတိရိစ္ဆာန်များသည် အသံကျယ်လောင်ခြင်းနှင့်ကြမ်းတမ်းသော မြည်တမ်းငိုကြွေးတတ်သည်ဟု သိကြသည်။ သူတို့သည်လူသူမရောက်သောနေရာများ၌ တွေ့ရတတ်သည်။ အ ြခါးေသာ ြပန်ဆိုချက်အရ "သင်တို့သည် တိရစ္ဆာန်ကဲ့သို့ ြမည်တမ်း၍ ငိုေြကွးရလိမ့်မည်။"

သူ့ခံရသော ဒဏ်နာမပျောက်နိုင်။
ဤတွင် "သူ"သည် ရှမာရိမြို့ကို ရည်ညွှန်းသည်။ ဣသရေလများအတွက် ရန်သူသည် မရပ်နားနိုင်အောင် စဉ်ဆက်မပြတ်ရှိမည်ဟုဆိုလိုသည်။

ယုဒပြည် အောင် ကူးသဖြင့်၊
"ဒဏ်ရာ"ကို ဆိုလိုခြင်းဖြစ်၍၊ ရှမာရိပေါ် ဘုရားသခင်၏ ဒဏ်ခတ်ခြင်းကို ရည်ညွှန်းသည်။

မြို့ တံခါးသို့ ရောက်လေပြီ။
မြို့၏အမည်မှာ "ဖုန်မှုန့်နှင့် ပြည့်သောမြို့" ဟု ဆိုလိုသည်။

မြေမှုန့်၌ လူးလဲလျက် နေကြလော့။
ဘုရားသခင်၏ တရားစီရင်ခြင်း အောက်၌ လူများ၏ ပူဆွေးသောကကို ဖော်ညွှန်းသည်။

Micah 11

ယေဘုယျအချက်အလက်
မြို့ရွာများ၏ နာမည်အဓိပ္ပါယ်များကို စာမျက်နှာအောက်ခြေတွင် ရှင်းလင်းချက်များ ကြည့်ရှုနိုင်သည်။

ရှာဖိရမြို့သမီး
ဤမြို့၏ အဓိပ္ပါယ်တခုမှာ "လှပသော" ဟူ၍ ဖြစ်၏။

 generated on Tue Jul 2 12:50:28 2024

အဝတ်ကို ချွတ်၍အရှက်ကွဲ လျက် သွားလော့။
ရန်သူတပ်များသည် သူ့ သုံ့ပန်းများအား အဝတ်မပါဘဲ မကြာခဏ လမ်းလျှောက်ခိုင်းလေ့ရှိသည်။ အရှက်ရစေရန် အနိုင်ကျင့်လေ့ရှိ၏။

ဇာနန်မြို့သမီး
ဤမြို့၏ အနက်မှာ "ထွက်သွား" ဖြစ်ပြီး၊ သူတို့သည် ထွက်ခွါသွားမည်ကို အလွန်ကြောက်ရွံ့ကြသည်။

ဗေသဇေလမြို့
ဤမြို့၏ အဓိပ္ပါယ်မှာ "နှုတ်ပယ်ခြင်း အိမ်" ဟူ၏။

သင်တို့တည်းခို ရသော အခွင့်ကို မပေးရ။
သူတို့ ကာကွယ်စောင့်ရှောက်ခြင်းများ ငါအားလုံးနုတ်ပယ်ပြီ။

မာရုတ်မြို့
၎င်းမြို့၏ အဓိပ္ပါယ်မှာ "ခါးသီးခြင်း" ဟူ၏။

အကြောင်းမူကား၊ ထာဝရဘုရားထံတော်မှ ဘေးဒဏ်သည် ယေရုရှလင်မြို့ တံခါးသို့ ရောက်လေပြီ။
"ဘေးဒဏ်" သည် ပြန်ဖြစ်လာမည့် မိက္ခာ၏ အရေးကြီးသော စကားလုံးဖြစ်သည်။

Micah 13

လာခိရှမြို့သမီး
ရန်သူတပ်များသည် မိမိအကျဉ်းသားများအား အဝတ်အချည်းစည်းဖြင့် လျှောက်ခိုင်းလေ့ရှိသည်။ အရှက်ကွဲစေခြင်း၊ အနိုင်ကျင့်ခြင်းများ ပြုလေ့ရှိ၏။

ဇိအုန်သတို့သမီး
"သတို့သမီး" မှာ ဇိအုန်မြို့သူမြို့သားများကို ပုံဆောင်သည်။ ဇိအုန်မြို့သူ/သားများ သို့မဟုတ် ဇိအုန်မြို့မှာနေထိုင်သောသူများ ဟုလည်း ဘာသာပြန်ထားသည်။

သင်သည် ဣသရေလ၏ လွန်ကျူးခြင်း ကို လက်ခံ၍၊
အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် ဣသရေလများကဲ့သို့ မနာခံမှု အတွက်"

ဂါသပြည် မောရှက်မြို့
'မောရှက်' ၏ အဓိပ္ပါယ်မှာ "စွန့်ခွါရန်" ဖြစ်ပြီး၊ လက်ထပ်ရန် စေ့စပ်ထားသော မိန်းမနှင့် ခိုင်းနှိုင်းထားသည်။

အာခဇိပ်မြို့
ဤမြို့၏ အနက်မှာ ဟေဗြဲဘာသာအားဖြင့် "လိမ်လည်လှည့်ဖြားသော အရာ" ဟူ၏။

Micah 15

ငါခေါ်ခဲ့မည်။
ဤတွင် "ငါ" သည် ထာဝရဘုရားအား ရည်ညွှန်းသည်။

မရေရှမြို့
ဤမြို့သည် "အောင်နိုင်သူ"ဟု အဓိပ္ပါယ်ရှိပြီး၊ ဣသရေလတို့၏ ခါနန် ကို သိမ်းပိုက်ရာ၌ ဤစကားလုံးကို သုံးကာ၊ ယခုတွင်မူ ဣသရေလများ အတိုက်ခိုက် အသိမ်းပိုက်ခံရမည့်အကြောင်း ဖေါ်ပြရာ၌ ဤစကားလုံးကို သုံးသည်။

အဒုလံ မြို့
ဤမြို့သည် ဖိလ္လိမ်များ၏ ဘုရင်မင်းမြတ်နှင့် ဆိုင်သောမြို့ဖြစ်သည်။

သင်သည် ခေါင်းပြောင်အောင် ဆံပင်ကို ရိတ်၍ နေလော့။
လူတစ်ဦး၏ ခေါင်းရိတ်ခြင်းဟူသည် ဣသရေလများ၏ မြည်တမ်းခြင်းကို ပုံဆောင်သည်။

---

## Translation Questions

Micah 1:1

မိက္ခာထံသို့ထာဝရဘုရား၏စကားတော်လာသောအချိန်တွင် ယုဒဘုရင်များက မည်သူများနည်း?
ယောသံမင်း၊ အာခတ်မင်းနှင့် ဟေဇကိမင်းတို့လက်ထက်တွင် မိက္ခာထံသို့ ထာဝရဘုရား၏ဗျာဒိတ်တော်ရောက်လာသည်။

Micah 1:2

ထာဝရဘုရားသည်မည်သည့်အရပ်မှဆင်းကြွတော်မူ၍ နင်းချေတော်မူမည်နည်း?
ထာဝရဘုရားသည်ကျိန်းဝပ်တော်မူရာအရပ်ဌါနမှ ထွက်ကြွ၍ မြေကြီးပေါ်သို့ ဆင်းကြွတော်မူမည်။

Micah 1:5

အဘယ်ကြောင့်ထာဝရဘုရားသည် တရားစီရင်မည်နည်း?
ယာကုပ်၏ငြင်းဆန်ခြင်းအမှုနှင့် ဣသရေလအမျိုး၏အပြစ်များကြောင့် ထာဝရဘုရာတရားစီရင်မည်ဖြစ်သည်။

Micah 1:6

ရှမာရိမြို့သည် ထွင်းရုပ်များ၊ လက်ဆောင်များနှင့် ရုပ်တုဆင်းတုများကို မည်ကဲ့သို့ စုဆောင်းခဲ့သနည်း?
ရှမာရိမြို့သည် ထွင်းရုပ်များ၊ လက်ဆောင်များနှင့် ရုပ်တုဆင်းတုများကို ပြည့်တန်ဆာလုပ်၍ ဆည်းဖူးခဲ့ပါသည်။

Micah 1:8

ဣသရေလနှင့်ယာကုပ်၏အပြစ်အတွက် မိက္ခာသည်သူ၏ပူဆွေးမှုကိုမည်ကဲ့သို့ပြသသနည်း?
ထိုအမှုကြောင့်မိက္ခာသည် အဝတ်ချည်းစည်းသွား၍ ငိုကြွေးမည်တမ်းသည်။

Micah 1:11

အဘယ်ကြောင့် ဇေသဇေလ ငိုကြွေးခဲ့သနည်း?
သူတို့၏ကာကွယ်ခြင်းမရှိတော့သောကြောင့် ဇေသဇေလ ငိုကြွေးသည်။

Micah 1:13

ဇိအုန်သတို့သမီးအတွက်မည့်မြို့သည် အပြစ်ကိုစတင်ခဲ့သနည်း?
လာခိရှမြို့သည် ဇိအုန်သတို့သမီးအတွက် အပြစ်ကိုစတင်လက်ခံခဲ့ပါသည်။

Micah 1:15

အဘယ်ကြောင့်ဣသရေလသည် ခေါင်းပြောင်သည်အထိဆံပင်ရိတ်ရကြသနည်း?
သူတို့၏သားသမီးများသည် သိမ်းသွားခြင်းကိုခံရသောကြောင့် ခေါင်းပြောင်အောင် ဆံပင်ရိတ်ရကြသည်။

## Chapter 2

1 ဒုစရိုက်ကို ပြုခြင်းငှါ အိပ်ရာပေါ်မှာ မကောင်း သော အကြံကိုကြံ၍၊ မိုဃ်းလင်းသောအခါ အခွင့်ရသည် အတိုင်း ပြုတတ်သော
သူတို့သည် အမင်္ဂလာရှိကြ၏။ 2 သူတပါး၏အိမ်နှင့် လယ်ယာတို့ကို တပ်မက်၍ အနိုင်အထက်သိမ်းယူလျက်၊ လူနှင့်သူ၏အိမ်ကိုငင်း၊
လူကြီးနှင့်သူ၏အမွေဥစ္စာကိုငင်း လုယက်၍ ညှဉ်းဆဲ တတ်ကြ၏။ 3 သို့ဖြစ်၍ ထာဝရဘုရား မိန့်တော်မူသည်ကား၊
သင်တို့လည်ပင်းမလွတ်၊ ခေါင်းမကြွနိုင်သော ဘေးဒဏ် ကို ထိုသို့သော အိမ်ထောင်တဘက်၌ ငါကြံစည်၏။
ဆိုးသောကာလဖြစ်လိမ့်မည်။ 4 ထိုကာလတွင် သင်တို့ တဘက်၌ ပုံစကားကို သုံး၍၊ အလွန်ပြင်းစွာ မြည်တမ်းရသော စကားဟူမူကား၊
ငါတို့သည် ရှင်းရှင်းပျက်စီးကြပြီ။ ငါ့အမျိုးသား ခံစားရ သော အဘို့ကိုလဲ၍ ငါ့လက်မှ ရုပ်တော်မူပြီတကား။ ငါတို့ လယ်ကွက်များကို
ရုပ်သိမ်း၍၊ သူတပါးတို့အား ဝေဖန် တော်မူပြီ။ 5 ထိုကြောင့်၊ ထာဝရဘုရား၏ပရိသတ်တော်တွင်၊ သင်တို့ ခံစားရသောအဘို့ကို
ကြိုးတန်းနှင့် တိုင်းထွာသောသူ မရှိရ။ 6 ပရောဖက်ပြုသော သူတို့၊ ပရောဖက်မပြုကြ နှင့်။ သူတို့သည် ရှက်ကြောက်မည်အကြောင်း
ပရောဖက် မပြုရကြ။ 7 ထာဝရဘုရား၏ဝိညာဉ်တော်သည် ဆီးတား ခြင်းကို ခံရသလော။ ဤအမှုတို့ကို ပြုတော်မူသလောဟု
ဣသရေလအမျိုးသားမေးလျှင်၊ ဖြောင့်မတ်စွာ ကျင့်သော သူသည် ငါ့စကားအားဖြင့် အကျိုးကို ရသည်မဟုတ် လော။ 8
ရှေးကာလ၌ပင် ငါ၏လူတို့သည် ရန်ဘက်ပြု၍ ထကြ၏။ စစ်တိုက်ရာမှ ပြန်၍ ဘေးကိုမကြောက်ဘဲ၊ ရှောက်သွားသောသူတို့၏
ပြင်အဝတ်နှင့် အတွင်းအဝတ် ကို လုယူတတ်ကြ၏။ 9 ငါ့လူတို့၏မယားများကို သူတို့သာယာသော နေရာထဲက နှင်ထုတ်၍၊
သူတို့သားများမှ ငါ၏ဘုန်းကို အစဉ်နှုတ်ယူ ကြပြီ။ 10 ထ၍ သွားကြလော့။ ဤပြည်သည် သင်တို့ငြိမ် ဝပ်ရာအရပ်မဟုတ်။
ဤအရပ်သည် ညစ်ညူးသော ကြောင့်ကြီးစွာသော ပျက်စီးခြင်းနှင့် ပျက်စီးရလိမ့်မည်။ 11 ကိုယ်အလိုသို့ လိုက်၍ မုသားစကားကို သုံး
သော သူက၊ ငါသည် ပရောဖက်ပြု၍ စပျစ်ရည်တရား နှင့် သေရည်သေရက်တရားကို ဟောပြောမည်ဟုဆိုလျှင်၊ ထိုသူသည်
ဤလူတို့၏ပရောဖက်ဖြစ်ရလိမ့်မည်။ 12 အိုယာကုပ်၊ ငါသည် သင်၏အမျိုးသားအပေါင်း တို့ကိုငင်း၊ ကျန်ကြွင်းသော
ဣသရေလအမျိုးသား အပေါင်းတို့ကိုငင်း ဆက်ဆက်စုဝေးစေမည်။ သိုးခြံ၌ သိုး များကဲ့သို့ငင်း၊ ကျက်စားရာအရပ်ထဲမှာ
သိုးစုကဲ့သို့ငင်း သူတို့ကို ငါစု၍ ထားမည်။ လူများသောကြောင့် အသံကြီး လိမ့်မည်။ 13 အနိုင်အထက်ဖွင့်သောသူသည် သူတို့ရှေ့မှာ
သွား၏။ သူတို့သည်လည်း အနိုင်အထက် ဖွင့်၍ တံခါးဝ ဖြင့် ရှောက်သွားကြ၏။ သူတို့ ရှင်ဘုရင်သည် သူတို့ရှေ့ မှာသွား၍
ထာဝရဘုရားသည် လမ်းပြတော်မူ၏။

---

---

Micah 01

ယေဘုယျအချက်အလက်
မိက္ခာ ၂:၁-၁၁ သည် ဣသရေလများ
စီရင်ခြင်းခံရမည့်အကြောင်းရင်းမှာ သူတို့သည် ဆင်းရဲသားတို့ကို
ခေါင်းပုံဖြတ်၍ ဘုရားသခင်၏ ပညတ်တော်များ
မလိုက်လျှောက်ခြင်းများကို အာဓိကထားသည်။

Micah 03

အိမ်ထောင်
အိမ်ထောင်သည် မျိုးနွယ်စုကို ဆိုလိုခြင်း ဖြစ်ပြီး
ဣသရေလများ၏ လူ့အဖွဲ့အစည်းကို ရည်ညွှန်းသည်။
ချမ်းသာကြွယ်ဝသော သူများက ဆင်းရဲသားများအပေါ်
ဖိနှိပ်ချုပ်ချယ်ကြသည်။

သင်တို့လည်ပင်းမလွတ်၊
ဘေးဒဏ်ဟူသည် လည်ပင်း၌ တပ်ထားသော
ထမ်းပိုးနှင့်တူသည်။

အလွန်ပြင်းစွာ မြည်တမ်းရသော စကားဟူမူကား၊
"သူတို့သည် ကျယ်လောင်စွာ ငိုကြွေးကြလိမ့်မည်။"

ငါ့လက်မှ ရုပ်တော်မူပြီတကား။
ဘုရားသခင်သည် ဣသရေလများ၏
ဆင်းရဲများထံမှယူဆောင်သော လယ်မြေများကို ပြန်လည်
ရုပ်သိမ်းမည်။

ထိုကြောင့်၊ ထာဝရဘုရား၏ပရိသတ်တော်တွင်၊ သင်တို့ ခံစားရသောအဘို့ကို
ကြိုးတန်းနှင့် တိုင်းထွာသောသူ မရှိရ။
ဆင်းရဲသားများထံမှ ယူဆောင်သော လယ်မြေများကို
သူတို့လည်း အမွေအဖြစ် မခံစားရပေ။

Micah 06

ယေဘုယျအချက်အလေက်
မိက္ခာ ၂:၆-၁၁၊ ပရောဖက်များ မှန်ကန်စွာ မဟောပြောကြပေ။
ချမ်းသာသောသူတို့သည် မိက္ခာအား မတော် မတရားပြုကြသည်။

သူတို့သည်
"ဣသရေလလူများ ပြောကြားသည်မှာ"

သူတို့သည် ရှက်ကြောက်မည်အကြောင်း ပရောဖက် မပြုရကြ။
"ပရောဖက်များသည် ပရောဖက် မပြုကြရပေ"။


generated on Tue Jul 2 12:50:28 2024

ထာဝရဘုရား၏ဝိညာဉ်တော်သည် ဆီးတား ခြင်းကို ခံရသလော။
ဖြောင့်မတ်စွာ ကျင့်သော သူသည် ငါ့စကားအားဖြင့် အကျိုးကို ရသည်မဟုတ်လော။
သူတို့သည် ဘုရားသခင် ပြစ်ဒဏ်ပေးမည်ကို နားမလည်၊ မယုံကြည် ကြပေ။

ဖြောင့်မတ်စွာ ကျင့်သော သူသည် ငါ့စကားအားဖြင့် အကျိုးကို ရသည်မဟုတ်လော။
မိက္ခာသည် မိမိလူများကို မေးခွန်းများ သုံး၍ သွန်သင်သည်။

ငါ၏လူတို့
ဤတွင် "ငါ၏" သည် ထာဝရဘုရားအား ရည်ညွှန်းသည်။

ရှောက်သွားသောသူတို့၏ ပြင်အဝတ်နှင့် အတွင်းအဝတ် ကို လုယူတတ်ကြ၏။
ဖြစ်နိုင်ခြေရှိ အဓိပ္ပါယ်မှာ

Micah 09

ယေဘုယျအချက်အလက်
ထာဝရဘုရားသည် ကောက်ကျစ်သော ဣသရေလများအား ဆက်လက်ပြီး စကားပြောတော်မူသည်။

သူတို့သားများမှ ငါ၏ဘုန်းကို အစဉ်နှုတ်ယူ ကြပြီ။
ဘုရားသခင်သည် လူမျိုးတော်များအား ပေးတော်မူသည်မှာ- လယ်ယာမြေပိုင်ဆိုင်ခြင်း၊ အနာဂတ်အတွက်ကတိတော်၊ ကလေးသူငယ်များ၏ ဖခင်၊ နိုင်ငံအတွက်ကြိုးကြိုးစားစား အလုပ်လုပ်သော လယ်သမားများ ဖြစ်သည်။

ကြီးစွာသော ပျက်စီးခြင်းနှင့် ပျက်စီးရလိမ့်မည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် အကုန်အစင် ဖျက်ဆီးပစ်မည်"

ထိုသူသည် ဤလူတို့၏ပရောဖက်ဖြစ်ရလိမ့်မည်။
"သင်သည် သူ့အား ဆင်ခြင် ရလိမ့်မည်"

Micah 12

ယေဘုယျအချက်အလက်
ထာဝရဘုရားသည် ဆက်ပြီး စကားပြောနေ၏။ ဤအခန်း၏ အဆုံး၌ ဘုရားသခင်သည် သူ့လူမျိုးတော်ကို သိုးထိန်းကဲ့သို့ ကွယ်ကာတော်မူ လိမ့်မည်။

အနိုင်အထက်ဖွင့်သောသူသည် သူတို့ရှေ့မှာ သွား၏။ ... ထာဝရဘုရားသည် လမ်းပြတော်မူ၏။
ဘုရင်မင်း ဦးဆောင်မှုဖြင့် မြို့ထဲဝင်ကြသည်။

---

## Translation Questions

Micah 2:1

လူများသည် ဒုစရိုက်ကိုပြုခြင်းငှါ မကောင်းသောအကြံကို ဘယ်မှာ ကြံစည်သနည်း?
သူတို့သည်မကောင်းသောဒုစရိုက်ကိုအိပ်ယာပေါ်တွင်ကြံစည်ကြသည်။

Micah 2:3

အဘယ်ကြောင့်လယ်မြေများကို ပိုင်ဆိုင်သော သူဌေးများ၏လယ်ကွက်များကို ပြန်လည်ဆက်ခံမည့် မျိုးဆက်များ မရှိသနည်း?
ထာဝရဘုရားသခင်သည် သူတို့ပိုင်ဆိုင်သော လယ်မြေများကို ရုပ်သိမ်းတော်မူမည်။ ထို့ကြောင့် လယ်များပိုင်ဆိုင်သော သူဌေးများသည် ထိုမြေများကို အမွေမခံရပေ။

Micah 2:6

ဘုရားသခင်၏လူများသည် မည်သူများ၏ အဝတ်များကို လုယူတတ်ကြသနည်း?
သူတို့သည် အန္တရာယ်ကျရောက်မည်ကို မသိဘာသာသွားလာကြသောသူများ၏ ဝတ်လုံများကို လုယူတတ်ကြသည်။

Micah 2:9

အဘယ်ကြောင့် ထာဝရဘုရား၏လူများသည် ထိုပြည်ကို စွန့်ခွာ၍ ထွက်သွားသင့်ကြသနည်း?
ထိုပြည်သည် ဒုစရိုက်ပြစ်များဖြင့် မသန့်ရှင်းသောနေရာဖြစ်၍ သူတို့နေထိုင်ရန်မသင့်သောကြောင့် သူတို့သည် ထိုပြည်ကို စွန့်ခွာထွက်သွားကြသင့်သည်။

Micah 2:12

မည်သူသည် ကျန်ကြွင်းသော ဣသရေလအမျိုးသား အပေါင်းတို့ကို စုဝေးစေလိမ်မည်နည်း?
ထာဝရဘုရာသခင်သည် ကျန်ကြွင်းသော ဣသရေလအမျိုးသားအပေါင်းတို့ကို စုဝေးစေလိမ့်မည်။

---

## Chapter 3

[1] ငါဆိုသည်ကား၊ အိုယာကုပ်အမျိုးမင်း၊ ဣသ ရေလအမျိုးသူကြီးတို့၊ နားထောင်ကြပါလော့။ သင်တို့ သည် တရားသဖြင့်
စီရင်ခြင်းအမှုကို နားလည်အပ်သည် မဟုတ်လော။ [2] သုစရိုက်ကို မုန်း၍ ဒုစရိုက်ကို နှစ်သက်လျက်၊ သူတပါးအရေကိုဍင်း၊
အရိုး၌ကပ်သော အသားကိုဍင်း ဆွဲယူလျက်၊ [3] ငါ့လူတို့၏အသားကို စားလျက်၊ အရေကို ခွာ လျက်၊ အရိုးတို့ကို ချိုးလျက်၊ ဟင်းအိုး၌
ချက်သော သားတစ်၊ အိုးကင်း၌ပြုတ်သော အမဲသားကို ပြုသကဲ့သို့ အရိုးအသားကို စဉ်းလျက်နှင့်ပင်၊ [4] သင်တို့သည် ထာဝရဘုရားကို
အော်ဟစ်ကြ သော်လည်း နားထောင်တော်မမူ။ ဒုစရိုက်ကို ပြုကြသည် နှင့်အညီ၊ ထိုကာလ၌ မျက်နှာတော်ကို လွှဲတော်မူလိမ့် မည်။ [5]
ငါ၏လူတို့ကို မှားယွင်းစေလျက် ဝစွာ စားရ သောအခါ၊ ငြိမ်ဝပ်ခြင်းအကြောင်းရှိသည်ဟု ကြွေးကြော် လျက်၊
မလုပ်ကျွေးသောသူကိုကား၊ စစ်တိုက်ခြင်းငှါ ပြင် ဆင်လျက်၊ ပရောဖက်ပြုသောသူတို့၊ [6] သင်တို့သည် ရူပါရုံကို
မမြင်နိုင်မည်အကြောင်း၊ ညဉ့်အချိန်ရောက်လိမ့်မည်။ အနာဂတ်ကို မဟောနိုင် မည်အကြောင်း၊ မှောင်မိုက်ဖြစ်လိမ့်မည်။
ပရောဖက်တို့၌ နေဝင်လိမ့်မည်။ နေ့အချိန်၌ပင် မှောင်မိုက်ဖုံးလွှမ်းလိမ့် မည်။ [7] ထိုအခါ ပရောဖက်တို့သည် ရှက်ကြောက်ကြ လိမ့်မည်။
အနာဂတ်ကို ဟောသောသူတို့သည် စိတ်ပျက် ကြလိမ့်မည်။ ဘုရားသခင်ထူးတော်မမူသောကြောင့်၊ ထိုသူအပေါင်းတို့သည်
မိမိတို့နှုတ်ကို ဖုံးထားကြလိမ့်မည် ဟု ထာဝရဘုရားမိန့်တော်မူ၏။ [8] ငါမူကား၊ ယာကုပ်အမျိုး လွန်ကျူးခြင်း၊ ဣသ
ရေလအမျိုးပြစ်မှားခြင်းကို သူတို့အား ဘော်ပြနိုင်မည် အကြောင်း၊ ထာဝရဘုရား၏ ဝိညာဉ်တော်အားဖြင့် အရှိန်တန်ခိုး၊ ဥာဏ်သတ္တိ၊
အစွမ်းသတ္တိနှင့် ပြည့်စုံ၏။ [9] ဖြောင့်မတ်စွာ စီရင်ခြင်းကို ရွံရှာ၍ ခပ်သိမ်း သောတရားကို ဖျက်လျက်၊ [10] လူအသက်ကို
သတ်ခြင်းအမှုဖြင့် ဇိအုန်မြို့ကို ဍင်း၊ အဓမ္မအမှုဖြင့် ယေရုရှလင်မြို့ကိုဍင်း ပြုစုသော ယာကုပ်အမျိုးမင်း၊
ဣသရေလအမျိုးသူကြီးတို့၊ နား ထောင်ကြပါလော့။ [11] မင်းတို့သည် လက်ဆောင်ကို ရခြင်းငှါသာ တရားမှုကို စီရင်တတ်ကြ၏။
ယဇ်ပုရောဟိတ်တို့သည် အခကိုရခြင်းငှါသာ သင်ပေးတတ်ကြ၏။ ပရောဖက်တို့ သည် ငွေကို ရခြင်းငှါသာ အနာဂတ်ကို
ဟောတတ်ကြ၏။ သို့သော်လည်း၊ ထာဝရဘုရားကို ခိုလှုံလျက်၊ ထာဝရ ဘုရားသည် ငါတို့တွင် ရှိတော်မူသည်မဟုတ်လော၊ ဘေး
ဥပဒ်မရောက်နိုင်ဟု ဆိုတတ်ကြသည်တကား။ [12] ထိုကြောင့်၊ သင်တို့အတွက် ဇိအုန်တောင်သည် လယ်ကဲ့သို့ ထွန်ခြင်းကို ခံရလိမ့်မည်။
ယေရုရှလင်မြို့ သည်လည်း မြေပုံများဖြစ်လိမ့်မည်။ ဗိမာန်တော်တောင် သည်လည်း၊ တောတောင်ကဲ့သို့ ဖြစ်လိမ့်မည်။

---

Micah 01

ယေဘုယျအချက်အလက်
အခန်းကြီး ၃ သည် ဣသရေလခေါင်းဆောင်များ၏ အကျင့်စာရိတ္တ ယိုယွင်းပျက်စီးနေကြောင်းကို ဗဟိုပြုထားသည်။

ငါဆိုသည်ကား၊
"ငါ" သည် မိက္ခာကို ရည်ညွှန်းသည်။

သင်တို့ သည် တရားသဖြင့် စီရင်ခြင်းအမှုကို နားလည်အပ်သည် မဟုတ်လော။
မိက္ခာသည် မေးခွန်းကို သုံး၍ ခေါင်းဆောင်များအား ဆူပူရသည့်အကြောင်းကား သူတို့သည် မိမိတို့လူများကို မကာကွယ်ပေးသည့်အပြင် သူတို့အား မျှတစွာ ပြုမူဆက်ဆံခြင်း မပြုပေ။

ငါ့လူတို့၏အသားကို စားလျက်၊ အရေကို ခွာ လျက်၊ အရိုးတို့ကို ချိုးလျက်၊ ဟင်းအိုး၌ ချက်သော သားတစ်၊ အိုးကင်း၌ပြုတ်သော အမဲသားကို ပြုသကဲ့သို့ အရိုးအသားကို စဉ်းလျက်နှင့်ပင်
မိက္ခာသည် သားသတ်သမား၏ တိရိစ္ဆာန် အသားများ ဖြတ်ထုတ်သကဲ့သို့ သူတို့၏ မသမာ ရက်စက်ကြမ်းကြုတ်မှုများအပေါ် ဘုရားသခင်၏ အမျက်တော် ခိုင်းနှိုင်းထားသည်

Micah 04

ယေဘုယျအချက်အလက်
မိက္ခာသည် ဆက်လက်စကားပြောနေပါသည်။

ထာဝရဘုရားကို အော်ဟစ်ကြ
"ကယ်တင်ခြင်း (ကူညီမစခြင်း) အတွက် ထာဝရဘုရားအား အော်ဟစ်ကြလော့"

မျက်နှာတော်ကို လွှဲတော်မူလိမ့် မည်။
ဘုရားသည် သူတို့၏ ငိုကြွေးသံများ နားထောင်တော့မည်မဟုတ်ပေ။ သူတို့သည် ဆင်းရဲသားများ၏ ငိုကြွေးမှုများကို နားမထောင်ကြပေ။ ထိုကဲ့သို့ပင် ဘုရား၏ ပြုခြင်းကို ခံရလိမ့်မည်။

Micah 05

ယေဘုယျအချက်အလက်
မိက္ခာ ဟောပြောချက်များအား မှားယွင်းသော ပရောဖက်များက ဆန့်ကျင်ဘက်ပြုကြသည်။

ညဉ့်အချိန်ရောက်လိမ့်မည်။ အနာဂတ်ကို မဟောနိုင် မည်အကြောင်း၊ မှောင်မိုက်ဖြစ်လိမ့်မည်။
ဤမှားယွင်းသော ပရောဖက်များ အကြောင်းကို ၃:၆ ၌ ဖေါ်ပြထားသည်။ ပရောဖက်များသည် ဘုရားထံမှ


generated on Tue Jul 2 12:50:28 2024

သတင်းစကားများကို ရူပါရုံအားဖြင့်လည်းကောင်း အိပ်မက်များဖြင့်လည်းကောင်း လက်ခံရရှိသည်။

ပရောဖက်တို့သည် ရှက်ကြောက်ကြ လိမ့်မည်။ အနာဂတ်ကို ဟောသောသူတို့သည် စိတ်ပျက် ကြလိမ့်မည်။
"ပရောဖက်များသည် အရှက်ကွဲကြလိမ့်မည်၊ ငါသည်ထိုပရောဖက်များကို စိတ်ပျက်စေမည်။

ထိုသူအပေါင်းတို့သည် မိမိတို့နှုတ်ကို ဖုံးထားကြလိမ့်မည်
"သူတို့သည် စကားကို မပြောရတော့ပေ"

ဘုရားသခင်ထူးတော်မမူသောကြောင့်
ဘေးဒဏ်ခတ်ခြင်းအကြောင်း တစိတ်တပိုင်းကို ဘုရားသခင် မဖေါ်ပြဘဲ တိတ်ဆိတ်နေမည်။

Micah 08

ငါမူကား
"ငါ" သည် မိက္ခာကို ရည်ညွှန်း၍ မှန်သောပရာဖက်နှင့် မှားယွင်းသော ပရာဖက်များကို သီးခြားစီ ဖော်ပြသည်။

ထာဝရဘုရား၏ ဝိညာဉ်တော်အားဖြင့် အရှိန်တန်ခိုး၊ ဉာဏ်သတ္တိ၊ အစွမ်းသတ္တိနှင့် ပြည့်စုံ၏။
ဘုရားသခင်၏ ဝိညာဉ်တော်သည် မိက္ခာအား ရွေးကောက်ကာ တန်ခိုးအရှိန်အဝါ၊ တရားမျှတခြင်းနှင့်အစွမ်းသတ္တိကို ပေးသည်။

ယာကုပ်အမျိုး လွန်ကျူးခြင်း၊ ဣသ ရေလအမျိုးပြစ်မှားခြင်းကို သူတို့အား ဘော်ပြနိုင်မည် အကြောင်း
မြောက်ပိုင်းနှင့် တောင်ပိုင်း နိုင်ငံများ၏ ကျူးလွန်ခြင်းအပြစ်အကြောင်းကို အာရုံစိုက်သည်။

Micah 09

လူအသက်ကို သတ်ခြင်းအမှုဖြင့် ဇိအုန်မြို့ကို ၎င်း၊ အဓမ္မအမှုဖြင့် ယေရုရှလင်မြို့ကို၎င်း
ကြွယ်ဝချမ်းသာသော သူများက လုပသော အိမ်များကိုဆောက်ကြပြီး၊ ဆင်းရဲသားတို့အား မပြုစု မစောင့်ရှောက်ကြပေ။

သတ်ခြင်း
ဤတွင် "အသွေး" သည် လူသတ်သမားကို ရည်ညွှန်းသည်။ (ရှု၊ )

ထာဝရ ဘုရားသည် ငါတို့တွင် ရှိတော်မူသည်မဟုတ်လော၊ ဘေး ဥပဒ်မရောက်နိုင်ဟု ဆိုတတ်ကြသည်တကား။
ယုတ်မာသူ နှင့် ဘေးအန္တရာယ်သည် ဟေဗြဲစကားတွင် အတူတူပင် ဖြစ်သည်။

Micah 12

သင်တို့အတွက်
"သင်တို့" သည် ယဇ်ပုရောဟိတ်များ၊ ပရောဖက်များ၊ ခေါင်းဆောင်များကို ရည်ညွှန်းသည်။

ဇိအုန်တောင်သည် လယ်ကဲ့သို့ ထွန်ခြင်းကို ခံရလိမ့်မည်။ ယေရုရှလင်မြို့ သည်လည်း မြေပုံများဖြစ်လိမ့်မည်။ ဗိမာန်တော်တောင် သည်လည်း၊ တောတောင်ကဲ့သို့ ဖြစ်လိမ့်မည်။
မိက္ခာဆိုလိုသည်မှာ ယေရုရှလင်မြို့သည် လုံးဝဖျက်ဆီးခြင်းခံရမည့်အကြောင်း ဖြစ်သည်။

ဇိအုန်တောင်သည် လယ်ကဲ့သို့ ထွန်ခြင်းကို ခံရလိမ့်မည်။
ယေရုရှလင်သည် ဖျက်ဆီးခြင်း ခံပြီးနောက်၊ ထွန်ယက်ခြင်းအတွက် အသင့်ဖြစ်နိုင်သည်။

ဗိမာန်တော်တောင် သည်လည်း၊ တောတောင်ကဲ့သို့ ဖြစ်လိမ့်မည်
ဗိမာန်တော်သည် ခေါင်းဆောင်များ၏ စာရိတ္တပျက်ပြားမှုဖြင့် ဖျက်ဆီးခြင်း ခံရတော့မည်။

---

## Translation Questions

### Micah 3:1

မည်သူများသည် ထာဝရဘုရား၏ လူများ၏အသားကိုစားကြသနည်း?
ယာကုပ်၏အမျိုး၏ခေါင်းဆောင်များသည် ထာဝရဘုရား၏လူများ၏အသားကို စားကြသည်။

### Micah 3:4

အဘယ်ကြောင့် ထာဝရဘုရားသည် ယာကုပ်အမျိုးခေါင်းဆောင်များထံမှ မျက်နှာတော်လွှဲလိုက်သနည်း?
ယာကုပ်အမျိုးခေါင်းဆောင်များသည် ဒုစရိုက်အမှုကိုပြုသောကြောင့် ထာဝရဘုရားသည် သူတို့ထံမှ မျက်နှာတော်လွှဲလိုက်သည်။


generated on Tue Jul 2 12:50:28 2024

Micah 3:5

အဘယ်ကြောင့်ပရောဖတ်များသည် ရှုပါရုံ၊ အနာဂတ်ကို မဟောပြောဘဲနေကြမည်နည်း?

မှောင်မိုက်အတိဖုံးလွှမ်းထား၍ ပရောဖတ်များသည် အနာဂတ်ရှုပါရုံကို မဟောပြောနိုင်ကြပေ။

Micah 3:9

ယာကုပ်မင်း၊ ဣသရေလတရားသူကြီးများသည် မည်သည့်အရာအတွက်ကြောင့် တရားစီရင်ခြင်းအမှုကို ပြုကြသနည်း?

ယာကုပ်မင်း၊ ဣသရေုလခေါင်းဆောင်များသည် ဆု လာဒ်တံစိုးလက်ဆောင် ရယူလိုခြင်းအတွက်သာတရားစီရင်ခြင်းအမှုကို ပြုပေးကြသည်။



generated on Tue Jul 2 12:50:28 2024

## Chapter 4

[1] နောက်ဆုံးသော ကာလ၌ ထာဝရဘုရား၏ အိမ်တော်တည်သော တောင်သည် တောင်ကြီးတောင် ငယ်တို့၏ထိပ်ပေါ်မှာ ချီးမြှောက်၍
တည်လိမ့်မည်။ ခပ်သိမ်းသော လူစုတို့သည် ထိုတောင်သို့ စည်းဝေးကြ လိမ့်မည်။ [2] များပြားသော လူမျိုးတို့ကလည်း၊ လာကြလော့။
ထာဝရဘုရား၏တောင်တော်၊ ယာကုပ်အမျိုး၏ ဘုရား သခင့်အိမ်တော်သို့ တက်သွားကြကုန်အံ့။ လမ်းခရီးတော် တို့ကို
ပြသသွန်သင်တော်မူ၍၊ ငါတို့သည် ခြေတော်ရာသို့ လိုက်သွားကြမည်ဟု၊ ခရီးသွားလျက် ပြောဆိုကြလိမ့်မည်။ တရားတော်သည်
ဇိအုန်တောင်မှငှင်း၊ ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ယေရုရှလင်မြို့မှငှင်း ပေါ်ထွက် လိမ့်မည်။ [3] ထာဝရဘုရားသည်
များပြားသော လူတို့တွင် တရားစီရင်၍၊ ဝေးစွာ နေလျက် အားကြီးသော လူမျိုး တို့ကို ဆုံးမတော်မူသဖြင့်၊ သူတို့
ထားလက်နက်များကို ထွန်သွားဖြစ်စေခြင်းငှါငှင်း၊ လှံများကို တံစဉ်းဖြစ်စေခြင်း ငှါငှင်း ထုလုပ်ကြလိမ့်မည်။
တပြည်ကိုတပြည်စစ်မတိုက်၊ စစ်အတတ်ကိုလည်း နောက်တဖန် မသင်ရကြ။ [4] လူအပေါင်းတို့သည် ကိုယ်ပိုင်သော စပျစ်ပင်၊
ကိုယ်ပိုင်သော သင်္ဘောသဖန်းပင်အောက်မှာ ထိုင်ကြ လိမ့်မည်။ ကြောက်စေသော သူတယောက်မျှမရှိရ။
ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား၏ နှုတ်တော် ထွက်အမိန့်တော်ရှိ၏။ [5] လူမျိုးအပေါင်းတို့သည် ကိုယ်ဆိုင်သော ဘုရား
၏နာမကို ခိုလှုံလျက် ကျင့်နေတတ်ကြ၏။ ငါတို့မူကား၊ ကိုယ်ဆိုင်သော ဘုရားသခင် ထာဝရဘုရား၏ နာမတော် ကို ကာလအစဉ်အမြဲ
ခိုလှုံလျက် ကျင့်နေကြမည်။ [6] ထာဝရဘုရားမိန့်တော်မူသည်ကား၊ ထိုကာလ၌ ခြေဆွံ့သောသူကို ငါခေါ်မည်။ နှင်ထုတ်ခြင်းကို
ခံရသော သူ၊ ငါညှဉ်းဆဲဘူးသောသူတို့ကို ငါစုဝေးစေမည်။ [7] ခြေဆွံ့သောသူကို ငါကျန်ကြွင်းစေမည်။ အဝေးသို့ နှင်ထုတ်ခြင်းကို
ခံရသော သူသည် ကြီးမား သော လူမျိုးဖြစ်စေခြင်းငှါ ငါစီရင်မည်။ ထာဝရဘုရား သည် ဇိအုန်တောင်ပေါ်မှာ သူတို့ကို ယခုမှစ၍
အစဉ် အမြဲအုပ်ချုပ်စိုးစံတော်မူလိမ့်မည်။ [8] အိုဒေါလင့်စင်၊ ဇိအုန်သတို့သမီး နေရာကုန်း၊ သင်သည် အစိုးရလိမ့်မည်။ အရင်တည်သော
အာဏာ တည်ပြန်လိမ့်မည်။ နိုင်ငံတော်သည် ယေရုရှလင်သတို့ သမီးလက်သို့ တဖန် ရောက်လိမ့်မည်။ [9] ယခုမှာ သင်သည်
အဘယ်ကြောင့် ကျယ်သော အသံနှင့် အော်ဟစ်သနည်း။ သင်၌ ရှင်ဘုရင်တယောက် မျှ မရှိသလော။ အကြံပေးသော
မှူးမတ်ပျောက်ပျက် သလော။ သားဘွားသောမိန်းမကဲ့သို့ သင်သည် ဝေဒနာ ကို ခံရပါသည်တကား။ [10] အိုဇိအုန်သတို့သမီး၊
သားဘားသော မိန်းမကဲ့သို့ ဝေဒနာကို ခံ၍၊ သားကိုဘွားအံ့သောငှါ အားထုတ်လော့။ ယခုပင် သင်သည် မြို့ထဲကထွက်၍ လယ်ပြင်၌
နေရ မည်။ ဗာဗုလုန်မြို့တိုင်အောင် သွားရမည်။ ထိုမြို့၌ လွတ် လိမ့်မည်။ ထိုမြို့၌ ထာဝရဘုရားသည် သင့်ကို ရန်သူတို့ လက်မှ
ရွေးနှုတ်တော်မူလိမ့်မည်။ [11] ယခုမှာ လူမျိုးများတို့က၊ ဇိအုန်မြို့သည် ညစ် ညူးပါစေ။ သူ၌ ငါတို့အလို ပြည့်စုံပါစေဟု၊ သင့်တဘက်
၌ စုဝေးလျက် ဆိုကြ၏။ [12] သို့ရာတွင်၊ ထာဝရဘုရား၏စိတ်တော်ကို မသိ၊ အကြံအစည်တော်ကို နားမလည်ကြ။ ကောက်လှိုင်းတို့ ကို
ကောက်နယ်တလင်း၌ စုထားသကဲ့သို့၊ ထိုသူတို့ကို စုထားတော်မူ၏။ [13] အို ဇိအုန်သတို့သမီး၊ ထ၍ နယ်လော့။ သင့် ဦးချိုကို
သံဖြင့်ငှင်း၊ သင့်ခွာတို့ကို ကြေးဝါဖြင့်ငှင်း ငါပြီး စေမည်။ သင်သည် လူမျိုးများတို့ကို ညက်ညက်ချေရမည်။ သူတို့တွင်ရသမျှသော
စည်းစိမ်ဥစ္စာကိုယူ၍၊ မြေတပြင် လုံးကို အစိုးပိုင်တော်မူသော အရှင်ထာဝရဘုရားအား ပူဇော်ရမည်။

---

---

Micah 01

ထာဝရဘုရား၏ အိမ်တော်တည်သော တောင်သည် တောင်ကြီးတောင် ငယ်တို့၏ထိပ်ပေါ်မှာ ချီးမြှောက်၍ တည်လိမ့်မည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် တောင်ထိပ်ပေါ်၌ ဗိမာန်တော်ကို တည်လိမ့်မည်"

တောင်ကြီးတောင် ငယ်တို့၏ထိပ်ပေါ်မှာ
ဆိုလိုသည်မှာ ဇိအုန်၏ အရေးကြီးဆုံးသော တောင် ဖြစ်သည်။

တောင်သည် တောင်ကြီးတောင် ငယ်တို့၏ထိပ်ပေါ်မှာ ချီးမြှောက်၍ တည်လိမ့်မည်။
"အခြားတောင်များထက် ဂုဏ်ပြုထိုက်သော တောင်"

ခပ်သိမ်းသော လူစုတို့သည် ထိုတောင်သို့ စည်းဝေးကြ လိမ့်မည်။
လူမျိုးတို့သည် ထာဝရဘုရား၏ တောင်ထိပ်သို့ စုဝေးကြလိမ့်မည်။

Micah 02

ထာဝရဘုရား၏တောင်တော်၊ ယာကုပ်အမျိုး၏ ဘုရား သခင့်အိမ်တော်သို့ တက်သွားကြကုန်အံ့။
တောင်ထိပ်နှင့်အိမ်သည် ယေရုရှလင်ဗိမာန်တော်ကို ရည်ညွှန်းသည်။

လမ်းခရီးတော် တို့ကို ပြသသွန်သင်တော်မူ၍၊ ငါတို့သည် ခြေတော်ရာသို့ လိုက်သွားကြမည်
"လမ်းခရီးတော်" နှင့် "သူ၏ ခြေတော်ရာ" ဟူသည် ဘုရားက လူများအား မည်ကဲ့သို့ ပြုမူစေလိုကြောင်းကို ရည်ညွှန်းသည်။

တရားတော်သည် ဇိအုန်တောင်မှလည်းကောင်း၊ ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ယေရုရှလင်မြို့မှလည်းကောင်း ပေါ်ထွက် လိမ့်မည်။
"ဥပဒေ (တရားတော်)" နှင့် "နှုတ်ကပတ်တော်" ဟူသည် အတူတူပင် ဖြစ်သည်။

ထွန်သွား
ထွန်သွားသည် မျိုးစေ့များ စိုက်ပျိုးနိုင်ရန် မြေကြီးကိုတူးဆွသော ကိရိယာဖြစ်သည်။

သူတို့ ထားလက်နက်များကို ထွန်သွားဖြစ်စေခြင်းငှါ၎င်း၊ လှံများကို တံစဉ်းဖြစ်စေခြင်း ငှါ၎င်း ထုလုပ်ကြလိမ့်မည်။
တိုက်ပွဲမှ ပြန်လာသောအခါ စစ်လက်နက်များမှ စိုက်ပျိုးရေးတွင် အသုံးပြုနိုင်သည့် ကိရိယာများအဖြစ် ပြောင်းလဲအသုံးပြုလိမ့်မည်။

တံစဉ်း
တံစဉ်းသည် စိုက်ပျိုးရာတွင် ပိုမိုကောင်းမွန်ရန် အသုံးပြုသည်။

Micah 04

ယေဘုယျအချက်အလက်
"နောက်ဆုံးသောနေ့များ" တွင် လူများသည် ဘုရားသခင်၏ တရားတော်ကို ဆည်းပူး၊ နာခံကြမည်။

ကိုယ်ပိုင်သော စပျစ်ပင်၊ ကိုယ်ပိုင်သော သင်္ဘောသဖန်းပင်အောက်မှာ
လူများသည် ငြိမ်းချမ်းစွာ အတူနေထိုင်ခြင်း ပုံရိပ်ဖြစ်သည်။

ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား၏ နှုတ်တော် ထွက်အမိန့်တော်ရှိ၏။
ဘုရားသခင် မိန့်ကြားသော စကားတော်ရှိသည်။

လူမျိုးအပေါင်းတို့သည် ကိုယ်ဆိုင်သော ဘုရား ၏နာမကို ခိုလှုံလျက် ကျင့်နေတတ်ကြ၏။
ဤစကားစုသည် ဝတ်ပြုကိုးကွယ်ခြင်းနှင့် နာခံခြင်းကို ဆိုလိုသည်။

Micah 06

ယေဘုယျအချက်အလက်
"နောက်ဆုံးနေ့များ" ကိုဖော်ပြသည်။

ထိုကာလ၌
"အနာဂတ်" ကို ညွှန်းသည်။

ခြေဆွံ့သောသူကို ငါကျန်ကြွင်းစေမည်။
"ငါသည် အားနည်းသောသူများ ဆောင်ယူလာမည်"

နှင်ထုတ်ခြင်းကို ခံရသော သူ၊ ငါညှဉ်းဆဲဘူးသောသူတို့ကို ငါစုဝေးစေမည်။
"မောင်းထုတ်ခြင်း ခံသောသူများအား စုဝေးစေမည်"

နှင်ထုတ်ခြင်းကို ခံရသော သူသည် ကြီးမား သော လူမျိုးဖြစ်စေခြင်းငှါ ငါစီရင်မည်။
အခြားသောဘာသာပြန်ဆိုချက်၊ "မောင်းထုတ်ခြင်း ခံရသောသူများအား လူမျိုးကြီး ဖြစ်စေမည်"

အစဉ် အမြဲအုပ်ချုပ်စိုးစံတော်မူလိမ့်မည်။
ဘုရားသခင်သည် ဣသရေလများအား ကြည့်ရှု၊ ဂရုစိုက်စောင့်ရှောက် လိမ့်မည်။

ဇိအုန်သတို့သမီး
"ဇိအုန်သတို့သမီး" သည် မြို့သူ/သားများကို ဆိုလိုသည်။

ကုန်း
ဟေဗြဲစကားအရ "ခံတပ်" "အားကြီးခြင်း" ဖြစ်သည်။

Micah 09

ယခုမှာ သင်သည် အဘယ်ကြောင့် ကျယ်သော အသံနှင့် အော်ဟစ်သနည်း။
မိက္ခာသည် လူများကို ပြက်ရယ်ပြုနေသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ယခု သင်သည် ကျယ်လောင်စွာ အော်ဟစ်လိုက်ပါ။"

သင်၌ ရှင်ဘုရင်တယောက် မျှ မရှိသလော။ အကြံပေးသော မှူးမတ်ပျောက်ပျက် သလော။ သားဘွားသောမိန်းမကဲ့သို့ သင်သည် ဝေဒနာ ကို ခံရပါသည်တကား။
ဤမေးခွန်းများအတွက် အဖြေမရှိပါ။ ဘုရင်နှင့် ဆွေးနွေးအကြံပေးသူများသည်လည်း ရှိနေကြသေးသည်။ သို့သော် အလဟဿနှင့် အကူအညီ မရသောသူများဖြစ်ကြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယခု သင်သည် အဘယ်ကြောင့် မြည်တမ်းသနည်း။ သင်သည် ရှင်ဘုရင်မရှိ၊ ပညာရှိများ အဘယ့်ကြောင့် သေဆုံးခဲ့ကြသနည်း။ သင်သည် သားဖွားသောမိခင်ကဲ့သို့ ကျယ်လောင်စွာ ငိုကြွေးသနည်း။"

အိုဇိအုန်သတို့သမီး၊ သားဘားသော မိန်းမကဲ့သို့ ဝေဒနာကို ခံ၍၊ သားကိုဘွားအံ့သောငှါ အားထုတ်လော့။
မိက္ခာ ဆိုလိုသည်မှာ သူတို့သည် နာကျင်ခြင်း ဝေဒနာကိုခံစားရမည်။ အကြောင်းမှာ သူတို့သည် လမ်းလွဲနေသဖြင့် ဘုရားသခင် ဒဏ်ခတ်နေသည်။ သူတို့ထဲမှ အများစုသည် အိမ်သို့ နောက်တဖန် ပြန်မလာရတော့ပါ။

ထာဝရဘုရားသည် သင့်ကို ရန်သူတို့ လက်မှ ရွေးနှုတ်တော်မူလိမ့်မည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် သင့်ကို ကယ်တင်လိမ့်မည်။"

Micah 11

ယေဘုယျအချက်အလက်
ယေရုရှလင်သည် မိမိ ရန်သူအပေါ် အနိုင်ယူလိမ့်မည်။

လူမျိုးများတို့က၊ ဇိအုန်မြို့သည် ညစ် ညူးပါစေ။ သူ၌ ငါတို့အလို ပြည့်စုံပါစေဟု၊ သင့်တဘက် ၌ စုဝေးလျက် ဆိုကြ၏
အခြားသောဘာသာပြန်ဆိုချက်၊ "ယေရုရှလင်မြို့နှင့် ၎င်း၏ လူများ ငါတို့ ဖျက်ဆီးလိုက်ကြစို့။ ၎င်းတို့၏ ကျဆုံးခြင်းအတွက် ကြီးမားသော ဖိအား ပေးကြစို့။"

ကောက်လှိုင်းတို့ ကို ကောက်နယ်တလင်း၌ စုထားသကဲ့သို့၊ ထိုသူတို့ကို စုထားတော်မူ၏။
ဘုရားသခင်သည် လူများအား ဒဏ်ခတ်ဘို့ ပြင်ဆင်နေသည်ဟု ဆိုလိုသည်။

Micah 13

ယေဘုယျအချက်အလက်
ထာဝရဘုရားက စပါးနယ်ရာ သလင်းနှင့် နိမိတ်ပြသည်။ (ရှု- 4:11)

ဇိအုန်သတို့သမီး၊ ထ၍ နယ်လော့။
ဘုရားသခင်သည် လူမျိုးတော်အား ပြစ်ဒဏ်ခတ်ရန် ဇိအုန်လူများကို အသုံးချတော်မူ၏။

သင့် ဦးချိုကို သံဖြင့်၎င်း၊ သင့်ခွာတို့ကို ကြေးဝါဖြင့်၎င်း ငါပြီး စေမည်။
ထာဝရဘုရားသည် ဇိအုန်လူများကို အားကောင်းမောင်းသန်သော စပါးနယ်သည့် နွားကြီးနှင့် ခိုင်းနှိုင်းထားသည်။ ထာဝရဘုရားက ဣသရေလလူများသည် တပါးအမျိုးသားတို့အပေါ် ပြန်လည် အနိုင်ရရှိမည့်အကြောင်းကို ဆိုလိုသည်။

---

## Translation Questions

Micah 4:1

မည်သည့်အချိန်ကာလတွင် ထာဝရဘုရား၏အိမ်တော်သည် တောင်ကြီးတောင်ငယ်တို့၏ အပေါ်မှာ တည်လိမ့်မည်နည်း?
နောက်ဆုံးသောကာလ၌ ထာဝရဘုရား၏အိမ်တော်ကို တောင်ကြီးတောင်ငယ်တို့၏အပေါ်မှာ တည်လိမ့်မည်။

Micah 4:2

များစွာသောလူမျိုးများသည် အဘယ်ကြောင့်ထာဝရဘုရား၏ တောင်တော်သို့ လာကြလိမ့်မည်နည်း?
ထာဝရဘုရားသည် သူ့နည်းလမ်းများကို သူတို့အားသွန်သင်၍ သူတို့သည် သူ၏လမ်း၌လျှောက်လှမ်းကြမည်ကြောင်း များစွာသောလူမျိုးများသည် ထာဝရဘုရား၏ တောင်တော်သို့လာကြလိမ့်မည်။

Micah 4:4

လူများတို့သည် မည်သည့်အရာကိုပြုမူလုပ်ဆောင်ကြသနည်း?
လူများတို့သည် မိမိဘုရား၏ နာမကို အမှီပြုလျက် ပြုမူလုပ်ဆောင်ကြသည်။

Micah 4:6

ထာဝရဘုရားသခင်သည် မည်သူများကို စုရုံးစေမည်နည်း?
ထာဝရဘုရားသခင်သည် ခြေဆွံ့သောသူများ၊ လူ့ဘောင်အသိုင်းအဝိုင်းမှ နှင်ထုတ်ခြင်းခံရသောသူများကို စုရုံးစေတော်မူမည်။

Micah 4:9

မည်သည့်မြို့၌ ဇိအုန်သမီးသည် ကယ်လွှတ်ခြင်းခံရမည်နည်း?
ဇိအုန်သတို့သမီးကို ဗာဗုလုန်မြို့တွင် ကယ်နုတ်တော်မူလိမ့်မည်။

Micah 4:11

ပရောဖတ်များ၏ဟောပြောချက်အရ မည်သည့်လူမျိုးများသည် ထာဝရဘုရား၏ စိတ်တော်ကို မသိသောသူများဖြစ်သနည်း?
တိုင်းနိုင်ငံရှိ လူမျိုးများသည်ထာဝရဘုရား၏ အကြံအစည်တော်ကို နားမလည်ကြပေ။

Micah 4:13

လူများ၏မတရားသောစည်းစိမ်ဥစ္စာများကို ထာဝရဘုရားသည် မည်သူအား ပေးအပ်မည်နည်း?
ထာဝရဘုရားသည် သူတို့၏မတရားလုယူထားသောစည်းစိမ်ဥစ္စာများကို မိမိအား ပူဇော်စေသည်။

## Chapter 5

1 ယခုမူကား၊ အိုဗိုလ်ခြေသတို့သမီး၊ စည်းဝေး၍ ခင်းကျင်းလော့။ ငါတို့ကို ဝိုင်းထားကြပြီ။ ဣသရေလ မင်း၏ပါးကို ကြိမ်လုံးနှင့်
ရိုက်ကြပြီတကား။ 2 အိုဗက်လင်ဧဖရတ်မြို့၊ အစိုးရသော ယုဒမြို့တို့ တွင် သင်သည် မြို့ငယ်မြို့ယုတ်ဖြစ်သော်လည်း၊ ဣသရေ
လအမျိုးကို အုပ်စိုးရသော သခင်သည် ငါ့အဘို့ သင်၏ အထဲမှာ ပေါ်ထွန်းလတံ့။ ထိုသခင်သည် ရှေးကပ်ကမ္ဘာ မှစ၍ ပေါ်ထွန်းသော
သခင်ဖြစ်၏။ 3 သို့ဖြစ်၍၊ သားဘွားခြင်းဝေဒနာကို ခံရသော မိန်းမသည် မဘွားမှီတိုင်အောင်၎င်း၊ ဣသရေလအမျိုး သားတို့နှင့်တကွ
ကျန်ကြွင်းသော ညီအစ်ကိုတို့သည် မပြောင်းလဲမှီတိုင်အောင်၎င်း၊ သူတို့ကို စွန့်ပစ်တော်မူ လိမ့်မည်။ 4 ထိုသခင်သည် ရပ်၍
ထာဝရဘုရား၏အစွမ်း သတ္တိနှင့်၎င်း၊ မိမိဘုရားသခင် ထာဝရဘုရား၏နာမ တော်တန်ခိုးအာနုဘော်နှင့်၎င်း၊ မိမိသိုးစုကို ကျွေးမွေး
လိမ့်မည်။ သူတို့သည်လည်း တည်ကြလိမ့်မည်။ အကြောင်းမူကား၊ ထိုသခင်သည် မြေကြီးစွန်းတိုင်အောင် အစိုးရ၍၊
ရန်ငြိမ်းခြင်းအကြောင်းဖြစ်တော်မူလိမ့်မည်။ 5 အာရှုရိလူသည် ငါတို့ပြည်သို့လာ၍၊ ငါတို့ ဘုံ ဗိမာန်များကို နင်းသောအခါ၊
သိုးထိန်းခုနစ်ပါးနှင့် လူကြီး ရှစ်ပါးတို့သည် ငါတို့တွင် ပေါ်ထွန်း၍၊ 6 ထားလက်နက်ဖြင့် အာရှုရိပြည်ကို၎င်း၊ မြို့ တံခါးဝအတွင်း၌
နိမ်ရောဒနိုင်ငံကို၎င်း သုတ်သင်ပယ် ရှင်းသောအားဖြင့်၊ ငါတို့ပြည်သို့ လာ၍၊ ငါတို့နယ်အတွင်း တွင် နင်းသော အာရှုရိလူ၏လက်မှ
ငါတို့ကို ကယ်လွှတ် လိမ့်မည်။ 7 ကျန်ကြွင်းသော ယာကုပ်အမျိုးသားတို့သည် တပါးအမျိုးသား အများတို့တွင် နေ၍၊ ထာဝရဘုရား
ပေးတော်မူသောနှင်းကဲ့သို့၎င်း၊ လူကို မငံ့လင့်၊ လူသားတို့ ၏ အလိုသို့မလိုက်သော မိုဃ်းရေကဲ့သို့၎င်း ဖြစ်ကြလိမ့် မည်။ 8
ကျန်ကြွင်းသော ယာကုပ်အမျိုးသားတို့သည် တပါးအမျိုးသားအများတို့တွင် နေ၍၊ တောသားရဲတို့တွင် ခြင်္သေ့ကဲ့သို့၎င်း၊ သိုးစုတို့တွင်
ခြင်္သေ့ပျိုကဲ့သို့၎င်း ဖြစ်ကြ လိမ့်မည်။ ခြင်္သေ့ဝင်သောအခါ အဘယ်သူမျှ မကယ်နှုတ် နိုင်အောင် နင်း၍ ကိုက်စားတတ်၏။ 9
သင်၏ရန်ဘက်၌ နေသောသူတို့ကို သင်တိုက် ၍၊ ရန်သူအပေါင်းတို့သည် ဆုံးရှုံးကြလိမ့်မည်။ 10 ထာဝရဘုရားမိန့်တော်မူသည်ကား၊
ထိုကာလ၌ သင်၏မြင်းတို့ကို သင့်အလယ်က ငါပယ်ရှင်း၍၊ သင်၏ ရထားတို့ကိုလည်း ဖျက်ဆီးမည်။ 11 သင်၏ပြည်၌ မြို့ရိုးတို့ကို
ငါပယ်ရှင်း၍၊ သင်၏ ရဲတိုက်ရှိသမျှတို့ကို ဖြိုဖျက်မည်။ 12 သင်၏နယ်၌ စုန်းလုပ်သောသူတို့ကို ငါပယ်ရှင်း ၍၊ သင်၌
ဗေဒင်ဟောသောသူမရှိရ။ 13 ထုလုပ်သော ရုပ်တုဆင်းတုတို့ကို သင့်အလယ် က ငါပယ်ရှင်း၍ ၊ ကိုယ်လက်နှင့်လုပ်သော အရာကို
နောက်တဖန်သင်မကိုးကွယ်ရ။ 14 အာရှရပင်တို့ကိုလည်း သင့်အလယ်၌ ငါနှုတ်၍၊ သင်၏မြို့တို့ကိုလည်း ငါဖျက်ဆီးမည်။ 15
ငါ့စကားကို နားမထောင်သော တပါးအမျိုး သားတို့ကို ပြင်းစွာ အမျက်ထွက်၍ အပြစ်ဒဏ်ကို ငါစီရင် မည်။

---

---

### Micah 02

အိုဗက်လင်ဧဖရတ်မြို့
အကယ်၍ ဤမြို့ရှိ လူများ နားထောင်ပါက
ထာဝရဘုရားမိန့်တော်မူမည်။

ဧဖရတ်
ဤနာမည်မှာ ဗက်လင်မြို့တည်ရှိရာဒေသ သို့မဟုတ်
ဗက်လင်မြို့၏ အခြားသောအမည်နာမ သို့မဟုတ် ဗက်လင်မြို့၏
အခြားသောမြို့များနှင့် ခွဲခြား သိမြင်နိုင်ခြင်းဖြစ်သည်။
ဗက်လင်မြို့သည် ယေရုရှလင်မှ ၆ မိုင်အကွာတွင် ရှိ၏။
၎င်းသည် ဒါဝိမင်းကြီး၏ မြို့လည်း ဖြစ်၏။ "ဧဖရတ်" သည်
"လှပသော" ဟု အနက်ရှိသည်။

သင်သည် မြို့ငယ်မြို့ယုတ်ဖြစ်သော်လည်း
ဘုရားသခင်သည် အရေးမပါသော အသေးအဖွဲ့များကို
ကြီးကျယ်ခမ်းနားသောအရာ ဖြစ်စေနိုင်ကြောင်းကို ဆိုလိုသည်။

ငါ့အဘို့ သင်၏ အထဲမှာ ပေါ်ထွန်းလတံ့။
ဤတွင် "ငါ့" သည် ထာဝရဘုရားကို ရည်ညွှန်းသည်။

ထိုသခင်သည် ရှေးကပ်ကမ္ဘာ မှစ၍ ပေါ်ထွန်းသော သခင်ဖြစ်၏။
ဒါဝိမင်းကြီးမှ ဆင်းသက်သော အုပ်ချုပ်သူကို ရည်ညွှန်းသည်။

သူတို့ကို စွန့်ပစ်တော်မူ လိမ့်မည်။
"ဘုရားသခင်က ဣသရေလလူမျိုးများအား စွန့်ပစ်တော်မူမည်"

သားဘွားခြင်းဝေဒနာကို ခံရသော မိန်းမသည် မဘွားမှီတိုင်အောင်
အုပ်ချုပ်သူ (သခင်) မွေးဖွားချိန်၊ ကန့်သတ်သော အချိန်တခုကို
ရည်ညွှန်းသည်။

ကျန်ကြွင်းသော ညီအစ်ကိုတို့
"ကျန်ကြွင်းသော ဣသရေလများ" ကျွန်ခံရာပြည်တွင်
နေထိုင်ကြသော သူတို့အား ညွှန်းဆိုသည်။

### Micah 04

ယောဘုယျအချက်အလက်
ဤကျမ်းပိုဒ်များသည် ဗက်လင်မြို့မှ အုပ်ချုပ်သူ အကြောင်း
ဖော်ပြထားသည်။

ထိုသခင်သည် ရပ်၍ ထာဝရဘုရား၏အစွမ်း သတ္တိနှင့်၎င်း၊ မိမိဘုရားသခင်
ထာဝရဘုရား၏နာမ တော်တန်ခိုးအာနုဘော်နှင့်၎င်း၊ မိမိသိုးစုကို ကျွေးမွေး
လိမ့်မည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် သူ့လူမျိုးများအား
ထဝရဘုရား၏ အစွမ်းအားဖြင့် ဦးဆောင်လိမ့်မည်။


generated on Tue Jul 2 12:50:28 2024

မိမိဘုရားသခင် ထာဝရဘုရား၏နာမ တော်တန်ခိုးအာနုဘော်နှင့်
"အစွမ်းတန်ခိုး၊ ဘုန်းအာနုဘော်နှင့် ပြည့်သော ဘုရားသခင်၌"

သူတို့သည်လည်း တည်ကြလိမ့်မည်။
ဤတွင် "သူတို့" ဟူသည် ဣသရေလ
လူမျိုးများကိုညွှန်းဆိုသည်။ "ဣသရေလ" သို့မဟုတ်
"ယေရုရှလင်" ကို ညွှန်ပြသည်။

ထိုသခင်သည် မြေကြီးစွန်းတိုင်အောင် အစိုးရ၍
အနာဂတ်တွင် လူမျိုးအပေါင်းသည် ဣသရေလ၏ အုပ်စိုးသူအား
ဂုဏ်ပြုကြလိမ့်မည်ဟု ဆိုလိုသည်။

ထိုသခင်သည် ရန်ငြိမ်းခြင်းအကြောင်းဖြစ်တော်မူလိမ့်မည်။
အခြားသော ဘာသာပြန်ဆိုချက်၊ "သူသည် ငြိမ်သက်ခြင်း၏
လူသား" ဖြစ်တော်မူမည်။

သိုးထိန်းခုနစ်ပါးနှင့် လူကြီး ရှစ်ပါးတို့သည် ငါတို့တွင် ပေါ်ထွန်း၍
ဤတွင် "သိုးထိန်း" ဟူသည် "အုပ်စိုးသူ" ကို ဆိုလိုသည်။ "နံပါတ်
'ခုနစ်' နှင့် 'ရှစ်' သည် လိုအပ်သော
အုပ်စိုးသူများလုံလောက်လျက် ရှိကြောင်းကို
ဆိုလိုခြင်းဖြစ်သည်။"

## Micah 06

အာရှုရိလူ၏လက်မှ ငါတို့ကိုကယ်လွှတ် လိမ့်မည်။
ဤတွင် အာရှုရိလူတို့ကို အနိုင်ယူမည့်အကြောင်း
ပြောဆိုခြင်းဖြစ်သည်။

နိမ်ရောဒနိုင်ငံ
၎င်းသည် အာရှုရိ၏ အခြားသောအမည်နာမဖြစ်သည်။ နိမ်ရောဒ
ဟူသည် မုဆိုး နှင့် ကနဦးခေါင်းဆောင် ကို ဆိုလိုသည်။
ဘာသာပြန်သူများသည် 'နိမ်ရောဒ' သည် 'ပုန်ကန်သူ' ဟု
ထပ်ဖြည့်စွက်ထားသည်။

တံခါးဝအတွင်း၌
"တံခါးမကြီး၌" ဟု သိကြသည်။ မြို့တံခါးမကြီးများသည်
လူထုနှင့်ဆိုင်သော နေရာများ ဖြစ်သဖြင့် ခေါင်းဆောင်များ
အနေဖြင့် ၎င်းနေရာများတွင် အရေးကြီးသောဆုံးဖြတ်ချက်များ
ချမှတ်ကြသည်။

ကယ်လွှတ် လိမ့်မည်။
"အုပ်စိုးသူသည် ကယ်တင်လိမ့်မည်။"

ထာဝရဘုရား ပေးတော်မူသောနှင်းကဲ့သို့၎င်း၊ လူကို မငံ့လင့်၊ လူသားတို့ ၏
အလိုသို့မလိုက်သော မိုဃ်းရေကဲ့သို့၎င်း ဖြစ်ကြလိမ့် မည်။
ဤကျမ်းပိုဒ်သည် ယုဒလူမျိုးများသည်
ပြန်လည်လန်းဆန်းအမောပြေခြင်း၊ ကောင်းကြီးမင်္ဂလာ
ခံစားခြင်းများ ပြန်လည် ခံစားမည့်အကြောင်း။

လူကို မငံ့လင့်၊ လူသားတို့ ၏ အလိုသို့မလိုက်
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် ဘုရားသခင်အား
အမှီသဟဲပြုရန် စောင့်နေကြလိမ့်မည်။"

## Micah 08

တပါးအမျိုးသားအများတို့တွင်
"ကျန်ကြွင်းသော ယာကုပ်အမျိုး" သည်
တပါးအမျိုးသားများကြားတွင် ရှင်သန်နေထိုင်မည့် အကြောင်းကို
ဆိုလိုသည်။

တောသားရဲတို့တွင် ခြင်္သေ့ကဲ့သို့၎င်း၊ သိုးစုတို့တွင် ခြင်္သေ့ပျိုကဲ့သို့၎င်း ဖြစ်ကြလိမ့်မည်။ ခြင်္သေ့ဝင်သောအခါ အဘယ်သူမျှ မကယ်နှုတ် နိုင်အောင် နင်း၍ ကိုက်စားတတ်၏။
ဣသရေလတို့သည် ရဲရင့်ခြင်းတန်ခိုးဖြင့်
ရန်သူတို့အားစီရင်ဖျက်ဆီးလိမ့်မည့်အကြောင်း
အလေးပေးဖော်ပြထားသည်။

## Micah 10

ထိုကာလ၌
ဤအချိန်သည် မရေရာမသေချာသောအနာဂတ်ကိုရည်ညွှန်း၍၊
တပါးနိုင်ငံ၌ ဖမ်းသွားချုပ်ထားသော ကာလကို
ဆိုလိုခြင်းဖြစ်နိုင်သည်။

သင်၏မြင်းတို့ကို သင့်အလယ်က ငါပယ်ရှင်း၍၊ သင်၏ ရထားတို့ကိုလည်း ဖျက်ဆီးမည်။
ဣသရေလလူမျိုးများသည် စစ်တိုက်သောအခါ
မြင်းနှင့်ရထားများကို အသုံးပြု၏။ သူတို့သည်
တပါးနိုင်ငံနှင့်သော်လည်းကောင်း၊
ဘုရားမဲ့လူမျိုးများနှင့်သော်လည်း ကောင်း ပူးပေါင်းကြသည်။
ထာဝရဘုရားက လူမျိုးတော်အနေဖြင့် တပါးသူ၏
လက်နက်များကို အားကိုးခြင်းထက် မိမိအား
ယုံကြည်အားကိုးစေချင်သည်။

## Micah 12

ယေဘုယျ အချက်အလက်
ထာဝရဘုရားသည် ဣသရေလလူတို့အား ဆက်လက်၍
စကားပြောတော်မူသည်။

# Translation Questions

## Micah 5:1

ဣသရေးလခေါင်းဆောင်များကို ရန်သူများက မည်သည့်အရာနှင့်ရိုက်နှက်မည်နည်း?

သူတို့သည် ဣသရေးလခေါင်းဆောင်များ၏ပါးကို ကြိမ်လုံးနှင့် ရိုက်ကြလိမ့်မည်။

## Micah 5:2

ထာဝရဘုရားသည် ယုဒအားအမျိုးများအား မည်မျှကြာအောင်စွန့်ပစ်တော်မူမည်နည်း?

ထာဝရဘုရားသည် သူတို့မျိုးနွယ်အား အလုပ်လုပ်သောသူသည် သားဖွားသည်အထိ စွန့်ပစ်တော်မူမည်။

## Micah 5:4

မည်သူသည် ထာဝရဘုရား၏အစွမ်းသတ္တိဖြင့် သူ၏ သိုးစုကို ကျွေးမွေးမည် နည်း?

ထိုသူငယ်သည် ထာဝရဘုရား၏ အစွမ်းသတ္တိနှင့် သူ၏သိုး စုကို ကျွေးမွေးလိမ့်မည်။

## Micah 5:6

ကျန်ကြွင်းသောယာကုပ်အမျိုးသည် အဘယ့်ကြောင့်မစောင့်သနည်း?

ကျန်ကြွင်းသောယာကုပ်အမျိုးသည် လူကိုမစောင့်ဆိုင်းခဲ့ပါ။

## Micah 5:8

ဣသရေလလူမျိုးသည် သူတို့၏ရန်သူများအပေါ်သို့လက်ဆန့်ကြသောအခါ မည်သည့်အရာဖြစ်ပျက်မည်နည်း?

ဣသရေလလူမျိုးများသည် မိမတို့၏လက် ရန်သူများပေါ်သို့ လက်ဆန့်ကြသောအခါ သူတို့သည်ဆုံးရှုံး ပျက်စီးကြလိမ့်မည်။

## Micah 5:12

ထာဝရဘုရားသည် မည်သူကို ကလဲ့စားချေ ဖျက်ဆီးမည်နည်း?

ထာဝရဘုရားသည် စကားနားမထောင်သော လူမျိုးသားတို့အား ပြစ်ဒဏ်စီရင် (ကလဲ့စားချေ)မည်။

## Chapter 6

[1] ထာဝရဘုရား၏အမိန့်တော်ကို နားထောင်ကြ လော့။ ထ၍ တောင်ကြီးတို့ရှေ့မှာ တရားတွေ့သဖြင့်၊ တောင်ငယ်တို့သည်
သင့်စကားကို ကြားကြစေ။ [2] အိုတောင်တို့၊ ခိုင်ခံ့သောမြေအမြစ်တို့၊ ထာဝရ ဘုရား၏တရားတွေ့မှုကို နားထောင်ကြလော့။ ထာဝရ
ဘုရားသည် မိမိလူမျိုးနှင့် တရားတွေ့စရာရှိ၏။ ဣသရေ လအမျိုးနှင့် ဆွေးနွေးငြင်းခုံတော်မူမည်။ [3] အို ငါ၏လူမျိုး၊ သင့်ကို
အဘယ်သို့ ငါပြုဘူး သနည်း။ အဘယ်သို့ ညှဉ်းဆဲဘူးသနည်း။ ငါ့တဘက်၌ သက်သေခံလော့။ [4] သင့်ကို အဲဂုတ္တုပြည်မှ
ငါဆောင်ခဲ့ပြီ။ ကျွန်ခံ နေရာအရပ်မှ ရွေးနှုတ်ပြီ။ သင့်ရှေ့မှာ မောရှေ၊ အာရုန်၊ မိရိအံတို့ကို ငါစေလွှတ်လေပြီ။ [5] အို ငါ၏လူမျိုး၊
ရှိတ္တိမ်မြို့နှင့် ဂိလဂါလမြို့ စပ်ကြားမှာ မောဘမင်းကြီး ဗာလက်ကြံစည်သော အကြံ ကိုငှင်း၊ ဗေါရသား
ဗာလမ်ပြန်ပြောသောစကားကိုငှင်း အောက်မေ့လော့။ ထိုသို့ အောက်မေ့မိလျှင်၊ ထာဝရ ဘုရား၏ ဖြောင့်မတ်တော်မူခြင်းကို
နားလည်လိမ့်မည်။ [6] ငါသည် ထာဝရဘုရားရှေ့တော်သို့ အဘယ် ပူဇော်သက္ကာပါလျက် ချဉ်းကပ်၍၊ အမြင့်ဆုံးသော ဘုရား
သခင့်ရှေ့တော်၌ ကိုးကွယ်ရမည်နည်း။ မီးရှို့ရာယဇ်နှင့် အခါလည်သော နွားသငယ်တို့ကို ဆောင်လျက် ချဉ်းကပ် ရမည်လော။ [7]
ထာဝရဘုရားသည် သိုးထီးတထောင်၊ ဆီမြစ် တသောင်းကို အားရနှစ်သက်တော်မူမည်လော။ ငါ့လွန် ကျူးခြင်းအတွက်
ငါ၏သားဦးကိုငှင်း၊ ငါ့စိတ်ဝိညာဉ်၏ အပြစ်အတွက် ငါ၏ရင်သွေးကိုငှင်း ပူဇော်ရမည်လော၊ [8] အချင်းလူ၊ ကောင်းသောလမ်းကို
ပြတော်မူပြီ။ တရားသဖြင့် ပြုခြင်း၊ ကရုဏာကို နှစ်သက်ခြင်း၊ သင်၏ ဘုရားသခင့်ရှေ့တော်၌ နှိမ့်ချသော စိတ်နှင့် ကျင့်နေခြင်း
မှတပါး အဘယ်ပူဇော်သက္ကာကို ထာဝရဘုရားတောင်း တော်မူသနည်း။ [9] ထာဝရဘုရား၏နှုတ်ကပတ်တော်သည် မြို့ကို
ဟစ်ခေါ်တော်မူ၏။ ပညာရှိသော သူသည် နာမတော်ကို ကြောက်ရွံ့ရ၏။ ဆုံးမခြင်းကိုငှင်း၊ စီရင်သောသူသည်
အဘယ်သူဖြစ်သည်ကိုငှင်း နားထောင်ကြလော့။ [10] မတရားသော သူတို့၏အိမ်၌ မတရားသဖြင့် ဆည်းဖူးသော ဥစ္စာနှင့်၊
ရွံရှာဘွယ်သော တင်းတောင်း ငယ်ရှိသေးသလော။ [11] မတရားသော ချိန်ခွင်နှင့် စဉ်းလဲသော အလေး အိတ်ရှိသော မြို့ကိုသန့်ရှင်းသော
မြို့ဟူ၍ ငါမှတ်ရမည် လော။ [12] မြို့သားသူဌေးတို့သည် အနိုင်အထက်ပြု၍ ရတတ်ကြ၏။ ဆင်းရဲသားတို့သည်လည်း မုသာကို သုံး
တတ်ကြ၏။ သူတို့နှုတ်၌ ရှိသောလျှာသည် မုသာဖြစ်၏။ [13] သို့ဖြစ်၍၊ သင်၏အပြစ်ကြောင့် သင့်ကိုငါ သုတ်
သင်ပယ်ရှင်းခြင်းအလိုငှါ နာကျင်စွာ ဒဏ်ခတ်မည်။ [14] သင်သည် စားသော်လည်းမဝရ။ မွတ်သိပ်ခြင်း ကို ခံရမည်။ သင်သည်
ချီသော်လည်းယူ၍ မသွားရ။ ယူသွားသော အရာကိုလည်း ထားဘေးသို့ ငါအပ်မည်။ [15] မျိုးစေ့ကို ကြဲသော်လည်း၊ စပါးကို မရိတ်ရ။
သံလွင်သီးကို နယ်သော်လည်း၊ ဆီနှင့်ကိုယ်ကိုမလိမ်းရ။ စပျစ်သီးကို နယ်သော်လည်း၊ စပျစ်ရည်ကို မသောက်ရ။ [16]
အကြောင်းမူကား၊ သင်သည် ဩမရိမင်း၏ စီရင်ထုံးဖွဲ့ချက်တို့ကိုငှင်း၊ အာဟပ်မင်းမျိုး ကျင့်သော အကျင့်ရှိသမျှကိုငှင်း ကျင့်စောင့်၍၊
သူတို့၏ တိုက်တွန်း ရာသို့ လိုက်တတ်၏။ သို့ဖြစ်၍၊ သင့်ကို ငါ သုတ်သင် ပယ်ရှင်း၍ မြို့သားတို့ကို ဆဲရေးရာဖြစ်စေသဖြင့်၊ သင်
သည် ငါ၏လူတို့ကဲ့ရဲ့ခြင်းကို ခံရမည်။

---

### Micah 01

ထ၍ တောင်ကြီးတို့ရှေ့မှာ တရားတွေ့သဖြင့်၊ တောင်ငယ်တို့သည် သင့်စကားကို ကြားကြစေ

မိက္ခာ ၆:၁-၅ သည်၊ တရားခွင် ပုံစံကို သုံးနှုန်းထားသည်။ ဣသရေလလူတို့သည် ဘုရားသခင်အား စွန့်ပစ်၍၊ ရုပ်တုများ ကိုးကွယ်ကြသဖြင့် ဤသို့စီရင်ခြင်းဖြစ်သည်။

တောင်ကြီးတို့ရှေ့မှာ တရားတွေ့သဖြင့်၊ တောင်ငယ်တို့သည် သင့်စကားကို ကြားကြစေ။

မိက္ခာသည် တောင်ကြီးတောင်ငယ်နှင့် ကမ္ဘာကြီး တည်ရှိနေခြင်းများသည် မိမိလူမျိုးတော်များ၏ ရုပ်တုဆင်းတု ကိုးကွယ်ခြင်းကို ဆန့်ကျင်ဘက် ပြုလျက်ရှိသည်။

### Micah 03

ယေဘုယျအချက်အလက်

ဤအပိုဒ်များသည် ထာဝရဘုရား၏တရာဥပဒေသများကို ဆန့်ကျင်ကြောင်း ဆက်လက်ဖော်ပြသည်။ (ရှု၊ ၆:၁)

အို ငါ၏လူမျိုး၊ သင့်ကို အဘယ်သို့ ငါပြုဘူး သနည်း။ အဘယ်သို့ ညှဉ်းဆဲဘူးသနည်း။ ငါ့တဘက်၌ သက်သေခံလော့။

ဘုရားသခင်သည် မိမိသည် ကောင်းမြတ်သောဘုရားဖြစ်ကြောင်းနှင့် မိမိသာလျှင် ကိုးကွယ်ရမည့်အကြောင်း မေးခွန်းများကို သုံး၍ အလေးအနက် ဖော်ပြသည်။

ကျွန်ခံ နေရာအရပ်

"သင်တို့ ကျွန်ခံသည့်နေရာ"

သက်သေခံလော့။

"သတိရပါ"

မောဘမင်းကြီး ဗာလက်ကြံစည်သော အကြံ ကိုငှင်း၊ ဗေါရသား ဗာလမ်ပြန်ပြောသောစကားကိုငှင်း အောက်မေ့လော့။

ဗာလက်မင်းသည် ဗာလမ်ကိုငှား၍ ဣသရေလတို့အား ကြိမ်ဆဲခိုင်းသည်။ သို့သော်လည်း ဘုရားသခင်က ဗာလမ်အား လူများကို ကောင်းကြီးပေးခွင့် ပေးလိုက်သည်။


generated on Tue Jul 2 12:50:28 2024

ဇောရ
ၚင်းသည် ဗာလမ့် ဖခင်၏ အမည် ဖြစ်သည်။

ရှိတ္တိမ်မြို့
ၚင်းသည် မောဘဒေသ၏ အမည်နာမ ဖြစ်သည်။

ထာဝရ ဘုရား၏ ဖြောင့်မတ်တော်မူခြင်းကို နားလည်လိမ့်မည်။
"ငါသည် အဘယ်သို့သောသူ ဖြစ်ကြောင်း နှင့် သင်တို့အတွက် အဘယ်သို့ ပြုတော်မူကြောင်းကို သင်တို့သည် သတိရကြလိမ့်မည်။"

Micah 06

ငါသည် ထာဝရဘုရားရှေ့တော်သို့ အဘယ် ပူဇော်သက္ကာပါလျက် ချဉ်းကပ်၍၊ အမြင့်ဆုံးသော ဘုရား သခင့်ရှေ့တော်၌ ကိုးကွယ်ရမည်နည်း။ မီးရှို့ရာယဇ်နှင့် အခါလည်သော နွားသငယ်တို့ကို ဆောင်လျက် ချဉ်းကပ် ရမည်လော။ ထာဝရဘုရားသည် သိုးထီးတထောင်၊ ဆီမြစ် တသောင်းကို အားရနှစ်သက်တော်မူမည်လော။ ငါ့လွန် ကျူးခြင်းအတွက် ငါ၏ သားဦးကိုၚင်း၊ ငါ့စိတ်ဝိညာဉ်၏ အပြစ်အတွက် ငါ၏ရင်သွေးကိုၚင်း ပူဇော်ရမည်လော၊
မိက္ခာသည် ဣသရေလများအနေဖြင့် ထာဝရဘုရားအား ပြုံးပျော်ရွှင်စေနိုင်မည့်အကြောင်း မေးခွန်းများမေးမြန်း၍ သွန်သင်သည်။ "အကယ်စင်စစ် ဘုရားထံတော်ပါးသို့ တစ်နှစ်သားအရွယ် နွားငယ်၊ သိုးထီး ၁၀၀၀၊ ဆီးမြစ် အစင်း ၁၀၀၀၀၊ သင့်အပြစ်အတွက် သင်၏သားဦးကိုပူဇော်သော်လည်း ထာဝရဘုရား၏ စိတ်တော်ထိတွေ့နိုင်မည်မဟုတ်။

ငါ့လွန် ကျူးခြင်းအတွက် ငါ၏သားဦးကိုၚင်း၊ ငါ့စိတ်ဝိညာဉ်၏ အပြစ်အတွက် ငါ၏ရင်သွေးကိုၚင်း ပူဇော်ရမည်လော၊
ဤစာစုနှစ်ခု၏ အဓိပ္ပါယ်မှာ အတူတူပင် ဖြစ်သည်။

သူသည်သင့်အားပြောတော်မူသည်။
"ထာဝရဘုရားသည် သင့်ကို ပြောတော်မူသည်။"

Micah 09

ထာဝရဘုရား၏နှုတ်ကပတ်တော်သည် မြို့ကို ဟစ်ခေါ်တော်မူ၏။
"ထာဝရဘုရားသည် ဣသရေလများအား ကြေညာချက်တစ်ခု ကြွေးကြော် တော်မူသည်။"

ပညာရှိသော သူသည် နာမတော်ကို ကြောက်ရွံ့ရ၏။
"ပညာရှိသူသည် ထာဝရဘုရားအား ကြောက်ရွံ့လိမ့်မည်။" သို့မဟုတ် "ပညာရှိသောသူသည် ထာဝရဘုရားပြောသောစကားကို နာခံလိမ့်မည်။"

ဆုံးမခြင်းကိုၚင်း၊ စီရင်သောသူသည် အဘယ်သူဖြစ်သည်ကိုၚင်း နားထောင်ကြလော့။
"တောင်ဝှေး" သည် ဘုရားပေးသော စည်းကမ်းဖြစ်သည်။

ရွံရှာဘွယ်သော တင်းတောင်း ငယ်
ၚင်းသည် ရည်ရွယ်ချက်ရှိရှိနှင့် မမှန်မကန်၊ လှည့်ဖျားသော အလေးချိန် ချိန်ရွယ်ခြင်းကို ရည်ညွှန်းသည်။

Micah 11

မတရားသော ချိန်ခွင်နှင့် စဉ်းလဲသော အလေး အိတ်ရှိသော မြို့ကိုသန့်ရှင်းသော မြို့ဟူ၍ ငါမှတ်ရမည် လော။
ထာဝရဘုရားသည် လိမ်လည်လှည့်ဖျားပြီး ငွေကြေးအတွက် အပြစ်ပြုသောသူများကို အလေးပေးဖော်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မတရားသော အလေးချိန်၊ ချိန်ခွင်ဖြင့် ငွေကြေး မက်မောသော လိမ်လည်လှည့်ဖျား ငါသည်သေချာစွာ စဉ်းစားဆင်ခြင်မည်။

သူဌေးတို့သည် အနိုင်အထက်ပြု၍ ရတတ်ကြ၏။
"သူဌေးတို့သည် ဆင်းရဲသားများ၏ အကျိုးအမြတ်များအား ယူဆောင်သွားကြသည်။

မုသာကို သုံး တတ်ကြ၏။ သူတို့နှုတ်၌ ရှိသောလျှာသည် မုသာဖြစ်၏။
အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့အားလုံးသည် မုသာကိုသာပြော၍ လှည့်ဖျားသောသူများဖြစ်ကြ၏။" ၚင်းသည် စာဖတ်သူများအား စိတ်လှုပ်ရှားစေသောအရာဖြစ်သည်။

Micah 13

သင့်ကိုငါ သုတ် သင်ပယ်ရှင်းခြင်းအလိုငှါ နာကျင်စွာ ဒဏ်ခတ်မည်။
စပျစ်သီးကို နယ်သော်လည်း၊ စပျစ်ရည်ကို မသောက်ရ။
ထဝရဘုရားက မိမိလူမျိုးတော်အား အပြစ်ပေးဒဏ်ခတ်ရာတွင် ရန်သူ့တပ်သည် လာရောက်၍ ကြီးထွားသည်။ မိမိတို့အတွက် ပြင်ဆင်စုဆောင်းကြသည်။

Micah 16

ယေဘုယျအချက်အလက်
ထာဝရဘုရားသည် ဣသရေလများအား ဆက်လက်၍ စကားပြောတော်မူသည်။

ဩမရိမင်း၏ စီရင်ထုံးဖွဲ့ချက်တို့ကိုၚင်း၊ ကျင့်စောင့်၍၊
"သင်သည် ဩမရိမင်း၏ မိန့်မှာခဲ့သည့်အတိုင်း ကျင့်ဆောင်ခဲ့ကြ၏"

ဩမရိ....ဟပ်မင်း
ဤမင်းနှစ်ပါးသည် ဣသရေလ မြောက်ပိုင်းနိုင်ငံ၏ ဘုရင်မင်းများဖြစ်ကြသည်။ ဘုရားသခင်သည် ဤနှစ်ဦးအား ကောက်ကျစ်သောသူများ ဖြစ်စေခဲ့သည်။

သူတို့၏ တိုက်တွန်း ရာသို့ လိုက်တတ်၏။
"ဩမရိနှင့် အာဟတ်မင်းတို့၏ လူများကို လုပ်ဆောင်စေသော ဆိုးသွမ်းယုတ်မာသော အရာများအား သင်သည် လုပ်ဆောင်ခဲ့သည်တကား"

ဆဲရေးရာဖြစ်စေ
ၚင်းသည် တစုံတခုကို ပြက်ရယ်ပြုခြင်း ဖြစ်သည်။


generated on Tue Jul 2 12:50:28 2024

# Translation Questions

## Micah 6:1

ထာဝရဘုရားသခင်သည် ဣသရေအမျိုးတဘက်၌ မည်သို့လုပ်ဆောင်တော်မူမည်နည်း?

ထာဝရဘုရားသခင်သည် ဣသရေလလူမျိုးများနှင့် တရားတွေ့မှုရှိ၍ ဆွေးနွေးငြင်းခုံတော်မူမည်။

## Micah 6:3

ထာဝရဘုရားသည် သူ၏လူမျိုးများအား မသည်သူ့တဘက်၌အလုပ်လုပ်ဖို့ မိန့်တော်မူသနည်း?

ထာဝရဘုရားသည် သူ၏လူမျိုးများအား သူ့ကိုဆန့်ကျင်၍ သက်သေခံဖို့မိန့်တော်မူသည်။

## Micah 6:6

ထာဝရဘုရားသည် သူ၏လူမျိုးများထံမှ မည်သည့်အရာကို တောင်းဆိုခဲ့သနည်း?

ထာဝရဘုရားသည် သူ၏လူမျိုးများကို ဖြောင့်မတ်စွာအမှုပြုဖို့၊ ကရုဏာမေတ္တာဖြင့်ကျင့်ခြင်းနှင့် နှိမ့်ချစွာ ဘုရားသခင်နှင့်လျှောက်လှမ်းဖို့ တောင်းဆိုခဲ့သည်။

## Micah 6:11

မည်သူများ၏ နှုတ်လျှာသည် လှည့်ဖျားတတ်သနည်း?

နှုတ်လျှာဖြင့်ကျင်လည်ကျက်စားသောသူများ၏ လျှာသည်မုသာဖြင့်လှည့်စားတတ်သည်။

## Micah 6:13

ထာဝဘုရားသည် အဘယ်ကြောင့်မြို့ကို ပျက်စီးစေတော်မူသနည်း?

ထာဝရဘုရားသည် ထိုမြို့၌ရှိသောလူများ၏အပြစ်ဒုစရိုက်များကြောင့် မြို့ကို ပျက်စီးစေတော်မူသည်။

## Micah 6:16

ထိုမြို့သားများသည် မည်သည့်မင်းများ၏ စီရင်ထုံးဖွဲ့ချက်နှင့် အကျင့်တို့ကို လိုက်လျှောက်ကြသနည်း?

ထိုမြို့သည် ဩမရိမင်း၏စီရင်ထုံးဖွဲ့ချက်နှင့် အာဟပ်မင်းမျိုး၏အကျင့်သီလတို့ကို လိုက်လျှောက်ကြသည်။

## Chapter 7

1 ငါသည် အမင်္ဂလာရှိ၏။ နွေကာလ၌ ဆွတ်သော သင်္ဘောသဖန်းသီးကဲ့သို့၎င်း၊ လိုက်၍ ကောက်သော စပျစ်သီး
အကျန်အကြွင်းကဲ့သို့၎င်း ငါဖြစ်၏။ စားစရာ ဘို့ စပျစ်သီးပြွတ်မရှိ။ အဦးမှည့်သော သင်္ဘောသဖန်းသီး ကို ငါတောင့်တရ၏။ 2
ကောင်းသော ပြည်သားအပေါင်းတို့သည် ကွယ် ပျောက်ကြပြီ။ ဖြောင့်မတ်သော သူတယောက်မျှမရှိ။ ခပ်သိမ်းသော သူတို့သည်
လူအသက်ကို သတ်ခြင်းငှါ ချောင်း၍ ကြည့်တတ်ကြ၏။ အချင်းချင်း တယောက်ကို တယောက် ကျော့ကွင်းနှင့်ဘမ်းတတ်ကြ၏။ 3
ဒုစရိုက်ကို ကြိုးစား၍ပြုခြင်းငှါ အသင့်ရှိကြ၏။ မင်းသည် လက်ဆောင်ကို တောင်းတတ်၏။ တရားသူကြီး သည် တံစိုးကို
စားတတ်၏။ သူတပါးထက်ကြီးသော သူ သည် မတရားသော လောဘကို ထင်ရှားစေတတ်၏။ ထိုသို့အမှုကို ရှုပ်စေခြင်းငှါ
ပြုတတ်ကြ၏။ 4 အကောင်းဆုံးသော သူသည် ဆူးပင်ကဲ့သို့ ဖြစ် ၏။ အဖြောင့်ဆုံးသော သူသည် ဆူးခြံထက် ခက်လှ၏။
သင်၏ကင်းစောင့်တို့သည် သတိပေးသောနေ့ သင်စစ် ကြောခြင်းကို ခံရသောနေ့ရက်သည် ရောက်လာပြီ။ နှိပ်
စက်နှောင့်ရှက်ရာကာလဖြစ်၏။ 5 အဆွေခင်ပွန်းကို မယုံနှင့်။ လမ်းပြသော သူကို အမှီမပြုနှင့်။ သင့်ရင်ခွင်၌ အိပ်သော မယားကို
မယုံမူ၍၊ သင့်နှုတ်တံခါးကို ပိတ်ထားလော့။ 6 အကြောင်းမူကား၊ သားသည် အဘ၏အသရေ ကို ဖျက်လိမ့်မည်။ သမီးသည်
အမိကို၎င်း၊ ချွေးမသည် ယောက္ခမကို၎င်း ရန်ဘက်ပြုလိမ့်မည်။ ကိုယ်အိမ်သူ အိမ် သားတို့သည်လည်း ကိုယ်ရန်သူဖြစ်ကြလိမ့်မည်။ 7
ငါမူကား၊ ထာဝရဘုရားကို မြော်လင့်မည်။ ငါ့ကို ကယ်တင်တော်မူသော ဘုရားသခင်ကို ငါခိုလှုံမည်။ ငါ၏ဘုရားသခင်သည်
ငါ့စကားကို နားထောင်တော် မူမည်။ 8 အချင်းရန်သူ၊ ငါ့အပေါ်မှာ ဝါကြွားဝမ်းမြောက် ခြင်း မရှိနှင့်။ ငါလဲသော်လည်း ထဦးမည်။
မှောင်မိုက်၌ ထိုင်ရသော်လည်း၊ ထာဝရဘုရားသည် ငါ၏အလင်းဖြစ် တော်မူလိမ့်မည်။ 9 ငါသည် ထာဝရဘုရားကို
ပြစ်မှားသောကြောင့်၊ အမျက်တော်ကို ခံရ၏။ ငါ့အမှုကို စစ်ကြော၍ တရားဆုံး ဖြတ်တော်မမူမှီတိုင်အောင် ငါခံရ၏။ ငါ့ကို
အလင်းထဲသို့ ထုတ်၍ နေရာပေးတော်မူသောအားဖြင့် ဖြောင့်မတ်ခြင်း ပါရမီတော်ကို ငါမြင်ရလိမ့်မည်။ 10
သင်၏ဘုရားဘုရားသခင်ထာဝရဘုရားကား၊ အဘယ်မှာရှိသနည်းဟု မေးသော ငါ့ရန်သူသည် ထိုအမှု ကို မြင်၍
ရှက်ကြောက်လိမ့်မည်။ သူ၌ငါ့စိတ်ပြေလိမ့် မည်။ သူသည် လမ်းမှာ ရွှံ့ကဲ့သို့ ကျော်နင်းခြင်းကို ခံရ လိမ့်မည်။ 11
သင်၏မြို့ရိုးတည်သောကာလသည် ရောက်လိမ့် မည်။ အမိန့်တော်အရှိန်ကုန်လိမ့်မည်။ 12 ထိုကာလ၌ အာရှုရိပြည်နှင့်
အဲဂုတ္တုမြို့များမှ၎င်း၊ အဲဂုတ္တုပြည်နှင့် မြစ်ကြီးစပ်ကြားအရပ်မှ၎င်း၊ ပင်လယ်ကမ်းနားအရပ်ရပ်၊ တောင်ခြေရင်းအရပ်ရပ်တို့ မှ၎င်း၊
သင့်ထံသို့ လာကြလိမ့်မည်။ 13 ထိုသို့ မဖြစ်မှီ ပြည်သူပြည်သားပြုမိသော ဒုစ ရိုက်အပြစ်ကြောင့် ပြည်တော်သည် လူဆိတ်ညံ့လျက်
ရှိရလိမ့်မည်။ 14 ကိုယ်တော်၏လူတည်းဟူသော အပေါင်း အဘော်မရှိဘဲ၊ တောတွင် ကရမေလတောင်ပေါ်မှာ နေရ သော
အမွေတော်သိုးစုကို သိုးထိန်းနှင်တံနှင့် ထိန်းတော် မူပါ။ ရှေးကာလ၌ ရှိသကဲ့သို့၊ ဗာရှန်ပြည်နှင့် ဂိလဒ်ပြည် ၌ ကျက်စားသော အခွင့်ကို
ပေးတော်မူပါ။ 15 သင်သည် အဲဂုတ္တုပြည်မှ ထွက်သောနေ့၌ မြင် သည်အတိုင်း၊ တဖန်အံ့ဩဘွယ်သော အမှုတို့ကို ငါပြ မည်။ 16
လူအမျိုးမျိုးတို့သည် ငါ၏လူတို့၌ရှိသမျှသော တန်ခိုးကိုမြင်၍ မိန်းမောတွေဝေလျက်၊ မိမိတို့နှုတ်ကို လက်နှင့်ပိတ်၍
နားပင်းကြလိမ့်မည်။ 17 မြွေကဲ့သို့ မြေမှုန့်ကိုလျက်၍၊ တီကဲ့သို့တွင် ထဲက တုန်လှုပ်လျက် ထွက်ကြလိမ့်မည်။ ငါတို့ဘုရားသခင်
ထာဝရဘုရားကို၎င်း၊ သင့်ကို၎င်း ကြောက်ရွံ့ကြလိမ့်မည်။ 18 အပြစ်မှလွှတ်တော်မူထသော၊ ကျန်ကြွင်းသော အမွေတော်လူတို့၏
လွန်ကျူးခြင်းများကို သည်းခံတော် မူထသော၊ ကရုဏာ၌ မွေ့လျော်သောကြောင့် အစဉ် အမျက်ထွက်တော်မမူသော ကိုယ်တော်ကဲ့သို့
အဘယ် ဘုရားရှိပါသနည်း။ 19 ကိုယ်တော်သည် အကျွန်ုပ်တို့ကို တဖန်သနား၍၊ အကျွန်ုပ်တို့၏ ဒုစရိုက်ရှိသမျှတို့ကို
ကျော်နင်းတော်မူလိမ့် မည်။ အကျွန်ုပ်တို့၏ အပြစ်အလုံးစုံတို့ကို နက်နဲသော ပင်လယ်ထဲသို့ ချပစ်တော်မူလိမ့်မည်။ 20 ရှေးကာလမှစ၍
ဘိုးဘေးတို့အား ကျိန်ဆိုတော် မူသည်အတိုင်း၊ ယာကုပ်၌ သစ္စာစောင့်ခြင်း၊ အာဗြဟံ အား ကရုဏာကျေးဇူးပြုခြင်းကို
စီရင်တော်မူလိမ့်မည်။

---

Micah 01

နွေကာလ၌ ဆွတ်သော သင်္ဘောသဖန်းသီးကဲ့သို့၎င်း၊ လိုက်၍ ကောက်သော စပျစ်သီး အကျန်အကြွင်းကဲ့သို့၎င်း ငါဖြစ်၏။

မက္ခာသည် ဘုရားသခင်၌ ရိုးသားသူ၊ သစ္စာရှိသောသူမရှိကြောင်း လေးပေးဖော်ပြသည်။ "ငါ့အတွက် ဣသရေလများသည် ရိတ်သိမ်း၊ သလင်းကောက်ပြီးသော စပျစ်ခြံနှင့်တူ၏။ စပျစ်၌စပျစ်သီးငါမမြင်၊ အသီးဗလာရှိ၏။ သို့သော် လည်း ငါသည် စပျစ်သီးကို စားဖို့ရန် ယခုထိ လိုလားတောင့်တလျက်ရှိ၏။

ကောင်းသော ပြည်သားအပေါင်းတို့သည် ကွယ် ပျောက်ကြပြီ။ ......... တယောက်ကို တယောက် ကျော့ကွင်းနှင့်ဘမ်းတတ်ကြ၏။

မိက္ခာသည် မည်မျှဆိုးသွမ်းသောအခြေအနေကို ပုံကြီးချဲ့ပြောကြားခြင်းဖြစ်သည်။ သူသည် ဣသရေလလူမျိုးများ၌ ကောင်းသောသူတစ်ဦးတစ်ယောက်မျှ မရှိတော့ကြောင်း ခံစားသည်။


generated on Tue Jul 2 12:50:28 2024

Micah 03

ယေဘုယျအချက်အလက်
မိက္ခာသည် ဣသရေလ လူမျိုးများအား ဆက်လက်၍ မိန့်မှာတော်မူသည်။

ဒုစရိုက်ကို ကြိုးစား၍ပြုခြင်းငှါ အသင့်ရှိကြ၏။
အခြားသောဘာသာပြန်ဆိုချက်၊ "လူများသည် အလွန်ကောင်းမြတ်ကြ၏"

အကောင်းဆုံးသော သူသည် ဆူးပင်ကဲ့သို့ ဖြစ် ၏။ အဖြောင့်ဆုံးသော သူသည် ဆူးခြံထက် ခက်လှ၏
၎င်းသည် ဣသရေလများ၏ အကောင်းဆုံးသော ခေါင်းဆောင်များသည် ဘေးဒုက္ခရောက်စေ၍ တန်ဖိုးမဲ့သော ထိုက်တန်ခြင်း မရှိသောသူများ ဖြစ်ကြသည်။

သင်၏ကင်းစောင့်တို့သည် သတိပေးသောနေ့၊ သင်စစ် ကြောခြင်းကို ခံရသောနေ့ရက်သည် ရောက်လာပြီ။ နှိပ် စက်နှောင့်ရှက်ရာကာလဖြစ်၏။
ဤတွင် "သင်" သည် ဣသရေလလူမျိုးများကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့၏ ပရောဖက်များသည် ထာဝရဘုရားသည် သူတို့အား ဘေးဒဏ်ခတ်မည့်အကြောင်းကို ပြောကြားကြသည်"

နှိပ် စက်နှောင့်ရှက်ရာကာလဖြစ်၏။
၎င်းသည် စစ်ရှုံးခြင်းကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယခုတွင် သူတို့သည် မည်သို့ဖြစ်ပျက်လာမည့်အကြောင်း နားမလည်ကြပေ"

Micah 05

ယေဘုယျအချက်အလက်
မိက္ခာသည် ဣသရေလလူများအတွက် ဆက်လက်၍ စကားပြောသည်။

အဆွေခင်ပွန်းကို မယုံနှင့်။ ကိုယ်အိမ်သူ အိမ် သားတို့သည်လည်း ကိုယ်ရန်သူဖြစ်ကြလိမ့်မည်။
ကောင်းသောသူ၊ ရိုးသားဖြောင့်မတ်သော သူနှင့် ဘုရားသခင်အပေါ် သစ္စာရှိသူ ဟူ၍ လူမျိုးတော်ထဲ၌ မရှိကြောင်းကို မိက္ခာက ဆက်လက်၍ ပြသသည်။ ဤတွင် သူသည် ထိုသူတို့က မိတ်ဆွေများနှင့်မိသားစုပင်လျှင် အယုံအကြည် မရှိကြတော့ပေ။

Micah 07

ငါမူကား
ဤတွင် "ငါ" သည် မိက္ခာကို ရည်ညွှန်းသည်။

ငါ့အပေါ်မှာ ဝါကြွားဝမ်းမြောက် ခြင်း မရှိနှင့်။
မိက္ခာသည် သူ့ကိုယ်သူ ရည်ညွှန်းဖော်ပြထားခြင်းမဟုတ်ပေ။ သူ၏ ဆိုလိုခြင်းမှာ ရန်သူသည် ဣသရေလတို့၌ အဖြစ်အပျက်များအပေါ် ဝမ်းမြောက်ရွှင်လန်းခြင်း မရှိဖို့အရေး ဖြစ်သည်။

မှောင်မိုက်၌ ထိုင်ရသော်လည်း၊ ထာဝရဘုရားသည် ငါ၏အလင်းဖြစ်တော်မူလိမ့်မည်။
မိက္ခာသည် ဣသရေလတို့အပေါ် ကျရောက်မည် ဘေးဒုက္ခတည်းဟူသော "မှောင်မိုက်ခြင်း" ကို ရည်ညွှန်းသည်။ ယခုတွင် ဘုရားသခင်က သူတို့အတွက် ရန်သူများကို ခွင့်ပြုပေးသည်၊ ကိုယ်တော်ရှင်သည် ရှေ့အနာဂတ်တွင် ရွေးနုတ်ကယ်တင်မည့်အကြောင်းကို ဆိုလိုသည်။

Micah 09

ငါသည် ထာဝရဘုရားကို ပြစ်မှားသောကြောင့်
မိက္ခာသည် မိမိအပြစ်ကိုသာ ရည်ညွှန်းခြင်းမဟုတ်ဘဲ၊ ဣသရေလလူမျိုးအားလုံး၏ အပြစ်ကိုဆိုလိုသည်။

ငါ့အမှုကို စစ်ကြော၍ တရားဆုံး ဖြတ်တော်မမူမှီတိုင်အောင် ငါခံရ၏။
၎င်းသည် ဘုရားသခင်က လူမျိုးတော်ကို ဆုံးမအပြစ်ပေးခြင်းကို ရည်ညွှန်းသည်။ ထို့ပြင် ထာဝရဘုရားသည် ဣသရေလလူများကို ထိခိုက်အန္တရာယ်ပြုသော တပါးအမျိုးသားများအား အပြစ်ဒဏ်ခတ်မည့် အကြောင်းကိုလည်း ရည်ညွှန်းသည်။

ငါ့ကို အလင်းထဲသို့ ထုတ်၍
အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် လာ၍ ငါတို့ ရန်သူ့လက်မှ ကယ်တင်လိမ့်မည်။ ၎င်းသည် လူတစ်ဦးကို အမှောင်ထဲမှ အလင်းသို့ ခေါ်ဆောင်လာခြင်းနှင့် တူသည်"

Micah 10

ငါ့ရန်သူသည်
မိက္ခာသည် မိမိကိုယ်ကိုသာ ရည်ညွှန်းခြင်းမဟုတ်ဘဲ၊ ဣသရေလများ၏ ရန်သူများကိုလည်း ဆိုလိုသည်။

သင်၏ဘုရားဘုရားသခင်ထာဝရဘုရားကား၊ အဘယ်မှာရှိသနည်း
ရန်သူသည် ဣသရေလများအား လှောင်ပြောင်ပြက်ရယ်ပြုသော မေးခွန်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် သင်တို့အား မကူညီနိုင်ပါ"

ငါ၏မျက်လုံးများ
"ငါ" သို့မဟုတ် "ငါတို့"

သူမအားကြည့်လိမ့်မည်
ဤတွင် "သူမ" သည် ဣသရေလလူမျိုးများအား အန္တရာယ်ပြုသော ရန်သူများကို ဆိုလိုသည်။

ငါ့ရန်သူသည် ထိုအမှု ကို မြင်၍ ရှက်ကြောက်လိမ့်မည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့၏ ရန်သူသည် နင်းချေပစ်မည်"

Micah 11

သင်၏မြို့ရိုးတည်သော ကာလသည် ရောက်လိမ့် မည်။
ဤတွင် "မြို့ရိုး" ဟူသည် သူတို့ မြို့များ၏ မြို့ရိုးများသည် ရန်သူလက်မှ ဘေးကင်းလုံခြုံမှုကို ပေးသည်။


generated on Tue Jul 2 12:50:28 2024

အမိန့်တော်အရှိန်ကုန်လိမ့်မည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် သင်တို့၏ တိုင်းပြည် နယ်နိမိတ်မျဉ်းများ ချဲ့ပေးလိမ့်မည်" သို့မဟုတ် "ထာဝရဘုရားသည် သင်တို့၏ နိုင်ငံတော်ကို ကြီးစွာ တိုးပွားစေလိမ့်မည်"

ပြည်တော်သည် လူဆိတ်ညံလျက် ရှိရလိမ့်မည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ထိုပြည်သည် (လူမနေသော) ဟင်းလင်းပြင်ဖြစ်လိမ့်မည်" သို့မဟုတ် "ထိုပြည်တွင် တစုံတယောက်မျှ နေထိုင်မည် မဟုတ်တော့ပေ"

Micah 14

သိုးထိန်းနှင်တံနှင့် ထိန်းတော် မူပါ။
မိက္ခာသည် ထာဝရဘုရားထံ ဣသရေလများ တဖန် ကာကွယ်ရန်တောင်းလျှောက်သည်။ ဤတွင် "နှင်တံ" ဟူသည် သိုးထိန်းသည် သိုးတို့ကို တုတ်ချောင်းဖြင့် လမ်းညွှန်ကာ စောင့်ရှောက်သကဲ့သို့ ဘုရားသခင်၏ ဦးဆောင်မှုနှင့် လမ်းညွှန်မှုကို ဆိုလိုခြင်းဖြစ်သည်။

အပေါင်း အဘော်မရှိဘဲ၊ တောတွင်
မိက္ခာ ဆိုလိုသည်မှာ သူတို့၏ ပတ်လည်တွင် နေထိုင်သူအချို့တို့သည် ဆင်းရဲ၍၊ အထီးကျန်လျက် လိုအပ်သောအရာများကို လွယ်လွယ်ကူကူ မရရှိနိုင်ပေ။

ဗာရှန်ပြည်နှင့် ဂိလဒ်ပြည် ၌ ကျက်စားသော အခွင့်ကို ပေးတော်မူပါ။
ဤဒေသများသည် အစာရေစာအတွက် ကြွယ်ဝသောနေရာဖြစ်သည်။ ထို့ကြောင့် မိက္ခာသည် ကျူးကျော်သူများ ယူထားသော နယ်နိမိတ်ကိုလည်း တောင်းဆိုနေသည်။

ရှေးကာလ၌ ရှိသကဲ့သို့
၎င်းသည် ရှောလမုန်မင်းကြီး အချိန်ကာလကို ရည်ညွှန်းခြင်း ဖြစ်နိုင်သည်။

ငါပြု မည်။
ဤတွင် "ငါ" သည် ထာဝရဘုရားအား ရည်ညွှန်းသည်။

Micah 16

မိမိတို့နှုတ်ကို လက်နှင့်ပိတ်၍ နားပင်းကြလိမ့်မည်။
၎င်းသည် သူတို့ မည်မျှ တုန်လှုပ်ခြောက်ခြားကြောင်းပြသည်။

မြွေကဲ့သို့ မြေမှုန့်ကိုလျက်၍၊ တီကဲ့သို့တွင်း ထဲက တုန်လှုပ်လျက် ထွက်ကြလိမ့်မည်။
ဤစာစု နှစ်ခု၏ အဓိပ္ပါယ်မှာ အတူတူပင်ဖြစ်သည်။ ထာဝရဘုရား၏ ရန်သူတို့သည် စိတ်ဓါတ် သိမ်ငယ်ကာ၊ တန်ခိုးတော်ကို မြင်တွေ့သောအခါ ကြောက်ရွံ့ကြသည်။

Micah 18

ကိုယ်တော်ကဲ့သို့ အဘယ် ဘုရားရှိပါသနည်း။
မိက္ခာသည် ထာဝရဘုရားပြုတော်မူသကဲ့သို့ အဘယ်သူပြုနိုင်သနည်း ဟု မေးခွန်းကို အလေးအနက်ထား အသုံးပြုသည်။

ကျန်ကြွင်းသော အမွေတော်
"ကိုယ်တော်ရွေးကောက်တော်မူသော အကျွန်ုပ်တို့သည် ကိုယ်တော်၏ ဒဏ်ခတ်တော်မူခြင်း၌ အသက်ရှင်ကျန်ရစ်သည်"

Micah 19

ကိုယ်တော်သည်...လိမ့် မည်။
ဤတွင် "ကိုယ်တော်" သည် ထာဝရဘုရားကို ရည်ညွှန်းသည်။

အကျွန်ုပ်တို့ကို
ဤတွင် "အကျွန်ုပ်တို့" သည် မိက္ခာနှင့်ဣသရေလလူမျိုးများကို ရည်ညွှန်းသည်။

ဒုစရိုက်ရှိသမျှတို့ကို ကျော်နင်းတော်မူလိမ့် မည်။ အကျွန်ုပ်တို့၏ အပြစ်အလုံးစုံတို့ကို နက်နဲသော ပင်လယ်ထဲသို့ ချပစ်တော်မူလိမ့်မည်။
ဘုရားသခင်သည် လူများ၏ အပြစ်ကို ခွင့်လွှတ်တော်မူ၍၊ လူမျိုးပေါ်မှာ ဒဏ်ခတ်ခြင်း မပြုတော့ပါ။

ယာကုပ်၌ သစ္စာစောင့်ခြင်း၊ အာဗြဟံ အား ကရုဏာကျေးဇူးပြုခြင်းကို စီရင်တော်မူလိမ့်မည်။
ဤတွင် "ယာကုပ်" နှင့် "အာဗြဟံ" သည် ဣသရေလတို့၏ ရှေးဘိုးဘေးများနှင့် ယခုဣသရေလလူမျိုးများအား ရည်ညွှန်းသည်။

ဘိုးဘေးတို့
၎င်းသည် အာဗြဟံနှင့် ယာကုပ်တို့ကို ရည်ညွှန်း၍ ဘုရားသခင်နှင့် ပဋိညာဉ် ပြုထားသောသူများ။

## Translation Questions

Micah 7:1

မြေကြီးပေါ်တွင်မည်သူတို့သည် ပျက်စီးကြသနည်း?
ဘုရားတရားကိုင်းရှိုင်းသောသူများသည် မြေကြီးပေါ်တွင် ပျက်စီးကြသည်။


generated on Tue Jul 2 12:50:28 2024

Micah 7:1

မြေကြီးပေါ်တွင်မည်သူတို့သည် ပျက်စီးကြသနည်း?
ဘုရားတရားကိုင်းရှိုင်းသောသူများသည် မြေကြီးပေါ်တွင် ပျက်စီးကြသည်။

Micah 7:3

မည်သူသည် ကျန်ကြွင်းသောလူများအား အပြစ်ပေးမည်အကြောင်းကို ဟောပြောခဲ့သနည်း?
ကင်းစောင့်တို့သည် ကျန်ကြွင်းသောလူများအား အပြစ်ပေးမည့်နေ့ကို ဟောပြောခဲ့ကြသည်။

Micah 7:5

မည်သူသည်လူ၏ ရန်သူများနည်း?
အိမ်သူအိမ်သားများသည် လူ၏ရန်သူများဖြစ်လိမ့်မည်။

Micah 7:7

မိက္ခာသည်လဲကျသောအခါ မည်သို့ဖြစ်မည်နည်း?
မိက္ခာသည် လဲကျသော်လည်း ပြန်ထမည်။

Micah 7:9

မည်မျှကြာ ထာဝရဘုရားသည် မိက္ခာအပေါ် အမျက်ဒေါသထွက်မည်နည်း?
ထာဝရဘုရားသည် မိက္ခာအား သူ၏အမှုကိုစစ်ကြော၍ တရားဆုံးဖြတ်သည့်တိုင်အောင် မက္ခာသည် ထာဝရဘုရား၏ အမျက်တော်ကိုခံရမည်။

Micah 7:10

မိက္ခာသည်မည်သူ့ကို ကြည့်မည်နည်း?
မိက္ခာသည် သူ၏ရန်သူကိုကြည့်လိမ့်မည်။

Micah 7:11

မြို့ရိုးတည်သောကလ၌ မည့်သည့်အရာများဖြစ်ပေါ်လာမည်နည်း?
မြို့ရိုးတည်သောကာလ၌ မြို့ရိုးနယ်စပ်များသည် အလွန်ဝေးကွာသွားလိမ့်မည်။

Micah 7:14

သူ၏လူများကိုစောင့်လျှောက်ပေးဖို့ မိက္ခာသည် ထာဝရဘုရားအား မည်သို့မေးမြန်းခဲ့သနည်း?
သူ၏လူများကို နှင်တံနှင့်ထိန်းသိမ်းဖို့ မိက္ခာသည် ထာဝရဘုရားကိုမေးမြန်းခဲ့သည်။

ထာဝရဘုရားသည်သူ၏ လူများအားမည်သည့်အရာကိုပြမည်နည်း?
ထာဝရဘုရားသည်သူ၏ လူများအား အံ့သြဖွယ်ရာများကိုပြလိမ့်မည်။

Micah 7:16

တပါးအမျိုးသားများသည် မည်သည့်အရာကိုမြင်၍ ရှက်ကြောက်ကြမည်နည်း?
တပါးအမျိုးသားများသည် မိမိတို့တန်းခိုးအစွမ်းကို မြင်တွေ့၍ ရှက်ကြောက် ကြလိမ့်သည်။

လူမျိုးများသည် မည်သူ့ကိုမြင်၍ ကြောက်ရွံ့ကြမည်နည်း?
တပါးအမျိုးသားများသည် ထာဝရဘုရားထံသို့ လာကြ၍သူ့အားဖြင့် ကြောက်ရွံ့တုန်လှုပ်ကြလိမ့်မည်။

Micah 7:18

ထာဝရဘုရားသည် အဘယ်ကြောင့် သူ၏အမျက်တော်ကို အစဉ်ထာဝရရှိတော်မမူမည်နည်း?
ထာဝရဘုရားသည် ပဋိညာဉ်သစ္စာတော်ကို ပြသလိုသောကြောင့်၊ အမျက်တော်ကိုအစဉ်တည်စေတော်မမူ။

Micah 7:19

ထာဝရဘုရားသည် ဣသရေလလူမျိုးများ၏ရှိသမျှအပြစ် များကို မည်သည့်နေရာထဲသို့ ပစ်ချတော်မူမည်နည်း?
ထာဝရဘုရားသည် ဣသရေလလူမျိုးများ၏ရှိသမျှအ ပြစ်များကိုနက်နဲသော ပင်လယ်ထဲသို့ ချပစ်တော်မူလိမ့်မည်။

# Nahum

## Chapter 1

1 ဧလကောရှရွာသား နာဟုံခံရ၍၊ နိနေဝေမြို့နှင့် ဆိုင်သော ဗျာဒိတ်တော်အချက်ဟူမူကား၊ 2 အပြစ်ရှိသည်ဟု ထာဝရဘုရားသည်
ယုံလွယ်၍ ဒဏ်ပေးသော ဘုရားဖြစ်တော်မူ၏။ ထာဝရဘုရားသည် ဒဏ်ပေး၍ အမျက်ပြင်းထန်တော်မူ၏။ ထာဝရဘုရား သည်
ရန်ဘက်ပြုသောသူတို့ကို ဒဏ်ပေး၍၊ ရန်သူတို့ကို အငြိုးထားတော်မူ၏။ 3 ထာဝရဘုရားသည် စိတ်ရှည်တော်မူ၏။ တန်ခိုး လည်း
ကြီးတော်မူ၏။ သို့ရာတွင်၊ အပြစ်တည်သော သူ တို့ကို အပြစ်မှ လွှတ်တော်မမူ။ ထာဝရဘုရားသည် လေ ဘွေ၌၎င်း၊
မိုဃ်းသက်မုန်တိုင်း၌၎င်း ကြွတော်မူ၍၊ မိုဃ်း တိမ်တို့သည် စက်တော်အောက်၌ မြေမှုန့်ကဲ့သို့ ဖြစ်ကြ၏။ 4 ပင်လယ်ကို ဆုံးမ၍
ခန်းခြောက်စေတော်မူ၏။ ခပ်သိမ်းသော မြစ်ရေကိုလည်း ကုန်စေတော်မူ၏။ ဗာရှန် တောင်နှင့် ကရမေလတောင်တို့သည်
ညှိုးနွမ်းကြ၏။ လေဗနုန်အပွင့်လည်း ညှိုးနွမ်း၏။ 5 ကိုယ်တော်ကြောင့် တောင်တို့သည် တုန်လှုပ် လျက်၊ ကုန်းတို့သည်
အရည်ကျိုလျက်၊ ရှေ့တော်၌ မြေကြီး နှင့် လောကဓာတ်မှစ၍ လောကသားအပေါင်းတို့သည် ရွှေ့လျက်ရှိကြ၏။ 6
အမျက်တော်ရှေ့မှာ အဘယ်သူရပ်နိုင်သနည်း။ အမျက်တော်အရှိန်ကို အဘယ်သူ ဆီးတားနိုင်သနည်း။ မီးလောင်သကဲ့သို့
အမျက်ထွက်၍၊ ကျောက်တို့ကို ဖြိုချ တော်မူ၏။ 7 ထာဝရဘုရားသည် ကောင်းတော်မူ၏။ အမှု ရောက်သောအခါ
ရဲတိုက်ဖြစ်တော်မူ၏။ ခိုလှုံသောသူတို့ ကို သိမှတ်တော်မူ၏။ 8 ရန်သူနေရာကို လွှမ်းမိုးသော မြစ်ရေနှင့် ဆုံးရှုံး စေတော်မူသဖြင့်၊
ရန်သူတို့ကို မှောင်မိုက်လိုက်လိမ့်မည်။ 9 ထာဝရဘုရားတဘက်၌ အဘယ်သို့ ကြံစည်ကြ သနည်း။ အပြီးဆုံးရှုံးစေတော်မူမည်။ တဖန်
နှိပ်နင်းစရာ အကြောင်းမရှိရ။ 10 သူတို့သည် ဆူးပင်ကဲ့သို့ အချင်းချင်း ညိတွယ် လျက်၊ စပျစ်ရည်နှင့် ယစ်မူးသကဲ့သို့ဖြစ်လျက်၊ သွေ့
ခြောက်သောအမှိုက်ကဲ့သို့ မီးလောင်ခြင်းကို ခံရကြလိမ့် မည်။ 11 ထာဝရဘုရားတဘက်၌ မကောင်းသော အကြံ ကို
ကြံစည်သောအဓမ္မတိုင်ပင်အမတ်သည် သင့်အထဲက ပေါ်လာပြီ။ 12 ထာဝရဘုရား မိန့်တော်မူသည်ကား၊ သူတို့သည် စုံလင်၍
အရေအတွက်အားဖြင့် များပြားသော်လည်း၊ ဆုံးရှုံး၍ ကွယ်ပျောက်ရကြလိမ့်မည်။ သင့်ကို ငါညှဉ်းဆဲ ဘူးသော်လည်း နောက်တဖန်
မညှဉ်းဆဲ။ 13 ယခုမှာ သင်၌ သူတင်သော ထမ်းဘိုးကို ငါချိုး ပယ်၍၊ ချည်နှောင်သော ကြိုးတို့ကိုလည်း ဖြတ်မည်။ 14 သင်၏အမှု၌
ထာဝရဘုရားစီရင်တော်မူသည် ကား၊ သင်၏အမျိုးမဆက်မနွယ်ရ။ ထုသော ရုပ်တုနှင့် သွန်းသော ရုပ်တုတို့ကို
သင်၏ဘုရားကျောင်းမှ ငါပယ် ရှင်းမည်။ သင်သည် ယုတ်မာသောကြောင့် သင်၏ သင်္ချိုင်းကို ငါလုပ်မည်။ 15 ငြိမ်သက်ခြင်း၏
ဝမ်းမြောက်စရာသိတင်း စကားကို ကြားပြောသော သူ၏ခြေတို့ကို တောင်ပေါ်မှာ ကြည့်ကြလော့။ အိုယုဒအမျိုး၊ သင်၏မွေပွဲကို
ခံလော့။ သစ္စာဂတိထားသည်အတိုင်း သစ္စာဝတ်ကို ဖြေလော့။ အဓမ္မလူသည် ရှင်းရှင်းပယ်ဖြတ်ခြင်းကို ခံရသောကြောင့်
နောက်တဖန်သင့်ကို မကျော်မနင်းရ။

---

---

Nahum 01

ယေဘုယျအချက်အလက်
နာဟုံက နိနေဝေမြို့ကို ဖျက်ဆီးမည့်အကြောင်းကဗျာလင်္ကာဖြင့် ရှင်းပြသည်။

နိနေဝေမြို့နှင့် ဆိုင်သော ဗျာဒိတ်တော်
နိနေဝေမြို့အကြောင်းကို ဘုရားသခင်ထံတော်မှ ပြောပြချက်

ဧလကောရှရွာသား
ဧလကောရှရွာမှ လူတစ်ဦး

Nahum 02

ထာဝရဘုရား
ဓမ္မဟောင်းကျမ်းတွင် လူမျိုးတော်တို့အား ဖော်ပြသော ဘုရားသခင်၏ နာမတော် ဖြစ်သည်။

အပြစ်တည်သော သူ တို့ကို အပြစ်မှ လွှတ်တော်မမူ
ရန်သူများသည် စကားတော် နားမထောင်သည့်အခါ ဘုရားသခင်က တရားစီရင်၍ ဒဏ်ခတ်တော်မူမည်ဟု ဆိုလိုသည်။

ထာဝရဘုရားသည် လေ ဘွေ၌၎င်း၊ မိုဃ်းသက်မုန်တိုင်း၌၎င်း ကြွတော်မူ၍
ထာဝရဘုရားသည် တန်ခိုးတော်ဖြင့် မိုးဃ်းသက်မုန်တိုင်းနှင့်လေဘွေကဲ့သို့ လှုပ်ရှားတော်မူသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တန်ခိုးတော်နှင့်ကြွလာသည်"

စက်တော်အောက်၌ မြေမှုန့်ကဲ့သို့
ခြေတော်ဖြင့် ကန်လိုက်သော မြေမှုန့်

Nahum 04

ယေဘုယျအချက်အလက်
နာဟုံက မြေကြီးပေါ်စိုးစံတော်မူသော ထာဝရဘုရား၏ တန်ခိုးတော်ကို ဆက်လက်ရှင်းပြသည်။


generated on Tue Jul 2 12:50:28 2024

ရှေ့တော်၌တောင်များတုန်လှုပ်ပြီး၊ ကုန်းတို့သည် အရည်ပျော်သည်။
ရှေ့တော်၌မြေကြီးသည်ရှေ့လျားလျက်ရှိကြ၏။
တောင်များ၊ ကုန်းများနှင့် မြေကြီးပင်လျှင် ထာဝရဘုရားကို
ကြောက်ရွံ့လျက်ရှိသည်။

တုန်လှုပ်
ကြောက်ရွံ့သော သူကဲ့သို့

ရှေ့လျက်ရှိ၏။
ကြောက်ရွံ့ခြင်းကြောင်မြေကြီးပေါ်တွင် လဲကျသည်။

Nahum 06

ယေဘုယျအချက်အလက်
ထာဝရဘုရား၏ တန်ခိုးတော်အကြောင်းကို နာဟုံက
ပြောပြနေခြင်းဖြစ်သည်။

အမျက်တော်အရှိန်
အမျက်တော်၏ ပြင်းပြခြင်း သို့မဟုတ် အမျက်တော်၏ ပမာဏ

အမျက်တော်သည် မီးကဲ့သို့ဖြာထွက်ပြီး၊ကျောက်တို့ကို ဖြိုချ တော်မူ၏။
အခြားသောဘာသာပြန်ဆိုချက်၊
"ကိုယ်တော်သည်အမျက်တော်ကိုမီးကဲ့သို့ဖြာထွက်စေပြီး၊
ကျောက်တို့ကိုအပိုင်းပိုင်း ဖြိုချတော်မူသည်"

Nahum 07

ရဲတိုက်
ရန်သူများကို ခုခံကာကွယ်ဖို့ တည်ဆောက်ထားသော
လုံခြုံသောနေရာ

အမှုရောက်သောအခါ
ရန်သူတိုက်ခိုက်လာသည့်အခါ။ အခြားသောဘာသာပြန်ဆိုချက်၊
"ဆိုးရွားသော အရာများ ဖြစ်ပျက်သည့်အချိန်"

Nahum 09

ယေဘုယျအချက်အလက်
နိနေဝေမြို့သူမြို့သားတို့ကို ထာဝရဘုရား မည်ကဲ့သို့
ကိုင်တွယ်မည့်အကြောင်းကို နာဟုံက ပြောဆိုသည်။

အပြီးဆုံးရှုံး
လုပ်ဆောင်သည့်အရာကို အပြီးအပိုင် ရပ်တန့်လိုက်သည်။

တဖန်နှိမ်နင်းစရာမရှိ
အခြားသောဘာသာပြန်ဆိုချက်၊ "သင့်အား
ဒုတိယအချီထပ်မတိုက်တော့ပါ"

သူတို့
နာဟုံက နိနေဝေမြို့သူမြို့သားအကြောင်းကို
ဣသရေလလူများအား အကျဉ်းချုပ်ပြောပြသည်။

ဆူးပင်ကဲ့သို့ ညှိတွယ်
တိုက်ခိုက်ခြင်းမှ သူတို့ကို တားဆီးမည့်
ပြဿနာများစွာနှင့်တွေ့ကြုံခြင်း။

မီးလောင်ခြင်းခံရ
ထာဝရဘုရားသည် နိနေဝေမြို့သူမြို့သားတို့ကို
လုံးလုံးဖျက်ဆီးလိမ့်မည်။

အဓမ္မတိုင်ပင် အမတ်ပေါ်လာခြင်း
အဓမ္မအမှုများ ပြုလုပ်ရန် လူတို့အား တိုက်တွန်းသည်။

Nahum 12

ယေဘုယျအချက်အလက်
ထာဝရဘုရားက နိနေဝေမြို့အကြောင်းကို
ဣသရေလလူမျိုးများအား ပြောပြသည်။

သူတို့သည်
နိနေဝေမြို့သူမြို့သားများ

သို့သော်လည်းသူတို့ဆုံးရှုံးလိမ့်မည်။
သူတို့ဖျက်ဆီးခြင်းခံရမည်။ သူတို့သည် များပြားသော်လည်း
ထာဝရဘုရားသည် သိုးမွေးကို ဖျက်ပစ်သကဲ့သို့
နိနေဝေတပ်သားများကို အဝေးသို့ဖျက်ပစ်လိမ့်မည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့ ဖျက်ဆီးခြင်းခံရမည်"

သင်၌ သူတင်သော ထမ်းဘိုးကို ငါချိုး ပယ်မည်
အခြားသောဘာသာပြန်ဆိုချက်၊ "ထိုသူ၌ ကျွန်ခံရာဘဝမှသင့်ကို
လွတ်ပေးလိမ့်မည်"

သင်ကြိုးတို့ကို ဖြတ်မည်
သင့်အား ချည်နှောင်ထားသော ကြိုးတို့ကို ဖြတ်မည်။

Nahum 15

ဝမ်းမြောက်စရာသိတင်း စကားကို ကြားပြောသော သူ၏ခြေတို့ကို
တောင်ပေါ်မှာ
ဝမ်းမြောက်စရာသတင်းကိုယူဆောင်လာသောသူတစ်စုံတစ်ယောက်

အဓမ္မလူ
နာဟုံက နိနေဝေမြို့သူမြို့သားတို့သည်
တစ်ဦးတည်းဖြစ်ကြောင်းညွှန်ပြခြင်းဖြစ်သည်။

ရှင်းရှင်းပယ်ဖြတ်ခြင်းကို ခံရသည်။
နာဟုံက အနာဂတ်ကာလအကြောင်းကို ပြောပြသော်လည်း
ယခုတွင်ပင်လျှင် ဖြစ်ပျက်လျက်ရှိသည်အလား ပြောပြသည်။



generated on Tue Jul 2 12:50:28 2024

# Translation Questions

## Nahum 1:2

ထာဝရဘုရားသည် မည်သည့်အရာဖြင့် ပြင်းထန်သနည်း?
ထာဝရဘုရားသည် အမျက်ပြင်းထန်တော်မူသည်။

ထာဝရဘုရားသည် အဘယ်သူကို ဒဏ်ပေးတော်မူသနည်း?
ထာဝရဘုရားသည် ရန်သူများကို ဒဏ်ပေးသည်။

ထာဝရဘုရားသည် မည်သို့ ကြွတော်မူသနည်း?
ထာဝရဘုရားသည် လေပွေနဲ့ မိုးသက်မုန်တိုင်း၌ ကြွတော်မူသည်။

## Nahum 1:4

လေဗနုန် ပန်းပွင့်တွေ မည်သို့ဖြစ်သနည်း?
လေဗနုန် ပန်းပွင့်များ ညှိုးနွမ်း၏။

ထာဝရဘုရား ရှေ့တော်၌ ကမ္ဘာမြေကြီးသည် မည်သို့ဖြစ်သနည်း?
ထာဝရဘုရားရှေ့တော်၌ ကမ္ဘာမြေကြီးမှာ ရွေ့လျက်ရှိ၏။

## Nahum 1:7

ဒုက္ခပြဿနာ ကြုံရသောအခါ ထာဝရဘုရားကို ဘာနဲ့နှိုင်းယှဉ်နိုင်သနည်း?
ဒုက္ခနဲ့ကြုံရတဲ့အခါ ထာဝရဘုရားက ရဲတိုက်လို ခိုင်ခံ့တဲ့ ခံတပ်ဖြစ်ပါတယ်။

ထာဝရဘုရားက သူ့ရန်သူတွေအား ဘယ်ဘက်ကို မောင်းထုတ်သလဲ?
ထာဝရဘုရားက သူ့ရန်သူတွေကို အမှောင်ဘက်သို့ မောင်းထုတ်သည်။

## Nahum 1:12

လူတွေရဲ့ ထမ်းပိုးကို ထာဝရဘုရားက ဘယ်လိုလုပ်မလဲ
ထာဝရဘုရားက လူတွေရဲ့ ထမ်းပိုးကို ချိုးဖျက်မယ်။

## Nahum 1:14

ဘာဖြစ်လို့ ထာဝရဘုရားက နိနေဝေလူမျိုးတွေအတွက် သင်္ချိုင်းကို တူးမှာလဲ?
နိနေဝေလူမျိုးတွေက ယုတ်မာသောကြောင့် သူတို့အတွက် သင်္ချိုင်းကို တူးမည်ဖြစ်သည်။

## Nahum 1:15

သတင်းကောင်းကို ယူဆောင်လာတဲ့ သူရဲ့ခြေက ဘယ်မှာရှိလဲ
သတင်းကောင်းကို ယူဆောင်လာတဲ့ သူရဲ့ခြေက တောင်ပေါ်မှာရှိတယ်။

ဘာဖြစ်လို့ ယုဒက ဓမ္မပွဲကို ဆင်နွှဲပြီး သစ္စာဝတ်ကို ပြုသင့်သလဲ
အဓမ္မလူတွေကို ရှင်းရှင်းပယ်ဖြတ်မည်ဖြစ်သောကြောင့် ယုဒက ဓမ္မပွဲကို ဆင်နွှဲပြီး သစ္စာဝတ်ကို ပြုသင့်သည်။

## Chapter 2

1 ဖျက်ဆီးသောသူသည် သင့်ရှေ့သို့ ရောက်လာ ပြီ။ သင်၏ရဲတိုက်ကို သတိပြုလော့။ လမ်းကို စောင့် လော့။ ကိုယ်ခါးကို
ခိုင်ခံ့စေလော့။ ကျပ်ကျပ်အား ယူလော့။ 2 အကြောင်းမူကား၊ ထာဝရဘုရားသည် ဣသ ရေလ၏ဘုန်းကဲ့သို့ ယာကုပ်၏ဘုန်းကို
ပြုပြင်တော်မူ၏။ သုတ်သင်သော သူတို့သည် ယာကုပ်အမျိုးကို သုတ်သင် ၍၊ သူ၏အခက်အလက်တို့ကို ပယ်ရှင်းကြပြီ။ 3
သူရဲတို့သည် နီသော ဒိုင်းလွှားကို ဆောင်၍၊ နီသော အဝတ်ကိုဝတ်ကြ၏။ ခင်းကျင်းသောနေ့၌ ရထား တို့သည် သံလက်နက်နှင့်
တောက်ပ၍၊ လှံတံတို့သည် အလွန်လှုပ်ရှားကြ၏။ 4 ရထားတို့သည် လမ်း၌ ဟုန်းဟုန်းမြည်၍၊ လမ်းမတို့၌ တောင်မြောက်ပြေးကြ၏။
မီးရှူးအဆင်း အရောင်ရှိ၍၊ လျှပ်စစ်ကဲ့သို့ ပြေးကြ၏။ 5 စစ်သူရဲတို့ကို နှိုးဆော်တော်မူ၏။ သူတို့သည် ချီသွားစဉ် သူတပါးကို
တွန်းချကြ၏။ မြို့ရိုးသို့ အလျင် အမြန်သွား၍ ပြအိုးတို့ကို ပြင်ဆင်ကြ၏။ 6 မြစ်တံခါးပွင့်လျှင်၊ နန်းတော်သည် ကွယ်ပျောက် ၏။
နိနေဝေသတို့သမီးကို အဝတ်ချွတ်၍ ထုတ်ရ၏။ 7 အပျိုတော်တို့သည် ချိုးကဲ့သို့ ကူ၍ ရင်ပတ်ကို တီးလျက် လိုက်ရကြ၏။ 8
ရှေးကာလမှစ၍ နိနေဝေမြို့သည် ရေကန်ကဲ့သို့ ဖြစ်၏။ ယခုမူကား၊ ရေတို့သည် စီးထွက်ကြ၏။ ရပ်ကြ။ ရပ်ကြဟုဟစ်သော်လည်း
အဘယ်သူမျှ ပြန်၍ မကြည့်။ 9 ငွေကို လုယူကြ။ ရွှေကိုလည်း လုယူကြ။ နှစ် သက်ဘွယ်သော တန်ဆာများကို ရွှေတိုက်တော်ထဲက
ထုတ်၍ မကုန်နိုင်။ 10 မြို့တော်သည် ဟင်းလင်းနေရ၏။ ဥစ္စာမရှိ၊ လူဆိတ်ညံလျက် ဖြစ်၏။ မြို့သားအပေါင်းတို့သည် စိတ်
ပျက်လျက်၊ ဒူးချင်းထိခိုက်လျက်၊ အလွန်ခါးကိုက်လျက်၊ မျက်နှာမည်းလျက် ရှိကြ၏။ 11 ခြင်္သေ့နေရာအရပ်၊ ခြင်္သေ့ပျို စားရာအရပ်၊
ခြင်္သေ့၊ ခြင်္သေ့မ၊ ခြင်္သေ့ကလေးတို့သည် အဘယ်သူမျှ မကြောက်စေဘဲ၊ ကျင်လည်ရာအရပ်သည် အဘယ်မှာ ရှိသနည်း။ 12
ခြင်္သေ့သည် သားငယ်များတို့ ကိုက်ဖြတ်လျက်၊ ခြင်္သေ့မတို့ လည်ပင်းကို ညှစ်လျက်၊ လုယူဖျက်ဆီးသော အကောင်များကို ဆောင်ခဲ့၍
မိမိမှိုခိုရာတွင်းတို့ကို ပြည့် စေတတ်၏။ 13 ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားမိန့် တော်မူသည်ကား၊ သင့်တဘက်၌ ငါနေ၏။
သင်၏ရထား တို့ကို မီးခိုးထဲမှာ မီးရှို့မည်။ သင်၏ခြင်္သေ့ပျိုတို့ကို ထား ဖြင့် ဖျက်ဆီးမည်။ သင်လုယူသော ဥစ္စာကို မြေကြီးမှ
ပယ်ရှင်းမည်။ သင်၏သံတမန်တို့ စကားသံကို နောက် တဖန် အဘယ်သူမျှ မကြားရ။

---

---

Nahum 01

ယေဘုယျအချက်အလက်
၁:၁ ဦစတင်ခဲ့သည့် နာဟုံကနိနေဝေမြို့ ဖျက်ဆီးခြင်း
ခံရမည့်အကြောင်းကို ကဗျာလင်္ကာဖြင့် ဆက်လက်ရှင်းပြသည်။

သင့်ကိုအပိုင်းပိုင်းဖျက်ဆီးသောသူ
အိုးကို တစ်စုံတစ်ယောက်က ရိုက်ခွဲသော
ပုံသဏ္ဍာန်မျိုးဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊
"သူသည်သင့်ကိုဖျက်ဆီးလိမ့်မည်" .

သင့်ကိုဖျက်ဆီးသောသူ
သူဟူသော ပုဂ္ဂိုလ်သည် သိပ်မရှင်းလင်းပါ။ ယေဘုယျအားဖြင့်
"သင့်ကိုအပိုင်းပိုင်း ဖျက်ဆီးမည့်တစ်စုံတစ်ယောက်"

သင်၏ ရဲတိုက်၊ လမ်းကို စောင့် လော့ မိမိကိုယ်ကို ခိုင်ခံ့စေလော့၊ သင့်၏
တပ်သားများကို စုစည်းစေလော့။
စစ်ပွဲအတွက် ပြင်ဆင်လော့။

သင့်၏ရဲတိုက်
ခုခံကာကွယ်ဖို့ ရဲတိုက်ပေါ် အစောင့်များကို ချထားလော့။

အကြောင်းမူကား၊ ထာဝရဘုရားသည်ဣသရေလ၏ ဘုန်းကဲ့သို့ ယာကုပ်၏
ဘုန်းကိုပြုပြင်တော်မူ၏
ယာကုပ်နှင့် ဣသရေလကို ထာဝရဘုရား အားကြီးစေပြီး၊
လူများတို့သည် သူတို့ကို တဖန်အားကျ ချီးမွမ်းလိမ့်မည်။

သုတ်သင်သောသူတို့
ပစ္စည်းများကို လုယက်သောသူများ၊ အထူးသဖြင့် စစ်ပွဲများ၌

သူတို့ကို သုတ်သင်သည်
အရာအားလုံးကို ဖျက်ဆီးပစ်သည်။

သူတို့စပျစ်အခက်အလက်တို့ကိုပယ်ရှင်းကြပြီ
အခြားသောဘာသာပြန်ဆိုချက်၊ "စိုက်ထားသော စပျစ်ပင်ကို
အမြစ်မှနှုတ်ပစ်သလို သင်၏တိုင်းပြည်ကိုပယ်ရှင်းလိမ့်မည်"

Nahum 03

သူ၏သူရဲကောင်းများ
နိနေဝေမြို့ကို အပိုင်းပိုင်း ဖျက်ဆီးမည့် သူ၏ တပ်သားများ (၂:၁)

လှံတံ
လက်နက်အတွက် သစ်သားစ
အလွန်ကောင်းသောသစ်ပင်တစ်မျိုး

ရထားတို့သည် လမ်းမတစ်လျှောက်၌ပြေးကြ၏
ရထားမောင်းနှင်သူများသည် လမ်းမပေါ်၌
အရူးအမူးမောင်းကြသည်။

သူတို့သည်ဓါတ်မီးနှင့်တူသည်
ရထားများ၏ တောက်ပမှုသည် နေမှအလင်းရောင်ပြန်ဟပ်
သကဲ့သို့ ဖြစ်သည်။


generated on Tue Jul 2 12:50:28 2024

Nahum 05

သင့်ကိုအပိုင်းပိုင်းရိုက်ခွဲမည်
သင့်ကို အပိုင်းပိုင်း ဖျက်ဆီးမည်။

စစ်သူရဲတို့ကိုခေါ်၏
သူ၏ အရာရှိများကို ဆင့်ခေါ်သည်။

သူတို့သည်
နိနေဝေမြို့ကို တိုက်ခိုက်မည့် တပ်သားများ။

သူတို့ချီတက်ခြင်း
သူတို့ ချီတက်သည့်အတိုင်း။

Nahum 06

အပျိုတော်
ဤနာမည်သည် အာဆီးရီယားဘုရင်မ၏ နာမည် သို့မဟုတ် အာဆီးရီးယား ရုပ်တုဖြစ်ဖွယ်ရာရှိသည်။အကယ်၍ ဘုရင်မကို ဆိုလိုရင် တိုက်ခိုက်သည့်စစ်သားများသည် သူမ၏ အဝတ်အစားများကိုချွတ်ပစ်ပြီး၊ သူမအားအရှက်တကွဲဖြစ်စေမည်။ အကယ်၍ ရုပ်တုကို ဆိုလိုရင် တိုက်ခိုက်သူများသည် ရုပ်တု၌ ရွှေငွေတို့ကို ခွါပစ်လိမ့်မည်။

ကျွန်မများသည်ချိုးငှက်ကဲ့သို့ညည်းတွားမည်
ဘုရင်မ၏ အစေအပါးတို့သည် ချိုးငှက် ညည်းတွားသကဲ့သို့ ပျောက်ဆုံးသည့်အတွက် ဝမ်းနည်းပူဆွေးလိမ့်မည်။

Nahum 08

အဓမ္မလုယူခြင်း
အတင်းအဓမ္မအားဖြင့် ပစ္စည်းများကို လုယူသည်။အထူးသဖြင့် စစ်ပွဲ၌

ထုတ်၍ မကုန်နိုင်
အခြားသော ဘာသာပြန်ဆိုချက်၊ "တစ်စုံတစ်ခု၏ ကြီးမားသောပမာဏ"

နှစ် သက်ဘွယ်သော တန်ဆာများ
ဖြစ်နိုင်ဖွယ်ရာ အဓိပ္ပါယ်များမှာ ၁။ လုပသောအရာအားလုံး၏ ကြွယ်ဝခြင်း။ သို့မဟုတ် ၂။ လုပသောအရာအားလုံး၏ ပမာဏ။

မြို့သားအပေါင်းတို့သည် စိတ် ပျက်လျက်
လူများ၏ ရဲစွမ်းသတ္တိ ပျောက်ဆုံးလျက်ရှိသည်။

Nahum 11

ခြင်္သေ့နေရာ
လူကို သတ်သည့်သူများ နေထိုင်ရာမြို့၊ သူတို့ သတ်သည့်လူတို့ထံမှ ပစ္စည်းများ လု၍ နေရင်း မြို့ နိနေဝေမြို့ကို ခြင်္သေ့တွင်းကဲ့သို့ ခိုင်းနှိုင်းခြင်း ဖြစ်သည်။

ကိုက်ဖြတ်
"ကိုက်စားသည်" ခြင်္သေ့သည် သားကောင်အား လှုပ်လို့မရအောင် ချုပ်ကိုင်ထားခြင်း

လုယူဖျက်ဆီးသော အကောင်များကို ဆောင်ခဲ့၍ မိမိမှီခိုရာတွင်းတို့ကို ပြည့်စေတတ်၏
တူညီသောအရာကို ကွဲပြားစွာ ပြောဆိုနေခြင်းဖြစ်သည်။ သူပုန်းနေသည့် ခြင်္သေ့တွင်းသည် ဂူလည်း ဖြစ်နိုင်သည်

Nahum 13

သင်၏ခြင်္သေ့ပျိုတို့ကို ထား ဖြင့် ဖျက်ဆီးမည်
သင်၏ စစ်သားတို့သည် ရက်စက်စွာ သတ်ဖြတ်ခြင်းခံရမည်

ထား
"စစ်သားတို့ကို ဓါးဖြင့်"

ဖျက်ဆီး
အကုန် စားသည်

သင်၏ခြင်္သေ့ပျိုတို့
အကောင်းဆုံးသော လူငယ်များ

သင်လုယူသော ဥစ္စာကို မြေကြီးမှ ပယ်ရှင်းမည်
ရန်သူတို့ လက်မှ လုယူသော ပစ္စည်းများကို မြို့တွင်းသို့ ယူဆောင်လာသည်။ နိနေဝေမြို့၏ အစွမ်းကို ထာဝရဘုရားသည် ဖျက်ဆီးတော်မူမည်ဟု အနက်ရှိသည်။

---

## Translation Questions

Nahum 2:1

ထာဝရဘုရားက ဘာကို ပြုပြင်သလဲ?
ထာဝရဘုရားက ယာကုပ်၏ဘုန်းကို ပြုပြင်တော်မူသည်။

Nahum 2:3

သူရဲတွေရဲ့ ဒိုင်းလွှားက ဘာအရောင်လဲ?
သူရဲတွေရဲ့ ဒိုင်းလွှားက အနီရောင်ဖြစ်သည်။

ဘာက လမ်း၌ ဟုန်းဟုန်းမြည် ပြေးသလဲ?
စစ်ရထားက လမ်း၌ ဟုန်းဟုန်းမြည် ပြေးကြသည်။

Nahum 2:6

ဘာကို နှိုးဆော်တော်မူခဲ့သလဲ?
ဘုရင်မကို အဝတ်ချွတ်ပြီး ခေါ်ဆောင်သွားကြသည်။ အစေခံအမျိုးသမီးတို့သည် ချိုးကဲ့သို့ ကူပြီး ရင်ပတ်ကို တီးရင်း လိုက်ကြသည်။

Nahum 2:8

နိနေဝေလူမျိုးများက ဘာကို လုပ်ကြလိမ့်မည်နည်း?
ရေစီးသကဲ့သို့ ထွက်ပြေးကြလိမ့်မည်

Nahum 2:11

ခြင်္သေ့တို့သည် အဘယ်သူကို ကြောက်ကြသလဲ?
ခြင်္သေ့တို့သည် အဘယ်သူကိုမျှ မကြောက်။

ခြင်္သေ့က သူ့ရဲ့ တွင်းနဲ့ ဂူကို ဘာတွေနဲ့ ပြည့်စေသလဲ?
ခြင်္သေ့က သူ့ရဲ့ တွင်းနှင့်ဂူကို သားကောင်ဖြင့် ပြည့်စေသည်။

Nahum 2:13

ထာဝရဘုရားက နိနေဝေလူမျိုးတွေကို ဘယ်လိုလုပ်မလဲ?
သူ၏ စစ်ရထားတို့ကို မီးခိုးထဲမှာ မီးရှို့၍၊ သူ၏ ခြင်္သေ့ပျိုတို့ကို ဖျက်ဆီးကာ၊ လုယူသော ဥစ္စာကို မြေကြီးမှ ပယ်ရှင်းမည်။

## Chapter 3

1 လူအသက်ကို သတ်တတ်သော မြို့၌အမင်္ဂလာ ဖြစ်စေသော၊ လှည့်စားခြင်း၊ အနိုင်အထက်ပြုခြင်းနှင့် ပြည့်ဝ၏။
ဘမ်းမိသောအရာကို မလွှတ်တတ်။ 2 နှင်တံနှင့်ရိုက်သံ၊ လှည်းဘီးလိမ့်သံ၊ မြင်းခုန်သံ၊ ရထားပြေးသံကို ကြားရ၏။ 3 မြင်းစီးသူရဲသည်
မီးတောက်သော ထား၊ လျှပ် စစ်ပြက်သော လှံကိုချီလျက်၊ တိုက်သောသူရဲအများနှင့် သေသောသူအပုံပုံရှိကြ၏။ အသေကောင်တို့ကို
ရေတွက် ၍ မကုန်နိုင်။ လူသေကောင်များကို ထိမိ၍ လဲတတ်ကြ ၏။ 4 အဆင်းလှ၍ ပြုစားတတ်လျက်၊ မတရားသော မေထုန်အမှုနှင့်
စုန်းမအတတ်အားဖြင့်၊ လူအမျိုးမျိုး အနွယ်နွယ်တို့ကို ကုန်သွယ်လုပ်တတ်သော ပြည်တန်ဆာ မိန်းမသည် မတရားသော မေထုန်ကို
ပြုဖန်များပြား သောကြောင့်၊ 5 ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ သင့်တဘက်၌ ငါနေ၏။ သင့်အဝတ်
ကို သင်၏မျက်နှာပေါ်မှာ လှန်၍ အတိုင်းတိုင်းအပြည် ပြည်ရှေ့မှာ သင်၌ အချည်းစည်းရှိခြင်း၊ အရှက်ကွဲခြင်းကို ငါပြမည်။ 6 သင်၌
မစင်ကိုပစ်၍ ညစ်ညူးစေပြီးမှ၊ သူတပါး တို့ကြည့်စရာထားမည်။ 7 သင့်ကို မြင်သမျှသော သူတို့က၊ နိနေဝေမြို့ ပျက်စီးပြီ။
အဘယ်သူမြည်တမ်းမည်နည်းဟုဆိုလျက်၊ သင့်ထံမှပြေးကြလိမ့်မည်။ နှစ်သိမ့်စေသော သူတို့ကို သင့်အဘို့ အဘယ်မှာ ငါရှာ၍
ရနိုင်သနည်း။ 8 သင်သည် မြစ်ကြားမှာ တည်သော နောမုန်မြို့ ထက် ကြီးမြတ်သလော။ ထိုမြို့ကို ရေဝိုင်းလျက်၊ ပင်လယ် သည်
မြို့ကျုံးဖြစ်၏။ မြို့ရိုးလည်း ပင်လယ်နှင့် စပ် သတည်း။ 9 အဲသယောပိပြည်နှင့် အဲဂုတ္တုပြည်သည် သူ၏ လက်နက်ဖြစ်၏။
ရေတွက်၍ မကုန်နိုင်။ ဖုတပြည်နှင့် လိဗုပြည်လည်း သူ၏လက်နက်အဝင် ဖြစ်၏။ 10 သို့သော်လည်း၊ ထိုမြို့ကို ရန်သူတို့သည် တိုက်၍
သိမ်းသွားကြပြီ။ မြို့သားငယ်တို့ကို လမ်းဦးရှိသမျှတို့၌ ချိုးဖဲ့လျက်၊ ဂုဏ်အသရေရှိသော မြို့သားတို့ကို စာရေးတံ ချလျက်၊
အားကြီးသော မြို့သားအပေါင်းတို့ကို သံကြိုး ဖြင့် ချည်နှောင်လျက် ပြုကြပြီ။ 11 သင်သည်လည်း မိန်းမောတွေဝေလျက် ပုန်း
ရှောင်၍ နေရလိမ့်မည်။ ရန်သူ၏လက်နှင့် လွတ်အောင် ခိုင်ခံ့သောအရပ်ကို ရှာရလိမ့်မည်။ 12 သင်၏ရဲတိုက်ရှိသမျှတို့သည် ရှေ့ဦးစွာ
မှည့် သော အသီးကို သီးသော သင်္ဘောသဖန်းပင်နှင့် တူကြ လိမ့်မည်။ လှုပ်လျှင် စားချင်သောသူ၏ ပစပ်ထဲသို့ ကျလိမ့်မည်။ 13
သင်၏လူတို့သည် သင့်အလယ်၌ မိန်းမကဲ့သို့ ဖြစ်၍၊ ပြည်တံခါးတို့သည် ရန်သူတို့အား ကျယ်ကျယ်ပွင့် လျက်၊ ကန့်လန့်ကျင်တို့သည်
မီးလောင်လိမ့်မည်။ 14 ရန်သူဝိုင်းထားသော ကာလဘို့ ရေကို ခပ်ထား လော့။ ရဲတိုက်တို့ကို ခိုင်ခံ့စေလော့။ ရွှံ့ထဲသို့ ဝင်၍ အုတ် မြေကို
နင်းနယ်လော့။ အုတ်ဖိုကို ပြင်ဆင်လော့။ 15 ထိုအရပ်၌ပင် သင့်ကို မီးလောင်လိမ့်မည်။ ထား နှင့်ခုတ်ဖြတ်လိမ့်မည်။
ယာလက်ကျိုင်းကိုက်စားသကဲ့သို့ ကိုက်စားလိမ့်မည်။ ယာလက်ကျိုင်းနှင့် အရာဘကျိုင်း ကောင်တို့သည် များသကဲ့သို့
သင်၏လူတို့ကို များပြားစေ ခြင်းငှါ ကြိုးစားလော့။ 16 မိုယ်းကောင်းကင်ကြယ်များသည်ထက်၊ သင်၏ ကုန်သည်တို့ကို
များပြားစေသော်လည်း၊ ယာလက်ကျိုင်း တို့သည် နှံ့ပြား၍ ပျံသွားတတ်ကြ၏။ 17 သင်၏မင်းသားတို့သည် အရာဘကျိုင်းကဲ့သို့၎င်း၊
ဗိုလ်တို့သည် ဂါဗကျိုင်းကဲ့သို့၎င်းဖြစ်၍၊ ချမ်းသော အခါ စောင်ရန်းနားမှာ ပစ်တတ်ကြ၏။ နေထွက်သော အခါ ပျံသွား၍
အဘယ်အရပ်သို့ ရောက်သည်ကို မသိရ။ 18-19 အိုအာရှုရိရှင်ဘုရင်၊ သင်၏သိုးထိန်းတို့သည် အိပ်ပျော်လျက်၊ သင်၏မှူးမတ်တို့သည်
ကျိန်းဝပ်လျက်၊ သင်၏လူအပေါင်းတို့သည် တောင်ရိုးပေါ်မှာ အရပ်ရပ် သို့ ကွဲပြားလျက်ရှိ၍၊ အဘယ်သူမျှ မစုဝေးစေ။ သင်၏
အနာမပျောက်နိုင်။ ပြင်းစွာခံရ၏။ သင်၏သိတင်းကို ကြားသမျှသော သူတို့သည် သင့်အပေါ်မှာ လက်ခုပ်တီး ကြလိမ့်မည်။
အကြောင်းမူကား၊ သင်ပြုသော အဓမ္မအမှု ကို မခံဘဲလွတ်သော သူကား အဘယ်သူနည်း။

---

Nahum 01

ယေဘုယျအချက်အလက်
နာဟုံက နိနေဝေမြို့ ဖျက်ဆီးခြင်း ခံရမည့်အကြောင်းကို
ကဗျာလင်္ကာဖြင့် ဆက်လက်ဖော်ပြသည်။ (၁:၁)

မြို့၌သွေးနှင့်ပြည့်ဝ၏
နိနေဝေစစ်သားများသည် လူများစွာကို သတ်ဖြတ်ခဲ့သည်။
အခြားသော ဘာသာပြန်ဆိုချက်၊ "မြို့သည် များစွာသော လူတို့၏
သေခြင်း ကိစ္စကို တာဝန်ယူရပါသည်"

Nahum 03

တိုက်သောသူရဲအများ၊ကြီးစွာသောအသေကောင်များ၊
ရေတွက်၍မကုန်နိုင်သောလူသေကောင်များ
အသေကောင်ကို သုံးကြိမ်တိုင်တိုင် ဖော်ပြသောကြောင့်
နိနေဝေမြို့ကို သတ်ဖျက်သော တွင်းနက်ကြီးကို စာရေးသူက
အလေးအနက်ဖော်ပြခြင်းဖြစ်ပါသည်။

လူသေကောင်
သေနေသောလူတို့၏ ခန္ဓာကိုယ်။

မကုန်နိုင်သောခန္ဓာကိုယ်
"အလွန်များပြားသော ခန္ဓာကိုယ်"


generated on Tue Jul 2 12:50:28 2024

အဆင်းလှ၍ကျွမ်းကျင်သော အတတ်ဖြင့်ပြုစားတတ်သောပြည့်တန်ဆာမိန်းမ
ပြည့်တန်ဆာမိန်းမသည်
ခန္ဓာကိုယ်ဆိုင်ရာစည်းစိမ်ကိုရောင်းစားသကဲ့သို့ စုန်းမတို့သည်
မိမိရရှိသောပညာတန်ခိုးကို
မှော်အတတ်အားဖြင့်ရောင်းစားသကဲ့သို့ နိနေဝေမြို့သားတို့သည်
စစ်ပွဲ၌ ဖမ်းဆီးခဲ့သောလူများကိုအကျိုးအမြတ်အတွက်
အပြစ်ပြုခြင်းဖြင့် ရောင်းစားခဲ့သည်။

Nahum 05

ငါပြမည်
ဤစကားလုံးသည်နောက်ဘာဖြစ်လာမည့်ကို သတိထားဖို့
ဆိုလိုခြင်းဖြစ်သည်။

သင့်အဖို့အဘယ်သူမြည်တမ်းမည်နည်း၊
သင့်အားနှစ်သိမ့်စေသောသူတို့ကိုအဘယ်မှာရှာနိုင်မည်နည်း
အခြားသော ဘာသာပြန်ဆိုချက်၊ "သင့်အဖို့ ငိုကြွေးမည့်သူ
တစ်ဦးတစ်ယောက်မျှမရှိ။ သင့်ကို နှစ်သိမ့်မည့်
တစ်စုံတစ်ယောက်ကို ငါရှာမတွေ့နိုင်"

Nahum 08

ယေဘုယျအချက်အလက်
နိနေဝေမြို့သူမြို့သားတို့အား မြို့တစ်ခုအလား နာဟုံပြောဆိုခြင်း
ဖြစ်သည်။

သင်သည်နောမုန်မြို့ထက်မြတ်သလော့။
သင်သည် နောမုန်မြို့ထက် မမြတ်ပါ။

နောမုန်မြို့
အာဆီးရီးယားတို့ တိုက်ယူခဲ့သော ယခင်အဲဂုတ္တုနိုင်ငံ၏
မြို့တော်ဖြစ်သည်။

ပင်လယ်သည်မြို့ကျုံးဖြစ်၏၊ ပင်လယ်သည်မြို့ရိုးဖြစ်၏။
ဤနှစ်ပိုင်းတွင် ဆင်တူသော အဓိပ္ပါယ်ရှိပါသည်။ ပင်လယ်၊
သင်၏အမှုမှုကား
ဤသည်တွင် "သင်" သည် "ဣသရေလလူတို့" အား ရည်ညွှန်းသည်။


generated on Tue Jul 2 12:50:28 2024

ရေမရှိသော မြေတွင်း
ဤ "မြေတွင်း" သည် "နယ်နှင်ခံခြင်း" ကို တင်စားအသုံးပြုသည်။

ရဲတိုက်သို့ ပြန်လာကြလော့။
အခြားသောဘာသာပြန်ဆိုချက် ၊ "လုံခြုံစိတ်ချရာ သင်တို့ တိုင်းပြည်သို့ ပြန်လာကြပါ"။

အချုပ်ခံ၍ မြော်လင့်သော သူတို့
ဤအသုံးအနှုန်းသည် နယ်နှင်ခြင်းကို ခံရသော်ငြားလည်း ထာဝရဘုရားအား ယုံကြည်ဆဲ ဖြစ်နေသော ဣသရေလ လူတို့" ကို ရည်ညွှန်းသည်။

ယုဒလေးကို ငါတင်၍
ယုဒပြည်သားတို့အား စစ်ပွဲအတွက် ထာဝရဘုရား၏ "လေး" ဟူသော လက်နက်အနေဖြင့် တင်စားခေါ်ထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် ဂရိတိုင်းပြည်ကို တိုက်ခိုက်ရာ၌ ဣသရေလလူတို့အား အသုံးပြု၍ တိုက်ခိုက်မည် ဖြစ်သည်။"

ဧဖရိမ်လေးကို ဆွဲငင် လျက်
တိုင်းပြည်၏ မြောက်ဖက်အခြမ်းရှိ ဣသရေလလူတို့ကို "မြား" ဟူ၍ တင်စားပြီး ထာဝရဘုရားက သူတို့အားဖြင့် ရန်သူကို တိုက်ခိုက်မည် ဟု ရည်ရွယ်သည်။ "မြားတောင့်" သည် "စစ်သည်များ မြားကို ထားရှိသော အိတ်" ကို ဆိုလိုသည်။

ဇိအုန်သားတို့ကို ဟေလသသားတို့တဘက်၌ နှိုး ဆော်၍
ထာဝရဘုရားက မတူညီသောတိုင်းနိုင်ငံ နှစ် ခု မှ လူတို့အား တစ်ချိန်တည်း ပြောနေသည်။

Zechariah 14

ယေဘုယျ အချက်အလက်
ဤအစိတ်အပိုင်းသည် ဇာခရိ၌ ထာဝရဘုရားက ဖော်ပြထားခြင်း မဟုတ်ဘဲ ဟောရှေ၏ ရူပါရုံ နှင့် ဆက်စပ်ထားသော အပိုင်း ဖြစ်သည်။

သူတို့အပေါ်မှာ ထင်ရှား တော်မူ၍
"သူတို့" သည် "ထာဝရဘုရား၏ လူမျိုးတော်" ကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ့လူမျိုးတော်သည် သူ့အား ကောင်းကင်၌ တွေ့သည်" သို့မဟုတ် "သူသည် သူ့လူမျိုးထံသို့ သွားသည်"။

လျှပ်စစ်ပြက်သကဲ့သို့
ဣသရေလလူတို့သည် လျှပ်စီးလက်ခြင်း၊ မိုးကြိုးပစ်ခြင်းကို ထာဝရဘုရားက မြားပစ်လိုက်သည် ဟူ၍ ထင်မှတ်ကြသည်။

တံပိုးမှုတ်၍
"တံပိုးများ" သည် "သိုးထီးများ၏ဦးချို" သာ ဖြစ်သည်။ လူတို့သည် ထိုဦးချိုတို့ကို မှုတ်ပြီး စစ်ရေးရာအတွက် အချက်ပြရာတွင် သာမက အခြားခြားသောအခြေအနေ များအတွက်လည်း အသုံးပြုသည်။

တောင်လေဘွေတို့နှင့် ကြွသွားတော်မူလိမ့်မည်။
ဣသရေလလူတို့သည် ထာဝရဘုရားက တောင်ဘက်သို့ ပြင်းထန်သော မုန်တိုင်းပေါ်တွင် နေ၍ သွားသည်ဟုထင်မှတ်ကြသည်။

ကိုက်စား၍
အခြားသောဘာသာပြန်ဆိုချက်၊ "လုံးဝဥဿုံ အနိုင်ယူမည်"။

လက်လွှဲကျောက်တို့ကို ကျော်နင်း
ဣသရေလလူတို့သည် လောက်လွှဲအသုံးပြု၍ တိုက်ခိုက်သော ရန်သူတို့ကို အနိုင်ယူမည်။ ထိုရန်သူသည် ဣသရေလလူတို့၏ မည်သည့်လက်နက်ကိုမဆို ကိုင်ဆောင်ထားသည့် ရန်သူအားလုံးကို ပုံဆောင်သည်။

သောက်ပြီး လျှင်၊ စပျစ်ရည်နှင့် ဝသကဲ့သို့ ကြွေးကြော်ကြလိမ့်မည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် သူတို့၏ အောင်မြင်မှုကို အရက်မူးနေသူများသဖွယ် ကျယ်လောင်စွာ ဟစ်ကြွေးပြီး ဆင်နွှဲနေကြလိမ့်မည်။

စပျစ်ရည်နှင့် ဝသကဲ့သို့ ... အင်တုံကဲ့သို့၎င်း ... ပြည့်ဝကြ လိမ့်မည်။
ဤသည်မှာ "ပုရောဟိတ်တို့ တိရ စ္ဆာန်အသွေးကို သွန်း၍ ယဇ်ပူဇော်ရာ၌ အသုံးပြုသော ခွက်" ကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် ပုရောဟိတ်တို့ တိရ စ္ဆာန်၏အသွေးကို သယ်ဆောင်သည့်အင်တုံကဲ့သို့ စဗျစ်ရည် အပြည့်ဖြင့် ဖြစ်နေလိမ့်မည်။

ယဇ်ပလ္လင်ထောင့်ကဲ့သို့၎င်း
ယဇ်ပလ္လင်တွင် တိရ စ္ဆာန်တို့၏ အသွေးကို သွန်း၍ ထားရှိနေရာကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယဇ်ပလ္လင်ထောင့်တွင် တိရ စ္ဆာန်၏ အသွေးများနှင့် ပြည့်နှက်နေသကဲ့သို့"

Zechariah 16

ယေဘုယျ အချက်အလက်
ဇာခရိသည် ဣသရေလလူတို့အား ဆက်လက်ပြောကြားသည်။

မြေတော်၌ ထင်ရှားသော မွန်မြတ်သည့်သရဖူကဲ့သို့ဖြင့်လိမ့်မည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်တို့ နယ်တွင် သူတို့သည် သရဖူ၌ တန်ဆာဆင်ထားသော လှပသော ကျောက်မြတ်ရတနာများကဲ့သို့ ဖြစ်လိမ့်မည်။"

ဆန်စပါးသည် လုလင်တို့ကို၎င်း၊ ... တိုးပွားများပြားစေလိမ့်မည်။
လုလင်ပျိုတို့သည် ရိတ်သိမ်းခြင်းမှ ရသော အသီးအနှံများဖြင့် အသက်ရှင်ရလိမ့်မည်။

စပျစ်ရည်သစ်သည် အပျိုမတို့ကို၎င်း တိုးပွားများပြားစေလိမ့်မည်။
အပျိုမတို့သည် စပျစ်ရည်သစ်၌ မွေ့လျော်လျက် နေရလိမ့်မည်။ ဤတွင် လုလင်ပျိုနှင့် အပျိုမတို့သည် ဣသရေလလူတို့၏ လူဦးရေတစ်ရပ်လုံးကို ပုံဆောင်သည်။

 

# Translation Questions

## Zechariah 9:1

ထာဝရဘုရား၏ ကြေငှါခြင်းနှင့် သက်ဆိုင်သောအရာမှာ ဘာဖြစ်မည်နည်း။

ထာဝရဘုရား၏ ကြေငြာခြင်းနှင့် သက်ဆိုင်သောပြည်များမှာ ဟာဒရက်မြို့နှင့် ဒမာသက်မြို့၊ ဟာမက်မြို့၊ တုရုမြို့ နှင့် ဇိဒုန်မြို့တို့ဖြစ်သည်။

## Zechariah 9:3

ဘုရားသခင်သည် တုရုမြို့ကို ဘယ်လိုလုပ်လိမ့်မည်ဟု ထာဝရဘုရားမိန့်တော်မူသနည်း။

ဘုရားသခင်သည် သူမကို စွန့်ပစ်တော်မူ၍ မီးလျှံဖြင့် လောင်မြိုက်ခြင်းခံရန် ပင်လယ်ပေါ်ရှိ သူမ၏ အစွမ်းကိုဖျက်ဆီးတော်မူလိမ့်မည်ဟု ထာဝရဘုရားမိန့်တော်မူသည်။

## Zechariah 9:5

ဖိလိတ္တိလူမျိုးကို ထာဝရဘုရားသည် ဘာလုပ်လိမ့်မည်ဟု မိန့်တော်မူခဲ့သနည်း။ သူတို့ကို မည်သို့ဖြစ်လာစေမည်နည်း။

ဖိလိတ္တိလူမျိုး၏ မာနကိုချိုးဖွဲ့မည်ဟု မိန့်တော်မူခဲ့သည်။ တဖန် ယုဒပြည်ကဲ့သို့ ဘုရားသခင်အတွက် ကျန်ကြွင်းသောသူများဖြစ်လာလိမ့်မည်ဟု ထာဝရဘုရားမိန့်တော်မူခဲ့သည်။

## Zechariah 9:8

ထာဝရဘုရားသည် သူ၏ပြည်ပတ်လည်တွင် စခန်းချစေသည့် အကြောင်းရင်းတစ်ခုမှာ အဘယ်နည်း။

ထာဝရဘုရားမိန့်တော်မူသည်မှာ သူ၏ စခန်းပတ်လည်၌ မည်သူမျှမဝင်ထွက်ဖို့ရန်နှင့် မည်သည့်ရန်သူမျှ ဖြတ်မသွားရဟုမိန့်တော်မူခဲ့သည်။

## Zechariah 9:9

အဘယ်ကြောင့် ဇိအုန်သမီးတို့သည် အလွန်ဝမ်းမြောက်ခြင်းနှင့်လည်းကောင်း၊ ယေရုရှလင်သမီးတို့သည် ပျော်ရွှင်ခြင်းဖြင့် ကြွေးကြော်ကြရမည်နည်း?

အဘယ်ကြောင့်ဆိုသော် သူတို့၏ ရှင်ဘုရင်သည် ဖြောင့်မတ်ခြင်းနှင့်အတူ ကြွလာ၍ သူတို့ကို ကယ်တင်တော်မူလိမ့်မည် ဖြစ်သောကြောင့်ဖြစ်သည်။

သူတို့၏ ရှင်ဘုရင်သည် သူတို့ထံသို့ မည်သို့ လာမည်နည်း။

သူတို့၏ ရှင်ဘုရင်သည် မြည်းမနှင့် မြည်းကလေးကို စီး၍ နူးညံ့သိမ်မွေ့သောစိတ်နှင့် လာလိမ့်မည်ဖြစ်သည်။

ဤရှင်ဘုရင်သည် လူမျိုးများကို ဘာပြောလိမ့်မည်နည်း။

ဤရှင်ဘုရင်သည် လူမျိုးများကို ငြိမ်သက်ခြင်းရှိဖို့ရန် ပြောလိမ့်မည်။

ရှင်ဘုရင်၏ စိုးမိုးခြင်းအခွင့်အာဏာသည် မည်ကဲ့သို့ ကျယ်ပြန့်လိမ့်မည်နည်း။

ရှင်ဘုရင်၏ စိုးမိုးခြင်းနှင့်အခွင့်အာဏာသည် ပင်လယ်မှ ပင်လယ်သို့၎င်း၊ မြစ်မှသည် မြေကြီးစွန်းတိုင်အောင် ကျယ်ပြန့်လိမ့်မည်။

## Zechariah 9:11

ရေမရှိသော နေရာမှ သင်တို့၏ အကျဉ်းသားများကို ထာဝရဘုရားသည် အဘယ်ကြောင့်ကယ်လွှတ်ခဲ့သနည်း။

ထာဝရဘုရားမိန့်တော်မူသည်မှာ သူတို့ကို ပဋိညာဉ်အသွေးတော်နှင့်အတူ သူကယ်လွှတ်တော်မူသည်ဟု မိန့်တော်မူခဲ့သည်။

ထာဝရဘုရားသည် အဘယ်သူကို ဆန့်ကျင်လျက် ဇိအုန်သားတို့ကို နိုးစေခဲ့သနည်း။

ထာဝရဘုရားသည် ဂရိ(တပါးအမျိုးသား) သားများကို ဆန့်ကျင်လျက် ဇိအုန်သားများကို နိုးထစေသည်။

ထာဝရဘုရားသည် ဇိအုန်ကို အဘယ်အရာကဲ့သို့ ဖြစ်စေသနည်း။

ထာဝရဘုရားသည် ဇိအုန်ကို စစ်သား၏ ဓားကဲ့သို့ ဖြစ်စေသည်။

## Zechariah 9:16

သူတို့၏ ဘုရားသခင်ထာဝရဘုရားသည် သူတို့ကို ကယ်တင်သောနေ့၌ ဇိအုန်သည် မည်သို့ ဖြစ်လိမ့်မည်နည်း။

ထိုနေ့၌ ဇိအုန်ပြည်သည် ထာဝရဘုရား၏ ပြည်တော်၌ ပေါ်ထွန်းသော သရဖူရတနာကဲ့သို့ ဖြစ်လိမ့်မည်။


generated on Tue Jul 2 12:50:28 2024

## Chapter 10

[1] နောက်မိုယ်းရွာရာကာလတွင် မိုယ်းရွာစေမည် အကြောင်း၊ ထာဝရဘုရားထံတော်၌ ဆုတောင်းကြလော့။ ထာဝရဘုရားသည်
လျှပ်စစ်ကိုပြင်ဆင်၍ များစွာ မိုယ်း ရွာစေသဖြင့်၊ ခပ်သိမ်းသောလူတို့အဘို့ လယ်ပြင်၌ အပင် ပေါက်စေတော်မူမည်။ [2]
တေရပ်ရုပ်တုတို့သည် အနတ္တစကားကို ပြောကြ၏။ ပရောဖက်လုပ်သော သူတို့သည် မုသာ ရူပါရုံကိုမြင်၍၊ မမှန်သော အိပ်မက်ကို
ဟောပြောကြ၏။ အချည်းနှီးနှစ်သိမ့်စေကြ၏။ ထိုကြောင့်၊ သိုးစုကဲ့သို့ လည် သွား၍ သိုးထိန်းမရှိသောကြောင့် ဆင်းရဲခံရကြ၏။ [3]
သိုးထိန်းတို့ကို ငါအမျက်ထွက်၍၊ ဆိတ်ထီးတို့ကို စစ်ကြောသဖြင့်၊ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရ ဘုရားသည်
မိမိသိုးစုယုဒအမျိုးကို အကြည့်အရှုကြွလာ ၍၊ ဘုန်းတော်ကို ဆောင်သော စစ်တိုက်မြင်းကဲ့သို့ ဖြစ်စေ တော်မူမည်။ [4] ထိုအမျိုးထဲက
တိုက်ထောင့်အမြစ်ကျောက်၊ တံစို့၊ စစ်တိုက်လေး၊ မင်းဖြစ်သော လူအပေါင်းတို့သည် ထွက်ကြလိမ့်မည်။ [5] သူတို့သည်
စစ်တိုက်ရာတွင် လမ်း၌ရှိသော ရွှံ့ ကိုနင်းသော စစ်သူရဲကဲ့သို့ ဖြစ်ကြလိမ့်မည်။ ထာဝရ ဘုရား၏ ကျေးဇူးတော်ကို ခံရသောကြောင့်၊
စစ်တိုက်၍ မြင်းစီးသူရဲတို့ကို အရှက်ခွဲကြလိမ့်မည်။ [6] ယုဒအမျိုးကိုလည်း ငါခိုင်ခံ့စေမည်။ ယောသပ် အမျိုးကိုလည်း
ငါကယ်တင်မည်။ သူတို့ကို သနားစုံမက် သောကြောင့် နေရာချမည်။ သူတို့သည် နှင်ထုတ်ခြင်းကို မခံဘူးသကဲ့သို့ ဖြစ်ကြလိမ့်မည်။
ငါသည် သူတို့၏ဘုရား သခင်ထာဝရဘုရားဖြစ်၍ သူတို့စကားကို နားထောင် မည်။ [7] ဧဖရိမ်အမျိုးသားတို့သည် သူရဲကဲ့သို့ ဖြစ်၍၊
စပျစ်ရည်နှင့်ဝသကဲ့သို့ ဝမ်းမြောက်ကြလိမ့်မည်။ သား မြေးတို့သည် မြင်လျက် ဝမ်းမြောက်၍၊ ထာဝရဘုရားကို အမှီပြုလျက်
ရွှင်လန်းကြလိမ့်မည်။ [8] သူတို့ကို ငါနှိုးဆော်၍ စုဝေးစေမည်။ သူတို့သည် ငါ၏ရွေးနှုတ်ခြင်းကို ခံရသောအားဖြင့်၊ အရင်များပြား
သကဲ့သို့ တဖန် များပြားကြလိမ့်မည်။ [9] သူတို့ကို တပါးအမျိုးသားတို့တွင် မျိုးစေ့ကဲ့သို့ ငါကြဲသဖြင့်၊ ဝေးသောပြည်၌
ငါ့ကိုအောက်မေ့၍၊ သား မြေးတို့နှင့်တကွ အသက်ရှင်လျက် ပြန်လာကြလိမ့်မည်။ [10] သူတို့ကို အဲဂုတ္တုပြည်မှ တဖန် ငါဆောင်ခဲ့ဦး
မည်။ အာရှုရိပြည်မှ ခေါ်၍ စုဝေးစေမည်။ ဂိလဒ်ပြည် နှင့် လေဗနုန်ပြည်သို့ တဖန် ငါဆောင်ခဲ့သဖြင့်၊ သူတို့ နေစရာဘို့
မြေမလောက်နိုင်။ [11] ပင်လယ်အလယ်၌ ရှောက်သွား၍ ညှဉ်းဆဲ လျက်၊ ပင်လယ်တံပိုးများကို ဒဏ်ခတ်တော်မူမည်။ မြစ်၌
နက်နဲသောအရပ်ရှိသမျှတို့လည်း ခန်းခြောက်ကြလိမ့် မည်။ အာရှုရိပြည်၏မာနကို နှိမ့်ချ၍၊ အဲဂုတ္တုမင်း၏ အာဏာသည်လည်း
ကွယ်ပျောက်လိမ့်မည်။ [12] သူတို့ကို ထာဝရဘုရားအားဖြင့် ငါခိုင်ခံ့စေမည်။ နာမတော်ကို အမှီပြုလျက် လှည့်လည်၍ သွားကြလိမ့်မည်
ဟု ထာဝရဘုရား မိန့်တော်မူ၏။

---

---

Zechariah 01

ယေဘုယျ အချက်အလက်
ဇာခရိသည် ဣသရေလလူတို့အား ဆက်လက်ပြောကြားသည်။

လျှပ်စစ်ကိုပြင်ဆင်၍
"မုန်တိုင်းဖြစ်စေမည့် မိုးတိမ်များကို ပြုလုပ်သည်။

တေရပ်ရုပ်တုတို့သည် အနတ္တစကားကို ပြောကြ၏။
အခြားသော ဘာသာပြန်ဆိုချက်၊ "ရုပ်ထုဆင်းထုများမှ
မဟုတ်မမှန်သော သတင်းစကားများ ကြားပြောမည်"။

ပရောဖက်တို့သည် မမှန်သော ရူပါရုံကိုမြင်၍
အခြားသောဘာသာပြန်ဆိုချက်၊ "ပုရောဖက်လုပ်သော
သူတို့သည် မှားသော ရူပါရုံကို မြင်ကြသည်"။

ပရောဖက်လုပ်သော သူတို့သည် ... မမှန်သော အိပ်မက်ကို ဟောပြောကြ၏။
အခြားသောဘာသာပြန်ဆိုချက်၊ "ပုရောဖက်
လုပ်သောသူတို့သည် လူတို့အား
လှည့်စားဖြားယောင်းခြင်းအလို့ငှါ သူတို့၏ ရူပါရုံကို မှားယွင်းစွာ
ပြောကြားသည်။"

သိုးစုကဲ့သို့ လည် သွား၍
အခြားသောဘာသာပြန်ဆိုချက်၊ "ဘယ်ကို သွားရမည်ကို
မသိသော လူတို့"

Zechariah 03

သိုးထိန်းတို့ကို ငါအမျက်ထွက်၍
"သိုးထိန်း" သည် ထာဝရဘုရား၏ လူမျိုးတော်တို့ကို
ဦးဆောင်သောသူအား ပုံဆောင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့လူမျိုးအား ဦးဆောင်သည့်
ငါ၏ သိုးထိန်းတို့ အပေါ်တွင် ရှိသော ဒေါသသည် ကြီးလှသည်။"
သို့မဟုတ် "ငါသည် ငါ့လူမျိုးတော်၏ ခေါင်းဆောင်တို့ကို ငါ
အလွန် ဒေါသထွက်သည်။

ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရ ဘုရားသည် မိမိသိုးစုယုဒအမျိုးကို
အကြည့်အရှုကြွလာ ၍
အခြားသောဘာသာပြန်ဆိုချက်၊ "ယုဒအနွယ်၏အိမ်တော်ကို ငါ
ဂရုစိုက်မည်။"

ဘုန်းတော်ကို ဆောင်သော စစ်တိုက်မြင်းကဲ့သို့ ဖြစ်စေ တော်မူမည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့၏
အကြောက်တရားမဲ့ကြီးမားလှသောခွန်အားကို
သူတို့အားပေးမည်။"


generated on Tue Jul 2 12:50:28 2024

## Zechariah 04

ထိုအမျိုးထဲက တိုက်ထောင့်အမြစ်ကျောက်
"တိုက်ထောင့်အမြစ်သည် သူတို့ထံမှ လာမည်။" အရေးကြီးသောအုပ်ချုပ်စီမံသူကို အဆောက်အဦးဆောက်ရာ၌ အဓိကကျသော အခြေခံ အုတ်မြစ်အနေဖြင့် ဖော်ကျူးသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အချို့သော နောင်လာနောင်သားတို့သည် အလွန်အရေးကြီးသော အုပ်ချုပ်စီမံသူများ ဖြစ်လာမည်"။

ထိုအမျိုးထဲက ... တံစို့
"တံစို့" သည် သူတို့ထံမှ လာလိမ့်မည်။" အဓိကကျသော ခေါင်းဆောင်များကို တဲထိုးရာ၌ နေရာတကျ ချိတ်ကုတ်ပေးသောတံစို့ ကဲ့သို့ တင်စားခေါ်ဝေါ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တိုင်းပြည်ကို ပေါင်းစည်းကာ ဦးဆောင်ဦးရွက် ပြုမည့်သူတို့သည် သူတို့ထံမှ လာလိမ့်မည်။

ထိုအမျိုးထဲက ... စစ်တိုက်လေး
"စစ်တိုက်လေး" သည် သူတို့ထံမှ လာလိမ့်မည်။" စစ်ဖက်ရေးရာခေါင်းဆောင်များကို စစ်တိုက်ရာ၌ သုံးသောမြှား ကဲ့သို့ တင်စားခေါ်ဝေါ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "စစ်ဖက်ရေးရာကို ဦးဆောင်ဦးရွက် ပြုမည့်သူတို့သည် သူတို့ထံမှ လာလိမ့်မည်။

စစ်သူရဲကဲ့သို့ ဖြစ်ကြလိမ့်မည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် စစ်ပွဲတွင် ခွန်အားကြီးသောသူများ ဖြစ်လိမ့်မည်။"

စစ်တိုက်ရာတွင် လမ်း၌ရှိသော ရွှံ့ ကိုနင်းသော
အခြားသောဘာသာပြန်ဆိုချက်၊ "ရန်သူကို အပြီးသတ် ချေမှုန်းသောသူ"

စစ်တိုက်၍ မြင်းစီးသူရဲတို့ကို အရှက်ခွဲကြလိမ့်မည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ပြီးနောက် သူတို့သည် မြင်းစီးစစ်သူရဲတို့ကို အနိုင်ယူချေမှုန်းလိမ့်မည်"။

## Zechariah 06

ယုဒအမျိုးကိုလည်း ငါခိုင်ခံ့စေမည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် ယုဒအမျိုးကို ခွန်အားနှင့် ပြည့်စေမည်။"

ယောသပ် အမျိုး
ဤသည်မှာ ယေရုရှလင်မြို့သူမြို့သားတို့အား ရည်ညွှန်းသည်။

သူတို့သည် နှင်ထုတ်ခြင်းကို မခံဘူးသကဲ့သို့ ဖြစ်ကြလိမ့်မည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် သူတို့အား မငြင်းပယ်ခဲ့ဖူးပါ"။

ဧဖရိမ်အမျိုးသားတို့သည် သူရဲကဲ့သို့ ဖြစ်၍
ဤတွင် "ဧဖရိမ်" သည် "ဣသရေလအမျိုး၏ မြောက်ပိုင်းတိုင်းပြည်" ကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဧဖရိမ်အမျိုးသားတို့သည် အလွန်ပင် ခွန်အားကြီးလိမ့်မည်"။

စပျစ်ရည်နှင့်ဝသကဲ့သို့ ဝမ်းမြောက်ကြလိမ့်မည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် အလွန်တရာပင် ပျော်ရွှင်ကြလိမ့်မည်။"

သား မြေးတို့သည် မြင်လျက် ဝမ်းမြောက်၍၊ ထာဝရဘုရားကို အမှီပြုလျက် ရွှင်လန်းကြလိမ့်မည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့၏ သားမြေးတို့သည် ထာဝရဘုရားက သူတို့ဘိုးဘေးတို့အား ပေးသနားတော်မူသော အရာတို့ကို မြင်ရသောကြောင့် ဝမ်းမြောက်ပျော်ရွှင်ကြလိမ့်မည်"။

## Zechariah 08

ငါနှိုးဆော်၍
နှိုးဆော်ခြင်းသည် အသံမြင့်၊ အော်ဟစ်သည် သို့မဟုတ် နှုတ်ကို တီးမှုတ်သည်။ အချက်ပြလေ့ရှိသော အသံအနေအထား ဖြစ်သည်။

သူတို့ နေစရာဘို့ မြေမလောက်နိုင်
ထိုသူတို့သည် ယုဒပြည်သို့ အဆက်မပျက် လာနေသောကြောင့် ထိုပြည်သည် နောက်ထပ်လာသော သူတို့ကို နေရာမပေးနိုင်လောက်သည်အထိ လူဦးရေ များပြားလိမ့်မည်။

## Zechariah 11

ပင်လယ်အလယ်၌ ရှောက်သွား၍ ညွှဦးဆဲ လျက်
သမ္မာကျမ်းစာတွင် "ပင်လယ်" ကို အများအားဖြင့် "ကြုံတွေ့ရမည့် ဒုက္ခပြဿနာနှင့် ပင်ပန်းဆင်းရဲမှုများ" အဖြစ် ဖော်ပြလေ့ရှိသည်။

မြစ်၌ နက်နဲသောအရပ်ရှိသမျှတို့လည်း ခမ်းခြောက်ကြလိမ့် မည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် နိုင်းမြစ်ဝှမ်းရှိ ရေအားလုံးကို ခန်းခြောက်စေမည်။"

အာရှုရိပြည်၏မာနကို နှိမ့်ချ၍
ဤတွင် "အာရှုရိပြည်၏ မာန" သည် "အာရှုရိပြည်၏ စစ်တပ်" ကို ရည်ညွှန်းနိုင်ခြေရှိသည်။

အဲဂုတ္တုမင်း၏ အာဏာသည်လည်း ကွယ်ပျောက်လိမ့်မည်။
အခြားသောဘာသာပြန်ဆိုချက်၊ "အခြားတိုင်းပြည်တို့ကို အုပ်ချုပ်နေသော အဲဂုတ္တုပြည်၏ အာဏာစက်သည် ပြီးဆုံးလိမ့်မည်။

ထာဝရဘုရား မိန့်တော်မူ၏။
ဤအသုံးအနှုန်းမှာ UDB တွင် "ထာဝရဘုရား မိန့်ကြားသည်" ဟူ၍ ဘာသာပြန်လေ့ရှိသည်။ ဤအသုံးအနှုန်းကို သင်၏


generated on Tue Jul 2 12:50:28 2024

ဘာသာဖြင့် အလျဉ်းသင့်သလို ပြန်ဆိုနိုင်သည်။
ဤအသုံးအနှုန်းကို ဇာခရိတွင် အသုံးများသည်။

---

## Translation Questions

Zechariah 10:1

ထာဝရဘုရားသည် ဇိအုန်ပြည်ကို အဘယ်သို့ပြုလိမ့်မည်နည်း။
ဇိအုန်ပြည်အဘို့ လယ်ပြင်၌ အပင်များပေါက်စေသည်ကို သူတို့မေးသောအခါ ထာဝရဘုရားသည် မိုးရေကို ရေပန်းများကဲ့သို့ ရွာစေခဲ့သည်။

အဘယ်အမှုများကြောင့် လူသည် သိုးစုကဲ့သို့ ယောင်လည်ကြသနည်း။
သူတို့အိမ်၌ ရုပ်တုများသည် မှားယွင်းစွာပြော၍ ဟောပြောသောသူတို့သည်မုသာကိုပြောကြသည်၊ မရှိသောရူပါရုံကိုပြော၍ မရှိသောနှိမ့်သိမ့်ခြင်းကို ပေးကြသည်။ ဤလူများတွင် သိုးထိန်းမရှိ။

Zechariah 10:3

ထာဝရဘုရားသည် မည်သူကိုအပြစ်ပေးမည်ဟု မိန့်တော်မူသနည်း။
ဆိတ်ထီးတို့ကို ထိန်းသောသိုးထိန်းများကို အပြစ်ပေးမည်ဟု မိန့်တော်မူခဲ့သည်။

Zechariah 10:4

မည်သည့်အရာသည် ယုဒအမျိုးထဲမှ လာလိမ့်မည်ဟု ထာဝရဘုရားမိန့်တော်မူခဲ့သနည်း။
ထာဝရဘုရားမိန့်တော်မူသည်မှာ တိုက်ထောင့်အမြစ်ကျောက်၊ တံစိုး၊ စစ်တိုက်လေး၊ မင်းဖြစ်သော လူအပေါင်းတို့သည် ယုဒအမျိုးထဲမှ လာကြလိမ့်မည်ဟု မိန့်တော်မူခဲ့သည်။

Zechariah 10:6

ယောသပ်အမျိုးနှင့် ယုဒအမျိုး အဘို့ ထာဝရဘုရားသည် မည်သို့လုပ်ပေးလိမ့်မည်ဟု မိန့်တော်မူခဲ့သနည်း။
သူသည် ယောသပ်အမျိုးကိုလည်း ကယ်တင်မည်၊ ယုဒအမျိုးကိုလည်းခိုင်ခံ့စေမည်ဟု ထာဝရဘုရားမိန့်တော်မူခဲ့သည်။ သူတို့ကို သနားစုံမက်ခြင်းရှိ၍ ပြန်လည် နေရာချပေးမည်ဟု ထာဝရဘုရားမိန့်တော်မူခဲ့သည်။

Zechariah 10:8

ယုဒလူများနှင့်ဇဖိရိလူများက ထာဝရဘုရား သူတို့ကို မျိုးစေ့ကြဲသောနေရာဝေးကွာသောပြည်၌ ထာဝရဘုရားကို အောက်မေ့သောအခါ ဘာလုပ်ကြမည်နည်း။
ထာဝရဘုရားသည် သူတို့ကို မျိုးစေ့ကြဲသောနေရာဝေးကွာသောပြည်၌ သူတို့သည် ထာဝရဘုရားကို အောက်မေ့ကြသောအခါ သူတို့သည် မိမိတို့ကလေးများနှင့်အတူ ပြန်လာကြလိမ့်မည်။

Zechariah 10:11

ထိုနေရာများမှ ယုဒလူမျိုး၏အိမ်များကို စုဝေးစေပြီးနောက် အာရှုရိပြည်နှင့် အဲဂုတ္တုပြည်ကို ဘာလုပ်လိမ့်မည်ဟု ထာဝရဘုရားမိန့်တော်မူခဲ့သနည်း။
ထာဝရဘုရားမိန့်တော်မူသည်မှာ သူသည် အာရှုရိပြည်၏ မာနကို နှိမ့်ချ၍ အဲဂုတ္တုမင်း၏ အာဏာကိုလည်း ကွယ်ပျောက်စေလိမ့်မည်ဟု မိန့်တော်မူခဲ့သည်။

---

## Chapter 11

1 အို လေဗနုန်တောင်၊ သင်၏ အာရဇ်ပင်တို့ကို မီးလောင်စေခြင်းငှါ သင်၏တံခါးတို့ကို ဖွင့်လော့။ 2 အိုထင်းရှူးပင်၊
အာရဇ်ပင်လဲသောကြောင့် မြည် တမ်းလော့။ မြတ်သောအပင်တို့သည် ပျက်စီးကြပြီ။ အို ဗာရှန်သပိတ်ပင်တို့၊ ခိုင်ခံ့သောတောကို
ခုတ်လှဲသော ကြောင့် မြည်တမ်းကြလော့။ 3 သိုးထိန်းတို့သည် မိမိတို့ အသရေပျက်သော ကြောင့်၊ မြည်တမ်းသောအသံကို ပြုကြ၏။
ယော်ဒန်မြစ် ၏ဂုဏ်အသရေပျက်သောကြောင့်၊ ခြင်္သေ့ပျိုဟောက် သောအသံကို ကြားရ၏။ 4 ငါ၏ဘုရားသခင်
ထာဝရဘုရားမိန့်တော်မူ သည်ကား၊ သတ်ဘို့ရာ ထားသော ဤသိုးစုကို ကျွေးမွေး လော့။ 5 ပိုင်သောသူတို့သည် သတ်၍
ကိုယ်အပြစ်ရှိသည် ကို မသိကြ။ ရောင်းစားသောသူတို့ကလည်း၊ ငါရတတ် သည်ဖြစ်၍ ထာဝရဘုရားသည် မင်္ဂလာရှိတော်မူစေသ
တည်းဟု ဆိုကြ၏။ သိုးထိန်းတို့သည်လည်း သနားခြင်း ကရုဏာမရှိကြ။ 6 ထာဝရဘုရား မိန့်တော်မူသည်ကား၊ ငါသည်
ပြည်သူပြည်သားတို့ကို နောက်တဖန်မသနား၊ မနှမြောဘဲ၊ လူအသီးအသီးတို့ကို အိမ်နီးချင်းလက်သို့၎င်း၊ ရှင်ဘုရင် လက်သို့၎င်း
အပ်သဖြင့်၊ သူတို့သည် တပြည်လုံးကို နှိပ် စက်ကြလိမ့်မည်။ သူတို့လက်မှ ငါမကယ်လွှတ်ဘဲ နေမည် ဟု မိန့်တော်မူ၏။ 7 ထိုသို့
သတ်ဘို့ရာထားသော သိုးစုတည်းဟူ သော၊ ဆင်းရဲသောသိုးတို့ကို ငါကျွေးမွေးရ၏။ သိုးထိန်း တောင်ဝေးနှစ်စင်းကိုယူ၍၊ တစင်းကို
ကျေးဇူးဟူ၍၎င်း၊ တစင်းကို အနှောင်အဖွဲ့ဟူ၍၎င်း ခေါ်ဝေါ်လျက်၊ သိုးစုကို ကျွေးမွေး၏။ 8 သိုးထိန်းသုံးယောက်ကိုလည်း တလတွင်
ငါပယ် ဖြတ်၏။ သူတို့ကြောင့် ငါ့စိတ်ငြီးငွေ့၏။ သူတို့သည်လည်း ငါ့ကို ရွံရှာကြ၏။ 9 နောက်တဖန် သင်တို့ကို ငါမကျွေး။ သေသော
အကောင်သည် သေပါလေစေ။ အသတ်ခံရသော အကောင်သည် ခံရပါလေစေ။ ကျန်ကြွင်းသောအကောင် တို့သည်
တကောင်ကိုတကောင် စားပါလေစေဟု ငါဆို လျက်၊ 10 ခပ်သိမ်းသောလူမျိုးတို့နှင့် အရင်ဖွဲ့သော ပဋိညာဉ်ကို ဖျက်လို၍၊
ကျေးဇူးအမည်ရှိသော ငါ၏ တောင်ဝေးကို ယူ၍ ချိုး၏။ 11 ထိုပဋိညာဉ်သည် ထိုနေ့၌ပျက်သောကြောင့်၊ ငါ့ကိုအမှီပြုသော
သိုးဆင်းရဲတို့သည် ထာဝရဘုရား၏ နှုတ်ကပတ်တော်ကို နားလည်ကြ၏။ 12 တဖန် ငါက၊ ငါရထိုက်သော အခကို ပေးအံ့ သောငှါ၊
သင်တို့သည် အလိုရှိလျှင် ပေးကြလော့။ အလို မရှိလျှင် မပေးကြနှင့်ဟုဆိုသော်၊ သူတို့သည် ငါ့အား အခပေးအံ့သောငှါ
ငွေသုံးဆယ်ကို ချိန်ကြ၏။ 13 ထာဝရဘုရားကလည်း၊ ထိုငွေကို အိုးထိန်း သမားရှေ့မှာ ပစ်ချလော့။ ငါ့ကို အဘိုပြတ်၍ ငွေများလှ
သည်တကားဟု မိန့်တော်မူသည်အတိုင်း၊ ထိုငွေသုံးဆယ် ကို ငါယူ၍ ထာဝရဘုရား၏ဗိမာန်တော်၌ အိုးထိန်း သမားရှေ့မှာ ပစ်ချ၏။ 14
ထိုအခါ ယုဒအမျိုးနှင့် ဣသရေလအမျိုးဖွဲ့ သော မိဿဟာယကို ဖျက်လို၍၊ အနှောင်အဖွဲ့အမည်ရှိ သော အခြားတောင်ဝေးကို
ငါချိုး၏။ 15 တဖန် ထာဝရဘုရားက၊ မိုက်သော သိုးထိန်း၏ တန်ဆာတို့ကို သိမ်းယူလော့။ 16 အကြောင်းမူကား၊ ဤပြည်၌
သိုးထိန်းတဦးကို ငါပေါ်ထွန်းစေမည်။ သူသည် အသတ်ခံရသောအကောင် ကို မကြည့်မရှု၊ လမ်းလွဲသောအကောင်ကို မရှာ၊ နာသော
အကောင်ကို အနာပျောက်စေခြင်းငှါမပြု၊ ရပ်နေသော အကောင်ကို မမစ၊ ဆူသောအကောင်တို့ကို စားလိမ့် မည်။ သူတို့ ခွာကိုလည်း
ချိုးဖွဲ့လိမ့်မည်။ 17 သိုးစုကို စွန့်ပစ်သော အချည်းနှီးသိုးထိန်းသည် အမင်္ဂလာရှိစေသတည်း။ သူ၏လက်ရုံးနှင့်လက်ျာမျက်စိ၌
ထားဘေးရောက်လိမ့်မည်။ လက်ရုံးသည် အကုန်အစင် ခြောက်ကပ်လိမ့်မည်။ လက်ျာမျက်စိသည် အကုန်အစင် မိုက်လိမ့်မည်ဟု
မိန့်တော်မူ၏။

## Chapter 12

1 ထာဝရဘုရား၏ ဗျာဒိတ်နှုတ်ကပတ်တော် တည်းဟူသော၊ မိုဃ်းကောင်းကင်ကို ကြက်၍ မြေကြီး တိုက်မြစ်ကို ချတော်မူထသော၊
လူအထဲ၌ လူ၏ဝိညာဉ် ကို ဖန်ဆင်းတော်မူသော ထာဝရဘုရားသည် ဣသရေလ အမျိုးကို ရည်မှတ်၍ မိန့်တော်မူသည်ကား၊ 2 ငါသည်
ယေရုရှလင်မြို့ကို ပတ်လည်၌ရှိသော လူမျိုးအပေါင်းတို့အား တုန်လှုပ်စေသော ဖလားဖြစ်စေ မည်။ ယေရုရှလင်မြို့ကို
ဝိုင်းထားကြစဉ်တွင် ယုဒပြည်ကို လည်း ထိုအတူ ဖြစ်စေမည်။ 3 ထိုကာလအခါ၌လည်း ထိုမြို့ကို လူမျိုးအပေါင်း တို့အား လေးသော
ကျောက်ဖြစ်စေမည်။ ထိုကျောက်ကို ချီသော သူအပေါင်းတို့သည် ကျိုးပွဲကြေမွကြလိမ့်မည်။ လောကီသားအမျိုးမျိုးတို့သည်
ယေရုရှလင်မြို့တဘက်၌ စုဝေးလျက် ရှိကြလိမ့်မည်။ 4 ထာဝရဘုရား မိန့်တော်မူသည်ကား၊ ထိုကာလ ၌ရှိသမျှသော မြင်းတို့ကို
မိန်းမောတွေဝေစေခြင်းငှါလည်း၊ မြင်းစီးသူရဲအပေါင်းတို့ကို အရူးဖြစ်စေခြင်းငှါလည်း ငါ သည် ဒဏ်ခတ်မည်။ ယုဒအမျိုးကို
ငါကြည့်ရှု၍၊ တပါး အမျိုးသားတို့၌ရှိသမျှသော မြင်းတို့ကို မျက်စိကန်းစေ ခြင်းငှါ ဒဏ်ခတ်မည်။ 5 ယုဒမင်းတို့ကလည်း၊
ယေရုရှလင်မြို့သားတို့၏ ဘုရားသခင်၊ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား အားဖြင့် သူတို့သည် ငါ့ခွန်အားဖြစ်ကြ၏ဟု
စိတ်ထဲမှာ ဆိုကြလိမ့်မည်။ 6 ထိုကာလ၌ ငါသည် ယုဒမင်းတို့ကို ထင်းပုံတွင် မီးဖိုကဲ့သို့၎င်း၊ ကောက်လှိုင်းတွင် မီးစကဲ့သို့၎င်း ဖြစ်စေ
သဖြင့်၊ လက်ျာဘက်၊ လက်ဝဲဘက်၊ ပတ်လည်၌ရှိသော လူမျိုးအပေါင်းတို့ကို မီးလောင်လိမ့်မည်။ ယေရုရှလင်မြို့ သည်လည်း
မြို့ရာဟောင်း၌ တည်မြဲတည်လိမ့်မည်။ 7 ထာဝရဘုရားသည် ယုဒတဲတို့ကို ရှေ့ဦးစွာ ကယ်တင်တော်မူမည်။ ထို့ကြောင့်
ဒါဝိဒ်မင်းမျိုး၏ဘုန်း နှင့်ယေရုရှလင်မြို့သားတို့၏ဘုန်းသည် ယုဒပြည်တဘက် ၌ မဝါကြွားရ။ 8 ထိုကာလ၌ ထာဝရဘုရားသည်
ယေရုရှလင်မြို့ သားတို့ကို ကွယ်ကာစောင့်မတော်မူသဖြင့်၊ အားနည်း သောသူသည် ထိုကာလ၌ ဒါဝိဒ်မင်းကဲ့သို့၎င်း၊ ဒါဝိဒ်မင်း
မျိုးသည် ဘုရားသခင်ကဲ့သို့၎င်း၊ သူတို့ရှေ့မှာ ထာဝရ ဘုရား၏ ကောင်းကင်တမန်ကဲ့သို့၎င်း ဖြစ်လိမ့်မည်။ 9 ထိုကာလ၌
ယေရုရှလင်မြို့ကို တိုက်လာသော လူမျိုးအပေါင်းတို့ကို ဖျက်ဆီးခြင်းငှါ ငါသည် အားထုတ် မည်။ 10 ကျေးဇူးတော်ကို
ခံသောသဘော၊ ဆုတောင်း ပဌနာပြုသောသဘောကို ဒါဝိဒ်မင်းမျိုး၊ ယေရုရှလင်မြို့ သားတို့အပေါ်သို့ ငါသွန်းလောင်းသဖြင့်၊
သူတို့သည် မိမိ တို့ ထိုးဖောက်သော ငါ့ကို ရှုမြင်ရကြလိမ့်မည်။ တယောက်တည်းသော သားအတွက် အဘသည် ငိုကြွေး
မြည်တမ်းသကဲ့သို့၊ ထိုသူအတွက် ငိုကြွေးမြည်တမ်းရကြ လိမ့်မည်။ သားဦးအတွက် အဘသည် နာကြဉ်းရကြလိမ့် မည်။ 11
မေဂိဒ္ဒေါချိုင့်တွင် ဟာဒဒ်ရိမ္မုန်မြို့မှာ ငိုကြွေးမြည် တမ်းသကဲ့သို့၊ ထိုကာလ၌ ယေရုရှလင်မြို့မှာ ကြီးစွာသော ငိုကြွေးမြည်တမ်းခြင်း
ရှိလိမ့်မည်။ 12 တပြည်လုံးအမျိုးအနွယ်အသီးအသီးတမျိုး တခြားစီ ငိုကြွေးမြည်တမ်းကြလိမ့်မည်။ ဒါဝိဒ်မင်း၏
အဆွေအမျိုးတခြား၊ သူတို့မိန်းမများတခြား၊ နာသန်၏ အဆွေအမျိုးတခြား၊ သူတို့မိန်းမများတခြား၊ 13 လေဝိ၏အဆွေအမျိုးတခြား၊
သူတို့မိန်းမများ တခြား၊ ရှိမိ၏အဆွေအမျိုးတခြား၊ သူတို့မိန်းမများတခြား၊ 14 ကျန်ကြွင်းသော အဆွေအမျိုးအပေါင်းတို့သည်
တမျိုးတခြားစီ၊ သူတို့မိန်းမများ တစုတခြားစီ ငိုကြွေးမြည် တမ်းကြလိမ့်မည်။

## Chapter 13

[1] ထိုကာလ၌ ဒါဝိဒ်မင်းမျိုးနှင့် ယေရုရှလင်မြို့ သားတို့၏ ဒုစရိုက်အပြစ်အညစ်အကြေးကို ဆေးကြော စရာဘို့ စမ်းရေတွင်းသည်
ပွင့်လျက်ရှိလိမ့်မည်။ [2] ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားမိန့် တော်မူသည်ကား၊ ပြည်တော်တွင် ရှိသော ရုပ်တုတို့၏ နာမများကို
နောက်တဖန်အဘယ်သူမျှ မမှတ်မိစေခြင်း ငှါ၊ ထိုကာလ၌ ငါသုတ်သင်ပယ်ရှင်းမည်။ ပရောဖက်လုပ် သောသူတို့ကိုငှင်း၊
ညစ်ညူးသော ဝိညာဉ်ကိုငှင်း ပြည် တော်မှ နှင်ထုတ်မည်။ [3] လူတစုံတယောက်သည် ပရောဖက်ပြုသေးလျှင်၊ ဘွားမြင်သော
မိဘတို့က၊ သင်သည် ထာဝရဘုရား၏ နာမကို အမှီပြု၍ မုသာစကားကို ဟောပြောသောကြောင့် အသေခံရမည်ဟုဆိုလျက်၊
ပရောဖက်ပြုစဉ်ပင် ကိုယ်မိဘ တို့သည် သူ့ကို ထုတ်ချင်းခပ် ထိုးကြလိမ့်မည်။ [4] ထိုကာလ၌ ပရောဖက်သည် ဟောပြောသော အခါ
မိမိမြင်သော ရူပါရုံကြောင့် ရှက်လိမ့်မည်။ သူတပါး ကို လှည့်စားမည့်အကြံနှင့် ကြမ်းတမ်းသော အဝတ်ကို လည်း မဝတ်ရ။ [5]
အကျွန်ုပ်သည် ပရောဖက်မဟုတ်၊ လယ်လုပ် သော သူဖြစ်ပါ၏။ ငယ်သောအရွယ်မှစ၍ သူတပါး၌ ကျွန်ခံရပါပြီဟု ဝန်ခံလိမ့်မည်။ [6]
သူတပါးကလည်း၊ သင့်လက်၌ ပေါ်သော ဒဏ်ရာကား၊ ကျွန်ုပ်၏ အဆွေခင်ပွန်းအိမ်၌ ခံရသော ဒဏ်ရာဖြစ်ပါသည်ဟု
ပြန်ပြောလိမ့်မည်။ [7] ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား မိန့် တော်မူသည်ကား၊ အိုထား၊ ငါ၏သိုးထိန်းတဘက်၊ ငါ၏
အပေါင်းအဘော်ဖြစ်သောသူတဘက်၌ နိုးလော့။ သိုး ထိန်းကို ရိုက်သတ်လော့။ သို့ပြုလျှင်၊ သိုးတို့သည် ကွဲလွင့်ရ ကြလိမ့်မည်။
သိုးသငယ်တို့အပေါ်၌လည်း ငါသည် ငါ့ လက်ကို တင်ဦးမည်။ [8] ထာဝရဘုရား မိန့်တော်မူသည်ကား၊ တပြည်လုံး သုံးစုတွင် နှစ်စုကို
ပယ်ဖြတ်၍ အသေခံရသဖြင့်၊ တစုသာ ကျန်ကြွင်းရလိမ့်မည်။ [9] ထိုတစုကို မီးအလယ်သို့ ငါရှောက်သွားစေမည်။ ငွေကို ချွတ်သကဲ့သို့
ချွတ်မည်။ ရွှေကို စုံစမ်းသကဲ့သို့ စုံစမ်းမည်။ သူတို့သည် ငါ့နာမကို ပဌနာပြု၍ ငါနား ထောင်မည်။ သူတို့ကို ငါ၏လူမျိုးဟူ၍
ငါခေါ်ဝေါ်မည်။ သူတို့ကလည်း၊ ထာဝရဘုရားသည် ငါတို့၏ဘုရားသခင် ဖြစ်တော်မူ၏ဟု ဝန်ခံကြလိမ့်မည်။


generated on Tue Jul 2 12:50:28 2024

## Chapter 14

1 ထာဝရဘုရား၏နေ့ရက်သည် ရောက်သော အခါ၊ သူတပါးတို့သည် သင်၏ဥစ္စာကို လုယူ၍ သင့် အလယ်၌ ဝေဖန်ကြလိမ့်မည်။ 2
ယေရုရှလင်မြို့ကို တိုက်စေခြင်းငှါ၊ လူမျိုး အပေါင်းတို့ကို ငါစုဝေးစေမည်။ မြို့ကို တိုက်ယူပြီးလျှင်၊ အိမ်တို့ကို လုယက်၍ မိန်းမတို့ကို
အဓမ္မပြုကြလိမ့်မည်။ မြို့သားတဝက်ကို သိမ်းသွား၍ တဝက်သာမြို့၌ ကျန် ကြွင်းလိမ့်မည်။ 3 ထာဝရဘုရားသည်လည်း
စစ်တိုက်ရာကာလ၌ တိုက်သကဲ့သို့၊ ထိုလူမျိုးတို့ကို တိုက်သွားတော်မူမည်။ 4 ထိုနေ့ရက်၌ ခြေတော်သည် ယေရုရှလင်မြို့ အရှေ့၊
သံလွင်တောင်ပေါ်မှာရပ်၍၊ သံလွင်တောင်သည် အရှေ့ဘက်မှ အနောက်ဘက်တိုင်အောင် အလယ်၌ ကွဲ သဖြင့်၊ အလွန်ကြီးသော
ချိုင့်ဖြစ်လိမ့်မည်။ တောင် တဝက်သည် မြောက်ဘက်သို့ငှင်း၊ တဝက်သည် တောင် ဘက်သို့ငှင်း ရွေ့ရလိမ့်မည်။ 5 သင်တို့သည်
ငါ့တောင်ကြားချိုင့်လမ်းဖြင့် ပြေး ကြလိမ့်မည်။ ထိုချိုင့်သည် အာဇလမြို့တိုင်အောင် မှီလိမ့် မည်။ ယုဒရှင်ဘုရင်ဩဇိမင်းလက်ထက်၊
မြေကြီးလှုပ်၍ သင်တို့သည် ပြေးသကဲ့သို့ တဖန်ပြေးကြလိမ့်မည်။ ငါ၏ ဘုရားသခင်ထာဝရဘုရား ကြွလာတော်မူ၍၊ မိမိသန့်
ရှင်းသူအပေါင်းတို့သည် ပါကြလိမ့်မည်။ 6 ထိုနေ့ရက်၌ အလင်းမရှိ၊ မြတ်သောအရာတို့ သည် ယုတ်လျော့လိမ့်မည်။ 7 နေ့မဟုတ်၊
ညဥ့်မဟုတ်၊ ထာဝရဘုရားသိတော် မူသော နေ့ရက်တရက်ဖြစ်၍၊ ညဦးယံအချိန်ရောက်မှ လင်းလိမ့်မည်။ 8 ထိုနေ့ရက်၌
အသက်ရေသည် ယေရုရှလင်မြို့မှ ထွက်၍၊ နွေကာလဖြစ်စေ၊ ဆောင်းကာလဖြစ်စေ၊ အရှေ့ ပင်လယ်သို့တဝက်၊ အနောက်ပင်လယ်သို့
တဝက်စီးသွား လိမ့်မည်။ 9 ထာဝရဘုရားသည် တပြည်လုံးတွင် ရှင်ဘုရင် ဖြစ်တော်မူမည်။ ထိုနေ့ရက်၌ ထာဝရဘုရားတပါးတည်း၊
နာမတော်တပါးတည်း ဖြစ်တော်မူမည်။ 10 ဂေဘမြို့မှသည် ယေရုရှလင်မြို့ တောင်ဘက်၊ ရိမ္မုန်မြို့တိုင်အောင် တပြည်လုံးကို
ချိုင့်ကဲ့သို့တညီတည်း ဖြစ်စေတော်မူမည်။ မြို့သည်လည်း ဗယ်္ယာမိန်တံခါးမှ သည် အရင်တံခါးရာ၊ မြို့ထောင့်တံခါးတိုင်အောင်ငှင်း၊
ဟာနနေလရဲတိုက်မှသည် စပျစ်သီးနယ်ရာ တန်ဆာ တော်တိုင်အောင်ငှင်း ချီးမြှောက်ခြင်းကိုခံ၍၊ မြို့ဟောင်း ရာ၌
တဖန်တည်ရလိမ့်မည်။ 11 နောက်တဖန် ယေရုရှလင်မြို့သည် ကျိန်ခြင်း ဘေးကိုမခံ၊ မြို့သားတို့သည် နေရာကျ၍ စိုးရိမ်စရာမရှိ ဘဲ
နေကြလိမ့်မည်။ 12 ယေရုရှလင်မြို့ကို တိုက်လာသော လူမျိုး အပေါင်းတို့၌ ထာဝရဘုရား ပေးတော်မူသော ဘေးဒဏ် ဟူမူကား၊
ခြေဖြင့်ရပ်လျက်ပင် သူတို့အသားလျော့ပျက် လိမ့်မည်။ မျက်အိမ်၌ မျက်လုံးလျော့ပျက်လိမ့်မည်။ လျှာ သည်လည်း ခံတွင်း၌
လျော့ပျက်လိမ့်မည်။ 13 ထိုနေ့ရက်၌ ထာဝရဘုရား၏ တန်ခိုးတော် ကြောင့် သူတို့သည် အလွန်ရုန်းရင်းခတ်မှုပြု၍၊
တယောက်ကိုတယောက် လက်ချင်းရိုက်သော်လည်း၊ တယောက်ကိုတယောက်တိုက်၍ သတ်ကြလိမ့်မည်။ 14 ယုဒအမျိုးသားတို့လည်း
ယေရုရှလင်မြို့၌ တိုက် ကြလိမ့်မည်။ ပတ်လည်၌နေသော တပါးအမျိုးသား အပေါင်းတို့၏ဥစ္စာစည်းစိမ်တည်းဟူသော၊ များစွာသော
ရွှေငွေအဝတ်တန်ဆာစုပုံလျက်ရှိကြလိမ့်မည်။ 15 မြင်း၊ လား၊ ကုလားအုပ်၊ မြည်းမှစ၍ ရန်သူတပ် တွင်ရှိသမျှသော
တိရစ္ဆာန်တို့၌ပေးသော ဘေးဒဏ်သည်၊ အထက်ဆိုခဲ့ပြီးသော ဘေးဒဏ်နှင့် တူလိမ့်မည်။ 16 ယေရုရှလင်မြို့ကို တိုက်လာသော လူမျိုး
အပေါင်းတို့တွင် ကျန်ကြွင်းသမျှသော သူတို့သည်၊ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားတည်းဟူသော ရှင်ဘုရင်ကို ကိုးကွယ်၍၊
သင်္ကေနေပွဲခံအံ့သောငှါ မြို့တော်သို့ နှစ်တိုင်းအစဉ်တက်လာကြလိမ့်မည်။ 17 ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားဟူ သော
ရှင်ဘုရင်ကို ကိုးကွယ်အံ့သောငှါ၊ မြို့တော်သို့တက် ၍ မလာသောမြေကြီးသား အဆွေအမျိုးရှိသမျှအပေါ်သို့ မိုဃ်းမရွာရ။ 18
အဲဂုတ္တုပြည်သား အဆွေအမျိုးသည် မတက် မလာလျှင်၊ မိုဃ်းမရွာဘဲနေသဖြင့်၊ သင်္ကေနေပွဲကို ခံအံ့ သောငှါ တက်၍
မလာသောလူမျိုးတို့၌၊ ထာဝရဘုရား ပေးတော်မူသော ဘေးဒဏ်သည် ထိုသူတို့ကိုလည်း ထိလိမ့်မည်။ 19 ဤရွေ့ကား၊ သင်္ကေနေပွဲကို
ခံအံ့သောငှါ တက် ၍ မလာသော အဲဂုတ္တုအမျိုးသား၊ တပါးအမျိုးသား အပေါင်းတို့ ခံရသောအပြစ်ပေတည်း။ 20
ထိုနေ့ရက်ကာလတွင် ထာဝရဘုရားအား သန့်ရှင်းခြင်းဟု၊ မြင်း၌ဆွဲသော ဆည်းလည်းအပေါ်မှာပင် အက္ခရာတင်ရလိမ့်မည်။
ထာဝရဘုရား၏အိမ်တော်၌ အိုးတို့သည် ယဇ်ပလ္လင်ရှေ့မှာရှိသော ဖလားကဲ့သို့ ဖြစ် ကြလိမ့်မည်။ 21 ထိုမျှမက၊ ယေရုရှလင်မြို့မှစ၍
ယုဒပြည်၌ ရှိသမျှသော အိုးတို့သည် ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားအား သန့်ရှင်းကြလိမ့်မည်။ ယဇ်ပူဇော်
သောသူအပေါင်းတို့သည်လာ၍၊ ထိုအိုးတို့ကို ယူပြီးလျှင် ချက်ပြုတ်ကြလိမ့်မည်။ ထိုနေ့မှစ၍ နောက်တဖန် ကောင်းကင်ဗိုလ်ခြေအရှင်
ထာဝရဘုရား၏အိမ်တော်၌ ခါနနိလူမရှိရ။


generated on Tue Jul 2 12:50:28 2024

# Malachi

## Chapter 1

1 ထာဝရဘုရားသည် မာလခိလက်တွင် ဣသ ရေလအမျိုးသို့ ပေးလိုက်တော်မူသော ဗျာဒိတ်နှုတ်က ပတ်တော်တည်းဟူသော၊ 2
ထာဝရဘုရားမိန့်တော်မူသော စကားဟူမူကား၊ သင်တို့ကို ငါချစ်လေပြီ။ အကျွန်ုပ်တို့ကို အဘယ်သို့ ချစ် တော်မူသနည်းဟု
သင်တို့မေးကြလျှင်၊ ဧသောသည် ယာကုပ်၏အစ်ကိုဖြစ်သည်မဟုတ်လော။ သို့သော်လည်း ယာကုပ်ကို ငါချစ်၏။ 3 ဧသောကို
ငါမုန်း၍ သူနေသောတောင်တို့ကို လွင်ပြင်ဖြစ်စေပြီ။ သူ့အမွေခံရာမြေကို မြေခွေးတို့၌ အပ်လေပြီဟု ထာဝရဘုရားမိန့်တော်မူ၏။ 4
ဧဒုံအမျိုးသားတို့က၊ ငါတို့သည် ပျက်စီးသော် လည်း၊ ပျက်စီးသောအရပ်တို့ကို တဖန်တည်ဆောက်ဦး မည်ဟုဆိုရာတွင်၊
ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရ ဘုရားမိန့်တော်မူသည်ကား၊ သူတို့သည် တည်ဆောက် သော်လည်း ငါဖြိုဖျက်မည်။ သူတို့ကို
ဒုစရိုက်ပြည်သား၊ ထာဝရဘုရားအစဉ်အမျက်ထွက်တော်မူသော လူမျိုးဟူ ၍ သမုတ်ကြလိမ့်မည်။ 5 ထိုအမှုကို သင်တို့သည်
မြင်သောအခါ၊ ထာဝရ ဘုရားသည် ဣသရေလပြည်၏ပြင်မှာ ဘုန်းတန်ခိုး ကြီးတော်မူသည်ဟု ဆိုကြလိမ့်မည်။ 6 သားသည် အဘကို
ရိုသေတတ်၏။ ကျွန်သည် သခင်ကို ကြောက်ရွံ့တတ်၏။ ငါသည် အဘမှန်လျှင်၊ ငါ့ကို အဘယ်သူရိုသေသနည်း။ သခင်မှန်လျှင်၊
အဘယ် သူ ကြောက်ရွံ့သနည်းဟု ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားသည် နာမတော်ကို မထီမဲ့မြင်ပြုသော ယဇ်
ပုရောဟိတ်တို့အား မေးတော်မူ၏။ အကျွန်ုပ်တို့သည် နာမတော်ကို အဘယ်သို့ မထီမဲ့မြင်ပြုပါသနည်းဟု သင် တို့မေးရာတွင်၊ 7
ညစ်ညူးသောအစာကို ငါ့ယဇ်ပလ္လင်သို့ ဆောင် ခဲ့ကြသည်တကား။ အကျွန်ုပ်တို့သည် ကိုယ်တော်ကို အဘယ်သို့
ရှုတ်ချပါသနည်းဟုမေးရာတွင်၊ ထာဝရ ဘုရား၏စားပွဲသည် ယုတ်မာ၏ဟုဆိုသောကြောင့် ငါ့ကို ရှုတ်ချကြပြီ။ 8 မျက်စိကန်းသော
အကောင်ကို ယဇ်ပူဇော်လျှင် အပြစ်ရှိသည်မဟုတ်လော။ ခြေဆွံ့သောအကောင်နှင့် နာသော အကောင်ကို ယဇ်ပူဇော်လျှင်
အပြစ်ရှိသည် မဟုတ်လော။ မြို့ဝန်မင်းအား ဆက်ပါလော့။ မင်း၏စိတ် နှင့် တွေ့လိမ့်မည်လော။ သင့်မျက်နှာကို ထောက်လိမ့် မည်ဟု
ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့် တော်မူ၏။ 9 ယခုမှာ ဘုရားသခင်သည် ငါတို့ကို ကယ်မ သနားတော်မူမည်အကြောင်း၊
ထာဝရဘုရားရှေ့တော်၌ ဆုတောင်းကြပါလော့။ သင်တို့လက်ခံသောကြောင့် ဤသို့ ပြုတတ်ကြ၏။ သင်တို့မျက်နှာကို
ထောက်ရမည်လောဟု ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်တော်မူ၏။ 10 သင်တို့တွင် အဘယ်သူသည် ငါ့တံခါးတို့ကို ပိတ်
လိမ့်မည်နည်း။ သင်တို့သည် ငါ့ယဇ်ပလ္လင်ပေါ်မှာ မီးကို အချည်းနှီးမညှိရကြ။ သင်တို့ကို အလိုမရှိ၊ သင်တို့ပြုသော ပူဇော်သက္ကာကို
ငါလက်မခံဟု ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရားမိန့်တော်မူ၏။ 11 နေထွက်ရာအရပ်မှသည် နေဝင်ရာအရပ်တိုင် အောင်
တပါးအမျိုးသားတို့တွင် ငါ၏နာမတော်သည် ကြီး မြတ်ရလိမ့်မည်။ ခပ်သိမ်းသော အရပ်တို့၌ နံ့သာပေါင်း ကို ငါ၏နာမတော်အား
မီးရှို့၍၊ သန့်ရှင်းသော ပူဇော် သက္ကာကို ဆက်ကပ်ရကြလိမ့်မည်။ ငါ၏နာမတော်သည် တပါးအမျိုးသားတို့တွင် ကြီးမြတ်ရလိမ့်မည်ဟု
ကောင်း ကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်တော်မူ၏။ 12 သင်တို့က၊ ထာဝရဘုရား၏ စားပွဲတော်သည် ညစ်ညူး၏။ တင်ထားသော
ဘောဇဉ်ပူဇော်သက္ကာသည် ယုတ်မာ၏ဟုဆိုသောကြောင့် စားပွဲတော်ကို ရှုတ်ချကြပြီ။ 13 တဖန်သင်တို့က၊ အမှုတော်ကို ဆောင်ရွက်၍
ပင်ပန်းစွတကားဟုဆိုလျက်၊ ကဲ့ရဲ့သံကို ပြုတတ်ကြသည် ဟု ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်တော်မူ ၏။
လုယူသောအကောင်၊ ခြေဆွံ့သောအကောင်၊ နာ သောအကောင်ကို ဆောင်ခဲ့ကြပြီ။ ထိုသို့သော ပူဇော် သက္ကာကို
ဆောင်ခဲ့ကြပြီတကား။ သင်တို့လက်မှ ငါခံရ မည်လောဟု ထာဝရဘုရားမေးတော်မူ၏။ 14 သစ္စာဂတိထားပြီးမှ မိမိသိုးစု၌
အထီးရှိလျက် ပင် လှည့်စား၍၊ ထာဝရဘုရားအား ချို့တဲ့သော အကောင်ကို ယဇ်ပူဇော်သောသူသည် အမင်္ဂလာရှိစေသ တည်း။
ငါသည် ကြီးမြတ်သော ရှင်ဘုရင်ဖြစ်၏။ ငါ၏ နာမတော်သည် လူအမျိုးမျိုးတို့တွင် ကြောက်မက်ဖွယ်ဖြစ် ရမည်ဟု
ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့် တော်မူ၏။

---

Malachi 01

ထာဝရဘုရားသည် မာလခိလက်တွင် ဣသ ရေလအမျိုးသို့ ပေးလိုက်တော်မူသော ဗျာဒိတ်နှုတ်ကပတ်တော်တည်းဟူသော၊ ထာဝရဘုရားမိန့်တော်မူသော စကားဟူမူကား၊

ဤအရာသည် ကြေညာခြင်း အနေဖြင့် ဖော်ပြထားပါသည်။ ဤစကားလုံးသည် ထာဝရဘုရားမှ ဣသရေလလူမျိုးများထံ မာလာခိအားဖြင့် ကြေညာထားခြင်းဖြစ်သည်။

ထာဝရဘုရား

ဤစကားလုံးသည် ဓမ္မဟောင်း၌ သူ့လူမျိုးများထံသို့ဖော်ပြခဲ့သောအရာဖြစ်သည်။

မာလခိလက်တွင်

ဤနေရာတွင် "လက်"ဟူသော ဖော်ပြချက်သည် စကားစုတစ်ခုဖြစ်ပြီး ထာဝရဘုရားက မာလခိအား သူ့လူမျိုးများကိုကယ်တင်ရန်ဟု ဆိုလိုပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မာလာခိမှ" သို့မဟုတ် "ထိုသူများအား မာလခိအားဖြင့် စကားပြောသည်"


generated on Tue Jul 2 12:50:28 2024

အကျွန်ုပ်တို့ကို အဘယ်သို့ ချစ်တော်မူသနည်းဟု
ဤမေးခွန်းသည် ဘုရားသခင်ပြောထားသော သမ္မာတရား အပေါ်သံသယရှိသောလူမျိုးကို ရည်ညွှန်းထားပါသည်။ ဤအရာသည် ကြေညာစကားလုံးအဖြစ် ဖော်ပြထားပါသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်တို့သည် ငါတို့အား ချစ်ကြောင်းကို မပြသနိုင်ကြ"

ဧသောသည် ယာကုပ်၏အစ်ကိုဖြစ်သည်မဟုတ်လော။
ဤမေးခွန်းသည် သူ့လူမျိုးများ၏ သမိုင်းတွင် ထာဝရ ဘုရားက ပြန်လည်အသိပေးခြင်းကို ကြေညာခြင်းလည်းဖြစ်နိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယာကုပ်သည် ဧသော၏ ညီအစ်ကို ဖြစ်ကြောင်းကို သင်တို့ သိကြ၏"

ထာဝရဘုရားမိန့်တော်မူ၏။
ထာဝရဘုရားသည် ဤစကားကို လေးနက်စွာ ပြောဆိုခဲ့ပြီ။

ယာကုပ်ကို ငါချစ်၏။
ဤနေရာ၌ "ချစ်၏" ဟူသော အရာသည် ထာဝရဘုရားသခင်နှင့် ယာကုပ်အကြားထားရှိသော ပဋိညာဉ် တရားကို ရည်ညွှန်းထားသည်။ ဤအရာအား ပြည့်စုံရှင်းလင်းစွာ ပြုလုပ်ဖော်ပြထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ " သင်တို့သိကြသည်နည်းတူ ငါသည် ယာကုပ်အား ချစ်သည်"

ယာကုပ်ကို ငါချစ်၏။
ဤနာမည် "ယာကုပ်" တစ်ဦးတည်းကိုသာ ဆိုလိုခြင်းမဟုတ်ဘဲ သူ့မျိုးဆက်များကိုလည်း ဆိုလိုပါသည်။

ဧသောကို ငါမုန်း၍
ဤနေရာတွင် "မုန်း၏" ဟူသောစကားလုံးသည် ထာဝရဘုရားသခင်နှင့် ဧသောအကြား ပဋိညာဉ်တရားမရှိခြင်းကို ရည်ညွှန်းထားပါသည်။ ထာဝရဘုရားသည် ဧသောအပေါ်စိတ်ပျက်သည်ဟု ရည်ညွှန်းထားခြင်း မဟုတ်ပါ။

ဧသောကို ငါမုန်း၍
ဤနာမည် " ဧသော" သည် သူတစ်ယောက်တည်းကိုသာ ရည်းညွှန်းထားခြင်းမဟုတ်ဘဲ သူ့ဆွေမျိုးတစ်ခုလုံးကို ရည်ညွှန်းထားပါသည်။

သူနေသောတောင်တို့ကို
ဤတောင်သည် ဧဒုံပြည်၏ တောင်ကုန်းကို ရည်ညွှန်းထားပါသည်။

သူ့အမွေခံရာမြေကို မြေခွေးတို့၌ အပ်လေပြီဟု ထာဝရဘုရားမိန့်တော်မူ၏။
ဓမ္မဟောင်း၌ တောရိုင်းမြေခွေးများ ရှိနေခြင်းသည် ရှေဦးစွာ နေထိုင်ခဲ့ကြသော လူများကြောင့် ထွက်ပြေးသောနယ်မြေအဖြစ် ဖော်ပြထားပါသည်။

သူ့အမွေခံရာမြေကို
ဤနေရာတွင် "အမွေခံရာမြေ" ဟူသည် ဧဒုံလူမျိုးဖြစ်သော ဧသော၏ ဆွေစဉ်မျိုးဆက်များနေထိုင်သော အရပ်ဒေသအဖြစ် ရပ်တည်ခဲ့သည်။

Malachi 04

ဧဒုံအမျိုးသားတို့က
ဤနေရာတွင် "ဧဒုံ" သည် ဧဒုံ လူမျိုးများကို ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အကယ်၍ ဧဒုံလူမျိုးများက ပြောခဲ့လျှင်"

ငါဖြိုဖျက်မည်။
ဤနေရာတွင် " ဖြိုဖျက်သည်" ဟူသော စကားလုံးသည် "ဖျက်ဆီးခြင်း" အနေဖြင့် ရပ်တည်ပါသည်။ အခြားသောဘာသာပြန်ဆိုချက် - " ငါဖျက်ဆီးမည်"

ဒုစရိုက်ပြည်သား
ဤနေရာတွင် "ဒုစရိုက်" ဟူသောစကားလုံးသည် ဆိုးသွမ်းသောလူများ သို့မဟုတ် မိုက်မဲသော အပြုအမူများအဖြစ် ရပ်တည်ပါသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ " တိုင်းပြည်တွင်းရှိသော ဆိုးသွမ်းသူများ"

ထိုအမှုကို သင်တို့သည် မြင်သောအခါ
ဤတွင် "သင်တို့၏ မျက်စိများ" ဟူသော စကားလုံးသည် လူများ ကိုယ်တိုင် အနေဖြင့် ရပ်တည်ခဲ့ပါသည်။ အခြားသော ဘာသာပြန်ဆိုချက်"သင်တို့ ကိုယ်တိုင် ဤအရာကိုမြင်တွေ့ လိမ့်မည်"

Malachi 06

ယေဘုယျအချက်အလက်များ
ထာဝရဘုရားသခင်သည် ယဇ်ပုရောဟိတ်များ၏ စိတ်ကူးဆန်ဆန် အသုံးပြု ပြောဆိုထားသော အမှန်တရားဟု ကန့်ကွက်မှုအပေါ် သူတို့လုပ်နေသောအရာသည် မှားယွင်းနေကြောင်း အပြစ်ဖော်ပြပေးသည်။

နာမတော်ကို မထီမဲ့မြင်ပြုသော
ဤနေရာတွင် "ငါ့နာမ" ဟူသည်မှာ ဘုရားသခင်ကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်မှာ "သင်သည် ငါ့ကို မုန်းသော်လည်း ဟု သဘောထား ဆက်ဆံသည်"

အကျွန်ုပ်တို့သည် နာမတော်ကို အဘယ်သို့ မထီမဲ့မြင်ပြုပါသနည်းဟု
ယဇ်ပုရောဟိတ်များသည် ထာဝရဘုရားသခင်အား အမှန်တကယ် မထီမဲ့မြင်မပြုခဲ့ကြောင်း ဖော်ပြရန် အတွက်မေးခွန်းမေးခဲ့ပါသည်။ ဤအရာကို ထုတ်ပြန်ချက် အနေဖြင့် ဖော်ပြထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ငါတို့သည် အမှန်တကယ် ကိုယ်တော့် နာမကို မရှုတ်ချကြပါ" သို့မဟုတ် "ကိုယ်တော့် နာမကို ငါတို့သည် မည်ကဲ့သို့ ရှုတ်ချသည်ကို ပြောပြပါ၊ အဘယ့်ကြောင့်ဆိုသော် ငါတို့သည် မလုပ်ခဲ့သောကြောင့်ဖြစ်သည်"

ညစ်ညူးသောအစာကို
ဤတွင် "ညစ်ညူးခြင်း" ဟူသည် ဘုရားသခင်အတွက် ဆက်ကပ်ပူဇော်ရန် မသင့်လျော်သောအရာမှန်သမျှကို ဖော်ပြထားခြင်းဖြစ်ပါသည်။


generated on Tue Jul 2 12:50:28 2024

အကျွန်ုပ်တို့သည် ကိုယ်တော်ကို အဘယ်သို့ ရှုတ်ချပါသနည်းဟုမေးရာတွင်
ဤတွင် ယဇ်ပုရောဟိတ်များက သူတို့သည် ယေဟောဝါဘုရားသခင်ကို အမှန်တကယ် မရှုတ်ချခဲ့ကြောင်း ဖော်ပြရန် မေးခွန်းမေးခဲ့ပါသည်။ ဤအရာသည် ပြောဆိုရေးသားပုံအနေဖြင့် ဖော်ပြထားခြင်းဖြစ်နိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "ငါတို့သည် ကိုယ်တော်ကို မရှုတ်ချခဲ့ပါ" သို့မဟုတ် "မည်ကဲ့သို့ ရှုတ်ချသည်ကို ပြောပြပါ၊ အဘယ်ကြောင့်ဆိုသော် ငါတို့သည် လုပ်ခဲ့သည်ဟု မထင်သောကြောင့် ဖြစ်သည်"

ငါ့ကို ရှုတ်ချကြပြီ။
ဤဖော်ပြချက်မှာ မသင့်လျော်သော ယဇ်ပူဇော်ခြင်းကိုပေးကမ်းခြင်းအားဖြင့် ဘုရားသခင်အား စော်ကားခြင်းကို ရည်ညွှန်းထားပါသည်။

စားပွဲ
ဤအရာသည် ယဇ်ပလ္လင်ကို ရည်ညွှန်းထားပါသည်။

ထာဝရ ဘုရား၏စားပွဲသည် ယုတ်မာ၏ဟုဆိုသောကြောင့်
ဤအရာသည် ထာဝရဘုရားသခင်က ယဇ်ပုရောဟိတ်များဆီသို့ အဖြေပေးထားခြင်းဖြစ်သည်။သို့သော် ပြည့်စုံသောအဖြေကို သွယ်ဝိုက်ပြောဆိုခြင်းသာ ဖြစ်သည်။ ဤအရာမှာ ရှင်းလင်းစွာ ဖော်ပြထားခြင်း ဖြစ်နိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "ထာဝရဘုရား၏ စားပွဲသည် မိုက်မဲ၏ဟု ပြောဆိုခြင်းအားဖြင့် သင်တို့သည် ငါ၏ နာမကို ရှုတ်ချကြပါသည်"

ယုတ်မာ၏
အသုံးပြု၍မရသော အရာကဲ့သို့ သတ်မှတ်ထားပါသည်။

Malachi 08

မျက်စိကန်းသော အကောင်ကို ယဇ်ပူဇော်လျှင် အပြစ်ရှိသည်မဟုတ်လော
ဤနေရာတွင် ထာဝရဘုရားသခင်က လူသားများကို အပြစ်ဖော်ပြရန်အတွက် မေးခွန်းကို အသုံးပြုထားသည်။ အခြားသောဘာသာပြန်ဆိုချက် - "ယဇ်ပူဇော်ရန်အတွက် မျက်စိကန်းသော အကောင်သည် မကောင်းသောအရာဖြစ်သည်ကို သင်တို့ ကောင်းစွာ သိကြသည်"

ခြေဆွံ့သောအကောင်နှင့် နာသော အကောင်ကို ယဇ်ပူဇော်လျှင် အပြစ်ရှိသည်မဟုတ်လော
ဤနေရာတွင် ယေဟောဝါ ဘုရားသခင်က လူသားများ၏ အပြစ်ကို ဖော်ပြရန် မေးခွန်းကို အသုံးပြုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့သည် ခြေဆွံ့အသော အကောင်နှင့် နာသော အကောင်ဖြင့် ယဇ်ပူဇော်လျှင် မကောင်းမှန်း ကောင်းကောင်းသိကြပါသည်"

မြို့ဝန်မင်းအား ဆက်ပါလော့။ မင်း၏စိတ် နှင့် တွေ့လိမ့်မည်လော
ဤနေရာတွင် ယေဟောဝါ ဘုရားသခင် မိန့်တော်မူချက်သည် စိတ်ကူးသက်သက်မျှသာ ဖြစ်သော အခြေအနေကိုသာ လုပ်ဆောင်ပေးသည်။ အခြားသောဘာသာပြန်ဆိုချက် - "အကယ်၍ သင်သည် အစိုးရမင်းအား ဆက်သလျှင် သူသည် သင့်အား လက်ခံမည်" သို့မဟုတ် "သင်သည် မျက်နှာသာရလိမ့်မည်လော"

မင်း၏စိတ် နှင့် တွေ့လိမ့်မည်လော။ သင့်မျက်နှာကို ထောက်လိမ့် မည်လော
ဤနေရာ၌ ယေဟောဝါဘုရားက အစိုးရမင်းသည် မည်သည့်အခါ၌ပင် အပြစ်အနာအဆာရှိသော အကောင်များကို လက်ခံမည်မဟုတ်ကြောင်းကို လူသားများအားပြန်အသိပေးရန်အလို့ငှာ ဤမေးခွန်းကို မေးထားပါသည်။ အခြားသော ဘာသာပြန်ဆိုချက် - " ထိုအမှုများကို သင်တို့သည် လုပ်ဆောင်လျှင် အစိုးရမင်းသည် ငါတို့အားလက်ခံမည်မဟုတ်ကြောင်း သင်တို့ သိကြပါသည်။ သင့်မျက်နှာကိုလည်း ထောက်မည် မဟုတ်ပါ"

သင့်မျက်နှာကို ထောက်လိမ့် မည်ဟု
တစ်စုံတစ်ယောက်၏ မျက်နှာကို ထောက်ခြင်းဆိုသည်မှာ သူ့ကို မျက်နှာသာ ပေးခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "သူသည် သင့်ကို မျက်နှာသာပေးပြီးလက်ခံမည်" သို့မဟုတ် "သင့်ကို ကူညီရန် သူသည် သဘောတူမည်"

လက်ဆောင်
ဆုလဒ်အနေဖြင့် လေးစားရိုသေကြောင်း ပြသရန်ပေးအပ်ထားသည်။

ယခုမှာ ဘုရားသခင်သည် ငါတို့ကို ကယ်မ သနားတော်မူမည်အကြောင်း၊ ထာဝရဘုရားရှေ့တော်၌ ဆုတောင်းကြပါလော့
မာလခိသည် ဘုရားသခင်အတွက် စကားမပြောတော့ပါ။သူသည် ဣသရေလလူမျိုးများအား တိုက်ရိုက်စကားပြောနေပါသည်။ သူသည် သူ့ လူမျိုးများက သူတို့အပေါ် ဘုရားသခင် သနားမည်ဟု စဉ်းစားရဲသော အရာအတွက် ပြစ်တင်ဝေဖန်နေခြင်းဖြစ်သည်။

ထာဝရဘုရားရှေ့တော်၌ ဆုတောင်းကြပါလော့
ဤတွင် "မျက်မှောက်တော်" ဆိုသည်မှာ ဘုရားသခင်အတွက်နှင့် သူ၏ မျက်နှာတော်အတွက် ရပ်တည်ခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "မျက် မှောက်တော်၌ ဘုရားသခင်ကို ဆက်လက်ရှာဖွေပါ"

သင်တို့မျက်နှာကို ထောက်ရမည်လော
တစ်စုံတစ်ယောက်၏ မျက်နှာထောက်ခြင်း ဆိုသည်မှာသူ့ကို မျက်နှာသာပေးခြင်းကို ရည်ညွှန်းထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - "သူသည် သင်တို့၌ တစ်စုံတယောက်အား မျက်နှာထောက်ပြီး လက်ခံမည်လော" သို့မဟုတ် "သူသည် သင့်ကို ကူညီရန် သဘောတူမည်လော"

သင်တို့လက်ခံသောကြောင့် ဤသို့ ပြုတတ်ကြ၏။ သင်တို့မျက်နှာကို ထောက်ရမည်လော
ဤနေရာတွင် ယေဟောဝါဘုရားသခင်သည် အပြစ်ဖော်ပြခြင်းပြုလုပ်ရန်အတွက် မေးခွန်းမေးထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - " အကယ်၍ သင်သည် လက်ခံဖွယ် မကောင်းသော ပေးလှူခြင်းများကို ပေးကမ်းလျှင် သူသည် သင်မျက်နှာကို အမှန်ထောက်မည်မဟုတ်ပါ"


generated on Tue Jul 2 12:50:28 2024

သင်တို့လက်ခံသောကြောင့်
ဤခက်ခဲသော စကားစုသည် ဟေဗြဲစကားလုံးထဲ၌ ခေတ်ပေါ် အသုံးအနှုန်းဖြင့် နည်းလမ်းမျိုးစုံ ဘာသာပြန်ဆိုထားပါသည်။

သင်တို့လက်၌
ဤနေရာတွင် "လက်တော်" ဟူသည်မှာ ပေးကမ်းရန် ယူဆောင်လာသော လူများကို ရည်ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက် - "သင့်အားဖြင့် ယူဆောင်လာသည်"

Malachi 10

သင်တို့တွင် အဘယ်သူသည်သာလျှင်
ကြီးမားသော လိုအင်ဆန္ဒကို ဖော်ပြထားသည်။

သင်တို့သည် ငါ့ယဇ်ပလ္လင်ပေါ်မှာ မီးကို အချည်းနှီးမညှိရကြ
ဤနေရာတွင် "ငါ့ယဇ်ပလ္လင်ပေါ်မှာ မီး" ဟူသည်မှာ ထာဝရဘုရားသခင်၏ ယဇ်ပလ္လင်ပေါ် ပေးလှူသော ယဇ်ပူဇော်ခြင်းကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ လက်မခံမည့် မီးရှို့ရာ ပူဇော်သက္ကာကို မီးမရှို့ ရမည်အကြောင်း"

သင်တို့ပြုသော
ဤနေရာတွင် "သင်၏ လက်" ဟူသည်မှာ "သင့် အတွက်" ဟူသောအနေဖြင့် ရပ်တည်ပေးပါသည်" အခြားသောဘာသာပြန်ဆိုချက် - "သင့် ထံမှ"

နေထွက်ရာအရပ်မှသည် နေဝင်ရာအရပ်တိုင်အောင်
ဤ နှစ်ခုတွဲ ဖော်ပြချက်မှာ "နေရာတိုင်းကို ဆိုလိုပါသည်" ၎င်းသည် နေရာတိုင်းနှင့် လူမျိုးများကြားတွင် အပြိုင်ဖြစ်သည်"

တပါးအမျိုးသားတို့တွင် ငါ၏နာမတော်သည် ကြီးမြတ်ရလိမ့်မည်
ဤနေရာ၌ "ငါ၏ နာမတော်" ဟူသည်မှာ "ဘုရားသခင်၏ နာမည်နှင့် လေးစားမှုအတွက်" ရပ်တည်ထားပါသည်။ အခြားသော ဘာသာပြန်ဆိုချက် - "တပါးအမျိုးသားများထဲတွင် ငါသည် လေးစားခြင်း ခံရမည်ဖြစ်သည်"

ခပ်သိမ်းသော အရပ်တို့၌ နံ့သာပေါင်း ကို ငါ၏နာမတော်အား မီးရှို့၍
ဤအရာသည် ကတ္တားဝါကျဖြင့် ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက် - " တပါးအမျိုးသားကြားတွင် လူများသည် ငါ့အား ဝတ်ပြုအံ့သောငှာ နံ့သာပေါင်းနှင့် သန့်ရှင်းသော ပူဇော်သက္ကာကို ပေးလှူကြလိမ့်မည်"

ငါ၏နာမတော်
ဤနေရာတွင် "နာမတော်" သည် "ဂုဏ်သတင်း" "ဂုဏ်ပြုခြင်း"ကို ရပ်တည်နေခြင်း ဖြစ်သည်။

စားပွဲတော်
ဖြစ်နိုင်ချေရှိသော အဓိပ္ပါယ်မှာ - (၁) အခြားသော အပိုင်း၌ ယဇ်ပရောဟိတ်များ စားသင့်သော ယဇ်ကောင်များမှ ယဇ်ပလ္လင်ပေါ်တွင် ပူဇော်သော အစာ" သို့မဟုတ် (၂) ယဇ်ပလ္လင်ပေါ်၌ ရှိသောအစာ".

Malachi 13

ကဲ့ရဲ့သံကို
နှာမှုတ်ခြင်းဖြင့် ဆူညံသံများပြုလုပ်ကာ လေးစားမှုမရှိကြောင်းကို ပြသသည်။

သင်တို့လက်မှ ငါခံရ မည်လော
ဤနေရာတွင် ထာဝရဘုရားက အပြစ်ဖော်ပြခြင်း ပြုလုပ်ရန်အတွက် မေးခွန်းမေးထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - " ငါသည် ဤအရာကို သင့် ထံမှ အမှန်လက်မခံ သင့်ပါ"

သင်တို့လက်မှ
ဤနေရာတွင် "သင်တို့ လက်" ဆိုသည်မှာ "သင့် အတွက်ဟု ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက် - "သင့် ထံမှ" ဖြစ်သည်"

ငါ၏ နာမတော်သည် လူအမျိုးမျိုးတို့တွင် ကြောက်မက်ဖွယ်ဖြစ် ရမည်
ဤအရာသည် ကတ္တားဝါကျဖြင့် ဖော်ပြ၍ ရသည်။ အခြားသောဘာသာပြန်ဆိုချက် - "တပါးအမျိုးသားများ ကြားတွင် လူများသည် ငါ့နာမကို ရိုသေကြသည်"

ငါ၏ နာမတော်သည်ကြောက်မက်ဖွယ်ဖြစ် ရမည်
ဤနေရာတွင် "ငါ့နာမ" ဟူသည်မှာ ထာဝရဘုရားသခင်ကို ရည်ညွှန်းပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ " ငါသည် ရိုသေလေးစားမှု ခံရမည်ဖြစ်သည်"

---

## Translation Questions

### Malachi 1:1

အဘယ်သူအားဖြင့် ထာဝရဘုရား၏ ဗျာဒိတ်နှုတ်ကပတ်တော်သည် ဣသရေလထံသို့ လာခဲ့သနည်း။
ထာဝရဘုရား၏ ဗျာဒိတ်နှုတ်ကပတ်တော်သည် မာလခိအားဖြင့် လာခဲ့သသည်။

ထာဝရဘုရားသည် အဘယ်သူကို ချစ်တော်မူ၍ အဘယ်သူကို မုန်းတော်မူသနည်း။
ထာဝရဘုရားသည် ဣသရေလ၊ ယာကုပ်ကို ချစ်၍ ဧသောကိုကား မုန်းတော်မူ၏။

Malachi 1:4

ဧဒုံအမျိုးတို့၏ ပျက်စီးရာအရပ်များ ပြန်လည်တည်ဆောက်ခြင်းကို ထာဝရဘုရား ဖြိုဖျက်တော်မူသောအခါ ဣသရေလ အမျိုးတို့သည် မည်သို့တုံ့ပြန်ကြမည်နည်း။
ထာဝရဘုရားသည် ဣသရေလပြည်၏ ပြင်ပ၌လည်း ဘုန်းကြီးတော်မူသည်ဟု တုံ့ပြန်ကြလိမ့်မည်။

Malachi 1:6

ဣသရေလအဘနှင့် သခင်အပေါ်တွင် ထာဝရဘုရားသည် ယဇ်ပုရောဟိတ်တို့အား မည်သို့မေးတော်မူသနည်း?
ထာဝရဘုရားသည် ယဇ်ပုရောဟိတ်တို့အား 'ငါ့နာမတော်ကိုအဘယ်သူရိုသေသနည်း။ ငါ့နာမတော်နှင့် ငါ့စားပွဲကို အဘယ်သူသည် ရှုတ်ချသနည်း' ဟုမေးလေ၏။

Malachi 1:8

မျက်စိကန်းသောအကောင်၊ ခြေဆွံ့သောအကောင်နှင့် နာသော အကောင်တို့ကို ထာဝရဘုရားအား ယဇ်ပူဇော်လျှင် မည်ကဲ့သို့ ဖြစ်လိမ့်မည်နည်း။
မျက်စိကန်းသော အကောင်၊ ခြေဆွံ့သောအကောင်နှင့် နာသော အကောင်တို့ကို ထာဝရဘုရားအား ယဇ်ပူဇော်လျှင် လက်ခံမည်မဟုတ်၊ ထိုသို့သောပူဇော်သက္ကာအတွက် ဣသရေလလူတို့ကို မျက်နှာသာနှင့်ကျေးဇူးတော်ပြမည်မဟုတ်၊ ထိုပူဇော်သက္ကာများကြောင့် ဣသရေလလူမျိုးတိုန့်ကို လက်ခံတော်မူမည်မဟုတ်။

Malachi 1:10

ထာဝရဘုရား၏ ယဇ်ပလ္လင်ပေါ်၌ မီးကို အချည်းနှီး ညှိကြသော သူတို့ကို တားဆီးရန် ဗိမာန်တော်တံခါးတို့ကို ပိတ်မည့်သူ တစ်ဦးအား အဘယ်ကြောင့် ထာဝရဘုရား အလိုတော်ရှိတော်မူသနည်း။
အဘယ်ကြောင့်ဆိုသော် ထာဝရဘုရား၏ နာမတော်သည် တပါးအမျိုးသားတို့၌ ဘုန်းတော်ထင်ရှား၍ ဣသရေလလူတို့၏ယဇ်ပူဇော်ခြင်းကဲ့သို့မဟုတ်ဘဲ တပါးအမျိုးသားတို့သည် သွားလေရာရာတွင် သန့်ရှင်းသောယဇ်ကို ပူဇော်ကြလိမ့်မည်ဖြစ်သောကြောင့် ပင်။

Malachi 1:13

ထာဝရဘုရား၏ အမှုတော်ကို ယဇ်ပုရောဟိတ်တို့က မည်ကဲ့သို့ မှတ်ယူသနည်း။
သူတို့သည် ထာဝရဘုရား၏ အမှုတော်ကို ပင်ပန်းငြီးငွေ့ဖွယ်ရာအမှု၊ မထီမဲ့မြင်ပြုလျက် လှောင်ပြောင်သရော်ဖွယ်ရာ အရာကဲ့သို့ မှတ်ယူသည်။

မိမိသိုးစု၌ အထီးရှိလျက်ပင် လှည့်စား၍ ချို့တဲ့သောအကောင်ကို ယဇ်ပူဇော်ရသောသူအား ဘာကြောင့် ထာဝရဘုရား ကျိန်တော်မူသနည်း။
အကြောင်းမူကား ထာဝရဘုရားသည် ကြီးမြတ်သောရှင်ဘုရင်ဖြစ်၍ သူ၏ နာမတော်သည် လူအမျိုးမျိုးတို့တွင် ကြောက်မက်ဖွယ်ဖြစ်သောကြောင့် ဖြစ်သည်။

## Chapter 2

[1] အို ယဇ်ပုရောဟိတ်တို့၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရားသည် သင်တို့အား မိန့်တော်မူသော ပညတ်စကားဟူမူကား၊ [2]
ငါ၏နာမတော်ကို ချီးမွမ်းလိုသောငှါ သင်တို့ သည် နားမထောင်၊ နှလုံးမသွင်းဘဲနေလျှင်၊ ကျိန်ခြင်း ဘေးကို သင်တို့အပေါ်သို့
ငါလွှတ်လိုက်မည်။ သင်တို့၏ မင်္ဂလာကို အမင်္ဂလာဖြစ်စေမည်။ ထိုမျှမက၊ နှလုံးမသွင်း ဘဲနေသောကြောင့် ယခုပင်
အမင်္ဂလာဖြစ်စေပြီ။ [3] သင်တို့မျိုးစေ့ကို ငါဖျက်မည်။ တိရစ္ဆာန်ချေး တည်းဟူသော သင်တို့ ဓမ္မပွဲ၏တိရစ္ဆာန်ချေးကို သင်တို့
မျက်နှာပေါ်၌ ငါကြဲမည်။ သူတပါးတို့သည် သင်တို့ကို ထိုတိရစ္ဆာန်ချေးနှင့်အတူ ယူသွားကြလိမ့်မည်။ [4] ငါ၏ပဋိညာဉ်ကို
လေဝိအမျိုး၌ တည်စေခြင်းငှါ၊ ဤပညတ်စကားကို သင်တို့ဆီသို့ ငါပေးလိုက်ကြောင်းကို သင်တို့ သိရကြလိမ့်မည်ဟု
ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားမိန့်တော်မူ၏။ [5] ငါဖွဲ့သော အသက်ပဋိညာဉ်၊ ငြိမ်ဝပ်ခြင်း ပဋိညာဉ်သည် ထိုအမျိုး၌ ရှိ၏။
ငါ့ကို ကြောက်ရွံ့၍ ငါ၏နာမတော်ရှေ့၌ ထိတ်လန့်သောကြောင့် ငါဖွဲ့၍ ပေး၏။ [6] ထိုအမျိုးသည် သစ္စာတရားစကားကို ပြောတတ် ၏။
သူ့နှုတ်၌ အပြစ်ကိုရှာ၍မတွေ့။ ငြိမ်ဝပ်ခြင်းတရား၊ ဖြောင့်မတ်ခြင်းတရားအတိုင်း ငါနှင့်အတူ သွားလာ၍၊ များစွာသော သူတို့ကို
ဒုစရိုက်အပြစ်မှလွှဲရှောင်စေတတ် ၏။ [7] ယဇ်ပုရောဟိတ်၏နှုတ်ခမ်းသည် ပညာကို စောင့်ရမည်။ သူ၏နှုတ်၌ လူတို့သည်
တရားတော်ကို ရှာရကြမည်။ အကြောင်းမူကား၊ သူသည် ကောင်းကင် ဗိုလ်ခြေအရှင် ထာဝရဘုရားစေလွှတ်တော်မူသော
တမန်ဖြစ်၏။ [8] သင်တို့မူကား၊ လမ်းလွှဲကြပြီ။ လူများတို့သည် တရားတော်ကို ထိမိ၍ လဲစေခြင်းငှါ ပြုကြပြီ။ လေဝိ အမျိုးနှင့်ဖွဲ့သော
ပဋိညာဉ်ကို ဖျက်ကြပြီဟု ကောင်းကင် ဗိုလ်ခြေအရှင်ထာဝရဘုရားမိန့်တော်မူ၏။ [9] သို့ဖြစ်၍၊ သင်တို့သည် ငါ့လမ်းတို့ကို မလိုက်၊
တရားအမှုတွင် လူမျက်နှာကို ထောက်သောကြောင့်၊ လူ ခပ်သိမ်းတို့သည် သင်တို့ကို မထီမဲ့မြင်ပြု၍ ရှုတ်ချစေခြင်း ငှါ ငါစီရင်မည်။ [10]
ခပ်သိမ်းသော ငါတို့၌ တပါးတည်းသော အဘ ရှိသည်မဟုတ်လော။ တပါးတည်းသော ဘုရားသခင် သည် ငါတို့ကို
ဖန်ဆင်းတော်မူသည်မဟုတ်လော။ ဘိုး ဘေးတို့နှင့် ဖွဲ့တော်မူသော ပဋိညာဉ်ကို ရှုတ်ချ၍၊ ငါတို့ သည် အဘယ်ကြောင့်
တယောက်ကိုတယောက် သစ္စာ ဖျက်ကြသနည်း။ [11] ယုဒအမျိုးသည် သစ္စာပျက်၏။ ဣသရေလပြည် သူ၊
ယေရုရှလင်မြို့သားတို့သည် ရွံ့ရှာဘွယ်သော အမှုကို ပြုကြ၏။ ယုဒအမျိုးသည် ထာဝရဘုရားချစ်တော်မူသော
သန့်ရှင်းခြင်းတရားတော်ကို ရှုတ်ချ၍၊ တပါးအမျိုးဘုရား ၏သမီးနှင့် လက်ထပ်ပါသည်တကား။ [12] ထိုသို့ပြုသော
ဆရာနှင့်တပည့်ကိုငင်း၊ ကောင်း ကင်ဗိုလ်ခြေအရှင် ထာဝရဘုရားထံတော်သို့ ပူဇော် သက္ကာကို ဆောင်ခဲ့သောသူကိုငင်း၊
ယာကုပ်တဲတို့မှ ပယ် ဖြတ်တော်မူမည်။ [13] တဖန် သင်တို့ပြုသော အမှုဟူမူကား၊ ထာဝရ ဘုရား၏ ယဇ်ပလ္လင်ကို မျက်ရည်ကျခြင်း၊
ငိုကြွေးမြည် တမ်းခြင်းနှင့် ဖုံးအုပ်ကြပြီ။ ထိုကြောင့်၊ ပူဇော်သက္ကာကို မှတ်တော်မမူ။ သင်တို့လက်မှ နှစ်သက်သော စိတ်နှင့် ခံတော်မမူ။
[14] အဘယ်ကြောင့်နည်းဟု သင်တို့မေးလျှင်၊ သင့် အသက်ပျိုစဉ်အခါ လက်ထပ်၍ နောက်တဖန် သစ္စာ မစောင့်၊ ပြစ်မှားသော
မယားတဘက်နှင့် သင့်တဘက် ၌ ထာဝရဘုရားသည် သက်သေဖြစ်တော်မူ၏။ ထိုမယား သည် သက်သေဖြစ်တော်မူ၏။
ထိုမယားသည် သင်၏ အဆွေခင်ပွန်း၊ သင်ဖွဲ့သော ပဋိညာဉ်နှင့်ဆိုင်သော မယားဖြစ်သတည်း။ [15] တဦးတည်းသော်လည်း၊
ကိုယ်တော်၌ ဝိညာဉ် တော် အကျန်အကြွင်းရှိ၏။ အဘယ်ကြောင့် တဦးတည်း ကိုသာ ဖန်ဆင်းတော်မူသနည်းဟူမူကား၊
ဘုရားသခင်နှင့် ထိုက်တန်သောအမျိုးကိုရှာ၍ ထိုသို့ ဖန်ဆင်းတော်မူ၏။ သို့ဖြစ်၍၊ ကိုယ်စိတ်သဘောကို ချုပ်တည်းကြလော့။
အသက်ပျိုစဉ်အခါ လက်ထပ်သော မယားကို သစ္စာဖျက် ၍ မပြစ်မှားကြနှင့်။ [16] မယားကိုစွန့်ခြင်းအမှု၊ မိမိခင်ပွန်း၌ ပြစ်မှား
သောအပြစ်ကို ဖုံးအုပ်ခြင်းအမှုကို ငါမုန်းသည်ဟု၊ ဣသ ရေလအမျိုး၏ဘုရားသခင်၊ ကောင်းကင်ဗိုလ်ခြေအရှင်
ထာဝရဘုရားမိန့်တော်မူ၏။ ထိုကြောင့်၊ ကိုယ်စိတ် သဘောကို ချုပ်တည်းကြလော့။ သစ္စာကို မပျက်ကြနှင့်။ [17] သင်တို့သည်
ထာဝရဘုရား၏ နားတော်ငြီး သည်တိုင်အောင် စကားများကြ၏။ နားတော်ငြီးသည် တိုင်အောင် အဘယ်သို့ ပြုမိသနည်းဟု မေးသော်၊
ဒုစရိုက်ကိုပြုသောသူတိုင်း ထာဝရဘုရားရှေ့တော်၌ ကောင်း၏။ ထိုသို့သော သူတို့ကို နှစ်သက်တော်မူ၏ဟူ၍ငင်း၊
စစ်ကြောစီရင်တော်မူသော ဘုရားသခင်ကား၊ အဘယ်မှာ ရှိသနည်းဟူ၍ငင်း ဆိုတတ်ကြသည်တကား။

---

Malachi 01

နှလုံးသွင်း
ဤအချက်သည် တစ်စုံတစ်ခုကို အရေးတကြီး သတ်မှတ်ရန် ညွှန်းဆိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အရေးကြီးသည်ဟု မှတ်ယူလျှက်"

ငါ၏ နာမတော်ကို ချီးမွမ်းလိုသောငှါ
"ဂုဏ်ပြုထောမနာပေးခြင်း" ကိုလည်း ဆိုလိုပြီး တစ်စုံတစ်ယောက်အား ပေးကမ်းနိုင်သောအရာ အဖြစ် ခိုင်းနှိုင်းထားသည်

ငါ၏နာမတော်
ဤအရာသည် ဘုရားသခင်ကို ရည်ညွှန်းခြင်း ဖြစ်သည်။


generated on Tue Jul 2 12:50:28 2024

ကျိန်ခြင်း ဘေးကို သင်တို့အပေါ်သို့ ငါလွှတ်လိုက်မည်
ကျိန်ခြင်းကို တစ်စုံတစ်ယောက်အပေါ်သို့ ရောက်လာနိုင်သော အရာအဖြစ် ခိုင်းနှိုင်းထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါသည် သင်တို့ကို ကျိန်ဆဲ၍"

နှလုံးမသွင်း ဘဲနေသောကြောင့်
ဘုရားသခင်၏ ပညတ်တော်ကို အရေးတယူ မလုပ်ခြင်းကို ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါ ပေးထားသော ပညတ်တော်ကို အရေးကြီးသည်ဟု မထင်မှတ်ဘဲ"

Malachi 03

သင်တို့ ဓမ္မပွဲ၏တိရစ္ဆာန်ချေးကို သင်တို့ မျက်နှာပေါ်၌ ငါကြဲမည်
ဤနေရာတွင် " သင်တို့ မျက်နှာ၌ နွားချေး" ဟူသည်မှာ အရှက်ရခြင်းကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက် - "ငါသည် သင်တို့ကို အလွန် အရှက်ရစေမည်" ထိုအမှုသည် သင်တို့ မျက်နှာပေါ်၌ နွားချေးကို ငါကြဲသကဲ့သို့ ဆိုးရွားလိမ့်မည်။ (ရှု၊

သင်တို့ ဓမ္မပွဲ၏တိရစ္ဆာန်ချေး
ဤတွင် "ဓမ္မပွဲများ" ဟူသည် ယဇ်ပုရောဟိတ်များက ဣသရေလလူမျိုးများ၏ ယဇ်ပူဇော်ပွဲတွင် ပေးလှူသော တိရစ္ဆာန်များကို ဆိုလိုသည်။ "တိရစ္ဆာန် ချေး" ဟူသည်မှာ ယဇ်ပူဇော်ရာ၌ တိရိစ္ဆာန်ကို သတ်ဖြတ်ခြင်း၊ ခုတ်ထစ်ခြင်းမှ ပေါ်လာသော အညစ်အကြေး အားလုံးကိုဆိုလိုသည်။ ဗိမ္မာန်တော်ရှိ လုပ်သားများသည် ဤအညစ်အကြေးများကို ဗိမ္မာန်တော်မှ တဆင့် ဂျေရုဆလင်မြို့ပြင်သို့ ပို့ဆောင်ရန်ဖြစ်နိုင်သည်။ (ရှု၊

သူတပါးတို့သည် သင်တို့ကို ထိုတိရစ္ဆာန်ချေးနှင့်အတူ ယူသွားကြလိမ့်မည်
ဖြစ်နိုင်ခြေရှိသော ဤဖော်ပြချက်များမှာ

သူတပါးတို့သည် သင်တို့ကို ထိုတိရစ္ဆာန်ချေးနှင့်အတူ ယူသွားကြလိမ့်မည်
"ဘုရားသခင်သည် ၎င်းကို တိရစ္ဆာန်ချေးနဲ့အတူ" အဝေးသို့ ယူဆောင်သွားလိမ့်မည်။ ဆက်လက်ပြီး ၎င်းဖော်ပြချက်သည် ယဇ်ပူဇော်ရန်အတွက် သတ်ဖြတ်ခြင်းခံသော တိရစ္ဆာန်များ တင်စားမှုနှင့် အတူတူဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက် - "သူတို့သည် သင့်ကို နွားချေးပုံပေါ်၌ ပစ်ချမည်၊ သူတို့သည် နွားချေးများကို ဖယ်ရှားသောအခါ ဘုရားသခင်သည် သင့်ကို အဝေးသို့ ယူဆောင်သွားမည် ဖြစ်သည်"

လေဝိ
ဤနေရာ၌ လေဝိ ဟူသည် သူ့ လူမျိုးဖြစ်သည့် လေဝိအမျိုး၏ ဆွေစဉ်မျိုးဆက်များကို ကိုယ်စားပြုထားပါသည်။ အခြားသောဘာသာပြန်ဆိုချက် - " ငါ၏ ပဋိညာဉ်သည် လေဝိအမျိုးဖြစ်သော သင်တို့နှင့်အတူ ရှိလိမ့်မည်"

Malachi 05

ယေဘုယျအချက်အလက်
ဘုရားသခင်သည် လေဝိအမျိုးအား သူတို့ ဖြစ်သည်အတိုင်း စကားပြောပါသည်။

ငါဖွဲ့သော အသက်ပဋိညာဉ်၊ ငြိမ်ဝပ်ခြင်း ပဋိညာဉ်သည် ထိုအမျိုး၌ ရှိ၏
ဤနေရာတွင် ရည်ရွယ်ထားသော ပဋိညာဉ်တရား၏ အကျိုးဆက်များမှာ သူတို့သည် ၎င်း ပဋိညာဉ်၌ တည်ခဲ့လျှင် ဟူ၍ ပြောဆိုထားပါသည်။ အခြားသော ဘာသာပြန်ဆိုချက် - "လေဝိအမျိုးနှင့် ငါ့ အကြားထားရှိသော ပဋိညာဉ်တရား၏ ရည်ရွယ်ချက်မှာ ယဇ်ပုရောဟိတ်များသည် ငြိမ်သက်ခြင်းဖြင့် အသက်ရှင်ရန် ဖြစ်သည်"

ငါ့ကို ကြောက်ရွံ့၍
ဤဖော်ပြချက်သည် ဆက်လက်တင်စားထားသောအရာဖြစ်သည်။ သို့သော် ကျမ်းပိုဒ်ထဲ၌ ရှိသော ထင်မြင်ချက်သည် သွယ်ဝိုက်နည်းဖြင့် ချန်ထားခဲ့သည်။ ဤအရာကို စာကြောင်းအသစ်ဖြင့် အစပြုနိုင်ပါသည်။ အခြားသော ဘာသာပြန်ဆိုချက် - "သူနှင့် ထားရှိသော ငါ့ပဋိညာဉ်မှာ ကြောက်ရွံ့မှုသာ ဖြစ်ပြီး ငါ့ကိုကြောက်ရွံ့ခဲ့သည်" သို့မဟုတ် "သူနှင့် ထားရှိသော ငါ၏ ပဋိညာဉ်၌ သူ့ကို ငါ့အား ကြောက်ရွံ့ရန် တောင်းဆိုသောကြောင့် သူသည် ငါ့ကိုတကယ် ကြောက်ရွံ့ခဲ့သည်။

ငါ၏နာမတော်ရှေ့၌
ဤတွင် "ငါ့နာမ" ဆိုသည်မှာ ဘုရားသခင် ကိုယ်တိုင်ကို ရည်ညွှန်းထားပါသည်။

အပြစ်ကိုရှာ၍မတွေ့။
ဤနေရာတွင် တခုခုအား ရှာဖွေခြင်း ဆိုသည်မှာ တည်ရှိနေသောအရာကို ရည်ညွှန်းပါသည်။ အခြားသောဘာသာပြန်ဆိုချက် - " အမှား မရှိပါ"

သူ့နှုတ်၌
ဤတွင် "နှုတ်ခမ်း" ဆိုသည်မှာ စကားပြောနိုင်စွမ်း ရှိသော ပုဂ္ဂိုလ်တစ်ယောက်အတွက် ရည်ညွှန်းထားပါသည်။

ငါနှင့်အတူ သွားလာ၍၊
ဤနေရာ၌ သွားလာခြင်း ဆိုသည်မှာ အသက်ရှင်နေထိုင်ခြင်း၊ တစ်သက်တာ သေချာသော လမ်း၌ နေထိုင်ပြုမူခြင်း အတွက် ရည်ညွှန်းထားပါသည်။

ငြိမ်ဝပ်ခြင်းတရား၊ ဖြောင့်မတ်ခြင်းတရားအတိုင်း
ဤတွင် တည်ရှိခြင်း ဟူသော အယူအဆမှာ လေဝိလူအမျိုးနေထိုင်သည့်အရာအတွက် ရည်ညွှန်းထားသည်။ အခြားသောဘာသာပြန်ဆိုချက်မှာ "ငြိမ်ဝပ်စွာနှင့် ဖြောင့်မတ်စွာ"

ဒုစရိုက်အပြစ်မှလွှဲရှောင်စေတတ် ၏
ဤတွင် အပြစ်မလုပ်ရန် လူတွေကို ဆွဲဆောင်ခြင်းသည် ထိုလူများအား အပြစ်မှ လွှဲရှောင်စေခြင်းကဲ့သို့


generated on Tue Jul 2 12:50:28 2024

ပြောဆိုနိုင်ပါသည်။ အခြားသော ဘာသာပြန်ဆိုချက် - "သူသည် လူများကို အပြစ်မလုပ်ရန် ဆွဲဆောင်ခဲ့သည်"

နှုတ်

ဤနေရာတွင် "နှုတ်" ဆိုသည်မှာ စကားပြောနိုင်စွမ်းရှိသော ပုဂ္ဂိုလ်အတွက် ရည်ညွှန်းထားသည်။

ယဇ်ပုရောဟိတ်၏နှုတ်ခမ်းသည် ပညာကို စောင့်ရမည်

ဤနေရာတွင် အသိတရား ဆိုသည်မှာ ယဇ်ပုရောဟိတ်အနေဖြင့် စောင့်ထိန်းရမည့် သူကဲ့သို့ ပြောဆိုထားပါသည်။ ဤကျမ်းပိုဒ်ထဲတွင် "အသိတရားကိုထိန်းသိမ်းပါ" ဟူသော အမြင်သည် စစ်မှန်သော ဘုရားအကြောင်း သိကျွမ်းခြင်းကို သွယ်ဝိုက်နည်းဖြင့် ပြောပြထားပါသည်။

တရားတော်ကို ရှာရကြမည်

ဤတွင် သွန်သင်ချက် ဆိုသည်မှာ လူများသည် ရှာဖွေလေ့လာနိုင်သောသူဖြစ်ခဲ့လျှင် ဟူ၍ ပြောဆိုခြင်းကဲ့သို့ဖြစ်သည်။ ၎င်းသည် "သွန်သင်ချက်" ဖြစ်သော စိတ္တဇ နာမ်ကို ဖယ်ရှားရန် ပြန်ပြောထားခြင်းသာဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သွန်သင်ခံလိုသည်" သို့မဟုတ် ယဇ်ပုရောဟိတ်အား သူတို့ကို မှန်ကန်စွာ သင်ကြားစေလိုသည်"

သူ၏နှုတ်၌

ဤတွင် "နှုတ်ခမ်း" ဟူသည်မှာ ပုဂ္ဂိုလ် တစ်ယောက် ပြောသောအရာ အတွက် ရည်ညွှန်းထားပါသည်။

Malachi 08

သင်တို့မူကား၊ လမ်းလွှဲကြပြီ

မှန်သော လမ်းကို လိုက်လျှောက်ခဲ့လျှင် ဟူသော စကားနှင့် လမ်းခရီးမှ ပြန်လှည့်လာလျှင် မှန်သော အပြုအမူကို စွန့်ခွာခြင်းကဲ့သို့ ဖြစ်သည် ဟူသော စကားသည် ကျင့်ကြံပြုမူရန် မှန်ကန်သော နည်းလမ်းဖြစ်သည်။

ထိမိ၍ လဲစေခြင်းငှါ ပြုကြပြီ

ဘုရားစကား နားမထောင်ခြင်း ဆိုသည်မှာ ထိမိ၍ လဲစေလျှင်ဟူ၍ ပြောဆိုခြင်းကဲ့သို့ ဖြစ်သည်။

လူများတို့သည် တရားတော်ကို ထိမိ၍ လဲစေခြင်းငှါ ပြုကြပြီ။

"တရားတော်ကို ရိုသေခြင်း" ဟူသော ဖော်ပြချက်သည် ထိမိ၍ လဲစေခြင်း" ဟူသော အကြောင်းအရာအတွက် ဆက်စပ်ဖော်ပြပေးထားသည်။ အခြားသောဘာသာပြန်ဆိုချက် - "သင်သည် လူအများကို တရားသော လမ်းမှ လွဲစေပြီ"

လူ ခပ်သိမ်းတို့သည်

ယဇ်ပုရောဟိတ်များ၏ အကျင့်ဆိုးများကို သိရှိသော လူများအား သွယ်ဝိုက်၍ ရည်ညွှန်းထားပါသည်။

ငါ့လမ်း

ဤတွင် "လမ်း" ဆိုသည်မှာ "ဆန္ဒ" နှင့် "အပြုအမူ" အတွက် ရည်ညွှန်းထားသည်။ ဤလမ်းများသည် လူများအနေဖြင့် ထိန်းသိမ်းနိုင်ခဲ့လျှင် ဟူ၍ ပြောဆိုခြင်းကဲ့သို့ဖြစ်သည်။

အခြားသောဘာသာပြန်ဆိုချက် - " သင်တို့မည်ကဲ့သို့ နေထိုင်သင့်သည် ဟူသော အရာ၌ ငါ့ဆန္ဒအလိုအတိုင်း လိုက်သည်။"

တရားအမှုတွင် လူမျက်နှာကို ထောက်သောကြောင့်

သင် နှစ်သက်သော လူများအတွက် လွယ်ကူသော အဆင့်အတန်းနှင့် သင် မနှစ်သက်သောသူများအတွက် ခက်ခဲသော အဆင့်ထား၍ ခွဲခြားဆက်ဆံသည်။

မျက်နှာကို ထောက်သောကြောင့်

ဤတွင် တချို့သောသူများအတွက် ပိုပြီး မျက်နှာသာပေးခြင်းဟူသောအကျင့်သည် တခြားသောသူအတွက်လည်း မျက်နှာသာပေးခဲ့လျှင် ဟူ၍ ပြောဆိုခြင်းကဲ့သို့ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "သင်သည် တခြားသောသူများကို ပိုပြီး မျက်နှာသာ ပေးသည်ကို လူများအား သိသာစေသည်"

Malachi 10

ယေဘုယျအချက်အလက်

ဤနေရာတွင် ပရောဖက် မာလခိသည် သူ့ လူမျိုးများဖြစ်သော ဣသရေလလူများကို စတင်စကားပြောပါသည်။

ခပ်သိမ်းသော ငါတို့၌ တပါးတည်းသော အဘ ရှိသည်မဟုတ်လော။ တပါးတည်းသော ဘုရားသခင် သည် ငါတို့ကို ဖန်ဆင်းတော်မူသည်မဟုတ်လော

မာလခိသည် သူ့အမျိုးဖြစ်သော ဣသရေလလူမျိုးများသိနှင့်ပြီးသောအရာကို ပြန်လည်အသိပေးရန်အတွက် ဤမေးခွန်းများကို မေးထားပါသည်။ အခြားသော ဘာသာပြန်ဆိုချက် - "ငါတို့သည် ခမည်းတော်တပါးတည်းရှိသည်ကို သင်တို့ သိကြ၏၊ ထိုဘုရားသခင်သည် ငါတို့ထဲမှ လူမျိုးကို ဖန်ဆင်းတော်မူပြီ" သို့မဟုတ် "ဘုရားသခင်သည် ငါတို့ ဣသရေလလူမျိုးများ အားလုံး၏ ခမည်းတော်ဖြစ်သည်ကိုလည်း သင်တို့ သိကြ၏။ အဘယ်ကြောင့်ဆိုသော် သူသည် ငါတို့ကို ဖန်ဆင်းသောသူဖြစ်သည်"

တပါးတည်းသော ဘုရားသခင် သည် ငါတို့ကို ဖန်ဆင်းတော်မူသည်မဟုတ်လော

ဤမေးခွန်း၏ အဓိပ္ပါယ်မှာ ကြေညာချက်ကို ဖော်ပြခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "၎င်းမှာ ဘုရားသခင်သည် ငါတို့ကို ဖန်ဆင်းတော်မူပြီ ဟူသောအရာနှင့်အတူတူပင်ဖြစ်သည်"

ငါတို့ကို ဖန်ဆင်းတော်မူသည်

